ကောင်းကင်တာဒိုရဲ့မှော်ဆေးကေရာဇ်

အခန်း(၁)

မိုးရေနိုင်ငံ

တိမ်မီးခိုးမြို့ လင်းကလန်အိမ်တော်

ဆယ်စက္ကန့်လောက်အချိန်ကြာပြီးတဲ့နောက်မှာလင်းဟန်က သူပြန်လည်မွေးဖွားလာတယ်ဆိုတာကိုအတည်ပြုလိုက်ပါပီ

အယင်အတိတ်ဘဝတုန်းက သူဟာကိုယ်ခံပညာရပ်ပေါင်းစုံကိုနားလည်တတ်ကျွမ်းခဲ့တဲ့အပြင် မှော်ဆေးပညာရပ်မှာလဲမယှံနိုင်စရာကောင်းတဲ့အောင်မြင်မှုကိုရရှိခဲ့ပါတယ် မီးလျှံသုံးပါးဂိုဏ်းကိုတည်ထောင်နိုင်ခဲ့ပြီးမှော်ဆေးပညာမှာထူးချွန်ထက်မြက် လှတဲ့ပါရမီကြောင့် သူကိုမှော်ဆေးကေရာဇ် လို့ ခေါ်ကြပါတယ်

ဒဏ္ဍာရီအဆင့်ကိုချိုးဖျက်ပီးအင်မော်တယ်(မသေမျိုး)တယောက်ဖြစ်ဖို့ ကြံစည်တွေးတောခဲ့တဲ့အတိုင်းမရေမတွက်နိုင်တဲ့ ရှေးဟောင်းဒေသတွေကိုသွားလာခဲ့ပြီးနောက်ဆုံးမှာတော့ သူဟာအနက်ရောင်သွေးချိုင့်ပုမ်းကို ဝင်ရောက်ခဲ့ပါတယ် ရှေးဟောင်းမျှော်စင်ကိုရှာမတွေ့ခင်အချိန်ထိ အန္တရာယ်ပေါင်းစုံနဲ့လည်းကြုံတွေ့ခဲ့ရပါသေးတယ် ဒါပေမဲ့

သူစိတ်မပျက်ခဲ့ရပါဘူးရှေးဟောင်းမျှော်စင်ကနေအရမ်းကိုအစွမ်းထက်လှတဲ့ ရွှေရောင်စာလုံးတွေနဲ့ ရေးထားတဲ့ ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရနိုင်သောလို့အမည်ရတဲ့ မှော်စာလိပ်တစ်ခုကိုသူရရှိခဲ့ပါတယ်
အဲ့ထဲကအတိုင်းအမြင့်ဆုံးအဆင့်ကိုကျင့်ကြံအားထုတ်နိုင်ခဲ့မယ်ဆိုယင်
ကောင်းကင်နဲ့မြေကြီးအတူတည်ရှိနေသလိုနေနဲ့လကဲ့သို့အဆုံးမရှိသက်တမ်းကိုရရှိမှာဖြစ်ပါတယ်
သူဟာသူ့ကိုသူတွန်းအားပေးပီးအစွမ်းထက်လှတဲ့
ဒီကျင့်စဉ်ကိုမှတ်မိအောင်ကြိုးစားလေ့လာနေတဲ့အချိန်မှာကောင်းကင်မိုးကြိုးတစ်ခုဟာမျှော်စင်ကနေပေါ်ထွက်လာပီး
သူ့ရဲ့ သေမျိုးခန္ဓာကိုယ်ကိုဖျက်ဆီးပစ်လိုက်ပါတယ် ဒါပေမဲ့ အံ့သြစရာကောင်းအောင်ပဲ သူ့ရဲ့ဝိဉာဉ်ဟာ မပျောက်ကွယ်သွားပဲနဲ့
နှစ်ပေါင်းတသောင်းကျော်ကြာတဲ့အထိ
စိတ်ဝိဉာဉ်အစိတ်အပိုင်းလေးတစ်ခုအဖြစ်တည်ရှိနေခဲ့ပါတယ်
ဒီနှစ်တွေမှာ သူ့ရဲ့စိတ်ဝိဉာဉ်ဟာ ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရနိုင်သောမှော်စာလိပ်ထဲမှာနှစ်မြုပ်ပီးလေ့လာနေခဲ့ပါတယ် နောက်ဆုံးမှာတော့ မှော်စာလိပ်မှာဖော်ပြထားတဲ့ အစွမ်းထက်လှတဲ့ကျင့်စဉ်ရဲ့ ပထမအလွှာကိုသူရိပ်စားမိလာခဲ့တယ်

သူသိထားတဲ့ ပထမအလွှာရဲ့ ကောင်းကင်အဆင့်စစ်သည်တော်ဆိုတာဘာကိုဆိုလိုတာလဲ ? ကောင်းကင်အဆင့်စစ်သည်တော်တယောက်ရဲ့ သက်တမ်းဟာနှစ်ပေါင်းတထောင်အောက်မှာပဲရှိပါတယ် ဒါကြောင့် ပုံမှန်အားဖြင့်တော့ ဒီမှော်စာလိပ်ကိုဘယ်သူကမှ ပြီးပြည့်စုံအောင် မလေ့လာနိုင် မကျင့်ကြံနိုင်ခဲ့ကြပါဘူး လင်းဟန်ဟာမှော်စာလိပ်ရဲ့ ပထမအလွှာကိုနားလည်သဘောပေါက်မိတဲ့အချိန်မှာပဲသူနဲ့ နာမည်တူဖြစ်တဲ့ အသက် ၁၆ နှစ်အရွယ် လူငယ်လေးတယောက်ရဲ့ ခန္ဓာကိုယ်မှာ ပြန်လည်ဝင်စားလာခဲ့ပါတယ်

အင်း.......ဘာဖြစ်ဖြစ်လေငါတော့ ပြန်လည်မွေးဖွားလာပီဒီခန္ဓာကိုယ်ဟာအခုမှ ကိုယ်ခန္ဓာပြုပြင်ခြင်းဒုတိယအဆင့် အမိုက်ကောင်တစ်ယောက်ဖြစ်နေပေမဲ့လည်းငါဟာတချိန်ကကောင်းကင်အဆင့်စစ်သည်တော်တယောက် ကိုယ်ခံပညာရပ်တွေရဲ့ ထိပ်ဆုံးမှာရပ်တည်နေပြီးတော့ မှော်ဆေးပညာရဲ့ ဂရန်းမာစတာတယောက်ပဲဒီကိုယ်ခန္ဓာကဘယ်လောက်ပဲစုတ်ပြတ်သတ်နေပါစေအချိန်တိုလေးအတွင်းမှာမှော်ဆေးလုံးတွေကိုငါသုံးစွဲနိုင်ခဲ့မယ်ဆိုယင် နောက်တကြိမ် ထိပ်ဆုံးကိုမရောက်နိုင်ဘူးဆိုတာကိုငါမယုံဘူး

ဒီခန္ဓာကိုယ်ကဘာဖြစ်တာလဲအသက် ၁၆နှစ်ရှိနေတာတောင်မှ
ဒီကောင်ကအခုထိကိုယ်ခန္ဓာပြုပြင်ခြင်းဒုတိယအဆင့်ပဲရှိသေးတယ်?
ဖြစ်နိုင်တာကဒီအချိန်မှာကိုယ်ခံပညာရပ်တွေကကွယ်ပျောက်ကုန်ပီလား
ဘန်း:::::::::::::::::
ပေါက်ကွဲသံတစ်ခုဖြစ်ပေါ်လာပြီးလင်းဟန်ရဲ့
မူလခန္ဓာပိုင်ရှင်ရဲ့ မှတ်ဉာဏ်တွေဟာစီးမျောသွားပီးတော့
မှတ်ဉာဏ်နှစ်ခုဟာပေါင်းစည်းသွားပါတော့တယ်
ငါသိပီ
သူဟာအခုမှကိုယ်ခန္ဓာပြုပြင်ခြင်းဒုတိယအဆင့်ပဲရှိနေရတဲ့
အကြောင်းရင်းကမူလခန္ဓာကိုယ်ပိုင်ရှင်ရဲ့
စိတ်ဂိဉာဉ်အခြေခံဟာ
အရမ်းကိုညံ့ဖျင်းတဲ့အရည်အသွေးကိုပိုင်ဆိုင်ထားလို့ပဲဖြစ်ပါတယ်
စစ်သည်တော်တစ်ဦးဖြစ်အောင်လေ့ကျင့်ဖို့အတွက်
ရှေးဦးစွာပထမလိုအပ်ချက်က စိတ်ဂိဉာဉ်အခြေခံရှိရပါမယ်
ကောင်းကင်နဲ့မြေကြီးဆီကနေ စိတ်ဂိဉာဉ်ချီတွေကို
စုပ်ယူပြီးတော့ သူတို့ရဲ့မူပိုင်အစွမ်းအဖြစ်
ပြောင်းလဲပစ်နိုင်ပါတယ် အချို့သော
စိတ်ဂိဉာဉ်အမျိုးစားတွေက စိတ်ဂိဉာဉ်ချီတွေကို

လျှင်မြန်စွာစုပ်ယူနိုင်ပီးအချိုကတော့ စုပ်ယူနိုင်မှု နေးကွေးပါတယ် ဒါ့အပြင် စိတ်ဂိုဉာဉ်တွေကို ကောင်းကင် မြေကြီးအမဲရောင် နဲ့ အဝါရောင်ဆိုပြီး အမိကအဆင့်ကြီးလေးဆင့်ခွဲခြားထားပါသေးတယ် အဆင့်တိုင်းမှာလဲအဆင့်မြင့် အလယ်အလတ်နဲ့ အဆင့်နိမ့်ဆိုပြီးသုံးမျိုးစီထက်ခွဲထားပါသေးတယ် အကောင်းဆုံးအဆင့်ကတော့ ကောင်းကင်အဆင့် အမြင့်ဆုံးအဆင့် နဲ့ အဆိုးဆုံးအဆင့်ကတော့ အဝါရောင်အဆင့်နိမ့် အဆင့်တို့ပဲဖြစ်ပါတယ် စိတ်ဂိုဉာဉ်တွေကို သူတို့ရဲ့ သန့်စင်မှုပေါ် မူတည်ပြီးခွဲခြားထားတာပါ ပိုပြီးသန့်စင်လေပိုကောင်းလေပါပဲလင်းဟန်ရဲ့ စိတ်ဂိုဉာဉ်ကတော့ ဖရိုဖရဲဖြစ်နေတဲ့အပြင် ဒြပ်စင်ငါးမျိုးလဲပါနေပါသေးတယ် ဒီသိုင်းပညာကမ္ဘာမှာဆိုရင် လင်းဟန်ရဲ့ စိတ်ဂိုဉာဉ်ကို အဆိုးဆုံးအဆင့်ဖြစ်တဲ့ အဝါရောင်အဆင့်နိမ့်အဆင့်အဖြစ်တောင် သတ်မှတ်နိုင်ပါတယ် ဒါဟာလင်းဟန်ရဲ့ မူလခန္ဓကိုယ်ပိုင်ရှင်ရဲ့ အသက် ၁၆ နှစ်ရှိနေတာကိုတောင်မှ ကိုယ်ခန္ဓာပြုပြင်ခြင်းဒုတိယအဆင့်ကိုပဲရောက်နေရတဲ့အကြောင်းပါ

လင်းဟန်အရင်ဘဝတုန်းက

အမြင့်ဆုံးဖြစ်တဲ့ကောင်းကင်အဆင့်စိတ်ဝိဉာဉ်ဖြစ်တဲ့
ယန်ကိုးပါးမီးစိတ်ဝိဉာဉ်ကိုပိုင်ဆိုင်ခဲ့တာပါ
ဒါကြောင့်လဲနှစ်ပေါင်းနှစ်ရာအတွင်းမှာသူ့ရဲ့
မှော်ဆေးပညာရပ်ပါရမီနဲ့
ဆေးလုံးအထောက်အပံ့တွေကသူ့ရဲ့ကျင့်ကြံမှုကိုအထောက်
အကူပေးပြီးကောင်းကင်အဆင့်ကိုရောက်ရှိ
ခဲ့တာဖြစ်ပါတယ်
ဖရိုဖရဲဖြစ်နေတဲ့ဒြပ်စင်ငါးမျိုး စိတ်ဝိဉာဉ်လား
ဒါကအဆင့်အနိမ့်ဆုံးစိတ်ဝိဉာဉ်ပဲ အင်းငါ့အခုပိုင်ဆိုင်ရတဲ့
ခန္ဓာကိုယ်ပိုင်ရှင်အနေနဲ့
ဘယ်လောက်ပဲကြိုးစားပီးလေ့ကျင့်လေ့ကျင့်
ကိုယ်ခန္ဓာပြုပြင်ခြင်းဒုတိယအဆင့်ကနေမတက်နိုင်တာအံ့
သစရာမဟုတ်ပါဘူးလေ ငါ့အတွက် ဒီ
စိတ်ဝိဉာဉ်ကအဓိကပြသာနာ ပဲဒါပေမဲ့
မှော်ဆေးလုံးတွေကိုအသုံးပြုနိုင်ခဲ့မယ်ဆိုယင်
ထိပ်ဆုံးကိုရောက်ဖို့ ငါ့အတွက်
လေးနှစ်ပဲအချိန်ယူရလိမ့်မယ်
လင်းဟန် ဟာသူ့နှလုံးသားကိုတည်ငြိမ်အောင်ထားပြီးသူ့ရဲ့
အရမ်းကိုအစွမ်းထက်လှတဲ့ စိတ်စွမ်းအင်နဲ့
သူ့ဒန်တန်ထဲမှာရှိတဲ့ စိတ်ဝိဉာဉ်ကို
စစ်ဆေးကြည့်လိုက်တဲ့အခါမှာရုတ်တရက်
ထိတ်လန့်သွားခဲ့တယ်

သူမျက်နှာမာလဲအားရကျေနပ်ခြင်းနဲ့အတူမယုံကြည်နိုင်မှုတွေကိုပါဖြစ်ပေါ်လာစေခဲ့တယ်
ဒါက ဖရိုဖရဲဒြပ်စင်ငါးမျိုးစိတ်ဂိဉာဉ်မဟုတ်ဘူးပဲ ဒီဒြပ်စင်ငါးမျိုးဟာ လုံးဂကိုတည်ငြိမ်ပြီးတော့ သူ့ပုံစံကကြာပွင့်တစ်ခုလိုပဲဒါဟာ
ဒြပ်စင်ငါးမျိုးရောတဲ့ကြာပန်းအကောင်းတကာ့အကောင်းဆုံးယန်ကိုးပါးမီးလျှံစိတ်ဂိဉာဉ်ထက်တောင် ရှားသေးတယ် ဒါဟာမသေမျိုးအဆင့် စိတ်ဂိဉာဉ်အဖြစ်တောင်ချီးကျူးခဲ့ကြတယ်
မူလပိုင်ရှင်ရဲ့ကျင့်ကြံမှုကအရမ်းကိုနှေးတာပဲဒါပေမဲ့ ဖရိုဖရဲဒြပ်စင်ငါးမျိုးကြာပွင့်က သူ့ရဲ့အစစ်အမှန်သောစွမ်းအားကိုဖော်ထုတ်နိုင်ဖို့အတွက် အထူးနည်းလမ်းတွေလိုအပ်တာကြောင့်ပဲဖြစ်တယ်
ငါသာသင့်တော်တဲ့ နည်းလမ်းကိုရှာဖွေနိုင်မယ်ဆိုယင် ဒီဒြပ်စင်ငါးမျိုးကြာပွင့်ဟာကောင်းကင်အဆင့်
ဖြစ်သွားလိမ့်မယ်
နစ်ပေါင်းတရာလားမဟုတ်သေးဘူး ငါ့အတွက်နောက်ထပ်တစ်ကြိမ်ကောင်းကင်အဆင့်နယ်ပယ်ကိုပြန်ရောက်ဖို့ နှစ်ပေါင်းငါးဆယ်ခန့်သာလိုတယ်
လင်းဟန်အနေနဲ့
သူ့ရဲ့ပျော်ရွှင်စိတ်လှုပ်ရှားမှုကိုမထိန်းချုပ်နိုင်ပါဘူး စိတ်ဂိဉာဉ်ဆိုတာကလူတယောက်မွေးဖွားလာကတည်းက

ဖြစ်ပေါ်လာတဲ့ အရာပါ ဘယ်အရာနဲ့ မှ ပြောင်းလဲပစ်လို့မရပါဘူးသူ့ရဲ့အယင်ဘဂက မြောက်များစွာသောရှေးဟောင်းဒေသနယ်မြေတွေဆီကိုခရီး ဆန့်ခဲ့ပြီးမတူညီတဲ့ လျှို့ဂှက်ကျင့်စဉ်တွေ နဲ့ကျင့်ကြံနည်းလမ်းတွေကိုသူရရှိခဲ့ပါတယ်
အဲဒီအထဲမှာကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုးကလဲ
အပါအဂင်ဖြစ်ပါတယ်
ငါ့ခန္ဓာကိုယ်ရဲ့မူလပိုင်ရှင်ကဘယ်လိုကြောင့်
သေသွားခဲ့ရတာလဲ
မူလပိုင်ရှင်ဟာလင်းကလန်ရဲ့ခေါင်းဆောင် လင်းဒေါင်ရှန်ရဲ့တစ်ဦးတည်းသောသားပါ
သူ့အမေနဲ့အဘိုးအဘွားတွေဟာသေဆုံးသွားခဲ့တာနှစ်ပေါင်းများစွာကြာခဲ့ပါပီလင်းကလန်အဖွဲ့သားအားလုံးဟာသိုင်းပည ၁တတ်မြောက်ကြပါတယ် ဒါကလဲလင်းကလန်ရဲ့ ဂုဏ်ယူစရာအချက်ပဲဖြစ်ပါတယ်
လင်းဒေါင်ရှန်ဟာစိန်ခေါ်မှုပေါင်းစုံကိုယှဉ်ပြိုင်အနိုင်ယူပြီးမှ ကလန်ထဲမှာအသန်မာဆုံးဖြစ်လာပြီးကလန်ခေါင်းဆောင်ဖြ စ်လာခဲ့သူပါ
ဒါပေမဲ့လင်းဟန်ကတော့ သူ့ရဲ့ စိတ်ဂိဉာဉ်ကြောင့် ငယ်ငယ်ကတည်းကအမှိုက်ကောင်လို့
သူများတွေကမှတ်ယူထားခဲ့ကြပါတယ်
လင်းဒေါင်ရှန်ဟာသူ့သားရဲ့

အနာဂါတ်တောက်ပနိုင်ဖို့အတွက်
ဟွာယန်အကယ်ဒမီနဲ့အပေးအယူလုပ်ခဲ့ပါတယ်
ဟွာယန်အကယ်ဒမီအနေနဲ့
လင်းဟန်ကိုတပည့်အဖြစ်လက်ခံပြီးတော့
ကျင့်ကြံမှုတွေအတွက်ကူညီပေးရမှာဖြစ်ပြီး
လင်းဒေါင်ရှန်ကတော့ ဟွာယန်အကယ်ဒမီအတွက်
ခရမ်းရောင်အလင်းမြေပြင်ချိုင့်ဝှမ်းကိုဝင်ရောက်ပီး
ရှာဖွေတွေ့ရှိတဲ့အရာတွေကို
ပြန်လည်ပေးအပ်ရမှာဖြစ်ပါတယ်
ဟွာယန်အကယ်ဒမီဟာမိုးရေနိုင်ငံရဲ့အင်ပါယာလက်အောက်
ခံအကယ်ဒမီတစ်ခုဖြစ်ပီးရင်းမြစ်များစွာ ကြွယ်ဝပါတယ်
သူတို့သာရင်းမြစ်တွေကိုအသုံးပြုပေးမယ်ဆိုယင်
လင်းဟန်လိုအမှိုက်ကောင်တောင်မှပဲ
ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်နိုင်ပါတယ်
ဒါပေမဲ့ဟွာယန်အကယ်ဒမီကလူတွေကငတုံးမှမဟုတ်တာ
လွယ်လွယ်ကူကူရနိုင်တဲ့ပစ္စည်းတစ်ခုအတွက်နဲ့
သူတို့ကဒီလိုအရင်းနှီးကြီးတဲ့ စွန့်စားမှုမျိုးကိုလုပ်ရမှာလား
ခရမ်းရောင်မြေပြင်ချိုင့်ဝှမ်းဟာ
အရမ်းအန္တရာယ်များတဲ့နေရာတစ်ခုပါ ဒါပေမဲ့ သူ့သားရဲ့
အနာဂတ်အတွက် လင်းဒေါင်ရှန်ဟာလွန်ခဲ့တဲ့
တပါတ်ကပဲအဲဒီကိုထွက်ခွာသွားခဲ့ပါတယ်
မနေ့ကဟွာယန်အကယ်ဒမီကလူတွေကလင်းကလန်ကိုသူ

တို့ရဲ့
သဘောတူညီချက်အတိုင်းပဲသူ့ကိုတပည့်အဖြစ်ရွေးချယ်ဖို့ရောက်လာခဲ့ကြပါတယ် အဲဒီအချိန်မှာလင်းကလန်ရဲ့အိမ်တော်ထိန်းလင်းရှောင်ဟွမ်ရောက်လာပြီးတော့သူ့မြေးဖြစ်သူလင်းမုယွမ်အတွက်လက်လျှော့ပေးဖို့လာပြောပါတယ်
လင်းမုယွမ်ဟာလင်းကလန်ရဲ့ပါရမီရှင်တယောက်ဖြစ်လို့ဒီလိုမျိုးအခွင့်အရေးကိုအမှိုက်ကောင်လို ဖြစ်နေတဲ့လင်းဟန်အတွက် အသုံးချတာဟာနမြောစရာပဲလို့ယူဆလို့ဖြစ်ပါတယ်
ဒါပေမဲ့ သူ့ရဲ့မူလခန္ဓာပိုင်ရှင်ကသဘောမတူခဲ့ပါဘူးသူ့အဖေရဲ့အသက်နဲ့လဲပြီးရယူထားတဲ့အခွင့်အရေးကိုတစ်ခြားတယောက်အတွက်မပေးနိုင်ပါဘူးဒါပေမဲ့ လင်းရှောင်ယွမ်ကဒြပ်စင်စုစည်းခြင်းအဆင့်ရောက်နေပါပြီသူ့အနေနဲ့ ဘယ်လိုမှမခုခံနိုင်ခဲ့ပါဘူးလက်သီးတစ်ချက်ကြောင့်ပဲသူဟာဒါဏ်ရာပြင်းထန်စွာရရှိပြီးသူ့ရဲ့အခန်းထဲအရောက်မှာသေဆုံးခဲ့ရတာဖြစ်ပါတယ်
လင်းဟန်တော်တော်ဒေါသထွက်သွားပါတယ်
တော်တော်လေးလွန်နေပြီလေသူ့အဖေရဲ့အသက်နဲ့လဲပြီးရထားတဲ့ ဒီနေရာကိုရရှိဖို့ လင်းရှောင်ယွမ်တို့

မြေးအဘိုးတွေကဒီလိုမျိုး ကြံစည်ရဲလိမ့်မယ်လို့ မထင်ထားဖူးလေ
ဘယ်လောက်တောင်အရှက်ကင်းမဲ့တဲ့ ခွေးသူခိုးတွေလဲငါဒါကိုလက်မခံနိုင်ဖူး
လင်းဟန်ဟာကုတင်ပေါ်ကနေထထိုင်လိုက်ပီး ခန္ဓာကိုယ်တစ်ခုလုံးကိုစစ်ဆေးကြည့်လိုက်ပါတယ် သူဟာ ပြန်လည်မွေးဖွားလာတာမှန်ပေမဲ့လဲရရှိထားတဲ့ ဒါဏ်ရာတွေဟာသူ့အလိုလိုမပျောက်သွားဘူးလေ
ဟင် စိတ်ဂိဥာဉ်အခြေခံက ပျက်စီးနေတာပဲလင်းရှောင်ယွမ်ရဲ့ တိုက်ခိုက်မှုဟာသူ့ရဲ့ စိတ်ဂိဥာဉ်အခြေခံကို အမှန်တကယ်ပဲထိခိုက်ပျက်စီးစေတာပဲ စိတ်ဂိဥာဉ်ပျက်စီးခြင်းကမှ တကယ့်ပြသနာပဲသာမန်ဆေးတွေနဲ့တော့ ကုလို့မရနိုင်ဘူး ငါ့ရဲ့ မှော်ဆေးပညာတတ်ကျွမ်းနားလည်မှုအရ စိတ်ဂိဥာဉ်အခြေခံကို ပြန်လည် ကုသဖို့ ဆေး ၇ မျိုးရှိတယ် အဲဒီထဲကလေးမျိုးကိုဖော်စပ်ကို ပါဂင်တဲ့ ဆေးအမယ်တွေကအရမ်းဈေးကြီးပီးလင်းကလန်တစ်ခုလုံး ကိုရောင်းချရင်တောင်မှ မလုံလောက်ဘူး ပြီးတော့ ငါ့ရဲ့စိတ်ဂိဥာဉ်အခြေခံက နည်းနည်းလေးပဲထိခိုက်ပျက်စီးတာဖြစ်လို့ ဒီလိုအဆင့်မြင့်ဆေးလုံးတွေမလိုဘူးကျန်တဲ့ဆေးသုံးမျိုးထဲ က ၂ မျိုးကလဲ ငါ့ရဲ့လက်ရှိကျင့်ကြံမှုဖြစ်တဲ့

ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၂
နဲ့တော့ဘယ်လိုမှအဆင်မပြေနိုင်ဘူးဒါဆိုငါ့မှာရွေးချယ်စရာတမျိုးပဲရှိတယ်
မူလနှလုံးသားကစိတ်ဂိဉာဉ်ကာကွယ်ဆေးမှုန့်
ဒီဆေးကိုလွယ်လွယ်ကူကူနဲ့ပဲပြုလုပ်နိုင်တယ်
သူ့ရဲ့အချိုးအဆတွေကိုသာမှန်မှန်ကန်ကန်
ထည့်သွင်းအသုံးပြုနိုင်ရင်
ဒီဆေးလုံးကိုငါလွယ်လွယ်နဲ့ပြုလုပ်နိုင်ပီအင်းပထမဆုံးငါ့ရဲ့အပြင်ဒါဏ်ရာတွေကိုအယင်ကုရမယ် ပြီးတော့မှ လင်းရှောင်ယွမ်တို့ မြေးအဘိုးကိုငါသွားတားရလိမ့်မယ်
ဒီအခွင့်အရေးကိုငါဂရုမစိုက်ပေမဲ့
ငါ့အဖေရဲ့အသက်နဲ့လဲပြီးရယူထားတာလေဒါကိုအရှက်မရှိတဲ့ လင်းရှောင်ယွမ်တို့မြေးအဘိုးတွေ
အမြတ်ထုတ်သွားမှာကိုငါမလိုလားဘူး
လင်းဟန်ဟာကြက်ခြေခတ်ပုံစံထိုင်ချလိုက်ပီးမှော်စာလိပ်ထဲကနည်းလမ်းအတိုင်း
ခန္ဓာကိုယ်မှာလှည့်လည်စေလိုက်ပါတယ်
WengWengWengWeng
သူ့ခန္ဓာကိုယ်ရဲ့အတွင်းပိုင်းကနေစွမ်းအားကြီးတဲ့
အမှတ်သားတစ်ချို့ပေါ်လာပြီးတော့ ဒါဏ်ရာတွေကို
လျှင်လျှင်မြန်မြန်ပဲသက်သာသွားစေခဲ့ပါတယ်
လင်းဟန်ရဲ့မျက်လုံးတွေပွင့်လာပြီးတော့

ပြတင်းပေါက်ကနေအပြင်ကိုငေးကြည့်လိုက်ပြီး
အခုငါ လင်းရှောင်ယွမ်တို့နဲ့သွားတွေ့ပြီးဒီအရှက်မရှိတဲ့
လူအိုကြီးကိုအံ့သြသွားအောင်လုပ်ရမယ်
သူ့အခန်းတံခါးကိုဖွင့်လိုက်တဲ့အခါ
သူသွားမဲ့လမ်းကြောင်းမှာလူတယောက်ပိတ်ရပ်ထားပါတယ်
သူဟာလင်းကလန်ကလင်းရှောင်ယွမ်ရဲ့လက်အောက်ခံကျန်းယွမ်
သခင်လေးဟန် အိမ်တော်ထိန်းကြီးကအမိန့်ပေးထားပါတယ်
ဒီနေ့ အခန်းထဲမှာပဲတစ်နေလုံးနေရမယ်တဲ့
ကျန်းယွမ်ရဲ့မျက်လုံးထဲမှာတော့
လင်းဟန်ဟာကလန်ခေါင်းဆောင်ရဲ့ သားဖြစ်နေပေမဲ့
အမှိုက်ကောင်တကောင် လိုပဲမြင်ပါတယ်
လင်းဟန်ကအေးစက်စက်နဲ့ကြည့်ပြီး
မင်းကငါ့ကိုတားရဲတယ်ပေါ့လေ
ဒါကအိမ်တော်ထိန်းကြီးရဲ့ အမိန့်ပါ
သခင်လေးကျေနော့်ကိုအခက်တွေ့အောင်မလုပ်ပါနဲ့
လင်းရှောင်ယွမ် ခွေးအိုကြီးငါ့ကိုဒါဏ်ရာရအောင်လုပ်ယုံတင်မကဘူးဘယ်မှမသွားနိုင်အောင် အခန်းမှာအစောင့်တောင်ထားလိုက်သေးတယ်
ငါ့ရှေ့ကနေထွက်သွားစမ်း
သခင်လေးဒါကအိမ်တော်ထိန်းကြီးရဲ့အမိန့်........
ဖြန်း

သခင်လေးကျနော့ကိုအကြပ်မကိုင်ပါနဲ့
ဖြန်း
လင်းဟန်ရဲ့လက်နောက်တစ်ကြိမ်မြောက်လိုက်ပီးခပ်ပြင်းပြင်းထပ်ရိုက်လိုက်ပါတယ်

အပိုင်း (၂)

ကျန်းယွမ်ဟာ အမိုက်ကောင်ရဲ့ပါးရိုက်နှစ်ချက်ကိုခံလိုက်ရလို့ ဒေါသအရမ်းထွက်သွားပါတယ် သူက ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၄ ကိုရောက်နေပြီး လင်းဟန်ကတော့အခုမှ အဆင့် ၂ သာရှိသေးတဲ့သူပါ

ကျန်းယွမ်ရဲ့ခေါင်းထဲမှာ လင်းဟန်ကို ပြန်တိုက်ခိုက်ပြီး ဒီအမိုက်ကောင်ကို မှတ်လောက်သားလောက်အောင်ဆုံးမလိုက်မယ် ဆိုတဲ့အတွေးပဲရှိပါတော့တယ်

ဒါနဲ့ပဲ ကျန်းယွမ်ဟာ လင်းဟန်ကို အားပြင်းတဲ့လက်သီးတစ်ချက်နဲ့ထိုးလိုက်ပါတယ်

လင်းဟန်အနေနဲ့ အံ့အားသင့်စရာကောင်းအောင်

တည်တည်ငြိမ်ငြိမ်ရှိနေခဲ့ပါတယ် သူ့ရဲ့အယင်ဘဂမှာဆိုရင် ကျန်းယွမ်လိုလူပေါင်း တသောင်းလောက်ကို သူလက်ညှိုးလေးတစ်ချောင်းနဲ့တောင် အကုန်သတ်ဖြတ်ပစ်နိုင်ပါတယ် ဒါပေမဲ့ အခုချိန်မှာတော့ သူဟာ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၂ ပဲရှိပါသေးတယ် အဆင့်တွေကွာခြားတာနဲ့အမျှ စွမ်းအားတွေဟာလဲကွာခြားပါတယ် ဒါပေမဲ့ ခု လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ထိန်းချုပ်နေတဲ့သူဟာ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက် သူ့ရဲ့ မူလအစွမ်းတွေ ဆုံးရှုံးထားပေမဲ့လို့ သူ့ရဲ့ ထိုးထွင်းသိမြင်မှုကတော့ ကျန်ရစ်နေပါသေးတယ်

'ဟူးးးးး'

လေအေးတစ်ချက်ကို ရှိုက်သွင်းလိုက်ပြီး ကျန်းယွမ်ဟာ သူ့ရဲ့လက်သီးချက်က ပစ်မှတ်ကို ထိမှန်သွားပြီလို့ ယူဆလိုက်ချိန်မှာပဲ

'''အန်'''

'''ငါ့ပစ်မှတ်ကိုထိမှထိသွားရဲ့လား''

ကျန်းယွမ်ရဲ့လက်သီးချက်ဟာ လင်းဟန်ရဲ့မျက်နှာကို ထိခါနီး အချိန်မှာပဲ လင်းဟန်က ခြေတစ်လှမ်းအနောက်ကို ဆုတ်လိုက်ပြီးရှောင်လိုက်တဲ့အတွက် သူ့ရဲ့လက်သီးဟာ လင်းဟန်ရဲ့ နှာခေါင်း ဘေးကနေကပ်သွားခဲ့ပါတယ်

PA

ကျယ်လောင်သောအသံတစ်ခုကိုကြားလိုက်ပီး ကျန်းယွမ်ဟာနောက်ထပ် လက်ဝါးချက်ပြင်းပြင်းတစ်ချက် အရိုက်ခံလိုက်ရပါတယ်

ကျန်းယွမ် သွေးတပွက်အန်လိုက်ပီး ဒေါသအလွန်ထွက်ကာ လင်းဟန်ကို အဆက်မပြတ် လက်သီးချက်တွေနဲ့ ထိုးလိုက်ပါတော့တယ်

"သေစမ်း....အမိုက်ကောင် သေစမ်းကွာ"

အဲဒီအချိန်မှာပဲ လင်းဟန်ဟာ ကျန်းယွမ်ရဲ့လက်သီးချက်တွေကို ရှောင်ပီး ကောင်တာတိုက်စစ်ကို စဖွင့်တဲ့အနေနဲ့ ညာဘက်ခြေထောက်နဲ့ ကျန်းယွမ်ရဲ့ပေါင်ကြား ကို တစ်ချက်ထိထိမိမိကို ကန်ပစ်လိုက်ပါတယ်

အားပူးးး

ကျန်းယွမ်ဟာ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၄ ကိုရောက်နေပီဖြစ်သော်လည်း သူ့ရဲ့ ဖွားဖက်တော်နေရာကတော့ သံဘောလုံးလို အစွမ်းမရှိခဲ့ပါဘူး (လခွမ်းမျိုးတုံးပီထင်တယ်) ကျန်းယွမ်ဟာ သူ့ရဲ့လက်နှစ်ဖက်ကို ပေါင်ကြားထဲဆုပ်ကိုင်ပီး ဒူးထောက်လဲကျသွားခဲ့ပါတယ်

"မင်းတို့ကောင်တွေက သစ္စာဖောက်တွေပဲ"

ဖြန်း

လင်းဟန်က နောက်ထပ်လက်ဝါးတစ်ချက်နဲ့ရိုက်လိုက်တဲ့အချိန်မှာတော့ ကျန်းယွမ်ပါးစပ်ဟသွားပီး သွားတွေတော်တော်များများ ပြုတ်ထွက်သွားပါတယ်

"ခွေးဟာခွေးပဲ အရိုးကိုက်ဖို့လောက်ပဲသိတယ်"

ကျန်းယွမ်ဟာ အရမ်းကို ရှက်သွားပါတယ် သူဟာ

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ သမားတယောက်ရဲ့ အရှေ့မှာ ဒူးထောက်နေရပြီး ပါးတွေလဲအရိုက်ခံထားရပါတယ်

ဒါပေမဲ့အခုချိန်မှာ သူဟာ လင်းဟန်ထွက်သွားမှာကို မတားဆီးနိုင်တော့ပါဘူး လင်းရှောင်ယွမ်ရဲ့ အလုပ်ကိစ္စတွေကို လင်းဟန်ဝင်နှောက်ယှက်မှာကိုလဲ မလိုလားတဲ့အတွက် သူ့အနေနဲ့ အမြန်ဆုံးစဉ်းစားလိုက်ပြီး လင်းဟန်ကို အော်ပြောလိုက်ပါတယ်

"သခင်လေးဟန် သခင်လေး ထွက်မသွားပါနဲ့ သခင်လေးသာ အခန်းထဲကနေထွက်သွားမယ်ဆိုရင် အဆိပ်ကြောင့်သေရပါလိမ့်မယ် သခင်လေးကအခု အဆိပ်မိနေပါပြီ"

လင်းဟန်တစ်ချက်ပြုံးလိုက်ပြီး

"'ဒီခွေးကောင်ကတော့ ငါ့ကိုငတုံးများမှတ်နေလားမသိဘူး ဟဟဟဟ"

လင်းဟန်ကသူ့အနောက်ကနေ အသံဝင်အောင်အော်ဟစ်နေတဲ့ ကျန်းယွမ်ကိုဂရုမစိုက်ပဲ အတွင်းဘက်အဆောင်မှာရှိတဲ့

ညှော့ခန်းဆီကိုလျှောက်လာခဲ့ပါတယ်

ညှော့ခန်းဆောင်ဟာ အတွင်းဘက်နဲ့အပြင်ဘက်ကိုဆက်သွယ်ထားတဲ့ တံခါးနှစ်ချပ်ရှိပါတယ် တစ်ဖက်က အတွင်းဘက်မှာရှိတဲ့ အဆောင်တွေနဲ့ဆက်သွယ်ထားပြီး တစ်ဖက်ကတော့ အပြင်ဘက်ကိုထွက်ဖို့အတွက်ပဲဖြစ်ပါတယ်

လင်းဟန် ညှော့ခန်းဘက်ကိုလှမ်းကြည့်လိုက်တဲ့တော့ မိန်းမတစ်ယောက်နဲ့ ယောကျာ်းလေးယောက်ပါတဲ့ အုပ်စုတစ်စုကိုတွေ့လိုက်ရပါတယ်

မိန်းမငယ်လေးရဲ့ဘေးမှာရပ်နေတဲ့လူလေးယောက်ကိုတော့ လင်းဟန် မှတ်မိသွားပါတယ် သူတို့အားလုံးဟာ လင်းကလန်ကလူတွေချည်းပါပဲ အသက်အကြီးဆုံးလူက လင်းကလန်အိမ်တော်ထိန်းကြီး လင်းရှောင်ယွမ် ကျန်တဲ့သုံးယောက်ထဲက သတ်လတ်ပိုင်း အသက်လေးဆယ်ဂန်းကျင်အရွယ်နဲ့ နှစ်ယောက်ကတော့ လင်းရှောင်ယွမ်ရဲ့သားတွေဖြစ်ပြီး နောက်ဆုံးကျန်တဲ့တယောက်ကတော့ လင်းဟန်ထက် တစ်နှစ်နှစ်နှစ်ခန့်သာကြီးတဲ့ လင်းရှောင်ယွမ်ရဲ့အကြီးဆုံးမြေး လင်းမုယွမ်

လင်းဟန်က အုပ်စုထဲက တစ်ဦးတည်းသောမိန်းမငယ်လေးကို လှမ်းကြည့်လိုက်တယ်

သူလို အယင်ဘဂက ကောင်းကင်အဆင့်လူတစ်ယောက်ရဲ့မျက်စိအမြင်ထဲမှာတော့ ဂင် တောက်ပသွားခဲ့တယ် ဒီမိန်းကလေး တော်တော်လှတာပဲ သူမကိုကြည့်ရတာ အခုမှ ၁၇ ၁၈ နှစ်လောက်ပဲရှိဦးမယ် ဒါပေမဲ့ သူမပိုင်ဆိုင်ထားတဲ့အလှကြောင့် တိုင်းပြည်တွေ တောင်သူမကိုပိုင်ဆိုင်ဖို့ စစ်ခင်းနိုင်တဲ့အထိတောင် အစွမ်းရှိတယ်

သူမရဲ့အရှိန်အဂါအော်ရာတွေကတော့ ရေခဲတောင်ကြီးလိုပဲ သူမအနားကို ချဉ်းကပ်လာမဲ့ မည်သူ့ကိုမဆို အဝေးကိုရောက်သွားနိုင်အောင်ပဲ အေးစက်လှတယ်

သူတို့ငါးယောက်ဟာ အိမ်ရှင်နဲ့ ဧည့်သည်လိုပဲ တစ်သီးတစ်ခြားစီထိုင်နေကြပြီးတော့ အစေခံတစ်ချို့က သူတို့နောက်မှာရပ်ပြီး လိုအပ်တာတွေကို ရိုရိုသေသေလုပ်ကိုင်ဆောင်ရွက်ပေးနေကြပါတယ်

လှိုယုထန် က မေးလိုက်တယ်

"လင်းကလန်ကနေ အကယ်ဒမီကို လွှတ်မဲ့လူ အဆင့်သင့်ဖြစ်ပီလား"

သူမအမုန်းဆုံးကတော့ အစွမ်းအစမရှိပဲ အကယ်ဒမီကို နောက်ခံအင်အားကြောင့် သို့ တစ်စုံတစ်ခုတော့ အပေးအယူကြောင့်
အနောက်တံခါးကနေဂင်လာမဲ့တပည့်တွေပါပဲ

ဒါကြောင့် သူ့ရဲ့ ပညာသင်ဘက်မောင်လေးဖြစ်လာမဲ့ သူအပေါ်မှာ ကောင်းမွန်တဲ့ခံစားချက်တွေရှိမနေခဲ့ပါဘူး

လင်းရှောင်ယွမ် ကမြန်မြန်ပဲပြောလိုက်ပါတယ်

"အဆင်သင့်ပါပဲ အဆင်သင့်ပါပဲ"

သူ့ရှေ့ကမိန်းမငယ်လေးနဲ့သူဟာ အသက်အရွယ်အရ မြေးအဘိုးအရွယ်ဖြစ်နေပေမဲ့လည်း သူတို့ဟာ ဒြပ်စင်စုစည်းခြင်းအဆင့်ကတော့ အတူတူပါပဲ

လူတစ်ယောက်ရဲ့ သိုင်းပညာအစွမ်းဟာ အသက်အရွယ်ပေါ်မှာ မူတည်မနေပါဘူး အင်အားကြီးလေ

ပိုပြီးလေးစားကြလေပါပဲ

လင်းရှောင်ယွမ်အနေနဲ့ ဒီမိန်းမငယ်လေးရဲ့အဆင့်ဟာ သူ့ထက်အနည်းငယ်မြင့်လိမ့်မယ်လို့တောင်ခံစားရပါတယ် သူက ဒြပ်စင်စုစည်းခြင်းအဆင့်ခြောက် ဖြစ်နေပေမဲ့လည်း မိန်းမပျိုလေးကတော့ အဆင့် ၇ သို့မဟုတ် အဆင့် ၈ တောင်ဖြစ်နေနိုင်ပါတယ်

ဒါကြောင့်ပဲ သူ့ရဲ့မြေးကို ဟုရန် အကယ်ဒမီကို သူအလျင်စလိုပို့ပေးချင်တာပဲဖြစ်ပါတယ် နှစ်အနည်းငယ်အတွင်းမှာ သူ့မြေးဟာ လင်းဒေါင်ရှန့်ထက်တောင် မြင့်မားလာနိုင်ပြီး သူ့ကို ကလန်ခေါင်းဆောင်ရာထူးရဖို့ ကူညီထောက်ပံ့ပေးနိုင်ပါလိမ့်မယ်

လင်းရှောင်ယွမ်က သူ့မြေးဘက်ကိုလှည့်ပြီးတော့ပြောလိုက်တယ်

"မုယွမ် မြန်မြန်လာပြီး မင်းရဲ့ စီနီယာအမကို လာနှုတ်ဆက်လိုက်"

"ဟုတ်ကဲ့ပါ အဘိုး"

လင်းမုယွမ်က ရှိရှိသေသေနဲ့ပဲ နုတ်ဆက်လိုက်ပါတယ်

"မုယွမ်က စီနီယာအစ်မကို နုတ်ဆက်ပါတယ်ခင်ဗျာ"

မုယွမ်က လှပပြီး အေးစက်စက်နိုင်တဲ့ စီနီယာအစ်မကို ကြည့်ပြီး သူ့စိတ်ထဲမှာ ငါ့မှာ လုံလုံလောက်လောက်အချိန်သာရယင် သူမရဲ့ နှလုံးသားကို ဖမ်းဆုပ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်

လွှီယုထန် အနည်းငယ်တော့အံ့အားသင့်သွားပါတယ် သူမသိရသလောက် လင်းကလန်ကနေ သူမခေါ်လာရမဲ့သူရဲ့နာမည်က လင်းဟန်လို့သိထားတာပါ

ဘာဖြစ်ဖြစ်လေ ဒါက သူမကိစ္စမဟုတ်ပါဘူး အဓိကအချက်က လင်းကလန်ကနေပြီး လူတစ်ယောက်ကို အကယ်ဒမီဆီကိုခေါ်လာဖို့ပဲဖြစ်ပါတယ်

"ကောင်းပြီ...မင်းဘက်ကအဆင်သင့်ပဲဆိုယင် ငါတို့ ခုပဲသွားကြစို့"

"မိန်းကလေးလွှီ မင်းဘာလို့ ငါတို့ဆီမှာ

ရက်အနည်းငယ်လောက် မနေတာလဲ ငါတို့ရဲ့ ဒေသ္ဓိဂုတ်ကျောပွန်မှုကို ပြသချင်လို့ပါ"

လင်းရှောင်ယွမ်ဟာ ဒီမိန်းကလေးနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးတစ်ခုကို တည်ဆောက်ချင်တာပဲဖြစ်ပါတယ် ဒါမှ သူမြေးအကယ်ဒမီကိုရောက်တဲ့အခါမှာ ဒီမိန်းကလေးက ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပေးဖို့ကို မျှော်လင့်ထားလို့ပါ

လွီယုထန်က အေးစက်စက်နဲ့

"မလိုဘူး "လို့ပြောပြီး လှည့်ထွက်သွားဖို့ပြင်ဆင်လိုက်ပါတယ်

အဲဒီအချိန်မှာ လင်းဟန်က အော်ဟစ်လိုက်ပါတယ်

"ခဏစောင့်ပါဦး..............."

လင်းရှောင်ယွမ်နဲ့ ကျန်တဲ့သူတွေရဲ့မျက်နှာဟာချက်ချင်းပဲပျက်သွားပါတယ် ဘယ်လိုပဲဖြစ်ဖြစ် သူတို့ဟာ လင်းကလန်ရဲ့

အမိုက်ကောင်ဆီကနေ ဒီအခွင့်အရေးကို အမြတ်ထုတ်ရယူထားတဲ့သူတွေလေ

လင်းမုယွမ်က လျှင်လျှင်မြန်မြန်ပဲ တုံ့ပြန်လိုက်ပါတယ်

'''ညီငယ်လေးလင်း မင်းဒါဏ်ရာတွေရထားတယ်မဟုတ်လား မြန်မြန်အခန်းထဲပြန်ပြီး နားလိုက်ပါ '''

သူဟာချက်ချင်းပဲ လင်းဟန်ရှဲဘေးကိုရောက်သွားပီးတော့ လင်းဟန်ရှဲလက်ကိုဆွဲထားပြီး ထပ်ပြောဖို့ အခွင့်အရေးမပေးတော့ပါဘူး

ဘာဖြစ်ဖြစ်သူက လင်းဟန်နဲ့ယှဉ်လိုက်ယင် ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၇ ကိုရောက်နေပြီးဖြစ်လို့ လင်းဟန်အနေနဲ့ သူ့ကို ဘာမှလုပ်နိုင်မှာမဟုတ်ဘူးလေ

အပိုင်း(၃)

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ဟာ စုစုပေါင်း ကိုးဆင့်ရှိပါတယ် အဲဒီအထဲကမှ ပထမဆုံး သုံးဆင့်ကို အစောပိုင်းအဆင့် ......အဆင့်လေးကနေ အဆင့်ခြောက်ကို အလယ်အလတ်အဆင့်နဲ့ အဆင့် ၇ ကနေ အဆင့်ကိုး

အထိကိုတော့ နောက်ပိုင်းအဆင့် လို့ခေါ်ဆိုကြပါတယ် သိုင်းပညာရှင်တွေအတွက်ကတော့ အဆင့်သုံးဆင့်တိုင်းဟာ စွမ်းအင်မညီမျှမှုတွေနဲ့ ခွန်အားတွေဟာ ကွာခြားကြပါတယ်...

အဆင့်ပိုပီးမြင့်လာလေ ကွာခြားချက်ကပိုပီးသိသာထင်ရှားလာလေပါပဲ......အဆင့် ကိုးကိုရောက်ရှိနေတဲ့သိုင်းပညာရှင်တစ်ယောက်ဟာ အဆင့် ၈ သိုင်းပညာရှင်တယောက်နဲ့ယှဉ်ပြိုင်ရယင် သူ့အတွက်ကတော့ အရမ်းကို လွယ်ကူနေပါလိမ့်မယ် ဒါပေမဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်တစ် သိုင်းပညာရှင်တစ်ယောက်ဟာ အဆင့်နှစ် တစ်ယောက်နဲ့ယှဉ်ပြိုင်ရလျှင်တော့ဖြင့် ကွာဟချက်သိပ်ပြီးကြီးမှာမဟုတ်ပါဘူး...

အစောပိုင်းတုန်းက လင်းဟန် နဲ့ကျန်းယွမ်ဟာ အဆင့်သေး နှစ်ဆင့်ကွာခြားပေမဲ့လဲ အဓိကအဆင့်ကြီး တစ်ဆင့်တောင် ကွာဟချက်ရှိနေပါတယ် (လင်းဟန်က အစောပိုင်းအဆင့်နဲ့ ကျန်းယွမ်က အလယ်အလတ်အဆင့်ကို ဆိုလိုတာပါ)

သို့ပေမဲ့လည်း လင်းမုယွမ်က ကိုယ်ခန္ဓာပြုပြင်ပြောင်းလဲခြင်းအဆင့် ၇ ဖြစ်ပြီးတော့ ဒါဟာ

နောက်ပိုင်းအဆင့်ဖြစ်ပြီး လင်းဟန်ထက် အဓိကအဆင့်ကြီး ၂ ဆင့်တောင်ကွာခြားပါတယ်

ဒါဟာဘယ်လိုမှမဖောက်ဖျက်နိုင်တဲ့ ကွာဟချက်ပါ အကယ်လို့ လင်းဟန်ဟာ ကောင်းကင်အဆင့်အသန်မာဆုံးသော စစ်သည်တော်ဖြစ်နေပါစေဦး အခုလိုစွမ်းအင်ကွာဟချက်ကြီးမားမှုကို ဘယ်လိုမှ ဖောက်ဖျက်နိုင်မှာမဟုတ်ပါဘူး

ပြီးတော့ အခုချိန်မှာသူ့ရဲ့အခြေခံကလည်းအရမ်းကိုနိမ့်ကျနေတယ်လေ

ကဲ ဒါဆိုဘာဆက်လုပ်မလဲ....

လင်းဟန်ရဲ့မျက်လုံးတွေဟာ သေချာအာရုံစိုက်လိုက်ပီး တဖက်လူ့ရဲ့လက်တွေက သူ့ပခုံးဆီကို ဦးတည်လာနေတဲ့အပေါ်မှာ အခွင့်ကောင်းယူပြီးတော့ ချက်ချင်းပဲ သူ့လက်သီးကိုမြှောက်လိုက်ပီး တိုက်ခိုက်လိုက်ပါတယ်

လင်းမုယွမ်ကဒီလိုတိုက်ခိုက်မှုကို စိတ်တောင်မဝင်စားပါဘူး လင်းဟန်အနေနဲ့ဒီနေရာကို ဘယ်လိုရောက်လာသလဲဆိုတာကို သူမသိပေမဲ့ လင်းဟန်က အားလုံးသိကြတဲ့ လင်းကလန်ရဲ့အမိုက်ကောင်ပဲလေ ဒီကောင်က ဘယ်လိုများသူ့ကို ထိခိုက်အောင်လုပ်နိုင်မှာလဲ

လင်းမုယွမ်က သူ့ရဲ့စွမ်းအားတွေကိုလှည့်ပါတ်လိုက်ပီးတော့ သူ့ရဲ့ဂမ်းဗိုက်ကြွက်သားတွေကိုသံမဏိလို မာကျောအောင်လို့ လုပ်လိုက်ပါတယ် ဒါဆို လင်းဟန်ဆီက တိုက်ခိုက်မှုကိုခံရလဲ ဘာဖြစ်မှာလဲ အဓိကအကြောင်းရင်းက ဒီမှာ လင်းဟန်အနေနဲ့ စကားမပြောနိုင်ဖို့ပဲလိုတယ် ဒါဆိုယင်လုံလောက်ပီလေ

လင်းဟန် အနည်းငယ်ပြုံးသွားပါတယ် တစ်ဖက်လူ့ရဲ့ လှုပ်ရှားမှုတွေက သူတွေးထင်ထားတဲ့အတိုင်းလုံးဝကွက်တိပဲလေ

ဒီတစ်ခါတော့ မင်းနာဖို့သာပြင်ထားပေတော့

Peng

လင်းမုယွမ်က လုံးဝကိုမရှောင်တိမ်းခဲ့ပါဘူး ဒါကြောင့်ပဲ လက်သီးထိုးချက်ဟာ သူ့ပစ်မှတ်ကို အတိအကျထိမှန်သွားခဲ့ပါတယ်

'''ညီလေးဟာန် မင်းကိုငါပြန်ပို့................'''

သူ့စကားတောင်မဆုံးလိုက်ပါဘူး လင်းမုယွမ်ဟာ ပါးစပ်အပြည့်နဲ့ သွေးတစ်လုတ်ကိုအန်ချလိုက်ပါတယ် ဒါဟာဒီလောက်နဲ့မပြီးသွားပါဘူး သူ့ရဲ့ဝမ်းဗိုက်ဟာ ဆူပွက်လာသလိုခံစားရပြီးတော့သူ့ကိုယ်တွင်းကလီစာတွေ ကို လွှင့်ပစ်ခံလိုက်ရသလိုခံစားလိုက်ရပါတယ်

သူဟာ ရုတ်တရက် မြေကြီးပေါ်လဲကျသွားပြီးတော့ သူ့ကိုကြည့်ရတာ နာကျင်လွန်းလို့ အရမ်းရုပ်ဆိုးနေပါတယ်ါ

လင်းဟာန်ဟာ သူ့နောက်မှာရှိတဲ့နံရံနဲ့ထိမိတဲ့အထိ အနောက်ကို ခြေ ၇ လှမ်းဆုတ်လိုက်ပါတယ်

ဒါကဘာကြီးတုန်း

လင်းဟာန်ဟာ
သူ့ရဲ့လက်သီးထိုးချက်ထဲမှာအထူးနည်းလမ်းတစ်မျိုးကို

ထည့်သွင်းအသုံးပြုခဲ့တာပဲဖြစ်ပါတယ် သူ့နာမည်ကတော့ တောင်တန်းများကို ခွဲထုတ်ပစ်ခြင်း လို့ခေါ်ပါတယ် သူ့ရဲ့အစွမ်းကတော့ ပေါက်ကွဲမှုမဖြစ်ခင်မှာ စွမ်းအင်တွေက တစ်ဖက်လူရဲ့ ခံစစ်ကို ဖြတ်ကျော်သွားနိုင်ခြင်းပဲဖြစ်ပါတယ်

ဒါကြောင့်လဲ လင်းမုယွမ်က မူလစွမ်းအင်ကိုကာကွယ်ဖို့အတွက်အသုံးပြုခဲ့ပေမဲ့ လင်းဟာန်ရဲ့စွမ်းအင်တွေက သူ့ရဲ့ကြွက်သားတွေကိုဖြတ်သွားပြီး ခန္ဓာကိုယ်အတွင်းပိုင်းမှာ ပေါက်ကွဲသွားခဲ့တာပါ လင်းမုယွမ်အတွက်ကတော့ တော်တော်လေးကို ခံစားသွားရပါတယ်

လင်းမုယွမ်အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်နေခဲ့တာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပါပြီ အဲ့လိုမှမဟုတ်ယင် သေတောင်သေသွားနိုင်ပါတယ်

လင်းရှောင်ယွမ်တို့အုပ်စုအနေနဲ့ ဘာမှကိုတုံ့ပြန်ဖို့အချိန်မရလိုက်ပါဘူး သူတို့အားလုံး အံ့အားသင့်ပြီးတော့ ဒေါသတွေထွက်နေကြပါတယ် ဒီလိုအမိုက်ကောင်က လင်းမုယွမ်ကို ဒါဏ်ရာရစေခဲ့တဲ့အတွက်လဲ အံ့အားသင့်နေခဲ့ကြပါတယ်

ဒါက ငါတို့သိတဲ့သခင်လေးဟန် မှ ဟုတ်ပါလေစ လင်းကလန်ရဲ့ပါရမီရှင်လို့ ငါတို့သတ်မှတ်ထားတဲ့ သခင်လေးမုယွမ်ကို လက်သီးတစ်ချက်ထဲနဲ့ သွေးအန်စေနိုင်တဲ့အထိ ကြောက်စရာအရမ်းကောင်းလိုက်တာ လို့ အစေခံတွေရဲ့စိတ်ထဲမှာ တွေးနေကြပါတော့တယ်

လင်းရှောင်ယွမ် ရုတ်တရက်အော်ဟစ်လိုက်ပါတယ်

'''ကောင်စုတ်လေး မင်းဘယ်လောက်တောင် ဆိုးသွမ်းလိုက်သလဲ မုယွမ်က မင်းအတွက်စိုးရိမ်ပြီး အခန်းကိုပြန်ပို့ပေးချင်ခဲ့တာကိုတောင်မှ မင်းကအရမ်းကို ဆိုးဂါးယုတ်မာလိုက်တာ'''

လင်းမုယွမ် အသက်ပြင်းပြင်းရှူလိုက်ပီးတော ့လင်းဟန်ကို စူးစိုက်ကြည့်လိုက်ပါတယ် သူ့ရဲ့အကြည့်တွေထဲမှာ လူသတ်ချင်စိတ်တွေပြင်းထန်လို့နေပါတယ်

သူ့လိုလင်းကလန်ရဲ့ပါရမီရှင်က အမှိုက်ကောင်ကြောင့် ဒါဏ်ရာ ရသွားခဲ့တယ် ဒါကို လုံးဂလက်မခံနိုင်ဘူး

လင်းဟန်ကတော့

သူတို့နှစ်ယောက်ကိုလုံးဂလစ်လျှို့ရှုလိုက်ပီးတော့ လွှီယုထန်ကို သေချာစိုက်ကြည့်လိုက်ပီး

"မိန်းကလေး မင်းနေမကောင်းဖြစ်နေတာလား"

လင်းရှောင်ယွမ်ဟာ လှုပ်ရှားဖို့ပြင်လိုက်သော်လည်း လင်းဟန်ပြောတဲ့စကားတွေကိုကြားလိုက်ရတော့ ရုတ်တရက် ရပ်တန့်လိုက်တယ်

တစ်ခြားသူက ဟွာယန်အကယ်ဒမီကျောင်းသူလေ ပြီးတော့ ဟွာယန်အကယ်ဒမီဆိုတာ မိုးရေနိုင်ငံ အင်ပါယာရဲ့လက်အောက်ခံ အကယ်ဒမီလို့ သတ်မှတ်ထားကြတယ်လေ

ဒီလိုမျိုး ကြီးကျယ်ပြီး အင်အားကြီးမားတဲ့နောက်ခံအသိုင်းအဝိုင်းရှိတဲ့အပြင် ဒြပ်စင်စုစည်းခြင်းအဆင့်ကိုပါရောက်နေတဲ့ သူတစ်ဦးကို နေမကောင်းဖြစ်နေလားလို့ မေးလိုက်ခြင်းအားဖြင့် ဒီကောင် သေချင်နေပြီထင်တယ်

လွှီယုထန် က လင်းဟန်ကိုကြည့်လိုက်တဲ့အခါ သူမရဲ့မျက်လုံးထဲမှာ လင်းဟန်ကို ရွံ့စရာ

တစ်ခုလိုမြင်ယောင်နေမိတယ်

သူမဟာ အရမ်းကိုလှပတဲ့အပြင် နန်းမြို့တော်ရဲ့ အင်အားကြီးကလန် ၈ခုထဲက တစ်ခုဖြစ်တဲ့ လွီ ကလန်ရဲ့ မင်းသမီးလေးတပါးလဲဖြစ်တယ် လွီကလန်ဟာ နန်းမြို့တော်မှာတောင်မှ အင်ပါယာမိသားစုတစ်ခုထက်ပဲ နိမ့်ကျတဲ့ အဆင့်အတန်းမှာ ရပ်တည်နေတာဖြစ်တယ် ဒ့ါအပြင် သူမရဲ့ဘေးမှာ သူမသဘောကျဖြစ်ဖို့ ကြိုးစားနေကြတဲ့ လူငယ်လူရွယ်တွေဟာလဲ အမြောက်အများပဲ အမြဲတမ်းရှိနေကြတယ်

ဒါကြောင့် သူမကရိုးရိုးလေးပဲတွေးလိုက်တယ် လင်းဟန်လဲ အဲလိုလူစားပဲ သူမရဲ့စိတ်ဝင်စားမှုကိုရရှိဖို့ သူမကို ကျိန်ဆဲတဲ့နည်းလမ်းကို အသုံးပြုတာပဲဖြစ်ရမယ်

လင်းရှောင်ယွမ်က အော်ဟစ်ဆူပူလိုက်တယ်

'''အတင့်ရဲလှချည်လား အခုချက်ချင်း ဒူးထောက်ပီး မိန်းကလေးလွီကိုတောင်းပန်လိုက်စမ်း'''

လင်းဟန်က မထိတထိပြုံးလိုက်ပီး

"ဒီကမ္ဘာမှာ ငါ့မိဘကလွဲလို ငါ့ဘယ်သူ့ကိုမှ ဒူးမထောက်ဘူး"

လှီယုထန်ကိုကြည့်ကာ
သူမဆီကိုတည့်တည့်လျှောက်လာခဲ့ပြီး
သူမနဲ့ခြေသုံးလှမ်းအကွာလောက်မှာ ရပ်လိုက်ပါတယ်

တကယ်လို့ သူသာ ဒီထက်ပိုနီးနီးကပ်ကပ်သွားယင် သူမကသေချာပေါက် လှုပ်ရှားမှာပါ

လင်းဟန်က လှီယုထန်တစ်ယောက်တည်းကြားအောင်ပဲ အသံတိုးတိုးလေးနဲ့

"'မင်းအသက် ၁၈ နှစ်ကတည်းက ဘာအကြောင်းပြချက်မှမရှိပဲ နှစ်တိုင်းလိုလို ပင်ပန်းနွမ်းလျမှုကိုခံရပြီးတော့ သတိမေ့သွားတတ်တယ်မဟုတ်လား အစပိုင်းမှာတော့ အဲဒီခံစားမှုက တစ်နှစ်ကိုမှ တစ်ခါပဲဖြစ်ပြီး နောက်ပိုင်း တဖြေးဖြေးနဲ့ အကြိမ်ရေပိုပိုများလာတယ် အခုလက်ရှိအချိန်မှာတော့ ဆယ်ရက်ကိုတစ်ခါလောက်မင်း ပင်ပန်းနွမ်းလျတဲ့ဒါဏ်ခံစားရပီး သတိမေ့လာနေပီ မဟုတ်လား"

လှီယုထန်ရဲ့အမူအရာတွေက ပြောင်းလဲသွားပါတယ် သူမရဲ့

ဒီရောဂါအကြောင်းကို သိတဲ့သူက သူမတို့ လွှီကလန်မှာတောင် သိတဲ့သူအရမ်းကိုနည်းပါတယ် ဒါကိုလင်းဟန်က ဘယ်လိုများသိနေပါလိမ့်

"ဘာကြောင့်လဲဆိုတာကို နင်သိသလား"

လင်းဟန် ကဂုဏ်ယူဂုဏ်ယူဝင့်ကြွားစွာနဲ့ခေါင်းငြိမ့်လိုက်ပြီး

"'သေချာတာပေါ့ ဒါက တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ယင်သွေးကြောသုံးခုပဲ ဒါဟာ နတ်ဘုရားတွေရဲ့ကျိန်စာတစ်ခုလို့လဲပြောနိုင်တယ် ဘယ်သူမဆို ဒီ ယင်သွေးကြောသုံးခုကိုပိုင်ဆိုင်ခဲ့မယ်ဆိုရင် သူတို့ဟာ အသက် နှစ်ဆယ်အရွယ် အထိပဲ ရှင်သန်နေထိုင်သွားရလိမ့်မယ် ဆိုလိုတာက မင်းအသက် ၂၇ ပြည့်တဲ့အချိန်ရောက်ယင် မင်းဟာ နောက်တကြိမ် သတိမေ့လဲကျသွားလိမ့်မယ် ဘယ်တော့မှ ပြန်လည် သတိမရတော့တဲ့အဖြစ်မျိုးပေါ့ '"

လွှီယုထန် ငြိမ်ကျသွားခဲ့တယ် ဒါပေမဲ့ သူမ လင်းဟန်ပြောတာတွေကို ယုံကြည်ခဲ့ပါတယ် ဘာလို့လဲဆိုတော့ သူမရဲ့ ရောဂါဝေဒနာခံစားရမှုတွေက တဖြေးဖြေးနဲ့ ပိုပိုပြီးဆိုးဂါးလာခဲ့ပါတယ် သူမရဲ့ မိသားစုက

သူမကို ထင်ရှားကျော်ကြားတဲ့ သမားတော်တွေဆီကို ခေါ်ပြီးကုသစေခဲ့ပါတယ် ဒါပေမဲ့လဲ အဲဒီသမားတော်တွေက သူမကို မကုသနိုင်တဲ့အပြင် ရောဂါရဲ့ နာမည်ကိုတောင်မှ မသိခဲ့ကြပါဘူး သူတို့ထဲကတစ်ယောက်ကတော့ သူမရဲ့ရောဂါဝေဒနာဟာ တရက်ပီးတစ်ရက် အကြိမ်ရေစိတ်လာပြီးတော့ တစ်နေ့မှာတော့ ဘယ်တော့မှနိုးထနိုင်မှာမဟုတ်ဘူးလို့ ပြောဆိုခဲ့ပါတယ်

အခုတော့ သူမရဲ့ ရောဂါဝေဒနာကဘာလဲဆိုတာကို ဖော်ထုတ်နိုင်ခဲ့ပါပြီ ဒါပေမဲ့ဘာလုပ်နိုင်မှာလဲ မိုးရေနိုင်ငံရဲ့ ထင်ရှားကျော်ကြားတဲ့ သမားတော်တွေတောင်မှ ဘာမှမလုပ်နိုင်တာ သူမအနေနဲ့ လင်းဟန်က သူမကို ကူညီနိုင်လိမ့်မယ်လို့ လုံးဝကိုမတွေးထားပါဘူး

အဲဒီအချိန်မှာပဲ လင်းဟန်က

"ငါမင်းကို ကုသပေးနိုင်တယ်"

လွီယုထန်ရဲ့ နှလုံးသားဟာ တုန်လှုပ်ချောက်ခြားသွားပေမဲ့ သူမရဲ့မျက်နှာကတော့ ဘာမှမဖြစ်တဲ့ပုံအတိုင်းရှိနေပါတယ်

"'တကယ်လို့ နင်သာငါ့ကို ကုပေးနိုင်မယ်ဆိုယင် နင့်ကို

တရားရုံးအရာရှိတစ်ဦးဖြစ်အောင်လုပ်ပေးနိုင်တယ် ဒါမှမဟုတ် နင့်ကျင့်ကြံမှုအတွက် မရေမတွက်နိုင်တဲ့ ရင်းမြစ်တွေကို ရရှိနိုင်တယ်'''

လင်းဟန်ကပြုံးပြပြီး

'''ယင်သွေးကြောသုံးခုကို ကုသနိုင်မဲ့ တစ်ခုတည်းသောနည်းက လျို့ဂှက်ဆန်းကြယ်တဲ့ ယင်သုံးပါးပညာကို လေ့ကျင့်ဖို့ပဲ ပြီးတော့ ဘယ်လိုလေ့ကျင့်ရမလဲဆိုတာကိုငါသိတယ် မင်းကို ငါသင်ပေးနိုင်တယ် ဒါပေမဲ့ တစ်ခုတော့ရှိတယ် မင်း..........ငါ့ရဲ့နောက်လိုက်ဖြစ်ရမယ်'''

လွီယုထန်ဟာ သူမရဲ့ဒေါသကို မထိန်းချုပ်နိုင်ပါဘူး....သူမဟာ လွီကလန်ရဲ့ မင်းသမီးတစ်ပါးဖြစ်တဲ့အပြင် သိုင်းပညာရပ်မှာလဲ ပါရမီရှင်တယောက်ဖြစ်ပါတယ် အသက် ၁၇ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၈ ကိုရောက်ရှိပြီးလဲဖြစ်ပါတယ် အခုတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ပဲရှိသေးတဲ့ သနားစရာကောင်က သူမကို နောက်လိုက်အဖြစ်လိုချင်တယ်တဲ့ သူဘယ်ကနေ ဒီလိုမျိုး ယုံကြည်မှုတွေရလာခဲ့တာတုန်း

'''အတွေးမမှားပါနဲ့ ဘာလို့လဲဆိုတော့ ငါမင်းကို ဒီထက်ပိုမိုကျယ်ပြန့်တဲ့ မိုးကုတ်စက်ဝိုင်းကိုတောင်ပေးနိုင်တယ် သိုင်းပညာလမ်းစဉ်မှာလဲ မင်းကို အမြင့်ဆုံးထိရောက်အောင် မြှင့်တင်ပေးနိုင်တယ် ကြီးမားပျောက်ကွယ်နေတဲ့ ကုန်းမြေကြီး ၇ ခု ကြီးမားတဲ့ သေမင်းချိုင့်ဝှမ်း ၄ ခု အဆုံးအစမဲ့တဲ့ ပင်လယ်ပြင်ကြီးသုံးခု ဒါတွေကိုမင်းအရင်က မြင်ဖူးရဲ့လား''

တိမ်မြုပ်ပျောက်ကွယ်နေသောယင်သုံးပါးသွေးကြော က တကယ်တော့ ကျိန်စာတစ်ခုလိုပါပဲ ဒါပေမဲ့ ဘယ်လိုအခြေနေမျိုးမှာမဆို မျှော်လင့်ချက်ကတော့ အမြဲတမ်းရှိနေတာပါပဲ ပိုင်ရှင်က တကယ်လို့သာ ကောင်းကင်အဆင့် စိတ်ဂိဉာဉ်အခြေခံကိုပိုင်ဆိုင်ပီး လျှို့ဝှက်ဆန်းကြယ်ယင်သုံးပါးပညာကိုလေ့ကျင့်နိုင်ခဲ့မယ်ဆို ယင် သူ့ပိုင်ရှင်ဟာ မိုးထိအောင်မြင့်မားသွားမှာအမှန်ပါပဲ

လှီယုထန်ဟာ သူမရဲ့ နှလုံးသားထဲက မြင့်တက်လာတဲ့ စိတ်အားထက်သန်မှုကိုမရပ်တန့်နိုင်ပါဘူး သူမရဲ့ ဘဝတလျှောက်လုံး အရာအားလုံးပေးဆပ်ပြီးတော့ သိုင်းပညာရပ်အပေါ်မှာနစ်မြုပ်ထားတာပဲဖြစ်ပါတယ်

အပိုင်း ၄

လွှီယုထန် အနည်းငယ်တော့ စိတ်ပျက်သွားပါတယ် လင်းဟန်ရဲ့ နောက်လိုက်လုပ်ဖို့ တောင်းဆိုချက်ကို သဘောတူဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ သူမရဲ့ နှုတ်ခမ်းကို ကိုက်လိုက်ပြီး

"နင့်သဘောထားကိုပြောင်းလို့မရဘူးလား.."

လင်းဟန် အသာလေးပြုံးလိုက်ပြီးတော့

"မင်းက အခု ဒြပ်စင်စုစည်းခြင်းအဆင့် ၈ အထွတ်အထိပ်ပဲရှိသေးတယ်မဟုတ်လား ငါ့ရဲ့ရိုးသားမှုကို ဖော်ပြနိုင်ဖို့အတွက် မင်းကို လက်ဆောင်နှစ်ခု နှုတ်ကပြောပြပေးမယ် ယင်ဒြပ်စင်သုံးမျိုးထောက်ပံ့ခြင်း စတုရန်းလမ်းကြောင်းအစီအစဉ်ကို သုံးပွင့်ရဲ့ထိပ်မှာ စုဝေး ကောင်းကင်ဘုံရဲ့ချဉ်းကပ်မှုကို ဖြိုခွဲ................."

ပထမတော့ လွှီယုထန်ဟာ စိတ်မဝင်စားခဲ့ပါဘူး ဒီကောင်စုတ်လေးက အခုမှ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၂ မှာပဲရှိနေသေးတာလေ ဘယ်လိုမျိုး

အံ့အားသင့်စရာကောင်းတဲ့ ပညာရပ်တွေကို သူဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ..........ဒါပေမဲ့ လင်းဟာန်ရဲ့ စကားတွေကိုကြားလိုက်ရချိန်မှာတော့ လွီယုထန်ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းမှာရှိတဲ့ စွမ်းအင်တွေဟာ အကြောင်းပြချက်မရှိပဲ လှုံ့ဆော်လာပါတယ်.........ဒါက .....ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ရဲ့တံခါးပွင့်သွားသလိုမျိုးပါပဲ

လွီယုထန်လှုပ်လှုပ်ရှားရှားဖြစ်သွားပါပြီ သူမအနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကို ချိုးဖြတ်ဝင်ရောက်ဖို့မဖြစ်နိုင်သေးပါဘူး ဒါပေမဲ့ သူမရဲ့တွက်ချက်မှုအရ နောက်ထပ် တစ်လဝန်းကျင်လောက်အချိန်လိုအပ်နေပါသေးတယ် ဒါပေမဲ့လည်း အခုချိန်မှာနောက်ထပ် တစ်ရက်တောင်ထပ်မလိုတော့ဘူးဆိုတဲ့ ခံစားချက်က ပြင်းထန်လို့လာနေပြီးတော့ ဒီအချိန်မှာလေ့ကျင့်လိုက်ယင် ချက်ချင်းအဆင့်တက်သွားနိုင်ပါတယ်

လင်းဟာန်က သူ့အသံကိုမြှင့်ပြီးပြောလိုက်တယ်

''ဒါက လျှို့ဝှက်ဆန်းကြယ်ယင်သုံးပါးပညာရဲ့ စကားလေးနှစ်လုံးပဲရှိပါသေးတယ် ဘယ်လိုလဲ

ငါရဲ့နောက်လိုက်ဖြစ်လာခဲ့မယ်ဆိုယင် မင်းကို အထွတ်အထိပ်နတ်ဘုရားပညာတွေ သင်ပေးမယ်"

"ဖူး:::::::::::::::::::::::::::"

လင်းရှောင်ယွမ် တို့အုပ်စုမှာ ရီချင်စိတ်ကို ဘယ်လိုမှမထိန်းနိုင်တော့ပဲ အူးလိုက်သည်းလိုက်ရီလိုက်ကြပါတော့တယ်

ဒီလိုအမိုက်ကောင်က ဟွာယန်အကယ်ဒမီရဲ့ ပါရမီရှင်ကို နောက်လိုက်အဖြစ်လိုချင်ယုံသာမက အထွတ်အထိပ်နတ်ဘုရားပညာတွေကိုပါ သင်ပေးဦးမယ် ဟဟဟ ရီရလွန်းလို့ အူတက်ပီးသေတော့မယ်ကွာ

လင်းဟန်ရဲ့အကြောင်းစုံကိုသိနေတဲ့ အစေခံတွေတောင်မှပဲ သူတို့ပါးစပ်ကိုလက်ဝါးနဲ့အုပ်ပီးတိုးတိုးလေး ကြိတ်ရီနေကြပါတယ်

လှီယုထန်ရဲ့ အမူအရာက အေးစက်သွားပြီး လင်းဟန်ရဲ့အရှေ့ကို ချက်ချင်းပဲရောက်လာပါတယ်

သူမရဲ့ညာဘက်လက် နဲ့ လင်းဟန်ရဲ့လည်ပင်းကို ဆုပ်ကိုင်ထားပြီး အေးစက်သောလေသံနဲ့

"လျှို့ပုက်ဆန်းကြယ် ယင် သုံးမျိုးပညာရပ်ကိုထုတ်ပေးမလား မင်းကို ငါသတ်ပစ်ရမလား"

လင်ဟန်အနေနဲ့ လှီယုထန်ဆီက ဒီလိုတုံ့ပြန်မှုကိုရင်ဆိုင်ရတာတောင်မှ အပြုံးမပျက်ပဲ

"ဒါဆိုလဲသတ်လိုက်လေ ငါမင်းကိုငရဲပြည်မှာဆုံတွေ့ဖို့ အကြာကြီးစောင့်စရာမလိုပါဘူး အဲ့ဒီအချိန်ကြယင် ငါတို့တွေ အတူတူ ခရီးဆက်ကြတာပေါ့"

လှီယုထန်ရဲ့လက်တွေဟာ ပိုပြီးတင်းကြပ်ဆုပ်ကိုင်ထားပါတယ် သူမရဲ့လက်ချောင်းလေးတွေက ကြည့်ရတာ သေးငယ်ပြီးချောမွေ့လှပေမဲ့ အခုချိန်မှာတော့ သံမဏိလက်တွေလိုပဲဖြစ်နေပါတယ် လင်းဟန်ရဲ့ မျက်နှာနီရဲသွားပြီး မျက်လုံးတွေထဲမှာလဲ သွေးစီးကြောင်းလေးတွေတောင်ပေါ်နေပါပြီ

လင်းရှောင်ယွမ်နဲ့ သူလူတွေကတော့

ဒီအချိန်မှာလွှီယုထန်က လင်းဟန်ကို သတ်ပစ်လိုက်ဖို့ မျှော်လင့်နေကြပါတယ်

လွှီယုထန် ကသူမရဲ့ အားတွေကိုအနည်းငယ်လျှော့ပြီး

"သဘောတူလား မတူဘူးလား"

လင်းဟန်ကတော့ ခေါင်းခါပြဖို့ ဆုံးဖြတ်ထားပါတယ်

လက်ရှိ လင်းကလန်မှာ သူရဲ့အနေအထားကအရမ်းကို အန္တရာယ်များတဲ့နေရာတစ်ခုဖြစ်နေပါတယ် ဒါကြောင့် အရမ်းအစွမ်းထက်တဲ့ ကိုယ်ရံတော် ရှာဖွေဖို့လိုအပ်နေခဲ့ပါတယ် အခု သူမှာလိုအပ်နေတာ အချိန်တစ်ခုပဲဖြစ်ပါတယ် တကယ်လို့ အချိန်များများရလာပြီး သူပိုသန်မာလာလေလေ လင်းကလန်ဆိုတာ သူမျက်စိထဲ ထည့်စရာတောင်မဟုတ်တော့ပါဘူး

ဘယ်လောက်တောင် ခေါင်းမာလိုက်သလဲ...............

လွှီယုထန်ဟာသူမရဲ့ လက်တွေကိုဖြုတ်ချလိုက်ပီးသက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပါတယ် လင်းဟန်ကတော့ မျက်စိကိုဖွင့်လိုက်ပီး

ပါးစပ်နဲ့အပြည့် လေတွေရှူသွင်းလိုက်ပါတော့တယ်

"သုံးနှစ် ....သုံးနှစ်ထပ်လုံးဂမပိုဘူး ဒီသုံးနှစ်အတွင်းမှာ ငါ နင်အမိန့်ပေးတာတွေကို လိုက်နာမယ်"

သုံးနှစ်ကြာပြီးတဲ့အချိန်မှာသူမရဲ့အသက်က ၂၈ ကျော်ပါပီ အဲဒီအချိန်ကြယင်နောက်တကြိမ် သတိမေ့လဲကျဖို့ မဖြစ်နိုင်တော့တဲ့အပြင် သူမလဲ လုံးဂကိုလွတ်လပ်သွားမှာပါ

"ဖူးးးးးးးးးးးးးးးးး"

လင်းရှောင်ယွမ်တို့အုပ်စု အရမ်းကို အံ့အားသင့်သွားပါတယ် သူတို့လုံးဂကိုရှုံးပြီ

ငါတို့နားကြားများမှားသလား လှီယုထန်က ကလက်ခံလိုက်တယ် လင်းဟန်ရဲ့နောက်လိုက်ဖြစ်ဖို့ လက်ခံလိုက်တယ် ဒီအမှိုက်ကောင်ရဲ့လက်အောက်မှာနေဖို့ လက်ခံလိုက်တယ်ဟုတ်လား

သေချာတယ်ငါတို့နားကြားမှားတာပဲဖြစ်ရမယ်
လုံးဂများတာပဲ

"အိုကေ သဘောတူတယ်"

လင်းဟန်ကတော့ ဒီလိုပြောင်းလဲသွားတာကို ကျေနပ်နေတာပါ ဒါကအသက်ရှင် နေထိုင်ရခြင်းရဲ့ ရည်ရွယ်ချက်ပဲလေ

လင်းရှောင်ယွမ်ဒေါသတွေအရမ်းထွက်နေပါတယ် ဒီကျန်းယွမ်ဆိုတဲ့ကောင် လာယင်သတ်ကိုပစ်ဦးမယ် ဒီလိုအမှိုက်ကောင်ကိုတောင်မှ မတားထားနိုင်ဘူး ခွေးကောင်

"လွှီမိန်းကလေး ဒီကောင်စုတ်လေးရဲ့ ပေါက်ကရတွေပြောနေတာကို အာရုံမထားပါနဲ့ ကျနော်တို့ အမိကအကြောင်းအရာလေးတွေကို ဆက်ဆွေးနွေးရအောင် လာပါ"

လင်းဟန်က လင်းရှောင်ယွမ်ကို အေးစက်စွာကြည့်လိုက်ပါတယ်

"အိမ်တော်ထိန်းကြီး ဟွာယန်အကယ်ဒမီရဲ့ တပည့်အဖြစ် လက်ခံဖို့ကိစ္စအတွက် ကျုပ်အဖေကိုယ်တိုင် သူ့ရဲ့ အသက်နဲ့အလဲအလှယ်လုပ်ပြီးမှ ရလာတဲ့

နေရာတစ်ခုဖြစ်တယ် အခုကျုပ်အဖေက ခရမ်းရောင်အလင်းမြေပြင် ချိုင့်ပှမ်းထဲမှာ သူ့အသက်နဲ့ရင်းပြီးနေရတဲ့အချိန်မှာ ခင်ဗျားက အရက်မရှိပဲ ဒီနေရာကို လိုချင်နေသေးတယ်ဟုတ်လား ခင်ဗျားမျက်နှာမပူဘူးလား"

လင်းရှောင်ယွမ်က ဒေါသတကြီးအော်ဟစ်လိုက်တယ်

"အမိပ္ပါယ်မရှိလိုက်တာ မင်းငါ့ကိုဘယ်လိုပြောလိုက်တာလဲ"

လှိုယုထန်က အစောပိုင်းတုန်းက ဒီကိစ္စကို လုံးဂစိတ်မဂင်စားခဲ့ပါဘူး ဒါပေမဲ့ အခုသူမနဲ့ လင်းဟန်ကသဘောတူညီထားကြပါပြီ ဒါကြောင့်မို့ သူမရဲ့ အခြေအနေက ပြောင်းလဲသွားပါတော့တယ်

"အိမ်တော်ထိန်းကြီးလင်း ဘာတွေဖြစ်နေကြတာလဲ ကျုမဖြေရှင်းချက် လိုချင်တယ်"

လင်းရှောင်ယွမ်ဟာ လင်းဟန်ရဲ့စကားတွေကို မကြားသလိုဟန်ဆောင်နိုင်ပေမဲ့လည်း လှိုယုထန်ကိုတော့ သူဒီလိုမလုပ်ရဲပါဘူး

သူမဟာ ဟွာယန်အကယ်ဒမီကို ကိုယ်စားပြုတဲ့အပြင် သူမရဲ့စွမ်းအင်အဆင့်ကလဲ သူ့ထက်မြင့်ပါတယ် ဒါကြောင့် ဘယ်လိုလုပ်ပြီး လှီယုထန်ရဲ့စကားတွေကို လစ်လျူရှုရဲမှာလဲ

"ဒါကဒီလိုရှိပါတယ် ဒီကောင်လေးက လင်းကလန်ရဲ့ခေါင်းဆောင် လင်းဒေါင်ရှန်ရဲ့ သားပါ လင်းဒေါင်ရှန်က တကိုယ်ကောင်းဆန်ပါတယ် သူက ဒီကောင်လေးကို လှို့ဝှက်ပြီးဒီနေရာကိုပေးချင်ခဲ့တာပါ ကျနော်က အတွေးအခေါ် ရှိရှိနဲ့ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့နေရာအတွက် စဉ်းစားပီးလုပ်ရတာပဲဖြစ်ပါတယ်"

လင်းဟန်အေးစက်စွာပြုံးလိုက်ပါတယ်

"ဘယ်လိုစကားတွေတုန်း အတွေးအခေါ် ရှိရှိဟုတ်လား

လင်းရှောင်ယွမ် ခင်ဗျားကတကယ့်ကိုပဲအရှက်မရှိတာပဲ့လား ဒီနေရာကို ကျုပ်အဖေက သူ့အသက်နဲ့ရင်းပီးယူထားပေးတာလို့ စောစောကပဲကျုပ်တို့တွေပြောပြီးပီလေ ဒါက ဘာလို့ ကလန်နဲ့ဆိုင်တဲ့ကိစ္စလို့ပြောရတာလဲ ပြီးတော့ ခင်ဗျားက ဒီနေရာကို ခင်ဗျားရဲ့ မြေးကို ပေးချင်နေတာလေ

အနာဂါတ်မှာ သူ့ရဲ့ကျင့်ကြံမှုက ကျုပ်အဖေထက် သာလွန်သွားယင် ကလန်ခေါင်းဆောင်ရဲ့နေရာကို ခင်ဗျားရယူဖို့အတွက် သူက ကူညီနိုင်မယ်လို့ ထင်ထားတာမဟုတ်လား ခင်ဗျားမိုလို့ ဒီလိုအရှက်မရှိတာကိုလုပ်ရဲတယ် ဒါတွေက ကလန်အပေါ်မှာသစ္စာရှိတာဟုတ်လား ဘယ်လောက်တောင် ရှက်ဖို့ကောင်းတဲ့ ခွေးကြီးလဲ"

လင်းဟန်ဆီကနေ ကြီးကြီးမားမားအရှက်ခွဲခံလိုက်ရတဲ့အတွက် လင်းရှောင်ယွမ် ရဲ့ ခန္ဓာကိုယ်တုန်လှုပ်ပြီး သွေးတောင်အန်တော့မလိုဖြစ်သွားပါတယ်

"ကောင်စုတ်လေး မင်းငါ့ကိုဘယ်လိုမျိုးစော်ကားလိုက်တာလဲ"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပြုံးပြီး လွှီယုထန်ဘက်ကိုလှည့်ကာ

"ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရဖို့ ငါလုံးဝကိုစိတ်မဝင်စားဘူး ဒါကြောင့် ဒီသဘောတူညီထားတဲ့ ဝင်ခွင့်နေရာအတွက်ကို ပယ်ဖျက်လိုက်ကြစို့"

"ဒါပေမဲ့ ဟွာယန်အကယ်ဒမီက ဒီအကြွေးအတွက် ငါ့ကို ဆေးဂါးအချို့တော့ပြန်ပေး ဆပ်ရမယ်"

လွီယုထန်ခေါင်းငြိမ့်လိုက်တယ်

"သဘောတူတယ်"

လင်းရှောင်ယွမ်ဒေါသတကြီးအော်ဟစ်လိုက်ပါတယ်

"မဟုတ်ဘူး ဒီနေရာက မုယွမ်အတွက်ပဲဖြစ်ရမယ် မင်းတို့ ဒါကိုခိုးယူသွားလို့မရဘူး"

"ခွေးအိုကြီး ခင်ဗျားအကြားအာရုံချို့တဲ့နေတာလား ဒီနေရာက ကျုပ်အဖေရယူပေးထားတာ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

လင်းဟန်က လွီယုထန်ဘက်ကိုလှည့်လိုက်ပြီး

"ဒါငါ့ရဲ့ ပထမဆုံးအမိန့်ပဲ ဒီခွေးအိုကြီးကို ငါ့အတွက်ဆုံးမလိုက်ပါ သူ့လိုအရှက်မရှိတဲ့ ခွေးအိုကြီးကို နည်းနည်းပါးပါးလောက် ပါးရိုက်ပြီးဆုံးမပေးစမ်းပါ"

လှိုင်ယုထန် အနည်းငယ်တုံ့ဆိုင်းပြီးမှ ခေါင်းကိုငြိမ့်လိုက်ပါတယ်

ကောင်းပြီ.....

လင်းဟန်ကသူ့ရဲ့ရိုးသားမှုကို ဖော်ပြတဲ့အနေနဲ့ သူမကို တန်ဖိုးကြီးမားလှတဲ့ စကားတွေကို လက်ဆောင်ပေးခြင်းဖြင့်ပြသခဲ့ပါတယ် အခု သူမရဲ့ ရိုးသားမှုကို ပြန်ဖော်ပြရပါတော့မယ်

ဘာ လှိုင်ယုထန်က လင်းဟန်ရဲ့နောက်လိုက်အဖြစ် တကယ်ပဲလက်ခံခဲ့တာပေါ့

နောက်လိုက်ဆိုတဲ့စကားလုံးဟာ တကယ်တော့ အစေခံ လိုပါပဲ ဟွာယန်အကယ်ဒမီရဲ့ တန်ဖိုးထားရတဲ့ ပါရမီရှင်က တကယ်ပဲ တခြားလူတယောက်ရဲ့ နောက်လိုက်အဖြစ် လက်ခံခဲ့တယ်ပေါ့လေ လောကကြီးက မတရားလိုက်တာ

တကယ့်လက်တွေ့မှာတော့ လှိုင်ယုထန်ဟာ နေရာယူလိုက်ပြီးတော့ လင်းရှောင်ယွမ်ကို စူးစိုက်ကြည့်လိုက်ပါတယ် ပြီးတော့ သူမရဲ့

ကြောက်စရာကောင်းတဲ့ တိုက်ခိုက်ရေး ဂိဉာဉ်ဟာ သူမရဲ့ လှပတဲ့ နောက်ကျောဘက်မှာ ပေါ်ထွက်လာပါတယ်

"စီနီယာအမလွှီ ....ဒီကောင်ပြောတာတွေနားမယောင်ပါနဲ့"

လင်းမုယွမ်ဟာအော်ဟစ်လိုက်ပီး သူမျက်နှာမှာတော့ အံ့အားသင့်နေပါတယ် လွှီယုထန်လို ချောမောလှပပြီး ပါရမီရှင်မိန်းကလေးတစ်ယောက်က လင်းဟန်ရဲ့ စကားအနည်းငယ်ကြောင့် နားယောင်မိသွားတယ်ဆိုတာကို သူလုံးဝလက်မခံနိုင်ပါဘူး

လွှီယုထန်က တည်တည်ငြိမ်ငြိမ်နဲ့ပဲမေးလိုက်တယ်

"ရှင့်ဘာသာရှင် အညံ့ခံမလား ဒါမှမဟုတ် ကျမ ကိုယ်တိုင်ပဲ လှုပ်ရှားတာကိုပဲ စောင့်နေမှာလား"

....

အပိုင်း (၅)

လွှီယုထန်က လုံးဝကို ယုံကြည်မှုအပြည့်ရှိပါတယ် သူမက ဒြပ်စင်စုစည်းမှုအဆင့် ၈ ဖြစ်ပြီးတော့ လင်းရှောင်ယွမ်ကတော့ ဒြပ်စင်စုစည်းမှုအဆင့် ၆

ပဲရှိပါသေးတယ် ပြီးတော့ သူတို့ကအဆင့် ၂ ဆင့်လေးပဲကွာခြားပေမဲ့ တစ်ယောက်ကနောက်ပိုင်းအဆင့်ဖြစ်ပြီးကျန်တယောက်ကတော့ အလယ်အလတ်အဆင့်မှာပါ ဆိုလိုတာကအမိကအဆင့်ကြီးတစ်ဆင့်တောင်ကွာဟနေပါတယ်

လင်းရှောင်ယွမ်ဟာဒေါသလဲထွက် အံ့အားလည်းသင့်နေပါတယ်

"လှီမိန်းကလေးမင်းတကယ်ပဲဒီကောင်စုတ်လေးကိုကူညီပေးတော့မှာလား"

လင်းဟန်ကတစ်ဖက်ကနေအော်လိုက်တယ်

"ခွေးအိုကြီး စကားကိုကြည့်ပြော"

ဒီစကားလုံးတွေဟာလင်းရှောင်ယွမ်နဲ့သူ့အပေါင်းအပါတွေအပေါ် ဒေါပွအောင်လုပ်လိုက်သလိုပါပဲမင်းကခွေးအိုကြီးခွေးအိုကြီးလို့လဲထပ်ခါထပ်ခါပြောတဲ့အပြင် တခြားသူတွေကိုလဲစကားကိုကြည့်ပြောလို့ ပြောသေးတယ်

ဒါကတော့ အရမ်းကိုလွန်သွားပြီ

လင်းဟန်ကတော့ အရမ်းလွန်တယ်ဆိုတာသိတယ် ဒါပေမဲ့ဘာဖြစ်လဲ သူ့အယင်ဘဂတုန်းကဆို သူဟာဘယ်သူ့မှားမှားဘယ်သူမှန်မှန် ဂရုမစိုက်ပဲသူ့အပြစ်တွေကိုတဖက်လူအပေါ် ကိုပဲပုံချတတ်ပါ တယ် အပြင်လူများရဲ့အရှေ့မှာဘယ်သူမှားမှားမှန်မှန် သူဟာသူ့တပည့်တွေအတွက် ရပ်တည်ပေးခဲ့ပါတယ် နောက်ပြီးမှသာတံခါးပိတ်ပြီးဘယ်သူမှားတယ် မှန်တယ်ဆိုတာကိုဆွေးနွေးခဲ့တာပဲဖြစ်ပါတယ်

လွှီယုထန်ရဲ့ ကျက်သရေရှိလှပတဲ့ ကိုယ်လုံးလေးဟာ လေပေါ် မှာပျံဂဲသွားတဲ့ပုံစံက ကောင်းကင်ကနတ်သမီးလေးလိုပါပဲသူမရဲ့ လက်ဂါးနှစ်ဖက်ကတော့ လင်းရှောင်ယွမ်ဆီကိုရိုက်ချလိုက်ပါတယ်

လင်းရှောင်ယွမ်ရဲ့ နဖူးမှာအေးစက်စက် ချွေးတွေပျံလာပါတယ် သူဟာအလယ်အလတ်အဆင့်ဒြပ်စင်စုစည်းခြင်းအဆင့်တခေ ယာက်ပါ ဒါပေမဲ့

တစ်ဖက်လူကနောက်ပိုင်းအဆင့်ကိုရောက်နေတဲ့သူပါ
ဒါကဘာယ်လိုမှ ခုခံဖို့မဖြစ်နိုင်ပါဘူး

ဒါပေမဲ့ လင်းရှောင်ယွမ်ဟာလင်းဟန်ကြောင့်
ပြင်းပြင်းထန်ထန် ရိုက်နှက်ခံရမဲ့အဖြစ်ကိုမလိုချင်ပါဘူး

Pang

သူဟာလင်းကလန်ရဲ့ အထူးစွမ်းရည်ဖြစ်တဲ့
လေပျံလက်ဂါးသုံး ကွက်ကိုဖော်ထုတ်ပြီးလှို့ယုထန်ဆီကို
ပြေးဝင်သွားပါတယ်

ဒါဟာ
အဂါရောင်အလယ်အလတ်အဆင့်သိုင်းပညာအမျိုးအစားဖြ
စ်ပြီးတော့ လင်းကလန်ရဲ့
အဓိကပညာရပ်သုံးခုထဲကတစ်ခုလည်းဖြစ်ပါတယ်
ဒီအဓိကပညာရပ်သုံးမျိုးကြောင့်ပဲလင်းကလန်ဟာတိမ်မီးခိုးမြ
မို့ရဲ့
အင်အားအကြီးဆုံးကလန်ကြီးနှစ်ခုထဲကတစ်ခုဖြစ်နေရခြင်း
ပါပဲ

ကံမကောင်းစွာနဲ့ပဲလင်းရှောင်ယွမ်ရဲ့ပြိုင်ဘက်ကလှို့ယုထန်ဖြ

စ်နေတာပါပဲ

လွှီယုထန်ကအေးစက်စက်နဲ့အော်လိုက်ပါတယ်

"လက်ဖဝါးများရဲ့ခွန်အား ...."

သူမရဲ့သေးငယ်လှပတဲ့လက်ကလေးတွေကိုတစ်ဖက်နဲ့တစ်ဖက် အသာလေးထိကပ်လိုက်ပါတယ် သူမရဲ့လှုပ်ရှားမှုမှန်သမျှက အရမ်းကိုကျက်သရေရှိလှပါတယ် ဒါပေမဲ့ လဲသူ့ရဲ့စွမ်းအင်ကလဲကြောက်စရာကောင်းလှပါတယ် ဒီသိုင်းပညာဟာ အဂါရောင်အဆင့်မြင့်သိုင်းပညာတစ်ခုပါ ဒါကြောင့်လဲလင်းရှောင်ယွမ်အနေနဲ့ အနောက်ကိုဆက်တိုက်ဆုတ်သွားရပြီးတော့ သူ့မျက်နှာတစ်ခုလုံးလဲနီရဲသွားပါတယ်

သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကလည်းမမှီဘူးသိုင်းပညာစွမ်းရည်အနေနဲ့ကြည့်ယင်လဲမမှီဘူးသူ့မှာတဖက်လူအပေါ် မှာအရေးသာတဲ့အချက်ဆိုလို့ နှစ်ပေါင်းများစွာတိုက်ခိုက်ရေးအတွေ့အကြုံပဲဖြစ်တယ်ဒါပေမဲ့ ပြဿနာကလွှီယုထန်ကသိုင်းပညာလမ်းစဉ်ရဲ့ပါရမီရှင်တယောက်ဖြစ်နေတယ် သူမမှာတိုက်ခိုက်ရေးအတွေ့အကြုံအများကြီးမရှိပေမဲ့လည်း

အံ့သြစရာကောင်းတဲ့
တိုက်ခိုက်ရေးစွမ်းရည်ကိုပိုင်ဆိုင်ထားပြီးတော့
ဒါဟာတိုက်ခိုက်ရေးအတွေ့အကြုံနဲ့ သိပ်ပြီးမကွာခြားပါဘူး

လှုပ်ရှားမှုပေါင်း ၅၀ ၆၀ လောက်ပြီးတဲ့အခါမှာတော့
လင်းရှောင်ယွမ်ဟာရပ်တန့်သွားပါတယ်
သူဒန်တန်ကလဲရပ်တန့်သွားပီးသူ့ရဲ့
စွမ်းအင်တွေကိုမလှည့်ပါတ်ပေးနိုင်တော့ပါဘူးပြီးတော့
သူဟာသာမာန်လူလောက်တောင် သန်မာမှုမရှိတော့ပါဘူး

လင်းမုယွမ်နဲ့ကျန်တဲ့သူတွေဟာအော်ဟစ်လိုက်ပါတယ်

"အဘိုး:::::::::::::"

"အဖေ.........."

သူတို့ဟာအရှေ့ကိုပြေးထွက်သွားချင်ပေမဲ့လဲလွီယုထန်ရဲ့အစွမ်းကိုကြောက်နေတာကြောင့် လင်းဟန်ကိုပဲဒေါသတကြီးနဲ့ကြည့်နိုင်ပါတယ်

တကယ်လို့
လင်းဟန်သာပေါ်မလာယင်သူတို့အားလုံးအကွက်ချထားတဲ့

အတိုင်းအောင်အောင်မြင်မြင်နဲ့ပြီးသွားမှာပါ

လင်းဟန်ကလွီယုထန်ကိုကြည့်ပြီးတော့

'''တကယ်လို့မင်းရဲ့ တိုက်ပွဲဝင်တဲ့ပုံစံကို အနည်းငယ် ပြောင်းလဲလိုက်မယ်ဆိုယင် ဒီထက်ပိုပြီးတော့ စွမ်းအားကြီးလာလိမ့်မယ် ဥပမာမင်းရဲ့ ၁၇ ကြိမ်မြောက်လှုပ်ရှားတဲ့အချိန်မှာမင်းရဲ့ညာဘက်လက်ကိုအနည်းငယ်နိမ့်လိုက်ပြီး ဘယ်ဘက်လက်ဖဝါးကိုအရှေ့ကိုလက်မအနည်းငယ်လောက် ထိုးလိုက်ယင် မင်းရဲ့ပြိုင်ဘက်ကိုသေချာပေါက်ရပ်တန့်သွားစေနိုင်လိမ့်မယ်'''

လွီယုထန်ကပထမတော့ ယုံကြည်ခဲ့ပုံသိပ်မရခဲ့ဘူး

သူမထင်ထားတာကလင်းဟန်ကကံကောင်းပြီးရှေးဟောင်းရတနာအချို့ကိုရှာဖွေတွေ့ရှိ ပြီးတော့ လျှို့ဝှက်သိုင်းပညာတွေကို ပိုင်ဆိုင်ထားတာပဲဖြစ်ရမယ်

ဒါပေမဲ့ အခုသူမရဲ့ပြီးခဲ့တဲ့တိုက်ပွဲကို ပြန်စဉ်းစားလိုက်တဲ့အခါ သူမရဲ့ အမူအယာကအနည်းငယ်ပြောင်းလဲသွားခဲ့တယ်

လင်းဟန်ပြောတာမှန်တယ် တကယ်လို့ သူမသာသူပြောသလိုမျိုးလုပ်ခဲ့မယ်ဆိုယင် ပြိုင်ပွဲကိုစောစောစီးစီးအဆုံးသတ်နိုင်လိမ့်မယ်

သူမအနေနဲ့ လင်းဟန်ကိုနည်းနည်းလောက်တော့ လေးစားလာပါတယ် သူ့ရဲ့ အမြင်စူးရှမှုက အရမ်းကိုထက်မြက်တာပဲ

လင်းဟန်ကတော့ ပြုံးပြုံးလေးနဲ့

ငါကဘယ်သူမိုလို့လဲလွန်ခဲ့တဲ့နှစ်ပေါင်းတစ်သောင်းကျော်လောက်ကတည်းသိုင်းပညာကျွမ်းမှာမှာသူ့ရဲ့ရပ်တည်မှုအဆင့်ဟာ တော်ဝင်အဆင့်အနေနဲ့တောင်မှတ်ယူထားခြင်းခံရသူဒီမိန်းကလေးကိုနှိမ့်ချသွားအောင်မလုပ်နိုင်ဘူးလို့ တော့ လာမပြောနဲ့

လင်းဟန်ကလင်းရှောင်ယွမ်ဆီကိုလျှောက်သွားပြီးသူ့ရဲ့ညာဘက်လက်ကိုမြှောက်လိုက်ပါတယ်

"ကောင်စုတ်လေးမင်းလုပ်ရဲသလား"

သူသာလင်းဟန်ရဲ့

ပြင်းပြင်းထန်ထန်ရိုက်နှက်ခြင်းကိုခံခဲ့ရမယ်ဆိုယင်
အနာဂါတ်မှာတခြားသူတွေကိုဘယ်လိုမျက်နှာပြရဲတော့မှာ
လဲ

လင်းဟန်ရဲ့လက်ဝါးက
တုံဆိုင်းမှုမရှိပဲလင်းရှောင်ယွမ်ရဲ့မျက်နှာပေါ်ကို
ပြင်းပြင်းထန်ထန် ကျရောက်သွားခဲ့ပါတယ်

ဖြန်း::::::::::::::

လင်းကလန်ရဲ့အခြားသောအဖွဲ့ဝင်သုံးယောက်နဲ့
အစေခံငါးယောက်တို့ဟာလေအေးတစ်ချက်
ရှိုက်သွင်းလိုက်ပါတယ် သူတကယ်ပဲလုပ်လိုက်တယ်

အမိုက်ကောင်လို အားလုံးကယူဆထားတဲ့
သူကလင်းကလန်ရဲ့ ကြီးကျယ်လှတဲ့
အိမ်တော်ထိန်းကြီးကိုလူအများအရှေ့မှာပါးရိုက်ပစ်လိုက်တ
ယ်

ဒီခွေးအိုကြီးကအရေထူတာလဲမပြောနဲ့
သူ့ကိုရိုက်တဲ့ငါလက်တောင်မှ နာသေးတယ်

ဒါဟာဒါဏ်ရာအပြင်းအထန်ရစေတာမျိုးမဟုတ်ပေမဲ့ အရှက်ခွဲခံရတာလေ

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၂ အမိုက်ကောင်ရဲ့ပါးရိုက်တာကိုအစေခံတွေရဲ့အရှေ့မှာခံလိုက်ရတာဘယ်လောက်တောင်ရှက်စရာကောင်းလဲတကယ်လို့ ဒီသတင်းသာအပြင်ကို ပြန့်သွားခဲ့မယ်ဆိုယင် အနာဂါတ်မှာသူဟာတခြားလူတွေကိုတောင် မျက်နှာခြင်းမဆိုင်ရဲတော့ပါဘူး

လင်းရှောင်ယွမ်ရဲ့မျက်လုံးထဲမှာမီးတွေတောက်နေပါပြီ

"ကောင်စုတ်လေးဒီပြသနာကမပြီးသေးဘူးမင်းလုပ်ခဲ့တာတွေအတွက် လုံးဂကိုပဲ နှောင်တရစေရမယ်"

"အာာာာာာာမင်းက ငါ့ရဲ့ နောက်လိုက်အရှေ့မှာတောင် ငါ့ကို ခြိမ်းခြောက်ရဲတယ် ဘယ်လောက်တောင် ဦးနှောက်မရှိလိုက်တာလဲလွီယုထန် တစ်စုံတယောက်ကတော့ မင်းရဲ့ဆရာသခင်ကို ခြိမ်းခြောက်မှုပြုလုပ်လာနေပြီမင်းဘာလုပ်မလဲပြောကြည့်"

လွီယုထန်ရဲ့ လှပတဲ့မျက်နှာလေးမဲ့သွားပါတယ်

သူမဟာလွိုကလန်ရဲ့ မင်းသမီးလေးဖြစ်တယ် ဘယ်လိုလုပ်ပြီးတော့များတစုံတစ်ယောက်ရဲ့ နောက်လိုက်ဖြစ်သွားရတာလဲဒါပေမဲ့လဲသူမဟာပေးထားတဲ့ကတိကိုတည်ရမှာဖြစ်ပါတယ် ဒါကြောင့်ပဲလျင်လျင်မြန်မြန်နဲ့မေးလိုက်တယ်

''သူ့ကိုသတ်ပစ်လိုက်ရမလား''

ဒီစကားကိုကြားလိုက်ရတော့ လင်းရှောင်ယွမ်ရဲ့သားနှစ်ယောက်နဲ့ လင်းမုယွမ်ကိုထိတ်လန့်သွားပါတယ် လင်းရှောင်ယွမ်ဟာသူတို့ရဲ့ နောက်ခံအင်အားပါ တကယ်လို့ လင်းရှောင်ယွမ်သာသေဆုံးခဲ့မယ်ဆိုယင် လင်းကလန်ထဲမှာသူတို့ရဲ့ ဩဇာအာဏာကျဆင်းသွားမှာပဲဖြစ်ပါတယ်

'''ဒီခွေးအိုကြီးက ကျုပ်အဖေရဲ့ဘေးမှာရှိနေတာကြာလှပြီဒါကြောင့် ကျုပ်အဖေကပဲသူ့ကိုဆုံးမတာဖြစ်သင့်ပါတယ် ဒါပေမဲ့........ သူကသေဒါဏ်တော့ အပြစ်ပေးမခံရပေမဲ့ တစ်ခြားအပြစ်ဒါဏ်ကနေတော့ မလွတ်မြောက်နိုင်ဘူး'''

Peng

လင်းဟန်ဟာစားပွဲခုံကိုရိုက်ချိုးလိုက်ပြီးစားပွဲခုံခြေထောက်နဲ့လင်းရှောင်ယွမ်ရဲ့မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်ပါတယ် ကျယ်လောင်တဲ့အသံကြီးထွက်ပေါ်လာပြီးတော့ လင်းရှောင်ယွမ်ဟာပါးစပ်ထဲကနေသွေးတွေနဲ့အတူသွားတွေပါကျိုးပြီးထွေးထုတ်ပစ်လိုက်ပါတယ်

''ခွေးအိုကြီး ငါ့အဖေကသူ့အသက်ကိုစတေးထားတာကိုခင်ဗျား က သူ့ရဲ့မျှော်လင့်ချက်ကိုဖျက်ဆီးပစ်ချင်တယ်ပေါ့ဟုတ်လားဒီအတွက် ခင်ဗျား ပြင်းထန်တဲ့အပြစ်ဒါဏ်ခံရလိမ့်မယ်ဆိုတာမစဉ်းစားမိဘူးလား''

'''ခင်ဗျားမှာသားတွေ မြေးတွေရှိတယ် ကျုပ်အဖေမှာတော့ ကျုပ်တစ်ယောက်တည်းပဲရှိတယ် ဒါကိုတောင်မှ မနေ့ကခင်ဗျားက ကျုပ်ကို ပြင်းပြင်းထန်ထန် ဒါဏ်ရာရစေခဲ့တယ် ပြီးတော့ ကိုယ့်ကိုကိုယ် သူတော်ကောင်းကြီးလိုလိုအကြီးကဲကောင်းတစ်ယောက်လိုလိုဟန်ဆောင်နေပြီးတော့ ခင်ဗျားက အရှက်ကိုလုံးဝမရှိတာပဲ'''

လင်းဟန်ကပြောလဲပြော
ပြင်းပြင်းထန်ထန်လဲရိုက်နက်နေပါတယ်
အနည်းငယ်လောက်ရိုက်နက်ပီးတဲ့အခါမှာလင်းရောင်ယွမ်ရဲ့
မျက်နှာမှာသွေးတွေနဲ့ ဖုံးလွှမ်းနေပါတော့တယ် ဒ့်ါအပြင် သူ့ရဲ့
သွားတဂက်လောက်လဲ ဆုံးရှုံးသွားခဲ့ပါတယ်

လင်းရောင်ယွမ်ကိုကြည့်ရတာနာကျင်ခံစားနေရတဲ့ပုံပေါ်နေ
ပေမဲ့ အပြင်ဘက်
အပေါ်ယံဒါဏ်ရာတွေဘယ်လောက်ပဲဖြစ်နေပါစေကိစ္စမရှိပါ
ဘူးဒါတွေကို လျှင်လျှင်မြန်မြန်နဲ့ ပြန်လည်ကုသနိုင်ပါတယ်
လင်းရောင်ယွမ် အသံတစ်စက်မှမထွက်ပေမဲ့
သူ့နှလုံးသားထဲမှာကျိန်ဆိုနေခဲ့ပါတယ်
တကယ်လို့များအနာဂါတ်မှာသူဟာလင်းဒေါင်းရှန်ထက်
စွမ်းအင်သာလွန်အင်အား ကြီးမားလာတဲ့အခါ
ဒီသားအဖနှစ်ယောက်ကိုတစ်စစီဆွဲဖြဲပစ်ပါမယ်

လင်းဟန်ကလက်ထဲကတုတ်ချောင်းကို
အဝေးကိုလွှင့်ပစ်လိုက်ပီး

'''အားးးးးးးးးးး ငါ့လက်တွေညောင်းလိုက်တာယုထန် ငါတို့
ခရီးအတူထွက်စို့'''

ယု ......ယုထန်......

လွှီယုထန် တုန်လှုပ်သွားပါတယ်
သူမကိုဒီလိုမျိုးခေါ်လိုက်တာ
ကြက်သီးတောင်ထသွားခဲ့ပါတယ်

အပိုင်း(၆) ကောင်းကင်ဆေးအိမ်တော်

လင်းဟန်နဲ့ လွှီယုထန်တို့ ထွက်ခွာခဲ့ကြပါပြီ လင်းမုယွမ်နဲ့ အခြားသူတွေက သူတို့ကို တားချင်ပေမဲ့လဲ ရင်မဆိုင်ရဲကြပါဘူး လင်းရှောင်ယွမ်တောင်မှမနိုင်တာ လင်းကလန်မှာဘယ်သူကများ သူတို့ကို ဆန့်ကျင်နိုင်တဲ့အစွမ်းရှိလို့လဲ

လင်းကလန်ကနေထွက်ခွာလာပြီးတဲ့နောက် လွှီယုထန်က လင်းဟန်ကို မေးလိုက်တယ်

'''ငါတို့ဘယ်ကိုသွားကြမလဲ'''

'''ကောင်းကင်ဆေးအိမ်တော် ကိုသွားမယ်'''

လှိုင်ယုထန်ရဲ့စိတ်ထဲမှာ လင်းဟန်က သူမကိုဆေးပညာညွှန်ကြားပေးလိမ့်မယ်လို့ ထင်သွားပါတယ် ဒါကြောင့် သူမစိတ်ရှည်ရပါလိမ့်မယ်

ဆယ်မိနစ်လောက်မြန်မြန်လမ်းလျှောက်ပီးတဲ့အခါမှာတော့ သူတို့နှစ်ယောက်ဟာ သူတို့ရဲ့ ခရီးဆုံးကိုရောက်ရှိလို့သွားခဲ့ပါပြီ

ကောင်းကင်ဆေးအိမ်တော်ဟာ အလွန်ကိုစွမ်းအားကြီးမားတဲ့နေရာတစ်ခုဖြစ်ပြီး မိုးရေနိုင်ငံရဲ့ မြို့တိုင်းမှာ အဖွဲ့ခွဲတွေရှိပါတယ် ပြီးတော့ ဈေးကွက်မှာရရှိနိုင်သမျှ အမျိုးအစားစုံလင်တဲ့ ဆေးပင်တွေ ဆေးလုံးတွေအားလုံးကို ကောင်းကင်ဆေးအိမ်တော်မှာ ဝယ်ယူရရှိနိုင်ပါတယ် တကယ်လို့ သင်လိုချင်တဲ့ပစ္စည်း ဟာ ဒီနေရာမှာ ဝယ်ယူလို့မရနိုင်ဘူးဆိုယင် တစ်ခြားနေရာတွေမှာလဲ ဝယ်ယူရရှိနိုင်ဖို့ လုံးဝမဖြစ်နိုင်ပါဘူး

လင်းဟန်ဟာ ကောင်းကင်ဆေးအိမ်တော်ထဲကိုဝင်လိုက်ပီး ကောင်တာ ဆီကို တိုက်ရိုက်သွားခဲ့ပါတယ် ကောင်တာရဲ့အနောက်ဘက်မှာတော့ အရမ်းကိုချောမောလှပပီးငယ်ရွယ်တဲ့ မိန်းကလေးတယောက်ထိုင်နေပါတယ်

လင်းဟန်လျှောက်လာတာကိုမြင်တော့
သူမကချက်ချင်းပဲထရပ်လိုက်ပီး အပြုံးလေးနဲ့

'''ဟယ်လို ကျမနာမည် ရှောင်ထောင်ပါ လူကြီးမင်းကို ဂန်ဆောင်မှုပေးခွင့်ရတာ ဂုဏ်ယူပါတယ်'''

လင်းဟန်က ခေါင်းငြိမ့်ပြလိုက်ပီး

''''ငါ ခရမ်းရောင်ကြာပန်းမြက် အပြာရောင်အခက်ရှိတဲ့အသီး နှစ်တရာ ဂါး အနီရောင်အရွက်ရှိတဲ့ အာလူး သေလွန်သစ်ပင်ရဲ့အမြစ် တို့ကို ဂယ်ယူချင်ပါတယ်''''

ရှောင်ထောင်ရဲ့မျက်နှာက လုံးဂကို တွေးဂေသွားခဲ့တယ် သူမ ဒီနေရာမှာအလုပ်လုပ်နေတာ နှစ်နှစ်ကျော်နေပီဖြစ်ပေမဲ့ဒီဆေးပင်ငါးမျိုးတွေရဲ့နာမည်ကို တစ်ခါမှမကြားဖူးခဲ့ပါဘူး သူမဟာ တစ်ချက်တွေဂေသွားပြီးတော့

'''ဈေးဂယ်သူ ကျမတောင်းပန်ပါတယ် ဒီဆေးပင်တွေကို တစ်ခါမှမကြားဖူးပါဘူးရှင် သင်ကိုယ်စားမေးမြန်းနိုင်ဖို့ တစ်ယောက်ယောက်ကိုသွားခေါ်ပါရစေ''

'''ခဏလောက်စောင့်ပေးပါရှင်'''

'''ကောင်းပြီ'''

ဒီဆေးပင်ငါးမျိုးဟာ
ဒြပ်စင်နလုံးသားစိတ်ဂိဉာဉ်ကာကွယ်တဲ့အမှုန့်ပြုလုပ်ရာမှာသာ အသုံးပြုကြတာဖြစ်ပြီး အရမ်းလဲရှားပါတယ် ဒ့ါအပြင် ဒီဆေးရဲ့အဆင့်ဟာ အဆင့်မြင့်ဆေးတစ်ခုလဲမဟုတ်ပါဘူး တစ်ခြားဆေးတွေဖော်စပ်တဲ့နေရာမှာလဲ
သုံးလေ့သုံးထမရှိပါဘူး ပြီးတော့ ဒီဆေးနည်းက အယင်ဘဂက
သူကိုယ်တိုင်ဖော်စပ်ထားတဲ့ဆေးနည်းဖြစ်ပြီးတော့ သူက တပည့်ရင်းတစ်ချို့ကိုသာသင်ကြားပေးခဲ့ပေမဲ့လည်း
သူတို့ရဲ့မျိုးဆက်တွေကိုလက်ဆင့်ကမ်းပေးခဲ့မှာမဟုတ်ပါဘူး

ခဏအကြာမှာတော့ ရှောင်ထောင်နဲ့ အတူ သတ်လတ်ပိုင်းလူတစ်ယောက်တို့
သူတို့ဆီကိုလျှောက်လာပါတယ်

သတ်လတ်ပိုင်းလူရဲ့မျက်နှာမှာ
အထင်သေးတဲ့အကြည့်တွေနဲ့ လင်းဟာန်ကိုကြည့်ပီးတော့ မေးလိုက်ပါတယ်

'''မင်းက ပြဿနာလာရှာတဲ့တစ်ယောက်မဟုတ်လား'''

လင်းဟန်မျက်မှောင်ကျုံ့သွားပြီး

'''ဘယ်လိုပြောတယ် ပြဿနာလာရှာတယ်ဟုတ်လား'''

'''ဘာ..... ကြံ့ရာပေါက်ပန်းလေးဆယ်နဲ့ တကယ်မရှိတဲ့ အပင်နာမည်တွေလျှောက်ရွတ်ပြီး လာဂယ်တာက ပြဿနာလာရှာတာမဟုတ်ယင်ဘာလဲ ပြောစမ်းပါဦး'''

လင်းဟန်ကမေးလိုက်ပါတယ်

'''မင်းကိုဘယ်သူပြောလဲ ငါကတကယ်မရှိတဲ့ဆေးပင်တွေကို လာဂယ်တယ်ဆိုပြီးတော့ပေါ့'''

'''အဓိပ္ပါယ်မရှိတာ............ငါက အဂါရောင်အဆင့်အလယ်အလတ်ဆေးပညာရှင်တယောက်ကွ ငါတောင်ဒီဆေးပင်တွေနာမည်ကို တစ်ခါမှမကြားဖူးတာ ဒါကမင်းပေါက်ကရတွေလျှောက်ပြောနေတာမဟုတ်လို့ဘာလဲ သွားစမ်း အခုထွက်သွားလိုက်တော့'''

ဒီသတ်လတ်ပိုင်းဆေးဆရာရဲ့နာမည်ကတော့ မာဒုချန်ပါ သူကတကယ့်ကိုပဲ အဂါရောင်အလယ်အလတ်အဆင့်ဆေးပညာရှင်တစ်ယောက်ဖြစ်ပါတယ်

ဆေးပညာအဆင့်ကလဲ သိုင်းပညာလိုပါပဲ ကောင်းကင် မြေကြီး အနက်ရောင် အဂါရောင်ဆိုပြီး အဆင့်လေးဆင့်ခွဲထားသလို တစ်ဆင့်ခြင်းဆီမှာလဲ အဆင့်မြင့် အလယ်အလတ်အဆင့်နဲ့ အဆင့်နိမ့်ဆိုပြီးရှိကြပါတယ် ပြီးတော့ ဆေးပညာရှင်တွေဟာ ကြောက်စရာကောင်းပြီး ထိပ်ဆုံးအဆင့်မှာရပ်တည်နေကြတဲ့သူတွေဆိုလဲ မများပါဘူး

ဒီလို အဂါရောင်အလယ်အလတ်အဆင့် ဆေးပညာရှင်တစ်ယောက်တောင်မှ တွေ့တဲ့သူတိုင်းက ရိုသေလေးစားကြပီးတော့ အင်အားကြီးမိသားစုကလန်တွေက တောင်မှ သူတို့နဲ့ပူးပေါင်းဆောင်ရွက်ဖို့ကို ရိုရိုသေသေနဲ့ဖိတ်ခေါ်တတ်ကြပါတယ်

မာဒုချန်ဟာ ကောင်းကင်ဆေးအိမ်တော်မှာအလုပ်လုပ်ပြီးတော့

တိမ်မိုးခိုးမြို့ မှာ တာဝန်လာယူရတာပါ သူ့ရဲ့အဆင့်အတန်းနဲ့ သူဟာ ဆေးဖော်စပ်စရာတောင်မလိုပါဘူး ဒီဌာနခွဲရဲ့ ကြီးကြပ်သူပါ

'''ဆရာမာဒုချန်ကတောင်ဒီလိုပြောတယ်ဆိုမှတော့ ဒီကောင်စုတ်လေးကတမင်သတ်သတ်လာပြီး ဒုက္ခရှာတာပဲဖြစ်မယ်'''

'''ဘယ်လိုဟာသမျိုးလဲ ဒီကောင်တကယ်ပဲ ကောင်းကင်ဆေးအိမ်တော်ကိုလာပြီးတော့ ပြဿနာဖန်တီးရဲတယ်ပေါ့လေ ဒီအရူးဘယ်ကလာတာလဲဟ'''

အားလုံးကဆေးဆရာ မာဒုချန်ဘက်ကပါ

လင်းဟန်အနည်းငယ်စိတ်ပျက်သွားပါတယ်

'''မင်းအရည်အချင်းလောက်နဲ့ ဒါတွေကိုမင်းဘယ်ကြားဖူးမလဲ ပြီးတော့ မင်းက ဘာမှမသိပဲနဲ့ တခြားလူကို အော်ဟစ်ရဲသေးတယ် သွားစမ်း ဆိုင်ထဲမှာရှိတဲ့ မင်းထက်အဆင့်မြင့်တဲ့သူကိုခေါ်လာခဲ့လိုက် ငါသူနဲ့တိုက်ရိုက်စကားပြောမယ်'''

'''ငါ့ကိုအမိန့်ပေးရအောင် မင်းကိုမင်းဘာထင်နေလဲကွ ဟင်'''

မာဒုချန်တစ်ယောက် တကယ့်ကို မပျော်မရွှင်ဖြစ်နေပါပြီ ဒေါ်သတွေအရမ်းထွက်ပြီးတော့ပေါ့ သူဟာ ဒီကောင်းကင်ဆေးအိမ်တော်ဌာနခွဲရဲ့ ကြီးကြပ်ရေးမှူးတစ်ယောက်လည်းဖြစ်ပါတယ် ဒီနေရာမှာဘယ်သူကများ သူ့ထက်ပိုပြီး ဗဟုသုတပိုရှိနိုင်မှာလဲ

ဒါပေမဲ့လည်း တကယ်တော့ ဒီနေရာမှာ ဂရန်းမာစတာ ဖူ ရှိနေပါတယ် ဆရာဖူ ဟာအားလပ်ရက် အပန်းဖြေခရီးထွက်ရင်းနဲ့ ဒီမြို့အရောက်မှာ ဉာဏ်အလင်းတစ်ချက်ရပြီးတော့ ဆေးဖော်စပ်မှုတွေကိုလုပ်နိုင်ဖို့အတွက် ကောင်းကင်ဆေးအိမ်တော်ရဲ့ အသုံးဆောင်ပစ္စည်းတချို့ကိုငှားပီး ဆေးဂါးဖော်စပ်နေတာပါ

လွှီယုထန်က သူမရဲ့နှုတ်ခမ်းတွေကိုကိုက်ပီး စိတ်ရှုပ်ထွေးစွာခံစားနေရပါတယ် ဒီအချိန်မှာ သူမက ဘာမှကို လှုပ်ရှားမှုမပြုခဲ့ပါဘူး

ကောင်းကင်ဆေးအိမ်တော်ဆိုတာ ဧရာမ တည်ရှိမှုကြီးတစ်ခုပါ မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုတောင်မှ သူတို့ကို ရိုရိုသေသေနဲ့ဆက်ဆံရပါတယ် သူမက လွီကလန်ရဲ့ ငယ်ရွယ်တဲ့မျိုးဆက်တစ်ယောက်သာဖြစ်တာကြောင့် ဒီနေရာမှာ လင်းဟန်ရဲ့ဘေးကနေပြီးတော့ ပြဿနာမရှာရဲပါဘူး

သူမဟာ လင်းဟန်ရဲ့နောက်လိုက်အဖြစ်သဘောတူညီထားပေမဲ့လည်း ဒါဟာ ယာယီမျှသာဖြစ်ပါတယ် သူမလို မာနကြီးတဲ့သူတစ်ယောက်အနေနဲ့ ဒါမျိုးလုပ်နေရတာ စိတ်ထဲကမပါပဲလုပ်နေရတာပါ ဒါကြောင့် သူမအနေနဲ့ လင်းဟန်ရဲ့မျက်နှာစိတ်ရှုပ်ထွေးသွားမှာကို မြင်ချင်ခဲ့ပါတယ်

ဒါပေမဲ့သူမလိုအေးစက်စက်နိုင်တဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့တော့ မပျော်မရွှင်ဖြစ်နေခဲ့ယင်တောင်မှ ဟန်ဆောင်ထားနိုင်ပါတယ်

ဆေးဆရာမာဒုချန်က စိတ်မရှည်တော့ပဲ လက်ကိုဝှေ့ယမ်းပြီး လင်းဟန်ကိုမောင်းထုတ်လိုက်ပါတယ်

"ထွက်သွား'"

လင်းဟန်ကဖြေးဖြေးလေးပြောလိုက်တယ်

'"မင်းနောင်တမရဘူးလား"

မာဒုချန်က ထေ့ငေ့ါတဲ့လေသံနဲ့

'"ဟာဟာ မင်းကငါ့ကိုဘာလုပ်နိုင်မှာမို့လို့လဲ'"

'"ဒီကောင်စုတ်လေးက
ငါ့ကိုတောင်လာပြီးခြိမ်းခြောက်ရဲသေးတယ်'"

လင်းဟန်ပြုံးလိုက်ပြီးတော့
လှီယုထန်ဘက်ကိုလှည့်လိုက်ပါတယ်

လှီယုထန်ရဲ့ရင်ထဲမှာ ထိတ်လန့်သွားပြီးတော့
ဒီကောင်စုတ်ငါ့ကို နောက်တစ်ခါ
ထပ်လုပ်ခိုင်းပြန်ပြီထင်တယ်

ဒါပေမဲ့ သူမ လင်းဟန်ဆီကနေကြားလိုက်ရတာက

'''ငှါကိုကူညီပြီးအော်ပေး မင်း ကြေးနီချိုင့်ပုမ်းသဲ ထည့်တာ များလွန်းသွားပြီ လို့ သုံးခါတိတိအော်လိုက် အသံပိုကျယ်လေ ပိုကောင်းလေပဲ'''

ဒါကဘာကိုဆိုလိုတာပါလိမ့်

လို့ယုထန်ရဲ့လှပတဲ့မျက်လုံးလေးတွေပိုင်းစက်သွားခဲ့တယ် ဒါပေမဲ့လည်း လင်းဟန်မျက်နှာက ယုံကြည်မှုအပြည့်ရှိနေတာကိုမြင်လိုက်ရတော့ သူမလဲ သူပြောတဲ့အတိုင်းပဲ အော်ဟစ်လိုက်တယ်

'''ကြေးနီချိုင့်ပုမ်းသဲ ထည့်တာ များလွန်းသွားပြီ ကြေးနီချိုင့်ပုမ်းသဲထည့်တာ များလွန်းသွားပြီ ကြေးနီချိုင့်ပုမ်းသဲထည့်တာများလွန်းသွားပြီ'''

သူမဟာ ဒြပ်စင်စုစည်းခြင်းအဆင့်မှာရောက်နေတဲ့သူတစ်ယောက်ဖြစ်တာကြောင့် သူမရဲ့အော်သံဟာ ခြင်္သေ့ဟိန်းသံလိုပဲ ကျယ်လောင်စူးရှပါတယ်

မာဒုချန်က ဆေးဆိုင်အစောင့်နှစ်ယောက်ကို

အမိန့်ပေးလိုက်ပါတယ်

'''မင်းတို့နှစ်ယောက်က အရှူးတွေပဲ ဟေ့ ဒီနှစ်ကောင်ကို ဆွဲထုတ်ပစ်လိုက်စမ်း'''

Peng

ကျယ်လောင်စူးရှတဲ့အသံတစ်ခုကထွက်ပေါ်လို့လာပါတယ် အတွေ့အကြုံရှိတဲ့ ဘယ်ဆေးဆရာမဆို ဒီအသံကိုကြားလိုက်တာနဲ့ ဒါဟာ ဆေးကြိုအိုးပေါက်ကွဲတာကနေ ထွက်ပေါ်လာတယ်ဆိုတာကို သိကြမှာပဲဖြစ်ပါတယ်

ဒုန်းဒုန်းဒုန်းဒုန်းဒုန်း

ခြေလှမ်းသံဆက်တိုက်ကြားလိုက်ရပြီး အပေါ်ထပ်ကနေ ဆံပင်ဖြူဖြူအသက်ကြီးကြီး လူကြီးတစ်ယောက် ဆင်းလာတာကို မြင်လိုက်ရပါတယ်

အဲဒီအဘိုးကြီးက လှိုဝ်ယုထန်ရဲ့အရှေ့ကို ချက်ချင်းပဲ မြွားတစ်စင်းလိုပြေးထွက်သွားပြီး စိတ်လှုပ်ရှားတဲ့လေသံနဲ့မေးလိုက်တယ်

'''မင်းဘယ်လိုလုပ်ပီးသိသလဲ ငါ ကြေးနီချိုင့်ပုမ်းသဲထည့်တာ အရမ်းများသွားတယ်ဆိုတာကိုပေါ့'''

ဒီလူကြီးဟာ အခုလေးတင်ပဲ ဆေးကြိုအိုးပေါက်ကွဲသွားတဲ့ လူဆိုတာကို သူ့ရဲ့မျက်ခုံး နဲ့ဆံပင် အနည်းငယ်လောင်ကျွမ်းနေယုံသာမက သူ့မျက်နှာမှာ ပြာတွေကပ်နေတာကိုကြည့်ယင်သိနိုင်ပါတယ်

လွီယုထန်ဟာ အဲဒီလူကြီးရဲ့ ရင်ဘက်မှာ ရှိနေတဲ့ ငွေရောင်တံဆိပ်ပြားကိုမြင်လိုက်ရတဲ့အခါမှာတော့ အကြီးအကျယ်ကို အံ့အားသင့်သွားပါတယ် ဒါဟာဆေးပညာရှင်အသိအမှတ်ပြုတံဆိပ် တိတိကျကျပြောရယင် ငွေရောင်တံဆိပ်ဟာ အနက်ရောင်အဆင့်ကိုကိုယ်စားပြုတယ် တံဆိပ်တစ်ခုဟာ အဆင့်နိမ့်အဆင့်ဆိုတာကို ကိုယ်စားပြုတယ်

ဒါဆို ဒီလူကြီးက အနက်ရောင် အဆင့်နိမ့် မော်ဆေးပညာရှင်ပေါ့

ဘုရားသခင် ဒီလိုမျိုးအဆင့်ဆိုရင် အင်ပါယာမြို့က ကလန်ကြီးတွေမှာတောင် အရမ်းကိုလေးစားရတဲ့အဆင့်ပဲ

သူမရဲ့ လှီကာလန် ခေါင်းဆောင်ကိုယ်တိုင်တောင်မှ ဒီလိုလူနဲ့ဆုံတွေ့ခဲ့ရယင် ရှိရှိသေသေနဲ့ပဲ တစ်ဖက်လူကို ဂရန်းမာစတာ လို့တောင် ခေါ်ရပါလိမ့်မယ်

ဒါပေမဲ့အခုတော့ အဲဒီ ဂရန်းမာစတာ ဆေးပညာရှင်ကြီးက လှီယုထန်ကို စူးစူးစိုက်စိုက် ကြည့်နေပြီးတော့ သူ့မျက်နှာကိုကြည့်ရတာ ဆေးပညာဗဟုသုတ ကို မေးမြန်းစူးစမ်းခြင်နေတဲ့ပုံပေါက်နေပါတယ်
လှီယုထန်အနေနဲ့ အရမ်းကို စိတ်ရှုပ်ထွေးသွားပါတယ်

သူမဟာ လင်းဟန်ကို အကူအညီမဲ့စွာစိုက်ကြည့်နေပြီး ဒီကောင်စုတ်ဆီမှာ
လျှို့ဝှက်ဆန်းကြယ်ပညာတွေဘယ်လောက်တောင်များ ဖုံးကွယ်ထားလဲမသိဘူး

အပိုင်း(၇) ဂရန်းမာစတာ ဇူ

ဒီမြင်ကွင်းကိုကြည့်ပြီးတော့ ဆိုင်ထဲမှာရှိတဲ့လူအားလုံး အံ့သြတစ်ကြီးဖြစ်ကုန်ကြပါတယ် သူတို့ဟာ ဂရန်းမာစတာ ဇူဟဲချင် ကို မသိပေကြပေမဲ့လည်း သူ့ရင်ဘက်မှာထိုးထားတဲ့ ငွေရောင်တံဆိပ်ပြားကိုကြည့်ပြီး
သေချာပေါက်ပြောနိုင်တာက ဒီအဘိုးကြီးဟာ

အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင်ဆိုတာကို အားလုံးသိကြပါတယ်

အနက်ရောင်အဆင့်နိမ့်မှော်ဆေးပညာရှင်

သာမာန်လူတွေအတွက်ကတော့ ဒီလိုရာထူးမျိုးဟာ အင်ပါယာရဲ့ မြင့်မားတဲ့ ရာထူးကြီးသူတွေနဲ့ နိုင်းယှဉ်နိုင်တဲ့ တော်ဝင်အဆင့်မျိုးပါ အခုလို ဂရန်းမာစတာကြီး တစ်ယောက်က စိတ်လှုပ်ရှားစွာနဲ့မေးလိုက်တာကို မြင်လိုက်ရတော့ သူတို့အနေနဲ့ ပိုလို့တောင် အံ့သြသွားကြပါတယ် ပြီးတော့ဒါတွေအားလုံးက ဟိုကောင်လေးကြောင့်ဖြစ်လာတာလေ

လူအများကြီး ရှုးသွပ်ကုန်ပါတယ် သူတို့ဦးခေါင်းတွေကို သူတို့ပြန်ထုပြီးတော့
မယုံနိုင်လောက်အောင်ကိုဖြစ်နေပါတယ်

အထူးသဖြင့် မာဒုချန်ကိုကြည့်ရတာ အံ့အားသင့်ပြီးကြက်သေသေနေပါတယ် ဒီဂရန်းမာစတာ ဇူ ဟာ မိုးရေနိုင်ငံ ကောင်းကင်ဆေးအိမ်တော်ခွဲရဲ့ အရေးကြီးပုဂ္ဂိုလ်တစ်ဦးပါ ပုံမှန်အားဖြင့် ဒီလိုလူမျိုးကို သူ့အနေနဲ့တွေ့ဆုံဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး

အဲ့လိုလူတွေအကြောင်းကို တခြားလူတွေပြောတာကိုပဲ ကောလဟာလ အနေနဲ့ကြားဖူးတာပဲရှိတာပါ

ဒီ ဂရန်းမာစတာဇူ ရဲ့ စိတ်လှုပ်ရှားနေတဲ့မျက်နှာကိုမြင်ပြီး သူ မအံ့သြပဲဘယ်နေလိမ့်မလဲ

ကြည့်ရတာ ဒီကောင်လေးက ပြဿနာလာရှာတာမဖြစ်နိုင်ဘူးထင်တယ် သူပြောတဲ့ ဆေးပင်တွေက တကယ်ပဲ အပြင်မှာရှိနေတာလား

လင်းဟန် နှာခေါင်းအနည်းငယ်ရှုံ့လိုက်ပီး

'''ကောင်းပြီလေ ......ခင်ဗျားကမဆိုးပါဘူး တော်ပါတယ် ခရမ်းနက်ဂက်ဂံဆေးလုံး ဖျက်စီးခြင်းတစ်ထောင်ကြံ နဲ့ အနက်ရောင်ကျောက်တုံးအမှုန့်ကို တခြားတန်ဖိုးကြီးတဲ့ဆေးတွေနေရာမှာ အစားထိုးပြီးတော့ လေမီးဆေးလုံးဖော်စပ်တဲ့နည်းလမ်းကို အနည်းငယ်ပြောင်းလဲလိုက်တယ် ဒီလိုအခြေအနေမှာ ဆေးစွမ်းက ဘာမှသိပ်မပြောင်းလဲပေမဲ့ ထုတ်လုပ်တဲ့ကုန်ကျစားရိတ်ကတော့ အများကြီးလျော့ကျသွားခဲ့တယ်'''

ဖူဟဲချင် ရုတ်တရက်လှည့်လိုက်ပြီး လင်းဟန်ကိုအံ့အားသင့်စွာကြည့်လိုက်တယ်

'''မင်းဘယ်လိုလုပ်သိတာလဲ'''

ဒါဟာသူ့ရဲ့လျှို့ဝှက်ချက်ပါ တကယ်လို့ သူစီစဉ်ထားတဲ့အတိုင်း ဆေးလုံးဖော်စပ်တာအောင်မြင်ခဲ့ယင် အားလုံးကို ကြော်ငြာလိုက်မှာပါ အဲ့ဒီအခါကျယင် သူ့သူငယ်ချင်းတွေ အံ့အားသင့်ပြီးလာရောက် ဂုဏ်ပြုကြပါလိမ့်မယ်

'''တကယ်တော့ ကျုပ်ရဲ့ နှာခေါင်းကြောင့် အကုန်လုံးကိုသိလိုက်ရတာပဲ'''

မင်းက မကောင်းဆိုးဂါးလား..မင်းကနှာခေါင်းကိုအသုံးချပြီး ဒါတွေကိုဖော်ထုတ်လိုက်နိုင်တယ်ပေါ့လေ ဆေးလုံးဖော်စပ်နည်းတွေက အရမ်းကိုတန်ဖိုးကြီးတဲ့အရာတွေပဲ ဘယ်ဆေးပညာရှင်ကမှ တဖက်လူကို သူတို့ဆေးနည်းတွေကို လွယ်လွယ်နဲ့ ထုတ်မပြဘူး ဒါဟာ သိုင်းပညာရှင်တွေ သူတို့ရဲ့ သိုင်းပညာရပ်တွေအပေါ် အရေးကြီးတန်ဖိုးထားတာနဲ့အတူ တူပဲ

ပြသနာက ဖူဟဲချင် ကိုယ်တိုင်တောင်မှ ဒီဆေးဖော်စပ်နည်းကို တိုးတက်အောင် ရှာဖွေလေ့လာစူးစမ်းနေတာ မအောင်မြင်သေးဘူး ဒါပေမဲ့ လင်းဟန်ကတော့ နာခေါင်းကိုအသုံးချပြီး ဆေးဖော်စပ်နည်းကို အလွယ်တကူ ခွဲခြမ်းစိတ်ဖြာနိုင်တယ်လေ

ဒီတော့ ဖူဟဲချင် မအံ့ဩပဲနဲ့မနေနိုင်ပါဘူး

""ခင်ဗျားရဲ့ ဆေးဖော်စပ်နည်းလမ်းကဖြစ်နိုင်ချေရှိပါတယ် ဒါပေမဲ့ ကြေးနီချိုင့်ပုမ်းသဲဟာ အရမ်းကိုသန်မာပြီး သူ့ကိုပေါင်းစည်းနိုင်တဲ့အမှတ်ကတော်တော်လေးကိုမြင့်တယ် ဒါကြောင့် ဘယ်လိုပဲကောင်းနေပါစေ ဆေးလုံးဖြစ်သွားယင်တောင် သူ့ရဲ့အကြွင်းအကျန်ကတော့ရှိနေဦးမှာပဲ အဲဒီဟာကလဲ ဆေးလုံးဖြစ်လာယင် ဆေးအရည်အသွေးအပေါ်မှာ အကျိုးသက်ရောက်မှုရှိနေလိမ့်မယ် ဒါကြောင့် ခင်ဗျားအနေနဲ့ ဟုန်းဟုန်းတောက်လောင်နေတဲ့ ကျားသစ်မီးတောက်ရဲ့သွား ကိုအသုံးပြုသင့်တယ်'''

လင်းဟန်ရဲ့အကြံပြုချက်ကိုကြားရပီး ဖူဟဲချင်ဟာ

သူနှလုံးသားထဲမှာချက်ချင်းပဲ တွက်ချက်ကြည့်လိုက်ပါတယ် ဟုန်းဟုန်းတောက်နေတဲ့ကျားသစ်ဒြပ်စင်က မီးတစ်မျိုးပဲ သူက အနက်ရောင်ကျောက်တုံးအမှုန်ရဲ့ ယင်ခါတ်ကို အာဟာရဖြစ်စေတယ် ပြီးတော့ မြင့်မားတဲ့အပူချိန်ကိုရောက်တဲ့အခါမှာ အလွယ်တကူအရည်ပျော်နိုင်တယ် ဒါဆိုယင် ဆေးလုံးမှာ အကြွင်းအကျန်ရှိတော့မှာမဟုတ်ဘူး အံ့ဩစရာကောင်းလိုက်တာ တကယ့်ကို အံ့ဩစရာပဲ ငါဘာလို့များဒီလိုမျိုး မစဉ်းစားမိပါလိမ့်

ဇူဟဲချင် ဟာအရမ်းကို အံ့အားသင့်သွားပြီး လင်းဟန်ကို စူးစူးစိုက်စိုက်ကြည့်လိုက်ပါတယ် ပြီးတဲ့နောက်မှာတော့ လင်းဟန်ကိုသူက

'''သူငယ်ချင်းလေး ကျေးဇူးပြုပြီးငါနဲ့အပေါ်ထပ်ကိုလိုက်ခဲ့ပါ ငါ မင်းကိုခေါ်သွားပါ့မယ်'''

ဇူဟဲချင်အနေနဲ့ လင်းဟန်ဟာ မော်ဆေးပညာရပ်နဲ့ပါတ်သတ်ပီး အရမ်းကို ရင်းရင်းနှီးနှီးရှိပြီးတော့ သူ့ဆီကနေ တခြားဆေးလုံးဖော်စပ်တဲ့နေရာမှာအကြံဉာဏ်တွေ တောင်းယူချင်လို့ဖြစ်ပါတယ်

''ကျနော်မလိုက်နိုင်ဘူး'''

'''ဘာလို့လဲ'''

ဇူဟဲချင်အနေနဲ့ပြာများသွားပါတယ် ဒီကောင်လေးဟာ ဆေးဖော်စပ်နည်းတွေရဲ့ စွယ်စုံကျမ်း(ဆေးဖော်စပ်နည်းတွေကို နှံ့နှံ့စပ်စပ်သိတဲ့သူလို့ဆိုလိုတာပါ) လမ်းစဉ်လျှောက်နေတဲ့သူဖြစ်နိုင်ချေများတယ်လေ

လင်းဟန်က မကျေနပ်တဲ့လေသံနဲ့ မာဒုချန်ကို ကြည့်ပြီးပြောလိုက်ပါတယ်

'''တစ်စုံတစ်ယောက်က ကျနောကိုထွက်သွားဖို့ မောင်းထုတ်ထားလို့ပါ'''

မာဒုချန်ဟာ ချက်ချင်းပဲဒူးထောက်လဲကျသွားပါတယ် ဒီအချိန်မှာ သူ့အနေနဲ့ တကယ်ပဲ ငိုချင်သွားပေမဲ့လဲ မျက်ရည်ကတော့မထွက်လာပါဘူး

ဇူဟဲချင်က လင်းဟန်ကို ဒီလိုမျိုးဆက်ဆံလိမ့်မယ်လို့ သူက

ဘယ်လိုလုပ်သိမှာလဲ သူသိမြင်ရသလောက် ဇူဟဲချင်က လင်းဟန်ကို အကြီးအကဲတစ်ယောက်လိုမျိုး ရှိသေလေးစားဆက်ဆံနေတာကိုမြင်လိုက်ရတယ်လေ

ဆေးဆိုင်ထဲမှာရှိတဲ့သူအားလုံး မာဒုချန်ကိုကြည့်ပြီး ခေါင်းရမ်းကုန်ပါတယ် တကယ်လို့သာ မာဒုချန်အနေနဲ့ အစကတည်းက ယဉ်ယဉ်ကျေးကျေးနဲ့ ထွက်သွားဖို့ ပြောခဲ့မယ်ဆိုယင် ပြသနာကသိပ်ကြီးမာမဟုတ်ပါဘူး အခုတော့ သူပြုထားတဲ့အတိုင်း သူပြန်ခံရပါတော့မယ်

ဇူဟဲချင်က ချက်ချင်းပဲ ခေါင်းကိုလှည့်လိုက်ပါတယ် သူ့မျက်နှာမှာတော့
ဒေါသတွေအရမ်းထွက်နေတာကိုမြင်ရမှာပါ သူအနေနဲ့ ဒေါသမထွက်ပဲဘယ်နေမလဲ

ဆေးပညာရှင်တစ်ယောက်အနေနဲ့ သူဘဝတစ်ခုလုံးကို ဆေးပညာထဲမှာမြုပ်နှံထားပီးတော့
သူ့ရဲ့မော်ဆေးပညာရပ်မှာအဆင့်တွေတိုးတက်လာအောင်နဲ့ ဆေးလုံးဖော်စပ်နည်းတွေ ရရှိဖို့ကို ကြိုးစားလာခဲ့ရပါတယ် အခုသူမျှော်လင့်ချက်အတိုင်း ဆေးဖော်စပ်နည်းကို နံနံစပ်စပ်ကျွမ်းကျင်တဲ့ ဆေးဖော်စပ်နည်းရဲ့ စွယ်စုံကျမ်း လို့ခေါ်ရမဲ့ လူငယ်လေးက သူ့အရှေ့မှာရှိနေပါပီ

ဒီအခွင့်အရေးကို သူ့အနေနဲ့ အဆုံးရှုံးမခံနိုင်ပါဘူး

ဇူဟဲချင်က ဒေါသတကြီးနဲ့အော်ဟစ်လိုက်တယ်

'''အရှူးးကောင်............ဒီမှာဘာတွေဖြစ်နေတာလဲ ငါ့ကိုရှင်းပြစမ်း'''

မာဒုချန်ဟာ ဇူဟဲချင်ရဲ့ ဒေါသအောက်မှာ သေချင်စိတ်တောင်ပေါက်သွားပါတယ် သူ့အနေနဲ့ အဖြေမပေးပဲမနေရဲပါဘူး

သူဟာ လင်းဟန်ကို အရက်ခွဲတဲ့စကားတွေကို ထပ်ပြီးမပြောခဲ့ပါဘူး အဲ့လောက်ထိတော့ သူကမတုံးဘူးလေ

'''မင်းမှာဘယ်လောက်တောင်ကြီးမားတဲ့ အာဏာရှိလို့လဲ'''

ဖြန်း

ဇူဟဲချင်က ပြင်းထန်တဲ့လက်ဖဝါးရိုက်ချက်တစ်ချက်ချလိုက်ပါတယ် အဲဒီလက်ဖဝါးချက်က မာဒုချန်ကို သုံးပါတ်လောက်လည်ထွက်သွားစေခဲ့ပါတယ်

'''မင်းက အဲဒီဆေးပင်နာမည်တွေမကြားဖူးတာနဲ့ပဲ သူတို့က တကယ်မရှိဘူးလို့ ဆိုလိုချင်တာလား ဒါဆိုယင် ထောင်ပေါင်များစွာသော ဆေးပင်တွေကို မင်းမကြားဖူးတာနဲ့ပဲ ဒီကမ္ဘာကနေ ဖယ်ရှားပေးရမှာလားကွဟင် ငါမင်းကိုပြောမယ် အဲဒီဆေးပင်ငါးမျိုးဟာ တကယ်ပဲ ရှိတယ်ကွ'''

ခရမ်းရောင်ကြာပန်းမြက်ကို သစ်သားသိမ်းငှက်ချိုင့်ပှမ်းမှာ ရှာဖွေတွေ့ရှိနိုင်ပါတယ်

အပြာရောင်အခက်သစ်သီးကိုတော့
တောင်တန်းတစ်ရာထဲက
ချိုင့်ပှမ်းတစ်ခုမှာရှာတွေ့နိုင်ပါတယ်
နှစ်တစ်ရာသက်တမ်းရှိတဲ့ဂါးကတော့
ယန်စွမ်းအင်တွေသိပ်သည်းတဲ့နေရာမှာ ပေါက်ပီးတော့
အနီရောင်အရွက်အားလူးကိုတော့
မီးတောင်ပြာမှုန့်တွေရဲ့အောက်မှာ ရှာတွေ့နိုင်ပါတယ်
သေလွန်သစ်ပင်ရဲ့ အမြစ်ကတော့ ရှားပါးပါတယ် သူ့ကိုတော့
သက်တမ်းတစ်ရာကျော်တဲ့
သစ်ပင်ရဲ့အိုမင်းနေတဲ့သစ်မြစ်ရဲ့အောက်မှာပဲရှာဖွေတွေ့ရှိနိုင်ပါတယ်

မာဒုချန်အနေနဲ့ အဆက်မပြတ်တောင်းပန်နေပါတယ်

'''ကျနော်မှားပါတယ် ကျနော်မှားပါတယ် ကျနော်ဟာတကယ်စဥ်းစားဥာဏ်မရှိခဲ့ပါဘူး ကျနော်ဟာအသုံးမကျတဲ့လူတစ်ယောက်ပါ'''

ဇူဟဲချင်က
လင်းဟန်ဆီကိုနောက်တကြိမ်လှည့်လိုက်ပီးတော့

'''သူငယ်ချင်းလေး တောင်းပန်ပါတယ် တကယ့်ကိုတောင်းပန်ပါတယ်'''

ဇူဟဲချင်ရုတ်တရက် သတိရသွားတယ် သူဆရာ ထွက်မသွားခင်တုန်းက သူ့ဆရာဆီကနေ သူကြားဖူးတာက လင်းဟန် ဂယ်ယူချင်နေတဲ့ ဒီဆေးပင်ငါးမျိုးကို ကျင့်ကြံသူတွေရဲ့ စိတ်ဂိဉာဥ် အခြေခံကို ပြန်လည်ကုသတဲ့နေရာမှာအသုံးပြုတဲ့ ဆေးဖော်စပ်တဲ့နည်းလမ်းတစ်ခုကို သွားသတိရမိတယ် အဲဒီအချိန်က သူ့ဆရာက နမြောတသနဲ့နောင်တရစွာပြောခဲ့တာကို ပြန်သတိရမိတယ် ဒီဆေးဖော်စပ်နည်းက ဆေးပင်တွေကို ဆေးလုံးအဖြစ်

ဖော်စပ်ဖို့မလိုဘူး ဒါပေမဲ့ သူ့ရဲ့ ဆေးစွမ်းအကျိုးသက်ရောက်မှုကတော့ အံ့မခန်းပဲ ကံမကောင်းတာက နှစ်တွေကြာလာတဲ့အချိန်မှာ ပါဂင်ပစ္စည်းဆေးအမယ်တွေရဲ့နာမည်တွေကိုပဲ မှတ်မိကြပြီးတော့ ဆေးဖော်စပ်နည်းကတော့ ပျောက်ကွယ်သွားခဲ့တာကြာလှပြီလေ

ဇူဟဲချင်အနေနဲ့ သူ့ဆရာပြောခဲ့တာတွေကို ရုတ်တရက်သတိရသွားပြီး သူ့အမူအရာတွေက လင်းဟန်အပေါ်မှာ အရမ်းကိုစိတ်ဂင်စားသွားပါတယ် ဖြစ်နိုင်တာက လင်းဟန်အနေနဲ့ဒီဆေးပင်တွေကိုဂယ်ယူပြီးတော့ ဒြပ်စင်နှလုံးသားကာကွယ်ဆေးမှုန့်ကိုဖန်တီးမလို့များလား

လူအိုကြီးကတော့ သူ့ရဲ့နှလုံးခုန်မြန်လာတာကို မထိန်းချုပ်နိုင်တော့ပါဘူး

တကယ်လို့သူသာ ဒီဆေးဖော်စပ်နည်းကို ရယူနိုင်ခဲ့ပြီးတော့ သူ့ဆရာသခင်ကို ပေးနိုင်ခဲ့မယ်ဆိုယင် သူ့အဆရာအနေနဲ့သူ့ဘဂတလျှောက်လုံးမှာ အရမ်းကိုပျော်ရွှင်သွားနိုင်ပါတယ်

'''သူငယ်ချင်းလေး မင်းဒီဆေးအမယ်တွေကို ဂယ်ယူချင်တာက ဖြစ်နိုင်တာက မင်း...........ဖော်စပ်မဲ့ဆေးက..........'''

လင်းဟန်ကခေါင်းငြိမ့်လိုက်ပီး အမှန်အတိုင်းပဲပြောလိုက်ပါတယ်

'''ဒြပ်စင်နလုံးသားကာကွယ်ဆေးမှုန့် ပါ ကျနော့်ရဲ့ စိတ်ဂိဉာဉ်အခြေခံက အနည်းငယ်ဒါဏ်ရာရခဲ့တယ်လေ'''

ဖူး:::::::::::::::

မာဒုချန် အံ့အားသင့်သွားပါတယ် သူသိရသလောက် သိုင်းပညာရှင်တွေအတွက် စိတ်ဂိဉာဉ်အခြေခံ ဒါဏ်ရာရတာဟာ ရှောင်လွဲလို့မရပါဘူး ဒါပေမဲ့ ဒါဏ်ရာကို ပြန်လည်ကောင်းမွန်အောင်လုပ်ဖို့
နည်းလမ်းမရှိဖူးလို့သိထားပါတယ် လင်းဟန်ပြောတဲ့ စကားကိုကြည့်ရတာ ဒီဒါဏ်ရာကိုပြန်လည်ကုသဖို့အတွက် သူ့အနေနဲ့
ကိတ်မုန့်တစ်လုံးကိုစားရသလိုလွယ်ကူတဲ့ပုံစံဖြစ်နေပါတယ်

လှိုဟုထန်ရဲ့မျက်လုံးများဟာလဲ

အရောင်တောက်ပသွားပါတယ် သူမဟာ လှီကလန်ရဲ့ မင်းသမီးတပါး ဆေးပညာရှင်တစ်ယောက်မဟုတ်ပေမဲ့လဲ သူမအနေနဲ့ အရမ်းကိုတန်ဖိုးကြီးမားတဲ့ ဆေးလုံးတွေအကြောင်းကိုသိထားပါတယ် အမြဲလမင်း ဆေးလုံးလိုမျိုး စိတ်ဂိဉာဉ်ကိုကုသပေးနိုင်တဲ့ ဆေးအကြောင်းတွေကိုပေါ့

လင်းဟန် လင်းဟန် မင်းမှာ လျှို့ဝှက်ချက်တွေဘယ်လောက်တောင်ဖုံးကွယ်ထားတာလဲ

လင်းဟန်အပေါ်မှာ သူမအနေနဲ့ ပိုပိုပြီးတော့စိတ်ဝင်စားလာခဲ့ပါတယ် အခုချိန်မှာ လင်းဟန်ကသာ သူမကို နောက်လိုက်အဖြစ်မလိုချင်တော့ဘူးဆိုယင်တောင်မှ သူမက သူမသဘောနဲ့ဆက်နေဦးမှာပါ

အပိုင်း(၈) ငြိမ်သက်ခြင်း

'''သူငယ်ချင်းလေး ကျေးဇူးပြုပြီး ထိုင်ပါ'''

ဇူဟဲချင် က ယဉ်ယဉ်ကျေးကျေးပဲဖိတ်ခေါ်လိုက်ပါတယ် သူ့အနေနဲ့ အနက်ရောင်အဆင့်

မျော်ဆေးပညာရှင်ဖြစ်နေပေမဲ့လဲ မာနတွေကို မဖော်ပြပဲ တလေးတစားနဲ့ဖိတ်ခေါ် လိုက်တာပါ

"'ငါအာမခံပါတယ် ငါးရက် မဟုတ်သေးဘူး သုံးရက် ဒီသုံးရက်အတွင်းမှာ မင်းလိုချင်တဲ့ ဆေးပင်တွေကို ပို့ဆောင်ပေးပါ့မယ်"

"'ကောင်းပြီ'"

လင်းဟန်အနေနဲ့အယင်ဘဂတုန်းကလိုမာနအရမ်းကြီးနေလို့ မဖြစ်ပါဘူး အခုသူဟာပြန်လည်မွေးဖွားလာတာပါ ဒါကြောင့်မို့လို့ သူ့အနေနဲ့ သူ့ဘက်မှာရပ်တည်မဲ့ လူတွေနဲ့ မိတ်ဆွေဖွဲ့ထားပြီး သူ့ရဲ့ ကွန်ယက် ကိုချဲ့ဖို့လိုအပ်နေပါသေးတယ် ဆိုလိုတာက မာဒုချန်လို သာမာန်ပုံရိပ်အတွက်
သေးငယ်တဲ့ပြစ်ဒါဏ်ကလုံလောက်ပါပီ သူ့အဆင့်အတန်းကို သူ့အနေနဲ့ မာဒုချန်တို့လို ပုံရိပ်အဆင့်အတန်းလို တူညီအောင်နေလို့ မဖြစ်ပါဘူး

ဇူဟဲချင် အရမ်းကိုကျေနပ်သွားပြီးတော့ လင်းဟန်နဲ့ လွီယုထန်ကို ဦးဆောင်ကာ တတိယထပ်ကိုသွားကြပါတယ်

'''ငါမေးချင်တာက သူငယ်ချင်းလေးရဲ့ ဆရာသခင်က ဘယ်သူများပါလဲ'''

'''ကျုပ်မှာ ဆရာမရှိဘူး ကျုပ်ဘာသာပဲ လေ့လာတတ်မြောက်တာပဲ'''

လင်းဟန်ရဲ့အယင်ဘဂက သူဟာ အရမ်းကိုစွမ်းအားကြီးမားတဲ့ အဖွဲ့အစည်းတွေကိုသွားရောက်ခဲ့ပြီး မော်ဆေးပညာအားလုံးမှာ ကျွမ်းကျင်ခဲ့ပါတယ် ပြီးတော့သူ့ရဲ့ ကိုယ်ပိုင်တီထွင်ကြံဆမှုတွေကြောင့်ပဲ သမိုင်းမှာ အကြီးမြတ်ဆုံးသော မော်ဆေးပညာရှင်ဖြစ်လာခဲ့တာပါ

ဇူဟဲချင် ကတော့ မယုံပါဘူး လင်းဟန်က ငယ်ရွယ်သေးတယ်လေ ဘယ်လိုလုပ်ပြီးတော့ ဆေးပညာဗဟုသုတကို နက်နက်ရှိူင်းရှိူင်းနားလည်မှာလဲ ဒါပေမဲ့လည်း သူဟာ လင်းဟန်အပေါ်မှာ အရမ်းကို စိတ်ဂင်စားနေပါတယ် ပြီးတော့ လင်းဟန်ကို ကောင်းကင်ဆေးအိမ်တော်ကို ဆက်သွယ်ဖို့ကိုလဲ ဆန္ဒရှိနေခဲ့ပါတယ် ဒါကြောင့် လင်းဟန်ရဲ့အရည်အချင်းကို စစ်ဆေးချင်တာနဲ့ မြောက်များစွာသော မေးခွန်းတွေကို ဆက်တိုက်မေးမြန်းလိုက်ပါတယ်

လင်းဟန်ကတည်တည်ငြိမ်ငြိမ်နဲ့ပဲ သူ့ရဲ့မေးခွန်းတွေကို အကုန်လုံးဖြေကြားသွားခဲ့ပါတယ် သူဟာ ဂရန်းမာစတာမှော်ဆေးပညာရှင်တစ်ယောက်ပါ လက်ရှိရောအတိတ်မှာပါ မှော်ဆေးပညာရပ်မှာ ဘယ်သူကများသူနဲ့နိုင်းယှဉ်နိုင်လို့လဲ သူတို့ရဲ့ဆွေးနွေးမှုကအချိန်တွေတဖြေးဖြေးကြာလာတာနဲ့အမျှ ဇူဟဲချင်ရဲ့မျက်နှာမှာ ပိုပြီးတော့ ရှိသေလေးစားမှုတွေဖြစ်ပေါ်လာခဲ့ပါတယ်

အကယ်ဒမီမှာ စီနီယာရယ်လို့မရှိဘူး သင့်မှာသာအရည်အချင်းရှိယင် ဆရာဖြစ်နိုင်တယ်

အစပိုင်းမှာတော့ ဇူဟဲချင်က လင်းဟန်ကို သူငယ်ချင်းလေးလို့ခေါ်ပြီး သူကတော့ မြင့်မားတဲ့အဆင့်ကနေ နေတယ် ဒါပေမဲ့ လျှင်မြန်စွာပဲ သူဟာပြောင်းလဲသွားပြီးတော့ လင်းဟန်ကို မှော်ဆေးပညာရှင်ရောင်းရင်း လို့ခေါ်ပေါ်ခဲ့ပါတယ် အဆုံးသတ်မှာတော့ သူ့ရဲ့နဖူးကနေ အေးစက်နေတဲ့ချွေးတွေပျံထွက်လာပြီးလင်းဟန်ရဲ့သင်ကြားမှုတွေကို နားထောင်ပြီးတဲ့နောက်မှာ သူဟာ ပညာသင်တစ်ယောက်လိုခံစားရပါတော့တယ်

သူ့နှလုံးသားထဲမှာတော့ လင်းဟန်ဟာ အရမ်းကိုမြင့်မားတဲ့အဆင့်အတန်းကိုရောက်ရှိလို့နေခဲ့ပါပြီ သီအိုရီသဘောတရားအရပြောရမယ်ဆိုယင် လင်းဟန်ကသူ့ဆရာထက်တောင်မှ သာလွန်သွားခဲ့ပါပြီ

'''ဂရန်းမာစတာ ကျနော် သင့်ဘေးမှာလိုက်ပီးတော့ သင့်ရဲ့သင်ကြားမှုတွေကို ဆက်ပြီး နားထောင်ပါရစေ'''

ဇူဟဲချင် ကဒီလိုပြောလိုက်တဲ့အခါမှာတော့ လွီယုထန်ဟာ သေချင်လောက်အောင်ကို အံ့အားသင့်သွားပါတော့တယ် ဒါပေမဲ့ သူမသေချာပြန်စဉ်းစားလိုက်တော့လဲ ဒါဟာ လောကကြီးရဲ့သဘာဝပဲလေ သို့ပေမဲ့လည်း တကယ်လို့သာ အင်ပါယာမြို့က
အင်အားကြီးကလန်တွေသာဒီအကြောင်းကိုသိသွားမယ်ဆို ယင် မနာလိုဖြစ်ပြီးတော့ တောင် သေသွားပါလိမ့်မယ် ဒါကတကယ်ပဲ အနက်ရောင်အဆင့်နိမ့် မော်ဆေးပညာရှင်လေ အဆင့်နိမ့်ဆိုပေမဲ့လဲ အနက်ရောင်အဆင့်ဆိုတာက ဒီလိုမျိုးမနာလိုမှုဖြစ်ဖို့ လုံလောက်ပီမဟုတ်လား
လွီယုထန်အနေနဲ့အရမ်းကိုအံ့အားသင့် သွားပြီးတော့ လင်းဟန်ရဲ့နောက်လိုက်အဖြစ်နေရတဲ့

စိတ်မသက်မသာခံစားမှုဟာလဲ အနည်းငယ်လျော့ကျသွားခဲ့ပါတယ် ရှုဟဲချင်လို ဂရန်းမာစတာမှော်ဆေးပညာရှင်တောင်မှ လင်းဟန်နောက်ကို လိုက်ဖို့ တောင်းပန်နေရသေးတာပဲ သူကဘာအတွန့်တက်စရာလိုလို့လဲ

လင်းဟန်ခေါင်းခါလိုက်တယ်

'''ဒီအချိန်မှာ တပည့်လက်ခံဖို့ စိတ်မဝင်စားသေးဘူး'''

အမှန်တော့ ရှုဟဲချင်ဟာ မှော်ဆေးပညာရပ်မှာပဲပါရမီပါတာပါသူ့ထင်မြင်ချက်အရတေ ာ့ ဒါကသာမာန်ပါပဲ သူ့အယင်ဘဝတုန်းက တပည့်သုံးယောက်လက်ခံခဲ့ပြီး အားလုံးဟာ အံ့သြစရာကောင်းလောက်အောင် ထူးချွန်ထက်မြက်တဲ့ပါရမီရှင်တွေချည်းပါပဲ

ရှုဟဲချင် ဟာသိမ်ငယ်သလိုတောင်ခံစားလိုက်ရပါတယ် သူ့အနေနဲ့ လင်းဟန်ကဘာလို့ငြင်းပယ်လဲဆိုတာကို သိခဲ့ပါတယ် သူ့ရဲ့မှော်ဆေးပညာရပ်ပါရမီ ဟာ သာမာန်ပါပဲ ဒါကြောင့် တစ်ဖက်လူရဲ့ တပည့်ဖြစ်ဖို့ အရည်အချင်းမမှီခဲ့ပါဘူး ဒါဟာ သဘာဝပါပဲ ပြီးတော့

လင်းဟန်ရဲ့ မော်ဆေးပညာရပ် နားလည်မှုနဲ့ ဗဟုသုတတွေက အရမ်းကိုမြင့်မားတဲ့အဆင့်မှာရှိနေပါတယ် သူ့အနေနဲ့ အပေါ့ကနေ လေးစားအားကျယုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး လင်းဟန်ရဲ့ တပည့်အဖြစ်လက်ခံဖို့ကိစ္စက အရမ်းကိုမျှော်လင့်ချက်ထားရာရောက်နေပါတယ်

လွီယုထန်ကိုယ်တိုင်တောင် လင်းဟန်ရဲ့ငြင်းပယ်မှုကို အံ့ဩသွားခဲ့ပါတယ်

ဒီလူက အနက်ရောင်အဆင့်နိမ့်မော်ဆေးပညာရှင်လေ

တကယ်လို့သာ ဇူဟဲချင်ကသာလက်ခံမယ်ဆိုယင် မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုကိုယ်တိုင်လာရောက်တွေ့ဆုံပြီးတော့ မင်းသမီးတစ်ပါးပါးနဲ့တောင် လက်ထပ်ထိမ်းမြားပေးနိုင်ပါသေးတယ် အဲဒီလိုလူမျိုးကိုတောင် လင်းဟန်က ဘာမှသိပ်မစဉ်းစားပဲ ငြင်းပယ်လိုက်တယ်ဟုတ်လား

ဒီကောင် တကယ့်ကိုလွန်တာပဲ

'''ဒါပေမဲ့ ခင်ဗျားအနေနဲ့ တချို့အရာတွေမှာ နားလည်ဖို့ခက်ခဲတဲ့ ပြဿနာတွေကြုံနေခဲ့ရတယ်ဆိုယင် ခင်ဗျားကြိုက်တဲ့အချိန် လင်းကလန်ကိုလာပြီးတော့ ကျုပ်ကိုတွေ့ဆုံမေးမြန်းနိုင်တယ်'''
'''ကျေးဇူးအများကြီးတင်ပါတယ် ဆရာလေး တကယ့်ကိုကျေးဇူးအများကြီးတင်ပါတယ်'''

ဇူဟဲချင်က လင်းဟန်ကို ထပ်ခါတလဲလဲ ကျေးဇူးတင်စကားပြောနေပါတယ်

လွီယုထန်ကတော့ ပြောစရာစကားကိုမရှိတော့ပါဘူး တကယ်လို့ ဒီမြင်ကွင်းကိုသာ တခြားလူတွေမြင်ခဲ့မယ်ဆိုယင် သူတို့မျက်လုံးတွေပြူးထွက်ကုန်မှာသေချာပါတယ် တော်ဝင်အဆင့်ရှိတဲ့ အနက်ရောင်အဆင့်မှော်ဆေးပညာရှင်က လင်းဟန်ရဲ့အရှေ့မှာ တပည့်တစ်ယောက်လိုမျိုး ရိုကျိုးဆက်ဆံနေပြီးတော့ သူ့ကို လာရောက်လည်ပါတ်ခွင့်ပြုတာကပဲ ဂုဏ်ယူဂမ်းမြောက်နေလို့ပဲဖြစ်ပါတယ်

''ကောင်းပြီ ငါတို့ပြန်တော့မယ်''

ရှုဟဲချင် လျှင်လျှင်မြန်မြန်ပဲပြောလိုက်ပါတယ်

'''ကျနော် အပေါက်ဂထိလိုက်ပို့ပေးပါ့မယ်.......'''

လင်းဟန်က လို့ယုထန်ဆီကိုလှည့်ကြည့်လိုက်ပြီးတော့

'''အာ.......ယုထန် မင်းဆီမှာ ပိုက်ဆံပါလာတယ်မဟုတ်လား ငါဆေးတချို့ဝယ်မလို့ ငါ့ကိုခဏချေးစမ်းပါ.......'''

ရှုဟဲချင် သူ့လက်ကိုအမြန်ခါရမ်းလိုက်ပြီးတော့

'''မလိုပါဘူး မလိုပါဘူး'''

လင်းဟန်ဆီကနေ ကနေ့ သူကြားခဲ့ရတဲ့ ဆေးပညာဗဟုသုတတွေဟာ တန်ဖိုးမဖြတ်နိုင်ပါဘူး သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ဆီကနေ ဆေးတွေ အတွက် အခကြေးငွေဘယ်လိုလုပ်ပြီးတော့များ ယူရဲမှာလဲ

'''ကြီးမြတ်သောဆရာသခင် ကျေးဇူးပြုပြီး ကျနော်ရဲ့ရိုသေလေးစားမှုကိုပြသတဲ့အနေနဲ့ ကျသင့်ငွေကို

ကျနော်ကိုယ်တိုင်ပဲပေးပါရစေ'''

လင်းဟန်အနည်းငယ် တုံဆိုင်းသွားပြီးတော့

'''ဒါဆိုလည်း ခင်ဗျားသဘောပါပဲ'''

သူက အမှန်တကယ်မော်ဆေးကေရာဇ်လေ ကြည့်ရတာ ရှူဟဲချင် ကိုသူအနေနဲ့ အနည်းအကျဉ်းလောက်သင်ကြားပေးလိုက်တာပါပဲ.......... သူ့အနေနဲ့ နည်းနည်းလောက်သာသင်ကြားပြလိုက်ပေမဲ့လည်း အဲဒီလောက်ပမာဏ က ရှူဟဲချင် ဘဝတစ်လျှောက်လုံး အကျိုးကျေးဇူးရရှိသွားတာပါ

လင်းဟန်အနည်းငယ်စဉ်းစားလိုက်ပြီးတော့

''ဒါဆို ငါ မူလစွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ ဆေးလုံးအချို့ကို ဂယ်ချင်တယ်''

ရှူဟဲချင် လျှင်လျှင်မြန်မြန်ပဲပြောလိုက်တယ်

''မူလစွမ်းအင်ပြန်ဖြည့်ဆည်းတဲ့ဆေးလုံးလား

ဒီလိုဈေးနိမ့်တဲ့ပစ္စည်းမျိုးကို ကြီးမြတ်တဲ့ဆရာအနေနဲ့ ဂယ်ဖို့မသင့်ပါဘူး ပြီးတော့ ကျနော့အနေနဲ့ ဒီဆေးလုံးတွေကို ပြုလုပ်ထားပါတယ် ဒါတွေကို လက်ဆောင်အနေနဲ့ ပေးပါရစေ"

လွီယုထန် နောက်တကြိမ်ပြောစရာစကားမရှိဖြစ်သွားပါတယ် မူလစွမ်းအင် ဆေးလုံးဟာ သိုင်းပညာရှင်ရဲ့ မူလစွမ်းအားတွေကို လျင်လျင်မြန်မြန်ပြန်ဖြည့် နိုင်ပါတယ် ဒါဟာ တိုက်ပွဲယှဉ်ဆိုင်နေချိန်အတွင်းမှာ အကျိုးရှိပါတယ်

လင်းဟန်အနေနဲ့ အဆင့်နိမ့်မူလစွမ်းအင်ဆေးလုံးကိုအလိုရှိတာဖြစ်ပေမဲ့ ဆေးတစ်လုံး ကိုပဲ ငွေသုံးပြားအနည်းဆုံးကျသင့်မှာဖြစ်ပါတယ်

ဖူဟဲချင်က ချက်ခြင်းပဲ လင်းဟန်ကို မူလစွမ်းအင်ဆေးလုံးတစ်ရာလောက်ထုတ်ပေးလိုက်ပါတယ် သေချာတာကတော့ အဆင့်မြင့် မူလစွမ်းအင်ဆေးလုံးတွေချည်းပါပဲ

လင်းဟန်နဲ့ လွီယုထန်တို့ဟာ အောက်ထပ်ကိုဆင်းလာခဲ့ပီးတော့

ဆိုင်ထဲကနေပြန်ထွက်လာခဲ့ကြပါတယ် သူတို့ကို ဖူဟဲချင် ကိုယ်တိုင် အပေါက်ဂဝထိ လိုက်ပို့ပေးခဲ့တာပါ

လွီယုထန်က လင်းဟန်ကိုမေးလိုက်တယ်

'''ငါတို့အခုဘယ်ကိုသွားကြမလဲ'''

'''ပုံမှန်အတိုင်းဆို အိမ်ကိုပြန်မယ် ပြီးတော့ ဆေးပင်တွေလာပို့တာကိုစောင့်ရမယ်လေ'''

ပထမဆုံးအနေနဲ့ စိတ်ဂိညာဉ်အခြေခံကို မကုသပဲနဲ့ လင်းဟန် ကျင့်ကြံမှုကိုစလို့မရပါဘူး

လွီယုထန်က အလေးအနက်ထားပြီးမေးလိုက်ပါတယ်

''''နင်တကယ်ပဲ ဆေးလုံးဘယ်လိုဖော်စပ်ရမလဲဆိုတာကို သိလို့လား'''

'''ဒီကမ္ဘာမှာ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ငါ့လောက် ဆေးဖော်စပ်နည်းကိုသိမှာလဲ'''

'''နင်က အရမ်းကြွားတာပဲ'''

လင်းဟန်က ဇူဟဲချင်ကို ရပ်တန့်သွားအောင်လုပ်နိုင်ပေမဲ့လည်း ဇူဟဲချင်က အနက်ရောင်အဆင့်မှော်ဆေးပညာရှင်ပဲရှိပါသေးတယ် သူ့ရဲ့အထက်မှာ မြေကြီးအဆင့် နဲ့ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေအများကြီးရှိနေပါသေးတယ်

လင်းဟန် သူမနဲ့ဖက်ပြီး ငြင်းမနေတော့ပါဘူး သူ့ရဲ့သမိုင်းတွင်ခဲ့တဲ့အချိန်က အရမ်းကို ကြာလွန်းခဲ့ပီလေ

လွီယုထန်က ထပ်မေးလိုက်တယ်

'''နင်ဘာလို့ ဂရန်းမာစတာ ဇူဟဲချင်က နင့်နောက်လိုက်မှာ လက်မခံခဲ့တာလဲ သူက မှော်ဆေးပညာရှင်သာမကဘူး နွေဦးစမ်းရေ
အဆင့်စစ်သည်တော်တစ်ဦးလည်းဖြစ်တယ်လေ'''

လင်းဟန် သူ့ခြေလှမ်းကိုခဏရပ်လိုက်ပီးတော့ လွီယုထန်ကိုလှည့်ကြည့်လိုက်ပီးတော့
အရှေ့ကိုဆက်လျှောက်သွားပါတယ်

'''ပထမအချက်က မင်းရဲ့စိတ်ဂိဉာဉ်အခြေခံက

ကောင်းကင်အဆင့်ဖြစ်ပြီး မင်းကအခုဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့် ၈ ကိုရောက်နေပြီးတော့ နေ့ဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ခြေတစ်လှမ်းပဲလိုတော့တယ်လေ

ဒုတိယအချက်ငါ့ါအတွက် ဆေးဖော်စပ်ပေးဖို့ တခြားလူမလိုအပ်ဘူး

တတိယအချက်က တကယ်လို့ ငါ့ါဘေးမှာ တစ်စုံတစ်ယောက်လိုက်ပါလာမယ်ဆိုယင် အဘိုးအိုကြီးထက်စာယင် ချောမောလှပတဲ့ မိန်းကလေးပဲဖြစ်ရမှာပေါ့""

လွီယုထန် စကားတောင်မပြောနိုင်တော့ပါဘူး ဒါပေမဲ့လဲ လင်းဟန်ရဲ့စကားတွေက သူမနလုံးသားထဲမှာ အနည်းငယ်တော့ ကျေနပ်မှုကိုဖြစ်စေခဲ့ပါတယ်
"ကောင်းပြီ အယင်ဆုံးငါတို့ အိမ်ကိုပြန်ကြမယ် ပြီးယင် မင်းကို လျှို့ဂှက်ဆန်းကြယ်ယင်သုံးပါး ကို သင်ကြားပေးရဦးမယ်"'

လွီယုထန် တစ်ယောက်သူမရဲ့ စိတ်လှုပ်ရှားနေမှုကို မထိန်းချုပ်နိုင်ပဲ လျှင်လျှင်မြန်မြန်နဲ့

လမ်းလျှောက်လိုက်ပါတယ်အကြောင်းပြချက်မရှိပဲ သူမကို သတိမေ့လဲကျသွားစေတဲ့ ဒီရောဂါဆိုးကြီးကို သူမအနေနဲ့ ခံစားရတာတော်တော်ကြာနေပါပြီ

သူတို့နှစ်ယောက်လင်းကလန်ကိုပြန်ရောက်လာတဲ့ လမ်းတစ်လျှောက်မှာ အစေခံတွေက ကြောက်လန့်တကြားနဲ့ ဖြစ်နေတာကိုတွေ့ရပါတယ် အစေခံတွေအနေနဲ့ မနက်က ဘာတွေဖြစ်သွားတယ်ဆိုတာကို သေချာပေါက်ကြားသိပြီးဖြစ်ပါတယ်

ဒီလိုအံ့သြစရာကောင်းတဲ့ဖြစ်ရပ်ဟာ ကလန်အတွင်းမှာလျင်လျင်မြန်မြန်နဲ့ပဲ သတင်းပျံ့သွားခဲ့တာပါ

လင်းဟန်က သူ့အခန်းထဲကို လှီယုထန်ကိုခေါ်ဆောင်သွားပြီးတော့ အချိန်မဆိုင်းပဲ လျှို့ဝှက်ဆန်းကြယ်ယင်သုံးပါး ပညာကိုသင်ကြားပေးဖို့ စတင်လိုက်ပါတယ်

လှီယုထန်က ချက်ချင်းမေးလိုက်တယ်

'''ငါ့စကားတွေကို ငါပြန်ရုတ်သိမ်း လိုက်မှာကို

နင်မကြောက်ဘူးလား'''

လင်းဟန်ကပြန်မေးလိုက်တယ်

"နင်လုပ်မာလား"

အပိုင်း(၉) ကျင့်ကြံခြင်းနည်းလမ်းများ သင်ကြားပေးခြင်း

ဟုတ်ပါတယ် အခုဆို လှိုယုထန်တစ်ယောက် တုံ့ဆိုင်းနေပါတယ် ပုံမှန် အနေအထားနဲ့ဆိုယင်တော့ သူမလိုမိန်းကလေးဟာ လင်းဟန်ဘေးကနေ စွန့်ခွာသွားဖို့ တကယ်ပဲဆန္ဒရှိနေခဲ့တာပါ ဒါပေမဲ့ စောစောပိုင်းကဖြစ်သွားတဲ့ကိစ္စတွေမှာ လင်းဟန်ရဲ့ အံ့မခန်းပြုမူလုပ်ဆောင်သွားချက်တွေကြောင့်သူမအနေနဲ့ လင်းဟန်ဘေးမှာ ဆက်ရှိနေချင်သေးပါတယ်သူ့ရဲ့အံ့မခန်းစွမ်းဆောင်ရည်တွေ ဘယ်တော့များပီးဆုံးမလဲဆိုပြီး သူမအနေနဲ့စောင့်ကြည့် ချင်ပါသေးတယ်

''' ဖြစ်လည်းဖြစ်နိုင်တယ် ဖြစ်လည်းမဖြစ်နိုင်ဘူး ဘယ်သူကများသေချာပေါက် ပြောနိုင်မှာလဲ'''

လွီယုထန်က လင်းဟန်ကို မတင်မကျအဖြေပေးလိုက်ပါတယ်

လင်းဟန်ဟက်ဟက်ပက်ပက် ရီမောလိုက်ပါတယ်

တကယ်လို့များ လွီယုထန်က သူ့ကို ပြင်ပြင်သာသာ ယဉ်ယဉ်ကျေးကျေးနဲ့ သူ့အပေါ်မှာ သူမက သစ္စာရှိပါတယ်လို့ ပြောမယ်ဆိုယင် သူ လုံးဝကို ယုံကြည်မှာမဟုတ်ပါဘူး ဘာဖြစ်ဖြစ်နေဖြစ်နေ သူဟာ ကြီးကျယ်မြင့်မြတ်တဲ့ကောင်းကင်အဆင့် စစ်သည်တော်တစ်ဦးဖြစ်တဲ့အပြင် မှော်ဆေးဆရာဇ် တစ်ယောက်လည်းဖြစ်ပါတယ် ဒီမိန်းကလေးရဲ့ မာနတွေကို နှိမ့်ချ ချိုးဖျက်ဖို့ ဘာလို့များမလုပ်နိုင်ရမှာလဲ

'''မင်းအဂတ်စားတွေကို ချွတ်လိုက်'''

လင်းဟန်ကပြောလိုက်တယ်

လွီယုထန် ကချက်ချင်းပဲ လင်းဟန်ကို ပြင်းပြင်းထန်ထန်ကြည့်လိုက်တယ် ဖြစ်နိုင်တာက လင်းဟန်က သူမကို ကျင့်ကြံဖို့သင်ကြားပေးပြီးတော့ သူမခန္ဓာကိုယ်နဲ့ အလဲအလှယ် လုပ်ချင်နေတာလား သူမက

မသေချင်သေးတာမှန်ပေမဲ့လည်း သူမရဲ့ရောဂါအခြေနေက ပိုပိုပြီးဆိုးလာပါတယ် တကယ်လို့များ သူမခန္ဓာကိုယ်ကို အလဲ အလှယ်အနေနဲ့ အသုံးချရမယ်ဆိုယင် သေသွားတာကမှကောင်းပါဦးမယ်

'''အထင်မလွဲလိုက်နဲ့'''

လင်းဟန်ကခပ်ပြုံးပြုံးလေးပြောလိုက်တယ်

'''ငါကမင်းကို စွမ်းအင်တွေ လည်ပါတ်စေတဲ့လမ်းကြောင်းတွေကို ညွှန်ပြချင်ယုံပါပဲ ဒီကျင့်ကြံခြင်း နည်းလမ်းတွေဟာ မင်းခန္ဓာကိုယ်ထဲက ပိတ်နေတဲ့ လမ်းကြောင်းတွေကို စွမ်းအင်တွေလည်ပါတ်ပေးဖို့လိုတယ်လေ ဒါက ပုံမှန်စကားနဲ့ ရှင်းပြလို့မရဘူး မင်းလည်းသိပါတယ် ဒီလိုလုပ်တာဟာ အများအယွင်းနည်းနည်းဖြစ်သွားတယ်တောင်မှ ဆုံးရှုံးမှု့ အရမ်းကိုကြီးမားတယ်လေဒါကြောင့် ဘယ်လိုအမှားအယွင်းကိုမှ မဖြစ်အောင်လို့ ငါတို့လုပ်ဖို့လိုအပ်တယ်'''

လှို့ယုထန် ငြိမ်ကျသွားပါတယ် လင်းဟန်ပြောတာလဲ မမှားပါဘူး လူတွေရဲ့ကိုယ်ခန္ဓာမှာ သွေးကြောတွေဟာ

မရေမတွက် နိုင်အောင်ကိုရှိကြပါတယ် တကယ်လို့များ စွမ်းအင်လည်ပါတ်ခြင်းမှာ အမှားအယွင်းနည်းနည်းလေးဖြစ်သွားခဲ့ရင် ရလာမဲ့ အကျိုးရလဒ်ဟာလဲ အများကြီးကွာခြားသွားပါလိမ့်မယ်

အဓိကပြသနာက သူမက လက်မထပ်ရသေးတဲ့ မိန်းကလေးတစ်ယောက်လေ ဘယ်လိုများသူမရဲ့ အဂတ်တွေအားလုံးကိုချွတ်ပီးတော့ ယောက်ကျားလေးတစ်ယောက်လက်ကို သူမရဲ့ ကိုယ်ခန္ဓာတစ်ခုလုံးပေါ်မှာ လျှောက် နိပ်နေဖို့ ခွင့်ပြုနိုင်ရမှာလဲ

သူမအနေနဲ့အကြာကြီးစဉ်းစားပြီးတဲ့အခါမှာတော့ လင်းဟန်နဲ့ဆွေးနွေးခဲ့ပါတယ် သူမဟာ စောင်ကိုခြုံထားပြီးတော့ လင်းဟန်ကတော့ လက်ချောင်းအစား တုတ်ချောင်းကို အသုံးပြုပြီးတော့ သူမရဲ့စွမ်းအင်လည်ပါတ်ခြင်း ကို သင်ကြားပြသပေးရမှာပါ

လှီယုထန်ကအပြင်ဘက်ကိုညွှန်ပြပြီး ပြောလိုက်တယ်

'''အယင်ဆုံးအပြင်ကိုထွက်သွား'''

'''ဟော့ဟော့ ဒါကင့်ါအခန်းနော်'''

လင်းဟန်ကရီရီမောမောနဲ့ အပြင်ဘက်ကို ထွက်သွားလိုက်ပါတယ်

လင်းဟန်အနေနဲ့ လွှီယုထန်ဆီက ခေါ် သံမကြားမခြင်းအပြင်ဘက်မှာရပ်စောင့်နေခဲ့ပြီးပါတယ်

''နင်အခုဂင်လာလို့ရပီ''

လင်းဟန်အခန်းထဲကိုဂင်သွားတဲ့အခါမှာတော့ လွှီယုထန်ဟာ ကုတင်ပေါ် မှာထိုင်နေပြီးတော့ သူမရဲ့လှပတဲ့ ကိုယ်ခန္ဓာ ကိုတော့ အိပ်ယာခင်းနဲ့လွှမ်းခြုံထားပါတယ် သူမရဲ့လှပတဲ့ ဆံပင်တွေဟာ ပုခုံးထက်မှာ ရေတံခွန်လို ကျဆင်းနေပါတယ်

သူမဟာတကယ်ပဲ အသက်ရှုမှားအောင်လှရက်နိုင်လွန်းပါတယ်

လင်းဟန်က သူမကိုကြည့်လိုက်ပီး တွေးလိုက်တယ်

သူမဟာတကယ်ကိုပဲ ဆွဲဆောင်နိုင်ပြီးတော့

အလွန်အလွန်လှပတဲ့မိန်းကလေးပဲ

သူဟာအယင်ဘဝတုန်းက မိန်းမလှပေါင်းများစွာကို မြင်ဖူးခဲ့ပေမဲ့လဲ ဒီအေးစက်စက်နဲ့လှပတဲ့မိန်းမပျိုလေးဟာ သူ့ရဲ့နှလုံးသားကို အနည်းငယ်လောက် လှုပ်ရှားစေနိုင်တယ်ဆိုတာကိုတော့ ဝန်ခံရပါလိမ့်မယ်

လင်းဟန်ချက်ချင်းပဲ သူ့အတွေးတွေကို စုစည်းလိုက်ပြီးတော့ပြောလိုက်ပါတယ်

'''ကြက်ခြေခတ်ပုံစံထိုင်လိုက်ပါ ငါမင်းကို လျှို့ဝှက်ဆန်းကြယ်ယင်သုံးပါးပညာရဲ့ စိတ်စွမ်းအင်ကျင့်စဉ် ပထမအဆင့်ကို သင်ပေးမယ်'''

လင်းဟန်ဟာ ကျင့်စဉ်ကိုတစ်လုံးပြီးတစ်လုံး နှုတ်တိုက်ချပေးလိုက်တယ် ပထမတော့ လွီယုထန်ဟာ သူမရဲ့စိတ်ကို ပုံမှန်အနေအထားရောက်အောင်မထားနိုင်ပါဘူး သူမဟာ ယောကျာ်းလေးတစ်ယောက်နဲ့ အခန်းထဲမှာ အတူတူရှိနေပြီးတော့ မလုံမခြုံဝတ်ဆင်ထားရတာကြောင့်ပါ ဒါပေမဲ့လဲ သူမရဲ့ စိတ်လှုပ်ရှားနေမှုဟာမကြာခင်မှာပဲ သူမရဲ့ သိုင်းပညာနှလုံးသားက အနိုင်ယူလိုက်ပြီးတော့

လင်းဟန်ရွတ်ပြတဲ့ စကားစုတိုင်းကို သေသေချာချာနားထောင်ပြီး သူမရဲ့ မှတ်ဉာဏ်ထဲမှာ မှတ်သားထားလိုက်ပါတယ်

လင်းဟန်ဟာ လျှင်လျှင်မြန်မြန် ရွတ်ပြပေမဲ့လဲ လွှီယုထန်ဟာ အံ့သြစရာကောင်းလောက်အောင်ပဲ မှတ်ဉာဏ်ကောင်းလွန်းခဲ့ပါတယ် သူမကိုကြည့်ရတာ ဘာကိုပဲ သူမကြားရသည်ဖြစ်စေ ဘယ်တော့မှ မမေ့တဲ့ ပုံစံမျိုးပါ လင်းဟန်ဟာ စကားတိုင်းကို နှစ်ခါရွတ်ပြခဲ့တဲ့အတွက် လွှီယုထန်ဟာ စကားစုပေါင်း တစ်ထောင်နီးပါးကို မှတ်မိသွားပါတယ်

ဒါကပထမခြေလှမ်းပဲရှိပါသေးတယ်
နောက်ထပ်အရေးကြီးတဲ့ ဟာကတော့ စွမ်းအင်လည်ပါတ်ခြင်းလမ်းကြောင်းပဲဖြစ်ပါတယ်

လင်းဟန်ဟာသူ့လက်ထဲက
တုတ်ချောင်းကိုအသုံးပြုပြီးတော့ လွှီယုထန်ရဲ့ လှပတဲ့ ခန္ဓာကိုယ်ပေါ်မှာ စွမ်းအင်လည်ပါတ်ရမဲ့ နေရာတွေကို ညင်ညင်သာသာလေးဆွဲပြလိုက်ပါတယ်

တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်....ဒါဟာလွှီယုထန်အတွက်

ပထမဆုံးကျင့်စဉ်အသစ်လေ့ကျင့်တဲ့အခါမှာ
စွမ်းအင်လည်ပါတ်ခြင်း
ကိုပြုလုပ်ဖို့အတွက်လုံလောက်ခဲ့ပါတယ်
သူမဟာတကယ့်ကိုပဲ ပါရမီရှင် တစ်ယောက်ဆိုတာကို
သက်သေပြခဲ့ပါတယ်

လွီယုထန်ဟာ ကျင့်စဉ်ကိုစကျင့်တာနဲ့
လင်းဟန်ဟာအခန်းထဲက ချက်ခြင်းထွက်လာခဲ့ပါတယ်
သူ့အနေနဲ့ လွီယုထန်ရဲ့ ကျင့်ကြံနေချိန်မှာ
အနှောက်အယှက်မဖြစ်စေချင်တာကြောင့်လဲဖြစ်ပါတယ်
ပြီးတော့ သူဟာ အခန်းအပြင်ဘက်မှာ ထိုင်လိုက်ပီးတော့
သူကိုယ်တိုင်လည်း လေ့ကျင့်မှုကိုစတင်လိုက်ပါတယ်

လင်းဟန်ဟာကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုး
ကိုလေ့ကျင့်တာမဟုတ်ပါဘူး
ဘာလို့လဲဆိုတော့သူ့ရဲ့စိတ်ဝိဉာဉ်အခြေခံဟာ
မကုသရသေးလို့ပဲဖြစ်ပါတယ် သူ့အနေနဲ့ အကျိုးမရှိပဲနဲ့
မစွန့်စားခြင်ပါဘူး ဒါကြောင့်ပဲ မှော်စာလိပ်ထဲက အတိုင်း
စွမ်းအင်လည်ပါတ်ခြင်း စတင်လေ့ကျင့်လိုက်ပါတယ်
ကောင်းကင်တောင်ဖျက်ဆီးလို့မရနိုင်တဲ့ မှော်စာလိပ်ထဲက
ကျင့်စဉ်ဟာအရမ်းကိုအစွမ်းထက်လှပါတယ်
အဲဒီနည်းလမ်းအတိုင်းလေ့ကျင့်လိုက်တဲ့အခါမှာတော့

လင်းဟန်ရဲ့ ကြွက်သားတွေ သွေးကြောတွေ နဲ့ အရိုးတွေဟာ ပိုပိုပြီးတော့သန်မာလာခဲ့ပါတယ်

ငါးမိနစ်လောက်လေ့ကျင့်ပြီးသွားတဲ့အခါမှာတော့ သူ့ကိုယ်တွင်းမှာရှိနေတဲ့ စွမ်းအင်တွေဟာကုန်ဆုံးသွားပါတော့တယ် ဒါကြောင့် သူဟာ စွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ဆေးကို သောက်လိုက်ပီးတော့ လျှင်လျှင်မြန်မြန်ပဲ စွမ်းအင်တွေကို ဖြည့်ဆည်းလိုက်ပြီးတော့ နောက်ထပ် လေ့ကျင့်မှုကိုဆက်လုပ်ပါတယ်

ဆေးတိုင်းမှာ အဆိပ်ဖြစ်စေတဲ့ ဂုဏ်သတ္တိရှိပါတယ် အစပိုင်းမှာတော့ စွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ဆေးရဲ့ အာနိသင်ကအကောင်းဆုံးပါ ဒါပေမဲ့လဲ ပမာဏများများကိုစုပ်ယူလေလေဆေးလုံးရဲ့အကျိုးသက်ရေ ာက်မှုကပိုကြီးလာလေပါပဲ နောက်ဆုံးမှာတော့ သူဟာ ကုန်ဆုံးသွားတဲ့ စွမ်းအင်ရဲ့ ဆယ်ပုံတစ်ပုံကိုသာပြန်လည်ဖြည့်ဆည်းနိုင်ခဲ့ပါတယ်

လင်းဟန်ကလေ့ကျင့်နေတာကိုရပ်လိုက်ပါတယ် နေ့တစ်နေ့တာအချိန်ကလဲကုန်ဆုံးသွားခဲ့ပါပီ ဆက်လေ့ကျင့်မယ်ဆိုယင်

အကျိုးသက်ရောက်မှုသိပ်မရှိတော့ပါဘူး ဘာဖြစ်ဖြစ်သူ့ရဲ့တိုးတက်မှုကိုသူ အလွန်ကိုကျေနပ်နေပါတယ် သူ့ရဲ့ကြွက်သား သွေးကြောအရိုးအားလုံးဟာပိုသန်မာလာခဲ့ပါတယ်သူ့ရဲ့တွက်ချက်မှုအရဆိုယင်ဒါဟာ ခန္ဓာကိုယ်ပြုပြင်ပြောင်းလဲခြင်း အဆင့်သုံး နဲ့ညီမျှပါတယ် ကောင်းကင်မှော်စာလိပ်လိုခေါ်ကြတာ အံ့ဩစရာမရှိတော့ပါဘူး တကယ့်ကို အံ့မခန်းပါပဲ

လင်းဟန်အယင်ဘဂတုန်းက ခန္ဓာကိုယ်ကိုသန်မာစေတဲ့ လျှို့ဝှက်ရွှေခန္ဓာကျင့်စဉ် ကိုကျင့်ခဲ့ဖူးပါတယ် ဒါပေမဲ့လဲ ရလာတဲ့အကျိုးအမြတ်ကတော့ ကောင်းကင်မှော်စာလိပ်ကိုကျင့်လို့ရလာတဲ့ အကျိုးရလဒ်နဲ့ ဘယ်လိုမှ နိုင်းယှဉ်လို့ကိုမရပါဘူး သူတို့ကြားထဲကကွာခြားချက်က မိုးနဲ့မြေကြီးလိုပဲ အရမ်းကိုကွာလှပါတယ်

ဒါပေမဲ့ ဒီကောင်းကင်မှော်စာလိပ်ကိုလေ့ကျင့်တာက စွမ်းအင်အမြောက်အမြား ကုန်စေတယ် ပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်း ကိုထောက်ပံ့နိုင်ဖို့အတွက် တန်ဖိုးကြီးတဲ့ဆေးတွေအများကြီးလိုအပ်ပါသေးတယ် ဒါကငါ့ရဲ့လေ့ကျင့်ခြင်းအပေါ်မှာလုံးဂ မှီခိုနေတာပဲ

ဒီကောင်းကင်မှော်စာလိပ်ကအရမ်းကိုကြီးမားတဲ့စွမ်းအင်တွေရှိတယ် ဒါပေမဲ့လဲ ငါ့ရဲ့စိတ်ဝိဉာဉ်အခြေခံက အင်မော်တယ်အဆင့်ပဲဆိုတော့ ကိစ္စတော့မရှိပါဘူး

ကောင်းကင်မှော်စာလိပ်ရဲ့ ပထမအဆင့်မှာ အပိုင်းလေးပိုင်းခွဲထားတာပဲ သေဆုံးခြင်းသစ်ပင် အဆင့် ကျောက်တုံးနံရံ အဆင့် သံမဏိပြားအဆင့် နဲ့ စိန် အဆင့် ဆိုပြီးရှိတာပဲ တကယ်လို့ငါဟာ သေဆုံးခြင်းသစ်ပင်အဆင့်ကိုရောက်ခဲ့မယ်ဆို တိုက်ခိုက်မှုက ငါ့ကိုယ်ပေါ်ကိုကျရောက်လာခဲ့ယင် အသက်မရှိတော့တဲ့ သစ်ပင်ကိုဘယ်လိုထိခိုက်မှုမျိုးကမှ နာကျင်အောင်မလုပ်နိုင်သလိုမျိုး ခံစားရပြီးတော့ အသက်ရှင်တဲ့ လက္ခာဏာလည်းရှိမှာမဟုတ်တော့ဘူး ဘယ်သူကမှ ငါကအသက်ရှိနေသေးလို့ ပြောနိုင်မှာမဟုတ်ဘူး ပြီးတော့ စိန်အဆင့်ကိုသာရောက်ခဲ့မယ်ဆိုယင် ဘယ်လောက်ပဲကြီးမားတဲ့ ဒါဏ်ရာရပါစေ ချက်ခြင်းကိုပြန်လည်ကုသနိုင်သွားမယ် ဒါက တကယ့်ကို နတ်ဘုရားစွမ်းရည်ပဲ

En

လင်းဟန်ကလှည့်လိုက်ပြီး တံခါးကနေတဆင့် အတွင်းပိုင်းကိုကြည့်လိုက်ပါတယ် နတ်သမီးလေးလိုလှပတဲ့ပုံရိပ်လေး တစ်ခုဟာအပြင်ဘက်ကိုထွက်လာခဲ့ပါတယ် သူမရဲ့မျက်နှာဟာ အနည်းငယ်နီမြန်းနေပြီးတော့ လှပတဲ့ ဆွဲဆောင်မှုရှိကာ ကျေနပ်နေတဲ့ပုံလဲပေါ်နေပါတယ်

'''မင်း လျှို့ဂုဏ်ယင်သုံးမျိုးပညာရဲ့ ပထမအဆင့်ကို လုံးဝလေ့ကျင့်ပြီးသွားပြီလား'''

လင်းဟန်အနည်းငယ်အံ့သြသွားပါတယ်

''En............''

လွှီယုထန်ခေါင်းငြိမ့်ပြလိုက်ပါတယ် သူမအနေနဲ့ လင်းဟန်ရဲ့မျက်လုံးတွေနဲ့ ဆုံတွေ့ရမှာကိုအနည်းငယ် ကြောက်လန့်နေပါတယ်

လင်းဟန်သူ့ရဲ့နှလုံးသားထဲမှာတွေးလိုက်ပါတယ်

ဒီမိန်းကလေးက တကယ့်ကို ပါရမီရှင်ပဲ

အပိုင်း (၁၇)စိတ်ဂိဉာဉ်အခြေခံအား ကုသခြင်း

သိုင်းပညာရပ်လိုပဲ လျှို့ပှက်ဆန်းကြယ်ယင်သုံးပါးပညာကလဲ အဆင့်ကိုးဆင့်တောင်ရှိပါတယ် ကိုးဆင့်မြောက်က ကောင်းကင်အဆင့်ဖြစ်ပါတယ် ဒါဟာ လင်းဟန်အယင်ဘာဂတုန်းကရောက်ခဲ့တဲ့ အမြင့်ဆုံးအဆင့်ပါ

ကမ္ဘာပေါ်မှာရှိနေတဲ့ မရေမတွက်နိုင်တဲ့ ကျင့်ကြံသူတွေဟာ အဆင့်တစ်ဆယ်ကို ဘယ်သူကမှ ချိုးဖျက်ပြီး မဂင်ရောက်နိုင်ခဲ့ကြပါဘူး ဆယ်ဆင့်မြောက်ဟာ စကြာဂဠာဖြိုဖျက်ခြင်းအဆင့်ဖြစ်ပါတယ် ဒါကြောင့်ပဲ လင်းဟန်က မရေမတွက်နိုင်အောင်များပြားတဲ့ ရေးဟောင်းသမိုင်းဂင်နေရာတွေကို ခရီးထွက်ပြီး လိုက်လံရှာဖွေခဲ့ရတာပဲဖြစ်ပါတယ်

လျှို့ပှက်ဆန်းကြယ်ယင်သုံးမျိုး ပညာရပ်ရဲ့ ပထမအဆင့်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်နဲ့ သက်ဆိုင်ပါတယ် လွီယုထန်ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ကို ဖြတ်ကျော်လာခဲ့တာအချိန်တော်တော်ကြာခဲ့ပါပြီ ဒါကြောင့်လဲ သူမအတွက် လေ့ကျင့်ရတာဟာလွယ်ကူနေတာပဲဖြစ်ပါတယ် ပြသနာက သူမက ပထမအဆင့်ကို အချိန်တိုလေးအတွင်းမှာ ပြည့်စုံအောင်လေ့ကျင့်လိုက်နိုင်တာပါပဲ သူမရဲ့ပါရမီက

အရမ်းကိုကြောက်စရာကောင်းလွန်းတယ်

တစ်ခြားဖက်ကကြည့်ယင်တော့ လွီယုထန်က ယင်သွေးကြောသုံးခုကိုပိုင်ဆိုင်ထားပြီး လှိုဖုကျဆန်းကြယ်ယင်သုံးပါး ပညာရပ်ကလဲ ယင်သွေးကြောပိုင်ရှင်အတွက်သီးသန့်ပညာရပ်တစ်ခုလိုဖြစ်နေတာကြောင့် သူမရဲ့လေ့ကျင့်နှုန်းက ပုံမှန်လို့လဲပြောလို့ရတယ်

လင်းဟန်ခေါင်းငြိမ့်လိုက်ပီး

"ကောင်းပီ ဒါဆိုယင် မင်းကို ဒုတိယအဆင့်ကိုထပ်သင်ကြားပေးမယ် အချိန်မကြာခင် မင်း တတိယအဆင့်ရဲ့အရေးကြီးတဲ့ အဆင့်ကိုလေ့ကျင့်နိုင်ခဲ့မယ်ဆိုယင် ဒီယင်သုံးပါးသွေးကြောကြောင့် မင်းဘာမှဖြစ်တော့မှာမဟုတ်ဘူး သူ့ရဲ့ဆိုးကျိုးတွေလဲ မင်းအပေါ်မှာ သက်ရောက်နိုင်မှာမဟုတ်တော့ဘူး"

တတိယအဆင့်ကိုသာလေ့ကျင့်နိုင်ခဲ့ယင် သူမရဲ့ခွန်အားက နွေဦးစမ်းရေ အဆင့်နဲ့ တူညီသွားပါလိမ့်မယ်

ဒါပေမဲ့လည်း လွှီယုထန်က အခုမှ ဒြပ်စင်စုစည်းခြင်းအဆင့် ၈ ကိုပဲရောက်ရှိသေးတာပါ မကြာခင်မှာ အဆင့် ၉ ကို ချိုးဖျက် ဝင်ရောက်နိုင်တော့မှာဖြစ်လို့ နွေဦးစမ်းရေ အဆင့်ကိုရောက်ဖို့ ခြေတစ်လှမ်းလောက်ပဲလိုပါတော့တယ်

လွှီယုထန်ရဲ့ လှပချောမောတဲ့မျက်နှာလေးဟာ နီသထက်ပိုနီလာပါတယ် သင်ကြားမှုစမယ်ဆိုတာက သူမရဲ့အဂတ်တွေကို
နောက်တဖန်ထပ်ချွတ်ရဦးမယ်လို့သိထားပါတယ်

'''မင်းရဲ့စိတ်တွေ ရိုင်းရိုင်းစိုင်းစိုင်းတွေးမနေနဲ့'''

လင်းဟန်က သူမကိုကြည့်ပြီးပြောလိုက်တယ်

လွှီယုထန်တစ်ယောက် လင်းဟန်ကို ဒေါသကြီးတဲ့အကြည့်နဲ့ပြင်းပြင်းထန်ထန်ကြည့်လိုက်ပါတယ် သူမက ဘာလို့ အတွေးရိုင်းတွေဝင်မှာလဲ တကယ်ဆိုယင် လင်းဟန်သာ အတွေးရိုင်းတွေဝင်ပြီး သူမကို တစ်ခုခုလုပ်မှာကို ကြောက်နေတာပါ

သူတို့နှစ်ယောက်ဟာ ပထမအကြိမ်တုန်းကလိုပဲ အခန်းထဲကိုဝင်ပြီး လွှီယုထန်က

သူမရဲ့အဂတ်စားတွေချွတ်လိုက်ပါတယ် လင်းဟန်ရဲ့အရှေ့မှာ သူမရဲ့လှပပြီး ဆွဲဆောင်မှုအပြည့်ရှိတဲ့ ပုံရိပ်ကလေးက ပေါ်လာပြီး သွေးဆောင်ဖျားယောင်းနေပါတယ် ပထမအကြိမ်ကတော့ ဟန်ပန်မကျပေမဲ့ ဒုတိယအကြိမ်မှာတော့ အဆင်ပြေ လွယ်ကူသွားပါတယ် သူမဟာအရမ်းကို ရှက်နေပေမဲ့လည်း ဒီတကြိမ်မှာတော့ ပထမအကြိမ်ကလောက်မဆိုးတော့ပါဘူး

လင်းဟန်က ဒုတိယအဆင့်ကိုသင်ကြားပေးပြီးတဲ့အခါမှာတော့ ညအချိန်ကိုရောက်လို့လာပါပြီ လင်းဟန်က အစေခံတွေကို ညစာပြင်ဆင်ခိုင်းပြီးတော့ သူကအရင်စားထားနှင့်ပါတယ်

သုံးနာရီခန့်ကြာသော် လွီယုထန်ထွက်လာပြီးတော့ အလွန်အံ့အားသင့်စွာနဲ့ပြောလိုက်ပါတယ်

'''ဒါကိုလေ့ကျင့်ပြီးတဲ့အခါမှာ ငါ့ရဲ့လေ့ကျင့်နှုန်းကအခုဆိုယင် အယင်ကထက် ဆယ်ဆတောင်ပိုမြန်လာခဲ့တယ်'''

ဘာကိုပြောချင်တာလဲဆိုတော့ သူမဟာအခု ဒြပ်စင်စုစည်းခြင်း အဆင့် ၉ ကို ချိုးဖျက်ရောက်ရှိလို့သွားခဲ့ပါပြီ သူမအနေနဲ့ နွေဦးစမ်းရေ

အဆင့်ကိုရောက်ဖို့ နှစ်လလောက်တောင်မှ အချိန်မလိုအပ်တော့ပါဘူး အရမ်းကိုမြန်တာပဲ

လင်းဟန်က လွီယုထန်ကိုပြောလိုက်တယ်

'''လျှို့ပုက်ဆန်းကြယ်ယင်သုံးပါးပညာရပ်က ကောင်ကင်အဆင့်ကျင့်စဉ်ပဲလေ'''

လွီယုထန် လုံးဝအံ့အားသင့်သွားပါတယ် ကောင်းကင်အဆင့်ကျင့်စဉ်ဆိုတာ ဘာကိုဆိုလိုတာလဲ

လွီကလန်ဟာ အင်ပါယာမြို့မှာ အင်အားကြီးကလန် ၈ ခုထဲက တစ်ခုအပါအဝင်ဖြစ်နေရတဲ့အကြောင်းရင်းက သူတို့ဆီမှာ အနီရောင်တိမ်တိုက်ဆိုတဲ့လျှို့ပုက်ကျင့်စဉ်တစ်ခုရှိနေလို့ပဲဖြစ်ပါတယ်အဲ့ဒီကျင့်စဥ်ကအနက်ရောင်အလယ်အလတ်အဆင့် ကျင့်စဉ်တစ်ခုပဲဖြစ်ပါတယ် တစ်ချိန်တည်းမှာပဲ အင်ပါယာချီကလန်က ဒီကုန်းမြေရဲ့ ထိပ်ဆုံးမှာ အခက်အခဲမရှိ နံပါတ်တစ်နေရာမှာရပ်တည်နေရတဲ့အကြောင်းကသူတို့ဆီမှ ၇သတ်ဖြတ်ခြင်းခုနစ်ခုဆိုတဲ့လျှို့ပုက်ကျင့်စဉ်ကိုပိုင်ဆိုင်ထားလို့ပဲဖြစ်ပါတယ် အဲဒီကျင့်စဉ်က အနက်ရောင်အဆင့်မြင့်အဆင့် ကျင့်စဉ်တစ်ခုပဲဖြစ်ပါတယ်

အနက်ရောင်အဆင့်မြင့် ကျင့်စဉ်တစ်ခုဟာ အင်ပါယာတစ်ခုကိုတည်ဆောက်နိုင်စွမ်းရှိနေပြီးတော့ အနက်ရောင်အလယ်အလတ်အဆင့် ကျင့်စဉ်တစ်ခုကိုသာပိုင်ဆိုင်ထားယင် မိုးရေနိုင်ငံမှာတောင် အင်အားအကြီးဆုံးကလန် တွေထဲက တစ်ခုအဖြစ်နဲ့ နှစ်ထောင်နဲ့ချီအောင်ရပ်တည်နိုင်မှာပဲဖြစ်ပါတယ်

လင်းဟန်က သူမကို အစပိုင်းမှာ ကောင်းကင်အဆင့်ကျင့်စဉ် တစ်ခုကို သင်ကြားပေးမယ်လို့ ပြောခဲ့ပေမဲ့ သူမအနေနဲ့ သူ့ကို အရူးတစ်ယောက်လို့ပဲမြင်ခဲ့ပါတယ် ဒါကလဲ သူမကို အပြစ်တင်လို့မရပါဘူး မိုးရေနိုင်ငံရဲ့ တိမ်မီးခိုးလို မြို့ငယ်လေး မှာရှိတဲ့ ကလန်သေးသေးလေးက ကောင်းကင်အဆင့်ကျင့်စဉ်တစ်ခုကိုပိုင်ဆိုင်ထားတယ်ဆိုယင် ဒီကမ္ဘာ ဂကြီးက တကယ့်ကို ဇောက်ထိုးမိုးမျှော်ဖြစ်နေလို့ပဲဖြစ်ရမယ်လေ

'''ဒီလို ကောင်းကင်အဆင့်ကျင့်စဉ်တစ်ခု ကို နင်ကငါ့ကို ဒီအတိုင်းပဲ သင်ပေးလိုက်တယ်ပေါ့လေဟုတ်လား'''

လှီယုထန် တုန်လှုပ်ချောက်ချားနေပါတယ် သူမရဲ့နှလုံးသားထဲမှာလဲ ရှင်းပြလို့မရအောင်

ရှုပ်ထွေးလို့နေပါတယ်

လင်းဟန်ပြုံးလိုက်တယ် ဒီ လျှို့ဝှက်ဆန်းကြယ် ယင်သုံးမျိုး ပညာရပ်က တကယ်ကိုပဲ ကောင်းကင်အဆင့် ကျင့်စဉ်တစ်ခု ဖြစ်ပါတယ် ဒါပေမဲ့ လည်း ဒါက လျှို့ဝှက်ဆန်းကြယ် ယင်သွေးကြောသုံးခုပိုင်ဆိုင်တဲ့သူ ပဲကျင့်လို့ရတဲ့ ကျင့်စဉ်တစ်ခုပါ တခြားသူလက်ထဲမှာဆိုယင် ဒီကျင့်စဉ်က သုံးစားမရပါဘူး ဒါကို လင်းဟန် က လွီယုထန်ကို သေချာရှင်းပြမနေတော့ပါဘူး

ပြီးတော့ သူ့မှာ ကောင်းကင်ဘုံတောင်ချိုးဖျက်မရတဲ့ မှော်စာလိပ်ကျင့်စဉ်ရှိနေပါတယ် ဒီကျင့်စဉ်ဟာ တကယ့်ကို နတ်ဘုရားကျင့်စဉ်တစ်ခုပါ သူ့ရဲ့ပထမအဆင့်ကို နားလည်ဖို့အတွက်တောင်မှပဲ နှစ် ထောင်သောင်းနဲ့ချီ အချိန်လိုအပ်ခဲ့ ပါတယ် ဒီကျင့်စဉ်နဲ့ယှဉ်လိုက်မယ်ဆိုယင် တခြားကောင်းကင်အဆင့်ကျင့်စဉ်တွေဟာ သူ့အတွက်တော့ တန်ဖိုးမရှိတဲ့ ကျင့်စဉ်တွေပါ

ဒါပေမဲ့ ဒီအကြောင်းကိုသူမကို ပြောမပြပဲ အဲဒီအစား

'''မင်းကင့်ါရဲ့နောက်လိုက်တစ်ယောက်ပဲလေ ငါက ငါ့လူတွေကို စိတ်ပျက်အောင်မလုပ်ပါဘူး'''

လွီယုထန်က ပြောလိုက်တယ်

'''မစိုးရိမ်ပါနဲ့ နင်ရဲ့ခွင့်ပြုချက်မရပဲ ဒီကျင့်စဉ်ကိုငါတခြားဘယ်သူ့ကိုမသင်ပေးပါဘူး'''

ဘာဖြစ်ဖြစ်ပါ

လွီယုထန်မသိတာက နှစ်ထောင်ပေါင်းများစွာကြာသည့်တိုင်အောင်ပဲ ယင်သွေးကြောသုံးခုကို ပိုင်ဆိုင်တဲ့လူက အနည်းငယ်မျှသာရှိပါတယ် တကယ်လို့သူမသာ တခြားလူကိုသင်ပေးခဲ့ယင်တောင်မှ အချိန်အကြာကြီးတိုင်အောင် ဒါက အကျိုးမရှိတဲ့အလုပ်ကိုလုပ်တာနဲ့အတူတူပါပဲ တခြားတစ်ယောက်အတွက်တော့ ဒီကျင့်စဉ်ဟာ အဂါရောင်အဆင့်နိမ့်ကျင့်စဉ်တစ်ခုနဲ့တူတူပါပဲ ဒါကြောင့် ဘယ်သူကများ ဒီကျင့်စဉ်အတွက် နှစ်ထောင်နဲ့ချီအချိန်ကုန်ခံ ချင်မှာလဲ

လွီယုထန်အနည်းငယ်စိတ်ပျက်သွားပါတယ် အစောပိုင်းတုန်းက သူမရဲ့နှလုံးသားဟာအရမ်းကိုပျော်ရွှင်ပြီး

စိတ်လှုပ်ရှားနေခဲ့ပါတယ် ဒါကြောင့်မို့ လင်းဟန်ကသာ ချိုသာတဲ့စကားတွေနဲ့ သူမကို အနည်းငယ်ပြောလိုက်မယ်ဆိုယင် သူမရဲ့ ခံစားမှုတွေကို လင်းဟန်အပေါ်မှာတိုးလာခဲ့မှာပဲဖြစ်ပါတယ် ဒါပေမဲ့လဲ လင်းဟန်ကအဲလိုအတွေးမရှိတဲ့အတွက် ကောင်းမွန်တဲ့အခွင့်အရေးတစ်ခုဆုံးရှုံးသွားခဲ့ရပါတယ်

လွီယုထန်ဟာ စားပွဲဆီကိုလျှောက်လာပြီး သူမရဲ့ညစာကိုစားလိုက်ပါတယ် ပြီးတဲ့နောက်မှာ လင်းဟန်ကို

""မနက်ဖြန်ကစပြီးတော့ ငါ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ တံခါးပိတ်လေ့ကျင့်ရလိမ့်မယ် ဒါကြောင့်မို့လို့ အချိန်အနည်းငယ်လောက် နင့်ဘေးကနေပြီး လိုက်ဖို့မဖြစ်နိုင်ဘူး""

""ဟာဟာ ကိစ္စမရှိပါဘူး ဒီအတွက်စိတ်မပူပါနဲ့ ငါလည်းဒီနှစ်ရက်အတွင်းမှာ ဘယ်မှသွားဖို့အစီအစဉ်မရှိပါဘူး ဘာမှမလုပ်ခင်မှာ ငါ့ရဲ့စိတ်ဂိုဏ်းအခြေခံကိုအယင်ဆုံးပြန်ကုသဖို့လိုတယ်လေ ဒါကြောင့် ဇူဟဲချင်ပို့လာမဲ့ ဆေးပင် တွေကိုစောင့်နေဖို့ပဲလိုတယ်""

လင်းဟန်က သူ့ရဲ့အခုဒုတိယဘဝကို တန်ဖိုးထားပါတယ် သူ့ရဲ့ စိတ်ဂိဉာဉ်ကလည်းအနည်းငယ်ဒါဏ်ရာရထားပါတယ် သူ့ရဲ့သိုင်းပညာအခြေခံကို ကောင်းကောင်းမတည်ဆောက်နိုင်သေးခင်မှာ သူ့အနေနဲ့ မလိုအပ်တဲ့ပြသနာတွေမဖြစ်ရအောင် စွန့်စားမှုတွေမလုပ်ချင်ပါဘူး

လွှီယုထန်ဟာအချိန်ကုန်မခံပါဘူး သူမရဲ့ ညစာစားပြီးတာနဲ့ အခန်းထဲဝင်ပြီးတော့ အဆင့်ကိုးကို ချိုးဖျက်ရောက်ရှိနိုင်ဖို့အတွက် တံခါးပိတ်ပြီးလေ့ကျင့်ပါတော့တယ် လင်းဟန်ကလဲ သူ့ရဲ့အိပ်ယာကိုအပြင်ဘက်ကိုရွှေ့ပြီးတော့ စတင်အိပ်စက်ပါတော့တယ်

လင်းရှောင်ယွမ်နဲ့ အုပ်စုဟာ လင်းဟန်ကို အတိုင်းအဆမဲ့ မုန်းနေကြပေမဲ့လဲ လွှီယုထန်ရှိနေတဲ့အတွက်ကြောင့် ဘာမှမလုပ်ရဲကြပါဘူး လင်းဟန်ဟာလွှီယုထန် တံခါးပိတ်ကျင့်တာကနေ မထွက်လာမခြင်း စိတ်ရှည်လက်ရှည်နဲ့ အခန်းထဲမှာပဲ ဖူဟဲချင် ဆီကပို့လာမဲ့ ဆေးတွေကို စောင့်မျှော်နေခဲ့ပါတယ် ဒါကြောင့်လဲ လင်းရှောင်ယွမ်တို့အုပ်စု ဟာ သူ့ကိုဘာမှမကြံစည်နိုင်ခဲ့ပါဘူး

ဇူဟဲချင်ဟာသူပြောထားတဲ့စကားအတိုင်းပါပဲ လေးရက်မြောက်နေ့ရောက်တော့ သူကိုယ်တိုင်ပဲလာပြီးတော့ လင်းဟန်လို အပ်တဲ့ ဆေးပင်တွေကိုယူဆောင်လာခဲ့ပါတယ် ဇူဟဲချင်ရဲ့အမြင်ထဲမှာ လင်းဟန်ဟာ အလွန့်အလွန်အစွမ်းထက်လှတဲ့ မှော်ဆေးပညာရှင်အဆင့်ပါ ဒါကြောင့်မို့လဲ လင်းဟန်ကို စိတ်အနှောက်အယှက်အောင် မလုပ်ရဲခဲ့ပါဘူး ဒါကြောင့် သူကိုယ်တိုင်လာပြီးတော့ ဆေးပင်တွေကို ပို့ဆောင်ပေးတဲ့အပြင် လင်းဟန်နဲ့ မှော်ဆေးပညာအနည်းငယ်ကိုလဲ ဆွေးနွေး လိုခဲ့တာဖြစ်ပါတယ်

ဒါပေမဲ့လည်း လင်းဟန်အနေနဲ့ ဒီနေ့မှာသိပ်ပြီးစိတ်မရှည်တဲ့အတွက် ဇူဟဲချင်ကို အနည်းငယ်သာပြောပြီး မြန်မြန်ပြန် ခိုင်းလိုက်ပါတယ် သူ့ရဲ့စိတ်ဂိဉာဉ်အခြေခံကို အမြန်ဆုံးကုသနိုင်ဖို့အတွက် သူ့အနေနဲ့ ဆေးဖော်ဖို့လိုနေပြီလေ

လင်းဟန်လို မှော်ဆေးကျောရာဇ်တစ်ယောက်အနေနဲ့ ဒီဆေးမျိုးကိုဖော်စပ်ရတာက ကိတ်မုန့်တစ်လုံးကိုစားသလိုပဲ လွယ်ကူလွန်းလှပါတယ် ဒါကြောင့်လဲ အချိန်သုံးမိနစ်လောက်ကြာတဲ့အခါမှာ သူ့အနေနဲ့

ဒြပ်စင်နလုံးသားကာကွယ်ဆေး မှုန့်ကို ပြုလုပ်ပြီးသွားခဲ့ပါတယ် လင်းဟန်က ချင်ချင်းပဲ ဆေးလုံးကိုမျိုချလိုက်တယ်

အဲဒီအချိန်မှာ အပူစွမ်းအင်တစ်မျိုးက သူ့ခန္ဓာကိုယ်အတွင်းမှာ လာရောက်တိုက်ခိုက်သလိုခံစားရပါတယ် သူအနေနဲ့ ချက်ချင်းပဲ သူ့ရဲ့ ဒန်တန်ကို စစ်ဆေးကြည့်တဲ့အခါမှာ သူ့ရဲ့ ဒါဏ်ရာရနေတဲ့ စိတ်ဂိဉာဉ်ဟာဖြေးဖြေးခြင်းပြန်လည် ကောင်းမွန်နေတာကိုတွေ့ရပါတယ် စိတ်ဂိဉာဉ်တစ်ခုလုံးပြန်ကောင်းမွန်ဖို့ဆို နေ့တစ်ဂက်လောက်ပဲကြာပါလိမ့်မယ် သူလိုမျိုး နစ်ထောင်သောင်းနဲ့ချီ စောင့်မျှော်နေခဲ့ရတဲ့ လူတစ်ယောက်အတွက်တော့ ဒီအချိန်လေးက မြူမှုန်လေးတစ်ခု သာသာပဲရှိပါတယ်

ဖြေးဖြေးချင်းပဲ လင်းဟန်ရဲ့ ဒန်တန်ထဲက ဖရိုဖရဲဒြပ်စင်ငါးမျိုးကြာပန်း ဟာ လုံးဂကို ပွင့်လာပါတယ် ပြောရမယ်ဆိုယင် အရမ်းကိုလှပပြီးတော့ အံ့သြစရာကောင်းလှပါတယ်

အပိုင်း(၁၁) ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄

နောက်ဆုံးမှာတော့ သူ စတင်လေ့ကျင့်နိုင်ပီလေ

သူကြက်ခြေခတ်ပုံစံထိုင်လိုက်ပီးတော့ စတင်လေ့ကျင့်လိုက်ပါတယ် ကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုးကျင့်စဉ်ကိုစတင် လည်ပတ်လိုက်လိုက်တယ် ဒါပေမဲ့ သူခဏလောက်ရပ်တန့်လိုက်ပြီး အခန်းတံခါးကိုဖွင့်ပြီး အပြင်ဘက် ခြံဝင်းထဲကို ထွက်သွားလိုက်ပါတယ် လွှီယုထန်က ဒြပ်စင်စုစည်းခြင်းအဆင့် ကိုး ကိုရောက်ဖို့ အခန်းရဲ့အတွင်းပိုင်းမှာ တံခါးပိတ်လေ့ကျင့်နေပါတယ် တကယ်လို့သူသာ သူမနဲ့နီးကပ်စွာ လေ့ကျင့်မယ်ဆိုယင် ပတ်ဝန်းကျင်မှာရှိတဲ့ စိတ်ဂိညာဉ်အစွမ်းတွေဟာ သူမကိုအနှောက်အယှက်ဖြစ်စေမှာဆိုးလို့ပါ

ကြည့်စမ်း ....ငါကဘယ်လောက်တောင် စဉ်းစားတွေးခေါ်တတ်တဲ့ ဆရာတစ်ယောက်ပါလို့မ်နော်

ဒီခြံဝင်းကအယင်ကတော့ လင်းကလန်ခေါင်းဆောင် သူ့ရဲ့အဖေဖြစ်သူ လင်းဒေါင်ရှန်နေတဲ့ ခြံဝင်းပါ ကြီးမားကျယ်ပြန့် နေချင်စဖွယ်လှပပါတယ် လင်းဟန်က သူစတင်လေ့ကျင့်ပြီဆိုတာနဲ့ အစေခံတွေကို

အစားအစာတွေပို့တဲ့အချိန် လွဲလို့ အနားကိုလာခွင့်မပြုထားပါဘူး

"လာစမ်း အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်ရဲ့အစွမ်းကို ငါကြည့်ပါရစေ"

လင်းဟန် စိတ်ကူးနဲ့အမိန့်ပေးလိုက်တာနဲ့ သူ့ခန္ဓာကိုယ်ထဲက စိတ်ဂိဉာဉ်ဟာ ချက်ခြင်းပဲ ပန်းတပွင့်လို ပွင့်လာပါတယ် ကြာပန်းတာအို.....ဒြပ်စင်ငါးခုကလည်း ညီမျှနေတယ် ဒါက လုံးဝကိုပြီးပြည့်စုံတဲ့ စိတ်ဂိဉာဉ် တစ်ခုပဲ

WENG .... ဂိဉာဉ်ချီတွေဟာ အရပ်မျက်နှာအနှံ့ကနေ ချက်ချင်းပဲ ပြန့်လွင့်လို့လာပါတယ် ကမ္ဘာကြီးရဲ့ ဒြပ်စင်ငါးခု...

ရွှေ သစ်သား ရေ မီး မြေကြီး ....မတူညီတဲ့ ဒြပ်စင်အမျိုးမျိုးရဲ့ ဂိဉာဉ်ချီတွေဟာ သူ့ခန္ဓာကိုယ်ထဲကို ပြန့်လွင့်လို့လာပါတယ်

ပုံမှန်အားဖြင့်တော့ ကျင့်ကြံသူတစ်ယောက်အနေနဲ့ ဂိဉာဉ်ချီတွေကို တစ်မျိုးထက်ပိုပြီးတော့ စုပ်ယူဖို့ နည်းလမ်းမရှိပါဘူး ဘာလို့လဲဆိုတော့ စုပ်ယူပြီးတဲ့အခါမှာ တခါတည်း ပြန်လည်သန့်စင်ရတဲ့အတွက်ကြောင့်ဖြစ်ပါတယ်

ဒါကြောင့် ကျင့်ကြံသူတွေဟာ သူတို့ရဲ့ ကျင့်ကြံခြင်းအပေါ် မှာ တစ်မျိုးတည်းအပေါ် ကိုပဲ
အာရုံစူးစိုက်ပြီးလေ့ကျင့်ကြပါတယ်

တစ်စုံတစ်ယောက်မှာသာ စိတ်ဂိဉာဉ်ဟာ မီးနဲ့ မြေကြီး ဒြပ်စင်နှစ်မျိုးရှိခဲ့မယ်ဆိုယင်
မီးဓါတ်စိတ်ဂိဉာဉ်ကအနည်းငယ်ပိုပြီး သန့်မာပါလိမ့်မယ် ဘာလို့လဲဆိုယင် မီးဓါတ်ဂိဉာဉ်ရဲ့ စုပ်ယူနိုင်စွမ်းက ပိုမြင့်မားတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ် ဒါကြောင်သူဟာ မီးဓါတ်ဂိဉာဉ်ချီကို သန့်စင်ဖို့အတွက်ကိုပဲ ပိုမိုအာရုံစိုက်မှာဖြစ်ပြီး မြေကြီးဓါတ်ဂိဉာဉ်ချီကိုပါ တပြိုင်တည်း သန့်စင်ဖို့ ဘယ်လိုမှမလုပ်နိုင်ပါဘူး

ဒါပေမဲ့လည်း ဖရိုဖရဲဒြပ်စင်ငါးမျိုးရောနေတဲ့ကြာပန်း စိတ်ဂိဉာဉ် ရဲ့ အံ့အားစရာကောင်းတဲ့အချက်က မတူညီတဲ့ ဒီဒြပ်စင်ငါးမျိုးကို ညီမျှအောင်လို့ ဆောင်ရွက်နိုင်တဲ့အချက်ပဲဖြစ်ပါတယ်

ဂိဉာဉ်ချီစုပ်ယူခြင်းပြီးမှသာ သန့်စင်ခြင်းကိုလုပ်ရတာပါ ကောင်းကင်အဆင့် ဒြပ်စင်ငါးမျိုးကသာ နှစ်ခုလုံးကိုအောင်မြင် အောင်လုပ်နိုင်တာပါ

အင်မော်တယ်အဆင့် စိတ်ဂိဉာဉ် ကောင်းကင်အဆင့်စွမ်းရည် နဲ့ မြင့်မားတဲ့ ထိန်းချုပ်နိုင်မှု ဒီသုံးမျိုးကို ပေါင်းစပ်ပြီး ဒြပ်စင်ငါးမျိုးကြာပန်း(ဖရိုဖရဲမထည့်တော့ဘူးနော် ဖတ်ရရှုပ်နေမယ်) စိတ်ဂိဉာဉ်ကိုပိုင်ဆိုင်မှသာ ကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုးကျင့်စဉ်ကို လေ့ကျင့်လို့ရမှာပါ ဒါကြောင့်မို့လို့ လင်းဟန်ရဲ့ လေ့ကျင်းတဲ့အရှိန်ကို ဒါတွေကိုကြည့်ခြင်းအားဖြင့် တွက်ချက်ကြည့်နိုင်ပါတယ်

မဆုံးနိုင်တဲ့ ဂိဉာဉ်ချီတွေဟာ လင်းဟန်ဆီကို ဝင်ရောက်လာပြီးတော့ သူ့ခန္ဓာကိုယ်ကလဲ အဆက်မပြတ် စွမ်းအင်တွေထုတ်လွှင့်နေပြီး သွေးကြောတွေ အရိုးတွေ ကြွက်သားတွေကို သန့်စင်နေပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် သိုင်းပညာရှင်တစ်ယောက်ဟာ သူ့ရဲ့ဒန်တျန်ကို မဖွင့်နိုင်သေးပါဘူး ဒါကြောင့်မို့ စွမ်းအင်တွေကို သွေးကြော အရိုး ကြွက်သားတွေမှာ သိုလှောင်ထားတာပါ
ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်မှသာ ခန္ဓာကိုယ်ထဲက ဒန်တန်ဟာ ပွင့်လာပြီး သူ့ရဲ့စွမ်းအင်တွေကို သူ့ခန္ဓာကိုယ်ရဲ့အထဲမှာ ကန္တာငယ်လေးတစ်ခုလို စုစည်းမှာပါ

လင်းဟန်ရဲ့အယင်ဘာဂတုန်းက သူဟာ သန့်မာတဲ့ကောင်းကင်အဆင့်စစ်သည်တော်ပါ ကျင့်ကြံခြင်းမှာလဲ ဘာအမှား အယွင်းမှမရှိခဲ့ပါဘူး ပြီးတော့ ကမ္ဘာတစ်ခုလုံးမှာ အကောင်းဆုံးစိတ်ဂိဉာဉ် ကိုပိုင်ဆိုင်ထားပြီး အကောင်းဆုံးကျင့်စဉ် တွေကိုလဲ ရယူပိုင်ဆိုင်ထားနိုင်ခဲ့တာဖြစ်လို့ လင်းဟန်ရဲ့ကျင့်စဉ်အမြန်နန်းဟာ သာမန်လူတွေအတွက်တော့ ဘယ်လိုမှ စိတ်ကူးလို့တောင်မရတဲ့ အခြေအနေပါ

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် ၂ အလယ်အလတ်အဆင့်........နောက်ပိုင်းအဆင့်........အထွတ်အထိပ်အဆင့်.....

လင်းဟန်ရဲ့ကိုယ်ခန္ဓာအနည်းငယ်မျှ လှုပ်ခါသွားပြီး ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၃ ကိုချက်ခြင်းပဲရောက်ရှိသွားပါတယ်

တအားကိုမြန်တာပဲ

လင်းဟန် လျှို့ပုက်စွာခေါင်းငြိမ့်လိုက်ပါတယ်

အယင်ဘာဂတုန်းက သူမှာ ကောင်းကင်အဆင့် အဆင့်မြင့်ဆုံးစိတ်ဂိဉာဉ်ကို ပိုင်ဆိုင်ထားပေမဲ့လို့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ကနေ အဆင့် ၃ ကိုရောက်ရှိဖို့ အချိန် ၁၂ရက်လောက်ယူခဲ့ရပါတယ် ဒါပေမဲ့လည်း ဒါဟာ ကောင်းကင်အဆင့်အဆင့်မြင့် စိတ်ဂိဉာဉ်နဲ့ အင်မော်တယ်အဆင့်စိတ်ဂိဉာဉ်နှစ်ခုရဲ့ ကွာခြားမှုကြောင့်လဲ မဟုတ်ပါဘူး အဲဒီအချိန်တုန်းက လင်းဟန်က အဂါရောင်အဆင့်မြင့် ကျင့်စဉ်ကိုလေ့ကျင့်ခဲ့တာပဲဖြစ်ပါတယ်

လင်းဟန်ဟာသူ့ရဲ့လေ့ကျင့်မှုကိုရပ်လိုက်ဖို့ စိတ်ကူးမရှိပါဘူး သူဟာ ပါတ်ဂန်းကျင်က ဂိဉာဉ်ချီတွေကို အဆက်မပြတ် စုပ်ယူနေပြီးတော့ပီး သူ့ခန္ဓာကိုယ်ရဲ့ စွမ်းအင်တွေကိုချက်ချင်းပြန်လည်သန့်စင်နေပါတယ် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၃ အစောပိုင်း.........အလယ်အလတ်အဆင့်........နောက်ပိုင်း အဆင့်......အထွတ်အထိပ်အဆင့်.....နာရီအနည်းငယ်အတွင်းမှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအစောပိုင်းအဆင့်ရဲ့ တတိယအဆင့်ကန့်သတ်ချက်နေရာကိုရောက်ရှိလို့သွားခဲ့ပါပြီ

အဆင့်၃ ဟာကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာ

အစောပိုင်းအဆင့်ပဲရှိပါသေးတယ် အဆင့်လေးကတော့ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်ရဲ့ အလယ်အလတ်အဆင့်ပါ ဒါဟာကြီးမားတဲ့ ကွာဟမှုတစ်ခုဖြစ်ပြီး အဆင့်သေးတစ်ဆင့်ကနေ နောက်တစ်ဆင့်ကို အဆင့်တက်တာလောက် မရိုးရှင်းပါဘူး

လင်းဟန်က ပေ့ါပေ့ါပါးပါးနဲ့အသက်ရှူလိုက်ပီးတော့

အဆင့်တက်မယ်.........

သူ့ရဲ့ခန္ဓာကိုယ်က နောက်ထပ်တဖန် တုန်ခါသွားပြီးတဲ့နောက်မှာတော့သူဟာ နောက်တစ်ကြိမ်အဆင့်တက်သွားပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ အခု တခြားသူတွေကို ပြလို့ရပီပေ့ါ

လင်းဟန်အသာလေးပြုံးလိုက်ပါတယ် ဒီအဆင့်ဟာ ပုံမှန်အားဖြင့်တော့ ဒီအသက်အရွယ်မှာရောက်ရှိနေခြင်းက မြင့်မားတယ်လို့ ယူဆလို့မရနိုင်ပေမဲ့လည်း တစ်ညထဲနဲ့ အဆင့်နှစ်ဆင့်ကို ချိုးဖျက်သွားခြင်းက သူ့ကိုအရမ်းကျေနပ်စေပါတယ်ဒါ့အပြင် သူအသုံးပြုတဲ့

ကောင်းကင်အဆင့်ကျင့်စဉ်အစွမ်းကြောင့်

သူ့ရဲ့စွမ်းအင်တွေက လုံးဝကို သန့်စင်ပြီးတော့ တခြားလူတွေထက် အရည်အသွေးမှာလဲ အရမ်းကို မြင့်မားပါတယ် အခုသူ ရဲ့လက်ရှိ ကိုယ်ခန္ဓာ ပြုပြင်ခြင်းအဆင့် ၄ အစွမ်းက တစ်ခြား ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ငါးအထွတ်အထိပ်တောင်မက အဆင့် ၆ ရဲ့အစွမ်းနဲ့ နှိုင်းယှဉ်လို့တောင်ရပါတယ်

လင်းဟန်လဲ အိပ်ယာဝင်လိုက်ပါတယ်

ညက လျှင်မြန်စွာကုန်ဆုံးနေတဲ့အချိန်မှာ ကြီးမားတဲ့ စွမ်းအင်တုန်ခါမှုကြောင့် လင်းဟန် ရုတ်တရက်လန့်နိုးသွားပါတယ်

သူချက်ချင်းထထိုင်လိုက်ပီး ဘေးပါတ်ဝန်းကျင်ကို သတိကြီးစွာထားပြီး စူးစမ်းလေ့လာလိုက်ပါတယ် သိပ်မကြာခင်မှာပဲ ဒါဟာ ရန်သူ့ရဲ့ လုပ်ကြံမှုမဟုတ်ဘူးဆိုတာကို သူသိလိုက်ပါတယ် ဖြစ်နိုင်တာက လွီယုထန် အဆင့်တက်သွားပြီလား

ဒြပ်စင်စုစည်းခြင်းအဆင့် ၈ ကနေပြီးတော့ အဆင့်ကိုး ကို သုံးရက်ထဲနဲ့အဆင့်တက်နိုင်ခဲ့တဲ့ သူမရဲ့ ပါရမီက တကယ့်ကို

ကောင်းမွန်တာပဲ ကျင့်ကြံသူတစ်ယောက်အနေနဲ့ အဆင့်ပိုမြင့်လာလေ နောက်တစ်ဆင့်ကို ချိုးဖျက်ပြီး အဆင့်တက်ဖို့က ပိုမိုပြီး ခက်လာလေဖြစ်ပါတယ်

ညင်သာတဲ့ အသံတိုးတိုးလေးနဲ့ တံခါးဖွင့်သံကြားလိုက်ရပြီး လွီယုထန်တစ်ယောက် သူ့ဆီကိုလျှောက်လာတာကို တွေ့လိုက်ရပါတယ် သူမရဲ့ ခန္ဓာကိုယ်မှာ ကြီးမားတဲ့စွမ်းအင်လှိုင်းတွေဖြာထွက်လို့နေပါတယ် သူမဟာအခုမှ အဆင့်တက်တာဖြစ်လို့ သူမခန္ဓာကိုယ်ပါတ်လည်မှာရှိတဲ့ စွမ်းအင်တွေလည်ပါတ်နေတာကို မထိန်းချုပ်နိုင်သေးပါဘူး

'''ငါအဆင့်တက်သွားပီ'''

လွီယုထန့်ရဲ့ ချောမောလှပတဲ့မျက်နှာပေါ်မှာ စိတ်ကျေနပ်ခြင်းတွေနဲ့အတူ ဂုဏ်ယူဂင့်ကြွားနေတဲ့ဟန်ပန်ကို မြင်ရပါတယ်

ဒါပေမဲ့ မကြာခင်မှာပဲ သူမရဲ့ ဂုဏ်ယူဂင့်ကြွားပြီး ပျော်ရွှင်နေမှုဟာ ရုတ်တရက်ပျောက်ကွယ်သွားခဲ့ပါတယ် သူမမျက်နှာကိုကြည့်ရတာက တစ္ဆေတစ်ကောင်ကိုရုတ်တရက်မြင်လိုက်ရတဲ့ပုံစံမျိုးနဲ့

လင်းဟာန်ကိုကြည့်နေပါတယ်

'''နင် ...နင်... နင်ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ကိုရောက်သွားပြီလား.......'''

သူမသေသေချာချာမှတ်မိနေပါသေးတယ် သူမတံခါးပိတ်လေ့ကျင့်မှုမစခင်တုန်းက လင်းဟာန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ မှာပဲရှိနေပါသေးတယ် ပြီးတော့ ဇူဟဲချင်က ဆေးပင်တွေကို မနေ့ကမနက်ကမှပို့ပေးထားတာလေ သေချာတွက်ကြည့်မယ်ဆိုယင် စိတ်ဂိဉာဉ်အခြေခံကိုကုသတဲ့အချိန်ကနေ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ကိုရောက်တဲ့အချိန်ထိ လင်းဟာန်က တရက်နဲ့တညပဲ အချိန်ကုန်ခဲ့တာပေါ့

အဆင့်သေးနှစ်ဆင့်ကို တက်ဖို့ တစ်ညနဲ့တရက်ပဲကြာတယ် သူမကတော့ အဆင့်သေးတစ်ဆင့်တက်ဖို့ သုံးကြောတောင်ကြာခဲ့တယ်

လူတိုင်းလူတိုင်းကပြောကြတယ် လင်းကလန်ရဲ့ သခင်လေးက တကယ့်ကိုအမှိုက်ကောင်ပဲတဲ့ တကယ်လို့ ဒီလိုမျိုး လေ့ကျင့်နှုန်းရှိနေတဲ့ လင်းဟာန်ကို အမှိုက်ကောင်လို့

သတ်မှတ်မယ်ဆိုယင် သူမကရော ဘာဖြစ်သွားမယ်လဲ အမိုက်အားလုံးထဲကမှ အမိုက်စတစ်လို့ခေါ်ရမလား

သူမရဲ့အသံကတုန်လှုပ်ခြောက်ခြားနေပါတယ်

'''နင် နင်အခု ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ရောက်သွားပီပေါ့'''

တကယ်လို့များ တစ်စုံတစ်ယောက်က လွန်ခဲ့တဲ့တစ်ရက်လောက်က သူမကို လူတစ်ယောက်က ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ၄ ကိုအဆင့်တက်သွားပြီလို့လာပြောယင် သူမစိတ်ဝင်စားမှာမဟုတ်ပါဘူး ဒါက ခေါင်းထဲထည့်ရမဲ့ကိစ္စကြီးမှမဟုတ်တာ ဒါပေမဲ့လဲ လူတစ်ယောက်က သူမကို တညပဲ လေ့ကျင့်ပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ကနေ အဆင့်လေး တက်သွားတယ်လို့ပြောခဲ့မယ်ဆိုယင် သူမဟာ ကမ္ဘာပေါ်မှာ အရယ်ရဆုံး ပျက်လုံးကို ရှာတွေ့လိုက်ရတာပါပဲ

သူမနောက်တစ်ကြိမ်ပြန်တွေးလိုက်တော့လဲ ဒါဟာ လင်းဟန်အတွက်မထူးဆန်းတော့ပါဘူး သူ့ရဲ့ အံ့မခန်း အစွမ်းတွေက

သူမကိုယ်တိုင်တောင်မတွေးဆနိုင်လောက်အောင် လှိုုပ်ရှက်ဆန်းကြယ်လွန်းလှပါတယ်

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်တယ်

'''ဟုတ်တယ် အဲဒီတော့ဘာဖြစ်လဲ'''

'''နင် ကဘာယ်လိုလုပ်ပြီး ဒီလောက်တောင် စိတ်လက်ပေါ့ပါးနေရတာလဲ'''

လှီယုထန်လေသံက စိတ်ဆိုးနေပုံရပါတယ်.....

အဖျားကပျောက်ကာစပဲရှိသေးတယ် ဝမ်းကသွားနေတုန်း စာရိုက်ဖို့အားမရှိ ဒီနေ့တော့ ၂ပိုင်းနဲ့ ကျေနပ်ကြပါ စာဖတ်သူပရိတ်သတ် အားလုံး ကျန်းမာကြပါစေ

အပိုင်း(၁၂) အဖေပြန်လာပြီ

ဒေါက် ဒေါက် ဒေါက် ဒေါက်

အဆက်မပြတ်တံခါးခေါက်သံကို ကြားရပြီး လင်းဟန်က ချက်ချင်းတံခါးထဖွင့်လိုက်ပါတယ် အပြင်မှာတော့

အစေခံယောကျာ်လေးတစ်ဦးကိုမြင်လိုက်ပါတယ်

'''ဘာကိစ္စရှိလို့လဲ'''

အစေခံကောင်လေးက လျှင်လျှင်မြန်မြန်နဲ့ပြောလိုက်တယ်

'''ကလန်ခေါင်းဆောင်ပြန်ရောက်လာပါပြီ'''

လင်းဟာန်က လွီယုထန်ဘက်ကိုလှည့်ပြီးပြောလိုက်တယ်

'''ယွီထန် ငါနဲ့အတူ အဖေ့ကိုသွားတွေ့ရအောင်'''

လွီယုထန်ရဲ့မျက်နှာမှာ ရှက်သွေးဖြန်းသွားပါတယ် သူမက အခု ယောက္ခမကိုသွားတွေ့ရမဲ့ ချွေးမတစ်ယောက်လိုမျိုး ခံစားလိုက်ရလို့ဖြစ်ပါတယ် အာာာာ ဘယ်လိုလုပ် ဒီအတွေးတွေ သူမဆီရောက်လာတာလဲ သူမနဲ့ ဒီကောင်စုတ်ကြား မှာ ဘာပါတ်သတ်မှုမှမရှိဘူး

လင်းဟာန်က အစေခံကောင်လေးကိုမေးလိုက်တယ်

"အဖေ ...ဘယ်မှာလဲ"

"ညှော့ခန်းထဲမှာပါ........"

လင်းဟန်က ညှော့ခန်းမကြီးဆီကို တိုက်ရိုက်လျှောက်သွားလိုက်ပါတယ် ညှော့ခန်းမထဲရောက်သွားချိန်မှာတော့ အသက်လေးဆယ်အရွယ် လူတစ်ယောက်ကို ဂုဏ်ယူစွာနဲ့မြင်တွေ့လိုက်ပါတယ် သူက အရပ်ရှည်ပြီး ခန့်ညားတဲ့ ဉပဓိရုပ် ရှိတဲ့အပြင် သူ့ခန္ဓာကိုယ်ကနေ ပြင်းထန်တဲ့ အော်ရာတွေထွက်ပေါ်နေပါတယ်

"အဖေ"

"ဟန်လေး"

လင်းဒေါင်ရှန်က ရီရီမောမောနဲ့ သူ့သားဆီသွားပြီး ဖက်လိုက်ပါတယ် ဒါပေမဲ့ သူကအနည်းငယ်အံ့သြနေတဲ့ပုံပေါ်ပါတယ်

"သား ဘယ်လိုလုပ်ပြီး ကလန်မှာရှိနေတာလဲ ဟွာယန် အကယ်ဒမီကို ကျင့်ကြံဖို့ မသွားသေးဘူးလား"

လင်းဟန်က မိသားစုမရှိပဲနဲ့

တစ်ယောက်တည်းမနေချင်တော့ပါဘူး အခု သူ့မှာ အဖေ ရှိနေပြီ သူ့အတွက်တောင် အသက်ကိုရင်းပြီး ချစ်တဲ့ ဖခင်မျိုးပေါ့

လင်းဟန်ခေါင်းခါပြီးပြောလိုက်တယ်

"ကျနော် ဟွာယန်အကယ်ဒမီကို မသွားချင်ဘူး"

"ဘာလို့လဲ"

လင်းဒေါင်ရှန် ကမေးလိုက်တယ် သူက သူ့သားမှာ အရည်အသွေးညံ့ဖျင်းတဲ့ စိတ်ဂိညာဉ် ရှိနေတယ်ဆိုတာကိုလဲ သိထားတယ်လေ ဒါကြောင့်လဲ သူ့အသက်နဲ့ရင်းပြီးတော့ ဟွာယန်အကယ်ဒမီနဲ့အပေးအယူလုပ်ခဲ့တာပါ ဟွာယန်အကယ်ဒမီရဲ့အထောက်အပံ့နဲ့ဆိုယင် သူ့သားရဲ့ကျင့်ကြံမှုဟာ ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်ရှိသွားနိုင်ပါတယ် ဒါကြောင့်မို့လို့ သူသေသွားခဲ့ယင်တောင်မှ နောင်တမရပါဘူး ဒါပေမဲ့ လင်းဟန်က ဟွာယန် အကယ်ဒမီကို မသွားချင်ခဲ့ပါဘူး ဒါက လင်းဒေါင်ရှန်ကို ဒေါသထွက်စေပါတယ် လင်းဟန်ကလဲ သူ့မှာ များပြားလှတဲ့ ကောင်းကင်အဆင့်ကျင့်စဉ်တွေသာမက ကောင်းကင်မှော်စာလိပ်လဲ ပိုင်ဆိုင်ထားပါတယ်သေးတယ်

ဒီအကြောင်းကိုတော့ သူ့အဖေကို ပြောပြမှာမဟုတ်ပါဘူး ဒါကြောင့်လဲ ဟွာယန်အကယ်ဒမီကိုသွားခဲ့ယင်တောင် သူက ဘာကိုသင်ကြားရမှာတုန်း

"ယုထန် လာ လာ လာ ဒါက ငါ့အဖေပဲ"

လင်းဟန်က လွီယုထန်ကို လက်ယပ်ခေါ်လိုက်ပြီးတော့ ခေါင်းစဉ်ပြောင်းလိုက်ပါတယ်

"ယုထန်......... လင်းကလန်ခေါင်းဆောင်ကို နုတ်ဆက်ပါတယ်"

လွီယုထန်က လင်းကလန်ခေါင်းဆောင် လင်းဒေါင်ရှန်ကို ဂျူနီယာတစ်ယောက်က စီနီယာတစ်ယောက်ကို ဆက်ဆံသလို တလေးတစားနဲ့ပြောလိုက်ပါတယ်

လင်းဒေါင်ရှန် ထိတ်လန့်သွားခဲ့ပါတယ် သူက လွီယုထန်က ဘယ်သူလဲဆိုတာကို မသိပေမဲ့လည်း သူသေချာပေါက်ပြောနိုင်တာက သူမရဲ့ ဒြပ်စင်စုစည်းခြင်း အဆင့် သိုင်းပညာက သူနဲ့တူတူပါပဲ သူမရဲ့ကျင့်စဉ်အဆင့်က သူနဲ့ သိပ်မကွာပါဘူး ပြီးတော့သူတို့နှစ်ယောက်လုံးက ဒြပ်စင်စုစည်းမှု အဆင့်ကိုး ကိုရောက်နေကြပါပြီ

သိုင်းပညာရှင်အများစုဟာ
သူတို့ထက်ကျင့်စဉ်နိမ့်တဲ့သူတွေရဲ့
အဆင့်ကိုပြောနိုင်ကြပါတယ်

ပြီးတော့သူမက သူနဲ့အဆင့်တူတူဖြစ်နေပါပြီ ဒါကြောင့် သူမကိုသူမ ဂျူနီယာတစ်ယောက်လိုမျိုးပြုမှုဆက်ဆံနေစရာ မလိုပါဘူး နေပါဦး ဖြစ်နိုင်တာက............

လင်းဒေါင်ရှန်က အံ့သြပြီး ကျေနပ်တဲ့အကြည့်နဲ့ ကြည့်လိုက်ပါတယ် ဖြစ်နိုင်တာက ဒါက လင်းဟာန်ကြောင့်ပဲဖြစ်ရမယ်

ဒီမိန်းကလေးကိုကြည့်ရတာ အခုမှ အသက်က ၁၇ ၁၈ လောက်ပဲရှိပါဦးမယ် အံ့သြစရာကောင်းတာက သူမကဒီအသက် အရွယ်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကိုရောက်နေတာပါပဲ သူမရဲ့ ပါရမီက အရမ်းကိုမြင့်မားနေမှာသေချာပါတယ် ဒီလိုမျိုး စွမ်းအားမြင့်တဲ့အဖော်ရှိနေမှတော့ လင်းဟာန်ရဲ့ ကျင့်စဉ်အဆင့်နိမ့်နေယင်တောင်မှ ဘာဖြစ်မှာလဲ

ဒီကောင်စုတ် ဟွာယန်အကယ်ဒမီကို မသွားချင်တာ

အံ့ဩစရာမဟုတ်တော့ဘူး ဒီမိန်းကလေးနဲ့ မခွဲနိုင်လို့ဖြစ်ရမယ်

'''မင်း.......ကောင်စုတ်လေး'''

လင်းဒေါင်ရှန်က လင်းဟန်ကို ချောင်းတချက်ဟန့်လိုက်ပြီးတော့ လွီယုထန်ဘက်ကိုလှည့်ကာ မေးလိုက်ပါတယ်

"မိန်းကလေး မင်းကဘယ်ကလာတာလဲ"

"အင်ပါယာမြို့ရဲ့ လွီကလန်ကပါ"

လွီယုထန်ကပြန်ဖြေလိုက်ပါတယ်

လင်းဒေါင်ရှန် အံ့ဩသွားပါတယ် အင်ပါယာမြို့က လွီကလန်ဟုတ်လား? ဒီကမ္ဘာကြီးမှာ လွီမျိုးရိုးနာမည်တွေ အများကြီးရှိနေသော်လည်း အင်ပါယာမြို့က လွီကလန်ကတော့ တစ်ခုတည်းပဲရှိပါတယ် မိုးရေနိုင်ငံ တစ်ခုလုံးမှာ အင်ပါယာမိသားစုအောက် တစ်ဆင့်ပဲနိမ့်တဲ့ ကလန်ကြီး ၈ ခုထဲက တစ်ခုဖြစ်တဲ့လွီကလန်ပါ

ဒီလိုမျိုး ကြီးကျယ်တဲ့ နောက်ခံ...............

သူတစ်ခုခုကို သတိထားမိသွားပါတယ် အင်ပါယာမြို့က လွီကလန်ကလူတစ်ယောက်အနေနဲ့ ဒီနေရာမှာ ထွက်ပေါ်လာ ဖို့ဆိုတာဖြစ်နိုင်စရာမရှိပါဘူး

"နေဦး.........မင်းက ဟွာယန်အကယ်ဒမီက ဟန်လေးကို ခေါ်ဖို့ စေလွှတ်လိုက်တဲ့ လူတစ်ယောက်မဟုတ်လား"

လွီယုထန်က ညင်သာစွာပြန်ဖြေလိုက်ပါတယ်

"ဟုတ်ပါတယ် လင်းကလန်ခေါင်းဆောင်"

လင်းဒေါင်ရှန် အစပိုင်းမှာ သူ့သားဟာ သိုင်းပညာကျင့်ဖို့ ပါရမီမပါပေမဲ့မိန်းကလေးတစ်ယောက်ရဲ့ အသည်းနှလုံးကို ဘယ်လိုသိမ်းပိုက်ယူရမလဲဆိုတာကိုသိနေတယ်ပေါ့ ပြီးတော့ သူ့အတွက်ကလည်း တဖက်လူ့ရဲ့ နှလုံးသားကိုသိမ်းပိုက် ရရှိနိုင်ဖို့အတွက် ရက်အနည်းငယ်လောက်ပဲလိုပါတယ် လို့ထင်ထားခဲ့တာပါ

ဒါပေမဲ့ အခုတော့ လွီယုထန်လို ဟွာယန်အကယ်ဒမီကလူတစ်ယောက်က

ဘာကြောင့်လင်းဟာန်ရဲ့နောက်လိုက်လိုမျိုး ဖြစ်နေရတာလဲ

'''အဖေ
ကျနော်အဖေ့အနားမှာအချိန်အနည်းငယ်လောက်နေချင်ေသးတယ် ဟွာယန်အကယ်ဒမီကို နောက်မှပဲသွားလို့ရပါတယ်'''

'''ဟာဟာ ကောင်းတယ်ကောင်းတယ် ကောင်းတယ်'''

လင်းဒေါင်ရှန် က လင်းဟာန်ရဲ့ပုခုံးကိုပုတ်ပြီးပြောလိုက်တယ် ချက်ချင်းပဲ သူ့မျက်နှာ အံ့အားသင့်သွားတာကိုတွေ့ရပါတယ်

"ဟာန်လေး........မင်းအဆင့်တက်သွားပြီလား"

လှို့ယုထန်တွေးလိုက်ပါတယ်

နောက်ဆုံးတော့ ငါ့အံ့ဩသလိုမျိုး နောက်တစ်ယောက်လဲ ဖြစ်တော့မှာပဲ

"အင်း ကျနော့အဆင့်တက်သွားတယ်"

'''ငါဒီကနေ ထွက်သွားတာမှ

ဆယ်ရက်လောက်ပဲရှိသေးတယ် မင်းက အဆင့်တက်သွားယုံသာမကဘူး အဆင့် နှစ်ဆင့် တောင်တက်သွားတာပဲ'''

လင်းဒေါင်ရှန်ရဲ့ အံ့အားသင့်မှုက မလျော့ကျသွားပါဘူး ဒီလိုမျိုး အဖြစ်က လုံးဝကို မယုံနိုင်စရာကောင်းလွန်းတယ်လေ တကယ်လိုလင်းဟန်က အဆင့်သေးတစ်ဆင့်ပဲတက်တယ်ဆိုင်ယင်တောင်မှ သူ့အနေနဲ့ လင်းဟန် ကြိုးစားမှုကို အသိအမှတ်ပြုချီးကျူးဖို့ပြင်ဆင်ထားပြီး အခုလိုမျိုး အဆင့်ကြီး ၂ ဆင့် တက်သွားတာက သူ့ကို သေလောက်အောင် အံ့သြသွားစေပါတယ် သူ့သားက တကယ်ပဲ အမိုက်ကောင်မှဟုတ်ရဲ့လား

တကယ်လို့ ဒီလိုမျိုးသူ့ကိုသာ အမိုက်ကောင်အဖြစ်ယူဆလိုက်မယ်ဆိုယင် ဒီကမ္ဘာကြီးမှာရှိတဲ့ တခြားသောပါရမီရှင် တွေကို ဘယ်လိုပြောမလဲ

ဘာပဲဖြစ်ဖြစ် လင်းဒေါင်ရှန် က ဟက်ဟက်ပက်ပက်ရီမောလိုက်ပီးတော့

ဟဟဟ အနာဂါတ်မှာ ဘယ်သူကများ ငါ့သားကို အမိုက်ကောင်လို့ ပြောရဲသေးလဲ

ဘယ်လိုအဖေမျိုးက သူတို့သားရဲ့ ဘဝမှာ အောင်မြင်မှုရတာကို မမြင်ချင်တာမျိုးရှိမှာလဲ လင်းဟန်လိုမျိုး သူ့ရဲ့ စိတ်ဂိုဘဉ် အကန်အသန်ကြောင့် အမိုက်ကောင်တစ်ယောက်လိုဖြစ်နေတာတောင်မှ သူ့အဖေ လင်းဒေါင်ရှန်ဟာ မျှော်လင့်ချက် အလင်းရောင်လေးတစ်ခု ဖြစ်ပေါ်လာပါတယ်

ဘယ်လိုပဲ ဒါဟာကံကောင်းမှုတစ်ခုလို့ပဲဆိုဆို လင်းဒေါင်ရှန်အနေနဲ့ ဒီလိုကံကောင်းမှုမျိုးကို အရမ်းပဲကျေနပ်နေပါတယ်

အပိုင်း (၁၃) လင်းဒေါင်ရှန်ရဲ့ နောင်တ

လင်းဟန်ကပြောလိုက်တယ်

"အဖေ ကျနော် အဖေ့ကိုလုံးဝစိတ်မပျက်စေရပါဘူး ကျနော့ကြောင့် အဖေဂုဏ်ယူရပါစေမယ်"

လင်းဒေါင်ရှန်ဟာစိတ်လှုပ်ရှားလွန်းလို့ မျက်ရည်ဝဲလာပြီး

"ကောင်းတယ် ကောင်းတယ် မင်းဟာ ငါ လင်းဒေါင်ရှန် ရဲ့ သားပဲ"

လင်းဒေါင်ရှန်ဟာ သူ့သား ဘယ်လိုကံကောင်းမှုမျိုးနဲ့ကြုံရတယ်ဆိုတာကို မသိပေမဲ့လည်းအခုလက်ရှိမှာတော့ သူဟာအရမ်းကို ကျေနပ်အားရနေပြီးတော့ ကမ္ဘာကြီးတစ်ခုလုံးကို ငါ လင်းဒေါင်ရှန်ရဲ့သားဟာ အမှိုက်ကောင် မဟုတ်ဘူးဆိုပြီးတော့ ကြော်ငြာလိုက်ပစ်ချင်ပါတယ်

လို့ယုထန်ဟာ ဒီမြင်ကွင်းကိုကြည့်ပြီးတော့ သူမရဲ့ မျက်ဝန်းဒေါင့်မှာ အနည်းငယ် စိုစွတ်တဲ့ ခံစားချက်ကို ခံစားလိုက်ရပါတယ်

လင်းဟန်က လို့ယုထန်ကို ပြန်အနားယူခိုင်းလိုက်ပီးတော့ လင်းဒေါင်ရှန်ကို ခြံဝန်းထဲကို ဆွဲခေါ် သွားပြီး

"အဖေ ကျနော် အဖေနဲ့ ဆွေးနွေးစရာတစ်ချို့ရှိတယ်"

သူ့အနေနဲ့ သူ့အဖေကိုပြောစရာစကားအချို့ ရှိနေပါတယ် ပြီးတော့ လို့ယုထန်အပေါ် မှာလဲ သူက လုံးဝကြီး

ယုံကြည်မှုမရှိ သေးပါဘူး

"မင်းဆီမှာ ဘယ်လိုမျိုး လျှို့ဝှက်ဆန်းကြယ်တဲ့ ကိစ္စတွေရှိနေလို့လဲ သားရဲ့"

သူထင်ထားတာက လှိုင်ယုထန်နဲ့သူ့သားက စုံတွဲတွေဖြစ်နေရဲ့သားနဲ့ လှိုင်ယုထန်ကိုတောင် မကြားစေချင်တဲ့ ကိစ္စ က ဘာများ အရေးကြီးလဲဆိုပြီးတော့ အံ့သြနေပါတယ်

လင်းဟာန်ကပြောလိုက်တယ်

"အဖေ ကျနော အဖေရဲ့ စိတ်ဂိဉာဉ် ကို ကြည့်ချင်တယ်"

လင်းဒေါင်ရှန်က မျက်မှောင်ကြုတ်ပြီးမေးလိုက်တယ်

"ဘာလို့လဲ"

လင်းဟာန်ကပြောလိုက်တယ်

"ကျနော အဖေ့ရဲ့ စိတ်ဂိဉာဉ်ကိုကြည့်ပြီးတော့ အဖေနဲ့သင့်တော်မဲ့ အကောင်းဆုံးကျင့်စဉ်ကို ပေးမလို့ပါ"

လင်းဒေါင်ရှန် ပြောစရာစကားမရှိအောင် အံ့ဩသွားခဲ့ပါတယ်

လူတစ်ယောက်ရဲ့ စိတ်ဂိဉာဉ်ကို ကြည့်ပြီးတော့ သူနဲ့သင့်တော်တဲ့ကျင့်စဉ်ကို ပေးနိုင်ရလောက်အောင် သူ့သားရဲ့လက်ထဲမှာ ကျင့်စဉ်တွေဘယ်လောက်များများရှိနေလို့လဲ

လင်းဒေါင်ရှန်က စကားတစ်ခွန်းမှမပြောပဲ ခေါင်းသာခါလိုက်ပါတယ်

အဖေ?

လင်းဟန် သူ့အဖေကိုကြည့်ရတာ ဖုံးကွယ်ထားတာတစ်ခုခုရှိနေတယ်ဆိုတာကို သိလိုက်ပါတယ်

လင်းဒေါင်ရှန် သက်ပြင်းတစ်ချက်ချလိုက်ပီး

"ဘယ်လို ကျင့်စဉ်ပဲဖြစ်ပါစေ ဒါက အသုံးမဝင်တော့ပါဘူး အဖေရဲ့ စိတ်ဂိဉာဉ်အခြေခံက ပျက်စီးသွားပါပြီ"

"ဘာ...ဘယ်သူလုပ်တာလဲ"

လင်းဒေါင်ရှန် ဟာ ဒြပ်စင်စုစည်းခြင်းအဆင့် စစ်သည်တော်တစ်ဦးပါ ဒါကြောင့် သူ့ရဲ့စိတ်ဂိဉာဉ်ကပျောက်ကွယ်သွားဖို့ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး တစ်စုံတစ်ယောက်ကသာ ဖျက်ဆီးလိုက်တာပဲဖြစ်မှာပါ

လင်းဟန်ဟာ သူ့ရဲ့ လူတွေကို ကာကွယ်ပေးတတ်တဲ့လူစားမျိုးပါ အခုက သူ့အဖေပါ ဒါကြောင့် သူ့အနေနဲ့ အရမ်းကိုဒေါသထွက်နေပါတယ်

"ဒီကိစ္စက မင်းအမေနဲ့ပါတ်သတ်နေတယ်"

"အမေ?"

သူ့ကိုယ်ခန္ဓာရဲ့ မှတ်ဉာဏ်အရ သူ့အဖေဟာ တစ်ခါမှ သူ့အမေနဲ့ပါတ်သတ်ပြီး ပြောခဲ့တာမျိုးမရှိခဲ့ပါဘူး သူ့အမေအကြောင်းကိုမေးလိုက်တဲ့အခါတိုင်းမှာသူ့အဖေက ခေါင်းစဉ်ပြောင်းလိုက်ပါတယ်

သူသိတာတစ်ခုတည်းသောအကြောင်းက သူမွေးပြီး

သူ့အမေကဆုံးသွားတယ်ဆိုတာပါပဲ

"အယင်တုန်းက မင်းအမေအကြောင်းကို လုံးဝမပြောတော့ဘူးလို့ငါဆုံးဖြတ်ထားတယ် သားလေး တကယ်လို့ မင်းသာ သုံးနှစ်အတွင်းမှာ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်ခဲ့မယ်ဆိုယင် သားအမေရဲ့အကြောင်းကို အဖေပြောပြပါမယ်"

"သူမ...သူမ မသေသေးဘူးလား"

လင်းဟန်ရဲ့ နှလုံးသားထဲမှာ အရမ်းကိုတုန်လှုပ်သွားပါတယ် မိုးကောင်းကင်က သူ့ကိုပစ်မထားဘူးပဲ သူ့ကိုအရမ်းချစ်မြတ်နိုးတဲ့ ဖခင်ကိုပေးသားယုံသာမက သူ့မိခင်ရဲ့ အချစ်ကိုပါ ပြန်ရရှိနိုင်တဲ့အခွင့်အရေးကိုပါပေးသေးတယ်

"ဘယ်လောက်များခက်လို့လဲ? သုံးနှစ်တောင်မလိုပါဘူး ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်ဖို့အတွက် သုံးလပဲလိုတယ်"

လင်းဒေါင်ရှန်ခေါင်းခါလိုက်ပါတယ် သုံးလထဲနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ကနေ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက် ဝင်ရောက်ဖို့

ဖြစ်နိုင်ပါ့မလား

သူလိုမျိုး တိမ်မီးခိုးမြို့ရဲ့ အတော်ဆုံးပါရမီရှင်တောင်မှ နှစ်နှစ်လောက် အချိန်ယူရမဲ့ကိစ္စလေ

ရက်သတ္တပါတ်အချိန်အတွင်းမှာ လင်းဟန်က အဆင့်နှစ်ဆင့်တက်သွားတယ်ဆိုပေမဲ့လည်း သုံးလထဲနဲ့ ဒြပ်စင်စုစည်းခြင်း အဆင့်ကိုရောက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး

''ကောင်းပြီ မင်းသာ သုံးလအတွင်းမှာ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်ခဲ့မယ်ဆိုယင် ငါ မင်းကို အကုန်လုံးပြောပြပြီးတော့ မင်းအမေကို သွားကယ်ဖို့ ခွင့်ပြုမယ်''

ကယ်ရမယ်? ဒါဆိုယင် ငါ့အမေက တနေရာရာမှာ ပိတ်မိနေတာပဲဖြစ်ရမယ် ဒါကြောင့်လဲ လင်းဒေါင်ရှန်က သူ့အမေ မရှိတော့ဘူးလို့ အမြဲတမ်းလိမ်ညာခဲ့တာပဲ ဒါကအဖြူရောင် မုသားစကားတစ်ခွန်းပါ

လင်းဟန်ခေါင်းငြိမ်လိုက်တယ် ပြီးတော့ ပြုံးပြလိုက်ပီး

"အဖေကိုယ်တိုင် အဖေ့လက်နဲ့ အမေကို မကယ်ချင်ဘူးလား?"

လင်းဒေါင်ရှန်ရဲ့ မျက်ဝန်းမှာ အနည်းငယ်တုန်လှုပ်သွားပီး စိတ်လှုပ်ရှားသွားပါတယ် ဒါပေမဲ့လည်း လျင်လျင်မြန်မြန်နဲ့ တည်ငြိမ်သွားပြီးတော့

"ငါရဲ့ စိတ်ဂိဉာဉ်ကဖျက်ဆီးသွားပီ ငါ့ရဲ့ စွမ်းအင်တွေပြန်လည်ဖြည့်ဖို့
စွမ်းအင်ဖြည့်ဆည်းခြင်းဆေးလုံးကို သုံးရတယ် ရှေ့လျှောက် အဆင့်တက်ဖို့နည်းလည်းမရှိတော့ဘူး မင်းအမေကို ကယ်တင်ဖို့အတွက်ဆိုယင် အနည်းဆုံး ကျင့်စဉ်အဆင့်က ပန်းဖူးပွင့်အဆင့် ကိုရောက်မှရမယ်"

ဒဏ္ဍာရီလာ စကြာဝဠာဖျက်ဆီးခြင်းအဆင့်မရောက်ခင် သိုင်းပညာမှာ အဆင့်ကိုးဆင့်ရှိပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်

ဒြပ်စင်စုစည်းခြင်းအဆင့်

နွေဦးစမ်းရေ အဆင့်

စိတ်ဂိဉာဉ်ပင်လယ် အဆင့်

စိတ်ဂိဉာဉ်ပလ္လင် အဆင့်

ပန်းဖူးပွင့်အဆင့်

စိတ်ဂိဉာဉ် သူငယ် အဆင့်

နတ်အသွင်ပြောင်းလဲခြင်း အဆင့်

ကောင်းကင်အဆင့်

ဘယ်လိုကိစ္စမိုလို အမေ့ကိုကယ်ဖို့ သိုင်းပညာအဆင့် ၆ တောင်လိုအပ်ရတာပါလိမ့်

မိုးရေနိုင်ငံရဲ့အင်အားကြီးဆုံး ကလန် ၈ ခုရဲ့ အသန်မာဆုံးစစ်သည်တော်တောင်မှ စိတ်ဂိဉာဉ်ပလ္လင်အဆင့်ပဲရှိပါသေးတယ် ကောလဟာလအချို့အရတော့ အင်ပါယာကလန်က အလွန်အစွမ်းထက်တဲ့ ပန်းဖူးအဆင့် စစ်သည်တော်ကိုပိုင်ဆိုင်ထားပြီး

မြို့တော်အုပ်ချုပ်ရေးနဲ့လုံခြုံရေးအတွက် အင်အားကြီးကလန် ၈ ခုကိုစောင့်ကြည့် လေ့လာဖို့ပဲဖြစ်ပါတယ်

ပန်းဖူးပွင့်အဆင့်ဖြစ်တော့ရော ဘာအရေးလဲ လင်းဟန်ရဲ့အခုလက်ရှိဘဂက ပိုပြီးတော့တောင်မှ ကောင်းပါသေးတယ်
အင်မော်တယ်အဆင့်စိတ်ဂိုဥာဉ်...ကောင်းကင်တောင်ဖျက်ဆီးမရတဲ့မှော်စာလိပ်ကျင့်စဉ် ဒါအပြင် သူက သိုင်းပညာမှာ

အဆင့်ကိုးဆင့်လုံးကို ဖြတ်ကျော်ခဲ့ဖူးတယ် ဒါကြောင့် တခြားသူတွေလိုမျိုး သူမှာ တစ်စိုးနေတဲ့ အခြေနေတွေဖြစ်စရာမရှိ ဘူး နောက်ပြီး သူ့ရဲ့ အလွန်အစွမ်းထက်လှတဲ့ မှော်ဆေးပညာရပ်နဲ့ မှော်ဆေးတွေရဲ့ အထောက်အပံကိုသာရခဲ့မယ်ဆိုယင် ဒါတွေက စာဖွဲ့စရာမလိုပါဘူး

နှစ်ပေါင်းသုံးဆယ် အလွန်ဆုံးမှ နှစ်ပေါင်းငါးဆယ်အတွင်းမှာ သူဟာနောက်တစ်ကြိမ် အောင်မြင်မှုကိုပြန်လည်ရရှိမှာပါ

လင်းဟန်က လင်းဒေါင်ရှန်ကိုပြောလိုက်တယ်

"အဖေ စိတ်ဂိုဥာဉ်အခြေခံက

ကိုယ်ခန္ဓာရဲ့အစိတ်အပိုင်းတစ်ခုပဲလေ ဘယ်အရာကမှ စိတ်ဂိဉာဉ်ကို ပြန်ကုသဖို့မဖြစ်နိုင်ဘူးဆိုယင်တောင်မှ သားကိုတစ်ချက်လောက်တော့ကြည့်ခွင့်ပေးပါ"

လင်းဒေါင်ရှန်က လင်းဟန်ကို စူးစိုက်ကြည့်လိုက်ပီးတော့ ခေါင်းငြိမ့်လိုက်ပါတယ် ပြီးတဲ့နောက် သူက စိတ်နဲ့အမိန့်ပေးလိုက်ပီး သူ့ရဲ့စိတ်ဂိဉာဉ်ကိုဖော်ထုတ်လိုက်ပါတယ်

လင်းဟန်အနည်းငယ်အံ့အားသင့်သွားပါတယ် လင်းဒေါင်ရှန်ရဲ့ စိတ်ဂိဉာဉ်က တကယ်ပဲ ကောင်းကင်အဆင့်နိမ့်အဆင့်ဖြစ်တဲ့ အဖျားကျိုးနေတဲ့ဓါးကျိုး တစ်လက်ဖြစ်နေတယ်လေ အံ့သြစရာမရှိတော့ပါဘူး လင်းဒေါင်ရှန်ရဲ့စိတ်ဂိဉာဉ်ဟာ အချိန်အကြာကြီးတိုင်အောင် ဖျက်ဆီးခံထားရပေမဲ့လဲ သူက ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာ ရှိနေတုန်းပဲ လက်ရှိမှာ အဖျားကျိုးနေတဲ့ ဓါးကျိုး ဟာ သူ့ရဲ့ထက်ရှမှုတွေ ပျောက်ကွယ်သွားခဲ့ပါပြီ ဒါကြောင့်မို့ သူ့ရဲ့ စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူနိုင်ဖို့ မဖြစ်နိုင်ပါဘူး ဒါဟာ လုံးဂဖျက်ဆီးခံလိုက်ရတယ်လို့ ပြောလို့ရပါတယ်

စိတ်ဂိဉာဉ်ဖျက်စီးခံလိုက်ရခြင်းက

ပိုင်ရှင်ရဲ့သိုင်းပညာအစွမ်းကို အနာဂါတ်မှာ တိုးတက်ဖို့ လုံးဝမဖြစ်နိုင်တော့ပါဘူး

ဒါပေမဲ့လဲ လင်းဟန်အတွက်တော့ စိတ်ဂိညာဉ်ကိုကုသတာက မခက်ခဲပါဘူး

"အဖေရဲ့ စိတ်ဂိညာဉ်က ပြန်ပီးကုသလို့ရပါသေးတယ် ဒါပေမဲ့လောလောဆယ် ကျနော့လက်ထဲမှာ လိုအပ်တဲ့ ဆေးပင်တွေ မရှိသေးဘူး ဒါကြောင့် ကျနော် အချိန်အနည်းငယ်လိုတယ်"

လင်းဒေါင်ရှန် လက်သီးကို တင်းတင်းဆုပ်ထားပါတယ် ဖြစ်နိုင်ယင် သူဟာ ဇနီးဖြစ်သူရဲ့နာကျင်ခံစားနေရမှုကို ကိုယ်တိုင်ပဲ ကယ်တင်ချင်တာပါ ဒါပေမဲ့လည်း သူ့ရဲ့စိတ်ဂိညာဉ်က ဖျက်ဆီးခံလိုက်ရပီလေ ဒါကြောင့်မို့လို့ သူ့ရဲ့မျှော်လင့်ချက် ကို သူ့သားအပေါ်မှာပုံချထားလိုက်ရတာပဲဖြစ်ပါတယ်

လင်းဒေါင်ရှန်အသံက တုန်လှုပ်နေပါတယ်

"ဟန်အာ...... မင်းပြောတာတကယ်ပဲလား"

"ဒါပေါ့ တကယ်ပြောတာပါ ကျနော့်ကိုသုံးနှစ် မဟုတ်ဘူး နှစ်နှစ်ပဲအချိန်ပေး အဖေ့စိတ်ဂိုဉာဉ်ကို ကုသဖို့ မှော်ဆေးဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ဆေးအမယ်တွေကို သေချာပေါက်ရအောင်ရှာပေးမယ်"

"ဟဟ အရမ်းကောင်းတယ် အဲဒီအချိန်ကျယင် အဖေနဲ့သား ပေါင်းပြီးတော့ မင်းအမေကိုပြန်ကယ်ပြီး ငါတို့မိသားစု ပြန်ပေါင်းစည်းကြတာပေါ့ဟဟဟဟ"

"ဘာဖြစ်ဖြစ် ငါ့အတွက် မင်း ဟွာယန်အကယ်ဒမီကိုတော့ သွားဖြစ်အောင်သွားရမယ်"

လင်းဒေါင်ရှန်က ခေါင်းစဉ်ကိုချက်ချင်းချိန်းလိုက်တယ်

လင်းဟန်အနည်းငယ် စိတ်ပျက်သွားပါတယ် သူ့အနေနဲ့ သူ့ရဲ့ မယုံကြည်နိုင်လောက်တဲ့ ပါရမီကိုပြသခဲ့တာတောင်မှ ဒီလူအိုကြီးက နည်းနည်းလေးတောင်မှမယုံကြည်ဘူး ဘာဖြစ်ဖြစ်လေ သူ့အဖေက သွားစေချင်မှတော့ သွားရမှာပေါ့

သူ့အနေနဲ့ဘယ်နေရာမှာပဲ လေ့ကျင့်သည်ဖြစ်စေ ကိစ္စမရှိပါဘူး ဒ့ါအပြင် တိမ်မီးနိုးမြို့ကလဲ သေးငယ်ပါတယ်

သူ့ဂုံကျင့်စဉ်အတွက်လိုအပ်တဲ့ အရင်းအမြစ်တွေကို လုံလုံလောက်လောက်ရနိုင်မှာမဟုတ်ပါဘူး

အပိုင်း (၁၄)မူလကိုယ်ခန္ဓာပိုင်ရှင်ရဲ့စွဲလမ်းခြင်း

လင်းဟန်က လင်းရှောင်ယွမ်တို့ မြေးအဘိုးအုပ်စုတွေရဲ့ လုပ်ဆောင်မှုတွေကို လင်းဒေါင်ရှန်ကို ထုတ်ပြောလိုက်ပါတယ် ဒီအုပ်စုက သူတို့ရဲ့မျှော်လင့်ချက်တွေကို လွယ်လွယ်နဲ့ အရှုံးပေးမှာမဟုတ်ပဲ တစ်ခုခုကို ကြိတ်ကြံစည်နေကြမယ်ဆိုတာ သေချာပါတယ် ဒါကြောင့် လင်းဒေါင်ရှန်အနေနဲ့ ကြိုတင်ပြင်ဆင်ထားလို့ရအောင် ပြောပြထားတာပါ

လင်းဒေါင်ရှန်က ယုံကြည်မှုရှိစွာပြောလိုက်တယ်

''ငါနားလည်ပြီ''

သူဟာ လင်းရှောင်ယွမ်နဲ့နှစ်ပေါင်းများစွာ ယှဉ်ပြိုင်အနိုင်ယူလာခဲ့တာပါ ဒါကြောင့်လဲ လင်းရှောင်ယွမ်က အိမ်တော်ထိန်း အဖြစ်နဲ့သာ နေရပြီး သူ့ရဲ့ကျော်ဖြတ်မှုကိုခံလိုက်ရတာပါ

နှစ်ပေါင်းများစွာကတည်းက လင်းဒေါင်ရှန်ဟာ ကလန်အတွင်းမှာ ပါရမီရှင်များစွာရှိတဲ့အနက် ဂုဏ်ယူစရာ အလေးပေးခံထားရသူပဲဖြစ်ပါတယ် တကယ်လို့ သူ့ရဲ့ စိတ်ဂိဉာဉ် အခြေခံသာ မပျက်ဆီးဖူးဆိုယင် လင်းရှောင်ယွမ်လို လူက သူ့မျက်စိထဲမှာ ဘာမှအရေးမပါပါဘူး

"ဟင့်......ဒီကောင် တကယ်ပဲ ငါ့သားကို စော်ကားရဲတယ် ငါသာ သူ့ကို မှတ်လောက်သားလောက်အောင် ရိုက်ပြီးမဆုံးမ နိုင်ယင် ငါက လင်းမျိုးရိုးတစ်ယောက်မဟုတ်တော့ဘူး"

လင်းဒေါင်ရှန် အေးစက်စက်နဲ့ပြောလိုက်ပါတယ်

ဒါဆို ငါ့အဖေကလဲ ကိုယ့်ရဲ့လူတွေကို ကာကွယ်တတ်တဲ့သူတစ်ယောက်ပဲ......ဒီစကားလုံးတွေက လင်းဟန်ကို အရမ်းကို ကျေနပ်စေပါတယ်

လင်းဟန်က သူမသွားခင် သူ့အဖေနဲ့စကားတွေအများကြီးပြောခဲ့ပါတယ် ကလန်တစ်ခုရဲ့ခေါင်းဆောင်အနေနဲ့ လင်းဒေါင်ရှန် ဟာ လုပ်စရာတွေအများကြီးရှိပါတယ် ဒါ့အပြင် သူမရှိတုန်းမှာ

သူ့သားအပေါ်မှာ စော်ကားပြီး အခွင့်အရေး ယူခဲ့တဲ့ လင်းရှောင်ယွမ်လို ခွေးအိုကြီးကိစ္စကိုလဲ ဖြေရှင်းရပါဦးမယ်

လင်းဟန်အနေနဲ့ အဲ့ခွေးအိုကြီးရဲ့ အကူညီမဲ့ပြီး လင်းဒေါင်ရှန်ရဲ့ ညှာတာမှုမရှိတဲ့ ဆုံးမခြင်းခံရတဲ့ပုံကို ကြည့်ဖို့ စိတ်မဝင်စားပါဘူး သူဟာ အခန်းထဲကိုပြန်လာပြီးတော့ အနာဂါတ်မှာ လျှောက်ရမဲ့လမ်းကို စဉ်းစားနေပါတယ်

ကျင့်ကြံခြင်းဟာ မှော်ဆေးလုံးတွေရဲ့အထောက်အပံ့ ကို လုံးဝသေချာပေါက်လိုအပ်ပါလိမ့်မယ် အယင်ဘဝက သူ့အနေနဲ့ နှစ်ပေါင်းနှစ်ရာအတွင်းမှာ ကောင်းကင်အဆင့်ကိုရောက်ခဲ့ရတာကလဲ သူ့ရဲ့ မှော်ဆေးပညာမှာ အလွန်ပဲ ပါရမီပါလို့ဖြစ်ပါတယ် ဘာဖြစ်ဖြစ် လိမ္မာတဲ့ဇနီးတစ်ယောက်ဟာ ဆန်မပါပဲနဲ့ ထမင်းမချက်နိုင်သလိုပဲ သူ့အနေနဲ့လဲ ဘယ်လောက်ပဲ မှော်ဆေးပညာမှာ ဗဟုသုတဘယ်လောက်များများရှိရှိ ဆေးဖော်စပ်ဖို့ အတွက် ဆေးအမယ်တွေ လိုအပ်နေပါတယ်

အဆင့်မြင့်အဆင့် မှော်ဆေးလုံးအတွက်ဆို အရမ်းရှားပါးပြီးတန်ဖိုးမဖြတ်နိုင်တဲ့ ဆေးအမယ်တွေကပိုလိုအပ်ပါတယ်
တစုံတစ်ယောက်ကသာ လင်းကလန်ရဲ့ ကြွယ်ဝမှုနဲ့

ဆေးပင်ရဲ့တန်ဖိုးကို နိုင်းယှဉ်လိုက်မယ်ဆိုယင်တောင်မှ ပြောစရာ စကားတစ်ခွန်းပဲရှိပါတယ် အဲဒါက ငမွဲ..........

ဒါကြောင့် လင်းဟန်အနေနဲ့ ငွေစုဖို့လိုပါတယ် ဒါကြောင့် သူ့အနေနဲ့ နည်းလမ်းနှစ်ခုကို စဉ်းစားထားပါတယ်

ပထမက ကျင့်ကြံခြင်း နည်းလမ်းတွေနဲ့ သိုင်းပညာရပ်တွေကို ရောင်းချတာပါ အယင်ဘဝတုန်းက သူဟာ ထိပ်တန်းအဆင့်မြင့် လျှို့ဝှက်ကျင့်စဉ်တွေ မရေမတွက်နိုင်အောင် ပိုင်ဆိုင်ထားပါတယ် တကယ်လို့ သာ တစ်ခုခုကို လေလံတင်လိုက်မယ်ဆိုယင် သူဟာ သေချာပေါက် အရမ်းကိုကြွယ်ဝချမ်းသာလာပါလိမ့်မယ် ဒါပေမဲ့လဲ ဒီဟာကို သူက သိပ်သဘောမကျပါဘူး ဘာလို့လဲဆိုတော့ လက်ရှိ သူ့ရဲ့အခြေအနေက အရမ်းကို အားနည်းနေသေးလို့ပါ

တကယ်လို့သူသာ ကောင်းကင်အဆင့်ကျင့်စဉ်တစ်ခုကို ထုတ်ဖော်ပြလိုက်မယ်ဆိုယင် လူအများကြီးရဲ့ပစ်မှတ် လုပ်ခြင်းကို ခံရမှာဖြစ်ပြီးတော့ မကောင်းတဲ့အကြံအစည်တွေနဲ့ သူ့ကို ကျင့်စဉ်တွေထုတ်ပေးဖို့တောင် ကြံစည်နိုင်ပါတယ်

တကယ်လို့ သူသာကျင့်ကြံခြင်းနည်းလမ်းတွေနဲ့ သိုင်းပညာရပ်တွေကိုရောင်းချမယ်ဆိုယင် သူ့လက်ရှိစွမ်းအင်နဲ့ သိပ်မကွာ တဲ့ ကျင့်စဉ်တွေကိုသာရောင်းချမှာဖြစ်ပါတယ် ဒါ့အပြင် တစ်ကြိမ်ထဲနဲ့သူဟာအများကြီးရောင်းချမှာမဟုတ်ပါဘူး

ဒီတော့နောက်ဆုံးကျန်တဲ့ နည်းလမ်းကတော့ မှော်ဆေးလုံးတွေကိုရောင်းချတာပဲဖြစ်ပါတယ်

မှော်ဆေးပညာရပ်ဟာ အားလုံးက လေးစားရတဲ့ပညာရပ်ဖြစ်တယ် ဘယ်သူကမှလဲ လူပုံအလယ်မှာ မှော်ဆေးပညာရှင် တွေကို မလေးမစား မလုပ်ရဲကြပါဘူး တကယ်လို့ မကောင်းတာကြံမယ်ဆိုယင်တောင်မှ ဘာမှမလုပ်ခင်မှာ အသေအချာ ပြန်ပြီးတော့တောင် စဉ်းစားရဦးမှာပဲဖြစ်ပါတယ်

လက်ရှိမိုးရေနိုင်ငံ အတွင်းမှာ အနည်းဆုံး ၈၀ ရာခိုင်နှုန်းသောမှော်ဆေးပညာရှင်တွေဟာ ကောင်းကင်ဆေးအိမ်တော်မှာ ရှိကြပီးတော့ ကျန်တဲ့ ၂၀ ရာခိုင်နှုန်းကတော့ အင်အားကြီးကလန်တွေရဲ့ ဧည့်သည်တော်တွေအဖြစ်ရှိနေကြတာပါ

သူတို့ဖော်စပ်တဲ့ မှော်ဆေးလုံးတွေကိုတော့ အဲဒီအင်အားကြီးကလန်တွေရဲ့ အဖွဲ့ဝင်အဖွဲ့သားတွေပဲ အသုံးပြုလို့ရပြီးတော့ အပြင်ကိုရောင်းချခြင်းက အရမ်းကိုနည်းပါတယ်

နောက်ဆုံး မှော်ဆေးပညာရှင်အနည်းငယ်ကတော့ သီးသန့်နေထိုင်ကြပြီးတော့ ဘယ်အဖွဲ့အစည်းအတွက်ကိုမှ အလုပ်လုပ်ပေးခြင်းမရှိပါဘူး
တကယ်လို့သူတို့မှာငွေလိုလာယင် ဖော်စပ်ထားတဲ့ ဆေးလုံးတွေကို ရောင်းချခြင်းဖြင့် ငွေရှာကြပါတယ် ဒါကြောင့်သူတို့ဟာ မည်သည့်လွှမ်းမိုးမှုမှမခံရပဲ နဲ့ လုံးဝလွတ်လွတ်လပ်လပ်နေကြရပါတယ်

တိမ်မီးခိုးမြို့မှာ အဆင့်မြင့်မှော်ဆေးလုံးတွေနဲ့ ဆေးပင်တွေကို ကောင်းကင်ဆေးအိမ်တော်မှာပဲ ရှာဖွေတွေ့ရှိနိုင်မှာဖြစ်ပြီး
တစ်စုံတစ်ယောက်ကသာလိုချင်ယင်တော့
အဲဒီနေရာကိုသွားရှာရမှာပဲဖြစ်ပါတယ်
အဆင့်နိမ့်မှော်ဆေးလုံးတွေအတွက်ကတော့
ကောင်းကင်ဆေးအိမ်တော်ရဲ့
ဌာနခွဲသေးသေးလေးတွေမှာရရှိနိုင်ပြီး
တစ်ချို့မှော်ဆေးပညာရှင်တွေက ရောင်းချခြင်ယင်

အင်အားကြီးကလန်နှစ်ခုနဲ့အရောင်းအဝယ်လုပ်ကြပါတယ် အင်အားကြီးကလန်နှစ်ဟာဒီနယ်မြေမှာတော့အတော်လေး လွှမ်းမိုးနိုင်စွမ်းရှိပါတယ်

အင်အားကြီးကလန်နှစ်ခုကတော့ လင်းကလန်နဲ့ ချန် ကလန်တို့ပဲဖြစ်ပါတယ် ဒီကလန်နှစ်ခုဟာ ကောင်းကင်ဆေးအိမ်တော်ကနေ အဆင့်နိမ့်မှော်ဆေးလုံး ၅၀ ရာခိုင်နှုန်းစီအသီးသီးရရှိကြပါတယ်

ဒါပေမဲ့လဲ ကောင်းကင်ဆေးအိမ်တော်နဲ့ယှဉ်လိုက်ယင် ကလန်နှစ်ခုစလုံးဟာ အကျိုးအမြတ်နည်းနည်းလေးသာရရှိ တာပဲဖြစ်ပါတယ်

လက်ရှိဘဝမှာတော့ လင်းဟန်ဟာ သီးသန့်နေထိုင်တဲ့ မှော်ဆေးပညာရှင်အဖြစ်ပဲ နေထိုင်ဖို့ဆုံးဖြတ်ထားပါတယ် တကယ်လို့ သူ့မှာငွေလိုလာယင် မှော်ဆေးအနည်းငယ်ဖော်စပ်ပြီးတော့ ရောင်းချပါမယ် ဒါဟာ သူလိုအပ်နေတဲ့ ငွေ အတွက်တော့လုံလောက်ပါတယ်

ဒါဆို ငါဆုံးဖြတ်လိုက်ပြီ ငါ့သိုင်းပညာရပ်အတွက် မှော်ဆေးပညာကို အထောက်အပံ့အနေနဲ့အသုံးပြုမယ်

ဒါပေမဲ့လည်း လင်းဒေါင်ရှန်က ပြန်ရောက်လိုနေပါပြီ လင်းဟန်ရဲ့ လွတ်လပ်မှုကအနည်းငယ် ဆုံးရှုံးသွားခဲ့ပါပြီ ဒီလူအိုကြီးက သူ့ကို ဟွာယန်အကယ်ဒမီဆီကိုချက်ခြင်းသွားဖို့ တွန်းအားပေးနေတာလေ

ဟွာယန်အကယ်ဒမီတင်မကပါဘူး တိမ်မီးခိုးအကယ်ဒမီလဲရှိပါသေးတယ်

ဟွာယန်အကယ်ဒမီက မိုးရေနိုင်ငံရဲ့ အင်ပါယာကလန်ရဲ့လက်အောက်ခံဖြစ်ပြီးတော့ တိမ်မီးခိုးအကယ်ဒမီကတော့ အာဏာပိုင်အဖွဲ့အစည်းလက်အောက်ခံ အကယ်ဒမီတစ်ခုဖြစ်ပါတယ် ဒီအကယ်ဒမီနှစ်ခုရဲ့ အရင်းအမြစ်တွေကို ဘယ်လိုမှ နိုင်းယှဉ်လို့မရနိုင်ပါဘူး လင်းဟန်အနေနဲ့ သူ့အဖေအပေါ်ကို စိတ်မပျက်မိပါဘူး ဒါကြောင့်လဲ အကယ်ဒမီကိုသွားဖို့ သူသဘောတူလိုက်ပါတယ် ဒီ့အပြင် သူမှာ ဘာမှလုပ်စရာသိပ်မရှိသေးဘူးလေ ဒါကြောင့်ရက်အနည်းငယ်အတွင်း အကယ်ဒမီကိုသွားပြီးတော့ သူ့အဖေရဲ့ရည်မှန်းချက်တွေကို ပြည့်အောင်လုပ်ပေးရမယ် ဒါမှသာ အနာဂါတ်မှာ သူ့အဖေက

သူသွားမဲ့လမ်းကြောင်းကို ဆန်ကျင့်မှုပြုလုပ်မှာမဟုတ်ပါဘူး

ဒ့ါအပြင် သူမှူလခန္ဓာကိုယ်ပိုင်ရှင်ရဲ့စွဲလမ်းခြင်းဖြစ်နေတဲ့ အမိုက်ကောင်လို့ ထင်မြင်ယူဆနေချက်တွေကို သူ့အနေနဲ့ လုံးဂကို ဖယ်ရှားပစ်ချင်ပါတယ် သူတို့ထွက်ခွာလာတဲ့အချိန်မှာ လွီယုထန်ကလဲ လင်းဟန်ဘေးကနေလိုက်ပါလာပါတယ် မကြာခင်မှာ တိမ်မီးခိုး အကယ်ဒမီဆီကို ရောက်လာခဲ့ကြပါတယ် လွီယုထန်အနေနဲ့ လင်းဟန်နဲ့ သင်တန်းအချိန်တွေကလဲ မတူညီပါဘူး ဒါကြောင့် သူမက အကယ်ဒမီထဲမှာ ပျောက်သွားနေခဲ့ပါတယ် သူမရဲ့ချောမောလှပမှုကြောင့် စနောက်ချင်တဲ့သူတွေဟာလဲ သူမရဲ့ စွမ်းအင်အဆင့်ကိုကြောက်ပီး ဘာမှမလုပ်ရဲကြပါဘူး

လင်းဟန်ကဖြေးဖြေးလေးလမ်းလျှောက်နေခဲ့ပါတယ် သူ့အနေနဲ့ အကယ်ဒမီမှာ ဘာသင်တန်းမှ တက်မှာမဟုတ်ပါဘူး အကယ်ဒမီကိုလာတာကကိုပဲ သူ့အတွက်လုံလောက်နေပါပြီ ဒါကလဲ သူ့အဖေကို ရှိသေလေးစားလို့ စကားနားထောင်တဲ့သဘောပါပဲ သူ့အနေနဲ့ လင်းဒေါင်ရှန်ရဲ့ စကားလုံးတိုင်းကို လိုက်နာဖို့တော့ မျက်စိမကန်းသေးပါဘူး

လင်းဟန်ဟာတဖြေးဖြေးနဲ့ သိုင်းပညာလေ့ကျင့်တဲ့ခန်းမအရှေ့ကို အရောက်မှာ ခြေလှမ်းတွေကိုရပ်ပစ်လိုက်ပါတယ်

ပြီးတော့ ခန်းမထဲကို တည့်တည့်ပဲဝင်သွားခဲ့ပါတယ် ဒါဟာသူ့ မူလခန္ဓာကိုယ်ပိုင်ရှင်ရဲ့ စွဲလမ်းခြင်းတစ်ခုပါပဲ

သူ့ရဲ့မူလကိုယ်ခန္ဓာပိုင်ရှင်မှာ စွဲလမ်းနေတဲ့ကိစ္စနှစ်ခုရှိပြီး သူ့အနေနဲ့ အဲဒါတွေကို လက်မလွှတ်ချင်ပါဘူး

ပထမကတော့ သူ့အဖေပါ နောက်တစ်ခုက တိမ်မီးခိုးအကယ်ဒမီကမိန်းကလေးတစ်ယောက်ပါ

လင်းဟန်ရဲ့မူလခန္ဓာကိုယ်ပိုင်ရှင်ဟာ တိမ်မီးခိုးအကယ်ဒမီရဲ့ ရှန်းဇီယန် ဆိုတဲ့မိန်းကလေးတစ်ယောက်ကို နှစ်သက်သဘောကျခဲ့ပါတယ် သူတို့နှစ်ယောက်ကြားက ကွာခြားချက်ကလဲ အလွန်ပဲကြီးမားပါတယ် လွန်ခဲ့တဲ့ ၇ နှစ် ရှန်းဇီယန်
အသက်ဆယ်နှစ်ပဲရှိသေးတဲ့အချိန်တုန်းကတည်းက သူမဟာ မယုံနိုင်လောက်အောင်ပဲ ချောမောလှပလွန်းပါတယ် လင်းဒေါင်ရှန်က လင်းဟန်နဲ့သူမကို စေ့စပ်ပေးဖို့ကို စီစဉ်ခဲ့ပါတယ်

လင်းကလန်ဟာအင်အားကြီးကလန်တစ်ခုဖြစ်တဲ့အပြင် လင်းဟန်ကလဲ ကလန်ခေါင်းဆောင်ရဲ့သားဖြစ်တဲ့အတွက် ရှန်ကလန်အနေနဲ့ ကျေကျေနပ်နပ် သဘောတူခဲ့ပါတယ် ဒါပေမဲ့လည်း လင်းဟန်အသက် ၁၂ နှစ်အရွယ် စာမေးပွဲစစ်ရာမှာ သူ့ရဲ့စိဂိဉာဉ်က သုံးစားမရတဲ့ ဒြပ်စင်ငါးမျိုးအခြေခံဖြစ်နေပါတယ် ဒါပေမဲ့လည်း လင်းကလန်ရဲ့ စွမ်းအင် ကြောင့် ရှန်ကလန်အနေနဲ့ အတွေးရိုင်းရိုင်းမတွေးဂံခဲ့ပါဘူး ပြသနာက ရှန်ဇီယန် မှာ မြေကြီးအဆင့်မြင့် စိတ်ဂိဉာဉ်အခြေခံ ရှိနေတာပါပဲ ဒါ့အပြင် သူမရဲ့ သိုင်းပညာစွမ်းရည် ပါရမီကလဲ အရမ်းကိုကောင်းပီးတော့ သူမရဲ့ စိတ်ဂိဉာဉ်အခြေခံနဲ့ အရမ်းကိုတွဲဖက်မိပါတယ် သူမရဲ့ ကျင့်စဉ်အဆင့်တွေ တိုးတက်မြင့်မားလာတာနဲ့အမျှ အကယ်ဒမီက သူမကို တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုလိုသတ်မှတ်ထားပြီးတော့ ဟွာယန်အကယ်ဒမီဆီကိုပို့ချင်နေကြပါတယ်

ဟွာယန်အကယ်ဒမီကသာလျှင်
သူမရဲ့ပါရမီကိုပိုမိုပြီးသင့်တော်အောင်
ကူညီဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့
မျှော်လင့်နေကြတာပဲဖြစ်ပါတယ်

သူတို့နှစ်ဦး အသက်အရွယ်ကြီးပြင်းလာတာနဲ့အမျှ လင်းဟန်နဲ့သူမအကြားမှာရှိတဲ့ ကျင့်စဉ်အဆင့်တွေဟာလဲ ပိုပိုပြီး ကွာခြားလာခဲ့ပါတဲ့ အဲဒါကြောင့်ပဲ နောက်ဆုံးမှာ ရှန်ဇီယန်က သူမနဲ့ လင်းဟန်ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပေးဖို့ တောင်းဆိုလာခဲ့ပါတယ်

ပုံမှန်အားဖြင့် လင်းဒေါင်ရှန်ဟာဒီကိစ္စကိုသဘောမတူခဲ့ပါဘူး ဒါဟာသူတို့ လင်းကလန်ရဲ့ဂုဏ်သိက္ခာကျဆင်းစေယုံ သာမက သူ့သားရဲ့အသည်းကိုပါခွဲသလိုဖြစ်နေလို့ပါ ဒါပေမဲ့လည်းလင်းဟန်ရဲ့ မူလကိုယ်ခန္ဓာပိုင်ရှင်က သဘောတူပေး ခဲ့ပါတယ် သူကြောင့် သူချစ်မြတ်နိုးရတဲ့ မိန်းကလေးအပေါ် အကျိုးမဲ့စေချင်လို့ပါပဲ

အခုတော့သူတို့နှစ်ယောက်ဟာ
သူစိမ်းတွေဖြစ်သွားကြပေမဲ့လဲ သူ့မူလခန္ဓာကိုယ်ပိုင်ရှင်ဟာ အဲဒီမိန်းကလေးကို ချစ်မြတ်နိုးနေဆဲဖြစ်ပြီးတော့ အမြဲတမ်းသူမနဲ့ပတ်သတ်လာယင် လှိုက်ပွက်ပြီး ခံစားနေရပါသေးတယ်

ငါ့အနေနဲ့ ဒီ စွဲလမ်းခြင်းတွေကို ပျောက်ကွယ်သွားအောင်လုပ်ဖြစ်ဖို့လိုတယ် မဟုတ်ယင် အနာဂါတ်မှာ ဒါက ငါ့ကိုယ်တွင်း မှာ မကောင်းတဲ့

နတ်ဆိုးလိုဖြစ်ပီးငွါအစီအစဉ်တွေအပေါ်မှာ
အကျိုးသက်ရောက်မှုရှိလာနိုင်တယ်

ကောင်းကင်အဆင့်စစ်သည်တော်တစ်ယောက်ဖြစ်ခဲ့တာနဲ့ အညီပဲ ကိုယ်တွင်းနတ်ဆိုးရဲ့ အန္တရာယ်ကို လင်းဟန်ကောင်းကောင်းကြီးသိပါတယ် ဒါကြောင့်ပဲ မူလကိုယ်ခန္ဓာပိုင်ရှင်နဲ့ ညှိနှိုင်းပြီးတော့

ဒါဆို သူမကို နောက်တစ်ကြိမ်သွားတွေ့ဖို့လိုနေပြီ ပြီးတဲ့နောက်မှာတော့ ငါတို့နှစ်ယောက်ကြားမှာ ဘာဆက်သွယ်မှု မရှိတော့မှာမဟုတ်တော့ဘူး..................

အပိုင်း(၁၅) ဒူးထောက်
လင်းဟန်
သိုင်းပညာလေ့ကျင့်ရေးခန်းမထဲကိုဝင်လိုက်ပြီးတော့ မိန်းမလှလေးတစ်ယောက်က ခန်းမအလယ်မှာ သိုင်းပညာစွမ်းတွေကိုလေ့ကျင့်နေတာကိုမြင်လိုက်ပါတယ် သူမဟာ သိုင်းကိုယ်ကျပ်ဝတ်စုံအဖြူရောင်ကို ဝတ်ဆင်ထားပြီး လှုပ်ရှားမှုတွေဟာ နတ်သမီးလေးတစ်ပါးလို ကျက်သရေရှိလှပါတယ် သူမရဲ့ဘေးမှာ ယောက်ကျားလေး တွေနဲ့ မိန်းကလေး တစ်ချို့က စုပြီးတော့ ကြည့်နေကြပါတယ် ဒီမိန်းကလေးက

ရှန်ဇီယန်ပဲဖြစ်ပါတယ် သူမဟာ နေ့တိုင်း ဒီနေရာမှာပဲ အမြဲတမ်းလေ့ကျင့်ပါတယ် သူမဟာတကယ်ကိုပဲချောမောလှပပါတယ် ဒါပေမဲ့ လွှီယုထန်ရဲ့ အလှနဲ့ယှဉ်လိုက်ယင်တော့ သူမဟာ အနည်းငယ်နောက်မှာကျန်ရစ်နေပါတယ် သူမူလခန္ဓာကိုယ်ပိုင်ရှင်အတွက်တော့ မျှော်လင့်ချက်မရှိတဲ့ အချစ်ပဲဖြစ်ပါတယ် ဒါပေမဲ့လည်း သူကသေသွားခဲ့ပြီး အခုလင်းဟန်ကတော့ ကောင်းကင်အဆင့်စစ်သည်တော် တစ်ဦးပဲလေ

လင်းဟန် အသက်ပြင်းပြင်းရှူလိုက်ပါတယ် သူအနေနဲ့ လေထဲကနေပြီးတော့ မူလခန္ဓာကိုယ်ပိုင်ရှင်ရဲ့ စွဲလန်းမှု အကြွင်း အကျန်ကို ခံစားလိုက်ရပါတယ် သူမူလကိုယ်ခန္ဓာပိုင်ရှင်ဟာ သူနဲ့ ရှန်ဇီယန် ဘယ်တော့မှမဖြစ်နိုင်တော့ဘူးဆိုတာကို သိနေပါတယ် ဒါကြောင့် သူမကို အဝေးကနေပဲ တိတ်တစ်ခိုးနဲ့မျှော်ကြည့်နေတာပါ တကယ်လို့သာ သူ့ရဲ့စွဲလန်းမှုက သူမကို လက်ထပ်နိုင်ဖို့ဆိုယင်တော့ လင်းဟန်အတွက် ပြဿနာအကြီးကြီးတက်ပါပြီ

အဲဒီအချိန်မှာပဲ ရှန်ဇီယန်ဟာ သူမရဲ့ လှုပ်ရှားမှုတွေကိုရပ်တန့်လိုက်ပြီး သူ့ကိုကြည့်ပြီး

အေးစက်စွာ အော်ဟစ်လိုက်ပါတယ်

"ဒီနေရာကနေထွက်သွားစမ်း"

ဘယ်လောက်ဆိုးဂါးလိုက်သလဲ
ဒီသိုင်းပညာလေ့ကျင့်ရေးခန်းမ ကို သူမမိသားစုပိုင်လို့များ ထင်နေသလားမသိဘူး

ပုံမှန်အားဖြင့်တော့ လင်းဟန်အနေနဲ့ ဒီလိုမျိုးကိစ္စတွေအပေါ်မှာ စိတ်ဝင်စားမှုမရှိပါဘူး ဒါ့အပြင် မူလပိုင်ရှင်ရဲ့ စွဲလမ်းခြင်း တွေဟာလဲ ပျောက်ကွယ်သွားခဲ့ပြီဖြစ်လို့ ရှန်ဇီယန် အနေနဲ့ ဘယ်လောက်ပဲ ချောမောလှပပြီး အံ့အားသင့်စရာကကောင်းတဲ့ ပါရမီကိုပိုင်ဆိုင်ထားထား သူ့အနေနဲ့ အရေးမစိုက်ပါဘူး သူမက သူ့ကို နည်းနည်းလေးမှ တောင် နေခွင့်မပေးခဲ့ပါဘူး

မူလကိုယ်ခန္ဓာပိုင်ရှင်ကြောင့်
သူမကိုစော်ကားတဲ့စကားတောင်မပြောပဲနဲ့
အပေးကိုထွက်သွားဖို့ကို သူလှည့်လိုက်ပါတယ်

ပန်းထိုးထားတဲ့ဂတ်စုံကို ဂတ်ဆင်ထားတဲ့

လူငယ်တစ်ယောက်က လင်းဟန်အရှေ့ကို ရောက်လာပြီးတော့ပြောလိုက်ပါတယ်

'''မင်းဒီနေရာမှာရပ်လိုက်စမ်း ရှန်ညီမလေးပြောတဲ့စကားကိုမင်းမကြားဖူးလား သူမက မင်းကို အပြင်ဘက်ကို ကျွမ်းထိုးပြီး ထွက်သွားခိုင်းတာ ကျွမ်းထိုးဖို့ မင်းခြေထောက်တွေကို ဘာလို့ မသုံးသေးတာလဲ'''

သူ့နာမည်က ချန်ဟောင် ....သူက တိမ်မိုးခိုးမြို့ရဲ့ အင်အားကြီးကလန်ဖြစ်တဲ့ ချန်ကလန်ခေါင်းဆောင်ရဲ့ဒုတိယမြောက်သား ......ပြီးတော့ ရှန်ဇီယန်ကို သဘောကျနေတဲ့သူတစ်ယောက်.....

ရှန်ဇီယန်က သူ့ကို တခြားသူတွေလိုပဲ တန်းတူဆက်ဆံနေပေမဲ့ အခုတော့ အခွင့်အရေးတစ်ခုက သူ့ရှေ့ကိုနောက်ဆုံးမှာ ရောက်လာခဲ့ပီ သူမရဲ့အရှေ့မှာ လင်းဟန်ကို ပညာပေးပြီးတော့ ရှန်ဇီယန်ရဲ့ မျက်နှာသာပေးမှုကို ရအောင်ယူရမယ်

ဒီ့အပြင်ဒါက လင်းဟန်ကို သူစော်ကား အရှက်ခွဲတာက ပထမဆုံးအကြိမ်မဟုတ်ဘူး လင်းဟန်ကို အရှက်ခွဲကြတဲ့

လူအားလုံးထဲမှာ သူက အမြဲတမ်း ထိပ်ဆုံးကပဲလေ လင်းဟန်ကိုအရှက်ခွဲရတာပိုပြီးတော့ နေရထိုင်ရတာ သက်သာသေးတယ်

လင်းဟန်ရဲ့ မျက်လုံးထဲမှာ အယင်မူလခန္ဓာကိုယ်ပိုင်ရှင်ကို ချန်ဟောင်က အရှက်ခွဲခဲ့တဲ့ပုံရိပ်တွေ အလိုလိုပေါ်လာပါတယ်

ပုံမှန်ဆို လင်းဟန်အနေနဲ့ ချန်ဟောင်နဲ့မျက်နှာခြင်းတောင်ဆိုင်ဖို့ စိတ်မကူးပါဘူး ဒါပေမဲ့လည်း အခုတော့ ချန်ဟောင်က သူ့ကို အရှက်ခွဲဖို့ ကြိုးစားလာတော့လဲ သူ့အနေနဲ့ နောက်ဆုတ်ဖို့မဖြစ်တော့ဘူးလေ

လင်းဟန်က သတ်ဖြတ်ချင်တဲ့လေသံနဲ့မေးလိုက်တယ်

"မင်း သေချင်နေပြီလား"

ချန်ဟောင်က ရီမောလိုက်တယ်

"ဟာဟာဟ လင်းအမှိုက်ကောင် မင်းကငါ့ကိုခြိမ်းခြောက်တယ်ပေါ့လေ

ငါတို့မတွေ့တာရက်ပိုင်းပဲရှိပါသေးတယ် မင်းကငါ့ကို ဒီလိုပြန်ပြောရဲတဲ့အထိ သတ္တိတွေရှိနေတယ်ပေါ့လေ ဟားဟားဟား"

ခန်းမထဲမှာရှိနေတဲ့လူအားလုံး ဟက်ဟက်ပက်ပက်ရီမောလိုက်ကြပါတယ် လင်းဟန်ဟာ ဒီအကယ်ဒမီ တစ်ခုလုံးမှာ အမိုက်ကောင်ဆိုတာကို အားလုံးသိထားကြပြီးဖြစ်တယ် အခုလိုမျိုးလင်းဟန်ဆီကနေပြောလိုက်တဲ့စကားကို ကြားလိုက်ရ တာက သူတို့အတွက် ကမ္ဘာမှာအရီရဆုံးဟာသတစ်ခုကိုကြားလိုက်ရသလိုပါပဲ

လင်းဟန်က အေးစက်စက်နဲ့ပြုံးလိုက်ပြီးတော့ ချန်ဟောင်ဆီကို လျှောက်သွားပါတယ်

"အခုဘယ်လိုလဲ မင်းကိုချမ်းသာပေးဖို့ ငါ့ကိုတောင်းပန်မလား တကယ်လို့မင်းထွက်သွားချင်တယ်ဆိုယင် အသံကျယ်ကျယ်အော်ပြီး ငါ့ကိုတောင်းပန်လိုက်ယင် လုံလောက်ပီ"

"Pa"

ပါးရိုက်သံတစ်ချက်ထွက်ပေါ်လာပြီးတော့ ရီမောနေတဲ့လူတွေအကုန်လုံးတိတ်ဆိတ်ကုန်ကြပါတယ် ချန်ပောင်က သူ့မျက်နှာကို လက်တစ်ဖက်နဲ့ကာလိုက်ပီးတော့ သူ့မျက်နှာမှာ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်နေပါတယ်

အခု သူက အမှိုက်ကောင် လင်းဟန်ရဲ့ ပါးရိုက်တာကိုခံလိုက်ရတယ် ဒါက ဘယ်လောက်တောင်အရှက်ရစေသလဲ

ချန်ပောင်ရဲ့အမူအရာက ချက်ခြင်းပဲ ပြောင်းလဲသွားပီးတော့ သူ့နဖူးကြောတွေတောင် တင်းလာပါတယ်

"မင်းကငါ့ကို ပါးရိုက်ပြီးတော့ အသက်ရှင်ဖို့မကြိုးစားနဲ့တော့"

"ငါကမင်းကို မရိုက်နိုင်ဘူးလား "

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့မေးလိုက်တယ် သူ့အယင်ပိုင်ရှင်က ချန်ပောင်ရဲ့ မရေမတွက်နိုင်တဲ့ အရှက်ခွဲခြင်းကိုခံခဲ့ရတယ် အခုမှသူက အနည်းငယ်ပြန်ပီး ဒီကိစ္စကိုစိတ်ဝင်စားလာယုံပဲရှိသေးတယ်

ချန်းဟောင်အရမ်းကိုဒေါသထွက်နေပါတယ် လင်းဟန်က သူ့ကိုမတောင်းပန်တဲ့အပြင် သူ့ပါးကိုပါရိုက်လိုက်တဲ့အတွက် ဒီအကြွေးကိုဆပ်ဖို့ သူ လင်းဟန်ကို မှတ်လောက်သားလောက်အောင် ဆုံးမရပါမယ် ဒါကြောင့်မို့လို့ သူ ချက်ချင်းပဲ လင်းဟန်ကို လက်သီးနဲ့ထိုးလိုက်ပါတယ်

လက်ရှိလင်းဟန်ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ရောက်နေပြီးတော့ ချန်းဟောင်ထက် အဆင့်နှစ်ဆင့်နိမ့်နေပေမဲ့ သူတို့ဟာ အလယ်အလတ်အဆင့် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်တူတူပါပဲ လင်းဟန်လို ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ တိုက်ပွဲအတွေ့အကြုံတွေနဲ့ဆိုယင် လင်းဟန်အနေနဲ့ ဘယ်လိုလုပ်ပြီးမှ မရှုံးနိုင်ပါဘူးချန်းဟောင်က သူ့လက်ကိုလှုပ်ရှားလိုက်တာနဲ့တပြိုင်နက်တည်းမှာပဲ လင်းဟန်ကလဲ သူ့ရဲ့ညာလက်ကို ချန်းဟောင်ဆီကို ထိုးလိုက်ပါတယ် သူ့ရဲ့လှုပ်ရှားမှုက နောက်ကျနေပေမဲ့လဲ သူ့ရဲ့ပစ်မှတ်ဆီကိုလက်သီးကအယင်ဆုံးရောက်သွားတာဖြစ်ပြီး ချန်ဟောင်ရဲ့မျက်နှာပေါ်ကို နောက်ထပ်တစ်ကြိမ် ပြင်းထန်တဲ့ ထိုးချက် ကျရောက်သွားခဲ့ပါတယ်

ချန်းဟောင်ဟာ ခွန်အားအပြည့်နဲ့ ထိုးလိုက်တာဖြစ်ပေမဲ့ သူ့လက်သီးဟာလေကိုပဲထိုးမိသွားပါတယ်

"အမိုက်ပဲ .... "

လင်းဟန်ကခေါင်းခါလိုက်ပြီး
တည်ငြိမ်တဲ့လေသံနဲ့ပြောလိုက်တယ်

အားလုံးငြိမ်သက်ကုန်တယ် အမိုက်ဆိုတဲ့နာမည်က သူတို့အားလုံးက လင်းဟန်ကို ပေးထားတာပါ အခု ချန်ဟောင် နှစ်ချက် အချခံရပြီးတဲ့အချိန်မှာတော့ ဘယ်သူ့ဆီကမှ ရယ်သံထွက်မလာတော့ပါဘူး ပထမအကြိမ်က ချန်ဟောင်ရဲ့ ဂရုမစိုက်မှုကြောင့်လို့ စဉ်းစားပေးလို့ရပေမဲ့လည်း ဒုတိယအကြိမ်ကတော့ လင်းဟန် ရဲ့ စွမ်းရည် ကြောင့်ဆိုတာကိုတော့ ပြောနိုင်ပါတယ်

ဒါပေမဲ့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ လင်းဟန်က အကယ်ဒမီတစ်ခုလုံးမှာ အကြီးစားအမိုက်ကောင်ဆိုတာကို အားလုံးကသိနေတာပဲမဟုတ်လား?

အဲဒီအချိန်မှာပဲ ချန်ပေါင်ဟာမျက်လုံးနီနီတွေနဲ့လင်းဟန်ကိုကြည့်ပြီး အသံကျယ်ကျယ်တစ်ချက်အော်လိုက်ကာ ခုန်ဝင်သွားပါတော့တယ် ဒါပေမဲ့လည်း လင်းဟန်နဲ့သူ့ရဲ့ကွာခြားချက်ကအရမ်းကိုပဲကြီးမားပါတယ်

Pa Pa Pa P

ချန်းပေါင်ဘယ်လိုပဲ တိုက်ခိုက် တိုက်ခိုက် လင်းဟန်ရဲ့ တိုက်ခိုက်မှုကသာအယင်ဆုံးထိတာပဲဖြစ်ပါတယ်

အခုကြည့်ရတာ လင်းဟန်ရဲ့ စွမ်းအင်က ချန်ပေါင်လောက်မသန်မာသေးဘူး ဖြစ်နိုင်တာက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ သို့မဟုတ် အဆင့်၅ ပဲရှိဦးမယ် ဒါပေမဲ့လဲ သူ့ရဲ့ အာရုံခြောက်ပါး(အမြင်အာရုံလို့ပဲပြောပါမယ်လွယ်လွယ်ပေါ့) ကအရမ်းကို ကြောက်စရာကောင်းတယ် ချန်ပေါင်လှုပ်ရှားလိုက်တိုင်းပဲ ဘယ်နေရာကို တိုက်ခိုက်မယ်ဆိုတာကို သူသိနေပြီးတော့ အဲဒီအပေါ်မှာ အခြေခံပြီး သူက ချန်ပေါင်ကိုပြန်တိုက်ခိုက်နိုင်တာပဲ

အဆင့် ၄ ဒါမှမဟုတ် အဆင့်၅ ဟုတ်လား

ဘယ်လိုမှမဖြစ်နိုင်ဘူးလေ သူမှာ သုံးစားမရတဲ့ ဒြပ်စင်ငါးခုစိတ်ဂိုဉာဉ်ရှိ နေတာလေ တကယ်လို့သူ့အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအလယ်အလတ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုယင် အနည်းဆုံးသူ့အသက် ၂၀ လောက်မှဖြစ်မှာလေ

သူ့ကျင့်စဉ်အဆင့်က ဘယ်လိုပဲဖြစ်နေနေကိစ္စမရှိဘူး သူ့ရဲ့ တိုက်ခိုက်မှုကို ကြိုတွက်ဆနိုင်တဲ့အစွမ်းကပဲ ကြောက်စရာကောင်းလောက်အောင် လုံလောက်ပီ

အချိန်အနည်းငယ်ကြည့်ပြီးတဲ့အချိန်မှာ ဒီနေရာမှာရှိတဲ့ လူတိုင်းဟာ လှို့ဝှက်ချက်ကိုရှာတွေ့ကြပါတယ် လှို့ဝှက်ချက် ဆိုပေမဲ့ တကယ့်ရိုးရိုးလေးပါပဲ လင်းဟန်က ချန်းဟောင်ရဲ့တိုက်ခိုက်မှုတွေကို ကြိုတင်မှန်းဆပြီးတော့ သူတို့နှစ်ယောက် ကြား ကျင့်စဉ်အဆင့်ကွာခြားနေမှုကိုလျော့ချပြီး ပြန်လည်တိုက်ခိုက်နေတာပဲဖြစ်ပါတယ်

ချန်ဟောင် တဖြေးဖြေးနဲ့ထိတ်လန့်လာပါတယ် သူ့အနေနဲ့ထပ်ပြီးတော့ မလှုပ်ရှားရဲတော့ပါဘူး သူလှုပ်ရှားချက်တိုင်း သူပဲ လုံး၀အရိုက်ခံနေရတာပါ

ဒါပေမဲ့ လင်းဟာန်က ဒီကိစ္စကို ဒီလိုမျိုးလွယ်လွယ်လေးနဲ့ ပြီးစေမှာလဲ

Pa Pa Pa Pa

လင်းဟာန်ရဲ့အဆက်မပြတ်ရိုက်ချက်တွေကြောင့် ချန်ပေါင်နှတ်ခမ်းမှာသွေးတွေ ထွက်လာပြီးတော့ ချန်ပေါင် အရမ်းကို နာကျင်တဲ့ဝေဒနာကို ခံစားနေရပါတယ်

ဒီအချိန်မှာသူ့အနေနဲ့ ဆက်ပြီးရင်မဆိုင်ရဲတော့ပဲနောက်ကိုဆုတ်ပြီးတော့ တောင်းပန်လိုက်ပါတယ်

"ဒီတစ်ခါ ငါအရှုံးပေးပါပြီ ငါ့ကို ထပ်မရိုက်ပါတော့နဲ့"

လင်းဟာန်ကတော့ လုံးဝမရပ်ခဲ့ပါဘူး အတိတ်တုန်းက ချန်ပေါင်က သူ့မူလပိုင်ရှင်ကို အကြိမ်ကြိမ် အရှက်ခွဲခဲ့တာလေ သူကဘာလို့ သနားရမှာလဲ သူ့ကိုအချိန်အတော်ကြာအောင် ဆုံးမပြီးတော့ပြောလိုက်တယ်

"ဒူးထောက်စမ်း"

ချန်းပောင်က လုံးဂကို စိတ်ပျက်သွားပါတယ် ဒီလိုအမိုက်ကောင်က သူ့ကိုတကယ်ပဲ ဒူးထောက်ဖို့ခိုင်းရဲတယ် တကယ်လို့သူသာဒူးထောက်လိုက်မယ်ဆိုယင် သူ့သိက္ခာတွေလုံးဂရှိတော့မှာမဟုတ်ပဲ အရှက်လုံးလုံးကွဲသွားပြီး တစ်ခြားသူတွေရဲ့ လှောင်ပြောင်ရီမောခြင်းကိုခံရပါလိမ့်မယ် ပြီးတော့သူက ချန်ကလန်ခေါင်းဆောင်ရဲ့ ဒုတိယသားလေ

ဒါအရမ်းကိုလွန်သွားပြီ အယင်တုန်းက သူနဲ့ သူ့အကိုတို့ဟာ လင်းဟန်ကို အရှက်ခွဲကြတယ်ဆိုပေမဲ့ ဒီအမိုက်ကောင်ကို ရိုက်နက်ပြီး ဒါဏ်ရာရစေတာပဲရှိတာပါ တဖက်လူကို ဒူးထောက်ခိုင်းဖို့အထိတော့ သူတို့မဂံရဲဖူးလေ ဒါဟာ ကလန်နှစ်အကြားမှာ သွေးကြွေးတွေဖြစ်ပေါ်လာနိုင်ပါတယ်

အပိုင်း(၁၆) အောက်ကနေ သွားစမ်း

ချန်ပောင် ခေါင်းကိုမော့ပြီးပြောလိုက်တယ်

"လင်းဟန် သိပ်ပြီးတရားမလွန်နဲ့"

လင်းဟန်က

"မင်းကငါ့ကိုရန်ငြိုးထားမှာကို ငါကကြောက်နေရမှာလား တကယ်လို့ မင်းကိုငါသတ်လိုက်မယ်ဆိုယင် ဘာတတ်နိုင်မှာလဲ"

ဒီ...ဒီ....ဒီကောင် ငါ့ကိုတကယ်ပဲသတ်ချင်နေတယ်?

ချန်ဟောင် တစ်ကိုယ်လုံးကြက်သီးတွေထနေပါတယ် လင်းဟန်ရဲ့မျက်နှာကိုကြည့်လိုက်တဲ့အခါမှာ တည်ငြိမ်နေတဲ့ ပုံစံ ကိုမြင်လိုက်ရပါတယ် သူတကယ်ပဲ ဟာသလုပ်နေတာမဟုတ်ဘူးပဲ သူ့တစ်ကိုယ်လုံးတုန်လှုပ်နေတာကို မထိန်းချုပ်နိုင်ပဲ တုန်လှုပ်စွာနဲ့ပြောလိုက်ပါတယ်

မင်းတကယ်ပဲ ကလန်နှစ်ခုအကြားမှာ သွေးချောင်းစီးအောင်လို့လုပ်တော့မှာလား လင်းကလန်ရဲ့သမိုင်းတစ်လျှောက်မှာ အကြီးမားဆုံး ရာဇဝတ်သားဖြစ်သွားမှာကိုမကြောက်ဘူးလား

"ချန်ကလန်လို

ကလန်သေးသေးလေးက.............ငါ့ရဲ့ရှေ့မှာ မင်းကိုယ်မင်း ထိုက်တန်တယ်လို့များထင်နေတာလား တကယ်လို့ မင်းတို့ ချန်ကလန်က လှုပ်ရှားရဲတယ်ဆိုယင် ငါကအားလုံးကိုသတ်ပစ်လိုက်မယ်"

စကားကြီးလိုက်တာ........လင်းကလန်နဲ့ချန်ကလန်က တိမ်မီးခိုးမြို့ရဲ့ အင်အားကြီးကလန်နှစ်ခုဖြစ်ပြီး သူတို့ရဲ့ အင်အားကလဲ တူညီကြပါတယ် သူတို့ကလန်နှစ်ခုကြားမှာ အငြင်းပွားမှုလေးတွေရှိကြပေမဲ့လည်း ဘယ်ဘက်ကမှ အနိုင်မရသလို ဘယ်ဘက်ကမှလဲ ဆုံးရှုံးမှုမရှိကြပါဘူး တကယ်လို့ ကလန်နှစ်ခုလုံးမှာ တိမ်မီးခိုးမြို့ရဲ့ ထိပ်ဆုံးကလန်အဖြစ်ရပ်တည်ဖို့အတွက် အခြားကလန်တစ်ခုကို ဖျက်ဆီးပစ်မယ်ဆိုယင်တောင်မှ ပထမဆုံး လှုပ်ရှားဖို့ကို စဉ်းစားရဦးမှာပါ

လင်းဟန်..........ဒီအမိုက်ကောင်.......သူက ချန်ကလန်တစ်ခုလုံးကိုဖျက်ဆီးပစ်မယ်ဆိုပဲ ဒီကောင် ဟာသလုပ်နေတာလား

သို့သော်လည်း လင်းဟန်ရဲ့မျက်နှာပေါ်က ပြင်းထန်တဲ့အကြည့်တွေကို မြင်လိုက်ရတဲ့အချိန်မှာ ဒီခန်းမအတွင်းမှာရှိတဲ့ လူတိုင်းမှာ

ပြောစရာစကားမဲ့သွားပါတယ် သူတို့အားလုံးအခုချိန်မှာ တူညီတဲ့ခံစားချက်ကို ခံစားနေကြပါတယ် အဲဒါကတော့ သူတို့အရှေ့မှာရပ်နေတဲ့ ဒီလူငယ်လေးကိုကြည့်ပြီး နောက်ဆို အမိုက်ကောင်လို့ ခေါ်ကြတော့မှာမဟုတ်ဘူးဆိုတာကို သူတို့ အားလုံးနားလည်ထားကြပါတယ်

ဘယ်လောက်တောင် ကိုယ်ရည်သွေးလိုက်တဲ့ ကြွားကောင်လဲ တခြားသူတွေမလိုဘူး ငါ့ရဲ့ အကိုသာရောက်လာယင် သူ့ရဲ့ လက်တစ်ဖက်တည်းနဲ့တောင် မင်းကိုအနိုင်ယူနိုင်တယ်ကွ ....ချန်ဟောင်အော်ပြောလိုက်တယ်

သူ့ရဲ့မျက်လုံးထဲမှာ လင်းဟာန်ကအရုပ်တစ်ရုပ်ပဲ လင်းဟာန်ကို သူနဲ့သူ့အကိုက အကြိမ်ပေါင်းများစွာ အရှက်ခွဲခဲ့ကြတယ်လေ

Pa

လင်းဟာန် က ချန်ဟောင်ကို နောက်တစ်ချက်ထပ်ရိုက်လိုက်ပါတယ် ပြီးတော့ ခနဲ့ညားတဲ့လေသံနဲ့

"ဒါဆို မင်းကတကယ်ပဲ သေချင်နေတာပေါ့"

တကယ်လို့ ချန်ကလန်ကသာ သူ့ကို လက်တုံ့ပြန်မယ်ဆိုယင်တောင်မှ ဇူဟဲချင်က သူ့ကိုရှိသေလေးစားမှုရှိတာကို ချန်ကလန်အနေနဲ့ ထည့်သွင်းစဉ်းစားရမှာပဲဖြစ်ပါတယ် ဇူဟဲချင်က သိုင်းပညာမှာ ပါရမီမပါပေမဲ့ သူကအနည်းဆုံး နွေဦးစမ်းရေအဆင့်ကိုရောက်နေတဲ့သူတစ်ယောက်ဖြစ်လို့ သူ့အတွက်တော့ ချန်ကလန်ကို ဖျက်ဆီးပစ်ဖို့ ဆိုတာ ကိတ်မုန့်စားရသလိုပဲ လွယ်ကူလွန်းလှပါတယ်

ဒါဆို ချန်ကလန်ကရော သူတို့ရဲ့ ဖျက်ဆီးရာဖျက်ဆီးကြောင်းကို သယ်ယူလာမှာလား သူ့အနေနဲ့ကတော့ ဇူဟဲချင်ကို အသုံးချပြီး ချန်ကလန်ကို ဖျက်ဆီးပစ်လိုက်မှာပါ

ချန်ဟောင်လည်း သူ့မျက်နှာက အေးစက်နေတဲ့ချွေးတွေ အဆက်မပြတ်ကျဆင်းနေပါတယ် လင်းဟန်ရဲ့အရှေ့မှာ သူဟာ ကြီးမားတဲ့ ဖိအားဒါဏ်ကိုသာမက သေခြင်းတရားကပါ ခြိမ်းခြောက်နေတယ်လို့ ခံစားနေရပါတယ် အခုသူ့အရှေ့မှာရှိနေတဲ့ လက်ရှိ

လင်းဟန်ဟာအတိတ်တုန်းက
သူအကြိမ်ကြိမ်အရှက်ခွဲစော်ကားခဲ့တဲ့
လင်းဟန်မဟုတ်တော့ပါဘူး လက်ရှိမှာသူဟာ
အရမ်းကိုကြောက်စရာကောင်းတဲ့
သေခြင်းနတ်ဘုရားတစ်ပါးဖြစ်နေပါတယ်

Pa

ချန်ပေါင်ဟာသူ့ခြေထောက်တွေအားမရှိတော့သလိုခံစား ရပြီးတော့ မြေပြင်ပေါ်ကို ဒူးထောက် ချလိုက်ပါတယ် သူ့အသက်နဲ့ သိက္ခာကိုယှဉ်ရွေးရတဲ့အချိန်ရောက်လာတော့ သူဟာ တခြားဘာကိုမှ မတွေးတော့ပဲ သိက္ခာတရားကို စွန့်ပစ်ပြီး သူ့အသက်ရှင်ဖို့ကိုရွေးလိုက်ပါတယ်

သူတကယ်ပဲဒူးထောက်လိုက်တယ်............

ခန်းမနေရာတစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်သွားခဲ့တယ် ချန်ပေါင်က ချန်ကလန်ခေါင်းဆောင်ရဲ့ ဒုတိယသားလေ ပြီးတော့ ချန်ကလန်တစ်ခုလုံးမှာ ကြီးမားတဲ့ပံ့ရိပ် ရှိနေတဲ့သူတစ်ယောက်..ဒီလိုလူက တကယ်ပဲ ဒူးထောက်လိုက်တယ်...ဒါ့အပြင်
သူဒူးထောက်လိုက်တဲ့သူကလဲ ချန်ကလန်ရဲ့ ရန်ဖက်ဖြစ်တဲ့

ကလန်အဖွဲ့ကလူတစ်ယောက်လေ ဒါဟာ ချန်ကလန်ရဲ့မျက်နှာကို အိုးမည်းသုတ်လိုက်သလိုပါပဲ

ချန်ပောင်ဟာ အမြဲတမ်းလိုလို အားနည်းတဲ့သူကို အနိုင်ကျင့်နေကျလူတစ်ယောက်ပါ ဒါကြောင့်မို့လို့ အယင်ကသူ့ရဲ့ သူရဲဘောကြောင်တဲ့ အမူအကျင့်ကို ဘယ်သူကမှမသိခဲ့ကြပါဘူး

အားလုံးကအဖြေကိုသိချင်နေကြပါတယ် ဒါပေမဲ့လည်းမကြာခင်မှာသူတို့အားလုံး စဉ်းစားကြည့်ပြီးတော့ဒါဟာပုံမှန်ပဲဆိုတာကိုသိလိုက်ကြပါတယ် ချန်ပောင်ဟာ ချန်ကလန်ရဲ့ ဒုတိယသခင်လေးဖြစ်ပီးတော့ ဘယ်သူကများ သူနဲ့ ဆန့်ကျင်ရဲမှာလဲ ဒါကြောင့်လဲ အားလုံးက အယင်က ချန်ပောင်အမူအကျင့်ကို မသိခဲ့ကြတာပဲဖြစ်ပါတယ် အခုလိုမျိုး သေခြင်းတရားနဲ့ နီးကပ်လာချိန်ကျမှ ချန်ပောင်ဟာ တကယ့်ကို သူရဲဘောကြောင်သူတစ်ယောက်ဆိုတာ သိလိုက်ကြပါတယ်

ဒါပေမဲ့ လင်းဟန်ကလဲ တကယ့်ကို ဗိုလ်ကျလွန်းခဲ့ပါတယ် သူက ချန်ကလန်ရဲ့ ဒုတိယသခင်လေး ကိုတောင် ဒူးထောက်ခိုင်းခဲ့တာပါ ကလန်နှစ်ခုကြား မှာ တိုက်ပွဲကြီးတွေ ဖြစ်ပေါ်လာမှာကို သူလုံးဝမကြောက်ဖူးလား..

"လင်းဟာန် မင်းကျေနပ်ပြီလား......... "

ချန်ပောင်က အံကြိတ်ပြီးမေးလိုက်ပါတယ် သူခေါင်းထဲမှာ အခုလက်ရှိ အတွေးတစ်ခုပဲရှိပါတယ် ဒီနေရာကနေသူထွက်ခွာသွားပြီးတော့ သူ့အကို ကိုပြန်ခေါ်ပြီး သူဆုံးရှုံးသွားခဲ့တဲ့ ဂုဏ်သိက္ခာတွေနဲ့ သူ့အပေါ်မှာ စော်ကားမော်ကားပြုမှု ဆက်ဆံခဲ့တာတွေကို ပြန်လက်စားချေပြီး လင်းဟာန်ကို ပြန်ခံစားစေဖို့ပါပဲ

"လေးဘက်ထောက်ပီးထွက်သွား........."

.လင်းဟာန်က တည်ငြိမ်စွာပြောလိုက်တယ်

"ဘာ...........

ချန်ပောင် သူနားကြားမှားနေတယ်လို့ ထင်နေပါတယ်

Pa

လင်းဟာန်က ချန်ပောင်ရဲ့နောက်ကျောကို တစ်ချက်ကန်ပစ်လိုက်ပါတယ် ချန်ပောင်ရဲ့

လက်တွေဟာမြေကြီးပေါ် ထောက်ကျသွားပီး လေးဘက်ကုန်းတဲ့ပုံဖြစ်သွားပါတယ်

လင်းဟန် မင်း ငါ့ကို ဒီလိုနည်းလမ်းမျိုးနဲ့ စော်ကားရဲတယ်...ငါမင်းကိုသတ်ချင်တယ် ...သတ်ချင်တယ် .... ချန်ပေဟောင်က လုံးဝကိုစိတ်ဆိုးသွားပါတယ် သူ့ကို ဒူးထောက်ခိုင်းခြင်းက ကြီးမားတဲ့ စော်ကားမှုကြီးတစ်ခုပါ ဒါပေမဲ့ သူ့ကို လေးဘက်ထောက်ပီးတော့တောင် ထွက်သွားခိုင်းသေးတယ် တကယ်ကြီး လေးဘက်ထောက်ပီးထွက်သွားရမှာလား?

"အင်း ငါမင်းကို စော်ကားတော့ ဘာဖြစ်လဲ..........."

လင်းဟန်အေးစက်စက်ပြောလိုက်တယ်

အယင်တုန်းက ချန်ညီအကိုတွေ သူ့ကို စော်ကားခဲ့တာကမလုံလောက်သေးဘူးလား?

အယင်မူလခန္ဓာကိုယ်ပိုင်ရှင်ကို ချန်ညီအကိုတွေ စော်ကားအရှက်ခွဲရဲတဲ့အကြောင်းက သူ့ထက် ကို သန်မာနေကြလို့လေ ပြီးတော့ အရွယ်ရောက်သူတွေအနေနဲ့လဲ

လူငယ်မျိုးဆက်တွေကြားထဲ က ဒီလိုမျိုး အခြေင်းအခုံတွေကို ဂင်ရောက်စွက်ဖက်လေ့မရှိကြဘူး ဒါ့အပြင် ဘယ်သူမှ အသေအပျောက်မရှိပဲ ဒါဏ်ရာရယုံပဲရှိတာလေ ပြီးတော့ သူတို့က တစ်ယောက်ကိုတစ်ယောက် လျောင်ပြောင်ရီမောကြယုံပါပဲ

လင်းဟန်ကပြောလိုက်တယ်

"မင်းလေးဘက်ကုန်းပြီးထွက်သွားမလား ဒီနေရာမှာ အသေခံမလား ကြိုက်ရာရွေး........."

ဒီလို ပိုလ်ကျကြီးစိုးခြင်းမျိုး............. ဒါကတကယ်ပဲ သူတို့သိထားတဲ့ လင်းဟန်လား....

လူတိုင်း ပြောစရာစကားမရှိလောက်အောင် ဆွံ့အသွားခဲ့ကြတယ် အတိတ်တုန်းက သူတို့က အမှိုက်ကောင်လို့ ရီမောခဲ့ကြတဲ့ လင်းဟန်....ဒါပေမဲ့ ဘယ်လိုအမှိုက်ကောင်က ချန်ကလန်ရဲ့ ဒုတိယသခင်လေးကို ဒူးထောက်ပြီး လူမြင်ကွင်းမှာ ခွေးတစ်ကောင်လိုတွားသွားခိုင်းရဲမှာလဲ

သူက အံ့သြစရာကောင်းတဲ့ လူထူးလူဆန်းပဲ

ချန်ပောင်
မျက်နှာတစ်ပြင်လုံးချွေးတွေနစ်နေပါပြီ .....သူဟာ ကလန်ရဲ့ ငမိုက်သားမဖြစ်ချင်သလို လူလယ်ခေါင်မှာလဲ အရှက်ခွဲမခံချင်ပါဘူး ဒါပေမဲ့လည်း တကယ့်သေခြင်းတရားနဲ့ ရင်ဆိုင်လာရချိန်မှာတော့ သူ့ရဲ့စိတ်စွမ်းအားတွေဟာ လုံးဝကိုပဲ အားနည်းသွားခဲ့ရပါတယ် အလွန်လျှင်မြန်စွာနဲ့ပဲ သူလက်တွေကိုလှုပ်ရှားလိုက်ပီးတော့ မြေကြီး ပေါ်ကနေ တွားသွားလိုက်ပါတော့တယ်

ချန်ကလန်ရဲ့ဒုတိယသခင်လေးက ခွေးတစ်ကောင်လို မြေပြင်မှာ တွားသွားတာကိုကြည့်ပီး အားလုံးကပိုင်းရီကြပါတယ် ဒီလိုမြင်ကွင်းမျိုးကို သူတို့တစ်ခါမှမမြင်ဖူးဘူးလေ

ချန်ပောင်ရဲ့မျက်ရည်တွေဟာချက်ချင်းစီးကျလာပါတယ် သူလက်ကို တင်းတင်းဆုပ်ပီး သူ့နှလုံးသားမှာ ကျိန်ဆိုလိုက်ပါတယ် လင်းဟန်ကို သေချာပေါက်ကို သတ်ပစ်မယ် လုံးဝသေချာပေါက်ပဲ ချန်ပောင် ခြေလှမ်းဆယ်လှမ်းခန့် တွားသွားလိုက်ပီး ချက်ချင်းပဲ သူမြေကြီးပေါ်ကကုန်းထကာ

သိုင်းပညာလေ့ကျင့်ရေးခန်းမကနေ ထွက်ပြေးသွားပါတယ်

သူက သူ့အကို ချန်ချင်း ကို ရှာပြီး လင်းဟန်ကို သတ်ခိုင်းရပါမယ်

Pa pa pa

လူတိုင်း လက်ခုပ်သံထွက်ပေါ်လာတာတဲ့ဆီကို အာရုံရောက်သွားပါတယ်
အားလုံးတိတ်ဆိတ်ငြိမ်သက်သွားပြီးတော့
လက်ခုပ်တီးနေတဲ့ သေးသွယ်လှပတဲ့ မိန်းမချောလေးကို ကြည့်လိုက်ကြပါတယ်

ရှန်ဇီယန် လက်ခုပ်တီးနေတာကိုရပ်ပီး ပြောလိုက်တယ်

"ငါတကယ်လေးစားတယ် ဒါက တကယ့်ကိုစိတ်လှုပ်ရှားစရာကောင်းတဲ့ဖျော်ဖြေတင်ဆက်မှု တစ်ခုပဲ ဒါပေမဲ့ နင်ဒီလိုမျိုးတွေလုပ်ပြီး ငါ့ဆီကို လာလိုရမယ်လို့များထင်နေလား နင့်ကိုနင် အထင်ကြီးလွန်းနေပြီ နင်ဘာတွေတွေးနေလဲဆိုတာကို ငါမသိဘူးများထင်နေလား ကံမကောင်းစွာပဲ နင်နဲ့ငါ့ကြားမှာ ကွာဟချက်က အရမ်းကိုပဲကြီးမားတယ် နင်က

ငါ့လက်ချောင်း လေးကိုတောင် မယှဉ်နိုင်ဘူး ဒီအတွက်တော့ နင့်ကိုယ်နင်ပဲ အပြစ်တင်ပေတော့"

နင့်ကိုယ်နင် အရမ်းကြီးတွေးလွန်းတာပဲ ဝေတုံးမ..

လင်းဟန် ခေါင်းကိုခါရမ်းလိုက်ပါတယ် သူမူလကိုယ်ခန္ဓာပိုင်ရှင်ကြောင့်မို့လို့ သူ့အနေနဲ့ ဒီလို ရှုးသွပ်တဲ့မိန်းကလေးနဲ့စိတ်အနှောက်အယှက်အဖြစ်မခံ ချင်ပါဘူး

ရှန်ဇီယန်က အလွန်မြင့်တဲ့လေသံနဲ့ပြောလိုက်တယ်

"ငါ့ရဲ့ သိုင်းပညာပါရမီကြောင့် ငါဟာမိန်းကလေးဖြစ်နေတာတောင်မှ အနာဂါတ်မှာ အရမ်းကိုထင်ရှားပြီး အံ့သြစရာကောင်းတဲ့ဖြစ်ရပ်တွေကို ဖန်တီးနိုင်လိမ့်မယ် နင်ကတော့ ဘာမှကိုပြောစရာမရှိဘူး ပြီးတော့ နင်ကငါ့ရဲ့ အာရုံစိုက်မှုကိုရဖို့ အရာရာတိုင်းကိုလုပ်ခဲ့တယ် ဒါပေမဲ့ ကံမကောင်းစွာပဲ ငါကနင့်လို သနားစရာကောင်းတဲ့သူကို ဘယ်တုန်းကမှ မနစ်သက်ခဲ့ဘူး ငါတို့ကြားမှာရှိတဲ့အရာအားလုံးဟာလဲ ပြီးဆုံးသွားခဲ့တာကြာပီ"

"ငါနင့်ကိုပြောပြလဲဘာမှမထူးပါဘူး ငါ့ကို ဟွာယန်အကယ်ဒမီကဖိတ်တဲ့ဖိတ်စာကိုငါ လက်ခံရရှိပြီးပြီ နောက်နှစ်ဆိုယင် ငါက ဟွာယန်အကယ်ဒမီရဲ့ တရားဝင်တပည့်ဖြစ်လာတော့မယ် နင်........အမှိုက်လိုကောင်က ငါ့လိုလူကို တကယ်ပဲ ကြိုက်ရဲတယ် နင်ကအဆင့်မမှီဖူး အဆင့်မမှီဖူး လုံးဝကို အဆင့်မမှီဖူး။"

ကောင်းပြီ သူမပြောချင်တာအားလုံး ပြောပြီးသွားပီ

သူမလို...ဒါကသဘာဝပါပဲလေ သူမက အရမ်းချောမောလှပပြီးတော့ အရမ်းအစွမ်းထက်တဲ့ သိုင်းပညာစွမ်းတွေကိုလဲ လက်ဆောင်ရထားတယ် ဒါကြောင့်သူမကသေချာပေါက် ဂုဏ်ယူ ဝင့်ကြွားနေမှာပါပဲ တကယ့်လို သူကသာ သူမကို မကြိုက်ဘူးလို့ပြောယင် ဒါက သူမရဲ့ အာရုံ စိုက်မှုကိုခံရဖို့အတွက် ပြောတယ်လို့ပဲ ထင်မြင်နေကြမှာပါပဲ

လင်းဟန်တောင်မှ ပြောစရာစကားမရှိတော့ပါဘူး ပုံမှန်အားဖြင့် ဒီလိုမျိုး အရှက်မရှိတဲ့ သူတွေနဲ့ မျက်နှာခြင်းဆိုင်ရပီဆိုယင် သူ့အနေနဲ့ ပြင်းထန်တဲ့ ပါးရိုက်ချက် တစ်ချက်ပေးလိုက်မှာပါပဲ

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ စိန်ခေါ်မှုတစ်ခုပဲ ဒါပေမဲ့ မဖြစ်နိုင်စရာတော့မရှိဘူး

လင်းဟန်ရဲ့မျက်လုံးက အေးစက်ပြီး အရောင်ပြောင်းသွားပြီး သူ့အကြည့်တွေက သိုင်းပညာ လေ့ကျင့်ရေးခန်းမဆီကို ဖြေးဖြေးလေးလျှောက်လာတဲ့ ချောမောလှပတဲ့ ပုံရိပ်တစ်ခု အပေါ်ကို ကျရောက်သွားပါတယ်

လီွယုထန်

သူမ ဘယ်နေရာကိုပဲသွားသွား သူမရဲ့ အံ့သြစရာကောင်းလောက်အောင်လှပချောမော မှုကြောင့် လူတိုင်းရဲ့ စိတ်ဝင်စားခြင်းကိုခံရပါတယ် လျှင်မြန်စွာပဲ လူတိုင်းရဲ့ အာရုံစူးစိုက်မှုက သူမရဲ့လှပတဲ့ ပုံရိပ်ရဲ့ ဆွဲဆောင်ခြင်းကိုခံလိုက်ရပါတယ် ချက်ချင်းပဲ အားလုံး အံ့အားသင့်သွားပါတယ် သူမက အရမ်းကိုလှတာပဲ

ရှန်ဇီယန် လည်း လှပတဲ့မိန်းကလေးတစ်ယောက်ပါပဲ ဒါပေမဲ့ သူမနဲ့ယှဉ်လိုက်ယင်တော့ ရှန်ဇီယန် လဲ နောက်မှာကျန်ခဲ့ပါတယ် ဒါ့အပြင် သူမရဲ့ ဟန်ပန်အမူအရာက တော်ဝင်မင်းသမီးလေးတစ်ပါးလို ထူးထူးခြားခြား

တင့်တယ်ပြီး ကျက်သရေရှိလှပါတယ် ရှန်ဇီယန်နဲ့နိုင်းယှဉ်လိုက်ယင် ရှန်ဇီယန်က ကျေးလက်တောရွာကမိန်းကလေးလိုဖြစ်သွားပါ လိမ့်မယ်

ဒီအချိန်မှာ အားလုံးရဲ့ရင်ထဲမှာ တွေးနေကြတာကတော့ သူမကဘယ်သူလဲ

သူမက ကောင်းကင်ကနေ နတ်သက်ကြွေကျလာတဲ့နတ်သမီးလေးလား?ဘာလို့သူမဟာ ၁ အေးစက်ပီး ကျော့ရှင်းလှပနေရတာလဲ

အားလုံးရဲ့စိတ်ဝင်စားတဲ့ အကြည့်တွေအောက်မှာ လွှီယုထန်က လင်းဟန်ကိုဘေးကနေ မရပ်ပဲ အရှေ့ကိုဆက်လျှောက်ပြီး ဖြတ်ကျော်သွားခဲ့ပါတယ် ဒါက သဘာဝပါပဲ တကယ်လို့ လွှီယုထန်သာ လင်းဟန်ရဲ့ဘေးမှာရပ်လိုက်မယ်ဆိုယင် အားလုံးက ပိုပြီးအံ့အားသင့်သွားပါလိမ့်မယ် အမိုက်ကောင်က ဒီလိုမျိုး အေးစက်ပီးလှပကျော့ရှင်းတဲ့ နတ်သမီးလေးနဲ့ သိကျွမ်းနေတာဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

ရှန်ဇီယန်က ကြီးမားတဲ့ ဖိအားကိုခံစားနေရပါတယ် တစ်ဖက်လူရဲ့ အလှတရာနဲ့နိုင်းယှဉ်ဖို့

အရမ်းကိုဂေးကွာလွန်းလှတယ်ဆိုပြီးသူမကိုယ်တိုင်တောင်မှ မနာလိုတဲ့ ခံစားမှုကို ခံစားနေရပါတယ်။

တစ်ဖက်လူက သူမထက် ပိုမိုချောမောလှပနေတဲ့အပြင် အကြည့် ပုံရိပ် အမူအရာ စတဲ့ အရာအားလုံးမှာပါ သူမကို လုံးဂလွှမ်းမိုးသွားခဲ့ပါတယ် သူမအနေနဲ့ ဂန်မခံချင်ပေမဲ့လည်း လျှို့ဂှက်စွာနဲ့ပဲ အံကြိတ်နေမိပါတယ်

လွီယုထန်က ရှန်ဇီယန်အရှေ့မှာရပ်လိုက်ပီးတော့ လက်ကို ပှေ့ယမ်းလိုက်ပါတယ်
အခြားလူတစ်ယောက်ရဲ့မျက်နှာပေါ်ကို
ပါးရိုက်ချက်ကျသွားတဲ့အသံတစ်ခုကို
အားလုံးကြားလိုက်ရပါတယ်

Pa ကျယ်လောင်ပြီး အသံကရှင်းလင်းပြတ်သားတယ်

"နင်...... "

ရှန်ဇီယန် က တုံးအစွာနဲ့ပဲ ပါးရိုက်ခံလိုက်ရပါတယ် ဒါပေမဲ့ သူမကချက်ခြင်းပဲ လက်တုံ့ပြန်ဖို့ပြင်လိုက်ပါတယ် သူမရဲ့ ညာလက်ကိုပှေ့လိုက်ပီးတူညီတဲ့ ရိုက်ချက်တစ်ချက်က လွီယုထန်ဆီ ပျံလွှင့်လာပါတယ်

ဒါပေမဲ့ ကိုယ်ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်၉ သမားက ဒြပ်စင်စုစည်းခြင်းအဆင့်၉ တစ်ယောက် ကို ဘယ်လိုများယှဉ်နိုင်မှာလဲ

လွီယုထန်ရဲ့ လက်နောက်တစ်ကြိမ်မြောက်တက်သွားပြီးတော့ ရှန်ဇီယန်ရဲ့မျက်နှာနဲ့ ဒုတိယအကြိမ်မြောက် မိတ်ဆက်သွားပါတယ်

ဒီ ပါးရိုက်ချက် နှစ်ချက်ကြောင့် ရှန်ဇီယန်ရဲ့ လှပတဲ့ ဆံပင်တွေကပွလန်သွားပီး သူမရဲ့ လှပတဲ့မျက်နှာလေးက ဖူးယောင်သွားပြီး သူမကိုကြည့်ရတာ ဂရုဏာသက်ရှင်စရာပုံပေါက် သွားပါတယ် ဒါပေမဲ့သူမရဲ့မျက်လုံးတွေမှာ ဒေါသတွေပွားနေပြီးတော့ ဖြစ်နိုင်မယ်ဆိုယင် သူမက တစ်ယောက်ယောက်ကို ဂါးမျိုပစ်ချင်နေပါတယ် သူမက နောက်ထပ်တစ်ကြိမ် အသံစူးစူးနဲ့အော် ပီး လွီယုထန်ကို ထပ်မံတိုက်ခိုက်လိုက်ပါတယ်

ဒါပေမဲ့လဲ.............

Pa Pa Pa

သူမဟာ ထပ်ခါထပ်ခါပဲ ပြန်ပြီး ခုခံကာကွယ်နိုင်စွမ်းမရှိတဲ့ အရုပ်ကလေးတစ်ရုပ်လိုမျိုး အရိုက်ခံနေရပါတယ်

အားလုံးတွေးနေကြတာက ဒီမိန်းကလေးနှစ်ယောက်ကိုကြည့်ရတာ သက်တူရွယ်တူတွေပါ ဘာလို့သူတို့နှစ်ယောက်ကြားမှာ စွမ်းအင်ကွာခြားမှုက ကြီးမားနေရတာလဲ ဒီ အေးစက်စက်နဲ့ အရမ်းလှပတဲ့မိန်းကလေးကရော ဘယ်သူလဲ ဘာအကြောင်းကြောင့် သူမက ရှန်ဇီယန်ကို ပါးရိုက်နေရတာလဲ

လွီယုထန် အေးစက်စွာပြောလိုက်တယ်

"မင်းမှာ ဂုဏ်ယူစရာဘာများရှိလို့လဲ"

အပိုင်း(၁၇) ချန်ချင်းရောက်လာပီ

"မင်းကိုယ်မင်း သိုင်းပညာပါရမီရှင်လို့ထင်နေတာလား? ငါကနင့်လိုပဲ ဒီနှစ် ငါ့အသက် ၁၇ နှစ်ပြည့်ပီ ဒါပေမဲ့ ငါကအခု ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ရောက်နေပြီး နင်ကရော?"

Pu.....

ဒီစကားလုံးတွေက ကြားရတဲ့သူအားလုံးကို တုန်လှုပ်ချောက်ချားသွားစေခဲ့ပါတယ်

ဒြပ်စင်စုစည်းခြင်းအဆင့်၉ ....ဘယ်လိုမျိုးကြီးလဲကွာ

တိမ်မီးခိုးမြို့ရဲ့ အသန်မာဆုံးသောသူသာလျှင် ဒီလိုကျင့်စဥ်အဆင့် မှာရှိတာပါ ရှန်ဇီယန်က လုံး၀ ပါရမီရှင်တစ်ယောက်ပါပဲ တိမ်မီးခိုးမြို့ရဲ့သမိုင်းတစ်လျှောက်မှာ အသက် ၁၇ နှစ်အရွယ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် နောက်ပိုင်းအဆင့်ကိုရောက်ရှိတာ သူမတစ်ယောက်ပဲရှိပါသေးတယ် ပုံမှန်တော့ နှစ်ပေါင်းတစ်ရာလောက်အတွင်းမှာ ထိုကဲ့သို့ ပါရမီရှင်တွေ ထွက်ပေါ်လာစမြဲပါ သူတို့အားလုံးမှာ မကောင်းဆိုးဝါးဆန်ဆန် အံ့အားသင့်စရာ ပါရမီပါလာကြပြီးတော့ မိုးရေနိုင်ငံကနေထွက်ခွာပြီး သူတို့ရဲ့ သမိုင်းကြောင်းတွေကို ချန်ထားရစ် ခဲ့ပါတယ်

ဒါပေမဲ့ လွှီယုထန်နဲ့ နိုင်းယုဉ်လိုက်ယင်တော့

ရှန်ဇီယန်ရဲ့အဖြစ်က လုံးဂကို မေးမှိန်သွားခဲ့တယ်

ကျယ်ပြောလှတဲ့ မိုးရေနိုင်ငံအတွင်းမှာ နှစ်ပေါင်းတရာအတွင်း အသက် ၁၇ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်း နောက်ပိုင်းအဆင့်ကိုရောက်ရှိခဲ့တဲ့ပါရမီရှင်တွေ ဘယ်လောက်များများပေါ်ထွက်လာဖူးလို့လဲ

လွီယုထန်က သူမရဲ့ ဒြပ်စင်စုစည်းခြင်း အဆင့်ကိုး ရဲ့ အော်ရာကို ထုတ်လွှင့်လိုက်ပါတယ် ပါတ်ဂန်းကျင်မှာရှိနေကြတဲ့လူတိုင်း သူမခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ခွန်အားကို မြင်နိုင်ကြပါတယ်

လွီယုထန်ရဲ့ အနီးဆုံးမှာရှိနေတဲ့ ရှန်ဇီယန်ဟာ အော်ရာရဲ့ ဖိအားဒါဏ်ကို အများဆုံးခံရသူပါ သူမရဲ့ခေါင်းကို ချက်ချင်းနှိမ့်ချလိုက်ပါတယ် သူမအနေနဲ့ လွီယုထန်ကို တိုက်ရိုက်ကြည့်ဖို့ အဆင့်မမှီသေးပါဘူး ဒါဟာ မာနအလွန်ကြီးတဲ့ ရှန်ဇီယန်အတွက်တော့ လက်မခံနိုင်စရာ တစ်ခုပါပဲ သူမရဲ့ခေါင်းကို မော့လိုက်ပြီး သူမရဲ့ပြိုင်ဘက်ကို ကြည့်ဖို့အပြင်းအထန်ကြိုးပမ်းခဲ့ပါတယ်

သူမရဲ့မျက်လုံးတွေထဲမှာတော့ ကြောက်ရွံ့ခြင်း စိတ်ပျက်အားငယ်ခြင်းတွေနဲ့ ရောထွေးနေပါတော့တယ် ဘာလို့ဒီနေရာမှာ ချက်ခြင်းကြီး သူမနဲ့ သက်တူရွယ်တူ

တစ်ယောက်ပေါ်လာခဲ့တာလဲ ပြီးတော့ အလှမှာရော ပါရမီပါတာမှာရော သူမ ထက်အများကြီးသာတယ်ဆိုတာကို ဝန်ခံရပါမယ် ပြီးတော့ ဘာလို့သူမကို ပါးရိုက်ရတာလဲ....

"သူကိုမင်းက ဘာလို့နှိမ့်ချစော်ကားရဲရတာလဲ ...."

လွီယုထန်က လင်းဟန်ဆီကိုညွှန်ပြပြီး တော့ ရှန်ဇီယန်ဆီကို တဖန်ပြန်လှည့်လာပြီး

"မင်းကလုံးဝကို အဆင့်မမှီတာပဲ...."

ဘာ..... သူမကတကယ်ကြီးပဲ လင်းဟန်ဘက်ကနေ ကာကွယ်ပြောဆိုနေတာပဲ

ရှန်ဇီယန်သာမက ဘေးနားကလူအားလုံးဟာ အခုအခြေအနေကို လုံးဝမယုံကြည်နိုင်အောင်ဖြစ်နေခဲ့ပါတယ်

လှပကျော့ရှင်းပြီး သိုင်းပညာမှာလဲ မယုံကြည်နိုင်လောက်အောင် ပါရမီပါပြီး ဘယ်သူမှမယှဉ်နိုင်တဲ့ တော်ဝင်ဟန်အမူအရာရှိတဲ့ ဒီမိန်းကလေးက တကယ်ပဲ လင်းဟန်နဲ့ သိကျွမ်းနေတယ်

ဒီလို
သိက္ခာမဲ့ခင်မင်နေတာကိုတောင်မယုံကြည်နိုင်စရာကောင်း လှနေတာ အခု လင်းဟာန်ဘက် ကနေပြီးကာကွယ်ပေးနေတာကိုမြင်ရတာ ဘယ်သူက လက်ခံနိုင်မှာလဲ

အထူးသဖြင့် ဒီနားမှာရှိနေတဲ့ ယောက်ကျားလေးတိုင်းဟာ သေချင်လောက်အောင်ကိုပဲ မနာလို မှုတွေကိုခံစားနေကြရပါတယ်

လွီယုထန်က လှပယုံသာမက စွမ်းအင်အဆင့်ကလဲမြင့်မားတယ် ဒါကြောင့် သူမအနေနဲ့ ပြန်ပြီးလက်စားချေဖို့ကို မစဉ်းစားရဲဘူး ဒါပေမဲ့ လင်းဟာန်ကတော့ လုံးဝကွဲပြားတယ် ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၄ ပဲရှိတဲ့ လင်းဟာန်ကို သူမအနေနဲ့ တစ်ချက်ထဲနဲ့တောင် အဆုံးသတ်လိုက်နိုင်တယ်လေ

ရှန်ဇီယန်က လင်းဟာန်ကိုညွှန်ပြလိုက်ပီးတော့ ပြောလိုက်တယ်

"ငါကဘာလို့အဆင့်မမီရမှာလဲ ဒီကောင်စုတ်က အမျိုက်ကောင်မဟုတ်ဘူးလား.........."

အမျိုက်?

တစ်ညထဲနဲ့ အဆင့်နှစ်ဆင့်ကို ခုန်တက်သွားတဲ့ အမျိုက်ကောင်မျိုးကို မင်းမြင်ဖူးလို့လား ပြီးတော့ အနက်ရောင်အဆင့် မော်ဆေးပညာရှင်က သူနောက်ကနေ လိုက်ခွင့်ရဖို့ တောင်းပန်တာကို ငြင်းပယ်လိုက်တဲ့ အမျိုက်ကောင်မျိုးကိုရောမြင်ဖူးလို့လား

ပုံမှန်အားဖြင့်တော့ ဒီအကြောင်းတွေကို လှိုယုထန်က ရှန်ဇီယန်ကိုပြောမှာမဟုတ်ပါဘူး

ဒါကြောင့်သူမက ပြောလိုက်တယ်

"မင်းက အရမ်းကို အမြင်ကျဉ်းတဲ့မိန်းကလေးပဲ ဒါကြောင့်လဲ မြေအောက်က ဖုံတွေသဲတွေအောက်မှာ နှစ်မြုပ်နေတဲ့ ရွှေတုံး အမှောင်ဘက်ခြမ်းမှာ ရှိနေတဲ့ ပုလဲတွေကို မမြင်တဲ့ လူတစ်ယောက်လိုပဲ
မင်းဟာအခွင့်အရေးလုံးဝကိုလွဲချော်သွားခဲ့ပီ ဒါကြောင့် သူ့ရဲ့ တောက်ပမှုကို မင်းအနေနဲ့ မသိမမြင်တာ

မဆန်းပါဘူး..............."

လှီယုထန်ကပြောပြီးတဲ့နောက်မှာ အနည်းငယ် အံ့အားသင့်သွားပါတယ် လင်းဟန်က ဒီလိုမိန်းကလေးမျိုးကိုတကယ်ပဲ နှစ်သက်သဘောကျနေတာလား ဒါပေ့ါ သူမ မနာလိုဖြစ်သွားတယ်ဆိုတာကိုတော့ဘယ်တော့မှ ဂန်ခံမှာမဟုတ်ပါဘူး

ရှန်ဇီယန် ကကျယ်ကျယ်လောင်လောင်နဲ့အော်ဟစ်ရီမောလိုက်ပြီး လင်းဟန်ကိုလက်ညှိုး ထိုးလိုက်တယ်

"သူက ရွှေ သူက ပုလဲ ဟုတ်လား ဟဟ မင်းကဟာသတွေလာပြောနေတာပဲ သူက အမှိုက်တစ်ခုထက်ကိုမပိုဘူး လုံးဝ အမှိုက်ကောင်အကြီးစားပဲ"

လှီယုထန်က ယုံကြည်တဲ့လေသံနဲ့ပြောလိုက်တယ်

"သုံးလအတွင်းပဲ သူက နင်တို့အားလုံးကတောင် မော့ကြည့်ရတဲ့သူတစ်ယောက်ဖြစ်လာလိမ့်မယ်"

သူမအနေနဲ့ လင်းဟန်က အတိတ်တုန်းကဘာလို့များ နှိမ့်ချပြီးနေခဲ့သလဲဆိုတာကိုမသိပါဘူး ဒါပေမဲ့အခုတော့ သူက သူ့ရဲ့ အံ့မခန်းအရည်အသွေးတွေနဲ့ပါရမီတွေကို ထုတ်ဖော်ပြသလာနေပြီ ဆိုတာကိုတော့ သူမသိနေပါတယ်

ဒီစကားတွေကြားတဲ့လူတိုင်းက သရော်ပြုံးပြုံးနေကြပါတယ် လင်းဟန်က ချန်ဟောင်ကို အနိုင်ယူလိုက်နိုင်ပေမဲ့လည်း သူက အခုမှခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့် ၄ သို့ ၅ ပဲရှိပါသေးတယ် ဒီအဆင့်က အမိုက်ကောင်လို့သတ်မှတ်လို့မရပေမဲ့လည်း သူ့အနေနဲ့ ပါရမီရှင်တွေမှီဖို့ဆိုတာ ဟိုးအဝေးကြီးမှာပါ အဲလိုလူတစ်ယောက်ကို သူတို့က မော့ကြည့်ရတဲ့ လူတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ညွှန်းဆိုပြောတာက ဟာသတစ်ခုကိုကြားလိုက်ရသလိုပါပဲ

"လင်းဟန် မင်းဘယ်လိုတောင် လုပ်ပုံ့တာလဲ............"

ကျယ်လောင်တဲ့အော်သံတစ်ခုကိုအားလုံးကြားလိုက်ရပြီးေတာ့ ပုံရိပ်နှစ်ခု ဟာ သိုင်းပညာလေ့ကျင့်ရေးခန်းမဆီကိုပြေးလာတာကိုမြင်လိုက်ကပါတယ်

ပုံရိပ်တစ်ခုက ချန်ဟောင်ဖြစ်ပီးတော့ နောက်ပုံရိပ်တစ်ခုက သူနဲ့ ရုပ်ရည်အနည်းငယ်ဆင်တူပြီး ချန်ဟောင်ထက်အနည်းငယ်ကြီးပုံရတဲ့ လူတစ်ယောက်ရဲ့ပုံရိပ်ပါ

သူက ချန်ဟောင်ရဲ့ အကို ချန်ချင်း အသက်ဆယ့်ကိုးနှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ရောက်နေသူတစ်ဦး

တစ်ယောက်က အသက် ၁၇ နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကိုရောက်နေပြီး နောက်တစ်ယောက်ကတော့ အသက် ၁၉ နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၉ ကိုရောက်နေသူ တစ်ဦးဖြစ်ပြီး သူတို့နှစ်ယောက်ဟာ တိမ်မီးခိုးမြို့ရဲ့ ပါရမီရှင်နှစ်ယောက်လို့သတ်မှတ်ခံထားရသူ ပါ ဒါပေမဲ့လဲ ချန်ချင်းဟာ ရှန်ဇီယန်လောက်တော့ အံ့သြစရာသိပ်မရှိပါဘူး

ချန်ချင်းဟာ လင်းဟန်အရှေ့ သုံးမီတာအကွာမှာရပ်လိုက်ပီး

"မင်းက ဘယ်လိုစက်ဆုပ်ရွံရှာစရာကိစ္စတွေကို လုပ်ခဲ့တာလဲ"

လင်းဟန် အေးစက်စက်ပြုံးလိုက်ပီး

"ငါက အနိုင်ရတယ်လေ ဒါကြောင့် ငါက ဒီစက်ဆုပ်ရွံရှာစရာ ကိစ္စတွေကိုလုပ်ခဲ့တာပဲ"

"ဟင့်........ မင်းလိုအမိုက်ကောင်က ငါ့ညီကို ဘယ်လိုမျိုးများအနိုင်ယူခဲ့တာလဲ "

အမိုက်ဆိုတဲ့စကားကိုကြားလိုက်ရဲတဲ့လူတိုင်းရဲ့ မျက်နှာမှာ ရှုံးသွပ်တဲ့ ခံစားမှုတွေဖြစ်ပေါ် လာပါတယ်

ရှန်ဇီယန်ကလဲ အလားတူ ပုံစံမျိုးပြောခဲ့ပါသေးတယ် ရလဒ်ကတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကိုရောက်နေတဲ့ လှီယုထန်ရဲ့ အကြိမ်ကြိမ်ပါးရိုက်ခြင်းကိုခံလိုက်ရပါတယ် ပြီးတော့ အဲဒီ မိန်းကလေးကလဲ အခုရှိနေသေးတာကိုတောင်မှ မင်းက လင်းဟန်ကို လူပုံအလယ်မှာ ကျိန်ဆဲတဲ့စကားပြောရဲသေးတယ် ဒါကကိုယ့် ပြသနာကိုယ်ရှာတာပဲမဟုတ်လား?

"အိုးးးးးးးးးးးးး ဒါဆိုငါက မင်းပြောသလိုမျိုး စက်ဆုပ်ရွံစရာကိစ္စတွေ လုပ်ခဲ့တယ်ဆိုတာကို ဘယ်လိုသက်သေပြရမလဲ "

"ဟင့်......... မင်းက ဒီစက်ဆုပ်ရွံ့စရာကောင်းတာတွေလုပ်ပီး ငါ့ညီကို စော်ကားအရှက်ခွဲခဲ့တယ် အကိုတစ်ယောက်အနေနဲ့ ငါက သူ့ကိုကာကွယ်ရမယ် ဒါကြောင့် မင်းမှာ သတ္တိရှိတယ်ဆိုယင် ငါနဲ့ ယှဉ်ပြိုင်ပွဲလေးတစ်ခုလောက် လုပ်လိုက်ကြရအောင်"

အားလုံးတွေးလိုက်တာက ဘယ်လောက်တောင်အရှက် ကင်းမဲ့လိုက်သလဲ

မင်းက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ လေ လင်းဟန်က အခုမှ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ပဲရှိဦးမယ် အဆင့်ငါးဆင့်လောက်ကွာနေတာကို သူက မင်းနဲ့ဘယ်လိုလုပ်ပြီးတော့ ယှဉ်လို့ရ မှာလဲ

လင်းဟန်ရဲ့အပြုံးတွေပျောက်ကွယ်သွားပြီး သူ့ခေါင်းကို ခါလိုက်ပြီးပြောလိုက်တ

အပိုင်း (၁၈) အထီးကျန်ဂံပုလွေရဲ့ သွေး

လှီယုထန် အရှေ့ကို ထွက်လိုက်ပီးတော့

"ငါသူ့နေရာ အစားဝင်မယ်"

ချန်ချင်းဟာ စလာကတည်း လင်းဟန်အပေါ်မှာသာ အာရုံစိုက်ထားတာဖြစ်ပြီးတော့ လွီယုထန်ကို သတိမထားမိခဲ့ပါဘူး ချောမောလှပပြီး အေးစက်စက်ဟန်ပန်အမူအရာနဲ့ နန်းဆန်လှတဲ့ သူမကိုကြည့်ပြီး အံ့အားသင့်သွားပါတယ်

ဒီလောက်လှပတဲ့ မိန်းကလေးမျိုး ဒီကမ္ဘာကြီးမှာရှိတယ်ပေါ့လေ

နေပါဦး သူမက လင်းဟန်ရဲ့နေရာအစားဝင်ပြီး ယှဉ်ပြိုင်မယ်လို့ပြောလိုက်တာလား ကြီးမားတဲ့မနာလိုမှုနဲ့ ဒေါသတွေကို ချန်ချင်းခံစားရပါတယ် လင်းဟန်လိုအမှိုက်ကောင်က ဒီလိုမိန်းမလှလေးကိုပိုင်ထားသလား

ချန်ချင်း လျှင်မြန်စွာပြောလိုက်တယ်

"မိန်းကလေး မင်းက လှူသစ်ပဲထင်တယ် ဒီကောင့်ရဲ့ သနားစရာစကားတွေကြားပြီး သူ့ဘက်က ရပ်တည်မပေးပါနဲ့ သူက လင်းကလန်ရဲ့အမှိုက်တစ်ကောင်ဆိုတာ

အကယ်ဒမီမှာရှိတဲ့ သူတွေ အားလုံး သိထားကြတယ်"

လွီယုထန်မျက်လုံးထဲမှာ ဒေါသ အလင်းရောင်တွေ လက်သွားပါတယ် သူ့မအနေနဲ့ ဒီလူတွေ လင်းဟန်ကို စော်ကားမော်ကားပြောနေတာတွေကြားပြီးတော့ ဒေါသတလိပ်လိပ်ထွက်လာခဲ့ပါတော့တယ်

လင်းဟန်က
လွီယုထန်ရဲ့ပုခုံးပေါ်ကိုလက်တစ်ချက်ပုတ်လိုက်ပီး

"နေဦး ဒါက ယောကျာ်းအချင်းချင်း စိန်ခေါ်ပွဲပဲ ဒါကြောင့်မင်းဝင်ပါစရာမလိုဘူး ဒါက ယောကျ်ား တွေကြားထဲက ပြိုင်ပွဲဖြစ်လို့ ငါကိုယ်တိုင်ယှဉ်ပြိုင်မယ်..."

ဒီမြင်ကွင်းကိုမြင်လိုက်ရတဲ့ ဒီနေရာမှာရှိနေတဲ့ ယောက်ျားလေးတွေရော မိန်းကလေးတွေပါ မနာလိုဖြစ်ကုန်ကြပါတယ်

လွီယုထန် မျက်ခုံးတွန့်သွားပါတယ် ချန်ချင်းဟာ ချန်ပောင်နဲ့မတူ အရမ်းကိုကွာခြားပါတယ် အရှေ့ကလူက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၉ ဖြစ်ပြီးတော့ သူ့ရဲ့ကျင့်စဉ်အဆင့်က လင်းဟန်ထက်

ငါးဆင့်ကြီးမားတောင် မြင့်ပါတယ် လင်းဟန်က အံ့မခန်းကိစ္စတွေကို စွမ်းဆောင်ပြနိုင်တယ်ဆိုတာသိပေမဲ့လဲ သူထက် အဆင့်ငါးဆင့်ကွာခြားတဲ့သူနဲ့ ယှဉ်ပြိုင်ဒါကတော့ သူ့ဒုက္ခအကြီးအကျယ်ရောက်မှာပါပဲ ပြီးတော့ သူမရဲ့ တွက်ချက်မှုအရဆို ယင် လင်းဟန်ရဲ့ အနိုင်ရနိုင်ချေက သုညပါပဲ

လင်းဟန်ကအပြုံးလေးနဲ့ပြောလိုက်တယ်

"မစိုးရိမ်ပါနဲ့ မင်းငါ့ကို ဒီထပ်ပိုပြီး ယုံကြည်သင့်တယ်"

ချန်ချင်းကပြောလိုက်တယ်

"ကောင်းပြီ ဒါဆိုပြိုင်ပွဲလေးစလိုက်ရအောင်"

ချန်ချင်းအနေနဲ့ လင်းဟန်က လွီယုထန်ကို ဘာတွေလှည့်စားထားတယ်ဆိုတာကို မသိပါဘူး ဒါပေမဲ့ သူ့အနေနဲ့ ဒီအေးစက်စက်နိုင်တဲ့ မိန်းမလှလေးရဲ့အရှေ့မှာ အနိုင်ယူပြီးတော့ လင်းဟန်ရဲ့ သရုပ်မှန်ကိုပြရပါမယ်

လင်းဟန်က
လွီယုထန်ကိုနောက်တစ်ကြိမ်ခေါင်းငြိမ့်ပြလိုက်ပီးတော့

အရှေ့ကိုထွက်လိုက်ပါတယ် ဒီနောက်လိုက်မိန်းကလေးက တကယ့်ကို စိတ်ဝင်စားစရာပဲ

အဆင့်ငါးဆင့်ကွာခြားတာက တကယ့်ကိုကြီးမားတယ် တကယ်လို့ လွီယုထန်ကိုယ်တိုင် သူမရဲ့ အဆင့်ကို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ထိနှိမ့်ချပြီး ချန်ချင်းနဲ့တိုက်မယ်ဆိုယင်တောင် လုံးဝသေချာပေါက်ရှုံးနိမ့်မှာပဲဖြစ်ပါတယ်၏

လင်းဟန် ကဒီစိန်ခေါ်မှုကိုလက်ခံလိုက်ရတာကလဲ သူ့အနေနဲ့ အထီးကျန်ဂံပုလွေရဲ့သွေး လို့ခေါ်တဲ့ သိုင်းပညာကိုသိနေလို့ပဲဖြစ်ပါတယ် အသုံးပြုသူဟာ ဒါဏ်ရာရလာတာနဲ့အမျှ သူ့စွမ်းအင်တွေဟာ သူ့ရဲ့ကျင့်စဉ်အဆင့်ကိုကျော်လွန်ပြီးတော့ ပေါက်ကွဲထွက်ပေါ်လာမှာ ပဲဖြစ်ပါတယ် ဒါဏ်ရာပိုကြီးလာလေ ထွက်လာတဲ့ စွမ်းအင်ကပိုကြီးလာလေပါပဲ

သူ့ယင် အတိတ်ဘဝက သူ့ဒါဏ်ရာတွေကို ကုသဖို့အတွက် သူ့အနေနဲ့ မှော်ဆေးလုံးတွေ အမြောက်အများသုံးစွဲရပါတယ် ဒါပေမဲ့အခု လက်ရှိမှာတော့ သူ့မှာ ကုသဖို့မှော်ဆေးလုံးတွေမရှိပါဘူး ဒါပေမဲ့ အဆင်ပြေပါတယ်

အခုသူ့မှာ အရမ်းကိုအစွမ်းထက်တဲ့ လျှို့ဝှက်ပညာ ရှိနေပါပြီ ဖျက်ဆီးလို့မရသောကောင်းကင်မော်စာလိပ်.....

"လာခဲ့...."

 လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ခေါ်လိုက်တယ်

ချန်ချင်းအနေနဲ့ လင်းဟန်ကို လုံးဝကို အရေးမစိုက်ပါဘူး လင်းဟန်ရဲ့တကိုယ်လုံးကို လှည့်ပါတ်ကြည့်ပြီးတော့ အေးစက်တဲ့အပြုံးတစ်ခု သူ့မျက်နှာမှာပေါ်လာခဲ့ပါတယ်

သူ့အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ပဲရှိတဲ့သူတစ်ယောက်နဲ့ ရင်ဆိုင်ရတာက အရေးကြီး တဲ့ကိစ္စမှမဟုတ်တာ

"အကို......သူ့ကိုဆုံးမလိုက်စမ်းပါ "

ချန်းဟောင်ကသူ့အကိုကို အော်ဟစ်အားပေးပါတယ်

သူ့မျက်နှာက အရမ်းကိုနာကျင်နေပါတယ် ဒါ့အပြင်သူဟာဒူးထောက်ခဲ့ယုံသာမက ခွေးတစ်ကောင်လိုမျိုး အားလုံးရှေ့ကနေပြီး

တွားသွားခဲ့ရပါသေးတယ် ဒါကြောင့်ပဲ သူက လင်းဟန်ကို သတ်ပစ်ချင်လောက်အောင်ကို ဒေါသထွက်နေတာပဲဖြစ်ပါတယ်

ဒီနေရာမှာ သူ့လိုမျိုး ခံစားချက်တူတဲ့သူတစ်ယောက်ရှိပါသေးတယ် သူကတော့ ရှန်ဇီယန်ပါ သူမဟာလဲ လင်းဟန်ကို အရိုးထဲထိအောင်ကို မုန်းတီးနေပါတယ်

ချန်ချင်းခေါင်းငြိမ့်လိုက်ပြီးပြောလိုက်တယ်

''မင်းတို့အားလုံးသေချာကြည့်ထား ချန်ကလန်ကို စော်ကားရဲတဲ့သူမှန်သမျှ ဘယ်လိုဖြစ်သွားရမလဲဆိုတာ..........''

ချန်ချင်းရဲ့ နတ်ခမ်းတွေကွေးသွားအောင်ပြုံးလိုက်ပီး အားပြင်းတဲ့လက်သီးတစ်ချက် က လင်းဟန်ဆီကို ပျံ့လွှင့်လာပါတယ်

လင်းဟန်ကလဲ တူညီတဲ့ လက်သီးတစ်ချက်နဲ့သူ့ပြိုင်ဘက်ရှိရာကို တိုးဝင်လာခဲ့ပါတယ်

ဘာ.... ဒီမြင်ကွင်းကိုကြည့်ပြီး အားလုံးက လင်းဟန်တစ်ယောက် ရူးသွားပြီလို့ထင်လိုက်ကြပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ က အဆင့် ၉ သမားကို ထိတိုက်ရင်ဆိုင်တယ်ဆိုတာ တကယ့်ကို ညံ့ဖျင်းတဲ့ လှုပ်ရှားမှုပဲ

အဲဒီအချိန်မှာပဲ လွှီယုထန်တောင်မှ လင်းဟန်အပေါ် မှာယုံကြည်မှု ပျောက်ဆုံးသွားခဲ့ပါတယ် ဘာလိုလဲဆိုတော့ ဒီလိုမျိုး တိုက်ပွဲဝင်တဲ့ပုံစံက သန့်ရှင်းတယ် ကျင့်စဥ်အဆင့်ရဲ့ ခွန်အား အစစ်အမှန် ကိုဖော်ပြရတာပဲဖြစ်ပါတယ်

Peng

လက်သီးချက် နှစ်ခုဟာ တစ်ခုနဲ့တစ်ခု ထိမိသွားကြပါတယ် တကယ်လို့ လှုပ်ရှားမှုတွေဟာ အကြိမ်တစ်ရာလောက် ဖြေးနေပါစေဦး ဒီမြင်ကွင်းကို သေချာရှင်းလင်းပြတ်သားစွာ မြင်ရပါတယ် Pa pa pa အသံဆက်တိုက်ထွက်ပေါ် လာပြီးတော့ လင်းဟန်ရဲ့ လက်မောင်းတစ်ခု လုံး ဆိုးဆိုးဂါးဂါး ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပါတယ်

လင်းဟန်အနောက်ကို ခြေ ၇ လှမ်းနောက်ဆုတ်သွားပြီးမှ သူ့ခန္ဓာကိုယ်ကို ဟန်ချက်ညီအောင် ထိန်းနိုင်ခဲ့ပါတယ်

ချန်ချင်းက ကျယ်လောင်စွာ အော်ရီလိုက်ပီးတော့

"ဟဟ အမိုက်ကောင် က အမြဲတမ်းအမိုက်ကောင်ပါပဲ"

လင်းဟန် အကယ်ဒမီကို စရောက်လာကတည်းက သူဟာ သူတို့ ညီအကိုရဲ့ အရှက်ခွဲခံရမဲ့ ပစ်မှတ်တစ်ခုပါပဲ လင်းဟန်က အခု သူ့ကံကြမ္မာကို ပြောင်းလဲနိုင်ပီလို့များထင်နေတာလား

အိမ်မက်ထဲမှာပဲရမယ်

လင်းဟန်မျက်နှာတစ်ခုလုံး ခံစားချက်မဲ့တဲ့ပုံစံနဲ့ ကောင်းကင်မှော်စာလိပ် အစွမ်းကို သူ့ ခန္ဓာကိုယ်မှာ လှည့်ပတ်စေလိုက်ပီးတော့ သူ့ခန္ဓာကိုယ်က ဒါဏ်ရာတွေကို လျှင်မြန်စွာ ကုသ နေပါတယ် သူ့လက်မောင်းက လတ်လတ်ဆတ်ဆတ်ထွက်နေတဲ့သွေးတွေကြောင့် သူ့ရဲ့ဒါဏ်ရာ တွေပြန်ပြီး လျှင်မြန်စွာ ကောင်းမွန်လာတာကို မမြင်နိုင်ပါဘူး

ပြီးတော့ သူ့ဒါဏ်ရာနဲ့ လင်းဟန်ဟာ အထီးကျန်ဂံပုလွေသွေး စွမ်းအင်ကို ခန္ဓာကိုယ်အတွင်းမှာ လည်ပတ်စေလိုက်တဲ့အခါမှာတော့ သူ့စွမ်းအင်တွေက နောက်တစ်ဆင့်ကို တက်သွားပါတယ်

ခန္ဓာကိုယ်ပြုပြင်ခြင်း အဆင့် ၅

လင်းဟန်က နောက်တစ်ကြိမ် အော်ဟစ်ပြီး ချန်ချင်းထံကို ခုန်ဝင်သွားပါတော့တယ်

"အသုံးမဝင်ဘူး လင်းအမှိုက်ကောင် မင်းဘဝတစ်ခုလုံး မင်းကအမှိုက်ကောင်ပဲဖြစ်စေရမယ်"

ချန်ချင်းကရီမောလိုက်ပီး နောက်ထပ် လက်သီးတစ်ချက် လင်းဟန်ဆီကို ထိုးသွင်းလိုက်ပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၅ ကအဆင့်ကိုး ကို မယှဉ်နိုင်သေးပါဘူး ဒါကြောင့် နောက်တစ်ကြိမ် လင်းဟန် နောက်ကိုဆုတ်သွားရပီးတော့
သွေးတွေပန်းထွက်လာပါတယ်

အခုလေးတင်ပဲ ကုသထားတဲ့သူ့ညာဘက်လက်မောင်းဟာ နောက်တစ်ကြိမ် ဆိုးဆိုးဂါးဂါး ထိခိုက်သွားပါတယ်

ချန်ချင်းကြည့်ရတာ အနည်းငယ်အံ့အားသင့်နေပါတယ် သူ့ပြိုင်ဘက်ရဲ့ ဒုတိယအကြိမ် လက်သီးချက်က ပထမအကြိမ်ကထက်စာယင် ပိုမိုအားပြင်းလာတာကိုခံစားမိနေပါတယ် ဒါပေမဲ့လဲ သူ့ထက်တော့ အင်အားနည်းနေပါသေးတယ်

လင်းဟန်က ကောင်းကင်မှော်စာလိပ်စွမ်းအင်ကို အဆက်မပြတ်လှည့်ပါတ်စေတဲ့အပြင် အထီးကျန်ဂံပုလွေသွေးစွမ်းအားကိုပါ လှည့်ပါတ်လိုက်ပါတယ် သူ့မျက်လုံးတွေမှာ တိုက်ပွဲဝင် ဂံပုလွေတစ်ကောင်လို သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ ပေါ်လာပါတယ်

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆

ဒါဏ်ရာပေါ်ဒါဏ်ရာ ထပ်ရလာသလို လင်းဟန်ရဲ့ စွမ်းအင်လဲ နောက်တကြိမ် တိုးလာခဲ့တယ်

သူဟာ အော်ဟစ်လိုက်ပြီး ချန်ချင်းထံကို

ပြေးဝင်သွားလိုက်ပြန်တယ်

ချန်ချင်းရဲ့ ခွန်အားက တကယ့်ကို အံ့အားသင့်စရာကောင်းပါတယ် ဒါပေမဲ့လည်း လင်းဟန်ရဲ့အကြည့်အောက်မှာ သူအနည်းငယ်တင်းကျပ်လာသလိုခံစားရပါတယ် ချက်ချင်းပဲဒေါသတွေထွက်လာခဲ့တယ် ဒါကအမိုက်ကောင်တစ်ကောင်ပဲလေ ဒီလိုအမိုက်ကောင်က သူ့ကို ကြောက်လန့်လာသလို ခံစားအောင်လုပ်နိုင်တယ် ဒါကတကယ့်ကိုရှိစရာပဲ

သူက လင်းဟန်ကို လက်သီးတစ်ချက်ထဲနဲ့ ရှုံးနိမ့်ပြီး ဒါဏ်ရာပြင်းပြင်းထန်ထန်ရသွားစေချင် တာပါ ဒါမှ နောက်ထပ်တစ်ကြိမ်ပြန် ထ လာနိုင်မှာမဟုတ်တော့ပါဘူး

Peng Peng Peng

တိုက်ခိုက်နေသူနှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် ဆက်ပြီးတော့ တိုက်ခိုက်လျက် ရှိပါတယ် ပုံမှန်တော့ တိုက်ခိုက်မှုတိုင်းမှာ လင်းဟန်ချည်းပဲ ခံရပီးတော့ ဆိုးဆိုးဝါးဝါး ဒါဏ်ရာရ သူပါ ဒါပေမဲ့လဲ သူကချက်ချင်းပဲသူ့ရဲ့ တိုက်ပွဲဝင်တဲ့စိတ်ကို ပြန်ရပီးတာနဲ့ အကြိမ်တိုင်းလိုလို ထပ်မံ

တိုက်ခိုက်နေပါတယ် သူ့ရဲ့ဆုံးဖြတ်ချက်ကတော့ အံ့အားသင့်စရာပါပဲ

ဒါ့အပြင် လင်းဟန်ရဲ့တိုက်ခိုက်မှုတွေကို ပိုမိုပြင်းထန်လာပြီးကြောက်စရာ ပိုကောင်းလာပါတယ်

အဆင့် ၇ ကိုယ်ခန္ဓာပြုပြင်ခြင်း

ချန်ချင်းကအနေနဲ့ လင်းဟန်ရဲ့ စွမ်းအင်ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကို အံ့အားသင့်စရာကောင်းအောင် မြင့်တက်လာတယ်ဆိုတာကို ရှင်းလင်းစွာသိမြင်ရပါတယ် ဒီအဆင့်ကိုရောက်သွားပြီးတဲ့အခါမှတော့ လင်းဟန်ရဲ့ အစွမ်းတွေက ထပ်ပြီးတိုးမလာတော့ပါဘူး မဟုတ်ယင် ချန်ချင်း အနေနဲ့ စတင်ကြောက်ရွံ့သွားပါလိမ့်မယ်

အထီးကျန်ဂံပုလွေသွေး အစွမ်းကလဲ သူကန့်သတ်ချက်ရှိပါတယ် လင်းဟန်ရဲ့အစွမ်းကို အဆင့်သုံးဆင့်တက်တဲ့အထိပဲကူညီနိုင်ပါတယ်

ဒါပေမဲ့လည်း ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ နဲ့ အဆင့်ကိုး ကြားမှာ အရမ်းကြီးကွာဟမနေတော့ ပါဘူး သူတို့ဟာ

အဆင့်နှစ်ဆင့်လောက်ပဲကွာတော့တာပါ

အပိုင်း(၁၉) ခြေထောက်အောက်နင်းခြင်း

လင်းဟန်ကအခု တစ်ကိုယ်လုံးသွေးတွေပေကျံနေပါတယ် ပြင်းပြင်းထန်ထန်ဒါဏ်ရာ ရခဲ့တာကြောင့်လဲ သူ့ရဲ့စွမ်းအင်အဆင့်က ကိုယ်ခန္ဓာပြုပြင်ပြောင်းလဲခြင်းအဆင့်၇ ကို တက်သွား ခဲ့ပါပြီ အခုသူ့ကိုကြည့်ရတာ ဒါဏ်ရာရနေတဲ့ အထီးကျန် ဂံပုလွေတစ်ကောင်လိုပါပဲ ဒါဏ်ရာပိုရလေလေ အရှုံးမပေးချင်လေပါပဲ

ပထမတော့ ပရိတ်သတ် က သူတို့အနေနဲ့ ဖျော်ဖြေပွဲတစ်ခုကိုကြည့်နေရသလိုမျိုးပါပဲ ဒါပေမဲ့ လင်းဟန်အနေနဲ့ ထပ်ခါထပ်ခါ ဒါဏ်ရာ ရနေပေမဲ့ အဆက်မပြတ် လက်တုံ့ပြန်တာကိုမြင်လိုက်ရတဲ့အခါမှာတော့ သူ့ရဲ့ လုပ်ဆောင်မှုတွေကြောင့် မဖော်ပြနိုင်တဲ့ ခံစားချက်တစ်ချို့ ကသူတို့အပေါ် သက်ရောက်လာပါတယ်

အကယ်လို့ လင်းဟန်က အမိုက်ဖြစ်နေယင်တောင်မှ သူတို့ရဲ့လေးစားမှုနဲ့ ထိုက်တန်တဲ့ အမိုက် ဖြစ်ပါတယ်

သူ့ရဲ့ သွေးတွေ ဖြာထွက်နေသည့်တိုင်အောင် အရှုံးမပေးပဲ ဆက်လက်ယှဉ်ပြိုင်နေတာကြောင့် အားလုံးတုန်လှုပ်ကြောက်ရွံ့သွားပြီး ခြေလှမ်းတွေတောင်ဆုတ်ကုန်ပါတယ်

အားလုံးရဲ့အတွေးတွေက လင်းဟန်ဆီကို စုပြုံပြီးတော့ စိတ်ထဲမှာ လင်းဟန်အနိုင်ရဖို့အတွက် လှို့ဂှက်စွာနဲ့မျှော်လင့်နေတယ်ဆိုတာကို အားလုံးသိနေပါတယ်

သိုင်းပညာကမ္ဘာမှာတော့ အားနည်းတဲ့သူဟာ သနားဖို့အတွက် မထိုက်တန်ပါဘူး ဒါပေမဲ့ အရှုံးမပေးတတ်တဲ့ စစ်သည်တော်တွေကတော့ ရိုသေလေးစားခြင်းကို ရရှိပါလိမ့်မယ်

လင်းဟန်က သူ့ရဲ့သွေးကိုအသုံးပြုပြီး မူလခန္ဓာကိုယ်ပိုင်ရှင်ရဲ့ အချိန်အကြာကြီးကတည်းက လိုချင်တဲ့ တစ်ခုတည်းသောအရာ..........

ရိုသေလေးစားခြင်း......

ဒါကြောင့်လဲ လင်းဟန်က ဒီပြိုင်ပွဲကို ခေါင်းမာမာနဲ့ပဲ တိုက်ခိုက်ဖို့အတွက်ဆုံးဖြတ်လိုက်တာပဲဖြစ်ပါတယ် ပြီးတော့ ညံ့ဖျင်းတဲ့နည်းလမ်းဖြစ်တဲ့ ထိပ်တိုက်ရင်ဆိုင်ခြင်းနည်းကိုတောင်ရွေးချယ်ခဲ့ပါတယ်

သူ့ရဲ့လက်ရှိအခြေအနေက အားလုံးထင်ထားသလို ကြောက်လန့်စရာနေပေမဲ့ ကောင်းကင်မှော်စာလိပ်ကို သူ့ခန္ဓာကိုယ်ကိုလှည့်ပါတ်ပြီး အဆက်မပြတ် သူ့ဒါဏ်ရာတွေကို ကုသစေခဲ့ပါတယ် ဒါပေမဲ့လည်း သူခံစားနေရတဲ့ဒါဏ်ရာတွေဟာ အတုအယောင်တွေမဟုတ်ပါဘူး သူဟာ သူ့ရဲ့ စိတ်ဝိဉာဉ်ကို မီးတောက်တစ်ခုက တဖြေးဖြေးချင်း လောင်ကျွမ်းနေသလိုမျိုး နာကျင်မှုဒါဏ်ကို မချိမဆံ့ခံစားနေရပါတယ် ဒါပေမဲ့ ဒီလိုနာကျင်မှုကြောင့်ပဲ သူလက်ရှိကျင့်စဉ်ထက်ပိုတဲ့စွမ်းအားတွေကို ထုတ်ဖော်နိုင်တာပဲဖြစ်ပါတယ်

သူက စွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ဆေးကို အဆက်မပြတ်စားပြီး တိုက်ခိုက်ပီးတော့မှော်စာလိပ်ကို အဆက်မပြတ်လှည့်လည်စေခဲ့ပါတယ်

လင်းဟန်ကအဆက်မပြတ်နောက်ဆုတ်နေရပေမဲ့လည်း

သူက တိုက်ခိုက်မှုကို ထပ်ကာ ထပ်ကာ လုပ်ပါတယ် သူ့ရဲ့သွေးတွေ လတ်လတ်ဆတ်ဆတ် ပန်းထွက်လာသလိုပဲ သူ့ရဲ့ အနိုင်မခံအရှုံးမပေးတဲ့စိတ်က ဘေးပါတ်ဂန်းကျင်အပေါ်မှာ ကြီးမားစွာ သက်ရောက်လာပါတယ်

မိန်းကလေးအချို့တောင်မှ မျက်ရည်တွေကျဆင်းလာပြီး လင်းဟန်ကို ဆက်မတိုက်ဖို့ အော်ဟစ် နေကြပါပြီ

ဘာလို့မင်းမလဲကျသေးတာလဲ...............

ချန်ချင်းဟာအချိန်ကြာကြာတိုက်ခိုက်လေ သူ့အနေနဲ့ပိုပိုပြီးထိတ်လန့်လာပါတယ် လင်းဟန်ဘယ်လိုမျိုးဆုံးဖြတ်ချက်ချထားတာလဲ သူ့ဒါဏ်ရာတွေဘယ်လောက်များများ သူက လဲကျသွားဖို့ကို ငြင်းဆန်နေတယ် ဒီတိုက်ပွဲက ချန်ချင်းကို ကြီးမားတဲ့ဖိအားတွေပေးနေပါတယ် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ရဲ့စွမ်းအင်က သူ့ကိုခြိမ်းခြောက်ဖို့လုံလောက်နေပါတယ် သူတို့နှစ်ယောက်အကြား ထိပ်တိုက်ရင်မှုတွေထပ်ခါ ထပ်ခါဖြစ်လေ သူ့ရဲ့အတွင်းပိုင်း အစိတ်အပိုင်းတွေကပူလောင်ဆူပွက်လာလေ သူ့ကို

လွှန်စွာပဲ သက်တောင့်သက်သာမဖြစ်စေ ပါဘူး

သူက ဒေါ်ဟစ်ပြီးတော့ လက်နှစ်ဖက်ကိုအသုံးပြုပြီးတိုက်ခိုက်လိုက်ပါတယ် နောက်ဆုံးမှာတော့ သူဟာ သိုင်းပညာစွမ်းရည်ကိုအသုံးပြုလာပြီးတော့ လင်းဟန်ကို ဖြစ်နိုင်ယင် မြန်မြန်ပဲ လဲကျစေချင်နေပါပီ

ဒါဟာ ချန်ကလန်ရဲ့ အထူးပညာရပ်ဖြစ်တဲ့ ဖောက်ခွဲပါရဂူလက်သီး...

သိုင်းပညာရှင်တစ်ယောက် ဟာ သိုင်းပညာစွမ်းရည်တစ်ခုကို အသုံးပြုတာနဲ့ အသုံးမပြုတာ ဒီနှစ်ခုဟာစွမ်းအင်ခြင်းအဆင့် လုံးဂကွာခြားပါတယ် ကျင့်ကြံခြင်းနည်းလမ်းလိုပဲ သိုင်းပညာစွမ်းရည် ကိုလဲ ကောင်းကင် မြေကြီး အနက်ရောင် နဲ့အဂါရောင်ဆိုပြီး အသီးသီး ခေါင်းစဉ်ခွဲခြားနိုင်ပါတယ် ကောင်းမွန်တဲ့အဂါရောင်အဆင့်သိုင်းပညာရပ်က အသုံးပြုသူရဲ့ စွမ်းအားကို နှစ်ဆတောင်ကြမ်းတမ်းစေပါတယ်

အဓိကအဆင့်ကြီးတွေအားလုံးမှာ အဆင့်သေးသုံးခုစီခွဲခြားထားပါသေးတယ် အဆင့်မြင့် အလယ်အလတ်အဆင့်နဲ့အဆင့်နိမ့်အဆင့်ဆိုပြီးတော့ပေါ့

အဂါရောင်အဆင့်နိမ့်အဆင့် သိုင်းပညာက အသုံးပြုတဲ့သူရဲ့ စွမ်းအားကို ၃၀ ရာခိုင်နှုန်းလောက် တိုးစေပါတယ် အလယ်အလတ်အဆင့်က အသုံးပြုသူကို ၄၀ ကနေ ၆၀ ရာခိုင်နန်းကြား မြင့်စေနိုင်ပီးတော့ အဆင့်မြင့်အဆင့်သိုင်းပညာကတော့ အသုံးပြုသူရဲ့စွမ်းအင်ကို ၇၀ ရာခိုင်နန်းကနေ ၁၀၀ ရာခိုင်နန်းအထိ တိုးလာစေနိုင်ပါတယ်

ဖောက်ခွဲပါရဂူလက်သီးသိုင်းဟာ အဂါရောင်အလယ်အလတ်အဆင့် သိုင်းပညာဖြစ်ပါတယ် ဒါကြောင့် အသုံးပြုတဲ့သူ့ရဲ့စွမ်းအားကို ၅၀ ရာခိုင်နန်းခန့်တိုးလာစေနိုင်ပါတယ် နောက်ဆုံး လှိုပုက် သုံးကွက်ကတော့ အသုံးပြုသူရဲ့စွမ်းအားကို ၆၀ ရာခိုင်နန်းထိတိုးစေနိုင်ပါတယ်

လင်းဟန်အနေနဲ့ အသုံးပြုတဲ့သူရဲ့ အစွမ်းကို ဆယ်ဆ တိုးစေနိုင်တဲ့ အရမ်းကိုရှားပါးတဲ့ ကောင်းကင်အဆင့် သိုင်းပညာ ၇ ခုအပါအဝင်မရေမတွက်နိုင်တဲ့ သိုင်းပညာပေါင်းများစွာ ကိုလဲ သိထားပါတယ် ဒါပေမဲ့လည်း လက်ရှိသူ့စွမ်းအင်အဆင့်နဲ့ အဲဒီပညာတွေကိုအသုံးပြုဖို့ နည်းလမ်း မရှိပါဘူး ကောင်းကင်အဆင့်သိုင်းပညာမှမဟုတ်ပါဘူး မြေကြီးအဆင့်

သို့မဟုတ် အနက်ရောင် အဆင့် ပညာတွေကိုလဲ သူ့လက်ရှိ ကျင့်စဉ်အဆင့်နဲ့ အသုံးပြုနိုင်မဲ့နည်းလမ်းမရှိပါဘူး

အနက်ရောင်အဆင့်သိုင်းပညာကို ထုတ်ဖော်အသုံးပြုမယ်ဆိုယင် အသုံးပြုသူရဲ့ ကျင့်စဉ်အဆင့် ဟာ နွေဦးစမ်းရေ အဆင့်မှာရှိရမှာဖြစ်ပါတယ် ဒါကြောင့်သူ့အနေနဲ့ အဂါရောင်အဆင့်သိုင်းပညာ ကိုပဲအသုံးပြုနိုင်ပါတယ်

သူ့လက်သီးနှစ်ဖက်ကို တင်းကျပ်အောင်ဆုပ်ပီးတိုက်ခိုက်ဖို့အတွက်ကို လှုပ်ရှားလိုက်ပါတယ်

အဂါရောင်အဆင့်မြင့်သိုင်းပညာရပ်.....သစ်နက်တဟုန်ထိုး လက်သီး

Peng

ကျယ်လောင်တဲ့ အသံကို ကြားလိုက်ကြပါပြီးတော့ တိုက်ခိုက်သူနှစ်ယောက်ဟာသူတို့ရဲ့ တိုက်ခိုက်မှုတွေကို ဖလှယ်ပြီးသွားပါပီ သူတို့ရဲ့ အရှိန်က အရမ်းကိုလျှင်မြန်ပါတယ် လှီယုထန်မှလွဲလို့

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကိုရောက်ရှိနေသူတွေသာဘာဖြစ်သွားတယ် ဆိုတာကို ရှင်းရှင်းလင်းလင်းမြင်တွေ့ကြရပါတယ်။ ကျန်တဲ့ပရိတ်သတ်များကတော့ ဒီ ထိပ်တိုက်ရင်ဆိုင်မှုအပြီးမှာ ချန်ချင်းရဲ့ ကိုယ်ခန္ဓာဟာအပြင်ဘက်ကို လွင့်ထွက်သွားတာကိုပဲ မြင်လိုက်ကြတာပါ

Si...........ပါတ်ဂန်းကျင်မှာရှိတဲ့ လူတိုင်း အသက်တောင်မရှုနိုင်ပဲ ပြောစရာစကားတွေမဲ့ကုန်ပါတယ် ဒီဖြစ်ရပ်ကိုသူတို့အနေနဲ့ ဉာဏ်မမီတော့ပါဘူး

ချန်ချင်းက လင်းဟန်ရဲ့ တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားခဲ့တယ် ဘယ်လိုကြီးလဲဟ...

ဒ့ါအပြင် လင်းဟန်ရဲ့တစ်ကိုယ်လုံးသွေးတွေ ပေကျံနေပေမဲ့လည်း သူက နောက်ကို ခြေလှမ်း အနည်းငယ်ပဲဆုတ်ပေးလိုက်ရတယ်

ဘာတွေဖြစ်ကုန်တာလဲ ချန်ချင်းကအမြဲတမ်းအသာစီးရယူထားပြီးမှ သူ့ရဲ့သိုင်းပညာစွမ်းရည်ကို ထုတ်သုံးလိုက်တဲ့အချိန်ကျမှ

ဘာလို့ကြောက်စရာကောင်းအောင် ရှုံးနိမ့်သွားခဲ့ရတာလဲ

ဒါပေမဲ့သူတို့အားလုံး သိလိုက်တာတစ်ခုက လင်းဟာန်က အဂ္ဂါရောင်အဆင့်မြင့် သိုင်းပညာကို ထုတ်သုံးလိုက်တယ်ဆိုတာပါပဲ

ဒါကဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ တိမ်မီးခိုးမြို့ရဲ့ အင်အားကြီးကလန်နှစ်ခုတောင်မှ အဂ္ဂါရောင်အလယ်အလတ်အဆင့် သိုင်းပညာတွေပဲပိုင်ဆိုင်ထားတာလေ တကယ်လို့ သာမန်လူတစ်ယောက်ကသာ အဂ္ဂါရောင်အဆင့်နိမ့်သိုင်းပညာကို သင်ခွင့်ရခဲ့မယ်ဆိုယင် အပျော်လွန်ပြီးတော့တောင် သေသွားနိုင်ပါတယ်

လှီယုထန်တစ်ယောက်တည်းပဲ သူမရဲ့လှပတဲ့မျက်လုံးတွေမှာ နားလည်မှုအရောင် တောက်ပသွားခဲ့ပါတယ်။ သူမတစ်ယောက်တည်းသာလျှင် လင်းဟာန်က သူမကိုသင်ကြားပေး တဲ့ လှိုမ့ုက်ဆန်းကြယ်ယင်သုံးမျိုး ပညာက ကောင်းကင်အဆင့် ကျင့်စဉ်ဖြစ်တယ်ဆိုတာကိုသိ ရှိထားတာလေ ဒါကြောင့် လင်းဟာန်အနေနဲ့ အဂ္ဂါရောင်အဆင့်မြင့်သိုင်းပညာကို သိနေတာကို သူမအနေနဲ့

လုံးဂအံ့အားသင့်နေမှာမဟုတ်ပါဘူး။

ချန်ချင်းက ညည်းတွားလိုက်ပြီးတော့ နောက်ပြန်ဆုတ်ချင်ခဲ့ပါတယ် ဒါပေမဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုနောက်က စွမ်းအားက အရမ်းကိုကြောက်စရာကောင်းလှပါတယ် သူ့အနေနဲ့ လှုပ်ရှားမှုပြုလုပ်လိုက်တိုင်း သွေးဆက်တိုက်အန်ထွက်လာပါတယ်

သူတို့တိုက်ခိုက်မှုတွေ ထပ်ခါထပ်ခါ ဖလှယ်နေချိန်တုန်းက ချန်ချင်းရဲ့ အတွင်းပိုင်း အင်္ဂါအစိတ်အပိုင်းတွေဟာ ကြီးကြီးမားမားတုန်လှုပ်ခြင်းကို ခံစားနေခဲ့ပါတယ် နောက်ဆုံး တစ်ချက် ထိခိုက်မှုကြောင့် အားလုံးကို အန်ထုတ်ပစ်ချင်လောက်အောင် ပြင်းပြင်းထန်ထန် ခံစားလိုက်ရပါတယ် ချန်ဟောင်ရဲ့ အမူအရာက လုံးဂကို မယုံကြည်နိုင်ဖြစ်နေပါတယ်

သူ့ရဲ့အကိုက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ရောက်ရှိနေတဲ့ လက်ရွေးစင်တစ်ယောက်လေ ဘယ်လိုလုပ်ပြီးတော့ အမိုက်လိုကောင်ကိုရှုံးနိုင်ရမာလဲ

"မဟုတ်ဘူး....... ဒါကလုံးဂကိုမဖြစ်နိုင်ဘူး..........."

လင်းဟန်က ချန်ချင်းဆီကိုလျှောက်သွားလိုက်တယ် သူ့ခြေလှမ်း လှမ်းလိုက်တိုင်း သူခံစားနေရတဲ့ ဒါဏ်ရာတွေကို ကောင်းကင်မော်စာလိပ်အစွမ်းနဲ့ ပြန်ကုသနေခဲ့ပါတယ် ချန်ချင်းရဲ့အရှေ့ကိုရောက်သွားတဲ့ အခါမှာတော့ သူ့ဒါဏ်ရာအားလုံး သက်သာသွားခဲ့ပါပြီ

"ငါ...ငါရှုံးသွားပြီ"

လူတိုင်းက သူတို့ကိုကြည့်နေကြတာဖြစ်လို့ ချန်ချင်းအနေနဲ့ သူ့ရဲ့အရှုံးကို အငြင်းပွားနေလို့မရပါဘူး သူ့အနေနဲ့ လင်းဟန်က သူ့ကို ဘယ်လိုအနိုင်ယူသွားလဲဆိုတာကို နားမလည်ခဲ့ပါဘူး

လင်းဟန်ကသူ့ခြေထောက်ကို ဖြေးဖြေးလေး ချန်ချင်းရဲ့အပေါ် ကိုမြှောက်လိုက်ပါတယ်

"မင်း...မင်း ..ဘာလုပ်ဖို့ စဉ်းစားနေတာလဲ..........."

ချန်ချင်းရဲ့အမူအရာက ထိတ်လန့်ကြောက်ရွံ့ နေပါတယ် လင်းက သူ့မျက်နှာကိုကန်ဖို့စဉ်းစားနေတာလား ။

"အရမ်းကြီးမလွန်ပါနဲ့...."

လင်းဟန်နှာခေါင်းရှုံ့လိုက်ပါတယ်

"လွန်တယ်? မင်း......... ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ သမားက ငါနဲ့တိုက်ခိုက်တုန်းက အဲဒါက အရမ်းလွန်တယ်လို့ မစဉ်းစားခဲ့ဘူးလား ပထမ မင်းရဲ့ ညီငယ်လေး သူ့ဂိုဏ်းအရှုံးကို မင်းကိုလာပြော တုန်းက ငါ့ကိုပဲ စက်ဆုပ်ရွံရှာစရာနည်းလမ်းတွေသုံးခဲ့တယ်လို့ စွပ်စွဲပြောဆိုတုန်းကရော လွန်တယ်လို့ မစဉ်းစားခဲ့ဖူးလား?"

"'ဒါဆို မင်းက မင်းလုပ်ချင်သလိုလုပ်မယ် တခြားသူတွေကိုတော့ ခွင့်မပြုဖူးဆိုတဲ့သဘောလား"

"ဒီကဗ္ဗာမှာအဲလိုမျိုး ဆင်ခြင်တွေးခေါ်မှုမျိုးမရှိဘူးကွ"

လင်းဟန်သူ့ ခြေထောက်ကို အားပိုထည့်လိုက်တဲ့အခါမှာ ချန်ချင်းက ချက်ချင်းပဲ နာကျင်မှုကြောင့် အော်ဟစ်ငြီးတွားလိုက်ပါတယ် ဒါပေမဲ့လည်းသူက ရှက်တာကိုပိုခံစားနေပါတယ် သူက တကယ်ပဲ တခြားလူတစ်ယောက်ရဲ့ ခြေထောက်အောက်မှာရောက်နေပြီးတော့ အဲဒီလူကလဲ

အကယ်ဒမီတစ်ခုလုံးသိကြတဲ့ အမိုက်ကောင်ဖြစ်နေလို့ပါပဲ ဒါပေမဲ့ ဒီနေ့ကစပြီး လင်းဟန်ဟာ သူ့ရဲ့ အမိုက်ကောင်ဆိုတဲ့ နာမည်ကို လုံးဝ ရှင်းလင်းပစ်လိုက်ပါပြီ ချန်ချင်းရဲ့ မျက်နှာကို နင်းချေပြီးတော့ပေါ့ ဒါကပဲ ချန်ချင်းအတွက် လုံးဝကိုလက်မခံနိုင်စရာပါပဲ

အနီးနားမှာရှိတဲ့လူတွေအားလုံး ပြောစရာစကားရှာမရတော့ပါဘူး သူတို့က လင်းဟန်ကို အနိုင်ရ ဖို့ မျှော်လင့်ထားကြပေမဲ့ တကယ်တမ်း လင်းဟန်က အနိုင်ရလိမ့်မယ်လို့ သူတို့ထဲက ဘယ်သူကများ ထင်မှတ်ထားကြလို့လဲ။ လွှီယုထန်ပြောခဲ့တဲ့ သုံးလအတွင်း သူတို့အားလုံးရဲ့ အထက်မှာ လင်းဟန်ကရှိနေပြီးတော့ မော့ကြည့်ရလိမ့်မယ်ဆိုတဲ့ စကားကို ပြန်တွေးမိနေကြပါတယ် တကယ်တော့ သုံးလတောင်မလိုပါဘူး လက်ရှိမှာကိုပဲ များစွာသော လူတစ်ချို့က လင်းဟန်ကို မော့ကြည့်နေရပြီလေ

လင်းဟန် မင်းဒီအတွက်နောင်တရစေရမယ်။ ချန်ချင်း ရဲ့လေသံက ဒေါသတွေအရမ်းထွက်နေပုံပေါက်ပါတယ် အမိုက်ကောင်ရဲ့ခြေထောက်နဲ့ နင်းခံရခြင်းဟာ ရှက်စရာတစ်ခုဖြစ်ပြီး ဒီကိစ္စကို သူ့နာမည်ဂုဏ်သတင်းကနေ လုံးဝပယ်ဖျက်နိုင်မှာမဟုတ်တော့ပါဘူး။

လင်းဟန်ကပြုံးလိုက်ပါတယ် ဒီလိုခြိမ်းခြောက်မှုမျိုးက သူ့အတွက်လုံးဝကိုပဲ အဓိပ္ပါယ်မရှိပါဘူး

"ဒါဆိုယင် သနားညှာတာဖို့အတွက် တောင်းပန်စမ်း..."

မင်းရဲ့အပြုအမူတွေက သနားဖို့အတွက်လုံလောက်ယင် မင်းကိုချမ်းသာပေးမယ် အဲ့လိုမှမဟုတ်ယင် ငါ့ခြေထောက်အောက်မှာ အချိန်ကြာကြာလှဲနေလိုက်ဦး....

"မင်း.......မင်း......."

ချန်ချင်းကိုယ်ခန္ဓာပေါက်ကွဲထွက်မတတ်ခံစားလိုက်ရပါတယ် လင်းဟန်က တကယ်ပဲ ဒီလူတွေရဲ့ အရှေ့မှာသနားဖို့ တောင်းပန်ခိုင်းချင်တယ်ပေါ့လေ?

အပိုင်း (၂၀) ဆေးဖော်စပ်ခြင်း

"တကယ်လို့ မင်းကို သနားငဲ့ညှာဖို့ မတောင်းပန်ဘူးဆိုယင် ဒီအတိုင်းပဲ ဆက်လှဲနေပေါ့ကွာ ဒီလဲ လှဲနေရတာကလည်း တကယ်တော့ အားကုန်စရာအကြောင်းမှမရှိတာ.............."

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်တယ်။

သူက တခြားလူတွေက တောင်းပန်လာယင် သူ့ရဲ့ကြင်နာမှုကိုပြသ တတ်ပြီးတော့ တကယ်လို့ ပြန်ခုခံလာယင် ဆယ်ဆ ဆိုးဝါးသွားအောင် ဆုံးမတတ်တဲ့ လူစားမျိုးပါ

ချန်ချင်းနဲ့ သူ့ရဲ့ညီက သူ့ကို စော်ကားချင်နေတဲ့နောက်မှာတော့ သူက သူတို့ကို နင်းချေပစ်ပီး လုံးဂ အရှုးလုပ်ပစ်လိုက်မာပါ

မြေကြီးပေါ် လှဲနေတာက လုံးဂမပင်ပန်းဘူးဆိုတာဟုတ်ပါတယ် ဒါပေမဲ့ တခြားလူရဲ့ ခြေထောက်နဲ့သင့်မျက်နှာကို နင်းခံထားရပီး တော့လှဲနေရမယ်ဆိုယင် ဘယ်လောက်မှ ကြာကြာနေနိုင်မှာမဟုတ်ပါဘူး

ချန်ချင်းဟာသူ့ရဲ့သွားတွေကို တင်းကျပ်စွာစေ့ထားပြီး သွားဖုံးကနေတောင်သွေးတွေယိုစိမ့် လာပါတယ် သူ့ရဲ့အံကြိတ်သံကိုလဲ ရှင်းရှင်းလင်းလင်းကြားကြရပါတယ် တကယ်လို့သူသာတတ် နိုင်ခဲ့မယ်ဆိုယင် လင်းဟန်ကို အစိတ်စိတ်အမြွှာမြွှာဆွဲဖြဲပစ်လိုက်ချင်ပါတယ် ဒါပေမဲ့ လည်း အခု သူ့ရဲ့သိက္ခာတွေနဲ့ ခေါင်းကိုနှိမ့်ချပီး တော့

"ငါတောင်းပန်ပါတယ် ကျေးဇူးပြုပြီး ငါ့ကိုခွင့်လွှတ်ပေးပါ"

လင်းဟန်ကပြောလိုက်တယ်။

'''မင်းရဲ့စကားသံကတိုးလွန်းတယ် ငါမကြားရဘူး....''

ချန်ချင်းကျယ်လောင်စွာအော်ဟစ်လိုက်တယ်

''ငါတောင်းပန်ပါတယ် ကျေးဇူးပြုပြီး ငါ့ကိုခွင့်လွှတ်ပါ..........'''

ဒီစကားစုတွေသူ့ပါးစပ်ကနေ ထွက်ကျလာတာနဲ့အမျှ သူ့အနေနဲ့ သူ့ရဲ့ အဆင့်အတန်း ဂုဏ်သိက္ခာတွေ ချန်ကလန်ရဲ့ အကြီးဆုံး သခင်လေးအဖြစ်ဂုဏ်ယူစရာတွေအားလုံးဟာ ရေပူပေါင်းလေးတစ်လုံးပေါက်ကွဲသွား သလိုမျိုး အားလုံးပျောက်ကွယ်သွားတယ်လို့ ခံစားလိုက်ရပြီး မျက်နှာဖြူသွားပါတော့တယ်

'''အနာဂါတ်မှာ မင်းသေချာစဉ်းစားသင့်တယ် မင်းဆန့်ကျင့်လို့မရတဲ့သူတွေ အများကြီးရှိတယ် မင်းငါ့ရဲ့

သဘောထားကြီးကြီးနဲ့ပြောတာကို
မင်းသေချာစဉ်းစားသင့်တယ်...."'

လင်းဟန်က သူ့ခြေထောက်ကိုပြန်ရုတ်သိမ်းလိုက်တယ်

ဒါကို သဘောထားကြီးတယ်လို့ ယူဆရမယ်ဟုတ်လား

အားလုံးပြောစရာစကားမရှိတော့ပါဘူး ချန်ချင်းက ချန်ဟောင်မဟုတ်ဘူးလေ သူက ချန်ကလန်ရဲ့ အကြီးဆုံးသခင်လေး သူ့ကိုအခုလို လူပုံအလယ်မှာ အရှက်ခွဲစော်ကားလိုက်တာက ချန်ကလန်ရဲ့ပါးကိုရိုက်လိုက်သလိုပါပဲ ဒါကိစ္စက လုံးဝ အေးအေးချမ်းချမ်းနဲ့ပြီးသွားမှာ မဟုတ်ပါဘူး သေချာပေါက် လင်းကလန်နဲ့ ချန်ကလန်တို့အကြားမှာ တိုက်ပွဲကြီးဖြစ်ပေါ် လာပါလိမ့်မယ် ဒီကလန်နှစ်ခုအကြားမှာသေချာပေါက် သွေးကြောင်းစီး တိုက်ပွဲတွေဖြစ်ပြီး အခြေအနေတွေအားလုံးရုတ်ရုတ်သဲသဲဖြစ်ကုန်မှာ အမှန်ပါပဲ

ရုန်ဇီယန် က သူမရဲ့ဖြူဖွေးနေတဲ့သွားလေးတွေနဲ့ နီရဲလှပတဲ့ နှုတ်ခမ်းလေးကို ကိုက်ထားပါတယ် လက်ရှိသူမရဲ့ ခံစားချက်တွေက ရှုပ်ထွေးနေပါတယ် သူမနဲ့ ချန်ချင်းတို့နှစ်ယောက်စလုံးဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်

၉ တူတူပါပဲ ဒါပေမဲ့ သူတို့အကြားမှာ တစ်ဦးချင်းစွမ်းဆောင်ရည်တွေကတော့ ကြီးကြီးမားမားကွာဟနေပါသေးတယ် သူမအနေနဲ့ အတွေ့အကြုံရှိတဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၉ သိုင်းပညာရှင်အမြောက်အများကို အနိုင်ယူနိုင် ပါတယ် လင်းဟန်အနေနဲ့ ချန်ချင်းကို အနိုင်ရခဲ့ပေမဲ့လည်း သူမကို အနိုင်ယူနိုင်လိမ့်မယ်လို့ မဆိုလိုပါဘူး

ဒါပေမဲ့ ပြဿနာက အခုလင်းဟန်ရဲ့ လက်ရှိ ကျင့်စဉ်အဆင့်က ဘယ်လောက်လဲ?

တကယ်လို့ ဒီကောင်သာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကိုရောက်သွားခဲ့ယင် သူနဲ့ လက်ရည်တူယှဉ်ပြိုင်နိုင်မဲ့သူရှိပါတော့မလား အဆင့်တူတွေရဲ့ကြားမှာ အရည်အသွေးကသာ အဓိကဆုံးဖြတ်သူပါ

မဟုတ်ဘူး သူမလုံးဝကိုနောင်တရမှာမဟုတ်ဘူး ဒီကောင်က သူမလွန်ခဲ့တဲ့နှစ်အနည်းငယ်က ငြင်းပယ်ခဲ့တဲ့ အမှိုက်ကောင်ပဲ.... ဒါဟာသူမရဲ့ ဘဝတစ်လျှောက်လုံး အမှိုက်ကောင်လို့ပဲ သူကို သတ်မှတ်နေဦးမာပါပဲ

လင်းဟန်နဲ့လို့ယုထန်တို့နှစ်ယောက် သိုင်းလေ့ကျင့်ရေးခန်းမကနေ ထွက်ခွာလာကြပါတယ် အချိန်အနည်းငယ်လောက် အကယ်ဒမီထဲလျှောက်သွားနေကြပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်လိုက်ကြပါတယ် ဒါပေမဲ့ ဘယ်သူကမှစပြီးစကားမပြောကြပါဘူး

ခဏအကြာမှာတော့ လို့ယုထန်က စိတ်မရှည်တော့ပဲ စကားစပြောလိုက်ပါတယ်

"'ငါလုံးဝမထင်ထားဘူး နင့်မှာ ဒီလောက် ညှို့ဖျင်းတဲ့အမြင်ရှိလိမ့်မယ်ဆိုတာ နင်တကယ်ပဲ ဒီလိုမျိုး တစ်ကိုယ်ကောင်းဆန် အတ္တကြီးတဲ့မိန်းကလေးမျိုးကို သဘောကျနှစ်သက်တယ်ပေါ့လေ'"

လင်းဟန် သူ့ရဲ့ရီချင်စိတ်ကို ထိန်းမရခဲ့ပါဘူး......

"'..ငါ့ရဲ့ နောက်လိုက်မိန်းကလေး မင်းက သဝန်တိုနေတာလား..........."

"'ဘယ်သူ.....ဘယ်သူက သဝန်တိုနေလို့လဲ? '"

လွီယုထန်ရဲ့လှပတဲ့မျက်နှာမှာရက်သွေးဖြန်းပြီး နီရဲသွားတဲ့ပုံစံလေးက သူ့မကို ပိုမိုပြီး ချောမောလှပစေပါတယ်

"နင့်ကိုနင် အထင်ကြီးမနေနဲ့............."

လင်းဟန်ရှီမောလိုက်ပါတယ် ဒီမိန်းကလေးကပိုပိုပြီးတော့ စိတ်ဝင်စားစရာကောင်းကောင်းလာပါတယ်

"ဟော့....ဒါက ကိုယ့်ဆရာသခင်ကိုပြောရမဲ့ စကားလား........."

လွီယုထန်မျက်လုံးတွေတွေပိုင်းသွားပြီး ခေါင်းစဉ်ကိုအလျှင်အမြန်ချိန်းလိုက်ပါတယ်

"နင် တိမ်မီးခိုးမြို့မှာ ဆက်နေဖို့ အစီအစဉ်ရှိသေးလား"

ဒီမြို့က လင်းဟန်လို နဂါးတစ်ကောင်အတွက်တော့ အံ့ဝင်ဂွင်ကျဖြစ်ဖို့ အရမ်းကို သေးငယ်ပါတယ်

"'ငါ့အဖေရဲ့မျှော်လင့်ချက်ကြောင့် ဟွာယန်အကယ်ဒမီကို တစ်ချက်လောက်သွားကြည့်ချင်သေးတယ် ပြီးတဲ့နောက်မှာ

အဲဒီနေရာရဲ့ ပါရမီရှင်တွေက ဘယ်လိုလဲဆိုတာကို ရင်ဆိုင်ကြည့်ချင်သေးတယ်"

လှီယုထန် အံ့အားသင့်သွားပါတယ်

"'နင်က အခုတောင်ငါ့ကိုမယှဉ်ပြိုင်နိုင်သေးဘူး ပြီးတော့ တကယ်ပဲ ဟွာယန်အကယ်ဒမီက ပါရမီရှင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်ဦးမယ်ဟုတ်လား နင်သိထားရမှာက ဟွာယန်အကယ်ဒမီမှာ ငါက အသန်မာဆုံးလူတစ်ယောက်မဟုတ်သေးဘူး'"

"'ငါတို့အဲ့ဒီကိုရောက်ယင် မင်းမြင်ရမှာပါ........."

လင်းဟန်စကားအများကြီးမပြောပါဘူး

နေဝင်ချိန်ရောက်လာတဲ့အခါ သူတို့နှစ်ယောက် လင်းကလန်အိမ်တော်ကို ပြန်လာခဲ့ကြပါတယ်

အိမ်ရဲ့ ဧည့်ခန်းမဆီကိုရောက်တဲ့အခါမှာ အရမ်းကိုစိတ်လှုပ်ရှားနေတဲ့အမူအရာနဲ့ သူတို့ကို စောင့်မျှော်နေတဲ့ လင်းဒေါင်ရှန်ကို မြင်လိုက်ရပါတယ်

"ကောင်စုတ်ကလေး.........."

လင်းဟာန်ဒီနေ့ဖြစ်သွားတဲ့ကိစ္စတွေကို သူ့အဖေသိသွားပြီဆိုတာကို သိလိုက်ပါပြီ သူ့အနေနဲ့ ဘာမှမရှင်းပြရသေးခင်မှာပဲ သူ့အဖေက သူ့ကိုတင်းကျပ်စွာပွေ့ဖက်ထားပြီး ကျေကျေနပ်နပ် နဲ့ ရီမောလိုက်ပါတယ်.....

"'မင်းက ချန်ကလန်ရဲ့ ခွေးကောင် နှစ်ယောက်ကို ဆုံးမလိုက်တယ်ဆို ဒါတောင်မင်းက ချက်ချင်း ပြန်လာပြီး ဒီအဘိုးကြီးကို မပြောပြခဲ့ဘူး ငါ့ကိုလဲ မင်းနဲ့အတူတူ ပျော်ရွှင်ခွင့်ပေးစမ်းပါ......'"

"အဖေက ဘယ်လိုလုပ်ပီးသိသွားတာလဲ"

လင်းဟာန်သက်ပြင်းချလိုက်ပါတယ်

"ဒါက ကိစ္စသေးသေးလေးမှမဟုတ်တာ ငါကမသိပဲနေပ့ါမလား"

လင်းဒေါင်ရှန်က ရီမောနေရာမှရပ်လိုက်ပီးတော့ လေးလေးနက်နက်ထားပီးပြောလိုက်ပါတယ်

"သားလေးဟန်... မင်းက မင်းကတိကိုသက်သေပြလိုက်တာပဲ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ သမားကို တကယ်ပဲအနိုင်ယူလိုက်နိုင်တယ် ဒါပေမဲ့ တစ်ခြားလူတွေက မင်းကို အလွတ်မပေးမှာကိုပဲစိုးရိမ်မိတယ်......."

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်

"ငါက မင်းကို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ မှာရောက်နေတယ်လို့ သတင်းလွှင့်ပြီးပြီး အတိတ်တုန်းက မင်းက မင်းကိုမင်းနှိမ့်ချပြီးနေခဲ့တာလို့လဲပြောလိုက်တယ်.."

ဒီလိုဖြေရှင်းချက်မျိုးကအရမ်းကိုသင့်တော်ပါတယ် ကိုယ့်ကိုယ်ကို နှိမ့်ချပြီးနေတာနဲ့ အမိုက်ကောင်လိုနေတာက တကယ့်တကယ်တော့ မတူညီပါဘူး. ယှဉ်ကြည့်လိုက်မယ်ဆိုယင် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကို အနိုင်ယူလိုက်နိုင်တယ်ဆိုတဲ့ကိစ္စထက် လူတွေကလွယ်လွယ်ကူကူနဲ့လက်ခံနိုင်မှာဖြစ်ပါတယ်

ဒ့ါအပြင် လင်းဟန်ရဲ့ နောက်ဆုံးတိုက်ကွက်မှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ရဲ့စွမ်းအားကို ထုတ်ဖော်ပြသခဲ့တဲ့အတွက် လူတွေက ဒီကိစ္စကို လွယ်လွယ်ကူကူနဲ့လက်ခံသွားပါလိမ့်မယ်

"သား .... မနက်ဖြန်မင်းအကယ်ဒမီကို သွားစရာမလိုဘူး မလိုလားအပ်တဲ့ပြသနာတွေ မဖြစ်အောင်လို့ပဲ"

ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိနေတဲ့မည်သူမဆို လင်းဟန်ကို တစ်ချက်ကြည့်လိုက်ယုံမျှနှင့် သူ့ရဲ့ အမှန်တကယ် ကျင့်ကြံခြင်းအဆင့်ကို တန်းပြောနိုင်ပါတယ်..

ဒါဟာ အမှန်တကယ် လင်းဟန်လိုချင်တဲ့အရာပါပဲ ဘာဖြစ်ဖြစ် အခုပြသနာက သူ့အနေနဲ့ အကယ်ဒမီကို မသွားချင်သလို ကလန်အိမ်တော်ကနေလဲ ထွက်မသွားချင်ပါဘူး ဒီနေ့ သူကစားခဲ့တာတော်တော်များသွားပီလေဒါဟာ တိမ်မီးခိုးမြို့ရဲ့ တခြားအဖွဲ့အစည်းတွေ လုံးဂသေချာပေါက် စိတ်ဂင်စားကုန်မှာပါပဲ ဖြစ်နိုင်တာက လင်းကလန်ရဲ့အိမ်တော်အနားတစ်ပိုက်မှာတောင် သူ့ကို စောင့်ကြည့်နေသူတွေ ရှိနိုင်ပါတယ်

အဖြေကတစ်ခုပဲရှိပါတယ် အဲဒါက လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့်က အမှန်တကယ် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်ရှိနေရပါမယ် ဒါမှသာလိမ်ညာထားတာတွေက အမှန်တကယ်ဖြစ်လာမှာပါ

သူဟာအိမ်ထဲကနေမထွက်ပဲနဲ့ သူ့ရဲ့လေ့ကျင့်ခြင်းအပေါ်မှာ အပြည့်အဝအာရုံစိုက်ဖို့ ဆုံးဖြတ်ထားပါတယ် လင်းဟန်ရဲ့တောင်းဆိုချက်အရ လင်းဒေါင်ရှန်ဟာ သူ့ကို မြောက်များစွာသော ငွေကြေးတွေကို ဖြည့်ဆည်းပေးထားပြီး အဲဒီနောက်မှာ လင်းဟန်က လှိုယုထန်ကို လိုအပ်တဲ့ ဆေးကိုသွားဝယ်ခိုင်းလိုက်ပါတယ်

လင်းဟန် လိုချင်တဲ့ မှော်ဆေးရဲ့နာမည်ကတော့ တိမ်တိုက်ကလေးနဲ့ရေ ဆေးလုံးပါ ဒီဆေးလုံးရဲ့အစွမ်းက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် သိုင်းပညာရှင်တွေအတွက် ကျင့်ကြံခြင်း ကိုလျှင်မြန်စေပါတယ် ဆေးလုံးကို ဝယ်ပြီးတဲ့အခါမှာ လင်းဟန်က တစ်လုံးယူကြည့်လိုက်ပါတယ် ဆေးရဲ့အာနိသင်ဟာ သူကိုယ်တိုင်ဖော်စပ်ထားတာရဲ့ တစ်ဝက်လောက်တောင်မှ မကောင်းတာကိုတွေ့လိုက်ရပါတယ်

တကယ်လို့သင့်မှာ ပိုက်ဆံလုံလုံလောက်လောက်သာရှိယင်

သင်လိုချင်တာဘာမဆိုရနိုင်တယ်

လှို့ယုထန်က လင်းဟန်တောင်းဆိုချက်အတိုင်း ဆေးအမယ်တွေကို လျှင်လျှင်မြန်မြန်ပဲသွားဂယ်လိုက်ပါတယ် ဒီ့ါအပြင် သူမနဲ့အတူ ဆေးကျိုအိုးပါ ယူလာပါတယ်

ဒါကတကယ့်ကြီးမားတဲ့စိန်ခေါ် မှုတစ်ခုပဲ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ နဲ့ ဆေးဖော်စပ်ရမယ်ဆိုတာ.....လင်းဟန်ငြီးတွားလိုက်ပါတယ် ပုံမှန်အားဖြင့်တော့ ဆေးဖော်စပ်ဖို့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်ရှိနေရပါမယ် ဆေးဖော်စပ်တဲ့အခါမှာ တဖြေးဖြေး အဆင့်တိုးတိုးလာလေ ဆေးဖော်စပ်တဲ့နေရာမှာ ထောက်ပံ့ရတဲ့ မူလစွမ်းအင်တွေက ပိုပိုကုန်လာလေဖြစ်လို့ တကယ်လို့များ စွမ်းအင်မလုံလောက်ခဲ့ယင် ဆေးဖော်စပ်တာ ကျရှုံးသွား နိုင်ပါတယ်

ကြည့်ရတာ စွမ်းအင်ပြန်လည်ဖြည့်ဆည်းခြင်းဆေးကို အဆက်မပြတ်သုံးပြီးတော့မှ ဆေးဖော်စပ်ရတော့မယ်............

သူဟာ လျှင်မြန်စွာပဲ ဆေးအမယ်တွေကို သေချာခွဲခြမ်းပြီး နေရာတကျထားလိုက်ပါတယ် သူ့ရဲ့လက်ကလှုပ်ရှားမှုက အရမ်းကိုလျှင်မြန်လွန်းတဲ့အတွက် ဘေးနားက ကြည့်နေတဲ့ လွီယုထန်ရဲ့ မျက်လုံးတွေတောင် ပြာယာခတ်သွားပါတယ် နောက်ဆုံးမှာတော့ သူမဟာ လင်းဟန်အနေနဲ့ မှော်ဆေးပညာသီအိုရီတွေမှာ ဗဟုသုတရှိယုံသာမက မှော်ဆေးဘယ်လိုဖော်စပ်ရမလဲဆိုတာကိုလဲ သေချာနားလည်သဘောပေါက်ထားတယ်ဆိုတာ ကို ယုံကြည်သွားပါတယ်

ဒီကောင် မသိတဲ့အရာ ဘာမှမရှိတော့ဘူးလား?

လင်းဟန်ဟာ များပြားလှတဲ့ ဆေးအမယ်တွေကို ဆေးကျိုအိုးထဲကိုပစ်ထည့်လိုက်ပါတယ်

သူဟာ တွန့်ဆုတ်ခြင်းမရှိပဲ ဆေးပင်တွေရဲ့ သုံးပုံတစ်ပုံကိုပစ်ထည့်လိုက်ပြီး ကျန်တဲ့ ညာဘက်လက်နဲ့ လှုပ်လိုက်ပါတယ် ချက်ခြင်းဆိုသလို သူ့ရဲ့လက်ဖဝါးပေါ်မှာ မီးတောက် တစ်ခုထွက်ပေါ်လာပါတယ်

မီးမြိုက်ခြင်း........ဒါက
မှော်ဆေးပညာရှင်တိုင်းမှာရှိသင့်တဲ့အခြေခံစွမ်းအင်ပါ

ဒ့ါအပြင် မော်ဆေးပညာရှင်တွေအားလုံးမှာလဲ မီးဒြပ်စင်စိတ်ဂိဉာဉ်အခြေခံရှိဖို့ လိုအပ်ပါသေးတယ်

အပိုင်း (၂၁) ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၅

မော်ဆေးဖော်စပ်ဖို့အတွက် ခက်ခဲတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ပီးတော့ အဓိက ကတော့ မီးရဲ့အပူချိန်ကို ထိန်းချုပ်ရတာ ခက်ခဲတာကြောင့်ပဲဖြစ်ပါတယ်။

မော်ဆေးပညာရှင်တွေက မီးရဲ့အပူချိန်ကို မြင့်မားတဲ့အဆင့်ထိရောက်အောင် နိုးဆွ ပေးရပါတယ် မော်ဆေးပညာရှင်တွေရဲ့ ကျင့်ကြံခြင်းအဆင့် ကပိုမြင့်လေ အောင်မြင်မှု ပိုရဖို့ လွယ်လေပဲဖြစ်ပါတယ်။ ယေဘုယျအားဖြင့်ပြောရမယ်ဆိုယင် မော်ဆေးပညာရှင် တစ်ယောက်ဟာ သူဖော်စပ်မဲ့ဆေးလုံးအဆင့်ထက် သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က တစ်ဆင့်မြင့်မားဖို့လိုအပ်ပါတယ်။ လင်းဟန်က အခုမှ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ပဲ ရှိပါသေးတယ် ဒါကြောင့်မို့ သူ့ရဲ့ကန့်သတ်ချက်က အဂ်ါရောင်အလယ်အလတ်အဆင့် မော်ဆေးကိုဖော်စပ်ခြင်းပဲဖြစ်ပါတယ်။

ဒါပေမဲ့ အဓိက လိုအပ်ချက်ကတော့ မီးကိုထိန်းချုပ်နိုင်တဲ့စွမ်းရည်ပါ။ မီးကိုထိန်းချုပ်တဲ့ နေရာမှာ မီးရဲ့အပူချိန်အဆင့်တွေဟာ လိုအပ်ချက်တွေများတာကြောင့်လဲ ကျင့်စဉ် အဆင့်နိမ့်တဲ့သူတွေအနေနဲ့ မှော်ဆေးလုံးဖော်စပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်အနိမ့်ဆုံး ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ရှိနေရပါမယ်။လင်းဟာန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ပဲရှိသေးပေမဲ့လည်း သူ့ရဲ့ စိတ်ဂိုဏ်ဥာဉ်အခြေခံကြောင့် မှော်ဆေးဖော်စပ်ဖို့အတွက် ပြုလုပ် ရဲတာပဲဖြစ်ပါတယ်။ သူက ဒြပ်စင်ငါးမျိုးကြာပွင့် ကိုပိုင်ဆိုင်ထားပြီး သူ့ရဲ့ကိုယ်တွင်းမှာ ရှိတဲ့ မူလစွမ်းအင်တွေကို ရွှေ သစ်သား ရေ မီး နဲ့ မြေကြီးဒြပ်စင် အဖြစ်ကိုပြောင်းလဲပစ် နိုင်ပါတယ်။သူထိန်းချုပ်နိုင်တဲ့မီးအပူချိန်ကတကယ်တော့ အရမ်းကြီးမမြင့်ပါဘူး။ အမြင့်ဆုံး ၄၀၀ ဒီဂရီပဲရှိပါတယ်။ ဒါပေမဲ့လည်းဒါက သေးငယ်သောတိမ်တိုက်နဲ့ရေ မှော်ဆေးလုံးဖော်စပ်ဖို့အတွက်လုံလောက်ပါတယ်။

ဒြပ်စင်ငါးမျိုးကြာပွင့်..........၄င်းရဲ့ ထိုက်တန်တဲ့နာမည်တစ်ခုပဲ.....ဒြပ်စင်ငါးမျိုးဟာ တစ်ခုပေါ်တစ်ခု မှီခိုဆက်သွယ်နေကြပြီးတော့ ကြည့်ရတာ မကုန်ခမ်းနိုင်တဲ့စွမ်းအင် လိုပါပဲ။လင်းဟာန်အသံတိတ်

ချီးကျူးလိုက်ပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာရှိတဲ့ ရိုးရိုးသာမာန်မီးဒြပ်စင် တစ်ခုက မီးတောက်တွေကို ထုတ်ပေးနိုင်ပီးတော့ သူ့ရဲ့ အမြင့်ဆုံး ရောက်ရှိတဲ့အပူချိန်က ၂၀၀ ဒီဂရီပဲရှိပါတယ်။အယင်ဘဂက သူ့ပိုင်ဆိုင်တဲ့ သန့်စင်တဲ့မီးဒြပ်စင်နဲ့ သိပ်မကွာခြားပါဘူး။

ဒြပ်စင်ငါးမျိုးကြာပွင့် ကတော့ ကြိုက်နှစ်သက်ရာ ဒြပ်စင်ငါးမျိုးကို ပြောင်းလဲနိုင်ပြီးတော့ ဒီအရာကို အယင်ဘဂက သူ့ရဲ့ ယန်ကိုးပါးမီး စိတ်ဝိဉာဉ်ကတောင် နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

၄င်းဟာ တကယ်ပဲ အင်မော်တယ်အဆင့်စိတ်ဝိဉာဉ်ဆိုတဲ့နာမည်နဲ့ထိုက်တန် လှပါတယ်။

လင်းဟန်ရဲ့ ဘယ်လက်ကအဆက်မပြတ်လှည့်နေပြီးတော့ ဆေးကျိုအိုးရဲ့ အပေါက်တင်မက ချောင်ကြိုချောင်ကြားမကျန်အောင် အပူပေးနေပါတယ်။ ဆေးကျိုအိုး နေရာတွေရဲ့ အပူချိန်လိုအပ်ချက်က မတူညီကြပါဘူး။အနာဂါတ်မှာ အဆင့်မြင့်မော်ဆေးလုံးကို ဖော်စပ်နိုင်ဖို့အတွက် မြင့်မားတဲ့သတ်မှတ်ချက်ရှိတဲ့ ဆေးကျိုအိုး၊ အပူချိန်ထိုးဖောက်နိုင်စွမ်း နဲ့ အပူချိန်ကို

ခံနိုင်ရည်စွမ်းရှိတဲ့ ဆေးကျိုအိုး တွေလိုအပ်ပါတယ်။ ကောင်းမွန်တဲ့ ဆေးကျိုအိုးတစ်ခုအတွက်တောင်မှ လေးစားထိုက်ပါတယ်ဆိုတဲ့ မှော်ဆေးပညာရှင်တွေဟာ တိုက်ခိုက်လုယူမှုတွေ ဖြစ်ကြပါသေးတယ်။

တစ်ခါတစ်ရံ သူဟာ ဆေးအမယ်တွေထဲက တစ်ခုကို ဆေးကျိုအိုးထဲပစ်ထည့်ပါတယ်။ တစ်ခါတစ်လေကျတော့ ဆေးကျိုအိုးအဖုံးကိုဖွင့်ပြီးတော့ နီးနီးကပ်ကပ်ကြည့်ပါတယ်။ လင်းဟန်ရဲ့ ကျွမ်းကျင်ပြီး လျှင်မြန်လှတဲ့လှုပ်ရှားမှုတွေက စောင့်ကြည့်လေ့လာနေသူ တွေကိုတောင်မှ အမြင်မှုန်ဝါးစေလောက်အောင်ပဲ မြန်ဆန်လှပါတယ်။

လွှီယုထန်.........လင်းဟန်ရဲ့ဘေးနားမှာရပ်နေတဲ့ သူမတောင်မှပြောစရာစကားမရှိဖြစ်ပြီး သူမရဲ့မျက်လုံးတွေတောင်မှပြူးလာပါတယ်။ဘုရားသခင်ေကျးဇူးပါ သူမဟာ မှော်ဆေးပညာရှင်တစ်ယောက်မဟုတ်သလိုဒီအလုပ်အကိုင် အပေါ်မှာလဲနားလည်မှု့အများကြီးမရှိပါဘူး။သူမအနေနဲ့မှေ ာ်ဆေးပညာရှင်တစ်ယောက်ရဲ့ကျင့်စဉ်အဆင့်ဟာအနိမ့်ဆုံး အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ရှိရမယ်ဆိုတာကလွဲယင် ဘာမှမသိပါဘူး။ ဒါကြောင့်လဲ သူမအနေနဲ့ လုံးဝကို ပိုပြီးတော့ အံ့အားသင့်နေခဲ့ပါတယ်။

မီးတောက်ရဲ့အပူချိန် ပိုမြင့်လာတာနဲ့အမျှ မော်ဆေးပညာရှင်ရဲ့ မူလစွမ်းအင်တွေ ပိုပိုပြီး အသုံးပြုရပါတယ်။ လျှင်မြန်စွာပဲ လင်းဟန်က သူဟာအရမ်းပင်ပန်း နွမ်းနယ်သလို ခံစားလာရပါတယ် ဒါကြောင့် သူက လျင်လျင်မြန်မြန်နဲ့ စွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ ဆေးလုံးကို သူ့ပါးစပ်ထဲပစ်ထည့်ပြီး ဝါးစားလိုက်တဲ့အခါ တစ်ဖြေးဖြေးနဲ့ သူ့ခန္ဓာကိုယ်ထဲ မူလစွမ်းအင်တွေ ပြန်ပြည့်လာပြီးတော့ သူ့ရဲ့လုပ်ငန်းစဉ်ကို ဆက်လက် လုပ်လို့ရလာပါ တယ်။

အချိန်တွေတဖြေးဖြေးကုန်ဆုံးသွားတယ် လင်းဟန်က အဆက်မပြတ် စွမ်းအင် ပြန်လည်ဖြည့်ဆည်းဆေးတွေကို အသုံးပြုခဲ့ရတယ်။ နှစ်နာရီ ကြာပြီးနောက် လင်းဟန် အသံကျယ်တစ်ချက် အော်လိုက်ပြီး လတ်ဆတ်တဲ့သွေး အနည်းငယ် ဖိတ်ကျလာပါတယ်။ အထီးကျန်ဂံပုလွေသွေးရဲ့ စွမ်းအင်အောက်မှာ သူ့ရဲ့မူလစွမ်းအင် က ရုတ်တရက် နောက်တစ်ဆင့် ကို မြင့်တက်လာခဲ့ပါတယ်။ မီးတောက်ရဲ့ အပူချိန်က လည်း ၆၀၀ဒီဂရီ အထိ မြင့်တက်သွား ခဲ့ပါတယ်။

လင်းဟန်ရုတ်တရက် မီးတောက်ကို ရုတ်သိမ်းလိုက်ပါတယ်။

`ဆေးလုံးဖြစ်ပီ`

လင်းဟန်က ဆေးကျိုအိုးရဲ့အဖုံးကို ဖွင့်လိုက်တဲ့အချိန်မှာပဲ ဆေးလုံးရဲ့ မွှေးရနံ့ ပါးပါးလေးက ချက်ချင်းပဲ ပျံ့လွှင့်လိုလာပါတယ်။

လွီယုထန်က ဆေးကျိုအိုးထဲကို ပိုမိုနီးကပ်စွာနဲ့ ငုံ့ကြည့်လိုက်ပါတယ်။ အထဲမှာ တကယ်ပဲ အရောင်ဆယ့်ခုနစ်မျိုးခြယ်ထားတဲ့ ဆေးလုံးတွေရှိနေပါတယ်။ ဆေးရဲ့ မျက်နှာပြင်ဟာ ကြည်လဲ့လဲ့အရောင်တောက်ပနေပြီး အလင်းထိုးဖောက်ဝင်ရောက် လာအောင် ဖျားယောင်းသွေးဆောင်နေပါတယ်။ သူမဟာ မှော်ဆေးပညာရပ်နဲ့ ပါတ်သတ်ပီး ဘာမှမသိပေမဲ့လည်း လင်းဟန်က ဆေးဖော်စပ်တာအောင်မြင်တယ် ဆိုတာကို နားလည်လိုက်ပါတယ်။

သူမရဲ့ မျက်လုံးထဲမှာ ထူးဆန်းတဲ့အရိပ်အယောင်တွေမြင်နေရပါတယ်။

`` နင်က တကယ့်ကို လူထူးလူဆန်းပဲ ``

လင်းဟန်က ကျယ်လောင်စွာအော်ရီလိုက်ပြီး ပြောလိုက်တယ်။

``မင်းလည်းမကြာခင် ဒါကိုသုံးရတော့မှာပါ``

လှိုင်ယုထန်အနေနဲ့ ဒီလို အံ့အောဖွယ်ရာ အဖြစ်အပျက်တွေ အဆက်မပြတ် ကြုံလာ ရတဲ့အတွက် သူမဟာ ရှူးသွပ်သွားမလားဆိုတာတောင် မသေချာပါဘူး။

လင်းဟန်က သေးငယ်သောတိမ်တိုက်နဲ့ ရေဆေးလုံးအနည်းငယ်ကို ယူလိုက်ပါတယ်။ ပါးစပ်နဲ့အပြည့် ငါးစားလိုက်ပြီး ချက်ချင်းပဲ ကျင့်စဉ်ကို စတင်လေ့ကျင့်ပါတယ်။

HONG

သေးငယ်သောတိမ်တိုက်နဲ့ရေ မှော်ဆေးလုံးက ကယ်ဆီယမ် အောက်ဆိုဒ်နဲ့ တူပြီးတော့ ပါတ်ဂန်းကျင်မှာရှိတဲ့ ချီတွေကတော့ ရေနဲ့တူပါတယ်။ သူတို့နှစ်ခုအကြား ချက်ချင်းပဲ အင်အားကြီးမားစွာနဲ့ တုံ့ပြန်မှုဖြစ်ပေါ်လာပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ စိတ်ဝိညာဉ်ချီ ပမာဏအများကြီးထွက်လာပါတယ်။ လင်းဟန်ရဲ့ ဒန်တန်

အထဲမှာရှိတဲ့ ဒြပ်စင်ငါးမျိုးကြာပွင့် စိတ်ဂိဉာဉ်ဟာ ဂင်ရောက်လာတဲ့ ချီ တွေကို လက်ခံပြီးတော့ ကြောက်မက်ဖွယ်ကောင်းတဲ့ အရှိန်နဲ့ စုပ်ယူမှုကိုပြုလုပ်နေပါတယ်။

လင်းဟန်က ဂင်ရောက်လာတဲ့ စိတ်ဂိဉာဉ်ချီ တွေကို ကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုး ကိုလည်ပါတ်စေပြီးတော့ သူကိုယ်ပိုင် မူလစွမ်းအင်အဖြစ်ပြောင်းလဲလိုက်ပီး သူ့ရဲ့ သွေးကြောတွေနဲ့ ခြေလက်အင်္ဂါအစိတ်အပိုင်းတွေကို ဖြည့်တင်းပေးလိုက်ပါတယ်။

``အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံကပဲ ဒီလိုပြင်းထန်မှုကြီးကို တောင့်ခံနိုင်တာပဲ``

တစ်နာရီကြာပီးတဲ့နောက်မှ ပထမအသုတ် မော်ဆေးလုံးတွေရဲ့ ဆေးအစွမ်းတွေဟာ ကုန်သွားခဲ့ပါတယ်။ လင်းဟန်က ဒုတိယတကြိမ် ဆေးလုံးတွေဂါးစားပြီး ဆက်လေ့ကျင့် နေခဲ့ပါတယ်

ဒါပေမဲ့လည်း တတိယအကြိမ် ဆေးလုံးရဲ့ အစွမ်းတွေကို အသုံးပြုပြီးတဲ့ အခါမှာတော့ လင်းဟန်ရဲ့ ခံနိုင်ရည်အဆင့်ဟာလဲ သူကန့်သတ်ချက်ကိုရောက်ရှိ

လိုသွားခဲ့ပါပြီ။ သူ့အရမ်းကိုပင်ပန်းသွားပြီး ချက်ချင်းပဲ ကြမ်းပြင်ပေါ်လဲကျ အိပ်ပျော်သွားခဲ့ပါတယ်။

လှိုင်ယုထန်ဟာ သူမရဲ့ခေါင်းကိုခါရမ်းလိုက်ပီး လင်းဟန်ကို ကူညီကာ ကုတင်ပေါ်ကို ချီ တင်လိုက်ပါတယ်။ လင်းဟန်ရဲ့ ဖိနပ်တွေကို ချွတ်ပေးပြီးတော့ စောင်ထူထူလေးခြုံပေး လိုက်ပီး သူမဟာ အတွင်းအခန်းထဲကနေထွက်လာပြီး အပြင်ဘက်အခန်းရဲ့ ကုလားထိုင် ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပါတယ်။

သူမဟာအရမ်းကို နာခံလွယ်တဲ့ နောက်လိုက်တစ်ယောက်ပါ သူမရဲ့ အဓိကတာဝန်က လင်းဟန်ကို ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ ညက ကုန်ဆုံးလာခဲ့ပါတယ်။ လင်းဟန် သူ့မျက်လုံးတွေကို ဖွင့်လိုက်တဲ့အခါမှာတော့ ကုတင်ပေါ်က မျက်နှာကြက် ကိုမြင်သွားခဲ့ ပြီး အနည်းငယ်အံ့အားသင့်သွားပါတယ် ညက အကြောင်းကိုပြန်စဉ်းစားလိုက်တော့ သူက ကုတင်ပေါ်ကိုတောင်မတက်ခဲ့ပါဘူး။ ဒါပေမဲ့ ဒါက အရေးမကြီးပါဘူး။

သူပြုံးလိုက်တယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ ကျင့်စဉ်အဆင့်က နောက်တစ်ဆင့်ကို ချိုးဖျက်

ဂင်ရောက်သွားပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၅ ကိုရောက်ရှိ လိုသွားခဲ့ ပါပြီ။

``နင်........ နင် နောက်တစ်ကြိမ် အဆင့်တက်သွားပြန်ပြီ``

လင်းဟန် အတွင်းပိုင်းအခန်းကနေ ထွက်လာတော့ လှီယုထန်က တစ္ဆေတစ်ကောင် ကိုမြင်လိုက်ရသလိုပါပဲ...........သူမဟာ လင်းဟန်ကို စူးစူးစိုက်စိုက်နဲ့ကြည့်လိုက် ပြီးတော့ သူမရဲ့စကားသံတွေဟာ တုန်ယင်နေခဲ့ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ပြောလိုက်တယ်။

`` ဒါက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ပါပဲ ဒီလို အရှိန်ကသာမာန်လောက်ပဲလေ``

``ငရဲပဲ... ဒါကသာမာန်ပေါ့လေ``

လှီယုထန် လုံးဂကို ရှုံးသွပ်သွားပါတယ်။ ကောင်းကင်အဆင့်စိတ်ဂိဉာဉ်ကိုပိုင်ဆိုင် ထားတဲ့သူမတောင်မှ ကျင့်ကြံခြင်းလမ်းစဉ်ပေါ်ကို စတင်ဂင်ရောက်လာတဲ့အချိန် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂

ကိုရောက်ရှိပြီး ဆယ်ရက်တောင် အချိန်ယူခဲ့ရပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၄ ကနေ အဆင့် ငါးကို ရောက်ရှိဖို့အတွက်ကိုသူမအနေနဲ့ ၂၅ ရက်ကြီးများတောင် အချိန်ယူခဲ့ရပါတယ်။ ဒီ ၂၅ ရက်အချိန်က တစ်ညထဲကို ဘယ်လိုလုပ်ပီးတော့များ နိုင်းယှဉ်နိုင်မှာလဲ။

လှီယုထန် လျှင်လျှင်မြန်မြန်နဲ့ပဲမေးလိုက်တယ်

``မနက်ဖြန်ကျယင်တော့ နင် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆ ကိုတက်မှာတော့ မဟုတ်လောက်ပါဘူးနော် .... နင် အဆင့်တက်မှာလား?``

လင်းဟန် တခဏမျှစဉ်းစားလိုက်ပီးတော့ ခေါင်းခါလိုက်တယ်

`` နိုး``

ဒီစကားကိုကြားလိုက်ရတော့ သူမဟာသက်ပြင်းရှည်ကြီးချမိလိုက်ပါတယ်။ တကယ်လို့ သူမသာ လင်းဟန်ဆီက ``ရက်စ်`` ဆိုတဲ့စကားကိုသာကြားလိုက်ရမယ်ဆိုယင် သူမအနေနဲ့

တကယ်ကိုပဲ ရှုးသွပ်သွားမှာ အသေအချာပါပဲ။

လင်းဟန် ခဏလောက်ရပ်တန့်ပီးတော့ ဆက်ပြောလိုက်တယ်။

``ငါ သဘာက်ခါလောက်မှပဲ အဆင့်တက်ဖြစ်လိမ့်မယ်``

လွီယုထန်က လင်းဟန်ကို စူးစိုက်ကြည့်လိုက်ပီးတော့ ဒီကောင်စုတ်ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကို နောက်ဘယ်တော့မှ မမေးတော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ဒီကောင်က တကယ့်ကို မကောင်းဆိုးဂါးစစ်စစ်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူမအနေနဲ့ လင်းဟန်ကို မကောင်းဆိုးဂါး လို့သတ်မှတ်လိုက်ပီဖြစ်သောကြောင့် ဘယ်လိုအမြန်နှုန်း နဲ့ပဲ လေ့ကျင့်သည်ဖြစ်စေ သူမအနေနဲ့ ဘယ်လိုမှ အထူးအဆန်းအနေနဲ့ မစဉ်းစားတော့ ပါဘူး။

လင်းဟန်မနက်စာစားပြီးတာနဲ့ သူဟာအခန်းထဲပြန်ဝင်ပြီးတော့ ထပ်လေ့ကျင့်နေ လိုက်ပါတယ်။ လွီယုထန် အခြေအနေဟာလဲ အရမ်းကိုမြန်ဆန်လွန်းပါတယ်။ ကောင်းကင်အဆင့် ကျင့်စဉ်အစွမ်းကြောင့် သူမဟာ ၂ လအတွင်း

ဒြပ်စင်စုစည်းခြင်း အဆင့် ၉ ရဲ့အထွတ်အထိပ်ကို ရောက်ရှိလာပါလိမ့်မယ် သူမကိုယ်တိုင်တောင်မှ ဒီလိုမျိုး ကျင့်ကြံခြင်းအမြန်နှုန်းကို အံ့အားသင့်ပြီးမယုံကြည်နိုင်အောင်ဖြစ်နေပါတယ်။

အပိုင်း(၂၂) ကာလန်အတွင်းပြဿနာ
လွီယုထန်က သူမရဲ့အသက် ၁၉ နှစ် သို့မဟုတ် ၂၀ နှစ်ပြည့်တဲ့အခါကျယင် နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

ဒါဟာ အရမ်းကို လျှင်မြန်လွန်းလှပါတယ်။ မိုးရေနိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက်မှာ တောင်မှ သူမနဲ့ နှိုင်းယှဉ်နိုင်မဲ့သူဟာ အရမ်းအရမ်းကို နည်းပါးလွန်းပါတယ်။ အခု လက်ရှိတော့ သူမအနေနဲ့ ဒီစံချိန်ကို အသက် ၁၈ နှစ်နဲ့ ချိုးဖျက်နိုင်ဖို့ အတွက် အရမ်းကို ကြီးမားတဲ့အခွင့်အရေးရနေပါပြီ။

ဒီအရာအားလုံးဟာ လင်းဟန်ကြောင့်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အရှိန်နဲ့ နိုင်းယှဉ်လိုက်မယ်ဆိုယင် ဒါတွေဟာ ဘာမှသုံးစားမရတဲ့ အရာတစ်ခုလိုပါပဲ။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ကနေ အဆင့်လေးကို တစ်ညပဲအချိန်ယူခဲ့ပီးတော့

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်လေးကနေ အဆင့် ငါးကိုလည်း တစ်ညပဲ အချိန်ယူခဲ့ပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၅ ကနေ အဆင့် ၆ ကို တော့ နှစ်ညအချိန်ယူမယ်လို့ပြောပါတယ်။

တခြားလူတွေ ကျင့်ကြံခြင်းအကြောင်းကိုပြောယင် သူတို့ဟာ လတွေ သို့မဟုတ် နှစ်တွေနဲ့ချီပြီး လေ့ကျင့်ရတဲ့အကြောင်းကိုပြောကြပါတယ်။ ဒါပေမဲ့ လင်းဟန်အတွက် သူ့ရဲ့ကျင့်ကြံခြင်း အရှိန်ကို နေ့တွေနဲ့ပဲရေတွက်ပါတယ်။ သူက တကယ့်ကို လူထူးလူဆန်းပဲ။

လင်းဟန်က ရီမောပြီးပြောလိုက်တယ်။

`` ဒီကျင့်ကြံခြင်းအမြန်နှုန်းကို တကယ်ပဲ လျှင်မြန်တယ်လို့ ယူဆလို့မရဘူး...... အချို့သော မိုခ္ခစာသားရဲတွေဟာ မွေးလာကတည်းက ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်နေပြီးတော့ အချို့ကတော့ နွေဦးစမ်းရေ အဆင့်တောင်မှ ရောက်နေကြတယ်.. အဲဒီသက်ရှိတွေက ကောင်းကင်က ချီးမြှင့်ထားတဲ့ ဆုလာဘ်ကိုရရှိထားကြတာပဲ``

`` အဲ့ဒီလိုမျိုး မိုခ္ခစာသားရဲတွေက တကယ်ရှိတာလား``

လွှီယုထန်ရဲ့လှပတဲ့မျက်လုံးတွေပြူးသွားပါတယ်။ မွေးကတည်းက လက်ရှိသူမထက် သန်မာတဲ့ မိစ္ဆာသားရဲတွေ အမှန်တကယ်ပဲရှိတယ်ပေါ့လေ?

လင်းဟန်ခေါင်းငြိမ့်လိုက်တယ်

``ဒါပေါ့....... ငါ ရှေးဟောင်းသမိုင်းမှတ်တမ်းတွေမှာ အချို့မိစ္ဆာသားရဲတွေကို မှတ်တမ်းတင်ပုံဖော်ထားတာကိုမြင်ဖူးတယ် သူတို့ကတကယ်ကိုပဲ တည်ရှိကြတယ် ဒါပေမဲ့ မျိုးတုံးပျောက်ကွယ်ကုန်ကြတယ် အချို့က ကောင်းကင်အဆင့်တောင်ရှိတယ် သူတို့ဟာမယုံကြည်နိုင်စရာကောင်းအောင် မွေးဖွားလာကြတာပဲ``

လွှီယုထန်က သူ့ကိုမယုံပါဘူး။ သူမကမေးလိုက်တယ်

``သူတို့ကမွေးကတည်း ကောင်းကင်အဆင့်ဆိုယင် ဘာလို့ မျိုးတုံးပျောက်ကွယ်သွား ကြတာလဲ``

``ကမ္ဘာကြီးမှာ သူ့ရဲ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေရှိတယ်....ဘယ်သူကများ အချိန်နဲ့

တိုက်ခိုက်ယှဉ်ပြိုင်နိုင်လိုလဲ? ဒီကုန်းမြေမှာ မယုံနိုင်လောက်အောင် ဆန်းကြယ်တဲ့ အရာတွေရှိပြီး ကောင်းကင်အဆင့်ကိုတောင် လွယ်လွယ်လေးနဲ့ ဖျက်ဆီးပစ်နိုင်ကြတယ်``

လင်းဟန်ခေါင်းခါရမ်းလိုက်တယ်။ သူ့ရဲ့အယင်ဘဂမှာ သူ့အနေနဲ့ မသေချင်တဲ့အတွက်ကြောင့် အန္တရာယ်အရမ်းများတဲ့ နေရာဒေသတွေကို သွားပြီးတော့ စကြာဂဠာအဆင့်ကို ရောက်ရှိနိုင်မဲ့နည်းလမ်းကို ရှာဖွေခဲ့တာပဲဖြစ်ပါတယ်။ သူ့ရဲ့အယင်ဘဂက သူဟာကောင်းကင်အဆင့်မှာ စွမ်းအားအကြီးဆုံးအဖြစ် ရပ်တည်နေတာတောင်မှ တစ်ချို့နေရာတွေကို စွန့်စားဖို့အတွက် မဂံရဲခဲ့ပါဘူး တကယ်လို့ ရင်ဆိုင်လိုက်မယ်ဆိုယင် သူ အကြိမ်တိုင်း ကောင်းကင်ပေါ်ကနေ ကျ သွားပါလိမ့်မယ်။

****

နစ်ရက်ခန့်အပြင်းအထန် လေ့ကျင့်ပြီးတဲ့အခါမှာတော့ လင်းဟန် ဟာကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်၆ ကို လွယ်လွယ်ကူကူနဲ့ပဲတက်သွားပါတယ်။

ဘာကြောင့်လဲဆိုတော့ သူ့အယင်ဘာဂတုန်းက ဒီကျင့်ကြံခြင်းလမ်းကြောင်းနဲ့ အရမ်းကို ရင်းနှီးပြီးသားဖြစ်ခဲ့တဲ့အပြင် ဒီကျင့်ကြံခြင်းနဲ့ပါတ်သတ်တဲ့ ပြသနာတွေဆိုတာဟာ သူ့အတွက်တော့ ဘာမှစဉ်းစားစရာမလိုတဲ့ကိစ္စပါပဲ။

``ဘာပဲဖြစ်ဖြစ် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆ ကနေ အဆင့် ၇ အတွက်က နည်းနည်းလေး လိုအပ်ချက်ရှိနေသေးတယ်.....သုံးရက်နဲ့မလုံလောက်ဘူး ငါ လေးရက် ဒါမှမဟုတ် ငါးရက်လောက်လိုအပ်လိမ့်မယ်```

လင်းဟန်အနေနဲ့ နောက်ထပ် လေးရက် ငါးရက်လောက် ကြိုးစားပြီးတော့ လေ့ကျင့်ရပါဦးမယ်။

သူ့ဘေးက လွီယုထန်ကတော့ လင်းဟန်ရဲ့ မကျေမချမ်းနဲ့ပြောတဲ့စကားကို ကြားပြီးတော့ ချက်ချင်းရှူးသွပ်ချင်တဲ့စိတ် ပေါက်သွားပါတယ်။

`` ဒီ လူထူးလူဆန်း``

တစ်ရက်ကြာပြီးတဲ့နောက်မှာ လင်းဟန် က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆ ရဲ့

အစောပိုင်းအဆင့်ကိုရောက်ရှိခဲ့ပါတယ် ဒုတိယနေ့မှာ အလယ်အလတ်အဆင့်.. တတိယနေ့မှာတော့ နောက်ပိုင်းအဆင့်....စတုတ္ထနေ့မှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆ ရဲ့ အထွတ်အထိပ်အဆင့်ကို အောင်အောင်မြင်မြင်နဲ့ရောက်ရှိသွားခဲ့ပါတယ်။

သူက ဒါကို ငါးရက်မြောက်နေ့အထိ ဆွဲမသွားပါဘူး။ လင်းဟန်က အဆင့်တက်ဖို့စတင်လိုက်ပြီး ၁နာရီကြာပြီးနောက်ပိုင်းမှာ သူက ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ၇ ကို စတင်ဝင်ရောက်သွားခဲ့ပါတယ်။

အသက် ၁၆ နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ...... မိုးရေနိုင်ငံမှာတော့ ဒီလိုအဆင့် ကျင့်ကြံသူကို လက်ခံနိုင်တဲ့ အဆင့်လို့ယူဆလို့ရပါတယ် ဒါပေမဲ့ တစ်စုံတစ်ယောက်ကို လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၂ ကနေ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ အထိ ၈ ညတိတိပဲ သုံးပြီး အဆင့်တက်သွားတယ်ဆိုယင် သူတို့ဟာ လုံးဝကို ယုံကြည်မှာ မဟုတ်ပါဘူး။ဆေး

လှီယုထန်လိုမျိုး ဒီအဖြစ်အပျက်တစ်ခုလုံးကို စောင့်ကြည့်လေ့လာနေသူတစ်ဦးတောင်မှ သူမရဲ့စိတ်ထဲမှာ ဘာမှမရှိတော့ပဲ လွှင့်ပါးနေသလိုမျိုးခံစားနေရပါတယ်။

သူမလမ်းလျှောက်တဲ့အခါမှာ သူမရဲ့လှုပ်ရှားမှုကိုကြည့်ရတာ လေထဲမှာမျှောလွင့် နေသလိုဖြစ်နေပါတယ်။ သူမအမှန်တကယ်ကိုပဲ အံ့အားသင့်နေပါတယ်။

``ငါနောက်ဆုံးတော့ အပြင်ထွက်လို့ရပြီ``

သူဟာအခုမှ ငယ်ရွယ်တဲ့သူတစ်ယောက်ဖြစ်သလို သူ့ရဲ့ စိတ်ကလဲ ငယ်ရွယ်နေပါသေးတယ်။ သူ့အခန်းထဲမှာ ၇ ရက်လောက် အခန်းအောင်းနေခဲ့ပြီး သူဟာ စိတ်မရှည်တော့တဲ့ ကျားတစ်ကောင်လိုမျိုး အပြင်ကိုအရမ်းထွက်ချင်နေပါပြီ။

`` ငါ့အဖေကိုသွားတွေ့ကြစို့ ချန်ကလန်အခု ဘာတွေလုပ်နေလဲမသိဘူး``

လင်းဒေါင်ရှန်ဟာ ဧည့်ခန်းမအလယ်မှာထိုင်နေပြီးတော့ သူ့ရဲ့မျက်နှာအမူအရာက ဆိုးဝါးတဲ့စိတ်အခြေအနေကို ဖော်ပြနေပါတယ်။

`` အဖေ... ချန်ကလန်က လှုပ်ရှားလာပြီလို့ထင်တယ်`` လင်းဟန်က တိုက်ရိုက်ပဲ မေးလိုက်တယ်။

လင်းဒေါင်ရှန်က သူ့ကိုတိုက်ရိုက်မော့မကြည့်ပဲ ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ပြီးတော့ စာရွက်မှာ တစ်စုံတစ်ခုကို ဆက်ရေးနေပါတယ်။

``အခြေအနေက တော်တော်ဆိုးနေသလား`` လင်းဟန်ထပ်မေးလိုက်တယ်။

လင်းဒေါင်ရှန်က စုတ်တံကိုအောက်မချခင် သက်ပြင်းတစ်ချက် ချလိုက်ပီးတော့ ပြောလိုက်တယ်။

`` အရမ်းကိုဆိုးတယ် ...ငါတို့လင်းကလန်မှာ ပစ္စည်းဥစ္စာ အဆောက်အအုံ အများကြီး ရှိပေမဲ့လည်း တကယ်တမ်း ကလန်ကို အကျိုးအမြတ်အများဆုံးရစေတဲ့ နေရာက နှစ်ခုပဲရှိတယ်...တစ်ခုက မိုင်းတွင်း နဲ့နောက်တစ်ခုက ဆေးဆိုင်တွေပဲ``

လင်းကလန်က ကြေးနီ မိုင်းတွင်းတစ်ခုကိုပိုင်ဆိုင်ထားတယ်ဆိုတာကို လင်းဟန်သိပါတယ်။ မူလပိုင်ရှင်ဆီကနေ ဒီမိုင်းတွင်းက လင်းကလန်ရဲ့လက်ထဲကို ရောက်လာတာ နှစ်ပေါင်း ၃၀ ရှိခဲ့ပါပြီ လင်းကလန်အနေနဲ့လဲ ဒီမိုင်းတွင်းကို ရဖို့အတွက် ကြီးမားတဲပေးဆပ်မှုကြီးပေးခဲ့ရပီးတော့ အဲဒီဖြစ်ရပ်မှာ

လင်းကလန်ရဲ့ အစွမ်းထက်တဲ့ စစ်သည်တော် အမြောက်အများသေဆုံးခဲ့ရပါတယ်။

ဆေးဆိုင်အနေနဲ့တော့ သူတို့ဟာ ကောင်းကင်ဆေးအိမ်တော်က အဆင့်နိမ့်ဆေးဂါး တွေကို ဂယ်ယူခဲ့ပြီးတော့ ဂယ်သူတွေကို မူရင်းဈေးထက် အမြတ်အနည်းငယ်တင်ပြီး ပြန်ရောင်းချတာပဲဖြစ်ပါတယ်။ ဂယ်ယူပြီး ပြန်ရောင်းချတာက ရိုးရှင်းလှပေမဲ့လည်း ဈေးကွက်ထဲမှာ ဆေးလုံးလိုအပ်ချက် ဈေးကွက်က အရမ်းကိုများတဲ့အတွက်ကြောင့် ဒါကလဲ လင်းကလန်ရဲ့ အဓိကဂင်ငွေ လမ်းကြောင်းတစ်ခုပဲဖြစ်ပါတယ်။ အမှန်တကယ်တော့ ဆေးလုံးတွေကို ရောင်းချတဲ့အမြတ်က နည်းနည်းလေးဆိုပေမဲ့ အရောင်းအဂယ်လုပ်တဲ့အရေအတွက်ကြောင့် အမြတ်များများရတာပဲဖြစ်ပါတယ်။

ဆေးဆိုင်တွေရဲ့ အဓိကအားနည်းချက်ကတော့ ကောင်းကင်ဆေးအိမ်တော် ပေါ်မှာ လုံးဂ မူတည်နေတာပဲဖြစ်ပါတယ် ဒါပေမဲ့လဲ ကောင်းကင်ဆေးအိမ်တော်အနေနဲ့ အကျိုးအမြတ်ကောင်းကောင်းရဖို့ဆိုယင် ဒီနယ်မြေမှာ လွှမ်းမိုးနေတဲ့ ကလန်ကြီးနှစ်ခုနဲ့ ဆက်ဆံရေးကို

ထိန်းသိမ်းရမှာပဲ ဖြစ်တဲ့အတွက် ကလန်ကြီးနှစ်ခုလုံးကို ဆေးလုံးအချို့ ရောင်းချပေးတာပဲဖြစ်ပါတယ်။

``လွန်ခဲ့တဲ့ငါးရက်က ငါတို့ရဲ့ မိုင်းတွင်းကို အမည်မသိလူတစ်စုကလာပြီးတိုက်ခိုက် ကြတဲ့အတွက် လူတစ်ချို့ ထိခိုက်ဒါဏ်ရာတွေရကုန်တယ် အခု လူတိုင်းက စိုးရိမ်ကြောင့်ကြနေကုန်ကြပြီ...ငါတို့ဘက်က အခကြေးငွေတိုးပေးတာတောင်မှ မိုင်းတွင်းထဲကို ဝင်ပြီးလုပ်ချင်တဲ့သူတွေ သိပ်မများတော့ဘူး``

``ပြီးတော့ ကောင်းကင်ဆေးအိမ်တော်က မှော်ဆေးပညာရှင် မာ က ရုတ်တရက် ငါ့တို့အတွက် ခက်ခဲစေတဲ့အခြေအနေတစ်ခုကို ဖန်တီးလိုက်တယ်.... သူပြောတာက ဒီတစ်ကြိမ် ဌာနချုပ်ကနေပို့လိုက်တဲ့ မှော်ဆေးတွေဟာ လမ်းမှာ အကြောင်းကိစ္စတစ်ခု ခုကြောင့် နောက်ကျလိမ့်မယ်..... အခု ငါတို့ရဲ့ သိုလှောင်ရုံထဲမှာရှိတဲ့ ဆေးတွေအကုန်လုံးကို ထုတ်ရောင်းနေရပြီ တကယ်လို့ ဒီလိုသာ ဆက်ပြီးဖြစ်နေယင် ဆေးတွေကို ထပ်ပြီး ပြန်သိုလှောင်ဖို့ မဖြစ်နိုင်ဘူး ဒါဆိုယင် ငါတို့ရဲ့ ဆေးဆိုင်တွေကိုလဲ ယာယီပိတ်ပစ်ရလိမ့်မယ်``

ဆေးဆိုင်တံခါးပိတ်လိုက်တာဟာ ဆေးဆိုင်ရဲ့

ဂုဏ်သိက္ခာအပေါ်မှာ လုံးဝ အကျိုးသက်ရောက်ပါတယ်...အနာဂါတ်မှာနောက်တစ်ကြိမ်ပြန်ဖွင့်ပြီးတော့ စီးပွားရေး လုပ်ယင်တောင်မှ ဝယ်သူအရေအတွက် ဆုံးရှုံးနစ်နာနိုင်ပါတယ်။

`` ဒီနှစ်ရက်အတွင်းမှာ ငါတို့ရဲ့ ဘဏ္ဍာရေးအခြေအနေကလဲ ကျပ်တည်းလာတယ် ဖြစ်နိုင်သမျှ မြန်မြန် ဖြေရှင်းနိုင်မဲ့နည်းလမ်းကို သေချာပေါက်ရှာမှဖြစ်တော့မယ်``

လင်းဒေါင်ရှန် သက်ပြင်းချလိုက်ပါတယ်

လင်းကလန်ရဲ့ တည်ရှိမှုဟာ ကာလရှည်ကြာစွာရှိခဲ့ပြီး မြောက်များစွာသော ပိုင်ဆိုင်မှု တွေရှိနေသော်လည်း သူတို့ရဲ့ ကုန်ကျစားရိတ်တွေဟာလဲ အရမ်းကိုကြီးမားပါတယ်။ ပြီးတော့ လင်းကလန်ရဲ့ အဓိက စီးပွားရေးနစ်ခုဟာ တချိန်တည်းမှာ တိုက်ခိုက်ခံနေရ တဲ့အတွက် ကလန်ရဲ့ဘဏ္ဍာရေးဟာလဲ ချက်ချင်းပဲ ကျပ်တည်းလာခဲ့ပါတယ်။ ဒါဟာကြီးမားတဲ့ ပြသနာကြီးတစ်ခုပါ။ ပြောရမယ်ဆိုယင် သူတို့ရဲ့ အရေးပါတဲ့ စီးပွားရေး တစ်ချို့ကိုတောင် ရောင်းချရဖို့အထိ ဖိအားပေးခံနေရပါတယ်။

လင်းဟန်ချက်ခြင်းပြောလိုက်တယ်။

``ဒါက သေချာပေါက် ချန်ကလန် လုပ်တာပဲ``

လင်းဒေါင်ရှန်က ခေါင်းငြိမ့်လိုက်တယ်.. သူတို့ရဲ့ အရေးကြီးဆုံး စီးပွားရေးလုပ်ငန်း နှစ်ခု တပြိုင်နက်တည်းတိုက်ခိုက်ခံရဖို့ဆိုတာ မလွယ်ကူပါဘူး..

လင်းဒေါင်းရှန်က သူ့ရဲ့လက်ချောင်းလေးတွေနဲ့ စားပွဲခုံကိုခေါက်ရင်းပြောလိုက်တယ်

``ပြီးတော့ သစ္စာဖောက်တစ်ယောက်လဲ ရှိတယ်``

လင်းဟန်ရဲ့မျက်လုံးတွေအေးစက်သွားပြီး ပြောလိုက်တယ်

``လင်းရှောင်ယွမ်``

``မှန်တယ်``

သူ့အနေနဲ့ သူ့သားကို ဘယ်အရာမှ ဖုံးကွယ်ထားဖို့ ဆန္ဒမရှိပါဘူး။

``မိုင်းတွင်းမှာ တစ်ခုခုဖြစ်ပီဆိုတာနဲ့ ငါကချက်ခြင်းပဲ လှည့်ကင်းအရေအတွက်ကို တိုးမြှင့်လိုက်တယ်..ဒါပေမဲ့သူတို့ဟာ ရန်သူတွေကို စုံစမ်းရှာဖွေမှုမလုပ်နိုင်ခဲ့ဘူး.. တစ်စုံတစ်ယောက်က ကင်းလှည့်တဲ့လမ်းကြောင်းကို ထုတ်မပြောခဲ့ဘူးဆိုယင် ဒါကဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?``

ကြည့်ရတာ လင်းရှောင်ယွမ် လဲ ချန်ချင်းနဲ့ သူညီ နှစ်ယောက်ဆုံးမခံလိုက်ရတယ် ဆိုတာကို ကြားလိုက်တာနဲ့ ချန်ဂမ်ခွန် နဲ့ လျှိုပုက်တွေဆုံပြီး ကိစ္စတစ်ချို့ကိုသဘော တူညီမှုလုပ်ခဲ့တာပဲဖြစ်မယ်။ သေချာတာက ချန်ကလန်အနေနဲ့ လင်းရှောင်ယွမ်ကို ကလန်ခေါင်းဆောင်နေရာကို ရရှိနိုင်အောင်လို့ ကူညီပေးမယ်ဆိုတဲ့သဘောတူညီ ချက်ပဲဖြစ်ရမယ်။

``ငါ ဒီနေ့ည ကောင်းကင်ဆေးအိမ်တော်ရဲ့ မှော်ဆေးပညာရှင် ဆရာမာ နဲ့တွေ့ဆုံ ဖို့ အချိန်းအဆက်လုပ်ထားတယ်... သူ့ကို အကျိုးအမြတ်တစ်ချို့ပေးပြီးတော့ ဆွဲဆောင်ရ လိမ့်မယ် မဟုတ်ယင် ကလန်အတွက်တကယ့်ကို ကြီးမားတဲ့ပြသနာ ဖြစ်လာလိမ့်မယ်`` လင်းဒေါင်ရှန်

ဆက်တိုက်ပြောလိုက်တယ်။

မှော်ဆေးပညာရှင် ဆရာမာ........မာဒုချန်?

လင်းဟန်ရဲ့မျက်နှာမှာ အမူအရာတစ်ချို့ ပေါ်လာပြီးတော့

`` ကျနော်လည်း အတူလိုက်မယ် အဖေ``

`` မင်းရဲ့ အခု အဓိက တာဝန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုမရောက်မခြင်း လေ့ကျင့်တဲ့နေရာမှာပဲ အာရုံစူးစိုက်.........ဖူးးးးး``

လင်းဒေါင်ရှန် နောက်ဆုံးမှာသူခေါင်းကို မော့ပြီး လင်းဟန်ကို တိုက်ရိုက်ကြည့်လိုက်ပါတယ်။ ဒီအကြည့်တစ်ချက်ကပဲ သူ့ကို ချောင်းဆိုးသွားစေခဲ့ပါတယ်။

လင်းဒေါင်ရှန်ရဲ့ အမူအရာကိုကြည့်ပြီး လို့ယုထန်တစ်ယောက် လုံးဝကိုပဲ သက်တောင့်သက်သာဖြစ်သွားသလို ခံစားရပါတယ်။ လင်းဟန်ရဲ့ ကျင့်စဉ် အမြန်နှုန်းကြောင့် သူမတစ်ယောက်တည်းအံ့အားသင့်ရတဲ့ ခံစားချက်က သူမအတွက် နေလို့ထိုင်လို့မကောင်းခဲ့ပါဘူး။။။။

အပိုင်း(၂၃) ထောက်ထားစာနာမှုမရှိခြင်း

``ဟန်....ဟန်အာ....မင်း..မင်း...ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်သွားပြီလား`` လင်းဒေါင်ရှန်အံ့အားသင့်နေပါတယ်။ အယင်က တစ်ယောက်ယောက်ကသာ သူ့ကို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ တစ်ယောက်ကြောင့် ပြောစရာစကားမရှိအောင် အံ့သြထိတ်လန့်ရလိမ့်မယ်လို့ ပြောလာခဲ့ယင် အဲဒီလူကို ပါးရိုက်မိမှာပါ အခုတော့ သူကိုယ်တိုင်ပဲ သူ့ကိုယ်သူရိုက်ပစ်ချင်နေပါတယ် ဒါဟာအိမ်မက်လား တကယ်လားဆိုတာ ကိုသိရဖို့အတွက်ပေါ့။

လင်းဟန်ပြုံးလိုက်တယ်။

`` ဟုတ်ကဲ့ ...အခုကစပြီး အဖေ စိုးရိမ်စရာမလိုတော့ဘူးပေါ့``

လင်းဒေါင်ရှန်မျက်နှာ တွန့်လိမ်သွားခဲ့ပြီး ခဏအကြာမှာတော့ သူဟာ အဆက်မပြတ် ရီမောလိုက်ပါတယ်။ဒီရက်ပိုင်းအတွင်းမှာ

ပြဿနာတွေကြောင့် စိတ်ရှုပ်ထွေးမှုတွေဟာ အငွေ့ပျံသလို ပျောက်ကွယ်သွားခဲ့ပါတယ် သူ့သားက သူ့ကတိကို တည်အောင်လုပ် ပြသွားတယ် သူ့အနေနဲ့ ဘာကိုစိုးရိမ်ရတော့မှာလဲ။

`` တော်တယ်သားလေး.....အရမ်းတော်တယ်`` သူ့အရမ်းကို စိတ်လှုပ်ရှားနေပါတယ်

နောက်ဆုံးမှာတော့ သူ့ရဲ့မိန်းမကို သူကယ်တင်တဲ့နေရာမှာ သူ့သားက ကူညီနိုင်စွမ်း ရှိတယ်ဆိုတာကို ယုံကြည်လိုက်ပါပြီ

``ဒါဆို ဒီညဒင်နာကိုငါတို့ တူတူသွားကြတာပေါ့``

အခုဆိုယင် သူ့သားက သူ့ရဲ့ ကတိအတိုင်း သက်သေပြလာလေ လင်းကလန်ရဲ့ ခေါင်းဆောင်နေရာဟာ အနာဂါတ်မှာ သူ့သားလက်ထဲရောက်မယ်ဆိုတာ လုံးဝကို သေချာလာလေပါပဲ

လင်းဟန် သူ့ရဲ့မျက်နှာပေါ်မှာ အပြုံးတွေနဲ့ စဉ်းစားနေပါတယ်။

ဒီည မော်ဆေးပညာရှင် မာဒုချန် သာ သူ့ကို

မှတ်မိသွားမယ်ဆိုယင် အဲဒီ နောက်ပေါက်ရဲ့ မျက်နှာပေါ်မှာ မှင်တက်တဲ့ အမူအရာကို မြင်ရနိုင်ပါတယ်

ည......

လင်းဒေါင်ရှန်နဲ့ လင်းဟာန် တို့ဟာ အစေခံလေးယောက်ကိုခေါ်ပြီးတော့ မော်ဆေးပညာရှင် မာဒုချန် နဲ့ ညစာစားဖို့ ချိန်းထားတဲ့ ``ရွှမ်ယုအိမ်`` ကိုသွားရောက်ကြပါတယ်။

စားသောက်ဆိုင်ရဲ့ အထူးခန်းထဲမှာ ထိုင်စောင့်နေယင်း လင်းဒေါင်ရှန်နဲ့ လင်းဟာန် တို့ အချင်းချင်းစကားပြောနေခဲ့ကြပါတယ်။

Peng

အခန်းတံခါးက ရုတ်တရက်ပွင့်သွားပြီး အခန်းထဲကို လူနှစ်ယောက် ဝင်လာခဲ့ပါတယ်...

သူတို့ကတော့ လင်းရှောင်ယွမ်နဲ့ လင်းမုယွမ် တို့ပဲဖြစ်ပါတယ်။

လင်းဒေါင်ရှန်က အေးစက်စက်နဲ့ပြောလိုက်တယ်။

`` မင်းတို့နှစ်ယောက် ဒီကိုဘာလာလုပ်တာလဲ``

``အခု ကလန်က ကြီးမားတဲ့ အခက်အခဲကြုံနေပြီ ငါကဘာလို့မလာရမှာလဲ`` လင်းရှောင်ယွမ်က ဖိတ်ခေါ်တာကိုတောင်မစောင့်ပဲ ထိုင်ခုံမှာဝင်ထိုင်လိုက်ပြီး လင်းဒေါင်ရှန်ကို ပြန်ပြောလိုက်ပါတယ်။

``ဒီကိစ္စကို မင်းနောက်ဆုတ်ပြီးတော့ ဒီပြဿနာကို ငါ့ကိုကိုင်တွယ်ခွင့်ပေးလိုက်ဖို့ မင်းကိုအကြံပေးပါရစေ``

``မင်း`` လင်းဒေါင်ရှန် အေးစက်စက်ရီမောလိုက်ပါတယ်။

``ဘာလို့လဲ``

`` မင်းက မှော်ဆေးပညာရှင် မာ ကိုတစ်နည်းနည်းနဲ့ အပြစ်ပြုခဲ့တာဖြစ်လိမ့်မယ်...အဲ့လိုမှမဟုတ်ယင် သူ့အနေနဲ့ ငါ့တို့ကလန်ကို ပြဿနာ ရှာစရာ အကြောင်းမရှိဘူး``လင်းရှောင်ယွမ်က ဖြေးဖြေးခြင်းပြောလိုက်ပြီးတော့ လင်းမုယွမ်ကို ညွှန်ပြလိုက်ပြီး

``ဒီကလေးက မနေ့ကပဲစာမေးပွဲဖြေခဲ့တယ်... သူ့မှာ မီးကို ကောင်းမွန်စွာထိန်းချုပ်နိုင်တဲ့ အလားအလာကောင်းကောင်း ရှိနေတယ်..ဒါကြောင့် သူ့ကို မော်ဆေးပညာရှင် မာ က ပညာသင်အဖြစ်လက်ခံလိုက်တယ်လေ နှစ်အနည်းငယ်လောက် ကြိုးစားလိုက်မယ်ဆိုယင် မော်ဆေးပညာရှင်မာ က သူ့ကို တရားဝင်တပည့်အဖြစ်ရွေးလိမ့်မယ်... အနာဂါတ်မှာ သူက မော်ဆေးပညာရှင် ဖြစ်လာလိမ့်မယ်``

လင်းမုယွမ်က လင်းရှောင်ယွမ်ရဲ့ဘေးကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ လျှောက်လာခဲ့ပါတယ် သူ့မျက်နှာပေါ်မှာ မတိုင်းတာနိုင်လောက်အောင်ပဲ ဂုဏ်ယူဝင့်ကြွားနေပါလေရဲ့။

လင်းဟန်နဲ့ ပြဿနာတက်ပီး နောက်ပိုင်းမှာ သူဟာ ဟွာယန်အကယ်ဒမီကို ဝင်ခွင့် အခွင့်အရေးဆုံးရှုံးသွားခဲ့ရပါတယ် ဒါပေမဲ့ ဘယ်သူကတွေးထားမှာလဲ တံခါးကပိတ်ထားပေမဲ့ ပြတင်းပေါက်ကပွင့်နေတယ်ဆိုတာ....သူ့မှာ မီး ကို ထိန်းချုပ်ဖို့ အလားအလာကောင်းတွေ တကယ်ပဲရှိနေခဲ့တာဖြစ်ပြီးတော့ အနာဂါတ်မှာ သူဟာ

မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်လာလို့ ကြီးမားတဲ့ အခွင့်အရေးရှိနေပါတယ်။

မှော်ဆေးပညာရှင်.................စွမ်းအားအကြီးဆုံး....တိမ်မီးခိုးမြို့တစ်ခုလုံးရဲ့ တော်ဂင်အဆင့်အလုပ်အကိုင် မဟုတ်ဘူး မိုးရေနိုင်ငံတစ်ခုလုံးရဲ့
တော်ဂင်အဆင့်အလုပ်အကိုင်...................

လင်းရောင်ယွမ်က အရမ်းကို ဂုဏ်ယူနေပါတယ်။ သူ့သားနှစ်ယောက်က လင်းဒေါင်ရှန် နဲ့ နိုင်းယှဉ်လို့မရပေမဲ့လည်း အခုသူ့ရဲ့မြေးရဲ့ နားလည်နိုင်စွမ်းက လင်းဟန်ထက် အများကြီး အများကြီးကို သာနေတယ်လေ။

သူက လင်းဟန်ကို နီးကပ်စွာကြည့်လိုက်ပြီး ခဏအကြာမှာတော့ ရုတ်တရက် အံ့အားသင့်သွားပါတယ်

ဖူး::::::::::::

ဒါ...ဒါ...ဒါ....ဒါ.....ဒါကဘာလဲ?ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ? နီး....နီး....နီး....သူ့အမြင်မှားနေတာပဲဖြစ်ရမယ် ဘယ်လိုလုပ်ပြီး လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ဖြစ်ရမှာလဲ။

လင်းရှောင်ယွမ် ကသူ့မျက်စိကို အကြိမ်ပေါင်းများစွာပွတ်သတ်လိုက်ပြီးတော့ လင်းဟန်ကို အနီးကပ်သေချာထပ်ကြည့်လိုက်ပါတယ် လင်းဟန်ဘေးနားက စွမ်းအားမြင့်တဲ့လေ တွေကစောစောကနဲ့အတူတူပါပဲ။

ဒီကောင်စုတ်လေး နတ်ဘုရားအဆင့်ဆေးတွေကိုများ စားထားလား?

``အဘိုး.... အဆင်ပြေရဲ့လား`` လင်းမုယွမ်က သူ့အဘိုးဟာ တွေးဝေမှိန်းမော နေတယ်လို့ခံစားနေရပါတယ် သူက မှော်ဆေးပညာရှင် ဖြစ်လာတော့မှာဖြစ်လို့ လင်းဒေါင်ရှန်နဲ့သူ့သား အရှေ့မှာ ဂင့်ဂင့်ကြွားကြွားနေရတော့မှာမဟုတ်လား... ဘာလို့ သူ့အဘိုးက ချက်ချင်းပဲ ပေါ်သလိုလိုကြောင်သလိုလို လုပ်နေရတာလဲ။

``ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇`` လင်းရှောင်ယွမ်က ထုံထုံထိုင်းထိုင်းနဲ့ရေရွတ် လိုက်ပါတယ်။

ဒါကဟုတ်တယ်လေ လင်းမုယွမ်က

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ လေ ဘာလို့ဒါကို ထူးဆန်းနေသလိုမျိုးလုပ်နေတာလဲ ဒါကို သူ့အဘိုးသိပြီးသားပဲလေ လင်းမုယွမ်က သူ့အဘိုးကို ထူးဆန်းသလိုမျိုးကြည့်လိုက်ပါတယ်။ ဘာလို့ ငါ့အဘိုးက ချက်ချင်းပဲ ပုံမှန်မဟုတ်သလိုဖြစ်သွားရတာလဲ။

``မင်းမဟုတ်ဘူး............သူ`` လင်းရှောင်ယွမ်က လင်းဟန်ကိုညွှန်ပြပြီးပြော လိုက်တယ်။

ဖူးးးးး

လင်းမုယွမ် အံ့အားသင့်စွာနဲ့ပင့်သက်ရှိုက်လိုက်ပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ဘယ်လိုဟာသကြီးလဲ။ ကလန်ထဲက လူအားလုံးက လင်းဟန်ကအမှိုက်ကောင်လို့ ကျော်ကြားတယ်ဆိုတာအားလုံးသိပြီးသား။ သူက နှစ်ပေါင်းများစွာ လေ့ကျင့်ပေမဲ့လဲ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ၂ ပဲရောက်ခဲ့တာလေ ဒါကြောင့်မို့လဲ အားလုံးက သူ့ကို အမှိုက်ကောင်လို့သတ်မှတ်ထားကြတာပေါ့။

တကယ်လို့ လင်းဟန်သာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်နေပြီးတော့ အမှိုက် ကောင်လို့ သူ့ကိုယူဆနေကြဦးမယ်ဆိုယင် သူကရော .... အသက်

၁၈ နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ပဲရောက်သေးတယ်။ သူက တကယ့်အမိုက်အကြီးစားကြီးဖြစ်သွားပီမဟုတ်လား?။

သူ့အနေနဲ့ လုံးဂကို မယုံကြည်နိုင်ပါဘူး

``မဖြစ်နိုင်ဘူး ....လုံးဂမဖြစ်နိုင်ဘူး``

ဒါပေမဲ့ သူ့အဖိုးက ဒြပ်စင်စုစည်းခြင်းအဆင့်မှာရောက်နေပြီးဆိုတာ ကောင်းကောင်းသိပါတယ် ဒါကြောင့် သူ့အဖိုးအနေနဲ့ မှားပြောစရာအကြောင်းမရှိပါဘူး။

``ဟားဟားဟားးး အခု ငါ့သားကို ဘယ်လိုထင်လဲ.........မဆိုးဘူးမဟုတ်လား``

လင်းဒေါင်ရှန်အူလိုက်သည်းလိုက်အော်ရီလိုက်ပါတယ်။`

`` ဒီလိုမျိုး ပါရမီရှင်က ဟွာယန်အကယ်ဒမီကို ဂင်ခွင့်ရဖို့ လုံလောက်တယ်မဟုတ်လား``

ဒီစကားကိုကြားလိုက်ရတော့ လင်းရှောင်ယွမ်နဲ့

သူမြေးနှစ်ယောက် မျက်နှာပျက်ကုန်ပါတယ်။

သူတို့ဟာ လင်းဒေါင်ရှန် အပေးရောက်နေတာကိုအခွင့်ကောင်းယူပြီး လင်းဟန်ကို ဟွာယန်အကယ်ဒမီဝင်ခွင့် ကို လက်လျှော့လိုက်ဖို့အတွက် အမြတ်ထုတ်ကြိုးစားခဲ့ ကြပါတယ်။

လင်းမုယွမ်က အရမ်းကိုငယ်ရွယ်ပါသေးတယ် ဒါကြောင့်သူ့အနေနဲ့ စိတ်ကို မထိန်းချုပ်နိုင်ပဲပြောလိုက်တယ်

`` ဟွာယန်အကယ်ဒမီက ဘယ်လောက်များကြီးကျယ်လို့လဲ .....ကျနော်က အခု မှော်ဆေးပညာရှင်များကဏ္ဍကို ဝင်ရောက်တော့မယ် .....အနာဂါတ်မှာ မိုးရေနိုင်ငံရဲ့ အလေးစားရဆုံးလူတစ်ယောက်ဖြစ်လာလိမ့်မယ်``

လင်းဟန် ခေါင်းခါပြီးတော့ပြောလိုက်တယ်

``ဒါဆိုယင်...ငါသေချာပေါက်အာမခံရဲတယ် .... မင်းကဘယ်တော့မှ မှော်ဆေးပညာရှင်ရဲ့ ပညာသင်ဖြစ်လာမှာမဟုတ်သလို ဘယ်တော့မှလဲ မှော်ဆေးပညာရှင် ဖြစ်လာမှာမဟုတ်ဘူး``

``ဟားဟားဟား မင်းကိုမင်းဘယ်သူ လို့များထင်နေတာလဲ? မင်းက မှော်ဆေးပညာရှင် မာရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ လွှမ်းမိုးနိုင်မယ်လို့ တကယ်ထင်နေတာလား``

လင်းမုယွမ် ကျယ်လောင်စွာအော်ရီလိုက်ပါတယ်။ သူ့အတွက်ဒါက အကြီးဆုံးဟာသ တစ်ခုလိုခံစားလိုက်ရပါတယ်။ တကယ်လို့ လင်းဟန် မှာ ဒီလိုမျိုးစွမ်းရည်ရှိယင် မှော်ဆေးပညာရှင် မာ အနေနဲ့ ကလန်အတွက် မှော်ဆေးလုံးဖြန့်ဖြူးတာကို နှောင့်နှေးအောင် လုပ်ပြီး ဘာလို့ပြသနာရှာ မှာလဲမဟုတ်ဘူးလား?

လင်းဟန်ဘာမှမပြောပဲ ပြုံးနေလိုက်ပါတယ်။ မကြာခင်မှာ ကိစ္စအားလုံး ရှင်းလင်းသွား ပါလိမ့်မယ်။

လင်းဒေါင်ရှန် ကိုယ်တိုင်တောင်မှ လင်းဟန်ရဲ့ ခြိမ်းခြောက် ကြုံးဝါးမှုကို အလေးအနက် မထားခဲ့ပါဘူး.....သူတွေးထားတာက သူ့သားအနေနဲ့ သိုင်းပညာရပ်မှာ ကြီးကျယ်တဲ့ ပါရမီကို ဖော်ပြခဲ့ပေမဲ့ မှော်ဆေးပညာရှင် မာ နဲ့ ဆက်ဆံရေးတွေ ရှိနေတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

သူတို့လေးယောက်ဟာ လင်းကလန် ကလူတွေဖြစ်နေပေမဲ့ ဆန့်ကျင်ဘက်အဖွဲ့တွေပါ ဒါကြောင့် သူတို့အနေနဲ့ တခြားခေါင်းစဉ်ပြောင်းပြောဖို့လဲမဖြစ်နိုင်ပါဘူး
စကားစစ်ထိုးပွဲ အနည်းငယ်လောက်လုပ်ပြီးတဲ့ အခါမှာ သူတို့ဟာ တိတ်ဆိတ်သွားပြီးတော့ မော်ဆေးပညာရှင် မာဒုချန်ရောက်လာမှာကို စောင့်မျှော်နေပါတယ်။

မော်ဆေးပညာရှင် မာ က တကယ်ကို အထက်စီးဆန်ပါတယ်။ အချိန်တော်တော်ကြာ စောင့်နေတဲ့တောင်မှ ရောက်မလာခဲ့ပါဘူး။ သူတို့ရဲ့သည်းခံနိုင်မှုတွေကုန်ဆုံး ခါနီးအခါမှာတော့ တံခါးအပြင်ဘက်က
ခြေလှမ်းလှမ်းလာသံကိုကြားလိုက်ရပါတယ်။၏

ကျွီ.............တံခါးပွင့်သွားခဲ့ပြီး
လူလတ်ပိုင်းအရွယ်လူတစ်ယောက် ဝင်လာခဲ့ပါတယ်။

သူကတော့ မော်ဆေးပညာရှင် မာ။

တိမ်မိုးခိုးတစ်မြို့လုံးမှာ မော်ဆေးပညာရှင် တစ်ယောက်ပဲရှိပါတယ် သူ့ရဲ့မျိုးရိုးနာမည်က မာ ဖြစ်ပါတယ်။

လင်းဒေါင်ရှန် လင်းရှောင်ယွမ် နဲ့ လင်းမုယွမ်တို့ ချက်ချင်းထရပ်ပြီးတော့ လက်သီးဆုပ်ပြီး နှုတ်ဆက် ဂါရဝပြုလိုက်ပါတယ်။ လင်းမုယွမ် က အသစ်ရောက်ရှိလာတဲ့ သူ့ရဲ့အရှေ့မှာ ဒူးထောက်ပြီး ရှိသေလေးစားတဲ့လေသံနဲ့

``တပည့် မုယွမ် ဆရာသခင်ကို နှုတ်ဆက်ပါတယ်``

မှော်ဆေးပညာရှင်ရဲ့အလုပ်သင် ကို မှော်ဆေးပညာရှင်ရဲ့ တပည့် တဂက် အဖြစ်သတ် မှတ် နိုင်ပါတယ်။

မာဒုန်ချန်က သူ့လက်ကိုဝှေ့ယမ်းလိုက်ပြီးတော့

``မင်းထနိုင်ပြီး``

သူက ခေါင်းငြိမ့်ပြီးတော့ လင်းဒေါင်ရှန်ကိုပြောလိုက်တယ်

``အာလာပ စကားစမြည်ပြောပြီး အချိန်တွေ မကုန်ဆုံးချင်ဘူး ငါတို့ စီးပွားရေးကိစ္စကိုပဲ ပြောကြတာပေါ့ ငါကအရမ်းကိုအလုပ်များတယ်``

``လင်းဟာန် ... မင်း မှော်ဆေးပညာရှင် မာ ကို နှုတ်မဆက်ပဲ နေရဲတယ်ပေါ့?``

လင်းမုယွမ်က လင်းဟာန်ကိုညွှန်ပြလိုက်တယ်။ သူ့မှာအလွန်ကို ထက်ရှတဲ့ အကြည့် ရှိပြီးတော့ လင်းဟာန်က မှော်ဆေးပညာရှင် မာ ကို နှုတ်မဆက်ပဲ ထိုင်နေတာကို ချက်ချင်းပဲ သတိပြုမိသွားပါတယ်။

လင်းဒေါင်ရှန်က အရမ်းကိုအံ့အားသင့်သွားပါတယ်။ သူက ဒီည မှော်ဆေးပညာရှင် မာကို ညစာစားဖို့ဖိတ်ခေါ်ပြီးတော့ဒီလူဆီကမျက်နှာသာပေးမှု ရရှိပြီးတော့ ဆေးလုံး ထောက်ပံ့တဲ့ ပြသနာကို ဖြေရှင်းချင်လို့ပဲဖြစ်ပါတယ်။ဒါပေမဲ့ လင်းမုယွမ်က အားနည်းချက်ကို ညွှန်ပြပြီးတော့ အခွင့်ကောင်းယူလိုက်ပါတယ်။ ဘယ်လောက်တောင် အခြေနေဆိုးသွားမလဲ။

သူ့အနေနဲ့ လျှို့ဝှက်စွာ ဒေါသထွက်ယုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။ အဓိက အရာက လင်းကလန်ရဲ့ ပြသနာကို မျက်နှာခြင်းဆိုင် ဖြေရှင်းဖို့ပဲဖြစ်ပါတယ် လင်းမုယွမ် ဘယ်လောက်တောင် တုံးအလိုက်သလဲ။ သူ့အနေနဲ့ ချက်ခြင်းပဲ ဒီကောင်စုတ်လေးကို

တစ်ချက်တည်းရိုက်သတ်ပစ်လိုက်ချင်ပါတယ်။

ပရိတ်သတ်တွေက တောင်းဆိုလို့ နောက်တပိုင်းရေးပေးလိုက်ပါတယ်

အပိုင်း (၂၄) ငှါးမှာ ဒီလို တပည့်မျိုးမရှိဘူး

လင်းမုယွမ် ကအရမ်းကိုကံကောင်းစွာနဲ့ပဲ လင်းဟန်ရဲ့ အားနည်းချက်ကို ဆုပ်ကိုင်နိုင်ခဲ့တယ် ဒါကြောင့် သူ့အနေနဲ့ လွယ်လွယ်နဲ့ အလျှော့ပေးလိုက်မှာ မဟုတ်ပါဘူး။

``မှော်ဆေးပညာရှင်ဆိုတာ မိုးရေနိုင်ငံတစ်ခုလုံးမှာ လေးစားစရာအကောင်းဆုံးနဲ့ သိက္ခာအရှိဆုံးအလုပ်အကိုင်ပဲ... မင်းက ငှါးဆရာရောက်လာတာကိုတောင် မတ်တပ်ရပ် ပြီးတော့ နုတ်မဆက်တဲ့အပြင် ဆက်ပြီးတော့တောင် ထိုင်နေလိုက်သေးတယ်.. မင်းက ဘယ်လောက်တောင်မှ စိတ်ကြီးဝင်နေတာလဲ?.......... ချက်ခြင်းဒူးထောက်ပီး ငှါးဆရာကို တောင်းပန်ယင် အပြစ်ပေးခံရတာ သက်သာလိမ့်မယ်နော်``

လင်းဒေါင်ရှန် မျက်မှောင်အနည်းငယ်ကြုံသွားခဲ့တယ်။

မှော်ဆေးပညာရှင်တွေဟာ တကယ့်ကိုရှားပါးပြီးတော့ မိုးရေနိုင်ငံမှာ မြင့်မားတဲ့ အဆင့်အတန်းမှာရှိနေကြတာပါ။

မာဒုန်ချန် ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ သာရှိသေးပေမဲ့ သူဟာ အဂ်ါရောင် အဆင့်နိမ့်မှော်ဆေးပညာရှင်ဖြစ်တဲ့အတွက် ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့သန်မာတဲ့ စစ်သည်တော်များဖြစ်ကြတဲ့ သူနဲ့ လင်းရှောင်ယွမ် တို့တောင်မှ သူ့ရဲ့ လူပေါ်လူဇော် လုပ်တာကို မျက်နှာသာပေးပြီး ဖြည့်ဆည်းပေးရပါတယ်။

အခုတော့ လင်းရှောင်ယွမ်နဲ့ သူမြေးတို့ဟာ ဒီအချက်အပေါ်မှာ အမြတ်ထုတ်ပီး သူ့သားလင်းဟန်ကို တိုက်ခိုက်ကြတဲ့အတွက် သူ့အနေနဲ့ တကယ်ပဲ အခက်အခဲ အချို့ တွေ့နိုင်ပါတယ်။

လက်သီးကို တင်းတင်းဆုပ်ပြီး လင်းဒေါင်ရှန်ကပြောလိုက်တယ်။

`` မှော်ဆေးပညာရှင်မာ အများကြီးတောင်းပန်ပါတယ် တကယ်လို့ ကျနော်သားက သင့်ကို တစ်စုံတစ်ရာ ကျူးလွန်ခဲ့မိယင် သူ့ရဲ့ အပြုအမူတွေအတွက် ကျနော်

တောင်းပန်ပါတယ်....သဘောထားကြီးမြတ်တဲ့လူတစ်ယောက်အနေနဲ့ သင့်ကိုယ်သင် ကျနော့်သားနဲ့အဆင့်တူတူ အဖြစ်နိမ့်ကျ မသွားပါစေနဲ့``

မာဒုချန် က လင်းဟန်ကို လုံးဝသတိမထားမိပါဘူး။ သူ့အနေနဲ့ လင်းမုယွမ်ရဲ့ အပြစ်ဖော် ထုတ်လိုက်တာကိုပဲ ကြားပြီးမှပဲ ဘာဖြစ်တယ်ဆိုတာကို သိလိုက်ရတာပါ ။ ဒါကြောင့် သူ့ရဲ့မကျေနပ်ချက်တွေ မြင့်တက်လာကို ထိန်းမနိုင်ပဲ ပြောလိုက်ပါတယ်။

``လင်းကလန်ခေါင်းဆောင်...မင်းဟာတကယ့်ကို မယုံနိုင်စရာပဲ.. သင်က ငါ့ကို ညစာစားပွဲ ဖိတ်တယ် ဒါကြောင့် မင်းကို လေးစားသမှုနဲ့ လက်ခံပြီးတော့ ငါရောက်အောင်လာခဲ့တယ်..အခုတော့ သင်က သင့်သားက ငါ့ကို အရှက်ခွဲတာကို ခွင့်ပြုထားတယ် ဒါကဘယ်လိုသဘောလဲ?``

လင်းမုယွမ်တော့ အေးစက်စက်ပြုံးနေပါတယ်

`` လင်းဟန် ဒူးထောက်လိုက်စမ်း.``သူကောင်းကောင်းသိပါတယ် မော်ဆေးလုံးတွေ က ကလန်အတွက် အရေးကြီးဆုံး

ဂင်ငွေရစေနိုင်တဲ့ အရင်းအမြစ်ဆိုတာကိုပေါ့။ ဒါကြောင့် လင်းဒေါင်ရှန်အနေနဲ့ မနှစ်သက်သော်လည်း ဒီပြဿနာကို ပြေလည်စေဖို့အတွက် လင်းဟန်ကို ဖိအားပေးပြောဆိုလိုက်ပါတယ်။

သူ့အဖေကိုယ်တိုင်က ဖိအားပေးပြီး ဒူးထောက်ခိုင်းလိုက်တဲ့အတွက် လင်းဟန်က စိတ်အရမ်းပျက်သွားခဲ့ပါတယ်။

``မော်ဆေးပညာရှင် မာ`` လင်းဒေါင်ရှန်က မာဒုချန်ကို ကျေအေးပေးဖို့ နောက်တစ်ခါ ထပ်ကြိုးစားလိုက်ပါတယ်။

မာဒုချန်က သူ့လက်ကိုမြှောက်လိုက်ပီးတော့ လင်းဒေါင်ရှန် ဆက်ပြောမဲ့စကားကို ရပ်ခိုင်းလိုက်ပါတယ်။ သူက လင်းဟန်ဘက်ကိုတောင်လှည့်မကြည့်ပဲနဲ့ ပြောလိုက်တယ်။

`` မင်းရဲ့ သားကို ငါ့ရှေ့မှာ ဒူးထောက်ခိုင်းပီးတော့ ရှင်းပြခိုင်းလိုက်စမ်း``

Peng

လင်းဒေါင်ရှန်က စားပွဲခုံကို သူ့လက်ဖါးနဲ့

ပြင်းပြင်းထန်ထန်ရိုက်လိုက်ပီး ပြောလိုက်ပါ တယ်။

``မှော်ဆေးပညာရှင် မာ ... သင့်ဟာ ချန်ကလန်က ဘယ်လိုအကျိုးအမြတ်တွေ ရယူထားပြီးတော့ သူတို့ကိုကူညီပြီး ကျုပ်တို့ကလန်ကို အခက်တွေ့အောင် ကူညီပေး နေရလဲဆိုတာကို ကျုပ်မသိဘူး....ဒါပေမဲ့ အရမ်းကြီး တရားမလွန်လာပါနဲ့.. သင်တကယ်ပဲ ကျုပ်ရဲ့သား ကို ဒူးထောက်စေချင်တယ်ပေါ့? စဉ်းစားလေ``

လင်းရှောင်ယွမ်က ချက်ချင်းပဲ ကျယ်လောင်စွာအော်ဟစ်လိုက်တယ်

`` မင်းဘယ်လိုလုပ်ပံ့တာလဲ..လင်းဒေါင်ရှန် မင်းကဘာလုပ်ဖို့ ကြိုးစားနေတာလဲ မင်းက ကလန်ကို ပျက်စီးခြင်းတွေသယ်လာဖို့ ကြိုးစားနေတာလား..ကလန်ကို မင်း နဲ့သက်ဆိုင်တယ်လို့ ယူဆသေးရဲ့လား.. တကယ်လို့ ကလန်ကို မင်းဂရုမစိုက်တော့ဘူး ဆိုယင် ဘာလို့ကလန်ခေါင်းဆောင်နေရာကို ဆက်ပီးတော့ ယူထားသေးလဲ?``

လင်းဒေါင်ရှန် က ဒေါသတကြီးနဲ့ ပြောလိုက်တယ်။

`` ဒီနေရာမှာ ဘယ်သူကများ ကလန်ရဲ့ပုံရိပ်ကို ဂရုမစိုက်ပဲနေလို့လဲ? ငါက အမြဲတမ်းပဲ ငါတို့ဟာ လင်းမျိုးရိုးတွေလို့ မျှဝေခံစားခဲ့ပြီးတော့ အချို့အရာတွေကိုတောင် ပါးစပ်ကနေ ဖွင့်မပြောခဲ့ဘူး..ဒါပေမဲ့ မင်းတို့တွေကတော့ ငါ့သားကို အရှက်ခွဲခံကြတယ်.. မင်းတို့က ငါ လင်းဒေါင်ရှန် သေသွားပီလို့ ထင်နေကြတာလား.?``

`` လုံလောက်ပီ .... တကယ်လို့ မင်းတို့ရဲ့ မိသားစုပြဿနာတွေကို ဖြေရှင်းချင်ယင် အိမ်ပြန်ရောက်တဲ့အခါကျမှ အငြင်းပွားကြတော့..ငါကအရမ်းကိုအလုပ်များတဲ့ လူတစ်ယောက်နော်..မြန်မြန် ဒီကောင်လေးကို ငါ့ရှေ့မှာ ဒူးထောက်ပြီးတော့ တောင်းပန်ခိုင်းလိုက်``

နောက်ဆုံးမှာတော့ လင်းဟန်ဟာ ပါးစပ်ဖွင့်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ စကားစပြောပါတယ်

``မာဒုချန်....မင်းကဘယ်သူ့ကို ဒူးထောက်ခိုင်းနေတာလဲ?``

မာဒုချန်?

ပထမ.... လင်းရှောင်ယွမ်နဲ့ လင်းမုယွမ် တို့ အတူတူ အံ့သြသွားကြတယ် သူတို့ လျှို့ပုဂ်စွာ တွေးလိုက်မိတာက ဒီ လင်းဟန်က မှော်ဆေးပညာရှင် မာ ကို သူ့ရဲ့ နာမည်ကို တိုက်ရိုက်ခေါ်လိုက်တယ်......ချက်ချင်းပဲ သူတို့အရမ်းကိုပျော်ရွှင်သွား ကြတယ် လင်းဟန်ကတော့ မာဒုချန်ကို လုံးဝ အပြစ်လုပ်လိုက်တာပဲ.. လင်းဒေါင်ရှန်နဲ့ သူ့သားကတော့ လုံးဝ ပြီးသွားပြီပဲ..............။

``ဟဟ ငါသိနေတယ် ဒီကောင်လေးက သူ့အဖေကို ပျက်စီးခြင်းတွေ သယ်ဆောင် လာလိမ့်မယ်ဆိုတာကိုပေါ့````

လင်းမုယွမ် က ချက်ချင်းအော်လိုက်တယ်။

``မင်း အမိုက်.... မင်းကငါ့ဆရာနဲ့နာမည်ကို တိုက်ရိုက်ခေါ်လိုက်တယ်.. မင်း ဘယ်လို တောင်လုပ်ပံ့တာလဲ?`` သူက ဒီလို အခွင့်အရေးကိုအသုံးချပြီးတော့ မာဒုချန်ရဲ့ ဒေါသကို ပိုမိုပြီး နိုးဆွလိုက်တာပါပဲ။

ဒါပေမဲ့လည်း သူ့အနေနဲ့ မာဒုချန်ရဲ့ မျက်နှာချက်ချင်းဆိုသလို

ဆိုးဝါးစွာ ပျက်ယွင်းသွားတာကို တော့ မမြင်လိုက်ပါဘူး။ ဒါတင်မကပါဘူး သူက သူ့ထိုင်ခုံကနေ ချက်ချင်း မတ်တပ်ထရပ်လိုက်ပါတယ်။

ဒီအသံ......မာဒုချန် ဘယ်လိုလုပ်ပြီးတော့ ဒီအသံကို မေ့နိုင်မှာလဲ။

``ဒူးထောက်လိုက်စမ်း``

Pa

လင်းမုယွမ် က သူ့စကားဆုံးအောင်တောင်မပြောရသေးခင် မာဒုချန်ဟာ လေးညှို့ကနေ လွှတ်လိုက်တဲ့မြှားတစ်စင်းလို သူ့အရှေ့ကို ရောက်လာပြီးတော့ ညာဘက်လက်ကို မြှောက်ကာ သူ့ပါးကိုရိုက်ချလိုက်ပါတယ်။

လင်းမုယွမ်က ငတုံးတစ်ယောက်လို အရိုက်ခံလိုက်ရပါတယ်။ လင်းဒေါင်ရှန်နဲ့ လင်းရှောင်ယွမ် တို့ဟာငေးငိုင်သွားပြီး ဘာဖြစ်မှန်းကို နားမလည်တော့ပါဘူး။ တကယ်လို့ မာဒုချန်သာ တစ်စုံတစ်ယောက်ကို ရိုက်နက်ချင်တယ်ဆိုယင် သူ့အနေနဲ့ လင်းဟန်ကိုသာ ပါးရိုက်သင့်တယ်မဟုတ်လား။ သူကဘာလို့ လင်းမုယွမ်ကို

ချက်ခြင်းကြီး ပါးရိုက်လိုက်တာလဲ။

ဒါက တစ်စုံတစ်ခု မှားယွင်းတာပဲဖြစ်ရမယ်

စောင့်ကြည့်နေတဲ့သူ သုံးယောက်ရဲ့ မျက်စိရှေ့အောက်မှာပဲ မာဒုချန်က လင်းဟန်ရဲ့ အရှေ့ကို လျှင်လျှင်မြန်မြန်နဲ့ပဲ ရောက်သွားပါတယ်။ သူ့ရဲ့ခေါင်းကို ငုံ့ကာ ရိုရိုသေသေနဲ့ပဲ အမိန့်နာခံတတ်တဲ့ အစေခံတစ်ယောက်လိုပုံစံနဲ့ ပြောလိုက်ပါတယ်။

`` ဒီနေ့ရဲ့ တော်ဝင်ညှော့သည်က သခင်လေးဟန်ပေါ့... ကျေးဇူးပြုပြီး ကျနော်ရဲ့ အမြင်ကန်းပြီး သခင်လေးဟန်ကို သတိမထားမိတာကို ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်``

လင်းဟန်ကြောင့်သူ့အနေနဲ့ ကြီးကြီးမားမားခံစားရပေမဲ့လည်း သူ့မှာ ဇူဟဲချင်(ဂရန်းမာစတာ)ကို နောက်တစ်ကြိမ် ထပ်ပြီး ဘယ်လိုရှင်းပြရမလဲဆိုတာ သူ့မှာ အကြံမရှိပါဘူး။

အခြား လင်းကလန်အဖွဲ့သားသုံးယောက်စလုံးဟာ ကျောက်ရုပ်ကြီးလို ကြက်သေသေ သွားပါတယ်။ ဒါကစောစောတုန်းက မာနအရမ်းကြီးပြီး ဂုဏ်ယူဝင့်ကြွားတဲ့

မျော်ဆေးပညာရှင် မာ မှဟုတ်ပါလေစ..။ ဘာလို့များ သူက ချက်ချင်း ခွေးလေးတစ်ကောင်လို ဖြစ်သွားတယ်လို့ သူတို့ဘာကြောင့်ခံစားလိုက်ရတာလဲ။ ဒ့ါအပြင် သူက လင်းဟန်ကို ဘာလို့ သခင်လေးဟန်လို့ ခေါ်ရတာလဲ။

မာဒုချန်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို မြင့်တယ်လို့ ယူဆလို့မရသော်လည်းပဲ
သူဟာမျော်ဆေးပညာရှင်တစ်ယောက်လေ

သူတို့ဟာ မြင်နေကြားနေရတာကို လုံးဂမယုံကြည်နိုင်အောင်ဖြစ်နေရပါတယ်။

``ဒါက မင်းတပည့်လား...ဘယ်လောက်တောင်မှ ဗိုလ်ကျလိုက်သလဲ``

လင်းဟန်ရဲ့အသံက အရမ်းကို တည်ငြိမ်နေပါတယ်။

ဒါပေမဲ့လည်း မာဒုချန်ကတော့ အံ့အားသင့်လွန်းပြီးတော့ သေချင်သွားပါတယ်။ နောက်ထပ်တစ်ကြိမ် လင်းမုယွမ်ကို ပြင်းထန်စွာရိုက်လိုက်ပီး တော့ ပြောလိုက်တယ်။

`` မင်းကိုမင်းဘယ်သူလို့ ထင်နေတာလဲ... တကယ်ပဲ

သခင်လေးဟန်ကို မင်းကမလေးမစား လုပ်ရဲတယ်...ငါ့မှာ ဒီလိုတပည့်မျိုးမရှိဘူး.. အခုချိန်ကစပြီး ငါ့ကို ဆရာလို့မခေါ်နဲ့တော့``

လင်းမုယွမ်တစ်ယောက် ချက်ခြင်းပဲ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားခဲ့ပါတယ်။သူ တကယ်ပဲ လင်းဟန်ရဲ့ စကားတစ်ခွန်းကြောင့် ထွက်လိုက်ရပြီလား။

သူ လင်းဟန်ပြောခဲ့တာကို အမှတ်ရလိုက်ပါတယ် ။ လင်းဟန်က သူ့ကို ဘယ်တော့မှ မော်ဆေးပညာရှင်ဖြစ်မှာမဟုတ်ဘူးလို့ပြောခဲ့တယ် အဲဒီစကားတွေ အခု တကယ်ပဲမှန် ကန်လာပြီလား။

``မဟုတ်ဘူး....ဆရာသခင်... ကျေးဇူးပြုပြီး ကျနော်ကို အဂေးကိုထွက်မသွားခိုင်းလိုက် ပါနဲ့... ကျေးဇူးပြုပြီး ကျနော့်ကို နောက်ထပ်အခွင့်ရေးပေးပါ``

လင်းမုယွမ်က လျှင်မြန်စွာနဲ့ မာဒုချန်ရဲ့ခြေထောက်ကို ဖက်ကိုင်ပြီးတော့ တောင်းဆိုလိုက်ပါတယ်။

သူက သိုင်းပညာရပ်မှာလဲ

ပါရမီရှင်တစ်ယောက်မဟုတ်တဲ့အပြင် ဟွာယန် အကယ်ဒမီ ဂင်ခွင့်ကိုပါ ဆုံးရှုံးခဲ့ပါသေးတယ်။ ဒါကြောင့် မှော်ဆေးပညာရှင်ဖြစ်လာဖို့က သူ့ရဲ့ နောက်ဆုံး အခွင့်အရေးပါ။ အဲလိုမှမဟုတ်ယင် သူက သူ့အဖေ သူ့အဘိုးတို့လိုဖြစ်သွား ပါလိမ့်မယ်။ သူ့အခြေနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကပဲ သူ့ရဲ့ အသန်မာဆုံး ဖြစ်လာပြီးတော့ တိမ်မီးခိုးမြို့ မှာတောင်မှ သူ့ရဲ့အဆင့်အတန်းက အရမ်းကို သေးငယ် နေပါလိမ့်မယ်။

``သွားစမ်း... သခင်လေးဟန်ကို မရှိမသေမလေးမစား လုပ်ပံ့တယ်.... ငါမင်းကို သတ်မပစ်လိုက်တာကပဲ အရမ်းကြီးဂရုဏာထားတယ်လို့မှတ်လိုက်..ပြီးတော့ မင်းကိုယ်မင်းများ မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်လာမယ်ထင်နေလား ဟင့်```

မာဒုချန် နာခေါင်းရှုံ့လိုက်တယ်။ ဇူဟဲချင်.... ဂရန်းမာစတာဇူ တောင်မှ လင်းဟန်ကို အရမ်း ရိုသေလေးစားတာ။ တကယ်လို့ သူသာ လင်းမုယွမ်က ဒီလိုမျိုး အပြုအမူတွေနဲ့ လင်းဟန်ကို ရင်ဆိုင်ပံ့တယ်ဆိုတာကို သိသွားခဲ့ယင် သူကိုယ်တိုင် သူ့လက်နဲ့တောင်မှ ချက်ချင်းပဲ ဒီနေရာမှာ ဒီကောင်စုတ်ကို သတ်ပစ်ပါလိမ့်မယ်။

ပြီးတော့ ဂရန်းမာစတာ ဖူဟဲချင်ရဲ့ စကားတစ်ခွန်းနဲ့ပဲ မိုးရေနိုင်ငံ တစ်ခုလုံးမှာရှိတဲ့ ဘယ်မှော်ဆေးပညာရှင်ကမျှား ဆန့်ကျင်ပြီးတော့ လင်းမုယွမ်ကို သူတို့တပည့်အဖြစ် ရွေးချယ်ရဲမှာလဲ။

လင်းမုယွမ်ကိုကြည့်ရတာ စိတ်နဲ့ကိုယ်နဲ့မကပ်တော့တဲ့ ပုံစံမျိုးဖြစ်ပီး သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့ပါဘူး။

``သွားစို့``

လင်းရှောင်ယွမ်က သူ့မြေးကို ဆွဲခေါ်လိုက်ပါတယ်။ အခု ဒီနေရာမှာ ဘာမှပြောလို့လဲ မထူးဘူးဆိုတာကို သူသိလိုက်ပါတယ်။ သူတို့အနေနဲ့ တစ်ဖက်လူတွေ စိတ်မဆိုးခင် ဒီနေရာက မြန်မြန်ထွက်သွားတာကောင်းပါလိမ့်မယ်

``မဟုတ်ဘူး... ကျနော်က မှော်ဆေးပညာရှင်ရဲ့ အလုပ်သင်ပဲ အနာဂါတ်မှာ ကျနော်က မှော်ဆေးပညာရှင်ဖြစ်လာမာ``လင်းမုယွမ်ကိုကြည့်ရတာ ရူးသွပ်သွားသလိုပါပဲ။

ဒါပေမဲ့ လင်းရှောင်ယွမ်က သူ့ကို တင်းတင်းကျပ်ကျပ်ကိုင်ထားပြီးဆွဲခေါ်သွားခဲ့ပါတယ်။

သီးသန့်အခန်းထဲမှာ......လင်းဒေါင်ရှန်ကိုကြည့်ရတာတွေဝေမှိန်းမောနေပုံပါပဲ။

မာဒုချန်ဟာလဲ ချွေးအေးတွေ စီးကျလို့လာနေပါတယ်။ သူ့အနေနဲ့ လင်းဟာန်ရဲ့ဒေါသကို ဘယ်လိုပြေငြိမ်းအောင်လုပ်ရမလဲဆိုတာကို မသိဖြစ်နေပါတယ်။သူ့အနေနဲ့ ဒီ သခင်လေးကို အပြစ်မလုပ်ရဲပါဘူး။

``အခု .. မင်းက ငါ့အဖေကို ပြင်းပြင်းထန်ထန်မျက်နှာခြင်းဆိုင်ဦးမှာလား``

လင်းဟာန်က တည်ငြိမ်အေးစက်စွာနဲ့မေးလိုက်ပါတယ်။

`` သခင်လေးဟာန်... ကျနော့်အနေနဲ့ လင်းကလန်ခေါင်းဆောင်က သခင်လေးရဲ့ဖခင်ဖြစ်တယ်ဆိုတာကို မသိခဲ့ပါဘူး...တကယ်လို့သိခဲ့မယ်ဆိုယင် ကျနော့်အနေနဲ့ လင်းကလန်ခေါင်းဆောင်ရဲ့အရှေ့မှာ အပေါ်စီးကနေ

ဆက်ဆံဖို့ မလုပ်ရဲပါဘူးခင်ဗျာ.. ကျနော်တကယ်သေသင့်ပါတယ် ကျနော်တကယ့်ကိုပဲ မှားပါတယ်``

မာဒုချန်က အထပ်ထပ်တောင်းပန်ပြီး သူ့ပါးကို သူကိုယ်တိုင်ပဲအကြိမ်ကြိမ်ပြန်ရိုက်နေခဲ့ပါတယ်။

အပိုင်း (၂၅) ချန်ကလန်ကို ပြန်လည်တိုက်စစ်ဆင်ခြင်း

လင်းဒေါင်ရှန်က လုံးဂကို ကျောက်ရုပ်လိုဖြစ်နေပါတယ်။ သူ့သားက အခုချိန်မှာ ပါရမီရှင် ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာရှင်တစ်ယောက်က သူ့သားကို အခုလိုမျိုး မျက်နှာသာပေး တာက သူ့ကိုလုံးဂ အံ့အားသင့်စေပါတယ်။

ဒီမတိုင်ခင်က မာဒုချန်ဟာ အရမ်းကို မာနကြီးပီးတော့ ဂုဏ်ယူဂင့်ကြွားလွန်းပါတယ်။ သူဟာ မာဒုချန်ကို အကြိမ်ကြိမ် ဖိတ်ခေါ်ခဲ့ရပီးမှ နောက်ဆုံးမှာ ဒီကိုလာဖို့ သဘောတူ တာပါ။ ဒါပေမဲ့ အခုတော့ မာဒုချန်က ယဉ်ကျေးစွာနဲ့ လောကဂတ် ပြုပြီး ရှိသေလေးစား နေတာကို သူ့အနေနဲ့ မယုံကြည်နိုင်အောင်ဖြစ်သွားရပါတယ်။

သူမရှိတဲ့ ဒီရက်အနည်းငယ်အတွင်းက ဘယ်အရာက သူ့သားကို ဒီလိုမျိုး ပြောင်းလဲမှု အများကြီးဖြစ်သွားအောင်လုပ်လိုက်တာလဲ?

``လင်းခေါင်းဆောင်... ငါတကယ်ပဲ သေသင့်ပါတယ် ...သင်မစိုးရိမ်ပါနဲ့.. ငါပြန်ရောက် တာနဲ့ ချက်ချင်းပဲ တစ်ယောက်ယောက်ကို ဆေးတွေ ပို့ဖို့ အလျင်အမြန် ဆောင်ရွက် ပေးပါ့မယ်.``

မာဒုချန်က ရိုရိုသေသေနဲ့ပဲ အရမ်းကို ညင်သာတဲ့လေသံနဲ့ပြောလိုက်ပါတယ်။ စောစော တုန်းက သူ့အနေနဲ့ လင်းဒေါင်ရှန်ကို ဆက်ဆံတဲ့ပုံကို ပြန်စဥ်းစားမိလိုက်တဲ့အခါ သူ့ နှလုံးခုန်သံက လျင်မြန်လာတာကို ထိန်းမရဖြစ်နေပါတယ်။ သူဟာ သေရမာကို အရမ်းကို ကြောက်ရွံ့နေခဲ့ပါတယ်။

လင်းဟာန်က စားပွဲခုံကို သူ့လက်ချောင်းတွေနဲ့ ခေါက်နေပြီးတော့ မေးလိုက်ပါတယ်။

``ဒါက ချန်ကလန်က မင်းကို လုပ်ခိုင်းလိုက်တာမဟုတ်လား``

မာဒုချန်က ချက်ခြင်းပဲ အူမြူးသွားပါတယ်...ဒါပေမဲ့ လင်းဟန်က ဆက်ပြီး ပြောတာကို ကြားလိုက်ရပါတယ်။

`` မင်းက လောဘကြီးတဲ့လူတစ်ယောက်ပဲလေ...မင်းရဲ့ အမူအကျင့်တွေအရ မင်းအနေနဲ့ လုံလောက်တဲ့ အကျိုးအမြတ် မရပဲနဲ့တော့ ချန်ကလန်ကို ကူညီမှာ မဟုတ်ဘူး...ငါ့ကိုပြောစမ်း ချန်ကလန်ကနေ မင်းအကျိုးအမြတ်ဘယ်လောက် လက်ခံထားလဲ?``

``ဒါက...``မာဒုချန် တုံ့ဆိုင်းဆိုင်း ဖြစ်သွားတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အကြည့်စူးစူး ကိုမြင်လိုက်ရတဲ့အခါမှာ လျှင်လျှင်မြန်မြန်နဲ့ပြန်ဖြေလိုက်တယ်။

`` ငွေပြား သုံးသောင်းပါ``

`` ဟင့် ချန်ကလန်က အတော်ကို ရက်ရောတာပဲ`` လင်းဒေါင်ရှန် နှာရှုံ့လိုက်တယ်။

ကလန်ရဲ့ ခေါင်းဆောင်အနေနဲ့ သူဟာ ငွေပြားသုံးသောင်းရဲ့ တန်ဖိုးကို အသေအချာ နားလည်ပါတယ်။ ချန်ကလန်နဲ့ လင်းကလန် နှစ်ခုစလုံးဟာ မယုံကြည်နိုင်လောက်အောင် ဂင်ငွေ အများကြီးရရှိကြသလို သူတို့ရဲ့ သုံးစွဲရတဲ့ ပမာဏ

ဟာလဲ အရမ်းကိုကြီးမားပါတယ်။ ငွေပြားသုံးသောင်းဆိုတဲ့ ပမာဏ ဟာ နှစ်နှစ်ကျော် သုံးနှစ်လောက် စုဆောင်းမှရတာပါ။ ဒါကို ချန်ကလန်က ဒီလောက်များပြားတဲ့ပမာဏ ကို အသုံးပြုပြီးတော့ မာဒုချန်ကို အကူညီတောင်းတယ်ဆိုတာက လင်းကလန်ရဲ့ အသက်သွေးကြောကို ဖြတ်ပစ်ဖို့အတွက် လုံး၀ အသေအချာ အကွက်ချ စီစဥ်ထားတာပဲ။

လင်းဟန်ပြောသလိုပဲ မာဒုချန်ဟာ လောဘကြီးတဲ့သူတစ်ယောက်ပါ။ သူ့ကို လင်းကလန်အတွက် ဆေးထောက်ပံ့ခိုင်းမယ်ဆိုယင် ငွေပြားသုံးသောင်းထက် ပိုမို တဲ့ ပမာဏနဲ့ ကမ်းလှမ်းရပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက လင်းကလန်က နှစ်ကြိမ်တိုင်တိုင် အတိုက်ခံထားရပါတယ် ဒါကြောင့် သူတို့မှာ ဖြစ်နိုင်သမျှ ရနိုင်တဲ့ ငွေကြေးတွေအကုန် သုံးစွဲထားရပါတယ်။ဒါကြောင့် ဘယ်နေရာကနေများ ငွေပြားသုံးသောင်းကိုရှာပြီးတော့ မာဒုချန် ကို သွေးဆောင်ရနိုင်မှာလဲ။

ဒီလုပ်ရှားမှုက ချန်ကလန်ကိုလဲ အနည်းငယ်တော့ထိခိုက်စေ ပါတယ် ဒါပေမဲ့ လင်းကလန်အတွက်တော့ အထိအခိုက်ပိုပြီး

ကြီးမားပါလိမ့်မယ်။

လင်းဒေါင်ရှန် ဟာ မပြုံးနိုင်တော့ပါဘူး။ ချန်ကလန် သုံးစွဲလိုက်တဲ့ ငွေပြား သုံးသောင်းဟာ သူတို့အတွက်တော့ အကျိုးမယုတ်ခဲ့ပါဘူး။

`` ငွေပြားသုံးသောင်း....ဒါကအရမ်းကို များတာပဲ``

လင်းဟန်က မာဒုချန်ကိုကြည့်ပြီး အပြုံးတုတစ်ခု ဖန်တီးလိုက်တယ်။

`` မှော်ဆေးပညာရှင်တွေက အရမ်းကို ဈေးကြီးတာပဲ ... သူတို့က ဒီလောက်များပြားတဲ့ ပမာဏကို အသုံးပြုပြီးတော့ သင့်ကိုတောင် သွေးဆောင် ဖျားယောင်းနိုင်တာပဲ``

`` သခင်လေးဟန်က ဟာသ လုပ်နေတာပဲ``

မာဒုချန် က သူ့နဖူးက စီးကျလာတဲ့ အေးစက်နေသော ချွေးတွေကို သုတ်ပစ်လိုက်ပါတယ်။ သူဟာ ငတုံးတစ်ယောက်မဟုတ်ပါဘူး။ သူသေချာပေါက် လင်းဟန်က ထေ့ငေါ့ပြောတယ်ဆိုတာကို သိပါတယ်။

`` မင်းကြောင့်ပဲ...ဒီရက်ပိုင်းမှာ ငါတို့လင်းကလန်က ကြီးကြီးမားမား ဆုံးရှုံး နစ်နာခဲ့ရ တယ်``

လင်းဟန်က တည်ငြိမ်အေးချမ်းတဲ့ လေသံနဲ့ပြောလိုက်တယ်။

မာဒုချန် က ချက်ချင်းပဲ ကျောချမ်းပြီး တုန်တုန်ယင်ယင်ဖြစ်သွားတယ်။ ဒါပေမဲ့ သူဦးနှောက်ထဲမှာ အလင်းရောင် တစ်ချက် လက်သွားပြီးတော့ လျှင်မြန်စွာနဲ့ ပြောလိုက်တယ်။

`` အမိက နောက်ကွယ်က လုပ်တဲ့ သူက ချန်ကလန်လို့ဆိုပေမဲ့လည်း ကျနော်ရဲ့ အမှား မကင်းခဲ့ပါဘူး ဒါကြောင့် ဒီငွေပြားသုံးသောင်းကို လင်းကလန်ရဲ့ ဆုံးရှုံးနစ်နာမှု အတွက် လျော်ကြေးအဖြစ်ပေးပါရစေ``

လင်းဒေါင်ရှန် အံ့သြသွားပါတယ်။ မာဒုချန်လို လောဘကြီးတဲ့ လူတစ်ယောက်က သူလာဘ်စားထားတဲ့ ဒီ ငွေပြားသုံးသောင်းကို တကယ်ပဲ လက်လွှတ်လိုက် တာကို မယုံ နိုင်လောက်အောင်ဖြစ်နေပါတယ်။ သူ့ရဲ့ သား ကဒီလောက်တောင်ပဲ ကြောက်ဖို့ ကောင်းနေတာလား?

ဒါကဘာယ်လိုလုပ်ပြီး ဖြစ်နိုင်မာလဲ။ သူ့နှလုံးသားထဲက သွေးတွေ ပန်းထွက်လာ သလို ခံစားနေရပေမဲ့လည်း မာဒုချန်ကတော့ တကယ့်ကို အပြုံးတွေနဲ့ ပြောနေတာကို မယုံကြည်နိုင်လောက်အောင်ပဲ မြင်တွေ့ရပါတယ်။

``ဒါက ကျနော် သေချာပေါက်လုပ်သင့်တဲ့အလုပ်ပါ.... ဒါမှ ကျနော့်ခံစားချက်လည်း နည်းနည်းသက်သာမှာပါ``

``ကောင်းပြီ ဒါဆိုလည်းပြီးတာပဲ....... ပြီးတော့ ငါ့အတွက် မင်း တစ်ခုခု လုပ်ပေးဖို့ လိုအပ်တယ်``

``သခင်လေးဟန် ဘာအလိုရှိပါသလဲပြောပါ ကျနော်သေချာပေါက် လုပ်ပေးမှာပါ``

`` မနက်ဖြန်ကစပြီးတော့ ချန်ကလန်ကို ထောက်ပံ့ပေးအပ်ရမဲ့ မှော်ဆေးလုံးတွေကို ငါတို့လင်းကလန် က ပြန်ရောင်းချနိုင်ဖို့အတွက် ပေးရမယ်``

လင်းဒေါင်ရှန်အနေနဲ့ဒါကို ကြားလိုက်တဲ့အခါမှာ ထိတ်လန့်အံ့အားသင့်သွားပါတယ်။ မှော်ဆေးလုံးတွေဟာ လင်းကလန်အတွက် အကြီးမားဆုံးဝင်ငွေရနိုင်တဲ့ လုပ်ငန်း နှစ်ခု ထဲက တစ်ခုပါ။ တကယ်လို့များ သူတို့ရဲ့

အထောက်အပံ့ရတဲ့ပမာဏသာ နှစ်ဆဖြစ်သွား ခဲ့ယင် သူတို့ရဲ့ အကျိုးအမြတ်ကလဲ နှစ်ဆတောင်ဖြစ်သွားပါလိမ့်မယ်။ တစ်ချိန်တည်းမှာ ချန်ကလန်ရဲ့ ဂင်ငွေကလဲ လျော့ကျသွားပါလိမ့်မယ်။

ဒါတွေသာ နှစ်ပေါင်းအနည်းငယ်လောက် ဆက်တိုက်ဖြစ်လာခဲ့ယင် ချန်ကလန်ရဲ့ အင်အားက လင်းကလန်ရဲ့အင်အားနောက်မှာ အပြတ်အသတ် နောက်ကျ ကျန်နေခဲ့ မှာဖြစ်ပြီးတော့ လင်းကလန်အနေနဲ့ ချန်ကလန်ကို ပြတ်ပြတ်သားသားအနိုင်ယူပြီး တိမ်မီးခိုးမြို့ရဲ့ အင်အားအကြီးနဲ့ အရေးပါဆုံး ကလန်ကြီးတစ်ခု ဖြစ်လာပါလိမ့်မယ်။

မာဒုချန်က လျှင်မြန်စွာ တုံ့ပြန် အဖြေပေးလိုက်ပါတယ်။

``ဒါပေ့ါ ဒါပေ့ါ``

ဒီကိစ္စအတွက် သူ့အနေနဲ့က အမိန့်တစ်ချို့ပေးလိုက် ဖို့ပဲ လိုအပ်တာပါ သူ့အတွက် ဘာမှ ထိခိုက်နစ်နာစရာမရှိဘူးလေ။

လင်းဟန်က အပြုံးလေးနဲ့ပြောလိုက်တယ်။(အပြုံးလေး

ဆိုတာ အေသင်ချိုဆွေ သီချင်းမဟုတ်ပါဘူးနော်)

``ငါ မင်းကို ဒီအတွက် အကျိုးအမြတ်အနေနဲ့ ဘယ်လောက်ပေးရမလဲ``

``အိုး ဟိုးဟိုး... သခင်လေးဟန်က တကယ့်ဟာသ ပညာရှင်တစ်ယောက်ပဲ``

မာဒုချန်က ခြောက်ကပ်ကပ်နဲ့ရီမောလိုက်ပါတယ်။

``ကောင်းပြီလေ.... ဒါဆိုယင် မင်းကို အခုမလိုအပ်တော့ဘူး ဒီတော့ မင်းလုပ်စရာရှိ တာကို သွားလုပ်ပါ``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပီး မာဒုချန်ကို နှင်ထုတ်လိုက်ပါတယ်။

``အာ... မပြန်ခင် ညစာလေးသုံးဆောင်သွားပါဦး``

လင်းဒေါင်ရှန်က ယဉ်ကျေးစွာနဲ့ပြောလိုက်ပါတယ်။ မာဒုချန်က သူတို့အတွက် တစ်ခုခု သွားလုပ်ပေးတော့မှာလေ။

မာဒုချန်က ဒီနေရာမှာ ဆက်နေဖို့ မပွံ့ရဲတော့ပါဘူး ဒါကြောင့်သူ့လက်ကို ပွေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်တယ်။

`` မလိုပါဘူး မလိုပါဘူး…ကျနော်ပြန်ပြီးတော့ အလုပ်လေးတွေ သွားလုပ်လိုက်ပါဦးမယ်``

မာဒုချန်က သူ့လက်နှစ်ဖက်ကို ရိုရိုသေသေဆုပ်ကိုင်ပြီး လင်းဟန်ကို ဂါရဝ ပြုပြီး လင်းဒေါင်ရှန်ဘက်ကိုလဲ လှည့်ပြီးဂါရဝပြုရင်းနဲ့ နောက်ကအခန်းတံခါးဆီကို တဖြေးဖြေး ဆုတ်ပြီး ထွက်ခွာသွားပါတယ်။

``ဟန်အာ ငါတို့ ဒီနေ့ သူ့ကို ဒီလိုဆက်ဆံလိုက်တာက ရန်ငြိုးဖွဲ့သလို ဖြစ်သွားမလား?``

လင်းဒေါင်ရှန်ကမေးလိုက်ပါတယ်။ ဘာဖြစ်ဖြစ် မာဒုချန်က မျော်ဆေးပညာရှင်လေ။ သူတို့က သူ့ကို တံစိုးလာဘ်ဆောင် တစ်ခုမှမပေးတဲ့အပြင် လင်းဟန်က တောင် ရိုင်းစိုင်းပြောဆို ဆက်ဆံခဲ့လိုက်သေးတယ်လေ။

လင်းဟန်ကပြုံးပြုံးလေးပြောလိုက်တယ်။

``ဘာမှမစိုးရိမ်ပါနဲ့ အဖေ.... ဒီလူပုံစံက သူ့ထက် သန်မာတဲ့သူကို ဖားတတ်ပြီး အားနည်းတဲ့သူကို အနိုင်ကျင့်တတ်တဲ့လူစားမျိုးပါ``

လင်းဒေါင်ရှန်က သူ့သားကို မာဒုချန်က ဘာလို့ကြောက်ရွံ့ ရှိသေနေရတယ်ဆိုတာကို မမေးခဲ့ပါဘူး။ သူ့သားဟာ အရွယ်ရောက်လာပြီဖြစ်လို့ သူ့မှာလဲ ကိုယ်ပိုင် လျှို့ဝှက်ချက်တွေရှိနေမှာပါ။ အဖေတစ်ယောက်အနေနဲ့ သူလုပ်ရမှာက သူ့သားကို အစွမ်းကုန် ထောက်ပံ့ပေးဖို့ပဲလိုပါတယ်။

ဒ့ါအပြင် သူက နောက်ထပ်ခြေလှမ်းတစ်ခုကို စတင်ဖို့အတွက် ပြင်ဆင်ပြီးခဲ့ပါပြီ။ အခု သူတို့ရဲ့ တန်ပြန်တိုက်စစ် စတင်ရတော့မဲ့ အချိန်ရောက်ပါပြီ။

``မော်ဆေးပညာရှင် မာ``

မာဒုချန် အပြင်ကိုထွက်လာတာကိုမြင်တဲ့အခါမှာ လင်းရှောင်ယွမ်နဲ့ သူ့မြေးတို့က နောက်ကလိုက်လာပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

သူတို့မြေးအဘိုးနှစ်ယောက်ဟာ

စားသောက်ဆိုင်ကနေထွက်လာပြီးတော့ ဒီနေရာမှာ ရပ်စောင့်နေခဲ့ကြတာပါ။

လင်းဟန်ရဲ့အရှေ့မှာ မာဒုချန်ဟာ ခွေးလိမ္မာလေးတစ်ကောင်လိုမျိုး ပြုမူခဲ့ပါတယ်။ ဟုတ်ပါတယ် တစ်ခြားသူတွေအရှေ့ရောက်တာနဲ့ သူဟာ ချက်ခြင်းပဲ မာနကြီးမားတဲ့ အသွင်ဖြစ်သွားပါတယ်။

သူက နှာခေါင်းရှုံ့ပြီးတော့ မေးလိုက်တယ်။

`` မင်းတို့ငါနဲ့ ဆွေးနွေးစရာကိစ္စရှိလို့လား?``

`` မော်ဆေးပညာရှင် မာ .. သင်မြင်တဲ့အတိုင်းပဲ လင်းဟန်နဲ့ မုယွမ်တို့ဟာ ကလန်တစ်ခု ထဲက ညီအကိုတွေပါ.. ကျေးဇူးပြုပြီးတော့ ထောက်ထားစာနာသော အားဖြင့် မုယွမ်ကို ဆက်ပြီး မော်ဆေးပညာတွေကို သင်နဲ့အတူ သင်ယူလေ့လာ ခွင့်ပြုလို့ မရဘူးလား?``

မာဒုချန်က ရီမောပြီး ပြောလိုက်ပါတယ်။

``လင်းအိမ်တော်ထိန်းကြီး.... ဒီကိစ္စကို ငါဆုံးဖြတ်ပေးလို့မရဘူး..တကယ်လို့ အနာဂါတ်မှာ

သင့်ရဲ့မြေးကို မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်စေချင်တယ်ဆိုယင် သင့်အနေနဲ့ သခင်လေးဟန်ရဲ့ ခွင့်ပြုချက်ကိုရဖို့ အယင်ဆုံးလုပ်သင့်တယ်... .အဲလိုမှမဟုတ်ယင် တခြားမှော်ဆေးပညာရှင်ကို ရှာခဲ့မယ်ဆိုယင်တောင်မှ ဒါက အသုံးဝင်မှာမဟုတ်ဘူး ဘယ်သူကမှ သင့်မြေးကို တပည့်အနေနဲ့ လက်ခံရဲမှာမဟုတ်ဘူး...``

``ဘယ်လို``

လင်းရှောင်ယွမ်နဲ့ သူ့မြေး က လုံးဝ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပါတယ်။ ဒီလိုအမိုက်ကောင်က ဘယ်လိုလုပ် ဒီလိုမျိုး စွမ်းအားမျိုးရှိနေရတာလဲ။

``မင်းက ငါ့ကိုမယုံကြည်လို့ရပါတယ် ဒါပေမဲ့ ငါအနေနဲ့ ဘာမှလုပ်ပေးလို့မရဘူး.. ဒါကြောင့် ကျေးဇူးပြုပြီး မင်းတို့ရဲ့ ပြသနာထဲကို ငါ့ကို ဆွဲမသွင်းပါနဲ့``

မာဒုချန်က သူ့လက်ကို ပွေ့ယမ်းလိုက်တယ်။

``ဒါပေမဲ့ မင်းတို့ကို ငါအနေနဲ့ အကြံပေးလိုက်ပါရစေ...

သခင်လေးဟန်ကို ဘယ်တော့မှ မဆန့်ကျင်ပါနဲ့ အဲဒီလိုမှမဟုတ်ယင် မင်းတို့ ကံကြမ္မာတွေ ဘယ်လိုဖြစ်မလဲဆိုတာကို မင်းတို့မသိဖြစ်သွားမယ်.....``

သူတို့အားလုံးက လင်းကလန်ကလူတွေချည်းပါပဲ ..သူတို့သာ စိတ်ရင်းအမှန်နဲ့ လင်းဒေါင်ရှန်နဲ့ သခင်လေးဟန်ကိုသာ တောင်းပန်ခဲ့မယ်ဆိုယင် အနာဂါတ်မှာ ဘယ်လိုအကျိုးအမြတ်တွေရလာမယ်ဆိုတာကို ဘယ်သူမှမပြောနိုင်ပါဘူး.

ဒီ့အပြင် လင်းဟန်ဆိုတာ ဂရန်းမာစတာ ဖူဟဲချင် ကိုယ်တောင်ကတောင် ရိုသေလေးစားစွာ ဆက်ဆံရတဲ့ လူတစ်ယောက်ပါ။.

အပိုင်း(၂၆)မြေနဂါးမြက်ပင်ရဲ့ သတင်း
မာဒုချန်က သူပြောခဲ့သလိုပါပဲ ဒီကိစ္စဟာ သူနဲ့လုံးဝကို မသက်ဆိုင်ပါဘူး ဒါကြောင့် သူဟာလျှင်လျှင်မြန်မြန်နဲ့ပဲ ထွက်ခွာသွားခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်အမိန့်ပေးထားတဲ့ ကိစ္စတစ်ချို့ကို အောင်မြင်အောင်လုပ်ဖို့ ကျန်နေပါသေးတယ်။

``အဘိုး..ကျနော်တို့ သူပြောသလိုပဲ လင်းဒေါင်ရှန်နဲ့ သူ့သားခိုင်းတာတွေကို နာခံရ တော့မှာလား``

လင်းမုယွမ်က အံကြိတ်ပြီးမေးလိုက်ပါတယ်။ လင်းဟန်လို အမှိုက်ကောင်လို လူသိများ တဲ့ကောင် က သူ့ကို အခုလိုမျိုးအခြေအနေဖြစ်အောင် လုပ်နိုင်လိမ့်မယ်လို့လဲ မမျှော်လင့်ထားပါဘူး။ ပြီးတော့ အဲလိုအမှိုက်ကောင်ဆီက အမိန့်ကိုနာခံပီး သူခိုင်းသလိုသာလုပ်ရမယ်ဆိုယင် သူ့ကိုသူ တုံးတစ်ယောက်လိုတောင် ထင်မြင် မိပါလိမ့်မယ်။

လင်းရှောင်ယွမ်က သူ့လက်ကို အားပါပါနဲ့ရမ်းလိုက်ပီး

`` ဒါပေ့ါ ငါတို့ဘာလို့လုပ်ရမှာလဲ မလုပ်ဘူး.....ငါဒီနှစ်တွေအတွင်းမှာ အရမ်းကိုကြိုး စားခဲ့တယ် ဘယ်လိုလုပ်ပီးတော့ ဒီလိုအမှိုက်ကောင်က ငါ့ရဲ့ကြိုးစားထားတာတွေကို ပျက်စီးအောင်လို့ လုပ်ခွင့်ပေးရမှာလဲ ဒီကောင်စုတ်လေးက သူ့ကိုယ်သူ တကယ့်အမှိုက် တစ်ခုလိုမျိုး ဟန်ဆောင်နေတာပဲ ဖြစ်ယင်တောင်မှ ငါ့ လင်းကလန်ကို အပိုင်သိမ်းမဲ့ လမ်းကြောင်းမှာ သူဘယ်လိုမှ နှောက်ယှက်လို့ မရစေရဘူး``

``ဒါပေမဲ့ အဘိုး.. ကျနော်တို့ အခု ဘာဆက်လုပ်ကြမလဲ``

`` စောင့်ဦး...ဒီအချိန်မှာ ချန်ကလန်နဲ့ သူတို့ကြားက ဆက်ဆံရေးက အရမ်းကို တင်းမာနေတယ် လင်းဒေါင်ရှန်အနေနဲ့ မာဒုချန်ရဲ့ အကူအညီနဲ့ တန်ပြန်တိုက်စစ် ဆင်မယ်ဆိုယင်တောင်မှ ချန်ကလန်က လွယ်လွယ်နဲ့အရှုံးပေးမှာမဟုတ်ဘူး သူတို့ကို ထောင့်ရောက်အောင် ဖိအားပေးလိုက်တာနဲ့ သေချာပေါက် တိုက်ပွဲကို ထဲကို ဂင်ရောက် လာလိမ့်မယ်...... အဲဒီအချိန်မှာ ငါတို့က လင်းဒေါင်ရှန်ကို အနောက်ကနေ ဖိအားတွေထပ်ပေးပြီးတော့
ကလန်ခေါင်းဆောင်ရာထူးကနေ
နှုတ်ထွက်ခိုင်းရလိမ့်မယ်``

`` အဘိုး ဒီခွေးကောင် လင်းဟာန်ကို ကျနော့အတွက်ချန်ပေးရလိမ့်မယ်နော် .. ကျနော်သူ့ကို ကျနော့လက်နဲ့ကိုယ်တိုင် သတ်ပစ်ချင်တယ်..``

``မင်းဆန္ဒရှိတဲ့အတိုင်းဖြစ်စေရမယ် ငါ့မြေး``

လင်းရှောင်ယွမ် က အေးစက်စွာပြုံးပြီးတော့ပြောလိုက်တယ်။
(သေမှာ မင်းတို့ဆိုတာငါမြင်ယောင်သေးတယ်နော်)

နောက်တစ်နေ့မနက်.......

ဖူဟဲချင်က လင်းကလန်ကို နောက်တစ်ကြိမ် အလည်အပတ်ရောက်လာခဲ့ပါတယ်။

အခု လင်းဒေါင်ရှန်အနေနဲ့ သူ့သားကို မာဒုချန်က ဘာလို့ ရှိသေလေးစားနေရတယ် ဆိုတာကို နောက်ဆုံးမှာတော့ နားလည်သွားခဲ့ပါပြီ။ ဘာလို့လဲဆိုတော့ ဖူဟဲချင်လို အနက်ရောင်အဆင့်မှော်ဆေးပညာရှင်တောင်မှ လက်နှစ်ဖက်ကို ဆုပ်ပြီး အမိန့်နာခံတတ်တဲ့ ကျောင်းသားတပည့်တစ်ယောက်လိုမျိုး လင်းဟန်ရဲ့ဘေးနားမှာ ရပ်နေတာကိုမြင်လိုက်ရလို့ပါပဲ။

ဒီလို ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်အပျက်က လင်းဒေါင်ရှန်ကို ပိုပြီးအံ့အားသင့်စေပါတယ်။(လွီယုထန်ကတော့ သူနဲ့ အတူတူ အံ့အားသင့်မဲ့သူရှိနေပီဆိုပြီး ပျော်နေလောက်ပီဟဟ)။ ဘာလို့လဲဆိုတော့ နောက်ဆုံးဖြစ်ခဲ့တဲ့ ကိစ္စက အဂ်ါရောင်အဆင့် မှော်ဆေးပညာရှင်ပဲလေ အခု အနက်ရောင်အဆင့် မှော်ဆေးပညာရှင် ကိုယ်တိုင်တောင်မှ သူ့သားကို ရှိသေလေးစားနေရတယ်။ ဒီမှာ

ဘာတွေဖြစ်ကုန်ပြီလဲ။

ဇူဟဲချင် လာလည်ရတဲ့ အကြောင်းရင်းက လင်းဟန်ကို သတင်းအချို့ပြောပြချင်လို့ ဖြစ်ပါတယ်။

ဒါဟာ လေတောင်တန်းခုနစ်မှာ မြေနဂါးမြက်ပင်အပွင့် ပေါ်ထွက်လာတဲ့ သတင်းပဲဖြစ်ပါတယ်။

လွန်ခဲ့တဲ့ရက်အနည်းငယ် လှိုယုထန်ဟာ သေးငယ်သောတိမ်တိုက်နဲ့ ရေ ဆေးလုံးကို ဖော်စပ်ဖို့ ဆေးအမယ်တွေသွား ဂယ်တဲ့အချိန်မှာ သူမဟာဇူဟဲချင်ကို နောက်ထပ် ဆေးတစ်မျိုးဖော်စပ်ဖို့အတွက် ပါဂင်တဲ့ဆေးအမယ်တွေကို မေးခဲ့ပါသေးတယ်။ အဲဒီဆေးဖော်စပ်နည်းထဲမှာ စုစုပေါင်းဆေးအမယ် လေးမျိုးပဲပါပေမဲ့ အရမ်းကိုရှားပါး တယ်လို့ သတ်မှတ်ထားတဲ့ အပင်တွေဖြစ်ပါတယ်။ ကောင်းကင်ဆေးအိမ်တောင်မှာ တောင် အဲဒီ ဆေးအမယ်တွေ ရှိမနေခဲ့ပါဘူး။

မိုးရေနိုင်ငံရဲ့ ဌာနခွဲ သိုလှောင်ရုံမှာ လုံးဂမရှိပါဘူး။ ဒါ့အပြင် ဇူဟဲချင်ရဲ့ လက်ရှိ အဆင့်အတန်းနဲ့ ပိုကြီးမားတဲ့ ဌာနတွေမှာ ရှိမရှိ စစ်ဆေးဖို့ တောင်နည်းလမ်းမရှိတာ လွဲပြောင်းပေးပို့ ဖို့ဆိုတာ မပြောပါနဲ့။

ဒီဆေးဖော်စပ်နည်းက လင်းဒေါင်ရှန်ရဲ့ စိတ်ဂိဉာဉ်အခြေခံကို ကုသမဲ့ ဆေးကို ဖော်စပ်ဖို့ပဲဖြစ်ပါတယ်။ ဆေးရဲ့နာမည်ကတော့ စိတ်ဂိဉာဉ်ထိန်းသိမ်းခြင်း ဆေးလုံးဖြစ်ပြီး မြေကြီးအလယ်အလတ်အဆင့် ဆေးလုံးလည်းဖြစ်ပါတယ်။

မြေကြီးနဂါးမြက်ပင်က ဒီဆေးကိုဖော်စပ်ဖို့ လိုအပ်နေတဲ့ဆေးအမယ် တစ်ခုပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီသတင်းကိုရတာနဲ့ ဖူဟဲချင်ကိုယ်တိုင်ပဲ လင်းအိမ်တော်ကို အလျှင်အမြန်လာပြီးတော့ လည်ပါတ်တာပါ။ နောက်ပီးတခြား ရည်ရွယ်ချက်က သူ့အနေနဲ့ လင်းဟန်ကို ဒီအရေးကြီးသတင်းကို တင်ပြရင်းနဲ့ လင်းဟန်ရဲ့ လမ်းညွှန်မှုတစ်ချို့ကိုလဲ လိုအပ်နေလို့ဖြစ်ပါတယ်။ သူ့အနေနဲ့ တစ်ခြား အချိန်တွေမှာ လာပြီးတော့ လင်းဟန်ကို စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပုံ့ပါဘူး။

လင်းဟန်အူမြူးသွားပါတယ်။ ဒါပေမဲ့ လေတောင်တန်းခုနစ် အကြောင်းကို သေသေချာချာ နားထောင်ပြီးတဲ့အခါမှာတော့ ချက်ခြင်း ခရီးထွက်ဖို့ကို ပယ်ဖျက်လိုက်ပါတယ်။

အကြောင်းပြချက်ကတော့....ဒီသတင်းကိုယူလာတဲ့သူက

ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ရဲ့ သန်မာတဲ့ စစ်သည်တော်တစ်ယောက်ပါ။ သူက ဆေးပင်ရှာဖွေသူ အဖွဲ့တစ်ဖွဲ့ကို ရှာတွေ့ခဲ့ပြီးတော့ အဲဒီထဲက တစ်ယောက်က သေခါနီးနေပါပြီ။ သူကမသေခင်မှာ အသိုက် .... ကြီးမားတဲ့အနီရောင်မြွေ.....မြေနဂါးမြက်ပင်... ဒီစကားတွေကိုပဲ ပြောနိုင်ခဲ့ပါတယ်။

သေချာသုံးသပ်ကြည့်လိုက်တော့ မြေနဂါးမြက်ပင်က လေတောင်တန်းခုနစ်မှာ ရှိပြီး ကြီးမားတဲ့ အနီရောင်မြွေကြီးက ၄င်းကို စောင့်ကြပ်နေတယ်ဆိုတာ သိလိုက်ရတယ်။ သန်မာတဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ စစ်သည်တော်ကိုတောင်မှ ဒါဏ်ရာ အမြောက်အများရစေနိုင်တဲ့ မြွေကြီးပေါ့။

လင်းဟန်က ဒီအနီရောင်နဂါးအကြေးခွံနဲ့မြွေကြီးက မြေနဂါးမြက်ပင်နားမှာ ဘာလို့စောင့်ကြပ်နေလဲဆိုတာကို သူကောင်းကောင်းကြီးကိုသိတာပေ့ါ။ ဒီမြွေက မြေနဂါးမြက်ပင်ကနေထုတ်လွှတ်တဲ့ နဂါးချီတွေကို စုပ်ယူပြီးတော့ တဖြေးဖြေး ဆင့်ကဲပြောင်းလဲပြီး မြွေကနေ နဂါးအဖြစ်ကို လုံးဝပုံစံပြောင်းလဲသွားမှာပဲဖြစ်ပါတယ်

အရှယ်ရောက်နေတဲ့ အနီရောင်နဂါးကြေးခွံနဲ့မြွေကြီးက

ဒြပ်စင်စုစည်းခြင်းအဆင့် ၉ စစ်သည်တော်တစ်ယောက်ရဲ့ အစွမ်းနဲ့ နိုင်းယှဉ်လို့ရပါတယ်။ဒါ့အပြင် သူက နဂါးသွေး မျိုးဆက်ကို ပိုင်ဆိုင်ထားတဲ့အတွက် သာမာန် ဒြပ်စင်စုစည်းခြင်း အဆင့် ၉ စစ်သည်တော်ထက်တောင်မှ ပိုသန်မာပါသေးတယ်။ ဒါဟာ နေ့ဦးစမ်းရေအဆင့်ကို ရောက်ဖို့ ခြေတစ်လှမ်းပဲလိုတော့တယ်လို့ယူဆနိုင်ပီး ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့ ဘုရင်တပါးလို့ သတ်မှတ်နိုင်ပါတယ်။

လင်းဟန်အနေနဲ့ လက်ရှိသူ့ ကျင့်စဉ်အဆင့်နဲ့ ဒီ လေတောင်တန်းခုနစ် ကို ဖြတ်သန်းပြီး ပြီးတော့ သူသိလိုက်ရတဲ့ အသိုက် ဆိုတဲ့စကားကြောင့် သူဟာ လီယုထန်ရဲ့ အကူအညီကို ရယင်တောင်မှ ဒီ အနီရောင်နဂါးကြေးခွံနဲ့ မြွေကြီးနဲ့ လက်ရည်တူ ယှဉ်ပြိုင်လို့ မရသေးပါဘူး။

သူ့အနေနဲ့ လေတောင်တန်းခုနစ် ဆီကို သေချာပေါက် သွားရပါလိမ့်မယ်။ ဒါပေမဲ့ ဒီခရီးစဉ်အတွက် အားလုံးကို သေချာပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင် အနီရောင် နဂါးအကြေးခွံ မြွေရဲ့ အမြုတေ က အလွန်ကောင်းမွန်နဲ့ မူလဆေးလုံး ကို

ဖော်စပ်လိုရတယ်။ဒီဆေးလုံးကို ဒြပ်စင်စုစည်းခြင်းအဆင့်မှာ သုံးစွဲ လိုက်မယ်ဆိုယင် အဆင့်တစ်ဆင့် ကို တိုက်ရိုက်တက်သွားပါမယ်။ ဒါ့အပြင် အနီရောင် နဂါးအကြေးခွံမြွေ က နဂါးသွေးကို ဆက်ခံထားပြီး ၄င်းသွေး က အလွန်ကို ခွန်အားပြည့်ဂ ပြီး လင်းဟန်ကို သေဆုံးခြင်းသစ်ပင် အဆင့် (ကောင်းကင်မျော်စာလိပ် ရဲ့ ပထမအဆင့်) ကို အမြန်ဆုံး ဖမ်းဆုပ်နိုင်အောင်လို့ ကူညီပေးနိုင်ပါတယ်။

လင်းဟန်က လေ့ကျင့်ခြင်းမှာ ကြိုးစားပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်မှ လေတောင်တန်း ခုနစ်ခု ဆီကို သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက မြွေနဂါး အမြုတေ ကိုသုံးပြုပြီးတော့ သူ့ကျင့်စဥ်အဆင့်ကို ဒြပ်စင်စုစည်းခြင်းအဆင့် ၃ သို့ လျှင်မြန်စွာ အဆင့်တက်အောင်လို့ လုပ်နိုင်ပါတယ်။ ပြီးတဲ့အခါမှ အဆင့်လေးကို လွယ်လွယ်ကူကူ နဲ့ အဆင့်တက်နိုင်ပါလိမ့်မယ်။

ပြီးတော့ သူ့အနေနဲ့ တိုက်ပွဲအတွေ့အကြုံတွေရှာပြီး သူ့ရဲ့ ခွန်အားကို ခိုင်မာအောင်လို့ မြှင့်တင်ချင်ပါသေးတယ်။ သူ့ရဲ့အယင်ဘဂတုန်းက သူဟာ သိုင်းပညာရပ်တွေအားလုံး လိုလို ပိုင်ဆိုင်ခဲ့ပေမဲ့ တိုက်ပွဲမှာ

အသန်မာဆုံးတစ်ယောက်လို့ သတ်မှတ်ခံရခြင်း မရှိခဲ့ပါဘူး။

ဒီအတွက်အကြောင်းပြချက် ရိုးရိုးလေးတစ်ခုပါပဲ။ သူ့ရဲ့ ကျင့်စဉ်လမ်းကြောင်းက တခြားသူတွေထက် ပိုပြီးလျှင်မြန်ခဲ့ပါတယ် ဘာလို့လဲဆိုတော့ သူ့မှာ ကောင်းကင်အဆင့် အဆင့်မြင့် စိတ်ဝိဉာဉ်ရှိနေလို့ပါ။ အယင်ဘဂက လင်းဟန်က အရမ်းကို ပါရမီပါပြီး ဉာဏ်အရမ်းကောင်းခဲ့ပါတယ် ဒါကြောင့်လဲ ပထမဆုံး မှော်ဆေး ဧကရာဇ်ဖြစ်လာခဲ့ပြီးတော့ အခုချိန်ထိ ဘယ်သူကမှ သူလိုအဆင့်ထိ အောင်မြင်မှု မရရှိ ပါဘူး။ သူ့ရဲ့အချိန်အများစုကို သူက မှော်ဆေးပညာရပ်လေ့လာခြင်းနဲ့ ဆေးဖော်စပ်ခြင်း တို့မှာအများဆုံး အသုံးပြုခဲ့ပါတယ်။ဒါကြောင့် သူဟာ သူ့ရဲ့ ကျင့်စဉ်အဆင့် တိုးတက်ဖို့နဲ့ သိုင်းပညာရပ်အစွမ်းတွေကို ထုတ်ဖော်ဖို့ အတွက်တော့ သူဟာ ကျန်နေခဲ့ပါတယ်။

ဒါပေမဲ့ ဒါက ပြသနာမဟုတ်ပါဘူး။ သူ့ရဲ့ ကျင့်စဉ်ကျင့်တဲ့ အရှိန်က အရမ်းကို မြန်ပါတယ်။ ပြီးတော့ မှော်ဆေးလုံးတွေရဲ့ အထောက်အပံ့ကိုပါ ထည့်သွင်းလိုက်တော့ သူ့ပြိုင်ဘက်တွေက သူနဲ့ဘယ်လိုလုပ်ပြီး နှိုင်းယှဉ်လို့ရမှာလဲ။ သူ့အနေနဲ့ ပြိုင်ဘက်ကို အနိုင်ယူဖို့အတွက် ကျင့်စဉ်အဆင့်ကို အဆင့်တက်လိုက်ဖို့ပဲလိုပါတယ်။

သူ့အနေနဲ့ တခြား နည်းဗျူဟာတွေ အသုံးပြုဖို့မလိုအပ်ခဲ့ပါဘူး။

ဒါပေမဲ့ သူ သိုင်းပညာထိပ်သီးအဆင့်ကိုရောက်သွားတဲ့အချိန်မှာတော့ အဲဒီအားနည်းချက် တွေက ထွက်ပေါ်လာပါတယ်။

လင်းဟန်ရဲ့ အယင်ဘာဂက သန်မာတဲ့ ကောင်းကင်အဆင့် စစ်သည်တော် စုစုပေါင်း ၇ ယောက်တိတိရှိပါတယ်။ တိုက်ပွဲစွမ်းအားပေါ် အခြေခံပြီး အမှတ်စဉ်ရေတွက်လိုက်မယ် ဆိုယင် သေချာပေါက် သူက နောက်ဆုံးမှာပါ.။အကြောင်းကတော့ သူက သူ့ရဲ့ မှော်ဆေးလုံးတွေကို အသုံးပြုပြီးတော့ ကျင့်စဉ်အဆင့်ကို မြင့်တက်အောင်လုပ်ခဲ့ပေမဲ့ သူ့မှာ တိုက်ပွဲအတွေ့အကြုံ အများကြီးမရှိပါဘူး။

ဒါကြောင့် သူ့ရဲ့ ကျင့်စဉ်အဆင့်က ကောင်းကင်အဆင့်ဆိုပေမဲ့ အမှန်တကယ်တော့ အနှစ်သာရမရှိဘူးလို့တောင် ပြောလို့ရပါတယ်။

တကယ်လို့ သူသာ နှစ်ပေါင်းတစ်ရာလောက် သိုင်းပညာစွမ်းရည်တွေကိုပဲ အဆက်မပြတ်

လေ့ကျင့်ခဲ့မယ်ဆိုယင် ဒီချို့ယွင်းချက်ကို ဖြည့်နိုင်ပါလိမ့်မယ်. သူက အရမ်းကိုငယ်ရွယ်ပါသေးတယ်။ သမိုင်းမှာတောင် အသက် ၃၀၀ ကျော် ကောင်းကင်အဆင့် တစ်ယောက်က အရမ်းကိုရှားပါးပြီးတော့ လက်တစ်ဖက် ထဲနဲ့တောင် ရေတွက်လို့ရပါတယ်။

လက်ရှိဘဝမှာတော့ လင်းဟန်အနေနဲ့ စက္ကူကျားလိုမျိုးထပ်ပြီး မဖြစ်ချင်ပါဘူး။ လင်းဟန်က အရမ်းကြီးမတွေးခဲ့ပါဘူး။ ကောင်းကင်အဆင့် ဒြပ်စင်ငါးမျိုး ကျင့်စဉ်ကို နေ့တိုင်းလေ့ကျင့်ပြီး သူ့ရဲ့ သိုင်းပညာစွမ်းကိုလဲ တိုးတက်အောင်လို့ စတင်လိုက်ပါတယ်။ သူ့ရဲ့အယင်ဘဝက အဂါရောင် အဆင့်နဲ့ အနက်ရောင်အဆင့် သိုင်းပညာအစွမ်းတွေကို အစောပိုင်းအဆင့်ကတည်းက အသုံးမပြုခဲ့ပါဘူး။ သူက အမြဲတစေ ကောင်းကင်အဆင့်သိုင်းပညာရပ်ကို အသုံးပြုခဲ့ပြီး တစ်ခါတစ်လေမှာတော့ မြေကြီးအဆင့် သိုင်းပညာကျင့်စဉ်ကို အသုံးပြုခဲ့ပါတယ်။

ဒါပေမဲ့ အခု သူ့အနေနဲ့ အဂါရောင်အဆင့် သိုင်းပညာကျင့်စဉ်ကိုပဲ အသုံးပြုနိုင်မှာဖြစ်ပါတယ်။သူ့အနေနဲ့ လေ့ကျင့်ရေးမှာ ပိုမိုကြိုးစားပြီးတော့ အဆင့်တူတွေအထဲမှာ

အနိုင်မခံအရှုံးမပေးတဲ့ လူတစ်ယောက်ဖြစ်အောင် လုပ်ရပါမယ်။ ပြီးတော့ သူနဲ့သူပြိုင်ဘက်ကြားက ကျင့်စဉ်အဆင့် မတူယင်တောင်မှ အနိုင်ယူနိုင်အောင်လို့ သူကြိုးစားရပါမယ်။

ဒါအပြင် သူ့လက်ထဲမှာ အဆင့်မြင့် ပညာရပ် အမျိုးမျိုးရှိပြီးတော့ အနည်းစုကသာ အဆင့်နိမ့် လေးတွေပါ။

ဒါကပုံမှန်ပါပဲ အယင်က သူက ကောင်းကင်အဆင့်သန်မာတဲ့ စစ်သည်တော် ဖြစ်ခဲ့ပါတယ်. သူ့အနေနဲ့ ရှေးဟောင်းနယ်မြေတွေကနေ အဂါရောင်နဲ့ အနက်ရောင် အဆင့် သိုင်းပညာကျင့်စဉ်တွေအများကြီး ရရှိခဲ့ပါတယ် ဒါပေမဲ့ သူ့အနေနဲ့ တစ်ခုမှ မလေ့ကျင့်ခဲ့ပါဘူး။အချို့ကိုတောင် လွှင့်ပစ်ခဲ့ပါသေးတယ်။

ကျေးဇူးတင်ရမှာက အယင်ဘဝက သူဟာ သိုင်းပညာရှင်တစ်ယောက်ဖြစ်ခဲ့ပြီး တဖြေးဖြေးနဲ့ အောက်ခြေအဆင့်ကနေကြိုးစားလာခဲ့ရတဲ့အတွက် သူ့မှာ အဆင့်နိမ့် အဆင့် သိုင်းပညာကျင့်စဉ်အနည်းငယ် ပိုင်ဆိုင်ထားပါသေးတယ်။

လျှပ်စစ်ဓါးကျင့်စဉ်၊ မီးပုံလက်ဝါးကျင့်စဉ်၊

ဖောက်ခွဲကျားသစ်လက်သီး၊တိမ်ထွက်ခြေလှမ်း

အားလုံးဟာ အဂါရောင်အဆင့်မြင့်အဆင့် သိုင်းပညာကျင့်စဉ်တွေပါ။

ဒါပေမဲ့ လင်းဟန်ကို အနည်းငယ်စိတ်ပျက်စေတဲ့အကြောင်းရင်းက သူ့အရင်ဘဝမှာ သူဟာ ဒီ သိုင်းကျင့်စဉ်လေးခုကို အမြင့်ဆုံးအဆင့်ထိ မလေ့ကျင့်ခဲ့ပါဘူး။ သူက ဆေးလုံး ဖော်စပ်ခြင်းမှာပဲ အမြဲတမ်း အလုပ်ရှုပ်နေခဲ့တာပါ။

ဒါကြောင့် သူကအခု အစကနေ အားလုံးကိုပြန်လေ့ကျင့်ရပါမယ်။ ကိစ္စတော့မရှိပါဘူး သူက ငယ်ရွယ်သေးတယ်လေ။

လင်းဟန်က လျှပ်စစ်ဓါးကျင့်စဉ်နဲ့ စတင်လိုက်ပါတယ်။ အကြောင်းပြချက်က ရိုးရိုးလေးပါ လက်ရှိသူ့ရဲ့ ကျင့်စဉ်အဆင့်က အရမ်းကိုနိမ့်နေသေးတယ် ဒါကြောင့် သူဟာ သူ့ခွန်အားကိုတိုးလာဖို့ လက်နက်တစ်ခုခုရဲ့ အထောက်အပံ့လိုပါတယ် ပြီးတော့ အများစုသော သိုင်းပညာရှင်တွေရဲ့ အကြိုက်ဆုံးလက်နက် က ဓါး သို့မဟုတ် ဆေဘာ ပဲဖြစ်ပါတယ်။

အပိုင်း(၂၇) ဓါးချီ
လင်းဟန်က ဘဲလန့်စ်(ညီမျှခြင်း)တောင်ကိုသွားပြီးလေ့ကျင့်ဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။

ဘဲလန့်စ် တောင် က တိမ်မီးခိုးမြို့ရဲ့ မြောက်ဘက် ကီလိုမီတာ ၈၀ အကွာမှာရှိပြီး အရမ်းကြီး ကြီးမားတဲ့ တောင်တစ်လုံးတော့ မဟုတ်ပါဘူး။ တောင်ရဲ့ တစ်ဆက်ထဲဖြစ်နေတဲ့ အလျားနဲ့ အကျယ်က ကီလိုမီတာ ၁၀၀ ပါတ်လည်ဝန်းကျင် ရှိပေမဲ့လည်း တောင်ရဲ့ အနီးနားမှာ မြို့လေးမြို့ ရှိပြီး အားလုံးရဲ့ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်တွေက ဒီတောင်ပေါ်မှာ ကြီးကြီးမားမား မှီခိုနေကြပါတယ်။

တောင်ပေါ်မှာ သိုင်းပညာရှင်တွေအတွက် အကျိုးအမြတ်ရှိစေတဲ့ ဆေးပင်တွေနဲ့ မိစ္ဆာ သားရဲ တွေ တည်ရှိကြပါတယ်။

လေတောင်တန်း ခုနစ် လောက် ကြီးမားတဲ့ အကျယ်အဝန်းမရှိပါဘူး။ လေတောင်တန်းခုနစ် မှာဆိုယင် အလွန်နက်ရှိုင်းတဲ့ တချို့နေရာတွေမှာတောင်မှ စိတ်ဂိဉာဉ်ပင်လယ် အဆင့် စစ်သည်တော်တွေတောင်မှ

အမဲမလိုက်ရဲတဲ့ ခွန်အားကြီး မားတဲ့ မိစ္ဆာသားရဲတွေရှိတတ်ကြပြီးတော့ ဘဲလန့်စ်တောင်ရဲ့ အတွင်းနက်ကျကျ နေရာမှာတော့ အသန်မာဆုံး မိစ္ဆာသားရဲက ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲရှိပါတယ်။ ဒါကြောင့် ဘဲလန့်စ်တောင် ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် သိုင်းပညာရှင်တွေအတွက် အရမ်းကို သင့်တော်တဲ့ လေ့ကျင်းကွင်းတစ်ခုဆိုယင်လဲ မမှားပါဘူး။

လင်းဟန်က အမြဲတမ်းပဲလေ့ကျင့်နေမယ်ဆိုယင် ဒီ သိုင်းပညာရပ်တွေကို အမြင့်ဆုံးအဆင့်ကို မရောက်ရှိနိုင်ဘူးဆိုတာကို သိထားပါတယ်။ ဒီလို အောင်မြင်မှု ရဖို့ သူ့အနေနဲ့ တိုက်ပွဲအတွေ့အကြုံ လိုအပ်ပါတယ်။

လင်းဒေါင်ရှန်က သူ့သားကို ဒီလိုမျိုးစွန့်စားဖို့ မလုပ်စေချင်ပေမဲ့လည်း စစ်မှန်တဲ့ သိုင်းပညာရှင်တစ်ယောက်ဖြစ်ဖို့ ဖန်လှောင်အိမ်ထဲမှာ ကာကွယ်ထားတဲ့ အပင်လို ထားနေယင် ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူးဆိုတာကို နားလည်ပါတယ်။ ပြီးတော့ လွှီယုထန်ကလဲ လင်းဟန်ဘေးနားကနေပြီး ကာကွယ်နေတဲ့အတွက် တော်ယုံ အန္တရာယ်နဲ့ ရင်ဆိုင်ရလဲ

ဘာမှဖြစ်နိုင်မှာမဟုတ်တဲ့အတွက် သူက သဘောတူလိုက်ပါတယ်။

သူကအခု အရမ်းကို အလုပ်များနေပါတယ်။သူက လွန်ခဲ့တဲ့နှစ်အနည်းငယ်က လင်းရှောင်ယွမ် စုစည်းထားတဲ့ ကာလန်အတွင်းက အင်အားတွေကို ပြန်လည် စုစည်းသိမ်းသွင်းပြီးတော့ ချန်ကာလန်ကို ပြန်လည် တိုက်စစ်ဆင်ဖို့ ပြင်ဆင်မှုတွေ လုပ်ရပါဦးမယ်။

လင်းဟန် နဲ့ လှီယုထန်တို့လျှင်မြန်စွာနဲ့ပဲ ဘဲလန်စ်တောင်ကို ဦးတည်ပြီး ခရီးထွက်ခဲ့ ကြပါတယ်။

ဘဲလန့်စ်တောင်ဟာ သိပ်ပြီး ခရီးမဝေးတဲ့အတွက် သူတို့အနေနဲ့ အဂတ်အစားသုံးလေး စုံလောက်ပဲ သယ်ပြီး ခရီးထွက်လာခဲ့ကြပါတယ်။

လင်းဟန်အတွက်တော့ အယင်ဘဂက နေရာလွတ်လက်စွပ် ကို ပြန်သတိရစေပါတယ်။

နေရာလွတ်လက်စွပ်က သာမန်လက်စွပ်နဲ့မတူပါဘူး။ ၄င်းရဲ့ အတွင်းပိုင်းမှာ မယုံကြည် နိုင်စရာကောင်းလောက်အောင် ကျယ်ပြန့်နဲ့ နေရာ တည်ရှိပြီးတော့ ပစ္စည်း အမြောက်

အမြားကို ထည့်သွင်းသိမ်းထားနိုင်ပါတယ်။တကယ်လို့ မင်းသာ ခရီးတစ်ခုထွက်မယ်ဆိုယင် နေရာလွှတ်လက်စွပ်ထဲ ပစ္စည်းတွေ ထည့်သယ်ခြင်းဖြင့် သက်တောင့်သက်သာ ခရီးထွက်ရမှာပါ။

ဒါပေမဲ့လည်း နေရာလွှတ်လက်စွပ်ပြုလုပ်တဲ့နည်းလမ်း ပျောက်ကွယ်သွားခဲ့တာ အချိန် တော်တော်ကြာခဲ့ပါပြီ ဒါကြောင့်မို့လို့ အခုချိန်မှာ အဲဒီလက်စွပ်တွေက အကန့်အသတ် နဲ့သာ ရှိနေပါတော့တယ်။ သူ့ရဲ့အယင်ဘဂတုန်းက ဖလားဂါးဘလွန်းအဆင့် သိုင်းသမား သာ လက်စွပ်တစ်ကွင်းပဲ ပိုင်ဆိုင်နိုင်တာပါ။ တကယ်လို့ မင်းသာ ကံကောင်းပြီး တစ်ခုလောက် ရရှိခဲ့မယ်ဆိုယင် ၄င်းက သင့်ဆီကို ကံကြမ္မာဆိုး တွေကို သယ်ဆောင်လာမှာပါ။

နေရာလွှတ်လက်စွပ်က အရမ်းကို တန်ဖိုးကြီးပါတယ်။

သူတို့က ခြေလျင်ပဲ ခရီးဆက်ခဲ့ကြတာပါ။ သိုင်းသမားတွေအတွက်ကတော့ ၈၀ ကီလိုမီတာဆိုတာ မပြောပလောက်တဲ့ခရီးဖြစ်ပြီး ၂ နာရီလောက်ကြာတဲ့အခါမှာတော့ သူတို့ ဘဲလန့်တောင်ရဲ့ အနီးဂန်းကျင်ဆီကို ရောက်ရှိလိုလာခဲ့ပါတယ်။ အပေးက

ကျားဟိန်းသံနဲ့ မျောက်အူသံတစ်ချို့ကိုတောင် ကြားရပါတယ်။

လင်းဟန်က ရှေ့ကနေလျှောက်ယင်းနဲ့ပြောလိုက်တယ်။

``သွားစို့... တကယ်လို့ မိစ္ဆာသားရဲတွေက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ပဲဆိုယင် မင်းဘာမှ လုပ်စရာမလိုဘူး ငါ့တာဝန်ထားလိုက်``

``အရမ်းကောင်းတယ်`` လို့ဝီယုထန် ခေါင်းငြိမ့်လိုက်ပါတယ်။

ဘဲလန့်စ်တောင်က မိစ္ဆာ သားရဲတွေ ပြည့်ကျပ်နေတဲ့ နေရာတစ်ခုမဟုတ်တဲ့အတွက် သူတို့နှစ်ယောက် သေသေချာချာ စေ့စေ့စပ်စပ် လိုက်ရှာတာတောင်မှ သာမာန်အဆင့်သားရဲတစ်ကောင်မှတောင် ရှာမတွေ့ခဲ့ပါဘူး။ တဖြေးဖြေးနဲ့ ကောင်းကင်ဟာ မဲမှောင်လာပြီး သူတို့ဟာ ဗိုက်လဲဆာလာပါပီ။

သူတို့က အစာအစားအနည်းငယ်သာ အရေးပေါ်အခြေအနေအတွက် သယ်ဆောင်လာတာဖြစ်ပြီး မိစ္ဆာသားရဲတွေကို အမဲလိုက်ပီးတော့ အသားစား ဖို့ ကို

စဉ်းစားထားတာပါ။

လင်းဟန်က လက်ထဲက သံမဏိဓါးကို ဆုပ်ကိုင်ပြီးပြောလိုက်တယ်။

`` ငါတို့ မိစ္ဆာသားရဲတစ်ကောင်ကို အမြန်ဆုံး အမဲလိုက်မှဖြစ်မယ် မဟုတ်ယင် ဒီတစ်ညလုံး ဗိုက်ပောင်းလောင်းနဲ့နေရလိမ့်မယ်``

သူက ခရီးမထွက်ခင်ကတည်း ဒီဓါးကို ယူလာခဲ့တာပါ။ ငွေ ၁၀ပြားပေးရတဲ့အတွက် ဈေးကြီးတယ်လို့ ဆိုနိုင်ပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် မိစ္ဆာသားရဲ နဲ့ယှဉ်ဆိုင် ဖို့အတွက် လုံလောက်ပေမဲ့လည်း ဒြပ်စင်စုစည်းခြင်းအဆင့် မိစ္ဆာသားရဲ နဲ့ဆိုယင်တော့ ၄င်းရဲ့ ခံစစ်ကို ချိုးဖျက်နိုင်မှာ မဟုတ်ပါဘူး။

လွီယုထန် ရုတ်ရက် ရပ်လိုက်ပါတယ်။

``ဘာလို့လဲ... မင်းတစ်ခုခုကိုကြားရလို့လား`` လင်းဟန်စိတ် လှုပ်ရှားစွာနဲ့ မေးလိုက်တယ်။

`` ငါ့ဖိနပ်ကြိုး ပြတ်သွားလို့``

လင်းဟန် က သူမပြုပြင်ပြီးတဲ့အထိ စောင့်လိုက်ပါတယ်။

ပြီးတဲ့နောက် သူတို့နှစ်ယောက် အရှေ့ကို ဆက်ပြီးလျှောက်သွားလိုက်ပါတယ်။

အနည်းငယ်မျှသွားပြီးတဲ့အချိန်မှာ လှီယုထန်က နောက်တစ်ကြိမ် ထိုင်ချလိုက်ပါတယ်။

``မင်းဖိနပ်ကြိုး ထပ်ပြုတ်သွားပြန်ပြီလား``

`` မဟုတ်ဘူး....... ငါတစ်ခုခု အသံကြားတယ်``

လှီယုထန်က တစ်နေရာကို စူးစူးရဲရဲ စိုက်ကြည့်နေပြီး သူမရဲ့အကြည့်တွေက အေးစက်လှပါတယ်။

ဒီမိန်းကလေးက တကယ့်ကို အေးစက်စက် အမူအရာရှိနေတာပဲ။

လှီယုထန်က ဒြပ်စင်စုစည်းခြင်းအဆင့် မှာရှိနေတဲ့အတွက် သူမရဲ့ အမြင်နဲ့ အကြား အာရုံ က သူထက်သာပါတယ်။သူတို့ အရှေ့က ခြုံပုတ်လေးတွေက အနည်းငယ် လှုပ်နေပြီး တစ်ခုခု လာနေတဲ့ပုံစံပါပဲ။

လျှင်မြန်စွာနဲ့ပဲ ကြီးမားတဲ့ ဂံပုလွေခေါင်းကြီးပေါ် ထွက်လာခဲ့ပါတယ်။ ၄င်းရဲ့ အရွယ်အစားက ကျွဲတစ်ကောင်နီးပါးရှိပြီးတော့ သွေးနီရောင် ပေါက်နေပါတယ်။

``ငါတို့ ကံက သိပ်တော့မဆိုးပါဘူး ဒါက သွေးဆိုးဂံပုလွေပဲ`` လင်းဟန် မျက်လုံးပင့်လိုက်တယ်။ကောင်းကင်မှော်စာလိပ် ကျင့်စဉ်အတွက် တန်ဖိုးကြီးမားတဲ့ ပစ္စည်းအမြောက်အများအပြင် လတ်ဆတ်တဲ့ မိစ္ဆာသားရဲ သွေးကလဲ သူလေ့ကျင့်ခြင်းအတွက် လက်ရှိမှာတော့ အကောင်းဆုံး ပစ္စည်းတစ်မျိုးဖြစ်ပြီး အခု သွေးဆိုးဂံပုလွေက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာ အသန်မာဆုံးမိစ္ဆာသားရဲ တစ်ကောင် လို့ ယူဆလို့ရပါတယ်။

``သတိထား`` လီွယုထန်က သတိပေးလိုက်ပါတယ်။အရွယ်ရောက် နေတဲ့ သွေးဆိုးဂံပုလွေတစ်ကောင်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ မှာရှိပါတယ်။ ပြီးတော့ မိစ္ဆာသားရဲတွေဟာ လူသားစစ်သည်တော်တွေထက် ခွန်အားနဲ့ ခံစစ်မှာပါ သာလွန် ထက်မြက်ပါတယ်။

သိုင်းပညာရှင်တွေအနေနဲ့ကတော့ သူတို့ကျင့်စဉ်အဆင့်တွေ တိုးတက်ဖို့အတွက် အမျိုးမျိုးသော သိုင်းပညာရပ်တွေနဲ့ လက်နက်တွေကို အားကိုးရမှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ပဲရှိပါသေးတယ်။ သူနဲ့ ဒီသွေးဆိုးဂံပုလွေကြားမှာ ကွာဟချက် ကြီးမားပါတယ်။ပြီးတော့ သိုင်းပညာရှင်တွေနဲ့ မိစ္ဆာသားရဲတိုက်ပွဲမှာ တစ်ဖက်ဖက်က သေဆုံးမှပဲရပ်ပါမယ်။ တိုက်ပွဲမပြီးမခြင်း ရပ် ဒါမှမဟုတ် ငါအရှုံးပေးပြီ ဆိုပြီး ရပ်လိုက်လို့မရပါဘူး။

``မစိုးရိမ်ပါနဲ့`` လင်းဟာန်ပြုံးပြလိုက်ပီး လက်ထဲက သံမဏိဓါးကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်ပါတယ်။ သူ့ရဲ့ အမူအရာက ချက်ချင်းပဲ လေးနက်သွားပါတယ်။

သွေးဆိုးဂံပုလွေက အဆက်မပြတ်အူနေပါတယ်။၎င်းရဲ့ရှေ့မှာ လူသားနှစ်ယောက် ရပ်နေပါတယ်။ ယောကျာ်းလေးဖြစ်တဲ့သူက သူ့ကို မခြိမ်းခြောက်နိုင်ပေမဲ့ ကောင်လေးအနောက်မှာရှိနေတဲ့ မိန်းမပျိုလေးကတော့ သူ့ကို တုန်လှုပ်တဲ့ ခံစားချက် ကိုပေးနိုင်ပါတယ်။ ဒါပေမဲ့လည်း မိစ္ဆာသားရဲတွေရဲ့ သဘာဂအရ လွယ်လွယ်နဲ့

အလျော့ ပေးလိုက်ဖို့ မဖြစ်နိုင်ပါဘူး။

မိစ္ဆာသားရဲတွေရဲ့ လတ်ဆတ်တဲ့သွေးက သိုင်းပညာရှင်တွေအတွက် အာဟာရအများကြီးဖြစ်စေပါတယ်.။ သွေးဆိုးဂံပုလွေက အရမ်းကိုသတိထားနေပါတယ်။ သူ့အနေနဲ့ ချက်ခြင်းကြီးမတိုက်ခိုက်သေးပါဘူး။

``ယုထန် အနောက်ဆုတ်`` လင်းဟာန်ကပြောလိုက်တယ်။

ဂံပုလွေတွေဟာ အရမ်းကို စိတ်ရှည်ပြီး အရမ်းသတိထားတတ်ကြတဲ့ မျိုးစိတ်တွေပါ။ကြည့်ရတာ ၄င်းဂံပုလွေက လွီယုထန်ရဲ့ လျှို့ဝှက်ထားတဲ့ ခွန်အားကို အာရုံခံမိလို့ဖြစ်ပါလိမ့်မယ်။

လွီယုထန်မျက်မှောင်ကြုံ့လိုက်ပါတယ်။ လက်ရှိအကွာအဝေးအရ လင်းဟာန် အွန္တရာယ် တစ်စုံတစ်ခု ကြုံလာယင်သူမအနေနဲ့ ချက်ချင်းကူညီနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီထပ်ပိုဝေးသွားခဲ့မယ်ဆိုယင် တကယ်လို့ လင်းဟာန်သာ အွန္တရာယ်နဲ့ကြုံတွေ့မယ်ဆိုယင် သူမအနေနဲ့ သူ့ကိုကူညီနိုင်ဖို့ မသေချာပါဘူး။

``` ငါ့ကိုယုံ`

လှိုဏ်ယုထန် နောက်ဆုံးမှာတော့ အနောက်ဘက်ကို ဖြေးဖြေးလေးဆုတ်လိုက်ပါတယ်။

သွေးဆိုးဂံပုလွေ့ရဲ့ ရက်စက်ကြမ်းကြုတ်တတ်တဲ့ သဘာဂက ချက်ချင်းကြီး လုံ့ခြေဆော် လာပါတယ်။ ၄င်းရဲ့ လက်သည်းတွေကို ဖွင့်ထုတ်လိုက်ပြီးတော့ အရှေ့ဘက်ခြေနစ်ချောင်းက မြေကြီးကို ကုတ်ခြစ်နေပါတယ်။

လင်းဟန်က လက်ညှိုးထိုးညွှန်လိုက်ပြီးတော့ပြောလိုက်ပါတယ်။

``မင်း...... ခွေးဝတုံးကြီး လာစမ်း လာ လာ``

``အာဟု.........`` သွေးဆိုးဂံပုလွေက အော်သံတစ်ချက် ပေးလိုက်ယင်း အံ့အားသင့်စရာ ကောင်းတဲ့ အမြန်နှုန်းနဲ့ ခုန်အုပ်လိုက်ပါတယ်။

လင်းဟန်ကလဲ တုံ့ဆိုင်းမနေခဲ့ပါဘူး သူ့ရဲ့ ဓါးရှည်ကို ပွေ့ယမ်းလိုက်ပြီး လျှပ်စစ်ဓါးသိုင်း ကို
```

ချက်ချင်းဖော်ထုတ်လိုက်ပါတယ်။

``ရွှတ်`` ဓါးချက်က တစ်ချက်ထဲပေမဲ့ အေးစက်တဲ့အလင်းရောင် နှစ်ခုက အရှေ့ကို တောက်ပစွာနဲ့ တိုးဝင်သွားပါတယ်။အဲဒီနှစ်ခုထဲက တစ်ခုက ဓါးရှည်ဖြစ်ပြီးတော့ တစ်ခုကတော့ အဖြူရောင်စွမ်းအင် ပဲဖြစ်ပါတယ်။

``ဓါးချီ``

လွှီယုထန် က သူမရဲ့ အံ့အားသင့်သွားမှုကို မထိန်းချုပ်နိုင်ခဲ့ပါဘူး။

ဓါးချီဆိုတာ ဓါးသမားတစ်ယောက်ရဲ့ အမှတ်အသားသင်္ကေတ တစ်ခုပါ။ ဆေဘာ ကိုင်ဆောင်သူမှာလဲ ဆေဘာချီ က လိုအပ်ပါတယ်။ ၄င်းဟာ နှိုင်းယှဉ်လို့မရနိုင်အောင် ထက်ရှပြီးတော့ အရမ်းလည်း စွမ်းအားကြီးပါတယ်။

သူမမှာ ဓါးချီမရှိပေမဲ့ ဓါးချီကို အောင်မြင်စွာ ထုတ်လွှတ် နိုင်ဖို့ ဘယ်လောက်တောင် ခက်ခဲလဲဆိုတာကို သိထားပါတယ်။ သူမမှာ ဦးလေးတစ်ယောက်ရှိပြီး သူမရဲ့ ဦးလေးဟာ

ဓါးသိုင်းပညာရဲ့ ပါရမီရှင်တစ်ယောက်လို့ သတ်မှတ်ခံထားရသူပါ။ သူမဦးလေး တောင်မှ ဓါးလမ်းစဉ်လျှောက်လှမ်းပြီး ၅ နှစ်လောက် သူကိုယ်တိုင် တီထွင် ကြံဆပြီးမှ ဓါးချီကို ထုတ်ဖော်နိုင်ခဲ့တာပါ။

ဒီကောင် လူသားစစ်စစ်မှဟုတ်ရဲ့လား။

လင်းဟန်ကတော့မအံ့သြပါဘူး ဓါးချီကို ထုတ်ဖော်ခြင်းက သာမန်ကိစ္စတစ်ခုဖြစ်ပီး သူ့ရဲ့ ပန်းတိုင်က ဓါးအလင်းတန်း ပါ။

ဓါးအလင်းတန်းဆိုတာ ဓါးချီရဲ့ ခိုင်မာသိပ်သည်းတဲ့ ပုံစံတစ်ခုဖြစ်ပါတယ်။ ၎င်းရဲ့ စွမ်းအားက အရမ်းကို သန်မာပါတယ်။ ကံမကောင်းစွာနဲ့ပဲ သူ့အယင်ဘဝတုန်းက ဓါးသိုင်းပညာတွေအပေါ်မှာ အချိန်အများကြီး မလေ့ကျင့်ခဲ့တဲ့အတွက် ဓါးချီကိုပဲ ဖော်ထုတ်နိုင်ခဲ့ပြီးတော့ ဓါးအလင်းတန်းကိုတော့ မထုတ်ဖော်နိုင်ခဲ့ပါဘူး။

ဓါးအလင်းတန်းကိုထုတ်ဖော်ချင်တယ်ဆိုယင် ဓါးအပေါ်မှာ အပြည့်အဝ ယုံကြည်ပြီးတော့ ဓါးချီ အလင်း ၁ဝ ကို ထုတ်ပြီး အားလုံးကို ဓါးအလင်းတန်းအဖြစ် စုစည်းလိုက်ရမှာဖြစ်ပါတယ်။ လက်ရှိ သူ့အနေနဲ့ ဓါးချီအလင်း တစ်ခုကိုပဲ ထုတ်ဖော် နိုင်ပါသေးတယ်

ဒါကြောင့်သူ့အနေနဲ့ ဓါးအလင်းတန်းကို ထုတ်ဖော်နိုင်ဖို့ အပေးကြီးလို ပါသေးတယ်။

ဓါးအလင်းတန်းပြီးယင် နောက်ခြေလှမ်းက ဓါးနှလုံးသားပါ။ ဒါက ဓါးလမ်းစဉ်လျှောက်တဲ့ သူတစ်ယောက်ရဲ့ ရရှိအောင်မြင်နိုင်တဲ့ အမြင့်ဆုံးအဆင့်ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သွေးဆိုးပံပုလွေကို ရင်ဆိုင်ဖို့အတွက်တော့ ဓါးချီအလင်း တစ်ခုက လုံလောက်ပါပြီ။

အပိုင်း(၂၈) အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီး

လျှပ်စီးဓါးသိုင်းနဲ့အတူပဲ တိမ်တိုက်ခြေလှမ်းသိုင်းကွက်ကိုပါ ရောပြီးအသုံးပြုခဲ့တာပါ။ ခြေလှမ်းတိုင်းဟာ လေးမီတာကနေ ငါးမီတာ အကွာအဝေးလောက်ရှိပြီး တစ်ခါတစ်ရံ ဘယ်ဘက် တစ်ခါတစ်ရံညာဘက် ချက်ချင်း အရှေ့တိုးသွားလိုက် ချက်ခြင်း နောက်ဆုတ်သွားလိုက်(တော်တော်ရှုပ်တဲ့ ခြေလှမ်းသိုင်း)။သူ့ရဲ့ ခြေလှမ်းတိုင်းဟာ ထူးဆန်းပြီးတော့ အရမ်းကိုလျှင်မြန်တဲ့အတွက် ကြည့်နေသူရဲ့ အမြင်မှာတော့ ပိုးတိုးဂါးတား ပဲမြင်ရပါတယ်။

လွှီယုထန်က သူမရဲ့ခေါင်းကိုလျှိုပုက်စွာငြိမ့်ပီးတော့ ဘေးနားကနေရပ်ကြည့်နေပါတယ်။

တကယ်လို့ သူမရဲ့ ကျင့်စဉ်အဆင့်ကို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကို လျော့ချလိုက်မယ်ဆိုယင်တောင်မှ လင်းဟန်လိုမျိုး မလုပ်ပြနိုင်ပါဘူး။ သူမအနေနဲ့ အရပ်မျက်နှာပေါင်းစုံကနေတောင် အန္တရာယ်ကျရောက်နိုင်ပါတယ်။ ပြီးတော့ လင်းဟန်နဲ့ သူပြိုင်ဘက် မိုရှစ္စာသားရဲ က ကျင့်စဉ်အဆင့် ၂ ဆင့်တောင်ကွာခြား နေပါသေးတယ်။

ပုံမှန်ဆိုယင် သိုင်းပညာရှင်တစ်ယောက်နဲ့ မိုရှစ္စာသားရဲ ကြားက တိုက်ပွဲမှာ သိုင်းပညာရှင်အနေနဲ့ အောင်မြင်မှုရရှိဖို့အတွက် ကျင့်စဉ်အဆင့်အနည်းငယ် သာဖို့ လိုပါတယ်။ တကယ်လို့ သိုင်းပညာရှင်နဲ့ မိုရှစ္စာသားရဲတို့ဟာ အဆင့်ချင်းတူတယ်ဆိုယင် သိုင်းပညာရှင်ဟာ ရှုံးဖို့အခွင့်အလမ်းများသွားပါလိမ့်မယ်။ ဒ့ါအပြင် သိုင်းပညာရှင်အားလုံးဟာ တိုက်ပွဲပါရမီရှင်တွေ မဟုတ်ကြပါဘူး။

လင်းဟန်ရဲ့ ခါးရွေ့လျားမှုတွေဟာ ပိုမိုပြီး စီးမျောလို့ လာပါတယ်။ သူ့ရဲ့ ခြေလှမ်းတွေဟာ သဘာဝဆန်ပြီး ချောမွေ့လာကာ သူ့အနေနဲ့လဲ တိုက်ခိုက်ခြင်း မှာ

ပိုမိုသဘောကျနှစ်သက်လာပုံရပါတယ်။

သူ့ရဲ့အယင်ဘာဂတုန်းက သူဟာ မှော်ဆေးပညာလမ်းကြောင်းမှာပဲ အာရုံစိုက်ခဲ့တာပါ။ သိုင်းပညာရပ်အနေနဲ့ဆိုယင် သူဟာ ကျင့်စဉ်အဆင့်တစ်ခုတည်းအတွက်သာ ဂရုစိုက်ခဲ့ တာဖြစ်ပါတယ်။ ဒါပေမဲ့အခုလက်ရှိအချိန်မှာတော့ သူဟာ သိုင်းပညာလမ်းစဉ်အပေါ်ကို ခြေချလိုက်ပြီးတော့ သိုင်းပညာတွေဟာ အရမ်းကို စိတ်ဂင်စားစရာကောင်းတယ်ဆိုတာ ကို ချက်ခြင်း ရှာဖွေတွေ့ရှိလိုက်ပါတယ်။

သွေးဆိုးဂံပုလွေက သူ့အတွက်တော့ အရမ်းကိုကောင်းတဲ့ လေ့ကျင့်ဖော်ပြိုင်ဘက်ဖြစ်လာခဲ့ပါတယ်။ သူ့နှလုံးသားတဲ့က စိတ်ဆန္ဒအတိုင်း လိုက်ပါရွှေလျားယင်းနဲ့ လျှပ်စစ်ဓါးသိုင်းပညာရဲ့ အကြောင်းကို ပိုမိုဆုပ်ကိုင်မိလာပါတယ်။

ဆယ်မိနစ်ခန့်ကြာပြီးတဲ့နောက် သွေးဆိုးဂံပုလွေရဲ့ ကိုယ်ခန္ဓာမှာ ပြတ်ရှ ဒါဏ်ရာတွေ ဖုံးလွှမ်းလာပါတယ်။ ဒါက သွေးဆိုးဂံပုလွေကို ထိတ်လန့်ကြောက်ရွံ့ မှုကို ဖြစ်ပေါ်စေ ပါတယ်။ ကြည့်ရတာ အားနည်းတယ်လို့ထင်ရတဲ့

ယောက်ကျာ်းလေးက တကယ့်ကို စွမ်းအားကြီးတာပဲ။

``ဒီကနေ လုံးဝမလွတ်စေရဘူး``

လင်းဟန်က ကျယ်လောင်စွာ အော်ရီလိုက်တယ်။ ဓါးချွီအလင်းနစ်ခုက အေးစက်တဲ့အလင်းကြားကနေ တဖျတ်ဖျတ်တောက်ပစွာနဲ့ အဆက်မပြတ်ပေါ်ထွက်လာပါတယ်။

ဓါးချွီ အလင်း နစ်ခု.......... နောက်ဆုံးတော့ သူ အဆင့်တက်သွားပြီ။

ဖူး:::::::::

ချက်ချင်းပဲ သွေးဆိုးဂံပုလွေ့ရဲ့ လည်ပင်းကနေပြီးတော့ သွေးတွေပန်းပွင့်အလား ပန်းထွက်လာခဲ့ပါတယ်။ သွေးတွေပန်းထွက်လာတဲ့ အသံဟာ ကျယ်လောင်ပြီး ဆူညံသွားပါတယ်။ သွေးဆိုးဂံပုလွေ့ရဲ့မျက်လုံးတွေဟာ ပြူးနေပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ၇ ပဲရှိသေးတဲ့ လူသားက သူ့ကို အမှန်တကယ် သတ်ဖြတ်ပစ်နိုင်တယ်ဆိုတာကို လုံးဝမယုံနိုင်အောင်ဖြစ်သွားခဲ့ပါတယ်။

မိစ္ဆာသားရဲတွေဟာ အရမ်းကိုမြင့်မားတဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ရှိကြပါတယ်။ စွမ်းအားကြီးတဲ့ မိစ္ဆာသားရဲတွေရဲ့ ဉာဏ်ရည်ဟာဆိုယင် လူသားတွေနဲ့ တောင် နိုင်းယှဉ် နိုင်ပါတယ်။

လင်းဟန်ခေါင်းငြိမ့်လိုက်တယ်။ ဓါးချီအလင်းနှစ်ခုရဲ့ စွမ်းအားက တကယ့်ကို ကြီးမားတာပဲ။ အယင်က ဓါးချီ အလင်းတစ်ခုက သူ့ကို သွေးဆိုးဂံပုလွေနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်ခဲ့ပြီး ဓါးချီအလင်းနှစ်ခုကတော့ သွေးဆိုးဂံပုလွေကို ချက်ချင်းပဲသတ်ပစ် လိုက်နိုင်ပါတယ်။ တကယ်လို့ သူတို့သာ ကျင့်စဉ်အဆင့်တူမယ်ဆိုယင်တောင်မှ ကြီးမားတဲ့ ခြားနားချက်ကတော့ ရှိနေဦးမှာဖြစ်ပါတယ်။

ဘေးက လှိဳ့ယုထန်လည်း နောက်တစ်ကြိမ် ပြောစရာစကားမရှိအောင် အံ့သြသွား ခဲ့ပါတယ်။ ဒါကတကယ့်ကို အချိန်နည်းနည်းလေးလေ.......လင်းဟန်က ဓါးချီ အလင်းတစ်ခုကနေ နှစ်ခုကို တိုးတက်သွားခဲ့တယ်။ တကယ်လို့ သူ့မဦးလေး ကသာ ဒီအကြောင်းကိုသိခဲ့မယ်ဆိုယင် သူ့ကိုယ်သူရက်လွန်းလို့ မြစ်ထဲခုန်ချသွားနိုင်ပါတယ်။

သူမဦးလေးဟာ နှစ်ပေါင်းသုံးဆယ်ကျော် အချိန်ယူပြီးမှ ဓါးချီအလင်းလေးခု ဖြစ်ပေါ်လာအောင် လုပ်နိုင်ခဲ့ပြီး ကလန်တစ်ခုလုံးရဲ့ ပါရမီရှင်ဓါးသမားအဖြစ် သတ်မှတ်ခံထားရတာဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန် နဲ့ ယှဉ်လိုက်မယ်ဆိုယင်.......။

``ညစာအတွက် ရပြီ`` လင်းဟာန်ကပြုံးပြုံးလေးနဲ့ပြောလိုက်တယ်။

သူတို့နှစ်ယောက်က သေးငယ်တဲ့စမ်းချောင်းလေးကိုရှာတွေ့ခဲ့ပြီး စမ်းချောင်းရဲ့ဘေးမှာပဲ နေရာယူလိုက်ကြပါတယ်။ သွေးဆိုးဂံပုလွေရဲ့ ကိုယ်ခန္ဓာကိုယ်ဆေးကြောသန့်စင်လိုက်ကြပါတယ်။သူတို့ဟာ သွေးဆိုးဂံပုလွေရဲ့ သွေးတွေကို အလဟဿ မဖြစ်စေရအောင်လို့ အထူးသားရေနဲ့ချုပ်ထားတဲ့ သားရေအိတ်ထဲကို လောင်းထည့်လိုက်ပါတယ်။ ပြီးတော့ လင်းဟာန်က မို့စ္စာသားရဲ ရဲ့ သွေးစွမ်းအင်ကို စုပ်ယူပြီး သူ့ခန္ဓာကိုယ်ကို အားဖြည့်ဖို့လိုပါသေးတယ်။

သူတို့က မီးဖိုလိုက်ပီးတော့ ဂံပုလွေနဲ့ ခြေထောက်တစ်ချောင်းကို အသားကင်လုပ် လိုက်ပါတယ်။

သူတို့အနေနဲ့ ကောင်းကင်ကလည်းမှောင်လာပြီဖြစ်လို့ စမ်းချောင်းဘေးမှာပဲ စခန်းချနေလိုက်ပါတယ်။ လင်းဟန်က မိစ္ဆာသားရဲ ရဲ့ သွေး နဲ့ ရေချိုးလိုက်ပါတယ်။ သူက ကောင်းကင်မှော်စာလိပ်ကို စတင်လုည့်ပတ်စေလိုက်ပြီး သွေးစွမ်းအင်တွေကို သူကိုယ်ပိုင်အသုံးချနိုင်ဖို့ လေ့ကျင့်လိုက်ပါတယ်။

ဆယ်မိနစ်ခန့်ကြာတဲ့အခါမှာတော့ သားရဲ သွေးရဲ့ သိပ်သည်းမှုဟာ ကျဲလာပြီးတော့ အားပျော့လာပါတယ်။ သွေးထဲမှာပါဝင်တဲ့ စွမ်းအင်အားလုံးသာ အသုံးပြုပြီးလို့သွား ပါပြီ။

လင်းဟန်ကတွေးလိုက်တယ်။

``ငါ့ထင်ထားသလိုပဲ..... တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုကို တိုးတက် အောင်လုပ်ဖို့က တကယ့်ကို ခက်ခဲတာပဲ``

သိုင်းပညာရှင် တစ်ယောက်ဟာ ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိနေပြီးတော့ သူ့ရဲ့ မူလစွမ်းအင်တွေနဲ့ကိုယ်ခန္ဓာကိုကာကွယ်ထားပြီးကိုယ်ခန္ဓာပြ ပခြင်းအဆင ့်သိုင်းပညာရှင်တစ်ယောက်ကို

လွတ်လွတ်လပ်လပ်ပေးတိုက်မယ်ဆိုယင် သူ့ရဲ့ ကာကွယ်ထားတဲ့ အလွှာခံစစ်ကို ထိုးဖောက်ဖို့ မလွယ်ကူပါဘူး။ ဒါပေမဲ့ မကာကွယ်ထားဖူးဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် သိုင်းသမားရဲ့ ခံနိုင်ရည်နဲ့ သိပ်မကွာခြားပါဘူး။

ဒြပ်စင်စုစည်းခြင်းအဆင့်သိုင်းပညာရှင်ဟာ အိပ်ပျော်နေတဲ့အချိန်မှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်က ချောင်းမြောင်းလုပ်ကြံမယ်ဆိုယင် သူ့ရဲ့ သတိမထားမှု့ကြောင့် သေဆုံးနိုင်ဖို့ အခွင့်အရေး ပိုမိုမြင့်မားပါတယ်။

ဒါပေမဲ့ ကိုယ်ခန္ဓာရဲ့ ခံနိုင်ရည်စွမ်းကိုမြင့်တင်ဖို့အတွက် တန်ဖိုးကြီးသဘာဂရတနာ အမြောက်အများကို သုံးစွဲဖို့လိုအပ်ပါတယ်။

လင်းဟန်ရဲ့ အယင်ဘဂကတော့ သူ့အနေနဲ့ ကိုယ်ခန္ဓာသန်စွမ်းဖို့အတွက် သိပ်ပြီး မလုပ်ခဲ့ပါဘူး။ မို့စ္စာသားရဲသွေးက လျှင်မြန်စွာသန်စင်သွားရတာကလဲ ကောင်းကင်မှော်စာလိပ်ရဲ့ အရမ်းကိုစွမ်းအားကြီးပြီး မယုံကြည်နိုင်လောက်အောင် အကျိုးကျေးဇူးရနိုင်တဲ့အတွက်ပါပဲ။ တခြားကျင့်စဉ်တစ်ခုဖြစ်တဲ့ ကျောက်တုံးအသားရေ

ကျင့်စဉ်ဆိုယင် ၄င်းသွေးကို သန့်စင်နိုင်ဖို့အတွက် အချိန် သုံးရက်ကနေ လေးရက် ယူရပါလိမ့်မယ်။

လင်းဟန်က သူ့ကြွက်သားတွေထုလာပြီးတော့ အသားအရေက ကြမ်းတမ်းလာတာကို ရှင်းရှင်းလင်းလင်း ခံစားရပါတယ်။ တကယ်လို့ ချွန်ထက်တဲ့ ကျောက်စ တစ်ခုက သူ့အသားပေါ် ကျလာခဲ့မယ်ဆိုယင် အများဆုံး အဖြူအမှတ် တစ်ခုလောက်ပဲ ကျန်ရစ် နေမှာပါ။

မကြာခင် သူက သေဆုံးခြင်းသစ်ပင် အဆယ်င့် ကိုယ်ခန္ဓာခံနိုင်စွမ်းအဆင့် အောင်မြင်မှုကိုရပါလိမ့်မယ်။

တစ်ညကုန်လွန်ပြီးတဲ့နောက်မှာ သူတို့နှစ်ယောက်က တောင်ပေါ်ကို ဆက်ပြီး ခရီးထွက်ပြီး မိစ္ဆာသားရဲတွေကို တိုက်ခိုက်ဖို့ ရှာဖွေခဲ့ကြပါတယ်။

ဒုတိယနေ့ကစပြီး သူတို့ကံကောင်းပီး မိစ္ဆာသားရဲတွေနဲ့ အဆက်မပြတ် တိုက်ပွဲဆင် ခဲ့ရပေမဲ့ လင်းဟန်အတွက် အမှန်တကယ် တိုက်ပွဲစွမ်းရည်တွေ ရရှိနိုင်ဖို့ အကောင်းဆုံးအခွင့်အရေး မဟုတ်ပေမဲ့ မိစ္ဆာသားရဲသွေး အထောက်အပံ့ ကတော့ လုံလုံလောက်လောက် ရရှိခဲ့ပါတယ်။ များပြားလှတဲ့ မိစ္ဆာသားရဲသွေးတွေကို

ကောင်းကင်မှော်စာလိပ်အစွမ်းနဲ့စုပ်ယူပြီးတော့ အကျိုးကျေးဇူးတွေ အဆက်မပြတ်ရရှိ ခဲ့ပါတယ်။

လေးရက်မြောက်နေ့မှာ သူတို့က တောအုပ်ကနေ ထွက်လာပြီးတော့ သူတို့ဦးတည်ရာမှာမှာ လူငါးယောက် ထိုင်နေတာကို မြင်လိုက်ပါတယ်။

သူတို့အားလုံးဟာ ငယ်ရွယ်သူတွေဖြစ်ပြီး အသက် ၂၀ အောက်တွေချည်းပါပဲ။ သူတို့ထဲက သုံးယောက်ကတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ မှာရှိပြီး ကျန် ၂ ယောက်ကတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၈ မှာပါ။ တိမ်မီးခိုးမြို့လို သေးငယ်တဲ့ နေရာမှာတော့ တစ်ဦးချင်းစီရဲ့ ကျင့်စဉ်အဆင့်အရတော့ သူတို့အားလုံးကို ပါရမီရှင်တွေအဖြစ် မြောက်စားကြရပါမယ်။

လှီယုထန်က ချက်ခြင်းပဲ သူမရဲ့ မျက်နှာကို ရှုပ်ဖျက်လိုက်ပါတယ်။ သူမဟာ အရမ်းကိုလှပချောမောပြီးတော့ အဲဒီလှပမှုကပဲ ပြဿနာတွေကို လွယ်ကူစွာဖြစ်စေနိုင်ပါတယ်။

`` အကို .... မင်းတို့ ဘယ်မြို့ကလဲ``

သူတို့ထဲက တစ်ယောက်ကမေးလိုက်တယ်။ သူလေသံက ယုံကြည်မှုအပြည့်ရှိနေတာ ကိုကြည့်ခြင်းဖြင့် သူက ကြီးမားပြီး ချမ်းသာတဲ့ကလန် တစ်ခုက ဖြစ်ပါလိမ့်မယ်။

လင်းဟန်က ပြုံးပြပြီးပြောလိုက်တယ်။

`` တိမ်မီးခိုးမြို့``

`` ကျနော်တို့အားလုံးကတော့ ဂိုကျောက်တုံးမြို့ကပါ``

လူငယ်လေးက ဆက်ပြောပြီးတော့ သူတို့အုပ်စုကို စပြီး မိတ်ဆက်ပေးပါတယ်။

``ကျနော်က လွီဒေါင်...သူက ချန်ဖန်း... သူက လီဟောင်...ဒီကောင်ကတော့ ဇောင်ချန် နဲ့ ဒီမိန်းမလှလေးကတော့ ဖူရှု( တော်ဂင်မင်းသမီးဖူ)``

လင်းဟန်က သူတို့ငါးယောက်ကို ခေါင်းငြိမ့်လိုက်ပီးတော့

`` ငါက လင်းဟန် သူကတော့ လွီယုထန်``

`` လင်းဟန် ငါတို့ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး ကို

ရှာတွေ့ထားတယ်..... ပြီးတော့ အဲဒီမှာ အရမ်းကို အစွမ်းထက်တဲ့ မိစ္ဆာသားရဲက စောင့်ကြပ်နေပြီး အဲဒီအသီးကို ရဖို့ နည်းလမ်းမရှိဘူးဖြစ်နေတယ်..ငါတို့နဲ့အတူတူအလုပ်တွဲလုပ်ဖို့ စိတ်ဝင်စားသလား.. ဘယ်လိုလဲ``

မိတ်ဆွေဖွဲ့ခြင်းရဲ့ နောက်ကွယ်ကအကြောင်းရင်းကိုတော့ သိလိုက်ရပါပြီ။

လင်းဟာန်နလုံး တုန်လှုပ်သွားပါတယ်။ အစိမ်းရောင်စိတ်ဂိဉာဉ် သစ်သီးတစ်လုံးက သိုင်းပညာရှင်တစ်ယောက်ရဲ့ ကျင့်စဉ်အဆင့်ကို တိုးစေယုံသာမက ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်မဲ့ သိုင်းပညာရှင်တွေအတွက်လဲ အရမ်းကို အကျိုးအာနိသင်များကြီး ရစေပါတယ်။ သူ့ရှေ့ကရှိတဲ့ ငါးယောက်ဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ အထွတ်အထိပ်ကိုအောင်မြင်ဖို့ အရမ်းကိုနီးနေပါပြီ။

ဒီအဆင့်မှာ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီးကို စားနိုင်မယ်ဆိုယင် အဆင့်တက်ဖို့အတွက် အရမ်းကို အကူအညီဖြစ်စေမှာပါ။

စိတ်ဂိဉာဉ်သစ်သီးတွေက မှော်ဆေးလုံးတွေနဲ့ မတူပါဘူး။ သူတို့က လုံး၀ သဘာ၀ရတနာတွေပါ ဒါကြောင့် သူတို့ကိုစားသုံးမယ်ဆိုယင် ဘေးထွက်ဆိုးကျိုး လုံး၀မရှိပါဘူး။အကယ်လို့ တစ်ယောက်ယောက်ကသာ မှော်ဆေးတွေအဆက်မပြတ် သုံးစွဲမယ်ဆိုယင် ဆေးလုံးရဲ့ မသန့်စင်မှုကအနေ အဆိပ်အတောက်ဖြစ်စေနိုင်ပြီး ခန္ဓာကိုယ်ကို ထိခိုက်စေနိုင်ပါတယ်။ဒါပေမဲ့လည်း အချို့သော စိတ်ဂိဉာဉ်သစ်သီးတွေဟာ အလွန်သန့်မာတဲ့ စွမ်းအားတွေကိုပိုင်ဆိုင်ထားပြီး သူတို့ကို မစားခင်မှာ မှော်ဆေးလုံးအဖြစ်သန့်စင်နိုင်ပါတယ်။

လင်းဟန်ကမေးလိုက်တယ်။`

``မို့စ္စာသားရဲ အဆင့်က ဘယ်လောက်လဲ``

``ပုပ်သိုးတိမ် မို့စ္စာသားရဲ ... ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉`` ဇောင်ချန်က ပြန်ဖြေလိုက်တယ်။

လင်းဟန်က ဒီငါးယောက်ဘာလို့အစွမ်းမဲ့ရတယ်ဆိုတာကို ချက်ချင်းနားလည်သွားပါတယ်။

ပုပ်သိုးတိမ်မို့စ္စာသားရဲ က တိုက်ပွဲ၀င်နေတဲ့အချိန်မှာ

အဆိပ်ရှိတဲ့ ပုပ်သိုးသိုးအနံ့ ပမာဏအများကြီးကို အဆက်မပြတ်ထုတ်လွှတ်နိုင်ပြီးတော့ သိုင်းပညာရှင်တွေဟာ အသက်တောင် ရှုလို့မရပါဘူး။ဒါပေမဲ့ တကယ့် တိုက်ပွဲမှာ သိုင်းပညာရှင်တောင်မှ သူတို့ရဲ့ အသက်ရှုတာကို အချိန်ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မှာလဲ။

ဒါကြောင့် တိုက်ပွဲကို အချိန်ခဏလေးနဲ့ အဆုံးသတ်နိုင်တဲ့အစွမ်း သာမရှိဘူးဆိုယင် ပုပ်သိုးတိမ် မို့စ္စာသားရဲကို အနိုင်ယူဖို့ နည်းလမ်းလုံးဝမရှိပါဘူး။

`` ဒါပေမဲ့လည်း မင်းမှာလုံလောက်တဲ့ ခွန်အားရှိတယ်ဆိုတာကို သက်သေပြဖို့အတွက် ငါ့ရဲ့ ပထမဆုံးဆေဘာဓါး တိုက်ခိုက်တာကို လက်ခံနိုင်ရမယ်``

လီဟောင် က သူ့ရဲ့ ဆေဘာဓါးကို လက်ထဲမှာကိုင်ပြီး အေးစက်စက်အမူအရာနဲ့ ပြောလိုက်ပါတယ်။

အပိုင်း(၂၉) ငါ့ဆေဘာဓါး တိုက်ခိုက်မှုကို လက်ခံလိုက်

ဇူရှုရီ က သတိပေးလိုက်တယ်။

`` မင်းသတိထားရလိမ့်မယ်......သူက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ပညာရှင် တစ်ယောက်ဖြစ်သလို သူ့ကို အားလုံးကလဲ ဆေဘာမှာ ရှူးသွပ်လွန်းလို့ ဆေဘာအရူး လို့ သတ်မှတ်ထားကြတယ်``

(ဒီနေရာမှာ ဆေဘာဆိုတာက ဓါးရှည်တစ်မျိုးပါ ဒါပေမဲ့ သူက ရှေးက တရုတ် စစ်သည်တော်တွေမှာ သုံးတတ်ကြတဲ့ ဓါးရဲ့ထိပ်ကအပေါ်ကို ကွေးနေတဲ့ ဓါးမော့ အမျိုးအစားဓါးရှည်ပါ)

``တကယ်လို့ နင့်ရဲ့ ကျင့်စဉ်အဆင့်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ထက် မမြင့်ဘူးဆိုယင် သူ့ရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်မဆိုင်တာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်``

လင်းဟန်က ခေါင်းငြိမ့်ပြီး ပြုံးယင်းနဲ့ မေးလိုက်တယ်။

`` ငါ့အနေနဲ့ မင်းရဲ့ တိုက်ခိုက်မှု တစ်ခုကို ပဲ ခုခံဖို့လိုအပ်တာလား?``

``တစ်ခုပဲ``

လီဟောင်က မာနကြီးစွာနဲ့ အေးစက်စက်ပြောလိုက်ပြီး သူကြည့်ရတာက အချိုသော ဓါးသိုင်းဆရာသခင်တွေပုံစံနဲ့ပါ။

`` အရမ်းကောင်းတယ်.... ကဲ ဒါဆိုယင် လာပါ``

လင်းဟန်က သူ့ရဲ့ကိုယ်ပိုင်စွမ်းရည်အပေါ်မှာ ဂုဏ်ယူဝင့်ကြွားနေခြင်း မရှိသလို ပြိုင်ဘက်အပေါ်မှာလဲ အထင်မြင်သေးခြင်းမရှိပဲ တည်တည်ငြိမ်ငြိမ်နဲ့ တုံ့ပြန်ပြောလိုက် ပါတယ်။

လီဟောင်က လှုပ်ရှားလိုက်ပြီး လင်းဟန်ရဲ့ အရှေ့ကိုရောက်သွားပါတယ်။ သူ့ရဲ့ ညာဘက်လက်က ဓါးရိုးကို ကိုင်ထားပြီး ခါးနားမှာ အသင့်နေရာယူထားလိုက်ပါတယ်။

ဒါပေမဲ့သူက ဓါးကိုဆွဲထုတ်ဖို့ လှုပ်ရှားမှုတစ်ခုမှမလုပ်ခဲ့ပါဘူး။ သူ့ရဲ့ ဘယ်ခြေထောက်က အရှေ့ကိုရောက်နေတဲ့အချိန်မှာ ညာဘက်ခြေထောက်ကတော့ အနောက်ဘက်မှာ ကျန်နေခဲ့ပါတယ်။ သူ့ကိုယ်ခန္ဓာအပေါ်ပိုင်းက အနည်းငယ်အရှေ့ကို ယိမ်းယိုင်နေပြီးတော့ သူ့အမူအရာကိုကြည့်ရတာဟာ

လုံးဂကို အာရုံစူးစိုက် ထားတယ် ဆိုတာသိသာပါတယ်။

လင်းဟာန်က အနည်းငယ် အံ့အားသင့်သွားခဲ့တယ်။ ဒီကောင်ကိုကြည့်ရတာ အနည်းငယ် တော်ပြီး ဓါးသိုင်းပညာရှင်တစ်ယောက်ရဲ့ ဟာန် ပိုးတဂါး ရှိနေပါတယ်။

လီဟောင်က သူ့ ဆေဘာဓါးကို ရုတ်တရက် ဆွဲချလိုက်တဲ့အခါမှာ အေးစက်စက် အလင်းရောင်တစ်ခုက လင်းဟာန်ဆီကို လင်းလက်တောက်ပစွာ ပြေးဝင်သွားပါတယ်။

``Ding``

ထက်ရှပြီး အက်ကွဲတဲ့ အသံတစ်ခုက လေထုထဲကို ပျံ့လွင့်လာပါတယ်။လင်းဟာန်က သူ့ဓါးကို တစ်ချိန်တည်းမှာ ဆွဲထုတ်လိုက်ပြီး ဆေဘာဓါး တိုက်ခိုက်ချက်ကိုကာကွယ်ဖို့ ပင့်ရိုက်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ လည်း ဓါးရှည်က ဆေဘာဓါးကို ထိပ်တိုက် ရင်ဆိုင် လို့မရပါဘူး။ ဒါပေမဲ့ ဒါဟာ ဆေဘာရဲ့ ညာဘက်လမ်းကြောင်းကနေ ဆေဘာဓါးရိုး အတိုင်းသွားပြီးတော့ ဆေဘာဓါးရဲ့ အလေးချိန် ကို လုံးဂ ပျောက်ကွယ် သွားစေခဲ့ပါတယ်။

ဒီ ဓါးရဲ့ လှုပ်ရှားမှုက အရမ်းကို လျှင်မြန်လွန်းလှပါတယ်။

လီဟောင်ရဲ့ ဆေဘာဓါးတိုက်ခိုက်မှုက မျှော်လင့်မထားပဲ ပြီးဆုံးသွားခဲ့ပါပြီ။

ဇူရှုရီ နဲ့ သူမရဲ့ အဖော်အားလုံးဟာ အံ့သြသွားကြပါတယ်။ လင်းဟန်ဖော်ထုတ်ပြသွားတဲ့ စွမ်းအားက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ တစ်ယောက်ရဲ့ စွမ်းအားပဲ ရှိပေမဲ့လည်း သူက လီဟောင်ရဲ့ ခွန်းအားအပြည့်နဲ့ တိုက်ခိုက်မှုကို ဖြေရှင်း နိုင်ယုံသာမက ဓါးပညာရဲ့ အစွမ်းကိုပါ ခြွင်းချက်မရှိ ထုတ်ဖော်ပြသွားပါတယ်။

လီဟောင်မျက်နှာမှာ အရမ်းကို မာနကြီးတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

``မင်း အောင်မြင်တယ်``

လင်းဟန်က သူ့ရဲ့ ဓါးရှည်ကို တစ်ချက်ရမ်းလိုက်ပြီးတော့ ပြောလိုက်တယ်။

``မင်းလဲ ငါ့ဆီက တိုက်ခိုက်မှု တစ်ခုကို လက်ခံသင့်တယ်``

``ဟားဟား.... မင်းက ငါ့ကို စမ်းသပ်မလို့လား?``

လီဟောင်က ဟက်ဟက်ပက်ပက်ရီမောလိုက်တယ်။ လင်းဟန်က သူ့ဆီကနေ ဆေဘာ တိုက်ခိုက်ချက်ကို ကာကွယ်နိုင်တယ်ဆိုပေမဲ့ လင်းဟန်အနေနဲ့ သူနဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်ဖို့ လုံးဝမဖြစ်နိုင်ပါဘူး။ သူတို့နှစ်ယောက်ကြားမှာ ကွာဟချက် အများကြီး ရှိနေပါတယ်။

``အဲလိုမျိုး ပဲ ဆိုပါတော့.........မင်းရင်ဆိုင်ရဲလား?``

လင်းဟန်က အပြုံးနဲ့ပြောလိုက်တယ်။

``ကောင်းပြီ ဒါဆိုယင် လာခဲ့``

လီဟောင်က ယုံကြည်ချက်အပြည့်နဲ့ပြောလိုက်တယ်။ အစောတုန်းက သူတို့ တိုက်ခိုက်မှု ဖလှယ်လိုက်တဲ့အချိန်တုန်းက လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ပဲရှိသေးတာကို သူ့အနေနဲ့ သိလိုက်ပါတယ်။ သူတို့နှစ်ယောက်လုံးဟာ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ရဲ့ နောက်ပိုင်းအဆင့်

တူပေမဲ့လည်း အဆင့် ၂ ဆင့်ကတော့ ကွာဟနေပါသေးတယ်။

လင်းဟန်ရဲ့ လက်ထဲက ဓါးရှည်ဟာ ရုတ်တရက်ဆိုသလို အသေးစိတ်စီစဉ်ထားတယ်လို့ ထင်မှတ်ရလောက်အောင် ကြောက်မက်ဖွယ်ကောင်းစွာနဲ့ အရှေ့ကို ထိုးထွက်သွားပြီး လီဟောင်ရဲ့ လည်ပင်းဆီကို ဦးတည်လိုက်ပါတယ်။

လီဟောင်က လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ကြောက်ရွံ့ခြင်းမရှိခဲ့ပါဘူး။ သူ့ရဲ့ ဆေဘာဓါးကို ပေ့ယမ်းလိုက်ပီးတော့ ခုခံလိုက်ပါတယ်။ ``ဒင်`` ဆိုတဲ့အသံနဲ့အတူ ဓါးရှည်က သူ့လည်ပင်း အရှေ့ ညာဘက်နားမှာရပ်တန့်သွားခဲ့ပြီး လီဟောင်ရဲ့ ဆံပင်စည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

``မင်းရှုံးပြီ`` လင်းဟန်က သူ့ရဲ့ဓါးကိုပြန်ရုတ်သိမ်းလိုက်ပါတယ်။

`` ငါ မင်းရဲ့ ဓါးကို သေသေချာချာ ကာကွယ်............``

လီဟောင်က စကားပြောနေယင်းနဲ့ လင်းဟန်က သူ့ကို ဓါးချက် တစ်ချက် နဲ့ တိုက်ခိုက် လာချိန်မှာ

အဖြူရောင်အလင်းတစ်ခု အေးစက်တဲ့ အလင်းက တောက်ပပြီး ပျံ့သန်းလာ တာကို မြင်ခဲ့ရပါတယ်။

လှိုဒေါင်နဲ့ သူ့အပေါင်းအဖော်အားလုံး လုံးဝကို မှင်တက်သွားပါတယ်။

``ဓါးချီ``

လီဟောင်ရဲ့ မျက်နှာအမူအရာဟာ မည်းမှောင်သွားပါတယ်။ ပထမတော့ လင်းဟန်ကလီဟောင်ရဲ့ ဆေဘာဓါး တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်တဲ့အချိန်တုန်း က သူတို့အားလုံး အရမ်းကို စိတ်လှုပ်ရှားသွားကြပါတယ်။ ဒါပေမဲ့ အခု ဒီကောင်က ဓါးချီကို တောင် ထုတ်ဖော်နိုင်တယ်။ ဒီကောင်က တကယ့်ကို မယုံကြည်နိုင်စရာကောင်းတာပဲ။

လီဟောင်ရဲ့ တိုက်ခိုက်ချင်တဲ့စိတ်တွေ နောက်တစ်ကြိမ်မြင့်လာပြီးတော့ ပြောလိုက်တယ်။

`` ငါတို့ နောက်ထပ် ယှဉ်ပြိုင်ရအောင်``

သူ့အနေနဲ့ ဓါးချီကို ထုတ်ဖော်နိုင်တဲ့ လူနဲ့ တစ်ခါမှ မတိုက်ခိုက်ဖူးပါဘူး ။ ဒါဟာ ရှားပါးလှတဲ့ အခွင့်အရေးပါ။

`` ကောင်းပီလေ``

လင်းဟန်ကခေါင်းငြိမ့်ပြီး သဘောတူလိုက်ပါတယ်။ သူ့အနေနဲ့ လီဟောင်ကို အနည်းငယ် လေ့ကျင့်ပေးချင်ပါတယ်။ သူတွေးထားတာက လီဟောင်က စစ်မှန်တဲ့ ဓါးသိုင်းပညာရှင် လမ်းကြောင်းကို စတင်ခြေလှမ်းနေတဲ့ သူတစ်ယောက်လို့ ထင်မြင်ယူဆလို့ပဲဖြစ်ပါတယ်။

လင်းဟန်က သူပြောလိုက်တာနဲ့ ချက်ချင်းပဲ ညာဘက်လက်ကို ပွေ့ယမ်းလိုက်တာနဲ့ သူ့ရဲ့ ဓါးရှည်က နောက်တကြိမ် ပျံသန်းထွက်သွားပါတယ်။

လီဟောင်က သူ့ရဲ့ အကောင်းဆုံးတိုက်ခိုက်မှုနဲ့ လျှင်မြန်စွာ သူ့ ဆေဘာဓါးကို လျှက်တပြက် ပွေ့ရမ်းလိုက်ပါတယ်။ သူ့အနေနဲ့ ဆေဘာဓါးရဲ့ အလေးချိန်နဲ့ လင်းဟန်ကို နောက်ဆုတ်သွားဖို့ ဖိအားပေးချင်ပါတယ်။ သူ့ရဲ့တိုက်ခိုက်မှုကို စတင်ဖော်ထုတ်ပီးတာနဲ့ ချက်ခြင်းပဲ ခံစစ်ကိုလဲပြင်ထားပါတယ်။

Ding Ding Ding Ding

ဓါးသိုင်းပညာရှင် နှစ်ယောက်ရဲ့ တိုက်ပွဲဟာ အရမ်းကြောက်စရာကောင်းပါတယ်။ ဒီအချိန်မှာတော့ လီဟောင်ဟာ ချက်ချင်း အသတ်မခံရပါဘူး။ ဒါပေမဲ့လည်း သူ့အနေနဲ့ အကြီးအကျယ်ခံစားလိုက်ရပါတယ်။ လင်းဟန်ဟာ သူ့ရဲ့ ဓါးချီကို စတင်အသုံးပြုလိုက်တာနဲ့ တစ်ပြိုင်နက်တည်း လီဟောင်ရဲ့ ကိုယ်ခန္ဓာမှာ ဒါဏ်ရာအများအပြား ချန်ထားရစ်ခဲ့ပါတယ်။

လှုပ်ရှားမှုဆယ်ခု(သိုင်းဆယ်ကွက်လို့ယူဆလို့ရ) အပြီးမှာတော့ လီဟောင် လုံးဝ အရှုံးပေးလိုက်ပါတယ်။ တကယ်လို့သူသာ ဆက်ပြီးတိုက်နေမယ်ဆိုယင် သွေးထွက်လွန်ပြီး သေသွားနိုင်ပါတယ်။

``ဓါးချီက အရမ်းကို စွမ်းအားကြီးတာပဲ``

လီဟောင်က စိတ်ရှုပ်ထွေးတာရော စိတ်လှုပ်ရှားတာရော ပေါင်းပြီး ခံစားနေရပါတယ်။ သူ့အနေနဲ့ ဆေဘာချီကို ဖော်ထုတ်နိုင်မယ်ဆိုယင် အခြေအနေတွေက လုံးဝပြောင်းလဲ သွားပါလိမ့်မယ်။

`` စိတ်မပျက်သွားပါနဲ့ ..... မင်းကလည်းတကယ်

တော်ပါတယ်``

သူဟာ အယင်ဘာဂတုန်းက ဓါးသိုင်းပညာ အပေါ်မှာ အချိန်အများကြီး မပေးခဲ့ပေမဲ့လည်း သူက ဘယ်လောက်တောင်မှ ဉာဏ်ကောင်းလိုက်သလဲ။ ဒါ့အပြင် သူက ကောင်းကင်အဆင့် စစ်သည်တော်တစ်ဦးလဲဖြစ်ခဲ့တယ်။ သူ့ရဲ့ တရက် လေ့ကျင့်ခြင်းက တစ်ခြားကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် တစ်ယောက်ရဲ့ တစ်နှစ် သို့မဟုတ် နှစ်အနည်းငယ် လေ့ကျင့်ခြင်းနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။

အခု လီဟောင်က အသက်ဘယ်လောက်ပဲရှိသေးလို့လဲ သူနဲ့ တကယ်ပဲ ယှဉ်ပြိုင် လို့ရမှာလား။

ဇူရှုရီနဲ့ ကျန်တဲ့သူတွေဟာ အံ့အားသင့်သွားသလို ပျော်ရွှင်သွားကြပါတယ်။ အံ့အားသင့်သွားရတာကတော့ လီဟောင်ဟာ သူတို့အားလုံးထဲမှာ အသန်မာဆုံးဖြစ်ပြီး သူတောင်မှ လင်းဟန်ရဲ့ ပြိုင်ဘက်မဖြစ်တာကြောင့်ပါပဲ။ ပျော်ရွှင်ရတဲ့အကြောင်းကတော့ ဒီလိုမျိုး ဓါးသခင် ပညာရှင် တစ်ယောက်ရဲ့ အကူအညီနဲ့ဆိုယင် သူတို့ရဲ့ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီးကို ရရှိနိုင်ဖို့ အခွင့်အရေးက မြင့်မားလာခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

သူတို့ ၇ ယောက်အုပ်စုဟာ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး တည်ရှိရာအရပ်ကို ဦးတည် ထွက်ခွာလာကြပါတယ်။

လမ်းတစ်လျှောက်မှာ လင်းဟန်က သူတို့ငါးယောက်ရဲ့ စိတ်ဝင်စားမှုကို ခံရပြီးတော့ မေးခွန်းတွေကိုလဲ ဖြေကြားပေးနေရပါတယ်။

``ဒါဆိုယင် လင်းအကိုက တိမ်မီးခိုးမြို့ရဲ့ လင်းကလန်အမွေဆက်ခံမဲ့သူပေါ့.... ဒါကထူးဆန်းတယ် လင်းအကိုလို ပါရမီရှင် တစ်ယောက်အကြောင်းကို ကျနော်တို့ အယင်ကတည်းက ကြားသိရသင့်တယ်``

ဒါကပုံမှန်ပါပဲ လင်းဟန်ရဲ့ အယင်မူလကိုယ်ခန္ဓာပိုင်ရှင်က အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံ ပိုင်ဆိုင်ထားတာကို မသိတဲ့အပြင် ဒြပ်စင်ငါးမျိုးပညာရပ်ကိုလဲ မသိပါဘူး။

ဒ့ါအပြင် ဇူရှုရီ နဲ့ ကျန်တဲ့သူတွေကလဲ လှီယုထန်ကို စိတ်ဝင်စားကြပါတယ်။ သူမက အေးစက်ပြီး တိတ်ဆိတ်ငြိမ်သက်လွန်းတဲ့အပြင် လင်းဟန်ကလဲ သူမနဲ့ မိတ်မဆက်ပေးပါဘူး။ ဒါဟောသူတို့နလုံးသားတွေထဲမှာ သိချင်စိတ်အရမ်းကို ပြင်းပြ နေကြပါတယ်။

တစ်နာရီလောက်ကြာတဲ့အခါမှာ သူတို့အရှေ့မှာ အရမ်းကို စိုစွတ်တဲ့နေရာတစ်ခုကို ရောက်လာပါတယ်။ သူတို့ရဲ့အရှေ့မှာ ရုတ်တရက်ဆိုသလို ဂူတစ်လုံးပေါ်လာပါတယ်။

သူတို့ဟာ ဂူထဲကိုမဝင်ရသေးတာတောင်မှ မနှစ်မြို့စရာကောင်းတဲ့ အဆိပ်အနံ့ကို ရရှိ ကြပါတယ်။ ဒါ့အပြင် တစ်မီတာလောက်အရှည်ရှိတဲ့ သစ်ပင်တစ်ပင်ကို ပိုးတိုးပါးတား မြင်လိုက်ကြပါတယ်။ ၄င်းအပင်က သစ်ရွက်လဲမရှိပဲ ကြည့်ရတာ ကြံပင် နဲ့ တူပါတယ်။

ဒါ့အပြင် အသီးအချို့က တိုးလိုတွဲလောင်းကျနေပါတယ်။

`` ငါတို့ ပိုပြီးနီးနီးကပ်ကပ်သွားမယ်ဆိုယင် ပုပ်သိုးအဆိပ်ဒါဏ်ကို ခံရလိမ့်မယ်။ ငါတို့ ရှေ့ဆက်ပြီးသွားချင်တယ်ဆိုယင် အသက်ကို အောင့်ထားမှရမယ်``

``ဒီပုပ်သိုးတိမ် မိုနွစ္စာသားရဲက အရမ်းကို ကောက်ကျစ်စဉ်းလဲဉာဏ်များတယ်။ သူက ပုပ်သိုးအဆိပ် လွှမ်းမိုးထားတဲ့ စက်ပိုင်းကနေ လုံး၀ မစွန့်ခွာဘူး``

``လှိုမိန်းကလေးနဲ့ ရှုရီကို အစိမ်းရောင်စိတ်ဝိဥာဉ်အသီးတွေကို ခိုးရူးဖို့အတွက် ရွေးချယ်လိုက်တာ အသင့်တော်ဆုံးပဲ....ငါတိုငါးယောက်ကတော့ ဒီ ပုပ်သိုးတိမ် မို့စ္စာသားရဲကို ဖျားယောင်းထားလိုက်မယ်... သဘောတူကြလား?``

အထူးသဖြင့်တော့ လင်းဟန်ကို တိုက်ရိုက်ဦးတည်ပြီး မေးလိုက်တာပါ။

သူတို့က တစ်ဖက်စီကနေ လူတစ်ယောက်ပါဂင်ပြီးတော့ တစ်ဖက်ကလူက အသီးတွေကို ခိုးယူထွက်ပြေးခြင်းကနေ ရှောင်နိုင်မှာပဲဖြစ်ပါတယ်။ လင်းဟန်ခေါင်းငြိမ့်ပြီး ပြုံးလိုက်ပါတယ်။ တကယ်လို့ သူတို့သာ လှိုယုထန်ရဲ့ ကျင့်စဉ်အဆင့် ဘယ်လောက်ရှိတယ်ဆိုတာကို သိမယ်ဆိုယင် ဒီလိုမျိုး ဆွေးနွေးအကြံပေးချက်မျိုး တောင်းဆိုမှာမဟုတ်ပါဘူး။

`` ငါတို့ အယင်ဆုံး ပုပ်သိုးတိမ် မို့စ္စာသားရဲကို အပြင်ထွက်အောင်လုပ်ဖို့ လိုတယ်... တကယ်လို့ ငါတို့ ဂူထဲမှာ တိုက်ခိုက်မယ်ဆိုယင် လူအင်အားများတဲ့အပေါ်မှာ

အခွင့်ကောင်းယူလို့ရမှာမဟုတ်ဘူး``

ဇောင်ချန်က ပြောလိုက်တယ်။

ယောကျာ်းလေးငါးယောက်က သူတို့ရဲ့လက်နက်တွေကို အသီးသီး ထုတ်ကိုင်လိုက်ကြပြီး အချင်းချင်းထိရိုက်ပြီး ဆူညံမှုတွေကို ဖန်တီးလိုက်ပါတယ်။

အချိန်အနည်းငယ်ကြာတဲ့နောက်မှာတော့ ဂူထဲကနေပြီး ဂက်တစ်ကောင်နဲ့ အလားသဏ္ဍာန်တူတဲ့ သက်ရှိတစ်ကောင်ထွက်လာပါတယ်။ ရှည်လျား ချွန်ထက်လှတဲ့ အစွယ်နှစ်ချောင်းက နှုတ်ခမ်းကနေ ထိုးထွက်နေတာကလဲ လှံတိုနှစ်ချောင်းနဲ့ အလားတူနေပါတယ်။ ဒါက ပုပ်သိုးတိမ် မြွေစွာသားရဲပါ။

သူ့ရဲ့ အစွမ်းနဲ့ဆိုယင် ဒီ မြွေစွာသားရဲဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် မြွေစွာသားရဲတွေထဲမှာ ထိပ်ဆုံးအဆင့်မှာ ရပ်တည်နေတယ်လို့ ယူဆလို့ရပါတယ်။

ပုပ်သိုးတိမ် မြွေစွာသားရဲ က ဂူအပေါက်ဝမှာ ပေါ်ထွက်လာခဲ့ပါတယ် ဒါပေမဲ့ သူက မတိုက်ခိုက်ပါဘူး။ သူ့အရှေ့က လူသားငါးယောက်ကို ၄င်းရဲ့ အစွယ်တွေကို

လုပ်ပြုပြီး ကြည့်နေပါတယ်။ သူ့ကိုယ်ခန္ဓာပေါ်က လေအိတ်ဖုလေးတွေကနေပြီး မီးခိုးရောင်မြူတွေကို အဆက်မပြတ်ထုတ်လွှတ် နေတဲ့အတွက် ၄င်းရဲ့အပေါ်မှာ အမဲရောင် တိမ်တိုက်တစ်ခု ဖြစ်ပေါ်လာပါတယ်။

``သွားကြစို့``

ဇောင်ချန် က ကျယ်လောင်စွာအော်လိုက်ပီး သူက အယင်ဆုံးစတင်လှုပ်ရှားလိုက်ပါ တယ်။ သူ့နောက်ကနေ လွှီဒေါင်... ချန်ပိုင်ဂျူ နဲ့ လီဟောင်တို့က နီးနီးကပ်ကပ်လိုက်လာပါတယ်။ သူတို့ရဲ့ လက်နက်တွေကို တင်းတင်းကျပ်ကျပ်ဆုပ် ကိုင်ထားပြီးတော့ ပုပ်သိုးတိမ်မှိုင်စွာသားရဲဆီကို ခုန်ဝင်လိုက်ကြပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်ကတော့ လှုပ်ရှားမှုမရှိပဲ အနောက်ဘက်မှာပဲ တိတ်ဆိတ် ငြိမ်သက်စွာနဲ့ စောင့်ကြည့်နေပါတယ်။

လေးယောက် တစ်ယောက် (မှားလို့ တစ်ကောင်) လီဟောင်နဲ့ သူ့အဖော်တွေက အရေအတွက်မှာ များပေမဲ့လည်း ပုပ်သိုးသိုးအဆိပ်ငွေ့တွေ အဆက်မပြတ်ထုတ်လွှင့်နေတဲ့ အောက်မှာ သူတို့ရဲ့ ခွန်းအား

အကုန် ထုတ်ဖော်ပြသလို မရပဲနဲ့ တဖြေးဖြေး သူတို့ဟာ အောက်စီး ကိုရောက်လာပါတယ်။

သူတို့ဟာအရမ်းကို စိုးရိမ်ထိတ်လန့်လာပါတယ် သူတို့အစကတည်း ပူပေါင်းတိုက်ခိုက်မယ်လို့ သဘောတူထားတယ်မဟုတ်လား ဘာလို့ လင်းဟန်က ဘေးမှာရပ်ပြီးကြည့်နေရတာလဲ။

``ရွှတ်``

အဲဒီအချိန်မှာပဲ လင်းဟန်က သူ့ရဲ့ ဓါးကို လျှင်မြန်စွာဆွဲထုတ်လိုက်ပြီး အလင်းရဲ့ အမြန် နှုန်းနဲ့ လှုပ်ရှားလာပါတယ်။

အပိုင်း(၃၈) ဟန်ကျန်း
ဒီ ဓါးချက် လှုပ်ရှားမှုက တကယ့်ကို ချိန်သားကိုက်ပါပဲ။ ပုပ်သိုးတိမ် မျိုးနွယ်စုသားရဲ့က လီပောင် နဲ့ သူ့အပေါင်းအပါတွေရဲ့ စုပေါင်းတိုက်ချက်ကို ကာကွယ်လိုက်ပြီးတဲ့အချိန်မှာ ၄င်းရဲ့ ခံစစ်ဟာအားနည်းသွားခဲ့ပြီးတော့ လင်းဟန်အတွက် အခွင့်အလမ်းဖြစ်လာ စေခဲ့ပါတယ်။

``ရွှပ်``

ဓါးရှည် အလင်း ကိုကြည့်ရတာ ကောင်းကင်ဘုံက နတ်ဘုရားတစ်ပါး ဆင်းသက်လာ သလိုပါပဲ။

ဓါးရှည်ဟာ ပုပ်သိုးတိမ်မြွေစွာ သားရဲ ရဲ့ညာဘက်မျက်လုံးကို ဖောက်ထွင်းဝင်ရောက်သွားပြီး ဓါးရိုးမြုပ်သည်အထိ ဟိုးခန္ဓာကို အတွင်းနက်နက်ထဲကို ထိုးဖောက်ဝင်ရောက်သွားပါတော့တယ်။

``ဗုန်းး``

ပုပ်သိုးတိမ် မြွေစွာသားရဲက မြေကြီးပေါ်ကို လေးလံစွာနဲ့ ကျဆင်းသွားခဲ့ပါတယ်။ တကယ် ဓါးချက် တစ်ချက်ထဲနဲ့ သတ်ပစ်လိုက်တာပဲ။

``ဘာ``

``အမေ...``

``ရှီးးးးး``

လွှီဒေါင်နဲ့ အခြားသူတွေတင်မကဘူး ပုန်းကွယ်ပြီး စိတ်ဂိုဏ်းသစ်သီးတွေကို အလစ်မှာ ခူးဖို့ပြင်ထားတဲ့ ဖူရှူရီ ရော ကျောက်ရုပ်တွေလို အံ့အားသင့်သွားပါတယ်။

ဒါက တကယ့်ကိုပဲ ပုပ်သိုးတိမ်မှိန်စွာသားရဲလေ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ထဲမှာ တောင် အသန်မာဆုံး မှိန်စွာသားရဲတစ်ကောင်လေ အဲဒါကို ဓါးတစ်ချက်ထဲနဲ့ သတ်လိုက်နိုင်တယ်။ ဘယ်လိုလုပ်ပီး ဒီလိုမျိုး မဖြစ်နိုင်တာကြီးကို လက်ခံရမှာလဲ။

ဒါပေမဲ့ ချက်ချင်းပဲ သူတို့ဟာ သဘာဂရဲ့ လေကို ရှူလိုက်ကြပါတယ်။ သူတို့အားလုံးဟာ ပုပ်သိုးအဆိပ်အနည်းငယ်ကို ရှူမိထားတာဖြစ်လို့ သူတို့ရဲ့ ကျင့်စဉ်တွေကို ချက်ခြင်း လှည့်ပါတ်စေလိုက်ပီးတော့ ဒီအဆိပ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးဖြေရှင်းလိုက်ကြပါတယ်။

တစ်ခဏအကြာမှာတော့ လွှီဒေါင်က အယင်ဆုံး လင်းဟန်ဆီကိုလျှောက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ ပုခုံးကို ဖွဖွလေးပုတ်လိုက်ပီး...

``ငါထင်လိုက်တာက မင်းကကြောက်ပီးတော့

ဘာမှမလှုပ်ရှားနိုင်ဖြစ်နေတယ်ပေါ့ ဒါပေမဲ့ မင်းက တကယ့်ကိုသန်မာတာပဲ မင်းရဲ့ ဓါးတစ်ချက်က အမှန်တကယ်ကိုပဲ လျှင်မြန်လွန်းပါတယ်ကွာ``

```ဟားဟား လင်းအကိုက တကယ့်ကို စွမ်းအားကြီးတာပဲ ပုပ်သိုးတိမ်မို့စ္စာသားရဲကို တစ်ချက်ထဲနဲ့ သတ်ပစ်လိုက်နိုင်တယ်``

လီဟောင်ကပြောလိုက်တာပါ။ သူဟာလည်း ဓါးပညာရှင်တစ်ယောက်ဖြစ်တာကြောင့် ဒီဓါးချက်ရဲ့ တိကျပြတ်သားမှု ကို ခံစားလိုက်ရပြီး အရမ်းကို စိတ်လှုပ်ရှားနေခဲ့ပါတယ်။

လင်းဟန်ကပြုံးရုံပဲပြုံးလိုက်ပါတယ်။ ပုပ်သိုးတိမ်မို့စ္စာသားရဲက လှီဒေါင်နဲ့ ကျန်တဲ့သူတွေအပေါ်မှာ အာရုံစူးစိုက်ထားတဲ့အတွက် သူ့အနေနဲ့ ဓါးချက်တစ်ချက်ထဲနဲ့ သတ်ဖို့ အခွင့်အရေးရခဲ့တာပါ။

တကယ်လို့ တစ်ယောက်ခြင်းစီ ယှဉ်ပြိုင်ရမယ်ဆိုယင် သူ့လက်ထဲမှာ ပုပ်သိုးအဆိပ်ဖြေဆေးမရှိပဲနဲ့ ဒီ မို့စ္စာသားရဲကို လင်းဟန် ယှဉ်ပြိုင်တိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး။
```

ပုပ်သိုးအဆိပ်တွေ ပျောက်ကွယ်သွားပြီးနောက်မှာ သူတို့က အစိမ်းရောင် စိတ်ဂိုဉာဉ် သစ်သီးတွေကို တစ်ယောက်ပီးတစ်ယောက် အပင်ကို မထိခိုက်စေပဲနဲ့ ခူးဆွတ်လိုက်ကြပါတယ်။ အစိမ်းရောင် စိတ်ဂိုဉာဉ်သစ်သီး ၇ လုံး .... သူတို့ အားလုံး တစ်ယောက်တစ်လုံးစီအညီအမျှ ခွဲယူလိုက်ကြပါတယ်။ လှိုင်ယုထန်လည်းသူမ ဝေစု ကို ယူသိမ်းထားပီး နောက်ပိုင်းမှာ လင်းဟန်ကို ပေးဖို့ ဆုံးဖြတ်ထားပါတယ်။

``ဟင့် .... စိတ်ဂိုဉာဉ်သစ်သီးတွေကို ထားခဲ့လိုက်စမ်း``

သူတို့အားလုံး အေးစက်တဲ့ အော်သံတစ်ခုကိုကြားလိုက်ရပါတယ်။ လူနှစ်ယောက် သူတို့ဆီကို လျှောက်လာတာကိုမြင်လိုက်ပီး တစ်ယောက်က ငယ်ရွယ်ပြီးတော့ နောက်တစ်ယောက်က အသက်ကြီးပါတယ်။ ငယ်ရွယ်တဲ့ ကောင်လေးကြည့်ရတာ အသက် နှစ်ဆယ်ကျော် အရွယ်ဖြစ်ပြီး အဘိုးကြီးကတော့ တစ်ခေါင်းလုံး ဆံပင်ဖြူတွေ ဖုံးနေတဲ့ အသက် ၇၀ သို့မဟုတ် ၈၀ အရွယ်ပါ။

ပြောလိုက်တဲ့သူက ငယ်ရွယ်တဲ့ ယောက်ကျာ်းလေးပါ။ သူက အဘိုးကြီးရဲ့ အရှေ့ကနေ လျှောက်လာပြီးတော့

အဘိုးကြီးကတော့ ကြည့်ရတာ အစေခံနဲ့ တူပါတယ်။

လင်းဟန်က သူတို့နှစ်ယောက်ကို ချောင်းဟန့်ပြီး လှမ်းကြည့်လိုက်ပါတယ်။ သူ့ရဲ့ ကောင်းကင်အဆင့်စစ်သည်တော်တစ်ယောက်ရဲ့ စူးရှတဲ့အမြင်နဲ့ သေချာပေါက်ပြောနိုင်တဲ့ ယောကျ်ားလေးက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကိုရောက်နေပြီးတော့ အဘိုးကြီးကတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ကိုး ကို ရောက်နေပါတယ်။

လှီဒေါင်က အမည်မသိလူငယ်ကို အော်ဟစ်လိုက်ပါတယ်။

``ဒီလောက်တောင် စိတ်ကြီးဝင်နေရအောင် မင်းက ဘယ်သူမို့လို့လဲ``

ဒါပေမဲ့လည်း လူငယ်ရဲ့ အကြည့်တွေက ဇူရှုရီ ရဲ့ ပြစ်မျိုးမဲ့မထင်အောင်လှပတဲ့ မျက်နှာနဲ့ ကိုယ်လုံးလေးကို စိုက်ကြည့်ပြီး အငမ်းမရဖြစ်နေတဲ့ပုံပေါ်နေပါတယ်။ပြီးတော့ အဖက်မတန်တဲ့ လေသံနဲ့ပြောလိုက်ပါတယ်။

``မင်းက ငါ ဟန်ကျန်းဆိုတာတောင် မသိဘူးပေါ့.....ဒါဆို ကျောက်တုံးပံပုလွေဂိုဏ်းကြဲ အကြောင်းတော့ကြားဖူးမှာပါ

ဟုတ်တယ်မလား? ငါက ကျောက်တုံးပံပုလွေဂိုဏ်းကွဲ က ခုနှစ်ယောက်မြောက် အကြီးအကဲရဲ့ အကြီးဆုံးမြေးပဲ``

ကျောက်တုံးပံပုလွေဂိုဏ်း....။

ဒီစကားကိုကြားလိုက်ရတော့ လွီဒေါင်နဲ့ အပေါင်းအပါအားလုံးရဲ့ အမူအရာတွေက စိုးရိမ်ထိန်လန့်ခြင်းကို ပြောင်းလဲသွားကြတယ်။

မိုးရေနိုင်ငံမှာ အမြင့်ဆုံးကနေ အနိမ့်ဆုံးကို စီလိုက်ယင် အဆင့်လေးဆင့်ရှိပါတယ်။

တကယ်လို့ အဖွဲ့တစ်ခုက စိတ်ဝိဉာဉ်ပင်လယ်အဆင့် ကိုပိုင်ဆိုင်ထားတယ်ဆိုယင် ဂိုဏ်းတစ်ခုအဖြစ်ကြေ်ငြာနိုင်ပါတယ်။ တစ်ယောက်ယောက်က နွေဦးစမ်းရေအဆင့် မာစတာ တစ်ယောက်ပိုင်ဆိုင်ထားတယ်ဆိုယင် ဂိုဏ်းကွဲ တစ်ခုအဖြစ်.....အဖွဲ့ထဲမှာ ဒြပ်စင်စုစည်းခြင်းအဆင့်စစ်သည်တော် ရှိယင် အဖွဲ့အစည်းတစ်ခုအဖြစ် နဲ့ အဲဒီထက်အဆင့်နိမ့်တဲ့သူတွေစုနေတာကိုတော့ အသင်းအဖွဲ့ အဖြစ် ကြေ်ငြာနိုင်ပါတယ်။

ကျောက်တုံးဂံပုလွေဂိုဏ်းကွဲဟာ မိုင်တစ်ထောင်ပါတ်လည်အတွင်းမှာ အင်အားအကြီးဆုံး အဖွဲ့ဖြစ်ပါတယ်။ ကောလဟာလ တွေအရတော့....... အကြီးအကဲ ကိုးယောက်စလုံးဟာ နွေဦးစမ်းရေအဆင့်စစ်သည်တော်တွေလို့ ပြောကြပါတယ်။ ဂိုဏ်းကွဲရဲ့ ခေါင်းဆောင်ကတော့ နွေဦးစမ်းရေ အဆင့်ကိုးရဲ့ အထွတ်အထိပ်ကိုရောက် နေတဲ့သူလို့ ဆိုကြပါတယ်။

တကယ်လို့ ဟန်ကျန်းပြောတာက အမှန်တွေသာဆိုယင် သူ့အဘိုးက ကျောက်တုံးဂံပုလွေဂိုဏ်းကွဲရဲ့ ခုနစ်ယောက်မြောက်အကြီးအကဲဖြစ်ပြီး နွေဦးစမ်းရေ အဆင့်ကိုရောက်နေတဲ့သူဖြစ်တာကြောင့် သူ့ရဲ့ နောက်ခံအင်အားက
အရမ်းကြောက်မက်ဖွယ်ကောင်းလှပါတယ်။

```ဟားဟားဟား အခု ငါဘယ်သူလဲဆိုတာသိသွားကြပီ မဟုတ်လား...စိတ်ဂိညာဉ်သစ်သီးတွေကို ထားခဲ့ပြီး မင်းတို့ရဲ့ လက်မောင်းတစ်ဖက်ဆီကို ချိုးပြီးတော့ ထွက်သွားလို့ရပီ... ဒါပေမဲ့ ဒီမိန်းကလေးနစ်ယောက်ကတော့ နေခဲ့ရမယ်``

ဟန်ကျန်းက လှီယုထန်ကို တစ်ချက်ကြည့်လိုက်ပါတယ်။
```

သူ့အနေနဲ့ လှိုင်ယုထန်ရဲ့ မျက်နှာကို သေချာမမြင်ရပေမဲ့ သူမရဲ့ လှပတောင့်တင်းတဲ့ ကိုယ်လုံးကိုယ်ပေါက်က သူ့နှလုံးသားကို ယိမ်းယိုင်လှုပ်ခါစေပါတယ်။

သူ့ရဲ့ မိန်းကလေးပေါင်းများစွာနဲ့ အတွေ့အကြုံကြွယ်ဝမှုတွေကြောင့် ဒီမိန်းကလေးက သေချာပေါက် လှပချောမောမယ်ဆိုတာ ယုံကြည်ထားပါတယ်။

လှိုင်ဒေါင်နဲ့ သူ့အဖော်တွေဟာ အလွန်ကိုပဲ စိုးရိမ်ထိတ်လန့်သွားပါတယ်။ သူတို့က စိတ်ဂိဥာဉ်သစ်သီးတွေကို ချန်ထားခဲ့နိုင်ပါတယ် ဒါပေမဲ့ သူတို့ရဲ့လက်မောင်းတွေကို ချိုးပစ်ဖို့ဆိုတာကတော့...........သိုင်းပညာရှင်တစ်ယောက် အနေနဲ့ သူတို့ရဲ့လက်မောင်းကို ချိုးလိုက်တယ်ဆိုတာ သူတို့ရဲ့ အနာဂါတ်ကို ဖျက်ဆီးလိုက် သလိုပါပဲ။ ဖူရှုရီ လည်း တဆတ်ဆတ်တုန်သွားပါတယ်။ ဟန်ကျန်းက သူမကို ကျန်နေခိုင်းတာ ဘာကြောင့်လဲဆိုတာကိုသိပါတယ်။ ဒါကြောင့် သူမဟာ စက်ဆုပ်ရွံရှာခြင်း ဒေါသထွက်ခြင်းနဲ့ ထိတ်လန့်ကြောက်ရွံ့ခြင်းတို့ကိုပါ တပြိုင်နက်တည်း ခံစားလိုက်ရပါတယ်။

``မင်းတို့က ငါ့ကို ဆန့်ကျင်ဖို့ ဆန္ဒရှိနေကြတာလား? အဘိုးကြီး ယု သူတို့ကို နည်းနည်းလောက် စိတ်ပျက်သွားအောင်လို့ လုပ်လိုက်ပါ``

``ဟုတ်ကဲ့ပါ သခင်လေး``

ဟန်ကျန်းအနောက်က ခေါင်းဖြူအဘိုးကြီးက ရိုရိုသေသေနဲ့ ပြောလိုက်ပြီး သူတို့ရှိရာဆီကို ဖြေးဖြေးလေး လျှောက်လာလိုက်တယ်။

မူကတော့ သူဟာ သူငယ်ပြန်နေတဲ့ အဘိုးအိုလိုလို ဟန်ဆောင်ထားပြီး အခုကျတော့ ချက်ချင်းကြီးဆိုသလို ခြေလှမ်းတိုင်းမှာ ကြောက်စရာကောင်းတဲ့ အော်ရာတွေတိုးလာပြီး လွီဒေါင်နဲ့ အပေါင်းအပါတွေရဲ့ မျက်နှာကို ဖြူလျော်သွားစေခဲ့ပါတယ်။

အမှန်တော့ လွီဒေါင်နဲ့ အခြားသူတွေက အဘိုးကြီးယုရဲ့ ကျင့်စဉ်အဆင့်ကို မပြောနိုင်ကြပါဘူး။ သူတို့သိတာက သူတို့ထက် အများကြီး အဆင့်မြင့်မယ်ဆိုတာကိုပါ။ ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်း ဘယ်အဆင့်ပဲဖြစ်ဖြစ် သူ့ရဲ့ လက်တချက်ဝှေ့လိုက်တာနဲ့ပဲ သူတို့လို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် လူငယ်လေးတွေကို

အဆုံးသတ်လိုက်နိုင်တဲ့အစွမ်း ရှိပါတယ်။

သူတို့အနေနဲ့ လုံးဂ စိတ်ဆန္ဒမရှိပေမဲ့ သူတို့ရဲ့ နောက်ခံအင်အားတွေက အသစ်ရောက်လာတဲ့ လူနဲ့ ယှဉ်လို့မရဘူးဆိုတာကို သိထားကြပါတယ်။

`` မင်းရဲ့ ရုပ်ဖျက်ထားတာကို ဖယ်လိုက်``

ဟန်ကျန်းက ပြောလိုက်တယ်။ သူ့အနေနဲ့ လွီယုထန်ရဲ့ ကိုယ်လုံးကိုယ်ပေါက်ကို ပိုကြည့်မိလေ သူမရဲ့မျက်နှာကို မြင်ချင်တဲ့ နလုံးသားထဲက မီးက ပိုပြီးတောက်လောင်လာလေဖြစ်တာကြောင့် သူမရဲ့ မျက်နှာအစစ်ကို အရမ်းကိုပဲ မြင်ချင်မိပါတယ်။

တကယ်လို့ လွီယုထန်ရဲ့ မျက်နှာအစစ်က သူထင်ထားသလိုမဟုတ်ခဲ့ဘူး ဆိုယင် သူ့အနေနဲ့ သူ့အတွက် ဘာမှအကျိုးမရှိတဲ့အတွက် တစ်ခါတည်းသတ်ပစ်လိုက်မှာပါ။

အကျိုးဆက်လား......

ဟန်ကျန်းအနေနဲ့ ဒါတွေကို လုံးဂမစဉ်းစားခဲ့ပါဘူး။

ကျောက်တုံးဂံပုလွေဂိုဏ်းကွဲက ဒီနေမြေတစ်ပိုက်မှာ ဘုရင်ပဲလေ။ သူတို့သာ မိုးရေနိုင်ငံအပေါ်မှာ သစ္စာမဖောက်ခဲ့ယင် သူ လူအနည်းငယ်ကို သတ်တာ ဘာအရေးလဲ။

လွှီယုထန်ကတော့ ဘာမှမတုံ့ပြန်ပါဘူး။

``အာ...ငါပြောတာကိုမင်း မကြားဖူးလား``

ဟန်ကျန်းအနည်းငယ် စိတ်တိုသွားပါတယ်။ သူ့လိုသခင်လေးတစ်ယောက်ရဲ့ အမိန့်ကို ဆန့်ကျင်ရဲတာလား။

လွှီယုထန်က လင်းဟန်ကိုကြည့်လိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်က အပြုံးကို မြင်လိုက်တဲ့အခါမှာ သူမရဲ့ ရုပ်ဖျက်ထားတာကို တည်တည်ငြိမ်ငြိမ်နဲ့ပဲ ဖယ်ရှားလိုက်ပါယ်။

အဲဒီအချိန်မှာပဲ ပါတ်ဂန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသလို ခံစားလိုက်ရပါတယ်။

ဒီလောက် လှပချောမောတဲ့ မိန်းကလေးမျိုး

ဒီကမ္ဘာကြီးထဲမှာရှိတယ်ပေါ့လေ။

ဘယ်လောက်တောင်မှလှပချောမောလိုက်သလဲ။ သူမရဲ့ ဟန်ပန်အမူအရာက ရေခဲတုံး လိုအေးစက်နေပေမဲ့ ဒါကပဲ သူမကို သိမ်းပိုက် ရယူဖို့ အတွက် ပိုပြီးတော့ စိတ်အားထက်သန်စေပါတယ်။

လှိုဒေါင်နဲ့ ကျန်တဲ့သူအားလုံး သူမရဲ့အလှမှာ တအံ့တသြဖြစ်ကုန်ကြပါတယ်။ ဒါပေမဲ့ သူတို့စိတ်ထဲမှာ အရမ်းကို စိတ်ပျက်စိုးရိမ်သွားကြပါတယ် ဒီလိုမျိုး လှပချောမောတဲ့ မိန်းကလေးက မကြာခင်မှာ ဟန်ကျန်းရဲ့ လက်ထဲကို ရောက်တော့မယ်ဆိုတာကို တွေးမိသွားကြပါတယ်။

ဟန်ကျန်းကိုယ်တိုင်တောင်မှ အရမ်းကိုအံ့အားသင့်ပြီး အပျော်လွန်သွားပါတယ်။ သူ့အနေနဲ့ ဒီလောက်လှပချောမောတဲ့ မိန်းကလေးကို တွေ့ကြုံရလိမ့်မယ်လို့ မမျှော်လင့်ထားဘူးလေ သူ့ရဲ့မျက်လုံးတွေက ပြူးထွက်နေပြီး အပြင်ကို ခုန်ထွက်သွားတော့မဲ့ အတိုင်းဖြစ်နေပါတယ်။ သူက ကျယ်လောင်စွာအော်ရီလိုက်ပီး ပြောလိုက်တယ်။

`` မိန်းမလှလေး ...ဒီကိုလာပါ``

`` သခင်လေး သတိထားပါ.. ဒီမိန်းကလေးက ဒြပ်စင်စုစည်းခြင်းအဆင့်ရောက်နေသူ ဖြစ်ပါတယ်``

အဘိုးကြီးယု က ချက်ချင်းပဲပြောလိုက်ပြီး သူ့မျက်မှောင်ကိုကြုံ့ကာ သေချာ စူးစိုက်ကြည့် လိုက်ပါတယ်။

သူ့အနေနဲ့ ဒီမိန်းကလေးရဲ့ အမှန်တကယ်စွမ်းအားကို မပြောနိုင်ပါဘူး။

တစ်စုံတစ်ယောက်ရဲ့ ကျင့်စဉ်က အဆင့်မြင့်နေယင် အဆင့်နိမ့်တဲ့သူကိုကြည့် ပြီး ကျင့်စဉ်အဆင့်ကို ပြောနိုင်ပါတယ် ဒါပေမဲ့ သူတို့အနေနဲ့ နီးနီးကပ်ကပ် အကွာအဝေးမှာ ရှိဖို့တော့လိုပါတယ်။ အဘိုးကြီးယုနဲ့ လီွယုထန်တို့က အနည်းငယ်ကွာဝေးနေတဲ့ အတွက် သူ့အနေနဲ့ လီွယုထန်ဟာ ဒြပ်စင်စုစည်းခြင်းအဆင့် ရောက်နေသူလို့သာ သိထားပြီး သူမရဲ့ ကျင့်စဉ်အဆင့် အတိအကျကိုတော့ မပြောနိုင်ခဲ့ပါဘူး။

လီွဒေါင်နဲ့ သူ့ရဲ့ အုပ်စုသာမက ဟန်ကျန်းပါ အားလုံး ကြီးမားတဲ့ အံ့အားသင့်မှုကြီးဖြစ်သွားပြီး မယုံနိုင်တဲ့

အမှုအရာတွေ ဖြစ်နေကြပါတယ်။

အပိုင်း (၃၁) မင်းရဲ့ခေါင်းကိုငုံ့ပြီးတော့ တောင်းပန်စမ်း

ဒီမိန်းကလေးကို ကြည့်ရတာ အခုမှ အသက်က ၁၈ သို့ ၁၉ ပဲအလွန်ဆုံး ရှိဦးမယ်။ သူမက ဒြပ်စင်စုစည်းခြင်းအဆင့်ကိုတောင် ရောက်နေပြီပေါ့လေ။

ဒါပေမဲ့ ဘာလို့များ သန်မာတဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် စစ်သည်တော်တစ်ယောက်ရဲ့ ဟန်ပန်အမူအရာမျိုး မရှိရတာလဲ။

ဟန်ကျန်း တစ်ခဏမျှ အံ့အားသင့်သွားပေမဲ့ သူ့နှလုံးသားထဲက မထီမဲ့မြင်ပြုလိုက်ပါတယ်။ သူမက ဒြပ်စင်စုစည်းခြင်းအဆင့် ဖြစ်တော့ရော ဘာအရေးလဲ။ ဒီအသက်အရွယ်နဲ့ဆိုရင် သူမက အခုမှ အဆင့်တက်လာတာပဲ ဖြစ်မယ်။ ဘယ်လိုလုပ်ပြီးတော့များ အဘိုးကြီးယု နဲ့ ပြိုင်ဘက်ဖြစ်နိုင်မှာလဲ။

``အဘိုးကြီး ယု သူမကို ဆွဲခေါ်လာခဲ့``

ဟန်ကျန်းရဲ့ နှလုံးသားထဲမှာ အရမ်းကို တက်ကြွနေပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် တစ်ယောက်အနေနဲ့

ဒြပ်စင်စုစည်းခြင်းအဆင့် တစ်ယောက်ကို သူ့ရဲ့ ကိုယ်ခန္ဓာအောက်မှာ အရုပ်ကလေးတစ်ရုပ်လို သဘောထား ကစားရမှာမို့ အရမ်းကို စိတ်လှုပ်ရှား တက်ကြွနေရသလို ဒီမိန်းကလေးရဲ့ ရုပ်ရည် ရူပကာ ကလည်း အပြစ်ပြောစရာမရှိအောင် ချောမောလှပလွန်းတယ်လေ။

ဒါပေမဲ့ အဘိုးကြီး ယု ရဲ့ မျက်နှာအမူအရာ က အရမ်းကို သတိထားနေပါတယ်။ သူ့အနေနဲ့ လွီယုထန်ကို အရမ်းစွမ်းအားကြီးတဲ့ ပြိုင်ဘက်တစ်ယောက်လို မသတ်မှတ် ထားပါဘူး။ ပြီးတော့ ဒီမိန်းကလေးက ငယ်ရွယ်လွန်းတယ်။ သူ့ရဲ့ အာရုံအရ ဒီမိန်းကလေးက ဒြပ်စင်စုစည်းခြင်းအဆင့် ၁ သို့မဟုတ် ၂ လောက်ပဲ အလွန်ဆုံးရှိပါဦးမယ်။

သူကတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကိုရောက်နေသူတစ်ယောက်ပါ။ သူ့အနေနဲ့ ဒီဘဝမှာ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖြတ်ကျော်ဖို့ဆိုတာ မဖြစ်နိုင်ပေမဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ထဲမှာဆိုယင် သူနဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်တဲ့အရေအတွက် အရမ်းကို နည်းပါတယ်။

``မိန်းကလေး လိမ်လိမ်မာမာနဲ့ ပြောတဲ့အတိုင်း အရှုံးပေးလိုက်ယင် နာကျင်မှာမဟုတ်ဘူးနော်``

လွီယုထန်ရဲ့ မျက်လုံးထဲမှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒ တွေ တောက်ပလာခဲ့ပါတယ်။ သူမက လွီကလန်ရဲ့ မင်းသမီး ဖြစ်တယ်။ အင်ပါယာမြို့က အင်အားကြီး ကလန် ၈ ခုရဲ့ မျက်စိထဲမှာ ဒီလို ကျောက်တုံးဂံပုလွေဂိုဏ်းကွဲကို မျက်စိထဲထည့်ရမှာလား။ ဒီ ဟန်ကျန်းဆိုတဲ့ကောင်က သူမ ကို တကယ်ပဲ မကောင်းတဲ့စိတ်ရိုင်းတွေ တွေးရဲတယ်ပေါ့ ကြည့်ရတာ ဒီကောင် ကိုယ့်သေတွင်းကိုယ် တူးတာပဲ။

ဒါပေမဲ့ သူမရဲ့ လက်ရှိအခြေအနေကို ခေါင်းထဲဝင်လာတဲ့အခါမှာ လင်းဟန်ဆီကို ကြည့်ပြီး သူမရဲ့ မျက်နှာမှာ မေးခွန်းမေးလိုက်တဲ့ ပုံစံပေါက်နေပါတယ်။

လင်းဟန်က ပခုံးတွန့်လိုက်ပီး ပြောလိုက်ပါတယ်။

`` ဒီလို လူစားမျိုး... တကယ်လို့ မင်းသတ်ချင်တဲ့ ဆန္ဒရှိယင် သွားသတ်လိုက်ပါ``

လွီယုထန်က ပြန်လှည့်လိုက်ပီးတော့ သူမရဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ အော်ရာကို လွှင့်ထုတ်လိုက်ပါတယ်။ သူမရဲ့ အော်ရာ အရှိန်အဟုန်က အဘိုးကြီးယု အောက်ကို မနိမ့်ကျပါဘူး။

``ဘာ``

အဘိုးကြီးယု ရဲ့ မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားပါတယ်။

``ဒြပ်စင်စုစည်းခြင်းအဆင့် ၉....... ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ``

အဘိုးကြီးယု တစ်ယောက်တည်းသာ ကြီးကြီးမားမား အံ့အားသင့်တာ မဟုတ်ပါဘူး လွှီဒေါင်နဲ့ သူ့လူတွေအားလုံးလဲ အံ့အားသင့်ပြီးတော့ သူတို့ရဲ့ မျက်နှာအမူအရာတွေ တွန့် ကုန်ပါတယ်။

တစ်စုံတစ်ယောက်အတွက် အသက် ၂၀ နှစ်အောက်မှာ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်နေတာကပဲ အရမ်းကို အံ့အားသင့်ဖို့အတွက် လုံလောက်ပါပြီ။ လွှီဒေါင်နဲ့ သူ့သူငယ်ချင်းတွေ အစက တွေးမိတာက သူတို့နဲ့ လွှီယုထန်ကြားက ကွာဟချက်က သိပ်ကြီးမားမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ သူတို့အားလုံးက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၈ နဲ့ ၉ အသီးသီးကိုရောက်ရှိနေကြပီးတော့ မကြာခင် ဒြပ်စင်စုစည်းခြင်းအဆင့်ကို

ချိုးဖျက်ဝင်ရောက်နိုင်တော့မှာမိုလို့ပါ။

ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ....ဒီလိုအဆင့်ကိုရောက်ရှိနိုင်ဖို့တော့ သူတို့အားလုံး အနည်းဆုံး ဆယ်နှစ်ခန့်အချိန်ယူ လေ့ကျင့်မှသာ ရောက်နိုင်ပါလိမ့်မယ်။

အဘိုးကြီးယု က လက်သီးနှစ်ဖက်ကို ဆုပ်ပြီး ရိုရိုသေသေနဲ့ပြောလိုက်ပါတယ်။

`` ကျေးဇူးပြုပြီး စောစောက ကျနော့် သခင်လေးရဲ့ မယဉ်ကျေးမှုကိုခွင့်လွှတ်ပါ သခင်လေးရဲ့ အပြုအမူတွေအတွက် ကျနော်ဒီနေရာကနေ စိတ်ရင်းနဲ့ တောင်းပန်ပါတယ်``

သူတို့နှစ်ယောက်လုံးဟာ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကိုရောက်နေကြတာဖြစ်လို့ သူ့အနေနဲ့ ဒီမိန်းကလေးကို ရှုံးနိမ့်စရာအကြောင်းမရှိ လောက်ပါဘူး။ ပြဿနာက သူ့ရဲ့ ပြိုင်ဘက် မိန်းကလေးက အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ ဒြပ်စင်စုစည်းခြင်း အဆင့် ၉ ကိုရောက်ရှိနေတာဖြစ်လို့ သူမရဲ့အနောက်ကနေ သူမကို ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းက သာမာန်ရိုးရိုး

အဖွဲ့အစည်းမဟုတ်လောက်ပါဘူး။ ပြောရမယ်ဆိုယင် အဘိုးကြီးယု က လွီယုထန်ရဲ့ နောက်ခံအင်အားကို ကြောက်နေတာပါ။

ဟန်ကျန်းအနေနဲ့ စိတ်မချမ်းမသာဖြစ်သွားပါတယ်။ သူက အရှုံးပေးလိုက်ဖို့ စိတ်မရှိပေမဲ့ သူ့အနေနဲ့ ဘာမှ မတတ်နိုင်ပါဘူး။ သူ့အနေနဲ့ မောက်မာပြီး မာနအရမ်း ကြီးပေမဲ့လည်း သူက ငတုံးတစ်ယောက်မဟုတ်ပါဘူး။ သူ့အနေနဲ့ လူတစ်ချို့ကို စာမဖွဲ့ လောက်ပေမဲ့လဲ တစ်ချို့သောလူတွေကိုတော့ ထိပ်တိုက်ရင်ဆိုင်လို့မရဘူးဆိုတာ သူကောင်းကောင်းနားလည်ပါတယ်။

လွီယုထန်က သူလုံး၊ ရင်ဆိုင်ဖို့ မဖြစ်နိုင်တဲ့ လူစားမျိုးထဲမှာ သေချာပေါက် ပါပါတယ်။

လွီယုထန်က လက်တစ်ချက်ဝှေ့လိုက်ပီး မာမာထန်ထန်နဲ့ပြောလိုက်ပါတယ်။

`` ကျမ ရှင့်ကိုမသတ်ချင်ဘူး... ကျမသွားမဲ့လမ်းကနေဖယ်စမ်း``

လွှီကလန်ရဲ့ မင်းသမီးကို ရိုင်းစိုင်းတဲ့စကားတွေနဲ့ ပြောဆိုလိုက်တဲ့သူကို အသက်ရှင်ခွင့် ပေးရမယ်လို့ များ ထင်နေတာလား။

``မိန်းကလေး သိပ်ပြီး မလွန်ပါနဲ့``

အဘိုးကြီးယု ရဲ့ လေသံက မာသွားတယ်။ သူ့အနေနဲ့ ဘေးကနေရပ်ပြီးတော့ ဟန်ကျန်းသေမှာကို ကြည့်မနေနိုင်ပါဘူး။

လွှီယုထန်က အဖြေမပေးပါဘူး။ သူမရဲ့ ညာဘက်လက်ကိုမြှောက်ပီးတော့ တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။

အဂ်ါရောင် အဆင့်မြင့် အဆင့် သိုင်းပညာ......ဖျက်ဆီးခြင်းလက်ဂါး သိုင်းကွက်။

ဒါကိုမြင်လိုက်တဲ့အခါမှာ အဘိုးကြီးယု အနေနဲ့ အေးအေးဆေးဆေး နေလို့မရတော့ပါဘူး ဒါကြောင့် သူ့ရဲ့ လက်ကို လက်သည်းပုံစံ မြှောက်လိုက်ပါတယ်။

``အဂ်ါရောင် အလတ်အလတ်အဆင့် သိုင်းပညာ...

သိမ်းငှက်ပျံ လက်သည်း``

လှီဒေါင်က ပြတ်ပြတ်သားသားပြောလိုက်ပါတယ်။ သူက လက်သည်းသိုင်းမှာ ကောင်းမွန်တဲ့ အဆင့်မှာရှိပြီး လက်သည်းသိုင်းတွေရဲ့ မတူညီကွဲပြားတဲ့ ပုံစံတွေကို သိရှိလေ့လာထားပါတယ်။ ဒါကြောင့်လဲ အဘိုးကြီးယု ရဲ့ လှုပ်ရှားမှုကိုကြည့်လိုက်တာနဲ့ သူကတန်းပြီးသိသွားတာပါ။

``လင်းဟန် မင်းရဲ့ ဒီမိသားစုဂင်အတွက် ပြသနာရှိနိုင်သလား``

သူတို့ငါးယောက်စလုံးဟာ လင်းဟန်အနားကို စုစည်းရောက်လာကြပါတယ်။ အခုချိန်မှာတော့ လှီယုထန်က သူတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်ပါ။

လင်းဟန်ကပြုံးပြီး ညင်သာတဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``မရှိနိုင်ပါဘူး``

လှီဒေါင်နဲ့ သူ့အဖွဲ့သားတွေဟာ နေမထိထိုင်မထိဖြစ်ကုန်ကြပါတယ်။ မရှိနိုင်ပါဘူးဆိုတဲ့ စကားက အရမ်းကိုပဲ မယုံကြည်စိတ်မချ နိုင်ကြပါဘူး။

နစ်ယောက်လုံးဟာ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ သမားတွေပါ ဒါကြောင့် ဘယ်သူက အနိုင်ရသွားမယ် ဆိုတာကို တပ်အက်မပြောနိုင်ပါဘူး။

သူတို့တွေဆွေးနွေး နေတဲ့အချိန်မှာ လွီယုထန်က လှုပ်ရှားလိုပြီးသွားခဲ့ပါပီ။ လွီယုထန်နဲ့ အဘိုးကြီး ယု တို့ဟာ အခုဆိုယင် ကြောက်မက်ဖွယ်ရာ တိုက်ပွဲကို ဆင်နွဲနေကြပါတယ်။

တိုက်ခိုက်နေသူနစ်ယောက်ဟာ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မာစတာတွေပါ။ လွီဒေါင်နဲ့ သူ့အဖော်တွေအနေနဲ့ သူတို့ရဲ့ လှုပ်ရှားမှုတွေ နဲ့ အမှန်တကယ် အခြေနေတွေကို ရှင်းလင်းပြတ်သားစွာ မမြင်နိုင်ပါဘူး။ သူ့တို့အနေနဲ့ အတွေးထဲမှာ ထိတ်လန့်ကြောက်ရွံ့ နေကြပြီးတော့ ဘယ်ဘက်က အနိုင်ရမယ်ဆိုတာကို လုံးဂမသိနိုင်ကြပါဘူး။

ဟန်ကျန်း အနေနဲ့လည်း ဘာကိုမှ ရှင်းရှင်းလင်းလင်းမမြင်ရပါဘူး။ သူ့အနေနဲ့ အဘိုးကြီးယု ရှုံးသွားမှာကို အလွန်စိုးရိမ်ကြောင့်ကျ နေပါတယ်။ တကယ်လို့ ရှုံးသွား ခဲ့ယင် သူ့ဘဂ သေချာပေါက် ဆုံးရှုံးရမှာဖြစ်လို့ သူ့အနေနဲ့ စိုးရိမ်နေတာပဲဖြစ်ပါတယ်။

အချိန် သုံးမိနစ် လေးမိနစ်ခန့် ကြာပြီးတဲ့နောက်မှာတော့ တိုက်ခိုက်သူနှစ်ယောက်ရဲ့ လှုပ်ရှားမှုတွေက နှေးလာပြီး လှီဒေါင်နဲ့ သူ့အုပ်စုတို့ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်လာကြပါတယ်။

လင်းဟန်ရဲ့မျက်နှာပေါ်မှာ ခန့်မှန်းမရနိုင်တဲ့ အရိပ်တစ်ခုပေါ်လာပါတယ်။

နှေးသွားတယ်ဆိုတာက တိုက်ခိုက်နေတဲ့သူနှစ်ယောက် အတွက် သူတို့ရဲ့ တိုက်ခိုက်မှုတွေကို လွယ်လွယ်ကူကူနဲ့ တိုက်နေရတာမဟုတ်ပါဘူး။ ဒီအခြေအနေ က အရမ်းကို အန္တရာယ်များတဲ့ အခြေအနေပါ။ သူတို့ဟာ သေခြင်း ရှင်ခြင်း အဆင့်တိုက်ပွဲ အခြေအနေကို ရောက်သွားခဲ့ပါပြီ။ တကယ်လို့ သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက်ကသာ အမှားသေးသေးလေးတစ်ခု လုပ်မိလိုက်မယ်ဆိုယင် ဒါက ရှုံးနိမ့်သွားမှာမဟုတ်ပါဘူး ... အဖြေက သေဆုံးခြင်း။

လင်းဟန် အခုရက်ပိုင်းအကြောင်းကို ပြန်စဉ်းစားလိုက်ပါတယ်။ သူ့အနေနဲ့ အားတဲ့အချိန်တိုင်းလိုလို လှီယုထန်ကို သင်ကြားပြသခဲ့ပါတယ်။ သူ့ရဲ့

ကောင်းကင်အဆင့်စစ်သည်တော်

ကျင့်စဉ်ပေါ် မူတည်ပြီးတော့ အဆင့်နိမ့်တဲ့ သိုင်းပညာရှင်တွေကို အနည်းငယ်မျှ သင်ကြားပေးခြင်းက တန်ဖိုးမဖြတ်နိုင်တဲ့ အရာပါ။ ဒါ့အပြင် သူမက သူသင်ကြားပေးတာမှန်သမျှကို စုပ်ယူနိုင်ပြီးတော့ သူမရဲ့ စွမ်းအင်တွေက လျှင်လျှင်မြန်မြန်နဲ့ပဲ တိုးတက်လာပါတယ်။

လွီယုထန်ရဲ့ နားလည်နိုင်စွမ်း အဆင့်ကြောင့်ပဲ သူမဟာ သူသင်ကြားပေးတာထက် ပိုပြီး နားလည်သဘောပေါက်မှာ အမှန်ပါ။

ဒီတိုက်ပွဲမှာ သူမသေချာပေါက် အနိုင်ရပါလိမ့်မယ်။

လွီယုထန်နဲ့ အဘိုးကြီးယု တို့ရဲ့ တိုက်ပွဲဟာ တဖြေးဖြေးပိုပို နေးလာခဲ့ပါတယ်။ သူတို့ထဲ က တစ်ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်ရှိနေတာ နှစ်ပေါင်းများစွာကြာ ပြီး တိုက်ပွဲအတွေ့အကြုံကလည်း အရမ်းကို ကျယ်ပြန့်လှသူတစ်ဦး......... လွီယုထန်ကတော့ ငယ်ရွယ်ပြီး ပါရမီရှင်တစ်ယောက်ဖြစ်ပြီး သဘောပေါက်နားလည်နိုင်စွမ်းကလဲ အရမ်းမြင့်ပါတယ်။ ဒါ့အပြင် လင်းဟန်ရဲ့ သင်ကြားညွှန်ပြမှုကနေပြီး သူမအတွက် အကျိုးအမြတ်အများကြီးရရှိခဲ့တဲ့အတွက် ဒီတိုက်ပွဲမှာ သူမရဲ့

စွမ်းအင်တွေက မယုံနိုင်အောင်ပဲ ကြီးမားလှပါတယ်။

အဘိုးကြီးယုရဲ့ နဖူးကနေပြီး ပုတီးစေ့ခန့် အေးစက်စက်ချွေးတွေ ကျဆင်းလာခဲ့ပါတယ်။

သူပြိုင်ဘက်က အရမ်းကိုသန်မာပါတယ်။ သူဟာ သေခြင်းရဲ့ အငွေ့အသက်ဖိအားတွေ ကို ခံစားလာရပြီး အခုချိန်မှာ အရှုံးပေးဖို့နဲ့ သနားညှာတာဖို့ အတွက် မတောင်းဆိုရဲ ပါဘူး။ သူအနေနဲ့ တိုက်ခိုက်မှုကို ခဏရပ်လိုက်မယ်ဆိုယင်တောင်မှ လှီယုထန်ရဲ့ ပြင်းထန်တဲ့ ရိုက်ချက်ကို ခံရပြီး သေချာပေါက် ပြင်းပြင်းထန်ထန် ခံစားသွားရနိုင်ပါတယ်။

တစ်ဖက်က လှီယုထန်ကတော့ ပိုပိုပြီးတော့ တည်ငြိမ်အေးချမ်းလာပါတယ်။ သူမက အခုဆိုယင် လုံးဝ အသာစီးအနေအထားဖြစ်နေပါပြီ။

အခြေအနေကလုံးဝကိုပဲ ရှင်းလင်းပြတ်သားနေပါပြီ။ လှီဒေါင်နဲ့ သူ့အဖော်တွေက လှီယုထန် က အသာစီးရယူထားတာကိုမြင်လိုက်ရတဲ့အခါမှာ သူတို့မျက်နှာပေါ်မှာ အပြုံးတွေ ဝေဆာသွားပြီး စိုးရိမ်ပူပန်နေတာတွေလည်း ပျောက်ကွယ်ကုန်ပါတယ်။

လှီဒေါင်တို့ မြင်သလိုပဲ ဟန်ကျန်းကလဲ ရှင်းရှင်းလင်းလင်းမြင်ပါတယ်။ ဒါကြောင့်သူ့အနေနဲ့ အနောက်ကိုဆုတ်ပြီးတော့ အခွင့်ရေးရတာနဲ့ ထွက်ပြေးလွတ်မြောက်ဖို့အတွက် ပြင်ဆင်ထားပါတယ်။

``ဘာတွေလောနေတာလဲ..........
မင်းကဘယ်ကိုသွားမလို့တုန်း``

လင်းဟန်က လေးညှို့ကနေလွှတ်လိုက်တဲ့ မြှားတစ်စင်းလိုပဲ ပြေးထွက်သွားပြီးတော့ ဟန်ကျန်းထွက်သွားမဲ့ လမ်းကို ပိတ်လိုက်ပါတယ်။

ဟန်ကျန်းက ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။

``ငါ့ လမ်းကနေ ဖယ်စမ်း.... ငါက ကျောက်တုံးဂံပုလွေဂိုဏ်းကွဲကပဲ.. မင်းကငါ့ကို တားရဲတယ်ပေါ့လေ ... ငါ မင်းတို့မိသားစုတစ်ခုလုံးကို သတ်ပစ်လိမ့်မယ်``

ဘယ်လောက်တောင် မောက်မာ ပုံကြွားလိုက်သလဲ။

လင်းဟန်က သူ့ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ သူ့ကို ကြည့်ရတာ သတ်ဖြတ်ချင်တဲ့စိတ်တွေ ပြည့်နှက်လို့နေပါတယ်။ ဒီလိုကောင်စားမျိုးကို အပိုစကားတွေပြောနေလို့ ဘာမှမထူးဘူး အကောင်းဆုံးကတော့ သတ်ပစ်လိုက်တာ ပဲ။

``လင်းဟန် ..... စဉ်းစားပါဦး``

လွီဒေါင်က အော်ဟစ်ပြီး တားလိုက်ပါတယ်။ တကယ်လို့ ဟန်ကျန်းကိုသတ်ပစ်လိုက် မယ်ဆိုယင် ကျောက်တုံးပံပုလွေဂိုဏ်းကြွဲရဲ့ လက်တုံ့ပြန်မှုကို သူတို့ ကလန်တွေ တစ်ခုမှ ကာကွယ်နိုင်မှာမဟုတ်ပါဘူး။

``ဟားဟားဟား မင်းရဲ့ အဖော် အကြံပေးတာကို နားထောင်ပြီးတော့ ငါ့ကို မဆန့်ကျင်နဲ့ မဟုတ်လို့ရှိယင် သေခြင်းတရားက မင်းကို စောင့်နေလိမ့်မယ်``

ဟန်ကျန်းက ထွက်ပြေးဖို့ ပြင်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူ့လည်ပင်းထက်က အေးစက်စက်အရာတစ်ခုကို ခံစားလိုက်ပီး ရပ်နေတဲ့ နေရာကနေ သူ လှုပ်ရှားလို့မရဖြစ်သွားပါတယ်။

ဓါးရှည်တစ်လက်က သူလည်ပင်းထက်ပေါ်ရောက်နေပြီး သူတစ်ကိုယ်လုံးတုန်လှုပ်ခြောက်ခြားသွားပါတယ်။

``ငါ မသတ်ရဲ တဲ့ သူဆိုတာ မရှိဘူး``

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပြောပြီး အေးစက်တဲ့လေသံနဲ့ပဲ

``ဒူးထောက်``

ဟန်ကျန်းက မငြင်းဆန်ပံ့ပါဘူး။ သူ့ရဲ့အရှေ့မှာရပ်နေတဲ့ လူရဲ့ ရေခဲတမျှ အေးစက်လှတဲ့ အကြည့်အောက်မှာ သူဟာ ထိတ်လန့်တုန်လှုပ် နေပါတယ်။

လင်းဟန်က ဆက်ပြောလိုက်တယ်။

``တောင်းပန်စမ်း``

ဟန်ကျန်းက ချက်ချင်းပဲ မတ်တပ် ထရပ်ဖို့ ပြင်လိုက်ပေမဲ့ သူလည်ပင်းထက်က အေးစက်စက် ဓါး ကြောင့် မလှုပ်ရဲပါဘူး။ ပြီးတော့ သူခေါင်းကိုငုံ့ပြီး စဉ်းစားလိုက်ပါတယ်။ သူ ကျောက်တုံးဂံပုလွေဂိုဏ်းကွဲကို

ပြန်ရောက်တဲ့အခါမှာ သူ့အဘိုးကို ပြောပြီးတော့ သူ့အရှေ့မှာ ရှိနေတဲ့ လူတွေအကုန်လုံးကို သတ်ပစ်ခိုင်း ရပါလိမ့်မယ်။

မိန်းမလှလေး နှစ်ယောက်ကိုတော့ ချမ်းသာပေးပြီး သူ့ရဲ့ ကစားစရာ အရုပ်တွေအဖြစ် ထားရပါမယ်။

``ငါမှားပါတယ် ... ငါက လူသားတစ်ယောက်မဟုတ်ပါဘူး ငါ့ကို ခွင့်လွှတ်ပါ``

ဟန်ကျန်းက သူ့ကိုသနားငဲ့ညှာဖို့ တောင်းပန်လိုက်ပါတယ်။

``ငါမျှော်လင့်ပါတယ် မင်းအနေနဲ့ နောက်ဘဝမှာ လူကောင်းတစ်ယောက် ဖြစ်ပါစေလို့``

လင်းဟန်က အေးစက်စွာပြောလိုက်ပါတယ်။

``မဟုတ်ဘူး``

ဟန်ကျန်းက ချက်ခြင်းပဲ အော်ဟစ်တားမြစ်လိုက်ပေမဲ့ သူ့လည်ပင်းက ထက်ရှတဲ့ အရာတစ်ခုကို ခံစားလိုက်ရပြီး သူ့ရဲ့ အမြင်အာရုံတွေဟာ ချက်ခြင်းပဲ မဲမှောင်ကျသွားပါတယ်။ သွေးတွေကပန်းထွက်လာပြီး သူ့ရဲ့

မျက်လုံးတွေက မယုံကြည်နိုင်လောက်အောင် ပြူးထွက်နေပါတယ်။ လင်းဟန်က တကယ်ပဲ သူ့ကို သတ်ရဲတယ်။

တစ်ချိန်တည်းမှာပဲ လွှီယုထန်ကလဲ အဘိုးကြီးယုကို လှုပ်ရှားလို့မရအောင် ဖိအားပေးပြီး အနိုင်ယူ သတ်ဖြတ်ပစ်လိုက်ပါတယ်။ နောက်ဆုံးမှာတော့ အဘိုးကြီးယု ရဲ့ အလောင်း ခန္ဓာကိုယ်က မြေကြီးပေါ်ကို လဲပြိုကျသွားပါတယ်။

``ဒါက ကြီးမားတဲ့ ကပ်ဘေးတစ်ခု ဖြစ်လာလိမ့်မယ်``

လွှီဒေါင်နဲ့ တခြားသူတွေ စိုးရိမ်ထိတ်လန့်ကုန်ပါတယ်။

အပိုင်း(၃၂) ဒြပ်စင်စုစည်းခြင်းအဆင့်တက်ခြင်း

လင်းဟန်က သူ့ဓါးရှည်ကို ပြန်ရုပ်သိမ်းလိုက်ပြီး ပြောလိုက်တယ်။

``ဒီနေ့ ဒီမှာ ဘာဖြစ်ခဲ့တယ်ဆိုတာကို မင်းတို့တွေက တခြားသူတွေကို ပြောကြမှာလား``

လွှီဒေါင်နဲ့ အပေါင်းအဖော်အားလုံးက ခေါင်းကို

လျှင်မြန်စွာခါယမ်းလိုက်ပြီး

``ဒါပေါ့ ငါတို့ ဘယ်သူ့ကိုမှမပြောပါဘူး``

``ဒါဆိုကောင်းပြီလေ... ဒီမှာရှိနေတဲ့ ငါတို့အားလုံး ဘယ်သူကမှ ဘာမှမပြောဘူးဆိုယင် ဟန်ကျန်းနဲ့ သူ့အစေခံ ဒီနေရာမှာသေတဲ့ ကိစ္စကို ဘယ်သူက ဖော်ထုတ်နိုင်မှာလဲ``

လင်းဟန်ကပြောလိုက်ပါတယ်။

ဒါပေမဲ့လည်း လှီဒေါင်တို့အုပ်စုအနေနဲ့ သူတို့ရဲ့ စိုးရိမ်ပူပန်နေတဲ့ စိတ်တွေက လျော့မသွားခဲ့ပါဘူး။ ပြီးတော့ ကျောက်တုံးဂံပုလှေ့ဂိုဏ်းကွဲ ဆိုတဲ့နာမည်က အရမ်းကို ထိတ်လန့်တုန်လှုပ်စေပြီး ၄င်းတို့ရဲ့ စွမ်းအင်နဲ့ဆိုယင် သူတို့ရဲ့ သက်ဆိုင်ရာ ကလန်အသီးသီးကို အကြိမ်ရာနဲ့ချီပြီး လွယ်လင့်တကူ အမျိုးဖြုတ် သုတ်သင် ပစ်နိုင်ပါတယ်။ ဒီလိုခံစားမှုတွေကြောင့် ဒီနေရာမှာ သူတို့အနေနဲ့ ကြာကြာ နေဖို့ မပုံ့ရဲ တော့ပါဘူး။ ဒါ့အပြင် လင်းဟန်က သူတို့ကိုပါ နှုတ်ပိတ်တဲ့အနေနဲ့ မသတ်ဖူးလို့လဲ အာမ မခံနိုင်ပါဘူး။ ပြီးတော့ သူတို့အားလုံးဟာ အစိမ်းရောင်စိတ်ဂိုဉာဉ် သစ်သီး ကို လက်ထဲမှာ ပိုင်ဆိုင်ထားကြပြီး အဲဒီအတွက်လဲ သူတို့နှလုံးသားထဲမှာ စိုးရိမ်ကြောင့်ကြ တဲ့ ခံစားမှု တွေ

ဖြစ်ပေါ်နေပါတယ်။

သူတို့က လင်းဟန်ကို နှုတ်ဆက်လိုက်ကြပြီး ထွက်ခွာသွားတာ မကြာခင်မှာပဲ လင်းဟန်ရဲ့ အမြင်အာရုံကနေ လျှင်မြန်စွာ ပျောက်ကွယ်သွားကြပါတယ်။

မျက်မြင်သက်သေတွေကို သတ်ဖြတ်ခြင်း.... လင်းဟန်အနေနဲ့ ဒီလိုမျိုး အကြံအစည် လုံးဝမရှိခဲ့ပါဘူး ။ သူ့ရဲ့ နောက်လိုက်မိန်းကလေးက အင်ပါယာမြို့က လွှီကလန်ရဲ့ မင်းသမီးလေ။ ထိုကဲ့သို့ တော်ဝင်အဆင့်အတန်းနဲ့လူက ဟန်ကျန်းလို လူတစ်ယောက်ကို မျက်စိထဲတောင်မထည့်ပါဘူး။ တကယ်လို့ ကျောက်တုံးဂံပုလွေဂိုဏ်းကွဲက ဟန်ကျန်းအနေနဲ့ လွှီယုထန်ကို စိတ်မိုက် စိတ်ရိုင်းတွေ ဝင်ပြီး စော်ကားပြောဆိုခဲ့တာတွေကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့ ယင်တောင်မှ ဟန်ကျန်းရဲ့ အပြုအမူတွေအတွက် လွှီယုထန်ကို သူတို့က ကိုယ်တိုင်ကိုယ်ကျ လာရောက် တောင်းပန်ရမှာပါ။

``ငါ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး တစ်လုံးကို အရင်ဆုံးသုံးလိုက်မယ်.... ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ အထွတ်အထိပ်ကိုရောက်တဲ့အခါကျမှ ဒုတိယ တစ်လုံးကို

ထပ်ပြီးအသုံးပြုရလိမ့်မယ်``

လင်းဟန်အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ကနေ ကောင်းကင်အဆင့်တိုင်အောင် အဆင့်ကိုးဆင့်လုံးကို ဖြတ်သန်းကျော်ဖြတ်ဖူးပေမဲ့လည်း ဒါက သူ့ကို အဆင့်နှစ်ခုအကြား လွယ်လွယ်ကူကူနဲ့ ဖြတ်ကျော်သွားနိုင်မယ်လို့ ဆိုလိုတာတော့မဟုတ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ လက်ရှိအဆင့်ရဲ့ နားလည်နိုင်စွမ်းနဲ့ သဘောပေါက်မှုတွေကို စုစည်းပြီး တစ်ဆိုင့်နေရာကနေ အဆင့်တက်ရန်အတွက် စွမ်းအင်ပမာဏ အမြောက်အမြား ရဲ့ အထောက်အပံ့ လိုအပ်ပါသေးတယ်။

ဒီစွမ်းအင်တွေက ဘယ်နေရာကနေ ရမလဲ။

စိတ်ဂိဉာဉ်ဆေး.. မော်ဆေးလုံး... မှော်ရွှာသားရဲတွေဆီက ရရှိတဲ့ ရတနာများ... သဘာ၀ အတိုင်းတွေ့ရှိရတဲ့ စိတ်ဂိဉာဉ်သစ်သီးတွေ ကနေပြီးတော့ စွမ်းအင်အရင်းအမြစ်အဖြစ် အသုံးပြုနိုင်ပါတယ်။ ကံမကောင်းစွာနဲ့ ပဲ အဲဒီပစ္စည်းတွေက အရမ်းကို ရှားပါးပြီးတော့ ရှာဖွေတွေ့ရှိဖို့ အရမ်းကို ခက်ခဲလှပါတယ်။

ဒါကြောင့်ပဲ သိုင်းပညာရှင် အနည်းငယ်မျှသာ မြင့်မားတဲ့ အဆင့်ကို တက်လှမ်းအောင်မြင် နိုင်တာပဲဖြစ်ပါတယ်။ ဒီပစ္စည်းတွေရဲ့ အထောက်အပံ့ မပါပဲနဲ့ သိုင်းပညာရှင်တွေ က မြင့်မားတဲ့အဆင့်ကို တက်ဖို့အတွက် သူတို့ကိုယ်တိုင်ပဲ အဆင့်တက်ဖို့ လိုအပ်တဲ့ စွမ်းအင်ပမာဏကို ဖြေးညှင်းစွာနဲ့ စုဆောင်းပြီးမှသာ အဆင့်ချိုးဖျက်ဝင်ရောက်လို့ရမှာပါ။

တကယ်လို့ လင်းဟာန်မှာသာ အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီး မရှိခဲ့ဘူးဆိုယင် သူ့အနေနဲ့ မူလစွမ်းအင်တွေကို စုစည်းပြီး ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ အထွတ်အထိပ်ကိုရောက်ရှိဖို့အတွက် ဆယ်ရက်ထက် ပိုပြီး အချိန်ယူပြီးမှ စွမ်းအင်တွေကို ပန်းထုတ်လိုက်ပီးမှ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အရာရာတိုင်းက အခုတော့ မတူညီတော့ပါဘူး။ သူ့အနေနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့ အတားအဆီးကို ရောက်လာတဲ့ အခါမှာတော့ လင်းဟာန်အနေနဲ့လိုအပ်တာက အစိမ်းရောင် စိတ်ဂိဉာဉ် သစ်သီးကို စားလိုက်ဖို့ပဲဖြစ်ပီးတော့ အရာအားလုံးက အဆင်ပြေလွယ်ကူချောမွေ့ သွားပါလိမ့်မယ်။

လင်းဟာန်က ဟာန်ကျန်းနဲ့ . အဘိုးကြီးယုတို့

ကိုယ်ခန္ဓာဆီကနေ တန်ဖိုးရှိတဲ့အရာတွေကို စုစည်းသိမ်းယူလိုက်ပါတယ်။ သူတို့နှစ်ယောက်က ခရီးထွက်လာကြတာဖြစ်လို့ အရမ်းတန်ဖိုးကြီးတဲ့ အရာတွေ သူတို့မယူလာခဲ့တဲ့အတွက် လင်းဟန်အနေနဲ့ ငွေကြေး အချို့နဲ့ လျှို့ဝှက်သိုင်းပညာအချို့ ရေးထားတဲ့ စာအုပ်တစ်အုပ်ကိုပဲ ရှာတွေ့ရှိခဲ့ပါတယ်။

စုစုပေါင်း ငွေပြားတစ်သောင်း... ဒီပမာဏက နည်းတယ်လို့လဲ ပြောလို့မရပါဘူး။ စာအုပ်ရဲ့ နာမည်ကတော့ ```ဖောက်ခွဲခြင်း ပညာများ`` လို့အမည်ရပါတယ်။ ၄င်းက အရမ်းကို ထူးဆန်းလှတဲ့ ပညာရပ်ပဲဖြစ်ပါတယ်။ သိုင်းပညာရှင် တစ်ယောက်က သူ့ရဲ့ မူလစွမ်းအင်ကို တစ်စုံတစ်ခုထဲကို ထည့်သွင်းလိုက်ပြီး ၄င်းပစ္စည်းကို ဖောက်ခွဲပစ်လိုက် နိုင်ပါတယ်။ ဒီပညာရပ်ကို ခုခံကာကွယ်နိုင်ဖို့ အရမ်းကို ခက်ခဲလှပါတယ်။

အဘိုးကြီးယုက ဒီစာအုပ်ကို အမှတ်မထင် တစ်နေရာရာကနေ ရရှိထားပြီး လေ့ကျင့်တာ မကြာသေးတာပဲ ဖြစ်ရမယ်။ မဟုတ်လို့ရှိယင် လွီယုထန်နဲ့ တိုက်ခိုက်နေချိန်မှာ ဒီပညာရပ်ကို တိုက်ပွဲအလယ်မှာကတည်းက သုံးလိုက်မယ်ဆိုယင် လွီယုထန်အနေနဲ့ အရမ်းကို အံ့အားသင့်သွားပြီး

ဒါက်ရာအပြင်းအထန်တောင် ရသွားနိုင်ပါတယ်။

သူတို့ နှစ်ယောက်ဟာ နေရာအသစ်တစ်ခုကို ရှာပြီး တော့ နားနေလိုက်ကြပါတယ်။

လင်းဟန်က ကြက်ခြေခတ်ပုံစံထိုင်လိုက်ပီးတော့ အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးကို ထုတ်ယူလိုက်ပါတယ်။ ပြီးတဲ့နောက်တော့ သူက သစ်သီးကို ကုန်စင်အောင် ကိုက်စားလိုက်ပါတယ်။

၄င်း ဟာ သဘာဂက မွေးဖွားလာတဲ့ စိတ်ဂိဉာဉ်သစ်သီးဆိုတဲ့ နာမည်နဲ့ လိုက်ပါတယ်။ ၄င်းရဲ့ အဆင့်က မြင့်တယ်လို့ ယူဆလို့မရနိုင်ပေမဲ့ အရသာကတော့ အရမ်းကိုကောင်းမွန်ပြီးတော့ နှစ်ကိုက် သုံးကိုက် အတွင်းမှာပဲ လင်းဟန်က အကုန်စားပစ်လိုက်ပါတယ်။ လင်းဟန်အနေနဲ့ ကျေနပ်အားရမှုသိပ်မရှိသေးပါဘူး ဖြစ်နိုင်မယ်ဆိုယင် နောက်ထပ် အသီးတွေ ထပ်စားချင်တဲ့စိတ် တွေဖြစ်လာပါတယ်။

သူက ငြိမ်သက်စွာနဲ့ပဲ ဆေးအစွမ်းတွေ ထွက်ပေါ်လာတာကို စောင့်နေလိုက်ပါတယ်။

အချိန်အနည်းငယ်အတွင်းမှာ အင်အားကြီးမားတဲ့ ဆေးစွမ်းအင်တွေထွက်ပေါ်လာပြီး မရေမတွက်နိုင်တဲ့ သေးငယ်လှတဲ့ အမှုန်လေးအဖြစ်ပြောင်းလဲသွားပြီးတော့ သူ့ သွေးစီးကြောင်းထဲကို ဝင်သွားပြီးတော့ လင်းဟန်ရဲ့ ကိုယ်ခန္ဓာ တစ်ခုလုံးကို ပြန့်နှံ့သွားပါတယ်။

လင်းဟန်က ကောင်းကင်အဆင့် ဒြပ်စင်ငါးမျိုး ပညာကို လှည့်ပါတ်လိုက်ပါတယ်။ သူ့ ဒန်တန်ထဲက စိတ်ဂိဉာဉ်အခြေခံဆီမှာ ကြာပွင့်ပုံစံ အလင်းရောင်လေးတစ်ခု ဖြစ်ပေါ်သွားပြီးတော့ ဆေးအစွမ်းတွေကို သူ့ကိုယ်ခန္ဓာအတွင်းက အသားတွေ အရိုးတွေ နဲ့ သွေးကြောတွေကို အင်အားဖြည့်ပေးဖို့ လမ်းညွှန်ပေးပါတယ်။

သူ့ရဲ့ ကျင့်စဉ်အရှိန်က အစကတည်းက အရမ်းကို လျှင်မြန်ပါတယ်။ အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးကို မစားခင်မှာ လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ရဲ့ အလယ်အလတ်အဆင့်ကိုရောက်နေခဲ့ပါပြီ။ အခု စိတ်ဂိဉာဉ်သစ်သီးရဲ့ ထောက်ပံ့မှု ကိုရရှိပြီးတော့ သူ့ရဲ့ အရှိန်က ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် လျှင်မြန် လာပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ နောက်ပိုင်းအဆင့်.. ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၇ အထွတ်အထိပ်အဆင့် ။

သူက မူလစွမ်းအင် အချို့ကု ိစုစည်းလိုက်ပီး အသက် တစ်ရှိုက်စာအတွင်းမှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၈ ကို ချိုးဖျက်ဝင်ရောက်သွားပါတယ်။ ဒီအချိန်မှာ အစိမ်းရောင် စိတ်ဝိဉာဉ် သစ်သီးရဲ့ ဆေးအစွမ်းတွေက လုံးဝ မရပ်တန့်သွားသေးပဲ သူ့ရဲ့ ကျင့်စဉ်အပေါ်မှာ အဆက်မပြတ် တိုးတက်လာနေတုန်းပဲ ဖြစ်ပါတယ်။ နောက်ဆုံး လင်းဟန် က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၈ အလယ်အလတ်အဆင့်ကို ရောက်မှသာ ရပ်တန့်သွားခဲ့ပါတယ်။

`` အရမ်းကောင်းတာပဲ ... ဒါက ငါ့အတွက် ၆ ရက်လောက် အချိန်ကုန် သက်သာစေတာပဲ``

ဘေးကနေရပ်ကြည့်နေတဲ့ လှီယုထန်ကတော့ ဒီတစ်ကြိမ်မှာ အရမ်းကြီးတော့ အံ့အားမသင့်တော့ပါဘူး ဘာလို့လဲဆိုတော့ လင်းဟန်က အစိမ်းရောင် စိတ်ဝိဉာဉ် သစ်သီးကို စားထားခဲ့တဲ့အတွက် ဒီလောက်အချိန်က သာမာန်ပဲလို့ ယူဆ နိုင်ပါတယ်။

သူတို့နှစ်ယောက်က တောင်တန်းဂန်းကျင် ကို ဆက်ပြီးတော့

ခရီးတွေထွက်ခဲ့ကြပါတယ်။ လင်းဟန်က သူ့ရဲ့ ဓါးပညာကို ပိုမို ကြိုးစားလေ့ကျင့်နေပြီးတော့ သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို မရောက်ခင်မှာ ဓါးချီအလင်း သုံးခု အောင်မြင်ဖို့အတွက် မျှော်လင့်နေပါတယ်။

နောက်ထပ် ရစ်ရက်အကြာမှာတော့ လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၈ အထွတ်အထိပ်အဆင့်ကိုရောက်ရှိသွားခဲ့ပါတယ်။ပြီးတဲ့နောက် ညလုံးပေါက် မူလစွမ်းအင်တွေကို သိုလှောင်နေပြီး ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကို ချိုးဖျက်ဖင်ရောက် နိုင်ဖို့ စတင်လေ့ကျင့်ပါတယ်။ မနက်ခင်း နေထွက်လာတဲ့အချိန်မှာတော့ လင်းဟန်ရဲ့ နှုတ်ခမ်းဒေါင့်မှာ အပြုံးတွေ ခို နေတာမြင်လိုက်ရပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉။

``အရမ်းကောင်းတယ်... ငါ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ အထွတ်အထိပ် ကို ရောက်ဖို့ အတွက် နောက်ထပ် ဆယ်ရက်ဂန်းကျင်ပဲ လိုတယ်။ အဲဒီအချိန်ကျယင် ဒုတိယ အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးကို ထပ်စားလိုက်မယ်ဆိုယင် အသက်တစ်ရှုက် စာအတွင်းမှာ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဖင်ရောက် သွားမှာပဲ``

လှီယုထန်က လုံးဂ ကြက်သေသေသွားခဲ့ပါတယ်။ ဒီမနက်ပဲ လင်းဟန် အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ကို ချိုးဖျက်ဖြတ်ကျော်သွားမယ်ဆိုယင်တောင်မှ သူမအနေနဲ့ မအံ့ဩတော့ပါဘူး။ လင်းဟန်က အမြဲတမ်း ဘာပဲ လုပ်လိုက် လုပ်လိုက် သူမအနေနဲ့ ထပ်ပြီး အံ့ဩနေမယ်ဆိုယင်တော့ စောစောစီးစီး သေသွားနိုင်ပါတယ်။

ဆယ်ရက်က လျှင်မြန်စွာနဲ့ပဲ ကုန်ဆုံးသွားခဲ့ပြီးတော့ လင်းဟန် ခန့်မှန်းထားတဲ့အတိုင်းပဲ သူက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ အထွတ်အထိပ်အဆင့်ကို ရောက်ရှိလို့သွားခဲ့ပါပြီ။

လင်းဟန်က ဒုတိယမြောက် အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးကို ထုတ်ယူလိုက်ပီး ပြောလိုက်ပါတယ်။

`` ဒီနေ့က ငါ့ရဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ရဲ့ နောက်ဆုံးနေ့ပဲ ...အာ... ဒါက အရမ်းကို အချိန်ကြာတာပဲ``

လှီယုထန်ရဲ့ မျက်လုံးလေးတွေ ပိုင်းစက်ပြူးကျယ်သွားပါတယ်။ သူမအနေနဲ့ လင်းဟန်ရဲ့ ဘေးမှာ စပြီး ရှိတဲ့အချိန်တုန်းက လင်းဟန်က

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ပဲရှိသေးတာလေ။ အခုမှ ဘယ်နှစ်ရက်ပဲရှိသေးလို့လဲ?။ တစ်လ ။ဒါက အရမ်းကိုအချိန်ကြာတယ်လို့ သူက ပြောတယ်ပေါ့လေ။ ဒါပေမဲ့ သူမအနေနဲ့ လင်းဟန်အကြောင်းကိုပြန်စဉ်းစားမိတဲ့အခါမှာ လင်းဟန်က သူ့ကိုယ်သူ အယင်ကတည်းက နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ မှာပဲ ရပ်တန့်နေခဲ့ပြီးတော့ အခုလိုမျိုး မချိတင်ကဲ ခံစားနေရတာကလဲ ဖြစ်သင့်ပါတယ်လေ။

သူမဆိုယင် အသက် ၁၃ နှစ်အရွယ်မှာ စတင်လေ့ကျင့်ခဲ့ပီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို အသက် ၁၄ နှစ်မှာပဲ အောင်မြင်မှုရခဲ့တယ်လေ။ ဒါက လင်းဟန်နဲ့ယှဉ်လိုက်မယ်ဆိုယင် သူမရဲ့ ကျင့်စဉ်နှုန်းက ပိုမြန်တယ်လို့ ယူဆလို့ရပါတယ်။

အစိမ်းရောင် စိတ်ဂိဉာဉ် သစ်သီးကို စားပြီးတဲ့အခါမှာတော့ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့အတွက် စတင်လိုက်ပါတယ်။

သူ အလျင်စလိုမလုပ်ခဲ့ပါဘူး။ ပထမဆုံး သူ့ခန္ဓာကိုယ်အထဲမှာရှိတဲ့ ဆေးစွမ်းအင်တွေကို စတင်

စုစည်းလိုက်ပါတယ်။

သိုင်းပညာရှင်တွေက ဆေးဝါးတွေရဲ့ အထောက်အပံ့နဲ့ အဆင့်ချိုးဖျက်ဂင်ရောက်မယ်ဆိုယင် ၄င်းတို့အနေနဲ့ တစ်ဆို့နေတဲ့ အတားအဆီးကို အဆက်မပြတ် ထုနက်နေပြီးတော့ ချိုးဖျက်ဂင်ရောက်နိုင်ဖို့ အတွက် လိုအပ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်အနေနဲ့ ယုံကြည်မှုအပြည့်ရှိပါတယ် ဘာလိုလဲဆိုတော့ သူစုဆောင်းထားတဲ့ စွမ်းအင်တွေက တစ်ဆို့နေတဲ့အခြေအနေကို ကျော်ဖြတ် အဆင့်တက်ဖို့အတွက် လုံလောက်ပါတယ်။

နာရီဂက်ခန့်အကြာမှာတော့ လင်းဟန်ရဲ့ ကိုယ်ခန္ဓာက မူလစွမ်းအင်တွေနဲ့ ပြည့်သွားပြီး သူ့တစ်ကိုယ်လုံးဖောင်းပွ သွားသလိုမျိုး ခံစားလိုက်ရပါတယ်။

လင်းဟန် တွေးလိုက်ပါတယ်။

``ဒီလောက်ဆို လုံလောက်ပီ.... အခု ဒီအဆုံးအစမရှိတဲ့ စွမ်းအင်တွေကို ဒန်တျန်ဆီကို လမ်းညွှန်ပြီးတော့ အတားအဆီးတွေကို

အဆက်မပြတ်ထုနက်ချိုးဖျက်ပစ်ရတော့ မယ်```

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာ မူလစွမ်းအင်တွေကို သွေး နဲ့ အသားတွေထဲမှာ သိုလှောင် ထားတာဖြစ်ပြီးတော့ အရေအတွက်က အရမ်းကို ကန့်သတ်ထားပါတယ်။ ဒြပ်စင်စုစည်းခြင်းအဆင့်မှာကျတော့ လူတစ်ယောက်ရဲ့ ဒန်တန်ကို ဖွင့်လိုက်ပီးတော့ အဲ့လူရဲ့ ကိုယ်ခန္ဓာထဲမှာ ထူးဆန်းတဲ့ နေရာလွတ်တစ်ခု ဖြစ်ပေါ် လာတာမျိုးပါ။

Hong

ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအင်တွေရဲ့ အောက်မှာ သူ့ရဲ့ ဒန်တန်ထဲမှာ အပေါက်လိုမျိုး နေရာအဟ လေးတစ်ခု ဖြစ်ပေါ် လာပါတယ်။ အဆင့်တက်ဖို့ ကြိုးစား နေတဲ့သူတိုင်းဟာ အဲဒီ အပေါက်လို ဟနေတဲ့ နေရာလေးကို အဆက်မပြတ် ထုနက် ပြီးတော့ အဆုံးမရှိ ကျယ်ပြန့်လာအောင်လို့ လုပ်ဆောင်ရပါတယ်။ ဒါပေမဲ့ လင်းဟန်က တော့ မတူညီကွဲပြားပါတယ်။ သူစုစည်းထားတဲ့ စွမ်းအင်တွေက သူ့ကို ချက်ချင်းပဲ အဆင့်တက်ဖို့အတွက် လုံလုံလောက်လောက်ရှိပါတယ်။

ဒန်တန်ကို ဖွင့်လိုက်တယ်ဆိုတာက

ပထမခြေလှမ်းပဲရှိပါသေးတယ်။ နောက်တစ်ဆင့်က ပိုပြီးတော့ အရေးကြီးပါတယ်။

အဲဒါက မူလစွမ်းအင်တွေကို ကျစ်လစ်သိပ်သည်းစေပြီးတော့ မြင့်မားတဲ့ အရှိန်နဲ့ နူကလိယ အမှုန်လေးတွေအဖြစ် ပြောင်းလဲပစ်ရတာပဲဖြစ်ပါတယ်။

ဒါက တစ်စုံတစ်ယောက်ရဲ့ ဒန်တန်ထဲမှာ မော်တာ တစ်လုံးကို တပ်ဆင်လိုက်တာနဲ့ အတူတူပါပဲ။ စိတ်နဲ့ အမိန့်ပေးလိုက်တာနဲ့ မြင့်မားတဲ့အရှိန်နဲ့ နူကလိယ အမှုန် အဖြစ်ပြောင်းလဲသွားရာကနေ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တိုက်ခိုက်မှု ပြုလုပ်ဖို့အတွက် စွမ်းအင်တွေကို ထုတ်ပေးပါတယ်

အမှတ်မထင် suprise ပေါ့ဗျာ

အပိုင်း (၃၃) ဒြပ်စင်ငါးခု မူလအမှုန်

လင်းဟန်ရဲ့ ဒန်တန်ကို ဖွင့်လိုက်ခြင်းက ဒြပ်စင်စုစည်းခြင်းအဆင့် တစ်ဂက်ကို ရောက်ရှိပြီလို့ သတ်မှတ်လို့ရပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ အတွင်းပိုင်း မူလစွမ်းအင်သိုလှောင် မှုကို အမြင့်ဆုံးအကန့်အသတ်အထိ

မြှင့်တင်ထားပါတယ်။ စွမ်းအင်မြှင့်တင်ခြင်းက သူ့အနေနဲ့ မူလအမှုန့်ပုံစံ ပြုလုပ်နိုင်သလား မပြုလုပ်နိုင်ဘူးလား ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာ ၄င်းရဲ့ အရေအတွက်ကတော့ ဘယ်လောက်ဆိုတာ မသိကြပေမဲ့ သေချာတာကတော့ အရမ်းကို ကြီးမားပါလိမ့်မယ်။

ဒြပ်စင်စုစည်းခြင်းသိုင်းသမားများကတော့ စုစုပေါင်း မူလအမှုန် ၉ ခုလောက် လုပ်နိုင်ရပါမယ်။ ဒါမှသာ နောက်ပိုင်းမှာ နွေဦးစမ်းရေအဆင့်ကို အောင်အောင်မြင်မြင်နဲ့ အဆင့်တက်နိုင်ဖို့ လွယ်ကူမှာပါ။

လင်းဟန်အတွက်တော့ မူလအမှုန် ပြုလုပ်ရတာက အရမ်းကို သေးငယ်တဲ့ ကိစ္စလေး တစ်ခုပါ။ သူ့အယင်ဘဝမှာ သူ့အနေနဲ့ ကိုးကြိမ်တိတိတောင် လုပ်ဖူးခဲ့ပါတယ်။

သူက အမှုန်လေးတွေ ပြုလုပ်ဖို့ စတင်လိုက်ပါတယ်။ အင်အားကြီးမားတဲ့ မူလစွမ်းအင်ကို မွှေနောက် လိမ်ယှက်ပြီးတော့ အတူတကွ ပေါင်းစပ်လိုက်ပါတယ်။ သူ့အနေနဲ့ ဒီလုပ်ငန်းစဉ်နဲ့ပါတ်သတ်ပြီး အရမ်းကို ရင်းနှီးကျွမ်းဝင်ပြီးတော့ လျှင်လျှင်မြန်မြန်နဲ့ပဲ

သူ့ကိုယ်ခန္ဓာအတွင်းက မူလစွမ်းအင်တွေကို ဆံချည်မျှင်တမျှသေးငယ်ပြီး ခိုင်မာကျစ်လျစ်တဲ့ အမှုန်လေးတွေဖြစ်အောင် လုပ်ဆောင်လိုက်ပါတယ်။

ချက်ချင်းပဲ သူ့အနေနဲ့ အရမ်းကို အံ့အားသင့်သွားပါတယ်။ သူ့ရဲ့ ဒန်တန် ထဲမှာ တကယ်ပဲ အမှုန် ငါးခုပုံစံဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

သူက အခုပဲ ဒြပ်စင်စုစည်းခြင်းအဆင့် ကိုချိုးဖျက်ပြီးအဆင့်တက်တာဖြစ်ပြီး ချက်ချင်းပဲ ဒြပ်စင်စုစည်းခြင်းအဆင့် ၅ ကိုရောက်သွားခဲ့တာလား?။

နိုး နိုး နိုး ဒါက လုံးဝကို မဖြစ်နိုင်တဲ့အရာပဲ။ ဘာလို့လဲဆိုတော့ ဒီ မူလအမှုန်ငါးခုက အရမ်းကို သေးငယ်ပြီးတော့ သူတို့ရဲ့ အထွတ်အထိပ်ကိုရောက်ဖို့ အရမ်းကို ဝေးလွန်းတယ်။ သူ့အနေနဲ့ လူတစ်ယောက်မှာ အမှုန်ငါးခုက တစ်ခါတည်းရှိပြီး အဆက်မပြတ် သူတို့ရဲ့ အထွတ်အထိပ်ရောက်အောင် ချဲ့နိုင်တယ်ဆိုတာကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး

ပြီးတော့ ဒီ မူလအမှုန် ငါးခုရဲ့ ကြားက ကွာဟချက်ကလဲ အရမ်းကို သေးငယ်ပါတယ်။ သူတို့မှာ ရင်းနှီးတဲ့ ဆွဲငင်ခြင်းနဲ့ အချင်းချင်း တွန်းကန်ခြင်း စတဲ့ ဆက်နွယ်မှုတွေရှိပြီးတော့ အဲဒါတွေအားလုံးဟာလဲ မျှခြေ ညီနေပါတယ်။ သူတို့အားလုံး ရွှေရောင် အစိမ်းရောင် အဖြူရောင် အနီရောင်နဲ့ အနက်ရောင် ဆိုပြီး အသီးသီး ရှိကြပါတယ်။

လင်းဟန်ရဲ့ နှလုံးအရမ်းကို ခုန်နေပါတယ်။ ဒါက မတူညီတဲ့ ဒြပ်စင်ငါးခု ရဲ့ ပုံဆောင်ခဲပုံစံ လေးတွေဖြစ်ပါတယ်။ ဒီ အမှုန်ငါးခုက ရွှေ သစ်သား ရေ မီး နဲ့ မြေကြီး တို့ကို ကိုယ်စားပြုပါတယ်။

ဖြစ်နိုင်တာက စိတ်ဝိဉာဉ်အခြေခံရဲ့ ဒြပ်စင်ငါးမျိုးက မူလအမှုန်တွေဖြစ်စေတာလား။

ဒါပေမဲ့ သူ့အယင်ဘဂက ဒီလိုမျိုးဖြစ်နိုင်တယ်ဆိုတာကို သူလုံးဂ မကြားဖူးခဲ့ပါဘူး။

ဒါကလုံးဂ မမှန်ဘူး။

လင်းဟန်က သေချာစွာပဲ စစ်ဆေးနေခဲ့ပြီး ဒီ မတူညီတဲ့ မူလအမှုန်ငါးခု ကို ပြည့်စုံတဲ့ ညီမျှ မှုရအောင်

တွက်ချက်နေခဲ့ပါတယ်။ တကယ်လို့ ဒီ အမှန်ငါးခုထဲက တစ်ချို့ကသာ အနည်းငယ် သန်မာသွားမယ်ဆိုယင် ၄င်းဟာ ညီမျှနေတဲ့အခြေအနေကို ချက်ခြင်း ဖျက်ဆီးသွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီမှာ မူလအမှုန်တစ်ခုပဲ ကျန်နေခဲ့မှာဖြစ်ပြီး အသန်မာဆုံး က ကျန်တဲ့ မူလအမှုန်တွေ ပျက်စီးပြိုကွဲသွားချိန်မှာ နောက်ဆုံးအနေနဲ့ ကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ဒြပ်စင် နှစ်ခု သို့ သုံးခု သို့ လေးခုတောင်မှ ပိုင်ဆိုင်ထားတဲ့သူ အများအပြားရှိပါတယ်။ ဒါပေမဲ့ အဲဒီ ဒြပ်စင်တွေကို သူ့ရဲ့ စိတ်ဂိဉာဉ်အခြေခံ ထဲမှာ ချိန်ညှိပြီးတော့ ပြီးပြည့်စုံတဲ့ မျှခြေ ဆက်နွယ်မှုမျိုး ရရှိအောင်မြင်နိုင်တဲ့ အရေအတွက် ကတော့ အရမ်းကို နည်းပါတယ်။ ဒါကြောင့်လဲ အရမ်းကိုနည်းပါးတဲ့လူနည်းစုကသာ မူလအမှုန် နှစ်ခု သို့ သုံးခု ပိုင်ဆိုင်ထားကြတာပါ။

သူ့ရဲ့ အယင်ဘဂက သူ့အနေနဲ့ မှော်ဆေးပညာရပ်မှာပဲ ကိုယ်ကိုယ်ကို မြှုပ်နှံထားသလို ကျင့်ကြံခြင်းပေါ်မှာလဲ စိတ်နှစ်မြှုပ်နှံထားခဲ့ပါတယ်။ သူ့အနေနဲ့ တကယ့်တိုက်ပွဲ အနည်းငယ်လောက်ပဲ တိုက်ခဲ့ပြီး ဆတိုးမူလအမှုန်ရှိတဲ့ သိုင်းပညာရှင်တွေမပါဝင်ခဲ့တဲ့ အတွက်ကြောင့်လဲ သူ့အနေနဲ့ ဒီအရာနဲ့ပတ်သတ်ပြီး အနည်းငယ် စိမ်းနေပါတယ်။ ဒါ့အပြင်

ဆတိုးမူလအမှုန်ဆိုတာက အောင်ပွဲတစ်ခုရရှိဖို့အတွက် လူတစ်ယောက်ရဲ့ ပုက်ဖဲဖြစ်နိုင်ပါတယ်။ ဘယ်သူကများ သူတို့ရဲ့ ပုက်ဖဲကို လွယ်လွယ်ကူကူ ထုတ်ဖော်ပြသမှာလဲ?။

``မူလအမှုန် ငါးခုကို ကြီးမားတဲ့ မူလအမှုန်တစ်ခုအဖြစ်ကို အတူတူပေါင်းစည်း လိုက်မယ်ဆိုယင် ငါက တစ်ခြားသူတွေထက် မူလစွမ်းအား ငါးဆလောက် ပို သန်မာသွားမယ်လို့ ဆိုလိုတာပဲ``

ဒါကအရမ်းကိုကြောက်မက်ဖွယ်ရာကောင်းလွန်းပါတယ်။

သိုင်းပညာရှင်တစ်ယောက်အတွက်က အနည်းဆုံး လှုပ်ရှားမှုပေါင်း တစ်ရာ သို့ အကြိမ်တစ်ထောင်လောက် လှုပ်ရှားပြီးယင် သူ့ကိုယ်ခန္ဓာအတွင်းထဲက မူလစွမ်းအင်တွေဟာ လုံးဂ ကုန်ဆုံးမောပန်းနွမ်းနယ်စေပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဒီစွမ်းအင်တွေကို ငါးဆလောက်မြန်တဲ့ အရှိန်နဲ့ ထုတ်လွှတ်နိုင်မှာလား။

ဆိုလိုတာက တိုက်ခိုက်မှုတိုင်းရဲ့ စွမ်းအားက ငါးဆတောင် တိုးလာစေမယ်လို့ ပြောချင်တာပါ။

အကယ်လို ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့ စွမ်းအားကို နံပါတ်တွေနဲ့ ဖော်ပြမယ်ဆိုယင် ပထမအဆင့်က တစ်..........ဒုတိယအဆင့်က ၂ တတိယအဆင့်က ၃ ဒါပေမဲ့ အဆင့်လေးကတော့ နံပါတ် ၆ ဖြစ်လိမ့်မယ်။ ဒီနေရာမှာ အဆင့် သုံးဆင့်ပြီးယင် ရုတ်တရက် ခုန်ကျော်သွားပါတယ်။

`` နိုး နိုး နိုး ဒြပ်စင်ငါးခု မူလစွမ်းအင် အမှုန်တွေက လုံးဝပြည့်စုံတဲ့ ညီမျှမှု ရှိပြီးတော့ သူတို့က တစ်ခုနဲ့တစ်ခုလဲအမှီပြုနေကြတယ် ဒါကြောင့် သူတို့ကထုတ်လွှတ်တဲ့ စွမ်းအင် က ငါးဆတောင်မဟုတ်ဘူး ၆ဆ သို့ ဆယ်ဆထိတောင်မှ ပိုသန်မာနိုင်တယ်။ ငါသာ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ ရဲ့ အထွတ်အထိပ်အဆင့်ကိုရောက်သွားခဲ့ယင် ငါ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၄ မှာရှိတဲ့သူတွေနဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်လိမ့်မယ်```

ငါ့ အမှန်တကယ်စွမ်းအားဘယ်လောက်ရှိလဲဆိုတာကို ရှာဖွေသိရှိဖို့ဆိုယင် ငါ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်၁ ရဲ့အထွတ်အထိပ်အဆင့်ကို ရောက်မှရမယ်။

ဒါဆိုဒါက အင်မော်တယ်အဆင့် စိတ်ဝိညာဉ်ရဲ့ အမှန်တကယ်စွမ်းအားပေါ့။

ဒါပေမဲ့လည်း မူလစွမ်းအင်အမှုန် ငါးခုကို အဆက်မပြတ် ချဲ့ပြီးသန်မာအောင်လုပ်ရတာက အမှုန်တစ်ခုတည်းကို ချဲ့ရတာထက်တော့ လုံး၀ နှေးပါတယ်။ပြီးတော့ အင်မောင်တယ်အဆင့်စိတ်ဝိညာဉ်ရဲ့ ကျင့်စဉ်အရှိန် အကျိုးသက်ရောက်မှုကလဲ ဒီနေရာမှာ အသုံးမ၀င်ပါဘူး။

``ကိစ္စမရှိပါဘူး ကျင့်စဉ် အရှိန်ရဲ့ အကျိုးသက်ရောက်မှု မရဘူးဆိုယင်လဲ ပြီးတော့ ငါက မှော်ဆေးဓာကရာဇ်ပဲ ဒါကြောင့် ငါက အဆင့်တွေဖြတ်ကျော်တဲ့နေရာမှာ အရှိန်မြင့်ပြီး ထိန်းသိမ်းထားနိုင်လိမ့်မယ်လေ. တကယ်လို့ ငါ့အသက် ၂၀၀ မှာ ကောင်းကင်အဆင့်ကို တစ်ကြိမ်ပြန်ရောက်သွားခဲ့မယ်ဆိုယင် ဒါက သမိုင်းမှာ အမြန်ဆုံး မှတ်တမ်း၀င်နေဦးမှာပဲ``

``နိုး နိုး နိုး ငါ့မှာ ဒီအဆင့်တွေနဲ့ ပါတ်သတ်ပြီးတော့ လုံး၀ နားလည်သဘောပေါက်ခဲ့ ပြီးပြီ ဒါကြောင့် ငါ့အနေနဲ့ ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ နှစ်ပေါင်း ၂၀၀ တောင်မလိုပါဘူး``

ကမ္ဘာကြီးက မျှတပါတယ်။ ပိုပြီးသန်မာတဲ့ စွမ်းအင်တွေလိုချင်ယင် အဲဒီလူက နှစ်ကြိမ် သို့မဟုတ်

ဆယ်ကြိမ်လောက်စွန့်လွှတ် အနစ်နာ ခံမှုတွေကို လုပ်ရလိမ့်မယ်။ ပြီးတော့ ငါ့ဒန်တန်ထဲက နေရာက အရမ်းကို သေးငယ်သေးတယ် ဒါကြောင့် ငါ့အနေနဲ့ တိုက်ပွဲကို အချိန်အကြာကြီး တိုက်ခိုက်နိုင်တဲ့ စွမ်းရည် မရှိသေးဘူး။

ငါ့ရဲ့ နားလည်းသဘောပေါက်မှု အရ ဆိုယင် ဆတိုးဒြပ်စင်ချိန်ညှိ မှုကို ပိုင်ဆိုင်ထားတဲ့ စိတ်ဂိဉာဉ်အခြေခံကို အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံအဖြစ် သတ်မှတ်ထားကြတယ်။ ဒါပေမဲ့လည်း အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံတွေကို အမျိုးမျိုးသော ခေါင်းစဉ်တွေနဲ့ ခွဲခြားထားတဲ့အထဲမှာမှ ငါ့ရဲ့ ဒြပ်စင်ငါးမျိုး ကြာပန်း က အသန်မာဆုံးပဲ။

ဒါကဘာလို့လဲဆိုတော့ ကမ္ဘာပေါ်မှာ ဒြပ်စင်ခြောက်ခုနဲ့ စိတ်ဂိဉာဉ်အခြေခံ ဆိုတာ မရှိလို့ပဲဖြစ်ပါတယ်။

အယင်က ကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုး ပညာရဲ့ ဒုတိယအဆင့်ကို ဖတ်တုန်းက ထူးဆန်းတဲ့ ခံစားချက်ဖြစ်လာတာက အံ့သြစရာမဟုတ်တော့ပါဘူး။ အစက ငါတွေးထားတာက ဒီ ပညာကို တီထွင်တဲ့သူအနေနဲ့ အမှားအနည်းငယ်လုပ်မိခဲ့တယ်ပေါ့။ ဒါပေမဲ့

အခုဒြုပ်စင်ငါးမျိုးကြာပန်း က ဒြုပ်စင်ငါးခု မူလအမှန် ပုံစံကို ဖန်တီးနိုင်ခဲ့တာပဲ။ တကယ်လို့ ၄င်းရဲ့ မူလအမှန်ငါးခုကို အဆက်မပြတ် လှည့်ပတ်ပေးလိုက်မယ်ဆိုယင် ဒီပညာရပ်အတွက် ပြဿနာ လုံးဝမရှိတော့ဘူး။

ဒါကြောင့် ကြည့်ရတာ အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်တွေအတွက် ၄င်းတို့ရဲ့ စွမ်းအားအပြည့်ကို ထုတ်ဖော်ချင်တယ်ဆိုယင် အထူးပြုလုပ်ထားတဲ့ နည်းလမ်းတွေ လိုအပ်တာ အသေအချာပဲပေါ့။ တကယ်လို့ ငါသာ သာမန်ရိုးရိုးကျင့်စဉ်ကိုသုံးပြီး ဒြုပ်စင်ငါးမျိုးမူလအမှန်တွေကို နှိုးဆွပေးလိုက်မယ်ဆိုယင် ဘာတွေဖြစ်လာမလဲဆိုတာ တောင်မှ စဉ်းစားလို့ရမှာမဟုတ်ဘူး။

ကြည့်ရတာ ဒီဘဝမှာ ငါ့ရဲ့ အခြေအနေတွေအားလုံးက အကောင်းဆုံးပဲ။ဒါပေမဲ့ ငါ စကြာဝဠာ အဆင့်ကိုမရောက်သေးသလို ဒီ အကျိုးကျေးဇူးတွေအပေါ် အသုံးချပြီး နတ်ဘုရားတစ်ပါးဖြစ်အောင်လုပ်ရမယ်။ မျော်ဆေးတွေက လုံးဝ ပြီးပြည့်စုံအောင်လို့ မလုပ်ပေးနိုင်တဲ့အတွက် ငါ့အနေနဲ့ အချိန်အကြာကြီး လေ့ကျင့်ရလိမ့်မယ်။

လင်းဟန်က အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးရဲ့ ဆေးစွမ်းအကြွင်းအကျန်တွေကို သူ့ရဲ့ ဒန်တန်ကျယ်ပြန့်ဖို့နဲ့ သူ့ရဲ့ မူလအမုန်သန့်မာဖို့အတွက် လမ်းညွှန်အသုံးပြုလိုက်ပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့ ကျင့်စဉ်လုပ်ငန်းက လူတစ်ယောက်ရဲ့ ဒန်တန်ကို ချဲ့ပြီးတော့ မူလစွမ်းအင်အမုန်ကို သန့်မာအောင်လို့ ဖြစ်နိုင်သမျှနည်းနဲ့ ပြုလုပ်ရတာပဲဖြစ်ပါတယ်။

ဒန်တန်ကြီးမားလာတာနဲ့အမျှ ၄င်းရဲ့ မူလစွမ်းအင်သိုလှောင်နိုင်မှုပမာဏကလဲ များလာမှာဖြစ်ပါတယ်။ မူလအမှုန် ကြီးမားပြီး လည်ပတ်ခြင်းပိုမြန်လာတာနဲ့အမျှ ထွက်ပေါ်လာမဲ့ စွမ်းအားကလဲ ရုတ်တရက်လျှင်မြန်လာမာပဲဖြစ်ပါတယ်။

လင်းဟန်က သူ့ဒန်တန်ထဲက မူလအမှုန်သန့်မာအောင်လုပ်တဲ့နေရာမှာ အရမ်းကိုသတိထားနေပါတယ် ဘာလို့လဲဆိုတော့ မူလအမုန် ငါးခုစလုံးဟာ ညီမျှနေဖို့ လိုအပ်ပါတယ်။ သူ့ရဲ့ စွမ်းအင် ဆာလောင်မှုတွေကြောင့် လင်းဟန်က အရမ်းကို အာရုံစူးစိုက်ပီးတော့ ကျင့်စဉ်ကိုလေ့ကျင့်နေခဲ့ပါတယ်။

``ဘာ``

လင်းဟန်မျက်နှာမှာ ဖော်ပြမရနိုင်တဲ့ အံ့အားသင့်မှုတွေရုတ်တရက်ပေါ်လာပြီးတော့ သူလေကျင့်နေတာကို ရပ်လိုက်ပါတယ်။

အနက်ရောင်မျှော်စင်တစ်ခုက သူ့ရဲ့ ဒန်တန်ထဲမှာ မျောလွင့်နေပြီးတော့ ၄င်းကနေပြီး ရွှေရောင်တောက်ပတဲ့ အလင်းတွေထုတ်လွှတ်နေပါတယ်။ ၄င်းမျှော်စင်မှာ အဆင့်ကိုးခုပါရှိပြီးတော့ လင်းဟန်ရဲ့ အတွေးထဲမှာ အနက်ရောင်မျှော်စင်က မီတာ တစ်သောင်းလောက်မြင့်ပြီး ကောင်းကင်နဲ့မြေကြီးကို ဆက်သွယ်ထားပါတယ်။

နှစ်ပေါင်းတစ်သောင်းကျော်ကြာပြီးတာတောင်မှ လင်းဟန်အနေနဲ့ အကြည့်တစ်ချက်နဲ့ တင်ပဲ ဒီအနက်ရောင်မျှော်စင်ကိုမှတ်မိနေပါတယ်။ ၄င်းမျှော်စင်ဟာ မီးလောင်ပြီးတော့ ပြာဖြစ်သွားယင်တောင်မှ သူ့အနေနဲ့ သေချာမှတ်မိပါတယ် ဘာလို့လဲဆိုတော့ သူ့အယင်ဘဝမှာ သူ့ကို သတ်ခဲ့တဲ့ အဓိက တရားခံက ဒီအနက်ရောင် မျှော်စင် ဖြစ်နေလို့ပါပဲ။

ဒါဆို ဒီမျှော်စင်က ဝှါဒန်တန်ထဲမှာ ဘယ်လိုလုပ်ရှိနေတာလဲ။ အယင်ဘဂက ဝှါကို သတ်ခဲ့တာ မလုံလောက်သေးလို့များ ဒီဘဂမှာ ဝှါကို ထပ်သတ်ဖို့ အစီအစဉ်တွေရှိနေတာလား။

မင်းအနေနဲ့ ကစားပွဲကို ဒီလိုမျိုး ကစားလို့မရဘူးကွ။

အပိုင်း(၃၄) အနက်ရောင် မျှော်စင် ပြန်ပေါ်လာခြင်း

လင်းဟန်အယင်ဘဂက မြောက်မြားစွာသော အန္တရာယ်ဒေသတွေကို ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံး အနက်ရောင်အလင်းမြေချိုင့်ဝှမ်းကို ဝင်ရောက်ခဲ့ပြီး အဲဒီနေရာမှာ ထူးခြားဆန်းပြားတဲ့ အနက်ရောင်မျှော်စင်ကို ရှာတွေ့ခဲ့တာပါ။ မျှော်စင်နံရံပေါ်မှာ ရွှေရောင်စာလုံးနဲ့ရေးထားတဲ့ ကောင်းကင်ဖျက်ဆီးမော်စာလိပ် ကျင့်စဉ်ရှိပါတယ်။

ဒါက လင်းဟန်ရဲ့ အကြီးမားဆုံး အခွင့်အရေးဖြစ်သလို သူ့အယင်ဘဂရဲ့ အကြီးမားဆုံး သေရေးရှင်ရေး ကာလလဲဖြစ်ပါတယ်။ အနက်ရောင်မျှော်စင်လှုပ်လာတာနဲ့ သူ့ရဲ့ ကိုယ်ခန္ဓာက ချက်ခြင်းပဲ ပြာမှုန့်အဖြစ် ပြိုကွဲပျက်စီးသွားပြီး သူ့ဂိဉာဉ်က နှစ်ပေါင်း

တစ်သောင်းကျော်ကို ဖြတ်ကျော်ပြီးမှ လက်ရှိ အချိန်ကိုရောက်လာခဲ့တာပါ။

အခု အနက်ရောင် မျှော်စင်ကိုကြည့်နေယင်းနဲ့ သူလို ကောင်းကင်အဆင့်စစ်သည်တော် တစ်ဦးရဲ့ သန်မာတဲ့ စိတ်စွမ်းအင်တောင်မှ အနည်းငယ်ကြောက်ရွံ့မှုကို ထိန်းမရခဲ့ပါဘူး။

သူ့အယင်ဘဝက အနက်ရောင်မျှော်စင်က အနည်းငယ်မျှ လှုပ်ရမ်းခဲ့ပြီ သူက ပြာမှုန့်အဖြစ် ပြိုကွဲပျက်စီးသွားခဲ့တာလေ။ အခု ၄င်းက သူ့ ကိုယ်ခန္ဓာအတွင်းမှာ ပြန်ပေါ် လာခဲ့ပြီ ဘယ်လောက်တောင်မှ ကြောက်စရာကောင်းလိုက်သလဲ?

ဒါပေမဲ့လည်း လင်းဟန် လျှင်မြန်စွာနဲ့ သူ့ရဲ့ တည်ငြိမ်အေးချမ်းမှုကို ပြန်ရသွားခဲ့ပါတယ်။

တကယ်လို့ အနက်ရောင်မျှော်စင်က သာ သူ့ကို ဒုတိယအကြိမ်မြောက်သတ်ချင် တယ်ဆိုယင် ဟိုးအယင်ကတည်းက လုပ်ပြီးနေပီပေါ့။ လင်းဟန်အနေနဲ့ သူ့ဒန်တန်ထဲ က အနက်ရောင်မျှော်စင်ရဲ့ တည်ရှိမှုကို အခုမှ ရှာဖွေတွေ့ရှိတာမှန်ပေမဲ့လည်း ၄င်းမျှော်စင် ရှိနေတာက

အမှန်တကယ်ဆို အချိန်တော်တော်ကြာခဲ့ပါပြီ။

အခု သူအနေနဲ့ သေချာ ဂရုစိုက်ပြီးတော့ တွေးတောပြီး အချို ရှုပ်ထွေးမှုတွေကို ဖယ်ထုတ်ပစ်ပါတယ်။

ဉပမာ...သူ့ရဲ့ ဂိဉာဉ်က ဘာလို့ နှစ်ပေါင်းတစ်သောင်း တိုင်အောင် တည်ရှိနေတာလဲ?

ဒါက အနက်ရောင်မျှော်စင်ကြောင့်ပဲ။

သူ ချက်ချင်း ပြန်လည်မွေးဖွားလာရတာလဲ ဒီအနက်ရောင်မျှော်စင်နဲ့ ပါတ်သတ်နေပြီး အချို နားမလည်တဲ့ နည်းလမ်းတစ်ချို့က သူ့ကိုပြန်လည်မွေးဖွားခွင့်ပြုလိုက်တာဖြစ် နိုင်ပါတယ်။ အနက်ရောင်မျှော်စင်ကလဲ သူ့ရဲ့ဘဝအသစ်မှာ ဆက်ပြီးတော့ လိုက်ပါလာခဲ့တာပဲ။

လင်းဟာန် တီးတိုးဆိုလိုက်ပါတယ်။

``အကို...ငါမင်းကို ကျေးဇူးတင်ရမှာလား... မုန်းရမှာလား....ဟူးးးးးးးးးးး?``

အနက်ရောင်မျှော်စင်ကြောင့်ပဲ သူ့အယင်ဘဂကသေဆုံးခဲ့ရပါတယ်။ ဒါပေမဲ့ အရိုးသားဆုံးပြောရမယ်ဆိုယင် တကယ်လို့ သူသာ အနက်ရောင်မျှော်စင်ကြောင့် မသေခဲ့ဖူးဆိုယင် နှစ်ပေါင်းထောင်ဂဏန်းအနည်းငယ်အတွင်းမှာ ကောင်းကင်မှော်စာလိပ်ကို နားလည်အောင်သင်ယူနိုင်ဖို့ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

ဒါကလုံးဂကို မဖြစ်နိုင်ပါဘူး။

ဘာကြောင့်လဲဆိုတော့ သူ့အနေနဲ့ မစားမသောက် မအိပ်စက်ပဲနဲ့ သူ့ရဲ့ အချိန်အားလုံးကို ဒီကောင်းကင်မှော်စာလိပ် လေ့လာခြင်းအပေါ်မှာ အသုံးပြုထားမယ်ဆိုယင်တောင်မှ သူ့အနေနဲ့ နှစ်ပေါင်းတစ်သောင်းလောက် အသုံးပြုဖို့ လိုပါလိမ့်မယ်။

အခု လင်းဟန်အနေနဲ့ အနက်ရောင်မျှော်စင်က သူ့ကိုပြာမှုန်အဖြစ် လောင်ကျွမ်း စေလိုက်တာက သူ့ကို ဂိုဏ်းပုံစံနဲ့ ကောင်းကင်မှော်စာလိပ်ကို လေ့လာလို့ရအောင် ကူညီလိုက်တယ်ဆိုတဲ့ ခံစားချက်ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့်မို့လဲ သူ့အနေနဲ့ ပြန်လည်မွေးဖွားလာတဲ့အချိန်မှာ

ကောင်းကင်မော်စာလိပ်ရဲ့ ပထမအလွှာ(အဆင့်) ကို နားလည်သဘောပေါက်ခဲ့တာပါ။

အနက်ရောင်မျှော်စင်က အယင်ကအတိုင်းပဲ အဆင့်ကိုးဆင့်ရှိပြီး အောက်ဆုံးအဆင့်က တင်းကျပ်စွာပိတ်ထားတဲ့ တံခါးတစ်ချပ်နဲ့ ကျန်တဲ့ အဆင့်တွေမှာတော့ ဂင်ဖိုပြတင်းပေါက် တောင်မရှိပဲ အားလုံးကို ချိတ်ပိတ်ထားပါတယ်။ လင်းဟာန်ရဲ့ အမြင်မှာတောင် ဒီမျှော်စင်ကို ဘယ်လို ပစ္စည်းတွေနဲ့ တည်ဆောက်ထားတယ်ဆိုတာကို မခန့်မှန်းနိုင်ပဲနဲ့ သူခံစားလို့ရတာက ရှေးဟောင်း အငွေ့အသက်နဲ့ အေးစက်တဲ့ လေထုရှိတဲ့ ရာသီဥတု တို့ကိုပဲ ခံစားလို့ရပါတယ်။

ဒီအနက်ရောင်မျှော်စင်က တကယ့်ကို ဒီကမ္ဘာက မဟုတ်ဘူး။

၉၉ ရာခိုင်နှုန်းလောက်ကတော့ ဒီ အနက်ရောင်မျှော်စင်က နတ်ဘုရားတွေခေတ်ကတည်းက ဟာပဲဖြစ်ရမယ် ဘာလို့လဲဆိုတော့ သူ့နံရံမှာ ရေးထွင်းထားတဲ့ ကောင်းကင်မော်စာလိပ်ကျင့်စဉ်တွေကိုလေ့ကျင့်ဖို့ က နှစ်ပေါင်း တစ်သောင်းဆိုတဲ့ အချိန်က ဒီ သေမျိုးကမ္ဘာမှာတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

လင်းဟန်က သူ့ရဲ့ အသိစိတ်ကို အသုံးချပြီး အနက်ရောင်မျှော်စင်အထဲကို ဝင်ဖို့ကြိုးစားပေမဲ့ ဒါက မဖြစ်နိုင်ဘူးဆိုတာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အသိစိတ်က ပုံသဏ္ဍာန်မရှိတဲ့ စွမ်းအားတစ်ခုဖြစ်ပေမဲ့လည်း အနက်ရောင်မျှော်စင်ကို ဖြတ်သန်းသွားဖို့ အပေါက်သေးလေးတစ်ခုကိုတောင်မှ သူ့အနေနဲ့ ရှာမတွေ့ခဲ့ပါဘူး။

သူ့အယင်ဘဂက ၄င်းက သူ့ရဲ့ အသက်ကို တုန်ခါမှုနဲ့ ဖျက်ဆီးပစ်လိုက်ပီး အခုလက်ရှိ မှာတော့ သူ့ရဲ့ ဒန်တန်ထဲမှာပိုလ်ကျပြီးတော့ ရောက်လာခဲ့ပီး သူ့အနေနဲ့ ဘာမှ လုပ်လို့မရခဲ့ပါဘူး။ ဒါ့အပြင် သူ့အနေနဲ့ ဒီ အနက်ရောင်မျှော်စင်ရဲ့ အမှန်တကယ်တည်ရှိမှုက ဘယ်လိုဟာမျိုးလဲဆိုတာတောင် ဂေခွဲမရပါဘူး။

လင်းဟန်က အရှုံးပေးဖို့ ဆန္ဒမရှိပါဘူး ဒါကြောင့်မို့လို့ သူ့ရဲ့ အသိဉာဏ်ကို အနက်ရောင်မျှော်စင်ကို ထပ်တိုက်ခိုက်ခိုင်းပါတယ်။ ဘာဖြစ်ဖြစ် သူ့အနေနဲ့ တစ်စုံတစ်ခု ရှာဖွေတွေ့ရှိဖို့လိုတယ်လေ။

လင်းဟန်ရဲ့ စိတ်စွမ်းအင်တွေနဲ့ အကြိမ်အနည်းငယ်မျှ

တရစပ် တိုက်ခိုက်မှုကို ခံ လိုက်ရပြီးချိန်မှာတော့ အနက်ရောင်မျှော်စင်က စိတ်မရှည်တော့တဲ့ပုံစံနဲ့ အနည်းငယ်မှ တုန်ခါလာပါတယ်။ နောက်ဆုံးတော့ ဒီဟာက တုံ့ပြန်လာပြီပေါ့။ အနက်ရောင်မျှော်စင် ကနေပြီးတော့ အပြင်ဘက်ကို အဆက်မပြတ် အလင်းရောင်တွေ တရစပ် ထုတ်လွှတ် နေပါတယ်။

၄င်းက ဘာသာစကားတစ်ခုလိုပဲ လင်းဟန်ကို ၄င်းရဲ့ ဆိုလိုချင်တာကို တိုက်ရိုက် နားလည်စေပါတယ်။ အနက်ရောင်မျှော်စင်ကနေ ထုတ်လွှင့်လိုက်တဲ့ အလင်းရောင်တွေ ရဲ့ ဆိုလိုခြင်းက

``လက်ရှိမင်းက အရမ်းကိုအားနည်းနေတယ်... ဒါကြောင့် အနက်ရောင်မျှော်စင်ထဲကို ဝင်ဖို့ လုံးဝမဖြစ်နိုင်ဘူး..... အနည်းဆုံး နွေဦးစမ်းရေ အဆင့်ရောက်မှ ရမယ်.... ဒါပေမဲ့ အနက်ရောင်မျှော်စင်ရဲ့ သခင်အသစ်အနေနဲ့ သင်နောက်တစ်ဆင့်ကိုတက် တဲ့အချိန်တိုင်းမှာ အနက်ရောင်မျှော်စင်ရဲ့ ကောင်းချီးပေးခြင်းကို လက်ခံရမှာဖြစ်ပြီးတော့ သင့်ရဲ့ စွမ်းအင်ကို နောက်တစ်ဆင့်ကို တိုက်ရိုက် မြင့်တက်သွားစေလိမ့်မယ်.``

သခင်? သူက တကယ်ပဲ အနက်ရောင်မျှော်စင်ရဲ့

သခင်ဖြစ်လာခဲ့တယ်ပေါ့။

တကယ်လို့ သူသာ ၄င်းရဲ့ သခင်ဆိုယင် ဘာလို့ အားလုံးကို လုပ်ခွင့်မရတာလဲ....ဒါ့အပြင် သူ့အဆင့်တက်လာတိုင်း သူ့အနေနဲ့ အနက်ရောင်မျှော်စင် ဆီကနေ တစ်ကြိမ်ပဲ ကောင်းချီးပေးခံရမယ်တဲ့... ကြည့်ရတာ သူ့အနေနဲ့ ဒီထက်ပိုပြီး ရှာဖွေတွေ့ရှိချင်ယင်တော့ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖင်ရောက်နိုင်ဖို့ လိုအပ်ပါလိမ့်မယ်.။

ဒါကလဲ သူ့ရဲ့ပုက်ဖဲ ဖြစ်နိုင်ပါတယ်။ ချက်ချင်းဆိုသလို သူ့အစွမ်းက အဆင့်တစ်ဆင့်ကို တိုးမြင့်စေတယ်ဆိုတဲ့ ဒီပုက်ဖဲက သူ့ကို အန္တရာယ်ရှိစေနိုင်တဲ့ အခိုက်အတန့်ကနေ ပြောင်းလဲပစ်နိုင်ဖို့အတွက် လုံလောက်ပါတယ်။

ဒါပေမဲ့ သူ့အနေနဲ့ ဒီလိုပုက်ဖဲကို နောက်အဆင့်တက်တဲ့အခါတိုင်းမှာမှ တစ်ကြိမ်ပဲ သုံးခွင့်ရတာပါ ... အနက်ရောင်မျော်စင်က တကယ့်ကို ကပ်စေးနဲတာပဲ။

လင်းဟာန် သူ့မျက်လုံးတွေမဖွင့်ကြည့်ခင်မှာ အသက်ကို ပြင်းပြင်းရှူထုတ်လိုက်ပါတယ် သူ့မျက်နှာက သုန်မှုန်နေပါတယ်။

လွီယုထန်က ဒါကိုကြည့်ပြီး ငိုချင်သွားပါတယ်။ နင်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို တစ်ရက်ထဲနဲ့ ချိုးဖျက်ဂင်ရောက်သွားတာလေ ဒါကို နင့်ကြည့်ရတာက စိတ်ပျက်နေတဲ့ ပုံစံနဲ့ ဖြစ်နေတယ်။

လင်းဟန်က
လက်ဖျစ်တစ်ချက်တီးလိုက်ပြီးတော့ပြောလိုက်ပါတယ်။

``လာ...ငါတို့အိမ်ပြန်ကြမယ်``

ဒါက သူ့အတွက်ပထမဆုံးသော ဖခင် ချစ်ခြင်းရဲ့ နွေးထွေးမှုကို ခံစားရတဲ့ အတွေ့အကြုံ ဖြစ်ပြီးတော့ အခု သူဟာ အိမ်နဲ့ ဝေးနေတာ တစ်လနီးပါးရှိနေပါပြီ သူ့အနေနဲ့ အိမ်လွမ်းတဲ့ ဝေဒနာကို ခံစားနေရပါတယ်.။

သူတို့နှစ်ယောက် အိမ်ပြန်ခရီးစဉ် စတင်လိုက်ပါတယ်။ လမ်းမှာ လင်းဟန်က သူ့ခေါင်းထဲမှာရှိတဲ့ ကောင်းကင်အဆင့် ဒြပ်စင်စုစည်းခြင်းကျင့်စဉ်ရဲ့ ဒုတိယအလွှာကို စဉ်းစားလာခဲ့ပါတယ်။ သူ့ရဲ့ မြင့်မားတဲ့ ထိုးထွင်းဉာဏ်နဲ့ အတွေ့အကြုံတွေအရ ဒုတိယအလွှာရဲ့ အသေးစိတ်အချက်အလက်တွေကို အနှောက်အယှက်မရှိပဲ

အပြည့်အဝ ဖမ်းဆုပ်နိုင်ခဲ့ပါတယ်.။

၄င်းမှာ သိုင်းပညာရှင်တွေရဲ့ ကျင့်စဉ်လို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ကနေ ကောင်းကင်အဆင့်ကိုသွားရာလမ်းစဉ်အတိုင်းပဲ ကောင်းကင်အဆင့်ဒြပ်စင်ငါးမျိုး ကျင့်စဉ်မှာလဲ အလွှာ၉ ခုပါရှိပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်က တကယ့်ကို တစ်ခုခုပါပဲ။

မူလစွမ်းအင်တွေက သူ့ရဲ့ ဒန်တန်ကနေ ပန်းထွက်လာပါတယ်။

၄င်းရဲ့ ပမာဏဟာ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ရဲ့ ဆယ်ဆခန့်ရှိပါတယ်။ သူ့ရဲ့ ဒန်တန်ထဲက မူလစွမ်းအင်တွေဟာ အဆက်မပြတ်စီးဆင်းနေပြီး အဆုံးမရှိပါဘူး။

သူတို့ စတင်ထွက်ခွာလာတုန်းက သူတို့ရည်မှန်းချက်နေရာကို ရောက်ဖို့အတွက် အချိန် နေ့တစ်ဝက်ခန့် အသုံးပြုခဲ့ရပါတယ်။ ဒါပေမဲ့ အပြန်ခရီးကတော့ တစ်နာရီလောက်ပဲ ကြာမြင့်ပါတယ်။

မကြာခင်မှာ သူတို့အရှေ့မှာ တိမ်မီးခိုးမြှုကြ အမြင်အာရုံထဲမှာ ပေါ်လာပါတယ်။

``သခင်လေးဟန် ကို ကြိုဆိုပါတယ်``

``သခင်လေးဟန်ကို ကြိုဆိုပါတယ်``

သူတို့ လင်းကလန်အိမ်တော်ထဲကို ခြေလှမ်းစဝင်လိုက်တာနဲ့ အစေခံတွေနဲ့ အစောင့်တွေအားလုံးက လင်းဟန်ကို ရိုသေလေးစားစွာနဲ့ ကြိုဆို နှုတ်ဆက်ကြပါတယ်။

အားလုံးက ချန်ညီအကိုနှစ်ယောက်ကို လင်းဟန်က အနိုင်ယူလိုက်တယ်ဆိုတာကို သိထားကြပါတယ်။ ဒါကြောင့် အယင်က အမိုက်ကောင်လို့ အားလုံးသိထားတဲ့ ဒီ သခင်လေးကို သူတို့အနေနဲ့ ထပ်ပြီး မရိုမသေ မလုပ်ပံ့ကြတော့ပါဘူး။

လင်းဟန်က သူ့အဖေရှိတဲ့ဆီကို လျှင်မြန်စွာပြေးသွားလိုက်ပါတယ်။

လင်းဒေါင်ရှန်က ပြောဖူးတယ်လေ။ သူသာ

ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားမယ်ဆိုယင် သူ့အမေ ဘာဖြစ်ခဲ့တယ်ဆိုတာကို ပြောပြမယ်လို့ ကတိပေးထားပါတယ်။

လင်းဟန်က အခန်းထဲကို ပြေးဝင်သွားပြီး ချောင်းဟန့်သံအနည်းငယ်ပေးပီး ပြောလိုက်ပါတယ်။

`` အဖေ ကျနော်ပြန်လာပီ``

`` ဟားဟား .... မင်းပြန်လာတာ အချိန်ကောင်းပဲ.. ဒီည ချန်ကလန်က ပွဲတစ်ခုကျင်းပလိမ့်မယ် သူတို့က မင်းကိုလဲ ဖိတ်ထားတယ်``

လင်းဒေါင်ရှန်က လက်ထဲမှာ ဖိတ်စာကို ကိုင်ထားပြီးတော့ လင်းဟန်ဘက်ကို လှည့်ကြည့်ပြီး ပျော်ရွှင်စွာနဲ့ အော်ရီလိုက်ပါတယ်။

လင်းဟန်က ဖိတ်စာကိုယူလိုက်ပီးတော့

`` ကြည့်ရတာ ချန်ကလန်တော့ ဘာမှမလုပ်နိုင်တော့ဘူးနဲ့တူတယ်``

လင်းဒေါင်ရှန်က ချန်ကလန်ကို တန်ပြန် တိုက်စစ်ဆင်ခဲ့ပါတယ်။

မာဒုချန်က ချန်ကလန်ကို မှော်ဆေးထောက်ပံ့ခြင်းကို ဖြတ်တောက် လိုက်တဲ့အချိန်မှာ ချန်ကလန်အနေနဲ့ ခြေမရှိတဲ့ သာမာန်လူတစ်ယောက်လိုပါပဲ သူတို့ရဲ့ ခြေလှမ်းတိုင်းဟာ အန္တရာယ်ကြီးမားနေပါတယ်။ဒ့ါအပြင် လင်းကလန်အနေနဲ့ ချန်ကလန်ရဲ့ အခြားသော စီးပွားရေးလုပ်ငန်းတွေကိုပါ တိုက်ခိုက်ခဲ့ပါသေးတယ်။ ဆေးဖက်ဝင်ပစ္စည်းတွေကို ဝယ်ယူရာမှာ ချန်ကလန် အနေနဲ့ မြင့်မားတဲ့ ပမာဏကို သုံးရပြီးတော့ သူတို့အနေနဲ့ ပြန်လည်ရောင်းချတဲ့အခါမှာတော့ ဈေးအနည်းငယ်သာရရှိပါတယ်။

ဒီလိုကိစ္စတွေကြောင့်ပဲ ချန်ကလန်ရဲ့ ဘဏ္ဍာရေးအခြေအနေက လုံးဝကို ရပ်ဆိုင်းသွားခဲ့ပါတယ်။

ရက်ပေါင်း ၂ဝကျော် အတွင်းမှာပဲ ချန်ကလန်ရဲ့ အခြေအနေက ဆုပ်လဲ စူး စားလဲ ရှူးဆိုတဲ့ အကျပ်အတည်းထဲကို ကျရောက်လို့နေပါတယ်။

ဒီအချိန်မှာပဲ ချန်ကလန်က သူတို့ဆီမှာကျင်းပတဲ့ ပွဲ အတွက် အမှန်တကယ်ပဲ သူတို့ဆီကို ဖိတ်စာပို့လိုက်တယ်။ ဒါက သနားညှာတာဖို့အတွက် မေတ္တာရပ်ခံ ချက် နဲ့ တူနေပါတယ်။

`` ငါတို့နှစ်ယောက်လုံး ဒီပွဲကို တူတူတက်ကြတာပေ့ါ။ ဒါပေမဲ့ သတိထားပါ ပွဲအတွင်းမှာ လျောက်ပြေးမနေနဲ့ ... ချန်ကလန်က ထောင်ချောက်ဆင်ထားမှာကို စိတ်ပူတယ်``

သူ့ရဲ့ လက်ရွေးစင်အဖွဲ့သားတွေလဲ ဒီပွဲကို အတူတူ ခေါ်သွားမှာဖြစ်ပါတယ် ဒါမှသာ ချန်ကလန်ဘက်က နေ တစ်စုံတစ်ခု ကြိုတင်ကြံစည်ထားယင် ကာကွယ်မှု လုပ်နိုင်အောင်လို့ပါ။

လင်းဒေါင်ရှန်က လင်းဟန်ကိုကြည့်လိုက်ပြီး အနည်းငယ် မျက်မှောင်ကြုံလိုက်တယ်။ တစ်ခုခုတော့ မှုမမှန်ဘူးဆိုတာကို သူခံစားနေရပါတယ် ဒါပေမဲ့ ဘာလဲဆိုတာကို အတိအကျ မသိပါဘူး။

``PA``

တစ်ခဏအတွင်းမှာပဲ လင်းဒေါင်ရှန်က စားပွဲခုံကို လက်ဖါးနဲ့ ချက်ချင်းရိုက်ချလိုက်ပြီး တော့ သူထိုင်ခုံကနေ ခုန်ထလိုက်ပီး

သူမျက်နှာတစ်ခုလုံး စိတ်လှုပ်ရှားမှုနဲ့ ပြည့်နှက် နေပါတယ်။

``ဟန်အာ.... မင်း..မင်း ဒြပ်စင်စုစည်းခြင်းအဆင့်ကို အဆင့်တက်သွားပီလား``

နောက်ဆုံးတော့ ဒီထူးဆန်းတဲ့ ခံစားမှုက ဘာလဲဆိုတာကို သူရှာဖွေတွေ့ရှိလိုသွားပါပြီ။

လင်းဟန်က ခေါင်းငြိမ့်ပြီး ပြုံးလိုက်ပါတယ်။

``ဟုတ်ကဲ့ ကျနော်အဆင့်တက်သွားပီ``

``ကောင်းတယ် ကောင်းတယ် ကောင်းတယ်``

လင်းဒေါင်ရှန်ကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှားနေပီး သူလက်တွေကိုလဲ တင်းကျပ်စွာ ဆုပ်ထားပါတယ်။

``အဖေ ... ကျနော် အမေရဲ့အကြောင်းကို သိချင်တယ်``

လင်းဟန်က လေးလေးနက်နက်နဲ့ပြောလိုက်ပါတယ်။

လင်းဒေါင်ရှန်က အနည်းငယ်တုံ့ဆိုင်းသွားပြီးမှ သူ့ရဲ့

ခေါင်းကိုငြိမ့်ပြီးပြောလိုက်ပါတယ်။

``လက်ရှိ ငါ့သားက အမှန်ကိုသိဖို့လိုနေပြီ..... အစတုန်းကတော့ မင်းအမေရဲ့အကြောင်းကို ငါသေတဲ့အထိ ငါ့နှလုံးသားထဲမှာ မြုပ်နှံထားဖို့ ဆုံးဖြတ်ထားတယ် ငါဒါကို သိုဝှက်သိမ်းထားတာ တော်တော်ကြာနေပြီ ...ငါ့ရဲ့ နှလုံးသားလည်း အရမ်းကို နာကျင်ခဲ့ရပါပြီ``

လင်းဟန်က ခေါင်းကို ငြင်သာစွာ ငြိမ့်လိုက်ပါတယ်။ ဒီနှစ်တွေအတွင်းမှာ လင်းဒေါင်ရှန်ဟာ သူ့ရဲ့ အချစ်ဆုံး ဇနီးကို ဆုံးရှုံးပြီးတော့ တစ်ယောက်တည်း ရှင်သန် နေထိုင်လာခဲ့ရပါတယ်။ သူ့ကို နှစ်သိမ့်ပေးမဲ့သူ မရှိသလို သူနဲ့အတူ နာကျင်မှုကို တူတူ ခံစားပေးမဲ့သူလည်းမရှိပါဘူး ဒါကြောင့် သူ့အနေနဲ့ အများကြီးခံစားခဲ့ရပါတယ်။

လင်းဟန်က သူ့နှလုံးသားထဲမှာ ကျိန်ဆိုလိုက်ပါတယ်။ သူ့ မိဘတွေကို ခွဲခွာအောင်လုပ်တဲ့ ဘယ်သူမဆို ဒီ ပြစ်မှု ရဲ့ တရားခံကို အပြစ်တွေပြန် ပေးဆပ်ခိုင်းရ ပါမယ်။

အပိုင်း (၃၅) အားဖုန်း

``လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပေ့ါ .. ငါ့ကို မိုးရေနိုင်ငံရဲ့ ပါရမီရှင်တစ်ယောက်လို့ ယူဆထားကြတယ်။ ငါ့ရဲ့

မျိုးဆက်ထဲမှာတော့ ငါက ဦးဆောင်သူတစ်ဦးဖြစ်ခဲ့တယ်။ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတဲ့အချိန်မှာ ဒီကဗ္ဗာကြီးထဲက ငါ့ရဲ့ လမ်းကို ရှာဖွေဖို့အတွက်ငါ အိမ်ကို စွန့်ခွာလာခဲ့တယ်။ လွန်ခဲ့တဲ့ ၁၈ နှစ်လောက် တုန်းကပေါ့ ငါက အမှောင်နတ်ဆိုးတောအုပ်မှာ ရှေးဟောင်းအမွေအနှစ်ကို ရှာဖွေ နေတုန်းမှာပဲ မင်းအမေနဲ့ အမှတ်မထင် တွေ့ဆုံခဲ့ကြတယ်``

လင်းဒေါင်ရှန်ဟာ အတိတ်ကိုပြန်တွေးနေချိန် သူ့ရဲ့မျက်နှာမှာ လွမ်းရိပ်တွေ ဖြစ်ပေါ်နေပြီးတော့ အထူးသဖြင့်တော့ လင်းဟန်ရဲ့ အမေအကြောင်းကို စပြောလိုက်တဲ့အချိန်မှာပဲဖြစ်ပါတယ်.။

`` မင်းအမေရဲ့ နာမည်က ယွဲ့ဟောင်ချန်တဲ့....... သူမက အရမ်းလှပချောမောပြီး သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ပေါ့...ဒါပေမဲ့ လည်းငါတို့ ပထမဦးဆုံး တွေ့ဆုံတဲ့အကြိမ်မှာ အနည်းငယ် နားလည်မှုလွဲပြီးတော့ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြသေးတယ်..ပြီးတဲ့နောက်မှာတော့ ငါတို့နှစ်ယောက် အတူတူ ခရီးတွေထွက်ပီး တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်မခွာနိုင်ဖြစ်ပြီး

နက်ရှိုင်းတဲ့ ခံစားချက်တွေဖြစ်ပေါ်လာခဲ့တာပေ့ါ```

`` မင်းအမေ မင်းကို ကိုယ်ဝန်ဆောင်တဲ့အချိန်မှာ ငါတို့ တိမ်မီးခိုးမြို့ကို ပြန်လာဖို့ ဆုံးဖြတ်ချက်ချလိုက်တယ် အဲဒီအချိန်မှာပဲ မင်းအမေဟာ နောက်ခံ အင်အားကြီးမားတဲ့ နေရာကနေ လာတယ်ဆိုတာကို သိလိုက်ရတယ်။ သူမက ဆောင်းလ ဂိုဏ်း တတိယအကြီးအကဲရဲ့ မြေးအကြီးဆုံးဖြစ်နေခဲ့တယ်။``

``ဆောင်းလ ဂိုဏ်းရဲ့ အကြီးမှူးချုပ်က စိတ်ဂိဉာဉ်သူငယ်အထွတ်အထိပ် အဆင့်ရှိတဲ့ စွမ်းအားမြင့် စစ်သည်တော်တစ်ဦးဖြစ်ပြီး ကျန်တဲ့ အကြီးအကဲတွေအားလုံးကလဲ စိတ်ဂိဉာဉ်သူငယ်အဆင့်မှာရှိကြပါတယ်။

တကယ်လို့ တစ်ယောက်ယောက်သာ ပေါ်လာခဲ့ယင် မိုးရေနိုင်ငံကို လွယ်ကူစွာနဲ့ ချေဖျက်ပစ်နိုင်တဲ့အစွမ်းတွေရှိကြတယ်``

``မင်းအမေရဲ့ အကြီးကဲတွေက ဂိုဏ်းထဲက တစ်ခြားအကြီးအကဲရဲ့ မျိုးဆက် ဖြစ်တဲ့ အားဖုန်းနဲ့ သူမကို လက်ဆက်ပေးဖို့ စိတ်ဆန္ဒရှိခဲ့ကြတယ်။ အားဖုန်းက

သိုင်းပညာမှာအရမ်းကို ပါရမီထူးချွန်တယ်။ ဒါပေမဲ့လည်းသူက အရမ်းကို မိန်းမလိုက်စားလွန်းတဲ့ ဂါသနာရှိတယ်။ သူ့ဘေးနားမှာ မိန်းကလေး တွေ ရာနဲ့ချီ ရှိနေတတ်ပြီးတော့ သူက လက်မထပ်ရသေးပဲနဲ့ တောင် သားတွေ သမီးတွေ အများကြီးမွေးထားတယ်``

``မင်းအမေက အဲ့ဒီလိုမျိုးလူနဲ့ လက်မထပ်ချင်တဲ့အတွက်ကြောင့်ပဲ သူ့အိမ်နဲ့ ဝေးရာကို စွန့်ခွာလာခဲ့ပြီး ငါနဲ့ဆုံခဲ့ပြီးတဲ့နောက် တစ်ယောက်နဲ့ တစ်ယောက်
နားလည်းမှုတွေရှိပြီးတော့လက်တွဲခဲ့ကြတယ်``

ဒါပေမဲ့လည်း ဆောင်းလဂိုဏ်းကလူတွေက မင်းအမေနဲ့ငါ့တို့ကို ခွဲပစ်ဖို့နဲ့ ဖမ်းဆီးဖို့အတွက် အထူးလက်ရွေးစင်စစ်သည်တော်တွေကို စေလွှတ်ခဲ့တယ်

ငါနဲ့ မင်းအမေနဲ့ အဆက်မပြတ် ပြေးလွှား ခဲ့ကြပေမဲ့လည်း မင်းကို မွေးပြီး မကြာခင်မှာပဲ မင်းအမေရဲ့ အကို ယွဲ့ကျန်းရှန် နဲ့ အားဖုန်းတို့က ငါတို့ကို ဖမ်းမိသွားခဲ့ကြတယ်..

အဲ့ဒီအချိန်တုန်းက အားဖုန်းက ငါ့ကို လုပ်ခဲ့တာတွေကို ငါလုံးဝမမေ့နိုင်ဘူး။ သူက ငါ့လက်ချောင်းတွေကို

တစ်ချောင်းပြီးတစ်ချောင်း ချိုးခဲ့ပြီးတော့ မင်းအမေကို သစ္စာဖောက်တဲ့ စကားတွေကို အတင်းအကျပ်ပြောခိုင်းခဲ့ပေမဲ့ သူပဲ စိတ်ပျက်သွားခဲ့ရတယ်. တကယ်လို့ ငါသာသေသွားမယ်ဆိုယင်တောင် ယွဲ့ချန်ကို နာကျင်စေမဲ့ အရာတွေကို ဘယ်လိုလုပ်ပီးတော့ လုပ်နိုင်မှာလဲ....

မင်းအမေက သူမကိုယ် သူမ သတ်သေပစ်လိုက်မယ်ဆိုပြီးတော့ သူတို့ကို ခြိမ်းခြောက်ခဲ့တဲ့အတွက် အဖေနဲ့ သား တို့နှစ်ယောက်ရဲ့ လုံခြုံရေးကို အာမခံ ခဲ့ပေမဲ့ အဖေရဲ့ စိတ်ဂိဉာဉ်အခြေခံကို အားဖုန်းက ဖျက်ဆီးခဲ့တယ်....

ပထမတော့ ငါက ဆောင်းလဂိုဏ်းနဲ့ သူသေကိုယ်သေ တိုက်ပွဲ ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားပေမဲ့လည်း သားအတွက်ပြန်စဉ်းစားပြီးတော့ တိမ်မီးခိုးမြို့ ကိုပြန်လာပြီး အားလုံးက အထင်အမြင်သေးတဲ့ ဘဂကို ဆက်ပြီး ရှင်သန်နေထိုင်ဖို့ ကြိုးစားခဲ့တယ်........```

လင်းဟန်ရုတ်တရက် နားလည်သွားပါတယ်။ ဟွာယန်အကယ်ဒမီက လက်ရွေးစင် စစ်သည်တော်တွေတောင် ဂင်ဖို့ မဖြစ်နိုင်တဲ့

ခရမ်းရောင်အလင်းမြေချိုင့်ဂှမ်းကို လင်းဒေါင်ရှန်အနေနဲ့ လွယ်လွယ်ကူကူနဲ့ ဝင်နိုင် ထွက်နိုင်ခဲ့တယ်။ သူ့အမေက သေချာပေါက် အချို့သော လျှို့ဝှက်ဆန်းကြယ်တဲ့ ရတနာအချို့ကို သူ့အဖေကိုပေးထားပြီးတော့ နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်နိုင်ဖို့ အာမခံချက်ပေးသွားခဲ့တာပါ။

စိတ်ဂိဉာဉ် သူငယ် အဆင့်....

လင်းဟန်အနည်းငယ် မျက်မှောင်ကြုံ့လိုက်ပါတယ်။ ကြည့်ရတာ သူ့အနေနဲ့ သူ့အမေကို အချိန်တိုလေးအတွင်းမှာ ကယ်တင်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ သိုင်းပညာမှာ အဆင့် ၁၀ ဆင့်(စကြာဝဠာအဆင့်အပါအဝင်) ရှိပြီးတော့ စိတ်ဂိဉာဉ်သူငယ် က အဆင့်၇ ဖြစ်ပါတယ်။ အခုမှ သူက သိုင်းပညာအဆင့်ရဲ့ အဆင့် ၂ ကို ဝင်ရောက်ယုံပဲရှိသေးတာဖြစ်ပြီး အဆင့် ၇ အထိ ရောက်ဖို့ဆိုတာ နှစ်ပေါင်း ၁၀နှစ် အနှစ်၂၀ သို့ ဒီထက်ပိုပြီးတော့ လိုအပ်ပါလိမ့်မယ်။

ပြီးတော့သူ့မှာက ကောင်းကင်အဆင့် သဘောပေါက်နားလည်နိုင်စွမ်း... အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်.. ကောင်းကင်အဆင့်ကျင့်စဉ်နည်းလမ်း.. နဲ့မှော်ဆေးဧကရာဇ်ရဲ့ အသိပညာဗဟုသုတတွေကိုပါ

ရရှိနိုင်ပါတယ်။ ဒီနေရာမှာ တခြားပါရမီရှင်တွေ အနေနဲ့ သူတို့ရဲ့ သက်တမ်းအတွင်းမှာ စိတ်ဂိဉာဉ်သူငယ်အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ဖို့ဆိုယင် အနည်းဆုံး နှစ်ပေါင်း ၂၀၀ သို့ ၃၀၀ လောက်အချိန်ယူမှဖြစ်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ အချိန်တွေအားလုံးကို ပေးဆပ်ပြီးတော့လုပ်မှ ရနိုင်ပါမယ်။

ဘာကြောင့်လဲဆိုတော့ သိုင်းပညာရှင်တွေမှာ သက်တမ်းအကန့်အသတ်နဲ့ ရှိပါတယ်။ တကယ်လို့ သိုင်းပညာရှင်တစ်ယောက်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ခြင်း မရှိဘူးဆိုယင် သူတို့ရဲ့သက်တမ်းက သေမျိုးတစ်ယောက်နဲ့ မခြားပါဘူး။ အကောင်းဆုံးက သူ့အနေနဲ့ မနာကျင် မဖျားမနာပဲနဲ့ အသက်တစ်ရာလောက်ပဲ ရှင်သန်နိုင်မှာပဲဖြစ်ပါတယ်။ တကယ်လို့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ခဲ့မယ်ဆိုယင် နောက်ထပ် သက်တမ်း ၂၀၀ ပေါင်းပြီးတော့ အဲဒီသိုင်းပညာရှင်ဟာ ရှင်သန်နေထိုင်သွားနိုင်မှာပဲဖြစ်ပါတယ်။

အားဖုန်း..........

လင်းဟန်ရဲ့ မျက်လုံးထဲမှာ ပြင်းထန်တဲ့ မီးတောက်တွေ လောင်ကျွမ်းနေပါတယ်။ လင်းဒေါင်ရှန်အနေနဲ့ အဲ့ဒီနေ့က

အဖြစ်အပျက်တွေကို ပြန်ပြောပြပေမဲ့လည်း လင်းဟန်အနေနဲ့ အားဖုန်းက သူ့အဖေရဲ့ လက်တွေကို အဲဒီနေ့က ဘယ်လောက်တောင် ခံစားနာကျင်စေခဲ့ တဲ့အပြင် ဘယ်လောက်တောင်မှ အရှက်ခွဲပြီး သူ့ရဲ့ သိက္ခာတွေကို ကျဆင်းစေခဲ့တယ်ဆိုတာကို ခံစားနိုင်ခဲ့ပါတယ်။

တကယ်လို့ သူ့အတွက်ကြောင့်သာ မဟုတ်ဘူးဆိုယင် လင်းဒေါင်ရှန်အနေနဲ့ ဆောင်းလကိုဏ်းနဲ့ လုံးဝ သူသေကိုယ်သေ တိုက်ပွဲ ဆင်နွှဲမှာ အသေချာပါပဲ။

အဖေဖြစ်တဲ့သူကို စော်ကားအနိုင်ကျင့်တာက သားဖြစ်သူကို စော်ကားအနိုင်ကျင့်တာနဲ့ အတူတူပါပဲ။

လင်းဟန်က သူ့ရဲ့ နှလုံးသားထဲမှာ အားဖုန်းကို သေချာပေါက် သေဒဏ်ပေး လိုက်ပါပြီ။ ဒါပေမဲ့လည်း အားဖုန်းက ဆောင်းလကိုဏ်းရဲ့ တပည့်တစ်ယောက်ဖြစ်တဲ့အပြင် သူက ပါရမီရှင်တစ်ယောက်အဖြစ်လဲ သတ်မှတ်ခံထားရတာဖြစ်လို့ အခုအချိန်မှာ သူ့ရဲ့ လက်ရှိ ကျင့်စဉ်အဆင့်က ဘယ်လောက်များရှိနေပြီလဲ?

စိတ်ဂိဉာဉ်ပင်လယ်အဆင့်?
စိတ်ဂိဉာဉ်ပလ္လင်အဆင့်?ပန်းဖူးအဆင့်?

``ဟန်အာ... မင်းက အရမ်းပါရမီရှိပေမဲ့လည်း ဆောင်းလဂိုဏ်းရဲ့ တည်ရှိမှုက ငါတို့နှစ်ယောက်နဲ့ အပေးကြီးမှာပဲရှိတယ်။ ဒါကြောင့် မင်းအနေနဲ့ အလျင်စလို နဲ့ မလုပ်သင့်တာတွေ မလုပ်ပါနဲ့ မဟုတ်လို့ရှိယင် ငါ့အနေနဲ့ မင်းအမေကို နောက်ထပ် မျက်နှာခြင်းဆိုင်လို့ရဲမှာ မဟုတ်ဘူး``

လင်းဒေါင်ရှန်က သူ့ရဲ့ အတွေးတွေကို ပြန်စုစည်းမိတဲ့အခါမှာ ပြောလိုက်ပါတယ်။

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။

``မစိုးရိမ်ပါနဲ့ အဖေ ကျနော် အနေနဲ့ မဖြစ်နိုင်တာတွေ အလျင်စလို မလုပ်ပါဘူးစိတ်ချပါ``

``ငါ့ရဲ့ မျှော်လင့်ချက်တွေ အကုန်လုံးက အခု မင်းရဲ့ ပုခုံးပေါ်မှာကျရောက်နေပြီ....မင်းက မင်းကိုယ်တိုင် အတွက်သာမက မင်းအမေရဲ့ ကံကြမ္မာအတွက်ပါ အသက်ဆက်ရှင်နေရမှာပဲ``

လင်းဒေါင်ရှန်က လေးလေးနက်နက်ပြောလိုက်ပါတယ်။

``သားနားလည်ပါပြီ``

``ကောင်းပြီ အခု မင်းက ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်ပီဆိုတော့ မင်းအနေနဲ့ ဒုယွန် ပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ပီ``

လင်းဒေါင်ရှန်က ခေါင်းစဉ်ပြောင်းပြောလိုက်ပါတယ်။

``ဒုယွန် ပြိုင်ပွဲ?``

လင်းဟန်က သူ့ခေါင်းထဲက မမ်မိုရီတွေကို ရှာဖွေလိုက်ပေမဲ့လည်း သူ့အနေနဲ့ ဒီယှဉ်ပြိုင်ပွဲနဲ့ပါတ်သတ်ပြီး ဘာမှမရှိတာကို တွေ့လိုက်ရပါတယ်။

လင်းဒေါင်ရှန်က ပြုံးပြီးပြောလိုက်ပါတယ်။

``မင်းက အယင်တုန်းက သိုင်းပညာမှာ ဒီလောက်ပါရမီပါတယ်ဆိုတာကို ဘယ်တုန်းကမှ မဖော်ပြခဲ့ဖူး ဒါကြောင့် ငါကလဲ ဒီအကြောင်းကို မင်းကို လုံးဝမပြောခဲ့ဖူး...ဒီ ဒုယွန်ပြိုင်ပွဲက ဒုယွန်ဘုရင်အိမ်တော်က

ကျင်းပတဲ့ သိုင်းပညာရှင်တွေအတွက် ယှဉ်ပြိုင်ပွဲတစ်ခုပဲ....သူက သုံးနှစ်တစ်ကြိမ်ကျင်းပ ပြီးတော့ ယှဉ်ပြိုင်မဲ့သူတွေအနေနဲ့ အသက်သုံးဆယ် အောက်ရှိပြီး နွေဦးစမ်းရေအဆင့်ရဲ့ အောက်မှာရှိတဲ့ သိုင်းပညာရှင်တွေသာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့်ရှိပြီးတော့ ဒုယွန်မြို့ရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ ဘယ် သိုင်းပညာရှင်မဆို ဝင်ရောက်ခွင့်ရှိတယ်လေ``

မိုးရေနိုင်ငံမှာ မြို့တွေမှာ အကြီးမားဆုံးသော အုပ်ချုပ်မှုဆိုင်ရာ နယ်မြေဧရိယာတွေ ရှိကြပြီး နိုင်ငံတစ်ခုလုံးမှာ မြို့ကြီး ၃၆ မြို့ ရှိပါတယ်။

ဒုယွန်မြို့က မြို့ကြီး ၃၆မြို့ထဲက တစ်ခုအပါအဝင်ဖြစ်ပြီးတော့ ဒုယွန်ဘုရင်က အုပ်ချုပ်ပါတယ်။ သူက မိုးရေနိုင်ငံကို တည်ထောင်သူ ကောရာဇ် မျိုးနွယ်ကနေ ဆင်းသက်လာသူဖြစ်ပြီးတော့ ဒုယွန်မြို့ရဲ့ ဘုရင်ဘွဲ့ကို ရရှိထားပြီး သူ့ရဲ့ မျိုးဆက်အဆင့်ဆင့်ကို လက်ဆင့်ကမ်းလာခဲ့တာပဲ ဖြစ်ပါတယ်။

ဒုယွန်ဘုရင့်အိမ်တော်ရဲ့ အုပ်ချုပ်မှုအောက်မှာ အင်အားကြီး လေးခု ရှိပြီးတော့ ဒုယွန်မြို့ရဲ့ သက်ဆိုင်ရာ နယ်မြေတွေမှာ ၎င်းတို့ရဲ့ ကိုယ်ပိုင် နေရာ အဖြစ်သတ်မှတ်ပြီးတော့

နေထိုင်ကြပါတယ်။ ကျောက်တုံးဂံပုလွေဂိုဏ်းကလဲ တစ်ခုအပါအဝင်ပါပဲ။

လင်းဟန်ကမေးလိုက်တယ်။

``ချန်ပီယံက ဘယ်လိုဆုမျိုးရရှိမှာလဲ``

လင်းဒေါင်ရှန်က နည်းနည်းလေးမှတောင် အထင်သေးတာမျိုး မဖြစ်သွားခဲ့ပါဘူး။ သူ့ရဲ့ သားက တကယ့်ကို ရည်မှန်းချက်ကြီးပြီးတော့ ချက်ခြင်းဆိုသလို ချန်ပီယံနေရာကို မျှော်မှန်းပြီးတော့ မေးလိုက်တာပဲ ဖြစ်ပါတယ်။ ဘာဖြစ်ဖြစ် ဒါက သူ့ရဲ့ အတော်ဆုံးသားပဲ။ သူက အနည်းငယ်စဉ်းစားလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``အဲဒီမှာ အမှောင်လ မြက် လို့ခေါ်တဲ့ စိတ်ဂိုဏ်ဦဆေး အမျိုးအစားပါတယ်။ သူက ခရမ်းရောင်မူလဆေးကို ဖော်စပ်ဖို့အတွက် အဓိက ပါဝင်ဆေးအမယ် ဖြစ်ပြီးတော့ အဲဒီဆေးလုံးက ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေကို နွေဦးစမ်းရေအဆင့်ကို လွယ်ကူစွာနဲ့ အဆင့်တက်စေနိုင်တယ်လေ``

လင်းဟန်က ချက်ခြင်းပဲ အံ့အားသင့်ပြီး

မျက်လုံးပြူးသွားခဲ့ပါတယ်။

လက်ရှိ မော်ဆေးပညာရှင်တွေက တကယ့်ကို ငတုံးတွေ ဖြစ်ကုန်ပီလား?

အမှောင်လ မြက် လို တန်ဖိုးအရမ်းမြင့်တဲ့ ပစ္စည်းကို အငါရောင်အဆင့်မြင့် ဆေးလုံးဖော်စပ်ဖို့အတွက် တကယ်ပဲ အသုံးပြုကြတယ်ပေါ့လေ..ဒီ မြက်က ကွက်လပ်ဆေးလုံး ဖော်စပ်တဲ့နေရာမှာ အဓိက ပါဝင်ပစ္စည်းပဲ။ ဒီဆေးလုံးက သိုင်းပညာရှင်တွေရဲ့ ဒန်တန်ထဲက နေရာလွတ်ကို ချဲ့ကားပေးနိုင်ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော်တွေတောင်မှ မနာလိုဖြစ်စေတယ်လေ။

ဒီလိုမျိုး သဘာဝ စိတ်ဂိဉာဉ်ဆေးကို ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေက နွေဦးစမ်းရေအဆင့်ကို လွယ်လွယ်ကူကူ အဆင့်တက် ချိုးဖျက်ဝင်ရောက်ဖို့ အတွက် အသုံးပြုတယ်ဆိုတော့ ဘယ်လောက်တောင်မှ ဖြုန်းတီးတာမျိုးလဲ။

ခရမ်းရောင်မူလဆေးလုံးရဲ့ အဓိက ဆေးအမယ် နေရာမှာ တစ်ခြား အဆင့်နိမ့် ဆေးအမယ်တွေနဲ့ အလွယ်တကူ အစားထိုးနိုင်တယ်။

နှစ်ပေါင်းတစ်သောင်းကျော်
လောက်ကုန်လွန်သွားခဲ့တာတောင်မှ မှော်ဆေးပညာက အနည်းငယ်မျှ တိုးတက်မှုတောင်မရှိတဲ့ အပြင် တော်တော့်ကို အဆင့်နိမ့်ကျသွားခဲ့တာပဲ။

လင်းဟန်အပြုံးတစ်ခုကို မဲ့ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလောက် တန်ဖိုးကြီးမားတဲ့ စိတ်ဂိဉာဉ်ဆေးကို ဖြုန်းတီးတာမျိုး ခွင့်မပြုနိုင်ပါဘူး ဒါကြောင့် သူ့အနေနဲ့ ဒီ အမှောင်လ မြက်ကို ရအောင် ယူရပါမယ်။ ဒါမှ သူ့ရဲ့ မူလဒြပ်စင်ငါးခုအမှုန်က သူ့ရဲ့ မူလစွမ်းအင်နေရာမှာ အရမ်းကို ကြီးမားကျယ်ပြန့်လာပြီးတော့ သူ့အနေနဲ့ သူ့ဒန်တန်ရဲ့ အကန့်အသတ်ရှိနေတဲ့ နေရာအပေါ် စိုးရိမ်ထိတ်လန့်နေမှုအတွက် အခုဆိုယင် ဖြေရှင်းနိုင်မဲ့နည်းလမ်းက သူ့ကို တံခါးခေါက်ပြီး ရောက်လာနေပါပြီ။

အခုမှ အောက်တိုဘာလကုန် ကာစပဲရှိသေးပြီးတော့ နှစ်ကုန်ဖို့ နောက်ထပ် ၂ လလောက်လိုသေးတယ် ။ကြည့်ရတာ သူ့အနေနဲ့ လေတောင်တန်းခုနစ်ခု ဆီကို မူလကျော်လွန်ဆေးကို ဖော်စပ်နိုင်ဖို့အတွက် အနီရောင်နဂါးအကြေးခွံ မြွေရဲ့ အမြုတေကို ရအောင်ယူဖို့

ခရီးထွက်ရပါဦးမယ်။

မူလကျော်လွန်ဆေးလုံး က ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တစ်ယောက်ရဲ့ ကျင့်စဉ်အဆင့်ကို အဆင့်တစ်ဆင့်ကို အတင်းအဓမ္မတိုးတက်စေနိုင်ပါတယ်။ ဒါပေမဲ့ အစောပိုင်းဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းသမားအပေါ်မှာပဲ အကျိုးသက်ရောက်မှုရှိတာဖြစ်ပါတယ်။ လင်းဟန်အတွက်ကတော့ သူ့အနေနဲ့ နှစ်မကုန်ခင်မှာ အလယ်အလတ်ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်ချင်တယ်ဆိုယင် မူလကျော်လွန်ဆေးလုံးက သူ့ရဲ့ တစ်ခုတည်းသော အခွင့်အရေးပါပဲ။

ဒါပေမဲ့လည်း အနီရောင်နဂါးကြေးခွံမြွေက အရမ်းကို စွမ်းအားကြီးပြီးတော့ ၄င်းတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကလဲ ပြင်းထန်တဲ့ အဆိပ်တွေရှိနေတဲ့ အတွက်ကြောင့် လင်းဟန်အနေနဲ့ ဒီခရီးမစခင်မှာ အားလုံးပြင်ဆင်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ယင် သူ့ရဲ့ ဘဂကြီးကို အဖေးကို လွှင့်ပစ်လိုက်တာနဲ့ တူညီပါလိမ့်မယ်။

အပိုင်း (၃၆) ထာဂရ ည့ရဲ့ ဘုရင်

``အဖေ့အနေနဲ့ သားရဲ့ ယုံကြည်မှုကိုတော့

မဖျက်ဆီးချင်ပါဘူး... ဒါပေမဲ့ ဒုယွန်ပြိုင်ပွဲရဲ့ ပွဲစဉ်အချီတိုင်းမှာ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ သိုင်းသမားတွေ မပါတဲ့ အချီဆိုတာ မရှိသလောက်ပဲ သားက အခုမှ ဒြပ်စင်စုစည်းခြင်းအဆင့် ကို ဂင်ရောက်ယုံပဲရှိသေးတယ်... မင်းမှာဘယ်လောက်ပဲ လျှို့ဝှက်ဆန်းကြယ် တဲ့ လက်ဆောင်ပစ္စည်းတွေပဲရှိနေပါစေ မင်းအနေနဲ့ လက်ရွေးစင်အဆင့် ဒြပ်စင်စုစည်းခြင်း အဆင့် ၉ စစ်သည်တော်တွေနဲ့ နှိုင်းယှဉ်လို့တော့ မရသေးဘူး``

လင်းဒေါင်ရှန်က ခေါင်းစဉ်ပြောင်းပြီးတော့ သူ့သားကို အကြံဉာဏ် ပေးလိုက်ပါတယ်။

``ရည်မှန်းချက်ကြီးတယ်ဆိုတာ ကောင်းပါတယ် ဒါပေမဲ့ ယုံကြည်ချက်မြင့် မားလွန်းတာက မကောင်းဘူး``

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။

သူက အခုမှ ဒြပ်စင်စုစည်းခြင်းအဆင့် ပထမအဆင့်ပဲရှိပါသေးတယ် သူ့ရဲ့ စွမ်းအားနဲ့ဒြပ်စင်စုစည်းခြင်းအဆင့် ၉ နဲ့ ဘယ်လောက်တောင်များ ကွာခြားလိုက်မလဲ။ ပြီးတော့ အချို့က ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာ အချိန်ကြာမြင့်စွာနဲ့

ရှိနေပြီးတော့ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်းမရှိသေးပဲ ၄င်းတို့ရဲ့ သိုင်းပညာတွေမှာ ပိုမိုမြင့်မားပြီး သန်မာတဲ့ အဆင့်ကို ရောက်နေသူ တစ်ချို့လဲ ရှိပါသေးတယ်။ အဲဒီလို စစ်သည်တော်တွေအတွက်ကတော့ သေချာပေါက် လုံးဝကို ခြားနားတဲ့ တိုက်ပွဲစွမ်းရည်အဆင့်တစ်ခုကို ရောက်နေမှာအမှန်ပါပဲ။

တကယ်လို့ သူသာ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ ရဲ့ အထွတ်အထိပ်အဆင့်ကိုရောက်ရှိခဲ့မယ်ဆိုယင် ဒြပ်စင်ငါးမျိုးမူလအမှုန်ရဲ့ အစွမ်းနဲ့ အလယ်အလတ်အဆင့် ဒြပ်စင်စုစည်းခြင်းအဆင့် စစ်သည်တော်နဲ့ ယှဉ်ဆိုင်ရတဲ့အခါမှာ အနိုင်ရနိုင်ချေ မြင့်မားပါလိမ့်မယ်။ ဒါပေမဲ့ ပြိုင်ဘက်က ဒြပ်စင်စုစည်းခြင်းနောက်ပိုင်းအဆင့် စစ်သည်တော်သာ ဖြစ်မယ်ဆိုယင် သူ့ရဲ့ နိုင်နိုင်ခြေက ၅၀-၅၀ ပဲရှိပါတယ်။

``ကြည့်ရတာတော့ ငါ့အနေနဲ့ လေတောင်တန်းခုနစ်ခု ဆီမှာ လေ့ကျင့်ဖို့ အတွက် အစီစဉ်ဆွဲရတော့မှာပဲ``

လင်းဟန်အနေနဲ့ ဒီဆုံးဖြတ်ချက်ကို တော်တော်ကြာကတည်းက ချပြီးပါပီ ဒါပေမဲ့သူ့အနေနဲ့ လင်းဒေါင်ရှန်ကို အသိပေးဖို့လိုအပ်ပါသေးတယ်။

လင်းဒေါင်ရှန်က အရမ်းကို အံ့အားသင့်သွားပါတယ်။ သူ့အနေနဲ့ လေတောင်တန်းခုနစ်က ဘယ်လိုနေရာမျိုးလဲဆိုတာကို သေချာသိထားပါတယ်။ ၄င်းက မိစ္ဆာသားရဲတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး တောနက်ကြီးရဲ့ အတွင်းပိုင်းမှာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ သက်ရှိတွေ ရှိနေတဲ့ ကမ္ဘာလေးတစ်ခုလိုပါပဲ။ စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းသမားတွေတောင်မှ အတွင်းပိုင်း နက်နက်နဲနဲ ထိအောင် မစွန့်စားရဲကြပါဘူး လင်းဟာန်က အခု မှ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ ပဲ ရှိသေးတဲ့အတွက် လေတောင်တန်းခုနစ်ခု က သူ့အတွက်တော့ အရမ်းကို အန္တရာယ်များတဲ့နေရာတစ်ခုပါ။

ပြီးတော့ နှစ်ကုန်ဆုံးဖို့အတွက် နှစ်လလောက်ပဲ အချိန်ကျန်တော့တာဖြစ်ပြီး တော့ တကယ်လို့ သူသာ အဲ့ဒီနေရာမှာ လေ့ကျင့်ဖို့အတွက် ခရီးထွက်ခဲ့မယ်ဆိုယင် သူ့အနေနဲ့ အဆင်ပြေနိုင်ပါ့မလား။

``ဘာမှမစိုးရိမ်ပါနဲ့ အဖေရာ.. ကျနော် က အပြင်ဘက်နေရာ တစ်ပိုက်မှာပဲ ခရီးထွက်မှာပါ အထဲနက်နက်ရှိုင်းရှိုင်းထိ မစွန့်စားပါဘူး စိတ်ချပါ``လို့

လင်းဟန်ကပြောလိုက်ပါတယ်။ သူ့အနေနဲ့လည်း တကယ့်ကို အဲလို ဆန္ဒ မရှိပါဘူး ဒြပ်စင်စုစည်းခြင်းအဆင့်သိုင်းသမားတစ်ယောက်အတွက် တော့ မြေနဂါးမြက် ကိုရှာဖွေဖို့အတွက် လေတောင်တန်းခုနစ်ခုရဲ့ အတွင်းပိုင်းထိ စွန့်စားသွားလာဖို့ ကို ဆန္ဒမရှိခဲ့ပါဘူး။

လင်းဒေါင်ရှန်အနေနဲ့ ဘာမှမတတ်နိုင်ပေမဲ့လည်း စိုးရိမ်နေပါသေးတယ်။ ဒါပေမဲ့လည်း သူ့သားကအရွယ်ရောက်တဲ့ လူတစ်ယောက်ဖြစ်နေပီဆိုတာကို သူနားလည်ထားခဲ့ပါတယ် ဒါကြောင့်မို့လို့ သူ့အနေနဲ့ အဖေဖြစ်တဲ့သူ့ရဲ့ ပြောသမျှကို နားထောင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ သူ့သားကို ထပ်ခါထပ်ခါ သတိပေး အကြံဉာဏ်ပေးယုံပဲ တတ်နိုင်ပါတယ်။ ကံကောင်းတာက လင်းဟန်က လေတောင်တန်းခုနစ် ဆီကို ချက်ခြင်းကြီး ခရီးမထွက်သေးတာပါပဲ။

သားအဖနှစ်ယောက် အချိန်တစ်ခဏကြာမှ စကားပြောဆိုပြီးတဲ့နောက်မှာ လင်းဟန်က သူ့အခန်းဆီကို ထွက်ခွာလာခဲ့ပါတယ်။သူ့အနေနဲ့ ရေမိုးချိုးပြီးတဲ့နောက်မှာ အဝတ်အစားအသစ်တွေကို ပြောင်းလဲဝတ်ဆင်ပြီး

တဲ့နောက်မှာ သူ့အနေနဲ့ အနည်းငယ် တင်းကျပ်သလိုခံစားရပါတယ်။

သူက အခုမှ စတင်ကြီးထွားတဲ့ အဆင့်ပဲရှိပါသေးတယ်။ သူက တစ်လလောက်ခရီးထွက်ခဲ့ပြီးတဲ့နောက်မှာ သူ့ဟာ အနည်းငယ် အရပ်မြင့်လာပြီးတော့ သူ့ရဲ့ ကိုယ်ခန္ဓာကလည်း ဖွံ့ဖြိုးလာပါတယ် ဒါကြောင့် သူ့အယင်ကဂဝတ်ခဲ့တဲ့ အဂဝတ်အစားတွေနဲ့ မတော်တော့ပဲနဲ့ သူ့အတွက် အဂဝတ်အစားအသစ်တွေလိုနေပါပြီ။(လခွမ်း အဲဒီလိုဟာတွေ ထည့်ရေးဖို့ လိုလို့လား)

ကျေးဇူးတင်ရမာက လင်းကလန်မှာက ငွေအမြောက်အမြားရှိနေတဲ့အတွက် သူ့အနေနဲ့ အစေခံတွေကို ခေါ်လိုက်ပီးတော့ သူ့ကိုယ်တိုင်းနဲ့ တူတဲ့ ရယ်ဒီမိတ် အဂဝတ်အစားတွေကို ဂယ်ခိုင်းလိုက်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ လွှီယုထန်ကို သတိရသွားပြီးတော့ အစေခံတွေကို ထပ်ခေါ်လိုက်ပီး သူမရဲ့ ကိုယ်တိုင်းအတိုင်းပဲ အဂဝတ်အစားအချို့ကိုပါ ဂယ်ယူခိုင်းလိုက်ပါတယ်။

ဒီလုပချောမောတဲ့ နောက်လိုက်မိန်းကလေးက ဒီည ကျင်းပမဲ့ ပွဲကို သူနဲ့အတူတူ တက်ရောက်ရပါလိမ့်မယ်။

မကြာခင်မှာ အစေခံက အဂတ်အစားတစ်ပုံနဲ့ပြန်ရောက်လာခဲ့ပါတယ်။ အဲဒီမှာ အမျိုးသား နဲ့ အမျိုးသမီးဂတ် ဆယ်စုံစီလောက်ပါလာခဲ့ပြီးတော့ လင်းဟန်နဲ့ လွီယုထန်တို့ ဖြေးဖြေးချင်း ရွေးချယ်လိုက်ကြပါတယ်။ လင်းဟန်အနေနဲ့ လျင်လျင်မြန်မြန်နဲ့ ဆုံးဖြတ်ရွေးချယ်လိုက်ပေမဲ့လည်း လွီယုထန်ကတော့ တစ်ခုပီးတစ်ခု ရွေးချယ်နေခဲ့ပါတယ်။ သူမအနေနဲ့ ဒီဂတ်စုံတွေကို သိပ်သဘောကျတဲ့ပုံမပေါ်ပေမဲ့လည်း အားလုံးထဲက တစ်ခုကတော့ သူမကို အနည်းငယ်စိတ်ဂင်စားစေခဲ့ပါတယ်။

လွီယုထန်က နောက်ဆုံးမှာတော့ မှန်ကန်တဲ့ ရွေးချယ်မှုလုပ်ခဲ့ပြီးတော့ အဂတ်အစားကို ပြောင်းလဲဂတ်ဆင်လိုက်တဲ့အချိန်မှာ လင်းဟန်တောင်မှ သူမကိုကြည့်ပြီးလေ ချွန်မိပါတယ်။

အရမ်းကို လှတာပဲ။

သူမက အရမ်းကိုပဲ လှပသိမ်မွေ့ ချောမောသူတစ်ယောက်ပါ.ယခု သူမက ရှည်လျားပြီးတော့ အစိမ်းရောင်တောက်ပတဲ့ ဂတ်စုံကို ရွေးချယ်ထားပြီးတော့ သူမရဲ့ နူးညံ့သိမ်မွေ့ပြီး ပြီးပြည့်စုံတဲ့ ကိုယ်လုံးပေါ် အလှကို

ပေါ် လွင်စေပါတယ်။ သူမရဲ့ လုံးဝန်းတဲ့ ရင်သား...ပါးလျတဲ့ ခါး ချပ်ရပ်နေတဲ့ ဖင်မိုက်သားလေးတွေနဲ့အတူ ရှည်လျားတဲ့ ခြေတံတွေက လုံးဝကို ပြီးပြည့်စုံတဲ့ နတ်သမီးလေးတစ်ပါးအလား မြင်ရသူအပေါင်းကို မှင်သက်စေပါတယ်။

လင်းဟန်ရဲ့ အနည်းငယ်အံ့အားသင့်သွားတဲ့ပုံစံကိုကြည့်ပြီး လွီယုထန် အနည်းငယ် ဂုဏ်ယူမိပါတယ်။အချိန်တိုင်းမှာ သူမအနေနဲ့ လင်းဟန်ကြောင့် အံ့အားသင့်ခဲ့ရပေမဲ့ နောက်ဆုံးတော့ သူမက လင်းဟန်ကို အနည်းငယ် အံ့အားသင့်အောင်လို့ လုပ်နိုင်ခဲ့ပါပြီ။ ဒီအတွက်ကြောင့် သူမက ကျေနပ်နေပြီးတော့ သူမရဲ့ နှုတ်ခမ်းမှာ အပြုံးလေးတွေခိုနေပါတယ်။

သူမက ပုံမှန်အားဖြင့်တော့ အေးစက်စက်နဲ့ လုပလွန်းသူတစ်ယောက်ပါ။ အခု သူမရဲ့မျက်နှာမှာ အပြုံးနဲ့မြင်လိုက်ရပြီး အေးစက်စက်ဖြစ်နေတာတွေ အရည်ပျော်သွားတဲ့ အခါမှာတော့ သူမကိုကြည့်ရတာ အရမ်းကို ချစ်စရာကောင်းပြီးတော့ အရမ်းကို သိမ်မွေ့လှပပြီး တပ်မက်ဖွယ်ရာကောင်း လောက်အောင် ကျက်သရေနဲ့ပြည့်စုံလှပါတယ်။ လင်းဟန်တောင်မှ သေချာကို စူးစိုက်ပြီးတော့ ကြည့်နေပါတယ်။

``သွားစို့``

လှီယုထန်က သူမရဲ့ ကျောက်စိမ်းလိုကြည်လင်လှပတဲ့ လက်လေးကိုမြှောက်ပြီးတော့ ဆွဲဆောင်မှုရှိအောင်လုပ်ပြီး ဝှေ့ယမ်းလိုက်ပါတယ်. သူမကိုကြည့်ရတာ အနည်းငယ် မာနကြီးတဲ့ပုံပေါက်နေပါတယ်။

ဒါပေမဲ့ သူတို့ လင်းကလန်အိမ်တော်ကနေထွက်လာတာနဲ့ လှီယုထန်က သူမရဲ့ လှပချောမောပြီး ကျက်သရေရှိတဲ့မျက်နှာကို ဇာပဝါအပါးလေးနဲ့ ဖုံးအုပ်ကာကွယ်လိုက်ပါတယ်။

``အို..ဒါနဲ့ မင်း ဒုယွန်မြို့က ထင်ရှားတဲ့ ပါရမီရှင်တွေကို သိသလား?``

လင်းဟာန်က လမ်းလျှောက်နေယင်းနဲ့ မေးလိုက်ပါတယ်။

လှီယုထန်ရဲ့ ခြေလှမ်းတွေရပ်ပြီးတော့ မေးလိုက်ပါတယ်။

``မင်းက ဒုယွန်ပြိုင်ပွဲကို ဝင်ပြိုင်မလို့လား``

လင်းဟန်ကပြုံးပြီးတော့

``မင်းက အရမ်းကိုတော်တာပဲ``

``မိုးရေနိုင်ငံမှာ နိုင်ငံနဲ့တစ်ဝှမ်းလုံး ကြီးကျယ်တဲ့ပြိုင်ပွဲကြီးတစ်ခုကို သုံးနှစ် တစ်ကြိမ် ကျင်းပတယ်.. တကယ်လို့ မင်းသာ ဒုယွန်ပြိုင်ပွဲရဲ့ ထိပ်ဆုံး အယောက်ငါးဆယ်စာရင်းထဲမှာပါတယ် ဆိုယင် ဟွာယန်အကယ်ဒမီကို သေချာပေါက် ဝင်ခွင့်ရတယ်..ဒါက မိုးရေနိုင်ငံအတွက် ပါရမီရှင်တွေကို ရှာဖွေတဲ့ နည်းလမ်းတစ်ခုလို့ပြောလို့ရတယ်``

``တကယ်လို့ မင်းက ပါရမီရှင်တွေအကြောင်း ပြောတာဆိုယင်တော့.....``

လွှီယုထန်က
အနည်းငယ်တုံ့ဆိုင်းသွားပြီးတော့ပြောလိုက်ပါတယ်။

``အင်ပါယာမြို့တော်က ဒီနေရာကနေ တော်တော်ဝေးတယ် ဒါကြောင့်ငါ့အနေနဲ့ မသေချာဘူး... ငါ လူတစ်ယောက်ကိုတော့သိတယ် ဒါကလည်းသူက ဟွာယန်အကယ်ဒမီက

ကျောင်းသားတစ်ယောက်ဖြစ်နေလို့ပဲ``

လင်းဟန်က ချက်ချင်းပဲမေးလိုက်တယ်။

``ဘယ်သူလဲ``

``ချီယောင်ရဲ .....လက်ရှိ ဒုယွန်ဘုရင်ရဲ့ လေးယောက်မြောက်သား... တစ်ချို့က သူ့ကို ထာဝရညသရဲ့ ဘုရင် လို့ နာမည်ပြောင်ပေးထားတယ်.. သူက တကယ့်ကို ပဲ အရမ်းပါရမီရှိပြီးတော့ မြင့်မားတဲ့ တိုက်ပွဲစွမ်းရည်လဲ ပိုင်ဆိုင်ထားတယ်.. သူက ဒြပ်စင်စုစည်းခြင်းအဆင့်၆ မှာပဲရှိတဲ့အချိန်တုန်းက ဒြပ်စင်စုစည်းခြင်းအဆင့် ၈မှာရှိတဲ့ စစ်သည်တော်တစ်ယောက်ကို သတ်ဖြတ်ခဲ့ဖူးတယ်``

လွီယုထန်က သူမရဲ့ လေသံထဲမှာ လေးစားမှုတွေကို မဖုံးကွယ်နိုင်ပါဘူး။ သတ်ဖြတ်ခြင်းနဲ့ အနိုင်ယူခြင်းဆိုင်တာက တကယ်တော့ ကွဲပြားတဲ့ အရာတွေပါ။

``လွန်ခဲ့တဲ့ သုံးနှစ်က သူက ဒြပ်စင်စုစည်းခြင်းအဆင့် ၆ မှာပဲရှိပြီးတော့ ဒုယွန်ပြိုင်ပွဲရဲ့ ဒုတိယနေရာကို ရယူနိုင်ခဲ့တယ်။ လက်ရှိမှာတော့ သူက ဒြပ်စင်စုစည်းခြင်း

အဆင့် ၉ ကိုရောက်နေပြီ``

ဒါကတကယ့်ကို အားကောင်းတဲ့ ပြိုင်ဘက်ပဲ။ လင်းဟန်ရဲ့ တိုက်ပွဲဝင်ချင်တဲ့စိတ်တွေက မြင့်တက်လာခဲ့ပါတယ်။ ဒီလို သန်မာတဲ့ ပြိုင်ဘက်ကို နင်းချေနိုင်ခဲ့မယ်ဆိုယင် အရမ်းကို လန်းဆန်းတက်ကြွသွားပါလိမ့်မယ်။

သူတို့နှစ်ယောက်က လင်းဒေါင်ရှန်နဲ့တွေ့မဲ့ ဆုံရပ်နေရာကို ရောက်တဲ့အခါမှာ တော့ သုံးယောက်လုံးက မြင်းလှည်းပေါ်တက်ပြီးတော့ လင်းကလန်ကနေ ထွက်လာခဲ့ကြပါတယ်။သူတို့ရဲ့ နောက်မှာတော့ လင်းရှောင်ယွမ်နဲ့ သူမြေးတို့က နောက်ထပ် မြင်းလှည်းတစ်စီးနဲ့ ကပ်လိုက်လာခဲ့ကြပါတယ်။

လင်းဟန်က မေးလိုက်ပါတယ်။`

``အဖေ သူတို့နဲ့ ရင်မဆိုင်ရသေးဘူးလား``

``ပြောရမယ်ဆိုယင်တော့ လင်းရှောင်ယွမ်က အိမ်တော်ထိန်းကြီးဖြစ်နေ သေးတယ်လေ ပြီးတော့ သူက နှစ်ပေါင်းများစွာ လုပ်ကိုင်လာခဲ့တဲ့အတွက် သူ့ရဲ့ အင်အားတွေက နက်နက်ရှိုင်းရှိုင်းရှိနေတယ် ငါ့အနေနဲ့ သူ့ရဲ့

အင်အား အချိုကို ဖယ်ထုတ်နိုင်ခဲ့ပေမဲ့လည်း သူက အချိန်တိုတိုအတွင်းမှာ ရင်ဆိုင်လို့ရမဲ့သူ မဟုတ်သေးဘူး``

လင်းဒေါင်ရှန်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

ဒီမြေးအဘိုးနှစ်ယောက်က သူ့သားကို ပေးထားတဲ့ ဟွာယန်အကယ်ဒမီ ဝင်ခွင့်ကို ခိုးယူဖို့ ကြိုးစားရဲတယ် သူတို့က တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ လူတွေပဲ။

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ လင်းဒေါင်ရှန်သာ နွေဦးစမ်းရေ အဆင့်မှာရှိနေမယ်ဆိုယင် လင်းရှောင်ယွမ်အနေနဲ့ ရိုင်းစိုင်း တဲ့ အတွေးတွေကိုတောင် တွေးရဲမှာမဟုတ်ပါဘူး။

မြင်းလှည်းက တဖြေးဖြေးခြင်းသွားနေပြီးတော့ မိနစ်နှစ်ဆယ်ခန့်အကြာမှာတော့ ချန်ကလန်ရဲ့ ပင်မတံခါးကြီးအရှေ့မှာ ရောက်ရှိသွားခဲ့ကြပါတယ်။

ချန်ကလန်က တိမ်မီးခိုးမြို့ရဲ့ အင်အားကြီးနောက်ထပ် ကလန်တစ်ခုပါ.. ဒါကြောင့် သူတို့ရဲ့ အိမ်တော်က သာမာန်လူတွေရဲ့ နေရာနဲ့ နှိုင်းယှဉ်လို့ မရအောင် ကြီးမားပါတယ်။ ငှင်းခြံဝန်းက

ဆယ်ကေလောက်ကျယ်ဝန်းပြီး တော့ မြင့်မားတဲ့ နံရံတွေနဲ့ တည်ဆောက်ထားပြီးတော့ ကြီးမားတဲ့ ကင်းမျှော်စင် တွေလဲ ပါရှိပါတယ်။

ဒီညကျင်းပတဲ့ ပွဲ မှာ လင်းကလန်သာ ဖိတ်ကြားခံရယုံမက တိမ်မီးခိုးမြို့ မှာရှိတဲ့ အခြားသော အင်းအားအသင့်အတင့်ရှိတဲ့ ကလန်အားလုံးလဲ ဖိတ်ကြားခံခဲ့ရပါတယ်။ ဒါကြောင့်မို့ ချန်ကလန်ရဲ့ ဂင်ပေါက်မှာ ကော်ဇော်အနီ ခင်းပြီးတော့ တစ်ဖက်စီမှာ အစေခံ ၈ ယောက်စီက ရပ်ပီးစောင့်ကြိုနေကြပါ တယ်။ ဧည့်သည်တွေရောက်လာတိုင်းမှာ ဒီအစေခံတွေက ကျယ်လောင်စွာ နဲ့ အော်ဟစ်ပြီး ကြေငြာလိုက်တဲ့အခါမှာ အိမ်တော်ထဲကနေပြီးတော့ ဧည့်သည် လက်ခံဖို့အတွက် တစ်စုံတစ်ယောက် ထွက်လာခဲ့ပါတယ်။

လင်းဟန်နဲ့ သူတို့အုပ်စုက မြင်းလှည်းပေါ်ကနေ ခြေလှမ်းချလိုက်တာနဲ့ အစေခံက ချက်ချင်းကြေငြာ လိုက်ပါတယ်။

``တော်ဝင်ဧည့်သည်တွေ ရောက်ရှိပါပြီ``

``ဟားဟား…အကိုတော်လင်း ကျနော်ခင်ဗျားကို

စောင့်နေတာ ကြာပြီ``

သတ်လတ်ပိုင်းအရွယ် လူတစ်ယောက်ထွက်လာပြီးတော့ လင်းဒေါင်ရှန်ကို ဦးတည်ပြီး လက်သီးဆုပ်ကာ ကြိုဆိုပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာက အနည်းငယ် နီပြီးတော့ အရပ်က ရှည်ပြီးတော့ တောင့်တင်းသန်မာတဲ့ပုံစံရှိပါတယ် ။ သူကတော့ ချန်ကလန်ရဲ့ခေါင်းဆောင်
ချန်ဂမ်ခွန်။

အပိုင်း(၃၇) ချန်ကလန်ရဲ့အကြံအစည်
``အကိုတော် ချန်``
လင်းဒေါင်ရှန်က ချက်ခြင်းပဲ အပြုံးတစ်ခုကို သူ့မျက်နှာမှာ ဖော်ထုတ်လိုက်ပီး သူ့လက်တွေကို ဆုပ်ပြီးတော့ ချန်ဂမ်ခွန်ကို နှုတ်ဆက်လိုက်ပါတယ်။

``လာ ..လာ..လာ မင်းက ဒီနေ့ရဲ့ အရေးကြီးဆုံးဧည့်သည်ပဲ ငါ့အနေနဲ့ မင်းမလာမှာကို စိုးရိမ်နေတာ``

ချန်ဂမ်ခွန်က လင်းဒေါင်ရှန်ရဲ့ လက်မောင်းကို ဆွဲပြီးတော့ ခေါ်လိုက်ပါတယ်။

လင်းဒေါင်ရှန်က
ကျယ်လောင်စွာအော်ရီလိုက်ပြီးတော့ပြောလိုက်ပါတယ်။

``ဒါက ချန်အကို ကျင်းပတဲ့ပွဲပဲလေ ကျနော်က ဘယ်လိုလုပ် မျက်နှာသာမပေးပဲ နေလို့ရမလဲ``

သူတို့နှစ်ယောက် စကားအနည်းငယ် ဖလှယ်လို့အပြီးမှာတော့ မသိလို့ရှိယင် ဘေးကကြည့်တဲ့သူတွေကသူတို့ကို ငယ်သူငယ်ချင်း အရင်းကြီးတွေလို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သူမှမသိတာက သူတို့က တစ်ယောက်သေတာကို တစ်ယောက်က မြင်ချင်နေကြတဲ့ ရန်သူတော်ကြီး တွေဆိုတာပါပဲ။

လင်းဟန်က စိတ်မဝင်စားတဲ့ပုံနဲ့ ပုခုံးတွန့်လိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး အပေါ်ယံဟန်ဆောင်ပြီး ယဉ်ကျေးတဲ့သူမျိုးကို သဘောမကျပါဘူး။ ကျေးဇူးတင်စွာနဲ့ပဲ သူ့ရဲ့အယင်ဘဝမှာသူက မှော်ဆေးပညာ ပါရမီရှင်ဖြစ်ပြီးတော့ အားလုံးက သူ့ကို မျက်နှာသာပေးပီးတော့ သူ့အနေနဲ့ ပြန်ပြီးတော့ တစ်ခြားသူတွေကို လုပ်ဆောင်ပေးဖို့ မလိုအပ်ခဲ့ပါဘူး။

ချန်ဂမ်ခွန်က လင်းဟန်ဘက်ကိုတောင် လှည့်မကြည့်ခဲ့ပါဘူး။ သူ့အနေနဲ့ လင်းဟန်က သူ့ရဲ့ သားနှစ်ယောက်ကို ဒါဏ်ရာရအောင် ရိုက်နှက်ခဲ့ပြီးတော့ ကလန်နှစ်ခုအကြားက စီးပွားရေးစစ်ပွဲရဲ့ နောက်ကွယ်က အဓိက တရားခံ ဆိုတာကိုပါ မသိခဲ့ပါဘူး။

``ဟန်အာ......... အပေးကြီးကိုမသွားနဲ့``

လင်းဒေါင်ရှန်က အသံတိုးတိုးနဲ့ သတိပေးလိုက်ပါတယ်။

``ဟုတ်ကဲ့ အဖေ``

လင်းဟန်က လွှီယုထန်နဲ့အတူ လင်းဒေါင်ရှန်ရဲ့ နောက်ကနေ လိုက်သွားပါတယ်။

ချန်ဂမ်ခွန်ရဲ့ ဦးဆောင်မှုနဲ့အတူ သူတို့က ချန်ကလန်ရဲ့ အဓိက ပင်မခန်းမကြီးဆီကို လျင်လျင်မြန်မြန်နဲ့ပဲ ရောက်သွားခဲ့ပါတယ်။ အဲဒီနေရာ မှာ စားပွဲပေါင်း တစ်ရာကျော် ခင်းကျင်းထားတာမြင်ရပါတယ်။ တစ်ချိန်တည်းမှာဆိုသလိုပဲ ၄င်းနေရာမှာ လူပေါင်းများစွာက ထိုင်နေကြပါတယ်။ ပြီးတော့ စားပွဲခုံတွေမှာ နာမည်တွေရေးထားတဲ့အတွက် မှားပြီးထိုင်မိတာမျိုးတွေလဲ

မဖြစ်ပါဘူး။

ပင်မခန်းမကြီးအထဲမှာ နေရာချထားခြင်းခံရတဲ့သူတွေက လူစိတ်ဝင်စားခြင်းခံရသူတွေပဲဖြစ်ပီးတော့ တစ်ချို့ ဧည့်သည်တွေက သူတို့ရဲ့ လက်တွဲဖော် အမျိုးသမီးတွေကိုပါခေါ်လာခဲ့တာကို တွေ့မြင်ရပါတယ်။ ဘာလို့လဲဆိုတော့ စားပွဲခုံပေါ်မှာ ဧည့်သည်ငါးယောက်စာပဲ နာမည်ရေးထားပေမဲ့လည်း ဆယ်ယောက်ခန့် စုထိုင်နေတာကိုပါ တွေ့မြင်ရပါတယ်။

လင်းဟန်နဲ့ လှီယုထန်က သူတို့ရဲ့စားပွဲကို တွေ့တာနဲ့ ဝင်ထိုင်လိုက်ကြပါတယ်။

``သခင်လေးဟန်``

အဲဒီစားပွဲမှာ နောက်ထပ် လူသုံးယောက် ထိုင်နေပြီးတော့ သူတို့က လင်းဟန်ကို ရိုသေလေးစားတဲ့ မျက်နှာတွေနဲ့ နှုတ်ဆက်လိုက်ပါတယ်။

သူတို့က လူငယ်တွေဖြစ်ပြီးတော့ တိမ်မီးခိုးအကယ်ဒမီက ကျောင်းသားတွေဖြစ်ပါတယ်။ မကြာသေးခင်က လင်းဟန်က ချန်ညီအကို နှစ်ယောက်ကို အံ့အားသင့်စရာကောင်းအောင်

အစွမ်းပြအနိုင်ယူခဲ့ပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်နေပြီဆိုတာကို ကြားသိခဲ့ကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ အနည်းငယ်မျှ အထင်သေးတဲ့ အမူအရာမျိုး မလုပ်ပုံ့ကြပါဘူး။

အသက်ဆယ့်ခြောက်နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ကိုရောက်နေတဲ့သူကို တိမ်မီးခိုးမြို့မှာတော့ ပါရမီရှင်အဖြစ်သတ်မှတ် ထားကြပါတယ်။

လင်းဟန်က အပြုံးနဲ့ တုံ့ပြန်လိုက်ပါတယ်။ သူတို့အားလုံးက သူ့ကို မျက်နှာသာပေးမှတော့ သူ့အနေနဲ့ အေးစက်စွာနဲ့ ပြုမှုနေလို့ မသင့်တော်ဘူးလေ။

အချိန်အနည်းငယ်အကြာမာ လင်းမုယွမ်ကလဲ သူနေရာမှာ ထိုင်လိုက်ပါတယ်။လင်းဟန်ကို သူလှမ်းကြည့်လိုက်ပီးတော့ သူ့အကြည့်တွေက ဟက်ဟက်ပက်ပက် မရှိလှပါဘူး။ နောက်အချိန် ခဏအတွင်းမှာတော့ ချန်ချင်းက လျှောက်လာပြီးတော့ ခုံတစ်လုံးယူပြီး ထိုင်လိုက်ပါတယ်။

``လင်းဟန် မင်းက ကြည့်ရတာ သိပ်မဆိုးပါဘူး``

ချန်ချင်းက လင်းဟန်ကို အေးစက်စွာနဲ့ပြောလိုက်ပါတယ်။

လင်းဟန်က ချန်ချင်းကို တစ်ချက်မျှကြည့်လိုက်ပြီးတော့

``ဟီဟီ.... မင်းမျက်နှာပေါ်က ဒါဏ်ရာတွေက ပျောက်တာ မြန်လှချည်လား``

ချန်ချင်းရဲ့ မျက်နှာ နီရဲသွားပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို လူပုံအလယ် ရှုံးနိမ့်ခဲ့တာက သူ့ကို အကြီးအကျယ် သိက္ခာကျစေပါတယ်။ ဒီ့အပြင် သူ့အနေနဲ့ သနားငဲ့ညှာဖို့အတွက်ကိုပါ တောင်းပန်ခဲ့ရပါသေးတယ်။ သူ့အနေနဲ့ အဲဒါကို ပြန်စဉ်းစားမိလိုက်တိုင်းပဲ သူ့ကိုယ်သူ သတ်သေချင်ခဲ့ပါတယ်။ဒါပေမဲ့ ဒီနေ့ကျော်လွန်သွားခဲ့ယင် သူ့အနေနဲ့ အဲဒီ ရှက်စရာကောင်းတဲ့အဖြစ်အပျက်တွေကို ဦးနှောက်ထဲကနေ အပြီးအပိုင် ဖယ်ရှားပြီးတော့ သူ့ရဲ့ ဂုဏ်သိက္ခာကို ပြန်လည်ရရှိနိုင်ပါလိမ့်မယ်။

``မင်းအတွက်တော့ ဒီအချိန်တိုတိုလေးအတွင်းမှာ ကျေနပ်ပျော်ရွှင် စေလိမ့်မယ်``

ချန်ချင်းက အေးစက်စက်ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``နောက်ပိုင်းကျယင်တော့ ငါ့ရဲ့ ခွင့်လွှတ်မှုကို ရဖို့

မင်းငါ့အရှေ့မှာ ဒူးထောက်ပီးတော့ တောင်းပန်ရလိမ့်မယ်``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``မင်းဆေးရောသောက်ပီးပီလား``

ချန်ချင်းဘာမှထပ်မပြောတော့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာ လှိုဂုက်ဆန်းကြယ်တဲ့ အပြုံးပြုံးနေပါတယ်။

ဧည့်သည်အရေအတွက်က လျှင်မြန်စွာနဲ့ တိုးလာခဲ့ပါတယ်။ ပထမတော့ ဧည့်သည်တွေက လွတ်လွတ်လပ်လပ်နဲ့ လျှောက်သွားနေကြပါတယ်။ ပြီးတော့ ဒီပွဲက စီးပွားရေးအကြောင်းအရာတွေဆွေးနွေးဖို့အတွက် ကောင်းမွန်တဲ့ အခွင့်အရေးတွေရရှိပါတယ်။ ဒါပေမဲ့ ဧည့်သည်တွေ ပိုပိုပြီး ရောက်လာတာနဲ့အမျှ သူတို့ရဲ့ သက်ဆိုင်ရာ ထိုင်ခုံအသီးသီးမှာ ထိုင်ပြီးတဲ့ အခါမှာတော့ ဒီ ဂုဏ်ပြုပွဲကို စတင်ဖို့အတွက် စောင့်နေကြပါတယ်။

လင်းကလန်နဲ့ ချန်ကလန်ရဲ့ ရန်လိုတဲ့ ဆက်ဆံရေးကိုလဲ အားလုံးက စောင့်ကြည့်လေ့လာနေကြပါတယ်။ ဒီကလန်နှစ်ခုက တိမ်မီးခိုးမြို့ရဲ့ အင်အားအကြီးမားဆုံးအဖွဲ့တွေပဲ ဖြစ်ပါတယ်။ တကယ်လို

ချန်ကလန်ကသာ လင်းဟန်ကို မကျေမနပ်နဲ့ အလျော့ပေးလိုက်မယ်ဆိုယင် လင်းကလန်က တိမ်မီးခိုးမြို့ရဲ့ အမိက အဖွဲ့ကြီးဖြစ်လာပါလိမ့်မယ်။

ရလဒ်ကတော့ ဒီည ဂုဏ်ပြုပွဲကို မြောက်များစွာသော ဧည့်သည်တွေ တက်ရောက်ကြပြီး သူတို့အားလုံးဟာ ဒိ သမိုင်းဝင်အခိုက်အတန့်ရဲ့ မျက်မြင်သက်သေတွေဖြစ်လာပါလိမ့်မယ်။

မကြာခင်မှာပဲ ချန်ဂမ်ခွန်က မတ်တပ်ရပ်ပြီး သူ့လက်ကို နေရာအနှံ့ကို ဝှေ့ယမ်းလိုက်ပီး တစ်စုံတစ်ခုပြောဖို့ဟန် ပြင်လိုက်ပါတယ်။ စကားအသီးသီး ပြောနေတဲ့ ဧည့်သည်တွေက မီးကို ရေနဲ့ ဖြန်းလိုက်သလိုမျိုး ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။

သူက လင်းကလန်ကို အရှုံးပေးတဲ့အကြောင်းကို လူပုံအလယ်မှာ ဂန်ခံမလိုလား?

ချန်ဂမ်ခွန်က စတင်ပြောလိုက်ပါတယ်။

``ဒီည အားလုံးကို ဖိတ်ကြားရတဲ့ အကြောင်းရင်းကတော့ ကျနော့်အနေနဲ့ တစ်စုံတစ်ယောက်နဲ့

မိတ်ဆက်ပေးချင်လို့ပဲဖြစ်ပါတယ်``

ဒီစကားကို ကြားလိုက်ရတဲ့အခါမှာတော့ အားလုံးရဲ့ အမူအရာတွေက တစ်မျိုး ဖြစ်ကုန်ပါတယ်။

ဒီနေရာမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ ချန်ကလန်က လင်းကလန်ကို အရှုံးပေးတဲ့အကြောင်းကို ထောက်ပံ့ခိုင်းမလို့မဟုတ်လား။ ဘယ်လိုဖြစ်လို့ လူတစ်ယောက်ကို ကြိုဆိုတဲ့ ဂုဏ်ပြုပွဲဖြစ်နေတာလဲ? တကယ်လို့သူတို့သာ စောစောကသိမယ်ဆိုယင် ဧည့်သည်အများစုက ဒီ ဂုဏ်ပြုပွဲကို တက်ရောက်မှာမဟုတ်ဘူး။

ဧည့်သည်အားလုံးရဲ့ အာရုံစူးစိုက်မှုက လင်းဒေါင်ရှန်ဆီကိုရောက်သွား ပါတယ်။အခု ချန်ကလန်က ဒီလိုမျိုး လှုပ်ရှားလိုက်ပြီဆိုတော့ လင်းကလန်ရဲ့ ကလန်ခေါင်းဆောင်အနေနဲ့
ဒေါသ်တွေလောင်ကျွမ်းနေလောက်ပါပြီ။ သူတို့အနေနဲ့ လင်းဒေါင်ရှန်ဘယ်လိုမျိုး တုံ့ပြန်မယ်ဆိုတာကို မြင်ချင်ကြပါတယ်။

ဒါပေမဲ့ ဧည့်သည်အများစုက လင်းဒေါင်ရှန်ရဲ့ မျက်နှာပေါ်က

ဘာကိုမှ ဂရုမစိုက်တဲ့အပြုံးကို မြင်လိုက်ရတဲ့အခါမှာ အားလုံးလိုလို စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြပါတယ်။

ချန်ဂမ်ခွန်က ဆက်ပြီးတော့ ပြောပါတယ်။

``အဲဒီလူကတော့ ကျနော့်ရဲ့ တူဖြစ်တဲ့ ချန်ချောင်ယွမ်ပဲ ဖြစ်ပါတယ်... သူက အသက် ၁၃ နှစ်ကတည်းက ကလန်ကနေထွက်ခွာသွားပြီးတော့
ကျောက်တုံးပုံပုလွေဂိုဏ်းက အကြီးအကဲတစ်ယောက်ဆီမှာ အကြီးဆုံး တပည့်ဖြစ်ခဲ့ပါတယ်။ အခုတော့ သူက အိမ်ကိုအလည်ပြန်လာခဲ့တာပဲ ဖြစ်ပါတယ်``

ကျောက်တုံးပုံပုလွေဂိုဏ်း?

ခန်းမထဲမှာ ရှိနေတဲ့ လူအားလုံး အံ့အားသင့်သွားပါတယ်။ ကျောက်တုံးပုံပုလွေဂိုဏ်းက မိုင်ပေါင်းတစ်ထောင်အတွင်းမှာ အင်အားအကြီးဆုံးဖြစ်ပြီးတော့ သူတို့ရဲ့ စွမ်းအားတွေက မြို့ပေါင်း ဆယ်မြို့ကျော်လောက်ကို ဆုပ်ကိုင်ထားနိုင်ပါတယ်။ တိမ်မီးခိုး မြို့ အပါအဝင် ပေါ့။ သူတို့ကို ဒေသခံ အာဏာရှင် နိုင်လိုမင်းထက်ပြု တတ်တဲ့သူတွေလို့ ယူဆနိုင်ပါတယ်။ ချန်ဂမ်ခွန်က ဒီ လျှို့ဝှက် ဖဲချပ်ကို ရုတ်တရက် ထုတ်ဖော်ပြသလိုက်ခြင်းဖြင့် သူ့အနေနဲ့ လင်းကလန်ကို

အခရုံးပေးဖို့ အစီအစဉ်မရှိဘူးလို့ ထုတ်ဖော်ပြသလိုက်တာပါပဲ။ ဒ့ါအပြင် ကျောက်တုံးဂံပုလွေဂိုဏ်း အားကိုးပြီးတော့ လင်းကလန်ကို ကျော်ဖြတ်ဖို့ အစီအစဉ်ရှိနေပုံပါပဲ။

ဒါပေမဲ့လည်း ချန်ချောင်ယွမ်က ကျောက်တုံးဂံပုလွေဂိုဏ်းက အကြီးအကဲတစ်ယောက်ရဲ့ တပည့်တစ်ယောက်ပဲလေ သူ့ရဲ့ စွမ်းဆောင်နိုင်ရည်က အကန့်အသတ်တော့ရှိမှာပဲ ဟုတ်တယ်မလား?

``ချောင်ယွမ် က ကံကောင်းစွာနဲ့ပဲ အရမ်းကို လေးစားစရာကောင်းတဲ့ တော်ဂင်ဒြေ့သည်တစ်ယောက်ကို ဖိတ်ခေါ်ခဲ့ပါတယ်``

ချန်ဂမ်ခွန်က ပြုံးနေပါတယ် ။ ဒါက သူ့ရဲ့ အစစ်အမှန် ပုံက်ဖဲပါ။

``အားလုံးပဲ အကြီးအကဲ ဖန်ကို ကြိုဆိုလိုက်ကြပါစို့....ချန်ဖန်းလီ``

အကြီးအကဲ............

ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ အကြီးအကဲ? ဒါကအရမ်းကို စွမ်းအားကြီးတဲ့ နွေဦးစမ်းရေ အဆင့် မဟုတ်လား။

ချန်ဂမ်ခွန်က ဦးဆောင်ပြီးတော့ လက်ခုပ်တီးကာ ကြိုဆိုလိုက်တာနဲ့ တစ်ဆက်ထဲမှာပဲ တစ်ခြားဧည့်သည်တွေကလဲ လက်ခုပ်ပိုင်းတီးကြပါတယ်။ အဲဒီအချိန်မှာပဲ ဧည့်ခန်းထဲကနေပြီးတော့ လူအိုကြီးတစ်ယောက် လမ်းလျှောက်ပြီး ထွက်ပေါ်လာပါတယ်။ သူက ပုံမှန်ကိုယ်ခန္ဓာ အရွယ်အစားရှိပြီးတော့ ခေါင်းတစ်ခုလုံး အနက်ရောင် ဆံပင်တွေနဲ့ပြည့်နက်နေပါတယ်။

လူအိုကြီးရဲ့နောက်မှာ ငယ်ရွယ်တဲ့ လူငယ်တစ်ယောက်ကပ်ပြီး လိုက်လာပါပြီးတော့ သူ့ရဲ့လက်တွေကို ဆုပ်ကိုင်ထားပြီး ခေါင်းကိုငုံ့ကာ လိုက်ပါလာပါတယ်.။ လူငယ်လေးပုံစံက အရမ်းကို ရိုသေလေးစားတဲ့ ပုံစံ ပေါက်နေပါတယ်။

သေချာပေါက်ပဲ ဒီ လူအိုကြီးက ချန်ဖန်းလီဖြစ်ပြီးတော့ လူငယ်လေးကတော့ ချန်ချောင်ယွမ် ဖြစ်ပါတယ်။

ချန်ဖန်းလီက ဂုဏ်ပြုစားပွဲပိုင်းဆီကို လျှောက်လာပြီးတော့

ထိုင်လိုက်ပါတယ်။ သူ့အနားမှာတော့ ဘယ်သူမှရှိမနေပါဘူး။ သူ့ပုံစံက အရမ်းကို မာနထောင်လွှားတဲ့ပုံစံဖြစ်နေပါတယ်။ ဒါပေမဲ့ ဘယ်သူတစ်ဦး တစ်ယောက်ကမှ သူ့ဆီကို မကျေနပ်တဲ့ ပုံစံနဲ့မကြည့်ရဲပါဘူး ဘာကြောင့်လဲဆိုတော့ သူက အရမ်းကို စွမ်းအားကြီးတဲ့ နွေဦးစမ်းရေ အဆင့်စစ်သည်တော် ဖြစ်နေလို့ပါပဲ။ တကယ်လို့ ဒီလူကြီးက နွေဦးစမ်းရေ အဆင့် ၁ ပဲ ဖြစ်နေပါစေဦး သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ သမားတစ်ယောက်ကို လွယ်ကူစွာနဲ့ပဲ အမြစ်ဖြတ် သုတ်သင်ပစ်လိုက် နိုင်ပါတယ်။

သူက စကားတစ်ခွန်းမှမပြောပါဘူး။ ဒီနေရာမှာလဲ သူ့ကို စကားပြောရဲတဲ့သူ တစ်ယောက်မှရှိမနေပါဘူး။

ချန်ဂမ်ခွန် က လင်းဒေါင်ရှန်ဆီကို မျက်စိတချက်ပေ့ကြည့်လိုက်ပါတယ်။ သူဆိုလိုချင်တာက

``ငါက ကျောက်တုံးပုံပုလွေဂိုဏ်းက အကြီးအကဲ ကို ဖိတ်ခေါ်လိုက်ပြီ မင်းအနေနဲ့ ငါ့ကို ဆန့်ကျင်ရဲသေးသလား`` လို့ပြောချင်တဲ့ပုံပါပဲ။

ချန်ချောင်ယွမ်က ချန်းဖန်းလီနဲ့ ဂုဏ်ပြုစားပွဲ စားပွဲမှာ မထိုင်ပါဘူး။ သူက ချန်ချင်းတို့ဆီသွားပြီးတော့

ထိုင်လိုက်ပါတယ်။

ဒီကောင်က ဒြုပ်စင်စုစည်းခြင်းအဆင့်ပဲ။ သူ့အနေနဲ့ အဆင့်မတက်တာတော်တော်ကိုကြာနေပြီးတော့ ကြည့်ရတာ အခုထိ ဒြုပ်စင်စုစည်းခြင်းအဆင့် ၁ ပဲရှိသေးတာပဲ။

ချန်ချောင်ယွမ်က ချန်ချင်းကိုမေးလိုက်ပါတယ်။

``ညီလေး ချင်း မင်း လွန်ခဲ့တဲ့ ရက်အနည်းငယ်က လူတစ်ယောက်နဲ့ ပြိုင်ခဲ့ ပြီးတော့ ရှုံးနိမ့်လာခဲ့တယ်လို့ ငါကြားခဲ့ရတယ် ဟုတ်လား?``

ချန်ချင်းက တမင်ရည်ရွယ်တဲ့ အမူအရာနဲ့ပြန်ဖြေလိုက်ပါတယ်။

``ကျနော်က ကျနော့် ပြိုင်ဘက်ထက် အစွမ်းနည်းနေလို့ပါ ဖြစ်ပါလိမ့်မယ်``

``အို``

ချန်ချောင်ယွမ် မျက်ခုံးပင့်လိုက်ပါတယ်။

``မင်းဘယ်သူကို ရှုံးသွားတာလဲ အဲဒီလူကို ငါတစ်ချက်လောက်ကြည့် ပါရစေ``

``ဟီးဟီး သူကိုကြည့်ရတာ အဖေးကြီးမှာလို့ မထင်လိုက်ပါနဲ့ တကယ့် တကယ်တော့ ဒီဘေးနားမှာပဲရှိနေပါတယ်``

ချန်ချင်းက လင်းဟန်ဆီကို လှည့်ကြည့်ပြီးပြောလိုက်ပါတယ်။

``ဒါဆို ဒီ လူငယ်ပါရမီရှင်ဆီမှာ မင်းက ရှုံးနိမ့်ခဲ့တာပေါ့``

ချန်ချောင်ယွမ်က အေးစက်စွာနဲ့ ပြုံးလိုက်ပီး လင်းဟန်ကိုကြည့်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူက စိန်ခေါ် လိုက်တယ်။
``မင်းငါနဲ့ ယှဉ်ပြိုင်ရဲသလား`ပီး

အပိုင်း (၃၈) ချန်ချောင်ယွမ်နဲ့ ယှဉ်ပြိုင်ခြင်း
ဒီ ဂမ်းကွဲ ညီအကိုနှစ်ယောက်က ကျီစယ်တဲ့စကားတွေ အဆက်မပြတ် ပြောနေကြပါတယ်။ ဒါက လင်းဟန်ကို တမင်ရည်ရွယ်ချက်ရှိရှိနဲ့ စိန်ခေါ် နေတယ်ဆိုတာကို ဘေးလူတွေအားလုံးသိကြပါတယ်။

ချန်ချင်းရဲ့ နှုတ်ခမ်းဒေါင့်စွန်းက မသိမသာပြုံးလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``အာ... ငါပြောဖို့ မေ့နေတာ ဒီ ဂမ်းကွဲအကိုက လွန်ခဲ့တဲ့ တစ်နှစ်ကပဲ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဖြင်ရောက်သွားခဲ့ပြီးတော့ အခုဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့် ၁ အထွတ်အထိပ်အဆင့်ကိုရောက်နေပြီး သူက တကယ့်ကို ထူးချွန်တဲ့ ပါရမီရှင်တစ်ယောက်ပဲ``

ချန်ချောင်ယွမ်ကလဲ အရိုးသားဆုံးပုံစံနဲ့ ပြုံးပြီးပြောလိုက်ပါတယ်။

`` ငါက အသက် ၂၀ အရွယ်မှာပဲ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဖြင်ရောက် နိုင်ခဲ့တယ် ဒါကြောင့် ငါ့ကို ထူးချွန်တဲ့ ပါရမီရှင်လို့ သတ်မှတ်လို့မရပါဘူး ငါက သာမာန်လူတွေထက် အနည်းငယ်လေးပဲ ပိုသာတဲ့ သူတစ်ယောက်ပါ``

သူတို့ပြောနေတာကိုကြားရတဲ့ ဂုဏ်ပြုစားပွဲဝိုင်းတွေဆီက လူတွေအားလုံးက အံ့အားသင့်ကုန်ကြပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်?

ချန်ချင်းတောင်မှ အသက် ၁၉ နှစ်နဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကို ရောက်နေပြီးတော့ နောက်ထပ်တစ်ဆင့် ကြီးကြီးမားမား အဆင့်တက်ဖို့ အတွက်တော့ ၃ နှစ် ၅ နှစ် သို့မဟုတ် သူ့ဘဝတစ်လျှောက်လုံးတောင်မှ အောင်မြင်ချင်မှ အောင်မြင်မှာပါ။ဒါကြောင့် ချန်ချောင်ယွမ်အနေနဲ့ အသက် ၂၀ နှစ် ထဲနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်ရှိနိုင်တယ်ဆိုတာ သေချာပေါက် ပါရမီရှင် လို့ သတ်မှတ်ရမှာပဲဖြစ်ပါတယ်။

ပြီးတော့ တိမ်မီးခိုးမြို့လို့ သေးငယ်တဲ့ နေရာလေးမှာ ထူးချွန်ပြောင်မြောက်စွာ လုပ်ပြနိုင်တဲ့သူတွေကို ပါရမီရှင်လို့ ခေါ် ဆိုနိုင်တယ်လေ။

အားလုံးက လင်းဟာန်ကို အံ့ဩတကြီးနဲ့ ကြည့်နေကြပါတယ်။ ဒီကောင်လေး အနေနဲ့ လက်ရှိ ရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းတွေကို ဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲဆိုတာကို စိတ်ဝင်စားနေကြပါတယ်။

တကယ်လို့ သူသာ ဒီ စိန်ခေါ်မှုကို လက်ခံလိုက်မယ်ဆိုယင် သေချာပေါက် ရှုံးနိမ့်ပါလိမ့်မယ်။ ချန်ချောင်ယွမ်အနေနဲ့ သူ့ကို သတ်တောင် သတ်ပစ်နိုင်ပါသေးတယ်။ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ အကြီးအကဲ တစ်ယောက်လုံး ရှိနေတဲ့အတွက် တကယ်လို့ ချန်ချောင်ယွမ်ကသာ လင်းဟန်ကိုသတ်ပစ်မယ်ဆိုယင်တောင် ဘယ်သူကမှ ဂင်တားရဲမှာမဟုတ်ပါဘူး။ သူကြိုးစားတည်ဆောက်ထားတဲ့ နာမည်ဂုဏ်သတင်း ကလဲ ပျောက်ကွယ်သွားပါလိမ့်မယ်။ သူ့အနေနဲ့ ထောင်ချောက်ထဲကို ကျနေတဲ့ အနေအထားမျိုးဖြစ်နေပါတယ်။

ဒါပေမဲ့ တကယ်လို့ သင်သာ အားလုံးကို နှိုင်းယှဉ်ပြီး သေချာ တွေးတောကာ ဒီ စိန်ခေါ်မှုကို ငြင်းပယ်လိုက်မယ်ဆိုယင် ဒါက ပညာရှိရာ ရောက်ပါတယ်။ ဒါပေမဲ့လည်း စိန်ခေါ်မှုကို လက်ခံလိုက်မယ်ဆိုယင်ဖြင့် ရလဒ်ကတော့ သေခြင်းတရားပါပဲ။

သူတို့က သူ့ကို အရှက်ခွဲချင်ကြတာလား။

လင်းဟန်က ချန်ချောင်ယွမ်ကို မကြည့်ခင်မှာ ချန်ချင်းကို စူးစိုက်ကြည့်လိုက်ပါတယ်။ ဒါသေချာပေါက် ချန်ကလန်က အကွက်ချ စီစဉ်ထားတာပဲဖြစ်ရမယ်။ ဒါပေမဲ့ ချန်ကလန်

မသိသေးတာတစ်ခုက သူလည်း ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်သွားခဲ့ပြီးတော့ သူ့ရဲ့ ဒြပ်စင်ငါးခု မူလအမှုန်ကနေပြီး နှိုင်းယှဉ်လို့မရနိုင်တဲ့ စွမ်းအားတွေကို လက်ဆောင်ရထားတယ်ဆိုတာကိုပဲ။

လင်းဟာန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ကောင်းပြီလေ ဒါဆိုလဲ ငါတို့ ယှဉ်ပြိုင်ပွဲလေး လုပ်ကြတာပေါ့``

ဘာ... လင်းဟာန်က တကယ်ပဲ သဘောတူလိုက်တယ်?

ချန်ချင်းနဲ့ သူ့ဂမ်းကွဲအကို သာမက တခြားသူတွေကပါ ဒီလိုမျိုးဖြစ်လာ လိမ့်မယ် လို့ မျှော်လင့်မထားကြတဲ့အတွက် အရမ်းကို အံ့အားသင့် ဖြစ်ကုန်ကြပါတယ်။ မကြာခင်မှာပဲ သူတို့က အေးစက်စွာ ပြုံးလိုက်ပါတယ်။ ဒီကောင်က သူ့ကိုသူ သေချင်နေမှတော့ ငါတို့ကသူ့ကို သေခွင့်ပေးလိုက်ရမှာ ပေါ့။

တကယ်လို့ လင်းဒေါင်ရှန်ကသာ သူ့သားကို နောက်ကွယ်ကနေ ကူညီထောက်ပံ့ ပေးမယ်ဆိုယင် ချန်ဖန်းလီက သေချာပေါက် သူ့ကို သတ်ပါလိမ့်မယ်။ ဒါက

သူတို့မျှော်လင့်ထားတဲ့ အရာပါ။ဒီညရဲ့ အထူးပြပွဲက တော့ လင်းဒေါင်ရှန်နဲ့ လင်းဟာန်ကို အမြစ်ပြတ် သုတ်သင် ပစ်ဖို့ပဲ ဖြစ်ပါတယ်။

လင်းမုယွမ်က သူ့ရဲ့ ပီတိဖြစ်နေတာကို ဖုံးကွယ်ထားပါတယ်။ သူ့အနေနဲ့က လင်းဟာန် ဘယ်လိုကြောင့်ပဲ သေသေ အဓိကတော့ လင်းဟာန် သေတာကိုပဲ လိုချင်ခဲ့တာပါ။

ညစာစားပွဲမှာရှိနေတဲ့ ဧည့်သည်တွေက စားပွဲဝိုင်းတွေကို ဖယ်ပြီးတော့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့အတွက် နေရာ တစ်ခုကို ချက်ခြင်း စီစဉ်လိုက် ကြပါတယ်။

လင်းဟာန်နဲ့ ချန်ချောင်ယွမ်တို့ ယှဉ်ပြိုင်မယ်ဆိုတဲ့သတင်းက စားပွဲ အားလုံးကို ပြန့်နှံ့သွားခဲ့ပါတယ်။ ယှဉ်ပြိုင် တိုက်ခိုက်သူ နှစ်ယောက်ရဲ့ စွမ်းရည်တွေအရ အထူးသဖြင့်တော့ ချန်ချောင်ယွမ်ရဲ့ တိုက်ပွဲစွမ်းရည်ကို အားလုံးက သိထားကြပါတယ်။

ဒါကြောင့် ဒီတိုက်ပွဲက သည်းထိတ်ရင်ဖိုစရာ မရှိပါဘူး။ လင်းဟာန်အနေနဲ့ ဒီတိုက်ပွဲကို မငြင်းပယ်ပဲနဲ့ အရမ်းကို မာန ထောင်လွှားနေတယ်ပေါ့?

တိုက်ခိုက်သူနှစ်ယောက်က ခန်းမကြီးအရှေ့အပြင်ဘက်ကို ထွက်လာခဲ့ ကြပါတယ်။ ဒီနေရာမှာ ဆယ်မီတာခန့်ကျယ်ဝန်းတဲ့ နေရာ တစ်ခု ရှိနေပါတယ်။ ဒါက အရမ်းကို ကျယ်တဲ့ နေရာတစ်ခုလို့ မသတ်မှတ်နိုင်ပေမဲ့ လည်း ခုလာမဲ့တိုက်ပွဲ အတွက်ကတော့ လုံလောက်ပါတယ်။

ချန်ချောင်ယွမ်က အေးစက်စွာပြုံးလိုက်ပီးတော့ သူ့ဆီကနေပြီး သတ်ဖြတ်ချင်စိတ်တွေ ပေါ်ထွက်လာပါတယ်။

``မင်းက တကယ့်ကို ငတုံးတစ်ယောက်ပဲ``

သူက အသံကိုနှိမ့်ပြီးပြောလိုက်တယ်။

``ငါ မင်းကို သတ်ပစ်မယ်``

လင်းဟာန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

``အို့... မင်းက နေ့ဘက် အိမ်မက်မက်ပြီး ယောင်နေတာပဲ``

``ဒါဆိုယင် သေပေတော့``

ချန်ချောင်ယွမ် ကျယ်လောင်စွာအော်လိုက်ပြီးတော့ သူ့လက်သီးက လင်းဟန်ဆီကို ပျံဝင်သွားပါတယ်။ သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်၁ အထွတ်အထိပ်စစ်သည်တော်တစ်ယောက်ရဲ့ ခွန်အားနဲ့ ဘယ်သိုင်းပညာကိုမှ အသုံးပြုဖို့ မလိုအပ်ဘူးလို့ ယုံကြည်နေပါတယ်။ သူက လင်းဟန်ကို လွယ်ကူစွာနဲ့ပဲ လှဲသိပ် နိုင်ပါလိမ့်မယ်။]

လင်းဟန်လည်း ကြောက်ရွံ့ခြင်းကင်းပြီးတော့ ချန်ချောင်ယွမ်ဆီကို လက်သီး တစ်ချက် ပြန်တုံ့ပြန်လိုက်ပါတယ်။

အားလုံးရဲ့ မျက်စိအကြည့်တွေက သူတို့အပေါ်မှာ ကျရောက်နေပြီးတော့ လက်သီးချက်တွေက တစ်ခုနဲ့ တစ်ခု ထိသွားတဲ့အခါမှာ ပြင်းထန်တဲ့ အားလှိုင်း တွေ ထွက်ပေါ်လာခဲ့ပြီး နေရာအနှံ့ကို ပြန့်နှံ့သွားခဲ့ပါတယ်။

``Peng Peng Peng Peng``

အနီးနားမှာရပ်နေတဲ့ လူတစ်ချို့က အားလှိုင်းတွေရဲ့ ဒါဏ်ကို မခံနိုင်ပဲ အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်သွားကြပါတယ်။

လင်းဟန်နဲ့ ချန်ချောင်ယွမ်ကတော့ သူတို့ မူလရပ်နေတဲ့ နေရာမှာပဲ ဆက်လက်ရှိနေကြပြီး သူတို့ရဲ့ လက်သီးတွေက တစ်ခုနဲ့ တစ်ခု ထိနေကြပါတယ်။

``ဘာ``

ဒီမြင်ကွင်းကို မြင်လိုက်တဲ့ လူအားလုံး ကြီးကြီးမားမား အံ့အားသင့်ကုန်ကြပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေ ပြည့်နှက်နေပါတယ်။အစာ စားနေတဲ့ လူတစ်ချို့ဆို သူတို့စားထားတာတွေ က သူတို့မျက်နှာခြင်းဆိုင်က လူတွေဆီကို ကံမကောင်းစွာနဲ့ပဲ ထွေးအန် မိသွားကြပီးတော့ ဒီအချိန်တခဏလေးအတွင်းမှာ ဒီမြင်ကွင်းက အားလုံးကို ဖရိုဖရဲ ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က ချန်ချောင်ယွမ်ကို တကယ်ပဲ လက်သီးတစ်ချက် ပြန်တုံ့ပြန် ခဲ့ပြီးတော့ သူတို့ရဲ့ ခွန်အားတွေက တူညီနေကြတယ်ပေါ့။

ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

ချန်ချောင်ယွမ်ရဲ့ မာနထောင်လွှားနေတဲ့ ပုံစံက လုံးဂပျောက်ကွယ်သွားပြီးတော့ မျက်မှောင်ကြုံ့ကာ

မေးလိုက်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအဆင့်လား``

လင်းဟန်က ဟန်ဆောင်အပြုံးတစ်ခုပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတစ်ယောက်တည်းပဲ
အဆင့်တက်နိုင်တာမှမဟုတ်တာ``

လင်းဟန်ရဲ့ဂုန်ခံစကားကို ကြားလိုက်ရတဲ့ ညီ့သည်တော်တွေ အားလုံး အာမေဒိတ်(စာလုံးရှာမတွေ့လို့) အသံတွေ ထွက်ပေါ်လာကြပါတယ်။

အယင်က ချန်ချောင်ယွမ်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို အသက် ၂၀ ထဲနဲ့ ချိုးဖျက်ဝင်ရောက်နိုင်ခဲ့တဲ့အတွက် သူ့ကို ထူးချွန်တဲ့ ပါရမီရှင်အဖြစ် အားလုံးက ချီးမြင့်မြှောက်စားခဲ့ကြပါတယ်။ အခုရော လင်းဟန်က အခုမှ အသက် ၁၆ နှစ်ပဲရှိသေးတာလေ။

အသက် ၁၆ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်...ဘုရားသခင်...

ဒါက ရှုးသွပ်မှုပဲ။

အားလုံးရဲ့ အာရုံစူးစိုက်မှုတွေက လင်းဟန်အပေါ်ကို ကျရောက်ကုန်ပါတယ်။ ဒီကောင်လေးက လွန်ခဲ့တဲ့ လအနည်းငယ်ကပဲ အမှိုက်ကောင်ဆိုတာ အားလုံးက အသိပဲ ..ဒါကို ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့ ကံကြမ္မာကို ပြောင်းပြန် လှန်ပစ်လိုက်တာလဲ?

``လင်းအကို ခင်ဗျားက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ သားတစ်ယောက်ပိုင်ဆိုင်ထားတာပဲ``

ချန်ဂမ်ခွန်က သူ့ရဲ့ သတ်ဖြတ်ချင်စိတ်ကို ဖုံးကွယ်ပြီးတော့ လေးစားအံ့သြဖွယ် ကောင်းတဲ့ လေသံနဲ့ပြောလိုက်ပါတယ်။

အသက် ၁၆ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်နေတာက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းလွန်းပါတယ်။သူဟာ နှစ်ပေါင်းများစွာကတည်းက လင်းဒေါင်ရှန်ထက် ပါရမီသာခဲ့ပါတယ်။ သူက အမြဲတမ်း သူကိုယ်သူ လင်းဒေါင်ရှန်နဲ့ နှိုင်းယှဉ်တတ်ပြီးတော့ ဘာကိစ္စမဆို သူနဲ့ လင်းဒေါင်ရှန်ကြားမှာ သဘောထားကွာဟချက်

ပိုပိုပြီးကြီးမား ကျယ်ပြန့်လာခဲ့ပါတယ်။လင်းဒေါင်ရှန် တိမ်မီးခိုးမြို့ကို ပြန်ရောက်လာတဲ့အချိန် သူဟာ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာပဲ ရပ်တန့်နေခဲ့ပါတယ် ဒါကပဲ သူ့အနေနဲ့ လင်းဒေါင်ရှန်ကို လိုက်မှီဖို့ အခွင့်အရေးပေးလိုက်သလိုပါပဲ။

ဒါပေမဲ့ သူက လင်းဒေါင်ရှန်ရဲ့ ပါရမီက အရေးပါတယ်လို့ တစ်ခါမှ မယူဆခဲ့ပါဘူး။

သူ့အနေနဲ့ ဒီကောင့်ကို အသက်ရှင်ဖို့ အခွင့်အရေးပေးလို့မဖြစ်ပါဘူး။ တကယ်လို့များ နောက်နှစ်အနည်းငယ်အတွင်းမှာ ဒီကောင်က နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖင်ရောက်သွားခဲ့မယ်ဆိုယင် သူတို့ရဲ့ ချန်ကလန်ဟာ လင်းကလန်ရဲ့အောက်ကို လုံးဝကျရောက်သွားပါလိမ့်မယ်။

လင်းဒေါင်ရှန်က ပြုံးနေပါတယ်။ အတိတ်မှာတုန်းက သူ့သားက သူ့ကို အမြဲပဲ ခေါင်းကိုက်အောင် လုပ်ခဲ့ပီးတော့ အခုချိန်မှာတော့ သူက သူ့သားအတွက် လုံးဝကို ဂုဏ်ယူနေပါတယ်။

``ဒါပေမဲ့လည်း ချန်ချောင်ယွမ်နဲ့တော့ နှိုင်းယှဉ်လို့

မရသေးပါဘူး.. သူက လွန်ခဲ့တဲ့ တစ်နှစ်ကတည်းက အဆင့်တက်ထားတာလေ``

သေစမ်း အသက် ၂၀နဲ့ အဆင့်တက်တဲ့သူက အသက် ၁၆ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်တဲ့သူနဲ့ ဘယ်လိုလုပ် နှိုင်းယှဉ်လို့ရမှာလဲ။

ပြိုင်ကွင်းထဲမှာတော့ ချန်ချောင်ယွမ် က အသက်ကိုပြင်းပြင်းရှူလိုက်ပါတယ်။ သူ့ရဲ့ နှလုံးသားထဲမှာတော့ အရမ်းကို ထိတ်လန့်အံ့သြနေပါတယ်။ သူ့အနေနဲ့ လွန်ခဲ့တဲ့ တစ်လလောက်က လင်းဟန်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ မှာပဲရှိသေးတယ်ဆိုတာကို ချန်ချင်းဆီကနေ ကြားသိခဲ့ရပြီးတော့ အခု အံ့အားသင့်စရာကောင်းလောက်အောင်ပဲ လင်းဟန်က ဒြပ်စင်စုစည်းခြင်း အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ခဲ့ပီ။ ဒီလိုဖြစ်ရပ်က အရမ်းအရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်နှုန်းပဲ။

ကြည့်ရတာ ဒီကောင့်ဆီမှာ ကျင့်စဉ်အရှိန်ကို မြင့်ပေးတဲ့ ရတနာတွေ ဘာတွေများ ရှိနေသလားမသိဘူး။

ချန်ချောင်ယွမ်က ဒါကိုတွေးမိလိုက်တဲ့အခါမှာတော့

သူ့မျက်လုံးတွေကို ပင့်လိုက်ပါတယ်။ ဒါကဖြစ်နိုင်တယ် ဒီကောင်က အယင်ကတည်းက အမိုက်ကောင်ဆိုပြီး တစ်မြို့လုံးကအသိပဲ အခု ချက်ချင်း အရမ်းကို စွမ်းအား ကြီးမားလာခဲ့တယ်။ ဒါက သူ့မှာ အရမ်းကို ကြီးမားတဲ့ အခွင့်အရေးကောင်း တစ်မျိုးမျိုးကို ရရှိထားလို့ပဲဖြစ်ရမယ်။

``ကောင်းပြီ အခု အဲဒါက ငါ့ရဲ့ဟာ ဖြစ်စေရမယ်``

ဒါကိုတွေးလိုက်ပြီးတော့ ချန်ချောင်ယွမ်က သူ့လက်သီးတွေကို ဖြန့်လိုက်ပီးတော့ လက်ဂါးသိုင်းကွက်တစ်ခုကို ဖော်ထုတ်လိုက်ပါတယ်။

အဂါရောင်အဆင့်မြင့်အဆင့် သိုင်းပညာ..... ကမ္ဘာမြေတုန်လှုပ်ခြင်း လက်ဂါး။

ဒီသိုင်းပညာက သူ ရှေးဟောင်းနေရာတစ်ခုကို လေ့ကျင့်ရေးခရီးထွက်တုန်းက ရရှိခဲ့တဲ့ ပညာရပ်တစ်ခုပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီစွမ်းအားကြီးတဲ့ လျှို့ဝှက်ပညာရပ်ကိုရရှိခဲ့ယုံသာမက ၄င်းကို ကျောက်တုံးဂံပုလွေဂိုဏ်းဆီ အပ်နံလိုက်တဲ့အချိန်မှာ ဂိုဏ်းကနေပြီး သူ့ကို မူလစွမ်းအင်စုစည်းခြင်း ဆေးလုံးကို ဆုချီးမြင့်ခဲ့ပြီးတော့ ၄င်းဆေးလုံး အကူအညီနဲ့

ဒြုပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီလိုမှမဟုတ်ဘူးဆိုယင် အသက် ၂၀ နဲ့သူဟာ ဒြုပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်မှာ မဟုတ်ပါဘူး။

သူ့မှာ ယုံကြည်ချက်အပြည့်ရှိပါတယ်။ ကျောက်တုံးဂံပုလွေဂိုဏ်းမှာတောင်မှ အဂါရောင်အဆင့်မြင့် သိုင်းပညာရပ်တွေဟာ ထိပ်ဆုံးအပိုင်းမှာ ရှိတယ်လို့ သတ်မှတ်ခံထားရပါတယ်။ လင်းကလန်နဲ့ ချန်ကလန်မှာ ရှိနေတဲ့ သိုင်းပညာရပ်တွေက အဂါရောင် အလယ်အလတ်အဆင့် သိုင်းပညာတွေက သာ အကောင်းဆုံးပါ။ သူ့အနေနဲ့ ကျွမ်းကျင်မြေတုန်လှုပ်ခြင်းလက်ဂါး သိုင်းကို အသုံးပြုပြီးတော့ အခြေအနေတွေကို လွယ်ကူစွာနဲ့ ထိန်းချုပ်နိုင်လိမ့်မယ်လို့ ယုံကြည်နေခဲ့ပါတယ်။

အပိုင်း (၃၉) သတ်ခြင်း

လင်းဟန်က သူ့လက်သီးကို မြှောက်လိုက်ပီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အော်ရာက သူ့ဆီကနေ ထွက်ပေါ်လာခဲ့ပါတယ်။

ကျားသစ်နက်တစ်ဟုန်ထိုး လက်သီး အဝါရောင်အဆင့်မြင့် သိုင်းပညာရပ်။

သူက ဒီရက်ပိုင်းအတွင်းမှာ သူ့ရဲ့ ဓါးပညာကိုပဲ လေ့ကျင့်နေခဲ့ပြီးတော့ လက်သီးသိုင်းကို လေ့ကျင့်တာ နည်းပါးပါတယ်။ဒါပေမဲ့လည်း ဒီလက်သီး သိုင်းပညာရပ်က သူ့အယင်ဘဂက သိုင်းပညာရပ်ဖြစ်ပြီးတော့ သူနဲ့ မရင်းနှီး တာမျိုး မဖြစ်ပါဘူး။ သူက ဒီလက်သီးသိုင်းရဲ့ ကျွမ်းကျင်အဆင့် ကို မရောက်ပေမဲ့လည်း သူ့အနေနဲ့ ဆယ်နှစ်လောက် လေ့ကျင့်ထားတဲ့ လူတစ်ယောက်ရဲ့ အဆင့်နဲ့ တူညီတဲ့အဆင့်ကို ရောက်ရှိထားပါတယ်။

လင်းဟန် အနေနဲ့ ဒီလက်သီးသိုင်းကို သုံးလိုက်တာနဲ့ သူ့ပုံစံက ဒါဏ်ရာ ရပြီး သွေးဆာနေတဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သစ်ကျုတ်ပုံစံကို ပြောင်းလဲသွားခဲ့ပါတယ်။

``Peng Peng Peng``

လင်းဟန်နဲ့ ချန်ချောင်ယွမ်တို့ရဲ့ ကြောက်မက်ဖွယ်ရာ တိုက်ပွဲ စွမ်းဆောင် ရည်တွေက အားလုံးကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။

``ဟင်......ဒါက ဘယ်လို လက်သီးသိုင်းအမျိုးအစားပါလိမ့်``

``လင်းကလန်က အခြေခံ သိုင်းပညာ သုံးခုရှိတယ်.. တစ်ခုက ဓါးပညာ. နောက်တစ်ခုက တုတ်သိုင်း...နဲ့ ကျန်တဲ့ တစ်ခုက လက်ဂါးသိုင်းဖြစ်တယ်။ သူတို့မှာ လက်သီးသိုင်း တစ်ခုမှမရှိပါဘူး``

``ဖြစ်နိုင်တာက ဒါက အဂါရောင်အဆင့်နိမ့် သိုင်းပညာရပ်များလား?``

``ဒါပေမဲ့ အဂါရောင်အဆင့်နိမ့်သိုင်းပညာက ဒီလိုမျိုး ကြီးမားတဲ့ စွမ်းအား ရှိနိုင်လို့လား?``

ခန်းမထဲမှာရှိတဲ့လူတိုင်းက လင်းဟန်ဖော်ထုတ်ပြတဲ့ အစွမ်းကိုကြည့်ပြီးတော့ အံ့အားသင့်နေကြပါတယ်။

ချန်ချောင်ယွမ်ရဲ့ နလုံးသားထဲမှာတော့ နားမလည်နိုင်မှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ သူက အဂါရောင်အဆင့်မြင့်သိုင်းပညာကို အသုံးပြု ထားတာတောင်မှ လင်းဟန်အပေါ်မှာ မလွှမ်းမိုးနိုင်သေးဘူးလား?။ တိမ်မီးခိုး မြို့ လိုမျိုးက

သေးငယ်တဲ့ နေရာက အရေးမပါတဲ့ လူဆီမှာလဲ အဂါရောင်အဆင့်မြင့် သိုင်းပညာကို ရရှိပိုင်ဆိုင်ထားတာပဲလား?။

မဖြစ်နိုင်ဘူး.... ဒါက လုံးဝကို မဖြစ်နိုင်ဘူး။

သူတို့က အကွက် အနည်းငယ် ဖလှယ်လို့ပြီးခဲ့ပါပြီ။ ချန်ချောင်ယွမ် အပေါ်မှာ ကျရောက်နေတဲ့ ဖိအားတွေက ပိုပြီး ကြီးမားသထက် ကြီးမားလာပြီးတော့ သူ့ရဲ့ နဖူးကနေ အေးစက်တဲ့ ချွေးတွေ ကျဆင်းလို့လာခဲ့ပါတယ်။

အကြောင်းက ... သူ့ပြိုင်ဘက်ရဲ့ လက်သီးနောက်ကွယ်က အင်အားက ပိုပိုပြီး အဆက်မပြတ်တိုးလာခဲ့ပါတယ်။ ကြည့်ရတာ ဒီကောင်က တကယ်လို့ ဒီလက်သီးသိုင်းကို သင်ကြားခဲ့ပြီးတော့ အဆက်မပြတ် အသုံးပြုမယ်ဆိုယင် နောက်ပိုင်းမှာ သူ့တိုက်ခိုက်မှုတွေက ပိုပိုတိုးလာဖို့ပဲရှိပါတယ်။

အမှန်တကယ်တော့ သူ့အနေနဲ့ အမှားမလုပ်ခဲ့ပါဘူး... ဒါက အမှန်တရားပဲ။

ကျားသစ်နက်တဟုန်ထိုးလက်သီးသိုင်းဟာ လင်းဟန်ရဲ့

အယင်ဘဂက နွေဦးစမ်းရေအဆင့်ကို မရောက်ခင်အချိန်တုန်းက အသုံးပြုခဲ့တဲ့ လက်သီးသိုင်းပညာပဲဖြစ်ပါတယ်။သူ့အနေနဲ့ ဒီသိုင်းပညာကို အချိန်အကြာ ကြီး အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့ အခု နောက်တစ်ကြိမ်ပြန်ပြီး ရွေးချယ်လိုက်ပါပြီးတော့ လေ့ကျင့်မှု သိပ်မလုပ်ဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ပါရမီရှင်ဆိုတာ အမြဲတမ်း ပါရမီရှင်ပါပဲ။ သူတို့ အချိန်အနည်းငယ်မျှ တိုက်ခိုက်ပြီးတဲ့အချိန်မှာတော့ လင်းဟန်က တစ်ဖြေးဖြေးနဲ့ အသားကျလာပြီး တော့ လက်သီးသိုင်းရဲ့ နောက်ကွယ်က စွမ်းအားကို ဖြေးညင်းစွာနဲ့ ဖော်ထုတ်လာခဲ့ပါတယ်။

အဂါရောင်အဆင့်မြင့် သိုင်းပညာရပ်တစ်ခုက သီအိုရီနည်းအရဆိုယင် အသုံးပြုတဲ့ သူရဲ့ ခွန်အားနဲ့ စွမ်းအင်ကို ၇၀ ရာခိုင်နှုန်းကနေ ၁၀၀ ရာခိုင်နှုန်း အထိ မြှင့်တင်ပေးနိုင်ပါတယ်။ဒါပေမဲ့လည်း သိုင်းပညာရှင်အနေနဲ့ ဒီသိုင်းပညာအပေါ်မှာ ဘယ်လောက်ထိ တတ်ကျွမ်း နားလည်သလဲ ဆိုတဲ့ အပေါ်မှာ မူတည်ပြီးတော့ ထွက်ပေါ်လာတဲ့ စွမ်းအားကလဲ မတူညီကွဲပြားနိုင် ပါတယ်။

အဲလိုမှ နားမလည်ထားဘူးဆိုယင် အဂါရောင်အဆင့်မြင့် သိုင်းပညာရပ် တစ်ခုက အဂါရောင်အဆင့်နိမ့်သိုင်းပညာကို တတ်ကျွမ်းနားလည်ထားတဲ့ သူကိုတောင်မှ နိုင်းယှဉ်နိုင်မှာ

မဟုတ်ပါဘူး။

ချန်ချောင်ယွမ်ရဲ့ ကမ္ဘာမြေကြီးတုန်လှုပ်ခြင်းလက်ဂါးသိုင်းရဲ့ အစွမ်းကို ၈၀ ရာခိုင်နှုန်းပဲ ထုတ်ဖော်နိုင်ပေမဲ့ လင်းဟန်ကတော့ သူ့ကိုယ်ပိုင်သိုင်းပညာရဲ့ ၉၀ ရာခိုင်နှုန်းအထိ ထုတ်ဖော်နိုင်ပြီးတော့ သူထုတ်ဖော်တဲ့ စွမ်းအင် ပမာဏ ကလည်း တိုးလာဆဲ ဖြစ်ပါတယ်။

ဒီအချိန်မှာ ချန်ချောင်ယွမ်အနေနဲ့ တဖြေးဖြေး အခြေအနေမကောင်းဖြစ်လာတာကို ပိုပြီးတော့ သိသာထင်ရှားစွာ မြင်လာရပါတယ်။

ဒါက လင်းဟန်ရဲ့ စွမ်းရည်ပါ။ သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို မကြာသေးခင်ကမှ ဖင်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ တကယ်လို့ သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်ခဲ့မယ်ဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့် ၅ ပြိုင်ဘက်ကိုတောင်မှ ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။

``ပါရမီရှင်ပဲ``

``ဘယ်သူက ထင်မှာလဲ လင်းကလန်ရဲ့ အမှိုက်လို့

အားလုံးကထင်ထား တဲ့ သူက အမှန်တကယ်တော့ ပါရမီရှင် တစ်ယောက်ဖြစ်နေတယ်ဆိုတာကိုပေါ့``

``ဒါက တကယ့်ကို မယုံကြည်နိုင်စရာပဲ... သူက ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ ဘာလို့ အတိတ်တုန်းက သူ့ကိုသူ နှိမ့်ချပြီး နေခဲ့ရတာလဲ?``

``ငါမင်းကို လျှို့ဝှက်ချက်တစ်ခုပြောပြမယ်... လွန်ခဲ့တဲ့ နှစ်တွေတုန်းက လင်းကလန်အိမ်တော်ကို လင်းဒေါင်ရှန် ပြန်ရောက်လာတုန်းက သူ့တစ်ကိုယ်လုံး သွေးတွေပေကျံ နေပြီးတော့ သူ့လက်မောင်းမှာ ဒီ သူငယ် လေးကို ပွေ့ချီလာခဲ့တယ်``

``မင်း ဆိုလိုချင်တာက..... လင်းဒေါင်ရှန်က အရမ်းကို စွမ်းအားကြီးတဲ့ သိုင်းပညာရှင်အချို့ရဲ့ နောက်ယောင်ခံလိုက်တာကို ခံရတဲ့ အတွက်ကြောင့် သူ့သားကို အခုလိုမျိုး နှိမ့်ချပြီးနေခိုင်းတယ်လို့ ပြောချင်တာလား? ဒါပေမဲ့ ဘာလို့ အခုချိန်မှာ လင်းဟန်က ထုတ်ဖော်ဖို့ ရွေးချယ်လိုက်တာလဲ?``

``မင်းက ငါ့ကိုမေးတယ်...... ငါက ဘယ်သူ့ကို သွားမေးရမှာလဲ``

အယင်က လင်းဟန်က ချန်ချင်းနဲ့ သူ ညီ ကို တိမ်မီးခိုး အကာယ်ဒမီမှာ အနိုင်ယူ ခဲ့တယ်ဆိုတဲ့ အကြောင်းက အများစုသော လူတွေရဲ့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်စေခဲ့ပါတယ်။ ပြီးတော့ အဲဒီနေရာမှာ ကျောင်းသားတွေပဲ အဲဒီ မြင်ကွင်းကို မျက်မြင်သက်သေ အဖြစ် ရှိနေခဲ့တာပါ။

ဒါပေမဲ့ အခုအခြေအနေက လုံးဝ မတူညီတော့ပါဘူး။ လင်းဟန်အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဖင်ရောက်နိုင်ယုံသာမက အသိအမှတ်ပြုရလောက်တဲ့ သူ့ရဲ့ တိုက်ပွဲဖင်စွမ်းရည်ကိုပါထုတ်ဖော်ပြပြီးတော့ သူ့ရဲ့ ပုံရိပ်ကို အမြင့်တစ်နေရာဆီကို တွန်းပို့နိုင်ခဲ့ပါပြီ။

ပြီးတော့ တိမ်မီးခိုးမြို့မှာ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဖင်ရောက်သွား နိုင်သူ မှန်သမျှကို အသန်မာဆုံးသော စစ်သည်တော်အဖြစ် သတ်မှတ်ထားကြပါတယ်။

လင်းဟန်က သူ့ရဲ့ လက်သီးတွေကို အဆက်မပြတ် ထုတ်ဖော်ပြီးတော့ သူမသိသေးတဲ့ လက်သီးနည်းစနစ်တွေကိုထွက်ပေါ် လာအောင်

လေ့ကျင့်နေပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုတွေက လျှင်မြန်စွာနဲ့ပဲ ပိုမိုသန်မာလာပြီးတော့ စွမ်းအင် ၁၀၀ ရာခိုင်နှုန်းအပြည့်နီးပါးထိ ထုတ်ဖော်နိုင်ကာနီး ရောက်ရှိလို့လာပါတယ်။

လက်သီးသိုင်းပညာကလဲ ဓါးပညာနဲ့အလားတူ လက်သီးချီကို ထုတ်ဖော်နိုင်ပြီးတော့ အဆက်မပြတ် သိပ်သည်းကျစ်လစ် လာပြီး လက်သီးအလင်းအဖြစ် ဖော်ထုတ်နိုင်ပါတယ်။ ဒဏ္ဍာရီအရတော့ ရှေးဟောင်းအချိန်တုန်းက ကောင်းကင်ကနေ ကြယ်တစ်ခု ကျဆင်းလာချိန်မှာ သတ္တိရှိပြီးတော့ စွမ်းအားကြီးတဲ့ စစ်သည်တော်က အရှေ့ကို တက်ပြီး လက်သီးတစ်ချက်ထဲနဲ့ ၎င်းကြယ်ကို ထိုးခွဲပစ်လိုက်တယ်လို့ ဆိုကြပါတယ်။

၎င်းစွမ်းအားကြီးတဲ့ စစ်သည်တော်က လက်သီးသိုင်းပညာမှာ ကျွမ်းကျင်လှတဲ့ လက်ရွေးစင် သိုင်းပညာရှင်တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် သူက လက်သီးအလင်းတန်းကို ထုတ်ဖော်နိုင်ယုံသာမက လက်သီးသိုင်းရဲ့ အမြင့်ဆုံးလျှို့ဝှက်ဆန်းကြယ်လှတဲ့ လက်သီးနှလုံးသားကိုပါ ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ တူညီစွာပဲ ဓါးပညာမှာဆိုယင် ဓါးနှလုံးသားနဲ့ ဆေဘာပညာမှာဆိုယင် ဆေဘာနှလုံးသားလိုမျိုးပေ့ါ။

လင်းဟန်အနေနဲ့ လက်သီးသိုင်းမှာ အဲလိုမျိုး မြင့်မားတဲ့ ပါရမီမရှိပါဘူး။ သူ့အနေနဲ့ လက်သီးချီကိုတောင် မထုတ်ဖော်နိုင်ပါဘူး။ သူက ဓါးပညာမှာပိုကောင်းတာပါ။ဒါပေမဲ့ အခုလက်ရှိ သူ့ရဲ့ လက်သီးသိုင်းနည်းစနစ်တွေက ချန်ချောင်ယွမ်ကို ယှဉ်ပြိုင်ဖို့ အတွက် လုံလောက်ယုံမက ပိုတောင်မှပိုနေပါသေးတယ်။

သူက တိမ်ထွက်ခြေလှမ်းသိုင်းကိုပါ အသုံးပြုတဲ့အတွက် သူ့ပုံစံက လေထဲမှာ မျောလွင့်နေသလို ဖြစ်နေပါတယ်။ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် သမားတွေရဲ့ မျက်စိအမြင်မှာ ဝေဝါးနေပြီးတော့ သူတို့ဟာ လင်းဟန်ရဲ့ အရိပ်ပေါင်းများစွာ ကိုမြင်နေပြီး ဘယ်ဟာက အစစ် ဘယ်ဟာက အတုဆိုတာကို မခွဲခြားနိုင်ကြပါဘူး။

``Peng Peng Peng``

သူက အခုဆို လုံး၀ အသာစီးကနေရှိနေပါပြီ။ ချန်ချောင်ယွမ်က သူ့ရဲ့ အဆက်မပြတ် တိုးဝင်လာတဲ့ လက်သီးထိုးချက်တွေကို ကာကွယ်ရုံပဲ တတ်နိုင်ပြီးတော့ အချို့ တိုက်ခိုက်မှုတွေက ကိုယ်ခန္ဓာပေါ်ကို ကျရောက်သွားပါတယ်။ ကိုယ်ခန္ဓာရဲ့ အရေးကြီးတဲ့

အချက်အချာ နေရာတွေကို မထိခိုက်ပေမဲ့လည်း ချန်ချောင်ယွမ်အနေနဲ့ မျက်ရည် ကျလုမတတ် နာကျင်မှုကို ခံစားရပါတယ်။

လင်းဟန်က အလျှော့ပေးနောက်ဆုတ်ဖို့ စိတ်ကူးလုံးဝမရှိပါဘူး။ ဒီကောင်က သူ့ကို သတ်ဖို့ အကြံအစည် နဂိုကတည်းက ရှိနေပြီးတော့ လင်းဒေါင်ရှန်ကို လဲ စိတ်ဆိုးဒေါသထွက်စေပါတယ်။ ဒါက သူ့ရဲ့ ထိန်းချုပ်မှုကို ပျောက်ကွယ်သွားစေပြီးတော့ ချန်ဖေးလီရဲ့ ဒေါသထွက်ခြင်းကို ဖြစ်ပေါ်စေပါတယ်။ သူတို့က လွယ်လွယ်ကူကူနဲ့ပဲ သူတို့သားအဖနှစ်ယောက် လုံးကို သတ်ပြစ်ဖို့ ကြံစည်ထားတာလေ။

ချန်ချောင်ယွမ်က ဒီလိုမျိုး အကြံအစည်တွေရှိနေမှတော့ သူက ဘာလို့ နောက်ဆုတ်ရမှာလဲ။

လက်သီး တစ်ချက်ပီး တစ်ချက်...သူ့ရဲ့ တိုက်ခိုက်မှုအရှိန် က လျှင်မြန်စွာနဲ့ ပိုပြီးတိုးလာခဲ့ပီးတော့ ဖြေးညှင်းစွာနဲ့ လက်သီးချီအလင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ လက်သီးချက်တွေ ထွက်ပေါ်လာတိုင်းမှာ ချန်ချောင်ယွမ် ရဲ့ ကိုယ်ခန္ဓာပေါ်မှာ သွေးကွက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ လက်သီးချီ... ဓါးချီလိုမျိုးပဲ နှိုင်းယှဉ်လို့မရအောင်ကို

စွမ်းအားပြည့်လွန်းတယ်။ အမြင့်ဆုံး လှို့ဂှက်ဆန်းကြယ်တဲ့ အဆင့်မှာ ဆိုယင် ဒီကမ္ဘာပေါ်မှာ လက်သီးတစ်ချက်ထဲနဲ့ မဖြိုခွဲ မဖျက်ဆီးနိုင်တဲ့ အရာ လုံးဝမရှိဘူး။

`` ဒါကဘာလဲ... ဒီလောက်တောင်ကြောက်ဖို့ကောင်းတဲ့ စွမ်းအင်ကဘာလဲ``

``ဒါ အမှန်ပဲ....သူ့ရဲ့ လက်သီးထဲမှာ အံ့ဩစရာကောင်းတဲ့ ဓါးချက်တွေကို ထည့်သွင်းထားသလား အောက်မေ့ရတယ်``

`` ငါသိတယ်.. ဒါက လက်သီးချီပဲ``

``လက်သီးချီဆိုတာ ဘာလဲ``

``ဓါး. ဆေဘာ. လက်သီး. လက်ဂါး..လိုမျိုးပဲ တစ်စုံတစ်ယောက်က သူ့ရဲ့ ဘဝတစ်ခုလုံးကို လမ်းကြောင်းတစ်ခုခုမှာ မြုပ်နှံပြီးတော့ လျှောက်လှမ်းမယ်ဆိုယင် ချီ ကို ထုတ်ဖော်နိုင်ပီးတော့ သိုင်းပညာရှင်ရဲ့ အစွမ်းကိုလဲ ကြီးမားစွာ တိုးတက်စေနိုင်တယ်``

``ငါဘာလို့ ဒီလိုအကြောင်းအရာကို အယင်က

မကြားဖူးတာပါလို့မ်``

``ဒါက ဘာလို့လဲဆိုယင် လူအနည်းစုလောက်ပဲ ချီ ကို အမှန်တကယ် ထုတ်ဖော်နိုင်ပြီးတော့ သူတို့ကို သိုင်းပညာရှင်တွေထဲကမှ တကယ့်ကို စစ်မှန်သူတွေအဖြစ် သတ်မှတ်ထားကြလို့ပဲ```

လူအားလုံးဟာ အသိဉာဏ်ဗဟုသုတနဲ့ ပြည့်စုံတဲ့ လူကြီးတစ်ယောက်ရဲ့ ရှင်းပြ မှုကြောင့် လင်းဟန်ဖော်ထုတ်ပြတဲ့ စွမ်းအားကိုကြည့်ပြီး လက်သီးချီရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းကြောင့် အံ့အားသင့်နေကြပါတယ်။ ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်က တိမ်မီးခိုးမြို့လို အဆင့်မှာ ပေါ်ထွက်လာတယ်ဆိုတာကို သူတို့အနေနဲ့ အရမ်းကို အံ့အားသင့်နေကြပါတယ်။

ဒါပေမဲ့ ဘယ်သူကမှ လှို့ယုထန်ရဲ့ အံ့အားသင့်မှုကို မမှီပါဘူး။ ဘာလို့လဲ ဆိုတော့ သူမအနေနဲ့ လင်းဟန်က လက်သီးချီကို ထုတ်ဖော်နိုင်ယုံသာမက ဒီမတိုင်ခင်က ဓါးချီကိုပါ ထုတ်ဖော်နိုင်ပြီးတော့ ဓါးချီဆိုယင် အလင်းလေးခု အထိ ပိုင်ဆိုင်ထားတယ်ဆိုတာကို သူမ သိနေလို့ပဲဖြစ်ပါတယ်။

ဒီကောင်က ဘယ်လို မကောင်းဆိုးဂါးပါလိမ့်နော်။

ဟုတ်ပါတယ် လင်းဟန်အနေနဲ့ သူ့အောင်မြင်မှုအပေါ်ကို ဂုဏ်မယူခဲ့ပါဘူး.။ သန်မာတဲ့ ကောင်းကင်စစ်သည်တော်တစ်ဦး ဖြစ်ခဲ့တဲ့သူ့အနေနဲ့ ချီ ကို ထုတ်ဖော်နိုင်တာက သူ့အတွက်တော့ မခက်ခဲပါဘူး သူ့အတွက် အနည်းငယ် ခက်ခဲစေမဲ့ အရာက ချီကနေ အလင်းတန်း ပြီးတော့ နလုံးသား အဲဒီအရာတွေကသာ သူ့အတွက်တော့ စစ်မှန်တဲ့ စိန်ခေါ်မှုတွေဖြစ်လာပါ လိမ့်မယ်။

သူ့ရဲ့မျက်လုံးတွေထဲမှာ သတ်ဖြတ်ချင်တဲ့စိတ်တွေ လင်းလက်သွားပြီးတော့ ရုတ်တရက်ဆိုသလို သူ့ရဲ့ လက်သီးက ပျံလွှင့်လိုသွားခဲ့ပါတယ်။ ၎င်းလက်သီးရဲ့ နောက်ကွယ်က စွမ်းအင်တွေက အဆပေါင်းများစွာ ကြီးမားလို နေပါတယ်။

ချန်ဖေးလီရဲ့ အကြည့်အောက်မှာ သူ့အနေနဲ့ ချန်ချောင်ယွမ်ကို သတ်ဖြတ်ဖို့အတွက် သူ့ရဲ့လှုပ်ရှားမှုကို ချန်ဖေးလီက မတားဆီးနိုင်ဖို့ လုပ်ဆောင်ရာမှာ အရမ်းကို ခက်ခဲလှပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ချန်ချောင်ယွမ်ကို တစ်ချက်ထဲနဲ့ သတ်ပစ်နိုင်ဖို့ လိုပါတယ်။

အချိန်အတော်အကြာအောင် တိုက်ခိုက်ပြီးတဲ့အခါမှာ သူဟာ သူပြိုင်ဘက်ရဲ့ အားနည်းချက်ကို ရှာတွေ့ခဲ့ပါတယ်။ အယင်တုန်းက သူအနေနဲ့ သူ့ရဲ့ စွမ်းအား အပြည့်အဝကို အသုံးမပြုခဲ့ပဲနဲ့ နောက်ဆုံး သတ်ဖြတ်ဖို့ လှုပ်ရှား တဲ့ အချိန်ကျမှာ သူ့ရဲ့ ခွန်အားအကုန်လုံးကို ထုတ်ဖော်လိုက်တာပဲဖြစ်ပါတယ်။

``မဟုတ်ဘူး``

ချန်ချောင်ယွမ်ရဲ့ မျက်နှာမှာ ကြောက်ရွံ့မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီလက်သီးရဲ့ နောက်ကွယ်က စွမ်းအားက အရမ်းကြောက်စရာကောင်းပါတယ်။ သူအနေနဲ့ ဘယ်လိုမှ ကာကွယ်နိုင်စွမ်းရှိမှာမဟုတ်ပါဘူး။

``Peng``

လက်သီးအလင်းတစ်ခုထွက်ပေါ် လာပြီးတော့ ချန်ချောင်ယွမ်ဟာ လင်းဟန်ကို အမြင်အာရုံထဲမှာ မည်းမှောင်သွားခဲ့ပါတယ်။

``Pa``

သူ့ရဲ့ခြေထောက်တွေက ပျော့ပြောင်းသွားပြီးတော့ ကြမ်းပြင်ပေါ်ကို ဒူးထောက်ကျပြီး သူ့ရဲ့ အပေါ်ပိုင်းခန္ဓာကိုယ်က မြေကြီးပေါ်ကို လဲကျတဲ့အသံကို ကျယ်လောင်စွာကြားလိုက်ပါတယ်။

သူ့ရဲ့ နှလုံးသားတွေက ပေါက်ကွဲထွက်သွားသလိုပါပဲ.... သူ သေသွားခဲ့ပါတယ်။

``မင်းဘယ်လိုတောင် လုပ်ပံ့တာလဲ ကောင်စုတ်လေး``

ချန်ဖေးလီ ချက်ချင်းထရပ်လိုက်ပြီးတော့ သူ့မျက်လုံးထဲမှာ မီးတောက်တွေ ထွက်ပေါ်နေပါတယ်။

ချန်ချောင်ယွမ်က သူ့ရဲ့ တပည့်ပါ။ ဘာပဲဖြစ်ဖြစ် သူက ကျောက်တုံးပံပုလွေ ဂိုဏ်းရဲ့ ဂုဏ်ယူရတဲ့ အဖွဲ့သားတစ်ယောက်အဖြစ်ရှိနေပါသေးတယ်။အခု သူက တိမ်မီးခိုးမြို့ရဲ့ ကလန်သေးသေးလေးက သခင်လေးတစ်ယောက်ရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်။

သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ စိတ်တွေ ထုတ်ဖော်လိုက်ပါတယ်။ ကျောက်တုံးပံပုလွေဂိုဏ်းရဲ့ သိက္ခာတော့ အကျမခံနိုင်ဘူး၊

သူ့အနေနဲ့ လင်းဟန်ကို သတ်ပစ်လိုက်ချင်ပါတယ်။

``လူအိုကြီး.... တကယ်လို့ ခင်ဗျားမသေချင်ဘူးဆိုယင် အတွေးရိုင်းတွေ မတွေးဖို့ ကျုပ် သတိပေးလိုက်မယ်``

လင်းဟန်က ချန်ဖေးလီဘက်ကိုလှည့်ပြီးတော့ လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ လူအားလုံး တူညီတဲ့အတွေးကတော့.... လင်းဟန်တော့ ရှုံးသွားပြီ။

အပိုင်း(၄၀) ချန်ဖန်းလီ ဦးညွှတ်ခြင်း

သူက ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်ကို ပထမဆုံးသတ်ခဲ့ပြီးတော့ အခု ချန်ဖန်းလီကိုပါ ခြိမ်းခြောက်စကားတွေပြောနေတယ်.. ဘယ်လောက်တောင် သွေးကြီးလိုက်သလဲ?

ကျောက်တုံးဂံပုလွေဂိုဏ်းက မိုင်တစ်ထောင်ပါတ်လည်အတွင်းမှာ အင်အားအကြီးဆုံး အဖွဲ့တစ်ခုဖြစ်တယ်။ ဒီလိုမျိုး အင်အားကြီးအဖွဲ့နဲ့ နိုင်းယှဉ်မယ်ဆိုယင် လင်းကလန်ဖြစ်ဖြစ် ချန်ကလန်ဖြစ်ဖြစ် သူတို့က အရမ်းကို သေးငယ်တဲ့ ဘာမှမဟုတ်တဲ့

အဆင့်မှာပဲရှိတယ်။

လင်းဟန်က သူ့ရဲ့ ကျဆုံးခန်းကို ရည်ရွယ်ချက်ရှိရှိနဲ့များ လုပ်နေသလား ထင်ရတယ်။

လင်းဟန်ရဲ့ စူးစိုက်ကြည့်တဲ့ အပေါ်မှာ ချန်ဖန်းလီက တဒင်္ဂမျှ တုန်လှုပ်သွားပါတယ်။ ဒီအကြည့်တွေက အရမ်းကို အစွမ်းထက်တဲ့ စစ်သည်တော်တစ်ယောက်ရဲ့ အကြည့်တွေလိုမျိုး နက်ရှိုင်း ကျယ်ပြန့်ပြီးတော့ အိန္ဒြေအပြည့် ရှိနေပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူ သတိရသွားတာက ဒြပ်စင်စုစည်းခြင်းအဆင့်ပဲရှိသေးတယ် သိုင်းပညာရှင် တစ်ယောက်က သူ့ကိုခြိမ်းခြောက်ပြောဆိုနေတယ်ဆိုတာ ကိုပါ။ သူ့အနေနဲ့ အော်ရီလိုက်ပြီးတော့ လေးလေးနက်နက်ပြောလိုက်ပါတယ်။

``အိုးးးးးးးး....ဒါဆို မင်းက ငါ့ကိုသတ်ဖို့ ဘယ်လိုများကြံစည်ထားတုန်း``

``ငါဘာမှလုပ်ဖို့မလိုဘူး.... ငါးရက်အတွင်းမှာ ခင်ဗျားဘာသာ သေသွားလိမ့်မယ်``

လင်းဟန်က တည်ငြိမ်စွာနဲ့ ချန်ဖန်းလီ ကို

လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

``လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ခင်ဗျား လေ့ကျင့်နေတုန်း အခက်အခဲ အချို့နဲ့ ကြုံရတယ်မဟုတ်လား``

ချန်ဖန်းလီရဲ့ အမူအရာက ချက်ခြင်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ လင်းဟန်သူ့ကိုပြောသလိုပါပဲ လွန်ခဲ့တဲ့ ဆယ်ရက်ခန့်က သူလေ့ကျင့်နေတဲ့ အချိန်တုန်းက သူ့အနေနဲ့ နွေဦးစမ်းရေ အဆင့် ၄ကို ချိုးဖျက်ဝင်ရောက်ဖို့ ဆုံးဖြတ်ခဲ့ချိန်မှာပဲ တစ်စုံတစ်ခုကို ခံစားလိုက်ရပြီးတော့ သူ့အနေနဲ့ မအောင် မြင်ခဲ့ပါဘူး။ ဆန့်ကျင်ဘက်ဆိုသလိုပဲ သူ့ရဲ့ ကိုယ်ခန္ဓာအတွင်းထဲက မူလစွမ်းအင် တွေက လမ်းကြောင်းမှားပြီးတော့ ဝင်ရောက်သွားခဲ့ပါတယ်။ ကျေးဇူးတင်ရမှာက သူ့အနေနဲ့ ချက်ချင်းဆိုသလို နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက် တဲ့အတွက်ကြောင့် ကြီးကြီးမားမား ထိခိုက်ဒါဏ်ရာ ရနေတာမျိုး မဖြစ်ခဲ့ပါဘူး။

ဒီကောင်ကလေး ဘယ်လိုလုပ်ပီးသိတာလဲ? သူ မှန်းပြီးပြောတာများလား?

လင်းဟန်ကပြုံးပြီးပြောလိုက်ပါတယ်။

``ခင်ဗျားရဲ့ ဘယ်ဘက် နံရိုးအောက် သုံးလက်မ အကွာနေရာကို ဖိနှိပ်ပြီး စမ်းသပ်ကြည့်လိုက်ပါ``

ပထမတော့ ချန်ဖန်းလီက ယုတ္တိမရှိလိုက်တာလို့ ပြောပေမဲ့လည်း သူ့ရဲ့ လက်တွေက သူ့ဘယ်ဘက်နံရိုးရဲ့ အောက်ဘက် သုံးလက်မ အကွာနေရာ ကို နှိပ်လိုက်ပါတယ်။ ဖြေးဖြေးလေးနှိပ်လိုက်ပေမဲ့လည်း သူ့ရဲ့ အမူအရာက အရမ်းကိုပြောင်းလဲသွားခဲ့ပါတယ်။

နာကျင်ခြင်း... မပြောပြနိုင်လောက်အောင်ကို နာကျင်ခြင်း။

``ပြီးတော့ ခင်ဗျားကျောရိုး နံရံ ခုနစ်ခုမြောက် အရိုးရဲ့ ညာဘက် လက်မဝက် အကွာကိုရောပဲ``

လင်းဟန်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

ချန်ဖန်းလီ နောက်တစ်ကြိမ် တိတိကျကျ အဲဒီအမှတ်နေရာကို ထိလိုက်ပါတယ်။ အဲဒီနောက်မှာ သူ့နဖူးကနေပြီး အေးစက်စက် ချွေးတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါက လုံးဝကို ပုံမှန်မဟုတ်တာပဲ။

``ခင်ဗျားက လေ့ကျင့်နေတဲ့ အချိန်တုန်းက အရှူးအမူးကို

လေ့ကျင့်နေခဲ့တယ်... ဒါကြောင့်မို့ ခင်ဗျားက ဘာအမှားအယွင်း မှ မရှိဖူးလို့ ထင်နေခဲ့တယ် ဘာကြောင့်လဲ ဆိုတော့ အဲဒီအချိန်တုန်းက ခင်ဗျားက လေ့ကျင့်မှု အပေါ်မှာ အရမ်းကို ရူးသွပ်နေခဲ့လို့ပဲ``

လင်းဟာန် က ယုံကြည်မှုအပြည့်ရှိတဲ့ အပြုံးကို ပြုံးပြီး ပြောလိုက်ပါတယ်။

``ကျနော် ခင်ဗျားကို ကယ်နိုင်တယ်``

ချန်ဖန်းလီက အံကြိတ်ပြီးတော့ပြောလိုက်ပါတယ်။

``ကောင်းပြီ ငါ့ကိုယ်ငါ ဘယ်လိုကုသရမလဲဆိုတာ မင်းသင်ပေးပါ ဒါဆိုယင် အခု မင်းလုပ်ခဲ့တဲ့ အပြစ်တွေကို ငါကျေအေးပေးမယ်``

``အကြီးအကဲ ချန်``

ချန်ဂမ်ခွန်က ဒေါသထွက်ပြီး အံ့အားသင့်သွားခဲ့ပါတယ်။ ဆိုလိုချင်တာက ချန်ချောင်ယွမ် သေသွားတာက ဘာမှမဟုတ်တော့ဘူးပေါ့။

``ဟင့်``

ချန်ဖန်းလီက ချန်ဂမ်ခွန်ကို စိန်းစိန်းဂါးဂါးကြည့်လိုက်ပီး သူ့အကြည့်တွေမှာ မလိုမုန်းထားမှုတွေ ပြည့်နေပါတယ်။ ချန်ချောင်ယွမ်လို ဘာမဟုတ်တဲ့ လူတစ်ယောက်နဲ့ သူ့ရဲ့ အရေးပါလှတဲ့ အသက်နဲ့ ဘယ်လိုလုပ်ပြီး နှိုင်းယှဉ်လို့ ရမှာလဲ?။

ချန်ဂမ်ခွန်က ချက်ချင်းပဲ ပါးစပ်ပိတ်လိုက်ပီးတော့ သူ့နဖူးကနေ အေးစက်သော ချွေးတွေ စီးကျလာပါတယ်။ သန်မာတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်နဲ့ အတိုက်အခံလုပ်ပြီး ပြန်ပြောလိုက်မယ်ဆိုယင် သူ့ရဲ့ အသက်က အဓိပ္ပါယ်မဲ့စွာနဲ့ သေသွားနိုင်ပါတယ်။

လင်းဟန်က ခေါင်ငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဘာပဲဖြစ်ဖြစ်.. ခင်ဗျားက နွေဦးစမ်းရေ အဆင့် ဆိုတော့ ခင်ဗျားရဲ့ အသက်က အများကြီး ထိုက်တန်ပါတယ်လေ``

ချန်ဖန်းလီရဲ့ နလုံးသားထဲမှာ ဒေါသတွေနဲ့ ပြည့်နှက်နေပေမဲ့လည်း သူ့ရဲ့ အသက်က တစ်ခြားလူ့ရဲ့ လက်ထဲမှာရှိနေပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ အမျက်ဒေါသတွေ

ထွက်လို့ မဖြစ်ပါဘူး။ သူက ဒေါသကို ထိန်းချုပ်ထားတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

``ဒါဆို မင်းက ဘာလိုချင်တာလဲ``

လင်းဟန်က ပြုံးပြုံး သာသာနဲ့ ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

``ဒါက ခင်ဗျားရဲ့ ဆောင်ရွက်မှု အပေါ်မှာ မူတည်တယ်``

ချန်ဖန်းလီက အလွန်ကိုပဲ စိတ်မချမ်းမသာဖြစ်သွားခဲ့ပါတယ်။ သူက ကျောက်တုံးပုံပုလေ့ဂိုဏ်းရဲ့ စွမ်းအားကြီးတဲ့ ငွေဦးစမ်းရေ အဆင့် စစ်သည်တော်တစ်ယောက်သာမက ကိုးယောက်မြောက် အကြီးအကဲလည်းဖြစ်ပါတယ်။ ပုံမှန်အခြေအနေအတိုင်းမှာဆိုယင် သူဟာ အားလုံးရဲ့ ထိပ်မှာ ရှိနေသူတစ်ဦးဖြစ်ပြီး သူ့လက်အောက်မှာ လူတွေအများကြီး ရှိပါတယ်။ အခု သူ့အနေနဲ့ ဘယ်အချိန်တုန်းက ဒီလို အင်အားနည်းတဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းသမားတစ်ယောက်က လွယ်လွယ်ကူကူနဲ့ သူ့ကိုထိန်းချုပ်သွားနိုင်ခဲ့တာလဲ?

ဒါပေမဲ့ သူဘာတတ်နိုင်မှာလဲ ... အခု သူ့ရဲ့ အသက်က

လင်းဟန်ရဲ့ လက်ထဲမှာ ဖမ်းဆုပ်ကိုင်ခြင်းကို ခံထားရတယ်လေ။

စောစောတုန်းကပဲ လင်းဟန်အနေနဲ့ သူ့ရဲ့ ကျင့်ကြံခြင်းမှာ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ညွှန်ပြခဲ့ပြီး လင်းဟန်ပြောတဲ့ နေရာတွေကို သူစမ်းသပ်ကြည့်လိုက်တဲ့အခါမှာ သူ့အနေနဲ့ လုံးဝသံသယတောင်မဖြစ်တော့ပဲ လင်းဟန်ရဲ့စကားလုံးတွေအပေါ်မှာ အကြွင်းမဲ့ ယုံကြည်လိုသွားခဲ့ပါတယ်။

``သင့်မှာ တစ်ခြားအမိန့်ပေးစရာများရှိပါသလား သခင်လေးဟန်``

သူက အသံကို နှိမ့်ပြီးပြောလိုက်ပါတယ်။

``Pu``

သခင်လေးဟန်လို့ ပြောလိုက်တဲ့စကားကိုကြားပြီး စောင့်ကြည့်လေ့လာနေသူ အားလုံးဟာ အရမ်းကို အံ့အားသင့်သွား ပါတယ်။

ဒါက ကျောက်တုံးပံုပုလွေဂိုဏ်းရဲ့ အကြီးအကဲ စစ်မှန်တဲ့ နွေဦးစမ်းရေ အဆင့် စစ်သည်တော်က လင်းဟန်ကို သခင်လေးဟန်လို့ ခေါ်လိုက်တယ်။ ဒါက အရမ်းကို ထူးဆန်းအံ့သြဖွယ်ကောင်းတာပဲ။

လင်းဟန်က ငြင်သာတဲ့အပြုံးကို ထုတ်ဖော်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားက ပြဿနာကို ဖြေရှင်းမဲ့ နည်းလမ်းကို ရပြီးသွားယင် ကျုပ်ကို သတ်ဖို့ ကြံစည်နေတာများလား?``

``ဒါကဘယ်လိုလုပ်ပြီးတော့များ ဖြစ်နိုင်မှာလဲ``

ချန်ဖန်းလီက ခြောက်ကပ်ကပ်နဲ့ ရီမောလိုက်ပါတယ်။ အခု သူ တကယ်ပဲ ချွေးပျံနေပါပြီ။

လင်းဟန်ရဲ့ နှလုံးသားက တော့ရှင်းပါတယ် သူ့အနေနဲ့ သူ့ကိုယ်သူ အန္တရာယ် ကျရောက်စေမဲ့ အခြေအနေမျိုးကိုတော့ ခွင့်မပြုပါဘူး။ သူ့အနေနဲ့ ချန်ဖန်းလီကို ကုသပေးမှာပါ ဒါပေမဲ့ တစ်ခါတည်း လုံးဝပျောက်သွားအောင် လို့တော့ ကုပေးမှာမဟုတ်ပါဘူး။ လင်းဟန်က ချန်ဖမ်ခွန်ကို ညွှန်ပြလိုက်ပြီးတော့

ပြောလိုက်ပါတယ်။

``ဒီလူက ကျုပ်ကို စိတ်အနှောက်ယှက် ဒုက္ခတွေပေးတယ် သူ့ကို ကျုပ်ကိုယ်စား ဆုံးမလိုက်ပါ``

ချန်ဂမ်ခွန်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို စိမ်းသွားပါတယ်။

သူ့အနေနဲ့ ချန်ဖန်းလီ ကိုဖိတ်ခေါ်ရတဲ့ အကြောင်းရင်းက ချန်ဖန်းလီကို အားကိုးပြီးတော့ သူ့အတွက် အင်အားကြီးတဲ့ နောက်ခံအဖြစ် အသုံးချပြီး တော့ လင်းဒေါင်ရှန်ရဲ့ ထပ်ကျပ်မကွာ ဖိအားပေးလာမှုကြောင့် သူတို့ ချန်ကလန်ရဲ့ ဘဏ္ဍာရေးအခြေအနေ ကျပ်တည်းလာမှုကိုဖြေရှင်း နိုင်ဖို့ အတွက်ပဲဖြစ်ပါတယ်။

ဒါပေမဲ့ သူလုံးဝ မထင်ထားတာက သူ့ကို ကူညီဖို့ ဖိတ်ခေါ်တဲ့သူက တကယ့်ကို ပြောင်းလဲပြီးတော့ လင်းကလန်ကို အကူညီပေးနေတာကိုပါ။ ဒါကို သူ့အနေနဲ့ ဘယ်လိုလုပ် လက်ခံနိုင်ရမှာလဲ?

တကယ်လို့ အခုချိန်မှာ သူ့ကို တစ်ယောက်ယောက်ကသာ တို့ဖူး အပိုင်းအစလေး လာပေးခဲ့မယ်ဆိုယင် သေချာပေါက် အဲဒီလူကို သူသတ်ပစ်မှာပါ။

``စီနီယာ ချန်``

စွမ်းအားကြီးတဲ့ နေ့ဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အရှေ့မှာတော့ သူ့ရဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကျင့်ကြံမှုက လုံးဝကို အကူအညီမဲ့စေပါတယ်။

``ဟင့်... မင်းကင်္ဂါကိုပြန်တိုက်ခိုက်ဖို့ ကြံစည်နေတာလား?``

ချန်ဖန်းလီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ချန်ဂမ်ခွန်နဲ့ သူ့ကြားမှာ ဘယ်လိုဆက်ဆံရေးမှ မရှိပါဘူး။ ဒါကြောင့် သူ့အနေနဲ့ ချန်ဂမ်ခွန်ကို ကောင်းကောင်းကြီးဆုံးမတဲ့ အခါမှာ ဘယ်လို ခံစားမှုမျိုးမှရှိနေမှာမဟုတ်ပါဘူး။ သူ့အနေနဲ့ လင်းဟန်ဆီမှာ သူဦးညွှတ်ခဲ့ပြီးဖြစ်လို့ ဒီပြသနာကို လေထဲကို လွှင့်ပစ်ဖို့အတွက် သူ လုပ်ဆောင်ရမှာပဲဖြစ်ပါတယ်။

ချန်ဂမ်ခွန်ရဲ့ အမူအရာတွေက ပြောင်းလဲသွားပြီးတော့ သူ့ရဲ့ သွားတွေကို တင်းတင်း အံကြိတ်ထားပြီးပြောလိုက်ပါတယ်။

``ကျနော် မလုပ်ပုံပါဘူး``

တကယ်လို့ သူခုခံမယ်ဆိုယင် သူ့အနေနဲ့ သေချာပေါက် သေရပါလိမ့်မယ်။ မျက်ကန်းတစ်ယောက်တောင်မှ အခုချိန်မှာ ချန်ဖန်းလီက မပျော်မရွှင် ဖြစ်နေတယ်ဆိုတာကို သေချာပေါက်ပြောရဲပါတယ်။

``Pa Pa``

ချန်ဖန်းလီက သူ့လက်ဂါးကိုမြှောက်ပြီးတော့ ချန်ဂမ်ခွန်ကို ပါး ၂ ချက် ဆင့်ရိုက်လိုက်ပါတယ်။ ဒီ လက်ဂါးနှစ်ချက်ရဲ့ ခွန်အားက ချန်ဂမ်ခွန်ရဲ့ နှုတ်ခမ်း ထောင့်မှာ သွေးစီးကြောင်းတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

ခန်းမတစ်ခုလုံး လုံးဂတိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဘယ်လောက်တောင် တိတ်ဆိတ်ငြိမ်သက်နေသလဲဆိုယင် အသက်ရှုသံတောင် မကြားရပါဘူး။

လင်းဒေါင်ရှန်တောင်မှ သူ့ရဲ့သားက စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်ကို ထိန်းချုပ်နိုင်လိမ့်မယ်လို့ လုံးဂမထင်ထားခဲ့တဲ့အတွက် သူ့ကို

အံ့အားသင့်စေသလို သက်တောင့်သက်သာ ဖြစ်မှုကိုလဲ ခံစားစေပါတယ်။ သူ့အနေနဲ့ တကယ့် တော်တဲ့ သားတစ်ယောက်ရရှိထားတာပဲ။

ချန်ချင်းနဲ့ သူညီရဲ့ မျက်နှာဟာ တွန့်လိမ်ကုန်ပါတယ်။ ဒီအချိန်မှာ သူတို့နားက မြေကြီးမှာ အပေါက်သာရှိမယ်ဆိုယင် သူတို့ ခုန်ဆင်းပြီးတော့ ပုန်းနေမှာ အသေအချာပါပဲ။ အစတုန်းကတော့ သူတို့က အရမ်းကို မာနထောင်လွှားပြီးတော့ ယုံကြည်ချက်အပြည့်နဲ့ သူတို့ဆုံးရှုံးသွားတဲ့ ဂုဏ်သိက္ခာတွေကို ပြန်လည်အဖတ်ဆယ်နိုင်ပီလို့ ထင်နေကြပါတယ်။ သူတို့အနေနဲ့ သူတို့ရဲ့ ဖခင်ကြီးတောင်မှ အခုလိုမျိုးဆုံးမခံရ လိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။

ဒီည ဂုဏ်ပြုညစာစားပွဲဟာ ချန်ကလန်ရဲ့ ဂုဏ်သိက္ခာကျဆင်းတဲ့ သမိုင်းကြောင်း ထဲမှာ ပါဝင်သွားခဲ့ရပါပြီ။

ချန်ဂမ်ခွန်ဟာ သွားကျိုတ်တဲ့အထိအောင် ပါးစပ်က သွေးတွေထွက်တဲ့အထိ ဆုံးမခံနေရပေမဲ့လည်း သူ့အနေနဲ့ သူ့မျက်နှာပေါ်မှာ ဒေါသထွက်တဲ့ အမူအရာ တစ်စုံတစ်ရာမှ မဖော်ပြရဲပါဘူး။သူ့ရဲ့ နဖူးကြောတွေဟာ ထောင်ထ

နေတာကိုကြည့်ခြင်းဖြင့် သူ့ရဲ့ ဒေါသတွေက အနက်ရှိုင်းဆုံး အဆင့်ထိကို ရောက်နေပြီးတော့ သိုပှက်သိမ်းထားရတယ်ဆိုတာကို သိနိုင်ပါတယ်။

``လင်းကလန် လင်းကလန် ငါကျိန်ဆိုတယ် ငါ မင်းတို့ကို တစ်ခုမှ မကျန်တဲ့အထိအောင် အမျိုးဖြုတ်ပစ်မယ်``

သူဟာဒေါသတွေကို သူ့နှလုံးသားထဲမှာ သိုပှက်ယင်းနဲ့ ကျိန်ဆိုလိုက်ပါတယ်။

`` တတိယဦးလေးသာ နွှေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင် ခဲ့ပီ ဆိုယင် ငါတို့ကိုယ်တိုင်ပဲ လက်စားချေလို့ရပီ``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပီးတော့ ချန်ဖန်းလီကိုပြောလိုက်ပါတယ်။

``ငါ ဆေးဖော်စပ်နည်း မင်းအတွက်ရေးပေးလိုက်မယ်.. ဒါက ယာယီအားဖြင့် မင်းရဲ့ ဒါဏ်ရာကို သက်သာဖို့ ကူညီလိမ့်မယ် ခင်ဗျားအနေနဲ့ နှစ်ဂက်အတွင်းမှာ ဘာဒုက္ခမှ ကြုံမှာမဟုတ်ဘူး``

တကယ်တော့ ချန်ဖန်းလီအနေနဲ့ ဒီလိုမျိုး လက်မခံချင်ပါဘူး။ သူ့အနေနဲ့ လင်းဟန်က သူ့ကို တစ်ခါတည်းနဲ့ကုပေးမှာမဟုတ်ဘူးဆိုတာကို သိနေပါတယ်။ပြီးတော့ လင်းဟန်က အားနည်းတဲ့ဘက်ကပဲလေ။ ဒါကြောင့်သူ့အနေနဲ့ ခေါင်းငြိမ့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးအများကြီးတင်ပါတယ်.. သခင်လေးဟန်``

ဆေးဖော်စပ်နည်းကို ချန်ဖန်းလီဆီကိုပေးပြီးတဲ့အခါမှာတော့ လင်းဟန် လင်းဒေါင်ရှန်နဲ့ လွီယုထန်တို့က လင်းကလန်ရဲ့ အိမ်တော်ဆီကိုပြန်လာကြချိန်မှာပဲ ဂုဏ်ပြုညစာစားပွဲမှာရှိနေတဲ့ ဧည့်သည်တွေကလဲ တစ်သုတ်ပြီး တစ်သုတ်ပြန်ကုန်ကြပါတယ်။

``ဟား ဟား ဟားဟား``

မြင်းလှည်းအတွင်းပိုင်းမှာတော့ လင်းဒေါင်ရှန်ဟာ အရမ်းကိုသဘောကျစွာ နဲ့ ဟက်ဟက်ပက်ပက်ရီမောလိုက်ပါတယ်။

``ငါက ချန်ဂမ်ခွန်နဲ့ ၄င်းဘဂရဲ့ တစ်ဂက်လောက်အထိကို

ရင်ဆိုင်လာခဲ့ပြီး ဒီညလောက် ဒေါသမထွက်ခဲ့ဖူးဘူး...ဒါပေမဲ့လည်း ဟန်အာ ဒီညက အရမ်းကို အွန္တရာယ်များတယ်..တကယ်လို့ချန်ဖန်းလီသာ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူ့ရဲ့ ကျင့်ကြံခြင်းမှာ ပြသနာ မတွေ့ကြုံခဲ့ဖူးဆိုယင် ဒီညဖြစ်တဲ့ ပြသနာကို လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့နိုင်မှာမဟုတ်ဘူး``

ပြီးတော့ ဒီညမှာ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်တစ်ယောက်လဲ သေသွားခဲ့တယ်လေ။

လင်းဟန်ပြုံးလိုက်ပါတယ်။ တကယ်လို့ သူသာ ချောင်ဖန်းလီ တစ်ခုခု မှားယွင်းနေတယ်ဆိုတာကို သတိမထားမိခဲ့ဘူးဆိုယင် သူ့အနေနဲ့ အပြောင်းအလဲ နှစ်ခုကို ရွေးချယ်လို့ရပါတယ်။ ပထမ အပြောင်းအလဲက ရိုးရှင်းပါတယ် သူ့အနေနဲ့ ချန်ချောင်ယွမ်ကို မသတ်ဖို့ပါပဲ ဒုတိယအပြောင်းအလဲကတော့ သူ့အနေနဲ့ ချန်ချောင်ယွမ်ကိုသတ်ပြီးတော့ လှီယုထန်ရဲ့ တကယ့် ဘဂအမှန်ကို ထုတ်ဖော်ပြလိုက်ဖို့ပဲဖြစ်ပါတယ်။

ဒါပေမဲ့ အခုချိန်မှာ ဒီပြဿနာကို သူ့အနေနဲ့ ထပ်ပြီးစဉ်းစားဖို့ မလိုတော့ပါဘူး။

``တစ်လပဲ .. ချန်ကလန်အနေနဲ့ သူတို့ရဲ့ ကိုယ်ရံတော်အဖွဲ့တွေကို ပေးဖို့ လစာ ရှိတော့မှာတောင်မဟုတ်ဘူး.. အဲဒီအချိန်ကျယင် ဒါတွေက ငါတို့လင်းကလန်ရဲ့ လူတွေဖြစ်လာပြီးတော့ တိမ်မီးခိုးမြို့မှာ လင်းကလန်ရဲ့ အင်အားက မြင့်တက်သွားလိမ့်မယ်``
လင်းဒေါင်ရှန်က ဂုဏ်ယူစိတ်လှုပ်ရှားစွာနဲ့ပြောလိုက်ပါတယ်။

အပိုင်း (၄၁) မာလန်း
ချန်ကလန်ရဲ့ အိမ်တော်က တိုက်ပွဲအပြီးမှာတော့ တိမ်မီးခိုးမြို့ရဲ့ ကလန်နစ်ခု ညီမျှနေတဲ့ အခြေအနေကပြီးတော့ မတူညီကွဲပြားခြားနားလို့ လာပါတယ်။

လင်းကလန်ရဲ့ ဩဇာလွှမ်းမိုးမှုက တစ်ရက်ပီး တစ်ရက် တိုးလာခဲ့ပြီးတော့ မကြာခင်မှာပဲ တိမ်မီးခိုးမြို့ရဲ့ အင်အားအကြီးဆုံးသော ကလန်အဖြစ်ကို ရယူပိုင်ဆိုင်နိုင်ဖို့ အင်အား လုံလုံလောက်လောက်ရှိလာခဲ့ပါတယ်။ တစ်ခြားတစ်ဖက်မှာတော့ ချန်ကလန်က ဒေါင့်စွန်းကိုရောက်သွားခဲ့ပါတယ် အကြောင်းပြချက် တစ်ခုကတော့ သူတို့ရဲ့ စီးပွားရေးအခြေအနေအရ ဖြစ်ပေမဲ့လည်း အဓိက အချက်ကတော့ သူတို့ရဲ့

စိတ်အားတက်ကြွမှု အခြေအနေတွေ ဖျက်ဆီးခံလိုက်ရလို့ပဲဖြစ်ပါတယ်။

လင်းဒေါင်ရှန်က တကယ့်ကို ထူးချွန်ထက်မြက်တဲ့ သားကို ပိုင်ဆိုင်ထားတာပဲ။

ဒါက တိမ်မီးခိုးမြို့ သူ မြို့သားတွေက လက်ရှိမှာ နားလည်သဘောပေါက်ထားတဲ့ အကြောင်းအရာပဲဖြစ်ပါတယ်။ သူတို့အားလုံးဟာ လွန်ခဲ့တဲ့နှစ်လ လောက်က အကြောင်းတွေ ပြန်စဉ်းစားမိပြီး ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ သား ကို သူတို့က လူမြင်ကွင်းမှာ အမှိုက်ကောင်လို့ သတ်မှတ်ထားတာက တကယ့်ကို ရီချင်စရာကောင်းလှပါတယ်။

တိမ်မီးခိုးမြို့က ကလန်သေးလေးတွေက လင်းကလန်နဲ့ ဆက်ဆံမှုတွေ အမြောက်အများပြုလုပ်လို့လာကြပါတယ် သူတို့ဟာ လင်းကလန်နဲ့ ဆွေမျိုး တော်စပ်ဖို့အတွက်ပေါ့။ သူတို့အားလုံးရဲ့ ပစ်မှတ်ကတော့ လင်းဟာန်ပေါ့ အယင်တုန်းကတော့ အမှိုက်ကောင်လို့ ထင်ရှားခဲ့ပီး လက်ရှိမှာတော့ ကြီးကျယ်မြင့်မြတ်တဲ့ ပါရမီရှင်ပေါ့။ ဒါပေါ့ ရှန်ကလန်လဲ သူတို့အားလုံးရဲ့ ဟာသတွေဖြစ်နေကြပါတယ်။

အစပိုင်းမှာတော့ သူတို့ဟာ လင်းဟန်ကို သားမက်အဖြစ်လက်ခံခဲ့ ပြီးမှ နောက်ပိုင်းမှာ သူတို့ဟာ သူတို့စကားတွေကို ရုတ်သိမ်းပြီးတော့ လင်းဟန်ကို ငြင်းပယ်ခဲ့ကြပါတယ်။

ရှန်ဇီယန်အနေနဲ့ အခု ဘယ်လို ခံစားနေရတယ်ဆိုတာကို လူတိုင်းအံ့သြနေကြပါတယ်။

ချန်ဖန်းလီက မြို့ကနေ ထွက်ခွာသွားခဲ့ပေမဲ့လည်း ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ နောက်ထပ် အဖွဲ့ဝင်က ရောက်ရှိလို့ လာခဲ့ပါတယ်။ သူ့နာမည်က မာလန်း။သူက သူ့အဖွဲ့သားတွေကို ခေါ်ဆောင်လာပြီးတော့ ကလန်တိုင်းကို စိတ်ထင်တိုင်း ဝင်ရောက်ပြီး တစ်စုံတစ်ယောက်ကို ဝင်ရောက်ရှာဖွေနေပါတယ်။

ဒါကို လင်းဟန်ကြားသိရတဲ့အခါမှာ သူ့နှလုံးသားထဲမှာ နိုးကြားလာပါတယ်။ ကြည့်ရတာ ဒီလူတွေက ဟန်ကျန်းအတွက်လာတာပဲ ဖြစ်ရမယ်။

သိပ်မကြာခင်မှာ မာလန်းနဲ့ သူ့အဖွဲ့သားတွေဟာ လင်းကလန်ရဲ့ အိမ်တော်ကို ရောက်ရှိလို့လာခဲ့ပါတယ်။

ကျောက်တုံးဂံပုလွေဂိုဏ်းဟာ အနီးနားက မိုင်ပေါင်းတစ်ထောင်အတွင်းမှာ အင်အားအကြီးဆုံးပဲဖြစ်ပါတယ်။မာလန်းက ကျောက်တုံးဂံပုလွေဂိုဏ်း ကိစ္စနဲ့ လာခဲ့တာဖြစ်လို့ ဒီနေရာမှာရှိနေတဲ့ ဘယ်သူပဲဖြစ်ဖြစ် သူ့ကို မျက်နှာသာပေးရပါတယ်။ ရလဒ်ကတော့ လင်းကလန်ရဲ့ အဆင့်မြင့်အဖွဲ့ဝင်တွေ အားလုံးဟာ အဓိကခန်းမထဲကို လာရောက်စုဝေးပြီး တော့ အထူးသံတမန်ကို ကြိုဆိုဖို့ ရောက်လာကြပါတယ်။

လင်းဟန်က အနည်းငယ်နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ သူနဲ့ လွီယုထန်တို့ အဓိကခန်းမကြီးထဲကို ဝင်လာတဲ့အခါမှာ အားလုံးရောက်နေတာကို တွေ့လိုက်ရပါတယ်။ သူ့ကို နှုတ်ဆက်တဲ့ အစေခံကို သူက ခေါင်းငြိမ့်ပြလိုက်ပီးတော့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လျှောက်လာခဲ့ပါတယ်။

ဒီနေရာမှာ လင်းကလန်အဖွဲ့သားမဟုတ်တဲ့ သူတစ်ယောက်ရှိနေပြီးတော့ သူဟာ လူငယ်တစ်ယောက်ဖြစ်ပီး အဖြူရောင်ဂတ်စုံကို ဝတ်ဆင်ထားပါတယ်။ သူ့ကိုကြည့်ရတာ အသက် ၂၃ သို့ ၂၄ နှစ်လောက်ပဲရှိဦးမှာဖြစ်ပြီးတော့ သူ့ဆီကနေ

စွမ်းအားပြင်းထန်တဲ့ အော်ရာ ထွက်ပေါ်နေပြီး သူကိုယ်သူ အရမ်းကို ယုံကြည်မှု ပြည့်နေတဲ့ပုံစံကို မြင်တွေ့ရပါတယ်။

သူ့ရဲ့ဘေးမှာတော့ အနက်ရောင်ဂဝတ်စုံဆင်တူဂဝတ်ဆင်ထားတဲ့ လူတစ်စုရှိနေပါတယ်။ သူတို့အားလုံးဟာ ဒြပ်စင်စုစည်းခြင်းအဆင့်မှာ ရှိနေပေမဲ့ အရမ်းကြီးမမြင့်မားကြပါဘူး။ ပုံမှန်အားဖြင့်သူတို့က ဒြပ်စင်စုစည်းခြင်းအဆင့် ၂ ဒါမှမဟုတ် အဆင့် ၃ ပဲရှိပါတယ်။ ဘယ်သူကမှ အဆင့် ၄ ကိုရောက်နေတဲ့သူ တစ်ယောက်မှ မပါဝင်ပါဘူး။

လင်းဟန်တွေးလိုက်ပါတယ်။

``ဒီ အဖြူရောင်ဂဝတ်စုံနဲ့ လူငယ်လေးက မာလန်းပဲ ဖြစ်ရမယ်``

သူ့ရဲ့ ကျင့်စဉ်အဆင့်ကိုကြည့်ရတာ ဒြပ်စင်စုစည်းခြင်းအဆင့် ၆ ကိုရောက်နေပြီးဖြစ်ပါလိမ့်မယ်။ဒီ ဧရိယာတစ်ပိုက်မှာတော့ သူလို ငယ်ရွယ်တဲ့ အသက်အရွယ်နဲ့ ဒီအဆင့်ကိုရောက်နေတာက သေချာပေါက် ပါရမီရှင်လို့ ခေါ်ထိုက်ပါတယ်။ ရှန်ဇီယန် တို့ ချန်ချင်းတို့ ကို ပါရမီရှင်လို့

ခေါ်နေကြပေမဲ့ ဒီလူငယ်လေးနဲ့ ယှဉ်လိုက်ယင် သူတို့က ဘာမှ မဟုတ်တော့ပါဘူး။

``လင်းကလန်ခေါင်းဆောင် ဒီပြီးခဲ့တဲ့ လအတွင်းက သင်တို့ရဲ့ ကလန်က လူတစ်ချို့က ဘဲလန့်စ်တောင် အနီးတစ်ပိုက်ကို ဝင်ရောက်ခဲ့သေးလား?``

မာလန်းကမေးလိုက်ပါတယ်။

လင်းဒေါင်ရှန်ရဲ့ နှလုံးသား ခုန်ထွက်မတတ်ဖြစ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ သူ့သား လင်းဟန်က ဘဲလန့်စ် တောင်ကနေပြီး ခရီးထွက်ပြီး ပြန်လာတယ်ဆိုတာကို သိထားပါတယ် ဒါပေမဲ့ မာလန်းက ဒီအကြောင်းအရာကို မေးလိုက်တဲ့အခါမှတော့ သူ့ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတစ်ချို့ မြည်သွားခဲ့ပါတယ်။ လင်းကလန် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့တဲ့ နှစ်ပေါင်းများစွာရဲ့ အတွေ့အကြုံတွေအရ သူက ပြောလိုက်ပါတယ်။

``ကျုပ်သိရသလောက်တော့ ကျုပ်ရဲ့ ကလန်အဖွဲ့သားတစ်ယောက်မှ ဘဲလန့်စ့်တောင် အနီးတစ်ပိုက်ကို ဝင်ရောက်တာမျိုး မရှိခဲ့ပါဘူး``

ကျေးဖူးတင်ရမှာက လင်းဟန် အနေနဲ့ ခရီးထွက်တာရော ပြန်လာတာရောက အရမ်းကို လျှို့ဝှက်ထားတာပဲဖြစ်ပါတယ်။

အခြားသော ကလန်အဖွဲ့သားတွေက လင်းဟန်အနေနဲ့ တစ်လလောက် ပျောက်ကွယ်သွားတာကိုပဲ သိထားပြီးတော့ သူ့အနေနဲ့ ဘယ်ကို သွားတယ်ဆိုတာကို တိတိကျကျ မသိထားကြပါဘူး။

``ဒါဆိုရင်တော့.......``

မာလန်းက ခေါင်းငြိမ့်ပြီးတော့ ဘာမှဆက်မပြောတော့ပါဘူး သူ့အနေနဲ့ မျက်လုံးတွေကိုမှိတ်ထားပြီးတော့ လေးလေးနက်နက် စဉ်းစားခန်းဝင်နေပါ တယ်။

လင်းဒေါင်ရှန်က ဒီအခြေအနေကို ကောင်းစွာ သဘောပေါက်တဲ့အတွက် တစ်စုံတစ်ယောက်ကို ခေါ်ပြီးတော့ သစ်သားသေတ္တာလေး တစ်လုံးကို လျှင်မြန်စွာနဲ့ ယူခိုင်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးမာ က အရမ်းကို ခက်ခဲပင်ပန်းတဲ့ ခရီးကို ထွက်လာခဲ့ရတယ်.. ဒါက ကျနော်တို့ လင်းကလန်ရဲ့

သေးငယ်လှတဲ့ လက်ဆောင်လေးပါ သခင်လေးမာ ကျေးဇူးပြုပြီးလက်ခံပေးပါ``

နောက်ဆုံးမှာ မာလန်းရဲ့ မျက်လုံးတွေဖွင့်လာပြီးတော့ သစ်သား သေတ္တာလေးကို လက်ခံလိုက်ပါတယ်။ ပြီးတာနဲ့ သူက သေတ္တာလေးကို ဖွင့်လိုက်ပါတယ်။ အထဲမှာ အနည်းငယ်ထူတဲ့ စာရွက်လေးအချို့ရှိနေပြီး မာလန်းက လှန်ကြည့်လိုက်တဲ့အခါမှာတော့ သူ့ရဲ့ မျက်နှာပေါ်မှာ အပြုံး တွေ ပေါ်လာခဲ့ပါတယ်။

ဒီ စာရွက်အပိုင်းတွေက ငွေလွှဲစာရွက်တွေပဲဖြစ်ပါတယ်။ တစ်ရွက်ကို ငွေပြား ငါးရာခန့်တန်ကြေးရှိပြီး စုစုပေါင်း လေးရွက်ပါပြီးတော့ ငွေသာ း နှစ်ထောင်နဲ့ ညီမျှပါတယ်။ ဒါကတကယ့်ကို များပြားတဲ့ ပမာဏပဲ။

သူ့အနေနဲ့ ဒီနေရာကို တာဂန်တစ်ခု ထမ်းဆောင်ဖို့အတွက်ရောက်လာခဲ့ တာပဲဖြစ်ပါတယ်။ ပြီးတော့ သူ့အနေနဲ့ ငွေသားလက်ဆောင်တွေလဲ လက်ခံ ရရှိပါတယ်။ ဘယ်သူကများ သူ့ကို မရိုသေ မလေးမစား လုပ်ရဲမှာလဲ သူက ကျောက်တုံးဂံပုလွေဂိုဏ်း အဖွဲ့သားတော်ကို ခေါ်လာခဲ့တယ်လေ။ ပြီးတော့ အခုချိန်မှာ သူက ကျောက်တုံးဂံပုလွေဂိုဏ်းကို ကိုယ်စားပြုတယ်လို့

ယူဆလို့ရပါတယ်။ သူက တိမ်မီးခိုးမြို့ရဲ့ ကလန်လေးတွေကို အယင်ဆုံး လှည့်ပါတ်ပြီးတော့ လင်းကလန်နဲ့ ချန်ကလန်ကို နောက်ဆုံးမှသာ လာဖို့ ချန်ထားတာပဲဖြစ်ပါတယ်။

ကလန်ကြီးဆိုတဲ့ အတိုင်း ပဲ သူတို့တွေက လက်ဆောင်အမြောက်အများ ပေးနိုင်ပါတယ်။

အခု သူ့ရဲ့ လက်ထဲမှာ အကျိုးအမြတ်တွေ ရရှိခဲ့တဲ့အတွက် သူ့အနေနဲ့ အရမ်းကို ကျေနပ်အားရပါတယ်။ သူက ချက်ခြင်းဆိုသလို ထလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကျနော်က ကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ အမိန့်ကြောင့် လူသတ်တရားခံကို ရှာဖွေဖမ်းဆီးဖို့ ရောက်လာတာပါ...တကယ်လို့များ တစ်စုံတစ်ယောက်က ပြီးခဲ့တဲ့လက ဘဲလန့်စ်တောင် တစ်ပိုက်ကို ဂင်ရောက် ခဲ့တယ်ဆိုတာကို ကြားသိခဲ့မယ်ဆိုယင် လင်းကလန်ခေါင်းဆောင်အနေနဲ့ ကျနော့်ကို သတင်းလာပေးပေးပါ... ကျနော်က ဒီမြို့မှာ ရက်အနည်းငယ်လောက် ရှိနေပါဦးမယ်``

``ဒါပေါ့ စိတ်ချပါ``

လင်းဒေါင်ရှန်က အဖြေပေးလိုက်ပါတယ်။ သူလည်းပဲ ထရပ်ပီးတော့ ပြောလိုက်ပါတယ်။

``ကျနော် သခင်လေးမာကို လိုက်ပို့ပါရစေ``

မာလန်းက ကျေနပ်စွာနဲ့ ခေါင်းငြိမ့်ပြီးတော့ သူကိုယ်သူ အင်ပါယာသံတမန် တစ်ဦးလိုသဘောထားပြီး သူ့ရဲ့ လက်နှစ်ဖက်စလုံးကို နောက်ကျောမှာ ထားပြီးတော့ သွားဖို့ပြင်လိုက်ပါတယ်။

``သခင်လေးမာ``

အဲဒီအချိန်မှာပဲ တစ်စုံတစ်ယောက်က ချက်ချင်းဆိုသလို စကားပြောလိုက်ပါတယ်။၄င်းက လင်းရှောင်ယွမ်။

မာလန်း မျက်ခုံးတွန့်သွားပြီးတော့ သူဘက်လှည့်ကာမေးလိုက်ပါတယ်။

``ဘာများလဲ``

``ကျနော် ရုတ်တရက်သတိရသွားလို့ပါ ကလန်ထဲက အဖွဲ့သားတစ်ယောက်က တစ်လလောက်

ရုတ်တရက်ပျောက်ကွယ် သွားခဲ့တယ် ကြည့်ရတာ သူ့အနေနဲ့ ဘဲလန်စ်တောင်ကိုသွားခဲ့တာများလားမသိဘူး``

လင်းရှောင်ယွမ်က အေးစက်စက်ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အို ဘယ်သူများလဲ``

မာလန်းကမေးလိုက်ပါတယ်

``အဲဒီလူရဲ့ နာမည်က လင်းဟန်လို့ခေါ်ပါတယ်.. သူက ကျနော်တို့ ကလန်ခေါင်းဆောင်ရဲ့ သားဖြစ်ပါတယ်``

လင်းရှောင်ယွမ်က မာလန်းမေးတာကို စောင့်ပြီးတော့ ချက်ချင်းဆိုသလို လျှင်လျှင်မြန်မြန်နဲ့ပဲဖြေလိုက်ပါတယ်။

ဒီစကားကိုကြားလိုက်ရတဲ့ လင်းကလန်အဖွဲ့သားအားလုံးက သူတို့ရဲ့ နှလုံးသားထဲမှာ လင်းရှောင်ယွမ်ကို ကျိန်ဆဲကုန်ကြပါတယ်။

အခုချိန်မှာ လင်းဟန်က လင်းကလန်ရဲ့ မျှော်လင့်ချက် အလင်းတစ်ခုဖြစ်ပြီးတော့ အနာဂါတ်မှာ လင်းကလန်ကို

မြင့်မားတဲ့ အဆင့်တစ်ခုဆီကို ပိုဆောင်နိုင်မဲ့သူတစ်ယောက်ဖြစ်ပါတယ်။တကယ်လို့ သူဟာ အမိုက်ကောင်တစ်ယောက်ဖြစ်နေပါစေဦးတော့ သူ့ရဲ့ မျိုးရိုးနာမည်က လင်းဖြစ်တဲ့အတွက် အပြင်ကလူကို ကူညီပြီးတော့ ကိုယ့် ကလန်က လူကို ထိခိုက်စေတာမျိုးတော့ မလုပ်သင့်ပါဘူး။သူက ဒီလို စိတ်ဓါတ်နဲ့ ကလန်ခေါင်းဆောင်ဖြစ်ချင်နေတာလား။ အနာဂါတ်မှာ လင်းကလန်သာ သူ့လက်ထဲမှာရောက်သွားခဲ့ယင် သေချာပေါက် ပျက်စီးပါလိမ့်မယ်။

လင်းဒေါင်ရှန် က သူ့နှလုံးသားထဲမှာ ဒေါသတွေ အရမ်းကို ထွက်နေပါတယ်။ ပြီးတော့ ကလန်ထဲမှာ စည်းကမ်းသေချာ မကြပ်မတ်ခဲ့တာကို နောင်တရ နေမိပါတယ်။ သူ့အနေနဲ့ . သူတို့အားလုံးရဲ့ မျိုးရိုးနာမည်က လင်း ဖြစ်နေတဲ့အတွက်သူ့အနေနဲ့ ကြမ်းကြမ်းတမ်းတမ်း မလုပ်ခဲ့ပါပြီး ဒ့ါအပြင် လင်းရှောင်ယွမ်က နှလုံးသားကင်းမဲ့တဲ့ လူတစ်ယောက်လို့ သူ့အနေနဲ့ ဘယ်တုန်းကမှ မထင်ထားမိခဲ့ပါဘူး။

မာလန်းက လင်းဒေါင်ရှန်ဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

``လင်းကလန်ခေါင်းဆောင် ဒီလိုကိစ္စမျိုးတကယ်ပဲ ရှိသလား?``

လင်းဒေါင်ရှန်ရဲ့ အမူအရာက မပြောင်းလဲခဲ့ပါဘူး သူက ပြောလိုက်ပါတယ်။

``ကျုပ်သားက လွန်ခဲ့တဲ့တစ်လကျော်လောက်က လေ့ကျင့်ဖို့အတွက် ခရီးထွက်ခဲ့ပါတယ် ဒါပေမဲ့ သူ့အနေနဲ့ ဘဲလန့်စ်တောင်ကို မသွားခဲ့ပါဘူး``

``အို.... ဒါဆို သူက ဘယ်ကိုသွားတာလဲ``

မာလန်းရဲ့ မျက်လုံးတွေ ကျဉ်းမြောင်းပြီးတော့ မေးလိုက်ပါတယ်။

``လေတောင်တန်းခုနစ်``

လင်းဟန်က အရှေ့ကိုထွက်လိုက်ပါတယ်။`

မာလန်းရဲ့ အကြည့်တွေက လင်းဟန်ဘက်ကိုလှည့်လိုက်ပါတယ်။

``ဒါဆို မင်းက လင်းဟန်ပေါ့``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``ကျနော်က လင်းဟန်ပါ``

မာလန်းရဲ့ အကြည့်တွေက လင်းဟန်ပေါ်ကို ကျရောက်သွားပြီး သူ့မျက်နှာက အရမ်းကို ခက်ထန်နေပါတယ်။ဒီနေရာမှာ ရှိနေတဲ့လူတွေအားလုံးက မုန်တိုင်း တစ်ခု လာတော့မယ်လို့ ခံစားနေရပါတယ်။

``ဟားဟားဟားဟား``

သူက ရုတ်တရက် ရီလိုက်ပါတယ်။ ပြီးတော့ လင်းဟန်အနားကိုသွားပြီးတော့ ပခုံးကိုပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

`` အရမ်းကြီး စိတ်လှုပ်ရှားမနေပါနဲ့ ငါတို့ တစ်ခြားနေရာတွေကိုသွားမေး လိုက်ပါဦးမယ် ငါတို့ ချန်ကလန်အိမ်တော်ကို သွားဖို့ ကျန်နေသေးတယ် ဒါပေမဲ့ ငါ နောက်တစ်ခေါက်အလည်ပြန်လာဖြစ်ခဲ့ယင် ငါတို့မှာ

ဆွေးနွေးဖို့ ခေါင်းစဉ်တွေ အများကြီး ရှိလာလိမ့်မယ်လို့ ငါထင်တယ်``

ဒီလူငယ်က တကယ့်ကို မာဆတ်ဆတ်နဲ့ ပဲ။

လင်းဟန်က ပြုံးလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``နောက်တစ်ကြိမ်ထပ်တွေ့ဖို့ မျှော်လင့်ပါတယ်``

``လင်းကလန်ခေါင်းဆောင် ခင်ဗျားလိုက်ပို့ဖို့ မလိုဘူး``

မာလန်းက သူ့လက်ကို ဝှေ့ယမ်းလိုက်ပီးတော့ သူ့ရဲ့ အနက်ရောင် ဆင်တူဂုတ်ဆင်ထားတဲ့ အုပ်စုနဲ့ အတူတူပဲ ထွက်ခွာသွားခဲ့ပါတယ်။

သူ့ရဲ့ပုံရိပ်ပျောက်ကွယ်သွားတာနဲ့ ခန်းမထဲကလူတွေအားလုံး သက်ပြင်းချလိုက်ကြပါတယ်။သူတို့ကို သူတို့ သတိထားမိလိုက်တဲ့ အခါမှာ သူတို့အားလုံးရဲ့ ကိုယ်ခန္ဓာမှာ အေးစက်စက် ချွေးတွေက ထွက်ပေါ်နေပြီးတော့ ဒါက ဒီ လူငယ်လေးရှိနေတဲ့အတွက် ဖိအားဒါဏ်ကို ခံစားနေရတာကြောင့်ပဲဖြစ်ပါတယ်။
အဆိပ်ရှိတဲ့ မြွေပဲ။

ဒါကမှန်ပါတယ်။ အဆိပ်ရှိတဲ့မြွေပါ။ ဒီလူငယ်လေးက သေချာပေါက် အဆိပ်ရှိတဲ့ မြွေတစ်ကောင်ပါပဲ။

အပိုင်း (၄၂) လျှို့ဝှက်အကြံအစည်
လင်းကလန်အိမ်တော်ကနေထွက်ခွာလာပြီး
အပြင်ဘက်ကိုရောက်တာနဲ့ မာလန်းက သူ့ဘာသာ ကြားနိုင်လောက်တဲ့ အသံနဲ့ပြောလိုက်ပါတယ်။

``ဒီကောင်က ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်နေပီပဲ ပြီးတော့ အသက်က ၁၆ နှစ်ပဲရှိသေးတယ်``

တိမ်မီးခိုးမြို့လို အရမ်းကိုသေးငယ်တဲ့နေရာမှာ အသက် ၂၀ နှစ်အောက် နဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ဝင်ရောက်နိုင်တဲ့ သိုင်းပညာရှင် ရှိနေတယ် ဆိုတော့ သူက နတ်ဘုရားသစ်သီးအချို့ကို စားခဲ့တာမဟုတ်ဘူးဆိုယင် သူ့မှာ လျှို့ဝှက်ဆန်းကြယ်တဲ့ ရတနာ ကို ရရှိပိုင်ဆိုင်ထားလို့ပဲဖြစ်ရမယ်။ ငါဒီနားတစ်ပိုက်ကို သွားပြီးတော့ မေးရလိမ့်မယ်။

လူတစ်ယောက်ရဲ့ အကြောင်းကို သိရဖို့အတွက်ဆိုယင် အဲဒီလူ့ရဲ့ ရန်သူ ဆီကို သွားမေးတာက အမြန်ဆုံးပဲ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲ ဆိုယင် သင့်ကိုယ် သင်

သိတာထက် သင့်ရန်သူက သင့်ရဲ့ အကြောင်းကို ပိုပြီး သိနေနိုင်လို့ပါပဲ။

မာလန်းက သူ့လူတွေကို ခေါ်ပြီးတော့ ချန်ကလန်အိမ်တော်ဆီကိုသွားခဲ့ပါ တယ်။ နာရီဝက်ခန့်အကြာ သူမျက်နှာကပြုံးနေပြီးတော့ သူ့မျက်လုံးတွေထဲ မှာ အရမ်းကို စိတ်လှုပ်ရှားနေတဲ့ အရိပ်အယောင်တွေမြင်ရပါတယ်။

``လွန်ခဲ့တဲ့ နှစ်လလောက်က ဒီကောင့်ကို လူတွေက အမှိုက်ကောင်လို့ သိထားကြပြီး ချက်ခြင်းဆိုသလိုပဲ သူက ပါရမီရှင်တစ်ယောက် အဖြစ် ထွက်ပေါ်လာခဲ့တယ်။လင်းကလန်ကလာတဲ့ သတင်းတွေအရတော့ အတိတ်တုန်းက ဒီကောင်က သူ့ကိုသူ နှိမ့်ချပြီးနေတယ်တဲ့ ဒါပေမဲ့လည်း ဘယ်လောက်နှိမ့်ချပြီးနေနေ သူ့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဘာကိစ္စနဲ့ ဖျက်သိမ်းလိုက်ရမှာလဲ?``

ဟင့် တိမ်မီးခိုးမြို့ကလူတွေက သေသေချာချာ မမြင်ဘူးပဲ ဘာလို့လဲဆိုတော့ သူတို့က နီးနီးကပ်ကပ် ပါဝင်ပါတ်သတ်နေကြတာပဲ။ ဒီကောင့်လက်ထဲမှာ

တကယ့်ကို တန်ဖိုးမဖြတ်နိုင်တဲ့ လျှို့ဝှက်ရတနာ အချို့ကို ပိုင်ဆိုင်ထားပြီး အဲဒီဟာတွေကြောင့် အချိန်တိုတိုအတွင်းမှာပဲ သူရဲ့ ကျင့်စဉ်အဆင့်တွေ တက်သွားတာပဲဖြစ်ရမယ်။

ဘယ်လိုလုပ်ပြီးတော့များ ဖရိုဖရဲ ဒြပ်စင်ငါးခု စိတ်ဂိဉာဉ်အခြေခံကို ပိုင်ဆိုင်ထားတဲ့ အမှိုက်ကောင်က သူရဲ့ ကျင့်စဉ်အဆင့်ကို ထုတ်ဖော်ပြသ လိုက်တာနဲ့ပဲ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား?

ပြီးတော့ ဒီကောင်လေးက ကိုးယောက်မြောက် အကြီးအကဲကိုတောင်မှ ဖြီးဖြန်းပြီးတော့ ညာခိုင်းလိုက်နိုင်သေးတယ်။

တကယ်လို့ ဒီလို အမှိုက်ကောင်လို ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ကနေပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို နှစ်လလောက် အချိန်တိုတို လေးအတွင်းမှာ ရောက်အောင်လုပ်နိုင်ခဲ့တယ်ဆိုယင် အကယ်လို့များ ငါသာ အဲဒီအရာကို အသုံးပြုနိုင်ခဲ့မယ်ဆိုယင်ရော.....

မာလန်းရဲ့ နှလုံးခုန်နှုန်းတွေက အဆမတန် မြန်ဆန်လို့လာပါတယ်။ သူဟာ ကျောက်တုံးပံပုလွေဂိုဏ်းထဲက သူတို့မျိုးဆက်ထဲမှာတော့ ပါရမီရှင်တစ်ယောက် အဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။ တစ်ချိန်တည်း မှာဆိုသလို သူက ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ တပည့်ဖြစ်ပြီးတော့ ကျောက်တုံးပံပုလွေဂိုဏ်းထဲမှာ သူ့ရဲ့ အဆင့်က ထိပ်ဆုံးတပည့် သုံးယောက် ထဲမှာ ပါဝင်ပါတယ်။ ဂိုဏ်းထဲက အကြီးအကဲတွေကလဲ သူ့ပုခုံးပေါ်မှာ အရမ်းကို လေးလံတဲ့ မျှော်လင့်ချက်တွေရှိနေပြီးတော့ သူ့အနေနဲ့ ငွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် မျှော်လင့်ချက် ထားထားပါတယ်။

ဒါပေမဲ့ သူ့ရဲ့ လေ့ကျင့်နှုန်းက သာမာန်အတိုင်းသာဆိုယင် သူ့အနေနဲ့ နောက်ထပ် နှစ်ပေါင်း ၂၀ လောက်ကြာမှ ဖြစ်နိုင်ပါလိမ့်မယ်။

``တကယ်လို့ ငါ့လက်ထဲကိုသာ ဒီရတနာ ရောက်ရှိခဲ့မယ်ဆိုယင် သုံးနှစ်အတွင်း မဟုတ်ဘူးတစ်နှစ်ထဲ နဲ့တောင်မှ ငါ ငွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်လိမ့်မယ်..ပြီးတော့ ငါက မြေကြီးအလယ်အလတ်အဆင့် စိတ်ဂိဉာဉ်အခြေခံကို

ပိုင်ဆိုင်ထားတယ်။ ငါ့ရဲ့ ပါရမီက ဒီ အမိုက်ကောင်ထက်တော့ အများကြီးသာပါသေးတယ်``

ဒါပေမဲ့ လင်းကာလန်ရဲ့ အင်အားကလဲ မသေးဘူး။ ဒါကြောင့် ငါ့အနေနဲ့ အလျင်စလို လုပ်လို့မဖြစ်ဘူး။ တကယ်လို့ လင်းကာလန်ကိုသာ ခက်ခဲကျပ်တည်းတဲ့ အခြေအနေကိုဖြစ်စေလိုက်မယ်ဆိုယင် သူတို့က အဲဒီ ရတနာကို ငါ့ကို ပေးဖို့ထက် ဖျက်ဆီးပစ်ဖို့ကို ရွေးချယ်ကောင်းရွေးချယ်နိုင် တယ်။ အဲဒါဆိုယင် ငါလည်း အဲဒီရတနာကို ပိုင်ဆိုင်ခွင့်ရတော့မှာမဟုတ်ဘူး။

ပြီးတော့ အဲဒီအကြောင်းအရာတွေကို ဒီနေရာမှာ ဆူညံမှုတွေကို ငါဖန်တီး လိုက်မယ်ဆိုယင် ဂိုဏ်းထဲက ပိုပြီးစွမ်းအားကြီးတဲ့ အဖွဲ့ဝင်တွေကိုတောင်မှ ဆွဲဆောင်မှုဖြစ်စေလိမ့်မယ်။ ဒါဆိုယင်လည်း ငါ့အတွက် အဲဒီရတနာကို ပိုင်ဆိုင်ဖို့ အခွင့်အရေးမရှိတော့ဘူး။

ပြီးတော့ ဒီကောင်လေးနဲ့ ကိုးယောက်မြောက် အကြီးအကဲ ကြားမှာ ဆက်ဆံရေးတစ်ချို့ ရှိပုံရတယ်။ ကိုးယောက်မြောက်အကြီးအကဲနဲ့ ငါ့ဆရာ ရဲ့ကြားမှာ ကြီးမားတဲ့ ကွာဟချက်ရှိပေမဲ့လည်း တကယ်လို့သူသာ ရှေ့ထွက် လာခဲ့မယ်ဆိုယင် ငါ့အနေနဲ့ မနာခံလို့မရဘူး။

ဒါဆိုယင် ဒီပြဿနာက ပါးပါးနပ်နပ်နဲ့ ကိုင်တွယ်မှပဲရမယ်။

ဟာ ဟုတ်ပြီ.... ငါက အဆိပ်သခင်လေး ယုကျင်းနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိတာပဲ.သူက အဆိပ်အသုံးပြုတဲ့နေရာမှာ ကျွမ်းကျင်ပြီးတော့ သူကို အရိပ်မဲ့အဆိပ်လက် လို့တောင်နာမည်ပြောင်ခေါ်ကြသေးတာပဲ။ တကယ်လို့ သူသာငါ့ကို ကူညီခဲ့မယ်ဆိုယင် ငါ့အနေနဲ့ လင်းဟန်ကို လွယ်လွယ် ကူကူနဲ့ပဲ လှဲသိပ်နိုင်လိမ့်မယ်။ ပြီးတော့ သူ့ရဲ့ လျှို့ဝှက်ရတနာကို ငါ့ဆီကို လွှဲပြောင်းပေးခိုင်းပြီးတာနဲ့ ယုကျင်းကို ကွပ်မျက်လိုက်ပီးတော့ သူက ဟန်ကျန်းကိုသတ်တဲ့ တရားခံပါလို့ လူပုံအလယ်မှာ ကြေငြာလိုက်မယ်.။

တခြား လင်းကလန်ကလူတွေကိုတော့ တခြားသတင်းတွေ မထွက်လာစေဖို့ အတွက် သူတို့အားလုံးကို သတ်ပြီးတော့ နှုတ်ပိတ်ရလိမ့်မယ်။

ငါခုချက်ချင်းပဲ အဆိပ်သခင်လေးဆီကို တစ်ယောက်ယောက်ကို စာပို့ခိုင်းရလိမ့်မယ်။ ငါ့အနေနဲ့ ဒီကောင့်ကို လျှို့ဝှက်ရတနာ မရခင် အချိန်အထိတော့

သူငယ်ချင်းလို ဟန်ဆောင်ပေါင်းသင်းရလိမ့်မယ်။

တစ်လတောင်မကြာတဲ့အချိန်မှာ ဒီ လျှို့ဂှက်ရတနာက ငါ့အပိုင်ဖြစ်စေရမယ်။

တိမ်မီးခိုးမြို့ကို မာလန်းရောက်ပီး သူက အနီးအနား နေရာတစ်ပိုက်ကို နေ့တိုင်းသွားလာလှုပ်ရှားပြီး လင်းကလန်အိမ်တော်ကို သွားပြီးတော့ လင်းဟန်နဲ့ သောက်ရင်းနဲ့ စကားစမြည်သွားပြောခဲ့ပါတယ်။ သူဟာ လင်းဟန်နဲ့ အဆင်ပြေပေမဲ့ အခြားသော ကလန်တွေက ဖိတ်ခေါ်တာတွေကို မငြင်းပယ်တာကိုကြည့်ခြင်းဖြင့် သူဟာ လောဘကြီးတယ်ဆိုတာ ပေါ်လွင် စေပါတယ်။

သူ ပထမဆုံးရောက်တဲ့ အချိန်ကနေဆိုယင် ဒါက တစ်လနီးပါးခန့်ရှိနေပါပြီ။ ပြီးတော့ တိမ်မီးခိုးမြို့ရဲ့ ကလန်အားလုံးက ဒေါသထွက်ပြီး အငြင်းပွားနေကြ ပါပြီ။ သူတို့က ဒီ ဂုတ်သွေးစုပ်တဲ့ သူကို သူတို့မြို့ကနေပြီးတော့ အပေးကို နှင်ထုတ်ပစ်ချင်နေပါပြီ။

လင်းဟန်ကတော့ ဘာမှ လှုပ်ရှားမှုမရှိခဲ့ပါဘူး။ သူ့အနေနဲ့ နေ့တိုင်း ကြိုးစားလေ့ကျင့်နေပြီးတော့ ဖြစ်နိုင်သမျှ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ ရဲ့ အထွတ်အထိပ်ကို

ရောက်ချင်နေပါပြီ။ ဒါမှ သူ့အနေနဲ့ လေတောင်တန်း ခုနစ်ဆီကို ဝင်ရောက်ပြီး မြေကြီးနဂါးမြက်ကို ရှာဖွေတဲ့အခါမှာ လုံခြုံစွာ နဲ့ ပြန်လာနိုင်မှာဖို့ အာမခံချက်ရှိမှာပဲဖြစ်ပါတယ်။

ဒီလထဲမှာ သူ့ရဲ့ ကြိုးစားလေ့ကျင့်မှုကြောင့် သူက အထွတ်အထိပ်အဆင့်ကို ရောက်လုနီးပါးဖြစ်နေပါပြီ။သူ့ရဲ့ ဒြပ်စင်ငါးခုမူလအမှုန် တွေကလဲ သူတို့ရဲ့ အဆုံးစွန်ပုံစံအဖြစ်ရောက်လုနီးပါး ဖြစ်နေပါပြီ။ လှည်ပါတ်ခြင်းအရှိန်က လည်း ဒီထက်ပိုပြီးတော့ အနည်းငယ်မျှတောင် တိုးမလာခဲ့တော့ပါဘူး။

ဒါပေမဲ့လည်း ဒီ လည်ပါတ်ခြင်း အရှိန်က သူ့အယင်ဘဂတုန်းကထက် ပိုပြီးမြန်ဆန်ပါတယ်။ပြီးတော့ ဒီ အမှုန်ငါးခုက သူတို့ရဲ့ ပြီးပြည့်စုံတဲ့ ညီမျှခြင်း ကို ရောက်ရှိပြီးတော့ သူ့ရဲ့ စွမ်းဆောင်နိုင်ရည်ကလဲ ကြီးမားတဲ့ ပမာဏ အဖြစ် တိုးလာခဲ့ပါတယ်။

သူ့အနေနဲ့ ဒီအချိန်အတွင်းမှာ မတူညီတဲ့ များစွာသော မှော်ဆေးလုံးတွေကိုလဲ ဖော်စပ်ခဲ့ပီးတော့ အလယ်အလတ်အဆင့် မူလစွမ်းအင်ပြန်ဖြည့်တဲ့ ဆေးလုံးနဲ့ ဖြေဆေးအချို့လည်း ပါပါသေးတယ်။ ဒါက အနီရောင်ကြေးခွံမြွေနဂါးနဲ့ ရင်ဆိုင်တဲ့အခါမှာ အသုံးပြုဖို့အတွက် ကြိုတင်

ပြင်ဆင်ထားခြင်းပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီဆေးလုံးအတွက် ပါဂင်ပစ္စည်းတွေကိုတော့ ကောင်းကင်ဆေးအိမ်တော်က နေ ရရှိတာပဲ ဖြစ်ပါတယ်။ အဲဒီအတွက် သူက အခကြေးအဖြစ် သူ့အနေနဲ့ အချို့သော ပြီးပြည့်စုံတဲ့ ဆေးလုံးအချို့ကို ပေးခဲ့ပါတယ်။ ဒါက ဇူဟဲချင်ကို အရမ်းကို စိတ်လှုပ်ရှားမှုကိုဖြစ်စေခဲ့ပြီးတော့ ဒီဆေးလုံးတွေက ဂရန်းမာစတာ ကိုယ်တိုင် ဖော်စပ်ထားတဲ့ ဆေးလုံးတွေဖြစ်ပြီး သူ့အနေနဲ့ ဒါတွေကို လေ့လာရပါမယ်။

``ငါ့လက်ရှိ အစွမ်းက သာမာန် ဒြပ်စင်စုစည်းခြင်းအဆင့် ၅ သိုင်းသမား တစ်ယောက်နဲ့ ညီမျှနေပြီ``

လင်းဟန်ကတွေးလိုက်ပါတယ်။ သူ့ရဲ့မျက်နှာမှာတော့ လေးစားကြည်ညိုတဲ့ ပုံစံပေါ် လာခဲ့ပါတယ်။ အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်က အင်မော်တယ် အဆင့် စိတ်ဂိဉာဉ်ပါပဲ(ဘာသာပြန်တဲ့သူတောင် မျက်စိလည်သွားတယ်)။

ပိုင်ရှင်အနေနဲ့ ကျင့်စဉ်အဆင့်တူတဲ့ ပြိုင်ဘက်နဲ့ တိုက်ခိုက်ယှဉ်ပြိုင်မယ် ဆိုယင် လုံး၀ အသာစီး နေရာကို ရရှိမှာပဲဖြစ်ပါတယ်။ ဒါက သေချာပေါက် လုံး၀ကို မရှုံးနိုင်ပါဘူး။

``အဆင့်တစ်ခုကို ပြီးပြည့်စုံဖို့အတွက်တစ်လတောင် အချိန်ယူရတာပဲ ဒါက ငါတွက်ထားတဲ့ဆိုယင် နေးနေသေးတယ်..ဒါပေမဲ့လည်း ဒါက ယုထန် ထက်တော့ မြန်နေသေးတယ်...ဒါပေမဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်တုန်းကနဲ့ နိုင်းယှဉ်လိုက်မယ်ဆိုယင် အင်မော်တယ်အဆင့်စိတ်ဂိဉာဉ်ရဲ့ အကျိုးကျေးဇူးက အများကြီး နည်းလာတာပဲ``

``တကယ်လို့ မှော်ဆေးလုံးတွေကို အသုံးပြုမယ်ဆိုယင် အရှိန်က အနည်းငယ်တော့ တိုးလာနိုင်တယ်``

လင်းဟန်တွေးလိုက်ပါတယ်။

ဒါပေမဲ့လည်း တိမ်မီးခိုးမြို့က အရမ်းကို သေးငယ်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်ရဲ့ ကျင့်စဉ်အရှိန်ကို မြှင့်တင်ပေးနိုင်တဲ့ ဆေးလုံးရောင်းချတာက အရမ်းကိုရှားပါးလွန်းပါတယ်။ အဲဒီလို ဆေးလုံးမျိုးရဲ့ ပါဝင်ဆေးအမယ်တွေကလဲ ရှားပါးလွန်းပါတယ်။

``ဒေါက် ဒေါက်ဒေါက်``

တံခါးခေါက်သံကြားလိုက်ပီးတော့
လွှီယုထန်ကဂင်လာပြီးတော့ ပြောလိုက်ပါတယ်။

``မာလန်း နောက်ထပ်ရောက်လာပြန်ပြီ``

လင်းဟန်က ခန့်မှန်းရခက်တဲ့ အပြုံးနဲ့ ပြောလိုက်ပါတယ်။

``သူက ငါ့မှာ လျှို့ပှက်ရတနာ အချို့ ရှိပြီး အဲဒီရတနာက ငါ့ရဲ့ ကျင့်စဉ်အဆင့်ကို ပိုပြီးလျင်မြန်စေတယ်လို့ထင်ထားတယ်။ ပြီးတော့ အကြိမ်တိုင်းလိုလိုပဲ ငါ့ဆီကနေ အဲဒီအကြောင်းတွေကို ထွက်ပေါ်လာအောင်လို့ စကားနှိုက်နေသေးတယ်``

``သူ့ကို အပေးကို နှင်ထုတ်ပစ်လိုက်ဖို့ မင်းငါ့ကိုလိုအပ်သလား``

လွှီယုထန်ကမေးလိုက်ပါတယ်။

သူမက ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာရှိနေပြီးတော့ အထွတ်အထိပ် အဆင့်ကို ရောက်ဖို့အတွက် နီးကပ်နေပါပြီ.။ သူမအတွက်တော့ ဒြပ်စင်စုစည်းခြင်းအဆင့် ၄ သိုင်းသမားတစ်ယောက်ကိုရင်ဆိုင်ရတာ ကတော့

အရမ်းကိုလွယ်ကူလွန်းပါတယ်။

``မလိုပါဘူး... မကြာခင်မှာသူ့ရဲ့ သည်းခံနိုင်မှုက တာရှည်မခံနိုင်တော့ဘူးလို့ မြင်နေရတယ်.. သူ့အတွက်တော့ ကစားပွဲမှာ သူ့ရဲ့ ကတ်ကို တင်ရတော့မဲ့ အချိန်ရောက်လာပြီ``

လင်းဟန်က သူ့ခေါင်းကို ယမ်းလိုက်ပါတယ်။ သူ့မျက်လုံးတွေက တောက်ပနေပါတယ်။ မာလန်းက ဒြပ်စင်စုစည်းခြင်းအဆင့် ၄ အထွတ်အထိပ်အဆင့်ဖြစ်ပြီးတော့ ဒါက သူ့အတွက်တော့ သူ့ရဲ့ တိုက်ပွဲစွမ်းအင်ကို စမ်းသပ်ဖို့အတွက် အခွင့်ကောင်းတစ်ရပ်ပဲဖြစ်ပါတယ်။

သူက ဧည့်ခန်းမကြီးဆီကို လှို့ယှထန်နဲ့ ရင်ဘောင်တန်းပြီးတော့ လမ်းလျှောက်လာခဲ့ပါတယ်။လင်းဒေါင်ရှန်လည်းပဲ ခန်းမထဲမှာ ထိုင်နေပါတယ်။ လင်းရှောင်ယွမ်နဲ့ သူ့မြေး တို့လည်း ရှိနေကြပြီးတော့ တစ်ဖက်တည်းမှာ တူတူရပ်နေပြီး သူတို့ရဲ့မျက်နှာမှာ အပြုံးတွေနဲ့ပါ။ ဘယ်သူက ထင်မှာလဲ သူတို့က ဘယ်လို အဆိပ်ရှိတဲ့ အတွေးတွေကို တွေးတောနေလဲဆိုတာကိုပေ့ါ။

``အခုက လင်းရှောင်ယွမ်နဲ့ သူ့အုပ်စုကို ရှင်းထုတ်ပစ်ရမဲ့ အချိန်ပဲ``

လင်းဟန်က တွေးလိုက်ပါတယ်။

ဒါပေမဲ့လည်း မာလန်းရဲ့ ဘေးမှာ အနက်ရောင်ဂဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့မျက်နှာက လူသေတစ်ယောက်ရဲ့ ခံစားမှုလိုမျိုး တွေ့မြင်နေရပါတယ်။

``ညီလေးလင်း.. ငါတို့ မတွေ့တာ ရက်အနည်းငယ်ရှိနေပြီ.. နေကောင်းတယ်မဟုတ်လား?```

မာလန်းက ထရပ်ပြီးတော့ သူ့မျက်လုံးတွေက လှို့ဝှက်ထန်ရဲ့ လုပတဲ့ ကောက်ကြောင်းပေါ်ကို အကြည့်တွေကျရောက်သွားပြီးတော့ အနည်းငယ် ပူလောင်သွားပါတယ်။

ဒီလို ခြွင်းချက်မရှိ လုပမှုကြောင့် သူ့ရဲ့ နလုံးခုန်နှုန်းတွေက လျှင်မြန် လိုလာပါတယ်။ သူကျိန်ဆိုလိုက်ပါတယ် သူ လင်းဟန်ကို သတ်ပြီး လှို့ဂှက်ရတနာကို

လက်ဂလယ်ပိုင်ဆိုင်ပြီးတဲ့အခါကျယင် ဒီ လှပချောမောတဲ့ မိန်းကလေးကိုလဲ သူ့လက်ထဲ သေချာပေါက် ရအောင်လုပ်ရလိမ့်မယ်။

လင်းဟန်က အပြုံးတုတစ်ခု ဖန်တီးပီးပြောလိုက်ပါတယ်။

``ကျနော် နေကောင်းပါတယ်``

လင်းဒေါင်ရှန်က အစေခံ တစ်ယောက်ကို လဘက်ရည် သွားယူခိုင်း တဲ့ အချိန်မှာပဲ မာလန်းက လင်းဟန်ကို ကျောက်တုံးဂံပုလွေဂိုဏ်းကို လာရောက် လည်ပါတ် ပျော်ပါးဖို့ အတွက် ဖိတ်ခေါ် လိုက်ပါတယ်။

လင်းဟန်က လဘက်ရည်ခွက်ကို မြှောက်လိုက်ပီး အဖုံးကို ဖယ်လိုက်ပါတယ်။ သူ့ရဲ့ အမူအရာက အနည်းငယ်ပြောင်းလဲသွားခဲ့ပါတယ်။

ခွက်ထဲမှာ အဆိပ်ရှိတယ်။

သူက မှော်ဆေးပညာရှင်ပါ... မှော်ဆေးပညာရှင်တွေက အဆိပ်နဲ့ ပါတ်သတ်ပြီး နားလည်မှု အရမ်းကို နက်ရှိုင်းပြီးတော့ အချို့သော ဆေးလုံးတွေမှာ အဆိပ်ရှိတဲ့

ဆေးအမယ်တွေလိုအပ်ပြီးတော့ သူတို့ကို ဖော်စပ်တဲ့အခါမှာ မီးနဲ့ တိုက်ခိုက်ကြပါတယ်။

``Pa``

သူက လက်ဂါးတစ်ချက်ရိုက်ထုတ်လိုက်ပြီး သူ့ရဲ့ မူလစွမ်းအင်တွေက လင်းဒေါင်ရှန်ရဲ့ နှုတ်ခမ်းနားမှာ တွေ့ထားတဲ့ ခွက်ကို ပျက်ဆီးစေပြီးတော့ နေရာအနှံ့အပြားကို လွင့်စင်သွားပါတယ်။

``ဟန်အာ``

လင်းဒေါင်ရှန်က အံ့သြသွားပါတယ်။ သူ့သားဘာလုပ်တယ်ဆိုတာကို သူမသိပါဘူး။

``ခွက်ထဲမှာ အဆိပ်ရှိတယ်``

လင်းဟန်ကပြောလိုက်တယ်။

``ဘာ``

လင်းဒေါင်ရှန်ရဲ့ မျက်လုံးထဲမှာ အမူအရာပေါင်းစုံ

လင်းလက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ သူ့သားရဲ့ တွက်ချက်မှုအပေါ် သံသယမရှိခဲ့ပဲ သူ့ရဲ့ ပထမဆုံး တုံ့ပြန်မှုက လင်းရောင်ယွမ်နဲ့ သူမြေးဆီကို စိန်းစိန်းဝါးဝါး စိုက်ကြည့်လိုက်ပါတယ်။ ဒီနေရာမှာရှိနေတဲ့လူတွေထဲက သူတို့ရဲ့ ခွက်ထဲ ကို အဆိပ်ခတ်နိုင်တဲ့အစွမ်းရှိတာ သေချာပေါက် လင်းရောင်ယွမ်ပဲဖြစ်ပါတယ်။

အပိုင်း(၄၃) အဆိပ်

တစ်ချိန်တည်းမှာပဲ လင်းရောင်ယွမ်က ခုံပေါ်ကနေ ကြောင်တစ်ကောင်လိုမျိုး ထခုန်ပြီးတော့ လင်းဒေါင်ရှန်ကို လက်ညှိုးထိုးပြီးပြောလိုက်ပါတယ်။

``လင်းဒေါင်ရှန် .... ဒါက ဘာသဘောလဲ... မင်းကို ငါက အဆိပ်ခတ်တယ် ဆိုပြီးတော့ စွပ်စွဲချင်တာလား?``

သူက ကျောက်တုံးဂံပုလွေဂိုဏ်းက တော်ဂင် ညှော်သည်တွေ အရှေ့မှာ တောင်မှ သူ့ရဲ့ စိုးရိမ်ပူပန်မှုကို မထိန်းချုပ်နိုင်ခဲ့ပါဘူး။ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်ကို အဆိပ်ခတ်တာ ဘယ်လောက်တောင် ခွင့်မလွှတ်နိုင်တဲ့ ရာဇဝတ်ပြစ်မှုကြီးလဲ? ဒီလို ရာဇဝတ်မှု မျိုးက သေချာပေါက် သူ့ကို အကြိမ်တစ်ရာလောက် သေစေနိုင် ပါတယ်။

ပိုပြီး အရေးကြီးတာက သူ့အနေနဲ့ ဒီလိုကိစ္စကို တကယ်ပဲ မလုပ်ခဲ့ပါဘူး။

ဒီလူအိုကြီးက သူ့ဘဝတစ်လျှောက်လုံးမှာ လှို့ဝှက်အကြံစည်တွေ အမြောက် အများ နဲ့ မကောင်းတဲ့အရာတွေကို လုပ်ဆောင်ခဲ့ပေမဲ့လည်း ဒီတစ်ကြိမ် မှာတော့ တစ်စုံတစ်ယောက် က သူ့ကို မှားယွင်းပြီး စွပ်စွဲခဲ့ပါတယ်။ ဒေါသတွေပေါက်ကွဲပြီး သူ့မျက်နှာဟာ အစိမ်းရောင် အဖြစ် ပြောင်းသွားခဲ့ ပါတယ်။

လင်းဒေါင်ရှန်က သူကိုယ်တိုင်လဲ ဒီအဆိပ်ကို မခတ်ဖူးဆိုတာသိသလို မာလန်းကလဲ လုပ်စရာ အကြောင်းမရှိပါဘူး.. ဒါဆို အဖြစ်နိုင်ဆုံးက လင်းရှောင်ယွမ်ပဲဖြစ်ပါတယ်။

``လင်းရှောင်ယွမ်.... ငါတို့နှစ်ယောက်လုံးက လင်းကလန်ရဲ့ အဖွဲ့သား တွေဖြစ်လို့ ငါ အမြဲတမ်းမင်းကို သည်းခံနိုင်ခဲ့တယ် ဒါပေမဲ့ ဒီ တစ်ကြိမ် မှာတော့ မင်း အရမ်းကို လွန်သွားပြီ``

တကယ်လို့ မာလန်းသာ ဒီနေရာမှာ သေသွားခဲ့မယ်ဆိုယင် လင်းကလန်ခေါင်းဆောင် တစ်ယောက်အနေနဲ့ တာဝန်ယူရမှာဖြစ်ပြီး သူ့အနေနဲ့ ပြေးလို့

လွတ်မှာမဟုတ်ပါဘူး။

လင်းဟန်က ခေါင်းကိုခါယမ်းလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``အဲဒါသူမဟုတ်ဘူး``

``သူမဟုတ်ဘူးလား?``

လင်းဒေါင်ရှန်မျက်နှာမှာ အံ့အားသင့်မှုတွေ ပြည့်နှက်နေပါတယ်။ လင်းရှောင်ယွမ်ရဲ့ မျက်နှာမှာ မယုံနိုင်မှုတွေ ဖြစ်ပေါ်နေပါတယ်။ သူ့အနေနဲ့ လင်းဟန်က သူ့ဘက်ကနေ လိုက်ပြီးတော့ ပြောပေးလိမ့်မယ်လို့ ဘယ်တုန်းက မှ ထင်မထားခဲ့ပါဘူး။

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဒီ အမှိုက်တစ်စုံက ဒီလိုအဆိပ်မျိုး ကို ဘယ်တော့မှ ဖော်စပ်နိုင်မှာ မဟုတ်ဘူး``

``ဒါ...``

လင်းရှောင်ယွမ်နဲ့ လင်းမုယွမ် တို့နှစ်ဦး ဒေါသ အမျက်ခြောင်းခြောင်းထွက် ကုန်ပါတယ်။အကြောင်းကတော့ သူတို့ကို အမိုက်လို့ပြောလိုက်တဲ့ အပြင် ဒီလိုအဆိပ်မျိုးကိုပါ မဖော်စပ်တတ်ဘူးလို့ပြောလိုက်တဲ့ အတွက်ပါပဲ။ ဒါပေမဲ့ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်ကို အဆိပ်ခတ်တဲ့ ရာဇဝတ်မှု နဲ့ နိုင်းယှဉ် လိုက်မယ်ဆိုယင် သူတို့အနေနဲ့ တိတ်ဆိတ်ငြိမ်သက်နေတာ အကောင်းဆုံးပါပဲ။

လင်းဒေါင်ရှန်က ပဟေဠိ ဆန်တဲ့ အမူအရာ နဲ့မေးလိုက်ပါတယ်။

``ဒါဆို ဘယ်သူက တရားခံလဲ?``

လင်းဟန်က မာလန်းဘက်ကို တစ်ချက်ပျှော့ကြည့်လိုက်ပီး မခန့်မှန်းနိုင်တဲ့ အပြုံးတစ်ခုကိုပြုံးကာ ပြောလိုက်ပါတယ်။

``အကိုမာ... သင်ကိုယ်တိုင်ပဲ ရှင်းပြပေးဖို့ ဆန္ဒ မရှိဘူးလား?``

``ဘာကို ရှင်းပြရမှာလဲ?``

မာလန်းရဲ့ မျက်နှာမှာ ရှုပ်ထွေးမှုတွေ ပြည့်နေပါတယ်။

လင်းဒေါင်ရှန်ရဲ့ မျက်နှာ မှာ သတ်ဖြတ်ချင်တဲ့ စိတ်တွေ တစ်ဖြေးဖြေးနဲ့ ပေါ်ထွက်လိုလာပါတယ်။လင်းဟန် ပြောတဲ့စကားအရ သူတို့ရဲ့ လဘက်ရည် ခွက်ထဲကို အဆိပ်ခတ်တဲ့ တရားခံက မာလန်းဖြစ်နေတယ်မဟုတ်လား?။

ဒါပေမဲ့ အဓိကပြဿနာက မာလန်းအနေနဲ့ ဘယ်အချိန်တုန်းက သူတို့ ခွက်ထဲ အဆိပ်ခတ်ဖို့ အခွင့်အရေး ရခဲ့တာလဲ?။ လဘက်ရည် ခွက်ထဲ က ရေ က သူတို့ရေတွင်းထဲကလာတာဖြစ်ပြီးတော့ လက်ဘက်ရည်ကလဲ သူတို့ လင်းကလန်ရဲ့ ကိုယ်ပိုင်ဖြစ်ပြီး ပြင်ဆင်ပေးတာကလဲ သူတို့ရဲ့ လူပဲဖြစ်တယ်လေ။

တကယ်လို့ ဒီအကြောင်းကိုသာ အပြင်လူကြားယင် ရီရလွန်းလို့ အူတက်ပြီးတော့ တောင် သေနိုင်ပါတယ်။ မင်းအနေနဲ့ ဒီလိုမျိုး လူမမှားသင့်ဖူး ဆိုပြီးတော့ပေါ့။

ဒါပေမဲ့ ဒါက သူ့သားရဲ့ ပါးစပ်ကနေ ထုတ်ဖော်ပြောတာဖြစ်လို့ လင်းဒေါင်ရှန် အနေနဲ့လုံးဝ ယုံကြည်လိုက်ဖို့ ရွေးချယ်ခဲ့ပါတယ်။

``သင်မလုပ်ဘူးဆိုယင် အကိုမာ...ဘယ်သူက အဆိပ်ခတ်မှာလဲ?``

လင်းဟန်ကမေးလိုက်ပါတယ်။

``Peng``

မာလန်းက ရုတ်တရက်ဆိုသလို စားပွဲခုံကို သူ့လက်ဝါးနဲ့ ရိုက်ပီးတော့ ထိုင်နေရာကနေ ရပ်လိုက်ပီး ဒေါသထွက်စွာနဲ့ ပြောလိုက်ပါတယ်။.

``လင်းဟန်...ငါက မင်းကို သူငယ်ချင်းတစ်ယောက်လို သတ်မှတ်ထားတယ်.. ဒါပေမဲ့ မင်းကအခု ငါ့ကိုဒီလိုမျိုး မှားယွင်းပြီးပြောတယ်.. မင်းရဲ့ ဆန္ဒက ဘာလဲ? မင်းခွက်ထဲကို ငါက အဆိပ် ခတ်တယ်လို့ မင်းကပြောချင်တာလား? ငါက ဘာလို့ ဒီလိုမျိုးလုပ်ရမှာလဲ? ဒီရေ ဒီလဘက် နဲ့ ဒါတွေအားလုံးကို ပြင်ဆင်ပေးတဲ့သူက မင်းတို့ လင်းကလန်က ပဲလေ ဒါဆို ဘယ်အချိန်က ဒီလိုမျိုးလုပ်ဖို့ ငါ့မှာ အခွင့်အရေး ရသွားပါလိမ့်နော်?``

``လင်းဟန်.. မင်းက ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်ကို တကယ်ပဲ လုပ်ကြံစွပ်စွဲရဲတယ် ဒါက လုံးဝ

ခွင့်မလွှတ်နိုင်စရာပဲ``

လင်းရှောင်ယွမ်က ဒီအခွင့်အရေးကို အသုံးချပြီးတော့ ချက်ချင်းထခုန်ပြီး အော်ပြောလိုက်ပါတယ်။

မာလန်းက လင်းရှောင်ယွမ်ဘက်ကိုလှည့်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``လင်း အိမ်တော်ထိန်းကြီး ငါက ဒီသားအဖ နှစ်ယောက်ကို ငါတို့ဂိုဏ်းရဲ့ တပည့် ဟန်ကျန်းကို သတ်တဲ့ တရားခံတွေလို့ သံသယရှိမိတယ် သူတို့ကို ဖမ်းဖို့အတွက် မင်းငါ့ကိုကူညီနိုင်မလား?``

လင်းရှောင်ယွမ်က ရုတ်တရက် အရမ်းကို ဂမ်းသာကျေနပ်ဖြစ်သွား ပြီး ပြောလိုက်ပါတယ်။

``ကျနော် သခင်လေးမာရဲ့ အမိန့်ကို နာခံဖို့ ဆန္ဒရှိပြီးတော့ ကျောက်တုံးပံပုလွေဂိုဏ်းအတွက် ဆောင်ရွက်ပေးပါ့မယ်``

``အရမ်းကောင်းတယ်.. ငါ ဒီကောင်နဲ့ ယှဉ်နေတဲ့အချိန်အတွင်းမှာ မင်းက လင်းဒေါင်ရှန်ကို တစ်ချက်ထိန်းထားပေးဦး``

မာလန်းက အမဲရောင်ဂုတ်စုံဂုတ်ထားတဲ့ လူငယ်ဆီကို အဓိပ္ပါယ်ပါတဲ့အကြည့်နဲ့ တိုက်ရိုက်ကြည့်ပြီးတော့ပြောလိုက်ပါတယ်။

အမဲရောင်ဂုတ်စုံနဲ့ လူငယ်က ငြင်သာစွာခေါင်းငြိမ့်လိုက်ပီး သူ့ရဲ့ ဂုတ်စုံရှည် ထဲက ကျောက်စိမ်းပုလင်းတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ သူက ချက်ချင်းဆိုသလို ပုလင်းကို ကြမ်းပြင်ပေါ်ကိုပေါက်လိုက်ပီး အနက်ရောင် အခိုးအငွေ့တွေက ခန်းမကြီးရဲ့ နေရာအနှံ့အပြားကို လျှင်မြန်စွာနဲ့ပဲ ပြန့်နှံ့သွားခဲ့ပါတယ်။

အဆိပ်ငွေ့?

အားလုံး တုံ့ဆိုင်းမနေပဲနဲ့ အသက်ရှုတာတွေကို အောင့်ထားပြီးတော့ အဆိပ်ငွေ့တွေကို မရှူမိအောင်လုပ်နေကြပါတယ်။ ဒါက တကယ့်ကို မကောင်းတာပဲ။

``ဟားဟားဟားဟား...ငါ့အနေနဲ့ မင်းလျှင်လျှင်မြန်မြန် သတိထားမိလိမ့် မယ်လို့ မမျှော်လင့်ထားခဲ့ဘူး``

မာလန်းရဲ့ အမူအရာတွေက ယုတ်မာတဲ့ အမူအရာပေါ်လာခဲ့ပါတယ်။

``ဒါကအမှန်ပဲ...ငါက မင်းတို့ရေတွင်းထဲကို အဆိပ်ခတ်ခဲ့တယ်..ငါတကယ်မထင်ထားဘူး မင်းက အရမ်းသတိရှိလိမ့်မယ် လို့...ကံကောင်းစွာပဲ ငါ့မှာ ဒုတိယအကြံစည် ကြိုပြီးရှိနေတယ်.. ငါမင်းကို တစ်စုံတစ်ယောက်နဲ့မိတ်ဆက်ပေးပါရစေ... ဒါက ငါ့အကောင်းဆုံးသူငယ်ချင်း ယုကျင်း .. အားလုံးကတော့ သူ့ကို အဆိပ်သခင်လေးလို့ ခေါ်ကြတယ်လေ``

ဒါက မူလစွမ်းအင်ဖျက်စီးခြင်း အမှုန့်ပါ ဒါကို တစ်ခါလောက် ရှူမိယုံနဲ့ သင့် ခန္ဓာကိုယ်ထဲက မူလစွမ်းအင်တွေကို အချိန်တစ်ခုလောက် ပိတ်ဆို့ထားပြီး တော့ သင့်အနေနဲ့ စွမ်းအားမဲ့စေမှာပါ။ ပြီးတော့ မတ်တပ်ရပ်ဖို့တောင်မှ ခွန်အား မရှိ ဖြစ်သွားစေပါတယ်။

လင်းဒေါင်ရှန်ရဲ့ နှလုံးသားထဲမှာ ဒေါသတွေပြည့်နှက်လို့နေပါတယ် ဒါပေမဲ့ သူ့အနေနဲ့ သူ့ရဲ့ ဒေါသကို ထုတ်ဖော်လို့မရပါဘူး ဒီအချိန်မှာ သူပါးစပ်သာ ဟ လိုက်မယ်ဆိုယင် ဒီ မူလပျက်စီးခြင်းအမှုန်တွေကို သူရှူမိသွားယင် အားလုံးပြီးဆုံးသွားပါလိမ့်မယ်။

အဆိုးဆုံးအချက်က လင်းရှောင်ယွမ်ကလဲ သူ့ကို အဆက်မပြတ်စောင့်ကြည့်နေပြီးတော့ သူ့ကို တိုက်ခိုက်ဖို့ လုပ်နေတာပဲ ဖြစ်ပါတယ်။

ဒီ လူအိုကြီးက သူ့ရဲ့ အဓိက ရည်ရွယ်ချက်က လင်းကလန်ခေါင်းဆောင် နေရာကို ရယူဖို့ ဆုံးဖြတ်ထားပြီးတော့ အမြဲတမ်းဆိုးရွားစွာပဲ လုပ်ဆောင်နေပါတယ်။သူ့အနေနဲ့ လင်းဒေါင်ရှန်ကို သတ်ဖြတ်လိုက်တာနဲ့ နောက်ဆုံးမှာ လင်းကလန်ခေါင်းဆောင် ထိုင်ခုံကို ရမယ်လို့ ထင်နေတာလား? ဒါပေမဲ့လည်း မာလန်းက ဒီလောက် ရက်စက်တာ သူ့အနေနဲ့ လင်းကလန်ရဲ့အဖွဲ့သားတွေ ကို အသက်ချမ်းသာပေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား?

တကယ့် အရှုးပဲ။

လင်းဟာန်က သူ့ဂတ်ရုံထဲကနေပြီးတော့ ဆေးလုံးပုလင်းကို ထုတ်လိုက်ပီးတော့ ဆေးတစ်လုံးကိုထုတ်ယူပြီး စားလိုက်ပါတယ်။ ပြီးတော့ နောက်ထပ် ဆေးလုံးတွေထုတ်ပီး လျှို့ယုထန်နဲ့သူ့အဖေဆီကို ပစ်ပေးလိုက်ပီးတော့ လင်းဒေါင်ရှန်ကိုပြောလိုက်ပါတယ်။

``အဖေ ဒီဆေးလုံးက ဒီအဆိပ်ကို တန်ပြန်နိုင်တဲ့အစွမ်းရှိတယ်...ဒါက မူလစွမ်းအင်ဖျက်ဆီးခြင်းအမှုန့်ရဲ့ အဆိပ်အစွမ်းကို လွယ်လွယ်ကူကူ ရင်ဆိုင်နိုင်တယ်``

လွီယုထန်လဲ သူမလက်ခံရရှိတဲ့ ဆေးလုံးကို လျှင်မြန်စွာ စားလိုက်ပါတယ်။

လင်းဒေါင်ရှန်က လင်းရှောင်ယွမ်ကို လက်ဂါးနဲ့ ရိုက်လိုက်ပြီးတော့ တိုက်ပွဲကို စတင်လိုက်ပါတယ်။

မာလန်းက သူတို့ကို တားဖို့အတွက် မလှုပ်ရှားခဲ့ပါဘူး။ သူ့အမြင်အရတော့ လင်းဟာန်ရဲ့ ဆေးလုံးတွေက လုံးဝ အာနိသင်ရှိမှာမဟုတ်ပါဘူး။

အကြောင်းက တံခါးတိုင်းမှာ သူကိုယ်ပိုင် သော့ ရှိသလို ဖြေဆေးတိုင်းမှာလဲ သူနဲ့သက်ဆိုင်တဲ့ အဆိပ်ကိုပဲ ကုသနိုင်ပါတယ်။ ယေဘုယျ အတိုင်းပြောရမယ်ဆိုယင် လင်းဟာန်က ကြိုတင်သိမြင်ပြီးတော့ မူလဖျက်စီးခြင်းအမှုန့်ကို ရင်ဆိုင်ဖို့ ဖြေဆေးကို သူ့လက်ထဲမှာ ပိုင်ဆိုင်ထားတယ်ပေါ့။ ဒါကဘယ်လိုမှ

ယုံနိုင်စရာအကြောင်းမှ မရှိတာ။

ဟားဟား ဒါဆိုယင်လဲ သူတို့ကို ဒီဆေးလုံးက သူတို့ရဲ့ အဆိပ်တွေကို ခုခံကာကွယ်ပေးနိုင်တယ်လို့ ယုံကြည်ပါစေ။ အဲဒီအချိန်မှာ သူတို့ပါးစပ်တွေကို သေချာပေါက်ဖွင့်ပြီးတော့ မူလစွမ်းအင်ဖျက်စီးခြင်း အမှန် အဆိပ်ငွေ့တွေကို ရှူမိပြီးတော့မှ နောင်တရဖို့အတွက် အရမ်းကို နောက်ကျသွားလိမ့်မယ်။

လင်းဒေါင်ရှန်က ဆေးလုံးကို ရတာနဲ့ သူ့ပါးစပ်ထဲထည့်ပြီး မြိုချလိုက်ပါတယ်။ သူ့အနေနဲ့ သူ့သားအပေါ် သံသယမရှိ လုံးဝယုံကြည် ပါတယ်။ သူဆေးလုံးကို မြိုပြီးတဲ့အခါမှ အသက်ကိုဝအောင်ရှူလိုက်ပါတယ်။ သူ့အနေနဲ့ အသက်အောင့်ပြီးတော့ တိုက်ပွဲကို အကြာကြီး မတိုက်ခိုက်နိုင်ဘူးလေ။

အမဲရောင်ဝတ်စုံနဲ့ လူငယ်ကတော့ သရော်အပြုံး ပြုံးလိုက်ပါတယ်။ သူက အမှန်တကယ်တော့ ဆေးပညာရှင် တစ်ဝက် အဖြစ်သတ်မှတ်နိုင်ပါတယ်။ သူက သူ့ရဲ့ စိတ်စွမ်းအင်တွေကို မှော်ဆေးဖော်စပ်တဲ့နေရာမှာ အသုံးမပြုခဲ့ပါဘူး အဲဒီအစား သူက အမျိုးမျိုးသောအဆိပ်တွေကို ရောနှောပြီးတော့

အဆိပ်ကိုအသုံးပြုပြီး သတ်ဖြတ်ဖို့ နည်းလမ်းအမျိုးမျိုးကို လေ့လာခဲ့ပါတယ်။

ဒီ မှုလဖျက်စီးခြင်းအမှုန့်က ဈေးကွက်ထဲက အဆင့်နိမ့်ကုန်ပစ္စည်းနဲ့ မတူပါဘူး။ သူက ဒီထဲကို အခြားသော အဆိပ်အမျိုးအပြားကို ထည့်သွင်းထားပါသေးတယ်။ ၄င်းက မူလစွမ်းအင်လှည့်ပါတ်ခြင်းကို နှေးကွေးစေယုံသာမက ကိုယ်ခန္ဓာရဲ့ ခံနိုင်ရည်ကိုလဲ အားနည်းစေပြီးတော့ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်း အင်္ဂါတွေအပေါ် မူတည်ပြီးတော့ ကြောက်မက်ဖွယ်ကောင်းတဲ့ အဆိပ်ဒါဏ်ကိုလဲ ခံစားရနိုင်ပါသေးတယ်။

တကယ်လို့ ဒါက အဆိပ်မရှိဘူးဆိုယင် သူ့အနေနဲ့ ဘယ်လိုလုပ်ပီးတော့ အဆိပ်သခင်လေးဆိုတဲ့ နာမည်ကို ရရှိနိုင်မှာလဲ။

မာလန်း လည်းပဲ အလျင်စလို မလုပ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ လင်းဒေါင်ရှန်က ဒြပ်စင်စုစည်းခြင်းအဆင့်၉ အထွတ်အထိပ်ကိုရောက် ရှိနေယုံသာမက ကြောက်မက်ဖွယ်ရာကောင်းတဲ့

တိုက်ပွဲစွမ်းအင်လဲ ပိုင်ဆိုင်ထားပါတယ်။ တကယ့်ကို ရှုံးနေတဲ့သူမှသာ သူနဲ့ ထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်ပါလိမ့်မယ်။ သူ့အနေနဲ့ အချိန်ပိုကြာကြာလေး စောင့်လိုက်မယ်ဆိုယင် တိုက်စရာတောင်မလိုပဲနဲ့ လင်းဒေါင်ရှန်အနေနဲ့ ရှုံးနိမ့်သွားပါလိမ့်မယ်။

မာလန်းက ဒီလို အခြေအနေမှာ အိန္ဒြေရရရှိနေပါတယ် ဒါပေမဲ့ လင်းဟန်ကတော့ ဘာလို့ စွန့်စားနိုင်ရတာလဲ? ကျောက်တုံးဂံပုလွေဂိုဏ်း ရဲ့ တပည့်တစ်ယောက်ကို သတ်ခြင်း.. ဒီ့အပြင် အင်ပါယာရဲ့ သံတမန်အဆင့်နဲ့ ညီမျှတဲ့လူတစ်ယောက်... ဒါက တကယ့်ကို ကြီးမားတဲ့ ရာဇဝတ်မှုကြီးဖြစ်ပြီး တော့ လင်းကလန်ရဲ့ ပျက်စီးခြင်းကိုသယ်ဆောင်လာနိုင်တယ်လေ။

``အခုအချိန်က အများကြီး တွေးဆနေရမဲ့အချိန်မဟုတ်ဘူး.. ငါတို့က စဉ်းနီတုံးပေါ်က ငါးမဟုတ်သလို တစ်ခြားလူက လာခုတ်မှာကိုလဲ လဲ့ပြီး စောင့်မနေနိုင်ဘူး``

လင်းဟန် တိကျပြတ်သားစွာဆုံးဖြတ်လိုက်ပါတယ်။ ဒီ့အပြင် သူမှာ လျှို့ ဂှက် ဖဲချပ်တွေအများကြီး အသုံးပြုလို့ရပါတယ်။

ချန်ဖန်းလီ.. ဇူဟဲချင် တို့အပြင် လွီယုထန်ရဲ့ နောက်ကွယ်က

အင်ပါယာမြို့က လှိုကလန်လည်းရှိပါတယ်။

လင်းဒေါင်ရှန်က သူ့ရဲ့ ဆုံးဖြတ်ချက်ကို လျှင်မြန်စွာ ချလိုက်ပါတယ်။ သူ့အနေနဲ့ တိကျပြတ်သားတဲ့ပုံစံမဟုတ်ပေမဲ့လည်း အခု သူ့ရဲ့ သတ်ဖြတ်ချင်တဲ့စိတ်ဆန္ဒက နေရာအနှံ့ကို ချက်ချင်းပြန့်နှံ့လို့သွားခဲ့ပါတယ်။

``ဟင်``

မာလန်းနဲ့ ယုကျင်း နှစ်ယောက်စလုံး ထူးဆန်းတဲ့ ခံစားမှုဖြစ်ပြီးတော့ ဘာလို့ လင်းဒေါင်ရှန်နဲ့ ကျန်တဲ့သူတွေက သူတို့ရဲ့အဆိပ်မိတဲ့ လက္ခဏာကို မမြင်ရတာပါလိမ့်။ ပြီးတော့သူတို့ကြည့်ရတာ အားလုံးပုံမှန်လိုပဲ။

ဖြစ်နိုင်တာက စောစောက သူတို့ အသုံးပြုခဲ့တဲ့ဆေးက တကယ်ပဲ သူတို့ရဲ့ အဆိပ်ကို ခုခံကာကွယ်နိုင်တာလား?

``အား``

အဲဒီအချိန်မှာပဲ လင်းရှောင်ယွမ်နဲ့ နာနာကျင်ကျင်နဲ့ အော်ဟစ်သံကိုကြားရပြီး ရုတ်တရက်

မြေကြီးပေါ်ကိုလဲကျသွားပါတယ်။ သူ့ရဲ့ ခြေလက် လေးချောင်းလုံး တွန့်လိမ်ကုတ် နေပြီးတော့သူ့မျက်နှာကလဲ မဲ့ရွဲ့လို့နေပါတယ်။သူက ဝေဒနာဒါဏ်ကို မချိတင်ကဲ ခံစားနေရတဲ့ပုံပါပဲ။ လင်းမုယွမ်လဲ တူညီတဲ့အခြေအနေမျိုးပါပဲ ။သူလည်းမြေကြီးပေါ် လဲနေပြီးတော့ အကြောတွေဆွဲနေပါတယ်။

အပိုင်း(၄၄) မာလန်းနဲ့ တိုက်ခိုက်ခြင်း
``အား.. ဖြေဆေး``

လင်းရှောင်ယွမ် ငြိုးတွားလိုက်ပါတယ်။ ဒီ မူလပျက်စီးခြင်းအမှုန့်က သူ့ရဲ့ မူလစွမ်းအင်တွေကို တစ်စစီ ဖြစ်စေယုံသာမက သူ့ကိုလည်း အားနည်းသွားစေခဲ့ပါတယ်။ ၄င်းက အရမ်းကို အင်အားပြင်းထန်တဲ့ အဆိပ် စွမ်းရည်တွေပါရှိပြီးတော့ သူ့ရဲ့ အတွင်းပိုင်း အင်္ဂါတွေ မခံမရပ်နိုင်အောင် နာကျင်တဲ့ ဝေဒနာကြောင့် အော်ဟစ် ငြိုးတွားစေပါတယ်။

ဘယ်သူသိမှာလဲ သူက လင်းဟန်ကိုပြောတာလား မာလန်းကိုပြောတာလား ဆိုတာ ဒါမှမဟုတ် နှစ်ယောက်လုံးကိုပြောတာလဲ ဖြစ်နိုင်ပါတယ်။

လင်းမုယွမ်ကတော့ ဘာစကားမှမပြောနိုင်တော့ပဲ သူ့လည်းချောင်းထဲကနေပြီးတော့ ``ဂိ ဂိ ဂိ`` ဟူသောအသံသာ ထွက်ပေါ်လာခဲ့ပါတယ်။ သူကိုယ်ခန္ဓာတစ်ခုလုံး ချွေးအေးတွေနဲ့ ဖုံးနေပြီးတော့ သူ့ရဲ့ နာကျင်ခံစားနေရတဲ့ ဝေဒနာကို ထုတ်ဖော် ပြောလို့တောင် မရနိုင်အောင် ပဲ ဖြစ်နေပါတယ်။

မာလန်းနဲ့ ယုကျင်းတို့က ဒီလူနှစ်ယောက်အပေါ်မှာ လုံးဝ စိတ်ဝင်စားခြင်း မရှိပါဘူး။ သူတို့က လင်းဟန်ကိုပဲ အံ့အားသင့်စွာနဲ့ စိုက်ကြည့်နေပါတယ်။

ဒီကောင့်ရဲ့ ဆေးအစွမ်းက သူတို့ရဲ့ အဆိပ်ကို ခုခံကာကွယ်နိုင်တယ်။ မေးခွန်းက ဒီကမ္ဘာမှာ ဘယ်လိုဖြစ်လို့ ဒီလိုမျိုး တစ်ထပ်တည်း ထပ်တူကျနိုင်ရတာလဲ ။ ဘာလို့ သူ့ရဲ့ ဆေးလုံးက မူလပျက်စီးခြင်း အဆိပ်ကို ခုခံကာကွယ်နိုင်တဲ့ဆေးအဖြစ် ဘယ်လိုဖြစ်ပြီး တစ်ထပ်တည်း ထပ်တူဖြစ်နေရတာလဲ။

ဒါမှမဟုတ် ဒီကောင့်ရဲ့ ဆေးမှာ အဆိပ်အမျိုးမျိုးကို ခုခံကာကွယ်နိုင်တဲ့ အစွမ်းရှိနေတာလား?

``မင်းစိုက်ပျိုးတာအတွက် မင်းပြန်ရိတ်သိမ်းရလိမ့်မယ်``

လင်းဟန်က အေးစက်စွာနဲ့ပြောလိုက်ပါတယ် သူ့အနေနဲ့ အနည်းငယ်မျှ သနားဂရုဏာထားခြင်းမရှိခဲ့ပါဘူး။ သူက မာလန်းဘက်ကိုလှည့်ပြီးပြောလိုက်ပါတယ်။

`` အဖေ ဒီအဆိပ်သခင်လေးဆိုတဲ့ ကောင်ကို အဖေ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ထားပါ ကျနော်က ဒီကောင့်ကိုကိုင်တွယ်လိုက်မယ်``

``မင်းသေချာလား?``

လင်းဒေါင်ရှန် အနည်းငယ်တော့ စိုးရိမ်သွားပါတယ်။ မာလန်းက ဒြပ်စင်စုစည်းခြင်းအဆင့် ၆ ဖြစ်ပြီးတော့ သူ့သားထက် အများကြီး သန်မာပါတယ်။ သူ့သားကအခုမှ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ဂင်ကာစ ပဲရှိပါသေးတယ်။

``မစိုးရိမ်ပါနဲ့ အဖေ``

လင်းဟန်က ယုံကြည်မှုအပြည့်နဲ့ ပြုံးပြလိုက်ပါတယ်။

``ဟင့် ဘယ်မှာလဲ ငါ့ရဲ့ အဖွဲ့သားတွေ``

မာလန်းက ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ အင်အားသုံးဖို့ ကြိုးစားလိုက်တာပဲဖြစ်ပါတယ်။

``ရှုပ် ရှုပ် ရှုပ်``

အပြင်ဘက်ကနေပြီးတော့ အနက်ရောင်ဂဝတ်ထားတဲ့ လူဆယ်ယောက်ထက်မနည်း ရောက်လာပြီးတော့ သူတို့အားလုံးမှာ အရမ်းကို ပြင်းထန်တဲ့ သတ်ဖြတ်လိုတဲ့ ဆန္ဒတွေ ထွက်ပေါ်နေပါတယ်။

``ဒီကောင်ရယ် သူ့ဘေးနားက မိန်းမရယ်က လွဲယင် အကုန်လုံးကိုသတ်ပစ်လိုက်``

မာလန်းက ကျယ်လောင်စွာပြောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဒေါင်ရှန်က ဒြပ်စင်စုစည်းခြင်းအဆင့် ၉ အထွတ်အထိပ်အဆင့်ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲဝင်စွမ်းရည်ကို ပိုင်ဆိုင်ထားမှန်းလဲ သိပါတယ်။ ဒါပေမဲ့သူ့မှာက လူအရေအတွက် အင်အားသာပါတယ် ဒါကြောင့်မို့လဲ သူ့ဘက်က အနိုင်ရဖို့ အခွင့်အလမ်းရှိနေပါတယ်။

``နားလည်ပါပြီ``

အနက်ရောင်ဂဝတ်စုံနဲ့လူအားလုံးက ကျယ်လောင်စွာပြန်ဖြေလိုက်ပါတယ်။ သူတို့ရဲ့ လက်နက်အသီးသီးကို ကိုင်ဆွဲပြီးတော့ လင်းဒေါင်ရှန်ဆီကို ချိန်လိုက်ပါတယ်။

လင်းဒေါင်ရှန်က နည်းနည်းလေးမှ ကြောက်ရွံ့မှုကို မခံစားရပါတယ်။ သူက ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ဖြစ်ပြီးတော့ ဒီလိုအဆင့်နိမ့် ဒြပ်စင်စုစည်းခြင်းသိုင်းပညာရှင် အနည်းငယ်က အရေအတွက် အားကိုးနဲ့ သူ့ကို ဘယ်လိုလုပ်ပြီး ဒုက္ခပေးနိုင်မှာလဲ? သူက အသံရှည် တစ်ချက် အော်ဟစ်ပြီးတော့ အနက်ရောင်ဂဝတ် အုပ်စုဆီကို ဂင်သွားလိုက်ပါတယ်။

မာလန်းက ဂင်ရောက်စွက်ဖက်ခြင်းမပြုပဲ လင်းဟန်ကို စက်ဝိုင်းလို လှည့်ပါတ်ပြီးတော့ ပြောလိုက်ပါတယ်။

`` ငါမင်းကို လေးစားမိတယ် အထူးသဖြင့် အဆိပ်သခင်လေး ဖော်စပ်ထားတဲ့ အဆိပ်ကို ခုခံကာကွယ်နိုင်တဲ့ ဆေးလုံး မင်းလက်ထဲမှာ ရှိနေတဲ့အတွက်ပေါ့ ငါထင်တယ် မင်းလက်ထဲမှာ ရှေးဟောင်းရတနာတွေ အများကြီးရှိပြီးတော့ တစ်ခုက

သိုင်းပညာရှင်တစ်ယောက်ရဲ့ ကျင့်စဉ်အရှိန်ကို ကြီးမားစွာတိုးလာနိုင်အောင်လို့ ကူညီနိုင်တဲ့ တန်ဖိုးကြီး ဆေးလုံးဖြစ်ယုံသာမက အဆင့်မြင့်ဆေးလုံးဖြစ်ပြီးတော့ အဆိပ်ပေါင်းစုံကို ခုခံကာကွယ်နိုင်တဲ့ဟာပဲဖြစ်ရမယ် အဲဒီလိုမှမဟုတ်ယင် မင်းရဲ့ ကျင့်စဉ်အဆင့်က ဘယ်လိုလုပ်ပြီး လျှင်မြန်မှာလဲ...မင်းက မူလစွမ်းအင်ဖျက်စီးခြင်း အမှုန့်ရဲ့ လွှမ်းမိုးမှုက မင်းကို လုံးဝ မထိရှ ပါလား.. ဒီလိုဆိုမှတော့ ဒါက ငါလုပ်ရမဲ့ ကိစ္စဖြစ်သွားပီပေါ့``

ဒါပေမဲ့ လင်းဟန်က ပြုံးပြုံးလေး တုံ့ပြန်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရမဲ့ တစ်ခုတည်းသောအရာ က သေခြင်းတရားပဲ``

``မင်း... သေစမ်းကွာ``

မာလန်းက ဆဲလိုက်ပီးတော့ သူ လင်းဟန်ဆီကို ပျံဂင်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို ဖမ်းပြီးတော့ လင်းဒေါင်ရှန်ကို အညှံ့ခံဖို့ တွန်းအားပေးဖို့ ရည်ရွယ်ထားပါတယ်။

လင်းဟန်ကတော့ ပုံမှန်အတိုင်း မကြောက်ရွံ့ပါဘူး

သူက ဓါးအိမ်ထဲက သူ့ဓါးကို ဆွဲထုတ်လိုက်ပြီးတော့ ဓါးအိမ်ကို တစ်ဖက်ခြမ်းကို ပစ်လွှတ်လိုက်ပြီး သူ့ဓါးကနေ အလင်းတစ်ချက် ထွက်ပေါ်သွားပါတယ် ။ ဓါးချီ။

``ဘာ... ဓါးချီ?``

မာလန်း အံ့အားသင့်သွားပါတယ်။ သူချက်ချင်းဆိုသလို နောက်ဆုတ်လိုက်ပြီးတော့ သူ့မျက်ခုံးတွေ တွန့်သွားခဲ့ပါတယ်။ သူက လင်းဟန်ကို ကြည့်ပြီးပြောလိုက်ပါတယ်။

``ငါတကယ်ပဲ မင်းက ဓါးချီကို ထုတ်ဖော်နိုင်လိမ့်မယ်လို့ မမျှော်လင့်ထားဘူး..မင်းကအရင်တုန်းက အမှိုက်ကောင်ဖြစ်ပြီးတော့ အခု ဓါးချီကိုတောင်မှ ထုတ်ဖော်နိုင်နေပြီ.... ငါတကယ်ပဲ ပိုပြီးတော့ စိတ်ဝင်စားလာပြီ... မင်းရရှိပိုင်ဆိုင်ထားတဲ့ ရတနာက ဘယ်လောက်တောင်များ တန်ဖိုးမဖြတ်နိုင်အောင် ကြီးမားလိုက်မလဲ``

``အခု ငါ့ရဲ့ စစ်မှန်တဲ့စွမ်းရည်တွေကို

ထုတ်ပြတော့ရတော့မယ်``

သူက သူ့ခါးမှာချိတ်ထားတဲ့ ဆေးဘာဓါးကို ဆွဲထုတ်လိုက်ပြီးတော့ အနည်းငယ် ဝှေ့ယမ်းလိုက်တဲ့အခါမှာ ဆေးဘာရဲ့ အလင်းတစ်ခု ထွက်ပေါ်လာပါတယ်။သူက မာနကြီးတဲ့ အမူအရာပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတစ်ယောက်တည်းပဲ ရှီကို ထုတ်ဖော်နိုင်တာမဟုတ်ဘူး``

လင်းဟန်က ခေါင်းခါလိုက်ပီးတော့ စိတ်မရှည်တဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``မင်းဘယ်လောက်ကြာကြာ စကားများနေဦးမှာလဲ``

``ဟင့်... ဒီစကားကိုပြောတဲ့အတွက် မင်းနောင်တရစေရမယ်``

မာလန်းက ဆေးဘာဓါးကို သူ့လက်ထဲမှာကိုင်ထားပြီးတော့ လင်းဟန်ဆီကို ခုန်ဝင်သွားပါတယ်။

``Xiu Xiu``

ဆေဘာအလင်းတွေ ကခုန်သွားပါတယ်။ ကြည့်ရတာ တစ်ချက်ထဲမှာ နှစ်ကြိမ် လှုပ်ခတ်သွားသလိုပါပဲ။ သူက ဒြပ်စင်စုစည်းခြင်းအဆင့် ၆ သိုင်းပညာရှင်တစ်ယောက်ဖြစ်တာနဲ့ အညီ သူ့ဓါးချက်ရဲ့နောက်ကွယ်က အင်အားကလဲ တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။

လွီယုထန်က သူမရဲ့ လက်တွေကို ဆုပ်ကိုင်ထားပြီး သူမရဲ့ အမူအရာက ရှုပ်ထွေးနေတဲ့ပုံစံဖြစ်နေပါတယ်။

သူမအနေနဲ့ လင်းဟန်က အရမ်းကို အစွမ်းထက်မှန်းသိပါတယ်။ ဒါပေမဲ့ မာလန်းက ဟန်ကျန်းမဟုတ်ပါဘူး။ မာလန်းက ဒြပ်စင်စုစည်းခြင်းအဆင့် ၆ ဖြစ်ပြီးတော့ လင်းဟန်ထက် အဆင့်ငါးဆင့်မြင့်ပါတယ်။ သူမရဲ့ အမြင်အရတော့ ဒီကွာဟချက်က သိုင်းပညာနဲ့ အတွေ့အကြုံတွေက နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ဒါပေမဲ့ လင်းဟန်ကိုကြည့်ရတာ အရမ်းကို ယုံကြည်ချက်အပြည့် ရှိနေတဲ့အတွက် သူမအနေနဲ့ မတားဆီးခဲ့ပါဘူး။ သူမအနေနဲ့ စိုးရိမ်နေပြီးတော့ သူ့ဘက်ကနေပြီး တိုက်ခိုက်ပေးချင်နေပါတယ်။

လင်းဟန်က နာခေါင်းတချက်ရှုံ့လိုက်ပါတယ်။ သူ့ရဲ့ ဓါးရှည်ကနေပြီးတော့ ဓါးချီအလင်း နှစ်ခု ထွက်ပေါ်သွားခဲ့ပါတယ်။]

``ဓါးချီ အလင်း နှစ်ခု``

မာလန်းရဲ့ မျက်လုံးတွေက သူ့ရဲ့ ဦးခေါင်းခွံကနေ ပြုတ်ကျမတတ် ပြူးထွက်လာပါတယ်။ ဒီအရာကဘယ်လောက်တောင် ကြောက်ဖို့ကောင်းတဲ့ နားလည်နိုင်စွမ်း အဆင့်လဲ? ဒါပေမဲ့ သူ့နှလုံးသားထဲမှာ ချက်ချင်းဆိုသလို အေးစက်စက်နဲ့ သရော်လိုက်ပါတယ်။ အကယ်လို့ လင်းဟန်က ဓါးချီအလင်း နှစ်ခု ထုတ်နိုင်တော့လဲ ဘာဖြစ်လဲ? သူကဒြပ်စင်စုစည်းခြင်းအဆင့် ၆ သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီးတော့ စွမ်းအင်အဆင့်မှာ ပိုပြီးတော့ သာသေးတယ်။ဒါက နောက်ထပ် ဓါးချီတစ်ခုထက်ပိုပြီးတော့ ဘာမှမဟုတ်ဘူး။

သူမြှောက်ထားတဲ့ ဆေဘာရဲ့ ဦးတည်ချက်က လုံးဝမပြောင်းလဲပဲနဲ့ လင်းဟန်ပေါ်ကို သက်ညှာမှုမရှိပဲ ကျရောက်သွားပါတယ်။

``ဒင်``

ဆေဘာနဲ့ ခါးရှည်တို့ ထိခိုက်မိသွားပြီးတော့ ခါးသွားနှစ်ခုရဲ့ ပွတ်တိုက်အားကြောင့် မီးပွားတွေတောင် ပွင့်သွားပါတယ်။ ခါးချိန့် ဆေဘာချီလည်း ထိခိုက်သွားပါတယ်။ ဒါပေမဲ့ သူတို့ တစ်ခုနဲ့တစ်ခု ဖျက်ဆီးပစ်လိုက်ပါတယ်။ဒါပေမဲ့လည်း နောက်ထပ် ခါးချီ အလင်းတစ်ခုက မာလန်းဆီကို ဦးတည်ပြီး ဆက်လက်ရောက်ရှိလာခဲ့ပါတယ်။

``Pu Pu``

မာလန်းရဲ့ ရင်ဘက်ကနေပြီးတော့ သွေးတွေက ရုတ်တရက်ဆိုသလို ပန်းထွက်လာခဲ့ပါတယ်။ သူက မယုံနိုင်တဲ့ အကြည့်နဲ့ လင်းဟာန်ဆီကိုကြည့်နေပါတယ်။

``မင်းက အခုမှ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ဂင်ရောက်နိုင်တုန်းပဲ ရှိသေးတာလေ ဘယ်လိုဖြစ်လို့ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းတွေရှိနေတာက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ``

သူအရမ်းကို အံ့အားသင့်သွားပါတယ်။ သူတို့ရဲ့

တိုက်ခိုက်မှုတွေ ထိတွေ့သွား ချိန်မှာ သူ့ပြိုင်ဘက်ရဲ့ အစွမ်းက ဒြပ်စင်စုစည်းခြင်းအဆင့် ၅ နဲ့ ညီမျှနေတယ်ဆိုတာကို သူတွက်ချက်မိသွားပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၂ ကနေ ဒြပ်စင်စုစည်းခြင်းအဆင့် ၅ ကို နှစ်လအတွင်းမှာ ရခဲ့တာလား?

ဒါက မာလန်းအနေနဲ့ လုံးဝ လက်မခံနိုင်ပါဘူး။

``ဘာလို့လဲဆိုတော့ ငါက ပါရမီရှင်လေ``

လင်းဟန်က သူ့ခါးကို ပေ့ပြီးတော့ ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

မာလန်းက သူ့အံတွေကြိတ်လိုက်ပါတယ်။ ပါရမီရှင် ဆိုတဲ့စကားက သူ့အမြဲတစေ အသုံးပြုခဲ့ပြီးတော့ အခုတော့ တစ်စုံတစ်ယောက်က လုယူသွားခဲ့ပါပြီ။ သူ့အနေနဲ့ အဲဒီအပေါ်မှာ မကျေနပ်နိုင်ပါဘူး။ဟုတ်ပါတယ် သူ့ရဲ့ ပြိုင်ဘက်က အသက် ၁၆ နှစ်လောက်ပဲရှိသေးပြီးတော့ ဒြပ်စင် စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ပြီး ခါးချီအလင်း နှစ်ခုကိုလဲ အောင်အောင်မြင်မြင်နဲ့

ထုတ်ဖော်နိုင်ပါတယ်။ လင်းဟန်အနေနဲ့ ပါရမီရှင်ဆိုတဲ့ နာမည်နဲ့ တကယ်ခေါ်ထိုက်ပါတယ်။

``သေစမ်း``

သူ့အနေနဲ့ ဒီလိုအမိုက်ကောင်က ရုတ်တရက် ဉာဏ်အလင်းရသွားခဲ့တယ်ဆိုတာကို မယုံနိုင်ပါဘူး။ ဖြစ်နိုင်တာက လင်းဟန်အနေနဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ရတနာကိုပိုင်ဆိုင်ပြီးတော့ ၄င်းကြောင့်ပဲ ငတုံးဘဝ ကနေပြီး ပါရမီရှင် ဖြစ်လာပဲ ဖြစ်ရမယ်။

ဒါကြောင့်ပဲ သူ့အနေနဲ့ ၄င်းကို ရယူပြီးတော့ သူကိုယ်တိုင်မြင့်မားတဲ့ အဆင့်ကို ထိုးတက်သွားဖို့ ဆုံးဖြတ်ထားတာပါ။

``ဒါက ငါဟာပဲ ဒါက ငါ့ပစ္စည်းပဲ`

သူ့ရဲ့ မျက်လုံးတွေ နီရဲလာပြီးတော့ မနာလိုမှုတွေက သူ့ကို ရူးသွပ် သွားစေခဲ့ပါတယ်။

``ရှုပ်``

သူက သူ့ရဲ့ ဆေဘာကို ထပ်ပြီး ဝှေ့ယမ်းလိုက်တဲ့အခါ သွေးနီရောင် အလင်း တစ်ခုက ပျံ့လွင့်သွားခဲ့ပါတယ်။

``ကတ္တီပါနီသတ်ဖြတ်ခြင်း``

သူက ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။ ဒါကသူ့ရဲ့ အဆုံးစွန်တိုက်ခိုက် တဲ့ နည်းစနစ်ဖြစ်ပြီးတော့ ကျောက်တုံးပံပုလွေဂိုဏ်းရဲ့ လျှို့ဝှက်ကျင့်စဉ်တွေထဲက တစ်ခုဖြစ်ပြီး ဘယ်သူကိုမှ သင်ကြားပေးခဲ့ခြင်း မရှိပါဘူး။ ၎င်းက အဝါရောင်အဆင့်မြင့် နည်းပညာတစ်ခုလည်းဖြစ်ပါတယ်။

တကယ်လို့ သူသာ ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ အနှစ်သက်ဆုံး တပည့်တစ်ယောက်သာမဟုတ်ခဲ့ဘူးဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့် နဲ့ ဒီ ဆေဘာဓါးပညာကို သင်ယူခွင့်ရခဲ့မှာမဟုတ်ပါဘူး.. ပြီးတော့ ဒီ လျှို့ဝှက်နည်းပညာတွေက အကြီးအကဲတွေ ကိုယ်တိုင် အသုံးပြုတဲ့ဟာတွေပဲ ဖြစ်ပါတယ်။ကျောက်တုံးပံပုလွေဂိုဏ်း ထဲမှာ အဝါရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တွေက သူတို့ဆီမှာ ရှိတဲ့ အကောင်းဆုံး လျှို့ဝှက် ကျင့်စဉ်တွေပဲဖြစ်ပါတယ်။ ပြီးတော့ ကောလဟာလတွေအရ ဂိုဏ်းခေါင်းဆောင်

တစ်ယောက်တည်းကပဲ အနက်ရောင်အဆင့် သိုင်းပညာ နည်းစနစ်တစ်ခုကို လေ့ကျင့်ခွင့်ရှိတာပါ။

ကျောက်တုံးဂံပုလွေ လက်သည်း.... အနက်ရောင်အဆင့် အဆင့်နိမ့်သိုင်းပညာ။၎င်းက ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ မူလနာမည်ပဲဖြစ်ပါတယ်။

ဆေးဘာဓါးရဲ့ အလင်းက အေးစက်ပြီးတော့ ဆေးဘာချီကလဲ တကယ့် ဆေးဘာဓါးအစစ်လိုမျိုး ဖြစ်လာပြီး လင်းဟာန်ဆီကို မတူညီတဲ့ ဦးတည်ချက် နှစ်နေရာကနေ ဝင်ရောက်လာခဲ့ပါတယ်။

လင်းဟာန်က သူ့ရဲ့ ဓါးကို ဝှေ့ယမ်းလိုက်ပီးတော့ အံ့အားသင့်စရာကောင်းတဲ့ လျှပ်စီးဓါးသိုင်းကို အသုံးပြုလိုက်ပါတယ်။ ဓါးချီအလင်း နှစ်ခုက အတူတကွ ခုန်ပေါက်ပြီး ကြီးကျယ်ခမ်းနားခြင်းက တစ်ခုနဲ့တစ်ခု မလျော့နည်းပါဘူး။ မာလန်းနဲ့ ရင်ဆိုင်ရာမှာ သူ့ရဲ့ အစွမ်းအစအကုန်လုံးဖြစ်တဲ့ ဓါးချီအလင်းလေးခု စလုံးကို ထုတ်ဖော်ဖို့ မလိုအပ်ပါဘူး။

``ဒင် ဒင် ဒင် ဒင်``

ဆေဘာနဲ့ ဓါးက ထပ်ပြီးတော့ ထိသွားပါတယ်။ လင်းဟန်ရဲ့ ထပ်ပေါင်းထည့်လိုက်တဲ့ ဓါးချီအလင်းနောက်တစ်ခုရဲ့ စွမ်းအင်က သူ့အတွက် အရမ်းကို အကျိုးရှိပါတယ်။ သူတို့ ထိပ်တိုက်ရင်ဆိုင်လိုက်တိုင်းမှာ မာလန်းက ဓါးချီအလင်းရဲ့ တိုက်ခိုက်မှုကိုခံရပီးတော့ သူ့ကိုယ်ခန္ဓာပေါ်မှာ ဓါးဒါဏ်ရာတွေ အဆက်မပြတ် ဖြစ်ပေါ်လာခဲ့ပါတယ်။

မာလန်းက အရမ်းကို အံ့အားသင့်သွားပြီးတော့ အချက်ပေးခေါင်းလောင်းသံတွေ မြည်လာပါတယ်။ တကယ်လို့ ဒီလိုပုံစံ အတိုင်းသာ ဆက်ဖြစ်နေဦးမယ်ဆိုယင် လင်းဟန်က သူ့ကို တဖြေးဖြေးချင်း အနိုင်ယူသွားပါလိမ့်မယ်။
``ယုကျင်း ငါ့ကို ကူညီဦး``
သူက ကျယ်လောင်စွာအော်လိုက်ပါတယ်။

အပိုင်း (၄၅) အားလုံးကိုသတ်ပစ်
``အကိုမာ ခင်ဗျားက ကျနော့်ကို အဆိပ်ခတ်ဖို့ပဲ အကူညီတောင်းခဲ့တာလေ. ဒါကို ကျနော်လုပ်ပီးသွားပြီ… ဒီကောင်လေးကို ရင်ဆိုင်တဲ့နေရာမှာ ကူညီဖို့ကတော့ ကျနော်တို့ရဲ့ သဘောတူညီချက် ထဲမှာ မပါဘူးလေ``

ယုကျင်းက ဖြေးညှင်းစွာပြောလိုက်ပါတယ်။

မာလန်းအနေနဲ့ ယုကျင်းက လောဘကြီးတဲ့သူတစ်ယောက်ဆိုတာကို သိပါတယ်။ သူ့အနေနဲ့ အယင်တုန်းက သဘောတူညီထားတဲ့ အကျိုးအမြတ်အပေါ်မှာ ဒီထက်ပိုပြီး စိတ်မဝင်စားတော့ပါဘူး။ သူက ဂန်လေးနေပေမဲ့လည်း ပြောလိုက်ပါတယ်။

`` ဒီကောင်လေးက ရှေးဟောင်းရတနာ အချို့ကို ရှာဖွေတွေ့ရှိထားပြီး တော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ကနေ ဒြပ်စင်စုစည်းခြင်းအဆင့်ကို နှစ်လထဲနဲ့ ကျင့်ကြံနိုင်ခဲ့တယ်..ပြီးတော့ ဓါးချီအလင်းနှစ်ခုကိုလဲ ထုတ်ဖော်နိုင်တယ်.. စဉ်းစားကြည့် အဲဒီ ရတနာတွေက ဘယ်လောက်တောင် တန်ဖိုးရှိလိမ့်မလဲ.. ငါတို့အတူပူးပေါင်းပြီးတော့ အဲဒီရတနာတွေကို ထုတ်ပေးခိုင်းပြီး အညီအမျှ ခွဲဝေယူကြမယ်လေ.. ငါတို့ရဲ့ အနာဂါတ်က မတိုင်းတာနိုင်လောက်အောင်ကို မြင့်မားသွားမှာအမှန်ပဲ``

ယုကျင်းအနေနဲ့ လင်းဟန်က အရမ်းကိုထူးချွန်တဲ့ လူငယ်တစ်ယောက်လို့ သိထားပါတယ် ဒါပေမဲ့ သူမထင်မှတ်ထားတာက ဒီကောင်က အတိတ်တုန်းက

အရမ်းကို အင်အားနည်းတယ်ဆိုတာကိုပါပဲ။ သူ့ရဲ့ အတိတ်နဲ့ အခုလက်ရှိအခြေအနေ ကြားက ကွာဟချက် ဒီလောက်ကြီးမားတာက ဒါဟာ သူ့အနေနဲ့ ရှေးဟောင်းရတနာအချို့ကို ရရှိထားတာကြောင့်ဖြစ်နိုင်ပါတယ်။

တကယ်လို့ ဒီလိုအမိုက်ကောင်ကိုတောင်မှ လုံးဝပြောင်းလဲနိုင်တယ်ဆိုယင် ဒီ ရတနာမျိုးကို သူသာ ပိုင်ဆိုင်ခွင့်ရခဲ့မယ်ဆိုယင် သူ့အနေနဲ့ ဘာတွေဖြစ်သွားနိုင်သလဲ?

သူ့ရဲ့ အသက်ရှူသံတွေပြင်းထန်လာပြီးတော့ သူ့မျက်လုံးထဲမှာ လူသတ်ချင်တဲ့ စိတ်ဆန္ဒတွေ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ သတ်ဖြတ်ချင် တဲ့စိတ်က မာလန်းဆီကို တိုက်ရိုက် ဦးတည်နေပါတယ်။ တကယ်လို့ သူသာ လင်းဟန်ဆီက ဒီရှေးဟောင်းရတနာကို ရရှိခဲ့မယ်ဆိုင် သူ့အနေနဲ့ အဲဒီအရာကို တိတ်တိတ်ဆိတ်ဆိတ် သိမ်းဆည်းထားနိုင်ဖို့အတွက် မာလန်းကို လုံးဝသတ်ပစ်ရပါလိမ့်မယ်။

``အရမ်းကောင်းတယ်... ငါမင်းကို ကူညီမယ်``

သူက ပြောပြီးတာနဲ့ တစ်ပြိုင်နက် သူ့ကျောနောက်ဘက်က သယ်ယူလာတဲ့ ခရင်းခွ နှစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ ခရင်းခွတွေရဲ့ အသွားတွေမှာ အစိမ်းရောင်သမ်းနေပြီးတော့ ဒါက အရမ်းကို ပြင်းထန်တဲ့ အဆိပ်တွေ သုတ်လိမ်းထားတယ်ဆိုတာကို ဖော်ပြနေပါတယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

``ယုထန် သူ့ကို ရှင်းပစ်လိုက်``

``နားလည်ပြီ``

လှီယုထန်က ပြန်ဖြေလိုက်ပါတယ်။

ရှီး...... သူမရဲ့ လှပတဲ့ ပုံရိပ်ကလေးက ပျံသန်းထွက်သွားခဲ့ပါတယ်။ ဒီမြင်ကွင်းကိုကြည့်ရတာ နတ်သမီးလေးတစ်ပါး ကျရောက်လာတာနဲ့ သဏ္ဍာန်တူပါတယ်။

အရမ်းကိုမြန်တယ်။

လျှပ်တပြက်အတွင်းမှာ သူမဟာ ယုကျင်းရဲ့

နောက်ကျောဘက်မှာ ပေါ်လာခဲ့ပါတယ်။သူမရဲ့ညာဘက်လက်နဲ့ သူ့ရဲ့ လက်ကို ဆွဲကိုင်ပြီးတော့ ယုကျင်းအနေနဲ့ သူ့ရဲ့ လည်ပင်းကို ဖြတ်သွားတဲ့ သူ့ရဲ့ ခက်ရင်းခွကို မထိန်းထားနိုင်လိုက်ပါဘူး။

``pu``

သွေးတွေ ပန်းထွက်ကုန်ပြီးတော့ ယုကျင်း အနောက်ဘက်ကို ခလုတ်တိုက်လဲကျသွားပါတယ်။ သူက သူ့ရဲ့ လက်တစ်ဖက်နဲ့ သူ့လည်ပင်းက ဒါဏ်ရာကို ဖိထားပြီးတော့ ကျန်လက်တစ်ဖက်နဲ့ သူ့ဂတ်ရုံထဲက ဖြေဆေးကို ရှာနေခဲ့ပါတယ်။ သူ့အနေနဲ့ နောက်ဆုံးမှာ ကျောက်စိမ်းပုလင်းကို ဆွဲထုတ်နိုင်ခဲ့ပေမဲ့ သူ့မျက်နှာက လျင်မြန်စွာ အမည်းရောင်ပြောင်းသွားပြီးတော့ သူ့ရဲ့ မျက်လုံးတွေထဲမှာ အသက်ရှိတဲ့ လက္ခဏာ မမြင်ရတော့ပါဘူး။

Peng

သူ့ရဲ့ ရုပ်အလောင်းက လဲကျသွားပြီးတော့ နောက်ဆုံးအချိန်ထိတိုင် အောင် သူ့အနေနဲ့ ဒီနေရာမှာ အမှန်တကယ် သေဆုံးသွားခဲ့တယ်ဆိုတာကို

မယုံကြည်နိုင်အောင်ဖြစ်နေပါတယ်။ ပြီးတော့ ဒီလိုမျိုး နတ်သမီးလို လှပချောမောပြီး ရေခဲတုံးလို အေးစက်လှတဲ့ မိန်းကလေးမှာ အရမ်းကို ထက်မြက်တဲ့ အစွမ်း ရှိပြီးတော့ သူ့အနေနဲ့ ဘာမှတောင် မလှုပ်ရှားလိုက်ရပဲ သေဆုံးသွားရလိမ့်မယ်လို့ သူ့အနေနဲ့ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပါတယ်။

မာလန်းလည်း အရမ်းကို အံ့အားသင့်သွားပါတယ်။ သူလည်းပဲ လွှီယုထန်အနေနဲ့ ဒီလောက်ထိ စွမ်းအားကြီးလိမ့်မယ်လို့ မထင်မှတ်ထားပါဘူး။ ဒြပ်စင်စုစည်းခြင်းအဆင့် ၄ သိုင်းပညာရှင်ဖြစ်တဲ့ ယုကျင်းကို တစ်ချက်ပဲ လှုပ်ရှားပြီးတော့ သတ်သွားတာပဲဖြစ်ပါတယ်။

ဒီလို ပါရမီရှင်က ဘာလို့ လင်းဟန်ရဲ့ဘေးနားမှာ သူမကိုသူမ နှိမ့်ချပြီးတော့ နေနေတာလဲ?

``မင်း က ဒီအချိန်မှာ အာရုံတွေ ထွေပြားရဲသေးတယ်ပေါ့.. မင်းရဲ့သေခြင်းတရားက လျင်လျင်မြန်မြန်နဲ့ပဲ ရောက်လာတော့မှာပါ``

လင်းဟန်က အေးစက်စွာပြုံးလိုက်ပြီးတော့ သူ့ရဲ့ဓါးကို ပွေ့ယမ်းပြီးတော့ သတ်ဖြတ်ဖို့အတွက်

လှုပ်ရှားလိုက်ပါတယ်။

မာလန်းက ရုတ်တရက် ကြောက်စိတ်ဝင်လာပြီးတော့ သူ့ရဲ့ဆေဘာကို မြှောက်ပြီး အနောက်ကို ခြေ ၇ လှမ်း ၈ လှမ်းခန့် ဆုတ်လိုက်ရပါတယ်။ သူ့ကိုယ်ခန္ဓာပေါ်မှာလဲ နောက်ထပ် ဒါဏ်ရာ ထပ်ပြီး ဖြစ်ပေါ်လာပါတယ်။

``ငါ့မင်းကို ပြုပါရစေ``

လင်းဟန်က သူ့ရဲ့ဓါးကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပြီးတော့ နေ့ခင်းဘက်မှာ သက်တန့်ကြီးတစ်ခု ပေါ်လာသလိုမျိုး ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ဒါက အံ့အားသင့်စရာကောင်းတဲ့ လျှပ်စီးဓါးသိုင်းရဲ့ အသန်မာဆုံးသော လှုပ်ရှားမှုဖြစ်တဲ့ အလင်းတန်း တိုက်ခိုက်မှုပဲဖြစ်ပါတယ်။

မာလန်းက အံကိုကြိတ်ပြီးတော့ သူ့ရဲ့ ဆေဘာကို မြှောက်ပြီး ခုတ်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ဆေဘာက လွဲချော်သွားပြီး သူ့အနေနဲ့ သူ့ဝမ်းဗိုက်မှာ ထက်ရှတဲ့ နာကျင်မှုဝေဒနာကို ခံစားလိုက်ရပါတယ်။ သူ့ရဲ့ နှလုံးသားက ဓါးရှည်ကြောင့် ဖောက်ထွက်သွားတာကို ခံလိုက်ရပြီးတော့ ဒီတိုက်ခိုက်မှုရဲ့

ကြောက်စရာကောင်းတဲ့ လှိုင်းအားကြောင့် သူ့ရဲ့ နှလုံးသားက ပေါက်ကွဲထွက်သွားပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းသမားတွေက အရမ်းကို ပြင်းထန်တဲ့ အသက်ဓါတ်ရှိပါတယ်။ သူ့ရဲ့ နှလုံးသား ပေါက်ကွဲသွားပေမဲ့ သူ့အနေနဲ့ လုံးဝ မသေဆုံးသေးပါဘူး။ သူ့အနေနဲ့ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပါးစပ်ကို ပိတ်လိုက်ဖွင့်လိုက်နဲ့ တစ်ခုခုပြောချင်နေတဲ့ ပုံပေါက်ပေမဲ့လည်း ဘာအသံမှ ထွက်မလာခဲ့ပါဘူး။

`` တိုက်ပွဲ အချိန်အကြာကြီးတိုက်ပီးတဲ့အခါ ဘာလို့ ငါက မင်းရဲ့ လှုပ်ရှားမှု တွေကို မမြင်နိုင်ခဲ့ရတာလဲ?``

လင်းဟန်အနေနဲ့ မာလန်း ဘာပြောချင်တယ်ဆိုတာကို နားလည်ပါတယ် ဒါကြောင့် တည်တည်ငြိမ်ငြိမ်နဲ့ပဲ ပြန်ဖြေလိုက်ပါတယ်။

``မင်းက ငတုံးပဲ.. ငါတို့ တိုက်ပွဲက အချိန်အနည်းငယ်ပဲ ကြာခဲ့တာလေ ဘယ်လိုလုပ်ပီး မင်းက ငါ့လှုပ်ရှားမှုတွေကို မြင်နိုင်မှာလဲ?``

မာလန်းက သူ့နှလုံသားအစိတ်စိတ်အမြွှာမြွှာ ပျက်စီးပြီးတော့

နောက်ဆုံး အနေနဲ့ သူ့ရဲ့ ဂင်သက်ကို ရှုက်လိုက်ပီးတော့ သူ့ရဲ့ မျက်လုံးတွေ မှိတ်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ခါးကို ရုတ်သိမ်းလိုက်ပီးတော့ မြင်ကွင်းတစ်ခုလုံးကို ခြုံကြည့် လိုက်ပါတယ်။ လင်းဒေါင်ရှန်က ဂတ်စုံနက်ဂတ်တဲ့ အဖွဲ့ကို ရင်ဆိုင်တိုက်ပြီး အချို့က ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားပေမဲ့လည်း လှီယုထန်က ချက်ချင်းဆိုသလိုပဲ ထွက်ပြေးတဲ့သူတွေကို ရင်ဆိုင် တိုက်ခိုက်လိုက်ပါတယ်။

လင်းရှောင်ယွမ်နဲ့ သူ့မြေးဖြစ်သူ လင်းမုယွမ် တို့ နှစ်ယောက်ကတော့ အဆိပ်ရဲ့ ပြင်းထန်တဲ့ အစွမ်းရဲ့ အောက်မှာ သေဆုံးသွားခဲ့ပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ အမုန်းတရားတွေနဲ့ ပြည့်နက်နေပြီးတော့ မာလန်းနဲ့ ယုကျင်း သို့မဟုတ် လင်းဒေါင်ရှန်နဲ့ သူ့သားကို မုန်းတီးနေတာလားဆိုတာကိုတော့ ဘယ်သူကမှမပြောနိုင်ပါဘူး။

``ဒီသစ္စာဖောက်နှစ်ယောက်ကတော့ ခံရတဲ့ အပြစ်က နည်းလိုက်တာ`` လင်းဟန်က ပြောလိုက်ပါတယ်။

``ဒါလည်းကောင်းပါတယ် သူတို့ က ဘာဖြစ်ဖြစ်

လင်းကလန်အဖွဲ့သားတွေ ပဲ လေ အပြင်လူရဲ့ လက်ချက်နဲ့သေသွားတာ ကောင်းပါတယ်``

လင်းဒေါင်ရှန်က ကလန်ရဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ သူ့မှာ စဉ်းစားစရာ အများကြီးရှိနေပါသေးတယ်။

ဘာပဲဖြစ်ဖြစ် လူတစ်ယောကို သတ်ရတာ က လွယ်ကူပါတယ်.. ဒါပေမဲ့ နောက်ပိုင်းမှာ ရင်ဆိုင်ရမဲ့ ပြဿနာတွေက လင်းဒေါင်ရှန်အနေနဲ့ ခေါင်းကိုက်လာပါတယ်။

``ဟန်အာ.... သားနဲ့ လို့ယုထန်တို့ နှစ်ယောက် ချက်ချင်းပဲ ထွက်သွားကြတော့ ဂေးနိုင်သမျှ အဝေးကို သွားကြပါ``

လင်းဒေါင်ရှန် ဆုံးဖြတ်လိုက်ပါတယ်။ သူ့အနေနဲ့ နောက်မှာနေခဲ့ပြီးတော့ လင်းကလန်နဲ့အတူ သေဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့သားကတော့ ကလန်ရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန် လုံခြုံ ဖို့အတွက် အာမခံ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အဖေ ကျနော်တို့ ဘာမှ အရမ်းကြီး ထကြွပြီး အလျင်စလို ဆောင်ရွက်စရာမလိုပါဘူး.. ဒီပြဿနာကို ချန်ဖန်းလီကိုပဲ ရင်ဆိုင်ခိုင်းလိုက် တာပေါ့``

``လူတစ်ချို့သေပြီးတော့ ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ တပည့်တောင် ပါသေးတယ်လေ ..သူ့အနေနဲ့ ဒီပြဿနာကို တကယ်ပဲ ဖြေရှင်းနိုင်ပါ့မလား``

လင်းဒေါင်ရှန်က မေးလိုက်ပါတယ်။

``သူ့ရဲ့ ကိုယ်ပိုင်အသက်အတွက် သူ့အနေနဲ့ သူတတ်နိုင်တာအကုန်လုံး လုံးဂသေချာပေါက်လုပ်ပါလိမ့်မယ်``

လင်းဟန်က ရီမောလိုက်ပါတယ်။

``ဒါ့အပြင် ယုထန်က အင်ပါယာမြို့ရဲ့ အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခုဖြစ်တဲ့ လွီကလန်ရဲ့ မင်းသမီးပဲလေ... တကယ်လို့ အဆိုးတကာ့ အဆိုးဆုံး အခြေအနေတွေဖြစ်လာခဲ့ယင်တောင်မှ ကျနော်တို့ သူ့ရဲ့ ဘဂအမှန်ကို ထုတ်ဖော်ပြောလိုက်လို့ရတာပဲ``

လင်းဒေါင်ရှန် သူ့ရဲ့ ခေါင်းကို ခါနေတုန်းပါပဲ။ သူ့အနေနဲ့ သူ့သားက ဒီကမ္ဘာကြီးတစ်ခုလုံးမှာ အကောင်းဆုံးလူငယ်လို့ တွေးထားယင်တောင်မှ လွှဲကလန်အနေနဲ့ အဲဒီလိုမျိုးစဉ်းစားပွဲမလား? သူ့ဇနီးအကြောင်းကို ပြန်စဉ်းစားမိလိုက်တဲ့အခါ.. သူ့ရဲ့ ့ဇနီးဟာ ဆောင်းလဂိုဏ်းက တတိယအကြီးအကဲရဲ့ မြေးအကြီးဆုံးဖြစ်ပြီးတော့ နောက်ဆုံးမှာတော့ သူတို့ဟာ လွမ်းခန်းဖြစ်သွားခဲ့ပါတယ်။ ဒါက အယင်တုန်းက နမူနာပါ။

သူ့အနေနဲ့ အနည်းငယ်စိုးရိမ်နေတုန်းပါပဲ။ အဖေတစ်ယောက်အနေနဲ့ သူ့သားတဲ့ လင်းဟန်ကို သူ့ရဲ့ခြေရာအတိုင်း နောက်က လိုက်ဖို့ အတွက် မမျှော်လင့်ထားပါဘူး။

``ဟုတ်တယ်မလား ယုထန်?``

လင်းဟန်မှာ အဖေမရှိခဲ့ပါဘူး။ ဒါကြောင့် လင်းဒေါင်ရှန် ဘာတွေ တွေးနေလဲ ဆိုတာကို သူနားမလည်ခဲ့ပါဘူး။ သူမြင်တာက လင်းဒေါင်ရှန်အနေနဲ့ အရမ်းကို စိုးရိမ်နေတာကိုဖြစ်ပြီးတော့ သူ့အဖေအနေနဲ့ ကျောက်တုံးပံပုလွေ ဂိုဏ်းနဲ့ပတ်သတ်ပြီးတော့

စိုးရိမ်နေတာပဲဖြစ်မယ်လို့ နားလည်မှုလွဲပြီး လွီယုထန်ကို အာမခံချက်အနေနဲ့ လှမ်းမေးလိုက်တာပဲဖြစ်ပါတယ်

``အင်း``

လွီယုထန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူမရဲ့ အမူအရာ အရမ်းကို အိနြွေအပြည့်နဲ့ပါ။

ဒါကို လင်းဒေါင်ရှန်မြင်လိုက်တော့ အတွေ့အကြုံရှိသူ တစ်ယောက်ပီပီ လွီယုထန်က သူ့သားအပေါ်မှာ ခံစားချက်တွေ ဘယ်လိုလုပ်ပြီးတော့ တိုးတက်လာသလဲဆိုတာကို သူ့အနေနဲ့ သေချာပေါက် မပြောနိုင်ပါဘူး။

မျှော်လင့်ရတာက သူတို့ဟာ နောက်ထပ် ခွဲခွာရမဲ့ ကြယ်စင်ချစ်သူစုံတွဲ မဖြစ်ဖို့ပါပဲ။ မဟုတ်ဘူး....ဒါကဘယ်လိုမှမဖြစ်နိုင်ဘူး။ ငါ့သားက ငါ့ထက် အဆ တစ်ရာ တစ်ထောင်သာတယ် အနာဂါတ်မှာ သူ့သားက မိုးရေနိုင်ငံရဲ့ သိုင်းပညာရှင်တွေထက်သာလွန်စေရမယ်။ ဒါဆို ဘာလို့ ကလန်ကြီး ၈ ခုထဲက တစ်ခုရဲ့ သမီးဖြစ်တဲ့သူနဲ့ လက်မထပ်နိုင်ရမှာလဲ?

လင်းဟန်က ချက်ချင်းပဲ စာတစ်စောင်ကိုရေးလိုက်ပြီးတော့ စာပို့သမားကို အမြန်ဆုံးအရှိန်နဲ့ ကျောက်တုံးဂံပုလွေဂိုဏ်းက ချန်ဖန်းလီဆီကို အလျင်အမြန် ပို့စေခိုင်းလိုက်ပါတယ်။ တကယ်လို့ ချန်ဖန်းလီသာ ဒီပြဿနာကို မဖြေရှင်းနိုင်ဖူးဆိုယင် သူ့အနေနဲ့ နောက်ထပ် အဖြေ တစ်ခုရှိပါတယ် အဲဒါကတော့ ဇူဟဲချင်ပဲ ဖြစ်ပါတယ်။ ဇူဟဲချင်က အနက်ရောင်အဆင့် အဆင့်နိမ့် မှော်ဆေးပညာရှင်ပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဇူဟဲချင်အပေါ်မှာ အရမ်းကို မြင့်မားတဲ့ သဘောထား မရှိပေမဲ့လည်း မိုးရေနိုင်ငံအတွင်းမှာတော့ ဇူဟဲချင်က မြင့်မားတဲ့ အဆင့် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။အနည်းဆုံးတော့ ကျောက်တုံးဂံပုလွေဂိုဏ်းအနေနဲ့ မပြောပလောက်တဲ့ ကိစ္စလေးအတွက်နဲ့ ဇူဟဲချင်ကို လုံး၀ ထိပ်တိုက် ရင်ဆိုင် ဖို့ မလုပ်ရဲလောက်ပါဘူး။

လှိုဃုထန်က သူ့ရဲ့ နောက်လိုက်မိန်းကလေးပါ။ သူမရဲ့ နောက်ခံအင်အားကို အသုံးပြုဖို့အတွက် ဖိအားပေးလုပ်ဆောင်ရတာက ကသိကအောက်ဖြစ်စေပါ လိမ့်မယ်။

ချန်ဖန်းလီက စာကို သုံးရက်မြောက်နေ့မှာ

လက်ခံရရှိခဲ့ပါတယ်။ စာထဲက အကြောင်းအရာတွေကို သူအနေနဲ့ ဖတ်ရှုလိုအပြီးမှာတော့ ဟာက်အတက် ရသွားမတတ် အံ့အားသင့်သွားပြီးတော့ သူထင်တာက ဒီသခင်လေးက တကယ့်ကို ပြဿနာကောင်ပဲ။ သူက ချန်ချောင်ယွမ်ကို သတ်လိုက်ယုံသာမက အခု မာလန်းနဲ့ တစ်ဖွဲ့သားလုံးကိုပါ သတ်ပစ်လိုက်ပါတယ်။

ချန်ချောင်ယွမ်ကိစ္စကတော့ အခြေအနေကောင်းပါတယ်။ သူက ချန်ဖန်းလီရဲ့ တပည့်ဖြစ်တဲ့အတွက် တကယ်လို့ သူသေသွားခဲ့ယင်တောင်မှ ဘာဖြစ်မှာလဲ? ဒါက ချန်ဖန်းလီအနေနဲ့ ဒီပြဿနာကို ဆက်လုပ်ဖို့ ဆန္ဒမရှိဘူးဆိုယင် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ မာလန်းကတော့ ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ တပည့်ဖြစ်ပြီးတော့ အားလုံးထဲက အရမ်းကို ထူးချွန်တဲ့သူတစ်ယောက်ပါ။သူ့အနေနဲ့ ဘယ်လိုလုပ်ပီး ဖုံးကွယ် ထားလို့ရနိုင်မှာလဲ?

ဒါပေမဲ့ သူ့မှာရွေးချယ်စရာမရှိပါဘူး သူ့ရဲ့ အသက်က လင်းဟာန်ရဲ့ လက်ထဲမှာ ရှိနေပါတယ်။

လင်းဟာန်အနေနဲ့ ချန်ဖန်းလီက ဒီပြဿနာကို ဘယ်လို ကိုင်တွယ်ဖြေရှင်း မယ်ဆိုတာကို မသိပါဘူး။ သူသိတာက

နောက်ထပ်နှစ်ရက် အကြာမှာတော့ စာတစ်စောင်ရောက်လာပြီးတော့ အဲဒီထဲမှာက ဒီပြဿနာနဲ့ပါတ်သတ်ပြီးတော့ ဘာကိုမှ မစိုးရိမ်ဖို့ စာပြန်ထားတဲ့ အကြောင်းအရာကို ဖတ်ရှုလိုက်ရပါတယ်။

ဒီပြဿနာကို ဖြေရှင်းပြီးပီဆိုမှတော့ လင်းဟန်က လေတောင်တန်းခုနှစ်ခု ဆီကို ဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ နှစ်ကုန်ဖို့အတွက် တစ်လခန့်လိုသေးတဲ့အတွက် သူ့အနေနဲ့ အနည်းဆုံး ဒြပ်စင်စုစည်းခြင်းအဆင့် ၄ ကို ရောက်ဖို့ လိုအပ်နေပြီးတော့ ဒုယွန်ပြိုင်ပွဲမှာ ပထမနေရာကို အောင်မြင်အောင် ရယူနိုင်ဖို့ လိုအပ်ပါတယ်။

အပိုင်း(၄၆) လေတောင်တန်းခုနှစ်ဆီ သို့ ဝင်ရောက်ခြင်း

လေတောင်တန်းခုနှစ်ခုဟာ အရမ်းကို ကျယ်ပြန့်လွန်းတဲ့ ဧရိယာရှိပါတယ်။ အရှေ့ကနေ အနောက်ဘက်ကို မိုင်ပေါင်းတစ်ထောင်ဂန်းကျင်ခန့်ရှိပြီး တောင်ကနေ မြောက်ဘက်ကိုတော့ မိုင်ပေါင်း လေးရာကျော် ရှိပါတယ်။ ဒါက မိုးရေနိုင်ငံရဲ့ မြောက်ဘက်အစွန်ပိုင်းမှာမှာ အကျယ်ဆုံး တောင်တန်းကြီး ပဲဖြစ်ပါတယ်။ ဒီတောင်တန်းဧရိယာထဲမှာ မြောက်များစွာ သော မှိစ္ဆာသားရဲတွေက နေထိုင်အခြေချကြပြီးတော့ အမျိုးမျိုးသော

စိတ်ဂိဘာဉ်ဆေးပင်တွေလဲ အများအပြား ပေါက်ကြပါတယ်။ တစ်ခါတစ်ရံမှာ အဆင့်မြင့် လက်နက်တွေကို သွန်းလုပ်နိုင်တဲ့ အရမ်းကိုရှားပါးတဲ့ သတ္တု တွေကိုလဲ ရှာဖွေတွေ့ရှိနိုင်ပါတယ်။ဒါကြောင့်လဲ ဒီနေရာကို များစွာသောလူတွေက သူတို့ရဲ့ လေ့ကျင့်ရေးခရီးအဖြစ် ဂင်ရောက်လာကြပြီးတော့ တစ်ချို့ကတော့ ဒီနေရာက အမျိုးမျိုးသော ရတနာ တွေကို ပစ်မှတ်ထား ရှာဖွေဖို့အတွက် ဂင်လာကြတာပဲဖြစ်ပါတယ်။.

ဒါပေမဲ့လဲ ဒီတောင်တန်းကို ဂင်ရောက်လာတဲ့လူတွေရဲ့ သေနှုန်းကလဲ အရမ်းကို မြင့်မားပါတယ်။

တစ်ချို့က မိစ္ဆာသားရဲတွေရဲ့ အောက်မှာ သူတို့ရဲ့ လက်ချက်နဲ့ သေဆုံးကုန်ကြပါတယ်။ တစ်ချို့ကတော့ အရမ်းများတဲ့ပါတ်ဂန်းကျင်ကို သူတို့ကိုယ်တိုင်ပဲ ဂင်ရောက်သွားကြပြီး တစ်ချို့ကတော့ သူတို့နဲ့ အတူလိုက်ပါလာတဲ့ လူတစ်ချို့ရဲ့ လောဘတွေကြောင့် သတ်ဖြတ်ခြင်း ခံရပြီး သေဆုံးကုန်ပါတယ်။

ဘယ်သူတစ်ဦးတစ်ယောက်ကမှ တိတိကျကျ သေဆုံးမှုအရေအတွက်ကို မတွက်ချက်နိုင်ပေမဲ့လည်း အများစု လက်ခံယုံကြည်ထားတာကတော့ အဲဒီထဲက

တစ်ဂက်လောက်က အခြားသော လေတောင်တန်းခုနစ်ထဲကို ဂင်ရောက်လာတဲ့ လူတစ်ချို့ရဲ့ ခါးပြတိုက် သတ်ဖြတ်မှုကြောင့် သေဆုံးရတာဖြစ်တယ်လို့ ယုံကြည်ထားကြပါတယ်။ ဒါကြောင့် လေတောင်တန်းခုနစ်အတွင်းမှာ အန္တရာယ်အများဆုံးအရာက မိစ္ဆာသားရဲ တွေမဟုတ်ပဲနဲ့ လူတွေပဲဖြစ်နေပါတယ်။

တစ်ရက်ခန့်အကြာ လင်းဟန်နဲ့ လွီယုထန်တို့နှစ်ယောက် အဂါရောင်တံတားမြို့ကို ရောက်ရှိလိုလာခဲ့ပါတယ်။ ဒီနေရာကနေပြီးတော့ သူတို့အနေနဲ့ တောင်ရဲ့ရေိယာထဲကို တိုက်ရိုက် ဂင်ရောက်နိုင်ပါတယ်။

ဘာလို့လဲဆိုတော့ ဒီတစ်ခါ ခရီးက အရမ်းကိုဂေးကွာလွန်းပါတယ်။ သူတို့နှစ်ယောက်က မြို့ထဲက အင်း(အသေးစားဟိုတယ်) မှာ တစ်ညခန့် နေပြီးတော့ သူတို့ရဲ့ မြင်းတွေကို အင်းထဲမှာ ထားခဲ့ပြီး တောင်ရဲ့ ဧရိယာ ဆီကို ထွက်လာခဲ့ကြပါတယ်။

တကယ်လို့ သူတို့အနေနဲ့ တစ်လအတွင်း ပြန်မလာနိုင်ခဲ့ယင် ဟိုတယ် အနေနဲ့ သူတို့ရဲ့ မြင်းတွေကို ရောင်းချနိုင်ပါတယ်။ မြင်းတွေကို ရောင်းလို့ရတဲ့ ငွေကြေးက သူတို့ရဲ့မြင်းတွေ

ဟိုတယ်မှာ တစ်လခန့် ကျွေးမွေးထားရတဲ့ စားရိတ်ကို ကာမိစေပါတယ်။

မနက်စောစောမှာ နေက ကောင်းကင်ပေါ်ကို မြင့်တက်သွားပြီး တောက်ပတဲ့ အလင်းတန်းတွေက ကျဆင်းနေပြီး အရမ်းကိုလှပတဲ့ အရောင်အသွေးစုံလင်စွာနဲ့ အလင်းပြန်နေပြီးတော့ ဒါက လက်ရှိဘဝမှာ အရမ်းကို သာယာလှပနေပါတယ်။ ဒါက ကြမ်းတမ်းပြီးတော့ ခက်ခဲလှတဲ့ တောင်တန်း ဒေသပါ။ ဒါပေမဲ့လည်း နေ့တိုင်းလိုလိုပဲ လူတွေအများကြီးက တောင်တန်းထဲကိုဝင်ရောက်ပြီး လည်ပါတ်တဲ့သူ အရေအတွက်ဟာလည်း တကယ့်ကို မြင့်မားလာပါတယ်။

လင်းဟန်နဲ့ လွီယုထန် က သူတို့ ဘေးပါတ်ဝန်းကျင်က လတ်ဆတ်တဲ့လေကိုရှူပြီးတော့ စိတ်လက်ပေါ့ပါးစွာနဲ့ တိတ်ဆိတ်ငြိမ်သက်မှုကို ခံစားနေကြပါတယ်။

သူတို့ဟာ တောင်ဒေသ နေရာတွေကို လှည့်ပါတ်ပြီးတော့ ကောလဟာလ ထဲက ကျောက်လိုဏ်ဂူကို ရှာဖွေနေပါတယ်။ ဒါပေမဲ့လည်း သူတို့ ငါးရက်တိုင်တိုင် ရှာဖွေပြီး လိုဏ်ဂူအများကြီးကို ရှာတွေ့ခဲ့ပေမဲ့ သူတို့ရှာတွေ့ခဲ့တဲ့ လိုဏ်ဂူတွေကို စိတ်ပျက်စေခဲ့ပါတယ်။

ဒါက ယုတ္တိရှိပါတယ် တကယ်လို့ ဒီလိုဂျာဂူကိုသာ လွယ်လွယ်ကူကူ ရှာတွေ့ခဲ့မယ်ဆိုယင် တခြားလူတွေလည်း ဟိုးအယင်ကတည်းက ရှာတွေ့ နေပြီးလောက်ပါပြီ။

``ဟင်``

လင်းဟန်ခြေလှမ်းတွေ ရပ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ တိုက်ပွဲအသံ တစ်ချို့ကို ကြားလိုက်ရပါတယ်။

``သွားစို့ ငါတို့ သွားကြည့်ရအောင်``

လင်းဟန်ကပြောလိုက်ပါတယ်။ ဒါက သူ့ရဲ့ ဒုတိယဘဝပါ ဒါပေမဲ့ သူ့ရဲ့ စူးစမ်းချင်စိတ်ပြင်းပြတဲ့သဘာဝ ကတော့ မပြောင်းလဲသွားပါဘူး။

သူတို့က အသံကြားရာ နောက်ကို လိုက်သွားခဲ့ပြီး လျှင်မြန်စွာနဲ့ပဲ စမ်းချောင်းလေး တစ်ခုရဲ့ ဘေးနားကို ရောက်သွားခဲ့ပါတယ်။ သူတို့ရဲ့ အရှေ့မှာ သန့်ရှင်းသပ်ရပ်နေပြီး အုပ်စုနှစ်ခုက လူတွေက အသေအကြေ တိုက်ခိုက်နေကြပါတယ်။

``ဒါက တကယ့်ကို သေးငယ်တဲ့ကမ္ဘာလေးပဲ``

လင်းဟန်က သူ့ခေါင်းကိုခါရမ်းလိုက်ပါတယ်။ သူ့အနေနဲ့ လက်ရှိတိုက်ခိုက်နေတဲ့ အထဲက အဖွဲ့တစ်ခုကို သူသိပါတယ်။

သူတို့က လီွဒေါင်..ချန်ပိုင်ဂျူ... ဇူရှုရီ နဲ့တစ်ခြားသူတွေဖြစ်ပါတယ်။ သူတို့က အယင် ဘဲလန်စ့်တောင်မှာတုန်း အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီးကို ရရှိဖို့အတွက် ပူးပေါင်းခဲ့ပါသေးတယ်။ ဒါပေမဲ့လည်း ဟန်ကျန်းရဲ့ မတော်တဆ ကိစ္စ ဖြစ်ပျက်လိုအပြီးမှာတော့ သူတို့ငါးယောက်က အရမ်းကို ကြောက်ရွံ့သွားခဲ့ပါတယ်။ သူ့အနေနဲ့ သူတို့တွေနဲ့ ဒီနေရာမှာ နောက်တစ်ကြိမ် ပြန်ဆုံရမယ်လို့ မထင်ထားခဲ့ပါဘူး။

သူတို့ငါးယောက်အုပ်စုထဲမှာ လီွဒေါင် လီဟောင် နဲ့ ဇူရှုရီ တို့သုံးယောက်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဂင်ရောက်သွားပြီးတော့ ချန်ပိုင်ဂျူနဲ့ ဇောင်ချန် ကလည်း ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ကိုရောက်ရှိလို့နေပါပြီ။ သူတို့အားလုံးရဲ့ တိုးတက်မှုက အရမ်းကို ထင်ရှားမြင်သာစေပါတယ်။

နောက်ဆုံးတော့ သူတို့အားလုံးဟာ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး တစ်လုံးစီကို အသီးသီး ရရှိထားခဲ့ပါတယ်။

ဟုတ်ပါတယ် သူတို့ဘက်မှာ ဒြပ်စင်စုစည်းခြင်းအဆင့် လက်ရွေးစင် သိုင်းပညာရှင် သုံးယောက် ရှိနေပေမဲ့လည်း တစ်ဖက် အဖွဲ့အပေါ်မှာ အသာစီးမရယူနိုင်ပါဘူး။ တဖက်မှာ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင် လေးယောက်ပါရှိနေပါတယ်။

သုံးယောက် နဲ့ လေးယောက်...သူတို့က အရေအတွက်မှာလဲ အသားစီးမရ သလို သူတို့ဟာအ ခုမှ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက် ကာစ ပဲရှိသေးပြီးတော့ သူတို့ရဲ့ စွမ်းအားတွေကလဲ အားနည်းနေပါသေးတယ်။ တကယ်လို့ တစ်ဖက် အဖွဲ့ကသာ သူတို့ကို အသက်ရှင်လျက်နဲ့ ဖမ်းဆီးချင်နေတာမျိုးမဟုတ်ခဲ့ဘူးဆိုယင် သူတို့အားလုံး သေတာ ကြာပါပီ။

``ဘာလို့ မင်းတို့ လျှင်လျှင်မြန်မြန်နဲ့ အညံ့မခံတာလဲ ဒါဆိုယင် အရမ်းကြီး မခံစားရတော့ဘူးပေါ့``

သူတို့ရဲ့ ပြိုင်ဘက်ထဲက တစ်ယောက်က ပြောလိုက်ပါတယ်။ သူတို့ဘက်မှာ စုစုပေါင်းလေးယောက်ရှိပြီးတော့ အားလုံးက သူတို့တွေကို ပြင်းထန်တဲ့ အကြည့်တွေနဲ့ ကြည့်နေပါတယ်။ သူတို့အနေနဲ့ ဒီနေရာမှာ အတွေ့အကြုံ အများကြီးရှိပြီးတော့ အားလုံးကလဲ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နေပါတယ်။

လွှီဒေါင်နဲ့ သူ့အုပ်စုက အဖြေမပေးပဲနဲ့ သူတို့ရဲ့ ခံစစ်ကိုသာ ဆက်ပြီးတော့ ထိန်းသိမ်းနေပါတယ်။

အယင်တုန်းကတော့ သူတို့ ငါးယောက်အုပ်စုမှာ လီဟောင်က အသန်မာဆုံးပါ။ ဒါပေမဲ့ အခုတော့ မတူညီတော့ပါဘူး၊ သူ့ရဲ့ ဆေဘာကို ထပ်ခါထပ်ခါ ဝှေ့ယမ်းလိုက်ပီး ဓါးလှိုင်းတွေအားလုံးက သူတို့အုပ်စုနှစ်ခုကြားက ကွာဟနေတဲ့ စွမ်းအင်တွေကြောင့် မဖြိုပါဘူး။ သူ့ဆေဘာခုတ်ချက်တိုင်းက လေထဲကိုပဲ ခုတ်နေသလိုပါပဲ။ ဒါပေမဲ့ သူတို့ငါးယောက်အုပ်စုထဲမှာ သူရှိနေတာကပဲ အခုလိုအချိန်ဆွဲထားနိုင်တဲ့အတွက် ကျေးဇူးတင်ရပါမယ်။

သူက သူတို့ပြိုင်ဘက်ထဲက နှစ်ယောက်ရဲ့ အာရုံစူးစိုက်ခြင်းကို ဆွဲဆောင်ထားနိုင်ပါတယ်။

``Pu Pu``

စွမ်းအားပြင်းထန်တဲ့ တိုက်ခိုက်မှု နစ်ခု နဲ့အတူ သူ့ရဲ့ ဂမ်းပိုက်နဲ့ ကျောဘက်မှာ ဒါဏ်ရာနစ်ခု အသီးသီးဖြစ်ပေါ်သွားပီးတော့ သွေးတွေ ပန်းထွက်လာပါတယ်။

လီဟောင်က ကျယ်လောင်စွာအော်ဟစ်လိုက်ပီး သူ့ရဲ့ မျက်လုံးတွေက အနီရောင် အဖြစ်ပြောင်းသွားပြီးတော့ လေထုက ရူးသွပ်သလိုဖြစ်သွားပြီးတော့ သူ့ဆီကနေပြီး တစ်စုံတစ်ခု ပေါက်ကွဲထွက်လာပါတယ်။

လင်းဟန်က အနည်းငယ်အံ့ဩသွားပါတယ်။

``အဲဒါကဘာလဲ``

လွှီယုထန်ကမေးလိုက်ပါတယ်။ ဒီလိုတိုက်ပွဲအဆင့်က သူမရဲ့ အာရုံစူးစိုက်မှုကို အပြည့်အဝ မဆွဲဆောင်နိုင်ပါဘူး။

``ဒီကောင်က တကယ့်ကို ပါရမီရှိတာပဲ။ သူက ဆေဘာချီကို ထုတ်ဖော် နိုင်လုနီးပါးဖြစ်နေပီ``

လင်းဟန်က လီဟောင်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ဆေဘာချီ``

လွီယုထန်လဲ အံ့အားသင့်သွားပါတယ်။ ဘယ်လို ချီအမျိုးအစားပဲဖြစ်နေပါစေ ဒီလို အစွမ်းမျိုးကဖြစ်ပေါ်လာဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့လည်း များစွာသော လက်ရွေးစင် သိုင်းပညာရှင်တွေအတွက်တော့ အရမ်းကို ခံစားချက်တွေ ပြင်းထန်လာတဲ့ အောက်မှာတော့ ချီ ဖြစ်ပေါ်လာဖို့ အရမ်းကို လွယ်ကူပါတယ်။

ဥပမာ အရမ်းကို ပျော်ရွှင်ခြင်း သို့မဟုတ် ပူဆွေးသောကရောက်ခြင်း ဒါမှမဟုတ် မဆုံးနိုင်အောင် သတ်ဖြတ်ခြင်း ဒါမှမဟုတ် အရမ်းကို မျှော်လင့်ချက် ပျက်သုန်းခြင်းစတဲ့ အခြေအနေတွေမှာပါ။ ဒါပေမဲ့လည်း သူမအနေနဲ့ အမြဲတမ်းလိုလို အရမ်းကို အေးစက်တဲ့ ကိုယ်နှုတ် အမူအရာ ပိုင်ဆိုင်ပေမဲ့လည်း သူမအနေနဲ့ အဲဒီလိုမျိုး အရမ်းကို စိတ်လှုပ်ရှား စေတဲ့ အရာမျိုးကို ဘယ်တုန်းကမှ မကြုံတွေ့ဖူးခဲ့ပါဘူး။ ရလဒ်အနေနဲ့ သူမအနေနဲ့မြားချီကိုတောင် မထုတ်ဖော်နိုင်ပါဘူး။

သူမရဲ့ ဗဟုသုတ အရ သူမတို့ ကလန်က အကြီးအကဲက

ဓါးချိုကို ထုတ်ဖော်နိုင်တဲ့အကြောင်းက သူရဲ့ ဇနီးဖြစ်သူက ဖျားနာမှုကြောင့် သေဆုံးသွားခဲ့တဲ့အတွက် အရမ်းကို ပူဆွေးသောက ရောက်ခဲ့လို့ပဲ ဖြစ်ပါတယ်။

အခု လီဟောင် အနေနဲ့ ဆေဘာချိုကို ထုတ်ဖော်လုနီးပါးရောက်ရှိသွားခဲ့ရတာလည်း ဒီအချက်တွေကြောင့်ပါ။ ဒါကြောင့်သူမအနေနဲ့ အံ့အားသင့်သွားသလို မနာလိုမှုလဲ ခံစားလိုက်ရပါတယ်။

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`` မင်းအနေနဲ့ စိတ်ပျက်ဖို့မလိုပါဘူး.. ငါ့ရဲ့ သေသေချာချာ လမ်းညွှန်သင်ပြမှုနဲ့ မင်းလည်းပဲ မကြာခင်မှာ ဓါးချိုကို လျင်လျင်မြန်မြန်နဲ့ ထုတ်ဖော်နိုင်မှာပါ.. ဒါက မခက်ပါဘူး``

သူ့အတွက်ကတော့ ဓါးအလင်းတန်း ထုတ်ဖော်ဖို့က ခက်ခဲပြီးတော့ ဓါးနှလုံးသားကို ဖမ်းဆုပ်နိုင်ဖို့က တကယ့်စိန်ခေါ်မှုပဲဖြစ်ပါတယ်။

ဒါက ဘာမှမခက်ခဲဘူးဟုတ်လား?။

လွီယုထန်ရဲ့ မျက်လုံးတွေ ပိုင်းစက်သွားပါတယ်။

မိုးရေနိုင်ငံတစ်ခုလုံးမှာ လူဘယ်လောက်များများက ချီကို ထုတ်ဖော်နိုင်လို့လဲ? သူမရဲ့ လွီကလန်မှာတောင်မှာ ကလန်က လူခုနစ်ယောက်ပဲ ဒီလို ကံကြမ္မာကို ပိုင်ဆိုင်ထားကြတာပါ။

လင်းဟန်ပြုံးလိုက်ပါတယ်။ ဒီမိန်းကလေးက တကယ့်ကိုပဲ အရှေ့ဘက် ကြယ်က ဘယ်လောက်တောင် ကြီးမားလဲဆိုတာ မသိဘူးပဲ။ မိုးရေနိုင်ငံရဲ့ အသန်မာဆုံးသော စစ်သည်တော်က ပန်းဖူးအဆင့် စစ်သည်တော်ပဲ ဖြစ်နိုင် လောက်ပါတယ်။

ဒီ ကျယ်ပြန့်လှတဲ့ ကမ္ဘာကြီးမှာ မရေတွက်နိုင်တဲ့ ပါရမီရှင်တွေ ရှိပါတယ်။ ဒီနေရာမှာ အလင်းတန်းကို ထုတ်ဖော်နိုင်တဲ့ အရေအတွက်က ဘယ်လိုမှ နည်းတဲ့ အရေအတွက်မဖြစ်နိုင်ပါဘူး။ နလုံးသား အဆင့်တောင်မှပေ့ါ။

``နင် သူတို့ကို သွားပြီးတော့ မကူညီဘူးလား?`

လွီယုထန်က မေးလိုက်ပါတယ်။

``ဒါက ဒီကောင့်အတွက် အရမ်းကိုရှားပါးတဲ့ အခွင့်အရေးပဲ... တကယ်လို့ သူအနေနဲ့ ဒီအတွေ့အကြုံနဲ့

သူ့ရဲ့ ဆေဘာချီကို မထုတ်ဖော်နိုင်ဘူးဆိုယင် ဒီလိုအခွင့်အရေးမျိုးက နောက်ထပ် ငါးနှစ် သို့မဟုတ် ဆယ်နှစ်လောက်မှပဲ နောက်တစ်ကြိမ်ရနိုင်လိမ့်မယ်``

လင်းဟန်ကသူ့ခေါင်းကို ခါယမ်းပြီးတော့ ပြောလိုက်ပါတယ်။

``သူ့ကို ဒီထက်ပိုပြီး ဖိအားပေးခြင်းကို ခံပါစေ``

လွီယုထန်အနေနဲ့ အနည်းငယ်မျှ မျက်ခုံးတွန့်သွားပါတယ်။ သူမအနေနဲ့ လီဟောင်အပေါ်မှာ ယုံကြည်မှုရှိတဲ့ အမြင်မျိုး မရှိပါဘူး။ သူ့အတွက်ဖြစ်နိုင်တာက ဆေဘာချီကို ထုတ်ဖော်နိုင်ဖို့ထက် ဒီလို ပြင်းထန်တဲ့ အခြေအနေမှာ ရန်သူတွေရဲ့ တိုက်ခိုက်မှုလျော့သွားတဲ့အချိန်မှာ သူတို့ကိုရအောင် သတ်နိုင်ဖို့ပဲ ဖြစ်နိုင်ပါတယ်။

``လူသားသက်ရှိတွေရဲ့ ဆုံးဖြတ်ချက်နဲ့ စိတ်စွမ်းအားအပေါ်မှာ လျော့ မတွက်လိုက်နဲ့.. အရမ်းကို ဖိအားများလာတဲ့အခါမျိုးမှာ လူတစ်ယောက်က စိတ်ကူးလို့တောင်မရတဲ့ အစွမ်းတွေကို ထုတ်ဖော်ဖို့ဆိုတာ ဖြစ်နိုင်ချေရှိတယ်``

လင်းဟန်ပြုံးပြလိုက်ပါတယ်။ သူ့ရဲ့ အတိတ်ဘဝတုန်းက

သူဟာ တကယ့်ကို ကာကွယ်ခြင်းကို ခံရသူပါ။ မှော်ဆေးဖော်စပ်ပြီးတော့ အသုံးပြုပြီး အဆင့်တွေကို လွယ်လွယ်ကူကူနဲ့ ဖြတ်ကျော်လာခဲ့ပါတယ်။

ဒါက သူ့အနေနဲ့ ကမ္ဘာကြီးရဲ့ နေရာအားလုံးကို ခရီးထွက်ပြီး ရှေးဟောင်းနေရာတွေကို ရှာဖွေတဲ့အခါမှာ သူ့ကိုယ်ပိုင် တိုက်ခိုက်မှုစွမ်းရည်က အားနည်းတယ်ဆိုတာကို ဆုပ်ကိုင်ပြီး သတိထားမိသွားပါတယ်။ သူသွားလည်ခဲ့တဲ့ ရှေးဟောင်းဒေသ အားလုံးရဲ့ အန္တရာယ်တွေက သူ့ရဲ့ သန်မာတဲ့ ဆုံးဖြတ်ချက်နဲ့ စိတ်စွမ်းအားကို ပုံသွင်းပေးခဲ့ပြီး သူ့ရဲ့ တိုက်ပွဲအတွေ့အကြုံတွေကလည်းပဲ တိုးတက်လာခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ သူက တကယ့်ကို စွမ်းအားပြည့်ဝတဲ့စစ်သည်တော် တစ်ယောက်အဖြစ် တကယ့်ကို သတ်မှတ်နိုင်ခဲ့တာပါ။

``ရှပ်``

လေထုကိုဖြတ်ပြီးတော့ တောက်ပတဲ့ ဆေဘာအလင်းတစ်ခုက ထွက်ပေါ်လာပြီး လင်းဟန်ရဲ့စကားကို သက်သေပြလိုက်တာပါပဲ။

လီဟောင်က အန္တရာယ် အခြေအနေကို ဖိအားပေးရောက်သွားတဲ့ အခါမှာတော့ အံ့အားသင့်စရာကောင်းတဲ့ ဆေးဘာအစွမ်းကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။ သူ့အနေနဲ့ ဆေးဘာကို ပေါ့ယမ်းလိုက်တဲ့အခါမှာတော့ တစ်ချိန်တည်းမှာဆိုသလို ဆေးဘာ နှစ်ခုကို ပေါ့ယမ်းလိုက်သလိုပါပဲ။

သူက ဆေးဘာနှစ်ခုကို ပေါ့ယမ်းလိုက်တာမဟုတ်ပါဘူး... ဒုတိယ ဆေးဘာအလင်းကတော့ ဆေးဘာချီပါ။

``Pu``

ဘယ်သူကမှ လီဟောင်အနေနဲ့ ဆေးဘာချီ အလင်းကို ထုတ်ဖော်နိုင်တယ်ဆိုတာကို သတိမထားမိခဲ့ပါဘူး။ သူ့ရဲ့ပြိုင်ဘက် တစ်ယောက်က ဒီတိုက်ခိုက်မှုကို လက်ခံခဲ့ပြီး ဆေးဘာချီကလဲ ဖြတ်သန်း သွားတဲ့အခါမှာတော့ တစ်ဖက်လူရဲ့ ဘယ်ဘက်ပုခုံးမှာ ဒါဏ်ရာတစ်ခုဖြစ်ပီး သွေးတွေက ချက်ချင်းပန်းထွက်လာခဲ့ပါတယ်။

အပိုင်း(၄၇) သဲလွန်စ
``ကောင်းတယ်``
လွှီဒေါင်နဲ့ ကျန်တဲ့လူ သုံးယောက်က ဒီတိုက်ခိုက်မှုကြောင့်

စိတ်အား တက်ကြွလာခဲ့ပါတယ်။ လီဟောင်ရဲ့ ပုံရိပ်က ယိမ်းထိုးနေပါတယ်။ သူ့ရဲ့ မူလစွမ်းအင်တွေ အားလုံးနီးပါး ကုန်ခမ်းသွားပါတယ်။ ဒီနောက်ဆုံး ဓါးချက် ကသူ့ရဲ့ မျှော်လင့်ချက်တွေ ပျက်သုန်းလုနီးဖြစ်ပီးမှ ထွက်ပေါ်လာတဲ့ ဓါးချက်ပါ။ သူ့အနေနဲ့ ဒီတိုက်ခိုက်မှုမှာ ဆေဘာချီကို ထုတ်ဖော်နိုင်လိမ့်မယ် လို့ လုံးဝမမျှော်လင့်ထားပါဘူး။

ဒါပေမဲ့ သူ့အနေနဲ့ နောက်ထပ် ဆက်ပီး မတိုက်ခိုက်နိုင်တော့ပါဘူး။သူ့ရဲ့ဘေးမှာ ညာဘက်လက်က ကျနေပြီးတော့ သူ့ရဲ့ ဆေဘာကလဲ လက်ကြားကနေ အောက်ကို လျောကျလုနီးပါးဖြစ်နေပါပြီ။

``ဘော့စ်...ဒီကောင်တကယ်ပဲ ဆေဘာချီကို ထုတ်ဖော်နိုင်တယ်.. သူ့ကို ကျနော်တို့ အသက်ရှင်ခွင့်ပေးလို့မဖြစ်ဘူး``

ရန်သူတစ်ယောက်က ချက်ချင်းပဲ အော်ဟစ်ပြောလိုက်ပါတယ်။

သူတို့လေးယောက်ရဲ့ ဘော့စ်ဆိုတဲ့သူက ကြီးမားတဲ့ ကိုယ်ခန္ဓာရှိပြီး သူ့ရဲ့ ဘယ်ဘက် လက်ချောင်းနှစ်ချောင်းက ပြတ်နေပီးတော့ မျက်ခုံးမွှေးထူထူနဲ့ လူကြီးပဲဖြစ်ပါတယ်။

သူက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီကောင်က အနာဂါတ်မှာ ငါတို့အတွက် တကယ့် ပြဿနာကြီး တစ်ခု ဖြစ်လာလိမ့်မယ်..သူ့ကို အယင်သတ်လိုက်တာပေါ့``

``ဟီးဟီး တခြားကျန်တဲ့ လူလေးယောက်ကို ခြိမ်းခြောက်ပီး ငွေ ကို ပိုတောင်းလိုက်မယ်ဆိုယင် ဒီ ကောင်ကလေးရဲ့ ဂေစုကို ကာမိမှာပဲ``

``ဒါပေါ့ ဒီကောင်လေး အလောင်းကတော့ ငွေအချို့တန်ပါတယ်``

သူတို့လေးယောက်က သူတို့အချင်းချင်းပဲ စကားပြောနေခဲ့ပါတယ်။ အစပိုင်းမှာ လီဟောင်ထုတ်ဖော်လိုက်တဲ့ ဆေဘာချီကြောင့် သူတို့ အံ့အားသင့်သွားပေမဲ့ လျှင်လျှင်မြန်မြန်နဲ့ သူတို့က တည်ငြိမ်အေးဆေး သွားပါတယ်။ ပြီးတော့ ဒီတိုက်ပွဲမှာ သူတို့ဘက်က စွမ်းအင်နဲ့ပါတ်သတ် ယင် အသာစီးရယူထားတယ်လေ။

``ပြေးကြ ငါ မင်းတို့ နောက်ဆုတ်နိုင်ဖို့

ကာကွယ်ပေးထားမယ်``

လီဟောင်က လေးလေးနက်နက်နဲ့ပြောလိုက်ပါတယ်။ သူလုံးဝ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူ့ရဲ့ ခွန်အားအကုန်လုံးကို အသုံးချပြီးတော့ ဆေဘာဓါးကို ဆုပ်ကိုင်ပြီး မြှောက်လိုက်ပါတယ်။

``ဟက်ဟက် အချစ်ရဲ့ စွမ်းအားက တကယ့်ကို ကြီးကျယ်မြင့်မြတ်တာပဲ``

လင်းဟန်အနေနဲ့ သူတို့အယင်တုန်းက တွေ့ဆုံခဲ့စဉ်က လီဟောင်အနေနဲ့ ဇူရှူရီ ကို နှစ်သက်နေတယ်ဆိုတာ သေချာပေါက် ပြောရဲပါတယ်။ အခု သူ့အနေနဲ့ ဆေဘာချီကို ထုတ်ဖော်နိုင်တဲ့ အကြောင်းက သူနှစ်သက်ရတဲ့ သူ နာကျင်ခံစားရမှာကို စိုးရိမ်ခဲ့တာကပဲ သူ့ရဲ့ ခံစားမှုတွေကို အထွတ်အထိပ် ကို ရောက်စေခဲ့တာပါ။

ဒါပေ့ါ ခံစားမှု အထွတ်အထိပ်ကို ရောက်စေတာက ချီ ကို ထုတ်ဖော်နိုင်ဖို့ လိုအပ်တဲ့ အရာတစ်ခုပဲဖြစ်ပါတယ်။ဒါပေမဲ့ ဒီလိုအခြေအနေမျိုးမှာ လူသားတွေက တစ်ခါတလေ လုံးဝပြည့်စုံအောင် ရောက်ရှိသွားတာမျိုးရှိပြီး ချီကို ဖော်ထုတ်နိုင်ဖို့အတွက်လဲ လုံလောက်တဲ့

ပါရမီရှိဖို့လိုအပ်ပါသေးတယ်။

``အခု မင်း စပြီး လှုပ်ရှားတော့မှာလား?``

လွီယုထန်က မျက်လုံးပိုင်းပိုင်းလေးတွေနဲ့ သူ့ကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်ပါတယ်။ သူမအနေနဲ့ လင်းဟန်ရဲ့ အမူအရာတွေက အမြဲတမ်းလိုလို ရင့်ကျက် တည်ငြိမ်နေပြီးတော့ အသက်ဆယ့်ခြောက်နှစ် အရွယ်နဲ့ လုံးဝကို မမျှတလို့ မြင်ပါတယ်။

လင်းဟန်က ကျယ်လောင်တဲ့ လေချွန်သံကိုပေးပြီးတော့ ရှေ့ကို ထွက်လာ ခဲ့ပါတယ်။

``လင်းဟန်.....``

လီဒေါင်နဲ့သူတို့အုပ်စုက သူ့ကိုမြင်လိုက်တဲ့အခါမှာ သူတို့ရဲ့ အမူအရာတွေက ပထမတော့ အရမ်းကို ကျေနပ်ပျော်ရွှင်သွားကြပြီး လျှင်မြန်စွာနဲ့ စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြပါတယ်။ ဘာလို့လဲဆိုတော့ အယင် သူတို့ တွေ့ဆုံခဲ့စဉ်က လင်းဟန်အနေနဲ့ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၇ ပဲရှိပါသေးတယ်။ အခုလက်ရှိ နှစ်လလောက်အကြာမှာတော့ လင်းဟန်က

ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ဆိုတာ က ဘယ်လိုလုပ်ပီးဖြစ်နိုင်မှာလဲ ဒီ နှစ်လဆိုတဲ့ အချိန်တိုတိုလေးအတွင်းမှာပေါ့။

တကယ့်လို့ သူသာ အခု ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ မှာပဲရှိနေဦးမယ်ဆိုယင် သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၁ သိုင်းပညာရှင်ကိုတောင် မှ ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး။ ဒါက သိုင်းပညာရဲ့ မဖျက်ဆီးနိုင်တဲ့ ဥပဒေ ပဲဖြစ်ပါတယ်။

သူတို့အနေနဲ့ ပါတ်ဂန်းကျင်ကို လှည့်ပါတ်ကြည့်နေပါတယ် နောက်ထပ် ပုံရိပ်တစ်ခုကို မျှော်လင့်ပြီးတော့ပေါ့။ လွီယုထန်က ဒြပ်စင်စုစည်းခြင်းအဆင့် ၉ လက်ရွေးစင် သိုင်းပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ တကယ်လို့ သူမသာ ဒီနေရာမှာရှိနေယင် သူတို့အားလုံး လုံခြုံပါပြီ။

``မင်းတို့ မျက်နှာပေါ်က အကြည့်တွေက ငါ့ကို စိတ်မကောင်းဖြစ်စေတာပဲ``

လင်းဟန်ကပြောလိုက်ပါတယ်။

``ကောင်လေး.... မင်းကိုမင်း ဘာထင်နေတာလဲ``

ရန်သူခေါင်းဆောင်ကလင်းဟန်ကို အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ အစွမ်းကို မသိပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ ထင်မြင်ယူဆချက် အရတော့ အသက် ၁၆ ၁၇ ပဲရှိသေးတဲ့ ကောင်လေးတစ်ယောက်က ဘယ်လိုလုပ်ပြီး စွမ်းအားကြီးနိုင်မှာလဲ မဟုတ်ဘူးလား?

``ငါ့နာမည် လင်းဟန်လို့ခေါ်တယ် တိမ်မီးခိုးမြို့က လင်းကလန်ခေါင်းဆောင်ရဲ့ သားပဲ``

လင်းဟန်က သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါတယ်။

``ခေါင်းဆောင် ကျနော်တို့ နောက်ထပ် ငွေတွင်းကြီး တစ်ခု တွေ့တာပဲ``

နောက်လိုက်တစ်ယောက်က ပြောလိုက်ပါတယ်။

လက်ချောင်းပြတ်နေတဲ့ ခေါင်းဆောင်က ကောက်ကျစ်စဥ်းလဲစွာနဲ့ ရီလိုက်ပါတယ်။

``ဟော့ကောင်ကလည်း မင်းက ငါတို့ဆီကို ပိုက်ဆံတွေ လွယ်လွယ်ကူကူနဲ့ ရအောင်လို့ သယ်လာတာပဲ ... ဘာလို့ မြန်မြန်လာပြီး လိမ်လိမ်မာမာနဲ့ အညံ့မခံသေးတာလဲ?``

``ဟားဟားဟားဟားဟား``

သူတို့အုပ်စုက လှောင်ရီနေကြပါတယ်။

လင်းဟန်က ရီပြီးတော့ပြောလိုက်ပါတယ်။

``ငါက မင်းတို့လေးယောက်က အရမ်းကို ကောင်းလိမ့်မယ်လို့ မထင်ထားဘူး... ဘာဖြစ်လို့ မင်းတို့ရဲ့ လည်ပင်းတွေကို လိမ်လိမ်မာမာနဲ့ အရှေ့ကို မထုတ်ပေးတာလဲ ငါ မင်းတို့ကို ဓါးတစ်ချက်စီ လက်ဆောင် အဖြစ်ပေးချင်လို့ပါ``

`` ဘယ်လောက်တောင် လေကြီးလိုက်တဲ့ ကောင်လဲ.... ငါ့အနေနဲ့ ဒီလို ငယ်ရွယ်ပြီး မာနကြီးတဲ့ သခင်လေးဆိုတဲ့သူတွေကို အရမ်းကိုမုန်းတယ်``

နောက်လိုက်တစ်ယောက်က လင်းဟန်ကို ကြီးမားတဲ့ သားလျှီးဓါးနဲ့ ခေါင်းကို ညွှန်ပြီးတော့ ပြောလိုက်ပါတယ်။

``ကဲကဲ ဘာမှ ညာတာမနေနဲ့တော့ ဒီနေရာမှာ နောက်ထပ် ငွေတွင်းတစ်ခု ရှိနေပြီ``

လက်ပြတ်နေတဲ့ ခေါင်းဆောင်က သတိပေးလိုက်ပါတယ်။

``ဟီးဟီး ကျနော် ဒီကောင်စုတ်လေးရဲ့ လက်မောင်းတွေကို သွားဖြတ်လိုက်မယ်``

နံပါတ်လေးကပြောလိုက်ပြီးတော့ သူ့ရဲ့ ကြီးမားတဲ့ သားလှီးဓါးကြီးကို အနည်းငယ်နိမ့်လိုက်ပြီး တော့ ဒေါင့်ဖြတ်အနေအထားနဲ့ လင်းဟာန်ရဲ့ လက်မောင်းဆီကို ချိန်ရွယ်လိုက်ပါတယ်။

``ရှပ်``

လင်းဟာန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ ဓါးအလင်းတစ်ခု ထွက်ပေါ်လာပြီးတော့ သားလှီးဓါးက လေပေါ်ကိုမြောက်တက်သွားပြီး နံပါတ်လေးလို့ခေါ်တဲ့ လူက အားလိုင်းကြောင့် အနောက်ကို လွှင့်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ခေါင်းကတော့ လည်ပင်းကနေ ပြတ်သွားပြီး ပူနွေးတဲ့ သွေးတွေက စမ်းရေစီးသလို ပန်းထွက်လာပါတယ်။

``ဘာ``

ဒါကိုမြင်ပြီးတော့ ကျန်တဲ့ ဓါးပြသုံးယောက်က ကြက်သေသေ သွားခဲ့ပါတယ်။ လှီဒေါင်နဲ့ သူတို့အုပ်စုလည်းပဲ အံ့အားသင့်ကုန်ပါတယ်။

ဒါက တကယ်ပဲ လင်းဟန်မှ ဟုတ်ပါလေစ။

လွန်ခဲ့တဲ့ နှစ်လက ဒီကောင်က ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်၇ မှာပဲရှိသေးတာလေ ဒါဆို အခုရော? ဒီ နံပါတ်လေး ဓါးပြ က အနည်းဆုံး ဒြပ်စင်စုစည်းခြင်းအဆင့် ၂ ဒါမှမဟုတ် ၃ တောင် ရှိနေနိုင်ပြီးတော့ သူ့ရဲ့ တစ်ဦးတည်းခွန်အားက သူတို့ကို လွယ်လွယ်ကူကူနဲ့ ထိန်းချုပ ်လွှမ်းမိုး နိုင်ပါတယ်။ ဟုတ်ပါတယ် သူ့ကို လင်းဟန်က ဓါးတစ်ချက်တည်းနဲ့ အသေသတ်လိုက်ပါတယ်။ ဒါက ဘယ်လို ခြားနားချက်မျိုးလဲ?

လင်းဟန်အနေနဲ့ သူ့ဓါးကို ဆွဲထုတ်လိုက်တာနဲ့ လုံးဝ သနားညှာတာဖို့ မစဉ်းစားထားပါဘူး။ သူ့ရဲ့ပုံရိပ်က လက်ပြတ်နေတဲ့ ခေါင်းဆောင်နဲ့ ကျန်တဲ့ နောက်လိုက်နှစ်ယောက်ဆီကို ဦးတည်လိုက်ပါတယ်။

``နံပါတ်လေးက အရမ်းကို နမော်နမဲ့နိုင်ပြီး

သတိမထားလို့ဖြစ်သွားတာပဲ``

``ဟုတ်တယ် ဒါကဖြစ်နိုင်တယ် ဒီကောင်လေးက အခုမှငယ်ငယ်လေး ရှိသေးတာ သူ့အနေနဲ့ ဘယ်လောက် သန်မာနိုင်မှာမို့လို့လဲ``

`` နံပါတ်လေးအတွက် လက်စားချေတဲ့အနေနဲ့ ဒီကောင်လေးကို သတ်လိုက်ကြရအောင်``

သူတို့သုံးယောက်က သူတို့ရဲ့ လက်နက်တွေကို ပွေ့ယမ်းလိုက်ပြီးတော့ သူတို့ရဲ့ ဓါးသွားတွေက ကြမ်းတမ်းပြီးတော့ ကြီးမားတဲ့ ဆူညံသံတွေကို ဖြစ်ပေါ်လာစေပါတယ်။

ကံမကောင်းစွာနဲ့ပဲ လင်းဟန်ရဲ့ အရှေ့မှာတော့ သူတို့က အရမ်းကို အားနည်းနေပါတယ်။

ဒီသုံးယောက်အုပ်စုမှာ လက်ပြတ်နေတဲ့ ခေါင်းဆောင်က ဒြပ်စင်စုစည်းခြင်းအဆင့် ၃ မှာရှိပြီးတော့ ကျန်တဲ့နှစ်ယောက်ကတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ၂ ပဲရှိပါသေးတယ်။လင်းဟန်ရဲ့ အရှေ့မှာတော့ သူ့ရဲ့ အစွမ်းက

ဒြပ်စင်စုစည်းခြင်းအဆင့် ၅
သိုင်းပညာရှင်တစ်ယောက်နဲ့တောင် နိုင်းယှဉ်လို့ရနေတာ သူတို့အနေနဲ့ ဘာလုပ်နိုင်မာလဲ?

လင်းဟန်အနေနဲ့ ဓါးချိုကိုရော အံ့အားသင့်စရာကောင်းတဲ့ လျှပ်စီး ဓါးသိုင်းကိုရော အသုံးမပြုခဲ့ပါဘူး။ သူတို့ရဲ့ ခံစစ်ထဲက ဟာကွက်တွေကို အခွင့်အရေးအကုန်လုံးအသုံးချပြီး တိုက်ခိုက်လိုက်ပါတယ်။

``ရွှပ် ရွှပ် ရွှပ်``

သူချက်ချင်းဆိုသလို အားလုံးကိုသတ်လိုက်ပါတယ်။ လက်ပြတ်နေတဲ့ ဓါးပြခေါင်းဆောင်ဟာ သနားညာတာဖို့အတွက် တောင်းပန်ဖို့တောင် မလုပ်လိုက်နိုင်ပဲ သူတို့ အုပ်စုကို လင်းဟန်က အမြစ်ပြတ်သုတ်သင်ပစ်လိုက်ပါတယ်။

လွီဒေါင်နဲ့ သူတို့အုပ်စုဟာ အိမ်မက်မက်နေသလိုမျိုး ခံစားရနေရပါတယ်။

သူတို့အားလုံးက နေ့တစ်ဂက်လောက် ဖြစ်နိုင်သမျှ အရာတွေ အားလုံးကို အသုံးချပြီးတော့ လက်ပြတ်နေတဲ့

ဓါးပြခေါင်းဆောင်တို့ အုပ်စုကို အသက်ရှင်ဖို့အတွက် ရင်ဆိုင်ခဲ့ရပါတယ်။ဒါ့အပြင် သူတို့အားလုံး အခုလို အသက်ရှင်နေတာကလဲ ဓါးပြအုပ်စုက သူတို့ကို အရှင်ဖမ်းဖို့ ကြံစည်နေလို့ပါ။ ဒါပေမဲ့ လင်းဟန်က ဘာလုပ်လိုက်သလဲ? သူက သူတို့အားလုံးကို သတ်ပစ်လိုက်တယ်။ ရန်သူတစ်ယောက်ကို ဓါးတစ်ချက်ပဲ သူကြည့်ရတာက ကိတ်မုန့်ကို လှီးနေသလိုမျိုးပဲ။

အတိတ်မှာတော့ သူတို့နဲ့ တိုက်ပွဲစွမ်းရည်ပဲ ကွာဟချက်ရှိခဲ့တာလေ။ ဒါပေမဲ့ အခု ဘာလို ဒီလောက်တောင် ကြီးမားသွားရတာလဲ?

``လင်းဟန် မဟုတ်ဘူး... အကိုကြီးလင်း ကျေးဇူးတင်ပါတယ်``

``တကယ့်ကို ကျေးဇူးတင်ပါတယ် ဒီလိုမှမဟုတ်ယင် ကျတော်တို့ ပြဿနာ အကြီးကြီးတက်ပီ``

သူတို့အားလုံ း အချိန်တစ်ခဏတာမျှ တွေဝေနေပြီးတော့ ချက်ချင်းပဲ အားလုံးစုပြီးတော့ လင်းဟန်ကို ကျေးဇူးတင်လိုက်ကြပါတယ်။

လင်းဟန်က သူတို့အားလုံးကိုပြုံးပြလိုက်ပါတယ်။ လွှီယုထန်လည်း ပုန်းနေတဲ့ ခြုံပုတ်ထဲကနေ ထွက်လာခဲ့ပြီး ပါတ်ဂန်းကျင်လေထုက အရမ်းကို နေသာထိုင်သာရှိသွားခဲ့ပါတယ်။

`` မင်းတို့ ဘယ်လိုလုပ်ပီး ဒီနေရာကိုရောက်နေတာလဲ?``

လင်းဟန်ကမေးလိုက်ပါတယ်။ ဒီ လေတောင်တန်းခုနစ်ခု ဟာအရမ်းကို အန္တရာယ်များပါတယ်။ သူ့အနေနဲ့ မြေနဂါးမြက် ပင်နဲ့ အနီရောင်အကြေးခွံ မြွေနဂါး ကြောင့်သာမဟုတ်ယင် ဒီလိုနေရာကို လာဖို့ စိတ်မကူးပါဘူး။ဒါ့အပြင် စိတ်ဂိဉာဉ်ပင်လယ်အဆင့် မိသ္ဓားသားရဲ က အားနည်းတဲ့ မိသ္ဓားသားရဲတွေကို တိုက်ခိုက်ဖို့အတွက် ဒီနေရာတစ်ပိုက်ကို ရောက်မလာဘူးလို့ပြောလို့မရပါဘူး။

``ဒုယွန်ပြိုင်ပွဲက မကြာခင်မှာ စတော့မှာဆိုတော့ ကျနော်တို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို ပိုပြီး တော့ ဖြစ်နိုင်သမျှ တိုးတက်လာဖို့ အတွက်လိုပါတယ်။ ဒီနေရာကို လာရတာကလဲ ကံကောင်းပြီးတော့ အချို့ စိတ်ဂိဉာဉ်ဆေးပင်တွေကို ရနိုင်မလားဆိုပြီးတော့ လာခဲ့တာပါ``

ချန်ပိုင်ဂျူက ဖြေလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီပြီးပြောလိုက်ပါတယ်။

``မင်းတို့တွေထင်နေတာက ဘဲလန့်စ်တောင်မှာတုန်းက အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီးအပင်ကို ရှာဖွေတွေ့ရှိခဲ့ပြီးတော့ ကောင်းကင် မင်းတိုက မျက်နှာသာပေးတဲ့အတွက် ဒီနေရာမှာလဲ ထပ်ပြီးတော့ ကံကောင်းမှုတွေ ရနိုင်မလားဆိုပြီးတော့ လာခဲ့တာပေ့ါဟုတ်လား?``

လွီဒေါင်နဲ့ သူတို့အုပ်စုက ရှက်ကိုးရှက်ကန်းဖြစ်သွားပါတယ်။ဇူရှုရီက နှုတ်ခမ်းစူပြီးတော့ ပြောလိုက်ပါတယ်။

`` ငါတို့ကို အပြစ်မတင်ပါနဲ့... ဒီတစ်ကြိမ် တကယ်ပဲ ငါတို့ကံမကောင်းဘူး.. စိတ်ဂိဉာဉ်ဆေးပင်တွေ ရှာလို့ မတွေ့ယုံသာမက ငါတို့ ယင်ချီတွေ အရမ်းများတဲ့ လိုဏ်ဂူထဲကိုလဲမတော်တဆ ကျသွားခဲ့သေးတယ် အဲဒီနေရာမှာ လူနဲ့ တိရိစ္ဆာန်ရဲ့ အရိုးတွေက နေရာအနှံ့အပြား ပြန့်ကျဲနေတယ်``

လင်းဟန် ချက်ချင်းပဲတွေးလိုက်ပါတယ်။ ဖြစ်နိုင်တာက ဒီ ငါးယောက် အုပ်စု က အနီရောင်အကြေးခွံ မြွေနဂါးနေထိုင်တဲ့ လိုဏ်ဂူထဲကို မမျှော်လင့်ပဲ ကျသွားခဲ့တာပဲဖြစ်ရမယ် ဟုတ်တယ်မလား?။
တကယ်လို့ ဒါသာ အမှန်ဆိုယင် သူတို့ရဲ့ ကံကောင်းမှုက တကယ့်ကို ရှားပါးတာပဲ။

အပိုင်း (၄၈) ကြီးမားသော မြွေကြီး ရဲ့ သားရဲတွင်း
``လိုဏ်ဂူ က ဘယ်နားမှာလဲ``
လင်းဟန်ကမေးလိုက်ပါတယ်။
`` နေပါဦး .. မင်းက အဲဒီမိစ္ဆာသားရဲ နေရာကို သွားချင်လို့လား?``
လွီဒေါင်က ချက်ချင်းဆိုသလို အော်လိုက်ပါတယ်။
လင်းဟန်က ငြင်ငြင်သာသာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`` မင်းတို့အုပ်စုက ကံကောင်းမှုတွေ ရှာဖွေဖို့ အတွက် ဒီကို လာခဲ့တာမဟုတ်ဘူးလား? အဲဒီမှာ အဲလိုနေရာတစ်ခု ရှိနိုင်တယ်လေ... မင်းတို့က လိုဏ်ဂူအတွင်းနက်နက် ထဲကို သွားပြီး မရှာခဲ့ဘူးမဟုတ်လား ဟုတ်တယ်ဟုတ်?``

``ဒါပေါ့ ... အဲဒီနေရာမှာ အရိုးတွေက နေရာအနှံ့မှာ

ရှိနေတယ်.. ဒီလိုဏ်ဂူက ကြည့်ရတာ ကြောက်စရာကောင်းတယ်..ငါတို့ အဲဒါကို မြင်တာနဲ့ တန်းပြီး ထွက်ပြေးလာကြတာပဲ``

မိန်းကလေးတစ်ယောက်ဖြစ်တဲ့ ဇူရှုရီက သဘာဝအတိုင်း သူမရဲ့ ကြောက်ရွံ့ ထိတ်လန့်တဲ့ စကားတွေကို ပြောဆိုလိုက်တာက လင်းဟန်ကို ရီမောစေခဲ့ပါတယ်။

``မင်းတို့အုပ်စုက တကယ့်ကို ကံကောင်းတာပဲ``

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ ဒီအုပ်စုသာ လိုဏ်ဂူအတွင်း ပိုင်းကို ဒီထက်ပိုနက်နက် ဝင်ပြီး လေ့လာစူးစမ်းခဲ့မယ်ဆိုယင် ဘယ်လိုသက်ရှိအမျိုးအစားက လူတွေနဲ့ တိရိစ္ဆာန်တွေကို သတ်ဖြတ်လဲဆိုတာကို မြင်တွေ့ရမှာဖြစ်ပြီးတော့ သူတို့တွေတောင်မှ အပြင်ကို ဘယ်တော့မှ ပြန်ပြီး ထွက်လာနိုင်မှာမဟုတ်ပါဘူး။

``အဲဒီနေရာမှာ တကယ်ပဲ အခွင့်အရေးကြီးကြီးမားမားရှိတာလား?``

ချန်ပိုင်ဂျုက မျှော်လင့်ချက်အပြည့်နဲ့ မေးလိုက်ပါတယ်။

လက်ရှိမှာ သူနဲ့ ဇောင်ချန်တို့နှစ်ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စွမ်းမရှိသေးပါဘူး။

``ဖြစ်နိုင်ပါတယ်``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ဒီလိုဂုဏ်ဂူက အနီရောင်ကြေးခွံ မြွေနဂါး နေထိုင်ရာ သို့မဟုတ် တခြား ကြောက်မက်ဖွယ်ရာကောင်းတဲ့ မိစ္ဆာသားရဲ တစ်ကောင်ကောင် နေထိုင်ရာ နေရာဖြစ်နိုင်ပါတယ်။ သူမျက်လုံးနဲ့ ကိုယ်တိုင် မမြင်တွေ့ရသေးပဲ နဲ့ သူအနေနဲ့ သေချာပေါက်မပြောနိုင်ပါဘူး။

သူအနေနဲ့ လွီဒေါင်တို့ ငါးယောက်ရဲ့မျက်နှာမှာ စိတ်အားထက်သန်မှုကို တွေ့လိုက်ရတာနဲ့ ပြောလိုက်ပါတယ်။

``ဒါပေမဲ့လည်း အခွင့်အရေးကြီးမား တာနဲ့အမျှ အန္တရာယ်လဲ အရမ်းကို များတယ်.. မင်းတို့တွေ သေသေချာချာ စဉ်းစားဖို့လိုလိမ့်မယ်``

သူတို့လေးယောက်က

အချင်းချင်းအပြန်အလှန်ကြည့်ပြီးတော့ နောက်ဆုံးမှာ ပြောလိုက်ပါတယ်။

``ငါတို့အနေနဲ့ အနည်းဆုံးမင်းကို အဲဒီလိုက်ဂူရှိတဲ့ အနားကို ခေါ်သွားပေးမယ်``

သူတို့အုပ်စုက သူတို့လမ်းကြောင်းအတိုင်းစတင်ထွက်ခွာလာခဲ့ကြပါတယ်။

လင်းဟန်က လီဟောင်ကိုပြောလိုက်ပါတယ်။

``ဂုဏ်ပြုပါတယ် မင်းအခုဆိုယင် ဆေဘာချီကို ထုတ်ဖော်နိုင်ပီ အခု မင်းကို ဆေဘာကိုင်ဆောင်တဲ့ လမ်းကြောင်းပေါ်ကို ပထမခြေလှမ်း ချလိုက်နိုင်ပီ လို့ သတ်မှတ်လို့ရပီ``

ဆေဘာချီ။

လင်းဟန်ပြောတာကို ကြားလိုက်တာနဲ့ လီဒေါင်နဲ့ ကျန်တဲ့သူတွေက လီဟောင်ရဲ့ နောက်ဆုံးတိုက်ခိုက်မှုက အမှန်တကယ်ပဲ ဆေဘာချီ အလင်းကို ထုတ်ဖော်နိုင်ခဲ့တယ်ဆိုတာကို အမှတ်ရသွားခဲ့ပါတယ်။

ဇူရှုရီရဲ့ မျက်နှာမှာ အားရကျေနပ်မှု ပြည့်နှက်နေတာကို မြင်လိုက်ရတော့ လွီဒေါင်.. ချန်ပိုင်ဂျူ နဲ့ ဇောင်ချန်တို့က သူတို့ရဲ့ မနာလိုမှုတွေကို ထိန်းမရခဲ့ပါဘူး။

လီဟောင် သာမာန်ရိုးရိုးအတိုင်းပဲ ရီမောလိုက်ပါတယ်။ သူ့အနေနဲ့ ကျင့်ကြံခြင်းလမ်းကြောင်းကို စတင်လိုက်တာနဲ့ သူဟာ ဆေဘာ ပညာတွေ ကိုလေ့ကျင့်ခဲ့တာပါ။သူကိုယ်သူဆေဘာ လမ်းကြောင်းပေါ်မှာ ဆယ့်သုံးနှစ် လောက် နှစ်မြုပ်ပြီး ဆေဘာချီကို ထုတ်ဖော်နိုင်ဖို့အတွက် အလေးနက်ဆုံး ဆုံးဖြတ်ထားခဲ့တာပါ။ ဒါပေမဲ့လည်း ကံမကောင်းစွာနဲ့ပဲ သူ့အနေနဲ့ လုံး၀ မလုပ်နိုင်ခဲ့ပါဘူး။

သူ့အနေနဲ့ လုံး၀ မထင်မှတ်ထားတာက ဒီလိုမျိုး အွန္တရာယ်ရှိတဲ့ အခိုက်အတန့်မှာမှ ဆေဘာချီကို ထုတ်ဖော်နိုင်ဖို့အတွက် ကောင်းကင်က ကံကောင်းမှုတွေကို ဖုံးကွယ်ပေးထားတယ်ဆိုတာကိုပေ့ါ။ အခုချိန်ကစပြီး တော့ သူ့ရဲ့ သိုင်းပညာလမ်းကြောင်းက မျှော်မှန်းထားတာထက် ပိုပြီး တောက်ပလာတော့မှာပါ။

သူသေချာပေါက်ပြောနိုင်တာကတော့ တကယ်လို့ သူသာ ဟွာယန်အကယ်ဒမီကို ရောက်သွားခဲ့မယ်ဆိုယင် သူ့ရဲ့

ဆေဘာချီကို အဲဒီနေရာမှာ ထုတ်ပြခဲ့ယင် သေချာပေါက် တပည့်အဖြစ် လိုက်လိုက်လဲ့ လဲ့ ကြိုဆိုခြင်းကို ခံရမှာပါ။

``အကိုကြီးလင်း... ငါတို့ ယှဉ်ပြိုင်ကြည့်ရအောင်လေ``

လီဟောင်ရဲ့ တိုက်ပွဲဝင်ချင်တဲ့စိတ်က မြင့်တက်လာခဲ့ပါတယ်။

``ဒါပေမဲ့လည်း အကိုလင်းရဲ့ စွမ်းအားအပြည့် သုံးဖို့ ခွင့်မပြုဖူးနော်.. မင်းရဲ့ စွမ်းအင်က သေချာပေါက် အရမ်းကို သန်မာလိမ့်မယ်```

လင်းဟန်အနေနဲ့လက်လည်းလက်မခံသလို ငြင်းလဲ မငြင်းခဲ့ပါဘူး။ သူက သူ့ဓါးကို ရိုးရိုးလေးပဲ ဆွဲထုတ်လိုက်ပီးတော့ ပွေ့ယမ်းလိုက်ပါတယ်။

``ရှုပ်``

ဓါးချီ အလင်းနှစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။

လီဟောင် ပါးစပ်အဟောင်းသားဖြစ်သွားပြီးတော့ သူ့ခေါင်းကို ခါယမ်းပြီး ပြောလိုက်ပါတယ်။

``ငါ နောက်ထပ် မင်းလို လူထူးလူဆန်းနဲ့ ဘယ်တော့မှ နိုင်းယှဉ်မှာ မဟုတ်တော့ဘူး``

``ဒါအမှန်ပဲ ဒီကောင်က တကယ့်ကို လူထူးလူဆန်းပဲ``

``မင်းကိုယ်မင်း သူနဲ့ ယှဉ်ပြီး ကြည့်မယ်ဆိုယင် ကိုယ့်ဒုက္ခ ကိုယ်ရှာနေသလိုပဲဖြစ်မှာ``

လွှီဒေါင်နဲ့ တခြားသုံးယောက်က အသီးသီးပြောဆိုလိုက်ကြပါတယ်။သူတို့ အားလုံး လင်းဟန်ရဲ့ စွမ်းအားကို အပြည့်အဝ ယုံကြည်လိုက်ပါပြီ။

လင်းဟန်က လွယ်လွယ်ကူကူနဲ့ ကျေနပ်ပြီး မနေပါဘူး။ ဓါးချီဆိုတာက ဓါးလမ်းစဉ်ရဲ့ ပထမခြေလှမ်းပဲရှိပါသေးတယ်။ ပြီးတဲ့နောက်မှာ ဓါးအလင်းတန်းနဲ့ ဓါးနှလုံးသားဆိုပြီး ကျန်ရှိနေပါသေးတယ်။သူရဲ့ အယင်ဘဝတုန်းက ကောင်းကင်အဆင့် စစ်သည်တော် ခုနစ်ယောက်ရှိပါတယ်။ သူတို့ထဲက တစ်ယောက်က ဓါးပညာမှာ အရမ်းကို ထင်ရှားကျော်ကြားပါတယ်။ သူက အသက် ၇ နှစ်အရွယ်မှာ ဓါးသိုင်းကို စတင်လေ့ကျင့်ခဲ့ပြီး အသက် ၁၀ နှစ်မှာတော့ ဓါးချီကို ဖတ်တီးနိုင်ခဲ့ပါတယ်။ ဓါးအလင်းတန်းကို အသက်

၁၇ နှစ် မှာ ဖန်တီးနိုင်ခဲ့ပြီးတော့ နောက်ဆုံး ဓါးနလုံးသားအဆင့်ကိုတော့ အသက် ၃၃ နှစ်မှာ ဖန်တီးနိုင်ခဲ့ပါတယ်။ သူက တကယ့်ကို ပဲ စစ်မှန်တဲ့ ဓါးသိုင်းပညာ ပါရမီရှင် ပဲဖြစ်ပါတယ်။

သူ့ရဲ့ ပထမဘဝကတော့ ပီးသွားပါပြီ။ သူက သူ့ရဲ့ အာရုံအားလုံးကု ိမှော်ဆေး လမ်းကြောင်းပေါ်မှာ နှစ်မြုပ်ထားပြီးတော့ မှော်ဆေးဧကရာဇ်ဖြစ်လာခဲ့ပါ တယ်။ သူ့လိုမျိုး နောက်ထပ် ဘယ်သူကမှ သမိုင်းမှာ ထပ်ပီး မပေါ်ပေါက်ခဲ့ ပါဘူး။သူက နိုင်လိုစိတ်ပြင်းထန်တဲ့ လူတစ်ယောက်ပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီဘဝမှာ သိုင်းပညာရှင် လမ်းကြောင်းပေါ်မှာ အာရုံစူးစိုက်ဖို့ ဆုံးဖြတ်ထားပြီးတော့ သူ့အနေနဲ့ စစ်မှန်တဲ့သိုင်းပညာ ဧကရာဇ် ဖြစ်ချင်ပါတယ်။

ဒုယွန်မြို့က အရမ်းကိုသေးငယ်ပြီးတော့ မိုးရေနိုင်ငံဆိုတာလည်း အရမ်းကို သေးငယ်ပါတယ်။ ဒါကြောင့် တစ်စုံတစ်ယောက်ကသာ ဓါး သို့မဟုတ် ဆေးဘာ ချီကို ထုတ်ဖော်နိုင်တာနဲ့ သူ့ကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် အဖြစ် ချီးမြှင့်မြှောက်စား ကြပါတယ်။

သူတို့က လိုဏ်ဂူ နဲ့သိပ်ပြီး မဝေးပါဘူး။ နာရီဝက်လောက်

လမ်းလျှောက် ပြီးတဲ့အခါမှာတော့ ချောက်ကမ်းပါးမျက်နှာကို ရောက်လိုလာခဲ့ပါတယ်။ ၄င်းက ရေညှိလို စိုထိုင်းထိုင်းအရာတွေနဲ့ ဖုံးအုပ်ထားပါတယ်။ ဒီချောက်ကမ်းပါးက အလင်းရောင်နဲ့ ဝေးတဲ့နေရာမှာရှိပြီးတော့ ၄င်းကို ကြည့်ရတာ စိမ်းပုပ်ပုပ် အရောင်နဲ့တူပါတယ်။

``ဒီနေရာပဲ``

ဇူရှုရီက ချောက်ကမ်းပါးရဲ့ ဒေါင့်စွန်းနေရာတစ်ခုကို ညွှန်ပြပြီး ပြောလိုက်ပါတယ်။

လင်းဟာန်က ညွှန်ပြတဲ့ နေရာကို လှမ်းကြည့်လိုက်တဲ့အခါမှာ လိုဏ်ဂူ ဝင်ပေါက် ကို အဲဒီနေရာမှာ မထင်မရှားနဲ့ လှမ်းမြင်လိုက်ပါတယ်။

အကယ်လို့ ဇူရှုရီသာ ညွှန်မပြခဲ့ဘူးဆိုယင် သူ့အနေနဲ့ လုံးဝ ရှာတွေ့မှာ မဟုတ်ပါဘူး။

``မင်းတို့တွေ ဒီနေရာကနေ စောင့်နေကြပါ... ငါတစ်ချက်သွားကြည့်လိုက် ဦးမယ်``

လင်းဟန်က အသက်ပြင်းပြင်းရှူလိုက်ပီး လိုဏ်ဂူထဲကို ဝင်သွားလိုက်ပါတယ်။

ဒီအထဲက ပါတ်ဝန်းကျင်က အရမ်းကို စိုထိုင်းနေပြီးတော့ မြေပြင်ကလဲ ချောကျိကျိ ဖြစ်နေပါတယ်။တကယ်လို့ သူသာ သတိမထားဘူးဆိုယင် သူ့အနေနဲ့ သေချာပေါက် ချော်လဲပြီးတော့ လိုဏ်ဂူရဲ့ အောက်ခြေထိအောင် ချောသွားနိုင်ပါတယ်။ သူ့အနေနဲ့ ပါတ်ဝန်းကျင်ကို သေချာဂရုစိုက်ပီးတော့ လှေ့လာစူးစမ်းနေပါတယ်။

မကြာခင်မှာသူက လိုဏ်ဂူ အဆုံးထိရောက်သွားပြီးတော့ အလွန်ကြီးမားတဲ့ ဂူပေါက်ကြီးကို မြင်လိုက်ပါတယ်။ အဲဒီနေရာမှာ အရိုးတွေက နေရာအနှံ့မှာ ရှိနေပြီးတော့ ဖူရှုရှိပြောသလိုပါပဲ လူသားတွေနဲ့ မိစ္ဆာသားရဲတွေရဲ့ အရိုးတွေ ဖြစ်ပါတယ်။ ၄င်းတို့ကနေပြီးတော့ ပုပ်သိုးဆွေးမြေ့နေတဲ့ အနံ့ဆိုးတွေ ရနေပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်ကသာဒီမြင်ကွင်းကို မြင်လိုက်မယ်ဆိုယင် သူ့အနေနဲ့ အနောက်ကိုလှည့်ပြီးတော့ ချက်ချင်းဆိုသလို ပြေးထွက်သွားမှာပဲဖြစ်ပါတယ်။

လင်းဟန်က သေချာဂရုစိုက်ပြီး ရှာလိုက်တဲ့အခါမှာ မကြာခင်

အရိုးတွေ ကြားမှာ ကြက်သွေးရောင် အကြေးခွံ ကို ရှာတွေ့သွားခဲ့ပါတယ်။

``ဒါသေချာပေါက် အနီရောင်ကြေးခွံမြွေနဂါးပဲ``

နောက်ဆုံးမှာ သူ အတည်ပြုလိုက်ပါတယ်။

သူ ဆက်ပြီးတော့ ရှာလိုက်တဲ့အခါမှာတော့ ဂူကြီးရဲ့ ဒေါင့်အစွန်းနားမှာ လမ်းကြောင်းတစ်ခုကိုရှာတွေ့ခဲ့ပါတယ်။ အဲဒီလမ်းကြောင်းက သာမန်လူတစ်ယောက်ရဲ့ အမြင့်လောက် ရှည်ပြီးတော့ တစ်ချိန်တည်းမှာပဲ လူတစ်ယောက်ကို ကောင်းကောင်းဝင်လို့ရအောင် ကျယ်ပါတယ်.ပြီးတော့ အဲဒီအထဲကနေပြီးတော့ ပိုပြီးအားကောင်းတဲ့ အပုပ်နံ့တွေ ထွက်ပေါ်နေပါတယ်။

``ဒီကောင်ကြီးက အထဲမှာ အိပ်ပျော်နေတာပဲဖြစ်ရမယ်``

လင်းဟန်က သူ့လက်ထဲက အကြေးခွံကိုကြည့်ပြီးတော့ ၄င်းရဲ့ အရွယ်အစားကို ခန့်မှန်းလိုက်ပါတယ်။ ၄င်းက သေချာပေါက် အရွယ်ရောက်နေတဲ့ အနီရောင်ကြေးခွံ မြွေနဂါး ဖြစ်နေပါပြီ။သူက အကြေးခွံကိုချိုးလိုက်ပါတယ် ဒါပေမဲ့ ၄င်းအကြေးခွံက တစ်ဂက်တောင် မကျိုးသွားခဲ့ပါဘူး။

``သေချာပေါက်ပဲ ဒီ အနီရောင်ကြေးခွံမြွေနဂါးက နဂါးသွေးကို ဆက်ခံထားတာပဲ.. ဒါကြောင့် သူတို့ရဲ့ အကြေးခွံက အရမ်းကို မာပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် မိစ္ဆာသားရဲတွေအနေနဲ့ ဒီလိုမျိုး သန်မာမှုကို မပိုင်ဆိုင်ထားနိုင်ဘူးလေ``

သူက လိုဏ်ဂူထဲကနေထွက်ပြီးတော့ လှီဒေါင်နဲ့ တစ်ခြားသူတွေကို နည်းနည်းဝေးတဲ့နေရာကို ခေါ်သွားပြီး ပြောလိုက်ပါတယ်။

``ဒီလိုဏ်ဂူက အနီရောင်ကြေးခွံ မြွေနဂါးနေထိုင်တဲ့ နေရာပဲ``

``အနီရောင်ကြေးခွံမြွေနဂါး``

လှီဒေါင်တို့အုပ်စု အံ့အားသင့်သွားပါတယ်။ အနီရောင်ကြေးခွံ မြွေနဂါးက ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာရောက်နေတဲ့ မိစ္ဆာသားရဲပဲဖြစ်ပါတယ်။ ဒီ့အပြင် တခြားသော ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မှာရှိတဲ့ မိစ္ဆာသားရဲတွေထက် အများကြီးသန်မာပါတယ်။၎င်းကို ဒြပ်စင်စုစည်းခြင်း အဆင့် မိစ္ဆာသားရဲတွေရဲ့ ဘုရင်လို့တောင် ခေါ်ကြပါတယ်။

``ဒီမြွေနဂါးရဲ့ အတွင်းပိုင်း အမြုတေက မူလကျော်လွန်ခြင်း ဆေးလုံး ဖော်စပ်တဲ့နေရာမှာအသုံးပြုတယ်။ ဒီဆေးလုံးတစ်လုံးက သိုင်းပညာရှင် တစ်ယောက်ရဲ့ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်ကို နောက်တစ်ဆင့်ကို မြင့်တက်သွားစေနိုင်တယ်။ ဒါပေမဲ့ အဲဒါက ဒြပ်စင်စုစည်းခြင်းအဆင့် ၄ အောက်မှာရှိတဲ့ သိုင်းပညာရှင်တွေအပေါ်မှာပဲ အကျိုးသက်ရောက်မှုရှိတယ်``

လင်းဟန်က အကျိုးအမြတ်ကို အယင်ဆုံး ထုတ်ပြောလိုက်ပါတယ်။

``ဘယ်လိုလဲ မင်းတို့တွေ ရှေ့ဆက်ဖို့ ဆန္ဒရှိကြသေးလား?``

လို့ဒေါင်တို့အုပ်စု အားလုံးကြည့်ပြီးတော့ တုံ့ဆိုင်းနေကြပါတယ်။ တစ်ဖက်မှာ သူတို့ရဲ့စွမ်းအင်ကို အကြီးအကျယ် တိုးတက်စေနိုင်ပြီး ကျန်တဲ့တစ်ဖက်မှာတော့ အနီရောင်ကြေးခွံမြွေနဂါးက လွယ်ကူတဲ့ ပြိုင်ဘက် တော့မဟုတ်ပါဘူး။ တကယ်လို့သူတို့သာ သတိထားမိခဲ့ဘူးဆိုယင် မိစ္ဆာသားရဲ အမြုတေကို ရဖို့မဆိုနဲ့

သူတို့ကိုယ်တိုင်တောင် အဲဒီမြွေကြီးရဲ့ အစာ ဖြစ်သွားပြီးတော့ သူတို့ရဲ့ အရိုးတွေက လိုဏ်ဂူထဲက အရေအတွက်ကို ပိုပြီးတော့ တိုးမြင့်လာပါစေလိမ့်မယ်။

လင်းဟန်က သူတို့က ပြုံးပြုံးလေးနဲ့ပဲကြည့်နေလိုက်ပါတယ်။ အမှန်အတိုင်းပြောရမယ်ဆိုယင် သူ့အနေနဲ့ ဒီနေရာကို စွန့်စားသွားရဲပါတယ်။ ဒ့ါအပြင် သူ့ရဲ့ အစွမ်းနဲ့ ဒီ အနီရောင်ကြေးခွံမြွေနဂါးကို ထိန်းနိုင်ပါတယ်။ ဒါက သူတို့ငါးယောက်အတွက် သူ့ရဲ့ စမ်းသပ်ချက် ပါ။

ဘာလို့လဲဆိုတော့ သူတို့ငါးယောက်က သူ့ကို အနီရောင်ကြေးခွံမြွေနဂါးရှိ တဲ့နေရာကို ဦးဆောင်ပီးတော့ ခေါ်လာပေးခဲ့ပါတယ် ဒါကြောင့် သူ့အနေ့ သူတို့ကို ကြီးမားတဲ့ လက်ဆောင် ဆုပေးချင်ပါတယ်။ ဒါပေမဲ့လည်း ဒီအခွင့်အရေးကို ရရှိဖို့အတွက် သူတို့အနေနဲ့ သတ္တိရှိလား မရှိဘူးလားဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

သူတို့ငါးယောက်ရဲ့ အမူအရာက လျှင်မြန်စွာနဲ့ပြောင်းလဲသွားပြီးတော့ ကြည့်ရတာ ဆုံးဖြတ်ချက် ချလိုက်ပုံပေါ်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့ လုပ်ကြစို့``

``တကယ်လို့ ငါတို့သာ ဒြပ်စင်စုစည်းခြင်းအဆင့် ၄ ကိုသာရောက်နိုင်ခဲ့မယ်ဆိုင် နှစ်ကုန်တဲ့အခါမှာ ကျင်းပမဲ့ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီးတော့ ထိပ်ဆုံး ၁ဝယောက်စာရင်းမှာ ပါဖို့ အခွင့်အရေး ရနိုင်တယ် အဲ့ဒါဆိုယင် ငါတို့အနေနဲ့ ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရနိုင်တယ်``

``ငါတို့ ဒီအတွက် စွန့်စားရလိမ့်မယ်``

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ပြောလိုက်ပါတယ်။

``နောင်တမရဘူးလား?``

``ငါတို့လုံးဝ ဒီအတွက် လုံးဝ နောင်တရမှာမဟုတ်ဘူး``

သူတို့ငါးယောက်လုံးပေါင်းပြီးတော့ ကျယ်လောင်စွာနဲ့ အော်လိုက်တယ်။

``ကောင်းပြီ... အခု မင်းတို့အတွက် တာဝန်တစ်ခုရှိတယ်... တောက်ပသားမွှေး သိုး တစ်ကောင်ကို ဖမ်းပြီးတော့ ဒီနေရာကို ယူလာခဲ့``

လင်းဟန်ကပြောလိုက်ပါတယ်။

``တောက်ပသားမွေး သိုး``

လှီဒေါင်နဲ့ ကျန်တဲ့လူတွေ ကြောင်သွားပါတယ်။ တောက်ပသားမွေးသိုးက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် မိစ္ဆာသားရဲ ဖြစ်ပြီးတော့ ဘာမှ မထူးခြားပါဘူး။ လင်းဟန်က အဲဒီအကောင်ကို ဘာလုပ်ဖို့ လိုချင်ရတာလဲ?

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``တောက်ပသားမွေး သိုးက အနီရောင်ကြေးခွံ မြွေနဂါး အကြိုက်ဆုံး အစာပဲ``

ချန်းပိုင်ဂျူ အနေနဲ့ ဘာကိုဆိုလိုသလဲဆိုတာ သေချာနားမလည်ပါဘူး ဒါကြောင့် မေးလိုက်ပါတယ်။

``ငါတို့က ဘာလို့ ဒီမြွေကြီးကို အစာကျွေးဖို့လိုတာလဲ?``

``ငတုံး``

ဇူရှုရီက ချက်ချင်းပဲ သူ့ခေါင်းကို ခေါက်ပြီးပြောလိုက်ပါတယ်။

``ငါတို့သာ ဒီ တောက်ပအမွှေး သီးရဲ့ ကိုယ်ပေါ်မှာ ဆေးတစ်ချို့ကို လိမ်းလိုက်မယ်ဆိုယင် မြွေကြီးရဲ့ အစာအိမ်ထဲကို ရောက်သွားတဲ့အခါမှာ ပြီးသွားပီမဟုတ်လား?``

``ဟိုးးးးးးးးးးး ဟုတ်သားပဲ``

ချန်ပိုင်ဂျူ သူ့ခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ အမူအရာကိုကြည့်ပြီးတော့ ကျန်တဲ့သူတွေ ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။

အပိုင်း(၄၉) မြွေနဂါးနဲ့ တိုက်ခိုက်ခြင်း

လူတိုင်း သူတို့ရဲ့ သက်ဆိုင်ရာ တာဝန်ကို လက်ခံပြီးတဲ့နောက်မှာ လွီဒေါင်နဲ့ သူတို့အုပ်စုက တောက်ပသောသားမွှေး သီး ကို အမဲလိုက်ဖို့အတွက် ထွက်ခွာသွားခဲ့ချိန်မှာ လင်းဟန်က အမျိုးမျိုးသော ဆေးအမယ်တွေနဲ့ မူးယစ်စေတဲ့ ဆေးကို ဖော်စပ်ဖို့အတွက် ပြင်ဆင်နေပါတယ်။

လင်းဟန်လို မှော်ဆေးကေရာဇ် အနေနဲ့

ဒီလိုပုံမှန်သက်ရှိတစ်ကောင်အတွက် ယစ်မူးစေမဲ့ ဆေးကို ဖော်စပ်ဖို့အတွက် ဆေးဖက်ဝင် ဆေးပစ္စည်းအမယ် အနည်းငယ်မျှနဲ့ လုံလောက်ပါတယ်။ အခုဖော်စပ်မဲ့ ယစ်မူးစေတဲ့ ဆေးက တစ်ခြားသက်ရှိ သတ္တဝါတွေကိုတော့ အန္တရာယ်ကင်းစေပေမဲ့ အနီရောင်ကြေးခွံမြွေနဂါးအတွက်တော့... ဆိုးဆိုးရွားရွားပါပဲ။

အခြေအနေအရ မှော်ဆေးပညာရှင်တွေဆိုတာကလဲ အဆိပ်ပညာရှင်တွေပါပဲ။ ဥပမာ အဆိပ်သခင်လေး ယုကျင်း. ဒါပေမဲ့လည်း သူ့ရဲ့ စွမ်းဆောင်ရည်က လင်းဟန်ရဲ့ ဟိုးအောက်ခြေကိုတောင် မမှီပါဘူး။

တောက်ပသောသားမွေး သိုး က စွမ်းအားမြင့်တဲ့ မိစ္ဆာသားရဲ မဟုတ်ပေမဲ့လည်း သူ့ရဲ့ လတ်လတ်ဆတ်ဆတ် အသားကတော့ အရမ်းကို အရသာရှိပါတယ်။၎င်းက တခြားမိစ္ဆာသားရဲကောင်တွေအတွက် ကြိုက်နှစ်သက်ဆုံး သားကောင်ဖြစ်ယုံသာမက လူသားတွေအတွက်ပါ အရမ်းအရသာရှိတဲ့ သားကောင်အဖြစ် သတ်မှတ်နိုင်ပါတယ်။ ရလဒ်ကတော့ သူတို့ရဲ့ အရေအတွက်က လျော့ကျလာပြီးတော့ ဒီဧရိယာတစ်ပိုက်မှာတော့ တစ်ကောင်တောင် ရှာတွေ့ဖို့ အရမ်းကိုခက်ခဲပါတယ်။

သုံးရက်ခန့်ကြာတဲ့အခန်မှာ လွှီဒေါင်နဲ့ သူတို့အုပ်စု ပြန်ရောက်လာပါတယ်။ ချန်ပိုင်ဂျူ က သူ့ရဲ့ နောက်ကျောဘက်မှာ တောင်ဆိတ်နဲ့တူတဲ့ အကောင်တစ်ကောင်ကို သယ်လာခဲ့ပါတယ်။

သူတို့နောက်ဆုံးမှာတော့ တောက်ပသားမွေး သိုး တစ်ကောင်ကို ဖမ်းနိုင်ခဲ့ပါပြီ။

လင်းဟန်က သူဖော်စပ်ထားတဲ့ ဆေးတွေကို တောက်ပသားမွေးသိုးကို ကျွေးပြီးတော့ သူ့ရဲ့ ခြေထောက်တွေကို ဓါးနဲ့ ဟက်တက် ပေးကွဲ လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ အနီရောင် ကြေးခွံ မြွေနဂါး နေထိုင်ရာ နေရာကို ပစ်ထည့်လိုက်ပါတယ်။

မြွေကြီးရဲ့ အနံ့ခံနိုင်စွမ်းက အရမ်းကို ကောင်းပါတယ်။ သွေးနံ့ကို ရတာနဲ့ မြွေကြီး က ချက်ချင်းဆိုသလို အိပ်မောကျနေရာကနေ နိုးလာခဲ့ပါတယ်။ ဒါက သူ့အကြိုက်ဆုံးအစားအစာလေ။ တကယ်လို့ တခြားကြီးမားတဲ့ အသားတွေ ရှိနေယင်တောင်မှ ဒီလောက် ကျေနပ်မှာမဟုတ်ပါဘူး။

ဘာလို့ အသက်ရှင်နေတဲ့ သားကောင်ကို အသုံးပြုရတာလဲ? ဘာလို့လဲဆိုတော့ အနီရောင်ကြေးခွံမြွေနဂါးရဲ့ သဘာဝက အရမ်းကို သတိထားတတ်ကြပါတယ်။ တကယ်လို့ သားကောင်ကို သူတို့ကိုယ်တိုင် သတ်ထားတာမဟုတ်ဘူးဆိုယင် လုံးဝမစားပါဘူး။

လင်းဟန် ဂူပေါက်ဝကနေ ထွက်လာပြီးတော့ အနည်းငယ်နောက်ဆုတ်ပြီးတော့ စောင့်ကြည့်နေပါတယ်။ သူတို့အားလုံး ရေတိုက်စားခြင်းခံထားရတဲ့ ကျောက်တုံးကြီးရဲ့ အနီးနားမှာ ပုန်းကွယ်နေကြပြီးတော့ မြွေကြီး သူတို့ ရှိနေတယ်ဆိုတာကို မတွေ့မြင် နိုင်ပဲနဲ့ လိုဏ်ဂူထဲကနေ ထွက်လာခဲ့ပါတယ်။

အချိန်သိပ်မကြာခင်မှာပဲ သူတို့ရဲ့ အောက်က မြေပြင်က တုန်ခါလာတာကို ခံစားရပြီး ဒေါသထွက်နေတဲ့ မိစ္ဆာသားရဲကြီးတစ်ကောင် အနီးအနားကနေ ထွက်ပေါ် လာပါတယ်။

ဒါက အနီရောင် ကြေးခွံ မြွေနဂါးပဲ ဖြစ်ပါတယ်။

ရောမ အနီရောင်မြွေကြီးက လိုဏ်ဂူရဲ့ ဂင်ပေါက်ကနေ လေးကနေလွှတ်လိုက်တဲ့ မြားတစင်းအလား

ထွက်ပေါ်လာခဲ့ပါတယ်။ငှင်းရဲ့ အချင်းက ဘက်စကတ်ဘောခြင်းထက် ပိုပြီးတော့ ကြီးပြီး အရမ်းကို ရှည်လျားပါတယ်။သူတို့အနေနဲ့ ငှင်းမြွေကြီးရဲ့ ကိုယ်ခန္ဓာက မီတာတစ်ရာလောက် ထွက်ပေါ်လာတာတောင်မှ သူ့ရဲ့ အမြီးကို အဆုံးထိ မမြင်တွေ့ရသေးပါဘူး။

မြွေကြီးရဲ့ လည်ပင်းနားမှာ အလ္ဘာပါးနှစ်ခုရှိနေပါတယ်။ အဲဒီအလ္ဘာပါးနှစ်ခုက လှုပ်ခါနေပြီးတော့ ပူး ပူး ပူးဆိုတဲ့ အသံတွေထွက်ပေါ်နေပါတယ်။

နောက်ဆုံးမှာတော့ မြွေကြီးရဲ့ ကိုယ်ခန္ဓာ တစ်ခုလုံး ထွက်ပေါ်လို့လာပါပြီ။ ငှင်းရဲ့ ကိုယ်ခန္ဓာက စုစုပေါင်း မီတာ ၂၀၀ လောက်ရှည်လျားပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံးကို ကြက်သွေးရောင် အကြေးခွံတွေနဲ့ ဖုံးကွယ်ထားပါတယ်။ အကြေးခွံတိုင်းရဲ့ အရွယ်အစားက ပုဂံလုံး အဖုံးလောက်ရှိပါတယ်။ ငှင်းကိုကြည့်ရတာ ရှူးသွပ်နေသလိုမျိုး သူ့ရှေ့က တားဆီးပိတ်စို့ထားတဲ့အရာတွေအားလုံးကို အဆက်မပြတ် ဝင်တိုက် သွားပါတယ်။သူ့ရဲ့ ရှည်လျားတဲ့ အမြီးက ကျာပွတ်လိုမျိုး သူ့ရဲ့ အမြီးဧရိယာ တစ်ပိုက်က ကျောက်တုံးတွေကို အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်သွားစေပါတယ်။

`` ဘယ်လိုဖြစ်လို့ ဒီကောင်က အဆိပ်ကြောင့် မသေသေးတာလဲ?``

လွီဒေါင်နဲ့ သူတို့အုပ်စုက အရမ်းကို အံ့အားသင့်နေကြပါတယ်။ သူတို့အနေနဲ့ ဒီအရာကို လုံးဝနားလည်နိုင်စွမ်းမရှိပါဘူး။

``ချီး..... ဒါက ဒြပ်စင်စုစည်းခြင်းအဆင့် ၉ မိစ္ဆာသားရဲလေ ပြီးတော့ သူက နဂါးသွေးကို ဆက်ခံထားပြီး သူ့ရဲ့ အဆင့်အတန်းထဲက မိစ္ဆာသားရဲ အားလုံးရဲ့ ဘုရင်အဖြစ် သတ်မှတ်ထားခြင်းခံရတာလေ ဘယ်လိုလုပ်ပြီး လွယ်လွယ်နဲ့သေနိုင်မှာလဲ?``

လင်းဟန်က သူ့ခေါင်းကို ခါရမ်းပြီးတော့ ပြောလိုက်ပါတယ်။ တကယ်လို့ မြွေကြီးကို လွယ်လွယ်နဲ့သာ သတ်လို့သေမယ်ဆိုယင် သူ့အနေနဲ့ ဒီနေရာကို လာဖို့အတွက် ဒြပ်စင်စုစည်းခြင်းအဆင့် ၁ အထွတ်အထိပ်ထိ ရောက်အောင် စောင့်နေစရာမလိုပဲနဲ့ လာခဲ့ပီပေါ့။

``အိုး မကောင်းတော့ဘူး .... မြွေကြီးက ငါတို့ကို သတိပြုမိသွားပြီ``

ဧရာမမြွေကြီးရဲ့ အနံ့ခံအစွမ်းက အရမ်းကို သန်မာပါတယ်။ လင်းဟန်တို့အားလုံးက လေအောက် အရပ်မှာ ပုန်းကွယ်နေကြပေမဲ့လည်း မြွေကြီးကတော့ သူတို့ရှိနေတာကို ရှာတွေ့သွားခဲ့ပါပြီ။ ၎င်းက သူ့ရဲ့ ကြီးမားတဲ့ ကိုယ်လုံးကြီးကို ပင့်ယမ်းပြီးတော့ သူတို့ဆီကို ဦးတည်ပြီး လာနေပါပြီ။

``ရှီး::::: ရှီး::::::``

သူ့ရဲ့ ကြီးမားတဲ့ လျှာနှစ်ခွကို ထုတ်ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အသံကို ထုတ်ဖော်လိုက်ပါတယ်။

``ယုထန် ငါတို့အင်အားတွေ ပူးပေါင်းကြစို့... ငါတို့ ဒီမြွေကြီးကို အချိန်ဆွဲ ထားဖို့လိုတယ်``

လင်းဟန်က အနည်းငယ်မျှ ကြောက်ရွံ့မှုမှ ရှိခဲ့ပါဘူး။ သူက သူ့ရဲ့ ဓါးကို ရိုးရိုးလေး ဆွဲထုတ်လိုက်ပီးတော့ သူ့ကိုယ်ကို အရှေ့ကို ပျံလွှင့်လိုက်ပါတယ်။

လှီယုထန်က ဘာမှမတုံ့ပြန်ပါဘူး။ သူမက လင်းဟန်ရဲ့

အနောက်ကနေ နီးနီးကပ်ကပ်နဲ့လိုက်လာပြီးတော့ ပထမဆုံးအကြိမ်အနေနဲ့ သူမရဲ့ လက်နက်ကို ဆွဲထုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူမကလည်း ဓါးကို အသုံးပြုသူတစ်ယောက်ပါပဲ။

သီအိုရီအရပြောရမယ်ဆိုယင် လွှီယုထန် လည်းပဲ ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကို အောင်မြင်ထားသူဖြစ်ပြီး ဒါကြောင့်မို့ ဒီ မြွေကြီးနဲ့ ယှဉ်ဆိုင်ရချိန်မှာတော့ သူမအနေနဲ့ စွမ်းအင်အနေနဲ့ပြောရမယ်ဆိုယင် အသားစီး ရဖို့မဖြစ်နိုင်ပါဘူး။ ဒီ အနီရောင်ကြေးခွံ မြွေနဂါးကြီးက နဂါးသွေးကို ဆက်ခံထားယုံသာမက သူမှာ အရမ်းကို မာကျောတဲ့ ခံစစ်ကို ပိုင်ဆိုင်ထားပြီး ၎င်းက အခြား ဒြပ်စင်စုစည်းခြင်းအဆင့် ၉ သက်ရှိတွေထက် ပိုပြီးသန်မာပါတယ်။ လွှီယုထန်ကိုယ်တိုင်တောင်မှ ၎င်းမြွေကြီးနဲ့ ထိပ်တိုက် ရင်ဆိုင်ဖို့မဖြစ်နိုင်ပါဘူး။

ဒါက ကျင့်ကြံခြင်းလမ်းစဉ်ရဲ့ ဥပဒေသ ပဲဖြစ်ပါတယ်။

လင်းဟန်က ဒြပ်စင်ငါးခုမူလအမှုန် ကိုပိုင်ဆိုင်ထားပြီးတော့ သူ့ရဲ့အစွမ်းက တူညီတဲ့ ကျင့်စဉ်အဆင့်ထက် ပိုမိုသာလွန်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အဓိက ပြဿနာက

လက်ရှိသူရဲ့ ကျင့်စဉ်အဆင့်က အရမ်းကို နိမ့်နေသေးတာပါပဲ။

တကယ်လို့သူတို့နှစ်ယောက်သာ အတူတူ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုယင်တောင်မှ သူတို့အနေနဲ့ နေရာအနှံကို ခုန်ကျော်ပြီးေ ရှာင်တိမ်းပြီးတော့ မြွေနဂါးကြီးပိုင်ဆိုင်ထားတဲ့ အစွမ်းတွေကို လျော့အောင်ပဲလုပ်နိုင်ပါတယ်။

``စိတ်ရှည်ရမယ်... ဒီကောင်ကြီး အဆိပ်မိနေပြီ.. ဒါကြောင့် သူအချိန်အကြာပြီး မထိန်းနိုင်တော့ဘူး ဒါပေမဲ့ ငါတို့ သူကို ထွက်ပြေးဖို့ လုံးဝ ခွင့်ပြုလို့မဖြစ်ဘူး``

လင်းဟန်ကပြောလိုက်ပါတယ်။

``အင်း``

လှိုယုထန်က ခေါင်းငြိမ့်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ အစွမ်းအကုန် အသုံးပြုခဲ့ပါတယ်။ သူ့ရဲ့ ဓါးပျံယမ်းလိုက်တိုင်းမှာ ဓါးချီအလင်း လေးခုကို ထုတ်ဖော်နိုင်ပီး အနီရောင်ကြေးခွံ မြွေနဂါးကြီးရဲ့ ကိုယ်ခန္ဓာပေါ်မှာ ဒါဏ်ရာလေးခု ပေါ်လာခဲ့

ပါတယ်။တခြားတစ်ဖက်မှာတော့ သူ့ရဲ့ အမှန်တကယ် ဓါးက ရောမ မြွေကြီး ရဲ့ အကြေးခွံကို ထိုးဖောက်နိုင်စွမ်းမရှိခဲ့ပါဘူး။

ဒါက ဓါးချီရဲ့ အစွမ်းပါပဲ။ ဒါကပဲ ဓါးသမားတွေကို တစ်ခြားသူတွေက အရမ်းကို လေးစားအားကျရတဲ့ အကြောင်းရင်းတစ်ခုပါပဲ။ လွီဒေါင်နဲ့ သူ့အုပ်စုက လင်းဟန်အနေနဲ့ ဓါးချီအလင်းလေးခုကို ထုတ်ဖော်ခဲ့တာကိုမြင် လိုက်ရတော့ လုံးဝ မှုးမေ့သွားမတတ်ဖြစ်သွားပါတယ်။ သူတို့ရဲ့ ပါးစပ်ကြီးတွေ ဟပြီး ဘာစကားမှမပြောနိုင်တော့ပါဘူး.။

ဒါပေမဲ့လည်း ရောမမြွေကြီးရဲ့ တန်ပြန်တိုက်ခိုက်မှုကလည်း အရမ်းကို ပြင်းထန်ပြီးတော့ ကြောက်စရာကောင်းလှပါတယ်။ ၄င်းရဲ့ အမြီးရိုက်ချက်က ကျောက်တုံးတွေကို အစိတ်စိတ်အမြွာမြွာ ကွဲထွက်စေပြီးတော့ လင်းဟန်ရဲ့ ကိုယ်ခန္ဓာပေါ်မှာ သွေးကွက်တွေ အဆက်မပြတ် ဖြစ်ပေါ်လာစေခဲ့ပါတယ်။

လင်းဟန်အနေနဲ့ ၄င်းနာကျင်မှုကြောင့် အသံ တစ်စက်ကလေးမှ မထွက်ခဲ့ပါဘူး။ဆန့်ကျင်ဘက် အနေနဲ့ သူ့ရဲ့ ကိုယ်ခန္ဓာထဲက အထီးကျန်ဂံပုလွေသွေးကို စတင် နှိုးဆွလိုက်ပါတယ်။

``Weng``

သူ့ရဲ့ ဒန်တန်ထဲက ဒြပ်စင်ငါးခု မူလအမှုန် တွေက ကြီးမားတဲ့ အရှိန်နဲ့ လှည့်ပတ်နေပြီးတော့ သူ့ရဲ့ အစွမ်းတွေကို တိုးလာစေပါတယ်။ တစ်ချိန်ထဲမှာပဲ ကောင်းကင်မော်စာလိပ်ရဲ့ လှည့်လည်မှုက သူ့ရဲ့ ဒါဏ်ရာတွေကို အရမ်းကိုလျှင်မြန်တဲ့ အရှိန်နဲ့ ပြန်လည် ကုစားပေးနေပါတယ်။

ဒီမတူညီတဲ့ နည်းလမ်းနှစ်ခု လှည့်ပါတ်ခြင်းနဲ့အတူ သူက အခု အရမ်းကို ကြောက်စရာကောင်းတဲ့ တိုက်ပွဲကိုရင်ဆိုင်နေရပြီးတော့ လင်းဟန်ရဲ့ ကိုယ်ခန္ဓာအတွင်းမှာရှိတဲ့ မူလစွမ်းအင်တွေက အရမ်းကို လျှင်မြန်တဲ့ နှုန်းနဲ့ စားသုံးနေပါတယ်။

တစ်ခြားလူတစ်ယောက်အတွက် သူ့ရဲ့ ခွန်အားအပြည့်နဲ့ တိုက်ပွဲဝင် မယ်ဆိုယင် အနည်းဆုံး နာရီဝက်လောက် တိုက်ခိုက်နိုင်ပါတယ် ဒါပေမဲ့ လင်းဟန်အတွက်ကတော့ ဆယ်မိနစ်က သူ့ရဲ့ ကန့်သတ်မှုပါ။

ဒါပေမဲ့သူ့အနေနဲ့ ဒီအခြေအနေမျိုးကို အယင်ကတည်း

ကြိုတင်မျှော်မှန်းထားပြီးတော့ အလယ်အလတ်အဆင့် မူလစွမ်းအင်ပြန်လည်ဖြည့်ဆည်းတဲ့ ဆေးလုံးအမြောက်အများကို သူကိုယ်တိုင်ပဲ ပြင်ဆင်ထားပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ မူလစွမ်းအင်တွေကုန်ခမ်းတော့မယ်လို့ ခံစားလိုက်ရယင် ဆေးလုံးတစ်လုံးကို သောက်လိုက်ပါတယ်။ ဒါက သူ့အနေနဲ့ ဘာပြဿနာမှ မကြုံရပဲ ဆေးလုံးရဲ့ အထောက်အပံ့နဲ့ မိနစ်နှစ်ဆယ်လောက် ဆက်ပြီး တိုက်ခိုက်နိုင်ပါသေးတယ်။

သူတို့အနေနဲ့ ဒီ ရောမမြွေကြီးကို တတ်နိုင်တဲ့ နည်းတွေနဲ့ အချိန်ဆွဲထားခဲ့ပါတယ်။

သူဖော်စပ်ထားတဲ့ ဆေးက အထူးသဖြင့် အနီရောင်ကြေးခွံမြွေနဂါးအတွက် ရည်ရွယ်ထားပါတယ်။ ဒီမြွေနဂါးကြီးက ယင်သဘာဂ ရှိတဲ့အတွက် သူ့အနေနဲ့ ယန် သဘာဂရှိတဲ့ ဆေးအမယ် အမြောက်အမြားကို စုဆောင်းပြီးတော့ မြွေကြီးရဲ့ ကိုယ်ခန္ဓာထဲမှာ ယင်နဲ့ယန် ရှုပ်ထွေးမှုကို ဖြစ်ပေါ်စေပြီးတော့ အနီရောင်ကြေးခွံမြွေနဂါးရဲ့ အသက်ဓါတ်ကို ပျက်စီး စေပါတယ်။ဒါပေမဲ့ ဒီအဆိပ်ကို ဖြေဖို့ကတော့ အရမ်းကိုလွယ်ကူပါတယ်။ငှင်း အနေနဲ့ မြစ်ထဲကို ခုန်ဆင်းပြီးတော့ ရေကို အသုံးပြုပြီး ၎င်းကိုယ်ခန္ဓာအတွင်းက မီးကို ငြိမ်းသတ်စေလိုက်ခြင်းဖြင့်

သုံးလေးရက်ခန့် အနားယူလိုက်မယ်ဆိုယင် လုံးဝကို သက်သာပျောက်ကင်းသွားစေမှာပါ။

၄င်းမြွေနဂါးကြီးရဲ့ ပင်ကိုယ်အသိစိတ်ရဲ့ လွှမ်းမိုးမှုအောက်မှာ အနီရောင်ကြေးခွံမြွေနဂါးက သေချာပေါက် ရေကို သွားပြီးတော့ ရှာပါလိမ့်မယ်။ ဒါကြောင့် သူတို့အနေနဲ့ ဖြစ်နိုင်တဲ့နည်း အားလုံးကို အသုံးပြုပြီး ၄င်းကို ရပ်တန့်ဖို့လိုပါတယ်။ တကယ်လို့ အဲဒီလိုမှမဟုတ်ဘူးဆိုယင် လင်းဟန်တို့အုပ်စုအနေနဲ့ အဝေးတစ်နေရာမှာ ပုန်းကွယ်နေပြီးတော့ အနီရောင်ကြေးခွံ မြွေနဂါးသေတာကို စောင့်ပြီးတော့မှ ပြန်လာပြီးတော့ သူတို့ရဲ့ ဆုလက်ဆောင်ကို လာရောက် ယူမှာပဲဖြစ်ပါတယ်။

အချိန်အနည်းငယ်ကြာမျှ တိုက်ခိုက်ပြီးတဲ့အချိန်မှာ ရောမ မြွေနဂါးကြီးက ဒေါသတွေအပြင်းအထန်ထွက်လာပြီးတော့ ဂနာမငြိမ်ဖြစ်လာခဲ့ပါတယ်။ ၄င်းရဲ့ ကိုယ်ခန္ဓာထဲက မီးတောက်က သူ့ကို တစ်ဖြေးဖြေးနဲ့ သေစေဖို့အတွက် ဖိအားပေးသလိုမျိုး ခံစားလာရပါတယ်။ သူ့အနေနဲ့ ဆက်လက်ပြီး အချိန်ကြာကြာ မတိုက်ခိုက်ချင်တော့ပဲနဲ့ အဲဒီအစား ထွက်ပြေးဖို့ အတွက် သူ့ရဲ့ ခေါင်းကို လှည့်လိုက်ပါတယ်။

``မင်းဘယ်နေရာကို ထွက်သွားဖို့ စဉ်းစားနေတာလဲ``

လင်းဟာန်က သူ့ရဲ့ဓါးကို လျှင်မြန်စွာနဲ့ ဝှေ့ရမ်းလိုက်ပါတယ်။သူက လေတောင်တန်းခုနစ်ခုဆီကို ပထမအနေနဲ့ မြေနဂါးမြက်အတွက် ဝင်ရောက်လာခဲ့တာဖြစ်ပြီး ဒုတိယအနေနဲ့က ဒီ ရောမမြွေနဂါးကြီးရဲ့ အမြူတေကို မူလကျောက်လွန်ခြင်းဆေး ကိုဖော်စပ်ဖို့အတွက်ပဲဖြစ်ပါတယ်။ အကယ်လို့ သူ့အနေနဲ့ အချိန်တိုတိုလေးတွင်းမှာသူ့ရဲ့ ကျင့်စဉ်ကို အဆင့်မြင့်ချင်တယ်ဆိုယင် ဒီ ဆေးလုံးရဲ့ အပြင်ဘက်က အထောက်အပံ့ပေါ် မှီခိုဖို့အတွက် လိုအပ်ပါတယ်။

ရောမမြွေနဂါးကြီးက သူ့ရဲ့ အမြီးကို ဝှေ့ယမ်းလိုက်ပီး ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အားလှိုင်းကြီးကို ဖော်ထုတ်လိုက်ပါတယ်။ ၄င်းရဲ့ အမြီးက လင်းဟာန်ကို တိုက်ရိုက်မထိပေမဲ့လည်း အားလှိုင်းရဲ့ အရှိန်ကြောင့် လင်းဟာန်က အနောက်ဘက်ကို ပျံလွင့်ထွက်သွားပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့် ၉ က တကယ့်ကိုပဲ အစွမ်းထက်တာပဲ။

လင်းဟာန် မချိတင်ကဲ နောင်တရသွားပါတယ်။

ကျင့်စဉ်အဆင့်ပိုမြင့်မားလာ လေ အဆင့်ကျော်ပြီးတော့ တစ်စုံတစ်ယောက်ကို စိန်ခေါ်ဖို့က ပိုပြီး ခက်ခဲလာပါတယ်။ဒြပ်စင်စုစည်းခြင်းအဆင့်မှာက တော်ပါသေးတယ်။ တကယ်လို့ သူသာ နွေဦးစမ်းရေအဆင့်ကို ရောက်သွားခဲ့ယင် အဆင့်တစ်ခု လောက်ပဲကွာခြားတာတောင်မှ လုံး၀ တိုင်းတာလို့မရနိုင်တဲ့ ကွာဟချက် ကြီးပါ။ တကယ်လို့ သူသာ နွေဦးစမ်းရေ အဆင့် ၁ ကျင့်စဉ်အဆင့်ပဲရှိပြီးတော့ သူ့ရဲ့ ပြိုင်ဘက်က နွေဦးစမ်းရေအဆင့် ၉ သာဖြစ်နေမယ်ဆိုယင် သူ့အနေနဲ့ ချက်ချင်းပဲ တစ်ချက်ထဲနဲ့ အစပျောက်သွား ပါလိမ့်မယ်။

လှီယုထန်က စူးရှတဲ့ လေချွန်သံတစ်ခု ထုတ်ဖော်လိုက်ပီးတော့ သူမရဲ့ ဓါးရှည်က မိုးရွာချသလို လွတ်လပ်စွာ ပျော့ရမ်းလိုက်ပါတယ်။ အဂါရောင် အဆင့် အဆင့်မြင့် ဓါးသိုင်း ကို ဖော်ထုတ်လိုက်ပါတယ်။ သူမရဲ့ တိုက်ခိုက်မှုက မိုးရွာသလို အနီရောင်ကြေးခွံ မြွေနဂါးရဲ့ တိုက်ခိုက်မှု ကို ပယ်ထုတ်လိုက်ပါတယ်။

အပိုင်း (၅၇) ရင်သပ်ရှုမောဖွယ်ရာ ဓါး

လင်းဟန်နဲ့ လှီယုထန်တို့ ဟာ ရှုးသွပ်သလိုမျိုးမှော်ဆေးတွေကို စားသုံးလိုက်ပါတယ်။

လင်းဟာန်အသုံးပြုလိုက်တဲ့ဆေးတော်က သူ့ရဲ့ မူလစွမ်းအင် ကုန်ဆုံးတာကို ပြန်လည်ဖြည့်ဆည်း ကူညီပေးပြီးတော့ လို့ယုထန်သုံးလိုက်တဲ့ ဆေးကတော့ သူမရဲ့ ဒါဏ်ရာတွေကို လျှင်မြန်စွာနဲ့ ပြန်လည်ကုသပေးနိုင်စွမ်းရှိပါတယ်။

ဒီလို မိစ္ဆာသားရဲနဲ့ ထိပ်တိုက်ရင်ဆိုင်တာက ကိုယ့်ကိုကိုယ် သေကြောင်း ကြံသလိုပါပဲ။ မိနစ်အနည်းငယ်မျှ တိုက်ခိုက်အပြီးမှာတော့ သူမအနေနဲ့ အတွင်းဒါဏ်ရာ တစ်ချို့ ရသွားတယ်လို့ ယူဆနိုင်ပါတယ်။

ကျေးဇူးတင်ရမှာက လင်းဟာန်ဖော်စပ်တဲ့ ဆေး အရည်အသွေးက အရမ်းကို ကောင်းမွန်ပြီးတော့ သူမရဲ့ အကောင်းဆုံးအခြေအနေအတွင်းမှာ သူမရဲ့ တိုက်ပွဲစွမ်းရည်တွေကို ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါ့အပြင် အထီးကျန်ဂံပုလွေ သွေး ကြောင့် သူမရဲ့ တိုက်ပွဲဝင်အစွမ်းတွေက မိုးထိအောင် မြင့်မားလာပါသေးတယ်။

လင်းဟာန်က သူမကို လွှန်ခဲ့တဲ့ အချိန်အနည်းငယ်တုန်းက သင်ကြားပေးခဲ့ ပါတယ်။

အထီးကျန်ဂံပုလွေသွေး အစွမ်းကို လှည့်ပါတ်ခြင်းဖြင့် သူမရဲ့

တိုက်ပွဲဝင် စွမ်းရည်တွေ တိုးတက်လာပြီး လွီယုထန်က အနီရောင်ကြေးခွံမြွေနဂါးကြီး နဲ့ ထိပ်တိုက်ရင်မှု တွေ ပြုလုပ်နိုင်ခဲ့ပါတယ်။

တကယ်လို့ အနီရောင်ကြေးခွံ မြွေနဂါးကြီးသာ အဆိပ်မိမနေခဲ့ဘူးဆိုယင် လင်းဟန်နဲ့ လွီယုထန်တို့ နှစ်ဦးလုံး သေချာပေါက် အရှုံးနဲ့ရင်ဆိုင်ရမှာပါ။ ဒါပေမဲ့ အခုတော့ အရာရာတိုင်းက ကွဲပြားခြားနားသွားခဲ့ပါတယ်။ သူတို့အနေနဲ့ မိနစ်နှစ်ဆယ်လောက်ပဲ အချိန်ဆွဲထားဖို့ လိုအပ်ခဲ့တာပါ။

တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေတာနဲ့အမျှ အနီရောင်ကြေးခွံ မြွေနဂါးကလဲ ပိုပိုပြီးတော့ ဗျာများလာပါတယ်။၎င်းရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းထဲက ယင် နဲ့ ယန် တို့အချင်းချင်းတိုက်ခိုက်မှုက ပိုပိုပြီး ပြင်းထန်လာတဲ့အတွက် ၎င်းရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းက များစွာသော အင်္ဂါအစိတ်အပိုင်းတွေက ပေါက်ကွဲထွက်ကုန်ပါတယ်။အစိမ်းရောင် သွေးတွေက နေရာအနှံ့ ပျံ့နှံ့ကုန်ပါတယ်။ ဘေးပါတ်ဝန်းကျင်က သွေးတွေ ကျရောက်သွားတဲ့ ကျောက်တုံးတွေဆိုယင် အရမ်းကိုလျှင်မြန်စွာနဲ့ အရည်ပျော်ကျသွားပါတယ်။

ဒ့ါအပြင် လေထုပါတ်ဂန်းကျင်မှာ အဆိပ်ငွေ့တွေကလဲ ပျံ့လွင့်နေပြီးတော့ ဒီအဆိပ်က ဒြပ်စင်စုစည်းခြင်းအဆင့် ၉ သိုင်းပညာရှင်ကို လွယ်လွယ်ကူကူနဲ့ သတ်ပစ်နိုင်လောက်တဲ့အထိ ပြင်းထန်လှတဲ့ အဆိပ်ငွေ့ပဲဖြစ်ပါတယ်။

တကယ်လို့ ဒီလိုမျိုး ကြောက်မက်အံ့သြ လေးစားဖွယ်ရာကောင်းတဲ့ အစွမ်း တွေကို မပိုင်ဆိုင်ထားဘူးဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့်ရဲ့ မိသ္ဓားသားရဲ ဘုရင်လို ဘာဖြစ်လို့ ခေါ်ဆိုဦးမှာလဲ?

ကံမကောင်းတာကတော့ ၄င်းက လင်းဟာန်နဲ့ ထိပ်တိုက် ရင်ဆိုင် တွေ့သွားရတာပဲဖြစ်ပါတယ်။

လင်းဟာန်နဲ့ လွီယုထန်တို့က ဖြေဆေးတွေကို ကြိုတင် သောက်ထားတဲ့အတွက် ဒီပြင်းထန်လှတဲ့အဆိပ်ငွေ့တွေက သူတို့ကို အနည်းငယ်မျှ မူးဝေ စေတာလောက်ပဲ ဖြစ်ပေါ်စေခဲ့ပီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်အပေါ်မှာ အကျိုးသက်ရောက်မှု အများကြီး မရှိခဲ့ပါဘူး။

``ရှီး ရှီး``

အနီရောင်ကြေးခွံ မြွေနဂါးကြီးဟာ သေခြင်းတရားနဲ့ နီးကပ်လာတဲ့ ခံစားချက်ကို ခံစားရတာနဲ့ မဆင်မခြင် ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစား လာခဲ့ပါတယ်။ ၄င်းရဲ့ မျက်လုံးထဲမှာ သူကိုယ်ခန္ဓာထဲက ပြဿနာကို ဖြေရှင်းဖို့ တစ်ခုပဲ လိုအပ်ပါတယ်။ ပြီးမှ ဒီ လူသားနှစ်ယောက်ကို ရင်ဆိုင်မယ် ဆိုယင် အလွယ်တကူရင်ဆိုင် နိုင်ပါပြီ။

လှီယုထန်လည်းပဲ ဒေါသထွက်လာပါတယ်။ သူမရဲ့လက်ထဲက ဓါးရှည်ကို ဆုပ်ကိုင်ထားပြီးတော့ သူမပုံစံက အရမ်းကို လှပတဲ့ စစ်ပွဲနတ်ဘုရင်မ တစ်ပါးလိုပါပဲ။

ရောမ မြွေနဂါးကြီးက ထွက်ပြေးဖို့ပြင်နေပီး လင်းဟန်နဲ့ လှီယုထန် က မြွေနဂါးကြီး ထွက်ပြေးလို့မရနိုင်အောင် တားဆီးထားပါတယ်။ တကယ်လို့ သူတို့သာ ဒီအခွင့်အရေးကို လွဲချော်သွားခဲ့မယ်ဆိုယင် အနီရောင်ကြေးခွံ မြွေနဂါးကြီးက သေချာပေါက် နောက်တစ်ကြိမ် အရှုးလုပ်တာကို ခံမှာမဟုတ်တဲ့အတွက် လှီယုထန်သာ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဖင်ရောက် နိုင်တဲ့အထိကို စောင့်ရမှာ ဖြစ်ပါတယ်။

ကြီးမားတဲ့ မြစ်ကြီးက အကွာအဝေးတစ်ချို့အတွင်းမှာ

ပေါ်လာခဲ့ပါတယ်။

အနီရောင်ကြေးခွံမြွေနဂါးကြီးက ဒီမြစ်ရေက သူ့ရဲ့ အဆိပ်ကိုကုသနိုင်မယ် ဆိုတာကို သိနားလည်ပြီးတော့ ချက်ချင်းဆိုသလို ခွန်အားတွေ တိုးလာပြီး ၄င်းရဲ့ လွတ်မြောက်မှုအတွက် အရှိန် မြှင့်တင်လိုက်ပါတယ်။ သူ့အနေနဲ့ လှီယုထန်ရဲ့ တိုက်ခိုက်မှုကို ခံစားရတာတောင်မှ တန်ပြန်တိုက်စစ် မဆင်နိုင်ပါဘူး။ ကြည့်ရတာ ၄င်းက မြစ်ထဲကို ချောဆင်းလိုက်ဖို့ ဆုံးဖြတ်ချက် ချထားပုံပါပဲ။

လှီယုထန်ရဲ့ မျက်လုံးထဲမှာ ပြတ်သားတဲ့ ဆုံးဖြတ်ချက် အလင်းတစ်ခု ဖြတ် ပေါ်သွားပြီးတော့ သူမရဲ့ ဓါးကို အမြင့်ကြီးကိုမြှောက်ပီးတော့ အော်လိုက်ပါတယ်။

``ကောင်းရဲ့ ဓါးတစ်ချက် သိုင်းပညာက စကြောဝဠာကို ဆုံးဖြတ်ပေးတယ်``

``ရှပ်``

သူမရဲ့ ဓါးကို ဝှေ့ယမ်းခဲ့ပါတယ်။ သူမရဲ့ ဓါးချက်က အနီရောင်ကြေးခွံ မြွေနဂါးကြီးရဲ့ လည်ပင်းဆီကို ဦးတည်နေပါတယ်။

လင်းဟန်ရဲ့ အမူအရာပြောင်းသွားပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

``မဆင်မခြင် မလုပ်လိုက်နဲ့``

ဒီဓါးချက်က အရမ်းကို ပြင်းထန်ပြီးတော့ အနီရောင်ကြေးခွံမြွေနဂါးကြီးက ထိပ်တိုက် ရင်မဆိုင်ရဲပါဘူး။ ပြီးတော့ ကြည့်ရတာ ဒီဓါးချက်က ကြီးမားတဲ့ မြွေနဂါးကြီးကို တစ်ချက်ထဲနဲ့ သတ်ပစ်နိုင်လောက်တဲ့အထိ အင်အားကြီးပါတယ်။၄င်းက ကျယ်လောင်စူးရှတဲ့အသံကို ဖြစ်ပေါ်စေပြီးတော့ မြွေနဂါးကြီးက သူ့ရဲ့ ကိုယ်ခန္ဓာကို လျှင်မြန်စွာ ရစ်ပါတ်ခွေလိုက်ပီး သူ့ရဲ့ခေါင်းကို ၄င်းရဲ့ ရစ်ခွေထားတဲ့ ကိုယ်ခန္ဓာထဲကို မြုပ်ပီးတော့ ကာကွယ်လိုက်ပါတယ်။

``Pu``

ဓါးရှည်က လျှင်မြန်စွာနဲ့ ခုတ်ပိုင်းလိုက်ပီးတော့ ဓါးချီအလင်းတစ်ခု က ထွက်ပေါ်လာပြီးတော့ အနီရောင်ကြေးခွံမြွေနဂါးကြီးရဲ့ ကိုယ်ခန္ဓာကို နှစ်ပိုင်း ဖြတ်ပစ်လိုက်ပီးတော့ အစိမ်းရောင်သွေးတွေက

စမ်းချောင်းထဲက ရေတွေ စီးဆင်းလာတဲ့အတိုင်းပဲ ပန်းထွက်လာခဲ့ပါတယ်။

ရောမမြွေနဂါးကြီး မြေကြီးပေါ်မှာ မချိမဆန့်ဝေဒနာကို ခံစားနေရပြီး တွန့်လိမ်နေပါတယ်။၄င်းရဲ့ အမြီးပိုင်း သုံးပုံတစ်ပုံခန့်ဟာ လွှီယုထန်ရဲ့ ဓါးချက်ကြောင့် အမှန်တကယ်ပဲ ခုတ်ပိုင်းခံလိုက်ရပါပြီ။

``Pa``

လွှီယုထန်ရဲ့ နူးညံ့သိမ်မွေ့တဲ့ ပုံရိပ်လေးက ယိမ်းထိုးပြီးတော့ မြေကြီးပေါ်ကို လဲကျသွားပါတယ်။

လင်းဟန်က သူမမြေကြီးပေါ်ကို မကျခင် ရေခဲတုံးလိုအေးစက်လှတဲ့ အလှဘုရင်မလေးကို လျှင်မြန်စွာနဲ့ ပွေ့ချီလိုက်ပါတယ်။ သူက မျက်ခုံးတွန့်ပြီး ပြောလိုက်ပါတယ်။

``မင်းရူးနေလား?... မင်းတကယ်ပဲ မင်းရဲ့ မူလအမှုန်ကို အတင်းအဓမ္မဖြစ် ညှစ်ပြီးတော့ မင်းရဲ့ ကိုယ်ပိုင် တိုက်ပွဲအစွမ်းကို မြှင့်တင်ခဲ့တယ်... တကယ်လို့ အဲဒါသာပေါက်ကွဲသွားယင် မင်းအသက်

ဆုံးရှုံးသွားနိုင်တယ်``

``ငါ ခါးချိုကို ထုတ်ဖော်လိုက်နိုင်တယ်... နင်မြင်လား ငါ ခါးချိုကို ထုတ်ဖော်လိုက်နိုင်ပြီ``

လွီယုထန်က အားနည်းစွာနဲ့ပြောနေပေမဲ့ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ ဒီအချိန်မှာ သူမခေါင်းထဲမှာ တွေးနေတာတစ်ခုပဲရှိပါတယ်။ အဲဒါကတော့ အနီရောင်ကြေးခွံမြွေနဂါးကြီးကို တားဆီးနိုင်ဖို့ပဲဖြစ်ပါတယ်။ သူမအနေနဲ့ လင်းဟာန် စိတ်ပျက်သွားမှာကို မလိုလားဖူးလေ။

ဒီ ခံစားချက်ရဲ့ ထောက်ပံ့ပေးမှုကြောင့် သူမအနေနဲ့ နောက်ဆုံးမှာ သူမရဲ့ အကန့်အသတ်ကို ချိုးဖျက်ပြီးတော့ ခါးချိုကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။

``မင်း သနားစရာကောင်းလိုက်တဲ့ မိန်းကလေး...မင်းနောက်တစ်ခါ ဒီလိုမျိုး လုပ်ရဲယင်လုပ်ကြည့်... ငါမင်းကို အနောက်ကနေပြီး ရိုက်ပစ်ရလိမ့်မယ်``

လင်းဟာန်က လွီယုထန်ကို သူ့ကျောဘက်မှာ ချီလိုက်ပါတယ်။ ဧရာမ မြွေနဂါးကြီးရဲ့ အစွမ်းက လုံး၀

အားလုံးကို အသုံးပြုပြီးသွားပါပြီ။ မြစ်က သိပ်မဝေးတော့ပေမဲ့ ၄င်းအနေနဲ့ အဲဒီနေရာကို မရောက်နိုင်တော့ပါဘူး။

လွီယုထန်ရဲ့ အေးစက်တဲ့မျက်နှာလေး အနီရောင် သန်းသွားပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ လင်းဟာန်ရဲ့ ကျောပေါ်မှာ သူမရဲ့ မျက်နှာကို ပုန်းကွယ်ထားလိုက်ပါတယ်။ သူ့ရဲ့ နှလုံးသားက သန်မာတဲ့ နှလုံးခုန်သံကိုကြားရပြီး သူမရဲ့ စိတ်ထဲမှာ အတွေးတွေ လွင့်ပါးကုန်ပါတယ်။

အနီရောင်ကြေးခွံ မြွေနဂါးကြီးက မြေကြီးပေါ်မှာ တွန့်လိမ်နေတုန်းပါပဲ။ ၄င်းရဲ့ လှုပ်ရှားမှုက တစ်ဖြေးဖြေးနဲ့ လျော့နည်းလာပြီးတော့ နောက်ဆုံးမှာတော့ လုံးဝမလှုပ်နိုင်တော့ပါဘူး။

လင်းဟာန်က အလျင်စလို မလှုပ်ရှားခဲ့ပါဘူး။ ဒီရောမမြွေနဂါးကြီး က အရေမ်းကို ရှည်လျားလွန်းပါတယ်။ ဒ့ါအပြင် ဒီအနီရောင်ကြေးခွံ မြွေနဂါးကြီးက သူ့ရဲ့ အဆင့်ထဲမှာတော့ ဘုရင်အဖြစ် သတ်မှတ်ထားခြင်းခံထားရပါတယ်။

``အကိုကြီးလင်း``

လွှီဒေါင်တို့အုပ်စု ရောက်လာပါတယ်။ သူတို့ရဲ့မျက်နှာမှာ လင်းဟာန်ကိုကြည့်ပြီးတော့ အရမ်းကို အံ့အားသင့်နေကြပါတယ်။ သူတို့အနေနဲ့ လင်းဟာန်ကိုနေတဲ့ပုံက မကောင်းဆိုးဝါးကို ကြည့်နေရတဲ့ပုံလို မျိုးပါပဲ။

သူတို့အနေနဲ့ မအံ့သြပဲနဲ့ ဘယ်နေနိုင်မှာလဲ။

အနီရောင်ကြေးခွံမြွေနဂါးကြီးက အဆိပ်မိထားပေမဲ့လည်း ၄င်းရဲ့ တိုက်ပွဲဝင်စွမ်းရည်က အားမနည်းသွားခဲ့ဖူးလေ။ လင်းဟာန်အနေနဲ့ ၄င်းမြွေနဂါးကြီးနဲ့ အချိန်တော်တော်ကြာတဲ့အထိ တိုက်ခိုက်နိုင်ခဲ့ပါတယ်။ လွှီယုထန်က အဓိက ဖိအားပေးတိုက်ခိုက်တယ်ဆိုပေမဲ့ သူတို့အနေနဲ့ ဒီအဖြစ်အပျက်ကို လုံးဝမယုံကြည်နိုင်ဖြစ်နေကြတုန်းပါပဲ။

တကယ်လို့ ၄င်းနေရာမှာသာ သူတို့အုပ်စုသာဆိုယင် ဒီရောမမြွေနဂါးကြီး ရဲ့ အမြီးတစ်ချက်ထဲနဲ့ သူတို့အားလုံးကို တစ်ခါတည်းသေဖို့အတွက် လုံလောက်ပါတယ်။

``မစ် လွှီ အဆင်ပြေရဲ့လား?``

သူတို့မေးလိုက်ပါတယ်။

``သူမ အဆင်ပြေပါ သွားပါလိမ့်မယ်``

လင်းဟန်ကပြုံးလိုက်ပါတယ်။ သူလို မှော်ဆေးကျောင်းသားတစ်ယောက်လုံး ဘေးမှာရှိနေပြီးတော့ သူမသာ အသက်ရှုနေသေးတယ်ဆို သူမအနေနဲ့ သေချာပေါက် အသက်ရှင်မှာပါ။ သူ့အနေနဲ့ လှီဒေါင်တို့အုပ်စုကို လှီယုထန်နဲ့ မြွေနဂါးကြီးကို တစ်ချက်စောင့်ကြည့်ခိုင်းထားပြီးတော့ သူက မြေနဂါးမြက်ကို နုတ်ယူဖို့အတွက် လိုဏ်ဂူကြီးထဲကို ဝင်လာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ မြစ်ရဲ့ တစ်ဖက်ကမ်းက ခြုံပုတ်တွေထဲကနေ လူတစ်ချို့ ရုတ်တရက် ထွက်ပေါ်လာတာကို မြင်လိုက်ရလို့ပဲဖြစ်ပါတယ်။

သူတို့အားလုံး စုစုပေါင်း ၆ ယောက်ရှိပြီးတော့ လူငယ်တစ်ယောက်က ဦးဆောင်ပါတယ်။ ကျန်တဲ့ ငါးယောက်ကတော့ အနက်ရောင်ဂတ်စုံဝင်ဆင်ထားပြီးတော့ အသက်အရွယ်တွေက မတူညီကြပါတယ်။ ကြည့်ရတာ သူတို့က လူငယ်လေးရဲ့ အစေခံနောက်လိုက် ဖြစ်တဲ့ ပုံစံပါပဲ။

``ဟားဟားဟား... ဒါက တကယ်ပဲ

အနီရောင်ကြေးခွံမြွေနဂါး ပါလား``

လူငယ်လေးက သူ့လက်တွေကို ပွတ်ပြီးတော့ ကျယ်လောင်စွာ အော်ရီလိုက်ပါတယ်။

``ဒါကပဲ ဘာလို့ ဒီနေရာကို လာပြီး စစ်ဆေးကြည့်ဖို့ ဆုံးဖြတ်ရတယ်ဆိုတာ... ငါတို့ရထားတဲ့ သတင်းတွေမှန်လားမမှန်ဘူးလားဆိုတာကိုပေါ့ ငါတို့တကယ်ပဲ ဒီလိုကောင်းတဲ့ အရာနဲ့ တွေ့ကြုံရတာပဲ``

``သခင်လေးရဲ့ ကံကောင်းခြင်းကတော့ ကောင်းကင်ကြီးလိုမျိုး မြင့်မားလှပါတယ်``

သူ့နောက်မှာရှိတဲ့ လူငါးယောက်လုံးက တစ်ပြိုင်နက်တည်းပြောလိုက်ပါတယ်။

``မြန်မြန်ပဲ ဒီ ရောမမြွေနဂါးကြီးကို ငါ့အတွက် သယ်လာခဲ့စမ်း..ငါ့အဘိုးက ငါ့ကို ဘယ်လောက်တောင်မှ ကျေနပ်အားရနေမလဲဆိုတာ မြင်ချင်စမ်းပါဘိ``

လူငယ်လေးက ချက်ချင်းအမိန့်ပေးလိုက်ပါတယ်။

``နားလည်ပါပြီ``

လူငါးယောက်က အနီရောင်ကြေးခွံမြွေနဂါး လဲနေတဲ့နေရာဆီကို လမ်းလျှောက်လာခဲ့ကြပါတယ်။

သူတို့ခြောက်ယောက်ဟာ လင်းဟန်တို့အုပ်စု ကို မမြင်တဲ့အတိုင်းပဲ သူတို့ဘာသာ သူတို့အချင်းချင်း စကားတွေပြောဆိုနေခဲ့ကြပါတယ်။

``ဟေ့ ဒီအနီရောင်ကြေးခွံ မြွေနဂါးကြီးက ငါတို့သတ်ထားတဲ့ဟာလေ``

ဇူရှုရီက ဒေါသထွက်ထွက်နဲ့ အော်ဟစ်လိုက်ပါတယ်။

လီဟောင်ကလဲ သူ့ရဲ့ဆေဘာကို ထုတ်ပြီးတော့ သူတို့ကို တားဖို့အတွက် ရှေ့ကို ထွက်လာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ လက်ကို မြှောက်လိုက်ပီးတော့ လီဟောင်ကို တားလိုက်ပါတယ်။ ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

``မင်းဘာမှလုပ်ဖို့မလိုပါဘူး``

လီဟောင်နဲ့ တခြားသူတွေက သူ့ကို လုံးဂ နားမလည်တော့ပါဘူး။ လင်းဟန်က ဒီအနီရောင်ကြေးခွံမြွေနဂါးကြီးကို ဒီလိုမျိုးလွယ်လွယ်နဲ့ လက်လွှတ်ဆုံးရှုံးခံတော့မယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒါပေမဲ့ သူတို့ လင်းဟန်ကို ကြည့်ရတာတော့ ဒီလိုပုံစံမျိုး မဟုတ်ပါဘူး။ အယင်တုန်းကဆိုယင် ဟန်ကျန်းက ကျောက်တုံးပုံပုလေ့ဂိုဏ်း ခုနှစ်ယောက်မြောက် အကြီးအကဲရဲ့ မြေးဖြစ်တယ်ဆိုတာတောင်မှ သူ့အနေနဲ့ ဟန်ကျန်းကို သတ်ပစ်ခဲ့ပါသေးတယ်။

လူငယ်လေးနဲ့ သူတို့အုပ်စုက ဒါကိုမြင်လိုက်တဲ့အခါမှာ သူ့ရဲ့မျက်နှာ အမူအရာက ပြောင်းသွားပြီးတော့ သူ့လူတွေကို တစ်စုံတစ်ခု ပြောချင်တဲ့ပုံစံ မျိုးပါပဲ။ သူ့ရဲ့ အစစ်အမှန် အနေအထားအရတော့ တစ်ခြားအဖွဲ့တွေက သူ့ကို အလျော့ပေးရတယ်ဆိုတာ ပုံမှန်ပါပဲ။

အဲဒီအချိန်မှာပဲ အခြေအနေတွေက စိုးရိမ်စရာကောင်းလောက်အောင်ကို ပြောင်းလဲသွားခဲ့ပါတယ်။

လုံးဂသေဆုံးသွားပြီလို့ ထင်ထားရတဲ့ အနီရောင်ကြေးခွံ

မြွေနဂါးကြီးက အမှန်တကယ်ပဲ ရစ်ခွေပြီးထလာပါတယ်။ ၄င်းရဲ့ ခေါင်းက အနက်ရောင်ဝတ်ထားတဲ့ လူတစ်ယောက်ကို ကိုက်ပီးတော့ တစ်ဂက်လောက် ဆွဲဖြဲပစ်လိုက်ပါတယ်။ ၄င်းရဲ့ ကိုယ်ခန္ဓာကတော့ ကျန်တဲ့လေးယောက်ကို တင်းကျပ်စွာနဲ့ ရစ်ပါတ်ခွေထားပါတယ်။

ဒါက ၄င်းမသေခင် နောက်ဆုံး တိုက်ခိုက်မှုပဲဖြစ်ပါတယ်။ သူ့ရဲ့ လက်ကျန် အစွမ်းတွေအကုန်လုံးကို စုစည်းပြီးတော့ ထုတ်ဖော်လိုက်တာဖြစ်လို့ အရမ်းကို စွမ်းအားပြင်းထန်ပါတယ်။

``Ka Ka Ka``

အရိုးတွေကျိုးကြေသွားတဲ့ အသံက အချိန်တော်တော်ကြာတဲ့အထိ ကြားရပီးတော့ မြွေကြီးရဲ့ ကိုယ်ခန္ဓာနဲ့ ရစ်ပတ်ခံထားရတဲ့ လူလေးယောက်ဟာ ချက်ချင်းဆိုသလို ကိုယ်ခန္ဓာတွေက ပြားကုန်ပြီး ဘယ်လောက်တောင် ပြင်းထန်သလဲဆိုယင် သူတို့ရဲ့ ကိုယ်ခန္ဓာတွေက တစ်ခုနဲ့ တစ်ခုရောသွားပြီးတော့ ဘယ်ဟာက ဘယ်သူ့ဟာလဲဆိုတာကိုတောင်မှ သေချာခွဲခြားလို့မရတော့ပါဘူး။

ရောမမြွေနဂါးကြီးရဲ့ ကိုက်ဖြတ်မှုကို ခံရတဲ့ လူတစ်ယောက်ကတော့ အပေါ်ပိုင်း ပြတ်ထွက်သွားပြီးတော့ အောက်ပိုင်း ခြေထောက် နှစ်ချောင်းက အနည်းငယ်မှ ခြေလှမ်းလျှောက်ပီးတော့ နောက်ဆုံးမှာမြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။

``ဖုန်း``

အနီရောင်ကြေးခွံမြွေနဂါးကြီးက နောက်ထပ်တစ်ကြိမ် မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ ဒီအချိန်မှာတော့ ၄င်းဟာ နောက်ဆုံးတော့ သေဆုံးသွားခဲ့ပါပြီ။

အပိုင်း(၅၁) ဖန်းကလန်ရဲ့ တတိယမြောက်သခင်လေး

ဒါကမျက်စိတမှိတ် အတွင်းမှာဖြစ်ပျက်သွားခဲ့တာပါ။ ဒြပ်စင်စုစည်းခြင်းအဆင့် လက်ရွေးစင် ငါးယောက်လုံး အသတ်ခံလိုက် ရပါတယ်။

ဒါက အနီရောင်ကြေးခွံ မြွေနဂါးဖြစ်နေတာကိုး။ လူငယ်လေးက အရမ်းကိုကြောက်ရွံ့သွားပြီးတော့ သူ့မျက်နှာက ဖြူဖတ် ဖြူလျော်ဖြစ်ပြီး သူ့ကိုယ်ခန္ဓာက

တုန်လှုပ်လို့နေပါတယ်။ သူက သိုင်းပညာမှာ ပါရမီရှင်တစ်ယောက်မဟုတ်ပါဘူး ဒီလို သွေးပျက်ခြောက်ခြား စရာကောင်းတဲ့ မြင်ကွင်းက သူ့ သည်းခြေ တစ်ခုလုံး အန်ထုတ် မိသွား မတတ် ဖြစ်စေခဲ့ပါတယ်။ ဒါကိုကြည့်ပြီးတော့ လွီဒေါင်နဲ့ ကျန်တဲ့သူတွေက မရီမောပဲနဲ့ မနေနိုင်ကြပါဘူး။

သူနဲ့ ယှဉ်လိုက်မယ်ဆိုယင် လွီဒေါင်တို့အုပ်စုက အမျိုးမျိုးသော ဘေးအန္တရာယ် ပြည့်နှက်နေတဲ့ နေရာတွေကို လှည့်လည်သွားလာနေကြ တဲ့သူတွေပါ။ သူတို့ရဲ့ လက်ချက်နဲ့ မို့စ္စာသားရဲ တော်တော်များများတောင် မှ သေဆုံးကုန်ကြပါတယ်။
သူတို့ရဲ့ သရော်တဲ့ လှောင်ပြောင် ရီသံကို ကြားလိုက်ရတဲ့ အခါမှာ လူငယ်လေးရဲ့ မျက်နှာက မဲ့သွားပြီးတော့ သူတို့ကို လက်ညိုးထိုးပြီးမေး လိုက်ပါတယ်။

``မင်းတို့ ငါ့ကို လှောင်ပြောင်ရဲတယ်ပေါ့``

```ဟင့် ငါ့ရဲ့ အစေခံတွေ အားလုံးသေသွားတဲ့နောက် တော့ မင်းတို့အားလုံးက ဒီဧရာမ မြွေနဂါးကြီးကို ငါ့အတွက် ယူလာခဲ့ကြပေး``
```

လူငယ်လေးက အမိန့်ပေးလိုက်ပါတယ်။

လွှီဒေါင်နဲ့ ကျန်တဲ့သူတွေက အချင်းချင်း ကြည့်ပြီးတော့ အံ့သြနေကြပါတယ်။ ဒီကောင်လေးရဲ့ ခေါင်းထဲမှာ တစ်ခုခုများ မှားယွင်းနေတာလား။

``မင်းတို့ ဘယ်လိုတောင် အတင့်ရဲတာလဲ… ငါက ဒုယွန်မြို့က ဖန်းကလန်ရဲ့ တတိယသခင်လေး ဖန်းလောင်ပဲ.. ငါ့ရဲ့ အကိုကြီး ဖန်းရန်က ဟွာယန်အကယ်ဒမီရဲ့ စစ်မှန်တဲ့ တပည့်တစ်ယောက်ပဲ``

လူငယ်လေးက အော်ဟစ်ပြောလိုက်ပါတယ်။

လွှီဒေါင်တို့အုပ်စုရဲ့ အမူအရာတွေက စိုးရိမ်ပူပန်တဲ့ပုံစံဖြစ်သွားပါတယ်။ သူတို့က ဂိုကျောက်တုံး မြို့က ကလန်ကြီးတွေရဲ့ လူငယ်မျိုးဆက်တွေဖြစ် ပေမဲ့လဲ ဒုယွန်မြို့က ကလန်ကြီးတွေနဲ့တော့ ဘယ်လိုလုပ်ပြီး နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ အဲဒီ အင်အားကြီးကလန်အားလုံးမှာ ကလန်ကို ကူညီကြည့်ရှု ဖို့အတွက် စွမ်းအားကြီးတဲ့ နွေဦးစမ်းရေ စစ်သည်တော်တွေကို ပိုင်ဆိုင်ထားကြပီးတော့ သေချာပေါက် ကျောက်တုံးဂံပုလွေဂိုဏ်းထက် အားမနည်းပါဘူး။

ဒ့ါအပြင် ဖန်းဟောင် ရဲ့ အကိုဖြစ်တဲ့သူက ဟွာယန်အကယ်ဒမီရဲ့ စစ်မှန်တဲ့ တပည့်တစ်ဦးဖြစ်နေတာက တကယ့်ကိုကြောက်စရာကောင်းတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဟွာယန်အကယ်ဒမီဆိုတာ မိုးရေနိုင်ငံမှာရှိတဲ့ လူငယ်မျိုးဆက် ပါရမီရှင်တွေရဲ့ မျှော်လင့်ချက် အိမ်မက်ဖြစ်ပြီးတော့ ထိပ်ဆုံး တပည့်အယောက် တစ်ရာအနေနဲ့ စွမ်းအားမြင့်တဲ့ စိတ်ဂိုဏ်ပင်လယ် အဆင့် စစ်သည်တော်ဖြစ်လာဖို့ အခွင့်အရေး မြင့်မြင့်မားမား ရှိကြပါတယ်။ ဒါဆို စစ်မှန်တဲ့တပည့်တွေကရော?။ စစ်မှန်တဲ့တပည့်တွေဆိုတာ အကယ်ဒမီရဲ့ ထိပ်ဆုံးအယောက်သုံးဆယ် တပည့်တွေပဲဖြစ်ပါတယ်။

ဒါကြောင့် သူတို့ရဲ့ ကျင့်စဉ်အဆင့်တွေက သေချာပေါက် စိတ်ဂိုဏ်ပင်လယ် အဆင့်ကိုရောက်ဖို့အတွက် အာမခံချက်ရှိပါတယ်။

ဒီလိုမျိုး အနာဂါတ် စိတ်ဂိုဏ်ပင်လယ်အဆင့် စစ်သည်တော်နဲ့ ရန်သူ ဖြစ်လာခဲ့မယ်ဆိုယင် ဘယ်သူကရော ဒီအခြေအနေကို မကြောက်ရွံ့ပဲနဲ့ နေမှာလဲ။

``အဲဒီ ဖန်းရန်က အရမ်းကို စွမ်းအားကြီးသလား?``

လင်းဟန်က လွှီယုထန်ဘက်ကိုလှည့်ပြီး မေးလိုက်ပါတယ်။

``အရမ်းကို စွမ်းအားကြီးတယ်``

လွှီယုထန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူမရဲ့ လှပတဲ့မျက်နှာမှာ လေးနက်တဲ့ အမူအရာတွေ ထွက်ပေါ်လာပါတယ်။

``ဖန်းရန်က လွန်ခဲ့တဲ့သုံးနှစ်လောက်က နေ့ဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီလို့ ငါကြားခဲ့တယ်...အဲဒီတုန်းက သူ့အသက်က ၂၀ ပဲရှိသေးတယ်..အခု သူက နေ့ဦးစမ်းရေအဆင့် ၃ အထွတ်အထိပ်ကို ရောက်နေပြီးတော့ အနာဂါတ်မှာ အရမ်းကိုတိုတောင်းလှတဲ့အချိန်အတွင်းမှာ ထပ်ပြီး မြင့်မားဖို့ အခွင့်အရေးရှိနေတယ်.. ဒါ့အပြင် သူက ဆေဘာချီကိုလည်း ထုတ်ဖော်နိုင်ပြီးတော့ သူ့အနေနဲ့ အလင်းဘယ်နှစ်ခု ထုတ်ဖော်နိုင်လဲဆိုတာ မသိပေမဲ့လည်း သေချာပေါက် သုံးခုထက်တော့ မနည်းဘူး...``

ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ နန်းပဲဖြစ်ပါတယ်။

သာမာန် နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်တစ်ယောက်အတွက် ကတော့ ငါးနှစ်အတွင်းမှာ နောက်တဆင့်ကို တက်နိုင်တာက အရမ်းကို စိတ်လှုပ်ရှား စရာကောင်းတဲ့ ကံကြမ္မာပဲဖြစ်ပါတယ်။ တစ်ချို့ကတော့ နောက်တဆင့်ကို ရောက်ဖို့အတွက် ဆယ်နှစ်လောက် အချိန်ယူရပီးတော့ သူတို့အတွက်ကတော့ သူတို့ရဲ့ ဘဝတစ်ခုလုံးမှာ အဆင့်လေး လောက်အထိပဲ ရောက်နိုင်ဖို့ပဲရှိပါတယ်။

သိုင်းပညာရှင်တစ်ယောက်အနေနဲ့ ပန်းဖူးအဆင့်ကို မရောက်မီ သူ့ရဲ့သက်တမ်းက နှစ်ပေါင်းတစ်ရာခန့်ပဲရှိပါတယ်။ ဒီရလဒ်က သူ့အနေနဲ့ နွေဦးစမ်းရေလို အဆင့်နိမ့်တဲ့အဆင့်မှာ အချိန်တွေအများကြီး ဖြုန်းပစ်လိုက်ယင် သူ့ရဲ့ အနာဂါတ်ဟာ အကန့်အသတ်နဲ့ပဲ ဖြစ်သွားပါလိမ့်မယ်။

ဖန်းရန်ကတော့ အချိန်သုံးနှစ်ပဲကုန် ပြီးတော့ အဆင့်သုံးဆင့်တက်သွားခဲ့ ပါတယ်။ တကယ်လို့ သူ့အနေနဲ့ ဒီနှုန်းထားအတိုင်း ဆက်လက် ထိန်းသိမ်း ထားနိုင်ခဲ့မယ်ဆိုယင် သူ့ရဲ့ အသက် ၃၀ ကျော်လောက်ကျယင် စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်မှာဖြစ်ပြီးတော့ သူ့အသက် ၆၀ သို့ ၇၀

ရောက်တဲ့ အခါကျယင်တော့ အနာဂါတ်မှာ နောက်တစ်ဆင့်ကို တက်နိုင်မှာဖြစ်ပြီးတော့ စိတ်ဂိဉာဉ်ပလ္လင် အဆင့်ကိုတောင်မှ ချိုးဖျက်ဝင်ရောက်နိုင်ပါလိမ့်မယ်။

အဲဒီအချိန်ကျယင် သူ့အနေနဲ့ မိုးရေနိုင်ငံရဲ့ တော်ဝင် အဆင့်အဖြစ် ချီးမြင့်မြှောက်စားခံရမှာဖြစ်ပါတယ် ဘာလို့လဲဆိုတော့ မိုးရေနိုင်ငံရဲ့ လူတွေအားလုံးသိထားတဲ့ အသန်မာဆုံးသော စစ်သည်တော်က စိတ်ဂိဉာဉ်ပလ္လင်အဆင့် ပဲဖြစ်ပီး ကောလဟာလတွေအရတော့ ဒီရှေးဟောင်း လူထူးလူဆန်းကြီးက မိုးရေနိုင်ငံရဲ့ စောင့်ရှောက်သူ ဖြစ်ပြီးတော့ နိုင်ငံကို ဘေးအန္တရာယ်ကျရောက်လာမဲ့ အခြေအနေ တွေကို ကာကွယ်နေတယ်လို့ ဆိုကြပါတယ်။

ဒီ တွက်ချက်မှုအရ ဖန်းရန်ရဲ့ ကျင့်စဉ်အရှိန်က အရမ်းကို အံ့မခန်း အံ့ဩဖွယ်ရာကောင်းတယ်လို့ သတ်မှတ်နိုင်ပါတယ်။ ဖန်းလောင်အနေနဲ့ မာနကြီးထောင်လွှားမောက်မာတယ်ဆိုတာ အံ့ဩစရာမဟုတ်တော့ပါဘူး။

``အိုး``

လင်းဟာန်အနေနဲ့ ဖန်းရန်က ဒီလိုမျိုးခြိမ်းခြောက်နိုင်တဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်လို့ မထင်ထားပါဘူး။ သူက လွီယုထန်ရဲ့ ပုခုံးကို ပုတ်ပြီးတော့ အပြုံးနဲ့ပြောလိုက်ပါတယ်။

``မင်းက သူ့ထက်ပိုပြီးတော့ အသန်မာဆုံးဖြစ်လာဖို့ ငါ အာမခံတယ်``

လွီယုထန်ခေါင်းငြိမ့်လိုက်ပါတယ်။ သူမအနေနဲ့ လင်းဟာန်နဲ့ သူမကိုယ်တိုင် အပေါ်မှာ ယုံကြည်မှုအပြည့်ရှိနေပါတယ်။ လက်ရှိ သူမလေ့ကျင့်နေတဲ့ ကျင့်စဉ်ဟာ ကောင်းကင်အဆင့် ကျင့်စဉ်ဖြစ်ပြီးတော့ သူမရဲ့ မြင့်မားတဲ့ ကောင်းကင်အဆင့် စိတ်ဂိဉာဉ်အခြေခံ နဲ့အတူ သူမဟာ တစ်ခြားဘယ်သူ့ကိုမှ ရှုံးနိမ့်စရာ အကြောင်းမရှိပါဘူး။ ဒါပေ့ါ .... လင်းဟာန်လို လူထူးလူဆန်းနဲ့တော့ နှိုင်းယှဉ်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ သူမအနေနဲ့ ဒီကမ္ဘာမှာ အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံ လိုမျိုး အရာ ရှိနေတယ်ဆိုတာကို မသိခဲ့ပါဘူး ဒါ့အပြင် လင်းဟာန်က အမှန်တကယ် မော်ဆေးကေရာဇ်ဖြစ်တယ်ဆိုတာကိုရောပေ့ါ။

``မင်းတို့ ငါပြောတာကို မကြားဖူးလား.. မြန်မြန် ဒီ အနီရောင်ကြေးခွံမြွေနဂါးကို ငါ့အတွက် သယ်လာခဲ့ပေးကြစမ်း``

ဖန်းဟောင် ပြောလိုက်ပါတယ်။သူကိုယ့်သူ အရမ်းကို ကျေနပ်အားရနေပါတယ်။ သူ့ရဲ့ အယင် အတွေ့အကြုံတွေအခြေခံပြီး ပြောရမယ်ဆိုယင် သူ့ရဲ့ အကိုနာမည်ကို ပြောလိုက်တာနဲ့ တဖက်က အဖွဲ့က ချက်ချင်းကို အမိန့်နာခံတဲ့သူတွေဖြစ်ကုန်ကြပါတယ်။

လင်းဟန်က ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

``ငါက မင်းလိုလူစားမျိုးတွေကို လုံးဝကို မနှစ်သက်ဘူး`` လင်းဟန်က ဖန်းဟောင်ဆီကို လျှောက်သွားလိုက်ပါတယ်။

``အကိုကြီးလင်း မဆင်မခြင်မလုပ်လိုက်ပါနဲ့``

လွီဒေါင်နဲ့ သူတို့အုပ်စုက လျှင်မြန်စွာနဲ့ပြောလိုက်ပါတယ်။ သူတို့အနေနဲ့ လင်းဟန်က အယင်တုန်းကလို သတ်ဖြတ်မှုမျိုး လုပ်လိုက်မှာကို တကယ်ပဲ ကြောက်ရွံ့ထိတ်လန့်နေကြပါတယ်။

``မစိုးရိမ်ပါနဲ့ ငါ့အနေနဲ့ ဒီကောင့်ကို ကောင်းကောင်းလေး ဆုံးမချင်ယုံပါပဲ``

လင်းဟန်က ပြုံးပြီးပြောလိုက်ပါတယ်။ ဖန်းဟောင်အနေနဲ့

သူတို့ရဲ့ ပိုင်ဆိုင်မှု ကိုပဲ လုယူချင်တာဖြစ်ပြီးတော့ တခြားညစ်ပတ်တဲ့အတွေးနဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ရှိမနေခဲ့ပါဘူး။ အဲဒီလိုမှမဟုတ်ယင် လင်းဟန်အနေနဲ့ သနားညှာတာနေမှမဟုတ်ပါဘူး။

``မင်း မင်း လုပ်ရဲသလား``

ဖန်းဟောင် အနောက်ကို ဆုတ်သွားပါတယ်။
သူနဲ့သူ့အကိုက အမေတစ်ယောက်တည်းက မွေးလာတာမှန်ပေမဲ့လည်း ဖန်းရန်က သိုင်းပညာပါရမီရှင် တစ်ယောက်ဖြစ်ပြီးတော့ သူကတော့ အဲဒီ နယ်ပယ်မှာ အနည်းငယ်မျှတောင် ပါရမီမပါခဲ့ပါဘူး။ ဒါက အဆီအနှစ်တွေ အကုန်လုံးကို ဖန်းရန်က စုပ်ယူသွားသလိုပါပဲ။ ဖန်းဟောင်က အခုမှ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၉ ပဲရှိပါသေးတယ် ကျေးဇူးတင်ရမှာ သူဟာ မှော်ဆေးတွေကို သုံးစွဲနိုင်လို့ပဲဖြစ်ပါတယ်။ဒါပေမဲ့လည်း သူ့အနေနဲ့ အနာဂါတ်မှာ နောက်တဆင့်တက်ဖို့ မလွယ်ကူပါဘူး။ အစိမ်းရောင် စိတ်ဂိဉာဉ်သစ်သီး ဆိုတာမျိုးကလဲ အရမ်းကို ရှားပါတယ်လေ။

``ငါလုပ်ရဲတော့ ရော ဘာဖြစ်လဲ``

လင်းဟန်က သူ့ခြေထောက်ကိုမြှောက်ပြီးတော့ ဖန်းဟောင်ကို ကန်ပစ်လိုက်ပါတယ်။ ဖန်းဟောင် က ကြောက်လန့်တကြားနဲ့ စတင် အော်ဟစ်လိုက်ပါတယ်။ လင်းဟန် ခြေထောက်နဲ့ အကြိမ် အနည်းငယ်မျှ ကန်ပြီးတဲ့အခါမှာတော့ ဖန်းဟောင်ရဲ့ နှာခေါင်းက သွေးတွေ လျှံကျလာပြီး တော့ သူ့မျက်နှာက ဖူးယောင်လာခဲ့ပါတယ်။တကယ်လို့ မှန်ထဲမှာသာ သူ့မျက်နှာကို သူမြင်မိမယ်ဆိုယင် သူ့ကိုယ်သူတောင် မှတ်မိမှာမဟုတ်ပါဘူး။

သူ့အနေနဲ့ တခြားဘာစကားမှ ထပ်ပြီးမပြောရဲပါဘူး။ သူ့ရဲ့ ခြေထောက်နဲ့ ဖနောင့် တင်ပါးထိအောင် ထွက်ပြေးပါတော့တယ်။

``အနီရောင်ကြေးခွံမြွေနဂါးက နဂါးသွေးမျိုးဆက်ကို ပိုင်ဆိုင်ထားပြီးတော့ သူ့အဆင့်မှာတော့ ဘုရင်တစ်ပါးလို့ မှတ်ယူနိုင်တယ်.. သူနဲ့အဆင့်တူ သိုင်းပညာရှင်တွေနဲ့ မိစ္ဆာသားရဲတွေကိုကောင်းစွာ ဖြတ်ကျော်နိုင်တယ်။ ချီကို ဖော်ထုတ်နိုင်တဲ့သူသာလျှင် ၎င်းကို ခုခံနိုင်တယ်``

လင်းဟန်က ရှင်းပြလိုက်ပါတယ်။
တကယ်လို့ အဲဒီလိုမှမဟုတ်ဘူးဆိုယင် လွှီယုထန်လို

ဒြပ်စင်စုစည်းခြင်းအဆင့် ၉ ကိုရောက်နေတဲ့သူတောင်မှ အနီရောင်ကြေးခွံ မြွေနဂါးကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီးတော့ အသားစီးရယူဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါကြောင့်လဲ သူတို့တိုက်ခိုက်နေတဲ့အချိန်မှာ လွှီယုထန်အနေနဲ့ ဒါဏ်ရာ နည်းများမဆို ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ ဒီ ဧရာမမြွေနဂါးကြီးနဲ့ လွှီယုထန်တို့ နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်ဦးမယ်ဆိုယင်တော့ ဒီလိုဖြစ်လာစရာအကြောင်း လုံးဝမရှိပါဘူး၊ ဘာလို့လဲဆိုတော့ သူမအနေနဲ့ ဓါးချီကို ထုတ်ဖော်နိုင်ပြီဖြစ်ပြီးတော့ ဧရာမမြွေနဂါးကြီးနဲ့ တိုက်ခိုက်တဲ့အခါကျယင် သူမရဲ့ ခြေဖျားကိုတောင် မှီမယ်မထင်တော့ပါဘူး

မိစ္ဆာသားရဲတွေမှာ အုပ်ချုပ်သူ ရှိသလိုပဲ သိုင်းပညာရှင်တွေမှာလဲ အုပ်ချင်သူတွေ ရှိပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က ချီကို ထုတ်ဖော်နိုင်ယင် သူကို သူတို့ရဲ့ ခရီးလမ်းကြောင်းပေါ်က အဲဒီအဆင့်ရဲ့ အုပ်ချုပ်သူအဖြစ် သတ်မှတ်လို့ရပါတယ်။ ဒါပေမဲ့လည်း တစ်စုံတစ်ယောက်သာ နှလုံးသားအဆင့်ကို ထုတ်ဖော်နိုင်ပြီဆိုယင် သူတို့အားလုံးရဲ့ အုပ်ချုပ်သူလို့ဖော်ပြနေတဲ့တူတူပါပဲ။

`` မင်းတို့တွေ ဒီမြွေကြီးရဲ့ ကျောရိုးကို ဖယ်ပစ်လိုက်... နည်းပညာအရတော့ ဒါက နဂါးရဲ့ အရိုးလို့ သတ်မှတ်လို့ရတယ်....ဒီကျောရိုးနပ်ဗ်ကြော တွေက လူတစ်ယောက်ရဲ့ ကိုယ်ကာယအစွမ်းကို သန့်စင်တဲ့နေရာမှာ အရမ်းကို အကျိုးရှိတယ်``

လင်းဟာန်က လီွဒေါင်တို့အုပ်စုကို လုပ်ရမဲ့ဟာတွေကိုပြောပြီးတော့ သူနဲ့ လီွယုထန်တို့က လိုဏ်ဂူထဲကိုနောက်တစ်ကြိမ်ဝင်လိုက်ပါတယ်။ သူ့အနေနဲ့ မြေနဂါးမြက်ကို နှုတ်ယူဖို့ လိုပါသေးတယ်။

လီွဒေါင်နဲ့သူတို့အုပ်စုအရမ်းကို စိတ်လှုပ်ရှားနေကြပါတယ်။ သန်မာတဲ့ ကိုယ်ကာယ ဆိုတာ ခံစစ်ကို အဆင့်မြှင့်တင်လိုက်တယ်လို့ ဆိုလိုတာပါပဲ။ ဒါက အရမ်းကို ခိုင်မာတဲ့ အကျိုးအမြတ်ပဲ။

သူတို့က ချက်ချင်းဆိုသလိုပဲ တက်ကြွစွာနဲ့ စတင်လုပ်ဆောင်ပါတော့တယ်။

လင်းဟာန်နဲ့လီွယုထန်တို့က လိုဏ်ဂူထဲကိုဝင်ပြီးတော့ ပုန်းကွယ်နေတဲ့ လမ်းကြောင်းအတိုင်း လျှောက်လာခဲ့ကြပါတယ်။ ဒီပါတ်ဝန်းကျင်က အရမ်းကို

စိုစွတ်နေပါတယ် ဘာလိုလဲဆိုတော့ အနီရောင်ကြေးခွံမြွေနဂါးက အချိန်အတော်ကြာသည့်တိုင်အောင် နေထိုင်ခဲ့တဲ့အတွက်ကြောင့် ဒီနေရာရဲ့ လေထဲမှာ ပြင်းထန်တဲ့သွေးနံ့တွေ ရှိနေပါတယ်။ ကျေးဇူးတင်ရမှာက ဂူလမ်းကြောင်းကသိပ်မရှည်တဲ့အတွက်ကြောင့် လျင်မြန်စွာနဲ့ပဲ သိပ်မဝေးတဲ့အကွာအဝေးမှာ ကြီးမားတဲ့ လိုဏ်ခေါင်းကို မြင်လိုက်ရပါတယ်။

``ရှာတွေ့ပြီ``

လင်းဟန်က လိုဏ်ခေါင်းရဲ့ အလယ်မှာ အပင်တစ်ပင်ကို ရှာတွေ့ခဲ့ပါတယ်။ ၎င်းအပင်မှာ ရိုးတံတစ်ခုပဲပါရှိပါတယ်။လုံး၀ တစ်ခြားအကိုင်းအခက်နဲ့ အရွက် တွေမပါပါဘူး။ အဲဒီရိုးတံက ဖြောင့်တန်းမနေပဲနဲ့ မြွေလိမ်မြွေကောက်လိုမျိုး ရှိနေပြီးတော့ ၎င်းရဲ့ ပုံစံက နတ်နဂါးတစ်ကောင်က ကောင်းကင်ပေါ်ကိုပျံတက်သွားတော့မဲ့ပုံစံနဲ့ တူနေပါတယ်။

ဒါက မြေနဂါးမြက် ပင်ပဲဖြစ်ပါတယ်။

အပိုင်း(၅၂) မူလကျော်လွန်ဆေးလုံး

လင်းဟန်က အရမ်းကို ကျေနပ်ပီတိဖြစ်နေပါတယ်။ မြေနဂါးမြက်ပင်ရဲ့ ရိုးတံက အနည်းဆုံး သက်တမ်း နှစ်ပေါင်း ၂၀၀ ရှိနေပါပြီ။ ၄င်းက မူလကျော်လွန်ဆေးလုံးအတွက် ဆေးအမယ်ဖြစ်ယုံသာမက ပြီးပြည့်စုံတဲ့ ဆေးလုံးရဲ့ အကျိုးသက်ရောက်မှုကိုလည်းတိုးတက်စေပါတယ်။

သူက သတိကြီးစွာထားပြီးတော့ မြေနဂါးမြက်ပင်ကို တူးဆွလိုက်ပါတယ်။ အဓိက ရိုးတံသာ မပျက်စီးဖူးဆိုယင် မြေနဂါးမြက်ပင်ရဲ့ ဆေးအာနိသင်ကလဲ မလျော့ကျပါဘူး။ ဒါကြောင့် ၄င်းကို အချိန်ပေးပြီးတော့ သေသေချာချာလေး တူးရပါတယ်။

``ဂုဏ်ယူပါတယ်.... လင်းဦးလေးကို ကုသနိုင်မဲ့ နေ့ရောက်ဖို့ ခြေတစ်လှမ်း တိုးလာခဲ့ပြီ``

လွှီယုထန်ကပြောလိုက်ပါတယ်။ သူမအနေနဲ့ အခုဆိုယင် လင်းဒေါင်ရှန်ရဲ့ စိတ်ဂိဉာဉ်အခြေခံက ပျက်စီးနေတယ်ဆိုတာကို သိထားပါပြီ။

လင်းဟန်ရဲ့ မျက်နှာတစ်ခုလုံးပျော်ရွှင်မှုတွေနဲ့ ပြည့်နေပါတယ်။ အရာရာတိုင်းသာ အခုအချိန်လိုမျိုး

ချောမွေ့ခဲ့မယ်ဆိုယင် သူ့အနေနဲ့ တစ်နှစ် သို့ နှစ်နှစ်အတွင်းမှာ လင်းဒေါင်ရှန်ရဲ့ စိတ်ဂိဉာဉ်အခြေခံကိုကုသပေး နိုင်ပြီးတော့ ကျင့်စဉ်လမ်းကြောင်းကိုပါ အဆင့်မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။

သူတို့နှစ်ယောက်က လိုဏ်ဂူထဲကနေထွက်လာခဲ့ပါတယ်။ လင်းဟန်အနေနဲ့ မှော်ဆေးလုံးဖော်စပ်ဖို့ အဆင့်သင့်ဖြစ်နေပါပြီ။ လွီဒေါင်တို့အုပ်စုက အနီရောင်ကြေးခွံမြွေနဂါးကြီးရဲ့ အရိုးတွေကို ပွက်ပွက်ဆူအောင် ပြုတ်ထားပါတယ်။ အမြူတေပြီးယင် ဒီအရိုးတွေက ရောမမြွေနဂါးကြီးရဲ့ အဖိုးတန်ဆုံး အစိတ်အပိုင်းတွေပဲဖြစ်ပါတယ်။

``ဒါမဖြစ်နိုင်ဘူး ဒီကောင်က ဆေးဘယ်လိုဖော်စပ်ရမလဲဆိုတာကို တောင် သိနေတယ်?``

လင်းဟန်က ဆေးကျိုအိုးကို ထုတ်လိုက်တာကို မြင်လိုက်တဲ့အခါမှာ လွီဒေါင်တို့အုပ်စုရဲ့ မျက်နှာက ထိန်းချုပ်မရအောင် မဲ့ရွဲ့ကုန်ပါတယ်။

``သူက တကယ့်ကို မကောင်းဆိုးဝါးပဲ``

``ဟုတ်တယ်... သူ့ရဲ့ ကျင့်စဉ်အဆင့် အရှိန်နှုန်းက လူသားမဆန်အောင် လျှင်မြန်ပြီးတော့ သူက ဓါးချီအလင်းလေးခုကိုတောင် ထုတ်ဖော်နိုင်တယ်..ဒါပေမဲ့ အခု သူက ဆေးဖော်စပ်ဦးမယ်...ငါ တကယ်ပဲ ဘာမှ မပြောနိုင်တော့ဘူး``

``မေ့လိုက်တော့ ငါတို့ကိုယ်ငါတို့ ဒီလူထူးလူဆန်းနဲ့ ဘယ်လိုမှ နိုင်းယှဉ်လို့ ရမှာမဟုတ်ဘူး``

``ငါတို့ ဘယ်လိုမှ နှိုင်းယှဉ်လို့လို့ မရဘူး.. ဘယ်တော့မှရမှာမဟုတ်ဘူး``

သူတို့ငါးယောက်လုံး အဆက်မပြတ် ခေါင်းခါရမ်းလိုက်ပါတယ်။လီဟောင် လို့ ဆေဘာချီအလင်း တစ်ခုထုတ်ဖော်နိုင်တဲ့သူတောင်မှ သူ့ခေါင်းကို ခါရမ်းပြီးတော့ သူ့ခေါင်းကို အဆက်မပြတ် ခေါက်နေပါတယ်။ ဒီလူထူးလူဆန်းနဲ့ သင့်ကိုယ်သင် နှိုင်းယှဉ်မယ်ဆိုယင် ကိုယ့် အရှက်ကို ကိုယ့်ဘာသာခွဲတာနဲ့ အတူတူပါပဲ။

လင်းဟန်ရဲ့ မှော်ဆေးပညာက သူတို့ရဲ့ မျက်လုံးတွေကို

ပေါ်ပါးသွားစေပါတယ်...လက်ရှိမှာ သူ့ရဲ့ မူလစွမ်းအင်တွေက အလျှံပယ် ဖြစ်နေပြီးတော့ ဆေးဖော်စပ်တဲ့အချိန်မှာ မူလစွမ်းအင်ပြန်လည်ဖြည့်ဆည်း ခြင်းဆေးလုံးကို အသုံးပြုဖို့မလိုခဲ့ပါဘူး။သူ့ရဲ့ မူလဒြပ်စင်အမှုန်ငါးခု ကလည်း အံ့သြဖွယ်ရာကောင်းတဲ့ အစွမ်းတွေကို ထုတ်ဖော်ပြီးတော့ သူ့အနေနဲ့ ဆေးကျိုအိုးရဲ့ အပူကို ထိန်းချုပ်ရာတာက အယင်ကထက်ပိုပြီး ချောမွေ့ လွယ်ကူစေပါတယ်။

တစ်နာရီခန့်အကြာမှာတော့ လင်းဟန်က သူ့ရဲ့ လှုပ်ရှားမှုတွေကို ရပ်တန့်လိုက်ပါတယ်။ မူလကျော်လွန်ဆေးလုံး လုပ်လို့ပြီးပီ။

စုစုပေါင်း ဆေး ၁၃ လုံး။

``ဒါက မူလကျော်လွန်ဆေးလုံးပဲ တစ်လုံးစားလိုက်မယ်ဆိုယင် မင်းတို့ကို နောက်တစ်ဆင့်ကို တက်သွားစေလိမ့်မယ်``

လင်းဟန်ကပြောလိုက်ပါတယ်။ သူက သူ့အတွက် ဆေးရှစ်လုံးကို ယူလိုက်ပီးတော့ ကျန်တဲ့ ငါးလုံးကို လီဒေါင်နဲ့ ကျန်တဲ့သူတွေအတွက် ပေးလိုက်ပါတယ်။

သီအိုရီအရပြောရမယ်ဆိုယင် သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ၃ အထွတ်အထိပ်ကိုရောက်ဖို့အတွက် ဆေး ၂ လုံးပဲ လိုပါတယ်။ ဒါပေမဲ့ ဒီ မူလကျော်လွန်ဆေးရဲ့ အာနိသင်က မူလအမှုန်တစ်ခုပဲရှိတဲ့ သိုင်းပညာရှင်နဲ့ အံ့ဝင်ဂွင်ကျဖြစ်တာပါ။ တကယ်လို့ မူလဒြပ်စင်အမှုန်ငါးခုအတွက်ဆိုယင် နစ်ဆ ဒါမှမဟုတ် ဘယ်လောက်ပမာဏလိုအပ်မယ်ဆိုတာကို ဘယ်သူက သိမှာလဲ? ဒါကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေကို ရှောင်ရှားဖို့အတွက် သူ့အနေနဲ့ နောက်ထပ် ဆေး ၆ လုံးကိုပါ သိမ်းဆည်းလိုက်တာပဲ ဖြစ်ပါတယ်။

လွီဒေါင်တို့ အုပ်စုကတော့ လင်းဟန်က ဝေစု အများကြီးယူတဲ့ အပေါ်မှာ သဘောမတူချင်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာပါတယ်။

မင်းတို့ ကျီစယ်နေတာလား? ဒီဆုလာဘ်ရဖို့အတွက် သူတို့အနေနဲ့ အမှန်တကယ် ဘာတွေများ ကြိုးစားပြီးဆောင်ရွက်ခဲ့ရလို့လဲ? သူတို့လုပ်ရတာဆိုလို့ တောက်ပသောသားမွေး သိုး တစ်ကောင်ကိုပဲ ဖမ်းလာရတာလေ။ ဒီလိုမျိုးလွယ်ကူတဲ့ လုပ်ဆောင်မှုကို ဘယ်သူတွေက ကျရှုံးမှာလဲ။ သူတို့အားလုံး

ကောင်းကောင်းသိပါတယ် လင်းဟန်အနေနဲ့ သူတို့ကို မူလကျော်လွန်ဆေးလုံး တစ်လုံးစီပေးတယ်ဆိုတာက သူတို့က လင်းဟန်ကို လိုက်ဂူရှိတဲ့ နေရာကို လိုက်ပြပေးတဲ့အတွက်ဆိုတာကိုပါ။

တစ်ဖက်ကကြည့်ရင်လဲ ဘယ်သူကများ ဒီလိုမျိုး စေတနာရက်ရောမှာလဲ။ သူတို့မှာ အရမ်းကို ရင်းနှီးတဲ့ဆက်ဆံရေးမှမရှိတာ။

ဆေးတစ်လုံးက လူတစ်ယောက်ရဲ့ အဆင့်တစ်ခုကို တက်စေနိုင်တယ်။ တကယ်လို့ ဒီဆေးလုံးကိုသာရောင်းချမယ်ဆိုယင် ဘယ်လောက်တောင် အံ့ဩဖို့ကောင်းတဲ့ ငွေကြေးတွေ ရလာနိုင်မလဲ?

လင်းဟန်. လွီဒေါင် လီဟောင်နဲ့ ဖူရှုရီတို့က ချက်ချင်းပဲ သူတို့ရဲ့ ဆေးလုံးတွေကိုစားပြီးတော့ အာနိသင်တွေကို အစာချေဖျက်နေတဲ့အချိန်မှာ လွီယုထန်ကတော့ သူတို့အားလုံးအတွက် ကင်းစောင့်ပေးနေပါတယ်။ ချန်ပိုင်ဂျူနဲ့ ဇောင်ချန် တို့ကတော့ တစ်နေရာကနေပြီးတော့ မနာလိုမှုအပြည့်နဲ့ ကြည့်နေကြပါတယ်။ ကျေးဇူးတင်ရမှာက ဒီ မူလကျော်လွန်ဆေးလုံးတွေက အတောင်ပံပေါက်ပြီးတော့ အဝေးကို ပျံထွက်မသွားနိုင်တဲ့အတွက် သူတို့အနေနဲ့

ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်ပီးတဲ့အချိန်ကျမှာသာလှင် ဒါကို အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်။

လင်းဟန်က ခြံပုတ်အချို့ရဲ့ ဘေးနားမှာ ထိုင်ချလိုက်ပါတယ်။ သူ မူလကျော်လွန် ဆေးလုံးကို စားပြီးတဲ့အခါမှာ သူ့ဘေးနားမှာရှိတဲ့ ဂိဉာဉ်ချီ တွေက သူ့ဆီကို စုဝေးလာပါတယ်။ သူ့ရဲ့ ဒြပ်စင်ငါးခုကြာပန်းက တဖျပ်ဖျပ် လှုပ်ခါပြီးတော့ ဂိဉာဉ်ချီတွေကို အရူးအမူးနဲ့ စုပ်ယူနေပါတယ်။သူ့ရဲ့ ကျင့်စဉ်အဆင့်က ချက်ချင်းကြီး မြင့်တက်ဖို့ ပြင်ဆင်နေပါတယ်။

သူက ဒြပ်စင်စုစည်းခြင်းအဆင့် ၁ အထွတ်အထိပ်ကို ရောက်ပြီးသားပါ။ ဂိဉာဉ်ချီတွေသိပ်သည်းပြီးတော့ များပြားလှတဲ့ ပမာဏစုစည်းမှု့ အောက်မှာ သူက သူ့ရဲ့ ဒုတိယအမှုန်ကို ချက်ချင်းဆိုသလို ခိုင်မာအောင်လို့ စတင်လိုက်ပါတယ်။

စူးရှတဲ့ အလင်းတန်းငါးခုပေါ်လာပြီးတော့ ဖြေးညှင်းစွာနဲ့ လှည့်ပါတ်နေတဲ့ အမှုန်တွေအဖြစ်ပြောင်းလဲသွားပါတယ်။ ပြီးတဲ့နောက် မှာ သူတို့ရဲ့ လှည့်ပါတ်ခြင်းအရှိန်က တိုးလာပြီးတော့ အရွယ်အစားကလဲ လျှင်မြန်စွာ

တိုးလာခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်နေချိန်အတွင်းမှာပဲ သူကိုယ်ခန္ဓာထဲက ဒန်တန်ကလဲ စတင်ပြီးတော့ ကျယ်ပြန့်လာပြီး မူလစွမ်းအင်တွေကို အမြောက်အများ စုစည်းနေပါတယ်။

သိုင်းပညာရှင်ရဲ့ ကိုယ်ခန္ဓာထဲက ဒန်တန်ရဲ့ နေရာလွတ် အရွယ်အစားက သိုင်းပညာရှင်ရဲ့ မူလအစွမ်း ဘယ်လောက်သိုလှောင်ထားနိုင်သလဲဆိုတာကို ဆုံးဖြတ်ပေးပါတယ်။ ဒါကြောင့် ဒါက အရမ်းကို အရေးကြီးပါတယ်။ လင်းဟန်အတွက်ကတော့ ၄င်းရဲ့ အရေးပါမှုက အဆများစွာ တိုးလာပါတယ် ဘာလို့လဲဆိုတော့ သူက မူလဒြပ်စင်အမှုန်ငါးခု ပိုင်ဆိုင်ထားပြီးတော့ ၄င်းက သူ့ရဲ့ အမှန်တကယ်ကျင့်စဉ်အဆင့်ထက် သာလွန်တဲ့အစွမ်းကိုတွေကို အာမခံပေးစွမ်းနိုင်ပါတယ်။

သူ့အနေနဲ့ သူကိုယ်ခန္ဓာအတွင်းက ဒန်တန်ရဲ့ နေရာလွတ်က သူနဲ့ကျင့်စဉ်အဆင့်တူ သိုင်းပညာရှင်ထက် ပိုကြီးကြီးမားမား လိုအပ်ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ တိုက်ပွဲဝင်တဲ့အခါမှာ သူ့ရဲ့ အစွမ်းတွေကို အချိန်ကြာမြင့်စွာထုတ်ဖော်နိုင်မှာမဟုတ်ပဲနဲ့ လျှင်မြန်စွာနဲ့ ကုန်ခမ်းသွားနိုင်ပါတယ်။

ဒါပေ့ါ... သူသာ ဒုယွန်ပြိုင်ပွဲမှာ ပထမနေရာကို ရယူနိုင်ခဲ့မယ်ဆိုယင် အမှောင်လ မြက်က သူ့လက်ထဲကို ရရှိပြီးတော့ ကွက်လပ်ဆေးလုံးကို ဖော်စပ်နိုင်ပါလိမ့်မယ်။ ဒါက စွမ်းအားကြီးတဲ့ ကောင်းကင်အဆင့် စစ်သည်တော်တောင်မှ မနာလိုဖြစ်စေတဲ့ အရာပါ။ သူ့အတွက်တော့ သူဟာ ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိနေပြီးတော့ ဒီကွက်လပ်ဆေးလုံးက သူ့ရဲ့ ဒန်တန် နေရာလွတ်ကို ဘယ်နှစ်ဆ လောက်များ ကျယ်ပြန့်စေလိမ့်မလဲ?

ဒါဆိုယင် မူလစွမ်းအင်ကို အကန့်အသတ်နဲ့ သိုလှောင်နိုင်တဲ့ ပြဿနာ ကိုဖြေရှင်းပြီးသားဖြစ်သွားလိမ့်မယ်။

အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံရဲ့ လုံးဝ အားသာချက်ကတော့ သူ့ရဲ့ ဒြပ်စင်ငါးခုကြာပန်းက ဂိဉာဉ်ချီတွေကို စုတ်ယူတဲ့နေရာမှာ အားသာပြီးတော့ မယုံနိုင်လောက်အောင် များပြားလှပါတယ်။ မူလကျော်လွန်ဆေးလုံးကလဲ သူ့ရဲ့ မူလအမှုန်တွေကြီးထွားလာတဲ့ အရှိန်ကို မြှင့်တင်ပေးပြီးတော့ သူ့ရဲ့ ကျင့်စဉ်အဆင့်ကို ရှူးသွပ်စွာနဲ့ မြင့်တက်လာစေပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့် ၂
အစောပိုင်းအဆင့်....အလယ်အလတ်အဆင့်...
နောက်ပိုင်းအဆင့်...အထွတ်အထိပ်အဆင့်.....။

သူ့ရဲ့ တိုးတက်မှုနှုန်းက ကြောက်မက်ဖွယ်ကောင်းအောင် လျှင်မြန်လှပါတယ်။

လင်းဟန်က သူကိုယ်သူ ခေါင်းငြိမ့်လိုက်ပါတယ်။သူ့ရဲ့ မူလအမှုန်က တစ်ခြားသာမန်လူတစ်ယောက်ရဲ့ မူလအမှုန်ထက် ငါးဆနဲ့ ညီမျှသော်လည်း ဆေးအာနိသင်နဲ့ ချဲ့ထားတာ မပါသေးပါဘူး.။

အဲဒီအချိန်မှာပဲ ပထမ မူလကျော်လွန်ဆေးလုံးရဲ့ အာနိသင်တွေက လုံးဝကို အသုံးပြုပြီးဖြစ်သွားပါပြီ.။

လင်းဟန်သူ့မျက်လုံးတွေကို ဖွင့်လိုက်တာနဲ့ ဆာလောင်မှုကို ခံစားလိုက်ရပါတယ်။ ကြည့်ရတာ သူ့အနေနဲ့ တစ်နေ့လုံး အချိန်ဆိုတာမသိပဲ လေ့ကျင့်နေမိတာဖြစ်နိုင်ပါတယ်။

တစ်ဖက်မှာတော့ လွီဒေါင်နဲ့ ကျန်တဲ့နှစ်ယောက်က လည်းပဲ သူတို့ရဲ့ လေ့ကျင့်မှုက ပီးလုနီးပါးဖြစ်နေပါပြီ။ သူတို့ရဲ့

မျက်နှာတွေကိုကြည့်ရတာ မတူညီတဲ့ အဆင့်တစ်ခုကို အဆင့်တက်သွားတဲ့ပုံစံဖြစ်နေပါတယ်။

လွှီဒေါင်နဲ့ ဇူရှူရီတို့က ဒြပ်စင်စုစည်းခြင်းအဆင့် ၁ ရဲ့ အထွတ်အထိပ်ကိုရောက်သွားခဲ့ပြီးတော့ လီဟောင်ကတော့ ဒြပ်စင်စုစည်းခြင်း အဆင့်၂ အစောပိုင်းအဆင့်ကိုရောက်သွားခဲ့ပါတယ်။ သူတို့ရဲ့ ပင်ကိုပါရမီ က မတူညီကြပါဘူး။ ဒါကြောင့်လဲ မူလကျော်လွှန်ဆေးလုံးရဲ့ ဆေးအာနိသင်ကို စုပ်ယူတဲ့ ရလဒ်ကလည်း မတူညီ ကွဲပြားကြပါတယ်။

လင်းဟန်အနေနဲ့ လီဟောင်အပေါ်မှာ အနည်းငယ် အကောင်းမြင်စိတ်ရှိ ပါတယ်။ ဒီအသက်အရွယ်နဲ့ ဆေဘာချီကို ဖော်ထုတ်နိုင်တာကိုကြည့်ခြင်း ဖြင့် သူမှာ ကောင်းမွန်တဲ့ အလားအလာရှိပြီးတော့ ဘယ်လောက် ပါရမီရှိ တယ်ဆိုတာ သက်သေပြနေတာပါပဲ။ လင်းဟန်က ဒီကောင်နဲ့ အချိန်တစ်ချို့ လုံ့လထုတ်ပြီးတော့ သူ့ကို ပြုစုပျိုးထောင်ပေးဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

အနာဂါမှာ သူ့ရဲ့ ဆုံးဖြတ်ချက်ကြောင့် ဆေဘာဘုရင် တစ်ပါး ပေါ်ထွက်လာနိုင်ပါတယ်။

အဲဒီအချိန်မှာ အနီရောင်ကြေးခွံ မြွေနဂါးရဲ့ အရိုးတွေအားလုံး ပြီးစီး သွားပါပြီ။ အရိုးရဲ့ အဆီအနှစ်တွေ အားလုံးကို စွပ်ပြုတ်နဲ့ ရောနှောလိုက်ပါတယ်။ ၄င်းက ရွှေရောင် ရှိပြီးတော့ ထူးခြားတဲ့ အနံ့တစ်မျိုးကို ထုတ်လွှတ်ပေးပါတယ်။

`` ဒါက အရမ်းကို အာဟာရဖြစ်စေတယ်... လာ လာ..လာ ကိုယ့်ဘာသာကိုယ်ပဲ စားပွဲပြင်ပြီးစားကြတာပေါ့``

လင်းဟန်က အားလုံးကို စုပြီးတော့ စွပ်ပြုတ်ရည်တွေကို ဝေပေးလိုက်ပါတယ်။သူတို့က မြွေကြီးရဲ့ အသားကိုလဲ ကင်ထားပါတယ်။ ၄င်းရဲ့ အကျိုးအာနိသင်က ဒီ မြွေအရိုးတွေနဲ့ယှဉ်ရင်တော့ အကျိုးအမြတ် သိပ်မရှိပေမဲ့လည်း ဒါက သူတို့ရဲ့ဆာလောင်နေတဲ့ အစာအိမ်ကို ပြည့်စေပါတယ်။

ဒီ အနီရောင်ကြေးခွံ မြွေနဂါးက အရမ်းကို အဆင့်မြင့်တဲ့ အဆင့် မဟုတ်ပေမဲ့လည်း မိစ္ဆာသားရဲ ဘုရင်တွေကို စျေးကွက်မှာ ရောင်းချတာမျိုး မရှိပါဘူး။ လွှီယုထန်တောင်မှ ဒီလိုအရသာရှိတဲ့ အသားကို နှစ်ခါတောင် စားပါတယ်။ သူမလို ကြီးမားတဲ့ ကလန်တစ်ခုရဲ့ မင်းသမီးတစ်ပါးမပြောနဲ့ လွှီဒေါင်တို့ အုပ်စုတောင် ဒီလို ရှားပါးတဲ့အသားကို ခေါင်းမဖော်တမ်း စားနေကြပါတယ်။

ပြီးတော့ သူတို့အားလုံး စွပ်ပြုတ် တစ်ဒိုးလုံးကို ဘာမှမကျန်တော့တဲ့ အထိ ကုန်စင်အောင်သောက်ပစ်လိုက်ကြပါတယ်။ သူတို့အားလုံး သူတို့ရဲ့ အစာအိမ်တွေဟာ အရမ်းကို ပြည့်ပြီးဖောင်းနေတယ်လို့ ခံစားနေရပါတယ်။

ဒါက ပုံမှန်ပါပဲ။ အနီရောင်ကြေးခွံ မြွေနဂါးရဲ့ အရိုးခြင်ဆီ က အရမ်းကို အစွမ်းထက်လှတဲ့ အာဟာရပြည့်ဆေးဂါးနဲ့ ညီမျှပါတယ်။ သူတို့အနေနဲ့ အရမ်းကို အာဟာရပြည့်ဂနေတယ်လို့ ခံစားနေရပါတယ်။

သူတို့ခုနစ်ယောက်စလုံးက လျှင်မြန်စွာပဲ ထိုင်ချလိုက်ပီးတော့ အရမ်းကို စွမ်းအားပြည့်နေတဲ့ အာဟာရအစွမ်းကို အစာခြေဖျက်ဖို့အတွက် စတင်လေ့ကျင့်လိုက်ပါတယ်။

၄င်းက သူတို့ရဲ့ ကျင့်စဉ်အဆင့်ကို အဆင့်မတက်စေပါဘူး။ ဒါပေမဲ့လည်း သူတို့ရဲ့ ကိုယ်ကာယခွန်အားသန်မာမှုကို ကူညီစေပြီးတော့ ဒါကလဲ သူတို့အတွက်တော့ အရမ်းကို အကျိုးကျေးဇူးရစေပါတယ်။

လင်းဟန်က ကောင်းကင်မော်စာလိပ်ကို လှည့်ပါတ်စေပြီးတော့ သူစားထားတဲ့ ဆေးအစွမ်းအာနိသင်တွေအားလုံးကို သူရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းအားလုံးဆီကို စုပ်ယူစေခဲ့ပါတယ်။

``ဒါတကယ့်ကို ကောင်းတာပဲ``

သူနှလုံးသားထဲမှာ တွေးနေပါတယ်။ ကောင်းကင်မော်စာလိပ်ရဲ့ အကူအညီနဲ့ သူစားထားတဲ့ အရာတွေမှန်သမျှကို တစ်စက်ကလေးမှ မဖြုန်းတီးလိုက်ပဲနဲ့ အကျိုးအမြတ်အားလုံးကို ကုန်စင်အောင် စုပ်ယူနိုင်ခဲ့ပါတယ်။

ဒါက ပုံမှန်မဟုတ်ပါဘူး။ တစ်စုံတစ်ယောက် သူတို့စားထားတဲ့ အရာတွေကို ကုန်စင်သွားအောင်လို့ စုပ်ယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။အထူးသဖြင့် ဒီလိုမျိုး အရမ်းကို အာဟာရဖြစ်စေတဲ့ အစားအစာမျိုးတွေပေါ့။ ဒါက ဘာလို့လဲဆိုယင် ဒီဆေးအာနိသင်အစွမ်းကို အရမ်းကိုသန်မာအားကောင်းပြီးတော့ အချိန်တိုလေးအတွင်းမှာ အစာချေဖျက်ပစ်ဖို့ မဖြစ်နိုင်လို့ပါ။ဒါပေမဲ့လည်း တစ်ရက် သို့ နှစ်ရက် ကြာယင် ကိုယ်ခန္ဓာရဲ့ သဘာဝ လုပ်ငန်းစဉ်အရ အာဟာရတွေက

ခန္တာကိုယ် ကနေ ဖယ်ရှားခြင်းခံလိုက်ရပါတယ်။ ဒါက ဘယ်လောက်တောင် ဖြုန်းတီး ရာ ရောက်လိုက်သလဲ?

``ငါ ဒါကို လုံးဂ အစာချေဖျက်ပြီးတဲ့ အခါမှာတော့ ငါ့အနေနဲ့ သေခြင်းသစ်ပင် အဆင်ရဲ့ သေခြင်းသစ်ပင်ကိုယ်ခန္တာကို လုံးဂ လေ့ကျင့်နိုင်လောက်ပီ``

အပိုင်း (၅၃) သေခြင်းသစ်ပင်၏ ခန္တာကိုယ်

နောက်တစ်ရက်ကုန်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ မျက်လုံးကို ချက်ခြင်းဖွင့်လိုက်ပါတယ်။ သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာ ကျေနပ်တဲ့ အပြုံးတစ်ခုဖြစ်ပေါ်လာပါတယ်။ သူက သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပီးတော့ ဓါးသွားနဲ့ သူ့ရဲ့ ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီးတော့ လှီးလိုက်ပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်ကသာ ဒီဟာကို မြင်သွားခဲ့မယ်ဆိုယင်.. သူတို့အနေနဲ့ သေချာပေါက် စဉ်းစားမိမှာက ဒါက ကိုယ့်လက်ကို ကိုယ်ဖြတ်တောက်လှီးဖြတ်တယ်လို့ပဲ ထင်ကြမှာပါ။ ဒါပေမဲ့ အချိန်တစ်ခဏ အတွင်းမှာပဲ သူတို့က အံ့အားသင့်လွန်းပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက ခေါင်းထဲကနေ ပြူးထွက်သွားပါလိမ့်မယ်။ သူ့ရဲ့ လက်ကို

ဖြတ်လှီးလိုက်တဲ့ ဒီ ဓါးချက်ကြောင့် သူ့ရဲ့ အရေပြားပေါ်မှာ အမာရွတ်ကလေး တစ်ခုတောင်မှ ကျန်မနေခဲ့ပါဘူး။ သူ့အနေနဲ့ သူ့လက်ကို လှီးဖြတ်ခဲ့တယ်ဆိုတာ သက်သေပြစရာအဖြစ် အဖြူရောင် လိုင်းကြောင်း တစ်ခုသာ ရှိနေပါတယ်။

``ထင်တဲ့အတိုင်းပဲ ... ငါ့ရဲ့ ကိုယ်ခံစွမ်းအားက ထင်မှတ်ထားသလို တိုးတက် လာခဲ့တာပဲ``

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။

သူ့အနေနဲ့ ဒီ ခုတ်ချက်မှာ သူ့ရဲ့ မူလစွမ်းအင်ကို ပေါင်းမထည့်ခဲ့သလိုပဲ သူ့ရဲ့ ကြံ့ခိုင်မှုခွန်အားမှာလဲ မူလစွမ်းအင်ကို အသုံးမပြုခဲ့ပါဘူး။ သူ့အနေနဲ့ သူ့ရဲ့ ကိုယ်ကာယကြံ့ခိုင်မှုသီးသန့်တစ်မျိုးတည်းကိုပဲ အသုံးပြုပြီးတော့ စမ်းသပ်ခဲ့တာပဲဖြစ်ပါတယ်။

သူက တိုက်ခိုက်မှုအစွမ်းကို မြှင့်တင်ခဲ့ပြီးတော့ ကောင်းကင်မှော်စာလိပ်ကို လဲ အဆက်မပြတ် စတင်လှည့်ပါတ်လိုက်ပါတယ်။

ဓါးအရောင် တစ်ချက်လက်သွားပြီးတော့ ဒီတစ်ကြိမ်မှာတော့

သူ့ရဲ့ လက်ပေါ်မှာ ဟက်တက်ကွဲတဲ့ ဓါးဒါဏ်ရာကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း ယုတ္တိမတန်သော ထူးခြားဆန်းကြယ်မှု တစ်စုံတစ်ခုဖြစ်ပေါ် လာခဲ့ပါတယ်။ အဲဒါကတော့ ၄င်း ပြတ်ရှ ဒါဏ်ရာကနေပြီးတော့ သွေးတစ်စက်မှ ထွက်မလာတာပါပဲ။

``ဟဟ ဒါဆို ဒီဟာက ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ် ရဲ့ ပထမအလွှာ သေဆုံးခြင်းသစ်ပင်အဆင့်ပဲ... ကိုယ်ခန္ဓာက ဓါးနဲ့ ထိုးခုတ် ခံရယင်တောင်မှ သေဆုံးနေတဲ့ သစ်ပင်လိုမျိုး ဖြစ်သွားပြီး ခန္ဓာကိုယ်ကနေ သွေးမထွက်တဲ့အပြင် အသက်ဓါတ်ကိုလဲ မထိခိုက်နိုင်တော့ဘူး``

လင်းဟန်ရဲ့ မျက်နှာပေါ်က အပြုံးက ပိုပြီး ပီပြင်လာပါတယ်။ သူလုပ်လိုက်တဲ့ ဟက်တက်ကွဲနေတဲ့ ဓါးဒါဏ်ရာက လျှင်မြန်စွာနဲ့ပဲ ကုသလိုက်ပီးတော့ ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပါတယ်။ ဒါကမယုံကြည်နိုင်စရာ ကောင်းတဲ့ ထူးဆန်းမှုပဲ။ ပြီးတော့ ဒါက သေဆုံးသစ်ပင်ရဲ့ ကိုယ်ခန္ဓာအဆင့်ပဲ ရှိသေးတယ်လေ။

လင်းဟန် အနည်းငယ် မချိတင်ကဲ ဝေဒနာကို ခံစားလိုက်ရပါတယ်။ သူသာ ကျောက်နံ့ရဲ့

အဆင့်ကိုရောက်ခဲ့မယ်ဆိုယင် သူ့ရဲ့ ကိုယ်ခန္ဓာကို ကျောက်နံ့ရံ လိုဖန်တီးလိုက်ပြီးတော့ သူ့ရဲ့ အရေပြားကလဲ ကျောက်တုံးလိုမျိုး မာကျော ကြမ်းတမ်းလာပါလိမ့်မယ်။ ပြင်းထန်တဲ့ တိုက်ခိုက်မှုတောင်မှ သူ့ကို ဘာဒါဏ်ရာမှ ရစေနိုင်မှာမဟုတ်သလို သူ့ရဲ့ ခံစစ်စွမ်းအင်ကလဲ နောက်ထပ် အဆင့်အသစ်တစ်ခုကို မြှင့်တင်နိုင်မှာပဲဖြစ်ပါတယ်။ သံမဏိအလွှာ အဆင့်က ပိုပြီးတော့တောင် အံ့အားသင့်စရာကောင်းလှပါတယ်။ သူ့ရဲ့ စွမ်းအင်တွေက ပိုမိုပြီး နိုင်လိုမင်းထက် ပြုမှုသလို ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ နောက်ဆုံး သူ စိန်အဆင့်ကို အောင်မြင်မှုရခဲ့မယ်ဆိုယင် ဒါက အဓိက ပြောင်းလဲမှုကြီး ဖြစ်လာပါလိမ့်မယ်။ သူ့ရဲ့ အသက်စွမ်းအင်ကလဲ အကန့်အသတ်မရှိ စွမ်းအားပြည့်ဝလာပါလိမ့်မယ်။

``မော်စာလိပ်မှာ ပြောထားတာကတော့ ငါ သေဆုံးခြင်းသစ်ပင်အဆင့်ကို ရောက်တဲ့အခါမှာ စစ်မှန်တဲ့ ဖျက်ဆီးလို့မရတဲ့ အရည်တစ်စက်ကို ခဲအောင် လုပ်နိုင်လိမ့်မယ်တဲ့.. အနာဂါတ်မှာ ဘယ်လောက်ပဲ ပြင်းထန်တဲ့ ဒါဏ်ရာကို ငါခံစားရသည်ဖြစ်စေ ချက်ချင်းဆိုသလို ဒီ စစ်မှန်သောဖျက်ဆီးလို့ မရတဲ့ အရည်ကို သန့်စင်ပြီးတော့ ချက်ချင်းပဲ ကုသလို့ရတယ်``

ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရတဲ့ မော်စာလိပ် ဒါက တကယ့်ကို ၄င်းရဲ့ နာမည်နဲ့ လိုက်ဖက်ပါတယ်။

လင်းဟန်အနေနဲ့ ချက်ချင်းပဲ စစ်မှန်သော ဖျက်ဆီးလို့မရတဲ့ အရည် ကို အေးခဲအောင် မလုပ်ခဲ့ပါဘူး။ ဒါက အချိန်တွေ အများကြီးကုန်စေတဲ့ လုပ်ရပ်တစ်ခုဖြစ်ပြီးတော့ အချိန်တိုတိုလေးအတွင်းမှာ လုံး၀ အောင်မြင်မှုရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

``ဟားဟား သေဆုံးခြင်းသစ်ပင် ကိုယ်ခန္ဓာကို ငါ ပြုလုပ်နိုင်တာနဲ့ ငါ့ရဲ့ အားနည်းချက်တွေက ပျောက်ကွယ်သွားလိမ့်မယ်``

လင်းဟန်က အရမ်းကို ကျေနပ်ပျော်ရွှင်နေပါတယ်။

ဒီကမ္ဘာကြီးမှာ မွေးကတည်းကနေစပြီးတော့ စွမ်းအားနဲ့ပါတ်သတ်ပြီး အမြဲတမ်းလိုလို ပြိုင်ဆိုင်နေကြရပါတယ်။ဥပမာအနေနဲ့ ကြမ်းတမ်းတဲ့ မိုးကြိုး မျိုးနွယ်စု တွေနဲ့ပြောရမယ်ဆိုယင်။ သူတို့ရဲ့ အဖွဲ့၀င်တွေက မွေးကတည်း သူတို့ ရဲ့ ကိုယ်ခန္ဓာပါတ်လည်မှာ လျှပ်စီးမိုးကြိုးတွေ ပိုင်းရံပြီးမွေးဖွားလာကြပါတယ်။ ဒါကြောင့်

သူတို့ရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပြင်းထန်ပါတယ်။ ဒါက အရမ်းကိုထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံပဲ ဖြစ်ပါတယ်။

သူ့ရဲ့ အယင်ဘဝကသော်လည်းကောင်း လက်ရှိဘဝမှာသော်လည်းကောင်း လင်းဟန်မှာ အဲဒီလို ထူးခြားတဲ့ ဖွဲ့စည်းပုံ မရှိပါဘူး။ ဒါပေမဲ့ ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ရဲ့ ကျင့်စဉ်က သူ့ကို တစ်ခု ရရှိဖို့ ခွင့်ပြုခဲ့ပါတယ်။ ၎င်းက သံမဏိအလ္ဟာ ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ယင် သဘာဝကို အုပ်ချုပ်သူတောင် ဖြစ်လာနိုင်ပါတယ်။

``သေဆုံးခြင်းသစ်ပင်၏ကိုယ်ခန္ဓာက အချို့ အဆင့်နိမ့်အဆင့် ထူးခြားတဲ့ ဖွဲ့စည်းပုံတွေနဲ့ နိုင်းယှဉ်လို့တောင်ရနိုင်တယ်.. ဒါပေမဲ့ တကယ်လို့ ငါသာ စိန်၏ကိုယ်ခန္ဓာအဆင့်ကို ရောက်ခဲ့မယ်ဆိုယင် ဘယ်မျိုးနွယ်စုက ဒီလိုမျိုး ထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံကို အမှန်တကယ် နှိုင်းယှဉ်လို့ရနိုင်မှာလဲ?``

ဒီဘဝမှာ ငါက အနိုင်မခံအရှုံးမပေး လွှမ်းမိုးနိုင်မဲ့ ကံဇာတာပါလာတယ်...အယင်တုန်းက ဘယ်သူကမှ

မရောက်ဖူးခဲ့တဲ့ လမ်းကြောင်းဖြစ်တဲ့ စကြာဝဠာဖျက်စီးခြင်း အဆင့်ကို ရောက်ပြီးတော့ နတ်ဘုရားတစ်ယောက်ဖြစ်လာလိမ့်မယ်``

လင်းဟန်က သူ့ရဲ့ အတွေးအားလုံးကို ပြန်ရုတ်သိမ်းလိုက်ပြီး လှိုဒေါင်နဲ့ကျန်တဲ့သူတွေဆီကို မျက်စိဝေ့ကြည့်လိုက်ပါတယ်။ မြွေနဂါး အရိုးခြင်ဆီရဲ့ အဆီအနှစ်တွေ က လျှင်မြန်စွာနဲ့ ကုန်ဆုံးသွားပါတယ်။ တကယ်လို့ သာ တစ်နေ့လုံးနဲ့ တစ်ည သာ အစာမချေဖျက်နိုင်ခဲ့ဘူးဆိုယင် အာဟာရတွေရဲ့ ဆယ်ပုံတစ်ပုံခန့်သာ ကျန်ရစ်ပါလိမ့်မယ်။ ဒါဆိုယင် အကျိုးအမြတ် အများကြီးရမှာမဟုတ်ပါဘူး။

အချိန်သိပ်မကြာခင်မှာပဲ လှိုယုထန်နဲ့ ကျန်တဲ့သူတွေက သူတို့ရဲ့ သန့်စင်ခြင်း လုပ်ရပ်တွေကို လုံးဝပြီးပြည့်စုံအောင် လုပ်ဆောင်ခဲ့ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ထရပ်လိုက်ပါတယ်။

သူတို့က ကောင်းကင်မော်စာလိပ် ကျင့်စဉ်ကို လေ့ကျင့်တာမဟုတ်တဲ့ အတွက်ကြောင့် သူတို့အနေနဲ့ ရိုးတွင်းခြင်ဆီရဲ့ အဆီအနှစ်အားလုံးကို သန့်စင်ပစ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့သူတို့အားလုံးကြည့်ရတာ အရမ်းကို ကျေနပ်နှစ်သက်နေကြပုံပေါ်ပါတယ်။ ဒါက သူတို့အနေနဲ့ အချို့သော အကျိုးအမြတ်ရလဒ်တွေကို ရယူနိုင်တာ သေချာပါတယ်။

``အကိုကြီးလင်း ..နှစ်သစ်ကို ရောက်ဖို့ ဆယ်ရက်လောက်ပဲ လိုတော့တယ် ဒါကြောင့် ကျနော်တို့ ပြန်ရတော့မယ်``

``နှစ်သစ်ကိုရောက်တဲ့အခါမှာ ဒုယွန်မြို့မှာ ပြန်ဆုံကြပါစို့``

``နှုတ်ဆက်ခဲ့ပါတယ်``

သူတိုငါးယောက်က လင်းဟန်နဲ့ လွီယုထန်ကို နှုတ်ဆက်လိုက်ပါတယ်။ ချန်ပိုင်ဂျူကို ကြည့်ရတာ သူ့အနေနဲ့ အနည်းငယ်တုံဆိုင်းနေပြီးတော့ တစ်စုံတစ်ခုကို ပြောချင်နေတဲ့ပုံပေါက်နေပါတယ်။ နောက်ဆုံးတော့ သူ့အနေနဲ့ ဘာစကားတစ်ခွန်းမှ မဆိုပဲနဲ့ လီဟောင်တို့အုပ်စုနဲ့ အတူ ထွက်ခွာသွားပါတော့တယ်။

လင်းဟန်က လီယုထန်ကိုကြည့်ပြီးမေးလိုက်ပါတယ်။

``ဒါက ဘယ်လိုလဲ မင်း ဘာတွေရလိုက်သလဲ``

``အရမ်းကို အကျိုးအမြတ်ရှိတယ်``

လွှီယုထန်ကခေါင်းငြိမ့်လိုက်ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာက အရမ်းကို ကျေနပ်ပျော်ရွှင်နေတယ်ဆိုတာ ဖော်ပြနေပါတယ်။

``ငါကိုယ်ခန္ဓာ ခံနိုင်ရည်စွမ်းက နောက်တစ်ဆင့်ကို တိုးသွားခဲ့တယ်။ ငါ့အရိုးတွေနဲ့ ငါ့ကြွက်သားတွေရဲ့ ခံနိုင်ရည်တွေလဲ တိုးတက်လာတယ်လို့ ထင်ရတယ်...တကယ်လို့ ငါသာ ချန်ဂမ်ယွမ်နဲ့ အခု တိုက်ရမယ်ဆိုယင် သူ့ကို ဆယ်ကွက်အတွင်းမှာ သတ်နိုင်လိမ့်မယ်လို့ အာမခံတယ်``

အခုလို နဂါးသွေးကို ဆက်ခံထားတဲ့ မိစ္ဆာသားရဲ ဘုရင်လို အကောင်က အရမ်းကို ရှားပါးပါတယ်။ ဒါပေမဲ့ ၄င်းတို့ကနေရတဲ့ အကျိုးအမြတ်ကလဲ အရမ်းကို ကျယ်ပြန့်ပါတယ်။ ဒါကြောင့်လဲ လင်းဟန်အနေနဲ့ ဒြပ်စင်စုစည်းခြင်း အဆင့်၁ အထွတ်အထိပ်ကိုရောက်တာနဲ့ချက်ချင်းဆို သလိုပဲ ဒီနေရာကို ရောက်ရှိအောင် လာခဲ့တာပဲဖြစ်ပါတယ်။ တကယ်လို့ သူသာ ဒီ အကျိုးအမြတ်တွေကို ရယူနိုင်ခဲ့မယ်ဆိုယင် သူ့ရဲ့ အမှန်တကယ် စွမ်းအားတွေက

ကြီးမားစွာ တိုးတက်လာပြီးတော့ နှစ်သစ် အစမှာ ကျင်းပမဲ့ ဒုယွန်ပြိုင်ပွဲမှာလဲ အောင်မြင်နိုင်မဲ့ အခွင့်အရေးတွေက အဆမတန် မြင့်မား လာပါလိမ့်မယ်။

မိုးရေနိုင်ငံရဲ့ စွမ်းအားအကြီးဆုံး အင်အားကြီးကလန်တစ်ခုအဖြစ်သတ်မှတ် ခံထားရဲ့တဲ့ လွှီကလန်တောင်မှ သူတို့ရဲ့ လက်ထဲမှာ ဒီလိုမျိုး နဂါးသွေး မျိုးဆက်ပါတဲ့ မိစ္ဆာသားရဲကို မပိုင်ဆိုင်ထားခဲ့ပါဘူး။ ဒီလိုအရာတွေက ကံကောင်းမှုနဲ့ ကံကြမ္မာ အပေါ်မှာပဲ လုံးဝ မူတည်ပါတယ်။

လင်းဟန်က ဒုတိယ မူလကျော်လွန်ဆေးလုံးကို သုံးပြီးတော့ ဆက်ပီးလေ့ကျင့်လိုက်ပါတယ်။ သူက လီဟောင်ကို ဆေးနှစ်လုံး လက်ဆောင်ပေးပြီးတော့ ဒီ ဆေးဘာကိုင်ဆောင်တဲ့ လူငယ်လေးကို သူ့အနေနဲ့ အကူအညီပေးလိုက်ပါတယ်။ လီဟောင်ရဲ့ အနာဂါတ်အောင်မြင်မှုက သူ့ရဲ့ ကိုယ်ပိုင် အလားအလာနဲ့ အလုပ်ကြိုးစားမှု အပေါ်မူတည်ပြီးတော့ ကြီးမားလာပါလိမ့်မယ်။

သူ့ရဲ့ ဒီ မူလကျော်လွန်ဆေးလုံးကို သန့်စင်လို့အပြီးမှာတော့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၃ ရဲ့

အထွတ်အထိပ်အဆင့်ကို ရောက်လို လာခဲ့ပါတယ်။ ဒါပေမဲ့လည်း မူလကျော်လွှန်ဆေးလုံးရဲ့ အာနိသင်က ဒီနေရာမှာ ကုန်သွားခဲ့ပါပြီ။ ၄င်းက သူ့ကို အနာဂါတ်မှာ နောက်အဆင့်တက် ဖို့အတွက် မကူညီနိုင်တော့ပါဘူး.

ပုံမှန်အားဖြင့်တော့ လူတစ်ယောက်ရဲ့ ကျင့်စဉ်အဆင့် မြင့်မားလာယင် သူတို့ရဲ့ ကျင့်စဉ်နောက်တစ်ဆင့်ကို တက်နိုင်ဖို့အတွက် မှော်ဆေးလုံး အနည်းငယ်ရဲ့ အကူအညီကို လိုအပ်ပါတယ်။ ဥပမာ ဒြပ်စင်စုစည်းခြင်း အလွှာ ၄ နဲ့ ၆ ကြားမှာရှိတဲ့ သိုင်းပညာရှင်တွေအနေနဲ့ မူလလည်ပါတ်ခြင်း ဆေးလုံးကို လိုအပ်ပါတယ်။ ဒါပေမဲ့လည်း ၄င်းရဲ့လိုအပ်ချက်ကတော့ နွေဦးစမ်းရေအဆင့်မှာရှိတဲ့ မိဋ္ဌာသားရဲဘုရင်ရဲ့ အမြုတေပဲဖြစ်ပါတယ်။

နွေဦးစမ်းရေအဆင့် မိဋ္ဌာသားရဲဘုရင်ရဲ့ အမြုတေွကို ဒြပ်စင်စုစည်းခြင်း သိုင်းပညာရှင်အတွက် ဆေးဖော်စပ်တာက တော့ အရမ်းကို တရားလွန် ဖြစ်သွားပါပြီ။

သူမှာ နောက်ထပ် မူလကျော်လွှန်ဆေးလုံး ၆ လုံးတောင် ပိုင်ဆိုင်ထားပါသေးတယ်။ သူ့အနေနဲ့

အိမ်ကိုပြန်ရောက်တဲ့အခါမှာ ဒီဆေးလုံးတွေကို လင်းဒေါင်ရှန်ကိုပေးပြီးတော့ ကလန်အတွင်းက ထူးချွန်ထက်မြက်တဲ့ အဖွဲ့သားတွေကို လက်ဆောင်အဖြစ် ပေးဖို့ ဆုံးဖြတ် လိုက်ပါတယ်။

``ကဲ ငါတို့လည်းပဲ အိမ်ကိုပြန်ကြစို့``

လင်းဟန်က လွီယုထန်ကို ပြောလိုက်ပါတယ်။

``အင်း``

လွီယုထန် ကသူ့ကိုပြုံးပြီးပြောလိုက်ပါတယ်။ သူမက လင်းဟန်ရဲ့အရှေ့မှာ အေးစက်စက်အမူအရာတွေက အရည်ပျော်သလို ပျောက်ကွယ်သွားတယ်ဆိုတာကိုတောင်မှ သတိမထားမိခဲ့ပါဘူး။

သူတို့နှစ်ယောက် လေတောင်တန်းခုနစ်ဆီက ထွက်ခွာလာပြီးတော့ သူတို့ရဲ့ မြင်းတွေ ချန်ထားခဲ့တဲ့ အင်းဆီကို ပြန်လာခဲ့ပါတယ်။ ကုန်ကျစားရိတ်တွေကို ပေးပြီးတဲ့နောက်မှာ သူတို့ဟာ ချက်ချင်းဆိုသလို တိမ်မီးခိုးမြို့ဆီကို အိမ်ပြန်ခရီးထွက်လာခဲ့ကြပါတယ်။

သူတို့က နေ့ခင်းဘက်မှာ စီးနင်းပြီးတော့ ညဘက်ရောက်ယင် နားကြပါတယ်။လင်းဟန်အနေနဲ့ နားနေတဲ့အချိန်တွေမှာ အခွင့်ကောင်းယူပြီး စစ်မှန်သော ဖျက်ဆီးလို့မရတဲ့ အရည်ကို အေးခဲအောင်လို့ စတင် လေ့ကျင့်ပါတယ်။ နှစ်ရက်ကြာပြီးတဲ့နောက်မှာ ဆန်စေ့လောက်အရွယ်ရှိတဲ့ အစက်တစ်စက်ကို ဖန်တီးနိုင်ခဲ့ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုယင် အဲဒီအစက်က ပဲစေ့လောက်အရွယ်ကိုရောက်တဲ့အခါမှာ အေးခဲခြင်း ဖြစ်စဉ် က အောင်မြင်တယ်လို့ ယူဆရမှာဖြစ်ပြီးတော့ ကြီးမားတဲ့ အကျိုးကျေးဇူး တွေရရှိမှာဖြစ်ပါတယ် ဒါပေမဲ့ အခုအချိန်မှာ အသုံးပြုလို့ ရနေပါပြီဆိုပေမဲ့ အာနိသင်တော့ လုံးဝ အားနည်းနေဦးမှာပါပဲ။

``ကြည့်ရတာ အစက်တစ်ခုကို အေးခဲဖို့အတွက် ငါ့အနေနဲ့ ဆယ်ရက်လောက် အချိန်ယူရလိမ့်မယ်... ဒါပေမဲ့လည်း ဒုယွန်ပြိုင်ပွဲက နောက်နှစ်ရဲ့ အစမှာ ကျင်းပမှာဖြစ်လို့ အချိန်ရပါသေးတယ်... ဒါက ငါ့ရဲ့ ပုက်ဖဲ တစ်ခု ဖြစ်လာလိမ့်မယ်``

တပါတ်ခန့်အကြာမှာတော့ သူတို့က တိမ်မီးခိုးမြို့ကို ရောက်ရှိလို့ လာခဲ့ပီး တော့ လင်းဟန်ကလဲ အောင်မြင်စွာနဲ့

ဒြုပ်စင်စုစည်းခြင်းအလွှာ ၄ ကိုချိုး ဖျက်ဝင်ရောက်နိုင်ခဲ့ပါပြီ။သူ့အတွက်တော့ ဒါက လုံးဝအခက်အခဲမရှိပါဘူး။

တစ်ချိန်တည်းမှာဆိုသလိုပဲ နှစ်ကုန်ဆုံးဖို့အတွက် သုံးရက်ပဲလိုပါတော့တယ်။ အိမ်တစ်ခုလုံးလည်း နှစ်သစ်ပျော်ပွဲရွှင်ပွဲ ကျင်းပဖို့အတွက် မီးပုံးတွေနဲ့ အလှဆင်ထားပါတယ်။

လင်းကလန်ရဲ့ အိမ်တော်မှာ အောင်ပွဲခံမှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ ဘာလို့လဲဆိုတော့ လင်းရှောင်ယွမ် သေသွားခဲ့ပြီး လင်းကလန်ဟာ လင်းဒေါင်ရှန်ရဲ့ ထိန်းချုပ်မှုအောက်ကို လုံးဝရောက်သွားခဲ့ပါတယ်။ အားလုံး ပေါင်းစည်းသွားပြီးတော့ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသလိုပါပဲ။

``သခင်လေးဟန်``

``သခင်လေးဟန်``

လင်းဟန် သူတို့ကို ဖြတ်ကျော်သွားတဲ့အခါမှာ အစေခံအားလုံးဟာ သူ့ကို ရိုသေလေးစားမှုအပြည့်နဲ့

နှုတ်ဆက်ကြပါတယ်။ ဒီ လူငယ်လေးက အသက် ၁၇ နှစ်ပဲရှိသေးပေမဲ့ အနာဂါတ် လင်းကလန်ရဲ့ နောက်ခံအင်အားပါ ဒါကြောင့် သူ့ကို ဘယ်သူကမှ အထင်သေးခြင်း နှိမ့်ချခြင်း လုပ်ဖို့ မပံ့ရဲ ကြပါဘူး။

``ဟန်အာ.... သားပြန်လာပြီ``

လင်းဒေါင်ရှန်ရဲ့ အမူအရာက မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ ကျင့်စဉ်အဆင့်က ကြည့်ရတာ ဒီတစ်ခါလည်း ကြီးကြီးမားမား တိုးတက်လာခဲ့ပြီမဟုတ်လား``

``ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့်၄``

လင်းဟန်က ပြုံးပြီးပြောလိုက်ပါတယ်။

လင်းဒေါင်ရှန်ရဲ့အမူအရာတွေက မယုံနိုင်လောက်အောင်ဖြစ်သွားပြီးတော့ အချိန်အတော်ကြာအောင် အံ့အားသင့်နေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ကြီးကြီးမားမားပြုံးလိုက်ပါတယ်။

သူ့ရဲ့သားက တကယ့်ကို ထူးဆန်းအံ့သြစရာကောင်းစွာ ပါရမီရှိတာပဲ။ အနာဂါတ်မှာ သူ့သားရဲ့ အဆက်မပြတ် တိုးတက်နေတဲ့ အောင်မြင်မှုကို ဂမ်းမြောက်စွာနဲ့ ခံစားနေရယင်ပဲ လုံလောက်ပါပြီ။

မိဘတစ်ယောက်အနေနဲ့ ဒါက အကြီးမားဆုံး ဂုဏ်ယူရမဲ့အရာပဲလေ ဟုတ်တယ်မဟုတ်လား?

ပြီးတဲ့နောက်မှာတော့ နှစ်သစ်ကိုကြိုဆိုခြင်းအခမ်းအနားကို ကျင်းပဖို့ပဲလိုပါတယ်။

လင်းဟာန်က အနားမယူခဲ့ပါဘူး သူ့အနေနဲ့ နေ့တိုင်းလိုလိုပဲ ကျင့်စဉ်ကို အဆက်မပြတ် ကြိုးစားလေ့ကျင့်နေခဲ့ပါတယ်။ သူက ဂိဉာဉ်စုစည်းခြင်း ဆေးလုံးအချို့ကိုလဲ သူ့အတွက် ဖော်စပ်ခဲ့ပါသေးတယ်။ ၎င်းဆေးလုံး တွေက သူ့ရဲ့ ကျင့်စဉ်အရှိန်နှုန်းကို တိုးတက်စေပြီးတော့ သူကို အရမ်းကြီး အထောက်အကူမဖြစ်စေပေမဲ့လည်း အနည်းငယ်တော့ အသုံးဝင်ပါသေးတယ်။

လှီယုထန်ကလဲ ဓါးပညာမှာ ကောင်းမွန်တဲ့ ပါရမီရှိကြောင်းကို ပြသခဲ့ပါတယ်။ ဆယ်ရက်ဆိုတဲ့အ

ချိန်တိုတိုလေးအတွင်းမှာ သူမအနေနဲ့ နောက်ထပ် ဓါးချီအလင်းတစ်ခုကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။

အပိုင်း (၅၄) ဒုယွန်မြို့ဆီ ချီတက်ခြင်း
လင်းဟန်က ဒီအတွက် ထူးထူးခြားခြား မခံစားရပါတယ်။ အစကတည်းက လွှီယုထန်ဟာ သိုင်းပညာနယ်ပယ်မှာ အရမ်းကို ပါရမီရှိ ပါတယ်။ သူမအနေနဲ့ ဓါးချီကို မထုတ်ဖော်နိုင်ဘူးဆိုတာကမှ ယုတ္တိမရှိ ဖြစ်မှာပါ။ အခု သူမက အဲဒီအဆင့်ကို ချိုးဖျက်ပြီးတော့ ကြည့်ရတာ တကယ်လို့ သူမဟာ တစ်ခါတည်းနဲ့ စုစည်းထားသမျှ ပန်းထွက်လာပြီးတော့ ကောင်းမွန်တဲ့ ရလဒ်ကို ပိုင်ဆိုင်သွားတဲ့ပုံပါပဲ။

ဒါပေမဲ့လည်း ဓါးချီ တတိယအလင်းကို လွယ်လွယ်ကူကူနဲ့ မထုတ်ဖော်နိုင်ပါဘူး။

လွှီယုထန်အတွက်တော့ အသက် ၁၈ နှစ်နဲ့ ဓါးချီအလင်း နှစ်ခု ပိုင်ဆိုင် ထားတာက လူငယ်အုပ်ချုပ်သူအဆင့်မှာ လုံးဝသေချာပါတယ်။ ဒါ့အပြင် သူမကို လူငယ်အုပ်ချုပ်သူတွေကြားမှာတော့ ပိုပြီး စွမ်းအားကြီး သန်မာတဲ့ သူအဖြစ် သတ်မှတ်နိုင်ပါတယ်။

မိုးရေနိုင်ငံမှာ သိုင်းပညာရဲ့ အဆင့်က အရမ်းကို နိမ့်ပါတယ်။ သင်ကသာ ဓါးသိုမဟုတ် ဆေဘာ ချီကို ထုတ်ဖော်နိုင်တယ်ဆိုယင် အုပ်ချုပ်သူ တစ်ယောက်လိုမျိုး ချီးမြှင့်မြောက်စားခြင်းခံရမှာပါ.။

နှစ်သစ်ရောက်လာတဲ့အခါမှာ လင်းကလန်ရဲ့ တစ်ခြားမိသားစုဂင်တွေက အဓိက ကလန်အိမ်တော်ကနေပြီး လာမဲ့နွေဦးမှာ ပြန်လည်ဆုံစည်းဖို့ ပြောရင်း နဲ့ နှုတ်ဆက်ထွက်ခွာကုန်ကြပါတယ်။

ပုံမှန်အားဖြင့်တော ့ဒီအ ပြင်ဘက်က မိသားစုဂင်တွေက အဓိက ကလန်အိမ်တော်ရဲ့ အပြင်ဘက်မှာ သူတို့ရဲ့ ကိုယ်ပိုင် အိမ်တော်တွေ ရှိပြီးတော့ ကလန်ရဲ့ အမျိုးမျိုးသော စီးပွားရေးတွေကို ဦးဆောင်လုပ်ကိုင် နေကြတာပဲဖြစ်ပါတယ်။ အများစုကတော့ သာမာန် မိသားစုဂင်တွေပဲဖြစ်ပါတယ်။ တစ်ချို့ကသာ ကျင့်ကြံခြင်းလမ်းကြောင်းပေါ်မှာ ရှိနေကြတဲသူတွေပါ။ ဆယ်ယောက်မှာ တစ်ယောက်လောက်သာ စိတ်ဂိဉာဉ်အခြေခံကို ပိုင်ဆိုင်ထားနိုင်တာပါ။

``အကိုကြီးဟန်``

လင်းဇီရှမ် လိုခေါ်တဲ့ မိန်းကလေးက လင်းဟန်ရဲ့ အနောက်ကို လိုက်လာပါတယ်။ ဒီနှစ်ဆိုယင် သူမက အသက် ၈ နှစ်ခန့်ရှိပြီးတော့ သူမရဲ့ စိတ်ဂိဉာဉ်အခြေခံက နိုးထပြီးပါပြီ။ ဒ့ါအပြင် အဲဒါက အဆင့်နိမ့် မြေကြီးအဆင့် စိတ်ဂိဉာဉ်အခြေခံဖြစ်ပါတယ်။ ကလန်ရဲ့ စည်းကမ်းအရ သူမဟာ တိမ်မီးနိုးအကယ်ဒမီကို ဝင်ဖို့ အဆင့်မှီပါတယ်။ ပြီးတော့ ကလန်က သူမရဲ့ ကျောင်းစားရိတ်တွေအပြင် ကျင့်ကြံခြင်းအတွက် လိုအပ်တဲ့ အရင်းအမြစ်တွေကိုပါ ထောက်ပံ့ပေးရမှာဖြစ်ပါတယ်။

အားလုံးက သိထားကြပါတယ် တကယ်လို့ သင့်မှာ လုံလောက်တဲ့ စွမ်းအား သာမရှိဘူးဆိုယင် သင်ရဲ့ ပိုင်ဆိုင်ချမ်းသာမှုတွေကို မကာကွယ်နိုင်ပါဘူး။ ရလဒ်ကတော့ ကလန်တိုင်းက သိုင်းပညာရှင်ဖြစ်ဖို့ ပါရမီပါတဲ့ ကလန်အဖွဲ့သားတွေကို သေချာဂရုစိုက်ပြီး ပြုစုပျိုးထောင်ပေးရပါတယ်။ တကယ်လို့ အဲဒီ ကလန်အဖွဲ့သားတွေထဲမှာ ပါရမီရှင်တစ်ယောက်သာ ပေါ်ထွန်းလာခဲ့မယ်ဆိုယင် ဒါက ကလန်ရဲ့ ဂုဏ်ယူစရာ အရင်းအမြစ် တစ်ခုပါပဲ။

အင်ပါယာမြို့က ကလန်ကြီး ၈ ခုလိုပါပဲ သူတို့လို ကလန်းလေးတွေ အားလုံးမှာလဲ

တိုးတက်ထွန်းကားဖို့အတွက် ဒီလို စည်းမျဉ်းစည်းကမ်းတွေ ရွေးချယ်ထားပါတယ်။

အယင်က တိမ်မီးခိုးအကယ်ဒမီဂင်ခွင့်ကို လင်းကန်ရဲ့ အဖွဲ့သား သုံးယောက် ကရရှိခဲ့ပါတယ်။လင်းဟန်.. လင်းမုယွမ်တို့အပြင် နောက်တစ်ယောက် နာမည်က လင်းဇီထောင် ပဲဖြစ်ပါတယ်။ နှစ်သစ်ပြီးတဲ့နောက်မှာ တော့ သူ့အနေနဲ့ အကယ်ဒမီကို ဆက်တက်လို့မရအောင် အသက်ကြီးနေပါပြီ။

အဲဒီအတွက် သူက ကလန်ရဲ့ ကာကွယ်သူအဖွဲ့ထဲကို ဂင်ရောက်ခဲ့ပါတယ်။ နှစ်အနည်းငယ် အတွေ့အကြုံတွေ ရပြီးတဲ့အခါမှာတော့ သူက အဖွဲ့ခေါင်းဆောင်အဖြစ် ရာထူးတိုးခဲ့ပါတယ်။

ဒီလိုမျိုး အရေးပါတဲ့နေရာတွေကို လုံခြုံမှုအတွက် ကလန်အဖွဲ့သားတွေရဲ့ လက်ထဲမှာ ပဲ ပုံမှန်အားဖြင့် ထားရှိတတ်ကြပါတယ်။

လင်းဇီရှမ် က နှစ်သစ်ကူးပွဲအပြီးမှာ နိုးထလာခဲ့ပြီးတော့ သူမလည်း တိမ်မီးခိုးအကယ်ဒမီကို တက်ရောက်ရပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်မှာ တစ်ခြား အစီအစဉ်တွေရှိပါတယ်။

သူ့အနေနဲ့ လင်းကလန်မှာ အမြဲတမ်းနေသွားမှာမဟုတ်ပါဘူး။ အနာဂါတ်မှာ သူက သိုင်းပညာထိပ်သီး အဖြစ်ကို တက်လှမ်းဖို့ ဆုံးဖြတ်ထားပြီး မိုးရေနိုင်ငံက သူ့အတွက်တော့ အရမ်းကို သေးငယ်လွန်းလှပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ထွက်မသွားခင်မှာ သူ့အဖေရဲ့ စိုးရိမ်ပူပန်နေမှု တွေ လျော့နည်းသွားအောင်လို့ ပါရမီရှိတဲ့ လူအမြောက်အမြား သူ့အဖေကို ကူညီဖို့အတွက် လိုအပ်ပါတယ်။

သူက လင်းဇီရှမ်ကို အင်ပါယာမြို့ကို ခေါ်သွားပြီးတော့ ဟွာယန်အကယ်ဒမီ ဝင်ခွင့်ရအောင်လုပ်ပေးဖို့ ဆုံးဖြတ်ထားပါတယ်။

လင်းဒေါင်ရှန်က ဟွာယန်အကယ်ဒမီမှာ အယင်ကတည်းက ဝင်ခွင့်တစ်နေရာ စာကို ရရှိထားပါတယ်။ ပြီးတော့ လင်းဟန်သာဒုယွန် ပြိုင်ပွဲမှာ ထိပ်ဆုံး အဆင့် ၅၀ စာရင်းထဲမှာ ပါခဲ့မယ်ဆိုယင် သူတို့ ကလန်အနေနဲ့ စုစုပေါင်းဝင်ခွင့် နှစ်နေရာစာရှိမှာပဲဖြစ်ပါတယ်။

ဒါပေ့ါ သူ့အနေနဲ့ ဒီမိန်းကလေးငယ်လေးရဲ့ ကလေးထိန်းအဖြစ် လုပ်ဖို့ ဆန္ဒမရှိပါဘူး။ သူ့အနေနဲ့ သူမရဲ့ မိဘတွေကိုပါ အင်ပါယာမြို့ကို အတူတစ်ကွ ခေါ်သွားပြီးတော့ သူမရဲ့ တစ်နေ့တာ လိုအပ်တာတွေကို လုပ်ဆောင်နိုင်ဖို့ပါ။

``မင်းဘာလို့ နောက်တစ်ကြိမ်ထပ် ငိုနေတာလဲ``

သူက ဒီမိန်းကလေးကို ပွေ့ချီပြီးတော့ မေးလိုက်ပါတယ်။

``ဒရှောင်က ရွှမ်ရွှမ် ကို အနိုင်ကျင့်တယ်``

မိန်းကလေးက ပြောလိုက်ပါတယ်။

``အကိုကြီးဟန် အဲဒီကောင်စုတ်ကို ရွှမ်ရွှမ် ရိုက်ဖို့ ကူညီပေးရမယ်နော်``

လင်းဟန်က ဟက်ဟက်ပက်ပက်ရီမောပြီးတော့ မိန်းကလေးငယ်လေးရဲ့ ခေါင်းကို ပုတ်လိုက်ပါတယ်။

``မင်းနဲ့ ဒရှောင်က လင်းကလန်ရဲ့ အဖွဲ့သားတွေပဲလေ ဒါကြောင့် မင်းတို့က တစ်ယောက်နဲ့တစ်ယောက်

ကူညီပေးရမှာပေါ့.. ငါ့တို့ရဲ့ လက်သီးတွေကို ပြင်ပ ကျူးကျော်သူတွေကိုပဲ ရွယ်ထားရမှာလေ ကိုယ်ရဲ့လူတွေကို ရိုက်ဖို့ အတွက် အသုံးမပြုရဘူး``

``ဒါပေမဲ့ သူကပြောတယ် ရွှမ်ရွှမ်ကို ရုပ်ဆိုးတယ်တဲ့``

``ငါတို့ မိသားစုရဲ့ ရွှမ်ရွှမ်လေးက အရမ်းကို လှတာပေါ့.. အခု ငယ်သေးတဲ့ အချိန်မှာတောင် ဒီလောက်လှတာ ကြီးလာတဲ့အခါမှာ ပိုတောင်လှဦးမှာ... ဒရှောင်က မင်းကို မနာလိုဖြစ်နေတာပါ``

လင်းဟာန်က ပြုံးပြီးပြောလိုက်ပါတယ်။

မိန်းကလေးငယ် က ချက်ချင်းဆိုသလို လက်ခုပ်လက်ဝါးတီးပြီးတော့ ပြောလိုက်ပါတယ်။

``ရွှမ်ရွှမ်က ဒီကမ္ဘာကြီးမှာ အလှဆုံးမိန်းကလေးပဲ``

သူမကိုကြည့်ရတာ အရမ်းကို ဂုဏ်ယူနေတဲ့ပုံပါပဲ ဒါပေမဲ့ အတွေးတစ်ချက်ဝင်လာတဲ့အခါမှာတော့ သူမရဲ့ စကားတွေ ပြောင်းပြီး ပြောလိုက်ပါတယ်။

``အစ်မကြီး ယုထန်က အလှဆုံးပဲ.. ရှမ်ရှမ် ကတော့ ဒုတိယအလှဆုံး``

လင်းဟန်က ရီမောပြီးတော့ လွီယုထန်ကို ပြောလိုက်ပါတယ်။

``သူမက မင်းကို မြှောက်နေပီနော်``

``အစ်မ ယုထန် ... ဘယ်အချိန်ကျမှ အစ်မနဲ့ အကိုကြီးဟန်တို့ မင်္ဂလာဆောင် ကြမှာလဲ?``

မိန်းကလေးက အပြစ်ကင်းစွာနဲ့မေးလိုက်ပါတယ်။

လွီယုထန်ရဲ့ မျက်နှာ နီမြန်းလာပြီးတော့ ချက်ချင်းဆိုသလို အနားကနေ ထွက်ပြေးသွားပါတယ် ဒါက လင်းဇီရှမ်ကို ပဟေဠိဖြစ်စေခဲ့ပါတယ်။ ဘာတွေဖြစ်သွားတာလဲ?။

``ရှမ်ရှမ် မင်းက ငါ့ဇနီးလောင်းကို ကြောက်အောင်ပြီး ထွက်ပြေးအောင် လုပ်လိုက်တာပဲ.... အခု ငါ့ကို ဘယ်လိုအလျှော်ပေးမလဲ``

လင်းဟန်က မျက်မှောင်ကြီးကုတ်ပြီးတော့ မေးလိုက်ပါတယ်။

လင်းဇီရွှမ်က သူမရဲ့ လက်သည်းထိပ်ကို ကိုက်ပီး တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

``အကိုကြီးဟန် ရွှမ်ရွှမ် အကိုကြီးကို နောက်ထပ် လှပတဲ့ အမကြီးတစ်ယောက်ထပ်ရှာပေးမယ်``

လင်းဟန် တစ်ယောက်တော့ မရပ်မနား ရီမောနေပါတယ်။ ကလေးတွေဟာ သူတို့သဘောကျသလို ပြောဆိုတတ်ကြပြီးတော့ အပြစ်ကင်းစင်ကြပါတယ်။ ခက်တာက ဒီလိုမျိုး ဖြူစင်သန့်ရှင်းပြီး အပြစ်ကင်းတာက တစ်သက်လုံး မဟုတ်တာပဲ။

နှစ်သစ်ကူးပွဲကျင်းပပြီးတဲ့အခါမှာ လင်းဒေါင်ရှန် လင်းဟန်နဲ့ လွီယုထန်တို့ အားလုံး ဒုယွန်ပြိုင်ပွဲကို ဂင်ရောက် ယှဉ်ပြိုင်ဖို့အတွက် ဒုယွန်မြို့ ဆီကို ထွက်ခွာလာခဲ့ကြပါတယ်။

ဒုယွန်မြို့က တိမ်မီးခိုးမြို့ကနေ မိုင်ပေါင်း ရှစ်ရာကျော် ဝေးပါတယ်။ သူတို့က ခရီးစဉ်တစ်လျှောက်လုံး အလျင်စလိုနဲ့ လာခဲ့ကြပီး နှစ်ရက်ခန့်ကြာတဲ့အခါ မှာတော့ ဒုယွန်မြို့ရဲ့ အပြင်ဘက်ကို ရောက်လာခဲ့ကြပါတယ်။

သေးငယ်လှတဲ့ တိမ်မီးခိုးမြို့နဲ့ဒယ္ယွန်မြို့ကို နှိုင်းယှဉ်ရမယ်ဆိုယင်တော့ဖြင့် ဒယ္ယွန်မြို့က အရမ်းကို ကြီးကျယ်ခမ်းနားပါတယ်။မြို့ရဲ့ မြေပြင်က ဆယ်မိုင်ခန့် ရှည်လျားပြီးတော့ မြို့ရိုးနံရံ တွေက မီတာ တစ်ရာကျော်လောက်မြင့်ပါတယ်။ ကြည့်ရတာ မှိန်ဆွာသားရဲတွေ ရန်က ကာကွယ်ဖို့အတွက်ဖြစ်ပါလိမ့်မယ်။

ဒယ္ယွန်မြို့ကို ဂင်တဲ့ အပေါက်လေးပေါက်ရှိပါတယ်။ အရှေ့ အနောက် တောင် မြောက် ဂိတ်တွေပါ။ နေ့တိုင်း နေရာအနှံ့အပြားက ခရီးသွားတဲ့သူတွေ ဂင်ရောက်လာပြီးတော့ အနီးဆုံး မိုင်းပေါင်း တစ်ထောင်ပတ်လည်အတွင်း မှာ နေထိုင်ချင်စရာအကောင်းဆုံး မြို့လည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကုန်သည်တွေ သိုင်းသမားတွေနဲ့ လူပေါင်းစုံရှိပါတယ်။

မြို့ထဲက သိုင်းပညာအားလုံးရဲ့ အဆင့်အတန်းက အနီးအနား ပါတ်လည် တစ်ပိုက် ဧရိယာ အတွင်းမှာ အမြင့်မားဆုံး အဆင့်တစ်ခုမှာရှိပါတယ်၊ လက်ရှိ ဒယ္ယွန်ဘုရင်က စွမ်းအားကြီးတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် စစ်သည်တော် တစ်ဦးဖြစ်ပြီး ကောလဟာလတွေအရတော့ သူဟာ စိတ်ဂိဉာဉ်ပင်လယ်အဆင့်မှာ ဩဇာတိက္ကမ ပြည့်စုံတဲ့

လူတစ်ယောက်လို့ ဆိုကြပါတယ်။

လင်းဟန်တို့အုပ်စုက မြို့ရဲ့ ဂင်ပေါက်ကိုရောက်လာခဲ့ကြပါတယ်။ သူတို့ဟာ မြို့ဂင်ကြေး တစ်ယောက်ကို ငွေပြားတစ်ပြားပေးရပါတယ်။ ဒါကသူတို့အတွက် အရမ်းကိုမများပေမဲ့ သာမာန်လူတွေအတွက်ကတော့ အရမ်းကို များပြားတဲ့ ငွေကြေးပမာဏပါ။

မြို့အတွင်းပိုင်းမှာတော့ မြောက်မြားစွာသော မြင့်မားပြီး ကြီးမားတဲ့ အဆောက်အအုံ အမြင့်ကြီးတွေကို နေရာအနှံ့မှာတွေ့ရပါတယ်။ ဒါက ဘုရင်တစ်ပါးရဲ့ မြို့ ကစံနမူနာ ဖြစ်ပြီး လာရောက်လည်ပါတ်တဲ့ ဧည့်သည် အသစ်တွေကို အံ့အားသင့်စေပါတယ်။

လင်းဒေါင်ရှန်ဒီကို ရောက်လာတုန်းက အချိန်အရမ်းကြာခဲ့ပြီးတော့ ပုံစံတွေက သိပ်မပြောင်းလဲပါဘူး ဒါကြောင့် သူ့အနေနဲ့ အရမ်းကြီး အံ့သြမနေတော့ပါဘူး။ လွီယုထန်ကတော့ အင်ပါယာမြို့ကလာတဲ့ သူဖြစ်တဲ့အတွက် ဒီမြင်ကွင်းက သူ့မအတွက်တော့ သာမာန်ပါပဲ။ သူတို့နှစ်ယောက် အစပိုင်းမှာထင်လိုက်တာက လင်းဟန်အနေနဲ့ ဒီလိုကြီးကျယ်

ခမ်းနားတဲ့မြင်ကွင်းကိုမြင်လိုက်တဲ့အခါမှာ အံ့သြသွားလိမ့်မယ်လို့ ထင်နေကြတာဖြစ်ပြီးတော့ လင်းဟန်ကိုကြည့်လိုက်တဲ့အခါမှာတော့ သူ့ရဲ့ပုံစံက တည်ငြိမ်နေတဲ့ပုံက သူတို့နှစ်ယောက်ကို အံ့အားသင့်စေပါတယ်။

သူတို့အနေနဲ့ တည်းခိုဖို့အတွက် နေရာတစ်ခုကို ရှာလိုက်ပါတယ်။ ဒါပေမဲ့လည်း ဒုယွန်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် အနယ်နယ် အရပ်ရပ်က လူအများအပြားရောက်ရှိလာတာကြောင့် တည်းခိုခန်းတွေ အားလုံးပြည့်နေပါတယ်။ သူတို့အနေနဲ့ နေ့တစ်ဝက်ခန့်ကြာအောင် ရှာဖွေ ပေမဲ့လည်း တည်းခိုဖို့အတွက် နေရာတစ်ခုတောင်မှ ရှာမတွေ့ခဲ့ပါဘူး။

သူတို့အနေနဲ့ အဓိက လမ်းမကြီးပေါ်မှာလျှောက်သွားနေချိန်မှာပဲ အံ့အားသင့်တဲ့လေသံနဲ့ လှမ်းခေါ်လိုက်တဲ့ အသံကိုကြားလိုက်ရပါတယ်။

``ဟာ.. ကြီးမြတ်သောဆရာသခင် လင်း``

သူကတော့ ဇူဟဲချင်ပါ။

``မင်းလည်း ဒီကိုရောက်နေတာပဲ``

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဆရာလေးလင်း...ကျနော့်ရဲ့
သူငယ်ချင်းဟောင်းကြီးတစ်ယောက်က
နှစ်သစ်ကူးအချိန်တုန်းက ဒီကို လာလည်ဖို့အတွက် ဖိတ်လို့
ရောက်လာခဲ့တာပါ.... ဆရာလေးလင်းဆီကို
နှစ်သစ်ကူးတုန်းက လာမလည်နိုင်တာကို ခွင့်လွှတ်ပေးဖို့
မျှော်လင့်ပါတယ်``

ရှုဟဲချင်ရဲ့မျက်နှာမှာတော့
ထိတ်လန့်နေတဲ့ပုံပေါက်နေပါတယ်။

သူ့အနေနဲ့ လင်းဟန်ကို သူ့ရဲ့ ဆရာတပိုင်းအဖြစ်
သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့
လင်းဟန်ရဲ့ စိတ် မပျော်မရွှင်ဖြစ်မှာအောင် လုပ်မိမှာကို
ကြောက်နေတာပဲဖြစ်ပါတယ်။

လင်းဟန်က သူ့ခေါင်းကိုခါပြီး
ပြုံးပြုံးလေးနဲ့ပြောလိုက်ပါတယ်။

``မင်းငါ့ကို ဆရာသခင်လို့ခေါ်ဖို့မလိုပါဘူး...နောက်ဆိုယင်

ငါ့နာမည်ကိုပဲ တိုက်ရိုက်ခေါ်ပါ``

ဒီဘဝမှာတော့သူ့အနေနဲ့ သာမာန်ပုံရိပ် အနေနဲ့ စတင်ပြီးတော့မှ အမျိုးမျိုးသော ပါရမီရှင်လို့ခေါ်တဲ့သူတွေနဲ့ ယှဉ်ပြိုင်ပြီးတော့ သူ့ကိုယ်သူ တိုးတက်အောင်လုပ်မှာပါ။

တကယ်လို့ သူသာ မှော်ဆေးပညာရှင်အဖြစ်ဆက်ဖြစ်နေမယ်ဆိုယင် မှော်ဆေးပညာရှင်တွေက တော်ဝင်အဆင့်အတန်းမှာရှိတယ်လို့ မှတ်ယူထားတဲ့အတွက် ဘယ်ပါရမီရှင်ကများ သူ့နဲ့ရင်ဆိုင် ယှဉ်ပြိုင် ရဲမှာလဲ။

``ဒါ....``

ဇူဟဲချင်က သူ့ခေါင်းကို အဆက်မပြတ် ခါလိုက်ပါတယ်။ သူ့အနေနဲ့ သူ့ကိုသင်ကြားပေးတဲ့ ဆရာကို ရိုသေကိုင်းရှိုင်းတဲ့သူမျိုးပါ။ လင်းဟန်က သူ့ကို ကြင်နာစွာနဲ့ လမ်းညွှန်သင်ကြားပေးခဲ့တဲ့အတွက် သူ့နှလုံးသားထဲမှာ လင်းဟန်ကို ဆရာအဖြစ်သတ်မှတ်ထားပါတယ်။ ဆရာဖြစ်တဲ့သူကို နာမည်တိုက်ရိုက်ခေါ်ဖို့ကတော့ဒါက မလေးမစားလုပ်တာနဲ့ တူတူပါပဲ။

`` ဒီတွေ.. ဒါတွေ ပြောမနေနဲ့..ဒါဆုံးဖြတ်ပြီးသားပဲ နောက်ကို မင်းငါ့ကို ဆရာသခင်လို့ ခေါ်မယင်ဆိုယင် ငါတကယ့်ကို ဒေါသထွက်ရလိမ့်မယ်``

လင်းဟန်က မျက်နှာက ရီချင်စိတ်ကို ဖုံးကွယ်ထားပြီးတော့ တည်တည်ကြည်ကြည်နဲ့ ပြောလိုက်ပါတယ်။

အပိုင်း(၅၅) မိတ်ဆက်ခြင်း

ရှုဟဲချင်အနေနဲ့ ဒုက္ခရောက်နေသလိုမျိုး ခံစားရပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ မျက်နှာပေါ်က ဆုံးဖြတ်ချက်ချထားတဲ့ ပုံကိုမြင်တဲ့အခါမှာ တော့ သူ့ရဲ့ ခေါင်းကိုငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော် ဆရာသခင်ရဲ့....မဟုတ်သေးဘူး သူငယ်ချင်းလေး လင်းရဲ့ စကားကို နားထောင်ပါ့မယ်``

နောက်ဆုံးမှာတော့ သူ့အနေနဲ့ လင်းဟန်ကို ဂုဏ်ပြုချီးမြှောက်ပြီးတော့ မခေါ် တော့ပဲနဲ့ သူငယ်ချင်းလေး လင်းဆိုပြီး ခေါ်တာကတော့ ပိုပြီးတော့ ယဉ်ကျေးရာ ကျပါလိမ့်မယ်။

``အို... ဟုတ်သားပဲ သူငယ်ချင်းလေးလင်း က ဒုယွန်ပြိုင်ပွဲကို ဝင်ရောက်မလို့ ရောက်လာတာမဟုတ်လား?``

ရှုဟဲချင်က မေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့ ကံကတော့ လုံးဝကို မကောင်းပါဘူး... အခုချိန်ထိ တည်းခိုစရာနေရာ တစ်ခုတောင်ရှာမတွေ့သေးဘူး``

``ဒါဆို ဘာလို့ ကျနော်တို့ ကောင်းကင်ဆေးအိမ်တော်မှာ လာပြီးတော့ မတည်းတာလဲ?``

ရှုဟဲချင်ရဲ့ မျက်ခုံးတွေပင့်ပြီးတော့ လင်းဟန်ကို အကြံပြုလိုက်ပါတယ်။

``ဒါက သင့်တော်ပါ့မလား?``

လင်းဟန်အနေနဲ့ နေ့တစ်ဝက်လောက်လမ်းလျှောက်လို့ပြီးပါပြီ ဒါကြောင့်

သူ့အနေနဲ့ နောက်ထပ် သူကိုယ်သူ ပင်ပန်းအောင် မလုပ်ချင်တော့ပါဘူး။

``သင့်တော်ပါတယ် ဒါပေါ့ ဒါက တကယ်သင့်တော်ပါတယ်``

ဇူဟဲချင် လျှင်မြန်စွာနဲ့ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ကြီးမြတ်သောဆရာသခင် လင်း အနားမှာ နေနိုင်မယ်ဆိုယင် မှော်ဆေးပညာမှာ သူနားလည်တဲ့အရာတွေကို မေးပြီးတော့ ဆရာသခင်လင်း ရဲ့ ကူညီလမ်းညွှန်မှုကို ရနိုင်တယ်လေ။

``ဒါဆိုယင် တော့ ခင်ဗျားကိုပဲ ဒုက္ခပေးရတော့မှာပဲ``

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက ဒုက္ခမဟုတ်ပါဘူး ဒုက္ခမရောက်ပါဘူး``

ဇူဟဲချင်က ဦးဆောင်ပြီးတော့ မြို့ထဲမှာရှိတဲ့ ကောင်းကင်ဆေးအိမ်တော် ဌာနခွဲဆီကို လမ်းညွှန်ခေါ်ဆောင်သွားပါတယ်။

တိမ်မီးခိုးမြို့ရဲ့ သေးငယ်တဲ့ ကောင်းကင်ဆေးအိမ်တော်

ဌာနခွဲနဲ့ မတူတာက တော့ ဒုယွန်မြို့ရဲ့ ကောင်းကင်ဆေးအိမ်တော် ဌာနခွဲက တကယ့်ကို အစောင့်များပြားပြီးတော့ ဧရာမ နန်းတော်ကြီးတစ်ခုလိုရှိပြီး ဒီနေရာမှာ မှော်ဆေးပညာရှင် အယောက်တစ်ရာခန့်က နေ့တိုင်းလိုလိုပဲ ဆေးလုံးအမြောက်အများကို နေ့စဉ် ဖော်စပ်ပြီးတော့ တိမ်မီးခိုးမြို့နဲ့ ဂိုကျောက်တုံးမြို့လို နေရာတွေကို ရောင်းချဖို့အတွက် ပို့ဆောင်ပေးပါတယ်။

တိမ်မီးခိုးမြို့ရဲ့ ကောင်းကင်ဆေးအိမ်တော်က မာဒုချန်ကတော့ ကြီးကြပ်သူ တစ်ယောက်မျှသာဖြစ်ပြီးတော့ သူ့အနေနဲ့ ဆေးလုံးဖော်စပ်ဖို့မလိုပါဘူး။ ဒါ့အပြင် အဲဒီလိုလူတွေအနေနဲ့ ဆေးဖော်စပ်အောင်မြင်မှုနှုန်းက အရမ်းကို နည်းတဲ့အတွက်ကြောင့် သူတို့ကို ဆေးအမယ်တွေပေးပြီးတော့ ဆေးဖော်စပ် ခိုင်းမယ်ဆိုယင် ဖြုန်းတီးလိုက်တာနဲ့အတူတူပါပဲ။

အနက်ရောင်အဆင့်နိမ့်မှော်ဆေးပညာရှင်ဟာ အရမ်းကိုမြင့်မားပြီးတော့ ဒီနေရာမှာ တော်ဝင်အဆင့်နဲ့ တူညီပါတယ်။အစောင့်တွေနဲ့ မှော်ဆေးပညာရှင်တွေက ဇူဟဲချင်ကိုမြင်တာနဲ့ ရိုသေလေးစားမှုအပြည့်နဲ့ ခေါင်းငုံ့နှုတ်ဆက်ကြပါတယ်။

ဒီဌာနခွဲခေါင်းဆောင်ရဲ့နာမည်က ကျန်းဂေရှမ်း လို့ခေါ်ပါတယ်။ သူလည်းပဲ အနက်ရောင်အဆင့်နိမ့်မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီးတော့ ဖူဟဲချင်နဲ့သူငယ်ချင်းဖြစ်တာ နှစ်ပေါင်းတော်တော်ကြာနေပါပြီ.။အတိတ် ကာလတုန်းက သူတို့နှစ်ယောက်စလုံးပဲ ကောင်းကင်ဆေးအိမ်တော်ကို တစ်ချိန်တည်းမှာ ဝင်ရောက်ခဲ့ပြီး နှစ်ပေါင်းများစွာဖြတ်ကျော်ပြီး တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေး တိုင်ပင် ရင်းနဲ့ပဲ နှစ်ယောက်စလုံးဟာ အနက်ရောင်အဆင့် အဆင့်နိမ့်မှော်ဆေးပညာရှင်တွေဖြစ်လာခဲ့ကြပါတယ်။

ဖူဟဲချင်က သူတို့နေထိုင်ဖို့အတွက် နေရာချထားပြင်ဆင်အပြီးမှာတော့ လင်းဟာန်ကိုပြောလိုက်ပါတယ်။

``သူငယ်ချင်းလေး လင်း ကျနော့အနေနဲ့ အရဲစွန့်ပြီး တောင်းဆိုစရာ တစ်ခု ရှိပါတယ်``

``မင်းမှာ မှော်ဆေးပညာနဲ့ ပါတ်သတ်ပြီး ပြဿနာအချို့ကြုံနေရပြီလား?``

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဟီးဟီး``

ဇူဟဲချင်က အနည်းငယ်ရှက်ကိုးရှက်ကန်း ဖြစ်နေပါတယ်။သူဟာ အသက်အရွယ်ကြီးနေပေမဲ့လည်း လင်းဟန်ရဲ့ အရှေ့မှာတော့ သူ့ကိုသူ အခုမှ မှော်ဆေးပညာနယ်ပယ်ထဲကို ဝင်ရောက်လာကာစ လူငယ်လေးတစ်ယောက်လို ခံစားရပါတယ်။

သူကပြောလိုက်ပါတယ်။

``ကျနော်မဟုတ်ပါဘူး..... ကျနော်ရဲ့ သူငယ်ချင်းဟောင်းကြီးတစ်ယောက်ပါ သူက ဟောင်းနွမ်းနေတဲ့ ဖော်စပ်နည်းတစ်ခုကို ရရှိပြီး ဖော်ထုတ်ဖို့ ကြိုးစားနေတာပါ.. ဒါပေမဲ့ အချိန်တော်တော်ကြာတဲ့တိုင်အောင်ပဲ အဲ့ဒီ ဟောင်းနွမ်းနေတဲ့ဆေးဖော်စပ်ပုံကနေ စာလုံးအချို့က သေသေချာချာ ဖတ်လို့ မရတော့ပါဘူး.. ဒါကြောင့် သူ ဆေးဖော်စပ်ဖို့ ကြိုးစားတဲ့အချိန်တိုင်းမှာ သူ့အနေနဲ့ ပြဿနာ အနည်းငယ်နဲ့ ကြုံတွေ့နေရပါတယ်``

လင်းဟန် ချက်ချင်းဆိုသလို နားလည်သွားပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက ငါ့ကို ပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို ချရေးပေးစေချင်တာ မဟုတ်လား?``

``ကျနော့်အနေနဲ့ သူငယ်ချင်းလေးက လမ်းညွှန်ပေးဖို့ မျှော်လင့်ပါတယ်``

ဇူဟဲချင်ကပြောလိုက်ပါတယ်။

``ဒီဆေးဖော်စပ်နည်းရဲ့ နာမည်က နောက်ပြန်ဆေးလုံး လို့ခေါ်ပြီးတော့ ဒါဏ်ရာတွေ ကုသတဲ့အခါမှာ အရမ်းကို အာနိသင်များစေပါတယ်.. တကယ်လို့ ဒီဖော်စပ်နည်းသာ နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့မယ်ဆိုယင် လူအများအပြားကို ကယ်တင်နိုင်ပါလိမ့်မယ်``

ဒါဆို ဒါက ပြောင်းပြန်ဆေးလုံးပေ့ါ.... ဒီလိုသာမာန်ဆေးလုံးဖော်စပ်နည်းတွေ တောင်မှ အချိန်အတော်ကြာအောင် ပျောက်ကွယ်နေခဲ့တယ်ပေ့ါလေ?

လင်းဟန်အနေနဲ့ အနေကျုံ့သလိုမျိုးခံစားလိုက်ရပါတယ်။

သိုင်းပညာရှင် သို့ မော်ဆေးပညာရှင်ပဲဖြစ်ဖြစ် မျိုးဆက်တိုင်းမျိုးဆက်တိုင်း သင်ယူ လေ့လာ စုဆောင်းပြီး မှ ဒီနယ်ပယ် နှစ်ခုက ပိုပိုပြီးတော့ သန့်မာ အားကောင်းလာကြတာပါ။ အခု ဘယ်လိုဖြစ်လို့ ဆေးဖော်စပ်နည်းအမြောက်အမြားက အချိန်တော်တော်ကြာအောင် ပျောက်ဆုံးနေရတာလဲ။

သူကခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆို ငါတစ်ချက်လောက်ကြည့်ဦးမယ်``

``ဒီလမ်းကသွားရမှာပါ ဆရာသခင်``

ဇူဟဲချင်က ချက်ချင်းဆိုသလိုပဲ သူမှားခေါ်မိသွားတာကို သတိထားမိပြီးတော့ သူ့ရဲ့စကားတွေကို ပြောင်းပြီးတော့ ပြောလိုက်ပါတယ်။

```သူငယ်ချင်းလေး လင်း ... ဒီလမ်းပါ ကျေးဇူးပြုပြီးကြွပါ``

သူတို့နှစ်ယောက်က ဘေးချင်းယှဉ်ပြီး လမ်းလျှောက်လာခဲ့ပီး မကြာခင်မှာပဲ နန်းတော်အတွင်းက အိမ်တစ်ခုအရှေ့ကိုရောက်လာခဲ့ပါတယ်။
```

တံခါးက ဟနေပြီးတော့ အထဲမှာတော့ အဘိုးကြီးနှစ်ယောက်နဲ့ မိန်းမပျိုလေး တစ်ယောက်ရှိပါတယ်။ အဘိုးကြီးနှစ်ယောက်ကတော့ ထိုင်ပြီးတော့ လဘက်ရည်သောက်နေကြပြီးတော့ မိန်းမပျိုလေးကတော့ အဘိုးကြီး တစ်ယောက်ရဲ့ အနောက်မှာ ရပ်နေပါတယ်။

မိန်းမပျိုလေးရဲ့အသက်ကတော့ ၁၆ နှစ် ၁၇ နှစ်ဂန်းကျင်ပဲရှိပါဦးမယ်။သူမက အမှန်တကယ်ပဲ လှပသိမ်မွေ့ပါတယ်။ဒါပေမဲ့လည်း သူမရဲ့ပါးစပ်ထောင့်မှာ အနည်းငယ်အပေါ်ကိုမြင့်တက်နေပြီးတော့ သူမရဲ့ ကြီးမားတဲ့ မျက်လုံးနက် တွေကိုကြည့်ရတာက အရမ်းကို ညာဏ်ကောင်းပုံရပီးတော့ခြုံပြီး ပြောရမယ်ဆိုယင် တကယ့်ကို ညာဏ်နီညာဏ်နက်များမဲ့ပုံပါပဲ။

ဖူဟဲချင်ကိုမြင်လိုက်တာနဲ့ အဘိုးကြီးနှစ်ယောက် ထရပ်ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

``လူအိုကြီးဖူ.. မင်းကိုငါ တစ်စုံတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ``

အဘိုးကြီးတစ်ယောက်က နောက်အဘိုးကြီးတစ်ယောက်ဆီကို ညွှန်ပြီးတော့ ပြောလိုက်ပါတယ်။`

``ဒါက သွမ့်မုကျန်းဖန်း..အကိုတော် သွမ့်မုက ဓါးပညာမှာရော မှော်ဆေးပညာမှာပါ ချီးကျူးစရာကောင်းအောင် ထူးချွန်ထက်မြက်တယ်လေ သူ့ရဲ့ တိမ်တိုက်လုံ ဓါးသိုင်းပညာက မိုးရေနိုင်ငံတစ်ခုလုံးမှာ အကောင်းဆုံးပဲ.. မင်းအနေနဲ့ သူ့ကို ဟိုးအယင်ကတည်းက လေးစားအားကျနေတာမဟုတ်လား?``

ဖူဟဲချင်က ဒါကိုကြားလိုက်ရတဲ့အခါမှာတော့ သူ့အနေနဲ့ လင်းဟန်နဲ့ ချက်ချင်း မိတ်ဆက်ပေးဖို့ မဖြစ်နိုင်တော့ပါဘူး။ သူ့ရဲ့ လက်တွေကို သွမ့်မုကျန်းဖန်း ရှိတဲ့ဘက်ကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

``အကိုသွမ့်မု...နောက်ဆုံးတော့ ခင်ဗျားနဲ့ ဆုံတွေ့ရတာက ကျနော်အတွက် ဂုဏ်ယူစရာပါပဲ``

``ဟားဟား အကိုဖူ မင်းက လေနဲ့မီး ဆေးလုံးကို တိုးတက်လာအောင် ဖော်စပ်နိုင်တယ်လို့ ငါကြားခဲ့ရပီးပီ..ငါ့အနေနဲ့ မင်းဆီကို

လာပြီးတွေ့ချင်နေတာကြာလှပါပြီ... ဒီနေ့ နောက်ဆုံးတော့ ဒီအခွင့်အရေးကို ရခဲ့ပီ``

သွမ့်မုကျန်းဖန်းက ပြုံးပြီးပြောလိုက်ပါတယ်။

တစ်ခြားအဘိုးကြီးတော့ ကျန်းဟေရှမ်းပဲဖြစ်ပါတယ်။

``အကို သွမ့်မု အဘိုးကြီးကျန်း ငါအနေနဲ့ မင်းတို့ကို တစ်စုံတစ်ယောက်နဲ့ မိတ်ဆက်ပေးပါရစေ``

ရှုဟဲချင်က သူတို့နှစ်ယောက်ကို လင်းဟန်နဲ့ မိတ်ဆက်ပေးဖို့ ပြင်လိုက်ပါတယ်။

``အဘိုးကြီးရှု... အခု ငါ အကိုသွမ့်မုကို ဒီနေရာကို ဖိတ်ခေါ်လိုက်တာက ငါတို့သုံးယောက်ပေါင်းပြီးတော့ ပြောင်းပြန်ဆေးလုံး ဖော်စပ်နည်းကို လိုအပ်တဲ့နေရာကို ဖာထေးပြီးတော့ သုံးလအတွင်းမှာ အောင်မြင်နိုင်ဖို့ ရည်ရွယ်ထားတယ်``

ကျန်းဟေရှမ်းက စိတ်လှုပ်ရှားစွာနဲ့ပြောလိုက်ပါတယ်။

``ငါ မိတ်ဆက်ပေး.....``

``ဟားဟား အကိုကျန်း…မင်းက ငါ့ကို အရမ်းကြီး မျှော်လင့်ထားတာပဲ… ငါက ဓါးပညာအပေါ်မှာပဲ အဓိက အာရုံစိုက်ထားပြီးတော့ မှော်ဆေးပညာဘက်မှာတော့ အနည်းငယ်မျှပဲ သင်ယူထားတာပါ..အဓိက လုပ်ရမှာက မင်းတို့နှစ်ယောက်ပါပဲ ငါ့အနေနဲ့ကတော့ တစ်ဖက်တစ်လမ်းက နေပြီးတော့ အကြံဉာဏ်ပေးဆွေးနွေးဖို့ပဲ တတ်နိုင်ပါတယ်``

သွမ့်မုကျန်းဖန်းက နောက်တစ်ကြိမ် ဇူဟဲချင်ကို ကြားဖြတ်ပြောလိုက်ပါတယ်။

လူအိုကြီးနှစ်ယောက်က လင်းဟန်ကို ဇူဟဲချင်ရဲ့ ဂျူနီယာတစ်ယောက်လို့ ထင်ပြီးတော့ သူ့အပေါ်မှာ အနည်းငယ်မှ အာရုံထားခြင်းမရှိပါဘူး။

အဲဒီအချိန်မှာ မိန်းမပျိုလေးက လင်းဟန်ဆီကို လျှောက်လာပြီးတော့ သူ့ကို နှစ်ပါတ်ခန့်လှည့်ပြီးလျှောက်လိုက်ပါတယ်။ သူမက လင်းဟန်ကိုကြည့်ပြီးတော့ ရမ်းဆပြီး မှန်းပြောလိုက်ပါတယ်။

``နင်က ဆရာဇူ ရဲ့ တပည့်လား``

``မဟုတ်ဘူး``

လင်းဟန်ခေါင်းကိုခါရမ်းလိုက်ပါတယ်။

``အိုး.. ဒါဆိုယင် နင်က ဆရာဖူရဲ့ စမ်းသပ်မှုကို မဖြတ်ကျော်နိုင်သေးဘူးပေါ့ ဟုတ်လား?``

မိန်းမပျိုလေးက သူမဟာ အဂုမ်းကို တာဂန်ကျေပွန်ပြီးတော့ ရင့်ကျက်ကာ အတွေ့အကြုံတွေရှိတဲ့သူတစ်ယောက်လို ထင်နေပါတယ်။

လင်းဟန်ရဲ့ ပခုံးကိုပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါက ဆရာကျန်းရဲ့ တပည့်အဖြစ်လက်ခံခြင်းကို ခံထားရပီးပီ... ဒါကြောင့် အနာဂါတ်မှာ ငါက နင်ရဲ့ အစ်မကြီး ဖြစ်လာလိမ့်မယ်.. မစိုးရိမ်ပါနဲ့ ငါ နင့်ကို သေချာဂရုစိုက်ပေါ့မယ်...တကယ်လို့ တစ်ယောက်ယောက်ကသာ နင့်ကို စော်ကားလာယင် ငါ့နာမည်ကိုသာပြောလိုက်``

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဘယ်နာမည်ကိုပြောရမှာလဲ``

``အဲ နင်က ငါ့နာမည်ကိုတောင်မသိသေးဘူး``

မိန်းကလေးက သူမရဲ့လက်တစ်ဖက်နဲ့ နဖူးကို ရိုက်လိုက်ပီးတော့ ခေါင်းကို ခါပြီးပြောလိုက်ပါတယ်။

``အာ... နင်က ဘယ်တောကြိုအုံကြားကနေထွက်ပေးလာတာလဲ ... ငါက ချီကျန်းထျန်... ဒုယွန် တော်ဝင်အိမ်ရဲ့ ခုနစ်ယောက်မြောက် မင်းသမီးပဲ``

``အိုး``

``ဟော့ ဟော့ဟော့ ဒါက ဘယ်လိုအပြုအမူမျိုးလဲ... ငါကနင့်ရဲ့ ပညာသင်ဘက် အစ်မလေ``

ချီကျန်းထျန်က စိတ်စိုးစွာနဲ့ပြောလိုက်ပါတယ်။

``ငါ့ရဲ့ အကိုနစ်ယောက်...မင်းတို့ကို မှော်ဆေးပညာမှာ အရမ်းကို ထူးချွန် ထက်မြက်တဲ့ ပါရမီရှင်တစ်ယောက်နဲ့

မိတ်ဆက်ပေးပါရစေ``

အခုမှပဲ ဇူဟဲချင်အနေနဲ့ လင်းဟန်ကို မိတ်ဆက်ပေးဖို့ အခွင့်အရေးရသွားပါတယ်။ သူက လင်းဟန်ဆီကို လျှောက်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက လင်းဟန်လို့ခေါ်ပါတယ်...သူငယ်ချင်းလေးလင်းပါ.. မင်းတို့ကို အမှန်အတိုင်းပြောမယ်.. လေနဲ့မီးဆေးလုံးက သူငယ်ချင်းလေး လင်းရဲ့ လမ်းညွှန်မှုအောက်မှာ လုံးဝအောင်မြင်သွားခဲ့တာပဲ.. တကယ်လို့ သူ့ရဲ့ အကူညီသာမပါဘူးဆိုယင် ဆေးလုံးကို တိုးတက်လာအောင်လို့ ငါ့အနေနဲ့ နောက်နှစ်ပေါင်းအနည်းငယ်လောက် အချိန်ယူရလိမ့်မယ်``

``ဘာ``

ကျန်းဝေရှမ်းနဲ့ သွမ့်မုကျန်းဖန်း တို့နှစ်ယောက်လုံး မှင်တက်အံ့သြ သွားကြပါတယ်။ သူတို့က လင်းဟန်ကိုကြည့်ပြီးတော့ ဇူဟဲချင် ဘက်ကိုလှည့်ကြည့်လိုက်ပါတယ်။ ဒါတွေအားလုံးက အမှန်တရား မဟုတ်ဘူးလို့ ခံစားနေရပါတယ်။

ချီကျန်းထျန်က သူမရဲ့ လက်တစ်ဖက်နဲ့ ပါးစပ်ကို ပိတ်ထားလိုက်ပါတယ်။ သူမအနေနဲ့ အစောပိုင်းတုန်းက လင်းဟန်ကို ဖူဟဲချင်ကခေါ်လာတဲ့ အတွက် ဂျူနီယာ တစ်ယောက်လို့ထင်ထားခဲ့တာပါ။ မျက်စိတစ်မှိတ်အတွင်း မှာပဲ သူက ဆရာဖူရဲ့ သူငယ်ချင်းလေး ဖြစ်သွားခဲ့ပါတယ် ဒါဆိုယင် သူက သူမရဲ့ စီနီယာလို့ ဆိုလိုတာပေါ့?

``အဘိုးကြီးဖူ.. မင်းဟာသလုပ်နေတာမဟုတ်လား?``

ကျန်းပေရှမ်းက ချက်ချင်းပဲ မေးလိုက်ပါတယ်။

ဖူဟဲချင်ရဲ့ အမူအရာက ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒီလိုကိစ္စမျိုးကို ငါက ဘယ်လိုလုပ်ပြီး ဟာသလုပ်နိုင်မှာလဲ``

ကျန်းပေရှမ်းနဲ့ သွမ့်မုကျန်းဖန်းတို့ လင်းဟန်ကို နောက်တစ်ကြိမ် လှည့်ကြည့်လိုက်ပါတယ်။ ဒီအခါမှာတော့ သူတို့ရဲ့ အကြည့်တွေက လုံးဝ ပြောင်းလဲသွားပါတယ်။

အပိုင်း(၅၆) ဘယ်သူက မင်းရဲ့ ဆေးဖော်စပ်နည်းကို

လိုချင်မှာလဲ?
အရမ်းကိုငယ်လွန်းတယ်။
သိုင်းပညာမှာပဲဖြစ်ဖြစ် မှော်ဆေးပညာ နယ်ပယ်မှာပဲဖြစ်ဖြစ် ပါရမီရှင်တွေက အများကြီးရှိပါတယ်… ဒါပေမဲ့ လင်းဟန်က အခုမှ အသက်ဘယ်လောက်ပဲ ရှိဦးမှာလဲ?

၁၇ နှစ် လား.. ၁၈ နှစ်လား?

တကယ်လို့သူ့အနေနဲ့ မွေးကတည်းကစပြီးတော့ မှော်ဆေးပညာကို သင်ယူခဲ့မယ်ဆိုယင်တောင်မှ ဒီလို ငယ်ရွယ်တဲ့ အသက်အရွယ်နဲ့ အတွေ့အကြုံ ဘယ်နှစ်နှစ်များရှိမှာမိုလို့လဲ…

`` ဒါဆို ဒီက သူငယ်ချင်းလေးက ဘယ်မင်းမျိုးမင်းနွယ် မိသားစုရဲ့ မှော်ဆေးပညာရှင်ရဲ့ အမွေဆက်ခံသူ ပါလဲခင်ဗျာ``

ကျန်းဝေရှမ်းက ယဉ်ကျေးတဲ့လေသံနဲ့မေးလိုက်ပါတယ်။
သူက ဇူဟဲချင်အကြောင်းကို ကောင်းကောင်းသိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကိစ္စမျိုးကိုလဲ ဟာသ လုပ်ပြီးတော ပြောမှာမဟုတ်ဘူးဆိုတာကိုလဲ သိထားပါတယ်။

``ကျနော်က ကိုယ့်ဘာသာသင်ယူတာပါ``

လင်းဟန်ကပြောလိုက်ပါတယ်။ သူက မှော်ဆေးဆေရာဇ်ပါ သူ့အနေနဲ့ ဘယ်လိုကြောင့် တစ်ခြားလူတစ်ယောက်ရဲ့ အမွေဆက်ခံသူဖြစ်နိုင်မှာလဲ။

ကျန်းဖေရှမ်းက ပိုပြီးတော့ အံ့အားသင့်သွားပါတယ်။ သွမ့်မုကျန်းဖန်းက တော့ ရှုပ်ဟဲချင်က သူတို့ကိုဟာသလုပ်နေတယ်လို့ပဲ ထင်နေပါတယ်။မှော်ဆေးပညာရဲ့ အရေးကြီးဆုံးအရာက အမွေဆက်ခံတာပဲဖြစ်ပါတယ်။ ဥပမာ မှော်ဆေးဖော်စပ်နည်း တွေ ဆရာမရှိပဲ သို့မဟုတ် ကလန်အဖွဲ့က တစ်စုံတစ်ယောက် သင်ကြားပေးမှု သာမရှိယင် ဘယ်လိုလုပ်ပြီးတော့ တစ်ခုတောင် ရနိုင်မှာလဲ?

ကိုယ့်ဘာသာ တွေးဆမယ်? ဘယ်လိုဟာသမျိုးလဲ... မှော်ဆေးဖော်စပ်နည်း တွေက မှော်ဆေးပညာရှင်မျိုးဆက်အဆင့်ဆင့်က ကြိုးစားပြီးတော့ စုဆောင်းထားတာပဲဖြစ်ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်ကသာ ပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို သူ့ကိုယ်ပိုင်အစွမ်းနဲ့ ဖန်တီးနိုင်မယ်ဆိုယင် သူတို့ဘဝတစ်ခုလုံး ကြိုးစားပြီးတော့

တစ်ခု သို့မဟုတ် နှစ်ခုလောက်သာ ဖန်တီးနိုင်မှာဖြစ်ပြီးတော့ အာနိသင် ရှိမရှိကတော့ အာမ မခံနိုင်ပါဘူး။

``အဘိုကြီးကျန်း..... ပြောင်းပြန်ဆေးလုံး ဖော်စပ်နည်းကိုသာ အယင်ဆုံးထုတ်လိုက်ပါ``

ဖူဟဲချင်က တိုက်တွန်းလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ အကူအညီနဲ့သာဆိုယင် ဒီ အဘိုးကြီးနှစ်ယောက် လန့်ဖြတ်သွားတာကို မျက်မြင်ကိုယ်တွေ့ ကြုံရမယ်ဆိုတာ ယုံကြည်ပါတယ်။

ကျန်းဝေရှမ်း အနည်းငယ် သံသယဖြစ်သွားပါတယ်။ ဒီ ပြောင်းပြန်ဆေးလုံး ဖော်စပ်နည်းက မပြည့်စုံသေးပေမဲ့လည်း အရမ်းကို အဖိုးထိုက်တန်ပြီးတော့ ဒါကို ရရှိဖို့အတွက် သူ့အများကြီး ရင်းနှီးထားရပါတယ်။ ဒါက လျှို့ဝှက်သိုင်းပညာ စာအုပ် တစ်အုပ်နဲ့ တူပြီးတော့ ဘယ်သူ့ကို မှ လွယ်ကူစွာ ထုတ်ပြလို့မဖြစ်ပါဘူး။

``အကိုကျန်း....မင်းမလုပ်နဲ့``

သွမ့်မုကျန်းဖန်းက ချက်ချင်းပဲ သူ့ခေါင်းကို ခါလိုက်ပါတယ်.။

``ဒီကောင်ကလေးက ဘယ်သူမို့လို့ ဒီဆေးဖော်စပ်နည်းကို လွယ်ကူစွာနဲ့ မြင်ရလိမ့်မယ်လို့ ထင်နေတာလဲ?``

ကျန်းပေရှမ်းက ဇူဟဲချင်ကိုကြည့်လိုက်ပါတယ်။ ဒါက သူ့ရဲ့ သူငယ်ချင်းကောင်းအပေါ်မှာ မယုံကြည့်တာမဟုတ်ပါဘူး။ လင်းဟန်က အရမ်းကို ငယ်ရွယ်ပြီးတော့ သူ့အနေနဲ့ လင်းဟန်က အရမ်းကို အားကိုးရ လိမ့်မယ်လို့ မယုံကြည် ခဲ့ပါဘူး။

``အဘိုးကြီးကျန်း.... မင်းက ငါ့ကို မယုံကြည်ဘူးလား?``

ဇူဟဲချင် ဒေါသထွက်သွားပါတယ်.။ ဒါကတကယ့်ကို စစ်မှန်တဲ့ ကြီးမြတ်သော မှော်ဆေးပညာဆရာသခင်ပါ။ သူတောင်မှ လင်းဟန်နောက်ကလိုက်ပီးတော့ သူ့ရဲ့ သင်ကြားမှုတွေကို လိုချင်တာတောင် မရရှိခဲ့ပါဘူး။ ကံမကောင်းစွာနဲ့ပဲ လင်းဟန်က သူ့ကို တပည့်အဖြစ် လက်မခံခဲ့ပါဘူး။

သွမ့်မုကျန်းဖန်း က အမှန်တကယ်ပဲ လင်းဟန့်ရဲ့ စွမ်းရည်အပေါ် သံသယ ရှိပြီးတော့ ဒီဆေးဖော်စပ်နည်းကို ကြည့်ဖို့ မထိုက်တန်ဖူးလို့ ထင်နေပါတယ်။ ဒါက သူ့ကို ဒေါသမထွက်ပဲ မနေပါဘူး။

တကယ်လို့ သူသာ ကျန်းဝေရှမ်းရဲ့ မျက်နှာကို မထောက်ဘူးဆိုယင် သွမ့်မုကျန်းဖန်းကို ချက်ချင်းစိန်ခေါ် တိုက်ခိုက်ပစ်မှာပါ။

ကျန်းဝေရှမ်းအနည်းငယ် မျက်မှောင်ကြုံသွားခဲ့ပါတယ်။ သူ့ရဲ့ နှလုံးသားအောက်ခြေ မှာတော့ သူ့အနေနဲ့ ဇူဟဲချင်ကို ယုံကြည်ဖို့ ဆန္ဒရှိနေပါတယ်။ ဒီ့အပြင် သူတို့က နှစ်ပေါင်းများစွာကြာအောင် အကောင်းဆုံး သူငယ်ချင်းတွေမဟုတ်လား သူ့အနေနဲ့ ဇူဟဲချင်က ဘယ်လိုလူစားမျိုးလဲဆိုတာကို မသိပဲ ဘယ်နေလိမ့်မလဲ။ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို ငယ်ရွယ်လွန်းပြီးတော့ သူဟာ ကြီးမြတ်တဲ့ မှော်ဆေးဆရာသခင် နဲ့ အနည်းငယ်မျှ ထင်လောက်စရာအကြောင်းမရှိဘူးလေ။

``ကောင်းတယ် ကောင်းတယ် ကောင်းတယ်``

ဇူဟဲချင်က ကျန်းဝေရှမ်းရဲ့ မျက်လုံးတွေထဲမှာ သံသယတွေကို မြင်လိုက်ရတဲ့အတွက် ဒေါသထွက်ပြီး သူ့ဂမ်းဗိုက်ကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျန်းဂေရှမ်း..... မင်းက ငါ့ကိုမယုံကြည်မှတော့ ဒီနေ့ကစပြီး ငါတို့တော့ သူငယ်ချင်းမဟုတ်တော့ဘူး``

``အဘိုးကြီးဇူ``

ကျန်းဂေရှမ်း မျက်နှာက အံ့အားသင့်မှုကြောင့် ဖြူဖတ်ဖြူလျော်ဖြစ်သွား ခဲ့ပါတယ်။ ဇူဟဲချင်က သူဘယ်လောက်တောင် ဒေါသပေါက်ကွဲနေလဲဆိုတာကို သူတို့ရဲ့ သူငယ်ချင်း ဆက်ဆံရေးကို ဖြတ်တောက်ပီးတော့ သက်သေပြသွားခဲ့ပါတယ်။ သူက သူ့ရဲ့ လက်ကို အလျင်စလို ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

``ဒေါသမထွက်ပါနဲ့ .. ငါအခုပဲ ထုတ်ပေးပေ့ါမယ် ကောင်းပြီလား?``

``မင်းကိုမင်း ဖိအားပေးဖို့မလိုဘူး``

ဇူဟဲချင်က ဒေါသမပြေသေးပါဘူး။ သူ့ရဲ့ မျက်လုံးထဲမှာတော့ လင်းဟန်ကို ဒီကျွှမ်ာကြီးရဲ့ ထိပ်ဆုံးနေရာက မှော်ဆေးကေရာဇ်အဖြစ်သတ်မှတ်ထားပြီးတော့ ကျန်းဂေရှမ်းရဲ့ အပြုအမူတွေက အရမ်းကို မလေးစားရာ ရောက်နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန်ရဲ့

အရှေ့မှာ အရက်ကွဲသလိုခံစားရပြီးတော့ ... သူ့အနေနဲ့ လင်းဟန်ကို ဒီဆေး ဖော်စပ်နည်း ပြည့်စုံအောင် အကူညီပေးဖို့ ဘယ်လိုမျိုး တောင်းဆိုခဲ့ရသလဲ?

``သူငယ်ချင်းလေး လင်း ငါတကယ် တောင်းပန်ပါတယ်``

အဘိုးကြီးက လင်းဟန်ကို စိုးရိမ်တကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က သွမ့်မုကျန်းဖန်းဆီကို မကြည့်ခင်မှာ သူ့ရဲ့ လက်ကိုပွေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားထင်နေတာက ဒီ ပြောင်းပြန်ဆေးလုံးဖော်စပ်နည်းကို ကျနော်က အရေးထားလိမ့်မယ်လို့ ထင်နေတာလား.?ဟားဟားဟား.. ဒါဆိုယင် ခင်ဗျားအတွက် ပါဂင်ဆေးပစ္စည်းအမယ် အချို့ရဲ့ နာမည်ကို ရွတ်ပြပါရစေ``

``ခရမ်းရောင်မီးခိုးသစ်ရွက်...အသီးတစ်ထောင်အပွင့်... လေငြိမ်မြက်``

အသက်တစ်ရှိုက်စာအတွင်းမှာ သူက မတူညီတဲ့ ဆေးအမယ်ဆယ်မျိုးခန့်ကို ရွတ်ပြလိုက်ပါတယ်။

သွမ့်မုကျန်းဖန်းအနေနဲ့ သူဘာတွေပြောသွားတယ်ဆိုတာကို နားမလည်ပါဘူး။ ဒါပေမဲ့ ကျန်းဂေရှမ်းရဲ့ အမူအရာက ပြောင်းလဲသွားပြီး သူ့ရဲ့ လက်တွေက တဆတ်ဆတ် တုန်လှုပ်ပြီးတော့ သူ့ရဲ့ စိတ်တွေက ပိုပိုပြီးတော့ ဂနာမငြိမ်ဖြစ်လာပါတယ်။

သူ့အနေနဲ့ လင်းဟန်ပြောတာတွေကို မသိပဲ ဘယ်နေလိမ့်မလဲ။ ဒါတွေက ပြောင်းပြန်ဆေးလုံးဖော်စပ်နည်းမှာ ရေးထားတဲ့ ဆေးအမည်တွေပဲဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီမှာ ဆေးအမယ်သုံးမျိုးကို သေချာရှင်းလင်းစွာနဲ့ ဖတ်လို့မရနိုင်ခဲ့ပါဘူး။ပြီးတော့ ဆေးအမယ်တစ်မျိုးရဲ့ အရေအတွက် လိုအပ်ချက်ကလည်းပဲ ဝေဝါးနေပါတယ်။

လင်းဟန်က တခြားဆေးအမယ်တွေကို မရွတ်ပြခဲ့ပါဘူး။ သူရွတ်ပြတဲ့ ဆေးအမယ်တွေ က ဒီဖော်စပ်နည်းထဲမှာ အားလုံးပါဝင်ပါတယ်။ ဒ့ါအပြင် သူက ထပ်ပြီးတော့ ဆေးအမယ် သုံးမျိုးအမည်ကိုပါ ထည့်သွင်းပြီးရွတ်ပြသွားခဲ့ပါတယ်။ ဒါကဘာကိုဆိုလို တာလဲ။

သူမှာ ပြောင်းပြန်ဆေးလုံး ဖော်စပ်နည်းအပြည့်အစုံကို ပိုင်ဆိုင်ထားတာလား။

ဘယ်လိုဟာသလဲ...သူက တကယ့်ကို သနားစရာကောင်းတာပဲ။ သူ့အနေနဲ့ မပြည့်စုံတဲ့ ဖော်စပ်နည်းကို ထုတ်မပြချင်ခဲ့ဘူးလေ။သူက အရမ်းကိုရှက်ပြီးတော့ တွင်းတစ်ခုကိုရှာ ပြီးတော့တောင် ပုန်းခိုချင်နေပါတယ်။

``သူငယ်ချင်းလေး.... ကျေးဇူးပြုပြီး ဒီ ကျန်းဝေရှမ်းရဲ့ မသိနားမလည်မှုကို ခွင့်လွှတ်ပေးပါ``

ကျန်းဝေရှမ်းက သူ့ရဲ့ လက်ကို ဆုပ်ပြီး ခေါင်းကို လေးလေးနက်နက် ငုံ့ပြီးတော့ လင်းဟန်ကို ရိုသေလေးစားမှုအပြည့်နဲ့ တောင်းပန်လိုက်ပါတယ်။

လင်းဟန်က မလှုပ်ရှားခဲ့ပါဘူး။ သူ့အနေနဲ့ ကျန်းဝေရှမ်းကို ညွှန်ကြားပြသချင်တဲ့ စိတ်တွေကုန်သွားခဲ့ပါတယ်။ ဒီစာအပေါ်မှာသံသယ က သူ့ကို မပျော်မရွှင်ဖြစ်စေပါတယ်။

သွမ့်မုကျန်းဖန်းက ဒီအဘိုးကြီးနစ်ယောက်ရဲ့ စိတ်ကို ဒီကောင်ကလေးက သိမ်းသွင်းစည်းရုံးသွားတယ်လို့

ယုံကြည်နေပါတယ်။ဒါကြောင့်သူက ပြောလိုက်ပါတယ်။

``ကောင်လေး.... မင်းက ဘယ်လို လှည့်စားမှုတွေလုပ်နေလဲဆိုတာတော့ မသိဘူး... ဒါပေမဲ့ မင်းငါ့ကိုလှည့်စား ချင်တယ်ဆိုယင်တော့ ဒါက လုံးဝ ဖြစ်နိုင်မှာမဟုတ်ဘူး``

``အကိုသွမ့်မု... ကျေးဇူးပြုပြီးတော့ ပြန်ပါတော့``

ကျန်းဝေရှမ်းရဲ့ ရုတ်တရက်ဆိုသလို သူ့ရဲ့ လက်ကို ဆန့်တန်းပြီးတော့ အေးစက်စွာ ပြောလိုက်ပါတယ်။]

``ဘာ``

သွမ့်မုကျန်းဖန်းက သူ့ရဲ့ ခံ့ပေါ်ကနေ ရုတ်တရက် ထခုန်လိုက်ပါတယ်။ မင်းရဲ့ ခေါင်းက ကန့်ထုတ်ခံလိုက်ပီလား။ မင်းကအခုလေးတင်ပဲ ငါနဲ့ တစ်ဖက်ထဲမှာ အတူတူရပ်နေပြီးတော့ အခုတော့ ငါ့ကိုအမှန်တကယ်ပဲ နှင်ထုတ်နေတယ်ပေါ့။ ဒါကဘယ်လို ကျေးဇူးမသိတတ်တာမျိုးလဲ။

``အကိုကျန်း... ဒါက ဘာကိုဆိုလိုတာလဲ``

သူ့ရဲ့ အမူအရာတွေက အေးစက်သွားပါတယ်။

``ခင်ဗျားကျနော့်ကို ဝိုလက်ဆောင်ပေးထားတဲ့ဟာကိုလဲ နောက်မှ တစ်ယောက်ယောက် ကိုလွှတ်ပြီးတော့ ပြန်ပို့ခိုင်းလိုက်ပါမယ်... အခုတော့ ခင်ဗျားကို ဒီနေရာက မကြိုဆိုပါဘူး``

ကျန်းဝေရှမ်းက အယင်နဲ့မတူခြားနားစွာပြောလိုက်ပါတယ်။

သူဟာ သွမ့်မုကျန်းဖန်းရဲ့ လှည့်စားမှုကို ခံရလုနီးပါပြီးဖြစ်ပီးတော့ ကြီးမြတ်တဲ့ မှော်ဆေးဆရာသခင်နဲ့ ဆက်သွယ်လို့ရမဲ့ အခွင့်အရေးကို ဆုံးရှုံးလုနီးပါးဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် သူအနေနဲ့ သွမ့်မုကျန်းဖန်းအပေါ်မှာ ဘယ်လိုလုပ်ပြီးတော့ ကောင်းမွန်တဲ့ ခံစားချက်ရှိတော့မှာလဲ.။

ဘယ်မှော်ဆေးပညာရှင်အတွက်မဆို ရှေးဟောင်းဆေးဖော်စပ်နည်းကို သိမ်းဆည်းခွင့်ရ တာက အမြင့်မားဆုံးသော ဂုဏ်ယူစရာပါပဲ။

``ကောင်းတယ် ကောင်းတယ်``

သွမ့်မုကျန်းဖန်းရဲ့ မျက်နှာက အရုက်ရသွားပါတယ်။ သူလိုမျိုး မှော်ဆေးပညာမှာရော ဓါးပညာမှာပါ အလေးထားအပ်တဲ့ လူတစ်ယောက်က အမှန်တကယ်ပဲ နှင်ထုတ်ခံရပြီးတော့ ဒါတွေအားလုံးဟာ ဒီ ကောင်ကလေးကြောင့် ဖြစ်ရတဲ့အတွက် သူအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲနေမှာလဲ။

သူရဲ့ ဂုတ်ရိုကို ခါလိုက်ပြီးတော့ တံခါးအပြင်ဘက်ဆီကို ထွက်သွားပါတယ်။ သူမသွားခင်မှာ လင်းဟန်ဘက်ကို လှည့်ပြီး အေးစက်မှုအပြည့်နဲ့ ကြည့်လိုက်ပါတယ်။

ဒါက တကယ့်ကို မဖိတ်ခေါ်ပဲရောက်လာတဲ့ ပြဿနာပါပဲ။ လင်းဟန်က သူခေါင်းကိုရမ်းလိုက်ပါတယ်။ သွမ့်မုကျန်းဖန်းက နွေဦးစမ်းရေအဆင့်ဖြစ်ပြီးတော့ သူအနေနဲ့ လက်ရည်တူ တိုက်ခိုက်လို့မရတဲ့သူတစ်ယောက်ဖြစ်ပြီး ဒါကို ဂရုမစိုက်ပဲ နေလို့မဖြစ်တော့ပါဘူး။.

``အဘိုးကြီးဇူ....မင်းအခုကျေနပ်ပြီလား?``

ကျန်းဝေရှမ်းက ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``မင်းဘယ်လောက်တောင် ပါးနပ်လိုက်သလဲ``

ဇူဟဲချင်က ကျန်းဝေရှမ်းကို မျက်စိနဲ့တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူတို့က နှစ်ပေါင်းများစွာပေါင်းလာတဲ့ သူငယ်ချင်းကောင်းတွေလေ ဒါကြောင့် အခု သူပြောလိုက်တဲ့စကားက သူ့ရဲ့ ဒေါသတွေပျောက်ကွယ်သွားတယ်လို့ဆိုလိုတာပါ။

သူက လင်းဟန်ဆီကိုလျှောက်သွားခဲ့ပါတယ်။လေးလေးနက်နက် ခေါင်းငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``သူငယ်ချင်းလေး...ဒီလူအိုကြီးနဲ့ အသုံးမကျတဲ့ လူကြီးက သင့်ကို တောင်းပန်ပါတယ် ခင်ဗျာ``

`ဒီလူအိုရောင်းရင်းကြီးကလဲ တူတူပါပဲ``

ကျန်းဝေရှမ်းက နောက်တစ်ကြိမ် ခေါင်းကိုငုံ့ကာပြောလိုက်ပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ အပြုအမူက ဇူဟဲချင်နဲ့ နှိုင်းယှဉ်လို့မရပါဘူး။ဇူဟဲချင်က သူကိုယ်သူ အသုံးမကျတဲ့ လူအိုကြီးလို့ပြောပြီးတော့ ကျန်းဂေရှမ်းကတော့ သူ့ကိုယ်သူ ရောင်းရင်း လို့ သုံးသွားတာကြောင့် သူ့ရဲ့ အပြုအမူက ပုံမှန်လောက်ပဲလို့ဆိုရပါမယ်။

ဒါပေမဲ့ ဘေးနားမှာ တစ်ချိန်လုံး ရပ်နေတဲ့ ချီကျန်းထျန်က တော့ ကြက်သေသေသလို မှင်တက်အံ့အောနေပါတယ်။ သူမရဲ့ ဆရာသခင်က တကယ်ပဲ သွမ့်မုကျန်းဖန်းလို မှော်ဆေးပညာနဲ့ သိုင်းပညာမှာပါ အလေးထားအပ်တဲ့ လူတစ်ယောက်ကို လင်းဟန်ကြောင့် မောင်းထုတ်ပစ်လိုက်တယ်။ ဒါ့အပြင် သူက တစ်ဖက်လူနဲ့ ကမ္ဘာ့ရန်အဖြစ်တောင် စတင်လိုက်သေးတယ်။ ဒီကောင်က တကယ့်ကို စွမ်းဆောင်နိုင်တာပဲ။

အပိုင်း (၅၇) တန်းစီခြင်း

လင်းဟန်က စာသင်စားပွဲခုံရှိတဲ့နေရာကို လျှောက်သွားပြီးတော့ စာရွက်နဲ့ စုတ်တံကို ယူလိုက်ပါတယ်။ သူက ချက်ချင်းပဲ စာရွက်ပေါ်မှာ စတင်ရေး သားလိုက်ပါတယ်။

သူက အရမ်းကို လျှင်မြန်စွာရေးခဲ့ပါတယ် မကြာခင်မှာပဲ သူ့ရဲ့

စုတ်တံကို စာရွက်ပေါ်ကနေ မ လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူရေးထားတဲ့ စာရွက်ကို ကျန်းပေရှမ်းဆီကို လှမ်းပေးလိုက်ပါတယ်။

ဇူဟဲချင်ကြောင့် မိုလိုသာ သူ့အနေနဲ့ ကျန်းပေရှမ်းကို ကူညီဖို့ ဆုံးဖြတ်လိုက်တာပါ။ ပြီးတော့ ဒီအဘိုးကြီးက သူ့ခေါ်လိုက်တာနဲ့ ချက်ချင်း ဆိုသလိုရောက်လာပြီး သူ့ကို အမြဲတမ်းကူညီပေးခဲ့ပါတယ်။ အထူးအရေးကြီး တာက ဇူဟဲချင်က မြေနဂါးမြက် ဘယ်နေရာမှာ ရှိတယ် ဆိုတဲ့ သတင်းကို သူ့ဆီကို လာပို့ပေးတဲ့သူပါ။

ကျန်းပေရှမ်းက စာရွက်ကို လက်ခံယူလိုက်ပြီးတော့ သူ့ရဲ့ မျက်စိနဲ့ သေချာ ကြည့်လိုက်ပီးတဲ့နောက်မှာတော့ သူ့ရဲ့မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေနဲ့ အတူ အားရပျော်ရွှင်ကျေနပ်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

၄င်းက ပြောင်းပြန်ဆေးလုံးဖော်စပ်နည်းပဲ။

ဒါက လုံးဝ သေချာပါတယ်။ ဘာလို့လဲဆိုတော့ ဒါက သူ့မှာရှိတဲ့ မပြည့်စုံတဲ့ ဖော်စပ်နည်းထဲက ဆေးအမည်တွေနဲ့ တူညီနေတဲ့အပြင် လိုအပ်တဲ့ အရေအတွက်အားလုံးပါ

တူညီပါတယ်။ ဒါ့အပြင် အဲဒီမပြည့်စုံတဲ့ ဖော်စပ်နည်း စာရွက်ကနေ ဖတ်လို့မရတဲ့ ဆေးအမယ် သုံးမျိုးကိုပါ ရေးထားပါတယ်။

ကျန်းဝေရှမ်းက အရမ်းကို စိတ်လှုပ်ရှားနေပါတယ် ဘာလို့လဲဆိုတော့ မှော်ဆေး ပညာနယ်ပယ်မှာ ပြောင်းပြန်ဆေးလုံးဖော်စပ်နည်းက ပျောက်ကွယ် သွားခဲ့တာ နှစ်ပေါင်းတော်တော်ကြာနေပါပြီ။ သူတောင်မှ မပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို ဂယ်ယူဖို့အတွက် ငွေအမြောက်အများ အသုံးပြုခဲ့ရပြီးတော့ ဒီမပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို တစ်ခြား မှော်ဆေးပညာရှင်တွေကို အယင်က သွယ်ဝိုက်ပြီးတော့ အကူညီတောင်းခဲ့ ပါသေးတယ်။ ဒါပေမဲ့လည်းပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို ပြန်လည် ထိန်းသိမ်းနိုင်ဖို့အတွက်ကတော့ လုံးဝမအောင်မြင်ခဲ့ပါဘူး။

တကယ်လို့ သူသာ ပြည့်စုံတဲ့ ဆေးလုံးကိုဖော်စပ်ထုတ်လုပ်နိုင်ခဲ့မယ်ဆိုယင် သူ့ရဲ့ အဆင့်အတန်းက မှော်ဆေးပညာရှင်တွေရဲ့ ကမ္ဘာမှာ အဆင့်တစ်ခုကို မြင့်တက်ရောက်ရှိသွားမှာပဲဖြစ်ပါတယ်။

ဘယ်လိုဟာသမျိုးလဲ။ အယင်က သူက ဒီမပြည့်စုံတဲ့ ဆေးဖော်စပ်နည်းစာရွက်ကို လင်းဟာန်ကိုပြသဖို့အတွက်

အင်တင်တင် ဖြစ်နေခဲ့ပါတယ်။ အခုတော့ ဒါက သူ့ရဲ့မျက်နှာကို ဖြတ်ရိုက်လိုက်သလိုပါပဲ။

ဒီအကြောင်းကို စဉ်းစားမိလိုက်တော့ အဘိုကြီးရဲ့ မျက်နှာက အနီရောင်ကို ပြောင်းသွားခဲ့ပါတယ်။

ဇူဟဲချင်က ပြောလိုက်ပါတယ်။

``အဘိုကြီးကျန်း မင်းအခု ပျော်နိုင်ပီမဟုတ်လား?``

သူ့အနေနဲ့ အစောက ဖြစ်ပျက်ခဲ့တာတွေအတွက် ဒေါသ အနည်းငယ်တော့ ထွက် ကျန်ရစ်နေပါသေးတယ်။

``ဟီးဟီး ဟီး ဟီး``

ကျန်းဝေရှမ်းက ရီမောလိုက်ပီး အနည်းငယ် တုန်ယင်နေပါတယ်။သူ့ရဲ့ လက်တွေက ဆေးဖော်စပ်နည်းစာရွက်ကို အဖိုးတန်ရတနာ တစ်ခုလိုမျိုး ဆုပ်ကိုင်ထားပါတယ်။

လင်းဟန်က အိမ်တော်ရဲ့ အပြင်ဘက်ကိုလျှောက်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ငါအခု ပြန်တော့မယ်``

``ကျေးဇူးအများကြီးတင်ပါတယ် သူငယ်ချင်းလေး``

ကျန်းဝေရှမ်းက လျှင်မြန်စွာပြေးထွက်ပီးပို့လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟာန်က ကောင်းကင်ဆေးအိမ်တော်မှာ တည်းခိုနေတယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာတော့ သူနဲ့ လင်းဟာန်ကြားက ဆက်ဆံရေးကို ပြန်ပြင် နိုင်ဖို့အတွက် အလျင်စလိုလုပ်ဖို့ မလိုသေးဘူးလို့ ခံစားရပါတယ်။

ဒါ့အပြင်သူ့အနေနဲ့ နေသားတကျဖြစ်အောင် ပြင်ဆင်ဖို့ အချိန်ယူရပါဦးမယ်။

လင်းဟာန်ခေါင်းငြိမ့်လိုက်ပါတယ်။ သူ့အိမ်တော်အပြင်ဘက်ကို ထွက်လာတဲ့နောက်မှာ အေးအေးလူလူနဲ့ လမ်းလျှောက်လာခဲ့ပါတယ်။

``ဟော့ ဟော့ ဟော့ မင်းက တကယ်ပဲ သဘောထားမကြီးနိုင်ဘူးလား``

ချီကျန်းထျန် က ပြေးထွက်လာပါတယ်။ သူမရဲ့

မျက်နှာပေါ်က အမူအရာက အပြစ်တင် မောင်းမဲ နေတဲ့ ပုံစံနဲ့ပါ။

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ငါက ဘာလို့များ သဘောထားမကြီးရတာလဲ?``

``နင်က သိသာထင်ရှားစွာပဲ ဆရာဖူရဲ့ တပည့်မဟုတ်ဘူးဆိုတာက ငါ့ကိုယ်ငါ တုန်လှုပ်စေခဲ့တယ်``

သူမက ပြစ်တင်ဝေဖန်လိုက်ပါတယ်။အစကတော့ သူမက လင်းဟန်ရဲ့ ပညာသင်ဘက် အစ်မ ဖြစ်တယ်လို့ ပြောခဲ့ပြီးတော့ လင်းဟန်ကို အနာဂါတ်မှာ သေချာဂရုစိုက်မယ်လို့ ကတိပေးခဲ့ပါတယ်။ သူမအနေနဲ့ လုံးဝ မထင်မှတ်ထားတာက သွမ့်မုကျန်းဖန်းလို လူတောင်မှ သူကြောင့် အဝေးကို နင်ထုတ်ခြင်းခံလိုက်ရမယ်ဆိုတာကိုပါပဲ။

``ငါ ဘယ်တုန်းကမှမပြောခဲ့ပါဘူး... နင့်ဘာသာနင်ထင်နေတာလေ``

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။

``ငါဂရုမစိုက်ဘူး နင်ငါ့ကို လျော်ကြေးပေးရမယ်``

ချီကျန်းထျန် ကအရှက်ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

``ဒါဆို ငါကမင်းကို ဘယ်လိုမျိုး လျှော်ကြေးပေးရမှာလဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

ချီကျန်းထျန်က သူမရဲ့ခေါင်းကို ကိုင်ပြီးတခဏမျှစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

``လောလောဆယ် ငါစဉ်းစားလို့မရသေးဘူး ဒီတော့ နင်က ငါ့အပေါ်မှာ အကြွေးတင်သွားပြီလို့မှတ်လိုက်...အို ဟုတ်သားပဲ နင်က ဒုယွန်ပြိုင်ပွဲ ဝင်ဖို့အတွက် ဒီကိုလာတာမဟုတ်လား?``

``အင်း ဒါက ဟုတ်တယ်``

လင်းဟန်ကခေါင်းငြိမ့်လိုက်ပါတယ်။

`` ဒါဆိုယင် ငါက နင့်ကို ကြင်နာစွာနဲ့ နောက်ကွယ်က အရေးကြီးတဲ့ သတင်းတစ်ချို့ကို ပေးမယ်``

ချီကျန်းထျန်က ပြောလိုက်ပါတယ်။

``ဒီအချိန်မှာ ပြိုင်ပွဲဝင်ဖို့အတွက် လက်ရွေးစင်တွေအများကြီး ရောက်လာခဲ့ကြတယ်။ ငါ့ရဲ့ နံပါတ်လေးအကို ကတော့ ပထမနေရာကို ရယူ နိုင်လိမ့်မယ်.. သူပြီးယင်တော့ ကျောက်တုံးဂံပုလွေဂိုဏ်းက လီဒေါင်ယွဲ့ လည်းရှိတယ်။ သူက အဝါရောင်အဆင့် သိုင်းပညာတွေ အရမ်းကို ကျွမ်းကျင်တယ် အထူးသဖြင့်တော့ ထျန်းယွမ်လက် သိုင်းပဲ။ ငါ့ရဲ့ နံပါတ်လေး အကိုတောင်မှ သူကို လျော့မတွက်ရဲဖူး...အယင် ဒုယွန်ပြိုင်ပွဲမှာ သူက အဆင့်ငါးနေရာကို ရဖူးတယ်``

``ပြီးတော့ ဂျင် ကလန်ရဲ့ တတိယသားဖြစ်တဲ့ ဂျင်ပူကျို လဲ ရှိတယ်။ သူက တကယ့်ကို ထူးဆန်းတဲ့ ပါရမီရှင်တစ်ယောက်ပဲ။ သူက သူတို့ ဂျင်ကလန်ရဲ့ ဂျင်ယန်လက်ဂါး သိုင်းကို ထူးထူးချွန်ချွန်တတ်မြောက်ထားတယ်။ကောလ ဟာလတွေပြောကြတာတော့ အယင် ပြိုင်ပွဲတုန်းက သူက လက်ဂါးချီ အလင်းနစ်ခုထုတ်ဖော်နိုင်ပြီးတော့ အဆင့်

ခြောက် ရခဲ့တယ်``

``ပြီးတော့ နောက်ထပ်....ငါ့ကိုခဏတော့ ပေးစဉ်းစားဦး....အာ....ဖုယန်မြို့ က ထူးခြားတဲ့ ပါရမီရှင်တစ်ယောက်လဲ လာတယ်...သူ့နာမည်က ရှဖောင်ကွမ်။ သူက အသက် ၁၈ နှစ်ပဲရှိသေးပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ၈ ကိုရောက်နေပြီ။ သူက တိုက်ပွဲမှာကြောက်မက် ဖွယ်ရာကောင်းလှအောင်ပဲ စွမ်းအားကြီးပြီးတော့ ငါ့ရဲ့ နံပါတ်လေး အကိုပြောတာတော့ သူ့မှာ ထိပ်ဆုံးငါးယောက်စာရင်းဝင်နိုင်တဲ့ အစွမ်းအစ ရှိတယ်တဲ့``

``ဟုတ်ပြီ ဟုတ်ပြီ......ထာဂရမြစ် မြို့က အံ့သြစရာကောင်းတဲ့ ကောင် တစ်ယောက်လည်းပဲ ရှိသေးတယ်။ သူ့နာမည်က ဘာပါလိမ့်... လှီရီလား? မဟုတ်ဘူး မဟုတ်ဘူး လှီယု ဒါမှမဟုတ် လှီတစ်ခုခုပဲဟာ... သူလည်း ဒြပ်စင်စုစည်းခြင်းအလွှာ ၈ ပဲ။ သူ့ရဲ့ အစွမ်းကလဲ ထိပ်ဆုံးငါးယောက်ကို ဝင်နိုင်တယ်။``

`နောက်ဆုံးတစ်ယောက်က ပိုင်လိဂိုဏ်းက ဂိုဏ်းခေါင်းဆောင်ရဲ့ အငယ်ဆုံးသား ပိုင်လိထန်ယွမ်ပဲ။သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ ပဲရှိ သေးပေမဲ့လည်း ငါ့ရဲ့

နံပါတ်လေးအကိုပြောတာက ဒီကောင်က အရမ်းကို ထူးခြားပြီးတော့ သူ့ရဲ့ အစွမ်းကလဲ လီဒေါင်ယွဲ့အောက် မလျော့ဘူးတဲ့``

မိန်းကလေးရဲ့ နံပါတ်လေးအကိုနာမည်ကတော့ ချီယောင်ရှီဖြစ်ပြီးတော့ သူ့ရဲ့ နာမည်ပြောင်ကတော့ ထာဂရည့ရဲ့ ဘုရင်ပဲဖြစ်ပါတယ်။ သူကအရမ်းကို ပါရမီရှိပြီးတော့ အရမ်းစွမ်းအားမြင့်ပါတယ်။ လွှီယုထန်တောင်မှ သူ့ကို လေးစားအားကျခဲ့ရပါတယ်။ လင်းဟန်အနေနဲ့ သူ့ကိုယ်သူ ယုံကြည်မှု ရှိပေမဲ့လည်း သူက မာနကြီးပြီး မထောင်လွှားပါဘူး။သူ့မှာ ပုက်ဖဲတွေ အများကြီးရှိပေမဲ့လည်း
ဒြပ်စင်စုစည်းခြင်းအဆင့်တစ်ခုလုံးက လူတွေအားလုံးကို လက်ရည်တူတိုက်ခိုက်နိုင်လိမ့်မယ်လို့ ဘယ်တုန်းက မှ မထင်ထားပါဘူး။

သူကခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ အတွင်းသတင်းတွေအတွက် ကျေးဇူးတင်ပါတယ်``

``အာ ဟုတ်သားပဲ.... မနက်ဖြန်ညကျယင်

နံပါတ်လေးအကိုက ညှော်ခံပွဲ တစ်ခု ကျင်းပလိမ့်မယ်...နင်လည်းလာခဲ့ပါလား``

ချီကျန်းထျန်ကပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ် ဒုယွန်ပြိုင်ပွဲမှာ ထိပ်ဆုံးအယောက် ငါးဆယ် စာရင်းထဲကို ဝင်ဖို့အခွင့်အရေးရှိတဲ့ သိုင်းပညာရှင်တွေကို ဖိတ်ခေါ်ထားတယ်``

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ အကိုက လူတွေကိုဘယ်လိုဆွဲဆောင်ရမလဲဆိုတာ ကို သိတာပဲ``

``နင်တော်တယ်``

ချီကျန်းထန်က ဒါကိုမငြင်းပယ်ခဲ့ပါဘူး။

တကယ်လို့ ချီယောင်ရီသာ အနာဂါတ်မှာ ဒုယွန်ဘုရင်ရဲ့ နေရာကို ရယူဖို့ ဆန္ဒရှိတယ်ဆိုယင် သူ့အနေနဲ့ သူ့ရဲ့ အထောက်အပံ့တွေရဖို့အတွက် စတင်ပြီး စုဆောင်းရမှာပဲဖြစ်ပါတယ်။ ဒီ တော်ဝင်နေရာအတွက်

အရမ်းကို ပါရမီရှိပြီး စွမ်းအားကြီးနေဖို့ လိုအပ်ယုံသာမက လူတစ်ယောက်ရဲ့ ထင်ပေါ်ကျော်ကြားမှုအပေါ်မှာလဲ မူတည်ပါသေးတယ်။

တကယ်လို့ တော်ဝင်အိမ်တော်က လူတစ်ယောက်ကမှ သူ့ကို ထောက်ခံဖို့ ဆန္ဒမရှိဘူးဆိုယင် သူ့အနေနဲ့ ဒီနေရာကို ဘယ်လိုလုပ်ပြီးတော့ ရယူနိုင်မှာလဲ?

``နံပါတ်လေးအကိုရ ပါရမီရှိပြီးတော့ သိုင်းပညာနယ်ပယ်မှာ ထူးချွန်ပေမဲ့လည်း အကြီးဆုံးအကိုကြီးက သူ့ရဲ့ အထောက်အပံ့တွေ ရဖို့ အတွက် စုစည်းတည်ဆောက်နေခဲ့တာ ဆယ်နှစ်လောက်ရှိနေပြီ။ ပြီးတော့ အကြီးဆုံးအကိုကြီးရဲ့ အမေက လွီကလန်က ကလန်ခေါင်းဆောင်ရဲ့ သမီးလည်းဖြစ်တယ်။ ဒါကြောင့် လွီကလန်ရဲ့ အထောက်အပံ့ မျက်နှာသာပေးမှုနဲ့ ဆိုယင် နောက်ဆုံးမှာ သူက အောင်မြင်မှုရနိုင်မှာပဲ``

မိန်းကလေးက သူ့ရဲ့လက်ကိုဆုပ်ပြီး ႔ သူမရဲ့မျက်နှာကတော့ စိတ်လှုပ်ရှားမှု အပြည့်နဲ့ပါ။တကယ်လို့ သူမရဲ့ အကိုနှစ်ယောက်က အချင်းချင်းတိုက်ခိုက် ဖို့ စတင်လိုက်မယ်ဆိုယင် သူမရဲ့ နှလုံးသာထဲမှာ သူတို့နှစ်ယောက်ကို ချက်ချင်း လူစုခွဲဖို့ ဆုံးဖြတ်ထားပါတယ်။

ဘုရင့်အိမ်တော်အပါအဝင် ဒုယွန်မြို့မှာ လျော့တွက်လို့မရတဲ့ အင်အားကြီး လေးစု ရှိပါတယ်။ သူတို့ကတော့ ကျောက်တုံးဂံပုလွေဂိုဏ်း...ပိုင်လိဂိုဏ်း...ဂျင်ကလန်နဲ့ လွီကလန် တို့ပဲဖြစ်ပါတယ်။ လွီကလန်နဲ့ အရမ်းကို ရင်းနှီးတဲ့ ဆက်ဆံရေးကြောင့် အကြီးဆုံးမင်းသားအနေနဲ့ ဘုရင့်နေရာတိုက်ပွဲအတွက် ကြီးမားတဲ့ အသာစီး ရယူထားပါတယ်။

လင်းဟန်က ဒါကို ခဏလောက်တွေးပြီးတော့မှ သူ့ရဲ့ စိတ်တွေကို ပြန် စုလိုက်ပါတယ်။ ဒီ ဘုရင့်နေရာတိုက်ပွဲက သူနဲ့ ဘာဆိုင်တာမှတ်လို့။

ချီကျန်းထျန်က အဆက်မပြတ် စကားပြောနေခဲ့ပြီးတော့ လင်းဟန်ကို အချိန်တော်တော်ကြာအောင် ပျင်းရိစေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ သူမထွက်ခွာသွားခဲ့ပါတယ်။ ဒါပေမဲ့ သူမလှည့်ထွက်အပြီးမှာ တီးတိုးရွတ် ဆိုသွားပါတယ်။

``နံပါတ်လေးအကို နံပါတ်လေးအကို ငါနင့်ကို အကူအညီတွေ အများကြီး ပေးနိုင်တဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးရမယ်... နင်ဒါကို လုံးဝလွဲချော်

သွားလို့မဖြစ်ဘူး``

လင်းဟန်က ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ကိုယ်တိုင်က သူငယ်ချင်းလေး လို့ ခေါ်ခံရတဲ့သူဖြစ်တဲ့အတွက် သူ့အနေနဲ့ မှော်ဆေးပညာရပ်မှာ အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ စွမ်းရည်ရှိမှာ အမှန်ပါပဲ။ တကယ်လို့ ချီယောင်ရီသာ လင်းဟန်ရဲ့ အကူအညီကို ရခဲ့မယ်ဆိုယင် မရေတွက်နိုင်တဲ့ သိုင်းပညာရှင်တွေက သူနဲ့ ချိတ်ဆက်ဖို့ ဆန္ဒရှိကြမှာပါ

တစ်ခြားအကြောင်းပြချက် တွေမရှိပေမဲ့လည်း ဒါက မှော်ဆေးလုံးတွေအတွက်နဲ့ကြောင့်ပေါ့

သိုင်းပညာရှင်တစ်ယောက်က လေ့ကျင့်တာနဲ့ သူဟာ သူ့ရဲ့ကျင့်ကြံခြင်းအတွက် မှော်ဆေးလုံးရဲ့ အထောက်အပံ့ရယူဖို့ လုံးဝ လိုအပ်ပါတယ်။ တကယ်လို့ အဆင့်မြင့် မှော်ဆေးပညာရှင်သာ အဖွဲ့ထဲမှာ ရှိနေမယ်ဆိုယင် ဒါက သိုင်းပညာရှင်အားလုံးကို အရမ်းကို ဆွဲဆောင်နိုင်ပါတယ်။

လင်းဟန်အနေနဲ့ ဒီမိန်းကလေး ဘာတွေ တွေးနေလဲဆိုတာကို သိမြင် နိုင်ပါတယ် ဒါပေမဲ့ သူက ဒါကို အများကြီး မစဉ်းစားမတွေးတော ထားပါဘူး။

သူ့အနေနဲ့လည်း တကယ်ပဲ ချီယောင်ရီကို တစ်ချက်လောက် ကြည့်ချင်ပါသေးတယ် သူက ဘယ်လိုမျိုး ပါရမီရှင်တစ်ယောက်လဲဆိုတာကိုပေါ့။

ဒုတိယနေ့မှာ လင်းဒေါင်ရှန်းနဲ့ လင်းဟာန်တို့ စာရင်းပေးဖို့ သွားခဲ့ပါတယ်။ ဒုယွန်ပြိုင်ပွဲအတွက် ဂင်ခွင့်က ဒီနယ်မြေမှာ အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် ဒီနေရာမှာ အားလုံးကို သေချာစစ်ဆေးကြပါတယ် ဘာလို့လဲဆိုတော့ ဒါက ဟွာယန်အကယ်ဒမီ ဂင်ခွင့်နဲ့ သက်ဆိုင်နေတယ် မဟုတ်ပါလား။

မိုးရေနိုင်ငံမှာ မြို့ပေါင်း ၃၆ မြို့ ရှိပါတယ် ။ ပြီးတော့အားလုံးက သာမာန်သိုင်းပညာအဆင့်တွေချည်းလည်း မဖြစ်နိုင်ပါဘူး။ တစ်ချို့က မြင့်မားပြီး တစ်ချို့က နိမ့်ကျပါတယ်။ဒီလိုရလဒ်တွေကြောင့် မြို့ တစ်မြို့ဟာ အဆင့်မြင့်သိုင်းပညာအတွက် ခြောက်နေရာ ရနိုင်ပီးတော့ အဆင့်နိမ့် သိုင်းပညာအတွက်တော့ လေးနေရာ ဂင်ခွင့်သာ ရနိုင်ပါတယ်။ ဟွာယန်အကယ်ဒမီဂင်ခွင့် အဆင့်မှီနိုင်ဖို့အတွက် အင်အားနည်းတဲ့ မြို့တွေမှာ ပြိုင်ပွဲတွေကို မကျင်းပပါဘူး။

ဒုယွန်မြို့ရဲ့လူတွေကတော့ ဒုယွန်ပြိုင်ပွဲကို ဂင်ပြိုင်နိုင်ကြပြီး

တစ်ခြားမြို့က လူတွေကတော့ လာပြီးတော့ မပြိုင်ကြပါဘူး။

ဒီနေရာမှာ စာရင်းပေးဖို့အတွက် တန်းစီနေတဲ့လူတွေ အများကြီးပါပဲ လူတန်းကြီးကလဲ အရမ်းကိုရှည်ပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပဲ တန်းစီနေပါတယ်။ သူ့အဃင်ဘဂက ကောင်းကင်အဆင့်စစ်သည်တော်ရဲ့ တော်ဂင်အဆင့်အတန်းကို သူ စွန့်လွှတ်ပစ်ပယ်ထားပါတယ်။ အရာအားလုံးဟာ အခုမှ အသစ်က စတာပါ။ ပြီးတော့ အခု သူဟာ သာမန်ရိုးရိုး အဆင့်တစ်ယောက်သာဖြစ်ပြီးတော့ တန်းစီနေရတာက မမှားပါဘူး။

နှစ်နာရီခန့်ကြာပြီးတဲ့နောက်မှာတော့ သူ့အလှည့်ကို ရောက်လာပါတော့မယ်။ သူ့အရှေ့မှာ လူတစ်ယောက်ပဲကျန်ပါတော့တယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ အမဲရောင်ဂတ်ထားတဲ့ အစောင့်လေးယောက်နဲ့ လူငယ်တစ်ယောက်က တစ်ခြားသူတွေတန်းစီထားတဲ့နေရာရဲ့ဘေးကနေ တိုးလာပါတယ်။ သူတိုင်းယောက်က စာရင်းပေးဖို့အတွက်လာခဲ့တာဖြစ်ပြီးတော့ လင်းဟန်တန်းစီထားတာရဲ့ အရှေ့ကို ဖြတ်ပြီး

ဂင်လာခဲ့ပါတယ်။

``ဟေ့ နောက်ကနေတန်းစီပါ``

လင်းဟန်မျက်မှောင်ကြုံပြီးတော့ မကျေနပ်တဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``ဟင့်``

လူငယ်က လင်းဟန်ဘက်ကိုလှည့်ကြည့်လိုက်ပြီးတော့ ရီမောလိုက်ပါတယ်။ မယုံကြည်နိုင်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

``မင်းက ငါ့ကိုတကယ်ပဲ တန်းစီစေချင်တာလား..... ငါဘယ်သူလဲဆိုတာ မင်းသိရဲ့လား?``

အပိုင်း (၅၈) အိမ်တော်ထိန်း

``မင်းဘယ်သူပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး.. သွား ပြီးတော့ အနောက်ဆုံးမှာ သွားတန်းစီပါ``

လင်းဟန်က အေးစက်စွာနဲ့ပြောလိုက်ပါတယ်။

``ဟားဟားဟားဟား``

လူငယ်က အူလှိုက်သည်းလှိုက် ရီလိုက်ပါတယ်။ သူ့အနေနဲ့ ကမ္ဘာပေါ်မှာ ရီစရာအကောင်းဆုံး ဟာသကို ကြားလိုက်ရသလိုပါပဲ။ သူ့ရဲ့ ခေါင်းကို ခါယမ်းလိုက်ပါတယ်။

``မင်း ငါဘယ်လဲဆိုတာမသိဘူးလား? ငါ့နာမည် ဂျင်ပူချန်.. ငါ့အကိုက ဂျင်ပူကျိ ပဲ``

ဂျင်ပူကျိ....ဒါက ဒီတစ်ကြိမ် ဒုယွန်ပြိုင်ပွဲရဲ့ ယှဉ်ပြိုင်သူတွေထဲက အသန်မာ ဆုံး လူတစ်ယောက်ပဲဖြစ်ပါတယ်။

ဒီတစ်ယောက် အရမ်းကို မာနထောင်လွှားနေတာ အံ့ဩစရာမရှိတော့ ပါဘူး။ ဂျင်ကလန်ရဲ့ သခင်လေးတစ်ယောက်အနေနဲ့ သူ့မှာ အရမ်းကို စွမ်းအားကြီး တဲ့ အကိုတစ်ယောက်ရှိပြီးတော့ သူ့ရဲ့ အပြုအမူတွေက ရိုင်းစိုင်းနေတာက မှန်ပါတယ်။

ကံမကောင်းစွာနဲ့ပဲ သူနဲ့ အခုကြုံတွေ့နေရတာက တစ်ခြားလူမဟုတ်ပဲ လင်းဟန်ဖြစ်နေပါတယ်။

``တကယ်လို့ မင်းက ဂျင်ပူချန် ဒါမှမဟုတ် ဂျင်ပူကျိုပဲဖြစ်ဖြစ် ဘယ်သူက ဂရုစိုက်မှာလဲ မင်းဘယ်သူပဲဖြစ်ဖြစ် တန်းစီတဲ့နေရာရဲ့ နောက်ဆုံးကို ပြန်သွားလိုက်တော့``

လင်းဟန်က စိတ်မရှည်စွာနဲ့သူ့လက်ကို ဝေ့ပြီးပြောလိုက်ပါတယ်

ဂျင်ပူချန်မျက်နှာပေါ်က အပြုံးက ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီအစား ဒေါသထွက်တဲ့ အမူအရာ အစားထိုးဝင်လာပါတယ်။ ဒီကောင်က သူ့ဘယ်သူလဲ ဆိုတာကို သိသွားတောင်မှပဲ သူ့ကို အနောက်ကို
ပြန်သွားခိုင်းရဲသေးတယ်ပေါ့?သူကပြောလိုက်ပါတယ်။

``ငါ့ကိုယ်ငါ မင်းလို နိမ့်ကျတဲ့ အဆင့်အတန်းနဲ့ တန်းတူထားဖို့ မတန်ဘူး``

သူက အနောက်ကိုလှည့်လိုက်ပြီးတော့ စာရင်းသွင်းဖို့ အတွက် လုပ်လိုက်ပါတယ်။

``သွားစမ်း``

လင်းဟန်က ဂျင်ပူချန်ရဲ့ ပုခုံးကို အနောက်ကနေကိုင်ပြီးတော့ ဆွဲလှည့် ပစ်လိုက်ပါတယ်။

``ရှပ်``

ဒီကောင်က တန်းစီမျဉ်းရဲ့ အပြင်ဘက်ကို လွှင့်ထွက်သွားပါတယ်။

``Peng``

သူက နံရံနဲ့တိုက်မိပြီးအောက်ကို ကျသွားကာ ညီးငြူးလိုက်ပါတယ်။

သူ့အနေနဲ့ချက်ချင်းပဲ နာကျင်မှုကြောင့် မျက်နှာ ရှုံ့မဲ့သွားပါတယ်။

``သခင်လေးပူချန်``

အနက်ရောင်ဂဝတ်ထားတဲ့ လူလေးယောက်က ချက်ချင်းပဲ ဂျင်ပူချန်ဆီပြေး သွားပြီးတော့ ဆွဲထူလိုက်ပါတယ်။

လင်းဟန်က တစ်ချက်မှတောင်လှည့်မကြည့်ပဲနဲ့

ပြောလိုက်ပါတယ်

``ငါစာရင်းပေးချင်တယ်``

စာရင်းသွင်းပေးတဲ့လူကို သူကြည့်လိုက်တဲ့အခါမှာ အဲဒီလူရဲ့မျက်နှာမှာ ထူးဆန်းစွာ အံ့အားသင့်နေတဲ့ပုံစံဖြစ်ပေါ်နေတာကို မြင်လိုက်ရပါတယ်။ ဒီသာမာန်ပုံစံပေါက်နေတဲ့လူအိုကြီးက တကယ်ပဲ နွေဦးစမ်းရေ လက်ရွေးစင် သိုင်းပညာရှင်တစ်ယောက်ဖြစ်နေပါတယ်။

``ခွေးကောင်... မင်းငါ့ကို ဒီလိုမျိုး လုပ်ပြီးတော့ ဘာမှမဖြစ်သလိုမျိုး နေရဲတယ်ပေါ့လေ?``

ဂျင်ပူချန်ရဲ့ သူ့လက်ကို အချက်ပြပြီးတော့ သူ့လူလေးယောက်ကို အရှေ့ကို တက်သွားစေပါတယ် သူ့ရဲ့မျက်လုံးတွေမှာ မီးပွင့်နေပါပြီ။

သူက ဂျင်ကလန်ရဲ့ ခြောက်ယောက်မြောက် သခင်လေးဖြစ်ပြီးတော့ ဂျင်ပူကျိရဲ့ ညီငယ်တစ်ယောက်ပါ ဒါကို တစ်စုံတစ်ယောက်က တကယ်ပဲ မလေးမစားနဲ့ သူ့ကို ရင်ဆိုင်ရဲတယ်?

``သွားစမ်း``

လင်းဟန်က အေးစက်စွာပြောလိုက်ပါတယ်။

``မင်းကိုယ် မင်း ဘယ်သူလို့ထင်နေတာလဲ? ဘယ်လောက်တောင် သတ္တိကောင်းနေလို့ ငါ့ကို မရိုမသေ မလေးမစား ဆက်ဆံပံ့တာလဲကွ``

ဂျင်ပူချန် အရမ်းကို ဒေါသထွက်နေပါပြီ။ သူက လင်းဟန်ရဲ့ ပုခုံးကို ကိုင်ပြီး အော်ဟစ်လိုက်ပါတယ်။

``ဘာကြောင့် ဒီနေရာမှာလာပြီး ဆူညံနေရတာလဲ``

ပြိုင်ပွဲစာရင်းသွင်းတဲ့နေရာရဲ့ ကြီးကြပ်သူအဘိုးကြီးက မပျော်မရွှင်ဖြစ်နေတဲ့ လေသံနဲ့ပြောလိုက်ပါတယ်။

``အဘိုးကြီး ခင်ဗျားက ကျနော့်ကိစ္စကို ဝင်စွက်ဖက်ရဲသလား``

ဂျင်ပူချန်က အဘိုးကြီးကို မျက်စိတစ်ချက်ပေ့ကြည့်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။ သူက အရမ်းကို

မာနထောင်လွှားနေယုံတင်မက အရမ်းကို ဒေါသပေါက်ကွဲထွက်နေပါတယ်။ ပြီးတော့ သူ့ရဲ့ အပြုအမှုတွေ အတွက် နောက်တစ်ကြိမ် ပြန်စဉ်းစားနိုင်တော့ပါဘူး။

လင်းဟန်က သူ့ခေါင်းကို ခါရမ်းလိုက်ပါတယ်။ ဒီကောင်ကတော့ သူ့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်း ကိုယ့်ဒုက္ခကို ကိုယ်ရှာနေတာပဲ။

``ဟီးဟီး နောက်ဆုံးတော့ ဂျင်ကလန်ရဲ့ မျိုးဆက်တွေက ပိုပိုပြီးအားနည်း လာတာပဲ.. ဒီကောင်တွေကလဲ ပိုပြီးတော့ရိုင်းစိုင်းလာတယ်``

အဘိုးကြီးကပြောပြောဆိုဆိုနဲ့ သူ့ရဲ့ ညာဘက်လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

``Peng``

ပြင်းထန်တဲ့အားလှိုင်းတစ်ခု ထွက်ပေါ်လာပြီးတော့ ဂျင်ပူချင်က စာရင်းပေး အခန်းရဲ့ အပြင်ဘက်ကို တိုက်ရိုက် လွှင့်ထွက်သွားခဲ့ပါတယ်။

အဘိုးကြီးလုပ်ရှားတာမြင်လိုက်ရတဲ့ အခါမှာ လူတွေအားလုံးအရမ်းကို အံ့အားသင့်သွားပါတယ် ဒါက အမှန်တကယ်ပဲ စွမ်းအားကြီးတဲ့ လက်ရွေးစင် သိုင်းပညာရှင်ပဲ။ သူတို့အားလုံးရဲ့ မျက်နှာမှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဘယ်သူကထင်မှာလဲ ပြိုင်ပွဲစာရင်းသွင်းတဲ့နေရာက ကြီးကြပ်သူအဘိုးကြီးက တကယ်ပဲ လက်ရွေးစင် သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်နေတယ်ဆိုတာကိုပေါ့။

``ငါ ဒီစီနီယာက ဘယ်သူလဲဆိုတာကို သိတယ်.... သူက ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က အိမ်တော်ထိန်းကြီးပဲ``

``ဘာ... ဒုယွန်ဘုရင့်အိမ်တော်က အိမ်တော်ထိန်းကြီးဟုတ်လား?သူက ဘာလို့ ဒီနေရာမှာလာပြီးတော့ ဒီလိုမျိုးအလုပ်ကိုလာလုပ်နေတာလဲ?``

``မင်းက ငါ့ကိုမေးတော့ ငါကဘယ်သူ့ကို ပြန်မေးရမှာလဲ?``

တစ်စုံတစ်ယောက်က ဒီအဘိုးကြီးက ဘယ်သူလဲဆိုတာကို

သိပြီးတော့ အဲဒီသတင်းက လျှင်မြန်စွာနဲ့လူအုပ်ကြားထဲကိုပျံ့နှံ့သွားခဲ့ပါတယ်။ ဂျင်ပူချင်တောင်မှ အဘိုးကြီးက ဘယ်သူလဲဆိုတာကိုသိတာနဲ့ လက်စားချေဖို့ မစဉ်းစားရဲပဲနဲ့ သူ့ရဲ့ အပြုအမူတွေက ချက်ချင်းဆိုသလို ရိုကျိုးတဲ့ ပုံစံဖြစ်သွားခဲ့ပါတယ်။

ဂျင်ကလန်အနေနဲ့ အရမ်းကို စွမ်းအားကြီးပေမဲ့လည်း ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်ရဲ့ အစွမ်းနဲ့ ယှဉ်လိုက်မယ်ဆိုယင် ဘာမှမဟုတ်ပါဘူး။

သူ့အနေနဲ့ ဘယ်လောက်ပဲ မာနထောင်လွှားပြီးမောက်မာနေပါစေ အရူးတစ်ယောက်တော့မဟုတ်ပါဘူး။သူက ဘယ်လိုလူမျိုးကို အနိုင်ကျင့်လို့ ရပြီးတော့ ဘယ်လိုလူမျိုးကို အနိုင်ကျင့်လို့ မရဘူးဆိုတာကို သိထားပါတယ်။

သူက လျှင်မြန်စွာနဲ့ပဲ အမြီးကုတ်ပီးတော့ သူ့ရဲ့ အစေခံလေးယောက်နဲ့ ထွက်သွားခဲ့ပါတယ်။ စာရင်းသွင်းရမဲ့ နောက်ဆုံးရက်က သဘက်ခါ မှပါ.. ဒါကြောင့် သူ့အနေနဲ့ ဒီနေ့မှာ စာရင်းမပေးယင်လဲ ဘာမှကိစ္စမရှိပါဘူး။ ဒ့ါအပြင် လင်းဟန်က သူ့ရဲ့ ပစ်မှတ်ဖြစ်လာပြီးတော့ သူသာ

ဂင်မရှုပ်ခဲ့ဘူးဆိုယင် ဘယ်သူကမှ သူတန်းစီတာကိုကျော်ဖြတ်ပြီး စာရင်းသွင်းမှာကို နောက်ယှက်ရဲမှာ မဟုတ်ပါဘူး။

``သင့်ရဲ့ တရားမျှတမှုအတွက် စီနီယာ ကို အများကြီးကျေးဇူးတင်ပါတယ်``

လင်းဟန်က သူ့ရဲ့ လက်သီးကိုဆုပ်ပီးတော့ ရိုသေလေစားတဲ့ အပြုအမူနဲ့ ပြောလိုက်ပါတယ်။ ဒါက နွေဦးစမ်းရေ လက်ရွေးစင်တစ်ယောက်လေ လက်ရှိ သူနဲ့နိုင်းယှဉ်လိုက်မယ်ဆိုယင် အများအများကြီး အစွမ်းထက်တာပေါ့။ ဒ့ါအပြင် သူက အတိတ်ဘဝတုန်းက ကောင်းကင်အဆင့် စစ်သည်တော်ဆိုတာရော မော်ဆေးကေရာဇ် ဆိုတာကိုပါ ပစ်ပယ်ထားခဲ့ပြီးပြီလေ။ဒါကြောင့် သူ့အနေနဲ့ ဒီအဘိုးကြီးကို စီနီယာလို့ မခေါ်နိုင်စရာအကြောင်းမရှိပါဘူး။

အဘိုးကြီးက ပြုံးပြီးတော့ လင်းဟန်ကိုပြောလိုက်ပါတယ်။

``ဒီလိုမျိုး ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်တဲ့ ပါရမီကတော့ အရမ်းကို လေးစားချီးကျူးစရာ

ကောင်းပါတယ်..ငါတို့ ခုနစ်ယောက်မြောက်မင်းသမီးလေးကလဲ မင်းနဲ့ သက်တူရွယ်တူပဲ ရှိဦးမယ်... ဒါကြောင့် မင်းတို့က အရမ်းကို လိုက်ဖက်မယ်ဆိုတာ သေချာတယ်``

ဒါကို ကြားလိုက်ရတဲ့လူတွေအားလုံးက ရှုးသွပ်သွားသလိုခံစားလိုက်ရပါတယ်။ ဒီအိမ်တော်ထိန်းကြီးက တော်ဝင်အိမ်အတွက်ဒီနေရာမှာ ကြင်ယာတော်မင်းသားတစ်ပါး လာပြီးရှာနေတာလား။

ဒါပေမဲ့ မင်းသမီးတစ်ယောက်ရဲ့ လက်ထပ်ပွဲကို အိမ်တော်ထိန်းက ဆုံးဖြတ်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အများဆုံး အိမ်တော်ထိန်း က ပထမ ရွေးချယ်ပြီးမှ သင့်တော်တယ် မသင့်တော်ဘူးဆိုတာကို ဒုယွန်ဘုရင်ကသာ ဆုံးဖြတ်မှာမဟုတ်လား။

ပြီးတော့ အားလုံးပဲ လင်းဟန်ကို သတိထားပြီးကြည့်လိုက်ကြပါတယ်။ နွေဦးစမ်းရေအဆင့် လက်ရွေးစင်လူတစ်ယောက်ရဲ့ အာရုံစူးစိုက်ခံရမှုကို ရရှိစေနိုင်တဲ့ အတွက် ဒီကောင်လေးမှာလဲ သေချာပေါက် အစွမ်းအချို့ ရှိမှာပါ။

လင်းဟန် ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ.... ခုနှစ်ယောက်မြောက် မင်းသမီးက ချိကျန်းထန်မဟုတ်ဘူးလား ... ဒီမိန်းကလေးကတော့?

လင်းဟန်က ကျယ်လောင်စွာရီလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``စီနီယာရဲ့ အသိအမှတ်ပြုခံရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်.. ဒါပေမဲ့ ကျနော်တို့ စာရင်းသွင်းတဲ့ကိစ္စကို ပြီးအောင်လို့ အရင်ဆုံး လုပ်ကြရအောင်``

ဒီကောင်လေးက တကယ်ပဲ အိမ်တော်ထိန်းကြီးကို ငြင်းပယ်ဖို့ သတ္တိကောင်းပြီး ရင်ဆိုင်ရဲတာပဲ။

အိမ်တော်ထိန်းကြီးက ပြုံးနေပါတယ်။ သူက ဒုယွန်ဘုရင်ရဲ့ အမိန့်ကြောင့် ဒီတစ်ကြိမ် ဒုယွန်ပြိုင်ပွဲမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တွေ ရှိမရှိ လာပြီး ကြည့်တာပါ။လင်းဟန်အနေနဲ့ တော်ဝင်အိမ်ရဲ့ သားမက် ဖြစ်လာလိမ့်မယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး သူ့အနေနဲ့ လင်းဟန်ကို ပျော်စေပျက်စေနောက် ပြောင် လိုက်တာပါ။

``ကောင်းတယ်.... မင်းဘယ်ကလာတာလဲ အသက်ဘယ်လောက်ရှိပြီလဲ မင်းရဲ့ကျင့်စဉ်အဆင့်ကရော ဘယ်လောက်လဲ မင်းနာမည်ကရော ဘယ်လို ခေါ်လဲ``

သူက မေးလိုက်ပါတယ်။

``ကျနော့်နာမည် လင်းဟာန်... တိမ်မီးခိုးမြို့ကလာပါတယ်... နှစ်သစ်ကူးပွဲပြီးတဲ့နောက် ကျနော် အသက်က ၁၇ နှစ်နှစ်ရှိပါပြီ လက်ရှိ ကျနော်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ပါ``

လင်းဟာန်က မေးခွန်းတိုင်းကို အပြုံးနဲ့ဖြေလိုက်ပါတယ်။

``Pu``

လင်းဟာန်ပြန်ဖြေတာကို ကြားလိုက်ရဲ့ အနီးအနားကလူတွေအားလုံးက သူတို့ အနေနဲ့ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလို မျက်လုံးတွေပြူးထွက်လာခဲ့ပါတယ်။

လူအများကြီးက လင်းဟာန်ဟာ ဒြပ်စင်စုစည်းခြင်းအဆင့်မှာ

ရောက်နေတယ်ဆိုတာကို သိထားကြပါတယ်။ ဒါကလဲ အိမ်တော်ထိန်းကြီးရဲ့ ပြောစကားအရပါ။ ဒါပေမဲ့ လင်းဟန်က ဘယ်လောက်တောင်ငယ်ရွယ်လိုက်သလဲ သူတို့အားလုံးအတွေးထဲမှာတော့ လင်းဟန်က အခုမှ အဆင့်တက်ကာစပဲရှိသေးတယ်လို့ ထင်နေကြပါတယ်။ အများဆုံး သူ့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၁ ရဲ့ အထွတ်အထိပ်ပဲ ရှိဦးမယ်လို့ ထင်နေကြတာပါ။

ဟုတ်ပါတယ်... လင်းဟန်က အံ့အားသင့်စရာကောင်းလောက်အောင် ဒြပ်စင်စုစည်းခြင်းအလွှာ ၄အဆင့်မှာရှိနေပါတယ်၊

အသက် ၁၇ နှစ်နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ က အရမ်းကိုအံ့အားသင့်စရာကောင်းလှပါတယ်။ နံပါတ်လေးမင်းသားလို့ ပါရမီရှင်တောင်မှ တော်ဂင်အိမ်ရဲ့ အဆုံးမရှိ အရင်းအမြစ်တွေနဲ့ ကျင့်ကြံခြင်း မှာ အထောက်အပံ့တွေရထားတာတောင်မှ သူကအသက် ၁၇ နှစ်နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ပဲရောက်နိုင်ခဲ့ပါတယ်။

ဒီလိုမျိုး နိုင်းယှဉ်လိုက်ပြီးမှာတော့ သူတို့အားလုံး လင်းဟန်က ဘယ်လောက် ထူးခြားတဲ့ ပါရမီရှိတယ်ဆိုတာကို လွယ်ကူစွာနဲ့ မြင်သွားခဲ့ပါတယ်။

အိမ်တော်ထိန်းကြီးက သူ့ကို ကြင်ယာတော်မင်းသားအဖြစ်ရွေးချယ်ဖို့ စာရင်းထည့်သွင်းချင်တာက အံ့ဩစရာမရှိတော့ပါဘူး။

လင်းဟန်က သူ့ရဲ့သက်သေခံ ကတ်ပြားကို ထုတ်ပေးလိုက်ပါတယ်။ မိုးရေနိုင်ငံအတွင်းက နိုင်ငံသားတိုင်းက သူတို့မွေးလာကတည်းက သက်သေခံ ကတ်ပြားကို လက်ခံရရှိကြပါတယ်။ တကယ်လို့ ဒီ သက်သေခံကတ်ပြားကို မပြနိုင်ဖူးဆိုယင် အဖမ်းဆီးခံရမှာပဲဖြစ်ပါတယ်။

အိမ်တော်ထိန်းကြီးက မျက်စိတစ်ချက်ပေ့ကြည့်လိုက်ပီးတော့ လင်းဟန်ကို မော်ကွန်းထိုးထားတဲ့ ကျောက်ပြားလေးတစ်ခုပေးလိုက်ပါတယ်။ ဒီကျောက်ပြားလေးက နောက်ထပ် နှစ်ရက်အကြာမှာ ကျင်းပမဲ့ ဒုယွန်ပြိုင်ပွဲမှာ လင်းဟန်ကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုတဲ့ အသိအမှတ်ပြု ကျောက်ပြားလေးပဲဖြစ်ပါတယ်။

ဘယ်သူတစ်ဦးတစ်ယောက်ကမှလဲ သူတို့ရဲ့ သက်သေခံကတ်ပြားကို အတု အယောင်မလုပ်ရဲဘူး။

ဘာလို့လဲဆိုတော့ တကယ်လို့ ထိပ်ဆုံးအယောက် ငါးဆယ် စာရင်းမှာဝင်ခဲ့မယ်ဆိုယင် ဒုတိယအကြိမ် ထပ်မံပြီးတော့စစ်ဆေး တာခံရမှာဖြစ်ပြီးတော့ အဲဒီအချိန်မှာသူတို့ရဲ့ သက်သေခံကတ်ပြားကို အတုအယောင်လုပ်တာကို ရှာတွေ့ခဲ့မယ်ဆိုယင် ဒါက အရမ်းကိုကြီးမား တဲ့ ရာဇဝတ်မှုမြောက်ပါတယ်။

အိမ်တော်ထိန်းကြီးက လင်းဟန်ကို တကယ်ပဲ အရမ်းကို စိတ်ဝင်စားပြီးတော့ သူနဲ့ ဆက်ပြီးစကားပြောနေပါတယ်။ သူ့ပုံစံကိုကြည့်ရတာ သူ့ရဲ့ ကိုယ်ပိုင် သမီးနဲ့ လင်းဟန်ကို လက်ဆက်ပေးဖို့တောင် ဆန္ဒရှိနေတဲ့ပုံပါပဲ။

အားလုံးက စိတ်မရှည်သလိုဖြစ်လာပေမဲ့လည်း သူတို့အနေနဲ့ အလျင်စလို လုပ်ခိုင်းဖို့ မပံ့ရဲကြပါဘူး။ ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က အိမ်တော်ထိန်းကြီးဆိုတဲ့ ရာထူးမရှိယင်တောင်မှ သူက ဒီမိုင်တစ်ထောင်ပါတ်လည်အတွင်းမှာ အရမ်းကို စွမ်းအားကြီးတဲ့ နွေဦး စမ်းရေ လက်ရွေးစင်စစ်သည်တော်တစ်ယောက် ဖြစ်နေပါတယ်။

နောက်ဆုံးမှာ လင်းဟန်က နှုတ်ဆက်ပြီး ပြန်တော့ဖို့ အိမ်တော်ထိန်းကြီးကို

ပြောလိုက်တဲ့အသံကိုကြားလိုက်ရတော့ အားလုံးက ဂမ်းသာသွားကြပါတယ်။ ဒါပေမဲ့ အိမ်တော်ထိန်းကြီးက လင်းဟန်ကို တကယ်လို့ သူ့အနေနဲ့ အားတဲ့အခါကျယင် ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်တော်ကို လာရောက်လည်ပါတ်ဖို့ ဖိတ်ခေါ်တာကို ကြားလိုက်ရတော့ အားလုံးရဲ့ မျက်လုံးတွေက နီရဲသွားပြီး မနာလိုဖြစ်ကုန်ကြပါတယ်။

ဒါက လင်းဟန်ကို ကာကွယ်ပေးတဲ့ပုံစံနဲ့ တူညီနေပါတယ်။ ဘယ်သူကများ အခု လင်းဟန်နဲ့ ထိပ်တိုက်ရင်ဆိုင်ရဲတော့မှာလဲ။

အပိုင်း (၅၉) ညှော်ခံပွဲ သို့ တက်ရောက်ခြင်း

စာရင်းပေးသွင်းရတဲ့ ကိစ္စက အချိန်တော်တော်ကုန်တဲ့အတွက်ကြောင့် လင်းဒေါင်ရှန်နဲ့ လင်းဟန်တို့နှစ်ယောက်က နေ့လည်စာစားပီးမှပဲ ကောင်းကင်ဆေးအိမ်တော်ဆီကို ပြန်လာခဲ့ကြပါတယ်။ သူတို့ တစ်ခဏမျှ နားပြီးတဲ့အခါမှာတော့ ညချမ်းအချိန်ကို ရောက် လို့လာခဲ့ပါတယ်။

လင်းဟန်နဲ့ လွီယုထန်တို့ အနည်းငယ်မျှ ပြင်ဆင်ပြီးတဲ့နောက်မှာတော့ နံပါတ်လေးမင်းသားရဲ့ အိမ်တော်ဆီကို ညှော်ခံပွဲတက်ရောက်ဖို့အတွက် ထွက်လာခဲ့

ကြပါတယ်။

နံ့ပါတ်လေးမင်းသားရဲ့ အိမ်တော်က ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်နဲ့ လမ်းတစ်လမ်းပဲ ဝေးပါတယ်။ အဲဒီ အိမ်တော်နှစ်ခုဟာ အရမ်းကို နီးကပ်တည်ရှိ ပါတယ်။ ဒုယွန်ဘုရင်မှာ သားသမီး မြောက်မြားစွာ ရှိပေမဲ့လည်း ကိုယ်ပိုင်အိမ်တော်နဲ့ နေခွင့်ရတဲ့ သူက နှစ်ယောက်ပဲရှိပါတယ်။

ပထမ မင်းသားနဲ့ နံ့ပါတ်လေး မင်းသားပဲဖြစ်ပါတယ်။

ပထမ မင်းသား ချီယောင်ရှန်း က မွေးလာကတည်းက ထူးချွန်ပြောင်မြောက်တဲ့ အရည်အသွေးတွေကို ဖော်ထုတ်ပြခဲ့ပါတယ်။ သူ့ရဲ့ ထူးခြားလှတဲ့ ပါရမီအပြင် ဒုယွန်ဘုရင်ရဲ့ ပထမဇနီးက မွေးတဲ့ သားအကြီးဆုံးဖြစ်တာကြောင့်လဲ အမွေဆက်ခံမဲ့ သူတစ်ယောက် အဖြစ် အားလုံးက ထင်ကြေးပေးသတ်မှတ်ထားခြင်း ခံရသူ လည်းဖြစ်ပါတယ်။ဒါပေမဲ့ လည်း ရုတ်တရက် စွမ်းအားကြီးမားတဲ့ နံ့ပါတ်လေး မင်းသား ထွက်ပေါ်လာပြီးတော့ လက်ရှိမှာတော့ ကြီးမားတဲ့ ခြိမ်းခြောက်မှုတွေနဲ့ ကြုံတွေ့ နေရပါတယ်။ ယခု

သူ့အချိန်တော်တော်ကြာအောင် ထိန်းသိမ်းထားတဲ့ အမွေဆက်ဆံ မဲ့ နေရာအတွက် အန္တရာယ်ပေးနိုင်မဲ့ သူတစ်ယောက် ထွက်ပေါ်လာခဲ့ပါပြီ။

ရလဒ်ကတော့ မင်းသားနှစ်ပါး အကြား ယှဉ်ပြိုင်မှုက ပိုပိုပြီးတော့ ကြမ်းတမ်းလာယုံသာမက အဖွဲ့အစည်းတွေတော်တော်များများကလဲ ဘယ်မင်းသားကို ထောက်ခံရမလဲဆိုတာ အကျပ်ရိုက်ကုန်ကြပါတယ်။ တကယ်လို့ သူတို့ ထောက်ခံလိုက်တဲ့ မင်းသားက အောင်အောင်မြင်မြင်နဲ့ ထီးနန်းဆက်ခံနိုင်ခဲ့မယ်ဆိုယင် သူတို့ရဲ့ အဆင့်အတန်းကလဲ မြင့်တက်သွားမှာပဲဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်လို့ သူတို့ထောက်ခံတဲ့ မင်းသား က သာ ကျရှုံးသွားခဲ့မယ်ဆိုယင်?

ဘုရင်အသစ်က ထီးနန်းဆက်ခံ လိုက်တဲ့အခါကျယင် သူ့ကိုယ်ပိုင် နှစ်သက်သဘောကျ တဲ့သူတွေကို ချီးမြှင့်ပြီးတော့ သူမကြိုက်တဲ့သူတွေကိုတော့ ဖယ်ထုတ်ခံရပါလို့မယ်။ ဘုရင်အသစ်အနေနဲ့ သေချာပေါက် သူ့ကို အယင်က မထောက်ခံ ခဲ့တဲ့သူတွေကို ပြန်လည်ပေးဆပ်ခိုင်းပါလို့မ်မယ်။

လင်းဟန်နဲ့ လွှီယုထန်တို့က မြင်းလှည်းနဲ့ မသွားခဲ့ပါဘူး။ အဲဒီအစား သူတို့က နံပါတ်လေး မင်းသားအိမ်တော်ကို လမ်းလျှောက်ထွက်လာခဲ့ကပါတယ်။ တံခါးဂမှာတော့ အစောင့်တွေအများအပြားရှိနေပြီးတော့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်တွေကို ကြိုဆိုနေကြပါတယ်။

``ခွင့်ပြုပါ.... ကျေးဇူးပြုပြီးတော့ သင်တို့နစ်ယောက်ရဲ့ ဖိတ်စာကို ပြပေးပါ``

သူတို့နစ်ယောက်ကိုမြင်တာနဲ့ အစောင့်တွေက ရှေ့ကနေပိတ်ရပ်လိုက်ပီးတော့ မေးလိုက်ပါတယ်။

``ဖိတ်စာ``

လင်းဟန် လန့်ဖျပ်သွားပါတယ်။ သူ့မှာ အဲဒီလိုအရာ လုံးဂ-မရှိပါဘူး။ ချီကျန်းထျန်း က သူ့ကို နှုတ်နဲ့ပဲ ဖိတ်ခေါ်မှု ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ သူကပြောလိုက်ပါတယ်။

``ငါ့နာမည် လင်းဟန်... မင်းတို့ရဲ့ ဧည့်သည်စာရင်းထဲမှာ ငါရှိလိမ့်မယ်``

``ဒါဆိုယင်တော့ တောင်းပန်ပါတယ်။ ဖိတ်စာမရှိတဲ့ မည်သူ့ကိုမဆို ဂင်ခွင့်မပေးပါဘူး``

အစောင့်က တည်ကြည်စွာနဲ့ပြောလိုက်ပါတယ်။

ဒီမိန်းကလေး ချီကျန်းထျန်း သူ့ကို လှည့်စားသွားတာများလား? လင်းဟန်တွေးတော နေပါတယ်။

``ဟား ဟားဟား..ဖိတ်စာမရှိပဲနဲ့ မင်းက ဒီနေရာကို လာရဲတယ်ပေါ့လေ``

လှောင်ပြောင်တဲ့အသံတစ်ခု ထွက်ပေါ်လိုလာပါတယ်။ လူငယ်တစ်ယောက်က
မြင်းလှည်းပေါ်ကနေဆင်းလာခဲ့ပါတယ်။ သူက အဖိုးတန် အဂတ်အစားတွေဂတ်ဆင် ထားပြီးတော့ သူ့ကြည့်ရတာ တက်ကြွတဲ့ပုံပေါက်နေပါတယ်။

သူက ဂျင်ပူချန်ပါ ညနေခင်းတုန်းက သူနဲ့ လင်းဟန်တို့ ထိပ်တိုက်ရင်ဆိုင်ခဲ့ ဖူးပါသေးတယ်။

``တောသား....ဒါက နံပါတ်လေး မင်းသားရဲ့ အိမ်တော်ကွ ..

ဘယ်သူမဆို အလွယ်တကူ ဝင်လို့ ထွက်လို့ရတဲ့နေရာမဟုတ်ဘူး``

ဂျင်ပူချန်က အေးစက်စွာနဲ့ရီမောလိုက်ပါတယ်။

သူက ရွှေရောင်ဖိတ်စာကို သူ့အကျီထဲကနေထုတ်ပြီးတော့ လင်းဟာန်မျက်နှာအရှေ့မှာ ဂုဏ်ယူစွာနဲ့ ဝှေ့ယမ်းလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဒါကို သေသေချာချာကြည့်ထား.... ဒါက ဖိတ်စာပဲ.. ဒါပေမဲ့ မင်းလိုမျိုး နိမ့်ကျတဲ့ တောသားကတော့ မင်းဘဝမှာ ဒီလိုဟာကို ဘယ်တော့မှ လက်ခံဖူးမှာလဲ မဟုတ်ပါဘူး``

သူ့အရမ်းကို ကျေနပ်ပီတိဖြစ်နေပါတယ်။ ညနေခင်းတုန်းက သူက အိမ်တော်ထိန်းကို ကြောက်ရွံ့တဲ့အတွက်ကြောင့် အမြီးကုတ်ပြီးတော့ ပြန်ပြေးခဲ့ရပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ လင်းဟာန်နဲ့ထပ်ဆုံတွေ့ပြီးတော့ ဒါက ကောင်းကင်ကနေပြီးတော့ သူကိုယ်တိုင် ပြန်ပြီး လက်စားချေလို့ရအောင် အခွင့်အရေးတစ်ခု လက်ဆောင်ပေး လိုက်သလိုပါပဲ။

နောက်ဆုံးတော့ သူ ဒီကောင့်ကိုမသတ်ခင်

ကောင်းကောင်းကြီး အရှက်ခွဲ ခွင့်ရ ခဲ့ပြီပေါ့။

လင်းဟန် သူ့ရဲ့ခေါင်းကို ခါရမ်းလိုက်ပါတယ်။ ဒီကောင်က အခုမှ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ၉ ပဲရှိပြီးတော့ ဘယ်နေရာကနေပြီးတော့ ဒီလိုမျိုး ထောင်လွှားမောက်မာတဲ့အမူအရာတွေ ရောက်လာရတာလဲ? ဒါက သူတို့ကလန်အတွက် မလိုလားအပ်တဲ့ ရန်လိုမှုတွေကို ဖိတ်ခေါ်နေတာနဲ့တူပါတယ်။ တကယ်လို့ သူ့အနေနဲ့ လက်ရွေးစင် စစ်သည်တော်တစ်ချို့ကို မကောင်းတဲ့ရည်ရွယ်ချက်နဲ့ ရင်ဆိုင်မိလိုက်မယ်ဆိုယင် သူတို့ရဲ့ကလန်အတွက်တော့ အခက်အခဲတွေ ဖြစ်စေမှာပါပဲ။

``ဘာလို့ ဒီနေရာမှာ ထပ်ပြီးတော့ ရပ်နေသေးတာလဲ မင်းထင်တာက ဒီနေရာမှာ အချိန် အကြာကြီး ရပ်နေလို့ရှိယင် မင်းကို သနားပြီးတော့ အိမ်တော်ထဲကို ပေးဝင်မယ်လို့ ထင်နေတာလား``

ဂျင်ပူချန်က အဆက်မပြတ်ပြောနေယင်းနဲ့ သူ့ရဲ့ အကြည့်က လှီယုထန်ဘက်ကို ရောက်သွားပါတယ်။ သူ့ရဲ့ မျက်လုံးတွေက သူမရဲ့ ပုံရိပ်ပေါ်ကနေပြီးတော့ လုံးဝ မခွာနိုင်ဖြစ်သွားပါတယ်။

သူက အခုမှ လှိုင်ယုထန်ရှိနေတာကို သတိပြုသွားပြီးတော့ ဒီ အေးစက်စက်နဲ့ အလှဘုရင်မလေးက တကယ့်ကို ဆွဲဆောင်မှုရှိပါတယ်။ သူရဲ့ နှလုံးခုန်နှုန်းတွေ မြန်ဆန်လာပြီးတော့ သူ့သွေးကြောတွေထဲက သွေးတွေက ပွက်ပွက်ဆူလာသလို မျိုး ခံစားရပါတယ်။

``ဒီကောင်တော့...``

``ဖြန်း``

ဂျင်ပူချန်ဟာ လင်းဟန်က သူ့မျက်နှာပေါ်ကို ပြင်းထန်တဲ့ ရိုက်ချက်တစ်ချက် ချလိုက်တဲ့ အခါမှာတော့ သူ့ပါးစပ်ကြီးဟာပြီးတော့ သူရဲ့ ကိုယ်ခန္ဓာတစ်ခုလုံးက အဝေးကို လွင့် ထွက်သွားပါတယ်။

ဒီလိုအပျော်အပါးမက်တဲ့ သခင်လေးဆိုတဲ့သူအတွက်တော့ ဘာမှ ကောင်းကောင်းမွန်မွန် ပြောနေလို့လဲမထူးပါဘူး။

``မင်းငါ့ကိုထပ်ရိုက်တယ်``

ဂျင်ပူချန်က မြေကြီးကို ကုတ်ခြစ်ပြီးထလာပါတယ်။ သူ ဒေါသတွေအပြင်းအထန် ပေါက်ကွဲနေပါတယ်။

တစ်ရက်အတွင်းမှာပဲ သူက လင်းဟန် နှစ်ခါရိုက်တာကို ခံလိုက်ရပါတယ်။ သူက ဂျင်ကလန်ရဲ့ ခြောက်ယောက်မြောက် သခင်လေးဖြစ်ပြီးတော့ ဘယ်အချိန်တုန်းက ဒီလိုမျိုး ဆက်ဆံခံရလိုက်ရတာလဲ။

``တကယ်လို့ မင်းနောက်ထပ် သုံးကြိမ်မြောက် အရိုက်မခံချင်ဘူးဆိုယင် ထွက်သွားစမ်း``

လင်းဟန်က သူ့လက်ကိုမြှောက်လိုက်ပါတယ်။

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ...မင်းအသက်ရှင်နေရတာ ပျင်းနေပြီနဲ့တူတယ်``

ဂျင်ပူချန်ရဲ့မျက်လုံးထဲမှာ မီးတွေတောက်နေပြီးတော့ သူက အစောင့်တွေကိုပြောလိုက်ပါတယ်။

``မင်းတို့အားလုံးမြင်တယ်မဟုတ်လား... ဒီကောင်က နံပါတ်လေးမင်းသားရဲ့ ဧည့်သည်ကို တကယ်ပဲ ရိုက်နက်ရဲတယ် ဘာလို့သူ့ကို မဖမ်းသေးတာလဲ``

ဒီကောင်က တကယ်

ငတုံးမဟုတ်ဘူးပဲ။အခြေအနေအပေါ် မူတည်ပြီးတော့ ဘယ်လို အမြတ်ထုတ်ရမလဲဆိုတာကို ကောင်းကောင်းသိတယ်။

``သခင်လေးလင်း... ကျနော်တို့နဲ့ ကျေးဇူးပြုပြီးတော့ ပူးပေါင်းပေးပါ...သင်ကျနော်တို့နဲ့ အတူလိုက်ခဲ့ပါ``

အစောင့်တစ်ယောက် ကအရှေ့ကို ထွက်လာပီးပြောလိုက်ပါတယ်။

သူတို့အားလုံးက ဂျင်ကလန်ရဲ့ ခြောက်ယောက်မြောက် သခင်လေးက အပျော်အပါး မက်ပြီးတော့ မြို့ထဲက လူတွေက သူ့ကို အကြိမ်တစ်ရာမက မကြိုက်နှစ်သက်ဘူးဆိုတာကို သိပေမဲ့လည်း ဒါက နံပါတ်လေးမင်းသားရဲ့ အိမ်တော်ပါ။ ဒီနေရာမှာ တခြားသူတွေကို ရိုင်းပျစော်ကားတာတွေ လုပ်ဖို့တော့ ခွင့်မပြုနိုင်ပါဘူး။

ဂျင်ပူချန်က သူ့ရဲ့ ပါးနပ်လိမ္မာမှုအတွက် သူ့ကိုယ်သူ ဂုဏ်ယူနေပါတယ်။

``ဟေ့ အဲဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ``

မဟာဆန်တဲ့အဂတ်အစားတွေကို ဆင်မြန်းထားတဲ့ မိန်းမပျိုလေးတစ်ယောက်က လက်ကို နောက်မှာပစ်ထားပြီးတော့ ထွက်လာခဲ့ပါတယ်။ သူမရဲ့ မျက်နှာကတော့ ဉာဏ်နီ ဉာဏ်နက်များတဲ့ပုံစံပါပဲ။

သူမကတော့ ချီကျန်းထျန်းပါ။

အစောင့်တွေအားလုံးက လျင်မြန်စွာနဲ့ပဲ အလေးပြုလိုက်ကြပါတယ်။

``နံပါတ် ၇ မင်းသမီးကို နှုတ်ဆက်ပါတယ်``

``ထေတော့``

မိန်းမပျိုလေးက သူမရဲ့ လက်ကိုမြှောက်ပီးတော့ ရင့်ကျက်တဲ့အမူအရာနဲ့ ရှိနေပါတယ်။ သူမက လင်းဟန်ကိုကြည့်လိုက်တဲ့အခါမှာ သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတွေကို တမင်သက်သက် ဖြစ်ပေါ်စေပြီးတော့ ပြောလိုက်ပါတယ်။

``နင်ဘာလို့ အခုထိအပြင်ဘက်မှာရပ်နေတာတုန်း``

လင်းဟန် အခုတော့ အားလုံးကို နားလည်သွားခဲ့ပါပြီ။ ဒီမိန်းကလေးက သူ့ကို တမင်သတ်သတ် ဖိတ်စာမပေးပဲနဲ့ ဖျော်ဖြေပွဲကောင်းကောင်းကြည့်ဖို့အတွက် လုပ်သွားတာပဲ။ သူမက အစောကြီးကတည်းက တံခါးအနားမှာစောင့်နေပြီးတော့ လင်းဟန်နဲ့ ဂျင်ပူချန်ကြားက အချေအတင်ဖြစ်နေတာကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ရပါတယ်။

သူမအနေနဲ့အစောကြီးကတည်းက ထွက်လာပြီးတော့ တားလို့ရပေမဲ့လည်း အခုမှသာ ထွက်လာခဲ့တာပါ။ ဒါကိုကြည့်ခြင်းဖြင့် ဒီမိန်းကလေးက ကမ္ဘာကြီး ဖရိုဖရဲဖြစ်တာကို မြင်ချင်တဲ့ လူစားမျိုးပဲဖြစ်နိုင်ပါတယ်။

သူတို့အားလုံး သူမပြောတဲ့စကားကိုကြားရတဲ့အခါမှာတော့ အစောင့်တွေအားလုံးက လင်းဟန်က ဒီညရဲ့ ဧည့်သည်တစ်ယောက်ဆိုတာကို သတိပြုမိသွားကြပါတယ်။ သူတို့အနေနဲ့ မင်းသမီးကိုယ်တိုင်က ပြောဆိုလိုက်တဲ့အတွက် ဘာကြောင့် သူက ဖိတ်စာ မပါလာသလဲဆိုတာကို မေးမြန်းစုံစမ်းစရာမလိုတော့ပါဘူး။ သူတို့အနေနဲ့ လင်းဟန်ကို ဖမ်းဆီးစစ်မေးလို့လဲ မလုပ်နိုင်တော့ပါဘူး။

``သခင်လေးလင်း ကျနော်တို့ရဲ့ အပြုအမူတွေအတွက် တောင်းပန်ပါတယ်``

အစောင့်တွေအားလုံးက လင်းဟန်ကိုပြောလိုက်ကြပါတယ်။

လင်းဟန်ကတော့ ချီကျန်းထျန်ကို ခက်ထန်တဲ့အကြည့်နဲ့ စူးစိုက်ကြည့်ပေမဲ့ သူမကတော့ ဘာကိုမှ မကြောက်တဲ့ပုံစံနဲ့ပါ။ သူမက လင်းဟန်ကို လျှာထုတ်ပြောင်ပြလိုက်ပီးတော့ လျှင်မြန်စွာနဲ့ လှီယုထန်ရဲ့ဘေးကို ပြေးသွားခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``ဟါး........ အစ်မကြီး က အရမ်းကို လှပချောမောတာပဲ``

တစ်ဖက်က ဂျင်ပူချန်ကတော့ သေချင်စိတ်ပေါက်သွားခဲ့ပါတယ်။ ခုပုံစံအတိုင်းဆိုယင် သူ့အနေနဲ့ တမင်သတ်သတ် ပြဿနာရှာတဲ့လူဆိုးတစ်ယောက်ဖြစ်သွားပြီးတော့ ကိုယ့်ဘာသာကို အရှက်ခွဲလိုက်သလိုပါပဲ။ သူ့ရဲ့ မျက်လုံးတွေက လင်းဟန်အပေါ်ကို စူးစိုက်ကြည့်ပြီးတော့ တွေးလိုက်ပါတယ်။ လင်းဟန်အနေနဲ့ ချီကျန်းထျန်ကို သူမရဲ့ စွမ်းအားနဲ့ လွှမ်းမိုးနိုင်မှုတွေကြောင့် ဖက်တွယ်ထားတာပဲဖြစ်ရမယ်။ ပြီးတော့ သူ့ဘေးမှာ

ဒီလောက် ခြွင်းချက်မရှိ လှပတဲ့ မိန်းကလေးရှိနေတာကိုပါ သတိရသွားပြီးတော့ သူထင်လိုက်တာက လင်းဟန်က မိန်းမတွေနဲ့ပါတ်သတ်လာယင် ဆရာကြီးပဲ... သူ့အနေနဲ့ မိန်းကလေးတွေကို ဘယ်လိုစိတ်ကျေနပ်ပျော်ရွှင်အောင် လုပ်ပေးရမလဲဆိုတဲ့နေရာမှာ တကယ့် ပရော်ဖက်ရှင်နယ်တစ်ယောက်လို့ ထင်လိုက်ပါတယ်။

သူ့ရဲ့ ခေါင်းထဲမှာ လင်းဟန်ကို ဘယ်လိုသတ်ပစ်ရမလဲဆိုတဲ့ အတွေးတွေ ပြေးလွှားစဉ်းစားနေပါတယ်။

ပြီးတဲ့နောက်မှာတော့ သူက လင်းဟန်ဆီကို လျှောက်သွားလိုက်ပါတယ်။ ပြီးတော့ သူက လင်းဟန်ကိုပြောလိုက်ပါတယ်။

``မင်းအခုငါနဲ့ ငြိမ်းချမ်းရေးလိုချင်နေပြီမဟုတ်လား? ဒါကအရမ်းကိုနောက်ကျသွားပြီ.. ငါလုံးဂ........```

``ဖြန်း``

သူနောက်ထပ်တစ်ချက် အရိုက်ခံလိုက်ရပီးတော့ လုံးဂ မှင်တက်သွားပါတယ်။

သူက ဂျင်ကလန်ရဲ့ခြောက်ယောက်မြောက်သခင်လေးက အခုလိုလူမြင်ကွင်းမှာ ပါးရိုက်ခံလိုက်ရတာက ဘယ်လောက်တောင်ရှက်စရာကောင်းပြီးတော့ အစော်ကားခံလိုက်ရတာမျိုးလဲ?

ပြီးတော့ သူတို့ပါတ်လည်မှာ ချီကျန်းထျန်... အစောင့်တွေ နဲ့ အဆက်မပြတ်ရောက်လာတဲ့ ဧည့်သည်တွေရှိနေပြီးတော့ သူတို့အားလုံးက ဒီမြင်ကွင်းကို မလွတ်စတမ်း မြင်လိုက်ကြပါတယ်။

တကယ်လို့ လူငယ်မျိုးဆက်တွေကြားမှာ အချေအတင်ပြဿနာဖြစ်တယ်ဆိုယင် ဒါက ကောင်းပါတယ် ပြီးတော့ သာမာန်ကိစ္စပါပဲ။ ဘယ်ကလန်ရဲ့ လူကြီးတွေကမှ ဒီအတွက်ကြောင့် ဘာမှမလှုပ်ရှားကြပါဘူး။ ဒါပေမဲ့ တကယ်လို့ တစ်စုံတစ်ယောက်ကို မင်းက ရိုက်ပုတ်မယ်ဆိုယင် ဘယ်တော့မှ မျက်နှာကို မရွယ်ပါနဲ့။ ဒါက ဂျင်ပူချန်တစ်ယောက်တည်း အရှက်စေယုံသာမက သူရဲ့နောက်က ဂျင်ကလန်အတွက်ပါ ကသိကအောက်ဖြစ်စေပါတယ်။

ပထမမင်းသားနဲ့ နံပါတ်လေးမင်းသားတောင်မှ ဂျင်ပူချန်ကို ပါးမရိုက်ရဲပါဘူး.. ဒီနောက်ပေါက်က

တကယ်အရမ်းကြီးလွန်ပြီးတော့ ငတုံးလိုလို အရူးလိုလို မလုပ်ခဲ့ဖူးဆိုယင်ပေါ့။

လင်းဟန်က ဒီလိုမျိုးလုပ်လိမ့်မယ်လို့ ဘယ်သူက ထင်မှာလဲ။

အပိုင်း(၆၇) အမြင့်မှာ ထိုင်ခြင်း

လင်းဟန်က ဥပဒေသရိုးရိုးလေးနဲ့ လူတစ်ယောက်ပဲဖြစ်ပါတယ်။ တကယ်လို့ သင့်က သူကို စိတ်အနှောက်အယှက် ဖြစ်အောင်မလုပ်ဘူးဆိုယင် လင်းဟန်ကလဲ သင့်ကို စိတ်အနှောက်အယှက်ဖြစ်အောင်လုပ်မှာမဟုတ်ပါဘူး။ဒါပေမဲ့ သင်က ညစ်ပါတ်စွာနဲ့ လုပ်ကြံမယ်ဆိုယင်တော့ လင်းဟန်ရဲ့ ဒေါသကို ခံစားရဖို့အတွက် ကောင်းကောင်းပြင်ဆင်ထားဖို့လိုပါလိမ့်မယ်။

``မင်းက ကြိမ်ဖန်များစွာ ငါ့ကို ညစ်ပါတ်ပြီး လုပ်ခဲ့တယ်။ မင်းက ငါ့ကို လွယ်ကူတဲ့ ပစ်မှတ်လို့ ထင်နေတာလား?``

လင်းဟန်က အေးစက်စွာနဲ့ပြောလိုက်ပါတယ်။

ဂျင်ပူချန် တကယ့်ကို မျက်ရည်ကျလုမတတ်ခံစားလိုက်ရပါတယ်။

ညနေတုန်းက သူပဲ အပြင်ဘက်ကို လွှင့်ထွက်သွားခြင်းခံရတယ်။ အခုရော သူပဲ ပါးရိုက်ခံခဲ့ရတယ်။ သူကအမြဲတမ်း အရှုံးတွေချည်းပါပဲ။

``မင်းအနေနဲ့ အခုချိန်မှာတော့ ဂုဏ်ယူဂင့်ကြွားနိုင်မှာပေ့ါ.... ဒါပေမဲ့ ငါ့အကို လာတဲ့အခါကျယင်တော့ မင်းခံစားသွားစေရလိမ့်မယ်``

ဂျင်ပူချန်က ပြင်းထန်စွာပြောလိုက်ပါတယ်။ သူ့အကိုက သူ့အတွက်လုံးဝ လက်စားချေပေးလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

``ဖြန်း ဖြန်း ဖြန်း``

လင်းဟန်က သူ့ကို သုံးလေးချက်ဆင့်ပြီး ရိုက်လိုက်ပါတယ်။ သူ့အနေနဲ့ ဂျင်ပူချန်ရဲ့ ပြင်းထန်သော ခြိမ်းခြောက်မှုကို စိတ်ထဲတောင်မထားပါဘူး။

``ငါစောင့်နေမယ်``

ဒီနောက်ဆုံစကားလုံးတွေကိုပြောပြီးတော့ လင်းဟန်...

လွှိုယုထန်နဲ့ ချီကျန်းထျန် တို့က မင်းသားရဲ့အိမ်တော်ထဲကို အတူတကွ ဝင်သွားကြပါတယ်။

``နင်က ငါ့ထက်တောင်မှ ပြဿနာရှာတဲ့ လူဖြစ်နေပါ့လား``

မင်းသမီး ၇ ကပြောလိုက်ပါတယ်။

``နင်အခုတကယ့် အခ္တရာယ်ဖြစ်နေပြီ.. ဒီကောင်က ဂျင်ကလန်ကပဲ.. သူကိုယ်တိုင်က ဘယ်လိုမှ လေးစားစရာမကောင်းပေမဲ့ သူ့အကိုက ဂျင်ပူကျိပဲလေ...ဂျင်ပူကျိက ဘယ်လောက် စွမ်းအားကြီးတယ်ဆိုတာ ငါနင့်ကို မပြောခဲ့ဖူးလား.. ဒါတောင်မှ နင်က သူ့ကို ရန်စရဲသေးတယ်နော်``

လင်းဟာန်က သူမရဲ့ခေါင်းကို ဖြေးဖြေးလေးရိုက်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းမှာ မကောင်းဆိုးဝါးစိတ်ဆန္ဒရှိလို့မနေပဲနဲ့ ငါ့ကို ဖိတ်စာပေးဖို့ မမေ့ခဲ့ဘူးဆိုယင် ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး များပြားတဲ့ ပြဿနာတွေ ဖြစ်လာမှာလဲ?``

``ဘယ်လို ...မကောင်းဆိုးဝါးဆန္ဒဟုတ်လား... နင်က အပြစ်ကင်းတဲ့သူကို မှားပြီး အပြစ်တင်နေပြီနော်``

ချီကျန်းထျန်က သူမရဲ့ခေါင်းကိုလျှင်မြန်စွာနဲ့ ခါလိုက်ပါတယ် သူမကိုကြည့်ရတာ ဘာအပြစ်မှမလုပ်ထားတဲ့ပုံစံနဲ့တူပါတယ်။ သူမအနေနဲ့ ဒီလိုမျိုးအပြစ်လုပ်ထားတယ်ဆို တာကို လုံးဝ ဝန်ခံမှာမဟုတ်ပါဘူး။

``ငါက မေ့သွားတာပါ မေ့သွားယုံပါ... အိုကေ?``

``အစ်မကြီးလွို... နင်ငါပြောတာကို သဘောမတူဘူးလား?``

သူမက လွှိယုထန်ကို ကလေးဆိုးလေးတစ်ယောက်လို ပြုမူပြီးတော့ ပြောလိုက်ပါတယ်။

လွှိယုထန်က သူမရဲ့အေးစက်စက်အပြုအမူကို ဆက်ပြီးထိန်းထားခဲ့တဲ့အခါမှာ ချီကျန်းထျန်ရဲ့ မျက်ခုံးတွေ ပင့်သွားပါတယ်။ သူမအနေနဲ့ ဒီအစ်မကြီးက လုံးဝကိုပဲ တစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အေးစက်တဲ့သူလို့ ခံစားရပါတယ်။

သူတို့သုံးယောက်က အဓိက ခန်းမကြီးဆီကို ရောက်လာခဲ့ပါတယ်။ ခန်းမထဲမှာ စားပွဲပေါင်း တစ်ရာနီးပါးခန့်ရှိပါတယ်။ ဒါပေမဲ့ စားပွဲခုံတွေက ဘဲဥပုံစံလို ဝိုင်းစက်နေတဲ့ စားပွဲတွေမဟုတ်ပဲနဲ့ ရှည်လျားတဲ့စားပွဲတွေဖြစ်ပြီး တကယ်လို့ သင်သာ အဖော်ခေါ်လာခဲ့မယ်ဆိုယင် မျက်နှာချင်းဆိုင်ထိုင်လို့ရအောင် စီစဉ်ထားတဲ့ပုံစံမျိုးပါ။

ဒီစားပွဲခုံတွေကို အတန်းတစ်ခုမှာ စားပွဲခုံငါးခု စီထားပြီး ခန်းမကြီးရဲ့ တံခါးကနေစပြီး တော့ ဟိုးအထဲအထိပါ။ မင်းရဲ့စားပွဲခုံက ဟိုးအထဲကိုရောက်လေ မင်းရဲ့ အဆင့်က မြင့်မားလေပါပဲ။ လက်ရှိမှာတော့ စားပွဲခုံအများအပြားမှာ လူတွေထိုင်နေကြပါတယ်။ပထမတန်းမှာ ခုံအလွတ်တွေနဲ့ ဆယ်တန်းမြောက်မှာ ခုံအလွတ်တွေပဲ ကျန်ပါတော့တယ်။

``နေရာတစ်ခုရှာပြီး ထိုင်ကြပါ``

ချီကျန်းထျန်ကပြောလိုက်ပါတယ်။သူမရဲ့ နှုတ်ခမ်းဒေါင့်စွန်းတွေက အနည်းငယ်မြင့်တက်သွားပြီးတော့ ဉာဏ်နီဉာဏ်နက်များတဲ့အပြုံးလိုမျိုးပါပဲ။ သူမက လင်းဟာန်ကို ခက်ခဲတဲ့ပြဿနာ တစ်ခုကိုပေးလိုက်ပီးတော့

ဒီလူက ဘယ်နေရာကို ရွေးပြီး ထိုင်မလဲဆိုတာကို မြင်ချင်ပါတယ်။

ဒါက ခက်ခဲပါတယ် ဘာလို့လဲဆိုတော့ ရှေ့ဆုံးနေရာမှာ ခုံအလွတ်တစ်ခုပဲကျန်ပါတော့တယ် ဒါပေမဲ့ ဒါက ပထမတန်းပါ ပြီးတော့ လူငယ်မျိုးဆက်ရဲ့ အသန်မာဆုံးက အဲဒီနေရာမှာ ထိုင်နေပါတယ်။ လင်းဟန်ရဲ့ ကျင့်စဉ်အဆင့်က အဲဒီအဆင့်နဲ့ဆိုယင် အရမ်းကို ဝေးကွာနေပါသေးတယ်။

ဒါပေမဲ့ တကယ်လို့ လင်းဟန်သာ ရိုရိုကျိုးကျိုးနဲ့ အနောက်မှာသွား ထိုင်ခဲ့မယ်ဆိုယင် ဒါက သူ့အနေနဲ့ မြင့်မားတဲ့ ရည်မှန်းချက် မရှိတာကိုဖော်ပြပြီးတော့ လွယ်ကူစွာနဲ့ အရှုံးပေးပါလိမ့်မယ်။

လင်းဟန်အနေနဲ့ ဒီလိုပဟာလေးကို ခက်ခဲတဲ့ ပြဿနာလို့ မသတ်မှတ်ထားပါဘူး။ သူက ခေါင်းငြိမ့်ပြီးတော့ ဘာမှတွေးနေစရာမလိုပဲ ပထမတန်းဆီကို ဦးတည်သွားလိုက်ပါတယ်။

သူ့အနေနဲ့ အတိတ်ဘဂတုန်းက အောင်မြင်မှုကို စွန့်ပယ်လိုက်ပေမဲ့လည်း သူမှာ လက်ရွေးစင်စစ်သည်တော်တစ်ယောက်ရဲ့ နှလုံးသား

ပိုင်ဆိုင်နေပါသေးတယ်။

ပထမတန်းနေရာမှာ ခုံအလွတ်ရှိနေမှတော့ သူက အဲဒီနေရာမှာထိုင်ဖို့ကို ရွေးချယ်လိုက်ပါတယ်။

ချီကျန်းထျန်က သူမရဲ့ လျှာကိုထုတ်လိုက်ပြီးတော့ ကြည့်ရတာ မကြာခင်မှာ ကောင်းမွန်တဲ့ ဖျော်ဖြေပွဲတစ်ခုကို ကြည့်ရပါတော့မယ်။ ဒါပေမဲ့ သူမရဲ့ အကန့်အသတ်ကို အရမ်းကြီး ဘောင်ကျော်အောင်မလုပ်ခဲ့ပါဘူး။ သူမက အစေခံတစ်ယောက်ကို လျှင်မြန်စွာ အမိန့်ပေးပြီးတော့ ကောင်းကင်ဆေးအိမ်တော် ကိုသွားပြီး ကျန်းဂေရှမ်းကို သတင်းပေးဖို့စေလွှတ်လိုက်ပါတယ်။ တကယ်လို့ ကိုင်တွယ်ဖြေရှင်းရခက်ခဲတဲ့ ပြဿနာတွေ ဖြစ်ပေါ်လာခဲ့မယ်ဆိုယင် ၎င်းက လွယ်ကူစွာနဲ့ ပြီးဆုံးသွားမှာမဟုတ်ပါဘူး။

``အမ်?``

``ချီး``

``အာ```

လင်းဟန်အနေနဲ့ အရှေ့ကိုဦးတည်ပြီးသွားတာကိုမြင်ရတော့ တစ်ခြား ထိုင်ခုံတွေမှာ နေရာယူပြီး ထိုင်နေကြတဲ့ လူတွေရဲ့မျက်နှာက အံ့အားသင့်တဲ့အမူအရာတွေ ဖြစ်ကုန်ပါတယ်။ သူတို့အားလုံးတွေးလိုက်တာက တူညီပါတယ်။

``ဒီကောင်က ဘယ်သူလဲ? ကြည့်ရတာ သူက အရှေ့ဆုံးတန်းမှာ ထိုင်ဖို့ သွားနေတာပဲ``

ဒါပေမဲ့ ပထမတန်းက ခုံးငါးခုမှာ လေးခုံက တော့ နေရာမလွတ်တော့ပါဘူး။ နောက်ဆုံးကျန်တဲ့ ခုံနေရာက အမှန်တကယ်တော့ ပိုင်ရှင်ရှိပါတယ်။ သူက အခုချိန်ထိ မရောက်လာသေးတာပဲဖြစ်ပါတယ်။

ငှင်းခုံနေရာပိုင်ရှင်က ဂျင်ပူကျိ......

ဒီကောင်က တကယ့်ကို ငတုံးတစ်ကောင်ပဲလား...သူက ဂျင်ပူကျိရဲ့ ခုံနေရာကို လုယူရဲတယ်။

``စိတ်ဂင်စားစရာပဲ``

ပထမတန်းမှာ အယင်ဆုံးထိုင်နေကြတဲ့

လူလေးယောက်စလုံးက ပြုံးလိုက်ပါတယ်။တစ်ချို့က သရော်ပြုံး.. တစ်ချို့က သိချင်စိတ်ပြင်းပြနေတဲ့ အပြုံးမျိုး.. အံ့သြစရာကောင်းအောင်ပဲ ဒီကောင်က ဘယ်လောက်တောင် ရှုးပြီးတော့ မာနကြီးလိုက်သလဲ ..

ဒါပေမဲ့လည်း မကြာခင်မှာ သူတို့ရဲ့ အကြည့်တွေက လို့ယုထန်ဆီကို စူးစိုက်ကြည့်ကုန်ကြပါတယ်။ ဒီမိန်းကလေးက တကယ့်ကို အရမ်းချောမောလွန်းတယ်။ သူမကိုကြည့်ရတာ အနည်းငယ်အေးစက်စက်ပုံစံပေါက်နေပေမဲ့ ဒါကလဲ သူမရဲ့ ပင်ကိုစရိုက်ပဲဖြစ်မှာပါ။ ဒ့ါအပြင် သူမက အရမ်းကို သန်မာတယ်။

ကြည့်ရတာ သူမက ဆရာသခင်ဖြစ်ပြီးတော့ သူမရဲ့အရှေ့က ဒီကောင်ကတော့ သူမရဲ့ နောက်လိုက်ဖြစ်နိုင်ပါတယ်။

``Pfff``

သူတို့လေးယောက်စလုံး ချောင်းဆိုးကုန်ပါတယ်။ ဘာလို့လဲဆိုတော့ လင်းဟန်က ရဲပွဲ့စွာ နဲ့ထိုင်ချလိုက်ပီးတော့ လို့ယုထန်က သူ့ရဲ့တစ်ဖက်မှာ ထိုင်လိုက်တာကို မြင်လိုက်ရလို့ပဲဖြစ်ပါတယ်။ဒါဆိုယင် ဘယ်သူက

ဆရာသခင်ဖြစ်ပြီးတော့ ဘယ်သူက နောက်လိုက်လဲဆိုတာကို လွယ်ကူစွာနဲ့ မြင်နိုင်ပါပြီ။

ဒါက တကယ့်ကို မယုံကြည်နိုင်စရာပါပဲ.... ဒီလိုမျိုး ခြွင်းချက်မရှိအောင် လှပချောမောပြီး တော့ အရမ်းကို စွမ်းအားကြီးတဲ့ မိန်းမပျိုက ဒီကောင်ရဲ့ တစ်ဖက် မှာ ထိုင်ခဲ့တယ်... သူက ဘယ်သူများပါလိမ့်

သူက အချို့ အင်အားကြီးကလန်ရဲ့ အမွေဆက်ခံသူဖြစ်နိုင်တယ်။ အဲဒီလိုမှမဟုတ်ယင် သူက ဂျင်ပူကျိရဲ့ ထိုင်ခုံကို ယူပုံမှာမဟုတ်ဘူး။

``ဟားဟားဟား ငါက အားလုံးကို စောင့်စေမိသွားတယ်``

ရုတ်တရက်ဆိုသလိုပဲ ရှင်းလင်းပြတ်သားတဲ့ ရီသံတစ်ခုကို အားလုံးကြားလိုက်ရပြီးတော့ ပင်မခန်းမကြီးရဲ့ တံခါးဆီကို အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး လူတစ်ယောက်ဝင်လာခဲ့ပါတယ်။ သူက ရှင်ဘုရင်တပါးလိုမျက်နှာနဲ့ ခန့်ညားထည်ဝါစွာ လျှောက်လာခဲ့ပါတယ်။

``နုတ်ဆက်ပါတယ်... နံပါတ်လေးမင်းသား``

အားလုံးက သူတို့ရဲ့ ထိုင်ခုံကနေ မတ်တပ်ထရပ်လိုက်ကြပါတယ်။ ဒီညှော်ခံပွဲကိုလာတဲ့ သူတွေအားလုံးက သူတို့ရဲ့နေရာကနေ ရပ်ပြီးတော့ အရိုအသေပေးလိုက်ကြပါတယ်။

နံပါတ်လေးမင်းသား မှာ ကိုယ်ပိုင် စားပွဲခုံရှိပါတယ် အဲဒါက အားလုံးရဲ့ ထိပ်ဆုံးမှာပါ။

``ထိုင်ပါ အားလုံးပဲ ကျေးဇူးပြုပြီးတော့ ထိုင်ကြပါ``

နံပါတ်လေးမင်းသား ချီယောင်ရီ ရဲ့မျက်လုံးက ညှော့သည်အားလုံးအပေါ်ကို ပေ့ကြည့်လိုက်တဲ့နောက်မှာ ပထမတန်းမှာ မရင်းနှီးတဲ့ မျက်နှာတစ်ခုကို တွေ့လိုက်ရပြီးတော့ လန့်ဖျပ်သွားပါတယ်။ဒါက ဘယ်သူဖြစ်နိုင်သလဲ.. ဘာလို့ ဂျင်ပုကျိုရဲ့ ထိုင်ခုံကိုယူထားတာလဲ?

ဒါပေမဲ့ သူရဲ့အ ကြည့်က လှီယုထန်ဆီကိုရောက်သွားတဲ့အခါမှာတော့ သူ့ရဲ့နှလုံးသားတွေ နိုးကြားလာပါတယ်။

သူကလဲပဲ ဟွာယန်အကယ်ဒမီကဖြစ်ပြီးတော့ လှီယုထန်က

လှီကလန်ရဲ့ တော်ဝင် သမီး တစ်ယောက်ဖြစ်တယ်ဆိုတာကို သိထားပါတယ်။ သူမက လင်းဟန်ရဲဘေးနားမှာ အမှန်တကယ်ပဲ ထိုင်နေပါတယ်။

``ဒါ.. ဒါ.. ဒါ.``

ချီယောင်ရီက အကြီးအကျယ်ကို အံ့အားသင့်သွားပါတယ်။

ဒါပေမဲ့ သူက နံပါတ်လေးမင်းသားဖြစ်တဲ့အတွက် အရမ်းကို လိမ္မာပါးနပ်ပါတယ်.။သူ့ရဲ့ မျက်နှာအမူအရာက မပြောင်းလဲပါဘူး.. သူ့ရဲ့ အကြည့်တွေကတော့ လှီယုထန်ရဲ့ ပုံရိပ် ပေါ်မှာ အချိန်အနည်းငယ်ကြာခဲ့ပါတယ်။ ဒါကလဲ အံ့သြစရာတော့မဟုတ်ဘူး. သူမက အရမ်းကိုချောမောပြီးတော့ ဘယ်ယောကျ်ားမဆို အချိန်အတော်ကြာအောင် သူမကို စိုက်ကြည့်နေမိကြမှာပါ။

``ငါမင်းကို မိတ်ဆက်ပေးပါရစေ``

ချီယောင်ရီက တည်ငြိမ်ပြီး တော်ဝင်နန်းဆန်တဲ့ အပြုံးကို ဖော်ထုတ်လိုက်ပါတယ်။

သူက ပထမတန်းဘယ်ဘက်က ပထမခုံမှာထိုင်နေတဲ့

ပထမလူတစ်ယောက်ကို ညွှန်ပြလိုက်ပါတယ်။

``ဒါက လီဒေါင်ယွဲ့..အကိုလီ... သူက ကျောက်တုံးဂံပုလွေဂိုဏ်းက ဂိုဏ်းခေါင်းဆောင်ကိုယ်တိုင် သင်ကြားပေးခြင်းခံရတဲ့ တပည့်ဖြစ်တယ်.. အကိုလီ.. ဒါက အချိန်တော်တော်ကြာခဲ့ပြီ... မင်း နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားခဲ့ပြီ ဟုတ်တယ်မလား?``

လီဒေါင်ယွဲ့ က ဟက်ဟက်ပက်ပက်ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``နံပါတ်လေးမင်းသား ကျနော်ကို မနောက်ပါနဲ့..မင်းသားကိုယ်တိုင် နွေဦးစမ်းရေအဆင့်ကို မချိုးဖျက်နိုင်သေးဘူးဆိုယင် ကျနော်ကရော ဒီလိုအဆင့်မှီဖို့ ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ?``

``အကိုလီက အရမ်းကို နှိမ့်ချတတ်တာပဲ``

ချီယောင်ရီ က ဒုတိယတစ်ယောက်ကိုညွှန်ပြပြီးတော့

``ဒါက ပိုင်လီထျန်ယွမ်....ပိုင်လီဂိုဏ်းခေါင်းဆောင်ရဲ့ သားပဲဖြစ်ပါတယ်``

ပိုင်လီထျန်းယွမ်ကိုကြည့်ရတာ အရမ်းကိုငယ်ရွယ်လွန်းပါတယ်။ သူ့ကိုကြည့်ရတာ ၁၇ နှစ်သို့မဟုတ် ၁၈ နှစ်ပဲရှိပါဦးမယ်။သူက အနည်းငယ်အေးစက်ပါတယ်။ သူက ပေါ့ပေါ့ပါးပါးပဲ နှုတ်ဆက်လိုက်ပါတယ်။

``အင်း``

ချီယောင်ရီက ဒါကို နှလုံးသားထဲမထားပါဘူး ဆက်ပြီးတော့ မိတ်ဆက်ပေးလိုက်ပါတယ်။

``နောက်တစ်ယောက်က ရှကျောင်းဝွမ်..အကို ရှ.. သူက ဖုယန်မြို့ကလာခဲ့တယ်။ ပြီးတော့ အသက်၁၈ နှစ်ပဲရှိသေးတယ် သူက အယင်ဒုယွန်ပြိုင်ပွဲမှာ ဝင်ရောက်မပြိုင်ခဲ့ဘူး ဒါပေမဲ့ သူက ဒီပြိုင်ပွဲမှာ ထူးချွန်ပြောင်မြောက်တဲ့ ပါရမီကို ပြသ လိမ့်မယ်ဆိုတာကို`ငါ လုံးဝယုံကြည်တယ်`

``ဒါက လွီယု..အကိုလွီ... အကိုရှလိုပဲ သူလည်းအသက် ၁၈ နှစ်ပဲရှိသေးတယ် ပြီးတော့ ငါအနေနဲ့ သူ့ရဲ့ လာမဲ့ စွမ်းဆောင်ရည်အပေါ်မှာ အရမ်းကို ယုံကြည်မှုရှိတယ်``

``ပြီးတော့ ..နောက်ဆုံး....``

ချီယောင်ရီရဲ့ စူးစိုက်ကြည့်ခြင်းက လင်းဟန်ရဲ့ ပုံရိပ်အပေါ်မှာရပ်တန့်သွားခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ စကားလုံးတွေကလဲ ရပ်သွားခဲ့ပါတယ်။ သူဆက်ပြီးတော့ မပြောနိုင်တော့ပါဘူး ဘာလို့လဲဆိုတော့ ဘယ်လိုဆက်ပြောရမယ်ဆိုတာကို သူမသိတော့လို့ပါ။ ဒါပေမဲ့လည်း သူ့အနေနဲ့ အနည်းငယ်မျှ ကိုရိုးကားယား ဖြစ်မသွားခဲ့ပါဘူး အဲဒီအစား သူက ပြုံးပြီးတော့ လင်းဟန်ကို ကြည့်လိုက်ပါတယ်။ လင်းဟန်ကိုယ်တိုင် မိတ်ဆက်တာကိုစောင့်နေတာပါ.။

သူ့အနေနဲ့ လင်းဟန်က မည်သူမည်ဂါဖြစ်သည်ဆိုတာကို သူကိုယ်တိုင်လည်း သိချင်စိတ်ပြင်းပြနေတယ်ဆိုတာကို ဂန်ခံရပါမယ်။လွီကလန်ရဲ့ တော်ဂင်သမီးကို သူ့ရဲ့ဘေးမှာ အမှုထမ်းစေနိုင်တဲ့သူက ဘယ်လိုလူမျိုးလဲဆိုတာကို သိချင်နေပါတယ်။

အပိုင်း(၆၁) ပထမ မင်းသားရောက်လာခြင်း

``ငါ့နာမည်လင်းဟန်"

လင်းဟန်က မတ်တပ်ထရပ်ပြီးတော့

ထူးဆန်းတဲ့အပြုံးနဲ့ပြောလိုက်ပီးတာနဲ့ ပြန်ထိုင်ချလိုက်ပါတယ်။

ဒါအကုန်ပဲလား?

လင်းကလန်.... ဒါက ဘယ်လို ကလန်ကြီးတစ်ခုပါလိမ့်။

လူတိုင်းလူတိုင်းက အရမ်းကို စူးစမ်းသိချင်စိတ်ပြင်းပြနေပါတယ်။ အင်ပါယာမြို့ရဲ့ အင်အားကြီးကလန် ၈ ခုထဲမှာ လင်းကလန်ဆိုတာ မရှိပါဘူး။ ဖြစ်နိုင်တာက လင်းကလန်ဆိုတာ တစ်ခြားမြို့က အင်အားကြီးကလန်တစ်ခုများလား?ဒါက ဖြစ်နိုင်ချေ ရှိတယ် ဘာလို့လဲဆိုတော့ မိုးရေနိုင်ငံအတွင်းမှာ မြို့ကြီး ၃၆ မြို့တောင်ရှိတယ်။ ဒါကြောင့် တစ်နိုင်ငံလုံးမှာဆိုယင် အင်အားကြီးကလန်တွေက အရေအတွက် တစ်ရာကျော်လောက်ရှိပြီးတော့ သူတို့အနေနဲ့ အားလုံးကိုတော့ ဘယ်လိုလုပ်ပြီးတော့ သိနေနိုင်မှာလဲ?

ဒါပေမဲ့လည်း ပိုပြီးအံ့အားသင့်နေတဲ့သူကတော့ ချီယောင်ရီပါ။ သူတစ်ယောက်တည်း သာလျှင် လှီယုထန်ရဲ့ အစစ်အမှန်ဘဂကို သိထားသူပါ။ ဒီလိုမျိုး လှီကလန်ရဲ့ မင်းသမီး တစ်ပါးကို အနားမှာထားပြီး ခိုင်းစေနိုင်အောင်

ပြုလုပ်နိုင်တဲ့ လင်းကလန်ဆိုတာ ဘယ်လိုမျိုး စွမ်းအားကြီးမားတဲ့ တည်ရှိမှုတစ်ခုဖြစ်နိုင်မလဲ?

ဘာလိုပဲဖြစ်ဖြစ် သူ့အနေနဲ့ လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို ထိန်းသိမ်းထားရမှာပဲ။

ချီယောင်ရီက ကြိုးကိုင်ချယ်လှယ်တဲ့ နေရာမှာတော့ အရမ်းကိုကျွမ်းကျင်သူ တစ်ယောက်ဖြစ်ပြီးတော့ အလွန်လျှင်မြန်စွာနဲ့ပဲ အားလုံးရဲ့ အာရုံကို သူ့အပေါ်မှာ စူးစိုက် အောင်လို့ လုပ်လိုက်ပါတယ်။

ခန်းမကြီးရဲ့ နေရာပါတ်လည်မှာ ရီမောသံတွေနဲ့ ဆူညံလို့နေပါတယ်။ အားလုံးကတော့ ဒီမင်းသားက တကယ့်ကို နှစ်လိုဖွယ်ကောင်းပြီးတော့ လူအများအပြားကို သူ့ရဲ့ အရိပ်အောက်မှာ သစ္စာရှိရှိတဲ့ ခိုလှုံစေနိုင်တဲ့ အစွမ်းမျိုးရှိတယ်လို့ ထင်နေကြပါတယ်။

အဲဒီအချိန်လေးအတွင်းမှာပဲ အပြင်ဘက်ကနေ ပြီးတော့ ကျယ်လောင်စွာအော်ဟစ် လိုက်တဲ့အသံကို ကြားလိုက်ရပါတယ်။

``ပထမ မင်းသား ကြွရောက်လို့လာပါတယ်``

ပထမ မင်းသားလာတယ်?

လူတိုင်းလူတိုင်း အရမ်းကို အံ့အားသင့်သွားပါတယ်။ ပထမ မင်းသားနဲ့ နံပါတ်လေး မင်းသားတို့က ဘုရင့်အနေရာအတွက် အကြိတ်အနယ် ယှဉ်ပြိုင်နေကြတယ်ဆိုတာကို မသိတဲ့သူ မရှိပါဘူး။ ဘာလို့ သူက ရုတ်တရက်ဆိုသလို ဒီနေရာကို ရောက်လာရတာလဲ?

``နံပါတ်လေးညီလေး``

မကြာခင်မှာပဲ ပထမ မင်းသားက အဓိကခန်းမကြီးရဲ့ တံခါးဝမှာ ပေါ်လာခဲ့ပါတယ်။ သူက အရမ်းကို ခန့်ညားပြီးတော့ အရပ်မြင့်ပြီး တောင့်တင်းတဲ့ ကိုယ်ခန္ဓာပုံစံရှိပြီး အရမ်းကို ထူးချွန်ထက်မြက်တဲ့ ဟန်အမူအရာလည်းရှိပါတယ်။ သူက အားလုံးကို ပြုံး ပြလိုက်ပီးတော့ ချီယောင်ရီ ဆီကို ခြေလှမ်းကျဲကျဲနဲ့ လျှောက်လာခဲ့ပါတယ်။ သူ့ပုံစံကြည့်ရတာ ရန်သူတစ်ယောက် ပြိုင်ဘက်တစ်ယောက်လို ပုံစံမျိုး မတွေ့ရပါဘူး.။

ချီယောင်ရီက မတ်တပ်ထရပ်လိုက်ပီးတော့

ပထမမင်းသားဆီကို သွားပြီး နှုတ်ဆက်လိုက်ပါတယ်။

``အကြီးဆုံးအကို... ဒီကိုဘာလာလုပ်တာလဲ?``

သူတို့နှစ်ယောက ``တစ်ယောက်နဲ့တစ်ယောက် နီးကပ်လာပြီးတော့ ဖွင့်ပြောဖို့မလိုပဲ အပြန်အလှန် နားလည်မှုရှိစွာနဲ့ ရပ်လိုက်ကြပါတယ်။ သူတို့က တစ်ယောက်ကို တစ်ယောက် အပြုံးတွေနဲ့ ကြည့်နေကြပြီးတော့ သူတို့ရဲ့ လက်မောင်းတွေကို အချင်းချင်း ဆုပ်ကိုင်ပြီးတော့ နှုတ်ဆက်နေကြပါတယ်။

``ငါ့ရဲ့ နံပါတ်လေးညီတော်က ညှော့ခံညစားစားပွဲကို ကျင်းပနေတာ.. ငါ.. အကိုကြီး တစ်ယောက်အနေနဲ့ ငါ့ညီကိုထောက်ခံတဲ့အနေနဲ့ လာသင့်တာပေါ့``

ပထမ မင်းသားက အပြုံးနဲ့ပြောလိုက်ပါတယ်။

ချီယောင်ရီက အနည်းငယ်မျက်မှောင်ကြုံသွားပါတယ်။ သူ ဒီညစာစားပွဲ ကျင်းပရတဲ့ အကြောင်းကတော့ သူအနာဂါတ်မှာ ဘုရင့်နေရာကို ရယူတဲ့အခါကျယင် အားလုံးကို စုစည်းပြီးတော့ သူတို့ရဲ့ စိတ်တွေကို ရယူနိုင်ဖို့ရည်ရွယ်ပြီးတော့ ကျင်းပတာပါ။ပထမ

မင်းသားအနေနဲ့ ဒါကို မသိဘူးဆိုတာ မဟုတ်လောက်ပါဘူး။ ဒါဆို ဒီနေရာကို ရောက်လာ ရတဲ့ ရည်ရွယ်ချက် က ထင်သာမြင်သာရှိလှပါတယ် သူ့ကို ပျက်စီး ဖို့အတွက် ပဲဖြစ်ရမယ်။

``ဟီး ဟီး...ဒါဆိုယင်တော့ အကိုကြီးကို ကျနော်က ကျေးဇူးတင်ပါတယ်``

ပထမ မင်းသားက ခဏရပ်ပြီးတော့ပြောလိုက်ပါတယ်။

``ငါနဲ့အတူ နောက်ထပ် တော်ဂင်ဒြေ့သည်တစ်ယောက်ကိုလဲ ခေါ်လာခဲ့သေးတယ်``

``အိုး.......... ဘယ်သူများပါလိမ့်?``

ချီယောင်ရီက မေးလိုက်ပါတယ်။ သူသိနေပါတယ် ပထမ မင်းသားက ဒီနေရာကို သူ့ရဲ့ မျက်နှာပြဖို့သက်သက် တစ်ခုထဲနဲ့တော့ လာမှာမဟုတ်ပါဘူး။ သူ့မှာ အကြံအစည် သေချာပေါက်ကိုရှိမှာပါ။

``အကို ဂို.... ကျေးဇူးပြုပြီးတော့.........``

ပထမ မင်းသားက တံခါးဘက်ကို လှည့်ပြီးတော့ အော်ခေါ် လိုက်ပါတယ်။

လူတိုင်းလူတိုင်းက ပထမမင်းသားရဲ့ တော်ဝင်ဧည့်သည်ဆိုသူကို လှည့်ကြည့်လိုက်ပီးတော့ လူငယ်လေးတစ်ယောက် ဝင်လာတာကို မြင်လိုက်ကြပါတယ်။ သူက အရပ်အနေတော်ရှိပြီးတော့ သူ့ပုံသဏ္ဍာန်က သာမာန်လိုပါပဲ ဒါပေမဲ့သူတို့က လူငယ်လေးရဲ့ ရင်ဘတ်မှာ ထိုးထားတဲ့ တံဆိပ်ကို မြင်လိုက်ရတဲ့အခါမှာ သူတို့ရဲ့ အမူအရာတွေက အနည်းငယ်ပြောင်းကုန်ကြပါတယ်။

အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်။

မှော်ဆေးပညာရှင်တွေက ဘယ်နေရာကိုပဲသွားသွား ကောင်းမွန်စွာ ကြိုဆို ဧည့်ခံ ခြင်းကို ခံကြရပြီးတော့ အဖွဲ့အစည်းတွေ အားလုံးလိုလိုက လေးစားကြရပါတယ်။ တကယ်လို့ အဖွဲ့တစ်ခုက မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ အကူအညီကို ရခဲ့မယ်ဆိုယင် အဲဒီအဖွဲ့ဟာ မဟာမိတ်ပြုလုပ်ခြင်းခံရဖို့အတွက် ဆွဲဆောင်မှုတွေ ရှိလာပါတယ်။

သိုင်းပညာရှင်တွေက မှော်ဆေးပညာရှင်တွေရဲ့ ဆေးလုံးတွေအပေါ် မှာ မှီခိုနေကြရပါတယ်။

``နံပါတ်လေးညီလေး ငါမင်းကို မိတ်ဆက်ပေးပါရစေ... ဒါကတော့ ဂိုတင်းချွမ် သူက အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်ပဲ.. ပြီးတော့ အကိုဂိုရဲ့ ဆရာက ပိုပြီးတော့ အံ့အားသင့်စရာကောင်းတယ်.. သူက ဓါးပညာရော မှော်ဆေးပညာရော နှစ်ခုစလုံးမှာ အရမ်းးကိုတော်တဲ့ ကြီးမြတ်သောအရှင်သခင် သွမ့်မုပဲ``

ပထမ မင်းသားက ဖမ်းစားနိုင်တဲ့အပြုံးမျိုးကို ပြုံးထားပြီးတော့ သူက အရမ်းကို ပျော်ရွှင်နေတဲ့ပုံစံနဲ့ပြောလိုက်ပါတယ်။

တဖက်မှာတော့ ချီယောင်ရီက သူ့လျှာကို သူ ပြန်ကိုက်မိမတတ်ဖြစ်သွားပါတယ်။ သူသိနေပါတယ် ပထမမင်းသားက ဒီနေရာကို လာပြီး ပျက်စီးအောင်လို့ အရာတစ်ခုခု ပြုလုပ်မယ်ဆိုတာကိုပေ့ါ ကံမကောင်းစွာနဲ့ပဲ ကြည့်ရတာ သူက အောင်မြင်သွားခဲ့ပုံပါပဲ။

အကြောင်းကတော့ ဂိုတင်ချွမ်က အဂါရောင်အဆင့်အလယ်အလတ် မော်ဆေးပညာရှင် ဆိုတာက အဓိက အချက်မဟုတ်ပါဘူး။ အရေးကြီးတာက သူ့ရဲ့ ဆရာဖြစ်တဲ့ သွမ့်မုကျန်းဖန်းပါ သူက အနက်ရောင်အဆင့် အဆင့်နိမ့်မော်ဆေးပညာရှင်ပါ။ ပထမ မင်းသားက ဂိုတင်ချွမ်နဲ့ နီးကပ်တယ်ဆိုပေမဲ့လည်း တပည့်တစ်ယောက်က ဆရာတစ်ယောက်ရဲ့ ဘက်လိုက်ခြင်းကို ခံရနိုင်ပါတယ်။

ပထမ မင်းသားက ဒီအကြောင်းကို အားလုံးကိုသိအောင် အချက်ပြလိုက်ပါတယ်။ သူက သွမ့်မုကျန်းဖန်းနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပြီးတော့ နောက်ပိုင်းမှာ သူ့ရဲ့ ထောက်ခံမှုကို ရရှိပါလိမ့်မယ်။

ဒါက ချီယောင်ရီကို ပြင်းပြင်းထန်ထန် ရိုက်ချလိုက်တာနဲ့ တူတူပါပဲ။

မော်ဆေးပညာရှင်တစ်ယောက်ရဲ့ ဩဇာသက်ရောက်မှုက အရမ်းကိုကြီးမားလွန်းပါတယ်။

``အကို ဂို``

ချီယောင်ရီက သူရှဲ့အပြုံးကို ထိန်းသိမ်းပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။ သူ့အနေနဲ့ ပထမ မင်းသားနဲ့ ဂိုတင်ချွမ်ကို နှင်ထုတ်လို့မဖြစ်ပါဘူး တကယ်လို့ ကောလဟာလ တွေသာ ပျံ့နှံ့သွားခဲ့မယ်ဆိုယင် သူက အရမ်းကို သနားစရာကောင်းတဲ့သူတစ်ယောက် အဖြစ် ပြောဆိုကြမှာပါ။ အဖွဲ့အစည်းတစ်ခုရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ လူတစ်ယောက် အဖြစ်နဲ့ သူကိုယ်သူ သဘောထားကြီးတဲ့လူတစ်ယောက် အဖြစ်နဲ့ နေထိုင်ရပါမယ်။ဒီလိုမျိုး သေးငယ်တဲ့ အရာတစ်ခုကိုတောင်မှ ကောင်းကောင်းမွန်မွန် မလုပ်နိုင်ဖူးဆိုယင် သူ့အနေနဲ့ ဘုရင့်နေရာကို အမွေဆက်ခံလို့ ရမှာမဟုတ်တော့ပါဘူး။

ဂိုတင်ချွမ်က အရမ်းကို မာနကြီးပါတယ်။ သူ့ကို နံပါတ်လေးမင်းသားက နှုတ်ဆက်တာတောင်မှ သူက အင်း ဆိုတဲ့စကားတစ်လုံးပဲ တုံ့ပြန်လိုက်ပါတယ်။ သူက မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ ဂုဏ်ယူဂင့်ကြွား မောက်မာထောင်လွှားမှုတွေအားလုံး ထုတ်ဖော်ပြလိုက်သလိုပါပဲ။

``အကိုဂို ကျေးဇူးပြုပြီးတော့ ထိုင်ပါ``

ချီယောင်ရီက သူ့ဒေါသတွေကို လျှို့ဂှက်ထားပြီးတော့

ယဉ်ကျေးပျူငှာစွာနဲ့ ဖိတ်ခေါ်လိုက် ပါတယ်။

ဂိုတင်ချွမ်းက အရှေ့ကို တဖြောင့်တည်းမသွားခင် သူ့ရဲ့ အကြည့်တွေကို အားလုံးအပေါ် ဖြိုပြီး ကြည့်လိုက်ပါတယ်။

တကယ်လို့သူအနေနဲ့ ထိုင်ရမယ်ဆိုယင် သေချာပေါက် ပထမတန်းကို သွားပြီး ထိုင်ရပါလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့ရဲ့ ဂုဏ်ကျက်သရေကို ဘယ်လို ဖော်ပြနိုင်ပါ့မလဲ။ ဘာလို့လဲဆိုတော့ စားပွဲခုံအားလုံးက အတန်းတစ်တန်းမှာ ငါးခု စီစဉ်ထားပြီးတော့ စားပွဲတစ်ခုနဲ့တစ်ခုကြားမှာ အရမ်းကြီး ဟ မနေပါဘူး။ ဒါကြောင့် ဂိုတင်ချွမ်အနေနဲ့ ဘယ်ဘက်ခြမ်း သို့မဟုတ် ညာဘက်ခြမ်းကို ရွေးဖို့ပဲလိုပါတယ်။

ကံမကောင်းတဲ့အချက်တော့ သူက ဘယ်ဘက်ခြမ်းကိုရွေးချယ်ပြီးတော့ တည့်တည့် သွားပြီး လင်းဟန်ရဲ့ စားပွဲခုံဆီကို ရောက်သွားခဲ့ပါတယ် ။ ဒါပေမဲ့သူအနေနဲ့ အဲဒီမှာ လှို့ယုထန်ရှိနေတဲ့အတွက်ကြောင့် ရွေးချယ်တာ ဟုတ်လားမဟုတ်ဘူးလားဆိုတာက တော့ သူကိုယ်တိုင်ပဲသိပါလိမ့်မယ်။

``မင်းအခု ထွက်သွားလို့ရပီ``

သူကအေးစက်စွာနဲ့ပြောလိုက်ပါတယ်။
ဘယ်လောက်တောင်မှ ဗိုလ်ကျလိုက်သလဲ။ သူ့ပါးစပ်ကနေ ပထမဆုံး တစ်ဖက်လူကိုပြောလိုက်တဲ့စကားက ထွက်သွားဖို့ဆိုတော့ သူ့ကိုယ်သူ ဧကရာဇ်တစ်ပါးလို့များ ထင်နေတာလား။

ဒါပေမဲ့လည်း သူကိုယ်တိုင်က အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်သလို သူ့ဆရာကလဲ အနက်ရောင်အဆင့် အဆင့်နိမ့်မှော်ဆေးပညာရှင်လဲဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုမျိုး ဗိုလ်ကျစိုးမိုးတဲ့အပေါ်မှာ သူက အရမ်းကို ယုံကြည်ချက်အပြည့်ရှိပါတယ်။

လင်းဟန်ကပြုံးလိုက်ပါတယ်။ တစ်ခြားသူတွေရဲ့ အမြင်မှာတော့ သူက ဂိုတင်ချွမ်ရဲ့ ဗိုလ်ကျမှုအပေါ်မှာ အလျော့ပေးပြီး ထွက်ခွာသွားလိမ့်မယ်လို့ ဆိုလိုပါတယ်။ ဒါပေမဲ့ လွီယုထန်ကတော့ ဒါက လုံးဝဆန့်ကျင်ဘက်ပဲဆိုတာကို သိနေပါတယ်။ လင်းဟန်က ဒေါသထွက်နေပါတယ်။ သူကပြောလိုက်ပါတယ်။

``မင်းဘာလို့နောက်ထပ် ပြောဖို့ မကြိုးစားတာလဲ``

``ထွက်သွား ထွက်သွား ထွက်သွား``

ဂိုတင်ချွမ်အနေနဲ့ ဒီလိုမျိုး သိမ်မွေ့တဲ့ ခြိမ်းခြောက်မှုမျိုးကို ကြောက်နေမှာမဟုတ်ပါဘူး သူ့အနေနဲ့ တစ်ကြိမ်တည်းတောင်မဟုတ်ပဲနဲ့ သုံးခါဆက်တိုက် ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးထဲမှာ အေးစက်စက်အလင်းတွေ လက်သွားခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ သူ့ရဲ့လက်ကလဲ လျှပ်ပြက်သလို ထွက်သွားပြီး ဂိုတင်ချွမ်ရဲ့ လည်ပင်းကို ကိုင်ထားလိုက်ပါတယ်။ ပြင်းထန်တဲ့ ဆောင့်ဆွဲချက်နဲ့အတူ ဂိုတင်းချွမ်ရဲ့ မျက်နှာဟာ စားပွဲခုံနဲ့ မိတ်ဆက်သွားခဲ့ပါတယ်။သူမျက်နှာနဲ့ စားပွဲခုံ ထိမိလိုက်တဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အားလှိုင်းကြောင့် ပိုင်ပုလင်းက အပေါ်ကိုမြောက်တက်သွားပြီးတော့ ချက်ချင်းပဲ သူမျက်နှာတစ်ခုလုံးကို ဖိတ်ကျသွား ပါတယ်။

``ပူး``

ဂိုတင်ချွမ်က စားပွဲပေါ်ကို ဖိခံလိုက်ရတာနဲ့ ချက်ချင်းဆိုသလိုပဲ လင်းဟန်ရဲ့ ဆုပ်ကိုင်မှုက

နေလွတ်မြောက်အောင်လို့ ရုန်းထွက်လိုက်ပါတယ်။ ဒါပေမဲလည်း အားလုံးအကျိုးမရှိပါဘူး။

ခန်းမကြီးတစ်ခုလုံး သုသာန် တစပြင်လိုမျိုး ခြောက်ကပ်တိတ်ဆိတ်ကုန်ပါတယ်။

ဒီကောင်က တကယ့်ကို ကြီးကျယ်တာပဲ.. သူက မှော်ဆေးပညာရှင်တစ်ယောက်ကိုတောင် ရိုက်ပုတ်ရဲတယ်။

လူတိုင်း အံ့အားသင့်စွာနဲ့ အသက်ပြင်းပြင်းရှူလိုက်ပါတယ်။ သူမှာ ဘောတွေ ရှိတယ် သူက တကယ့်ယောကျ်ားတစ်ယောက်ပဲ။

ပထမ မင်းသားလည်း ရုတ်တရက်ဒေါသမထွက်ခင် လန့်ဖျပ်သွားပါတယ်။ သူ့အနေနဲ့ ဘယ်တုန်းကမှ ဂိုတင်ချွမ်ကို တစ်စုံတစ်ယောက်က အမှန်တကယ်ရင်ဆိုင်ပြီး ရိုက်နက် ရဲလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ သူ့ရဲ့အော်ရာက ချီယောင်ရီကို လုံးဂလွှမ်းမိုးလိုက်ပီးတော့ ဒီအခြေအနေကို ဖိအားပေးစေပါတယ် ဒါပေမဲ့လည်း ဂိုတင်ချွမ်ကတော့ မျက်နှာပျက်စရာဖြစ်သွားပါပြီ။ သူ့အနေနဲ့လည်း စိတ်ကသိကအောက် ဖြစ်သွားခဲ့ပါတယ်။

သူက လျှင်မြန်စွာနဲ့ လင်းဟန်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့သွားလိုက်ပြီး သူ့ရဲ့ ညာဘက်လက်ကလဲ လျှပ်တပြက် ထွက်သွားပြီးတော့ လင်းဟန်ရဲ့ လည်ပင်းကို ဆုပ်ကိုင်ဖို့ ကြိုးစားရင်းနဲ့ အော်ပြောလိုက်ပါတယ်။

``သူ့ကိုလွှတ်လိုက်ဖို့ ငါမင်းကို အမိန့်ပေးတယ်``

``ရှပ်``

အားပြင်းတဲ့လေလှိုင်းတစ်ခု တိုက်သွားပြီးတော့ လို့ယုထန်ကလဲ ပထမ မင်းသားရဲ့ လှုပ်ရှားမှုကို တားဆီးဖို့အတွက် လှုပ်ရှားခဲ့ပါတယ်။

ပထမမင်းသားက ပထမတော့ သူမရဲ့ အလှအပကြောင့် အံ့သြသွားပြီး ချက်ချင်းဆိုသလို သူ့ရဲ့ အာရုံတွေကို ပြန်စုစည်းလိုက်ပါတယ်။ အရာအားလုံးက ဘုရင်ရဲ့နေရာအတွက် စွန့်လွှတ်နိုင်ပါတယ်။ ပြီးတော့ ဂိုတင်ချွမ်က ပုက်ဖဲတစ်ခုဖြစ်ပြီးတော့ နံပါတ်လေးမင်းသားကို သူ ရှုံးမလား နိုင်မလားဆိုတာကို ဆုံးဖြတ်ပေးနိုင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ တခြား ပြဿနာတွေ ဖြစ်ဖို့ ခွင့်မပြုနိုင်ပါဘူး။

``နောက်ဆုတ်လိုက်``

သူကအော်ဟစ်လိုက်ပါတယ်.... သူ့အနေနဲ့ ဒီလို လှပချောမောတဲ့ မိန်းကလေးကို ဒါဏ်ရာ အနာတရ မဖြစ်စေချင်ပါဘူး ဒါကြောင့် ရှောင်လွဲလို့ ရမယ်ဆိုယင် ထိပ်တိုက် ရင်မဆိုင်ချင်ပါဘူး။

လီွယုထန်က သူမရဲ့ လက်ကို ပေ့ပြီးတော့ ပြောလိုက်ပါတယ်။

``ထွက်သွားစမ်း``

ထွက်သွားစမ်း..... သူမက တကယ်ပဲ ပထမမင်းသားကို ထွက်သွားဖို့ပြောတယ် သူမက တကယ်လေးလေးနက်နက်နဲ့ အရမ်းကိုရင်ဆိုင်ပံ့တာပဲ.။

ချီယောင်ရီက ဒါကိုမြင်လိုက်တဲ့အခါမှတော့ မပြုံးပဲနဲ့ မနေနိုင်ပါဘူး။ သူတစ်ယောက် တည်းသာလျှင် လီွယုထန်က လီွကလန်ရဲ့ တော်ဝင် သမီးတစ်ယောက်ဆိုတာကို သိထားတာပါ.။ တကယ်လို့ ပထမ မင်းသားသာ သူမကို ဆန့်ကျင်ခဲ့မယ်ဆိုယင် သူ့အတွက်သေချာပေါက် လုံးဝကောင်းမွန်တဲ့အရာတွေဖြစ်လာမှာမဟုတ်ပါဘူး။

ဒါပေမဲ့ ပထမ မင်းသားအတွက် ဆိုးဂါးစေတဲ့အရာက သူ့အတွက်တော့ လေးလေးနက်နက် ကောင်းမွန်တဲ့ အရာတွေပဲဖြစ်လာမှာပါ။

အပိုင်း(၆၂) ဒေါ်သတကြီးနဲ့ ထွက်ခွာခြင်း

``ထွက်သွားစမ်း``

မထင်မှတ်ပဲ သူ့ရဲ့လက်ကိုပွေ့ယမ်းလိုက်တဲ့အခါမှာတော့ ဂိုတင်ချွမ်က လွယ်ကူစွာနဲ့ပဲ လင်းဟန်ကြောင့် အပေးကို လွှင့်ထွက်သွားပါတယ်။ သူက အနီးဆုံးမှာရှိတဲ့ နံရံ နဲ့ ထိခိုက်မိသွားခဲပါတယ်။

``ခွေးကောင်``

ဂိုတင်ချွမ် က ဒေါ်သတကြီးနဲ့အော်ဟစ်လိုက်ပါတယ်။ သူက ဒေါ်သထွက်လွန်းလို့ သွေမတတ်တောင် ခံစားလိုက်ရပါတယ်။ မှော်ဆေးပညာရှင်တစ်ယောက်အနေနဲ့ လူတိုင်းလူတိုင်းက ရှိသေလေးစားခြင်းကို ခံရပါတယ်။ ဒါပေမဲ့ အခုတော့ သူက စားပွဲခုံ ပေါ်ကို ဖိထားခြင်းခံရပြီးတော့ သူ့မျက်နှာပေါ်ကိုလဲ ပိုင်တွေ ဖိတ်ကျခြင်းခံရပြီး အပေးကို လွှင့်ထွက်သွားကာ နံရံနဲ့ဂင်ဆောင့်မိသွားခဲ့ပါတယ်။

ကျေးဇူးတင်ရမှာက ညစာစားပွဲက မစတင်သေးတဲ့အတွက်ပါပဲ အဲဒီလိုမှမဟုတ်ဘူး ဆိုယင် သူမျက်နှာက ဟင်းပွဲတွေကြောင့်ပါ အရောင်အသွေးအစုံ ခြယ်သခံလိုက်ရမှာပါပဲ.။

``မင်းက ထပ်ပြီးတော့စမ်းချင်သေးလို့လား``

လင်းဟန်က အေးစက်စက်နဲ့မေးလိုက်ပါတယ်။ ဒါက သူဆုံးမခဲ့တဲ့ ပထမဆုံးမှော်ဆေးပညာရှင်တစ်ယောက် မဟုတ်သလို လုံး၀ နောက်ဆုံးတစ်ယောက်လဲ ဖြစ်မှာမဟုတ်ပါဘူး။

``ငါမင်းကိုသေအောင်သတ်မယ်``

ဂိုတင်ချွမ်က ဒေါသတကြီးအော်ဟစ်လိုက်ပါတယ်။ ကြီးမားတဲ့ ခြေလှမ်းကျဲကြီးတွေနဲ့ သူက လင်းဟန်ဆီကို နောက်တစ်ကြိမ် ဦးတည်ပြီးလာခဲ့ပါတယ်။ မှော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ ဒီလိုမျိုး ကြီးမားတဲ့ အရှက်ရမှုမျိုးကို သူအနေနဲ့ လုံး၀ အတွေ့အကြုံ မရှိခဲ့ပါဘူး။တကယ်လို့ သူကိုယ်တိုင် လက်စားမချေနိုင်ဘူးဆိုယင် သူ့အနေနဲ့

ဘယ်လိုလုပ်အသက်ရှင်နေထိုင်နိုင်တော့မှာလဲ။

လင်းဟာန်က လှုပ်ရှားလိုက်ပါတယ်။ ဂိုတင်ချွမ်ရဲ့ လည်ပင်းက နောက်ထပ်တစ်ကြိမ် လင်းဟာန်ကိုင်ခြင်းကို ခံလိုက်ရပြီးတော့ ပထမအကြိမ်တုန်းကလိုပဲ မျက်နှာနဲ့စားပွဲ ထပ်ဆောင့်သွားခြင်းကိုခံလိုက်ပါတယ်။ မတူတာက လင်းဟာန်အနေနဲ့ ဒီတစ်ကြိမ်မှာ အင်အားပိုသုံးထားတဲ့အတွက်ကြောင့် စားပွဲခုံ တစ်ဂက်ခန့်က အားကြောင့် ကျိုးသွားခဲ့ပါတယ်။

``အား``

ဂိုတင်ချွမ်ရဲ့ ဒေါသတွေကြောင့် သူမျက်နှာပေါ်က အကြောတွေ အားလုံးထောင်ထ လာပြီးတော့ သူ့ရဲ့ မျက်လုံးတွေမှာ မီးတွေပွင့်ထွက်သွားမတတ်ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း ဒါက သူ့အတွက်တော့ ဒုတိယအကြိမ်ဖြစ်ပြီးတော့ နောက်ဆုံးမှာ သူသိလိုက်တာက လင်းဟာန်နဲ့ သူနဲ့ကြားက ကွာဟချက်က အရမ်းကိုကျယ်ပြန့်တယ်ဆိုတာကိုပါပဲ။ လင်းဟာန်နဲ့ သူက အဆင့်တူလောက်ပဲရှိပါတယ်။ အများဆုံး သူတို့နှစ်ယောက်စလုံးက ဒြပ်စင်စုစည်းခြင်းအလွှာ ၄

မှာဖြစ်ပြီးတော့ ဘာဖြစ်လို့ သူက ပိုပြီးတော့ သန်မာနေရတာလဲ?

သူက သူ့ခေါင်းကိုလှည့်ပြီးတော့ ပထမ မင်းသားဆီကို ကြည့်လိုက်ပါတယ်။ သူ့အဖော်က လည်း လွှီယုထန်တဲ့ ထိပ်တိုက်ရင်ဆိုင် အကျပ်တွေ့နေခဲ့ပြီး ဒီတစ်ကြိမ် မှာတော့ သူ့ကို ကူညီဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။သူက အသံကိုမြှင့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဘယ်သူမဆို ငါ့ကိုကူညီပြီးတော့ ဒီကောင့်ကို ဆုံးမပေးမယ်ဆိုယင် မူလပွေ့ဖက်ခြင်း ဆေးလုံးဆယ်လုံးကို လက်ဆောင်ပေးမယ်``

``ဘာ မူလပွေ့ဖက်ခြင်းဆေးလုံး?``

``ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အောက်မှာရှိတဲ့ ဘယ်သူမဆိုအတွက် ဒါက တန်ဖိုးရှိတဲ့ ရတနာပဲ.၄င်းက မူလအမှန်ဖွဲ့စည်းခြင်းကိစ္စမှာ ကူညီနိုင်ပြီးတော့ အောင်မြင်မှု ရာခိုင်နှုန်းကိုလဲ ၃၀ ရာခိုင်နှုန်း တိုးစေနိုင်တယ်``

`` တစ်ခါတည်းနဲ့ ဆေးဆယ်လုံးထုတ်ပေးနိုင်တယ်ဆိုတော့ ဘယ်လောက်တောင် ခမ်းနားထည်ဝါပြီးတော့

ပေါ်များလိုက်သလဲ``

လူတိုင်းက တက်တက်ကြွကြွနဲ့ ဒီအကြောင်းကို ဆွေးနွေးနေကြပါတယ်။ ဒါပေမဲ့လည်း ဂိုတင်ချွမ်ရဲ့ တောင်းဆိုမှုကို ယူပြီးလုပ်ဆောင်ဖို့အတွက် တကယ်စိတ်ဝင်စားတဲ့သူက အရမ်း မများပါဘူး။ ဘာလို့လဲဆိုတော့ အခု ဖိတ်ခေါ်ထားခြင်းခံရတဲ့သူတွေအားလုံးက ပါရမီရှင်တွေလေ။ ပါရမီရှင်တွေအတွက်ကတော့ သူတို့ရဲ့မူလအမှန်အတွက် ပြင်ပ အထောက်အကူပေါ်မူတည်ပြီးတော့ အသုံးပြုခဲ့မယ်ဆိုယင် သူတို့ကိုသူတို့ ပါရမီရှင်လို့ ခေါ်နိုင်ပါဦးမလား။

ဂိုတင်ချွမ်က ဒီအခြေအနေကို မြင်တွေ့လိုက်ရတဲ့အခါမှာ သူ့အံကိုတင်းတင်းကြိတ်ပြီး တော့ နောက်ဆုံးအနေနဲ့ကြေငြာလိုက်ပါတယ်။

``မြေနဲ့မီး ဆေးလုံးတစ်လုံး``

``သေစမ်း...မြေနဲ့မီးဆေးလုံးတစ်လုံးပေ့ါလေ``

ဒီအချိန်မှာတော့ လူတိုင်းလူတိုင်းက သူတို့ရဲ့ ထိုင်ခုံပေါ်မှာ

တည်တည်ငြိမ်ငြိမ်နဲ့ မနေနိုင်ကြတော့ပါဘူး။ ချီယောင်ရီနဲ့ ပထမ မင်းသားတောင်မှ အသစ်ကမ်းလှမ်းချက်အပေါ်မှာ စိတ်ဝင်စားနေကြပါတယ်။

မြေနဲ့ မီး ဆေးလုံးက ခရမ်းရောင်မူလဆေးလုံးနဲ့ အာနိသင်ခြင်းတူညီပါတယ်။ ၄င်းကို အသုံးပြုတဲ့ သိုင်းပညာရှင်ကို နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ ကူညီနိုင်ပါတယ် ဒါပေမဲ့ နောက်ပိုင်းမှာတော့ ၄င်းရဲ့ အာနိသင်က ပိုပြီးအားနည်းသွားပါတယ်။ အများဆုံး ၄င်းက အောင်မြင်မှုအခွင့်အရေး ကို ၂၀ ရာခိုင်နှုန်းအထိပဲ မြင့်တင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ၄င်းက အရမ်းကို ရှားပါးပြီးတော့ တန်ဖိုးအရမ်းကြီးတဲ့ စိတ်ဂိဘာဉ်ဆေးလုံးပဲဖြစ်ပါတယ်။

ချီယောင်ရီလို ပါရမီရှင်တောင်မှ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ရဲ့ အထွတ်အထိပ်အဆင့် မှာ နှစ်ဝက်လောက် အကျပ်ရိုက် အခက်အခဲတွေနေခဲ့ပါတယ်။ ပုံမှန်အားဖြင့်ဆိုယင် နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့အတွက် လူတစ်ယောက်က သုံးနှစ်ကနေ ငါးနှစ်အချိန်ယူရပါတယ်။ ဒါတောင်မှ ကံကြမ္မာက ချီးမြှင့်မြောက်စားမှုလဲ လိုပါသေးတယ်။

ဆိုလိုတာက ပထမ မင်းသားဆိုယင် ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အထွတ်အထိပ်အဆင့်မှာ ရောက်နေခဲ့တာက ခုနစ်နှစ်တောင် ရှိခဲ့ပြီးတော့ လက်ရှိအချိန်ထိ သူ့ရဲ့ ကျင့်ကြံခြင်းက ဘာမှမထူးခြား မတိုးတက်လာသေးပါဘူး။ ဒါကိုကြည့်ခြင်းဖြင့် နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုတာ ဘယ်လောက် ခက်ခဲလဲဆိုတာ သိနိုင်ပါတယ်။

မြေနဲ့ မီး ဆေးလုံးက ပါရမီရှင်တစ်ယောက်အတွက်တောင်မှ ကျင့်ကြံခြင်းအချိန် နှစ်အနည်းငယ်လောက် အချိန်ကုန်သက်သာစေပါတယ်။ ဒါကြောင့်လဲ ၎င်းက အရမ်းကို ဈေးကြီးလွန်းပါတယ်။ ဒါပေမဲ့လည်း မြေနဲ့ မီးဆေးလုံးကို ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ဆေးအမယ်တွေရဲ့ တန်ဖိုးကတော့ ခရမ်းရောင်မူလဆေးလုံးအတွက် ဆေးအမယ်တွေလောက် ကျသင့်ငွေတန်ဖိုးသိပ်မမြင့်ပါဘူး။ ၎င်းတို့ဟာ အရမ်းကိုရှားပါးပေမဲ့လည်း လူတော်တော်များများက ဝယ်ချင်သော်လည်းပဲ ဘယ်သူကမှ ရောင်းဖို့ ဆန္ဒသိပ်မရှိကြပါဘူး။ ဒါပေမဲ့ ဘဏ္ဍာရေးကြွယ်ဝတဲ့ ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်ကတော့ အနည်းငယ်လောက်ကို စုစည်းဝယ်ယူနိုင်ပါတယ်။

ရလဒ်ကတော့ အာလုံးက ချက်ချင်းဆိုသလိုပဲ လင်းဟန်ဆီကို ဂနာမငြိမ် စူးစိုက် ကြည့်လိုက်ပါတယ်။ လင်းဟန်ကို သူတို့ရဲ့မျက်လုံးထဲမှာ မြေနဲ့မီး ဆေးလုံးတစ်လုံး လို့မြင်နေပါတယ်။

``ဘယ်လောက်တောင် ရိုင်းပျလိုက်သလဲ.... ဒီနေရာကို မင်းတို့လူတွေက ဘယ်လိုနေရာလို့ ထင်နေကြတာလဲ``

ချီယောင်ရီက ရုတ်တရက် အေးစက်စက်နဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ အဆင့်အတန်းက ဘယ်လိုဆိုတာကို ကောင်းကောင်းနားလည်သဘောပေါက်ထားပါတယ်။ ပြီးတော့ သူ့ရဲ့နှလုံးသားထဲကနေ သိနေတာက ဂိုတင်ချွမ်ဆိုတာက ပထမ မင်းသားအတွက် အလုပ်လုပ်ပေးနေတာဖြစ်ပြီး သူ့အနေနဲ့ အဲဒီအတွက် သူ့ကို ကူညီပေးစရာအကြောင်း လုံးဝမရှိပါဘူး။ ဒါပေမဲ့လည်း လင်းဟန်ကတော့ လွီယုထန်နဲ့ သူနားမလည်နိုင်တဲ့ ဆက်ဆံရေးတစ်ခုရှိပြီးတော့ အဲဒီဟာနဲ့ပါတ်သတ်ယင် သူ့ရဲ့ နေရာက အရမ်းကို ရှင်းလင်းသွားပါပြီ။

သူက လင်းဟန်ကို ကူညီလိုက်တာလား။

နံ့ပါတ်လေးမင်းသားရဲ့ အော်ဟစ်မှုကြောင့် လူအားလုံး ချက်ချင်းဆိုသလိုပဲ သူတို့ရဲ့ အိမ်ခြေကို ဆယ်လိုက်ပါတယ်။ ဒါက နံ့ပါတ်လေးမင်းသားရဲ့ အိမ်တော်ဖြစ်ပြီးတော့ တကယ်လို့ သူတို့သာ မင်းသားရဲ့ အမိန့်ကို ဆန့်ကျင်ပြီး လုပ်ချင်တာ လုပ်လိုက်မယ်ဆိုယင် သူတို့အနေနဲ့ ပုန်ကန်တာနဲ့ မခြားတော့ပါဘူး။

ဂိုတင်းချွမ်က လှည့်ပြီးတော့ ထွက်မသွားခင် သူက အသက်ပြင်းပြင်းရှူလိုက်ပီးတော့ နံ့ပါတ်လေးမင်းသား ချီယောင်ရီကို ကြောက်မက်ဖွယ်ရာအကြည့်နဲ့ စူးစိုက်ကြည့်ပီး ထွက်သွားလိုက်ပါတယ်။

သူ့အနေနဲ့ ဆန့်ကျင်ချင်တဲ့စိတ်ကို မျိုချလိုက်ပါတယ်။ သူက သူ့ရဲ့ဆရာဆီကိုသွားပြီး ခေါ်လာရပါလိမ့်မယ်။ ဘယ်သူကမှ မှော်ဆေးပညာရှင်တစ်ယောက်ကို ဒီလိုပုံစံနဲ့ စော်ကားခွင့်မရှိပါဘူး။

``အစ်ကို ဂို အစ်ကိုဂို``

ပထမမင်းသားက အလျင်စလိုနဲ့ လှမ်းခေါ်လိုက်ပါတယ်။

သူတို့နှစ်ယောက် ရောက်လာခြင်းက ရုတ်တရက်ဆိုသလိုပဲ ထွက်သွားတာလဲ ရုတ်တရက်ပါပဲ။ ခန်းမကြီးထဲမှာတော့ တိတ်ဆိတ်ငြိမ်သက်လို့ သွားခဲ့ပါတယ်။

ဧည့်သည်အချို့ကတော့ မြေနဲ့မီး ဆေးလုံးတစ်လုံး ရနိုင်မဲ့အခွင့်အရေး လွဲချော်သွားတဲ့အတွက် နမြောတသသ ဖြစ်နေကြပြီးတော့ တစ်ချို့ဧည့်သည်တွေက တော့ ဒီကိစ္စက အနာဂါတ်မှာ ဘယ်လောက်တောင် တိုးတက်လာမယ်ဆိုတာကို စဉ်းစားနေကြပါတယ်။

``လာကြစမ်း.. စားပွဲခုံကို အစားထိုးလိုက်``

ချီယောင်ရီက အသက်ကင်းမဲ့သွားတဲ့ လေထု ပြန်လည်ပြီး တည်ငြိမ်လာအောင်လို့ ညစာစားပွဲကို ပြန်ပြီး ပျော်ရွှင်စရာဖြစ်အောင်လို့ ကြိုးစားလိုက်ပါတယ်။

သူတို့အားလုံးက လင်းဟာန်ကို အရမ်းကို စိတ်ဝင်စားနေကြပါတယ်။ ဒါက ဂိုတင်ချွမ်ကို ချုပ်ထိန်းဖို့က မခက်ပါဘူး။ ဒီမာရှိနေတဲ့ ၈၀ ရာခိုင်နှုန်းသော လူတွေအာလုံးက လွယ်ကူစွာနဲ့ပဲ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးလုပ်ပံ့ဖို့ကတော့.......လင်းဟာန်တစ်ယောက်တည်းပဲ ဒီလိုသတ္တိမျိုးကို ပိုင်ဆိုင်ထားပါတယ်။

``အကိုလင်း....မင်းဘယ်နေရာကနေ လာခဲ့ရတယ်ဆိုတာကို ငါသိပါရစေ``

နောက်ဆုံးမှာတော့ တစ်စုံတစ်ယောက်က ထပြီးမေးလိုက်ပါတယ်။

``တိမ်မီးခိုးမြို့``

လင်းဟန်က ဖုံးကွယ်ထားဖို့ ဆန္ဒလုံးဝမရှိပါဘူး။ ဒါ့အပြင်သူ့အနေနဲ့ ဒုယွန်ပြိုင်ပွဲမှာ ဝင်ပြိုင်မှာဖြစ်တဲ့အတွက်ကြောင့် သက်သေခံ အထောက်အထားတွေကို အတုလုပ်ယူလို့ မရပါဘူး။

``တိမ်မီးခိုးမြို့?``

ဒါကသူတို့အားလုံးကိုကြောင် သွားစေခဲ့ပါတယ်။ ဒါက ဒုယွန်မြို့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိတဲ့ နေရာငယ်လေးတစ်ခုမဟုတ်လား? ဒါဆိုလင်းဟန်မှာ ဘယ်နေရာကနေပြီးတော့ ဒီလိုယုံကြည်မှုမျိုးတွေ ရလာတာလဲ?သူက သူ့ရဲ့ အစွမ်းတွေကို ထုတ်ပြယုံသာမကဘူး သူ့ဘေးကရှိတဲ့ မိန်းကလေးကလဲ

အရမ်းကို ဂုဏ်ယူစရာကောင်းတယ်။ သူမက ပထမ မင်းသားကိုတောင်မှ ရင်ဆိုင်ရဲတယ်။

ချီယောင်ရီကတော့ ပိုပြီးတော့ အံ့အားသင့်သွားခဲ့ပါတယ်။ လင်းဟန်က တိမ်မီးခိုးမြို့ကနေ လာခဲ့တယ်? ဒါဆို လွှီယုထန်နဲ့ ဘယ်လိုလုပ်ပြီးတော့ ဆက်ဆံရေးကောင်းရှိနေရတာလဲ။

သူကိုယ်တိုင်က တော်ဂင်မျိုးနွယ်ဆိုပေမဲ့လဲ လွှီယုထန်နဲ့ ယှဉ်လိုက်တဲ့အခါမှာတော့ သူတို့ကြားမှာ ကွာဟချက်ရှိနေပါတယ်။ပြီးတော့ သူတို့က အင်ပါယာမိသားစုကနေ ဆင်းသက်လာကြတဲ့ အကိုင်းအခက်မိသားစုတွေလို့ သတ်မှတ်နိုင်ပြီးတော့ တခြား မျိုးဆက်တွေအများကြီးက အင်ပါယာမိသားစုနဲ့ သူတို့ရဲ့ဆက်ဆံရေးက အမှန်တကယ်တော့ နီးကပ်တယ်လို့ ယူဆလို့မရပါဘူး။

သူ့အနေနဲ့ ဒုယွန်ဘုရင်နေရာကို မဆက်ခံနိုင်ခဲ့ဘူးဆိုယင် လွှီယုထန်နဲ့လက်ထပ်ဖို့ အတွက် အခွင့်မိုလိမ့်မှာမဟုတ်ပါဘူး။လင်းဟန်ကတော့ လွှီယုထန်ကို သူ့ဘေးမှာ နီးကပ်စွာ လိုက်လာစေနိုင်ပါတယ်။ အရမ်းကို သေးငယ်တဲ့ တိမ်မီးခိုးမြို့က ကောင်လေးက ဒီလို

အရာကို တကယ်ကြီးလုပ်ဆောင်နိုင်တယ်ပေါ့?

ဟင်းပွဲတွေအများကြီးရောက်လာတာနဲ့ လူတွေအားလုံးက စတင်ပြီးတော့ စားသောက်ကြပါတယ်။ သိုင်းပညာရှင်တွေက စွမ်းအားအများကြီး ကျယ်ပြန့်ပြီးတော့ သာမာန်လူတွေထက်လဲ ပိုပြီးဆာလောင်တတ်ကြပါတယ်။

``ဟားဟားဟား တောင်းပန်ပါတယ် တောင်းပန်ပါတယ်....နံပါတ်လေးမင်းသား ကျနော်ရောက်တာ နောက်ကျသွားတယ်``

ကျယ်လောင်တဲ့ရီမောသံနဲ့အတူ အရပ်မြင့်တဲ့ လူငယ်လေးတစ်ယောက်က အထဲကို လမ်းလျှောက်ပြီးဝင်လာခဲ့ပါတယ်။ သူက အသက် ၂၀ လောက်ပဲရှိသေးပုံရပီးတော့ သူ့မှာ အရမ်းကို ထူးခြားတဲ့ အော်ရာ အရှိန်အဝါတစ်ခုရှိနေပါတယ်။

ဂျင်ကလန်ရဲ့ တတိယမြောက်သား ဂျင်ပူကျို။

ဂျင်ပူကျိုရဲ့ ညာဘက်ခြမ်းအနောက်ဘက်မှာ လိုက်ပါလာတဲ့ နောက်လိုက်ရဲ့ ခြေလှမ်း တွေက ပုံတူကူးချထားသလိုပါပဲ။ သူ့ကိုကြည့်ရတာက ကြွက်တစ်ကောင်က

ကြောင်တစ်ကောင်ကိုမြင်လိုက်ရသလိုမျိုး မာနထောင်လွှားမှုတွေ တစ်ချက်မှမရှိပါဘူး။

``အကိုဂျင်... မင်းဘာလို့နောက်ကျနေတာလဲ``

ချီယောင်ရီက မတ်တပ်ထရပ်ပြီး ပြုံးပြုံးလေးနဲ့မေးလိုက်ပါတယ်။

``ကျနော် မဖြစ်စလောက် ကိစ္စအချို့နဲ့ ရင်ဆိုင်နေရလို့ပါ``

ဂျင်ပူကျိုက ပြောပြီးတော့ အရှေ့ကို ဆက်ပြီးလျှောက်သွားခဲ့ပါတယ်။

``အကိုကြီး.. အဲဒါသူပဲ.. သူပဲ``

သူတို့ ပထမတန်းကိုရောက်တဲ့အချိန်မှာ ဂျင်ပူချန်က ရုတ်တရက်ထအော်ပြီးတော့ လင်းဟန်ဆီကို ညွှန်ပြလိုက်ပါတယ်။

ဂျင်ပူကျိုက ပထမတန်းဘက်ကိုငေ့ကြည့်လိုက်ပီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတွေပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

``ပညာသင်ဘက်ညီမလေး လွီ.. မင်းဒီမှာ ဘာလုပ်နေတာလဲ?``

သူလည်းပဲ ဟွာယန်အကယ်ဒမီက တပည့်တစ်ယောက်ပါ ဒါကြောင့်မို့လို့ သူက မင်းသမီးလွီယုထန်ကို သတိပြုမိသွားပါတယ်။

လွီယုထန်က ခေါင်းတစ်ချက် တည်ငြိမ်စွာငြိမ့်ပြလိုက်ပြီးတော့ တစ်ခြားဘာမှ မတုံ့ပြန်ပါဘူး။

ဂျင်ပူကျိုက သူမအကြောင်းကိုသေချာသိပါတယ်။ ဒါကြောင့် သူမရဲ့အေးစက်စက် တုံ့ပြန်မှုကို နှလုံးသားထဲကို မထည့်ပါဘူး။ သူ့ရဲ့ အကြည့်က လင်းဟန်ဆီကို ရောက်သွားတဲ့ အခါမှာတော့ သူ့ရဲ့မျက်လုံးထဲမှာ အေးစက်စက် အလင်းက ချက်ချင်းတောက်ပသွားခဲ့ပါတယ်။ အစကတော့ သူ့အနေနဲ့ အနည်းငယ်နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ညီနဲ့ ဂင်ပေါက်မှာ တွေ့ဆုံခဲ့ပြီးတော့ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာကို သူ့ကို တိုင်ကြားခဲ့တဲ့အတွက် သူ့အနေနဲ့ ချက်ချင်းပဲ လင်းဟန်အကြောင်းကို စုံစမ်းဖို့ အမိန့်ထုတ်လိုက်ပါတယ်။

ဒါက သိပ်မခက်ပါဘူး။ လင်းဟန်က ပြိုင်ပွဲမှာ စာရင်းသွင်းခဲ့ပီးဖြစ်လို့ သူ့ရဲ့ အချက်အလက် တွေအားလုံးက မှတ်တမ်းထားရှိပါတယ်။

တိမ်မီးခိုးမြို့က သေးငယ်တဲ့ကလန်က ဘာမဟုတ်တဲ့ သခင်လေးတစ်ယောက်... သူကတကယ်ပဲ ဂျင်ကလန်နဲ့ဆန့်ကျင် ရင်ဆိုင်ဝံ့တယ်ပေါ့လေ။

သူတကယ် လုံးဝထင်မှတ်မထားတာက လွှီယုထန်အနေနဲ့ လင်းဟန်ကို အရေးတယူ ရှိလိမ့်မယ်ဆိုတာကိုပါပဲ။ တကယ်လို့ သူမက အဲဒီလို လုပ်ခဲ့တယ်ဆိုယင်တောင်မှ လွှီကလန်အနေနဲ့ ဒီလိုအတွဲမျိုးကို လုံးဝ လက်ခံ သဘောတူမှာမဟုတ်ပါဘူး။ ဒါက ကလန်အတွက် အကြီးအကျယ် သိက္ခာကျစေမဲ့အရာပဲဖြစ်ပါတယ်။ ရလဒ်ကတော့ သူ့အနေနဲ့ လွှီယုထန်က လင်းဟန်ကို ကာကွယ်ပေးမှာကို မကြောက်ပါဘူး။ဒါ့အပြင် သူ့ရဲ့ အစွမ်းကလဲ လွှီယုထန်ထက်သာပါတယ်။

``ကောင်လေး.... မင်းငါ့ထိုင်ခုံကနေ ထွက်သွားစမ်း``

သူက အေးစက်စွာနဲ့ပြောလိုက်ပါတယ်။

အပိုင်း (၆၃) သေစမ်း လူမှားပြီး ရိုက်မိပြီ

လင်းဟန်က သူ့နှုတ်ခမ်းဒေါင့်တွေ ကွေးသွားအောင်ပြုံးလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``မင်းဒီထိုင်ခုံကို လိုချင်တယ်ဆိုတာ သေချာလား?``

``ဟင့်.. ဒါက အစကတည်းက ငါ့ရဲ့ ထိုင်ခုံပဲ``

ဂျင်ပူကျိုက အေးစက်စွာပြောလိုက်ပါတယ်။

``အရမ်းကောင်းတယ်... မင်းကလိုချင်တယ်ဆိုမှတော့.. ငါက မင်းအတွက် ဖယ်ပေးရမှာပေါ့``

လင်းဟန်က မတ်တပ်ထရပ်လိုက်ပီး ပွင့်ပွင့်လင်းလင်းပြောလိုက်ပါတယ်။

``Pu``

လူတွေအားလုံးအံ့အားသင့်သွားပါတယ်။ ဘာလို့လဲဆိုတော့ ဒါက တကယ့်ကို ကွဲပြားခြားနားပါတယ်... စောစောက လင်းဟန်လုပ်ခဲ့တာနဲ့ အခု လင်းဟန်လုပ်နေတာတွေကပေါ့။

အယင်တုန်းကတော့ လင်းဟန်က ပထမမင်းသားရဲ့ အရှေ့မှာတောင်မှ ဂုဏ်ယူလေးစားအပ်တဲ့ ဓါးပညာနဲ့ မှော်ဆေးပညာမှာပါ ထူးချွန်တဲ့ လူရဲ့ တပည့်တစ်ယောက်ကို ဆုံးမရဲခဲ့ပါတယ်။ အခုတော့ သူက တကယ်ပဲ ကြောက်သွားတာလား?

ဒါက တကယ်မယုံကြည်နိုင်စရာပဲ လုံးဂကို မယုံကြည်နိုင်စရာပဲ။

သူတို့တွေအားလုံးသာ မယုံကြည်နိုင်စရာလို့ တွေးနေတာမဟုတ်ပါဘူး။ လွီယုထန်လည်း လုံးဂ စိတ်ရှုပ်ထွေးသွားပါတယ်။ လင်းဟန်က သူမအပေါ်မှာ ကွဲပြားခြားနားတဲ့ သဘောထားတွေ ချန်ထားရစ်ပါတယ်။ သူ့ပုံစံက အကြွင်းမဲ့ တည်ငြိမ်နေပြီးတော့ သူက အားလုံးထက် အောက်ကျို့မခံလိုတဲ့လူတစ်ယောက်ပါ။

ဂျင်ပူကျိုကို အခုလိုမျိုး အလွယ်တစ်ကူပေးလိုက်တယ်ဆိုတာက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

တကယ်လို့ သူတို့သာ အမှန်တကယ်

တိုက်ခိုက်ကြမယ်ဆိုယင် သူမအနေနဲ့ ဂျင်ပူကျိ ကို ရင်ဆိုင်ဖို့ လုံလောက်ပြည့်မှီနေပါပြီ။ တကယ်လို့ ဂျင်ကလန်က အရှေ့ထွက်လာပြီး တော့ ဂင်ရောက်စွက်ဖက်မယ်ဆိုယင် သူ့အနောက်မှာ ကောင်းကင်ဆေးအိမ်တော် လို့မျိုး အလွန်တစ်ရာကြီးမားတဲ့ တည်ရှိမှုကြီးတစ်ခု ရှိနေတယ်မဟုတ်လား? မိုးရေ နိုင်ငံတစ်ခုလုံးမှာ ဘယ်အဖွဲ့အစည်းက ကောင်းကင်ဆေးအိမ်တော်ကို ဆန့်ကျင်ရဲလို့လဲ?

မရှိဘူး...... ဒီမှာ တစ်ခုမှမရှိဘူး။သူတို့ရဲ့ ရောမအစွမ်းတွေက မိုးရေနိုင်ငံ တစ်ခုထဲမှာပဲ တည်ရှိယုံသာမက မြောက်ဘက်အရပ်မှာရှိတဲ့ နိုင်ငံကိုးခုမှာလဲ ဌာနခွဲတွေအများကြီး ရှိပါသေးတယ်။ ဒါကြောင့် ၎င်းတို့က စွမ်းအားပိုင်းမှာရော ကြွယ်ဝချမ်းသာမှုမှာပါ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပမာဏ ရှိကြပါတယ်။

စဉ်းစားကြည့်ရအောင်..... သိုင်းပညာရှင်တွေက လေ့ကျင့်တဲ့အခါမှာဆိုယင် သူတို့က မှော်ဆေးလုံးရဲ့ အကူအညီအထောက်အပံ့ကို လုံးဝလိုအပ်ပါတယ်။ ပြီးတော့ ကောင်းကင် ဆေးအိမ်တော်က မှော်ဆေးလုံးတွေကို ရောင်းချနိုင်တဲ့ နေရာတစ်ခုဖြစ်ပြီးတော့ လက်ရွေးစင်

သိုင်းသမားတွေက သူတို့ရဲ့ ကိုယ်စား လုပ်ဆောင်ပေးချင်ကြတဲ့ ဆန္ဒတွေရှိကြပါတယ်။

ဇူဟဲချင်က လင်းဟာန်ကို ကြည်ညိုခြင်း လေးစားခြင်းတွေနဲ့ အတူ သူက လင်းဟာန်ကို သူ့ရဲ့ ဆရာတစ်ဆူအဖြစ် အသိအမှတ်ပြုထားပါသေးတယ်။ တကယ်လို့ ဂျင်ကလန်က သာ လင်းဟာန်ကို ထိခိုက်နစ်နာအောင် လုပ်ရဲတယ်ဆိုယင် သူက သေချာပေါက် မိုးရေနိုင်ငံရဲ့ ကောင်းကင်ဆေးအိမ်တော် ဌာနခွဲရဲ့ အစွမ်းကို ထုတ်ဖော်ပြီးတော့ ဂျင်ကလန်ကို ချေမှုန်းပစ်ပါလိမ့်မယ်။

ဒီလိုအကြောင်းအရာတွေရှိနေတာကြောင့် သူ့အနေနဲ့ ကြောက်ရွံ့နေဖို့ လိုသေးလို့လား?

လင်းဟာန်က လွီယုထန်ရဲ့ လက်မောင်းကို သူကိုယ်တိုင်ပဲ ဆွဲယူပြီးတော့ ထိုင်ရာကနေ ထစေလိုက်ပါတယ်။မိန်းကလေးရဲ့ လှပချောမောတဲ့မျက်နှာပေါ်မှာ နစ်သက်ကြည်နူးတဲ့ အရိပ်အယောင်က ချက်ချင်းဖြစ်ပေါ်သွားခဲ့ပါတယ်။ ပြီးတော့ အယင်ကလိုမျိုး အေးစက်တဲ့လှပမှုမျိုး တစ်စွန်းတစ တောင်မှ မရှိတော့ပါဘူး။

``သေစမ်း``

သူတို့ဒါကိုမြင်လိုက်ရတော့ မျက်စိပြာသွားကြပါတယ်....ခြွင်းချက်မရှိ လှပချောမောတဲ့ မိန်းမပျို.... လူတိုင်း မနာလိုမှုတွေဖြစ်ကုန်ပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက နီရဲပြီးတော့ အဲဒီ လွီယုထန်ကို ကိုင်ထားတဲ့ လင်းဟန်ရဲ့ လက်မောင်းကို ခုတ်ဖြတ်ပစ်ချင်စိတ်တွေပေါ်လာကြပါတယ်။

လွီယုထန်ရဲ့ စိတ်က လုံး၀ ဖုံးအုပ်ထားခြင်းခံရသလို ပါပဲ။ သူမက တိမ်တွေပေါ်မှာ လမ်းလျှောက်နေရသကဲ့သို့ ခံစားရပြီးတော့ လင်းဟန်ဆွဲခေါ်ရာနောက်ကို လိုက်သွားပြီး အနောက်ဘက် က စားပွဲခုံတစ်ခုမှာ ထိုင်လိုက်ပါတယ်။ လင်းဟန်က သူ့ရဲ့ လက်မောင်းကို ပြန်ရုတ်သိမ်းပြီးခဲ့တာတောင်မှ သူမအနေနဲ့ သူမရဲ့ အာရုံတွေ ပြန်မရရှိသေးပါဘူး။ သူမရဲ့ နှလုံးသားက လျှင်မြန်စွာနဲ့ ခုန်နေပါတယ်။

``ခဏစောင့် ငါတို့ ဖျော်ဖြေပွဲကောင်းကောင်းကြည့်ရလိမ့်မယ်``

လင်းဟန်က သူမရဲ့ နားနားကို ကပ်ပြီးတော့

ငြင်သာစွာပြောလိုက်ပါတယ်။

လို့ယုထန်ကြောင်သွားပြီးတော့ မေးလိုက်ပါတယ်။

``ဘာ ဖျော်ဖြေပွဲလဲ``

လင်းဟန်က ပြောလိုက်ပါတယ်။

``ဂို ဆိုတဲ့ကောင်ကို မမေ့လိုက်နဲ့ဦး သူကသေချာပေါက် လူစုပြီးတော့ ပြန်လာလိမ့်မယ်``

``နင်က ဂျင်ပူကျိကို လှည့်စားဖို့ အစီအစဥ်ဆွဲလိုက်တာပေါ့``

လို့ယုထန် နောက်ဆုံးမှာတော့ နားလည်သွားခဲ့ပါပြီ။

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါ သူ့ကို ပြောခဲ့တာပဲ တကယ်လို့ သူက အဲဒီထိုင်ခုံကို တကယ်လိုချင်တယ်ဆိုယင်...ပြီးတော့ သူကိုယ်တိုင်ကလဲ သဘောတူခဲ့တယ်လေ.. ဒါကြောင့် အဲဒီမှာ ဘာပဲဖြစ်ဖြစ် ငါနဲ့ ဘာမှဆိုင်ဘူးလေ``

လီွယုထန်က နူးညံ့သိမ်မွေ့စွာနဲ့ပြုံးလိုက်ပါတယ် ဒါပေမဲ့ ချက်ချင်းဆိုသလို မျက်မှောင်ကြုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``သွမ့်မုကျန်းဖန်း ခေါင်းပူသွားနိုင်မှာတော့မဟုတ်ပါဘူးနော် ဟုတ်လား?``

``ငါလောင်းတယ်... သူက မနေ့တုန်းက အစာအိမ်တစ်လုံးပြည့်နက်လောက်အောင် ဒေါသထွက်ပြီးတော့ ဖုံးကွယ်ထားခဲ့ရတယ်... ပြီးတော့ အဲဒီဂို ဆိုတဲ့ကောင် ပြန်သွားယင်.. သူက ဒီပုံပြင်ကို လွန်လွန်ကဲကဲပြောလိမ့်မယ် ဒါက အဲဒီအဘိုးကြီးကို ပိုပြီးတော့တောင် ဒေါသထွက်စေလိမ့်မယ်..ပြီးတော့ ငါ အဲဒီဂို ဆိုတဲ့ကောင်ကို ဆုံးမ လိုက်တုန်းက ငါက ချက်ချင်းပဲ လုပ်ပီးတော့ ဘာစကားတစ်ခွန်းမှ မပြောခဲ့ဘူးလေ``

လင်းဟန်က ရီမောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါကြောင့် အဲဒီအဘိုးကြီးက တစ်ခုခုသေချာပေါက် လုပ်လိမ့်မယ်ဆိုတာ လုံးဂကို ဖြစ်နိုင်ချေရှိတယ်``

``သွမ့်မုကျန်းဖန်းက သူလူမှားပြီးတော့ ဆုံးမလိုက်တယ်ဆိုတာကို သတိပြုမိတဲ့အခါကျယင် သူက နင့်အပေါ်ကို လုံး၀ အာရုံစိုက်လိမ့်မယ်``

လှီယုထန်ရဲ့ မျက်ခုံးလေးတွေကသိမ်သိမ်မွေ့မွေ့နဲ့ ကျုံ့လိုက်ပါတယ်။

``ငါ ဒါကို တွေးထားပါတယ်... ဒါပေမဲ့ အဲဒီအချိန်ကျယင် ဇူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့လည်း ရောက်နေလောက်ပါပြီ.. ဒါပေမဲ့လည်း တကယ်လို့ သူတို့ မရှိဘူးဆိုယင်တောင်မှ ငါ့မှာ အဲဒီအဘိုးကြီးကို ယှဉ်ဆိုင်ဖို့ ကိုယ်ပိုင် နည်းလမ်းတွေ ရှိတယ်``

လင်းဟန်က ယုံကြည်မှုအပြည့်နဲ့ ပြုံးပြလိုက်ပါတယ်။ ဇူဟဲချင်က သူ့ကို သွမ့်မုကျန်းဖန်း အကြောင်းကိုပြောပြခဲ့တဲ့အတွက် ယုံကြည်မှုရှိနေတာလဲဖြစ်ပါတယ်။ အဲဒီအဘိုးကြီးက ဓါးပညာနဲ့ မှော်ဆေးပညာရပ်မှာ လေးစားအပ်တဲ့လူတစ်ယောက်အဖြစ် ချီးမြှင့်မြောက်စားခြင်းကို ခံထားရပြီးတော့ သူလေ့ကျင့်တဲ့ တိမ်လှဲဓါးသိုင်းက အနက်ရောင်အဆင့် အဆင့်နိမ့်သိုင်းပညာကျင့်စဉ်တစ်ခုပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီအဘိုးကြီးက ခုနှစ်ကွက်ပဲ လေ့ကျင့်ထားနိုင်ပြီးတော့ ပြီးပြည့်စုံတဲ့ တိမ်လှဲဓါးသိုင်းမှာက စုစုပေါင်း ၉ ကွက်တိတိရှိပါတယ်။

တိမ်လှဲဓါးသိုင်းစာအုပ်က ဒီအဘိုးကြီးရဲ့ လက်ထဲကို မရောက်ခင်ကတည်းက ဒီအမွေအနှစ်က ပျက်ဆီးနေခဲ့တာပဲဖြစ်ရမယ်။ ဒါကြောင့်မို့လို့သူ့အနေနဲ့ နောက်ဆုံး နှစ်ကွက်ကို မသင်ယူနိုင်ခဲ့တာပေါ့။

လင်းဟန်အနေနဲ့ ပြီးပြည့်စုံတဲ့ တိမ်လှဲဓါးသိုင်းပညာကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ဒါကြောင့် ဘယ်ထောင့်ကနေပဲကြည့်ကြည့် သူ့အနေနဲ့လာမဲ့ ထိပ်တိုက်ရင်ဆိုင်မှုအတွက်တော့ အပေါ်စီးကပဲရှိနေပါတယ်။

လွီယုထန် ကတော့ လုံးဝ ဆိုးစွားစွာနဲ့ပဲ လင်းဟန်ရဲ့ လွှမ်းမိုးမှုကို ခံထားရပါတယ်။ ပြီးတော့ သူမအနေနဲ့ ကြည့်ရှုဖို့အတွက် မျှော်လင့်စောင့်စားနေတာကို သူမ မျက်နှာပေါ်မှာ ပေါ်လွင်လို့နေပါတယ်။

လင်းဟန်ရဲ့ ကိုယ်ကျင့်တရားမရှိတာကြောင့်

ညှော်သည်အားလုံးက ရှက်ရွံ့ကြတဲ့အတွက် သူ့ကို ဘယ်သူကမှ စကားမပြောကြပါဘူး။ ဒီအတောအတွင်းမှာ ဂျင်ပူချန်က သူ့ခေါင်းကို ထပ်ခါ ထပ်ခါ လှည့်ပြီးတော့ လင်းဟန်ကို စိန်ခေါ်တဲ့ အမူအရာတွေ ဖော်ပြနေပါတယ်။ သူ့ရဲ့ အမူအရာတွေအရတော့ သူက လင်းဟန်ကို လုံးဝ အထင်အမြင်သေးနေတဲ့သဘောပါပဲ။

သူ့အနေနဲ့ မူလကထင်ထားတာက လင်းဟန်က ခေါင်းမာလိမ့်မယ်ပေါ့...အဲဒါဆိုယင် သူ့ရဲ့ အကိုဖြစ်တဲ့ ဂျင်ပူကျိုက လင်းဟန်ကို ပြင်းပြင်းထန်ထန် ဒါဏ်ရာ ရအောင်လုပ်ဖို့ အခွင့်အရေးရပါလိမ့်မယ်။ သူ့အနေနဲ့ လုံးဝမထင်ထားတာက ဒီကောင်က သူ့ထက်အားနည်းတဲ့သူကို စော်ကားအနိုင်ကျင့်ပြီးတော့ သန်မာအားကောင်းတဲ့ သူ့ဆိုယင် ကြောက်ရွံ့တတ်တဲ့လူစားမျိုးဖြစ်လိမ့်မယ်ဆိုတာကိုပေါ့။

``ဒါပေမဲ့ မင်းအနေနဲ့ ဒီလိုမျိုး လွတ်မြောက်သွားလိမ့်မယ်လို့ ထင်နေတာလား?``

ဂျင်ပူချန်ရဲ့ နှလုံးသားထဲမှာ အေးစက်စက်ဖြစ်လာပါတယ်။

ညစာစားပွဲ ပြီးတဲ့အခါကျ ယင် သူတို့က

နံပါတ်လေးမင်းသားရဲ့အိမ်တော်က ပြန်တဲ့အခါမှာ ဂျင်ပူကျိုက လင်းဟန်ကို သေချာပေါက် သင်ခန်းစာကောင်းကောင်း ပေးပါလိမ့်မယ်။

သူတို့အနေနဲ့ နံပါတ်လေးမင်းသားကို မျက်နှာသာပေးဖို့လိုပါသေးတယ်။

လင်းဟန်ရဲ့ အရှုံးပေးလိုက်ခြင်းက ချီယောင်ရီ တောင်မှ တစ်စုံတစ်ခု ဖြစ်ပေါ်လာလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ ဒါကြောင့် သူလည်းပဲ လင်းဟန်အပေါ် အထင်အမြင်သေးခြင်းတွေ ပိုပြီး ကြီးထွားလာခဲ့ပါတယ်။ ရလဒ်ကတော့ သူ့အနေနဲ့ လင်းဟန်အပေါ်မှာ နောက်ထပ် အချိန်တွေ မဖြုန်းတီးတော့ပါဘူး အဲ့ဒီအတွက် သူ့ရဲ့ မူလအကြံအစည်အတိုင်းပဲ တစ်ခြားဧည့်သည်တွေကို ဧည့်ခံယင်းနဲ့ သူ့ကို ထောက်ခံပေးဖို့အတွက် ဖိတ်ခေါ်မှုတွေလုပ်နေပါတယ်။

``ဆရာ ... အဲဒါသူပဲ``

သိပ်မကြာခင်အချိန်အတွင်းမှာ ဒေါသတွေပြည့်နေတဲ့ အသံကို ကြားလိုက်ရပါတယ်။ ဂိုတင်ချွမ်က နောက်တစ်ကြိမ် ခန်းမရဲ့ ဂင်ပေါက်မှာ ပေါ်လာပြီးတော့ သူက အထဲကို

ညွှန်ပြနေပါတယ်။

လူတိုင်း လှည့်ကြည့်လိုက်ပါတယ် ဒါပေမဲ့ သူတို့ရဲ့မျက်လုံးတွေ ဖေဖါးသွားတာကိုပဲ ခံစားလိုက်ရပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်နဲ့ ပုံရိပ်တစ်ခုကပျံ ဝင်လာခဲ့ပါတယ်။ အဲဒါက မီးခိုးရောင်ဂတ်စုံ ဝတ်ဆင်ထားတဲ့ အဘိုးကြီးတစ်ယောက်ဖြစ်ပြီးတော့သူ့နောက်ကျောမှာ ဓါးတစ်ချောင်းလွယ်ထားပါတယ်။ သူ့ရဲ့ ပုံရိပ်က လျှပ်တပြက်ဆိုသလိုပဲ ဂျင်ပူကျိရဲ့နားမှာ ပေါ်လာခဲ့ပါတယ်။ သူက လက်တစ်ဖက်ကို ဆန့်တန်းလိုက်ပြီးတော့ ဂျင်ပူကျိလည်ပင်းကို ကိုင်လိုက်ပြီး ပြင်းထန်စွာနဲ့ ဆောင့်ချလိုက်ပါတယ်။

``Peng``

ဒီလှုပ်ရှားမှုရဲ့ နောက်ကွယ်က အစွမ်းက အရမ်းကို ကြီးမားလှပါတယ် ဒါကြောင့် စားပွဲခုံက နစ်ပိုင်းကျိုးသွားခဲ့ပါတယ်။ ဟင်းပွဲတွေနဲ့ ပိုင်တွေအားလုံးလည်းရှိနေတဲ့ အတွက်ကြောင့် အဲဒီအချိန်မှာပဲ ပိုင်နဲ့ ဟင်းခွက်တွေအားလုံးက ဂျင်ပူကျိမျက်နှာပေါ်ကို အားလုံး ဖိတ်စဉ်ကုန်ပါတယ်။

ဒါက မဖိတ်ခေါ်ပဲရောက်လာတဲ့ ကပ်ဘေးပဲ ။

လုံး၀ မဖိတ်ခေါ်ပဲရောက်လာတဲ့ ကပ်ဘေးပါပဲ။

ဂျင်ပူကျိအနေနဲ့ အခုလိုမျိုး တစ်စုံတစ်ယောက်က သူကို တိုက်ခိုက်ရဲလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးထင်ထားမှာလဲ။ ဒီ့အပြင် သူ့ကို တိုက်ခိုက်တဲ့သူက အရမ်းကို လှွမ်းမိုးနိုင်စွမ်းရှိစွာနဲ့ စွမ်းအားပြည့်၀ပြီးတော့ သူတောင်မှ ခုခံကာကွယ်နိုင်တဲ့ စွမ်းရည် မရှိခဲ့ပါဘူး။ ဒါကြောင့် စိတ်ရှုပ်ထွေးစွာနဲ့ပဲ ဒီလိုမျိုး ကပ်ဘေးဒုက္ခကို ခံစားလိုက်ရပါတယ်။

``ဟားဟားဟား... မင်းက အရမ်းကို မောက်မာ ၀င့်ကြွားခဲ့တယ်လေ...ဘာလို့ နောက်တစ်ကြိမ် မောက်မာ၀င့်ကြွားဖို့ မကြိုးစားတော့တာလဲ?``

ဂိုတင်ချွမ်ကလည်း အပြေးအလွှားရောက်လာပြီးတော့ ဂျင်ပူကျိရဲ့ နောက်ကျောကို အနည်းငယ်ကန် ပစ်လိုက်ပါတယ်။သူ့ရဲ့ မျက်နှာတစ်ခုလုံးက ဒေါသတွေနဲ့ တွန့်လိမ်နေပြီး သူ့အနေနဲ့ လူသတ်ချင်နေပေမဲ့လဲ ဒီထက်ပိုပြီး ဘာမှလုပ်လို့ မရပါဘူး။

ဂျင်ပူချန်က အစပိုင်းမှာ ထိတ်လန့်ချောက်ခြားသွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

``မင်းဘာလို့ သူ့ကို ရိုက်နှက်နေရတာလဲ?``

သူ့အနေနဲ့ အရမ်းမှားယွင်းသလို ခံစားရပါတယ်။

ဘာလို့လဲဆိုတော့ ဒီအချိန်အတွင်းမှာ သူတို့ ဂျင် ညီအကိုတွေက အမြဲတမ်း သူတို့ကပဲ တခြားလူတွေကို စော်ကားအနိုင်ကျင့်ခဲ့တာပါ။ ဒီနေ့ သူ့ရဲ့ အကိုဖြစ်တဲ့သူက သူတို့တစ်ခါမှ မမြင်ဖူးခဲ့တဲ့ လူနှစ်ယောက်ရဲ့ ရိုက်နှက်ဆုံးမခြင်းကို ခံနေရပါတယ်။ သူ့အနေနဲ့ ဒီအချိန်မှာ အံ့အားလွန်းလို့ ဘာမှမတုံ့ပြန်နိုင်ခဲ့ပါဘူး။

ဂိုတင်ချွမ်က သူ့ကို တစ်ချက်ပဲ ပေ့ကြည့်လိုက်ပီးတော့ ဒီ ဂျင်ပူချန်က လုံးဝကို မရင်းနှီးတဲ့ မျက်နှာပဲလို့ ခံစားလိုက်ရပါတယ်။ဒါက အေးစက်စက်နဲ့ လှပတဲ့ မိန်းကလေးလဲမဟုတ်ဘူး။ ဒါပေမဲ့ ဒီလိုကွဲပြားခြားနားမှုကို သူ့အနေနဲ့ ထပ်မစဉ်းစားနေတော့ပဲနဲ့ ဒေါသထွက်စွာနဲ့ ဂျင်ပူကျိုကို ဆက်လက်ပြီးတော့ ကန်နေလိုက်ပါတယ်။

ဒီ ထိပ်တိုက်တွေ့ခြင်းမှာပါဝင်တဲ့ လူတွေအားလုံးကိုယ်စီက သူတို့ကိုယ်ပိုင် တစ်ဖက်ဆီ ရှိကြပါတယ်။ တစ်ဖက်က လုံးဂကို အမိပွဲါယ်ကောက်လွဲပြီးတော့ တစ်ဖက်ကတော့ လုံးဂ အကျပ်ရိုက်ပြီးတော့ ကြောင်နေကြပါတယ်။ ဒါပေမဲ့ တစ်ခြားသူတွေက ချက်ချင်းပဲ သတိပြုမိသွားကြပါတယ်။ ဂိုတင်ချွမ်က ဓါးပညာနဲ့မှော်ဆေးပညာရပ်မှာ ပါ အလေးထားခြင်းခံရတဲ့ သူ့ရဲ့ဆရာကို ခေါ်လာပြီးတော့ မှားယွင်းတဲ့ ပစ်မှတ်ကို ရိုက်နေတာပါပဲ။

သနားစရာ ဂျင်ပူကျို.. သူကတော့ ဘာအကြောင်းမှမရှိပဲနဲ့ ဆုံးမခံရပြီးတော့
နာကျင်မှုကိုခံစားနေရပါတယ်။အဲဒီအချိန်မှာပဲ သူက လုံးဂကို စိတ်ဓါတ်ကျ ပီ း စိတ်အားငယ်သလို ခံစားနေရပါတယ်။

လင်းဟန်က ဂျင်ပူကျိုကို ထိုင်ခုံလွယ်လွယ်ကူကူပေးလိုက်တာက အခု အံ့သြစရာမလိုတော့ပါဘူး။ သူအနေနဲ့ ထောင်ချောက်တစ်ခုကို ဂျင်ပူကျိုအတွက် စီစဉ်ထားခဲ့ပါတယ်။

သေစမ်း... ဒီကောင်က တကယ်ပဲ အရမ်းကို

ကောက်ကျစ်စဉ်းလဲတာပဲ။

သူတို့အနေနဲ့ ဂျင်ပူကျိုက ဆက်ပြီးတော့ အဆုံးမခံနေရတဲ့အချိန်မှာ ဂျင်ပူချန်ကတော့ လုံးဝ ဘာပြောရမှန်းမသိဖြစ်နေတာကို မြင်လိုက်ရတော့... လူအနည်းငယ်က သူတို့ကို သူတို့ မထိန်းနိုင်တော့ပဲနဲ့ ကျယ်လောင်စွာ အော်ရီလိုက်ပါတယ်။ ဒါ့အပြင် တစ်ယောက်ပီး တစ်ယောက် ကျယ်လောင်စွာနဲ့အော်ရီလိုက်သံက နောက်ဆုံးမှာတော့ သူတို့အားလုံးရဲ့ အစာအိမ်ထဲမှာ ရီမောခြင်းတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

ဂိုတင်ချွမ်က နောက်ဆုံးမှာတော့ တစ်ခုခုမှားနေပြီဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူက ဂျင်ပူကျိုကို သူနဲ့မျက်နှာခြင်းဆိုင်ဖြစ်ဖို့ ဆွဲလှည့်ခဲ့ပါတယ်။ ပြီးတော့ ဟင်းခွက်တွေနဲ့ ပိုင်တွေ ဖိတ်စဉ်ထားတဲ့ မရင်းနီးတဲ့မျက်နှာတစ်ခုကို မြင်လိုက်ရတဲ့အခါမှာတော့ သူအလန့်တစ်ကြားဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

``မင်းဘယ်သူလဲ?``

``Pu``

ဂျင်ပူကျိုက ဒေါသတွေနဲ့ ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ပါတယ်။ မင်းက ငါဘယ်သူလဲဆိုတာကို f-----မသိပဲနဲ့များ ဘာလို့ ငါ့ကို ရိုက်နှက်နေရတာလဲ?ပြီးတော့ မင်းပဲ ငါ့ကို ဒေါသတစ်ကြီးနဲ့ ရိုက်နှက်နေခဲ့တာမဟုတ်လား...``

``မင်းတို့ဘယ်သူပဲဖြစ်ဖြစ် ဒီအတွက် မင်းတို့ပြန်ပြီးတော့ ပေးဆပ်စေရမယ်``

သူက ဒေါသတကြီးနဲ့ ကြုံးဝါးလိုက်ပါတယ်။

အပိုင်း(၆၄) အခြေအနေကို သက်တောင့်သက်သာ ထိန်းချုပ်ခြင်း

``ဒါက မင်းကို ရိုက်နှက်သွားတဲ့ လူမဟုတ်ဘူးလား?``

သွမ့်မုကျန်းဖန်းကိုယ်တိုင်လဲ အလန့်တကြားဖြစ်သွားခဲ့ပြီးတော့ အနည်းငယ် မကျေမနပ်ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်မဟုတ်ဘူးဆိုယင် မင်းကဘာလို့ ဂင်လာကတည်းက ဒီကောင့်ဆီကို ညွှန်ပြရတာလဲ?

``မဟုတ်ဘူး``

ဂိုတင်ချွမ်းလည်းပဲ အရမ်းကို စိတ်ဖိစီးနေပါတယ်။ မင်းက

လင်းဟန်မဟုတ်ဘူးဆိုယင် ဘာလို့ ဒီနေရာမှာထိုင်ပြီးတော့ ဘာလုပ်နေတာလဲ?
သူက ဂျင်ပူကျိုကို ကြည့်ပီးတော့ မေးလိုက်ပါတယ်။
``ဒီနေရာမှာ မင်းအယင် ထိုင်နေတဲ့လူက ဘယ်ရောက်သွားလဲ?``
ဂျင်ပူကျိုက အရူးတစ်ယောက်မဟုတ်ပါဘူး။ ဒါကြောင့်ပဲ သူက ချက်ချင်း သတိပြုမိသွားခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ ထောင်ချောက်ဆင်တဲ့ အထဲကို ကျဆင်းသွားခဲ့ရတယ်ဆိုတာကိုပေ့ါ။
အဲဒီခွေးကောင်က ဒီလူနှစ်ယောက်ကို အပြစ်လုပ်ထားခဲ့ပြီးတော့ တိုက်ဆိုင်စွာနဲ့ ပဲ သူက အဲဒီကောင်ဆီကနေပြီးတော့ သူ့ရဲ့ ထိုင်ခုံကို လက်လျော့စွန့်လွှတ်ခိုင်းလိုက် ပါတယ်။ရလဒ်ကတော့ အဲဒီကောင်က အခြေအနေအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ သူ့အတွက် ထောင်ချောက် တစ်ခု ဆင်သွားခဲ့ပြီးတော့ သူ့ကို အလွန်ဆိုးဆိုးရွားရွား ခံစားစေခဲ့ပါတယ်။
ဒီခွေးကောင်စုတ်ကတော့ကွာ..............
``လင်းဟန်.....``
သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။
``ဒီနေရာကထွက်တာနဲ့ ငါမင်းကို သတ်ပစ်မယ်``
လင်းဟန်?

သွမ့်မုကျန်းဖန်းက အဲဒီနာမည်ကို ကြားလိုက်ရတဲ့အခါမှာတော့ သူ့ရဲ့ နှလုံးသားထဲ မှာ ချက်ချင်းဆိုသလို သတ်ဖြတ်ချင်တဲ့ဆန္ဒတွေ ပြည့်နှက်လာပါတယ်။ ဒီဂျူနီယာရဲ့ နာမည်က သူ့ကို အလွန်အမင်း မျက်နှာပျက်တဲ့ ဒုက္ခကို ကြုံတွေ့စေခဲ့ပါတယ်။ မြေခွေးအိုကြီးတစ်ကောင်လို ကောက်ကျစ်စဉ်းလဲတဲ့သူက ချက်ချင်းဆိုသလိုပဲ ဂျင်ပူကျိုနဲ့ သူတို့က လင်းဟန်ရဲ့ ကစားတာကို ခံလိုက်ရတယ်ဆိုတာကို သတိပြုမိသွား ခဲ့ပါတယ်။

အားလုံးရဲ့ မျက်လုံးတွေက လင်းဟန်ဘက်ကိုလှည့်ပြီးကြည့်လိုက်ကြပါတယ်။

လင်းဟန်ကတော့ ထိုင်နေလျက်ပဲရှိနေပြီးတော့ လူအများကြီးက သူ့ကို အာရုံစိုက် ပြီးတော့ ကြည့်နေတာတောင်မှ သူက အနည်းငယ်မျှ စိတ်ကသိကအောက် ဖြစ်ပုံမခံစားရပါဘူး။

သူက ပိုင်ခွက်ကို ကြည့်ပြီးတော့ အယင်အတိတ်ဘဂတုန်းက အကြောင်းကို မစဉ်းစားပဲမနေနိုင်အောင်ပါပဲ။ သူသောက်ဖူးသမျှ ပိုင်တွေအားလုံးက အကောင်းဆုံး အရည်အသွေးရှိပါတယ်။ ဒီပိုင်ရဲ့အရသာကတော့ အရမ်းကိုကောင်းလွန်းပါတယ် ဆိုတဲ့ ပိုင်တွေနဲ့တောင်မှ နှိုင်းယှဉ်လို့ရပါတယ်။

အဲဒီအချိန်မှာပဲ ဂျင်ပူကျိုက ဂိုတင်ချွမ်ကို

လက်စားပြန်ချေဖို့ဆန္ဒမရှိတော့ပါဘူး... ဒ့ါအပြင် သူ့အနောက်မှာ သွမ့်မှုကျန်းဖန်းလို စွမ်အားကြီးတဲ့ နွေဦးစမ်းရေ အဆင့် စစ်သည်တော်တစ်ယောက်လဲရှိနေပြီးတော့ သူ့ရဲ့ အစွမ်းက သူကိုယ်ပိုင်အစွမ်းထက် အဆပေါင်းဘယ်လောက် ကြီးမားသလဲဆိုတာကို မသိနိုင်ပါဘူး။

သူက လင်းဟန်ကိုကြည့်ပြီးတော့သူ့လက်သီးတွေကို တင်းတင်းကျပ်ကျပ် ဆုပ်ထားပါတယ်။ ဟင်းအနှစ်တွေနဲ့ သွေးတွေက စားပွဲခုံနဲ့ ဆောင့်ပြီး ရထားတဲ့ မျက်နှာပေါ်က ဒါဏ်ရာကနေ ယိုဖိတ်နေပါတယ်။ သူ့ရဲ့ ပုံစံကို မြင်လိုက်ရတဲ့ ကလေးသူငယ်တွေတောင်မှ အော်ဟစ်ငိုယိုသွားရလောက်အောင် ရုပ်ဆိုးအကျည်းတန်နေပါတယ်။

`` မင်းက ငါတို့အားလုံးကို ကစားခဲ့တာပေ့ါ``

ဂျင်ပူချန်က လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ အော်လိုက်ပါတယ်။ နောက်ဆုံးတော့ သူလဲ အမှန်တရားကို သတိပြုမိသွားခဲ့ပါတယ်။

```ဟားဟားဟားဟား``

လူအချို့က သူတို့ကိုသူတို့ မထိန်းနိုင်ပဲနဲ့ ကျယ်လောင်စွာအော်ရီလိုက်ပါတယ်။

အမှန်ပြောရမယ်ဆိုယင်....နဂါးတစ်ကောင်မှာ သားကိုးယောက်ရှိပြီးတော့ အားလုံးက မတူညီကြပါဘူး။ ဒီ
```

ဂျင်ပူချန်က လုံးဝ တကယ့်ငတုံးပဲ။ သူက ဂျင်ပူကျိနဲ့ အဖေ အမေ တူတူကနေပြီးတော့ မွေးဖွားလာတာမှ ဟုတ်ရဲ့လား?

``မင်းက တကယ့်ကို သတ္တိကောင်းတာပဲ``

သွမ့်မုကျန်းဖန်းက ထိတ်လန့်စဖွယ်ပြောလိုက်ပါတယ်။ သူက တကယ့်ကို ကြိုးကိုင် ချယ်လှယ်ရဲတယ်ပေါ့ ကြည့်ရတာ ဒီ ဂျူနီယာလေးက အသက်ရှင်နေထိုင်ရတာ ပင်ပန်းနေပြီနဲ့တူတယ်။

သွမ့်မုကျန်းဖန်းပြောလိုက်တာကို မြင်လိုက်ရတော့ ဂျင်ပူကျိက တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။ နောက်မှရောက်လာတဲ့ ဒီလူနဲ့ လင်းဟန်ကြားမှာ ပြဿနာ အနည်းငယ်ရှိခဲ့ပုံပါ ပြီးတော့ ဒီအဘိုးကြီးက နွေဦးစမ်းရေ အဆင့် ဖြစ်ပြီးတော့ အဆင့်အတန်းက သူထက်တောင်မှ အများကြီး မြင့်မားပါတယ်။ တကယ်လို့ သူလက်စားချေချင်တယ်ဆိုယင်တောင်မှ သူ့အလှည့်ကိုရောက်ဖို့အတွက် စောင့်နေဖို့ လိုပါသေးတယ်။

သွမ့်မုကျန်းဖန်းက ခြေလှမ်းကျဲကြီးတွေနဲ့ လင်းဟန်ဆီကိုသွားလိုက်ပါတယ်။ သူ့ရဲ့မျက်လုံးတွေက အေးစက်စက်အမူအရာတွေပြည့်နေပါတယ်။ သူက လုံးဝ ဆုံးဖြတ်ချက်ချထားပါတယ်။ တကယ်လို့ ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့နှစ်ယောက်လုံး ရောက်လာခဲ့ယင်တောင်မှ သူ့အနေနဲ့ ဒီလူပါးဝတဲ့ ဂျူနီယာကို အလွတ်မပေးပါဘူး။

ဂိုတင်ချွမ်ကလဲ နီးကပ်စွာနဲ့နောက်က လိုက်လာပြီးတော့

သူနှုတ်ခမ်းမှာအေးစက်တဲ့ အပြုံး တစ်ခုပေါ်လာပါတယ်။ ဒီကောင်က သူ့ရဲ့ဆရာကိုတောင်မှ လှည့်စားရဲတယ်။ ဒီတစ်ကြိမ်တော့ ဒီကောင်သေချာပေါက် သေပီပဲ။

သွမ့်မုကျန်းဖန်းက အရမ်းအမြန်ကြီး လမ်းမလျှောက်ပေမဲ့လည်း သူ့ရဲ့ ခြေလှမ်းတိုင်းက ခန်းမကြီးတစ်ခုလုံးကို အနည်းငယ် တုန်လှုပ်သွားစေခဲ့ပါတယ်။ ဒီ ဓါးပညာနဲ့ မှော်ဆေးပညာရပ်မှာ အားလုံးက အလေးထားရတဲ့ လူကြီးကိုကြည့်ပြီးတော့ အားလုံးရဲ့ ခံစားချက်တွေက အမျိုးမျိုး အဖုံဖုံဖြစ်နေပါတယ်။

ချီယောင်ရီ...နံပါတ်လေးမင်းသားတောင်မှ ဒီအချိန်မှာ လင်းဟန်ကို ကာကွယ်ဖို့အတွက် မပြောရဲခဲ့ပါဘူး။

လင်းဟန်ကရော အခု ဘာတွေလုပ်မလဲ?

သူ့ရဲ့ လှုပ်ရှားမှုက အရမ်းကိုပဲ လှပပါတယ်။ သူ့ရဲ့ ရန်သူနှစ်ယောက်ကို ဆက်တိုက်ဆိုသလိုပဲ လှည့်စားပြီးတော့ ထောင်ချောက်ဆင်နိုင်ခဲ့ပါတယ်။

အားလုံးပဲ လင်းဟန်ရဲ့ နောက်ထပ်လှုပ်ရှားမှုက ဘယ်လိုမျိုးလဲဆိုတာကို သိချင်စိတ် ပြင်းပြနေကြပါတယ်။

လင်းဟန်ကိုကြည့်ရတာ အရူးတစ်ယောက်နဲ့မှမတူတာ။

လှိုယုထန်က ချက်ချင်းဆိုသလို ထရပ်လိုက်ပီးတော့ လင်းဟန်အရှေ့မှာ သူကို ကာကွယ်ဖို့အတွက် ပြင်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူမက ချက်ချင်းဆိုသလို လင်းဟန်ရဲ့ ငြင်သာစွာ ဘေးကို တွန်းထုတ်လိုက်ခြင်းကို ခံလိုက်ရပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပဲပြောလိုက်ပါတယ်

``လေပြင်းလေးခုကို မြှင့်တင်...ကောင်းကင်ကတိမ်တွေကို ဖရိုဖရဲဖြစ်အောင် လွှင့်ထုတ်ပစ်..ကျားနဲ့ကြိုးကြာငှက်ကို တစ်ပြိုင်တည်းပေါ်လာစေ...အနိုင်မခံ အရှုံးမပေးတာကို ဖန်တီး``

``Zhi``

သွမ့်မုကျန်းဖန်းရဲ့ လှမ်းလက်စခြေလှမ်းတွေက ရပ်တန့်သွားပြီးတော့ သူကိုကြည့်ရ တာ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်ခံလိုက်ရသလိုမျိုး ဖြစ်နေပီးတော့ တခွေသရဲ တစ်ကောင်ကို မြင်လိုက်သလို အမူအရာတွေဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ အချိန်ခဏလေးအတွင်းမှာပဲ သူကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှားနေပြီးတော့ သူကိုယ်ခန္ဓာက လှုပ်ရမ်းလို့နေပါတယ်။

ဒါက တိမ်လှဲ့ဓါးသိုင်းပညာရဲ့ ရှစ်ကွက်မြောက် အတွက် နှုတ်တိုက်ရွတ်ဆိုပြတာပဲ။

တိမ်လှဲ့ ဓါးသိုင်းက အနက်ရောင်အလယ်အလတ်အဆင့် သိုင်းပညာကျင့်စဥ်တစ်ခု ပဲဖြစ်ပါတယ်။ သူက ဒါကို ရှေးဟောင်းနယ်မြေတစ်ခုကနေပြီးတော့ ရရှိခဲ့တဲ့ လျှို့ဝှက်

စာလိပ်ကနေပြီးတော့သင်ယူခဲ့တာပါ။ ကံမကောင်းစွာနဲ့ပဲ အချိန်တွေအကြာကြီး ဖြတ်သန်းကျော်လွန်ခဲ့ရတာကြောင့် နောက်ဆုံးနှစ်ကွက်ကို ဖော်ပြထားတဲ့ အစိတ်အပိုင်းက လုံးဝကို ပျက်စီးပျောက်ကွယ်သွားခဲ့ပါတယ်။ ရှစ်ကွက်မြောက် အတွက်ပဲ နှုတ်တိုက်ရွတ်ဆိုထားတဲ့ စကားလုံးပုံရိပ်ယောင်တွေပဲကျန်နေပြီးတော့ ကိုးကွက်မြောက်အတွက်တော့ နာမည်လေးတောင်မှ မကျန်ရစ်ခဲ့ပါဘူး။

သူ့အနေနဲ့ ကျန်းဟေရှမ်းနဲ့ ဇူဟဲချင်တို့နှစ်ယောက်ကို စိတ်ထဲမှာ သိပ်ပြီး မထားရ တဲ့အကြောင်းကတော့သူက တိမ်လှဲဓါးသိုင်းကို ပိုင်ဆိုင်ထားလို့ပဲဖြစ်ပါတယ်။

သူတို့သုံးယောက်စလုံးက ငွေဦးစမ်းရေအလွှာ၃ မှာရှိနေကြပါတယ်။ ဒါပေမဲ့ တိမ်လှဲ ဓါးသိုင်းကြောင့် ဇူဟဲချင်နဲ့ ကျန်းဟေရှမ်းတို့ပေါင်းပြီးတော့ တိုက်ခိုက်ယင်တောင်မှ သူတို့က သူနဲ့ ပြိုင်ဘက်တွေမဟုတ်ပါဘူး။ ဒီဓါးသိုင်းပညာကျင့်စဥ်က အရမ်းကိုစွမ်း အားကြီးမားလွန်းတာကြောင့် သူ့အနေနဲ့ အိမ်မက်ထဲမှာတောင်မှ နောက်ဆုံး နှစ်ကွက်ကို ရရှိဖို့ မျှော်လင့်ခဲ့ရပါတယ်။

ဒါကြောင့် လင်းဟန်က တိမ်လှဲဓါးသိုင်းပညာကျင့်စဥ်ကို နှုတ်တိုက်ရွတ်ပြလိုက်တဲ့ အခါမှာတော့ သူ့အနေနဲ့ စိတ်မလှုပ်ရှားပဲနဲ့ ဘယ်လိုလုပ်နေနိုင်မှာလဲ?

``မင်း... မင်းဒါကိုသိသလား?``

သွမ့်မုကျန်းဖန်းက လင်းဟန်ကိုမေးလိုက်ပါတယ်။ သူ့ရဲ့အသံတွေက တုန်ခါလို့ နေပါတယ်။

``သေချာတာပေါ့``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``မင်းငါ့ကို သင်ပေးနိုင်မလား?``

အဘိုးကြီးရဲ့မျက်နှာမှာ မျှော်လင့်ချက်အပြည့်နဲ့မေးလိုက်ပါတယ်။

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဒါကတော့ ခင်ဗျားရဲ့ လုပ်ဆောင်မှုတွေအပေါ်မှာ မူတည်တယ်``

သွမ့်မုကျန်းဖန်းက အချိန်ကုန်အောင် စဉ်းစားမနေတော့ပဲနဲ့ ပြောလိုက်ပါတယ်။

``မင်းဘာပဲတောင်းဆို

တောင်းဆို..ပြောလိုက်ပါ...မှော်ဆေးလုံးတွေလား

ဒါမှမဟုတ် ကျင့်ကြံခြင်းအတွက် အရင်းအမြစ်တွေလား ငါ မင်းကို အားလုံးပေးနိုင်ပါတယ်``

``Si``

ဘေးပါတ်လည်မှာရှိတဲ့ လူတွေအားလုံး ဘာပြောရမှန်းမသိအောင်ပဲ ကြောင် သွားကြပါတယ်။ အခုဆိုယင် သွမ့်မုကျန်းဖန်းကိုကြည့်ရတာ လင်းဟန်ကို မသတ်တော့ပဲနဲ့ ရပ်လိုက်ဖို့ ဆုံးဖြတ်ချက်ချထားတဲ့ပုံစံပါပဲ။

ဒါဆို သူရဲ့ အပြုအမူတွေက ဘယ်လိုကြောင့် ပြောင်းလဲသွားရတာလဲ?ဒါက မှော်ပညာ လှည့်ကွက် အချို့ပဲလား?

``ဆရာ``

ဂိုတင်ချွမ်က စိုးရိမ်ပူပန်ကြောင့်ကြ လျက်ရှိပါတယ်။ ဘယ်လို မှိုစွာမှော်ပညာ မျိုးကို ဒီကောင် အသုံးပြုလိုက်တာလဲ။

လင်းဟန်က ဂျင်ပုကျိုနဲ့ သူညီကို ညွှန်ပြပြီးတော့ ဂိုတင်ချွမ်ကိုလှည့်ပြီး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ဒီသုံးယောက်... သူတို့က ငါရဲ့ မျက်လုံးတွေကို အဆင်မပြေဖြစ်စေတယ်``

``ကောင်းပြီ``

အတွေ့အကြုံရင့်ကျက်တဲ့သူတစ်ယောက်ဖြစ်တာနဲ့ အညီ သွမ်မုကျန်းဖန်းက လင်းဟန် ဘာကိုဆိုလိုလဲဆိုတာကို ချက်ချင်းနားလည်လိုက်ပါတယ်။ သူက ဘာစကားတစ်ခွန်းမှမပြောတော့ပဲနဲ့ ဂိုတင်ချွမ်ကို မလိုက်ပီးတော့ ဂျင်ညီအကို ရှေ့ကို လျပ်တပြက် ရောက်ရှိလို့သွားခဲ့ပါတယ်။ သူ့ရဲ့ ဘယ်လက်နဲ့တစ်ချက် ထိုးလိုက်ပီးတော့ အရမ်းကို စွမ်းအားပြင်းထန်တဲ့ အားလှိုင်းတစ်ခုက ဂျင်ညီအကို နှစ်ယောက်ကို ကြမ်းပြင်ပေါ်ကို လဲကျသွားစေခဲ့ပါတယ်။

``Peng Peng Peng Peng``

သွမ်မုကျန်းဖန်းက သူတို့သုံးယောက်ကို စိတ်ကြိုက်

ကန့်ကြောက်ထိုးကြိတ်လိုက်ပါတယ်။
အားလုံး ကြက်သေသေသွားခဲ့ပါတယ်။
လင်းဟန်အနေနဲ့စကားလုံး အနည်းငယ် မျှသာပြောလိုက်ပီး သွမ့်မုကျန်းဖန်းက ချက်ချင်းဆိုသလို လင်းဟန်ရဲ့ အမိန့်တွေကို နာခံသွားခဲ့တယ်ပေါ့လေ?
သူတို့အားလုံး လင်းဟန်အပေါ်မှာ ရှိသေလေးစားအားကျမှုတွေ မြင့်တက်လာခဲ့ပါတယ်။
ဂိုတင်ချွမ် .. ဂျင်ညီအကိုသာမက သွမ့်မုကျန်းဖန်းလို လူတောင်မှ သူတို့အားလုံးက လင်းဟန်ရဲ့ လက်ဖဝါးပေါ်မှာ ကစားခြင်းကို ခံရပါတယ်။
ဂျင်ညီအကိုနှစ်ယောက်ကတော့ လုံးဝကို ညှိုးငယ်ထိုင်းမှိုင်းစေပါတယ်... စိတ်ပျက်အားငယ်မှုတွေက သူတို့ရဲ့ အရိုးတွေထဲထိအောင် စိမ့်ဝင်လို လာခဲ့ပါတယ်။
သူတို့အနေနဲ့ သွမ့်မုကျန်းဖန်းနဲ့ ဘယ်လိုပြဿနာကြီးမျိုး ရှိခဲ့ဖူးလို့လဲ။ အယင်က သူတို့အနေနဲ့ ဒီအဘိုးကြီးရဲ့ အကြောင်းပြချက်မရှိပဲ ရိုက်နှက်ဆုံးမခြင်းကို ခံခဲ့ရပြီး တော့ ဒါက လင်းဟန်ရဲ့ လှည့်ဖျားမှုကြောင့် အားလုံးက နားလည်မှုလွဲမှား တယ်ဆိုတာကို ဖြေရှင်းနိုင်ခဲ့ကြတယ်လေ။ ဒါပေမဲ့ အခုအချိန်ကရော ဘာအတွက် ကြောင့်လဲ?
ဒါပေမဲ့ ဒီလို စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်က လှုပ်ရှားလိုက် ပီဆိုမှတော့ သူတို့အနေနဲ့

လိမ်လိမ်မာမာနဲ့ ရိုက်နက်ခံရဖို့ပဲရှိပြီးတော့ ဘယ်သူက ဆန့်ကျင်ရဲမှာလဲ?

ချီယောင်ရီရဲ့ မျက်နှာကလဲ တွန့်လိမ်နေပါတယ်။ လင်းဟန်နဲ့ လှိုဝ်ယုထန်တို့နှစ်ယောက် အတူတူလာခဲ့တာကို သူမြင်လိုက်ရတဲ့ အချိန်မှာ လင်းဟန်က သာမာန်တော့မဟုတ်ဘူးလို့ သိခဲ့ရပါတယ်။ ဒါပေမဲ့ အခုလို အံ့အားသင့် စရာကောင်းအောင်ဖြစ်နေတာတွေက သူ့ကို အကြီးအကျယ်အံ့အားသင့်စေပါတယ်။

မိုးရေနိုင်ငံတစ်ခုလုံး သွမ့်မုကျန်းဖန်းက ငွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ဦး ဖြစ်ယုံသာမက အနက်ရောင်အဆင့် အဆင့်နိမ့်မှော်ဆေးပညာရှင်လည်း ဖြစ်တယ်ဆိုတာကို ကောင်းကောင်းသိကြပါတယ်။ တကယ်လို့ အစွမ်းကြီးတဲ့ စိတ်ဂိဉာဉ်ပင်လင်အဆင့် စစ်သည်တော်တောင်မှ သူနဲ့ တွေ့ဆုံခဲ့မယ်ဆိုယင် အရမ်းကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံရပါတယ်။

ဒါပေမဲ့ အခု ဒီလိုမျိုး ပုံရိပ်ရှိတဲ့လူက ကွဲပြားခြားနားစွာနဲ့ပဲ လင်းဟန်ရဲ့ လက်အောက်မှာ စကားအနည်းငယ်ပြောယုံမျှနဲ့ အမိန့်နာခံပြီးတော့ လုပ်ပေး နေပါတယ်။ မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ ဘာဖြစ်ကုန်ပြီလဲ ဒါမှမဟုတ် စွမ်းအားကြီးမားတဲ့ ငွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်ရဲ့ တည်ကြည်မှု ဂုဏ်သိက္ခာ သမာဓိတွေ ဘာဖြစ်ကုန်ပီလဲ?

ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူ့အနေနဲ့ လင်းဟန်နဲ့ ကောင်းမွန်တဲ့ဆက်ဆံ ရေးကို ထိန်းသိမ်းထားခဲ့ပြီးမယ်ဆိုယင် သူ့အနေနဲ့ သွမ့်မုကျန်းဖန်းကိုပါ သူ့ရဲ့ ကိုယ်ပိုင် အဖွဲ့အစည်းအတွက် အသုံးချနိုင်လာပါလိမ့်မယ်။

ပထမမင်းသားက ဂိုတင်ချွမ်နဲ့ သူငယ်ချင်းဖြစ်အောင်လုပ်နိုင်ခဲ့တဲ့အတွက် အရမ်းကို စိတ်လှုပ်ရှားခဲ့ပါတယ်။ တကယ်လို့သူသာ သွမ့်မုကျန်းဖန်းကို သူ့ဘက်ပါအောင် ဆွဲဆောင်နိုင်မယ်ဆိုယင် သူ့ရဲ့ နေရာကလဲ ဘယ်သူကမှ နှိုင်းယှဉ်လို့မရအောင်မြင့်တက်သွားပြီးတော့ ဘုရင်ရဲ့နေရာကို အမွေဆက်ခံတဲ့ အခါမှာ ဘယ်သူကမှ တားဆီးနိုင်မှာမဟုတ်ပါဘူး။

ပြီးတော့ ဇူဟဲချင်နဲ့ ကျန်းဟေရှမ်းတို့က နောက်ကျပြီးမှ ရောက်လာကြပြီးတော့ သူတို့မြင်လိုက်ရတာက သွမ့်မုကျန်းဖန်းက သူ့ရဲ့ ကိုယ်ပိုင်တပည့်နဲ့ ဂျင်ညီအကိုနှစ်ယောက်ကို ရှုံးသွပ်နေသလိုမျိုး ရိုက်နှက်ဆုံးမနေတဲ့ မြင်ကွင်းကို မြင်လိုက်ရပြီးတော့ သူတို့ ဒီနေရာကို ကယ်တင်ထောက်ခံဖို့အတွက် ရောက်လာရတဲ့ လင်းဟန်ကတော့ အဲဒီဆုံးမပွဲကို အစားအသောက်တွေစား ပိုင်ခွက်တွေကို သောက်ရင်းနဲ့ ထိုင်ပြီးတော့ ကြည့်နေတာကို မြင်လိုက်ရပါတယ်။

ဒီနေရာမှာ ဘယ်လိုဂိမ်းအမျိုးအစားတွေကို သူတို့ဆော့နေကြတာလဲ?

အပိုင်း(၆၅) ဒုယွန်ဘုရင်ရဲ့ ဆင့်ခေါ်ခြင်း
ဂိုတင်ချွမ်နဲ့ ဂျင်ညီအကိုကတော့ အရမ်းကို စိတ်ဓါတ်ကျပြီး အားငယ်သလိုခံစားနေရပါတယ်။

ဂိုတင်ချွမ်အတွက်တော့ ဆရာက သူ့ရဲ့တပည့်ကို ရိုက်နက်ဆုံးမ တယ်ဆိုတာ အဖေဖြစ်တဲ့သူက သားဖြစ်တဲ့သူကို ရိုက်နက်တာနဲ့ တူတူပါပဲ။ သဘာဂတရား ဥပဒေ အရတော့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လက်စားချေဖို့ တွေးရဲမှာလဲ? တကယ်လို့ သူသာ လုပ်ခဲ့မယ်ဆိုယင် သူ့ရဲ့ ဆရာသခင်ကိုယ်တိုင်က သူ့ကို နှင်ထုတ်ပြီး အပြစ်ပေးပါလိမ့်မယ်။ သူ့အနေနဲ့ ဘယ်နေရာကိုပဲသွားသွား လူတိုင်းက သူ့ကိုလက်ညှိုး ထိုးကြပါလိမ့်မယ်။

ဂျင်ညီအကိုနှစ်ယောက်ကတော့ သူတို့ကိုရိုက်နက်ဆုံးမနေတဲ့ ဒီအဘိုးကြီးက လူတိုင်းလေးစားအပ်တဲ့ ဓါးသိုင်းပညာနဲ့မှော်ဆေးပညာရပ်နှစ်ခုလုံးမှာ ထူးချွန်ထက်မြက် တဲ့သူဖြစ်ပြီးတော့ သူ့မှာ အရမ်းကို

မြင့်မားတဲ့ အဆင့်အတန်းကို ပိုင်ဆိုင်ပါတယ်။ ဒုယွန်ဘုရင်တောင်မှ သူနဲ့တွေ့ခဲ့ယင် ယဉ်ယဉ်ကျေးကျေးနဲ့ လေးစားကြည်ညိုစွာ ပြုစုရပါတယ်။ ဒါကြောင့် တကယ်လို့ ဂျင်ကလန်ရဲ့ အကြီးအကဲတွေကသာ ဒီကိစ္စကို ရှာဖွေတွေ့ရှိခဲ့ယင်တောင်မှ သူတို့အတွက် လုံးဂ လက်စားချေခြင်းမျိုးတွေ လုပ်မှာမဟုတ်ပါဘူး။

ဒါက ဘာကိုဆိုလိုတာလဲဆိုယင် သူတို့အားလုံး ခံစားရတဲ့ အခု ဆုံးမခြင်းက လုံးဂကို အကြောင်းပြချက်မရှိပဲ ခံရတာပါ။

လင်းဟန်.....။

သူတို့သုံးယောက်စလုံး ဒေါသတစ်ကြီးနဲ့ အံကြိတ်နေကြပါတယ်။ အခုဖြစ်နေတာ အားလုံးရဲ့ နောက်ကွယ်က အဓိက တရားခံကတော့ လင်းဟန်ပဲဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ အမုန်းတရားတွေကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

``မိတ်ဆွေလေးလင်း မင်းအဆင်ပြေရဲ့လား?``

ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ ရောက်လာပြီးတော့ သူတို့မျက်နှာပေါ်မှာ စိုးရိမ်ကြောင့်ကြ

တဲ့အမှုအရာတွေဖြစ်ပေါ်နေပါတယ်။

``ငါအဆင်ပြေပါတယ်``

လင်းဟန်က သူ့ခေါင်းကိုခါပြီးတော့ အပြုံးနဲ့ပြောလိုက်ပါတယ်။

``ဒါပေ့ါ သူက အဆင်ပြေတာပေ့ါ``

အားလုံးကတွေးလိုက်ကြပါတယ်။ သူက ဂျင်ညီအကိုနဲ့ သွမ့်မုကျန်းဖန်းတို့ ကို လှည့်စားကစားပြီးတော့ အခုဆိုယင် သွမ့်မုကျန်းဖန်းတောင်မှ သူ့ရဲ့ အမိန့်အားလုံးကို နားထောင်နေရတာ သူကဘယ်လိုဖြစ်လို့ အဆင်မပြေပဲ နေရမှာလဲ?

ဒါပေမဲ့လည်း မော်ဆေးပညာရှင်နှစ်ယောက် ရောက်လာပြီးတော့ သူတို့က လင်းဟန်ကို ရိုသေလေးစားပြီး ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံနေတာကို မြင်လိုက်ရတဲ့အခါမှတော့ သူတို့ရဲ့ နှုတ်ခမ်းတွေ တွန့်သွားတာကို မထိန်းထားနိုင်တော့ပဲ လူတိုင်းက ပိုပြီးတော့ လင်းဟန်ရဲ့ အမှန်တကယ် မည်သူမည်ဂါဖြစ်တယ်ဆိုတာကို သိချင်စိတ်အရမ်းကို

ပြင်းပြသွားကြပါတယ်။

ဒီကောင်က ဘယ်သူလဲ?

နံပါတ်လေးမင်းသားရဲ့ နလုံးခုန်နှုန်းက အရမ်းကို လျှင်မြန်နေပြီးတော့ သူက ဘယ်လိုနည်းပဲဖြစ်ဖြစ် သူ့ရဲ့ ကိုယ်ပိုင် ထောက်ခံသူအဖွဲ့ထဲကို လင်းဟာန်ကို ဆွဲထည့်နိုင် ဖို့ ကြိုးပမ်းအားထုတ်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ တကယ်လို့ သူ့အနေနဲ့ လင်းဟာန်ကိုဖြတ်ပြီး မော်ဆေးပညာရှင်သုံးယောက်ရဲ့ အကူအညီအထောက် အပံ့ကို သာ ရယူနိုင်ခဲ့မယ်ဆိုယင် ဒုယွန်ဘုရင်ရဲ့ နေရာက သူ့ဆီကို လုံးဝ သက်ဆင်းကျရောက် လာမှာပါ။

လင်းဟာန်အနေနဲ့ ဒီနေရာမှာ အကြာကြီးဆက်နေဖို့ ဆန္ဒမရှိပါဘူး ဒါကြောင့်ပဲ သူက ထွက်ခွာဖို့ လှည့်လိုက်ပါတယ်။ သွမ့်မုကျန်းဖန်းက သူ့ရဲ့ကိုယ်ပိုင်မျက်နှာကိုတောင်မှ မထောက်ပဲ လင်းဟာန့်ရဲ့ အနောက်ကနေပြီးတော့ ကောင်းကင်ဆေးအိမ်တော်ဆီကို လိုက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟာန်ကို တိမ်လုံခါးသိုင်းရဲ့ နောက်ဆုံး နစ်ကွက် အတွက် နှုတ်တိုက်ချပေးတဲ့ စကားလုံးတွေကို မေးဖို့ လိုပါသေးတယ်။

ဒီကိစ္စနဲ့ပါတ်သတ်ပြီးတော့ ဇူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့နှစ်ယောက်စလုံး အရမ်းကို အံ့အားသင့်ကုန်ကြပါတယ်။ သူတို့ လုံးဝမထင်ထားခဲ့တာက လင်းဟန်အနေနဲ့ မော်ဆေးပညာပိုင်းမှာလဲ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့အဆင့် တစ်ခုကို အောင်မြင်မှုရရှိထားယုံသာမက သိုင်းပညာနယ်ပယ်မှာလည်းပဲ ထူးချွန်ထက်မြက်တဲ့ နားလည်မှုကို ပါ ပိုင်ဆိုင်ထားလိမ့်မယ်ဆိုတာကိုပေါ့။ ပြီးတော့ ဓါးသိုင်းပညာနဲ့ မော်ဆေးပညာနစ်ခုစလုံးမှာပါ ဂုဏ်ပြုအလေးထားအပ်တဲ့ သွမ့်မုကျန်းဖန်းကိုတောင်မှ လမ်းညွှန်ပြနိုင်ခဲ့တယ်။

လင်းဟန်က သူ့စကားတွေကို မရုတ်သိမ်းခဲ့ပါဘူး။ သူတို့ပြန်လာတဲ့တစ်လျှောက် ပျောက်ဆုံးနေတဲ့ တိမ်လုံ့ဓါးသိုင်းရဲ့ ရှစ်ကွက်မြောက်ကို သွမ့်မုကျန်းဖန်းကို သင်ကြားပေးခဲ့ပါတယ်။

ကိုးကွက်မြောက်အတွက်ကိုတော့.........။

သူ့အနေနဲ့ သွမ့်မုကျန်းဖန်းက သူ့ရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်သွားယင် သူ့အကျိုးကိုဆောင်ရွက်နေတာကို စွန့်လွှတ်ပစ်ပယ်မှာဆိုးတဲ့အတွက် နောက်ဆုံး

ကိုးကွက်မြောက်ကိုတော့ ချက်ချင်းကြီးမသင်ပေးခဲ့ပါဘူး။အနည်းဆုံးတော့ သူကိုယ်တိုင်လဲ နေ့ဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် စောင့်ရပါဦးမယ်။ အဲဒီအချိန်ကျယင် ကိုးကွက်မြောက်ကို သင်ပေးခဲ့ယင်တောင်မှ ထိခိုက်နစ်နာစရာ အန္တရာယ်မရှိတော့ပါဘူး။ဘာပဲဖြစ်ဖြစ် ဒါက အနက်ရောင်အဆင့် အလယ်အလတ် သိုင်းပညာကျင့်စဉ်တစ်ခုမျှသာဖြစ်ပြီးတော့ လင်းဟာန်အတွက်တော့ ဒါကလုံးဝကို အရေးမကြီးပါဘူး။

သွမ့်မုကျန်းဖန်းကိုယ်တိုင်ကလဲ ဒါကို နားလည်သဘောပေါက်ပါတယ်။ သူ့အနေနဲ့ အချိန်တိုလေးအတွင်းမှာ ရှစ်ကွက်မြောက်ရဲ့ ပုံရိပ်ယောင် နတ်တိုက်ချပေးတဲ့စကားလုံးတွေကို လက်ခံရရှိခဲ့ပြီးတော့ ကိုးကွက်မြောက် ကို လိုချင်ယင် ဒါက သူ့ရဲ့ အနာဂါတ်မှာ ပြုမူလုပ်ဆောင်တဲ့အပေါ် မှာ မူတည်နေပါတယ်။

သူ့ရဲ့ အခန်းကို ပြန်ရောက်တဲ့အချိန်မှာတော့ လင်းဟာန်က လျှင်လျှင်မြန်မြန်နဲ့ပဲ အိပ်ပျော်သွားခဲ့ပါတယ်။ လင်းဒေါင်ရှန်ကတော့ ဒီညမှာ သူ့သားက ဘယ်လိုကြီးမားတဲ့ အခြေအနေတွေကို ဖန်တီးလိုက်တယ်ဆိုတာကို

မသိနိုင်ခဲ့ပါဘူး ။ နံ့ပါတ်လေးမင်းသားရဲ့ ညစာစားပွဲကို ဖိတ်ကြားခြင်းခံခဲ့ရတဲ့သူတွေ အားလုံးဟာ ပါးစပ်ဖွာတဲ့သူတွေမဟုတ်တဲ့အတွက်ကြောင့် လင်းဟန်ရဲ့ အကြောင်းတွေက အရမ်း သေးငယ်တဲ့ အသိုင်းအဝိုင်းဂန်းကျင်လောက်ပဲ ပြန့်နှံ့သွားခဲ့ပါတယ်။

နောက်တစ်နေ့ မနက်စောစောမှာတော့ ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က အစေခံတစ်ယောက် ကောင်းကင်ဆေးအိမ်တော်ကို ရောက်လာပြီးတော့ ဒုယွန်ဘုရင်က လင်းဟန်ကို တွေ့ဆုံဖို့အတွက် ဖိတ်ကြားလိုက်တဲ့အကြောင်းကို ပြောခဲ့ပါတယ်။

ဒုယွန်ဘုရင်က သူ့ကိုတွေ့ချင်တယ်?

လင်းဟန်က လွှီယုထန်ကို ခေါ်မသွားတော့ပဲနဲ့ သူတစ်ယောက်တည်းပဲ အဲဒီ အစေခံနဲ့ အတူ ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်ဆီကို လိုက်သွားခဲ့ပါတယ်။ မကြာခင်မှာပဲ သူက အရမ်းကိုကြီးမားခန့်ညားတဲ့ နေရာကို မြင်ခဲ့ပါတယ်။

ဒုယွန်ဘုရင်က အသက် ၆ဂ ဂန်းကျင်လောက်ရှိနေပါပြီ ဒါပေမဲ့ ဒါက သူ့ရဲ့ မြင့်မားတဲ့ ကျင့်စဉ်အဆင့်ကြောင့် သူက အရမ်းအသက်ကြီးနေတဲ့ပုံစံမပေါ်ပဲနဲ့ နုပျိုနေပါတယ်။

သူ့ပုံရိပ်က အရပ်မြင့်ပြီးတော့ တောင်တင့်ခိုင်မာပြီး သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကနေပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ အရှိန်အဝါတွေ ထွက်ပေါ်လို့လာနေပါတယ်။

စိတ်ဂိုဏ်ဥပင်လယ်အလွှာ ၆ အဆင့်။

လင်းဟန်က အကြည့်တစ်ချက်ပေ့ကြည့်လိုက်ပီးတော့ ဒီလူကြီးရဲ့ ကျင့်စဉ်အဆင့်က သူ့မျက်လုံးထဲမှာတော့ ဖုံးကွယ်ထားလို့မရပါဘူး။ သိုင်းပညာရှင်တွေရဲ့ လမ်းကြောင်းပေါ်မှာကတော့ အဆင့်လေး အလွှာနဲ့ အဆင့်ဂု အလွှာတိုင်းက အရည်အသွေး မတူညီကြပါဘူး။ ဒီ ဒုယွန်ဘုရင်က ဒီအဆင့်ကနေ မတက်နိုင်တာ နှစ်ပေါင်းတော်တော်ကြာနေပီပဲဖြစ်ရမယ်။

``ဒုယွန်ဘုရင်မင်းမြတ်ကို နှုတ်ခွန်းဆက်သပါတယ်``

လင်းဟန်က သူ့ရဲ့ လက်တွေကိုဆုပ်ပြီးတော့ အရိုအသေပြုလိုက်ပါတယ်။

``ထပါ``

ဒုယွန်ဘုရင်က သူ့လက်ကိုမြှောက်ပြီးတော့

အပြုံးနဲ့ပြောလိုက်ပါတယ်။

``ဒီနေ့ လူငယ်မျိုးဆက်တွေက အရမ်းကို အထင်ကြီးစရာကောင်းလိုက်တာ…ဒီအသက်အရွယ်နဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ကို ရောက်အောင်လုပ်နိုင်ယုံသာမက မင်းရဲ့ဘေးမှာလဲ အနက်ရောင်အဆင့် မှော်ဆေးပညာရှင်သုံးဦးကပါ ပိုင်းရံနေတယ်.. ငါကိုယ်တိုင်တောင်မှ ဒီလိုမျိုး ဂုဏ်ယူစရာမျိုး မရှိခဲ့ဘူး``

ဒုယွန်ဘုရင်က မနေ့ညက ဖြစ်ခဲ့တာတွေအားလုံးကို သိရှိထားခဲ့ပြီးဖြစ်ပါတယ်။

လင်းဟန်ကရီမောပြီးတော့ပြောလိုက်ပါတယ်။

``ကျနော့်မှာ မှော်ဆေးပညာနဲ့ပါတ်သတ်ပြီးတော့ အနည်းငယ် ပါရမီရှိတဲ့တဲ့အတွက်ကြောင့် ဂရန်းမာစတာ ဖူနဲ့ ကျန်တဲ့သူတွေကို သီအိုရီတွေ မျှဝေပေးနိုင်ခဲ့လို့ပါ``

ဒုယွန်ဘုရင်အနေနဲ့ လင်းဟန်ရဲ့စကားတွေကို ယုံကြည်လိမ့်မှာမဟုတ်ပါဘူး။ ဒါကိုတော့သူ့အနေနဲ့ ဖော်ပြမှာမဟုတ်ပါဘူး။ သူ့အနေနဲ့ သူကိုယ်တိုင်တောင်မှ

အရမ်းကို သိချင်စိတ်ပြင်းပြနေပါတယ်။ ဘယ်လိုသိချင်စိတ်မျိုးလဲဆိုတော့ ဒီလိုမျိုး ပါရမီရှင်က သူ့ရဲ့ အုပ်ချုပ်မှု လက်အောက်ခံ နယ်မြေအတွင်းမှာ ပေါ်လာပြီးတော့ သူ့ရဲ့ အနားမှာ အနက်ရောင်အဆင့်မှော်ဆေးပညာရှင်သုံးဦးတောင်မှ ပိုင်းရံဖို့ ဆန္ဒရှိနေရတယ်ဆိုတာကိုပါ။

``ဒါဆိုယင် လွီကလန်ရဲ့ မိန်းကလေးအကြောင်းကရော?``

သူက အပြုံးနဲ့မေးလိုက်ပါတယ်။ လွီယုထန်ရဲ့အကြောင်းကိုတော့ သူ့ဆီကနေ ဖုံးကွယ်ထားလို့မရနိုင်ပါဘူး။

``ဟီးဟီး... တကယ်လို့ တစ်ယောက်ယောက်ကသာ မွေးလာကတည်းက အရမ်းကို ခန့်ညားချောမောနေမယ်ဆိုယင် သူ့အနေနဲ့ နေရာတိုင်းမှာ လူသိများထင်ကြားမှာပါ``

လင်းဟန်အနေနဲ့ ပုံကြီးချဲ့ ဟန်လုပ်ပြီးတော့ပြောလိုက်ပါတယ်။

``ဟားဟား မင်းကတော့``

ဒုယွန်ဘုရင်က လင်းဟန်ကိုညွှန်ပြီးပြောလိုက်ပါတယ်။ သူက ခေါင်းစဉ်ကိုပြောင်းပြီးတော့ မေးလိုက်ပါတယ်။

``ငါ့ရဲ့သားနှစ်ယောက်မှာ ဘယ်သူက ငါ့ရဲ့နေရာကို အမွေဆက်ခံဖို့ ပိုသင့်တော် တယ်လို့ မင်းထင်သလဲ?``

ဒီမေးခွန်းက သူ့ကို မောင်ပိုင်စီးပြီးတော့မေးလိုက်တာလား?

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်။

``မင်းသားနှစ်ပါးက သူတို့မှာ တစ်ဦးချင်းစီက ကောင်းမြတ်တဲ့ အရည်အချင်းတွေရှိ ကြပါတယ်။ဘယ်သူက ပိုပြီးတော့ သင့်တော်သလဲဆိုယင်တော့ ကျနော့်အနေနဲ့ ဒုယွန်ဘုရင်... အရှင်မင်းမြတ်ကိုယ်တိုင်မှာ ကိုယ်ပိုင်အတွေး ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်...အဲဒီနောက်မှာတော့ ဒီအကြောင်းအရာနဲ့ပါတ်သတ်ပြီးတော့ ကျနော့်အနေနဲ့ ဘာမှာပြောဖို့လိုဦးမှာလဲ?``

ဒုယွန်ဘုရင်က နောက်တကြိမ် ကျယ်လောင်စွာနဲ့ရီမောလိုက်ပီးတော့ တိတ်တိတ်ဆိတ်ဆိတ်ပဲ စဉ်းစားလိုက်ပါတယ်။

ဒီပျက်ချော်ချော်နဲ့ကောင်လေး... သူ့ရဲ့သုံးသပ်ချက်တွေက ရေပက်မဝင်အောင် ပြီးပြည့်စုံပြီးတော့ ခိုင်လုံတယ်။

သူကနောက်ထပ်တစ်ကြိမ် ခေါင်းစဉ်ပြောင်းပြီးမေးလိုက်ပါတယ်။

``ငါ့မှာ သမီးတော်တွေ တစ်ယောက်မက လက်မထပ်ရသေးတဲ့သူတွေရှိတယ်... မင်းငါ့ရဲ့သားမက်ဖြစ်ဖို့ ဆန္ဒရှိသလား?``

သေစမ်း ဒယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က လူတွေအကုန်လုံးက တိုက်ရိုက် ဒဲ့တိုး ကြီးဆန်သလား? အယင်က သူပြိုင်ပွဲဝင်ဖို့ စာရင်းသွားသွင်းတဲ့အချိန်တုန်းကဆိုယင် အိမ်တော်ထိန်းကြီးကလဲ သူ့ကို ရွေးချယ်ခဲ့သေးတယ်။ ပြီးတော့ အခု ဒီလူကြီး ..မိန်းကလေးရဲ့ အမှန်တကယ့်အဖေ ကလည်းပဲ အတူတူပဲ သူလည်းပဲ သူ့ရဲ့သမီးကို အလျင်အမြန်ပဲ လက်ဆက်ပေးချင်နေတယ်။

လင်းဟာန်က သူ့ရဲ့လက်ကို အလျင်အမြန်ပဲ ဝှေ့ယမ်းလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကျနော်ရဲ့ နလုံးသားက သိုင်းပညာအပေါ်မှာ လုံးဝ အာရုံစိုက်ထားပြီးတော့ နောက်နှစ် အနည်းငယ်ထိအောင်လို့ ကျနော့်အနေနဲ့ လက်ထပ်ဖို့ကိစ္စကို မစဉ်းစားနိုင်သေးပါဘူး``

ဒုယွန်ဘုရင်အနေနဲ့ ဒါက အရမ်းကို သနားစရာကောင်းတယ်လို့ ခံစားလိုက်ရပါတယ်။ ဖူဟဲချင်... ကျန်းဖေရှမ်းနဲ့ သွမ့်မုကျန်းဖန်းတောင်မှ လင်းဟန်ကို အမြင့်မှာထားပြီးတော့ ရှိသေလေးစားစွာ ဆက်ဆံကြတယ်။ ဒါကြောင့် သေချာပေါက် ဒီကောင်လေးမှာ မှော်ဆေးပညာနယ်ပယ်မှာတော့ အရမ်းကိုကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းရည်ရှိမှာပဲ။ တကယ်လို့ နောက်ပိုင်းမှာ သူ့ရဲ့သားမက်ဖြစ်လာခဲ့မယ်ဆိုယင် သူတို့ မိသားစုရဲ့ မမျှော်မှန်းနိုင်လောက်တဲ့ အကူအညီတစ်ခုဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်က သူ့ရဲ့တောင်းဆိုမှုကို လိမ္မာပါးနပ်စွာနဲ့ ငြင်းပယ်ခဲ့ပါတယ်။ ဘုရင်တစ်ပါးအနေနဲ့ သူက အရှက်မရှိသလိုမျိုးဖြစ်သွားပါတယ်။ဒါ့အပြင် သူ့ရဲ့ သမီးတော်ကလဲ လှပချောမောပါတယ်။ဒါကြောင့် သူမကို လက်မထပ်ချင်တဲ့သူ မရှိပါဘူး။

``တကယ်လို့ မင်း အနာဂါတ်မှာ ပြဿနာတစ်စုံတစ်ရာတွေ့ဆုံလာခဲ့ယင် ငါ့ဆီကိုလာပြီးတော့ အကူညီတောင်းနိုင်ပါတယ်``

ဒုယွန်ဘုရင်က လင်းဟန်ကို လေးလေးနက်နက်နဲ့ ကတိပေးလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ ယောက္ခထီးမဖြစ်နိုင်ခဲ့ဖူးဆိုယင်တောင်မှ ဒီလူငယ်လေးနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို ထိန်းသိမ်းထားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။

``အရှင်မင်းမြတ်ရဲ့ စေတနာအတွက် ကျေးဇူးအများကြီးတင်ပါတယ်``

လင်းဟန်အနေနဲ့ ဒီမျက်နှာသာပေးမှုကို လက်ခံလိုက်ပါတယ်။ ဒီ့အပြင် လက်ရှိသူ့အနေနဲ့ အရမ်းကို အားနည်းနေသေးပါတယ်။ ဒါကြောင့် ဒီလိုမျိုး ထောက်ခံ မှုနဲ့ အကူအညီကို လိုအပ်နေပါသေးတယ်။

သူ ကောင်းကင်ဆေးအိမ်တော်ကို ပြန်ရောက်တဲ့အခါမှာတော့ သူ့အနေနဲ့ နံပါတ်လေးမင်းသားက သူ့ဆီကို လာရောက်တွေ့ဆုံပြီးတော့

သူပြန်မရောက်မခြင်း အကြာကြီး စောင့်နေရတယ်ဆိုတာကို တွေ့ရှိလိုက်ပါတယ်။

နံပါတ်လေးမင်းသားက သူနဲ့အတူ အချိန်အတော်ကြာသည့်တိုင်အောင် စကားစမြည်ပြောခဲ့ပြီးတော့ တခြား မည်မည်ရရတော့ မပြောခဲ့ပါဘူး။ သူက လင်းဟန်နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးကို ထိန်းသိမ်းဖို့အတွက် ရိုးရိုးလေးကြိုးစားခဲ့တာပါ။ နံပါတ်လေးမင်းသားက လင်းဟန်ကို သူ့ရဲ့ အဆင့်နဲ့ ဆွဲဆောင်ဖို့ဆိုတာ အရမ်းကို အားနည်းမှန်းသိပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးကို တိုးတက်ကောင်းမွန်ဖို့ တည်ဆောက်နေတာပဲဖြစ်ပါတယ်။

လင်းဟန်ဘက်ကကြည့်ယင်တော့ သူ့အနေနဲ့ နောက်ထပ်သူငယ်ချင်းရတာကို စိတ်ထဲမှာ မထားပါဘူး။ ပြီးတော့ သူတို့နှစ်ယောက်က သဘာဝအားဖြင့် ကြည်နူးစရာကောင်းတဲ့ စကားစမြည်ပြောခြင်းပဲဖြစ်ပါတယ်။

တရက်လောက်နားပြီးတဲ့အခါမှာတော့ ဒုယွန်ပြိုင်ပွဲကျင်းပမဲ့နေ့က နောက်ဆုံးမှာတော့ ရောက်လာခဲ့ပါပြီ။

ပထမဆုံးလုပ်ငန်းစဉ်ကတော့ ပြိုင်ပွဲဝင်တွေကို တွဲဖက်ပေးတာပဲဖြစ်ပါတယ်။

ပြိုင်ပွဲဝင် လက်ရွေးစင် အယောက်ငါးဆယ် ခန့်ကို အတည်ပြုပြီးတဲ့နောက်မှာ တစ်ခြား ပြိုင်ပွဲဝင်တွေက သူတို့မဲနှိုက်တဲ့အပေါ်မှာ အခြေခံပြီးတော့ အုပ်စုတွေ ကွဲသွားကြပါတယ်။ အုပ်စုငယ်စုစုပေါင်းငါးဆယ်ခန့် ကွဲသွားပြီးတော့ သူတို့ရဲ့ သက်ဆိုင်ရာပြိုင်ပွဲဝင်စင်မြင့် အသီးသီးဆီကို ရောက်ရှိလို့သွားခဲ့ပါတယ်။ ပြိုင်ပွဲ စတင်တာနဲ့ နောက်ဆုံး ပြိုင်ပွဲစင်မြင့်ထက်မှာ ကျန်နေခဲ့တဲ့ သူက ဒီယှဉ်ပြိုင်ပွဲရဲ့ ထိပ်ဆုံးအယောက်ငါးဆယ်စာရင်းမှာပါဝင်နိုင်မှာဖြစ်ပြီးတော့ ဟွာယန်အကယ်ဒမီ ဝင်ခွင့်ကို အောင်မြင်စွာနဲ့ ရရှိမှာပဲဖြစ်ပါတယ်။

လင်းဟာန်အနေနဲ့ လက်ရွေးစင် ဆန်ကာတင် ပြိုင်ပွဲဝင်တဲ့နေရာမှာ ရရှိခဲ့ပြီးတော့ ဒါက ပထမဆုံး တွေ့ကြုံရမဲ့ ပြိုင်ဘက်က စွမ်းအားကြီးမြင့်တဲ့သူမဟုတ်ဘူးဆိုတာကို အာမခံချက်ရှိပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ သူ့ရဲ့ပြိုင်ဘက်က သန်မာနေပါစေ သူ့အနေနဲ့

ကြောက်ရွံ့နေမှာမဟုတ်ပါဘူး။

``အကိုကြီးလင်း``

လီဟောင်တို့အုပ်စုက အနီးနားမှာပဲ ရပ်နေကြပြီးတော့ သူ့ကို လက်ပြေယမ်းပြလိုက်ပါတယ်။

အပိုင်း(၆၆) ပြိုင်ပွဲစတင်ခြင်း

``အားယား....ငါတော့ဒီတစ်ကြိမ်သွားပြီ....ငါ အုပ်စုခုနစ်မှာ မဲပေါက်ပြီးတော့ ငါကြားတာက အဲဒီအုပ်စုမှာ ဆန်ကာတင်ရွေးချယ်ထားတဲ့ လက်ရွေးစင် စီးမာဂမ်ဒေါင် ရှိနေတယ်။ သူက ဒုယွန်မြို့က စီးမာကလန်ရဲ့ သွေးမျိုးဆက်တွေထဲမှာ အသန်မာဆုံး အဖွဲ့ဝင် တစ်ယောက်ဖြစ်ပြီးတော့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ မှာရောက်နေပြီ``

လှီဒေါင်က သူ့ရဲ့ခေါင်းကို ခါယမ်းပြီးတော့ သက်ပြင်းချလိုက်ပါတယ်။

``ငါကပိုဆိုးတယ်....ငါက ပထမအုပ်စုမှာဖြစ်ပြီးတော့ ငါ့အုပ်စုရဲ့ ဆန်ကာတင် လက်ရွေးစင်က နံပါတ်လေးမင်းသားပဲ။ ငါ့အတွက်တော့ မျှော်လင့်ချက်

မရှိတော့ပါဘူး``

ဇူရှုရီ လည်းတူညီစွာနဲ့သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့သူမက လျင်မြန်စွာနဲ့ပဲ စိတ်လှုပ်ရှားပြီးတော့ပြောလိုက်ပါတယ်။

``ဒါပေမဲ့ လီဟောင်ကတော့ အဆင့်တက်ပြီးတော့ ဟွာယန်အကယ်ဒမီ ဝင်ခွင့်နေရာကို ရဖို့ ဖြစ်နိုင်ချေရှိတယ်``

လင်းဟန်က လီဟောင်ပေါ်ကို မျက်စိတစ်ချက်ပေ့ကြည့်လိုက်ပါတယ်။ တစ်လကျော် သွားတဲ့အချိန်အတွင်းမှာ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၃ အဆင့်ရဲ့ နောက်ပိုင်းအဆင့်အထိ ရောက်ရှိခဲ့တယ်။ ဒါက သူပေးခဲ့တဲ့ မူလကျော်လွန်ဆေးလုံး သုံးလုံးရဲ့ အာနိသင်တွေကြောင့်ပဲဖြစ်တယ်။

ဒီလိုကျင့်စဉ်အဆင့် နဲ့သူ့ရဲ့ ဆေဘာချီရောဆိုယင် လီဟောင်အနေနဲ့ အရမ်းကိုမြင့်တဲ့ နံပါတ်လေးဆယ်ဂရုရဲ့ လက်ရွေးစင်ဆန်ကာတင် တဲ့သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ မှာပဲရှိပါသေးတယ်။ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ သမားတစ်ယောက်က ဒြပ်စင်စုစည်းခြင်း အလွှာ ၃

တစ်ယောက်ထက် ပိုပြီးတော့ ကြီးမားတဲ့ အခွင့်အလမ်း ရှိနေတာမှန်သော်လည်း လီဟောင်မှာက ဆေဘာချီရှိပါတယ် ဒါက သူတို့အုပ်စုအတွင်းက သူ့ရဲ့ ပြိုင်ဘက်နဲ့ သူနဲ့အကြားက ကွာဟချက်မရှိအောင်ဖြစ်စေဖို့ လုံလောက်ပါတယ်။

ဒ့ါအပြင် ဆန်ကာတင် လက်ရွေးစင်သမားအနေနဲ့ အုပ်စုအတွင်းမှာ အားလုံးရဲ့ ပိုင်းပြီး အာရုံစူးစိုက်ခြင်းကိုခံရကာ အွန္တရာယ်ကြုံနိုင်ပါတယ်။ လီဟောင်အနေနဲ့ သူ့ရဲ့ ပုံရိပ်ကို နှိမ့်ချပြီးတော့ နောက်ဆုံးအချိန်ကျမှ ရုတ်တရက်သူ့ရဲ့ စွမ်းအင်ကို ထုတ်ဖော်လိုက်မယ် ဆိုယင် သူ့အနေနဲ့နောက်ဆုံးကျန်ရစ်သူတစ်ယောက်ဖြစ်နိုင်ပါတယ်။

လွှီဒေါင်နဲ့ ကျန်တဲ့သူတွေက အရမ်းကို မနာလိုဖြစ်နေကြပါတယ်။ သူတို့က လီဟောင်ရဲ့ ဆေဘာချီအပေါ်မှာ လီဟောင်ရဲ့ လမ်းညွှန်မှုကိုမေးမြန်းခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ဘယ်လိုပဲ ကြိုးစားကြိုးစား ချီ ဖြစ်ပေါ်လာအောင်တော့ မလုပ်နိုင်ကြပါဘူး။

``အား.... ငါတို့ ဂိုကျောက်တုံးမြို့မှာ ရှိတုန်းကဆို ငါတို့ကို

ငါတို့ အသန်မာဆုံးလို့ ထင်နေခဲ့ကြတယ်....ဒါပေမဲ့ ဒီနေရာကိုရောက်တဲ့အခါမှာတော့ ဒုယွန်မြို့က တကယ့် ပါရမီရှင်တွေ စုစည်းနေတဲ့ တဲ့နေရာတစ်ခုပဲ။ ဂျင်ကလန်နဲ့ လှီကလန်လိုမျိုး ကတော့ လက်ရွေးစင် ဆန်ကာတင် ဆယ်ယောက်ထက်မနည်း လွယ်ကူစွာနဲ့ ထွက်စေနိုင်တာပဲ``

ချန်ပိုင်ဂျူက သူ့ခေါင်းကိုခါပြီးတော့ သူ့မျက်နှာကတော့ စိတ်ပျက်ခြင်းတွေနဲ့ ပြည့်လို့ နေပါတယ်။

သူနဲ့ ဇောင်ချန်က ဒြပ်စင်စုစည်းခြင်းအဆင့်ကို အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး အကူအညီနဲ့ ချိုးဖျက်ဝင်ရောက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီအချိန်မှာတော့ ဒုယွန်ပြိုင်ပွဲအတွက် အရမ်းကို စွမ်းအားကြီးတဲ့ စစ်သည်တော် အများကြီးက ရောက်ရှိလို့နေခဲ့ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်ရဲ့ အစွမ်းက အနည်းဆုံး ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ကိုပိုင်ဆိုင်မထားဖူးဆိုယင် ဒါမှမဟုတ် လီဟောင်လိုမျိုး ဆေဘာချီကို မထုတ်ဖော်နိုင်ဖူးဆိုယင်တော့ဖြင့် ထိပ်ဆုံးအယောက်ငါးဆယ် နေရာကို ရဖို့တော့ အခွင့်အရေးမရှိပါဘူး။

``အကိုကြီးလင်း ...မင်းရောဘယ်လိုလဲ? ဘယ်အုပ်စုမှာ မဲပေါက်သလဲ?``

သူတို့အားလုံး လင်းဟန်ကိုလှည့်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

သူတို့အားလုံးကောင်းစွာသိတာကတော့ လင်းဟန်က အရမ်းကို စွမ်းအားကြီးပါတယ် တကယ်လို့ မဲကောင်းကောင်းသာပေါက်ယင် သူ့အတွက်တော့ ထိပ်ဆုံးအယောက် ငါးဆယ်စာရင်းကိုဝင်ဖို့ဆိုတာ အရမ်းကိုမြင့်မားတဲ့ အခွင့်အရေးကို ရရှိပါလိမ့်မယ်။

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါက အုပ်စုလေးဆယ်ရဲ့ ဆန်ကာတင်လက်ရွေးစင်ပြိုင်ပွဲဝင်ပဲ``

``pu``

လှီဒေါင်နဲ့ ကျန်တဲ့သူတွေအားလုံး ချောင်းဆိုးကုန်ပါတယ်။ သူတို့က လင်းဟန်ကို ဘယ်လိုအမျိုးအစား မကောင်းဆိုးဝါးလဲ ဆိုပြီးတော့ ကြည့်နေသလိုမျိုးပါပဲ။

လွန်ခဲ့တဲ့လအနည်းငယ်လောက် ဒီကောင်က သူတို့နဲ့ အတူတူပဲရှိသေးပြီး ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာပဲလေ။ အခုတော့ သူက ဆန်ကာတင် လက်ရွေးစင် အဆင့်ကို ရောက်သွားခဲ့ပီ? ဒါက မအံ့ဩပဲနဲ့ ဘယ်လိုလုပ်နေနိုင်မှာလဲ?သူတို့အားလုံး မယုံကြည်နိုင်လောက်အောင်ဖြစ်နေကြပါတယ်။

``မင်း .. မင်းတကယ်ပဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ရောက်ပြီးပြီလား?``

လီဟောင်က ပထမဆုံး လင်းဟန်ရဲ့ ရင်ဘက်ကို နောက်ပြောင်စွာနဲ့ ထိုးလိုက်ပါတယ်။ ဒါပေမဲ့ သူပြန်စဉ်းစားမိလိုက်တာက လင်းဟန်က သူကို မူလကျော်လွန်ဆေးလုံး နှစ်လုံး အပိုပေးခဲ့ပါသေးတယ် ဒါကြောင့် သေချာစဉ်းစားကြည့်ယင် သူ့ရဲ့ ပိုင်ဆိုင်မှုက ပိုပြီးတော့ များပါလိမ့်မယ်။ ဒါကြောင့် ဒီလောက်အချိန်တိုလေးအတွင်းမှာ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ကို တက်သွားနိုင်ခဲ့တာက သူ့အတွက်တော့ မထူးဆန်း တော့ပါဘူး။

``တကယ်လို့သူသာ ဆန်ကာတင် ပြိုင်ပွဲသာဆိုယင်

နောက်ထပ် ဆန်ကာတင် လက်ရွေးစင်တစ်ယောက်နဲ့ မဆုံပဲ ရှောင်နိုင်လိမ့်မယ်..ပြီးတော့ အကိုကြီးလင်းမှာ ဓါးချို လည်းရှိသေးတယ် ဒါကြောင့်သူ့အနေနဲ့ လုံးဝ နိုင်လိမ့်မယ်``

လို့ဒေါင်ကပြောလိုက်ပါတယ်။ သူ့မျက်နှာမှာတော့ မနာလိုမှုတွေပြည့်နေပါတယ်။

ဖူရှုရီနဲ့ ကျန်တဲ့သူတွေက ထောက်ခံပြီး ခေါင်းငြိမ့်ကြပါတယ်။တကယ်လို့ သင်က ထိပ်ဆုံးအယောက်ငါးဆယ်ထဲကို ဝင်နိုင်ခဲ့ယင် ဟွာယန် အကယ်ဒမီကိုဝင်ခွင့် တံဆိပ်ပြား ရပါလိမ့်မယ်။ ဒါက မိုးရေနိုင်ငံထဲက သိုင်းပညာရှင်တွေ အားလုံးရဲ့ အိမ်မက် တစ်ခုပါပဲ။

တကယ်လို့သူတို့သာ အယင်နေ့ညက ဘာတွေဖြစ်ပျက်သွားတယ်ဆိုတာကို သိခဲ့မယ်ဆိုယင် အံ့အားသင့်လွန်းအားကြီးပြီးတော့ သူတို့မျက်လုံးတွေတောင် ပြူးထွက်ကျလာနိုင်ပါတယ်။ သူက တကယ်ပဲ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် သုံးဦးကို သူ့အနောက်မှာ လိုက်လာအောင် လုပ်နိုင်ခဲ့ပါတယ်။

``ဟားဟားဟား မင်းကနိုင်ချင်တာလား? ဒါကတော့

လုံးဂမဖြစ်နိုင်ဘူး``

မာနထောင်လွှားနေတဲ့ အသံတစ်ခုထွက်ပေါ်လာပြီးတော့ သူတို့ရဲ့ အရှေ့ကို လူငယ်တစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။

သူက ဖန်းလောင်...အယင်တုန်းက သူတို့တွေ အနီရောင်ကြေးခွံမြွေနဂါးကို သတ်ပစ်ပြီး တဲ့နောက်မှာ သူက ရောက်လာပြီးတော့ သူတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ခိုးယူဖို့ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ မြွေနဂါးရဲ့ နောက်ဆုံးတိုက်ခိုက်မှုကြောင့် သူ့ရဲ့ အစေခံတွေ အသတ်ခံလိုက်ရပြီးတော့ သူကိုယ်တိုင်လဲ လင်းဟန်ရဲ့ ပြင်းထန်တဲ့ ဆုံးမမှုကို ခံလိုက်ရပေမဲ့လည်း ကံကောင်းစွာနဲ့ပဲ အသက်ရှင်သန်လွတ်မြောက် ခဲ့ပါတယ်။

သူတို့ လုံးဂမထင်ထားတာကတော့ သူက နောက်တစ်ကြိမ် လျှင်မြန်စွာနဲ့ မောက်မာဂင့်ကြွားတဲ့ ပုံစံနဲ့သူတို့အရှေ့ကို ပြန်ပေါ်လာမယ်လို့ မထင်ထားခဲ့ပါဘူး။

ဒါပေမဲ့သူ့ရဲ့ ကျင့်ကြံမှုအဆင့်ကတော့ လုံးဂမတိုးတက်လာပဲနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်း အလွှာ ၉ ပဲရှိပါသေးတယ်။

သိုင်းပညာရှင်တွေရဲ့ အဓိကအချက်ကတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်သွားခဲ့ပြီးဆိုယင် နောက်တစ်ဆင့်တက်ဖို့အတွက်တော့ ့အရမ်းကို ခက်ခဲပါတယ်။

ဒါကြောင့် နောက်ထပ် ခြေလှမ်းတစ်လှမ်းအတွက် ဆယ်နှစ်လောက်အချိန်ယူရတယ် ဆိုတာက မထူးဆန်းပါဘူး။ ဒ့ါအပြင် ဟန်းကျန်းအနေနဲ့ အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီး ကို ဖြစ်နိုင်တဲ့နည်းနဲ့ရယူဖို့ ဖိအားပေးခဲ့တာကလဲ မထူးဆန်းပါဘူး။

``အကိုကြီးလင်းက ဆန်ကာတင် လက်ရွေးစင်တစ်ယောက်ပဲ သူက အရမ်းကိုစွမ်းအား ကြီးတယ် ဘာလို့သူက မနိုင်ရမှာလဲ?``

``ဘာလို့လဲဆိုတော့ ငါလဲ အုပ်စုနံပါတ်လေးဆယ်မှာမို့လို့ပဲ``

ဖန်းလောင်က ယုံကြည်စွာနဲ့ပြောလိုက်ပါတယ်။

``ဟားဟားဟားဟား``

လွှီဒေါင်နဲ့ ကျန်တဲ့သူတွေအားလုံးက ပိုင်းရီလိုက်ပါတယ်။ တစ်ဖက်က ဒြပ်စင်စုစည်းခြင်း အဆင့်ဖြစ်နေတဲ့အချိန်မှာ တစ်ဖက်ကတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၉ မှာပဲ ရှိနေပါသေးတယ်။သူတို့ နှစ်ယောက်ကြားက စွမ်းအင် ကွာဟချက်ကို နှိုင်းယှဉ်ပြရမယ်ဆိုယင် ကောင်းကင်နဲ့ မြေကြီးအကြားက ကွာဟချက်နဲ့တူပါတယ်။ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဖန်းလောင်အနေနဲ့ အနိုင်ရဖို့ အခွင့်အရေးလုံးဝမရှိပါဘူး။

``ရီထား ဆက်ပြီးတော့ ရီထားကြ.. ညနေကျတဲ့အခါ မင်းတို့တွေ ငိုရလိမ့်မယ်``

ဖန်းလောင်က အေးစက်စွာပြောလိုက်ပါတယ်။

လွှီဒေါင်နဲ့ကျန်တဲ့သူတွေအားလုံး
သိချင်စိတ်အရမ်းကိုပြင်းပြသွားခဲ့ပါတယ်။
ဘယ်လိုပုက်ဖဲတွေကို ဖုံးထားပြီးတော့ သူ့အနေနဲ့ ဒီလိုမျိုး ယုံကြည်ချက်တွေ လွှန်ကဲနေရတာလဲ?

`ဟားဟား ဟားဟား``

ဖန်းလောင်က ကျယ်လောင်စွာနဲ့အော်ရီပြီးတော့ အဝေးကို လျှောက်သွားခဲ့ပါတယ်။

``သူနဲ့ပါတ်သတ်ပြီးတော့ မစိုးရိမ်ကြပါနဲ့ ... သူက သာမန် မနှစ်မြို့စရာကောင်းတဲ့ လူတစ်ယောက်ပါပဲ``

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကျန်တဲ့ငါးယောက်စလုံးက ထောက်ခံစွာနဲ့ ခေါင်းငြိမ့်လိုက်ပါတယ်။

မဲနှိုက်တာက ညနေမတိုင်ခင်မှာပဲ အားလုံးပြီးသွားခဲ့ပါတယ်။

ပြီးတော့ ပြိုင်ပွဲရဲ့ တိုက်ပွဲစင်မြင့်ထက်ကနေပြီးတော့ အသန်မာဆုံး သိုင်းပညာရှင် အယောက်ငါးဆယ်ကို ရွေးချယ်ကြပါလိမ့်မယ်။ အဲဒါပြီးတဲ့အခါမှာ နောက်ရက်မှာ နောက်ထပ်တစ်ချီ ယှဉ်ပြိုင်စေပြီးတော့ အသန်မာဆုံးဆယ်ယောက်ကိုရွေးချယ်ယုံတင် မကဘူး ပထမနေရာအတွက်ကိုပါ ရွေးချယ်ကြပါလိမ့်မယ်။

နေ့လည်စာစားပြီးတာနဲ့ .. လူတိုင်းက မြို့ထဲက နပန်းလုံးကွင်း ကိုရောက်လာခဲ့ကြပါတယ်။ ဒီနေရာမှာ

အမျိုးမျိုးသော သိုင်းပညာရှင်တွေ ရှိနေကြပါတယ်။ နစ်သစ်ကူးအချိန်တုန်းက နတ်ဘုရားတွေကို ယဇ်ပူဇော်တဲ့ အခမ်းအနား ကို ဒီနေရာမှာ ကျင်းပသလို သိုင်းပညာရှင်တွေနဲ့ မိဿစာသားရဲတွေရဲ့ ယှဉ်ပြိုင် ပွဲကိုလဲ ဒီနေရာမှာပဲ ကျင်းပပြုလုပ်ကြပါတယ်။ ရလဒ်ကတော့ နပန်းကွင်းထဲက အဂါရောင်သဲတွေက သွေးတွေကို စုပ်ယူထားတာ တော်တော်ကို ကြာနေခဲ့ပါပြီ။

ယနေ့... ဒုယွန်ပြိုင်ပွဲကြောင့် တစ်ခြားပြိုင်ပွဲကျင်းပမှုတွေအားလုံးကို ရပ်ဆိုင်းထားပါတယ်။ အလယ်မှာရှိတဲ့ ရောမ သဲပြင်ကြီးမှာ ပြိုင်ပွဲစင် ဆယ်ခုကို ထားရှိထားကြပါတယ်။ အုပ်စုဆယ်ခုကို တစ်ပြိုင်နက်တည်း ယှဉ်ပြိုင်စေခြင်းဖြင့် ငါးချီ အတွင်းမှာပဲ အားလုံးပြီးသွားပါလိမ့်မယ်။

လင်းဟန်က အုပ်စုနံပါတ်လေးဆယ်ရဲ့ ဆန်ကာတင်လက်ရွေးစင်ဖြစ်တဲ့အတွက် သူ့အလှည့်ကိုရောက်ဖို့အတွက် လေးချီလောက်စောင့်ရပါဦးမယ်။

လွီဒေါင်နဲ့ ဇူရှုရီတို့က ပထမအချီမှာကျရောက်ပါတယ်။သူတို့ထဲက တစ်ယောက်က

တော့ ပြိုင်ပွဲ နံပါတ်တစ် စင်မြင့်မှာဖြစ်ပြီးတော့ တစ်ယောက်ကတော့ ခုနစ်ခုမြောက် စင်မြင့်ထက်မှာပဲဖြစ်ပါတယ်။

အုပ်စုတစ်ခုမှာ စုစုပေါင်း လူအယောက် ၇၀ ရှိပါတယ် ပြီးတော့ မတူညီတဲ့ အုပ်စုတွေ ကြားက အရေအတွက်ခြားနားခြင်းကလဲ အနည်းငယ်မျှသာရှိပါတယ်။

ပထမအချီနဲ့ပါတ်သတ်ပြီးတော့ ဆွေးနွေးစရာအကြောင်းတစ်ခုမှမရှိပါဘူး။ အနိုင်ရသူ အားလုံးက ဆန်ကာတင် လက်ရွေးစင်တွေချည်းပါပဲ။ သူတို့အားလုံးက နံပါတ်လေး မင်းသားလိုပဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ရှိပြီးတော့ တကယ်လို့ အာလုံးကပေါင်းပြီးတော့ ဆန်ကာတင်လက်ရွေးစင်သမားကို ပေါင်းချမယ်ဆိုယင်တောင်မှ သူ့ရဲ့ ပြိုင်ဘက်မဖြစ်နိုင်ပါဘူး။ ဒ့ါအပြင် နံပါတ်လေးမင်းသား လည်းရှိနေပြီးတော့ ဘယ်သူက နောက်တက်လာမဲ့ ဒုယွန်ဘုရင် ဖြစ်နိုင်တဲ့ သူကို ဆန့်ကျင်ရဲမှာလဲ?

ထို့ပြင် ပထမအချီ ကလက်ရွေးစင်တွေက အသန်မာဆုံးအယောက် ငါးဆယ်နေရာကို

ယူသွားခဲ့ကြပါတယ်။ သူတို့အားလုံးက ယခင် ဒုယွန်ပြိုင်ပွဲမှာ ထိပ်ဆုံးဆယ်ယောက် ဝင်ခဲ့တဲ့သူတွေပါ.။ နံပါတ်လေးမင်းသား ..... ဂျင်ပုကျိုနဲ့ လီဒေါင်ယွဲ့တို့လိုမျိုးပေ့ါ။

ဒုတိယနဲ့ တတိယအချီတွေမှာတော့ လူသိမများတဲ့ သိုင်းပညာရှင်တစ်ချို့ အနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ပွဲက ချန်ပိုင်ဂျူနဲ့ ဖောင်ဖန်တို့အပေါ်ကိုတော့ မကျရောက်ခဲ့ပါဘူး။ သူတို့နှစ်ယောက်လုံး ပြိုင်ပွဲကနေ ထွက်လိုက်ရပါတယ်။ ကျေးဇူးတင်ရမှာက သူတို့အနေနဲ့ သုံးနှစ်ကြာယင် နောက်တစ်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ဖို့ အခွင့်အရေးရှိပါသေးတယ်။အဲဒီအချိန်လောက်ဆိုယင်တော့ သူတို့အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလယ်အလတ်အဆင့်လောက်ရောက်အောင် လုပ်နိုင်ပြီး တော့ ဆန်ကာတင်လက်ရွေးစင်ဖြစ်လာပြီးတော့ နောက်တဆင့်တက်ဖို့ အတွက် ကြီးမားတဲ့ အခွင့်အရေးရလာပါလိမ့်မယ်။

ဒါက အစိမ်းရောင်စိတ်ဂိဉာဉ်သစ်သီးရဲ့ တန်ဖိုးကို အတည်ပြုလိုက်တာပါပဲ။

``ဟန်အာ.....သွားတော့``

လင်းဒေါင်ရှန်က လင်းဟာန်ရဲ့ပုခုံးကို ညင်သာစွာပုတ်လိုက်ပြီး တောက်ပစွာ ပြုံးပြလိုက်ပါတယ်။လေးချီမြောက်ပြိုင်ပွဲက စတင်ပါပြီ။လွန်ခဲ့တဲ့ နှစ်ဂဏ်လောက်တုန်းကဆိုယင် သူ့အနေနဲ့ သူ့ရဲ့သားက ဆန်ကာတင်လက်ရွေးစင် နေရာကို ရရှိလိမ့်မယ်လို့ လုံးဝ ထင်မှတ်ထားမှာမဟုတ်ပါဘူး။

လှီယုထန်က လင်းဟာန်ကို ခေါင်းငြိမ့်ပြလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟာန်က ရှုံးမယ်လို့ လုံးဝမထင်မှတ်ထားပါဘူး။

ဆန်ကာတင်လက်ရွေးစင်တစ်ယောက်အနေနဲ့...
လင်းဟာန်က စင်မြင့်ပေါ်ကိုတက်လာ ခဲ့တဲ့ ပထမဆုံးသူပါပဲ။ သူ့အုပ်စုက တစ်ခြားပြိုင်ပွဲဝင်တွေကတော့ သူ့နောက်ကနေ လိုက်လာကြပါတယ်။ အားလုံးစုစုပေါင်း အယောက် ၇၀ ရှိကြပြီးတော့ ဖန်းလောင် လဲ အပါအဝင်ပါ။

``စမယ်``

နွေဦးစမ်းရေအဆင့် စစ်သည်တော်က ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

သူက ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က ဒိုင်လူကြီးအဖြစ် ခန့်ထားခြင်းခံရသူပါ။

``ဟားဟားဟား ဒီနေရာကို ရှင်းလိုက်ကြ``

ဖန်းလောင်က ဂုဏ်ယူဂုဏ်ကြွားစွာနဲ့ လေးလေးနက်နက်ပြောလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အယောက်သုံးဆယ်ခန့်က သူတို့ရဲ့ လက်နက်တွေကို ထုတ်ယူလိုက်ပြီးတော့ ဖန်းလောင်ကို အလယ်မှာထားပြီးတော့ ကာကွယ်လိုက်ကြပါတယ်။ အဲဒီနောက်မှာတော့ သူတို့က တစ်ခြားသူတွေဆီကို စတင်ပြီးတော့ တိုးသွားခဲ့ကြပါတယ်။

စင်မြင့်အောက်က ပွဲကြည့်ပရိတ်သတ်တွေအားလုံး မှင်တက်အံ့သြကုန်ပါတယ်။ ဒါက တကယ်ပဲ အိုကေရဲ့လား?

၄င်းက တကယ့်ကို လုံးဝ အရှက်ကင်းမဲ့တာပဲ။

အပိုင်း(၆၇) သိုးအုပ်စုလေး တစ်ခုသာသာပါ
``ဒါက အရမ်းကို စက်ဆုပ်ရွံရှာဖို့ ကောင်းလိုက်တာ``

စင်အောက်က ဖူရှုရီနဲ့ တခြားလူတွေက အားလုံးတူညီစွာနဲ့ ဒေါသတစ်ကြီး အော်ဟစ်လိုက်ကြပါတယ်။ ဖန်းလောင်က သူ့ကိုယ်သူ အရမ်းကို သေချာနေခဲ့တာ အံ့ဩစရာမရှိတော့ပါဘူး။ သူက အုပ်စုတစ်ခုတည်းက သိုင်းပညာရှင်တစ်ချို့ကို သူ့အတွက် အလုပ်လုပ်ပေးဖို့ကို တံစိုးလာဘ်ဆောင်ပေးပြီးတော့ ဆွဲဆောင်သိမ်းသွင်း ခဲ့ပါတယ်။

လူအယောက်သုံးဆယ်ထက်မနည်းတဲ့သူတွေက အားလုံးစုစည်းပြီးတော့ အတူတကွ လုပ်ဆောင်နေကြပါတယ်။ ပြီးတော့ ဒါက နံပါတ်လေးဆယ် အုပ်စုဖြစ်ပြီး ဆန်ကာတင် လက်ရွေးစင် က အရမ်းကြီး အားမကောင်းနိုင်ပါဘူး ဒါကြောင့်မို့ သူတို့တွေက တခြားသူတွေကို လှဲချပစ်ဖို့အတွက်တော့ လုံလောက်နေယုံသာမက ပိုတောင် ပိုနေပါသေးတယ်။

ထို့နောက် တစ်ခြားလူတွေက သူတို့ကိုယ်တိုင်ပဲ သူတို့ရဲ့ ကိုယ်ပိုင် ဆန္ဒ နဲ့ စင်မြင့်ကို ချန်ထားရစ်ခဲ့ပြီးတော့ ကျန်ရစ်ခဲ့မဲ့ ဖန်းလောင်အနေနဲ့ ထိပ်ဆုံးအယောက်ငါးဆယ် ထဲကို ရရှိနိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့အနေနဲ့ ထိပ်ဆုံးဆယ်ယောက်ကို ဝင်ဖို့ မလိုသလို ပထမနေရာကို ရယူဖို့မလိုတော့ပါဘူး။ ထိပ်ဆုံးအယောက်ငါးဆယ်စာရင်း ဝင် ပြိုင်ပွဲဝင်သူတွေက

ဟွာယန်အကယ်ဒမီကို ဂင်ခွင့်ရဖို့အတွက် အာမခံချက်ရှိတဲ့ အတွက်ကြောင့်ပဲဖြစ်ပါတယ်။

``သူက တကယ့်ကို အရှက်မရှိတာပဲ``

``လုံးဂ တရားမမျှတဖူး``

စင်အောက်က တခြားလူတွေအားလုံးကလည်းပဲ အော်ဟစ်နေကြပါတယ်။

ဒါက လုံးဂပြိုင်ပွဲရဲ့စည်းမျဥ်းစည်းကမ်းကို ချိုးဖောက်တာပါပဲ။

ဒိုင်လူကြီးက အေးစက်စက်နဲ့ လှမ်းအော်လိုက်ပါတယ်။

``ပါးစပ်ပိတ်ထား``

ပြိုင်ပွဲရဲ့ စည်းမျဥ်းစည်းကမ်းမှာ သိုင်းပညာရှင်တွေအနေနဲ့ တစ်ဦးချင်းကနေ စုပေါင်းပြီးတော့ အဖွဲ့တစ်ခု ဖွဲ့ခွင့်မရှိဘူးလို့ မပြဌာန်း ထားတဲ့အတွက် နောက်ဆုံး ဖန်းလောင် ရဲ့ လုပ်ရှားမှုကိုတော့ ခွင့်ပြုခဲ့ရပါတယ်။ အများဆုံး အငြင်းပွားစရာ ဖြစ်မှာကတော့ သူ့အနေနဲ့ ပြိုင်ပွဲရဲ့ စည်းကမ်းတွေက ယိုပေါက် ကိုအခွင့်ကောင်း

ယူသွားတယ်လို့ပဲပြောရမှာပါပဲ။

ဘယ်လိုမျိုး စွမ်းအားနဲ့ လွှမ်းမိုးမှုတွေကို နွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်က ပိုင်ဆိုင်ထားတာလဲ? စင်အောက်က လူအားလုံးဟာ ချက်ခြင်းဆိုသလို တိတ်ဆိတ်သွားခဲ့ပါတယ်။

``ဒီကောင်က သူ့ကိုယ်သူအရမ်းကို ယုံကြည်မှုရှိနေတာ မထူးဆန်းတော့ဘူး။ သူက သူ့အုပ်စုက တခြားသူတော်တော်များများကို လာဘ်ထိုး ထားခဲ့တာပဲ``

ဖူရှုရီက အရမ်းကို ဒေါသထွက်ပြီးတော့ ပြောလိုက်ပါတယ်။

``အနည်းဆုံး ဆယ်ယောက်နဲ့အထက်က ဒြပ်စင်စုစည်းခြင်းအဆင့်ရှိပြီးတော ့သူတို့တွေက ဂိုဏ်းဖွဲ့ထားတဲ့အတွက် လင်းဟာန်အနေနဲ့ အများကြီးနဲ့ အပြင်းအထန် တိုက်ခိုက်ယှဉ်ပြိုင်ရလိမ့်မယ်။ သူတော့ ပြဿနာအကြီးကြီးတက်ပီပဲ``

လှီဒေါင် မျက်မှောင်ကြုံလိုက်ပါတယ်။

``မလိုပါဘူး``

လီဟောင်က သူ့ခေါင်းကိုခါယမ်းပြီးတော့ပြောလိုက်ပါတယ်။

``အကိုကြီးလင်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ကို ရောက်ပြီးသားပဲ ပြီးတော့ သူက ခါးချီအလင်း လေးခုကို ထုတ်ဖော်နိုင်ခဲ့ပီ ဒါကြောင့် နိုင်ဖို့အခွင့်အရေးက သူ့ဆီမှာ ရှိနေသေးတယ်``

``သူသေချာပေါက် နိုင်မှာပါ... ဒီကောင် ဖန်းလောင် က တကယ့်ကို စက်ဆုပ်ရွံရှာ စရာကောင်းတယ်``

သူတို့ငါးယောက်စလုံး စတင်ပြီးတော့ လင်းဟန်ကို အော်ဟစ်အားပေးလိုက်ကြပါတယ်။

သူတို့နဲ့ နှိုင်းယှဉ်ရမယ်ဆိုယင် လင်းဒေါင်ရှန်နဲ့ လွီယုထန်တို့ နှစ်ယောက်ကတော့ အရမ်းကို တည်ငြိမ်နေပါတယ်။ သိုးအုပ်စု တစ်ခုက အတူတစ်ကွ ပူးပေါင်းပြီးတော့ လုပ်ဆောင်ယင်တောင်မှ သိုးအုပ်စုပါပဲ။ သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ခြသေ့်တစ်ကောင်နဲ့ ပြိုင်ဘက်ဖြစ်နိုင်မှာလဲ?

``ဟားဟားဟား ဒီကောင့်ကို နောက်ဆုံးအတွက်

ချန်ထားလိုက် ကျန်တဲ့သူတွေ အားလုံးကို စင်ပေါ်က မောင်းချလိုက်``

ဖန်းလောင်က အမိန့်ပေးလိုက်တာနဲ့ သိုင်းပညာရှင် အယောက်သုံးဆယ်ထက် မနည်းတဲ့ အုပ်စုက ကျန်တဲ့သူတွေကို စတင်ပြီး ဖယ်ရှားရှင်းလင်းပါတော့တယ်။

သူတို့ ပေါင်းစည်းထားတဲ့ အုပ်စုက ပူးပေါင်းဆောင်ရွက်ထားတာကြောင့်မို့လို့ အရမ်းကို စွမ်းအားပြည့်ဝပါတယ်။ယခု ဒီတိုက်ပွဲက ၂၉ ယောက် နဲ့တစ်ယောက် ပြီးတော့ ၂၉ ယောက်ထဲက ၁၄ ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့်ပဲဖြစ်ပါတယ်။

``အိုး မဟုတ်သေးဘူး... ဒီကောင်လေးက ဆန်ကာတင် လက်ရွေးစင်ပဲ.. သူက နံပါတ်လေးဆယ်အုပ်စုမှာ ဦးဆောင်တယ်..ဒါကဘာကိုဆိုလိုသလဲဆိုယင် သူကိုကြည့်ရတာ အများဆုံး ဒြပ်စင်စုစည်းခြင်းအလွှာ၄ မှာရှိလိမ့်မယ်``

``ဟုတ်တယ် ... ပုရွတ်ဆိတ်အများကြီးက ဆင်တစ်ကောင်ကိုတောင်မှ သတ်နိုင်တယ်....ပြီးတော့ တစ်ဖက်ကအဖွဲ့မှာ ဒြပ်စင်စုစည်းခြင်းအဆင့်စစ်သည်တော်

ဆယ်ယောက်ထက်မနည်းက ဖန်းလောင်အတွက် အလုပ်လုပ်ပေးနေကြတယ်``

``ငါတကယ်ပဲ ဒီကောင့်ကို ကြည့်မရတော့ဘူး ဖန်းလောင်ရဲ့ အမူအရာတွေက သူ့အောင်မြင်ဖို့အတွက် လျှို့ဝှက်ကြံစည်တဲ့ ဗီလိန်တစ်ယောက်လိုပဲ``

``ရှူး......... မင်းရဲ့အသံကို နှိမ့်ပြီးတော့ပြောစမ်းပါ.... ဖန်းကလန်က အဓိက ကလန်ကြီး တစ်ခုမဟုတ်ပေမဲ့လည်း ဖန်းလောင်ရဲ့ အကိုကတော့ ငါတို့ ဒုယွန်မြို့မှာ ပါရမီရှင်လို့ လူသိများကြတာပဲ..ပြီးခဲ့တဲ့ ဒုယွန်ပြိုင်ပွဲမှာတုန်းက သူက နံ့ပါတ်လေးမင်းသားကို အနိုင်ယူပြီးတော့ ပထမနေရာကို ရယူခဲ့တာ.. ငါကြားတာတော့ သူက နွေဦးစမ်းရေအဆင့်ကိုတောင် ရောက်နေပြီလို့ကြားတယ်``

``ဘာ နွေဦးစမ်းရေအဆင့် ဟုတ်လား ... ဒါအမှန်ပဲလား?``

``ဒါပေ့ါ အဲဒါက အမှန်ပဲ``

``ဟူးးးးးးး ဖန်းလောင်ဆိုတဲ့ ကောင် ဒီလောက်တောင် မောက်မာဂင့်ကြွားနေတာ အံ့ဩစရာမဟုတ်တော့ပါဘူး``

စင်အောက်ကနေပြီးတော့ ဆွေးနွေးပြောဆိုနေတာတွေကို နားထောင်ပြီးတော့ ဖန်းလောင်က သူကိုသူ အလွန်အမင်း ဂုဏ်ယူသလိုခံစားရပါတယ်။ သူ က စည်းမျဉ်း စည်းကမ်းကို ဖျက်ဆီးခဲ့တယ် ဒါပေမဲ့ ဘာဖြစ်လဲ?

``ဘာလဲ... မင်းတို့ကောင်တွေက ဒါကို လက်မခံနိုင်သေးဖူးလား?``

သူက စင်အောက်ကလူတွေကို စိန်ခေါ်လိုက်ပါတယ်။

`` တကယ်လို့ မင်းတို့လုပ်နိုင်တယ်ဆိုယင် ငါ့ကိုကိုက်လေ...တကယ်လို့ မင်းတို့မှာ ငါ့လိုမျိုး တော်တဲ့ အကိုတစ်ယောက်ရှိမယ်ဆိုယင် မင်းတို့လဲ ဒီလိုမျိုး အရာတွေကို ငါ့လိုပဲ လုပ်နိုင်လိမ့်မယ်``

စင်အောက်က ပရိတ်သတ်တွေ က မကျေမနပ်ဖြစ်ပြီးတော့ အမုန်းတရားတွေ ကြီးထွား လာခဲ့ပါတယ်။ သူတို့အနေနဲ့ ဒီကောင်ကို စက်ဆုပ်ရွံရှာစရာကောင်းအောင် ခံစားလိုက်ရ ပြီးတော့ သူတို့အားလုံး ချက်ချင်းဆိုသလို စင်ပေါ်ကိုတက်သွားပြီးတော့ သူ့ကို ကောင်းကောင်းကြီး ဆုံးမလိုက်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့ပါတယ်။

``လင်းဟန် ယခင်တုန်းက မင်းက အရေအတွက်ကိုသုံးပြီးတော့ အခွင့်ကောင်းယူပြီး ငါ့ကို ဆန့်ကျင်ခဲ့တယ် ဒါပေမဲ့ ဒီအချိန်မှာ ငါ့ဘက်မှာ လူတွေအများကြီးရှိနေပြီ။ တကယ်လို့ သူတို့အားလုံးက တစ်ယောက်ကို တစ်ချက်ချ မယ်ဆိုယင်တောင် သူက မင်းကို
အလွန်အမင်းခံစားရအောင်လို့လုပ်နိုင်ကြတယ်...တကယ်လို့ မင်းအတွက် အကောင်းဆုံးက ဘာလဲဆိုတာသိမယ်ဆိုယင် တော့ ချက်ချင်း ဒူးထောက်ပီးတော့ သနားငဲ့ညှာဖို့အတွက် ငါ့ကို တောင်းပန်ပါ...ငါမင်းကို နည်းနည်းလောက် ရိုက်နက်ပြီးယင်တော့ စဉ်းစားပေးပါ့မယ်``

ဖန်းလောင်က လင်းဟန်ကိုညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

ဒါက သူတို့က အယင်တုန်းက အရေအတွက်နဲ့ အခွင့်ကောင်းယူပြီးတော့ သူ့ကို စော်ကားခဲ့တယ်လို့ ပြောလိုက်တာလား?

တကယ်ပါပဲ အဲဒီအချိန်တုန်းက သူရဲ့အစေခံအားလုံးက သေသွားခဲ့ပြီး လင်းဟန်ရဲ့ ဘက်မှာတော့ လူခုနစ်ယောက် ရှိခဲ့ပါတယ်။ ဒါကြောင့်ပဲ သူတို့က သူ့ကို အရေအတွက်နဲ့

အခွင့်ကောင်းယူပြီးတော့ စော်ကားအရှက်ခွဲခဲ့တယ်ပေါ့လေ? ဒီကောင်ကတော့ အရှက်မရှိတဲ့နေရာမှာတော့ တကယ့်ကို အဆင့်အသစ် တစ်ခုမှာ ရောက်နေပီပဲ။

လင်းဟန်က သူ့ခေါင်းကို ခါယမ်းလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကြည့်ရတာတော့ တကယ်လို့ ငါက မင်းကို စင်ပေါ်ကနေ မြန်မြန် ကန်ထုတ်မပစ်ဖူးဆိုယင် လူပြက်ငတုံးတစ်ယောက်လို မင်းက မင်းရဲ့ ဖျော်ဖြေမှုကို ဆက်ပြီးလုပ်နေပြီးတော့ လူစုလူဝေးကြီးရဲ့ ဒေါသတွေ စုပြုံလာတာကို ခံရတော့မှာပဲ``

``ဟားဟားဟား``

စင်အောက်ကနေပြီးတော့ ချက်ချင်းဆိုသလို ရီသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

``ဘယ်လောက်မုန်းဖို့ကောင်းတဲ့ကောင်လဲ... မင်းကအရမ်းကို ပြောရခက်တာပဲ... ငါမင်းကို ချမ်းသာမပေးဘူး``

ဖန်းလောင်က သူ့ရဲ့လက်ကိုဆန့်ပြီးတော့ လင်းဟန်ဆီကိုညွှန်ပြပြီးပြောလိုက် ပါတယ်။

``သူ့ကိုရိုက်စမ်း.. သူ့ကို ကောင်းကောင်းရိုက်ပစ်လိုက်ကြ``

``နားလည်ပါပြီ``

အယောက်နှစ်ဆယ်ကျော် အုပ်စုက လင်းဟန်ဆီကို အားလုံး ပြေးလာကြပါတယ်။ သူတို့အားလုံးက သူတို့ရဲ့ သက်ဆိုင်ရာ လက်နက် တွေကို ဆုပ်ကိုင်ပြီးတော့ ပြေးလာကြပါတယ်။

ပြိုင်ပွဲရဲ့ တိုက်ပွဲစင်မြင့်ထက်မှာ လက်နက်အသုံးပြုခွင့်ပြုထားပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သိုင်းပညာရှင်တွေအနေနဲ့ သူတို့ရဲ့ အသန်မာဆုံး စွမ်းရည်တွေကို ထုတ် ပြနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒါက တိုက်ပွဲရဲ့ အန္တရာယ်ကို ပိုပြီး တိုးလာစေနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ မင်းက သေမှာကို ကြောက်တယ်ဆိုယင် မင်းကိုယ်တိုင်ပဲ စင်အောက်ကို လျှင်မြန်စွာနဲ့ ခုန်ဆင်းလိုက်တာက အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်..တကယ်လို့ မင်းကသာ စင်ပေါ်မှာဆက်ပြီးနေဦးမယ်ဆိုယင် မင်းရဲ့ စိတ်ကို

သေချာပြင်ဆင်ထားဖို့တော့လိုပါလိမ့်မယ်။

လင်းဟာန် ကသူ့ရဲ့ ဓါးကို အသုံးမပြုခဲ့ပါဘူး။ သူက သူ့ရဲ့ လက်သီးတွေကိုပဲ အသုံးချ ခဲ့ပါတယ်။ ကျားသစ်နက်ဒေါသ လက်သီးကို အသုံးပြုခြင်းက ဒီလူတွေကို ကိုင်တွယ် ဖို့အတွက်တော့ လုံလောက်ယုံသာမက ပိုတောင်ပိုနေပါသေးတယ်။

``Peng Peng Peng Peng``

သူ့ရှေ့ကို တက်လိုက်တိုင်း သူ့ရဲ့လမ်းကြောင်းမှာရှိနေတဲ့ လူတွေက သူ့ဆီက လက်သီးတစ်ချက်ကြောင့် စင်ပေါ်ကနေ လွင့်ထွက်ကုန်ပါတယ်။ သူ့ရဲ့ ကျင့်စဉ်အဆင့် က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ပဲရှိသေးပေမဲ့ မူလဒြပ်စင်ငါးခုအမှုန်က ထွက်ပေါ်လာတဲ့ စွမ်းအားတွေနဲ့အတူ သူ့ရဲ့ အစွမ်းတွေက သာမန် ဒြပ်စင်စုစည်းခြင်းအလွှာ ၈ မှာရှိတဲ့ လူနဲ့တောင် နှိုင်းယှဉ်လို့ရပါတယ်။ထို့ပြင် ကျားသစ်နက်ဒေါသလက်သီးသိုင်းက အဂါရောင်အဆင့် အဆင့်မြင့်သိုင်းပညာတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လဲ သူ့အတွက်တော့ ဒီလူတွေကို ယှဉ်ဆိုင်ဖို့အတွက် လက်တစ်ဖက်ထဲနဲ့တောင်မှ လုံလောက်ပါတယ်။

လင်းဟန်က ဖန်းလောင်ရဲ့ အရှေ့ကို ရောက်သွားတဲ့အချိန်မှာတော့ ကျန်တဲ့သူ အားလုံး သူ့ကြောင့် စင်မြင့်ကနေ လွှင့်ပစ်ခြင်းကို ခံလိုက်ရပါတယ်။

ဒီနေရာမှာ အားလုံး တိတ်ဆိတ်ငြိမ်သက်ကုန်ပါတယ်။ ဒီကောင်က အရမ်းကို အစွမ်းကြီးတယ်ပေါ့? သူက ဒီဂရုရဲ့ ဆန်ကာတင် လက်ရွေးစင်ဖြစ်ပြီး တော့ သူ့အနေနဲ့ အများဆုံး ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ကိုရောက်နေသင့်တာမဟုတ်လား? ဒါပေမဲ့ သူ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုတွေကို သုံးသပ်ရမယ်ဆိုယင် အဲဒီ အစွမ်းက လုံး၀ အနည်းဆုံး ဒြပ်စင်စုစည်းခြင်းနောက်ပိုင်းအဆင့်အစွမ်းပဲ။

ဖြစ်နိုင်တာက သူ့ရဲ့ အမှန်တကယ် ကျင့်စဉ်အဆင့်ကို ဖုံးကွယ်ထားပြီးတော့
ဂက်တစ်ကောင်လိုအယောင်ဆောင်ပြီး
ကျားတစ်ကောင်လိုမျိုး ဖျက်ဆီးပစ်တာလား?

ဒါပေမဲ့လည်း ဒီပွဲမှာ အမျိုးမျိုးသော အင်အားကြီးကလန်တွေရဲ့ လူကြီးတွေက ရှိနေကြပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ၅ အဆင့်အထက်မှာ ရှိနေကြတဲ့

သူတွေချည်းပဲဖြစ်ပါတယ်။ သူတို့အနေနဲ့ လင်းဟန်ရဲ့ အော်ရာ အရှိန်အဝါကို လွယ်ကူစွာပဲအာရုံခံနိုင်ပြီးတော့ ၄င်းက တိတိကျကျဖော်ပြတာက သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ မှာပဲရှိနေသေးတယ်ဆိုတာပါပဲ။

ဒါက သူတို့ကိုရော စိတ်ရှုပ်ထွေးမှုကိုဖြစ်စေပါတယ်။ သူတို့အားလုံးက သူတို့ကိုယ်တိုင် တီးတိုးရွတ်ဆိုပြီးတော့ သူတို့အတွေးတွေအကြောင်းကိုပြောင်းလဲလိုက်ပီးတော့ ဒါက ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ.

``မဟုတ်ဘူး မဖြစ်နိုင်ဘူး``

ဖန်းလောင်က တုန်တုန်ယင်ယင်နဲ့ပြောလိုက်ပါတယ်။ သူ့ရဲ့ အမူအရာက လုံးဂကို မယုံကြည်နိုင်လောက်အောင်ဖြစ်နေပါတယ်။

သူကိုယ်တိုင်ရေးထားတဲ့ ဇာတ်ညွှန်းက ဒီလိုမျိုးအဆုံးသတ်ရမှာမဟုတ်ဘူးလေ။

သူက ဟွာယန်အကယ်ဒမီကို လွယ်ကူစွာနဲ့ အောင်အောင်မြင်မြင် ဂင်ခွင့်ရသင့်ပါတယ်။ ထို့နောက် သူ့အကိုရဲ့ ဂရုစိုက်မှုနဲ့ အထောက်အပံ့နဲ့ အတူ

ဒြပ်စင်စုစည်းခြင်းအဆင့်ကို လွယ်လွယ်ကူကူနဲ့ ချိုးဖျက်တက်ရောက်ရပါမယ်။တကယ်လို့ သူက ကံကောင်းယင် စိတ်ဂိဉာဉ်သစ်သီးတစ်ချို့ကို စားသုံးခွင့်ရခဲ့မယ်ဆိုယင် နွေဦးစမ်းရေအဆင့်ကိုတောင် ချိုးဖျက်ဝင်ရောက်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ သူရဲ့ အကြံအစည်တွေ အားလုံးက တကယ်လို့ သူအနေနဲ့ ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရဖို့ မလုပ်နိုင်ဖူးဆိုယင် အသုံးမဝင်တော့ပဲ ပျက်စီး ကုန်ပါလိမ့်မယ်။

``မာနထောင်လွှားဦးလေ..ဟင့် ထပ်ပြီးတော့ မာနထောင်လွှားပါဦး``

``ဟားဟားဟား.....စင်ပေါ်မှာ ဆက်ပြီးတော့ ပြောဦးလေ တကယ်လို့ မင်း ရဲဂုံ့တယ်ဆိုယင်ပေါ့``

စင်အောက်က လူတွေအားလုံးက ဖန်းလောင်ကို စပြီးတော့သရော်လှောင်ပြောင် နေကြပါတယ်။သူတို့က အချိန်တော်တော်ကြာတဲ့တိုင်အောင် ဒီကောင့်ကြောင့် မကျေမနပ်ဖြစ်နေခဲ့ကြပါတယ်။ ဒါပေမဲ့ သူရဲ့ဘက်မှာက လူတွေအများကြီးရှိနေပြီးတော့ သူတို့အနေနဲ့

ပြဿနာကြီးကြီးလုပ်ဖို့ မပုံ့ရဲခဲ့ပါဘူး ဒါပေမဲ့ အခုတော့ ဘာဖြစ်သေးလဲ?

ဘယ်သူကရော လင်းဟန်အနေနဲ့ အမှန်တကယ် ဒီလောက် စွမ်းအားပြည့်ဝ လိမ့်မယ်လို့ ထင်ထားမှာလဲ?

``မင်း ချက်ချင်းပဲ အရှုံးကိုဝန်ခံပြီးတော့ စင်ပေါ်ကနေ ဆင်းသွားလိုက်တော့ အဲဒီလိုမှ မဟုတ်ဘူးဆိုယင် ငါက ငါ့အကိုကို ပြောပြီးတော့ မင်းကို သေချာဂရုစိုက်ဖို့ ပြောလိုက်ပါမယ်``

ပါတ်ဝန်းကျင်ရဲ့ လှောင်ပြောင်သရော်သံတွေက သူ့နားထဲကိုကြားရပြီးတဲ့နောက်မှာ ဖန်းလောင် ကနောက်ဆုံးတော့ တုံ့ပြန်လိုက်ပါတယ်။ သူက လင်းဟန်ကို တကယ်ပဲ ညွှန်ပြပြီးတော့ သူ့ကို အရှုံးပေးလိုက်ဖို့ အမိန့်ပေးခဲ့ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါယမ်းလိုက်ပါတယ်။ ဒီကောင်က တကယ်ကို ပျက်စီးနေတာပဲ။ သူက လုံးဝ ငတုံးတစ်ယောက်ပဲ။

``Pa``

သူက ရုတ်တရက်ခုန်ပြီးတော့ ဖန်းလောင်ရဲ့ ဂမ်းဗိုက်အောက်ပိုင်းကို ရွယ်ပြီး ကန်ပစ်လိုက်ပါတယ်။

ဖန်းလောင်က စင်ပေါ်ကနေ လွင့်ထွက်သွားခဲ့ပါတယ်။ သူက သူ့ဂမ်းဗိုက်အောက်ပိုင်းကို ကိုင်ထားပြီးတော့ နာကျင်မှုကို ခံစားနေရပါတယ်။ သူကိုကြည့်ရတာ နာကျင်လွန်းလို့ မျက်ရည်တောင် ကျလာတော့မဲ့အတိုင်းပါပဲ။

``နံပါတ်လေးဆယ်အုပ်စု..... လင်းဟန် အနိုင်ရတယ်``

ဒိုင်လူကြီးက ကြေညာလိုက်ပါတယ်။

``မဟုတ်ဘူး.... အဲဒီနေရာက ငါ့ဟာ... အဲဒါက ငါ့ဟာ``

ဖန်းလောင်က ကြေညာသံကိုကြားလိုက်ရတဲ့အခါမှာ ချက်ချင်း ခုန်ထလိုက်ပီးတော့ ဒိုင်လူကြီးကိုပြောလိုက်ပါတယ်။

``ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကို ချက်ချင်းပဲ ပြောင်းလိုက်ပါ မဟုတ်လို့ရှိယင် ငါ့ရဲ့ အကိုက ခင်ဗျားကို သေတဲ့အထိ ရိုက်ရလိမ့်မယ်``

လူတိုင်းလူတိုင်း ချက်ချင်းဆိုသလို အူတက်မတက် အော်ရီလိုက်ကြပါတယ်။
ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာပဲရှိသေးတဲ့ သူက နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက်ကို အမှန်တကယ်ပဲ ခြိမ်းခြောက်ရဲတယ်။ ဒါက တကယ့်ကို အလွန်ရီစရာ ကောင်းလိုက်တာ။

``ထွက်သွားစမ်း``

ဒိုင်လူကြီးက အေးစက်စက်နဲ့အော်လိုက်ပါတယ်။ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပီး သူ့ရဲ့ မူလစွမ်းအင်တွေကို စုဆောင်းပြီးတော့ ရောမလက်ဂါးပုံစံဖန်တီးလိုက်ပီး ဖန်းလောင်ကို ဆွဲကိုင်ပြီးတော့ အပေးကို လွှင့်ပစ်လိုက်ပါတယ်။

အပိုင်း (၆၈) ဒုတိယတိုက်ပွဲ
မူလစွမ်းအင်ကို ပုံစံတစ်ခုလိုမျိုး ဖန်တီးနိုင်တာက နွေဦးစမ်းရေ စစ်သည်တော်တစ်ယောက်ရဲ့ သင်္ကေတ အမှတ်အသား တစ်ခုပဲ ဖြစ်ပါတယ်။

လှောင်ပြောင်သံတွေ သရော်သံတွေ က

ဘေးပါတ်ပါတ်လည်မှာတွေ မှာ ကြားနေရ တာကြောင့် ဖန်းလောင်က အမြီးကုတ်ပီး ထွက်ပြေးသွားပါတယ်။ တကယ်လို့ သူ့ရဲ့ အကို ဖန်းရန် သာ နိုင်းယှဉ်လို့မရတဲ့ တကယ့် ပါရမီရှင်တစ်ယောက်သာ ဖြစ်မနေခဲ့ ဘူးဆိုယင် နွေဦးစမ်းရေအဆင့် စစ်သည်တော် ဒိုင်လူကြီးက သူ့ကို တစ်ခါတည်း လုံးဝ အသေသတ်ပစ်ပါလိမ့်မယ်။

သိုင်းပညာမှာတော့ အဓိက အရေးအကြီးဆုံးအချက်က သိုင်းပညာရှင်တွေရဲ့ ဂါစဉ်ကြီး လိုက်ဂုဏ်သိက္ခာပါပဲ... ပြီးတော့ ဖန်းလောင်ရဲ့ အစောပိုင်းက အပြုအမူတွေက ဒီ မပြောပြနိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်တယ်လို့ ယူဆရမှာ ဖြစ်ပြီးတော့ တကယ်လို့ ဒိုင်လူကြီးကသာ ဖန်းလောင်ကို သတ်ပစ်လိုက်မယ်ဆိုတောင်မှ ဖန်းကလန် အနေနဲ့ ဒီအကြောင်းကို ရေးကြီးခွင်ကျယ် မလုပ်ရဲပါဘူး။

``လင်းအကို ဂုဏ်ပြုပါတယ်ဗျာ``

``ဂုဏ်ပြုပါတယ်.... လင်းအကို ... ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ သားတစ်ယောက် ရှိတဲ့အတွက် ဂုဏ်ပြုပါတယ်ဗျာ``

``လင်းအကို ... ဒီအချိန် သင်တို့အားလုံးပဲ အောင်ပွဲခံတဲ့ ဂုဏ်ပြုညစာစားပွဲကို ကျင်းပပေးသင့်ပြီနော်``

စင်မြင့်ပေါ်ကိုကြည့်ရှုပြီးတဲ့အချိန်မှာတော့ တိမ်မီးခိုးမြို့က အမျိုးမျိုးသော အဓိက ကလန်အချို့က လင်းဒေါင်ရှန်ဆီကိုလာပြီးတော့ ဂုဏ်ပြုစကားပြောဆိုကြပါတယ်။

လင်းဒေါင်ရှန်ကတော့ သဘာဝအတိုင်း ကျယ်လောင်စွာအော်ရီ လိုက်ပြီးတော့ ဒီအချိန်မှာ သူက အရမ်းကို ကျေနပ်ပီတိဖြစ်နေပါတယ်။ ဒီလိုမြင်ကွင်းကိုမဖြစ်လာခင် ချိန် တုန်းက သူမျှော်လင့်ခဲ့ပေမဲ့လည်း အခုတော့ ဒါက အိမ်မက်မက်နေတာ မဟုတ်ဘူး ဆိုတာကို သတိပြုမိခဲ့ပါတယ်။ သူ့အနေနဲ့ သူရဲ့ အိမ်မက်တွေက တကယ်ပဲ အစစ်အမှန် ဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။

``ဟားဟားဟား.... ဒီ ငတုံးကောင်လေးက ဟွာယန်အကယ်ဒမီဝင်ခွင့်နေရာကို ရဖို့ အတွက် လုံလုံလောက်လောက် ကံကောင်းသွားလို့ပါဗျာ..အနာဂါတ်မှာတော့ ဒီထက်

ပိုပြီးတော့ ထူးချွန်ထက်မြက်ဖို့ အခွင့်အရေး ရှိမယ်မထင်ပါဘူး``

သူက ခေါင်းကိုခါရမ်းပြီးတော့ အရမ်းကို နှိမ့်ချတဲ့ပုံစံနဲ့ပြောလိုက်ပါတယ်။

အမှန်တစ်ကယ်တော့ သူ့ရဲ့ နှုတ်ခမ်းမှာ ကြီးမားတဲ့အပြုံးတွေ ဆင်မြန်းထားတာကို အားလုံး မြင်နိုင်ကြပါတယ်။ဒါက သူကိုယ်တိုင်ပဲ ကျေနပ်ပျော်ရွှင်နေမှုကို ဖုံးကွယ်ထားမှန်း သိသာပါတယ်။

အမှန်တော့ ဘယ်သူမဆိုပဲ ဟွာယန်အကယ်ဒမီဂင်ခွင့်ရဖို့ အဆင့်လုံလုံလောက်လောက် ပြည့်မှီတဲ့ သားတစ်ယောက် ရှိတာက အဲဒီလူကို သေချာပေါက် ဂုဏ်ယူဂင့်ကြွားစွာနဲ့ ပြုံးပျော်စေနိုင်ပါတယ်။

``လင်းအကို…ခင်ဗျားအဲ့လောက်ထိ နှိမ့်ချစရာမလိုပါဘူး…တိမ်မီးခိုးမြို့ကနေ လာခဲ့ကြ တဲ့ ကျနော်တို့အားလုံးအတွက်ကတော့ ထိပ်ဆုံးအယောက်ငါးဆယ် စာရင်းထဲ ဂင်အောင် လုပ်နိုင်တာကပဲ အရမ်းကို လေးစားချီးကျူးဖို့ကောင်းနေပါပြီ… ဒါ့အပြင် ခင်ဗျားရဲ့

သားကလဲ အခုမှ အသက် ၁၇ နှစ်ပဲရှိသေးတာလေ.. ဒါကြောင့်သူ့အနေနဲ့ နောက်ထပ် သုံးနှစ်... ခြောက်နှစ် နောက်ပိုင်းမှာ ကျင်းပမဲ့ ဒုယွန်ပြိုင်ပွဲမှာ ဂင်ရောက် ယှဉ်ပြိုင်လို့ရနေသေးတယ်လေ...ဘယ်သူသိနိုင်မှာလဲ နောက်ပြိုင်ပွဲတွေမှာ သူ့အနေနဲ့ ထိပ်ဆုံးဆယ်ယောက် အဆင့်နဲ့ ပြီးတော့ တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ သူ့အနေနဲ့ ပထမနေရာကိုတောင် ရနိုင်သေးတာပဲ``

တစ်စုံတစ်ယောက်က ရီရီမောမောနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်အနေနဲ့ ဒီအချိန်မှာ လှပတဲ့ တိုက်ပွဲကို တိုက်ခိုက်ခဲ့ပေမဲ့လည်း သူ့ရဲ့ ဒီအချိန် ပြိုင်ဘက်တွေက တကယ်ပဲ အရမ်းကို အားနည်းနေပါတယ်။ဘယ်သူက သူ့ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်နဲ့တော့ ထိပ်ဆုံးဆယ်ယောက်စာရင်းကို ဂင်နိုင်လိမ့်မယ်ဆိုတာကို မတွေးထားကြပါဘူး. နံပါတ်လေး မင်းသားလို ဒြပ်စင်စုစည်းခြင်း အလွှာ ၉ တစ်ယောက်ယောက်ကြောင့် ရှုံးနိမ့်သွားမှာပါ.

လင်းဒေါင်ရှန်က အူလှိုက်သည်းလိုက်နဲ့ ရီမောနေပါတယ်။ သူက သူ့သားရဲ့ ကြီးကျယ် ခမ်းနားတဲ့ ရည်မှန်းချက်ကို ဖြစ်တဲ့ ဒီအချိန်မှာ ပထမနေရာကို တိုက်ရိုက် ရရှိဖို့

ရည်ရွယ်ထားတယ်ဆိုတာကို ထုတ်မပြောခဲ့ပါဘူး။

အရိုးသားဆုံးဝန်ခံရမယ်ဆိုယင် သူလည်းပဲ ဒါကို မယုံကြည်ပုံပါဘူး။ ထို့အပြင် ကျင့်စဉ်အဆင့်ကွာဟချက်တွေက အရမ်းကို ကြီးမားပါတယ်။

လင်းဟန်က စင်အောက်ကိုဆင်းလာခဲ့ပါတယ်။ ပြီးတော့ လူအားလုံးက သူ့ကို လာရောက် ဂုဏ်ပြုကြပါတယ်။ ထို့အပြင် ဘယ်သူမဆို ဟွာယန်အကယ်ဒမီ ဝင်ခွင့်ရအောင် လုပ်နိုင်ခဲ့ပီဆိုယင် သူရဲ့ အနာဂါတ်က အရမ်းကို တောက်ပ လာမှာပဲဖြစ်ပါတယ်။ ဘယ်သူသိနိုင်မှာလဲ ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရတဲ့ သူတွေ က မိုးရေနိုင်ငံထဲမှာ လူသိများထင်ရှားကျော်ကြားတဲ့ ရောမ အဆင့်အတန်းနဲ့ လူတစ်ယောက် ဖြစ်လာနိုင်လိမ့်မယ်ဆိုတာကိုပေါ့။

ရလဒ်အနေနဲ့ကတော့ ဘယ်သူမဆို ဒီအချိန်မှာ စကားလုံးအနည်းငယ်မျှ ချီးကျူး ဂုဏ်ပြုလိုက်ခြင်းက စိတ်ထဲ ဘာမှထားစရာမှမလိုတာ..ပြီးတော့ သူတို့အတွက် ဘာမှလဲ ဆုံးရှုံးစရာရှိတာမှမဟုတ်တာပဲ မှန်တယ်မလား? တကယ်လို့ လင်းဟန် ကသာ အနာဂါတ်မှာ ကြီးမားတဲ့

အောင်မြင်မှုတွေကို ရရှိနိုင်ခဲ့မယ်ဆိုယင် သူတို့အနေနဲ့လဲ လင်းဟန်နဲ့ သူငယ်ချင်းလိုဆက်ဆံမှုကို အသုံးပြုပြီးတော့ မြင့်မားတဲ့ အဆင့်အတန်းတစ်ခုကို တက်ရောက်နိုင်မှာပါ.။

လင်းဒေါင်ရှန်.....လင်းကလန်ရဲ့ ခေါင်းဆောင်လိုမျိုးကတော့ ဒီလိုမျိုး အရာတွေက တော့ မထူးဆန်းတော့ပါဘူး။ သူက အရာအားလုံးကို သေချာဂရုစိုက်ပြီးတော့ အားလုံးရဲ့ ခံစားမှုတွေကို လုံလုံလောက်လောက်နဲ့ပဲ အာရုံစူးစိုက်ပြီး ပြန်နှုတ်ဆက် နေပါတယ်။

အဖေနဲ့သား.. လွှီယုထန်လည်းပဲ ကောင်းကင်ဆေးအိမ်တော်ကို ပြန်လာခဲ့ကြပါတယ်။ တစ်ညခန့်နားပြီးတဲ့နောက်မှာတော့ အယောက်ငါးဆယ်စာရင်းထဲက ထိပ်ဆုံးဆယ်ယောက်ကို ဆုံးဖြတ်မဲ့တိုက်ပွဲကျင်းပမှာဖြစ်ပြီးတော့ ဘယ်သူက ဒီဒုတိယအချီမှာ အဆင့်တက်သွားမလဲဆိုတာကို ဆုံးဖြတ်မှာပဲဖြစ်ပါတယ်။

အမှန်တော့ ထိပ်ဆုံးဆယ်ယောက် အားလုံးက ဆုလက်ဆောင်တွေ လက်ခံရရှိမှာ ပဲဖြစ်ပါတယ်။ အနာဂါတ်မှာ သင်ရဲ့ နေရာက ပိုပြီးတော့ ကောင်းလေလေ သင့်ရဲ့ ဆုလက်ဆောင်က ပိုပြီးတော့ ကောင်းလေပါပဲ။

တစ်ဖက်မှာတော့ လီဟောင်လဲပဲ ထိပ်ဆုံးအယောက်ငါးဆယ်စာရင်းဝင်အောင် လုပ်နိုင်ခဲ့ပြီးတော့ ထူးချွန်ထက်မြက်လှတဲ့ သူ့ရဲ့ ဆေဘာချီ ပါရမီကို သရုပ်ပြနိုင်ခဲ့ပီး လူအများအပြားရဲ့ သူ့ရဲ့ အနာဂါတ်အောင်မြင်နိုင်မှုတွေကို သိချင်စိတ် ပြင်းပြလာအောင် လို့ လုပ်နိုင်ခဲ့ပါတယ်။ ဒုယွန်မြို့ရဲ့ ယခု လူငယ်မျိုးဆက်တွေထဲမှာ ချီကို ဖော်ထုတ်နိုင်တဲ့သူက ဆယ်ယောက်ကျော်တောင်မရှိပါဘူး။

ဘာပဲဖြစ်ဖြစ် လီကလန်ရဲ့ စီနီယာအဖွဲ့ဝင်တွေကလဲ လီဟောင်နဲ့အတူတူ ရောက်လာခဲ့ ပါတယ်။ သူတို့တွေက မနေ့ညက သူတို့ကိုယ်ပိုင်လူတွေနဲ့ပဲ အောင်ပွဲခံခဲ့ကြပါတယ်။ ဒါကြောင့် သူတို့က လင်းဟာန်ကိုမဖိတ်သလို လွှီဒေါင်နဲ့ တစ်ခြားသူတွေကိုလဲ မဖိတ်ခဲ့ ကြပါဘူး။ ဒါပေမဲ့ သူတို့ ဂိုကျောက်တုံးမြို့ကို ပြန်သွားတဲ့ အခါကျယင်တော့ လီကလန် အနေနဲ့ ကြီးကျယ်ခမ်းနားတဲ့ အောင်ပွဲခံ ညစာစားပွဲကြီးကို သေချာပေါက် ကျင်းပမှာပဲ ဖြစ်ပါတယ်။

နောက်တစ်နေ့ လင်းဟာန်နဲ့ လွှီယုထန်တို့ မြို့ရဲ့ နပန်းကွင်း(ပြိုင်ပွဲကွင်း) ထဲကို နောက် တစ်ကြိမ် ရောက်လိုလာပါပြီ။ ဒီအချိန်အတွင်းမှာ ဇူဟဲချင်နဲ့

ကျန်းပေရှမ်းတို့ကတော့ ပြောင်းပြန်ဆေးလုံးဖော်စပ်ဖို့ လုပ်ဆောင်ဖို့အတွက် တံခါးပိတ်လေ့ကျင့်နေကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လင်းဟန်ရဲ့ပြိုင်ပွဲကို လုံးဝ လာမကြည့်နိုင်ပါဘူး။

``အကိုကြီးလင်း``

လီဟောင်က အော်ပြီးတော့ သူ့ဘေးမှာ လာရပ်လိုက်ပါတယ်။ ထို့နောက် သူက နံပါတ်လေးမင်းသား.... လီဒေါင်ယွဲ့နဲ့ တစ်ခြားသူတွေကိုဆို ရှိသေလေးစားမှုအပြည့်နဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူတို့အားလုံးက သူ့ရဲ့ စံပြပုဂ္ဂိုလ်တွေဖြစ်ခဲ့ပြီးတော့ သေချာကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ သူတို့နဲ့ ယခုလိုမျိုး ယှဉ်ပြိုင်ခွင့်ရလာ လိမ့်မယ်လို့ လုံးဝမထင်ထားတဲ့အတွက် သူ့ကို မြူးကြွပျော်ရွှင်စေတဲ့ ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။

``ကိုယ့်ကိုကိုယ် အဲ့လောက်ထိ နှိမ့်ချပြီးတော့မကြည့်နဲ့... မင်းက ဆေဘာ ချီကိုလဲ ထုတ်ဖော်နိုင်ခဲ့ပြီး ဒါကြောင့် မင်းရဲ့ အနာဂါတ်အောင်မြင်မှုက သူတို့ထက်လုံးဝ သာလွန်လိမ့်မယ်``

လင်းဟန်က လီဟောင်ကို သက်တောင့်သက်သာနဲ့

ပုခုံးကိုပုတ်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``အင်း``

လီဟောင်က ခေါင်းကို ငြိမ့်လိုက်ပါတယ်။ အမှန်ပါပဲ...သူကိုယ်တိုင်နဲ့ တစ်ခြားသူတွေကြားမှာ အမှန်တကယ် ကွဲပြားခြားနားတာက သူ့ရဲ့ကျင့်စဉ်အဆင့်က နိမ့်ကျနေတာတစ်ခုပါပဲ။ ဒါပေမဲ့ သူက ဆေဘာချီ ကိုထုတ်ဖော်နိုင်ခဲ့ပြီဖြစ်လို့ သူ့အနေနဲ့လည်း အနာဂါတ်မှာ တူညီတဲ့ကျင့်စဉ်အဆင့် သမားတွေရဲ့ အုပ်ချုပ်သူ တစ်ယောက်ဖြစ်လာပါလိမ့်မယ်။

``အကိုလင်း``

လင်းဟာန် အနားရောက်လာတာကိုမြင်တော့ နံပါတ်လေးမင်းသားနဲ့ ကျန်တဲ့သူတွေက သူ့တို့ရဲ့ လက်သီးတွေကိုဆုပ်အရိုအသေပေးပြီးတော့ ယဉ်ယဉ်ကျေးကျေးနဲ့ နှုတ်ဆက် လိုက်ကြပါတယ်။

လီဟောင်အနေနဲ့ လင်းဟာန်က တကယ့်ကို အရမ်း ထင်ရှားကျော်ကြားလူသိ များနေ လိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ တကယ်လို့ သူသာ လမင်းကြီးဆိုယင်

ဘေးနားမှာ ကြယ်စင်တွေက ပိုင်းရံနေတာကို ခံရမှာပါ။ နံပါတ်လေးမင်းသားတောင်မှ သူ့လောက် ထင်ပေါ်ကျော်ကြားခြင်းမရှိပါဘူး။

ဒါက သဘာဂပါပဲ။ သိက္ခာရှိခန့်ညားတဲ့ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် သုံးဦးကို သူ့အနောက်မှာ ရပ်တည်စေတာက ဘယ်ရှုထောင့်ကပဲကြည့်ကြည့် သူ့ရဲ့ လွှမ်းမိုးသြဇာရှိမှုက ဒုယွန်ဘုရင်မင်းမြတ်ထက်တောင်မှ သာလွန်ပါတယ်။

``ထိပ်ဆုံး ဆယ်ယောက်ကို ဆုံးဖြတ်ပေးမဲ့ တိုက်ပွဲ ယခု စတင်ပြီ``

အိမ်တော်ထိန်းကြီးပေါ်လာခဲ့ပါတယ်။ သူ့ရဲ့မျက်လုံးတွေက မှေးထားပြီးတော့ သူ့ကိုကြည့်ရတာ ချည့်နဲ့တဲ့ အဘိုးကြီးတစ်ယောက်နဲ့ တူပါတယ်။ သို့ပေမဲ့လည်း သူ့ရဲ့ အသံက အရမ်းကိုကျယ်လောင်ပြီးတော့ ပြတ်သားရှင်းလင်းပြီး ပြိုင်ပွဲကွင်း တစ်ခုလုံးက ပရိတ်သတ်တွေအားလုံးရဲ့ နားစည်ကို ရိုက်ခတ်သွားခဲ့ပါတယ်။

``စည်းမျဉ်းစည်းကမ်းကတော့ အရမ်းကို ရိုးရှင်းတယ်.. ဒီမှာ

ပြိုင်ပွဲစင်မြင့် ဆယ်ခုရှိတယ်..ကြိုက်နှစ်သက်ရာ တစ်ခုကိုရွေးပြီးတော့ စင်ပေါ်ကို တက်လိုက်... တကယ်လို့ အဲဒီနေရာမှာ တစ်ယောက်မှမရှိတော့ဘူးဆိုယင် မင်းက စင်မြင့်အရှင်သခင် ဖြစ်လာလိမ့်မယ်...တကယ်လို့ အဲဒီမှာ တစ်ယောက်ယောက်လည်း ရှိနေသေးတယ်ဆိုယင် စင်မြင့်အရှင်သခင်နေရာအတွက် တိုက်ပွဲစိန်ခေါ်ရမယ်``

``လူတိုင်းလူတိုင်းမှာ စင်မြင့်အရှင်သခင်ကို စိန်ခေါ်ဖို့ အခွင့်အရေး တစ်ကြိမ်ပဲရှိတယ်``

``နေဝင်သွားယင် ပြိုင်ပွဲစင်မြင့်ဆယ်ခုမှာ ကျန်နေရစ်မဲ့ လူဆယ်ယောက်က ထိပ်ဆုံး ဆယ်ယောက်စာရင်းကိုဝင်မယ်``

ဒါက တကယ့်ကို ရိုးရှင်းပါတယ်။

အိမ်တော်ထိန်းကြီး စကားပြောလို့အပြီးမှာ အခိက ပြိုင်ပွဲဝင်သူတွေအားလုံးက နံပါတ်လေးမင်းသား....လီဒေါင်ယွဲ့နဲ့ တစ်ခြားသူတွေဆီကို လှည့်ကြည့်လိုက်ပါတယ်။ အဲဒီလူတွေက အရမ်းကို လွှမ်းမိုးနိုင်တဲ့အစွမ်းတွေ ပိုင်ဆိုင်ထားပြီးတော့ တကယ်လို့ တစ်ခြားပြိုင်ပွဲဝင်တွေအနေနဲ့

ထိပ်ဆုံးဆယ်ယောက်စာရင်းထဲကို ဝင်ချင်တယ်ဆိုယင် ဒီစွမ်းအားပြည့်ဝတဲ့စစ်သည်တော်တွေနဲ့ တွေ့ဆုံခြင်းကို သူတို့အနေနဲ့ လုံးဝ ရှောင်လွှဲ နိုင်ဖို့လိုအပ်ပါတယ်။

နံပါတ်လေးမင်းသားက ကျယ်လောင်စွာရီမောလိုက်ပါတယ်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ပထမပြိုင်ပွဲစင်မြင့်ထက်ပေါ်ကို ခြေချလိုက်ပါတယ်။ သူ့ရဲ့လက်တွေကို အနောက်ကိုပစ်ထားပြီးတော့ စိန်ခေါ်မှာကို စောင့်နေခဲ့ပါတယ်။

``ငါလည်းအယင်သွားသင့်တယ်``

လီဒေါင်ယွဲ့က ဒုတိယစင်မြင့်အထက်ပေါ်ကို ခြေချလိုက်ပါတယ်။

ဂျင်ပုကျို.... ပိုင်လိထျန်းယွမ်...ရှဖောင် နဲ့ ကျန်တဲ့သူတွေကလဲ ပြိုင်ပွဲစင်မြင့်အသီးသီး ကို တက်ရောက်နေရာယူလိုက်ကြပြီးတော့ ချက်ချင်းဆိုသလိုပဲ ပြိုင်ပွဲစင်မြင့် ၇ ခုက ပိုင်ရှင်တွေရှိသွားကြပါတယ်။ ဒီလူတွေအားလုံးက လုံးဝယုံကြည်မှုအပြည့်ရှိနေကြပြီးတော့ တိုက်ပွဲတစ်ခုပီးတစ်ခုတိုက်ခိုက် ဖို့ ကြိုးစားရလိမ့်မယ်လို့ အနည်းငယ်မျှ တောင်

စိုးရိမ်စိတ်မရှိကြပါဘူး။

လင်းဟန်က ရှေ့တစ်လှမ်းတိုးသွားပြီးတော့ ကျန်နေတဲ့စင်မြင့်တွေထဲက တစ်ခုဆီကို လှမ်းသွားလိုက်ဖို့ ပြင်ဆင်လိုက်ပါတယ်။

``အကိုကြီးလင်း....ငါတို့ ညနေအထိစောင့်ကြရအောင် .. အဲ့ဒီနည်းနဲ့ ငါတို့အတွက် အခွင့်အရေးကြီးကြီးမားမားရလိမ့်မယ်``

လီဟောင်က ချက်ချင်းပဲ အကြံပေးလိုက်ပါတယ်။

``ဟားဟားဟား ရပါတယ်...ဒီနေရာမှာ ငါနဲ့ ယှဉ်ပြိုင်နိုင်မဲ့သူ အများကြီး မရှိပါဘူး``

လင်းဟန်က သူ့လက်ကိုဝှေ့ယမ်းလိုက်ပီးတော့ နံပါတ် ၈ ခုစင်မြင့်ထက်ဆီကို ကြီးမားတဲ့ ခြေလှမ်းကျယ်ကြီးတွေနဲ့အတူ ခြေချလိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ နံပါတ်ကိုးနဲ့ နံပါတ်တစ်ဆယ် စင်မြင့်တွေကလဲ အသီးသီး ရယူပြီးသွားခဲ့ကြပါပြီ.. အဲ့ဒါကြောင့် ပြိုင်ပွဲအရှင်သခင် ဆယ်ယောက်က

ထွက်ပေါ်လိုလာခဲ့ပါပြီ။ အခု သူတို့ကို ဘယ်သူတွေက တက်ပြီးတော့ စိန်ခေါ်မလဲ ဆိုတာကို စောင့်ကြည့်ရပါမယ်။

``ငါသွားမယ်``

တစ်စုံတစ်ယောက်က နံပါတ်တစ်ဆယ် စင်မြင့်ထက်ကို ခုန်ဝင်လိုက်ပြီးတော့ ပထမ ဆုံး တိုက်ပွဲစတင်လိုက်ပါပြီ။ ပြီးတဲ့နောက်မှာ နောက်တစ်ယောက်က ခြေလှမ်းကျဲကြီးတွေနဲ့ နံပါတ်ကိုး စင်မြင့်ထက်ကိုတက်ရောက်သွားခဲ့ပါတယ်။ ဒါပေမဲ့ ပရိတ်သတ်တွေက အရမ်းကိုပဲ စူးစမ်းသိချင်စိတ်တွေပြင်းပြလို့နေပါတယ်။ ဘာလို့လဲဆိုတော့ ဘယ်သူကမှ လင်းဟန်ကိုသွားပြီးတော့စိန်မခေါ်ကြတဲ့အတွက်ပဲဖြစ်ပါတယ်။

ဒီနေရာမှာ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် လက်ရွေးစင်စစ်သည်တော်တွေ ကင်းမဲ့ မနေကြပါဘူး။ ဒါကြောင့်မို့လို့ သူတို့အနေနဲ့ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ပဲရှိသေးတယ်ဆိုတာကို လွယ်ကူစွာနဲ့ အာရုံခံနိုင်ကြပါလိမ့်မယ်။ ဒါကြောင့် သီအိုရီအရ ပြောရမယ်ဆိုယင် ဒီလိုမျိုးကျင့်စဉ်အဆင့်က

ပြိုင်ပွဲစင်မြင့်အရှင်သခင် ဆယ်ယောက် ထဲမှာ အနိမ့်ဆုံးပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဘာလို့ သူကို တစ်ယောက်မှသွားပြီး စိန်မခေါ်ကြတာလဲ?

သူတို့ လုံး၀ နားမလည်ကြပါဘူး။ ဒီ ထိပ်ဆုံးအယောက်ငါးဆယ်ထဲက အဓိက လူတွေ အားလုံးက နံ့ပါတ်လေးမင်းသားရဲ့ ညစာစားပွဲကို လွှန်ခဲ့တဲ့ ရက်အနည်းငယ်က တက်ရောက်ခဲ့ကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လင်းဟန်က အနက်ရောင်အဆင့် မှော်ဆေးပညာရှင် သုံးယောက်က သူ့နောက်မှာ ရှိတယ်ဆိုတာကို သိထားကြပါတယ်။ ဘယ်သူက သူ့ကိုသွားပြီးတော့ စိန်ခေါ်ရဲမှာလဲ?

မင်းတို့တွေက လင်းဟန်ရဲ့ အနောက်မှာရှိတဲ့ မှော်ဆေးပညာရှင် သုံးယောက်နဲ့ မျက်နှာချင်းဆိုင်ချင်တဲ့ ဆန္ဒရှိနေကြတာလား?

နံ့ပါတ်လေးမင်းသား လီဒေါင်ယွဲ့နဲ့တစ်ခြား စွမ်းအားကြီးတဲ့စစ်သည်တော် တွေရဲ့ ဘေးမှာ ၂ ယောက်သို့ ၃ ယောက် အနည်းငယ်အားနည်းတဲ့ ပြိုင်ပွဲ၀င်တွေရှိနေပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ပျားပဒူအုံအသိုက်ကို မွှေဖို့ မလိုအပ်ပါဘူး။ ဒါက လင်းဟန်ပါ။

ဒါပေမဲ့ မထင်မှတ်ထားတာကဖြစ်ပေါ်လာခဲ့ပါတယ်။

``ငါ မင်းကို စိန်ခေါ်တယ်``

လူငယ်တစ်ယောက်က လင်းဟန်ရဲ့ ပြိုင်ပွဲစင်မြင့်ထက်ကို ခုန်ဝင်လိုက်ပါတယ်။

သူက ဒီအကြိမ် ဒုယွန်ပြိုင်ပွဲရဲ့ ရုတ်တရက် ပေါ်လာခဲ့တဲ့ ဖျက်မြင်းတစ်ကောင်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်သူ့အနေနဲ့ လွန်ခဲ့တဲ့ရက်အနည်းငယ်က ကျင်းပတဲ့ နံပါတ်လေးမင်းသားရဲ့ ညစာစားပွဲအတွက် ဖိတ်ကြားခြင်းမခံခဲ့ရပါဘူး။ ဒါကြောင့်မို့လို့လဲ သူ့အနေနဲ့ လင်းဟန်ရဲ့ နောက်ခံ အကြောင်းကို လုံးဝမသိပါဘူး။

ကျောင်းပိတ်တယ်လေငိငိ

အပိုင်း(၆၉) ထိပ်ဆုံးဆယ်ယောက်

`` ငါ့နာမည် ဒုကျန်းယန်... ငါ့နာမည်ကိုသေချာမှတ်ထားပါ.... ဘာလို့လဲဆိုတော့ မကြာခင်မှာ ဒီနာမည်က ကမ္ဘာကြီးတစ်ခုလုံး မသိသူမရှိအောင် ထင်ပေါ်ကျော်ကြား

မှာမိုလို့ပဲ``

လူငယ်လေးက ဂုဏ်ယူဂုဏ်ပင့်ကြွားစွာနဲ့ပြောလိုက်ပါတယ်။

ဒီကောင်လေးကြည့်ရတာက အသက် နှစ်ဆယ်ဂန်းကျင်လောက်ပဲရှိပြီးတော့ သူ့ရဲ့ ကျင့်စဉ် အဆင့်က ဒြပ်စင်စုစည်းခြင်းအလွှာ ၆ ဖြစ်ပါတယ်။ ဘယ်သူသိနိုင်မှာလဲ ဒီလိုမျိုး ယုံကြည်မှုအရမ်းကို လွန်ကဲနေတဲ့သူက ဘယ်ကနေလာခဲ့သလဲဆိုတာကိုပေါ့။

ဒါပေမဲ့ သူကိုယ်တိုင်ကတော့ သိပါတယ် .. သူက လွန်ခဲ့တဲ့ နှစ်နှစ်ခန့်က ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၉ ပဲရှိပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာကို ချိုးဖျက်ဂင်ရောက် ဖို့ မလုပ်နိုင်ခဲ့သေးပါဘူး။ သူက ကံကြမ္မာကောင်းတစ်ခုနဲ့ ဆုံတွေ့ခဲ့ပြီး သူ့ရဲ့ ကျင့်စဉ်အဆင့်က မြင့်တက်သွားပါတယ်။ နှစ်နှစ်ခန့် ကြာတဲ့ အခါမှာတော့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၆ ကိုရောက်ရှိလို့နေခဲ့ပါပြီ။

အခြေအနေအားလုံးကို
ခြုံငုံသုံးသပ်ပြီးတဲ့အခါမှာတော့သူဟာ
နောက်တစ်နှစ်အတွင်းမှာ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ကို ရောက်အောင် လုပ်နိုင်မှာ ဖြစ်ပြီးတော့

နောက်တစ်နှစ်မှာတော့ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ပင်ရောက်ဖို့လုပ်နိုင်လိမ့်မယ်လို့ တွေးထားပါတယ်။ ကမ္ဘာကြီးရဲ့ လက်ရွေးစင် တစ်ခြားသော ပါရမီရှင်အားလုံးကို အဝေးကို လှဲပစ်ဖို့ ရည်ရွယ်ထားပါတယ်။

လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အလုပ်မရှိပဲနဲ့ ထိုင်စောင့်နေရတာက အရမ်းကိုပျင်းစရာကောင်းတာပဲ ဒါကြောင့် ငါ မင်းနဲ့ တစ်ခဏမျှ ကစားပေးပါ့မယ်``

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ``

ဒုကျန်းယန် က ချက်ချင်းဆိုသလို အရှေ့ကို ခြေလှမ်းကျဲကျဲနဲ့ရောက်သွားပြီးတော့ ရှည်လားတဲ့ ဆေဘာဓါးကို ခါးကနေ ထုတ်လိုက်ပါတယ်။ ဆေဘာရဲ့ အလင်းက လင်းလက်သွားပြီးတော့ နှင်းခဲလို အေးစက်မှုကထွက်လာပါတယ်။ သူက ကျယ်လောင်စွာအော်ဟစ်လိုက်ပီးတော့ သူ့ရဲ့ ဆေဘာဓါးရှည်ကို ဝှေ့ယမ်းပြီးတော့ ခုတ်ချလိုက်ပါတယ်။ကြောက်မက်ဖွယ်ရာကောင်းတဲ့

အေးစက်စက်အလင်းက လင်းဟန်ရဲ့ ဓါးနေရာဆီကို ဝင်သွားပါတယ်။

ဓါးရဲ့အားသာချက်က ၄င်းရဲ့ ပေါ့ပါးမှုဖြစ်ပြီးတော့ ဆေဘာရဲ့အားသာချက်ကတော့ ၄င်းရဲ့ ရက်စက်ကြမ်းကြုတ်ခြင်းပဲဖြစ်ပါတယ်။ ဒီဆေဘာခုတ်ချက်က ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာကင်းမဲ့ ပြီးတော့ အဆင့်အတန်းတစ်ခုမှာ ရှိနေပါတယ်။

လင်းဟန် သူ့ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ ပြီးတော့ ဒင်ဆိုတဲ့အော်ဟစ်အသံနဲ့အတူ ဓါးရဲ့ အသွားနဲ့ က ဆေဘာရဲ့ ဓါးသွားကြောင်းအားလုံးကိုဖြတ်သွားပြီးတော့ ဓါးရိုးနားထိအောင် ရောက်သွားခဲ့ပါတယ်။ ဒီခုတ်ချက်ရဲ့အစွမ်းကြောင့် မီးပွားတွေ ပွင့်ထွက်ကုန်ပါတယ်။

ဒုကျန်းယန်ရဲ့ ဆေဘာဓါးသွားက လင်းဟန်ရဲ့ နံရိုးအောက် သုံးလက်မ အကွာခန့်မှာ ရပ်သွားပါတယ်။ ဒါပေမဲ့ ၄င်းရဲ့ အင်အားက လုံးဂကုန်ခမ်းသွားပြီးတော့ နောက်ထပ် မငြိမ်းခြောက်နိုင်တော့ပါဘူး။

``မင်းမှာ အစွမ်းအချို့တော့ရှိသားပဲ``

ဒုကျန်းယန်က အေးစက်စက်နဲ့ နှာခေါင်းရှုံ့ လိုက်ပါတယ်။

``ဒါပေမဲ့ ငါရဲ့အရှေ့မှာတော့ ဒါတွေအားလုံးက အကျိုးမရှိ အလကားပဲ..ငါက ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားဖို့ ကံဇာတာပါလာခဲ့တယ်..အားလုံးက ငါ့ရဲ့ လမ်းကြောင်းပေါ်က နင်းဖြတ်သွားရမဲ့ ကျောက်တုံးသာသာပဲရှိပြီးတော့ ငါ့ကြောင့် အဝေးကို အကြင်နာကင်းမဲ့စွာနဲ့ လွှဲထုတ်ခြင်းကို ခံရလိမ့်မယ်``

သူ့ရဲ့ နောက်ထပ် တိုက်စစ်ကိုဖွင့်လိုက်ပါတယ်။

``ရှပ် ရှပ် ရှပ်``

ဆေဘာ အလင်းက အစွမ်းတော်တော်များများနဲ့ တိုက်ခိုက်ခြင်းကြောင့် လင်းလက်သွားခဲ့ပါတယ်။

စင်အောက်မှာ ရပ်နေတဲ့ လူတွေအားလုံး ပြောစရာစကား ကင်းမဲ့ကုန်ပါတယ်။ သူတို့က များစွာသော ဂုဏ်မောက်သူ တော်တော်များများကို တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့လည်း ဒီ ဒုကျန်းယန်းကတော့ သူတို့အားလုံးထက်ကို ပိုပြီးတော့ မောက်မာဝင့်ကြွားလွန်းပါတယ်။ သူက သူ့ရဲ့

အတိုင်းအတာကိုမသိပဲနဲ့ မောက်မာဂင့်ကြွား နေတာပဲဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့တိုက်ခိုက်မှုကို ခတ်ထုတ်လိုက်ပါတယ်။ ပြိုင်ပွဲစင်မြင့်ထက်က တိုက်ပွဲတွေက နေမဂင်ခင်မှာ ပြီးရမှာဖြစ်တဲ့အတွက် သူ့အနေနဲ့ မကြာခင်ပဲဖြစ်ဖြစ် နောက်ကျမှပဲဖြစ်ဖြစ် ဒုကျန်းယန် ကို အနိုင်ယူရမှာပဲဖြစ်ပါတယ်။

ဒုကျန်းယန်က စူးစူးဂါးဂါးအောင်လိုက်ပီးတော့ သူ့ရဲ့ နည်းစနစ်တွေကို အဆုံးစွန်ထိ အသုံးပြုလိုက်ပါတယ်။ ဒါကိုကြည့်ရတာတော့ သူက လုံးဂကို အသားစီးရနေပါတယ်။

သူတွေးထားတာက သူ့ရဲ့ပြိုင်ဘက်ကဒြပ်စင်စုစည်းခြင်းအလွှာ ၄ ပဲရှိပါသေးတယ် သူ့ထက် အလွှာနှစ်ခုတောင် နိမ့်ပါတယ် ဒါကြောင့် လင်းဟန်က သူ့ရဲ့ ပြိုင်ဘက် ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ? ကျင့်စဥ်အဆင့်ကွာခြားမှုတွေရယ် ပိုပြီး မြင့်မားတဲ့ ကျင့်စဥ်အဆင့်နဲ့လူကို စိန်ခေါ်မယ်ဆိုယင် နောင်တရယုံကလွဲယင် ဘာများတတ် နိုင်မှာမိုလို့လဲ?

``ဟားဟားဟားဟား မဆိုးဘူး မဆိုးဘူး... မင်းအနေနဲ့ တကယ်ပဲ မဆိုးဘူးဆိုတာ ကို ငါဝန်ခံပါတယ်... ဒါပေမဲ့ ဒီအချိန်မှာတော့ အရာအားလုံးရပ်စဲသွားပြီ ငါကပဲ အကုန်လုံးကို ရယူသွားမယ်``

ဒုကျန်းယန်က ကျယ်လောင်စွာအော်ရီပြီးတော့ လူတိုင်းက သူ့ကို အယင်ကထက် ပိုပြီးတော့ တုံးအတဲ့သူတစ်ယောက်လို တွေးထင်သွားစေပါတယ်။

သူ့ရဲ့ အမူအရာက တကယ့်ကို ပြင်းထန်လာပါတယ်။ ပြီးတော့ သူ့ရဲ့ ဓါးကို နောက်တစ်ကြိမ် ပေ့ယမ်းလိုက်ပါတယ်။

``ရွှပ်``

တကယ်ပဲ ဆေဘာချီ အလင်းက ဖြစ်ပေါ်လာပါတယ်။

``အိုး``

``ဟင်``

စင်အောက်မှာ ရှိနေတဲ့လူတွေအားလုံးက အာမေဋိတ်အသံတွေ ထွက်ပေါ်လာပါတယ်။

``သော့ချိ``

``ဒါက မဖြစ်နိုင်ဘူး.... ၄င်းက အုပ်ချုပ်သူတစ်ယောက်ရဲ့ အမှတ်အသား သင်္ကေတပဲ``

``ငါ တကယ်မထင်မှတ်ထားဘူး ဒီတစ်ကိုယ်ကောင်းဆန်လှတဲ့ ကောင်က ဒီလိုမျိုး လုပ်နိုင်စွမ်းရှိလိမ့်မယ်ဆိုတာကိုပေါ့``

``ဒီတစ်ကြိမ်မှာတော့ လင်းဟန်အနေနဲ့ သူ့ရဲ့ တိုက်ခိုက်မှုကို လုံးဝ ခတ်ထုတ် ပစ်နိုင်မှာမဟုတ်တော့ဘူး``

``ငါကြားဖူးတယ် ဒီမျိုးဆက်တွေထဲမှာ ချိ ကို ဖော်ထုတ်နိုင်တဲ့သူက ဆယ်ယောက် ထက်မပိုဘူးဆိုတာကိုပေါ့``

ဒုကျန်းယန်က သူ့ကိုယ်သူ အရမ်းပဲ ဂုဏ်ယူနေပါတယ်။ တကယ်လို့ သူသာ သော့ချိကို ထုတ်ဖော်မနိုင်ဘူးဆိုယင် သူ့ကိုသူ ဘာလို့ မြင့်မားတဲ့ပုံရိပ် အဖြစ် သတ်မှတ်ထားမှာလဲ. သူက ကျယ်လောင်စွာရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ဒါအနေနဲ့ ဆေဘာချီကို အသုံးပြုပြီးတော့ မင်းကို ရင်ဆိုင်ရတယ်ဆိုတော့ မင်းကိုယ် မင်း ဂုဏ်ယူလို့ရပြီ``

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ စိတ်ပျက်လက်ပျက်နဲ့ပြောလိုက်ပါတယ်။

``မင်းက ဆေဘာချီအလင်းတစ်ခုပဲ ရှိတာလား``

``ဟော့ဟော့ဟော့ ဘယ်လိုမျိုး ပြောလိုက်တာလဲ...ဆေဘာချီအလင်းတစ်ခုထဲ ကပဲ အရမ်းကို အံ့သြစရာကောင်းနေပြီမဟုတ်လား?``

ဒုကျန်းယန် လုံးဝ မပျော်မရွှင်ဖြစ်နေပါတယ်... သူ့ရဲ့ ဆေဘာချီ ထုတ်ဖော်ပြသလိုက်တာ ကိုတောင်မှ ဒီကောင်က လုံးဝ ကြောက်ရွံ့တဲ့ အမူအရာ မတွေ့ရပါဘူး။

``ဒါက မင်းကို အကြိမ်တစ်ရာမက အရေးနိမ့်သွားစေဖို့အတွက် လုံလောက်တယ်ကွ``

သူက စူးစူးဝါးဝါးအော်ဟစ်လိုက်ပါတယ်။ သူက စတင်ပြီးတော့ သူ့ရဲ့ဆေဘာကို လှုပ်ခါလိုက်ပီးတော့ သူ့ရဲ့ ဆေဘာချီ ကလဲ စတင်လှုပ်ရှားလာပါတယ်။ ၎င်းရဲ့

နောက်ကွယ်က စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းလှပါတယ်။

လင်းဟန် ရီမောလိုက်ပီးတော့ သူ့ရဲ့ ကိုယ်ပိုင်ဓါးကို ပွေ့ယမ်းပြီးတော့ တစ်ချက် ခုတ်ချလိုက်ပါတယ်။ တူညီစွာနဲ့ပဲ ဓါးချီအလင်းတစ်ခု ထွက်ပေါ်လာပါတယ်။

``PU``

စင်အောက်ကလူတွေအားလုံး အံ့အားသင့်စွာနဲ့ ချောင်းတွေဆိုးကုန်ပါတယ်။

ဒီ ချီကို ဖော်ထုတ်နိုင်တဲ့သူတွေက သိုင်းပညာမှာ အုပ်ချုပ်သူဖြစ်ဖို့အတွက် အလားအလာ ရှိပါတယ်။ ဒါပေမဲ့ ပုံမှန်အားဖြင့်တော့... ချီ အလင်းလေးခုကိုတော့ သာမာန် အောင်မြင်မှုအဖြစ်သတ်မှတ်ပြီးတော့ ချီအလင်း ၇ ခုကိုတော့ အဓိက အောင်မြင်မှုကြီးလို့ သတ်မှတ်ပြီး အလင်းဆယ်ခုကိုတော့ လုံးဝပြီးပြည့်စုံခြင်းလို့ သတ် မှတ်ထားကြပါတယ်။ ပြီးတော့ ဒီနှစ်ယောက်က သာမာန် အောင်မြင်မှုအဆင့်ကိုရောက်ပြီးတော့ အုပ်ချုပ်သူများအဖြစ် နာမည်ရေးထိုးနိုင်ပါပြီ။

ဒါပေမဲ့ ချီ အလင်းတစ်ခုပဲ ထုတ်ဖော်နိုင်တာတောင်မှ ဒါက အရမ်းကို ကြီးကျယ်ပြီးတော့ အရမ်းလည်း ရှားပါးပါတယ်။ဒါကြောင့် ယခု ချီကိုဖော် ထုတ်နိုင်တဲ့ သူနှစ်ယောက် ထွက်ပေါ်လာပြီးတော့ စင်မြင့်တစ်ခုတည်းမှာပဲ တိုက်ပွဲယှဉ်ပြိုင်နေရတာ ကိုကြည့်ခြင်းဖြင့် လူတိုင်းလူတိုင်းကို အံ့အားသင့်စေခဲ့ပါတယ်။

``ဘာ မင်းမှာလည်းပဲ ဓါးချီ တကယ်ရှိတယ်ပေါ့လေ``

ဒုကျန်းယန်ရဲ့မျက်လုံးတွေက အံ့အားသင့်လို ပြူးကျယ်နေပါတယ်။ သူ့ပုံစံက အလွန်အမင်းကို အံ့သြနေပုံပါပဲ။

``ဒါက အရမ်းပဲ တစ်မူထူးခြားနေလို့လား?``

လင်းဟန်က ရီမောပြီးပြောလိုက်ပါတယ်။

``ဟင့် တကယ်လို့ မင်းမှာ ဓါးချီ ပိုင်ဆိုင်တယ်ဆိုယင်လဲ ဘာဖြစ်သေးလဲ မင်းက ငါ့ရဲ့ ပြိုင်ဘက် လုံးဝမဟုတ်ဘူး``

ဒုကျန်းယန်က သူ့ရဲ့ဆေဘာကို အမြင့်ကို

မြှောက်လိုက်ပြီးတော့ တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။

သူရရှိခဲ့တဲ့ ကံကြမ္မာကောင်းမှာ ဆေဘာဓါးသိုင်း စာအုပ်တစ်အုပ်နဲ့ မှော်ဆေးလုံး တပုလင်းတို့ ပါဝင်ပါတယ်။ မှော်ဆေးလုံးတွေက သူ့ကို ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စေယုံသာမက သူ့ရဲ့ ကျင့်စဉ်ကိုလဲ မြင့်မားစေခဲ့ပါတယ်။ ဆေဘာဓါးသိုင်းစာအုပ်ကလဲ အရမ်းကို ထူးချွန်ထက်မြက်တဲ့ ဓါးသိုင်းစာအုပ်ဖြစ်ပါတယ်။ ပထမအဆင့်က အဂါရောင်အဆင့် အဆင့်မြင့်သိုင်းပညာနည်းစနစ်ဖြစ်ပြီးတော့ ဒုတိယအဆင့်ကတော့ အနက်ရောင်အဆင့် အဆင့်နိမ့်ကို အဆင့်မြှင့်တင် ပြောင်းလဲပေးပါတယ်။

သူက ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲရှိသေးတဲ့အတွက်မို့ သူက ပထမ အဆင့်ကိုပဲ လေ့ကျင့်လို့ရပါသေးတယ်။ ပြီးတော့ ၄င်းက ဆေဘာချီ ထုတ်ဖော်နိုင်ဖို့ သူ့ကို ခွင့်ပြုတဲ့အပြင် ဒီ ဆေဘာဓါးသိုင်းပညာရဲ့ ပြင်းထန်လှတဲ့အစွမ်းကို သက်သေပြနိုင်ဖို့အတွက် လုံလောက်ပါတယ်။

``တောင်တွေကို ခုတ်ပိုင်းမဲ့ ဆေဘာဓါးသိုင်း``

သူကကျယ်လောင်စွာနဲ့ ဟစ်ကြွေးလိုက်ပါတယ်။ သူက

ဆေဘာဓါးကို ပေ့ပြီးတော့ ခုတ်ချလိုက်ပါတယ်။ သူ ဖော်ထုတ်လိုက်တဲ့ ဆေဘာချီက ကြည့်ရတာ နဂါးတစ်ကောင်နဲ့ တူပြီးတော့ အလွန်အမင်းကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတွေလဲပိုင်ဆိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့ ဓါးကို မြှောက်လိုက်ပီးတော့ အံ့အားသင့်ဖွယ်ကောင်းတဲ့ လျှပ်စီး ဓါးသိုင်းပညာကိုထုတ်ဖော်လိုက်ပါတယ်။ သူပိုင်ဆိုင်ထားတဲ့ ဓါးချီ က အရှေ့ဘက်ကို လွှင့်ပျံလိုက်သွားပါတယ်။

ဓါးချီနဲ့ ဆေဘာချီ နှစ်ခု တစ်ခုနဲ့တစ်ခု ထိသွားတဲ့အခါမှာ ချက်ချင်းဆိုသလို ပေါက်ကွဲမှုကြီး ဖြစ်လာခဲ့ပါတယ်။ စူးရှတောက်ပတဲ့ အလင်းတစ်ခုဖြစ်ပေါ်လာခဲ့ပြီး တော့ ၄င်းကို မြင်ရတာက ဆေဘာချီဟာ လင်းဟန်ရဲ့တိုက်ခိုက်မှုကြောင့် လုံးဝ ဖျက်ဆီးပြိုကွဲသွားခဲ့ပြီးတော့ သူ့ရဲ့ဓါးချီက သက်တန့်လိုမျိုး ဆက်ပြီး အရှေ့ကို သွားကာ ဒုကျန်းယန်းရဲ့ ရင်ဘတ်ကို ဖြတ်သွားခဲ့ပီ သွေးတွေက ပန်းထွက်လာခဲ့ပါတယ်။

``အား``

ဒုကျန်းယန်က နာကျင်မှုကြောင့် ကျယ်လောင်စွာအော်လိုက်ပါတယ်။ ထို့နောက် စင်မြင့်အောက်ဘက်ကို ဓါးချီရဲ့ အစွမ်းကြောင့် လွှင့်ထွက်သွားခဲ့ပါတယ်။

``Si``

လူတိုင်းလူတိုင်းအံ့အားသင့်မှုကြောင့် တုန်လှုပ်ကုန်ပါတယ်။ သိုင်းပညာရှင် နှစ်ယောက် စလုံးက ချီကို ထုတ်ဖော်နိုင်ပြီးတော့ ဘာလို့သူတို့ရဲ့ သက်ဆိုင်ရာအစွမ်း ကွာဟမှုက ဒီလောက်တောင် ကြီးမားရတာလဲ?

လူအနည်းငယ်ကသာ ချီကို ဖော်ထုတ်နိုင်ပြီးတော့ သူတို့သိတာက သန်မာတဲ့ချီနဲ့ အားနည်းတဲ့ချီ ရှိတယ်လို့ပဲ သိထားကြပါတယ်။ဒါကြောင့် တကယ်လို့ သင်က ချီကိုဖော်ထုတ်နိုင်ပီဆိုတာနဲ့ လုံး၀ အောင်နိုင်လိမ့်မယ်လို့ အာမခံချက်မရှိပါဘူး။ ဒါပေမဲ့လည်း ဘယ်လောက်ပဲ အားနည်းသည်ဖြစ်စေ ဒါက ချီ ပါ ဒါကြောင့် တစ်ချက်တည်းတိုက်ခိုက်ယုံနဲ့ မရပ်တည်နိုင်ဖူးဆိုတာကတော့ မဖြစ်နိုင်ပါဘူး။

ဒါက တစ်ခုပဲ ရှိပါတယ် လင်းဟန်ရဲ့ ဓါးချီက ထူးထူးကဲကဲ

စွမ်းအားတွေ ပိုင်ဆိုင်ထားတာပဲ ဖြစ်နိုင်ပါလိမ့်မယ်။

စောစောစီးစီး စင်မြင့်တွေကို ရယူထားကြတဲ့ နံပါတ်လေးမင်းသား... လီဒေါင်ယွဲ့နဲ့ ကျန်တဲ့ စင်မြင့်အရှင်သခင်တွေတောင်မှ အံ့အားသင့်ကုန်ပါတယ်။ ဒီတိုက်ခိုက်မှုရဲ့ အစွမ်းက သူတို့ကိုတောင်မှ အနည်းငယ် အံ့အားသင့်စေပါတယ်။ ဒါကြောင့် သူတို့တွေးထင်တာက သူတို့ရဲ့ ကျင့်စဉ်အဆင့်က လင်းဟန်ထက် အများကြီး မြင့်မားပီးတဲ့အတွက်ကြောင့် သူတို့အနေနဲ့ လင်းဟန်ကို သူတို့ရဲ့ သန်မာများပြားတဲ့ အစွမ်းတွေနဲ့ လွယ်လွယ်ကူကူ ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ထင်ထားကြပါတယ်။

ဒီလိုလွယ်ကူတဲ့ပြိုင်ပွဲတစ်ခုကို ရရှိခဲ့တဲ့အတွက် လင်းဟန်ရဲ့ပုံရိပ်ကပိုပိုပြီး မြင့်မားသန်မာလာပြီးတော့ အားလုံးသိလိုက်ရတာက သူ့အတွက် မှော်ဆေးပညာရှင်သုံးဦးကထောက်ခံပြီး မှီခိုနေတယ်ဆိုတာက ရိုးရိုးသားသား မဟုတ်တော့ပါဘူး။

ပြိုင်ပွဲက ဆက်လက်ယှဉ်ပြိုင်နေပါတယ်။ လူအများစုက စင်မြင့်နံပါတ်ကိုးနဲ့ တစ်ဆယ် ပေါ်ကို သူတို့ရဲ့ အာရုံတွေကို စုစည်းထားပါတယ်။ အဲဒီတိုက်ပွဲစင်မြင့်က စင်မြင့်အရှင်သခင်က အားအနည်းဆုံးဖြစ်ပြီးတော့

တိုက်ပွဲတွေအဆက်မပြတ် ဖြစ်လာတဲ့အချိန်အတွင်းမှာ အင်အားတွေ ကုန်လာခဲ့ပါတယ်။ဒါကပဲ ကျန်တဲ့သူတွေအတွက်တော့ ထိပ်ဆုံးဆယ်ယောက်စာရင်းထဲ နေရာတစ်ခု ရဖို့အတွက် အကောင်းဆုံးလမ်းကြောင်းပဲဖြစ်ပါတယ်။

နေဝင်သွားတဲ့အချိန်မှာတော့ ထိပ်ဆုံးဆယ်ယောက် သိုင်းပညာရှင်တွေက ဆုံးဖြတ်လို့ပြီးပါပြီ။

ဒီအချိမှာ အရမ်းကြီး အံ့အားသင့်စရာတော့မရှိပါဘူး။ အားလုံးထင်ထားတဲ့သူအများစု ကပဲ ထိပ်ဆုံးဆယ်ယောက်ထဲမှာရှိကြပါတယ်။ လီဟောင်အနေနဲ့တော့ သူ့ရဲ့တိုက်ပွဲမှာ အကောင်းဆုံးကြိုးစားခဲ့ပေမဲ့လည်း သူ့ရဲ့ ကျင့်စဉ်အဆင့် ကင်းမဲ့နေမှုက သူ့အတွက် အဓိက အကျိုးယုတ်စေခဲ့ပါတယ်။သူ့ရဲ့ အကောင်းဆုံးတိုက်ခိုက်မှုကတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ သိုင်းပညာရှင်တစ်ယောက်နဲ့ တိုက်ခိုက်တာဖြစ်ပြီးတော့ ဒါပေမဲ့ တခြားသန်မာတဲ့သူနဲ့ ယှဉ်ဆိုင်လိုက်ရတဲ့အခါမှာတော့ သူက အရှုံးကို လက်ခံလိုက်ရပါတယ်။

လင်းဒေါင်ရှန် လည်းနောက်တစ်ကြိမ် အဖွဲ့အစည်းတွေအများကြီးရဲ့ ပိုင်းရုံခြင်းကို ခံရပါတယ်။ သူတို့အများစုက လင်းဟာန်အနေနဲ့ နောက်တစ်ဆင့်ကိုတက်ပြီးတော့ ထိပ်ဆုံး ဆယ်ယောက်ထဲကို ဂင်လိမ့်မယ်လို့ မထင်ထားခဲ့ကြပါဘူး။ ဒါကတော့ အရမ်းကို ကြီးမားတဲ့ ဂုဏ်ယူစရာပါပဲ။ အနာဂါတ်မှာသူက အရမ်းကို စွမ်းအားပြည့်ဝတဲ့ နေ့ဦးစမ်းရေအဆင့် စစ်သည်တော်ဖြစ်လာဖို့ အခွင့်အရေးတွေရှိနေပါတယ်။

လင်းဒေါင်ရှန်ကတော့ အရမ်းကို ကျေနပ်ပီတိဖြစ်နေပါတယ်။ သူ့ရဲ့သားက ဒီလိုမျိုး အောင်မြင်မှုကြီးကြီးကို ရယူနိုင်ခဲ့တာကို မြင်လိုက်ရတဲ့အချိန်မှာ သူက အားလုံးထဲမှာ အပျော်ရွှင်ရဆုံးလူတစ်ယောက်ပါပဲ။

တကယ်လို့ နောက်တစ်ရက်မှာ သူသာ အဆင့်တက်ပြီး ခြေတစ်လှမ်း လှမ်းနိုင်ခဲ့မယ်ဆိုယင်... သူ့အနေနဲ့ အမှောင်လမြက်ကို ရယူနိုင်မှာပဲဖြစ်ပါတယ်။

လင်းဟာန်က ကြိုတင်မျှော်လင်ချက်တွေအပြည့်နဲ့ ပြည့်နှက်လို့နေပါတယ်

အပိုင်း (၇၈) ကောင်းကင်ရဲ့သားတော် လက်သီးသိုင်း

ညက တိတ်ဆိတ်စွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။ နောက်တစ်ရက်မှာတော့ ဒုယွန်ပြိုင်ပွဲရဲ့ တတိယအချီက စတင်ခဲ့ပါတယ်။

ဒါကနောက်ဆုံးပြိုင်ပွဲပါ...ပြီးတော့ ဒီနေ့ ပထမနေရာ အနိုင်ရယူကို ဆုံးဖြတ်မှာပဲ ဖြစ်ပါတယ်။

``ဟန်အာအနေနဲ့ ပထမနေရာကို ရနိုင်ပါ့မလား?``

လင်းဒေါင်ရှန်က မျှော်လင့်စောင့်စားသလို စိတ်တွေလည်း ရှုပ်ထွေးနေပါတယ်။ ပြိုင်ပွဲမစခင်အချိန်တုန်းက သူက သူ့ရဲ့သားက အနည်းဆုံးတော့ အယောက်ငါးဆယ် စာရင်းထဲကို ဝင်အောင်လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့မိပါတယ်။ ဒါပေမဲ့ အိမ်မက်တောင် မမက်ပုံ့တဲ့ ထိပ်ဆုံးဆယ်ယောက်တည်းကို ရောက်အောင်လို့ လုပ်နိုင်ခဲ့ပါတယ်။ တကယ်တော့ ရိုးရိုးသားသားပြောရမယ်ဆိုယင် လင်းဟန်ရဲ့ ကျင့်စဉ်အဆင့်က အရမ်းကို နိမ့်ပါတယ်။

ဒါပေမဲ့ အယင်နေက ထူးချွန်ပြောင်မြောက်စွာနဲ့ အောင်မြင်မှုကို ရယူနိုင်ခဲ့တဲ့အတွက် လင်းဒေါင်ရှန်ကို ကျေနပ်ပီတိဖြစ်စေသလို
အရမ်းအံ့အားသင့်စေခဲ့ပါတယ်။ဒါက ပထမနေရာ ပုံရိပ်ယောင်အတွက် မျှော်လင့်စောင့်စားခြင်းက သူ့ဆီမှာ မြင့်တက်လာခဲ့ ပါတယ်။ ဒါပေမဲ့လည်း ပထမနေရာအတွက် လမ်းကြောင်းပေါ်မှာ နံပါတ်လေးမင်းသား.. လီဒေါင်ယွဲ့နဲ့ ဂျင်ပူကျိတို့လို အရမ်းကို အစွမ်းထက်တဲ့စစ်သည်တော်တွေရှိနေပါတယ်။ တကယ်လို့ သူကိုယ်တိုင်တောင်မှ သူတို့ထဲက တစ်ယောက်ယောက်နဲ့ ယှဉ်ပြိုင်ရမယ် ဆိုယင် သူနိုင်လိမ့်မယ်လို့ သေချာပေါက်မပြောနိုင်ပါဘူး...
သူ့ရဲ့သားဆိုယင်တော့ပိုဂေး..

အစပိုင်းမှာတော့ သူ့အနေနဲ့ ဘာကိုမှ မျှော်လင့်ထားတာမျိုးမရှိတဲ့အတွက် ကောင်းမွန်ပါသေးတယ်။ ဒါပေမဲ့ အခု သူ့ဘဂရဲ့ မျှော်လင့်ချက် အလင်းရောင်သေးသေးလေးက လက်လာပြီးတော့ အနိုင်နဲ့ အရှုံးအတွက် စိုးရိမ်ပူပန်လာခဲ့ပါတယ်။

လို့ဝိယုထန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဘာမှမစိုးရိမ်ပါနဲ့ လင်းဦးလေး.....လင်းဟန်က သူပထမနေရာကို ရအောင်ယူမယ် လို့ပြောယင် သူသေချာပေါက် ပထမနေရာကို ရအောင်ယူနိုင်ပါလိမ့်မယ်``

လင်းဒေါင်ရှန်က အလွန်အံ့အားသင့်သွားခဲ့ပါတယ်။ ဒီမိန်းကလေးက တကယ်ပဲ သူထက်တောင်မှ သူ့သားအပေါ်မှာ ယုံကြည်မှုတွေပိုရှိနေတယ်။ သူမကိုကြည့်ရတာ လင်းဟန်အတွက် ချစ်ခြင်းတွေက လေးလေးနက်နက် အမြစ်တွယ်နေတဲ့ပုံပါပဲ။ သူဒါကို တွေးမိလိုက်တဲ့အခါမှာတော့ ပထမနေရာအတွက် စိုးရိမ်ပူပန်ပြီး စိတ်အနှောက်အယှက် ဖြစ်တာမျိုး မရှိတော့ပါဘူး။ တကယ်လို့သူ့ရဲ့သားအနေနဲ့ ဒီလိုမျိုး တော်တဲ့ လက်တွဲဖော် ကိုသာရယူနိုင်ခဲ့မယ်ဆိုယင် သူ့အနေနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ သေလို့ရပါပြီ။

`` ယနေ့ပြိုင်ပွဲရဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကတော့ အောက်ပါ အတိုင်းပဲဖြစ်ပါတယ်```

အိမ်တော်ထိန်းကြီးက ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပါတယ်။

``မနေ့က မင်းတို့ ရယူခဲ့တဲ့ စင်မြင့်တွေအထက်ပေါ်ကိုပဲ

သွားရောက် နေရာယူကြပါ...ဒါက မင်းတို့အတွက်တော့ ယာယီနေရာယူထားတဲ့သဘောပါပဲ။ ဘယ်သူမဆို အဆင့်နိမ့်နေတဲ့သူတွေက အဆင့်မြင့်တဲ့သူကို စိန်ခေါ်မှုလုပ်နိုင်တယ်။

တကယ်လို့ မင်းနိုင်ယင် သူ့နေရာကို အစားထိုးနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ မင်းရှုံး ခဲ့ယင်တော့ မင်းရဲ့ကိုယ်ပိုင် စင်ပေါ်မှာပဲနေပြီးတော့ ခုခံကာကွယ်ရမယ်...မင်းအနေနဲ့ နောက်ထပ် စိန်ခေါ်မှုကိုတော့ ထပ်မလုပ်နိုင်တော့ဘူး``

လူတိုင်းလူတိုင်းက တစ်ခြားသူတွေကို စိန်ခေါ်ပြီးတော့ ရှုံးသွားတဲ့အခါကျယင် သို့မဟုတ် နေဝင်သွားတဲ့အချိန်ကျယင်တော့ မင်းရဲ့ နောက်ဆုံးအဆင့်က အတည်ပြုပြီး သားဖြစ်သွားလိမ့်မယ်။

တိုက်ပွဲတွေပြီးတဲ့အခါမှာတော့ နစ်ဖက်စလုံးက နာရီဝက်ခန့် အနားယူခွင့်ရှိပါလိမ့်မယ်။ အဲဒီအချိန်မှာ သင်ကစိန်ခေါ်နိုင်ပြီးတော့ သင့်ကိုတော့ စိန်ခေါ်လို့မရပါဘူး။

အိမ်တော်ထိန်းကြီး စကားပြောလို့ ပြီးသွားတဲ့အချိန်မှာ လင်းဒေါင်ယွဲ့က ခြေလှမ်းကျဲကြီးတွေနဲ့ ပထမပြိုင်ပွဲစင်မြင့်ထက်ကို ရောက်လို့လာခဲ့ပါတယ်။

သူကပြောလိုက်ပါတယ်။

``နံပါတ်လေးမင်းသား.... ကျနော် မင်းကို စိန်ခေါ်ပါရစေ``

``ဟားဟား ငါလည်းမင်းရဲ့ ထျန်းယွမ်လက်ဂါးသိုင်းက အဆင့်တက်ပြီးတော့ ခုနစ်ခုမြောက် အဆင့်ကို ရောက်သွားပြီလားဆိုတာကို မြင်ချင်မိပါတယ်``

ချီယောင်ရီ က ဟက်ဟက်ပက်ပက်ရီမောလိုက်ပါတယ်။ သူလည်းပဲ ခြေလှမ်းကျယ်ကြီး တွေနဲ့ ပြိုင်ပွဲရဲ့စင်မြင့်ထက်ပေါ် ကို ရောက်လာခဲ့ပါတယ်။

``ဒါက မင်းသားကို လုံးဝ စိတ်ပျက်စေလိမ့်မှာမဟုတ်ဘူး ပါဘူး``

လီဒေါင်ယွဲ့ က စူးရှတဲ့အသံနဲ့ပြောပြီးတော့ သူ့ရဲ့ လက်ကိုမြှောက်ပီး ချီယောင်ရီ ကို တိုက်ခိုက်လိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံးက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာပဲဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က သူတို့နှစ်ယောက် က နီးကပ်တဲ့ပြိုင်ဘက်တွေဖြစ်ကြပြီးတော့

နံပါတ်လေး မင်းသားက အနည်းငယ် ပိုတော်ပါတယ်။ ဒီသုံးနှစ်အတွင်းမှာ လီဒေါင်ယွဲ့က သူကိုယ်သူ ကျင့်ကြံခြင်းမှာ နှစ်မြုပ်ထားပြီးတော့ သူရဲ့ စွမ်းရည်တွေက အလွန်အမင်းကို တိုးတက်မှု ရှိလာခဲ့ပါတယ်။

``အကိုလီ... ခင်ဗျားရဲ့ တိုးတက်မှုက တကယ့်ကို ကြီးမားတာပဲ ဒါပေမဲ့ တကယ်လို့ ငါရိုးရိုးသားသားနဲ့ ပြောရမယ်ဆိုယင် .... ဒါက တကယ့်ကို ဆုံးဖြတ်ချက်အမှားပဲ မင်းက ဒုယွန်မြို့မှာ နေတယ်ဆိုတာကပေါ့``

ချီယောင်ရီက လက်သီးသိုင်းတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ လက်သီးချက်တိုင်းက ခန့်ညားထယ်ဂါပြီး ကြီးကျယ်ခမ်းနားကာ နိဘယ်အဆင့် အုပ်ချုပ်သူ ရောက်လာသလို မျိုးပါပဲ။၎င်းက ကြီးမားတဲ့ အင်အားကို ပိုင်ဆိုင်ထားယုံသာမက နှလုံးသားကိုပါ လှုပ်ခါနိုင်တဲ့ စွမ်းရည်လည်းရှိပါတယ်။ သူတို့ရဲ့ နှလုံးသား အနက်ပိုင်းထဲကနေပြီး စွမ်းအားပြည့်ဝတဲ့ ဖိန့်ဖိန့်တုန်လှုပ်စေမှုတွေ မြင့်တက်လိုလာပါတယ်။

``အင်ပါယာမြို့က သိုင်းပညာရှင်တွေရဲ့ တကယ့်ကြောက်စရာကောင်းတဲ့ နယ်မြေပဲ..အဲဒီမှာ မင်းက သန်မာတဲ့ပြိုင်ဘက်နဲ့ တွေ့ကြုံလိမ့်မယ်.ပြီးတော့

သူတို့အားလုံးက အရမ်းကိုသန်မာပြီးတော့ မင်းကို ကျောချမ်းစေလိမ့်မယ်။ ဒီဖိအားမျိုးရဲ့ အောက်မှာ ငါရဲ့ စွမ်းရည် တိုးတက်မှုတွေက မင်းခန့်မှန်းနိုင်တာထက် ပိုဝေးကွာလွန်းတယ်``

ဒါကိုယူလိုက်.....ကောင်းကင်ရဲ့သားတော် လက်သီးသိုင်း။

``Hong Hong Hong``

သူရဲ့ လှုပ်ရှားမှုတွေက အရမ်းကို ညင်သာသိမ်မွေ့ပြီးတော့ လက်သီးချက်တိုင်းမှာ ခြယ်လှယ်နိုင်လွန်းတဲ့ အစွမ်းတွေ ပိုင်ဆိုင်ထားပါတယ်။ သူ့ရဲ့လက်သီးတွေမှာ ချီ အလွှာတစ်ခုက ပါတ်လည်ပိုင်းရံလွှမ်းခြုံထားပီးတော့ အချက်တိုင်း ရဲ့ နောက်ကွယ်မှာ အစွမ်းတွေ တိုးလာခဲ့ပါတယ်။

ဒါက လက်သီးချီ ပဲဖြစ်ပါတယ်။

လီဒေါင်ယွဲ့ ကအရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ သူအနေနဲ့ ချီယောင်ရီရဲ့ လက်သီးချီ နဲ့ ရင်ဆိုင်ရချိန်မှာ နောက်ကိုပဲ ဆုတ်သွားနိုင်ပါတယ်။ သူရဲ့ အမူအရာ ပုံစံက လေးလေးနက်နက် နောင်တရနေတဲ့ပုံပေါ်နေပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်ခန့်က သူက ချီယောင်ရီထက် အနည်းငယ်ပဲ အားနည်းခဲ့တာဖြစ်ပါ တယ်။ ကြမ်းတမ်းတဲ့ တိုက်ပွဲတစ်ခုဖြစ်ပြီး အကွက် ငါးရာခန့်ပြီးတဲ့နောက်မှာတော့ သူက အနည်းငယ် အကျိုးယုတ်မှုတစ်ခုကြောင့် ရှုံးနိမ့်ခဲ့ရပါတယ်။ ယခု တိုက်ပွဲက စရုံပဲရှိသေးတယ်...သူက သူ့ပြိုင်ဘက်ရဲ့ ကျော်တက်ခြင်းကို ခံလိုက်ရပါပြီ။ သူ့အနေနဲ့ နံပါတ်လေးမင်းသားရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လက်သီးသိုင်းပညာကို ပြန်ပြီး တိုက်ခိုက်ဖို့ အခွင့်အရေးတောင် မရှိခဲ့ပါဘူး။

``Peng``

သူက ကြီးမားတဲ့ လက်သီးထိုးချက်ကို လက်ခံလိုက်ရပြီးတော့ သူ့ရဲ့ပုံရိပ်က အဆက်မပြတ် နောက်ကိုဆုတ်သွားခဲ့ပါတယ်။ သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာ သွေးစ တစ်ချို့ကို မြင်နိုင်ပါတယ်။

``ငါက မင်းရဲ့ပြိုင်ဘက်မဟုတ်ဘူး``

သူက ခါးသီးစွာနဲ့ပြောလိုက်ပါတယ်။ သူတို့က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာ တူတူပါပဲ. ဒါကြောင့်

သူ့အနေနဲ့ သူ့ရဲ့ပြိုင်ဘက်ထက် အနည်းငယ်မျှတောင် အားနည်းခြင်း မရှိခဲ့ပါဘူး.။ သူ့ရဲ့ပြိုင်ဘက်က သူ့ထက် အပြည့်အ၀ မတူညီတဲ့ အဆင့်မှာရောက်နေခဲ့ပါပြီ။

``ဒါက ကောင်းကင်ရဲ့ သားတော်လက်သီးသိုင်းဖြစ်ပြီးတော့ ငါ့ရဲ့ အင်ပါယာ ဘုရင်မင်းမြတ်ကိုယ်တိုင်က ငါ့ကိုသင်ပေးခဲ့တာပါ... ဒီလက်သီးသိုင်းနဲ့ ရှုံးနိမ့်သွားတဲ့အတွက် လုံး၀ ရှက်စရာမရှိပါဘူး``

ချီယောင်ရီက ပြုံးပြီးတော့ သူ့ရဲ့ပြိုင်ဘက်ကို နှစ်သိမ့်ပေးလိုက်ပါတယ်။

သူ့ရဲ့ အင်ပါယာဘုရင်မင်းမြတ်က အရမ်းကိုစွမ်းအားပြည့်၀တဲ့ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် စစ်သည်တော်ဖြစ်ပါတယ်.။ ဘာလို့ သူကိုယ်တိုင်သင်ကြားပေးတဲ့ သိုင်းပညာတွေက် အရမ်းကို စွမ်းအားမကြီးဖူးဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ?

``ဒီ လက်သီးသိုင်းပညာမှာ မတူညီတဲ့ အဆင့်လေးခုရှိတယ်။ ပထမအဆင့်ရဲ့ အစွမ်းက အ၀ါရောင်အဆင့် အဆင့်မြင့်သိုင်းပညာအဆင့်ကို ရောက်တယ်...ဒုတိယအဆင့်ကတော့ အနက်ရောင်

အဆင့်နိမ့် အဆင့်ကိုရောက်တယ်။ တတိယအဆင့်ကတော့ အနက်ရောင် အလယ်အလတ်အဆင့်ကိုရောက်တယ်... စတုတ္ထ အဆင့်ကတော့ အနက်ရောင် အဆင့်မြင့်အဆင့် သိုင်းပညာနည်းစနစ်ပဲ``

ချီယောင်ရီက ပြုံးပြုံးလေးနဲ့ပြောလိုက်ပါတယ်။

``ဘုရင်မင်းမြတ်က ပါရမီရှင်တွေကို ချစ်မြတ်နိုးပြီးတော့ အင်ပါယာမြို့မှာ ကောင်းကင်ရဲ့ သားတော်လက်သီးသိုင်းကိုသင်ယူနိုင်တဲ့ ပါရမီရှင်တစ်ချို့ကို ရွေးချယ်ခဲ့တယ်``

ပရိတ်သတ်ရဲ့ထိုင်ခုံတွေပေါ်က လူတိုင်းက အရမ်းကို အံ့သြနေကြပါတယ်။ နံပါတ်လေးမင်းသားက အရမ်းကို စွမ်းအားကြီးတာပဲ။ ယခင် ဒုယွန်ပြိုင်ပွဲတုန်းက လီဒေါင်ယွဲ့က နံပါတ်လေးမင်းသားနဲ့ လက်ရည်တူနီးပါး ယှဉ်ပြိုင်နိုင်ခဲ့ပြီးတော့ ဒါပေမဲ့ အခုအချိန်မှာတော့ သူက ဆယ်ကွက်တောင်မှ မထိန်းထားနိုင်တော့ပါဘူး။

သူတို့အားလုံးက နံပါတ်လေးမင်းသားကို မနာလိုမှုတွေနဲ့ ကြည့်နေခဲ့ကြပါတယ်။ ကောင်းကင်ရဲ့ သားတော် လက်သီးသိုင်းရဲ့ နံပါတ်လေးအဆင့် က

အနက်ရောင်အဆင့်မြင့် အဆင့်သိုင်းပညာ နည်းစနစ်နဲ့ တူညီပါတယ်။ တကယ်လို့ သူတို့သာ အဲဒီအဆင့်ထိရောက်အောင်လို့ လေ့ကျင့်နိုင်ခဲ့မယ်ဆိုယင်.... ကံမကောင်းတာက အင်ပါယာဘုရင်မင်းမြတ်က ပါရမီရှင်တွေကို ချစ်မြတ်နိုးတာဖြစ်ပြီးတော့ သူ့အနေနဲ့ အနက်ရောင် အဆင့်မြင့်အဆင့် သိုင်းပညာရပ်ကို လွယ်လွယ်ကူကူနဲ့ ပေးအပ်ဖို့ဆိုတာက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ.အများဆုံး သူ အနေနဲ့ ပထမနဲ့ ဒုတိယအဆင့်ကိုပဲ ပေးအပ်ပါလိမ့်မယ်။

ဒါပေမဲ့ အနက်ရောင် အဆင့်နိမ့် သိုင်းပညာနည်းစနစ်က လေးစားခန့်ညားဖို့ လုံလောက်ပါတယ်။ တစ်ခုသိရမှာက ဒယွန်မြို့ရဲ့ အင်အားကြီးကလန်တွေအများကြီး ထဲကတောင်မှ သူတို့ရဲ့ ပိုင်ဆိုင်မှုထဲမှာ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ် ရှိတဲ့ ကလန်က အများကြီးမရှိပါဘူး။

``ဘယ်လိုလဲ အကိုလီ.. မင်းဟွာယန် အကယ်ဒမီကို ဒီအချိန်မှာ ငါနဲ့အတူတူသွားဖို့ စိတ်ဝင်စားလား?``

ချီယောင်ရီက ရီမောလိုက်ပါတယ်။

လီဒေါင်ယွဲ့ က သူ့ရဲ့မျက်နှာပေါ် အနည်းငယ် လှုပ်ရှားသွားတဲ့

အမူအရာဖြစ်ပေါ်သွားပါတယ်။ သူကိုယ်တိုင်နဲ့ နံပါတ်လေးမင်းသားကြားက စွမ်းအား ကွာဟချက်က နောက်ဆုံးမှာတော့ သူ့ရဲ့ ဖြေရှင်းဖို့အတွက် ရရှိသွားခဲ့ပါတယ်။ ဒုယွန်မြို့ ကအရမ်းကို သေးငယ်ပါတယ်။ သူ့အနေနဲ့ ဒီမြို့ကနေအပြင်ကိုထွက်ပြီးသွားမယ် ဆိုယင် ကြီးမားတဲ့ တိုးတက်မှုကို ရရှိနိုင်ပါလိမ့်မယ်။

သူက ဒုတိယပြိုင်ပွဲ စင်မြင့်ထက်ကို ပြန်လာခဲ့ပါတယ်။ ထို့နောက ``တိုက်ပွဲက ဆက်လက် ဖြစ်ပွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက အခုမှ တိုက်ခိုက်လို့ပြီးတာဖြစ်လို့ ဘယ်သူကမှ သူ့ကိုချက်ချင်းစိန်ခေါ်လို့မရပါဘူး။

``ဂျင်ပူကျို. ငါမင်းကို စိန်ခေါ်ချင်တယ်``

နံပါတ်လေးပြိုင်ပွဲစင်မြင့်ထက်ကနေပြီးတော့ ပိုင်လီထျန်းယွမ်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ တတိယပြိုင်ပွဲစင်မြင့်ထက်ပေါ်ကို လှမ်းလာခဲ့ပါတယ်။

ဂျင်ပူကျိုက အိန္ဒြေနဲ့ပြုံးပြီးတော့ သူ့ရဲ့ လက်တွေကို အနောက်ဘက်မှာပစ်ထားပြီးတော့ ကြည့်ရတာ အရမ်းကို ပေါ့ပေါ့ပါးပါးဖြစ်နေပါတယ်။ သူက သူ့ရဲ့လက်မောင်းတွေကို

အညောင်းဆန့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင် ငါမင်းကို အနည်းငယ်လမ်းညွှန်သင်ကြား ပြသပေးရမှာပေါ့``

သူလည်းပဲ ဟွာယန်အကယ်ဒမီရဲ့ တပည့်တစ်ယောက်ဖြစ်ပါတယ်။ သုံးနှစ်လောက် ကျင့်ကြံခြင်းမှာ ကြိုးစားခဲ့ပြီး သူ့ရဲ့ စွမ်းရည်တွေ တိုးတက်လာမှုက သိသိသာသာ ထင်ရှားလာခဲ့ပါတယ်။ တစ်ခြားပြိုင်ပွဲဝင်တွေအထဲမှာ သူ့အနေနဲ့ အရမ်းကြီး ဂရုစိုက်ရမဲ့သူက နံပါတ်လေးမင်းသားတစ်ယောက်ပဲရှိပါတယ်။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက စတင်လိုက်ပါပြီ.. ပိုင်လီထျန်းယွမ်က အသက် ၁၇ နှစ် နဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၈ ကို ချိုးဖျက်ဝင်ရောက်နိုင်ခဲ့တဲ့ အံ့မခန်း လူတစ်ယောက်ပဲဖြစ်ပါတယ်။သူ့ရဲ့ အစွမ်းက ဂျင်ပူကျိထက် အနည်းငယ်အားနည်းပြီးတော့ သူ့ရဲ့လှုပ်ရှားမှုတော်က အဂ္ဂမ်းကို စွမ်းအားပြည့်ဝပါတယ်။ ဒါက ဒြပ်စင်စုစည်းခြင်းအလွှာ၉ စီနီယာတွေကိုတောင်မှ ချင့်ချိန်တွေးဆအောင်လို့ လုပ်နိုင်ပါတယ်။တကယ်လို့ သူတို့သာ ပိုင်လီထျန်းယွမ်နဲ့ ယှဉ်ပြိုင်ရမယ်ဆိုယင်

သူတို့အနေနဲ့ လုံးဝရှုံးနိမ့်သွားနိုင်ပါတယ်။

ဂျင်ပူကျိရဲ့ လှုပ်ရှားမှုတွေကလဲ အရမ်းကို လေ့ကျင့်သားပြည့်ဝပြီး လက်တစ်ဖက်ထဲနဲ့ ပိုင်လီထျန်းယွမ်ရဲ့ တိုက်ခိုက်မှုအားလုံးရဲ့ အနောက်က စွမ်းအင်တွေကို လွယ်ကူစွာနဲ့ ချေဖျက်ပစ်နိုင်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် သူမှာ ပြိုင်ဘက်ဖြစ်သူထက် ပိုပြီးတော့ ကြီးမားတဲ့ အစွမ်းကိုပိုင်ဆိုင်ထားတယ်ဆိုတာ သိမြင်နိုင်ပါတယ်။

`` သူက ဟွာယန်အကယ်ဒမီကနေ ပြန်လာပြီးတော့ သူကိုယ်သူတကယ်ပဲ သက်သေပြနိုင်တာပဲ``

``သူက တကယ့်ကို စွမ်းအားကြီးတာပဲ``

``သူတို့အားလုံးက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ဖြစ်ပီးတော့ အများစုကတော့ ဂျင်ပူကျိရဲ့ ဆယ်ပုံတစ်ပုံကိုတောင်မှ မယှဉ်နိုင်ကြဘူး``

``ဒီ ပြိုင်ပွဲအတွက်ကတော့ ငါတို့ သူနဲ့ နံပါတ်လေးမင်းသားကိုပဲ စောင့်ကြည့်ဖို့လိုတယ်... သူတို့ထဲက တစ်ယောက်ကတော့ သေချာပေါက်

ပထမနေရာကိုရလိမ့်မယ်``

``အမှန်ပဲ...ဒါကလုံးဂကို သံသယရှိစရာမလိုဘူး``

သူဘေးပါတ်လည်က လူတွေရဲ့ ဆွေးနွေးမှုကိုကြားလိုက်ရတော့ ပိုင်လီထျန်းယွမ်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပီးတော့ သူရဲ့ကျောနောက်ဘက်က တုတ်တိုတစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်.. သူက တုတ်ကို အနည်းငယ်လှုပ်လိုက်တာနဲ့ အစွန်းနှစ်ဖက်နေ နောက်ထပ်အပိုင်းထွက်ပေါ်လာပြီးတော့ နှစ်မီတာခန့်ရှည်တဲ့ တုတ်တစ်ချောင်းအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါတယ်။

တုတ်တစ်ချောင်းလုံးက မှင်ကဲ့သို့ အနက်ရောင် ရှိပါတယ်။

``ငါကြားဖူးတာက ပိုင်လီဂိုဏ်းမှာ အဆုံးမဲ့ ရတနာတစ်ခုရှိတယ်...ကောလဟာလ တွေအရတော့ အဲဒီအဆုံးမဲ့စွမ်းအားကြီးတဲ့ စစ်သည်တော်ရဲ့ လက်နက်ဖြစ်တယ်တဲ့ ..အဲဒီစစ်သည်တော်က ၄င်းကို နေ့ပေါင်းများစွာ ညပေါင်းများစွာ သန့်စင်ခဲ့တယ်။ ၄င်းက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးနိုင်တဲ့အစွမ်းတွေပိုင်ဆိုင်ထားတယ်။ ဒါက အဲဒါဖြစ်နိုင်မလား?``

``ဟုတ်တယ်... ဒါက ဖျက်ဆီးခြင်းတုတ်ပဲ``

ပိုင်လီထျန်းယွမ်က ခေါင်းငြိမ့်လိုက်ပီးတော့ တုတ်ကို အသာလေးပွေ့ယမ်းလိုက်ပါတယ်။

``ဟုမ်း``

အနက်ရောင်တုတ်က အနည်းငယ်တုန်ခါသွားပြီးတော့ အရမ်းကိုစွမ်းအားပြည့်ဝတဲ့ အားလှိုင်းက အဲဒီတုတ်ကနေပြီး ပြန့်နှံ့သွားခဲ့ပါတယ်။

``ဒါဆို ဒီ ဖျက်ဆီးခြင်း တုတ်ရဲ့ တိုက်ခိုက်မှုကို ငါ အတွေ့အကြုံယူပါရစေ``

ဂျင်ပုကျို က လေးလေးနက်နက်ထားတဲ့ အမူအရာနဲ့ ထုတ်ပြောလိုက်ပါတယ်။ ဒီ လေးနက်မှုက ပိုင်လီထျန်းယွမ်ကြောင့်မဟုတ်ပဲနဲ့ ဖျက်စီးခြင်းတုတ်ကြောင့်ပဲဖြစ်ပါတယ်။

အပိုင်း (၇၁) စိတ်ဝိဉာဉ်လက်နက်
ဖျက်စီးခြင်းတုတ်ရဲ့ ပုံသဏ္ဍာန်ကိုကြည့်ပြီး လင်းဟန်တောင်မှ

အစွမ်းကုန် အလေးအနက် ထားတဲ့ အမူအရာဖြစ်ပေါ်လာခဲ့ပါတယ်။

သိုင်းပညာရှင်တစ်ယောက်က စိတ်ဂိုဏ်ဥပင်လယ် အဆင့်ကို ရောက်တဲ့အခါမှာ တော့ သူတို့က သူတို့ရဲ့ ကိုယ်ပိုင် မူလစွမ်းအင်တွေနဲ့ သူတို့ကိုယ်ပိုင်အသုံးပြုဖို့ လက်နက်တွေကို သန့်စင်နိုင်မှာဖြစ်ပြီးတော့ လက်နက်ရဲ့ အစွမ်းနဲ့တိုက်ခိုက်မှုက မိုးထိအောင်မြင့်တက်သွားမှာပဲဖြစ်ပါတယ်။ သိုင်းပညာရှင်ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုပြီးတော့မြင့်မားလာလေ သူ့ရဲ့ လက်နက်က ပိုပြီးတော့ စွမ်းအားပြည့်ဝလာလေပဲ ဖြစ်ပါတယ်။ ဥပမာ အနေနဲ့ ကောင်းကင်အဆင့် စွမ်းအားပြည့်ဝ တဲ့ စစ်သည်တော် တစ်ယောက် အသုံးပြုတဲ့ လက်နက်က ချက်ချင်းဆိုသလို နတ်အသွင်ပြောင်းလဲခြင်းအဆင့် သိုင်းပညာရှင်ကို အမြစ်ပြတ် သုတ်သင်ပစ်လိုက်နိုင်ပါတယ်။

``တကယ်လို့ ငါ့ရဲ့ အယင်ဘဂက ငါအသုံးပြုခဲ့တဲ့ တိမ်နဂါးဓါးကိုသာ ရှာဖွေနိုင်ခဲ့မယ်ဆိုယင် ဒါက အရမ်းကိုကြီးကျယ်ခမ်းနားမှာပဲ.... မိုးရေနိုင်ငံ တစ်ခုလုံး ထဲမှာ ငါ့ကို ဘယ်သူမှ လွှမ်းမိုးနိုင်မှာမဟုတ်တော့ဘူး``

လင်းဟန်က တွေးလိုက်ပြီးတော့ ချက်ခြင်းဆိုသလိုပဲ သူ့ကိုယ်သူ ပြန်ရီချင်သွားပါတယ်။ လက်ရှိသူ့ရဲ့ ကျင့်စဉ်အဆင့်နဲ့ဆိုယင် သူ့အနေနဲ့ တိမ်နဂါးခါးရဲ့ မီတာတစ်ရာအကွာ အတွင်းမှာတောင် နေနိုင်မှာမဟုတ်ပါဘူး.. တကယ်လို့ သူသာ မီတာတစ်ရာအတွင်း ဝင်လိုက်မယ်ဆိုယင် စွမ်းအားကြီးတဲ့ ကောင်းကင်အဆင့်စစ်သည်တော်အသုံးပြုခဲ့တဲ့ လက်နက်ရဲ့ အရှိန်အဝါကြောင့် ချက်ချင်းပဲ ပျက်ဆီးသွားနိုင်ပါတယ်။

``ဒါပေမဲ့ တကယ်လို့ ငါသာ တိမ်နဂါးခါးကို ရရှိခဲ့မယ်ဆိုယင်တောင်မှ ၄င်းကို လုံးဝ အသုံးပြုလိမ့်မှာမဟုတ်ဘူး... ဒီဘဝမှာ ငါရဲ့ လေ့ကျင့်မှုက အဲဒီခါးရဲ့ အရေးပါမှုတွေကို လျော့ချပေးနိုင်လိမ့်မယ်``

သူ့အတွေးတွေနဲ့ နစ်မြုပ်နေတဲ့အချိန်အတွင်းမှာပဲ ပိုင်လီထျန်းယွမ်နဲ့ ဂျင်ပူကျိတို့ရဲ့ ပြင်းထန်သော တိုက်ပွဲက စတင်နေပါပြီ။ ဖျက်ဆီးခြင်းတုတ် ရဲ့အစွမ်းက အရမ်းကို ကြီးမားပါတယ်။ မူလစွမ်းအင်ကို ၄င်းအထဲကို ထည့်သွင်းလိုက်တာနဲ့ ဖျက်စီးခြင်းတုတ် ရဲ့ ကိုယ်ပေါ်က တံဆိပ်အချို့က အမှန်တကယ် တောက်ပလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီ ဖျက်ဆီးခြင်းတုတ် ရဲ့ ကိုယ်ခန္ဓာတစ်ခုလုံးမှာ တံဆိပ်တွေနဲ့ချည်း ဖုံးကွယ်ထားတဲ့ အတွက်ကြောင့်

ယခုတောက်ပလာတဲ့ တံဆိပ်တွေက အရမ်းကို နည်းပါးလွန်းပါတယ်။

ဖျက်ဆီးခြင်းတုတ်ရဲ့ အစွမ်းပေါင်းစပ်ထားခြင်းနဲ့အတူ ပိုင်လီထျန်းယွမ်က ဒီတိုက်ပွဲမှာ ခြေကုပ်ယူပြီး အသာစီးကနေတိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒါကသူ့ကို အောင်ပွဲရဖို့အတွက်တော့ အလွန်ကိုဝေးကွာလွန်းပါသေးတယ်။ လူတွေအများကြီးကို ဒီဖျက်ဆီးခြင်းတုတ်ရဲ့ အစွမ်းတွေက အံ့အားသင့်မှုတွေပြည့်နက်နေအောင်လို့ ဖမ်းဆုပ်ထားနိုင်ခဲ့ပါတယ်။

``ဒါက စွမ်းအားကြီးမားတဲ့စစ်သည်တော် အသုံးပြုခဲ့တဲ့ လက်နက် ဆိုတာ ဖြစ်သင့်ဖြစ်ထိုက်တယ်``

``ငါကြားဖူးတာက ဒီလို လက်နက်အမျိုးအစားတွေကို စိတ်ဝိဉာဉ်လက်နက်တွေလို့ သိထားကြတယ်။ ၄င်းကိုကြည့်ရတာ ကိုယ်ပိုင်အသိဉာဏ်ရှိပြီးတော့ ၄င်းကို အသုံးပြုတဲ့ သူရဲ့ တိုက်ပွဲအစွမ်းကို တိုးမြင့်လာအောင် ကူညီပေးနိုင်တယ်။ ကံမကောင်းတာကတော့ အနည်းဆုံး စိတ်ဝိဉာဉ်ပင်လယ်အဆင့် ကိုရောက်ရှိနေတဲ့ စွမ်းအားပြည့်ဝတဲ့ စစ်သည်တော် တွေကပဲ

ဒီလိုမျိုးလက်နက်ကို သန့်စင်နိုင်လိမ့်မယ်။ ဒုယွန်မြို့တစ်ခုလုံးမှာတော့ ငါတို့ရဲ့ ဒုယွန်ဘုရင်တစ်ယောက်တည်းသာပဲ အဲဒီလို စွမ်းရည်မျိုး ရှိတယ်``

``ဒါဆိုယင် မင်းပြောတဲ့အတိုင်းပဲ ဆိုယင်တော့ ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်တော်က လူတွေအားလုံးမှာ သူတို့ကိုယ်ပိုင် စိတ်ဂိဉာဉ်လက်နက် တစ်ခုတောင်မှ ရှိနိုင်မှာမဟုတ်ဘူးပေါ့``

``ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ? ပထမ ဒီလိုမျိုးလက်နက်တွေမှာ စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းပညာရှင်တစ်ယောက်ရဲ့ မူလစွမ်းအင်တွေ တည်တံ့စေတယ် နောက်တစ်ခုက တကယ်လို့ ဒီလိုမျိုးစွမ်းအားပြည့်ဂတဲ့ မူလအစွမ်းတွေကို လျှင်လျှင်မြန်မြန်နဲ့ ၄င်းရဲ့အထဲကို နေ့ရော ညရော ပေါင်းထည့်မယ်ဆိုယင် ဖျက်စီးသွားနိုင်တယ်..ဒါ့အပြင် သာမာန် စိတ်ဂိဉာဉ်လက်နက် တစ်ခုကို ပြုစုပျိုးထောင်နိုင်ဖို့ စွမ်းအားကြီးတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းပညာရှင်တောင်မှ နှစ်ပေါင်း ၂၀ ဒါမှမဟုတ် အဲဒီထက်တောင်မှ ပိုပြီးတော့ အချိန်ယူရတယ်``

``စဉ်းစားကြည့်မယ်ဆိုယင် ငါတို့ ဒုယွန်ဘုရင်က

စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကို ဘယ်အချိန်တုန်းက ချိုးဖျက်ဝင်ရောက်သွားတာလဲ...အခု သူ့အသက်ဘယ်လောက်ရှိနေပြီလဲ? တကယ်လို့ ပစ္စည်းတွေသာ လုံလုံလောက်လောက် ရှိခဲ့မယ်ဆိုယင် ဘုရင်မင်းမြတ်အနေနဲ့ စိတ်ဂိဉာဉ်လက်နက် ဘယ်လောက်တောင် သွန်းလုပ်ပြီးခဲ့ပီလဲ?``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပီးတော့ စိတ်ပျက်လက်ပျက်ဖြစ်နေပါတယ်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက...ဒီ ဖျက်ဆီးခြင်းတုတ်က အရမ်းကို ထူးခြားအံ့သြဖွယ်ရကြောင်း ပေလိမ့်မည်..ဒါပေမဲ့ အခုတော့ အလွန်အကျွံ ပျက်စီးနေပါတယ် ဘာလို့လဲဆို တော့ တုတ်ရဲ့ ကိုယ်ထည်ပေါ်မှာ ရေးထွင်းထားတဲ့ စိတ်ဂိဉာဉ်တံဆိပ်တွေက လုံးဝနီးပါး ပျက်စီးနေပါတယ်။၎င်းရဲ့ မူလအစွမ်း၏ တစ် ရာခိုင်နှုန်းမျှသာ ကျန်နေပါတော့တယ်။

ဒါပေမဲ့လည်း ဒုယွန်မြို့လို နေရာမျိုးမှာတော့ ပျက်စီးနေတဲ့ စိတ်ဂိဉာဉ်လက်နက်တစ်ခု တောင်မှပဲ အလွန်အကျွံ ကြီးမားတဲ့ အခြေအနေတွေကို ဖန်တီးနိုင်ပါတယ်။ တကယ်တော့ ၎င်းတို့ကို ပြုလုပ်တဲ့အခါမှာ အသုံးပြုရတဲ့ ပစ္စည်းတွေကကိုပဲ အရမ်းကို အဖိုးတန်ပါတယ်။

လူငယ်နှစ်ယောက်က လေးလေးနက်နက်နဲ့ပဲ တိုက်ခိုက်မှုတွေကို ဆက်လက် ဖလှယ် နေကြပါတယ်။

စွမ်းအင်အဆင့်အနေနဲ့ဆိုယင် ဂျင်ပူကျိုက လုံးဝအသာစီး ရယူထားပါတယ်။ ဒါပေမဲ့လည်း ပိုင်လီထျန်းယွမ်က စိတ်ဂိဉာဉ်လက်နက်တစ်ခုကို ပိုင်ဆိုင်ထားပြီး တကယ်လို့ ၄င်းလက်နက်က အားနည်းနေတာမှန်ပေမဲ့လည်း ဂျင်ပူကျိုနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်ဖို့အတွက် သူ့ကို ကြီးမားတဲ့အစွမ်းတွေကို ရရှိခွင့်ပြုထားပါတယ်။

စင်မြင့်ထက်မှာ တိုက်ခိုက်နေတဲ့သူနှစ်ယောက်ဟာ အကွက်ရာနဲ့ချီ တိုက်ခိုက်ပီးချိန်မှာတော့ ဂျင်ပူကျိုအနေနဲ့ သူ့ရဲ့ မြောက်မြားလှတဲ့ အတွေ့အကြုံ ကြွယ်ဝ မှုတွေကြောင့် အောင်ပွဲကိုရယူနိုင်ခဲ့ပါတယ်။ တိုက်ပွဲပြီးတဲ့အခါမှာတော့ ပိုင်လီထျန်းယွမ်အနေနဲ့ ဒီပြိုင်ပွဲမှာ အများဆုံးအနေနဲ့ အဆင့်လေးနေရာကိုသာ ရယူနိုင်ပါတော့မယ်။

သူက ဒီလိုမျိုးရလဒ်အတွက်ကြောင့်မို့လို့ အလွန်အကျွံကိုပဲ မပျော်မရွှင် ခံစားနေရပေမဲ့ လည်း တစ်ခြားလူတွေရဲ့ စိတ်ထဲမှာတော့ ဒါက အရမ်းကို အထင်ကြီးစရာကောင်းလှပါတယ်။

တကယ်တော့ ပိုင်လီထျန်းယွမ်က ဒီနှစ်မှာ အသက် ၁၈ နှစ်သာရှိပါသေးတယ်။ ဘယ်သူကများ နောက်ထပ်နှစ်တွေမှာ ကျင်းပမဲ့ ပြိုင်ပွဲမှာ သူ့ရဲ့ ပြိုင်ဘက်ဖြစ်လာနိုင်မှာလဲ?ဒါပေမဲ့လည်း အောင်ပွဲရယူနိုင်ခဲ့တဲ့ ဂျင်ပူကျိကို ပိုပြီးချီးမြင့် မြှောက်စားပြောဆိုကြပါတယ်။

``ဒါမှ ဂျင်ပူကျိစစ်စစ်ပဲ.. သူက အရမ်းကို စွမ်းအားပြည့်ဝလွန်းတယ်... စိတ်ဝိဉာဉ် လက်နက်တစ်ခုကို ထုတ်သုံးတာတောင်မှ သူ့ကို လုံးဝ မဖြတ်ကျော်နိုင်ဖူး``

``ကြည့်ရတာ လီဒေါင်ယွဲ့လည်း သူနဲ့ ပြိုင်ဘက် မဖြစ်နိုင်တော့ဘူး.. ဒါပေမဲ့ ငါအနေနဲ့ ဂျင်ပူကျိနဲ့ နံပါတ်လေးမင်းသား ဘယ်သူက အသန်မာဆုံးလဲဆိုတာကိုတော့ မသိဘူး``

``တကယ်လို့ အယင်တုန်းကဆိုယင်တော့... ငါအနေနဲ့ နံပါတ်လေးမင်းသားက အသန်မာဆုံးပဲလို့ လုံးဝထင်ထားမှာပဲ.. ဒါပေမဲ့ အခုတော့ ဂျင်ပူကျိမှာလဲ နိုင်ဖို့အတွက် မြင့်မားတဲ့ အခွင့်အရေးတွေ ရှိနေပီ``

BLACK DAO PDF

``အင်း ငါလည်းတူတူပဲ``

ပိုင်လိထျန်းယွမ်နဲ့ တိုက်ပွဲအပြီးမှာတော့ ဂျင်ပူကျိရဲ့ ပုံရိပ်က အဆင့်အသစ်တစ်ခု ကို ရောက်ရှိလို့သွားခဲ့ပါပြီ။ သူက လီဒေါင်ယွဲ့ကိုကျော်ဖြတ်သွားပြီးတော့ နံပါတ်လေးမင်းသားနဲ့ ပခုံးချင်းယှဉ်နိုင်တဲ့အဆင့်ကိုရောက်သွားခဲ့ပါတယ်။ ဒါက လီဒေါင်ယွဲ့ကို နောင်တရသလို ခံစားစေပါတယ်။ တကယ်လို့ ဒီလိုမျိုးဖြစ်လာမယ် ဆိုတာကို သူသာသိခဲ့မယ်ဆိုယင် လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ဟွာယန်အကယ်ဒမီကို သူသွားဖြစ်ပါလိမ့်မယ်။

ဂျင်ပူကျိက သူ့ရဲ့ တည်ငြိမ်အေးချမ်းမှုကို စတင်ရရှိခဲ့ပါပြီ။ သိပ်မကြာခင်မှာပဲ သူက လီဒေါင်ယွဲ့ကို စိန်ခေါ်ပြီးယင်တော့ နံပါတ်လေးမင်းသားနဲ့ တိုက်ရိုက် မျက်နှာခြင်း ဆိုင်ရပါလိမ့်မယ်။

တခြားပြိုင်ပွဲဝင်တဲ့သူတွေကလဲ သူတို့ရဲ့ စိန်ခေါ်မှုတွေကို စတင်လုပ်ဆောင်လိုက်ပါတယ်။

လင်းဟန်အနေနဲ့လည်း ပျင်းရိ အချောင်ခိုနေလို့မရပါဘူး။ ဘာလို့လဲဆိုတော့ အနားယူ ဖို့အတွက် နာရီဂက်သာ သတ်မှတ်ထားလို့ပဲဖြစ်ပါတယ်။ သူက

သူ့ရဲ့အချိန်တွေအားလုံး ကိုအသုံးပြုခဲ့ရပါတယ်။ တကယ်လို့ ပြိုင်ပွဲဝင်နှစ်ယောက်ကသာ သူ့ကို စိန်ခေါ်ယှဉ်ပြိုင်မယ်ဆိုယင် တိုက်ပွဲပြီးယင် နာရီဂက် နားရတဲ့အတွက် အနည်းဆုံး တစ်နာရီ လောက် ကအချိန်ကုန်သွားပါမယ်.. အဲဒါဆိုယင် သူ့အနေနဲ့ပထမနေရာ ကို စိန်ခေါ်ဖို့အတွက် အချိန်တောင်ရှိတော့မှာမဟုတ်ပါဘူး။

ဒါကြောင့် သူက နံပါတ်ခုနစ် ပြိုင်ပွဲစင်မြင့် အရှင်သခင်ကို စိန်ခေါ်လိုက်ပါတယ်။

ဒါက အသက်နှစ်ဆယ်ဂန်းကျင်ရှိတဲ့ လူငယ်တစ်ယောက်ဖြစ်ပြီးတော့ သူ့ကျောဘက်မှာ ဓါးရှည်တစ်ချောင်းကို ချိတ်ထားပါတယ်။ သူက အရပ်မြင့်ပြီးပိန်ပိန်ပါးပါး ကိုယ်လုံး ရှိပြီးတော့ သူ့မျက်နှာမှာ အရမ်းကို ယုံကြည်မှုအပြည့် ဖြစ်ပေါ်နေတာကို လွယ်လွယ်ကူကူနဲ့မြင်နိုင်ပါတယ်။

သိုင်းပညာရှင်အများစုဟာ ထုံးစံအတိုင်း ဆေဘာ သို့မဟုတ် ဓါးကို အသုံးပြုကြပါတယ်။ ဒါပေမဲ့ ကျင့်စဉ်အဆင့်မြင့်မားလာယင် သူတို့က ရှားပါးတဲ့ လက်နက်တွေကို ကိုင်ဆောင်လာကြပါတယ်။ ဥပမာ...

ထီးလိုပုံစံ…ဘုရားကျောင်းဆောင်ပုံ….ကြေးမုံမှန်..အဲဒီလိုမျိုးလက်နက်တွေကို ကိုင်ဆွဲပြီးတော့ လက်တစ်ချက်ဝှေ့လိုက်တာနဲ့ မြစ်တွေကို ခွဲပြီး တောင်တွေကို ပြိုကျ နိုင်တဲ့ ကြောက်မက်ဖွယ်ရာအစွမ်းတွေရှိတဲ့ လက်နက်မျိုးပါ.။

``ငါ့နာမည် လိန်ထောင်…ကျေးဇူးပြုပြီးတော့ မင်းရဲ့ လမ်းညွှန်ပြသမှုကို တောင်းဆိုပါတယ် လင်းအကို``

လူငယ် သူ့လက်သီးကိုဆုပ်ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

``ကျေးဇူးပြုပြီး…..``

လင်းဟန်ကလဲ သူ့လက်သီးတွေကိုဆုပ်ပြီးတော့ ပြန်တုံ့ပြန်လိုက်ပါတယ်။

``ဟိတ်``

လိန်ထောင်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပီးတော့ ဓါးနဲ့ လူနဲ့ တစ်ခုတည်း ဖြစ်သလိုမျိုး လင်းဟန်ဆီကို ပျံသန်းသွားပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်။

လင်းဟန်က ကြောက်ရွံ့မှုကင်းစွာနဲ့ပဲ သူ့ရဲ့ဓါးကိုဆွဲထုတ်လိုက်ပြီးတော့ ခုတ်ထုတ် လိုက်ပါတယ်။ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်ပဲရှိသေးပေမဲ့လည်း မူလဒြပ်စင် ငါးခု အမှုန်ရဲ့ ထောက်ပံ့မှုကို ပေါင်းလိုက်ယင် သူ့ရဲ့ အမှန်တကယ် စွမ်းရည် က ဒြပ်စင်စုစည်းခြင်းအလွှာ ၈ တစ်ယောက်နဲ့ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။ သူက ပြိုင်ဘက်ထက် လုံးဝ အားမနည်းခဲ့ပါဘူး။စွမ်းအင်အဆင့်နဲ့ဆိုယင် သူ့အနေနဲ့ ဒြပ်စင်စုစည်းမှု အလွှာ ၉ သာမာန်လူတစ်ယောက်ကိုတောင်မှ လုံးဝ မရှုံးနိုင်ပါဘူး။

သို့မဟုတ်လျှင်တော့ သူ့အနေနဲ့ ဒီပြိုင်ပွဲရဲ့ ပထမနေရာကို သူ ရယူနိုင်လိမ့်မယ်လို့ ယုံကြည် ချက်ရှိရှိနဲ့ ပြောရဲမှာတောင်မဟုတ်ပါဘူး။

``ထန်း ထန်း ထန်း ထန်း``

သူတို့ရဲ့ တိုက်ပွဲက တစ်ဖြေးဖြေးနဲ့ ပြင်းထန်လာခဲ့ပါတယ်။

သူတို့ရဲ့ လက်နက်တွေက ရင်ဆိုင်တိုက်ခိုက်မှုတွေမှာ အဆက်မပြတ် တစ်ခုနဲ့ တစ်ခု ထိတွေ့နေပြီးတော့ သူတို့ရဲ့ ဓါးသွားနှစ်ခု ပွတ်တိုက်မှုတွေကြောင့် မီးပွားလေးတွေ ထွက်ပေါ်လိုလာပါတယ်။

လိန်ထောင် အနေနဲ့ ထိပ်ဆုံးဆယ်ယောက်စာရင်းကို ဝင်ဖို့အတွက် အဆင့်မှီပါတယ် ဘာလို့လဲဆိုတော့ သူ့ရဲ့ ကျင့်စဉ်အဆင့်က လုံလောက်အောင် မြင့်မားပါတယ်။ ဒါပေမဲ့လည်း သူ့ကို ပါရမီရှင်တစ်ယောက်အနေနဲ့ အမှန်တကယ် ယူဆလို့မရပါဘူး ဘာလို့လဲဆိုတော့ သူက ဓါးချီကို မထုတ်ဖော်နိုင်တဲ့အတွက်ပဲဖြစ်ပါတယ်။ သူအသုံးပြု နေတဲ့ ဓါးသိုင်းက အဂါရောင်အဆင့်နိမ့်သိုင်းပညာတစ်ခုပဲဖြစ်ပါတယ်။ ဒါ့အပြင် သူက ဒီ ဓါးသိုင်းနည်းစနစ်ရဲ့ သာမာန်အောင်မြင်မှုအဆင့်အထိပဲ ရောက်ပါသေးတယ်။

ကျင့်စဉ်မြင့်မားခြင်းရဲ့ သာလွန်တဲ့အချက်ကတော့ သန်မာတဲ့ အစွမ်းရှိတာပါပဲ။ ဒါပေမဲ့ အခု သူ့ရဲ့ ကျင့်စဉ်အဆင့်ကနေ ရရှိတဲ့ အစွမ်းနဲ့တောင်မှ သူက လင်းဟန်ရဲ့ ပြိုင်ဘက် မဟုတ်ပါဘူး ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့သူအနေနဲ့ အနိုင်ယူနိုင်မှာလဲ?

အကွက် အနည်းငယ်အတွင်းမှာပဲ သူက လုံးဝနီးပါး အရေးနိမ့်လု ဖြစ်သွားပါတယ်။

``ဒီကောင်ရဲ့ နောက်ကွယ်မှာ အနက်ရောင်အဆင့် မော်ဆေးပညာရှင်တွေက ရပ်တည်ပေးနေတယ်..တကယ်တော့ ငါ့အတွက် ပထမနေရာကို ရဖို့ဆိုတာက လုံးဝ မဖြစ်နိုင်ဖူး..ပြီးတော့ နံပါတ်ခုနစ်နဲ့ နံပါတ်ရှစ် ပြိုင်ပွဲစင်မြင့်ကြား ဘာမှကွာခြားတာမဟုတ်ဘူး။ ငါ့အနေနဲ့ သူ့ကို မျက်နှာသာပေးပြီးတော့ အရှုံးပေးလိုက်တာကို ဘာလို့မလုပ်နိုင်ရမှာလဲ? ဒီနည်းလမ်းက သူ့ရဲ့ မူလစွမ်းအင်တွေ ကုန်ဆုံးတာကနေ ထိန်းသိမ်းပေးဖို့အတွက် ငါ့သူ့ကိုကူညီရလိမ့်မယ်``

လိန်ထောင်က တွေးလိုက်ပါတယ်။

သူက ရုတ်တရက် ခြေလှမ်းအနည်းငယ်နောက်ဆုတ်လိုက်ပြီးတော့ သူ့ရဲ့ ဓါးကို ပြန်ရုတ်သိမ်းပြီး ပြောလိုက်ပါတယ်။

``ကျနော်က လင်းအကိုအတွက် ပြိုင်ဘက်မဟုတ်ပါဘူး... ကျနော် အရှုံးပေးပါတယ်``

ဟင်?သူကအရှုံးပေးတယ်? ဒီလိုပုံစံနဲ့?

လင်းဟန်က သူ့ပြိုင်ဘက်ကို လှမ်းကြည့်လိုက်တဲ့အခါမှာ လိန်ထောင်ရဲ့ မျက်နှာပေါ်က အပြုံးကို မြင်ပြီးတော့ သူ့အပေါ်မှာ
တစ်ဖြေးဖြေးနားလည်သဘောပေါက်လာခဲ့ပါတယ်။

လိန်ထောင်က သူ့ကို မျက်နှာသာပေးတာကို ဖုံးကွယ်ထားပါတယ်။သူ အနေနဲ့ သူ့ကိုယ်သူ ပြန်ပြီးတော့ရီချင်သွားပါတယ်။ တကယ်လို့ သူကသာ အစွမ်းအကုန် အသုံးပြုလိုက်မယ်ဆိုယင် သူ့ရဲ့ပြိုင်ဘက်ကို တစ်ကွက်ထဲနဲ့ ချက်ချင်းရှုံး နိမ့်သွား အောင်လို့ လုပ်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူ လိုချင်ချင် မလိုချင်ချင် လိန်ထောင်ကတော့ သူ့ကို မျက်နှာသာပေး ခဲ့ပါတယ်။ ဒါကြောင့် ``သူက လိန်ထောင်ကို နားလည်သဘောပေါက်တယ် ဆိုတဲ့ ပုံစံ နဲ့ ခေါင်းငြိမ့်လိုက်ပါတယ်။

သူတို့နှစ်ယောက်က ပြိုင်ပွဲစင်မြင့်နေရာ လဲလိုက်ပါတယ်။

လင်းဟန်က အနားမယူပါဘူး။ ဒီပြိုင်ပွဲက သူ့ရဲ့ မူလအစွမ်းတွေကို အများကြီး မကုန်စေတဲ့အတွက် သူ့အနေနဲ့ ချက်ချင်းဆိုသလို နံပါတ်ခြောက် ပြိုင်ပွဲစင်မြင့် အရှင် သခင်ကို ဆက်ပြီး စိန်ခေါ်ခဲ့ပါတယ်။

ဒီပြိုင်ပွဲစင်မြင့်ရဲ့ အရှင်သခင်ကတော့ ရှဖောင်ကွမ်... လွန်ခဲ့တဲ့နှစ်နှစ်က ပေါ်ထွက်လာခဲ့ တဲ့ ပါရမီရှင်တစ်ယောက်ပါ။ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၈ ကိုရောက်နေပါပြီ။

``အကိုလင်း... ကျေးဇူးပြုပြီး...``

ရှဖောင်ကွမ်က အရမ်းကိုယဉ်ကျေးစွာနဲ့ပြောလိုက်ပါတယ်။ သူက ဒီအသက်အရွယ်နဲ့ အရမ်းကိုမြင့်မားတဲ့ ခံယူချက်တွေရှိနေတဲ့အတွက် သူ့အနေနဲ့ သူ့ကိုယ်သူ ဂုဏ်ယူနေပေမဲ့လည်း အကြောင်းက လင်းဟန်မှာ အနက်ရောင်အဆင့်မှော်ဆေး ပညာရှင်သုံးဦးက သူ့အနောက်မှာရှိနေတဲ့အတွက်မို့ သူ့ရဲ့ မောက်မာဂင့်ကြွားတဲ့ အပြုအမူတွေကို အဝေးကို လွှင့်ပစ်ထားရပါတယ်။

``ကျေးဇူးပြုပြီး``

လင်းဟန်က ယဉ်ယဉ်ကျေးကျေးနဲ့ တုံ့ပြန်လိုက်ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က သူကို ရိုသေလေးစားစွာနဲ့ ပြုမူဆက်ဆံ ခဲ့ယင် သူကလည်း ပြန်လည်ပြီးတော့ ရိုသေမှုအပြည့်နဲ့ တုံ့ပြန်မှာပဲဖြစ်ပါတယ်။

သူတို့နှစ်ယောက်က တစ်ပြိုင်နက်တည်းလိုလို လှုပ်ရှားလိုက်ပါတယ်။ ရှဖောင်ကွမ် ရဲ့ လက်နက်ကတော့ လှံဖြစ်ပြီးတော့ သူက လှံချီကို ထုတ်ဖော်နိုင်ပါတယ်။ သူ့ရဲ့ နှစ်မီတာ ခန့်ရှည်တဲ့ လှံကို ဝှေ့ယမ်းလိုက်တဲ့အခါမှာတော့ သူ့ရဲ့လှုပ်ရှားမှုနောက်ကွယ်က အံ့သြဖွယ်ရာ စွမ်းအားပြည့်ဝမှုတွေက ရှိနေပါတယ်။ဒါက အတုမရှိပြိုင်ဘက်ကင်းတဲ့ လှံတစ်ချောင်းရဲ့ လက္ခဏာကို အပြည့်အဝထုတ်ဖော်ပြသလျက်ရှိပါတယ်။ လှံကပိုပြီးတော့ ရှည်လေလေ သူ့ရဲ့အစွမ်းက ပိုပြီးတော့ အင်အားပြည့်ဝလေပဲဖြစ်ပါတယ်။

အပိုင်း (၇၂) ပြိုင်ပွဲများကို အဆက်မပြတ်ယှဉ်ပြိုင်ခြင်း

လင်းဟန်က အံ့အားသင့်ဖွယ် လျှပ်စစ်ဓါးသိုင်းကို အသုံးပြုခဲ့ပီးတော့ အနည်းငယ်မျှ အားနည်းမှုမရှိခဲ့ပါဘူး။

ရှဖောင်ကွမ်က တကယ့်ကို လေးလေးနက်နက်နဲ့ သန်မာပါတယ်။ လှံတစ်ချက် ဝှေ့လိုက်တာနဲ့ သူက

လုံချီအလင်း နှစ်ခုကို ထုတ်ဖော်နိုင်ပါတယ်။

``ရှီး::::``

စင်မြင့်အောက်က အံ့အားသင့်တဲ့အသံတွေ ပြိုကွဲထွက်လာခဲ့ပါတယ်။ ချီ အလင်း နှစ်ခု… ဒါကဒုယွန်မြို့ရဲ့ လူငယ် မျိုးဆက်တွေထဲမှာ အရမ်းကိုထူးချွန်တဲ့အောင်မြင်မှု အဖြစ် ယူဆနိုင်ပြီးတော့ အထူးသဖြင့်တော့ ရှဖောင်ကွမ်က အရမ်းကိုငယ်ရွယ်ပါသေးတယ်။ သူက ဒီနှစ်မှ အသက် ၁၈နှစ်ပဲ ရှိပါသေးတယ်။

သူ့အနေနဲ့ နံပါတ်လေးမင်းသား လီဒေါင်ယွဲ့ နဲ့ ဂျင်ပူကျိုတို့ရဲ့ လက်ရှိ အသက်အရွယ်ကို ရောက်တဲ့အချိန်မှာတော့ အလင်းချီ ဘယ်လောက်များများကို ထုတ်ဖော် ဖန်တီးနိုင်မှာလဲ? အလင်းသုံးခုလာ? ဒါမှမဟုတ် လေးခုလား?

``အလင်းနှစ်ခုလား?``

လင်းဟန်က ငြင်သာစွာပြုံးလိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ ဓါးကိုပွေ့ယမ်းလိုက်တာနဲ့ ဓါးချီ အလင်းနှစ်ခုက တူညီစွာနဲ့ပဲ ထွက်ပေါ်လာပါတယ်။

``ဖူး::::::::``

လူတိုင်းလူတိုင်း နောက်တစ်ကြိမ် ထပ်ပြီးတော့ အသက်ရှူကြပ်သွားစေခဲ့ပါတယ်။ သူတို့အနေနဲ့ ပထမအကြိမ် အံ့အားသင့်နေမှုကနေတောင်မှ အံ့ဩမှု မပြယ်သေးဖူး နောက်ထပ် ထပ်လာပြန်ပြီလား?လင်းဟန်ကလဲ ခါးချီအလင်းနှစ်ခုကို ထုတ်ဖော်နိုင်တယ်လား? ဒုယွန်မြို့က နောက်ထပ် အင်အားကြီးမြို့အသစ် အဖြစ် ထွက်ပေါ်လာပြီလား။ ပါရမီရှင် တစ်ယောက်ပီး နောက်တစ်ယောက် နီးနီးကပ်ကပ် ထွက်ပေါ်လာခဲ့ပါတယ်။

ရှဖောင်ကွမ် လည်းပဲ အလွန်အမင်း အံ့ဩနေပါတယ်။ သူ့အနေနဲ့ ပထမ ချီအလင်းကို ထုတ်ဖော်နိုင်ဖို့အတွက် ကိုယ်ပိုင်ဉာဏ်စွမ်းတွေထုတ်ပြီး အပြင်းအထန် ကြိုးစားခဲ့ရပါတယ်။ ဒါပေမဲ့ ဒုတိယအလင်းကတော့ သူ့အနေနဲ့ ရှေးဟောင်း ဂူသင်္ချိုင်း တစ်ခုအထဲကို အမှတ်မထင် ဝင်ရောက်သွားခဲ့တုန်းက ထူးဆန်းတဲ့ ကျောက်တုံးတံဆိပ်ပြား တစ်ခုနဲ့ တွေ့ဆုံးခဲ့ရပြီး အဲဒီအချိန်မှာ သူ့ရဲ့ တာဂန်တွေ အားလုံး ပျောက်ကွယ်သွားခဲ့ပြီးတော့ အမှတ်တရအများကြီးကို မြင်ခဲ့ရပီးတော့ လက်ရှိ အဲဒါတွေကို သူက ပိုင်ဆိုင်ထားပါတယ်။

သူနိုးထလာတဲ့အခါမှာတော့ သူက လုံချီ အလင်း နှစ်ခုမြောက်ကို ထုတ်ဖော်နိုင်တာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။

လင်းဟာန်လည်းပဲ အဲဒီလိုအခွင့်အရေးမျိုးနဲ့တွေ့ကြုံခဲ့ရတာ ဖြစ်နိုင်ပါ့မလား? တကယ်လို့ အဲဒီလိုမျိုးမဟုတ်ဘူးဆိုယင်တော့ သူက အရမ်းကို ကြောက်ဖို့ကောင်းတာပဲ. အသက် ၁၇ နှစ် အရွယ်နဲ့ ဓါးချီအလင်း နှစ်ခုကို ဖန်တီးနိုင်ခဲ့တယ်။ သူက တကယ့်ကို မကောင်းဆိုးဂါးပဲ။

ရှဖောင်ဝွမ်က အချိန်အတော်ကြာအောင်လို့ တိုက်စစ် ဆင် အဆက်မပြတ် တိုက်ခိုက်နေပေမဲ့လည်း တစ်ခြားလုပ်စရာဘာမှ မမြင်ခဲ့ရပါဘူး။ သူ့အနေနဲ့ စိတ်ပျက်အားငယ်မှုတွေဖြစ်လာပြီးတော့ သူ့မတိုင်ခင်က လိန်ထောင် အကြောင်း ကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ သူလည်း မစဉ်းစားပဲနဲ့မနေနိုင်ပါဘူး။

``ဒီလူ့ရဲ့ နောက်မှာ အနက်ရောင်အဆင့်မော်ဆေးပညာရှင်သုံးဦးက ရပ်တည်နေတယ်.ပြီးတော့ ငါ့က နံ့ပါတ်လေးမင်းသားရဲ့ ပြိုင်ဘက်မဟုတ်ဘူး. တိုက်ပွဲစင်မြင့် နံ့ပါတ်ခြောက်နဲ့ နံ့ပါတ်ခုနစ်ကြားမှာလဲ ဘာမှကွာခြားတာမှမဟုတ်တာ..

သူ့ကိုမျက်နှာသာပေးဖို့အတွက် ငါက ဒီအခွင့်အရေးကို ဘာလို့မယူပဲနေရမှာလဲ?

သူ့အနေနဲ့ ဒါကို စဉ်းစားမိလိုက်ပြီးတာနဲ့ ယတိပြတ်ဆုံးဖြတ်လိုက်ပြီးတော့ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ရပ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``အကိုလင်းက တကယ့်ကို အံ့မခန်းအောင် သန်မာလှပါတယ်.... ကျနော် အရှုံးပေးပါတယ်ဗျာ``

ဘာလို့ နောက်ထပ်တစ်ခါ အရှုံးပေးရတာလဲ? သူတို့တွေ တစ်ယောက်မှ တစ်ခြားသူတွေကို စိန်ခေါ်ပြီးတော့ အဆင့်တက်ဖို့ မလုပ်ကြတော့ဘူးလား?

လွန်ခဲ့တဲ့ ရက်အနည်းငယ်က ကျင်းပခဲ့တဲ့ နံပါတ်လေးမင်းသားရဲ့ ညစာစားပွဲကို တက်ရောက်သူများမှလွဲလို့ ကျန်တဲ့သူတွေအားလုံး စိတ်ရှုပ်ထွေးနေကြပါတယ်။ ဒါပေမဲ့ လင်းဟန်က ဒီတိုက်ပွဲမှာ ဓါးချီအလင်း နှစ်ခုကို ထုတ်ဖော်ပြသခဲ့တယ်။ ဒါကြောင့်လဲ သူက လိန်ထောင်ထက်ပိုပြီးတော့ စွမ်းအားပြည့်ဝတယ်ဆိုတာကို သက်သေပြ လိုက်သလိုဖြစ်သွားပါတယ်။ ဒါဆို လိန်ထောင်ရဲ့

အရှုံးပေးခြင်းကိုကြည့်လိုက်ယင် သူမှာ မျော်မြင်မှု ရှိတယ်လို့ အခိုင်အမာဆိုနိုင်ပါတယ်။

ဖြစ်နိုင်တာကတော့ လင်းဟန်အနေနဲ့ ယခု သူပြသလိုက်တဲ့ အစွမ်းထက် ပိုမိုပြီးတော့ စွမ်းအားပြည့်ဝနေတဲ့အတွက်ကြောင့်ပဲ ရှဖောင်ကွမ်ကလဲ ဒီတိုက်ပွဲကို ရိုးရိုးလေးနဲ့ အရှုံးပေးလိုက်တာဖြစ်နိုင်ပါတယ်။

လင်းဟန်က ခေါင်းကိုခါပြီး အပြုံးနဲ့ပြောလိုက်ပါတယ်။

``ရှအကိုက အရမ်းကို နှိမ့်ချတတ်တာပဲ``

``ငါ့အနေနဲ့ အကိုလင်းက ဒီထက်ပိုပြီးကောင်းမွန်တဲ့ ရလဒ်ကို ရယူနိုင်စေဖို့ စိတ်ရင်းအမှန်နဲ့ ဆုတောင်းပေးပါတယ်။ ကျေးဇူးပြုပြီးတော့ အနာဂါတ်မှာ ငါတို့ ရင်းနှီး ဖော်ရွေစွာနဲ့ ဆက်ဆံကြရအောင်``

ရှဖောင်ကွမ် က နံပါတ်ခုနစ် တိုက်ပွဲစင်မြင့်ထက်ဆီကို ခြေလှမ်းကျဲကြီးတွေလဲ လျှောက် သွားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ဂျင်ပူကျိုက လီဒေါင်ယွဲ့ကို စိန်ခေါ် လိုက်ပါတယ်။တိုက်ပွဲရဲ့ ရလဒ်ကတော့ အားလုံး

ထင်မှတ်ထားသလိုပါပဲ။ ဆယ်ကွက်အတွင်းမှာပဲ လီဒေါင်ယွဲ့က ဂျင်ပူကျိကို ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒီအရှုံးကြောင့် ဟွာယန်အကယ်ဒမီကို ဂင်ချင်တဲ့ သူ့ရဲ့စိတ်တွေက ပိုပြီးတော့ ပြင်းပြလာခဲ့ပါတယ်။

တဆက်တည်းဆိုသလိုပဲ ဂျင်ပူကျိက နံပါတ်လေးမင်းသားကို ထပ်ပြီး စိန်ခေါ် လိုက်ပါတယ်။

လင်းဟာန်အနေနဲ့ တစ်ခြားပြိုင်ပွဲတွေကို ကြည့်ဖို့ စိတ်မဂင်စားခဲ့ပါဖူး။ ခဏလောက် နားအပြီးမှာပဲ သူက ဆက်ပြီးတော့ နံပါတ်ငါး တိုက်ပွဲစင်မြင့်အရှင်သခင်ကို စိန်ခေါ် လိုက်ပါတယ်။

နံပါတ်ငါး တိုက်ပွဲစင်မြင့်ရဲ့ အရှင်သခင်ကတော့ လွီယုပဲဖြစ်ပါတယ်။ သူလည်းပဲ လွန်ခဲ့ တဲ့ နှစ်နှစ်က ထွက်ပေါ် လာခဲ့တဲ့ ပါရမီရှင်ပဲဖြစ်ပါတယ်။ ဒီတိုက်ပွဲကြီး နှစ်ခုက တစ်ပြိုင်နက်တည်း စတင်လိုက်တဲ့အခါမှာတော့ အမိက အားပေးသူတွေက နံပါတ်လေး မင်းသားနဲ့ ဂျင်ပူကျိတို့ကြားက တိုက်ပွဲကိုကြည့်ရှုဖို့ ထွက်ခွာသွားကြပါတယ်။ လင်းဒေါင်ရှန် လွီယုထန်နဲ့ လီဟောင်တို့လို လူတွေကပဲ လင်းဟာန်ရဲ့ တိုက်ပွဲကို အာရုံစိုက် ကြည့်ရှုကြပါတယ်။

``အကိုလင်း...ကျေးဇူးပြုပြီးတော့``

လွီယုကလည်း အရမ်းကိုယဥ်ကျေးပါတယ်။ မိုးရေနိုင်ငံတစ်ခုလုံးမှာ အနက်ရောင်အဆင့် မှော်ဆေးပညာရှင်တွေကို ဆန့်ကျင်ရဲတဲ့ အဖွဲ့အစည်းမျိုးတစ်ခုမှ ရှိပုံမပေါ်ပါဘူး။ ဒါ့အပြင် လင်းဟန်ရဲ့ နောက်မှာ ရပ်တည်ပေးနေတာက သုံးယောက် တောင်မှလေ။

``ကျေးဇူးပြုပြီးတော့``

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲကိုင်လိုက်ပီးတော့ လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ ပထမ အကွက် မှာပဲ ဓါးချီ အလင်း နှစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ သူက အစောန ကတည်းက သူ့ရဲ့ အစွမ်းကို ထုတ်ဖော်ပြထားပြီးတော့ သူ့အနေနဲ့ ဒါကို ထပ်ပြီးတော့ ဖုံးကွယ်ထားဖို့မလိုပါဘူး။

လွီယုက ရှဖောင်ကွမ်နဲ့ စွမ်းအင်ခြင်းမှာ လက်ရည်တူတယ်လို့ ပြောနိုင်ပါတယ်။ ရှဖောင်ကွမ်က လင်းဟန်နဲ့ ပြိုင်ဘက်မဟုတ်ဘူးဆိုယင် လွီယုလဲ မဖြစ်နိုင်ပါဘူး။ ဆယ်ကွက်လောက် ဖလှယ်အပြီးမှာတော့

လွှိုယု စဉ်းစားလိုက်ပါတယ်။

``ဒီလူ့ရဲ့နောက်မှာ အနက်ရောင်မှော်ဆေးပညာရှင်သုံးယောက်ရှိတယ်..ပြီးတော့ ငါ့အနေနဲ့လည်းပထမနေရာကို ဘယ်လိုမှ ရနိုင်မှာမဟုတ်ဘူး..ဒါကြောင့် သူ့ကို ဘာလို့ မျက်နှာသာမပေးနိုင်ရမှာလဲ``

ရလဒ်ကတော့ လွှိုယုလည်းပဲ အရမ်းကို ထူးဆန်းစွာနဲ့ အရှုံးပေးလိုက်ပါတယ်။

ကျေးဇူးတင်ရမှာက ပရိတ်သတ်အများစုက နံပါတ်လေးမင်းသားနဲ့ ဂျင်ပူကျိုကြားက တိုက်ပွဲကို အာရုံစိုက်နေကြပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူတို့အနေနဲ့ လုံး၀ သကၤာမကင်းဖြစ်ပြီးတော့ ဒီပြိုင်ပွဲက ဟန်ဆောင်ပြိုင်ပွဲလို့ ထင်သွားနိုင်ပါတယ်။

လင်းဟန်အနေနဲ့ ပိုမြင့်မားတဲ့အဆင့်ကိုတက်သွားပြီးတော့ သူ့ရဲ့အရှေ့မှာ လူလေးယောက်ပဲကျန်ပါတော့တယ်.... ပိုင်လီထျန်းယွမ်.... လီဒေါင်ယွဲ့.. ဂျင်ပူကျိုနဲ့ နံပါတ်လေးမင်းသားတို့ပဲဖြစ်ပါတယ်။

ပြိုင်ပွဲမစခင်တုန်းက ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်သူကထင်မှာလဲ?။

လင်းဒေါင်ရှန်ရဲ့ စိတ်လှုပ်ရှားမှုတွေက ပိုပိုပြီးကြီးထွားလာခဲ့ပါတယ်။ တကယ်လို့ လင်းဟန်သာ ပိုင်လီထျန်းယွမ်ကို ရှုံးနိမ့်သွားအောင်လို့ လုပ်နိုင်ခဲ့မယ်ဆိုယင် သူ့အနေနဲ့ မကြာခင်မှာ ဂျင်ပူကျို သို့ နံပါတ်လေးမင်းသားနဲ့ တိုက်ခိုက်ဖို့အတွက် လုပ်နိုင်တော့မှာပဲဖြစ်ပါတယ်။ ပထမနေရာကို ရယူဖို့ အိမ်မက်ကလဲ မကြာတော့ပါဘူး။

ဂျင်ပူကျိုနဲ့ ချီယောင်ရီတို့ရဲ့ ကြားက ကြီးမားတဲ့ တိုက်ပွဲက ဆက်လက် ယှဉ်ပြိုင်နေကြ တုန်းပါပဲ။ ပါရမီရှင် လူငယ်နှစ်ယောက်ကတော့ အရမ်းကိုစွမ်းအားပြည့်ဝ မှုတွေကို ထုတ်ပြနေပါတယ်။ တစ်ယောက်က လက်ဝါးသိုင်းကို အသုံးပြုပြီးတော့ ကျန်တဲ့တစ်ယောက်ကတော့ လက်သီးသိုင်းကို အသုံးပြုပါတယ်။ သူတို့နှစ်ယောက်စလုံး ချီ ထုတ်ဖော်နိုင်ပြီးတော့ တစ်ဖက်ကို ချီအလင်း သုံးခု စီရှိပါတယ်။

ပြီးတော့ အဲဒီအချိန်မှာပဲ လင်းဟန်က ပိုင်လီထျန်းယွမ်ကို

စိန်ခေါ် လိုက်ပါတယ်။

လင်းဒေါင်ရှန်က အရမ်းကို ဆန္ဒတွေစောနေပါတယ်.။ တကယ်လို့ လင်းဟန်အနေနဲ့ ဒီတိုက်ပွဲကို အနိုင်ရခဲ့မယ်ဆိုယင် သူ့အနေနဲ့ လီဒေါင်ယွဲ့ကို သံသယကင်းစွာနဲ့ အနိုင်ယူနိုင်မှာဖြစ်ပြီးတော့ တတိယနေရာကို ရရှိမှာပဲဖြစ်ပါတယ်။

ထိပ်ဆုံးသုံးယောက် .. ဒါကအရမ်းကို အထင်ကြီးဖို့အတွက် လုံလောက်ပါပြီ။ သူ့အနေနဲ့ ဒီထက်ပိုပြီးတော့ ပြောသင့်ရဲ့လား?

``အကိုလင်း``

ပိုင်လီထျန်းယွမ်က အရမ်းကို ယဉ်ကျေးစွာနဲ့ လင်းဟန်ဆီကိုပြောလိုက်ပါတယ်။ သူ့အနေနဲ့ ပိုင်လီဂိုဏ်းရဲ့ သခင်လေးဆိုတဲ့ ဂုဏ်ပုဒ်ကို ထုတ်မပြရဲ ပါဘူး။သူက ပိုပြီးတော့တောင် ရင်းနှီးဖော်ရွေပါတယ်။ တကယ်တော့ နံပါတ်လေးမင်းသားက ဒုယွန်ဘုရင်ရဲ့နေရာကို အမွေဆက်ခံခွင့်ရအောင် မလုပ်နိုင်ခဲ့ဘူးဆိုယင် သူ့ရဲ့ အဆင့်အတန်းက ပထမင်းသားလိုမျိုး သူနဲ့ နှိုင်းယှဉ်လို့တောင် မရပါဘူး။

ဒါပေမဲ့ လင်းဟန်ကတော့ မတူပါဘူး။ သူ့ရဲ့နောက်မှာ အနက်ရောင်အဆင့် မော်ဆေးပညာရှင်သုံးဦးက ရပ်တည်နေပါတယ်။

``ကျေးဇူးပြုပြီးတော့``

``ကျေးဇူးပြုပြီးတော့``

တိုက်ခိုက်ယှဉ်ပြိုင်သူနှစ်ဦးက ဖိတ်ခေါ်တဲ့စကားတွေကို အသီးသီးပြောဆိုလိုက်ကြ ပါတယ်။ ပိုင်လီထျန်းယွမ်က သူ့ရဲ့ ဖျက်ဆီးခြင်းတုတ်ကို ဆွဲယူလိုက်ပြီးတော့ပြောလိုက်ပါတယ်။

``အကိုလင်းက အရမ်းပဲ စွမ်းအားကြီးပါတယ်... တကယ်လို့ ကျနော်ကသာ အကောင်းဆုံး မကြိုးစားခဲ့ဖူးဆိုယင် ဒါက အကိုလင်းကို အကြီးမားဆုံးစော်ကား သလိုဖြစ်မှာပါ``

``ဟားဟား ဒါဆိုယင် ငါ့လည်းပဲ စိတ်ဂိဉာဉ်လက်နက်တစ်ခုရဲ့ အတွေ့အကြုံကို ယူခွင့်ပြုပါ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သလိုပဲ သူ့ရဲ့ လက်ထဲမှ ဓါးရှည်ကို ပေါ့ပါးစွာ ပေါ့ပြီးတော့

ငြင်သာတဲ့လေသံကိုထွက်ပေါ်လာစေပါတယ်။

``ဒါဆိုယင် ဂရုစိုက်ပါ``

ပိုင်လိထျန်းယွမ်က အနက်ရောင်တုတ်နဲ့ လင်းဟန်ဆီကို ရက်စက်ကြမ်းကြုတ်စွာနဲ့ တိုက်ခိုက်လိုက်ပါတယ်။ နီးကပ်စွာရှိနေတဲ့ တံဆိပ်တော်ခုနစ်ခုက တောက်ပလာပြီးတော့ အနက်ရောင် ခေါင်းခွံပုံစံတစ်ဂက်က ပေါ်လာပြီး လင်းဟန်ဆီကို ပြေးဂင်လာပါတယ်။

ဒီအနက်ရောင်ခေါင်းခွံ မှာ စွမ်းအားပြည့်ဂတဲ့ စစ်သည်တော်ရဲ့ စိတ်ဆန္ဒ အစ တစ်ခု ပါဂင်ပါတယ်။ အစတုန်းကဆိုယင် ၄င်းက နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်အပေါ်ကိုတောင် ပြင်းထန်တဲ့ဖိအားတွေကိုပေးနိုင်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်ရဲ့ စိတ်ဂိဉာဉ်ကိုတော့ တိုက်ရိုက် ဖျက်စီး စေနိုင်ပါတယ်။ ဒါပေမဲ့လည်း အချိန်တွေအတော်ကြာခဲ့ပြီဖြစ်လို့ ဒီစိတ်ဂိဉာဉ်လက်နက်ကလဲ အလွန်အမင်းပျက်စီးသွားခဲ့ပါပြီ။ ၄င်း ခေါင်းခွံရဲ့အစွမ်းက အခုဆိုယင် ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်ပေါ်မှာ ကန့်သတ်ထားတဲ့ အစွမ်း သက်ရောက်မှုလောက်ပဲ

ထုတ်ဖော်နိုင်ပါတယ်။

ပိုင်လိုထျန်းယွမ်ကလဲ သူ့ရဲ့ လက်ရှိ အစွမ်းနဲ့ ဒီစိတ်ဂိုဘာဥ်လက်နက်ကို ပြန်လည် ပြင်ဆင်ဖို့ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

လင်းဟန်အနေနဲ့ စွမ်းအားပြည့်ဝတဲ့ ကောင်းကင်အဆင့်စစ်သည်တော်တစ်ဦး မဟုတ်တော့ပေမဲ့လည်း သူနဲ့အတူကောင်းကင်အဆင့်စစ်သည်တော်ရဲ့ စိတ်ဆန္ဒ အစ ကတော့ ကျန်နေရစ်ပါသေးတယ်။ တကယ်လို့ ဒီ စိတ်ဆန္ဒအစက အလွန်သေးငယ်ပေမဲ့လည်း စိန်ခေါ်သူအားလုံးကို အဝေးကို လွှဲထုတ်ပစ်ဖို့အတွက် တော့ လုံလောက်ပါတယ်။ ဒီ အနက်ရောင်ခေါင်းခွံ ကတော့သူ့အပေါ်မှာ အနည်းငယ်မှ သက်ရောက်မှုမရှိပါဘူး။

သူက အံ့အားသင့်ဖွယ် လျှပ်စီး ဓါးသိုင်းကို အသုံးပြုခဲ့ပါတယ်။ သူ့ရဲ့ ဓါးက သက်တန့် နဲ့အလားသဏ္ဍာန်တူပါတယ်။

``ထန်း ထန်း ထန်း ထန်း``

ဓါးနဲ့ တုတ် တို့က ထပ်ခါထပ်ခါ ထိခိုက်မိကြပါတယ်။ ဓါးချိအလင်းနှစ်ခုက အတားအဆီးမဲ့စွာနဲ့ လှုပ်ရှားသါးပြီးတော့ လင်းဟန်အနေနဲ့ အရေးနိမ့်နေတဲ့ လက္ခဏာ မျိုးလုံးဂ မရှိခဲ့ပါဘူး။

``မြန်မြန် ... ဒီကိုကြည့်လိုက်ကြ... လင်းဟန်က ပိုင်လီထျန်းယွမ်နဲ့ ကြီးမားတဲ့ တိုက်ခိုက်မှုတွေ ယှဉ်ပြိုင်နေကြတယ်``

``ဘာ..... သူက တကယ်ပဲ စွမ်းအားပြည့်ဂတာလား?``

``အယင် ရှဖောင်ကွမ်နဲ့ တစ်ခြားသူတွေက လျှင်မြန်စွာနဲ့ အရှုံးပေးလိုက်တာက အံ့သြစရာမရှိတော့ဘူး.. သူတို့က လင်းဟန်က အရမ်းကို စွမ်းအားကြီးမားတယ်ဆိုတာ သိသွားခဲ့လို့ပဲဖြစ်မယ်```

``သေစမ်း.... ဘယ်အချိန်တုန်းက ဒီလိုမျိုး လူထူးလူဆန်းက ပေါ်လာရတာလဲ? သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ ပဲရှိသေးတာလေး သူရဲ့ အစစ်အမှန် စွမ်းအားက ဒီအတိုင်းအတာ လောက်တောင်ပြည့်ဂနေတယ်``

ဒီတိုက်ပွဲက လူတွေကို ပိုပိုပြီးတော့

ဆွဲဆောင်လာစေခဲ့ပါတယ်။သူတို့မှာ မျက်လုံးတစ်စုံ တည်းရှိတာက မလုံလောက်တော့ဘူးလို့ ခံစားလာရပါတယ်။ သူတို့က အသန်မာဆုံး ဖြစ်တဲ့ နံပါတ်လေးမင်းသားနဲ့ ဂျင်ပူကျိတို့ကြားက ရင်ဆိုင်တိုက်ခိုက်မှုကို ကြည့်ချင်ကြပါတယ်။ ဒါပေမဲ့ သူတို့က လူငယ်မျိုးဆက်ထဲမှာ အတောက်ပဆုံးဖြစ်တဲ့ လင်းဟာန်နဲ့ ပိုင်လိထျန်းယွမ်တို့ ရဲ့ ရင်ဆိုင်တိုက်ခိုက်ပွဲကိုလည်း ကြည့်ချင်ကြပါသေးတယ်။

အပိုင်း(၇၃) ဓါးချီအလင်းလေးခု

လင်းဟာန်အနေနဲ့ သူရဲ့ စွမ်းရည်အပြည့်အဝ မဖော်ပြရသေးဖူးဆိုတာကို သိနိုင်ဖို့က အရမ်းကို ရှားပါးပြီးတော့ သိနိုင်ဖို့က အရမ်းကိုနည်းပါတယ်။ ဘာလို့လဲဆိုတော့ သူရဲ့ ကန့်သတ်ချက်ဖြစ်တဲ့ ဓါးချီအလင်း လေးခုအစား သူက ဓါးချီအလင်းနှစ်ခု ကိုပဲ အသုံးပြုခဲ့ပါတယ်။ ပြီးတော့ လင်းဟာန်အနေနဲ့ အထီးကျန်ဂံပုလွေရဲ့သွေး ကို မနိုးဆွ ရသေးပါဘူး ၎င်းက သူရဲ့ တိုက်ပွဲအစွမ်းကို နောက်တစ်ဆင့်ကို အဆင့်မြင့်တင်ပေးနိုင်စွမ်းရှိပါတယ်။

အဓိကအချက်ကတော့ လင်းဟာန်ရဲ့ စိတ်စွမ်းအားက လုံလုံလောက်လောက်သန်မာတဲ့ အတွက်ကြောင့်

ဖျက်ဆီးခြင်းတုတ်ရဲ့ တိုက်ပွဲအပေါ်မှာ လွှမ်းမိုးနိုင်စွမ်းက မြင်နိုင်ယုံမျှသာ ရှိပါတယ်။ ဆိုလိုတာက ပိုင်လီထျန်းယွမ်ရဲ့ တိုက်ခိုက်မှု အများစုက သူ့ရဲ့ ကိုယ်ပိုင်အစွမ်းအပေါ်မှာပဲ မှီခိုနေပြီးတော့ သူက လီဒေါင်ယွဲ့ထက် အဆင့်နိမ့်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ?

ဒီ ပြင်းထန်ထဲတိုက်ပွဲမှာ လူငယ်မျိုးဆက်ရဲ့ ထိပ်တိုက် ရင်ဆိုင်ပွဲမှာတော့ လင်းဟန်က အပေါ်စီးကနေ အသာစီးရယူထားနိုင်ပါတယ်။

``ဟေ့ ဟေ့ ဂျင်ပူကျိတောင်မှ သူနဲ့ တိုက်ခိုက်တုန်းက ဒီလိုမျိုးလွယ်ကူတဲ့အချိန် မရရှိခဲ့ဘူး ဟုတ်တယ်မလား? ဒါက လင်းဟန်အနေနဲ့ ဂျင်ပူကျိထက်တောင်မှ သန်မာနေတယ်လို့ ဆိုလိုတာလား?``

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

``ဒါမဖြစ်နိုင်ဘူး...လူတိုင်းကို သူတိုက်ခိုက်ခဲ့တဲ့ နောက်ကွယ်က အစွမ်းက ဂျင်ပူကျိနဲ့ အလှမ်းဝေးကွာလွန်းတယ်.. ဒါကြောင့် သူက ဂျင်ပူကျိ ထက် သန်မာတယ်ဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ?``

တစ်စုံတစ်ယောက်က ချက်ချင်းပဲ ခွန်းတုံ့ပြန်လိုက်ပါတယ်။

`` ဒါပေမဲ့ ဘာလို့ ဂျင်ပူကျိုတုန်းက သူ့ရဲ့ တိုက်ပွဲအချိန်အတွင်းမှာ ခက်ခဲရတာလဲ..ကြည့် လင်းဟန်က အပေါ်စီးကနေ လွယ်လွယ်ကူကူနဲ့ အသားစီးရနေတယ်``

``ဒါ.........``

သူတို့အားလုံးသိတဲ့ အချက်ကတော့ ဒီ ဖျက်စီးခြင်းတုတ်က ပြိုင်ဘက်ရဲ့ စိတ်ဂိဉာဉ်ကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့အစွမ်းရှိတယ်ဆိုတာကိုပါ.. သူတို့နားမလည်တာက ဘာလို့ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေက ဂျင်ပူကျိုရဲ့ တိုက်ခိုက်မှုတွေထက် အားနည်းနေပေမဲ့လည်း ပိုင်လီထျန်းယွမ်အပေါ်ကို လွယ်ကူစွာနဲ့ ဖိနှိပ်ထိန်းချုပ် နိုင်တယ်ဆိုတာကိုပါ။

အဲဒီအချိန်အတောအတွင်းမှာ ပိုင်လီထျန်းယွမ်က စပြီးတွေးလိုက်ပါတယ်။

``ငါ့ မတိုင်ခင် လူတွေက လင်းဟန်ကို လုံးဝ မျက်နှာသာပေးခဲ့တယ်။ တကယ်လို့ ငါသာ

အဲဒီလိုမျိုးတူညီစွာ မလုပ်ဖူးဆိုယင် သူက ငါ့ကို မကျေမချမ်းဖြစ်နေလိမ့်မယ်. ဒါ့အပြင် ငါကလဲ ဘယ်လိုနည်းလမ်းနဲ့မှ ပထမနေရာကို ရယူနိုင်မှာမဟုတ်ဘူး.ဒါဆို နံပါတ်လေး နေရာနဲ့ နံပါတ်ငါးနေရာ က ဘာများကွာခြားမှုရှိနိုင်မှာလဲ?

သူက အဲဒီလိုမျိုးတွေးလိုက်ပီးတဲ့အချိန်မှာ လျင်မြန်စွာနဲ့ သူ့ရဲ့တုတ်ကို ရုတ်သိမ်းပြီးတော့ နောက်ကိုဆုတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``အကိုလင်းက တကယ့်ကို စွမ်းအားကြီးမားတာပဲ ... ကျနော်အရှုံးပေးပါတယ်``

သေစမ်း ... ဘာလို့နောက်ထပ် အရှုံးပေးတဲ့သူက ရှိတာတုန်း။

ပရိတ်သတ်တွေ အားလုံးက ဒီတိုက်ပွဲကိုကြည့်ခြင်းက စတင်ပြီးတော့ စိတ်လှုပ်ရှားမှုကို ရရှိခဲ့ပါတယ်။ ဒီပိုင်လီထျန်းယွမ်က သူ့မတိုင်ခင်တုန်းကလို တူညီစွာ ဘာလို့ အလျော့ပေးလိုက်ရတာလဲ.. လင်းဟန်မှာ ဘယ်လိုမျိုး နောက်ခံအင်အားရှိနေလို့ ပြိုင်ဘက်တိုင်းကသူ့ကို မျက်နှာသာပေးသလိုမျိုး ဖြစ်ပေါ်စေရတာလဲ။

လင်းဟန် နံပါတ်လေး ပြိုင်ပွဲစင်မြင့်ပေါ်ကိုရောက်ရှိသွားခဲ့ပါပြီး. ပြီးတော့ သူ့အတွက် ပြိုင်ဘက် သုံးယောက်ပဲကျန်ပါတော့တယ်...

သူ့အနေနဲ့ ပိုင်လီထျန်းယွမ်နဲ့တိုက်ပွဲမှာ စွမ်းအင်တွေတော်တော်များများ ကုန်ခမ်းသွားပေမဲ့လည်း နောက်ထပ်တိုက်ပွဲကို ဆက်ပြီးတော့ တိုက်နိုင်ပါသေးတယ်။ လင်းဟန်က ခြေလှမ်းကျဲကြီးတွေနဲ့ တတိယပြိုင်ပွဲစင်မြင့်ထက်ကိုရောက်လာခဲ့ပါတယ်။

``အကိုလင်းကို ဂုဏ်ပြုပါတယ်... အခက်အခဲတွေအများကြီးကို ဖြတ်ကျော်ပြီး ဒီလောက်ဝေးဝေးထိရောက်အောင် လုပ်နိုင်ခဲ့တဲ့အတွက်ပါ``

လီဒေါင်ယွဲ့ရဲ့ အမူအရာတွေက လေးနက်လာပြီးတော့ ပြောလိုက်ပါတယ်။

``ဘာပဲဖြစ်ဖြစ်... အကိုလင်းအတွက် ကျနော်ရဲ့ လေးစားမှု သင်္ကေတအဖြစ်.. ဒီတိုက်ပွဲမှာ ကျနော် အစွမ်းကုန်ကြိုးစားပါ့မယ်``

``ကျေးဇူးပြုပြီးတော့....``

လင်းဟန် ကသူဓါးကို ဆွဲထုတ်ပြီးတော့ ဓါးကွက်တစ်ကွက်ကို ထုတ်ပြပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

လီဒေါင်ယွဲ့ ကရှည်လျားတဲ့ စူးရှသံကို ပေးပြီးတော့ သူ့ရဲ့ ထျန်းယွမ်လက်ဂါးငယ် ကို အသုံးပြုဖို့ ပြင်ဆင်လိုက်ပီးတော့ လင်းဟန်ဆီကို ဦးတည်ပြီး တိုက်ခိုက်လိုက်ပါတယ်။

သူ့အနေနဲ့ လက်ဂါးကိုပဲ သုံးပေမဲ့လည်း ဒီသိုင်းပညာနည်းစနစ်ကို လေ့ကျင့်ပြီးတဲ့အခါ မှာတော့သူ က မူလစွမ်းအင်တွေ လှည့်ပါတ်ခြင်းကို စတင်လိုက်ပီးတော့ သူ့ရဲ့ လက်ဂါးတွေက သံမဏိတွေ လိုသန်မာပြီး ကျောက်တုံးတွေလို မာကျောပါတယ်။ ထက်မြက်လှတဲ့ ဓါးတွေတောင်မှ သူ့ရဲ့လက်တွေကို ဒါဏ်ရာဖြစ်ပေါ်စေဖို့ မျှော်လင့်ချက် မရှိပါဘူး။ ဒါကြောင့် အနည်းဆုံးတော့ လင်းဟန်ကိုင်ထားတဲ့သာမာန် သံမဏိဓါး က သူ့ရဲ့လက်တွေကို ဒါဏ်ရာဖြစ်စေဖို့ မျှော်လင့်ချက်မရှိပါဘူး။

``ထျန်း ထျန်း ထျန်း ထျန်း``

ဓါးသွားနဲ့ လက်တို့ ထိခိုက်မိသွားခဲ့ပြီး ဆူညံတဲ့အသံတွေ ထွက်ပေါ်လာကာ နားစည်တွေကိုတောင် ရိုက်ခတ်ကုန်တဲ့အထိဖြစ်ပေါ်စေခဲ့ပါတယ်။

လီဒေါင်ယွဲ့ က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ဖြစ်ပါတယ်။ ဒါကြောင့် သူက ပိုင်လီထျန်းယွမ် နဲ့ လင်းဟန်တို့နှစ်ယောက်စလုံးထက် စွမ်းအင်မှာ ပိုလျှံပါတယ်။ ဒါကြောင့် တိုက်ခိုက်မှုအနည်းငယ် ဖလှယ်ပြီးတဲ့အခါမှာတော့ လင်းဟန် အနေနဲ့ သူ့ရဲ့ ဓါးကိုင်ထားတဲ့ လက် က ထုံ လာသလို ခံစားရပါတယ်။ ဒါပေမဲ့လည်းသူက ကောင်းကင်မှော်စာလိပ်ကနေသင်ကြားခဲ့တဲ့ သေဆုံးခြင်းသစ်ပင်ကိုယ်ခန္ဓာစွမ်းရည်ကြောင့် ဒီလိုမျိုးထိခိုက်မှုက သူ့အပေါ်မှာတော့ အနည်းငယ်မျှ သက်ရောက်ခြင်းမရှိပါဘူး။

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။ သူ့ရဲ့ ကိုယ်ခန္ဓာက သေခြင်းသစ်ပင်ရဲ့ ကိုယ်ခန္ဓာအစွမ်းကြောင့် ကြံ့ခိုင်ပြီးတော့ မာကျောတာတောင်မှပဲ လီဒေါင်ယွဲ့နဲ့ ထိပ်တိုက်ရင်ဆိုင်မှုကြောင့် ဖြစ်စေတဲ့ တုန်ခါခြင်း ကထိခိုက်မှုကို ရှောင်ရှားလို့မရ ခဲ့ပါဘူး။ဒါက လုံးဝအဓိပ္ပါယ်မရှိတော့ပါဘူး။ သူက အံ့အားသင့်ဖွယ် လျှပ်စီး

ဓါးသိုင်း ကို အသုံးပြုခဲ့ပါတယ်။ သူရဲ့ ဓါးချီအလင်းနှစ်ခုက အဆက်မပြတ် ထွက်ပေါ်သွားပြီးတော့ သူရဲ့ အရေးနိမ့်နေတဲ့ အခြေအနေကနေ ပြန်လည်ပြီးတော့ အသားစီးရဖို့ ကြိုးစားလိုက်ပါတယ်။

ဒါပေမဲ့လည်း လီဒေါင်ရဲ့ နာမည်က သူများတွေ ချဲ့ကားပြီးပြောလို့ နာမည်ကြီးတာ မဟုတ်ပါဘူး။ သူက ချီအလင်းသုံးခုကို ထုတ်ဖော်ပြီး သူ့ရဲ့လက်ဂါးတွေက လေပေါ်ပျံ ကာတိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ အစွမ်းက ကြောက်မက်ဖွယ်ကောင်းတဲ့ အဆင့် မှာ ရှိတယ်ဆိုတာ ထင်သာမြင်သာရှိစေပါတယ်။ သူ့အနေနဲ့ ချီယောင်ရီနဲ့ ဂျင်ပူကျိုကို အစက ရှုံးသွားတယ်ဆိုတာကလဲ ရိုးရိုးလေးပါပဲ ဒီနှစ်ယောက် သူ့ထက်ပိုပြီးသန်မာတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

သူ့ရဲ့ ထျန်းယွမ်လက်ဂါး ကအဒဂါရောင်အဆင့်မြင့် အဆင့် သိုင်းပညာရပ်ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်အနေနဲ့ သိုင်းပညာနည်းစနစ်အနေနဲ့ပြောရယင် အသာစီး မရယူနိုင်ပါဘူး စွမ်အင်အဆင့်အနေနဲ့ပြောရမယ်ဆိုယင်လဲ သူက လီဒေါင်ယွဲ့ထက် အဓိက ကျင့်စဉ်အဆင့်ကြီး တစ်လွှာ နိမ့်ကျနေပါတယ်။ ဒါကြောင့် လီဒေါင်ယွဲ့ ရဲ့ စွမ်းအားအပြည့်နဲ့ တိုက်ခိုက်မှုကိုရင်ဆိုင်ရတဲ့အခါမှာတော့ လင်းဟန်အနေနဲ့

အသာစီးမရယူနိုင်ပဲ့ နိမ့်ကျတဲ့ ဘက်ကိုကျသွားခဲ့ပါတယ်။

``ဒါက ဘယ်လိုကိစ္စလဲ? နည်းစနစ်အရဆိုယင် ပိုင်လီထျန်းယွမ်က လီဒေါင်ယွဲ့ ထက်တောင်ပိုပြီးသန်မာသင့်တယ် ဟုတ်တယ်မလား? လင်းဟန်က ပိုင်လီထျန်းယွမ် နဲ့ တိုက်ခိုက်တုန်းက လွယ်ကူတဲ့အချိန်တွေဖြစ်ခဲ့ပီး အခု ဘာလို့ လီဒေါင်ယွဲ့နဲ့တိုက်ခိုက်မှ သူ့အနေနဲ့ ခက်ခဲနေရတာလဲ?``

``ဖြစ်နိုင်တာက ပိုင်လီထျန်းယွမ်က အခုလိုမျိုး သူ့ရဲ့အစွမ်းကုန် ထုတ်မကြိုးစားခဲ့ လို့များလား?``

``ဒါက အတိအကျပဲဖြစ်မယ်... အဲဒီလိုမှမဟုတ်ဘူးဆိုယင် လက်ရှိအခြေအနေက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?``

``ငါအခု တကယ့်ကို စိတ်ပျက်မိတယ်။ လင်းဟန်မှာ ဘယ်လိုမျိုး နောက်ခံအင်အားရှိ နေတာမိုလို့လဲ? ဘာလို့ သူ့ရဲ့အယင် ပြိုင်ဘက်တွေအားလုံးက ဒါကို ဖုံးကွယ်ပြီးတော့ သူ့ကို အနိုင်ပေးလိုက်ကြတာလဲ?``

ပရိတ်သတ်အားလုံးက ပဟေဠိတွေဖြစ်နေကြပြီးတော့

အရမ်းကို စိတ်ပျက်နေကြပါတယ်။

လင်းဒေါင်ရှန်ကတော့ လေးနက်စွာနဲ့ မျက်မှောင်ကုပ်နေပါတယ်။ သူ့သားက ပိုင်လီထျန်းယွမ်ကို အနိုင်ယူခဲ့ပြီး ဒါကြောင့် သူ့အနေနဲ့ အဲဒီလို တားမရဆီးမရ အစွမ်းတွေနဲ့ ဆက်ပြီးတော့ သူ့ရဲ့အဆင့်ကိုတက်ပြီး တတိယနေရာကို ရယူသင့်တယ်။ အခုတော့ ဘယ်လိုကြောင့် လွှီဒေါင်ယွဲ့နဲ့ ယှဉ်ပြိုင်တဲ့အခါမှာ အရေးနိမ့်နေရတာလဲ?

လင်းဟာန်ရဲ့ နှုတ်ခမ်းဒေါင့်စွန်းမှာ အပြုံးတစ်စ ပေါ်လာခဲ့ပါတယ်။ ကြည့်ရတာ သူ့ရဲ့ စွမ်းရည်တွေကို တိုးမြှင့်လိုက်ဖို့ လိုနေပြီ။

သူ့ရဲ့ ဓါးရှည်ကို ပွေ့ယမ်းလိုက်တာနဲ့ ဓါးချီအလင်းလေးခုက အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါတယ်။]

``ဖူး::::``

ဒီအချိန်မှာ ပရိတ်သတ်အားလုံး အသက်ရှုကျပ်သလိုခံစားလိုက်ရပါတယ်။ သူတို့အားလုံး လုံးဂကို မှင်တက်အံ့ဩသွားခဲ့ပါတယ်။

ဓါးချိအလင်းလေးခု... သူတကယ်ပဲ ဓါးချိအလင်းလေးခု တောင်ရှိတယ်။

တစ်စုံတစ်ယောက်မှာ ဓါးချိအလင်းလေးခုကိုပိုင်ဆိုင်ခြင်းက သေးငယ်သောအောင်မြင်မှုအဖြစ် သတ်မှတ်နိုင်ပါတယ်။ အဲဒီလိုလူတစ်ယောက် ကို အုပ်ချုပ်သူ လို့ နာမည်ရေးထိုးနိုင်ပါတယ်။

အသက် ဆယ့်ခုနှစ်နှစ် အုပ်ချုပ်သူ............

လင်းဒေါင်ရှန်က အလွန်အံ့အားသင့်သလို ဘဂခိုက်အောင်လဲ အူမြူးသွားပါတယ်။ သူက လွှီယုထန်ဘက်ကိုလှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဟန်အာ က ဓါးချိအလင်းလေးခု ကို ထုတ်ဖော်နိုင်တယ်... မင်းဒီအကြောင်းကို အယင်ကတည်းက သိနေတာလား?

``အင်း``

လွှီယုထန် ခေါင်းငြိမ့်လိုက်ပါတယ်။ အမှန်တော့ လင်းဟန်က ဓါးချိအလင်းလေးခုကို ထုတ်ဖော်နိုင်တာက သူ

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် မှာရှိကတည်းကဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကောင်က တစ်ချိန်လုံးလိုလိုပဲ သူ့ရဲ့ အစစ်အမှန် ပါရမီနဲ့ သူ့ရဲ့ စွမ်းအားအပြည့်အဝ ကို ထုတ်ဖော်ပြသဖို့ ဆန္ဒလုံးဝမရှိပါဘူး။ ဒါကြောင့် အချိန်တိုင်း သူက ပိုပိုပြီး သူ့ရဲ့စွမ်းအင်တွေကို ထုတ်ဖော်ပြသလေလေ ၄င်းက အမြဲတမ်း အံ့အားသင့်စေဖို့အတွက် လုံလောက်ပါတယ်။

``အရမ်းကောင်းတယ်``

လီဒေါင်ရှန်က သူ့ရဲ့ ပေါင်ကို ပြင်းပြင်းထန်ထန်ရိုက်လိုက်ပါတယ်။ သူ့ရဲ့မျက်နှာမှာ တော့ စိတ်လှုပ်ရှားမှုတွေပြည့်လို့နေပါတယ်။

``ဒီငတုံးကောင်ကတော့ သူ့ရဲ့အဖေကိုတောင်မှ လုံးဝ အမှောင်ချ ဖုံးကွယ်ထားတာပဲ... ကြည့်နေ တကယ်လို့ ငါတို့အိမ်ပြန်တဲ့အခါ သူ့ကိုကောင်းကောင်းကြီးကို ဆုံးမလိုက်ဦးမယ်``

လွီယုထန်က သူမရဲ့ အပြုံးကို လက်နဲ့အုပ်ပြီး ဖုံးကွယ်ထားပါတယ်။ သူမအနေနဲ့ လင်းဒေါင်ရှန်က အခု အရမ်းကို အားရကျေနပ် ပီတိဖြစ်နေတယ်ဆိုတာကို သိတာပေါ့။ သူ့အနေနဲ့ လင်းဟာန်ကို ဘယ်လိုလုပ်ပီးတော့

အပြစ်ဖော်ဆုံးမနိုင်မှာလဲ။

``သူရဲ့အယင် ပြိုင်ဘက်တွေ အရှုံးပေးလိုက်တာ အံ့ဩစရာမရှိတော့ဘူး... ဒီကောင်လေးက ဓါးချီအလင်းလေးခုကိုတောင်မှ ထုတ်ဖော်နေနိုင်တယ်``

``သူက တူညီတဲ့ ကျင့်စဉ်အဆင့်တွေကြားမှာ အုပ်ချုပ်သူ ဆိုတဲ့နာမည် နဲ့ ထိုက်တန်ပါတယ်ကွာ``

``ငါ့အနေနဲ့ တကယ်ပဲ ဘယ်တုန်းကမှ မမျှော်လင့်ထားခဲ့ဖူး ဒီလိုမျိုး ပါရမီရှင်က ငါတို့ရဲ့ ဒုယွန်မြို့အတွင်းမှာ ထွက်ပေါ်လာလိမ့်မယ်လို့``

``ဒါက အမှန်ပဲ.. မိုးရေနိုင်ငံရဲ့ မြို့ကြီးသုံးဆယ့်ခြောက်မြို့ ထဲမှာတောင်မှ သိုင်းပညာရပ်အဆင့်မှာ ငါတို့ ဒုယွန်မြို့က အမြဲတမ်း သာမာန်အောက်မှာပဲ ရှိခဲ့တယ်။ ဒါပေမဲ့ အခု ငါတို့ရဲ့ အလယ်ထဲမှာ ဓါးချီအလင်းလေးခုကို ထုတ်ဖော်နိုင်တဲ့ ပါရမီရှင်တစ်ယောက် အမှန်တကယ်ပဲ ပေါ်ပေါက်လာခဲ့ပြီ။ သူက ငါတို့မြို့အတွက် လုံးဝ ဂုဏ်ယူရတဲ့ လူတစ်ယောက်ပဲ``

ဒီ ဓါးချီအလင်းလေးခု ပေါ်လာတဲ့အချိန်မှာ ၄င်းကြောင့်

ထွက်ပေါ်လာတဲ့ အံ့အားသင့်မှုတွေက နေရာတစ်ခုလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ နံပါတ်လေးမင်းသားနဲ့ ဂျင်ပူကျိတို့ကြားက ထိပ်တိုက်ရင်ဆိုင်မှုကို ကြည့်နေတဲလူတွေတောင်မှ ခါးချီအလင်းလေးခုကို ကြည့်ရှုဖို့အတွက် နေရာပြောင်းလာကြပါတယ်။

လီဒေါင်ယွဲ့ ရဲ့ မျက်နှာမှာ ခါးသီးနာကြည်းမှုတွေနဲ့ ပြည့်နက်လို့နေပါတယ်... သူက ဒီသုံးနှစ်အတွင်းမှာ သူ့ရဲ့ ကျင့်ကြံခြင်းအပေါ်မှာ အလွန်အမင်းကြိုးစားအားထုတ်ခဲ့ပါတယ်။ မူလက သူအနေနဲ့ ဒီတစ်ကြိမ် ဒယွန်ပြိုင်ပွဲရဲ့ ပထမနေရာကို ရယူနိုင်လိမ့်မယ်လို့ ထင်ထားခဲ့ပါတယ်။ ဒါပေမဲ့ သူမထင်မှတ်ထားခဲ့တာက သူ့ရဲ့အိမ်မက်တွေက နံပါတ်လေးမင်းသားကြောင့် ပြိုကွဲပျက်စီးသွားရလိမ့်မယ်ဆိုတာပါပဲ။ ပြီးတော့ အခု.. သူ့ထက်ငယ်ရွယ်တဲ့မျိုးဆက် ထဲမှာ ခါးချီအလင်းလေးခုကို အောင်မြင်စွာနဲ့ ထုတ်ဖော်နိုင်တဲ့ လူထူးလူဆန်းတစ်ယောက် အမှန်တကယ်ပဲ ပေါ်ထွက်လာပြီးတော့ သူ့ရဲ့ ယုံကြည်မှုတွေကို အောက်ကို ကျဆင်းသွားအောင်လို့ ခံစားလိုက်ရပါတယ်။

ဒါပေမဲ့လည်း ချက်ချင်းပဲ သူကိုသူအားတင်းလိုက်ပါတယ်။

သူ့အနေနဲ့ ဟွာယန်အကယ်ဒမီကို ဝင်ခဲ့ပြီးယင် သူ့ရဲ့ အစွမ်းကလဲ တိုးတက်မြင့်မားလာပြီးတော့ သူ့အနေနဲ့ နံပါတ်လေးမင်းသားနဲ့ ဂျင်ပူကျိုတို့ကို အမှီလိုက်နိုင်ပါလိမ့်မယ်။

``ဒီကောင်က အနက်ရောင်အဆင့်မော်ဆေးပညာရှင်သုံးဦးနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးရှိတယ်။ ဒ့ါအပြင် သူက ဓါးချီအလင်းလေးခုကိုလဲထုတ်ဖော် နိုင်တယ်။ ဘာလို့ ငါက အရှုံးမပေးပဲနဲ့ သူ့ကို မျက်နှာသာမပေးရမှာလဲ?``

လီဒေါင်ယွဲ့တွေးလိုက်ပါတယ်။

``တစ်ခြားသူတွေအားလုံးက သူ့ကို မျက်နှာသာပေးခဲ့ကြပီ..ဒါကြောင့် တကယ်လို့ ငါသာမလုပ်ခဲ့ဖူးဆိုယင်.. ဒါက လုံးဝကို ကြည့်လို့ကောင်းမှာမဟုတ်တော့ဘူး``

သူဒါကိုစဉ်းစားမိလိုက်တာနဲ့ ချက်ချင်းပဲနောက်ဆုတ်ပီးတော့ သူ့ရဲ့လက်တွေကို ဆုပ်ပြီး ပြောလိုက်ပါတယ်။

``အကိုလင်းက အသက် ၁၇ နှစ်နဲ့ ဓါးချီအလင်းလေးခုကို

ထုတ်ဖော်နိုင်တဲ့ ပါရမီရှင်စစ်စစ် တစ်ယောက်ပါပဲ..ကျနော့်အနေနဲ့ သင့်ရဲ့ အောင်မြင်မှုအတွက် အရမ်းကို အားကျမိပါတယ်။ ဒီတိုက်ပွဲက ဆက်ပြီးတိုက်ဖို့မလိုတော့ပါဘူး။ ကျနော် အရှုံးပေးပါတယ်``

``သေစမ်း``

ပရိတ်သတ်အားလုံး ညီးငယ်ထိုင်းမှိုင်းကုန်ပါတယ်။ ဒါက သူတို့အတွက် ခါးချီအလင်းလေးခုကိုနဲ့ ပါရမီရှင်တစ်ယောက်ကို မြင်ဖူးတာပထမဆုံး အကြိမ်ပါ. မင်းက တကယ်ပဲ သူနဲ့ အချိန်အနည်းငယ်ကြာအောင်ထပ်မတိုက်တော့ဘူးလား.. ငါတို့အားလုံးကို စိတ်ကျေနပ်ပျော်ရွှင်စာနဲ့ ပြီးတဲ့အထိ ကြည့်ခွင့်လေးတော့ ပေးသင့်ပါတယ် ဘာလို့ အစောကြီး အရှုံးပေးလိုက်ရတာလဲကွာ?

အပိုင်း(၇၄) နောက်ထပ်တိုက်ပွဲ

လီဒေါင်ယွဲ့ အရှုံးပေးလိုက်ခြင်းက ထင်ထားခဲ့တဲ့အတိုင်းဖြစ်လာခဲ့ပါတယ်။

တကယ်တော့ အယင်က တိုက်ခိုက်သူတွေအားလုံးက ရှုံးနိမ့်မဲ့လက္ခဏာ မရှိပဲနဲ့ အရှုံးပေးသွားကြကတည်းက လူတိုင်းလူတိုင်းက ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ ကြိုတင်ပြင်ဆင်ထားခဲ့ကြပါတယ်။ ဒ့ါအပြင် လင်းဟန်က ဓါးချီ အလင်းလေးခုကို ထုတ်ဖော်နိုင်ခဲ့ပြီး သူနဲ့ ကျင့်စဉ်အဆင့် တူတွေကြားထဲမှာ သူရဲ့ ကျင့်စဉ်အဆင့်က အနည်းငယ် နိမ့်ကျနေသည့်တိုင်အောင်ပဲ ဘယ်သူကမှ လွှမ်းမိုးနိုင်မှာမဟုတ်ပါဘူး။

``တိုက်ပွဲအတွက်ကျေးဇူးတင်ပါတယ်``

လင်းဟန်က လက်သီးဆုပ်ပြီးတော့ ယဉ်ယဉ်ကျေးကျေးပဲပြောလိုက်ပါတယ်။

သူအနေနဲ့ သူရဲ့ ပြိုင်ဘက်အားလုံးက နည်းလမ်းအကုန်သုံးပြီး သူကို ပထမနေရာ ရအောင်လုပ်ပေးနေတာလားဆိုတာကို မတွေးပဲနဲ့ မနေနိုင်ပါဘူး။

လင်းဟန်နဲ့ လွီဒေါင်ယွဲ့ တို့ကြားက တိုက်ပွဲ ပြီးဆုံးသွားတာနဲ့ လူတိုင်းသူတို့ရဲ့ အာရုံတွေ ကို နံပါတ်လေးမင်းသားနဲ့ ဂျင်ပူကျို တို့ကြားက ထိပ်တိုက်ရင်ဆိုင်ပွဲဆီသို့ လှည့်လိုက်

ကြပါတယ်။သူတို့နှစ်ယောက်စလုံးက ဟွာယန်အကယ်ဒမီမှာ သင်ကြားနေကြတဲ့ လူငယ်မျိုးဆက်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ စွမ်းရည်အသီးသီး က အရမ်းကို တကယ့်ကို ထက်မြက်ထူးချွန်ကြပါတယ်။ သူတို့နှစ်ယောက်ကြားက အစွမ်းတွေကလဲ ကြီးကြီးမားမား ကွာဟချက် သိပ်မရှိပါဘူး။

ဒါပေမဲ့ ချီယောင်ရီ က ကောင်းကင်၏သားတော် လက်သီးသိုင်းကို စတင် အသုံးပြုလိုက်တာနဲ့ ဂျင်ပူကျိုက အရေးနိမ့်တဲ့အခြေအနေဘက်ကို ချက်ချင်း ကျရောက်သွားခဲ့ပါတယ်။

ကောင်းကင်၏သားတော် ထွက်ပေါ်လာတာနဲ့ အားလုံးက ခေါင်းငုံ့ရလိမ့်မယ်။

ဒါက စိုးမိုးခြယ်လှယ်နိုင်တဲ့ အရှိန်အဝါဖြစ်ပြီးတော့ နံပါတ်လေးမင်းသား ချီယောင်ရီလို လူမျိုးကသာလျှင် ဒီနည်းစနစ်ကို ကျင့်ကြံနိုင်ပါလိမ့်မယ်။ တကယ်လို့ ဂျင်ပူကျို တောင်မှ တူညီစွာနဲ့ ဒီကျင့်စဉ်ကို လေ့ကျင့်ခဲ့မယ်ဆိုယင်တောင်မှ အသုံးမဝင်ပါဘူး။ ၄င်းရဲ့ စွမ်းအင် ထဲကိုဖောက်ဝင်ဖို့ လိုအပ်တဲ့ တော်ဝင်အမွေအနှစ်ကို သူ့အနေနဲ့ မပိုင်ဆိုင်ထားပါဘူး။

``ကောလဟာလတွေကတော့ လူမျိုးစု တစ်ခုရဲ့ နတ်ဘုရားလက်နက် ခိုးယူနိုင်ယင် အဲဒီ လူမျိုးစု ရဲ့ လွှမ်းမိုးခြယ်လှယ်နိုင်မှု အစွမ်းကို ရရှိစေနိုင်လိမ့်မယ်။ ၄င်းက ကျင့်ကြံခြင်းရဲ့ အရှိန်နှုန်းကို မြင့်တင်ပေးနိုင်ယုံသာမက ရန်သူတွေကိုရင်ဆိုင်တိုက်ခိုက် တဲ့အခါမှာလဲ တိုက်ပွဲအစွမ်းကို တိုးလာစေနိုင်တယ်.. ကြည့်ရတာ ကောလဟာလတွေက အများတော့ မဟုတ်ဘူးပဲ. ဒီလိုမင်းသားငယ်လေးက ဒီလိုမျိုးစွမ်းအားကို ပိုင်ဆိုင်နေတာပဲ``

လင်းဟန်က ခေါင်းငြိမ့်ပြီး သူ့ဘာသူတွေးတောနေပါတယ်။

လူမျိုးစုရဲ့ စွမ်းအင်ဆိုတာက စွမ်းရည်တစ်ခုဖြစ်ပြီးတော့ ဓါးချီအလင်းလေးခုနဲ့ တန်ဖိုးတူညီပါတယ်။ မိုးရေနိုင်ငံရဲ့ ပြောစကားအရဆိုယင်တော့ ဒါက အုပ်ချုပ်သူ တစ်ယောက်ရဲ့ အဆင့်အတန်းမျိုးဖြစ်ပါလိမ့်မယ်။

တကယ်လို့ ဒုယွန်ဘုရင် ကသာ ဒီလက်သီးသိုင်းပညာကို အသုံးပြုခဲ့မယ်ဆိုယင် သူက ခန့်မှန်းခြေအားဖြင့်တော့ ချီအလင်းခုနစ် ခုကို ထုတ်ဖော်နိုင်မှာဖြစ်ပြီးတော့ သူက စစ်မှန်တဲ့ တော်ဂင်အရှင်သခင်ပဲဖြစ်ပါတယ်။ စစ်မှန်တဲ့

လူမျိုးစုရဲ့ အုပ်ချုပ်သူဖြစ်ဖို့ဆို ယင်တော့ သူ့အနေနဲ့ ချီအလင်းဆယ်ခုနဲ့ ညီမျှတဲ့ အဆင့်ကို ရောက်ရှိမှသာဖြစ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ချီ ဆိုတာက သိုင်းပညာမှာတော့ ပထမခြေလှမ်းပဲ ဖြစ်ပါသေးတယ်။ အမြင့်ဆုံးအဆင့်ကို မရောက်သေးခင်မှာတော့ အလင်းတန်း ဆိုတာကို ဖြတ်ကျော်နိုင်ဖို့လိုပါတယ်။ အမြင့်ဆုံးအဆင့်ကတော့ နလုံးသား အဆင့်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆင့်ကိုရောက်ဖို့အတွက်ကတော့ သိုင်းပညာရှင် တစ်ဦးချင်းစီရဲ့ ပါရမီ နဲ့ ကိုယ်စွမ်းဉာဏ်စွမ်းတွေအပေါ်မှာလုံးဝ မူတည်နေပါတယ်။

လင်းဟန်က ဂန်ခံပါတယ်။ ဒြပ်စင်စုစည်းခြင်းလို အဆင့်နိမ့်ချိန်မှာ လူမျိုးစုရဲ့ အစွမ်းကို လုပ်ပြီးအသုံးပြု လွှမ်းမိုးခြယ်လှယ်ပြီးတော့ သူ့ရဲ့ တစ်ဦးချင်းတိုက်ပွဲအစွမ်း တိုးတက်ပြီး အဆင့်သစ် တစ်ခုကို ရောက်ဖို့အတွက် အရမ်းကို ထူးခြားဆန်းကြယ်တဲ့ ကံကြမ္မာ ရှိပါတယ်။

``ချီယောင်ရီရဲ့ လက်ရှိစွမ်းရည်ကို အခြေခံရမယ်ဆယိင် သူက နွေဦးစမ်းရေအဆင့်ကို ခြေလှမ်းတစ်ဝက်ရောက်နေပြီ.. ငါ့ရဲ့ နောက်လိုက် မိန်းကလေးက သူနဲ့

ပြိုင်ဘက်မဟုတ်သေးဘူး။ တကယ်တော့ သူမက ဓါးချီအလင်းနှစ်ခုကို ထုတ်ဖော်နိုင်ယုံပဲ ရှိသေးတယ် ဒါကြောင့်သူမက ငါပိုင်ဆိုင်ထားတဲ့အစွမ်းနဲ့ နိုင်းယှဉ်လို့ ဘယ်လိုမှမဖြစ်နိုင်သေးဘူး``

တကယ်လို့ ငါသာဆိုယင် အထီးကျန်ဂံပုလွေသေးကို သုံးပြုပြီးတော့ ငါရဲ့ အစွမ်းကို ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်ထိအောင် အဆင့်မြှင့်တင်လိုက်မယ်။ ပြီးတော့ ငါ့ကိုယ်ငါ ကောင်းကင်မှော်စာလိပ်အစွမ်းနဲ့ ကိုယ်တိုင်ကုသပြီးတော့ သူ့ကို တစ်ဖြေးဖြေး ခြင်းလှဲချရမယ်။ ငါ့မှာအခုရှိနေတဲ့ သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ် အစွမ်းနဲ့ဆိုယင် ငါ့ရဲ့ ခံစစ်ကို ဒြပ်စင်စုစည်းခြင်းအဆင့်က ဘယ်သိုင်းပညာရှင်ကမှ ထိုးဖောက် နိုင်မှာမဟုတ်ဘူး။

ငါ့အနေနဲ့ အထီးကျန်ဂံပုလွေသွေးကို အသုံးပြုတာက ပိုကောင်းတဲ့ ရွေးချယ်မှုပဲ.. ကောင်းကင်မှော်စာလိပ်က ငါ့ရဲ့ အစစ်အမှန် ဖဲှက်ဖဲဖြစ်တယ်.. တတ်နိုင်သလောက် သူ့ကို အသုံးပြုတာကနေ ရှောင်ရှားရမယ်။

သူတွေးတောနေတဲ့အချိန်မှာပဲ ချီယောင်ရီနဲ့ ဂျင်ပူကျိုတို့ရဲ့ တိုက်ပွဲက ပြီးဆုံးဖို့ နီးကပ်လာခဲ့ပါတယ်။

ကောင်းကင်၏သားတော် လက်သီးသိုင်းက ချီယောင်ရီကို အုပ်ချုပ်သူတစ်ယောက်ရဲ့ တိုက်ပွဲဝင်အစွမ်းမျိုးနဲ့ ဂျင်ပူကျိအပေါ်ကို လုံးဝ လွှမ်းမိုး ချယ်လှယ်နိုင်စွမ်းကို ပေးစွမ်းပါတယ်။ ဂျင်ပူကျိအနေနဲ့ ချီအလင်းလေးခုကို မထုတ်ဖော်နိုင်မခြင်း သူက ချီယောင်ရီရဲ့ ပြိုင်ဘက် ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

ဒီမှာ ဘာမှလုပ်စရာမရှိတော့ပါဘူး။ ချီယောင်ရီက ကောင်းမွန်တဲ့ အသာစီးရယူထားနိုင်ပြီးတော့ တော်ဝင် နောက်ခံအင်အားရှိပြီး ဒါက လွီယုထန်တောင် မှ နှိုင်းယှဥ်လို့ မရပါဘူး။

``Peng``

အဲဒီအချိန်မှာ ချီယောင်ရီက သူ့ရဲ့ ဆယ့်တစ်ချက်မြောက်လက်သီးကို ထိုးလိုက်ပါတယ်။ ဂျင်ပူကျိအနေနဲ့ ထပ်ပြီးမခုခံနိုင်တော့ပဲနဲ့ အပေးကို လွှင့်ထွက်သွားခဲ့ပါတယ်။သူ့အနေနဲ့ ပါးစပ်ကနေ သွေးအပြည့် အန်ထုတ်လိုက်ပီး ကြမ်းပြင်ပေါ်ကို ဒူးတစ်ဖက်ထောက်ကျသွားပြီးတော့ တိုက်ပွဲကို ဆက်ပြီးတော့ မတိုက်နိုင်တော့ပါဘူး။

``ငါရှုံးသွားပြီ``

ဂျင်ပုကျိုက အနည်းငယ် ဂန်မခံချင်တဲ့ ပုံစံနဲ့ တရားဝင်ကြေညာလိုက်ပါတယ်။ အမှန်အတိုင်းဆိုရလျှင်တော့ သူအနေနဲ့ အားလည်းမနည်းသိလို ပါရမီပိုင်းမှာလဲ မနည်းခဲ့ပါဘူး ... ဒါပေမဲ့ သူပြိုင်ဘက်က သူ့ထက် နောက်ခံအင်အား ပိုပြီးကောင်းမွန် တဲ့အတွက်ကြောင့်သူရှုံးသွားတာပါ။

``ဒီပြိုင်ပွဲအတွက် ကျေးဇူးတင်ပါတယ်``

ချီယောင်ရီက လက်သီးဆုပ်ပြီးတော့ ယဉ်ကျေးစွာ တုံ့ပြန်လိုက်ပါတယ်။တကယ်တော့ သူ့ရဲ့ နိုင်ပွဲက သူအောင်အောင်မြင်မြင်နဲ့ လေ့လာနိုင်ခဲ့တဲ့ ကောင်းကင်၏သားတော် လက်သီး သိုင်းကြောင့်ပဲဖြစ်ပါတယ်။ မိုးရေနိုင်ငံမှာ အင်ပါယာ မင်းသားတွေနဲ့ ဒီမှာ မင်းသားတွေအများကြီးရှိကြပါတယ်။ ဒါပေမဲ့ ဘယ်လောက်များများက ဒီလက်သီး သိုင်းနည်းစနစ်တွေကို အောင်အောင်မြင်မြင်နဲ့ လေ့ကျင့်နိုင်ခဲ့လို့လဲ?

သူ့အနေနဲ့ မလုံမလဲဖြစ်စရာအကြောင်း မရှိပဲနဲ့

ပါရမီရှင်ဆိုတဲ့နာမည်ကို ရေးထွင်း သွားခဲ့ပါတယ်။]

ဒါပေမဲ့လည်း သူတို့နှစ်ယောက်စလုံး လင်းဟန်က တတိယပြိုင်ပွဲစင်မြင့်ထက်ကို ရောက် နေတာကို မြင်လိုက်ရတော့ အံ့အားသင့်သွားကြပါတယ်။ ယခင်က သူတို့နှစ်ယောက် စလုံး သူတို့ရဲ့တိုက်ပွဲတွေကို အာရုံစိုက်နေရတဲ့အတွက်ကြောင့် လင်းဟန်နဲ့ ပိုင်လီထျန်းယွမ် လီဒေါင်ယွဲ့ တို့နဲ့တိုက်ခိုက်တာကို မမြင်ခဲ့ကြပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ လင်းဟန်က စွမ်းအားပြည့်ဂပြီးတော့ ဓါးချီအလင်းလေးခုကို တောင် ဖော်ထုတ်နိုင်တယ်ဆိုတဲ့အကြောင်းကို မသိခဲ့ကြပါဘူး။

တစ်ခြား ပြိုင်ပွဲစင်မြင့်အရှင်သခင်တွေက ပြိုင်ပွဲကို ဆက်ပြီးတော့ ကြည့်ချင်နေကြပါတယ်။ ဒါပေမဲ့ အကြီးကျယ်အမြင့်မြတ်ဆုံး လူငယ် အုပ်ချုပ်သူ နှစ်ယောက်ကြားက ယှဉ်ပြိုင်ပွဲကပြီးဆုံးသွားခဲ့ပါပြီ။ ဒါကြောင် သူတို့က ပိုကောင်းတဲ့ နေရာကို ရအောင်လို့ သူတို့ဘာသာ ဆက်ပြီးတော့ စိန်ခေါ်မှုတွေလုပ်နေကြပါတယ်။

လင်းဟန်ကို မျက်နှာသာ ပေးတာက အကြောင်းတစ်ခုပါပဲ ဒါပေမဲ့သူတို့အနေနဲ့ ပိုကောင်းတဲ့အဆင့်ကို

လိုချင်တယ်ဆိုယင် ဘယ်သူကများ မကြိုးစားကြည့်ပဲ နေနိုင်မှာလဲ?

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်နေပါတယ်။ နာရီဝက်ခန့်ကြာပြီးနောက် သူက ဂျင်ပူကျိကို စိန်ခေါ်ပါလိမ့်မယ်။

လက်ရှိ သူ့ရဲ့ဒန်တန် ထဲက နေရာလွတ်က အရမ်းကို သေးငယ်နေပါသေးတယ်။ ပြီးတော့ မူလဒြပ်စင်ငါးခုအမှုန်ရဲ့ မြင့်မားတဲ့ အစွမ်းနဲ့ လှည့်ပါတ်နေခြင်းက ပြောင်းပြန်ကျစွာပဲ သူ့ရဲ့ မူလစွမ်းအင် ကုန်ခမ်းနှုန်းကို ပိုပြီးတော့ လျှင်မြန်စေပါတယ်။ ပြင်းထန်တဲ့တိုက်ပွဲအပြီးမှာ သူက မှော်ဆေးလုံးတွေကို သူ့ရဲ့ ကုသခြင်းကို ကူညီနိုင်ဖို့ အသုံးပြုရပါတယ်။ ဒါကြောင့် ဒီ နာရီဝက်အချိန်က သူ့အတွက်တော့ အရမ်းကို အရေးကြီးပါတယ်။

သိပ်မကြာခင် နာရီဝက်အချိန်က ကုန်သွားပြီး လင်းဟန်က ခြေလှမ်းကျဲတွေနဲ့အတူ ဒုတိယပြိုင်ပွဲစင်မြင့်ထက်ဆီကိုသွားပြီးတော့ ဒီပြိုင်ပွဲရဲ့ အဆင့်နှစ်နေရာမှာရှိနေတဲ့ သိုင်းပညာရှင်ကို သွား စိန်ခေါ်လိုက်ပါတယ်။

ဒါက ကြည့်ရှုနေတဲ့ ပရိတ်သတ်တွေအားလုံးက သူတို့ရဲ့ မျက်လုံးတွေကို မမိုတ်မသုန်နဲ့ ပြူးပြီးကြည့်နေကြပြီးတော့ သူတို့အနေနဲ့ လှုပ်ရှားမှုလေးတစ်ခုကိုတောင်မှ လွဲချော် မသွားစေချင်တဲ့ ဆန္ဒတွေပြည့်နေပါတယ်။ တကယ်တော့လည်း ဒါက ဒုယွန်တစ်မြို့လုံးမှာ ပထမဆုံး လူငယ်မျိုးဆက်တွေထဲမှာ ချီအလင်းလေးခုကို ထုတ်ဖော်နိုင်တဲ့ ပထမဆုံးပါရမီရှင်ပဲဖြစ်ပါတယ်။

ဂျင်ပူကျိရဲ့ မျက်နှာပေါ်မှာ အနည်းငယ် ကသိကအောက်ဖြစ်တဲ့ အမူအရာတွေဖြစ်ပေါ်နေပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်က သူက လူပုံအလယ်မှာ လင်းဟန်ရဲ့ လှည့်စားခြင်းကို ခံခဲ့ရပြီးတော့ စိတ်ကသိကအောက် ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ သူပြန်စဉ်းစားလိုက်တဲ့အခါမှာတော့ လင်းဟန်ရဲ့ နောက်မှာ အနက်ရောင်အဆင့် မော်ဆေးပညာရှင်သုံးဦးက ရှိနေပြီးတော့ တကယ်လို့ သူအနေနဲ့ ခွင့်မလွှတ်နိုင်ပဲနဲ့ လက်စားချေဖို့ စဉ်းစားမယ်ဆိုယင်တောင်မှ သူ့ရဲ့ ဂျင်ကလန်က စီနီယာ အကြီးအကဲတွေတောင်မှ သူ့ကိုဖိအားပေးပြီး တော့ ဒီလို ရှုးနှမ်းနှမ်း အလုပ်ကို ဘယ်နည်းနဲ့မှမလုပ်ဖို့ အလျော့ပေးခိုင်းပါလိမ့်မယ်။

ပြီးတော့ ဒီကဏ္ဍမှာမှာ လူတွေလုံး၊

မဆန့်ကျင်သင့်တဲ့အုပ်စုကတော့ မှော်ဆေးပညာရှင်တွေပဲဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလိုမျိုးကြီးကြီးမားမား အရှက်ခွဲစော်ကားခံလိုက်ရတာကို သူ့အနေနဲ့ လွယ်လွယ်ကူကူနဲ့ ဘယ်လိုလုပ်ပြီးတော့ မေ့ထားလို့ရမှာလဲ?

``အရမ်းကောင်းတယ်... မင်းက ငါ့ကိုစိန်ခေါ်တဲ့သူဖြစ်လာတယ် ဒါကြောင့် ဒီအခွင့်အရေးကို အသုံးချပြီးတော့ မင်းကို ကောင်းကောင်းဆုံးမရလိမ့်မယ်.. မင်းကို တစ်ခြားနေရာမှာဆိုယင် ဒါဏ်ရာရအောင်လုပ်ဖို့ ငါ့အနေနဲ့ မတတ်နိုင်ပေမဲ့လည်း ဒါက သိုင်းပညာပြိုင်ပွဲဖြစ်လို့ ဘယ်သူကမှငါ့ကို ဘာမှပြောနိုင်မှာမဟုတ်ဘူး``

ဂျင်ပူကျိုက တွေးလိုက်ပီးတော့ သူ့ရဲ့ အကြည့်တွေက ချက်ချင်းဆိုသလို ထက်မြက် စူးရှတဲ့ပုံစံကိုပြောင်းသွားပါတယ်

``လင်းအကို.... ကျေးဇူးပြုပြီးတော့ မင်းရဲ့ သင်ကြားညွှန်ပြမှုတွေကို တောင်းဆိုပါရစေ``

သူက လက်ဖါးနှစ်ဖက်ကို အတူတစ်ကွဆုပ်ပြီးတော့ သူ့ရဲ့

လက်နှစ်ဖက် ချက်ချင်းဆိုသလို ရွှေရောင်တောက်ပလာခဲ့ပါတယ်။ဒါက အဝါရောင်အဆင့်မြင့် သိုင်းပညာနည်းစနစ် ဖြစ်တဲ့ ဂျင်ယန် လက်ဝါးသိုင်းပဲဖြစ်ပါတယ်။

လင်းဟာန်က သူ့ရဲ့ ခါးကိုပျော့ပြီးတော့ပြောလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့``

``ဟူး:::::::::::::``

ဂျင်ပူကျိုက ချက်ချင်းပဲ စွမ်းအားပြည့်ဂစ္စာနဲ့ တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။ သူ့ရဲ့ လက်ဝါးတွေက တိုက်ခိုက်မှုနဲ့အတူပျံ့သွားပြီးတော့ တောက်ပခံ့ညားတဲ့ အရှိန်အဝါတွေ လင်းလက်လို့နေပါတယ်။

လင်းဟာန်က သူ့ရဲ့ခါးကို ပျော့လိုက်တဲ့အခါမှာတော့ ခါးချီအလင်းလေးခုက ချက်ချင်းပဲ ထွက်ပေါ်လာပါတယ်။ စောစောတုန်းက သူ့အနေနဲ့ သူ့ရဲ့ စွမ်းရည်တွေကို ထုတ်ဖော်ပြခဲ့ပြီးဖြစ်လို့
နောက်ထပ်ဖုံးကွယ်ထားဖို့စိတ်ဆန္ဒလုံးဝမရှိတော့ပါဘူး။

``ဘာ.... ဓါးချီအလင်းလေးခု?``

ဂျင်ပူကျိုက အရမ်းကို အံ့ဩနေပါတယ် သူ့ရဲ့မျက်နှာက အံ့ဩမှုတွေကြောင့် တွန့်လိမ်နေပါတယ်။

ဓါးချီအလင်းလေးခု ဒါက တူညီတဲ့ ကျင့်ကြံခြင်းအဆင့်မှာတော့ အုပ်ချုပ်သူ ပဲဖြစ်ပါတယ်။ အင်ပါယာမြို့မှာတောင်မှ အရမ်းကို နည်းပါးတဲ့ လူတစ်ချို့ကသာလျှင် ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ ချီအလင်းလေးခုကို ပိုင်ဆိုင်နိုင်ပြီးတော့ သူတို့အားလုံးဟာလဲ စွမ်းအားကြီးမားတဲ့ အဖွဲ့အစည်းက သက်ကြီးပိုင်းလူကြီးမျိုးဆက် ထဲကပဲဖြစ်ပါတယ်။ ဂျင်ပူကျိုအနေနဲ့ ဘယ်လိုလုပ်ပြီး အလွန်အကျွံ မအံ့ဩပဲ နေနိုင်မှာလဲ?

ဒါပေမဲ့ သူချက်ချင်းဆိုသလို သတိပြုမိလိုက်တာက ပရိတ်သတ်တွေထဲမှာ သူတို့က အနည်းငယ်မှတောင် အံ့အားသင့်တဲ့အမူအရာမရှိကြပဲနဲ့ သူတို့ရဲ့ ခြေထောက်တွေကို စိတ်လှုပ်ရှားပြီးခုန်ပေါက်ကာ တစ်ချို့ကတော့ သူတို့ရဲ့လက်မောင်းတွေကို မြှောက်ပီးတော့ လေးစားတဲ့အကြည့်တွေနဲ့ ကြည့်နေတာကို သူတွေ့လိုက်ရပါတယ်။

ဟော့ ဟော့ ဟော့ ဒါက ခါးချီအလင်းလေးခုလေ ... မင်းတို့တွေ ဒါကို မမြင်ကြဘူးလား?

ဖြစ်နိုင်တာက သူကပဲ အမြင်တွေမှားနေတာများလား?

ဂျင်ပူကျိရဲ့ နှလုံးသားထဲမှာ သံသယတွေ မြင့်တက်လိုလာခဲ့ပါတယ်။ တကယ်တော့ ခါးချီအလင်းလေးခုကို ထုတ်ဖော်နိုင်တယ်ဆိုတာ အရမ်းကို ရှားပါးလွန်းတယ်မဟုတ်ဘူးလား? တကယ်လို့ ဒါက အင်ပါယာမြို့မှာ ထွက်ပေါ် လာခဲ့ယင်တောင်မှ ကြီးမားတဲ့ ဆူပူအုံကြွအားပေးမှုကို ဖန်တီးနိုင်ဖို့အတွက် လုံလောက်ပါတယ်။ ဒီနေရာက လူတွေကတော့ တည်ငြိမ်နေပြီးတော့ သူကတော့စိတ်ရှုပ်ထွေးလို့နေပါတယ်။

ပုံမှန်တော့ ယခု သူ့လိုပဲ ပရိတ်သတ်တွေကလဲ တူညီတဲ့အံ့အားသင့်မှု အတွေ့အကြုံရရှိ ပြီးခဲ့ပီဆိုတာကို သူကတော့ လုံးဝမသိနိုင်ပါဘူး။

ကျေးဇူးတင်ရမှာကတော့ ဒီနေရာမှာ သူ့လိုမျိုးပဲ အရမ်းကို အံ့သြနေတဲ့အမူအရာတွေ ထွက်ပေါ်နေတဲ့ လူတစ်ယောက်လည်းရှိနေပါတယ်။ ဒါပေါ့

တစ်ခြားဘယ်သူဖြစ်နိုင်မှာလဲ သူကတော့ ချီယောင်ရီပါ။

သူ့ရဲ့ ပါးစပ်ကအံ့အားလွှန်းလို့ ဟနေပြီးတော့ လင်းဟန်ကို လုံးဝကြက်သေသေနေတဲ့ အမူအရာနဲ့ ကြည့်နေပြီး သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာတော့ ထူးဆန်းတဲ့ အပြုံးတစ်ခုဖြစ်ပေါ်ဖြစ်နေပါတယ်။

ဂျင်ပူကျိုက သူ့ရဲ့ အံ့အားသင့်မှုကနေပြန်ပြီးသတိဝင်လာချိန်မှာတော့ သူ့ရဲ့ တိုက်ခိုက်မှုကို ဆက်ပြီးလုပ်လိုက်ပါတယ်။ ဘာဖြစ်သေးလဲ တကယ်လို့ လင်းဟန်အနေနဲ့ ဓါးချီအလင်းလေးခုရှိတော့ရော ဘာဖြစ်လဲ? လင်းဟန်ရဲ့ ကျင့်စဉ်အဆင့်က အရမ်းကို နိမ့်ကျတာပဲ။ သူ့အနေနဲ့ လုံးဝ မရှုံးနိမ့်နိုင်ဘူး ဘာလို့လဲဆိုတော့လင်းဟန်က ဓါးချီအလင်းလေးခုကို ထုတ်ဖော်နိုင်တဲ့အတွက် သူ ကအံ့အားသင့်ယုံပဲရှိတာပါ။

တိုက်ခိုက်နေသူနှစ်ဦးက ပြင်းထန်တဲ့ တိုက်ပွဲကို ဆက်လက်ယှဉ်ပြိုင်နေပါတယ်။

အပိုင်း (၇၅) ထိပ်ဆုံးအတွက် တိုက်ပွဲ

ဂျင်ပူကျို က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အထွတ်အထိပ်အဆင့် ရဲ့ စွမ်းအားကို ပိုင်ဆိုင် ထားပြီးတော့

ဒီကျင့်ကြံခြင်းအဆင့်မှာ သင်ယူထားတဲ့ အဂါရောင်အဆင့်မြင့် အဆင့် သိုင်းပညာနည်းစနစ်ကလည်း အရမ်းကို စွမ်းအားပြည့်ဝတဲ့ သိုင်းပညာရပ်တစ်ခုပဲဖြစ်ပါတယ်။ ဒါ့အပြင် သူက ချီအလင်း နှစ်ခုကို ထုတ်ပေါ်နိုင်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေကြားထဲမှာတော့ သူက အုပ်ချုပ်သူအဆင့်နဲ့ လုံးဝကို နီးကပ်နေတဲ့ လူတစ်ယောက်လည်းဖြစ်ပါတယ်။

ကံမကောင်းတာက သူ့ရဲ့ ပြိုင်ဘက်က လင်းဟာန်ဖြစ်နေပါတယ်။

ဂျင်ပူကျိုက သူ့အနေနဲ့ ချီယောင်ရီနဲ့ နောက်တစ်ကြိမ် ရင်ဆိုင်နေရသလိုမျိုး ခံစားနေရပါတယ်။ လုံးဝမတူညီတဲ့အချက်တစ်ခုကတော့ ချီယောင်ရီက စွမ်းအင်အဆင့်မှာ ပိုမိုသန်မာပြီးတော့ ကျန်တဲ့နေရာတွေမှာ လင်းဟာန်က ချီယောင်ရီ အောက် လုံးဝ မကျပါဘူး. လင်းဟာန်အနေနဲ့ တုံ့ပြန်မှုအရှိန်နဲ့ လျှင်မြန်မှုတို့မှာ ချီယောင်ရီထက်တောင် ပိုကောင်းနေပါသေးတယ်။

ဒါက တကယ်ပဲ အသက် ၁၇ နှစ်ပဲရှိသေးတဲလူဆိုတာသေချာရဲ့လား?

ပါရမီ က အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့အရာပါပဲ။

ဒီအခိုက်အတန့်မှာတော့ ဂျင်ပူကျိုက လက်စားပြန်ချေဖို့ အတွေးတွေ အားလုံးကို နောက်ဆုံးမှာတော့ စွန့်လွှတ်လိုက်ပါပြီ။ သူက သူ့ရဲ့ ညီနဲ့အတူတူ လင်းဟန်ဆီကို သွားပြီးတော့တောင်မှ တောင်းပန်ပြီးတော့ သူတို့ကြားက မကောင်းတဲ့ ခံစားချက်တွေ ကို နောက်ထပ် မရှိရလေအောင်လို့ ဖြေရှင်းဖို့အတွက်တောင် ဆုံးဖြတ်လိုက်ပါတယ်။

ဒါက ဘာကြောင့်လဲဆိုတော့ လင်းဟန်အနေနဲ့ အနာဂါတ်မှာ ထိတ်လန့်ကြောက်မက် ဖွယ်ရာကောင်းလောက်အောင်ကိုပဲ အောင်မြင်မှုတွေကို သေချာပေါက် ရရှိမှာဖြစ်ပြီးတော့ သူ့ထက်တောင်မှ သာလွန်သွားမဲ့ လူတစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာ ဆိုတာအာမခံချက် အပြည့်ရှိတဲ့သူတစ်ယောက်ပါ။

ဒ့ါအပြင် သူ့အနေနဲ့ ဒီလိုမျိုးပြိုင်ဘက်ကို အမြစ်ပြတ်သုတ်သင်ပစ်ဖို့ ဆိုတာ ဘယ်လိုမှ နည်းလမ်းမရှိတဲ့ အပြင် အကောင်းဆုံး အကြံစည်ကတော့

သူတို့တွေကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးကို တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီလို ထူးချွန် တဲ့ လူတစ်ယောက်နဲ့ ရန်သူတွေ ဖြစ်လာမှာကို လုံးဝ မလိုလားပါဘူး။

တိုက်ပွဲကဆက်ပြီးတော့ဖြစ်နေပါသေးတယ်။ အဲဒီအချိန်မှာ လင်းဟန်အနေနဲ့ သူ့မှာရှိတဲ့ စွမ်းရည်အကုန်လုံးဖြစ်တဲ့ အထီးကျန်ဂံပုလွေသွေးနဲ့ ကောင်းကင်မှော်စာလိပ်ကို အသုံးပြုပြီးတော့ တိုက်ပွဲကို ခွန်အားအပြည့်နဲ့ တိုက်ခိုက်ဖို့ စတင်လိုက်ပါတယ်။

ကံမကောင်းစွာနဲ့ပဲ မူလဒြပ်စင်ငါးခုအမှုန်ရဲ့ မူလစွမ်းအားတွေ ကုန်ခမ်းနေမှုက အရမ်းကို လျှင်မြန်ပြီးတော့ သူ့ကို နောက်ထပ် ဖွတ်တရွတ် လုပ်ဖို့ ခွင့်ပြုမှာ မဟုတ်တော့ပါဘူး။

တကယ်လို့သူသာ အမှောင်လမြက် ကိုသာ ရရှိခဲ့မယ်ဆိုယင် အရမ်းကို ကောင်းမှာပါ။ ၄င်းက သူ့ရဲ့ ဒန်တန်ထဲက နေရာလွတ်ကို အကြိမ်များစွာ ချဲ့ဖို့အတွက် ကူညီနိုင်ပါတယ်။

အကွက်ပေါင်းတစ်ရာကျော်ခန့် တိုက်ခိုက်ပီးတဲ့အခါမှာ သူတို့နှစ်ယောက်စလုံးက ညီမျှ တဲ့အခြေအနေကို ဆက်ပြီးတော့ ထိန်းသိမ်းထားနိုင်နေပါသေးတယ်။

ဂျင်ပူကို အနေနဲ့ မစဉ်းစားပဲနဲ့မနေနိုင်ပါဘူး....

``ဒီကောင်ရဲ့ အနောက်မှာ အနက်ရောင်မှော်ဆေးပညာရှင်သုံးဦးကရှိနေတယ်... ဒါ့အပြင် ဘယ်လိုနည်းနဲ့ ငါက ပထမနေရာအတွက် လုပ်နိုင်မှာမဟုတ်တော့ဘူး..........``

သူမတိုင်ကလူတွေအတိုင်းပဲ တူညီစွာနဲ့ သူက တိုက်ပွဲကို အရှုံးပေးပီးတော့ လင်းဟန်ကို မျက်နှာသာပေးလိုက်ဖို့ကို ရွေးချယ်လိုက်ပါတယ်။ ဒီနည်းလမ်းက သူ့ရဲ့ ညီကို ခေါ်ပြီးတော့ လင်းဟန်ဆီကို သွားလည်ပြီး တောင်းပန်တဲ့အခါကျယင် သူတို့တွေရဲ့ ကြားက ကျန်နေတဲ့ မကောင်းတဲ့ ခံစားချက်တွေကို လွယ်ကူစွာနဲ့ ဖြေရှင်းနိုင်ပါလိမ့်မယ်။

``လင်းအကိုက သိုင်းပညာရပ်မှာ လက်ဖျားခါလောက်အောင် ထူးချွန်တာပဲ.. ကျနော် အရှုံးပေးပါတယ်ဗျာ``

သူက အနောက်ဘက်ကို ဆုတ်ပြီး လက်တွေကို ဆုပ်ပြီးတော့ သူ့ရဲ့ အရှုံးကို တရားဝင် ကြေညာလိုက်ပါတယ်။

လင်းဟန်အနေနဲ့ အထီးကျန်ဂံပုလွေရဲ့သွေးကို စတင်လှည့်ပါတ်လိုက်ပီးတော့ သူ့ရဲ့ ပြိုင်ဘက်ကို ချက်ချင်းအနိုင်ယူဖို့အတွက် ဆောင်ရွက်ချက်က အခုတော့ လုံး၀ အလဟဿ ဖြစ်သွားခဲ့ပါပြီ။ သူက ဂျင်ပုကျိက သူ့ရဲ့ ကိုယ်ပိုင် သဘောဆန္ဒနဲ့ အမှန်တကယ် အရှုံးပေးလိမ့်မယ်လို့ မမျှော်လင့်ထားဘူးလေ။ သူ့ပြိုင်ဘက်ရဲ့ သူငယ်ချင်းတစ်ယောက်လို လက္ခဏာ ကိုမြင်လိုက်ရတော့ သူက ခေါင်းငြိမ့် တုံ့ပြန် ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီတိုက်ပွဲအတွက် ကျေးဇူးတင်ပါတယ်``

ဘယ်သူမဆို အမှားပြုလုပ်နိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ ဖြစ်နိုင်မယ်ဆိုယင် သူတို့ကို ခွင့်လွှတ်လိုက်တာက အမြော်အမြင်ရှိတယ်လို့ ဆိုရပါမယ်။

``တကယ်လုံလောက်သွားပြီ... နောက်ထပ် အရှုံးပေးတာတစ်ခု``

``ဖြစ်နိုင်တာကတော့ လင်းဟန်သင်ယူတတ်မြောက်ထားတဲ့ သိုင်းပညာတွေထဲမှာ

သူရဲ့ပြိုင်ဘက်က အရှုံးပေးသွားစေနိုင်တဲ့ အထူးစွမ်းရည် တစ်ခုခုများရှိနေသလားမသိဘူးနော်?``

``ဟားဟားဟား..တကယ်လို့ မင်းသာ လင်းဟန် လို ပါရမီပါပြီးတော့ ခါးချီအလင်း လေးခုကို ထုတ်ဖော်နိုင်ခဲ့မယ်ဆိုယင် ငါလည်းပဲ မင်းရဲ့အရှေ့မှာ အရှုံးပေးကြောင်း ကြေညာမိမှာပဲ``

``ဟူး.. ခါးချီအလင်းလေးခုကို ဘယ်လိုလုပ်ပြီးတော့များ လွယ်လွယ်ကူကူနဲ့ ဖော်ထုတ်နိုင်တာပါလိမ့်?``

ပရိတ်သတ်တွေအားလုံးဟာ လင်းဟန်အနေနဲ့ အမှန်တကယ်ပဲ နောက်ထပ်တစ်ဆင့်ကို တက်သွားခဲ့တဲ့အတွက် အရမ်းကို အံ့အားသင့်ပြီးတော့ ကျောက်ရုပ်လို မှင်သက်နေတဲ့ ခံစားချက်ကိုပါ တစ်ပြိုင်နက်တည်း ခံစားနေကြပါတယ်။ ဒါ့အပြင် သူတို့ရဲ့ စိတ်ထဲမှာ ဒီမြင်ကွင်းက အကြိမ်ပေါင်းများစွာ ပြသနေပါတယ်။

ကျေးဇူးတင်စွာနဲ့ပဲ လင်းဟန်မှာ နောက်ဆုံးပြိုင်ဘက် တစ်ယောက်ပဲ ကျန်ပြီးတော့ တကယ်လို့ ချီယောင်ရီတောင်မှ အရှုံးပေးလိုက်မယ်ဆိုယင်

သူတို့အနေနဲ့ နောက်ဆုံး အကြိမ် အံ့အားသင့်တဲ့ အတွေ့အကြုံကို ရရှိဦးမှာပဲဖြစ်ပါတယ်။

``ကောင်းတယ်``

လင်းဒေါင်ရှန်က သူ့ရဲ့လက်တွေကို တင်းကျပ်စွာနဲ့ဆုပ်ထားပြီးတော့ စိတ်လှုပ်ရှားပြီး အနည်းငယ် မှင်တက်အံ့သြနေပါတယ်။ သူ့သားက ဒီလိုမျိုး အောင်မြင်မှုတွေကို ရယူနိုင်မဲ့ ကံကြမ္မာရှိနေမှတော့ သူ့အနေနဲ့ ဘာများပြောနိုင်မှာလဲ။ သူက လွန်ခဲ့တဲ့နှစ်လက သူ့သားအနေနဲ့ ပထမနေရာကို ရအောင်ယူမယ်လို့ တရားဝင်ကြေညာ ထားတာကို ပြန်ပြီးတော့ စဉ်းစားမိလိုက်တဲ့အခါမှာတော့ လုံးဝ ယုံရခက်နေခဲ့ပါတယ်။ ဒါပေမဲ့ အခုရောဘယ်လိုလဲ?

ပထမနေရာက လက်နဲ့ အရမ်းကို နီးကပ်နေပါပြီ။

တကယ်လို့ သူ့အနေနဲ့ ချီယောင်ရီက အရမ်းကို စွမ်းအားပြည့်ဝပြီးတော့ ကောင်းကင်၏ သားတော် လက်သီးသိုင်းက ခါးချီအလင်းလေးခုနဲ့လည်း တန်းတူညီနေပြီး သူ့ရဲ့ ကျင့်စဉ်အဆင့်က လင်းဟန်ရဲ့ လက်ရှိ ကျင့်စဉ်အဆင့်ထက် အပေါ်မှာ ဝေးကွာ နေတာကို

သိပေမဲ့လည်း သူ့အနေနဲ့ မျှော်လင့်ချက် အလင်းရောင်ရှိနေတာကို တားမရခဲ့ပါဘူး။

တကယ်လို့ သူ့သားကသာ မဖြစ်နိုင်တာကို တကယ်ပဲ ထပ်ပြီး လုပ်ပြခဲ့မယ်ဆိုယင်ရော

ပထမနေရာ။

သူဟာ အငေးကြီးကနေ လာခဲ့ရတာဖြစ်ပြီးတော့ ပထမနေရာအတွက်ကို လုံးဂကိုပဲ ရည်ရွယ်ထားတာပဖြစ်ပါတယ်။ တကယ်လို့သူ့အနေနဲ့ စိန်ခေါ်မှု မလုပ်ခဲ့ဘူးဆိုယင် သူ့ရဲ့ ကျန်နေတဲ့ ဘဂသက်တမ်းတစ်လျှောက်လုံး နောင်တရနေပါလိမ့်မယ်။

တစ်ခြား စင်မြင့်အရှင်သခင်တွေကလဲ တိုက်ပွဲတွေဆက်ပြီး ယှဉ်ပြိုင်နေကြပါတယ်။ ဒါပေမဲ့ ဒီပြိုင်ပွဲတွေကိုတော့ လူအနည်းစုကသာ ဆက်ပြီးကြည့်နေကြတာပဲဖြစ်ပါတယ်။ လူတိုင်းလူတိုင်းက အသက်ကို ဖြေးဖြေးရှူရင်းနဲ့ နောက်ဆုံးတိုက်ပွဲကို တိုက်ခိုက်ဖို့ အတွက် လင်းဟန်အနေနဲ့ ပြန်လည် အနားယူအားဖြည့်တာကို စောင့်နေကြပါတယ်။

လင်းဟန်အနေနဲ့ နောက်ထပ် အံ့အားသင့်ဖွယ်ရာကို

ဆက်ပြီး ဖန်တီးနိုင်ပြီးတော့ ဒီတစ်ကြိမ် ဒုယွန်ပြိုင်ပွဲရဲ့ အကြီးမားဆုံး ဖျက်မြင်းတစ်ကောင် ဖြစ်လာနိုင်မလား? ဒါမှမဟုတ် နံပါတ်လေးမင်းသားကပဲ နောက်ဆုံးမှာ ရှိမောသူဖြစ်ပြီးတော့ ဒုတိယနေရာ ဆိုတဲ့ ခေါင်းစဉ်ကို လင်းဟန်ကိုပဲ ပေးအပ်ပြီး ချန်ထားရစ်ခဲ့မလား?

လင်းဟန်အနေနဲ့ အနားယူဖို့အတွက် အချိန်က လုံလောက်တာထက်ကို ပိုနေပါတယ်။ ပြီးတော့ နာရီဝက်နားပြီး ဆက်တိုက် စိန်ခေါ်ရမယ်ဆိုပြီး အဲဒီအတွက် အထူးစည်းမျဉ်းစည်းကမ်း တွေမရှိပါဘူး။

သူ့ရဲ့ အကောင်းဆုံးအခြေအနေကို ချီယောင်ရီကို စိန်ခေါ်မှုမစတင်ခင်မှာ ပြန်လည်ကုသ လို့ပြီးသွားပါပြီ။

ဒါပေမဲ့လည်း အချိန်တော်တော်ကြာသည့်တိုင်အောင် ... လင်းဟန်က စိန်ခေါ်ဖို့ အတွက် ကို နည်းနည်းလေးမှု မလှုပ်ရှားခဲ့ပါဘူး... ပရိတ်သတ်တွေက သူ့ကို လောလော နဲ့ စိန်ခေါ်ဖို့အတွက် မလုပ်ခိုင်းခဲ့ပါဘူး။ သူတို့အနေနဲ့ ကောင်းကောင်းသိထားပါတယ်။ တကယ်လို့ လင်းဟန်အနေနဲ့ သူ့ရဲ့ အကောင်းဆုံးအခြေအနေကို ပြန်လည် ကုသရောက်ရှိလို့ လာခဲ့ယင် သူနဲ့ နံပါတ်လေးမင်းသား ရဲ့ အံ့ဩစရာအကောင်းဆုံး တိုက်ပွဲကို

ကြည့်မြင်ရမှာပါ။

နောက်ထပ် တစ်နာရီ ကုန်သွားတဲ့အခါမှာတော့ လင်းဟန်က နောက်ဆုံး ထရပ်လိုက်ပါတယ်။

``ဒီကိုလာကြဟေ့ ... ဒီကိုလာကြ``

ပရိတ်သတ်တွေအားလုံးက စိတ်လှုပ်ရှားစွာနဲ့ ချက်ချင်းပဲ ပြေးလာကြပါတယ်။

``နံပါတ်လေးမင်းသား... ပြိုင်ပွဲစကြရအောင်``

လင်းဟန်က ပထမပြိုင်ပွဲစင်မြင့်ပေါ်ကို ခုန်တက်လိုက်ပြီး ချီယောင်ရီကို စိန်ခေါ်လိုက်ပါတယ်။

``လင်းအကို ... ကျေးဇူးပြုပြီး``

ချီယောင်ရီက ပြုံးပြီးတော့ တိုက်ပွဲကိုစဖို့ လှုံ့ဆော်လိုက်ပါတယ်။

တကယ်တော့ သူ့မတိုင်ခင်က လူတွေအားလုံးက သူတို့ရဲ့ တိုက်ပွဲတွေကို အရှုံးပေးသွားရတာက လင်းဟန်ရဲ့နောက်မှာ

အနက်ရောင်အဆင့် မော်ဆေးပညာရှင် သုံးဦး ရပ်တည်ပေးနေတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ သူရော ဒီတိုက်ပွဲမှာ အရှုံးပေး လိုက်သင့်သလား ဒါမှမဟုတ် အရှုံးမပေးသင့်ဘူးလား?

တကယ်လို့ သူအရှုံးပေးလိုက်မယ်ဆိုယင် ဘာဖြစ်မလဲ? ဒုယွန်ပြိုင်ပွဲရဲ့ သုံးနှစ်မှာ တစ်ကြိမ်ကျင်းပတဲ့ ဒီပြိုင်ပွဲရဲ့ ပထမနေရာအတွက် ရရှိမဲ့ ဆုလက်ဆောင်က သူ ငမ်းငမ်း တက်လိုချင်နေတဲ့ အမှောင်လမြက်ဖြစ်ပြီးတော့ ဒါက သူ့ကို နွေဦးစမ်းရေအဆင့်ကို ချက်ချင်းပဲ ချိုးဖျက်ဝင်ရောက်အောင် ကူညီပေးနိုင်ပြီးတော့ သူ့ရဲ့ ကျင့်စဉ် အချိန်ကို အနည်းဆုံး နှစ်နှစ် သို့ သုံးနှစ် ထိအောင် ကူညီလျော့ချပေးနိုင်ပါတယ်။

ဒါပေမဲ့ တကယ်လို့ သူအရှုံးမပေးခဲ့ဘူးဆိုယင် ဘာဖြစ်မလဲ? ကျန်တဲ့သူတွေ အားလုံးက သူတို့ရဲ့ တိုက်ပွဲတွေကိုအ ရှုံးပေးပြီး သူက အရှုံးမပေးခဲ့ဘူးဆိုယင် ဒါက သူ့အနေနဲ့ လင်းဟန်ကို မျက်နှာသာမပေးတဲ့သဘောဖြစ်သွားပါမယ်။

တကယ်လို့ဒီနေရာမှာ တစ်ခြားလူသာဆိုယင် ဒါက ကောင်းပါတယ်။ ဒါပေမဲ့ ချီယောင်ရီ ကတော့ ကြီးမားတဲ့ ရည်မှန်းချက်ရှိပါတယ်။ သူ့အနေနဲ့ ထင်ရှားကျော်ကြားတဲ့ အရှင်သခင်ဖြစ်လာနိုင်သူတစ်ယောက်....ပြီးတော့

ထင်ရှားကျော်ကြားတဲ့ အရှင်သခင် တစ်ယောက်က ပညာရှိတွေကို လုံးဝရှိသေလေးစားရမဲ့အပြင် နေရာတိုင်းက ပါရမီရှင်တွေ ကိုလဲ စုစည်းသိမ်းသွင်းရပါမယ်။ အထူးသဖြင့် လင်းဟန်လို ပါရမီရှင် မျိုးပါ..သူနဲ့ လင်းဟန်ကြားမှာ ပြဿနာ ဖြစ်ပေါ်စေမယ်ဆိုယင် ဒါက တကယ့်ကို ဆိုးဂါးတာပါပဲ။

ဒါကြောင့် ချီယောင်ရီအနေနဲ့ စုပ်လဲဆူး စားလဲရူးအခြေအနေဖြစ်နေပြီးတော့ အကျပ်မရိုက်ပဲနဲ့ ဘယ်နေလိမ့်မလဲ။

နောက်ဆုံး... ချီယောင်ရီက သူရဲ့ အကောင်းဆုံးအစွမ်းကို ထုတ်ဖော်ဖို့အတွက် ဆုံးဖြတ်လိုက်ပါတယ်။ တကယ်လို့ အဆိုးတကာ့အဆိုးဆုံးဖြစ်လာခဲ့မယ်ဆိုယင် သူက အနက်ရောင်လ မြက် ကနေပြီး မှော်ဆေးလုံးကို ဖော်စပ်ဖို့ တာဝန်စေခိုင်းပြီးယင် သူ့အနေနဲ့ လင်းဟန်ကို တစ်လုံးပေးရပါမယ်။

``ကျေးဇူးပြုပြီး``

လင်းဟန်က သူ့ခါးကို ပွေ့လိုက်ပီး ခါးချီအလင်းလေးခုက ထွက်ပေါ်လာခဲ့ပါတယ်။

ချီယောင်ရီက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ ကောင်းကင်ဓါးသားတော် လက်သီးသိုင်းနည်းစနစ်ကို စတင်အသုံးပြုလိုက်ပါတယ်။ သူရဲ့ လှုပ်ရှားမှုတွေက အရမ်းကို ကြီးမားပြီးတော့ လက်သီးတစ်ချက်ဟာဆိုယင်တော့ သူရဲ့ လမ်းကြောင်းမှာ တောင်တစ်ခုက ပေါ်လာခဲ့မယ်ဆိုယင်တောင်မှ အရာအားလုံးကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါတယ်။ ပိုပြီးတော့ ကြောက်စရာကောင်းတဲ့အချက်ကတော့ သူရဲ့ လက်သီးပါတ်လည် မှာ ချီ အလွှာသုံးခုက လွှမ်းခြုံထားပါတယ်။

လူမျိုးစုရဲ့ အစွမ်းကို ၄င်းဆီမှာ လွယ်လွယ်ကူကူနဲ့ ပေါင်းထည့်ဖို့ မဖြစ်နိုင်ပေမဲ့လည်း ၄င်းရဲ့ ခွန်အားက ဓါးချီအလင်းလေးခုနဲ့ တူညီတဲ့ခွန်အားမှာရှိပါတယ်။

ပရိတ်သတ်အားလုံးက အံ့အားသင့်နေကြပါတယ်။ ဒါဆို ချီယောင်ရီက အယင်တုန်းက သူရဲ့ စွမ်းရည်အပြည့်အဝကို ထုတ်ဖော်မပြခဲ့ပဲနဲ့ အခုမှ နံပါတ်လေးမင်းသားရဲ့ စွမ်းအား အစစ်အမှန်ကို မြင်တွေ့ရတာပဲဖြစ်ပါတယ်။

အရမ်းကို စွမ်းအားကြီးတာပဲ။ လင်းဟန်က ဒါကို

ဆန့်ကျင်ပြီးတော့ ဘယ်လိုလုပ် အနိုင်ရမှာလဲ?တကယ်လို့ သူ့ရဲ့ပြိုင်ဘက်က နွေဦးစမ်းရေအဆင့်နဲ့ နီးကပ်နေပြီးတော့ ချီကိုသာ မထုတ်ဖော်နိုင်ဖူးဆိုယင်တော့ ချီယောင်ရီနဲ့ ပြိုင်ဘက်ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

``Peng Peng Peng``

ကြီးမားတဲ့ လက်သီးတွေကနေ အဆက်မပြတ် တိုက်ခိုက်မှုတွေ ထွက်ပေါ်လာပြီးတော့ လင်းဟန် က အနောက်ကို အဆက်မပြတ် ဆုတ်ပေးလိုက်ရပါတယ်။ ဒါပေမဲ့လည်း ဒီလိုတိုက်ခိုက်မှုမျိုးက သူ့ရဲ့ ခန္ဓာကိုယ်ကို ဒါဏ်ရာ အနာတရ ရအောင်လို့လုံးဝ မလုပ်နိုင်ပါဘူး။

သေခြင်းသစ်ပင် ခန္ဓာကိုယ်။

လင်းဟန်က အနည်းငယ် ရင်သပ်ရှုမောဖြစ်သွားပါတယ်။ တကယ်လို့သူ့အနေနဲ့ သွေးမထွက်ဖူးဆိုယင် အထီးကျန်ဂံပုလွေသွေးလှည့်ပါတ်ဖို့ ဘယ်လိုထောက်ကူပေး ရမှာလဲ? သူစိတ်ပျက်သွားပါတယ်။ ဒါကြောင့် ဒီခံစစ် အရမ်းကို သန်မာအားကောင်း နေတာက သူ အထီးကျန်ဂံပုလွေရဲ့သွေးကို အသုံးပြုဖို့အတွက် အမှန်တကယ် ပြဿနာ တစ်ခုဖြစ်ပြီးတော့ လုံးဝကို

မလိုအပ်တဲ့ အရာတစ်ခုဖြစ်နေပါတယ်။

သူက ကျယ်လောင်စွာအော်ဟစ်ပြီးတော့ သူ့ရဲ့ လျှာကို ပြင်းထန်စွာကိုက်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ကိုက်ထားတဲ့နေရာကနေ သွေးတွေစီးလာပြီးတော့ သူ့ရဲ့ ပါးစပ်ထဲကို ဝင်သွားပါတယ်။ နောက်ဆုံးတော့ သူ သွေးစတင်ထွက်လာပါပြီ

``ဟူး`

သူ့ခန္ဓာကိုယ်ထဲက မူလဒြပ်စင်ငါးခုအမှုန်က ချက်ချင်းပဲ မြန်မြန်ဆန်ဆန်လှည့်ပါတ်လာပီးတော့ သူ့ရဲ့ အစွမ်းကို နောက်ထပ်အဆင့်အသစ် တစ်ခုဆီကို တိုးလာစေခဲ့ပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်။

ကျင့်စဉ်အဆင့်ပိုမြင့်လာပြီးတော့
အထီးကျန်ဂံပုလွေသေးကနေပြီး စွမ်းအင်အနည်းငယ် အဆင့်မြှင့်တင်ပေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက လုံလောက်ပီ

လင်းဟန်က သူ့ရဲ့ သံမဏိဓါးကို ဆုပ်ကိုင်ထားပြီးတော့

အံ့အားသင့်စရာကောင်းတဲ့ လျှပ်စီးဓါးသိုင်းကို အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။

``ဒင် ဒင် ဒင် ဒင် ဖန်း ဖန်း ဖန်း ဖန်း``

တိုက်ခိုက်နေသူနှစ်ဦးဟာ ပြင်းထန်တဲ့ထိပ်တိုက်ရင်ဆိုင်မှုတွေနဲ့ အတူ သူတို့ရဲ့ သက်ဆိုင်ရာ အစွမ်းတွေကို သူတို့ကြိုက်နှစ်သက်သလို ထုတ်ဖော်ပြသနေခဲ့ပါတယ်။

``ဘုရားသခင်... ဒါက ဒြပ်စင်စုစည်းခြင်းအဆင့် က ဒီလောက်တောင် စွမ်းအားပြည့်ဝ ထွက်ပေါ်နိုင်လို့လား``

``ငါလည်းပဲ ဒြပ်စင်စုစည်းခြင်းအလွှာ၉ ပဲ ဒါပေမဲ့ တကယ်လို့ သူတို့ထဲက တစ်ယောက်နဲ့ တိုက်ခိုက်ရမယ်ဆိုယင် ငါ့အနေနဲ့ သုံးကွက်အတွင်းမှာပဲ ရှုံးနိမ့်သွား လိမ့်မယ်``

``တကယ်လို့ မင်းကိုယ်မင်း တခြားသူတွေနဲ့ နှိုင်းယှဉ်မယ်ဆိုယင်တော့ မင်းသာမင်း ဒေါသပဲ ထွက်နေလိမ့်မယ်။ လူငယ်မျိုးဆက်သစ်တွေက လူကြီးတွေရဲ့ နေရာကို အစားထိုးသွားခဲ့ပီလေ``

`` ငါတို့အားလုံး တကယ်ပဲ အိုမင်းသွားကြပီပဲ... ဒါက လူငယ်မျိုးဆက်တွေရဲ့ ခေတ် ဖြစ်သွားပြီ``

တိမ်မီးခိုးမြို့က ကလန်ခေါင်းဆောင်တွေ တော်တော်များများက မောပန်းသွားတဲ့ လက္ခဏာတွေဖြစ်ပေါ်နေပါတယ်။ သူတို့ထဲက အချို့က အသက် ၃၀ ၄၀ ၅၀ တွေဖြစ်ပြီး ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်သိုင်းပညာရှင်တွေပဲဖြစ်ပါတယ်။သူတို့က အဆင့်မတက်နိုင်တာက အရမ်းကို ကြာမြင့်နေပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင် မူလစွမ်းအင်တွေက ၎င်းတို့၏ အကန့်အသတ်ကို ရောက်သွားခဲ့ပါပြီ။ ဒါပေမဲ့ ဒီ လူငယ် ပါရမီရှင်နှစ်ယောက်ကို တွေ့လိုက်ရတော့ သူတို့ရဲ့ ဝေးကွာလွန်းတဲ့ အခြေအနေကြောင့် စိတ်ပျက်အားလျော့သွားကြပါတယ်။

အပိုင်း(၇၆) ပထမနေရာ

ချီယောင်ရီအနေနဲ့ အလွန့် အလွန် အံ့အားသင့်လို့နေပါတယ်။ ပထမတော့ .. သူက ဒီ ဒုယွန်ပြိုင်ပွဲရဲ့ ပါရမီရှင်လို့ ခေါ်ဆိုထားခြင်းခံရသူ အားလုံးကို လျစ်လျူ ရှု ထားခဲ့ပါတယ်။ တကယ်လို့ သူ့အနေနဲ့ အစွမ်းကုန် တိုက်စရာမလိုပဲနဲ့တောင်မှ ပထမ နေရာကို

လွယ်ကူစွာနဲ့ ရနိုင်ပါလိမ့်မယ်။ အရာတိုင်းက သူ စီစဉ်ထားတဲ့အတိုင်းပဲ သွားပါတယ်။ ဒါကလဲ လင်းဟန်လို ခေါ်တဲ့ ဖျက်မြင်းနဲ့ မတွေ့ခင် အချိန်ထိပါပဲ။

အရမ်းကို သန်မာတာပဲ။

ဒီတစ်ကြိမ်တော့ သူ့အနေနဲ့ အစွမ်းကုန်ကြိုးစားခဲ့ပေမဲ့လည်း သူက အသာစီးရယူ နိုင်မဲ့ လက္ခဏာ မမြင်သေးပါဘူး။ သူ့အနေနဲ့ ဒါကို ဘယ်လိုလုပ်ပြီးတော့ မအံ့သြပဲနေနိုင်မှာလဲ?

လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်မှာပဲရှိပါတယ်. ဒါပေမဲ့ သူက ဒီလောက် ပမာဏထိအောင် စွမ်းအားပြည့်ဝနေပါတယ်။ ထို့နောက် သူသာ ဒြပ်စင်စုစည်းခြင်းအလွှာ ၇ ကို ရောက်သွားပြီး ဒြပ်စင်စုစည်းခြင်းအလွှာရဲ့ နောက်ပိုင်းအဆင့် ကို တရားဝင် ရောက်ရှိသွားခဲ့မယ်ဆိုယင်တော့ ဘယ်လောက်တောင် စွမ်းအားပြည့်ဝနေလိမ့်မလဲ?

သူက ပါရမီရှင်မဟုတ်တော့ဘူး.... သူက မကောင်းဆိုးဝါး မွန်းစတားပဲ။

``လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းကတောင်မှ ဖန်းယန်က အခုလောက်တောင် စွမ်းအား မကြီးခဲ့ဘူး ဟုတ်တယ်မလား?``

ချီယောင်ရီက တွေးလိုက်ပါတယ်။

ဒုယွန်မြို့ရဲ့ လူငယ်မျိုးဆက်တွေထဲမှာ ချီယောင်ရီက ပါရမီအရှိဆုံးနံပါတ်တစ် တော့မဟုတ်ပါဘူး.. ဖန်းရန် ကသာ ဂုဏ်ယူစရာအကောင်းဆုံးလူတစ်ယောက်ပါ။
လွန်ခဲ့တဲ့သုံးနှစ်က ဖန်းရန်က သူ့ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်နဲ့ ပထမနေရာ ကိုရယူနိုင်ခဲ့ပြီးတော့ ချီယောင်ရီအပေါ်ကို လုံး၀ လွှမ်းမိုးခြယ်လှယ်နိုင်ခဲ့ပါတယ်။

ပြီးတော့ ပြိုင်ပွဲမတိုင်ခင်က ဖန်းရန်ဟာ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်နဲ့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာရှိတဲ့ များပြားလှတဲ့ ပြိုင်ဘက်တွေအားလုံးကို အနိုင်ယူနိုင်ခဲ့ပြီးတော့ ပထမနေရာကို ရယူခဲ့ပါတယ်။

အမျိုးမျိုးသော ပါရမီရှင်တွေများစွာ စုစည်းနေတဲ့ ဟွာယန်အကယ်ဒမီကို ၀င်ပြီးခဲ့တာ တောင်မှ ဖန်းရန်ရဲ့ အလွန်အလွန် တောက်ပမှုက အနည်းငယ်မျှတောင် မလျော့

သွားခဲ့ပါဘူး။ နှစ်ကုန်မှာတော့ သူက နွေဦးစမ်းရေ အဆင့် ကို ချိုးဖျက်ဝင်ရောက်သွားပြီးတော့ အကာယ်ဒမီရဲ့ အသန်မာဆုံးလက်ရွေးစင် ဆယ်ဦးစာရင်းထဲကို ဝင်နိုင်ခဲ့ပါတယ်။ ချီယောင်ရီအနေနဲ့ အဲဒီအောင်မြင်မှု အဆင့်အတန်းကို လေးစားအားကျစွာနဲ့ပဲ ကြည့်နေနိုင်ခဲ့ရပါတယ်။

အခု..ချီယောင်ရီ အနေနဲ့ နောက်ဆုံးတော့ နောက်ထပ် မွန်းစတား တစ်ကောင်ကို မြင်လိုက်ရပြီးတော့ သူဟာ ဖန်းရန်နဲ့ ပြိုင်နိုင်ပြီးတော့ နောက်ပိုင်းမှာ ပိုပြီးတော့တောင် မှ ပါရမီပိုသာလွန် မဲ့သဘောရှိပါတယ်။

ဘာလို့လဲဆိုတော့ ဖန်းရန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄မှာရှိတဲ့အချိန်တုန်းက သူ့ရဲ့ပြိုင်ဘက် ဒြပ်စင်စုစည်းအလွှာ ၉ မှာရှိတဲ့သူတွေက လက်ရှိ ချီယောင်ရီ လောက် မသန်မာကြပါဘူး။

ပြင်းထန်စွာတိုက်ခိုက်နေရင်းနဲ့ ချီယောင်ရီ တွေးမိတာက လင်းဟန်က ပိုပြီးတော့ မွန်းစတားဆန်တဲ့ ပါရမီရှိပြီး သူက သေချာပေါက် ကြီးကျယ်ထင်ပေါ်ကျော်ကြား ပြီးတော့ ဟွာယန်အကာယ်ဒမီကို အောင်ပွဲနဲ့အတူ ဝင်ရောက်နိုင်မှာဖြစ်ပြီး ဖန်းရန်နဲ့ နှိုင်းယှဉ်လို့

ရနိုင်ပါလိမ့်မယ်။

ဒါဆိုယင် ဖန်းရန်အနေနဲ့ ဖိအားဒါဏ်ကိုလုံးဝ ခံစားရမှာဖြစ်ပါတယ်။ သူကရော?

အဆင်ပြေပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို မျက်နှာသာပေးပြီးတော့ သူတို့ကြားက ဆက်ဆံရေးကောင်းကို ခိုင်မာအောင်လို့ တည်ဆောက်ရပါမယ်။

ဒါပေ့ါ... တကယ်လို့ လင်းဟန်ကသာ လုံလောက်စွာ စွမ်းအားမပြည့်ဝဖူးဆိုလို့ရှိယင် ချီယောင်ရီအနေနဲ့ လင်းဟန်ကို မျက်နှာသာပေးဖို့ အကြောင်းလုံးဝ မရှိပါဘူး။ ဒါပေမဲ့ အခု လင်းဟန်အနေနဲ့ သူနဲ့တောင်မှယှဉ်ပြိုင်နိုင်တဲ့ သန်မာလှတဲ့အစွမ်းကို ထုတ်ဖော်ပြီး သူ့အနေနဲ့ ယခုလို အနည်းငယ်မျက်နှာသာပေးလိုက်ခြင်းဖြင့် လင်းဟန်က ပျော်ရွှင် သွားနိုင်ပါတယ်။

တကယ်တော့ အနာဂါတ်မှာ ဒီ မွန်းစတားလို ပါရမီရှင်က ဘယ်လောက် အမြင့်ထိ ရောက်သွားမလဲဆိုတာကို သူ့အနေနဲ့ မသိနိုင်ပါဘူး။ သူမှာ နောက်ကွယ်ကနေ ထောက်ပံ့ပေးနေတဲ့ အနက်ရောင်အဆင့် မော်ဆေးပညာရှင်

သုံးယောက်ရှိနေပြီးတော့ ဖန်းရန်ရဲ့ အစွမ်းကို ကျော်ဖြတ်ဖို့အိမ်မက်က မဝေးလောက်တော့ပါဘူး။

ဒါက သူ့အတွက်ကတော့ ရင်းနှီးမြှုပ်နှံမှု တစ်ခုပါပဲ။

``ဟားဟား လင်းအကို က တကယ်လို့ ထူးချွန်ထက်မြက်တာပဲ ... ငါ ဒီတိုက်ပွဲကို အရှုံး ပေးပါတယ်``

ချီယောင်ရီက သူ့ရဲ့ကိုယ်ပိုင်အတွေးနဲ့ အရှုံးပေးလိုက်ပါတယ်။

လင်းဟန်ကရီမောလိုက်ပီးတော့ ပြောပါတယ်။

``ဒီတိုက်ပွဲကို သရေ လို့ သတ်မှတ်နိုင်ပါတယ်``

သူ့ရဲ့ ခွန်အား က သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ်စွမ်းရည် ခံစစ်ရှိပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်နဲ့ပြန်လည် ကုသနိုင်ပါတယ်။ သူ့ရဲ့ အားနည်းချက်က မူလဒြပ်စင်ငါးခုအမျုန်ရဲ့ မူလစွမ်းအား ကုန်ခမ်းမှုက အရမ်းကို လျှင်မြန်တဲ့အကြောင်းပဲဖြစ်ပါတယ်။

ဒါကြောင့် သူ့အနေနဲ့ ချီယောင်ရီကို လုံးဝ အနိုင်ယူနိုင်လိမ့်မယ်လို့ သေချာပေါက် မပြောနိုင်ပါဘူး။ ဒါကြောင့်ပဲ သူတို့ရဲ့ တိုက်ပွဲကို သရေအဖြစ်သတ်မှတ်လိုက်ခြင်းက အသင့်ရှင်းဆုံး ဆုံးဖြတ်ချက်ပဲဖြစ်ပါလိမ့်မယ်။

ချီယောင်ရီက သူ့ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ မှာပဲရှိသေးတယ် ငါ့ကိုတောင်မှ ယှဉ်ပြိုင် နိုင်နေပြီလေ..တကယ်လို့ ငါ့အနေနဲ့ ဒီတိုက်ပွဲကို သရေ ကျတယ်လို့ပြောလိုက်မယ်ဆို ယင်တော့ ငါ့ရဲ့ အရေပြားတွေက တော်တော်ထူတယ်လို့ ပြောကြလိမ့်မယ်``

ချီယောင်ရီက ဒီစကားတွေကိုပြောပြီးတာနဲ့ ဒုတိယမြောက် ပြိုင်ပွဲစင်မြင့်ထက်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားခဲ့ပါတယ်။

လင်းဟန်က ထိပ်ဆုံးကိုရောက်သွားခဲ့ပါတယ်။

ပြိုင်ပွဲစင်မြင့်အောက်က ပရိတ်သတ်တွေကတော့ ပွက်ပွက်ညံ့အောင် ဆူညံပွက်လောရိုက်နေကြပါတယ်။

နံပါတ်လေးမင်းသားက သူ့ရဲ့ အရှုံးကို တရားဝင်ကြေညာလိုက်တာကို ကြားလိုက်ရတဲ့အခါမှာတော့ သူတို့အနေနဲ့ ဒီလိုမျိုး အဆုံးသတမှာကို ကြိုတင် ခန့်မှန်းထားခြင်းမရှိပေမဲ့လည်း ပရိတ်သတ်အများစုက ဒါက အစစ်အမှန်မဟုတ်ဘူးလို့ တောင် ထင်နေကြပါတယ်။

လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ဒုယွန်မြို့မှာ အတော်ဆုံးပါရမီရှင်တစ်ယောက်က နှိမ့်ပါးလှတဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်နဲ့ ပြိုင်ပွဲမှာ သူ့ရဲ့လမ်းတစ်လျှောက်လုံး သတ္တိရှိရှိနဲ့ အခက်အခဲတွေအားလုံးကို ကျော်ဖြတ်ပြီးတော့ ပထမနေရာကို ရယူနိုင်ခဲ့ ပါတယ်။ နောက်ထပ် ခြောက်နှစ်အကြာမှာတော့ တူညီတဲ့ ဖျက်မြင်းအကြီးကြီး တစ်ယောက် ထပ်ပြီးတော့ ပေါ်လာခဲ့ပါပြီ။

ဒုယွန်မြို့မှာ သိုင်းပညာတွေက စတင်ကြီးထွားရှင်သန်လာပြီလား?

လင်းဟန်အနေနဲ့ အရမ်းကို နှိမ့်ချပြီးတော့မနေပါဘူး… ဘာလို့လဲဆိုတော့ သူက ဒီပြိုင်ပွဲရဲ့ ပထမဆုလက်ဆောင်ကို တကယ်လေးလေးနက်နက်နဲ့ လိုချင်တဲ့အတွက်

ပဲဖြစ်ပါတယ်။ ဒါကြောင့် သူက ချီယောင်ရီဆီကို လက်ဆုပ်ပြီးတော့ ဒီ မျက်နှာသာပေးမှုကို သူအနေနဲ့ အမှတ်တရ ရှိမဲ့ လက္ခဏာကို ပြသလိုက်ပီးတော့ အနာဂါတ်မှာ သူအနေနဲ့ သေချာပေါက် အကြွေးပြန်ဆပ်ပါလိမ့်မယ်။

နေဝင်ဖို့ကလဲ အချိန်က နာရီဂက်လောက်ပဲ ကျန်ပါတော့တယ်။ ပြိုင်ပွဲစင်မြင့်တစ်ခုပဲ ဆက်ပြီးတော့ ယှဉ်ပြိုင်နေပါတော့တယ်။ တကယ်လို့ စင်မြင့်အရှင်သခင်က အနိုင်ရမယ်ဆိုယင် ဒီနှစ်ဒုယ္ဗန်ပြိုင်ပွဲကြီးက ပြီးဆုံးအောင်မြင်သွားမှာပါ. တကယ်လို့ မနိုင်ဖူးဆိုယင် အနိုင်ရတဲ့သူဆက်လက်ပြီးတော့ စိန်ခေါ်တာကို စောင့်နေကြရ ပါဦးမယ်။

ဒါပေမဲ့လည်း အံ့အားသင့်စရာမရှိတော့ပါဘူး။ နာရီဂက်ကြာပြီးမှာတော့ အသန်မာဆုံး ထိပ်ဆုံးဆယ်ယောက် အဆင့်က နောက်ဆုံးမှာတော့ သတ်မှတ်ပြီးသွားခဲ့ပါတယ်။

ပထမ ... လင်းဟာန်။

``သူတကယ်ပဲ ပထမနေရာကိုရတယ်... သူတကယ်ပဲ

ပထမနေရာကိုရတယ်``

လင်းဒေါင်ရှန်က စိတ်လှုပ်ရှားပြီး မယုံကြည့်နိုင်မှုတွေက သူ့ရဲ့မျက်နှာပေါ်မှာ ပြည့်နှက်ပြီး တီးတိုးလေးရွတ်ဆိုနေပါတယ်။

အယင်တုန်းက အမိုက်ကောင်လို့ လူသိများခဲ့တဲ့ သူ့ရဲ့သားက ဒုယွန့်ပြိုင်ပွဲရဲ့ ပထမဆုရှင် အဖြစ်ကိုရောက်ရှိလို့လာတဲ့ နေ့ရက်တွေက အခုဆိုယင် အမှန်တကယ်ကို ဖြစ်လာခဲ့ပါပြီ။

နောက်ဆုံးတော့ သူက ကျေနပ်ပျော်ရွှင်အားရစွာနဲ့ မထိန်းချုပ်နိုင်အောင်ပဲ အော်ရီလိုက်ပါတယ်။

ထိပ်ဆုံးဆယ်ယောက် သိုင်းပညာရှင်အားလုံးက သူတို့ရဲ့သက်ဆိုင်ရာ ပြိုင်ပွဲ စင်မြင့် ထက်ကနေ အောက်ကိုဆင်းလာကြပါတယ်။ ဒါပြီးယင် ဒုယွန့်ဘုရင်ရဲ့ တော်ဝင်အိမ်တော် မှာ ထိပ်ဆုံးအယောက်ငါးဆယ် စာရင်းဝင်တဲ့ပြိုင်ပွဲဝင်တွေ အတွက် ဂုဏ်ပြု ညှေ့ခံပွဲကို ကျင်းပပေးဦးမှာပါ။

``ဂုဏ်ယူပါတယ် လင်းအကို``

``ဂုဏ်ယူပါတယ်ဗျာ``

ချီယောင်ရီနဲ့ ကျန်တဲ့ပြိုင်ပွဲဝင်သူတွေက လင်းဟန်အနားကို စုရုံးရောက်လာပြီးတော့ ဂုဏ်ပြုစကားဆိုကြပါတယ်။

``ကျေးဇူးတင်ပါတယ်... ကျေးဇူးတင်ပါတယ်``

လင်းဟန်က သူ့လက်တွေကိုဆုပ်ပြီးတော့ ယဉ်ကျေးစွာနဲ့ပဲ ပြန်လည်တုံ့ပြန်လိုက်ပါတယ်။

``ဟားဟား နောက်ကျယင် ငါတို့တွေ အတူတူသွားသောက်ကြတာပေါ့``

``ဒါပေါ့``

``သွားစို့ သွားစို့``

ညှိနှိုင်းခံပွဲကို ထိပ်ဆုံးအယောက်ငါးဆယ်ပြိုင်ပွဲဝင်တွေပဲ တက်ရောက်ခွင့်ရှိပါတယ်။ သူတို့ရဲ့ သူငယ်ချင်းတွေနဲ့ မိသားစုတွေကိုတော့ခွင့်မပြုထားတဲ့အတွက် လင်းဒေါင်ရှန်နဲ့ လွိုယုထန် ကလဲ လင်းဟန်နဲ့အတူ ညှိနှိုင်းခံပွဲကို

လိုက်ပါလို့မရပါဘူး။

မကြာခင်မှာ လင်းဟန်နဲ့ ကျန်တဲ့သူတွေက ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်ဆီကိုရောက် လာခဲ့ကြပါတယ်။ ဒါက တကယ့်ကိုကြီးမားခန့်ညား လွန်းတဲ့ အိမ်တော်ဖြစ်ပြီးတော့ နံပါတ်လေးမင်းသားရဲ့ အိမ်တော်ထက် ဆယ်ဆခန့်ပိုမို ကြီးမားပါတယ်။ အတွင်းခန်းမှာ ပြင်ဆင်ထားတဲ့ တန်ဖိုးကြီးပစ္စည်းတွေနဲ့ လှပစွာ ဆင်ယင်ထားတဲ့ လိုက်ကာတွေ အားလုံးဟာ အရမ်းကို ရင်သပ်ရှုမောဖွယ်ရာကောင်းပြီး မြို့ငယ်လေးကနေ ရောက်လာတဲ့လူငယ်လေး တွေအတွက်တော့ ပါးစပ်အဟောင်းသားနဲ့ အင်ပါယာနန်းတော်ထဲကို ဝင်ရောက်ပြီး ကြည့်ရှုနေကြပါတယ်။

ဒီညေ့ခံပွဲကို ဒုယွန်ဘုရင်က ကျင်းပတာဖြစ်ပြီးတော့ အချိန်အကြာကြီးမနေပါဘူး. သူက အရမ်းကို အစွမ်းပြည့်ဝတဲ့ စိတ်ဝိဉာဉ်ပင်လယ်အဆင့် ဖြစ်ပါတယ်။ သူ အနေနဲ့ ထိုင်ခုံမှာ ထိုင်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါတွေ က ကျန်တဲ့သူတွေအားလုံးကို ဖိအားတွေဖြစ်စေပါတယ်။

သူထွက်သွားပြီးတဲ့နောက်မှာ လေထုက နေချင်စဖွယ်

ဖြစ်လာပါတယ်။ သူတို့အားလုံးဟာလူငယ်တွေ ဖြစ်တဲ့အတွက် လျှင်မြန်စွာနဲ့ပဲ တူညီတဲ့ ခေါင်းစဉ် နဲ့ ပြောဆိုဆွေးနွေးနေကြပါတယ်။ မကြာခင် သူတို့အားလုံးက ဟွာယန်အကယ်ဒမီကို သွားရပါတော့မယ်... ဒါကြောင့် သူတို့အနေနဲ့ သူငယ်ချင်းတွေပိုပိုပြီးတော့ ရအောင် ပြုလုပ်နေကြပါတယ်။ ဒီနည်းနဲ့ အကယ်ဒမီမှာသူတို့ဟာ တစ်ယောက်ကို တစ်ယောက် ကြည့်ရှု စောင့်ရှောက်နိုင်မှာပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကတော့ စိတ်လှုပ်ရှားနေပါတယ်။ သူက အရမ်းကိုပဲ့ အမှောင်လ မြက် ကို ဂုဏ်ပြုချီးမြှင့်ပေးဖို့ကို စောင့်မျှော်နေ ရတာ စိတ်သိပ်မရှည်တော့ပါဘူး ဒါက စွမ်းအားကြီးမားတဲ့ ကောင်းကင်အဆင့် စစ်သည်တော်တွေ တောင်မှ ဒီအပေါ်မှာ မနာလိုဖြစ်ရတဲ့ ရတနာတစ်ခုပဲလေ။ ဒါက သူ့ရဲ့ အိတ်ကပ်ထဲကို ရောက်မလာသေးသရွေ့ကတော့ သူ့အနေနဲ့ စိတ်တွေ ကို လွယ်လွယ်နဲ့ တည်တည်ငြိမ်ငြိမ်ထားဖို့ မဖြစ်နိုင်ပါဘူး။

သူ့အနေနဲ့စိတ်လှုပ်ရှားပြီးတော့ မစောင့်နိုင်ဖြစ်နေတဲ့ အဖြစ်ကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ သူကိုယ်သူ ပြန်ပြီး ရီချင်သွားပါတယ်။

နှစ်နာရီခန့်စောင့်ပြီးတဲ့အခါမှာတော့ ဒီညှော့ခံပွဲက ပြီးသွားခဲ့ပါတယ်။ ပြီးတော့ ထိပ်ဆုံးဆယ်ယောက်စာရင်းဝင်တဲ့သူတွေအားလုံးဟာ သူတို့ရဲ့ ဆုလက်ဆောင်တွေ ကို သေတ္တာငယ်လေး တစ်လုံးစီနဲ့ လက်ခံရရှိကြပါတယ်။ လင်းဟန်က သူ့သေတ္တာကို ဖွင့်ပြီးတော့ တစ်ချက်ကြည့်လိုက်ပါတယ်။ အထဲမှာ ဆေးပင်တစ်ခု ရှိနေပြီး သူ့ရဲ့အမြစ်တွေက အရမ်းကိုရှည်ပါတယ်။ အရွက်တစ်ခုခြင်းစီကလဲ လခြမ်းကွေး ပုံသဏ္ဍာန်ရှိပြီးတော့ သူတို့ရဲ့ အရောင်က လကို ငပုပ်ဖမ်းသလိုမျိုး မည်းနက်တဲ့ အရောင်ဖြစ်နေပါတယ်။

ဒါက တကယ့်ကို အမှောင်လ မြက်ပင်ပဲ။

လင်းဟန်က အသက်ကို ပြင်းပြင်းတစ်ချက် ရှူထုတ်လိုက်ပါတယ်။ သူ့အနေနဲ့ ချက်ချင်း ပြန်ချင်နေပေမဲ့ ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက သူ့ဆီကိုလာပြီး စကားအနည်းငယ် ပြောဆိုနေတဲ့အတွက် ချက်ချင်းပြန်လို့မရပါဘူး။ ညလယ်လောက်ရောက်တော့ ညှော့သည်တွေက နောက်ဆုံးမှာ နှုတ်ဆက်ထွက်ခွာကုန်ပြီး လင်းဟန်လဲ ကောင်းကင်ဆေးအိမ်တော်ကို နောက်ဆုံးတော့ ပြန်လာနိုင်ခဲ့ပါတယ်။

ပထမဆုံး သူလုပ်တဲ့အရာကတော့ မှော်ဆေးလုံးဖော်စပ်ဖို့အတွက် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။

ဒီ စိတ်ဂိဉာဉ်ဆေးလုံးက ကောင်းကင်အဆင့် စစ်သည်တော်တောင်မှ မနာလိုစေတဲ့အထိ တန်ဖိုးကြီးမားပေမဲ့လည်းပဲ ဒါက ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေပဲ အသုံးပြုလို့ရနိုင်တဲ့အရာပါ။ ပြီးတော့ ဒါက အဂါရောင်အလယ်အလတ်အဆင့် ဆေးလုံးဖြစ်တဲ့အတွက် လင်းဟန်ရဲ့ လက်ရှိ အစွမ်းနဲ့ ဖော်စပ်လို့ရတာပဲဖြစ်ပါတယ်။

သူက အယင်ကတည်းက လိုအပ်တဲ့ ဆေးအမယ်တွေအားလုံးကို ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပျောက်ဆုံးနေတဲ့ တစ်ခုတည်းသော အဓိက ဆေး အမယ်ကတော့ အမှောင်လမြက်ပဲဖြစ်ပါတယ်။ အခု အားလုံးက အဆင်သင့်ဖြစ်နေပြီဆိုတော့ သူက နောက်ဆုံးမှာ ချက်ချင်းပဲဆေးဖော်စပ်လိုက်ပါတယ်။

အခု သူက ဒြပ်စင်စုစည်းခြင်းအဆင့်မှာဖြစ်တဲ့အတွက် အဂါရောင်အလယ်အလတ် အဆင့်ကို ဖော်စပ်ရတာက သူ့အတွက်တော့ ကိတ်မုန့်ကို ဓါးနဲ့ လှီးလိုက်သလိုမျိုး

လွယ်ကူလွန်းပါတယ်။နာဂီဂက်ခန့်အကြာမှာတော့ သူက စိတ်ဂိဉာဉ်ဆေးလုံးကို အောင်မြင်စွာနဲ့ ဖော်စပ်လိုပြီးသွားပါတယ်။

ကံမကောင်းတာကတော့ ဆေးက တစ်လုံးပဲရပါတယ်။

သူက တုံ့ဆိုင်းမှုမရှိပဲနဲ့ ၄င်းစိတ်ဂိဉာဉ်ဆေးလုံးကို စားလိုက်ပီးတော့ ချက်ချင်းပဲ ထိုင်ချကာ ဆေးလုံးရဲ့ အာနိသင်ကို ယူဖို့အတွက် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်နေခဲ့ပါတယ်။

``ဟူး``

အလွန်လျှင်မြန်စွာနဲ့ပဲ သူ့ရဲ့ကိုယ်ခန္ဓာအတွင်းမှာ ကြီးမားတဲ့ အပြောင်းအလဲကြီး တစ်ခု ဖြစ်ပေါ် လာပါတယ်။ အဲဒါကတော့ သူ့ရဲ့ ဒန်တန်က ပင်လယ်ကြီးလို ဖြစ်လာပြီးတော့ ကြီးမားတဲ့ လှိုင်းတွေထွက်ပေါ် လာပြီး ဒီ အားလှိုင်းတွေက သူ့ဒန်တန်အတွင်းက နေရာလွတ်ကို တစ်ဖြေးဖြေးနဲ့ ချဲ့စေခဲ့ပါတယ်။

အပိုင်း (၇၇) အကြိမ်တစ်ရာ

တစ်ကြိမ်. နှစ်ကြိမ် .. သုံးကြိမ်။

လင်းဟန်ရဲ့ ဒန်တန်ထဲက နေရာလွတ်က အုံ့အားသင့်ဖွယ်ရာကောင်းအောင်ကိုပဲ လျှင်မြန်တဲ့ အရှိန်နဲ့ ဆက်လက်ပြီးတော့ ကြီးထွားလာခဲ့ပါတယ်။

သူ့ကိုယ်ခန္ဓာက ပေါက်ကွဲထွက်လုမတတ်ခံစားနေရပေမဲ့လည်း တကယ်အမှန်ဆိုယင် တော့ ဒန်တန်ဆိုတာက ကန္တာငယ်လေးတစ်ခုလိုပါပဲ။ တကယ်လို့ ၄င်းရဲ့ ကြီးထွားမှုက ဂြိုလ်ကြီးတစ်ခုလုံးနီးပါး ကြီးမားကျယ်ပြန့်လာခဲ့မယ်ဆိုယင်တောင်မှ သူ့အပေါ်မှာ မည်သည့် ခန္ဓာကိုယ်အပြောင်းအလဲမှု ဖြစ်ပေါ်လာနိုင်မှာမဟုတ်ပါဘူး။

လင်းဟန်က စိတ်ဂိုဉာဥ်ကွက်လပ်ဆေးလုံးရဲ့ အာနိသင် အထောက်အပံ့အကူအညီကို အသုံးချပြီးတော့ သူ့ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းက ဒန်တန်နေရာလွတ်ကို အဆက်မပြတ် ဆက်လက်ပြီးတော့ ချဲ့နေပါတယ်။ ဒီနေရာမှာတော့ ပိုပြီးတော့ ကြီးမားအောင်လုပ်နိုင် လေ အကျိုးအမြတ်က ပိုပြီးတော့ ရလေပါပဲ။

ဆယ်ကြိမ်.... အကြိမ်နှစ်ဆယ်... အကြိမ်သုံးဆယ်။

လင်းဟန်အနေနဲ့ အရမ်းကို ပျော်ရွှင်ကျေနပ်ပီတိဖြစ်နေခဲ့ပါတယ်။ ဒီမှာ ဆေးအာနိသင် ပမာဏအများကြီးက သူ့ရဲ့ဒန်တန်ကို ထပ်ပြီးချဲ့ထွင်နိုင်ဖို့အတွက် ကျန်နေပါသေးတယ်။ ဒါကြောင့် ဒါက သူ့ရဲ့ ဒန်တန်ကို ဘယ်လောက်များတောင်မှ ချဲ့ထွင်နိုင်မလဲဆိုတာ မပြောတတ်ပါဘူး။

ဒါပေမဲ့ သူ့အနေနဲ့ ဒါကို အကြာကြီးထပ်ပြီး မစဉ်းစားနိုင်တော့ပါဘူး ဘာလို့လဲဆိုတော့ ဒါကသာမာန်ပါပဲ။ ဒါက ကောင်းကင်အဆင့် စွမ်းအားကြီးတဲ့ စစ်သည်တော်ကိုတောင်မှ လှုပ်လှုပ်ရှားရှားဖြစ်စေတဲ့ မှော်ဆေးလုံးဖြစ်ပြီးတော့ အခုတော့ သူ့အနေနဲ့ ဒါကို အမှန်တကယ်ပဲ အသုံးပြုနေခဲ့ပါပြီ.ဒါကြောင့် အာနိသင်က ဘယ်လောက်တောင်များ အံ့သြစရာကောင်းလိုက်မလဲ။ ယခု လူတွေက အမှောင်လမြက် ဆိုတာ ဘယ်လိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဆိုတာကို သတိမပြုမိကြပါဘူး။ သူတို့က ငွေဦးစမ်းရေအဆင့် ကို ချိုးဖျက်ဖင်ရောက်နိုင်ဖို့အတွက်ပဲ အကျိုးမရှိအသုံးပြုကြပါတယ်။ ဘယ်လောက်တောင်မှ ဖြုန်းတီးလိုက်သလဲ။

ကံမကောင်းစွာနဲ့ပဲ ဒီစိတ်ဂိုဉာဉ်ကွက်လပ်ဆေးလုံးဆိုတာက သိုင်းပညာရှင်တစ်ယောက်အတွက် သူ့ဘဝတစ်ခုလုံးမှာ

တစ်ကြိမ်ပဲ အသုံးပြုနိုင်ပါတယ်။ တကယ်လို့ နောက်ထပ် အသုံးပြု မယ်ဆိုယင်တောင်မှ အဲဒါက လုံးဝ အာနိသင်ရှိမှာမဟုတ်ပါဘူး။ တကယ်လို့ အဲဒီလိုမျိုးသာမဟုတ်ဘူးဆိုယင် လင်းဟန်အနေနဲ့ သူ့လက်ထဲမှာ နောက်ထပ် အမှောင်လမြက်တွေ အများကြီးရနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တစ်ဖက်ကကြည့်မယ် ဆိုယင် လူအများစုအတွက်ကတော့ စိတ်ဝိဉာဉ်ကွက်လပ်ဆေးလုံးက အရမ်းကို တန်ဖိုး မရှိပါဘူး. ဘာလို့လဲဆိုတော့ သူတို့ရဲ့ မူလစွမ်းအင်တွေ လုံးဝကုန်ဆုံးသွားတဲ့အထိ သူတို့က တိုက်ပွဲဝင်တယ်ဆိုတာက အရမ်းကို ရှားပါးလွန်းတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

ဒန်တန်ထဲက နေရာလွတ် တိုးလာတာက သိုင်းပညာရှင်တစ်ယောက်ရဲ့ တိုက်ပွဲဝင်နိုင်တဲ့ အစွမ်းကို အချိန်ပိုပြီးဆွဲဆန့်ပေးနိုင်တာတစ်ခုပါပဲ။ တိုက်ခိုက်မှုတိုင်းရဲ့နောက်က စွမ်းအင်ပမာဏကိုတော့ လုံးဝမပြောင်းလဲပေးနိုင်ပါဘူး။

ဒါပေမဲ့ ပါရမီရှင်အနည်းစုအတွက်ကတော့ ဒါက အရမ်းကို တန်ဖိုးကြီးမားတဲ့ ပစ္စည်း ဖြစ်ပြီးတော့ အဓိကအချက်က သူတို့အနေနဲ့တိုက်ခိုက်နေတုန်းမှာ မူလစွမ်းအင်

အလျှင်အမြန်ကုန်ဆုံးသွားနိုင်တဲ့အချက်ကို ဖာထေးပေးနိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ဒန်တန်ထဲက နေရာလွတ်က ပိုပြီးကြီးမားမယ်ဆိုယင် သူတို့အနေနဲ့ အချိန်တွေ ပိုပြီးတော့ ဆက်ပြီးတိုက်ပွဲဝင်နိုင်ပြီးတော့ ဒါက သူတို့ရဲ့ အသက်ကယ်ဆေး တောင် ဖြစ်လာနိုင်ပါလိမ့်မယ်။

လင်းဟန်အတွက်ကတော့ ပိုပြီးကျေနပ်စရာကောင်းပါတယ်။ သူက မူလဒြပ်စင်ငါးခု အမှုန်ကို ပိုင်ဆိုင်ထားပြီးတော့ အယင် သူရဲ့ဒန်တန်ထဲက နေရာလွတ်က အကယ့်ကိုပဲ အရမ်းသေးငယ်လွန်းပါတယ်။ ဒါကြောင့် သူအသုံးပြုဖို့အတွက်တော့ မူလစွမ်းအင် အနည်းငယ်ပဲ ရှိပါတယ်။

အကြိမ် ၈ဂ အကြိမ်၉ဂ အကြိမ်၁ဂဂ.... နောက်ဆုံးမှာတော့ စိတ်ဂိညာဉ်ဆေးလုံးရဲ့ ဆေးအာနိသင်အားလုံးဟာ ကုန်ခမ်းသွားပါတော့တယ်။ လင်းဟန်ရဲ့မျက်လုံးတွေ ပွင့်လာခဲ့ပါတယ်။

အကြိမ်တစ်ရာတောင်မှ ချဲ့နိုင်ခဲ့တယ်။

တကယ်လို့ ဒီ စိတ်ဂိညာဉ်ကွက်လပ်ဆေးလုံးကို စွမ်းအားကြီးတဲ့ကောင်းကင် အဆင့်စစ်သည်တော် ကသာ

အသုံးပြုခဲ့မယ်ဆိုယင် ဒန်တန်အတွင်းက နေရာလွတ်ကို တစ်ရာခိုင်နှုန်းလောက်ပဲ ချဲ့ပေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒီ တစ်ရာခိုင်နှုန်းက သူ့ရဲ့ကိုယ်ပိုင် အကြိမ်တစ်ရာ ချဲ့နိုင်ခြင်းထက် ပိုပြီးတော့တောင်မှ ကြီးမားနိုင်ပါသေးတယ်။

သူတို့နှစ်ယောက်အကြားမှာ လုံးဝကို နှိုင်းယှဉ်လို့ မရပါဘူး။

ဒါက စိတ်ဂိဉာဉ်ကွက်လပ်ဆေးလုံးက အံ့သြဖွယ်ရာကောင်းအောင် မလုံလောက်တဲ့အတွက် ကြောင့်မဟုတ်ပါဘူး သူ့ရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့်က တကယ်ပဲ အရမ်းကို နိမ့်လွန်းတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း အနာဂါတ်မှာ သူ့ရဲ့ ကျင့်စဉ်က မြင့်တက်လာတိုင်းပဲ သူ့ရဲ့ဒန်တန်အတွင်းက နေရာလွတ်ရဲ့ ကျယ်ပြန့်ခြင်းကလဲ တစ်ခြားသူတွေထက်ပိုပြီးတော့ မြင့်မားလာနိုင်ပါလိမ့်မယ်။

ဒီရလဒ်အရတော့ သူ့အနေနဲ့ ဒီဆေးလုံးကို အစောကြီးသုံးလိုက်တာက အရှုံးမရှိပါဘူး။ အဲဒီအစားအစောကြီး အသုံးပြုလိုက်တော့ ၄င်းရဲ့ အစွမ်းကို စောစော သုံးရတာပေါ့။ စိတ်ဂိဉာဉ်ကွက်လပ်ဆေးလုံး ရဲ့ အကျိုးအမြတ်က ဒြပ်စင်စုစည်းခြင်းအဆင့်မှ စပြီးတော့ ကောင်းကင်အဆင့်အထိတိုင်အောင်.. ဒါမှမဟုတ်

အနာဂါတ်မှာ နောက်ဆုံးစကြာဂဠာ အဆင့်ထိတောင်မှ ရရှိနိုင်ပါတယ်။

သူက ချက်ချင်းကြီးထမရပ်လိုက်ပဲနဲ့ အဲဒီအစား သူက ဒြပ်စင်ငါးခုကြာပန်းကို ဂိဉာဥ်ချီတွေကို အဆက်မပြတ် စုပ်ယူစေပြီးတော့ သူ့ရဲ့ဒန်တန်အတွင်းကက ကိုယ်ပိုင် မူလစွမ်းအင်အဖြစ်ကို ပြောင်းလိုက်ပြီး အားလုံးကို သိုမှီးထိန်းသိမ်းထားလိုက်ပါတယ်။

သူ့ရဲ့ ဒန်တန်ထဲက နေရာလွတ်က ယခု အလွန်အကျုံကြီးမားနေပြီလို့ ထင်ရသော်လည်း မူလဒြပ်စင်ငါးခုကြာပန်း က အရမ်းကို အင်အားကြီးမားပြင်းထန်ပြီးတော့ ကောင်းကင်အဆင့်ဒြပ်စင်ငါးခု အစွမ်းနဲ့ ဂိဉာဥ်ချီတွေ စုပ်ယူခြင်းနဲ့ သန့်စင်ခြင်းက အရမ်းကို လျှင်မြန်လွန်းပါတယ်။တစ်ည လွန်မြောက်သွားတဲ့အခါမှာတော့ သူ့ရဲ့ ဒန်တန်ထဲက ဧရာမ နေရာလွတ်ကြီးကို လုံးဝပြည့်သွားအောင်လို့ ဖြည့်လိုက်နိုင်ပါတယ်။

ဒါက ဘာကိုဆိုလိုသလဲဆိုယင် အနာဂါတ်မှာ တကယ်လို့ သူသာ မူလစွမ်းအင်တွေကို ကုန်ခမ်းသွားတဲ့အထိ

တိုက်ပွဲဖြစ်ပွားခဲ့မယ်ဆိုယင် တကယ်လိုသူ့ရဲ့ ပြန်လည်ကုသဖို့အတွက် မှော်ဆေးလုံးတွေ အသုံးမပြုခဲ့ဖူးဆိုယင် သူ့အနေနဲ့ အနည်းဆုံး တစ်ညလုံး မူလစွမ်းအင်တွေ ပြန်ဖြည့်ဖို့ အတွက်လုပ်ရပါလိမ့်မယ်။

သူက မနေ့ညက တစ်ညလုံးမအိပ်ခဲ့ပေမဲ့လည်း လင်းဟန်အနေနဲ့ အင်အားတွေ ပြည့်ဝနေတယ်လို့ခံစားရပါတယ်။
ဒြပ်စင်စုစည်းခြင်းအဆင့်ကိုရောက်သွားပြီးတဲ့ အခါမှာတော့ ကျင့်ကြံခြင်းအစွမ်းက အိပ်ချင်တဲ့အချိန်တွေရဲ့ နေရာမှာ အစားထိုးဝင်ရောက်သွားခဲ့ပါတယ်။ ဒ့ါအပြင် သူက တစ်ညပဲမအိပ်ပဲ နေခဲ့တာဖြစ်လို့ ဒါက သူ့အတွက်တော့ ကြီးမားတဲ့ ပြဿနာမဟုတ်ပါဘူး။

``ဟန်အာ... မင်း တိမ်မီးခိုးမြို့ကို ဘယ်တော့မှပြန်မယ်လို့ အစီအစဉ်ဆွဲထားသလဲ?``

လင်းဟန်က မနက်စာစားဖို့အခန်းထဲကိုဝင်လာတဲ့အခါမှာ လင်းဒေါင်ရှန်က သူ့ကိုမေးလိုက်ပါတယ်။

လင်းဟန်က အနည်းငယ်မျှစဉ်းစားလိုက်ပြီးတော့ပြောပါတယ်။

``ဒီမှာ လူတစ်ချို့က ကျနော့်ကို အတူတူစားဖို့သောက်ဖို့ ဖိတ်ခေါ်ထားကြတယ်။သူတို့ကို ငြင်းပယ်ဖို့ မကောင်းဘူးလေ.. ဒါကြောင့် ဒီမှာ နောက်ထပ် သုံးလေးရက်လောက်တော့ နေဦးမယ်``

``ဒါဆိုလည်းကောင်းပြီ....သားဒီမှာ နောက်ထပ်ရက်နည်းနည်းထပ်နေလိုက်ဦး အဖေကတော့ တိမ်မီးခိုးမြို့ကိုပြန်ပြီးတော့ အောင်ပွဲခံ ဂုဏ်ပြုစားပွဲကျင်းပနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ဖို့အယင်ပြန်နှင့်မယ်``

လင်းဒေါင်ရှန်က စိတ်လှုပ်ရှားစွာနဲ့ပြောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟာန်က ဒုယွန်ပြိုင်ပွဲမှာ ပထမနေရာရခဲ့တယ်ဆိုတာကို မြို့သူမြို့သားတွေကိုသိအောင်ပြော ပြဖို့ အတွက် မစောင့်နိုင်တော့ပါဘူး။

``ကောင်းပြီ.... ခရီးမှာ ဂရုစိုက်ဦးနော် အဖေ``

လင်းဟာန်က အပြုံးနဲ့ပြောလိုက်ပါတယ်။

လင်းဒေါင်ရှန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟာန်ကို မစိုးရိမ်တော့ပါဘူး ဘာလို့လဲဆိုတော့ သူ့သားရဲ့ အစွမ်းက လက်ရှိသူ့ထက်တောင်မှ ပိုပြီး မြင့်ပါသေးတယ်။ တကယ်လို့ သူသာ ကျန်နေခဲ့မယ်ဆိုယင်တော့ သူ့သားကို ကာကွယ်နိုင်စွမ်း ဘယ်လိုမှမရှိပါဘူး။ဒါ့အပြင် သူက ကလန်ခေါင်းဆောင်တစ်ယောက်လည်းဖြစ်ပြီး ကလန်ကနေ ထွက်လာတာ ရက်အနည်းငယ်ကြာသွားပြီဖြစ်လို့သူက ဖြစ်နိုင်သမျှ အိမ်ကိုပြန်ပြီးတော့ လုပ်ရမဲ့အရာတွေ အများကြီးကို အတတ်နိုင်ဆုံး အမြန် ပြန်လုပ်ရပါဦးမယ်။

မနက်စာစားလို့အပြီးမှာတော့ လင်းဒေါင်ရှန်က တိမ်မီးခိုးမြို့ကိုပြန်သွားပြီးတော့ လင်းဟာန်ကတော့ ချီယောင်ရီနဲ့ တစ်ခြားသူတွေက ဖိတ်ခေါ်ထားတဲ့ စားသောက်ပွဲ ကိုသွားပြီး စကားစမြည်ပြောပြီးတော့ အားလုံးပျော်ပျော်ပါးပါးနဲ့ စားသောက်နေကြပါတယ်။ ဘာလို့လဲဆိုတော့ ဒီလူတွေက သူနဲ့ ပြိုင်တဲ့ ပွဲတွေမှာ အရှုံးပေးပြီးတော့ သူ့ကို မျက်နှာသာပေးခဲ့ကြပါတယ် သူ့အနေနဲ့ ဒါကို လုံးဝ မေ့မထားပါဘူး။

ဒုတိယနေ့မှာ ချီယောင်ရီက နပန်းကွင်းမှာ ပျော်စရာသွားကြည့်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

နပန်းကွင်းမှာ ဘာတွေများပျော်စရာရှိပါလိမ့်?

လင်းဟန်က လုံးဝနားမလည်ပါဘူး...ဒါပေမဲ့ ချီယောင်ရီရဲ့ ဖိတ်ခေါ်မှုကို မငြင်းပဲနဲ့ ဘေးကနေ လိုက်လာပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကပဲ ကျင်းပတဲ့ ဒုယွန်ပြိုင်ပွဲ နေရာပဲဖြစ်ပါတယ်။ဒီအချိန်မှာတော့ ပြိုင်ပွဲစင်မြင့်တွေအားလုံးကို ဖျက်သိမ်းလိုက်ပီးတော့ ကျယ်ပြန့်တဲ့ဧရိယာရှိတဲ့ စင်မြင့်တစ်ခုပဲရှိပါတယ်။ အဲဒီမှာ နပန်းသမားငါးယောက်က မို့စ္စာသားရဲ ဆယ့်သုံးကောင်ရဲ့ ပိုင်းတိုက်ခိုက်ခြင်းကို ခံနေရပါတယ်။ တိုက်ပွဲကပြင်းထန်ပြီးတော့ မြင်ကွင်းထဲမှာ သွေးတွေ ဖုံးလွှမ်းနေပါတယ်။ အားပေးသူ ပရိတ်သတ်တွေကလဲ စိတ်လှုပ်ရှားမှု များစွာနဲ့ အော်ဟစ်အားပေးကြည့်ရှုနေကြပါတယ်။

``သူတို့အားလုံးက သေဒဏ်ကျခံထားရတဲ့ အကျဉ်းသားတွေပဲ... ဒီတိုက်ပွဲတွေက အရမ်းကို အန္တရာယ်များတယ်ဆိုပေမဲ့လည်း တကယ်လို့ သူတို့ အနေနဲ့ဆယ်ပွဲ ဆက်တိုက် နိုင်ခဲ့မယ်ဆိုယင် သေဒဏ်အပြစ်ကနေလွတ်ပြီးတော့ လွတ်ငြိမ်းချမ်းသာ ခွင့်ကို ရကြလိမ့်မယ်``

ချီယောင်ရီက ရှင်းပြပါတယ်။

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။ အခုက အင်ပါယာအများစုမှာ ဒီလိုမျိုး စနစ်တွေ ရှိတတ်ကြပါတယ်။ အကျဉ်းသားအားလုံးက သေဒဏ်ကျခံနေရပြီ ဖြစ်တဲ့အတွက် နပန်းပြိုင်ပွဲကွင်းထဲကို ဝင်ရောက်ပြီး မိစ္ဆာသားရဲတွေနဲ့ ယှဉ်ပြိုင်ရင်းနဲ့ ဆက်ပြီး အသက်ဆက်ရှင်သန်နိုင်အောင်လို့ ကြိုးစားကြပါတယ်။ သူတို့ထဲက အများစုက တိုက်ပွဲ တွေထဲမှာ သေသွားကြပါတယ်။ ဒီတိုက်ပွဲတွေမှာ အနိုင်ရပြီးတော့ ပြစ်ဒဏ်ကနေ လွတ်မြောက်ပြီး လွတ်လပ်သွားကြတဲ့ လူတွေအရေအတွက် ကတော့ လက်တစ်ဖက်စာတောင် မရှိပါဘူး။

``ကောင်းတယ်``

ပရိတ်သတ်အားလုံးက ရုတ်တရက်ထအော်ကြပါတယ် ဘာလို့လဲဆိုတော့ အကျဉ်းသား တစ်ယောက်က အမှားလုပ်မိတဲ့အတွက်ကြောင့် သူ့ရဲ့ လက်မောင်းတွေကို မိစ္ဆာသားရဲ သုံးကောင်က ပိုင်းပြီး အမဲဖျက်တာကို ခံလက်ရပါတယ်။ နာကျင်မှုကြောင့် အော်ဟစ်လိုက်တဲ့ အသံက ကြောက်မက်ဖွယ်ရာကောင်းအောင်

ဟိန်းထွက်လာပေမဲ့ လည်း အချိန်တစ်ခဏမျှအကြာမှာတော့ အဲဒီအသံကပျောက်ကွယ်သွားပြီး သူ့ရဲ့ အသား တွေကို မိစ္ဆာသားရဲတွေက
ပိုင်းပြီးကိုက်ဖြတ်စားသောက်လိုက်ကြပါတယ်။

ပရိတ်သတ်တွေအားလုံးက ဒီလို သွေးသံတရဲရဲ မြင်ကွင်းကို ကြည့်ရှု ဖို့အတွက် ဒီနေရာကို လာကြတာပဲဖြစ်ပါတယ်။ ဒီလိုမြင်ကွင်းကြောင့် တစ်ချို့ မိန်းမတွေက ရှူးသွပ်စွာနဲ့ အော်ဟစ်ခုန်ပေါက်ပြီး သူမရဲ့ အကျီအစတွေကို တွန့်လိမ်အောင် လုံးချေ ထားပြီး အရမ်းကိုစိတ်လှုပ်ရှာစွာနဲ့ ခုန်ပေါက်မှုကြောင့်သူမရဲ့ ရင်သားတွေကလဲ တုန်ခါ နေပါတယ်။

ကျန်တဲ့လေးယောက်ကတော့
နာကျင်တဲ့လက္ခဏာမတွေ့ရသေးပါဘူး။ တကယ်တော့ သူတို့အနေနဲ့ ဒီလိုမျိုးအတွေ့အကြုံပေါင်းများစွာကို ကြုံတွေ့ခဲ့ရဖူးပါပြီ.. ဒါကြောင့် သူတို့က တစ်ယောက်နဲ့တစ်ယောက် ဆက်ပြီး မှီခိုနေရင်းနဲ့ သူတို့ရဲ့ အရှေ့က ရန်သူတွေ ကို အာရုံစူးစိုက်ပြီးတော့ ထားနေကြပါတယ်။

``လောင်းကစားက ဒီနေရာမှာခွင့်ပြုပေးထားတယ်..

လင်းအကို စိတ်ဂင်စားလား?``

ချီယောင်ရီက လင်းဟန်ဘက်ကိုလှည့်ပြီးတော့ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး တစ်ခြားလူတွေရဲ့ အသက်နဲ့ ပါတ်သတ်တဲ့ ဖျော်ဖြေပွဲကိစ္စတွေနဲ့ပါတ်သတ်ပြီးတော့ ကြိုက်နှစ်သက် ခြင်းမရှိပါဘူး။

``လင်းအကိုက ဒီလိုမျိုးတိုက်ပွဲမျိုးကို မကြိုက်ဘူးဆိုယင်တော့ ရိုးရိုးသားသား ပြောရ မယ်ဆိုယင်တော့ ကျနော်လဲ မတတ်နိုင်ပါဘူး။ ဒါပေမဲ့ ဒီတိုက်ပွဲပြီးယင်တော့ သေချာပေါက် စိတ်လှုပ်စားစေရလိမ့်မယ်``

ချီယောင်ရီက နားလည်ရခက်တဲ့ပုံစံနဲ့ ပြောလိုက်ပါတယ်.

``ငွေဦးစမ်းရေ အဆင့် လက်ရွေးစင် မုဒိန်းသမားတစ်ယောက်ရှိတယ်.. သူ့ရဲ့ လက်ထဲမှာ အမျိုးသမီးတွေ ဘယ်လောက်တောင် ကြေမွပျက်စီးသွားကုန်ပြီ လဲဆိုတာ ကိုတော့

ဘယ်သူမှမသိနိုင်ဘူး. ဒါပေမဲ့ သူက တကယ့်ကို စွမ်းအားကြီးလွန်းတယ်.. သူက ဘယ်လိုမှကို မသေနိုင်ဘူးဖြစ်နေတယ်.. ဒီနေက သူ့အတွက် ပွဲစဉ် တစ်ထောင်မြောက်ပဲ ပြီးတော့ တကယ်လို့ သူသာ အနိုင်ရသွားခဲ့မယ်ဆိုယင် ပွဲတစ်ထောင် တိတိဆက်တိုက်နိုင်တာပဲ. သူနိုင်သွားခဲ့ယင်တော့ သူက သေချာပေါက် လွတ်မြောက်ခွင့်ကိုရလိမ့်မယ်``

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် အကျဉ်းသားတစ်ယောက်က လွတ်မြောက်ချင်ယင်တော့ ဆယ်ပွဲဆက်တိုက်နိုင်ရပါမယ်.. ဒြပ်စင်စုစည်းခြင်းအဆင့် အတွက်ကတော့ တိုက်ပွဲပေါင်းတစ်ရာ အနိုင်ရ ရ မှာဖြစ်ပြီးတော့ နွေဦးစမ်းရေအဆင့်အတွက်ကတော့ တိုက်ပွဲပေါင်းတစ်ထောင်နိုင်ရမှာဖြစ်ပါတယ်။

လင်းဟာန်ရဲ့မျက်လုံးထဲမှာ လူသတ်ချင်တဲ့ စိတ်ဆန္ဒ အလင်းက တောက်ပသွားခဲ့ပါတယ်။ သူ့အမုန်းဆုံး သော လူစားမျိုးထဲမှာ ဒီလိုမျိုး အကျင့်စာရိတ္တ ပျက်ပြားပြီးတော့ တဏှာရူးကောင် နှာဘူးကောင်တွေက ထိပ်ဆုံးသုံးယောက်စာရင်းထဲမှာ ပါပါတယ်။ဒီလို လူတွေကို နည်းနည်းလေးမှ တုံ့ဆိုင်းမနေပဲနဲ့သတ်ပစ်သင့်ပါတယ်. သူတို့ကို ဘာအခွင့်အရေးမှ ထပ်ပီးတော့

ပေးနေစရာမလိုပါဘူး။

``ဒီနေ့ ပရိတ်သတ်တွေက ဒီအကျင့်စာရိတ္တပျက်ပြားနေတဲ့ တဏှာရူးနာဘူးကောင် ကို အပြစ်ဒဏ်ခံရမှာကို လာပြီးတော့ ကြည့်ရှုကြတာပဲ``

ချီယောင်ရီကပြောလိုက်ပါတယ်။

``ပြီးတော့ ဒီအကြောင်းကြောင့်ပဲ ကျနော်တို့ ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်တော်ကနေပြီးတော့ သူနဲ့တိုက်ခိုက်ဖို့အတွက် လက်ရွေးစင်တစ်ယောက်ကို တာဂန်ပေးထားတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီနေရာကနေ အပြီးတိုင်စွန့်ခွာထွက်သွားရဖို့ ဘယ်လိုမှခွင့်မပြုနိုင်ဘူး``

သူတို့ တွေ စကားပြောနေတုန်းမှာပဲ တိုက်ပွဲက အဆုံးသတ်သွားပါပြီ... မိစ္ဆာသားရဲ ဆယ်ကောင်ထက်မနည်း ပိုင်းတိုက်တာကို ခံရပြီး.. မိစ္ဆာသားရဲ ခုနစ်ကောင်က သေသွားပြီးတော့ ကျန်တဲ့ မိစ္ဆာသားရဲတွေရဲ့ တစ်ကောင်ပြီးတစ်ကောင် ကိုက်ဖြတ်စားသောက်ခြင်းကို အကျဉ်းသားလေးဦးစလုံး ခံလိုက်ရပါတယ်..

``အားလုံးပဲ ဒီနေ့ကျနော်တို့ ပြိုင်ပွဲရဲ့အထွတ်အထိပ်ကို

မရောက်ခင် အားလုံးကို ပျော်စရာကောင်းမဲ့အစီအစဉ်လေးတစ်ခုနဲ့ ဖိတ်ခေါ်ပါရစေ``

အစီစဉ်ကြေညာတင်ဆက်သူကသူရဲ့ လက်တွေကို မြှောက်လိုက်တဲ့အခါမှာတော့ ပြိုင်ပွဲ ကွင်းရဲ့ မှာရှိတဲ့သံမဏိတံခါးကြီးနှစ်ချပ်ကပွင့်သွားပြီးတော့ သံမဏိလှောင်အိမ် နှစ်ခုပေါ်လာပါတယ်။ လှောင်အိမ်တစ်ခုမှာတော့ ကြမ်းတမ်းရက်စက်တဲ့ အရွယ်ရောက်ပီးသား ဂံပုလွေတစ်ကောင်ပါပြီး တစ်ဖက်မှာတော့ အသက် ငါးနှစ် ခြောက်နှစ်ခန့်ပဲရှိဦးမဲ့ မိန်းကလေးငယ်တစ်ယောက်ပါပါတယ်။

လင်းဟန်က ချက်ချင်းပဲ မတ်တပ်ထရပ်လိုက်ပါတယ်။ သူ့ရဲ့တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်နေသလိုမျိုး ဖြစ်နေပါတယ်။

အပိုင်း(၇၈) ရိုင်းစိုင်းသောမိန်းကလေး

``အားလုံးပဲ လွန်ခဲ့တဲ့ရက်အနည်းငယ်တုန်းက သိုင်းပညာရှင်အုပ်စုတစ်ခုက လေတောင်တန်းခုနှစ်ခု ဆီကို အမဲလိုက်ထွက်ခဲ့ကြတယ်။ ပြီးတော့ ဒီမိန်းကလေးကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်ရဲ့ သားရဲ တွင်းထဲကနေ

ရှာဖွေတွေ့ရှိခဲ့ကြတယ်။ ထူးဆန်းတာတစ်ခုက ဒီမိန်းကလေးက ကျားရဲ့ ကိုက်ဖြတ်စားသောက်တာကို မခံရပဲမဲ့ အဲဒီနေရာမှာ နှစ်ပေါင်းတော်တော်ကြာအောင် နေခဲ့တဲ့ပုံဖြစ်နေတယ်။ သူမက နှစ်နှစ်ခန့်အရွယ်လောက်ကတည်းက ကျားက သူ့ရဲ့သားရဲတွင်းကို ခေါ်သွားခြင်းခံရတဲ့ပုံစံမျိုးပါပဲ``

အစီအစဉ်ကြေညာသူက သူမရဲ့ ကို ညွှန်ပြပြီးတော့သူမရဲ့ နောက်ခံအကြောင်းကို မိတ်ဆက်ပေးလိုက်ပါတယ်။

``သူမကိုကြည့်ရတာ အရမ်းကိုငယ်ပါသေးတယ်.... ဒါပေမဲ့ သူမက ထူးထူးခြားခြား အရမ်းကို သန်မာပါတယ်။ သူမက ဘယ်လို စကားပြောရမလဲဆိုတာမသိသလို သူမရဲ့ ခြေထောက်တွေကို သုံးပြီးတော့ လမ်းဘယ်လိုလျှောက်ရမလဲဆိုတာကိုလဲ မသိပါဘူး။ သူမရဲ့ အပြုအမူတိုင်းက ရိုင်းစိုင်းတဲ့သားရဲကောင် တစ်ကောင်နဲ့ တူပါတယ်.။ အခု... သူမရဲ့ စွမ်းဆောင်ရည်တွေကို ဒီ ဂံပုလွေသားရိုင်းနဲ့ တိုက်ခိုက်ယှဉ်ပြိုင်စေပြီးတော့ အားလုံးပဲ စောင့်ကြည့်ကြရအောင်ဗျာ``

ပရိတ်သတ်အားလုံး ဒီမိန်းကလေးအပေါ်မှာ အာရုံစိုက်သွားကြပါတယ်။ ဒီမိန်းကလေးရဲ့ ဆံပင်တွေက

ဖိုသီပတ်သီနဲ့ တစ်ကိုယ်လုံးကလဲ ညစ်ပတ်ပေရေနေပြီးတော့ ဖုန်တွေသဲတွေနဲ့ ဖုံးနေပါတယ်။ သူမရဲ့ ကိုယ်လုံးကလဲ သေးငယ်ပြီးတော့ ဒီ ဂံပုလွေရှိုင်းနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုယင် နို့စို့ကလေးအရွယ်နဲ့ အရွယ်ရောက်သူတစ်ယောက်တို့ရဲ့ တိုက်ပွဲနဲ့ ဆင်တူပါတယ်။

သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သူမရဲ့ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်နိုင်မှာလဲ? နောက်ဆုံး ရလဒ်ကတော့ သနားညှာတာမှုကင်းမဲ့စွာနဲ့ အသတ်ခံရပါလိမ့်မယ်။

ချီယောင်ရီ လည်းပဲ ခြေထောက်ကိုထောက်ပြီးတော့ ရပ်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ မကျေနပ်တဲ့ ခံစားချက်တွေဖြစ်ပေါ်နေပါတယ်။ ဒါအရမ်းကိုလွန်သွားပြီ။ ဒီလို ငယ်ရွယ်တဲ့ကလေးတစ်ယောက်ကို အခုလိုမျိုး ဖျော်ဖြေခိုင်းတာတယ်ပေါ့လေ။ သူတို့ကလုံးဝ အသိစိတ်မရှိကြတော့ဘူးလား။

``Xiu``

လင်းဟန်က ပြိုင်ပွဲကွင်းအတွင်းကို ခုန်ဝင်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒီကလေးကို လွှတ်ပေးလိုက်စမ်း``

``ဟော့ဟော့ဟော့ မင်းစည်းမျဉ်းစည်းကမ်းတွေကို မသိဘူးလား..ဒါက ဒုယွန်ဘုရင်ရဲ့ အဆောက်အအုံကွ... မင်းကဒီနေရာကိုလာပြီးတော့ ပြဿနာရှာရဲတယ်ပေါ့ဟုတ်လား?``

အစီစဉ်ကြေညာတင်ဆက်သူက တစ်ခဏမှကြောင်နေပြီးတော့ ဒေါသအရမ်းထွက်သွားပါတယ်။ ဒါပေမဲ့ မကြာခင်ပဲ သူထပ်ပြီး အံ့သြမှင်တက်သွားပြီးတော့ လင်းဟန်ကို ညွှန်ပြပြီးပြောလိုက်ပါတယ်။

``မင်းက ဒီနှစ်ရဲ့ ဒုယွန်ပြိုင်ပွဲမှာဗိုလ်စွဲခဲ့တဲ့ ချန်ပီယံမဟုတ်လား``

သူက လင်းဟန်ကို သတိပြုမိသွားတဲ့နောက်ပိုင်းမှာ သူ့အနေနဲ့ အရမ်းကြီး မလုပ်ရဲပုံတော့ပဲနဲ့ ရှင်းပြလိုက်ပါတယ်။

``လင်းသခင်လေးခင်ဗျား..... ဒါက ဒီနပန်းပြိုင်ကွင်းရဲ့ စည်းမျဉ်းစည်းကမ်းပဲဖြစ်ပါတယ်။ ဘယ်သူမဆို

ဒီပြိုင်ပွဲကွင်းထဲကိုဝင်လာပြီးယင် တိုက်ခိုက်ရပါလိမ့်မယ်။ ဒီနေရာမှာ အသက်ကြီးတာ ငယ်တာ ယောက်ကျား မိန်းမ ဖြစ်တာတွေ မခွဲခြားထားပါဘူး``

`` ဒါဆို ငါမင်းကိုမေးပါရစေ... သူမက ဒီပြိုင်ပွဲကွင်းကြီးထဲကို ဝင်ဖို့ စိတ်ဆန္ဒရှိရဲ့လား ဒါမမဟုတ် ဘယ်လိုပြစ်မှုမျိုးကို သူမက ကျူးလွန်ထားလို့ ရွေးချယ်ခွင့်မရှိပဲနဲ့ ယှဉ်ပြိုင်နေရတာလဲ?

လင်းဟန်ကမေးလိုက်ပါတယ်။

``ဒါ...``

အစီအစဉ်ကြေညာတင်ဆက်သူက ပြောစရာစကားလုံးတွေပျောက်ကုန်ပါတယ်

ဒီကမ္ဘာကြီးမှာတော့ သန်မာတဲ့သူက လေးစားခံရပါတယ်။ ရိုင်းစိုင်းတဲ့ မိန်းကလေး တစ်ယောက် ပေါက်ဖွားလာတဲ့ကိစ္စက လူတိုင်းရဲ့အ ဂရုံစူးစိုက်ခြင်းကို ခံရပ့ါမလား။ ဒါကြောင့် တကယ်လို့ သူမကို နပန်းပြိုင်ကွင်းထဲက တိုက်ပွဲကို ပို့လိုက်မယ်ဆိုယင်ရော ဘယ်သူက ဂရုစိုက်မှာလဲ? ဘယ်သူကရော

စိတ်ထဲထားမှာလဲ?

လင်းဟန်ဆီက မေးခွန်းကြောင့် အစီအစဉ်ကြေညာတင်ဆက်သူက ဘယ်လိုပြန်ဖြေရမလဲဆိုတာတောင် မသိတော့ပါဘူး။

``သူမကိုလွှတ်လိုက်``

ချီယောင်ရီလည်းပဲ ပြိုင်ကွင်းထဲကို ဆင်းလာပြီးတော့ အေးစက်စွာနဲ့ အစီအစဉ်ကြေညာ တင်ဆက်သူကို အမိန့်ပေးလိုက်ပါတယ်။

``ဟုတ်ကဲ့ပါ နံပါတ်လေးမင်းသားခင်ဗျာ``

အစီအစဉ်ကြေညာတင်ဆက်သူက ချက်ချင်းပဲ လက်ခံလိုက်ပါတယ်။ ဒီလူက ဒုယွန်ဘုရင်ရဲ့နေရာကို အမွေဆက်ခံနိုင်ဖို့
ဖြစ်နိုင်ချေရှိတဲ့သူတစ်ယောက်ပဲဖြစ်ပါတယ်။ ဒါကြောင့် ချီယောင်ရီရဲ့စကားတွေကို ဘယ်သူကမှ မဆန့်ကျင်ရဲကြပါဘူး။

ဒါပေါ့ သူ့အနေနဲ့ နံပါတ်လေးမင်းသားက တကယ်လို့

အမိန့်မပေးဖူးဆိုယင် အကျဉ်းသားတွေကို လွှတ်ပေးဖို့ မလုပ်ငံ့ပါဘူး။ ဒါပေမဲ့လည်း သူမအနေနဲ့ လွှတ်ပေးခြင်း ခံရယင်တောင်မှ ဒီရိုင်းစိုင်းတဲ့မိန်းကလေးမှာ သက်သေအထောက်အထား စာရွက်စာတမ်းတစ်ခုမှမရှိတဲ့အတွက် တစ်စုံတစ်ယောက်ရဲ့ အစေခံအဖြစ်ယူသွားခြင်းကို ခံရပါလိမ့်မယ်။ တကယ်လို့ သူမလွတ်သွားခဲ့ယင်တောင်မှ ဒါက ပြဿနာကြီးတစ်ခုမဟုတ်ပါဘူး။

သူက လှောင်အိမ်ကို ဖွင့်လိုက်ဖို့ အမိန့်ပေးလိုက်တာပါတယ်။ လှောင်အိမ်တံခါးပွင့် သွားတာနဲ့ မိန်းကလေးက ချက်ချင်းပဲ တောလိုက်ကျားသစ်တစ်ကောင်လိုမျိုးခုန်အုပ် လိုက်ပါတယ်။ သူမက အရမ်းကို သန်မာလွန်းပါတယ်။ သူမက ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်မှာ ရှိတဲ့ အလုပ်သမားတစ်ယောက်ကို မြေပေါ်ကို လဲကျသွားအောင်လို့ လုပ်နိုင်ပါတယ်။ သူမရဲ့ သွင်ပြင်ပုံသဏ္ဍာန်က တကယ့်ကို ရိုင်းစိုင်းကြမ်းကြုတ်တဲ့သားရဲ တစ်ကောင်လိုပါပဲ။ သူမရဲ့ ပါးစပ်သေးသေးလေးကိုဖွင့်လိုက်ပြီးတော့ နှင်းကဲ့သို့ဖြူဖွေးနေတဲ့ သွားသေးသေး အစွယ်လေးနှစ်ချောင်းကို ဖော်ထုတ်လိုက်ပြီးတော့ အဲဒီလူရဲ့ လည်မျိုကို ရည်ရွယ်ပြီးတော့ ကိုက်လိုက်ပါတယ်။

ဒါက ရက်စက်ကြမ်းကြုတ်တဲ့ကျားတစ်ယောက်ရဲ့ တိုက်ခိုက်တဲ့ပုံစံမျိုးနဲ့ တစ်ထပ်တည်းပါပဲ.. လည်မျိုကိုကိုက်ပြီးတော့ အသက်ရှုတဲ့ လမ်းကြောင်းကို ဖြတ်ပစ်လိုက်တဲ့ပုံစံမျိုးပါ။

လင်းဟန်လျှင်မြန်စွာနဲ့ လှုပ်ရှားလိုက်ပါတယ်။ သူက မိန်းကလေးငယ်လေးရဲ့ လည်ကုပ်ကို ဆုပ်ကိုင်ထားလိုက်ပါတယ်. ဒါပေမဲ့ မိန်းကလေးက တစ်ချက်မှ တုံ့ဆိုင်းမနေပဲနဲ့သူမရဲ့ လက်သည်းတွေနဲ့ လင်းဟန်ကို ရုတ်တရက် ကုတ်ခြစ် လိုက်ပါတယ်။ သူမရဲ့ လက်သည်းကုတ်ချက်ကြောင့် လင်းဟန်ရဲ့လက်ဖျံပေးမှာ အဖြူရောင်အမှတ်တစ်ခု ကျန်ရစ်သွားပါတယ်။

ဒါပေမဲ့လည်း သူက သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ် အစွမ်းကို လေ့ကျင်သင်ယူထား ခဲ့အတွက်ကြောင့် မို့လို့ ဒီမိန်းကလေးရဲ့ လက်သည်းတွေက ဘယ်လောက်ပဲ ထက်မြက် စူးရှနေပါစေ သူ့လက်မောင်းပေါ်မှာတော့ အဖြူရောင်အမှတ်သေးသေးလေး တစ်ခုပဲ ကျန်နေရစ်စေပါတယ်။

ရှိုင်းစိုင်းတဲ့မိန်းကလေးက သူမရဲ့ သွားဖြူဖြူလေးတွေနဲ့ကို

လှမ်းဆွဲပါတယ်။ သူမရဲ့ ပုံစံလေးက ထောင်ချောက်ထဲကိုကျနေတဲ့ သားရဲတစ်ကောင်ရဲ့ စိတ်ဆိုးမာန်ဆိုး ဖြစ်နေတဲ့ပုံနဲ့တူပါတယ်။

လင်းဟန်က ကြည့်နေယင်းနဲ့အနည်းငယ် အံ့အားသင့်သွားပါတယ်. ဘာလို့လဲဆိုတော့ သူက ဒြပ်စင်စုစည်းခြင်းအဆင့်ဖြစ်ပြီးတော့ အရမ်းကို စွမ်းအားပြည့်ဝတဲ့ ခွန်အားကို ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့သူသာ သူမကို တင်းတင်းကျပ်ကျပ်နဲ့ ကိုင်မထားဘူးဆိုယင် ဒီသေးငယ်လှတဲ့ မိန်းကလေးက သူ့ရဲ့ ဖမ်းဆုပ်ထားခြင်းကနေ အောင်အောင်မြင်မြင်နဲ့ လွတ်ထွက်သွားမှာပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဒီရိုင်းစိုင်းတဲ့မိန်းကလေးက အခုမှ ငါးနှစ် ခြောက်နှစ်ခန့်ပဲရှိသေးပြီးတော့ သူမရဲ့ စိတ်ဂိဉာဉ်အခြေခံကလဲ နိုးထသေးတဲ့ပုံမပေါ်ပါဘူး။ အဲဒီလိုဆိုယင် ဘယ်လိုလုပ်ပြီး တော့ ဒီလိုမျိုး စွမ်းအားပြည့်ဝတဲ့ ခွန်အားကို သူမ ပိုင်ဆိုင်ထားတာပါလိမ့်?

သိချင်စိတ်ပြင်းပြစွာနဲ့ ပဲ လင်းဟန်က သူမရဲ့အပေါ်ကို သူ့ရဲ့ အသိဉာဏ်ကို အသုံးပြုပြီး စစ်ဆေးလိုက်ပါတယ်။ ဒီမိန်းကလေးရဲ့ အသားနဲ့ သွေးတွေအထဲမှာ အမှန်တကယ်ပဲ

မူလစွမ်းအင်တွေကို ရှာတွေ့ခဲ့ပါတယ်။ မမျှော်လင့်ပဲနဲ့ သူမက တကယ်ပဲ သိုင်းပညာရှင် တစ်ယောက်ဖြစ်ပါတယ်။ပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၃ မှာရှိပါတယ်။

ဒါကဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ?

သိုင်းပညာရှင်တစ်ယောက်က သူတို့ရဲ့ စိတ်ဂိဉာဉ်အခြေခံ နိုးထလာပြီးတဲ့အခါမှာ ကျင့်ကြံခြင်းနည်းစနစ် နဲ့ စတင်လေ့ကျင့်ပြီးတော့ ဂိဉာဉ်ချီတွေကို စုပ်ယူပြီးတော့ မူလစွမ်းအားတွေကို ကိုယ်ခန္ဓာရဲ့ သွေး.. အသား နဲ့ အရိုးတွေဆီကို သန့်စင်ပြီးတော့ ကူးပြောင်းပေးတာက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ပါ။

သိုင်းပညာရှင်တွေကိုယ်စီက ကျင့်ကြံခြင်းနည်းစနစ်နဲ့လေ့ကျင့်ပြီးတော့ လှည့်လည်ခြင်းလမ်းကြောင်းရဲ့ လက္ခဏာအရ သူ့ရဲ့ မူလစွမ်းအင်တွေကို သိုင်းပညာရှင်ရဲ့ ကိုယ်ခန္ဓာထဲမှာချန်ထားခဲ့ပြီးတော့ သူက လေ့ကျင့်ရပါတယ်။ ဒါကပဲ သိုင်းပညာရှင်တွေက မြင့်မားတဲ့ ကျင့်စဉ်အဆင့်ကပဲ သူပြိုင်ဘက်ရဲ့ ကျင့်စဉ်အဆင့်ကို သိနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ဒီမိန်းကလေးမှာ ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၃ စွမ်းရည်တွေရှိနေတယ်ဆိုတာကို ရှာမတွေ့ခဲ့ပါဘူး

ဘာလို့လဲဆိုတော့ သူမက အယင်ကတည်းက လေ့ကျင့်ဖူးခဲ့တဲ့ လက္ခဏာလုံးဝမရှိလို့ပါ။

လင်းဟန်ကတော့မတူညီ ကွဲပြားပါတယ်။ သူက ကောင်းကင်အဆင့်စစ်သည်တော်ရဲ့ စိတ်ဝိဉာဉ်အစ တစ်စ ကိုပိုင်ဆိုင်ထားဆဲ ဖြစ်ပြီးတော့ ၄င်းကိုအသုံးပြုပြီး မိန်းကလေးရဲ့ အစွမ်းကို ဖြတ်ပီးမြင်နိုင်ပါတယ်။

ဖြစ်နိုင်တာက ဒီမိန်းကလေးက အမှန်တကယ်ပဲ ထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ ရှိနေတယ်နဲ့တူတယ်။

ဒါပေမဲ့ သူ့အနေနဲ့က ပိုင်ရှင်ရဲ့ တိုက်ခိုက်မှုအစွမ်းကို တိုးစေတဲ့ ထူးခြားတဲ့ ကိုယ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကိုပဲ ကြားဖူးခဲ့ပါတယ်။ ယခုလိုမျိုးပိုင်ရှင် ဖြစ်သူရဲ့ ကျင့်ကြံခြင်းကို အထောက်အကူဖြစ်စေတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ မျိုးကို တော့ သူ့အနေနဲ့ တစ်ခါမှမကြားဖူးခဲ့ပါဘူး။ ဒါပေမဲ့ တကယ်လို့ ဒီမိန်းကလေးက စွမ်းအားပြည့်ဝတဲ့ မျိုးနွယ်စုက ဆင်းသက်လာတာမဟုတ်ဘူးဆိုယင် ဒီ ရက်စက်ကြမ်းကြုတ်တဲ့ ကျားကဘာလို့သူမကို မွေးစားထားတာလဲ? ဒ့ါအပြင် သူမက ကျင့်ကြံခြင်းနည်းစနစ်တွေကို မလေ့ကျင့်ဖူးပဲနဲ့ သူမရဲ့

ကိုယ်ပိုင် မူလအစွမ်းကိုတွေကို ထုတ်ဖော်နိုင်တယ်။ ဒါကြောင့် တစ်ခုတည်းသော ဖြေရှင်းချက်က သူမမှာ အထူးကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ အချို့ ရှိတာဖြစ်နိုင်ပါတယ်။

မှန်ပါတယ်။ ဒီကမ္ဘာကြီးမှာ မတူညီတဲ့ ထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံတွေအများကြီးရှိပါတယ်။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး အကုန်လုံးကို သိနိုင်မှာလဲ?

လင်းဟန်ရဲ့ အမူအရာက လုံးဝမပြောင်းလဲပဲရှိနေပါတယ်။ သူက ချီယောင်ရီဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါ ဒီမိန်းကလေးကို အယင်ဆုံးခေါ်သွားပြီးတော့ သန့်ရှင်းရေးလုပ်ပေးလိုက်မယ်``

``မင်းတကယ်ပဲနောက်လာမဲ့ တိုက်ပွဲကို မကြည့်ပဲနဲ့ သွားတော့မလို့လား?``

ချီယောင်ရီက ထူးဆန်းစွာနဲ့မေးလိုက်ပါတယ်။ နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်တွေရဲ့ တိုက်ပွဲက နေ့တိုင်းမရှိပါဘူး ..ပြီးတော့ ဒြပ်စင်စုစည်းခြင်း အထွတ်အထိပ် လူတွေက ဒီလိုမျိုးတိုက်ပွဲကို

ကြည့်ရှုခြင်းဖြင့် သူတို့ရဲ့ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့အခါမှာ အကူအညီအချို့ကို ရနိုင်ပါသေးတယ်။

``ဟင့်အင်း``

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။ သူ့အတွက်ကတော့ မတူညီတဲ့ အဆင့်တွေကို နားလည်သဘောပေါက်ထားပြီးတော့ ဒါမျိုးက သူ့အတွက်တော့ လုံးဝကို မလိုအပ်ပါဘူး။

သူက
သားရိုင်းမိန်းကလေး(ရိုင်းစိုင်းသောလို့မရေးတော့ဘူးနော်) ကို ကောင်းကင်ဆေးအိမ်တော်ဆီကို ပြန်ခေါ်လာခဲ့ပါတယ်။ သူမက တကယ်ပဲ ရက်စက် ကြမ်းကြုတ်ပါတယ်။ အခွင့်ရေးရယင် ရသလို လင်းဟန်ကို သူမက ကိုက်ချင်ကိုက် မဟုတ်ယင် ကုတ်ခြစ်ဖို့ အခွင့်အရေးချောင်းနေပြီးတော့ လင်းဟန်အနေနဲ့ ဂရုမစိုက်ပဲ မနေနိုင်ပါဘူး။ဒါ့အပြင် ဒီမိန်းကလေးရဲ့ သွားတွေက တကယ်ပဲအရမ်းကို စွမ်းအားပြည့်ဝတယ်။ တကယ်လို့ ကိုက်ခံမိလိုက်ယင် သူတောင်မှပဲ အနည်းငယ် နာကျင်မှုဒါဏ်ကိုခံစားရပါတယ်။

တစ်ခုသိထားရမှာက သူက သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ်စွမ်းရည်ကို လေ့ကျင့်ထားသူပါ။ ပုံမှန်တိုက်ခိုက်မှုက သူ့ကို အနည်းငယ်မျှတောင် ဒါဏ်ရာရဖို့ မစွမ်းဆောင်နိုင်ပါဘူး သူ့အနေနဲ့ လည်း အဲဒီကနေပြီးတော့ အနည်းငယ်မျှတောင် နာကျင်တဲ့ဝေဒနာခံစားရမှာမဟုတ်ဘူးပါဘူး။

သူက ဖြစ်နိုင်ချေရှိတာက တန်ဖိုးရှိတဲ့ ရတနာတစ်ခုကောက်ရခဲ့တာဖြစ်နိုင်ပါတယ်။

လင်းဟန်က
ဒီမိန်းကလေးကိုခေါ်ပြီးကောင်းကင်ဆေးအိမ်တော်ကိုပြန်လာတော့ လွီယုထန်က လင်းဒေါင်ရှန်နဲ့လိုက်ပီးတော့ မသွားခဲ့ပါဘူး။ သူမက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် ပြင်ဆင်နေပြီးတော့ စိတ်ဂိဉာဉ်ချီတွေကို နောက်ဆုံးအနေနဲ့ စုစည်းသိုမှီးနေပါတယ်။သူမက လမ်းလျှောက်ထွက်ရင်းနဲ့ ညစ်ပတ်ပတ် ကလေးတစ်ယောက်ကို ချီထားတဲ့ လင်းဟန်ကို မြင်လိုက်ရတော့ အံ့သြသွားခဲ့ပါတယ်။

``မင်းဒီမှာရှိနေတာ ကောင်းတယ်... ဒီမိန်းကလေးကို ရေမိုးချိုးပေးလိုက်ဦး.. ငါသူ့အတွက်

အဂတ်အစားတွေသွားဂယ်လိုက်ဦးမယ်``

လင်းဟန်က သားရိုင်မိန်းကလေးကို လီွယုထန်ဆီကိုပစ်ပေးလိုက်ပါတယ်။

``ဒါပေမဲ့ မင်းသတိထားရလိမ့်မယ်.. ဒီမိန်းကလေးက အရမ်းကိုသန်မာတယ် ပြီးတော့ သူမရဲ့သွားတွေက အရမ်းကို ထက် တယ်နော်... တကယ်လို့ မင်းအကိုက်ခံရမယ်ဆိုယင် သေချာပေါက် သွေးတွေအများကြီးထွက်ကုန်မယ်``

လီွယုထန် ရဲ့မျက်နာက အံ့အားသင့်မှုတွေနဲ့ပြည့်နေပါတယ်။ သူမအနေနဲ့ အခု ဒြပ်စင် စုစည်းခြင်းအလွှာ ၉ မှာရှိပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်ကို ကျော်လွန်ခဲ့တာ တော်တော်ကြာပါပြီ... ဒါကြောင့် သူမရဲ့ ခန္ဓာကိုယ်က ကြွက်သားတွေအားလုံးက သန့်စင်ပြီးတော့ အရမ်းကို မာကျောပါတယ်။ ထက်ရှတဲ့ လက်နက်တွေကသာ သူမကို ဒါဏ်ရာရစေနိုင်ပြီးတော့ ဒါပေမဲ့အခု ဒီမိန်းကလေးငယ်ငယ်လေးက ကိုက်ခံရယင်လဲ သူမကို အမှန်တကယ်ပဲ သွေးထွက်စေနိုင်တာလား?

ဒါပေမဲ့ လင်းဟန်က အမှန်တကယ်ပဲ အကျိုးမရှိတဲ့စကားတွေကို

ပြောတတ်တဲ့သူတစ်ယောက်မဟုတ်ပါဘူး ဒါကြောင့် သူမက ဒီသားရိုင်းမိန်းကလေးကို သေချာဂရုစိုက်စွာနဲ့ ကိုင်လိုက်ပါတယ်။

လင်းဟန်က ကလေးအဝတ်အစားတွေကို ဝယ်ပြီးတော့ ပြန်လာခဲ့ချိန်မှာတော့ သားရိုင်း မိန်းကလေးက လုံးဝပြောင်းလဲသွားခဲ့ပါတယ်။ သူမက အခုဆိုယင် သန့်ရှင်းသောရေထဲကနေ ထွက်ပေါ်လာတဲ့ ကြာပန်းလေးတစ်ပွင့်နဲ့တူပါတယ်။ လုံးဝ လှပမှုတစ်ခုရဲ့ အဖူးအငုံလေးတစ်ခုပါပဲ။ ဒါပေမဲ့ ဒီမိန်းကလေးက လက်ရှိမှာတော့ ကြိုးတစ်ချောင်းနဲ့ တုပ်ချည်နှောင်ထားခြင်းကိုခံထားရပါတယ်။ ဒါက ကိုယ်ခန္ဓာပြုပြင်ခြင်း အလွှာ ၃ တစ်ယောက်ရဲ့ ခွန်အားနဲ့ လွယ်ကူစွာနဲ့ မပြတ်တောက် နိုင်တဲ့အတွက် သူမကိုကြည့်ရတာ အရမ်းကို ရီစရာကောင်းပါတယ်.။

ဒီမိန်းကလေးရဲ့ အသွင်အပြင်က လုံးဝပြောင်းလဲသွားပြီးတော့ ထူးထူးခြားခြားပြောင်းလဲသွားပေမဲ့လည်းသူမရဲ့ ရက်စက်ကြမ်းကြုတ်ခြင်းကတော့ လုံးဝ မလျော့ကျသွားပါဘူး။ သူမရဲ့ ပါးစပ်သေးသေးလေးကိုဟပြီးတော့ လွှီယုထန်ကို အသံ တိုးတိုးလေးနဲ့ ဟိန်းဟောက် မာန်ဖီနေပါတယ်။

အပိုင်း(၇၉) အရက်မူးတော့ ကျွဲခိုးပေါ်
``နင်တစ်ကယ် ဟာသပြောတာမဟုတ်ဘူးပဲ... ဒီကောင်မလေးရဲ့သွားတွေက တကယ့်ကို စွမ်းအားပြည့်ဂတယ် ဒီမှာကြည့်....``

လွီယုထန်က သူမရဲ့ ဘယ်ဘက်လက်ကိုမြှောက်ပြလိုက်ပါတယ်။ သူမရဲ့ လက်ဂါးအဆစ်ကနေ တံတောင်ဆစ်အထိကို ပါတ်တီးအပြည့်စီးထားပါတယ်။ သူမအကိုက်ခံလိုက်ရတယ်ဆိုတာ ထင်ရှားပါတယ်။

အစတုန်းက လင်းဟန်ကိုယ်တိုင်တောင်မှ အဲဒီကောင်မလေးရဲ့ ကြောင့် ဒါဏ်ရာ ရသွားခဲ့သေးတာပဲ ဒါက ဘာကိုဖော်ပြသလဲဆိုယင်ရင် ဒီကောင်မလေးမှာ မြွေတွေလိုမျိုး ပြန်လည်တုံ့ပြန်တဲ့နေရာမှာ အရမ်းကိုကောင်းမွန်တဲ့ အာရုံရှိတယ်ဆိုတာ သက်သေပြတာပါပဲ။ပိုပြီး အရေးကြီးတာက သူမရဲ့ သွားတွေက ဘယ်လောက်တောင် ပြင်းထန်ရက်စက်သလဲဆိုတာကို မင်းရဲ့ ခန္ဓာကိုယ်နဲ့ အတွေ့အကြုံ မရမခြင်း ယုံမှာ တောင်မဟုတ်ဘူး။

``ဒီမိန်းကလေးက သေချာပေါက် ခွေးနစ်

မှာမွေးတာပဲဖြစ်ရမယ်``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်

``သူမက ခွေးထက်ပိုပြီးတော့ ပိုစွမ်းအားကြီးတယ် သေချာပေါက် ကျားနစ်မှာမွေး တာဖြစ်ရမယ်``

လှီယုထန်က ဒုက္ခအနည်းငယ်နဲ့ တွေ့ကြုံခဲ့ရပြီးဖြစ်လို့ သူမရဲ့ ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။ ပထမအကြိမ် သူမကိုက်ခံလိုက်ရတာက သူမရဲ့ ဂရုမထားမိလိုက် တဲ့ ပေါ့ဆမှုကြောင့်ဖြစ်ပြီး ဒုတိယအကြိမ် သူမအနေနဲ့ သေသေချာချာ စောင့်ကြပ် နေတဲ့ကြားထဲက ဒီသားရိုင်းမိန်းကလေးက ဘယ်လောက်တောင်မှ ကြောက်စရာကောင်းတယ်ဆိုတာ သက်သေပြနေပါတယ်။

ပြီးတော ့သူမအနေနဲ့ ဒီသားရိုင်းမိန်းကလေးကို ထိခိုက်နစ်နာစေဖို့အတွက် မတွေးထားပါဘူး။ ပြီးတော့ သူမရဲ့သွားတွေက ဘယ်လောက်ပဲ ထက်မြက် နေပါစေ လှီယုထန်အနေနဲ့ သူမကို ချွေးတောင်မထွက်ပဲ တစ်ချက်တည်းနဲ့ ရိုက်သတ်လို့ရပါတယ်။

``သူမ ဘယ်ကနေလာတာလဲ``

လီယုထန်က သိချင်စိတ်ပြင်းပြစွာနဲ့မေးလိုက်ပါတယ်။

``သူမက တောထဲမှာ ကျားတစ်ကောင်ရဲ့ မွေးစားစောင့်ရှောက်ထားခြင်းကို ခံပြီးတော့ နေနေခဲ့တာပဲ. အဲဒါအပြင် ငါလည်း တစ်ခြားဘာမှ မသိသေးဘူး``

လင်းဟန်က သားရိုင်းမိန်းကလေးရဲ့ အရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပီးတော့ သူ့ရဲ့ လက်တွေနဲ့ သူမကို ပွတ်ပေးလိုက်ပါတယ်။

``မိန်းကလေး....မင်းမှာနာမည်မရှိသေးဘူးမဟုတ်လား ... ဒီတော့ ငါမင်းကို နာမည်တစ်ခုပေးမယ်``

``ဝေါင်း.. ဝေါင်း``

သားရိုင်းမိန်းကလေးက သူမရဲ့ ပါးစပ်ကို ဖွင့်လိုက်ပိတ်လိုက်နဲ့ သူမရဲ့ သွားတွေကို ကြိတ်ပီး ဆူညံစွာနဲ့ မာန်ဖီရင်း လင်းဟန်ရဲ့ လက်ချောင်းကို လှမ်းကိုက်လိုက်ပါတယ်။

``မင်းက ကျားတစ်ကောင်နဲ့အတူတူ ကြီးပြင်းလာတာဖြစ်လို့

မင်းကို နောက်ဆိုယင် ဟူးညို လို့ ခေါ်မယ်``

လင်းဟန်က အပြုံးနဲ့ပြောပြီးတော့ လွီယုထန်ဘက်ကိုလှည့်ကာမေးလိုက်ပါတယ်။

``သူမ မှာ မွေးရာပါအမှတ်အသားတော့ ဘာတွေများရှိသလား? တကယ်လို့ရှိတယ်ဆိုယင် အဲဒီအမှတ်အသားနဲ့ အနာဂါတ်မှာ သူမရဲ့ မိဘ အစစ်အမှန်ကို ရှာဖွေတဲ့နေရာမှ ပိုပြီးတော့ အထောက်အကူရတာပေါ့``

``တစ်ခုတော့ရှိတယ်``

လွီယုထန်ကခေါင်းငြိမ့်လိုက်ပါတယ်။

``သူမရဲ့ ခြေကျင်းဝတ်နားမှာ အရမ်းကို ထူးဆန်းတဲ့ အမှတ်တစ်ခုရှိတယ်... တကယ်လို့ သူမမွေးကတည်းက အဲဒီအမှတ်အသားက တူတူပါလာတာလား ဒါမှမဟုတ် သူမကိုမွေးပြီးတော့မှ တစ်စုံတစ်ယောက်က ဒီအမှတ်အသားကို မှတ်ပေးလိုက်တာလားဆိုတာကို ငါကိုယ်တိုင်တောင်မှ မပြောတတ်ဘူး``

လင်းဟန်က တစ်ချက်ကြည့်လိုက်ပါတယ်။ ဒီသားရိုင်းမိန်းကလေးရဲ့ ဘယ်ဘက်ခြေ ကျင်းဝတ်နေရာမှာ အမှတ်အသားတစ်ခုရှိနေပါတယ်။ အဲဒါက ကြေးပြားတစ်ပြား အရွယ်အစားခန့်ရှိပြီးတော့ အရမ်းကို ရှုပ်ယှက်ခတ်တဲ့ ပုံစံတစ်ခုဖြစ်ပါတယ်။ အဲဒါက ပုံစံက ဘာကိုဆိုလိုသလဲဆိုတာ သူ့အနေနဲ့ လုံးဝမပြောနိုင်ပါဘူး။ သီအိုရီအရ ပြောရမယ်ဆိုယင်တော့ ဒီလိုမျိုး ရှုပ်ယှက်ခတ်နေတဲ့ ပုံစံက သူမမွေးပြီးတဲ့အခါမှ တစ်စုံတစ်ယောက်က အမှတ်တံဆိပ်ပြုလုပ်လိုက်တာမျိုး ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ အဲဒီလိုမျိုး အမှတ်တံဆိပ်ပြုလုပ်ထားတယ်ဆိုတဲ့ လက္ခဏာမျိုး မတွေ့ရပါဘူး။ ဖြစ်နိုင်တာက သူမမွေးကတည်းက ပါလာတဲ့ မွေးရာပါအမှတ်အသားပဲဖြစ်ပါလိမ့်မယ်။

ဒါက တကယ့်ကို ထူးခြားတာပဲ။

``နင် ဟူးညီ့အတွက် ဘာအစီအစဉ်တွေ ရှိလဲ?``

လွီယုထန်က မေးလိုက်ပါတယ်။ သူမအနေနဲ့ ဒီမိန်းကလေးငယ် အပေါ်မှာ စတင်ပြီးတော့ အနည်းငယ် ခံစားမှုရှိလာပါတယ်။

``ဒီမိန်းကလေးက သူ့ကိုယ်သူ သားရဲကောင်တစ်ကောင်လို့ ထင်နေပုံပဲ.. တကယ်လို့ နင့်မှာ အစီအစဉ်လုံလုံလောက်လောက်မရှိဘူးဆိုယင် ... သူမက သေချာပေါက် ပြဿနာပဲ``

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ပထမဆုံး သူမကို ငါတို့နဲ့ အတူတူခေါ်သွားရမှာပဲ.. သူမကို လူသားမှတ်ဉာဏ် အသိ တွေ မရခင်အထိတော့ နောက်ထပ် ဘာလုပ်ရမလဲဆိုတာ မပြောတတ်သေးဘူး``

ဟူးညို ကတော့ သူမကို သူမ လူသားတစ်ယောက်လို့ ဘယ်တုန်းကမှ မတွေး ထားပါဘူး။ သူမက တောရိုင်းကြောင် တစ်ကောင် သို့မဟုတ် ကျားပေါက်လေး တစ်ကောင်နဲ့ပဲတူပါတယ်။ သူတို့က သူမရဲ့ ကိုယ်ပေါ်ကို အဂတ်အစားတစ်ချို့ ဂတ်ပေး ပေမဲ့လည်း သူမက ချက်ချင်းပဲ အဲဒီအဂတ်အစားတွေကို စုတ်ဖြဲပစ်လိုက်ပါတယ်။ တကယ်လို့ သူတို့သာ သူမကို တင်းကျပ်စွာနဲ့ မချည်နှောင်ထားဘူးဆိုယင် သူမက သေချာပေါက် မျောက်တစ်ကောင်ထက်တောင်လျှင်မြန်စွာနဲ့ ခုန်ပေါက်ထွက်ပြေးသွား မှာပါ။ လင်းဟန်အတွက် ပိုပြီး ခေါင်းကိုက်စရာအဖြစ်ကတော့ သူမက

ချက်ထားပြုတ်ထားတဲ့ အစာတွေကို လုံးဝမစားတဲ့အကြောင်းပဲ ဖြစ်ပါတယ်။

အသားကင်ပဲဖြစ်ဖြစ် အသားပြုတ်ပဲဖြစ်ဖြစ် သူမရဲ့အရှေ့မှာထားပေးထားတဲ့ အသားတွေကို တစ်ချက်ကလေးမှတောင် မကိုက်တဲ့အပြင် ထိတောင် မထိပါဘူး။ အဲဒီအစား သူမရဲ့မျက်လုံးတွေက လင်းဟန်ရဲ့လည်ပင်းဆီကို စူးစိုက်ကြည့်နေပြီးတော့ သိသာထင်းရှားစွာပဲ လင်းဟန်ကို သူမရဲ့ အစာအဖြစ် ကိုက်ခွင့်ရမယ်ဆိုယင် ပိုပြီးတော့တောင် ပျော်ရွှင်သွားပါလိမ့်မယ်။

သူမရဲ့ တောရိုင်းအမူအကျင့်တွေကို ဖျောက်ဖျက် ပစ်ဖို့ ပထမခြေလှမ်းကတော့ သူမရဲ့ အစားအသောက် ပုံစံကို ပြောင်းလဲတာပဲဖြစ်ပါတယ်။

လင်းဟန်က သူမရဲ့ အရှေ့မှာပဲ အသားကင်တစ်ခုကို တစ်ချက်ကိုက်လိုက်ပီးတော့ အသားကင်ကို သူမရဲ့ မျက်နှာအရှေ့မှာ ဝှေ့ယမ်းပြပြီးတော့ နောက်ကိုပြန်ယူလိုက်ပါတယ်။

ဟူးညိုကတော့ သူမကိုသူမ ဘာမှမလှုပ်ရှားပဲနဲ့

ထိန်းချုပ်ထားပါတယ်။ ဒါပေမဲ့ နေ့တစ်ဂက်ခန့်အကြာမှာတော့ သူမရဲ့ အစာအိမ်က တကြွတ်ကြွတ်နဲ့ မြည်လာပြီးတော့ သူမရဲ့ မျက်လုံးတွေမှာ ရက်စက်ကြမ်းကြုတ်တဲ့ ပုံတွေပေါ်လာပါတယ်။သူမက ညလယ်အထိတောင်မှ စားဖို့အတွက် နည်းနည်းလေးတောင် မလှုပ်ရှားသေးပါဘူး။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ဘယ်လိုမှဆက်ပြီးတော့ မတင်းခံနိုင်တော့ပါဘူး။

သူမက နာခေါင်းတရှုံ့ ရှုံ့နဲ့ အနံ့ခံပြီးတော့ နောက်ဆုံးမှာတော့ အသားကင်ကို လှမ်းယူပြီး စပြီးတော့ စားလိုက်ပါတယ်။

သူမရဲ့ လက်နှစ်ဖက်နဲ့ ခြေထောက်နှစ်ဖက်စလုံးက တင်းကြပ်စွာချည်နှောင်ထားပါ တယ်။ ဒါကြောင့် သူမက တီကောင်တစ်ကောင်လိုမျိုးပဲ တွားသွား နိုင်ပါတယ်။

သူမရဲ့ အလိုဆန္ဒက ကြောက်မက်ဖွယ်ရာကောင်းအောင် ကြီးမားပါတယ်။ ကြီးမားတဲ့ ပေါင်တစ်ချောင်းလုံးကို လျှင်မြန်စွာနဲ့ပဲ ကုန်အောင်စားလိုက်ပါတယ်။ ဒီမိန်းကလေးက သူမရဲ့ နှုတ်ခမ်းတွေကို လျှာနဲ့သပ်လိုက်ပြီးတော့ ကြည့်ရတာ စားလို့ မလုံလောက်သေးတဲ့ပုံစံပါ။ သူမရဲ့ မျက်နှာအမူအရာက ထူးဆန်းနေပါတယ် ဘာလို့လဲဆိုတော့ သူမအနေနဲ့ တစ်ခါမှ

ဒီလိုမျိုး အရသာရှိတဲ့ အသားကို မစားဖူးပါဘူး။

ဒုတိယနေ့မှာတော့ လင်းဟန်က ဆက်ပြီးတော့ အပေါင်းအသင်းတွေနဲ့ အတူတူ စားသောက်ပွဲတွေ တက်ရောက်နေရပါတယ်။ လေးရက်မြောက်နေ့မှာတော့ လီဒေါင်နဲ့ သူရဲ့ သူငယ်ချင်းဟောင်းတွေအားလုံးနဲ့အတူတူ ပြန်ဆုံစည်းဖို့အခွင့်အရေး ရသွားကြပါပြီ။

`` ငါ တကယ်ပဲ မင်း ပထမနေရာကို ရသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့မိဘူး``

``ဟုတ်တယ်... မင်းက တကယ်ပဲ အထင်ကြီးစရာကောင်းပြီးတော့ အရမ်းကို အံ့အားသင့်ဖို့ကောင်းတယ်``

``ငါကတော့ လီဟောင်ကို ပိုပြီးတော့တောင် မနာလိုဖြစ်သွားပြီ။ သူက ဟွာယန် အကယ်ဒမီကို ဝင်ရောက်ခွင့်ရသွားပြီးတော့ မကြာခင်မှာပဲ လင်းအကိုက အဲဒီနေရာမှာ သူ့ကို သေချာဂရုစိုက်လိမ့်မယ်.. ဒါဆိုယင် သူ့အနေနဲ့ အဲဒီမရင်းနှီးသေးတဲ့ နေရာမှာ စော်ကားခံရမှာကို ကြောက်စရာတောင်မလိုတော့ဘူး``

လှိုဒေါင်နဲ့ ကျန်တဲ့သူတွေက စကားပြောလိုက် ကုန်သွားတဲ့ ခွက်တွေမှာ ပိုင်တွေဖြည့်လိုက်နဲ့ ပျော်ပျော်ပါးပါးသောက်စား စကားပြောနေကြပါတယ်။ အစတုန်းကတော့ သူတို့နဲ့ အမိက အင်အားစုကြီးက သခင်လေးတွေနဲ့ အရမ်းကို ဝေးကွာလှတဲ့ အဆင့်အတန်းကြောင့် သူတို့က လင်းဟန်ဆီကို လာတွေ့ဖို့ မလုပ်ပံ့ကြပါဘူး။ ဒီနေ့မှာတော့ သူတို့က လင်းဟန်နဲ့ လာပြီးတော့ သောက်ကြ စားကြ ပျော်ပါးပြီးစကားပြောကြပါတယ်။

ဒါပေမဲ့လည်း သူတို့သောက်စားတာ တစ်ဂက်လောက်ရောက်တဲ့အခါမှာတော့ ချန်ပိုင်ဂျူ ရဲ့ မျက်နှာမှာ အနည်းငယ် တုံ့ဆိုင်းသလိုမျိုး ပုံစံ ဖြစ်ပေါ်လာပါတယ်။ အချိန်တစ်ခဏမျှ အကြာမှာတော့ သူ နောက်ဆုံးမှာစပြီးတော့ ပြောလိုက်ပါတယ်။

``ငါတော့ ကြီးမားတဲ့ ကပ်ဘေးဒုက္ခတစ်ခုကို လုပ်မိလိုက်ပီနဲ့တူတယ်?``

``ဘာကိစ္စလဲ?``

အားလုံးက သူ့ကို မေးလိုက်ပါတယ်။

ချန်ပိုင်ဂျူက သူ့သွားတွေကို ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဘဲလန့်စ်တောင် ကနေ ငါတို့ပြန်လာပြီးတော့ ငါရဲ့ ကလန်အဖွဲ့သားတစ်ယောက်နဲ့ အတူတူ သွားပြီး အရက်သောက်ကြတယ်..ငါ အလွန်အကျွံသောက်ပြီးတော့ အမှတ်မထင် ဟန်ကျန်းနဲ့ဖြစ်ခဲ့တဲ့ အကြောင်းကို ပြောမိလိုက်တယ်နဲ့တူတယ်``

``ဘာ``

လီဟောင်နဲ့ ကျန်တဲ့လေးယောက်စလုံးမတ်တပ် ထရပ်လိုက်ပီးတော့ သူတို့ရဲ့ မျက်နှာတွေက ဖြူဖတ်ဖြူလျော်ဖြစ်နေကြပါတယ်။

ဟန်ကျန်းက ကျောက်တုံးပံပုလွေဂိုဏ်းက ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ မြေး ဖြစ်ပါတယ်။ ကျောက်တုံးပံပုလွေဂိုဏ်းက လူတွေကလဲ ဟန်ကျန်းကို သတ်တဲ့ တရားခံ ကို အယင်ကတည်းက လိုက်ရှာနေကြပါတယ်။ဒီအကြောင်းသာ သတင်းထွက်သွားခဲ့ မယ်ဆိုယင် ကျောက်တုံးပံပုလွေဂိုဏ်းရဲ့ ခုနစ်ယောက်မြောက်

အကြီးအကဲက သေချာပေါက် ပြေးလာပါလိမ့်မယ်။

စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်......။

လင်းဟန်က ဒီကိစ္စကို ခေါင်းထဲသိပ်မထည့်ထားပါဘူး။ သူမှာလဲ နွေဦးစမ်းရေ အဆင့်စစ်သည်တော်တွေရဲ့ အထောက်အပံ့တွေရှိနေပီးတော့ တကယ်လို့ ကျောက်တုံးဂုံပုလွေဂိုဏ်းကသာ သူ့ရဲ့အနောက်မှာ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် သုံးဦးရှိနေတယ်ဆိုတာကိုသိမယ်ဆိုယင် သူတို့ သေချာပေါက် အလျင်စလိုနဲ့လုပ်ဂုံကြမှာမဟုတ်ပါဘူး။

ဒီ့အပြင် ခုနစ်ယောက်မြောက် အကြီးအကဲ တစ်ယောက်တည်းကပဲ အရူးတစ်ယောက်လိုမျိုး ပြေးလွှားသောင်းကျန်းမှာပဲဖြစ်ပါတယ်။ တကယ်တော့ ဒါက သူ့ရဲ့ သွေးသားရင်း မြေးဖြစ်တဲ့သူ သေဆုံးမှုဖြစ်ပြီးတော့ သူ့ရဲ့ ဒေါသအပေါ်ပဲ မူတည် ပါလိမ့်မယ်။ တကယ်လို့သူက ရှေ့နောက်မကြည့်တတ်ပဲ ဒေါသထွက်လွယ်တဲ့ ပုံစံနဲ့ လူမျိုးဆိုယင်တော့ သေချာပေါက် လင်းဟန်ဆီကို သတ်ဖြတ်ဖို့အတွက် လာပါလိမ့်မယ်။

``ဒါဆို မင်းပြောဖြစ်ခဲ့သလား မပြောဖြစ်ခဲ့ဘူးလား?``

လွီဒေါင်က စိတ်ရှုပ်ထွေးစွာနဲ့မေးလိုက်ပါတယ်။ ဂိုကျောက်မြို့က ကျောက်တုံးဂံပုလွေ ဂိုဏ်းရဲ့ အုပ်ချုပ်မှု နယ်ပယ်ထဲမှာ ရှိပြီးတော့ ခုနစ်ယောက်မြောက် အကြီးအကဲကသာ သူ့ရဲ့မြေးအတွက် လက်စားချေမယ်ဆိုယင် သူတို့ရဲ့ ကလန်တွေကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့ယင်တောင်မှ ဒုယွန်ဘုရင်အနေနဲ့ စကားလုံးနဲ့ပဲ အပြစ်ဖော်ဆုံးမနိုင်ပါလိမ့်မယ်။

ပြီးတော့ ဒါက အသန်မာဆုံးလူကိုပဲ လေးစားကြတဲ့ကမ္ဘာကြီးတစ်ခုပဲဖြစ်ပါတယ်။

``ငါတကယ်ပဲ မမှတ်မိဘူး...အဲဒီနေ့က ငါတကယ် အများကြီးသောက်မိသွားတယ်``

ချန်ပိုင်ဂျူက နောင်တရတဲ့ ပုံစံနဲ့ ငြီးတွားပြောလိုက်ပါတယ်။

လင်းဟာန်က တစ်ခဏမှ တွေးပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ ကျောက်တုံးဂံပုလွေဂိုဏ်းက က

မင်းတို့ကလန်ကို တကယ်ပဲ ရောက်လာ ခဲ့မယ်ဆိုယင် သူ့ကို အဖြစ်အပျက်တွေ အားလုံး ရိုးရိုးသားသား နဲ့ ပြောပြ ပြီးတော့ ငါ့ကို လာရှာပါစေ``

``မဟုတ်ဘူး.... လင်းအကို... ကျနော်တို့ အကိုကို လုံးဝသစ္စာဖောက်မှာမဟုတ်ဘူး``

``ဟုတ်တယ်.. ကျနော်တို့ ဘယ်လိုလုပ်ပြီးတော့ သစ္စာမရှိပဲ နေနိုင်မှာလဲ``

လှီဒေါင်နဲ့ ကျန်တဲ့သူတွေအားလုံး သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့ ငြင်းပယ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့စကားတွေက ဘယ်သူ့ရဲ့စကားကမှန်တယ် သူတို့ထဲက ဘယ်လောက်များများက
စိတ်ရင်းအမှန်နဲ့ပြောတယ်ဆိုတာကို
ဘယ်လိုလုပ်သိနိုင်မှာလဲ။

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဒါက ဘာမှမဖြစ်စေဘူး... ဒါကမှန်ကန်ဆုံး နည်းလမ်းပဲ... ဒါ့အပြင် ငါ့ကိုယ်ငါ ကာကွယ်နိုင်တဲ့အစွမ်းလည်းရှိတယ် ဒါကြောင့် ငါ အဲဒီ ခုနစ်ယောက်မြောက် အကြီးအကဲကို

ကြောက်နေမှာမဟုတ်ဘူး..ဒါပေမဲ့ မင်းတို့တွေအတွက်ကတော့ ငါ မင်းတို့ရဲ့ လုံခြုံမှုကို အာမခံမပေးနိုင်ဘူး... ဒါကြောင့် ငါပြောတာနားထောင်ပြီးတော့ အမှန်အတိုင်းပဲပြောလိုက်ကြပါ``

လင်းဟန်ရဲ့ ဆန္ဒက အရမ်းကို သန်မာနေတာကို ကြည့်ပြီးတော့ လွီဒေါင်နဲ့ ကျန်တဲ့ သူတွေက သူတို့ရဲ့ ခေါင်းကို သဘောတူညီစွာနဲ့ ငြိမ့်လိုက်ကြပြီးတော့ ချန်ပိုင်ဂျူ အနေနဲ့ အရက်မူးတော့ ကျွဲခိုးပေါ် ဆိုသလိုမျိုး လျှောက်ပြီးမပြောလိုက်မိဖို့ကို မျှော်လင့်နေကြ ပါတယ်။

ဒီလိုမျိုး ကြီးမားတဲ့ စိုးရိမ်ပူပန်မှုတွေ သူတို့ရဲ့ နှလုံးသားထဲကို ရောက်လာတာကြောင့် လည်း သူတို့ရဲ့ လေထုပါတ်ဝန်းကျင်က အရမ်းကို မွန်းကျပ်သလိုမျိုး ထင်ထင်ရှားရှားဖြစ်လာပါတယ်။ ဒါကြောင့် သိပ်မကြာခင်မှာပဲ စားသောက်ပွဲကို ရပ်လိုက်ကြပြီးတော့ အားလုံး နှုတ်ဆက်ပြီး သူတို့ရဲ့ တည်းခိုရာနေရာ အသီးသီးကို ပြန်သွားခဲ့ကြပါတယ်။

လင်းဟန် ကောင်းကင်ဆေးအိမ်တော်ကို ပြန်ရောက်လာတဲ့အခါမှာတော့ လွီယုထန်က ဟူးညို့ ကို

ဘယ်လိုစကားပြောရမလဲဆိုတာကို သင်ကြားပေးနေတာကိုမြင်လိုက်ရပါတယ်။ ဒါပေမဲ့လည်း သားရိုင်းမိန်းကလေးက အရမ်းကို ရက်စက် ကြမ်းကြုတ်နေတုန်းပါပဲ... သူမက လွီယုထန်ရဲ ့သင်ကြားပေးမှုအပေါ်မှာ လုံးဝ အာရုံစူးစိုက်မှုမရှိပဲနဲ့ ကျားတစ်ကောင်လိုမျိုး သူမရဲ့သွားတွေကို ဖြဲပြီး မာန်ဖီ နေပါတယ်။

လင်းဟန်က ကျယ်လောင်စွာနဲ့ အော်ရီပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက သူမရဲ ့အားနည်းချက်အပေါ်မှာ အခွင့်ကောင်းယူသင့်တယ်... ဒီမိန်းကလေးက အစားစားရတာကိုကြိုက်တယ်မဟုတ်လား? ဒါကြောင့် မင်းက အစာကို ဆုအဖြစ် အသုံးချသင့်တယ်။ တကယ်လို့ သူမရဲ့ အပြုအမူက ကောင်းတယ်ဆိုယင် သူမကို အစာတစ်ချို့ပေးလိုက်ခြင်းက မင်းရဲ့ သင်ကြားမှုကို သူမအနေနဲ့ တစ်ဖြေးဖြေး ခြင်း နာခံလာအောင် လုပ်တာပဲ``

လွီယုထန်ရဲ့ မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ ပြုံးပြီး လင်းဟန်ကို စိတ်တိုတိုနဲ့ပြောလိုက်ပါတယ်။

``နင်တကယ်ပဲ သူ့ကို ကြောင်ကလေးတစ်ကောင်

ဒါမှမဟုတ် ခွေးပေါက်လေး တစ်ကောင်လို ထင်နေတာလား``

``ဒီမိန်းကလေး ဘယ်ခွေးတွေ ကြောင်တွေထက်မဆို ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်တယ်``

လင်းဟာန်ပြောပြီးတော့ သူ့ရဲ့လက်တွေကို ဆန့်ထုတ်ပြီး ဟူးညီရှုရဲ့ ခေါင်းကို ထိဖို့လုပ်လိုက်တာနဲ့ ဟူးညီရှုက ချက်ချင်းဆိုသလို သူ့ကို ကိုက်ဖို့ ကြိုးစားလိုက်ပါတယ်။ ကျေးဇူးတင်ရမှာက လင်းဟာန်က သူ့ရဲ့လက်ကို အနောက်ဘက်ကို ချိန်သားကိုက် ပြန်ဆွဲလိုက်နိုင်ပါတယ်။

``ဒေါက် ဒေါက် ဒေါက်``

တံခါးခေါက်သံကြားလိုက်ရပြီး လင်းဟာန်နဲ့ လွီယုထန်တို့ နှစ်ယောက်စလုံး လှည့်ကြည့် လိုက်တဲ့အခါမှာတော့ တံခါးအဝမှာ မှော်ဆေးပညာသင် တစ်ဦးကို မြင်လိုက်ရပါတယ်။

သူက ပြောလိုက်ပါတယ်။

``သခင်လေးလင်းခင်ဗျာ...အပြင်ဘက်မှာတိမ်မီးခိုးမြို့က

လင်းကလန်က လူတစ်ယောက် ရောက်လာပါတယ်။ သူပြောတာက အရေးကြီးကိစ္စရှိလို့ ချက်ချင်းပဲ သခင်လေးလင်းနဲ့ တွေ့ချင်ပါတယ်တဲ့``

``အိုးးး``

လင်းဟန် အပြင်ကိုထွက်လိုက်ပါတယ်။ ဘာတွေဖြစ်လို့ပါလိမ့်.... သူ့ရဲ့အဖေက ပြန်သွားတာမှ မကြာသေးဘူး ဘယ်လိုဖြစ်လို့ ပြဿနာကြီးကြီးရှိနိုင်မှာလဲမဟုတ်လား?။

ဖြစ်နိုင်တာက ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲများလား?

သူ့ရဲ့ နှလုံးသားထဲမှာ အချက်ပေးသံတွေ မြှင့်တက်လာခဲ့ပြီး သူက အပြင်ဘက်ကို ချက်ချင်းပဲ ပြေးထွက်သွားပါတယ်။ ဒါကိုကြည့်ပြီးတော့ လို့ယုထန်လဲ ဟူးညိုကို ချန်ထားပြီးတော့ အနောက်ကနေ လျှင်မြန်စွာလိုက်သွားခဲ့ပါတယ်။

အပိုင်း(၈၈) ချန်ကလန်ပြန်လာခြင်း

အချိန်ကို ဖြေးဖြေးခြင်းဆုတ်ပြီးတော့ လွန်ခဲ့တဲ့ရက်အနည်းငယ်က အကြောင်းကို ပြောပါရစေ။

တိမ်မီးခိုးမြို့...ချန်ကလန်အိမ်တော်။

ချန်ကလန်ရဲ့
အိမ်တော်အတွင်းပိုင်းနက်နက်ထဲကနေပြီးတော့ အရမ်းကို စွမ်းအားပြည့်ဝ တဲ့ အရှိန်အဝါ အော်ရာ က ချက်ခြင်းပဲ ပြန့်ထွက်လိုလာခဲ့ပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အော်ရာ အရှိန်အဝါဖြစ်ပြီးတော့ ချန်ဂမ်ခွန် လိုမျိုး ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာရှိနေတဲ့ လက်ရွေးစင် စစ်သည်တော်တစ်ယောက်ရဲ့ နလုံးသားထဲမှာတောင်မှ ကြောက်ရွံ့ခြင်းတွေ မြင့်တက်လိုလာပါတယ်။

ချန်ဂမ်ခွန်က စိတ်ရှုပ်ထွေးမှုတွေ ခံစားနေရမဲ့အစား သူ့ရဲ့ မျက်နှာပေါ်မှာ ကျေနပ် ပီတိ ဖြစ်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာပြီးတော့ သူ့ရဲ့လက်ကို ချက်ချင်းပဲ ဝှေ့ယမ်း လိုက်ပါတယ်။

``တတိယ ဦးလေး အဆင့်တက်သွားပြီ... ဟားဟား ဟား တတိယဦးလေး အဆင့်တက်သွားပြီကွ...လင်းကလန် ... မင်းတို့လူတွေက အယင်က အရမ်းကို မာနထောင်လွှားခဲ့ကြတယ် ဒါပေမဲ့ ငါ့ရဲ့ တတိယဦးလေးက

တံခါးပိတ် လေ့ကျင့်ပြီးတော့ နေ့ဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားမယ်ဆိုတာကို မင်းတို့တွေ ဘယ်တုန်းကမှ တွေးခဲ့ဖူးမှာမဟုတ်ဘူး``

သူ့ရဲ့ မျက်နှာအမူအရာက ချက်ချင်းဆိုသလို တင်းမာခက်ထန်လာပြီးတော့ တရားဝင်ကြေညာလိုက်ပါတယ်။

``အခုကစပြီးတော့ တိမ်မီးခိုးမြို့မှာ လင်းကလန်ဆိုတာ မရှိစေရဘူး``

``ဟားဟားဟား``

ကျယ်လောင်တဲ့အော်ရီသံကိုကြားလိုက်ရပြီးတော့ ခန်းမကြီးထဲကို ပိန်ပိန်ပါးပါး အဘိုးအိုတစ်ယောက် ဝင်လာပါတယ်။ သူအနီးကိုရောက်လာတာနဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကနေပြီးတော့ ပြင်းထန်တဲ့ အရှိန်အဝါတွေက ပြန့်ထွက်လိုလာပါတယ်။ ဒါက ဘာလို့လဲဆိုတော့ သူကအခုမှ အဆင့်တက်ကာစဖြစ်ပြီးတော့ သူ့ရဲ့ကိုယ်ပိုင် စွမ်းအားကို လုံးဝ မထိန်းချုပ်နိုင်သေးပါဘူး။

သူက ချန်ဂမ်ခွန်ရဲ့ တတိယဦးလေး ချန်ဂျီယု ပဲဖြစ်ပါတယ်။

သူက လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက ချန်ကလန်ရဲ့ လက်ရွေးစင် ထိပ်သီးသိုင်းပညာရှင်တစ်ယောက်အဖြစ် သတ်မှတ်ထားခြင်းခံထားရသူဖြစ်ပြီးတော့ ကလန်အတွင်း အင်အားကြီးဖို့ ကိစ္စတွေကို လုံးဝ စိတ်မဝင်စားခဲ့ပါဘူး။ အဲဒီအစား သူကိုယ်သူ တံခါးပိတ် လေ့ကျင့်ပြီးတော့ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ကြိုးစားခဲ့ပါတယ်။ သူတို့ရဲ့ ချန်ကလန်ထဲက လူတော်တော်များများကတောင်မှ သူကို သေဆုံးသွားခဲ့ပြီလို့တောင် ထင်နေခဲ့ကြပါတယ်။`

သူရဲ့ ကြိုးကြိုးစားစားနဲ့ လေ့ကျင့်မှုတွေကြောင့် အခုဆို နွေဦးစမ်းရေအဆင့်ကို အောင်မြင်စွာနဲ့ ချိုးဖျက်ဝင်ရောက်သွားခဲ့ပါပြီ။ ဒါက တိမ်မီးခိုးမြို့တစ်ခုလုံးမှာ စွမ်းအားအကြီးမားဆုံး အဆင့်အတန်းပဲဖြစ်ပြီးတော့ ပြိုင်ဘက်အားလုံးကို လွယ်လွယ်ကူကူနဲ့ပဲ အနိုင်ယူ လွှမ်းမိုးနိုင်ပါတယ်..။

``တတိယဦးလေး ကို နှုတ်ဆက်ပါတယ်... ဂုဏ်ပြုပါတယ် တတိယဦးလေး``

ချန်ဂမ်ခွန်က မြေကြီးပေါ်ကို ဒူးထောက်လိုက်ပီးတော့ သူရဲ့ မျက်နှာမှာ ကျေနပ် ပီတိ ဖြစ်မှုတွေနဲ့ လွှမ်းခြုံနေပါတယ်။

``အင်း ထတော့``

ချန်ဂျိုယု က သူ့ရဲ့ လက်ကို မြှောက်ပြလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ချန်ဂမ်ခွန် ဆီကနေပြီးတော့ အဝေးကို ကြည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ချောင်ယွမ်ရဲ့ ကျန်တဲ့သူတွေကိုခေါ်လိုက်.... ငါသူတို့ကို မတွေ့ရတာ နှစ်ပေါင်းမနည်း တော့ဘူး``

``တတိယဦးလေး... ချောင်ယွမ်.....သူ... သူ သေပြီ``

ချန်ဂမ်ခွန်က အံတင်းတင်းကြိတ်ပြီး ပြောလိုက်ပါတယ်။

``ဘာ``

ချန်ဂျိုယုက စားပွဲခုံကို လက်ဖါးနဲ့ ရုတ်တရက် ရိုက်လိုက်ပါတယ်။

``ဘန်း``

ဒီစားပွဲခုံက အရမ်းကိုကောင်းမွန်တဲ့ သစ်သားနဲ့

ပြုလုပ်ထားပေမဲ့လည်း ချက်ချင်း ဆိုသလိုပဲ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပါတယ်။ သူ့ရဲ့ မျက်လုံးတွေမှာ ဒေါသတွေ နဲ့ ပြည့်နှက်နေပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့မြေးကို ဘယ်သူသတ်လိုက်တာလဲ?``

ချန်ချောင်ယွမ်က ချန်ဂျီယု ရဲ့ မြေးပဲဖြစ်ပါတယ်။ ချန်ချောင်ယွမ်က သူ့ရဲ့ ပါရမီကို အမွေ ဆက်ခံခဲ့ပြီးတော့ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ တပည့်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ချန်ဟောင် နဲ့ ချန်ချင်း မှာတောင်မှ ဒီလိုမျိုး ပါရမီမရှိပါဘူး။

``အဲဒါက လင်းကလန်က လင်းဟန်လို့ ခေါ်တဲ့ ကောင်စုတ်လေးပါ``

ချန်ဂမ်ခွန်က ချက်ချင်းပဲပြောလိုက်ပါတယ်။

``ဖြန်း``

ချန်ဂျီယုက သူ့ရဲ့ လက်ကို မြှောက်ပြီးတော့ ချန်ဂမ်ခွန်ကို ပါးရိုက်လိုက်ပါတယ်။

``ဒါဆိုယင် မင်းဘာလုပ်နေတာလဲ... ဒီမှာ ထိုင်နေသေးတယ်ပေါ့လေ..ဘာလို့ အဲဒီ ကောင်စုတ်လေးရဲ့ ခေါင်းကို ယူပြီးတော့ ငါ့ကို လာမတွေ့တာလဲ?``

ချန်ဂမ်ခွန်က အနည်းငယ်လေးမျှတောင် ဒေါသ မထွက်ရဲပါဘူး... စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ အရှေ့မှာ သူ့အနေနဲ့ လက်ချောင်း လေးတစ်ချောင်းကိုတောင်မှ မရွှေ့ရဲပါဘူး။ သူက လျှင်မြန်စွာနဲ့ ဒူးထောက်လိုက်ပီး ပြောပါတယ်။

``ချောင်ယွမ်အတွက် ကျနော့် အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လက်စားမချေ ချင်ပဲ နေမှာလဲ? အဲဒီတုန်းက ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ အကြီးအကဲ က အဲဒီကောင်ကို အကူအညီပေးထားတာ... ကျနော် သူ့ကို ထိလို့မရဘူး``

``ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ အကြီးအကဲ တစ်ယောက်?``

ချန်ဂျီယုရဲ့ မျက်လုံးတွေ အနည်းငယ် ကျဉ်းမြောင်းသွားပါတယ်။ ကျောက်တုံးဂံပုလွေဂိုဏ်းရဲ့ အကြီးအကဲအကုန်လုံးက နွေဦးစမ်းရေ အဆင့်တွေဖြစ်ပီး တော့ သူကတော့ အခုမှ အဲဒီအဆင့်ကို ချိုးဖျက်ယုံပဲရှိပါသေးတယ်။ ဘယ်အကြီးအကဲ ပဲဖြစ်ဖြစ်

သူ့အနေနဲ့ သူတို့ရဲ့ပြိုင်ဘက်လုံးဝ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ လျှင်မြန်စွာနဲ့ပဲ သူက ပြောလိုက်ပါတယ်။

``အလွန်ဆုံး အဲဒီအကြီးအကဲက ဒီ ခွေးကောင်လေးကို အနည်းငယ် မျက်နှာသာ ပေးလိုက်တာပဲနေမှာပါ.. တကယ်လို့ ငါသူ့ကို သတ်လိုက်မယ် ဆိုယင် တောင် မှ အဲဒီ အကြီးအကဲက ငါနဲ့ ရန်ငြိုး ရန်စဖြစ်အောင်လို့ လုပ်လိမ့်မယ်လို့ တော့ မထင်ဘူး``

``သွားစို့.... ငါနဲ့အတူတူ လင်းကလန်ရဲ့ အိမ်တော်ဆီကို အားလုံးသွားကြမယ်... သူက ငါ့ရဲ့မြေးကို သတ်ရဲမှတော့ ငါကလဲ လင်းကလန်က အဖွဲ့သားတွေ အကုန်လုံးကို သတ်ပစ်ပြီးတော့ ပြန်ပေးဆပ်ခိုင်းရမယ်``

ချန်ဂမ်ခွန်က အရမ်းကို ကျေနပ်ပီတိဖြစ်နေပါတယ်။ သူ့အနေနဲ့ ချန်ဂျီယု နောက်ဆုတ် မှာကို ကြောက်နေခဲ့တာပါ ဒါပေမဲ့ ချန်ချောင်ယွမ် သေတာကိုပဲ ကျေးဇူးတင်ရပါမယ်။ ဒါက ချန်ဂျီယုကို ဒေါသ တွေ လွှမ်းခြုံသွားစေပြီးတော့ ကျောက်တုံးပံပုလွေဂိုဏ်းရဲ့ အကြီးအကဲကို တောင်မှ သူ့အနေနဲ့ လုံးဝ မကြောက်ရွံ့တော့ပါဘူး။

ချန်ကလန် တစ်ခုလုံး သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေနဲ့ အတူ လင်းကလန်အိမ်တော် ဆီကို လျှောက်လာခဲ့ကြပါတယ်။

တိမ်မီးခိုးမြို့က ကလန်သေးလေးတွေက သူတို့ထွက်ပေါ်လာတာကို ကြည့်ပြီးတော့ စူးစမ်းလေ့လာနေကြပါတယ်။

``ချန်ကလန်မှာ ဘာကိစ္စတွေများရှိလို့ပါလိမ့်?``

``သူတို့ကိုကြည့်ရတာ ကလန်တစ်ခုခုနဲ့ စစ်ပွဲစတင်တော့မလို့ များလား?``

``လင်းကလန်ကလွဲပြီးတော့ တစ်ခြား ဘယ်ကလန်ကများ ချန်ကလန် ကို လှုပ်လှုပ် ရှားရှားဖြစ်အောင်လို့ လုပ်နိုင်လို့လဲ?``

``ဒါက မဖြစ်နိုင်ဘူး..ဖြစ်နိုင်လို့လား? လင်းကလန်ရဲ့ စွမ်းအားက ချန်ကလန်ရဲ့ စွမ်းအားနဲ့ ညီတူညီမျှ မှာရှိပြီးတော့ တကယ်လို့ ဒီ အင်အားကြီး ကလန်နှစ်ခု ကြားမှာ စစ်ပွဲတစ်ပွဲ ဖြစ်လာမယ်ဆိုယင် နှစ်ဖက်စလုံး အထိနာတော့မှာပဲ...ချန်ကလန်က တော့ ဒီလိုမျိုး မရူးလောက်ပါဘူး ဟုတ်တယ်မလား?``

``မဟုတ်ဘူး မဟုတ်ဘူး..... နောက်ပိုင်းမှာ ချန်ကလန်မှာ ကောင်းမွန်တဲ့ အချိန် မရှိတော့ဘူးဆိုတာကို မင်းတို့ မသိဘူးလား.? ငါကြားခဲ့တာတော့ သူတို့ရဲ့ အဓိက ဂင်ငွေ အရင်းအမြစ်တွေက လင်းကလန်ကြောင့် အခက်အခဲတွေ အများကြီး ကြုံ တွေ့ခဲ့ရပြီးတော့ အခုဆို သူတို့ရဲ့ အစေခံတွေကို လစာပေးဖို့တောင်မှ အခက်အခဲ ကြုံ နေရတယ်တဲ့``

``ဟုတ်တယ် ဟုတ်တယ်... ငါလည်း ဒါကို ကြားခဲ့ရတယ်.. နောက်ပိုင်း  ချန်ကလန်ရဲ့ အစေခံတွေနဲ့ အစောင့်တွေ တော်တော်များများက လျှို့ပှက်စွာနဲ့ ထွက်ပြေးကုန်ကြ တယ်တဲ့``

``သူတို့ ဒီလောက်တောင်ပဲ အခြေအနေဆိုးကုန်တာလား? ဒါဆိုယင်တော့ အခု ချန်ကလန် ကလူတွေအကုန်လုံး ထွက်လာတာ အံ့သြစရာမရှိတော့ပါဘူး။ အဲဒီလို မှမဟုတ်ယင် သူတို့အားလုံး အနာဂါတ်မှာ လင်းကလန်ရဲ့ အမြစ်ဖြုတ်တာကို ခံကြရမှာပဲ။အနည်းဆုံး တကယ်လို့ သူတို့က အခု လှုပ်ရှားတယ်ဆိုတော့ သူတို့အတွက် အောင်မြင်ဖို့ အခွင့်အရေးရော ရှိနိုင်လို့လား``

ချန်ဂမ်ခွန် က ဘေးနားက ဆွေးနွေးပြောဆိုနေတာကို ကြားလိုက်ရတဲ့ အခါမှာ သူ့ရဲ့ မျက်နှာပေါ်မှာ အေးစက်တဲ့ အပြုံးပေါ်လာခဲ့ပါတယ်။ အားလုံးထွက်လာတယ် ဟုတ်လား ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ... သူတို့မှာ အခု စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေ အဆင့် စစ်သည်တော်တစ်ယောက် က သူတို့ဘက်ကနေ တိုက်ခိုက်ပေးမှာ ဖြစ်ပြီး တော့ သူတို့ကသာလျှင် လင်းကလန်တစ်ခုလုံးကို အမြစ်ဖြုတ်ပစ်မှာပါ။

အားလုံးထွက်သွားဖို့ကတော့ လင်းကလန်ကပဲ လုပ်ဖို့ လိုတာပါ ဒါပေမဲ့ ဒါက အားလုံး အကျိုးမရှိတော့ပါဘူး။စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်ရဲ့ လက်ချောင်း လေးတစ်ချောင်းကပဲ ခုခံကာကွယ်မှု အားလုံးကို ဖြတ်ကျော်ဖို့ လုံလောက်ပါတယ်။

ချန်ကလန်ရဲ့ ဒီလိုမျိုး ကြီးကြီးမားမား လှုပ်ရှားမှုကြောင့် မြို့နေသူ လူထု အားလုံးက သူတို့ရဲ့ အနောက်ကနေလိုက်ပီးတော့ ကြည့်ရှုကြပါတယ်။ဒါက အင်အားကြီး ကလန်နှစ်ခုကြားက ကြီးမားတဲ့ တိုက်ပွဲကြီးတစ်ခုဖြစ်ပါတယ်။ တကယ်လို့ သူတို့ သာ ကြည့်ရှုဖို့ လွဲချော်သွားခဲ့မယ်ဆိုယင် သူတို့ တစ်သက်လုံး

နောင်တရလို့ မဆုံးဖြစ်မှာပါ.။

အရမ်းကိုလျှင်မြန်စွာနဲ့ပဲ သူတို့က မြို့အရှေ့ဘက်ခြမ်းကနေပြီးတော့ အနောက်ဘက်ခြမ်းကို ရောက်လာခဲ့ကြပါတယ်။ လင်းကလန်အိမ်တော်က မြို့ရဲ့ အနောက်ဘက်ခြမ်းမှာ တည်ရှိပါတယ်။

ဒီလိုမျိုး ကြီးကြီးမားမား တစ်မြို့လုံး အုံးအုံးကြွက်ကြွက် ဆူညံမှုကြောင့် လင်းကလန်ရဲ့ အိမ်တော်မှာ ပြန်ရောက်ကာစပဲ ရှိသေးတဲ့ လင်းဒေါင်ရှန်က အိမ်ရှေ့ကို သူ့ရဲ့ နောက်က ကလန်သားတွေနဲ့အတူ ထွက်ပြီးကြည့်ပါတယ်။

``လင်းကလန်ခေါင်းဆောင် မတွေ့တာကြာပြီနော်``

ချန်ဂမ်ခွန်က သူ့ရဲ့လက်ကိုမြှောက်လိုက်ပါတယ်။ သူ့ရဲ့ နောက်က ချန်ကလန်အဖွဲ့အသားတွေ အားလုံး သူတို့ရဲ့ ခြေလှမ်းတွေကို ရပ်တန့်လိုက်ကြပါတယ်။

သူက လင်းဒေါင်ရှန်ကိုပြုံးပြီးတော့ သူ့ရဲ့မျက်နှာက ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ဆိုတဲ့ အထင်နဲ့ ပြည့်နေပါတယ်။ မကြာခင်မှာ ဒီ ပြိုင်ဘက်ပေါင်းကြီးက သူ့ရဲ့ အရှေ့မှာ

ဒူးထောက်ပြီးတော့ အောက်ကျို တောင်းပန်ရပါလိမ့်မယ်။

လင်းဒေါင်ရှန် မျက်မှောင်ကြုံ့သွားပါတယ်။ သူတို့အားလုံးက မကောင်းတဲ့ စိတ်ဆန္ဒတွေနဲ့ လာကြတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူက အသံကိုမြှင့်ပြီး တော့ ပြောလိုက်ပါတယ်။

``ချန်အကို က လူတွေအများကြီးကို ခေါ်ပြီးတော့ ဒီကိုလာခဲ့တယ်ဆိုတော့ ဒီနေရာကို ဖောက်ခွဲပစ်လိုက်ဖို့များလား?``

``ဟားဟားဟား ``

ချန်ဂမ်ခွန်က ကျယ်လောင်စွာအော်ရီလိုက်ပါတယ်။ သူက လေးလေးနက်နက်နဲ့ပြော လိုက်ပါတယ်။

``အဲဒါအမှန်ပဲ... ဒီနေ့ ငါဒီကိုလာရတာက ဖောက်ခွဲမှုတစ်ခု လုပ်မလို့ပဲ...လင်းဒေါင်ရှန် မင်းရဲ့ ကလန်က အဖွဲ့ဝင်တွေ အကုန်လုံးကို ချက်ချင်းပဲ အညံ့ခံဖို့ အမိန့်ပေးလိုက်ပါ ဒါဆိုယင် ငါလူနည်းနည်းလောက်ကိုပဲ သတ်ဖို့ စဉ်းစားပေးမယ်``

``ချန်ဂမ်ခွန် မင်း တကယ်ပဲရူးသွားပြီလား?``

လင်းဒေါင်ရှန်က အေးစက်စွာနဲ့မေးလိုက်ပါတယ်။

``မင်းက ငါမင်းကို ဟာသလုပ်နေတယ်လို့ ထင်နေတာလား?``

ချန်ဂမ်ခွန်က ကျယ်လောင်စွာ အော်ရီလိုက်ပါတယ်။

``မဟုတ်ဘူးလား?``

လင်းဒေါင်ရှန်က ပြန်မေးလိုက်ပါတယ်။

``ဒါပေ့ါ ဟာသလုပ်နေတာမဟုတ်ဘူး``

အေးစက်တဲ့လေသံနဲ့ ပြောလိုက်ပါတယ်။

ပိန်ပိန်ပါးပါး အဘိုးကြီးတစ်ယောက်ရဲ့ပုံရိပ်က ချန်ဂမ်ခွန်ကို ဖြတ်ကျော်ပြီးတော့ ထွက်ပေါ်လာပါတယ် သူ့ရဲ့ မျက်နာမှာတော့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေပြည့်နေပါတယ်။

``ဒီအဘိုးကြီးက ဘယ်သူပါလိမ့်?``

ပွဲကြည့်ဖို့ လိုက်လာကြတဲ့ ပရိတ်သတ်တွေ အားလုံး ဒီ ထူးခြားဆန်းကြယ်တဲ့ အဘိုးကြီး က ဘယ်သူလဲဆိုတာကို သိချင်စိတ်ပြင်းပြနေကြပါတယ်။

``ချန်ကလန်မှာ ဒီလိုလူတစ်ယောက် တကယ်ပဲ ရှိသလား? ကြည့်ရတာ သူ့ရဲ့ အဆင့် အတန်းက ချန်ဂမ်ခွန်ရဲ့ အောက်လုံးဂမကျဘူး``

``ငါသိပြီ .. သူက ချန်ဂျီယုပဲ``

လူအိုကြီးတစ်ယောက်ရဲ့ တစ်အံ့တသြနဲ့ အော်ပြောလိုက်တဲ့အသံကို ကြားလိုက်ရပါတယ်။

``လူတိုင်းပြောကြတာက သူသေသွားတာကြာပြီတဲ့ ... သူအသက်ရှင်နေလိမ့်ဦးမယ်လို့ ငါတကယ်ထင်မထားဘူး``

လင်းဒေါင်ရှန်လဲပဲ ချန်ဂျီယုကို သတိပြုမိသွားပါတယ်။ သူ့ကိုကြည့်ရတာ သူတို့နောက်ဆုံး တွေ့ခဲ့တုန်းကထက်စာယင် အများကြီးအိုစာသွားပါတယ်။

သူက လက်နစ်ဖက်ကိုဆုပ်ပြီးတော့ ချန်ဂျီယုရှိတဲ့ဘက်ကို

ရှိသေလေးစားတဲ့ အမူအရာပေးလိုက်ပါတယ်.. ချန်ဂျီယုက သူ့ရဲ့ အထက်က မျိုးဆက်ထဲက လူကြီး တစ်ယောက်ပါ.။ဒါပေမဲ့ အခုက ကလန်နှစ်ခုကြားက ပြဿနာ ဖြစ်တဲ့အတွက် သူ့အနေနဲ့ လွယ်လွယ်ကူကူနဲ့ အလျှော့မပေးလိုပါဘူး။ သူကပြောလိုက်ပါတယ်။

``တကယ်လို့ ချန်ကလန်က တိုက်ပွဲစချင်တယ်ဆိုယင်လဲ လင်းကလန်က လူတွေ အားလုံးက သေရမှာကို လုံးဝမကြောက်ကြပါဘူး``

``ဟင့်.. မင်းထင်တာက ငါ့ရဲ့ ချန်ကလန်နဲ့ အဆင့်တူတူရပ်တည်နိုင်တယ်လို့ ထင်နေတာလား?``

ချန်ဂျီယုက လက်တစ်ဖက်ကို လင်းဒေါင်ရှန်ပေါ်ကို ဖိချလိုက်ပါတယ်။

``ငါက မင်းကို အယင်ဦးဆုံး ပညာပေးရလိမ့်မယ်``

``ခင်ဗျား အရမ်းလွန်နေပြီ``

လင်းဒေါင်ရှန်က သူ့ရဲ့ လက်ဖါးတွေကိုမြှောက်ပီး တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။ သူက

အတိတ်ကာလတုန်းက တိမ်မီးခိုးမြို့တစ်ခုလုံးမှာ ထိပ်ဆုံးပါရမီရှင် အဆင့် ကို ချီးမြှင့်မြှောက်စားခြင်းခံရသူဖြစ်လို့ ထူးချွန်ထက်မြက်တဲ့ အစွမ်းကို ပိုင်ဆိုင်ပါတယ်။သူ့ရဲ့ လက်ဝါး လှုပ်ရှားလိုက်တာနဲ့ လက်ဝါးပုံရိပ် ဆယ်ခုထက်မနည်း ပေါ်လာပြီးတော့ တိုက်ခိုက်မှုတိုင်းက အရမ်းကိုလျှင်မြန်ပါတယ်။

``ဘယ်လိုလုပ်ပြီးတော့ မိုတ်တုတ်မိုတ်တုတ် ကြယ်အလင်းရောင်က လမင်းကြီးနဲ့ အလင်းရောင် တောက်ပမှုခြင်းမှာ နှိုင်းယှဉ်လို့ရနိုင်မှာလဲ?``

ချန်ဂျီယုရဲ့ လက်ချောင်းရှေ့ကိုထွက်လာပြီးတော့ ကြီးမားတဲ့ လက်ဝါး ပုံရိပ်ကြီး ပေါ်လာပြီးတော့ လင်းဒေါင်ရှန်ရဲ့ လက်ဝါးတည့် တည့် ဆီကို တိုက်ခိုက်လိုက်ပါတယ်။

``မူလစွမ်းအင်နဲ့
ပုံစံဖော်ထုတ်ခြင်း....နွေဦးစမ်းရေအဆင့်``

လင်းဒေါင်ရှန် အံ့သြသွားပါတယ်။ သူ့ရဲ့မျက်နှာက ချက်ချင်း ဖြူဖတ်ဖြူလျော်ဖြစ်သွား ခဲ့ပါတယ်။ သူချက်ချင်းပဲ ချန်ဂျမ်ခွန် က ဘာလို့ ဒီလောက်တောင် ယုံကြည်မှု ရှိနေရလဲ ဆိုတာကို နားလည်သွားခဲ့ပါတယ်။

ချန်ဂျီယုက အမှန်တကယ်ပဲ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားနိုင်ခဲ့ပါပြီ။

အပိုင်း (၈၁) လင်းကလန်ရဲ့ ဘေးဒုက္ခ သို့ ကပ်ဘေးကြီး

မူလစွမ်းအင်နဲ့ ပြုလုပ်ထားတဲ့ ဧရာမ လက်ဝါးကြီးပုံသဏ္ဍာန်က လင်းဒေါင်ရှန်ကို အနိုင်ယူဖို့ အတွက် လုံလောက်ပါတယ်။ လင်းဒေါင်ရှန်က ဒန်တန် ဒါဏ်ရာ ရထားသူ တစ်ဦးဖြစ်လို့ လက်ရှိ သူ့ရဲ့ အခြေအနေက အယင်ကလောက် မသန်မာတော့ပါဘူး။

``ဟားဟားဟား``

ချန်ဂမ်ခွန်က ကျယ်လောင်စွာအော်ရီလိုက်ပါတယ်။ သူက အခုအရမ်းကို ပျော်ရွှင် နေပြီးတော့ ဒီမြင်ကွင်းကို ကြည့်ရဖို့အတွက် အချိန်အတော်ကြာအောင် စောင့် နေခဲ့ရတာ ဖြစ်ပါတယ်။

သူ့ရဲ့ စိတ်ဂိုဏ်ဉာဉ်အခြေခံ နိုးထလာတဲ့ အချိန်ကစပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်းလမ်းကြောင်း အပေါ် စတင်ခြေကျလိုက်တာနဲ့ သူက လင်းဒေါင်ရှန်နဲ့ အမြဲတမ်း နှိုင်းယှဉ်ခဲ့ပါတယ်။ ဒါပေမဲ့ လင်းဒေါင်ရှန်ရဲ့ အစွမ်းက

သူ့ထက် အမြဲတမ်း သာလွန်တဲ့အတွက်ကြောင့် သူက အကောင်းဆုံး ဒုတိယနေရာ အဖြစ်ပဲ အမြဲတမ်း ရခဲ့ပါတယ်။ ကံကောင်းတာက လင်းဒေါင်ရှန်အနေနဲ့ ငွေဦးစမ်းရေ အဆင့်ကို လုံးဝ ချိုးဖျက်ဝင်ရောက်နိုင်ခြင်း မရှိတော့တာက သူ့အတွက်တော့ ကံကြမ္မာက ပေးတဲ့ ထူးဆန်းတဲ့ လက်ဆောင်တစ်ခုလိုပါပဲ။

ဒါပေမဲ့ အခုလိုမျိုး လွယ်လွယ်ကူကူနဲ့ အနိုင်ရလိုက်တဲ့အခါမှာတော့ သူ့အနေနဲ့ ဘယ်လို လုပ်ပြီးတော့ မပျော်ရွှင်ပဲ နေနိုင်မှာလဲ? တစ်ချိန်တည်းမှာပဲ သူ့အနေနဲ့ အရမ်းကို အံ့အားသင့်သွားပါတယ်... ငွေဦးစမ်းရေအဆင့်က အရမ်းကို စွမ်းအားကြီးတာပဲ.. ချန်ဂျီယုက အခုမှ အဆင့်တက်ယုံပဲရှိသေးတယ် လင်းဒေါင်ရှန်ကို လုံးဝ ကာကွယ်နိုင်စွမ်း မရှိအောင်လို့ လုပ်နိုင်တယ်။

``သူတို့အားလုံးကို ဖမ်းလိုက်ကြစမ်း.... ဘယ်သူမဆို ခုခံကာကွယ်ယင် ဘာမှ အမေးအမြန်းမရှိ သတ်ပစ်လိုက်``

သူက အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။သူ့ရဲ့ နောက်က ချန်ကလန်အဖွဲ့သား သိုင်းပညာရှင် အားလုံးက တက်ကြွစွာနဲ့ လင်းကလန်သားတွေဆီကို လျှောက်သွား ကြပါတယ်။

တစ်ဖက်က လင်းကလန်ကတော့ သူတို့ရဲ့ ကလန်ခေါင်းဆောင် ဖိနှိပ်ခံထားရပြီး တစ်ဖက်လူကလဲ အရမ်းကို ခွန်အားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက် ဖြစ်တဲ့ အတွက် သူတို့ရဲ့ စိတ်ဓါတ်တွေ ကျဆင်းလာပြီးတော့ နည်းနည်းလေးမှတောင် ခုခံကာကွယ်လိုစိတ်မရှိကြတော့ပါဘူး။ တစ်ချို့ ဒြပ်စင် စုစည်းခြင်းအဆင့်ကိုရောက်နေတဲ့ ကလန်သားအချို့ကတော့ ထွက်ပြေးဖို့ လုပ်ပေမဲ့လည်း သူတို့အားလုံး ချန်ဂျီယုရဲ့ တိုက်ခိုက်တာခံရပြီးတော့ သေလုမတတ် အရိုက်ခံလိုက်ရပါတယ်။

``ငါတကယ်ပဲ ချန်ကလန်မှာ စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက် ကို ဂုဏ်ဖဲအဖြစ် ပိုင်ဆိုင်ထားလိမ့်မယ်လို့ လုံးဝ မထင်ထားမိဘူး``

``သူက အခုမကြာသေးခင်ကမှ အဆင့်တက်သွားတာဖြစ်လိမ့်မယ်..အဲဒီလိုမှ မဟုတ်ဘူး ဆိုယင ‘သူတို့ အနေနဲ့ ပြန်ပြီးလှုပ်ရှားဖို့ ဒီလောက်ထိ အချိန်ယူနေစရာ အကြောင်းမရှိဘူး``

``ပြောကြတာကတော့ ခွေးတိုင်းလိုလို သူတို့ရဲ့ နေ့ရက်တွေက တစ်ကယ်ပဲ ရောက်လာ တတ်တယ်တဲ့... ဘယ်သူက ထင်ထားမှာလဲ ဒီလိုမျိုး ချန်ကလန် အနေနဲ့ ရောမ အကြီးအကျယ် ပြန်လာနိုင်လိမ့်မယ်ဆိုတာကိုပေါ့``

``ချန်ကလန်က အဖွဲ့သားတွေရဲ့ ဒေါသပြင်းထန်နေပုံနဲ့ လင်းကလန်သားတွေ တစ်ယောက်မှ မလွတ်မြောက်နိုင်ကြမှာကို ငါစိုးရိမ်မိတယ်``

``အား....အနာဂါတ်မှာ ချန်ကလန်က တိမ်မီးခိုးမြို့မှာ နေရာယူလာတော့မယ် ဒါဆိုယင် ငါတို့ရဲ့ နေ့ရက်တွေလဲ လွယ်လွယ်ကူကူနဲ့ ဖြတ်သန်းနိုင်တော့မှာ မဟုတ်ဘူး``

ပရိတ်သတ်အားလုံးက ချန်ဂျီယုရဲ့ အစွမ်းကို အံ့အားသင့်နေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ခေါင်းကိုတော့ အဆက်မပြတ်ခါယမ်းလိုက်ကြပါတယ်။ ချန်ကလန်က အဖွဲ့သား အားလုံးက အရမ်းမာနကြီးပြီးတော့ မောက်မာကြပါတယ်။ အနာဂါတ်မှာ သူတို့က တိမ်မီးခိုးမြို့ရဲ့ အင်အားအကြီးဆုံး ဖြစ်လာခဲ့ယင် မြို့နေတဲ့ လူထုအတွက်တော့ သူတို့နဲ့ ရင်ဆိုင်တွေ့တဲ့အခါကျယင် အရမ်းကို ခက်ခဲကြမှာပဲဖြစ်ပါတယ်။

နာရီဝက်လောက်အကြာမှာတော့ လင်းကလန်အဖွဲ့သားအားလုံးက အဖမ်းခံလိုက်ရပါတယ်။ တစ်ချို့ ကလန်သားအဖွဲ့ဝင်ကတော့ အပြင်ဘက်မှာ စီးပွားရေးလုပ်ငန်းတွေ သွားရောက် လုပ်ကိုင်နေတဲ့အတွက်ကြောင့် ကံကောင်းစွာ နဲ့ပဲ လွတ်မြောက်နေကြပါတယ်။

``လင်းဟန် ဘယ်မှာလဲ?``

ချန်ဂျီယုက လင်းဒေါင်ရှန်အနားကို ကပ်ပြီးတော့ မေးလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဒေါသအပြည့်နဲ့ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ ပိုးတိုးဂါးတား မြင်နေရပါတယ်။ သူက တစ်ခြားသူတွေကို အမိန့်ပေးပြီးတော့ လင်းဟန်ကို ရှာခိုင်း ပေမဲ့လည်း လင်းကလန်အိမ်တော်တစ်ခုလုံးမှာ ဘယ်နေရာမှ ရှာလို့ မတွေ့ဘူးလို့ပဲ သတင်းပို့ကြပါတယ်။

``ဟား ဟား ဟား``

လင်းဒေါင်ရှန်က ကျယ်လောင်စွာနဲ့ အော်ရီ လိုက်ပါတယ်။

`` ငါ့သားက ဟွာယန်အကယ်ဒမီရဲ့ တပည့် အဖြစ်

ရွေးချယ်ခြင်းကို ခံ လိုက်ရပြီးပြီ။ တကယ်လို့ မင်းတို့ကောင်တွေက သူ့ရဲ့ ခေါင်းပေါ်က ဆံပင်မွှေးတစ်ချောင်းကိုတောင် ထိရဲယင် ထိကြည့်ပေ့ါ ဒါက မိုးရေနိုင်ငံရဲ့ အင်ပါယာ မိသားစုကို စစ်ကြေညာလိုက်တာ နဲ့ တူတူပဲ``

ချန်ဂမ်ခွန်က သူ့ဆီကို လျှောက်လာပြီးတော့ ပြောလိုက်တယ်။

``မင်းရဲ့သား အမှိုက်ကောင်က ဟွာယန်အကယ်ဒမီကို ဝင်ရောက်သွားပြီ ဟုတ်လား? မင်း ကဘယ်သူ့ကို အရှုးလုပ်ဖို့ ကြိုးစားနေတာလဲ?``

လင်းဒေါင်ရှန်က တံတွေးတစ်ချက် ထွေးလိုက်ပီးတော့ ပြောတယ်။

``ငါ့သားက ဟွာယန် အကယ်ဒမီကို ဝင်ခွင့်ရယုံတင်မကဘူး ဒီတစ်ကြိမ် ကျင်းပတဲ့ ဒုယွန်ပြိုင်ပွဲရဲ့ ပထမနေရာ ချန်ပီယံဘွဲ့ကိုလဲ ရခဲ့တယ်... အနာဂါတ်မှာ သူက အနည်းဆုံး စိတ်ဂိဘာဉ်ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်လိမ့်မယ်... ဒါကြောင့် သေချာစောင့်ပြီးကြည့်နေ``

``အဓိပ္ပါယ်မရှိတာ``

ချန်ဂမ်ခွန်က အော်ငေါက်လိုက်ပါတယ်။

``မင်းရဲ့သား အမျိုက်ကောင်က အိမ်မက်ထဲမှာ ဒုယွန်ပြိုင်ပွဲရဲ့ ချန်ပီယံဖြစ်တာမဟုတ်လား? လင်းဒေါင်ရှန် လင်းဒေါင်ရှန် မင်း က ဒီလိုမျိုး မဟုတ်က ဟုတ်က ပုံပြင်တွေလျှောက်ပြောပြီးတော့ ငါတို့အားလုံးကို အရူးလုပ်လို့ရမယ်များ ထင်နေတာလား?``

အမှန်တကယ်တော့ တကယ်လို့ သူသာ လင်းဟန်က ဟွာယန် အကယ်ဒမီကို ဝင်နိုင် တယ်လို့ ပြောခဲ့ယင် ချန်ဂမ်ခွန်အနေနဲ့ သူ့ကို ဆက်ပြီး ယုံကြည်နေဦးမှာပါ.. ဘာလို့လဲ ဆိုတော့ ချန်ချောင်ယွမ် တောင်မှ လင်းဟန်ကို ရှုံးနိမ့်သွားခဲ့သေးတယ်လေ ဒါပေမဲ့ အခု သူပြောတာက လင်းဟန်က ပထမနေရာကို ရယူခဲ့တယ်တဲ့ ...ဘယ်လောက် ရီစရာ ကောင်းလိုက်သလဲ။

ဒီတစ်ကြိမ် ဒုယွန်ပြိုင်ပွဲက ပါရမီရှင်တွေ စုစည်းတဲ့ နေရာဖြစ်ပါတယ်။ အဲဒီမှာ အယင်တစ်ကြိမ် ဒုယွန်ပြိုင်ပွဲတုန်းက စွမ်းအားပြည့်ဂတဲ့

စစ်သည်တော်တွေဖြစ်တဲ့ နံပါတ်လေးမင်းသား နဲ့ ဂျင်ပုကျို တို့အပြင် ပါရမီရှင် လူသစ်တွေဖြစ်တဲ့ ပိုင်လီထျန်းယွမ် နဲ့ ရှဖောင်ကွမ် တို့လဲရှိပါတယ်။ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ အနိုင်ရမှာလဲ?

``ဟင့် ..တကယ်လို့ သူ့ကို ဟွာယန်အကယ်ဒမီက လက်ခံလိုက်တော့လဲ ဘာဖြစ်သေးလဲ? သူသာ ဟွာယန် အကယ်ဒမီထဲကို ခြေလှမ်းတစ်လှမ်းမှ မဝင်ရသေးဘူးဆိုယင် သူ့ကို ဟွာယန်အကယ်ဒမီရဲ့ တပည့်အဖြစ် သတ်မှတ်လို့ မှ မရတာ..``

ချန်ဂမ်ခွန်ရဲ့ သတ်ဖြတ်ချင်တဲ့ဆန္ဒတွေက မိုးထိအောင် မြင့်တက်လိုလာပါတယ်။ ပြီးတော့သူက ချန်ဂျီယုကို လှည့်ပြီးပြောလိုက်ပါတယ်။

``တတိယဦးလေး..သူတို့အားလုံးကို မြို့အဝင်မှာ ချိတ်ထားပြီးတော့ လင်းဟန်လာ တာကို စောင့်ပြီး အဲဒီကောင်စုတ်ကလေးပြန်လာတဲ့အခါကျယင် သူတို့အားလုံးကို တစ်ပြိုင်နက်တည်း သတ်ပစ်လိုက်ယင် မကောင်းဘူးလား?``

``အရမ်းကောင်းတယ်...ဒီလိုပဲလုပ်ကြမယ်..ငါ အဲဒီ

လင်းဟန် ဆိုတဲ့ ကောင်စုတ်လေး ရဲ့ နှလုံးသားနဲ့ အသည်းတွေကို ဖောက်ထုတ်ပြီးတော့ သူ့ရဲ့ အရှေ့မှာပဲ အရှုံးရဲ့ အရသာ ကို သူကိုယ်တိုင်ပဲ မြည်းစမ်းပေးလိုက်မယ်``

``ကျနော်တို့ သူတို့ထဲက ဆယ်ယောက်ကျော်ကျော်လောက်ပဲ အသက်ရှင်ထားဖို့ လိုပါတယ်... ကျန်တဲ့သူတွေကတော့ အားလုံးကိုသတ်လိုက်ကြတာပေါ့``

ချန်ဂမ်ခွန်က လေးနက်စွာ ပြောလိုက်ပါတယ်။

``ချန်ဂမ်ခွန် မင်းလုပ်ရဲသလား?``

လင်းဒေါင်ရှန်က ဟိန်းဟောက်လိုက်ပါတယ်။လင်းကလန်အဖွဲ့သား တွေကတော့ ရာဂဏန်း အနည်းငယ်မျှသာရှိပါတယ်။ သူတို့ရဲ့ အစေခံတွေနဲ့ အစောင့်တွေ အားလုံးကို ပေါင်းထည့်လိုက်မယ်ဆိုယင် စုစုပေါင်း ထောင်ဂဏန်း အထက်မှာရှိပါတယ်။ ပြီးတော့ အခု ဆယ်ယောက်ကျော်လောက်ပဲ အသက်ရှင်ကျန်ရစ်မယ်ဆိုယင် လူဘယ်လောက်

တောင်များ အသတ်ခံကြမှာလဲ?

``ဘာလို့ ငါက မလုပ်ရဲရမှာလဲ?``

ချန်ဂမ်ခွန်က အေးစက်စွာနဲ့ အော်ရီလိုက်ပါတယ်။ ဒါက ချန်ကလန်အတွက်တော့ အရမ်းကို ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုပဲဖြစ်ပါတယ်။ သူတို့အနေနဲ့ လင်းကလန် အဖွဲ့သားတွေကိုသတ်ဖြတ်ပြီးတော့ တိမ်မီးခိုးမြို့က လူတွေအားလုံးကို တကယ်လို့ ချန်ကလန်ကို ဆန့်ကျင်မယ်ဆိုယင် ဘယ်လိုရလဒ်မျိုး ရမလဲဆိုတာကို အားလုံးသိအောင် လို့ ကြေညာလိုက်နိုင်တာနဲ့ တူတူပါပဲ။

``သူတို့ကို သတ်ပစ်လိုက်``

သူက ကျယ်လောင်စွာအော်လိုက်ပါတယ်။

``Pu Pu Pu``

တစ်ယောက်ပီးတစ်ယောက် .. သူတို့ရဲ့ ခေါင်းတွေက ဖြတ်တောက်ခြင်းကို ခံလိုက်ရပါတယ်။ ဒါက တကယ့်ကို သွေးစီးကြောင်းဖြစ်ပြီးတော့ နေရာအနံ့ အလောင်းတွေ လဲကျနေပါတယ်။

လင်းကလန်အဖွဲ့သားအားလုံး သေရမှာ မကြောက်တာတော့ မဟုတ်ပါဘူး။ သူတို့ထဲက လူတော်တော်များများက သနားကြင်နာဖို့ တောင်းပန်ကြပေမဲ့လည်း ဒါက အကျိုးမရှိပါဘူး။ ချန်ကလန်အနေနဲ့ လင်းကလန်ကို အမြစ်ဖြုတ်ပစ်ဖို့ ဆုံးဖြတ်ထား ကြပြီးတော့ သူတို့အနေနဲ့ အရှုံးပေးအညံ့ခံတာကို လက်ခံဖို့ ဆန္ဒလုံးဝမရှိပါဘူး။ ဒီနေရာမှာ သတ်ဖြတ်ခြင်းတစ်ခုပဲရှိပြီးတော့ လင်းကလန်ရဲ့ အိမ်တော်နေရာ တစ်ခုလုံး ကို လူသတ်ကွင်းနေရာအဖြစ်ကို ပြောင်းလဲဖြစ်လိုက်ပါတယ်။

လင်းဒေါင်ရှန်က သူရဲ့မျက်လုံးတွေ နဲ့ ဖြစ်ပျက်နေတာ အားလုံးကို ကြည့်ရှုလိုက်ပီးတော့ ဒီအဖြစ်က သူကို မျက်ရည်တွေ ကျစေပါတယ်။ ဒီလူတွေအားလုံးက သူရဲ့ ကလန်အဖွဲ့သားတွေဖြစ်ပါတယ်
ကလန်ခေါင်းဆောင်တစ်ယောက်အနေနဲ့ ဒီသွေးပျက် ဖွယ်ရာမြင်ကွင်းက သူနှလုံးသားကို သွေးမထွက်စေပဲ ဘယ်လိုလုပ်နေမှာလဲ? ဒါပေမဲ့ သူက သူ့ရဲ့သားအတွက်ပိုပြီးတော့စိုးရိမ်ပါတယ်။ တကယ်လို့ လင်းဟန်သာ ပြန်လာခဲ့ယင် သူက ချန်ကလန်ရဲ့လက်ထဲကို ကျရောက်သွားပါလိမ့်မယ်။

လင်းဟန်မှာ အနက်ရောင်အဆင့်မော်ဆေးပညာရှင် အချို့နဲ့ ကောင်းမွန်တဲ့ ဆက်ဆံ ရေး ရှိတယ်ဆိုပေမဲ့လည်း ပြဿနာက ချန်ကလန်အနေနဲ့သူ့ကို ယုံကြည်ပါ့မလား?

ဒါ့အပြင် လင်းဟန် က ဒုယွန်ပြိုင်ပွဲရဲ့ ပထမနေရာ ချန်ပီယံဘွဲ့ကို ရတယ်ဆိုတဲ့ သတင်းက ဒီနေရာအထိ မပြန့်သေးပါဘူး ဒါကြောင့် ချန်ကလန်အနေနဲ့သူ့ရဲ့ သားကို တိုက်ခိုက်မှာကို စိုးရိမ်နေပါတယ်။

တကယ်လို့သူ့သား သေသွားမယ်ဆိုယင် သူသေသွားခဲ့သည့်တိုင်အောင် သူ့ရဲ့ မိန်းမကို သူဘယ်လိုမျက်နှာပြပုံတော့မှာလဲ?

သူ့ရဲ့ နှလုံးသားကို မီးနဲ့မြိုက်သလိုမျိုးခံစားရပြီးတော့ သူ့အနေနဲ့ အခုချိန်မှာ ဘာမှ မလုပ်နိုင်ပါဘူး။

ကျန်ရှိနေတဲ့ လင်းကလန်အဖွဲ့သား ဆယ်ယောက်ကျော် လူတွေအားလုံးဟာ မြို့ရဲ့ အရှေ့ဘက် ဂင်ပေါက်တံခါးဆီကို တရွတ်တိုက် ဆွဲခေါ်လာခြင်းကို ခံရပါတယ်။ ကျန်တဲ့သူတွေက သစ်သားပြားတွေပေါ်မှာ ကပ်စင်ရိုက်သလို ခံထားရပြီးတော့ လင်းဒေါင်ရှန်နဲ့ ကျန်တဲ့သူတွေအားလုံးက သူတို့ ဒန်တန်တွေကို အသုံးပြုလို့

မရအောင် ချိတ်ပိတ်ခံထားရပြီး အားလုံးကို မြေကြီးပေါ်ကို ဒူးထောက်ဖို့ ဖိအားပေးခံထားရပြီး သူတို့ရဲ့လက်တွေနဲ့ ခြေထောက်တွေကို သစ်သားပြားတွေနဲ့ တင်းကြပ်စွာ ချည်နှောင် ထားခြင်းကိုခံထားရပါတယ်။

``ပူးးးးး ပူ ပူးးး အကိုကြီး ဒရှောင်``

လင်းဇီရှမ် ခါးခါးသီးသီး ငိုကြွေးနေပါတယ်။ သူမက အသက်ရှင်လွတ်မြောက်သူအနည်းငယ်ထဲက တစ်ယောက်ဖြစ်ပါတယ်။

``ဖြန်း``

ချန်ကလန် အဖွဲ့သားတစ်ယောက်က သူမကိုပါးရိုက်ပြီးတော့ အော်ပြောလိုက်ပါတယ်။

``မငိုနဲ့ တိတ်စမ်း``

လင်းဇီရှမ်က ဆက်ပြီးတော့ ကျယ်လောင်စွာအော်ဟစ် ငိုကြွေးနေတာကြောင့် သူ့ကို ဒေါသထွက်စေပြီးတော့ လျှင်မြန်စွာနဲ့ သူ့ခါးက ဆေဘာဓါးကို ဆွဲထုတ်လိုက်ပါတယ်။

``ထားလိုက် ထားလိုက်``

တစ်စုံတစ်ယောက်က သူ့ကို နှစ်သိမ့်လိုက်ပါတယ်။ အကြောင်းက လင်းဇီရှမ်က အရမ်းကို ငယ်ရွယ်သေးတဲ့အတွက် သူ့အနေနဲ့ သနားဂရုဏာဖြစ်မိတဲ့အတွက် ဖြစ်ပါတယ်။

``သူမကို ကြိုက်သလောက် ပေးငိုထားလိုက်ပါ... ဒါကို ဖျော်ဖြေပွဲတစ်ခုအဖြစ်အသုံးပြု ပြီးတော့ နောက်ဆိုယင် ဘယ်သူကမှ ငါတို့ ချန်ကလန်ကို ရင်ဆိုင်ဂုံမှာမဟုတ်တော့ဘူး``

``ဟား ဟား``

``ဘာကလန်ခေါင်းဆောင်လဲ.. အခုတော့ ခင်ဗျား ကျုပ် ခြေထောက်အောက်မှာ နင်းတာ ခံနေရပြီမဟုတ်လား``

သူတို့ထဲက တစ်ယောက်က လင်းဒေါင်ရှန်ရဲ့ ခေါင်းပေါ်ကို ခြေထောက်နဲ့ ဖိလိုက်ပါတယ်။ သူ့ရဲ့ ညစ်ပါတ်နေတဲ့ ဖိနပ်နဲ့ လင်းဒေါင်ရှန်ရဲ့ မျက်နှာပေါ်ကို ပွတ်ခြေ နင်းပြီးတော့ လင်းဒေါင်ရှန်ကို ဒေါသထွက်အောင် ဆွနေပါတယ်။

``ဟားဟားဟား.... ခင်ဗျားက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ဖြစ်နေတော့ရော ဘာအရေးလဲ အခု ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ၆ ပဲရှိတဲ့သူက ခင်ဗျားကို လွယ်လွယ်ကူကူနဲ့ပဲ နင်းခြေနိုင်ပီမဟုတ်လား``

``လင်းကလန်ဆိုတာ မရှိတော့ဘူး... အခု တိမ်မီးခိုးမြို့က ကျုပ်တို့ ချန်ကလန်ရဲ့ လက်ထဲမှာပဲ``

ညကိုရောက်တဲ့အခါမှာတော့ လင်းကလန်က အသက်ရှင်ကျန်ရစ်နေတဲ့ ဆယ်ယောက် ကျော်သော လူတွေအားလုံးဟာ အအေးဒါဏ်ကို သွေးခဲမတတ် ခံစားနေရပါတယ်။ သူတို့ရဲ့ ခေါင်းက ဆံပင်တွေတောင်မှ ခဲလု မတတ် ဖြစ်နေပါတယ်။ ဒါ့အပြင် တစ်နေ့လုံးနီးပါး အစာလည်းမကျွေး ရေလည်း မတိုက်တဲ့ အတွက် သူတို့ရဲ့ အစာအိမ်တွေက ဆာလောင်မှုဒါဏ်ကို ခံစားနေရပါတယ်။

ချန်ဂမ်ခွန်က သူတို့အရှေ့မှာပေါ်လာပါတယ်။ သူက လင်းဒေါင်ရှန်ကို သူရဲ့ မျက်လုံးတွေ နဲ့ လင်းဟန်က သူ့အရှေ့မှာ သေသွားတာကိုကြည့်ပြီးတော့ မျှော်လင့်ချက်တွေ အကုန် ပျက်စီးသွားတဲ့ ခံစားချက်မျိုးကို ဖြစ်နေတာကို မြင်ချင်တာပါ။ အဲဒီအချိန်ကျမှ သူက လင်းဒေါင်ရှန်ကို သတ်ပြီးတော့ သူတို့ကြားထဲက

နှစ်ပေါင်းသုံးဆယ်ကျော် ကြာအောင် ယုဉ်ပြိုင်ခဲ့တာတွေကို အဆုံးသတ်လိုက်မှာပါ။

``လင်းဒေါင်ရှန်... မင်းအခု နောင်တ ရနေပြီမဟုတ်လား``

သူက သရော်လိုက်ပါတယ်။ ပြီးတာနဲ့ စိတ်ကျေနပ်သွားယင် ထွက်ခွာသွားပြီးတော့ နောက်ရက်တွေမှာလဲ ပြန်လာပြီး ထပ်ခါထပ်ခါ ဟာသလုပ်ပြီးတော့ အဆက်မပြတ် စော်ကားအရှက်ခွဲပါတယ်။

မျက်စိတစ်မှိတ်အတွင်းမှာ သုံးရက်ကုန်သွားခဲ့ပါတယ်။

လင်းဒေါင်ရှန်တဲ့ ကျန်တဲ့သူတွေက အသက်မျော့မျော့လေးပဲကျန်ပါတယ်။ ဒီသုံးရက်စလုံး အစားမစားရတဲ့အပြင် ရေလည်းမတိုက်ပါဘူး.. သူတို့ အဆာရေစာ ပြတ်လတ်ပြီး သေဖို့ပဲရှိပါတယ်။

``သတင်းပို့ပါတယ်``

လူတစ်ယောက် ပြေးလာပြီးတော့ မြေကြီးပေါ်မှာဒူးတစ်ဖက်ထောက်လိုက်ပီးပြောပါတယ်။

``ကလန်ခေါင်းဆောင်ကို သတင်းပို့ပါတယ်.. ကျနော်တို့ လင်းဟန်ရဲ့ အရိပ်အယောင် ကို ရှာဖွေတွေ့ရှိခဲ့ပါပြီ. သူက မြို့နဲ့ မိုင်ငါးဆယ်ခန့် အကွာမှာရောက်နေပါပြီ``

``ဟားဟားဟား``

ချန်ဂမ်ခွန်က ကျယ်လောင်စွာနဲ့အော်ရီလိုက်ပြီး သူ့လက်ကိုဝှေ့ယမ်းပြီးတော့ အမိန့် ပေးလိုက်ပါတယ်။

``မြန်မြန်သွားပြီးတော့ တတိယဦးလေးကို သတင်းပို့လိုက်... မကြာခင် သူ့ရဲ့ လက်စားချေတာကို လုပ်နိုင်တော့မယ်``

အပိုင်း (၈၂) လင်းဟန်ရဲ့ ဒေါသ
(ဒီတစ်ခါ လင်းဟန် တိမ်မီးခိုးမြို့ကိုမလာခင် အခြေအနေနော် ရောကုန်မှာ ဆိုးလို့)

လင်းဟန်က ထွက်လာပြီးတော့ လျှင်မြန်စွာနဲ့ပဲ ကောင်းကင်ဆေးအိမ်တော်ရဲ့ ဧည့်သည် လက်ခံတဲ့ အခန်းကို ရောက်လာပါတယ်။ ဒီအခန်းက ကောင်းကင်ဆေးအိမ်တော်ရဲ့ ဧည့်သည်တော်ကြီး တွေအတွက် သီးသန့်အခန်းဖြစ်ပေမဲ့လည်း လက်ရှိ

လင်းဟာန်ရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မားတဲ့အတွက် သူ့ရဲ့ ဧည့်သည်တွေကို ဒီနေရာကို ခေါ်လာခဲ့တာပဲဖြစ်ပါတယ်။

သူက တံခါးကိုတွန်းဖွင့်ပြီး အထဲကို ဝင်ကာ ချက်ချင်းဆိုသလို မေးလိုက်ပါတယ်။

``ကလန်မှာ ဘာတွေဖြစ်နေသလဲ``

အခန်းထဲမှာ သတ်လတ်ပိုင်းအရွယ် လူကြီးတစ်ယောက်ရှိနေပြီးတော့ လင်းဟာန်ကို မြင်လိုက်တာနဲ့ သူ့ဆီကို လေးညို့က လွှတ်တဲ့ မြားတစင်းလိုမျိုး လျှင်မြန်စွာနဲ့ ရောက် လာပါတယ်။

``ဦးလေး ရန်ပင်း``

လင်းဟာန်က သူ့ရဲ့ ဧည့်သည်ကို သတိပြုမိသွားပါတယ်။ သူက လင်းကလန်ရဲ့ အပြင်မိသားစု ဂိုဏ်းခွဲက အဖွဲ့ဝင်တစ်ယောက်ပဲဖြစ်ပါတယ်။`

``သခင်လေးဟာန်``

လင်းရန်ပင်းရဲ့ မျက်လုံးတွေမှာ ချက်ချင်းဆိုသလို မျက်ရည်တွေ စီးကျလာပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ အသံတွေက တုန်ယင်နေပြီးတော့ ခံစားချက်တွေက ပြင်းထန် တဲ့ပုံစံပါပဲ။

``ကျနော်တို့ လင်းကလန် ... လင်းကလန်ကို ချန်ကလန်က ဖျက်စီးပစ်လိုက်ပါပြီ``

ချန်ကလန်?

လင်းဟန်က လျှင်မြန်စွာပြောလိုက်ပါတယ်။

``ဦးလေးရန်ပင်း စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီးတော့ ဖြေးဖြေးချင်း ရှင်းပြပါ။ ဘာတွေဖြစ်ပျက်ခဲ့တာလဲ?``

လင်းရန်ပင်းက သူ့ရဲ့ တည်ငြိမ်အေးချမ်းမှုတွေကို ပြန်ရပြီး စကားမပြောခင်မှာ အသက်ကို ဂဒအောင် ရှူလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ လက်တွေကတော့ တုန်ယင်နေပါတယ်။

``ချန်ကလန်မှာ ရှေးဟောင်းမွန်းစတားတစ်ကောင်လို့ ပြောရမဲ့ ချန်ဂျီယုဆိုတဲ့ လူတစ်ယောက်ရှိတယ်.. အားလုံးပြောကြတာက သူ သေသွားတာကြာပြီတဲ့.. ဒါပေမဲ့

သူက တံခါးပိတ်လေ့ကျင့်နေပြီးတော့ လွန်ခဲ့တဲ့ရက်အနည်းငယ် နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားလိမ့်မယ်လို့ ကျနော်တို့တွေ လုံးဝမထင်ထားခဲ့မိဘူး. သူက ချက်ချင်းဆိုသလို ချန်ကလန်ကို ဦးဆောင်ပြီးတော့ ကျနော်တို့ကလန်ကို လာပြီး ကလန်ထဲက အဖွဲ့သားအားလုံးနီးပါးကို သတ်ပစ်လိုက်ပါတယ်``

``ခွမ်း``

ချက်ချင်းဆိုသလို လင်းဟာန်ရဲ့အမြင်တွေက အမှောင်ဖုံးသွားသလို ခံစားလိုက်ရပြီးတော့ ဘေးနားကို လဲကျသွားမလိုဖြစ်သွားပါတယ်။ ကံကောင်းတာက လွီယုထန်က တစ်ချိန်တည်းမှာ လှုပ်ရှားလိုက်ပြီးတော့ သူ့ကို အနောက်က နေ ထိန်းကူကိုင်ထားပေးပါတယ်။ လင်းဟာန်က မေးလိုက်ပါတယ်။

``ကျနော့်အဖေရော ဘယ်လိုအခြေအနေရှိလဲ?``

``ကလန်ခေါင်းဆောင်ကတော့ ချန်ဂျီယုရဲ့ ဖမ်းဆီးခြင်းကို ခံရပြီး လက်ရှိမှာ မြို့ရဲ့ အဝင်ဝ တံခါးမှာ ချည်နှောင်ထားခြင်းကို ခံရပါတယ်။ နေထွက်လာယင်

ပူလောင်ပြီး မိုးရွာလာယင် အေးစိမ့်တဲ့ဒါဏ်နဲ့ ညဘက်ရောက်ယင် အေးခဲမတတ် အအေးဒဏ်ကို ရာသီဥတု ပြောင်းသလို ခံစားနေရပါတယ်။ ချန်ဂျီယုက ကလန်ခေါင်းဆောင်ရဲ့ အရှေ့မှာ သခင်လေးကို သတ်ပြမယ်လို့ တရားဝင်ကြေညာချက်ထုတ်ထားပါတယ်.. ကျနော်က အဲဒီအချိန်မှာ မြို့ပြင်ကို အလုပ်ကိစ္စတစ်ခုနဲ့ ရောက်နေတာဖြစ်လို့ ဒီကပ်ဘေးကနေ လွတ်မြောက်သွားခဲ့တာဖြစ်ပြီး ဒီသတင်းကို ကြားကြားချင်းပဲ ဒီကို အမြန်လာခဲ့တာပါ။ သခင်လေး ဟန် ကျေးဇူးပြုပြီးတော့ မဆင်မခြင် မလုပ်ပါနဲ့ တကယ်လို့ သခင်လေးသာ အလျင်စလိုနဲ့လုပ်မယ်ဆိုယင် သူတို့ရဲ့ ထောင်ချောက်ထဲကို ကျပြီး ချန်ကလန်ရဲ့ ဖမ်းဆီး ခြင်းကို ခံရပါလိမ့်မယ်။ သူတို့က သေချာပေါက် သခင်လေးလာမဲ့လမ်းမှာ ထောင်ချောက် ဆင်ထားမှာပါ``

လင်းရန်ပင်းက အရမ်းကို စိတ်ရှုပ်ထွေးနေပါတယ်။ သူ ဒုယွန်မြို့ထဲကို ဝင်လိုက်တဲ့ အချိန်မှာ လင်းဟန်က ဒီနှစ် ဒုယွန်ပြိုင်ပွဲရဲ့ ပထမနေရာကို အနိုင်ရရှိခဲ့တယ် ဆိုတာကို ကြားခဲ့ရပြီးတော့ နံပါတ်လေးမင်းသား… ဂျင်ပူကျို တို့လို ပါရမီရှင်တွေကို အနိုင်ယူခဲ့ပါတယ်။ ဒါက လင်းဟန်ရဲ့ အနာဂါတ်က အကန့်အသတ်မရှိအောင် ကြီးမား မယ်လို့ ဆိုလိုတာပါ။ သူ့အနေနဲ့ အသက်သုံးဆယ်လောက်ထိ

အသက်ရှင်သန် နေထိုင် လေ့ကျင့်ယင် သေချာပေါက် စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက် ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် သူ့အနေနဲ့ လင်းဟန်က မဆင်မခြင် လုပ်လိုက်မှာကို အရမ်းပဲ ကြောက်နေပါတယ်။ လင်းဟန်က အရမ်းကို ငယ်သေးပါတယ်။ ဒီလို လူငယ် လူရွယ်တွေက သူတို့ရဲ့ ခံစားချက်ကို ရှေ့တန်းတင်ထားတတ်ကြတဲ့ လူတွေပါ။ သူ့ရဲ့ အဖေ လက်ရှိမှာ အဖမ်းခံထားရတယ် ဆိုတာကို ကြားလိုက်ရတော့ သူ့ရဲ့ ပထမဆုံး တုံ့ပြန်မှုက အဖေဖြစ်တဲ့သူကို ကယ်တင်ဖို့ပဲသိပါတယ်။ ကျန်တဲ့ သူ့ရဲ့ ကိုယ်ပိုင် အသက်ကို ဆုံးရှုံးသွားနိုင်တယ်ဆိုတာတွေကိုလဲ မသိတော့ပါဘူး။ အဲဒါဆိုယင် လင်းကလန်ရဲ့ နောက်ဆုံးမျှော်လင့်ချက်တွေက ရေစုန်မျောလိုက်သလို ဖြစ်သွားပါ လိမ့်မယ်။

``ကျနော်နားလည်ပါတယ်.... ကျေးဇူးပြုပြီးတော့ မစိုးရိမ်ပါနဲ့ ဦးလေးရန်ပင်း... ကျနော် ရဲ့ အကန့်အသတ်ကို ကျနော်သိပါတယ်``

သူ့အဖေ မသေသေးဘူးဆိုတာကို သိလိုက်ရတဲ့အတွက် လင်းဟန်ရဲ့ နှလုံးသားက တည်ငြိမ်သွားပါတယ်။ ဒါပေါ့

သူ့အနေနဲ့ ဘာမှမလှုပ်ရှားပဲနဲ့ ဒီတိုင်းနေလို့ ဘယ်ဖြစ်မလဲ?

မြို့ အဝင်ဂမှာ အတင်းအကျပ် ဒူးထောက်ခိုင်းထားပြီးတော့ ရာသီဥတု ဒဏ်ကို ခံစားစေပြီး တစ်ခြားသူတွေက ဒီလိုမျိုး မြင်ကွင်းကို ကြည့်စေတာက အဲဒီလို လူတွေကို ဘယ်လို တုန့်ပြန်သင့်သလဲ?

ဒါ့အပြင် တကယ်လို့ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တစ်ယောက်က သန်မာတဲ့ အသက်စွမ်းအင် နဲ့စိတ်စွမ်းအားကို ပိုင်ဆိုင်ထားတယ်ဆိုပေမဲ့ အစာနဲ့ ရေမရှိပဲနဲ့တော့ သူ့အနေနဲ့ သာမာန်လူတစ်ယောက်လို ဘာမှမထူးပါဘူး... အများဆုံး ငါးရက် ခြောက်ရက် ခန့်လောက်ပဲ ဒီအခြေအနေကို ထိန်းထားနိုင်မှာဖြစ်ပြီးတော့ နောက်ဆုံးမှာ တော့သေချာပေါက် သေသွားမှာပါ။

သူချက်ချင်းပဲ လှုပ်ရှားဖို့ လိုတယ်။

သူက လွီယုထန်ကို ချက်ချင်း သူနဲ့ခေါ်ပြီးတော့ သူတို့နှစ်ယောက်က တိမ်မီးခိုး မြို့ကို အပြင်းနှင် ခရီးထွက်လာခဲ့ကြပါတယ်။

နွေဦးစမ်းရေအဆင့်လား?

တကယ်လို့ သူရဲ့ ပြိုင်ဘက်က နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်တာ အချိန် တော်တော်ကြာပြီဖြစ်ပြီးတော့ သူရဲ့ တိုက်ပွဲအစွမ်းက နွေဦးစမ်းရေအလွှာ ၂ သို့မဟုတ် ၃ အဆင့်မှာ ရှိနေတယ်ဆိုယင်တော့ သူ့အနေနဲ့ ကြောက်ကောင်း ကြောက်ရွံ့နိုင်ပါတယ်။ ဒါပေမဲ့ ချန်ဂျီယုက အခုမှ အဆင့်တက်တာဖြစ်လို့ သူရဲ့ လက်ရှိ အစွမ်း က သူ့ကို အနည်းငယ်မျှ ကြောက်ရွံ့မှုကို မပေးစွမ်းနိုင်ပါဘူး။

ဒါ့အပြင် သူရဲ့ ဒန်တန်ထဲမှာရှိတဲ့ အနက်ရောင်မျှော်စင်က သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို တစ်ဆင့်လုံးအထိ တိုးမြှင့်ပေးနိုင်တဲ့ အခွင့်အရေးတစ်ခုလဲ ကျန်နေပါသေးတယ်။

လွှီယုထန်က ဟူးညိုကိုလဲ သူတို့နဲ့အတူ ခေါ်လာခဲ့ပြီး သူတို့သုံးယောက်က မြင်းနှစ်ကောင်ကို စီးပြီးတော တိမ်မီးခိုးမြို့ဆီကို ခရီးပြင်းနှင်လာခဲ့ကြပါတယ်။ ဒါပေမဲ့ သူမက လင်းဟန်မှာ အနက်ရောင်မျှော်စင်ရဲ့ ကံကောင်းခြင်း ဆုလာဘ်ကို ပိုင်ဆိုင် ထားတယ်ဆိုတာကို လုံးဝမသိပါဘူး ဒါကြောင့် သူက ဇူဟဲချင်နဲ့ ကျန်းပေရှမ်း ကို တိမ်မီးခိုးမြို့မှာဖြစ်ပျက်တဲ့ အကြောင်းတွေကို သတင်းပို့လိုက်ပါတယ်။

အဘိုးကြီးနှစ်ယောက်က ပြောင်းပြန်ဆေးလုံးကို ဖော်စပ်ဖို့အတွက် လုပ်ဆောင်နေကြပါတယ်။ ဒီသတင်းကိုကြားလိုက်ရတော့ ဖူဟဲချင်ကို ချက်ချင်းဆိုသလို ဒေါသထွက်စေပါတယ်။ သူ့ရဲ့ နှလုံးသားထဲမှာ လင်းဟန်ကို သူ့ရဲ့ ဆရာတစ်ဂက် အဖြစ် သတ်မှတ်ထားတာပါ.. အခု သူ့ဆရာရဲ့ အဖေက သူရန်သူ့ရဲ့ လက်ထဲမှာ အခုလိုမျိုး အရှက်ခွဲစော်ကားခံနေရပြီးတော့ အသတ်ခံရဖို့ စောင့်နေရတယ်. သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ဒေါသမထွက်ပဲနေမှာလဲ?

သူတစ်ယောက်တည်း ဒေါသထွက်နေတာမဟုတ်ပါဘူး။ ကျန်းဝေရှမ်းလဲ အလွန်အကျွံ ဒေါသထွက်နေပါတယ်။ သူက လင်းဟန်အပေါ်ကို သူ့ရဲ့ အပြုအမူ တစ်ချို့ အတွက် အကြွေးတင်နေပြီးတော့ သူ့အနေနဲ့ ဒီအကြွေးကို ပြန်ပေးဆပ်ဖို့တောင်မှ မတတ်နိုင်သေးပါဘူး။ သူက ချက်ချင်းပဲ ဖူဟဲချင်နဲ့အတူတူ တိမ်မီးခိုးမြို့ဆီကို ထွက်လာခဲ့ကြပါတယ်။

ဒီ

အနက်ရောင်မှော်ဆေးပညာရှင်နှစ်ယောက ် ရုတ်တရက်ထွက်ခွာသွား ပြီး သတင်းအစ က ဒုယွန်မြို့တစ်ခုလုံးကို

ချက်ချင်းဆိုသလို ပြန်နှံ့သွားခဲ့ပါတယ်။

``ဘာပြောတယ်? လင်းဟန်ရဲ့ အဖေက ချန်ကလန်ရဲ့ ဖမ်းဆီးတာကို ခံနေရပြီးတော့ လင်းဟန်ပြန်လာတဲ့အခါမှာ အတူတူ သတ်ဖြတ်ခံရဖို့ကို စောင့်နေရတယ်ဟုတ်လား?``

`` ချန်ကလန်ဆိုတာ ဘယ်လိုမျိုးကလန်လဲ? သူတို့တွေ တော်တော်အတင့်ရဲကြတာပဲ``

``အာ.. ချန်ကလန်ဆိုတာက တကယ့်တော့ ကလန်သေးသေးလေးတစ်ခုပါ.. သူတို့က အခုမှ သူတို့ရဲ့ ကလန်အဖွဲ့သားထဲမှာ ငွေသီးစမ်းရေအဆင့်ကို တက်သွားတဲ့ သူတစ်ယောက်ပဲရှိတာပါ``

``သွား သွား အမြန်... လင်းဟန်ရဲ့ သူ့အဖေကို ကယ်တင်တဲ့ လုပ်ငန်းမှာ ချက်ချင်းပဲ အကူညီပေးဖို့ကို မြန်မြန်စီစဉ်လိုက်... ဒါက အရမ်းကို အံ့ဩဖို့ကောင်းတဲ့ အခွင့်အရေးပဲ.. ငါတို့ဒီအခွင့်အရေးကို အသုံးချပြီးတော့ အနာဂါတ်ရဲ့ အုပ်ချုပ်သူနဲ့ ရင်းနှီးတဲ့ ဆက်ဆံရေး ကို ဖန်တီးနိုင်လိမ့်မယ်``

``ဟားဟားဟား .. ဒါက တကယ်ပဲ

နတ်ဘုရားကဖန်တီးပေးလိုက်တဲ့ အခွင့်အရေးတစ်ခုပဲ..ဒီအခွင့်အရေးကြောင့် ငါတို့ လင်းဟာန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးကို ဖန်တီးနိုင်လိမ့်မယ်... ချက်ချင်းပဲ လူစုပြီးတော့ ငါနဲ့အတူတူ တိမ်မီးခိုးမြို့ကို လိုက်ခဲ့ကြ``

``.........```

ဒုယွန်မြို့ရဲ့ အင်အားကြီးကလန်အားလုံးက ဒီသတင်းကို ကြားသိလိုက်ရတာနဲ့ အံ့သြသွားကြသလို ကျေနပ်ပီတိလဲဖြစ်ကုန်ကြပါတယ်။ သူတို့အံ့အားသင့်တာက ဒီချန်ကလန်ရဲ့ ရဲတင်းပြီးသွေးဆာသတ်ဖြတ်မှုကြောင့်ဖြစ်ပြီးတော့ ကျေနပ်ပီတိဖြစ်ရတာကတော့ ဒီလို အရမ်းကိုကောင်းမွန်တဲ့ အခွင့်အရေးကို အသုံးချပြီးတော့ လင်းဟာန်နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးတစ်ခု တည်ဆောက်နိုင်မှာမို့လို့ပဲဖြစ်ပါတယ်။

စဉ်းစားကြည့်လိုက်ပါ... သူတို့အနေနဲ့ လင်းဟာန်က သူ့အဖေကို ကယ်တင်တဲ့ အခါမှာ ကူညီဖို့အတွက် သူတို့ရဲ့ လူတွေကို လွှတ်ပီးတော့ ကူညီစေခိုင်းခြင်းက ဘယ်လောက်တောင် ကောင်းမွန်တဲ့ အလေးထားရမဲ့

အပြုအမူတွေလဲဆိုတာကိုပေါ့

``တိမ်မီးခိုးမြို့ကို ဦးတည်ပြီးတော့ အမြန်ဆုံး ငါတို့ ခရီးထွက်ကြမယ်ဟေ့``

စွမ်းအားကြီးမားတဲ့ ငွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်ရှိတဲ့ မည်သည့် ကလန်မဆို သူတို့အနေနဲ့ ဒီအခွင့်အရေးကို အရင်ဆုံးရယူနိုင်ဖို့အတွက် ချက်ချင်းပဲ အကူစေလွှတ်ကြပါတယ်။ သူတို့အားလုံးက လင်းဒေါင်ရှန်ကို ကယ်တင်တဲ့နေရာမှာ ပထမဆုံးလူကယ်တင်တဲ့ လူဖြစ်ချင်ကြပါတယ်။ ဒီလိုမျိုးအကြွေးတင်သွားမယ်ဆိုယင် လင်းဟန်အနေနဲ့ သူ့ရဲ့ ဘဝတစ်လျှောက်လုံး သူတို့ကို ပြန်ပေးဆပ်ဖို့ လုံလောက်ပါတယ်။

လင်းဟန် ဘယ်လောက်ခံစားနေရမယ်ဆိုတာကို သိတဲ့အတွက် သူတို့အားလုံးက အနားယူခြင်းမရှိပဲနဲ့ ခရီးအပြင်းနှင်ကြပါတယ်။ ကျေးဇူးတင်ရမှာက သူတို့ရဲ့ စီးမြင်း တွေအားလုံးက အနက်ရောင်ခြေထောက်မြင်းတွေပဲဖြစ်ပြီးတော့ မိစ္ဆာသားရဲ သွေးဆက်ကို ပိုင်ဆိုင်ထားကြပါတယ်။ သာမာန်မြင်းသာဆိုယင် လမ်းခရီးမှာပဲ အမောစို့ပြီးတော့

သေသွားပါလိမ့်မယ်။

နေ့တစ်ဂက်ခန့် အပြင်းနှင်ပြီးတဲ့အခါမှာတော့ တိမ်မီးခိုးမြို့က သူတို့ရဲ့ မြင်ကွင်းရှေ့ မှာ ရောက်လာပါတယ်။

အဝေးကနေပြီးတော့ လင်းဟန်က မြို့ရဲ့ ဂင်ပေါက်မှာ လူဆယ်ယောက်ထက်မနည်း ဒူးထောက်နေတာကို လှမ်းမြင်လိုက်ပါတယ်။ အားလုံးရဲ့ အလယ်မှာရှိနေတာကတော့ လင်းဒေါင်ရှန်ပါ။

``အဖေ``

သူက ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ အသံမှာ ပါဂင်နေတဲ့ ဒေါသတွေက မတိုင်းတာနိုင်လောက်အောင်ပါပဲ။

``ဟားဟားဟား ကောင်စုတ်ကလေး တကယ်ပဲ ပြန်လာရဲတယ်``

ချန်ဂမ်ခွန်က ကျယ်လောင်စွာအော်ရီလိုက်ပီးတော့ သူ့ရဲ့ညာဘက်ခြေထောက်ကို လင်းဒေါင်ရှန်ရဲ့ မျက်နှာပေါ်ကိုဖိနင်းပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီ.. အခု ငါဝန်ခံတယ်... မင်းမှာတကယ်ကောင်းတဲ့ သားတစ်ယောက်ရှိတာပဲ.. သူက အန္တရာယ်ရှိတယ်ဆိုတာကို သေချာ သိနေတာတောင်မှ ဒီကို သေဖို့အတွက် ပြန်လာရဲသေးတယ်``

လေးရက်နီးပါးလောက် အစားမစားရတဲ့အတွက် လင်းဒေါင်ရှန်ရဲ့ အမြင်တွေက ဆာလောင်မှု ကြောင့် ဝေဝါးနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အဝေးက သူ့ရဲ့သားကို မမြင်နိုင်ခဲ့ပါဘူး။သူ့အနေနဲ့ လင်းဟာန်ရဲ့ အသံကိုပဲကြားနိုင်ပါတယ်။ သူက ပါးစပ်ကိုဖွင့်ပြီး တော့ အားနည်းနေတဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``ဟန်အာ... ပြေးးး.. မြန်မြန်ပြေး``

``မင်းရဲ့ အင်အားတွေကို အလဟဿ မဖြစ်စေနဲ့..သူမင်းပြောတာကို မကြားရဘူး``

ချန်ဂမ်ခွန်က လင်းဒေါင်ရှန်ရဲ့ မျက်နှာပေါ်ကို အားသုံးပြီးဖိနင်းလိုက်ပါတယ်။ သူ့ရဲ့ စိတ်ရှည်မှုက လွန်ခဲ့တဲ့ ရက်အနည်းက ကုန်ဆုံးသွားခဲ့ပါပြီ သူ့အနေနဲ့ ဖအေနဲ့သား ကို တစ်ပြိုင်နက်တည်း သတ်ပစ်ဖို့ကို မစောင့်နိုင်တော့ပါဘူး။

``ခွေးအိုကြီး... ခင်ဗျားသေချင်နေပြီလား``

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပြီးတော့ ချန်ဂမ်ခွန်ဆီကို တိုက်ခိုက်လိုက်ပါတယ်။

``ရှပ် ရှပ် ရှပ်``

တစ်ပြိုင်နက်တည်းလိုလိုပင် ဓါးချီအလင်းငါးခုက ထွက်ပေါ်လာပါတယ်။

သူ့ရဲ့ ပြင်းထန်လှတဲ့ ဒေါသတွေကြောင့် လင်းဟန်က အဆင့်တက်ပြီးတော့ ဓါးချီအလင်း ငါးခုကို ထုတ်ဖော်နိုင်တဲ့ အဆင့်ကို ရောက်ရှိသွားပါတယ်။

``ဘာ``

ချန်ဂမ်ခွန်က မျက်လုံးပြူးသွားခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံးအရှေ့မှာ တကယ်ပဲ ဓါးချီ အလင်းငါးခု ပေါ်လာတာလား။

သူက ချက်ချင်းဆိုသလို သူ့ရဲ့ လက်တွေနဲ့ ရောက်လာတဲ့

တိုက်ခိုက်မှုကို ခတ်ထုတ် လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုမှာ သူ့ရဲ့ ဒေါသတွေနဲ့ ပြည့်နှက်နေပါတယ် ဒါကြောင့် သူ့ရဲ့ အကောင်းဆုံး သော တိုက်ခိုက်မှုလို့ ပြောရပါမယ်။

ဓါးချီအလင်းငါးခု ကိုပါပေါင်းထည့်လိုက်မယ်ဆိုယင် ဒီတိုက်ခိုက်မှု ရဲ့ အစွမ်းက ဘယ်လိုများနေလိမ့်မလဲ?

``အား``

ချန်ဂမ်ခွန် ကြောက်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒီ တိုက်ခိုက်မှု တစ်ချက်က သူ့ကို အဝေးကို လွှင့်ထွက်သွားပြီးတော့ သူ့ရဲ့ကိုယ်ခန္ဓာကနေပြီးတော့ သွေးတွေ ပန်းထွက် လာဖို့ လုံလောက်ပါတယ်။

``ဘုန်း``

သူက မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ သူ့အနေနဲ့ ပြန်ပြီးတော့ မထနိုင်ပဲ ခြေထောက် တစ်ချောင်းက သူ့အပေါ်ကို ကျရောက်လို့လာပြီးတော့ သူ့ရဲ့မျက်နှာပေါ် ကို ခပ်ကြမ်းကြမ်း နင်းချေတာခံလိုက်ရပါတယ်။ ရုတ်တရက်ဆိုသလို ချန်ဂမ်ခွန် ခံစားလိုက်ရတာက သူ့ရဲ့

ပုခုံးတွေကျိုးသွားသလိုမျိုး နာကျင်ပြီးတော့ သူ့ရဲ့ နှာခေါင်းကလဲ ကျိုးသွားခဲ့ပါတယ်.. ပြီးတော့ သူ့ရဲ့သွား လေးချောင်း သို့မဟုတ် ငါးချောင်းလောက်ကို ဆုံးရှုံးသွားပြီးတော့ သူ့ရဲ့ မျက်နှာတစ်ခုလုံး သွေးတွေနဲ့ ဖုံးနေပါတယ်။

``ခင်ဗျားက ကျုပ်အဖေကို စော်ကားအရှက်ခွဲဂံတယ်ပေ့ါ.. ကျုပ်ခင်ဗျားကို ငရဲ အရသာကို ခံစားဖို့ လုပ်ပေးမယ်``

လင်းဟန်က လေးလေးနက်နက်နဲ့ပြောလိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူတကယ့်ကို ဒေါသထွက်နေပါတယ်။

အပိုင်း(၈၃) ဘယ်လိုသေချင်သလဲ?
``ခွပ် ခွပ် ခွပ် ခွပ်``

မြင်းခွာသံတွေ အဆက်မပြတ်ကြားလိုက်ရပြီးတော့ ဇူဟဲချင်နဲ့ ကျန်းပေရှမ်း တို့လည်း သူတို့ရဲ့ နောက်ကနေ ရောက်လာခဲ့ကြပါတယ်။ သူတို့ရောက်လာတာက လွီယုထန်ကို စိတ်သက်သာပေ့ါပါးစေပါတယ်။

သူမက မြင်းပေါ်ကနေ ခုန်ဆင်းလိုက်ပီးတော့ လင်းဒေါင်ရှန်နဲ့ ကျန်တဲ့သူတွေကို ကြိုးချည်နှောင်ထားတာကနေ

လွှတ်ပေးလိုက်ပြီးတော့ လင်းဟန်အနေနဲ့ ဒါနဲ့ပါတ်သတ်ပြီးတော့ လင်းဟန်အနေနဲ့ ဆက်ပြီးတော့ စိုးရိမ်ပူပန်စရာ မရှိတော့ပါဘူး။

``အဖေ..မြန်မြန် ဒီ မူလကာကွယ်ဆေးလုံးကို စားလိုက်``

လင်းဟန်က ဆေးပုလင်းကို ထုတ်ယူလိုက်ပီးတော့ အစိမ်းရောင် ရှိတဲ့ ဆေးလုံးကို လင်းဒေါင်ရှန်ကို ကျွေးလိုက်ပါတယ်။

လင်းဒေါင်ရှန်အနေနဲ့ အထူးတလည် ခံစားချက်မရှိပါဘူး။ ဒါက သူ့ရဲ့သားက ပေးတာဆိုယင် သူက အတုံအဆိုင်းမရှိ သောက်လိုက်ပါတယ်။ ဒါပေမဲ့ ဇူဟဲချင် နဲ့ ကျန်းဂေရှမ်း တို့နှစ်ယောက်စလုံးကတော့ မျက်လုံးတွေ ဝိုင်းစက်ပြူးပြီးတော့ အံ့အားသင့်ကုန်ကြပါတယ်။ ဒီ မူလကာကွယ်ဆေးလုံးက ပျောက်ဆုံးနေတာ အချိန် တော်တော်ကိုကြာပါပြီ ဖြစ်ပြီးတော့ ၄င်းရဲ့ အာနိသင် က ပြောင်းပြန်ဆေးလုံးထက် ပိုကောင်းပါတယ်။

ပြောင်းပြန်ဆေးလုံးရဲ့ နာမည်က အရမ်းကို စွမ်းအားပြည့်ဂပြီးနာမည်ကျော်တဲ့ ဆေးလုံး တစ်ခုဖြစ်ပေမဲ့လည်း မူလကာကွယ်ဆေးလုံးနဲ့

နိုင်းယှဉ်လိုက်ယင်တော့ သူတို့ နှစ်ခုကြားမှာ ကွာဟချက် အကြီးကြီးရှိပါတယ်။

ဒီဆေးလုံးနှစ်မျိုးစလုံးက အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေဖြစ်ပေမဲ့ နှစ်ခုစလုံးကို ဖော်စပ်ရတာက အရမ်းကို ခက်ခဲပါတယ်။ ကြည့် .. ဖူဟဲချင်နဲ့ ကျန်းဝေရှမ်း တို့ ပြီးပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို ရထားတာတောင်မှ သူတို့အနေနဲ့ ပြောင်းပြန်ဆေးလုံးကို ဖော်စပ်ဖို့အတွက် ရက်ပေါင်းများစွာကြိုးစားခဲ့တာတောင်မှ မရသေးပါဘူး။ လင်းဟန်က အခု ထုတ်ယူလိုက်တဲ့ မူလကာကွယ် ဆေးလုံးက ပိုပြီးတော့ တောင်မှ ဖော်စပ်ဖို့ ခက်ခဲပါတယ်။

သူတို့နှစ်ယောက် ဘယ်လိုလုပ်ပြီးတော့ မအံ့ဩပဲနဲ့ နေနိုင်မှာလဲ။

လင်းဟန်က ကျန်တဲ့လင်းကလန်ရဲ့ အသက်ရှင်သန်လွတ်မြောက်တဲ့ လူဆယ်ယောက်ကျော် ကို မူလကာကွယ်ဆေးလုံး တစ်လုံးစီပေးလိုက်ပါတယ်။ ဒီ မူလကာကွယ်ဆေးလုံးက
ပြောင်းပြန်ဆေးလုံးအပေါ်မှာအခြေခံပြီးတော့ သူရဲ့ ကိုယ်ပိုင် ဉာဏ်စွမ်းဉာဏ်စနဲ့ တိုးတက်အောင်လုပ်ထားတဲ့ အတွက်ကြောင့် ၄င်းရဲ့ အာနိသင်က ပိုပြီးတော့တောင်

ကောင်းပါတယ်။

``အကိုကြီးဟန်... ဒရောင် သေပြီ...ဖေဖေနဲ့ မေမေလည်းသေပြီ အဟင့် အဟင့် ``

လင်းဇီရှမ် က လင်းဟန်ရဲ့ လက်မောင်းပေါ်မှာ အားနည်းစွာနဲ့ လှဲပြီးတော့ ငိုကြွေး နေပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်ရည်တွေက ခမ်းခြောက်ကုန်ပြီဖြစ်လို့ မျက်ရည်ထပ် မကျတော့ပါဘူး။

``ငါ ဒရောင်အတွက်လက်စားချေပေးမယ်... အားလုံးအတွက် လက်စားချေပေးမယ်``

လင်းဟန်က မိန်းကလေးရဲ့ ကျောကို ငြင်သာစွာနဲ့ ပွေ့ထားပြီးတော့ ပြောလိုက်ပါတယ်။

``ရှမ်ရှမ် ကောင်းကောင်းအိပ်လိုက်နော်.... ညီမလေးနိုးလာတဲ့အခါကျယင် အရာအားလုံး အဆင်ပြေသွားလိမ့်မယ်``

မိန်းကလေးက ခေါင်းငြိမ့်လိုက်ပါတယ်။ သူမအနေနဲ့ ဒီလိုမျိုး လေးရက်ကြာအောင် ခံစားခဲ့ရပြီးပါပြီ.. ဒါကြောင့် သူမရဲ့

အကန့်အသတ်ကိုရောက်သွားပြီးတော့ မကြာခင်မှာပဲ လင်းဟန်ရဲ့ လက်မောင်းပေါ်မှာ အိပ်ပျော်သွားပါတော့တယ်။

လင်းဟန်က ရှမ်ရှမ်ကို လှီယုထန်လက်ထဲကို လွှဲထည့်လိုက်ပြီးတော့ သူ့ရဲ့ မျက်လုံးတွေထဲ မှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ လောင်းကျွမ်းပြီးတော့ ချန်ဂမ်ခွန်ဆီကို စိုက်ကြည့်လိုက်ပါတယ်။

ဟူးညိုက ကြိုးနဲ့ချည်ထားပေမဲ့လည်း သူမက ရက်စက်ကြမ်းကြုတ်တဲ့ ကျားရဲ့ ဘေးမှာနေပြီးတော့ ကြီးပြင်းလာတာဖြစ်တဲ့အတွက် သူမရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒ အာရုံခံနိုင်စွမ်းက အရမ်းကို ကောင်းပါတယ်။ သူမက ချက်ချင်းဆိုသလို ခေါင်းကိုမော့ပြီးတော့ မာန်ဖီလိုက်ပါတယ်။ သိသာထင်ရှားစွာပဲ သူမ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။

``ဒါက ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲ.... ဘယ်လိုလုပ်ပြီးတော့ မင်းက ဓါးချီအလင်း ငါးခုကို ထုတ်ဖော်နိုင်တာလဲ``

ချန်ဂမ်ခွန်က သူ့ရဲ့ ခြေထောက်ကို အပြင်းအထန်ကြိုးစားပမ်းစား ရုန်းကန်နေပါတယ်။ သူ့ရဲ့

နာခေါင်းကလဲ ကျိုးသွားပါပြီ..သူရဲ့ ပါးစပ်ကလဲ ပုံပျက်နေပြီးတော့ သူမျက်နှာ တစ်ခုလုံးကလဲ သွေးတွေနဲ့ ဖုံးနေပါတယ်။

``ခင်ဗျား ဘယ်လိုသေချင်သလဲ?``

လင်းဟန်က လေးလေးနက်နက်နဲ့မေးလိုက်ပါတယ်။

``ခြေတွေ လက်တွေ တစ်ခုပြီးတစ်ခု ဖြတ်တောက်ခံပြီး သေချင်သလား? ဒါမှမဟုတ် ခင်ဗျားခေါင်းကို တစ်ခါတည်းဖြတ်ခံရပြီးတော ့တစ်ခါတည်းသေချင်သလား? ခင်ဗျားရဲ့ သေခြင်းတရားအတွက် ခင်ဗျားကြိုက်တာရွေးချယ်ဖို့ ကျုပ်ခွင့်ပြုတယ်``

``ကောင်စုတ်ကလေး မင်း မောက်မာ မနေနဲ့.. တကယ်လို့ မင်းက ဓါးချီအလင်း ငါးခု ကို ထုတ်ဖော်နိုင်ယင်တောင်မှ အဲဒါက အသုံးမဝင်ဘူး..တကယ့် စွမ်းအားရဲ့ အရှေ့ မှာဆိုယင် မင်းမှာ သေဖို့ လမ်းတစ်ခုပဲရှိတယ်... ငါ့ရဲ့ တတိယဦးလေး ရောက်လာတဲ့ အခါကျယင် မင်းတို့အားလုံးသေပြီသာမှတ်``

လင်းဟန်က သူခေါင်းကို ခါယမ်းပြီးတော့ပြောလိုက်ပါတယ်။

``ကျုပ် ခင်ဗျားပြောတာကို ကြားလိုက်ရတော့ ကျုပ်တစ်ကယ်ထင်မိတာက အရမ်းကို ကြောက်ဖို့ကောင်းမယ်ပေါ့....ဟင့် ခင်ဗျားပြောတဲ့ အဲဒီ လူအိုကြီးသာရောက်လာခဲ့ယင် ကျုပ် သူ့ရဲ့ ခွေးခေါင်းကို ဖြတ်ပစ်မယ်``

``အဓိပ္ပါယ်မရှိတာတွေ...အား``

ချန်ဂမ်ခွန်က နာကျင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ လင်းဟန်က သူ့ကို ခြေထောက်နဲ့ တစ်ချက် ကန်ထုတ်ပစ်လိုက်ပါတယ်။

သူ့အနေနဲ့ အရှက်ခွဲခံရတဲ့အတွက် ဒေါသတွေက အတိုင်းအတာမရှိပြည့်နှက်နေပါ တယ်။သူ့ရဲ့မျက်နှာပေါ်မှာ တစ်ခြားလူတစ်ယောက်ရဲ့ ခြေထောက်ရဲ့ နင်းခြင်းကို ခံရတာက ဒီကမ္ဘာပေါ်မှာ သူ့ကို အဆိုးဝါးဆုံး အရှက်ခွဲလိုက်တာပါပဲ. ပြီးတော့ သူ့မျက်နှာကို နင်းတဲ့ သူက သူ့ရဲ့ ဘဝတစ်လျှောက်လုံးယှဉ်ပြိုင်လာတဲ့ ရန်သူတော်ရဲ့ သားဖြစ်နေပါတယ်။ သူ့အနေနဲ့ လင်းဒေါင်ရှန် ကို ရှုံးနိမ့်ခဲ့မယ်ဆိုယင်တောင်မှ တော်ပါသေးတယ် အခုက လင်းဒေါင်ရှန်ရဲ့သားက သူ့ရဲ့မျက်နှာကို နင်းကန် နိုင်တဲ့

အစွမ်းတွေရှိနေတာက သူ့ကို ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲ နေမှာလဲ?

ဒီ့အပြင် မြို့နေ လူထု အားလုံးက သတင်းကြားပြီးတော့ ပွဲကြီးပွဲကောင်းကို လာပြီးကြည့် ရှုနေကြပါတယ်။ သူတို့ကအနေနဲ့ လင်းဟန်က ချန်ဂမ်ခွန်ရဲ့ မျက်နှာပေါ်ကို နင်းချေ ထားတာကို မြင်လိုက်ရတဲ့အခါမှာတော့ လူတိုင်း အံ့အားသင့်ကုန်ပါတယ်။

ချန်ဂျီယု ထွက်ပေါ်မလာခင် တိမ်မီးခိုးမြို့ ကလူတိုင်းက လင်းဒေါင်ရှန်နဲ့ ချန်ဂမ်ခွန်တို့ နှစ်ယောက်စလုံးက မြို့ရဲ့ အသန်မာဆုံး သိုင်းပညာရှင်များဖြစ်ကြပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာရှိပြီး ဘယ်သူကမှ သူတို့နှစ်ယောက်ရဲ့ ပြိုင်ဘက်မဟုတ် ကြပါဘူး။

အခု အဲဒီလူ ... သူတို့အားလုံးက အသန်မာဆုံးလို့သတ်မှတ်ထားတဲ့ သူက အမှန်တကယ်ပဲ လင်းဟန်ရဲ့ ခြေထောက်အောက်ကို ရောက်နေတယ်ဆိုတာကို သူတို့ရဲ့ ကိုယ်ပိုင်မျက်စိတွေမြင်နေရတာတောင်မှ မယုံကြည်နိုင်အောင်ဖြစ်နေကြပါတယ်။

လင်းဟာန်ဆိုတာ တစ်ချိန်တုန်းက အမိုက်ကောင်လို့တောင် လူသိများ ကျော်ကြား ခဲ့သေးတယ်မဟုတ်လား။

တိမ်မီးခိုးမြို့ အကယ်ဒမီက တပည့်တွေက လွီယုထန်သူတို့ကို ပြောခဲ့တဲ့ စကားကို ပြန်ပြီးသတိရသွားကြပါတယ်။ သုံးလကြာယင် လင်းဟာန်ကို အားလုံးက မော့ပြီး ကြည့်ရတဲ့ အဆင့်အတန်းကို ရောက်သွားစေရမယ်။

တကယ်ပဲ သူက အခုဆိုယင် ချန်ဂမ်ခွန်ရဲ့ အပေါ်မှာတောင်မှ ခြေထောက်နဲ့ နင်းချေ ထားသေးတယ်.. သူတို့ထဲက ဘယ်သူကများ သူ့ကို မော်ကြည့်ရဲတော့မှာလဲ။

ဒါပေမဲ့ အခု ပြဿနာက တိမ်မီးခိုးမြို့ရဲ့ အသန်မာဆုံး လူက ချန်ဂျီယုဖြစ်ပါတယ်။ နွှေဦးစမ်းရေအဆင့် သိုင်းပညာရှင်ပေါ့။

လင်းဟာန်က ဘယ်လောက်ပဲ စွမ်းအားကြီးကြီး သူ့အနေနဲ့ နွှေဦးစမ်းရေအဆင့် ထက် ပိုပြီးတော့ စွမ်းအားကြီးနိုင်ပါ့မလား?

``သူတော့သွားပီ... ချန်ဂျီယု ရောက်လာတဲ့အခါမှာ လင်းဟာန်တော့ လုံးဂကို သွားပြီပဲ``

``ဟူး.. ဒါက သူလိုမျိုး ပါရမီရှင်တစ်ယောက်အတွက်တော့ တကယ့်ကို ဆိုးဝါးလွန်းပါတယ်... အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူက အနာဂါတ်မှာ စိတ်ဂိုဏ်ဥ် ပင်လယ်အဆင့်ထိတောင် ဖြစ်လာနိုင်တယ်``

``စိတ်ဂိုဏ်ဥ်ပင်လယ်အဆင့်... မင်းတကယ်ပဲ ဒီလိုပြောရဲတယ်ပေါ့လေ.. ဒါက ဒုယွန်ဘုရင်လောက် သန်မာတယ်လို့ ဆိုလိုလိုက်တာပဲ``

``စဉ်းစားကြည့်စမ်း... လင်းဟာန်က အခုမှ အသက် ၁၇ နှစ်ပဲရှိသေးတယ် ဒါပေမဲ့ သူက အခု ချန်ဂမ်ခွန်ကို ဒီလိုမျိုးဖြစ်အောင်တောင် လုပ်နိုင်နေပြီ.. သူ့ရဲ့ ပါရမီက ဘယ်လောက် တောင်ကြောက်ဖို့ ကောင်းလိုက်သလဲ?``

``အင်း ဒါအမှန်ပဲ``

ပရိတ်သတ်တွေအကုန်လုံးက တစ်ယောက်နဲ့တစ်ယောက် တီးတိုး ပြောဆို နေကြပါတယ်။ သူတို့အားလုံးက လင်းဟာန်အပေါ်မှာ အကောင်းမမြင်ကြပါဘူး.. သူတို့ ထင်တာက အညံ့ခံဖို့ ပြန်လာပြီးတော့ သေဖို့လို့ ထင်နေကြပါတယ်။

နွေဦးစမ်းရေအဆင့်ရဲ့ ဖြုံလောက်စရာကောင်းတဲ့စွမ်းအား က သူတို့အားလုံးရဲ့ အရိုးတွေထဲထိအောင် စိမ့်သွားပြီး အထူးသဖြင့် တိမ်မီးခိုးမြို့လို မြို့သေးသေးလေးမှာတော့ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။

သူတို့အတွက် နွေဦးစမ်းရေ အဆင့်စစ်သည်တော်ဆိုတာက နတ်ဘုရား တစ်ပါး လို့ သတ်မှတ်ထားပါတယ်။

``ဟင့်``

အဲဒီအချိန်မှာပဲ ပုံရိပ်တစ်ခုက မြို့ထဲကနေ ပျံလာပါတယ်။ အဲဒီပုံရိပ်ရဲ့ လှုပ်ရှားမှုက အရမ်းကို လျှင်မြန်ပြီးတော့ အပြေးမြန်ပါတယ်ဆိုတဲ့ မြင်းရဲ့ အရှိန်တောင်မှ သူ့ကို လုံးဝ မမှီနိုင်ပါဘူး...တစ်ဖြေးဖြေးနဲ့ ပုံရိပ်က အနီးကိုရောက်လာပြီးတော့ ထင်ထင်ရှား ရှား မြင်လာကြပါတယ်။

ငှင်းက ချန်ဂျီယု ။`

``ကောင်စုတ်ကလေး .. ဒါဆိုယင် မင်းက လင်းဟာန်ပေါ့? ငါ့ရဲ့ မြေးကို သတ်လိုက်တဲ့

မကောင်းဆိုးဂါးလေးပေ့ါဟုတ်လား?``

ချန်ဂျီယုရဲ့ မျက်လုံးတွေက လင်းဟန်ပေါ်ကို စူးစိုက်စွာနဲ့ကြည့်နေပါတယ်။

``ကျနော်နာမည် လင်းဟန်..ပြီးတော့ ဒီနေမှာ ခင်ဗျားရဲ့ သေမင်းပဲ``

လင်းဟန်က ပြန်ပြောလိုက်ပါတယ်။

``ဟားဟားဟား ငါက စွမ်းအားအရမ်းကြီးတဲ့ နွေဦးစမ်းရေ အဆင့် စစ်သည်တော်တစ်ယောက် ကွ.. မင်းမှာ ဘာအစွမ်းအစရှိလို့ ငါ့ရဲ့ အသက်ကို ယူနိုင်ရမှာလဲ?``

ချန်ဂျီယုက အလျှင်စလို မလှုပ်ရှားသေးပါဘူး. ဒါက သူ့ရဲ့မြေးကို သတ်တဲ့ အဓိက တရားခံပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီကောင်စုတ်လေးကို ဖြေးဖြေးခြင်း ခံစားစေပြီးမှ သေဖို့ ခွင့်ပြုနိုင်ပါမယ်။

``ငါတို့ တိုက်ဖို့လိုပြီလား?``

ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ နှစ်ယောက်စလုံး အရှေ့ကို

ထွက်လာပါတယ်။

``ခင်ဗျားတို့နှစ်ယောက်က ဘယ်သူတွေ.......ရှီးးး``

ချန်ဂျီယုက အစတုန်းကနဲ့မတူတော့ပါဘူး.. သူ့ရဲ့ မျက်လုံးတွေက အဲဒီလူနှစ်ယောက် အပေါ်ကို ကျသွားတဲ့အခါမှာ သူ့ရဲ့ အမူအရာတွေက ချက်ချင်းပြောင်းသွားပြီးတော့ အံ့အားသင့်သွားပါတယ်... နွေဦးစမ်းရေအဆင့်။

အခုမှ
နွေဦးစမ်းရေအဆင့်ကိုရောက်တာမဟုတ်ပဲနဲ့သူ့အရှေ့က လူတွေက အရမ်းကို စွမ်းအားကြီးမားတဲ့ စစ်သည်တော်တွေပါ။

ဘာ.....။

မြို့နေလူထု အားလုံး အံ့အားသင့်ကုန်ပါတယ်။ ဒီ သာမာန်လို ပုံစံနဲ့ လူနှစ်ယောက်က တကယ်ပဲ စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်တွေလား? လင်းဟန် အနေနဲ့ ပြန်လာရဲတာ အံ့သြစရာမရှိတော့ပါဘူး။ သူမှာ နွေဦးစမ်းရေအဆင့် လက်ရွေးစင် စစ်သည်တော်နှစ်ဦးရဲ့

အကူအညီကို တကယ်ပဲ ရရှိထားခဲ့တာပဲ

ချန်ဂျီယုရဲ့ မျက်နှာက တည်ကြည်လေးနက်တဲ့ပုံစံကို ပြောင်းသွားပါတယ်။ သူ့အနေနဲ့ အဲဒီလူနှစ်ယောက်ရဲ့ အရှေ့မှာ တခြား ရည်ရွယ်ချက် လုံးဝမထားရဲပါဘူး။ သူက ပြောလိုက်ပါတယ်။

``ကျုပ်ရဲ့ အကိုတော်နှစ်ယောက်ခင်ဗျား..ဒီကောင်ကလေးက ကျုပ်ရဲ့ မြေးကို သတ်ခဲ့ပါတယ်။ သူက သင်တို့ကို ဘယ်အကျိုးအမြတ်ကိုပဲ ကတိပေးခဲ့ပါစေ .. ကျုပ် က သင်တို့ကို နှစ်ဆပြန်ပေးပါ့မယ်.. ဒါကြောင့် ကျေးဇူးပြုပြီးတော့ ဝင်မစွက်ဖက်ပါနဲ့``

ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ပါတယ်။ ပြီးတော့ အဆက်မပြတ်ရီမောလိုက်ကြပါတယ်။

သူတို့ကို နှစ်ဆပေးမယ်လို့ ကမ်းလှမ်းတယ်ပေါ့လေ?

မင်းကို မင်း ဘယ်လို ကောင်များထင်နေသလဲ? မင်းမှာ ဆေးလုံးဖော်စပ်နည်း

ဘယ်လောက်များများပိုင်ဆိုင်လို့လဲ..ပြီးတော့ မင်းက မော်ဆေးပညာရပ်နယ်ပယ် မှာ ဘယ်လောက်တောင်နားလည်နေလို့လဲ.. အဲဒါနဲ့များ သူတို့နှစ်ယောက်ကို ဒီလိုမျိုး နှစ်ဆပေးမယ်ဆိုပြီးတော့ ကမ်းလှမ်းဂုံ့တယ်ပေါ့လေ?

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ? သူငယ်ချင်းလေး လင်းရဲ့ ပြဿနာက ငါတို့ရဲ့ ပြဿနာပဲ``

ကျန်းဂေရှမ်းကပြောလိုက်ပါတယ်။

``ချန်..တကယ်လို့ မင်းအညံ့ခံမယ်ဆိုယင် ငါ သူငယ်ချင်းလေးလင်းကို မင်းရဲ့ အပြုအမူတွေအတွက် သနားငဲ့ညှာပေးဖို့ကို ငါတောင်းပန်ပေးမယ်..ဒါဆိုယင် မင်းအနေနဲ့ ငြင်ငြင်သာသာလေး နဲ့ သေခွင့်ရသွားတာပေါ့``

သူငယ်ချင်းလေးလင်း?

``ချီးးးးး``

လူတိုင်းလူတိုင်းက သူတို့ရဲ့ သွားကြားတွေထဲကနေ လေတွေထွက်သလိုမျိုး ခံစားလိုက်ရပါတယ်။ ဒီ

စွမ်းအားကြီးတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော် နစ်ယောက်က လင်းဟာန်ကို သူငယ်ချင်းလေး လင်းလို့ ခေါ်တယ်.. ပြီးတော့ လင်းဟာန်ရဲ့ ပြဿနာ အားလုံးကို သူတို့က မျှဝေပြီးတော့ ကူညီဖို့အတွက် ဆန္ဒရှိနေကြတယ်။ ဒါက ဘယ်လိုမျိုး ဆက်ဆံရေးမျိုးပါလိမ့်?

ကံကောင်းတာက ဇူဟဲချင်ရော ကျန်းဂေရှမ်းပါ သူတို့ကိုယ် သူတို့ မှော်ဆေးပညာရှင် တွေအဖြစ် သက်သေဖြစ်တဲ့ အမှတ်တံဆိပ်တွေကို မတပ်ဆင်ထားကြပါဘူး အဲဒီလိုမှ မဟုတ်ယင် မြို့ နေလူထု က ပိုပြီးတော့တောင်မှ အံ့အားသင့်ကုန်ကြပါလိမ့်မယ်။ အနက်ရောင် အဆင့်နိမ် မှော်ဆေးပညာရှင်ရဲ့ အဆင့်အတန်းက စွမ်းအားကြီးမား တဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်ထက်တောင် ပိုမြင့်ပါသေးတယ်။

``သင်တို့နစ်ယောက်လုံး တစ်ကယ်ပဲ လုပ်တော့မှာလား?``

ချန်ဂျီယုက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။ သူက နွေဦးစမ်းရေအဆင့်ကို မကြာသေးခင်ကမှ ချိုးဖျက်ဝင်ရောက်လာတာဖြစ်တဲ့အတွက် သူ့ရဲ့ ယုံကြည်မှု အဆင့်က သိပ်မရှိပါဘူး။ ဒ့ါအပြင် ဒီနွေဦးစမ်းရေအဆင့် စစ်သည်တော်နစ်ယောက် အရမ်းကို စွမ်းအားကြီးပြီးတော့

လင်းဟန်အတွက် ထွက်လာကြတာပါ.။

``ခွပ် ခွပ် ခွပ် ခွပ် ခွပ်``

အနည်းငယ် ဝေးတဲ့နေရာကနေပြီးတော့ ဖုန်မှုန့်သဲမှုန့်တွေက နေရာအနှံ့ကို ပျံလွင့် သွားကြပြီးတော့ မြင်းစီးသူ အုပ်စုတစ်စုက လျှင်လျှင်မြန်မြန်နဲ့ ရောက်လာကြပါတယ်။

``လင်းအကို... ကျနော် အကိုကို ကူညီဖို့ကျနော့်လူတွေကို ခေါ်လာခဲ့တယ်``

လူငယ်လေးတစ်ယောက်က မြင်းပေါ်ကနေ ခုန်ဆင်းလာပြီးတော့ လင်းဟန်ကို သူ့ရဲ့ လက်သီးကိုဆုပ်ပြီးတော့ ရိုရိုသေသေနဲ့ပဲပြောလိုက်ပါတယ်။ သူ့ရဲ့ အုပ်စုက မြင်းစီးသူ တွေအားလုံးက လျှင်မြန်စွာနဲ့ အနားကို ရောက်လာကြပါတယ်။

ငှင်းက ပိုင်လီထျန်းယွမ်`။

အပိုင်း (၈၄) ကူညီမဲ့သူများ အသီးသီးရောက်ရှိလာကြခြင်း

ပိုင်လီထျန်းယွမ် အနေနဲ့ အများကြီး

အာရုံစူးစိုက်ခံရခြင်းမရှိပါဘူး။ ဒါပေမဲ့ သူ့အနောက်က ရပ်နေတဲ့ အုပ်စုက ပရိတ်သတ်တွေအားလုံးကို အံ့အောမှင်တက် စေခဲ့ပါတယ်။

သူတို့အားလုံးစီးနင်းလာတဲ့ သားရဲတွေရဲ့ အပေါ်မှာ ပိုင်လိ ဆိုတဲ့ စကားလုံး ကို ရေးထွင်း ထားတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

ဒုယွန်မြို့ရဲ့ အုပ်ချုပ်မှု နယ်ပယ် အတွင်းမှာ ပိုင်လိ ဆိုပြီးတော့ သူတို့ရဲ့ အမှတ်တံဆိပ် အဖြစ်အသုံးပြုပုံ တဲ့ အဖွဲ့အစည်းက တစ်ခုပဲရှိပါတယ်။ အဲဒါက ပိုင်လိဂိုဏ်းပဲဖြစ်ပါတယ်။

ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော် ပြီးယင် ဒီ နယ်မြေထဲက အင်အားကြီး ကလန်လေးခု ထဲက တစ်ခုပဲဖြစ်ပါတယ်။

``PU``

လူတွေအများကြီး အံ့အားလွန်းလို့ ချောင်းတွေဆိုးကုန်ပါတယ်။ သူတို့အနေနဲ့ ပိုင်လိထျန်းယွမ်ကို သတိမပြုမိသော်လည်းပဲ ဒီလိုမျိုး ပိုင်လိဂိုဏ်းရဲ့ ကြီးမားတဲ့ တပည့် အုပ်စုကို အမိန့်ပေးနိုင်တဲ့အစွမ်းရှိတဲ့ ဒီလူငယ်လေးရဲ့

အဆင့်အတန်းက လုံး၀ နိမ့်ကျမှာ မဟုတ်ပါဘူး။ ဒီ့အပြင် သူက လင်းဟန်ကို အကိုတစ်ယောက်လိုမျိုး ခေါ်ဆိုသုံးနှုန်းခဲ့တဲ့အတွက် ဘယ်လောက်တောင် ရင်းနှီးပြီးတော့ ဒါက ဘာကို ဖော်ပြသလဲ?

ဒီလင်းဟန် ဆိုတဲ့ ကောင်လေးက ပိုင်လီဂိုဏ်းနဲ့ အရမ်းကို ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခု ရှိတာပဲဖြစ်ရမယ်။

ချန်ဂျီယုရဲ့ အမူအရာက နောက်တစ်ကြိမ်ပြောင်းသွားပါတယ်။ သူ့အနေနဲ့ ဘယ်လောက်ပဲ ယုံကြည်ချက်ရှိရှိ ပိုင်လီဂိုဏ်းကို ဆန့်ကျင်ဖို့ စွမ်းရည် သူမှာ လုံး၀မရှိ ပါဘူး။ ဒီ နောက်ပေါ်လာတဲ့ သူမှာ စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအလွှာ ၉ အဆင့် ရှိတဲ့ စစ်သည်တော်တစ်ယောက်က အထောက်အကူပြုပေးနေတဲ့အတွက် သူ့အနေနဲ့ အယောက်တစ်ရာ ရှိသည့်တိုင်အောင်လို့ ဘယ်လိုမှ လွှမ်းမိုး ခြယ်လှယ်နိုင်မှာမဟုတ်ပါဘူး။

သူ့ရဲ့ နောက်ဆုံးကျန်တဲ့မျှော်လင့်ချက်က အခုရောက်လာပြီးတော့ လင်းဟန်ကို ကူညီတဲ့ ကောင်လေးက ပိုင်လီဂိုဏ်းမှာ မြင့်မားတဲ့ အဆင့်အတန်းတစ်ခုကို မပိုင်ဆိုင် ဖို့ပဲ မျှော်လင့်ပါတယ်။

လေပြင်းတစ်ခု တိုက်ခတ်သွားပြီးတော့ အတော်ဝေးတဲ့နေရာကနေ နောက်ထပ် ဖုန်မှုန့် သဲမှုန့်တွေက ပျံလွင့်လာပြီးတော့ လျှင်မြန်စွာနဲ့ပဲ နောက်ထပ် မြင်းစီးအုပ်စု တစ်စု ရောက်လာခဲ့ပါတယ်။

``ဟားဟားဟား... ဒါဆို အကိုပိုင်လီက အရင်ဆုံးရောက်လာတာပေါ့``

လူငယ်တစ်ယောက် မြင်းပေါ်ကနေခုန်ဆင်းလာပါတယ်။ သူကတော့ ဂျင်ပူကျိပဲ ဖြစ်ပါတယ်။ သူက လင်းဟန်ဆီကို လက်သီးနှစ်ဖက်ဆုပ်ပြပြီးတော့ ပြောလိုက်ပါတယ်။

``လင်းအကို.. ကျနော်ရဲ့ လူတစ်ချို့ကို ခေါ်လာပြီးတော့ ကျနော်ရဲ့ သာမည ကလန်လေး ကနေ အကိုကို ကူညီဖို့ပါ.. ဦးလေးလင်းကို တကယ်ပဲ ထိခိုက်နာကျင် အောင် လုပ်ပုံ့တယ်...အဲဒီလိုမျိုး ဘယ်သူက ရဲတင်းပြီးတော့ လုပ်သလဲဆိုတာကို ကျနော်တစ်ကယ်ပဲ မြင်ချင်မိပါတယ်``

သူက လင်းဟန်နဲ့ သူ့ရဲ့ ကြားက မကောင်းတဲ့ ခံစားချက်တွေ အားလုံးကို ဖယ်ရှားပစ်ခဲ့ ပြီးဖြစ်ပါတယ်။ ဒါကြောင့် အခု သူတို့နှစ်ယောက်ရဲ့ ကြားမှာ သူငယ်ချင်းလို ရင်းနှီးတဲ့

ဆက်ဆံရေးရှိကြပါတယ်။

ချန်ဂျီယုက မနေနိုင်ပဲနဲ့မေးလိုက်ပါတယ်။

``မင်းကဘယ်သူလဲ ဘာလို့ ဒီလိုမျိုး လေကြီးလေကျယ်တွေပြောနေရတာလဲ``

``အတင့်ရဲလှချည်လား``

ဂျင်ကလန်ရဲ့ အစောင့်တစ်ယောက်က အရှေ့ကိုထွက်လာပါတယ်။

``မင်းရဲ့ ခွေးလိုမျက်လုံးတွေက ကန်းနေသလား... ဒါက ငါတို့ကလန်ရဲ့ တတိယ မြောက် သခင်လေး ဂျင်ပူကျို ပဲ``

``ဖူးးးး```

မြို့နေလူထုတွေ အားလုံးက အခုလေးတင်မှ သူတို့ရဲ့ တည်ငြိမ်အေးဆေးတဲ့ အိပ်မြှေကို ပြန်ရရှိတာဖြစ်ပြီးတော့ အခု ချက်ချင်းဆိုသလို အံ့အားသင့်ဖွယ်ရာကောင်းလွန်းတဲ့ အားလိုင်း တစ်ခုက ရိုက်ခတ်တာကို ခံလိုက်ရသလိုမျိုး ဖြစ်သွားကြပါတယ်။ ဂျင်ပူကျို ဆိုတာ ဘယ်သူလဲ?

ဂျင်ကလန်ရဲ့ တတိယမြောက် သခင်လေး ဖြစ်ပြီးတော့ ဂျင်ကလန်ရဲ့ လူငယ်မျိုးဆက်တွေထဲမှာ ပါရမီအရှိဆုံး လူတစ်ယောက်။ သူက အနာဂါတ် ဂျင်ကလန်ရဲ့ ခေါင်းဆောင်နေရာကို အမွေဆက်ခံ နိုင်ဖို့ ဖြစ်နိုင်ချေ အရှိဆုံး လူတစ်ယောက်ပဲဖြစ်ပါတယ်။

တကယ်လို့ ဒါက အမှန်သာဆိုယင် ဂျင်ပူကျိပြောတဲ့ အကိုပိုင်လိ ဆိုတာ သေချာပေါက် ပိုင်လိထျန်းယွမ် ပဲ ဖြစ်လိမ့်မယ်မဟုတ်လား? ဒ့ါအပြင် ပိုင်လိဂိုဏ်းရဲ့ ခေါင်းဆောင်မှာ သားတစ်ယောက်ပဲရှိပြီးတော့ သူက အသက် ၁၆ သို့ ၁၇ နှစ် ပဲရှိပါသေးတယ်။

ဒုယွန်မြို့ရဲ့ အင်အားအကြီးဆုံးအဖွဲ့အစည်း နှစ်ခု ကတော့ရောက်လာခဲ့ပါပြီ... သူတို့ကို ကိုယ်စားပြုပြီး ရောက်လာတဲ့ သူနှစ်ယောက်စလုံး ဘယ်သူကမှ နိမ့်ကျတဲ့ အဆင့်မှာ မရှိပါဘူး။ တစ်ယောက်က ဂိုဏ်းခေါင်းဆောင်သခင်လေး... ကျန်တဲ့တစ်ယောက်က အနာဂါတ် ကလန်ရဲ့ခေါင်းဆောင် ဖြစ်ပြီးတော့ သူတို့နှစ်ယောက်စလုံးက လင်းဟာန်ကို ညီအကိုလိုမျိုး ဆက်ဆံကြပါတယ်။

သူတို့က လူထူးလူဆန်းတွေများလား ?

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ? ဒုယွန်မြို့ကလာတဲ့ ဒီနှစ်ယောက်ကို ဆန့်ကျင် ဂုံမှာလဲ... သူတို့ တကယ်ပဲ အသက်ရှင်ရတာ ပင်ပန်းနေပြီလား?

ချန်ဂျီယု နောက်ဆုံးမှာတော့ မလွယ်ကူတဲ့ မျက်နှာ အမူအရာမျိုး ဖြစ်လာပါတယ်။ လင်းဟန်မှာ အခု စွမ်းအားကြီးမားတဲ့ အဖွဲ့အစည်း နှစ်ခုရဲ့ ကာကွယ်မှုကိုရထား ပြီးတော့ ဒီ အဖွဲ့အစည်းနှစ်ကို ဖြတ်ကျော်ပြီးတော့ လင်းဟန်ရဲ့ အသက်ကို ယူဖို့ ကြိုးစား လိုက်မယ်ဆိုယင် သူ့အနေနဲ့ သေချာပေါက် ဒီ အင်အားကြီး ကလန်နှစ်ခုရဲ့ အမဲလိုက် သတ်ဖြတ်ခြင်းကို ခံရပါလိမ့်မယ်။

ချက်ချင်းဆိုသလိုပဲ သူက အကျပ်အတည်းထဲကို ကျရောက်လို့နေပါတယ်။ သူ့အနေနဲ့ လက်စားချေရမလား ဒါမှမဟုတ် အလျှော့ပေးလိုက်ရမလား?

သူ့အနေနဲ့ ဒီနေ့ဖြစ်ပျက်ခဲ့တာကို ငါ အလျှော့ပေးလိုက်ပီဆိုတဲ့ စကားနဲ့ ရိုးရိုးလေး ဖြေရှင်းလို့ ရလိမ့်မှာမဟုတ်ဘူးဆိုတာကို သတိပြုမိပါတယ်။ အဲဒီအချိန်မှာပဲ သူက လင်းကလန်ဆီကို ရွှေသွားလိုက်ပါတယ်။ သူ့ရဲ့ ကံကြမ္မာက သေဖို့အတွက်

ဆုံးဖြတ်ချက် ချထားပြီးပါပြီ။

``ခွပ်ခွပ် ခွပ် ခွပ်``

အဝေးကနေပြီးတော့ နောက်ထပ် မြင်းစီးအုပ်စု တစ်စုက လျှင်မြန်စွာနဲ့ အနီးကိုရောက်လာပါတယ်။

မြို့နေလူထုတွေ အားလုံး အံ့အားသင့်ပြီး မှင်တက်ကုန်ပါတယ်။ ဒါက နောက်ထပ် အင်အားကြီးမားတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်နိုင်မလားဆိုတာကို စဉ်းစားကုန်ကြပါတယ်။

``ဟားဟားဟား အကိုဂျင်...အကိုပိုင်လိ.. ခင်ဗျားတို့နှစ်ယောက် ရောက်တာ မြန်သားပဲ``

လီဒေါင်ယွဲ့ က အော်ဟစ်ရီမောပြီးတော့ သူ့ရဲ့ မြင်းပေါ်ကနေ ဆင်းပြီး ခြေလှမ်းကျဲ ကြီးတွေနဲ့ လျှောက်လာပီး ပြောလိုက်ပါတယ်။

``အကိုလင်း... တကယ်လို့ အကိုလင်းကသာ ကျုပ်တို့ ကျောက်တုံးပုံပုလွေ ဂိုဏ်း ကို လိုတယ်လို့ တစ်ခွန်းထဲပဲ ပြောလိုက်ပါ... ကျုပ်တို့ ဂိုဏ်းက အဆင့်သင့် ရှိနေပါ့မယ်``

ဒီစကားတွေကို ကြားလိုက်ရတဲ့အခါမှာတော့ လူတွေအားလုံး လုံးဂ ထူးဆန်း အံ့ဩသွားကြပါတယ်။

ဂျင်ကလန်နဲ့ ပိုင်လိဂိုဏ်းတို့က အရမ်းကို စွမ်းအားကြီးမားတယ်ဆိုပေမဲ့ လည်း သူတို့က အရမ်းဝေးကွာတဲ့နေရာမှာ အခြေစိုက်ကြတာပဲဖြစ်ပါတယ်။ ကျောက်တုံးပံပုလွေ ဂိုဏ်းက တော့ သူတို့အတွက်စွမ်းအားအကြီးဆုံးတစ်ခုပါပဲ... မာလန်းလို လူတစ်ယောက် ရောက်လာတုန်းကတောင်မှ လူတိုင်းလူတိုင်းကို ကြောက်ရွံ့ တုန်လှုပ် သွားအောင်လို့ စွမ်းဆောင်နိုင်ပါတယ်။ ပြီးတော့ ဒီကောင်လေးက ဂျင်ပူကျိနဲ့ ပိုင်လိထျန်းယွမ်ကို ညီအကိုတွေလိုမျိုး ဆက်ဆံတဲ့အတွက်ကြောင့် သေချာပေါက် သူရဲ့ အဆင့်အတန်းက မာလန်း ထက်ပိုပြီးမြင့်မားမှာ အမှန်ပါပဲ။

ချန်ဂမ်ခွန်ကတော့ တကယ်ပဲ စတင် ငိုကြွေးနေပါတယ်။ ဒီနေရာမှာ ဘာတွေဖြစ်ကုန် တာလဲ... ဘာလို့ အင်အားအရမ်းကို ကြီးမားတဲ့ အဖွဲ့အစည်းတွေ တစ်ခုပြီး တစ်ခု ပေါ်လာပြီးတော့ သူတို့အားလုံး က ဘာလို့ လင်းဟန်ရဲ့ ဘက်မှာ ရပ်တည်နေကြတာလဲ? ဂျင်ကလန်... ပိုင်လိဂိုဏ်း... ကျောက်တုံးပံပုလွေဂိုဏ်း ... သူတို့ အားလုံးထဲက

တစ်ဖွဲ့တည်းဆိုယင်တောင်မှ သူတို့ရဲ့ လက်ညှိုးလေးတစ်ချောင်းထဲနဲ့ ချန်ကလန်ကို ဆယ်ကြိမ်မက အမြစ်ဖြတ် သုတ်သင်ပစ်လို့ ရပါတယ်။

``အားလုံးကို ကျေးဇူးတင်ပါတယ်.... ငါ့ရဲ့ ရန်သူတွေကို ငါသတ်တာကို ခဏစောင့်ပေး ပါ ပြီးယင် ငါတို့အားလုံး အတူတူ သောက်ကြတာပေါ့``

လင်းဟန်က သူ့ရဲ့ လက်တွေကို ဆုပ်ပြီးမြောက်ကာပြောလိုက်ပါတယ်။

``မင်းတို့ ငါ့ကို ကူညီပြီးတော့ ချန်ကလန်ကို သုတ်သင်သတ်ဖြတ်ပေးလို့ရတယ်... ဒီ အဓိက တရားခံ နှစ်ယောက်ကိုတော့ ငါ့အတွက် ချန်ထားပေးပါ``

``ငါတို့အပေါ်ကို ယုံယုံကြည်ကြည်နဲ့ လွှဲထားလို့ရတယ် ချန်ကလန်အဖွဲ့သား တစ်ယောက်မှ မလွတ်စေရဘူး``

ဂျင်ပူကျိုနဲ့ ကျန်တဲ့သူတွေက ကတိပေးလိုက်ပါတယ်။ အခုဆိုယင် သူတို့ သုံးယောက် အဖွဲ့က အတူတူပူးပေါင်းမိသွားပြီဖြစ်ပြီးတော့ တကယ်လို့ သူတို့ထဲက တစ်ယောက် ပဲ ကူညီဖို့ ရောက်လာပါစေဦးတော့

ချန်ကလန် တစ်ခုလုံးကို လွယ်လွယ်ကူကူနဲ့ အမြစ်ဖြတ် သုတ်သင် ပစ်ဖို့အတွက် လုံလောက်ပါတယ်။

``မဟုတ်ဘူး မဟုတ်ဘူး.. မင်းတို့ ဒီလိုလုပ်လို့ မရဘူး မင်းတို့ ဒီလိုလုပ်လို့မရဘူး``

ချန်ဂမ်ခွန်က တုန်လှုပ်ခြောက်ခြားစွာနဲ့ ပြောလိုက်ပါတယ်။

``ခင်ဗျား ကျုပ်တို့လင်းကလန်ကို အမြစ်ပြတ် သုတ်သင်ပစ်လိုက်တုန်းကတော့ ဘာလို့ ခင်ဗျားက အကြင်နာတရားကင်းမဲ့ရတာလဲ?``

လင်းဟာန်က လေးလေးနက်နက်အသံ နဲ့ပြောလိုက်ပါတယ်။

``ငါက အမြဲတမ်း မျှတတဲ့လူတစ်ယောက်ပဲ. တကယ်လို့ တစ်ခြားလူတွေက ငါ့ကို ရိုသေလေးစားတယ်ဆိုယင်.. ငါကလဲ တူညီစွာနဲ့ပဲ တုံ့ပြန်မယ်... ဒါပေမဲ့ တကယ်လို့ တစ်ယောက်ယောက်က ကျုပ်ရဲ့ မိသားစု ခေါင်းက ဆံပင်မွှေးတစ်ချောင်းကိုတောင် ထိခိုက် နာကျင်စေမယ်ဆိုယင် ကျုပ် သေချာပေါက် အဲဒီထက်ပိုတဲ့ နာကျင်ခံစားမှုကို ပြန်ပြီးတော့ ပေးမယ်``

ဂျင်ပူကျိ..ပိုင်လိထျန်းယွမ် နဲ့ လီဒေါင်ယွဲ့ တို့က သူတို့ရဲ့ လက်တွေကို ပေ့ယမ်းလိုက်ပြီး တော့ သူတို့အုပ်စုတွေကို ဦးဆောင်လိုက်ကြပါတယ်။ ချန်ဂျီယုလို လက်ရွေးစင် စစ်သည်တော် မရှိပဲနဲ့ ချန်ကလန်ဆိုတာ ရေတွက်ဖို့တောင် မထိုက်တန်ပါဘူး။

``အဲဒီနေရာမှာ ရပ်လိုက်ကြစမ်း``

ချန်ဂျီယုက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ သူ့ ချန်ကလန် တစ်ခုလုံး အမြစ်ပြတ်သုတ်သင် ခံရမှာကို သူ့အနေနဲ့ရပ်ပြီးတော့ ကြည့်မနေနိုင်ပါဘူး။ ဒါပေမဲ့ သူခြေလှမ်းစလိုက်တာနဲ့ ဇူဟဲချင်နဲ့ ကျန်းဟေရှမ်းတို့ နှစ်ယောက်စလုံးက ချက်ခြင်းပဲ အရှေ့ကို ထွက်လာပြီးတော့ အနောက်က တစ်ယောက် အရှေ့က တစ်ယောက် သူ့ကို ပိုင်းရံထားကြပါတယ်။

``ခွပ်ခွပ်ခွပ်ခွပ်ခွပ်``

အဲဒီအချိန်မှာပဲ လူအုပ်စု တွေက ပိုပိုပြီးတော့ တစ်ဖွဲ့ဖွဲ့နဲ့ ရောက်ရှိလို့လာပါတယ်။ သူတို့ထဲက အများစုကတော့ ဒုယွန်မြို့ရဲ့ ကလန်သေးတစ်ချို့ဖြစ်ကြပြီးတော့ တစ်ခြားမြို့က အဖွဲ့အစည်းတွေလည်းပဲ ပါဝင်ပါတယ်။ တစ်ချို့ ဆို သူတို့ရဲ့

အလယ်ခေါင် မှာ နွေဦးစမ်းရေအဆင့် လက်ရွေးစင် သိုင်းပညာရှင်တွေ တောင်မှ ပါဝင်ပါတယ်။ သူတို့က တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာပြီးတော့ တိမ်မီးခိုးမြို့တစ်ခုလုံး သူတို့ရဲ့ အရေအတွက် ကြောင့် ပြည့်နှက်ကုန်ပါတယ်။

ဒါက အရမ်းကိုကြောက်စရာကောင်းတာပဲ... အနု ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော် ကလွဲလို့ အဖွဲ့အစည်းအကုန်လုံးအပြင် အချို့ ထင်ရှားကျော်ကြားတဲ့ အဖွဲ့တွေလည်းပဲ ရောက်လို့လာပါတယ်။

ပြီးတော့ ဒီလူတွေအကုန်လုံးက လင်းဟန်ကြောင့် ရောက်လာကြတာချည်းပဲ။

ဘယ်တုန်းက ဒီ အမိုက်ကောင်သခင်လေးက ဒီလောက်ထိ အံ့သြဖွယ်ရာ ဖြစ်သွားတာလဲ?

ချန်ဂမ်ခွန်ရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်သွားပါတယ်။ ကြည့်ရတာ ဒီနေ့ သူတို့ရဲ့ ချန်ကလန်က ဒီကပ်ဘေးကြီးကနေလွတ်မြောက် နိုင်မဲ့ပုံ မမြင်တော့ပါဘူး။ သူက လုံးဝ နောင်တတွေ အပြည့်ရနေပါတယ်။ သူ့အနေနဲ့ ဘာလို့ လင်းဒေါင်ရှန်ကို ရိုးရိုးလေး မသတ်လိုက်ရတာလဲ? အနည်းဆုံးတော့ သူ့ရဲ့ အမုန်းဆုံးပြိုင်ဘက်ကို သူနဲ့ အတူ

သေခြင်းတရားကို ဆွဲခေါ်သွားနိုင်မှာဖြစ်ပြီးတော့ သေသွားတဲ့အခါကျယင် သေလွန် ခရီးမှာ တစ်ယောက်တည်း အထီးမကျန်တော့ဘူးပေါ့။

လင်းဟန်က သူ့ရဲ့ ခြေထောက်ကို ချန်ဂမ်ခွန်ရဲ့ မျက်နှာပေါ်ကို ထပ်ပြီးတော့ ပြင်းပြင်း ထန်ထန်နဲ့ နင်းလိုက်ပါတယ်။

``ခွေးအိုကြီး... ခင်ဗျားက အခုထိတောင်ပဲ မကောင်းတဲ့အတွေးတွေ တွေးဂံသေးတယ်ပေါ့ဟုတ်လား``

``ဟားဟားဟား အဲဒီတော့ ဘာဖြစ်လဲ တကယ်လို့ ငါသေယင် မင်းရဲ့ လင်းကလန် အဖွဲ့သားတွေလဲ ငါနဲ့အတူတူသေရတာပေါ့``

ချန်ဂမ်ခွန်က သူ့အနေနဲ့ ဘယ်လိုမှ အသက်ရှင်နိုင်မှာမဟုတ်ဘူးဆိုတာကို သိပါတယ်။ ဒါကြောင့် သူဆုံးဖြတ်လိုက်ပီးတော့ လင်းဟန်ကို ဒေါသထွက်စေမဲ့ စကားတွေနဲ့ပဲ ပြောလိုက်ပါတယ်။

``Pa``

လင်းဟန်က နောက်ထပ်ပြင်းထန်တဲ့ ခြေထောက်တစ်ချက်နဲ့

နင်းပြီးတော့ ချန်ဂမ်ခွန် ပါးစပ်ထဲက သွားတွေအကုန်လုံးကို ဖျက်စီးပစ်လိုက်ပါတယ်။

``လင်းအကို``

အရပ်မြင့်မြင့်နဲ့ လူငယ်တစ်ယောက်က တစ်ခြားသူတွေရဲ့ ကြားကနေ အရှေ့ကို ထွက်လာခဲ့ပါတယ်။ ဒီလူငယ်လေးရဲ့ အရှိန်အဝါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းအောင် လင်းလက်တောက်ပနေပါတယ်။ ၄င်းကတော့ ချီယောင်ရီ ။

``နံပါတ်လေးမင်းသားကို နှုတ်ဆက်ပါတယ်``

ကျန်တဲ့သူတွေအားလုံး ဦးညွှတ်ပြီး နှုတ်ဆက်လိုက်ကြပါတယ်။

နံပါတ်လေး..... နံပါတ်လေးမင်းသား?

တိမ်မီးခိုးမြို့က မြို့သူမြို့သားအားလုံးပဲ အချိန်တော်တော်ကြာသည့်တိုင်အောင် မှင်တက် အံ့သြကုန်ပါတယ်။ နောက်ဆုံး သူတို့အားလုံး သတိပြန်ဝင်လာတဲ့အခါမှာ တစ်ခြားသူတွေလိုမျိုးပဲ လေးလေးစားစားနဲ့ ခေါင်းကိုညွှန်ပြီးတော့

နှုတ်ဆက်လိုက်ပါတယ်။ သူတို့ရဲ့ အတွေးတွေထဲမှာတော့ အံ့သြဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

အခု .. ဒုယွန်မြို့ရဲ့ မတူညီတဲ့ အဖွဲ့အစည်းတွေ အားလုံး ရောက်လိုလာပါပြီ... ပြီးတော့ သူတို့ရောက်လာတဲ့ အကြောင်းရင်းကတစ်ခုပါပဲ လင်းဟန်အတွက်ပဲ ဖြစ်ပါတယ်။

သူမှာ ဘယ်လို မှော်ပညာအစွမ်းတွေများ ပိုင်ဆိုင်ထားပါလိမ့်?

အဲဒီအချိန်မှာပဲ ချန်ဂမ်ခွန် ရဲ့ စိတ်ပျက်အားငယ်မှု တွေအားလုံး လုံးဝ အောက်ဆုံးထိ ကျသွားပါတယ်။ လင်းဟန်ကြောင့် ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်ကတောင်မှ လာရောက်တယ်.. ဒါဆိုယင် ချန်ကလန်အတွက် မျှော်လင့်ချက်တောင်မရှိတော့ဘူးပေါ့။

``မင်းတို့အားလုံးက ငါ့ကို ဖိအားပေးနေကြတာလား``

ချန်ဂျီယုက ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဒေါသတွေနဲ့ ပြည့်နှက်လိုနေပါတယ်။ ဒါကိုကြည့်ရတာ ချန်ကလန်တော့ ဒီနေ့မှာ လုံးဝ အမြစ်ဖြုတ်သုတ်သင်ခြင်းကို ခံရတော့မဲ့ပုံပါပဲ။

ဒါကြောင့် သူ့အနေနဲ့ အသက်ရှင်လွတ်မြောက်ဖို့ လိုပါတယ် ဒါမှသာ အနာဂါတ်မှာ သူ့အနေနဲ့ လင်းဟန်ကို သတ်ပစ်ဖို့ အတွက် အခွင့်အရေးကို ရှာဖွေနိုင်မှာပါ။

လင်းဟန်ပဲမဟုတ်ပါဘူး... လင်းကလန်က အသက်ရှန်သန်နေတဲ့သူအားလုံးကို သတ်ပစ်မှာပါ.။

``မင်းရဲ့ တစ်ခုတည်းသောလမ်းက သေခြင်းတရားပဲ``

ဇူဟဲချင်က အေးစက်စွာနဲ့ပြောလိုက်ပါတယ်။ ချန်ဂျီယုက သူကိုယ်တိုင် ဆရာအဖြစ် သတ်မှတ်ထားတဲ့ လင်းဟန်ရဲ့ အဖေဖြစ်သူကို အမှန်တကယ်ပဲ နာကျင်အောင် လုပ်ဂုံတဲ့အတွက် သူ့အနေနဲ့ ဒေါသတွေ မိုးထိအောင်မြင့်မားစွာ ထွက်နေပါတယ်။

အပိုင်း (၈၅) ချန်ကလန်ဆိုတာ မရှိတော့ဘူး

ချန်ဂျီယုက ထွက်သွားချင်ပါတယ်။ သူ့အနေနဲ့ သွေးလမ်းကြောင်း တစ်ခုကို ဖြတ်သန်း ပြီးတော့ နောက်ကျမှပဲ သူ့ရဲ့ လက်စားခြေတုံ့ပြန်မှုကို လုပ်ဖို့အတွက် ပြန်လာ ဖို့ စဉ်းစား ထားပါတယ်။

သီအိုရီအရဆိုယင်တော့... တကယ်လို့ သူ့အနေနဲ့

သုံးယောက်ရှိယင် တောင်မှ သူက ကျန်းပေရှမ်းနဲ့ ဇူဟဲချင်တို့ရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး။ ဒ့ါအပြင် သူတို့နှစ်ယောက် အတူတူ ပူးပေါင်းပြီးတော့ လုပ်နေကြတာပါ။ ဒါပေမဲ့လည်း တကယ်လို့ နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်တစ်ယောက်က အတင်းအကျပ် ထိုးဖောက် တိုက်ခိုက် မှုက အရမ်းကိုကြောက်ဖို့ ကောင်းပါတယ်။ ဇူဟဲချင်ရော ကျန်းပေရှမ်း ပါ နောက်သို့ မခုန်ဆုတ်ပဲ ချန်ဂျီယုကို ထိပ်တိုက် ရင်မဆိုင်ဂံပါဘူး။ သူတို့အနေနဲ့ ချန်ဂျီယု က သူတို့ကို အတူတူ ပါအောင် ခေါ်သွားဖို့ကိုတော့ မလိုချင်ပါဘူး။

ဒ့ါအပြင် ဘယ်လောက်ကြာကြာများ သူ့အနေနဲ့ အားလုံးကို ဘေးဖယ်ပစ်နိုင်မှာလဲ? သူတို့အနေနဲ့ အချိန်တစ်ခဏမျှပဲ ထိန်းထားဖို့လိုအပ်တာဖြစ်ပီးတော့ သူ့ရဲ့ စွမ်းအင်တွေ ကုန်ခမ်းသွားတဲ့အခါကျယင် ချန်ဂျီယုရဲ့ တိုက်ပွဲဝင်အစွမ်းက လျော့ကျသွားမှာဖြစ်ပြီး အဲဒီအချိန်ကျယင် သူကိုလွယ်လွယ်ကူကူနဲ့ပဲ အနိုင်ယူနိုင်ပီလေ။

``ကောင်စုတ်လေး.... မင်းသေချာပေါက် သေရလိမ့်မယ်... မင်းတို့လင်းကလန်က လူတွေအားလုံး သေရလိမ့်မယ်``

ချန်ဂမ်ခွန်က အော်ဟစ်လိုက်ပါတယ်။ ချန်ဂျီယုသာ လွတ်မြောက်အောင် ထွက်သွား နိုင်ယင် လင်းကလန်အနေနဲ့ ဖူဟဲချင်နဲ့ ကျန်းပေရှမ်းတို့က လင်းကလန်ရဲ့ အိမ်တော် မှာ သူတို့ရဲ့ အသက်ထက်ဆုံး အစောင့်အကြပ် လုပ်ဖို့ အစီအစဉ်သာမရှိယင် သေချာပေါက် အားလုံး အမြစ်ပြတ်သုတ်သင်ခံရပါလိမ့်မယ်။

``ဆူလိုက်တာကွာ``

လင်းဟန်က နောက်ထပ် ခပ်ပြင်းပြင်းတစ်ချက် နင်းထည့်လိုက်ပါတယ်။ ချန်ဂမ်ခွန် ရဲ့ခေါင်း က သစ်သီးအပျော့ကို နင်းခံလိုက်ရသလိုပဲ ပြားချပ်သွားပြီးတော့ သွေးတွေက နေရာအနှံ့အပြားကို လွင့်စင်ကုန်ပါတယ်။

ဒီမြင်ကွင်းကိုကြည့်ပြီးတော့ ပရိတ်သတ်အားလုံး ဆွံ့အသွားကြပါတယ်။ သူတို့ရဲ့ အတွေး ထဲမှာတော့ ဒီ လူငယ်လေးက သံမဏိလို အသည်းမျိုး ကို ပိုင်ဆိုင်ထားတယ်လို့ တွေးနေကြပါတယ်။

လူ တစ်ယောက်ကို သတ်တယ်ဆိုတာ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး.. ဒါပေမဲ့ ဒီ ကြောက်စရာကောင်းတဲ့ အရာကို သူက ဘယ်လိုလုပ်ပြီးတော့ အေးစက်စက်နဲ့ လုပ်

ဆောင်နိုင်ရတာလဲ? ခြေထောက်တစ်ချက်ထဲနဲ့ ချန်ဂမ်ခွန်ရဲ့ ဦးခေါင်းက သစ်သီးပျော့ လိုမျိုး ပြားချက်သွားစေအောင်လုပ်ပစ်လိုက်ပြီး သူ့ရဲ့ မျက်နှာ အမူအရာက လုံးဝကို မပြောင်းလဲပါဘူး။ ပြီးတော့ ဒါက ထိတ်လန့်စက်ဆုပ်ဖွယ်ရာ အရမ်းကောင်းပါတယ်။

``ဒီ လင်းကလန်က ကောင်းလေးက အုပ်ချုပ်သူတစ်ယောက် ဖြစ်လာဖို့အတွက် လုံးဝ အဆင့်မှီတယ်... သူ့ရဲ့ ရန်သူကို အကြင်နာတရား လုံးဝမထားပဲနဲ့ သူတို့ကို ရက်စက်ကြမ်းကြုတ်စွာနဲ့ သတ်ပစ်ရဲတယ်``

``ဒါအမှန်ပဲ.. သနားကြင်နာတတ်တဲ့ လူတစ်ယောက်က ဘယ်လောက်ပဲ ပါရမီ ရှိနေပါစေ သူတို့က အသက်ရှည်ရှည် မနေကြရဘူး``

``ဒါပေမဲ့ ဒါကို ငါနားလည်လိုက်တဲ့ အချိန်မှာ ငါ့အသက်က အသက်သုံးဆယ်ကျော် သွားခဲ့ပြီ.. ဒီ လင်းကလန်က ကောင်လေးကတော့ လက်ရှိ အသက် ၁၇ နှစ်လောက်ပဲ ရှိဦးမယ်``

``သူက တကယ့်ကို အထင်ကြီးစရာပဲ``

ဟူးညို့ရဲ့ မျက်လုံးတွေ တောက်ပသွားပါတယ်။ သူမက သားရဲရိုင်းတစ်ကောင်ရဲ့ ပင်ကို ဗီဇ ရှိပါတယ်။ ဒါကြောင့် လင်းဟာန်ဆီကနေပြီးတော့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်နေတာကို ကောင်းစွာ အာရုံခံနိုင်ပါတယ်။ သူမအနေနဲ့ ကြောက်ရွံ့တာရော စိတ်လှုပ်ရှားတာပါ ရောပြီး ခံစားနေရပါတယ်။ သူမအတွက်တော့ ဒါက သူမနဲ့ ရင်းနှီးတဲ့ ခံစားမှုပဲဖြစ်ပါတယ်။

သူမက တွန့်လိမ်ပြီးတော့ လင်းဟာန်ရဲ့ဘေးကို သွားပြီးတော့ ခုန်အုပ်ချင်ပါတယ်။ ဒါပေမဲ့ သူမရဲ့ လက်တွေနဲ့ ခြေတွေကို တင်းကျပ်စွာ ချည်နှောင်ထားခြင်းခံထားရတဲ့အတွက် သူမရဲ့ အနေနဲ့ အနီးနားတစ်ပိုက်ကိုပဲ တွန့်လိမ်ပြီးတော့ သွားလို့ပဲရပါတယ်။

လင်းဟာန်က တရားခံ တစ်ယောက်ကို သတ်ပစ်ပြီး အပြစ်ပေးလိုက်ပေမဲ့လည်း သူ့ရဲ့ ဒေါသတွေက အနည်းငယ်မျှ လျော့ကျသွားခြင်းမရှိပါဘူး။ ဒီ သူ့အဖေနဲ့ သူ့ရဲ့ ကလန်က လူတွေ ရဲ့ စိတ်မချမ်းမြေ့စရာ ကောင်းပြီး အရှက်ခွဲခံရတဲ့ ပုံရိပ်တွေ တွေက သူ့ရဲ့ အတွေးထဲမှာ ဖယ်ရှားပစ်လို့ မရနိုင်ပါဘူး ဒါကြောင့် သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒ တွေက ပိုမိုသန်မာအားကောင်းလာပါတယ်။သူက

ချန်ဂျီယု ဆီကို စူးစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။ ဒါက နောက်ထပ် တရားခံတစ်ဦး သို့မဟုတ် ဒီကပ်ဘေး ဖြစ်ပေါ် လာရတဲ့ အဓိက တရားခံပဲဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ ချန်ဂျီယု ကြောင့်သာမဟုတ်ဘူးဆိုယင် ချန်ကလန်က အနေနဲ့ လင်းကလန်ကို ဘယ်လိုလုပ်ပြီးတော့ သတ်ဖြတ်ရဲမှာလဲ?

သူ့အနေနဲ့ ဒီတစ်ယောက်ကိုသူ့ရဲ့ လက်နဲ့ သေချာပေါက် သတ်ပစ်ရပါလိမ့်မယ်။

``ငါ့ရဲ့ လမ်းကနေ ဖယ်ကြစမ်း``

သူက ကျယ်လောင်စွာအော်ဟစ်လိုက်ပီးတော့ ချန်ဂျီယု ရှိတဲ့ဆီကို ပြေးဝင်သွားပါတယ်။

ဇူဟဲချင်ရော ကျန်းဝေရှမ်းပါ ထိတ်လန့်သွားပါတယ်။ သူတို့က လင်းဟန်ကို တားချင်ပါတယ် ဒီလိုမျိုး အန္တရာယ်ရှိတဲ့ အခြေအနေမျိုးမှာ ဝင်ပြီးမပါဝင် စေချင်ပါဘူး။ ဒါပေမဲ့ လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

``ဒီ ခွေးအိုကြီးကို ငါကိုယ်တိုင်ပဲ ရင်ဆိုင်မယ်..

မင်းတိုနစ်ယောက် ဂင်ပြီး မစွက်ဖက်နဲ့``

သူက လုံးဂဆုံးဖြတ်ချက် ချထားပြီဖြစ်တဲ့အတွက် တစ်ခြားဘယ်သူကိုမှ ငြင်းပယ်ဖို့ အခွင့်အရေးတောင် မပေးပါဘူး။

ဖူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့လဲ ဘာမှမတတ်နိုင်ပဲ အနောက်ကိုဆုတ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့ကိုယ် သူတို့ အသင့်ဖြစ်အောင် အဆင်သင့် အနေအထားနဲ့ စောင့်နေပါတယ်။ သူတို့အနေနဲ့ လင်းဟာန် အန္တရာယ်ကျရောက်တာနဲ့ တပြိုင်နက် သူတို့အနေနဲ့ လင်းဟာန်ကို ကူညီရပါလိမ့်မယ်။ နောက်မှ လင်းဟာန်က အပြစ်တင်လဲ ခံယုံပါပဲ။

လင်းဟာန်က သူ့ရဲ့ အထီးကျန်ဂံပုလွေသွေး ကို နှိုးဆွလိုက်ပီး သူ့ရဲ့ အစွမ်းတွေက ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အထိကို ချက်ချင်းပဲ အဆင့်မြင့်တက်သွားပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဒဏ်ရာကြီးကြီးမားမား မရထားတဲ့အတွက် အထီးကျန်ဂံပုလွေရဲ့သွေးက အဆင့်မြင့်တင်ပေးတာက မကြီးမားပါဘူး ဒါကြောင့် သူ့ရဲ့ တိုက်ပွဲအစွမ်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အထွတ်အထိပ်အဆင့်ထိပဲ ရောက်ပါတယ်။

ဒါပေမဲ့ ခါးချီအလင်းငါးခုနဲ့အတူ အံ့အားသင့်ဖွယ်လျှပ်စီး ခါးသိုင်းကြောင့် သူ့အနေနဲ့ တစ်စုံတစ်ခုတော့ ကြောက်ရွံ့မှုကို ဖြစ်ပေါ်အောင် လုပ်နိုင်ပါတယ်။

ချန်ဂျီယုကတော့ နည်းနည်းလေးတောင်မှ မကြောက်ပါဘူး။ သူ့ရဲ့ လက်ဂါးတွေနဲ့ အဆက်မပြတ် ရိုက်ထုတ်ပြီးတော့ မူလစွမ်းအင်ကိုသုံးပြီး ရောမလက်ဂါးကြီးတွေ အဖြစ် ပြောင်းလိုက်ပြီးတော့ လင်းဟာန်ဆီကို တိုက်ခိုက်လိုက်ပါတယ်။ ဒီ မူလစွမ်းအင် ရဲ့ ရောမ လက်ဂါးကြီးတွေက အရမ်းကို ခိုင်မာကျစ်လျစ်ပြီးတော့ ခါးချီအလင်းငါးခုကို လွယ်လွယ် ကူကူနဲ့ ဖျက်ဆီးပြစ်နိုင်တာက စွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်ရဲ့ အစွမ်းကို ထုတ်ဖော်ပြသရာ ရောက်ပါတယ်။

``ဟားဟားဟား.. ကောင်စုတ်ကလေး မင်းက မင်းရဲ့ သေလမ်းကို ရှာနေတာပဲ``

ချန်ဂျီယု ကအရမ်းကို ကျေနပ်နေပါတယ်။ သူ့အနေနဲ့ ဇူဟဲချင်.. ကျန်းဂေရှမ်း... ဒုယွန်မြို့ရဲ့ အမျိုးမျိုးသော အဖွဲ့အစည်းတွေအားလုံးက လင်းဟာန်ကြောင့် ဒီနေရာကို

ရောက်လာတယ်ဆိုတာကို သူပြောနိုင်ပါတယ်။

သူ့အနေနဲ့ လင်းဟန်ကို အမြန်ဆုံး လှဲချ အနိုင်ယူပြီးတော့ သူ့ရဲ့ ဓါးစာခံ အဖြစ်အသုံးပြု နိုင်ခဲ့မယ်ဆိုယင် ဒီနေရာကနေ ထွက်ပြေးလွတ်မြောက်နိုင်ပါလိမ့်မယ်။

နောက်ဆုံး သူလုံခြုံသွားပြီဆိုယင် လက်ဝါးတစ်ချက်တည်းနဲ့ လင်းဟန်ကို သတ်ပစ်ပြီး လက်စားချေနိုင်မှာ ဖြစ်ပြီးတော့ သူ့ရဲ့ ဘဝတစ်လျှောက်လုံး ဒီနေရာကို လုံးဝ ပြန်မလာတော့ပါဘူး။

``ဟင့် ဒီနေ့က ခင်ဗျားသေမဲ့နေ့ပဲ``

လင်းဟန်က သူ့ရဲ့ လက်က ဓါးကို ထပ်ပြီးတော့ ဝှေ့လိုက်ပါတယ်။ သူတိုက်ခိုက်မှု ကဓါးချီတွေကိုကြည့်ရတာ သက်တန့် နဲ့တူပါတယ်။

ဒါပေမဲ့လည်း သူနဲ့ ချန်ဂျီယု ကြားက စွမ်းအားကွာဟချက်က အရမ်းကိုကြီးမား နေပါသေးတယ်။ ချန်ဂျီယု ဆီက မူလစွမ်းအင်နဲ့ လုပ်ထားတဲ့ ရောမ လက်ဝါးကြီး တစ်ချက် က သူ့ရဲ့ အတွင်းပိုင်းကလီစာတွေကို တုန်လှုပ်သွားအောင်လို့ ခံစားရပါတယ်။ ဒါပေမဲ့ သူက သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ်

စွမ်းရည်ကို လေ့လာသင်ယူထားပြီးတော့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလိုမရတဲ့ မှော်စာလိပ် ကိုလဲ ပိုင်ဆိုင်ထားပီး သူ့ရဲ့ ဒဏ်ရာတွေကို လျှင်မြန်စွာ ကုသတဲ့နေရာမှာ ကူညီ နိုင်ပါတယ်။

ဒါပေမဲ့လည်း အမှန်တကယ်တော့ ထပ်ခါ ထပ်ခါ တိုက်ခိုက်မှုက အထီးကျန်ဂံပုလွေ သွေးကို နိုးဆွတဲ့ နေရာမှာ ကူညီပြီးတော့ သူ့ရဲ့ အစွမ်းတွေကိုတောင်မှ တိုးလာစေပါတယ်။

သို့သောလည်း ဘယ်လောက်ပဲ အစွမ်းတွေကို အဆင့်မြှင့်တင်မြှင့်တင် သူ့ရဲ့ စွမ်းအား တွေက နွှေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဖို့က လုံး၀ မဖြစ်နိုင်ပါဘူး။

လင်းဟန်က မျက်မှောင်ကြုံ့လိုက်ပါတယ်။ သူ့ရဲ့ဒန်တန်ထဲက နေရာလွတ်ကအခု ဆိုယင် သာမာန်ထက် အဆမတန်ကြီးမားပြီး သူ့ရဲ့ စွမ်းရည်ကိုလဲ တိုက်ပွဲ အပြီးထိ ထိန်းထားနိုင်ပီး ကောင်းကင်မှော်စာလိပ်ရဲ့ ပြန်လည်ကုသနိုင်စွမ်းနဲ့ အတူ သူက ချန်ဂျီယုကို ရင်ဆိုင်ပြီးတော့ စွမ်းအင်တွေ ကုန်ခမ်းလာတဲ့အထိ လွယ်လွယ်ကူကူနဲ့ စောင့်နိုင်မှာပဲဖြစ်ပါတယ်။

ဒါပေမဲ့ သူက အခု လက်စားချေဖို့ လှုပ်ရှားတာဖြစ်ပြီးတော့ တိုက်ပွဲကို ဒီလိုအချိန် အကြာကြီးဆွဲထားရမှာလား? သူမှမဟုတ်ဘူး လင်းဒေါင်ရှန်လဲ စောင့်နိုင်မှာမဟုတ်ပါဘူး။

ဒ့ါအပြင် သူက လင်းဒေါင်ရှန်ကို သူ့အတွက် အကြာကြီး စိုးရိမ် ပူပန်နေတာမျိုး လည်း မဖြစ်စေချင်ပါဘူး။

ဒါဆိုယင်တော့...........။

လင်းဟန် အနည်းငယ်မှ တုံ့ဆိုင်းခြင်းမရှိပဲနဲ့ အနက်ရောင်မျှော်စင်ကို ဆက်သွယ် လိုက်ပါတယ်။ သူ့အနေနဲ့ အနက်ရောင်မျှော်စင်ရဲ့ ဆုတောင်းပေးခြင်းကို ခံပြီး တော့ စွမ်းအားတွေ တိုးလာတာကို လိုချင်ပါတယ်။

အနက်ရောင်မျှော်စင် လာခဲ့ ငါ့ကို အစွမ်းတွေပေးပါ။

သူ့ရဲ့ ဒန်တန်ထဲမှာ အနက်ရောင်မျှော်စင်ကနေပြီး အလင်းရောင်လေး တစ်ခု ထုတ်လွှင့် လိုက်ပြီးတော့ ထူးခြားဆန်းကြယ်တဲ့ အစွမ်းတွေက ၄င်းကနေ စတင်ထွက်ပေါ်လာပြီး အသံမြည်လာပါတယ်။

``ဟုန်း``

လင်းဟန်ရဲ့ ခန္ဓာကိုယ်အတွင်းက အစွမ်းတွေ ပန်းထွက်လာပါတယ် ။ ပြီးနောက် သူရဲ့ ကျင့်စဉ်အဆင့်က လျှင်မြန်တဲ့နှုန်းနဲ့ တိုးလာခဲ့ပါတယ်။ ဒြပ်စင်စုစည်းခြင်းအဆင့် ၅ .. အဆင့်ခြောက် .. အဆင့် ၇... အသက်ရှူချိန် တစ်ရှိုက်စာအတွင်းမှာ သူရဲ့ ကျင့်စဉ်အဆင့်က နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖင်ရောက်သွားပြီးတော့ အဆက်မပြတ် တိုးလာပြီး နောက်ဆုံးမှာ နွေဦးစမ်းရေအလွှာ ၄ အဆင့်မှာ ရပ်သွားပါတယ်။

ဒါက သူရဲ့ကျင့်စဉ်အဆင့်ကို အဆင့်တစ်ခုလုံး အဆင့်မြင့်တင်ပစ်လိုက်တာပဲ ဖြစ်ပါတယ်။

``ဘာ``

လင်းဟန်ရဲ့ အစွမ်းတွေက ပုံမှန်မဟုတ်ပဲ တိုးတက်လာတာကို မြင်လိုက်ရတော့ ချန်ဂျီယု .. ရှုဟဲချင် နဲ့ ကျန်းဖေရှမ်းတို့ အားလုံး အံ့အားသင့်လွန်းအားကြီး ပြီးတော့ သူတို့ရဲ့ မျက်လုံးတွေ ပြူးထွက်ကုန်ပါတယ်။ ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ဒြပ်စင် စုစည်းခြင်းအလွှာ ၄ မှာရှိတဲ့ သိုင်းပညာရှင်တစ်ယောက်က ရုတ်တရက်ဆိုသလို

အဆက်မပြတ် သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အဆင့်တစ်ခုလုံးကို ခုန်တက်သွားတယ်ဆိုတာ တကယ်ပဲလား။

သူက တကယ်ပဲ မှော်ဆေးပညာ ပါရမီရှင်လို့ ခေါ်ဆိုထိုက်ပါတယ်။

ဇူဟဲချင်နဲ့ ကျန်းဖေ့ရှမ်းတို့ ချက်ချင်းတွေးမိလိုက်တာက လင်းဟာန်က မှော်ဆေးလုံး အမျိုးအစားတစ်ချို့ကို စားပြီးတော့ အစွမ်းကို အဆင့်မြှင့်တင်လိုက်တာပဲ ဖြစ်ရမယ်လို့ ထင်ကြပါတယ်။ပြီးတော့ သူတို့က လင်းဟာန်ရဲ့ မှော်ဆေးပညာနဲ့ပါတ်သတ်တဲ့ အစွမ်းအပေါ် မှာ လေးစားခြင်း ကြည်ညိုခြင်းတွေဖြစ်ပေါ် လိုလာပါတယ်။

``သေစမ်းကွာ``

ချန်ဂျီယုက ဟိန်းဟောက်ပြီးတော့ သူ့ရဲ့ လက်ဝါးတွေနဲ့ အဆက်မပြတ် ရိုက်ထုတ်ပါတယ်။ မူလစွမ်းအင်နဲ့ လုပ်ထားတဲ့ ရောမ လက်ဝါးကြီးတွေက တစ်ခုပြီး တစ်ခု လင်းဟာန်ဆီကို လွှင့်ပျံလိုလာပါတယ်။

လင်းဟာန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး သူ့ရဲ့ ဘယ်လက်နဲ့

လက်သီးတစ်ချက်ကို ထုတ်လိုက်ပါတယ်။

သူ့ရဲ့ အစွမ်းတွေက အခုမှ နွေဦးစမ်းရေအဆင့်ကို အဆင့်မြှင့်တင်ထားပြီးတော့ သူ့အနေနဲ့ သူ့ရဲ့ မူလစွမ်းအင်ကို ပုံမဖော်နိုင်သေးပါဘူး။ ဒါပေမဲ့ ဒါက အဆင်ပြေပါတယ်။ နွေဦးစမ်းရေအလွှာ ၄ ရဲ့ အစွမ်းက ပထမအလွှာ သမားကို လုံးဝ ဖျက်ဆီးပစ်နိုင်ပါတယ်။ ဒါကြောင့် လက်သီးတစ်ချက်ထဲနဲ့ မူလစွမ်းအင်ပုံစံနဲ့ လုပ်ထားတဲ ရောမလက်ဝါးကြီးကို ချက်ချင်းပဲ ပြိုကွဲ ပျက်စီးစေပါတယ်။

လင်းဟန်က အရှေ့ကို တစ်ခါတည်းထွက်ပြီးတော့ သူ့ရဲ့ ဓါးကို ပေ့လိုက်တဲ့အခါမှာ ဓါးရှိ အလင်းငါးခုက အရှေ့ကို ပျံထွက်လာပါတယ်။

``Pu``

ချက်ချင်းဆိုသလို ချန်ဂျီယုရဲ့ ဂမ်းဗိုက် ပေါ်မှာ ဓါးဒဏ်ရာ ငါးခု ပေါ်လာပြီးတော့ သူ့ရဲ့ ဂမ်းဗိုက်တစ်ခုလုံး သွေးတွေနဲ့ စိုရွှဲသွားစေပါတယ်။ ဓါးဒဏ်ရာတွေက နက်ရှိုင်းလွန်း အားကြီးတဲ့အတွက် သူ့ရဲ့ အရိုးတွေနဲ့ အတွင်းက ကလီစာတွေကိုပါ ပိုးတိုးပါးတားနဲ့ မြင်နိုင်ပါတယ်။

``ခွေးအိုကြီး... မင်းရဲ့ အသက်ကို ပေးစမ်း``

လင်းဟန်က လေးလေးနက်နက်အသံနဲ့ပြောလိုက်ပါတယ်။

``ခွေးကောင်လေး... မင်းက မင်းရဲ့အစွမ်းတွေကို နွေဦးစမ်းရေအဆင့်ကို အတင်းအဓမ္မ သုံးပြီး တိုးစေခဲ့တယ်... ဒါပေမဲ့ မင်းအနေနဲ့ အစွမ်းဘယ်လောက်များများ ကို အစစ်အမှန်ဖော်ထုတ်နိုင်မှာမို့လို့လဲ...ငါမင်းကို သေချာပေါက်သတ်ပစ်နိုင်လိမ့်မယ်``

ချန်ဂျီယုက ဒေါသတစ်ကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။သူ့ရဲ့ လက်တွေကို အဆက်မပြတ် လှုပ်ရှားလိုက်ပီးတော့ ချန်ကလန်ရဲ့ လျှို့ဟှက်သိုင်းပညာကို အသုံးပြုလိုက်ပါတယ်။

ကံမကောင်းတာက သူ့အနေနဲ့ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဖင်ရောက်ပီးဖြစ်လို့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်တွေကို ကျင့်ကြံနိုင်ပေမဲ့လည်း ပြဿနာက သူတို့ရဲ့ ချန်ကလန်မှာ အဂါရောင်အဆင့်မြင့် သိုင်းပညာနည်းစနစ်ကိုတောင် မပိုင်ဆိုင်ထား တာ ဘယ်ကနေပြီးတော့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်တွေကို သူတို့အနေနဲ့ ရနိုင်မှာလဲ?

ဒီလက်သီးသိုင်းက အဂါရောင်အလယ်အလတ်အဆင့် သိုင်းပညာအဆင့်ပဲ ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ အစွမ်းကလည်း အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် နွေဦးစမ်းရေ အလွှာ ၁ နဲ့ အလွှာ ၄ အဆင့်ကြားက ကွာဟချက်ကို ဘယ်လိုနည်းလမ်းနဲ့မှ ကျဉ်းမြောင်းအောင်လို့ မလုပ်နိုင်ပါဘူး။

လင်းဟန်က အေးစက်စွာနဲ့ပြုံးလိုက်ပါတယ်။တကယ်လို့ သာမာန် သိုင်းပညာရှင် တစ်ယောက်က သူ့ရဲ့ ကိုယ်ပိုင် ကျင့်ကြံခြင်းအဆင့်ကို အဆင့်တစ်ခုလုံး အတင်းအဓမ္မ နဲ့ အဆင့်မြှင့်တင်လိုက်မယ်ဆိုယင် သူ့အနေနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့အစွမ်း မျိုးကို လုံးဂ ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး ဘာလို့လဲဆိုတော့ ဒီလိုမျိုး အဆင့်မြှင့်တင် တာက အရမ်းကို ကြီးမားလို့ပဲဖြစ်ပါတယ်။

ဒါပေမဲ့ သူကတော့ မတူပါဘူး။ သူယခင်ဘဂက သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ကောင်းကင် အဆင့်ဖြစ်ပြီးတော့ ဒီလိုမျိုး အဆင့်နိမ့်တဲ့ နွေဦးစမ်းရေအလွှာ ၄ အဆင့်ကို ရေတွက်ထားစရာတောင်မလိုဘူးလေ။

လင်းဟန်က သူ့ရဲ့ ဓါးကို ပွေ့ယမ်းလိုက်ပီးတော့ စွမ်းအားအပြည့်နဲ့ ပြင်းထန်စွာ တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့

ဓါးချီတွေက ကြည့်ရတာ သက်တန့်တစ်ခုနဲ့ တူပြီးတော့ ချန်ဂျီယုကို လုံးဂ လွှမ်းခြုံ စိုးမိုးလိုက်ပါတယ်။

နေ့ဦးစမ်းရေအလွှာ ၄ နဲ့ နေ့ဦးစမ်းရေ အလွှာ ၁ အဆင့်တို့ရဲ့ တိုက်ပွဲက တကယ်ပဲ တစ်ဖက်သတ် ဆန်လှပါတယ်။

``Peng``

လင်းဟန်က သူ့ရဲ့ ခြေထောက်ကိုမြှင့်ပြီးတော့ ချန်ဂျီယုရဲ့ ဂမ်းပိုက် ဆီကို ရည်ရွယ်ပြီး ကန်လိုက်ပါတယ်။အရိုးကျိုး တဲ့အသံတွေ ဆက်တိုက်ထွက်ပေါ်လာပြီးတော့ အားလုံးရဲ့ နားထဲမှာ ကြားလိုက်ရပါတယ်။

အနည်းဆုံး ချန်ဂျီယုရဲ့ နံရိုးလေးချောင်းခန့် ကျိုးသွားပြီ သူ့ရဲ့ ဒန်တန်က လုံးဂပြိုကွဲသွားကာ သူ့ရဲ့ ခန္ဓာကိုယ်ကတော့ လင်းဒေါင်ရှန်ရဲ့ အရှေ့ ဆီကို ချောတိုက် လွှင့်ထွက်သွားပါတယ်။

``ဒူးထောက်စမ်း``

လင်းဟန်က အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။

``အဓိပ္ပါယ်မရှိဘူး``

ချန်ဂျီယုက ဒေါသတကြီး အော်လိုက်ပါတယ်။ တကယ်လို့သူ အသတ်ခံရယင်တောင်မှ သူ့ရဲ့ ရန်သူအရှေ့မှာ သူ့ရဲ့ ခေါင်းကို ဘယ်တော့မှ နှိမ့်ချမှာမဟုတ်ဘူး။

``ခင်ဗျားမှာ ရွေးချယ်စရာမရှိဘူး``

လင်းဟန်က သူ့ရဲ့ ဓါးကို ပွေ့ရမ်းလိုက်ပါတယ်။

``Pu Pu``

သွေးစီးကြောင်းနှစ်ခု ပန်းထွက်သွားပြီးတော့ ချန်ဂျီယုရဲ့ ခြေထောက်နှစ်ချောင်း ပြတ်ထွက်သွားပြီးတော့ သူ့အနေနဲ့ မတ်တပ်ရပ်လို့မရပဲ လင်းဒေါင်ရှန်ရဲ့ အရှေ့မှာ ဒူးထောက်လဲကျသွားပါတယ်။

``ခွေးကောင်လေး.. တကယ်လို့ ငါ သရဲ ဖြစ်သွားယင်တောင်မှ မင်းကို အလွတ်မပေးဘူး``

ချန်ဂျီယု သွေးတွေ အန်ထုတ်လိုက်ပါတယ်။ ဒီနေ့ သူသေချာပေါက် သေရတော့မယ် ဆိုတာကို

သိပါတယ်။ဒါကြောင့် သူ့အနေနဲ့ သနားငဲ့ညှာဖို့အတွက် တောင်းဆိုဖို့ စိတ်ကူးမရှိပါဘူး။သူ့ရဲ့ အကြည့်တွေက စူးရှနေပြီးတော့ လင်းဟာန်သေဖို့ကလွဲလို့ သူ့အနေနဲ့ ဘာမှမလိုချင်ပါဘူး။

``အဖေ ဒီလူက အဖေ့အတွက်ပဲ``

သူသိပါတယ်။ လင်းဒေါင်ရှန်အနေနဲ့ သူ့ရဲ့ ရန်သူတွေကို သူ့လက်နဲ့ ကိုယ်တိုင် သတ်ချင်လိမ့်မယ်ဆိုတာကိုပေါ့။

``ကောင်းပြီ``

လင်းဒေါင်ရှန်ရဲ့ မျက်နှာမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ သူ့ကလန်သားတွေ အသတ်ခံနေရတဲ့ မြင်ကွင်းကို ပြန်မြင်ယောင် လာပြီးတော့ သူတို့က တိရိစ္ဆာန်တွေကို သတ်သလို ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကို ခံခဲ့ကြရပါတယ်။ သူတို့ရဲ့ သွေးတွေက လင်းဟာန်ကလန်အိမ်တော် တစ်ခုလုံးကို အနီရောင်အဖြစ် ဆေးခြယ်သလိုဖြစ်သွားပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်က နေရာအနှံ့အပြားမှာပါ။ သူ့ရဲ့မျက်လုံးတွေ နီရဲသွားပြီးတော့ လင်းဟာန်က သူ့ကိုပေးတဲ့ ဓါးကို ယူပြီး သူက ချက်ချင်းပဲ

ခုတ်ပိုင်းပစ်လိုက်ပါတယ်။

``Pu``

ချန်ဂျီယုရဲ့ ခေါင်းပြတ်ထွက်သွားပြီးတော့ သူရဲ့ ပါးစပ်က ပိတ်လိုက် ဖွင့်လိုက်နဲ့ အကြိမ် အနည်းငယ်မျှ တစ်စုံတစ်ခုကို ပြောချင်တဲ့ပုံစံနဲ့ လှုပ်နေပေမဲ့လည်း သွေးတွေက သာ ထွက်လာပြီးတော့ နောက်ဆုံးမှာ တော့ သေသွားခဲ့ပါတယ်။

လင်းဒေါင်ရှန်က အသက်မဲ့နေတဲ့ ချန်ဂျီယုရဲ့ ခန္ဓာကိုယ်ကို တစ်ချက် ကန်ထည့်လိုက်ပီးတော့ သက်မဲ့အလောင်း ကိုယ်ခန္ဓာက တော်တော်ဝေးဝေး ကို လွင့်ထွက်သွားပါတယ်။ သူရဲ့ မျက်နှာကို ကောင်းကင်ကို မော့ပြီးတော့ ကျယ်လောင် စူးရှစွာအော်ဟစ်လိုက်ပါတယ်။ ဒီနေ့ကစပြီးတော့ တိမ်မီးခိုးမြို့မှာ ချန်ကလန်ဆိုတာ လုံးဝမရှိတော့ပါဘူး။

အပိုင်း (၈၆) လွှီယုထန် အဆင့်တက်ခြင်း

မတူညီတဲ့ အဖွဲ့အစည်းတွေအားလုံးရဲ့ ဝိုင်းဝန်းလုပ်ကြံ သတ်ဖြတ်မှုရဲ့ အောက်မှာ ချန်ကလန်အနေနဲ့ ဘယ်လိုလုပ်ပြီး ခုခံနိုင်မှာလဲ? သူတို့အားလုံးပဲ အမြစ်ပြတ် သုတ်သင်ခြင်းခံ လိုက်ကြရပါတယ်။

ကံကောင်းထောက်မပြီးတော့ လူနည်းစုက

လွတ်မြောက်သွားခဲ့ကြ ပေမဲ့လည်း ဒုယွန်မြို့ မှာ လင်းဟာန်ရဲ့ လက်ရှိ အဆင့်အတန်း ကြောင့် ချန်ကလန်က လွတ်မြောက် အသက်ရှင် တဲ့သူတွေ အနေနဲ့ အားလုံးရဲ့ အလွန်မုန်းတီးခြင်းကို ခံကြရမှာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ဆက်ပြီးပြေးလွှား ပုန်းကွယ်ရမှာဖြစ်ပြီးတော့ အဲဒီလို မှမဟုတ်ယင် အဖမ်းခံရပြီးတော့ လင်းကလန်ဆီကို ပို့ဆောင်ခြင်းကို ခံရပါလိမ့်မယ်။

ဘယ်သူက လင်းဟာန်နဲ့ သူငယ်ချင်းမဖြစ်ချင်ပဲ နေလိမ့်မလဲ? လင်းကလန်ကနေပြီး တော့လဲ အသက်ရှင်သန် လွတ်မြောက်လာတဲ့သူက အများကြီးမရှိပါဘူး။ ဒါကြောင့် ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက ချန်ကလန်ကို အမြစ်ပြုတ် သုတ်သင်သတ်ဖြတ် လို့ ပြီးတာနဲ့ ချက်ချင်း မပြန်သေးပါဘူး။ သူတို့ရဲ့ လူတွေကို ချန်ထားပြီးတော့ လင်းကလန်ရဲ့ အခြေအနေတွေကို ထိန်းချုပ်နိုင်အောင်လို့ ကူညီပေးဖို့ အတွက် ချန်ထားပါတယ်။ ဒါပေမဲ့ ဒီတိုက်ပွဲအပြီးမှာတော့ ဒုယွန်မြို့ရဲ့ အုပ်ချုပ်မှု့ လက်အောက်ခံအတွင်းမှာရှိတဲ့ မည်သည့် အဖွဲ့အစည်းကမဆို လင်းကလန်နဲ့ ရန်သူ မဖြစ်ဂံပါဘူး။ စောစောတုန်းက မတူညီတဲ့ အဖွဲ့အစည်းပေါင်း တစ်ရာထက် မနည်း လင်းဟာန်ကိုကူညီဖို့အတွက် ရောက်လာကြပါတယ်။ ဒါကြောင့် ကြောက်မက် ဖွယ်ရာကောင်းတဲ့ ဒီလိုမြင်ကွင်းမျိုးကို နောက်ထပ် ပြန်ပြီးတော့ ဘယ်သူကမှ မမြင် ချင်ကြတော့ပါဘူး။

ချန်ကလန်ရဲ့ ပိုင်ဆိုင်မှုအားလုံးက ပိုင်ရှင်အပြောင်းအလဲဖြစ်သွားပြီးတော့ အားလုံး လင်းကလန်ရဲ့ လက်ထဲကိုကျရောက်သွားပါတယ်။ ဒါပေမဲ့လည်း ချန်ကလန် အနေနဲ့စီးပွားရေးအရ ဖိနှိပ်ခြင်းကို အသေအလဲ ခံထားရပြီးတော့သူတို့အနေနဲ့ အားလုံးနီးပါး ခေါင်းပါးနေပါတယ်။သို့သော်လည်းပဲ သူတို့ရဲ့ ဓါတ်သတ္တု တွင်းတွေကတော့ရှိနေပါ သေးတယ် ပြီးတော့ သူတို့ရဲ့ ဈေးဆိုင်တွေလဲအများအပြားရှိပါတယ်။ ကောင်းမွန်တဲ့စီမံခန့်ခွဲမှုတွေနဲ့ဆိုင်ယင် ဒီ ဥစ္စာပစ္စည်းတွေကနေပြီးတော့လင်းကလန်အတွက် မရေ တွက်နိုင်တဲ့ဂင်ငွေအမြောက်အများကို ရရှိစေနိုင်မှာပဲဖြစ်ပါတယ်။

လင်းကလန်မှာ တစ်ရက်တာမျှနေပြီးတဲ့နောက်မှာ ချီယောင်ရီနဲ့ ကျန်တဲ့သူ တွေ အားလုံးက နှုတ်ဆက်ပြီးတော့ပြန်လည်ထွက်ခွာကုန်ပါတယ်။ သူတို့အနေနဲ့ ဟွာယန်အကယ်ဒမီကို သွားကြရမှာဖြစ်ပြီးတော့ လင်းဟန်လည်းပဲတူညီတဲ့နေရာကို မကြာခင်မှာ သွားရမှာပဲဖြစ်ပါတယ်။ဒါကြောင့် မကြာခင်မှာ ရက်အနည်းငယ်အတွင်းမှာသူတို့တွေ ပြန်ဆုံကြဦးမှာပါ။

တစ်ဖက်မှာ လှီယုထန်က နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့အတွက် တံခါး ပိတ်လေ့ကျင့်နေပါတယ်။သူမကိုယ်သူမ အသုံးမဂင်ဘူးလို့ ခံစားနေရတဲ့ အတွက်ကြောင့်ပါ။ လင်းဟန်အနေနဲ့ သူ့ရဲ့ နောက်လိုက်

မိန်းကလေးရဲ့ အကူအညီကို အများဆုံး လိုအပ်တဲ့အချိန်တိုင်းမှာ သူမအနေနဲ့ သူ့ကို ကူညီဖို့အတွက် ဘာမှ မလုပ်ပေးနိုင်ခဲ့ပါဘူး ဒါက သူမရဲ့ လက်ရှိစွမ်းရည် အပေါ်မှာ သူမအနေနဲ့ အရမ်းကို မကျေမနပ် ဖြစ်စေပါတယ်။
ဒါကြောင့် အန္တရာယ်အခြေအနေတွေ ပြီးဆုံးသွားတာနဲ့ပဲ သူမက ချက်ချင်းပဲ အဆင့်တက် ဖို့ အတွက်ကို လုပ်ဆောင်ဖို့ စတင်လိုက်ပါတယ်။
လင်းဟန်အနေနဲ့ လည်း ကလန် ကိစ္စတစ်ချို့ကို ကူညီဆောင်ရွက်ဖို့အတွက် ဒီမှာ အချိန်အနည်းငယ်ကြာအောင်နေရဦးမှာပါ။ ဒါကြောင့် လင်းဇီရှမ်နဲ့ ဟူးညို့ တို့ကို သူတို့နဲ့အတူ တူ ဟွာယန်အကယ်ဒမီကို ခေါ်မသွားခင် လွီယုထန်ရဲ့ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်မှာကို စောင့်နေဖို့ ဆုံးဖြတ်လိုက်ပါတယ်။
အစည်းအဝေးလုပ်ပီးတဲ့အခါမှာ ပထမဆုံး လုပ်ဆောင်ရမဲ့တာဝန်ကတော့ လင်းကလန်ရဲ့ ကလန်အဖွဲ့ဝင်တွေရဲ့ နာရေး ဈာပနာ ကိစ္စပဲဖြစ်ပါတယ်။
လူတွေ အများကြီးသေခဲ့ပါတယ်။ ခုနစ်ရက်လောက်ကြာမှာ ဈာပနာကို လုပ်ဆောင်နိုင် ခဲ့ပါတယ်။ ဒ့ါအပြင် သူတို့ရဲ့ ကလန်အဖွဲ့ဝင်တွေ အများကြီး သေဆုံးကုန်တဲ့ အတွက် သူတို့အနေနဲ့ လူ့စွမ်းအားအရင်းအမြစ်ပမာဏ တော်တော်များများ ကို ပြန်လည်ဖွဲ့စည်းဖို့ အတွက် လိုအပ်ပါတယ်။ ဒါမှသာ များစွာသော မတူညီတဲ့ စီးပွားရေး

လုပ်ငန်းတွေကို ပြန်လည်ပြီးတော့ ထိန်းချုပ်နိုင်မှာပဲဖြစ်ပါတယ်။
လင်းဟန်ကတော့ အကူအညီအများကြီးမရပါဘူး... သူက မော်ဆေးပညာနဲ့ သိုင်းပညာမှာပဲ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ပြီးတော့ ဒီလိုမျိုးကိစ္စတွေနဲ့ အကျွမ်းတဝင်မရှိလှပါဘူး။ သူ့အနေနဲ့ လုံးဝ အတွေ့အကြုံမရှိပါဘူး။ ကျေးဇူး တင်ရ မှာက ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက သူတို့ရဲ့ လူတွေအများကြီးကို ကူညီဖို့ ချန်ထားခဲ့ကြပြီး လင်းကလန်ရဲ့ လူသူစုဆောင်းခြင်းပြီးဆုံးတဲ့ အထိ ကူညီဖို့ ကတိပေးထားကြပါတယ်။
အဲဒီအချိန်အတွင်း ချန်ဖန်းလီက နောက်တစ်ကြိမ်လာပြီးတော့ လင်းဟန်ဆီကို သတင်း တစ်ချို့ သယ်ဆောင်လာပါတယ်။ ချန်ပိုင်ဂျူအနေနဲ့ တကယ်ပဲ အရက်တွေ အများကြီး သောက်မိပြီးတော့ တစ်စုံတစ်ယောက်ကို ဟန်ကျန်းရဲ့ တရားခံအကြောင်းကို အမှတ်မထင် ပြောမိခဲ့ပါတယ်။ အဲဒီလူက တုံ့ဆိုင်းနေပြီးတော့မှ နောက်ဆုံးတော့ ကျောက်တုံးငံပုလွေဂိုဏ်းကို ဒီလျှို့ဝှက်ချက်ကို လာပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါဆိုယင် သူ့အနေနဲ့လည်း အကျိုးအမြတ်တစ်ချို့ကို ရရှိနိုင်တယ်လေ။
ဘယ်သူသိနိုင်မှာလဲ အဲဒီလူက ချန်ဖန်းလီနဲ့ မမျှော်လင့်ပဲ တွေ့ဆုံခဲ့ပြီးတော့ ချန်ဖန်းလီ က အဖြစ်အပျက် တစ်ခုလုံးကို

နားထောင်ပြီးတော့ သူက အဲဒီလူကို ချက်ချင်းပဲ သတ်ပြီးတော့ လျှို့ဝှက်ချက်ကို မပေါက်ကြားစေဖို့ နှုတ်ပိတ်လိုက်ပါတယ်။

ချန်ဖန်းလီက သူ့အတွက် ကံကြမ္မာကောင်းကို မဖုံးကွယ်ပဲ သယ်ဆောင်လာတာပဲ။

လက်ရှိ ချန်ဖန်းလီအနေနဲ့ လင်းဟန်အပေါ် သစ္စာဖောက်မဲ့ အတွေးမျိုး လုံးဝ မလုပ်ငံတော့ပါဘူး။ လင်းဟန်ရဲ့ အနောက်မှာ အဖွဲ့အစည်းတွေ ဘယ်လောက် များတောင် ရပ်တည်နေတာလဲ? တကယ်လို့ ချန်ဖန်းလီအနေနဲ့ ရှူးနေယင်တောင်မှ သူ့အနေနဲ့ ပြဿနာ မလုပ်ရဲပါဘူး။ ဒါကြောင့် လင်းဟန်က သူ့ရဲ့ ဆိုးရွားနေတဲ့ အခြေအနေကို ကုသဖို့အတွက် ပြည့်စုံတဲ့ ဆေးဖော်စပ်နည်းကို ဆုလက်ဆောင် အဖြစ် ပေးလိုက်ပါတယ်။

ကိုးရက်မြောက်နေ့မှာတော့ လင်းကလန်အိမ်တော်ရဲ့ အတွင်းပိုင်း နေရာကနေပြီး အရမ်းကို အစွမ်းထက်လှတဲ့ အားလှိုင်းတစ်ခုက ထွက်ပေါ်လို့လာခဲ့ပါတယ်။ ဒီ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အားလှိုင်းရဲ့ ဖိအားက နွေဦးစမ်းရေအဆင့် လက်ရွေးစင် စစ်သည်တော်တွေကိုတောင်မှ သူတို့ရဲ့ နှလုံးသားတွေနဲ့ စိတ်ဝိညာဉ် ကိုပါ ဖိအားပေး တုန်လှုပ်စေနိုင်ပါတယ်။

လျှိုယုထန် အဆင့်တက်သွားပါပြီ.။

လင်းဟန်က အခန်းထဲမှာ ထိုင်ပြီးတော့

ကျင့်စဉ်လေ့ကျင့်နေတုန်းမှာပဲ လှပတဲ့ ပုံရိပ် ကလေးက လေထဲမှာဂဲပျံပြီးတော့ သူ့အရှေ့ကို ရောက်လာပါတယ်။ အဲဒါက လွှီယုထန်ပါ။

``မဆိုးပါဘူး...ရှစ်ရက်ထဲနဲ့ မင်းက အဆင့်တက်နိုင်ခဲ့ပီ... မင်းရဲ့ ပါရမီက တကယ်ပဲ မဆိုးဘူး``

လင်းဟန်ကပြုံးပြီးတော့ ခေါင်းငြိမ့်လိုက်ပါတယ်။ သူ့အနေနဲ့ လွှီယုထန်ကို တိုက်ပွဲအတွေ့အကြုံ အများကြီးပေးခဲ့ပေမဲ့ ဒီ နည်းပါးလှတဲ့ ရှစ်ရက်အတွင်းမှာ အဆင့်တက်ဖို့ဆိုတာက သူမရဲ့ ပါရမီက သိုင်းပညာနယ်ပယ်ထဲမှာအရမ်းကို မြင့်မားလွန်းလို့ပဲဖြစ်ပါတယ်။

လွှီယုထန်က ခေါင်းငြိမ်ပြီးတော့ တည်ငြိမ်တဲ့လေသံနဲ့ ပြောလိုက်ပါတယ်။

``အနာဂါတ်မှာ ငါက နင့်ရဲ့ ဂန်ထုပ်ဂန်ပိုးလုံးပ မဖြစ်စေရဘူး...အဲဒီအစား ငါက နင့်ကို ကူညီပေးနိုင်တဲ့သူပဲ ဖြစ်လိမ့်မယ်``

``ဟားဟား ငါနင့်ကို ယုံပါတယ်``

လင်းဟန်က ရီရီမောမောနဲ့ ပြောပါတယ်။ အနည်းငယ်တွေးပြီးတော့ သူကပြောလိုက်ပါတယ်။

`` မင်းက အခု နွေဦးစမ်းရေအဆင့်ကို အဆင့်တက်သွားပြီတော့ ငါ မင်းကို လျှို့ဝှက်ဆန်းကြယ် ယင်သုံးမျိုးပညာရဲ့ တတိယအဆင့် ကျင့်ကြံခြင်း နည်းစနစ် ကို သင်ကြားပေးမယ်.. မင်း ဒါကို ကျွမ်းကျင်သွားပြီဆိုယင်

မင်းရဲ့ ရောဂါဝေဒနာ အတွက် လုံးဝ စိုးရိမ်ပူပန်စရာမလိုတော့ဘူး``
``အင်း``
လှိုင်ယုထန် က စိတ်လှုပ်ရှားစွာနဲ့ ခေါင်းငြိမ့်လိုက်ပါတယ်။ ဒါက ကောင်းကင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်ဖြစ်ပြီးတော့ သူမလိုမျိုး သိုင်းပညာရပ်တွေကို နစ်သက် သဘောကျတဲ့ သူတစ်ယောက်အတွက် ဒါက အရမ်းကို စိတ်လှုပ်ရှားစရာပါပဲ။
သူတို့နှစ်ယောက် အတွင်းခန်းထဲကို ဝင်သွားပြီးတော့ လင်းဟန်က လှိုင်ယုထန်ကို နောက်တစ်ကြိမ် လေ့ကျင့်ခြင်းနည်းစနစ် ကိုသင်ကြားပြသ လမ်းညွှန်ခဲ့ပါတယ်။
ဒီမိန်းကလေးကတော့ တကယ့်ကို နတ်ဆိုးပဲ။
လင်းဟန်အနေနဲ့ သူမကို လေ့ကျင့်နည်းစနစ်ကို သင်ကြားပြသလို့ အပြီးမှာ အပြင်ဘက်ကို ထွက်လာပြီးတော့ ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပါတယ်။
အစောပိုင်းတုန်းက အနက်ရောင်မျှော်စင် က သူ့ကို ယာယီအားဖြင့် နွေဦးစမ်းရေ အဆင်ကို ရရှိစေခဲ့ပါတယ်။ ဒါပေမဲ့ ဒါက တစ်နာရီလောက်အတွက်ပဲဖြစ်ပါတယ်။ နောက်တစ်ကြိမ် သူ့အနေနဲ့ အနက်ရောင်မျှော်စင်ရဲ့ အစွမ်းကို ထပ်ပြီးတော့ လိုချင် သေးတယ်ဆိုယင် သူက နွေဦးစမ်းရေအဆင့်ကို အောင်အောင်မြင်မြင်နဲ့ အဆင့်တက်

တဲ့အထိ စောင့်ဖို့လိုပါတယ်။

ဒါပေမဲ့လည်း သူက နွှေဦးစမ်းရေအဆင့်ကို နောက်ဆုံးမှာ ချိုးဖျက်ဝင်ရောက်သွားနိုင်ခဲ့မယ် ဆိုယင် အနက်ရောင်မျှော်စင်ရဲ့ နောက်ကွယ်က လျှို့ဝှက် ချက်တွေကို အနည်းငယ် နားလည်နိုင်ပါလိမ့်မယ်။ သူ့အနေနဲ့ ဘယ်လောက် တောင်မှ အံ့အားသင့်စရာကောင်းတာမျိုးကို ကြုံရမယ်ဆိုတာကို မသိနိုင်ပါဘူး။

အခုလက်ရှိ လင်းဟန်အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ကို ပိုင်ဆိုင်ထားပါပြီ။

လင်းဟန် က ဘာကြောင့် လျှင်မြန်စွာနဲ့ အဆင့်တက်သွားခဲ့ရတာလဲဆိုယင် အနက်ရောင် မျှော်စင်ရဲ့ ကောင်းချီးပေးခြင်းကို အသုံးပြုပြီးတဲ့အခါမှာ အစွမ်းတွေက လျှင်မြန်စွာနဲ့ ပျောက်ကွယ်သွားပေမဲ့ သူ့ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းမှာ အနည်းငယ် ပမာဏ က ကျန်နေသေးတဲ့ပုံပေါ် ပါတယ်။ ရက်အနည်းငယ်လောက် ချေဖျက်ပီးတဲ့အခါမှာတော့ အဲဒီ အစွမ်းတွေက လုံးဝ သူ့ကိုယ်ပိုင် အဖြစ်ပြောင်းလဲ သွားပြီးတော့ အခုလို ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ကို တက်သွားတာပဲဖြစ်ပါတယ်။

အစပိုင်းတုန်းကဆိုယင်တော့ သူ့အနေနဲ့ နောက်ထပ် တစ်ဆင့်ကို တက်နိုင်ဖို့အတွက် လုံလောက်တဲ့ စွမ်းအင်ပမာဏကို စုစည်းဖို့အတွက် တစ်လခန့်

အချိန်ယူရပါမယ်။ ဒါပေမဲ့ အစု သူ့အနေနဲ့ ဒီလို အကျိုးအမြတ်ကို ရခဲ့ပြီးတော့ အရာရာတိုင်းက အရမ်းကို ချောမွေ့နေပြီး သူက အောင်မြင်စွာနဲ့ အဆင့်တက်သွားတာပဲဖြစ်ပါတယ်။
ဒြပ်စင်ငါးခုမူလ အမှုန်နဲ့ဆိုယင် သူ့ရဲ့ အစွမ်းတွေက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အထိကို မြင့်တက်သွားမှာပဲဖြစ်ပါတယ်။ တကယ်လို့ သူက အစုချိန်မှာ ချီယောင်ရီ နဲ့ နောက်တစ်ကြိမ် ပြန်တိုက်ခိုက်မယ်ဆိုယင် သေချာပေါက် နိုင်ပွဲ ရယူနိုင်မှာပဲ ဖြစ်ပါတယ်။
``အစု ငါ့ရဲ့ လက်ရှိ တိုက်ပွဲအစွမ်းက ကြယ် ဆယ့်လေးခုလောက် ရှိနေလောက်ပီ ဟုတ်တယ်မလား?``
လင်းဟန်က သူ့ကိုယ်သူ တီးတိုးပြောဆိုပါတယ်။
သိုင်းပညာရပ်နယ်ပယ်ထဲမှာ ပါရမီရှင် အမြောက်အမြားက သူတို့ရဲ့ ကျင့်စဉ်အဆင့်နဲ့ သူတို့ပြိုင်ဘက်ရဲ့ ကျင့်စဉ်အဆင့် ကွာဟချက်ကို လျစ်လျူ ရှုပြီးတော့ သူတို့ ထက် ပိုပြီး သန်မာ အားကောင်းတဲ့ လူတစ်ယောက်ကို အမြဲလိုလို စိန်ခေါ် တတ်ကြပါတယ်။
သူတို့ရဲ့ အမှန်တကယ် တိုက်ပွဲဝင်အစွမ်းက သူတို့ရဲ့ ကျင့်စဉ်အဆင့်အပေါ် မှာ လုံးဝ မသက်ဆိုင်ပါဘူး။ ပြီးတော့ ပါရမီရှင်တစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းကို ကျင့်စဉ်အဆင့် ပေါ်မှာ မူတည်ပြီးတော့ တိုင်းတာလို့ လုံးဝ မရပါဘူး။ ဒါကြောင့် သိုင်းပညာရှင်တွေရဲ့ ကမ္ဘာမှာ

တိုက်ပွဲအစွမ်းတွေကို တိုင်းတာတဲ့ မတူညီတဲ့ နည်းလမ်းတစ်ခု ရှိပြီး ၄င်းကို တော့ တိုက်ပွဲကြယ် လို့ ခေါ်ကြပါတယ်။

ဥပမာ... တကယ်လို့ ပါရမီရှင်တစ်ယောက်ရဲ့ ကျင့်စဉ်အဆင့်က အမှန်တကယ် ဒြပ်စင်စုစည်းခြင်းအလွှာ ၄ မှာရှိပြီးတော့ သူ့ပြိုင်ဘက်က ဒြပ်စင်စုစည်းခြင်းအလွှာ ၆ မှာရှိနေတယ်ဆိုယင် သူ့ရဲ့ တိုက်ပွဲအစွမ်းက ကြယ်ခြောက်လုံး ဖြစ်ပါလိမ့်မယ်။

``အင်း ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်တွေအားလုံးထဲမှာ လီဒေါင်ယွဲ့ရဲ့ တိုက်ပွဲ အစွမ်းက အားအနည်းဆုံးပဲ ဒါကြောင့် သူက ကြယ် ဆယ်လုံး လောက်ပဲ ရှိမယ်။ ဂျင်ပူကျိုကတော့ ကြယ်ဆယ့်တစ်လုံး ရှိမယ်.. ချီယောင်ရီကျတော့ ကောင်းကင်ဇာသားတော် လက်သီးသိုင်းကို လက်သီးချီအလင်း သုံးခုနဲ့ဆိုတော့ တိုက်ပွဲ အစွမ်းက ကြယ် ၁၃ လုံးကိုရောက်နေလောက်ပီ`` လင်းဟန်က တွေးလိုက်ပါတယ်။

ဒါပေမဲ့လည်း မြောက်များစွာသော အချက်တွေ က တိုက်ပွဲအစွမ်းအပေါ်မှာလဲ အကျိုးသက်ရောက်မှု ရှိပါတယ်။ တကယ်လို့ ပိုင်လီထျန်းယွမ်က ဖျက်ဆီးခြင်းတုတ် ကို ကိုင်ဆောင်ထားမယ်ဆိုယင် သူ့ရဲ့ တိုက်ပွဲအစွမ်းက ဆယ့်တစ် ကြယ် အထိ မြင့်တက်သွားဖို့ လုံလောက်ပါလိမ့်မယ်...ဒါပေမဲ့ ဖျက်ဆီးခြင်း တုတ်

မပါပဲနဲ့ဆိုယင် သူ့ရဲ့ တိုက်ပွဲဂင်အစွမ်းက ကြယ် ကိုးလုံးလောက်ပဲ ရှိပါတယ်။ သူ့အနေနဲ့ လွီဒေါင်ယွဲ့ကိုတောင် ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး။
တစ်ချို့သော လူတွေကတော့ စိတ်ခံစားချက် ပုံစံမျိုးတွေပါ... အရက်တွေ အများကြီး သောက်ပြီးတဲ့အခါမျိုးမှာ သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေက မြင့်တက်သွားပါလိမ့်မယ်။
(အရက်မူးသိုင်းကွက်တွေပြောတာနဲ့ တူပါတယ်ဗျာ)
ရလဒ်ကတော့ ကျင့်စဉ်အဆင့် မပြောင်းလဲပေမဲ့လည်း တိုက်ပွဲကြယ်ကတော့ အမျိုးမျိုး ရှိပါတယ်။
``ငါ့ရဲ့ အယင်ဘဂတုန်းက... ငါ့ရဲ့ ကျင့်စဉ်အဆင့်က ကောင်းကင်အဆင့် အထွတ်အထိပ် ဖြစ်ပေမဲ့လည်း ငါ့ရဲ့ တိုက်ပွဲအစွမ်းကတော့ ကြယ် ၉ လုံးအဆင့်လောက်ပဲရှိခဲ့တယ်....အများဆုံး ကြယ် ၁၀ လုံးပေါ့.``
လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့အယင်ဘဂတုန်းက သူ့အနေနဲ့ အချိန်အဆက်မပြတ် မှော်ဆေးလုံးဖော်စပ်ခြင်း နေရာမှာ အသုံးပြုချင် ပြုခဲ့ပြီး တစ်ခါတစ်လေမှာတော့ နောက်တစ်ဆင့်ကို တက်ဖို့အတွက် လေ့ကျင့်ခြင်းမှာပဲ သုံးခဲ့ပါတယ်။ သူ့အနေနဲ့ ကျင့်စဉ်အဆင့်မှာ အမြင့်ဆုံးအဆင့်ကိုရောက်ရှိနေ တာ တောင်မှ တစ်ခြား ကောင်းကင်အဆင့် ၆ ယောက်နဲ့ ယှဉ်ပြိုင်ဖို့ကိုတော့ မစဉ်းစား ခဲ့ပါဘူး။ သူ့အနေနဲ့

ဒါကိုပြန်စဉ်းစားမိတဲ့အခါမှာတော့ နောင်တ ရလို့ မဆုံးဖြစ်နေပါတယ်။

အဲဒီအချိန်မှာပဲ အပြင်ဘက်ဆီကနေ အသံတစ်ခုကို ကြားလိုက်ရပါတယ်။

``Peng``

အချိန်အနည်းငယ်အတွင်းမှာပဲ အပြင်ဘက်က တံခါးကို ပြင်းထန်စွာ ကန်ဖွင့်ခံ လိုက်ရပြီးတော့ အရပ်မြင့်မြင့်နဲ့ ပိန်ပိန်ပါးပါး လူငယ်တစ်ယောက် ဝင်လာပါတယ်။

ဒီလူမှာ ခန့်ညားထယ်ဝါတဲ့ ဥပဓိရုပ်ရှိပါတယ်။ သူက ပန်းထိုးထားတဲ့ အဝတ်အစား ကို ဆင်မြန်းထားပြီးတော့ သူ့ရဲ့ခါးမှာ ဓါးတစ်လက်ကို ချိတ်ထားပါတယ်။ သူ့ရဲ့ အမူအရာ က အရမ်းကို မောက်မာဝင့်ကြွားနေပြီးတော့ တကယ်လို့များ သူလိုချင်တာရှိတယ်ဆိုယင် ကောင်းကင်နဲ့တောင် ရင်ဆိုင်ဖို့ ဝန်မလေးတဲ့ လူပုံစံမျိုးပါပဲ။

သူ့ရဲ့အနောက်မှာ လင်းကလန်ရဲ့ အစေခံအုပ်စုက လိုက်ပါလာပါတယ်။ သူတို့အားလုံးက ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက လင်းဟန်အတွက် ထမ်းဆောင်ဖို့ ချန်ထားခဲ့တဲ့သူတွေပါ။ သူတို့အားလုံးက ညစ်ပတ်ပေရေနေပြီး တော့ အရိုက်နက် ခံထားရတဲ့ပုံစံပါပဲ.။ တစ်ချို့က သူတို့ရဲ့လက်မောင်းတွေတောင် ကျိုးနေပါတယ်။

ဒီတစ်ယောက်က ကောင်းသောလာခြင်းနဲ့ လာတာတော့မဟုတ်လောက်ဘူး။

အပိုင်း (၈၇) ဟူဘို

ဒီလူငယ်လေးက နွေဦးစမ်းရေအဆင့်ဖြစ်ပါတယ်။ လင်းဟန်ရဲ့ မျက်လုံးတွေ ကျဉ်းမြောင်းသွားခဲ့ပါတယ်။ဒီလူကိုကြည့်ရတာ အသက် ၂၃ သို့မဟုတ် ၂၄ နှစ်ခန့်ပဲရှိပါသေးတယ် သူက နွေဦးစမ်းရေအဆင့်ကိုတောင် ရောက်နေပီးတော့ ပထမအလွှာရဲ့ အထွတ်အထိပ်အဆင့် ပဲဖြစ်ပါတယ်။ မိုးရေနိုင်ငံ အတွင်းမှာတော့ ဒီလိုမျိုး လူကို ပါရမီရှင်တစ်ယောက်အဖြစ် လုံး၀ သတ်မှတ်နိုင်ပါတယ်။

ဒါက ဖန်းယန် များဖြစ်နိုင်သလား?

ဒုယွန်မြို့ရဲ့ ထိန်းချုပ်မှုအောက်က ဧရိယာအတွင်းမှာ တကယ်လို့ တစ်ယောက်ယောက်က သာ မင်းမှာ ရန်သူ ဘယ်သူရှိလဲလို့ မေးယင် အဲဒါသေချာပေါက် ဖန်းလောင် ပဲဖြစ်နိုင်ပါလိမ့်မယ်။ သူ့ရဲ့ လက်ထဲမှာ နှစ်ခါ တိုင်တိုင် အရှုံးဒဏ်ကို ခံစားရပီးတော့ အဲဒီကောင်က သူ့အကို ဖြစ်တဲ့သူကို ပြောပြီး ပြန်လာမယ်လို့ ပြောသွားခဲ့ပါတယ်။

မဟုတ်သေးဘူး... ကောလဟာလတွေအရ ဖန်းယန် က နွေဦးစမ်းရေအလွှာ ၃ အဆင့်ကို ရောက်နေပြီလေ။ ဒါပေမဲ့လည်း ဒီလူက အရမ်းကို နိုင်လို မင်းထက် ပြုတတ် တဲ့

သူတစ်ယောက်ပဲ။ သူ့ရဲ့ လမ်းကြောင်းမှာ ရှိသမျှ သူက ဖိအားပေး အနိုင်ကျင့်လာပြီး တကယ်လို့ တစ်စုံတစ်ယောက်ကသာသူကို တားရဲတယ်ဆိုယင် သူက အဲဒီလူကို ဒဏ်ရာတွေ ရသွားအောင် လုပ်ပါလိမ့်မယ်။

``သခင်လေးဟန်... ဒီလူက မိန်းကလေးလို့ နဲ့ တွေ့ချင်တယ်လို့ပြောပြီးတော့ အတင်း အကျပ် ဂင်လာပါတယ်။ ကျနော်တို့လူတစ်ချို့ တားဖို့ကြိုးစားပေမဲ့လည်း သူတို့တွေ ကို သူက သတ်ပစ်တာခံရပါတယ်``

လူငယ်လေးနောက်ကနေ လိုက်လာတဲ့ အစေခံထဲက တစ်ယောက်က လင်းဟန်ကို ချက်ချင်းပဲ ပြောလိုက်ပါတယ်။ သူ့ရဲ့မျက်နှာမှာတော့ စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်နေပါတယ်။

လင်းဟန်ရဲ့ ဒေါသတွေက မြင့်တက်လာပါတယ်။ သူသွားမဲ့လမ်းကို အတင်းအကြပ် တွန်း ဂင်ရောက်လာတာက မောက်မာ ထောင်လွှားဖို့ အတွက် လုံလောက်နေပါပြီ သူက တကယ်ပဲ လူသတ်ရဲတယ်ပေ့ါလေ? ဒီကောင်က နွေဦးစမ်းရေအဆင့်ကို ရောက်နေတာနဲ့ပဲ ဥပဒေမဲ့ လုပ်ချင်တာ လုပ်လို့ရနေပြီထင်နေတာလား?

``သွားစမ်း လှီမိန်းကလေးကို ဒီနေရာကို ထွက်လာဖို့ မင်းသွားဖိတ်ဖို့ ငါအမိန့်ပေးတယ်``

ဒီလူငယ်လေးက လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ကို ကြည့်ပြီးတော့ လေးနက်တဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``မင်းငါ့လူတွေကို သတ်ခဲ့တယ်ပေါ့``

``အဲဒီတော့ ဘာဖြစ်လဲ.. သူတို့က အရမ်းကို နိမ့်ပါးတဲ့ ခွေးတွေ လိုပဲ တစ်ထောင် မကလို့ တစ်သောင်းပဲ သေသေ ဘာဖြစ်သေးလဲ``

လင်းဟန်အနေနဲ့ ဒီလိုလူမျိုးကို အကြိမ်တစ်ရာမက သတ်ပစ်ချင်ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ပြောလိုက်ပါတယ်။

``ငါ့ရဲ့ မျက်လုံးထဲမှာတော့… မင်းက ခွေးထက်တောင်မှ နိမ့်ကျသေးတယ်``

လူငယ်လေးက တစ်ခဏမျှ မှင်တက်သွားပြီးတော့ ကျယ်လောင်စွာနဲ့ အော်ရီ လိုက်ပီး ပြောလိုက်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ပဲရှိသေးတဲ့ သနားစရာ သိုင်းပညာရှင်လေးတစ်ယောက်က ငါ့ကို စော်ကားမော်ကား ပြုရဲတယ်ပေါ့လေ ဟုတ်လား? ဟား ဟား ဟား မင်းက ငါ့နာမည် ဟူဘို ဆိုတာကို မသိဘူးနဲ့တူတယ် ဟုတ်တယ်မလား?``

`` မင်းဘယ်သူပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး``

လင်းဟန်က အရှေ့ကို ထွက်လိုက်ပီးတော့ သူ့ရဲ့ ဓါးကို ဓါးအိမ်ကနေ ဆွဲထုတ်လိုက်ပါတယ်။ ဒါးက အရှေ့ကို လျှပ်စီးကဲ့သို့ လျှင်မြန်စွာနဲ့ ပျံသန်း ထွက်လာပါတယ်။

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ``

တည်တည်ငြိမ်ငြိမ်နဲ့ ရှိနေတဲ့ လူငယ်လေး ဟူဘို ကတော့ ချက်ချင်းဆိုသလိုပဲ ဒေါသတွေ ပေါက်ကွဲထွက်လာတဲ့ အမူအရာ ပြောင်းသွားပါတယ်။ သူ့ရဲ့ ညာဘက်လက်ကိုမြှောက်ပြီး မူလစွမ်းအင်နဲ့ ရွှေရောင်

လက်ဂါးတစ်ခု ဖန်တီးပြီးတော့ လင်းဟာန်ရဲ့ ဓါးကို ဆုပ်ကိုင်ဖို့ လုပ်လိုက်ပါတယ်။

လင်းဟာန်ရဲ့ ညာဘက်လက်က လှုပ်ရှားသွားပြီးတော့ ဓါးချီအလင်းငါးခုက အတူတကွ ထွက်ပေါ်လာပါတယ်။

``ရှပ် ရှပ် ရှပ် ရှပ် ရှပ်``

ဓါးပုံရိပ် ခြောက်ခုက တစ်ခုတည်းအဖြစ် ခုတ်ပိုင်းလိုက်ပီးတော့ မူလစွမ်းအင်နဲ့လုပ်ထားတဲ့ ကြီးမားတဲ့လက်ဂါးကြီးကို ချက်ချင်းဆိုသလို အပိုင်းပိုင်း ဖြစ်အောင် လှီးပစ်လိုက်ပါတယ်။ လင်းဟာန်က အရှေ့ကို ထပ်ပြီး တိုးရင်းနဲ့ ဟူဘိုရဲ့ လည်ပင်းဆီကို သူ့ရဲ့ ဓါးနဲ့တိုက်ရိုက် ရည်ရွယ်ပြီးထိုးလိုက်ပါတယ်။

``ဓါးချီအလင်း ငါးခု?``

ဟူဘို အနေနဲ့ အံ့အားသင့်သွားခဲ့ပါတယ်။ သူက နောက်ထပ်တစ်ကြိမ် မူလစွမ်းအင် နဲ့ လက်ဂါးတစ်ခုကို အရှေ့ကို ရိုက်ထုတ်လိုက်ပီးတော့ လင်းဟာန်ရဲ့ တိုက်စစ်ကို ဟန့်တားလိုက်ပါတယ်။

သူ့ရဲ့ နှုတ်ခမ်းဒေါင့်စွန်းမှာ အေးစက်စက်အပြုံးတစ်ခုကိုပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`` တိမ်မီးခိုးလို မြို့သေးသေးလေးကနေပြီးတော့ ဓါးချီအလင်း ငါးခုကို ထုတ်ဖော်နိုင် တဲ့ ပါရမီရှင်တစ်ယောက်ကို အမှန်တကယ်ပဲ မွေးထုတ်ပေးနိုင်လိမ့်မယ်လို့ ငါဘယ်တုန်းက မှ မထင်ထားခဲ့ဘူး. ဒါ့အပြင် မင်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ခု မှာရှိနေပြီးတော့ မင်းရဲ့အစွမ်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ နဲ့ နှိုင်းယှဥ်နိုင်လိမ့်မယ်... မင်းက တိုက်ပွဲ ကြယ် ဆယ့်သုံးခုလောက် ရှိတယ်မဟုတ်လား?``

တိုက်ပွဲကြယ်ဆိုတာ ဘာလဲ? အနောက်မှာ ရှိနေကြတဲ့ လူတွေက သူတို့အနေနဲ့ ဒီစကားလုံးကို အယင်ကလုံးဝ မကြားဖူးပါဘူး။

``ဟင့် ဒါပေမဲ့ငါ့ရဲ့ အရှေ့မှာတော့ မင်းမှာ တိုက်ပွဲကြယ် ဘယ်လောက်ပဲရှိနေပါစေ အသုံးမဝင်ဘူး``

ဟူဘိုက သူ့ခေါင်းကို ခါလိုက်ပါတယ်။

``ကျင့်ကြံခြင်းအဆင့်က အရမ်းကို

ကွာဟချက်ကြီးမားလွန်းတယ်... တကယ်လို့ ငါရဲ့ စွမ်းအားအပြည့်နဲ့ တိုက်ခိုက်မယ်ဆိုယင် မင်းကို တစ်ချက်ထဲနဲ့တောင် ငါသတ်နိုင်တယ်``

သူက တစ်ခဏမျှ ရပ်တန့်လိုက်ပီးတော့ ဆက်ပြောပါတယ်။

``ငါက ပါရမီရှင်တွေကို တန်ဖိုးထားတယ်. ဒါကြောင့် မင်းအသက်ရှင်ဖို့အတွက် ငါအခွင့်အရေးတစ်ခုပေးမယ်... မင်းက ငါ့ရဲ့နောက်ကို လိုက်ယင် မင်းကို အသက်ချမ်းသာပေးယုံသာမကဘူး.. အဆုံးစွန် နတ်ဘုရား နည်းစနစ်တွေကိုတောင်မှ မင်းကို ငါပေးလိမ့်မယ်``

တကယ်လို့ လွှီယုထန်သာ ဒီစကားတွေကို ကြားခဲ့မိယင် သူမက သေချာပေါက် အော်ဟစ် ရီမောပါလိမ့်မယ်။

လင်းဟာန်က ဘယ်သူမိုလို့လဲ?

ကောင်းကင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တွေကိုတောင်မှ လွယ်လွယ်ကူကူ နဲ့ ထုတ်ပေးနိုင်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒါဆို နင်က သူ့ကို ဘယ်လို ကျင့်ကြံခြင်း နည်းစနစ်တွေကို ပေးဖို့ စီစဉ်ထားပြီးတော့ အဲဒါကို အဆုံးမဲ့ နတ်ဘုရား နည်းစနစ်တွေလို့တောင်

ခေါ်လိုက်သေးတယ်ပေ့ါလေ?

``ဒူးထောက်ပီးတော့ မင်းရဲ့ သေခြင်းတရားကို လက်ခံလိုက်..ဒါဆိုယင် ငါမင်းကို ငြင်ငြင်သာသာနဲ့ အဆုံးသတ်ပေးမယ်``

လင်းဟန်က ပြန်ပြီးတော့တုံ့ပြန်လိုက်ပါတယ်။

ဟူဘို ဒေါသထွက်ပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်ကလေး...မင်းမှာပါရမီလေး နည်းနည်းရှိတာနဲ့ပဲ မောက်မာထောင်လွှား နေတာက ကောင်းတဲ့အကျင့်မဟုတ်ဘူးနော်. မင်းက မင်းရဲ့ သေခြင်းတရားကို ဖုံးကွယ်မထားပဲနဲ့ လိုချင်နေမှတော့ မင်းကို ငါကူညီပေးပါရစေ``

ဒီတစ်ကြိမ်မှာတော့ သူက ပထမဆုံး လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ လက်တွေ လှုပ်ရှားသွားပြီးတော့ သူ့ရဲ့ တိုက်ခိုက်မှုတွေက လှိုင်းတွေလိုမျိုး ထွက်ပေါ်သွားပြီး သူ့ရဲ့ တိုက်ပွဲအစွမ်းက စောစော တုန်းကနဲ့ နှိုင်းယှဉ်လိုက်ယင် လုံး၈ အဆင့် အသစ် တစ်ခုကို တိုးသွားခဲ့ပါတယ်။

လင်းဟန်က တော့ မကြောက်ပါဘူး..။သူ့ရဲ့ တိုက်ခိုက်မှုစွမ်းရည်က နွေဦးစမ်းရေအဆင့်ကို မရောက်ပေမဲ့လည်း သူ့မှာ အံ့သြဖွယ်ရာကောင်းတဲ့ ခံစစ်စွမ်းရည် ရှိပါတယ်။ သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ်က သူ့ကိုယ်ပေါ်ကို ဘယ်လောက်ပဲ ပြင်းထန်တဲ့ စွမ်းအားတွေနဲ့ပဲ ထပ်ခါထပ်ခါ တိုက်ခိုက်နေပါစေ သူ့ကို ဒါဏ်ရာ အနာတရ မခံစားစေရပဲနဲ့ ရပ်တည်နိုင်အောင် လုပ်ပေးနိုင်တဲ့အပြင် ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ကလဲ သူ့အနေနဲ့ ဘယ်လိုပဲ ဒါဏ်ရာ ရခဲ့သည်ဖြစ်စေ လျှင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန်လာစေနိုင်တဲ့ အစွမ်းတွေရှိပါတယ်။ ဒါကြောင့်သူ့အနေနဲ့ ဒီတိုက်ပွဲကို တိုက်ခိုက်ဖို့ အတွက် အဆင့်မှီပါတယ်။

သိုင်းပညာရှင်နှစ်ယောက် ထိပ်တိုက်တွေ့ဆုံးပြီး ဓါးချီအလင်းတွေက ကောင်းကင် ပေါ်ကို မြင့်တက်သွားပြီး မူလစွမ်းအင်တွေက နေရာအနှံ့ ကို ပန်းထွက်ကုန်ပါတယ်။

``ဒါမဖြစ်နိုင်ဘူး.... သခင်လေးဟန်က အမှန်တကယ်ပဲ ဒီလောက်တောင် စွမ်းအားပြည့်ဝသလား? သူကစွမ်းအားကြီးမားတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်နဲ့တောင် တကယ်ပဲ ယှဉ်ပြိုင်တိုက်ခိုက်နိုင်တယ်``

``ဒါက ဘာဟုတ်သေးလို့လဲ... သခင်လေးဟန်က လွှန်ခဲ့တဲ့ ရက်အနည်းငယ်ကပဲ တစ်ယောက်ကို သတ်ပစ်လိုက်ပီးပီမဟုတ်လား?``

``ဒါပေမဲ့ အဲ့ဒီ အဘိုးကြီးက အဆင့်တက်ကာစပဲရှိသေးတာလေ ဒါကြောင့် ဒီတစ်ယောက်နဲ့ စွမ်းအားပြည့်ဂတဲ့နေရာမှာ ဘယ်လိုလုပ်ပြီးတော့ နိုင်ယှဉ်လို့ ရနိုင်မှာလဲ``

သူတို့တွေအားလုံးက လင်းဟန်ရဲ့ အံ့မခန်းစွမ်းဆောင်ရည်တွေကို တီးတိုးရွတ်ဆို ပြောနေကြပါတယ်။ သူက အခုမှ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ပဲရှိသေးတာလေ အဲဒါကိုတောင်မှ နွေဦးစမ်းရေအဆင့် စစ်သည်တော်တစ်ယောက်နဲ့ ယှဉ်ပြိုင် တိုက်ခိုက်နေတာ ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်ကြမှာလဲ။

ဒါပေမဲ့လည်း နွေဦးစမ်းရေအဆင့်ဆိုတာ နွေဦးစမ်းရေအဆင့်ပါပဲ.. အနည်းငယ်မျှ တိုက်ခိုက်မှုတွေကို ဖလှယ်ပြီးချိန်မှာတော့ လင်းဟန်ရဲ့ ပါးစပ်ထောင့်နားမှာ သွေးစီးကျလာယုံတင်မက သူကိုယ်ခန္ဓာတစ်ခုလုံးအပေါ်က အရေပြားတွေကလဲ အက်လာပြီးတော့

သွေးတွေကျလာပါတယ်။ ဒါက ဘာလိုလဲ ဆိုတော့ သူ့အနေနဲ့ သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ်အစွမ်းကို လေ့လာသင်ယူထားတဲ့အတွက်ကြောင့် ပါ မဟုတ်လို့ရှိယင် ဒီတိုက်ခိုက်မှုမျိုးကြောင့် သူ့ရဲ့ အရိုးတွေတောင်မှ ပျက်စီးသွားနိုင်ပါတယ်။

ဒီလိုမြင်ကွင်းမျိုးကို မြင်လိုက်ရတော့ တစ်ခြားသူတွေအနေနဲ့ လေးလေးနက်နက် နဲ့ လေးစားအားကျခြင်းနဲ့ ကြည်ညိုခြင်းတွေ ခံစားလာရပါတယ်.။ဒါက အဆင့်ကြီး တစ်ခုလုံး ကွာဟတာဖြစ်ပြီးတော့ လင်းဟန်ကတော့ ဆက်ပြီးတော့ တိုက်ခိုက် နိုင်ပါသေးတယ်။ တကယ်လို့ ဒီတိုက်ခိုက်နေသူနှစ်ယောက်စလုံးသာ ကျင့်ကြံခြင်း အဆင့် တူမယ်ဆိုယင် လင်းဟန်အနေနဲ့ သူ့ရဲ့ ပြိုင်ဘက်ကို တစ်ချက်ထဲနဲ့တောင်မှ သတ်ပစ်နိုင်လောက်ပါတယ်။

လင်းဟန်ရဲ့ အခြေအနေက ကြည့်ရတာတော့ အဆိုးကြီးမဟုတ်သေးပါဘူး။ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မော်စာလိပ် ကို လှည့်ပတ်ခြင်းကြောင့် သူ့ရဲ့ဒါဏ်ရာတွေက လျှင်မြန်စွာနဲ့ပဲ သက်သာ ကောင်းမွန်လာပါတယ်။ သူ့ရဲ့ တိုက်ပွဲ အစွမ်းက လုံးဝ အားမနည်းပါဘူး.. ၄င်းက အထီးကျန်ဂံပုလွေရဲ့သွေးကို အသုံးပြု ပြီးတော့တောင်မှ ပိုပြီးသန်မာလာပါသေးတယ်။

အချိန်အတော်ကြာအောင် တိုက်ခိုက်ပြီးတဲ့နောက်မှာ သူပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုတွေကို ကြမ်းကြမ်းတမ်းတမ်းနဲ့ မလွတ်စတမ်း အသုံးချနိုင်ဖို့ ရရှိခဲ့ပါတယ်။ သူပြိုင်ဘက်ရဲ့ လှုပ်ရှားမှု နောက်ကွယ်က လျှို့ဝှက်ချက်တွေအားလုံး ကို သူ ထုတ်ဖော် နိုင်ခဲ့ပါတယ်။

သူရဲ့ ဓါးက ရုတ်တရက် အရှေ့ကို တိုးထွက်သွားပြီးတော့ ဓါးချီအလင်းငါးခုက အတားအဆီးမဲ့စွာနဲ့ ့ဟူဘိုရဲ့ ဂမ်းဗိုက်ဆီကို ဦးတည်ပြီးတော့ လှုပ်ရှားသွားပါတယ်။

ဟူဘိုက အလွန်အကျွံ ကို ပဲ အံ့အားသင့်သွားပါတယ်။ သူရဲ့ လှုပ်ရှားမှုတိုင်းမှာ သူတို့ရဲ့ကိုယ်ပိုင် အားနည်းချက်တွေရှိတာမှန်ပေမဲ့လည်း ဘယ်လိုလုပ်ပြီးတော့ နိမ့်ကျတဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်က ရှာလို့ တွေ့သွားတာလဲ? ဒါပေမဲ့ ဒါက အမှန်တကယ်ပဲ ဖြစ်ပျက်လာတာဖြစ်ပြီးတော့ ဒီ လင်းဟန်ဆီကနေ ခုတ်ချက်တစ်ခု က သူရဲ့အားနည်း ချက်ဆီကို ဦးတည်လာနေပါတယ်။

ကြံရာမရ ဖြစ်နေတဲ့ အချိန်အတွင်းမှာပဲ သူအနေနဲ့ သူရဲ့လက်ကို မြှောက်ပြီးတော့ သူရဲ့ ဂမ်းဗိုက်အရှေ့မှာ

ကာကွယ်ဖို့ လုပ်လိုက်ပါတယ်။

Pu

သွေးတွေ ပန်းထွက်ကုန်ပါတယ်။ သူ့ရဲ့ ညာဘက်လက်မှာ ဓါးဒါဂျ်ရာ တစ်ခု ပေါ် လာပြီးတော့ ၄င်းကနေပြီး သွေးတွေက ပန်းထွက်လာပါတယ်။

တိုက်ခိုက်နေသူနှစ်ယောက်က အချိန်ကြာမြင့်စွာနဲ့ တိုက်နေပြီးတော့ လင်းဟန်က နောက်ဆုံးမှာတော့ သူ့ပြိုင်ဘက် ပေါ် မှာ ထိခိုက်မှုတစ်ခုကို လုပ်လိုက်နိုင်ပါပြီ။

သူတို့ဘေးပါတ်လည်မှာရှိတဲ့ ့ လူတွေက အံ့အားသင့်သွားကြသလို အလွန်အမင်းလဲ စိတ်လှုပ်ရှားကုန်ပါတယ်။

ဟူဘို အနေနဲ့ ဒါဂျ်ရာလေးတစ်ခုရပီးတော့ အနည်းငယ်ပဲ ရှုံးနိမ့်သွားတာဖြစ်ပေမဲ့လည်း အဓိက အချက်က သူဟာ နွေဦးစမ်းရေ အဆင့်ပဲ ဖြစ်ပါတယ်။ ကြီးမြတ်တဲ့အဆင့်မှာရှိတဲ့ နွေဦးစမ်းရေအဆင့် သိုင်းပညာရှင် တစ်ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်ကြောင့် အမှန်တကယ်ပဲ ထိခိုက် ဒါဂျ်ရာ

ရသွားခဲ့တယ်။ ဘယ်လိုကိစ္စပဲ ဒီနေရာမှာ ဖြစ်နေပါစေ.. ဒါကို မြင်တွေ့ရတာက အရမ်းကို အထင်ကြီးလောက်စရာပါပဲ။

ဟူဘိုရဲ့ မျက်နှာက တွန့်လိမ်သွားပါတယ်။ ဒီခါးချက်က သူ့ကို ဒါဏ်ရာ အများကြီး မရ စေပါဘူး ပြီးတော့ သူ့အနေနဲ့ သွေးနည်းနည်းလေးပဲ ထွက်သွားတာပါ။ ဒါကြောင့် ဒါက ပြင်းထန်တဲ့ ဒါဏ်ရာတော့မဟုတ်ပါဘူး။ သူ့ရဲ့ လင်းဟန်အပေါ် မုန်းတီးခြင်းက မခန့်မှန်းနိုင်လောက်တဲ့ အဆင့်ကို ရောက်လိုလာပါတယ်။ ဒီလို နေရာသေးသေးလေးက နိမ့်ကျတဲ့ သာမာန် လူတစ်ယောက်က သူ့လိုမျိုး အင်ပါယာ မြို့က အင်အားကြီးကလန် ၈ ခုထဲက တစ်ခု ရဲ့ အဖွဲ့ဝင်တစ်ယောက်ကို အမှန်တကယ်ပဲ နာကျင်အောင်လို့ လုပ်ပုံ့တယ်။သူက ဟူကလန်ရဲ့ ခုနစ်ယောက်မြောက် သခင်လေးပဲ ဖြစ်ပါတယ်။ တကယ်လို့ ဒီသတင်းအပိုင်းအစသာ ပြန့်နှံ့သွားမယ်ဆိုယင် သူ့ရဲ့ သူငယ်ချင်းတွေကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး မျက်နှာပြနိုင်တော့မှာလဲ?

ဒါ့အပြင် ဒီလူငယ်လေးရဲ့ ပါရမီက အရမ်းကိုကြောက်ဖို့ မကောင်းဘူးလား.? တကယ်လို့ သူသာ နွေဦးစမ်းရေအဆင့်ကို ရောက်သွားမယ်ဆိုယင်

ဘယ်လောက်တောင်မှ သန်မာလိမ့်မလဲ?

သူ့အနေနဲ့ လင်းဟန်ကို ဘယ်လိုလုပ်ပြီးတော့ အသက်ရှင်ခွင့်ပေးနိုင်မှာလဲ?

ဟူဘိုရဲ့ လင်းဟန်ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပြင်းထန်စွာနဲ့ တိုးပွားလာပါတယ်။

အစောပိုင်းတုန်း သူ့အနေနဲ့ လင်းဟန်ကို သတ်မယ်ဆိုတာက ပုံမှန်လူတစ်ယောက် ကို သတ်လိုက်သလိုမျိုး ဘာမှ ခံစားချက်မရှိပါဘူး…အဲဒီအတွက်လဲ သူ့အနေနဲ့ ပြင်းပြင်းထန်ထန် ဘာမှ မခံစားရပါဘူး။ ဒါပေမဲ့ အခု သူ့အနေနဲ့ လင်းဟန်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သတ်ပစ်ဖို့ ကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူ့ရဲ့ ဓါးကို ဖြေးညင်းစွာ ဆွဲထုတ်ပီးတော့ ပြောလိုက်ပါတယ်။

``မင်းမှာ စွမ်းရည်အနည်းငယ်တော့ ရှိသားပဲ .. ဒါပေမဲ့ ဒါကတော့ မင်းလုပ်နိုင်တာ နဲ့ စာယင် အဝေးကြီးပဲ``

ဘာလို့လဲဆိုတော့ သူက နွေဦးစမ်းရေအဆင့်

ဖြစ်တဲ့အတွက်ကြောင့် သူ့အနေနဲ့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်ကို အသုံးပြုနိုင်ပါတယ်။

အပိုင်း (၈၈) ရန်သူတွေ ဖြစ်လာခြင်း

ဟူဘိုရဲ့ လက်ထဲမှာ သူဆွဲထုတ်လိုက်တဲ့ ဓါးကို ကိုင်ထားပါတယ်။ သူ့ရဲ့ အဆင့်အတန်းက တော်ဂင်လူတစ်ယောက်ရဲ့ အဆင့်အတန်းပဲနဲ့တူတူပါပဲ။ သူက မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုအောက် တစ်ဆင့်ပဲနိမ့်တဲ့ အင်အားကြီးကလန်ရဲ့ ထိပ်ဆုံးပိုင်းမှာရှိတဲ့ သူတစ်ယောက်ပဲဖြစ်ပါတယ်။ အခု တစ်စုံတစ်ယောက်ကြောင့် ဒဏ်ရာ ရသွားခဲ့ပါပြီ။ ဒါက သူ့အတွက်တော့ ကြီးမားတဲ့ ထိခိုက်မှု တစ်ခုပဲဖြစ်ပါတယ်။ အနာဂါတ်ရဲ့ အုပ်ချုပ်သူတစ်ယောက်ဖြစ်လာမဲ့ သူ့အတွက်တော့ ဒီလိုအဖြစ်အပျက်မျိုးကို လုံးဝ လက်မခံနိုင်ပါဘူး။ ပြီးတော့ ဒီအနာဂါတ် အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာနိုင်တဲ့ လင်းဟန်ကို သူ့အနေနဲ့ သုတ်သင်ဖို့ ဆုံးဖြတ်လိုက် ပါတယ်။

ဓါးချီအလင်းငါးခု... ဒါက အုပ်ချုပ်သူတွေအများကြီး ကြားထဲမှာ သန်မာတဲ့ သူတစ်ယောက် အဖြစ် သတ်မှတ်ဖို့ လုံလောက်ပါတယ်။

``ဒီနေ့ မင်းငေါ့ကို မသတ်နိုင်ဘူးဆိုယင် အနာဂါတ်မှာလည်း မင်းငေါ့ကို သတ်နိုင်တော့မှာ မဟုတ်ဘူး.. မင်းက ငေါ့ရဲ့ လက်ထဲမှာပဲ သေရလိမ့်မယ်``

လင်းဟန်က လေးနက်စွာနဲ့ပြောလိုက်ပါတယ်။ ပြီးခဲ့တဲ့အချိန်တုန်းက ဟူဘို က လင်းကလန်ရဲ့ အိမ်တော်မှာ လူသတ်တဲ့ အမှု ကိုပြုလုပ်ခဲ့ပါတယ်။ ဒါက ဒီလူရဲ့ ကံကြမ္မာ က တံဆိပ်ခတ် ပြီး သွားပြီလို့ ဆိုလိုပါတယ်။ သူ့ရဲ့ ကံကြမ္မာကို နတ်ဘုရားတွေကတောင်မှ ပြောင်းလဲပေးနိုင်မှာမဟုတ်ပါဘူး။

ဘာလို့လဲဆိုတော့ ဒီလူက သူသတ်ချင်နေတဲ့ လူတစ်ယောက် ဖြစ်လို့ပါပဲ။

``ဟူဘို ... နင် ဒီမှာ ဘာလာလုပ်တာလဲ?``

ပုံရိပ်တစ်ခုက အနီးဝန်းကျင်ကို ပျံသန်းရောက်ရှိလို့ လာပါတယ် သူကတော့ လွီယုထန်ပဲ ဖြစ်ပါတယ်။

သူမက လျှို့ဝှက်ဆန်းကြယ်တဲ့ ယင်သုံးပါး ပညာရပ်ရဲ့ တတိယအဆင့်ကို လေ့လာ စူးစမ်းနေတုန်းပဲရှိပါသေးတယ် ဒါပေမဲ့ အပြင်ဘက်ကနေပြီးတော့ ရုတ်ရုတ်သဲသဲ

ဆူညံပွက်လောရိုက်နေတဲ့အသံတွေက ပိုပိုပြီး ကျယ်လောင်လာတာကို ကြားလိုက်ရတဲ့အတွက် သူမအနေနဲ့ ချက်ချင်းဆိုသလို တစ်ခုခုတော့ မဟုတ်တော့ဘူး ဆိုတာကို သတိပြုမိပြီး ချက်ချင်းပဲ ထွက်လာခဲ့တာဖြစ်ပါတယ်။ သူမရဲ့ လှပတဲ့ မျက်နှာ မှာ ဒေါသတွေနဲ့ပြည့်နေပါတယ် ဘာလို့လဲဆိုတော့ လင်းဟန်တစ်ကိုယ်လုံး သွေးတွေနဲ့ ဖုံးနေတာကို မြင်လိုက်ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ သူမရဲ့ နှလုံးသား ထဲမှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေက ချက်ချင်းဆိုသလို မြင့်တက်လာပါတယ်။

ဘယ်သူမဆို လင်းဟန်ကို ထိခိုက် ဒါဏ်ရာရအောင် လုပ်ပံ့ သူမှန်သမျှ သူတို့အားလုံးကို လုံးဝ ခွင့်မလွှတ်နိုင်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဒီ ဟူဘို က ဟူကလန်ရဲ့ ခုနစ်ယောက်မြောက် သခင်လေးဖြစ်ပြီး တော့ သူမရဲ့ အဆင့်အတန်းနဲ့ အတူတူပါပဲ။ ဒ့ါအပြင် သူက သူမထက်တောင် သန်မာ ပါသေးတယ် ဒါကြောင့် သူမ အနေနဲ့ အလျင်စလို လှုပ်ရှားလို့ မရပါဘူး သို့မဟုတ် သူမအနေနဲ့ လင်းဟန်ရဲ့ သေခြင်းကို ဖြစ်စေနိုင်ပါလိမ့်မယ်… ဒါက သူမ မမြင်ချင် ဆုံးသော အရာတစ်ခုပဲဖြစ်ပါတယ်။

``ယုထန်``

ဟူဘို က သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ချက်ချင်းရုတ်သိမ်းလိုက်ပီးတော့ အပြုံး နဲ့ ပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ် နင့်ရဲ့ ခရီးက လအနည်းငယ် လောက်ကြာသွားပြီ... ငါနင့်အတွက် အရမ်းကို စိုးရိမ်လို့ နင့်အပြန်ခရီးမှာ လိုက်ပါစောင့်ကြပ်ပေးဖို့အတွက် ဒီကို လာခဲ့တာ``

`` ငါ့ရဲ့ ကိစ္စတွေမှာ နင်ဂင်စွက်ဖက်တာကို မလိုအပ်ဘူး``

လို့ယုထန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူမက တံခါးဆီကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``နင်အခု ထွက်သွားလို့ရပီ``

``ယုထန် နင် ဒီကောင့် ကို ချစ်နေတာ တော့ မဟုတ်ဘူးမလား?``

ဟူဘိုရဲ့ အကြည့်က လင်းဟန်ပေါ်ကို ပြောင်းရွှေ့သွားပြီးတော့ မနာလိုမှုတွေကို မထိန်းချုပ်နိုင်ပဲနဲ့

ပြောလိုက်ပါတယ်။

``ဒါဆို ဒီကောင်က လုံးဝ သေသင့်နေပြီ``

``နင် ရှေ့ကို တစ်လှမ်း တိုးရဲယင် တိုးကြည့်လိုက်``

လှိုဴယုထန်က သူမရဲ့ ခန္ဓာကိုယ်နဲ့ လင်းဟန်ရဲ့ အရှေ့မှာ ကာကွယ် ရပ်လိုက်ပီး တော့ သူမရဲ့ လှပတဲ့ မျက်နှာပေါ် က အမူအရာတွေက အရမ်းကို အေးစက်စက် ဖြစ်လာပါတယ်။

``ဟင့် ... နင့်ကို သူက ဆွဲဆောင်ဖြားယောင်း နိုင်တယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး``

ဟူဘို အနေနဲ့ အရူးတစ်ယောက်လိုမျိုး ဒေါသတွေ ထွက်နေပါတယ်။ သူရော လှိုဴယုထန် ပါ နှစ်ယောက်စလုံးက အင်ပါယာမြို့က အင်အားကြီး ကလန်ကြီး ၈ ခု ကပါ ပြီးတော့ အင်ပါယာမိသားစုကနေပြီး အမိန့်နဲ့ ဖိအားပေးပြီးတော့ လွယ်လွယ်ကူကူနဲ့ လုပ်လို့မရပါဘူး.. ဒါကဘာလို့လဲဆိုယင် ဒီ ကလန်ကြီး ၈ ခုက မဟာမိတ်တွေ အဖြစ် တစ်ခုနဲ့ တစ်ခု မင်္ဂလာပွဲတွေ ကျင်းပဆောင်ရွက်ထားလို့ပဲဖြစ်ပါတယ်။

လှိုင်ယုထန်က သိုင်းပညာနယ်ပယ်မှာ စွမ်းအားပြည့်ဝတဲ့ ပါရမီ ရှိတယ်ဆိုတာကို ရှာဖွေ တွေ့ရှိပြီးတဲ့နောက်မှာ ကျန်တဲ့ ကလန်ကြီး ခုနှစ်ခုက အဖွဲ့ဝင်တွေက သူမကို လက်ထပ်ပြီးတော့ သူတို့ရဲ့ သက်ဆိုင်ရာ ကလန်ဆီကို ခေါ်ဆောင်သွားဖို့ ဆုံးဖြတ် ထားကြပါတယ်။ ဟူဘိုလည်း သူမကို သဘောကျနှစ်သက်ပြီး ပိုးပန်းနေသူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့အနေနဲ့ အရမ်းပဲ အားရကျေနပ်မိတာက လှိုင်ယုထန်က သိုင်းပညာမှာ ကြောက်မက်ဖွယ်ရာ ပါရမီကို ပိုင်ဆိုင်ထားယုံသာမက သူမက အင်ပါယာမြို့ရဲ့ အတောက်ပဆုံးသော ပုလဲ အမြွှာ ထဲက တစ်ယောက်လဲ ဖြစ်ပါတယ်။ ဘယ်ယောက်ကျာ်းက သူမကို လက်မထပ်ပဲ နေချင်မှာလဲ?

ဒါပေမဲ့ သူလုံးဝ မထင်မှတ်ထားတာကတော့ သူမက အချိန်အနည်းငယ်မျှ အပြင်ကို ရောက်သွားတာနဲ့ သူမရဲ့ နှလုံးသားနဲ့ စိတ်ဝိဉာဉ်ကို ဒီ ရိုင်းစိုင်းတဲ့ ကောင်ရဲ့ ဖမ်းယူခြင်းကို ခံလိုက်ရတယ်ဆိုတာကိုပါပဲ။

``ငါသူ့ကိုသတ်ချင်တယ်.... ငါ ဒီကောင်စုတ်လေးကို သတ်ချင်တယ်``

သူက ဒေါသတကြီး ဟိန်းဟောက်ပြီးတော့ လင်းဟန်ဆီကို

ရှေ့ကို တစ်လှမ်းတိုးသွားပါတယ်။

``အတင့်ရဲလိုက်တာ``

လွှီယုထန်ကအရှေ့ကို တက်ပြီးတော့ ပုတ်ထုတ်လိုက်ပါတယ်။

``ဟွမ်းးးးး``

နွေဦးစမ်းရေအဆင့်ရဲ့ အရှိန်အဝါက ပေါက်ကွဲထွက်လာပါတယ်။

``ချီးးးး``

ဟူဘို ကအံ့အားသင့်သွားပြီးတော့ သူ့ရဲ့မျက်နှာအမူအရာက အလွန်အမင်း မှင်တက် နေတဲ့ပုံစံ ဖြစ်နေပါတယ်။

``နွေဦးစမ်းရေအဆင့်... နင် နွေဦးစမ်းရေအဆင့်ကို အဆင့်တက်သွားပြီပေါ့``

သူ့အနေနဲ့ မအံ့သြပဲနဲ့ ဘယ်လိုလုပ်နေနိုင်မှာလဲ။ လွှီယုထန်က သိုင်းပညာနယ်ပယ် မှာ အရမ်းကို ပါရမီရှိတာ

မှန်ပေမဲ့လည်း သူမအနေနဲ့ ဘယ်လောက်ပဲ ပါရမီရှိရှိ အသက်နှစ်ဆယ် ကျော်မှသာ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်တာပဲ ဖြစ်သင့်ပါတယ်။

ဒါ့အပြင် လွန်ခဲ့တဲ့ လအနည်းငယ် လို့ယုထန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၈ ပဲ ရှိပါသေးတယ်။ ဒါကြောင့် သီအိုရီနည်းအရဆိုယင် သူမအနေနဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ဖို့တောင် အရမ်းခက်ခဲမှာပါ။ ဒါကြောင့် နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ဖို့ဆိုယင် သူမအနေနဲ့ နောက်ထပ် တစ်နှစ် သို့မဟုတ် နှစ်နှစ်လောက် အချိန်လိုအပ်ပါတယ်။

မှော်ဆေးလုံးကို အသုံးပြုပြီးတော့ အစွမ်းကို အတင်းအဓမ္မ တိုးစေမယ်ဆိုယင်တောင် မှ လူတစ်ယောက်ရဲ့ အရှိန်အဝါကို အတုအယောင် လုပ်ဖို့ မဖြစ်နိုင်ပါဘူး။ဒါက တကယ်ပဲ နွေဦးစမ်းရေအဆင့် အရှိန်အဝါဖြစ်ပြီးတော့ ၄င်းကနေပြီး ခံစားရတာက သူမအနေနဲ့ စောစောလေးကမှ အဆင့်တက်လာတဲ့ပုံပါပဲ။

ပါရမီရှင်.... သူမက တကယ့်ကို ပါရမီရှင်ပဲ။

``ယုထန်... ငါနင့်ကို မှားယွင်းစွာနဲ့ အပြစ်တင်မိခဲ့တယ်``

သူက လျှင်မြန်စွာပဲ ပြောလိုက်ပါတယ်။

နွေဦးစမ်းရေ အဆင့်ကို အချိန်တိုတိုလေးအတွင်းမှာ ချိုးဖျက်ဝင်ရောက်နိုင်တာက လွီယုထန်မှာ အချစ်အတွက် ဘယ်လိုလုပ်ပြီးတော့ အချိန်ပေးနိုင်မှာလဲ? သူမအနေနဲ့ ဒီနေရာမှာ ကံကြမ္မာကောင်းတစ်ချို့နဲ့ တွေ့ကြုံခဲ့ ပြီးတော့ သူမရဲ့ ကိုယ်ပိုင် ဉာဏ်ရည် ဉာဏ်စွမ်း တွေ အားလုံးကို ပုံအောပြီးတော့ အဆင့်တက်ခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။ ဒါက သူမအနေနဲ့ ဒီနေရာမှာ အချိန်အကြာကြီးနေတဲ့ အကြောင်းပြချက်ပဲ ဖြစ်ပါလိမ့်မယ်။

``ထွက်သွား``

လွီယုထန်က သူ့ရဲ့ စကားတွေကို လျစ်လျူရှု ထားပြီးတော့ သူမရဲ့ လက်ကို လှုပ်ရှား လိုက်တဲ့အခါမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှုအစွမ်းက မြင့်တက်သွားပါတယ်။

နွေဦးစမ်းရေ အဆင့်ရဲ့ အမှတ်အသားသင်္ကေတ ဖြစ်တဲ့ မူလစွမ်းအင်နဲ့ ပုံဖော်ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ သူမရဲ့ လက်ဝါးဖြင့် တစ်ချက်ပြီးတစ်ချက် ရိုက်လိုက် တာက

မူလစွမ်းအင်နဲ့ ရောမ လက်ပုံစံတွေ ဖြစ်ပေါ်လာပြီးတော့ ဟူဘိုဆီကို ပျံလွှင့် လာပါတယ်။

ဟူဘို အနေနဲ့ သူက မှားယွင်းတဲ့ အတွက်ကြောင့်မို့လို့ သူမရဲ့ တိုက်ခိုက်မှုတွေကို ပြန်ပြီး ခတ်မထုတ်ပဲနဲ့ သနားငဲ့ညှာမှုအတွက် သူက ရှောင်တိမ်းနေပါတယ်။ သူက နွေဦးစမ်းရေ အလွှာ ၁ အထွတ်အထိပ်အဆင့်ကို ရောက်နေတဲ့အတွက် လွီယုထန် ထက် ပိုပြီးတော့ စွမ်းအားကြီးပါတယ်။ ဒါ့အပြင် လွီယုထန်က အခုမှ အဆင့်တက် ကာစ ပဲဖြစ်ပြီးတော့ သူမလက်ရှိပိုင်ဆိုင်ထားတဲ့ အစွမ်းတွေကို တိုးလာအောင် လုပ်ဖို့အတွက် နည်းလမ်းမရှိသေးပါဘူး ဒါကြောင့် သူ့အနေနဲ့ သူမရဲ့ တိုက်ခိုက်မှုတွေကို လွယ်လွယ်ကူကူနဲ့ပဲ ရှောင်တိမ်းနိုင်ပါတယ်။

ပြီးတော့ အဓိက အချက်က နွေဦးစမ်းရေအဆင့် အနေနဲ့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်တွေကို သင်ယူဖို့လိုအပ်ပြီး လွီယုထန်အနေနဲ့ အခုမှ အဆင့်တက် ကာစ ဖြစ်လို့ သူမအနေနဲ့ တစ်ခုခုကို လေ့ကျင့်ဖို့အတွက် အချိန်ရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် သူမအနေနဲ့ ဟူဘိုကို အနည်းငယ်မျှတောင် မခြိမ်းခြောက်နိုင်ပါဘူး။

``ယုထန် စိတ်အေးအေးထားပါ.. ငါ သွားပါ့မယ် ဟုတ်ပီလား? မင်း အင်ပါယာ မြို့ကို ပြန်လာတဲ့အခါကျယင် .. ငါနင့်ကို နောက်တစ်ကြိမ် လာတွေ့ပါ့မယ်``

ဟူဘိုက နောက်ဆုတ်လိုက်ပါတယ်။ ဒါပေမဲ့ သူမထွက်သွားခင် လင်းဟန်ဘက်ကို အေးစက်စွာနဲ့ ပျေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

```ကောင်လေး.. မင်းက သူမနဲ့ နီးစပ်တဲ့အတွက်ကြောင့်လို့တော့ မင်းကို မျက်နှာသာ ပေးလိုက်တယ်လို့ မထင်လိုက်နဲ့... ယုထန်က မင်း လှည့်စားလို့ ရနိုင်မဲ့ သူတစ်ယောက် မဟုတ်ဘူး။ တကယ်လို့ မင်းလုပ်ဂွံ့တယ်ဆိုယင် မင်းကို ငါ အစိတ်စိတ် အမြွှာမြွှာ ပိုင်းပစ်မယ်``

လွှီယုထန်ရဲ့ တုံ့ပြန်မှုကို မစောင့်တော့ပဲ သူ့ရဲ့ ပုံရိပ်က ခြေလှမ်းကျဲကြီးတွေနဲ့ အဝေးကို ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။

လွှီယုထန်က သူ့အနောက်ကို ခြေလှမ်းအနည်းငယ်မှ လိုက်သွားပြီးမှ လက်လျော့ လိုက်ပါတယ်။ ဟူဘိုက သူမ ထက်ပိုပြီးတော့ လျင်မြန်ပါတယ်။
```

``ငါတောင်းပန်ပါတယ်``

သူမက လင်းဟန်ရဲ့ဘေးကို လာပြီးတော့ လေးလေးနက်နက်နဲ့ တောင်းပန်လိုက်ပါတယ်။ ဟူဘိုက လင်းကလန်အိမ်တော်ကို ရောက်လာပြီးတော့ လူအများကြီးကို သတ်ခဲ့ပါတယ်။ သူမအနေနဲ့ သူ့ကို ဖမ်းမမိလိုက်ပါဘူး။

``မင်းတောင်းပန်ဖို့ မလိုပါဘူး... အဲဒီကောင်ကို ငါ့အတွက်ထားလိုက်``

လင်းဟန်က အေးစက်စွာနဲ့ပြောလိုက်ပါတယ်။ လက်ရှိသူ့ရဲ့ အစွမ်းက ဟူဘိုကို သတ်ဖို့ မလုံလောက်သေးပါဘူး ဒါပေမဲ့ သေချာပေါက် အချိန်အကြာကြီး ထပ်စောင့်နေစရာ တော့ မလိုပါဘူး။

လွီယုထန်က လင်းဟန်က သူ့စကားကို သေချာထိန်းသိမ်းပြီး ကတိတည်တဲ့ လူစားမျိုး ဆိုတာကို သိပါတယ်။ ဒါကြောင့် သူမက လျှင်မြန်စွာနဲ့ပြောလိုက်ပါတယ်။

``ဟူကလန်က အင်ပါယာမြို့ရဲ့ အင်အားကြီး ကလန် ၈

ခုထဲက တစ်ခုဖြစ်ပြီးတော့ သူတို့ရဲ့ အစွမ်းက ငါတို့ လွီကလန်နဲ့ အတူတူပဲ ပြီးတော့ သူတို့ဆီမှာ စိတ်ဂိဉာဉ်ပလ္လင် အဆင့် စွမ်းအားကြီးမားတဲ့ စစ်သည်တော်တစ်ယောက်ရဲ့ အကူအညီအထောက် အပံ့ ကိုလဲ ရထားတယ်.. ဒါကြောင့် နင် အလျင်စလို ရမ်း မလုပ်တာ ကောင်းမယ်``

လင်းဟန်အနေနဲ့ ဟူဘိုမှာ မြင့်မားတဲ့ အဆင့်အတန်းတစ်ခုတော့ ရှိရမယ်ဆိုတာကို ကြံဆတွေးတောထားပြီးသားပါ. သူက လွီယုထန်ပြောတာကို ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါက အလျင်စလိုနဲ့ လုပ်တတ်တဲ့ လူစားမျိုးလား?``

လွီယုထန်က ဘာမှမပြောပဲနဲ့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဟူကလန်ရဲ့အကြောင်း စဉ်းစားနေပါတယ်။ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအဆင့်မှာ ရှိနေပေမဲ့လည်း သူ့ရဲ့ သိုင်းပညာပါရမီက သူမ မမျှော်မှန်းဆနိုင်လောက်အောင်ကို မြင့်မားလှပါတယ်။ ပြီး တော့ သူ့ရဲ့ မှော်ဆေးပညာနယ်ပယ်က အောင်မြင်မှုတွေနဲ့ဆိုယင် ဒီတစ်ကြိမ်မှာတော့ ဟူကလန် အနေနဲ့ စွမ်းအားကြီးမားတဲ့ ရန်သူတစ်ယောက် ရသွားတာနဲ့တူပါတယ်။

လင်းကလန်မှာ လုပ်စရာတွေ ထောင်နဲ့ချီအောင် ကျန်နေသော်လည်းပဲ လင်းဒေါင်ရှန်က လင်းဟန်ကို လင်းကလန်အိမ်တော်ကနေ ချက်ချင်းထွက်ခွာပြီးတော့ ဟွာယန်အကယ်ဒမီကို သတင်းပို့ဖို့ ကို အမိန့်ပေးခိုင်းစေလိုက်ပါတယ်။

အချိန်အနည်းငယ်မျှစဉ်းစားပြီးတော့ လင်းဟန်က သူ့အနေနဲ့ ဒီမှာနေလို့လဲ ဘာမှသိပ် ပြီးတော့ မကူညီနိုင်တာကို သတိပြုမိတဲ့အတွက် သူထွက်ခွာဖို့အတွက် ပြင်ဆင်လိုက်ပါတယ်။

သူ နဲ့ လွှီယုထန်က လင်းဇီရှမ်နဲ့ ဟူးညို တို့နှစ်ယောက်ကို သူတို့နဲ့အတူ ခေါ်သွားခဲ့ပါတယ်။ လင်းဇီရှမ် ရဲ့ မိဘနှစ်ပါးက ချန်ကလန်ရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရ သော်လည်းပဲ လင်းဟန်က ဒီမိန်းကလေးနှစ်ယောက်ကို အင်ပါယာမြို့ကိုရောက်တဲ့အခါမှာ ဂရုစိုက်ထိန်းသိမ်းဖို့အတွက် လူတစ်ချို့ကိုပါ ခေါ်လာပါသေးတယ်။

အခုဆို ဟူးညိုက ချက်ပြုတ်ထားတဲ့အစားအသောက်တွေကို ဖြေးဖြေးခြင်း စားနေပါပြီ.. ဒါပေမဲ့ သူမက အသားစားရတာကို ပိုပြီးတော့ စိတ်ဝင်စားပါတယ်။ သူမက

တစ်ခြား ဟင်းသီးဟင်းရွက်တွေကို ထိတောင်မထိပါဘူး။ ဒါပေမဲ့ သူမက အခုဆိုယင် လင်းဟန် အနားမှာ တောက်တဲ့ကပ်သလို ကပ်နေပါတယ်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် လင်းဟန်ကို သူမက ကြောင်လေးတစ်ကောင်လိုမျိုး မှီပြီးတော့ သူမရဲ့ ခေါင်းလေးနဲ့ ပွတ်သတ်နေပါတယ်။

သူမရဲ့ သားရိုင်းသဘာဝ ပျောက်ကွယ်သွားပြီလို့တော့ မထင်လိုက်ပါနဲ့.. ဘာလို့လဲဆိုယင် တစ်ခြားလူတွေနဲ့ဆိုယင် သူမက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းအောင် ရက်စက်ကြမ်းကြုတ်ဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကြောင့် သူမက လွှဲယုထန်နဲ့ လင်းဇီရှမ်တို့ကို ပိုပြီး ရင်းနှီးလာပါတယ်။ အနည်းဆုံးတော့ သူမက သူတို့ နှစ်ယောက်ကို ကိုက်ဖို့ မကြိုးစားတော့ပါဘူး။

ပြီးတော့ လင်းဟန်အနေနဲ့ အံ့အားသင့်စရာကောင်းလောက်အောင် သတိပြုမိတာက ဒီသားရိုင်းမိန်းကလေးက ဘယ်လောက်ပဲစားစား ဗိုက်ဂသွားတယ်လို့ကို မရှိပါဘူး။ သူမကို ဘယ်လောက်ပဲ အစားတွေ ပေးပေး သူမက အားလုံးကို လွယ်လွယ်ကူကူနဲ့ ကုန်အောင် စားပစ်လိုက်နိုင်ပါတယ်။ ပြီးတော့ သူမက အချိုသော မွှိစွာသားရဲတွေရဲ့ အသားကိုတောင် စားပါတယ်။

သူမရဲ့ ကျင့်ကြံခြင်းအဆင့်ကလဲ ပေါ်ထွက်လာပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၄ ကို လျှင်မြန်စွာနဲ့ ဖြတ်ကျော်သွားခဲ့ပါတယ်။

သူမက သိသာထင်ရှားစွာပဲ သူမရဲ့ စိတ်ဝိညာဉ်အခြေခံက မနိုးထသေးပါဘူး. ပြီးတော့ သူမအနေနဲ့ မည်သည့် ကျင့်ကြံခြင်းနည်းစနစ်ကိုမှ အယင်ကတည်းက လေ့ကျင့်သင်ကြားဖူးခြင်း မရှိခဲ့ပါဘူး။

ဒါကပဲ လင်းဟန်ကို အလွန်အမင်း အံ့အားသင့်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

စွမ်းအားဆိုတာ အကြောင်းပြချက်မရှိပဲ လွယ်လွယ်ကူကူနဲ့ မပေါ်ထွက်လာတတ်ကြ ပါဘူး။ ဥပမာ .. သိုင်းပညာရှင်တစ်ယောက်ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းက မူလစွမ်းအင် ဆိုတာက သူပါတ်ဝန်းကျင်က စိတ်ဝိညာဉ်ချီ တွေကို သန့်စင်ပြီးတော့မှ ဖြစ်လာတာပါ.. ပြီးတော့ ဟူးညို က မည်သည့် ကျင့်ကြံခြင်းကိုမှ လက်တွေ့မလုပ်ခဲ့ပဲနဲ့ သူမရဲ့ အစွမ်းတွေက သိသာထင်ရှားစွာနဲ့ ဒါကိုဖြတ်ပြီးတော့ မဖြစ်လာနိုင်ပါဘူး။

ဒါဆိုယင် ၄င်းက သူမစားလိုက်တဲ့

အစားအစာတွေကနေပြီးတော့ လာတာဖြစ်နိုင်မလား။

ဒီမိန်းကလေးက သူမစားလိုက်တဲ့ အစားအစာတွေကို တိုက်ရိုက်ပဲ သူမရဲ့ ကိုယ်ပိုင် မူလစွမ်းအင်အဖြစ်ကို သန့်စင်နိုင်တာလား?

ဒီအတွေးတွေ လင်းဟန်ရဲ့ ခေါင်းထဲကို ရောက်လာတဲ့အခါမှာ သူ့အနေနဲ့ မအံ့သြပဲ မနေနိုင်ပါဘူး။ ဒါက ဘယ်လိုကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းမျိုးပါလိမ့်?

ဒီအချက်ကို အမှန်တကယ်ဟုတ်မဟုတ် သက်သေပြဖို့အတွက် လင်းဟန်နဲ့ လွီယုထန် တို့နှစ်ယောက် သူမစားဖို့အတွက် မိစ္ဆာသားရဲတစ်ချို့ကို အမဲလိုက်သတ်ဖြတ်ခဲ့ကြပါတယ်။

တကယ်ပဲ သူမ များများစားလေ သူမရဲ့ အစွမ်းတွေက ပိုပြီး ကြီးထွားလာလေပါပဲ. ဒါပေမဲ့လည်း ဒါက အကန့်အသတ်နဲ့ပါ သူမရဲ့ အစာအိမ်က အောက်ခြေပေါက်နေတာ မျိုးမှမဟုတ်တာ.. တစ်ချိန်တည်းမှာပဲ သူတို့တွေက အင်ပါယာမြို့ကို ရောက်လာခဲ့ကြပါတယ်။ ဟူးညိုကလဲ အံ့အားသင့်စရာကောင်းလောက်အောင် ပဲ ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၆ ကိုရောက်ရှိလို့သွားခဲ့ပါပြီ။

ဒါက လင်းဟန်ရဲ့ ကိုယ်ပိုင် လေ့ကျင့်ခြင်းနဲ့ယှဉ်ယှဉ် ကြောက်မက်ဖွယ်ရာသိပ်မကောင်း ပေမဲ့လည်း အရမ်းကို အံ့အားသင့်ဖွယ်ဖြစ်ဖို့ကတော့ လုံလောက်ပါတယ်။ ဘာလို့လဲဆိုတော့ သူမက အခုထက်ထိ စိတ်ဂိဉာဉ်အခြေခံတောင် မနိုးထသေးတဲ့ အတွက်ပဲဖြစ်ပါတယ်။

လင်းဟန်က သူ့အနေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ တစ်ခု ကောက်ရသလိုမျိုး ခံစားရပါတယ်။

အပိုင်း (၈၉) နတ်ဆိုးအိုကြီး

ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီးတဲ့နောက်မှာ ဟူးညိုက နောက်ဆုံးမှာတော့ စကားလုံး အချို့ကို သင်ယူနိုင်ခဲ့ပါတယ်။ သူမပြောတဲ့ စကားအများစုကတော့ ``အသား``..ပြီးတော့ ``သတ်`` ``လင်းဟန်`` သူမအနေနဲ ဒီစကားလုံး သုံးလုံးကို သင်ယူနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ အနည်းဆုံးတော့ သူမရဲ့ နာမည်က ဟူးညို ဆိုတာကိုပါ အခု နားလည်နေပါပြီ.. ပြီးတော့ ဟူးညို လို့ခေါ်သံကြားလိုက်ယင် သူမရဲ့ ခေါင်းကို မော့ပြီးတော့ တုံ့ပြန် တတ်နေပါပြီ။

သူမက ခြေထောက်နှစ်ချောင်းနဲ့ လမ်းလျှောက်ရတာကိုတော့ သဘောမကျသေးပါဘူး.. ဒါပေမဲ့ လင်းဟန်က သူမအပေါ်မှာ ကြီးမားတဲ့ လွှမ်းမိုးမှုရှိပါတယ်။ သူ့ရဲ့ အပြုအမူ တွေကို မသိမသာနဲ့ အတုခိုး ပါတယ်။ အင်ပါယာမြို့ကို သူတို့လေးယောက် ရောက်သွား ချိန်မှာတော့ သားရိုင်းမိန်းကလေးက သူမရဲ့ ခြေထောက်တွေကို အသုံးပြုပြီးတော့ လမ်းလျှောက်ခဲ့ပါပြီ။ ဒါပေမဲ့ တစ်ယောက်မှ မရှိတဲ့အချိန်ဆိုယင်တော့ သူမက လေးဖက် စလုံးအသုံးပြုပြီးတော့ လမ်းလျှောက်စမြဲပါပဲ။

သူမရဲ့ အဂတ်အစားတွေကို ဂတ်ဆင်ရတာကို မကြိုက်နှစ်သက်တဲ့ အမူအကျင့်ကတော့ မပြောင်းလဲသေးပါဘူး။ အဂတ်အစားအသစ်တစ်စုံ ကို ရက်အနည်းငယ်ကြာတဲ့အခါ ကျယင် သူမရဲ့ ချွန်ထက်တဲ့ လက်သည်းတွေနဲ့ ကုတ်ခြစ် ဖျက်ဆီးပစ်လိုက်ပြီးတော့ လင်းဟန်နဲ့ လို့ယုထန်ကို စိတ်အနှောက်အယှက် ဖြစ်စေပါတယ်။ လင်းဇီရှွမ်ကတော့ အရမ်းကို မနာလိုဖြစ်နေပါတယ် ဘာလို့လဲဆိုတော့ ဟူးညိုက အမြဲတစ်စေ လိုလိုပဲ အဂတ်အစားအသစ်တွေ ရရှိနေတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

မြို့ထဲကို ဂင်တဲ့အခါမှာ လူတစ်ယောက်ကို မြို့ဂင်ကြေး ငွေပြားတစ်ပြားပေးရပါတယ်။ ဒါက လင်းဟန်အတွက် မဖြစ်စလောက်ငွေကြေး ဖြစ်ပေမဲ့ မြို့ထဲကို တစ်နေ့တစ်နေ့ ခရီးသွားတွေဘယ်လောက်များများ ဂင်ပြီးတော့ ဘယ်လောက်များများ ပြန်ထွက်ခွာ ကုန်သလဲဆိုတာကို စဉ်းစားမိလိုက်မယ်ဆိုယင် .. ဂင်ကြေးအနည်းငယ်မျှသာ ကောက်ခံ ပေမဲ့လည်း စုစုပေါင်းလိုက်မယ်ဆိုယင် မယုံနိုင်စရာကောင်းအောင် ကြွယ်ဂ ချမ်းသာပါလိမ့်မယ်။

ဒါက ကေရာဇ်တစ်ယောက်ရဲ့ ကောင်းမွန်တဲ့ ဘဂတစ်ခုပဲဖြစ်ပါတယ်။ ငါဒီလမ်းကြောင်း ကို တည်ဆောက်ထားတယ် ဒါကြောင့် တကယ်လို့ မင်းဂင်ချင်တယ်ဆိုယင် ဂင်ကြေး ပေးဖို့ လိုမယ်.. ဒါက တကယ့်ကို မျှတပါတယ်။

သူတို့လေးယောက် မြို့ထဲကို ဂင်ရောက်ပြီးတဲ့အခါမှာတော့ နေ့လည်ကျော် နေပါပြီ။ ဒါကြောင့် သူတို့အနေနဲ့ နေရာတစ်ချို့ကိုရှာပြီးတော့ နေ့လည်စာအယင်စားပြီးမှ ဟွာယန်အကယ်ဒမီကို သတင်းပို့ဖို့ သွားကြဖို့ ဆုံးဖြတ်ထားပါတယ်။

``အသား အသား အသား``

ဟူးညိုက ထိုင်ချလိုက်ပြီးတော့ သူမရဲ့ပါးစပ်ကို ညွှန်ပြပြီး လေးလေးနက်နက်နဲ့ တောင်းဆိုလိုက်ပါတယ်။

လင်းဟန်က မီနူးစာရင်းကို မကြည့်ပဲနဲ့ စားပွဲထိုးကို ပြောလိုက်ပါတယ်။

``စားကောင်းတာမှန်သမျှ သာ ချပေး... ဒါပေမဲ့ အသားလည်းအများကြီး ချပေးပါ``

``ဟုတ်ကဲ့ပါ သခင်လေး``

အစပိုင်းမှာတော့ စားသောက်ဆိုင်ထဲမှာ ဧည့်သည်တွေအများကြီး မရှိသေးပါဘူး။ ဒါပေမဲ့ သူတို့ရဲ့စားပွဲပေါ် ကို အရသာရှိတဲ့ ဟင်းပွဲတွေ တစ်ပွဲပြီး တစ်ပွဲ လာချပေးပြီး တဲ့နောက်မှာ အင်အားကြီးမျိုးနွယ်စုတွေကလဲ သူတို့ရဲ့ အစားအသောက်တွေကို မှာယူ စားသောက်ဖို့အတွက် ဆိုင်ထဲကိုရောက်လာကြပါတယ်။ ဧည့်သည်အရေအတွက် တိုးလာပြီးတော့ စားသောက်ဆိုင်ထဲက လေထုက လဲ ရီမော ပျော်ရွှင် ဆူညံသံတွေနဲ့ ပြည့်နက်လိုလာပါတယ်။

ဟူးညိုကတော့ ဇွန်းခရင်းတွေ သုံးဖို့ကို လုံးဝ စိတ်မကူးပါဘူး။ သူမအနေနဲ့ ရိုးရိုးပဲ ကြက်တစ်ကောင်လုံး သို့မဟုတ် ဘဲတစ်ကောင်လုံးကို လက်နဲ့လှမ်းဆွဲပြီး အချိန်အနည်းငယ်အတွင်းမှာ အကုန်လုံးကို စားသောက်ပစ်လိုက်ပါတယ်။ သူမရဲ့ အလိုဆန္ဒက တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။

``မင်းရဲ့ လက်တွေ ပေကျံကုန်မှာကို မင်းမကြောက်ဘူးလား``

လင်းဟန်က ခေါင်းခါလိုက်ပါတယ်။ သူ့အနေနဲ့ ဒီကောင်မလေးကို အကြိမ်မြောက်များ စွာ သင်ကြားပေးခဲ့ပါတယ် ဒါပေမဲ့လည်း ဒီသားရိုင်းမိန်းကလေးကတော့ ဇွန်းခက်ရင်းတွေကို သုံးဖို့ ငြင်းဆန်နေတုန်းပါပဲ ဘာလို့လဲဆိုတော့ သူမအတွက် အဲဒါကို အသုံးပြုဖို့ အရမ်းကို ပြဿနာတက်နေလို့ပဲဖြစ်ပါတယ်။

ဟူးညိုက တစ်ချက်မျှရီပြီးတော့ တုံ့ပြန်လိုက်ပီး သူမရဲ့အရှေ့က အသားတွေကို ဆက်ပြီးတော့ စားသောက်နေပါတယ်။

သူမနဲ့နိုင်းယှဉ်ရမယ်ဆိုယင် လင်းဇီရှမ်က ပိုပြီးတော့တောင်မှ ယဉ်ကျေးပါတယ်။ သူမက အနည်းငယ်မျှသာ ကိုက်ပြီးတော့ သူမပြုံးလိုက်တဲ့အခါမှာ သူမရဲ့ သွားတွေမှာတောင်မှ အနည်းငယ် ပေကျံနေတာမျိုး မတွေ့ရပါဘူး။ သူမက တော်ဂင် အိမ်တော်က သမီးတစ်ယောက်ရဲ့ အပြုအမူ နေထိုင်မှုမျိုးကို သေချာသင်ကြားခဲ့ရပါတယ်။

``ဘယ်လောက်တောင် ကြည့်လို့ကောင်းလိုက်တဲ့ မိန်းကလေးလဲ``

အသက်ကြီးကြီး အသံတစ်ခုကိုကြားလိုက်ရပီး လင်းဟန်နဲ့ လှို့ယုထန်တို့နှစ်ယောက် စလုံးကို ပြောလိုက်တဲ့သူဆီကို လှည့်ပြီး ကြည့်လိုက်ကြပါတယ်။

အသက်ခြောက်ဆယ်ခန့်ရှိတဲ့ အဘိုးကြီး တစ်ယောက်ဖြစ်ပြီးတော့ သူက ချမ်းသာ ကြွယ်ဝပုံရတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားပြီး သူ့ရဲ့ လက်ဆယ်ချောင်းမှာ ၈ ချောင်းလောက်က လက်စွပ်တွေကို ဝတ်ဆင်ထားပါတယ်။ သူက အလွန်အမင်း ချမ်းသာ ကြွယ်ဝတယ်ဆိုတာ သိသာထင်ရှားပါတယ်။သူ့ရဲ့ မျက်လုံးတွေက ဟူးညို နဲ့ လင်းဇီရှမ်တို့အပေါ်မှာ

အာရုံစူးစိုက်ပြီး ကြည့်နေပါတယ်။

``မင်းတို့နှစ်ယောက်က ဒီမိန်းကလေးနှစ်ယောက်ရဲ့ မိဘတွေလား?`

အဘိုးကြီးက ချက်ချင်းဆိုသလို မေးလိုက်ပြီးတော့ သူတို့ဆီကို လျှောက်လာပြီး သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါတယ်။

`` ငါ့နာမည်က ချန်းယွမ်ရှင်း.... ပင်လယ်လေးခုလုပ်ငန်းရဲ့ ဆိုင်ပိုင်ရှင်ပဲ.. ဒီမှာတော့ ငါ့ကို လူတော်တော်များများကသိကြပါတယ်``

လှီယုထန်က သူမရဲ့ခေါင်းကိုခါပြီးတော့ပြောလိုက်ပါတယ်။

``ကျမ တို့က သူတို့ရဲ့ မိဘတွေမဟုတ်ပါဘူး... သူတို့ရဲ့ ဆွေမျိုးတွေပဲဖြစ်ပါတယ်``

လင်းဇီရှွမ်က လိမ္မာယဉ်ကျေးစွာနဲ့ ပဲ အဲဒီအဘိုးကြီးကို အဘိုးတစ်ယောက်လိုမျိုး ပြုံး ပြလိုက်ပါတယ်။ ဟူးညိုကတော့ စားဖို့အကြောင်းကိုပဲ ဆက်ပြီး စဉ်းစားနေပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ

အသားစားရတာလောက် ဘယ်အရာကမှ အရေးမပါပါဘူး။

ချန်ယွမ်ရှင်းကို ကြည့်ရတာက ဒီမိန်းကလေးနှစ်ယောက်ကို အရမ်းသဘောကျ နေတဲ့ပုံစံပါပဲ။ သူကအဆက်မပြတ် ဗလုံးဗထွေးတွေပြောပြီးတော့ လင်းဇီရှွမ် ကို အဆက်မပြတ် ရီမောစေပါတယ်။ ဟူးညီုရဲ့ ပုံစံကတော့ သူဘာပြောပြော တစ်ခုမှ မကြားတဲ့ ပုံစံမျိုးပါ။

ပထမတော့ လင်းဟန်ထင်တာ ဒီအဘိုးကြီးက ကလေးတွေကို ချစ်ခင် နှစ်သက်တဲ့ လူစားမျိုးလို့ ထင်တဲ့အတွက် သူ့အနေနဲ့ ဘာမှ သိပ်ပြီးတော့ မစဉ်းစားပါဘူး။ ဒါပေမဲ့ ဒီအဘိုးကြီးရဲ့ စူးစိုက်ပြီးကြည့်တဲ့ အကြည့်တွေက အလွန်အမင်း တစ်မူထူးခြားလို့ လာပါတယ်။ သူ့ရဲ့ မျက်လုံးအကြည့်တွေက သိုးငယ်လေးနှစ်ကောင်ကို ကြည့်နေတဲ့ ဂံပုလွေတစ်ကောင်နဲ့တူနေပါတယ်။ နောက်ဆုံးမှာတော့ လင်းဟန်အနေနဲ့ မိန်းကလေး ငယ်လေးတွေကို အကြိုက်နှစ်သက်ဆုံး ပစ်မှတ် အဖြစ်ထားတတ်တဲ့ တဏှာရူး နာဘူးတစ်ယောက်နဲ့ အမှတ်မထင် ကြုံတွေ့လိုက်ရပြီဆိုတာကို သတိပြုမိသွားပါတယ်။

``လာစမ်းပါဦး... အဘိုးမင်းရဲ့ လက်ဂါးက

လက္ခဏာလမ်းကြောင်းတွေကို တစ်ချက် ကြည့်ပါရစေဦး``

ချန်းယွမ်ရှင်းက လင်းဇီရှမ်ရဲ့ လက်သေးသေးလေးတွေကို ဖမ်းဆုပ်ကိုင်ဖို့အတွက်ကြိုး စားလိုက်ပီးတော့ သူ့ရဲ့ အမှန်တကယ် ဗလက္ကာယရလုပ်တတ်သူ တစ်ယောက်ရဲ့ ပုံစံမျိုး ထုတ်ဖော်လိုလာပါတယ်။

လင်းဟန်က ရောက်လာပြီးတော့ အဘိုးကြီးရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပီး တော့ ပြောလိုက်ပါတယ်။

``အဘိုးကြီး ခင်ဗျားအသက်တွေလဲ ကြီးနေပြီ ဒီလိုမျိုး မကောင်းတဲ့ အပြုအမူတွေကို လုပ်နေတုန်းပဲလား``

ချန်းယွမ်ရှင်း က သိုင်းပညာရှင်တစ်ယောက်မဟုတ်ပါဘူး ဒါကြောင့် လင်းဟန်ရဲ့ ဖမ်းဆုပ်ကိုင်ခြင်းကို ခံလိုက်ရပြီးတော့ သူ့ရဲ့ လက်ကောက်ဝတ်က နာကျင်မှုဝေဒနာကို ခံစားလိုက်ရပါတယ်။ လင်းဟန်က သူ့လက်ကောက်ဝတ်ကို ဆွဲကိုင်ပြီးတော့ အဝေးကို ပစ်ထုတ်လိုက်တဲ့အခါမှာတော့ ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားပါတယ်။ သူ့ရဲ့ လက်ကို မပြီးတော့ ကြည့်လိုက်တဲ့အခါမှာ အံ့အားသင့်စရာကောင်းအောင် လက်လေးချောင်း အရာကြီးက သူ့လက်ကောက်ဝတ်မှာ ပေါ်နေပါတယ်.။

သူ့ရဲ့ နှလုံးသားထဲမှာ လင်းဟန်ကို ကြောက်ရွံ့သွားပြီးတော့ သူ့ရဲ့ မျက်နှာအမူအရာ ကလဲ မည်းမှောင်သွားပါတယ်။ သူ့အနေနဲ့ ဒီ ချစ်စရာကောင်းတဲ့ မိန်းကလေးနှစ်ယောက်အတွက် လွယ်လွယ်ကူကူနဲ့ လက်လျှော့လိုက်ဖို့ ဆန္ဒတော့ မရှိပါဘူး။ ဒါကြောင့် သူကပြောလိုက်ပါတယ်။

``သူတို့က မင်းရဲ့ သမီးတွေမှမဟုတ်တာ.. ဘာလို့သူတို့အတွက် စျေးမပြောသေးတာ လဲ?``

လင်းဟန်ရဲ့ အမူအရာမှာ သတ်ဖြတ်ချင်တဲ့ မီးပွားလေး လက်သွားပြီးတော့ သူကပြောလိုက်ပါတယ်။

``တဏှာရူးအဘိုးကြီး တကယ်လို့ ခင်ဗျားနောက်ထပ် စကားထပ်ပြောရဲယင်.. ကျုပ် ခင်ဗျားကို သတ်ပစ်မယ်``

ချန်းယွမ်ရှင်းက သူ့ရဲ့ ကမ်းလှမ်းချက်ကို ဆက်ပြီးတော့ မြှင့်လိုက်ပီး လင်းဟန်ကို ဆွဲဆောင် သိမ်းသွင်းနေပေမဲ့ လင်းဟန်ရဲ့ မျက်နှာမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို မြင်လိုက်ရတဲ့အခါမှာတော့ သူ့ရဲ့ နှလုံးသားတွေ သွက်သွက်ခါ သွားပြီးတော့ ဒီအကြောင်းနဲ့ပါတ်သတ်ပြီး နောက်ထပ် ဘာမှဆက်မလုပ်ရဲတော့ပါဘူး။ သူက

ဆန်ကျင်ဘက်အရပ်ဆီကို လှည့်ပြီးတော့ လျှင်မြန်စွာနဲ့ပဲ ထွက်ပြေးသွားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ လွယ်လွယ်ကူကူနဲ့ အလျှော့ပေးမှာမဟုတ်ပါဘူး။

``ဟင့်.. မင်းအတွက် ဘယ်ဟာက အကောင်းဆုံးလဲဆိုတာကိုတောင် မင်းမသိသေးပါဘူး... ငါက မြေနဲ့ရေ ဂိုဏ်းက လူတွေကို ပြောပြီးတော့ အကူအညီ တောင်းလိုက်မယ်ဆိုယင် ဒီမိန်းကလေးနှစ်ယောက် မင်းဆီကနေ ငါ့လက်ထဲကို ရောက်ပီပေါ့ကွာ``

အဘိုးကြီးထွက်သွားတဲ့အခါမှာ စားသောက်ဆိုင်ထဲက ဧည့်သည်တွေအများစုက ရီမော လိုက်ကြပါတယ်။

``အကို... ဒီအဘိုးကြီးက တကယ့်ကို တဏှာရူး နာဘူး တစ်ယောက်လို့ ကျော်ကြားတယ်.. သူက မိန်းကလေးငယ်ငယ်လေးတွေကို အဓိက ပစ်မှတ်ထားတယ်...တကယ်လို့ သူလိုချင်တာတွေအတွက် အမြဲတမ်းလိုလို ပိုက်ဆံကို သာ အသုံးမပြုခဲ့ဘူးဆိုယင် သူ့အနေနဲ့ ဘယ်နှစ်ကြိမ်လောက်တောင် သေအောင်လို့ ရိုက်သတ်ခံရမလဲဆိုတာ ဘယ်သူကသိနိုင်မှာလဲ``

ဒီတဏှာရူး အဘိုးကြီးကို သတိပြုမိတဲ့ ဧည့်သည်တစ်ယောက်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်အနေနဲ့ ဒါကို အရမ်းကြီး ခေါင်းထဲမှာ မထည့်ထားပါဘူး။ ဒီအဘိုးကြီးက သိုင်းပညာရှင် တစ်ယောက်မဟုတ်ပါဘူး ဒါကြောင့် သူ့ရဲ့ စွမ်းရည်က အကန့်အသတ် ရှိပြီးတော့ သာမာန်လူတစ်ယောက် လိုပါပဲ.။တကယ်လို့ ချန်းယွမ်ရှင်းသာ ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ဆက်ပြီးကြံစည်နေဦးမယ်ဆိုယင် လင်းဟန်အနေနဲ့ လုံး၀ သနားညှာတာနေမှာမဟုတ်ပါဘူး။

ဟူးညို့က သူမရဲ့ အသားတွေကို အရမ်းကို မြန်မြန် စားနေပါတယ်။ အဲဒီအချိန်မှာ လင်းဟန်နဲ့ ကျန်တဲ့သူတွေက ဗိုက်၀အောင် စားလို့ပြီးသွားပေမဲ့လည်း သူမကတော့ ဆက်ပြီးတော့ စားနေပါတယ်။ ပြီးတော့ သူမရဲ့ အရှိန်ကလဲ လုံး၀ နှေးမသွားပါဘူး။

ဒီမြင်ကွင်းကိုကြည့်ပြီးတော့ စားသောက်ဆိုင်ထဲက ဧည့်သည်တွေကို မယုံနိုင် လောက်အောင် ဖြစ်သွားစေပါတယ်။ သူတို့အနေနဲ့ ဒီမိန်းကလေးငယ်လေးရဲ့

သေးငယ်လှတဲ့ အစာအိမ်က ဒီလောက် အစားအစာ အများကြီးကို သိုမှီးထားနိုင်တာ ဘာကြောင့်လဲဆိုတာကို နားမလည်နိုင်ဖြစ်နေကြပါတယ်။

နောက်ဆုံးမှာတော့ နှစ်နာရီလောက် စားပြီးတဲ့အခါမှာ မိန်းကလေးက သူမရဲ့ အစာအိမ်ကို ကျေနပ်စေခဲ့ပါတယ်။ သူမက လင်းဟာန်ရဲ့ ပွေ့ဖက်ထားမှုမှာ လူးလွန့် လိုက်ပြီးတော့ မကြာခင်မှာပဲ စတင်ပြီးတော့ ဟောက်ပါတော့တယ်။

သူမက အများကြီးစားပြီးတော့ အိပ်ချင်သွားတဲ့ပုံစံပါပဲ။

လင်းဟာန်က ကျသင့်ငွေကို ရှင်းပေးလိုက်ပါတယ်။ ငွေပြားတစ်ထောင်... ဒါက ဒီတစ်ပိုင်းစာလုံးအတွက် ကျသင့်ငွေဖြစ်ပြီးတော့ အနည်းဆုံး ၉၀ ရာခိုင်နှုန်း ကတော့ ဟူးညိုရဲ့ အစာအိမ်ထဲကို ရောက်သွားပါတယ်။ ကျေးဇူးတင်ရမှာက လင်းဟာန်အနေနဲ့ ဟန်ကျန်း... မာလန်းနဲ့ တစ်ခြားသူတွေကို အစောပိုင်းတုန်းက သတ်ဖြတ်ခဲ့တဲ့အတွက် သူ့ရဲ့ အိတ်ကပ်ထဲမှာ ပိုက်ဆံက လုံလုံလောက်လောက်ရှိပါတယ်။

သူတို့လေးယောက်က စားသောက်ဆိုင်ကနေထွက်ပြီးတော့ ဟွာယန်အကယ်ဒမီဆီကို ခရီးဆက်ခဲ့ကြပါတယ်။

``ငါတို့ရဲ့ နောက်မှာ လူနှစ်ယောက် နောက်ယောင်ခံပြီးတော့ လိုက်လာတယ်```

သူတို့အနည်းငယ်လမ်းလျှောက် ပြီးတဲ့အခါမှာ လွီယုထန်က လင်းဟန်ကို ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ပြောလိုက်ပါတယ်။

``ငါသတိထားမိတယ်...ဒါပေမဲ့ သူတို့က ငါတို့ရဲ့ ပိုက်ဆံတွေကို ပစ်မှတ်ထားတာလား ဒါမှမဟုတ် ငါတို့ကိုပဲ ပစ်မှတ်ထားတာလားဆိုတာကိုတော့ ငါမသိဘူး``

တကယ်လို့နောက်ယောင်ခံသူတွေရဲ့ ‌. ပစ်မှတ်က သူတို့သာဆိုယင် ..... သူ့ရဲ့ မျက်စိထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင်တစ်ခု တောက်ပသွားခဲ့ပါတယ်။ သံသယ ရှိစရာမလိုဘူး... ဒါက ဟို တဏှာရူးအဘိုးကြီးရဲ့ စနစ်မကောင်းဘူး။ တကယ်လို့ ဒါသာ မှန်တယ်ဆိုယင် သူ့ကို အကြင်နာတရားကင်းမဲ့တယ်လို့ အပြစ်မတင်ပါနဲ့။

``သူတို့လာနေပီ``

လွီယုထန်က တိုးတိုးလေးပြောလိုက်ပါတယ်။ အဲဒီအချိန်မှာ တောင့်တင်းတဲ့ ကိုယ်ခန္ဓာရှိတဲ့ လူနှစ်ယောက် သူတို့ဆီကိုပြေးလာပါတယ်။ လင်းဟန်အနားကို သူတို့ရောက်တဲ့အခါမှာတော့ တစ်ယောက်က လင်းဇီရှွမ်ကို သယ်ပြေးဖို့ကြိုးစား ပြီးတော့ နောက်တစ်ယောက်ကတော့ လင်းဟန်ဆီ ဦးတည်လာပြီးတော့ သူ့လက်မောင်းပေါ်မှာ အိပ်ပျော်နေဆဲဖြစ်တဲ့ ဟူးညို့ကို လုပြေးဖို့ ကြိုးစားကြပါတယ်။

ဒီတောင့်တင်းတဲ့ ကိုယ်ခန္ဓာရှိတဲ့ လူနှစ်ယောက်ကလည်း သိုင်းပညာရှင်တွေ မဟုတ်ပါဘူး.. သူတို့က သာမာန်လူတွေထက် အနည်းငယ်ပိုသန်မာတဲ့ လူတွေပဲ ဖြစ်ပါတယ်။ တကယ်တော့ လူဆယ်ယောက်တိုင်းမှာ လူတစ်ယောက်သာလျှင် စိတ်ဂိဉာဉ်အခြေခံကို ပိုင်ဆိုင်နိုင်တာဖြစ်တဲ့အတွက် သိုင်းပညာရှင်တွေက တကယ်တော့ သိပ်ပြီး မပေါများလှပါဘူး။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ မခုခံတဲ့အပြင် သူ့ရဲ့ လက်မောင်းကိုတောင်မှ မြှောက်ပေးလိုက်ပီးတော့ အဲဒီလူကို သူ့ရဲ့ လက်ထဲကနေ ဟူးညို့ ကိုလွယ်ကူစွာနဲ့ လုယူလို့ရအောင် ခွင့်ပြုလိုက်ပါတယ်။

အဲဒီလူက တစ်ခဏမျှ မှင်တက် အံ့အားသွားပါတယ်ယ။ ဒီလိုမျိုး တုံ့ပြန်လိမ့်မယ်လို့ သူ့အနေနဲ့ လုံးဝ မထင်မှတ်ထားဘူးလေ။

အဲဒီလှုပ်ရှားမှုကြောင့်ပဲ ဟူးညိုက နိုးလာပါတယ်။ သူမက သားရိုင်းကောင်တစ်ကောင် လိုမျိုး အရမ်းကို နိုးကြားတဲ့ အသိစိတ်ကို ပိုင်ဆိုင်ထားပါတယ်။ သူမအနေနဲ့ မရင်းနှီးတဲ့ လူတစ်ယောက်က ပွေ့ချီထားတာကို သိလိုက်ရတဲ့အခါမှာ သူမရဲ့ မျက်လုံးထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင် ချက်ချင်းပဲ တောက်ပလာပါတယ်။

အပိုင်း(၉၀) သူ့ရဲ့ မိန်းစွာအတွေးကို အလျော့ပေးဖို့ ဆန္ဒမရှိဘူး ဟူးညို က သူမရဲ့ စိတ်ဂိဉာဉ်အခြေခံ နိုးမထလာသေးစေကာမူ... သူမ၏ အဆက်မပြတ် စားသုံးခြင်းကြောင့် သူမက ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၆ ကို ဝင်ရောက်ပြီးဖြစ်ပါတယ်။

ဒါက ဘယ်လိုမျိုး အယူအဆကြီးလဲ?

ပုံမှန်အရွယ်ရောက်တဲ့ ယောက်ကျာ်းတွေ အယောက် နှစ်ဆယ်သို့မဟုတ် သုံးဆယ် လောက် စုစည်းပြီးတော့

အတူတူ လုပ်ဆောင်မယ်ဆိုယင်တောင်မှ သူမရဲ့ ပြိုင်ဘက် ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

သူမကို မျက်နှာစိမ်းတဲ့ လူတစ်ယောက်က ပွေ့ချီထားတာကို သိလိုက်ရတော့ ဟူးညို ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့သဘာဝက ချက်ချင်းဆိုသလို လင်းလက်တောက်ပ လာပါတယ်။ ကျားတစ်ကောင်က သူ့လက်ဝါးနဲ့ ပုတ်ထုတ်လိုက်သလိုမျိုး သူမရဲ့ လက်ကလဲ အဲဒီလူ့ရဲ့ မျက်နှာနဲ့ မိတ်ဆက်သွားခဲ့ပါတယ်။

``ဖြန်း``

``ဖူးးး``

အဲဒီလူကြီးရဲ့ ခေါင်းက စောင်းသွားပြီးတော့ သွားခုနစ်ချောင်းနဲ့ အတူ ပါးစပ်အပြည့် သွေးတွေက ချက်ချင်းဆိုသလို ပန်းထွက်သွားပြီးတော့ ချက်ချင်းပဲ မြေကြီးပေါ်ကို လဲကျသွားပါတယ်။

ဟူးညို က လေထဲမှာ ကျွမ်းပစ်လိုက်ပီးတော့ မြေကြီးပေါ်ကို လေးဘက်ထောက်ပီး တည်တည်ငြိမ်ငြိမ်နဲ့ ခြေချလိုက်ပါတယ်။ သူမရဲ့ ပါးစပ်ကို ဖွင့်ပြီးတော့

အစွယ်နှစ်ချောင်း ကို ထုတ်ဖော် လိုက်ပါတယ်။ သူမရဲ့ ခြေလက်လေးချောင်းစလုံးကို တစ်ချိန်တည်းမှာ မြေကြီးကို ကုတ်အားယူပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင် လိုမျိုး သူမက အဲဒီလူကြီးပေါ်ကို ခုန်အုပ်လိုက်ပါတယ်။ သူမရဲ့ လက်နှစ်ဖက်နဲ့ အဲဒီလူရဲ့ ပုခုံးတွေကို ဖိနှိပ်ထားပြီးတော့ သူမရဲ့ ပါးစပ်ကို အောက်ကို နှိမ့်ပြီးတော့ အဲဒီလူရဲ့ လည်ပင်းကို ကိုက်ဖို့ လုပ်လိုက်ပါတယ်။

လင်းဟန်က လျှင်မြန်စွာလှုပ်ရှားလိုက်ပီးတော့ သားရိုင်းမိန်းကလေးကို ကောက်ယူလိုက်ပါတယ်။ သူ့အနေနဲ့ ဒီမိန်းကလေးက သတ်ဖြတ်တာကို လုံးဝ မလိုချင်ပါဘူး။ တကယ်လို့ သူမ လုပ်လိုက်မယ်ဆိုယင် သူနဲ့ လွှီယုထန်တို့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ ကြိုးစားထားသမျှအားလုံး သဲထဲရေသွန်သလိုဖြစ်သွားပါလိမ့်မယ်။

အဲဒီလူက မြေကြီးကို လဲကျသွားခဲ့တဲ့အပြင် သူ့ရဲ့ မျက်နှာက ကြောက်ရွံ့မှုကြောင့် ဖြူ ဖတ်ဖြူလျော်ဖြစ်နေခဲ့ပါတယ်။ သူ့ရဲ့ လည်ပင်းကနေပြီး စူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။ တကယ်လို့ သူတို့အနေနဲ့ ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့မဟုတ်ခဲ့ဘူးဆိုယင် ဒီလိုမျိုးတောင့်တင်းတဲ့ ခန္ဓာကိုယ်ရှိတဲ့ လူကြီးက တကယ်ပဲ

ဒီလို သေးငယ်တဲ့အသံးစူးစူးဂါးဂါးကို ထုတ်အော်နိုင်တယ်ဆိုတာကို ယုံကြည်နိုင်မှာမဟုတ်ပါဘူး။

တစ်ခြားကြီးမားတဲ့လူတစ်ယောက်ကတော့ ပိုပြီးတော့ ကံကောင်းပါတယ်။ လွီယုထန်က သူ့ရဲ့ လည်ပင်းကို ဓါးတစ်ချောင်းနဲ့ ထောက်ထားတာကိုပဲ ခံရပါတယ်။

``မင်းနောက်ထပ် အော်ဦးမယ်ဆိုယင် ငါမင်းကို သတ်ပစ်မယ်``

လင်းဟန်ကပြောလိုက်ပါတယ်။

ထိုလူ က သူ့ရဲ့ပါးစပ်ကို ချက်ချင်းပဲ လက်နဲ့ပိတ်ထားလိုက်ပါတယ်။

လင်းဟန်က ဟူးညိုကို အနောက်မှာ ပြန်ပို့ထားလိုက်ပါတယ်။ ဒီ မိန်းကလေးရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝ ကို ထိန်းသိမ်းဖို့အတွက် အရမ်းကို ခက်ခဲပါတယ်.. သူမရဲ့ သွားတွေကို ကြိတ်ပြီးတော့ အဲဒီလူကြီးကို အသံတိုးတိုးလေးနဲ့ ဟိန်းဟောက် မာန်ဖီနေပါတယ်။ လူကြီးက နောက်တစ်ကြိမ် ကြောက်ရွံ့မှုကြောင့် အော်ဟစ်လိုက်ပေ မဲ့

လင်းဟန်ပြောထားတာကို ပြန်သတိရသွားပြီးတော့ သူ့ပါးစပ်ကို လက်နဲ့ လျှင်မြန်စွာ ပြန်ပိတ်လိုက်ပါတယ်။

``ငါ.. ငါက မြေနဲ့ရေဂိုဏ်းအဖွဲ့က တပည့်တစ်ယောက်ပါ..တကယ်လို့ မင်းအတွက် ဘာက အကောင်းဆုံးဖြစ်မလဲဆိုတာကို သိတယ်ဆိုယင် ငါ့ကို ချက်ချင်းပဲ သွားခွင့်ပေးပါ``

လူကြီးက ခြိမ်းခြောက်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ ယုံကြည်ချက် အပြည့် ရှိနေတဲ့ ပုံပါပဲ.။ သူ့ရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော်နဲ့ စကားပြောနေတာကိုတောင်မှ သူ့အနေနဲ့ ကြောက်ရွံ့မှုကြောင့် တသိမ့်သိမ့်တုန်ခါနေပါတယ်။

လင်းဟန်က လွီယုထန် ဘက်ကိုလှည့်ပြီးတော့ မေးလိုက်ပါတယ်။

``မြေနဲ့ ရေ ဂိုဏ်းအဖွဲ့ရဲ့ နောက်ခံအင်အားအခြေအနေက ဘယ်လိုရှိလဲ?``

``၎င်းက အင်ပါယာမြို့ရဲ့ မြေအောက်အဖွဲ့အစည်းတစ်ခုပါပဲ..ဘာလို့လဲ ဆိုတော့ တစ်ချို့ လူမြင်ကွင်းမှာ

လုပ်လို့မရတဲ့အရာတွေ...အင်အားကြီးကလန်ရှစ်ခုတောင်မှ ဒီအဖွဲ့အစည်း ရဲ့ အစွမ်းကို အသုံးပြုပြီးတော့ တစ်ချို့ ညစ်ပါတ်တဲ့ အရာတွေကို လုပ် ခိုင်းရတာပဲလေ``

လွီယုထန်ကပြောလိုက်ပါတယ်။ သူမက တစ်ခဏမှတွေးလိုက်ပီးတော့ ပြောပါတယ်။

``မြေနဲ့ရေ ဂိုဏ်းအဖွဲ့ရဲ့ ခေါင်းဆောင်နာမည်က ယန်းထျန်းထူ လို့ခေါ်တယ်။ သူက စိတ်ဂိုဘဥ်ပင်လယ်အဆင့်မှာရှိတယ်.. အင်ပါယာမြို့ရဲ့ ထိပ်ပိုင်းက အဖွဲ့အစည်းတွေနဲ့လည်း အရမ်းကို ရောရောနှောနှော ရှိတယ်``

သိုင်းပညာနယ်ပယ်မှာတော့ ဂိုဏ်းအဖွဲ့ ဆိုတဲ့နာမည်တစ်ခုကို ရရှိဖို့အတွက် စွမ်း အားကြီးမားတဲ့ စိတ်ဂိုဘဥ်ပင်လယ်အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အထောက်အပံ့ လိုအပ်ပါတယ်။

လင်းဟန်က အိုး ဟု တစ်ခွန်းပဲ ရေရွတ်လိုက်ပီးတော့ အဲဒီလူကြီးဆီကို ပြန်လှည့် ပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ ခင်ဗျားက မြေနဲ့ ရေ ဂိုဏ်းအဖွဲ့ကပဲဖြစ်ဖြစ်

ကောင်းကင်နဲ့ ရေ အဖွဲ့ ကပဲ ဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ဘူး... ကျုပ် ခင်ဗျားကို မေးခွန်းတစ်ခုမေးယင် ခင်ဗျားက ကျုပ်ကို အဖြေတစ်ခု ပြန်ပေးရမယ်.. တကယ်လို့ ခင်ဗျားရဲ့ အဖြေကို ကျုပ်က ကျေနပ် မှုမရှိဘူးဆိုယင်.. ခင်ဗျားရဲ့ ခြေတွေလက်တွေကို တစ်ခုချင်းစီ ဖြတ်ပစ်မယ်.. ခင်ဗျား ဘာသာ ခင်ဗျား ကျုပ်ကျေနပ်အောင်လို့ ဘယ်လို အဖြေပေးရမလဲဆိုတာကိုတော့ ကိုယ့်ဘာသာပဲ စဉ်းစားပြီးတော့ဖြေပေါ့``

ထိုလူကြီးရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီးတော့ သူ့ရဲ့ခေါင်းကို မရပ်မနား ငြိမ့် ပြလိုက်ပါတယ်။သူ့အနေနဲ့ လင်းဟန်ကို တကယ်တမ်း မကြောက်ပါဘူး.. အဲဒီအစား သူကြောက်တာက ဟူးညိုကိုပါ.. အဲဒီမိန်းကလေးက သူ့ကို ကြောက်ရွံ့စေတဲ့ ခံစားမှုကို ပေးစွမ်းနိုင်ပါတယ်။ သူမကိုကြည့်ရတာ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်နဲ့ တူပါတယ်။

ဘယ်သူက ဒီလိုမျိုး မကြောက်ရွံ့ပဲ နေနိုင်မှာလဲ?

``ချန်ယွမ်ရှင်းက ခင်ဗျားတို့ကို လွှတ်လိုက်တာလား?``

လင်းဟန်ကမေးလိုက်ပါတယ်။

``ဟုတ်ပါတယ် ဟုတ်ပါတယ်``

``ခင်ဗျား ဒီလိုမျိုးကိစ္စတွေ အတွက် သူ့ကို ဘယ်နှစ်ခါလောက် ကူညီခဲ့ပြီးပြီလဲ?``

ထိုလူကြီးက တစ်ခဏမျှ တုံ့ဆိုင်းသွားပြီးတော့ ... သူ့ရဲ့မျက်လုံးတွေက ဟူးညို့ ပေါ်ကို ကျရောက်သွားတဲ့အချိန်မှာတော့ သူ့အနေနဲ့ တုန်လှုပ်ချောက်ချားသွားပြီးတော့ ချက်ချင်းပဲ အဖြေပေးလိုက်ပါတယ်။

``ဘယ်နှစ်ကြိမ်ရှိပြီ လဲ ဆိုတာကိုတော့ တိတိကျကျကြီး မမှတ်မိပါဘူး.. ဒါပေမဲ့ ဆယ်ကြိမ်လောက်တော့ ရှိလောက်ပါတယ်``

အမှန်တကယ်တော့ ဆယ်ကြိမ်ထက်မနည်းပါဘူး။

လင်းဟာန်က ထိုလူကြီးရဲ့ ဝမ်းဗိုက်ဆီကို လက်ဝါးတစ်ချက်နဲ့ ရိုက်လိုက်ပါတယ်။ သူ့ရဲ့ မူလအစွမ်း အားလိုင်းကြောင့် ထိုလူကြီးရဲ့ နှလုံးသားကို တိုက်ရိုက် ထိခိုက်သွားပါတယ်။

လူဆိုးတစ်ယောက်ကို စိတ်လိုလက်ရ ကူညီတဲ့သူတွေက သေခြင်းတရားနဲ့ပဲ ထိုက်တန် ပါတယ်။

လွှီယုထန် အနေနဲ့လည်း လင်းဟန်နဲ့ပါတ်သတ်ပြီးတော့ ပိုပိုပြီး နားလည်လာခဲ့ပါတယ်။ သူမက ချက်ချင်းဆိုသလို သူမရဲ့ ဓါးနဲ့ ခုတ်ပြီးတော့ သူမဖမ်းထားတဲ့ လူကို သတ်လိုက်ပါတယ်။ သူမရဲ့ ဓါးကို ဓါးအိမ်ထဲ သိမ်းလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဟိုအဘိုးကြီးနဲ့ ပါတ်သတ်တဲ့ကိစ္စကို ငါ့တာဝန် ထားလိုက်ပါ... ငါ ကလန်က လူတွေ ကိုပဲ သူနဲ့ ရင်ဆိုင်ခိုင်းလိုက်ပါ့မယ်``

လင်းဟန်က သူမရဲ့ စကားကို တစ်ခဏမျှစဉ်းစားလိုက်ပီးတော့ ခေါင်းငြိမ့်ပြီး သဘောတူလိုက်ပါတယ်။

ဒါက အင်ပါယာမြို့ဖြစ်ပါတယ်.. ဧကရာဇ်ရဲ့တိုက်ရိုက် ``အုပ်ချုပ်မှုအောက်မှာရှိပါတယ်။ တကယ်လို့ အင်အားကြီး ကလန် ၈ ခုတောင်မှ တစ်စုံတစ်ခုကို လုပ်မယ်ဆိုယင် နစ်ခါလောက်တော့ စဉ်းစားကြရပါတယ်။ တကယ်လို့ သူက

ဒီကိုရောက်ရောက်ခြင်း ပဲ လူသတ်လိုက်မယ်ဆိုယင် ဒီသတင်းကို အသုံးပြုပြီးတော့ သူ့ကို နာကျင်စေမဲ့ လူတစ်ယောက်ယောက်က သတင်းပေးလိုက်မယ်ဆိုယင် ဒါက အင်ပါယာမိသားစုကို ဒေါသထွက်စေပါလိမ့်မယ်။

အဲဒီအချိန်ကျယင် ဖူဟဲချင်ရော ကျန်းဂေရှမ်းပါ သူ့ကို ကာကွယ်နိုင်မှာ မဟုတ်ပါဘူး။ မိုးရေနိုင်ငံဟာ ချီမိသားစုရဲ့ နိုင်ငံပဲဖြစ်ပါတယ်။

သို့ပေမဲ့လည်း သူတို့အရှေ့က ဒီ လူနှစ်ယောက်ကတော့ သာမာန်လူ လေးတွေပဲ ဖြစ်တဲ့အတွက် တကယ်လို့ သူတို့သေသွားခဲ့တာတောင်မှ ဘယ်သူကမှ ဒီကိစ္စ အပေါ်မှာ စိတ်သိပ်ဝင်စားမှာမဟုတ်ပါဘူး။ ချန်ယွမ်ရှင်း က လုပ်ငန်းပိုင်ရှင် တစ်ယောက် ဖြစ်ပါတယ် ဒါကြောင့် သူ့ရဲ့ လွှမ်းမိုးနိုင်မှုက ကြီးမားချင် ကြီးမား နိုင်သလို နည်းချင်လဲ နည်းပါလိမ့်မယ်။ လွီကလန်လို့ အင်အားကြီးကလန်ကြီး ၈ ခုထဲက တစ်ခု အတွက်ကတော့ ဒီလိုမျိုး လုပ်ငန်းပိုင်ရှင်တစ်ယောက်ကို ရင်ဆိုင်ရတာအရမ်းကို လွယ်ပါတယ်။ ဒါ့အပြင် ချန်ယွမ်ရှင်းက ကလဲ ကလန်လုံးဝမရှိတဲ့သူတစ်ယောက် ဖြစ်ပြီး တော့ သူ့ရဲ့ မကောင်းတဲ့ ပြစ်မှုတွေကို လွယ်လွယ်ကူကူနဲ့ သတင်းစုဆောင်းနိုင်ပြီးတော့ သူ့ကိုလုံးဝ

သတ်ဖြတ်သုတ်သင်ဖို့အတွက် လုံလောက်ပါတယ်။

လင်းဟန်အနေနဲ့ ဒီလိုမျိုး ကိစ္စအသေးအမွှားတွေကို အရမ်းကြီး အာရုံမစိုက်ထားပါဘူး ဒါကြောင့် လွီယုထန်ရဲ့ ကြင်နာမှုကို မငြင်းပယ်ခဲ့ပါဘူး။

သူတို့နှစ်ယောက်က ဟွာယန်အကယ်ဒမီ ဆီကို ဆက်ပြီးတော့ သွားလိုက်ကြ ပါတယ်။

အင်ပါယာမြို့က အရမ်းကို ကြီးမားပါတယ် ၎င်းက ဒုယွန်မြို့ရဲ့ ဆယ်ဆလောက် ရှိပါတယ်။ တစ်နာရီလောက်ကြာပြီးတဲ့နောက်မှာတော့ လင်းဟန်နဲ့ ကျန်တဲ့သူတွေ က နောက်ဆုံးမှာတော့ ဟွာယန်အကယ်ဒမီ ဂင်ပေါက်ကို ရောက်လိုလာခဲ့ပါတယ်။

သူတို့က ချက်ချင်းပဲ အဲဒီမှာရပ်လိုက်ကြပါတယ်။ ဒါက လွယ်လွယ်ကူကူနဲ့ ဂင်လို့ရတဲ့ နေရာတစ်ခုမဟုတ်ပါဘူး။

``ငါ လွီယုထန်ပဲ``

လွီယုထန်က ကျောက်စိမ်းတံဆိပ်ပြားတစ်ခုကို ဂင်ပေါက်မှာစောင့်နေတဲ့ အစောင့် လေးယောက် ဆီကို

ထုတ်ပေးလိုက်ပါတယ်။

``ဒါဆို ဒါက အစစ်အမှန်တပည့်မ လို့ ပေါ့``

အစောင့်တစ်ယောက်က အရှေ့ကို ထွက်လာပြီးတော့ တံဆိပ်ပြားကို အနီးကပ် စစ်ဆေးပြီးတော့ ရိုသေလေးစားစွာနဲ့ လျှင်လျှင်မြန်မြန်ပဲ ပြန်ပေးလိုက်ပါတယ်။

``ကျနော်တို့က တပည့်မလို့ ဆိုတာကို မသိလိုက်ပါဘူး။ ဒါကြောင့် ကျေးဇူးပြုပြီး တော့ ခွင့်လွှတ်ပေးပါ အစစ်အမှန်တပည့်မလို့ ခင်ဗျား``

လို့ယုထန်က သူတို့ရဲ့ တောင်းပန်မှုကို လက်နဲ့ဝှေ့ယမ်းပြလိုက်ပါတယ်။ သူမက လက်ရှိမှာ ဇာပဝါပါးပါးလေးနဲ့ လွှမ်းခြုံထားပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ သူမကို သတိပြုမိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူမက လင်းဟန်ဘက်ကို ညွှန်ပြလိုက်ပီးတော့ ပြောပါတယ်။

``ဒါ က ငါ့ရဲ့သူငယ်ချင်းပဲ ပြီးတော့ သူက အရေးကြီးတဲ့ကိစ္စအတွက် အကာယ်ဒမီထဲကို ဝင်ဖို့ လိုအပ်တယ်.. ငါ့အတွက် သူ့ကို စာရင်းသွင်းပေးလိုက်``

``နားလည်ပါပြီခင်ဗျာ``

အစောင့်လေးယောက်က ခေါင်းငြိမ့်လိုက်ကြပါတယ်။

ဟွာယန်အကယ်ဒမီမှာ အရမ်းကို စည်းကမ်းတင်းကျပ်ပါတယ်။အကယ်ဒမီရဲ့ တပည့် တွေက အကယ်ဒမီရဲ့ ထဲကို ဧည့်သည်တွေ ခေါ်လာဖို့ ခွင့်ပြုထားပါတယ် ဒါပေမဲ့ ညအထိတော့ ပေးမနေပါဘူး။ သူတို့အထဲကိုဝင်မယ်ဆိုယင် စာရင်းပေးသွင်းရပါမယ်။တကယ်လို့ သူတို့က ညဘက်ရောက်တဲ့ ထိတိုင်အောင် အကယ်ဒမီကနေ မထွက်ခွာသွားခဲ့ဖူးဆိုယင် သူတို့ကို ခေါ်လာခဲ့တဲ့ တပည့်တွေ အနေနဲ့ အပြစ်ဒဏ်ခံရပါလိမ့်မယ်။

စာရင်းသွင်းပီးတဲ့အခါမှာတော့ လွီယုထန်က လင်းဟန်ကို ခြံဂန်းထဲသို့ ခေါ်ဆောင် သွားပါတယ်။အဲဒီနေရာက ဆရာတွေက တပည့်အသစ်တွေကို စုဝေးထားပြီးတော့ ကြိုဆိုတဲ့နေရာပဲဖြစ်ပါတယ်။ နှစ်သစ်ကိုရောက်သွားပြီဖြစ်တဲ့အတွက်ကြောင့် ဒီနေရာမှာ ကျောင်းသားအသစ် အစုအဝေးကြီးက သတင်းပို့ဖို့အတွက်ကြောင့် ရောက်လာခဲ့ကြတာပဲဖြစ်ပါတယ်။

လွှီယုထန်က လင်းဟန်ကို ဒီနေရာဆီကို ဦးဆောင်ပြီးတော့ ခေါ်လာပြီး လင်းဇီရှမ်နဲ့ အတူ ထားခဲ့ပါတယ်။ ဒီမိန်းကလေးမှာ လင်းဒေါင်ရှန်နဲ့ အကယ်ဒမီတို့ရဲ့ သဘောတူညီ မှုကြောင့် ဂင်ခွင့်နေရာတစ်ခု ရှိတဲ့အတွက်ကြောင့် ဒီကိုရောက်လာတာဖြစ်ပီးတော့ ဒါကြောင့်လဲ သူမအနေနဲ့ တစ်ခြားသာမာန် စာရင်းသွင်းရတာမျိုးတွေ လုပ်ဖို့ မလိုအပ်ပါဘူး

လမ်းတစ်လျှောက်လုံးမှာ လင်းဟန်အနေနဲ့ လွှီယုထန်ဆီကနေပြီးတော့ ဟွာယန် အကယ်ဒမီနဲ့ ပါတ်သတ်တဲ့အကြောင်းအရာ အများကြီးကို ကြားသိထားပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ တပည့်တွေကို အမျိုးအစားသုံးမျိုး ခွဲခြားထားပါတယ်။ အပြင်စည်းတပည့်. အစစ်အမှန်တပည့်နဲ့ အတွင်းစည်း တပည့် တို့ပဲဖြစ်ပါတယ်။

အပြင်စည်းတပည့်ဆိုတာကတော့ ရှင်းရှင်းလေးပါပဲ.. သင်က အကယ်ဒမီကို ဂင်ရောက် နိုင်ခဲ့ပြီဆိုယင် မင်းကို အပြင်စည်းတပည့်တစ်ယောက်အဖြစ် သတ်မှတ်လို့ ရပါပြီ။

အစစ်အမှန်တပည့်တွေကတော့ အရေအတွက်အနေနဲ့ အရမ်းကို နည်းပါတယ်။ စုစုပေါင်းမှာ ၃၀ လောက်ပဲရှိပါတယ်.။ စွမ်းအင်အဆင့် အရင်းအမြစ်တွေကို သူတို့အနေနဲ့ သာမန်တပည့်တွေထက် ဆယ်ဆ လောက် ပိုမိုရရှိကြပြီးတော့ အပြင်စည်း တပည့်တွေရဲ့ မနာလိုမှုကို ခံကြရတဲ့သူတွေပဲဖြစ်ပါတယ်။

ဒီနေရာမှာ အစစ်အမှန်တပည့် ဖြစ်ချင်တယ်ဆိုယင် အခြေအနေ နှစ်မျိုး နှစ်စား ရှိပါတယ်။ ပထမ သင့်အနေနဲ့ အနည်းဆုံးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ရှိရပါမယ် ပြီးတော့ ဒုတိယအနေနဲ့ သင့်အနေနဲ့ အကယ်ဒမီရဲ့ အသန်မာဆုံး ထိပ်ဆုံးအယောက် သုံးဆယ် စာရင်းထဲကို ဝင်နိုင်ဖို့ လိုပါတယ်။ ဒါကြောင့်မိုလို့ ယှဉ်ပြိုင်မှုတွေက အရမ်းကို ပြင်းထန်ပြီး ရက်စက်ကြပါတယ်။

သို့သော်လည်းပဲ.. လင်းဟာန်က ဒီနှစ် ဒုယွန်ပြိုင်ပွဲရဲ့ ပထမနေရာကို အနိုင်ရရှိလာခဲ့တဲ့ အတွက်ကြောင့် သူ့ရဲ့ ဝင်ခွင့်အနေအထားက အစစ်အမှန်တပည့်တစ်ယောက် အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒါက တစ်နှစ်ပဲ သက်တမ်းရှိမှာဖြစ်ပါတယ်။ ဒီနေရာမှာ မြို့ကြီး သုံးဆယ့်ခြောက်ခုက လင်းဟာန်လိုမျိုး ပြိုင်ပွဲ ပထမရတဲ့သူတွေ ရှိပါတယ်။ ဒါကြောင့် မို့

နှစ်တစ်နှစ်ကုန်သွားတဲ့အခါမှာ ခုလက်ရှိအဆင့်တွေက က အဆင့်မဂင်တော့ပါဘူး.. အားလုံးပြီးတော့ အဆင့် နှစ်ဆယ့်တစ်ကနေ သုံးဆယ်အထိ အစစ်အမှန်တပည့်တွေက အပြင်စည်းတပည့်တွေထဲက ထိပ်ဆုံး အသန်မာဆုံးဆယ်ယောက် နဲ့ ယှဉ်ပြိုင်ရပါလိမ့်မယ်။ တကယ်လို့ သူတို့ရှုံးယင် အပြင်စည်းတပည့်အဖြစ် အဆင့်ကျသွားမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်လဲပဲ ချီယောင်ရီနဲ့ ဂျင်ပူကျိတို့က ဒုယွန်ပြိုင်ပွဲရဲ့ ပထမနေရာအတွက်ကို ပြန်လာပြီးတော့ ထပ်ပြိုင်ကြတာပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က သန်မာနေသည့် တိုင်အောင်ပဲ အစစ်အမှန်တပည့်တွေ မဖြစ်ကြသေးတဲ့အတွက် ကြောင့်ပဲဖြစ်ပါတယ်။ ပထမနေရာ ရတဲ့သူသာ အစစ်အမှန်တပည့် ဖြစ်လာမှာပါ။

အပိုင်း (၉၁) အကယ်ဒမီ သို့ ဂင်ရောက်ခြင်း

ဘယ်လိုပဲဖြစ်ဖြစ် လွီယုထန် ကတော့ အစစ်အမှန် တပည့်ပဲဖြစ်ပါတယ်။

သူမက ချီယောင်ရီ လောက်တောင်မှ မသန်မာပဲနဲ့ ဒါဆိုယင် ဘာဖြစ်လို့လဲ?

ဘာလို့လဲဆိုတော့ သူမက လွီကလန်ရဲ့ မင်းသမီးဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်

တစ်ယောက်စာအတွက် ကတော့ အကယ်ဒမီ အနေနဲ့ လှိုကလန်ကို မျက်နှာသာ လုံးဂ ပေးနိုင်ပါတယ်။ တစ်ခြားတစ်ခုကတော့ နှစ်ကုန်ဆုံး ချိန်ရောက် တဲ့ ပြိုင်ပွဲ ကျယင် သူမအနေနဲ့ ကလန်ကနေပြီးတော့ တန်ဖိုးကြီးမားတဲ့ ရတနာ တစ်ခု ရရှိ ပြီးတော့ ၎င်းက သူမရဲ့ တိုက်ပွဲစွမ်းအားကို အချိန်တစ်ခဏတာမျှ ထိထိရောက်ရောက် တိုးလာစေပြီးတော့ အဲဒါကြောင့်ပဲ အစစ်အမှန်တပည့်တစ်ယောက် အဖြစ် သူမရဲ့ နေရာကို ဆက်ပြီးတော့ လွယ်လွယ်ကူကူနဲ့ ထိန်းထားနိုင်ပါတယ်။

ဒါပေါ့ ကလန်ကြီး ရှစ်ခု အနေနဲ့ ဒီလိုမျိုး အခွင့်အရေးတစ်ကြိမ်မဟုတ် တစ်ကြိမ်စီ တော့ ရနိုင်ပြီးတော့ ဒါက သူတို့ရဲ့ ကလန်အဖွဲ့သား တစ်ယောက်ကို အကယ်ဒမီကို ဂင်ဖို့အတွက် အာမခံချက် ရှိပါတယ်။ ကလန်အဖွဲ့သားတွေ အားလုံးက ဒီ ကလန်ဂင်ခွင့် နေရာ ကို ရယူနိုင်ဖို့အတွက်ကတော့ သူတို့အပေါ်မှာ မူတည်ပြီးတော့ တိုက်ခိုက်ယှဉ်ပြိုင် ကြရပါတယ်။

အစစ်အမှန်တပည့်ရဲ့ အပေါ်မှာတော့ အတွင်းစည်း တပည့် သုံးယောက်ရှိပါတယ်။

အတွင်းစည်း တပည့်တွေကို အကယ်ဒမီက အလုံးစုံ

ကိုယ်စွမ်းဉာဏ်စွမ်း တတ်နိုင်တာ မှန်သမျှ ဖြည့်ဆည်းပေးပြီးတော့ တိုးတက်အောင်လို့ ကူညီကြပါတယ်။ ဘာလို့လဲ ဆိုတော့ သူတို့တွေက မိုးရေနိုင်ငံရဲ့ လူငယ်မျိုးဆက်ထဲမှာ အသန်မာဆုံး သော လူတွေပဲ ဖြစ်ပါတယ်။ သူတို့တွေက မိုးရေနိုင်ငံတစ်ခုလုံးရဲ့ အနာဂါတ် သိုင်းပညာအဆင့်အတန်း ကို ကိုယ်စားပြုကြတဲ့သူတွေ ဖြစ်ပြီးတော့ နိုင်ငံရဲ့ စွမ်းအား လို့လဲ ခေါ်ဆိုထိုက်တဲ့ သူတွေပဲဖြစ်ပါတယ်။

အတွင်းစည်း တပည့် ဖြစ်လာဖို့ အတွက်တော့ နွေဦးစမ်းရေအဆင့် စွမ်းအား က လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်ကတည်းက အသန်မာဆုံး အတွင်းစည်း တပည့်တွေထဲက တစ်ယောက်ကတော့ အမြဲတမ်းလိုလို စိတ်ဂိုဉာဉ် ပင်လယ် အဆင့်ကို ရောက်ကြတာပဲ ဖြစ်ပါတယ်။

သို့ပေမဲ့လည်း အသက်သုံးဆယ်ကို ရောက်တဲ့အခါမှာတော့ လူတိုင်းလူတိုင်းက အကယ်ဒမီကနေ ထွက်ခွာသွားကြရပါတယ်။ ဘာလို့လဲဆိုတော့ အသက်သုံးဆယ် အရွယ်ဆိုတာက တည်ငြိမ်ရင့်ကျက်ပြီလို့ ယူဆထားကြတဲ့အတွက် ဘယ်သူမဆို အဲဒီ အသက်အရွယ်ကိုကျော်လွန်ပြီဆိုတာနဲ့ လုံး၀

အရွယ်ရောက်ပီလို့ သတ်မှတ်ထားကြ လို့ပဲဖြစ်ပါတယ်။

လက်ရှိ အတွင်းစည်းတပည့် တစ်ယောက်ကတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုက တတိယမင်းသား ချီဖန်းယွင် ပဲဖြစ်ပါတယ်။ သူက အလွန်အမင်း ပါရမီ ပါယုံသာမက မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစု ဝင် တစ်ယောက်ဖြစ်တာကြောင့် ဟွာယန် အကယ်ဒမီ က သူတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်း တတ်နိုင်သမျှအားလုံးကို တိုးတက်ဖို့အတွက်ပံ့အော ထောက်ပံ့ထားတဲ့အတွက်ကြောင့်လည်း သူက အလွန်အမင်း စွမ်းအားပြည့်ဝသူ တစ်ယောက်ဖြစ်ပါတယ်။

သူက လက်ရှိမှာ အသက် ၂၇ နှစ် ဖြစ်ပြီးတော့ နွေဦးစမ်းရေအလွှာ ၇ အဆင့်ကို ရောက်ရှိနေပြီးပါပြီ.။ သူက ဟွာယန်အကယ်ဒမီရဲ့ အသန်မာဆုံး ဖြစ်ပြီးတော့ သူ့ရဲ့ နာမည်ပြောင်က မိုးရေနိုင်ငံရဲ့ ကောင်းကင်၏အသန်မာဆုံးသား လို့ ခေါ်ကြပါတယ်။

ဒုတိယတစ်ယောက်ကတော့ ကျောင်းဟွမ် ဖြစ်ပြီးတော့ အင်အားကြီးကလန် ရှစ်ခု ထဲက တစ်ခုဖြစ်တဲ့ ကျောင်းကလန်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပဲ ဖြစ်ပါတယ်။ ကောလဟာလ တွေအရတော့ သူ့ကိုမွေးဖွားတဲ့

အချိန်တုန်းက ထူးထူးဆန်းဆန်းတွေ ဖြစ်ကုန်တယ်လို့ မျက်မြင်သက်သေတွေက ဆိုကြပါတယ်။ အင်ပါယာမြို့ တစ်ဂက် လောက်ကို ရွှေရောင်အလင်းကြီး လက်သွားပြီးတော့ သူ့အနေနဲ့ အင်ပါယာမိသားစု ရဲ့ လျှို့ဝှက်စွာ နှုတ်ပိတ်သတ်ခံရလုနီးနီး ဖြစ်သွားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ အလားအလာက ချီကလန်ရဲ့ အင်ပါယာသရဖူ ကို ခြိမ်းခြောက် လာနိုင်တယ်လို့ ယူဆ ထားကြလို့ပဲဖြစ်ပါတယ်။

ကျေးဇူးတင်ရမှာက... ကေရာဇ်က ပညာရှိတဲ့ လူတစ်ယောက်ဖြစ်နေတဲ့ အတွက်ကြောင့် ပဲ သူဟာ ကျောင်းဟွမ် ထိခိုက်နာကျင်အောင် တစ်ခုမှ မလုပ်ပဲနဲ့ ကျောင်းဟွမ်ကိုတောင်မှ ရွှေရောင်ကောင်းကင်ရဲ့ မှူးမတ်ဘွဲ့ ကို ချီးမြှင့်ခဲ့ပြီးတော့ မွေးကတည်းက တော်ဝင်အဆင့်အတန်းကို ပေးအပ်ခဲ့ပြီး ဒါက မိုးရေနိုင်ငံရဲ့ သမိုင်းမှာ တော့ ပထမဆုံးအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။ ပြီးတော့ ကျောင်းဟွမ် က သူ့ရဲ့ စိတ်ဝိဉာဉ်အခြေခံ နိုးထလာတဲ့ အခါမှာ သိုင်းပညာနယ်ပယ်မှာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ပါရမီကို ပြသခဲ့ပါတယ်။ လက်ရှိ ကျောင်းဟွမ်က အသက် ၂၃ နှစ်ခန့်ဖြစ်ပြီး တော့ ငွေဦးစမ်းရေအလွှာ ၅ အဆင့်ကိုရောက်နေပြီး ချီဖန်းယွင် နဲ့ သိပ်ပြီးတော့ အဆင့်

မကျွာပါဘူး။

တတိယတစ်ယောက်ကတော့ ကန်းရီ လို့ ခေါ်ပါတယ်။ သူမှာ မျိုးရိုးနာမည်မရှိပါဘူး ကောလဟာလတွေအရတော့ သူက မိဘမဲ့တစ်ယောက်ပါ။ သူ့ကို ဟွာယန်အကယ်ဒမီ ရဲ့ ကျောင်းအုပ်ကြီးက ငယ်ငယ်လေးကတည်းက လမ်းပေါ်ကနေ ကောက်ယူမွေးစား ထားပြီးတော့ သူ့ရဲ့ ညာဘက်လက်က ပြတ်နေပါတယ်။

သိုင်းပညာနယ်ပယ်မှာတော့ ညာဘက်လက်တစ်ဖက်ပြတ်နေတာက သေခြင်းတရားနဲ့ နီးကပ်ပြီးတော့ အဲဒီလိုလူမျိုးမှာ အနာဂါတ်ဆိုတာလုံးဝ မရှိသလောက်ပါပဲ။ ဒါပေမဲ့ ကန်းရီကတော့ အတွင်းစည်းတပည့် ဖြစ်နေတာကိုကြည့်ခြင်းဖြင့် သူ့ရဲ့ ပင်ကိုယ်ပါရမီက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းမလဲဆိုတာ သိနိုင်ပါတယ်။

ကန်းရီက အသက်၂၂ အရွယ်ရှိပြီးတော့ နွေဦးစမ်းရေအလွှာ ၃ အဆင့်မှာရှိပါတယ်။ ကောလဟာလတွေ အရတော့ သူ့ရဲ့ တိုက်ပွဲအစွမ်းက ကြယ် ခုနစ်လုံး အဆင့်ထိ ရှိနိုင်ပြီးတော့ ကျောင်းဟွမ်တောင်မှ သူနဲ့ ရင်ဆိုင်ဖို့အတွက် ဒွိဟ ဖြစ်ရပါတယ်။

``စိတ်ဂင်စားစရာပဲ``

လင်းဟန်အနေနဲ့ ကျောင်းသားအသစ်တွေကို လက်ခံမဲ့ ဆရာ အလာကို စောင့်နေရင်းနဲ့ ဒီအကြောင်းအရာတွေကို စဉ်းစားနေပါတယ်။ သူ့အနေနဲ့ ချီဖန်းယွင်နဲ့ ကျောင်းဟွမ် တို့ အကြောင်းကို လေးလေးနက်နက် မစဉ်းစားပေမဲ့လည်း ဒီ ကန်းရီ အပေါ်မှာတော့ သူ့ရဲ့ စိတ်ဂင်စားမှုတစ်ချို့ကို ပေါက်ဖွားလာစေပါတယ်။

ဒီ ကန်းရီ ကလည်းပဲ ကောင်းကင်အဆင့် စိတ်ဂိဉာဉ်အခြေခံကို ပိုင်ဆိုင်ထားတာ ဖြစ်နိုင်မလား?

အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ ဒီလောက်စွမ်းအားကြီးမားပြီးတော့ ထိပ်ဆုံးအဆင့်မှာ ဘယ်လိုလုပ်ပီးတော့ ရပ်တည်နိုင်မှာလဲ?

``ဟော့ မင်းက ကျောင်းသားအသစ်လား?``

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက နောက်ဆုံးမှာတော့ လမ်းလျှောက်လို့ ရောက်လာပါတယ်။ သူက လင်းဟန်ကို ကြောင်ကြည့်နေပါတယ် ဘာလို့လဲဆိုတော့ မိန်းကလေးငယ်

တစ်ယောက်ကို ခေါ်လာပြီးတော့ သတင်းပို့တဲ့ လူမျိုးကို သူ့အနေနဲ့ တစ်ခါမှ မမြင်ဖူးလို့ပဲ ဖြစ်ပါတယ်။

``ဟုတ်ပါတယ်``

လင်းဟန်က ဒုယွန်မြို့ကနေ သူရရှိခဲ့တဲ့ သက်သေခံပစ္စည်းကို ပြသလိုက်ပြီးတော့ ဆရာ ဖြစ်တဲ့သူဆီကို လွှဲပြောင်းပေးလိုက်ပါတယ်။ ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက နွေဦးစမ်းရေအလွှာ ၅ အဆင့်ရှိ လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့အတွက် သူ့ကို ဘယ်သူကမှ အထင်မသေးရဲပါဘူး။

ဆရာဖြစ်တဲ့သူက လင်းဟန်ဆီကနေ သက်သေခံပစ္စည်းကို လက်ခံယူလိုက်ပြီးတော့ တစ်ချက်ကြည့်ပြီး အံ့အားသင့်တဲ့ အမူအရာတွေ ပေါ်လာပါတယ်။ သူက ပြောလိုက်ပါတယ်။

``မင်းက လင်းဟန် လား?``

လင်းဟန်က သူ့ခေါင်းကို လက်နဲ့ ထိုးဖွပြီးတော့ မေးလိုက်ပါတယ်။

``ကျနော်က အဲလောက်တောင် လူသိများလို့လား?``

``ဟားဟားဟား မင်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်ရဲ့ စွမ်းအားနဲ့ ချီယောင်ရီလို ဒြပ်စင်စုစည်းခြင်းအလွှာ ၉ မှာရှိတဲ့ ပြိုင်ဘက်ကို အနိုင်ယူခဲ့တယ်။ ပြီးတော့ သူ့ရဲ့ တိုက်ပွဲအစွမ်းကလဲ လုံးဝ အားမနည်းဘူးလေ။ ဒီလိုမျိုး ပါရမီ... ကျောင်းအုပ်ကြီးက မင်းဒီကို သတင်းလာပို့တဲ့အခါကျယင် ချက်ချင်း ခေါ်လာပြီးတော့ သူကို လာတွေ့ဖို့ မှာထားတယ်``

ဆရာကပြောလိုက်ပါတယ်။ ချက်ချင်းပဲ သူက စူးစိုက်ကြည့်ပြီးတော့ အရမ်းကို ထူးဆန်းအံ့သြသွားပါတယ်။

``မင်း.. မင်း ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ကို အဆင့်တက်သွားခဲ့ပြီပေါ့``

သူက ပထမ အရမ်းကို အံ့အားသင့်ပြီးတော့ နောက်မှာ တွေးလိုက်မိတာက လင်းဟန် အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေတာက တော်တော်ကြာပြီးတော့မှ အခုလို ရက်ပေါင်းများစွာကြာပြီးတဲ့နောက်မှာတော့ ဒီကောင်လေးက ဒြပ်စင်စုစည်းခြင်းအလွှာ ၅အဆင့်ကို ချောချောမွေ့မွေ့ နဲ့ တက်သွား တာပဲဖြစ်မယ်လို့ တွေးလိုက်ပါတယ်။

သူ့အနေနဲ့ ဒီလိုမျိုးတွေးလိုက်မိတဲ့အခါမှာတော့ သူ့ရဲ့ အံ့အားသင့်တဲ့ အဆင့်က တော်တော်ကြီး လျော့ကျသွားပါတယ်။

တကယ်လို့ သူ့အနေနဲ့ လင်းဟန်က လွန်ခဲ့တဲ့ လအနည်းငယ်တုန်းက ကိုယ်ခန္ဓာပြုပြင် ခြင်းအလွှာ ဒုတိယအဆင့် ပဲရှိသေးတယ်ဆိုတာကို သိခဲ့မယ်ဆိုယင် သူ့ရဲ့ မေးရိုးတွေ ပြုတ်ထွက်လုမတတ် အံ့သြသွားနိုင်ပါတယ်။

သူ့ရဲ့ တအံ့တသြ အသံကြောင့် ဟူးညိုက ချက်ချင်း နိုးသွားခဲ့ပါတယ်။ သူမက အရမ်းကို မကျေမနပ်ဖြစ်နေပြီးတော့ သူမရဲ့ သွားတွေကို လှစ်ဟပြပြီးတော့ ဆရာကို မာန်ဖီပြီးတော့ သူမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝကို ဖော်ပြလိုက်ပါတယ်။

``လာခဲ့.. ငါမင်းကို ကျောင်းအုပ်ကြီးနဲ့ တွေ့ဖို့ ခေါ်သွားပေးမယ်``

ဆရာဖြစ်တဲ့သူက လက်ကို ဝှေ့ပြီးတော့ လင်းဟန်ကို လက်ယပ်ခေါ်လိုက်ပါတယ်။ လင်းဟန် အနေနဲ့ အခု အရမ်းကို အားနည်းနေသေးပေမဲ့လည်း အချိန်အနည်းငယ်

အတွင်းမှာ သူ့အနေနဲ့ အကယ်ဒမီရဲ့ အသန်မာဆုံး အတွင်းစည်းတပည့် ဖြစ်လာနိုင် ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပီးတော့ ဆရာရဲ့ နောက်ကနေ အကယ်ဒမီရဲ့ လမ်းကြောင်းအတိုင်း လိုက်သွားခဲ့ပါတယ်။

အလွန်လျှင်မြန်စွာနဲ့ပဲ သူတို့တွေ အဆောက်အဦးအစုအဝေးကြီးနားကို ရောက်သွားခဲ့ပါတယ်။ ဒါက အဆင့်မြင့် အရာရှိတွေ နေထိုင်ရာနေရာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျောင်းအုပ်ကြီးကတော့ သူ့ရဲ့ကိုယ်ပိုင်ခြံဝန်းထဲမှာ မနေပဲပါဘူး။ ဒါကြောင့် ဝင်ခွင့်စစ်ဆေးတဲ့ ဆရာက သူ့ကို ဒီနေရာမှာ တစ်ခဏမျှ စောင့်ဆိုင်းဖို့ မှာထားခဲ့ပြီး သူကိုယ်တိုင်ကတော့ ကျောင်းအုပ်ဆရာကြီး ဘယ်ကိုသွားတယ်ဆိုတာကို သိနိုင်တဲ့ လူ တစ်ယောက်ယောက်ကို ရှာဖို့ သွားခဲ့ပါတယ်။

လင်းဟန်က တစ်ခဏမျှ စောင့်ပြီးတဲ့အခါမှာတော့ ပျင်းလာတဲ့အတွက်ကြောင့် ပါတ်ဝန်းကျင်း အနီးအနားတစ်ပိုက်ကို လေ့လာဖို့ လမ်းလျှောက်ထွက်လိုက်ပါတယ်။

``ဟင်?``

သူက ချက်ချင်းပဲ အရမ်းကို ရင်းနှီးတဲ့ အနံ့ တစ်ခုကို ရပြီးတော့သူ့ရဲ့ ခြေထောက်တွေ ကိုမထိန်းနိုင်ပဲ အဲဒီ အနံ့ရတဲ့ နေရာဆီကို ဦးတည်ပြီးတော့ လျှောက်သွားခဲ့ပါတယ်။

ဒါင်းက အရမ်းကို ကြီးမားကျယ်ဝန်းတဲ့ ခြံဝင်းကြီးပဲဖြစ်ပါတယ်။ ခြံဝန်းတံခါးကြီးက မပိတ်ထားပဲမဲ့ အနည်းငယ် ဟ နေပါတယ်။

လင်းဟန်က တံခါးကို တွန်းပြီးတော့ အထဲကို ဝင်လိုက်ပါတယ်။ မကြာခင်မှာပဲ မိန်းကလေး တစ်ယောက်က ခြံဝန်းထဲမှာ ကြက်ခြေခတ်ပုံသဏ္ဍာန် ထိုင်နေတာကို မြင်လိုက်ရပါတယ်။ သူမရဲ့ လက်ထဲမှာ အရမ်းကိုသေးငယ်တဲ့ မှော်ဆေးကျိုအိုး တစ်ခုကို ကိုင်ထားပြီးတော့ သူမရဲ့ ညာဘက်လက်ကနေပြီးတော့ မီးတောက်တွေက ထွက်ပေါ်လို့နေပါတယ်။

သူမက မုန့်တိုင်းဆေးလုံး ကို ဖော်စပ်နေတာပဲ။

မုန့်တိုင်းဆေးလုံးက သိုင်းပညာရှင်တစ်ယောက်ကို သူ့ရဲ့ အလျင်ကို ယာယီအားဖြင့် လေမုန့်တိုင်းတိုက်ခတ်

လိုက်သလိုမျိုး တိုးမြှင့်ပေးနိုင်ပါတယ်။ ဒါက အရမ်းကို အသုံးဝင်တဲ့ မှော်ဆေးလုံးတစ်မျိုးပါပဲ။

သို့ပေမဲ့လည်း ဒီအနံ့ မှာ တစ်ခုခုတော့ မှားယွင်းနေပါတယ်။

လင်းဟန်က သူ့ရဲ့ နှာခေါင်းကို တရှုံ့ရှုံ့ လုပ်ရင်းနဲ့ အနံ့ခံနေပါတယ်။ သူချက်ချင်းပဲ နားလည်သွားခဲ့ပါတယ်။ ဖြည့်စွက်ထားတဲ့ ဆေးဝါးတွေထဲက တစ်ခုက မှားနေပါတယ်။ ပြီးတော့ ဒါက မှန်တိုင်းဆေးလုံးကို အောင်မြင်စွာနဲ့ ဖော်စပ်နိုင်နေမှာ ဖြစ်ပေမဲ့လည်း ဆေးလုံးဖြစ်ပေါ်တဲ့ အောင်မြင်မှု နှုန်းအပေါ်မှာ အကျိုးသက်ရောက်ပါလိမ့်မယ်။ ပြီးတော့ မှော်ဆေးကျိုအိုး ပေါက်ကွဲနိုင်ခြေ အခွင့်အရေးကလဲ ပိုပြီးတိုးလာပါလိမ့်မယ်။

သူကပြောလိုက်ပါတယ်။

``ငါမင်းကို အခုချက်ချင်း ရပ်လိုက်ဖို့ အကြံပေးပါရစေ.. အဲဒီလိုမှ မဟုတ်ဘူးဆိုယင် အသက်သုံးကြိမ် ရှူစာ အချိန်အတွင်းမှာပဲ မင်းရဲ့ မှော်ဆေးကျိုအိုးက လုံးဝ ပေါက်ကွဲ ထွက်သွားလိမ့်မယ်``

မိန်းကလေးက သူ့ကို လုံးဝ လျစ်လျူရှုထားပါတယ်။ အခုက

မုန်တိုင်းဆေးလုံး ဖော်စပ်တဲ့ အရေးအကြီးဆုံး အခြေအနေကို ရောက်နေတဲ့အတွက် သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ အာရုံထွေပြားလို့ ရနိုင်မှာလဲ? ဒုတိယအသက်ရှူစာ အချိန်မှာပဲ…

ဆေးကျိုအိုးရဲ့ အဖုံးက လွင့်စင်သွားပြီးတော့ ဆေးကျိုအိုးထဲက ပြုတ်စဖျင်းတောင်းနဲ့ အရာတစ်ချို့က အပြင်ဘက်ကို လွှင့်ထွက်လာပါတယ်။ သူမအနေနဲ့ လျှင်မြန်စွာနဲ့ ရှောင်တိမ်းလိုက်ပေမဲ့လည်း သူမရဲ့ မျက်နှာပေါ်မှာ အနည်းငယ်ပေကျံ သွားပါတယ်။

ဆေးကျိုအိုးကတော့ ပေါက်ကွဲသွားခဲ့ပါတယ်။

မိန်းကလေးက နောက်ဆုံးမှာတော့ သူမရဲ့ ခေါင်းကိုမော့ပြီးတော့ လင်းဟာန်ဆီကို အံ့အား သင့်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်ပါတယ်။ ဒီကောင်က ဆေးကျိုအိုး ပေါက်ကွဲလိမ့်မယ်ဆိုတာကို ဘယ်လိုလုပ်ပီးတော့ သိနေတာလဲ? နင်က နားလည်နိုင်တယ်ပေါ့။ သူမရဲ့ ထိန်းချုပ်နိုင်မှု အစွမ်းနဲ့ဆိုယင် တစ်ခြား အပြင်ဘက်က အကြောင်းအရာတွေကြောင့် သူမရဲ့ အာရုံထွေပြားဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

``ဒီ နီမြန်းတဲ့ ဂံပုလွေရဲ့ အရိုးက ဆေးကျိုအိုး ပေါက်ကွဲမှုကို ဖြစ်စေနိုင်တဲ့ တစ်ခုတည်းသော ပါဂင်ပစ္စည်းပဲ။ အထူးသဖြင့်တော့ တကယ်လို့ ၎င်းကို မုန်တိုင်းဆေးလုံး ဖော်စပ်တဲ့နေရာမှာ အသုံးပြုလိုက်မယ်ဆိုယင် ဆေးလုံးရဲ့ အရည်အသွေးကို အကျိုးသက်ရောက်သွားလိမ့်မယ်... ဘယ်လိုငတုံးအေ က ဒီလို မျိုး သုံးလို့ရတယ်လို့ သတ်မှတ်ထားသလဲဆိုတာ ငါတကယ်ပဲ မသိဘူး``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါယမ်းပြီးတော့ ပြောလိုက်ပါတယ်။

``နင် ငါ့ရဲ့ ဆရာကိုတောင် စော်ကားတယ် ဘယ်လောက်တောင် အတင့်ရဲ လိုက်သလဲ``

မိန်းကလေး က ချက်ချင်းပဲ ဒေါသထွက်သွားပါတယ်။ လျှပ်တစ်ပြက်ဆိုသလိုပဲ သူမက လင်းဟန်ဆီကို လျှောက်သွားလိုက်ပါတယ်။ သူမရဲ့ ညာဘက်လက်က လက်ဂါးတိုက်ခိုက်မှု အဖြစ် ပုံဖော်လိုက်ပီး သူမရဲ့ လက်ဘေးပါတ်လည်မှာ မီးတောက်တွေက ကွေ့ကောက်တဲ့ပုံစံမျိုးဖြစ်ပီးတော့ သူ့ရဲ့ အပူချိန်က သူမရဲ့ လက်နားက လေထုကို တောင် လှိုင်းထစေပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်။

လင်းဟန်က တစ်ချက်မျှကြည့်လိုက်ယုံဖြင့် သူမရဲ့ ကျင့်စဉ်အဆင့်ကို သိလိုက်ပါတယ်။ ပြီးတော့ သူမရဲ့ လက်ဂါးတိုက်ခိုက်မှုကိုကြည့်ခြင်းဖြင့် သူမအနေနဲ့ တိုက်ပွဲအစွမ်းက ကြယ် ခုနစ်လုံး ကိုတောင်မှ မရောက်သေးပါဘူး။ အမှန်တကယ်တော့ ဒါက သာမာန်ပါပဲ။ မှော်ဆေးပညာရှင်တွေက သူတို့ရဲ့ စွမ်းအင်တွေ အားလုံးကို ဆေးဖော်စပ်ခြင်းနဲ့ မှော်ဆေးပညာရပ်တွေပေါ်မှာ အာရုံစူးစိုက်ထားပြီးတော့ သူတို့ရဲ့ သိုင်းပညာရပ်တွေကို သန့်စင်ဖို့အတွက် အချိန်ကို အသုံးချဖို့အတွက် ဘယ်မှာ ရှိနိုင်မှာလဲ?

ဒီမိန်းကလေးရဲ့ ကျင့်စဉ်အဆင့်က ဒြပ်စင် စုစည်းခြင်းအလွှာ ၇ အဆင့်ကို ရောက်နေ တာကလည်း မှော်ဆေးလုံးရဲ့ အကူအညီနဲ့ ဖြစ်တဲ့အတွက်ကြောင့် သူမရဲ့ အမှန်တကယ် တိုက်ပွဲအစွမ်းက အားနည်းနေရတာကလဲ ယုတ္တိတန်တဲ့ အချက်တစ်ခုပဲ ဖြစ်ပါတယ်။

သူမ မတ်တပ်ရပ်လိုက်တဲ့အခါမှာ လင်းဟန်အနေနဲ့ သတိပြုမိသွားပြီးတော့ အံ့အားသင့်သွားတာက ဒီမိန်းကလေးက အရမ်းကို အရပ်မြင့်ပြီးတော့ ပိန်ပိန်ပါးပါး

ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားပြီးတော့ သူနဲ့ အမြင့်တူပါတယ်။ ဒါ့အပြင် သူမက နတ်သမီး တပါးလိုမျိုး ဆွဲဆောင်နိုင်ပြီးတော့ အရမ်းကို ချောမောလှပပြီးတော့ လွှီယုထန်နဲ့ယှဉ် လိုက်မယ်ဆိုယင်တောင်မှ အနည်းငယ်မျှ နိမ့်ကျစရာအကြောင်းမရှိပါဘူး။

``ဟီးဟီး ငါပြောတာမှားနေလို့လား?``

လင်းဟန်က ရှောင်တိမ်းရင်းနဲ့ ပြောလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဟူးညိုက အနီးမှာ ဂပ်နေပါတယ်။ သူမရဲ့ မျက်နှာက စိတ်လှုပ်ရှားမှုတွေနဲ့ပြည့်နှက်နေပြီးတော့ ခုန်အပ်ပြီးတော့ အနည်းငယ်မှ ကိုက်ဖြတ်ချင်တဲ့စိတ်ကို မထိန်းနိုင်ပါဘူး။

အပိုင်း (၉၂) မုန်တိုင်းဆေးလုံးအစစ်

မိန်းကလေးက မထီမဲ့မြင်နဲ့ ဆက်လက်တိုက်ခိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``မုန်တိုင်းဆေးလုံး ရဲ့ ဖော်စပ်နည်းက ပျက်စီးပြီးတော့ မပြည့်စုံတဲ့ ဖော်စပ်နည်း တစ်ခုပဲ.... ငါရဲ့ ဆရာသခင် က နှစ်ပေါင်းများစွာ အချိန်ကုန်ခံ စဉ်းစားပြီးတော့မှ

နောက်ဆုံးမှာ ပြီးပြည့်စုံတဲ့ ဖော်စပ်နည်းကို ဖော်ထုတ်နိုင်ခဲ့တယ်။ ဒီလိုကံကြမ္မာမျိုးက မှော်ဆေးပညာနယ်ပယ်အတွက် မယုံကြည်နိုင်လောက်အောင် ဖြန့်ဝေပေးနိုင်ခဲ့တယ် .. ဒါကို နင်က ငါ့ရဲ့ ဆရာသခင်ကို စော်ကားမော်ကား ပြောဆိုရဲတယ်.. ဒါကြောင့် ငါ့အနေနဲ့ နင့်ကို ရိုက်သင့်တယ်လို့ မထင်ဘူးလား?``

ဟင်... ဒီ မုန်တိုင်းဆေးလုံးလည်းပဲ အချိန်တော်တော်ကြာ ကတည်းက ပျောက်ဆုံးနေတာပဲလား?

လင်းဟန် မျက်မှောင်ကြုံ့လိုက်ပါတယ်။ ဒီနေရာမှာ ဘာတွေဖြစ်ကုန်ပီလဲ? ဘာလို့ သူရဲ့ အချိန်တုန်းက မှော်ဆေးဖော်စပ်ပုံ အမြောက်အမြားက ပျောက်ဆုံးကုန်ရတာလဲ? ပြောင်းပြန်ဆေးလုံး... မုန်တိုင်းဆေးလုံး... ခရမ်းရောင်မူလဆေးလုံးကို ဖော်စပ်ဖို့ အတွက် အမှောင်လမြက် ကိုတောင်မှပဲ အမှန်တကယ် အသုံးပြုနေကြတယ်။ ဒါက ကျောချမ်းဖို့ကောင်းလောက်အောင်ပဲ အမှောင်လမြက်ကို ဖြုန်းတီးနေကြတာပဲ။

ယုတ္တိမရှိတာက..... နှစ်ပေါင်းတစ်သောင်းကျော်

ကြာပြီးတာတောင်မှ တကယ်လို့ မှော်ဆေးပညာရဲ့ အသိပညာဗဟုသုတတွေက
မတိုးတက်လာခဲ့ဖူးဆိုင်ယင်တောင်မှ ဒီအဆင့်လောက်ထိကို ကျဆင်းသွားစရာ အကြောင်းမှမရှိတာ ဟုတ်တယ်မလား?

သူက မိန်းကလေးကို သူနဲ့ဂေးရာကို ဖိအားပေး လွှင့်ထွက်သွားဖို့အတွက် ပြင်းထန်တဲ့ လက်ဂါးရိုက်ချက် တစ်ခုကို သုံးလိုက်ပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ ဒါက အမှန်သာဆို မင်းရဲ့ ဆရာသခင်က တကယ့်ကို ကျွမ်းကျင်တာပဲ.. သို့ပေမဲ့လည်း တကယ်လို့ ငါသာ ပိုပြီးအရည်အသွေးကောင်းမွန်တဲ့ မုန်တိုင်းဆေးလုံး ကို ဖော်စပ်နိုင်ခဲ့မယ်ဆိုယင် မင်းဘာလုပ်မလဲ?``

``မဖြစ်နိုင်တာ.. နင်က ငါ့ဆရာသခင် ကို ဘယ်လိုလုပ်ပြီးတော့ ကျော်နိုင်မှာလဲ``

မိန်းကလေးက သူ့ကို လုံးဝမယုံကြည်ခဲ့ပါဘူး။

``ဒါဆို ငါ့ကို ကြိုးစားခွင့်ပေးကြည့်လိုက်လေ... ပိုပြီးဆိုးလာတယ်ဆိုယင် ငါတို့ နောက်မှ ဆက်ပြီးတော့

တိုက်ခိုက်လို့ရတာပဲ``

လင်းဟန်က ပြောလိုက်ပါတယ်။

``ကောင်းပြီ``

မိန်းကလေးက သဘောတူလိုက်ပါတယ်။

လင်းဟန်က မှော်ဆေးကျိုအိုးကို ဆွဲထုတ်ပြီးတော့ မြေကြီးပေါ်ကို ချလိုက်ပြီးတော့ ပြောပါတယ်။

``ငါ့အတွက် ပါဂင်ပစ္စည်း ဆေးအမယ်တွေ ပြင်ဆင်ပေးပါ``

သူ့ရဲ့ ပါးစပ်ကို ဖွင့်ပြီးတော့ အသက်တစ်ရှူက်စာအတွင်းမှာပဲ မတူညီတဲ့ ဆေးပင် အမယ်ပစ္စည်းတွေ အခုနှစ်ဆယ်ကျော်ကို ရွတ်ပြလိုက်ပါတယ်။

တကယ်လို့ ဒီနေရာမှာ တစ်ခြားသူသာဆိုယင် သူတို့အနေနဲ့ပါဂင် ပစ္စည်း ဆေးအမယ်တွေ အားလုံးကို မှတ်မိနိုင်မှာမဟုတ်ပါဘူး.. ဒါပေမဲ့ ဒီမိန်းကလေးက မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်ပြီးတော့ ဒီနယ်ပယ်နဲ့ပါတ်သတ်လာယင် အရမ်းကို စွမ်းအားပြည့်ဂတဲ့

မှတ်ဉာဏ်ရှိပါတယ်။ မကြာခင်မှာပဲ သူမက အခန်းထဲကို ဝင်သွားပြီးတော့ လင်းဟန်လိုအပ်တဲ့ ပါဝင်ပစ္စည်းဆေးအမယ်တွေကို ယူပြီးတော့ ထွက်လာခဲ့ပါတယ်။

လင်းဟန်က မြေကြီးပေါ်ကို ထိုင်ချလိုက်ပါတယ်။ သူ့ရဲ့ ညာဘက်လက်က မှော်ဆေးကျို အိုး ကို ကိုင်ထားပြီး ``ဟုန်း`` သူ့ရဲ့ လက်ပေါ်မှာ မီးတောက်တွေက ချက်ချင်းပဲ ပေါ်လာခဲ့ပါတယ်။

မိန်းကလေးရဲ့ လှပချောမောတဲ့ မျက်နှာလေးပေါ်မှာ မကျေနပ်တဲ့အစ တစ်စ ထွက်ပေါ်လို့ လာခဲ့ပါတယ်။ တကယ်တော့ မှော်ဆေးပညာရှင်တစ်ယောက်က မှော်ဆေးဖော်စပ်ခြင်းလုပ်နေချိန်အတွင်းမှာ သူတို့က တည်ငြိမ်အေးချမ်းပြီး အိန္ဒြေရှိတဲ့ အပြုအမူတွေကို ထိန်းသိမ်းထားပြီးတော့ သူတို့ကိုယ်သူတို့ မြေကြီးပေါ်မှာ ကြက်ခြေခတ်ပုံသဏ္ဍာန် ထိုင်ချလိုက်ရပါတယ်။ ဒါက လုပ်ရိုးလုပ်စဉ်တစ်ခုပါပဲ။ လင်းဟန်က မြေကြီးပေါ်ကို စိတ်လက်ပေါ့ပါးစွာနဲ့ ရိုးရိုးလေးထိုင်ချလိုက်တာပါ။ ဒါက လုံးဝ မဆီလျော်တဲ့ အပြုအမူပါ။

ဒါပေမဲ့ သူမက လင်းဟန်အနေနဲ့

မှော်ဆေးလုံးဖော်စပ်တဲ့လုပ်ငန်းကို စတင်လုပ်ဆောင်နေတာကို မြင်လိုက်ရတဲ့အခါမှာတော့ သူမရဲ့ ပါးစပ်ကနေပြီးတော့ သတိပေးလိုက်ဖို့ကို ပြန်ပြီး ရုတ်သိမ်းလိုက်ပါတယ်။ မှော်ဆေးပညာရှင်များအတွက် အကြီးမားဆုံးသော တားမြစ်ချက်က တစ်စုံတစ်ယောက်က မှော်ဆေးလုံး ဖော်စပ်တဲ့ ကို လုပ်ဆောင်နေချိန်အတွင်းမှာ စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ရပါဘူး။ ဒါကြောင့် သူမအနေနဲ့ ဒီစည်းမျဉ်းစည်းကမ်းကို လုံးဝ မချိုးဖောက်ရဲပါဘူး။

သူမက အရမ်းကိုပဲ မထိမဲ့မြင်နိုင်ပါတယ်။ သူမနားလည်ထားတာ တစ်ခုက သူမရဲ့ ဆရာသခင်က ကောင်းကင်ဆေးအိမ်တော်နဲ့ မပါတ်သတ်ပေမဲ့လည်း သူ့ရဲ့ မှော်ဆေးပညာရပ်မှာ အောင်မြင်မှုက လုံးဝ အစစ်အမှန်ပါပဲ။ သူက အနက်ရောင် အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်ဖြစ်ပြီး ဒါက မိုးရေနိုင်ငံ ထဲမှာ ကောင်းကင်ဆေးအိမ်တော်ရဲ့ တရားဝင် အမြင့်ဆုံးအဆင့်နဲ့ တူတူပါပဲ။ သူမရဲ့ ဆရာသခင်က လက်ရှိ ဟွာယန်အကယ်ဒမီရဲ့ မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီး ဖြစ်ပါတယ်။

သူမရဲ့ ဆရာနာမည်က ပူဆောင်လင်း ဖြစ်ပြီးတော့

မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစု တောင်မှ သူမရဲ့ ဆရာသခင်ကို အသင့်အတင့်တော့ ရိုသေလေးစားမှု ပေးရပါတယ်။

ဒီကောင်စုတ်က သူမရဲ့ ဆရာသခင်ကို ငတုံးအေ လို့ တကယ်ပဲ ခေါ်ပုံတယ်.. တကယ်လို့ ဒီသတင်းသာ ပျံ့နှံ့သွားမယ်ဆိုယင် ဒီခြံဝန်းထဲကနေ ထွက်တာနဲ့ ခြေသုံးလှမ်း အတွင်းမှာပဲ သေတဲ့ထိအောင် ရိုက်ခံရပါလိမ့်မယ်။

လင်းဟန်က မှော်ဆေးဖော်စပ်ခြင်း လုပ်ငန်းကို စတင်လိုက်တာနဲ့ သူ့ရဲ့ အပြုအမူတွေက ချက်ချင်းပဲ ပြောင်းလဲသွားပါတယ်။ သူ့ရဲ့ ဘေးပါတ်လည်မှာ ကြီးမြတ်သော ဆရာသခင်ရဲ့ လေနဲ့တူညီတဲ့ လေထုအရှိန်အဝါ က လှည့်ပါတ်လို့နေပါတယ်။

သူ့ရဲ့ ဘယ်ဘက်လက်က အရမ်းကို လျှင်မြန်စွာနဲ့ လှုပ်ရှားပြီးတော့ ပါဝင်ပစ္စည်း ဆေးအမယ်တွေကို တစ်ခုပြီးတစ်ခု ဆေးကျိုအိုးထဲကို ပစ်ထည့်နေပါတယ်။ တစ်ချိန်တည်းမှာဆိုသလို ဆေးကျိုအိုးက သူ့ရဲ့ညာလက်ပေါ်မှာ အဆက်မပြတ် လည်ပါတ်နေပါတယ်။ မီးတောက်တွေက တစ်ခါတစ်ရံမှာ နီလာလိုက်

တစ်ခါတစ်ရံမှာ စိမ်းသွားလိုက် တစ်ခါတစ်ရံမှာ ဖြူလာလိုက်နဲ့ အရောင်တွေတစ်ခုကနေ တစ်ခုကို လျှင်မြန်တဲ့ အရှိန်နဲ့ ပြောင်းလဲသွားပြီးတော့ စောင့်ကြည့်လေ့လာနေတဲ့ ဘယ်သူကို မဆို အမြင်တွေ ဝေဝါးစေပါတယ်။

မိန်းကလေးရဲ့ မထီမဲ့မြင် အမူအရာတွေက လျှင်မြန်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပြီးတော့ အဲဒီအစား သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတွေ ထွက်ပေါ်လို့ လာပါတယ်။

အရွယ်ရောက်တဲ့သူတွေကတော့ ဖျော်ဖြေပွဲကိုသာ သဘောကျနှစ်ခြိုက်တတ်ကြပြီး ကျွမ်းကျင်တဲ့သူတွေကတော့ ပညာသားပါပါနဲ့ လုပ်ဆောင်တာကို သဘောကျ နှစ်ခြိုက် တတ်ကြပါတယ်။ သူမရဲ့ နာမည်က လီစီချန်း ဖြစ်ပီး သူမကို သူမတော့ မှော်ဆေးပညာ မှာ ပါရမီရှင်တစ်ယောက်ဖြစ်တယ်လို့ ယူဆထားပါတယ် ဘာလို့လဲဆိုတော့ သူမက ပူဆောင်လင်းရဲ့ တပည့်အဖြစ်ကို ကောက်ယူခြင်းခံရလို့ပဲဖြစ်ပါတယ်။ သူမက အရမ်းကို စိတ်ကြီးဝင်တတ်တဲ့လူစားမျိုးပါ ။ ဒါပေမဲ့ သူမကိုယ်သူမ လင်းဟန်နဲ့ နှိုင်းယှဉ်လိုက် တဲ့ အခါမှာတော့ သူမအနေနဲ့

ဂန်ခံရမှာက လင်းဟန်ရဲ့ လှုပ်ရှားမှုတွေက သူမထက် ပိုပြီး အတွေ့အကြုံပိုင်းမှာရော ရင့်ကျက်တည်ငြိမ်မှုမှာပါ သာလွန်တယ်ဆိုတာပါပဲ။ သူရဲ့ လှုပ်ရှားမှုတွေက သဘာအတိုင်း ပေါ့ပါးသွက်လက်နေပြီးတော့ သူ့အနေနဲ့ ဒီနယ်ပယ်မှာ နှစ်ပေါင်း ရာနဲ့ချီအောင် ရှိပြီးတော့ ဒီအဆင့်ကို ရောက်ပီး သူရဲ့ မျက်လုံး ကို မိတ်ထားယင်တောင်မှ သူ့အနေနဲ့ မှော်ဆေးလုံးကို လွယ်ကူစွာနဲ့ ဖော်စပ်နိုင်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ဒီလိုအောင်မြင်မှု မျိုးက သူမကိုထားဦး... သူမရဲ့ဆရာတောင်မှ အလှမ်းကွာဝေးပါသေးတယ်။

ဒါဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ... ဒါ ဘယ်လိုလုပ်ပီးဖြစ်နိုင်မှာလဲ။

ဒီကောင်က စည်းမဲ့ကမ်းမဲ့ အသုံးအဖြုန်းကြီးတဲ့ သခင်လေးတစ်ယောက် မဟုတ်ဘူးလား? သူမှာ ဘယ်လိုလုပ်ပြီးတော့ မှော်ဆေးပညာနယ်ပယ်မှာ ဒီလိုမျိုး ထိတ်လန့်စရာ စွမ်းရည် ရှိနေနိုင်ရတာလဲ?

အချိန်တိုတိုလေးအတွင်းမှာ လင်းဟန်ရဲ့ အရှေ့မှာရှိတဲ့ ဆေးပစ္စည်း အမယ်တွေ အားလုံးက ကုန်သွားပါတယ်။

ပြီးတော့ သူရဲ့ နဖူးပေါ်မှာ ချွေးတစ်ချို့ စို့ လာပါတယ်။ မှန်တိုင်းဆေးလုံးက အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးလုံးဖြစ်ပီးတော့ ၎င်းကို ဖော်စပ်ရတာက အရမ်းကို ခက်ခဲတဲ့ အမျိုးအစားထဲမှာ ပါဝင်ပါတယ်။ သူ့အနေနဲ့ ဒီဆေးလုံးကို အခု ဖော်စပ်လို့နိုင်ပါတယ်။ ဒါပေမဲ့ သူရဲ့ ကျင့်စဥ်အဆင့်က နိမ့်နေသေးတဲ့ အတွက်ကြောင့် ဒါက သူ့ရဲ့စွမ်းအင်တွေကို အများကြီး ကုန်ခမ်းစေပါတယ်။

``ဟားးးးးးးးး........ ငါ့တပည့် ... မင်းနောက်ဆုံးမှာတော့ မုန်တိုင်းဆေးလုံးကို ဖော်စပ်နိုင်ပီလား?``

အဲဒီအချိန်မှာပဲ တံခါးဝဆီကနေပြီးတော့ အံ့အားသင့်မှုတွေပြည့်နေတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ အရပ်ပုပုနဲ့ ကိုယ်လုံးသေးသေး အဘိုးကြီးတစ်ယောက်က သူ့ရဲ့ လက်ထဲမှာ အစာခြင်းတောင်းတစ်ခုကို ကိုင်ပြီးတော့ ပြုံးယင်းနဲ့ အထဲကို ဝင်လာပါတယ်။

သူ့ရဲ့ နောက်မှာ နောက်ထပ် အဘိုးကြီးတစ်ယောက်ရှိပါတယ်။ သူတို့နှစ်ယောက်က အတူတူပဲ လမ်းလျှောက်ဝင်လာပြီးတော့ တကယ်လို့များ တစ်စုံတစ်ယောက်က သေချာဂရုတစ်စိုက်နဲ့

အာရုံစိုက်ခဲ့မယ်ဆိုယင် သူ့အနေနဲ့ ဒီလူကြီးနှစ်ယောက်ရဲ့ ရင်ဘက်ပေါ်မှာ ငွေရောင်အိတ်သုံးလုံးကို ချိတ်ဆွဲထားတယ်ဆိုတာကို တွေ့မြင်နိုင်မှာပဲ ဖြစ်ပါတယ်။

အနက်ရောင်အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင်များ။

မိုးရေနိုင်ငံတစ်ခုလုံး အတွင်းမှာ အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်က နှစ်ယောက်ပဲရှိပါတယ်။ တစ်ယောက်က ကောင်းကင်ဆေးအိမ်တော်ရဲ့ အိမ်တော်အရှင်သခင်ဖြစ်တဲ့ ဖုယွင်ရှင်း ဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်က ဟွာယန်အကယ်ဒမီရဲ့ မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီး ပူဆောင်လင်း ပဲဖြစ်ပါတယ်။

သူတို့က အဲဒီလူနှစ်ယောက်ပဲဖြစ်ပါတယ်။

ပူဆောင်လင်း က မိန်းကလေးက တစ်ခြားတစ်ဖက်မှာ ရပ်နေတာကို မြင်လိုက်ရတဲ့ အခါမှာ သူ့ရဲ့မျက်နှာက အံ့အားသင့်မှုတွေနဲ့ ချက်ချင်းပဲ ပြည့်သွားပါတယ်။ သူ့အနေနဲ့ အလယ်မှာ ဆေးဖော်စပ်နေတဲ့သူက သူ့ရဲ့ တပည့်မ မဟုတ်ဘူးဆိုတာကို လုံးဝ မထင်ထားခဲ့ပါဘူး။

``ချီးးးးး``

ဖုယွင်ရှင်း လည်းပဲ အံ့အားသင့်တဲ့ အမူအရာ ထွက်ပေါ်လာပါတယ်။ သူ့အနေနဲ့ ပူဆောင်လင်း မှာ အသက် ၁၈နှစ်နဲ့ အဂါရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် ဖြစ်လာတဲ့ အရမ်းကို တော်တဲ့ တပည့်တစ်ယောက် ရှိတယ် ဆိုတာကို သူသိထားပါတယ်။ ဒါ့အပြင် မှန်တိုင်းဆေးလုံးက အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေထဲမှာမှ ဖော်စပ်နိုင်ဖို့ အရမ်းကို ခက်ခဲတဲ့ ဆေးဖြစ်ပြီးတော့ အခု တကယ်ပဲ နောက်ထပ် လူငယ်တစ်ယောက်က ၎င်းကို ဖော်စပ်နေတယ်... ဒါက သူ့အတွက် အံ့အားသင့်စေဖို့ လုံလောက်ပါတယ်။

ဒါက ဒီအဘိုးကြီးပူက နောက်ထပ် မှော်ဆေးပညာရဲ့ ပါရမီရှင်တစ်ယောက်ကို တပည့်အဖြစ် လက်ခံရရှိထားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး ဟုတ်တယ်မလား? သေစမ်း ဘာလို့ ပါရမီရှိတဲ့ လူတွေအားလုံးက သူ့အနားမှာ မရှိကြတာလဲ။

ဟူးညို့က အစောပိုင်းမှာ အလွန်အမင်းပျင်းရိနေခဲ့ပါတယ်။ သူမက မြေကြီးပေါ်ကို လှဲချ ပြီးတော့

အိပ်ပျော်သွားခဲ့ပါတယ်။ ဒါပေမဲ့ ပူဆောင်လင်း ဝင်လာတဲ့အခါမှာတော့ သူမရဲ့ နာခေါင်းက ချက်ချင်းပဲ ရှုံ့ချည်ပွချည် ဖြစ်သွားပြီး တော့ သူမက ဝပ်နေလိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက သူ့ရဲ့ လက်ထဲက အစာခြင်းတောင်းကို ရောက်သွားတဲ့ အခါမှာ ချက်ချင်းပဲ မာန်ဖီသံတိုးတိုးလေး နဲ့ အရှေ့ကို တက်ပြီးတော့ အစာခြင်းတောင်းဆီကို ခုန်အုပ်လိုက်ပါတယ်။

လင်းဟန်ရဲ့ ညာဘက်လက်က အဆက်မပြတ် လှည့်ပါတ်နေပါတယ်။ သူ့ရဲ့ လက်ငါးချောင်း ကြားမှာ တစ်ချိန်တည်းလိုလိုပဲ မတူညီတဲ့ မီးအမျိုးအစားသုံးမျိုး ဖြစ်တဲ့ အနီ အစိမ်းနဲ့ အဖြူရောင် တွေက ချက်ချင်းဆိုသလိုပဲ ကွယ်ပျောက်သွားပါတယ်။

မီးသုံးမျိုး နတ်လမ်းညွှန်။

လင်းဟန်က ဒီဟာကို ယခင်ဘဝတုန်းက တီထွင်ခဲ့ပြီးတော့ ဒါက မှော်ဆေးပညာနယ် ပယ် ကို ပြောင်းလဲမှုကြီးတစ်ခုအဖြစ် ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ ၎င်းက မှော်ဆေးလုံး ပြီးပြည့်စုံဖို့အတွက် အရည်အသွေးကို တိုးလာစေနိုင်ယုံသာမက မှော်ဆေးကျိုအိုးပေါက်ကွဲ သွားတဲ့အခါမှာ မှော်ဆေးလုံး ပျက်စီးခြင်းကနေလဲ

မဖြစ်အောင် လို ပြန်လည်ကုသပေးနိုင်စွမ်းလည်း ရှိပါတယ်။

ပူဆောင်လင်းနဲ့ ဖုယွင်ရှင်း တို့နှစ်ယောက်စလုံး မျက်လုံးတွေ ပြူးကုန်ပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက ဦးခေါင်းခွံ ကနေအပြင်ကို ပြုတ်ထွက်လုမတတ် ပြူးနေပြီး သူတို့ရဲ့ပါးစပ်တွေကလဲ အံ့အားသင့်မှုကြောင့် အကျယ်ကြီး ဟနေကြပါတယ်။ ၎င်းကို ကြည့်ရတာက သူတို့အတွက်တော့ အလွန်အကျွံ ထူးဆန်းအံ့သြဖွယ်ရာကောင်းပြီး တော့ အံ့အားသင့်စရာ အလွန်ကောင်းနေပါတယ်။ ဒါကြောင့်လဲ ဟူးညို အနေနဲ့ သူတို့ရဲ့ စိတ်ရှုပ်ထွေးနေတာကို အခွင့်ကောင်းယူပြီးတော့ ပူဆောင်လင်း လက်ထဲက အစာခြင်းတောင်းကို အဝေးဆီကို ယူသွားလိုက်နိုင်ပါတယ်။ သူမက ခြင်းတောင်းကို ချက်ချင်းဖွင့်ပြီးတော့ အထဲက အရသာရှိတဲ့ အစားအစာ တွေကို မြိန်ရေယှက်ရေနဲ့ စတင်ပြီးတော့ စားနေပါတယ်။

``ဒါ.... ဒီဟာက အချိန်တော်တော်ကြာ ပျောက်ဆုံးနေတဲ့ ဒဏ္ဍာရီလာ မီးသုံးမျိုး နတ်လမ်းညွှန် ဖြစ်နိုင်ပါ့မလား?``

``မတူညီတဲ့ အပူချိန်ရှိတဲ့ မတူညီတဲ့ မီးသုံးမျိုးကို ထုတ်ဖော်နိုင်ပြီးတော့ ပြီးပြည့်စုံတဲ့ ဆေးလုံးရဲ့ အာနိသင်ကို ထိထိရောက်ရောက်နဲ့ တိုးလာစေလိမ့်မယ်.. ၎င်းက

သေနေတဲ့ ဆေးလုံး(ဆေးကျိုအိုးပေါက်လို့ ဆေးလုံး မဖြစ်နိုင်တဲ့ဟာတွေကိုပြောချင်တာပါ) ကိုတောင်မှ ပြန်ပြီးတော့ကုစားနိုင်တယ်.. ဒါက ဒဏ္ဍာရီထဲက ဒဏ္ဍာရီတစ်ပုဒ်ပဲ.. ငါ့အနေနဲ့ ဒါကို စိတ်ကူးယဉ် ဒဏ္ဍာရီ တစ်ခုလို့ပဲ အမြဲတမ်းတွေးနေခဲ့တာပဲ``

``ဒါက
တကယ့်အစစ်အမှန်မဟုတ်လောက်ဘူး ...ပုံရိပ်ယောက် တစ်ခုပဲ ဖြစ်နိုင်လိမ့်မယ်``

အဘိုကြီး နှစ်ယောက်က ထူးဆန်းအံ့သြမှုတွေ အပြည့်နဲ့ ပြောနေကြပါတယ်။

``ဟူး:::::::::::::``

လင်းဟန်က သက်ပြင်း မှုတ်ထုတ်လိုက်ပါတယ်။ သူက မှော်ဆေးကျိုအိုးကို လီစီရှန်း ဆီကို ထိုးပေးလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကံကောင်းထောက်မစွာနဲ့ပဲ .. ငါက မင်းရဲ့စောင့်ကြည့်နေတာကို စိတ်မပျက်သွားစေ ခဲ့ဖူး.. တစ်ချက်လောက်ကြည့်လိုက်ပါ``

``ရှူး``

အဘိုးကြီးနှစ်ယောက်စလုံးက မှော်ဆေးကျူအိုး ကို တစ်ပြိုင်နက်ထဲ ဆွဲလှလိုက်ကြပါတယ်။ သူတို့ကြည့်ရတာ အရုပ်တစ်ခုအတွက် လုနေတဲ့ ကလေးငယ် နှစ်ယောက်နဲ့တူပါတယ်။ သူတို့တွေက အရမ်းကို စွမ်းအားကြီးမြင့်တဲ့ စိတ်ဂိဉာဉ်ပလ္လင် အဆင့် စစ်သည်တော်တွေဖြစ်ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ လှုပ်ရှားမှုတွေက လျှပ်ပြက် သလို လျှင်မြန်လှပြီးတော့ ဘေးက ကြည့်နေသူ ရဲ့ အမြင်အာရုံမှာတော့ ဝေဝါးလို့ နေပါတယ်။

လီစီရှန်း က စကားတောင်မပြောနိုင်လောက်အောင် အံ့အားသင့်သွားခဲ့ပါတယ်။ ဒီနှစ်ယောက်ဟာ မိုးရေနိုင်ငံတစ်ခုလုံးမှာ အရှိသေရဆုံးနဲ့ အလေးအမြတ် အထားခံ ရဆုံးသော မှော်ဆေးပညာရှင်တွေဖြစ်ပီး အခု သူတို့ရဲ့ အပြုအမူတွေက အမှန်တကယ် ကိုပဲ ကလေးငယ်နှစ်ယောက်နဲ့ တူပါတယ်။ သူမရဲ့ ကိုယ်ပိုင် မျက်စိနဲ့ သာ မမြင်ရဖူးဆိုယင် သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ?

နောက်ဆုံးမှာတော့ အဘိုးကြီးနှစ်ယောက်စလုံးက တစ်ချိန်တည်းမှာပဲ ရပ်လိုက်ကြပါတယ်။ သူတို့ထဲက တစ်ယောက်က မှော်ဆေးကျိုအိုးကို ကိုင်ထားပြီး ကျန်တဲ့တစ်ယောက်က ဆေးကျိုအိုးရဲ့ အဖုံးကို မ လိုက်ပီးတော့ အတွင်းထဲက နီမြန်းနေတဲ့ ဆေးလုံးတစ်လုံးကို လွန်စွာ ဂရုတစိုက်နဲ့ ဆွဲထုတ်ယူလိုက်ပါတယ်။

``ဒီ အရောင်.. ဒီအနံ့က``

``ဒါလုံးဂမ မမှားဘူး.. ဒါက တကယ့် မုန်တိုင်းဆေးလုံး အစစ်ပဲ``

ပူဆောင်လင်းက အနည်းငယ်မျှ ဖွဲပြီးတော့ သူရဲ့ ပါးစပ်ထဲကို ပစ်ထည့်လိုက်ပြီးတော့ မြည်းစမ်းကြည့်လိုက်ပါတယ်။ သူရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေက မြင့်တက်လာ ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက မုန်တိုင်းဆေးလုံး အစစ်အမှန်ပဲ.. ဒါ့အပြင် ၎င်းရဲ့ အာနိသင်က ကြယ် ၁၂ လုံးအဆင့်ကို တောင်ရောက်... မဟုတ်သေးဘူး ကြယ်ဆယ့်သုံးလုံး အဆင့်ပဲ``

``ဘာ``

ဖုယွင်ရှင်း က အံ့အားသင့်လွန်းအားကြီးပြီး နောက်ပြန်လဲမတတ် ဖြစ်သွားပါတယ်။

အပိုင်း (၉၃) ယုံကြည်ချက် ခိုင်မာသော

မှော်ဆေးပညာနယ်ပယ်မှာတော့ မှော်ဆေးလုံး တစ်ခု ဖြစ်သွားပီဆိုယင် ၎င်းရဲ့ အရည်အသွေးက လိုအပ်ချက်တွေနဲ့ ပြည့်မှီတဲ့ အဆင့်အတန်းကို ရောက်သွားခဲ့ယင် ကြယ် ဆယ်လုံး အဖြစ် ၎င်းကို သတ်မှတ်ပါတယ်။ တကယ်လို့ အရည်အသွေးက သာမာန်ထက် ပိုလွန် သွားခဲ့ယင် ၎င်းကို ကြယ် ဆယ့်တစ်လုံး သို့မဟုတ် ကြယ် ဆယ့်နှစ်လုံး အဖြစ် သတ်မှတ်ပါလိမ့်မယ်။ ပုံမှန်အားဖြင့်တော့ အရည်အသွေးက ကြယ် ၁၂ လုံးထက် ပိုတာမျိုး ရှိလိမ့်မှာမဟုတ်ပါဘူး။ တကယ်လို့ ဆေးလုံး ဖြစ်သွားပြီးတော့ အရည်အသွေးက သာမာန်အဆင့်အတန်း အောက်မှာ ရှိနေမယ်ဆိုယင် ၎င်းကို ကြယ် တစ်လုံး မှ ကြယ် ၉လုံး အတွင်းမှာ အဆင့်သတ်မှတ်ပါတယ်။ ဘယ်ဆေးလုံးမဆို ကြယ် တစ်ပွင့်ထက် နည်းခဲ့လို့ရှိယင် လုံး၀ အသုံးမဝင်တဲ့ သုံးစားမရတဲ့ ဆေးအဖြစ် သတ်မှတ်ထားကြပါတယ်။

``တကယ်လို့ ငါကိုယ်တိုင်တောင်မှ အဆင့်နိမ့် မှော်ဆေးလုံးကို ဖော်စပ်မယ်ဆိုယင် ငါ့ရဲ့

အကောင်းဆုံးမှတ်တမ်းက ကြယ် ၁၀ လုံးအဆင့်ပဲရှိလိမ့်မယ်``

ဖုယွင်ရှင်း က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

လီစီရှန်းရဲ့ မျက်နှာမှာ လုံး၀ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နေပါတယ်။

သူမကိုယ် သူမ မှော်ဆေးပညာရပ်ရဲ့ ပါရမီရှင်တစ်ယောက်အဖြစ် အမြဲတမ်း သတ်မှတ်ထားတာပါ.. ပြီးတော့သူမက ပူဆောင်လင်းကိုယ်တိုင် သင်ကြားပြသ ပေးခြင်းကို ခံရတဲ့ သူ့ရဲ့ တပည့်တစ်ယောက်လည်းဖြစ်ပါတယ်။ သူမ အကောင်းဆုံးဖော်စပ်နိုင်တဲ့ ဆေးလုံးရဲ့ အရည်အသွေးက ကြယ် ၈လုံး မျှသာ ရှိပါလိမ့်မယ်။ သူမရဲ့ ဆေးလုံးအရည်အသွေးက ကြယ် ကိုးလုံးနဲ့ ၇လုံး ကြားမှာ ရှိတယ်လို့ ပြောလို့ရပါတယ်။

ဒီ့အပြင် ဒီ မုန်တိုင်းဆေးလုံးက အဂါရောင် အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေ ထဲမှာ ဖော်စပ်ဖို့ အခက်ခဲဆုံး တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ သူမကိုပဲ ဥပမာ အနေနဲ့ ကြည့်ပါ.. သူမက ဒီမုန်တိုင်းဆေးလုံးကို

ဖော်စပ်နိုင်ဖို့အတွက် တစ်လလောက် လေ့ကျင့်ခဲ့ရပြီး အချိန်တိုင်းလိုလိုပဲ ရလဒ်ကတော့ သူမရဲ့ ဆေးကျိုအိုးက ပေါက်ကွဲသွားခဲ့ပါတယ်။ ဒီဆေးလုံးကို ဖော်စပ်ရတာ ဘယ်လောက်တောင် ခက်ခဲတယ် ဆိုတာကို မြင်တွေ့နိုင်ပါတယ်။

ဒီလိုမျိုးဆေးလုံးက ဆေးလုံးအသွင်ဖြစ်သွားခဲ့ယင်ကိုပဲ အောင်မြင်တယ်လို့ သတ်မှတ် လို့ရပါတယ်။ တကယ်လို့ ၎င်းဆေးလုံးက ကြယ်သုံးလုံး သို့မဟုတ် လေးလုံး အဆင့်ပဲ ရှိနေပါစေဦး ဈေးကွက်မှာ ဂယ်သူတွေက အမြောက်အမြားဂယ်ယူဖို့ ကို ဆန္ဒရှိကြပါတယ်။ ကြယ် ဆယ့်သုံးလုံး ဟုတ်လား။ ဒီလိုဆေးလုံးမျိုးအတွက်ဆိုယင် လူတွေအကုန်လုံး စစ်ပွဲတောင် ဖြစ်သွားနိုင်ပါတယ်။

ဒီကောင်လေးက တကယ်ပဲ လေလုံးထွားတာမဟုတ်ဘူးပဲ.. သူက မုန်တိုင်းဆေးလုံးကို တကယ်ဖော်စပ်နိုင်တာပဲ.. ပြီးတော့ ဆေးလုံးရဲ့ အရည်အသွေးကလဲ ပူဆောင်လင်း ကိုယ်တိုင် ဖော်စပ်တဲ့ ဆေးထက် ပိုပြီးတော့ မြင့်မားပါတယ်.. ပူဆောင်လင်းရဲ့ ဆေးလုံး အဆင့်က ကြယ် ၈ လုံး သို့မဟုတ် ၉ လုံးက အကောင်းဆုံး မှတ်တမ်းပဲဖြစ်ပါတယ်။

သူမရဲ့ ဆရာသခင်က တကယ်ပဲ အမှားတစ်ခုလုပ်မိတာ

ဖြစ်နိုင်လောက်ပါတယ်။

``ကောင်ကလေး .. ကောင်ကလေး.``

ပူဆောင်လင်းရဲ့ မျက်လုံးတွေက တောက်ပ လင်းလက် လို့နေပါတယ်။ သူက လင်းဟာန်ဆီကို သုတ်သီးသုတ်ပျာ ပြေးပြီးတော့ သူ့ရဲ့ လက်တွေကို ကိုင်ပြီး ပြောလိုက်ပါတယ်။

``မင်းစောစောတုန်းက မီးသုံးမျိုး နတ်လမ်းညွှန် ကို အသုံးပြုလိုက်တာလား?``

``အင်း``

လင်းဟာန်က ခေါင်းငြိမ့်လိုက်ပါတယ်။

ပူဆောင်လင်းနဲ့ ဖုယွင်ရှင်းတို့နှစ်ယောက်စလုံး လေအေးတွေကို ရှူသွင်းလိုက်ပါတယ်။ ဒါက စိတ်ကူးယဉ် ဒဏ္ဍာရီလာပုံပြင်တွေထဲက တစ်ခုအဖြစ်သတ်မှတ်ထားတဲ့ အရာပါ။

ဘာလို့ ဒီ လူငယ်လေးက မီးသုံးမျိုး နတ်လမ်းညွှန် ကို ဘယ်လိုအသုံးပြုရမယ်ဆိုတာကို သိနေတာလဲ?

``ကောင်ကလေး... ငါ့ကို မင်းရဲ့ ဆရာအဖြစ် လက်ခံလိုက်ပါ... ဒါဆိုယင် သိပ်မကြာခင် အချိန်အတွင်းမှာ မင်းက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာဖို့ ငါ အာမခံတယ်``

ပူဆောင်လင်းက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

သူ့ဆီကနေ ဒီစကားတွေကို ကြားလိုက်ရတဲ့အခါမှာတော့ ဖုယွင်ရှင်း အနေနဲ့ လင်းဟန်နဲ့ ဒီအဘိုးကြီး ပူတို့ ကြားမှာ ဘယ်လိုဆက်ဆံရေးမှ မရှိဘူးဆိုတာကို ချက်ချင်းပဲ နားလည်သွားခဲ့ပါတယ်။ သူက လျှင်မြန်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

``မဟုတ်ဘူး မဟုတ်ဘူး...ငါ့ကို မင်းရဲ့ ဆရာအဖြစ် လက်ခံလိုက်ပါ.. ငါက မိုးရေနိုင်ငံရဲ့ ကောင်းကင်ဆေးအိမ်တော်ရဲ့ အိမ်တော်အရှင်သခင် ပဲ ငါ့လက်ထဲမှာ မရေတွက်နိုင် အောင် ပေါ်များတဲ့ အရင်းအမြစ်တွေ အများကြီးရှိတယ်.. မင်းအနေနဲ့ မင်းကြိုက်နှစ်သက် တဲ့ ဘယ်လိုဆေးလုံးကို မဆို ဖော်စပ်နိုင်တယ်``

``အမိပ္ပါယ်မရှိတာ... အဘိုးကြီးဖု .. ဒါက ဟွာယန်အကယ်ဒမီရဲ့ ပိုင်နက်ဆိုတာကို ခင်ဗျား နားလည်ထားဖို့ လိုတယ်နော်..ခင်ဗျားက ကျုပ်ရဲ့ တပည့်တွေကို ကျုပ်ဆီကနေ အဝေးကို လုယူသွားဖို့ ကြိုးစားနေတာလား?``

ပူဆောင်လင်းက ဒေါသထွက်သွားပါတယ်။ ဒီလူငယ်လေးက နှစ်ပေါင်းတစ်ထောင် အတွင်းမှာတောင် တွေ့မြင်နိုင်မှာမဟုတ်တဲ့ မှော်ဆေးပညာရပ်ရဲ့ ပါရမီရှင်ဆိုတာ သိသာ ထင်ရှားပါတယ်။ ဒီ မုန်တိုင်းဆေးလုံးကို ယူပြီး တစ်ချက်ကြည့်လိုက်တာနဲ့ ဒါက ကြယ် ဆယ့်သုံးလုံး အဆင့်ဆိုတာ ကို သိနိုင်ပါလိမ့်မယ်။

`` ဘယ်လို ဘယ်လို မင်းရဲ့ တပည့်ကို မင်းဆီကနေ အဝေးကို လုယူသွားတယ်လို့ မင်းက ဆိုလိုချင်တာလား? မင်းက ဒီလူငယ်လေးရဲ့ နာမည်ကိုတောင်မှ မသိသေးပဲနဲ့ သူ့ကို မင်းရဲ့ တပည့်ပါလို့ မင်းက ပြောဝံ့သလား?

ဖုယွင်ရှင်း က နာခေါင်းရှုံ့လိုက်ပါတယ်။ သူက လင်းဟန်ဘက်လှည့်ပြီးတော့ ပြုံးပြီး မေးလိုက်ပါတယ်။

``လူငယ်လေး မင်းရဲ့ နာမည်က ဘယ်လိုခေါ်သလဲ?``

လီစီရှန်း ကတော့ လုံးဂကို အံ့အားသင့်ပြီးတော့ မှင်တက်နေပါတယ်။ ဒီလူကြီး နှစ်ယောက်က မိုးရေနိုင်ငံ တစ်ခုလုံးမှာ အကောင်းဆုံး မော်ဆေးပညာရှင် တွေဖြစ်ပါတယ်။ သူတို့ထဲက တစ်ယောက်ကပဲ တပည့်လက်ခံမယ်လို့ တရားဝင် ကြေညာလိုက်ယင် အင်ပါယာမြို့ ရဲ့ အရှေ့ဂိတ်တံခါးကနေ အနောက်ဂိတ်တံခါး အထိတိုင်အောင်ပဲ လူတန်းရှည်ကြီး ဖြစ်သွားမယ်ဆိုတာ အာမခံရဲပါတယ်။

ဒါပေမဲ့ အခု ဒီလူကြီးနှစ်ယောက်က လင်းဟန်ကို တပည့်အဖြစ် လက်ခံချင်ကြတဲ့ အတွက် တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် တိုက်ခိုက်နေကြပြီး ဘယ်လိုကိစ္စ ပဲ ဖြစ်လာလာ လက်လျော့ မဲ့ ပုံစံမရှိကြပါဘူး။ ဒါက သူမကို အရမ်းကို အံ့အားသင့်စေ တဲ့အချက်ပဲဖြစ်ပါတယ်။

ဒေါ့အပြင် သူမအနေနဲ့ အနည်းငယ်လည်း မနာလိုဖြစ်နေပါတယ်။

``ကျနော့်နာမည် လင်းဟန်ပါ ကျနော်က ဒီနှစ် ဟွာယန်အကယ်ဒမီကို ဝင်ရောက်လာတဲ့

ကျောင်းသားအသစ်တွေထဲက တစ်ယောက်ပါ``

လင်းဟန်ကပြောလိုက်ပါတယ်။

``မင်းဒါကို ကြားပြီလား.. ဒါက ငါရဲ့ ဌာနက တပည့် ဖြစ်တယ်``

ပူဆောင်လင်းက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။ သူက ဖုယွင်ရှင်းကို လက်ဖျော့ယမ်းလိုက်ပြီး ပြောပါတယ်။

`` ဒီနေ့တော့ မင်းနဲ့ အတူတူ သောက်ဖို့ ငါ့မှာ အချိန်မရှိတော့ဘူး ဒါကြောင့် မင်းရဲ့ ကောင်းကင်ဆေးအိမ်တော်ကို အမြန်ဆုံးပြန်သွားတာက အကောင်းဆုံးပဲဖြစ်လိမ့်မယ်``

``တကယ်လို့ သူက မင်းရဲ့ ဟွာယန်အကယ်ဒမီက တပည့်တစ်ယောက်ဖြစ်နေတော့လဲ ဘာဖြစ်သေးလဲ?ဒါက ငါ့ကို သူရဲ့ ဆရာအဖြစ် လက်ခံမဲ့ ကိစ္စနဲ့ လုံးဝ မသက်ဆိုင်ပါဘူး``

ဖုယွင်ရှင်းကတော့ လုံးဝ တူညီစွာနဲ့ပဲ လင်းဟန်ကို ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

``လူငယ်လေး.. မင်း ဘာပြောမလဲ?``

``ဒါက ငါ့တပည့်ကွ.. အဘိုးကြီး ဖု .. မင်းက သူနဲ့ပါတ်သတ်ပြီးတော့ ငါနဲ့ တိုက်ခိုက်ချင် နေတာလား?``

ပူဆောင်လင်းက ဒေါသအကြီးအကျယ်ထွက်ပြီး အော်ပြောလိုက်ပါတယ်။

``ဒီလိုမျိုး တပည့်တစ်ယောက်အတွက်.. ငါ တိုက်ခိုက်ဖို့ကို လုံးဝ ဆန္ဒရှိတယ်``

ဖုယွင်ရှင်းက ပြောလိုက်ပါတယ်။

``မင်းက ငါတို့နှစ်ယောက်ရဲ့ နှစ်ပေါင်းများစွာ ခင်မင်လာတာကိုတောင်မှ လျစ်လျူ ရှု လိုက်ပီလား?``

``ထွီ.. မင်းက ငါနဲ့တိုက်ခိုက်ဖို့ အတွက် မလျော့ပေးပဲနဲ့ တောင်းဆိုနေတာလေ``

သူတို့နှစ်ယောက်စလုံးက အနောက်ဘက်ကို ခုန်ဆုတ်လိုက်ပီးတော့ ကြည့်ရတာ

တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်တဲ့ပုံစံပါပဲ။

``အာ... ဆရာသခင်... ဆရာတို့နှစ်ယောက်စလုံးပဲ သူ့ကို ပူးတွဲ တပည့်အဖြစ်နဲ့ လက်ခံလိုက်လို့ ရတာပဲလေ``

လီစီရှန်းက ဝင်ပြီးတားလိုက်ပါတယ်။

``အဲဒါလည်း မှန်တာပဲ၁

အဘိုးကြီးနှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း ရပ်လိုက်ကြပါတယ်။ သူတို့အနေနဲ့ ဒီလိုမျိုး အဖြေရိုးရိုးလေးကို ဘာလို့ မစဉ်းစားမိကြတာပါလိမ့်။

သူတို့နှစ်ယောက်စလုံး လင်းဟန် ဘက်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော် ထင်တာတော့ သင်တို့နှစ်ယောက်စလုံးပဲ ကျနော့်ကို ဘာမှ သင်ကြားပေး နိုင်မှာမဟုတ်ဘူး``

ဒါ.. ဒါ .. ဒါက ဘယ်လောက်တောင် မောက်မာ ဝင့်ကြွားလိုက်သလဲ။

လီစီရှန်းရဲ့ ပါးစပ်သေးသေးလေးတောင်မှ အံ့အားသင့်ပြီးတော့ ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ ဂူဆောင်လင်းနဲ့ ဖုယွင်ရှင်း ဆိုတာ ဘယ်သူတွေလဲ?သူတို့နှစ်ယောက် စလုံးက မိုးရေနိုင်ငံ မှာ အတော်ဆုံး အသန်မာဆုံး မှော်ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ ဒါဆို သူတို့က သူ့ကို ဘာလို့ တစ်ခုမှ မသင်ကြားပေးနိုင်ရမှာလဲ? နင်က မုန်တိုင်းဆေးလုံးကို ကြယ် ဆယ့်သုံးလုံးထိ ရအောင် ဖော်စပ်နိုင်ပါစေဦးတော့ ဒီ မုန်တိုင်း ဆေးလုံးက အဂါရောင် အလယ်အလတ်အဆင့် ဆေးလုံးအမျိုးအစား တစ်ခုပဲ ရှိပါတယ်။

ဂူဆောင်လင်းနဲ့ ဖုယွင်ရှင်း တို့နှစ်ဦးစလုံးကိုကြည့်ရတာ မကျေမနပ်ဖြစ်နေကြပါတယ်။ ဒီလူငယ်လေးက ပါရမီရှင် တစ်ယောက် ဖြစ်ပေမဲ့လည်း သူက အရမ်းကို မာနကြီးလွန်း ပါတယ်။ ဒီလိုမျိုး လူစားမျိုးက အချိန် တစ်ခဏတာပဲ တောက်ပ နိုင်ပြီးတော့ လုံးဝ အောင်မြင်မှု ရနိုင်မှာမဟုတ်ပါဘူး။

အရမ်းကိုလွန်တယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောပါတယ်။

``သင်တို့ နှစ်ယောက်.. ကျနော်တို့တွေ တစ်ယောက်နဲ့တစ်ယောက် မှော်ဆေးပညာ သီအိုရီတွေကို ဆွေးနွေးပြီးတော့ တစ်ယောက်ဆီကနေ တစ်ယောက် သင်ယူကြယင် မကောင်းဘူးလား``

ဒီလို စကားမျိုးကိုပြောလိုက်ရတာက သူ့အတွက်တော့ အလွန်အမင်း နှိမ့်ချပြီးတော့ ပြောရတာပဲဖြစ်ပါတယ်။ မှော်ဆေး ဧကရာဇ် လို လူတစ်ယောက် ရဲ့ အရှေ့မှာ မြေကျွှာ အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင်တွေတောင်မှ သူ့ရဲ့ စကားတွေကို ရိုသေလေးစား စွာနဲ့ ငြိမ်ငြိမ်သက်သက် မတ်တပ်ရပ်ပြီး နားထောင်ဖို့ အဆင့်မှီယုံပဲ ရှိတာပါ၊ အခု သူတို့နှစ်ယောက်က အနက်ရောင်အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင်တွေ အဆင့်ပဲ ရှိပါသေးတယ်။

ပူဆောင်လင်းနဲ့ ဖုယွင်ရှင်းတို့က ဒီအကြောင်းရာတွေကို မသိပါဘူး ဒါကြောင့်လဲ သူတို့ရဲ့ မျက်နှာပေါ်မှာ ပိုပိုပြီးတော့ မပျော်ရွှင်တဲ့ အမူအရာတွေ ပိုတိုးလာပါတယ်။

လင်းဟန်က ဒါတွေကို မမြင်ချင်ယောင်ဆောင်ပြီးတော့

စတင်ပြီး ပြောလိုက်ပါတယ်။ သူပြောတဲ့ စကားအများစုက မှော်ဆေးပညာရဲ့ ပုံမှန် ဗဟုသုတ တွေပဲ ဖြစ်ပါတယ်။ သူရဲ့ ကျင့်စဉ်အဆင့်က နိမ့်ကျနေပြီး သူ့အနေနဲ့ အဆင့်မြင့်အဆင့် မှော်ဆေးလုံး ဖော်စပ်ဖို့ မဖြစ်နိုင်သေးပေမဲ့ သီအိုရီ နဲ့ ဗဟုသုတ အကြောင်းအရာတွေကို ပြောမယ် ဆိုယင် ဘယ်သူက သူနဲ့ ပြိုင်ဘက် ဖြစ်လာနိုင်မှာလဲ?

မှော်ဆေးပညာရှင် နှစ်ယောက်က အစောပိုင်းမှာတော့ အရမ်းကို မတူညီ ကွဲပြား ပါတယ်။ ဒါပေမဲ့ သူတို့က တဖြေးဖြေးနဲ့ တည်ကြည် လေးနက်လာပါတယ်။ တဖြေး ဖြေး နဲ့ သူတို့ရဲ့ အမြင်တွေကိုလဲ တောင်းဆိုလာကြပါတယ်။ ဒါပေမဲ့ ဆွေးနွေးခြင်းက ဆက်တိုက်ဖြစ်လာတဲ့ အခါမှာတော့ သူတို့က နားထောင်တဲ့သူ အခြေအနေဘက်ကို ပြောင်းလဲသွားပြီးတော့ လင်းဟန်ကို သူတို့အနေနဲ့ မှော်ဆေးပညာရပ်တွေမှာ ကြုံ တွေ့ရတဲ့ ခက်ခဲတဲ့ ပြဿနာတွေကို မေးမြန်းနေကြပါတယ်။

လီစီရှန်းက တစ်ဖက်ကနေပြီးတော့ ဒီအဖြစ်အပျက်တွေ အားလုံးကို စောင့်ကြည့်နေပါတယ်။ သူမအနေနဲ့ အံ့အားသင့်လွန်းလို့ မှင်တက်ပြီး ကြက်သေ သေနေသလိုဖြစ်နေပါတယ်။

ဒီကောင်လေးက သူမထက်တောင်မှ ငယ်ရွယ်တယ်ဆိုတာ သိသာ ထင်ရှားပြီးတော့ အခု ဘယ်လိုလုပ်ပြီးတော့ မှော်ဆေးပညာနယ်ပယ်မှာ ဒီလိုမျိုး အံ့အားသင့်စရာ ကောင်းလောက်အောင် နားလည်တတ်ကျွမ်း သိမြင်နေနိုင်ရတာလဲ? တကယ်လို့ တစ်ယောက်ယောက်ကသာ သူရဲ့ မျက်နှာ ကိုမမြင်တွေ့တာမျိုး သူရဲ့ အသံကို မကြား ပဲ နေခဲ့မယ်ဆိုယင် သူတို့အနေနဲ့ ဒါက မှော်ဆေးပညာရှင် အကြီးအကဲကြီး လို့တောင် ထင်နေကြမှာပါလိမ့်မယ်။

သူမလည်းပဲ မှော်ဆေးပညာနယ်ပယ်မှာ ထိတ်လန့်စရာကောင်းတဲ့ ပါရမီကို ပိုင်ဆိုင်ထားပြီးတော့ ပူဆောင်လင်းကိုယ်တိုင်က သူမကို တပည့်အဖြစ် တိုက်ရိုက် လက်ခံထားပါတယ်။ ဒ့ါအပြင် သူမက အရမ်းကို လှပချောမောပြီးတော့ လွီယုထန် နဲ့အတူတူ သူမတို့နှစ်ယောက်ကို အင်ပါယာမြို့ရဲ့ ပုလဲအမြွှာ လို့တောင်မှ တင်စားပြီး ခေါ်ဆိုခြင်းကို ခံကြရပါတယ်။ သူမတို့ကို ပိုးပန်းချင်တဲ့ လက်ထပ်ချင်တဲ့ လူအရေ အတွက် က အင်ပါယာမြို့တစ်ခုလုံးကို စက်ပိုင်းတပါတ်လည်ထိတိုင်အောင် လူတန်းရှည်ကြီး ဖြစ်ဖို့ လုံလောက်ပါတယ်။

ဒါပေမဲ့ သူတို့နှစ်ယောက်ကို နိုင်းယှဉ်ကြည့်လိုက်မယ်ဆိုယင် သူမက မော်ဆေးပညာရှင်ရဲ့ ပညာသင်တပည့် တစ်ယောက်နဲ့ တူပြီးတော့ ပုံမှန်အားဖြင့်လဲ ကြမ်းတမ်းခက်ထန်ပါတယ်။

သူမနားထောင်ရလေ လင်းဟန်အပေါ်မှာ သူမရဲ့ လေးစားရှိသေမှုတွေက ပိုပြီးတော့ ကြီးထွားလာလေပါပဲ။ သူမက အသက်တောင်မရှူနိုင်ပဲ ဒီကမ္ဘာကြီးပေါ်မှာ ပါရမီရှင်တွေ အများကြီး ရှိနေပဲ့လားဆိုတာ တွေးနေပါတယ်။တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုယင် ဒီအသက်အရွယ်နဲ့ ကောင်လေး တစ်ယောက်က သူမရဲ့ ဆရာကို တောင်မှ ဘယ်လိုလုပ်ပြီး ဖြတ်ကျော်သွားနိုင်မှာလဲ?

``တကယ်ပဲ သင်ကြားလေ့လာတဲ့နေရာမှာ အသက်အရွယ်ဆိုတာ မရှိဘူး.. ဘယ်သူ မဆို အစွမ်းအစ ရှိယင်ပဲ ဆရာလို့ ခေါ်ဆိုထိုက်နေပီ``

ဖုယွင်ရှင်းက ပထမဆုံး သက်ပြင်းချလိုက်ပါတယ်။

`` ပထမတုန်းက ငါတွေးမိတာက ဒီ သူငယ်ချင်းလေးက အရမ်းကို မာနကြီးပြီး မောက်မာလိုက်တာပေါ့.. လုံးဝ

မထင်မှတ်ထားမိတာက တကယ်တမ်း မာနကြီးပြီး မောက်မာနေတာက ငါကိုယ်တိုင်ပဲ ဖြစ်နေတာပဲ.. သူငယ်ချင်းလေးရဲ့ မှော်ဆေးပညာရပ် နားလည်နိုင်စွမ်းအဆင့်က ငါတို့နှစ်ယောက်စလုံးကို ကျော်ဖြတ်သွားခဲ့ ပါပြီ.အနာဂါတ်မှာ သူငယ်ချင်းလေးက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် မပြောနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တောင်မှလုံးဝ ဖြစ်လာနိုင်ချေရှိတယ်``

``ငါ မင်းဆီကနေ ဒီစကားလုံးတွေကို ကြားမိပြီးတဲ့နောက်မှာတော့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တံခါးက ငါ့အတွက် ပွင့်သွားခဲ့ပြီလို့ ခံစားလိုက်ရတယ်။ မင်းရဲ့ အမြင်တွေကို ငါ့အနေနဲ့ အားလုံးကို သေချာ စဉ်းစားနားလည်လာယင် မြေကမ္ဘာအဆင့် ကို လုံးဝ အဆင့်တက်သွားအောင်လို့ ငါလုပ်နိုင်လိမ့်မယ်``

ပူဆောင်လင်းက မတ်တပ်ရပ်လိုက်ပီးတော့ လင်းဟာန်ဆီကို အချိန်တော်တော်ကြာအောင် ဦးညွှန်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးအများကြီးတင်ပါတယ် သူငယ်ချင်းလေး``

``ကျေးဇူးအများကြီးတင်ပါတယ် သူငယ်ချင်းလေး``

ဖုယွင်ရှင်းလဲပဲ မတ်တပ်ရပ်ပြီးတော့ လင်းဟန်ဆီကို ဦးညွှန့်ပြီးတော့ ပြောလိုက်ပါတယ်။

လီစီရှန်းကတော့ လုံး၀ မှင်တက်နေပါတယ်။ ဘာလို့လဲဆိုတော့ မော်ဆေးပညာရှင်တွေရဲ့ အဆင့်အတန်း မှတ်တမ်းတွေအရ.. ဒီလူကြီးနှစ်ယောက်က အမြင့်ဆုံးအဆင့်အတန်း ကိုပိုင်ဆိုင်ထားတယ်လို့ သတ်မှတ်နိုင်ပြီးတော့ အဆင့်အတန်းမှာဆို ဧကရာဇ်တစ်ယောက်တည်းရဲ့ အောက်ကိုပဲ နိမ့်ကျတာပါ။ အခုတော့ သူတို့က ဒီလူငယ်လေးတစ်ယောက်ကို တစ်ကယ်ပဲ ဦးညွှန့် အရိုအသေ ပေးနေကြပါတယ်။ ဒီလိုမျိုး အပြုအမူက မိုးရေနိုင်ငံရဲ့ ဧကရာဇ်တောင်မှ ကျေနပ် ပျော်ရွှင်သွားစေပါလိမ့်မယ်.. တကယ်လို့ ဒီသတင်းသာ ပျံ့နှံ့သွားမယ်ဆိုယင် ဘယ်သူက ယုံကြည်နိုင်မှာလဲ မဟုတ်ဘူးလား?

အပိုင်း(၉၄) တိုက်ခိုက်ပြီးတော့ ရယူခြင်း

လင်းဟန်က သူတို့ရဲ့ ဦးညွှန့်အရိုအသေ ပေးခြင်းကို စိတ်သန့်သန့်နဲ့ပဲ လက်ခံခဲ့ ပါတယ်။ စောစောတုန်းက

သူ့အနေနဲ့ ဒီလူကြီးနှစ်ယောက်ကို အမှန်တကယ် သင်ကြားပေးခဲ့ ပါတယ်။ သူရဲ့ သင်ကြားပြသပေးမှုနဲ့အတူ ဒီလူကြီးနှစ်ယောက်အနေနဲ့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ဖို့ အခွင့်အရေး ရရှိသွားခဲ့ပါပြီ။ သူတို့အနေနဲ့ ဒီလိုမျိုး မြင့်မားတဲ့ အောင်မြင်မှုမျိုးကို သူတို့ဘဝတစ် လျှောက်လုံးမှာ ရရှိလိမ့်မယ်လို့ အိမ်မက်တောင်မှ မမက်ဖူးပါဘူး။

သူ့အနေနဲ့ ဒီ အဘိုးကြီးနှစ်ယောက်ရဲ့ ဆရာတစ်ဂက် အဖြစ်တောင်မှ သတ်မှတ်ယူဆ လို့ရပါတယ်။ ဒီလိုရလဒ်ကြောင့်ပဲ သူ့အနေနဲ့ ဒီအဘိုးကြီးနှစ်ယောက်ရဲ့ ဦးညွှန့်အရိုအသေ ပေးခြင်းကို လက်ခံရရှိဖို့ သင့်တော်ပါတယ်။

``တကယ်လို့ ဆရာသခင်လေး ဟန် အနေနဲ့ အနာဂါတ်မှာ ပြဿနာ တစ်စုံတစ်ရာ ရှိခဲ့ယင် ကောင်းကင်ဆေးအိမ်တော်ကိုလာပြီးတော့ ကျနော့်ဆီကို လာတွေ့ပါခင်ဗျာ``

ဖုယွင်ရှင်းက

ယဉ်ယဉ်ကျေးကျေးနဲ့ပြောလိုက်ပါတယ်။သူ့အနေနဲ့

လင်းဟန်ကို သူငယ်ချင်းလေး လို့ မခေါ်ပွံ့တော့ပါဘူး။

ပူဆောင်လင်း ကတော့ ဘာမှမပြောပါဘူး။ ဘာလို့လဲဆိုတော့ လင်းဟန်က ဟွာယန် အကယ်ဒမီရဲ့ တပည့်တစ်ယောက်ဖြစ်တဲ့အတွက် သူ့အနေနဲ့ လင်းဟန်ကို သူကြိုက်တဲ့ အချိန်တိုင်းမှာ တွေ့မြင်နိုင်ပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ ပိုင်နက်အတွင်းမှာ လင်းဟန်ကို တစ်ခြား ဘယ်အရာကမှ ထိခိုက်နစ်နာအောင် လုပ်ဖို့ကို ခွင့်မပြုနိုင်ပါဘူး။

လင်းဟန်က ငြင်သာစွာနဲ့ ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ လက်ဆောင်ပစ္စည်းတွေကို တစ်ကိုယ်ကောင်းဆန်စွာနဲ့ တောင်းဆိုတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး။ ဘာလို့ ဒီလူကြီး နှစ်ယောက်ကို သူ သင်ကြားပေးရတဲ့ အကြောင်းရင်းက သူတို့နှစ်ယောက် က မြင့်မားတဲ့ အဆင့်အတန်းတွေ ရှိတဲ့အတွက်ကြောင့် ဖြစ်ပြီးတော့ သူ့အနေနဲ့ အင်ပါယာမြို့မှာ စွမ်းအားကြီးမားတဲ့ အကူအညီနှစ်ခုကို ရရှိသွားပါလိမ့်မယ်.။ ဒါကြောင့် သူ့အနေနဲ့ အင်ပါယာမြို့ မှာ တစ်စုံတစ်ခု လုပ်တော့မယ်ဆိုယင် စိတ်စနိုးစနောင့် ဖြစ်နေစရာမလိုတော့ပါဘူး။

ဖုယွင်ရှင်းက နတ်ဆက်ပြီးတော့ ပြန်သွားပါတယ်။ သူ့ရဲ့ မှော်ဆေးပညာ နယ်ပယ်မှာ ခက်ခဲတဲ့

ပြဿနာတွေအများကြီးက အခုဆိုယင် ဖြေရှင်းလို့ပြီးသွားခဲ့ပါပြီ ဒါကြောင့် သူက ချက်ချင်းပဲ ပြန်ဖို့လိုပြီးတော့ ဗဟုသုတ အသစ်တွေကို သူရဲ့ ကိုယ်ပိုင်နားလည် မှု အဖြစ် လုံးဝပြောင်းလဲပစ်နိုင်ဖို့ကို သေချာစဉ်းစားတွေးတောတာ လုပ်ဖို့ လိုအပ်ပါတယ်။

``အဘိုးကြီးပူ... ငါ့ရဲ့ တပည့်ကို မြန်မြန်ထုတ်ပေးစမ်း``

အဲဒီအချိန်မှာပဲ ဝင်ခွင့်စစ်ဆေးတဲ့ ဆရာကို နောက်ကထားပြီးတော့ အဘိုးကြီးတစ်ယောက်က ဝင်လာပါတယ်။ပြောဖို့ မလိုအောင်ပဲ အဲဒီ အဘိုးကြီးက ဟွာယန်အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီး .. လိန်ဂွမ်ဖူ ပဲဖြစ်ပါတယ်။

``ဘာ မင်းတပည့်ဟုတ်လား``

ပူဆောင်လင်းက ချက်ချင်းပဲ ဝင်လာတဲ့ လူကြီးကို ချေပလိုက်ပါတယ်။

``ဒါက ငါတို့ မှော်ဆေးပညာဌာနရဲ့ တပည့်ဆိုတာ သိသာထင်ရှားနေတာပဲ ဘယ်တုန်းက သူက မင်းရဲ့ သိုင်းပညာဌာနရဲ့ တပည့်ဖြစ်သွားခဲ့တာလဲ?``

ဟွာယန်အကယ်ဒမီကို အမှန်တကယ်ပဲ ဌာနခွဲ နှစ်ခု အနေနဲ့ ပိုင်းခြားထားပါတယ်။ တစ်ခုက သိုင်းပညာဌာန ဖြစ်ပြီးတော့ နောက်တစ်ခုကတော့ မှော်ဆေးပညာဌာန ပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာ မှော်ဆေးပညာရှင်က အရမ်းကို အရေအတွက် နည်းပါးကြပါတယ်။ လူတွေက ဟွာယန်အကယ်ဒမီ အကြောင်းကို ပြောကြတဲ့ အချိန် တိုင်းမှာ သူတို့တွေက သိုင်းပညာဌာနကိုပဲ အမြဲတမ်း ရည်ရွယ်ပြီးတော့ ပြောကြပါတယ်။

ပူဆောင်လင်းရဲ့ အမြင်ကတော့ လင်းဟန်ရဲ့ မှော်ဆေးပညာရဲ့ နားလည်းနိုင်စွမ်းနဲ့ သိမြင် နိုင်စွမ်းတွေက ကြောက်မက်ဖွယ်ရာကောင်းအောင် မြင့်မားပါတယ် ဒါ့အပြင် သူ့ရဲ့ သဘောတရားနဲ့ ပါတ်သတ်တဲ့ ဗဟုသုတ တွေကလဲ သူ့ထက်တောင်မှ ပိုပြီး နက်ရှိုင်း ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မှော်ဆေးပညာဌာန မှာဂင်ရောက်ပြီးတော့ သူ့ရဲ့ကိုယ်ပိုင် ဉာဏ်စွမ်း တွေအားလုံးကို မှော်ဆေးဖော်စပ်တဲ့ အပေါ်မှာ အာရုံစူးစိုက်ပြီးတော့ ဒီနယ်ပယ်ရဲ့ ထိပ်ဆုံးဆီကို တစ်ဆင့်ပြီး တစ်ဆင့် အဆင့်တက်သွားဖို့ လုပ်သင့်ပါတယ်။

``အဓိပ္ပါယ် မရှိတာ ဒီကောင်လေးရဲ့ တိုက်ပွဲအစွမ်းက

အရမ်းကို ထူးချွန်ထက်မြက်တယ် ဒါကြောင့် သူက ငါတို့ရဲ့ သိုင်းပညာဌာနက လူပဲ.. ပြီးတော့ မင်းက သူကို မှော်ဆေးလုံးတွေ ဘယ်လိုဖော်စပ်သလဲဆိုတာကို သင်ကြားပေးဖို့ တကယ်ပဲ အစီအစဉ်ရှိနေတယ်ပေါ့လေ..ဒါက သူကို လုံးဝ ဖျက်စီးလိုက်တာနဲ့တူတူပဲ``

လိန်ဂွမ်ဇူ က ဒေါသထွက်နေပါတယ်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ပူဆောင်လင်းရဲ့ အရှေ့ကို သွားပြီးတော့ သူ့ကို လက်ညိုး ငေါက်ငေါက်တိုးပြီးတော့ သူ့ရဲ့ လက်ညိုးက ပူဆောင်လင်းရဲ့ နှာခေါင်းနဲ့ ထိကပ်လုမတတ် နီးကပ်လွန်းပါတယ်။

``မင်းကမှ အဓိပ္ပါယ်မရှိတာတွေကို ပြောနေတာ.. ဒီကောင်လေးရဲ့ မှော်ဆေးပညာပေါ် မှာ နားလည်နိုင်စွမ်းက အရမ်းကိုမြင့်မားတဲ့အတွက် ဒါက အစဉ်အလာ ထုံးစံအတိုင်းပဲ.. သူ့ကို သိုင်းပညာလေ့ကျင့်ခိုင်းတာက သူ့ရဲ့ပါရမီကို အကြီးမားဆုံး ဖြုန်းတီးပစ်လိုက် တာပဲ``

ပူဆောင်လင်း ကလည်းပဲ လိန်ဂွမ်ဇူ ရဲ့ မျက်နှာကို လက်ညိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

``အဘိုးကြီး ပူ ငါမင်းကို သတိပေးမယ် နောက်တစ်ခါ ငါ့မျက်နှာကို လက်ညှိုးနဲ့ မထိုးနဲ့``

လိန်ဂွမ်ဖူက ခြိမ်းခြောက်လိုက်ပါတယ်။

``မင်းက အရင်ဦးဆုံး ငါ့ကို အယင် မင်းရဲ့ လက်ညှိုးနဲ့ လာထိုးတာလေ.. မင်းရဲ့ လက်ညှိုးကို အယင်ဆုံး ရုတ်သိမ်းလိုက်``

ပူဆောင်လင်းကလဲ ပြောလိုက်ပါတယ်။

``ထွီ.. မင်းအယင်ဆုံး နောက်ဆုတ်လိုက်ကွာ``

``မင်းအရင် ကွာ``

ဒီအဘိုးကြီးနှစ်ယောက်ရဲ့ အသက်က တစ်ရာ့ ငါးဆယ် ကျော်ခန့်ရှိ နေပြီးတော့ ဒီအဘိုးကြီး နှစ်ယောက်ကို ကြည့်ရတာ အလျော့မပေးပဲ ခေါင်းအရမ်းမာတဲ့ နွားသိုး ကြီး နှစ်ကောင်နဲ့တူပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ရန်စောင်နေသလိုမျိုး ဖြစ်နေပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက မျက်လုံးအိမ်ထဲကနေ ထွက်ကျလု မတတ် ပြူးထွက်နေကြပါတယ်။

လီစီရှန်းက သူမရဲ့ နဖူးကို လက်တစ်ဖက်နဲ့ ဖိလိုက်ပါတယ်။ လိန်ဂွမ်ဇူ နဲ့ ပူဆောင်လင်း တို့က သူငယ်ချင်းတွေဖြစ်နေတာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ... ဒီအဘိုးကြီး နှစ်ယောက် က အမြဲတမ်း တစ်ယောက်နဲ့တစ်ယောက် ငြင်းခုံနေတတ်ကြပါတယ်။ သူတို့နှစ်ယောက်က ရန်သူကြီးတွေလိုမျိုး တစ်ယောက်နဲ့တစ်ယောက် ကိစ္စ အသေးအမွှားလေး က အစ လက်သီးတွေထိုး အော်ဟစ်နေတတ်ကြပါတယ်။

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာ အတွက်ကတော့ သူ့အနေနဲ့ ဒီမြင်ကွင်းကြောင့် မှင်တက် နေပါတယ်။သူ့အနေနဲ့ လင်းဟန်က ထူးချွန်ထက်မြက်တဲ့ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ သူ့အသက်အရွယ်နဲ့ အံ့သြဖွယ်ရာကောင်းတဲ့ တိုက်ပွဲအစွမ်းနဲ့ လူတစ်ယောက် ဆိုတာကို သူသိထားပါတယ်။ ဒါပေမဲ့ ဒီ ကျောင်းအုပ်ကြီးနှစ်ယောက် ကို သူတို့ရဲ့ ကိုယ်ပိုင် ဌာနခွဲတွေမှာ ဂင်ခွင့်ရဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် ဖြစ်စေလိမ့်မယ်ဆိုတာကတော့ သူ့အနေနဲ့ လုံးဝ မမျှော်လင့်ထားတဲ့ ကိစ္စ ပဲဖြစ်ပါတယ်။

ဟူးးး.. ဒီကောင်လေးကြည့်ရတာ အနာဂါတ်မှာ

ဟွာယန်အကယ်ဒမီထဲမှာ သူစိတ်ကြိုက် ထင်ရာစိုင်းလို့ရတော့မယ်နဲ့တူတယ်.. မဟုတ်ဘူး မဟုတ်ဘူး .. ဒီ ကျောင်းအုပ်ကြီးနှစ်ယောက်က သူ့အပေါ်မှာ စောင့်ကြည့်နေတာနဲ့ ဆိုယင် သူက အင်ပါယာမြို့တစ်ခုလုံးမှာတောင်မှ သူကြိုက်သလိုလုပ်နိုင် လာပါလိမ့်မယ်။

သင့်အနေနဲ့ နားလည်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒီ လူကြီးနှစ်ယောက်က စွမ်းအားကြီးမား တဲ့ စိတ်ဂိဥာဉ်ပလ္လင် အဆင့် စစ်သည်တော်တွေ ဖြစ်ယုံသာမက သူတို့က ဟွာယန် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးတွေဖြစ်တဲ့အတွက်ကြောင့် မရေတွက်နိုင်တဲ့ လက်ရွေးစင် အမြောက်အများကို သင်ကြားခဲ့ဖူးပြီးတော့ သူတို့ရဲ့ အဆင့်အတန်းက လုံးဝ နှိုင်းယှဉ်လို့တောင် မရပါဘူး။ ဒါ့အပြင် ပူဆောင်လင်း က အနက်ရောင် အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်တစ်ယောက်လဲ ဖြစ်တဲ့အတွက် မိုးရေနိုင်ငံရဲ့ ဧကရာဇ် တောင်မှ သူနဲ့တွေ့တဲ့အခါမှာ ဂရန်းမာစတာ တစ်ယောက်လို ခေါ်ဆိုရပြီးတော့ ရိုသေလေးစားမှု ပြုရပါတယ်။

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာဖြစ်သူက မနာလိုမှုတွေကို ထိန်းမနိုင်တော့ပဲ သူ့ရဲ့ မျက်လုံးတွေက နီရဲ လို့လာပါတယ်။

``ကောင်းပြီ... ငါကိုယ်ငါ မင်းရဲ့ အဆင့်ဆီကို နိမ့်ချလိုက်မှာမဟုတ်ဘူး.. ဒါပေမဲ့ ဒီ ကောင်လေးက ငါ့ရဲ့ သိုင်းပညာဌာန တပည့်ပဲ ဒါကြောင့် ငါသူကို ပြန်ခေါ်သွားတော့မယ်``

လိန်ဂွမ်ဖူ က လင်းဟာန်ရဲ့ ပုခုံးကို ဆုပ်ကိုင်လိုက်ပါတယ်။

``အဓိပ္ပါယ်မရှိတာ ဒါက ငါတို့ မှော်ဆေးဌာန ရဲ့ အနာဂါတ်ကြယ်ပဲ ပြီးတော့ သူက မှော်ဆေးပညာနယ်ပယ် တစ်ခုလုံးရဲ့ မျှော်လင့်ချက်လည်းဖြစ်တယ်.. ဒီလိုမျိုး သူ့ရဲ့ ပါရမီ တွေကို မင်းက ဖြုန်းတီးပစ်လိုက်မှာကို ငါကဘာလို့ ခွင့်ပြုရမှာလဲ``

ပူဆောင်လင်းကလဲ လျှင်မြန်စွာနဲ့ လင်းဟာန်ရဲ့ နောက်ထပ် ပုခုံးကို ဆုပ်ကိုင်ထားလိုက်ပါတယ်။

``သွားစို့``

``သွားစို့``

အဘိုးကြီးနှစ်ယောက်က ပုခုံးတစ်ဖက်ဆီကနေ

ဆွဲခေါ်ပြီးတော့ လင်းဟန်ကို သူတို့ဘက်ခြမ်းကို ရောက်အောင်လို့ ဆွဲနေကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့အနေနဲ့ လင်းဟန်ကို ထိခိုက်နာကျင်စေမဲ့ အပြုအမူမျိုးဖြစ်တဲ့ ခွန်အားအလွန်အကျွံသုံးပြီးတော့ ဆွဲခြင်းကနေတော့ ရှောင်ရှားကြပါတယ်။ သူတို့က တစ်ယောက်နဲ့တစ်ယောက် ဒေါသတကြီးနဲ့ စိုက်ကြည့်ပြီးတော့ ဆက်လက်ဖမ်းဆုပ်ကိုင်ထားရင်းနဲ့ ကြိုးပမ်းနေကြပါတယ်။

ဒီအဘိုးကြီးနှစ်ယောက်က အရမ်းကို ထူးချွန်ထက်မြက်ပီး တစ်ယောက်ခြင်းစီမှာ အံ့သြဖွယ်ရာအစွမ်းတွေရှိပြီးတော့ သူတို့ရဲ့ ခြေလှမ်းတွေကကို ပဲ မိုးရေနိုင်ငံ တစ်ခုလုံး အတွင်းမှာ တုန်လှုပ်ချောက်ခြားသွားအောင်လို့ လုပ်နိုင်တဲ့သူတွေချည်းပါပဲ။ အခုတော့ သူတို့တွေက လူငယ်လေးတစ်ယောက်အတွက်နဲ့ တစ်ယောက်နဲ့ တစ်ယောက် ရန်စောင် နေကြပါတယ်။ ဒီလိုမျိုး အရာတစ်ခု ကို ဘယ်သူတွေက ယုံကြည်နိုင်မှာလဲ?

လီစီရှန်း လည်း စိတ်ကသိ ကအောက်တွေ ဖြစ်လို့နေပါတယ်။ ဒီအဘိုးကြီးနှစ်ယောက်က တကယ်ပဲ သူတို့အသက်အရွယ်ကို မှ မထောက်ကြတော့ဘူး။ သူတို့က တကယ်ဆို အသက်အရွယ် တော်တော်အိုမင်း နေပြီ

ဖြစ်ပေမဲ့လည်း အခုတော့ တစ်ယောက်နဲ့ တစ်ယောက် ကလေးငယ်လေးနှစ်ယောက်က မုန်လု နေတဲ့ပုံစံမျိုး ဖြစ်နေပါတယ်။

တစ်ဖက်မှာတော့ ဟူးညိုက ကျယ်လောင်စွာနဲ့ လေချဉ် တက်လိုက်ပါတယ်။ သူမအနေနဲ့ သူမစားရတဲ့ အသားကို တကယ်ပဲ ကျေနပ်မိနေပါတယ်။

``ဆရာသခင်လေး ဟန်.. စကားပြောပါဦး.. မင်း ဒီအဘိုးကြီးနဲ့ သိုင်းပညာတွေ သင်ယူဖို့ အတွက် လိုက်သွားမှာလား.. ဒါမှမဟုတ် ကျုပ်တို့ရဲ့ မှော်ဆေးပညာဌာန ကိုဂင်ပြီးတော့ မှော်ဆေးပညာ သုသေတနတွေကို အတူတူပူးပေါင်း ပြီးတော့ လုပ်ကြမလား?

ဂူဆောင်လင်းက မေးလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး မှော်ဆေးပညာရဲ့ ပါရမီရှင် ကို သူ့ရဲ့ဘဝမှာ ခြေလှမ်းမှားသွားမှာကို မလိုချင်ခဲ့ပါဘူး။

``ဒီအဘိုးကြီးကို မကြောက်နဲ့ .. သူ့ကို အမှန်အတိုင်းပဲ ပြောလိုက်..မင်း သိုင်းပညာကို မသင်ချင်ဘူးလား?``

လိန်ဝွမ်ဇူ က လျှင်လျှင်မြန်မြန်နဲ့ပဲ ပြောလိုက်ပါတယ်။ သူ့ရဲ့ အလျှင်စလို အခြေအနေကြောင့် ပူဆောင်လင်းက လင်းဟန်ကို ဆရာသခင်လေး ဟန်လို့ ခေါ်လိုက် တာကို သတိမပြုမိလိုက်ပါဘူး။

``ဆရာသခင်လေးဟန်.. တကယ်လို့ မင်းက မှော်ဆေးပညာဌာနကို ဝင်မယ်လို့ သဘောတူလိုက်မယ်ဆိုယင် ငါမင်းကို ချက်ချင်းပဲ အကယ်ဒမီ အမှတ် တစ်ထောင် ပေးပါ့မယ်``

ပူဆောင်လင်းက လင်းဟန်ရဲ့ သဘောတူညီမှုကို ရဖို့အတွက် သွေးဆောင်ဖျားယောင်း တဲ့ အနေနဲ့ ကမ်းလှမ်းလိုက်ပါတယ်။

ဘာ။

လီစီရှန်းနဲ့ ဝင်ခွင့်စစ်ဆေးတဲ့ ဆရာ တို့ နှစ်ဦးစလုံး အံ့အားသင့်သွားပါတယ်။ အကယ်ဒမီ အမှတ် တစ်ထောင် တောင်.။

ဟွာယန်အကယ်ဒမီ အတွင်းမှာတော့ အကယ်ဒမီ အမှတ်တွေကို အမျိုးမျိုးသော ပစ္စည်းတွေ ဖြစ်တဲ့

ကျင့်ကြံခြင်း နည်းစနစ်... သိုင်းပညာနည်းစနစ်... မှော်ဆေးလုံး တွေ အပြင် အမျိုးမျိုးသောသဘာဝ ရတနာတွေနဲ့ လဲလှယ် လိုရပါတယ်။ ဒါပေမဲ့ အကယ်ဒမီအမှတ် ဆိုတာ ရဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။ လွီယုထန် လို ပါရမီရှင် တောင်မှ အကယ်ဒမီ မှာ နှစ်တွေအများကြီး အချိန်ကုန် ဖြတ်သန်းခဲ့တာတောင်မှ အမှတ်တစ်ထောင်ကို မစုနိုင်ပါဘူး။

``ဟော့ ဟော့ ဟော့ အဘိုးကြီးပူ.. မင်းအနေနဲ့ အကယ်ဒမီ အမှတ်တွေကို မင်းစိတ်ကြိုက် အလွယ်တကူ ပေးလိုက်လို့ မရဘူးလေ.. အကယ်ဒမီအမှတ်တွေကို ချီးမြှင့်တဲ့ အခါမှာ တင်းတင်းကြပ်ကြပ် သတ်မှတ်ထားတယ်လေ... မင်းက ဒီစည်းမျဉ်း စည်းကမ်းတွေကို ဖောက်ဖျက်လို့မရဘူးကွ``

လိန်ဂွမ်ဇူက လျှင်လျှင်မြန်မြန်နဲ့ပဲ ပြောလိုက်ပါတယ်။

``ဟော့ ဟော့ မင်းက ငါ့ကို အဲဒီလို လူစားမျိုးလို့ ထင်နေတာလား? ``

ပူဆောင်လင်းက ဂုဏ်ယူစွာနဲ့ပြောလိုက်ပါတယ်။

``ဆရာသခင်လေး ဟန်က ဒီ မှန်တိုင်းဆေးလုံးကို လုံးဝ

ပြီးပြည့်စုံအောင် လုပ်ပေးခဲ့ပီ.. ဒီလိုမျိုး အကျိုးအမြတ် ကို ဖြန့်ဝေပေးတာက အကယ်ဒမီ အမှတ် တစ်ထောင် ချီးမြင့်ဖို့အတွက် ထိုက်တန်တယ် မဟုတ်လား?``

``ဘာ``

လိန်ဂွမ်ဖူက လျင်မြန်စွာနဲ့ မေးလိုက်ပါတယ်။

``မင်းက ဒီ မုန်တိုင်းဆေးလုံးကို ဖော်ထုတ်နိုင်ခဲ့တာ တော်တော်ကြာနေပြီ မဟုတ်လား?``

``ငါ ပြန်ပြီးတော့ စုစည်းနိုင်တဲ့ ဆေးဖော်စပ်နည်းက ကြယ် ရှစ်လုံး အဆင့် ဆေးလုံး ကိုပဲ ဖော်စပ်လို့ရနိုင်တယ်.. ဒီ သူငယ်ချင်းလေး ဖော်စပ်ထားတဲ့ ဒီဆေးလုံးကတော့ ကြယ် ဆယ့်သုံးလုံး အဆင့်ကိုတောင် ရောက်နေပီလေ``

ပူဆောင်လင်းက အလွန်အမင်း ဂုဏ်ယူစွာနဲ့ပြောလိုက်ပါတယ်။

လိန်ဂွမ်ဆူ တစ်ယောက် မရှုနိုင် မကယ်နိုင် ဖြစ်သွားပါတယ် ဒါပေမဲ့ သူက ချက်ချင်း ဆိုသလို လင်းဟန်ရဲ့ သိုင်းပညာနယ်ပယ် ပါရမီက အရမ်းကို ထူးချွန်ထက်မြက်

ဆိုတာကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာတော့...အသက် ၁၇ နှစ်နဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ မဟုတ်ဘူး ၅ ကိုရောက်နေတာတယ်။ ဒ့ါအပြင် ဒြပ်စင်စုစည်းခြင်းအဆင့် ၄ နဲ့ သူက ချီယောင်ရီကိုတောင်မှ အနိုင်ယူခဲ့သေးတယ်။

ဒီလိုမျိုး သိုင်းပညာရဲ့ ပါရမီရှင် တစ်ယောက်က ဘာလို့ သိုင်းပညာတွေကို မသင်ယူရမှာလဲ?

ဒါပေမဲ့ ပြဿနာ က လင်းဟန်အနေနဲ့ သိုင်းပညာဌာနရဲ့ နာမည်နဲ့ ဖြန့်ဝေထောက်ပံ့ ပေးနိုင်ခြင်း မရှိသေးတဲ့အတွက် သူ့အနေနဲ့ လင်းဟန်ကို အကယ်ဒမီ အမှတ် ကို ချီးမြှင့်ပေးလို့ မရပါဘူး။

အဘိုးကြီးအနေနဲ့ သူ့ရဲ့ စိတ်ရှုပ်ထွေးနေမှု တွေကြောင့် မထိန်းချုပ် နိုင်တော့ပဲနဲ့ ချွေးပြန်နေပါတယ်။

အဲဒီအချိန်မှာပဲ နောက်ဆုံးတော့ လင်းဟန်က စပြီး စကားပြောလိုက်ပါတယ်။

``ကျနော် ဌာန နှစ်ခု စလုံးကနေပြီးတော့ သင်ယူပါ့မယ်``

သူက မော်ဆေးကေရာဇ် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့

သူ့အနေနဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရှေးဟောင်းဆေးဖော်စပ်နည်း တစ်ချို့ကို ကမ်းလှမ်းနိုင် မယ်ဆိုယင် သူ့အနေနဲ့ အကယ်ဒမီအမှတ်တွေ အများကြီးရနိုင်ပါလိမ့်မယ်။ သူ့အနေနဲ့ ဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ ဆွဲဆောင်နိုင်တဲ့အခွင့်အရေးကို လက်လွှတ် အရှုံး ပေးလိုက်လို့ ဘယ်ဖြစ်မလဲ။ ဒါ့အပြင် သူ့အနေနဲ့ သူ့ရဲ့ ယခင် မော်ဆေးပညာလမ်းကြောင်း ဟောင်းကြီးကို ဆက်ပြီးလုပ်ဖို့ စိတ်မပါပါဘူး.. သူ့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်း အားလုံးကို သိုင်းပညာလမ်းကြောင်းမှာပဲ အဓိက အာရုံစူးစိုက်ရပါလိမ့်မယ်။

အဘိုးကြီးနစ်ယောက် ကသူ့ကို မှင်တက်အံ့အားသင့်ပြီးတော့ ကြည့်နေပါတယ်။ တကယ်ဆို သိုင်းပညာနယ်ပယ်ပဲ ဖြစ်ဖြစ် မော်ဆေးပညာနယ်ပယ်ပဲ ဖြစ်ဖြစ် နှစ်ခု စလုံးက အရမ်းကို ကျယ်ပြန့်နက်ရှိုင်းပြီးတော့ ထူးခြားလေးနက်တဲ့ ပညာဗဟုသုတ တွေ အများကြီးရှိပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ရဲ့ ဘဝတစ်ခုလုံးကို အသုံးချမယ်ဆိုယင်တောင်မှ အဲဒီနယ်ပယ်ရဲ့ ထိပ်ဆုံးအဆင့်ကို ရောက်နိုင်ဖို့က သိပ်ပြီးတော့ မဖြစ်နိုင်ပါဘူး။ နယ်ပယ်နှစ်ခုစလုံးကို တစ်ပြိုင်နက်တည်း လေ့လာသင်ယူဖို့ဆိုတာကတော့.........။

``ကျနော်က ပါရမီရှင်ပဲလေ.. ဒါကြောင့် ဘာပြဿနာမှ မရှိပါဘူး``

လင်းဟန်က ယုံကြည်မှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

လီစီရှန်းက သူမရဲ့ ပါးစပ်ကြီး ဟသွားတဲ့အထိ အံ့ဩနေပါတယ်။ သူမ အနေနဲ့ လင်းဟန်ရဲ့ အရှက်တရားကင်းမဲ့တဲ့အဆင့်အပေါ်မှာ ထူးဆန်းအံ့အားသင့်နေပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူ့ကိုသူ ချီးမြှောက်ပြောဆိုနေနိုင်ရတာလဲ? ဒါပေမဲ့ သူမအနေနဲ့ စောစောတုန်းက လင်းဟန်ရဲ့ ဆောင်ရွက်ချက်တွေ ကို ပြန်ပြီး စဉ်းစားမိလိုက်တဲ့ အခါမှာတော့ အနက်ရောင်အဆင့် အဆင့်မြင့် မော်ဆေးပညာရှင် နှစ်ယောက်တောင်မှ သူတို့ရဲ့ အဆင့်အတန်းတွေကို ဘေးဖယ်ထားပြီး လင်းဟန်ရဲ့ သင်ကြားမှုကို ခံယူနေခဲ့ကြ ပါတယ်။ဒါကြောင့် မော်ဆေးပညာနယ်ပယ်နဲ့ ပါတ်သတ်လို့ရှိယင်တော့ ပြဿနာတွေ အများကြီး ရှိမှာမဟုတ်လောက်ပါဘူး။

``တကယ်ပဲ ပြဿနာ လုံးဝမရှိဘူးလား?``

အဘိုးကြီးနှစ်ယောက်
တစ်ပြိုက်နက်တည်းမေးလိုက်ကြပါတယ်။

``လုံး၀ ပြဿနာမရှိဘူး``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အပိုင်း (၉၅) ဆရာတစ်ယောက် ရှာဖွေခြင်း

``ကောင်းပြီလေ ဒါဆိုယင်လဲ``

အဘိုးကြီးနှစ်ယောက်က တစ်ပြိုင်နက်တည်း ခေါင်းငြိမ့်လိုက်ကြပါတယ်။ သူတို့တွေက သူငယ်ချင်းဖြစ်တာ နှစ်ပေါင်းအများကြီး ကြာလှပါပြီ။ အစောပိုင်းတုန်းက သူတို့တွေက ငြင်းခုန်အော်ဟစ်ခဲ့ကြပေမဲ့လည်း သူတို့နှစ်ယောက်ကြား က ခင်မင်မှုစည်းချက် တွေကို ထိခိုက်မှာတော့ မလိုချင်ကြပါဘူး။ ဒါကြောင့် ဒီပြဿနာကို လက်ခံနိုင်လောက်တဲ့ ဖြေရှင်းချက်ကြောင့် သူတို့ ကျေနပ်သွားပါတယ်။

``ဒီမှာ ... ဒါက ငါ့ရဲ့ မော်ဆေးပညာဌာန အမှတ်တံဆိပ်ပြား. ဒါကို ကိုင်ယူထားလို့ ရှိယင် မင်း မော်ဆေးပညာဌာနကို

ကြိုက်သလို ဝင်ထွက်သွားလာနိုင်တယ်``

ပူဆောင်လင်းက လင်းဟာန်ရဲ့ လက်ထဲကို သံမဏိတံဆိပ်ပြားလေး တစ်ခု ထည့်ပေးလိုက်ပါတယ်။

``အဘိုးကြီးပူ.. ဒီကောင်လေးက ဒီနေ့မှ အကယ်ဒမီကို သတင်းပို့ဖို့ ရောက်ကာစပဲ ရှိသေးတယ် ဒါကြောင့် ငါသူ့ကို သိုင်းပညာဌာနကို ခေါ်သွားပြီးတော့ အဃင် စာရင်းသွင်းပေးလိုက်ဦးမယ် ပြီးယင် သူ့ရဲ့ နေရေးထိုင်ရေးကိုပါ စီစဥ်ပေးလိုက်မယ်``

လိန်ဂွမ်ဇူ က ပြောပြီးတာနဲ့ လင်းဟာန်ကို ဆွဲခေါ်ပြီး လျင်မြန်စွာနဲ့ပဲ ထွက်သွားပါတယ်။

လိန်ဂွမ်ဇူ က လင်းဟာန်ကို တော်တော်ဝေးဝေး နေရာ ရောက်တဲ့အထိ ဆွဲခေါ် သွားပြီးတော့ မှ ရပ်ပြီးတော့ ဝင်ခွင့်စစ်ဆေးတဲ့ ဆရာဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

``မင်းဘာလို့ ဒီကောင်လေးကို အဘိုကြီးပူ ဆီကို သွားဖို့ ခွင့်ပြုထားခဲ့ရတာလဲ?``

ဆရာက သူအနေနဲ့ အရမ်းမှားယွင်းသွားတယ်လို့ ခံစားလိုက်ရပါတယ်။ သူ့အနေနဲ့ လင်းဟန်က ဒီလို လျှောက်သွားတာကို ကြိုက်နှစ်သက်လိမ့်မယ်လို့ ဘယ်လိုလုပ်ပြီး တော့ သိနိုင်မှာလဲ? သူက ကျောင်းအုပ်ကြီးကို ရှာဖို့အတွက် ထွက်သွားပြီး ပြန်လာတဲ့ အချိန်မှာတော့ လင်းဟန်က ပျောက်နေပါတယ်။ သူ့အနေနဲ့ ကျောင်းအုပ်ကြီးကို မငြင်းခုန် ပံ့ပါဘူး. သူ့ရဲ့ ခေါင်းကိုငုံ့ပြီးတော့ပဲ သူ့အပြစ်ကိုဝန်ခံ နေလိုက်ပါတယ်။ ကံကောင်းစွာနဲ့ပဲ လိန်ဝွမ်ဖုက သူ့ရဲ့ မကျေနပ်မှု တစ်ခုကိုပဲ ပြောချင်တာဖြစ်ပြီးတော့ တစ်ခြား သူ့ကို ဘာမှ အပြစ်မတင်ခဲ့ပါဘူး။

``ကောင်းလိုက်တဲ့ ကောင်လေး...သူက ချီယောင်ရီကို ဒြပ်စင်စုစည်းခြင်း အလွှာ ၄ အဆင့်နဲ့ အနိုင်ယူခဲ့တယ်. သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ ကျင့်စဉ်အဆင့်နဲ့ဆိုယင် ကြယ် ရှစ်လုံးလောက်ပဲ ရှိသင့်ပေမဲ့ သူ့မှာ ကြယ် ၁၂ လုံးလောက်အဆင့်ကို ရှိတယ်။ ဒီလိုပါရမီ မျိုးကို ကန်းယီတောင်မှ ယှဉ်ပြိုင်နိုင်ဖို့ မလွယ်ဖူး``

လိန်ဝွမ်ဖု ရဲ့ မျက်လုံးတွေက တောက်ပနေပြီးတော့ တီးတိုးပြောဆိုနေတာပါ။

``ဒီလိုမျိုး သိုင်းပညာပါရမီရှင်တစ်ယောက်က သူ့ရဲ့ အချိန်တွေကို ဘာလို့ မှော်ဆေးလုံး ဖော်စပ်တာမှာ အချိန်ဖြုန်းစရာမှ မလိုတာ``

တကယ်လို့ ဒီစကားတွေကို သာ ပူဆောင်လင်းက ကြားသွားမယ်ဆိုယင် သူ့ရဲ့ လိန်ဂွမ်ဇူ အပေါ်မှာ နားလည်နိုင်စွမ်းကို အခြေခံပြီးတော့ သူ့အနေနဲ့ ဒီမကောင်းတဲ့ အကြံ နဲ့ပါတ်သတ်ပြီးတော့ ပြောဆိုမိမှာ အမှန်ပါပဲ။

``မင်း သူနေထိုင်ဖို့အတွက် နေရာကောင်းကောင်းလေး စီစဉ်ပေးလိုက်.. ပြီးတော့ သူ့ကို သင်ကြားပေးဖို့အတွက် တပည့်တစ်ယောက်မှ မရှိတဲ့ ဆရာတစ်ယောက် ကိုပါစီစဉ်ထားပေးလိုက်.. မင်းသူ့ကို အဘိုးကြီး ပူ ရှာမတွေ့အောင် ဂရုစိုက်ရမယ်နော်``

သူက တကယ်ပဲ မျက်နှာ နှစ်ဖက်ရှိတဲ့သူပါ.

ဂင်ခွင့်စစ်ဆေးတဲ့ဆရာ ကတော့ ချွေးတွေပြန်ပြီးတော့ တုံ့ဆိုင်းမနေပဲ ခေါင်းငြိမ့်လိုက်ပါတယ်။ ဒါက ကျောင်းအုပ်ကြီးပါ..ဒါကြောင့် သူ့အနေနဲ့ ကျောင်းအုပ်ကြီး ရဲ့ စကားတွေကို နာခံရပါမယ်။ ဒါပေမဲ့ ပူဆောင်လင်းလည်းပဲ

မော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီးဖြစ်တဲ့အပြင် အနက်ရောင်အဆင့် အဆင့်မြင့် မော်ဆေးပညာရှင်လည်းဖြစ်ပါတယ်။ မိုးရေနိုင်ငံမှာ သူ့ရဲ့ အဆင့်အတန်းက မိုးရေနိုင်ငံရဲ့ ဧကရာဇ်ထက် နိမ့်ချင်မှ နိမ့်ပါလိမ့်မယ်။ တကယ်လို့ ပူဆောင်လင်းက သူ့ကို ပြစ်တင်ကြိမ်းမောင်း တဲ့အခါကျယင် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ရပ်တည်နိုင်မှာလဲ?

လိန့်ဝွမ်ဇူ က ဖြစ်နိုင်ချေရှိတဲ့ အရာတွေ အားလုံးကို နားလည်ထားပါတယ် ဒါကြောင့် သူကပြောလိုက်ပါတယ်။

``မင်း ဒါတွေအားလုံးကို စီစဉ်ပြီးတာနဲ့ နှစ်ဂက်လောက် အားလပ်ရက်ယူလိုက်.. မင်းရဲ့ အားလပ်ရက်အချိန်အတွင်းမှာ မင်းရဲ့ လစဉ် လစာငွေကို ကျောင်းကနေ ဆက်ပြီး ပေးနေမယ်``

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာအနေနဲ့ ဒီစကားတွေကို ကြားလိုက်ရတာအခါမှာ ချက်ချင်းပဲ ကျေနပ်ပျော်ရွှင်သွားပါတယ်။ ဒါက သူ့ကို ပူဆောင်လင်းက ဆူပူမှာကိုလဲ မကြောက် ရတော့တဲ့အပြင် သူ့အနေနဲ့ အလုပ်လုပ်စရာမလိုပဲ ဂင်ငွေလည်းရပါဦးမယ်။ ဒါက သူ့အတွက် တကယ်ပဲ ကောင်းမွန်တဲ့

အခွင့်အရေးဖြစ်ပါတယ်။

``ဘယ်ဆရာက အကောင်းဆုံးဖြစ်နိုင်လိမ့်မလဲ?``

လိန်ဂွမ်ရူ ထွက်သွားပြီးတာနဲ့ ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက အပြင်းအထန် စဉ်းစား နေပါတယ်။

``အာ... ငါသိပြီ.. အဘိုးကြီး မို့``

သူကပြုံးလိုက်ပါတယ်။

``အဘိုးကြီးမို့?``

လင်းဟန်က သူ့ရဲ့ လက်မောင်းတစ်ဖက်မှာ ဟူးညို ကိုသယ်ထားပြီးတော့ ကျန်တဲ့ တစ်ဖက်မှာတော့ အဂတ်ထုပ် တစ်ဖက် သယ်လာပါတယ်။

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက ပြောပါတယ်။

``အဘိုးကြီး မို့ ရဲ့ နာမည်က မို့ကောင်း လို့ခေါ်တယ်။ သူက ငါတို့ သိုင်းပညာဌာန ရဲ့ ပါရမီရှင်တစ်ယောက် ပဲ.. သူက ဒီကမ္ဘာကြီးထဲမှာ စွမ်းအားအပြည့်ဂဆုံး

ဓါးသိုင်းပညာနည်းစနစ် တစ်ခုကို ဖန်တီးချင်ခဲ့တယ်။ ရလဒ်ကတော့ သူ့ရဲ့ ကျင့်စဉ်အဆင့်က ရပ်တန့်သွားပြီးတော့ နောက်ထပ် အဆင့်မတက်နိုင်တော့ဘူး။ တကယ်ဆို ကျောင်းအုပ်ကြီးက သူ့ရဲ့ ပါရမီကြောင့် သူ့ကို ကိုယ်ချင်းစာပြီးတော့ အကယ်ဒမီရဲ့ ဆရာတစ်ယောက်အဖြစ် ခန့်အပ်ခဲ့တယ်``

``ဒါပေမဲ့ ကျောင်းအုပ်ကြီးက မင်းကို ကိုယ်တိုင်ကိုယ်ကျ သင်ကြားပေးဖို့ ဆန္ဒရှိ တဲ့အတွက် မင်းအနေနဲ့ အဘိုးကြီးမို့ရဲ့ ကျင့်စဉ်အဆင့်နဲ့ပါတ်သတ်ပြီးတော့ သိပ်ပြီး အာရုံစိုက်နေဖို့ မလိုပါဘူး``

လင်းဟန် ကို ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက ဦးဆောင်ပြီးတော့ တစ်သီးတစ်ခြား ဖြစ်နေတဲ့ နေရာဆီကို ခေါ်သွားခဲ့ပါတယ်။ လမ်းဘေးရဲ့ ပါတ်လည် က မြက်ရိုင်းတွေက သူ့ရဲ့ ခါး နီးပါးလောက်ထိ ရှည်ပါတယ်။ဒါကြောင့် ကြည့်ရတာ ဒီနေရာမှာ လူမနေတာ အတော် အသင့် ကြာနေတဲ့ ပုံစံပါပဲ။.

``ဒေါက် ဒေါက် ဒေါက်``

ဆရာက အရှေ့ကို သွားပြီးတော့ တံခါးကို ခေါက်လိုက်ပါတယ်။

အချိန်အနည်းငယ်အကြာမှာ အထဲကနေပြီးတော့ အသံတစ်ခု ထွက်ပေါ်လိုလာပါတယ်။

``ဘယ်သူလဲ?``

``အဘိုးကြီးမို့ ငါပါ``

ဆရာကပြောလိုက်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် တော်တော် ရင်းနှီးတဲ့ပုံစံ ရှိပါတယ်။

တံခါးပွင့်သွားပြီးတော့ ကိုယ်ခန္ဓာ အသင့်တင့်ရှိတဲ့ လူတစ်ယောက် အပြင်ကို ထွက်လာပါတယ်။ သူကြည့်ရတာ အသက်လေးဆယ် လောက်ပဲ ရှိပါဦးမယ်.. ဒါပေမဲ့ သူ့ရဲ့ မျက်နှာတစ်ခုလုံး ကို မှတ်ဆိတ်မွေးတွေဖုံးနေပြီးတော့ သူ့ကိုကြည့်ရတာ အလွန်အကျွံပဲ ဖိုသီဖတ်သီပုံစံ ပေါက်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ ပုံပန်းသဏ္ဍာန်က မသိလိုရှိယင် အသက်ခြောက်ဆယ် ခုနစ်ဆယ်ခန့် အရွယ်နဲ့ တူနေပါတယ်။

``ဘာကိစ္စလဲ... တကယ်လို့ အရေးကြီးတာ မရှိဘူးဆိုယင်

ငါရဲ့ ဓါးသိုင်းနည်းစနစ်ကို သွားလေ့ကျင့်တော့မယ်``

ထိုလူကြီးကပြောလိုက်ပါတယ်။ သိသိသာသာပါပဲ သူက မို့ကောင်း ပဲဖြစ်ပါတယ်။

``ငါ မင်းဆီကို တပည့်တစ်ယောက် လာပို့တာပဲ``

ဂင်ခွင့်စစ်ဆေးတဲ့ ဆရာက လင်းဟာန်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``သူနာမည်က လင်းဟာန်.. ကောင်းပြီ... ငါမင်းဆီကို အောင်အောင်မြင်မြင်နဲ့ လာပို့ပြီး သွားပြီ.. ဒါကြောင့် ငါ အခု ပြန်တော့မယ်``

သူ့ရဲ့ ဖင်အောက်မှာ မီးကျီခဲ ခု ထိုင်မိသလိုမျိုး သူက ချက်ချင်းပဲ ပြေးထွက်သွားပါတယ်။ သူ့အနေနဲ့ ပူဆောင်လင်းနဲ့ တွေ့မှာကို ကြောက်ရွံ့ နေတဲ့ အတွက် ပဲဖြစ်ပါတယ်။

လင်းဟာန်က မို့ကောင်း ကို စူးစိုက်ကြည့်လိုက်ပီး မို့ကောင်းကလဲ လင်းဟာန်ကို ပြန်ပြီး စိုက်ကြည့်နေပါတယ်။ အဲဒီအချိန်မှာ သူတို့နှစ်ယောက်စလုံးက ဘယ်သူမှ စကား

စမပြောကြပါဘူး။

ပြီးတဲ့နောက်မှာ နောက်ဆုံးတော့ မို့ကောင်းက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါက ဒီနေရာရဲ့ ဆရာတစ်ယောက်ဆိုတော့ အကယ်ဒမီက ငါ့ကို တာဝန် ပေးအပ် တာကို လုံးဝ ငြင်းလို့ရမှာမဟုတ်ဘူး.. နောက်ဆိုယင် မင်း ငါ့နောက်ကို လိုက်ပီးတော့ ဓါးသိုင်းနည်းစနစ် လေ့ကျင့်ရလိမ့်မယ်``

``ကောင်းပါပြီ``

``ဒီအနီးအနားက ခြံဝန်းတစ်ချို့က အလွတ်တွေချည်းပဲ.. တစ်ခုခုကို ရွေးပြီးတော့ မင်းနေနိုင်တယ်``

မို့ကောင်းက အနောက်ဘက်က လှည့်ပြီးတော့ ခြံထဲကို ပြန်ဝင်ဖို့လုပ်ရင်းနဲ့ ပြောလိုက် ပါတယ်။

``ငါ ဒီတံခါးကု ဒီအတိုင်းပဲ ဖွင့်ထားခဲ့မယ်.. မင်းကြိုက်တဲ့ အချိန်မှာ ငါ့ဆီကို လာနိုင်တယ်.. ဒါပေမဲ့ ငါ ဓါးသိုင်းနည်းစနစ် ကို လေ့ကျင့်နေတဲ့ အခါမှာတော့ အနောက်အယှက် မလုပ်ဖို့ တင်းတင်းကျပ်ကျပ်နဲ့စည်းကမ်း

ထုတ်ထားမယ်``

လင်းဟန်က ဟူးညိုကို ဆွဲခေါ်သွားပြီးတော့ တစ်ခြား သင့်တော်တဲ့ နေရာတစ်ခုကို ရှာဖို့ အတွက် သွားခဲ့လိုက်ပါတယ်။ဒီနေရာ တစ်ပိုက်က ခြံဝန်းတွေအကုန်လုံး နီးပါးက ဖုန်တွေ သဲတွေနဲ့ ညစ်ပါတ်ပေရေနေတဲ့အတွက် သူက အနည်းငယ် ကောင်းမွန်တဲ့ ခြံဝန်းတစ်ခုကို ရွေးပြီးတော့ သန့်ရှင်းရေး စလုပ်ပါတယ်။ ဒါမှ ဒီ ခြံဝန်းက နေချင့်စဖွယ် ဖြစ်မှာပေါ့ မဟုတ်ဘူးလား?

ဟူးညို လည်းပဲ ကူညီဖို့ ကြိုးစားပါတယ် ဒါပေမဲ့ ပုံမှန်အားဖြင့်တော့ သူမက ကူညီတာထက် ပိုပြီးတော့ အနှောက်အယှက် ပိုဖြစ်စေပါတယ်။ လေထဲကို ဖုန်တွေ အမှိုက်တွေ လွှင့်ပျံသွားတာနဲ့ သူမရဲ့ မျက်နှာသေးသေးလေးက ကြောင်ပေါက် လေး တစ်ကောင်ရဲ့ မျက်နှာလိုမျိုး ပြောင်းလဲသွားပြီးတော့ ဒါက လင်းဟန်ကို ကျယ်လောင်စွာ အော်ဟစ် ရီမောစေမှုကို ဖြစ်ပေါ်စေပါတယ်။

နေ့တစ်ဝက်လောက် သန့်ရှင်းရေးလုပ်အပြီးမှာတော့ သူတို့နေထိုင် ဖို့ သင့်တော်တဲ့ အခန်း ကောင်းကောင်းလေး တစ်ခုကို ရရှိသွားခဲ့ပါတယ်။ လင်းဟန် အနေနဲ့ လွှီယုထန်ကို

ချက်ချင်းသွားတွေ့ဖို့ မလုပ်ခဲ့ပါဘူး.. သူမက လင်းဇီရှမ်ကို ကောင်းကောင်း ဂရုစိုက်လိမ့်မယ်ဆိုတာကို ယုံကြည်ပါတယ်။

``ဒီမှာ ဘယ်သူတွေရှိသလဲ?``

တံခါးဂ ဆီကနေပြီးတော့ အသံတစ်ခုကို ကြားလိုက်ပါတယ်။ လင်းဟန်က အပြင်ကို ထွက်ပြီး ကြည့်လိုက်တဲ့အခါမှာ ဆယ်ကျော်သက်အရွယ် ကောင်လေးတစ်ယောက် က သေးငယ်တဲ့ တွန်းလှည်းလေး တစ်ခုကိုဆွဲလာပါတယ်။ အဲဒီမှာတော့ ဆန်တစ်အိတ် .. အသားတစ်ချို့ နဲ့ အသီးအရွက်တွေ လှည်းပေါ်မှာပါလာပါတယ်။

``အသား အသား အသား``

ဟူးညီရှုရဲ့ မျက်လုံးတွေက ချက်ချင်းပဲ မြင့်တက်သွားပါတယ်။ သူမက အရှေ့ကိုလျှောက် ပြီး တော့ ခုန်အုပ်လိုက်ပါတယ်။ လူငယ်လေးကတော့ အရမ်းကို ကြောက်လန့် သွားပြီး တော့ မြေကြီးပေါ်ကို လဲကျသွားပါတယ်။

သူက ဒီနေရာက အစားအသောက် လာပို့ရတဲ့သူပါ.. ဒါကိုကြည့်ရတာ လင်းဟန်အနေနဲ့ နောက်ပိုင်းမှာ

သူကိုယ်ပိုင် အစားအသောက်ကို ပြင်ဆင်ရပါလိမ့်မယ်။

လင်းဟန်က ပြုံးပြီးတော့ လျှောက်သွားပြီး ကောင်ကလေးကို ဆွဲထူလိုက်ပါတယ်။ ပြီးတော့ သူက မေးလိုက်ပါတယ်။

``ဒီအစားအသောက်တွေက ဘယ်နှစ်ရက်စာအတွက်လဲ?``

``ဆယ်ရက်စာပါ... ဆယ်ရက်နောက်ပိုင်းကျယင် ကျနော် နောက်ထပ် အစားအသောက် တွေကု ိထပ်ပြီး လာပို့ပေးရမှာပါ``

ကောင်ကလေးက ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

`` ဒါက မလုံလောက်သေးဘူး ..ဒီဟာက တစ်ရက်စာအတွက်ပဲ လုံလောက်လိမ့်မယ်``

``တစ်ရက်?``

လူငယ်လေးက အံ့အားသင့်ပြီးတော့ လင်းဟန်ကို

ကြောင်တောင်တောင် လေး ငေးကြည့် နေပါတယ်။ ဘယ်လိုကိစ္စပဲ ဖြစ်ဖြစ် သူ့အနေနဲ့ လင်းဟန်က ဒီလောက် အစားအသောက် ဆန္ဒကြီးမားလိမ့်မယ်လို့ လုံးဝ မထင်မိပါဘူး။

``ထားလိုက်ပါ... ပိုက်ဆံက ကိစ္စ မရှိပါဘူး.. ဒီကို အစားအသောက်တွေ ပဲ ပို့ပေးပါ``

လင်းဟန်က ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

``အကယ်ဒမီမှာ နေ့စဉ်အစားအသောက် ပမာဏနဲ့ ပါတ်သတ်ပြီးတော့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားတာမျိုး မရှိပါဘူး... ဒါပေမဲ့ သင်တို့တွေက အများကြီး စားနိုင်တယ်ဆိုတာ သေချာရဲ့လား?``

လူငယ်လေးက မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က သူ့ကို ထပ်ပြီး မရှင်းပြနေတော့ပါဘူး။ တကယ်တမ်း အစားအသောက် အလို ဆန္ဒကြီးမားတဲ့သူက သူမဟုတ်ပါဘူး... ဟူးညိုပဲ ဖြစ်ပါတယ်။

လူငယ်လေးက လှည်းပေါ်က အစားအစာတွေကို ချပေးပြီး

လှည်းကို တွန်းပြီးတော့ ထွက်ခွာသွားခဲ့ပါတယ်။ ဟူးညိုက လင်းဟန် ဘေးနားမှာ ခုန်ပေါက်နေပြီးတော့ သူမကို ကြည့်ရတာ အလွန်အမင်း စိတ်မရှည်တဲ့ပုံစံပါပဲ။

``မလောနဲ့ .. ဒါက ညတောင်မရောက်သေးဘူးလေ``

လင်းဟန်က ရီပြီး ပြောလိုက်ပါတယ်။

ဟူးညိုက ချက်ချင်းပဲ မကျေမနပ်ဖြစ်သွားပြီးတော့ သူမရဲ့သွားလေးတွေနဲ့ လင်းဟန်ကို ဖြဲပြီး မာန်ဖီပြပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီလိုက်ပီးတော့ ပြောပါတယ်။

``ငါဒီနေ့ မချက်ပြုတ်နိုင်ဘူး.. ငါတို့ မြို့ ထဲကို သွားပြီး လည်ပါတ် ကြည့်ရှုကြမယ်..ငါတို့ တစ်ခြား လိုအပ်တဲ့ အသုံးအဆောင် ပစ္စည်းတွေကို ဝယ်ခြမ်း ပြီးတော့ အဂတ်အစားတစ်ချို့ကိုလဲ ပြင်ဆင်ဖို့လိုအပ်တယ်.... ငါတို့ ဈေးဝယ် ထွက်ပြီး သွားယင်တော့ .. အစားအသောက်တွေ သွားစားလို့ရပီ``

``အသား အသား အသား``

စားမယ် ဆိုတဲ့ စကားလုံးကို ကြားတာနဲ့ ဟူးညို့က ချက်ချင်းပဲ အနားမှာ ခုန်ပေါက်နေပြီး တော့ သူမရဲ့ စောစောတုန်းက မကျေနပ်ချက်တွေ ပျောက် ကွယ် သွားပါတယ်။

လင်းဟန်က ဟူးညို့ ကို ခေါ်ပြီးတော့ အပြင်ထွက်လာခဲ့ကြပါတယ်။ သူ့အနေနဲ့ လိန်ဝွမ်ဖူ ဆီက နေပြီးတော့ ဟူးညို့ ကို သူနဲ့အတူတူ နေဖို့အတွက် ခွင့်ပြုချက်ရရှိ ခဲ့ပါပြီ။ ဒါကြောင့် သူမက သူနဲ့ အတူတူ နေလို့ရသွားပါပြီ။ တကယ်လို့ သူမသာ အပြင်မှာ နေရမယ်ဆိုယင် သူမအတွက် ဂရုစိုက်နိုင်မဲ့ လူကို ဘယ်လို ရှာရမလဲ ဆိုတာ သူ့မှာ တကယ်ပဲ အကြံမရှိပါဘူး။

သူက ဟူးညို့ ရဲ့ လက်တွေကို ဆွဲပြီးတော့ လမ်းလျှောက်လာခဲ့ပြီးတော့ ဒီမိန်းကလေးကို သူမရဲ့ ခြေထောက်နှစ်ချောင်းနဲ့ လမ်း ကောင်းကောင်းလျှောက်တတ်အောင် လို့ သင်ပေးတဲ့ အနေနဲ့ လျှောက်သွားလိုက်ပါတယ်။

``လာကြည့် လာကြည့်.... ကျူးပုကျို့ က နန်းကုန်းကျီ ကို စိန်ခေါ်နေတယ်``

သူတို့ အကယ်ဒမီရဲ့ မြေကွက်လပ်ကနေပြီးတော့

မထွက်သွားခင်မှာပဲ ကျောင်းသား တစ်ယောက်ဆီကနေပြီးတော့ ဒီကြေညာသံကို ကြားလိုက်ရပြီးတော့ သူ့ကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှားနေတဲ့ အသံနဲ့ပြောနေတာပါ။

အပိုင်း(၃၆) ငွေရောင်လ မျိုးနွယ်စု

လင်းဟန်လည်းပဲ လူအုပ်ကြီးနောက်ကနေပြီးတော့ လိုက်သွားပါတယ်။

အဲဒီနေရာမှာ လူအုပ်ကြီးက တဖြေးဖြေးနဲ့ ပိုများလာပြီးတော့ သူတို့က ကျူးပုကျို့ နဲ့ နန်းကုန်းဂျီ တို့ကြားက တိုက်ပွဲအကြောင်းကို အသေးစိတ် ဆွေးနွေးနေကြပြီးတော့ လင်းဟန်အနေနဲ့ လျှင်လျှင်မြန်မြန်နဲ့ပဲ ဒီလူငယ်နှစ်ယောက်ရဲ့ နောက်ခံ အကြောင်း တွေကို သေချာနားလည်သဘော ပေါက်သွားပါတယ်။

ကျူးပုကျို့ နဲ့ နန်းကုန်းဂျီ တို့ နှစ်ယောက်စလုံးက ဟွာယန်အကယ်ဒမီရဲ့ အပြင်စည်း တပည့်တွေ ဖြစ်ပါတယ်… ဒါပေမဲ့ နန်းကုန်းဂျီ က အပြင်စည်းတပည့်တွေထဲမှာ ထိပ်ဆုံးက အသန်မာဆုံး ဆယ်ယောက်စာရင်းဝင်ဖြစ်ပြီးတော့ အဆင့်သတ်မှတ် ပြိုင်ပွဲ

ကျယင် အစစ်အမှန် တပည့်တွေကို စိန်ခေါ်ဖို့ လုံလုံလောက်လောက် အဆင့်မှီတဲ့ လက်ရွေးစင်တစ်ယောက် ဖြစ်ပါတယ်။ ကျူးပုကျို့ ကတော့ သူနဲ့စာယင် အနည်းငယ်ဂေးကွာပါသေးတယ်.. ဒါပေမဲ့ စွမ်းရည်အရဆိုယင်တော့ သူကလည်း အပြင်စည်းတပည့်တွေထဲမှာ ထိပ်ဆုံး အယောက်နှစ်ဆယ် စာရင်းထဲကို ဂင်ပါတယ် ဒါကြောင့်မို့လို့ သူကလည်း တကယ်မဆိုးပါဘူး။

``ဘာလို့ ကျူးပုကျို့ က နန်းကုန်းရှီ နဲ့ အသေအကြေ တိုက်ခိုက်ဖို့ လုပ်နေရတာလဲ?``

``ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ဘာမှလုပ်လို့မရဘူး.. တပည့်အစ်ကိုကြီး နန်းကုန်း က တပည့်အစ်မကြီး ဟန်ကျွင်းကို ပြီးခဲ့တဲ့ လေ့ကျင့်ရေး ခရီး မှာ တုန်းက သူ့ရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ ယဇ်ပူဇော်ခဲ့တယ်. မင်းနားလည်သွား မှာပါ အစ်မကြီး ဟန်ကျွင်းက ကျူးပုကျို့ရဲ့ ချစ်သူတွေ ဒါကြောင့် သူ့အနေနဲ့ ့မရှုးသွပ်ပဲနဲ့ နေနိုင်မှာလဲ?``

``ငါကြားခဲ့တယ်... အစ်မကြီး ဟန်ကျွင်းက အကိုနန်းကုန်းကြောင့် တကယ်ပဲ

သေသွားခဲ့တယ်ဆိုတာကိုပေါ့... သူမက သူ့ရဲ့ ဓါးကြောင့် ဒါဏ်ရာရသွားခဲ့ပြီးတော့ အနောက်ကို လဲကျ ကျန်ရစ်ခဲ့ပြီးတော့ ငွေရောင်အလင်း မို့စ္စာသားရဲ့နဲ့ သူသေကိုယ်သေ တိုက်ဖို့အတွက် ဖိအားပေးခံလိုက်ရတယ်တဲ့... ဒါက ဘာလို့လဲ ဆိုယင် အကိုနန်းကုန်းက သူ့အသက်ဘေးက နေ လွတ်မြောက် ထွက်ပြေးနိုင်အောင် လို့ အချိန်ယူလိုက်တာကြောင့်ပဲဖြစ်တယ်``

``ရှူးးးး မင်း ဒီလိုအရာကို ဘာလို့ လူပုံအလယ်မှာ လျှောက်ပြောနေတာလဲ? သတိထား မဟုတ်ယင် နောက်ပိုင်းကျယင် နန်းကုန်းဂျီ က မင်းကို ပြဿနာ ရှာလိမ့်မယ်.. သူက နန်းကုန်း ကလန်ရဲ့ ငါးယောက်မြောက် သခင်လေးဖြစ်ပြီးတော့ သူ့ရဲ့ တတိယအစ်ကို နန်းကုန်းချင်း က နွေဦးစမ်းရေအလွှာ ၃ အဆင့်မှာရှိတဲ့ အစစ်အမှန်တပည့်တစ်ယောက်ပဲ``

``ဒါပေမဲ့ ကျူးပုကျို့ ကတော့ ကံတော်တော်ဆိုးလွန်းပါတယ်ကွာ... နန်းကုန်းကလန် က ပြဿနာ ရှာလို့ ကောင်းတာမဟုတ်ဘူးဆိုတာ ဒီလောက် သိသာထင်ရှားနေတာ ကုတောင်မှ သူက နန်းကုန်းဂျီ ကို နှစ်တိုင်း နှစ်ယောက်ချင်း ယှဉ်ပြိုင်ဖို့ စိန်ခေါ်နေ သေးတယ်...

မနှစ်ကဆို သူက ဒါဏ်ရာ အကြီးအကျယ်ရပြီးတော့ သေမလိုတောင် ဖြစ်ခဲ့သေးတယ်မဟုတ်လား... ဒီအကြောင်းကို သူက မစဉ်းစားပဲနဲ့ ဒီနှစ်မှာ ထပ်ပြီးတော့ စိန်ခေါ်နေသေးတယ်``

``ဒါက တကယ့်ကို သနားစရာပဲ.. ကျူးပူကျို့ က တကယ်တော့ ပါရမီ မရှိတာမဟုတ်ဘူး... သူမှာ မြေကဲ့မှာအဆင့် အဆင့်နိမ့် စိတ်ဝိဉာဉ်ရှိပြီးတော့ သူက ဆင်းရဲတဲ့ မိသားစုကနေ လာခဲ့ရတယ် ဒါကြောင့် သူ့ရဲ့ တိုးတက်မှုအတွက် အရင်းအမြစ်တွေ အထောက်အပံ့တွေကို သူ့အနေနဲ့ မရရှိခဲ့ဖူး....သူနဲ့ နန်းကုန်းဂျီ တို့ နှစ်ယောက်ကြားက ကွာဟချက်က ပိုပိုပြီး ကြီးလာပီ``

လင်းဟန်က သူ့ဘေးနားက လူတွေက ကျူးပူကျို့ နဲ့ နန်းကုန်းဂျီ ကြားက အဖြစ်အပျက် တွေကို ဆွေးနွေးနေတာကို ကြားလိုက်ရတဲ့ အခါမှာတော့ သူ့အနေနဲ့ ဒီ ကျူးပူကျို့ အကြောင်းကို အနည်းငယ် သိချင်စိတ်ပြင်းပြလာပါတယ်။

လူအုပ်ကြီးက မကြာခင်မှာပဲ အကယ်ဒမီရဲ့ သိုင်းပညာလေ့ကျင့်ရေး ကွင်း ဆီကို ရောက်လာကြပြီးတော့

သူတို့အားလုံးက ကွင်းအထဲမှာ တစ်စုံတစ်ယောက်က မတ်တပ်ရပ်နေတာကို မြင်လိုက်ရပါတယ်။ ဒါကြောင့် သူတို့အားလုံးပဲ ကွင်းထဲကို ခြေမလှမ်းတော့ပဲနဲ့ ရပ်လိုက်ကြပါတယ်။ ဟွာယန်အကယ်ဒမီမှာ ယှဉ်ပြိုင်မှုတွေကို ခွင့်ပြုပေးထားပါတယ်... နှစ်ဦးနှစ်ဖက် သဘောတူပြီဆိုတာနဲ့ သူတို့ရဲ့ ပြိုင်ပွဲကို သိုင်းပညာလေ့ကျင့်ရေးကွင်းမှာ လာရောက် ယှဉ်ပြိုင်ကြရပါတယ်။

ဩဂါဒပေးထားတာကတော့ တတ်နိုင်သလောက် ညှာညှာတာတာနဲ့ ယှဉ်ပြိုင် ကြဖို့ ဖြစ်ပြီးတော့ ဒါပေမဲ့ တကယ်လို့ တိုက်ခိုက်နေချိန်အတွင်းမှာ ယှဉ်ပြိုင်သူတွေက သူတို့ကိုယ်သူတို့ မထိန်းချုပ်နိုင်ခဲ့ဖူးဆိုယင်တောင်မှ သူတို့အနေနဲ့ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမှာတော့ မဟုတ်ပါဘူး။ တကယ်တော့လည်း လက်နက်တွေဆိုတာက မျက်လုံးမပါဘူးလေ။ ဒါပေမဲ့လည်း တကယ်လို့ တစ်စုံတစ်ယောက်က သူတို့ရဲ့ ပြိုင်ဘက်ကို တမင်ရည်ရွယ်ချက်ရှိရှိနဲ့ ဒါဏ်ရာ ရအောင်လုပ်ဂဲ့တယ်ဆိုယင် အကယ်ဒမီ ကအနေနဲ့ အရမ်းကို ပြင်းထန်တဲ့ အပြစ်ဒဏ်ကို ပေးအပ်လေ့ရှိပါတယ်။

ဥပမာ တိုက်ခိုက်နေသူတစ်ယောက်က အရှုံးကို

ဂန်ခံလိုက်ပြီး သို့မဟုတ် သတိလစ်လဲကျသွားတာမျိုး ဒါမှမဟုတ် သူတို့ကိုယ် သူတို့ ကာကွယ်နိုင်စွမ်း လုံးဝ မရှိတော့တာမျိုးအချိန်မှာ သူတို့ရဲ့ပြိုင်ဘက်တွေက သူတို့ကို ဆက်ပြီး တိုက်ခိုက်ကြမယ်ဆိုယင် စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်တယ်လို့ သတ်မှတ်ရမှာ ဖြစ်ပြီးတော့ ပြင်းထန်တဲ့ ပြစ်ဒါဏ်ပေးခြင်းကို ခံရမှာပါ။

လင်းဟန်က သိုင်းပညာလေ့ကျင့်ကွင်းမှာ ရပ်နေတဲ့ သူဆီကို ကြည့်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အသက် ၂၅ သို့ ၂၆ နှစ်ဂန်းကျင်လောက်ရှိပါပြီ... သူက အရပ်ရှည်ပြီး တော့ နောက်ကျောမှာ ဓါးရှည်တစ်ချောင်းလွယ်ထားပါတယ်။ သူ့ကို တည်ကြည်ချောမော ခန့်ညားတယ်လို့ မသတ်မှတ်နိုင်ပေမဲ့လည်း သူ့ရဲ့ စူးစိုက်ကြည့် ခြင်း က အလွန်ကိုပဲ ခြိမ်းခြောက်နိုင်စွမ်း ရှိပါတယ်။ တကယ်ပဲ တစ်ခြားသူတွေ အနေနဲ့ သူ့ရဲ့ မျက်လုံးကို တည့်တည့်စိုက်ပြီးတော့ ကြည့်ရဲကြမှာ မဟုတ်ပါဘူး။

``ဘာလို့ နန်းကုန်းဂျီက ဒီနေရာမှာ ရှိမနေတာလဲ``

``သူက စိန်ခေါ်ခံရတဲ့သူ ပဲလေ ဒါကြောင့် သူ့အနေနဲ့ အထက်စီးကနေဖို့ သင့်လျော် ပါတယ်`

``ငါမေးပါရစေဦး... ကျူးပူကျို့ က နန်းကုန်ရှီ ကို ဘယ်နှစ်ခါတောင် စိန်ခေါ်ပြီးပြီလဲ?``

``ဒါက ငါးကြိမ်မြောက်ပဲ``

``ဒါဆိုယင် လေးနှစ်တောင်ကြာခဲ့ပီပေါ့``

``ဒီကောင့်ရဲ့ ဖွဲ့လုံ့လဂီရိယ က တကယ့်ကို ကြောက်ဖို့ကောင်းတဲ့ အရာတစ်ခုပဲ... တိုက်ပွဲတိုင်းမှာလိုလို သူက ဒဏ်ရာတွေအများကြီးရပီးတော့ သေမလို အထိတောင် ဖြစ်ခဲ့သေးတယ်။ သူက သွားတွေကို တင်းတင်းစေ့ အံကိုကြိတ်ပီးတော့ အသက်ကို ဂရုမထားပဲနဲ့ တစ်ခြားသူတွေက သူ့ရဲ့ ဆုံးဖြတ်ချက်ကို အထင်ကြီး လေးစားစေ ခဲ့တယ်``

သူတို့အားလုံးက တိုက်ပွဲကို စောင့်မျှော်နေယင်းနဲ့ ဆက်ပြီးတော့ ဆွေးနွေးပြောဆို နေကြပါတယ်။ သူတို့တွေအားလုံးက ကျူးပူကျို့ အပေါ်မှာ လေးစားအားကျတဲ့ အမူအရာတွေ ပေါ်နေကြပါတယ်။

``ဝိုး``

လင်းဟန်ရဲ့ နှုတ်ခမ်းဒေါင့်က အနည်းငယ်ကွေးသွားပြီး သူတွေးနေပါတယ်။

``ငါလုံး၊ မထင်ထားမိတာက အထူးကိုယ်ခန္ဓာတည်ဆောက်ပုံ နဲ့ လူတစ်ယောက်ကို တွေ့ရလိမ့်မယ်ဆိုတာပဲ... သူ့ရဲ့ ခန္ဓာကိုယ်က မှိန်ပျပျ ငွေရောင်အလင်း လိုင်းတွေနဲ့ ပိုင်းရုံထားခြင်းခံထားရတာပဲ..ပြီးတော့ တစ်ခြားသူတွေ ပြောတာတော့ သူ့အနေနဲ့ ပြင်းထန်တဲ့ ထိခိုက်မှုတွေ လေးကြိမ်တိုင်တိုင် ရပီးတာတောင်မှ မသေခဲ့ဖူး. အဲဒီအစား သူက လျှင်မြန်စွာနဲ့ပဲ ပြန်လည်သက်သာကောင်းမွန်လာခဲ့တယ်.. ဒီလူက သေချာပေါက် ငွေရောင်လ မျိုးနွယ်စုရဲ့ အဖွဲ့သားတစ်ယောက်ဖြစ်ကို ဖြစ်ရမယ်``

ငွေရောင်လ မျိုး နွယ်စုဟာ ငွေရောင်လ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ နဲ့ မွေးဖွား လာကြတာပဲဖြစ်ပါတယ်။ ဒီ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံမှာ အရမ်းကို စွမ်းအား ပြည့်ဝတဲ့ ပြန်လည်ကုသခြင်း စွမ်းရည်တွေ ရှိပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင် ခန္ဓာကိုယ် တွေ ကို နတ်ဘုရားပြန်လည်ကုသခြင်းဆေးလုံးလိုတောင်

ယူဆနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီမျိုးနွယ်စုက သနားစရာကောင်းလောက်အောင်ကို အရေအတွက် အင်မတန် နည်းပါတယ်။

သူတို့ကို တစ်ခြားသူတွေက မှော်ဆေးလုံးဖော်စပ်ဖို့အတွက် အမဲလိုက် သတ်ဖြတ်ကြပါတယ်။

``ငါ မူလတုန်းကထင်ထားတာ ကတော့ နှစ်ပေါင်းတစ်သောင်းကျော် ကြာတဲ့ နောက်မှာ ဒီမျိုးနွယ်စုက မျိုးတုံးပျောက်ကွယ်သွားပြီလို့ ထင်ခဲ့မိတယ်.. အခုလိုမျိုး ဒီနေ့မှာ သူတို့ရဲ့ အဖွဲ့ဝင်တစ်ယောက်နဲ့ ဆုံတွေ့ရလိမ့်မယ်လို့ လုံးဝမထင်ထား ခဲ့မိဘူး```

ကောင်းပီလေ... ငွေရောင်လ ဘုရင်ရဲ့ ကံကြမ္မာအတွက် ငါ့ရဲ့ လက်တစ်ဖက် ပေးပြီးတော့ ကူညီရမှာပေ့ါ။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်တုန်းက လင်းဟန်က ငွေရောင်လ မျိုးနွယ်စုရဲ့ ပိုင်နက်ထဲကိုဝင်ရောက်ပြီးတော့ ဆေးပင်အချို့ကို စုဆောင်းခဲ့ပါသေးတယ်။ သူ့အနေနဲ့ အဲဒီအချိန်တုန်းက ငွေရောင်လ မျိုးနွယ်စုရဲ့ ဘုရင်က လိုက်လိုက်လှဲလှဲ ပျူငှာစွာနဲ့ ဆီးကြိုခြင်းကို ခံခဲ့ရပါတယ်။ကံမကောင်းတာက သိပ်မကြာခင်မှာပဲ

ငွေရောင်လ မျိုးနွယ်စုက မျိုးတုန်းသတ်ဖြတ်ခြင်းကို ခံလိုက်ရပါတယ်။ အဲဒီအချိန်တုန်းက လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းကို နိမ့်နေပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ ကူညီပေးဖို့ရာ ဘာမှမတတ်နိုင်ခဲ့ပါဘူး။နောက်ပိုင်း လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့်က ကောင်းကင်အဆင့်ကိုရောက်သွားတဲ့ အခါမှာ ငွေရောင်လ မျိုးနွယ်စုကို ပျက်သုန်းစေတဲ့ အဓိက တရားခံတွေက အသက်အရွယ်ကြီးလာတော့ အားလုံး သေဆုံးသွားခဲ့ပါပြီ။

ဒါက လင်းဟန်ရဲ့ နောင်တတွေထဲက တစ်ခုပဲဖြစ်ပါတယ်။

``ဟားဟားဟား ကျူးပုကျို့ မင်းအနေနဲ့ ဘယ်နှစ်ခါတောင်မှ ကျရှုံးခဲ့ပြီးပြီလဲ .. ဒါကိုတောင်မှ မင်းက ငါ့ရဲ့ပြိုင်ဘက် မဟုတ်ဘူးဆိုတာကို နားမလည်သေးဘူးလား``

အဲဒီအချိန်မှာပဲ လူငယ်တစ်ယောက်က သိုင်းပညာလေ့ကျင့်ရေး ကွင်းထဲကို ဝင်ရောက်လာပါတယ်။ သူ့ရဲ့ ဆီကနေပြီးတော့ အရမ်းကို စွမ်းအားပြည့်ဝတဲ့ အရှိန်အဝါ တစ်ခု ပေါ်ထွက်နေပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အထွတ်အထိပ် အဆင့်.။

တကယ်လို့ သူမှာ ဒီလိုမျိုး စွမ်းရည်မရှိခဲ့ဘူးဆိုယင် ဘယ်လိုလုပ်ပြီးတော့ အပြင်စည်း တပည့်တွေထဲက ထိပ်ဆုံး ဆယ်ယောက်ထဲမှာ ပါတဲ့သူ့ရဲ့ နေရာကို အာမခံနိုင်မှာလဲ?

သူနဲ့ နိုင်းယှဉ်လိုက်မယ်ဆိုယင် ကျူးပုကျို့ ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၇ ဆိုတဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းကို ဝေးကွာလွန်းပါတယ်။ လူတိုင်း လူတိုင်းက ကျင့်ကြံခြင်း အဆင့်က လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကိုယ်စားမပြုနိုင်ဖူး ဆိုတာကို သိကြပါတယ်။ ကျူးပုကျို့ က ထိပ်ဆုံးအယောက်နှစ်ဆယ် ထဲမှာ ဂင်နိုင် တယ်ဆိုတာကိုကြည့်ယင် သူ့ရဲ့ အမှန်တကယ် တိုက်ပွဲစွမ်းရည်က သူ့ရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်ထက် သာလွန်တယ်ဆိုတာကို သိမြင်နိုင်ပါတယ်။

``အဓိပ္ပါယ် မရှိတာတွေ သိပ်မပြောနဲ့တော့... မင်းရဲ့ တိုက်ကွက်ကိုထုတ်လိုက်``

ကျူးပုကျို့ က ချက်ချင်းပဲ သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပီးတော့ ပြောလိုက်ပါတယ်

နန်းကုန်းဂျီရဲ့ မျက်နှာမှာ မာနထောင်လွှားမှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ သူလည်းပဲ လက်ဟန်ခြေဟန် အမူအရာ လုပ်လိုက်ပီးတော့ ဒီ လက္ခဏာ က တိုက်ခိုက်ယှဉ်ပြိုင်မဲ့သူ နှစ်ဦးစလုံးက ဒီတိုက်ပွဲကို စဖို့ သဘောတူညီလိုက်ပီ ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

``ရှပ်``

ကျူးပုကျို့ က အရှေ့ကို သူ့ရဲ့ ဓါးနဲ့ မြှားတစ်စင်းလို ပြေးဝင်လိုက်ပါတယ်။

နန်းကုန်းဂျီ ကတော့ လုံးဝ မတူညီပါဘူး။ သူက ထိပ်ဆုံးဆယ်ယောက် လက်ရွေးစင် ဖြစ်ပီး သူနဲ့ နိုင်းယှဉ်လိုက်မယ်ဆိုယင် ကျူးပုကျို့ ကို ဘယ်လိုလုပ်ပီးတော့ ရေတွက် ထားမှာလဲ?

``ဒင် ဒင် ဒင် ဒင်``

တိုက်ခိုက်ယှဉ်ပြိုင်သူ နှစ်ဦးက လျှင်မြန်စွာနဲ့ပဲ ပြင်းထန်ရက်စက်တဲ့ တိုက်ခိုက်မှုတွေကို ဖလှယ်လိုက်ကြပါတယ်။ ဒီတိုက်ပွဲမှာ နန်းကုန်းဂျီ ကသိသိသာသာပဲ

အပေါ်စီးကရှိနေပါတယ်။သူ့ကိုကြည့်ရတာ အရမ်းကို စိတ်လွတ်ပေါ့ပါးနေပြီး သရော်တာတွေ ဘာတွေလုပ်ပီးတော့ ကျူးပူကျို့ရဲ့ စိတ်ခါတ်ပိုင်းဆိုင်ရာကိုပါ တိုက်ခိုက် ထိုးနက်ပါတယ်။ သို့ပေမဲ့လည်း အမှန်အတိုင်းဆိုယင်တော့ သူ့ရဲ့ နှလုံးသားထဲမှာ အနက်ရှိုင်းဆုံးနေရာမှာ ကျူးပူကျို့ ကိုကြောက်ရွံ့ စိုးရိမ်ပူပန်နေမိပါတယ်။

အယင် တိုက်ပွဲ လေးခု တုန်းက သူက ကျူးပူကျို့ ကိုသတ်ဖို့လုပ်ခဲ့ပါတယ်။ တွေးထားတာက သူ့ကို ချက်ချင်းမသေစေပဲနဲ့ ဒါဏ်ရာတွေပြင်းပြင်းထန်ထန် ရစေပီးတော့မှ နောက်နှစ်ရက် သုံးရက်ကြာယင် သေချာပေါက် သေလိမ့်မယ်လို့ ထင်ထားပါတယ်။ ပြီးတော့ ကျူးပူကျို့ရဲ့ မိသားစုနောက်ခံအင်အားပေါ် အခြေခံပီးတော့ သူ့ရဲ့ ဒဏ်ရာတွေကို သက်သာပျောက်ကင်းဖို့ အတွက် အဆင့်မြင့်အဆင့် ပြန်လည်ကုသ ဆေးလုံးတွေ ကို ဘယ်လိုနည်းလမ်းနဲ့မှ သူရနိုင်မှာမဟုတ်ပါဘူး။

ဒီကောင်က တကယ်ပဲ မသေတဲ့အပြင် သူ့ရဲ့ဒါဏ်ရာတွေကလဲ ဘယ်လို အကျိုးသက်ရောက်မှုမှ မရှိပဲနဲ့ သက်သာပျောက်ကင်းသွားပါတယ်။ ဒီလိုမျိုး ထူးဆန်းအံ့သြဖွယ်ရာ သက်သာပျောက်ကင်းမှုတွေ လေးကြိမ်တိုင်တိုင် ဖြစ်ပေါ်လာတဲ့ အတွက် နန်းကုန်းဂျီ

အနေနဲ့ စိုးရိမ်ပူပန်သလို ခံစားနေရပါတယ်။

သူရဲ့ အပြစ်ကို သူသိပါတယ်။ ကျူးပုကျို့ က ဟန်ကျွင်းနဲ့ ဆက်ဆံရေးရှိတဲ့ တစ်ဦးတည်းသောလူပါ. ဒါကြောင့် ကျူးပုကျို့ အသက်ရှင်နေသမျှကာလပါတ်လုံး သူ့အတွက်တော့ မလွယ်ကူပါဘူး။ တကယ်လို့ သူသာ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက် ဖင်ရောက်နိုင်ခြင်းမရှိဘူးဆိုယင် သူ့အတွက် ကံမကောင်းမှု့ က တစ်သက်လုံးပဲ အနေးနဲ့ အမြန် ရောက်ရှိလို့လာပါလိမ့်မယ်။

ဒါကြောင့် သူ့အနေနဲ့ ဒီနေ့မှာ လုံးဝ ညှာတာလို့ မဖြစ်ပါဘူး။ သူ့အနေနဲ့ ကျူးပုကျို့ ကို ဒီနေရာမှာပဲ ဒီနေ့မှာ လုံးဝ သတ်ပစ်ရပါလိမ့်မယ်။

အနိုင်ယူခြင်းနဲ့ သတ်ဖြတ်ခြင်းက တကယ်တော့ လုံးဝမတူညီတဲ့ ကိစ္စတွေပါ..တကယ်လို့ သူက ကျူးပုကျို့ ကို သတ်ချင်တယ်ဆိုယင် သူ့အနေနဲ့ အခွင့်အရေးတစ်ခုကို ဖန်တီးဖို့ လိုအပ်ပီးတော့ ကျူးပုကျို့ ကို တစ်ချက်ထဲနဲ့ သတ်ပစ်နိုင်ဖို့ လိုအပ်ပါတယ်.။ တိုက်ပွဲပြီးတဲ့ အခါကျယင် သူ့ကို ပြစ်တင် ဝေဖန် လာကြတဲ့အခါမှာ အဲဒီအချိန်တုန်းက သူ့ကိုယ်သူ မထိန်းချုပ်နိုင်ခဲ့ဖူးလို့ ပြောလိုက်ယုံပါပဲ။

ယှဉ်ပြိုင်သူနှစ်ဦးက အချိန်အနည်းငယ်ကြာအောင် တိုက်ခိုက်နေကြပြီးတော့ နန်းကုန်းဂျီကတော့ ပိုပြီးကောင်းမွန်တဲ့ စွမ်းရည်တွေရှိပြီး နောက်ဆုံးမှာတော့ အရမ်းကို ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုကို ရှာတွေ့သွားခဲ့ပါတယ်။ သူရဲ့ဓါးနဲ့ အတူ ဆတ်ခနဲ ထိုးလိုက်ပီးတော့ အေးစက်တဲ့ အလင်းရောင်သုံးခုက ကျူးပူကျို့ရဲ့ နှလုံးသားဆီကို တိုက်ရိုက် ဦးတည်သွားပါတယ်။

ဒီဟာက ဓါးချီ မဟုတ်ပါဘူး.. သူက လျှင်မြန်စွာနဲ့ ဆတ်ခနဲထိုးလိုက်တာကြောင့်ပဲ ပုံရိပ်ယောင်နှစ်ခုကို ဖန်တီးလိုက်နိုင်တာဖြစ်ပါတယ်။

မြေကမ္ဘာအဆင့်မြင့် အဆင့်သိုင်းပညာနည်းစနစ်.. ပုံရိပ်ယောင် ဓါးသိုင်း...။

သူက အကယ်ဒမီအမှတ်တွေ အကုန်လုံးကို သုံးပြီးတော့ ဒီ သိုင်းပညာနည်းစနစ် နဲ့ လဲလှယ်ပြီး ဒီနေ့မှာ ကျူးပူကျို့ ကိုသတ်ဖို့အတွက် ပြင်ဆင်ထားခြင်းပဲ ဖြစ်ပါတယ်။

``သေစမ်း``

သူ့ရဲ့စိတ်ထဲကနေ အော်လိုက်ပြီးတော့ ပုံရိပ်ယောင်ဓါးသိုင်းရဲ့ အပြင်းထန်ဆုံးသိုင်းကွက် ကို အသုံးပြုလိုက်ပြီးတော့ ညှာတာမှုကင်းမဲ့တဲ့ ရက်စက်တဲ့ တိုက်ချက် ကို ဖန်တီးလိုက်ပါတယ်။

``ရွှပ်``

ကျူးပုကျို့ က သူ့ရဲ့ ဓါးကို ဝှေ့ယမ်းလိုက်ပြီးတော့ အေးစက်တဲ့ အလင်း နှစ်ခုကို ဖန်တီးလိုက်ပါတယ်။

သူလည်းပဲ အရမ်းကို ထူးခြားတဲ့ ဓါးသိုင်းပညာနည်းစနစ်ကို အသုံးပြုလိုက်တာဖြစ်နိုင်ပါ့မလား?

မဟုတ်ဘူး။။။

``ဓါးချီ``

ပရိတ်သတ်တွေ အားလုံး အံ့အားသင့်ကုန်ပါတယ်။ ဒါကဓါးချီပါ အုပ်ချုပ်သူတစ်ယောက် ရဲ့ အမှတ်အသား သင်္ကေတပါ။

``ဖူး...````ဖူး``

တစ်ပြိုင်နက်တည်းမှာပဲ သွေးနှစ်ခု ပန်းထွက်သွားပါတယ်။ နန်းကုန်းဂျီရဲ့ ဓါးက ကျူးပူကျိုရဲ့ အစာအိမ်ကို ထိုးစိုက်သွားပြီးတော့ ကျူးပူကျို ဖန်တီးထုတ်ဖော်လိုက်တဲ့ ဓါးချီက နန်းကုန်းဂျီရဲ့ လည်ပင်းပေါ်ကနေ ဖြတ်ဆွဲချသွားပြီးတော့ ကြီးမားတဲ့ ဒဏ်ရာ ချန်ထားရစ်ခဲ့ပါတယ်။

နန်းကုန်းဂျီရဲ့ မျက်လုံးထဲမှာ အေးစက်စက် အလင်းရောင် ဖြစ်ပေါ်သွားခဲ့ပါတယ်။ သူက ချက်ချင်းပဲ သူ့ရဲ့ ဓါးကို ပြန်ဆွဲထုတ်ပြီးတော့ နောက်တစ်ချက် ထိုးသွင်းလိုက်ပါတယ်။ သူက သူ့ရဲ့ ပြိုင်ဘက်ကို သတ်ပစ်ချင်နေပါတယ်။

``ရှပ်``

လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ ဓါးကို ပွေ့ယမ်းပြီးတော့ အရှေ့ကို ထွက်လိုက်ပါတယ်။

အပိုင်း (၉၇) ဖန်တီးပေးခြင်း

``ဒင်``

နန်းကုန်းဂျိ က ဒီတိုက်ခိုက်မှုကြောင့် နောက်ကိုဆုတ်သွားခဲ့ရပါတယ်။ သူက ဒေါသတကြီးနဲ့ လင်းဟန်ကိုကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းဘယ်သူလဲ ဘာလို့ ငါ့ရဲ့ ကိစ္စမှာဝင်စွက်ဖက်ပုံ့ တာလဲ? တိုက်ပွဲ တစ်ခုမှာ ဝင်ပြီးစွက်ဖက်တာက အရမ်းကိုပြင်းထန်တဲ့ ပြစ်မှု မြောက်တယ် ဆိုတာကို မင်းမသိဘူးလား?``

လင်းဟန်က ငြင်ငြင်သာသာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်.

``သူက ဆက်ပြီးတော့ တိုက်ပွဲ မဝင်နိုင်တော့ဘူး ဒါကြောင့် ဒီတိုက်ပွဲက ပြီးသွားခဲ့ပီ... တကယ်လို့ မင်းက ငါနဲ့ တိုက်ခိုက်ချင်တယ်ဆိုယင်တော့ ငါမင်းကို သင်ခန်းစာပေးဖို့အတွက်တော့ ကိစ္စမရှိပါဘူး``

နန်းကုန်းဂျိ က ဒေါသတကြီးနဲ့ စိန်းစိန်းဝါးဝါးစိုက်ကြည့်လိုက်ပါတယ်.. ကျူးပုကျို့ က အမှန်တကယ်ပဲ ဓါးချီကို ဖော်ထုတ်နိုင်ခဲ့ပြီးတော့ အုပ်ချုပ်သူ

တစ်ယောက်ရဲ့ အဆင့်ထဲကို ဝင်ရောက်နိုင်ဖို့ အဆင့်မှီနေပါပြီ.. ကျူးပူကျို့ က တစ်နေ့မှာ သူ့အတွက် ပြဿနာကြီးတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မူလက ကြံစည်ထားတဲ့အတိုင်း သူ့ကို ဒီနေ့မှာ လုံးဝ အပြတ်ရှင်း ရပါမယ်...သူလုံးဝ မထင်ထားတာက သူတို့ရဲ့ တိုက်ပွဲကို လင်းဟန်ရဲ့ ကြားဝင် နှောက်ယှက်မှုကြောင့် ဝင်ရောက်စွက်ဖက်ခြင်းခံရလိမ့်မယ်ဆိုတာကိုပေါ့။

``ကောင်လေး.. သူတစ်ပါးရဲ့ ကိစ္စကို ဝင်ရောက်စွက်ဖက်တတ်တဲ့ လူစားတွေ က ဇာတ်သိမ်းမကောင်းဘူးနော်``

သူက ခြိမ်းခြောက်လိုက်ပါတယ်။ ယခု သူ့အနေနဲ့ ကျူးပူကျို့ ကို ပြိုင်ပွဲကွင်း အတွင်းမှာသတ်ဖို့ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး. ဒါကြောင့် သူ့ရဲ့ နှလုံးသားထဲမှာ ဒေါသတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

``မင်းငါနဲ့ အခု တိုက်ပွဲ ယှဉ်ပြိုင်မလား ဒါမှမဟုတ်ယင်လဲ ထွက်သွား.. စကားတွေအများကြီးမပြောနဲ့``

လင်းဟန်က မတုန်မလှုပ်သလို မထီမဲ့မြင်ပြုပြောလိုက်ပါတယ်။

နန်းကုန်းဂျီကိုကြည့်ရတာ အရမ်းကိုဒေါသပေါက်ကွဲနေပါတယ်.. အဆုံးမှာ တော့ သူ့ရဲ့ လက်ကိုဖွေ့ပြီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ ဓါးတိုက်ခိုက်ချက်ကို ခံစားလိုက်ရပြီးတဲ့ အခါမှာ သူ့အနေနဲ့ နောက်ထပ်ပေါ်လာတဲ့သူက သူ့ထက် ဘယ်နည်းနဲ့မှ အားမနည်းဘူးဆိုတာ ကိုသိခဲ့ပါတယ်။ ဒါ့အပြင် သူက စူးစမ်းလေ့လာတတ်ပြီးတော့ တိုက်ပွဲတစ်ခုကို မပြင်ဆင်ပဲနဲ့ ဘယ်တော့မှ မသွားခဲ့ပါဘူး. သူ့အနေနဲ့ ကျူးပူကျို့ ကိုသတ်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့တဲ့နောက်မှာတော့ သူက ထွက်သွားဖို့ ကို ရိုးရိုးလေးပဲ ရွေးချယ်လိုက်ပါတယ်။

သို့သော်လည်း သူ့ရဲ့ပုံစံကို ခန့်မှန်းကြည့်ရမယ်ဆိုယင် ဒီပြဿနာက ဒီလိုမျိုး ရိုးရှင်းစွာနဲ့ ပြီးဆုံးသွားမဲ့ပုံ မမြင်ပါဘူး။ သူ့အနေနဲ့ လင်းဟန်ရဲ့ နောက်ကြောင်းကို လေ့လာစူးစမ်းပြီးမှ ဘာလုပ်သင့်လဲဆိုတာကို ဆုံးဖြတ်ပါလိမ့်မယ်။

``ဒီကောင်လေးက ဘယ်သူလဲ... သူကတကယ်ပဲ နန်းကုန်းဂျီကို ဆန့်ကျင်ရဲတယ်ပေ့ါလေ ဟုတ်လား?``

``ဒီနှစ်ရဲ့ ကျောင်းသားသစ်တစ်ယောက်ဖြစ်မယ်ထင်တယ်.. ဟုတ်လား?``

``သူ့ရဲ့ အရှိန်အဝါကိုကြည့်ရတာတော့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ပဲရှိသေးတယ်..သူက နန်းကုန်းဂျီကိုတောင် ထိန်လန့်သွားအောင် အမှန်တကယ်ပဲ လုပ်နိုင်တယ်... ဒါက အရမ်းကို ထူးဆန်းတာပဲ``

``ဘယ်လိုပဲဖြစ်ဖြစ် နန်းကုန်းကလန်ကတော့ စာမဖွဲ့လောက်တဲ့ ပြဿနာ သေးသေးလေးလိုပဲ မှတ်မှာပဲ ပြီးတော့ နန်းကုန်းရှင်းကလဲ အကယ်ဒမီရဲ့ အစစ်အမှန်တပည့်တစ်ယောက်ပဲလေ``

``ဒါကိုမေ့ထားလိုက်တော့.. ငါတို့ သူနဲ့ နီးနီးကပ်ကပ်နေလို့ မဖြစ်ဘူး.. မဟုတ်ယင် ငါတို့ကိုယ် ငါတို့ ပြဿနာဖိတ်ခေါ်သလို ဖြစ်နေလိမ့်မယ်``

ပရိတ်သတ်တွေက တီးတိုးဆွေးနွေးပြောဆိုနေကြပြီးတဲ့နောက်မှာ လျင်မြန်စွာနဲ့ပဲ သိုင်းပညာလေ့ကျင့်ရေးကွင်းကနေ ထွက်ခွာသွားကြပါတယ်။

ကျူးပူကျို့ က ဖြေညှင်းစွာနဲ့ ဒုက္ခခံပြီးထရပ်လိုက်ပါတယ်။ ငွေရောင်လ လူမျိုးနွယ်စုရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံက တကယ့်ကို အထင်ကြီး လောက်စရာပါပဲ.. သူ့အနေနဲ့ ဒီလောက် ပြင်းထန်တဲ့ဒါဏ်ရာ ရထားတာကိုတောင်မှ အချိန်အနည်းငယ်မျှ အနားယူပြီးတဲ့အခါမှာ တော်တော်လေး သက်သာပျောက်ကင်းသွားတယ်လို့ သတ်မှတ်နိုင်ပါတယ်။ ဟုတ်တာပေါ့.. ဒီလိုမျိုးပြန်လည် ကုသနိုင်တဲ့ အရှိန်က ကောင်းကင်ဘုံဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ရဲ့ ပြန်လည်ကုသနိုင်တဲ့ အကျိုးသက်ရောက်မှုအစွမ်းနဲ့ တော့ နိုင်းယှဉ်လို့မရပါဘူး။

ပထမ ကောင်းကင်ဘုံမှော်စာလိပ်က အရမ်းကို မြင့်မားတဲ့ အဆင့်မှာ ရှိပြီး တော့ ဒုတိယအနေနဲ့ ကျူးပူကျို့ ကိုယ်တိုင်က အရမ်းကို အားနည်းနေသေးတဲ့ အတွက်ကြောင့် သူ့ရဲ့ အထူး ခန္ဓာကိုယ်တည်ဆောက်ပုံ ကို အပြည့်အ၀ အသုံးပြုဖို့ မလုပ်နိုင်သေးပါဘူး။

``မင်း ဘာလို့ ငါ့ကို ကူညီရတာလဲ?``

ကျူးပူကျို့ ကပြောလိုက်ပါတယ်။

``မင်း နန်းကုန်းကလန်နဲ့ ပြဿနာ တက်မှာကို မကြောက်ဘူးလား?`

``ငါ မင်းကို ကူညီလို့ မရနိုင်ဘူးလား ဘာလို့လဲဆိုတော့ ငါ့ဒါအရှေ့မှာ တရားမမျှတ ဘူးလို့ ထင်ရင် ငါဒီအတိုင်းရပ်ကြည့် မနေနိုင်ဘူး``

``ဒီကမ္ဘာကြီးမှာ ဒီလိုမျိုး အတွေ့အကြုံ မရှိတဲ့ လူ ရှိနေလိမ့်ဦးမယ်လို့ ငါမယုံနိုင်ဘူး``

ကျူးပူကျို့ က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

``ဒါပေမဲ့ ငါက ဆင်းရဲတယ် . မင်းငါ့ဆီကနေ ဘာမှအများကြီး ပြန်ရမှာမဟုတ်ဘူး ဒါကြောင့် မင်းရဲ့ အင်အားတွေကို မဖြုန်းတီးပါနဲ့ လို့ ငါအကြံပေးပါရစေ``

``ဒါဆိုယင်``

လင်းဟာန်က တစ်ချက်တွေးလိုက်ပီးတော့

``ငါ့ရဲ့ လက်အောက်ခံ လုပ်မလား``

``ဒီနေ့ ငါ့ကို မင်းကူညီခဲ့တဲ့အတွက် မင်းရဲ့ ကြင်နာမှုအတွက် နောက်ရက်မှာ ငါလုံးဝ ပြန်ပြီးတော့ ပေးဆပ်ပါ့မယ်``

ကျူးပူကျို့ က လှည့်ထွက်သွားခဲ့ပါတယ်။ သိသာထင်ရှားစွာပဲ သူ့အနေနဲ့ လင်းဟန်ရဲ့ လက်အောက်ခံ အဖြစ် ကမ်းလှမ်းမှုကို လက်ခံဖို့ ဆန္ဒမရှိပါဘူး။

ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရတဲ့သူတွေ အားလုံးက ပါရမီရှင်တွေပါ.. ဒါကြောင့် သူတို့အနေနဲ့ တစ်ခြားတစ်စုံတစ်ယောက်ရဲ့ အမိန့်အောက်မှာ နေဖို့ ဆန္ဒဘယ်လိုလုပ်ပြီးတော့ ရှိနိုင်မှာလဲ?

လင်းဟန်က သူ့ကို မတားပဲနဲ့ အဲဒီအစား တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

`` မင်းရဲ့ လက်စားချေဖို့ကိစ္စကို မလုပ်ချင်ဘူးလား?``

ကျူးပူကျို့ ရဲ့ ခြေလှမ်းတွေက ဖြေးဖြေးလေးနဲ့ ရပ်တန့်သွားခဲ့ပါတယ်။

``ငါမင်းကို သင်ကြားပေးနိုင်တယ်``

လင်းဟန်က ဆက်ပြီးတော့ပြောလိုက်တယ်။

``နှစ်ဂက်အတွင်းမှာပဲ မင်းက နန်းကုန်းရှိကို ကျော်ဖြတ်ပြီးတော့ မင်းရဲ့ လက်နဲ့ကိုယ်တိုင်ကိုယ်ကျ လက်စားချေနိုင်ဖို့အတွက်ကို ငါမင်းကို လုံးဝ ကူညီပေးနိုင်တယ်``

ကျူးပူကျို့ က ချက်ချင်းပဲ နောက်ကိုလှည့်ပြီးတော့မေးလိုက်ပါတယ်။

``တကယ်လား?``

``မင်းပဲ စောစောတုန်းက မင်းက အရမ်းဆင်းဆင်းရဲရဲ နဲ့ နေခဲ့တယ်လို့ ပြောခဲ့ပီးပီ.. ငါက မင်းကိုလိမ်တဲ့အတွက် မင်းဆီက ဘာရမှာမို့လို့လဲ?``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

ကျူးပူကျို့ တစ်ခဏမျှ တုံ့ဆိုင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီလေ.. ငါမင်းရဲ့ နောက်လိုက် ဖြစ်ဖို့ကို သဘောတူတယ်.. တကယ်လို့ မင်းက ငါ့ကို နှစ်ဂက်အတွင်းမှာ နန်းကုန်းဂျီကိုကျော်ဖြတ် ပြီးတော့ လက်စားပြန်ချေနိုင်အောင် မလုပ်ပေးနိုင်ဘူးဆိုယင် ဒါက စောစောတုန်းက မင်းငါ့ကိုကူညီခဲ့တာအတွက် ပြန်ပေးဆပ်တယ်လို့ သတ်မှတ်လိုက်ပါ.. တကယ်လို့ မင်းသာကူညီနိုင်ခဲ့မယ်ဆိုယင်.. ငါရဲ့ တစ်ဘဂစာလုံး မင်းနောက်ကနေ လိုက်ပီးတော့ မင်းရဲ့အမိန့်ကို နာခံပ့ါမယ်``

ဒီကောင်က တကယ့်ကို သစ္စာရှိတဲ့လူတစ်ယောက်ပဲ.. လင်းဟန်ရဲ့ နောက်လိုက်ဖြစ်လာခဲ့ယင် တကယ်ပဲ မကောင်းတဲ့အရာတွေ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး.. အဲဒီအစား ဒါက အရမ်းကိုရှားပါးလှတဲ့ အခွင့်အရေးကြီးတစ်ခု ဖြစ်ပါတယ်။တကယ်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်က ငွေရောင်လ မျိုးနွယ်စုရဲ့ ဘုရင်ကသာ လင်းဟန်ကို လို့က်လှဲပျူငှာစွာနဲ့ မဆက်ဆံခဲ့ဖူးဆိုယင် သူ့အနေနဲ့ ဒီလိုမျိုးကိစ္စလေး တစ်ခုအတွက် လုံးဂ အချိန်ကုန်ခံမှာမဟုတ်ပါဘူး။

``အင်း``

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

`` ငါမင်းကို ကျင့်ကြံခြင်းနည်းစနစ်တစ်ခု လွှဲပြောင်းပေးမယ်.. နောက်ဆိုယင် မင်းက ဒီ ကျင့်ကြံခြင်းနည်းစနစ်ကို ပြောင်းပြီးတော့ လေ့ကျင့်ရလိမ့်မယ်``

သူက အသံကိုနိမ့်ပြီးတော့ ကျူးပုကျိူ ကို ငွေရောင်လ လို့ခေါ်တဲ့ ပညာ ကို လွှဲပြောင်းပေးလိုက်ပါတယ်။

ဒါက ကောင်းမွန်ပါတယ်။ ဒီ ကျင့်ကြံခြင်းနည်းစနစ်က ငွေရောင်လ လူမျိုးစု အတွက် အထူးသီးသန့် ဖန်တီးထားတာပဲဖြစ်ပါတယ်။

ဟိုးတုန်းက ငွေရောင်လ လူမျိုးနွယ်စု မျိုးတုန်း သတ်ဖြတ်ခံရပြီးတဲ့နောက်မှာ လင်းဟန်က ကောင်းကင်အဆင့်ကို ရောက်သွားပြီးတဲ့နောက်ပိုင်းမှာ ငွေရောင်လမျိုးနွယ်စု ထဲက အသက်ရှင်ကျန်ရစ်တဲ့သူတွေကို ရှာဖွေဖို့ အတွက် ခရီးထွက်ခဲ့ပြီါတယ်။ သူ့အနေနဲ့ ဘာတစ်ခုမှ

ရှာမတွေ့ခဲ့ပါဘူးဒါပေမဲ့ ငွေရောင်လမျိုးနွယ်စုရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ငွေရောင်လ ပညာ ကို ရှာတွေ့ ခဲ့ပါတယ်။

သူမှာ အရမ်းကို ကောင်းမွန်တဲ့ မှတ်ဉာဏ်ရှိပါတယ်။ အဲဒီတုန်းက သူ့က စာမျက်နှာတွေကို လှန်လှောကြည့်ရှု လိုက်တာနဲ့ ၎င်းကျင့်စဉ် တစ်ခုလုံး ကို သူရဲ့မှတ်ဉာဏ်ထဲမှာ ထည့်ထားနိုင်ခဲ့ပြီတယ်။

ငွေရောင်လပညာက ငွေရောင်လမျိုးနွယ်စုရဲ့ အဖွဲ့သား တစ်ယောက်ဖြစ်တဲ့ ကျူးပူကျို့ သာ အသုံးပြုခဲ့မယ်ဆိုယင် သူရဲ့ အထူးခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံ အစွမ်းကို အပြည့်အဝ ဖော်ထုတ်နိုင်ပါလိမ့်မယ်။ အနည်းဆုံး ၎င်းက သူရဲ့ တိုက်ပွဲအစွမ်းကို ကြယ်တစ်လုံး ထပ်ပြီးတော့ မြှင့်ပေးနိုင်ပါလိမ့်မယ်။ဒါ့အပြင် ငွေရောင်လ ပညာရပ် က မြေကဘ္ဘာအဆင့် အဆင့်မြင့် နည်းစနစ် ဖြစ်တဲ့အတွက် ကျူးပူကျို့ အနေနဲ့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ နန်းကုန်းဂျီရဲ့ ကျင့်စဉ်အဆင့် ကို လိုက်လို့မှီဖို့ လုံလောက်ပါတယ်။

ငွေရောင်လ ကိုယ်ခန္ဓာဖွဲ့စည်းပုံ နဲ့ ဓါးချီ။ တကယ်လို့ ဒီခွန်အား နှစ်ခုပေါင်း ပြီးတော့ ကျူးပူကျို့ အနေနဲ့ နန်းကုန်းဂျီအပေါ်မှာ အနိုင်ယူဖို့ မဖြစ်နိုင်သေးဖူး ဆိုယင်တော့ သူက တကယ့်ကို အသုံးမကျတာပဲ။

ကျူးပူကျိုးအနေနဲ့ ဒါက မြေကမ္ဘာအဆင့် အဆင့်မြင့် ကျင့်စဉ်တစ်ခုဖြစ်တယ် ဆိုတာရယ် သူ့ရဲ့ အထူးကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံရဲ့ အကျိုးအမြတ် ကို အပြည့်အဝ ထုတ်နိုင်အောင်လို့ ကူညီပေးနိုင်တယ်ဆိုတာကိုပါ မသိခဲ့ပါဘူး။ လင်းဟန်ရဲ့ နာမည်နဲ့ ဘယ်မှာနေတယ်ဆိုတာကို မေးပြီးတဲ့နောက်မှာ သူက ထွက်ခွာသွားခဲ့ပါတယ်....။

သူက ဒါဏ်ရာလည်းရနေသေးတဲ့အတွက် ပြန်လည်ကုသဖို့ လိုအပ် နေပါသေးတယ်။

``အသား အသား``

ဟူးညိုက လင်းဟန်ရဲ့ ဂတ်ရုံစကို ဆွဲပြီးတော့ မကျေမနပ်ဖြစ်နေပါတယ်။

``ကောင်းပြီ ကောင်းပြီ.. ငါတို့ အသားတစ်ချို့ သွားစားကြတာပေါ့``

လင်းဟန်က ရီပြီးတော့ပြောလိုက်ပါတယ်။

``လင်းဟန်``

``အကိုလင်း``

တစ်စုံတစ်ယောက်က အဝေးကနေ သူ့နာမည်ကိုအော်ခေါ်တာ ကြားလိုက်ပါတယ်။ အဲဒီကို သူကြည့်လိုက်တဲ့အခါမှာ ဒုယွန်မြို့က သူ့ရဲ့ သူငယ်ချင်းပေါင်း လေးယောက်ဖြစ်တဲ့ ချီယောင်ရီ.. ဂျင်ပူကျို.. ပိုင်လီထျန်းယွမ်နဲ့ လီဒေါင်ယွဲ့ တို့လေးယောက်ကို မြင်လိုက်ပါတယ်။

``လင်းအကို က တကယ်ပဲ နောက်ကျပြီးမှရောက်လာတာပဲ.. ဒီနေ့တော့ ကိုယ့်ကိုကိုယ် အပြစ်ပေးတဲ့အနေနဲ့ သုံးခွက် သောက်ကိုသောက်ရလိမ့်မယ်``

ပိုင်လီထျန်းယွမ်က ပြောလိုက်ပါတယ်။

``အား... သုံးခွက်ထဲနဲ့ ဘယ်လိုလုပ်ပြီးတော့ လုံလောက်မှာလဲ အနည်းဆုံး ဆယ်ခွက် ဖြစ်သင့်တယ်``

လီဒေါင်ယွဲ့ကလဲ စကားပိုင်းထဲဝင်ပြီးပြောလိုက်ပါတယ်။

``အသား အသား အသား``

ဟူးညိုက အပေါ်အောက် ခုန်ဆွခုန်ဆွလုပ်နေပါတယ်။

လင်းဟန်က ကျယ်လောင်စွာအော်ရီ ပြီးတော့ ပြောလိုက်ပါတယ်။

``သွားကြစို့ ဒီနေ့ ငါ မင်းတို့အားလုံးကို ဒကာခံမယ်.. တကယ်လို့ မင်းတို့တွေ မူးတဲ့အထိ မသောက်နိုင်ယင် အိမ်ပြန်လို့မရဘူး``

``တကယ်လို့ မသောက်ယင် ဘယ်သူမှ မပြန်ရဘူးနော်``

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက အော်ရီလိုက်ပါတယ်။ လူငယ် ငါးယောက်နဲ့ ကလေးတစ်ယောက် ပေါင်းထားတဲ့ ငါးယောက်အုပ်စုက အကယ်ဒမီ ကနေ ထွက်လာပြီးတော့ စားသောက်ဆိုင်တစ်ခုမှာ
စားသောက်ပျော်ရွှင်နေကြပါတယ်။

မကြာခင်မှာပဲ ချီယောင်ရီနဲ့ ကျန်တဲ့သုံးယောက် အရမ်းကို လျှင်မြန်စွာနဲ့ စိတ်အားညှိုးငယ်ကုန်ကြပါတယ်။ ဟင်းပွဲတစ်ခု

လာချပြီးတော့ အဲဒီအထဲမှာ အသား ပါလာတယ်ဆိုယင်ကိုပဲ ဟူးညီရဲ့ ရုတ်တရက် ဖျက်စီးစားသောက် ခြင်းကို ခံလိုက်ရပါတယ်။ အထဲမှာ အသားစ လေးတစ်စ တောင် မကျန်ခဲ့ပါဘူး။ အဲဒီနောက်မှာတော့ သူတို့က အစားအစာအတွက် ပြင်းထန်တဲ့ တိုက်ပွဲထဲကို ဂင်ရောက်လာကြပါတယ်။ဒါပေမဲ့ တကယ်လို့ များ အစားအသောက်နဲ့ ပါတ်သတ်ပြီးတော့ ပြောရမယ်ဆိုယ် ဘယ်သူကများ ဟူးညီထက် ပိုပြီးလျှင်လျှင်မြန်မြန်နဲ့ ဆွဲလုယူနိုင်မှာလဲ?

ဒီမိန်းကလေးက ဖွန်းခက်ရင်းတွေကိုတောင်မှ အသုံးမပြုခဲ့ပါဘူး.. သူမရဲ့ လက်သေးသေးလေးတွေကို အသုံးပြုပြီးတော့ အစားအစာတွေကို ဆုပ်ကိုင် ထားပါတယ်။ တခြားသူတွေက စားဖို့ ဘယ်လိုလုပ်ပြီးတော့ အာသီသ ရှိနိုင်တော့မှာလဲ?

``ဒီမိန်းကလေးရဲ့ အစာအိမ်က အဆုံးမရှိဘူးနဲ့တူတယ် ဟုတ်တယ်မလား?``

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက အရမ်းကို သိချင်စိတ်ပြင်းပြနေပါတယ်။ ဒါပေမဲ့ ချီယောင်ရီကိုယ်တိုင်တောင်မှ သူရဲ့အရှေ့က ဒီမိန်းကလေးက

နပန်းပြိုင်ကွင်းထဲက တစ်ယောက်ဆိုတာကို သတိမပြုမိပါဘူး။ တကယ်တော့ အဲဒီအချိန်တုန်းက ဟူးညိုက အခုပုံစံနဲ့မတူပဲ ဖိုသီဖတ်သီနဲ့ ညစ်ပါတ် ပေရေ နေပါတယ်။ သူမက အရမ်းရိုင်းစိုင်းနေပြီးတော့ ယခု သူမကိုကြည့်ရတာ အရမ်းကို ချစ်စရာကောင်းပြီး နုနုလှလှ လေးနဲ့ အရုပ် ကလေးတစ်ရုပ် နဲ့ တူပါတယ်။

``ငါတကယ်ပဲ အကိုလင်းကို မနာလိုဖြစ်မိတယ်.. သူက အကယ်ဒမီကို ဂင်လာတာနဲ့ပဲ အစစ်အမှန်တပည့်တစ်ယောက် ဖြစ်သွားပြီးတော့ ကျင့်ကြံခြင်းအတွက်ကို မရေတွက်နိုင်တဲ့ အရင်းအမြစ်တွေက သူ့လက်ထဲမှာ ရနိုင်တယ်လေ``

လင်းဒေါင်ယွဲ့ ကမရိုတင်ကဲပြောလိုက်ပါတယ်။

ချီယောင်ရီကလည်း ခေါင်းငြိမ့်ပြီးတော့ပြောလိုက်ပါတယ်။

``အစစ်အမှန်တပည့်နဲ့ အပြင်စည်းတပည့်တွေကြားက ကွာဟချက်က တကယ်ပဲ အရမ်းကိုများတယ်..ငါနဲ့ ဖန်းရန်ရဲ့ကြားက ကွာဟချက်က တကယ်ဆိုယင် အရမ်းကြီး မကြီးမားပါဘူး ဒါပေမဲ့ အခုတော့....အားယားးး``

``နံပါတ်လေးမင်းသား.. ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံးတော့ မင်းမှာက ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က အထောက်အပံ့တွေ ရှိနေသေးတဲ့အတွက် ကျန်တဲ့ ငါတို့ထက်စာယင် မင်းက ပိုပြီးတော့ တော်ပါသေးတယ်``

ဂျင်ပူကျို က ချက်ချင်းပဲပြောလိုက်ပါတယ်။

``ဒါမှန်တယ်... ဒုယွန်ဘုရင်ရဲ့ တော်ဝင်အိမ်တော်က အရင်းအမြစ်တွေက ငါတို့ အင်အားကြီးကလန်လေးခုလုံး ပေါင်းထားတာထက်တောင်မှ အလျှံပယ် ပိုများပါသေးတယ်.. တကယ်လို့ မင်းက ဆင်းရဲတယ်ဆိုပြီး စောဒက တက်ယင် ငါတို့က ဘယ်လိုလုပ်ရမှာလဲ``

ပိုင်လိထျန်းယွမ်ကလဲ ဝင်ပြောပါတယ်။

``လင်းဟန်... ငါ ကြားတာတော့ မင်းနဲ့ ဖန်းလောင်ကြားမှာ ရန်ငြိုးရန်စ ရှိတယ်ဆို.. သူလည်းအခု အကယ်ဒမီကို ဝင်ရောက်လာခဲ့ပြီ.. ဒါကြောင့် မင်းအနေနဲ့ သတိထားဖို့ လိုလိမ့်မယ်. သူက သူ့ရဲ့အကို ဖန်းရန် ကို မင်းနဲ့ ယှဉ်ဆိုင်ဖို့ ပြောလိမ့်မယ်``

ချီယောင်ရီက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

အပိုင်း(၉၈) ငှါဖိနပ်ကို ယက်စမ်း

``ဖန်းရန်?``

လင်းဟန်ရဲ့ နှုတ်ခမ်းဒေါင့်မှာအပြုံးတစ်ခုပေါ်သွားပြီးတော့ သူက မေးလိုက်ပါတယ်။

``သူက အခု ဘယ်လောက်စွမ်းအားကြီးလို့လဲ?``

``သူအခု ဘယ်လောက်ထိ စွမ်းအားကြီးသလဲဆိုတာကို ဘယ်သူကမှ တကယ့်ကို တိတိကျကျ ရှင်းရှင်းလင်းလင်းမသိကြဘူး.. ဒါပေမဲ့ သူနောက်ဆုံး တစ်ခေါက် အကယ်ဒမီကို ပြန်လာတုန်းကတော့ သူက နွေဦးစမ်းရေအလွှာ ၄ ကိုရောက်နေပီ..ဒါ့အပြင် တစ်စုံတစ်ယောက်က မြင်ခဲ့ဖူးတာတော့ ရှေးဟောင်းသမိုင်းနယ်မြေထဲမှာ သူလှုပ်ရှားလိုက်တာ ဆေဘာချီ လေးခုကို ထုတ်ဖော်နိုင်တယ်တဲ့``

ချီယောင်ရီက အလေးအနက်ထားပြီးတော့ ပြောလိုက်ပါတယ်။

နွေဦးစမ်းရေအလှာ ၄ အဆင့်က ကန်းယီရဲ့ ကျင့်စဉ်အဆင့်ထက် ပိုပြီးတော့ တောင်မှ မြင့်မားပါတယ်။ ဒါပေမဲ့လည်း အတွင်းစည်းတပည့်တွေရဲ့ နေရာအပြောင်းအလဲက အစစ်အမှန်တပည့်တွေရဲ့ နေရာ အပြောင်းအလဲနဲ့ တူတူပါပဲ.၎င်းက နှစ်တိုင်း နှစ်ကုန်တဲ့ အချိန်မှာပဲ ဖြစ်ပျက်နိုင်ပါတယ်။ စိန်ခေါ်တဲ့သူက အနိုင်ရယင် စိန်ခေါ်ခံရပီး ရှုံးနိမ့်သွားတဲ့လူရဲ့ နေရာကို အစားထိုးဝင်ရောက်နိုင်မှာပဲဖြစ်ပါတယ်။

ဖန်းရန်က ကြည့်ရတာ အဆင့်တက်ကာစပဲ ရှိပါဦးမယ်. ဒ့ါအပြင် ကျင့်စဉ်အဆင့်ကလဲ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည် ကို ကိုယ်စားမပြု နိုင်ပါဘူး။ ကန်းယီရဲ့ တိုက်ပွဲ အစွမ်းက ကြယ်ခုနှစ်လုံးမှာရှိပြီး ဒါကြောင့်မိုလို့ ဖန်းရန်အနေနဲ့ ကန်းယီ.. ကျောင်းဟွမ်.. သို့မဟုတ် ချီဖန်းယွမ် ကို နောက်ဆုံးလ မှာ စိန်ခေါ်ဖို့ မရနိုင်သေးပါဘူး။

``အို... ဟုတ်ပြီ.. ငါဒီကိုမလာခင် စိတ်ဂိဉာဉ်ရတနာ အိမ်တော်က ဒီညမှာ လေလံပွဲကျင်းပလိမ့်မယ်ဆိုတဲ့သတင်းကို ရခဲ့တယ်.. အဲဒီကို သွားကြည့်ဖို့ ဘယ်သူမှစိတ်မဝင်စားဘူးလား?``

ဂျင်ပူကျိ က ချက်ချင်းပဲ အားလုံးကို မေးလိုက်ပါတယ်။

``စိတ်ဂိဉာဉ်ရတနာ အိမ်တော်?``

လင်းဟန်က သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

``ဒါက အင်ပါယာမြို့ရဲ့ လေလံအိမ်တော်တစ်ခုဖြစ်တယ်.. ခေါင်းဆောင်လုပ် တဲ့သူက အရမ်းကို လျှို့ဝှက်ဆန်းကြယ်တယ်။ ကောလဟာလတွေ အရတော့ ခေါင်းဆောင်လုပ်တဲ့သူက ယောကျ်ားလား မိန်းမလားဆိုတာကိုတောင် ဘယ်သူကမှ မသိကြဘူးတဲ့ ပြီးတော့ အသက်ကြီးလား ငယ်လားဆိုတာလည်းမသိကြဘူး.. ဘယ်လိုပဲဖြစ်ဖြစ် အဲဒီလူက အရမ်းကို အရေးကြီးတဲ့ နောက်ခံအင်အားကနေပြီးတော့ လာတာ လုံးဝဖြစ်နိုင်ချေ ရှိတယ်. ဘာလို့လဲဆိုတော့ ဘယ်သူကမှ စိတ်ဂိဉာဉ်ရတနာ အိမ်တော်ကို မထိပါးရဲကြဘူး``

ဂျင်ပူကျို က ရှင်းပြလိုက်ပါတယ်။

``ဘယ်သူကမှ ပြဿနာ မလုပ်ရတာတော့မဟုတ်ပေမဲ့ ပြဿနာ ရှာတဲ့ လူ ဘယ်သူမဆို အားလုံးသေကုန်ရတာပဲ.. ဒါကြောင့် ဘယ်သူကမှ ပြဿနာ

ထပ်ပြီးမရှာရဲကြတော့တာ``

ချီယောင်ရီက ပြောလိုက်ပါတယ်။သူက တော်ဝင်မိသားစုရဲ့ အဖွဲ့သားတစ်ယောက် အဖြစ်သတ်မှတ်နိုင်တဲ့အတွက် သူက ဂျင်ပူကျိထက် ပိုပြီးတော့ သိပါတယ်။

``စိတ်ဝင်စားစရာပဲ.. ဒါဆို ငါတို့ သွားပြီး တစ်ချက်လောက်ကြည့်လိုက် ကြရအောင်``

လင်းဟန်ကပြုံးပြီးတော့ပြောလိုက်ပါတယ်.။ တကယ်လို့ သူ့အနေနဲ့ လေလံအိမ်မှာ စိတ်ဂိဉာဉ်သို့လှောင်ဆေးလုံး ကို ဖော်စပ်ဖို့ လိုအပ်တဲ့ ဆေးဂါး အနည်းငယ် ကို ရယူနိုင်ခဲ့မယ်ဆိုယင် လင်းဒေါင်ရှန်ရဲ့ စိတ်ဂိဉာဉ်အခြေခံကို ပြန်လည်ကုသနိုင်ဖို့ အချိန် သိပ်မကြာတော့ပါဘူး။

သူ့အနေနဲ့ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်တဲ့အခါကျယင် သူ့ရဲ့ နတ်ဘုရားစိတ်အာရုံကို လေ့ကျင့်နိုင်တော့မှာဖြစ်ပါတယ်။ သူ့ရဲ့ နတ်ဘုရား စိတ်အာရုံ ပိုပြီးတော့သန်မာလာလေ. ပိုပြီးတော့ အဆင့်မြင့်မားတဲ့ မှော်ဆေးလုံးတွေကို သူဖော်စပ်နိုင်မှာပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူဖော်ထုတ်နိုင်တဲ့ မီးတောက်တွေရဲ့ အပူချိန်က ပြဿနာရှိနေပါသေးတယ်။

အပူချိန်အတွက်ကတော့ ကျင့်စဉ်အဆင့်တက်ခြင်းအားဖြင့် သာ တိုးလာအောင်လို့ လုပ်နိုင်ပါလိမ့်မယ်။ သူမှာ ဘယ်လောက်ပဲ မီးကို ထိန်းချုပ်နိုင်တဲ့ ကျွမ်းကျင်မှု ရှိနေပါစေ မီးတောက်ရဲ့ အမြင့်ဆုံးအပူချိန် က အကန့်အသတ်ရှိနေစမြဲပါပဲ။

``အဖေရဲ့သက်တမ်းက အကန့်အသတ်ရှိတယ် ဒါကြောင့် ဒါကို အချိန် အကြာကြီးဆွဲထားလို့ မဖြစ်ဘူး``

လင်းဟန်က တွေးလိုက်ပါတယ်။

``ငါ့ကိုကူညီပြီးတော့ ဆေးဖော်စပ်ဖို့ တစ်စုံတစ်ယောက်ကို ရှာနိုင်ယင် ရှာ ဒါမှမဟုတ် ကောင်းကင်နဲ့ မြေကြီးရဲ့ ထူးဆန်းတဲ့ မီးတွေနဲ့ ငါရဲ့ မီးတောက် ကို ပေါင်းစပ်လိုက်မှပဲ ဒီ ထူးဆန်းတဲ့မီးတွေရဲ့ အကူအညီနဲ့ မီးတောက်ရဲ့ အပူချိန်က တိုးလာနိုင်လိမ့်မယ်``

ဒါပေမဲ့လည်း ထူးဆန်းတဲ့မီးတွေက အရမ်းကိုရှားပါးလွန်းပါတယ်။အယင် ဘဂတုန်းကတောင်မှ သူက ထူးဆန်းတဲ့ မီးကို ရှာမတွေ့ခဲ့ပါဘူး။ ဒါပေမဲ့ နှစ်ပေါင်းတစ်သောင်းကြာပြီးတဲ့နောက်မှာတော့ ကံကောင်းမှုတွေကလဲ ပြောင်းလဲသွား နိုင်ပါတယ်။

ထူးဆန်းတဲ့မီးတွေဆိုတာက စိတ်ဂိဉာဉ်မီးအမျိုးအစား ဖြစ်ပြီးတော့ ပါတ်ဂန်းကျင်ကြောင့် သဘာဂအတိုင်း ဖြစ်ပေါ်လာကြတာပါ။ သိုင်းပညာရှင် တစ်ယောက်က စိတ်ဂိဉာဉ်မီးတစ်ခုကို သန့်စင်နိုင်ယင် သူ့ရဲ့ ကျင့်စဉ်အဆင့် မြင့်တက်အောင်လုပ်နိုင်ပါတယ် ဒါ့မှမဟုတ် အထူးခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံ တစ်ခုကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။ မှော်ဆေးပညာရှင်တွေ အတွက်ကတော့ တကယ်လို့ သူတို့ရဲ့ မီးတောက်တွေနဲ့ ဒီ ထူးဆန်းတဲ့ မီးကို ပေါင်းစပ်နိုင်မယ်ဆိုယင်သူတို့ရဲ့ မှော်ဆေးပညာကျွမ်းကျင်မှု့ ပိုပြီး တိုးတက်လာစေနိုင်ပါတယ်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက လူသိပ်မသိ မထင်ရှားတဲ့ မှော်ဆေးပညာရှင် တစ်ယောက် က ထူးဆန်းတဲ့ မီးတစ်ခုနဲ့ သူ့ရဲ့ မီးတောက်ကို ပေါင်းစပ်နိုင်ခဲ့ပြီးတော့ ကမ္ဘာ့အကျော်ကြားဆုံး ဂရန်းမာစတာ မှော်ဆေးပညာရှင် ဖြစ်သွားခဲ့ပါတယ်။

တကယ်လို့ လင်းဟန်သာ အချိန်တိုတိုလေးအတွင်းမှာ စိတ်ဂိဉာဉ်သိုလှောင် ဆေးလုံးကို ဖော်စပ်ချင်တယ်ဆိုယင် သူ့ရဲ့တစ်ခုတည်းသော အခွင့်အရေးက ထူးဆန်းတဲ့မီးနဲ့ သူ့ရဲ့ မီးတောက်ကို ပေါင်းစပ်နိုင်မှပဲရပါလိမ့်မယ်. မိုးရေနိုင်ငံရဲ့ အဆင့်အမြင့်ဆုံး မှော်ဆေးပညာရှင်က အနက်ရောင်အဆင့်

အဆင့်မြင့်မှော်ဆေးပညာရှင်ပဲ ဖြစ်ပီးတော့ မြေကျွှာအဆင့် မှော်ဆေးလုံးကိုဖော်စပ်ဖို့ လုံလောက်တဲ့ အဆင့်မမှီသေးပါဘူး။

သူတို့တွေအားလုံး စားလို့သောက်လို့ပီးတာနဲ့ ငွေရှင်းပြီးတော့ စိတ်ဂိဉာဉ်ရတနာအိမ်တော် က လေလံပွဲကျင်းပတဲ့နေရာဆီကို ဦးတည်ပြီး သွားကြပါတယ်။

လေလံပွဲနေရာက မဝေးတဲ့အတွက် သူတို့ က မြင်းလှည်းနဲ့မသွားပဲ ရိုးရိုး တန်းတန်း လမ်းလျှောက်ပြီးတော့သွားကြပါတယ်။ မိနစ် နှစ်ဆယ်ခန့် ကြာပြီးတဲ့နောက်မှာတော့သူတို့ အားလုံး စိတ်ဂိဉာဉ်ရတနာ အိမ်တော် ဆီကို ရောက်သွားခဲ့ပါတယ်။

ဒီနေရာက အထူးသဖြင့် ရှားပါးတဲ့ ရတနာတွေကို ရောင်းချပေးတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။

ဘယ်လိုအရာတွေကို ရတနာလို့ သတ်မှတ်ထားပါသလဲ?

လက်နက်တွေ... ကျင့်ကြံခြင်းနည်းစနစ်တွေ.. သိုင်းပညာနည်းစနစ်တွေ.. မှော်ဆေးလုံးတွေ နဲ့ ဆေးပစ္စည်း အမယ် တွေ အားလုံးကို ရတနာ အဖြစ်သတ်မှတ်ပြီးတော့

မြင့်မားတဲ့ ဈေးနှုန်းနဲ့ ဒီနေရာမှာ ရောင်းချ နိုင်ပါတယ်။ ဒီမှာ လတိုင်းလတိုင်းလေလံပွဲ တစ်ကြိမ်ကျင်းပပြီးတော့ ရှားပါးတဲ့ အရာတစ်ချို့ကို ရောင်းချပြီး ပိုပြီးတော့ တန်ဖိုးကြီးမားတဲ့ ရတနာတွေကိုတော့ လပေါင်းတော်တော်ကြာမှ သို့မဟုတ် နှစ်ကုန်ဆုံးကာ မှသာ ရောင်းချကြပြီးတော့ အဲဒီအချိန်ကြယင် အင်ပါယာမိသားစုနဲ့ အင်အားကြီးကလန် ၈ ခုရဲ့ နှလုံးသားကိုတောင်မှ လှုပ်ခတ်စေနိုင်ပါတယ်လို့ ကောလဟာလတွေက ဆိုကြပါတယ်။

ဒီနေ့ ကျင်းပမဲ့ လေလံပွဲက လစဉ်ကျင်းပနေကျ လေလံပွဲပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ လေလံဆွဲသူတွေထဲမှာ စွမ်းအားကြီးမားတဲ့ လူတွေအများကြီး မပါဝင်ပါဘူး.. ဒါပေမဲ့ လည်း လူတွေ တော်တော်ကို များပါတယ်.. ဒါက တစ်လမှ တစ်ကြိမ် ကျင်းပတာဖြစ်ပြီးတော့ ဒီမှာ ရှားပါးပြီးတော့ တန်ဖိုးကြီးမားတဲ့ ရတနာတွေကိုတောင်မှ လေလံတင်ရောင်းချ ကြပါ တယ်။

အဝင်ဂိုကိုရောက်တဲ့အခါမှာ လူငယ်နှစ်ယောက်က သူတို့ဆီကို လမ်းလျှောက် လာတာကို မြင်လိုက်ကြရပါတယ်။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် နီးနီးကပ်ကပ်နဲ့

လျှောက်လာကြတာဖြစ်ပြီးတော့ သူတို့ကို ကြည့်ရတာ အရမ်းကို ရင်းနှီးတဲ့ ဆက်ဆံရေး ရှိတဲ့ပုံစံပါပဲ။

``ချီး... မင်းပဲပေါ့``

သူတို့ ထဲက တစ်ယောက်က လင်းဟန်ကို မြင်လိုက်တဲ့အခါမှာ သူ့ရဲ့ အမူအရာက အေးစက်စက်ဖြစ်သွားပါတယ်။ သူက လင်းဟန်ကို လက်ညှိုး ထိုးပြီးတော့ပြောလိုက်ပါတယ်။

``ဟားဟားဟား.. ဟော့ကောင် ငတုံး ငအ.. မင်းဘယ်တုန်းကမှ မထင်မှတ်ထားတဲ့ဟာက အခုဖြစ်လာပြီလေ ဟုတ်တယ်မလား? ငါ ဟွာယန်အကယ်ဒမီကို ဝင်ခွင့်ရအောင် လုပ်နိုင်တဲ့အပြင် ဒြပ်စင်စုစည်းခြင်း အဆင့်ကိုပါ ချိုးဖောက်ဝင်ရောက်သွားခဲ့ပီလေ``

ဒါက တကယ့်ကို တိုက်ဆိုင်မှု တစ်ခုပါပဲ. အဲ့ဒီလူက ဖန်းလောင် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ဒြပ်စင်စုစည်းခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားတယ် ဆိုတာကိုတော့ တကယ်ပဲ မမျှော်လင့်ထားခဲ့ပါဘူး။ သူ့ရဲ့ ပင်ကိုယ်ပါရမီ ပေါ် အခြေခံ ရမယ်ဆိုယင်တော့

ဖန်းလောင်အနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ဒီလိုမျိုး လျှင်မြန်စွာနဲ့ ချိုးဖျက်ဂင်ရောက်နိုင်ဖို့ မရှိပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်ရဲ့ မျက်လုံးထဲမှာတော့ သူက သာမာန် အသေးအဖွဲ့ လူတစ်ယောက်ပါပဲ ဒါကြောင့် လင်းဟာန်က သူ့ကို ခေါင်းထဲ တောင် မထည့်ထားပါဘူး။ သူကတည်ငြိမ်စွာနဲ့ ပဲပြောလိုက်ပါတယ်။

`` မင်းရဲ့ လက်ချောင်းကို ဖယ်လိုက်.. တကယ်လို့ မဖယ်ရှားဖူးဆိုယင် မင်းအတွက် ငါက ချိုးပေးမယ်ဆိုယင် စိတ်မရှိပါနဲ့နော်``

ဖန်းလောင်ရဲ့ မျက်နှာက ရုတ်ခြည်းဆိုသလို ကြည့်ရတာ ဒေါသထွက်သွားပုံပါ ပဲ... ဒါပေမဲ့ သူက လင်းဟာန်ရဲ့ တိုက်ပွဲအစွမ်းကို ပြန်စဉ်းစားမိတဲ့အခါမှာတော့ သူ့ရဲ့ နှလုံးသားထဲက ကြောက်ရွံ့မှုကို မထိန်းချုပ်နိုင်ပဲနဲ့ သူ့ရဲ့ လက်ချောင်း ကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပါးစပ်ကတော့ ဆက်ပြီး ပြောနေပါသေးတယ်။

``ဒါဆို မင်းကငါရဲ့ အကယ်ဒမီဂင်ခွင့်နေရာကို အဂေးကို လုယူသွားတော့ ရော ဘာအရေးလဲ ငါရဲ့ အကိုက ငါ့ကို အကယ်ဒမီဂင်ခွင့်ရအောင်လို့ ကူညီပေးခဲ့တယ်.. လင်းဟာန်

ငါမင်းကိုပြောဦးမယ် မင်းရဲ့ လာမဲ့ နေ့ရက်တွေ မှာ ပျော်ရွှင်ကျေနပ်ရလိမ့်မယ်လို့ မထင်လိုက်နဲ့.. ငါမင်းကို လုံးဝ ဖျက်စီးပစ်မယ်``

ဖန်းရန်မှာလဲ သူ့ရဲ့ နည်းလမ်းတွေရှိပါတယ်။ သူ့ရဲ့ ညီအတွက် ဟွာယန်အကယ်ဒမီ ဝင်ခွင့်တစ်နေရာကို ရယူပေးနိုင်ခဲ့ပါတယ်။ ကြည့်ရတာ သူက လင်းဒေါင်ရှန် လိုမျိုးတူပါလိမ့်မယ်.. အကယ်ဒမီနဲ့ သဘောတူညီမှု တစ်ချို့ကိုပြုလုပ်ခဲ့တဲ့ပုံပါပဲ။ တစ်ဖက်ကကြည့်ရင်တော့ မင်းကဘယ်လောက် ပဲ ပါရမီရှင်တစ်ယောက်ဖြစ်နေပါစေ.. အကယ်ဒမီအတွက်တော့ အရမ်းကို အရေးကြီးတဲ့ နေရာတစ်ခုဖြစ်လို့ အကယ်ဒမီဝင်ခွင့်နေရာတစ်ခုကို စိတ်ကြိုက် လက်ဆောင်အဖြစ်ပေးအပ်လို့ မရပါဘူး။

လင်းဟန်က ရီမောလိုက်ပီးတော့ ပြောပါတယ်။

``ငတုံးငအေ ကောင် ငါ့ကို ဒီလိုမျိုး ခြိမ်းခြောက်တဲ့ သူတွေ အကုန်လုံးက ဇာတ်သိမ်းဘယ်တော့မှ မလှဘူးနော်``

``လေကြီးလိုက်တာကွာ``

ဖန်းလောင်ရဲ့ဘေးက လူငယ်က ပြောလိုက်ပါတယ်။

သူ့ရဲ့မျက်နှာမှာ မာနထောင်လွှားမှုတွေနဲ့ ပြည့်နှက်နေပြီးတော့ ဖန်းလောင် ထက်တောင် ပိုပါဦးမယ်။သူ့ရဲ့ နှာခေါင်းပေါက်ကလဲ တော်တော် မြင့်တဲ့ နေရာမှာရှိပြီးတော့ ကောင်းကင်ကိုတောင် ညွှန်ပြနေသလိုဖြစ်နေပါတယ်။

``ငါ ဒီအင်ပါယာမြို့ ထဲမှာ မာနကြီးတဲ့လူတော်တော်များများကို တွေ့ဖူးခဲ့ ပြီးပြီ.. ဒါပေမဲ့ မင်းလိုမျိုးကတော့ အဟက် အဟက် ဒါက ပထမဆုံးအကြိမ်ပဲ``

``ဟီးဟီး လင်းဟန်... သူဘယ်သူလဲဆိုတာကို မင်းသိသလား?``

ဖန်းလောင်က ဂုဏ်ယူစွာနဲ့ သူ့ရဲ့ အဖော်ကို ညွှန်ပြပြီးတော့ မေးလိုက်ပါတယ်။

``ဒါက ဝေ့သခင်လေး ဝေ့ဟဲလီ ပဲ.. ဟွာယန်အကယ်ဒမီနဲ့ တောက်ပတဲ့ ကြယ်တစ်ပွင့်.. တစ်နေ့မှာ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် ဖြစ်လာမဲ့သူပေါ့``

``ဒါဆို သူက ဝေ့ဟဲလီ ပေါ့``

ဂျင်ပူကျိုက အံ့အားသင့်သွားပါတယ်

``သူက အရမ်းသန်မာလို့လား?ဒါပေမဲ့ သူက အခုမှ ဒြပ်စင်စုစည်းခြင်း အလွှာ ၁ ပဲရှိသေးတယ်မဟုတ်လား?``

ပိုင်လီထျန်းယွမ်က မေးလိုက်ပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၁ ... တကယ်လို့ သူက လင်းဟန်လို လူထူးလူဆန်း ဆိုယင်တောင်မှ ဒါကလုံးဝကို အသုံးမဝင်ပါဘူး။ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ပြိုင်ဘက်တွေကို ဆန့်ကျင်ယင်တော့ ရလဒ် အနေနဲ့က သူ့ရဲ့ သန်မာတဲ့ပြိုင်ဘက်က လက်တစ်ဖက်တည်းနဲ့တောင် သူ့ကို ရှင်းထုတ်ပစ်နိုင်ပါတယ်။ ပိုင်လီထျန်းယွမ်က အခုမှ ဟွာယန် အကယ်ဒမီ ကို ဝင်လာခဲ့တာပဲဖြစ်တဲ့အတွက် သူ့အနေနဲ့ ဒီမှာ မှော်ဆေးပညာဌာန ရှိတယ်ဆိုတာကိုတောင်မှ မသိတဲ့အတွက် ဂျင်ပူကျိုရဲ့ အမူအရာအပေါ်မှာ စိတ်ရှုပ်ထွေးလို့နေပါတယ်။

``သူက မှော်ဆေးပညာနယ်ပယ်မှာ အရမ်းကို ပါရမီရှိပြီးတော့ အဂါရောင်

အဆင့်မြင့်မှော်ဆေးပညာရှင်တောင် ဖြစ်နေပီ.. တစ်ချို့ပြောတာကတော့ မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီးကိုယ်တိုင်က သူ့ကို တပည့်အရင်း တစ်ယောက်အဖြစ် ကောက်ယူဖို့ ဆန္ဒရှိတယ်တဲ့``

ဂျင်ပူကျို က လေးစားအံ့သြစွာနဲ့ပြောလိုက်ပါတယ်။ သူက လီဒေါင်ယွဲ့ နဲ့ ပိုင်လီထျန်းယွမ်တို့ရဲ့ မျက်နှာပေါ်က သဘောမပေါက် တဲ့ ပုံစံကို မြင်လိုက်ရ တဲ့အခါမှာ ဆက်ပြီးတော့ ရှင်းပြလိုက်ပါတယ်။

``ဟွာယန်အကယ်ဒမီ မှာ သိုင်းပညာဌာနနဲ့ မှော်ဆေးပညာဌာန ဆိုပြီးတော့ နှစ်ပိုင်းခွဲထားတယ်.. မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီးက အနက်ရောင် အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင် တစ်ယောက်ပဲဖြစ်တယ်``

``ဟူး:::::``

အဲ့ဒီအချိန်မှာပဲ ပိုင်လီထျန်းယွမ်နဲ့ လီဒေါင်ယွဲ့ တို့က သက်ပြင်းရှိုက် လိုက်ပီး နောက်ဆုံးမှာတော့ သူတို့ က ပေ့ဟဲလီ ရဲ့ နောက်ခံအကြောင်းကို နားလည်သွားခဲ့ပါတယ်။ အနက်ရောင်အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင်..

တကယ်လို့ ဖူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့ တောင်မှ သူ့ကိုမြင်တဲ့အခါကျယင် ရိုရိုသေသေနဲ့ ဆက်ဆံပြီးတော့ ဂရန်းမာစတာလို့ တောင် ခေါ်ရပါလိမ့်မယ်။

``ဟားဟားဟား``

ပေ့ဟဲလီ က ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။ သူ က ဘာတခုမှ မပြောပဲ နဲ့ သူ့ရဲ့ နောက်ခံ အကြောင်းကို ပြည့်စုံစွာနဲ့ သူတို့တွေ နားလည်ဖို့ အတွက် အခွင့်အရေးပေးလိုက်တာပဲဖြစ်ပါတယ်။ ဒါက သူ့ရဲ့ ကြီးမြတ်တဲ့ အဆင့်ကို ဖော်ပြရာကျပါတယ်။ သူက အထင်အမြင်သေးတဲ့ အကြည့်နဲ့ သူတို့တွေကို လှေ့လာလိုက်ပီးတော့ ပြောပါတယ်။

``မင်းတို့နဲ့ သခင်လေး လောင် တို့ ဘယ်လို အာဃာတ တွေရှိတယ် ဆိုတာကို ငါ ဂရုမစိုက်ဘူး.. ဒါပေမဲ့ ဒီနေ့ ငါမြင်လိုက်ရပြီးတဲ့နောက်မှာတော့ ငါ့အနေနဲ့ ဖျန်ဖြေသူ အဖြစ်ဆောင်ရွက်ပေးရလိမ့်မယ်``

သူက တစ်ခဏမျှ ရပ်လိုက်ပီး လင်းဟန်ကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

``ဒူးထောက်ပြီး သခင်လေးလောင်ရဲ့ ဖိနပ်ကို ယက်ပီးတော့သန့်ရှင်းပေးလိုက်စမ်း``

ဖန်းလောင်က သူ့ကိုယ်သူ အရမ်းကို ဂုဏ်ယူနေပါတယ်။ ဒီနေ့ ပေ့ဟဲလီ ရဲ့ ကူညီမှုနဲ့ တကယ်လို့ လင်းဟန်က သဘောမတူခဲ့ဘူးဆိုယင် ပေ့ဟဲလီ ကို ဆန့်ကျင်တာဖြစ်ပြီးတော့.. ပေ့ဟဲလီဆိုတာ ဘယ်သူလဲ? သူက အဂပါရောင် အဆင့် အဆင့်မြင့်မော်ဆေးပညာရှင်တစ်ယောက် ဖြစ်တဲ့အပြင် ပူဆောင်လင်း ကိုယ်တိုင်က တပည့်အဖြစ်တောင် ကောက်ယူခံရနိုင်ပြီးတော့ သူ့ရဲ့ အနာဂါတ် က အဆုံးမရှိ ကြီးမားကျယ်ပြန့်နေမဲ့သူမျိုးပါ။

ဦးနှောက်ရှိတဲ့ မည်သူမဆို ပေ့ဟဲလီ ကို ဆန့်ကျင်ဖို့ လုံးဝ ရင်ဆိုင်ပွဲမှာ မဟုတ်ပါဘူး။

ဒီနေ့မှာတော့ သူ့ရဲ့ အကြွေးကို ပြန်ပြီးတော့ စိတ်ဝင်စားစရာကောင်းစွာပဲ ပြန်ပြီးတော့ ပေးဆပ်နိုင်ပါပြီ။

အပိုင်း(၉၉) ထုံးစံအတိုင်း အမိုက်ပါပဲ

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေကို ကြည့်ရတာ ဒီဟာကြောင့်

လုံးဂကို ဒေါသထွက်နေကြပါတယ်။

သူကို ဒူးထောက်ခိုင်းပြီးတော့ တစ်ခြားလူရဲ့ ဖိနပ်ကို လျှာဖြင့် လျက်ခိုင်း ခြင်းက ဘယ်လိုမျိုး ကြီးမားတဲ့ အရှက်ခွဲ စော်ကားမှုကြီးလဲ? တကယ်လို့ ဂေ့ဟဲလီ က ငွေဦးစမ်းရေ အဆင့် ဒါမှမဟုတ် အနက်ရောင်အဆင့် မှော်ဆေးပညာရှင်သာဆိုယင် ဒီလိုမျိုး အကြောင်းပြချက်မရှိပဲ လုပ်ခိုင်းဖို့ က အဆင့်မှီပါလိမ့်မယ်။ ဒါပေမဲ့ သူက အဂါရောင် အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ယုံသာမက သိုင်းပညာမှာလဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၁ အဆင့်မျှသာ ရှိပြီးတော့ ဒီလိုမျိုး လေကြီးလေကျယ် ပြောဖို့ ဘယ်ကနေ ယုံကြည်မှုတွေ ရလာခဲ့ရတာလဲ?

အင်ပါယာမြို့မှာ မွေးဖွားတဲ့ လူတွေက တကယ်ပဲ တစ်ခြားသူတွေ အပေါ်ထက် သူတို့ ကပိုမို ကြီးကျယ်မြင့်မြတ်တဲ့ ပုံစံမျိုးနဲ့ အမှန်တကယ်ပဲ လုပ်ဆောင်နေကြပါတယ်။

``မင်း အရမ်းကိုလွန်သွားပြီ``

ဂျင်ပူကျိုက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

``ပေ့ဟဲလီ မင်းက အငါရောင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်မျှသာ ဖြစ်ပြီးတော့ အခု မင်းက လေကြီးလေကျယ် ပြောလွန်းတယ်လို့ မထင်ဘူးလား?``

``မင်းက ငါ့ကို ဆန့်ကျင်ပွဲ့သလား?``

ပေ့ဟဲလီ က အေးစက်စွာပြုံးပြီး သူကိုယ်သူ အလွန်အကျွံ ယုံကြည်ချက် ရှိနေတဲ့ပုံစံမျိုး တွေ့ရပါတယ်။

ဟုတ်တာပေါ့.. သူက အခုမှ အငါရောင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပေမဲ့လည်း သူ့ရဲ့ အနာဂါတ် က အကန့်အသတ် မရှိပါဘူး။ ဘယ်လိုကြောင့် ဖန်းလောင် ကို သူ့ရဲ့ သူငယ်ချင်းအဖြစ် တမင်လက်ခံ လိုက်သလဲဆိုယင် အကြောင်းရင်းက ဖန်းရန် ကြောင့်ပဲ ဖြစ်ပါတယ်။ တကယ်လို့ ဖန်းရန် အတွက်သာမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ ဒီ ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာရှိတဲ့ သိုင်းပညာရှင် ကို ဘယ်လိုလုပ်ပြီးတော့ သူငယ်ချင်းအဖြစ် လက်ခံမှာလဲ?

သူက မှော်ဆေးပညာရဲ့ လမ်းကြောင်းမှာ အသိအမှတ်ပြုလောက်တဲ့ အလားအလာ ကောင်းကို

ပိုင်ဆိုင်ထားပြီး ဖန်းရန်ကတော့ သိုင်းပညာ နယ်ပယ်ရဲ့ အုပ်ချုပ်သူတစ်ယောက် ဖြစ်လာနိုင်ပါတယ်။ ဒီကမ္ဘာပေါ်မှာ အသန်မာဆုံးလူက စည်းမျဉ်းစည်းကမ်း အမိန့်ပါပဲ။ ဘယ်လောက်ပဲ မှော်ဆေးပညာရပ်မှာ ကြီးထွားလာပြီး အံ့သြစရာ ကောင်းနေပါစေဦးတော့ သူ့အနေနဲ့သိုင်းပညာ မှာ စွမ်းအားပြည့်ဝတဲ့ စစ်သည်တော် တစ်ယောက်ရဲ့ အကူအညီကိုတော့ လိုအပ်နေပါသေးတယ်။

ဂျင်ပူကျိ က တစ်စုံတစ်ယောက်ကို ရိုက်နှက်ဖို့အတွက် တိုက်တွန်းချင်တဲ့ ခံစားချက်တွေ ဖြစ်ပေါ်လာပါတယ်။ ပေ့ဟဲလီက ဒြပ်စင်စုစည်းခြင်း ပထမအလွှာ ပဲရှိပြီးတော့ သူ့ကိုကြည့်ရတာ မှော်ဆေးလုံး အကူအညီနဲ့ ကျင့်စဉ်အဆင့်တက်အောင် လုပ်ခဲ့ပုံရပါတယ်။ ဂျင်ပူကျိ အနေနဲ့ သူ့ကို လွယ်လွယ်ကူကူနဲ့ ပဲ လက်တစ်ဖက်ထဲနဲ့ ချုပ်ကိုင် ထားနိုင်ပါတယ်။ ထို့ပြင် သူ့ရဲ့ အဆင့်အတန်းက အပါရောင် အဆင့်မှော်ဆေးပညာရှင် မျှသာ ဖြစ်ပြီးတော့ သူ့ကို စိုးရိမ်ပူပန်စရာ မရှိစေပါဘူး။ ဂျင်ပူကျိ အနေနဲ့လည်း အဆင့်နိမ့်တဲ့ မှော်ဆေးလုံးတွေကို တောင်းဆိုရမဲ့ ရက် ရောက်လာဖို့ ဆို တာလည်း မဖြစ်နိုင်ပါဘူး။

ပြဿနာက ပေ့ဟဲလီက ပူဆောင်းလင်းရဲ့ တပည့် ဖြစ်နိုင်ချေ အရမ်းကို မြင့်မားတဲ့ အခွင့်အရေး ရှိနေပါတယ်။ ပြီးတော့

ပူဆောင်လင်းက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဖြစ်ပါတယ်။ အယင်တုန်းက သူတို့အားလုံးက ဒုယွန်မြို့မှာ သူတို့ရဲ့ ပြိုင်ပွဲအသီးသီးကို စွန့်ပယ်ပြီးတော့ လင်းဟန်ကို မျက်နှာသာပေးတာကလဲ သူ့ရဲ့ အနောက်မှာ အနက်ရောင်အဆင့် နိမ့် မှော်ဆေးပညာရှင်နှစ်ယောက် ရပ်တည်ပေးနေတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပူဆောင်လင်းက သူတို့နှစ်ယောက် ထက် ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့ ပုံရိပ် ရှိပါတယ်။ ဒါကြောင့်မိုလို့ သူတို့ရဲ့ ခံစားရတဲ့ ဖိအားတွေက သိသာထင်ရှားလွန်းပါတယ်။

ဂျင်ပူကျိရဲ့ အမူအရာက အေးစက်ပြီး မည်းမှောင်သွားပါတယ်။ ဟုတ်ပါတယ် သူအနေနဲ့ ဘာမှမပြောနိုင်တော့ပါဘူး။

``ဘယ်ဟာက မင်းကို ဒီလောက်တောင်မှ စိတ်ကြီးဝင်စေတာလဲ``

ပိုင်လီထျန်းယွမ်က အသက်အရွယ်အားဖြင့် ငယ်ပါသေးတယ် ဒါကြောင့်လဲ သူ့ရဲ့ စိတ်ခံစားမှုတွေက လွယ်ကူစွာနဲ့ပဲ လှုပ်ရှားလာခဲ့ပါတယ်။ သူက ဒုယွန်မြို့ရဲ့

မြို့သားတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ ပေ့ဟဲလီ သာတစ်နေ့မှာ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် ဖြစ်လာခဲ့ယင် တောင်မှ ဘယ်လိုပဲဖြစ်ဖြစ် ဒါက သူ့အပေါ်မှာ အကျိုးသက်ရောက်မှု မရှိပါဘူး။ ရလဒ်အနေနဲ့တော့ သူက ပေ့ဟဲလီကို ဆန့်ကျင်ဖို့ကိုတော့ ကြောက်ရွံ့မနေပါဘူး။

ပေ့ဟဲလီက မကျေမနပ် ဖြစ်နေတာကို မဖော်ပြပဲ မနေနိုင်စွာနဲ့ ပြောလိုက်ပါတယ်။

``မင်းက ငါ့ကို စိန်ခေါ်တာလား?``

``အဲဒီတော့ ငါက မင်းကို စိန်ခေါ်တယ်ဆိုယင် ရော ဘာဖြစ်သေးလဲ? မင်း ငါနဲ့ တိုက်ခိုက် ပွဲလိုလား?``

ပိုင်လိထျန်းယွမ်က စိတ်ကြီးဝင်စွာနဲ့ ပြောလိုက်ပါတယ်။

``သခင်လေးပေ့``

အဲဒီအချိန်မှာပဲ နောက်ထပ် လူငယ်သုံးယောက် ရောက်လာပြီးတော့ သူတို့နဲ့ ပူးပေါင်းသွားပါတယ်။ အသစ်ရောက်လာတဲ့ လူငယ်သုံးယောက်စလုံးမှာ

စွမ်းအားပြည့်ဂတဲ့ အရှိန်အဂါတွေက သူတို့ဆီကနေပြီး ဖြာထွက်နေပါတယ်။ သူတို့အားလုံးက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ကိုရောက်နေကြပါပြီ။

``အော် မင်းတို့တွေကိုး``

ပေ့ဟာဂြလီက သူတို့တွေကို တစ်ချက်ပေ့ကြည့်လိုက်ပီးတော့သူရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။

``သခင်လေးပေ့ မင်းပြဿနာ တစ်စုံတစ်ခု များ ကြုံတွေ့ နေရသလား?``

သူတို့ထဲက တစ်ယောက် က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အဲဒီလူငယ်က အစိမ်းရောင် တိုက်ပွဲဂတ်စုံကို ဆင်မြန်းထားပြီးတော့ အရပ်ကလည်း ရှည်ပါတယ်။

ပေ့ဟဲလီက အထင်သေး မထီမဲ့မြင် အပြုံးတစ်ခုကို ထုတ်ဖော်ပြီးတော့ ပိုင်လိထျန်းယွမ်ဆီကိုညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ဒီကောင်ကပြောတယ်... သူက ငါ့ကို

စိန်ခေါ် ချင်တယ်တဲ့``

``ဟားဟားဟား... ဒီ ငတုံးအေ ကောင်က ဘယ်ကနေလာတာလဲ.. တကယ်ပဲ သခင်လေးပေ့ကို စိန်ခေါ် ရဲတယ်ပေါ့လေ?``

အစိမ်းရောင် ဂဝတ်စုံနဲ့လူက ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။ သူက လက်ချောင်း တစ်ချောင်းနဲ့ ပိုင်လီထျန်းယွမ်ရှိတဲ့ဆီကို ရွဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``လာခဲ့ လာခဲ့ လာခဲ့... ငါက မင်းရဲ့ ပြိုင်ဘက်လုပ် ပေးမယ်``

ဒီလိုမျိုး အထင်သေးစော်ကားခံရတာ ကို ပိုင်လီထျန်းယွမ်က ဘယ်လိုလုပ်ပြီး တော့ မတုံ့ပြန်ပဲ နေမှာလဲ? သူကသဘောတူညီမလို့လုပ်တဲ့အချိန်မှာပဲ ချီယောင်ရီက သူ့ကို နောက်ကနေ ကိုင်ထားပြီးတော့ ပြောလိုက်ပါတယ်။

``ဂမ်ဟိုင်ချင်း... မင်းဘယ်တုန်းက ဒီလိုမျိုး မရင့်ကျက်တဲ့ပုံစံ ဖြစ်သွားတာလဲ? ထိပ်ဆုံးအယောက်တစ်ရာထဲက လက်ရွေးစင်တစ်ယောက် က အမှန်တကယ်ပဲ အကယ်ဒမီကို အခုမှ ရောက်ကာစရှိသေးတဲ့ ဂျူနီယာ

တစ်ယောက်ကို အနိုင်ကျင့်ဖို့ ဆန္ဒရှိနေတယ်ပေါ့လေ``

``ဒါက ထာဂရည်ရဲ့ ဘုရင်ပေါ့``

အစိမ်းရောင် ဂတ်စုံနဲ့ လူငယ်က ချီယောင်ရီကို အခုမှ သတိပြုမိသွား ပြီးတော့ သူ့ရဲ့ လက်တွေကိုဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက သခင်လေးဖေ့ကို ဆန့်ကျင်ရဲတာ အံ့သြစရာမဟုတ်တော့ပါဘူး.. ဒုယွန်မြို့ရဲ့ နံပါတ်လေးမင်းသားက တကယ့်ကို လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်``

သူ့ရဲ့ စကားလုံးတွေက ချီယောင်ရီ ကို မြှောက်ပင့်ပြောဆိုတယ်လို့ ထင်ရပေမဲ့ တကယ်တမ်းတော့ သူတို့တွေက တိုက်ရိုက် ရန်မူလိုက်တဲ့ သဘောပါပဲ။

ဖေ့ဟဲလီ ရဲ့ အမူအရာက ချက်ချင်း မည်းမှောင်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆို မင်းက တော်ဂင်မျိုးနွယ် တစ်ယောက်ပေါ့.. မင်းက စိတ်ကြီးဝင်တာ အံ့သြစရာမဟုတ်တော့ပါဘူး``

သူက ကလေးအရွယ်ကတည်းက သူ့ရဲ့ မော်ဆေးပညာနယ်ပယ်မှာ ထူးချွန်တဲ့ ပါရမီကို ဖော်ပြခဲ့ပါတယ်။ သူနဲ့အသက်အရွယ် တန်းတူရည်တူ လူတိုင်းက သူ့ကိုမျက်နှာသာပေးဖို့ ကြိုးစားကြပြီးတော့ သူ့လို ကြီးမြတ်တဲ့ မော်ဆေးပညာရှင် ဖြစ်လာနိုင်တဲ့ သူနဲ့ အခင်မင်မပျက်တဲ့ ဆက်ဆံရေး ကို တည်ဆောက်နိုင်ဖို့ ကြိုးစားကြပါတယ်။ ဂမ်ဟိုင်ရှင်းရဲ့ စကားတွေအရ ချီယောင်ရီရဲ့ လှုပ်ရှားမှုကြောင့် သူ့ကို အလွန်အမင်း မပျော်ရွှင်တဲ့ ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။

``လင်းဟန် မင်းဒူးထောက်မလား မထောက်ဘူးလား?``

ဖန်းလောင်က ဂင်ရောက်စွက်ဖက်ပြီးပြောလိုက်ပါတယ်။ သူ့အမုန်းဆုံး လူတစ်ယောက်ကိုပြပါဆိုယင် အဲ့ဒါက လင်းဟန် ပါပဲ။ ပြီးတော့ ချီယောင်ရီ က ဒုယွန်မြို့ရဲ့ နံပါတ်လေးမင်းသား လည်းဖြစ်ပြီးတော့ အနာဂါတ်မှာ ဒုယွန်ဘုရင်ရဲ့ နေရာကို အမွေဆက်ခံဖို့ မြင့်မားတဲ့အခွင့်အရေးတွေ ရှိနေတာ ကြောင့် သူ့အနေနဲ့ ချီယောင်ရီကိုတော့ ဆန့်ကျင်ဖို့ ဆန္ဒမရှိပါဘူး။

``ဒါက အကိုကြီးဖန်းရန်ရဲ့ ညီလေးမဟုတ်လား?``

ဂမ်ဟိုင်ရှင်းနဲ့သူ့ရဲ့ အဖော်နှစ်ယောက်က ဖန်းလောင်က ဘယ်သူဆိုတာကို သိသွားတဲ့အခါမှာသူတို့အားလုံးက ချက်ချင်းပဲ ပြုံးလိုက်ပါတယ်။ သူတို့ တွေက ဖန်းလောင် အပေါ်ကို အထင်သေးခဲ့မိတာပဲ.. သူတို့အားလုံး သူ့ကိုနောက်ထပ် မထီမဲ့မြင် အထင်အမြင်သေးတာမျိုးကို မဖော်ပြဝံ့တော့ ပါဘူး။ ဖန်းရန် က အရမ်းကို သန်မာပါတယ်။ ကောလဟာလ တွေအရ သူ့မှာ အတွင်းစည်းတပည့်အဆင့်ကို ဂင်ရောက်နိုင်ဖို့အတွက် စိန်ခေါ်နိုင်တဲ့ စွမ်းရည် ရှိတယ်လို့ ဆိုကြပါတယ်။

သူတို့ထဲက တစ်ယောက်က လင်းဟန်ဆီကို ချက်ချင်းပဲ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်လေး.. ငါ ရှမ်းယုရွှမ် က အခုပဲပြောမယ်.. တကယ်လို့ မင်းက ညီငယ်တပည့်လေး ဖန်းလောင်ကို စိတ်ကျေနပ်အောင်လို့ မလုပ်ပေးနိုင်ဘူး ဆိုယင် အကယ်ဒမီကို ထမ်းစင်နဲ့ ပြန်ပို့တာကို ခံရလိမ့်မယ်နော်``

``ငါ မီကျှမ်းဂွမ် လည်း တူတူပဲ``

တတိယလူက ပြောလိုက်ပါတယ်။

ဖန်းလောင်က အလွန်အမင်းဂုဏ်ယူနေပါတယ်။ သူက ကျယ်လောင်စွာ အော်ရီပြီးတော့ ပြောလိုက်ပါတယ်။

``လင်းဟန် မင်းငါ့ကို လွန်လွန်ကဲကဲ လုပ်ပုံသေးသလား? မင်းကိုယ် မင်း ဘယ်သူလို့များ ထင်နေတာလဲ? မင်းက ငါ့ကိုထပ်ခါ ထပ်ခါ စော်ကားအရှက်ခွဲ ခဲ့တယ်။ ငါ့ကို ဘယ်သူလို့ ထင်နေတာလဲ? ငါရဲ့ လက်ချောင်းလေး တစ်ချောင်းက မင်းရဲ့ တစ်ကိုယ်လုံးထက် အဆ တစ်သောင်း ထက်တောင် ပိုပြီးတော့ တန်ဖိုးကြီးတယ်ကွ``

ပေ့ဟဲလီ နဲ့ ကျန်တဲ့သူတွေက အေးစက်စွာနဲ့ ပြုံးနေကြပါတယ်။ သာမာန် ကျောင်းသားအသစ်မျှပဲရှိတဲ့လူတစ်ယောက်ကို သူတို့တွေက ခေါင်းထဲ သိပ်မထည့်ပါဘူး။ သူတို့တွေ အနေနဲ့ ရင်ဆိုင်မိတဲ့အခါမှာ ခွင့်လွှတ်ပေး တဲ့ လူတွေက အင်အားကြီးကလန် ရှစ်ခုရဲ့ တိုက်ရိုက် အမွေဆက်ခံတဲ့ သူတွေကိုပါပဲ။

ဂင်ပေါက်ရဲ့ အဂမှာတော့ စိတ်ဂိဉာဉ်ရတနာ အိမ်တော်ရဲ့ အစောင့်လေး ယောက် က သူတို့နဲ့မဆိုင်သလို ကြည့်နေကြပါတယ်။ စိတ်ဂိဉာဉ်ရတနာ အိမ်တော်ထဲမှာ

ပြဿနာ ရှာတာမဟုတ်ယင် မိုးကောင်းကင်ကြီး ပြိုကျလာယင်တောင်မှ
သူတို့အနေနဲ့ဂင်ရောက်စွက်ဖက်မှာမဟုတ်ပါဘူး။

``ဒူးထောက်စမ်း``

ဖန်းလောင်က ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပါတယ်။

``မင်းရဲ့ ညီမကိုပဲ ဒူးထောက်ခိုင်းလိုက်``

လင်းဟာန်က သူရဲ့ လက်ကိုမြှောက်ပီးတော့ ဖန်းလောင်ဆီကို အရှိန်နဲ့ဂင်လိုက်ပါတယ်။

``ဘယ်လောက်တောင် အတင့်ရဲလိုက်တာလဲ``

ဂမ်ဟိုင်ရှင်း.. မီကျွမ်းဂွမ် နဲ့ ရှမ်းယုရွှမ် တို့အားလုံး တစ်ပြိုင်နက်ထဲ လှုပ်ရှား လိုက်ပါတယ်။ သူတို့အားလုံးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ မှာရှိပြီး တော့ အလွန်အမင်းသန်မာကြပါတယ်။ သူတို့တွေက တစ်ယောက်မှ ချီယောင်ရီ အောက် မနိမ့်ကျပါဘူး။ သူတို့သုံးယောက် ရဲ့ တစ်ပြိုင်နက်တည်း လှုပ်ရှားမှု က ကြောက်မက်ဖွယ်ရာကောင်းစွာပဲ

စွမ်းအားပြည့်ဂလွန်းပါတယ်။

``ငါ့ရဲ့ လမ်းက ဖယ်စမ်း``

လင်းဟန်က တိမ်ထွက်ခြေလှမ်းကို အသုံးပြုပြီးတော့ သူတို့သုံးယောက် ရဲ့ လှုပ်ရှားမှုကို ထိန်းချုပ်ပြီးတော့ ချန်ထားရစ်ခဲ့ပါတယ်။

ဂမ်ဟိုင်ရှင်းနဲ့ ကျန်တဲ့သူတွေအားလုံး အံ့အားသင့်သွားပါတယ်။ သူတို့က လင်းဟန်အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ပဲ ရှိသေးတယ်ဆိုတာကို သတိပြုမိခဲ့ပြီးတော့ သူ့ကို လုံးဝ စိတ်ထဲမှာသိပ်မထည့်ထားပါဘူး။ လင်းဟန်က အရမ်းကိုမြန်ပြီးတော့ ဘယ်လိုကြီးမှန်းမသိအောင် ထူးဆန်း ထိတ်လန့်ဖွယ်ကောင်းတဲ့ လှုပ်ရှားမှု မျိုး ရှိတယ်ဆိုတာကို ဘယ်သူက ထင်ထားမှာလဲ?

သူတို့ကလဲ သူတို့ရဲ့ စွမ်းအား အကုန်လုံးကို အသုံးမပြုခဲ့ပါဘူး။ ရလဒ်ကတော့ လင်းဟန်က သူတို့ရဲ့ ဝိုင်းရံထားခြင်းကနေ လွယ်ကူစွာနဲ့ ချိုးဖောက်သွားနိုင်ခဲ့ပါတယ်။

လင်းဟန်က ဖန်းလောင်ရဲ့ အရှေ့မှာ ပေါ်လာပြီးတော့ သူ့ရဲ့ လက်က ရှည်ထွက်လာပြီး ဖန်းလောင်ရဲ့ မျက်နှာဆီကိုရောက်သွားပါတယ်။

``မင်းလုပ်ပုံသလား``

ပေ့ဟဲလီ က သူ့ရဲ့ ခန္ဓာကိုယ်ကို စောင်းပြီးတော့ ဖန်းလောင်ရဲ့ အရှေ့မှာ ရပ်လိုက်ပါတယ်။သူက ကောင်းကောင်းသိထားတာ တစ်ခုက သူဟာ အငါရောင်အဆင့်မှော်ဆေးပညာရှင်ဖြစ်ပြီးတော့ အနာဂါတ်မှာ မှော်ဆေးပညာ ဌာနက ကျောင်းအုပ်ကြီးရဲ့ တပည့်ရင်းတစ်ယောက်တောင် ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် လင်းဟန်အနေနဲ့ ဘယ်လောက်ပဲ သွေးကြီးနေပါစေ.. သူ့ရဲ့ခေါင်းက ဆံပင်မွှေး တစ်ချောင်းကိုတောင်မှ ထိဖို့ မရဲလောက်ပါဘူး။

``ဖြန်း``

သို့ပေမဲ့လည်း သူ့ရဲ့အတွေးတွေက ပုံစံပေါ်ကာမျှသာရှိသေးပြီး လင်းဟန်ဆီကနေ ပြင်းထန်တဲ့ ရိုက်ချက်တစ်ခုကြောင့် သူ့ကိုလွင့်ထွက် သွားစေခဲ့ပါတယ်။

သေစမ်း.. ဒီကောင်က ငါ့ကိုတကယ်ပဲ ရိုက်ရဲတယ်ပေါ့လေ?

လင်းဟန်ဆီက နောက်ထပ် ရိုက်ချက်တစ်ခုက ဖန်းလောင်ကို မြေကြီးပေါ်ကို လဲကျစေခဲ့ပါတယ်။ သူတောင်လဲနေတာက ထ တာကို မစောင့်ပဲနဲ့ လင်းဟန်ရဲ့ ခြေထောက်က ဖန်းလောင်ရဲ့ မျက်နှာပေါ်ကို ဖိနင်းလိုက်ပါတယ်။

``ခွေးကောင်.. မင်း ငါရဲ့မျက်နှာပေါ်ကိုခြေထောက်နဲ့ တကယ်ပဲ နင်းရဲတယ်ပေါ့လေ? မင်းက တကယ်ပဲ အသက်ရှင်နေရတာ ပင်ပန်းနေပြီထင်တယ်.. ငါ့ရဲ့ အကိုက မင်းကို လုံးဝ သတ်ပစ်လိမ့်မယ်``

ဖန်းလောင်က လင်းဟန်ကို ဆက်ပြီးတော့ ခြိမ်းခြောက်လိုက်ပါတယ်။

တကယ်ပါပဲ.. သူ့လိုမျိုးစည်းကမ်းမဲ့ အပျော်အပါးမက်တဲ့ သခင်လေးတစ်ယောက်က လူပုံအလယ်မှာ ဒီလိုခြိမ်းခြောက်ရဲတယ်.. အင်ပါယာမြို့ဆိုတာက ဘယ်လိုနေရာမျိုးလဲ? ဒီနေရာမှာ လူသတ်မှု က ကြီးမားတဲ့ ပြစ်ဒဏ်ပေးခြင်းခံရတဲ့ ရာဇဝတ်မှု တစ်ခုပဲဖြစ်ပါတယ်။

တစ်ဖက်မှာတော့ ဟော့ဟဲလီရဲ့ မျက်နှာမှာဒေါသတွေနဲ့ ပြည့်နေပါတယ်ယ။ သူက တကယ်ပဲ တစ်ခြားလူတစ်ယောက်ရဲ့ ရိုက်နှက်ခြင်းကိုခံလိုက်ရတာ လား? ဒါက အရမ်းကို လူပါးဝသွားပြီ.. အရမ်းကိုပဲ မုန်းတီးစရာကောင်း ပါတယ်။ သူက သေချာပေါက် ဒီ မဆင်မခြင်လုပ်တဲ့ အရူးကို ခွင့်လွှတ်ပေးလို့ မရပါဘူး။

``ဟင်.. တပည့်မောင်ငယ်လေး ဟော့လား?``

အဲဒီအချိန်မှာပဲ လူငယ်တစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တို့က လမ်းလျှောက်လာကြပါတယ်။ မိန်းကလေးက ဟော့ဟဲလီရဲ့ မျက်နှာကို ထင်ထင်ရှားရှားမြင်လိုက်ရတဲ့အခါမှာ အံ့အားသင့်တဲ့ အမူအရာ ဖြစ်ပေါ်သွား ခဲ့ပါတယ်။

``တပည့်အမ လီ``

ဟော့ဟဲလီက ကမန်းကတန်းပဲ သွားလိုက်ပါတယ်။ သူ့ရဲ့ လက်တွေကို သူ့ဘေးမှာ နှိမ့်ချထားပြီးတော့ သူ့ကိုကြည့်ရတာ အလွန်အမင်း ရိုသေလေးစားနေတဲ့ပုံစံ ပေါက်နေပါတယ်။

မိန်းကလေးက လီစီရှန်းပဲ ဖြစ်ပါတယ်။

တစ်ခြားလူတွေရဲ့ အရှေ့မှာတော့ ပေ့ဟဲလီက အလွန်အမင်း မာနကြီး စိတ်ကြီးဝင်တဲ့ အမူအရာတွေထားပြီးတော့ လီစီရှန်းရဲ့ အရှေ့မှာတော့ သူက လိမ္မာပါးနပ်စွာနဲ့ သူ့ရဲ့ မာနထောင်လွှား ဝင့်ကြွား မောက်မာတဲ့ပုံစံတွေကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ လီစီရှန်းရဲ့ မှော်ဆေးပညာ ပါရမီက သူထက် အများကြီး မြင့်မားပါတယ်။

ပူဆောင်လင်းက သူ့ရဲ့ ပါရမီကိုပဲ ကြိုက်နှစ်သက်တာပါ ဒါပေမဲ့ လီစီရှန်းကတော့ မှန်ကန်စွာနဲ့ပဲ သူနှစ်သက်သဘောအကျဆုံး တပည့် ဖြစ်ပါတယ်။ တကယ်လို့ သူက ပူဆောင်လင်းရဲ့ တပည့်ဖြစ်လာခဲ့ယင်တောင် မှ လီစီရှန်းကို အစွမ်းကုန် ရိုသေလေးစား ပြုစုရပါလိမ့်မယ်။

အပိုင်း (၁၀၀) ခြိမ်းခြောက်မှု
လီစီရှန်း နဲ့ အတူတူ လမ်းလျှောက်လာတဲ့ လူငယ်လေးက စိတ်စိုးနေတဲ့ အမူအရာ ပေါ်ထွက်လာခဲ့ပါတယ်။

``ဘယ်သူက မှော်ဆေးပညာရှင် တစ်ယောက်ကို သတ္တိတွေကောင်းပြီးတော့ မရိုမသေ မလေးမစား

လုပ်ပုံ့တာလဲ?``

``သူက ဟဲကျွမ်းချန် ပဲ``

ချီယောင်ရီရဲ့ မျက်ခုံးတွေ ချက်ချင်းပဲတွန့်သွားပါတယ်။

``အစစ်အမှန်တပည့်တစ်ယောက် နွေဦးစမ်းရေ ဒုတိယအလွှာအဆင့်``

နောက်မှ ရောက်လာတဲ့ ရှိန်လောက်စရာကောင်းတဲ့ လူသစ်က သူ့ရဲ့အသံကို နိမ့် ပြီးတော့ မပြောပဲနဲ့ လင်းဟန်ကို ကြိုတင်သတိပေးတဲ့သဘော မျိုးနဲ့ အော်ပြောလိုက်တာပါ.။

တစ်ဖက်က ဝေ့ဟဲလီကတော့ သူ့ကိုကူညီ ထောက်ပံ့ မဲ့ နွေဦးစမ်းရေ အလွှာ ဒုတိယ အဆင့် လက်ရွေးစင်တစ်ယောက်ရှိနေတဲ့အတွက် ပြုံးလိုက်ပါတယ်။ လင်းဟန်က ဘယ်လောက်ပဲ သန်မာ သန်မာ ကိစ္စမရှိတော့ပါဘူး သူ့ရဲ့ အလှည့်ရောက်လာပါတော့မယ်။သူက ပြောလိုက်ပါတယ်။

``အကိုကြီးဟဲ ဒီကောင်လေးက အရမ်းကို စိတ်ကြီးဝင်နေတာဗျ.. သူက အကိုကြီး ဖန်းရန် ရဲ့

ညီငယ်လေး ဖန်းယောင် ကို အနိုင်ကျင့်နေတယ်. ပထမတော့ ကျနော်လဲ ဘာမှ မလုပ်ပါဘူး.. တရားမျှတဖို့အတွက် စကားအနည်းငယ်ပဲ ပြောခဲ့တာကို သူက ကျနော့်ကို မြေကြီးပေါ်ကို လဲကျသွားအောင်အထိ ပါးရိုက်လိုက်တယ်လေ``

``အိုး...ဒါဆိုယင် ဘယ်သူကများ ဒီလောက်ထိ အံ့ဩဖို့ကောင်းသလဲဆိုတာ ငါတကယ်ပဲ မြင်ချင်စမ်းပါဘိ``

ဟဲကျွမ်းချန် က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``လင်းဟာန်``

လီစီရှန်းက နောက်ဆုံးတော့ လင်းဟာန်ကို မြင်သွားပြီးတော့ အရှေ့ကို ခြေလှမ်း အနည်းငယ် လျှောက်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``နင်အခု ဘယ်နေရာမှာ နေတာလဲ? ငါနင့်ကို နေရာအနှံ့ လိုက်ရှာပြီးပြီ``

``ချီးးး``

ဒီလူနှစ်ယောက်ကြားမှာ ဘယ်လိုဆက်ဆံရေးတွေ ရှိနေတာလဲ?

လီစီရှန်းရဲ့ စကားတွေကိုကြားလိုက်ရတဲ့ အခါမှာတော့ အားလုံးက သိချင်စိတ်တွေ ပြင်းပြသွားခဲ့ပါတယ်။ ဖြစ်နိုင်တာက သူတို့နှစ်ယောက်က.....?

ဟဲကျွမ်းချန် ရဲ့ အမူအရာက ချက်ချင်းစလို မည်းမှောင်သွားပါတယ်။ သူက လီစီရှန်းကို နှစ်သက်သဘောကျနေသူ တစ်ဦးဖြစ်ပြီးတော့ အခု သူ့ရဲ့ အိမ်မက်ထဲက မိန်းကလေးက အဓိပ္ပါယ်တစ်မျိုး ထင်စေနိုင်တဲ့ စကားတွေကိုပြောလိုက်တဲ့အခါမှာ သူ့ရဲ့ ခံစားချက်တွေက ဆိုးဝါးစွာနဲ့ပဲ လေပေါ်ကိုတောင် ပျံသွားမတတ် ခံစားလိုက်ရပါတယ်။

``မဟုတ်ဘူး မဟုတ်ဘူး မဟုတ်ဘူး.... နင့်ကို ငါ့ရဲ့ ဆရာသခင်က လိုက်ရှာနေတာ``

လီစီရှန်းက အလျင်အမြန်ပဲ သူမရဲ့စကားတွေကို ပြင်လိုက်ပါတယ်။

``အိုး... မင်းရဲ့ ဆရာသခင်က ငါ့ကို ဘာကိစ္စရှိလို့

ရှာတာလဲ?``

လင်းဟန်က အရမ်းကို အေးဆေးတည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

``ဆရာသခင်က နင့်ကို လက်ဘက်ရည် သောက်ဖို့ ဖိတ်ချင်လို့ပါ``

``ဖူးးးးးးး``

လူတိုင်းလူတိုင်းက အံ့အားသင့်လွန်းလို့ ချောင်းတောင် ဆိုးကုန်ပါတယ်။

လီစီရှန်းရဲ့ ဆရာသခင်ဆိုတာက ဘယ်သူလဲ? ပူဆောင်လင်းလေ ..ပူဆောင်လင်းက ရော ဘယ်လိုလူလဲ? အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင်... မှော်ဆေးပညာဌာန ရဲ့ ကျောင်းအုပ်ကြီး ပြီးတော့ သူ့ရဲ့ ခြေလှမ်းအနည်းငယ်နဲ့ကိုယ်ပဲ မိုးရေနိုင်ငံတစ်ခု လုံးကို တုန်လှုပ်သွားစေနိုင်တဲ့အထိ စွမ်းဆောင်နိုင်တဲ့ အရမ်းကို အရေးကြီးတဲ့ လူတစ်ယောက်လေ။

အဲဒီလိုမျိုး စွမ်းအားကြီးမားတဲ့ ပုံရိပ် ရှိတဲ့ လူက လင်းဟန်ကို

လက်ဘက်ရည်သောက်ဖို့ ဖိတ်ခေါ်ချင်တယ်..

ပုဆောင်လင်းနဲ့ လဘက်ရည်အတူတူ သောက်ခွင့်ရပြီးတော့ ဂုဏ်ယူရမဲ့လူက ဘယ်နှစ်ယောက်တောင်မှ ရှိလို့လဲ? အင်အားကြီးကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေ.. ကောင်းကင်ဆေးအိမ်တော်ရဲ့ အိမ်တော်အရှင်သခင်.. သိုင်းပညာဌာနရဲ့ ကျောင်းအုပ်ကြီး .. တကယ်ဆိုယင် ဒီလူနည်းစု ပဲရှိတာလေ ဟုတ်တယ်မလား? ဒါပေမဲ့ ဒီ လင်းဟန်က အရမ်းကို အဆင့်နိမ့်တဲ့ ပုံရိပ် ရှိပြီးတော့ အခုမှ ဟွာယန် အကယ်ဒမီကို ဂင်ရောက်ကာစပဲရှိသေးတယ်.. သူက မိုးရေနိုင်ငံရဲ့ အရမ်းကို အရေးကြီးတဲ့ လူတွေရဲ့ အပေါ်မှာ ရပ်တည်နိုင်စွမ်း တကယ်ပဲ ရှိနေတာလား?

``ငါမအားသေးဘူး``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ဖူး:::::``

ချက်ချင်းစလို လူတိုင်းပဲ နောက်ထပ် တစ်ကြိမ် ချောင်းဆိုးသွားပါတယ်။ သူတို့အားလုံး ရဲ့ အမူအရာက အရမ်းကို မယုံကြည်နိုင်တဲ့ပုံစံ ဖြစ်နေပါတယ်။

ပူဆောင်လင်းရဲ့ လက်ဘက်ရည်သောက်ဖို့ ဖိတ်ခေါ်တာကို အင်အားကြီးကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေ တောင်မှ အချိန်မရှိဘူးဆိုပြီးတော့ မပြောရဲကြပါဘူး ဟုတ်တယ်မလား? ဒီကောင်လေးက တကယ်ပဲ အရမ်းကို အံ့သြထိတ်လန့် စရာကောင်းပါတယ်။ သူက ဒီဖိတ်ခေါ်တာကို သက်တောင့်သက်သာနဲ့ ပဲ ငြင်းပယ်လိုက် ပါတယ်။

ချီယောင်ရီ.. ပိုင်လိထျန်းယွန် နဲ့ ကျန်တဲ့သူတို့အုပ်စုက လူတွေ အားလုံးကို ကြည့်ရတာ အရမ်းကို ကျေနပ်ပီတိဖြစ်နေကြတဲ့ပုံစံပါပဲ။ သူတို့ရဲ့ နှလုံးသားတွေက အရမ်းကို ကြမ်းကြမ်းတမ်းတမ်းနဲ့ ခုန်နေပါတယ်။ သူတို့အနေနဲ့ မှန်ကန်တဲ့ ဘက်ကိုရွေးချယ် ဆုပ်ကိုင်နိုင်ခဲ့တယ်ဆိုတာကို အားလုံး သေချာသိနားလည်သွားခဲ့ပါပြီ။ ဒါပေမဲ့ သူတို့ လုံး၀ မတွေးတတ် မစဉ်းစားတတ်တာကတော့ လင်းဟန်က အခုလေးတင်မှ ဟွာယန် အကယ်ဒမီကို ၀င်လာတာဖြစ်ပြီးတော့ ဘယ်တုန်းကများ မော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီး အနက်ရောင်အဆင့်မြင့် မော်ဆေးပညာရှင်နဲ့ ဆက်ဆံရေးကောင်း ကို တည်ဆောက်သွားခဲ့တယ်ဆိုတာကိုပါ။ ဒါ့အပြင် ၎င်းကိုကြည့်ရတာ အရမ်းကို ကောင်းမွန်တဲ့

ဆက်ဆံရေးပဲဖြစ်ပါလိမ့်မယ်။

တကယ်လို့ သူတို့သာ မိုးရေနိုင်ငံရဲ့ နောက်ထပ် အနက်ရောင်အဆင့်မြင့်မှော်ဆေး ပညာရှင် တစ်ဦးဖြစ်တဲ့ ကောင်းကင်ဆေးအိမ်တော်ရဲ့ အရှင်သခင်ဖြစ်တဲ့ သူက လင်းဟန်ကို ရိုသေလေးစားစွာနဲ့ ဆရာလေးဟန် လို့ ခေါ်တာကိုသာ သိသွားမယ် ဆိုယင် သူတို့ရဲ့ အမူအရာတွေက ဘယ်လိုတွေတောင်မှ ဖြစ်နေလိမ့်မလဲ။

``ငါ့ကိုလွှတ်စမ်း.. ခွေးကောင်.. မင်း ငါ့အပေါ်မှာ ခြေထောက် တင်ထားပုံတယ်ပေါ့ .. ငါမင်းကို လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူး``

ဖန်းလောင်က ဆက်ပြီးတော့ အော်ဟစ်မြည်တမ်းလိုက်ပါတယ်။ သူရဲ့ မျက်နှာက လင်းဟန်ရဲ့ ခြေထောက်နဲ့ မိတ်ဆက်နေတဲ့အတွက် တစ်ခြားသူတွေက ဘာတွေ ပြောနေလဲဆိုတာကို သူမကြားနိုင်ပါဘူး. ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့သူအနေနဲ့ ကြား ခဲ့မယ်ဆိုယင်တောင် သူရဲ့ ဗဟုသုတ အခြေခံ အရ ပူဆောင်လင်း နာမည်ရဲ့ အမှတ်လက္ခဏာ ကို နားလည်နိုင်ဖို့ သူမှာ အကြောင်းလုံးဝ မရှိပါဘူး။

အားလုံးရဲ့ အပြုအမူတွေက တစ်ချိန်တည်းမှာပဲ ပြောင်းလဲသွားကြပါတယ်။ လင်းဟန် ဆိုတာက ပူဆောင်လင်းကတောင်မှ လက်ဘက်ရည်သောက်ဖို့ ဖိတ်ခေါ်ချင်တဲ့ လူတစ်ယောက်ဖြစ်ပြီး အဲဒီလိုလူမျိုးကို ဘယ်သူကများ ဆန့်ကျင်ရဲမှာလဲ?

ဖန်းရန် ကတကယ့်ကို တောက်ပတဲ့ အနာဂါတ်ရှိပါတယ် ဒါပေမဲ့ သူ့အနေနဲ့ အနက်ရောင် အဆင့်မြင့်မော်ဆေးပညာရှင်တစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီးတော့ နှိုင်းယှဉ်လို့ရနိုင်မှာလဲ? ပေ့ဟဲလီဆိုတာတောင် သူတို့ရဲ့ အတွေးထဲမှာ လုံးဝ မရှိတော့ပါဘူး.. လက်ရှိမှာ သူက ပူဆောင်လင်းရဲ့ တပည့်ရင်းတောင်မှ မဟုတ်သေးပါဘူး။

``ကျနော်တို့ရဲ့ အစောပိုင်းက အပြုအမူတွေ အတွက် တောင်းပန်ပါတယ်.. ကျေးဇူးပြု ပြီးတော့ ကျနော်တို့ကို ခွင့်လွှတ်ပေးပါ တပည့်ညီငယ်လေး လင်း.. ကျနော်တို့ နောက်ရက် ကျမှ လာလည်ပြီးတော့ သေချာတောင်းပန်ပါ့မယ်``

ဂမ်ဟိုင်ရှင်းနဲ့ သူ့အဖော်တွေက သူတို့ရဲ ့လက်ကိုဆုပ်ပြီးတော့ လင်းဟန်ဘက်ကို

လှည့်ပြီးတောင်းပန် စကားဆိုလိုက်ကြပါတယ်။ သူတို့ရဲ့ နလုံးသားထဲမှာ အံ့တွေကြီတ်ပြီးတော့ ဝေ့ဟဲလီ နဲ့ ဖန်းယောင် တို့ကို မုန်းတီးနေကြပါတယ်။ တကယ်လို့ သူတို့အနေနဲ့ ဒီနစ်ယောက်ကြောင့် သာ မဟုတ်ဘူးဆိုယင် လင်းဟန်ကို ဘယ်လိုလုပ် ဆန့်ကျင်မိကြမှာလဲ?

လင်းဟန် က ထုံးစံအတိုင်း လက်ကိုဝေ့ပြလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလူငယ်သုံးယောက် ကို သိပ်စိတ်ထဲ မှာမထားပါဘူး။

ဂမ်ဟိုင်ရှင်းနဲ့ သူ့အဖော်တွေက ပထမတော့ ဒေါသတွေ ထွက်နေကြပြီးတော့မှ လင်းဟန်က ပူဆောင်လင်း ကိုယ်တိုင်က လက်ဘက်ရည်သောက်ဖို့ ဖိတ်ခေါ် ချင်တဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာ သူတို့ရဲ့ဒေါသတွေက ပျောက်ကွယ်သွားခဲ့ကြပါတယ်။

တစ်ဖက်မှာတော့ ချီယောင်ရီနဲ့ ကျန်တဲ့သူတွေအားလုံးကို ကြည့်ရတာ အရမ်းကို ကျေနပ်နေကြပါတယ်။ စောစောတုန်းကတော့ မင်းတို့တွေက အရမ်းကို စိတ်ကြီ ဂင်နေကြပြီးတော့ အခုတော့ ခွေးတွေလိုပဲ အမြီးကုတ်သွားကြတယ်။ သူတို့အားလုံးရဲ့ လက်တွေကို ဆုပ်ထားပြီး ခေါင်းတွေကို မော့ပြီးတော့ မတူသလို

မတန်သလို လုပ်ခဲ့ကြတယ်လေ။

ဂမ်ဟိုင်ချင်းနဲ့ သူ့သူငယ်ချင်းတွေက ဘာစကားမှတောင်မပြောရဲတော့ ပါဘူး။ သူတို့က လျှင်မြန်စွာနဲ့ပဲ လှည့်ပြီးထွက်သွားခဲ့ပါတယ်။ လေလံပွဲကိုတောင် ဝင်ပြီး ကြည့်ဖို့ တောင် မနေကြတော့ပါဘူး။

သူတို့က ဘယ်လို ခံစားချက်နဲ့ ဆက်ပြီးတော့ နေရဦးမှာလဲ? သူတို့အားလုံး စဉ်းစားနေတဲ့ အချက်က အနာဂါတ်မှာ လင်းဟန်ဆီက ခွင့်လွှတ်မှုကို ရဖို့ ဘယ်လိုလုပ်ရမလဲ ဆိုတာကိုပါ။

ဝေ့ဟဲလီရဲ့ အမူအရာက ပုတ်သင်ညို တစ်ကောင်လိုပဲ အရောင် အမျိုးမျိုးပြောင်းလဲသွား ပါတယ်။ နောက်ဆုံးမှာ သူ့ရဲ့အံကို ကြိတ်ပြီးတော့ လင်းဟန်ဆီကို လျှောက်လာပြီး ပြောလိုက်ပါတယ်။

``သခင်လေးဟန်.. ကျနော် စိတ်ကြီးဝင်မိပါတယ်။ သခင်လေးဟန် အနေနဲ့ သဘောထားကြီးစွာနဲ့ ကျနော်ရဲ့ လွဲမှားတဲ့ အပြုအမူတွေကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ် ပေးဖို့ မျှော်လင့်ပါတယ်``

``မင်းက ဘယ်သူလဲ``

လင်းဟန်က အိန္ဒြေ မပျက် မေးလိုက်ပါတယ်။

ဝေ့ဟဲလီက တစ်စုံတစ်ယောက်ကို ကိုက်ပစ်ချင်လောက်အောင် ဖြစ်သွားပါတယ်။ မင်းက ဘာမှ ဆုံးရှုံးတာမဟုတ်ဘူးလေ.. ပြီးတော့ ငါကပဲ မင်းဆီက ပါးရိုက်တာ ကိုတောင် ခံလိုက်ရသေးတယ် အခု ငါက တောင်းပန်နေပြီကို မင်းက ဘာလို့ ဒီပြဿနာကို မေ့ပျောက်လိုက်ဖို့ ဆန္ဒမရှိဖြစ်နေရတာလဲ?

``တပည့်မောင်လေး မင်း က လင်းဟန်နဲ့ နားလည်မှုလွဲနေတာ တစ်ခုခုများ ရှိနေသလား?``

လီစီရှန်းရဲ့ အမူအရာက ချက်ချင်းဆိုသလို မည်းမှောင်သွားပြီးတော့ ဒီအဖြစ်အပျက်ကို သူမက စောင့်ကြည့်နေပါတယ်။ သူမအနေနဲ့ လင်းဟန်အနေနဲ့ သူမ ဆရာသခင်ရဲ့ နှလုံးသားထဲမှာ ဘယ်လို နေရာမှာ ရှိနေတယ်ဆိုတာကို အရမ်းကို ရှင်းရှင်းလင်းလင်း သိပါတယ်။သူက သူမရဲ့ ဆရာသခင် ကိုယ်တိုင်က ရှိသေလေးစား ပြီးတော့ ဂရန်းမာစတာ မှော်ဆေးပညာရှင်

တစ်ယောက်လို ဆက်ဆံရတဲ့သူပါ။

ဒါကို တော်းကောင်နင်က လင်းဟာန်နဲ့ တကယ်ပဲ ပြဿနာ တက်အောင် လို့ လုပ်ပုံ့တယ်.. ဒါက နင်ကိုယ်တိုင်ပဲ နင့်ရဲ့ ပျက်စီးခြင်းကို ရှာနေတာပဲ။

``ဒါက ဘာမှသိပ်မဟုတ်ပါဘူး.. လင်းအကိုနဲ့ သခင်လေး ဖန်းတို့ကြားမှာ နားလည်မှု လွဲမှားတာတစ်ချို့ ရှိနေပါတယ်။ ကျနော်က သူတို့ကို ကူညီတဲ့အနေနဲ့ ဂင်ရောက် ဖျန် ဖြေပေးတဲ့သဘောပါ.. ဘယ်သူက ထင်မိမှာလဲ နစ်ဖက်စလုံးက အရမ်းကို လျှင်မြန်စွာနဲ့ စိတ်တွေလှုပ်ရှားလာပြီး ခုလိုမျိုးတွေ ဖြစ်လာမယ်ဆိုတာကိုပေါ့``

ပေ့ဟဲလီက ပြဿနာကို လျော့ပေါ့ပြီးတော့ ပြောလိုက်ပါတယ်။

သူ့ရဲ့ အေးစက်စက်မျက်လုံးတွေက လင်းဟာန်ပေါ်မှာ ရှိနေပြီး လင်းဟာန်အတွက် အမုန်းတရားတွေ လောင်ကျွမ်းနေမှုက သူ့ရဲ့ နလုံးသားထဲမှာ မြင့်တက်လာပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ အစောပိုင်းတုန်းက ဟန်ပန်အမူအရာ ကို ပြန်ပြီး ရရှိသွားခဲ့ပါတယ်။ သူ့အနေနဲ့ ပူဆောင်လင်းက လင်းဟာန်ကို

လက်ဘက်ရည်သောက်ဖို့ ဖိတ်တယ်ဆို တာကို မယုံကြည်ပါဘူး။

မင်းကဘယ်သူကို အရူးလုပ်ဖို့ ကြိုးစားနေတာလဲ?

ပူဆောင်လင်းဆိုတာ ဘယ်သူလဲ? လင်းဟန်ကရော ဘယ်သူလဲ? သူတို့နှစ်ယောက် က တစ်ယောက်နဲ့ တစ်ယောက် သိတယ်ဆိုယင်တောင်မှ လုံးဝ မဖြစ်နိုင်တာကို အခု လက်ဘက်ရည်ကို အတူတူသောက်မယ်ဆိုတာက ဖြစ်နိုင်ပါ့မလား?

ဖြစ်နိုင်တာက လီစီရှန်းက လင်းဟန်အတွက် ကြည့်ရှုစောင့်ရှောက်ပေးဖို့ ပြောတာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ တစ်ခြားလူတွေက သိသွားမှာကို ကြောက်ရွံ့နေတာကြောင့်ပဲ ဖြစ်ရမယ်။ သူမက ပြစ်တင်ဝေဖန်ခံရမှာကို ပူဆောင်လင်း ကိုအသုံး ချပြီးတော့ အားလုံးအဲဒီအပေါ်မှာ ပုံချထားလိုက်တာဖြစ်ရမယ်။ ဘာလို့လဲဆို တော့ ဒီလိုကိစ္စကို အတည်ပြုဖို့အတွက် ဘယ်သူက ပူဆောင်လင်း ကို သွားပြီးတော့ မေးဂံမှာလဲ?

သူက လီစီရှန်း ကို အရမ်းကို ရိုသေလေးစား ကြည်ညို ရပါတယ် ဒါပေမဲ့ အခု သူ့အနေနဲ့ သူမရဲ့ အားနည်းချက်ကို

ကိုင်ဆုပ်ထားနိုင်ပြီလို့ ခံစားရပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အရမ်းကို သတ္တိရှိနေသလို ခံစားရပါတယ်။

``ပေ့အကို မင်းက အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ ပြောလိုက်တာပဲလား?

ဂျင်ပူကျို က အေးစက်စက်ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``အခုလေးတင်ပဲ မင်းက လင်းဟန်ကို ဒူးထောက်ပြီးတော့ ဖန်းလောင် ရဲ့ ဖိနပ်ကို လျှာနဲ့ လျက်ခိုင်း ချင်နေတာလေ``

``ဘာ``

လီစီရှန်းရဲ့ မျက်နှာက ချက်ချင်းပဲ ရေခဲတုံးလို အေးစက်သွားခဲ့ပါတယ်။ သူမက ပေ့ဟဲလီကို လူသေတစ်ယောက်ကို ကြည့်နေသလိုမျိုး ပဲ ကြည့်လိုက်ပါတယ်။

သူမအနေနဲ့ ပူဆောင်လင်းဆီကို သေချာပေါက် သတင်းပို့ရပါမယ်.. ပြီးတော့ ပူဆောင်လင်းရဲ့ လင်းဟန်ကို ရှိသေမှုပေါ်အခြေခံ လိုက်မယ်ဆိုယင် ဒါက ကြီးမားတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။ ပေ့ဟဲလီတောင်မှ

မှော်ဆေးပညာဌာန မှာ ဆက်ပြီး ကျန်ရစ်နေပါဦးမလားဆိုတာ မသေချာပါဘူး.. ပူဆောင်လင်းရဲ့ တပည့်ရင်း ဖြစ်ဖို့ ဆိုတာကတော့ ပိုဝေးတာပေါ့။

``အစ်မကြီးလီ .. သူတို့ဘက်က ပုံပြင်တွေကို နားမထောင်ပါနဲ့``

ပေ့ဟဲလီက သူ့ရဲ့ စိတ်ကို သေချာပြင်ဆင်ပြီးတော့ ဆက်ပြီး လိမ်လိုက်ပါတယ်။

``လင်းဟန် မင်းရဲ့ ခြေထောက်ကို ဘယ်အချိန်မှ ပြန်မြှောက်မှာလဲ?``

ဖန်းလောင်က ညိုးငယ်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူကြည့်ရတာ ဒေါသ ထွက်နေသလို စိတ်ကသိကအောက် လဲဖြစ်နေပါတယ်။

သူကတော့ မြေကြီးပေါ်မှာ လဲနေပြီးတော့ သူမျက်နှာပေါ်မှာ ခြေထောက် တင်နင်း တာကို ခံနေရတဲ့အချိန်မှာ မင်းတို့တွေက ရီရီမောမော စကာတွေပြောနေကြတယ်ပေါ့လေ။

လင်းဟန် က နှာခေါင်းတစ်ချက်ရှုံ့ လိုက်ပြီးတော့ သူ့ရဲ့ ခြေထောက်မှာ အားအနည်းငယ် ထပ်ထည့်လိုက်ပြီး တော့ ဖန်းလောင်ကို ချက်ချင်းပဲ နာကျင်မှု ဒါဏ်ကို ထပ်ခံစားစေလိုက်ပါတယ်။ သူ့ရဲ့မျက်နှာက အရမ်းကို ရွံစောင်းနေပါတယ်။ လင်းဟန်က ပရိတ်သတ်တွေကိုကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``မစိုးရိမ်ကြပါနဲ့ ငါသူ့ကို ဒီနေရာမှာ သတ်လိမ့်မှာ မဟုတ်ဘူး``

လူတိုင်းလူတိုင်း ဒီစကားကို ကြားလိုက်ရတဲ့အခါမှာ သူတို့ရဲ့ ဆံပင်တွေ အားလုံး ထောင်သွားသလို ခံစားလိုက်ရပါတယ်။ လင်းဟန်ရဲ့ စကားတွေထဲက အဓိပ္ပါယ် တွေကို သူတို့အားလုံး ရှင်းရှင်းလင်းလင်း နားလည်ပါတယ်။ သူက ဖန်းလောင်ကို တစ်နေ့ကျယင် သတ်ပစ်ပါလိမ့်မယ်။

အပိုင်း (၁၇၁) ဒုတိယ ကြယ်မြက်

ဟူးညို့ရဲ့ မျက်လုံးတွေက ဖန်းလောင်အပေါ်မှာ စူးစိုက်ပြီးတော့ ကျရောက်နေပါတယ်။ သူမအနေနဲ့ ဒီလူဆီကနေပြီးတော့ လင်းဟန်ဆီကို အရမ်းကို သန်မာတဲ့ အမုန်းတရား တွေကို အာရုံခံမိပြီးတော့ သူမရဲ့

သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေက မြှင့်တက်လာခဲ့ပါတယ်။သူမက ဖန်းလောင်ရဲ့ လည်ပင်းဆီကိုစူးစိုက်ကြည့်ပြီးတော့ ဒီလူသား နဲ့ ရင်ဆိုင်ပြီးတော့ တစ်ချက်တည်းနဲ့ အားလုံးကို ကိုက်ဖြတ်ပစ်လိုက်ဖို့ စဉ်းစားနေပါတယ်။

လင်းဟန်က ဟူးညို ကို ကောက်ချီလိုက်ပြီးတော့ ပြောပါတယ်။

``သူက အရမ်းကို ညစ်ပါတ်တယ်``

ဟူးညိုက သိသာထင်ရှားစွာနဲ့ သဘောမတူတဲ့ ပုံစံနဲ့ လင်းဟန်ကိုင်ထားတာကနေ ပြီး ရုန်းထွက်နေပါတယ်။ အရမ်းကို စွမ်းအားပြည့်ဝတဲ့ သတ်ဖြတ်ချင်နေတဲ့ စိတ်ဆန္ဒက သူမရဲ့ မျက်လုံးထဲမှာ တောက်လောင်နေပါတယ်။

``ဘုန်း``

လင်းဟန်က သူ့ရဲ့ခြေထောက်ကို ဆောင့်နင်းလိုက်ပြီး ချက်ချင်းပဲ ဖန်းလောင် ဆီကနေပြီးတော့ အော်မြည်တဲ့အသံကို ကြားလိုက်ရပါတယ်။ သူ့ရဲ့ ပါးစပ်

တစ်ခုလုံး သွေးတွေပြည့်နေပြီးတော့ သူ့ပါးစပ်ကို ဟပြီး ထွေးထုတ် လိုက်တဲ့အခါမှာ သူ့ရဲ့ သွား ဆယ်ချောင်း နီးပါးလောက် ပါသွားပါတယ်။ကြည့်ရတာ လင်းဟန်ရဲ့ ခွန်အားအပြည့်နဲ့ ဆောင့်နင်းလိုက်မှုကြောင့် သူ့ရဲ့ ပါးစပ်တစ်ခုလုံးက သွားတွေ က ဖျက်ဆီးသွားပုံရပါတယ်။

ဒီ မခံမရပ်နိုင်တဲ့ဝေဒနာက ဖန်းလောင်ကို မျက်ရည်တွေကျပြီး တရှုံ့ ရှုံ့ ငိုကြွေး စေပါတယ်။ ဒီနာကျင်မှုဒါဏ်က သူ့ရဲ့ နလုံးသားနဲ့ အရိုးတွေ အထိ တောက်လျှောက် ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ လင်းဟန်က နောက်ဆုံးမှာသူ့ရဲ့ ခြေထောက်ကို မြှောက်လိုက်တဲ့ အချိန်တုန်းက သူ့ရဲ့ မျက်လုံးတွေနဲ့ ပါတ်ဝန်းကျင်ကို ပေ့ကြည့်ခဲ့ ပါတယ် ဒီနေရာက လူတွေအားလုံးက သူ့ကို မုန်းတီးစက်ဆုပ်ဖွယ်ရာ လူတစ်ယောက်လို မျိုး ကြည့်နေကြတယ်လို့ ခံစားရပါတယ်။

တကယ်ပါပဲ သူတို့အားလုံးက လင်းဟန်ရဲ့ ဆောင့်နင်းလိုက်မှု့ကြောင့် သူ့ ပါးစပ် တစ်ခုလုံး သွေးအပြည့်နဲ့ သွားတွေလည်းပဲ ကျိုး သွားခဲ့သည့်တိုင်အောင်ပဲ ဘယ်သူကမှ လာပြီးတော့ သူ့ကို မကူညီခဲ့ကြပါဘူး.. သေစမ်းကွာ... သူတို့အားလုံးက သေချင်နေပြီ ထင်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ လက်ရှိမှာ ဒီနေရာမှာရှိတဲ့ လူတွေကို ဆန့်ကျင် ဖို့ စွမ်းရည် မရှိသေးဘူးဆိုတာကို သိထားပါတယ် ဒါကြောင့် သူ့အနေနဲ့ ဒီနေရာကနေ ထွက်မသွား ခင်မှာ လူတွေအားလုံးကို မုန်းတီးမှုတွေအပြည့်နဲ့ ကြည့်ပြီး မှတ်ထားလိုက်ပါတယ်။ ပုံမှန်တော့ သူ့အမုန်းဆုံးလူက လင်းဟန်ပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီနေရာက ပြဿနာ ကို ဒီအတိုင်းလွယ်လွယ်နဲ့ ပြီးလိုက်မှာ မဟုတ်ပါဘူး။

ပေ့ဟဲလီ လည်းပဲ ဒီနေရာမှာ ဆက်ပြီးတော့ မနေနိုင်တော့ပဲ ဖန်းလောင်ရဲ့ ခြေလှမ်း တွေအတိုင်းပဲ အနောက်ကနေ လျှင်မြန်စွာနဲ့ ထွက်ခွာသွားခဲ့ပါတယ်။

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေအားလုံးပဲ မျက်မှောင်ကြုံ့ကုန်ပါတယ်။ လင်းဟန်ရဲ့ အပြုအမူ တွေက သူကိုယ်တိုင်နဲ့ ဖန်းညီအကိုကြားမှာ သွေးစွန်းစေမဲ့ ရန်ညိုးတစ်ခုကို ဖန်တီးလိုက်တာနဲ့အတူတူပါပဲ။ ဒါက လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့ရမယ် အရာတစ်ခု တော့မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ့်ကိုပဲ လင်းဟန်က ဖန်းလောင်ပေါ်ကို ခြေထောက် တင်လိုက်တဲ့ အချိန်ကစပြီး ဒီ ရန်စက ပြတ်ပြတ်သားသားနဲ့ အခြေခိုင်သွားပါပြီ. လင်းဟန်က ဖန်းညီအကိုနဲ့ ဆန့်ကျင်ဘက်မှာ

ပြတ်ပြတ်သားသားပဲ နေလိုက်ပါတယ်။

လင်းဟန် အနေနဲ့ အင်ပါယာမြို့မှာ နေနေသရွေ့ ဖန်းရန်က ဘယ်လောက်ပဲ လွှမ်းမိုး ခြယ်လှယ်နိုင်စွမ်းရှိနေပါစေ ကိစ္စမရှိပါဘူး.. ဖန်းရန် အနေနဲ့ လင်းဟန်ကို ဆန့်ကျင် ဖို့ ကိုတော့ လုပ်ပုံမှာ မဟုတ်သေးပါဘူး။

လင်းဟန်က တော့ မကြောက်ပါဘူး. သူ့အယင်ဘဂတုန်းက သူက စွမ်းအား ပြည့်ဂတဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်ပြီးတော့ အခု အစကနေ ပြန်ပြီး စတင်နေရပေမဲ့ သူ့အနေနဲ့ ဒီလို အသေးအဖွဲ့ လူနှစ်ယောက်အတွက်နဲ့ ကြောက်ရွံ့ စိုးရိမ် ပူပန်နေရာမှာလား? နောက်ဆုံးတွင် သူက သူတို့နှစ်ယောက်ကို သတ်ပစ်ရ ပါလိမ့်မယ်။

``ဟားဟား.. လေလံပွဲက စတော့မယ် ငါတို့အထဲကိုဂင်ကြစို့``

ချီယောင်ရီက ရီမောပြီးတော့ ပြောလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူတို့က လင်းဟန်ကို ကျေးဇူးတင်ရပါမယ်.. သူ့ကြောင့်သာ ဂမ်ဟိုင်ရှင်းနဲ့ သူ့အဖော်တွေကို သူတို့တွေ ဖြတ်ကျော်နိုင်ခဲ့တာပါ ဒါကြောင့်

သူက အရမ်းကို ပျော်ရွှင်နေပါတယ်။

``အထဲကို အတူတူ ဝင်ကြစို့``

လီစီရှန်းက အကြံပြုလိုက်ပါတယ်။

``အမ်?``

ဟဲကျွမ်းချန် .. ချီယောင်ရီနဲ့ ကျန်တဲ့သူတွေအားလုံးပဲ မယုံကြည်နိုင်တဲ့ အမူအရာတွေ ဖြစ်ကုန်ပါတယ်။ ဒါက တကယ်ပဲ လီစီရှန်းဟုတ်ရဲ့လား?

အင်ပါယာမြို့ရဲ့ ပုလဲအမြွှာ ဆိုတာ နှစ်ယောက်စလုံး အံ့အောမှင်တက်ပြီး အထင်ကြီး လောက်စရာကောင်းတဲ့ ချောမောလှပသူတွေဖြစ်ပါတယ်။ ဒါက အင်ပါယာမြို့မှာ လွှီယုထန် နဲ့ လီစီရှန်းတို့နှစ်ယောက်ကို လူတွေက ဒီလိုမျိုးသိထားကြတာပါ။ လီစီရှန်း က လွှီယုထန်နဲ့မတူပါဘူး။ လွှီယုထန်က အေးစက်စက်နဲ့ အလှပိုင်ရှင် ဆိုတဲ့ ပုံရိပ် ရှိပြီးတော့ အမြဲတမ်း သူမရဲ့ အနားမှာ အကွာအဝေးတစ်ခု ကို ထိန်းသိမ်းထားပြီးတော့ ဘယ်သူကမှ သူမအနားကို မကျူးကျော် ရဲပါဘူး။

တစ်ဖက်က လီစီရှန်းကတော့ အရမ်းကို သိမ်မွေ့ပါတယ်။ ဒါပေမဲ့ သူမက အရမ်းကို ယဉ်ကျေးပြီးတော့ လူတိုင်းကို ဖော်ရွေတဲ့ ပုံစံရှိတယ်လို့ ထင်ရသော်လည်း အနားကို ကပ်လာမဲ့တစ်ခြားသူတွေ ကို တားမြစ်ထားတဲ့အနေနဲ့ လှို့ယုထန်လိုမျိုး အေးစက်တဲ့ အရှိန်အဝါတစ်ခုကို ထုတ်ထားပါတယ်။

ပြီးတော့ အခု.. သူမက အမှန်တကယ်ပဲ သူမရဲ့ ကိုယ်ပိုင် ဆန္ဒနဲ့ လင်းဟန်ကို သူမတို့ နဲ့ ပူးပေါင်းဖို့ ဖိတ်ခေါ် ခဲ့ပါတယ်။ ဒါက ချီယောင်ရီနဲ့ ကျန်တဲ့သူတွေအတွက်တော့ မမျှော်လင့်ထားတဲ့ မြင်ကွင်းပဲဖြစ်ပါတယ်။ သူတို့အားလုံးက အံ့သြနေကြပါတယ်။ တကယ်လို့ သူတို့က သူမပြောတာကိုပဲနားကြားမှားသလား.. ဒါမှမဟုတ် သူတို့ရဲ့ မျက်လုံးတွေကပဲ ပြာဝေနေပြီးတော့ လီစီရှန်း မဟုတ်ပဲနဲ့ တစ်ခြားလူတစ်ယောက်ကို
မှားပြီးတော့မြင်နေတာလားဆိုတာကို မသဲကွဲကြပါဘူး။

ဒါပေမဲ့ ဟဲကျွမ်းချန်ရဲ့ အမူအရာက ချက်ချင်းပဲ မည်းမှောင်သွားပါတယ်။ စလာကတည်းက သူက လင်းဟန်ကို သဘောမကျခဲ့ပါဘူး ပြီးတော့ အခု ကြည့်ရတာ တကယ်လို့ သူနှစ်သက်သဘောကျနေတဲ့ ဒီမိန်းကလေးက လင်းဟန်နဲ့ ဘယ်လိုမှန်း မသိတဲ့ ဆက်ဆံရေး တစ်ချို့

ရှိနေပြီးတော့ ဒါကပဲ သူရဲ့ နလုံးသားအတွင်းထဲမှာ စွမ်းအားကြီးမားတဲ့ မနာလိုမှုတွေကို မြင့်တက်လာစေပါတယ်။

``ကောင်းပြီလေ``

လင်းဟန် က ဒါကို လေးလေးနက်နက် စဉ်းစားမနေတော့ပဲ သဘောတူ လိုက်ပါတယ်။

သူတို့တစ်ဖွဲ့လုံး စိတ်ဂိဉာဉ်ရတနာအိမ်တော်ထဲကို ဝင်သွားခဲ့ကြပါတယ်။ ဒီ အင်ပါယာ မြို့မှာတော့ ချီယောင်ရီရဲ့ ထင်ပေါ်ကျော်ကြားမှုက လီစီရှန်းလောက် အသုံးမဝင်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ လီစီရှန်းအတွက် သီးသန့်အခန်းတစ်ခု ရှိပြီးတော့ သူမက သူတို့အားလုံးကို ဦးဆောင်ပြီးခေါ်သွားခဲ့ပါတယ်။

အခန်းက လူဆယ်ယောက်လောက် ကောင်းကောင်းကြီး ဆန့်တဲ့အတွက် သူတို့အားလုံး ကျပ်ညှပ် မနေကြပါဘူး။

ဟဲကျွမ်းချန်က စပြီးတော့ လင်းဟန်က ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို သွယ်ဝိုက် တဲ့နည်းနဲ့မေးပါတယ်။ ဒီလို ထူးခြားအံ့သြဖွယ်ရာ လူတစ်ယောက်က ဘယ်အဖွဲ့အစည်း

ကနေပြီး လာခဲ့တာလဲ? ဒါပေမဲ့ သူ့အနေနဲ့ လင်းဟန်က ဒုယွန်မြို့ရဲ့ အုပ်ချုပ်မှု အောက်မှာရှိတဲ့ တိမ်မီးခိုး မြို့ကနေပြီးတော့ အမှန်တကယ် လာခဲ့တယ်ဆိုတာကို သိလိုက်ရတဲ့အခါမှာတော့ ချက်ချင်း မှင်တက်သွားခဲ့ပါတယ်။

ဒါကဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ?

ပူဆောင်လင်း လို အရေးပါတဲ့ အမိက လူ တစ်ယောက်က လင်းဟန်ကို အမှန်တကယ် ပဲ လက်ဘက်ရည်သောက်ဖို့အတွက် ဖိတ်ခေါ် ချင်တယ်ပေ့ါလေ? ဒါကို သူလုံးဝ နားမလည်နိုင်တော့ပါဘူး.. သူတကယ်ကို နားမလည်တော့ပါဘူး။

တစ်ဖက်မှာတော့ ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက ဘာတွေဖြစ်ကုန်တာလဲ ဆိုပြီး တော့ တွေးနေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒုယွန်မြို့မှာတုန်းက လင်းဟန်ရဲ့ အနားမှာ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် သုံးဦးက စုစည်းနေခဲ့ကြပါတယ်။ ပူဆောင်လင်းရဲ့ အဆင့်အတန်းက ဖူဟဲချင်နဲ့ ကျန်တဲ့နှစ်ယောက်ထက် ပိုပြီး အလှမ်းကွာ မြင့်မားတဲ့နေရာမှာရှိပါတယ်။ သူတို့အတွက်ကတော့ ဒီလိုမျိုး မယုံနိုင်စရာ ကောင်းတဲ့ အဖြစ်အပျက်ကို လွယ်လွယ်ကူကူနဲ့

လက်ခံနိုင်ပါသေးတယ်။

ထိုအတောအတွင်းမှာတော့ လင်းဟန်က တစ်ခြားသူတွေနဲ့ တွေးနေတာခြင်း မတူပါဘူး။ သူ့အခုချိန်မှာ လုပ်နေတဲ့ တစ်ခုတည်းသောအရာက ဘယ်လိုမျိုးကောင်းမွန် တဲ့အရာတွေ ကို ဒီလေလံပွဲမှာ သူ့အနေနဲ့ မြင်ရလိမ့်မလဲဆိုတာပဲဖြစ်ပြီးတော့ သေသေချာချာကို စောင့်ကြည့်နေပါတယ်။

နှစ်ပေါင်းတစ်သောင်းကြာပြီး နောက်မှာတော့ မော်ဆေးဖော်စပ်နည်း အမြောက်အမြား က အချိန်တွေကြာမြင့်စွာ ပျောက်ဆုံးသွားခဲ့ရပါတယ်။ ဥပမာ အမှောင်မြက် လိုမျိုး ရတနာ တစ်ခုကို ခရမ်းရောင် မူလဆေးလုံး ဖော်စပ်တဲ့နေရာမှာ အသုံးပြုခြင်းဖြင့် အဆင့်တွေ လျောကျကုန်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ အရမ်းကို တန်ဖိုးကြီးမား ပြီးတော့ အရမ်းကို ဖြုန်းတီးစွာနဲ့ အသုံးပြုကြတဲ့ စိတ်ဂိဉာဉ်ဆေးပင်တွေလဲ ပေါ်လာဖို့ အခွင့်အရေးရှိနေပါတယ်။

မကြာခင်မှာပဲ လေလံပွဲက စတင်ပါပြီ။ ဒီနေ့ကျင်းပတဲ့ လေလံပွဲက လတိုင်းလတိုင်း ကျင်းပလေ့ရှိတဲ့ သေးငယ်တဲ့ လေလံပွဲလေးတစ်ခုမျှသာဖြစ်ပါတယ်။ ဒီနေရာမှာ

လေလံပြိုင်ဆွဲမဲ့သူတွေ အများကြီးရှိပေမဲ့လည်း လေလံပွဲက ပစ္စည်းတစ်ခု အတွက် ငွေအများကြီး ပေးနိုင်မဲ့သူတွေ အများကြီးမရှိပါဘူး. ဒါကြောင့် ဒီလေလံပွဲမှာ ရောင်းချမဲ့ လေလံပစ္စည်းတွေရဲ့ တန်ဖိုးက ပုံမှန် အတိုင်းလောက်ပဲ ရှိပါတယ်။

လင်းဟန်က အလွန်အမင်း အံ့သြနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အရမ်းကို အဆင့်နိမ့်တဲ့မှော်ဆေးလုံးတွေကို မတန်တဆ ဈေးနှုန်းတွေနဲ့ ရောင်းချနေတာကို သူ မြင်လိုက်ရတဲ့အတွက်ပဲဖြစ်ပါတယ်။

ဒီလူတွေက အရမ်းကို ချမ်းသာကြွယ်ဝတာပဲ.. ဒါပေမဲ့ တကယ့် ငတုံးတွေပဲ။

``ဒီနေ့မှာ မှော်ဆေးပညာရှင်တွေ ဘယ်လောက်တောင်များ လာရောက်ကြသလဲ ဆိုတာ ကျနော်တကယ်မသိဘူး.. ဒါပေမဲ့ အခုလာမဲ့ လေလံပစ္စည်းက တကယ်ပဲ တန်ဖိုးရှိတဲ့ ဆေးအမယ် တစ်ခုပဲဖြစ်ပါတယ်``

လေလံပွဲစီစဉ်တင်ဆက်သူက စင်မြင့်ထက်ပေါ်ကနေ ပြောလိုက်ပါတယ်။ သူက လက်ကို တစ်ချက်ဝှေ့လိုက်တာနဲ့

စင်မြင့်ပေါ်ကို လှပချောမောတဲ့ မိန်းကလေးတစ်ယောက်က လင်ဗန်းတစ်ခုကို သယ်လာခဲ့ပါတယ်။ အဲဒီလင်ဗန်း ထဲမှာ ဆေးပင်သုံးခုရှိပြီးတော့ တကယ်လို့ တစ်ယောက်ယောက်ကသာ အာရုံစူးစိုက်ပြီး ကြည့်မယ်ဆိုယင် ၎င်းတို့က ကြယ်လေးများလိုပဲ တလက်လက်တောက်ပနေတာကို တွေ့ရပါလိမ့်မယ်။

``ဒုတိယကြယ်မြက်``

တစ်စုံတစ်ယောက်က ချက်ချင်းပဲ ထုတ်ဖော်ပြောလိုက်ပါတယ်။

``ဒုတိယကြယ်မြက် က အမှန်တကယ်ပဲ လေလံတင်ထားတယ်.. ဒါက မှော်ဆေးပညာရှင်တွေအတွက် တကယ့်ကို တန်ဖိုးရှိတဲ့ ရတနာတစ်ခုပဲ ဒါပေမဲ့ သိုင်းပညာရှင်တွေအတွက်တော့ ဒုတိယကြယ်မြက်က သိပ်ပြီးတော့ တန်ဖိုးမရှိဘူး``

လေလံပွဲတင်ဆက်သူက သူ့ရဲ့လည်ချောင်းကို ရှင်းလိုက်ပြီးတော့ ပြောပါတယ်။

``ဒါအမှန်ပါပဲ... ဒီဟာက လန်းဆန်းဆေးလုံး ကို ဖော်စပ်တဲ့

အခါမှာ အသုံးပြုနိုင်တဲ့ ဒုတိယကြယ်မြက်ပဲ ဖြစ်ပါတယ်။ အများစုက ဒီ လန်းဆန်းလေးလုံးရဲ့ အသုံးဝင်ပုံကို သိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ၎င်းက တစ်စုံတစ်ယောက်ရဲ့ စိတ်အခြေအနေ ကို လန်းဆန်းစေနိုင်ပါတယ်။ သိုင်းပညာရှင်တွေအတွက် ဒါက အရမ်းကို တန်ဖိုးမရှိ ပေမဲ့ မှော်ဆေးပညာရှင်တစ်ယောက် အတွက်ကတော့ ၎င်းရဲ့ တန်ဖိုးက တိုင်းတာလို့ တောင် မရပါဘူး။

သိုင်းပညာရှင်တစ်ယောက်အတွက် သူတို့ရဲ့ စိတ်ဂိဉာဉ်တွေ ကုန်ခမ်းသွားတဲ့ အချိန်မှာ သူတို့က မူလစွမ်းအင်နဲ့ လေ့ကျင့်ဖို့အတွက် ဆက်ပြီးတော့ မလှုပ်ရှားနိုင်တော့ပါဘူး။ ဒါကြောင့် သိုင်းပညာရှင်တစ်ယောက်အတွက် လန်းဆန်းဆေးလုံးရဲ့ တန်ဖိုးက သူ့ကို နေ့တိုင်း တစ်ဖြေးဖြေးခြင်းလေ့ကျင့်နိုင်အောင်လို့ အချိန်ကို ဆွဲဆန့်ပေးတာတစ်ခုပါပဲ။ ဒါပေမဲ့ ဘယ်သူက လန်းဆန်းဆေးလုံးအများကြီးကို ဖြုန်းတီးပစ်မှာလဲ? တကယ်လို့ သူ့မှာ ဆယ်ခုပဲ ရှိဦး ဒါက သူ့အနေနဲ့ ဆယ်ရက်လောက်ပဲ လေ့ကျင့်နိုင်မယ်လို့ ဆိုလိုတာပါ.. ဒါဆို ဒါကိုဘာလုပ်ဖို့ သုံးနေဦးမှာလဲ?

ဒါပေမဲ့ မှော်ဆေးပညာရှင် တစ်ယောက်အတွက်တော့ ဒါက

လုံး၈ မတူညီပါဘူး။

မီးတောက်ကို ထိန်းချုပ်ရတာက လူတစ်ယောက်ရဲ့ စိတ်စွမ်းအင်ကို ကုန်ခမ်းစေပြီး တစ်ချို့မှော်ဆေးလုံးတွေက ဖော်စပ်ရတဲ့အချိန်က အရမ်းအရမ်းကို ကြာလွန်းပါတယ် ပြီးတော့ တကယ်လို့ မှော်ဆေးပညာရှင်တစ်ယောက်ရဲ့စိတ်စွမ်းအင်က လမ်းခုလတ်မှာ ပဲ ကုန်ခမ်းသွားမယ်ဆိုယင် ပြီးတော့ သူ့မှာစိတ်ဝိညာဉ်စွမ်းအင် လုံလောက်အောင် မကျန်တော့ဘူးဆိုယင် ဘာဆက်လုပ်လို့ရတော့မှာလဲ? အဲဒီလို အချိန်မျိုးမှာ ဒီ လန်းဆန်းဆေးလုံးက ကစားပွဲထဲကို ဝင်လာပါပြီ.. ၄င်းက မှော်ဆေးပညာရှင်ရဲ့ စိတ်စွမ်းအင်နဲ့ စိတ်ဝိညာဉ်ကို ပြန်လည်အားဖြည့်ပေးနိုင်ပါတယ်။ ဒါဆိုယင် သူ့အနေနဲ့ အစောပိုင်းတုန်းက မဖော်စပ်နိုင်ခဲ့တဲ့ မှော်ဆေးလုံးကို အောင်မြင်စွာနဲ့ ဖော်စပ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် လီစီရှန်းရဲ့ မျက်လုံးတွေက ချက်ချင်းပဲ မြင့်တက်လာပါတယ်။ ဘယ်မှော်ဆေးပညာရှင်က သူတို့ရဲ့စိတ်ဝိညာဉ်စွမ်းအင်တွေက မှော်ဆေးလုံးအမျိုးအစား တိုင်းကို ဖော်စပ်ဖို့ လုံလောက်တဲ့ စွမ်းအင်တွေရှိတယ်လို့ ပြောနိုင်လို့လဲ?

လင်းဟန်ရဲ့မျက်လုံးလည်းပဲ မြင့်တက်သွားပါတယ်။ တစ်ချိန်တည်းမှာပဲ သူက ဆဲဆို လိုက်ဖို့ကို မအောင့်အီးနိုင်အောင် ခံစားလိုက်ရပါတယ်။

ဒါက ဒုတိယကြယ်မြက်ဖြစ်ပါတယ်။ ပြီးတော့ ၄င်းကို ဒုတိယကြယ်ဆေးလုံး ဖော်စပ်တဲ့ နေရာမှာ အသုံးပြုနိုင်ပါတယ်။

ပြီးတော့ ဒုတိယကြယ်မြက်ရဲ့ အာနိသင်တွေက ဘာလဲ? လူတစ်ယောက်ရဲ့ စိတ်စွမ်းအင် ကို ပိုသန်မာစေဖို့..။

တစ်ယောက်က ထပ်မံအားဖြည့်ဖို့ အသုံးပြုတယ် ပြီးတော့ တစ်ခြားသူက သန်မာစေဖို့ ကို အသုံးပြုနိုင်တယ်။ သူတို့က ဘယ်လိုလုပ်ပြီးတော့ တူညီနိုင်မှာလဲ?

တကယ်လို့ ၄င်းက ပြန်လည်အားဖြည့်ယုံမျှသာ ဆိုယင် ၄င်းက တစ်ကြိမ်ပဲ အလုပ် လုပ်ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ ၄င်းက သန်မာစေဖို့အတွက်ဆိုယင်တော့ အာနိသင် တွေက အမြဲတမ်းအတွက်ပဲဖြစ်ပါတယ်။ ဒ့ါအပြင် သိုင်းပညာရှင်တွေ တောင်မှ ဒုတိယကြယ်ဆေးလုံးအတွက် ရူးသွပ်စွာနဲ့ အလုအယက်ကြိုးစားကြပါလိမ့် မယ်။ ပြီးတော့ ဒုတိယကြယ်မြက်ရဲ့ တန်ဖိုးက

ဒုတိယကြယ်ဆေးလုံးဖော်စပ်တာရဲ့ တန်ဖိုးကို နိုင်းယှဉ်လို့ရနိုင်မှာမဟုတ်ပါဘူး။

လင်းဟန်က သူ့ရဲ့ခေါင်းကို စိတ်ဖြင့် လှုပ်ခါနေပါတယ်။ ဒီခေတ်ကြီးမှာ မှော်ဆေးပညာရဲ့နယ်ပယ်က အရမ်းကို နိမ့်ကျနေတာပဲ. အစောပိုင်းတုန်းက အမှောင်လမြက်ကို ခရမ်းရောင်မူလဆေးလုံး ဖော်စပ်ဖို့ အသုံးပြုကြပြီးတော့ အခု ဒုတိယကြယ်မြက်ကို လန်းဆန်းဆေးလုံးဖော်စပ်ဖို့ အတွက် ဖြုန်းတီးနေကြပါတယ်။ သူက လီစီရှန်းကိုပြောလိုက်ပါတယ်။

``မိန်းကလေး.. ငါ့ကို ဒီ ဒုတိယကြယ်မြက် ယူပေးပါ``

လီစီရှန်းက လင်းဟန်လည်းပဲ မှော်ဆေးပညာရှင်တစ်ယောက်ဆိုတာ သိပါတယ်။ ဒါကြောင့် သူက ဒုတိယကြယ်မြက်ကို လိုချင်နေတယ်ဆိုတာက ထူးဆန်းတဲ့အရာ တစ်ခုတော့မဟုတ်ပါဘူး. ဒါပေမဲ့သူမကလဲပဲလိုအပ်နေပါတယ်။သူမအနေနဲ့ ပြဿနာ တက်နေတဲ့ အမှုအရာမျိုးဖြစ်နေပါတယ်။ သူမအနေနဲ့ သူ့ကိုငြင်းပယ်နိုင်ပါတယ်။ ဒါပေမဲ့ ဒါက သူမရဲ့ ဆရာသခင်တောင်မှ လေးစားရတဲ့လူတစ်ယောက် ဖြစ်နေပါတယ်။ ဒါပေမဲ့ တကယ်လို့ သူမက သဘောတူလိုက်မယ်ဆိုယင် သူမအနေနဲ့ ဒီလိုမျိုး တန်ဖိုး

ရှိတဲ့ ဆေးအမယ်ကို ဆုံးရှုံးသွားရလိမ့်မယ်လို့ ဆိုလိုတာပါပဲ။

သူမရဲ့ အမူအရာကိုကြည့်ပြီး.. လင်းဟန်က သူမကို အသံတိုးတိုးနဲ့ပြောလိုက်ပါတယ်။

``ငါမင်းကို ကျင့်စဉ်နည်းစနစ် တစ်ခု ရောင်းပေးနိုင်တယ်.. အဲဒါက မင်းရဲ့ စိတ်စွမ်းအင် ပြန်လည် ကုသခြင်းကို အရှိန်မြင့်တင်ပေးနိုင်လိမ့်မယ်``

``ဘာ``

လီစီရှန်းက သူတို့ရဲ့ပါတ်ဂန်းကျင်ကို မေ့သွားပြီးတော့ ရုတ်တရက် ထအော်လိုက်ပါတယ်။

အပိုင်း (၁၀၂) မူလဂိဉာဉ်ကို ပြန်လည်အားဖြည့်ခြင်း နည်းစနစ်

လင်းဟန်က သူမကို စိတ်ဂိဉာဉ်စွမ်းအင်ကို ပြန်လည်ဖြည့်ဆည်းတဲ့အခါမှာ အရှိန်မြှင့် ပေးနိုင်တဲ့ လေ့ကျင့်ခြင်းနည်းစနစ် တစ်ခုကို ရောင်းချင်တယ်လို့ ပြောလိုက်တာပါ။ သူမအနေနဲ့ ဒီလို အလွန်အမင်း အံ့အားသင့်စရာ ကနေပြီးတော့ သူမရဲ့ ထိန်းချုပ်နိုင်စွမ်း ကို ဘယ်လိုလုပ်ပြီးတော့ မပျောက်ဆုံးပဲ နေနိုင်မှာလဲ?

``ကောင်စုတ်လေး မင်း လီစီရှန်းကို ဘာလုပ်လိုက်သလဲ?``

ဟဲကျွမ်းချန် က ချက်ချင်းပဲအော်ဟစ်လိုက်ပါတယ်။ သူမျက်နှာတစ်ခုလုံး ဒေါသတွေနဲ့ ပြည့်နှက်နေပါတယ်။ လီစီရှန်းရဲ့ မျက်နှာပေါ်က အလွန်အမင်း အံ့အားသင့်နေမှုကို သူမြင်လိုက်ရတဲ့အခါမှာ ထင်လိုက်တာက လင်းဟန်က သူမအပေါ်မှာ အခွင့်အရေး ယူလိုက်တာဖြစ်မယ်လို့ သူက ယူဆလိုက်တာပါ။

သူက လီစီရှန်းကို ကြိတ်ခိုက်နေပြီးတော့ အစောပိုင်းတုန်းက လင်းဟန်နဲ့ လီစီရှန်း တို့ကြားက ပြောမပြနိုင်တဲ့ ဆက်ဆံရေး ကြောင့် သူ့အနေနဲ့ အရမ်းကို မကျေမနပ် ဖြစ်နေခဲ့တာပါ။ အခု သူ့အနေနဲ့ ဒီထက် ပိုပြီးတော့ သည်းမခံနိုင်တော့ပါဘူး။

``ဒါက မင်းအပူ တစ်ပြားမှ မပါဘူး.. ကိုယ့်နေရာမှာပဲ ကိုယ်ထိုင်နေပါ``

လင်းဟန်က တည်ငြိမ်အေးဆေးစွာနဲ့ပဲပြောလိုက်ပါတယ်။

``မင်း အတင့်ရဲလှချည်လား``

ဟဲကျွမ်းချန် က လင်းဟန်ရဲ့ စကားကြောင့် အလွန်အမင်း စိတ်တိုသွားပြီးတော့ လှုပ်ရှားဖို့ အတွက်တောင်မှ ချက်ချင်းပဲ မတ်တပ် ထရပ်လိုက်ပါတယ်။

``တပည့်အစ်ကိုကြီး ဟဲ ဒါဘာလုပ်တာလဲ?``

လီစီရှန်းက သူ့ရဲ့ လက်မောင်းကို ဆွဲထားပြီးတော့ သူမလှုပ်ရှားနိုင်အောင်လို့ ချက်ချင်းပဲ ပိတ်ဆို့တားဆီးလိုက်ပါတယ်။ ဒါကသဘာဝပါပဲ .. တကယ်လို့ ဒီလိုမျိုးစိတ်ဂိဉာဉ် ပြန်လည်အားဖြည့်နိုင်တဲ့ လေ့ကျင့်ခြင်းနည်းစနစ်သာ ထွက်ပေါ်လာခဲ့မယ်ဆိုယင် ဒီကမ္ဘာပေါ်မှာရှိတဲ့ မှော်ဆေးပညာရှင်တွေ အားလုံးက ဒီအကြောင်းကို သိတာနဲ့ အရူး တစ်ယောက်လို ဖြစ်သွားနိုင်ပါတယ်။

``မင်းက သူ့ကို တကယ်ပဲ ကာကွယ်ချင်တာလား?``

ဟဲကျွမ်းချန်ရဲ့ အမူအရာက စိတ်ပျက်ညိုးငယ်တဲ့ ပုံစံကို ပြောင်းလဲသွားပါတယ်.။ သူက ပထမနေရာမှာ ကတည်းက လင်းဟန်နဲ့ လီစီရှန်းတို့ရဲ့ ကြားမှာ ဘယ်လိုမှန်းမသိနိုင်တဲ့ ဆက်ဆံရေးတစ်ခု ရှိတယ်ဆိုတာ သံသယရှိနေပြီးတော့

အခု လီစီရှန်းက အမှန်တကယ်ပဲ လင်းဟန်ကို ကာကွယ်ပေးချင်နေတာက သူ့ရဲ့ သံသယတွေကို ပိုပြီးတော့ လေးနက်စေခဲ့ပါတယ်။

``နင်က ပထမနေရာမှာကတည်းက အကြောင်းပြချက် တစ်စုံတစ်ရာမရှိပဲ စိတ်လိုက်မာန်ပါပြောဆိုတတ်တဲ့လူတစ်ယောက်ပဲ``

လီစီရှန်း က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

``ငါက အကျိုးအကြောင်း မစဥ်းစားတဲ့လူ ဟုတ်လား?``

ဟဲကျွမ်းချန်က ထခုန်လုမတတ်ဖြစ်သွားပြီး စဥ်းစားလိုက်ပါတယ်။

``မင်းတို့ ဖောက်ပြန်နေတဲ့စုံတွဲက လူမြင်ကွင်းမှာ ပွင့်လင်းစွာနဲ့ ပရောပရည် လုပ်ပြီးကာမှ ငါ့ကို အကျိုးအကြောင်း ဆီလျော်အောင် မလုပ်တဲ့ သူလို့ စွပ်စွဲ ရဲသေးတယ်ပေါ့လေ?``

``ငတုံး ငအ.. ပါးစပ်ပိတ်ထား``

လင်းဟန်က ဒုတိယကြယ်မြက်အတွက် လေလံဆွဲခြင်း စတင်နေပြီဆိုတာကို မြင်လိုက်တဲ့ အခါမှာ သူ့ရဲ့ လက်ကို လီစီရှန်းဆီကို လျှင်မြန်စွာ ပေ့ယမ်းပြပြီး ပြော လိုက်ပါတယ်။

``ငါ့ကို ဒီဒုတိယကြယ်မြက် ပေးယင် ဒီကျင့်ကြံခြင်းနည်းစနစ်က မင်းအပိုင်ဖြစ်ပီပဲ``

သူမှာ ငွေပြား တစ်သောင်းကျော်လောက်ပဲ ရှိပါတယ်။ ဒါက ဒီ ဒုတိယ ကြယ်မြက် သုံးခု ကိုဂယ်ဖို့ လုံးဂမလုံလောက်ပါဘူး။ သူ့ရဲ့ မျှော်လင့်ချက်ကို ဒီ ချမ်းသာတဲ့ မိန်းကလေး အပေါ်မှာပဲ ပုံထားလို့ ရနိုင်ပါလိမ့်မယ်။

တကယ်လို့ ဒီလိုကိစ္စမျိုးသာ မရှိလာဘူးဆိုယင် သူ့အနေနဲ့ ဒီ စိတ်ဂိဉာဉ်ပြန်လည် အားဖြည့် နိုင်တဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို ရောင်းဖို့ စဉ်းစားမှာတောင် မဟုတ်ပါဘူး.. တကယ်လို့ ၎င်း က အဆင့်နိမ့် အဆင့်စိတ်ဂိဉာဉ် ထောက်ပံ့ပေးတဲ့ နည်းစနစ် တစ်ခု ဖြစ်ပေမဲ့လည်း မိုးရေနိုင်ငံ ရဲ့ နယ်နိမိတ် အနီးအနားမှာတောင်မှ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခု ပဲဖြစ်ပါတယ်။

လီစီရှန်းရဲ့ အာရုံစူးစိုက်မှုတွေက ချက်ချင်းပဲ

သူဘက်ကိုလှည့်ပြီးတော့ မေးလိုက်ပါတယ်။

``နင် ငါ့ကိုတော့ မလိမ်ပါဘူးနော် ဟုတ်တယ်မလား?``

``မင်းဘယ်လိုထင်လဲ?``

လင်းဟန်ကပြန်မေးလိုက်ပါတယ်။

လီစီရှန်းက ချင့်ချိန်တွေးဆလိုက်ပါတယ်။ ဒီကောင်က သူမထက် တကယ်ပဲ ငယ်ရွယ် တယ်ဆိုပေမဲ့ သူ့ရဲ့ စွမ်းရည်က အနက်ရောင် အဆင့်မြင့်မှော်ဆေးပညာရှင် နှစ်ယောက်ကို တစ်ချိန်တည်းမှာပဲ ပညာဗဟုသုတတွေကို သင်ကြား ပြသပေးနိုင်တယ် ဒါကြောင့် သူက အခြေအမြစ် မရှိ ကြွားဂါပြီးတော့ လုပ်မှာတော့ မဟုတ်လောက်ဘူး။ ပြီးတော့ ဒီမှော်ဆေးပညာရှင်နှစ်ဦးကို သင်ပေးတဲ့ ဗဟုသုတ တွေက ငွေပြား သိန်းနဲ့ ချီ အောင် တန်ကြေးရှိပါတယ်။

သူမက ခေါင်းငြိမ့်ပြီးတော့ လေလံကို စတင်ဆွဲလိုက်ပါတယ်။

မှော်ဆေးပညာရှင်တစ်ယောက် အနေနဲ့ သူမလို အဂါရောင်အလယ်အလတ်အဆင့် ပဲရှိ သေးတဲ့သူ့ရဲ့ ချမ်းသာကြွယ်ဝမှု ကတောင်မှ အရမ်းကို အံ့အားသင့်

စရာကောင်းပါတယ်။ (တစ်ခုပြောချင်တာက ပေ့ဟဲလီ ကို အဂါရောင် အဆင့်မြင့် မှော်ဆေးပညာရှင်လို့ စလာလာခြင်းအပိုင်းမှာရေးပီး လီစီရှန်းတို့နဲ့ တွေ့တဲ့ အပိုင်းမှာ အဂါရောင် အဆင့်နိမ့်လို့ ရေးထားပါတယ် မူရင်းစာရေးသူက ပြန်ပြင်ရေးထားတာ ပဲ ဖြစ်မှာပါ ဘယ်ဟာ အမှန်ဆိုတာမသိလို့ အပေါ်က နှစ်ပိုင်းသုံးပိုင်းမှာ ပေ့ဟဲလီကို အဂါရောင်မှော်ဆေးပညာရှင်လို့ပဲ ကျနော် သုံးနှုန်းခဲ့ပါတယ် အခု လီစီရှန်းက အဂါရောင် အလယ်အလတ်အဆင့်ဆိုတော့ ပေ့ဟဲလီက အဆင့်နိမ့် အဆင့်ဆိုတာ သေချာပါပြီနော်) ။။ သူမက လွယ်ကူစွာပဲ လေလံ ဈေးနှုန်းကို ငွေပြား တစ်သန်းထိ အောင် မြှင့်တင်လိုက်ပါတယ်။ ပြီးတော့ ကြည့်ရတာ ဒီပမာဏ ကသူမ အတွက်တော့ အရမ်းကိုပဲ ဘာမှမပြောပလောက်တဲ့ ပုံစံမျိုးပါပဲ။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ကြည့်ရတာ ဒီမိန်းကလေးရဲ့ ဆေးလုံးဖော်စပ် အောင်မြင်တဲ့ နှန်းက လုံးဝ မနိမ့်ဘူးပဲ. ဒါကြောင့်လဲ သူမအနေနဲ့ ဒီလိုမျိုး ချမ်းသာကြွယ်ဝ တဲ့ ပမာဏ ကို စုဆောင်းထားနိုင်တာပေ့ါ။

မှော်ဆေးပညာရှင် တစ်ယောက် အဆင့်မြင့် လာတိုင်းလဲ သူက ငွေတွေကို လုံးဝ လွယ်လွယ်ကူကူနဲ့ ရနိုင်တယ်လို့ မဆိုလိုပါဘူး.. သူတို့ရဲ့ ဆေးလုံး ဖော်စပ်တဲ့

အောင်မြင်မှုနှုန်းပေါ်မှာ အကျိုးသက်ရောက်မှုရှိပါတယ်။ ဥပမာ ဆေးအမယ်တွေက ငွေပြား တစ်သန်းကုန်ကျတယ်ဆိုယင် သီအိုရီအရတော့ ဒီဆေးအမယ် ပမာဏက နေပြီးတော့ မှော်ဆေးလုံး သုံးဆယ် ဖော်စပ်နိုင်ပါလိမ့်မယ်။ ဒီ မှော်ဆေးလုံးသုံးဆယ် ရဲ့ စုစုပေါင်း တန်ဖိုးက ငွေပြားကိုးသန်းခန့် တန်ပါတယ်။ ဒါကလဲ အောင်မြင်မှု နှုန်း တစ်ရာ ရာခိုင်နှုန်းရှိတဲ့ မှော်ဆေးပညာရှင် တစ်ယောက်ကပဲ အမြတ်ငွေ ရှစ်သန်း ကို ရယူနိုင်မှာပဲဖြစ်ပါတယ်။

ဒါပေမဲ့ တကယ်လို့ မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အောင်မြင်မှု နှုန်းက ဆယ်ရာခိုင်နှုန်းပဲရှိတယ်ဆိုယင် သူ့အနေနဲ့ မှော်ဆေးလုံး သုံးလုံးကိုပဲ အောင်မြင်စွာ ဖော်စပ်နိုင်မှာဖြစ်ပြီးတော့ စုစုပေါင်း ငွေပြား ကိုးသိန်း လောက်နဲ့ ပဲ ပြန်ရောင်းလို့ ရမှာဖြစ်ပြီးတော့ အဲဒီမှော်ဆေးပညာရှင် အနေနဲ့ အမြတ်တောင်မရပဲ ငွေပြား တစ်သိန်း လောက် အရှုံးပေါ်သွားနိုင်ပါတယ်။

မှော်ဆေးလုံးရဲ့ အဆင့်က ပိုပြီးတော့ မြင့်မားလေလေ ၎င်းကို ဖော်စပ်ဖို့ အောင်မြင်တဲ့ ရာခိုင်နှုန်းက နည်းလေလေပါပဲ. ဒါကြောင့် မှော်ဆေးပညာက ငွေအများအပြားကို စုဆောင်းနိုင်တဲ့ ပညာတစ်ခုလို့ မထင်လိုက်ပါနဲ့.

အကျိုးအမြတ် ဆိုတာက မော်ဆေးပညာရှင် ပေါ်ပဲ မူတည်ပါတယ်။ ဒါကြောင့် မော်ဆေးပညာရှင် တိုင်းရဲ့ ကြွယ်ဝမှုကလဲ တစ်ယောက်နဲ့တစ်ယောက် မတူညီကြပါဘူး။

ဥပမာ လင်းဟန်ရဲ့ အယင်ဘဂ တုန်းက တီထွင်ခဲ့တဲ့ မီးလျှံသုံးမျိုးနတ်လမ်းညွှန် က အောင်မြင်မှု ရာခိုင်နှုန်းကို ကြီးမားစွာ တိုးမြင့်ပေးနိုင်ပြီးတော့ မော်ဆေးပညာ နယ်ပယ်ကို အသစ်တစ်ဖန် ဆန်းသစ်မှုကို ယူဆောင်လာပေးနိုင်ပါတယ်။ ဒါကြောင့်လဲ ပဲ လင်းဟန်ကို မော်ဆေးပညာကေရာဇ် လို့ အမည်ပေးကြတာပဲဖြစ်ပါတယ်။

လီစီရှန်းက အဂါရောင် အလယ်အလတ်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ပဲ ဖြစ်နေပေမဲ့ သူမရဲ့ အောင်မြင်မှုနှုန်းက အရမ်းကို မြင့်မားပြီး သူမအနေနဲ့ ငွေကြေး အမြောက်အမြားကို စုဆောင်းနိုင်ခဲ့ပါတယ်။ မော်ဆေးလုံး အဆင့်မြင့် လာလေ အောင်မြင်မှုနှုန်း မြင့်မားတာနဲ့ အတူ ငွေတွေလဲ အများကြီး စုဆောင်းနိုင်ပါလိမ့်မယ်။

လင်းဟန်ရဲ့ အယင်ဘဂတုန်းက မြေကျွှာအဆင့် မော်ဆေးလုံး အချို့ကို ဖော်စပ်ခဲ့ ပြီး သင့်အနေနဲ့ ငွေကြေး ဘယ်လောက်နဲ့ပဲ ကမ်းလှမ်းကမ်းလှမ်း လုံးဂ ဂယ်လို့ ရနိုင်မှာ

မဟုတ်ပါဘူး… သင်က မြေကြွမှာ အဆင့် မော်ဆေးလုံး အနည်းငယ်ကို သဘာဝ ရတနာတွေ.. အဆင့်မြင့်အဆင့် ကျင့်ကြံခြင်းနည်းစနစ်တွေ .. သိုင်းပညာနည်းစနစ် တွေ စသည်ဖြင့် တန်ဖိုးကြီးမားတဲ့ ရတနာ ပစ္စည်းတွေနဲ့သာ လဲလှယ်လို့ရနိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့ အတွေးထဲမှာ နစ်မြောနေတုန်းမှာပဲ လီစီရှန်းက ဒုတိယ ကြယ်မြက် သုံးခုကို မြင့်မားတဲ့ တန်ဖိုးဖြစ်တဲ့ ငွေပြား တစ်သန်းနှစ်သိန်း နဲ့ အောင်အောင်မြင်မြင် ရယူနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ မော်ဆေးပညာရှင် အများကြီး ရှိနေတာမှန်ပေမဲ့လည်း သူတို့အားလုံးက လီစီရှန်းလောက် မချမ်းသာဘူးဆိုတာ သိသာ ထင်ရှားပါတယ်။

လင်းဟန်က ကြီးမားစွာ ပြုံးရီလိုက်ပါတယ်။ တကယ်လို့ ဒါသာ သူ့ရဲ့ အယင်ဘဝ တုန်းကဆိုယင် ဒီလို တန်ဖိုးဖြတ်မရတဲ့ ပစ္စည်းကို ရွှေပြား ငွေပြား သိန်းသန်းချီ ပြီး ပေးတာတောင်မှ ဂယ်လို့ မရနိုင်ပါဘူး.. အခုလို ငွေပြား သန်း ဂဏန်းလောက် သုံးယုံ မျှနဲ့ သူက ဒီဆေးပင်ကို ရရှိခဲ့တာကတော့ အရမ်းကို ကြီးမားတဲ့ အမြတ်အစွန်းရလိုက် တာနဲ့ အတူတူပါပဲ။

အရမ်းကို လျှင်မြန်စွာနဲ့ပဲ စိတ်ဂိဉာဉ်ရတနာအိမ်တော်က ဂန်ထမ်းတစ်ယောက်က ဒုတိယကြယ်မြက် သုံးခုကို သူတို့ဆီကို လာပို့ဆောင်ပေးပါတယ်။

``နင်ငါ့ကို ကျင့်ကြံခြင်းနည်းစနစ် ပေးတဲ့အခါကျယင် ငါ ဒီဒုတိယ ကြယ်မြက် တွေကို နင့်ကိုပေးမယ်``

လီစီရှန်းကပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ နှုတ်ခမ်းဒေါင့်စွန်း တွန့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါက မင်းလို မိန်းကလေးငယ်ကို ပေးထားတဲ့ ကတိကို ဖျက်လိမ့်မယ်လို့ မင်း ထင်သလား?``

``နင့်ကို နင် လူကြီးတစ်ယောက်လို အရွယ်ရောက်နေတဲ့သူလိုမျိုး မလုပ်စမ်းပါနဲ့ နင်က ငါ့ထက် တစ်နှစ်တောင် ငယ်သေးတယ်``

လီစီရှန်းက တကယ်ပဲ လင်းဟန်ရဲ့ အရှက်ကင်းမဲ့ တဲ့ အပြုအမူကို ကြောက်ရွံ့နေပါတယ်။ သူက ငယ်ငယ်ရွယ်ရွယ်နဲ့ သူမကို လှည့်စားပြီးတော့ သူမရဲ့ ပိုက်ဆံ

တွေကို ကုန်အောင်လုပ်ပြီး အခွင့်ရေးယူသွားမှာကို ကြောက်နေပါတယ်.. တကယ်တော့ ဒီပိုက်ဆံတွေက သူမကိုယ်တိုင် ကြိုးစားပြီးမှ စုဆောင်းထားတဲ့ ငွေတွေပါ။

``ကောင်းပြီ.. ဒါဆိုယင် အကယ်ဒမီကို ချက်ချင်းပဲ ပြန်ကြစို့``

လင်းဟန်က ဒုတိယကြယ်ဆေးလုံးကို ဖော်စပ်ဖို့ မစောင့်နိုင်တော့ပါဘူး။ သူ့အနေနဲ့ ဆေးလုံးကို မြန်မြန် သုံးနိုင်ယင်သူရဲ့ စိတ်ဂိဉာဉ် စွမ်းအင်က မြန်မြန်ပဲ တိုးလာပါလိမ့်မယ်။ ထိုနောက် သူက နေ့တိုင်းပဲ အချိန်အနည်းငယ် ကြာကြာ လေ့ကျင့် နိုင်လာပါလိမ့်မယ်။

`` ကောင်းပြီလေ``

လီစီရှန်းက ခေါင်းငြိမ့်လိုက်ပါတယ်။ သူမအနေနဲ့ ကျင့်ကြံခြင်းနည်းစနစ်ကို အမြန်ဆုံးနည်းနဲ့ ဖြစ်နိုင်သမျှ သူမရဲ့ လက်ထဲကို ရောက်တာမျိုးကို လိုချင် ပါတယ်။

လင်းဟန်က ဟူးညိုကို သယ်ပြီးတော့ သူတို့သုံးယောက် အုပ်စု က ထွက်ခွာလာခဲ့ ကြပါတယ်။

ချီယောင်ရီ တို့ အုပ်စုကတော့ အားလုံးပေါင်းပြီးတော့ ကြိတ်ရီနေကြပါတယ်။ ဟဲကျွမ်းချန်တစ်ယောက်ပဲ သူ့ရဲ့ အမူအရာက မည်းမှောင်ပြီးတော့ လင်းဟာန်ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပိုပြီးတော့ ကြီးထားလာခဲ့ပါတယ်။

တကယ်တော့ လီစီရှန်းက အင်ပါယာမြို့ရဲ့ တောက်ပတဲ့ ပုလဲအမြှာထဲက တစ်ယောက် ဖြစ်ယုံသာမက သူမက အရမ်းကို အထင်ကြီးစရာကောင်းတဲ့ မှော်ဆေးပညာရှင် တစ်ယောက်လဲဖြစ်ပြီးတော့ အကန့်အသတ်မရှိတဲ့ အနာဂါတ်ကို ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ သူသာ ဒီလိုမိန်းကလေးမျိုးကို လက်ထပ်နိုင်ခဲ့မယ်ဆိုယင် သူ့အတွက်သာ မကပါဘူး သူတို့ ကလန်အတွက်ပါ အကျိုးအမြတ် အများကြီး ရနိုင်ပါလိမ့်မယ်။

ဒါကသူ့ရဲ့ မိန်းကလေးပါ.. ပြီးတော့ သူ့အနေနဲ့ သူမရဲ့လူတစ်ယောက် အဖြစ်နဲ့ သူ့ရဲ့ နေရာကို ခြိမ်းခြောက်နိုင်တဲ့ လူအားလုံးကို အကြင်နာကင်းမဲ့စွာနဲ့ သတ်ပစ်ရပါလိမ့်မယ်။

လင်းဟာန်နဲ့ လီစီရှန်းတို့က မကြာခင်ပဲ အကယ်ဒမီကို ပြန်လာခဲ့ကြပါတယ်။ သူတို့က လင်းဟာန်နေတဲ့ နေရာကို

ရောက်တဲ့အခါမှာ ဟူးညီကို သူက သူမဘာသာ သူမ ကစားနေဖို့ ပြောလိုက်ပြီးတော့ သူကတော့ လီစီရှန်းကို စိတ်ဂိုဇာဥ်စွမ်းအင် ပြန်လည် ဖြည့်ဆည်းပေးတဲ့ ကျင့်ကြံခြင်းနည်းစနစ်ကို လွှဲပြောင်းပေးဖို့ စတင်လိုက်ပါတယ်။

ဒီနည်းစနစ်ရဲ့ နာမည်က ``အဓိက မူလစိတ်ဂိုဇာဥ်ပြန်လည် အားဖြည့်ခြင်း နည်းစနစ်`` လို့ခေါ်ပါတယ်။

ဒါက လင်းဟန်ကိုယ်တိုင် တီထွင်ထားတဲ့ဟာ မဟုတ်ပါဘူး.. ဒါပေမဲ့ ဒါက သူ့ရဲ့ အယင်ဘဂတုန်းက မှော်ဆေးပညာနယ်ပယ်မှာ တွေ့မြင်နေကျ စိတ်ဂိုဇာဥ်ထောက်ပံ့ ပေးနိုင်တဲ့ နည်းစနစ် တစ်ခုပဲဖြစ်ပါတယ်။ ၎င်းက နွေဦးစမ်းရေအဆင့် အောက်က ဘယ်လို မှော်ဆေးပညာရှင်ကိုမဆို စိတ်ဂိုဇာဥ်စွမ်းအင်ပြန်လည်ဖြည့်ဆည်း ပေးတဲ့ နေရာမှာတော့ အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာရှင် က နွေဦးစမ်းရေအဆင့်ကို ရောက်သွားပြီဆိုယင်တော့ ၎င်းရဲ့ အကျိုးသက်ရောက်မှု က စပြီးတော့ လျော့ကျလာပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်က အရမ်းကြီး

အင်တင်တင်ဖြစ်မနေပါဘူး. ပြီးတော့ လီစီရှန်းကို တိုက်ရိုက် သင်ပေးလိုက်ပါတယ်။ တကယ်လို့ သူမသာ သူ့ရဲ့ တပည့် ဖြစ်လာခဲ့မယ်ဆိုယင် သူမကို တကယ့် မှော်ဆေးပညာရပ်တွေကို သင်ပေးဖို့ ဆန္ဒရှိ ပါတယ်။

ဒါပေမဲ့ လီစီရှန်းအတွက်ကတော့ ဒီ ကျင့်ကြံခြင်းနည်းစနစ်က အရမ်းကို တန်ဖိုး မဖြတ် နိုင်အောင်ပါပဲ။ သူမရဲ့ တစ်ကိုယ်လုံး က ဂမ်းသာကျေနပ် အားရမှု စိတ်လှုပ်ရှားမှုတွေ ကြောင့် တုန်ယင်လို့နေပါတယ်။

``ငါ .. ငါ့ဒီ အဓိက မူလစိတ်စွမ်းအင်ပြန်လည်ဖြည့်ဆည်းခြင်း နည်းစနစ် ကို ငါ့ရဲ့ ဆရာသခင်ကို သင်ပေးလို့ရမလား?``

သူမက စိတ်ရှုပ်ထွေးစွာနဲ့မေးလိုက်ပါတယ်။

``ကောင်းပြီလေ ဒါဆိုယင် ငါ ဒါကို ဆယ်သန်းနဲ့ ရောင်းမယ်``

လင်းဟာန်က ခေါင်းငြိမ့်ပြီးတော့ တုံ့ဆိုင်းမနေပဲပြောလိုက်ပါတယ်။

``နင်ငါ့ကို ရောင်းတုန်းက တန်ဖိုးက ဆယ့်နှစ်သိန်း ပဲ ရှိတာလေ``

လီစီရှန်းအနေနဲ့ ပူဆောင်လင်းက ဒီ ဆယ်သန်းဆိုတဲ့ ငွေပမာဏကို လွယ်လွယ်ကူကူနဲ့ ပေးချေနိုင်တယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ သူ့ရဲ့ တပည့်တစ်ယောက် အနေနဲ့ သူမရဲ့ ဆရာသခင်ရဲ့ သူမအပေါ် ပိုမိုချစ်ခင် အလေးထားတာကို လိုချင်တာပါ။

``ဒါက ဘာလို့လဲဆိုတော့ မင်းက အရမ်းလှတယ်လေ.. ဒါကြောင့် မင်းကို ချစ်ခင်လို့ ဒီဈေးနှုန်းနဲ့ပေးတာလေ .. မင်းရဲ့ ဆရာသခင်ကတော့ ဟွန့်… မျက်လုံးထဲမှာ လုံးဝ စိတ်ဝင်စားစရာမကောင်းဘူး ဒါကြောင့် ငါက သူ့ကို ပုံမှန်ဈေးနဲ့ ပဲ ရောင်းတာ``

လင်းဟန်က ရီမောလိုက်ပါတယ်။

လီစီရှန်းရဲ့ မျက်လုံးတွေ ပိုင်းသွားပြီးတော့ သူ့ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူမရဲ့ အလှအပကို သွယ်ဝိုက်ပြီးချီးကျူးတဲ့အတွက် သူမအနေနဲ့ အရမ်းကို ပျော်ရွှင်မိပါတယ်။

အပိုင်း(၁၀၃) ဓါးနှလုံးသား

လီစီရှန်းက အရမ်းကို ပျော်ရွှင်စွာနဲ့ ထွက်ခွာသွားခဲ့ပါတယ်။ ထို့နောက် လင်းဟန်က သူ့ရဲ့ ကုတင်ပေါ်မှာလဲလျောင်းပြီးတော့ အနားယူလိုက်ပါတယ်။

သူအနေနဲ့ အင်ပါယာမြို့ မှာ ပထမရက်အတွင်း ဒီလိုမျိုး တန်ဖိုးကြီးမားတဲ့ စိတ်ဂိဉာဉ် ဆေးပင် ကို ရယူနိုင်လိမ့်မယ်လို့ လုံးဝ မမျှော်လင့်ထားပါဘူး.. တစ်ခြားလိုအပ်တဲ့ ပါဝင် ပစ္စည်းတွေကို သူလက်ထဲရောက်အောင် ဘယ်လိုလုပ်ရမလဲ? တစ်ခုတည်းသော အခွင့် အရေးက သူအနေနဲ့ နောက်ရက်ကို စောင့်ပြီးတော့ ကောင်းကင်ဆေးအိမ်တော် ကိုသွားပြီး လိုအပ်တဲ့ ပါဝင်ပစ္စည်း အစုံလိုက် သွားဝယ် ပြီးတော့မှ နောက်ထပ် ခြေလှမ်း စလို့ရမှာပါ..။

ပြီးတော့ သူရဲ့ ကိုယ်ပိုင်ခြံဝန်းနဲ့ အနည်းငယ် သဟဇာတ ဖြစ်ဖို့ လိုပါသေးတယ်။ သူအနေနဲ့ ဒီနေရာမှာ နှစ်ပေါင်းအနည်းငယ်လောက် နေရပါလိမ့်မယ်။ ဒါကြောင့် ဒီပါတ်ဝန်းကျင်နဲ့ ရင်းနှီးဖို့ သဟဇာတ ဖြစ်ဖို့ လိုအပ်ပါတယ်။

ထိုအချိန်အတွင်းမှာပဲ ဟူးညိုက သူ့ရဲ့ ခြေထောက် ဘေးမှာ ရောမကြောင် ကြီးတစ်ကောင်လိုမျိုး လဲလျောင်းနေပြီးတော့ လျှင်မြန်စွာနဲ့ပဲ သူမရဲ့ အသက်ရှူသံတွေက

ရှည်လျားပြီးတော့ တစ်ဖြေးဖြေးခြင်း တိတ်ဆိတ်သွားပါတယ်။ ဒါပေမဲ့ တာကယ်လို့ ဒီနေရာမှာ နည်းနည်းလေး လောက် ဆူပူလှုပ်ရှားသံကို ကြား လိုက်ရမယ်ဆိုယင် သူမက ချက်ချင်းဆိုသလိုပဲ နိုးထလာပြီးတော့ သူမရဲ့ ချွန်ထက် တဲ့ သွားတွေကိုဖြဲပြီး မာန်ဖီပါလိမ့်မယ်။

လင်းဟန်က အကယ်ဒမီထဲမှာ လွိုယုထန်ရဲ့ လွှမ်းမိုးမှုကြောင့် သူမအနေနဲ့ မကြာခင်မှာပဲ သူ့ကိုရှာတွေ့လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် လင်းဟန်က တစ်ခြား ဘာမှ မစဉ်းစားတော့ပဲနဲ့ ငြိမ်းချမ်းစွာနဲ့ အိပ်သွားပါတယ်။

နောက်တစ်နေ့မနက် ကျတော့ သူနဲ့ဟူးညို တို့ရဲ့ အစာအိမ်ကို ဖြည့်တဲ့အနေနဲ့ မနက်စာ စားပြီးတဲ့နောက်မှာ သူ့ရဲ့ တရားဂင် ဆရာဖြစ်တဲ့ သူ့ဆီကို နှုတ်ဆက်ဖို့ သွားလိုက်ပါတယ်။ ဒါက ကျောင်းသားတစ်ယောက်က သူ့ဆရာဆီမှာ ရှိသင့်တဲ့ အခြေခံ ရိုသေမှု တစ်ခုပါပဲ။

သူက တံခါးကို တွန်းဖွင့်ပြီးတော့ ဂင်လိုက်တဲ့အခါမှာ မို့ကောင်းက သူ့ရဲ့ ဓါးသိုင်း နည်းစနစ်ကို လေ့ကျင့်နေတာ တွေ့လိုက်ရပါတယ်။ ဒါပေမဲ့လည်း ၎င်းက အရမ်းကို ကြောင်တိကြောင်တောင် နိုင်ပါတယ်။ သူ့ရဲ့ ညာဘက်လက်

က ဓါးကို ကိုင်ထားပြီးတော့ ဘယ်ဘက်ကတော့ အဲဒီအချိန်မှာ ဟန်အမူအရာတစ်ခုကို လုပ်နေပါတယ်။ ပြီးတော့ သူ့ဆီကနေ တစ်ခြား လှုပ်ရှားမှု့ မရှိတော့ပါဘူး။

သူက သူ့ရဲ့ဓါးသိုင်းနည်းစနစ် ကိုလေ့ကျင့်နေတာလား ဒါမှမဟုတ် ချီထောက်ပံ့ခြင်း နည်းစနစ် တမျိုးမျိုးကို လေ့ကျင့်နေတာလား?

``ဟူးးးးး``

ထိုအချိန်အတွင်းမှာပဲ ဟူးညိုက အကာအကွယ်ပုံစံမျိုးကို ထုတ်ဖော်လိုက်ပါတယ်။ သူမရဲ့ လက်တွေက မြေကြီးပေါ်ကို ဖိထားပြီးတော့ ခန္ဓာကိုယ်တစ်ခုလုံးက အနည်းငယ်မျှ မြင့်ထားပီးတော့ သူမရဲ့ ပါးစပ်သေးသေးလေးကို ဟထားပြီး သူမရဲ့ မျက်လုံးထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင် တောက်ပနေပါတယ်။ သူမက ဘယ်လိုလှုပ်ရှားမှုမျိုးမဆို လှုပ်ရှားဖို့ အတွက် အဆင်သင့် ဖြစ်နေတဲ့ပုံစံပါပဲ။

လင်းဟန်က အံ့အားသင့်နေပါတယ်။ ဒီမိန်းကလေးက ခြိမ်းခြောက်မှု့ တစ်ခုကို အာရုံ ခံမိတာနဲ့ ဒီလိုမျိုး အပြုအမူကို ဖော်ပြလေ့ရှိပါတယ်။ ဒါပေမဲ့ ပြဿနာက မို့ကောင်းရဲ့ ဒီလှုပ်ရှားမှု့က အရမ်းပဲ ခြိမ်းခြောက်နေလို့လား?

``နေဦး``

လင်းဟန်ရဲ့ မျက်လုံးတွေက ပြူးကျယ်လာပါတယ်။ သူ့ရဲ့ နတ်ဘုရားအာရုံ ကြည့်ရတာ တစ်စုံတစ်ခုက မှုမမှန်သလိုမျိုး ထောက်လှမ်းမိပါတယ်။ ပြီးတော့ အဲဒါက မို့ကောင်းဆီ က ထွက်ပေါ်လာတဲ့ အရှိန်အဝါပဲဖြစ်ပါတယ်။ ၄င်းက အရမ်းကို လျှို့ဝှက်ဆန်းကြယ် ပါတယ်။ ၄င်းက အနည်းငယ် ရင်းနှီးသလိုခံစားရပေမဲ့လည်း သူ့အနေနဲ့ တကယ်ပဲ ၄င်းက ဘာဆိုတာကို တိတိကျကျ မဖမ်းဆုပ်နိုင်ပါဘူး။

ဓါး... ဟုတ်ပါတယ်။ ၄င်းက သူ့ရဲ့ဓါးနဲ့ တစ်စုံတရာကို လုပ်နေတာပါ။

``မင်းက ဒီမှာပဲ```

မို့ကောင်းကပြောလိုက်ပါတယ်။

``ဒါဆို ငါနဲ့အတူတူပူးပေါင်းပြီးတော့ ဓါးသိုင်းလေ့ကျင့်ကြမယ်``

``ဒါက ဘယ်လို ဓါးသိုင်းနည်းစနစ် လဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

``ဒါက ဘယ်လို ဓါးသိုင်းနည်းစနစ်မျိုးမှမဟုတ်ဘူး... ဒါပေမဲ့ ဓါးတစ်ချောင်းရဲ့ မကျော်လွှားနိုင်ခြင်းပဲ``

မို့ကောင်းက ပြောလိုက်ပါတယ်။

ထိုအချိန်အတွင်းမှာ လင်းဟန်ရဲ့ နလုံးခုန်နှုန်းက မြန်လာပါတယ်။ သူက မို့ကောင်းဆီကထွက်ပေါ်လာတဲ့ အရှိန်အဝါက အရမ်းကို လျှို့ဝှက်ဆန်းပြား တယ်ဆိုတာကို အာရုံခံရရှိခဲ့ပါတယ်.. အခုလည်း ပိုပြီးတော့ တောင်မှ လျှို့ဝှက် ဆန်းပြား စွာနဲ့ ပြောနေပါတယ်။ လင်းဟန်က သူ့အနေနဲ့တစ်ခုခုကို ဖမ်းဆုပ် မိလိုက်သလို ခံစားရပေမဲ့လည်း ၎င်းကတော့ လုံးဝ ရှင်းရှင်းလင်းလင်း ဖြစ်မနေပါဘူး။

``ဓါးတစ်ချောင်းရဲ့ မကျော်လွှားနိုင်ခြင်းက ဒီကမ္ဘာမှာ တည်ရှိနေလို့လား?``

သူကမေးလိုက်ပါတယ်။

``အနိုင်မခံ အရှုံးမပေးတဲ့ ဓါးသမားတစ်ယောက်ရဲ့ လက်ထဲက ဓါးတစ်လက်က ကျော်လွှားဖို့ မဖြစ်နိုင်တဲ့ ဓါးတစ်ချောင်းပဲဖြစ်လိမ့်မယ်... ငါကိုယ်တိုင်က ဓါးတစ်ချောင်းပဲ ဓါးရဲ့ နှလုံးသားက တောက်ပနေတယ်..ဘယ်တိုက်ခိုက်မှု မျိုးကို မဆို ဖြတ်ပြီးတော့ ထိုးစိုက်နိုင်ပြီး.. တိုက်ခိုက်မှုတိုင်းကို ဖျက်ဆီးပစ်နိုင်တယ်``

``ဟုမ်းးးး``

လင်းဟန်ရဲ့ စိတ်တစ်ခုလုံးတုန်လှုပ်သွားခဲ့ပြီးတော့ ကြီးမားတဲ့ ဆူနာမီ လှိုင်းလုံးကြီး ရိုက်ခတ် ခံလိုက်ရသလိုမျိုး ခံစားလိုက်ရပါတယ်။

ဓါးနှလုံးသား။

လျှို့ဝှက်ဆန်းကြယ်တဲ့ ခံစားချက်တစ်ခုကို သူ ခံစားမိလိုက်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒီခံစားမှုက သူနဲ့ အရမ်းကို ရင်းနှီးနေပါတယ်။ ဒါဆို မို့ကောင်းက တကယ်ပဲ ဓါးနှလုံးသားကို ကျင့်ကြံနေတာပေါ့။

သူ့အနေနဲ့ မို့ကောင်းကို အနည်းငယ်လောက်မျှတောင်

သံသယ မရှိတော့ပါဘူး . ဘာလိုလဲဆိုတော့ မိုးရေနိုင်ငံရဲ့ သိုင်းပညာအားလုံးရဲ့ အဆင့်က တကယ့်ပဲ နိမ့်ကျ ပါတယ်။ ဓါးချီ ထုတ်ဖော်နိုင်တာမျိုး ရိုးရှင်းတဲ့ဟာကိုတောင်မှ သင့်ကို အုပ်ချုပ်သူ တစ်ယောက်လိုမျိုးနာမည်ပေးပါတယ်။ ဒီမှာ ဓါးအလင်းတန်းကိုတောင်မှ ထုတ်ဖော်နိုင် တဲ့သူ တစ်ယောက်မှ မရှိပါဘူး ဒါဆို ဘယ်လိုလုပ်ပြီးတော့ ဓါးနှလုံးသားဆိုတာ ဖြစ်နိုင်ပါ့မလဲ?

နှလုံးသားက ဓါးဖြစ်ပြီးတော့ တောက်ပစွာ လင်းလက်ပါတယ်။ ဒါက ဓါးသိုင်းပညာရဲ့ နားလည်တတ်ကျွမ်းမှု အမြင့်ဆုံးအဆင့်ပဲ ဖြစ်ပါတယ်။ ဓါးနှလုံးသားနဲ့ သာဆိုယင် ဒီကမ္ဘာကြီးရဲ့ တိုက်ခိုက်မှုအားလုံးကို လွယ်ကူစွာနဲ့ နားလည်ပြီးတော့ ဖျက်ဆီးပစ်နိုင် ပါတယ်။ ဓါးနဲ့ တစ်ချက်ပဲဝှေ့လိုက်ပါ တိုက်ခိုက်မှု အားလုံးကို ပျက်စီးသွားစေ ဖို့ အတွက် လုံလောက်ပါတယ်။

ဘယ်သူကထင်မိမှာလဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်မျှသာ ရှိတဲ့ ဓါးသမား တစ်ယောက်က ဓါးနှလုံးသားရဲ့ အဆင့်က တစ်ချို့အရာတွေကို ထိတွေ့နိုင် လိမ့်မယ်ဆိုတာကိုပေါ့။

ဒီ မို့ကောင်း က ငယ်ငယ်တုန်းက ပါရမီရှင် တစ်ယောက်ဆိုတာ သိသာထင်ရှားစွာနဲ့ ပဲ အံ့သြစရာမရှိတော့ပါဘူး။ သူက ဟွာယန်အကယ်ဒမီ ထဲကို ပထမနေရာ ကနေ ဝင်ခွင့် ရအောင်လို့ မလုပ်နိုင်ခဲ့ပါဘူး.။ အမှန်တော့ သူ့အနေနဲ့ အားလုံးတော့ မရှုံးသွပ်ခဲ့ပါဘူး.. အဲဒီအချိန်ကတည်းက သူက ဓါးနလုံးကို စတင်လေ့ကျင့်နေခဲ့ပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် ဓါးနလုံးသားကို ဖမ်းဆုပ်နိုင်ဖို့က တိုင်းတာလို့ မရအောင်ပဲ ခက်ခဲလွန်းပါတယ်။ ရလဒ်အနေနဲ့ကတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် က ဒီဆယ်နှစ်ကျော် ကာလအတွင်းမှာ တန့်နေပါတယ် ဘာလို့လဲ ဆိုတော့ သူက ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စ အားလုံးကို ဓါးနလုံးသားကို နားလည်တတ်ကျွမ်းဖို့ အပေါ်မှာ အာရုံစူးစိုက်မှုအပြည့် ထားခဲ့တာကြောင့်ပဲဖြစ်ပါတယ်။

လင်းဟန်ရဲ့ ဘဂထဲမှာ လေးစားမှုတစ်ခု ရောက်လာပါတယ်။ ဒါက ဓါးနလုံးသားပါ.. သူ့ရဲ့ အယင်ဘဂတုန်းကတောင်မှ ၄င်းကို အောင်မြင်စွာ ဖော်ထုတ်နိုင်တဲ့ လက်ရွေးစင် ဓါးသမားတွေက သိပ်အများကြီးမရှိပါဘူး။ ဒါပေမဲ့ တစ်စုံတစ်ယောက်ကသာ ဓါးနလုံးသား ကို အောင်အောင်မြင်မြင်နဲ့ ထုတ်ဖော်နိုင်ယင်

တူညီတဲ့ကျင့်ကြံခြင်း အဆင့်မှာ ရှိတဲ့သူတွေအားလုံးက မကျော်လွှားနိုင်တဲ့အပြင် မြင့်မားတဲ့ အဆင့်မှာရှိတဲ့ စွမ်းအားပြည့်ဂတဲ့ ရန်သူကိုတောင်မှ လွယ်လွယ်ကူကူနဲ့ သတ်ပစ်နိုင်ပါတယ်။ ဒါက နိုင်းယှဉ်လို့တောင်မရတဲ့ အကြောက်တရားတစ်ခုပါပဲ။

မို့ကောင်းက အံ့အားသင့်လို့နေပါတယ်။ အကယ်ဒမီ ထဲမှာ သူ့ဘေးနားက လူတွေအားလုံး တွေးတာက သူက သူ့ရဲ့ လမ်းကြောင်းကို သူကိုယ်တိုင်ပဲ ပိတ်ပင် ခဲ့တဲ့သူလို့ ထင်ထားကြပါတယ်။ သူကိုယ်တိုင်တောင်မှ ဒီ ဆယ်နှစ်ကျော် အတွင်း တစ်ခါတစ်ရံ မှာ သံသယဂင်မိပါတယ်။ တကယ်လို့ သူက ဘဂမှာ အမှားတစ်ခုကို လုပ်မိလိုက်တယ် ပြီးတော့ သူက တကယ်ပဲ မကျော်လွှားနိုင်တဲ့ ဓါးတစ်ချောင်းကို ဖန်တီးနိုင်လိမ့်မယ်လို့ တစ်ခါတစ်ရံမှာ သံသယဂင်မိပါတယ်။

ဒီလူငယ်လေး ကတော့ အနည်းငယ်မှ တုံ့ဆိုင်းမနေပဲနဲ့ သူနဲ့အတူတူပူးပေါင်းပြီး ဓါး သိုင်း လေ့ကျင့်ဖို့ကို တကယ်ပဲ ဆန္ဒရှိနေပါတယ်။ ဒီလူငယ်လေးက သူနဲ့လည်း မရင်းနှီး ပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီလောက်တောင် လေးလေးနက်နက် ယုံကြည်နေရတာလဲ။

သူက ဒါကို စဉ်းစားမိလိုက်တဲ့အခါမှာ မို့ကောင်းက အနည်းငယ်တော့ ခံစားသွားခဲ့ ရပါတယ်။

သူ က.. တစ်ယောက်တည်းနေတတ်တဲ့ ဓါးသမား ဖြစ်ပြီးတော့ ဓါးကသာသူရဲ့ တစ်ခုတည်းသော အဖော်ပါ.။မျက်စိတစ်မှိတ်စာအတွင်းမှာပဲ ဆယ်နှစ်ကျော်ကြာ ခဲ့ပါပြီ။ သူက အချိန်တွေကို ဓါးလေ့ကျင့်မှုအပေါ်မှာပဲ အသုံးချခဲ့ပါတယ်။ အခု လူငယ်လေး တစ်ယောက်က သူ့အပေါ်မှာ အမှန်တကယ်ပဲ လေးစားယုံကြည် နေတာက ချက်ချင်းဆိုသလို သူ့ကို စိတ်လှုပ်ရှားစေပါတယ်။

ဒါက အရမ်းကို ကောင်းတဲ့ ကျောင်းသားပဲ.. သူက ဒီကျောင်းသားကို လုံးဝ ကောင်းမွန်စွာ သင်ကြားပြသပေးရပါမယ်။

မို့ကောင်းက သူ့နှလုံးသားထဲမှာ ဒါကို စဉ်းစားပြီးတာနဲ့ မနားစတမ်း ဆက်ပြီးပြောလိုက်ပါတယ်။

``ဓါးတစ်ချောင်းရဲ့ အနုပညာက တော်ဂင်ပုံရိပ် ရှိတဲ့ လူတစ်ယောက်နဲ့ တူတယ်.. သဘောထားကြီးခြင်းနဲ့ မရှိခြင်းတို့က မျဉ်းတစ်ကြောင်းထဲပေါ်မှာ ပဲရှိပြီးတော့

ဆိုးဂါးတဲ့ ပုံရိပ်ရှိရမယ်``

ဒါက သူရဲ့ ဆယ်နှစ်ကျော် အချိန်အတွင်းမှာ အလွန်အလွန် အာရုံစူးစိုက်ပြီး အပြင်းအထန် ကြိုးစားခြင်းကနေ နားလည်သဘောပေါက်လာတဲ့ အရာပဲ ဖြစ်ပါတယ်။

သူ့အနေနဲ့ လင်းဟန် နားလည်နိုင်သည်ဖြစ်စေ နားမလည်သည်ဖြစ်စေ ဂရုမစိုက်ပါဘူး. ရိုးရိုးရှင်းရှင်းပဲ သူနားလည်ထားသမျှ နဲ့ ဖမ်းဆုပ်ထားနိုင်သမျှ အရာအားလုံးကို ရွတ်ဆို ပြလိုက်ပါတယ်။

ဟုတ်ပါတယ်.. လင်းဟန်က ပိုပိုပြီးတော့ အံ့သြလာပါတယ်။ သူရဲ့ ကျင့်ကြံခြင်း အဆင့်က နိမ့်ကျသွားခဲ့ပေမဲ့လည်း စွမ်းအားပြည့်ဂတဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ နားလည်တတ်ကျွမ်းမှုတွေက ရှိနေသေးတဲ့ အတွက် မို့ကောင်းပြောသမျှ အားလုံးကို သူ နားလည်နိုင်ပါတယ်။

ပြီးတော့ သူက အရာအားလုံးကို တိတိကျကျ နားလည်နိုင်တဲ့အတွက် ကြောင့်လဲ သူရဲ့ အံ့အားသင့်မှုတွေက တိုင်းတာလို့တောင်မရပါဘူး။

မို့ကောင်းရဲ့ ဓါးအပေါ်မှာ နားလည်မှု က သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို လုံး၀ ဖြတ်ကျော်သွားခဲ့ပါပြီ.. တကယ်လို့ သူက ဓါးနလုံးသားက တောက်ပစွာ လင်းလက်တယ်ဆိုတဲ့ အဆင့်ကို ရောက်နေခဲ့တယ်ဆိုယင်တောင်မှ သူက ဓါးနလုံးကို ဖမ်းဆုပ်ခြင်းရဲ့ ခြေလှမ်းတစ်ခုမျှသာ ရှိပါသေးတယ်။

ဒီလိုမျိုး သိုင်းပညာရဲ့ အလုံးစုံသော အဆင့်နိမ့် တဲ့နေရာတစ်ခုမှာ ဒြပ်စင် စုစည်းခြင်း အလွှာ ၉ အဆင့်မျှသာ ရှိသေးတဲ့လူတစ်ယောက် အနေနဲ့ ဓါးနလုံးသားရဲ့ တံခါးကို သူရဲ့ လက်ချောင်းတွေနဲ့ အမှန်တကယ် ထိတွေ့နိုင်ခဲ့တယ်ဆိုတာက လင်းဟာန်အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မအံ့သြပဲ နေနိုင်မှာလဲ?

မို့ကောင်း ပြောလို့ အပြီးမှာတော့ လင်းဟာန်က မတ်တပ်ရပ်ပြီးတော့ လှုပ်ရှားမှု တစ်စုံတစ်ရာ မရှိပဲ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ သူကြားခဲ့သမျှ အားလုံးကို မှတ်သားပီး စဉ်းစားနေပါတယ်။

မည်သည့် ဓါးသမားအတွက် မဆို ဒီသင်ခန်းစာက အဖိုးမဖြတ်နိုင်ပါဘူး။

ဒါက ဓါးသိုင်းနည်းစနစ် တစ်ခု မဟုတ်သလို ကောင်းကင် အဆင့် သို့မဟုတ် မြေကမ္ဘာအဆင့် ရဲ့ အမြင့်ဆုံးအဆင့် သိုင်းပညာရပ်တစ်ခုလည်းမဟုတ်ပါဘူး။ ဒါက ဓါးသိုင်းပညာအပေါ်မှာ တစ်စုံတစ်ယောက်ရဲ့ နားလည်မှု သင်ခန်းစာ တစ်ခုပဲ ဖြစ်ပါတယ်။ ဒါက ရှင်းပြချက်တစ်ခု ပဲဖြစ်ပြီးတော့ ပညာရပ်ရဲ့ အမြူတေ နဲ့ အရမ်းကို နီးကပ်ပြီးတော့ အခြေကို တိုက်ရိုက်ထိသွားပါတယ်။

ဒါပေ့ါ တကယ်လို့ ဓါးသမားတစ်ယောက်က ဓါးနှလုံးသားကို ထုတ်ဖော်နိုင်ခဲ့ သည့် တိုင်အောင် ဓါးသမားတစ်ဦးချင်းစီရဲ့ ဖမ်းဆုပ်နိုင်တဲ့ အဆင့်တွေက မတူညီနိုင်ကြပါဘူး.. ဘာလို့လဲဆိုတော့ ဓါးနှလုံးသားဆိုတာက ဓါးသမားတစ်ယောက်စီရဲ့ ဓါးပညာအပေါ်မှာ နားလည်တတ်ကျွမ်းမှုကို အခြေခံထားတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို သင်ခန်းစာကို နားထောင်လိုက်ရတာက ဒီအချိန်မှာ ဓါးချီအလင်းငါးခုပဲ ဖန်တီးနိုင်သေးတဲ့ လင်းဟာန် အတွက်ကတော့ ကြီးမားတဲ့ ကူညီမှုကြီး တစ်ခု ပါပဲ။ ဒါကသူ့ကို နောက်တစ်ဆင့် အရှေ့ကို တက်ဖို့ အတွက် လမ်းညွှန်သင်ကြားပြသပေးလိုက် တဲ့သဘောပါပဲ။

ဟူးညို ကိုကြည့်ရတာ ပျင်းရိလာပုံရပါတယ်။ သူမရဲ့ လက်တွေကို နားရွက်မှာပိတ်ထား ပြီးတော့ သူမပုံစံက

အရမ်းကို အိပ်ချင်မူးတူးဖြစ်နေပါတယ်။

``ဟိုင်း``

လင်းဟန်က ရုတ်တရက် ခြေလှမ်းလိုက်ပြီးတော့ သူ့ခါးမှာချိတ်ထားတဲ့ ဓါးကို ဓါးအိမ်က နေ ဆွဲထုတ်လိုက်ပါတယ်။ သူက လျှင်မြန်စွာနဲ့ လေ့ကျင့်ကွင်းပေါ်ကို လှည့်လိုက်ပြီးတော့ သူ့ရဲ့ ဓါးကို ဆုပ်ကိုင်ပြီးတော့ ဝှေ့ယမ်းလိုက်ပါတယ်။

ဓါးချီအလင်းငါးခု က ထွက်ပေါ်လာပါတယ်။

``ရှပ် ရှပ် ရှပ် ရှပ် ရှပ်``

အေးစက်စက် အလင်းတွေက ဖြာထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ထိုအချိန်လေးမှာပဲ နောက်ထပ် ထက်ရှတဲ့ ဓါးချီအလင်း တစ်ခုက တကယ်ပဲ ဖြစ်ပေါ်လာပြီးတော့ စောစောက ဓါးချီအလင်းငါးခုနဲ့ ပေါင်းသွားခဲ့ပါတယ်။

ခြောက်ခုမြောက် ဓါးချီအလင်း။

ဒီ ဓါးချီရဲ့ အလင်းက လျင်မြန်စွာနဲ့ ကြီးထွားလာပြီး

ရှည်လျားပြီးတော့ ကျယ်ပြန့်လာပါတယ်။ နောက်ဆုံးမှာတော့ တစ်ခြားခါးချီအလင်းငါးခုရဲ့ ပုံစံနဲ့ မကွဲပြား တဲ့ပုံစံဖြစ်သွားပါတယ်။

``ကျေးဇူးအများကြီးတင်ပါတယ် ဆရာ``

လင်းဟန်က သူ့ရဲ့ လက်တွေကိုဆုပ်ပြီးတော့ မို့ကောင်းကို ကျေးဇူးတင်စကား ပြောလိုက်ပါတယ်။ ဒါက ခါးချီအလင်းတစ်ခုကို ဖန်တီးလိုက်နိုင်တယ်ဆိုယုံမျှ မရိုးရှင်းပါဘူး.. သူက မို့ကောင်းရဲ့ သင်ခန်းစာကနေပြီးတော့ သူ့ရဲ့ ဘဝတစ်လျှောက် လုံးအတွက် အကျိုးအမြတ် ရသွားခဲ့ပါတယ်။ တကယ်လို့သူ့အနေနဲ့ ဒီဘဝမှာ ခါးနလုံးသားကို ဖမ်းဆုပ်နိုင်ခဲ့မယ်ဆိုယင် မို့ကောင်းရဲ့ သင်ခန်းစာက အဲဒီအဆင့်ကို ရောက်ဖို့အတွက် သူလိုအပ်တဲ့ အချိန်ရဲ့ တစ်ဝက်ကို ကူညီပီးတော့ လျှော့ချပေးလိုက်တာနဲ့ တူတူပါပဲ။

သူ့အနေနဲ့ ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ထားပါဘူး။ သူ ဟွာယန်အကယ်ဒမီ ကိုလာရတဲ့ တစ်ခုတည်းသောအကြောင်းရင်းက သူ့ရဲ့ အဖေ လင်းဒေါင်ရှန်ကို ပျော်စေချင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပြီး တော့ သူ့အနေနဲ့ အမှန်တကယ်ပဲ ဒီလိုမျိုး မျှော်လင့်မထားတဲ့

အရာကို ရရှိလိုက်ပါတယ်။သူက ငါးအကြီးကြီး ဖမ်းမိလိုက်တာပါပဲ။

အပိုင်း (၁၀၄) ပိုက်ဆံမရှိခြင်းက စိတ်ကသိကအောက် ဖြစ်စေတယ်

မို့ကောင်းလည်းပဲ အံ့အားသင့်သွားခဲ့ပါတယ်။
သူ့ရဲ့ အမြင်မှာတော့ အကယ်ဒမီရဲ့ အနောက်တံခါးကနေ ဝင်လာခွင့်ရတဲ့ (ပါရမီ သိပ်မရှိတဲ့ ကျောင်းသားမျိုးကို ပြောချင်တာပါ) ကျောင်းသားတွေကို သူ့ဆီကို ထိုးထည့် ပေးတတ်ပါတယ်။ အဲဒီလို တပည့်မျိုးက အနာဂါတ်မှာ အရမ်းကြီး တိုးတက် မဲ့ သူတွေမဟုတ်ပါဘူး... ဒါကြောင့် သူတို့အနေနဲ့ မို့ကောင်းနဲ့ အတူ အချိန်ဖြုန်းနေကြ ရပါတယ်။ အခုတော့ သူက တော်တော်ကြာအောင် ပြောဆိုပြီး လင်းဟန်ကို သင်ကြားပေးလိုက်ပါတယ်။ ဒီစကားလုံးတွေက သူ့ရဲ့ စိတ်ထဲမှာ အချိန်တော်တော်ကြာ အောင် မြုပ်နှံထားပြီးတော့ သူက တစ်ခြား တစ်စုံတစ်ယောက်နဲ့ မျှဝေ ချင်နေတာ ကြာပါပြီ။

သူ့အနေနဲ့ သူပြောတာတွေကို လင်းဟန် နားလည်နိုင်သည် နားမလည်နိုင်သည် ဆိုတာကို လည်း လုံးဝ မစဉ်းစားခဲ့ပါဘူး။

သူ့အနေနဲ့ လင်းဟန်က သူ့ရဲ့ သင်ကြားပို့ချမှုကို တကယ်ပဲ

နားလည်နိုင်လိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။ ဒါ့အပြင် သူရှာတ်ပြလိုက်တဲ့ အချက်အလက်တွေကို ချင့်ချိန် တွေးဆပြီးတော့ လင်းဟန်က အရမ်းကို လျှင်မြန်စွာနဲ့ ဓါးချီအလင်း အသစ် တစ်ခုကို ထုတ်ဖော်နိုင်ခဲ့ပါတယ်.။

တကယ်လို့ ၄င်းက ဓါးချီအလင်း တစ်ခုပဲ ဆိုယင် သူ လက်ခံနိုင်ပါသေးတယ်။ ပြဿနာ က လင်းဟန်မှာ ပထမကတည်းက ဓါးချီအလင်း ငါးခုကို ပိုင်ဆိုင်ထားပြီးသား ဖြစ်နေတာ ပါပဲ။

ဓါးချီအလင်း ငါးခု .. ဒါကို ဘယ်လိုမျိုး အမြင်သဘောထားကြသလဲ?

ဓါးချီအလင်းသုံးခု ဆိုယင်ကိုပဲ သင်ဟာ အုပ်ချုပ်သူ ဆိုတဲ့ နာမည်ဘွဲ့ကို လက်ခံယူနိုင်ပါပြီ။ အလင်းငါးခု.. ဒါက အသေးစား အောင်မြင်မှုပါ. ဒါက လုံးဝ ပါရမီရှင်ပဲ.. ပြီးတော့ သူက မိုးရေနိုင်ငံ ရဲ့ သက်တူရွယ်တူ အားလုံးကို ကျော်ဖြတ် သွားနိုင်ခဲ့ပြီလို့ ဆိုလိုပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးပါရမီရှင် တစ်ယောက်ကို ဘာလို့ သူ့ဆီကို ထိုးထည့်ပေးပြီးတော့ သင်ကြားခိုင်းရတာလဲ?

မို့ကောင်းက တကယ်ပဲ နားမလည်နိုင်ဖြစ်သွားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ အတွေးတွေကို ပြောင်းပြန် ပြောင်းလဲပြီးတော့ ယူလိုက်တဲ့ အခါမှာတော့ သူက အလွန်အမင်း ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ လင်းဟန်က အခု သူ့ရဲ့ ကျောင်းသားပါ.. ပြီးတော့ သူ့ရဲ့ ကျောင်းသားက ပိုပြီး မြင့်မားတဲ့ အောင်မြင်မှု တွေကို အနာဂါတ်မှာ ရရှိလေ သူက ပိုပြီးတော့ မော်ကြွားနိုင်လေပါပဲ။

``ဆရာ ကျနော် တစ်ချို့ အစိတ်အပိုင်းတွေကို တကယ်ပဲ နားမလည်နိုင်ဘူး``

လင်းဟန်က သူ့ရဲ့ ဓါးကို ရုတ်သိမ်းလိုက်ပီးတော့ မို့ကောင်းကို မေးလိုက်ပါတယ်။

သိုင်းပညာရပ်တွေ နားလည်ခြင်း အဆင့်နဲ့ တွက်ဆမယ်ဆိုယင် သူက မို့ကောင်းရဲ့ ဂရန်းမာစတာရဲ့ ဂရန်းမာစတာ ဖြစ်ဖို့တောင်မှ အဆင့်မှီပါတယ်။ ဒါပေမဲ့ ဒါက ဓါးသိုင်း ပညာ ရဲ့သဘောပေါက်နားလည်နိုင်စွမ်း တစ်ခုတည်းကိုပဲ ကြည့်မယ်ဆိုယင် မို့ကောင်း က သူ့ရဲ့ အထက်မှာ ရှိပါတယ်။ အကြောင်းက ရိုးရိုးလေးပါပဲ။ မို့ကောင်းက ဆယ်နှစ်ကျော်လောက် သူ့ရဲ့ စိတ်အာရုံ တစ်ခုလုံးကို ဓါးသိုင်းပညာပေါ်မှာပဲ နှစ်မြုပ် ထားပြီးတော့

ဒုတိယအချက်က သူက တကယ်ပဲ ပါရမီရှင် ဓါးသမား တစ်ယောက် ဖြစ်နေလို့ပါပဲ။

``မင်းနားမလည်တဲ့ ဘယ်အရာကို မဆို ပြောလိုက်ပါ``

မို့ကောင်းက ချက်ချင်းပဲ ပြောလိုက်ပါတယ်။ ဒါက ဆယ်နှစ်ကျော် အတွင်းမှာ ကျောင်းသား တစ်ယောက်ရဲ့ မေးခွန်းကို သူပြန်ပြောလိုက်တာပဲ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့သံသယ တစ်ချို့ မြင့်တက်လာခဲ့ပါတယ်။ မို့ကောင်းက သူ့ကို ချက်ချင်းပဲ သူ့ရဲ့ကိုယ်ပိုင်နားလည်မှုအပေါ် အခြေခံပြီးတော့ သင်ခန်းစာတစ်ခု ကို ပေးခဲ့ ပါတယ်။ ဒီအဖြစ်အပျက်တစ်ခုလုံးမှာ သူလည်းပဲ သူ့ကိုယ်တိုင်အတွက် ကြီးမားတဲ့ ဉာဏ်အလင်းကို ရရှိခဲ့ပါတယ်။ တစ်ခု သိထားရမှာက လင်းဟန်က ဓါးသိုင်းပညာအပေါ် မှာ အချိန်တွေအများကြီး မပေးထားခဲ့ပါဘူး... သူ့ရဲ့ ဗဟုသုတက ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အဆင့်လိုမျိုး ရှိနေပါသေးတယ်။ ဒါကြောင့် သူမေးလိုက်တဲ့ မေးခွန်းအားလုံးက တကယ့်ကို အနှစ်သာအပြည့်ရှိတဲ့ မေးခွန်း တွေပဲ ဖြစ်ပါတယ်။

မို့ကောင်းရဲ့ မျက်လုံးတွေက တောက်ပသထက် တောက်ပလာခဲ့ပါတယ်။ သူ့ရဲ့ အမူအရာက ကျေနပ်ပျော်ရွှင်လိုက် အားမလိုအားမရ ဖြစ်လိုက်နဲ့ ကြည့်ရတာ သူ့ရဲ့ ပျော်ရွှင်နေမှုကို မထိန်းထားနိုင်ပါဘူး။ မသိလိုက်ပဲနဲ့ အချိန်က နေလည်ကို ရောက်သွား ခဲ့ပါတယ်။ မို့ကောင်းက သက်ပြင်းရှည်ကြီးကို ချပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ ဓါးသိုင်းပညာ ပါရမီက ငါ့ထက် ပိုပြီး မြင့်မားပါတယ်။ ငါ့အနေနဲ့ မင်းရဲ့ ဆရာ ဖြစ်ဖို့အတွက် မျက်နှာတောင်မပြရဲဖူး..ဒီလိုလုပ်ကြစို့.. ငါတို့နှစ်ယောက် တူညီတဲ့ မျိုးဆက် ရဲ့ သူငယ်ချင်းတွေအဖြစ် တစ်ယောက်နဲ့ တစ်ယောက် ပြောဆိုဆက်ဆံကြပြီး တော့ အချိန်အားယင်အားသလို အပြန်အလှန် ဆွေးနွေးကြမယ်လေ``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``ဓါးသိုင်းပညာမှာ ဆိုယင် ဆရာမို့ က ကျနော်ရဲ့ ဆရာ ဖြစ်ဖို့အတွက် တကယ်ပဲ အဆင့်မှီပါတယ်။ တကယ်လို့ တစ်နေ့နေ့မှာ ကျဖျနော်က ဓါးသိုင်းပညာမှာ ဆရာမို့ ထက်

သာလွန်သွားခဲ့ယင်တောင်မှ ဒီနေ့မှာ ကျနော့်ကိုဆရာမို့ ကသင်ကြားပေးခဲ့ တာတွေကို လုံးဝ မေ့သွားမှာမဟုတ်ပါဘူး``

မို့ကောင်း တကယ့်ကို တုန်လှုပ်သွားပါတယ်။ သူက ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ ပါရမီ ရှင် ကျောင်းသားတစ်ယောက်နဲ့ တွေ့ကြုံနေပါတယ်။ စိတ်မကောင်းစရာ တစ်ခုက သူ့အနေနဲ့ လင်းဟန်ကို တပည့်တော်ဖို လုံလောက်တဲ့ အဆင့်မမှီတာပါပဲ. သူတို့ရဲ့ ဆရာ နဲ့ ကျောင်းသား ဆက်ဆံရေးက အကယ်ဒမီကြောင့် ဖြစ်ပေါ်လာခဲ့တာပါ။

``အသား အသား``

ဟူးညိုက လင်းဟန်ရဲ့ဂတ်စုံကို ဖမ်းဆုပ်ကိုင်ပြီး သနားစဖွယ် ပြောနေပါတယ်။

``ကောင်းပြီ ကောင်းပြီ ငါတို့ တစ်ခုခုသွားစားကြတာပေါ့``

လင်းဟန်က မို့ကောင်းကို နှုတ်ဆက်ပြီးတော့ အကယ်ဒမီကနေ အပြင်ကို ထွက်လာပြီး စားသောက်ဆိုင်တစ်ခုမှာ အသားနဲ့ငါးဟင်းပွဲ တစ်ချို့ ကိုမှာပြီးတော့ ဟူးညိုနဲ့ အတူတူ စားသောက်ကြပါတယ်။

တကယ်လို့ မင်းအနေနဲ့ ဒီမိန်းကလေးနဲ့ အတူ စားချင်တယ်ဆိုယင် မင်းမှာ တကယ့်ကို လုံလောက်တဲ့ လျှင်မြန်မှုတော့ ရှိရပါမယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ဟင်းပွဲ တစ်ခု ချလိုက်တာနဲ့ ၄င်းက တစ်ခဏလေးအတွင်းမှာပဲ လုံးဝ ပျောက်ကွယ်သွားပါလိမ့်မယ်။

အော်ငိုချင်စိတ်ပေါက်သွားပါတယ်။ သူမှာ တကယ်ပဲ သုံးစွဲဖို့ ပိုက်ဆံ လုံလုံလောက် လောက် မရှိပါဘူး။

ဘာလို့လဲဆိုတော့ အင်ပါယာမြို့က ဈေးနှုန်းတွေက အရမ်းကို မြင့်မားပါတယ်။ ပြီးတော့ ဒီမိန်းကလေးရဲ့ အစာစားချင်တဲ့ စိတ်ဆန္ဒက အရမ်းကို ကြီးမားပါတယ်။

သူတကယ်ပဲ မော်ဆေးလုံးအချို့ကို ဖော်စပ်ပြီးတော့ ပိုက်ဆံရှာဖို့ လိုနေပါပြီ။ အဲဒီလို မှမဟုတ်ဘူးဆိုယင် ဟူးညီကို ကျွေးမွေးဖို့နဲ့ သူရဲ့ကိုယ်ပိုင် ကျင့်ကြံခြင်းအတွက် အရင်းအမြစ်တွေကို ဝယ်ဖို့ က ပြဿနာ ရှိလာပါမယ်။

လင်းဟန်က ဟူးညီရဲ့ လက်သေးသေးလေးကို ကိုင်ပြီးတော့ ဘေးနားကလူတွေ ကို ကောင်းကင်ဆေးအိမ်တော် ရှိတဲ့

နေရာကို စုံစမ်းပြီးတော့ အဲဒီကို ထွက်လာခဲ့ ကြပါတယ်။

အင်ပါယာမြို့ရဲ့ ကောင်းကင်ဆေးအိမ်တော် ဆိုတဲ့ နာမည်နဲ့ တကယ်ပဲ ခေါ်ဆိုဖို့ ထိုက်တန်ပါတယ်။ ဝင်ပေါက်နေပြီးတော့ ခြေလှမ်းတစ်ထောင်လောက် သွားရပြီး တော့ အထင်ကြီးလောက်စရာတွေချည်းပါပဲ။ လှေကားထစ်ဆိုယင် တစ်ရာမီတာ လောက် ကျယ်ပြီး အားလုံးက အပေါ်ဘက်ဆီကို စောင်းစောင်းလေး ဆောက်လုပ်ထားပါတယ်။

အဲဒီမှာအရမ်းကို အထင်ကြီးလောက်စရာ ဇိမ်ခံပစ္စည်းအသုံးအဆောင်တွေနဲ့ တန်ဆာ ဆင်ထားတဲ့ ဧရာမ ခန်းမကြီး တစ်ခုကို မြင်လိုက်ရပါတယ်။

လင်းဟန်နဲ့ဟူးညို က လှေကားထစ်တွေကနေတစ်ဆင့် ကောင်းကင်ဆေးအိမ်တော် ထဲကို ဝင်လာခဲ့ကြပါတယ်။ သူတို့ဝင်လာတာနဲ့ ချစ်စရာကောင်းတဲ့ မိန်းကလေး အစောင့် တစ်ယောက်က သူတို့ဆီကို ပြုံးပြီးတော့ လျှောက်လာပြီး နှုတ်ဆက်လိုက်ပါတယ်။

``ဂုဏ်သရေရှိ ဧည့်သည်များရှင့် နေကောင်းကြပါရဲ့လား? ကျမ နာမည်က ရှောင်ယင်းပါ... ဘယ်လိုမှော်ဆေးလုံး

အမျိုးအစားကို လိုအပ်သလဲဆိုတာကို ကျမ သိခွင့်ရှိပါမလားရှင့်?

``ကျနော် မော်ဆေးလုံးတွေကို မလိုပါဘူး.. ကျနော် က ပါဂင်ပစ္စည်းအချို့ ကိုပဲ လိုချင်တာပါ``

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဘယ်လို ပါဂင်ပစ္စည်းတွေကို လိုချင်တာလဲဆိုတာ ကျမ သိပါရစေ``

ရှောင်ယင်း က ထပ်ပြီးမေးလိုက်ပါတယ်။

လင်းဟာန်က သူလိုအပ်တဲ့ ပါဂင်ပစ္စည်းစာရင်းကို ရွတ်ပြလိုက်ပါတယ်။ ရှောင်ယန် က အရမ်းကို လေ့ကျင့်ထားတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူက ပါဂင်ပစ္စည်းတွေရဲ့ နာမည်နဲ့ ပမာဏတွေကို မှတ်ထားပြီး ချက်ချင်းပဲ ပါဂင်ပစ္စည်းတစ်ခုချင်းစီရဲ့ ဈေးနှုန်း ကို လင်းဟာန်ကို ပြန်ပြီးတော့ ပြောပြပါတယ်။

``ဂုဏ်သရေရှိ ဧည့်သည်ရှင့် သင့်ရဲ့ ကုန်ကျစားရိတ် စုစုပေါင်းက ငွေပြား သုံးသန်းနဲ့ နှစ်သိမ်း ကျသင့်ပါတယ်``

ရှောင်ယင်းက အနည်းငယ်ပြုံးပြီးတော့ပြောလိုက်ပါတယ်

ကောင်းကင်ဆေးအိမ်တော်က ဆေးလုံးတွေကို ရှောင်းချခြင်းကိုပေါ်မှာ ပဲ မူတည်ပြီး တော့ ပိုက်ဆံရှာတာပါ။ ပါဂင်ပစ္စည်းနဲ့ပါတ်သတ်ယင်တော့ သူတို့က အထူးဈေးနှုန်း တွေ မထားပါဘူး။ ဥပမာ ဒုတိယကြယ်မြေက် ရဲ့ နှုန်းထားက သူတို့ရဲ့ တန်ဖိုးထက် အနည်းငယ်မျှသာမြင့်မားပါတယ်။ ဒါကြောင့် တကယ်လို့ ကြီးမားတဲ့ အရောင်းအဂယ် ဖြစ်ယင်တောင်မှ ကောင်းကင်ဆေးအိမ်တော်ရဲ့ အမြတ်အစွန်းက တကယ်တမ်း အရမ်း ကြီး မများပါဘူး။ဒါကြောင့် ရှောင်ယင်းတွက်ချက်လိုက်တဲ့ ဈေးနှုန်းက တကယ်တမ်းလဲ အရမ်းကြီး မများပါဘူး။

သုံးသန်းနဲ့ နှစ်သိန်း။

လင်းဟန်သက်ပြင်းချလိုက်ပါတယ်။ သူ့လက်ထဲမှာ ငွေပြား တစ်သိန်းကျော်ပဲ ရှိပါတယ်။ ဒါက လိုအပ်နေတဲ့ ပမာဏနဲ့ ဆိုယင် အဝေးကြီးပါ။ ဒါပေမဲ့ သူက ဒုတိယ ကြယ်ဆေးလုံးကို ဖြစ်နိုင်သမျှ မြန်မြန် ဖော်စပ်ချင်နေပါတယ်။ ဒါကြောင့် သူက ပြောလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့ ဖုယွင်ရှင်း ကို ငါ့အတွက် သတင်းပို့ပေးပါ။ သူ့ကို လင်းဟန်က လာရှာတယ်လို့ ပြောပေးပါ``

``ဖုယွင်ရှင်း? ဒါ.. ဒါ.. အိမ်တော် အရှင်သခင်``

ရှောင်ယင်းက တစ်ခဏမျှ မှင်တက်သွားပြီး ချက်ချင်းပဲ သတိပြန်ဝင်သွားပါတယ်။

ဆေးအိမ်တော်အရှင်သခင် ဆိုတာ ဘယ်လို တည်ရှိနေမှုမျိုးလဲ? မိုးရေနိုင်ငံရဲ့ ဧကရာဇ် ပြီးယင် ဆေးအိမ်တော်ရဲ့ အရှင်သခင် ထက်မြင့်မားတဲ့ အဆင့်အတန်းမျိုးကို ဘယ်သူမှ မပိုင်ဆိုင်ကြပါဘူး။ အင်အားကြီး ကလန်ရှစ်ခုရဲ့ ခေါင်းဆောင်တွေ တောင်မှ ကောင်းကင်ဆေးအိမ်တော်ရဲ့ အရှင်သခင် နဲ့ အတူတူရပ်တည်နိုင်ခြင်း မရှိပါဘူး။

အခု လူငယ်လေးတစ်ယောက်က သူက အိမ်တော်အရှင်သခင်နဲ့ တွေ့ချင်တယ်လို့ ပြောလာပါတယ်။ ဒါကသူမအတွက် ပြဿနာတစ်ခုပါပဲ. သူမအတွက် အိမ်တော် အရှင်သခင်ကို ဘယ်လိုမှ သတင်းပို့ပေးလို့မရပါဘူး။

``ဒါဆိုလည်းကောင်းပြီလေ.. မင်းက သူ့ကို ငါ့နာမည် လင်းဟာန် လို့ပဲ ပြောလိုက်.. ဒါဆိုယင် ဖုယွင်ရှင်းက မင်းကိုတောင် ဆုချလိမ့်ဦးမယ်လို့ ငါယုံကြည်တယ်``

လင်းဟာန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

ဒါက ပုံမှန်ပါပဲ... သူ က မှော်ဆေးကေရာဇ် ဖြစ်ပြီးတော့ ဒီနေရာကို ကိုယ်ရေး ကိုယ်တာကိစ္စနဲ့ လာခဲ့တာပါ.. ဖုယွင်ရှင်း အနေနဲ့ လုံးဝ ကျေနပ်ပီတိ ဖြစ်သွားပါလိမ့်မယ်။

ရှောင်ယင်းအနေနဲ့ ဒါကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်ပွဲပါ့မလဲ? သူမ ဘယ်လိုပဲ ကြည့်ကြည့် လင်းဟာန်က လူငယ်လေးတစ်ယောက်ပဲဖြစ်ပြီး အသက် ၁၇ ၁၈ နှစ်ပဲရှိပါဦးမယ်.. ဒါကြောင့် သူက အိမ်တော်အရှင်သခင်ကို ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ? တကယ်လို့ အင်အားကြီးကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေ တောင် ဒီနေရာမှာ ရှိနေခဲ့ယင် သူတို့အနေနဲ့ အိမ်တော် အရှင်သခင်နဲ့ တွေ့ခွင့်ရ မရ က အိမ်တော်အရှင်သခင်ရဲ့ ခံစားမှု အပေါ် မှာမူတည်ပါတယ်။

ဒါပေမဲ့ လေ့ကျင့်တုန်းက သူမ သင်ကြားခဲ့တာက အမိက

အရေးအကြီးဆုံး အရာက ဂယ်သူကို လုံးဂ မဆန့်ကျင်ဖို့ပါပဲ။ ဒါကြောင့် သူမကတောင်းပန်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျမ ရဲ့ အဆင့်နဲ့ အိမ်တော်အရှင်သခင်ကို တွေ့ဖို့က မဖြစ်နိုင်ပါဘူးရှင်.. ဒါကြောင့် ကျေးဇူးပြုပြီးတော့ ခဏစောင့်ပေးပါ. ကျမ မန်နေဂျာ ဆီကို သတင်းပို့ပေးပါ့မယ်ရှင်``

လင်းဟန်အနေနဲ့ သူမကို တစ်ခြားမလိုလားအပ်တဲ့ ပြဿနာ မဖြစ်စေချင်ပါဘူး ဒါကြောင့်သူက ခေါင်းငြိမ့်လိုက်ပီးတော့ တစ်နေရာရာမှာ ထိုင်လိုက်ပါတယ်။

ဟူးညိုက သူထိုင်ချလိုက်တာကို မြင်တာနဲ့ သူမက သူ့ပေါင်ပေါ်ကို တက်ပြီးတော့ တူညီစွာနဲ့ပဲ ထိုင်ချလိုက်ပါတယ်။

ခဏအကြာမှာတော့ သူတို့မြင်လိုက်တာက ရှောင်ယင်းက လူတစ်ယောက် အနောက်က နေ လိုက်လာခဲ့တာကိုပါ။ သူမရဲ့ ပုံစံကြည့်ရတာက ကြောက်လန့်နေတဲ့ပုံစံ ပါပဲ။

``ကောင်လေး.. မင်းက ငါတို့ရဲ့ အိမ်တော်အရှင်သခင်ကို တွေ့ချင်တယ်ဆိုတဲ့ တစ်ယောက်လား?

ဒီသတ်လတ်ပိုင်းအရွယ် လူကြီးက လင်းဟန်ကို မထီမဲ့မြင်နဲ့ ကြည့်လိုက်ပါတယ်။ သူက ရှောင်ယင်း ပြောတာတွေကို ကြားခဲ့ပီးပါပြီ။ သူ့ရဲ့ အမြင်အရတော့ လင်းဟန်က ပိုက်ဆံ မရှိတဲ့အတွက်ကြောင့် သူက အိမ်တော်အရှင်သခင်နဲ့ သိတယ်လို့ ထုတ်ဖော် ပြောဆိုပြီး တော့ အဲဒီနည်းလမ်းကို သုံးပြီးတော့ လျှော့ဈေးအတွက် ဈေးဆစ်ဖို့ စဉ်းစားထားတာပဲ ဖြစ်ရမယ်။

သူက တကယ်ကို နုံအတာပဲ။

လင်းဟန်ရဲ့ မျက်ခုံးတွေတွန့်သွားပီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားအနေနဲ့ ပိုပြီးတော့ ယဉ်ယဉ်ကျေးကျေး ပြောသင့်တယ်``

``တကယ်လို့ မင်းမှာ ပိုက်ဆံမရှိဘူးဆိုယင်..ဟန်ဆောင်မနေပါနဲ့``

သက်လတ်ပိုင်းလူကြီးက ကျယ်လောင်စွာနဲ့ ဟားတိုက်ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းက အိမ်တော်အရှင်သခင် နဲ့ တကယ်ပဲ သိကျွမ်းတယ်ဆိုယင် ငါ ဒီ စားပွဲ တစ်ခုလုံးကို စားပြမယ်``

သူက တစ်ဖက်မှာရှိတဲ့ စားပွဲရှည်ကြီးကို ညွှန်ပြလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားမှာ ဒီလိုမျိုး ဂါသနာ ရှိလိမ့်မယ်လို့ ကျနော် လုံးဝ မထင်ထားဘူး.. တကယ်လို့ ကျနော်က ခင်ဗျားကို စိတ်ကျေနပ်အောင် မလုပ်ပေးနိုင်ခဲ့ယင်လဲ ကျနော့်ကို အကြောင်းမပြပဲ နဲ့လည်း စားနိုင်ပါတယ်ဗျာ``

``မင်း အဓိပ္ပါယ်မရှိတာတွေ လျှောက်မပြောနဲ့``

သက်လတ်ပိုင်းလူကြီးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အပိုင်း (၁၈၅) အရှုံးကို ဝန်ခံခြင်း

``ကြီးကြပ်ရေးမှူး ယွမ်``

ရှောင်ယင်းက သက်လတ်ပိုင်းအရွယ် လူကြီးကို အသံနိမ့်ပြီးတော့ ခေါ်လိုက်ပါတယ်။

ကောင်းကင်ဆေးအိမ်တော်မှာ ၄င်းတို့ရဲ့ စည်းမျဉ်းစည်းကမ်းရှိပါတယ်။ ပထမ စည်းကမ်းက ဘယ်လိုဈေးလာဝယ်သူကိုပဲ ဖြစ်ဖြစ် မယဉ်မကျေး မလုပ်ရပါဘူး။

သက်လတ်ပိုင်းလူကြီးက မကျေနပ်တဲ့ပုံစံနဲ့ ရှောင်ယင်း ကို ပျော့ကြည့်ပြီးတော့ သူ့လက်ကို ပျော့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

``တစ်ယောက်ယောက်လာစမ်း... ဒီငမွဲကောင်ကို အပြင်ကို ဆွဲထုတ်ပစ်လိုက်``

ရှောင်ယင်းက နောက်ထပ် ဘာမှထပ်ပြီး မပြောဂ့ံတော့ပါဘူး။ သူမက လင်းဟာန်နဲ့ ဟူးညို ကို ဂရုဏာသက်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒီသက်လတ်ပိုင်းလူကြီး ရဲ့ နာမည်က ယွမ်ဂန်း လို့ခေါ်ပါတယ်။ သူက အယင်တုန်းကတော့ တောက်တိုမည်ရ အလုပ်သမားတစ်ယောက်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ မမျှော်လင့်ပဲ လွန်ခဲ့တဲ့ လအနည်းငယ်က သူ့ရဲ့ ညီ က အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် ဖြစ်သွားခဲ့ပြီးတော့ ယွမ်ဂန်းရဲ့ နေရာကလဲ မြင့်သွားပြီးတော့ သူ့ကို ကိစ္စအသေးအမွှား လေးတွေကိုဖြေရှင်းတဲ့ ကြီးကြပ်သူရာထူးကို ပေးလိုက်ပါတယ်။

သူက အနိမ့်ဆုံးအဆင့်မှာ အချိန်အကြာကြီး ရုန်းကန်လှုပ်ရှားခဲ့ရပြီး အခု အဆင့်မြင့် တဲ့ နေရာကို ရသွားခဲ့ပြီဆိုတော့ ယွမ်ဂန်း က အလွန်အမင်း စိတ်ကြီးဝင်လာပါတယ်။ သူက အမြဲတမ်းလိုလိုပဲ ဘယ်လိုမျိုး အာဏာပြရမလဲ ဆိုတာကိုပဲ စဉ်းစားနေတာပါ။

လင်းဟာန်ကတော့ တကယ့်ကို ကံမကောင်းတာပဲ.. သူက ဒီလိုလူရဲ့ ပစ်မှတ် ဖြစ်သွားခဲ့ပါတယ်။

လူသန်ကြီးနှစ်ယောက်က လမ်းလျှောက်လာပြီးတော့ လင်းဟာန်ရဲ့ အနောက်မှာ ရပ်ပြီး တစ်ယောက်က ပြောလိုက်ပါတယ်။

``ဂုဏ်သရေရှိ ဈေးဝယ်သူခင်ဗျာ..... ကျေးဇူးပြုပြီးတော့ ကျနော်တို့နဲ့ လိုက်ခဲ့ပေးပါ``

လင်းဟာန် ကသက်ပြင်းတစ်ချက် ချလိုက်ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ အင်အားအသုံးပြုဖို့ရမှာလား?

``လင်းဟာန်.. လင်းဟာန်``

အဲဒီအချိန်မှာပဲ သူ့ရဲ့ အနောက်ကနေပြီးတော့ အသံချိုချိုလေးတစ်ခု ကြားလိုက်ရပါတယ်။

လင်းဟန်က လှည့်ကြည့်လိုက်တဲ့အခါမှာ သူ့ ချီကျန်းထျန်းကို မြင်လိုက်ရပါတယ်။ ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်တော်က နံပါတ်ခုနစ် မင်းသမီးက ဒီနေရာကို ဘာလို့ ရောက်လာတာပါလိမ့်.။သူ့အနီးကပ် သေချာကြည့်လိုက်တဲ့ အခါမှာတော့ ဇူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့နှစ်ဦးစလုံး ပါ အတူတူရောက်လာတာကို တွေ့လိုက်ရပါတယ်။ ဒါကြောင့် ဒီမိန်းကလေးက ဒီကိုရောက်လာတာပဲ။

``အားရိုးးး.... မင်းလို ငမွဲကောင်တစ်ယောက်မှာ ဒီလိုမျိုး လှပချောမောပြီး ချစ်စရာ ကောင်းတဲ့ ဇနီးတစ်ယောက်ရှိလိမ့်မယ်လို့ မထင်ထားဘူး``

ယွမ်ဂန်းက မနာလိုစွာနဲ့ ကြည့်ပီးတော့ လင်းဟန်ကိုပြောလိုက်ပါတယ်။

``ငမွဲကောင်လေး.. ငါ့ကို မင်းရဲ့ ဇနီးနဲ့ တူတူကစားဖို့ တစ်ညလောက် ငှားမယ်ဆိုယင် ငါမင်းကို လျော့ရျေး နှစ်ဆယ်ရာခိုင်နှုန်း ပေးနိုင်တယ်နော်? ဟားဟားဟား```

``ဖြန်း``

သူ့ရဲ့ မျက်နှာ ချက်ချင်းပဲ ပါးရိုက်ခံလိုက်ရပြီးတော့ သူ့ရဲ့ ခြေထောက်တွေက ခလုတ်တိုက်သွားပြီးတော့ ကြမ်းပြင်ပေါ်ကို တိုက်ရိုက်လဲကျသွားပါတယ်။

သူ့ကို ပါးရိုက်လိုက်တဲ့သူကတော့ ဟုတ်ပါတယ် လင်းဟန်ပါ

``ခွေးကောင်လေး မင်းငါ့ကို တကယ်ပဲ ရိုက်ရဲတယ်ပေါ့လေ..``

ယွမ်ဂန်းက ထရပ်လိုက်ပြီးတော့ သူ့ရဲ့မျက်နှာမှာ ဒေါသတွေနဲ့ပြည့်နှက်လို့နေပါတယ်။

``အဲဒီတော့ ဘာဖြစ်လဲ? ရိုက်လို့မရဘူးလား?``

ကျန်းပေရှမ်းက သူတို့ဆီကိုလျှောက်ပြီးတော့ အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။

``ခင်ဗျား ဘယ်သူလဲ``

ယွမ်ဂန်းက စဉ်းတောင်မစဉ်းစားပဲနဲ့ သူ့ရဲ့ လက်ချောင်းကို

မြှောက်ပြီးတော့ ကျန်းဂေရှမ်း ရဲ့ မျက်နှာကို တိုက်ရိုက် ညွှန်လိုက်ပါတယ်။

``ဘာ...ဘာ.``

သူအံ့အားသင့်သွားပါတယ်။ အဲဒီ အသစ်ရောက်လာတဲ့ လူရဲ့ ရင်ဘတ်ပေါ်မှာ ငွေရောင် အိတ် ကို ချိတ်ဆွဲထားပါတယ်။

ဒီနေရာမှာ လူတစ်ချို့က ၄င်းကို သတိမပြုမိပေမဲ့လည်း သူကတော့ ဒီကောင်းကင်ဆေးအိမ်တော်မှာ ဆယ်နှစ်ကျော်လောက် တောက်တိုမယ်ရ အလုပ်တွေ ကို လုပ်လာခဲ့တဲ့အတွက် ဒါကို ကောင်းကောင်းကြီးသိပါတယ်။

အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင်။

``ဆ..ဆ.. ဆရာ``

သူက ချက်ချင်းပဲ ဒူးထောက်ချပီးတော့ ဦးညွှန့်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ ရှိသေတဲ့ အမူအရာဖြစ်ပေါ်နေပါတယ်။ သူ့အနေနဲ့ ဒီရာထူးကို ရယူနိုင်တဲ့ တစ်ခုတည်း သောအကြောင်းရင်းက သူ့ရဲ့ ညီက အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်

ဖြစ်လာလို့ပါပဲ။ ဒီ သူ့ရဲ့ အရှေ့က အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင် နိုင်းယှဉ်မယ်ဆိုယင် လုံးဝကို ခြားနားတဲ့ အဆင့်ကြီးပါ။

``ဆရာသခင်.. ဒီလူက တော်တော်ကိုဆိုးတယ်``

ချီကျန်းထျန်းက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

``ဖူး``

ယွမ်ဂန်း ချက်ချင်း ချောင်းဆိုးသွားပါတယ်။ ဒီမိန်းမလှလေးက အနက်ရောင်အဆင့် မှော်ဆေးပညာရှင်ရဲ့ တပည့် ဖြစ်တယ်။ ပြီးတော့ သူက သူမကိုတောင်ကို ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောမိလိုက်သေးတယ်။ ဒါကသူ့ရဲ့ ပျက်ဆီးခြင်းကို သူကိုယ်တိုင်ပဲ ရှာလိုက်တာမဟုတ်ဘူးလား? သူက မျက်နှာကို ရှစ်ခေါက်ချိုးပြီးတော့ ပြောလိုက်ပါတယ်။

``ဒီက သခင်မလေး ကျနော်ရဲ့ ပုတ်စော်နံ့တဲ့ ပါးစပ်အတွက် တောင်းပန်ပါတယ်။ အဓိပ္ပါယ်မရှိတာတွေကို လျှောက်ပြောနေခဲ့မိတယ်... ရိုက်သင့်ပါတယ် ရိုက်သင့်ပါတယ် ရိုက်သင့်ပါတယ်``

သူကိုယ်တိုင်ပဲ ထပ်ခါထပ်ခါ စတင်ပြီးတော့ ရိုက်လိုက်ပါတယ်။

``ဖြန်း ဖြန်း ဖြန်း``

``မိတ်ဆွေလေး လင်း``

``မိတ်ဆွေလေး လင်း``

ဇူဟဲချင်လည်းပဲ လျှောက်လာပြီးတော့ ကျန်းဝေရှမ်းနဲ့ အတူတူ သူတို့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ လင်းဟာန်ရှိတဲ့ဆီကို ဦးတည်ပြီး နှုတ်ဆက်လိုက်ပါတယ်။

``ဂရန်းမာစတာ ဇူ``

ယွမ်ဂန်းက အဲဒီအချိန်မှာပဲ ဇူဟဲချင်ကို မြင်သွားပြီးတော့ အရမ်းကို ကြောက်ရွံ့သွား ပြီး သူ့ရဲ့ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူလျော်ဖြစ်သွားခဲ့ပါတယ်။ ဒုယွန်မြို့မှာပဲ အမြဲတမ်းလိုလို နေတဲ့ ကျန်းဝေရှမ်းနဲ့ မတူပဲ ဇူဟဲချင်က ဒီ အင်ပါယာမြို့က ကောင်းကင်ဆေးအိမ်တော် မှာ အယင်တုန်းက အမြဲတမ်းတွေ့မြင်နေရတဲ့အတွက် သူ့အနေနဲ့ ဇူဟဲချင်ကို ဘယ်လိုလုပ်ပြီးတော့ မမှတ်မိပဲ နေမှာလဲ?

ဒီ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်က အမှန်တကယ်ပဲ ရှိသေလေးစားစွာနဲ့ လင်းဟန်ကို နှုတ်ဆက်နေတဲ့ အပြုအမူကို မျက်မြင် ကိုယ်တွေ့ ဖြစ်တာကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မကြောက်ပဲ နေနိုင်မှာလဲ?

``ခင်ဗျားတို့ နှစ်ယောက်က ဒီနေရာကို အချိန်ကိုက် ရောက်လာတာပဲ.. ကျုပ်ကို ကူညီ ပြီးတော့ ဖုယွမ်ရှင်း ကို ခေါ်ပေးစမ်းပါ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဇူဟဲချင်က ယွမ်ဂန်းကို တစ်ချက်ကြည့်လိုက်ပီးတော့ ပြောပါတယ်။

``မိတ်ဆွေလေး လင်း .. ဒီလိုမျိုး အကျင့်စာရိတ္တပျက်ပြားတဲ့ သူကို ရင်ဆိုင် ဖို့အတွက် တော့ အိမ်တော်အရှင်သခင်ကို ကျနော်တို့တွေ အနှောက်အယှက် ပေးလို့ ဘယ်ဖြစ်ပါ့မလဲ ဟုတ်တယ်မလား?``

သူက အနက်ရောင် အဆင့်နိမ့်မှော်ဆေးပညာရှင်ပါ။

သူ့အနေနဲ့ တစ်ခွန်းပဲ ပြောဖို့ လိုပြီး ဒီလိုမျိုး သာမာန် ကြီးကြပ်သူတစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ယှဉ်ဆိုင်ရဲမှာလဲ။

``ဂရန်းမာစတာ ဇူ .. ကျေးဇူးပြုပြီးတော့ ကျနော်ရဲ့အမြင်ကန်းနေတာကို ခွင့်လွှတ်ပေးပါ``

ယွမ်ဂန်းက အလျင်အမြန်ပဲ သနားကြင်နာဖို့ တောင်းပန်လိုက်ပါတယ်။ ဒါပေမဲ့ ဒီစကားတွေကို ပြောပြီး ချက်ချင်းပဲ သူသတိပြုမိတာက ဒီပြဿနာ ရဲ့ အဓိက အကြောင်းအရာက လင်းဟာန်ပဲ ဒါကြောင့် သူက လျင်မြန်စွာနဲ့ လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေး လင်း သခင်လေးလင်း.. ကျေးဇူးပြုပြီးတော့ သဘောထားကြီးစွာနဲ့ ဒီတစ်ကြိမ်တော့ ကျနော်ကို သနားကြင်နာပေးပါ``

``ဟီးဟီး ခင်ဗျားမေ့နေပြီလား... ကျုပ်တို့နှစ်ယောက်ကြားမှာ လောင်းကြေး တစ်ခု ရှိတယ်လေ``

လင်းဟာန်က ရီမောလိုက်ပါတယ်။

``ဂရန်းမာစတာ ဇူ ကျေးဇူးပြုပြီးတော့ ကျနော့်ကိုကူညီပြီးတော့ ဖုယွင်ရှင်းကို သတင်းပို့ပြီး သူ့ကို ဒီနေရာကို လာခဲ့ဖို့ ပြောလိုက်ပါ``

ဇူဟဲချင်က အရှေ့ကို တက်လာပြီး အသံကိုနှိမ့်ပြီးပြောလိုက်ပါတယ်။

``ဆရာသခင်လေး လင်း... ဂရန်းမာစတာ ဖု နဲ့သိသလား?``

``အင်း ကျနော်နဲ့သိတယ်.. ကျနော့်ကို ကူပြီးတော့ သူ့ကိုခေါ်ပေးပါ.. ကျနော့်မှာ သူနဲ့ ဆွေးနွေးစရာ တစ်ချို့ရှိတယ်``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``ဒါဆို ကျနော် ခုပဲ သူ့ကို ချက်ချင်းသွားခေါ်ပေးပါ့မယ်``

ဇူဟဲချင်က လျင်မြန်စွာနဲ့ပြောပြီးတော့ အနောက်ကိုလှည့်ကာထွက်သွားပါတယ်။

ခဏအကြာမှာတော့ ဖူဟဲချင်နဲ့ ဖုယွင်ရှင်း တို့က သူတို့ဆီကို လျှင်မြန်စွာနဲ့ လမ်းလျှောက် လာခဲ့ပါတယ်။ ဖုယွင်ရှင်းက အရှေ့ကနေ လမ်းလျှောက်ပြီးတော့ ဖူဟဲချင် ကတော့ အနောက်ကနေ ကပ်ပီးလိုက်ပါလာပါတယ်။

``ဟားဟား သခင်လေးလင်း ရောက်လာတယ်.. ကျနော်ကိုယ်တိုင် ထွက်ပီးတော့ မကြိုဆိုမိလိုက်ဘူး.. ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ``

ဖုယွင်ရှင်းက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

ယွမ်ဂန်းရဲ့ မျက်နှာက နောက်ထပ် အဆင့်အသစ်ကို ဖြူဖွေးသွားပါတယ်။ ဒါဆို ဖူဟဲချင် ပဲ လင်းဟန်ကို အရမ်းကြီး ရိုသေနေတာမဟုတ်ပဲ ဖုယွင်ရှင်းတောင်မှ သူကို ဒီလိုမျိုး ရိုသေလေးစားစွာနဲ့ ဆက်ဆံရတယ်။ ဒီကောင်လေးက ဘယ်သူလဲ? သူက အရမ်းကို အံ့အားသင့်စရာကောင်းတယ် မဟုတ်ဘူးလား?

လင်းဟန်က ဖုယွင်ရှင်း ကိုပြုံးပြပြီးတော့ ယွမ်ဂန်းကို ကြည့်ပြီး ပြောပါတယ်။

``ဒီလောင်းကြေးက ကျနော်နိုင်ပြီလို့ ရေတွက်လို့

ရပီထင်တယ် ဟုတ်လား?``

``ဒါပေ့ါ သင်နိုင်ပါတယ် သခင်လေးလင်း``

ယွမ်ဂန်းက ခေါင်းစဉ်ပြောင်းတာကို အခွင့်ကောင်းယူပြီးတော့ ချက်ချင်းပဲ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီ.. ဒါဆိုယင် ခင်ဗျား စပြီးတော့ စားလို့ရပီ``

``အာ``

ယွမ်ဂန်း ချက်ချင်းဆိုသလို သူ့လျှာကို သူပြန်ကိုက်မိသလိုဖြစ်သွားပါတယ်။

``ဘာလဲ.. ခင်ဗျားက ကျနော့်ကို ဒီဟာကို ချက်ပြုတ်ပေးဖို့ လိုသေးတာလား.. ကောင်းပြီလေ ဒါဆိုယင် ခင်ဗျားက ဒါကို အိုးနဲ့ အလုံပိတ်ပီး နပ်ထား တာကို လိုချင် သလား ဒါမှမဟုတ် ပေါင်းပေးတာကို လိုချင်သလား?``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးလင်းက တကယ်ပဲ ဟာသတွေပြောတတ်တာပဲ``

ယွမ်ဂန်းက ရီမောလိုက်ပါတယ်။

``ကျနော်က သူငယ်ချင်းတွေနဲ့ပဲ ဟာသတွေ လုပ်တတ်လေ့ရှိတယ်.. ဒါပေမဲ့ ခင်ဗျား က ကျနော့် သူငယ်ချင်းမှမဟုတ်တာ``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ဘာတွေဖြစ်နေတာလဲ``

ဖုယွင်ရှင်း က ဂင်စွက်ပြီးတော့မေးလိုက်ပါတယ်. သူ့ရဲ့ လေသံက မကျေမနပ်ဖြစ်နေတဲ့ ပုံစံပါပဲ။

သူနဲ့ပူဆောင်လင်း တို့က လင်းဟန်ရဲ့သင်ကြား ပေးမှု ကနေပြီးတော့ အကျိုးအမြတ် တွေရခဲ့ ပါတယ်။ ဒါကသူတို့နှစ်ယောက် ကို မြေကျွှာအဆင့် မှော်ဆေးပညာရှင် ဖြစ်လာဖို့ အဆင့်တက်မဲ့ မျှော်လင့်ချက် အလင်းရောင်လေးကို တွေ့မြင်စေခဲ့ပါတယ်။

သူတို့နှစ်ယောက်အတွက်တော့ လင်းဟန်က သူတို့ရဲ့ ဆရာတစ်ဂက် လိုတောင် သတ်မှတ်နိုင်ပါတယ်။

ပြီးတော့ အခု လင်းဟန်က သိသာထင်ရှားစွာပဲ သူ့ရဲ့ အမူအရာက ကျေနပ်မှုမရှိ တဲ့ ပုံစံ ပေါက်နေပါတယ်။ ဒါကြောင့် သူလည်းပဲ အလွန်အမင်း မပျော်ရွှင်ပဲ ဖြစ်နေရပါတယ်။

သူက လင်းဟန်ကို မဟုတ်သလို ယွမ်ဂန်းကို မေးလိုက်တာလဲမဟုတ်ပါဘူး အဲဒီအစား သူက ရှောင်ယင်းကို တိုက်ရိုက်စူးစိုက်ပြီးတော့ မေးလိုက်တာပါ။

ယွမ်ဂန်းက သူ့ရဲ့ မျက်လုံးတွေနဲ့ ထပ်ခါထပ်ခါ ရှောင်ယင်း ဆီကို အချက်ပြလိုက်ပါတယ်။ သူ့အနေနဲ့ သူမရဲ့ စကားတွေနဲ့ သူ့အတွက် ကောင်းမွန်တဲ့ စကားတွေပြောပေးမယ်ဆိုယင် သနားကြင်နာမှု ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ဒါပေမဲ့လည်း ရှောင်ယင်း က သူ့ရဲ့ အချက်ပြနေတဲ့ အကြည့်တွေကို မမြင်ပဲ အစကနေ အခုထိ ဖြစ်ပျက်ခဲ့သမျှအားလုံးကို ပြန်ပြီး တစ်ခုမကျန် ပြောပြလိုက်ပါတယ်။

ဖုယွင်ရှင်းက ချက်ချင်းပဲ ဒေါသထွက်ပြီး ယွမ်ဂန်းရဲ့

နာခေါင်းကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``အတင့်ရဲလှချည်းလား...ဒါဆိုယင် မင်းက ဒီနေရာကနေပြီးတော့ ငါ့အတွက်နဲ့ ပြောပေးနိုင်တယ်ပေါ့? ဒါက မင်းရဲ့ ကိုယ်ပိုင်စကားတွေဆိုယင် သွားပြီးတော့ စားလိုက်``

ယွမ်ဂန်းရဲ့ မျက်နှာက မထိန်းချုပ်နိုင်အောင် တွန့်လိမ်သွားပါတယ်။ ဒီတစ်ခါတော့ မိုးရေနိုင်ငံရဲ့ ကောင်းကင်ဆေးအိမ်တော်က အိမ်တော်အရှင်သခင် ပေးတဲ့ အမိန့်ပါ။ မိုးရေနိုင်ငံရဲ့ ကေရာဇ် ကိုယ်တိုင်တောင်မှ ဖုယွင်ရှင်းကို မျက်နှာသာပေးရပါတယ်။ ကြည့်ရတာ ဒီမှာ ဘာမှဆက်လုပ်လို့မရတော့ပါဘူး. သူ့အနေနဲ့ ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သွားပြီးတော့စားရပါလိမ့်မယ်။

ဒါပေမဲ့ နေပါဦး .. သူက ဒီစားပွဲကိုစားဖို့ သူ့ကိုယ်သူ ဘယ်လို တွန်းအားပေးရမှာလဲ?

သူက စားပွဲရဲ့ ခြေထောက်ကို ရိုက်ချိုးလိုက်ပြီးတော့ သူ့ပါးစပ်ထဲကို ထည့်ပြီး ပီကေဝါးသလို စပြီးတော့ ဝါးလိုက်ပါတယ်။ သူက ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၉

အဆင့် ပါ ဒါကြောင့် သူရဲ့သွားတွေက သန်မာပြီးတော့ အားနည်းမနေပါဘူး. သူ့အတွက်တော့ စားပွဲခုံခြေထောက်ကို ဂါးစားရတာ လွယ်ပါတယ်။

ကျန်တဲ့ အလုပ်သမား အဖွဲ့ဝင်တွေအားလုံးက မြင်တဲ့အခါမှာ သူတို့အားလုံးက ခိုးပြီးတော့ ရီနေကြပါတယ်။

ယွမ်ဂန်းက ဒီနေရာကို ရသွားပြီးတဲ့နောက်မှာ အရမ်းကို ဆိုးဂါးတဲ့ အပြုအမူတွေ လုပ်နေကြပါ။ ကောင်းကင်ဆေးအိမ်တော်မှာ သူလုပ်တဲ့ အရာတွေကို မနှစ်သက်တဲ့ လူတွေအများကြီးပါ ။ ဒါပေမဲ့သူတို့အနေနဲ့ သူ့ကို လူပုံအလယ်မှာ မဆန့်ကျင်ရဲပါဘူး။ အခု ယွမ်ဂန်းတစ်ယောက် စားပွဲခုံခြေထောက်ကို ရိုက်ချိုးပီးတော့ဂါးစား နေရတာကို မြင်ရတဲ့အခါမှာ သူတို့တွေက ပျော်နေကြပါတယ်။

တစ်ဖက်က လင်းဟာန်ကတော့ ယွမ်ဂန်းအနေနဲ့ စားပွဲတစ်ခုလုံးစားတာကို ကြည့်ဖို့ လုံးဂ စိတ်မဂင်စားပါဘူး.. သူကဖုယွင်ရှင်းကိုပြောလိုက်ပါတယ်။

``ခင်ဗျား ဒီလိုလူမျိုးကို အလုပ်က ဖြုတ်လိုက်သင့်တယ်.. ဒီမိန်းကလေးကတော့ တော်တယ်.. ဒါကြောင့် သူမကို

လစ်လပ်သွားတဲ့ နေရာမှာ အစားထိုးလိုက်ပါ``

``ကျနော် သခင်လေးလင်းရဲ့ စီမံမှုကို နားထောင်ပါ့မယ်``

ဖုယွင်ရှင်းက ကျိုးကျိုးနွံနွံနဲ့ ပြောလိုက်ပါတယ်။

ရှောင်ယင်း ကြည့်ရတာ ချက်ချင်းဆိုသလို ကျေနပ်ပီတိ ဖြစ်သွားပါတယ်။ ပြီးတော့ သူမက လင်းဟာန်ကို ကြည့်တဲ့ အခါ သူမရဲ့ မျက်လုံးတွေမှာ ကျေးဇူးတင်ခြင်းတွေ နဲ့ ပြည့်နှက်လို့နေပါတယ်။

အပိုင်း (၁၀၆) သံသယ

ယွမ်ဂန်းက အထပ်ထပ် အခါခါ ခွင့်လွှတ် သနားဖို့ ကို တောင်းပန်ခဲ့ပါတယ်။ သူ့လိုမျိုး အသေးအမွှား လူတစ်ယောက်ကို ဘယ်သူက ဂရုစိုက်နေမှာလဲ? နောက်ဆုံးတော့ သူ က ရှုံးနိမ့်စွာနဲ့ ထွက်သွားခဲ့ရပါတယ်။

ကျန်တဲ့ ဂန်ထမ်းတွေအားလုံးက ပျော်ရွှင်မှုကြောင့် လက်ခုပ် တီးပြီး အောင်ပွဲခံချင် နေကြပါတယ်။ ဒီ ယွမ်ဂန်းက ဆိုးညစ်တဲ့လူတစ်ယောက် ဖြစ်ပြီးတော့ အရမ်းကို စိတ်ကြီးဝင် တဲ့သူလည်းဖြစ်ပါတယ်။ သူတို့အားလုံးက

ဒီလိုမျိုး အဆုံးသတ်သွားတာ က ထိုက်တန်တယ်လို့ ခံစားရပါတယ်။

ရှောင်ယင်းက လင်းဟန်... ဖုယွင်ရှင်းနဲ့ ကျန်တဲ့သူတွေက ပျောက်ကွယ်သွားတာ ကို မြင်လိုက်ရတဲ့အခါမှာ သူမရဲ့ အမူအရာက စွဲလမ်းမှု တစ်ခုခု ဖြစ်ပေါ်နေတဲ့ပုံပါပဲ။

သူမလို မိန်းကလေးတစ်ယောက်ကလဲ သဘာဝ အတိုင်းပဲ ချစ်ခြင်းမေတ္တာနဲ့ မကင်း နိုင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူမနဲ့ လင်းဟန်ကြားမှာ အဆင့်အတန်းက အရမ်းကို ကွာဟလွန်းတယ်ဆိုတာကို သူမသိနေပါတယ်။ ဒါကြောင့် သူမအနေနဲ့ လေထဲ တိုက်အိမ် ဆောက်သလို စိတ်ကူးယဥ်လို့ပဲရပါတယ်။ သူမရဲ့ နှလုံးသားထဲမှာ ကျေးဇူး တင်ခြင်းတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ ဘာလို့လဲဆိုတော့ သူမက ဖုယွင်ရှင်း ရဲ့ ကိုယ်တိုင်ပြောဆိုအလုပ်ခန့်ထားခြင်းကိုလက်ခံရရှိထားတာ ပါ။ ဒါကြောင့် ကောင်းကင်ဆေးအိမ်တော် က သူမရဲ့ နေရာက ဘယ်လိုမှ ပြောင်းလဲသွားစရာ မရှိပါဘူး။

လင်းဟန်ကအတွက်ကတော့ ဒါက သေးငယ်တဲ့ ကိစ္စလေးပါ. ထို့နောက် သူ ဖုယွင်ရှင်း အခန်းထဲကို ရောက်တဲ့အခါမှာတော့ သူခေါင်းထဲကနေ

စောစောပိုင်းတုန်းက ဖြစ်ပျက် ခဲ့သမျှ အားလုံးကို ထုတ်ပစ်လိုက်ပါတယ်။သူကအချိန်မဖြုန်းချင်ပါဘူး ဒါကြောင့် ဖုယွင်ရှင်း ဆီကနေပြီးတော့ ပါဂင်ပစ္စည်းတွေကို ချေးငှားလိုက်ပါတယ်။

ဖုယွင်ရှင်းက ခေါင်းငြိမ့်လိုက် ပြီးတော့ သူ့ရဲ့လက်ကို ပေ့ယမ်းလိုက်ပါတယ်။ သူ့ရဲ့ လက်ကို ပေ့ယမ်းလိုက်တာက လင်းဟန်ရဲ့ တောင်းဆိုမှုကို ငြင်းပယ်လိုက်တယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ ဒီဆေးပင် ပါဂင်ပစ္စည်းတွေကို ချေးငှားမဲ့အစား သူက လင်းဟန် ကို လက်ဆောင်အဖြစ်ပေးလိုက်တာပါ။

ဘယ်လိုဟာသမျိုးလဲ.. ဒါက ဂရန်းမာစတာ မှော်ဆေးဆပညာရှင်တစ်ယောက်ဖြစ်ပါတယ်။ လင်းဟန်အတွက် မှော်ဆေးပါဂင်ပစ္စည်းတွေကို ထောက်ပံ့ကူညီပေးရတာက သူ့ အတွက် တော့ အရမ်းကို ဂုဏ်ယူစရာပါ။ လင်းဟန် အတွက် ဒီနေရာမှာ ဘာလိုအပ်သလဲ .. သူ့အနေနဲ့ ချက်ချင်းပေးဖို့ အဆင်သင့်ပါပဲ။

လင်းဟန်က အရမ်းကြီး အထက်စီးဆန်ဆန် မပြုမှုပါဘူး ဒါကြောင့် သူကပြောလိုက်ပါတယ်။

``ဒါဆိုယင် ဘယ်လိုလဲ... ကျနော် ဒီနေရာမှာ မှော်ဆေးလုံးဖော်စပ်မယ်.. ပြီးတော့ ခင်ဗျားက ကျနော် လုပ်နေတာကို ဘေးကနေပြီးတော့ အားလုံးကို စောင့်ကြည့်ပြီး လေ့လာလို့ရတယ်``

သူ့အနေနဲ့ မှော်ဆေးပညာရဲ့အထူးနည်းစနစ်ကို ထုတ်ဖော်ပြဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒါက မီးသုံးမျိုးနတ်လမ်းညွှန် နဲ့ယှဉ်ယင်တော့ ဂေးလှပေမဲ့ ဖုယွင်ရှင်းနဲ့ ကျန်တဲ့ သူတွေ အတွက်တော့ တန်ဖိုးတောင်ဖြတ်လို့မရပါဘူး။

``ကောင်းတယ်ကောင်းတယ် ဒါပေမဲ့ မိတ်ဆွေလေးလင်း ခဏလောက်စောင့်ပေးပါ ဖို့ ပြောချင်ပါတယ်.. ကျနော် တစ်ခြားသူတစ်ချို့ကို ခေါ်ပြီးတော့ သူတို့ကို ဒီနေရာမှာ လေ့လာကြည့်ရှုခိုင်းပါရစေ.. အဲဒါက အဆင်ပြေမလားဗျ``

ဖုယွင်ရှင်းက သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

ဒါက အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ တကယ်လို့ ဒီမှာ မှော်ဆေးပညာရှင် များများသာ လာပြီးတော့ ဒီလိုမျိုး ကြီးမားတဲ့ အခွင့်အရေးကြီးကနေပြီးတော့

စောင့်ကြည့်လေ့လာနိုင်ခွင့်ရမယ်ဆိုယင် ဒါက အကျိုးအမြတ်တွေ အများကြီး ရမှာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် လူတွေပိုပြီးတော့ များလေ သူတို့ က လင်းဟန်ရဲ့ မှော်ဆေးပညာ ကျွမ်းကျင်မှုတွေကို ရှင်းရှင်းလင်းလင်း လေ့လာပြီးတော့ ပြီးတဲ့အခါမှာ တစ်ယောက်နဲ့ တစ်ယောက် ပြန်ပြီး မသိတာတွေကို မေးမြန်းစူးစမ်းရင်းနဲ့ အသေးစိတ် အချက်အလက် တွေကို လွယ်လွယ်နဲ့ မမေ့ပဲနေကြမှာပါ။

ဇူဟဲချင်နဲ့ ကျန်းဂေရှမ်းတို့က ဖုယွင်ရှင်း ဆီကို လေးစားမှုအပြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူတို့ကိုယ်သူတို့ အဲဒီလိုမျိုး မတွေးတောခဲ့ မိတဲ့အတွက်လဲ ချက်ချင်းပဲ အပြစ်ရှိသလို ခံစားနေပါတယ်။ သူတို့အနေနဲ့ တစ်ခြားသူတွေအတွက် မစဉ်းစားမိခဲ့ကြဘူးလေ။

သူက တကယ်ပဲ ဂရန်းမာစတာ ဆိုတဲ့ နာမည်နဲ့ စစ်မှန်ထိုက်တန်ပါတယ်။ သူက တကယ့်ကို ကြီးကြီးမားမား စဉ်းစားတွေးခေါ် တတ်တဲ့သူပဲ။

``အင်း ခွင့်ပြုပါတယ်... ဒါပေမဲ့ လူဆယ်ယောက်ထက်မပိုစေနဲ့ ``

``ဟုတ်ကဲ့ နားလည်ပါပြီ``

ဖုယွင်ရှင်း က အလျင်အမြန်ပဲ ထွက်သွားလိုက်ပါတယ်။ ထိုအချိန်မှာ လင်းဟန်က ဇူဟဲချင်နဲ့ ကျန်းဝေးရှမ်းတို့နဲ့ စကားလက်ဆုံကျနေပါတယ်။ ချီကျန်းထျန်း ကတော့ တစ်ဖက်မှာ မတ်တပ်ရပ်နေပြီး စကားပိုင်းထဲမှာ မပါဝင်နိုင်ပဲ ကြည့်ရတာ အလွန်အမင်း ပျင်းရိနေတဲ့ပုံစံပေါက်နေပါတယ်။ သူမက လက်ရှိမှာ ဟူးညို့နဲ့ စိုက်ကြည့်တာကို ပြိုင်နေကြပါတယ်။

သူမက ဟူးညို့က အရမ်းချစ်ဖို့ကောင်းတာကို မြင်လိုက်ရတော့ အရှေ့ကို သွားပြီးတော့ သူမကို ချီလိုက်ပါတယ်။ ဟူးညို့က သူမအနီးကို လူစိမ်းတွေကပ်တာကို မနှစ်သက်ပါဘူး။ သူမက ချက်ချင်းပဲ ကိုယ့်ကိုကိုယ် ကာကွယ်တဲ့ ပုံစံနဲ့ သွားဖြူဖြူ လေးတွေ ဖြဲပြီးတော့ မာန်ဖီလိုက်ပါတယ်။

``တကယ်လို့ မင်းအကိုက်မခံ ချင်ဘူးဆိုယင် မင်းရဲ့လက်တွေကို အဝေးကို ဖယ်လိုက် ဖို့ ငါအကြံပေးပါရစေ``

လင်းဟန်က သူ့ရဲ့ မျက်လုံးဒေါင့်ကနေပြီးတော့ မြင်လိုက်တဲ့အခါမှာ ချီကျန်းထျန်းကို

သတိပေးပြောလိုက်ပါတယ်။

``ငါက ဒြပ်စင်စုစည်းခြင်းအလွှာ ၂ အဆင့်မှာပဲ.. သူမက ဘယ်လိုလုပ်ပြီးတော့ ငါ့ကို ကိုက်နိုင်မှာလဲ?`

ချီကျန်းထျန်းက သူ့ရဲ့ အကြံပေးချက်ကို မယုံကြည်ပါဘူး.. အဲဒီအစား သူမရဲ့ လက်တွေကို ဆန့်တန်းပြီးတော့ ဟူးညိုဆီကို ရောက်အောင် သွားလိုက်ပါတယ်။

ဟူးညိုက ဒေါသထွက်သွားပါတယ်။ ချက်ချင်းပဲ သူမရဲ့ လက်သည်းတွေနဲ့ တိုက်ခိုက် ပီးတော့ ကိုက်လိုက်ပါတယ်။ သူမရဲ့ လှုပ်ရှားမှုတွေက အရမ်းကို လျှင်မြန်လှပါတယ်

``အား။``

ချီကျန်းထျန်းက အလျင်အမြန်ပဲ သူမရဲ့ လက်တွေကို ရုတ်သိမ်းလိုက်ပါတယ်။ ဟုတ်ပါတယ် သူမရဲ့ လက်မှာ ကိုက်ရာ တစ်ခု ဖြစ်ပေါ်သွားပြီးတော့ နာကျင်မှုက မျက်ရည်ကျလုမတတ်ဖြစ်သွားပါတယ်။

လင်းဟန်က ဟူးညိုကို အခွင့်ကောင်းယူပြီးတော့ သူမအနေနဲ့ ထပ်ပြီးတိုက်ခိုက်မှု မလုပ်နိုင်အောင်လို့

တားဆီးလိုက်ပါတယ်။ သူက ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဒီမတိုင်ခင်က ငါတောင်မှ အကိုက်ခံရသေးတယ်.. မင်း ..ဒြပ်စင်စုစည်းခြင်းအလွှာ ၂ အဆင့်ဟုတ်လား.. ဒါက အဲလောက်ကြီးလဲမဟုတ်သေးပါဘူး``

သူက ဟူးညိုဘက်ကိုလှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက သူငယ်ချင်းပဲ.. သူမကို နောက်ထပ် မကိုက်နဲ့တော့``

ဟူးညိုက လင်းဟန်ရဲ့လည်ပင်းကို ဖက်ထားပါတယ်။ သူမရဲ့ ခေါင်းကတော့ ချီကျန်းထျန်း ဘက်ကို လှည့်ပြီး ကြောက်စရာကောင်းအောင် စူးစိုက် ကြည့်နေပါသေးတယ်။

ဇူဟဲချင် နဲ့ ကျန်းဟေရှမ်း က ဟူးညိုရဲ့ အကြောင်းကို မမေးပဲနဲ့ မနေနိုင်ကြပါဘူး။ သူတို့က ပုံပြင်တစ်ခုလုံးကို သိသွားပြီးတဲ့နောက်မှာ တကယ်ပဲ အံ့အားသင့်သွားကြပါတယ်။ သူတို့အနေနဲ့ ဒီမိန်းကလေးက တကယ့်ကို ကံကောင်းတယ်လို့ ခံစားရပါတယ်။ ကျားတစ်ကောင်ရဲ့ သားရဲတွင်းထဲကို ကျသွားခဲ့တာတောင်မှ

ဒီအသက်အရွယ်ထိ အသက်ရှင်သန် နေထိုင်နိုင်ခဲ့တယ်။

သူတို့ စကားပြောချိန်အတွင်းမှာပဲ ဖုယွင်ရှင်းက လူခုနစ်ယောက်ကို ဦးဆောင်ပြီးခေါ်လာပါတယ် သူတို့အားလုံး အသက်တွေက မတူညီကြပါဘူး။ အသက်အကြီးဆုံးက ၇၀ ခန့်ရှိပြီး အငယ်ဆုံးက အသက် ၄၀ ခန့်ရှိပါတယ်။ သူတို့အားလုံး မှာ တစ်ချို့က ငွေရောင်တံဆိပ်တစ်ခုကို သူတို့ရဲ့ ရင်ဘတ်မှာချိတ်ဆွဲထားပြီး တစ်ချို့ကတော့ နှစ်ခုရှိပါတယ်။ ဒါက သူတို့အားလုံးဟာ အနက်ရောင် အဆင့်နိမ့် နဲ့ အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တွေလို့ ဆိုလိုပါတယ်။

``ဒါက သခင်လေးလင်းပဲ.. ပြီးတော့ ငါတို့အားလုံး သခင်လေးလင်းရဲ့ မှော်ဆေးလုံး ဖော်စပ်တာကို လေ့လာကြရမယ်``

ဖုယွင်ရှင်း ကပြောလိုက်ပါတယ်။

သူပြောလိုက်တာကို ကြားပြီးတော့ အသစ်ရောက်လာတဲ့ လူခုနစ်ယောက်စလုံး ကြည့်ရတာ အလွန်အမင်းအံ့အားသင့်နေတဲ့ပုံပါပဲ။

သူတို့ကဘယ်သူတွေလဲ? သူတို့အားလုံးက မိုးရေနိုင်ငံက အနက်ရောင်အဆင့် မှော်ဆေးပညာရှင် တွေဖြစ်ပြီးတော့ အရမ်းကို အရေးပါတဲ့လူတွေလို့ သတ်မှတ်နိုင် ပြီးတော့ အလွန်အမင်းမြင့်မားတဲ့ အဆင့်အတန်းရှိပါတယ်.. တကယ်လို့ မှော်ဆေးဖော်စပ်ခြင်း အကြောင်းကို ပြောမယ်ဆိုယင် ပုံမှန်အတိုင်းဆို သူတို့ အားလုံးက သင်ကြားပြသပေးနိုင်တဲ့သူတွေပဲဖြစ်ပါတယ်။ ဒီကိုလာပြီးတော့ တစ်ခြားလူတစ်ယောက်ရဲ့ ဆေးလုံးဖော်စပ်တာကို သူတို့အားလုံးက လေ့လာဖို့ လိုပါသလား?

တကယ်လို့ သူတို့ လေ့လာရမဲ့သူက ဖုယွင်ရှင်း သို့မဟုတ် ပူဆောင်လင်းဆိုယင် တော်ပါလိမ့်ဦးမယ်.. မိုးရေနိုင်ငံရဲ့ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် နှစ်ယောက် အနေနဲ့ ဒီလူနှစ်ယောက် က မှော်ဆေးပညာရှင်အားလုံးရဲ့ လေးစားမှုကို ရယူထားနိုင်ကြတဲ့သူတွေပဲဖြစ်ပါတယ်။

ဒါပေမဲ့ အခု ဖုယွင်ရှင်းက သူတို့အားလုံးကို လူငယ်လေးတစ်ယောက် က မှော်ဆေးလုံး ဖော်စပ်တာကို လေ့လာကြည့်ရှုစေချင်နေပါတယ်။ သူတို့အနေနဲ့ ဒါကို ဘယ်လိုလုပ်ပြီး တော့ လက်ခံနိုင်မှာလဲ?

မှော်ဆေးပညာရှင်များ က အရမ်းကိုရှားပါးပြီး အရမ်းကို အရေးပါတဲ့ လူတွေဖြစ်ပြီး တော့ ဒီနယ်ပယ်က လူတိုင်းလူတိုင်းက အရမ်းကို ဂုဏ်ယူကြရတဲ့ အလုပ်လည်း ဖြစ်ပါတယ်။ အဆင့်ပိုမြင့်လေ သူတို့က ပိုပြီးတော့ဂုဏ်ယူလေပါပဲ။ ချက်ချင်းဆိုသလို ပဲ သူတို့ထဲက မှော်ဆေးပညာရှင် အချို့က စော်ကားသလိုလိုနဲ့ ဒေါသထွက်တဲ့ အကြည့် နဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဖုယွင်ရှင်းရဲ့ အဆင့်အတန်းကြောင့် သူတို့ရဲ့ စိတ်ကို ထိန်းထားကြပါတယ်။

သူတို့ထဲက မှော်ဆေးပညာရှင် တစ်ယောက်ကတော့ သူ့ရဲ့ စိတ်ကို မထိန်းနိုင်ပဲ ပြောလိုက်ပါတယ်။

``အိမ်တော်အရှင်သခင်.. ကျနော်တို့ကို ဟာသလုပ်နေတာတော့မဟုတ်ပါဘူးနော်? ဒီကောင်လေး မှော်ဆေးလုံးဖော်စပ်တာကို ကျနော်တို့က လေ့လာကြည့်ရှု ဖို့ သင်ကဖြစ်စေချင်တာလား?

သူက သူ့ရဲ့ စကားကို မထိန်းနိုင်တော့ပဲ ဒေါသဖြစ်ဖြစ်နဲ့ ဆက်ပြောလိုက်ပါတယ်။

``ဒီကောင်လေးက သင့်ရဲ့ တရားမဝင်သားတစ်ယောက်တော့ မဟုတ်လောက်ပါဘူးနော်? ကျုပ်တို့အားလုံးကို ဒီနေရာလာဖို့ အမိန့်ပေးပြီးတော့ သူ့ကို သင်ကြားပေးဖို့လား?``

ဖုယွင်ရှင်းက ကြည့်ရတာ ဒေါသခြောင်းခြောင်း ထွက်သွားတဲ့ပုံစံပါပဲ။ သူ့ရဲ့ အမြင်အရတော့ လင်းဟာန် ရဲ့ မော်ဆေးလုံးဖော်စပ်တာကို လေ့လာကြည့်ရှု နိုင်ခြင်းက တစ်သက်မှာတစ်ခါသာ ရတောင့်ရခဲ အခွင့်အရေးကြီးတစ်ခုပဲဖြစ်ပါတယ်။ ပုံမှန် အခြေအနေအတိုင်းဆိုယင် ဘယ်မော်ဆေးပညာရှင်က လင်းဟာန် မော်ဆေးလုံး ဖော်စပ် တာကို လွယ်လွယ်ကူကူနဲ့ ကြည့်ရှုခွင့်ရမှာလဲ? ဒါ့အပြင် လင်းဟာန်က မော်ဆေးပညာရှင်တစ်ယောက်ရဲ့ ကျွမ်းကျင်မှု ကို သရုပ်ဖော်ပြတာဖြစ်ပြီး သူတို့အနေနဲ့ လေ့လာကြည့်ရှုလို့ ရမှာပဲဖြစ်ပါတယ်။

တကယ်လို့ သူ က မိုးရေနိုင်ငံရဲ့ မော်ဆေးပညာ နယ်ပယ် ရဲ့ အဆင့်မြင့်တင် တိုးတက်လာဖို့ ဆုံးဖြတ်ချက် ချထားတာမဟုတ်ဘူးဆိုယင် ဘာလို့ သူက တစ်ခြားသူတွေကို ခေါ်ပြီးတော့ လေ့လာကြည့်ရှုခိုင်းမှာလဲ?

``ဟဲလင်း... သခင်လေးဟန်ကို တောင်းပန်လိုက်စမ်း``

သူက လေးလေးနက်နက်နဲ့ ချက်ချင်းပဲ ပြောလိုက်ပါတယ်။

``ဘယ်လို?``

ဟဲလင်းလို့ခေါ်ခံ လိုက်ရတဲ့ မှော်ဆေးပညာရှင်ရဲ့ မျက်ခုံး မြင့်တက်သွားပြီး ကြည့်ရတာ အရမ်းကို မယုံကြည်နိုင်အောင်ဖြစ်နေပါတယ်။

``ကျုပ်က အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင်တစ်ယောက်ပဲ. ကျုပ်ရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မားတယ် ဒါကို ဒီလိုမျိုး လူငယ်လေးတစ်ယောက်ကို ကျုပ်က တောင်းပန်တာကို သင်က တကယ်ပဲ လိုချင်တယ်ပေါ့? အိမ်တော်အရှင်သခင် သင်က ပုဂ္ဂိုလ်ရေးအမှားကို လက်စားချေဖို့အတွက် ရည်ရွယ်ထားတာလား?``

``ဘယ်လောက်တောင်အတင့်ရဲလိုက်သလဲ``

ဖူဟဲချင်က ရုတ်ခြည်းဆိုသလို အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ပြူးနေပြီး သူ့ကိုကြည့်ရတာ အလွန်အမင်း

ဒေါသထွက်နေတဲ့ပုံပါပဲ။

လင်းဟန်နဲ့ ဖုယွင်ရှင်း တို့နှစ်ယောက်စလုံးက သူ့အရမ်းကို လေးစားရတဲ့သူတွေပဲ ဖြစ်ပါတယ်။

``ဟားဟားဟား``

ဟဲလင်း က ကျယ်လောင်စွာရီမော်လိုက်ပါတယ်။ သူ့ရဲ့ အမူအရာက လေးစားမှု တစ်စက်မှ မရှိတဲ့ ပုံစံပါပဲ။သူက နှာခေါင်းတစ်ချက်ရှုံ့ပြီးအေးစက်စွာ ပြောလိုက်ပါတယ်။

``တစ်ချို့ အကြောင်းအရာတွေက ဘာမှမပြောတာ အကောင်းဆုံးပဲ``

သူက ဖုယွင်ရှင်းကို တကယ်ပဲ မကြောက်ရွံ့ပါဘူး ဘာလို့လဲဆိုတော့ သူ့ရဲ့ အဖေဖြစ်သူ ဟဲလောင်ယွမ် လည်းပဲ အနက်ရောင် အဆင့်မြင့်မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကတည်းက ဖုယွင်ရှင်းနဲ့ ဟဲလောင်ယွမ် တို့က ပြိုင်ဘက်တွေပါ.. သူတို့နှစ်ယောက်စလုံးက မိန်းကလေးတစ်ယောက်ကို တစ်ပြိုင်နက် တည်း ချစ်သွားကြပြီးတော့ အဆုံးသတ်မှာတော့ ဟဲလောင်ယွမ်က အဲဒီမိန်းကလေးရဲ့

နလုံးသားကို အနိုင်ရသွားခဲ့ပါတယ်။ ပြီးတော့အခု ဟဲလောင်ယွမ်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်အဆင့်ကို ခြေလှမ်းနေပါပြီ မကြာခင်မှာပဲ သူက ဖုယွင်ရှင်း ကိုလုံး၊ ဖြတ်ကျော်ပြီး စိုးမိုးခြယ်လှယ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် သူ့အနေနဲ့ တွေးထားတာက ဖုယွင်ရှင်းက သူ့ရဲ့ အဖေကို မနိုင်တာနဲ့ ပဲ သူ့ရဲ့ ရိုက်နက်ချင်တာကို မဖုံးကွယ်ထားနိုင်ပဲ သူ့အပေါ်ကို ပုံချလိုက်တယ်လို့ ထင်နေပါတယ်။ ဒါက တကယ့်ကို ရက်စဖွယ်ကောင်းပါတယ်။

ဖုယွင်ရှင်းက အမှန်တကယ်ပဲ ဒေါသတွေထွက်ပီးတော့ တုန်ယင်နေပါတယ်။ သူ့ရဲ့ ကောင်းမွန်တဲ့ စိတ်ဆန္ဒကို ဒီလိုမျိုး ပြန်ပီးပေးဆပ်တာ ကို ရရှိခဲ့တယ်။

``ထွက်သွားစမ်း``

လင်းဟန်က ဟဲလင်းကို အေးစက်စွာနဲ့ တံခါးကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်စုတ်လေး... မင်းက ငါ့ကို ဒီလိုမျိုး

ပြောရဲတယ်ပေါ့လေ``

ဟဲလင်းက တစ်ခဏမျှ မှင်တက်သွားပြီးတော့ ဒေါသထွက်သွားခဲ့ပါတယ်။

``ဟင့်``

ဇူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ နှစ်ဦးစလုံး အရှေ့ကိုထွက်လိုက်ပီးတော့ လင်းဟန်ရဲ့ အရှေ့ မှာ ရပ်လိုက်ပီး ဟဲလင်းကို ဒေါသတကြီးနဲ့ စိုက်ကြည့်လိုက်ပါတယ်။

``ခွေးနှစ်ကောင်က ဘယ်ဟာက သူတို့အတွက်ကောင်းတယ်ဆိုတာကို မသိဘူးပဲ... တကယ်လို့ မင်းတို့က မောင်းမထုတ်ဘူးဆိုယင်တောင်မှ ငါက ဒီကနေ ထွက်သွားဖို့ ရည်ရွယ်ပြီးသားပဲ... မင်းတို့ကတော့ ဒီခွေးကောင်လေး မှော်ဆေးလုံး ဖော်စပ်တာကို စောင့်ကြည့်နေရစ်ခဲ့ကြပေတော့ ဟားဟားဟား``

သူက ကျယ်လောင်စွာအော်ရီပြီးတော့ ခြေလှမ်းကျဲတွေနဲ့ထွက်ခွာသွားပါတယ်။

အပိုင်း (၁၀၇) တံဆိပ်ပုံ လေးခု

ဖုယွင်ရှင်းရဲ့ မျက်နှာ က အရမ်းကိုလျှင်မြန်စွာနဲ့ပဲ မတူညီတဲ့ အမူအရာတွေ လက် သွားခဲ့ပါတယ်။ နောက်ဆုံးမှာတော့ သက်ပြင်းရှည်ကြီး ချပြီးတော့ ပြောလိုက်ပါတယ်။

`` ဒီလူ က အနည်းငယ် စိတ်ကြီးဝင်နေတယ်ထင်တယ်... သူက မှော်ဆေးပညာမှာ ပါရမီ အနည်းငယ်ရှိတဲ့အတွက်လဲ သူ့အဆင့်နဲ့ စိတ်ကြီးဝင်မယ်ဆိုလဲ ဝင်စရာပါပဲ.. ငါ သူ့ကို ရှားပါးတဲ့ အခွင့်အရေးတစ်ခုကို လက်ဆောင်အဖြစ်ပေးဖို့ အစောပိုင်းတုန်းက တွေးထားခဲ့တယ်.. ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ထားမိဘူး ဟူးးးးး``

သူ့ရဲ့ လက်ကိုဆုပ်ပြီးတော့ လင်းဟန်ဘက်ကို လှည့်ပြီး တောင်းပန်လိုက်ပါတယ်။

``သခင်လေးဟန်.. ကျေးဇူးပြုပြီးတော့ သူ့ရဲ့ အပြုအမူကို စိတ်ထဲမထည့်ပါနဲ့``

လင်းဟန်က ပြုံးပြီး ငြင်ငြင်သာသာနဲ့ပြောလိုက်ပါတယ်။

``ကိစ္စမရှိပါဘူး ``

ဒီတစ်ကြိမ်မှာ .. ဖုယွင်ရှင်းကြောင့် သူ့အနေနဲ့ ဒီကိစ္စနဲ့ပါတ်သတ်ပြီး ခေါင်းရှုပ်ခံ မှာမဟုတ်ပါဘူး. ဒါပေမဲ့ တကယ်လို့ ဟဲလင်းက သူ့အရှေ့မှာ နောက်တစ်ကြိမ် ဒီလိုမျိုးအပြုအမူကို လုပ်ပံ့သေးတယ်ဆိုယင် သူက သေချာပေါက် အဲဒီလူ့ရဲ့ ပါးစပ်ထဲ က သွားတွေအားလုံးကို ရိုက်ချိုးပစ်ရပါလိမ့်မယ်။

``ကဲ စလိုက်ကြစို့``

ဖုယွင်ရှင်းက လင်းဟန်တောင်းဆိုထားတဲ့ ဆေးအမယ်ပစ္စည်းတွေအားလုံးကို သယ်ဆောင်လာခဲ့ပြီးတော့ လင်းဟန်က ဒုတိယကြယ်မြက်ပင် ကို ဆွဲထုတ်လိုက်ပါတယ်။

ဒီနေရာမှာရှိနေတဲ့ သူ့အားလုံးက အနက်ရောင်အဆင့် မှော်ဆေးပညာရှင်တွေ ချည်းပါပဲ။ ဒါကြောင့် သူတို့အနေနဲ့ ဒုတိယကြယ်မြက်ပင် ကို သတိမပြုမိပဲ ဘယ်နေလိမ့်မလဲ။ သူတို့ထဲက အချို့ က မကျေမချမ်းနဲ့ ကြည့်လိုက်ကြပါတယ်။ သူတို့က ဒီနေရာကို ဂျူနီယာလူငယ်လေးတစ်ယောက်ရဲ့ ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး ဖော်စပ်တာကို

ကြည့်ရှုလေ့လာဖို့ အမှန်တကယ်ပဲ ခေါ်ယူခံရတာလား? ဒါက သူတို့ကို စော်ကားလိုက်တာ နဲ့ တူတူပါပဲ။

ကံမကောင်းတာက သူတို့မှာ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဖခင် တစ်ယောက် မရှိပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ ဖုယွင်ရှင်းရဲ့ လုပ်ဆောင်မှုတွေ ကို အနည်းငယ် မကျေမနပ်ဖြစ်နေကြပါတယ်။ သူတို့မကျေနပ်ပေမဲ့လည်း ဘာမှမလုပ်ပံ့ ကြပါဘူး ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ မျက်နှာတွေအားလုံး စိတ်ကုန်သလိုဖြစ်သွား ကြပါတယ်။

ဖူဟဲချင်နဲ့ ကျန်းဝေရှမ်းတို့ နှစ်ယောက်က တစ်ခြားသူတွေရဲ့ အပြုအမူကို မြင်လိုက်ရတဲ့ အခါမှာ သူတို့ရဲ့ လက်နက်တွေကို ဆွဲထုတ်လိုက်ပြီးတော့ ဒီလူတွေကို မောင်းထုတ်ပစ် ချင်သွားပါတယ်။ သူတို့က သခင်လေးဟန် ကို အမှန်တကယ်ပဲ သံသယ ဝင်ရဲကြတယ်ဟုတ်လား? တစ်ချိန်ထဲမှာပဲ.. ကျန်းဝေရှမ်းလဲ ရှက်ရွံ့သလို ခံစားလိုက်ရပါတယ်.. သူလည်းပဲ အယင်တုန်းက လင်းဟန်အပေါ်မှာ သံသယဝင်မိခဲ့ ပါတယ်။

လင်းဟန်ကတော့ တစ်ခြားသူတွေ သူ့အပေါ်မှာ ဘယ်လိုတွေးတွေး သူ့အနေနဲ့ ဘာကိုမှ မစိုးရိမ်ပါဘူး။ မှော်ဆေးဂေရာဇ် အနေနဲ့ တစ်ခြားမှော်ဆေးပညာရှင်

တွေရဲ့ ရှိသေးလေးစားမှုကို ရရှိဖို့ သူ့အတွက်ကတော့ ဘာလိုမှာလဲ?

သူက မှော်ဆေးကျိုးအိုး ကို ဖမ်းဆုပ်ပီးတော့ အမျိုးမျိုးသော ဆေးအမယ် ပစ္စည်း တွေကို အဲဒီထဲကို စတင်ပြီးတော့ ထည့်လိုက်ပါတယ်။

``ဒီကောင်လေးက တကယ်ရော မှော်ဆေးလုံးတွေကို ဘယ်လိုဖော်စပ်ရမယ်ဆို တာကို သိရဲ့လား? ဘယ်လိုဖြစ်ပြီးတော့ ဒီ မတူညီတဲ့ ဆေးအမယ်တွေ အားလုံးကို တစ်ကြိမ်ထဲ ရိုးစင်းစွာ ပစ်ထည့်လိုက်တာလဲ?

``ဟုတ်တယ်... ဖော်စပ်ခြင်းလုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းက သန့်စင်ခြင်းပဲ ပြီးတော့ မတူညီတဲ့ ပါဂင်ပစ္စည်းတွေက သန့်စင်ဖို့အတွက် လိုအပ်တဲ့ အပူချိန်ကလဲ တစ်ခုနဲ့ တစ်ခု မတူကြဘူး.။ တကယ်လို့ သူတို့အားလုံးကို တစ်ခါတည်း နဲ့ ပစ်ထည့်လိုက်မယ် ဆိုယင် ဒီ ပါဂင်ပစ္စည်းအားလုံးရဲ့ရလဒ်က ပျက်စီးသွားကုန်လိမ့်မယ်``

``ဒါကို မေ့ထားလိုက်တော့.. ဒါက ငါတို့ရဲ့ အချိန်တွေကို တမင်သတ်သတ် ဖြုန်းတီး နေတာပဲ``

လက်ရှိ မှော်ဆေးပညာရှင် အနည်းစုက သူတို့ကိုယ်သူတို့ တီးတိုးရွတ်ဆိုကြပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နေနေကြပါတယ်။ သူတို့အနေနဲ့ ဖုယွင်ရှင်းကို မယုံကြည်တာတော့မဟုတ်ပါဘူး ဒါပေမဲ့ ဒီလင်းဟန်က အရမ်းကို ငယ်ရွယ်လွန်းသေးတယ်.. ဒ့ါအပြင် သူတို့ရဲ့ မျက်လုံးထဲမှာ သူ့ရဲ့ လှုပ်ရှားမှုတွေက ရိုးရိုးရှင်းရှင်းနဲ့ အရမ်းကို မဆင်မခြင်လုပ်နေတယ်လို့ ထင်နေကြပါတယ်။

သူတို့တွေ တင်ပဲ သံသယတွေကို ခံစားနေရတာမဟုတ်ပါဘူး.. ဖုယွင်ရှင်း ဇူဟဲချင် နဲ့ ကျန်းဝေရှမ်းတို့တောင်မှ အလွန်အမင်း အံ့အားသင့်နေကြပါတယ်။ ပါဝင်ပစ္စည်းအမယ် တွေကို သန့်စင်ခြင်းပြုလုပ်တာက မှော်ဆေးလုံး ဖော်စပ်ခြင်းရဲ့ ပထမခြေလှမ်းပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒါက အရမ်းကို သတိထားရတဲ့ ခြေလှမ်းပဲ ဖြစ်ပါတယ်။ လင်းဟန်က ပထမဆုံးခြေလှမ်းမှာတင်ပဲ မှားယွင်းမှုလုပ်လိုက်တာဖြစ်နိုင်ပ့ါမလား?

ဒီနေရာမှာ လီစီရှန်း တစ်ယောက်မရှိတာ အရမ်းကို ဆိုးတာပဲ။ သူမက ဟိုးစောစော တုန်းက လင်းဟန်က မှော်ဆေးလုံးဖော်စပ်တာကို အစကနေ အဆုံးအထိ ဖြစ်စဉ်တစ်ခုလုံးကို ကြည့်ခဲ့ရပါတယ်။ သန့်စင်ခြင်းက

လင်းဟာန်အတွက်ကတော့ ကိတ်မုန့်ကို လှီးသလိုပါပဲ။

မတူညီတဲ့ ပါဝင်ပစ္စည်း ခုနစ်ခု လောက်ကို ပစ်ထည့်ပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ လက်တွေက တုန်ခါသွားခဲ့ပြီး ချက်ချင်းဆိုသလို မီးတောက်တွေ ပန်းထွက်လာခဲ့ ပါတယ်။ သူ့ရဲ့ ပုံရိပ်က စတင်ပြီးတော့ ဆေးကျိုအိုး ကို စက်ပိုင်းပုံသဏ္ဍာန် လှည့်ပါတ်ပြီးတော့ သူ့ရဲ့ လက်ဝါးက ထပ်ခါထပ်ခါ ဆေးကျိုအိုးကို ရိုက်လိုက်ပါတယ်။

``ဟုမ်း ဟုမ်း ဟူး ဟူး တန် တန် တန် ``

ဆေးကျိုအိုးအတွင်းကနေပြီးတော့ ချက်ချင်းဆိုသလို ရေနွေးငွေ့ တစ်ခု ပန်းထွက် လာပါတယ်။ ဆေးပင် အပိုင်းအစတွေကလဲ အခန်းအတွင်းကို ပျံ့နှံ့ကုန်ပါတယ်။

``ဘယ်လို?``

အခန်းထဲမှာရှိတဲ့ မော်ဆေးပညာရှင် အားလုံးရဲ့ မျက်လုံးတွေက အံ့အားသင့်ပြီး တစ်ချိန်တည်းမှာပဲ ပြူးထွက်ကုန်ပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်ခြင်း တွေနဲ့ ပြည့်နက်နေပါတယ်။ သူတို့အားလုံးကိုကြည့်ရတာ တဇ္ဈေ တစ်ကောင်

ပေါ်လာတာကို မြင်နေကြတဲ့ အတိုင်းပါပဲ။

``ဆရာသခင်.. သင်တို့အားလုံး ဘာတွေဖြစ်နေကြတာလဲ?``

ချီကျန်းထျန်းက စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။ သူမက မှော်ဆေးပညာနယ်ပယ် ထဲကို ဝင်လာကာစပဲ ရှိသေးတဲ့အတွက် အခြေခံ သီအိုရီ ဗဟုသုတ တွေကိုပဲ သင်ကြားခဲ့ရပါသေးတယ်။ ဒါကြောင့် လူတိုင်းလူတိုင်း ဘာဖြစ်လို့ မျက်လုံးတွေပြူး သွား ကြတာလဲဆိုတာကို သူမအနေနဲ့ လုံးဝမသိပါဘူး။

``နတ်ဘုရားများ.. မတူညီတဲ့ ပါဝင်ပစ္စည်း ခုနစ်မျိုးလုံးကို တစ်ချိန်တည်းမှာပဲ သန့်စင်နိုင်တယ်... ငါအိပ်မက်မက်နေတာလား?``

ကျန်းဝေရှမ်းက ဘာမှမဖြေရသေးခင် သူတို့ထဲက တစ်ယောက်က အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်ပါတယ်။

``ဒီ ပါဝင်ပစ္စည်းခုနစ်မျိုး စလုံးကို သန့်စင်နိုင်ဖို့အတွက် မတူညီတဲ့ အပူချိန်တွေ လိုအပ်တယ် ပြီးတော့ အားလုံးကို တစ်ပြိုင်နက်တည်းမှာပဲ တစ်ခါတည်းနဲ့ သန့်စင်ဖို့ ဆိုတာက

လုံးဂကို မဖြစ်နိုင်ဘူး.. ဒါပေမဲ့ ဒီကောင်လေးက အရမ်းကို စိတ်ဂင်စားစရာ နည်းစနစ်ကို သုံးသွားခဲ့တယ်။ ကြည့်ရတာ သူက ဆေးကျိုအိုးတစ်ခုကို အစိတ်အပိုင်း ခုနစ်ခု အဖြစ်ကို အုပ်စုခွဲလိုက်ပီးတော့ အစိတ်အပိုင်းအသီးသီးကို မတူညီတဲ့ အပူချိန် တွေ ပေးပြီးတော့ ဒီ ပါဂင်ပစ္စည်းခုနစ်မျိုးကို တစ်ပြိုင်နက်တည်း သန့်စင်လိုက်တာပဲ ဖြစ်နိုင်တယ်``

``အံ့သြစရာကောင်းလိုက်တာ``

သူတိုက တစ်ဖြေးဖြေးနဲ့ အိန္ဒြေရသွားပြီးတော့ သူတို့ရဲ့ မျက်နှာမှာ လေးစားအားကျခြင်း တွေ ဖြစ်နေတဲ့ ခံစားချက်ကို ဖုံးကွယ်ထားလို့မရတော့ပါဘူး။

``ဒါပေမဲ့ ဒါက အမိပ္ပါယ်အများကြီးတော့ မရှိသလိုပဲ``

မော်ဆေးပညာရှင်တစ်ယောက်က
တုံ့ဆိုင်းဆိုင်းနဲ့ပြောလိုက်ပါတယ်။ တကယ်တော့ သူအနေနဲ့ ဒီလိုမျိုး စွမ်းဆောင်မှုကို မလုပ်ပြနိုင်ပါဘူး ဒါကြောင့် သူ့ရဲ့ လေသံမှာ ယုံကြည်မှုတွေ ကင်းမဲ့နေပါတယ်။

``ဟုတ်တာပေါ့``

ဖုယွင်ရှင်းတောင်မှ ခေါင်းငြိမ့်လိုက်ပါတယ်။

``ပါဂင်ပစ္စည်းခုနစ်မျိုးစလုံးကို တစ်ချိန်တည်း သန့်စင်တယ်ဆိုတာ အံ့အားသင့်စရာ ကောင်းတဲ့ စွမ်းရည်ပဲ ဒါပေမဲ့ ပါဂင်ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု သန့်စင်ဖို့က အချိန်တွေ တော်တော်ကုန်တယ်လေ``

သူ့ကိုယ်ပိုင် ချင့်ချိန်တွက်ဆပြီးတော့ ထောက်ပြလိုက်ပါတယ်။

ဒါက အသုံးမဂင်တဲ့နည်းလမ်းတစ်ခုပါပဲ. တကယ်လို့ ဒီသန့်စင်ခြင်းဖြစ်စဉ်မှာ အမှားသေးသေးလေး တစ်ခုကို လုပ်လိုက်မိယင်တောင်ပဲ ဒီ ပါဂင်ပစ္စည်း ခုနစ်မျိုးစလုံးကို ဖြုန်းတီးလိုက်သလိုမျိုး ဖြစ်သွားပါလိမ့်မယ်။

``မဟုတ်သေးဘူး``

ဖုယွင်ရှင်း က ရုတ်တရက် သူ့ရဲ့ ခေါင်းကို ခါယမ်းလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေ ပြူးသွားပြီးပြောလိုက်ပါတယ်။

``ဘယ်လိုဖြစ်လို့ ဒီ ဆေးပင်ရဲ့ အနံ့က

အရမ်းသန်မာ(မွေးကြိုင်လိုလဲသုံးလို့ရပါတယ်)
နေရတာလဲ?``

သူ ပြောလိုက်တာနဲ့ ကျန်တဲ့သူတွေ အားလုံးလဲ ချက်ချင်းပဲ သတိပြုမိသွားကြပြီးတော့ သူတို့ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေကြပုံပေါ်နေပါတယ်။

အနက်ရောင်အဆင့်မှော်ဆေးပညာရှင် အနေနဲ့ သူတို့တွေက ဆေးလုံးဖော်စပ်ခြင်း အတွက် ပါဝင်တဲ့ ဆေးဖက်ဝင်ပစ္စည်းတွေကို ကို ကြိုတင်ပြီး သန့်စင်ခြင်းကို မရေတွက် နိုင်အောင် လုပ်ဖူးခဲ့ပါတယ်။ သူတို့က အထူးသဖြင့် ဒီဆေးဖက်ဝင်ပစ္စည်းတွေကို မှော်ဆေးပညာမှာ အကြိမ်များစွာ အသုံးပြုဖူးတဲ့အတွက် အရမ်းကို ရင်းနှီးနေပါတယ်။ ဒါပေမဲ့ သူတို့ ဒီဆေးရဲ့ အနံ့ကို ရလိုက်တဲ့ အခါမှာတော့ တစ်ခန်းလုံးကို ပြန့်နှံ့သွားပြီး သိသာထင်ရှားစွာနဲ့ ပဲ ၄င်းရဲ့ ရနံ့က သူတို့ယခင်က ပြုလုပ်ဖူးတဲ့ ပါဝင်ပစ္စည်းတွေကို သန့်စင်ခြင်းနဲ့ မတူပဲ အရမ်းကို ကွာခြားနေပါတယ်။

ဆေးရနံ့ က ပိုပြီးတော့ မွှေးကြိုင်သင်းပျံ့လာလေ သန့်စင်ခြင်းကနေပြီးတော့ ဆေးဖက်ဝင်ပစ္စည်းတွေရဲ့ အနှစ်သာရ က ပိုပြီး သန့်စင်လာလေဆိုတာကို

ညွှန်ပြပါတယ်။ပြီးတော့ မော်ဆေးပညာရှင်က အဆင့်တက်ပြီးတော့ အမှန်တကယ် ဖော်စပ်ခြင်းပြုလုပ်တဲ့အခါမှာလဲ မော်ဆေးလုံးဖော်စပ်ခြင်းရဲ့ အောင်မြင်မှုနှုန်းက ပိုပြီးတော့ မြင့်မားလာပါတယ်။

ဒါကအရမ်းကို ရိုးရှင်းတဲ့သဘောတရားပါပဲ။ မသန့်စင်မှု နည်းပါးလေလေ အမှန်တကယ် ဖော်စပ်တဲ့ လုပ်ငန်းစဉ်မှာ ပြဿနာ က နည်းလေပါပဲ။

ဒါပေမဲ့ ပြဿနာက ဒီ အနက်ရောင်အဆင့်မော်ဆေးပညာရှင်တွေ နဲ့ သက်ဆိုင်တဲ့ သန့်စင်ခြင်းလုပ်ငန်းရဲ့ တိုးတက်မှု ကလဲ ၎င်းရဲ့ ကန့်သတ်ချက် ရှိပါတယ်။ ဒီအခန်းထဲက လူတွေအားလုံးက အနည်းငယ်မျှတောင် တိုးတက်မှု မရှိကြတော့ပါဘူး။ ဘာလို့ လင်းဟန်ရဲ့ သန့်စင်ခြင်းကနေပြီး ရရှိလာတဲ့ ဆေးအနှစ်က သူတို့ထက် ပိုပြီးတော့ အများကြီး သန့်စင်နေရတာလဲ?

``ဒါက ပါဂင်ပစ္စည်းခုနစ်ခုလုံးကို တစ်ပြိုင်နက်တည်း သန့်စင်နိုင်တဲ့အတွက် ကြောင့် ဖြစ်နိုင်ပါ့မလား?``

``ဒါက တစ်ခုတည်းသော ဖြစ်နိုင်ချေပဲ``

``ဒါအမှန်ပဲ.. ငါ့ရဲ့ စီနီယာတစ်ယောက် ပြောတာကို ကြားဖူးခဲ့တယ်။ ရှေးခေတ် မတိုင်ခင်တုန်းက တကယ့်ကို စွမ်းဆောင်ရည်ရှိတဲ့ မှော်ဆေးပညာရှင်တွေက အမျိုးမျိုးသော ဆေးဖက်ဝင် ပါဝင်ပစ္စည်းတွေ အားလုံးကို တစ်ချိန်တည်းမှာပဲ သန့်စင်နိုင်ကြပြီးတော့ မတူညီတဲ့ ပါဝင်ပစ္စည်းတွေရဲ့ အပြန်အလှန် အကျိုးသက်ရောက် မှုကို အခွင့်ကောင်းယူပြီးတော့ ဆေးဖက်ဝင်တဲ့ အနှစ်သာရ ကို သန့်စင်ခြင်းလုပ်ငန်း ကနေပြီးတော့ ပိုပြီးသန့်စင်လာအောင်လို့ လုပ်ကြတယ်တဲ့``

``ဒါက တကယ်ပဲ မှန်နိုင်လို့လား?``

``ရှူး::::::::``

ယခုဆိုယင် လူတိုင်းလူတိုင်းက တည်တည်ငြိမ်ငြိမ်နဲ့ မနေနိုင်ကြတော့ပါဘူး။

သန့်စင်ခြင်းလုပ်ငန်းက အချိန်တွေကို အကြာကြီးယူသလား ဒါမှမဟုတ် အချိန်နည်းနည်း ပဲ ယူသလားဆိုတာက သူတို့ကို တကယ်ပျင်းရိ စေတဲ့ အကြောင်း ရင်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ ဒီသန့်စင်ခြင်းလုပ်ငန်း က ပါဝင်ပစ္စည်းတွေရဲ့ သန့်စင်ခြင်းကို အမှန်တကယ်ပဲ

တိုးလာစေမယ်ဆိုယင် ဒါက အရမ်းကို ထူးခြားဆန်းကြယ်တဲ့ စွမ်းဆောင်မှုဖြစ်ပြီးတော့ မှော်ဆေးပညာနယ်ပယ်ကို တိုင်းတာလို့မရအောင် တန်ဖိုးရှိတဲ့ ဖြန့်ဝေမှုပဲဖြစ်ပါတယ်။

သူတို့အားလုံးပဲ လျှို့ဝှက်စွာနဲ့ နောင်တရသလို ခံစားရပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ဒီခြေလှမ်းရဲ့ အရိပ်လက္ခဏာတွေက အများကြီးမရှိပေမဲ့ သူတို့အားလုံးက လင်းဟန်ရဲ့လှုပ်ရှားမှု နဲ့ နည်းစနစ်တွေ တော်တော်များများကို လွဲချော်သွားခဲ့ပါတယ်။ ကျေးဇူးတင်ရမှာက ဒီမှာနောက်ထပ် ပါဂင်ပစ္စည်းတွေ တော်တော်များများ ကျန်နေပါ သေးတယ် ဒါကြောင့် လင်းဟန်အနေနဲ့ သန့်စင်ခြင်းလုပ်ငန်းကို ထပ်ပြီးလုပ်ရမယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူတို့ ကိုးယောက်စလုံးက သူတို့ရဲ့ မျက်လုံးတွေကို ပြူးထားပြီးတော့ လင်းဟန်ရဲ့ လှုပ်ရှားမှု တစ်ခုလေးကိုတောင်မှ ထပ်ပြီးတော့ လွဲချော်သွားလို့ မဖြစ်ပါဘူး။

ချီကျန်းထျန်း က အရမ်းကို ပျင်းရိနေပါပြီ။ ဒါပေမဲ့ ဒီနေရာမှာ အရေးကြီးတဲ့ လူတွေ အများကြီးရှိနေတဲ့အတွက် သူမအနေနဲ့ အသက်ကိုတောင် ကျယ်လောင်စွာနဲ့ မရှူ

ပွဲပါဘူး။

လင်းဟန်က အရမ်းကို အာရုံစူးစိုက်ထားခဲ့ပါတယ်။ ပါဂင်ပစ္စည်းအားလုံးကို သန့်စင်ပြီး တဲ့ နောက်မှာတော့ သူက ဒုတိယကြယ်ဆေးလုံးကို ဖော်စပ်မဲ့ လုပ်ငန်းကို စတင်လိုက်ပါတယ်။

သူအသုံးပြုတဲ့ နည်းစနစ်ကို တံဆိပ်လေးခု လို့ ခေါ်ပါတယ်။ ၎င်း က မီးတောက်ရဲ့ အပူကို ထိန်းချုပ်တဲ့ အခါမှာ အရမ်းကို အကျိုးသက်ရောက်မှုရှိပါတယ်။ သူ့ရဲ့ အယင်ဘာဂတုန်းက ဒီထိန်းချုပ်တဲ့ နည်းစနစ်က အရမ်းကို အထင်ကြီးစရာကောင်းပြီး အဲဒီအချိန်က မှော်ဆေးပညာနယ်ပယ်မှာ အရမ်းကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြပါတယ်။

ဘာလို့လဲဆိုတော့ သူကိုယ်တိုင်ကလဲ အယင်ဘာဂတုန်းက မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ခဲ့ပါတယ်။ လင်းဟန်အနေနဲ့ မှော်ဆေးပညာနယ်ပယ်က ဒီလိုမျိုး အခြေအနေထိ အဆင့်နိမ့်ကျသွားတာကို ကြည့်မနေနိုင်တော့ပါဘူး။ ဒါကြောင့် သူအနေနဲ့ သင့်လျော်တဲ့ အချိန်မှာ မှော်ဆေးပညာရဲ့ ပညာဗဟုသုတတွေကို ပေးလိုက်ပြီးတော့ ဒီအချိန်မှာ

မှော်ဆေးပညာရဲ့ အဆင့်တွေ တိုးတက်လာစေဖို့ စိတ်ကူး ရှိပါတယ်။

သူက မှော်ဆေးလုံး ကို ဆက်ဖော်စပ်နေတဲ့ အချိန်အတွင်းမှာ တံဆိပ်လေးခု ရဲ့ အင်္ဂါရပ် တွေနဲ့ အသေးစိတ် သော့ချက် တွေကို လည်း ပြောပေးနေခဲ့ပါတယ်။

ဖုယွင်ရှင်း အပါအဝင် ဒီမှာရှိနေကြတဲ့ မှော်ဆေးပညာရှင်အားလုံးရဲ့ အပြုအမူတွေက ဒီပညာနဲ့ ပါတ်သတ်လာယင် လုံးဝ အသစ်ကလေးတွေလိုမျိုး သူတို့ရဲ့မျက်နာတွေမှာ ကြည်ညိုခြင်းတွေ ပြည့်နက်နေပြီးတော့ လင်းဟာန်ရဲ့ သင်ကြားပို့ချနေမှုကို အာရုံစိုက်ပီး နားထောင်နေကြပါတယ်။ တကယ်လို့ ဒီမြင်ကွင်းကိုသာ တစ်ခြားသူတွေက မျက်မြင် ကိုယ်တွေ့သွားယင် သူတို့တွေ လုံးဝ ရူးသွပ်သွားနိုင်ပါတယ်။ မိုးရေနိုင်ငံရဲ့ အကောင်းဆုံး စွမ်းဆောင်နိုင်တဲ့ မှော်ဆေးပညာရှင်အားလုံးလိုလိုက ဒီနေရာမှာ စုဝေးနေကြပြီးတော့ လူငယ်လေးတစ်ယောက်က မှော်ဆေးလုံး ဖော်စပ်နေတာကို အသည်းအသန် ကြည့်ရှုလေ့လာနေတယ်ဆိုတာကြောင့်ပေါ့။

သင်ယူခြင်းမှာ အသက်အရွယ်ကို လုံးဝ

မကာန့်သတ်ထားပါဘူး.. ဘယ်သူမဆို စွမ်းဆောင်နိုင်ယင် ဆရာဖြစ်နိုင်ပါတယ်။

လင်းဟာန်က ဒုတိယကြယ်ဆေးလုံး ဖော်စပ်လိုပြီးသွားတဲ့ အချိန်မှာတော့ မှော်ဆေးပညာရှင်ကိုးယောက်စလုံးက တံဆိပ်လေးခုနည်းစနစ်ရဲ့ အလုပ်လုပ်ပုံ အင်္ဂါရပ်နဲ့ လေးနက်စွာပဲ စိတ်ဝင်တစ်စားနဲ့ နားလည်သဘောသွားခဲ့ကြပါတယ်။ သူတို့အားလုံးက ကြမ်းပြင်ပေါ်မှာ ကြက်ခြေခတ်ပုံစံထိုင်လိုက်ကြပါတယ်။ သူတို့အားလုံးက နက်နဲတည်ကြာစွာနဲ့ တွေးနေပြီး တစ်ခါတစ်ရံမှာ သူတို့ထဲက တစ်ယောက်ယောက်က လက်ဂါးနဲ့ လေထဲကို ရိုက်တတ်ပါတယ်။ သူတို့တွေက လင်းဟာန်ရဲ့ သင်ကြားပို့ချမှုတွေကို ဖြစ်နိုင်သမျှ အမြန်ဆုံး နားလည်ချင့်ချိန်ဖို့ ကြိုးစားနေကြပါတယ်။

``သွားစို့ ငါတို့ အသားတစ်ခုခုသွားစားရအောင်``

လင်းဟာန်က ထူးဆန်းစွာပြုံးလိုက်ပီးတော့ ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ သူ့ကြည့်ရတာ အရမ်းကို ကျေနပ်နေပုံရပါတယ်။ ဘာလို့လဲဆိုတော့ သူက ဒုတိယ ကြယ်ဆေးလုံး ခုနစ်လုံးကို ဒီအချိန်မှာ ဖော်စပ်နိုင်ခဲ့ပြီးတော့ ဒီဆေးလုံးတွေက သူ့ရဲ့ နတ်ဘုရားအာရုံကို

တိုးတက်လာစေဖို့ အတွက် လုံလောက်တဲ့ ပမာဏ တစ်ခုပဲ ဖြစ်ပါတယ်။

ဟူးညိုက ချက်ချင်းဆိုသလို ပျော်သွားပါတယ်။ သူမရဲ့ အကြိုက်နှစ်သက်ဆုံး က အစာစားခြင်းပဲဖြစ်ပါတယ်။

``ငါလည်းတူတူသွားမယ်``

ချီကျန်းထျန်းက လျှင်မြန်စွာနဲ့ပြောလိုက်ပါတယ်။ သူမက တကယ်ပဲ အရမ်းကို ပျင်းနေပါပြီ

အပိုင်း(၁၇၈) အင်ပါယာ တတိယမင်းသား

လင်းဟန်က ဟူးညိုကို သူ့လက်မောင်းပေါ်မှာ သယ်ပြီးတော့ ချီကျန်းထျန်း နဲ့ အတူ အခန်းအပြင်ဘက်ကို ထွက်လာခဲ့ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်..ဖုယွင်ရှင်းက စွမ်းအားပြည့်ဝတဲ့ စိတ်ဂိုဏ်းပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ပါတယ်။ အဲဒီအချိန်လေးမှာ သူတို့သုံးယောက် တံခါးအပြင်ဘက်ကို ခြေလှမ်းချလိုက်တာနဲ့ ဖုယွင်ရှင်းက ချက်ချင်းသတိပြန်ဝင်

လာပြီးတော့ လျှင်မြန်တဲ့ ခြေလှမ်းတွေနဲ့ ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန် ပြန်တော့မလို့လား?``

``အင်း.. ကျနော့်ရဲ့အခန်းကဏ္ဍ ပြီးသွားပြီ.. ဒါကြောင့် ကျနော်ပြန်တော့မယ်လေ``

လင်းဟန်က ဒုတိယကြယ်ဆေးလုံး ခုနစ်လုံးပါတဲ့ ပုလင်းကို လှုပ်ပြီးပီးတော့ သူ့ကိုကြည့်ရတာ အရမ်းကို ကျေနပ်နေပုံရပါတယ်။

``ကျေးဇူးပြုပြီးတော့ သခင်လေးကို ကျနော်ပို့ပေးပါရစေ ``

ဖုယွင်ရှင်းက အရမ်းကို ကျိုးနွံတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ မှော်ဆေးပညာမှာ မယုံနိုင်လောက်အောင် ကျွမ်းကျင်မှုကို လုံးဝ အစိုင်အမာယုံကြည် သွားခဲ့ပါပြီ။

လင်းဟန်ကပြုံးပြီးတော့ ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ ဖုယွင်ရှင်း ကသူ့ကို လိုက်ပို့ချင်တယ်ဆိုယင် သူ့အတွက် အဆင်ပြေပါတယ်။

သူတို့ အောက်ကို ဆင်းဖို့ လှေကားဆီကို လျှောက်လာခဲ့ပြီး လှေကားကို ရောက်ယုံပဲ ရှိသေးတယ်.. အစေခံ ကောင်လေး တစ်ယောက်က သူတို့အနားကို ချဉ်းကပ်လာပြီး တော့ ပြောပါတယ်။

``အိမ်တော်အရှင်သခင်.. အင်ပါယာရဲ့ တတိယမင်းသားက တွေ့ချင်တယ်လို့ ဖော်ပြလာပါတယ်``

``အိုး```

ဖုယွင်ချင်းက တစ်ခဏမျှ စဉ်းစားလိုက်ပီး ပြောလိုက်ပါတယ်။

``ငါ အခု အောက်ကို ဆင်းမလို့ပဲ ဒါကြောင့် မင်းအနေနဲ့ ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ဘာမှဆက်လုပ်စရာမလိုတော့ဘူး``

``နားလည်ပါပြီခင်ဗျာ``

အစေခံကောင်လေးက ခေါင်းကို လျှင်မြန်စွာ ငြိမ့်လိုက်ပါတယ်။ သူက လင်းဟာန်နဲ့ ချီကျန်းထျန်းတို့ကို မြင်သွားပြီးတော့ အဲဒါက သူ့အတွက် ပြောစရာ စကား လုံး

မရှိ ဖြစ်စေခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဖုယွင်ရှင်းက သူတို့ကို ဦးဆောင်ပြီးတော့ အောက်ဆင်းတဲ့ လှေကားဆီကို ခေါ်လာတဲ့အတွက် ဒါက သူ့ကို အလွန်အမင်း အံ့အားသင့်စေခဲ့ပါတယ်။

ဒါက ဖုယွင်ရှင်းပါ.. မိုးရေနိုင်ငံရဲ့ စွမ်းအားအကြီးဆုံး လူအနည်းစုထဲက တစ်ယောက် ဖြစ်ပြီး လူတွေအများဆုံး ရှိသေလေးစားခြင်းကို ခံရတဲ့သူပါ။

သူတို့သုံးယောက်က မကြာခင်မှာပဲ အောက်ထပ်ကို ရောက်လာခဲ့ပြီး လူငယ်တစ်ယောက်နဲ့ မိန်းမတစ်ယောက်က အဲဒီမှာ မတ်တပ်ရပ်နေတာကို မြင်လိုက်ကြပါတယ်။ သူတို့နှစ်ယောက်က မတ်မတ်ကြီး ရပ်နေပြီးတော့စိတ်မရှည်တဲ့ အမူအရာ လုံးဝ မတွေ့ရပါဘူး။

ယောက်ကျာ်း နဲ့ မိန်းမ နှစ်ယောက်စလုံးကို ကြည့်ရတာ အသက် ၂၅ သို့မဟုတ် ၂၆ နှစ်လောက်ရှိပါတယ်။ ယောက်ကျာ်းဖြစ်တဲ့သူက အရပ်ရှည်ပြီး ခန္ဓာကိုယ်တောင့် တင်းပါတယ်။ သူ့ရဲ့ မျက်လုံးတွေက တောက်ပပြီးတော့ အထင်ကြီးစရာကောင်းပြီး ဖောက်ထွင်းသွားလုမတတ် စူးစိုက်ကြည့်တတ်ပြီး တကယ်လို့ တစ်စုံတစ်ယောက်ရဲ့ နှလုံးသားရဲ့ အနက်ဆုံး နေရာမှာ လျှို့ဝှက်ချက် တွေ

ဖုံးကွယ်ထားခဲ့ယင်တောင်မှ သူ့ရဲ့ စူးစိုက်ကြည့်မှုတွေက ဖောက်ထွင်းပြီးမြင်နိုင်တဲ့ ပုံစံမျိုးပါ။

အမျိုးသမီးဖြစ်သူကတော့ အရမ်းကို ကိုယ်လုံးကိုယ်ပေါက်လှပြီးတော့ မြင်ရတဲ့ ယောကျ်ားသားတိုင်းကို သွားရည် တမြားမြား ကျစေနိုင်ပါတယ်။ သူမရဲ့ မျက်နှာက အရမ်းကို လှပချောမောပြီးတော့ အသားအရေကလဲ ကျောက်စိမ်းဖြူလေးလိုမျိုး ဝင်းမွတ်ကြည်လင်နေပါတယ်။ သူမရဲ့ ဆံပင်တွေက နီမြန်းမြန်းနဲ့ မီးလိုအရောင် တောက်နေပြီးတော့ အဲဒါကပဲ သူမကို ပြိုင်ဘက်ကင်းအောင် လှပသူ တစ်ဦးဖြစ်စေ ခဲ့ပါတယ်။

ယောကျ်ားလေးကတော့ တတိယ အင်ပါယာ မင်းသားဖြစ်တဲ့ ချီဖန်ယွမ် ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ အမျိုးသမီးကတော့ ဘယ်သူလဲ?

လင်းဟာန် က အနည်းငယ်အံ့အားသင့်သွားပါတယ် ဘာလို့လဲ ဆိုတော့ သူမက အရမ်းကို ထူးခြားအံ့သြဖွယ်ရာကောင်းအောင်ပဲ နွေဦးစမ်းရေ အဆင့် ဖြစ်နေလို့ပါပဲ။

မိုးရေနိုင်ငံလို သေးငယ်တဲ့ နေရာလေးတစ်ခုမှာ အသက်သုံးဆယ် မပြည့်ခင် နွေဦးစမ်းရေ အဆင့်ကို ရောက်အောင် လုပ်နိုင်တာက အရမ်းကို ထူးခြားတဲ့ အောင်မြင်မှုကြီးတစ်ခုပါ.. သူမအနေနဲ့ တကယ့်ကို ပါရမီရှင် ဆိုတဲ့ စာရင်းထဲမှာ ပါဝင်ပါတယ်။

``အိမ်တော်အရှင်သခင်```

တတိယအင်ပါယာ မင်းသားက ဖုယွင်ရှင်းကို မြင်လိုက်တဲ့အခါမှာ အရမ်းကို ယဉ်ကျေးသိမ်မွေ့ စွာနဲ့ နှုတ်ဆက်လိုက်ပါတယ်။ ဒါက မှန်ကန်ပါတယ်.. သူက တတိယ အင်ပါယာ မင်းသား ဆိုပေမဲ့လည်း တကယ်လို့ တစ်နေ့နေ့မှာ ဧကရာဇ် ရဲ့ သရဖူ ကို အမွေဆက်ခံ ခွင့် ရခဲ့မယ်ဆိုယင်တောင် သူ့အနေနဲ့ ဖုယွင်ရှင်းကို အရမ်းကို ယဉ်ယဉ်ကျေးကျေးနဲ့ လောကဝတ်ပြုရမှာပါပဲ။

``ကျန်းထျန်းက ဒီကနေ တတိယအင်ပါယာ အကိုတော် ကို နှုတ်ခွန်းဆက်ပါတယ်``

ချီကျန်းထျန်းက အနည်းငယ်ဦးညွှန်ပြီးတော့ တတိယအင်ပါယာမင်းသားကို နှုတ်ခွန်းဆက်လိုက်ပါတယ်။

``အင်း.. ဒီနေရာမှာ ခဏစောင့်နေပါဦး... အခု အရမ်းကို လေးစားဂုဏ်ပြုရတဲ့ ညွှသည်တော်ကို အယင် လိုက်ပို့လိုက်ဦးမယ်``

ဖုယွင်ရှင်းက တတိယအင်ပါယာမင်းသားကို ခေါင်းငြိမ့်ပြပြီးတော့ ပြောလိုက်ပါတယ်။

အရမ်းကိုလေးစားဂုဏ်ပြုရတဲ့ ညွှသည်တော်?

တတိယအင်ပါယာမင်းသားက လင်းဟန်ကို စိုက်မကြည့်ပဲနဲ့ မနေနိုင်ပါဘူး. . ဘာလို့လဲ ဆိုတော့ ဖုယွင်ရှင်းရဲ့ အနောက်မှာ လူသုံးယောက်ပဲ မတ်တပ်ရပ်နေတာပါ။ ချီကျန်းထျန်းက ဒုယွန်ဘုရင်ရဲ့ တော်ဂင်အိမ်တော်ကဖြစ်ပါတယ်.. ဒါကြောင့် ပုံမှန်အားဖြင့်တော့ ဖုယွင်ရှင်းဆီက ဒီလိုမျိုး ဦးစားပေးဆက်ဆံခြင်း ခံရဖို့ဆိုတာက မဖြစ်နိုင်ပါဘူး.. ဒါ့အပြင် ဟူးညိုကလည်း အရမ်းကို ငယ်ပါသေးတယ်။

ဒီလူငယ်လေး.... သူကဘယ်သူလဲ.. ဖုယွင်ရှင်းကိုယ်တိုင်ကတောင်မှ အရမ်းကို လေးစားဂုဏ်ပြုရတဲ့ ညွှသည်တော်လို့ ခေါ် ဆိုခြင်းခံရပြီးတော့ ကိုယ်တိုင်ကိုယ်ကျ

လိုက်ပို့ပေးတာကိုတောင် ခံရတယ်။

ဒါက ထူးဆန်းတယ်.. သူက အင်ပါယာမြို့ရဲ့ အရေးပါတဲ့ လူတွေအားလုံးအကြောင်းကို သိထားပါတယ်.. ဒါဆို ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အံ့ဩစရာကောင်းလောက်တဲ့ ပုံရိပ် ရှိတဲ့ လူတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာခဲ့တယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ?

``အာ ရပါတယ် ကျေးဇူးပြုပြီးလုပ်စရာရှိတာလုပ်ပါ အိမ်တော်အရှင်သခင်``

သူက လျှင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

ဖုယွင်ရှင်းက လင်းဟန်ကို စောင့်ကြပ်ပြီး တံခါးအပြင်ဘက်ကို လိုက်ပို့ပြီးတော့ နောက်ထပ်လဲ သူ့ရဲ့ ကောင်းကင်ဆေးအိမ်တော်ကို မကြာမကြာ လာလည်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။ သူကြည့်ရတာ အနည်းငယ် စိတ်မရှည်သလိုဖြစ်နေပါတယ်။ သူက တံဆိပ်လေးခု နည်းစနစ်ကို အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ သင်ယူချင်နေပါပြီ။

လင်းဟန်က ချီကျန်းထျန်းနဲ့အတူတူ

လမ်းလျှောက်ထွက်လာခဲ့ပြီးတော့ ဟူးညိုကတော့ သူမရဲ့ လက်သေးသေးလေးတွေကို စိတ်လှုပ်ရှားစွာနဲ့ ဝှေ့ယမ်းပြီး အဆက်မပြတ် ပြောနေပါတယ်။

``အသား အသား အသား``

``အရှေ့က ညီအကိုလေး ခဏလောက်ပါ``

တတိယအင်ပါယာမင်းသားက သူတို့ကို လိုက်မှီသွားပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ရပ်ပြီးတော့ တတိယအင်ပါယာမင်းသားကို ကြည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကျနော်တို့လား?``

ဒီ တတိယ အင်ပါယာ မင်းသားက ဖုယွင်ရှင်းကို လာရှာတာမဟုတ်ဘူးလား? ဘာလို့ သူက သူတို့ကို လိုက်လံဆက်သွယ်နေတာလဲ? အဖြေက ရှင်းပါတယ်။ အင်ပါယာမြို့မှာ ဖုယွင်ရှင်းကတောင်မှ အရမ်းကို ရှိသေပြီးတော့ စောင့်ကြပ်လိုက်ပို့ပေးရတဲ့ လူတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လို့လာခဲ့ပါတယ်။

တတိယ အင်ပါယာ မင်းသားအနေနဲ့ သူက အဲဒီလိုလူမျိုးနဲ့ ပထမဆုံး သိကျွမ်းခင်မင်ခွင့်ရတာက အခွင့်အရေးကြီး တစ်ခု ဖြစ်လာပါလိမ့်မယ်.။

``ကျနော့် နာမည်က ချီဖန်းယွမ်ပါ.. ကျနော် မေးချင်တာက သင့်ရဲ့ လေးစားရတဲ့ နာမည်ကို ကျနော့်ကို ပြောပြလို့ရနိုင်မလား ညီအကိုလေး?

တတိယအင်ပါယာမင်းသားက အရမ်းကိုပဲ ယဉ်ကျေးတဲ့ အမူအရာ နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာပြုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော့်နာမည်က လင်း... လင်းဟန် လို့ခေါ်ပါတယ်``

``ညီငယ်လေးလင်း ကျုပ်မှာ တစ်ချို့ပြဿနာတွေကို ဖြေရှင်းဖို့ ရှိနေပါသေးတယ် ဒါကြောင့် တကယ်ပဲ အချိန်တော်တော်ကြာအောင်လို့ စကားပြောဖို့ မရှိလို့ပါ.. ဒီပစ္စည်းလေးကို ညီလေးလင်းက ကျုပ်ရဲ့ လက်ဆောင်အဖြစ် လက်ခံပေးဖို့ မျှော်လင့်ပါတယ်... ဒီပစ္စည်းလေးကြောင့် အင်ပါယာမြို့ က လူတွေတော်တော်များများ က

ညီလေးလင်းကို မျက်နှာသာပေးကြလိမ့်မယ်လို့ ကျုပ် ယုံကြည်ပါတယ်``

တတိယ အင်ပါယာ မင်းသားက ခရမ်းရောင် တံဆိပ်ပြားတစ်ခုကို လင်းဟန်ဆီကို ပေးလိုက်ပါတယ်။

``ကျေးဇူးပါပဲ``

လင်းဟန်အနေနဲ့ အရမ်းကြီး နှိမ့်ချ မနေပဲ တတိယအင်ပါယာမင်းသား ပေးတဲ့ တံဆိပ်ကို လက်ခံလိုက်ပါတယ်။

``ညီလေးလင်း ကျနော့် ပြဿနာတွေ ဖြေရှင်းပြီးတဲ့အခါကျယင် စကားစမြည် ပြောဖို့ သေချာပေါက် လာရာပါဦးမယ်``

တတိယအင်ပါယာမင်းသားက လင်းဟန်ဆီကို လက်သီးဆုပ်ပြောပြီးတော့ သူ့အနောက်က အလှပလေးနဲ့ အတူတူ ထွက်ခွာသွားလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့ လက်ထဲက တံဆိပ်အလေးချိန်ကို မြှောက်စမ်းပြီးတော့ သူ့ရဲ့

အိပ်ကပ်ထဲကို ထည့်လိုက်ပါတယ်။

``လင်းဟန် ဒါက တတိယအင်ပါယာမင်းသားရဲ့ အသိအမှတ်ပြု တံဆိပ်ပြားပဲ.. ကောလဟာလတွေအရတော့ ဒီ တံဆိပ်ကို ကိုင်ထားတဲ့ သူကအင်ပါယာမြို့ရဲ့ ဘယ်စားသောက်ဆိုင်မှာမဆို ဘာမှပေးစရာမလိုပဲနဲ့ အားလုံးကို စိတ်ကြိုက်စားနိုင် တယ်လို့ ပြောကြတယ်။ အားလုံးအတွက် ကျသင့်ငွေကို တတိယအင်ပါယာ မင်းသားက ပဲ နောက်ကျယင် အကုန်အကျခံ ပေးချေပေးတယ်တဲ့``

ချီကျန်းထျန်းက မနာလိုစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က တစ်ခဏမျှ မှင်တက်သွားပြီးတော့ ချက်ချင်းဆိုသလို အော်ရီလိုက်ပါတယ်။

ချီကျန်းထျန်းက ဒေါသထွက်သွားပါတယ်။ သူမပြောတဲ့ အထဲမှာ ဘာများ ရီစရာပါလို့လဲ?

``တတိယ အင်ပါယာ မင်းသားကတော့ ဒီအတွက် ကောင်းကောင်းကြီး နောင်တ ရလိမ့်မယ်လို့ ငါထင်တယ်``

လင်းဟန်ကပြောလိုက်ပါတယ်။

``ဘာဖြစ်လို့လဲ?``

``ဘာဖြစ်လို့လဲ ဆိုတော့ ဒီနေရာမှာ စူဇကာ ပုဏ္ဏားတစ်ယောက် ရှိနေလို့ပဲ``

လင်းဟန်က ဟူးညို့ရဲ့ ခေါင်းလေးကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

ချီကျန်းထျန်း က ခေါင်းရှုပ်သွားခဲ့ပါတယ်။ဟူးညို့က အခုမှ ငယ်ငယ်လေးပဲ ရှိပါသေးတယ်။ တကယ်လို့ သူမက မနက်ကနေ ညအထိ စားမယ်ဆိုယင်တောင်မှ. သူမအနေနဲ့ ဘယ်လောက်များ စားနိုင်မှာမိုလို့လဲ?

``ကမ္ဘာပေါ်မှာ တကယ်ပဲ လူကောင်းတွေ ရှိပါသေးတယ်``

လင်းဟန်က မချိတင်ကဲ ပြောလိုက်ပါတယ်။

သူတို့သုံးယောက်က စားသောက်ဆိုင်တစ်ခုကို ဝင်ပြီးတော့ ဟင်းပွဲတွေ မှာပြီး စား လိုက်ပါတယ်။ ဟူးညို့ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစားသောင်းကြမ်းမှုကို

သူမ မြင်လိုက်ရတဲ့အခါမှာ ချီကျန်းထျန်းက သူမရဲ့ ကလန်အဖွဲ့သားအတွက် စိုးရိမ်သွားပါတယ်။ ဒီ ဟူးညီ့ရဲ့ အစားစားသောက်နှုန်းက တကယ်ပဲ ချီဖန်းယွမ် ကို ဆင်းရဲမွဲတေဖြစ်သွားစေနိုင်တဲ့ အခွင့်ရေးတစ်ခုပဲ ဖြစ်ပါတယ်။

ဟွာယန် အကယ်ဒမီ... ဖန်းလောင်ရဲ့ အခန်း.....

``ခွေးကောင် ခွေးကောင် ခွေးကောင်``

ဝေ့ဟဲလီက အခန်းထဲမှာ အရူးတစ်ယောက်လို ခေါက်တုံခေါက်ပြန် လျှောက်နေပြီးတော့ သူ့ရဲ့ မျက်လုံးတွေက နီရဲနေပါတယ်။ နောက်ဆုံးမှာတော့ သူက ရပ်လိုက်ပီးတော့ ဖန်းလောင်ကို ပြောလိုက်ပါတယ်။

``မင်း ဒါကို ယုံကြည်သလား? မင်းဒါကိုယုံကြည်သလား? ကျောင်းအုပ်ကြီးပူက ငါ့ကို မော်ဆေးပညာဌာန ကနေပြီးတော့ အမှန်တကယ်ပဲ နှင်ထုတ်ပစ်လိုက်ပီ``

ဖန်းလောင်ရဲ့ ပါးစပ်က အကြိမ်အနည်းငယ်မျှ တွန့်သွားပါတယ်။ ဒါက ဝေ့ဟဲလီ အနေနဲ့ သူ့ကို ပထမဆုံးအကြိမ် ပြစ်တင်ဝေဖန်ပြောတာမဟုတ်ပါဘူး...

သူသေချာရေတွက် ကြည့်လိုက်မယ်ဆိုယင် ဒါက သုံးဆယ့်ခုနစ်ခါ သို့မဟုတ် သုံးဆယ့်ရှစ်ခါ တိတိ ရှိနေပြီ မဟုတ်လား? အစောပိုင်းတုန်းကတော့ သူက ပေ့ဟဲလီကို ကောင်းကောင်းမွန်မွန်နဲ့ တုံ့ပြန် ပြီးတော့ သက်တောင့်သက်သာ ရှိပါသေးတယ်.. ဒါပေမဲ့ အခုတော့ သူ့အနေနဲ့ အဲဒီလို ခံစားမှုမျိုး လုံးဝမရှိတော့ပါဘူး။

ပူဆောင်လင်းရဲ့ ကြည့်ရှုမှု ကို ဆုံးရှုံးသွားခဲ့ရတော့ အဂါရောင်အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်မျှသာ ဖြစ်တဲ့ သူ့အနေနဲ့ တစ်ခြားသူတွေအပေါ်မှာ အပေါ်စီးကနေပြီး ဆက်ဆံလို့မရတော့ပါဘူး။

``ဒါတွေအားလုံးက အဲဒီခွေးကောင်ကြောင့်ပဲ ဒီခွေးကောင်တော့ကွာ``

ပေ့ဟဲလီရဲ့ မျက်လုံးတွေထဲမှာ မီးတွေတောက်နေပါတယ်။

သူက အရမ်းကို ခမ်းနားတင့်တယ်သူတစ်ယောက်ဖြစ်ပြီးတော့ မှော်ဆေးပညာရဲ့ ပါရမီရှင် တစ်ယောက် အဖြစ် အားလုံးက မီးမှောင်းထိုးပြ သတ်မှတ်ထားခြင်းကို ခံထားရသူတစ်ဦးဖြစ်ပါတယ်။ တော်ဝင်မိသားစုက

လူတွေတောင်မှ သူ့ကို ယဉ်ကျေး စွာနဲ့ ဦးစားပေးဆက်ဆံကြရပါသေးတယ်။ ဒါပေမဲ့ အခု..သူ့ရဲ့ အဆင့်အတန်းက အလွန်အမင်း မြင့်မားတဲ့ နေရာကနေပြီးတော့ ဟိုးအောက်ဆုံးထိအောင် ကျသွားခဲ့ရပါတယ်။ သူ့ရဲ့ အနာဂါတ်က အခုဆို လုံးဝ မည်းမှောင်သွားခဲ့ပါပြီ။

ပူဆောင်လင်းကိုယ်တိုင်က နှင်ထုတ်လိုက်တဲ့ လူတစ်ယောက်ကို ဘယ်မှော်ဆေးပညာ ရှင်တွေက တပည့်အဖြစ်လက်ခံရဲမှာလဲ?

ဒီ့အပြင် မှော်ဆေးပညာကျွမ်းကျင်မှု ဆိုတာက အရမ်းကို များပြားတဲ့ ့ဗဟုသုတ တွေ အပေါ်မှာ မူတည်နေပါတယ်။တကယ်လို့ ၄င်းက ကိုယ်တိုင်ပဲ လေ့လာသင်ယူမှု အပေါ်မှာ မူတည်နေမယ်ဆိုယင် သူ့အနေနဲ့ ပြီးမြောက်အောင်လို့ ဘယ်လိုလုပ်လို့ ရနိုင်မှာလဲ?

ဘာကိုဆိုလိုသလဲဆိုယင်တော့ သူက အခုဆိုယင် လုံးဝ သွားလိုက်ပါပီ။

ဖန်းလောင်က ဖြစ်ပျက်နေတာအားလုံးကို မြင်လိုက်ပီးတော့ သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာ အေးစက်တဲ့ အပြုံးတစ်ခုကို

ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဇေ့.. ငါ့မှာ အဲဒီကောင်ကို ပြင်းပြင်းထန်ထန် ပြဿနာကြီး ဖြစ်စေမဲ့ကိစ္စ တစ်ချို့ ကို အကြံပြုစရာတွေ ရှိတယ်``

သူက သွားတွေ တော်တော်များများ ဆုံးရှုံးသွားခဲ့ ရတဲ့ အတွက် အခု စကားပြောဖို့ အတွက်ကို သူရဲ့ နှုတ်ခမ်းတွေကို ဖိအားပေးပြီးတော့ ပြောနေရပါတယ်။ သူရဲ့ စကားလုံးတွေကို တစ်ဖက်လူ ပြတ်ပြတ်သားသားနားလည်နိုင်ဖို့ အတွက် သူက ကြိုးစားပြီးတော့ ပြောရပါတယ်။

``အိုး.. ဘယ်လို အကြံပြုချက်မျိုး ဖြစ်နိုင်မလဲ?

ဇေ့ဟဲလီက ချက်ချင်းဆိုသလို သူ့ကိုလှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ လက်ရှိသူက အရာအားလုံးကို ဆုံးရှုံးထားပါတယ် ဒါကြောင့် သူ့အနေနဲ့ လုံးဝကိုပဲ အရှုံးတစ်ယောက် လိုဖြစ်နေပါပြီ။ တကယ်လို့ သူက လင်းဟာန်ကိုသာ လက်စားပြန်ချေနိုင်မယ် ဆိုယင် ဘယ်လိုမျိုး ရှုံးသွပ်စရာကိစ္စတွေကိုပဲဖြစ်ဖြစ် လုပ်ဖို့ ဆန္ဒရှိနေပါတယ်။

``ဒီမှာ ... ဒီဟာပဲ``

ဖန်းလောင်က ခရမ်းရောင်တံဆိပ်တစ်ခုကို ထုတ်ပြလိုက်ပါတယ်။

``အဲဒါကဘာလဲ?``

ပေ့ဟဲလီက မေးလိုက်ပါတယ်။

``ဒါက တတိယအင်ပါယာမင်းသားရဲ့ တံဆိပ်တစ်ခုပဲ``

ဖန်းလောင်က ကောက်ကျစ်စဉ်းလဲစွာနဲ့ ပြုံးလိုက်ပါတယ်။

``ဒီတံဆိပ်ပြားကို တတိယ အင်ပါယာမင်းသားက ကျနော့်ရဲ့ အကိုဖန်းယန် ကို လက်ဆောင်အဖြစ်ပေးခဲ့တာ.. ကျနော့်ကိုပြောကြည့်... တကယ်လို့ ကျနော်က ဒီတံဆိပ်ပျောက်သွားခဲ့ပြီးတော့ ဒီတံဆိပ်က လင်းဟာန်ရဲ့ နေရာမှာ ရှာဖွေတွေ့ရှိခဲ့မယ် ဆိုယင် ... အကယ်ဒမီကို သူက ဘယ်လိုရင်ဆိုင်မလဲ ပြီးတော့ တတိယ အင်ပါယာ မင်းသားကရော ဘယ်လိုတုံ့ပြန်လိမ့်မလဲ?``

ပေ့ဟဲလီရဲ့ မျက်လုံးတွေက နားလည်မှုကြောင့်

မြင့်တက်လာခဲ့ပါတယ်။။

အပိုင်း (၁၀၉) ရှုမြင်သုံးသပ်ခြင်း

``ဟားဟားဟား ခိုးယူခြင်းဆိုတာ မကောင်းဆိုးဂါးတစ်ခုပဲ. ပထမနေရာနဲ့ အရှက်ကင်းမဲ့တဲ့ အပြုအမူကိုလည်း လုပ်သေးတယ်ပြီးတော့ ဒီကိစ္စမှာ အမှန်တကယ်ပဲ တတိယမင်းသားလဲ ပါဝင်သေးတယ်``

ပေ့ဟဲလီက သူကိုယ်သူ မရီပဲ မနေနိုင်ခဲ့ပါဘူး။ အဲဒီအချိန်မှာပဲ တကယ်လို့ အကယ်ဒမီက ဒီကိစ္စကို နောက်ပိုင်းမှာ ဆက်လက်ပီးတော့ လုပ်ဆောင်ဖို့ ဆန္ဒမရှိဖူး ဆိုယင်တောင်မှ အင်ပါယာမိသားစုရဲ့ ပါဝင်ပါတ်သတ်မှုကြောင့် ပူဆောင်လင်းရဲ့ ကျော်ကြားမှုတောင်မှ ဘာမှလုပ်လို့ရမှာတောင်မဟုတ်ဘူး``

အင်ပါယာမိသားစုနဲ့ ပါတ်သတ်ဆက်နွယ်နေတဲ့ အရာမှန်သမျှက ဘယ်တော့မှ သေးငယ်တယ်ဆိုတာမရှိပါဘူး ပြီးတော့ လင်းဟန်က အမှန်တကယ်ပဲ တတိယ အင်ပါယာ မင်းသားရဲ့ ပစ္စည်းကို ခိုးယူပုံ့တယ်။ အဲဒါက လုံးဝ သေလမ်းတစ်ခုပဲ ရှိပါတယ်။

``ဘယ်လိုပဲဖြစ်ဖြစ် .. အကြောင်းပြချက်တစ်ခုတော့ ရှိနေသေးတယ်မဟုတ်ဘူးလား? သူခိုးက ဒီအရာကို ဘာအတွက် ခိုးယူတာလဲ?

ပေ့ဟဲလီက ရီမောနေတာကို ရပ်တန့်ပြီးတော့ မေးလိုက်ပါတယ်။

ဖန်းလောင်က နှာတစ်ချက်ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက တတိယ အင်ပါယာ မင်းသားရဲ့ တံဆိပ်တစ်ခုပဲ ပြီးတော့ သူက လက်ဆောင်ပေးထားတဲ့ လူနည်းစုက အရမ်းကိုရှားပါးပြီး လက်ချိုးရေတွက် လို့တောင် ရတယ်.. ဒီတံဆိပ်ကို ကိုင်ဆောင်ထားတဲ့သူက တတိယအင်ပါယာမင်းသားရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်လို့တောင် သတ်မှတ်ထားလို့ရတယ်။ ဒါက ဒီလိုမျိုး အဆင့်အတန်းရှိတဲ့ သင်္ကေတ တစ်ခုဖြစ်ယုံသာမကဘူး ဒီတံဆိပ်ကို ကိုင်ဆောင်ထားတဲ့သူရဲ့ အင်ပါယာမြို့က ဘယ်စားသောက်ဆိုင်မှာမဆို ဘယ်တည်းခိုခန်းမှာမဆို ကျသင့်တာအားလုံးကို တတိယ အင်ပါယာ မင်းသားရဲ့ စာရင်းထဲမှာ အားလုံးကို မှတ်ထားတယ်``

``ပိုး``

ဖေ့ဟဲလီကို ကြည့်ရတာ အလွန်အမင်းကို မနာလိုဖြစ်နေတဲ့ပုံပါပဲ။ သူက မှော်ဆေးပညာရဲ့ ပါရမီရှင်တစ်ယောက်ဖြစ်ပေမဲ့လည်း တတိယမင်းသားရဲ့ မျက်နှာသာ ပေးမှုကို ရအောင်လို့ မလုပ်နိုင်သေးတဲ့ အပြင် ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ တံဆိပ် တစ်ခုကိုလည်း လက်ဆောင်အဖြစ်ရအောင် မလုပ်နိုင်ပါဘူး။ အခု အပျော်အပါးအရမ်း ကို မက်တဲ့ သခင်လေးတစ်ယောက်က ဒီလိုမျိုး တံဆိပ်တစ်ခုကို ကိုင်ထားတာကို မြင်တော့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မနာလို မဖြစ်ပဲ နေနိုင်မှာလဲ?

ဖန်းလောင် က အရမ်းကို ဂုဏ်ယူစွာနဲ့ ပြုံးလိုက်ပါတယ်။ ဒါက ဖန်းယန် က သူ့ကို ပေးထားတာပါ.ဘယ်သူက အင်ပါယာမြို့ထဲမှာ သူ့ရဲ့ ညီငယ်လေးကို မကြောက်မလန့်နဲ့ ပြဿနာဖြစ်အောင်လို့ လုပ်ရဲမှာလဲ။ တကယ်လို့ ဖန်းလောင်သာ တတိယအင်ပါယာမင်းသားရဲ့ တံဆိပ်တစ်ခုကို ပိုင်ဆိုင်ထားမယ်ဆိုယင် ဘယ်သူပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး.. သူတို့အနေနဲ့ တတိယမင်းသားကို မျက်နှာသာ ပေးကိုပေးရမှာပါ။ သူက ဖေ့ဟဲလီရဲ့ ပုခုံးကို

ပုတ်လိုက်ပြီးတော့ ပြောပါတယ်။

``သခင်လေးဝေ့.. လင်းဟန်ကို ဘောင်ထဲကျပ်ထဲ ကျသွားအောင်လုပ်ရမဲ့ တာဝန် က ခင်ဗျားရဲ့ တာဝန်ဖြစ်လိမ့်မယ်``

``ငါလား?``

ဝေ့ဟဲလီ ကြည့်ရတာ ပြဿနာရှိနေသလိုပါပဲ။ သူက မော်ဆေးလုံးဘယ်လိုဖော်စပ် ရမလဲ ဆိုတာတစ်ခုတည်းကိုပဲသိတာလေ ဒါပေမဲ့ တစ်စုံတစ်ယောက်ကို အကျဉ်းအကြပ် ထဲကျအောင်လို့ လုပ်တာကတော့ သူ့အနေနဲ့ အယင်တုန်းကလည်း တစ်ခါမှမလုပ်ဖူးခဲ့ပါဘူး။ ဒီ့အပြင် အယင်တုန်းက လူတွေအများကြီးက သူ့ရဲ့ မျက်နှာသာ ပေးခြင်းကို ခံရဖို့အတွက် သူလိုချင်တဲ့ အလုပ်တွေမှန်သမျှကို ပြီးစီးအောင် လုပ်ပေးခဲ့ာကပါတယ်။ သူ့အနေနဲ့က ဘာလိုချင်တယ် ဘာလုပ်ချင်တယ်ဆိုတာကို ပြောလိုက်ဖို့ပဲလိုခဲ့တာပါ။သူ့အနေနဲ့ ဘယ်အရာကိုမှ ကိုယ်တိုင်ကိုယ်ကျ တစ်ခါမှ မလုပ်ဖူးခဲ့ပါဘူး။

``ဘာလဲ.. ခင်ဗျားက မလုပ်ချင်ဘူးလား?``

ဖန်းလောင်က အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူက တံဆိပ်ပြားကို အပေးမှာထား မလိုလိုနဲ့ ဟန်ဆောင်လိုက်ပါတယ်။

``ဒါဆိုယင်လဲ ဒီအကြောင်းကိုမေ့လိုက်ကြတာပေါ့... ကျနော်က ခင်ဗျားရဲ့ ပထမဆုရှင်အပေါ်မှာ ထွက်နေတဲ့ ဒေါသတွေအတွက် ကူညီချင်ယုံပါပဲ.. ဒါပေမဲ့ ခင်ဗျားက ဒါကိုလုပ်ဖို့ ဆန္ဒမှမရှိတာ ကျနော် အတင်းမတိုက်တွန်းတော့ပါဘူး``

``ခဏနေဦး``

ပေ့ဟဲလီက အလျင်အမြန်ပဲ အော်လိုက်ပီး သူ့ရဲ့ သွားတွေကို ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါဒါကို လုပ်မယ်``

သူ့ရဲ့ နှလုံးသားထဲမှာ အလွန်အမင်းကိုပဲ နားကြည်းနေပါတယ်။ သူက လင်းဟန်ကို ဆန့်ကျင်ခဲ့တယ် ဒါပေမဲ့ တစ်ခြားကြောင့်မဟုတ်ဘူး သူက ဖန်းလောင်အတွက် ရပ်တည်ပေးခဲ့တာကြောင့် မဟုတ်လား?

ဒါပေမဲ့ အခု ဒီကောင်က သူ့ရဲ့ ဒေါသတွေ အတွက် ပြန်ပြီး လက်စားချေနိုင်ဖို့အတွက် အမှန်တကယ် ကူညီချင်တာလို့ ပြောခဲ့တယ် ဒါက တကယ်ပဲ သူ့ကိုပြန်ပြီးတော့ ပေးဆပ်တာဖြစ်တဲ့အတွက် သူ့အနေနဲ့ လုံးဝ နှလုံးသားကင်းမဲ့လို့မဖြစ်ပါဘူး။

ဒါပေမဲ့ သူက ပူဆောင်လင်းရဲ့ စွန့်ပယ်ခြင်းကိုလဲ ခံခဲ့ပြီးပြီ.. သူ့အနေနဲ့ နောက်ထပ် သခင်လေးပေ့ မဟုတ်တော့ယုံတင်မက အဂါရောင်အဆင့်နိမ့်မှော်ဆေးပညာရှင် တစ်ယောက်လည်းမဟုတ်တော့ဘူး.. သူ့အနေနဲ့ ဘယ်လိုလုပ်ပီးတော့ ဖန်းလောင်ကို ဆန့်ကျင်ရဲတော့မှာလဲ?

သူ့အကို ဖန်းယန်ရဲ့ ထောက်ပံ့ကူညီမှုနဲ့ဆိုယင် ဖန်းလောင်ရဲ့ ကိုယ်ပိုင် အနာဂါတ်က လုံးဝ တိုင်းတာလို့မရနိုင်တော့ပါဘူး..သူ့လိုမျိုး မှော်ဆေးပညာရှင်အဖြစ်ကနေ အစွန့်ပစ် အပယ်ခံလိုက်ရတဲ့သူတစ်ယောက် အနေနဲ့ ဘယ်လိုလုပ်ပီးတော့ နှိုင်းယှဉ်လို့ ရနိုင်တော့မှာလဲ?

သူ့ရဲ့ လက်ရှိအခြေအနေတွေကို သုံးသပ်ပြီးတဲ့နောက်မှာ ပေ့ဟဲလီက သူ့ရဲ့ ခေါင်းကို ဦးညွှန်ပြီးတော့

သဘောတူညီလိုက်ပါတယ်။ တကယ်လို့ အခု သူက ဖန်းလောင်ကို ငြင်းပယ်လိုက်မယ်ဆိုယင် သူ့ရဲ့ အနာဂါတ်မှာ ပြန်လည် တောက်ပလာနိုင်တဲ့ အခွင့်အရေးကို ဖြတ်တောက်ပစ်လိုက်တာနဲ့အတူတူပါပဲ.. တကယ်လို့ သူက ဖန်းလောင်ရဲ့ နောက်ကိုသာလိုက်မယ်ဆိုယင် အနာဂါတ်မှာ မိုးရေနိုင်ငံက ထွက်ခွာနိုင်ယုံသာမက ပူဆောင်လင်းရဲ့ အရိပ်အောက်ကနေပါ လွတ်မြောက်သွားနိုင်ပါလိမ့်မယ်။

သူက ခရမ်းရောင်တံဆိပ်ပြားကို လက်ခံပြီးတော့ ဖန်းလောင်ရဲ့ဘေးကနေ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လျှောက်လာခဲ့ပါတယ်။ သူ့ရဲ့လက်တွေကို သူ့ရဲ့ဘေးမှာ နှိမ့်ချထားပြီးတော့ သူကိုယ်သူ ဖန်းလောင်ထက်နိမ့်တဲ့ နေရာမှာ ထားတယ်ဆိုတာက သိသာထင်ရှားစေပါတယ်။

``ဟားဟားဟားဟား``

ဖန်းလောင်က ဂုဏ်ယူပင့်ကြွားစွာနဲ့ ကျယ်လောင်စွာ အော်ဟစ်ရီမောလိုက်ပါတယ်။

သူ့ရဲ့ အကိုတောင်မှ ဘယ်တော့မှတွေးမိမှာ မဟုတ်ပါဘူး သူက သူ့ရဲ့ အဖွဲ့ထဲမှာ မှော်ဆေးပညာမှာ အနည်းငယ် ပါရမီရှိတဲ့ သူတစ်ယောက်ကို

ထည့်သွင်းထားနိုင်တယ်ဆိုတာကိုပေါ့ .. စောင့်ကြည့်ကြစို့လေ.. ဘယ်သူက ဒီသခင်လေးကို ဂေဖန်ပြစ်တင်ရဲသေးလဲဆိုတာကို ပေါ့..

ဝေ့ဟဲလီက သူ့ရဲ့ ခေါင်းကို ငုံ့ထားပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာတော့ အမုန်းတရားတွေနဲ့ နောင်တတွေရနေပါတယ်။ ဒါပေမဲ့ အခြေအနေတွေက ဒီအထိ ဖြစ်လာမှတော့ သူ့အနေနဲ့ နောက်ပြန်လှည့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။

စားလို့သောက်လို့ပြီးတဲ့ အခါမှာတော့ ချီကျန်းထျန်းက ကောင်းကင်ဆေးအိမ်တော် ကို ပြန်သွားခဲ့ပြီးတော့ လင်းဟန်ကတော့ ဟူးညိုကို ခေါ်ပြီးတော့ ဆိုင်တွေကို ပါတ်ပြီး သူ့ရဲ့ ခြံဂန်းပါတ်လည်ကို ကန့်သတ်ထားဖို့ ပစ္စည်းအချို့ကို ဝယ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူက အကယ်ဒမီဆီကို ပြန်လာခဲ့ပါတယ်။

သူက အခု ဒုတိယကြယ်ဆေးလုံးကို အသုံးပြုဖို့ အလျင်စလို မရှိပါဘူး။ သူ့ရဲ့ ဦးစားပေးအရာက သူ့ရဲ့ ခြံဂန်းပါတ်လည်နေရာမှာ အကန့်အသတ်တွေ ချထားဖို့ လုပ်နေပါတယ်။

ဒါက ဦးစားပေးလုပ်ရမဲ့ အရာတစ်ခုပဲဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ရဲ့ ခြံဝန်းထဲကို ကျူးကျော်ဝင်လာခဲ့မယ်ဆိုယင် ဒီနေရာရဲ့ အကန့်အသတ်ကြောင့် သူတို့ကလုံးဝ ဒုက္ခရောက်သွားရပါလိမ့်မယ်.. ဒါကြောင့် ဒီနေရာမှာ အာရုံခံနိုင်တဲ့ အချက်ပေးခေါင်းလောင်း တစ်ခုလောက် ထားဖို့လိုပါလိမ့်မယ်။ တကယ်လို့ သူက အခန်းမှာမရှိယင်တောင်မှ ဒီနေရာမှာ သဲလွန်စတွေ ကျန်ရစ်ပြီးတော့ သူ့ရဲ့ ခြံဝန်း ကို ကျူးကျော်ဝင်ရောက်သူတစ်ယောက်က ဖျက်ဆီးသွားခဲ့တယ်ဆိုတာကို ပြောပြနိုင်ပါလိမ့်မယ်။

ဒီဟာနဲ့ပါတ်သတ်ပြီးတော့ သူ့အနေနဲ့ ဘာမှသိပ်လုပ်စရာ မရှိပါဘူး။ သူ့ရဲ့ လက်ထဲမှာ ပစ္စည်းတွေက အကန့်အသတ်နဲ့ပဲရှိပါတယ်။ ဒါကြောင့် သူက ရိုးရှင်းတဲ့ ပုံစံကိုပဲ ချလိုက်ပါတယ်။ တကယ်လို့ ဒါက သူ့ရဲ့ အယင်ဘဝ တုန်းကသာဆိုယင် စွမ်းအား ပြည့်ဝတဲ့ ကောင်းကင်အဆင့် စစ်သည်တော်တောင်မှ သူပုံစံချထားတဲ့ နေရာကို အတင်းအကြပ် ထိုးဖောက်ဝင်ရောက်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

``ဘယ်လိုပဲဖြစ်ဖြစ် ငါတတ်နိုင်သလောက်တော့ လုပ်ရမှာပဲ..

ငါ့မှာ အခု ရန်သူမှ မရှိတာပဲ``

သူက တီးတိုးရွတ်ဆိုလိုက်ပါတယ်။

တကယ်လို့ လွီယုထန်ရယ် ချီယောင်ရီနဲ့ ကျန်တဲ့သူတွေသာ သူ့ရဲ့စကားကို ကြားခဲ့မယ်ဆိုယင် ထပြီးတော့တောင် ခုန်လောက်ပါတယ်။

သောက်ကျိုးနည်း ရန်သူမရှိဘူးဟုတ်လား.. သူက တကယ်ပဲ အဲဒီလို ပြောရတယ်ပေါ့လေ

ဟူဘိုက တစ်ယောက်... ဖန်းယန်က နောက်တစ်ယောက်.. ဟဲကျွမ်းချန် ကိုလဲ တစ်ယောက်လို့ ယူဆနိုင်ပါတယ်။ ပြီးတော့ နန်းကုန်းဂျီလဲ ရှိသေးတယ်.။ ဒီလူတွေအားလုံးက လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်လို့ရမဲ့ လူတွေမဟုတ်ပါဘူး အထူးသဖြင့်တော့ ဟူဘိုနဲ့ ဖန်းယန်ပါပဲ.. ဟူဘိုက ဟူကလန်ရဲ့ အဓိကသခင်လေး တစ်ယောက်ဖြစ်ပြီးတော့ ဖန်းယန်က လည်း သိုင်းပညာရပ်မှာ ပါရမီရှင်တစ်ယောက်ဖြစ်ပြီးတော့ အုပ်ချုပ်သူတစ်ယောက်ဖြစ်ဖို့ အလားအလာကောင်းတွေရှိနေပါတယ်။ တကယ်လို့ ဒီလူတွေကို ရန်သူလို့ မစဉ်းစားဖူး ဆိုယင် လင်းဟန်က

ဘယ်သူတွေကို သူ့ရဲ့ ရန်သူတွေလို့ စဉ်းစားနေတာလဲ?

ကံမကောင်းတာက သူတို့အနေနဲ့ လင်းဟန်ရဲ့ လက်ရှိကျင့်ကြံခြင်းအဆင့်က အရမ်းကို အားနည်းနေပေမဲ့လည်း သူ့ရဲ့ အရိုးတွေထဲမှာ ကောင်းကင်အဆင့် စွမ်းအားပြည့်ဝတဲ့ စစ်သည်တော်ရဲ့ ဂုဏ်ကျက်သရေရှိနေတယ်ဆိုတာကို လုံးဝမသိကြပါဘူး။ သူ့အနေနဲ့ ဒီလိုမျိုး လူရှုပ်လေးတွေကို ဘယ်လိုလုပ်ပြီးတော့ ခေါင်းထဲထည့်မှာလဲ? ဒ့ါအပြင် သူ့မှာ အယင်ဘဂတုန်းကလိုပဲ တူညီတဲ့ အမူအကျင့်နဲ့ သူ့ကိုယ်ထဲမှာ နက်နက်ရှိုင်းရှိုင်းကိုပဲ ဂုဏ်ကျက်သရေက ပိုင်ဆိုင်နေပါသေးတယ်။ သူ့အနေနဲ့ ဘယ်သူ့ကိုမှ ဦးညွှန့်မှာမဟုတ်ပါဘူး ။

ဒီ ကာကွယ်မှုပုံစံက အရမ်းကို ရိုးရှင်းပါတယ် ဒါကြောင့် လင်းဟန်အနေနဲ့ ဒါကို ပုံစံချဖို့ အချိန်အများကြီးသုံးစရာမလိုပါဘူး။ ပြီးတဲ့နောက်မှာတော့ သူက ဒုတိယကြယ်ဆေးလုံး ကို မြိုချပြီးတော့ သူ့ရဲ့ နတ်ဘုရားအာရုံ သန်မာဖို့ကို စတင်လိုက်ပါတယ်။

အစကတည်းက လင်းဟန်သိထားပါတယ်။ ဒီကမ္ဘာကြီးမှာ နတ်ဘုရားအာရုံကို သန်မာ စေဖို့ ကျင့်ကြံခြင်း နည်းစနစ်တွေ

မရှိဘူးဆိုတာကိုပေါ့။ သိုင်းပညာရှင်တွေရဲ့ ကျင့်ကြံခြင်း အဆင့် တိုးလာတဲ့အချိန်ပဲ သူတို့ရဲ့ နတ်ဘုရားအာရုံတွေက နောက်တစ်ဆင့်ကို အဆင့်တက်သွားနိုင်တာ တစ်ခုပဲရှိပါတယ်။ ဒါက အရမ်းကိုကြာလွန်းတဲ့ လုပ်ငန်းစဉ်တစ်ခုပါပဲ။ ဥပမာ သူ့ရဲ့ အယင်ဘာဂတုန်းက သူက ကောင်းကင်အဆင့်မှာပဲရှိနေသေးပြီးတော့ သူ့ရဲ့ စိတ်ဂိဉာဉ်က အနည်းငယ် တုန်ခါ လိုက်ဖို့ တစ်ခုပဲ လိုအပ်ပြီးတော့ သူ့အနေနဲ့ စွမ်းအားကြီးမားတဲ့ စိတ်ဂိဉာဉ်နတ်သူငယ် အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ စိတ်ဂိဉာဉ်ကို တိုက်ရိုက် ဖျက်ဆီးပစ်လိုက် နိုင်ပါတယ်။

ဒါပေမဲ့ သူက အမြဲတမ်းလိုလို သက်ာမကောင်းဖြစ်နေတာက နတ်ဘုရားအာရုံကို ကျင့်ကြံခြင်းနည်းစနစ်တွေနဲ့ ပြန်လည်ဖြည့်ဆည်းကုသပြီးတော့ ခွန်အားကိုတော့ မှော်ဆေးလုံး သို့မဟုတ် နတ်ဘုရားဆေး တွေကိုသုံးပြီးတော့ ပြန်လည်ဖြည့်ဆည်း ပေးနိုင်မလားဆိုတာကိုပါပဲ။ တစ်ခုတည်းသောအရာက အဲဒီလိုမျိုး ကျင့်ကြံခြင်း နည်းစနစ်တွေက ရှာဖွေလို့ မရတာပါပဲ။

ဒါက မဖြစ်နိုင်တာတော့မဟုတ်ပါဘူး။

တကယ်လို့ သူ့အနေနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းက

လာခဲ့တာမဟုတ်ဘူးဆိုယင်တော့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ အခုအချိန်မှာ ပျောက်ဆုံးသွားတာ ကြာမြင့်လှပြီဖြစ်တဲ့ ဆေးဖော်စပ်နည်း အမြောက်အမြား သိနေနိုင်ရမှာလဲ?

သိသာထင်ရှားတာက ဒီနေရာမှာကောင်းတဲ့ ပစ္စည်းတွေက သမိုင်းရဲ့စာမျက်နှာပေါ် ကနေ ပျောက်ဆုံးကုန်ပါပြီ။ အရမ်းကို စစ်မှန်တဲ့ ဥပမာ တစ်ခုကတော့ သူ့ရဲ့ အယင်ဘဝ နောက်ဆုံးအချိန်တွေတုန်းက သူက အမျိုးမျိုးသော ရှေးဟောင်းသမိုင်းဝင်နယ်ပယ် တွေကို သွားလာလည်ပါတ်ပြီးတော့ ရှေးဟောင်းဆေးလုံးဖော်စပ်နည်း အချို့ကို ရရှိခဲ့ပါတယ်။ ဒါကအဲဒီအချိန်ကတည်းက ပျောက်ဆုံးနေတဲ့ အရာတွေလို့ သတ်မှတ်လို့ ရပါတယ်။

ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း အများကြီး အများကြီး တုန်းက အဲဒီအချိန်တုန်းက လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံကို သန့်စင်နိုင်တဲ့ ကျင့်ကြံခြင်း နည်းစနစ် တစ်ခု ရှိခဲ့တာ ဖြစ်နိုင်ပါတယ်။

သူတွေးနေတုန်းပဲ.. သူ က ဒုတိယကြယ်ဆေးလုံးရဲ့ ဆေးဖက်ဝင် အာနိသင်တွေကို ဆက်ပြီးတော့

စုပ်ယူနေပါသေးတယ်။ သူကချက်ချင်းဆိုသလိုပဲ စိတ်ဂိဉာဉ် အတွက် သက်တောင့်သက်သာ ခံစားမှုကို ရရှိလိုက်ပီးတော့ ခန္ဓာကိုယ်ရဲ့ အာရုံခံလို့ရတဲ့ နေရာ မှန်သမျှကို ခံစားသွားစေပါတယ်။အခု သူ့ရဲ့ နတ်ဘုရားအာရုံက အားကောင်းလာခဲ့ ပါတယ်။ သူ့အနေနဲ့ ပြောပြလို့ မရအောင် လန်းဆန်းတဲ့ ခံစားမှုကို ရရှိစေခဲ့ပါတယ်။

တစ်ခုပြီးတစ်ခု မကြာခင်မှာပဲ သူက ဒုတိယကြယ်ဆေးလုံး ခုနှစ်ခုလုံးကို သုံးစွဲလို့ ပီးသွားခဲ့ပါတယ်။

``ငါ့ရဲ့ ဂိဉာဉ်က နှစ်ဆနီးပါးလောက်သန်မာနေပြီပဲ``

လင်းဟန်ရဲ့ မျက်လုံးတွေကို ဖွင့်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက အယင်ကထက်စာယင် ပိုပြီးတော့ လေးနက်စူးရှလာပါတယ်။ သူက ပြုံးလိုက်ပါတယ်။

``ဒါက ငါ့ရဲ့ နတ်ဘုရားအာရုံ အားကောင်းလာတဲ့ အကျိုးအမြတ်တစ်ခုပဲ.. ငါရဲ့ နတ်ဘုရားအာရုံကို အသုံးပြုပြီးတော့ ပြိုင်ဘက်အပေါ်မှာ လွှမ်းမိုးခြယ်လှယ်နိုင်တာက ငါရဲ့ ပြိုင်ဘက်ကင်းတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်လာနိုင်ပါတယ်။ တကယ်လို့ ငါရဲ့ပြိုင်ဘက်မှာ ဒီလိုမျိုးတိုက်ခိုက်မှုကို ဆန့်ကျင့်နိုင်တဲ့

ခံစစ်မျိုးသာ မရှိခဲ့ဘူးဆိုယင် ငါက သူ့ကို ချက်ချင်းဆိုသလို သတ်ပစ်နိုင်ဖို့ မြင့်မားတဲ့ အခွင့်အရေး ရှိလာနိုင်လိမ့်မယ် လက်ရှိ ငါရဲ့ ဂိုဏ်ဉ်ခွန်အားက နေ့ဦးစမ်းရေ အဆင့်ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ညီမျှနေပြီ``

သူ့ရဲ့ အပြုံးတွေက ပိုပိုပြီးတော့ ကြီးမားလာပါတယ်။

``ဒါက ငါ့ရဲ့ကျင့်ကြံခြင်းအတွက် နေ့ဦးစမ်းရေအဆင့် သိုင်းပညာရှင်တစ်ယောက်ရဲ့ စိတ်ဂိုဏ်ဉ်ချီတွေကို စုပ်ယူနှုန်းအတိုင်းပဲ စုပ်ယူနိုင်ပြီလို့ ဆိုလိုတာပဲ.. ပြီးတော့ ငါ့ရဲ့ အင်မော်တယ်အဆင့် စိတ်ဂိုဏ်ဉ်အခြေခံ နဲ့ဆိုယင် ဟီးဟီး.. ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ရဲ့ အဆင့်တက်နှုန်းက ငါကိုယ်တိုင်တောင်မှ အံ့အားသင့်သွားနိုင်တယ်``

``ငါက လျှင်မြန်စွာနဲ့ပဲ နေ့ဦးစမ်းရေအဆင့်ကို ရောက်လိမ့်မယ်.. ငါ နေ့ဦးစမ်းရေ အဆင့်ကို ရောက်သွားတဲ့အခါကျယင် အနက်ရောင်အဆင့် ကျင့်ကြံခြင်းနည်းစနစ် တော်ကို လေ့ကျင့်လာနိုင်လိမ့်မယ်.. ဒါက သိုင်းပညာလမ်းကြောင်းရဲ့ စစ်မှန်တဲ့ လမ်းကြောင်းအစပဲရှိသေးတယ်။ အခု ငါ့မှာ အဆင့်တက်ဖို့အတွက် မြင့်မားတဲ့ ဗဟုသုတ တွေနဲ့ ပြည့်နေပြီးတော့ ငါ့မှာမရှိတဲ့ စွမ်းရည်ဆိုတာ မရှိပါဘူး

ဒီလိုမျိုး ခံစားချက်က တကယ်ပဲ ကြောက်မက်ဖွယ်ရာကောင်းတယ်``

အပိုင်း(၁၁၇) အထဲကို ကျဆင်းခြင်း
``ဟင်? ကြွက်တစ်ကောင် က ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာတယ်။

လင်းဟန်က ဒီလိုမျိုးဖြစ်လာလိမ့်မယ်လို့ လုံးဝမတွေးးထားပါဘူး. သူက ခြံဝန်း ပါတ်လည်မှာ ပုံစံချထားးကာစပဲရှိသေးတယ် ညလည်ပါတ်သူ တစ်ယောက်က လည်ဖို့ အတွက် လာခဲ့ပါပြီ။

တစ်ခုနားလည်ထားးရမှာက ဒီနေရာက က အခုဆိုယင် သူပိုင်ဆိုင်ထားးပါပြီ။ ဘယ်သူမှ မနေတဲ့ နေရာတစ်ခုဆိုယင်တော့ တစ္ဆေခြောက်တဲ့ အိမ်တစ်လုံးအဖြစ် ယူဆလို့ ရနိုင်ပါတယ်။ ဖောက်ထွင်းသူခိုးအနေနဲ့လည်း အကယ်ဒမီရဲ့ အတွင်းပိုင်းမှာ ခလုတ်မတိုက်ပဲနဲ့ ဒီနေရာကို ခိုးယူဖို့ ကျူးလွန်တယ်ဆိုတာ ဖြစ်နိုင်ချေကတော့ အရမ်းကို နည်းပါးလွန်းပါတယ်။

ဒီသူခိုးက ဘယ်သူများဖြစ်နိုင်မလဲ?

ဟူးညိုက ရုတ်တရက် မတ်တပ်ရပ်လိုက်ပါတယ်။ သူမ မှာ သားရိုင်းတစ်ကောင်ရဲ့ အချက်ပေးအာရုံ ရှိပါတယ်.။သူမရဲ့ နှာခေါင်းက အနံ့ခံနိုင်စွမ်းက ခွေးတစ်ကောင် ထက်တောင်မှ စွမ်းအားပြည့်ဝါပါသေးတယ်။ ဒါကြောင့် သူမအနေနဲ့ သူခိုးရဲ့အနံ့ကို ရရှိထားပါတယ်။

``ရှူး::::::::``

လင်းဟန် က သူမကို တိတ်ဆိတ်စွာနေဖို့ အချက်ပေးလိုက်ပါတယ်။ သူ့အနေနဲ့ ဒီသူခိုး ကို ကြောက်သွားအောင်လုပ်ဖို့ ဆန္ဒမရှိပါဘူး။ သူက ပထမဆုံးအနေနဲ့ ဒီသူခိုးက ဒီကို ဘာလို့လာတာလဲဆိုတာကို သိချင်နေခဲ့ပါတယ်။

ဟူးညိုက သူ့ရဲ့ စိတ်သဘောထားကို နားလည်သဘောပေါက်သွားပြီးတော့ သူမက ချက်ချင်းဆိုသလိုပဲ ငြိမ်သက်သွားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူမရဲ့ မျက်လုံးတွေက အန္တရာယ်ရှိနိုင်တဲ့ အကြည့်တွေနဲ့ ပြည့်နှက်လို့နေပါတယ်။ သူမက သားရိုင်း တစ်ကောင်လိုမျိုးဆိုယင် ဒီနေရာက သူမရဲ့ ပိုင်နက်ပါ ပြီးတော့ ဘယ်သူကပဲ ဖြစ်ဖြစ် ကျူးကျော်ဝင်ရောက်လာရဲ တယ်ဆိုယင် ဘယ်သူပဲဖြစ်ဖြစ် သေသည့်တိုင်အောင်

ကိုက်သတ်ပစ်ရပါလိမ့်မယ်။

အမှောင်လူရဲ့ ပုံရိပ်က အထဲကို ဝင်လာခဲ့ပီး တော့ တစ်ခြားဘယ်နေရာကိုမှ လျှောက်ပြီး မရွေ့လျားပါဘူး။ ညှော့ခန်းအတွင်းက စားပွဲခုံတစ်ခု ဆီကို စမ်းတဝါးဝါးနဲ့ လျှောက်သွားခဲ့ပါတယ်။ ခဏအကြာမှာတော့ ကျူးကျော်ဝင်ရောက်လာသူက နောက်ကိုပြန်လှည့်ပြီးတော့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ပြန်ထွက်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ နှုတ်ခမ်းဒေါင့်မှာ အပြုံးတစ်ခု တွဲခိုသွားခဲ့ပါတယ်။ ကျူးကျော်ဝင်ရောက် လာသူ ထွက်ခွာသွားတဲ့ အချိန်မှာပဲ လင်းဟန်က အခွင့်ကောင်းယူလိုက်ပီးတော့ လရောင်ရဲ့ အကူအညီနဲ့ ကျူးကျော်ဝင်ရောက်လာသူရဲ့ မျက်နှာကို ပြတ်ပြတ်သားသား မြင်လိုက်ရပါတယ်။

ဝေ့ဟဲလီ။

လင်းဟန်က ညှော့ခန်းထဲကို ဝင်လာပြီးတော့ ဖယောင်းတိုင်မီးညှိပြီးတော့ စားပွဲခုံ ဆီကို ချဉ်းကပ်လာခဲ့ပါတယ်။

စားပွဲခုံပေါ်မှာ သစ်သားသေတ္တာလေးတစ်လုံး ရှိနေပါတယ်။ သူ သေတ္တာကို ဖွင့်လိုက်တဲ့ အခါမှာတော့ အထဲမှာ တစ်စုံတစ်ခုရှိနေတာကို မြင်လိုက်ရပါတယ်။

နီလာပန်းပုံစံ ထွင်းထုထားတဲ့ တံဆိပ်တစ်ခု။

``ဒါက?``

လင်းဟန်က ထူးဆန်းတဲ့အပြုံးကို ပြုံးလိုက်ပြီးတော့ သူ့ရဲ့ အိတ်ကပ်ထဲက နောက်ထပ် နီလာပန်းပုံစံ တံဆိပ်တစ်ခုကို ထုတ်ယူလိုက်ပါတယ်..ဒါက တတိယအင်ပါယာ မင်းသား က သူ့ကို လက်ဆောင်အဖြစ်ပေးလိုက်တဲ့ ပစ္စည်းပဲဖြစ်ပါတယ်။

အခု သူ့မှာ တံဆိပ်နှစ်ခုရှိနေပြီ။

ဘာလို့ ပေ့ဟဲလီက လျှို့ဝှက်စွာနဲ့ ဒီ ခရမ်းရောင် တံဆိပ်ကို သူ့လက်ထဲကို ထားခဲ့တာပါလိမ့်?

``အိုးးး``

သူက ဒီနေရာမှာ ဘာတွေဖြစ်နေလဲဆိုတာကို ချက်ချင်းဆိုသလို နားလည်သွားခဲ့ ပါတယ်။

တစ်စုံတစ်ယောက်က ဒီပစ္စည်းကို ပျောက်ဆုံးတယ်လို့ သတင်းပို့ပါလိမ့်မယ်.. ပြီးတော့ ပေ့ဟဲလီ က လူတွေကိုဦးဆောင်ပြီးတော့ သူ့နေရာဆီကို လာပါလိမ့်မယ်။ ပုံမှန်အားဖြင့် သူတို့က ပျောက်သွားတဲ့ ပစ္စည်းကို ဒီနေရာမှာ ရှာဖွေပါလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်မှာပဲ သူ့အနေနဲ့ ဒီကနေပြီးတော့ လွတ်မြောက်ဖို့ လမ်းလုံးဝ မမြင်တော့ပါဘူး။

ဒုတိယအပြင် ခိုးခံလိုက်ရတဲ့ ပစ္စည်းက တတိယအင်ပါယာမင်းသားရဲ့ တံဆိပ် တစ်ခုလည်း ဖြစ်ပါတယ်။ ဒီကိစ္စကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဖုံးဖိထားလို့မရပါဘူး. ပြီးတော့ အဲဒီအချိန်မှာပဲ အပေါ့ပါးဆုံးသော ပြစ်ဒဏ်က သူ့အနေနဲ့ အကယ်ဒမီကနေ နှင်ထုတ်ခြင်းခံရပါလိမ့်မယ်.ဒါပေမဲ့ နောက်ထပ် ပုံပြင်တစ်ခုရှိပါသေးတယ်။ တတိယ အင်ပါယာမင်းသားက သူ့ရဲ့ လူတွေကို လွှတ်ပြီးတော့ သူ့ကို ရင်ဆိုင်ခိုင်းနိုင်ပါသေးတယ်.။

ကံမကောင်းတဲ့အရာကတော့ ပေ့ဟဲလီ လုံးဝမထင်မှတ်ထားတဲ့ အရာက ဒီနေ့မှာသူက မမျှော်လင့်ပဲနဲ့ တတိယ အင်ပါယာမင်းသားနဲ့ တွေ့ဆုံခဲ့ပြီးတော့ မင်းသားက သူ့ကို

ခရမ်းရောင်တံဆိပ်တစ်ခုကို
လက်ဆောင်အဖြစ်ပေးခဲ့တယ်ဆိုတာကိုပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူက တတိယအင်ပါယာ မင်းသားနဲ့ ဒီနေ့မှာ မတွေ့ခဲ့ဖူး ဆိုယင်တောင်မှ သူ့အနေနဲ့ ဒီလို ပုက်ကြံစည်မှု ရဲ့ ဖြစ်တည်ခြင်းကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။

``မင်းက ကစားချင်နေမှတော့ .. ငါကလည်း မင်းနဲ့ နည်းနည်းလောက် ကစားပေးပါမယ်``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြခဲ့ပါတယ်။ ပြီးတော့ သေတ္တာအတွင်းမှာ ရှိတဲ့ အရာအားလုံးကို မယိုယွင်းစေပဲနဲ့ သေတ္တာအဖုံးကို ပြန်ပိတ်လိုက်ပါတယ်။

သူ့ရဲ့မျက်လုံးထဲမှာ အေးစက်စက်အလင်းရောင်တစ်ခု တောက်ပသွားခဲ့ပါတယ်။ တကယ်လို့တစ်စုံတစ်ယောက်က သေချင်နေတယ်ဆိုမှတော့ သူ့အနေနဲ့ ပေးသေ လိုက်ဖို့ အဆင်သင့်ပါပဲ။ သူက အတွင်းခန်းထဲကို ပြန်ဝင်ပြီးတော့ စတင် ကျင့်ကြံ လိုက်ပါတယ်။

သူ့ရဲ့ နတ်ဘုရားအာရုံက အားကောင်းလာပြီးတဲ့နောက်မှာ

သူ့ရဲ့ ကျင့်ကြံခြင်း က နောက်ထပ် အဆင့်တစ်ခုကို အချိန်တိုတိုလေးအတွင်းမှာပဲ မြင့်တက်သွားခဲ့ပါတယ်။ သူ့ဆီကို များပြားလှတဲ့ စိတ်ဂိဉာဉ် ချီ တွေက ပန်းထွက်လာခဲ့ပါတယ်။ ဒါတွေအားလုံးက ဒြပ်စင်ငါးခု မူလကြာပန်းနဲ့ သူ့ရဲ့ စွမ်းအားပြည့်ဂလှတဲ့ နတ်ဘုရား အာရုံရဲ့ အစွမ်းရဲ့ စုပ်ယူမှုတွေကြောင့်ဖြစ်ပြီးတော့ ဒီ စိတ်ဂိဉာဉ်ချီ တွေက မူလစွမ်းအင် အဖြစ်ကိုပြောင်းသွားပြီးတော့ သူ့ရဲ့ မူလအမှုန်ငါးခုကို အားကောင်းလာစေပါတယ်။

``ပုံမှန်ဆိုယင် ငါက နောက်ထပ် အဆင့်တက်ဖို့ကို တစ်လဂန်းကျင်လောက် လိုအပ်လိမ့်မယ်.. ဒါပေမဲ့ အခုတော့ လဂက်က လုံးဂလုံလောက်ပီ``

လင်းဟန်က ပြုံးသွားပါတယ်။

သူ့ရဲ့ နတ်ဘုရားအာရုံ လုံးဂ ကုန်ခမ်းသွားတဲ့နောက်မှာ သူက ကောင်းကင်ဘုံမှော် စာလိပ် ကို စတင်လေ့ကျင့်ပြီးတော့ သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ်ကနေ ကျောက်နံ့ရဲ့ အဆင့်ဆီကို အဆင့်တက်ဖို့ စီစဉ်လိုက်ပါတယ်။ သူက ကျောက်နံ့ရဲ့ ခန္ဓာကိုယ် ကို လုံးဂ ဖမ်းဆုပ်နိုင် တဲ့ အခါမှာတော့ အမျိုးမျိုးသောချွန်ထက်တဲ့ လက်နက်တွေကို သူ့ရဲ့ လက်နဲ့ ပုတ်ထုတ်နိုင်သွားပါပြီ..

တောင့်တင်းခိုင်မာမှုမရှိတဲ့ သူ့ရဲ့ ခန္ဓာကိုယ် က အချို့သော လူမျိုးနွယ်စုရဲ့ ထူးခြားဆန်းကြယ်လှတဲ့ စွမ်းအားပြည့်ဝတဲ့သဘာဝ ခံနိုင်ရည်စွမ်း ရှိတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းပုံတွေထက်တောင် ပိုပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းပါတယ်။

သူလေ့ကျင့်လို့ပြီးတဲ့အခါမှာတော့ သူက လဲလျောင်းပြီးတော့ အနားယူလိုက်ပါတယ်။ သူ့အနေနဲ့ တစ်နာရီ နှစ်နာရီလောက်တော့ အနည်းဆုံး အိပ်ဖို့ လိုအပ်ပြီးတော့ အဲဒါက သူ့ကို တစ်ရက်လုံး လှုပ်ရှားသွားလာနိုင်တဲ့ စွမ်းအင်ကို ရစေပါတယ်။

နောက်တစ်ရက်မှာတော့ သူက မို့ကောင်းရဲ့ ခြံဝန်းထဲကိုသွားပြီးတော့ သူနဲ့ နောက်ထပ် ဓါးသိုင်းပညာအကြောင်းကို ဆွေးနွေးလိုက်ပါတယ်။

သူတို့ထဲက တစ်ယောက်က ဓါးသိုင်းပညာရဲ့ ကျွမ်းကျင်သူတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ထူးခြားဆန်းကြယ်စွာပဲ အရမ်းကို မြင့်မားတဲ့ နားလည်နိုင်စွမ်း ရှိပြီးတော့ သူတို့က တစ်ယောက်နဲ့တစ်ယောက် မေးမြန်းခြင်း ကိုးကား ပြောဆိုခြင်းတွေကြောင့် သူတို့ကိုယ်တိုင်ပဲ

တိုးတက်လာခဲ့ပါတယ်။ သူတို့က အတွေ့အကြုံတွေကို တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ဆွေးနွေးပြီးတော့ သူတို့နှစ်ယောက် ရလိုက်တဲ့ အကျိုးအမြတ်က အရမ်းကို လေးနက်ပါတယ်။

``ဒေါက်ဒေါက်ဒေါက်``

သူတို့နှစ်ယောက်က အချင်းချင်းအပြန်အလှန် ဆွေးနွေးနေချိန်မှာပဲ တစ်စုံတစ်ယောက် က တံခါးကို ပြင်းပြင်းထန်ထန်ခေါက်လိုက်သံကိုကြားလိုက်ရပါတယ်။

မို့ကောင်း ကိုကြည့်ရတာ ချက်ချင်းဆိုသလိုပဲ အလွန်အမင်းမကျေမနပ်ဖြစ်သွားပုံပါ။ သူ့ရဲ့ ဓါးသိုင်းပညာအပေါ်မှာ တွယ်တာခြင်းက ရူးသွပ်လုမတတ် အဆင့်ထိတောင် ရောက်နေပါပြီ။ သူက ဓါးသိုင်းနည်းစနစ်အကြောင်းကို စိတ်ပါလက်ပါနဲ့ ဆွေးနွေး နေချိန်မှာ တကယ်လို့ နတ်ဘုရားတွေကိုယ်တိုင်တောင် ဒီနေရာကို လာရောက် လည်ပါတ်ခဲ့ယင်တောင်မှ သူက သူတို့ကို လျစ်လျူရှု လိုက်မှာပါ။ သူက ဂင်ပေါက် ဆီကို လျှောက်သွားပြီးတော့ တံခါးကို ဖွင့်လိုက်တဲ့အချိန်မှာပဲ အပြင်ဘက်မှာ လူဆယ်ယောက်ကျော် က ရပ်နေတာကို မြင်လိုက်ရပါတယ်။

အစိမ်းရောင် ဂုတ်စုံရှည် ကို ဆင်မြန်းထားတဲ့ လူငယ်တစ်ယောက်က အရှေ့ကို ခြေတစ်လှမ်းတက်လာပြီးတော့ သူ့ရဲ့ ပုံစံကြည့်ရတာ အလွန်အမင်း စိတ်ကြီးဝင်နေတဲ့ အမူအရာရှိပါတယ် . သူကမေးလိုက်ပါတယ်။

``လင်းဟန် ဒီနေရာမှာရှိသလား?``

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ စိတ်ကြီးဝင်နေတယ်ဆိုတာ မှန်ကန်ပါတယ်။ သူက အံ့အားသင့်စရာကောင်းအောင်ပဲ နွေဦးစမ်းရေအဆင့်ကိုရောက်နေပြီးတော့ အရမ်းကို စွမ်းအားပြည့်ဝတဲ့ သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး မိုကောင်းထက်တောင်မှ သာလွန်ပါတယ်။

``မင်းတို့တွေက ဘယ်သူတွေလဲ ဘာအတွက်နဲ့ ငါရဲ့ကျောင်းသားကို လာရှာရတာလဲ?``

မို့ကောင်းက မေးခွန်းမေးလိုက်ပီးတော့ သူတို့ဝင်လာမဲ့ လမ်းကြောင်းကို ပိတ်ပီးတော့ ရပ်လိုက်ပါတယ်။

``ဆရာမို့ ကျနော်တို့က စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရဲ့ အဖွဲ့ဝင်တွေပါ``

အနက်ရောင်ဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်က အရှေ့ကိုတက်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့ .. လင်းဟန်ကို မြန်မြန်ထွက်လာဖို့ ပြောလိုက်``

အစိမ်းရောင်ဝတ်စုံနဲ့ လူငယ်က စိတ်မရှည်စွာနဲ့ အော်ဟစ်လိုက်ပြီးတော့ မို့ကောင်းကို ဂရုစိုက်ပုံလုံးဝမပေါ်ပါဘူး။

မို့ကောင်းက ပြောလိုက်ပါတယ်။

``ငါ့ရဲ့ ကျောင်းသားက ဘယ်လိုစည်းကမ်းမျိုးကို ဆန့်ကျင်ခဲ့လို့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက အခုလိုမျိုး လှုပ်ရှားလာခဲ့ကြတာလဲ?``

စည်းကမ်းထိန်းသိမ်းရေးကော်မတီဆိုတာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီးတော့ အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းသိမ်းထားရပါတယ်။ ဒါပေမဲ့လည်း ဒီကော်မတီရဲ့ အဖွဲ့ဝင်အများစုက

ကျောင်းသားတွေပဲဖြစ်ကြပါတယ်။ ပြီးတော့ ဒါက အချိန်ပိုင်းအလုပ်လို့ သတ်မှတ်နိုင်ပီးတော့ အဖွဲ့ဝင်တွေအတွက်တော့ အကယ်ဒမီအမှတ်တွေကိုလဲ ရရှိစေနိုင်ပါတယ်။ဒါ့အပြင် အဖွဲ့ဝင်တွေက အကယ်ဒမီထဲမှာ ဩဇာတော်တော်များများကိုလဲ ပိုင်ဆိုင်ထားကြပါတယ်။

``သူက ခိုးယူခြင်း ရာဇဝတ်မှုမှာ ပါဝင်ပါတ်သတ်နေတယ်လို့ ကျနော်တို့ သံသယရှိပါတယ် ဒါကြောင့် သူနဲ့ သူ့အခန်းထဲကို ရှာဖွေဖို့လိုအပ်ပါတယ်... ဆရာမို့ က ဒီလိုမျိုးပြစ်မှုအတွက် ကာကွယ်ပေးဖို့တော့စဉ်းစားမှာမဟုတ်ပါဘူးနော်?

အစိမ်းရောင်ဂဝတ်စုံနဲ့ လူငယ်က အေးစက်စွာနဲ့ ပြောပီး မို့ကောင်းကို လုံးဝ လေးစားခြင်း မရှိပါဘူး။`

``အဓိပ္ပါယ်မရှိတာ``

မို့ကောင်းက ချက်ချင်းဆိုသလို ဒေါသထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ နလုံးသားထဲမှာ ဓါးက ဒီကျွှာကြီးမှာ ကြောက်စရာအကောင်းဆုံး တည်ရှိမှုတစ်ခုဖြစ်ပြီးတော့ လင်းဟန်က ဓါးသိုင်းပညာမှာ မြင့်မားတဲ့ ပါရမီရှိပါတယ်။ ဓါးဆိုတာက ဓါးသမားတစ်ယောက်ရဲ့နလုံးသားကို

ရောင်ပြန်ဟပ်စေပါတယ်။ အဲဒီလိုလူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူခိုးဖြစ်နိုင်မှာလဲ?

``ထွက်သွားစမ်း``

သူက ဒေါသထွက်စွာနဲ့ လက်ကိုမြှောက်ပြီးတော့ သူတို့တွေကို ညွှန်ပြလိုက်ပါတယ်။

``မို့ကောင်း ခင်ဗျားက အကယ်ဒမီရဲ့ ဆရာတစ်ယောက်ဖြစ်နေတာတောင်မှ.. တရားမဲ့တဲ့လုပ်ရပ်အတွက်ကို အကာအကွယ်ပေးချင်နေသေးတယ်``

အစိမ်းရောင်ဂဝတ်စုံနဲ့ လူငယ်က ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက မို့ကောင်းကို ဖြတ်ကျော်ပြီးတော့ ခြံဝန်းထဲကိုကြည့်လိုက်ပါတယ်။

``ကျုပ်ရဲ့ လမ်းကနေ ဖယ်ပေးမလား ဒါမှမဟုတ် အကယ်ဒမီရဲ့ အခြေခံ စည်းမျဉ်းစည်းကမ်းတွေအတိုင်းလုပ်ဆောင်တာကို တားမြစ်ပိတ်ပင်တဲ့အတွက် ကျုပ် ခင်ဗျားကို ဖမ်းရမလား?

မို့ကောင်းက ဒေါ်သထွက်လွန်းလို့ သူ့ရဲ့ တစ်ကိုယ်လုံး တုန်ယင်နေပါတယ်။ သူက အကယ်ဒမီရဲ့ ဆရာတစ်ယောက်ပါ။ အခု သူက ကျောင်းသားတစ်ယောက်မျှသာ ရှိသေးတဲ့ သူတစ်ယောက်က စော်ကားတာကိုခံနေရပါပြီ။ သူ့ရဲ့ ညာဘက်လက်က သူ့ဓါးရဲ့ လက်ကိုင်ရိုးပေါ်မှာ ရောက်နေပြီးတော့ သူ့ရဲ့မျက်လုံးထဲမှာ အေးစက်တဲ့ အလင်းရောင်တစ်ခု တောက်ပသွားခဲ့ပြီး လှုပ်ရှားဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။

``ဆရာမို့``

လင်းဟန်က မို့ကောင်းကို ငြင်သာစွာပြုံးပြပြီးတော့ သူတို့ဆီကို လမ်းလျှောက်လာခဲ့ပြီး တော့ပြောလိုက်ပါတယ်။

``သူတို့က ကျနော့်ကို လာရှာမှတော့ ဒီပြဿနာကို ကျနော် ကိုယ်တိုင်ပဲ ကိုင်တွယ်ဖြေရှင်းပါရစေ``

မို့ကောင်း တစ်ခဏမျှ တုံ့ဆိုင်းနေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ဓါးလက်ကိုင်ရိုးပေါ်က ညာဘက်လက်ကိုတော့ တင်ထားဆဲပဲဖြစ်ပါတယ်။ သူ့အနေနဲ့ သူရဲ့ ကျောင်းသားကို တစ်ခြားသူတွေက အနိုင်ကျင့်တာကို ဒီအတိုင်း

လက်ပိုက်ရပ်ကြည့်နေလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ သူလည်းပဲ ဒီနေရာမှာ ဘာတွေဖြစ်လဲဆိုတာကို အမှန်အတိုင်း သိချင်ပါတယ်။

လင်းဟန်ရဲ့ အကြည့်တွေက အားလုံးအပေါ် ခြုံငုံ ကြည့်ရှုလိုက်ပီးတော့ သူ့ရဲ့ နှုတ်ခမ်း ပေါ်မှာ အပြုံးတစ်ခုကို ဆင်မြန်းလိုက်ပါတယ်။ ဒီ လူဆယ်ယောက်ကျော်ပါဝင်တဲ့ အုပ်စုအတွင်းမှာ သူက ဖန်းလောင်နဲ့ ပေ့ဟဲလီ တို့နှစ်ဦးကို သတိပြုမိသွားခဲ့ပါတယ်.။

သူ့ရဲ့ပါးစပ်ကို ဖွင့်ပြီးတော့ မေးလိုက်ပါတယ်။

``ဒီနှစ်ယောက်ကတော့ စည်းကမ်းထိမ်းသိမ်းရေး ကော်မတီရဲ့ အဖွဲ့ဝင်တွေတော့ မဟုတ်လောက်ပါဘူးနော် ဟုတ်တယ်မလား?``

``သူတို့ကလုံးဝမဟုတ်ဘူး... သူတို့ထဲက တစ်ယောက် က ပစ္စည်းပျောက်တယ်လို့ လာပြီးသတင်းပို့ထားတာ``

အစိမ်းရောင်ဂတ်စုံ နဲ့လူငယ်က ပြောလိုက်ပီးတော့ သူ့ရဲ့ အကြည့်တွေက လင်းဟန် အပေါ်ကို စူးစိုက်ကြည့်နေပါတယ်။

``ငါမင်းကို အကြံပေးချင်တာက လှည့်စားတာတွေ တစ်ခုမှမလုပ်ဖို့ပဲ.. ငါ့ရဲ့ အရှေ့မှာ ဘယ်သူကမှ သူတို့ရဲ့ ပြစ်မှု တွေကို ဖုံးကွယ်မထားနိုင်ဘူး

အပိုင်း(၁၁၁) သူ့ကိုဖမ်းလိုက်

``မင်းကဘယ်သူလဲ?``

လင်းဟန်က သူ့ရဲ့ မျက်လုံးတွေကို အစိမ်းရောင်ဂဝတ်လူငယ်ဆီကို စိုက်ကြည့်ရင်းနဲ့ မေးလိုက်ပါတယ်။

``ဘယ်လောက်တောင်အတင့်ရဲလိုက်သလဲ မင်းက ငါ့ကို ဒီလိုမျိုးလေသံနဲ့ ပြောဝံ့တယ် မင်းကတကယ့်ကို မိုက်မဲတဲ့ လူတစ်ယောက်ပဲ``

အစိမ်းရောင်ဂဝတ်လူငယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးအကြည့် တွေက ဓါးတစ်လက်လို စူးရှ ပြီးတော့ လင်းဟန်ကို စူးစိုက်ကြည့်နေယင်း သူ့ရဲ့ ခန္ဓာကိုယ် ပါတ်လည်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုက လည်ပါတ်လို့နေပါတယ်။

သူက နွေဦးစမ်းရေအဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်ပြီးတော့ အခု သူ့ရဲ့ အရိုန်အဂ္ဂါကိုအသုံးပြုလိုက်ပါတယ်။ ဒါက စိတ်ဂိဉာဉ်အဆင့် စိုးမိုးခြယ်လှယ်ခြင်းအမျိုးအစားတစ်ခုပါပဲ။

လင်းဟန်ကတော့ ဘာမှ ခံစားရတာမျိုးမရှိပါဘူး။ သူက မနေ့ကပဲ ဒုတိယကြယ် ဆေးလုံး ခုနစ်လုံးကို အသုံးပြုခဲ့တဲ့အတွက် သူ့ရဲ့ နတ်ဘုရားအာရုံက ကြီးမားစွာ အားကောင်းလာခဲ့ပါတယ်။ သူ့အပေါ်မှာ အရိုန်အဂ္ဂါ ကို အသုံးပြုပြီးတော့ လွှမ်းမိုး ခြယ်လှယ်ချင်တဲ့ မည်သူမဆို အနည်းဆုံးစိတ်ဂိဉာဉ် ပင်လယ် အဆင့်ရှိနေလို့ လိုအပ်ပါလိမ့်မယ်။

အစိမ်းရောင် ဂတ်စုံ ဆင်မြန်းထားတဲ့ လူငယ်က မအံ့ဩပဲနဲ့ မနေနိုင်ပါဘူး။ သူက သူ့ရဲ့ အရှိန်အဂ္ဂါကို လှည့်ပတ်ခဲ့တာတောင်မှ
ဘာကြောင့်မို့လင်းဟန်ဆီကို တုံ့ပြန်မှု တစ်ခုမှ မရ တာလဲ?

``ဒါက တပည့်အစ်ကိုကြီး အန်းရှုမင်းပဲ .. သူက စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ရဲ့ အဖွဲ့ခေါင်းဆောင်ခုနစ်ယောက်ထဲက တစ်ယောက်ပဲ``

အနက်ရောင် ဂဝတ်ဆင်ထားတဲ့လူငယ်က အစိမ်းရောင်ဂဝတ်လူငယ်ရဲ့ အကြောင်းကို ထုတ်ဖော်မိတ်ဆက်ပေးလိုက်ပါတယ်။

``နောက်တစ်ခု... သူက အကိုကြီးရဲ့ သစ္စာအရှိဆုံး နောက်လိုက်တွေထဲက တစ်ယောက်လည်းဖြစ်တယ်``

ဖန်းလောင် ထပ်ဖြည့်စွက်ပြီးတော့ပြောလိုက်ပါတယ်။ ဒါက ကောင်းမွန်တဲ့ အခွင့်အရေး တစ်ခုဖြစ်ပါတယ်။. သူက လင်းဟန်ကို တစ်ခါတည်းနဲ့ အားလုံးအတွက် ရင်ဆိုင်ဖို့ တတ်နိုင်သမျှ အင်အားတွေအကုန်လုံးကို ထုတ်သုံးဖို့ လိုအပ်ပါလိမ့်မယ်။

ဒီခွေးကောင်ကတော့ အခွင့်ကောင်းယူဖို့ အမြဲတမ်းပြင်ဆင်ထားပြီးတော့ အခုလည်း သူ့အကိုရဲ့ နောက်လိုက်တွေကို အာဏာပါးကွက်သားလို အသုံးပြုဖို့ လုပ်နေတယ်။ ဒီလိုမျိုး ဘေးဒုက္ခကနေ လင်းဟန် ဘယ်လိုလုပ်ပြီးတော့ လွတ်မြောက်နိုင်မှာလဲ?

``ငါအရမ်းအလုပ်များနေတယ်.. မင်းနဲ့ အချိန်ဖြုန်းဖို့ ငါ့မှာ အချိန်တွေမရှိဘူး.. မင်းရဲ့ နေရာကို ခေါ်သွား.. ငါတို့အဲဒီမှာ ရှာစရာရှိတယ်``

အန်းရှူမင်းက ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ နောက်ဘက်ကို လက်တွေကို ပစ်ထားပြီးပြောလိုက်တယ်။

``မင်းကို ဒီလိုမျိုး ရှာခွင့်ပြုမယ်လို့ ဘယ်သူကပြောလဲ?``

``မင်းက စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ နောင့်ယှက်ဖို့ ကြိုးစားနေတာလား?``

အန်းရှူမင်း ကဒေါသနဲ့ပြောလိုက်ပါတယ်။ သူက ဒီနေရာကို ဖန်းလောင်ရဲ့ တောင်းဆိုချက် ကြောင့် ရောက်လာရတာဖြစ်တဲ့အတွက် လင်းဟန်ကို သူ့ရဲ့ ရန်သူအဖြစ် သတ်မှတ်ထားပြီးတော့ သူ့ကို ယဉ်ကျေးဖို့ လုံးဝမလိုပါဘူး။

လင်းဟန်က ကျယ်လောင်စွာ အော်ရီလိုက်ပီး ပြောပါတယ်။

``မင်းတို့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက လူတွေ က သံသယလေး နည်းနည်း ဝင်တာနဲ့ သူတစ်ပါးရဲ့ နေအိမ်တွေကို ဝင်ပြီးတော့ လှန်လှော မွှေနှောက် ရှာဖွေ

နိုင်တယ်လို့ တော့ ငါ့ကို မပြောနဲ့။ တကယ်လို့ အဲဒီလိုသာဆိုယင် ငါလည်း ဆပ်ပြာတုံး တစ်ချို့ပျောက်သွားတယ် ပြီးတော့ ပူဆောင်လင်းက ခိုးသွားတယ်လို့ သံသယရှိတယ်။ ဒါဆိုယင် ငါ့ရဲ့ ဆပ်ပြာတွေအတွက် သူ့ရဲ့ နေရာကို ရှာဖို့ မင်းတို့ကို ဒုက္ခပေးရလိမ့်မယ်နဲ့ တူတယ်``

``ဖူး:::::``

သူတို့အားလုံး အံ့အားသင့်ပြီး ချောင်းတွေ ဆိုးကုန်ပါတယ်။ ပူဆောင်လင်းက ဘယ်သူလဲ? မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီးဖြစ်တဲ့အပြင် အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီအဆင့်အတန်း နဲ့ သူက သိုင်းပညာဌာန ကျောင်းအုပ်ကြီး လိန်ဝွမ်ဇူ ထက် အနည်းငယ် ပိုပြီးတော့ မြင့်မားပါတယ်။ တကယ်လို့ သူတို့ကသာ သူ့ရဲ့ နေထိုင်တဲ့နေရာကို အမှန်တကယ် ရှာဖွေရမယ်ဆိုယင် ဒါက သူတို့ကို အစောကြီးသေဖို့ မျှော်လင့်နေတာ မဟုတ်ဘူးလား?

လင်းဟန်က တကယ်ပဲ ဒီလိုမျိုး ပြောရဲတယ်။ သူက ပူဆောင်လင်းကိုတောင်မှ ဟာသ တစ်ခုအဖြစ် နောက်ပြောင်ရဲတယ်။ သူ့ရဲ့ ဘဂကို

သူတန်ဖိုးမထားတော့ဘူးလား?

အန်းရှုမင်းရဲ့ မျက်နှာက ဆိုးဆိုးဝါးဝါး တွန့်လိမ်သွားပြီး ဒီလင်းဟန်ဆိုတဲ့ ကောင်က အရူးတစ်ယောက်လို့ တောင် ခံစားလိုက်ရပါတယ်။ တကယ်လို့ လင်းဟန်က ပူဆောင်လင်းကို သရော်နောက်ပြောင်တဲ့ စကားတွေပြောတယ်ဆိုတာ ပြန့်နှံ့သွားခဲ့ ယင် သူက သေတဲ့အထိအောင်ပဲ ရိုက်သတ်ခံရနိုင်ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ စွမ်းအားကြီးမားတဲ့ စိတ်ဂိဉာဉ်ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ကို ဟာသအနေနဲ့ ပြောနိုင်ရတာလဲ? ပြောစရာကို မလိုအောင်ပဲ ပူဆောင်လင်းက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်ဆိုတဲ့ ပြိုင်ဘက်ကကင်းတဲ့ နေရာအဆင့်အတန်းတစ်ခုလည်း ရှိပါသေးတယ်။

``မင်းက မင်းကိုယ်တိုင်ပဲ သေခြင်းတရားကို ရှာဖွေဖို့ ကြိုးစားနေတာပဲ``

သူက အေးစက်စွာနဲ့ပြောလိုက်ပါတယ်။ လင်းဟန်က ဒီလိုမျိုး စိတ်ကြီးဝင်နေတဲ့ အရူးတစ်ယောက်ဖြစ်ပြီး သူ့အတွက်တော့ စာရင်းသွင်းထားစရာတောင်မလိုပါဘူး။

သူကပြောလိုက်ပါတယ်။

``မင်းက ဆရာသခင် ပူ ကို တကယ်ပဲစော်ကားပုံတယ် သူကို ဖမ်းလိုက်ကြစမ်း``

``အိုး... ငါကြည့်ဦးမယ် ဘယ်သူကများ လှုပ်ရှားပုံမလဲ?``

လင်းဟန်က တစ်ခြားသူတွေကို အထင်သေးစွာနဲ့ ကြည့်လိုက်ပြီး အနည်းငယ် ပြုံးကာ ပြောလိုက်ပါတယ်။

``မင်းတိုတွေ သေချာ ဂရုစိုက်ပြီးတော့ စဥ်းစားသင့်တယ်နော်. ပြီးတော့ တစ်ခြားသူတွေကို အသုံးချပြီးတော့ မလုပ်သင့်ဘူး.. အဲဒီလိုမှမဟုတ်ပဲ တကယ်လို့ မင်းတိုတွေ ငါ့ကို ဆန့်ကျင်တဲ့ လှုပ်ရှားမှု တစ်ခုကို လုပ်ရဲယင်လုပ်ကြည့် ငါဘယ်သူ့ကို မှ သနားငဲ့ညှာနေမှာမဟုတ်ဘူး``

ကျန်တဲ့သူတွေ တုံ့ဆိုင်းကုန်ပါတယ်။ အမှန်တကယ်တော့ အန်းရှုမင်းရဲ့ ဘေးက တခြားသူတွေက ဖန်းယန်ရဲ့ ဆက်ဆံရေး သိပ်မရှိကြပါဘူး။ ဒါ့အပြင် သူတို့ က လင်းဟန်ရဲ့ ကြောက်ရွံ့ခြင်းကင်းတဲ့ အမူအရာကို မြင်လိုက်ရတဲ့အခါမှာ ကြည့်ရတာ သူ့မှာ စွမ်းအားကြီးမားတဲ့ နောက်ခံ

အင်အားအချို့ ရှိတဲ့ပုံစံမျိုးပါ။ တကယ်လို့ သူတို့တွေ က ဒီပြဿနာရဲ့ အပေးမှာနေတာက အကောင်းဆုံးပဲဖြစ်ပါလိမ့်မယ်။ တကယ်လို့ အင်အားကြီးတဲ့သူနှစ်ယောက် တိုက်ခိုက်နေတဲ့ကြားထဲကို သူတို့ ဝင်သွားမယ်ဆိုယင် သူတို့လို သာမာန်အင်အားပဲရှိတဲ့ သူတွေအတွက်တော့ လွယ်ကူစွာနဲ့ပဲ အသတ်ခံလိုက်ရနိုင်ပါတယ်။

အဲဒီအချိန်မှာ ဘယ်သူကမှ အရှေ့ကို ခြေတစ်လှမ်းတောင် မတိုးပုံ့ကြတော့ပါဘူး။

``ဘယ်လောက်တောင်အတင့်ရဲပြီး မင်းပါးစပ်နဲ့ သေနတ်ပစ်နေတာလဲ.. မင်းက စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ အဖွဲ့ဝင်တွေကိုတောင်မှ ခြိမ်းခြောက်ပုံ့တယ်.. မင်းက တကယ် အထိန်းအကွပ်လွတ်နေပြီ``

အန်းရှုမင်း က လင်းဟန်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ကျုံးလင် သူကို ဖမ်းလိုက်စမ်း``

``ဟုတ် ဟုတ်``

လူငယ်တစ်ယောက် အရှေ့ကိုထွက်လာလိုက်ပါတယ်။

သူက အန်းရှုမင်း က ဖန်းယန်ရဲ့ လက်ပါးစေ တစ်ယောက်ဆိုတာကို သိပါတယ်။ ပြီးတော့ ဒီပြဿနာမှာ ဖန်းလောင်ကလဲ ပါဝင်ပါတယ်။ ဒါက သိသာစွာပဲ ဖန်းလောင်နဲ့ လင်းဟန်တို့ ကြားက တိုက်ခိုက်မှု တစ်ခုပဲဖြစ်ပါတယ်။ ဒါမှမဟုတ် ဖြစ်နိုင်တာက ဖန်းယန်နဲ့ လင်းဟန်ရဲ့ နောက်ကွယ်က လူတစ်ယောက်ရဲ့ ကြားက တိုက်ခိုက်မှုလို့ မှတ်ယူလို့ရပါတယ်။

ပြီးတော့ အခု သူက ဒီအင်အားကြီး အဖွဲ့နှစ်ခုကြားမှာ ပိတ်မိသွားခဲ့ပါပြီ.. ဘယ်သူပဲ ဒီတိုက်ခိုက်မှုမှာ အနိုင်ရလာသည်ဖြစ်စေ သူ့အတွက် အကျိုးအမြတ် မရှိပါဘူး ဒါကြောင့် သူ့အနေနဲ့ အလွန်အမင်းစိတ်မချမ်း မသာ ဖြစ်နေပါတယ်။

ဒါပေမဲ့ အန်းရှုမင်း က အဖွဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ စည်းကမ်း ထိန်းသိမ်းရေး ကော်မတီအဖွဲ့ ကနေ ထုတ်ပယ်မခံချင်ဘူးဆိုယင် သူ့အနေနဲ့ အမိန့်ကို နာခံဖို့ လိုအပ်ပါလိမ့်မယ်။

``တပည့်ညီငယ်လေး လင်းဟန်... မင်းအညှံ့ခံလိုက်ဖို့ ငါအကြံပေးပါရစေ``

ကျုံးလင်က တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် ရှိသူတစ်ယောက်ဖြစ်ပြီး လင်းဟန်ကတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ပဲရှိပါသေးတယ် ဒါကြောင့် သူက လင်းဟန်ကို ဆယ်ကွက်အတွင်း ဖမ်းဆီးနိုင်လိမ့်မယ်လို့ လုံးဝယုံကြည်နေပါတယ်။

လင်းဟန်က ခေါင်းကို ခါယမ်းပြီးပြောလိုက်ပါတယ်။

``မင်းမှာ ငါ့ကို ဖမ်းဆီးနိုင်ဖို့ စွမ်းရည် မရှိသေးဘူး``

ကျုံးလင် ကတော့ ဒေါသထွက်လာပါတယ်။. သူ့မှာက နောက်ခံအင်အား ကောင်းကောင်း မရှိဘူးလေ ဒါပေမဲ့သူ့ရဲ့ အစွမ်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် ရဲ့ စွမ်းအားပါ. အခု ဒြပ်စင်စုစည်းခြင်းအလွှာ ၅ မျှသာရှိတဲ့တပည့် ညီငယ်လေး တစ်ယောက်က သူ့ကို ဖမ်းဆီးနိုင်ဖို့ အစွမ်းတွေ မရှိဘူးလို့ ပြောလာခဲ့ပါတယ်။ ဒါက သူ့ရဲ့ ဂုဏ်သိက္ခာကို လေနဲ့ မှုတ်ထုတ်လိုက်သလိုပါပဲ။

``ဘာလို့ မင်းတို့ စကားတွေ ပေါက်ပေါက်ဖောက်နေတာလဲ? သူ့ကို အခု ဖမ်းလိုက်စမ်း``

အန်းရှူမင်း က ဒေါသထွက်နေပါတယ်။

``ငါ့ကိုခွင့်ပြုပါ``

ကျုံးလင်းက လင်းဟာန်ဆီကို ဦးတည်ပြီးတော့ လှုပ်ရှားလိုက်ပါတယ်။

မို့ကောင်းကလဲ သူလှုပ်ရှားမှု ပြုလုပ်ချင်နေခဲ့ပါတယ်။ ဒီ.. သူ့ရဲ့ တစ်ဦးတည်းသော ကျောင်းသားက ဓါးသိုင်းပညာမှာ နားလည်နိုင်စွမ်းရဲ့ မြင့်မားတဲ့အဆင့်က အရမ်းကို ထူးချွန်ထက်မြက်တယ်ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ ကျင့်ကြံခြင်းအဆင့် ကွာဟ ချက်က ကြီးမားတဲ့ အကျိုးမဲ့မှုကြီးပါ..ဓါးချီအလင်းခြောက်ခု က သူ့ကို တိုက်ပွဲစွမ်းအင် ကြယ်သုံးလုံး အများဆုံး အပိုအဖြစ် ပေါင်းထည့်ပေးနိုင်မှာပါ။ ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ၈ သိုင်းပညာရှင်တစ်ယောက်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ တစ်ယောက် ရဲ့ ပြိုင်ဘက်ဖြစ်လာဖို့ကတော့ ဘယ်လိုမှ မတတ်နိုင်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန် က အရှေ့ကိုထွက်ပြီးတော့ သူ့ရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက် ရင်ဆိုင်လိုက်ပါတယ်။ သူ့ရဲ့ ဓါးကိုတောင်မှ ဆွဲမထုတ်ပဲ သူက အဲဒီအစား လက်သီး တစ်ချက်ကိုပဲ ပစ်သွင်းလိုက်တာပါ။

``ဖန်း``

သူတို့နှစ်ယောက် ထိပ်တိုက်တွေ့ဆုံသွားခဲ့ပါပြီ.. ပြီးတော့ အဲဒီကနေ အားလှိုင်းက နေရာအနှံ့ကို ပြန့်နှံ့သွားခဲ့ပြီးတော့ တစ်ချိန်တည်းလိုလိုပင် ပုံရိပ်နှစ်ခုက နောက်ဆုတ် သွားခဲ့ကြပါတယ်။

``ဘာ``

ဒီအဖြစ်အပျက်ကို သူတို့တွေမြင်လိုက်တဲ့အခါမှာ လူတိုင်းရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးထွက်လာပြီး သူတို့ရဲ့ အမူအရာတွေကလဲ မယုံနိုင်တဲ့ ပုံစံ ဖြစ်နေကြပါတယ်.။

ကျုံးလင်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် ဖြစ်ပြီးတော့ ဒီထိပ်တိုက်တွေ့ဆုံ မှုမှာတောင်မှ အပေါ်စီးကနေ မယူနိုင်ဘူးပေါ့လေ? ဒါကဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်

မှာလဲ.? ဒြပ်စင်စုစည်းခြင်း အလွှာ ၅ ပဲရှိသေးတဲ့ သိုင်းပညာရှင်တစ်ယောက်က ဒီလို စွမ်းအားမျိုး ဘယ်လိုလုပ်ပြီး ရှိနိုင်မှာလဲ? မင်းက တကယ်ပဲ ဒြပ်စင်စုစည်းခြင်း အလွှာ ၅ ပဲ ဆိုတာ သေချာရဲ့လားကွာ?

``ငါ မင်းကို လျော့တွက်ခဲ့မိတယ်``

ကျုံးလင် က ချက်ချင်းစလို လေးနက်စွာနဲ့ကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ တစ်စုံတစ်ယောက်ရဲ့ လက်နက် တစ်ခု ဖြစ်လာဖို့ ဆန္ဒမရှိပါဘူး သိုင်းပညာရှင်တွေက သူတို့ရဲ့ ကိုယ်ပိုင် ဂုဏ်သိက္ခာရှိကြပါတယ်။ ဒြပ်စင်စုစည်းခြင်း အလွှာ ၉ သိုင်းပညာရှင် တစ်ယောက်အနေနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ ပဲရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ဖမ်းဆီးလို့ မရနိုင်တာက သူ့ရဲ့ ဂုဏ်သိက္ခာတွေ ကျန်ပါဦးမလား?

သူက အသက်ကိုပြင်းပြင်းရှူလိုက်ပီးတော့ သူ့ရဲ့ လက်တွေကို လက်သည်းပုံစံ ပြောင်းလိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ လက်မောင်းနှစ်ခုကနေ မတူညီတဲ့ နေရာ ကို ဆန့်ထုတ်လိုက်ပီး သူ့ရဲ့ ဘယ်ဘက်ခြေထောက်ကို မြှောက်ထားလိုက်ပါတယ်။ သူ့ပုံစံ ကိုကြည့်ရတာက သိမ်းငှက်တစ်ကောင်နဲ့ တူပြီးတော့ ၎င်းရဲ့ အတောင်ပံတွေကို

ဖြန့်ပြီး ပျံသန်းတော့မဲ့ အတိုင်းပါပဲ။

``ကောင်းကင်ပေါ်ကို သိမ်းငှက် ထိုးဖောက်မြင့်တက်ခြင်း``

သူကကျယ်လောင်စွာ အော်ဟစ်လိုက်ပီး သူ့ရဲ့ ပုံရိပ်က အရှေ့ကို ခုန်ထွက်ပီးတော့ သူ့ရဲ့ တိုက်ပွဲအစွမ်းက ချက်ချင်းဆိုသလို ထိုးထွက်လာပါတယ်။

တိုက်ပွဲအစွမ်းနဲ့ ကျင့်ကြံခြင်း အဆင့် က လုံးဂ မတူညီတဲ့ အရာနှစ်ခုပါ။ သူ့ရဲ့ သိုင်းပညာ နည်းစနစ်ကို အသုံးပြုလိုက်တဲ့ အချိန်မှာပဲ သူ့ရဲ့ တိုက်ပွဲအစွမ်းက ကြယ်ဆယ်လုံး ကို မြှင့်တက်သွားပါတယ်။

လင်းဟန်က ငြင်သာစွာပဲ ပြုံးလိုက်ပီးသူ့ရဲ့ မျက်လုံးတွေက ချက်ချင်းပဲ လေးနက်တဲ့ ပုံစံပြောင်းသွားပြီးတော့ သူ့ပုံရိပ်ကနေပြီးတော့ စွမ်းအားပြည့်ဂတဲ့ အရှိန်အဟုန်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

``ဘာ``

ကျုံးလင်ရဲ့ နှလုံးသားက တုန်လှုပ်လို့ နေပါတယ်။ သူက ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်ရဲ့ မျက်လုံး နဲ့

ရင်ဆိုင်လိုက်ရသလိုမျိုး ခံစားလိုက်ပြီးတော့ မဆုံးနိုင်တဲ့ ကြောက်ရွံ့မှုကို ခံစားလိုက်ရပါတယ်။ ဒီ ကောင်းကင်ကို သိမ်းငှက် ထိုးဖောက်ခြင်း လှုပ်ရှားမှုက ချက်ချင်းပဲ သူ့ရဲ့ တိကျမှု ပျောက်ဆုံးသွားပီး သူရဲ့ အစစ်အမှန် ပစ်မှတ်ရဲ့ ကနေပြီးတော ့ကြီးကြီးမားမားကိုပဲ တိမ်းစောင်းသွားခဲ့ပါတယ်။

လုံး၈ တိတ်ဆိတ်ငြိမ်သက်ကုန်တယ်။

ဟွာယန်အကယ်ဒမီမှာ ကျုံးလင်ကို ဒြပ်စင်စုစည်းခြင်း သိုင်းပညာရှင်တွေ ကြားမှာ လက်ရွေးစင်တစ်ယောက်လို့ မသတ်မှတ်နိုင်ပေမဲ့ သူရဲ့ စွမ်းရည်က ဒြပ်စင်စုစည်းခြင်း ထိပ်ဆုံး အယောက်တစ်ရာ သိုင်းပညာရှင်တွေအတွင်းမှာ အဆင့်ဝင်ဖို့ လုံလောက်ပါတယ်။ အခု သူက ဒြပ်စင်စုစည်းခြင်း အလွှာ ၅ အဆင့်မျှသာ ရှိတဲ့ သိုင်းပညာရှင်တစ်ယောက်ကြောင့် တစ်ကွက်ထဲမှာပဲ အမှန်တကယ် ရှုံးနိမ့်သွားခဲ့ပြီ။ သူတို့ရဲ့ မျက်လုံးတွေကို သူတို့ မယုံကြည်နိုင်ဖြစ်နေကြပါတယ်။

``ဒီကောင်က မဆိုးဘူးပဲ.. သူက စိတ်ကြီးဝင်နေတာ မထူးဆန်းပါဘူး.. ဒါဆို ကြည့်ရတာ သူမှာ စွမ်းရည်တစ်ချို့ ရှိပုံရတယ်``

အန်းရှုမင်းရဲ့ မျက်လုံးထဲမှာ အေးစက်တဲ့အလင်း တစ်ခု တောက်ပသွားခဲ့ပါတယ်။ သူက အရှေ့ကို ထွက်လာလိုက်ပါတယ်။ သူကိုယ်တိုင်ပဲ လှုပ်ရှားတော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ။

လင်းဟာန်က နည်းနည်းတော့ ပိုပြီး လေးနက်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒီ အန်းရှုမင်း က နွေဦးစမ်းရေအဆင့်ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူ့ရဲ့ တိုက်ပွဲစွမ်းအား ကို ဒြပ်စင်စုစည်းခြင်းအဆင့်ကို ပြောင်းလဲလိုက်မယ်ဆိုယင်တောင်မှ အနည်းဆုံး ကြယ် နှစ်ဆယ်လုံး ခန့်ရှိပါလိမ့်မယ်။ ဒ့ါအပြင် ဒါက အနက်ရောင် အဆင့် သိုင်းပညာနည်းစနစ် ကို အသုံးပြုပြီး အဆင့်မြှင့်တင်ထားခြင်း မပါဝင်ပဲ တွက်ချက်ထားတာပါ။

ဒါပေ့ါ အန်းရှုမင်း အနေနဲ့ အနက်ရောင် အဆင့် သိုင်းပညာနည်းစနစ် ကို မပိုင်ဆိုင်ထားပါဘူး။

``နောက်ဆုတ်``

မို့ကောင်းက လင်းဟာန်ရဲ့ အရှေ့ကို ဝင်ရပ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ပြုံးကျယ်လို့နေပြီး

သူကအစောပိုင်းတုန်းကတော့ အရှေ့ကို မထွက်လာပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ ဆရာတစ်ယောက် အနေနဲ့ သူ့ရဲ့ တပည့်ကို တစ်ခြားသူတွေက စော်ကား အနိုင်ကျင့်တာကို သူ့အနေနဲ့ ဒီအတိုင်း မတ်တပ်ရပ်နေဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။

အပိုင်း (၁၁၂) အဓိက ဇာတ်ကောင် ရောက်လာပြီ။

အန်းရှူ မင်း အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။

မို့ကောင်းက ဘယ်လိုပဲ အမိုက်တစ်စ ဖြစ်နေပါစေ ကိစ္စမရှိပါဘူး ဒါပေမဲ့ သူက အကယ်ဒမီရဲ့ ဆရာတစ်ယောက်ဖြစ်နေပါသေးတယ်။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး တော့ လွယ်ကူစွာနဲ့ စော်ကားလို့ ရနိုင်မှာလဲ?

လင်းဟန်ကို ဆန့်ကျင်ပြီးတော့ သူက သူ့ရဲ့ဘက်ခြမ်းမှာဖြစ်စေခဲ့ပါတယ်။ ဒ့ါအပြင် ဒီ အခိုးခံရတဲ့ပစ္စည်းတွေကလဲ သေချာ အကွက်ချထားတာဖြစ်လို့ လင်းဟန်အနေနဲ့ လွတ်မြောက်ဖို့ လမ်းမမြင်ပါဘူး။ တကယ်လို့ သူက လင်းဟန်ကို ဖမ်းဆီးတဲ့ ကိစ္စမှာ ကြမ်းကြမ်းတမ်းတမ်းနဲ့ လှုပ်ရှားလိုက်မယ်ဆိုယင်တောင်မှ ဘာဖြစ်သေးလဲ?

ဘယ်သူက အပြစ်ကင်းတဲ့ လူတစ်ယောက်ကို သူတို့ရဲ့ ဂုဏ်သိက္ခာ အကျခံပြီးတော့ ဆန့်ကျင်ကြမှာလဲ?

မို့ကောင်း ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ လုံးဝ ခြားနားတဲ့ ကိစ္စပါပဲ။

``ဆရာ ကျနော့်ကို ခွင့်ပြုပေးပါ``

လင်းဟန်က မို့ကောင်းကို တစ်ဖက်ဆီကို ငြင်သာစွာ တွန်းလိုက်ပါတယ်။ အန်းရှူမင်း က တကယ်ပဲ အရမ်းကို သန်မာပါတယ် ဒါပေမဲ့ နွေဦးစမ်းရေ ဒုတိယအလွှာ .. ဒီအဆင့် ပြိုင်ဘက်တစ်ယောက်ကိုတော့ သူက ထိန်းနိုင်ပါသေးတယ်။

``လင်းဟန်``

မို့ကောင်းက အလွန်အမင်းကို အံ့အားသင့်သွားပါတယ်။ သူဂင်ရောက်စွက်ဖက် ရတဲ့ အကြောင်းက အန်းရှူမင်း အနေနဲ့ သူကိုဆန့်ကျင်ပြီးတော့ တစ်ခုခုကို ဘယ်တော့မှ မလုပ်ပံ့ဘူးဆိုတာ သိနေလို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်မှာကတော့ သူကိုယ်သူ ကာကွယ်ဖို့ ဘာပုက်ဖဲမှ မရှိဘူးလေ.. သူက ဘယ်လောက်ပဲ ထူးချွန်ထက်မြက်တဲ့

မွန်းစတားတစ်ကောင်ဖြစ်နေပါစေဦး နေ့ဦးစမ်းရေ ဒုတိယအလွှာ မှာရှိနေတဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာမဟုတ်ပါဘူး ဟုတ်တယ်မလား?

``ကျနော့် အတွက် မစိုးရိမ်ပါနဲ့ ဆရာ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပီး အရှေ့ကို ရဲဝင့်စွာ ထွက်လာခဲ့ပါတယ်။

``ဟားဟားဟား.. မင်းက တကယ့်ကို သတ္တိရှိတာပဲ ငါလေးစားပါတယ်``

အန်းရှူမင်း ကသူ ဘာဆက်လုပ်ရမလဲဆိုတာ မသိတဲ့ ပြဿနာ တစ်ခုကို ဘာမှမလုပ်ရလိုက်ပဲ ဖြေရှင်းပီးသားဖြစ်သွားတာကို မြင်လိုက်ရတော့သူ့အနေနဲ့ ကျေနပ်ပီတိ မဖြစ်ပဲနဲ့မနေနိုင်ပါဘူး။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက အစေခံသာသာပါပဲ. မင်းသိတာက ကိုက်ဖို့ပဲသိတယ်မဟုတ်လား? ငါမင်းရဲ့ ပါးစပ်ထဲကသွားတွေအကုန်လုံးကို

ပျက်စီးနိုင်မလားဆိုတာကို သူတို့ကို ပေးမြင်လိုက်ကြတာပေါ့``

``မိုက်ရိုင်းလိုက်တာ``

အန်းရှုမင်းရဲ့ မျက်လုံးတွေက ဒေါသကြောင့် ပြူးကျယ်လာပြီးတော့ သူရဲ့လှုပ်ရှားမှု ကို စတင်လိုက်ပါတယ်။

``အကယ်ဒမီ ထဲမှာ ဆူညံနေတာပဲ ကျော်မကောင်း ကြားမကောင်း ဖြစ်ကုန်တော့မှာပဲ``

ခုံညားတဲ့ အသံတစ်ခုကို မကျေမနပ်နဲ့ ပြောလိုက်တာကို ကြားလိုက်ကြရပါတယ်။

လူတိုင်းလူတိုင်း အသစ်ရောက်လာတဲ့သူဘက်ကို လှည့်ပြီးကြည့်လိုက်ကြပါတယ်။ သူတို့က အရပ်မြင့်ပြီး ခန္ဓာကိုယ်တောင့်တင်းတဲ့ လူတစ်ယောက်ကို မြင်ခဲ့ကြပါတယ်။ အဲဒီလူက ပန်းချည်ထိုး ထားတဲ့ အဂတ်ကို ဆင်မြန်းထားပြီးတော့ ထွက်ပေါ်နေတဲ့ အရှိန်အဝါက သူကို ဘယ်သူမှမကြည့်ဝံ့အောင် ခန့်ညားပြီးတော့ နောက်ကို ခြေလှမ်း ဆုတ်သွားနိုင်တဲ့အထိ ခံစားလိုက်ကြရပါတယ်။

တတိယ အင်ပါယာ မင်းသား ချီဖန်းယွမ်။

သူ့အနောက်မှာ နီမြန်းတဲ့ ဆံပင်အရောင်ရှိတဲ့ အလှပဂေး တစ်ယောက်ကလဲ လိုက်ပါ လာပါတယ်။ သူမရဲ့ ကိုယ်ခန္ဓာကောက်ကြောင်းက အရမ်းကို လှပဆွဲဆောင်မှု ရှိပြီး တော့ သူမရဲ့ နှုတ်ခမ်းတွေက မီးလိုအရောင်ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက တတိယအင်ပါယာ မင်းသား ရဲ့ မိန်းကလေး ဖြစ်တဲ့အတွက် ဘယ်သူကမှ သူမရဲ့ ရှုက်ကြီးဖိုသွယ် နဲ့ ပြည့်စုံတဲ့ ရင်သားကို ကြည့်ပုံကြမှာလဲ ?.. အနောက်ဘက်ကို ဆုတ်ပြီး တော့ ခေါင်းကို အသာလေးမော့ပြီးတော့ပဲ ခိုးကြည့်နေကြပါတယ်။

``တတိယ အင်ပါယာ မင်းသား ကို နှုတ်ဆက်ပါတယ်``

လူတိုင်းလူတိုင်းက သူတို့ရဲ့ ခြေတစ်ချောင်းကို ဒူးထောက်ပြီးတော့ အလေးပြုလိုက်ကြပါတယ်။ ဒီလူက တစ်နေ့နေ့မှာ သရဖူကို ဆက်ခံခွင့်ရနိုင်တဲ့ သူတစ်ယောက်လည်းဖြစ်ပါတယ်။

လင်းဟာန်ကတော့ လုံတစ်ချောင်းလိုမျိုး ဖြောင့်ဖြောင့်ကြီး မတ်တပ်ရပ်နေဆဲ ဖြစ်ပါတယ်ယ။ ဒီကဏ္ဍာကြီးမှာ

သူ့ဒူးထောက်ဖို့ အဆင့်မှီတဲ့ သူ တစ်ယောက်မှ မရှိပါဘူး။ ဒါက သူ့ရဲ့ အယင်ဘဂက စွမ်းအားကြီးမားလှတဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ ဂုဏ်ကျက်သရေပဲဖြစ်ပါတယ်။ တကယ်လို့ သူရဲ့ ခန္ဓာကိုယ် ပြောင်းလဲသွားခဲ့သည့် တိုင်အောင်ပဲ တကယ်လို့ သူရဲ့ ကျင့်စဉ်အဆင့် အများကြီး လျော့ကျ နေသည့်တိုင်အောင်ပဲ ဒါက လုံးဝ ပြောင်းလဲစရာအကြောင်းမရှိပါဘူး။

သူက သူရဲ့ စိတ်ကို စစ်ဆေးပြီးထိန်းထားပေမဲ့ သူရဲ့ ဂုဏ်ကျက်သရေ ကိုတော့ ဘယ်တော့မှ မချိုးဖျက်ခဲ့ပါဘူး။

``ထကြ``

တတိယ အင်ပါယာ မင်းသားက သူရဲ့ လက်ကို ဖြေးညှင်းစွာနဲ့ မလိုက်ပြီးတော့ မေးလိုက်ပါတယ်။

``ဒီနေရာမှာ ဘာတွေဖြစ်နေကြတာလဲ?``

``တတိယ အင်ပါယာမင်းသားကို လျှောက်တင်ပါ့မယ်``

အန်းရှုမင်းက သူရဲ့ နှလုံးသားထဲမှာတော့ လှိုက်လှဲစွာ အောင်ပွဲခံနေပါတယ်။ ခရမ်းရောင်ပန်း ပုံစံထွင်းထားတဲ့

တံဆိပ်က ထိပ်တန်းလူတစ်ချို့ကိုပဲ တတိယ အင်ပါယာ မင်းသားက လက်ဆောင်အဖြစ်ပေးခဲ့တဲ့ ပစ္စည်းပဲဖြစ်ပါတယ်။ ပြီးတော့ အဓိက ဇာတ်ကောင်က အခု ဒီမှာ ရှိနေပါပြီ။ လင်းဟန်ရဲ့ အပြစ်ဒဏ်က ပိုပြီးတော့ တောင်မှ ပြင်းထန်ဖို့ပဲရှိပါလိမ့်မယ်။

အဓိက အရေးကြီးတဲ့ အချက်ကတော့ သူတို့ က ဒီ ခရမ်းရောင်ပန်း ပုံစံ တံဆိပ်ပြားကို လင်းဟန်ဆီမှာ ရှိနေတာကို ရှာတွေ့သွားယင် လင်းဟန်အနေနဲ့ ငြင်းပယ်လို့လုံးဝ မရတော့ပါဘူး။ ဘာလို့လဲဆိုတော့ တတိယ အင်ပါယာ မင်းသားအနေနဲ့ သူကိုယ်ပိုင် တံဆိပ်ပြားကို ဘယ်လိုလုပ်ပြီးတော့ သတိမပြုမိပဲနေမှာလဲ?

အန်းရှုမင်းက ချက်ချင်းဆိုသလို အဖြစ်အပျက် အကြောင်းအရာတွေကို ပြန်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ပြောစကားအရဆိုယင် သူက ဖန်းလောင်ဆီကနေပြီးတော့ တံဆိပ်ပြားပျောက်သွားတဲ့ အကြောင်း သတင်းပို့တာကို လက်ခံရရှိခဲ့ပါတယ်။ ပြီးတော့ သဲလွန်စ လမ်းကြောင်းနောက်ကို လိုက်ပီးတော့ လင်းဟန် အပေါ်ကို သံသယရှိပြီးတော့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့သားတွေက လင်းဟန်ရဲ့ အခန်းမှာ ရှာဖို့ နဲ့ ခိုးမှုအတွက်သူ့ကို ဖမ်းဆီးရခြင်းအကြောင်းပါပဲ။

တတိယ အင်ပါယာမင်းသားက ဇာတ်ကြောင်းအစုံကို နားထောင်ပြီးတဲ့ အခါမှာ သူ့ရဲ့ အမူအရာက တစ်မူထူးပြီး ကြောင်တိကြောင်တောင် ပုံစံဖြစ်နေပါတယ်။

တစ်ခြားသူတွေက သိမှာ မဟုတ်ပေမဲ့ သူက မနေ့ကပဲ လင်းဟန်ကို တံဆိပ် တစ်ခု လက်ဆောင်ပေးထားတယ်ဆိုတာကို မသိပဲ နေပါ့မလား.. ဒါဆို ဘာလို့ နောက်ထပ် တံဆိပ်တစ်ခုကို ထပ်ခိုးယူဖို့ လိုအပ်ဦးမှာလဲ? သူ့ရဲ့ ဉာဏ်ရည်ဉာဏ်သွေး အပေါ် အခြေခံပြီးတော့ သူက လျှင်မြန်စွာနဲ့ပဲ ဒီပြဿနာက လင်းဟန်ကို ချောက်ချ အကောက်ကြံဖို့ အတွက် ပြစ်မှုတစ်ခုကို ဖန်တီးထားတယ်ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ဒါ့အပြင် ဒီ ထောင်ချောက်ရဲ့ အနောက်က ဉာဏ်ကြီးရှင်က ဖန်းလောင် အဖြစ်နိုင်ဆုံးပါပဲ။

ဖန်းလောင်က တစ်ဖက်ကနေပြီးတော့ အဖြစ်အပျက်တွေအားလုံးကို ကြည့်နေ ခဲ့ပါတယ်။ ပြီးတော့ တတိယ အင်ပါယာ မင်းသားရဲ့ ကြောင်တိကြောင်တောင် ဖြစ်သွားတဲ့ အမူအရာကို မြင်လိုက်ရတဲ့အခါမှ သူထင်တာက မင်းသားဒေါသထွက်နေတယ်ပေါ့.. ဒါကြောင့် သူက လျှင်မြန်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

``အရှင်မင်းသား ဒါက ကျနော့်ရဲ့ အပြစ်တွေပါ.. ကျနော် က ဒီတံဆိပ်ကို ပေးဖို့ ကျနော့် အကို ကို ပြောခဲ့ပါတယ်။ အခု သေသေချာချာ ဂရုမစိုက်လို့ သူခိုးတစ်ယောက်က ၎င်းကို ခိုးယူဖို့ အခွင့်အရေးတစ်ခုကို ဖန်တီးပေးလိုက်သလိုဖြစ်သွားခဲ့ပါတယ်.. ကျေးဇူးပြုပြီးတော့ ကျနော့်ကို အပြစ်ပေးပါ အရှင်မင်းသား``

သူက ဦးညွှန့်ပြီးတော့ တတိယ အင်ပါယာ မင်းသားဆီကို ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နှုတ်ခမ်းဒေါင့်မှာ အေးစက်တဲ့ အပြုံးတစ်ခုရှိနေပါတယ်။ သူ့အနေနဲ့ တတိယ အင်ပါယာ မင်းသားရဲ့ တံဆိပ်ကို သေချာ ဂရုတစ်စိုက် မထိန်းသိမ်း ထားတဲ့အတွက် အပြစ်ပေးခံရယင်တောင်မှ လင်းဟန်လို သူခိုးတစ်ယောက်အတွက် ဘယ်လို အပြစ်ဒဏ်မျိုးရလိမ့်မလဲ?

ဟီးဟီး.. ဘယ်သူက ငါ့ကို တေုံး အေ လို့ ပြောဦးမှာလဲ? သူက ဒီလိုမျိုး ပါးပါးနပ်နပ်နဲ့ အစီအစဉ်တွေ ချမှတ်ရာမှာ အရမ်းကို မြင့်မားတဲ့ အဆင့်မှာ ရှိတဲ့ကျွမ်းကျင်သူ တစ်ယောက်ပဲဖြစ်ပါတယ်။

တတိယ အင်ပါယာ မင်းသားက အဓိပ္ပါယ်ပြည့်နေတဲ့

အကြည့်နဲ့ လင်းဟန်ဆီကို တစ်ချက် ကြည့်ပြီးတော့မှ အန်းရှုမင်းဆီကို သူ့အကြည့်တွေကို ပြန်လှဲလိုက်ပီးတော့ မေးလိုက်ပါတယ်။

``ဒါဆို... မင်းဘာလုပ်ဖို့ စီစဉ်ထားလဲ?``

``ကျနော်က လင်းဟန်ရဲ့ အခန်းကို ရှာဖို့အစီအစဉ်ရှိပါတယ်.. တတိယ အင်ပါယာ မင်းသားရဲ့ တံဆိပ်က သူ့ရဲ့ အခန်းထဲမှာ သေချာပေါက်ရှိတယ်ဆိုတာ ခိုင်လုံတဲ့ အချက်အလက်တွေ ရထားခဲ့ပါပြီ``

အန်းရှုမင်းက ယုံကြည်ချက်ရှိရှိနဲ့ ပြောလိုက်ပါတယ်။ သူက ဖန်းယန်ရဲ့ ညီက သူ့ကို လိမ်လည်လှည့်ဖျားပြီး ခိုင်းလိမ့်မယ်လို့ လုံးဝ မထင်ထားပါဘူး။

တတိယ အင်ပါယာမင်းသားက ပြုံးပြီးတော့ တစ်ခြား စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင် တွေကို ကြည့်ပြီး မေးလိုက်ပါတယ်။

``မင်းတို့အားလုံးရော အဲဒီလိုပဲ ထင်သလား?``

``အဲ.......``

ကျန်တဲ့သူတွေအားလုံးကို ကြည့်ရတာ အနည်းငယ် တုံ့ဆိုင်းသွားပါတယ်။ အမှန်ဆိုယင် သူတို့လည်း အလွန်ကို စိတ်ရှုပ်ထွေးနေပါတယ်။ သူတို့အားလုံးက အန်းရှုမင်းရဲ့အမိန့် ကြောင့် ဒီနေရာကို ရောက်လာခဲ့ကြတာပါ။ ဒါကြောင့် ဒီမှာ ဘာတွေဖြစ်ပျက်နေလဲ ဆိုတာ တကယ်တမ်း သူတို့သေချာမသိပါဘူး.။ဒါပေမဲ့ သူတို့အားလုံးသိတာက အန်းရှုမင်းနဲ့ ဖန်းယန်ရဲ့ ကြားက ဆက်ဆံရေးအကြောင်းပဲဖြစ်ပြီး ဖန်းလောင်ကို သူတို့ မြင်လိုက်တဲ့အခါမှာတော့ ဘာတွေဖြစ်နေတယ်ဆိုတာကို သူတို့ ခန့်မှန်းလို့ရသွားခဲ့ပါပြီ။

ပြီးတော့ အခု တတိယာအင်ပါယာမင်းသားက မေးခွန်းမေးလာတဲ့အခါမှာတော့ ဘာပြောရမှန်းမသိပဲ တုံ့ဆိုင်းနေခဲ့ပါတယ်။ တကယ်တော့ ဒီတစ်ကြိမ်အကြောင်းအရာ က ကြီးမားလာပါလိမ့်မယ်။ အခု သူတို့ ဘာပဲပြောပြော အခြေအနေကို ထောက်ခံသလို ဖြစ်သွားပါလိမ့်မယ်။ ဒါက တစ်ခြားသူအတွက် သူတို့ရဲ့ စကားကနေပြီးတော့ ယိုပေါက် ကို လွယ်ကူစွာနဲ့ ပဲ အခွင့်ကောင်းယူသွားပါလိမ့်မယ်။

စည်းကမ်းထိန်းသိမ်းရေး ကော်မတီ မှာလုပ်ရတာက အရမ်းကို မက်စရာကောင်းတဲ့ အလုပ်ဖြစ်ပါတယ်။ သူတို့အနေနဲ့ လေ့ကျင့်ရေး ခရီးတွေအတွက် အကယ်ဒမီကနေ ထွက်ခွာဖို့ မလိုအပ်ပဲ အကယ်ဒမီအမှတ်တွေကို ရယူနိုင်ပါတယ်။ ဒါကြောင့် လူတွေအများကြီးရဲ့ မနာလိုခြင်းကို ခံကြရပါတယ်။

``ကျနော်တို့ လုံးဂမသေချာပါဘူးခင်ဗျာ``

နောက်ဆုံးတော့ သူတို့က အမှန်အတိုင်းပြောလိုက်ဖို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

အန်းရှူမင်း ရဲ့ နှလုံးသားထဲမှာ ချက်ချင်းဆိုသလို အေးစက်သွားပါတယ်။ ဒါပေမဲ့ ဒါကလည်း အကျိုးသက်ရောက်မှု့ သိပ်မရှိပါဘူး။ သူသာ လင်းဟာန်ရဲ့ အခန်းထဲမှာ ခရမ်းရောင် တံဆိပ်ကို ရှာဖွေနိုင်ခဲ့မယ်ဆိုယင် ဒီပြစ်မှုတွေကို လင်းဟာန်ရဲ့ ခေါင်းပေါ် ကိုပုံချနိုင်ပါလိမ့်မယ်။သူကပြောလိုက်ပါတယ်။

``အရှင်မင်းသား ဒီလူက ကျနော်မျိုးတို့ရဲ့ အမိန့်သြဇာကို မနာခံပဲ ပြန်ပြီး ခုခံနေပါတယ် ဒါကြောင့် ကျေးဇူးပြုပြီးတော့ သူ့ကို ကျနော် ဖမ်းဆီးပြီးတဲ့ အထိ စောင့်ပေးပါ``

``နေဦး``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းထင်တာတွေ လျှောက်မပြောပါနဲ့... ငါ့လိုမျိုး ကောင်းတဲ့ စည်းကမ်းလိုက်နာတဲ့ ကျောင်းသားက အကယ်ဒမီနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အမြဲတမ်း အဆင့်သင့်ပါပဲ. ငါက မင်းရဲ့ အကြည့်ကိုပဲ မကြိုက်ခဲ့တာပါ.. ဒါပေမဲ့ အခု တတိယ အင်ပါယာမင်းသားက ဒီမှာ ရှိနေပြီဆိုတော့ ကောင်းပြီလေ ငါ့အခန်းကို သွားရာကြတာပေါ့``

အန်းရှူမင်းက အံ့အားသင့်သွားခဲ့ပါတယ်။ လင်းဟန်က အခုလိုမျိုး ရိုးစင်းစွာနဲ့ လက်ခံလိုက်မယ်လို့ သူလုံးဝ မထင်ထားခဲ့ပါဘူး။

``ငါက ဘာပြစ်မှုကိုမှ မကျူးလွန်ခဲ့ဘူး ဒါကြောင့် ငါ့ရဲ့ လိပ်ပြာက သန့်တယ်``

လင်းဟန်ပြောလိုက်ပါတယ်။

အန်းရှုမင်းက ချက်ချင်းစလို နားလည်သွားခဲ့ပြီးတော့ လင်းဟန်ရဲ့ အတွေ့အကြုံ နည်းပါးမှုကို လှိုူပ်ုက်စွာနဲ့ ရီမောလိုက်ပါတယ်။ မင်းက ရိုးသားတယ်ဆိုတာနဲ့ပဲ ဒီပြဿနာကို ရိုးရိုးရှင်းရှင်းနဲ့ ့ဖြေရှင်းနိုင်လိမ့်မယ်လို့ ထင်နေတာလား. ကောင်ပြီလေ. သူသာ သက်သေခံပစ္စည်းကို ရှာတွေ့တဲ့ အခါကျယင် ဒီကောင်ကတော့ ငြင်းပယ်လို့ ဘယ်လိုမှရတော့မှာမဟုတ်ပါဘူး။အပေ့ါပါးဆုံး အပြစ်ဒါဏ်ကတော့ အကယ်ဒမီကနေ နှင်ထုတ်ခံရပါလိမ့်မယ် သို့မဟုတ် တတိယအင်ပါယာမင်းသား ကိုယ်တိုင်က သူ့ကို ကိုယ်တိုင် ရင်ဆိုင်ပါလိမ့်မယ်။

သွားသေလိုက် ငတုံး။

လင်းဟန်ကတော့ လုံး၀ မကြောက်ပဲ ကျန်တဲ့သူတွေကို သူ့နောက်မှာထားပြီးတော့ ဦးဆောင်သွားပါတယ်။ တတိယ အင်ပါယာမင်းသားတောင်မှ ခွြင်းချက်မရှိပါဘူး။ တကယ်လို့ မသိတဲ့လူတစ်ယောက်ကသာ မြင်မယ်ဆိုယင် သူတို့က လင်းဟန် ကို ဒီအုပ်စုကြီးကို ဦးဆောင်လာတဲ့ ခေါင်းဆောင်လို့ ထင်မိကြပါလိမ့်မယ်။

အန်းရှုမင်းက မကြာခင်မှာပဲ ဒါကို သတိပြုမိသွားပြီးတော့ လျင်မြန်စွာနဲ့ပဲ လင်းဟန်ရဲ့ အရှေ့ကို လမ်းလျှောက်လာခဲ့ပါတယ်။ သူ့ပုံစံကိုကြည့်ရတာ ဒေါသအပြင်းအထန် ထွက်နေတဲ့ပုံစံပါပဲ။

လင်းဟန်က ပြုံးပြီးတော့ ငြင်သာစွာပြောလိုက်ပါတယ်။

``မင်းက ဘာအတွက်နဲ့ စိုက်ကြည့်နေတာလဲ မင်းရဲ့မျက်လုံးတွေမှာ တစ်ခုခုများ မှားနေသလား? ပြီးတော့ မင်းလို အဆင့်နိမ့်တဲ့ လူတစ်ယောက် တတိယ အင်ပါယာ မင်းသား အရှေ့ကနေပြီးတော့ လမ်းလျှောက်ပွံ့တယ်ပေါ့လေဟုတ်လား? မင်းက နိုင်ငံတော် သစ္စာဖောက်ဖို့များ ကြံရွယ်နေတာလား?

သေစမ်း ဘယ်လောက်တောင်ပြင်းထန်တဲ့ စွပ်စွဲချက်လဲ။

အန်းရှုမင်းက သူကတော့သွားပြီလို့ ခံစားလိုက်ရပါတယ်။ သူက လင်းဟန်ကို ထိတ်လန့်ဖွယ် ရာ တစ်ခုကို တွေ့လိုက်ရသလိုမျိုး ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဘာလို့ သူက ဒီလို ကြီးမားတဲ့ စွပ်စွဲချက်ကြီးနဲ့ ပြောခံလိုက်ရတာလဲ? သူက လျှို့ဝှက်စွာနဲ့ တတိယ အင်ပါယာ မင်းသားဆီကို ပျော့ကြည့်လိုက်တဲ့အခါ မင်းသားရဲ့ အမူအရာက

အနည်းငယ်မည်းမှောင်နေတာကိုမြင်လိုက်ရတော့ သူ့ကို တောင်မှ မူးနောက်နောက် ဖြစ်သွားစေခဲ့ပါတယ်။

သူက အလျင်အမြန်ပဲပြောလိုက်ပါတယ်။

``မင်းလည်းပဲ အခု အရှေ့ကနေသွားနေတာမဟုတ်ဘူးလား?``

``အဓိပ္ပါယ်မရှိတာ.. ငါက မင်းတို့အားလုံးကို ငါ့ရဲ့ အခန်းဆီကို ခေါ်သွားနေတာလေ.. တကယ်လို့ ငါကအရှေ့ကနေ မလျှောက်ဘူးဆိုယင် ငါက အနောက်ကနေ လျှောက်နေရမှာလား? မင်းရဲ့ ခေါင်းကို အသံတိတ် အကန်ခံချင်နေတာလား?``

လင်းဟန်က သနားညှာတာမှုကင်းမဲ့စွာနဲ့ သရော်လိုက်ပါတယ်။

``အာ``

အန်းရှူမင်းရဲ့ နဖူးကနေ အေးစက်တဲ့ချွေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

``မျိုးရိုး နာမည် အန်း နဲ့ လူ မင်းရဲ့ ဆန္ဒက ဘာလဲ?တတိယ အင်ပါယာမင်းသားကို မရှိမသေ လုပ်တာက ကြီးမားတဲ့ ပုန်ကန်မှုလို့ သတ်မှတ်လို့ရတယ်နော်``

လင်းဟာန် က တည်ငြိမ်စွာနဲ့ပြောလိုက်ပါတယ်။

``မင်းငါ့ကို အသရေပျက်အောင် လုပ်ကြံပြီးတော့ မပြောနဲ့``

သူက တတိယ အင်ပါယာ မင်းသားကိုလှည့်ပြီးတော့ ဒါက သူ့ရဲ့ ဂရုမစိုက်မှု ကြောင့် မို့ တစ်ဖက်လူရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတာဖြစ်တယ်ဆိုတဲ့ အကြောင်းကို ရှင်းပြလိုက်ပါတယ်။

``လုံလောက်ပြီ..လင်းဟာန်က မင်းကို ရှာဖို့ပြောနေပြီကို ဘာလို့ မင်းတို့က ခုထိ မရှာကြသေးတာလဲ?``

တတိယ အင်ပါယာမင်းသားက သူ့ရဲ့မျက်နှာပေါ်မှာ စိတ်မရှည်မှုတွေပြည့်နေပြီး ပြောလိုက်ပါတယ်။

``နားလည်ပါပြီ``

အန်းရှုမင်းက အသက်ကိုပြင်းပြင်းရှူလိုက်ပါတယ်။ ကြည့်ရတာ တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ အရှိအသေကင်းမဲ့သွားတဲ့ အပြုအမူနဲ့ပါတ်သတ်ပြီးတော့ ဆက်ပြီး ဆောင်ရွက်ဖို့ ဆန္ဒရှိတဲ့ပုံမပေါ်ပါဘူး။

အပိုင်း (၁၁၃) တော်း ငအ

``စပြီးတော့ ရှာကြ``

အန်းရှုမင်းက ပါတ်ပါတ်လည်ကို ညွှန်ပြပြီးတော့ ယုံကြည်မှုအပြည့်နဲ့ ပြန်လာခဲ့ပါတယ်။

``နေဦး``

လင်းဟာန်ကခေါ် လိုက်ပါတယ်။

``ဘာကိစ္စလဲ? မင်းရဲ့ လိပ်ပြာက တစ်ခုခု ဖြစ်နေလို့လား? နောက်ဆုံးတော့ ကြောက်နေပြီ မဟုတ်လား?``

အန်းရှုမင်းက အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။

လင်းဟာန်က တံခါးကို တွန်းဖွင့်ပြီးတော့

အော်ခေါ်လိုက်ပါတယ်။

``ဟူးညို``

``ရှူးးးးး``

သေးငယ်တဲ့ ပုံရိပ်တစ်ခုက အရှေ့ကို ခုန်ထွက်လာပြီးတော့ လင်းဟန်ရဲ့ လက်မောင်းပေါ်ကို လွှားခနဲ ခုန်တက်လိုက်ပါတယ်။ ဒါက ဟူးညိုပါ။ ဒီမိန်းကလေးငယ်လေးက စိတ်ရှည်မှုကင်းမဲ့နေပါတယ်။ လင်းဟန်က မို့ကောင်းဆီကို အလည်သွားနေ ချိန်အတွင်းမှာ သူမဘာသာ သူမ အခန်းထဲမှာ ကစားနေဖို့ ပြောခဲ့ပါတယ်။

ဟူးညိုအတွက်ကတော့ အရမ်းကို အားကောင်းတဲ့ အာရုံ ရှိတာကြောင့် သူမရဲ့ ပိုင်နယ် ထဲကို ကျူးကျော်ဝင်ရောက်လာတဲ့ ဒီလူတွေက သူမနဲ့ တိုက်ခိုက်ဖို့ စိန်ခေါ်နေတာပါပဲ။ ဒီမိန်းကလေးက ဒီလူတွေကို သူတို့ကို အနိုင်ယူနိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ ဂရုစိုက်လိမ့်မှာမဟုတ်ပါဘူး။ သူမအနေနဲ့ ဒီကျူးကျော်ဝင်ရောက်သူတွေကို လုံးဝ ခုန်အုပ်ရပါလိမ့်မယ်။ သူမရဲ့ လက်သည်းသေးသေးလေးတွေထုတ်ပြီး ပါးစပ်သေးသေးလေးနဲ့ ဒီ ကျူးကျော်သူတွေကို

တစ်ချက်တော့ ကိုက်ရမှာပါပဲ။

``ရပြီ သွားရှာကြတော့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အန်းရှူမင်း က ဟူးညီကို သံသယနဲ့ ကြည့်လိုက်ပါတယ်။သူက ဟူးညီရဲ့ ခန္ဓာကိုယ်ပေါ် မှာ အခိုးခံရတဲ့ ပစ္စည်းကို ပုက်ထားမှာကို စိုးရိမ်နေပါတယ်။ ဒါပေမဲ့ သူက လင်းဟန်အတွက် ဟူးညီနဲ့ ဆက်သွယ်ဖို့ အခွင့်အရေး မရှိဘူးဆိုတာကို တွေးမိလိုက်ပါတယ်။ သူ့အနေနဲ့ အခိုးခံရတဲ့ ပစ္စည်းက ဘာလဲဆိုတာတောင် မသိပါဘူး။ ဒါကြောင့် တစ်ခြား ဖြစ်နိုင်ချေရှိတာကိုလဲ မသိခဲ့ပါဘူး။

``ရှာကြစမ်း``

သူက တစ်ခြား စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင်တွေကို ပြောလိုက်ပါတယ်။

``နားလည်ပါပြီ``

ကျန်တဲ့သူတွေအားလုံးက ခြံဝန်းထဲကို ဝင်သွားကြပါတယ်။

လင်းဟန်က ဟူးညိုကို သူ့လက်မောင်းပေါ် မှာထားပြီး အပြင်ကနေ စောင့်နေကြပါတယ်။ တတိယ အင်ပါယာမင်းသား.. နီမြန်းတဲ့ ဆံပင်နဲ့ အလှပဂေး.. မို့ကောင်း. ဖန်းလောင်နဲ့ ပေ့ဟဲလီတို့လည်း အပြင်ဘက်မှာ စောင့်နေကြပါတယ်။ သူတို့က စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ အဖွဲ့ဝင်တွေ မဟုတ်တဲ့ အတွက် သူတို့ အနေနဲ့ ကျောင်းသားတစ်ယောက်ရဲ့ နေထိုင်တဲ့နေရာကို ဖွတ်တိုးဝင်လို့ မရနိုင်ပါဘူး။

ရေစည်တွေ ပုံးတွေကို မှောက်ချ ပစ်တဲ့ အသံတွေကို အပြင်ကနေ ကြားနေရပါတယ်။ လင်းဟန်က ခြံဝန်းထဲက ကုလားထိုင်တစ်ခုကို ယူပြီးတော့ ထိုင်ချလိုက်ပါတယ်။ ဟူးညိုကိုတော့ သူက ပွေ့ဖက်ထားပါတယ်။ နီမြန်းတဲ့ ဆံပင်နဲ့ အလှပဂေးလေးကလဲ ဒါကို မြင်တဲ့အခါမှာ ခြံဝန်းထဲက ကုလားထိုင် တစ်ခုကို ဆွဲထုတ်လာပြီးတော့ တတိယ အင်ပါယာ မင်းသားကို ထိုင်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

ဖန်းလောင် အနေနဲ့လည်း မတ်တပ်ရပ်နေဖို့ ဆန္ဒမရှိပါဘူး။ တကယ်လို့ မင်းတို့အားလုံးက ထိုင်နေပြီး ငါက

မတ်တပ်ရပ်နေရမယ်ဆိုယင် ဒါက ငါ့ကို မင်းတို့ရဲ့ အစေခံ နဲ့ တူမနေဘူးလား?

``ဟင့်``

သူရဲ့ ခြေထောက်ကို မြင့်လိုက်ပြီး ခြံထဲဝင်ဖို့ ပြင်လိုက်တဲ့ အချိန်မှာပဲ လင်းဟာန်ရဲ့ အော်သံကြောင့် ရပ်သွားခဲ့ပါတယ်။

``ငါ့ရဲ့ ခြံဝန်းထဲကို ခွေးတွေဝင်ခွင့် မပေးထားဘူး``

``ဘ...ဘာ``

ဖန်းလောင် ချက်ချင်း ဆိုသလို ထခုန်လိုက်ပါတယ်။

``မင်းက ငါ့ကို ခွေးလို့ ခေါ်ရဲတယ်ပေါ့လေ ဟုတ်လား?``

``မင်းက ငါရဲ့ ခြေထောက်နဲ့ နင်းတာကို အကြိမ်ကြိမ်ခံခဲ့ရပြီးပြီ.. ဘာလို့ မင်းရဲ့ ကိုယ်ပိုင် အဆင့်အတန်းကို ခုထိ နားမလည်နိုင်သေးတာလဲ?``

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

``မင်းလို ဘာမဟုတ်တဲ့လူတစ်ယောက်နဲ့ အကြိမ်ပေါင်းများစွာ အရှုပ်အယှက်တွေ ဖြစ်ပြီးတော့ မင်းက ငါ့ရဲ့ အကြိုက်မဟုတ်တော့ဘူး.. မင်းအပေါ်မှာ ချနင်းရတာ ဘာမှ စိတ်ဝင်စားစရာမရှိတော့ဘူး ဒါပေမဲ့ တကယ်လို့ မင်းရဲ့ အကိုသာ ဆိုယင်တော့ အောင်မြင်မှု သေးသေးလေး တစ်ခုလောက်တော့ ဖြစ်နိုင်မှာပါ``

ဒါက သူ့အနေနဲ့ ပုံကြီးချဲ့ပြီး ပြောတာမဟုတ်ပါဘူး။ သူက စွမ်းအားပြည့်ဝတဲ့ ကောင်းကင်အဆင့်မှာရှိတုန်းကတောင်မှ အနည်းဆုံး စွမ်းအားကြီးမားပါတယ်ဆိုတဲ့ နတ်ဘုရားအသွင်ပြောင်းလဲခြင်းအဆင့် ကိုတောင်မှ သူက ခြေထောက်နဲ့ နင်းဖို့ အဆင့်မှီပါတယ်။

``လင်းဟန်``

ဖန်းလောင်က သူ့ရဲ့ နာမည်ကို အကျယ်ကြီးအော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ဒေါသတွေနဲ့ပြည့်နှက်နေပြီးတော့ မီးတောက်လုမတတ် နီရဲလို့ နေပါတယ်။ သူက လင်းဟန်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``မင်းအခုတော့ ခေါင်းမာနိုင်တုန်း လုပ်ထားပေါ့.. ဒါပေမဲ့

နောက်ကျယင် မင်းလုံးဂ သေစေရမယ်``

လင်းဟာန်ရဲ့ နှုတ်ခမ်းဒေါင့်ကို ကွေးနေအောင်ပြုံးလိုက်ပီးတော့ ပြောပါတယ်။

``ငါက မင်းရဲ့ မျက်နှာကို ကြည့်ရတာ အရမ်းကို ပျင်းဖို့ကောင်းတာပဲ.. တကယ်လို့ မင်းသာ ဟွာယန်အကယ်ဒမီကနေ ထွက်သွားမယ်ဆိုယင် အကောင်းဆုံးပဲဖြစ်လိမ့်မယ်``

``ငါတို့ရှာတွေ့ပြီ``

အဲဒီအချိန်မှာပဲ... ခြံဂန်းအတွင်းကနေပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်တာကို ကြားလိုက်ရပါတယ်။ မကြာခင်မှာပဲ အန်းရှူမင်း နဲ့ ကျန်တဲ့သူတွေက ထွက်လာခဲ့ကြပါတယ်။ အန်းရှူမင်းက အရှေ့ကနေ ဦးဆောင်ပြီးတော့ ထွက်လာကာ သူ့လက်ထဲမှာတော့ တံဆိပ်တစ်ခုကို ကိုင်ထားပြီးတော့ သူ့ရဲ့မျက်နှာမှာအေးစက်တဲ့ အပြုံးတစ်ခုကို မြင်ရပါတယ်။

``လင်းဟာန် မင်းအခုတော့ ဘာပြောနိုင်သေးလဲ?``

အန်းရှုမင်းက တံဆိပ်ကို ကိုင်ပြီး အရှေ့ကို တိုးလာခဲ့ပါတယ်။

``ဒါက ငါ့ဟာမှမဟုတ်တာ``

လင်းဟန်က အဲဒီ ပစ္စည်းကို တစ်ချက်ကြည့်လိုက်ပီး အေးဆေးတည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ဒါပေ့ါ မင်းဟာ ဘယ်ဟုတ်မလဲ.. ဒါက တတိယ အင်ပါယာမင်းသားက ငါ့ရဲ့ အကို ကို လက်ဆောင်ပေးထားတာ.. လွန်ခဲ့တဲ့ရက်အနည်းငယ်ကပဲ ငါချက်ချင်းပဲ ဒီပစ္စည်း ပျောက်သွားတယ်ဆိုတာကို ရှာဖွေသိရှိခဲ့တယ် ဒါကြောင့် မင်းက တကယ်ပဲ ဒါကို ခိုးယူခဲ့တယ်ဆိုတာ ထင်ရှားနေပီ``

ဖန်းလောင် ကဂင်ရောက်စွက်ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက တော်တော်ကို နိမ့်ကျနေပြီလို့ ငါပြောချင်တယ်.. မင်းသိရဲ့လား.. ငါ က မနေ့တစ်နေ့ကမှ အင်ပါယာမြို့ကို ရောက်လာခဲ့တာပဲ.

တကယ်လို့ မင်းက ငါ့ကို အကျဉ်းထဲကျပ်ထဲကို ကျစေချင်တယ်ဆိုယင်တောင်မှ ဒီအချက်တွေကို သိအောင် အရင်ဆုံးလုပ်သင့်တယ်``

ဖန်းလောင် ဘာပြောရမှန်းမသိ ဖြစ်သွားပါတယ်။ လင်းဟန်က အင်ပါယာမြို့ကို ရောက်ကာစပဲ ရှိသေးတယ်ဆိုတာကို သူ လုံးဝ မတွေးမိထားပါဘူး..သူတို့ မတော်တဆ ဂင်တိုက်မိတဲ့နေ့က သူ့ရဲ့ အင်ပါယာမြို့မှာ ပထမဆုံးညဆိုတာကိုပါ မတွေးမိပါဘူး။သူကလျှင်မြန်စွာနဲ့ပဲ ငြင်းခုံပြီးပြောလိုက်ပါတယ်။

``ငါအမှတ်မှားတာဖြစ်မယ်. ငါဒီဟာ ပျောက်တယ်ဆိုတာကို သိတာက မနေ့က ဒါမှမဟုတ် မနေ့တစ်နေ့ကပဲ ဖြစ်လိမ့်မယ်``

``မင်းရဲ့ ဦးနှောက်ထဲမှာ တစ်ခုခု မှားယွင်းနေပြီဖြစ်မယ်... မင်းက ဘယ်တုန်းက ပျောက်မှန်းတောင်မှ မမှတ်မိဘူး.ဒါ့အပြင် ဒီ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ ရဲ့ အဖွဲ့ခေါင်းဆောင်.. ခင်ဗျားက တကယ့်ကို ကျွမ်းကျင်တဲ့သူတစ်ယောက်.. ဒီလို အချိန်တိုတိုလေးအတွင်းမှာပဲ ခင်ဗျားရဲ့ သံသယတွေ အားလုံး ကျုပ်အပေါ်မှာ အတိအကျ ကျရောက်လာတာပဲ``

``ဟင့် အခု မင်းက ဥပဒေကို ဆန့်ကျင်တယ်ဆိုတာကို ဖမ်းမိထားပြီ.. မင်းလွတ်မြောက် အောင်လို့ ဘာပဲပြောပြော အပြစ်ဒဏ်တော့ခံရမှာပဲ``

အန်းရှုမင်းက ကောင်းကောင်းသိပါတယ်။ သူတို့ ကြာကြာစကားပြောလေ သူတို့ရဲ့ စွပ်စွဲချက် က ဟာကွက်တွေက ပိုပြီးတော့ ပေါ်လာလေဖြစ်မှာပါ။ သူက လင်းဟန်က သူခိုးအစစ်အမှန်ပဲ ဆိုတာကို ပဲ ကိုင်စွဲထားပြီးတော့ဒါက လုံလောက်ပါပြီ။

``ဒီမှာ ပြဿနာ တစ်ခုရှိတယ်.. ငါမင်းတို့ကို မေးချင်တာက.. ငါက ဒီပစ္စည်းကို ဘာဖြစ်လို့ ခိုးယူရတာလဲ?``

`ဟားဟားဟား``

ဖန်းလောင် က လင်းဟန် ဒီလိုမေးလိုက်မယ်ဆိုတာကို သိနေပါတယ်။ဒါကြောင့် သူက ရီမောပြီးတော့ ချက်ချင်းပြန်ပြောလိုက်ပါတယ်။

``ဒါက တတိယ အင်ပါယာမင်းသားရဲ့ တံဆိပ်တစ်ခုပဲ.. ဒါကို ပိုင်ဆိုင်ထားတဲ့ ဘယ်သူမဆို တတိယ အင်ပါယာ မင်းသားရဲ့

သူငယ်ချင်းတစ်ယောက်လို သတ်မှတ်လို ရတယ်.ဒါက အင်ပါယာမြို့ ကလူတိုင်း ပိုင်ဆိုင်ချင်နေကြတဲ့ အရာတစ်ခုပဲ``

ဒီစကားလုံးတွေက တကယ်ပဲ လိမ္မာပါးနပ်ပါတယ်။ ဒီစကားတွေက လင်းဟာန်ရဲ့ ပြစ်မှု ကို ပိုပြီးတော့ ခိုင်မြဲစေယုံသာမက တစ်ချိန်တည်းမှာပဲ တတိယ အင်ပါယာ မင်းသားကိုပါ မြှောက်ပင့်လိုက်တာပါပဲ။

``လင်းဟာန် မင်းအခုတော့ ဘာပြောချင်သေးလဲ?``

အန်းရှုမင်းက အေးစက်စွာပြုံးပြီးတော့ ပြောပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ငါမှာ တစ်ခြားဘာမှပြောစရာမရှိတော့ပါဘူး ဒါပေမဲ့ ငါ တတိယ အင်ပါယာ မင်းသားကို တစ်စုံတစ်ခုတော့ ပြချင်သေးတယ်``

``အိုး.. ဘာများဖြစ်နိုင်မလဲ?``

တတိယ မင်းသားက အရမ်းကို လိုက်ဖက်ညီတဲ့

အသင်းအဖွဲ့ပုံစံနဲ့ မေးလိုက်ပါတယ်။

``ဒီမှာ.. ဒါက ငါ မင်းကို ပြချင်တယ်ဆိုတဲ့ အရာပဲ``

လင်းဟန်က သူ့ရဲ့ ကိုယ်ပိုင် ခရမ်းရောင် တံဆိပ်ကို ထုတ်လိုက်ပါတယ်။

``ဘာ?``

လူတိုင်းရဲ့ အကြည့်တွေက ချက်ချင်းပဲ အဲဒီသေးငယ်တဲ့ တံဆိပ်ပေါ်ကို ကျရောက်သွား ခဲ့ပါတယ်။ သူတို့အနေနဲ့ ဘယ်လိုပဲကြည့်ကြည့် ဒီတံဆိပ်နှစ်ခုက အတိအကျ ကိုပဲ တူညီနေပါတယ်။

``မင်း.. မင်း တကယ်ပဲ နောက်ထပ် တံဆိပ်တစ်ခုကို ခိုးထားတယ်``

ဖန်းလောင် စကားတွေ ထစ်နေပါတယ်။ သူက တကယ်အမှန်ပြောတာပါ.. သူ့မှာ တံဆိပ်တစ်ခုပဲ ပိုင်ဆိုင်ထားပါတယ်။

``နလူးပဲပေါ့``

သူတို့ထဲက အချို့ က ကိစ္စရဲ့ အမှန်ကို သတိပြုမိသွားကြပြီးတော့ ဖန်းလောင်ကို လှည့်ပြီးတော့ ငတုံးအေ တစ်ယောက်ကို ကြည့်သလိုမျိုး ကြည့်လိုက်ကြပါတယ်။

အစကနေ အဆုံးထိ ကိုပဲ လင်းဟန်ရဲ့အပြုအမူတွေက အရမ်းကို တည်ငြိမ်လွန်းပါတယ်။ သူတို့ထင်ထားတာက လင်းဟန်က စိတ်ကြီးဝင်တဲ့အတွက် မဆင်မခြင်နဲ့လုပ်တယ်လို့မှတ်နေကြတာပါ။ ဒါပေမဲ့ သူတို့ ဒါကို နောက်တစ်ကြိမ် ပြန်စဉ်းစားမိတဲ့အခါမှာတော့ သူ့ရဲ့ အပြုအမူတွေက သိသာထင်ရှားစွာပဲ သူ့ရဲ့ ဂုတ်ရိုးအောက်မှာ ပုက်ဖဲတစ်ခု ရှိနေပါတယ်။

``အိုး.. ဒါက ညီလေးလင်းကို ငါ မနေက လက်ဆောင်ပေးထားခဲ့တာပဲ``

တတိယ အင်ပါယာ မင်းသားကလည်း ပြုံးနေခဲ့ပါတယ်။ သူလိုမျိုး ဉာဏ်ရည်ထက်မြက် လှတဲ့ လူတစ်ယောက် က လင်းဟန်ရဲ့ အစီအစဉ်ကို ရိပ်မိပြီးတော့ ဘယ်လိုမျိုး ပူးပေါင်း ဆောင်ရွက်ရမယ်ဆိုတာကို သိထားပါတယ်။ သူတို့နှစ်ယောက်အနေနဲ့ အယင်ကတည်းက

ဆက်သွယ်ပြီးတိုင်ပင်ထားဖို့တောင် လုံးဝမလိုပါဘူး။

သေစမ်း သေစမ်း သေစမ်း။

ဒီနေရာမှာရှိနေတဲ့လူတိုင်း က မကျိန်ဆဲပဲနဲ့ မနေနိုင်တော့ပါဘူး.

လင်းဟန်က သူ့လက်ထဲက တံဆိပ်ပြားကို ကိုင်ထားပီးပြောလိုက်ပါတယ်။

``အရှင်မင်းသားက ဒီလောက်ကြီး သဘောထားကြီးလိမ့်မယ်လို့ ကျနော် တကယ်ပဲ မထင်ထားခဲ့ဖူး.. ကျနော် ကြားဖူးတာက ဒီအရာကို ကိုင်ထားတဲ့သူက အင်ပါယာမြို့က ဘယ်စားသောက်ဆိုင်မှာမဆို အလကားစားလို့ရတယ်တဲ့```

တတိယ အင်ပါယာမင်းသားက သူ့ပါးစပ်ကို မတွန့်ပဲမနေနိုင်ပါဘူး။ ဖြစ်နိုင်တဲ့ တစ်ခုတည်းသော အရာက လင်းဟန်က သူ့ရဲ့ တံဆိပ်ကို ကြိုက်နှစ်သက်တာလား? သူက တတိယအင်ပါယာမင်းသားတစ်ယောက်ပဲ ဖြစ်ပြီး

အရမ်းကိုပဲ ကြွယ်ဝချမ်းသာ နေလို့လား?တကယ်လို့ လင်းဟန်က တစ်ခြားသူသာဆိုယင် သူ့အနေနဲ့ ဒေါသတွေထွက်မိပါလိမ့်မယ်။ ဒါပေမဲ့ သူက အဲဒီနေ့က ဖုယွင်ရှင်းဆီကို နောက်တစ်ခါ ပြန်ပြီး သွားလည်တဲ့အခါမှာ ဒီ ဂရန်းမာစတာ ဖုယွင်ရှင်းရဲ့ လေသံက လင်းဟန်အတွက် အရမ်းကို လေးစားမှုတွေနဲ့ ပြည့်နှက်နေတာကို သတိထားမိခဲ့ပါတယ်။

ဖုယွင်ရှင်းဆိုတာ ဘယ်သူလဲ? သူက မိုးရေနိုင်ငံရဲ့ စွမ်းအားအကြီးဆုံးလူ ထဲမှာ လုံးဝ ရေတွက်ထားလို့ရပြီး ဒါ့အပြင် သူက ထိပ်ဆုံးမှာရှိတဲ့လူအနည်းစုထဲက တစ်ယောက်ပါ။

သူက အခုမှ အင်ပါယာ မင်းသားတစ်ယောက်ပဲ ဖြစ်ပါသေးတယ်. ဒါပေမဲ့ တကယ်လို့ နောက်ပိုင်းမှာ သရဖူကို သူက ဆက်ခံခွင့်ရခဲ့ယင်တောင်မှ သူ့အနေနဲ့ ဖုယွင်ရှင်းကို ဆန့်ကျင်တဲ့အရာတွေ တစ်ခုမှမလုပ်ပံ့ပါဘူး။ ဖုယွင်ရှင်းတောင်မှ လေးစားရတဲ့ လူတစ်ယောက်ဆိုယင်တော့.........တကယ်လို့ သူက အဲဒီလူကို ဂရုမစိုက်ပဲ ဒါမှမဟုတ် လျစ်လျူရှုထားမယ်ဆိုယင် ဖုယွင်ရှင်းကိုယ်တိုင်က သူ့ကို ရန်သူတစ်ယောက်လို ဆက်ဆံနိုင်တယ် မဟုတ်ပါလား?

သူက မိုးရေနိုင်ငံ ကောရာဇ်ရဲ့ ကြီးမြင့်တဲ့ ရည်မှန်းချက်တွေနဲ့ တစ်ဦးတည်းသော သားမဟုတ်ပါဘူး။ သရဖူအတွက် ယှဉ်ပြိုင်ပွဲက ဘယ်လောက်တောင်မှ ရက်စက်ကြမ်းကြုတ်လိုက်သလဲ? သူ့အနေနဲ့ ဖုယွင်ရှင်းရဲ့ ထောက်ခံမှုကို မရယင်တောင်မှ အဆင်ပြေပါသေးတယ် ဒါပေမဲ့ တကယ်လို့များ သူ့ကြောင့် ဖုယွင်ရှင်းက သူ့ပြိုင်ဘက် အဖွဲ့ထဲကို ဝင်ရောက်သွားခဲ့မယ်ဆိုယင်တော့ဖြင့် သူက တကယ့်ကို ငတုံးတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

``ဟားဟား... ငါက ဒီနေရာရဲ့ အိမ်ရှင်တဂက်လို့ ယူဆနိုင်တာပဲ.. ဒါကြောင့် ငါ့ရဲ့ ဧည့်သည်တော်တွေကို တုံ့ပြန်တဲ့အနေနဲ့ အစားအသောက်တွေနဲ့ ပြုစုဖို့ လိုမှာပဲလေ``

သူက ရီမောပြီးတော့ ခက်ခဲတဲ့ ခေါင်းစဉ်ကနေ လွယ်ကူစွာနဲ့ ပြောင်းလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``တတိယ အင်ပါယာ မင်းသားအနေနဲ့ နောက်ကျယင် နောင်တ မရဖို့ မျှော်လင့်ပါတယ်``

တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ ခေါင်းကို ပြတ်သားစွာ ခါလိုက်ပါတယ်။

``ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ``

သူ့အနေနဲ့ လကုန်တဲ့အခါ သူ့ရဲ့ စာရင်းကို မြင်တဲ့အခါမှာ ဘယ်လောက်တောင် ဆိုးရွားတဲ့ အမှုအရာ ဖြစ်ပေါ်လာမလဲဆိုတာကို သူ့အနေနဲ့ လုံးဝ တွေးမိခဲ့မှာ မဟုတ်ပါဘူး။

အပိုင်း (၁၁၄) အပြင်းအထန်ရိုက်နှက်ခြင်း

``ငါ တစ်ခုလောက်မေးပါရစေ.... ငါ့မှာ ဒီပစ္စည်းရှိနေရဲ့သားနဲ့ နောက်ထပ် တစ်ခုကို ထပ်ပြီးတော့ ခိုးယူဖို့ လိုအပ်လို့လား?``

လင်းဟန်က ဖန်းလောင်ကိုပြုံးပြီးတော့ ကြည့်လိုက်ပါတယ်။ ဒီကောင် ဘာလို့များ ဒီတံဆိပ်ကို သုံးပြီးတော့ သူ့ကို ထောင်ချောက်ဆင်ဖို့ ကြိုးစားရတာပါလိမ့်?

ဒါပေမဲ့ သူက မနေ့ညက ပေ့ဟဲလီ ကျူးကျော်ဝင်ရောက်လာကတည်းက သိထားပြီးပြီလေ။

တကယ်လို သူတို့တွေက သူ့ကို ထောင်ချောက်ဆင်မယ်ဆိုယင်တောင်မှ မိန်းကလေး အတွင်းခံမျိုးတွေနဲ့ ထောင်ချောက် ဆင်သင့်တာ။ အဲဒါဆိုယင် သူက ပေ့ဟဲလီရဲ့ အခန်းထဲကို အဲဒီည ကတည်းက အားလုံးပြန်ပြီးတော့ သွားထားပါလိမ့်မယ်။

``ဘယ်သူသိမှာလဲ ခိုးတဲ့အကျင့်က မင်းရဲ့ဂါသနာလားမှ မသိတာ?``

ဖန်းလောင်က ငြင်းခုံလိုက်ပါတယ်။

``ဘယ်လိုပဲဖြစ်ဖြစ် ဒီပျောက်သွားတဲ့ ပစ္စည်းက မင်းရဲ့ နေရာက ရှာတွေ့တာပဲ. ဒါကြောင့် မင်းက သေချာပေါက် သူခိုးပဲဖြစ်လိမ့်မယ်``

``ငတုံးပဲ``

လင်းဟာန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။

``တုံးတယ် အတယ်ဆိုတာ တကယ်တော့ ရောဂါတစ်ခုပဲ.. မင်းက ငါ့ရဲ့ လက်ထဲမှာ အကြိမ်ပေါင်းများစွာ ရှုံးနိမ့်ထားတဲ့ အတွေ့အကြုံတွေ ရှိခဲ့တာကိုတောင်မှ မင်းက အခုထိ

နားမလည်သေးဘူးလား? ငါ့ရဲ့ မျက်လုံးထဲမှာတော့ မင်းက ငတုံးတစ်ကောင် မျှပဲ ဖြစ်တယ်``

``အဓိပ္ပါယ်မရှိတာ``

ဖန်းလောင်က ထခုန်လိုက်ပါတယ်။

``ငါ့ရဲ့ အကို ဖန်းယန်က လူငယ်မျိုးဆက်သစ်တွေရဲ့ ခေါင်းဆောင်ပဲ ပြီးတော့ အနာဂါတ်မှာ သူက သေချာပေါက် မျှော်မှန်းလို့တောင်မရတဲ့ သူ့ရဲ့ ခေတ်သစ်ကို ထူထောင်နိုင်လိမ့်မယ်.. မင်းက ငါ့ရဲ့ ရန်သူဖြစ်လာဖို့ဆိုတာ လုံးဝကို အဆင့်မမှီဘူး``

``ဘယ်လောက်တောင် ဆူညံ့လိုက်သလဲ``

လင်းဟန်ရဲ့ အမူအရာက ချက်ချင်းကို အေးစက်သွားပီးတော့ ဖန်းလောင်ဆီကို လျှောက် သွားလိုက်ပါတယ်။

``ကြည့်ရတာ အယင်ရက်တွေတုန်းက မင်းကို ရိုက်ခဲ့တာတောင်မှ မမှတ်သေးဘူးပဲ``

``မင်း ဘာလုပ်ဖို့ ကြိုးစားနေတာလဲ?``

ဖန်းလောင်က အနောက်ကို ခြေလှမ်းအနည်းငယ်ဆုတ်လိုက်ပါတယ်။ သူသိပါတယ် သူက လင်းဟန်ရဲ့ ပြိုင်ဘက်မဟုတ်ဘူးဆိုတာကိုပေါ့။

``မင်းမပြောနိုင်ဘူးမဟုတ်လား? ဒါပေါ့ ငါ မင်းကို ရိုက်နှက်ဆုံးမ မလို့ပဲ.. ငါစိုးရိမ် တာက မင်းရဲ့ မှတ်ဉာဏ်တွေ ဆုံးရှုံးသွားမှာကိုပဲ``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူ့ရဲ့ လက်တစ်ဖက်က ဟူးညီကို ပွေ့ချီထားပါတယ် ဒါပေမဲ့ ဒီလိုမျိုး မှော်ဆေးလုံး အကူအညီနဲ့ ဒြပ်စင်စုစည်းခြင်းအလွှာကို ရောက်ကာစ လူတစ်ယောက် ကိုတော့ လက်မောင်းတစ်ဖက်တည်းနဲ့ ရင်ဆိုင်ဖို့က လုံလောက်ယုံတင်မကပါဘူး ပိုတောင် ပိုနေပါသေးတယ်။

``လင်းဟန် မင်းအတင့်ရဲလှချည်လား``

အန်းရှူမင်းက လင်းဟန်ကို ညွှန်ပြပြီးတော့ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာမှာတော့ ဒေါသတွေ နဲ့ပြည့်နှက်နေတဲ့ အမူအရာဖြစ်နေပါတယ်။

စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ အဖွဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ သူ့ရဲ့ ရှေ့မှာ တစ်စုံတစ်ယောက်ကို တိုက်ရိုက် ရိုက်နက်ဆုံးမမယ်ဆိုတော့ လင်းဟန်ကသူရှိနေတာ ကိုတောင် ဂရုမစိုက်တဲ့သဘောလား?``

``ဟင့်..ပြီးမှ မင်းနဲ့ငါ ရှင်းမယ်``

လင်းဟန်က သူ့ကို ပျော့ကြည့်လိုက်ပြီး သူ့မျက်လုံးထဲမှာ အေးစက်မည်းမှောင်တဲ့ အမူအရာ လက်ခနဲ တောက်ပသွားပါတယ်။ သူက တတိယ အင်ပါယာ မင်းသားကို ပြောလိုက်ပါတယ်။

``အရှင်မင်းသား... ကျနော့်ကို မျက်နှာသာပေးတဲ့ အနေနဲ့ အဲဒီလူကို ဂင်ပြီးတော့ မစွက်ဖက်ပါစေနဲ့``

ဒီလေသံက.....။

လူတိုင်းလူတိုင်း အံ့အားသင့်ပြီး မှင်တက်သွားခဲ့ပါတယ်။ မင်းက တတိယ အင်ပါယာ မင်းသားကို အစေခံတစ်ယောက်လိုမျိုး အမိန့်ပေးနေတာလား? ဒီ အင်ပါယာမြို့ တစ်ခုလုံး မိုးရေနိုင်ငံ ကေရာဇ်ကလွဲလို့

ဘယ်သူက ဒီလိုမျိုးနည်းလမ်းနဲ့ တတိယ အင်ပါယာ မင်းသားကို အမိန့်ပေးပုံမှာလဲ?

တတိယ အင်ပါယာ မင်းသားက သူ့နှာခေါင်းကို ခဏပွတ်လိုက်ပြီးတော့ ပြောပါတယ်။

``စိတ်မပူပါနဲ့ ညီလေးလင်း``

ဖန်းယန်က အနာဂါတ်မှာ မမျှော်မှန်းနိုင်လောက်အောင် အောင်မြင်နိုင်ပါတယ်။ ဒါပေမဲ့ ဖန်းယန်ရဲ့ လက်ရှိ ကျင့်စဉ်အဆင့်က သူ့ရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး။ တစ်ဖက်က လင်းဟန်ကတော့ ဖုယွင်ရှင်းရဲ့ အပြည့်အဝ လေးစားခြင်းကိုတောင် ရရှိတဲ့သူပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ယောက်ကို နှိုင်းယှဉ်ဖို့ဆိုတာ လုံးဝ မလိုပါဘူး။

သူ့အတွက် အဲဒီနှစ်ယောက်ကြားမှာ တစ်ဘက်ဘက်မှာ နေဖို့ ရွေးချယ်ဖို့လိုအပ်လာ မယ်ဆိုယင် အရမ်းကို လွယ်ကူစွာနဲ့ ရွေးချယ်လိုက်ယုံပါပဲ

``ဖူး::::::::``

လူတိုင်းလူတိုင်း ချောင်းထပ်ဆိုးကုန်ပါတယ်။ တတိယ

အင်ပါယာ မင်းသားက တကယ်ပဲ သဘောတူလိုက်တယ်။ အင်ပါယာမိသားစုရဲ့ တော်ဝင်အဖွဲ့ဝင်တစ်ယောက်ဖြစ်ယုံသာမက မိုးရေနိုင်ငံ ဧကရာဇ်ရဲ့ အချစ်ဆုံးကလေးဖြစ်တဲ့ တတိယ အင်ပါယာ မင်းသားက လင်းဟန်တောင်းဆိုတာကို တကယ်ပဲ သဘောတူလိုက်တယ်။

လင်းဟန်က ပြင်သာစွာနဲ့ ပြုံးလိုက်ပါတယ်။ သူ့ရဲ့ယခင်ဘဝတုန်းက သူ့အတွက် တစ်ခုခု လုပ်ပေးဖို့ကို ဧကရာဇ်တွေ ဘယ်လောက်များများက တောင်းပန်ပြီးတော့ တောင်းဆိုခဲ့ ကြသလဲဆိုတာကို ဘယ်သူကသိနိုင်မှာလဲ?ဒါက သူ့အနေနဲ့ တတိယ အင်ပါယာ မင်းသားကို မျက်နှာသာပေးလိုက်တာပဲ မဟုတ်ဘူးလား? သူ့ရဲ့ အခု လက်ရှိ ကျင့်ကြံခြင်း အဆင့်က နိမ့်မနေဘူးဆိုယင် သူ့အနေနဲ့ တတိယ အင်ပါယာ မင်းသားကို ကူညီဖို့ အတွက် ပြောနေစရာလား?

``လင်းဟန်``

အန်းရှုမင်းက အရှေ့ကို ခြေတစ်လှမ်းတိုးလိုက်ပါတယ်။သူက ဖန်းယန်ရဲ့ နောက်လိုက် တစ်ယောက်ပါ. တကယ်လို့ ဖန်းလောင်ကို ရိုက်နှက်ဆုံးမနေတာကို သူက

ဒီအတိုင်းရပ်ကြည့်နေမယ်ဆိုယင် နောက်ပိုင်းမှာ ဖန်းယန်ကို သူဘယ်လိုလုပ်ပြီးတော့ မျက်နှာချင်းဆိုင်လို့ရတော့မှာလဲ?

``နောက်ဆုတ်လိုက်``

နီမြန်းတဲ့ ဆံပင်နဲ့ အလှပဂေးလေးက လင်းဟန်နဲ့ အန်းရှုမင်းတို့ရဲ့ ကြားကို ခုန်ဝင်လိုက်ပါတယ်။ တတိယအင်ပါယာမင်းသားက လင်းဟန်အတွက် အန်းရှုမင်းကို ထိန်းထားဖို့ သဘောတူလိုက်သော်လည်းပဲ တတိယ အင်ပါယာ မင်းသားကိုယ်တိုင် လှုပ်ရှားဖို့ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

``အရှင်မင်းသား.. ဒါက ဟွာယန်အကယ်ဒမီပါ. ဒါကြောင့် တတိယ အင်ပါယာ မင်းသားကို ကျနော့်ကို အခက်တွေ့အောင် မလုပ်ဖို့ တောင်းပန်ပါရစေ``

အန်းရှုမင်းက တတိယ အင်ပါယာ မင်းသားဆီကို အံ့ကြိတ်ပီးတော့ ပြောလိုက်ပါတယ်။

``မင်းကိုယ်မင်း ဘယ်သူလို့ထင်နေတာလဲ? တကယ်လို့ ငါတို့က မင်းကို ခက်ခဲအောင် လုပ်မယ်ဆိုယင်တော့ ဘာဖြစ်မှာလဲ?``

အလှပဂေး လေးက ဒေါသတကြီးနဲ့ အော်ဟစ်ခဲ့ပါတယ်။ သူမရဲ့ လက်တွေက ခါးမှာချိတ်ထားတဲ့ ဓါးမြှောင် နှစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ ဓါးမြှောင်တွေက အပြာနုရောင် ရှိပြီးတော့ ခရစ်စတယ် ကျောက်တွေနဲ့ ပြုလုပ်ထားတဲ့ ပုံစံမျိုးပါ။ ဒီ ဓါးသွားနှစ်ခုကနေ ထွက်ပေါ်လာတဲ့ အေးစက်မှုတွေက လူတွေရဲ့ နှလုံးသားထဲမှာ ကြောက်ရွံ့မှုကို ခံစားစေခဲ့ပါတယ်။

တတိယ အင်ပါယာ မင်းသားက စကားတစ်ခွန်းမှ မဆိုပါဘူး။ သူရဲ့ ကိုယ်ပိုင် အဆင့်အတန်း နဲ့ အန်းရှုမင်း ကို ငြင်းခုံဖို့ စိတ်မဝင်စားဘူးဆိုတာ သိသာထင်ရှား ပါတယ်။

လင်းဟန်က သူတို့ကို စိတ်ထဲမထည့်တော့ပါဘူး။ သူက ဖန်းလောင်ဆီကိုပဲ ဆက်ပြီးတော့ လျှောက်သွားလိုက်ပါတယ်။

``ငါ့အနားကို မလာနဲ့.. ငါ့အနားကို မလာနဲ့``

ဒီနေရာမှာ လူဆယ်ယောက်ထက် မနည်းရှိနေပေမဲ့လည်း ဖန်းလောင်က လုံခြုံ တယ်လို့ မခံစားရပါဘူး။ သူက အနောက်ကို ဆက်တိုက် ဆုတ်ပြီးတော့ လှည့်ထွက်ပြီး ပြေးဖို့

ပြင်ဆင်လိုက်ပါတယ်။

လင်းဟန်က အရှေ့ကို ပြေးထွက်ပြီး သူ့ကို ဖမ်းလိုက်ပြီးတော့ ဖန်းလောင်ရဲ့ အကျီကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။ သူ့ရဲ့ လက်မောင်းကို ဆွဲလိုက်ပါတယ်။ ဖန်းလောင် မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ လင်းဟန်က တည်ငြိမ်စွာနဲ့ပြုံးပြီး ပြောလိုက်ပါတယ်။

``လူတွေကပြောကြတာတော့ ဒဏ်ရာတွေ ပျောက်ကင်းပြီဆိုယင် နာကျင်မှုကို မေ့သွား ကြတယ်တဲ့.. ဒါပေမဲ့ မင်းကတော့ ဟိုးတစ်နေ့က ပါးစပ်ထဲက သွားတွေ ပျက်စီးကျိုးပဲ့သွားတာတောင်မှ ငါ့ကို တကယ်ပဲ ပြဿနာ ထပ်ပြီးတော့ လာရှာရဲသေးတယ်ပေါ့လေ?မင်း တကယ်ပဲ သေတယ်ဆိုတဲ့ စကားကို ဘယ်လိုရေးလဲ ဆိုတာရော သိရဲ့လား?``

``လင်းဟန် မင်းအရမ်းကြီး မလွန်နဲ့.. ငါရဲ့ အကိုက ဖန်းယန်ပဲ``

ဖန်းလောင်က ကျယ်လောင်စွာပြောလိုက်ပါတယ်။ သူ့မှာ ကစားဖို့အတွက် ဒီ ပုက်ဖဲ တစ်ခုပဲ ကျန်ပါတော့တယ်။

`` ငါသိတယ် ငါသိတယ်.. မင်းက ဒါကို အကြိမ်ပေါင်းများစွာ ပြောခဲ့ပြီးသွားပီ``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။ သူ့ရဲ့ ခြေထောက်နဲ့ ဖန်းလောင်ကို ကန်ထုတ်ပီးတော့ တိုက်ခိုက်လိုက်ပါတယ်။ယ

``Peng Peng Peng Peng``

သူက ဖန်းလောင်ကို ကြီးကြီးမားမားကို ရိုက်နှက်ဆုံးမနေပါတယ်။

ပြီးတဲ့နောက်မှာ သူက အနောက်ကို ဆုတ်ပြီးတော့ ပြောလိုက်ပါတယ်။

`` မင်း ငါ့ကို ထောင်ချောက်ဆင်ထားတဲ့ ကိစ္စကို အမှန်အတိုင်း အပြည့်အစုံပြောစမ်း``

``အဓိပ္ပါယ်မရှိတာ ... ငါမင်းကို ထောင်ချောက်မဆင်ဘူးကွ``

ဖန်းလောင်က ညည်းလိုက်ပါတယ်။ သူမှာ

အသိဉာဏ်နည်းနည်း ရှိနေပါသေးတယ်။ တကယ်လို့သူသာ ဒီလူတွေအားလုံးရဲ့ အရှေ့မှာ လင်းဟန်ကို ထောင်ချောက်ဆင်တာကို လူသိထင်ရှား ဝန်ခံလိုက်မယ်ဆိုယင် အပေါ့ပါးဆုံး ပြစ်ဒဏ်က အကယ်ဒမီကနေ သူ့ကို နှင်ထုတ်ခြင်းကို ခံရပါလိမ့်မယ်။

`` မင်းဘယ်လောက်ကြာကြာ ခေါင်းမာနိုင်မလဲဆိုတာကို ကြည့်ရသေးတာပေါ့``

လင်းဟန်က ဟူးညို့ကို သူနဲ့ အတူ ပူးပေါင်းဖို့ ခေါ်ပြီးတော့ သူတို့နှစ်ယောက် အတူတကွ ဖန်းလောင်ကို ပယ်ပယ်နယ်နယ် ကို သမ ပါတော့တယ်။

သူတို့ရဲ့ ဘေးနားက လူတွေအားလုံးက လျှို့ပှက်စွာနဲ့ သူတို့ရဲ့သွားတွေကို စုပ်ယူထားပါတယ်။

ဒီနေရာမှာ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင် ဆယ်ယောက်ကျော်အပြင်.. ဆရာတစ်ယောက်နဲ့ တတိယ အင်ပါယာ မင်းသားတို့ နှစ်ယောက် ပါရှိပါတယ်။ လင်းဟန်က ဒီလောက်များတဲ့ လူတွေရဲ့ အရှေ့မှာ ဖန်းလောင်ကို ဆုံးမရဲပါတယ်။ သူက တကယ်ပဲ အရမ်းကို သတ္တိရှိတယ်။

တကယ်ကို စိတ်ကြီးဝင်တယ်... တကယ့်ကို ထိတ်လန့်စရာပဲ။

ဖန်းလောင်က အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓါတ်ရှိတဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ မကြာခင်မှာ သူက ဆက်တိုက် ထိုးနှက် တာကို မခံနိုင်တော့ပဲ လင်းဟန်ကို ဘယ်လို အကွက်ချ အကောက်ကြံတယ်ဆိုတာကို ထုတ်ဖော်ပြောလိုက်ပါတယ်။ သူက သူရဲ့ အစီအစဉ်ထဲက အန်းရှုမင်း ရဲ့ အစိတ်အပိုင်းကို တောင်မှ ထုတ်ဖော်လိုက်ပြီးတော့ သူ့ရဲ့ အသင်းဖော်ကို လုံးဝ သစ္စာဖောက်လိုက်ပါတယ်။

သူ့ရဲ့ အမှန်တရားကို ထုတ်ဖော်ပြောလိုက်တာကို ကြားရတဲ့ အခါမှာ အန်းရှုမင်း နဲ့ ဝေ့ဟဲလီ တို့ရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီးတော့ ဒီအရှုးကောင်ကို သေတဲ့အထိ ရိုက်သတ်ပစ်ချင်သွားပါတယ်။

``ဟွန့်``

တတိယ အင်ပါယာ မင်းသားက ချက်ချင်းဆိုသလိုပဲ ပြင်းထန်တဲ့ အမူအရာ ဖြစ်ပေါ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``အန်းရှုမင်း စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ ခေါင်းဆောင် တစ်ယောက်အနေနဲ့ မင်းက စည်းမျဉ်းစည်းကမ်းတွေကို တကယ်ပဲ ချိုးဖောက်ရဲတယ်ပေါ့လေ. ငါက စည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ယောက် မဟုတ်ပေမဲ့ မိုးရေနိုင်ငံရဲ့ အင်ပါယာ မင်းသား တစ်ယောက်အနေနဲ့ မင်းကို ပြင်းထန်တဲ့ ပြစ်ဒဏ် ချမှတ် စီရင် ဖို့ အကယ်ဒမီကို ငါတောင်းဆိုရလိမ့်မယ်``

``မဟုတ်ဘူး မဟုတ်ဘူး ``

အန်းရှုမင်း က ကြောက်ရွံ့မှုတွေပြည့်နှက်နေပြီးတော့ သူ့ရဲ့ စိတ်ခံစားမှုတောင် ပျက်စီးသွားလုမတတ် ခံစားလိုက်ရပါတယ်။

``မင်းတို့အားလုံးပဲ ဖန်းလောင်ရဲ့ဂုဏ်ခံချက်ကို ကြားတယ်မဟုတ်လား?``

တတိယ အင်ပါယာ မင်းသားက ကျန်တဲ့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင်တွေကို လှမ်းကြည့်ပြီးပြောလိုက်တဲ့အခါမှာ အားလုံးပဲ

ခေါင်းငြိမ့်လိုက်ကြပါတယ်။

မင်းနောက်နေတာလား? ဖန်းယန်က အစစ်အမှန် တပည့်တစ်ယောက်မျှသာ ဖြစ်ပြီး တတိယ အင်ပါယာ မင်းသားက အတွင်းစည်း တစ်ယောက်လေ။ ဒီမတူညီတဲ့ အဆင့်အတန်းနှစ်ခု ကို နှိုင်းယှဉ်ယှံမျှနဲ့ သူတို့ ဘယ်ဘက်ကို ရွေးချယ်ရမလဲ ဆိုတာ သိပါတယ်။ ဒ့ါအပြင် တစ်ယောက်က အင်ပါယာ မင်းသား ဖြစ်ပြီးတော့ အနာဂါတ်မှာ သရဖူကို ဆက်ခံဖို့ အခွင့်အလမ်းရှိတဲ့ သူဖြစ်ပြီး ဘယ်သူက သူရဲ့ စကားတွေကို ဆန့် ကျင်ရဲမှာလဲ?

`` မဟုတ်ဘူး ကျနော် ဒီဟာနဲ့ ဘာမှမလုပ်ဘူး.. အားလုံးကို ဖန်းလောင်ကပဲ အမိန့်ပေးတာပါ``

ပေ့ဟဲလီက ကြောက်ရွံ့မှုကြောင့် တုန်လှုပ်စွာနဲ့ပြောလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သူ အမှားကြီးမှား ပြီလို့ တကယ်ပဲ ခံစားလိုက်ရပါတယ်။ သူက အယင်နေ့က ဖန်းလောင်ဘက်က ရပ်တည်ခဲ့တယ်။ ပြီးတော့ ရလဒ်ကတော့ မှော်ဆေးပညာဌာန ကနေ ပူဆောင်လင်းရဲ့ နှင်ထုတ်တာ ခံလိုက်ရတယ်။ အခု သူက ဖန်းလောင်ရဲ့

အမိန့်အောက်မှာ လင်းဟန်ကို ထောင်ချောက်ဆင်ဖို့ ကြိုးစားခဲ့တယ်. ဒီရလဒ်က ပိုပြီးတော့တောင်မှ ကြောက်ဖို့ကောင်းလိမ့်မယ်။

ဘာလို့ သူဒီလောက်တောင် ကံဆိုးနေရတာလဲ?

``မင်းဘာပဲ ပြောချင်သည်ဖြစ်စေ... စည်းကမ်းထိန်းသိမ်းရေး ကော်မတီကို ရောက်မှပဲ ပြောတော့... သူတို့ကို ခေါ်သွားကြစမ်း``

တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ လက်ကိုဝှေ့ပြလိုက်ပါတယ်။

``နားလည်ပါပြီ``

စည်းကမ်းထိန်းသိမ်းရေး ကော်မတီရဲ့ တစ်ခြားအဖွဲ့ဝင်တွေကလဲ သူပြောသလို အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒီ ဟွာယန် အကယ်ဒမီ ဆိုတာ အင်ပါယာ မိသားစု က တည်ထောင်ထားတာပါ .. ပြီးတော့ တတိယ အင်ပါယာ မင်းသားက သူတို့ရဲ့ ဆရာတစ်ဂက် အဖြစ်သတ်မှတ်လို့ရပါတယ်။ ဘယ်သူက သူ့ရဲ့ အမိန့်ကို မနာခံပဲ နေရဲမှာလဲ?

ဖန်းလောင်နဲ့ ကျန်တဲ့နှစ်ယောက်ကို စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့ဝင်တွေက အစောင့်အကြပ်ပုံစံမျိုးနဲ့ အဝေးကို ခေါ်သွားကြပါတယ်။

အပိုင်း(၁၁၅) သတင်းကြီး

စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အဖွဲ့ထဲမှာ အမျိုးသမီး အဖွဲ့ဝင်တစ်ချို့လည်း ပါဝင်ပြီးတော့ သူမတို့ အားလုံးက လင်းဟန်ကို ယုယကြင်နာတဲ့ အကြည့်နဲ့ ကြည့်လိုက်ကြပါတယ်။

သူမတို့အတွက်ကတော့ လင်းဟန်လို တတိယ အင်ပါယာမင်းသား ကိုတောင် အမိန့် ပေးနိုင်တဲ့ သူတစ်ယောက်က စိတ်ကူးယဉ်စရာ လူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ မိုးရေနိုင်ငံ တစ်ခုလုံးအတွင်းမှာ ဒီလိုမျိုးလူ ဘယ်နှစ်ယောက်များ ရှိလို့လဲ?

``ညီလေးလင်း... မင်းမှာ မော်ဆေးပညာနယ်ပယ်မှာ ဂရန်းမာစတာ ဖု တောင်မှ အရမ်းကို ရှိသေလေးစားရတဲ့ အရမ်းကိုမြင့်မားတဲ့ ထူးချွန်မှု ရှိလိမ့်မယ်လို့ လုံးဝ မတွေးမိဘူး``

တတိယ အင်ပါယာ မင်းသားက အားလုံးထွက်သွားတဲ့ အခါ လင်းဟန်ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူ့အနေနဲ့ လင်းဟန်ကို အလေးထားပြီးတော့ သူ့ရဲ့ ကိုယ်ပိုင် တံဆိပ်ကို ပေးရတဲ့ အကြောင်းက ဖုယွင်ရှင်းက လင်းဟန်ကို ကြီးမားစွာနဲ့ တန်ဖိုးထားတယ်ဆိုတာကို သတိပြုမိခဲ့လို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အမှန်ကတော့ သူ့အနေနဲ့ လင်းဟန်က ဘယ်သူလဲ ဆိုတာတောင် လုံးဝမသိပါဘူး။ ဒါပေမဲ့ သူက ဖုယွင်ရှင်းဆီကို တစ်ခါ ပြန်ပြီး လည်ပါတ် သွားရောက်တဲ့အခါမှာ လင်းဟန်ရဲ့ အကြောင်းကို သွယ်ဝိုက်ပြီးတော့ မေးမြန်းခဲ့ပါတယ်။

ဖုယွင်ရှင်းက တိတိကျကျ အားလုံးကို မဖော်ပြခဲ့ပေမဲ့လည်း သူပြောလိုက်တဲ့ အနည်းငယ်သော စကားလုံးတွေက တတိယ အင်ပါယာ မင်းသားရဲ့ နှလုံးသားကို တောင်မှ အကြီးအကျယ် အံ့အားသင့်စေခဲ့ပါတယ်။

ဒါကြောင့် သေချာစဉ်းစားပြီးတော့ တညတာ လွန်မြောက်ပြီးတာနဲ့ သူက လင်းဟန် ဆီကို ချက်ချင်းပဲ အလည်အပါတ် ရောက်လာခဲ့တာပါ။ သူ့လိုမျိုး တစ်နေ့မှာ မိုးရေနိုင်ငံ ရဲ့ သရဖူကို ဆက်ခံပြီး ဧကရာဇ် ဖြစ်ချင်တဲ့

သူ့အတွက်ကတော့ လင်းဟန်က အရမ်းကို တန်ဖိုးကြီးမားတဲ့ အထောက်အပံ့တစ်ခုပဲ ဖြစ်ပါတယ်။

အမှန်တကယ်တော့ သူ့အနေနဲ့ မသိတာက ပူဆောင်လင်း ကိုယ်တိုင်တောင်မှ လင်းဟန်ရဲ့ မှော်ဆေးပညာ ကို လုံးဝ ချီးကျူးပြီးတော့ အမြင့်နေရာမှာ ထားပြီး ဆက်ဆံ တယ်ဆိုတာပါ။ တကယ်လို့ သူသာသိခဲ့မယ်ဆိုယင် လုံးဝကို ပိုမိုအံ့အားသင့် သွားမှာ ဖြစ်ပြီးတော့ လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို ထိန်းသိမ်း နိုင်ဖို့အတွက် ပိုပြီးတော့ ကြိုးမားစွာနဲ့ အရေးတယူ လုပ်ပြီးတော့ ဆက်ဆံမှာပဲဖြစ်ပါတယ်။

လင်းဟန်က ငြင်သာစွာနဲ့ ပြုံးလိုက်ပါတယ်။ နိုင်ငံငယ်လေး တစ်ခုက အင်ပါယာ မင်းသားတစ်ယောက်မျှသာရှိတဲ့ လူတစ်ယောက်ကို သူ့အနေနဲ့ အရမ်းကြီး စိတ်ထဲမှာ မထားပါဘူး။ ဒါပေမဲ့ လက်ရှိသူက အရမ်းကြီး မသန်မာသေးဘူးလေ.. ဒါကြောင့် သူက ဒီ အင်ပါယာ မင်းသားရဲ့ အစွမ်းကို ငှားယူအသုံးပြုရပါလိမ့်မယ်။ အများဆုံး သူ့အနေနဲ့ ဒီ မျက်နှာသာပေးမှုကို ပြန်ပြီးပေးဆပ်တဲ့အနေနဲ့ အနာဂါတ်မှာ ဒီ တတိယ အင်ပါယာ မင်းသား ကို သရဖူ ရရှိအောင်လို့ ကူညီပေးယုံပဲရှိပါလိမ့်မယ်။

တတိယ အင်ပါယာ မင်းသားလို လူတစ်ယောက်က စကားပြောကောင်းသူတစ်ယောက် ဖြစ်ပြီးတော့ လွှမ်းမိုး ခြယ်လှယ်နိုင်ပါတယ်.. ဒါကြောင့် သူတို့ရဲ့ စကားပြောဆိုမှုက အေးအေးဆေးဆေးနဲ့ သက်တောင့်သက်သာ ရှိကြပါတယ်။ ပြီးတဲ့နောက်မှာတော့ တတိယ အင်ပါယာ မင်းသားက နှုတ်ဆက်ပြီးတော့ ထွက်ခွာသွားခဲ့ပါတယ်။ တစ်ရက်ထဲနဲ့တော့ သူတို့ရဲ့ ဆက်ဆံရေးက အရမ်းကြီး ကောင်းမွန်တယ်လို့ ပြောလို့ မရသေးပါဘူး။

နေ့လည်ရောက်တဲ့ အခါမှာတော့ ပူဆောင်လင်း ရောက်လာပြီးတော့ ငွေပြား ဆယ်သန်း လာပေးသွားပါတယ်။

``ကျေးဇူးတင်ပါတယ်.. သခင်လေးဟန် ``

ပူဆောင်လင်းက အရမ်းကို ပဲ လုံးဂ ကျိုးနွံတဲ့ အမူအရာတွေနဲ့ ပြောလိုက်ပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်ကသာ ဒီ အကြောင်းအရာကို အစုံအလင်မသိပဲ မြင်လိုက်မယ်ဆိုယင် သူတို့ လုံးဂကို စိတ်ရှုပ်ထွေး အံ့အားသင့်သွားကြပြီး ပူဆောင်လင်း ကို ရူးသွားပြီလို့ ထင်သွားနိုင်ပါတယ်။ ဘယ်လိုလူမျိုးက ပိုက်ဆံ

ကို တစ်ခြားတစ်ယောက်ကို ပိုပေးယုံတောင်မက ကျေးဇူးပါ တင်လိုက်သေးတာလား? ဒါပေမဲ့ ပူဆောင်လင်း အတွက်ကတော့ ဒီ အဓိက မူလစိတ်ဂိဉာဉ်ပြန်လည်ဖြည့်ဆည်း ပေးခြင်း နည်းစနစ်က ပိုက်ဆံနဲ့တောင် တန်ဖိုးဖြတ်လို့မရပါဘူး။ တကယ်လို့ လင်းဟန်က သန်းတစ်ရာ သို့မဟုတ် သန်းတစ်ထောင် တောင်းခဲ့ယင်တောင်မှ သူက ဒီငွေတွေကို နည်းလမ်းအချို့ရှာပြီးတော့ စုပေးဖို့ စဉ်းစားထားပါတယ်။

လင်းဟန်က ကြည်ကြည်သာသာနဲ့ ပဲ ဒီငွေတွေကို လက်ခံလိုက်ပါတယ်။ သူ့မှာ အခု တကယ့်ကိုပဲ ငွေကြေး ပြတ်လပ်နေပါတယ်။ တကယ်တော့ ဒီ အဓိက စိတ်ဂိဉာဉ်ပြန်လည်ဖြည့်ဆည်းခြင်း နည်းစနစ်က ဒီပမာဏထက် ပိုပြီးတော့ တန်ပါတယ်။ ငွေဆိုတာက သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် နိမ့်နေတဲ့ အချိန်မှာပဲ အသုံးဝင်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ပန်းဖူးအဆင့်ကိုရောက်သွားခဲ့ချိန်ကျယင် ဒီလိုမျိုး ပစ္စည်းကို ဘယ်သူက အသုံးပြုနေဦးမှာလဲ?

ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ငွေက သူ့အတွက် အရမ်းကို အသုံးဝင်နေပါတယ်။ ဒါကြောင့် လင်းဟန်က ပြုံးပြီးတော့ ကျေနပ်နေပါတယ်။

ပူဆောင်လင်းက ဒါကို မြင်လိုက်တဲ့အခါမှာ သူက အခွင့်အရေးကို ချက်ချင်းပဲယူလိုက်ပြီး တော့ လင်းဟန်ကို လမ်းညွှန်ပြသဖို့ အတွက် မေးမြန်းလိုက်ပါတယ်။

လင်းဟန်က သူ့ကို ရိုးရှင်းစွာနဲ့ အနည်းငယ် လမ်းညွှန်ပြောပြလိုက်ပါတယ်။ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဖြစ်အောင်လုပ်နိုင်တဲ့ ပူဆောင်လင်း က တကယ့်ကို ပါရမီကောင်းမွန်ပါတယ်။ ပြဿနာတွေအများကြီးရှိနေပေမဲ့လည်း လင်းဟန်ဆီကနေ ထောက်ပြညွှန်ကြားမှု အနည်းငယ်သာ လိုအပ်ပြီးတော့ ဒီ သီအိုရီ တွေရဲ့ နောက်ကွယ်က အရာတွေကို သူ နားလည်သွားပါလိမ့်မယ်။ ဒါ့အပြင် လင်းဟန်က သူ့ကို သင်ကြားပေးဖို့ တကယ်ပဲ စိတ်သိပ်ရှည်မှာ မဟုတ်ပါဘူး။

ပူဆောင်လင်း နှုတ်ဆက်ပြီး ထွက်ခွာသွားယုံပဲရှိသေးတယ် လှိုယုထန်က လင်းဇီရွှမ် ကို ခေါ်ပြီး ရောက်လာပါတယ်။ လင်းဟန် က အကယ်ဒမီအပြင်ကို ထွက်ပြီးတော့ နေ့လည်စာ စားဖို့ မလုပ်တော့ပဲနဲ့ သူတို့ ဆီမှာရှိတာကိုပဲ ချက်ပြုတ်ပြင်ဆင်ပြီး နေ့လည်စာအတွက် ပြင်ဆင်လိုက်ပါတယ်။

သူတို့ပြင်ဆင်ထားတဲ့ ပမာဏ ကအရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာ စူဇကာ ပုဏ္ဏားတစ်ယောက် ရှိနေလို့ပါပဲ.။ တကယ်လို့ တစ်ယောက်ယောက်ကသာ အဖြစ်မှန်ကို မသိပဲ ဒါကို မြင်လိုက်မယ်ဆိုယင် သူတို့ထင် မှာက အောင်ပွဲခံတဲ့ အထိမ်းအမှတ် အနေနဲ့ ပြင်ဆင်ထားတယ်လို့ ထင်နေကြပါလိမ့်မယ်။

``ငါတောင်းပန်ပါတယ်``

လွီယုထန်က ချက်ချင်းဆိုသလို ပြောလိုက်ပါတယ်။

``မင်းက ဘာလို့ ချက်ချင်းကြီး တောင်းပန်ရတာလဲ?``

လင်းဟာန်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။ လွီယုထန်က ဘာလို့ တောင်းပန်တယ် ဆိုတာကို သူ့အနေနဲ့ လေးလေးနက်နက်ကြီး စဉ်းစားမနေပါဘူး။

``အဲဒီ ချန်းယွမ်ရှင်း မှာ နောက်ခံအင်အား အနည်းငယ်ရှိတယ်.. ငါ သူနဲ့ ရင်ဆိုင်လို့ မရဘူး``

``ဘယ်သူ?``

လင်းဟန်က သူမဘက်ကိုလှည့်ပြီးတော့ မေးလိုက်ပါတယ်။

လို့ယုထန်က သူမရဲ့ နဖူးကို လက်နဲ့ရိုက်လိုက်ပီးတော့ ပြောပါတယ်။

``နင်က တကယ်ပဲ မေ့တတ်လိုက်တာ.. ဟိုးတစ်နေ့က ရွှမ်ရွှမ်နဲ့ ့ဟူးညို့ ကို လုယူဖို့ ကြံတဲ့ အဘိုးကြီးလေ... နင်တကယ်ပဲ မေ့သွားပြီလား?

``အိုး``

နောက်ဆုံးမှာတော့ လင်းဟန်က ချန်းယွမ်ရှင်း ဘယ်သူလဲဆိုတာကို သတိရသွားပါ တယ်။ ဒီလိုမျိုး သာမာန် လူလေးတစ်ယောက်ကို သူ့ရဲ့ နှလုံးသားထဲမှာ ပထမနေရာမှာ မထားပါဘူး။ ပြီးတော့ လို့ယုထန်ကလဲ သူမကိုယ်တိုင် ဒီကိစ္စကို ကိုင်တွယ်ပေးမယ်လို့ ပြောထားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အဲဒီ တဏှာရူး အဘိုးကြီးကို သူစိတ်ထဲကနေ လုံးဂ ဖယ်ထုတ်ပစ်ထားပါတယ်။ သူ့့အနေနဲ့ လို့ကလန်ရဲ့ အစွမ်းနဲ့တောင်မှ ဒီအဘိုးကြီး ကို ရင်ဆိုင်ဖို့ နည်းလမ်းမရှိဘူးဆိုတာကို လုံးဂ မတွေးထားမိပါဘူး။

``ချန်းယွမ်ရှင်းမှာ သမီးတစ်ယောက်ရှိပြီးတော့ သူမက စွန်းဇီယန်ရဲ့ ကိုယ်လုပ်တော် တစ်ယောက်ဖြစ်တယ်``

လှီယုထန်က ရှင်းပြလိုက်ပါတယ်။

``စွန်းဇီယန်?``

လင်းဟာန် မရီပဲနဲ့ မနေနိုင်ပါဘူး။ ဘယ်သူက သူတို့ရဲ့ ကလေးကို ဒီလိုမျိုးနာမည်ပေးရတာလဲ? နောက်ပိုင်းမှာ သူတို့ရဲ့ ကလေးကို တစ်ခြားသူတွေက စွန်းဇီ လို့ ခေါ်မှာကို မကြောက်ကြဘူးလားမသိ?

``စွန်းကလန် က အင်ပါယာမြို့ရဲ့ အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခု ဖြစ်ပြီး တော့ စွန်းဇီယန် က သူတို့ရဲ့ လူငယ်မျိုးဆက်သစ် အဖွဲ့ဝင်တွေထဲမှာ အထူးချွန်ဆုံး သူတစ်ယောက်လဲဖြစ်တယ်.. သူက ဒီနှစ်ဆိုယင် အသက် ၂၅ နှစ်လောက်ရှိပြီးတော့ ငွေဦးစမ်းရေအဆင့်ကို အဆင့်တက်ကာစပဲရှိသေးတယ်.. ဒါကြောင့် သူ့ကို စွန်းကလန် က သူကို အရမ်းကို တန်ဖိုးထားတယ်``

လှီယုထန် က ရှင်းပြလိုက်ပါတယ်။

``ဒါဆိုယင် .. လှီကလန်က စွန်းကလန်နဲ့ ရန်သူ မဖြစ်ချင်တဲ့အတွက် ဒီကိစ္စကို ဆက်ပြီးတော့ လုပ်ဆောင်ဖို့ ဆန္ဒမရှိတော့ဘူးပေါ့ ဟုတ်လား?``

လင်းဟန်က မေးလိုက်ပါတယ်။

လှီယုထန်က သက်ပြင်းတစ်ချက် ချပြီးတော့ ပြောလိုက်ပါတယ်။

``အင်း... စွန်းဇီယန်က ချန်းယွမ်ရှင်း ရဲ့ သမီးကို တုန်နေအောင်ချစ်တယ်.. ငါ့ရဲ့ ကလန်က ချန်ကလန်အပေါ် လှုပ်ရှားမှု လုပ်လိုက်တာနဲ့ ချန်းယွမ်ရှင်း က ချက်ချင်းပဲ စွန်းကလန် ကို သွားပြီးတော့ အကူအညီတောင်းခဲ့တယ်.. စွန်းဇီယန်က ကိုယ်တိုင်ပဲ လာပြီးတော့ ချန်းယွမ်ရှင်းကို အကျပ်အတည်းကနေ ကယ်သွားခဲ့တယ်``

``ပိုးးး``

ချန်းယွမ်ရှင်းက နေ့ခင်းဘက်မှာကိုပဲ မြေနဲ့ရေ ဂိုဏ်းသားတွေနဲ့အတူ မိန်းကလေးငယ်လေးတွေကို ပြန်ပေးဆွဲပွဲ့တယ်ဆိုတာ အံ့ဩစရာမရှိတော့ပါဘူး။ ဒါဆိုယင်

သူ့ရဲ့ တဏှာရာဂ ကြောင့် ဒီလောက် အတင့်ရဲပြီး သတ္တိကောင်းနေယုံ တင်မက သူက စွန်းကလန်ရဲ့ အထောက်အပံ့အကူအညီကို ပါရထားတာပဲ။ တကယ်လို့ တစ်ခုခု ဖြစ်လာယင် သူ့အတွက် တစ်စုံတစ်ယောက်က ကာကွယ်ပေးပါလိမ့်မယ်။

``လွီ ကလန် က သူ့ကို ဘာမှမလုပ်နိုင်မှတော့ ငါကိုယ်တိုင်ပဲ လုပ်ရတော့မှာပေါ့``

လင်းဟန်က ပြောလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ မျက်လုံးထဲမှာတော့ ချန်းယွမ်ရှင်း ဆိုတာ ခွေးသန်းတစ်ကောင် နဲ့ အတူတူပါပဲ.။ သူတစ်ချက် နင်းလိုက်တာနဲ့ ချန်းယွမ်ရှင်း သေရပါမယ်။

လွီယုထန်ကို ကြည့်ရတာ အရမ်းကို ရှက်ရွံ့နေတဲ့ပုံပါပဲ။ သူမက ဒီကိစ္စကို ကိုင်တွယ် ပေးမယ်လို့ ကတိပေးခဲ့ပါတယ် ဒါပေမဲ့ အဆုံးမှာတော့ သူမရဲ့ ကတိကို ပြည့်အောင်လို့ မလုပ်နိုင်ခဲ့ပါဘူး။

``ဟားဟားဟား အဲလိုကြီးကြည့်မနေနဲ့ မင်းက အရမ်းကို လှပတဲ့သူတစ်ယောက်ပဲ လာပါ.. ငါ့ကို ပြုံးပြဦး``

လင်းဟန်က ရီပြီးတော့ပြောလိုက်ပါတယ်။

လွှီယုထန်က မပြုံးပါဘူး။ ဒါပေမဲ့ ဟူးညို့ကတော့လုပ်ခဲ့ပါတယ်။ လက်ရှိမှာသူမရဲ့ ပါးစပ် က အသားတွေနဲ့ ပြည့်နေပြီးတော့ သူမရဲ့ ဒီအပြုံးက သူမရဲ့ သွားတစ်ချောင်းလေး မှကို ထုတ်ဖော်လို့ မရပါဘူး။

လွှီယုထန်နဲ့ လင်းဇီယန် တို့နှစ်ယောက်စလုံး သူမရဲ့ အပြုံးကို မြင်လိုက်တဲ့ အခါမှာ တော့ မထိန်းထားနိုင်ပဲ ရီမောလိုက်ပါတယ်။

``ဟေး မင်းတို့ စားနေကြတာလား?``

သိမ့်မွေ့ငြင်သာပြီး ဆွဲဆောင်မှု ရှိတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ လှပတဲ့ ပုံရိပ် လေးတစ်ခုက အထဲကို ဝင်လာခဲ့ပါတယ်။ ဒီပုံရိပ်က အလွန်အမင်းကို ချောမောလှပ တဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်ပါတယ်။

``လီစီရှန်း ?``

လွှီယုထန်က အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ လီစီရှန်းက ဒီနေရာမှာ ပေါ်လာပီးတော့

မြင်တွေ့ရလိမ့်မယ်လို့ သူမ လုံးဝ မတွေးမိထားပါဘူး။

``လွှီယုထန်``

လီစီရှန်းလည်းပဲ အနည်းငယ် အံ့အားသင့်သွားပါတယ်။ လွှီကလန်ရဲ့ မင်းသမီးက လင်းဟန်နဲ့ အတူတူ နေလည်စာ စားနေတယ်? တကယ်လို့ ဒီသတင်းသာ ပြန့်သွားခဲ့မယ်ဆိုယင် ဘယ်သူကမှ ယုံမှာမဟုတ်ပါဘူး။ အကယ်ဒမီထဲမှာ လွှီယုထန်က အရမ်းကို အေးစက်စက်နိုင်တဲ့ အလှပဂေးဆိုတာ မသိတဲ့သူမရှိဘူးမဟုတ်လား? သူမက ယောက်ျားလေးတစ်ယောက်နဲ့ အရမ်းကို ရင်းရင်းနှီးနှီး အမူအရာတွေ ရှိနေလိမ့်မယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

``အိုးးး. ဒါဆို မင်းတို့က တစ်ယောက်နဲ့ တစ်ယောက် သိနေကြတာပေါ့.. ဒါကောင်းတာပဲ.. ငါမင်းတို့ကို မိတ်ဆက်ပေးစရာမလိုတော့ဘူး``

လင်းဟန် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လွှီယုထန်က လီစီရှန်းကိုကြည့်ပြီး လီစီရှန်းကလဲ

လွှိုယုထန်ကို ကြည့်နေပါတယ်။

ပြိုင်ဘက်ကောင်းအောင် လုပချောမောတဲ့ ဒီမိန်းကလေးနှစ်ယောက်ရဲ့ မျက်လုံးတွေ ထဲမှာ တိုက်ပွဲစဖို့ အဆင်သင့်ဖြစ်နေသလိုမျိုး မီးတောက်တွေ ဖျတ်ခနဲ လက်သွားခဲ့ ပါတယ်။

သူတို့ကို ပုလဲအမြွှာလို့ အားလုံးက တင်စားခေါ်ဝေါ်ကြပေမဲ့လည်း အမှန်တကယ်တော့ သူတို့က တစ်ယောက်နဲ့တစ်ယောက် အရမ်းကြီးမရင်းနှီးကြပါတယ်။ သူတို့ နှစ်ယောက်စလုံးက အရမ်းကို လုပချောမောကြပြီးတော့ တစ်ယောက်က သိုင်းပညာနယ်ပယ်မှာ အလွန်အမင်း ပါရမီ ရှိပြီး နောက်တစ်ယောက်ကတော့ မှော်ဆေးပညာမှာ အလွန်အမင်းကို ပြောင်မြောက်လှပါတယ်။ ဒါကြောင့် သူတို့ နှစ်ယောက်ကို ပုလဲအမြွှာလို့ တင်စားခေါ်ဝေါ်လူသိများကြတာပဲ ဖြစ်ပါတယ်။

သူတို့နှစ်ယောက်စလုံးက လီမွှာပါးနပ်တဲ့ မိန်းကလေးတွေ ဖြစ်တာနဲ့ အညီ လင်းဟန်ရဲ့ ခြံဝန်းထဲမှာ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာတာက ဘာသဘောဆောင်သလဲ?

အကြောင်းပြချက်တစ်ချို့ အတွက်နဲ့ သူမတို့ရဲ့ နှလုံးသားထဲမှာ အနည်းငယ် ချဉ်တဲ့ ခံစားချက်တွေ ဖြစ်ပေါ်လာပါတယ်။

``မင်းရော စားပြီးပြီလား?``

လင်းဟာန်က လီစီရှန်းကိုမေးလိုက်ပါတယ်။

``မစားရသေးဘူး``

လီစီရှန်းက စားလို့ ပြီးပါပြီ။ ဒါပေမဲ့ သူမရဲ့စိတ်ကူးကိုပြောင်းလိုက်ပီးတော့ ပြောလိုက်တာပါ။

``လာလေ ငါတို့နဲ့ အတူစားကြတာပေါ့``

လင်းဟာန်က ပြုံးပြီးတော့ ဖိတ်ခေါ်လိုက်ပါတယ်။

ကြိုတင် မှာထားခြင်းမရှိပဲနဲ့ လီစီရှန်းက ဖိတ်ခေါ်မှု ကိုလက်ခံလိုက်ပါတယ်။ သူမက တူတစ်စုံကို ယူပြီးတော့ ဖြေးဖြေးခြင်း စပြီးတော့စားလိုက်ပါတယ်။

``အာ.. မင်း ငါ့ကို လာရှာတာ ကိစ္စတစ်ခုခုများရှိသလား?``

လင်းဟန်က မေးလိုက်ပါတယ်။

``ငါ ဒီကို လာတာက အထူးသဖြင့်နင့်ကို သတင်းပေးစရာရှိလို့ပဲ.. လွန်ခဲ့တဲ့ ရက်အနည်းငယ်က သေးငယ်တဲ့ ငလျင် တစ်ခု လှုပ်သွားပြီးတော့ ငလျင်ဒဏ်ကြောင့် ပဲ မြေအောက်မြစ်တစ်ခု ပေါ်ထွက်လာခဲ့တယ်။ ဒါ့အပြင်အဲဒီမှာ ရှေးဟောင်းစိတ်ဂိဉာဉ် ပစ္စည်းတွေ လည်းပေါ်လာပြီးတော့ မြစ်ရေစီးကြောင်းအတိုင်း မျောနေကြတယ်``
လီစီရှန်းက ကြီးမားတဲ့ သတင်းအပိုင်းအစ တစ်ခုကို သယ်ဆောင်လာခဲ့ပါတယ်။

အပိုင်း (၁၁၆) စိတ်ဂိဉာဉ်ပစ္စည်း အမြောက်အမြား

``ဘာ``
လွှီယုထန်က ချက်ချင်းပဲ ထခုန်လိုက်ပါတယ်။

``ဒီလိုမျိုးကိစ္စက တကယ်ပဲ ဖြစ်ပျက်သွားခဲ့တာလား?``

စိတ်ဂိဉာဉ်ပစ္စည်းဆိုတာက စွမ်းအားပြည့်ဝတဲ့

စိတ်ဂိဉာဉ်ပင်လယ် သို့မဟုတ် ပိုမြင့်တဲ့ အဆင့်က စစ်သည်တော်တွေပဲ ဖန်တီးနိုင်တာပါ..သူတို့ရဲ့ ကိုယ်ပိုင် စွမ်းအားတွေ ဒီပစ္စည်းတွေကို ပေးပြီးတော့ ကျင့်ကြံကြပါတယ်။ ပြီးတော့ အချိန်အတော်ကြာသည့် တိုင်အောင် သူတို့ရဲ့ အသီးသီးသော ကျင့်ကြံခြင်း နည်းစနစ်တွေကို တစ်မူထူးခြားတဲ့ နည်းလမ်းကို သုံးပြီးတော့ ဒီပစ္စည်းတွေပေါ်မှာ ရေးထွင်းရပါလိမ့်မယ်။ အဲဒီနောက် မှာ ဒီပစ္စည်းတွေက သူတို့ကို ပြုလုပ်တဲ့ သူတွေရဲ့ စွမ်းအားနဲ့ ညီမျှတဲ့ အစွမ်းတွေ ရှိလာပါလိမ့်မယ်။

စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုကို ဖန်တီးခြင်းက ကြည့်ရတာသာ အရမ်းကို ရိုးရှင်းတဲ့ လုပ်ငန်း စဉ်တစ်ခုပဲဖြစ်ပါတယ်။ ဒါပေမဲ့ သိုင်းပညာရှင်တစ်ယောက်ဟာ သူတို့ရဲ့သက်တမ်း ရှိပါတယ်။ ပြီးပြည့်စုံတဲ့ စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုကို အောင်မြင်စွာ ဖန်တီးနိုင်ဖို့ အတွက် အနည်းဆုံး နှစ်ပေါင်း နှစ်ဆယ် ကနေ သုံးဆယ် အထိ လိုအပ်ပါလိမ့်မယ်။ ဒ့ါအပြင် စိတ်ဂိဉာဉ်ပစ္စည်းတွေက သူတို့ကို သံရည်ကျိုပြုလုပ်မဲ့ သတ္တုတွေနဲ့ ပတ်သတ်ပြီးတော့ အရမ်းကို တိကျပြီး လိုအပ်ချက် တွေ အရမ်းကို မြင့်မားပါတယ်။ဒါကြောင့် စိတ်ဂိဉာဉ် ပစ္စည်းတွေက အရမ်းကိုပဲ နည်းပါးကြပါတယ်။

ဒါပေ့ါ ဒါက မိုးရေနိုင်ငံလို နေရာ သေးသေးလေး တစ်ခုရဲ့

အခြေအနေပဲ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ အယင်ဘာဂတုန်းက သူတို့ဘက်က ဘယ်စစ်သည်တော်ကများ စိတ်ဂိဉာဉ် ပစ္စည်း မရရှိတာ ရှိဖူးလို့လဲ? တစ်ချို့ လူတွေ ဆိုယင် ပစ္စည်းတွေပြုလုပ်တဲ့ လမ်းကြောင်းကို သူတို့ရဲ့ အာရုံတွေကို အထူး နှစ်မြုပ်ထားပီးတော့ တိုက်ပွဲရောက်ပီ ဆိုတာနဲ့ စိတ်ဂိဉာဉ်ပစ္စည်းတွေ ဆယ်ခု... အခုတစ်ရာလောက် ကို အသုံးပြုကြပြီးတော့ အဲဒါက အရမ်းကို ထိတ်လန့်စရာ ကောင်းလှပါတယ်။

ဒါပေမဲ့ မိုးရေနိုင်ငံမှာတော့ အများဆုံး စိတ်ဂိဉာဉ်ပစ္စည်းတွေအတွက် အကြမ်းထည် သတ္တုတွေပဲ ပေါ်လာတာနဲ့တူပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ပြီးပြည့်စုံတဲ့ စိတ်ဂိဉာဉ် ပစ္စည်းတွေ အများကြီးက ပေါ်လာနိုင်မှာလဲ?

ပြီးတော့ အခုက စိတ်ဂိဉာဉ်ပစ္စည်းအများကြီးက မြေအောက်မြစ်ရဲ့ ရေပေါ်မှာ မျောပြီး အမှန်တကယ်ပဲ ပေါ်လာခဲ့တယ်.. ဒါက ဘယ်လို မယုံကြည်နိုင်စရာ ကောင်းတဲ့ အဖြစ်အပျက်လဲ?

လင်းဟန်က ဒီအပေါ်မှာ အများကြီး စိတ်မဂင်စားခဲ့ပါဘူး။

သူ့ရဲ့ ပစ်မှတ်က ကောင်းကင်အဆင့်ကို ပြန်ပြီးရောက်ရှိနိုင်ဖို့ပါ. မယုံကြည်နိုင်စရာကောင်းပြီး မရိုက်ချိုးဖျက်နိုင်တဲ့ စွမ်းအားတွေနဲ့ ဘယ်လို စိတ်ဂိဉာဉ်ပစ္စည်းကို သူက ပိုင်ဆိုင်နိုင်မှာလဲ? ဒါ့အပြင် သူ့ရဲ့ ဒန်တန် အတွင်းထဲက ဂုဏ်ယူစွာနဲ့ ရပ်တည်နေတဲ့ အနက်ရောင်မျှော်စင် ကလဲ စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုပဲဖြစ်ပြီးတော့ ၎င်းရဲ့ အဆင့်က လုံးဝကို မခန့်မှန်းနိုင်တဲ့ အဆင့်ပဲဖြစ်ပါတယ်။

ပြီးတော့ အတိတ်က သူဟာ ကောင်းကင်အဆင့်မှာရှိတုန်းက ဘယ်လောက်ပဲ သူ့ရဲ့ အမှန်တကယ် စွမ်းရည်က နည်းပါးစေကာမှု သူ့အနေနဲ့ နတ်ဘုရားအသွင်ပြောင်းလဲ ခြင်းအဆင့် ထက် မရေမတွက်နိုင်လောက်အောင် အကြိမ်ပေါင်းများစွာ သန်မာပါတယ်။ ဒါတောင်မှပဲ အနက်ရောင်မျှော်စင်ရဲ့ လှုပ်ခါမှု တစ်ခုက သူ့ကို လွယ်လွယ်ကူကူနဲ့ ပျက်စီးကြေမွသွားစေခဲ့ပါတယ်။

အခု သူက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ တစ်ခုတည်းကိုပဲ အာရုံစိုက်ဖို့ လိုပါတယ်။ ပြီးတော့ သူက အနက်ရောင်မျှော်စင်ထဲကို ဝင်နိုင်မှာဖြစ်ပြီးတော့ ၎င်းရဲ့ နောက်ကွယ်က ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေနိုင်ပါလိမ့်မယ်။ သူက အနက်ရောင်မျှော်စင်ကို

ပိုမိုပြီးတော့ ထိန်းချုပ်နိုင် ပါလိမ့်မယ်။ဒါက သူ့အတွက် အဓိကအကြောင်းပဲဖြစ်ပြီးတော့ ဘာဖြစ်လို့ စိတ်ဂိဉာဉ်ပစ္စည်းလေးတစ်ခုကို ပိုင်ဆိုင်ဖို့ အတွက် သူ့ရဲ့ ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စ တွေကိုသုံးပြီးတော့ အချိန်ကုန်ခံနေမှာလဲ?

``အာ.. နင်က ဘာလို့ ဒီလောက်တောင် တည်ငြိမ်နေနိုင်ရတာလဲ?``

လီစီရှန်းက လင်းဟန်ကို ထူးဆန်းစွာနဲ့ ကြည့်လိုက်ပါတယ်။ ပထမ သူမအနေနဲ့ ဒီသတင်းကို ကြားတဲ့အခါမှာ သူမရဲ့ တည်ငြိမ်အေးဆေးနေမှုတွေ အားလုံး က လွင့်ယုထန်လိုမျိုး ပျောက်ကုန်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကရော? သူက ဘာမှကို မကြား လိုက်သလိုမျိုး ပြုမှုနေပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``စိတ်ဂိဉာဉ်ပစ္စည်းလေး တစ်စုံလောက်ပါပဲ.. ဒါကဘယ်လောက်များ ရှားပါး နေလို့လဲ?``

``စိတ်ဂိဉာဉ်ပစ္စည်း တစ်စုံ ဟုတ်လား?``

လီစီရှန်းက စိတ်ဆိုးတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ ဒီကောင်က တကယ်ပဲ စကားကြီး စကားကျယ် ပြောတာပဲ. သူတို့ ဒီနေရာမှာ ပြောနေတာ စိတ်ဂိဉာဉ်ပစ္စည်းအကြောင်းပါ. ပြီးတော့ သူတို့လိုမျိုး သိုင်းပညာရှင် အသေးအဖွဲ့လေးတွေအတွက် တကယ်လို စိတ်ဂိဉာဉ်ပစ္စည်း တစ်ခု ကို သူတို့ရဲ့ လက်ထဲမှာ ရခဲ့မယ်ဆိုယင် သူတို့ရဲ့ တိုက်ပွဲ အစွမ်း က ကြယ်သုံးလုံး သို့မဟုတ် ကြယ်ငါးလုံး တောင်မှ တိုးသွားနိုင်ပါလိမ့်မယ်။

ပြီးတော့ ဒါက အရမ်းကို အံ့သြဖို့စရာကောင်းဖို့အတွက် မလုံလောက်သေးဘူးလား?

သူမရဲ့ အကြည့်တွေက လင်းဟာန်အပေါ်မှာ ကျရောက်လို့နေပါတယ်။ ဒီကောင်က ဟန်ဆောင်နေတာပဲဖြစ်မယ်လို့ သူမသံသယ ဝင်နေပါတယ်။ ဒါပေမဲ့ လင်းဟာန်ကိုကြည့်ရတာ လုံးဝ တည်ငြိမ်နေပြီးတော့ အဲဒါက သူမကို စိတ်ပျက်သွားစေပါတယ်။

``ငါ ဘာကြောင့် ဒီသတင်းတွေကို မကြားရတာလဲ?``

လွှီယုထန်က သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။ ဒါကအရမ်းကို မယုံကြည်နိုင်စရာ ကောင်းလှပါတယ်။

သူမက လှိုကလန်ရဲ့ လူငယ်မျိုးဆက်ထဲမှာ အသန်မာဆုံးသော အဖွဲ့ဝင်တစ်ယောက်ပါ..တကယ်လို့ လီစီရှန်းတောင်မှ ဒါကို သိတယ်ဆိုယင် သူမရဲ့ ကလန်က ဒီအကြောင်းကို သူမကို သတင်းမပို့ပဲ နေမယ် ဆိုတာက လုံး၀ မဖြစ်နိုင်ပါဘူး။

လီစီရှန်းက သူမကို သနားသလိုမျိုး အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

`လှိုယုထန် အနေနဲ့ လီစီရှန်းဆီက အကြည့်ကြောင့် ပြာယာခတ်သလို ခံစားသွားရ ပြီး သူမရဲ့ ကလန်ရဲ့ မျက်လုံးထဲမှာ သူမရဲ့ တန်ဖိုးအပေါ် သံသယတွေ စတင်ပြီး ဖြစ်လာပါတယ်။

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ယုထန်.. မင်း ဂမ်းနည်းနေဖို့မလိုပါဘူး.. ဒီမိန်းကလေးက ဘာလို့ သိသလဲဆိုတော့ ပူဆောင်လင်းက ငါ့ကို မျက်နှာလုပ်ချင်တဲ့အတွက် သူမကို လွှတ်ပြီးတော့ ငါ့ကို သတင်းပို့ ခိုင်းလိုက်တာပဲ..မြေအောက်မြစ်တစ်ခု ကို ဖြတ်ပီးတော့ စိတ်ဂိဉာဉ်ပစ္စည်း အများကြီး ကရုတ်တရက်ထွက်ပေါ်လာခဲ့တယ်။ ဒီလိုမျိုး

သတင်းကသေချာပေါက် လုံးဝကို လျှို့ဝှက်ချက် တစ်ခု အနေနဲ့ ထိန်းချုပ်ထားပြီးတော့ အရမ်းကို အဆင့်မြင့်တဲ့ သူတွေပဲ အဲဒီကို လေ့လာစူးစမ်းဖို့အတွက် သွားကြလိမ့်မယ်``

သူက ခဏရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

``ဒါက မြေအောက်မြစ်မှာရှိတဲ့ ရှေးဟောင်းသမိုင်းဝင်နယ်မြေဒေသ တစ်ခု ဖြစ်ပြီး အချိန်တွေကြာလာတဲ့နောက်ပိုင်းမှာ အဲဒီနယ်ပယ်ထဲမှာ ပြောင်းလဲမှုတစ်ခု ဖြစ်သွား ပြီးတော့ စိတ်ဂိဥာဉ်ပစ္စည်းတွေက ပေါ်လာပြီး မြေအောက်မြစ်မှာ မျောနေတာပဲ ဖြစ်ရမယ်...အဆင့်မြင့်တဲ့ သူအများစုက ဒီ ရှေပောင်းသမိုင်းဝင်နယ်မြေဒေသ ကို ဖွင့်ဖို့ ရည်ရွယ်ထားကြပေမဲ့လည်း အဲဒီက ရှေးဟောင်းနယ်မြေထဲမှာ မမြင်တွေ့နိုင်တဲ့ အန္တရာယ်တွေရှိလိမ့်မယ် ဒါကြောင့် သူတို့က မင်းတို့ မိန်းကလေးလိုမျိုး လူငယ်မျိုးဆက် အဖွဲ့ဝင်တွေကို ခေါ်ပြီးတော့ အန္တရာယ်များတဲ့ ဒီနယ်မြေထဲကို စွန့်စားသွားလာဖို့ မလုပ်ချင်ကြဘူးလေ``

လီစီရှန်းက သူ့ကို မှင်တက်အံ့အားစွာနဲ့ ခဏမျ

စိုက်ကြည့်ပြီးတော့ ပြောပါတယ်။

``နင်က အသက် ၁၇ နှစ်အရွယ် လူငယ်လေးတစ်ယောက်ဆိုတာ တကယ်ရော ဟုတ်ရဲ့လား? နင်ပြောတာက ငါ့ရဲ့ ဆရာသခင်ပြောတာနဲ့ အားလုံး အတိအကျကို တူတယ်``

လင်းဟန် က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ငါက အမှန်တကယ်တော့ နှစ်ပေါင်း နှစ်ရာကျော်တောင် နေခဲ့ပြီးပီ``

ဒီစကားတွေက မိန်းကလေးနှစ်ယောက်ရဲ့ မျက်လုံးတွေကို ပိုင်းစက်သွားစေခဲ့ပါတယ်။ ဘယ်သူက ဒီလိုမျိုးအရာကို ယုံကြည်မှာလဲ?

လင်းဟန် စိတ်တော့တိုသွားပါတယ်။ သူက အမှန်အတိုင်းကို ပြောတာတောင်မှ တစ်ခြားသူတွေအတွက် အဲဒါက ဟာသတစ်ခုဖြစ်နေတာပါပဲ. ဒါကသူကို နာကျင်ခံစား မှုကို ဖြစ်ပေါ်စေပါတယ်။

``ဒီလိုဆိုမှတော့ ဘာကြောင့် ကျောင်းအုပ်ကြီး ပူ က

ငါတို့ကို သတင်းပေးတာလဲ?``

လွှီယုထန်က သိချင်စိတ်ပြင်းပြစွာနဲ့ သူမကိုသူမ လင်းဟာန်နဲ့ အတူတူတတန်းထဲ ထားလိုက်ပါတယ်။

လီစီရှန်းရဲ့ နှလုံးသားထဲမှာ ထူးဆန်းတဲ့ မကျေနပ်မှုတစ်ခုက မြင့်တက်လာပါတယ်။ ပြီးတော့ သူမက ချက်ချင်းပဲ အလေးထားပြီးပြောလိုက်ပါတယ်။

``ဆရာသခင်က ငါ့ကို လင်းဟာန်တစ်ယောက်တည်းကိုပဲ သတင်းပေးစေချင်တာပါ``

ဒီအချိန်မှာတော့ လွှီယုထန် ကိုကြည့်ရတာ စိတ်ဆိုးသွားတဲ့ပုံမပေါ်ပါဘူး. သူမက အဓိပ္ပါယ်ပြည့်ဝတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။

လီစီရှန်းရဲ့ နှလုံးသားထဲမှာ မကျေနပ်မှုက ထပ်ပြီးတော့ တိုးလာခဲ့ပါတယ် ပြီးတော့ သူမက အနောက်ဘက်ကိုလှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဆရာသခင် ပြောတာတော့ ဒီ စိတ်ဂိဉာဉ်ပစ္စည်းတွေက သူတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ် ရှိတယ်တဲ့.. ပြီးတော့ တစ်ခြား

ဘယ်သူတစ်ဦးတစ်ယောက်မှ သူတို့ရဲ့ လက်ထဲ ကို ဒီပစ္စည်းတွေ ရအောင်လို့ မယူနိုင်ကြသေးဘူး.. သူတို့ က မြေအောက်မြစ် ပေါ်မှာ မျောပီးပေါ်လာပြီးတဲ့နောက် တကယ်လို့ သူတို့ကို မနောက်ယှက်ဘူးဆိုယင် အဲဒါ က ကောင်းလိမ့်မယ်.. ဒါပေမဲ့ တကယ်လို့ သူတို့ကို သွားနောက်ယှက်လိုက်မယ် ဆိုယင် သူတို့က ချက်ချင်းပဲ ကောင်းကင်ပေါ်ကို ချက်ချင်းပဲ ပျံတက်ပြီးတော့ ပျောက်ကွယ် သွားလိမ့်မယ်``

``ပိုး``

လင်းဟန် ချက်ချင်းပဲ ထရပ်လိုက်ပီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ တည်ကြည်လေးနက် တဲ့ အမူအရာ ပေါ်လာခဲ့ပါတယ်။

စိတ်ဂိဉာဉ်ပစ္စည်း က နှစ်မျိုးရှိပါတယ်။ တစ်ခုက ပုံမှန် အမျိုးအစားဖြစ်ပြီးတော့ သိုင်းပညာရှင်တစ်ယောက်က သူတို့ရဲ ့သိုင်းဆန္ဒ ကို စိတ်ဂိဉာဉ်ပစ္စည်းအပေါ်မှာ ရေးထွင်းပြီးတော့ စိတ်ဂိဉာဉ်ပစ္စည်း တစ်ခုကို ပြုလုပ်ပါတယ်။ သူတို့ကို အသက်သွင်း လိုက်တာနဲ့ ၎င်းက အရမ်းကို စွမ်းအားကြီးမားတဲ့ လက်နက်တစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အဲဒါက လက်နက်တစ်ခုပါပဲ။ ဒီလိုမျိုး စိတ်ဂိဉာဉ်ပစ္စည်းတွေရဲ့ အစွမ်းက က အချိန်ကြာလာတဲ့အခါမှာတော့ ဖြေးညင်းစွာနဲ့ ယို့ယွင်းပျက်စီး လာပြီး ၎င်းအပေါ်မှာ ရေးထွင်းထားတဲ့ သိုင်းဆန္ဒ လည်းပဲ တဖြေးဖြေး ပျောက်ကွယ်လာပြီးတော့ အဲဒီစိတ်ဂိဉာဉ်ပစ္စည်းက နောက်ဆုံးမှာ သာမာန် လက်နက်တစ်ခု သို့မဟုတ် ပစ္စည်းတစ်ခု အဖြစ်ကို အဆင့်လျော့ကျသွားပါလိမ့်မယ်။

ဒါက ပုံမှန်ပါပဲ.. သိုင်းပညာရှင်တစ်ယောက်က သူတို့ရဲ့ စွမ်းအားတွေကို ပြန်ပြီးတော့ ဖြည့်ဆည်းဖို့အတွက် စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူဖို့ လိုအပ်ပါတယ်။ စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုဟာ စွမ်းအားပြည့်ဝတဲ့ စစ်သည်တော်တစ်ယောက်ရဲ့ လက်ကနေ ချန်ရစ်ထားခဲ့ပြီး အားနည်းတဲ့လူတစ်ယောက်ရဲ့ အသုံးပြုတာကို ခံရမယ်ဆိုယင် ကုန်ဆုံးသွားတဲ့စွမ်းအင်က ထည့်သွင်းတဲ့စွမ်းအင်ထက် ပိုနည်းသွားပါလိမ့်မယ်။ ဒါကြောင့် ယေဘုယျအားဖြင့် စိတ်ဂိဉာဉ်ပစ္စည်းတွေရဲ့ အတွင်းထဲမှာ ရှိတဲ့စွမ်းအားတွေက တစ်ဖြေးဖြေးနဲ့ ကုန်ခမ်းသွားပါလိမ့်မယ်။

ဒါပေမဲ့ နောက်ထပ် စိတ်ဂိဉာဉ်ပစ္စည်းအမျိုးအစား

တစ်ခုရှိပါသေးတယ်။ တစ်မူ ထူးခြား တဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ထားပြီးတော့ စိတ်ဂိဉာဉ်ပစ္စည်း ဖြစ်လာတဲ့ အရာတွေက သူတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ် ရရှိတဲ့အထိ တိုးတက်လာပြီး သူတို့ရဲ့ ကိုယ်ပိုင် စိတ်ဂိဉာဉ် လည်းရှိလာပါတယ်။

သူတို့ကိုယ်ပိုင် စိတ်ဂိဉာဉ်ရှိတဲ့ စိတ်ဂိဉာဉ်ပစ္စည်းတွေက သူတို့ရဲ့ စွမ်းအင်တွေကို ပြန်လည်ဖြည့်ဆည်းဖို့အတွက် သူတို့ကိုယ်တိုင်ပဲ စိတ်ဂိဉာဉ်ချီတွေကို သိုင်းပညာရှင်တစ်ယောက် လေ့ကျင့်တဲ့ ပုံစံ အတိုင်း စုပ်ယူနိုင်ပါတယ်။ ပြီးတော့ အချိန်တွေ ဘယ်လောက်ပဲကြာကြာ သူတို့ရဲ့ စွမ်းအားတွေက အနည်းငယ်မျှတောင် မလျော့ကျသွားနိုင်ပါဘူး။

ဒီလိုအမျိုးအစား စိတ်ဂိဉာဉ်ပစ္စည်းကို အရည်ကျို ပုံသွင်းဖို့ တန်ဖိုးဖြတ်မရတဲ့ သတ္တုတွေနဲ့ အရမ်းကို ရှားပါးပြီး တန်ဖိုးအရမ်းကြီးတဲ့ ပစ္စည်းတွေ လိုအပ်ပါတယ်။

မိုးရေနိုင်ငံ?`

ဒီနေရာမှာ အလွန်အမင်းကို ရှားပါးတဲ့ သတ္တု အချို့ ထွက်ပေါ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒီမှာ ဘယ်သူကမှ ဒီလိုမျိုး

စိတ်ဂိဉာဉ်ပစ္စည်းကို ပုံသွင်းထုလုပ်ဖို့ စွမ်းရည် လုံးဝ မရှိကြပါဘူး.. တကယ်လို့ စိတ်ဂိဉာဉ်ပလ္လင် သို့မဟုတ် စိတ်ဂိဉာဉ်သူငယ် အဆင့် စွမ်းအားပြည့်ဝတဲ့စစ်သည်တော် တောင်မှ အဲဒီ သတ္တုတေါအပေါ်ကို စွမ်းအားအပြည့် နဲ့ ဖောက်ခွဲပစ်မယ်ဆိုယင် အဲဒီအပေါ်မှာ ခြစ်ရာလေး တစ်ခုတောင် ကျန်အောင်လို့ စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လက်နက်အဖြစ်ကို သံရည်ကျို ပုံသွင်းနိုင်မှာလဲ?

ဒ့ါအပြင် ဒီလိုမျိုး စိတ်ဂိဉာဉ်ပစ္စည်းတွေ ကို လေ့ကျင့်ပေးနိုင်ဖို့ သိုင်းပညာရှင်တွေရဲ့ ကျင့်ကြံခြင်းအဆင့်ကလဲ မြင့်မားဖို့ လိုအပ်ပါသေးတယ်.။ အနိမ့်ဆုံး လိုအပ်ချက်က အနည်းဆုံး နတ်ဘုရားအသွင်ပြောင်းလဲခြင်းအဆင့်ပဲဖြစ်ပါတယ်။

အဲဒီအကြောင်းကို တွေးမိပြီးတော့ လင်းဟန်အနေနဲ့ ဘယ်လိုလုပ်ပြီး မအံ့သြပဲ နေနိုင်မှာလဲ?

အဲဒီမှာ အမှန်တကယ်ပဲ အဆင့်ရှစ် သို့မဟုတ် အဆင့်ကိုး စိတ်ဂိဉာဉ်ပစ္စည်းတွေ အများကြီး ပေါ်လာခဲ့ပြီး မြေအောက်မြစ်တစ်ခုအတွင်းမှာ ရိုးရိုးလေးပဲ မျောနေတယ်။ သေစမ်း..သူ့ရဲ့ အယင်ဘဂတုန်းကတောင်မှ စွမ်းအားပြည့်ဝတဲ့ ကောင်းကင်အဆင့် စစ်သည်တော် က

ခုနှစ်ယောက်ပဲ ရှိခဲ့တာလေ။

လင်းဟန်က ချက်ချင်းဆိုသလို စိတ်ဝင်စားသွားပြီးတော့ ပြောလိုက်ပါတယ်။

``အဲဒီ မြေအောက်မြစ်က ဘယ်နားမှာလဲ?``

``ငါထင်တာက နင့်က ဒီကိစ္စကို စိတ်မဝင်စားတော့တဲ့ ပုံစံနဲ့ အခုကျတော့လဲ နင်က စိတ်ဝင်စားသေးတာပဲ... မသိယင်ပဲ အတွေ့အကြုံ တွေ ရင့်ကျက်နေတဲ့လူလိုလိုနဲ့ ဟန်ဆောင်နေသေးတယ် မဟုတ်ဘူးလား?

လီစီရှန်းကမကျေမနပ်နဲ့ ညည်းတွားလိုက်ပါတယ်။

``လျှောက်ပြောမနေနဲ့တော့ အဲဒါ ဘယ်နားမှာလဲ?``

လွှီယုထန်က ချက်ချင်းဆိုသလိုပဲ စိတ်မရှည်တဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

``တောင်းပန်ပါတယ် ဆရာသခင် က လင်းဟန် ကိုပဲ ပြောရမယ်လို့ ငါ့ကို ပြောထားတယ်``

လီစီရှန်းကလဲ နည်းနည်းလေးမှ အားမနည်းဘူးဆိုတဲ့ပုံစံနဲ့ တန့်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

``ငါက လင်းဟန်ရဲ့ နောက်လိုက်ပဲ.. နင် ငါ့ရဲ့ ဆရာကို ဘာပဲ ပြောချင်သည်ဖြစ်စေ ငါ့ကို နင် အရင်ဆုံးပြောကိုပြောရလိမ့်မယ်``

လွှီယုထန်က ဂုဏ်ယူစွာနဲ့ပြောလိုက်ပါတယ်။

``ဘယ်လို``

လီစီရှန်းက အရမ်းကို အံ့အားသင့်သွားပြီးတော့ လွှီယုထန်ကို မယုံကြည်နိုင်စွာနဲ့ ကြည့်လိုက်ပါတယ်။

လွှီယုထန်က လွှီကလန်ရဲ့ မင်းသမီး ဖြစ်ပါတယ်။ သူမကို ချစ်ခင်နှစ်သက် လေးစား ကြည်ညိုတဲ့သူတွေကို တန်းစီလိုက်မယ်ဆိုယင် အင်ပါယာမြို့ တစ်ခုလုံးကို အကြိမ်ရေ အနည်းငယ်မျှ ပတ်လည်ဝိုင်းလို့တောင် ရနိုင်ပါတယ် အခုတော့ သူမက အမှန်တကယ်ပဲ လင်းဟန်ရဲ့ နောက်လိုက် အခြံရံတစ်ယောက် ဖြစ်လာခဲ့တယ်ပေါ့လေ?

ဒါပေမဲ့ သူမ ဒီအကြောင်းကို တွေးမိလိုက်တဲ့အခါမှာ သူမရဲ့

ဆရာသခင်ဖြစ်တဲ့ ပူဆောင်လင်းတောင်မှ လင်းဟန်ကို ဆရာသခင်လေး ဟန်လို့ ခေါ်သေးတာပဲ ဒါဆို လွီကလန်ရဲ့ မင်းသမီးက ပူဆောင်လင်းနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုယင် VIP အထူးအရေးပါတဲ့ လူတစ်ယောက် မဟုတ်တော့ပါဘူး။

ဒါ့အပြင် ဒီမိန်းကလေးရဲ့ အမူအရာကို ကြည့်ရတာက သူမအနေနဲ့ဒီအကြောင်းကို တမင်သက်သက် ထုတ်ဖော်ပြောတယ်ဆိုတာ သိသာထင်ရှားနေပါတယ်။

လီစီရှန်းအနေနဲ့ လွီယုထန်ရဲ့ အမူအရာကို မြင်လိုက်ရတဲ့ အခါမှာ ခံပြင်းသွားခဲ့ပါတယ်။

အပိုင်း (၁၁၇) သစ္စာမရှိခြင်း

``ကောင်းပြီ.. ငါတို့အားလုံးက သူငယ်ချင်းတွေပဲလေ ဒါကြောင့် ဆက်ပြီးတော့ မတိုက်ခိုက်ကြနဲ့တော့``

လင်းဟန်က ဖျန်ဖြေသူတစ်ယောက် အနေနဲ့ ကြားဝင်လိုက်ပါတယ်။ သူက အခု မြေအောက်မြစ် အကြောင်းကို အရမ်းလေးလေးနက်နက် စိတ်ဝင်စားနေပါတယ်.. ဒါကြောင့် ဒီမိန်းကလေးနှစ်ယောက် ရဲ့ အခြေအမြစ်မရှိတဲ့ ကိစ္စတွေနဲ့ အချိန် မဖြုန်းချင် ပါဘူး။

``ဘယ်သူက သူမနဲ့ သူငယ်ချင်းဖြစ်လို့လဲ``

မိန်းကလေးနှစ်ယောက်စလုံးက တစ်ပြိုင်နက်တည်းမှာပဲ စကားလုံးအတူတူကို ပြောလိုက်ပြီး သူတို့ သတိပြုမိလိုက်တဲ့အခါမှာ နောက်တစ်ကြိမ် သံပြိုင် အော်လိုက်ပါတယ်။

``ငါပြောသလို လိုက်မပြောနဲ့``

``ဟီးဟီးဟီးဟီး``

လင်းဇီရှမ် က ချက်ချင်းဆိုသလို မအောင့်နိုင်တော့ပဲ ရီမောလိုက်ပါတယ်။ ဟူးညိုလည်း စပြီးရီလိုက်ပါတယ်။ သူမအနေနဲ့ ဘာတွေ ရီစရာပြောတယ်ဆိုတာကို မသိပေမဲ့ ဒီ ရီမောတဲ့ နေရာမှာ ပူးပေါင်းချင်လို့ပဲဖြစ်ပါတယ်။

``အားလုံး စားလို့ပြီးပြီမဟုတ်လား? ကဲ အားလုံးပြီးပြီဆိုယင် ငါတို့ သွားကြစို့``

လင်းဟန်က သူရဲ့ ထိုင်ခုံကနေ မတ်တပ်ထရပ်လိုက်ပါတယ်။

``ဟင့်အင်း ဟင့်အင်း``

ဟူးညို က ချက်ချင်းပဲ သဲသဲကွဲကွဲမကြားရတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ ဒီမိန်းကလေးရဲ့ လေ့လာသင်ယူနိုင်စွမ်းရည် က အရမ်းကို အားကောင်းပါတယ်။ သူမက နေ့တိုင်းနေ့တိုင်းစကားလုံး အသစ်တွေ ပိုပိုပြီးတော့ သင်ယူလာခဲ့ပါတယ်။

လင်းဟန်က တခဏမျှစဉ်းစားလိုက်ပီးတော့ ပြောပါတယ်။

``ယုထန် မင်းဒီမှာနေပြီးတော့ ဒီကလေးနှစ်ယောက်ကို ဂရုစိုက်ထားလိုက်ပါ``

လို့ယုထန်က လျှင်မြန်စွာနဲ့ သူမရဲ့ ခေါင်းကို ခါပြီးတော့ပြောလိုက်ပါတယ်။

``ငါ နင့်ကို ကူညီချင်တယ်``

သူမက နွေဦးစမ်းရေအဆင့်ရောက် နေပါပြီ.. ဒါကြောင့် သူမအနေနဲ့ လင်းဟန်ကို ကူညီပေးနိုင်ပါလိမ့်မယ်။

လင်းဟန်က အနည်းငယ် အနေရခက်သလို ခံစားလိုက်ရပါတယ်။ ဒီခရီးစဉ် တစ်ရက်ထဲနဲ့

ပြီးမဲ့ခရီးမဟုတ်ပါဘူး ဒါကြောင့် ဒီကလေးနစ်ယောက်ကို ဂရုစိုက်ဖို့ သူ ဘယ်သူ့ကို ပြောရမလဲ? လင်းဇီရှမ်ကတော့ အဆင်ပြေပါတယ်.. ဒါပေမဲ့ ဟူးညိုက လူသားစားတဲ့ ကျားပေါက်ကလေးနဲ့ တူပါတယ်။ သူမကို ဂရုစိုက်ဖို့ ဘယ်သူ့ကို ပဲ သူက ပြောခဲ့သည်ဖြစ်စေ လင်းဟန်က စိုးရိမ်ပူပန်နေပါလိမ့်မယ်။

ဒါပေမဲ့ ဒီ ရှေးဟောင်း သမိုင်းဝင် နယ်မြေဒေသမှာ မမြင်တွေ့ရတဲ့ မမျှော်မှန်းနိုင်တဲ့ အန္တရာယ်တွေ အများကြီးနဲ့ ကြုံတွေ့ရပါလိမ့်မယ်.. ဒါကြောင့် သူ့အနေနဲ့ ဒီကလေးငယ် နစ်ယောက်ကို ခေါ်သွားဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

``ဒါဆိုယင်တော့ ငါ ပူဆောင်လင်းကို သူတို့ကို ဂရုစိုက်ဖို့ ပြောရတော့မှာပဲ``

လင်းဟန်က ခဏအကြာမှာ ပဲ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

လီစီရှန်းရဲ့ မျက်လုံးတွေက ချက်ချင်းပဲ ပိုင်းစက်ပြူးသွားခဲ့ပါတယ်။ သူမရဲ့ ဆရာသခင်က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်ဖြစ်သလို မှော်ဆေးပညာဌာနရဲ့ ကျောင်းအုပ်ကြီးလဲဖြစ်ပါတယ်။ အခုတော့ သူက အမှန်တကယ်ပဲ ကလေးထိန်းအဆင့် ကို

ရောက်သွားခဲ့ပါပြီ.။တကယ်လို့ သူမရဲ့ ဆရာသခင် သာ ဒီစကားကိုကြားယင် ဘယ်လိုလုပ်မလဲဆိုတာကို သူမ တကယ်ပဲ မသိပါဘူး။

လင်းဟန်ကတော့ ကောင်းတဲ့ အကြံရသွားခဲ့ပါပြီ။ ဘာလို့လဲဆိုတော့ ဟူးညိုက ကောင်းမွန်တဲ့ အပြုအမူ ရှိတဲ့ ကလေးတစ်ယောက်မဟုတ်သေးပါဘူး.. ဒါကြောင့် သူမက ပြဿနာ တစ်ခုခု လုပ်ခဲ့မယ်ဆိုယင် ပူဆောင်လင်းရဲ့ အဆင့်အတန်းနဲ့ ဆိုယင် အရာရာတိုင်းက လွယ်ကူစွာနဲ့ အဆင်ပြေ ချောမွေ့သွားပါလိမ့်မယ်။

ဒါကြောင့် ဟူးညို ဗိုက်ဂအောင် စားပြီးတဲ့အခါမှာ သူက ကလေးငယ်နှစ်ယောက်ကို ခေါ်ပြီးတော့ ပူဆောင်လင်းရဲ့ နေရာကို သွားလိုက်ပါတယ်။

အဲဒီအချိန် ပူဆောင်လင်းက သူ့ရဲ့ အိမ်မှာပဲ ရှိနေပါတယ်။ သူက လင်းဟန်ကို မြင်လိုက်တာနဲ့ တပည့်တစ်ယောက်လိုမျိုး ချက်ချင်းပဲ ထွက်လာပြီးတော့ သူ့ကို ကြိုဆိုလိုက်ပါတယ်။

လင်းဟန်က ဒီမိန်းကလေးငယ် နှစ်ယောက်ကို သူနဲ့ ရက်အနည်းငယ် ထားခဲ့ချင်ကြောင်း သူဆန္ဒကို ပြောလိုက်တဲ့အခါမှာ အဘိုးကြီးက ချက်ချင်းပဲ

သဘောတူလိုက်ပါတယ်။ ပြီးတော့ သူက လင်းဟန်ကို အဓိက စိတ်ဂိဉာဉ်ပြန်လည်ဖြည့်ဆည်းခြင်း နည်းစနစ်ရဲ့ အချို့ အစိတ်အပိုင်းတွေကို မေးခဲ့ပါတယ်။ ဒီ ကျင့်ကြံခြင်း နည်းစနစ်က လက်ရှိခေတ်မှာ လုံးဝပြည့်စုံတဲ့ ကျင့်စဉ်တစ်ခု ဖြစ်ပြီး ပူဆောင်လင်းတောင်မှ အစိတ်အပိုင်းတော်တော်များများ ကို အပြည့်အဝ နားမလည်နိုင်ပါဘူး။

လင်းဟန်က သူ့ ကို စိတ်ရှည်စွာနဲ့ သင်ကြားပို့ချပြီး လီစီရှန်းနဲ့ အတူ ထွက်မသွားခင် မှာ မြေအောက်မြစ်အကြောင်း တစ်ချို့တဂက်ကိုလဲ မေးမြန်းခဲ့ပါတယ်။

ပူဇူဆောင်လင်းရဲ့ ခြံဂန်းထဲကနေ ထွက်ခွာလာပြီး အဂေးကြီးကို မရောက်သေးခင်မှာပဲ လူငယ်တစ်ယောက်က သူတို့ဆီကို ချဉ်းကပ်လာတာကို တွေ့လိုက်ရပါတယ်။ သူ့ကိုကြည့်ရတာ ၂၄ ၂၅ နှစ်ခန့်ရှိပြီး ရုပ်ရည်က အရမ်းကို ကြည့်လို့ကောင်းပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်နှာက လူဆိုးပုံပေါက်နေပါတယ်။ သူ့ရဲ့ တစ်ခြားလူတွေ ကြောက်ရွံ့ပြီး ပြန်မပြောရဲ့ ဆိုးသွမ်းလူငယ် တစ်ယောက်လိုမျိုး အရှေ့က အကျီရင်ဘတ်ကို ဖွင့်ထားပါတယ်။

လီစီရှန်းရဲ့ မျက်လုံးတွေက စူးရှပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ မပျော်ရွှင် တဲ့ အမူအရာတွေ ဖြစ်လာပါတယ်။ဒါကို ကြည့်ခြင်းဖြင့် သူမအနေနဲ့ ဒီလူကို သိရှိပြီး တော့ ဒါပေမဲ့လည်း သူက သူမသဘောကျတဲ့သူ တစ်ယောက်မဟုတ်ဘူးဆိုတာ ပေါ်လွင် နေပါတယ်။

``စီရှန်း``

လူငယ်ကလည်း လီစီရှန်းကို မြင်သွားပြီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ ချက်ချင်းပဲ ကျေနပ်ပျော်ရွှင်မှုတွေဖြစ်သွားပါတယ်။ သူက လျှင်မြန်စွာနဲ့ သူတို့ဆီကို လျှောက်လာခဲ့ပြီး သူ့ပုံစံကြည့်ရတာ သူမရဲ့ လက်ကို ဆုပ်ကိုင်ဖို့ ကြံစည်လာသလိုပါပဲ။

လီစီရှန်းက တစ်ဖက်ကို ခြေတစ်လှမ်းလှမ်းပြီးတော့ ရှောင်တိမ်းလိုက်ပါတယ်။ သူမရဲ့ မျက်ခုံးတွေ တွန့်သွားပြီးတော့ မျက်နှာတစ်ချက်ရှုံ့ပြီး ပြောလိုက်ပါတယ်.။

``ပူကျုံးယီ.. ပိုပြီးတော့ လေးစားသမှုရှိပါ.. ငါနင့်ကို အကြိမ်ကြိမ် သတိပေးခဲ့ပြီးပီ.. ငါ့ကို အန်တီလေးလို့ပဲ ခေါ်ပါလို့``

``သေစမ်းကွာ ဒီမိန်းမတော့``

ပူကျုံးယီ လို့ခေါ်တဲ့ လူငယ်က တီးတိုးရွတ်ဆိုလိုက်ပြီးတော့ သူရဲ့မျက်နှာမှာ အေးစက်တဲ့ အပြုံးတစ်ခု ပေါ်လာပြီး ပြောလိုက်ပါတယ်။

``မင်းရဲ့ အကြွေးကို မင်းမေ့နေပြီလား? မမေ့လိုက်နဲ့ တကယ်လို့ ငါ့ရဲ့ အဘိုးကသာ နင့်ကို တပည့်အဖြစ် မရွေးခဲ့ဖူးဆိုယင် ဟိုးအယင်ကတည်းက မင်းရဲ့ အတွင်းခံကို ချွတ်ပြီးတော့ သေတဲ့ အထိ မုဒိန်းကျင့်ခံနေရလောက်ပြီ``

``နင်...``

လီစီရှန်းရဲ့ မျက်နှာက ချက်ချင်းဆိုသလို ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ ဒီ လူငယ်ရဲ့စကားတွေက အရမ်းကို အရှက်ကင်းမဲ့ပြီး အောက်တန်းကျပါတယ်။ သူမရဲ့ လှပသေးသွယ်တဲ့ ကိုယ်လုံးလေးက တုန်လှုပ်သွားပြီးတော့ ဒေါသကြောင့် သွေးတွေ ပန်းထွက်လုမတတ် ဖြစ်သွားခဲ့ပါတယ်။

``ငါပြောတာ မှားနေလို့လား?``

ပူကျုံးယီ က နာခေါင်းရှုံ့ လိုက်ပါတယ်။

``နင် ဟဲကလန်က ကောင်ရဲ့ အကျင့်စရိုက် နဲ့ပါတ်သတ်တဲ့ ကောလဟာလ ကို နင်ကြားသင့်တယ်... သူက လှပချောမောတဲ့ မိန်းကလေးတွေကို နှိပ်စက်ရတာကို ကြိုက်နှစ်သက် ယုံသာမကဘူး သူက အဲဒီလိုမျိုးကိုလဲ လူမြင်ကွင်းမှာ လုပ်ရတာကို သဘောကျတယ်... တကယ်လို့ ငါ့ရဲ့ အဘိုးကသာ နင့်ကို ကာကွယ်မပေးထားဘူး ဆိုယင် နင့်အနေနဲ့ ဘာမှမကျန်တော့အောင်ကို ကစားတာကို ခံရလိမ့်မယ်``

``အခု နင်က အတောင်ပံပေါက်ပြီး ကြီးထွားလာပြီဆိုတော့ နင်ရဲ့ အကြွေးတွေကို မေ့ပစ်တော့မလို့လား?``

ဒါကို နားထောင်ပြီးတော့ လင်းဟာန် အနေနဲ့ လျင်မြန်စွာနဲ့ပဲ ဒီအကြောင်းအရာကို အတွင်းကျကျနဲ့ နားလည်သွားခဲ့ပါတယ်။ ဒီ ပူကျုံးယီ က ပူဆောင်လင်းရဲ့ မြေးဖြစ်ပြီး တော့ လီစီရှန်းကို နှစ်သက်သဘောကျနေတာပါ ဒါပေမဲ့ လီစီရှန်းကတော့ သူ့ကို လုံးဝ မနှစ်သက်ပါဘူး။

ဟူးးးး တစ်ခါတရံမှာ အရမ်းကို ချောမောလှပနေတာကလဲ

ကောင်းတဲ့ အရာတစ်ခုတော့ မဟုတ်ပြန်ဘူး.. ဒီအဖြစ်အပျက်ကိုကြည့်ယင် လွှီယုထန်က ပိုပြီးတော့ တောင်ကံကောင်းပါတယ်။ လွှီကလန်ရဲ့ မင်းသမီးတစ်ယောက်အနေနဲ့ သူမကို ဘယ်သူကများ စော်ကားနှောက်ယှက်ရဲမှာလဲ?

``ဆရာသခင်ရဲ့ ကြင်နာသနားမှု ကျေးဇူးအကြွေးကို ငါ ပြန်ပီးပေးဆပ်မှာပါ``

လီစီရှန်းက သူမရဲ့ သွားတွေကို ကြိတ်ပြီး ပြောလိုက်ပါတယ်။

``ကောင်းပြီလေ..မင်းရဲ့ အကြွေးကို ပြန်ပေးတော့..ငါရဲ့ မိဘတွေက ငါတို့နှစ်ယောက်က အရမ်းကို လိုက်ဖက်ညီတဲ့ အတွဲတွေလို့ ခံစားရတယ်.. မနက်ဖြန် ငါတို့ ဘာလို့ လက်မထပ်မှာလဲ ငါရဲ့ မိဘတွေက သေချာပေါက် အရမ်းကို ကျေနပ် ကြလိမ့်မယ်``

ပူကျုံးယီက ကတ်သီးကတ်ဖဲ့ ပြောလိုက်ပါတယ်။

``ဟော့ဟော့ဟော့.. မင်းက ဂက်တစ်ကောင်နဲ့ တူတာ သိသာထင်ရှားလိုက်တာ.. ဘယ်လောက်တောင် ထူးဆန်းတဲ့ အတွေးတွေ မင်းမှာရှိနေတာလဲ?``

လင်းဟန်က အရှေ့ကို ခြေတစ်လှမ်းတိုးပြီးတော့ လီစီရှန်းရဲ့ အရှေ့မှာ သူကိုယ်သူ ရပ်လိုက်ပါတယ်။

``မင်းရဲ့ နာမည်က တကယ်ပဲ မကောင်းဘူး.. ပူကျုံးယီ... သစ္စာမရှိဘူး...အားယား... ဒီနာမည်ကနေပြီးတော့ ငါမင်းကို ပြောနိုင်တာက မင်းက ဆန်ကုန်မြေလေး အလကားလူတစ်ယောက်ပဲ``

``မင်းဘယ်သူလဲ?``

ပူကျုံးယီက စူးစိုက်ကြည့်ပြီး မေးလိုက်ပါတယ်။

``ဖြန်း``

လင်းဟန်ရဲ့ လက်ကမြောက်သွားပြီးတော့ လျှင်မြန်စွာနဲ့ပဲ ပူကျုံးယီကို ပါးတစ်ချက် ရိုက်ထည့်လိုက်ပါတယ်။ သူ့လက်ကို ဖြေးညင်းစွာနဲ့ ရုတ်သိမ်းလိုက်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

``ငါမကြိုက်ဆုံး အရာက ငါ့ရဲ့ အရှေ့မှာ လူတွေကို ကျိန်ဆဲပြောဆိုတာပဲ``

ပုကျုံးယီက အရမ်းကို နစ်နာသွားသလိုခံစားလိုက်ရပါတယ်။ သူက ဂက်တစ်ကောင်လို အခေါ်ခံလိုက်ရတာမဟုတ်ဘူးလား?

``အိုး ငါက မင်းကို အခု ကျိန်ဆဲနေတာမဟုတ်ဘူး.. အမှန်အတိုင်း ပြောယုံပါပဲ။ ငါ့ကိုပြောပါ.. မင်းရဲ့ ဘယ်အစိတ်အပိုင်းက ဂက်တစ်ကောင်နဲ့ မတူဘူးလို့ မင်းထင်သလဲ?

လင်းဟန်က ရှင်းပြလိုက်ပါတယ်။ သူက အရမ်းကို ယဉ်ကျေးသိမ်မွေ့တဲ့ လူတစ်ယောက် လိုပုံစံနဲ့ပါ။

မင်းက ငါ့ကို ဂက်လို့ ခေါ်နေတုန်းပဲလား?

ပုကျုံးယီက ချက်ချင်းဆိုသလို ထခုန်လိုက်ပြီးတော့ လင်းဟန်ရဲ့ နှာခေါင်းကို လက်ညှိုး ထိုးပြီး အံ့အားသင့်စွာနဲ့ပြောလိုက်ပါတယ်။

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ မင်းက ငါ့ကို ကျိန်ဆဲယုံသာမကဘူး ငါ့ကို ရိုက်ရဲတယ်ပေါ့လေ?``

``ဖြန်း``

လင်းဟန်က နောက်ထပ် တစ်ကြိမ် ထပ်ပြီးတော့ သူ့ကို ပါးရိုက်လိုက်ပါတယ်။ ဒီပါးရိုက် ချက်က ပူကျုံးယီကို လည်ထွက်သွားစေပြီးတော့ မြေကြီးပေါ်ကို ဖင်ထိုင်လျက် လဲကျသွားစေခဲ့ပါတယ်။ သူက သူ့ရဲ့လက်ကိုပွတ်ပြီးတော့ ပြောလိုက်ပါတယ်.။

``တစ်ခြားလူက ငါ့ကို လက်ညှိုးထိုးတာကိုလဲ ငါမကြိုက်ဘူး.. ဒါက အရမ်းကို ပဲ မယဉ်ကျေးဘူးဆိုတာကို မင်းမသိဘူးလား ပြီးတော့ ဒါက အရမ်းကို ရိုင်းစိုင်းတာပဲဆိုတာရော မသိဘူးလား?

ဒါဆိုယင် လူတွေကိုရိုက်တာက အရမ်းကို ယဉ်ကျေးပြီးတော့ အရမ်းကို ကောင်းမွန်တဲ့ အပြုအမူလား?

ပူကျုံးယီက သူ့ရဲ့ နှလုံးသားထဲကနေ သရော်လိုက်ပါတယ် ဒါပေမဲ့ ဒီစကားလုံးတွေ ကိုတော့ သူက ကျယ်လောင်စွာ ထုတ်မပြောရဲပါဘူး။သူက နောက်ဆုံးတော့ မတ်တပ် ထရပ်လိုက်ပီးတော့ လီစီရှန်းကို လက်ညှိုးထိုးပြီးတော့ ပြောပါတယ်။

``နင်.. ကျေးဇူးကန်းတဲ့ ခွေးမ... အပြင်လူနဲ့ ပေါင်းပြီးတော့ ငါ့ကို အနိုင်ကျင့်ရဲတယ်..ငါနင့်ကိုပြမယ်.. တစ်နေ့ကျယင် နင်ငါ့ကို လုံးဝ လက်ထပ်စေရမယ်. ပြီးတော့ ကြည့်ထား တကယ်လို့ ငါက မလုပ်နိုင်............```

ဒီစကားလုံးတွေက လီစီရှန်းရဲ့ လှပတဲ့ မျက်နှာကို ခဏခဏ ဖြူဖတ်ဖြူလျော် ဖြစ်သွားစေခဲ့ပါတယ်။ လင်းဟာန်တောင်မှ ဒီ အရုက်ကင်းမဲ့တဲ့ အောက်တန်းစား စကားလုံးတွေကို ဆက်ပြီးတော့ နားမထောင်နိုင်တော့ပါဘူး။ ဒါကြောင့် သူက မြေကြီး ပေါ်က ခဲလုံးတစ်လုံးကိုကောက်ပြီးတော့ ပူကျုံးယီကို ပစ်ထည့်လိုက်ပါတယ်။

``အောင်မလေးဗျ``

ပူကျုံးယီ က စိတ်ပျက်စရာကောင်းအောင် အော်ဟစ်ပြီးတော့ မြေကြီးပေါ်ကို လဲကျသွားပြီး မလှုပ်တော့ပါဘူး။

လီစီရှန်းရဲ့ အမူအရာက လျှင်မြန်စွာနဲ့ ပြောင်းလဲသွားခဲ့ပါတယ်။ ပြီးတော့ သူမက ပြောလိုက်ပါတယ်။

``နင်သူ့ကို သတ်လိုက်တာတော့ မဟုတ်ပါဘူးနော်?``

သူမ အနေနဲ့ ဒီလူကို မနှစ်သက်ဘူးဆိုတာ မှန်ပါတယ် ဒါပေမဲ့ ပူကျုံးယီက ပူဆောင်လင်းရဲ့ တစ်ဦးတည်းသော မြေးဖြစ်ပါတယ်။ တကယ်လို့ သူသေသွားခဲ့ယင်.. ပူကလန်ရဲ့ မျိုးဆက် ပြတ်ပြီလို့ ဆိုလိုတာပါပဲ။

``အေးဆေးပါ.. ငါရဲ့ ကိုယ်ပိုင်ခွန်အားကို ငါသိပါတယ်.အများဆုံး သူက ဆယ်ရက်လောက် သတိမေ့နေယုံပါပဲ ပြီးတော့ သူ့ရဲ့ မှတ်ဉာဏ်မှာ တော့ ပြဿနာ အနည်းငယ်ရှိလိမ့်မယ်.. ဥမာ သူ့အနေနဲ့ လွန်ခဲ့တဲ့ ရက်ပိုင်း ဒါမှမဟုတ် လအနည်းငယ် လောက်က ဘာတွေဖြစ်ပျက်ခဲ့သလဲဆိုတာကို သတိရတော့မှာမဟုတ်ဘူး``

လင်းဟန်က ပုံမှန်လေးပဲပြောလိုက်ပါတယ်။

လီစီရှန်းရဲ့ မျက်လုံးတွေ ပိုင်းစက်သွားပါတယ်။ ဒါကသူ့အတွက် ပေါ့ပါးတယ်ပေါ့လေ? ဒါပေမဲ့ လင်းဟန်က သူမအတွက် လုပ်ခဲ့ရတာပါ ဒါကြောင့် သူမက တိတ်တိတ်ဆိတ်ဆိတ် နဲ့ နေလိုက်ပါတယ်။

``သူနဲ့ စိတ်ရှုပ်မနေနဲ့... ဒီနေရာမှာ

လူတွေအများကြီးကဖြတ်သွား ဖြတ်လာ ရှိကြတယ် သူတို့တွေ မကြာခင်မှာပဲ သူ့ကို ရှာတွေ့လိမ့်မယ်``

လင်းဟန်က လီစီရှန်းရဲ့ လက်ကို ဆွဲပြီးတော့ သူမကို အဝေးကို ခေါ်သွားလိုက်ပါတယ်။ ဒီ ပုကျုံးယီက တကယ့်ကို မုန်းတီးစက်ဆုပ်ဖွယ်ရာကောင်းတဲ့ အမူအကျင့်ရှိတဲ့ သူပဲ ဒါကြောင့် သူအနေနဲ့ ဒီလိုကောင်မျိုးကို မြေကြီးပေါ်မှာ အချိန်အကြာကြီးလဲပြီး အနားယူနေတာမျိုးအတွက် စိတ်ထဲမှာ မထည့်ထားပါဘူး။

လီစီရှန်းက သူမထက်သန်မာတဲ့ လင်းဟန်ကို လုံးဝ မခုခံနိုင်ပါဘူး. ဒါကြောင့် သူမက လင်းဟန်ဆွဲခေါ်တဲ့နောက်ကို အသာတကြည်နဲ့ လိုက်သွားပါတယ်။

``နင်တို့နှစ်ယောက်....``

လင်းဟန်ရဲ့ နေရာကို သူတို့ပြန်ရောက်လာတဲ့အခါမှာ လီွယုထန်က သူတို့နှစ်ယောက် လက်ခြင်းတွဲပြီးလမ်းလျှောက်လာတာကို မြင်လိုက်ရတော့ သူမရဲ့ လှပချောမောတဲ့ မျက်နှာပေါ်မှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒမီးပွားတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

အပိုင်း (၁၁၈) သွေးစွန်းတောင်

လင်းဟန်က လီစီရှန်းရဲ့ လက်ကို လွှတ်လိုက်ပြီး ရီရီမောမောနဲ့ ပြောလိုက်ပါတယ်။

``မင်း အထုပ်အပိုးတွေ ပြင်ပြီးပီလား?``

သူ့ရဲ့ လီစီရှန်းက မိန်းကလေးနှစ်ယောက်ကို သွားပို့ပြီးတဲ့အချိန်မှာ လွီယုထန် ကတော့ သူတို့အသုံးအဆောင်တွေကို ထုပ်ပိုးနေခဲ့ပါတယ်။

``အင်း ငါထုပ်ပြီးပြီ``

လွီယုထန်က ခေါင်းငြိမ့်ပြီးပြောလိုက်ပါတယ်။ သူမက လီစီရှန်းကို စိုက်ကြည့်တဲ့ အကြည့် မှာတော့ ခင်မင်ရင်းနှီးတဲ့ ပုံရိပ်မတွေ့ရပါဘူး။

``ဒါဆိုယင် သွားကြစို့``

လင်းဟန်ကိုကြည့်ရတာ မျှော်လင့်ချက်တွေနဲ့ ပြည့်နှက်နေပါတယ်။

မြေအောက်မြစ်မှာ အဆင့်မြင့်အဆင့် စိတ်ဂိုဏ်ဉာဉ်ပစ္စည်းတွေက အမှန်တကယ်ပဲ အဲဒီကနေ စီးမျောနေတာလား?

သူတို့က လမ်းကြောင်းအတိုင်း အကာယ်ဒမီကနေထွက်ပြီး အင်ပါယာမြို့ကနေ မိုင်နှစ်ထောင်ကျော် ဝေးတဲ့ သွေးစွန်းတောင် ဆီကို ဦးတည်ပြီးတော့ ခရီးထွက်ခဲ့ကြပါတယ်။ သွေးစွန်းတောင်လို့ ခေါ်ရတဲ့ အကြောင်းရင်းကတော့ အမြဲတမ်း ဒါမှမဟုတ် မကြာခဏဆိုသလိုပဲ အဲဒီတောင်ကနေပြီး မြစ်တွေနဲ့ ချောင်းတွေက အနီရောင်ဆိုးထားသလို ပန်းထွက်လာပြီးတော့ မြစ်တွေထဲမှာ သွေးတွေစီးဆင်းနေသလို ဖြစ်နေတာကြောင့် ဒီနာမည်ခေါ်ရခြင်းဖြစ်ပါတယ်။

ခရီးက ရှည်လျားတဲ့အတွက်ကြောင့် သူတို့သုံးယောက်စလုံး မြင်းတွေငှားရမ်းပြီးတော့ သွားခဲ့ကြပါတယ်။

``ငါက မိဘမဲ့ တစ်ယောက်ပဲ.. ပြီးတော့ အရမ်းကို ဆင်းရဲပြီးတော့ ငါ့မှာ မှော်ဆေးပညာနဲ့ ပါတ်သတ်လာယင် အသိအမှတ်ပြုလောက်တဲ့ ပါရမီပါလာတယ် ဆိုတာကို ငါသိလာခဲ့တယ်။ ဒါပေမဲ့ ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်

အတွက် ကတော့ မွေးကတည်းက အရမ်းကို ချောမောလှပနေတာက ကောင်းတဲ့ အရာ တစ်ခု တော့မဟုတ်ဘူး.. ငါ အသက်အရွယ် တစ်ဖြေးဖြေး ကြီးလာတဲ့ အခါမှာ လူတိုင်း လူတိုင်းရဲ့ ပစ်မှတ်ထားခြင်းကို ခံရတယ်``

ခရီးစဉ်မှာ လီစီရှန်းက သူမရဲ့ ဘဝဖြစ်စဉ်ကို စတင် ထုတ်ဖော်ပြောလိုက်ပါတယ်။

``လွီမိန်းကလေးနဲ့ မတူတာက သူမရဲ့ အနောက်မှာ အရမ်းကို စွမ်းအားပြည့်ဝတဲ့ ကလန်တစ်ခုက သူမကို ကာကွယ်ပေးထားတယ်.. ငါကတော့ လူမသိ သူမသိအောင် နှိမ့်ချနေပြီး ငါ့ကိုငါ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးတော့ ဖုံးကွယ်နေခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါက တစ်ခဏလောက်ပဲ ပုန်းနေနိုင်ပီး ငါရဲ့ တစ်ဘဝလုံးတော့ ပုန်းကွယ် နေလို့ မရနိုင်ပါဘူး.. နောက်ဆုံးတော့ ငါက ဟဲ ကလန်ရဲ့ ခုနစ်ယောက် မြောက် သခင်လေးရဲ့ ပစ်မှတ်ဖြစ်လာခဲ့တယ်. ဒါပေမဲ့ ကျေးဇူးတင်ရမှာက အဲဒီအချိန်မှာ ပဲ ငါနဲ့ ဆရာသခင် တွေ့ဆုံပြီးတော့ သူက ငါ့ကို တပည့်အဖြစ် ရွေးချယ်ခဲ့ပြီးတော့ ဂမ်းနည်းစရာကောင်းတဲ ့ကံကြမ္မာကနေ ငါ့ကို လွတ်မြောက်စေခဲ့တယ်``

ဒါက အရမ်းကို သနားစရာကောင်းတဲ့ ပုံပြင်လေးတစ်ပုဒ်ပါပဲ ဒါပေမဲ့ လွီယုထန်ကတော့ အလွန်အမင်းကို မကျေမနပ်ဖြစ်နေပါတယ်။ နိုင်းယှဉ်ဖို့အတွက်နဲ့ သူမကို အသုံးပြုလိုက်တာကြောင့် ဖြစ်ပါတယ်။

မင်းမြင်တယ်မလား.. တစ်ဖက်လူက ဘယ်လောက်တောင် သနားစရာကောင်းလိုက် သလဲ.. အရမ်းကို လှပချောမောတဲ့ မိန်းကလေးက ပျော်ရွှင်စရာမကောင်းတဲ့ ကံကြမ္မာ ကြောင့် ခံစားနေရတယ်လေ.. ယောက်ကျားတစ်ယောက်ရဲ့ သနားကြင်နာမှုကို ဘယ်လောက်တောင် လွယ်ကူစွာနဲ့ ကျရောက်စေလိမ့်မလဲ? သူမရော? မွေးကတည်းက သူမက လွီကလန်ရဲ့ မင်းသမီးဖြစ်ပါတယ်။ တန်ဖိုးကြီး အသုံးအဆောင်တွေနဲ့ ချမ်းသာ ကြွယ်ဝ မှုတွေက သူမရဲ့ အမှတ်အသား သင်္ကေတပါပဲ။

သေစမ်း.. ဒီအကြံသမား မိန်းမကတော့.။

ဒီခရီးစဉ်အတွင်းမှာ သူတို့က နေ့ခင်းဘက်မှာခရီးထွက်ပြီး ညဘက်ကျယင် အနားယူကြ ပါတယ်။.. မိန်းကလေးနှစ်ယောက် ပါလာတဲ့အတွက်ကြောင့် လင်းဟန်အနေနဲ့ ပျင်းရိတယ်လို့ မခံစားရပါဘူး။

မိုင်ပေါင်းနှစ်ထောင်ရှိတဲ့ ခရီးက တကယ်တော့ ဝေးလွန်းတယ်လို့ မခံစားရပါဘူး.. ပြီးတော့ သူတို့တွေက တစ်ရက်ကို မိုင်ရှစ်ရာခရီး လောက်ရောက်အောင် သွားနိုင်ပါတယ်။ (ဒီဘက်ခေတ်ကားတွေထက်တောင် သာသေးတယ်နော် မြင်းစီးယင်းနဲ့ ဖင်မနာဘူးလားမသိဘူး)။ သုံးရက်ကြာပြီးတဲ့နောက် သူတို့က သွေးစွန်းတောင်ကို ရောက်သွားခဲ့ကြပါတယ်။

သွေးစွန်းတောင်ရဲ့ ဧရိယာက အရမ်းကြီး မကြီးမားပါဘူး... ရှေ့ကနေ အနောက် မြောက်က နေ တောင် ကို မိုင်တစ်ရာ ပါတ်လည်သာရှိပါတယ်။ ဒါပေမဲ့ ဒီတောင်က အရမ်းကို မြင့်ပြီးတော့ မတ်စောက်ပါတယ်။ ၎င်းက မြားတစ်စင်းက ကောင်းကင်က တိမ်တိုက်တွေဆီကို ပစ်လိုက်သလိုမျိုး ကောင်းကင်ပေါ်ကို တစ်ဖြောင့်တည်း သွားတဲ့ ပုံစံမျိုးပါ.. တကယ်လို့ တစ်ယောက်ယောက်က သူတို့ရဲ့ ခေါင်းတွေကို မော့ပြီး ကြည့်မယ်ဆိုယင် ဘယ်လိုပဲ ကောင်းမွန်တဲ့ မြင်ကွင်းကနေပဲ ကြည့်ကြည့် သူတို့က ထိပ်ဆုံးထိ မြင်အောင်လို့ ကြည့်နိုင်မှာမဟုတ်ပါဘူး။

ဒီတောင်ရဲ့ အလွန်အမင်းမြင့်မားတဲ့ ပုံစံက သူ့ရဲ့ကိုယ်ပိုင် အဆင့်အတန်းတစ်ခု အဖြစ် သတ်မှတ်နိုင်ပါတယ်။

ဒီတောင်ပေါ်မှာ စိမ်းလန်းစိုပြေတဲ့ သစ်ပင်တွေက အရမ်းကို များပြားပြီးတော့ သစ်ပင်ရှည်ရှည်ကြီးတွေက တောင်ကို ဖုံးအုပ်ထားပြီး အနီးကပ်ကြည့်မယ်ဆိုယင် မီတာ တစ်ထောင်လောက်အထိ မြင့်မားနိုင်ပါတယ်။ ဒါပေမဲ့ ထူးဆန်းဖို့ ကောင်းတာက ဒီမှာ သားရဲတိရိစ္ဆာန်တွေ အများကြီးမရှိပါဘူး။

လင်းဟန်နဲ့ မိန်းကလေးနှစ်ယောက်က မြေအောက်မြစ် ရဲ့ တည်နေရာကို လျှင်မြန်စွာ နဲ့ ရောက်လာခဲ့ကြပါတယ်။ ၎င်းက ရှာတွေ့ဖို့ အရမ်းကို လွယ်ကူပါတယ် ဘာလို့လဲဆို တော့ သွေးစွန်းတောင်က အရမ်းကို မကြီးမားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ မကြာမီက ဖြစ်သွားတဲ့ ငလျင်ကြောင့် မြေအောက်မြစ်ရဲ့ ပုံရိပ်ကို အဝေးကနေတောင်မှ လွယ်ကူစွာနဲ့ မြင်နိုင်ပါတယ်။

မြေကြီးတွေက အက်ကွဲနေပြီးတော့ မြေအောက်မြစ်တစ်စင်း က ထွက်ပေါ်လာတာပါ. ၎င်းက ခြေလှမ်းတစ်ရာလောက် ကျယ်ပါတယ်။ မြစ်ရေ အလွန်အမင်းကို ကြည်လင် နေပြီးတော့ သူတို့ မြစ်ရဲ့ အနားကို နီးကပ်သွားတဲ့အချိန်မှာ သူတို့တွေ အသည်းခိုက်လုမတတ် အေးတဲ့ဒဏ်ကို ခံစားလိုက်ရပါတယ်။

သူတို့က မြစ်ရေစီးကြောင်း အပေါ်ဘက်အတိုင်း လိုက်လာခဲ့ပါတယ်။ တစ်နာရီခန့်ကြာတဲ့ အခါမှာတော့ သူတို့ရဲ့ ရှေ့မှာ တားဆီးပိတ်ဆို့ထားတဲ့ အရာ တစ်ခု ပေါ်လာခဲ့ပါတယ်။

အဲဒါကတော့ ဂါးနဲ့ လူလုပ်ထားတဲ့ အကာအရံ တစ်ခုဖြစ်ပါတယ်။ ၎င်းက တစ်ဝက်ပဲ ပြီးစီးသေးတာဖြစ်ပြီးတော့ အဲဒီနေရာမှာ တစ်ပိုက်မှာလူတွေက အလုပ်ရှုပ်နေကြပါ တယ်။ သူတို့ကိုကြည့်ရတာက သာမာန် ရွာသားတွေပါပဲ။ ဒါပေမဲ့ လင်းဟန်တို့ သုံးယောက် သူတို့ အနားကို ကပ်သွားတဲ့ အခါမှာတော့ ချက်ချင်းပဲ ပုံရိပ်တစ်ခုက သူတို့လမ်းကြောင်းကို ပိတ်လိုက်ပါတယ်ယ။

``ရပ်လိုက်.. မင်းတို့တွေ ဒီနေရာကနေ ဆက်ပြီးတော့ သွားခွင့်မရှိဘူး``

အဲဒီလူက အော်ဟစ်လိုက်ပါတယ်။ သူ့ကို ကြည့်ရတာ အသက်လေးဆယ်ခန့် ဖြစ်ပြီးတော့ ခန္ဓာကိုယ်တောင့်တင်းကာ အရပ်မြင့်ပါတယ်။

လင်းဟန်က ဒီလူအပေါ်မှာ စေ့စေ့ကြည့်လိုက်ပါတယ်။

သူသေချာပေါက် ပြောနိုင်တာက ဒီလူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က နွေဦးစမ်းရေ အလွှာ ၉ အဆင့် ဖြစ်ပါတယ်။

``ဟင် ခုနစ်ယောက်မြောက် ဦးလေး``

လို့ယုထန်က လင်းဟန်ရဲ့ အနောက်ကနေပြီး လျင်မြန်စွာ ရှေ့ထွက်ပြီးတော့ အဲဒီလူကြီး ကို နှုတ်ဆက်လိုက်ပါတယ်။

``ယုထန်လား?``

သတ်လတ်ပိုင်းအရွယ် လူကြီးကြည့်ရတာ အရမ်းကို အံ့အားသင့်နေပါတယ်။

``မင်းဘာလို့ ဒီနေရာကို လာတာလဲ? မြေအောက်မြစ်ရဲ့ လှို့ဂှက်ချက်ကို အင်ပါယာမိသားစု... ကလန်ကြီး ၈ ခု နဲ့ အရမ်းကို စွမ်းအားကြီးမားတဲ့ လက်ရွေးစင် စစ်သည်တော် တစ်ချို့ပဲသိတာလေ``

``ကျနော်တို့က ကျောင်းအုပ်ကြီး ပူဆောင်လင်း ကအမိန့်ပေးလိုက်လို့ ဒီနေရာကို လာခဲ့တာပါ .. သူက သူ့ရဲ့ ကိုယ်စားလှယ်အဖြစ် အပြည့်အဂ

အတည်ပြုထောက်ခံပေးထားပါတယ်.``

လင်းဟန်က ပြောလိုက်ပါတယ်။

``ဘယ်လို?``

သက်လတ်ပိုင်းလူကြီးတောင်မှ အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒီနေရာက မြေအောက်မြစ်ကနေပြီးတော့ စိတ်ဂိဉာဉ်ပစ္စည်းတွေ မျောလွင့်လာပြီး ဒါက မိုးရေနိုင်ငံ ရဲ့ အကြီးမားဆုံးသော ရတနာသိုက်ကြီးပဲဖြစ်ပါတယ်။ ဒီမှာ အင်ပါယာမြို့ရဲ့ အမျိုးမျိုးသော အဖွဲ့အစည်းတွေကြားမှာ ငြင်းခုံဆွေးနွေးမှုတွေရှိနေပါတယ်။ ပူဆောင်လင်းက ဘာလုပ်လိုက်တာလဲ? သူ့ကိုယ်စား ဂျူနီယာလေးတွေကို တကယ်ပဲ စေလွှတ်လိုက်ပြီး ဒီကိစ္စကို သူက ပေါ့ပေါ့လေးလို့များ ထင်နေတာလား?

``ဒါက ကျမ ဆရာသခင်ရဲ့ စာပါ``

လီစီရှန်းက စာတစ်စောင်ကို ထုတ်လိုက်ပါတယ်။ ပူဆောင်လင်းက ဒီလိုအခြေအနေ တွေဖြစ်လာမယ်ဆိုတာကို ကြိုတင်ခန့်မှန်းမိတဲ့အတွက်

သူက စာတစ်စောင်နဲ့ သူ့ရဲ့ တံဆိပ်ပြားကို သက်သေအနေနဲ့ ပြင်ဆင်ထားခဲ့ပါတယ်။

သက်လတ်ပိုင်းလူကြီးက စာကိုယူလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အဆင့်အတန်းနဲ့ သူက ဒီစာကို ဖွင့်ဖတ်ဖို့တော့ လုပ်လို့မရပါဘူး။ သူကပြောလိုက်ပါတယ်။

``ငါနဲ့လိုက်ခဲ့ကြပါ``

သူက လင်းဟန်နဲ့ မိန်းကလေးနှစ်ယောက်ကို ဦးဆောင်ပြီး လမ်းကြောင်းအတိုင်း ရှေ့က သွားလိုက်ပါတယ်။

``ဒါက ငါ့ရဲ့ ခုနစ်ယောက်မြောက် ဦးလေးပဲ.. သူ့နာမည်က လွီပုချန် လို့ခေါ်တယ်``

လွီယုထန်က မိတ်ဆက်ပေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ နေ့ဦးစမ်းရေ အလွှာ ၉ ကျင့်ကြံခြင်းအဆင့်က သူ့အတွက်တော့ အရမ်းကြီးအလေးထားရမဲ့ဟာမဟုတ်ပါဘူး.. မိုးရေနိုင်ငံလို အရမ်းကို သေးငယ်တဲ့ နေရာတစ်ခုမှာ ဒါက အရမ်းကို အထင်ကြီးလေးစားစရာ ကောင်းပါတယ်။ စဉ်းစားကြည့်ပါ

ဒုယွန်မြို့ အောက်မှာ သူအုပ်ချုပ်ခံ နယ်မြေဒေသက အကျယ်ကြီးပါ.. ဒါပေမဲ့ ဒုယွန်ဘုရင်ကိုယ်တိုင်ကတော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့်ပဲ ရောက်ပါသေးတယ်။ဒါကြောင့် ကျင့်ကြံခြင်းအဆင့်က နွေဦးစမ်းရေ အလွှာ ၉ ဆိုတာက မိုးရေနိုင်ငံရဲ့ ဘယ်နေရာမှာမဆို လက်ရွေးစင် စစ်သည်တော် တစ်ယောက် အဖြစ် တရားဝင်ကြေညာနိုင်ပါတယ်။

အမှန်တော့ တစ်စုံတစ်ယောက်က နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်သွား နိုင်ပြီဆိုယင် သူတို့ကို မိုးရေနိုင်ငံထဲမှာ ဘယ်အဖွဲ့အစည်းအတွက်မဆို အဓိက ပင်မကျောရိုး သဖွယ် လိုချင်တပ်မက်ကြတဲ့လူတွေလို့ ယူဆနိုင်ပါတယ်။

သူတို့အနည်းငယ်မျှ ရှေ့ကို လျှောက်သွားပြီတဲ့ အခါမှာတော့ မြစ်ကမ်းဘေးစပ်မှာ သိုင်းပညာရှင်အနည်းငယ်က ရပ်ပြီးစောင့်ကြပ်နေတာကို မြင်လိုက်ကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက မြစ်ရေမျက်နှာပြင်ကို အဲဒီမှာ ရတနာတွေ လဲလျောင်းနေသလိုမျိုး စူးစိုက်ကြည့်နေကြပါတယ်. သူတို့ရဲ့ အာရုံတွေက မြစ်ရဲ့ ရေမျက်နှာပြင်ပေါ်မှာပဲ အပြည့်အဝ အာရုံစိုက်ထားပြီးတော့ အနည်းငယ်လေးမျှတောင်မှ ဂရုမစိုက်ပဲ မနေရဲ ကြပါဘူး။

အရှေ့ကို နည်းနည်းဆက်သွားလိုက်တဲ့အခါမှာ သူတို့က မြစ်ထဲမှာ ငါးဖမ်းပိုက်ကွန် လိုဟာမျိုး တစ်ခု ထောင်ထားတာကို တကယ်ပဲ တွေ့မြင်လိုက်ကြပြီးတော့ အဲဒီရဲ့ နှစ်ဖက်စလုံးမှာ လူတွေက မတ်တပ်ရပ်ပြီးတော့ စောင့်ကြပ်နေကြပါတယ်။

``အဲဒါ ဒီမှာ အဲဒါဒီမှာ``

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပြီး လင်းဟန်တို့အုပ်စုလည်း လမ်းလျှောက်တာကနေ ရပ်ပြီးတော့ မြစ်ဆီကို ကြည့်လိုက်ကြပါတယ်။

သူတို့မြင်လိုက်တာက မြစ်ရေစီးကြောင်းအတိုင်း ကျောက်စိမ်းပုလင်းတစ်လုံး မျောလာတာကိုပါ။ အဲဒီ ကျောက်စိမ်းပုလင်းရဲ့ ပေါ်မှာ ပျက်ဆီးနေတဲ့ နေရာ အစက်အပြောက်လေးတွေရှိနေပြီးတော့ ရေးထွင်းထားတဲ့ တံဆိပ်အနည်းငယ် ကတော့ ပကတိအတိုင်း ရှိနေပါတယ်။ တံဆိပ်တွေကို ကြည့်ရတာ အရမ်းကို ရှုပ်ထွေးပါတယ်။ ၎င်းတို့က ကောင်းကင်နဲ့မြေကြီးရဲ့ တာအို ကို သရုပ်ဖော်ထားတဲ့ ရှေးဟောင်းပစ္စည်း တစ်ခုလိုမျိုးပါပဲ။

စိတ်ဂိဉာဉ်ပစ္စည်း။

လင်းဟန်ရဲ့ မျက်လုံးတွေ ပင့်သွားပါတယ်။ သူက အယင်ဘာဂတုန်းက စွမ်းအားကြီးမားတဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်ခဲ့ပါတယ် ဒါကြောင့် သူမှာ ကိုယ်ပိုင် စိတ်ဂိဉာဉ်ပစ္စည်းတွေ ရှိပါတယ်။ သူက သူ့ရဲ့ကိုယ်ပိုင် စိတ်ဂိဉာဉ်ပစ္စည်းကိုတောင်မှ ဖန်တီးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေရာမှာ သူထက် ဘယ်သူကမှ စိတ်ဂိဉာဉ်ပစ္စည်းတွေရဲ့ တန်ဖိုးဖြတ်ပြီး ချင့်ချိန်တွက်ဆ နိုင်တဲ့သူ မရှိပါဘူး။ သူ့ရဲ့မျက်လုံးတွေကို `ဒီအပေါ်မှာ သေချာကြည့်လိုက်တဲ့အခါမှာ.. သူပြောနိုင်တာက ဒီစိတ်ဂိဉာဉ်ပစ္စည်းက သာမာန်မျှသာဖြစ်ပါတယ်။

၄င်းက အဆင့် ၈ တစ်ခုပဲဖြစ်ပါတယ်။

``ဒီလိုစိတ်ဂိဉာဉ်ပစ္စည်းက သူ့ရဲ့ ကိုယ်ပိုင် စိတ်ဂိဉာဉ်ကို တိုးတက်ဖို့ အဆင့်မှီပါတယ်``

လင်းဟန်က တွေးလိုက်ပါတယ်။

ကျောက်စိမ်းပုလင်းက လျှင်မြန်စွာနဲ့ ငါးဖမ်းပိုက်ကွန်ထဲကို စီးမျောသွားပြီးတော့ ၄င်းရဲ့ စီးဆင်းမှုကလဲ ပိုက်ကွန်ကြောင့်

ရပ်သွားပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းပုလင်းပေါ်က တံဆိပ်တစ်ခုက ချက်ချင်းဆိုသလို လင်းလက်တောက်ပလာပြီးတော့ ပိုက်ကွန်မှာ ကြီးမားတဲ့ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်သွားပြီးတော့ ကျောက်စိမ်းပုလင်းကလဲ မြစ်ရေစီးကြောင်းအတိုင်း ဆက်ပြီးတော့ အောက်ဘက်ခြမ်းကို လိုက်ပါသွားခဲ့ပါတယ်။

သိုင်းပညာရှင်အများစုက အောက်ဘက်ကို စီးဆင်းသွားတဲ့ ကျောက်စိမ်းပုလင်းကို ဆယ်ယူဖို့အတွက် ကြိုးစားလိုက်ကြပါတယ်။ အဲဒီအချိန်မှာ ကျောက်စိမ်းပုလင်းရဲ့ တံဆိပ် အများစုက တောက်ပလာပြီးတော့ ၄င်းက ကောင်းကင်ပေါ်ကို ပျံတက်သွားခဲ့ပြီး တစ်ခဏအကြာမှာတော့ မြင်ကွင်းကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။

စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုက ဒီလိုနဲ့ သွားလိုက်ပါပြီ။

လင်းဟာန် ခေါင်းငြိမ့်လိုက်ပါတယ်။ ငါးဖမ်းပိုက်ကွန်ကို တပ်ဆင်ပြီးတော့ မျောနေတဲ့ စိတ်ဂိဉာဉ်ပစ္စည်းတွေကို တားဆီးဖို့အတွက် အသုံးပြုတာက လွဲလို့ တစ်ခြား ဘာနည်းလမ်းမှ ရွေးချယ်စရာမရှိတော့ဘူးလေ… တကယ်လို့ သူတို့ က ငါးဖမ်းပိုက်ကွန် အသုံးပြုခဲ့ယင် အဲဒါက

စိတ်ဝိဉာဉ်ပစ္စည်းတွေဆီက ကြီးမားတဲ့ တုံ့ပြန်မှု မရရှိပါဘူး ဒါပေမဲ့ သူတိုလက်နဲ့ ဖမ်းဖို့ ကြိုးစားယင်တော့ စိတ်ဝိဉာဉ်ပစ္စည်းတွေက အလိုအလျောက် တုံ့ပြန်ပြီးတော့ ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ ပျောက်ကွယ်သွားကုန်ကြပါတယ်။

ဒါက တကယ်ပဲ စိတ်ဝိဉာဉ်ပစ္စည်းတစ်ခုမှာ သူတို့ရဲ့ ကိုယ်ပိုင် စိတ်ဝိဉာဉ်ရှိတယ်။

``အခုအချိန်ထိ စိတ်ဝိဉာဉ်ပစ္စည်းတစ်ခုမှ အောင်အောင်မြင်မြင်နဲ့ ကြားဖြတ်ယူလို့ မရသေးဘူးလား?``

လင်းဟန်က လွီပုချန် ကိုမေးလိုက်ပါတယ်။

အပိုင်း (၁၁၉) စိတ်ဝိဉာဉ်ပစ္စည်းများကို ဖမ်းယူခြင်း

လွီပုချန်က လင်းဟန်ကို တစ်ချက်ပျော့ကြည့်လိုက်ပါတယ် သူ့ရဲ့ မျက်နှာပေါ်မှာတော့ မကျေနပ်မှု တစ်ချို့ ဖြစ်သွားပါတယ်။

ဂျူနီယာငယ်လေး တစ်ယောက်က သူ့ကို တကယ်ပဲ

မေးခွန်းထုတ်ပုံ့တယ်ပေါ့လေ? ဒီကောင်လေးက သူရဲ့ စီနီယာကို လုံးဝ လေးစားမှုမရှိဘူးလား?ဒါပေမဲ့ သူ့ရဲ့ တူမလေး ရှိနေတဲ့အတွက် သူရဲ့ မကျေနပ်မှုတွေက လျှင်မြန်စွာနဲ့ပဲ ပျောက်ကွယ်သွားပြီး အဲဒီအစား သူမျက်နှာကြီး မည်းမှောင်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

``စိတ်ဂိဉာဉ်ပစ္စည်း အနည်းငယ်ကိုတော့ ဖမ်းထားနိုင်ပါတယ်.. ဒါပေမဲ့ သူတို့အားလုံးက တော်တော်များများ ထိခိုက်ပျက်စီး နေတဲ့ ရတနာတွေ ချည်းပဲ.. သူတို့ထဲ ကတစ်ချို့ စိတ်ဂိဉာဉ်တွေက လုံးဝ ယိုယွင်းပျက်စီးနေတဲ့ အတွက် ငါတို့ သူတို့ကို ကြားဖြတ်ပြီးတော့ ရယူထားနိုင်တာပဲ``

``ကျနော် တစ်ချက်လောက် ကြည့်လို့ရမလား?``

လင်းဟန်က မေးလိုက်ပါတယ်။

လို့ပုချန် ဆက်ပြီးတော့ သည်းမခံနိုင်တော့ပါဘူး.. ဒီစိတ်ဂိဉာဉ်ပစ္စည်းတွေက ဘယ်လောက်တောင် တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေလဲ? တကယ်လို့ သူတို့က ကြောက်မက်ဖွယ်ရာကောင်းလောက်အောင်

ပျက်စီးနေသည့်တိုင်အောင်ပဲ သူ့တို့တွေ က တန်ဖိုးအရှိဆုံး ရတနာတွေ အဖြစ်ရှိနေပါသေးတယ်။ ၎င်းတို့အပေါ်မှာ ရေးထွင်း ထားတဲ့ တံဆိပ်တော်တွေ က အရမ်းကို တန်ဖိုးမြင့်မားတဲ့ ရှာဖွေတွေ့ရှိမှုပဲ ဖြစ်ပါတယ် ဘာလို့လဲဆိုတော့ ၎င်းတို့ ပေါ်မှာ ရေးထွင်းထားတဲ့ တံဆိပ်တော် တွေက အယင်တုန်းက စွမ်းအားပြည့်ဂလုတဲ့စစ်သည်တော် တွေရဲ့ သိုင်းဆန္ဒတွေကို ရေးထွင်း ထားတာပဲဖြစ်ပါတယ်။ ဒ့ါအပြင် ဒီတံဆိပ်တော်တွေ ပေါ်မှာ ရှာဖွေတွေ့ရှိမှု အရ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်လက်ရွေးစင် စစ်သည်တော် အများကြီးက ပေါ်ပေါက်လာခဲ့ဖူးတယ်လို့ တွေ့ရှိရပြီး ဒါက မိုးရေနိုင်ငံရဲ့ သိုင်းပညာအဆင့်အတန်း တစ်ခုလုံးကို နောက်ထပ် အဆင့်တစ်ခုကို မြှင့်တင်ပေးလိုက်တာပါပဲ။

ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေကို လူငယ်လေးတစ်ယောက်ကို ကြည့်ရှု စေဖို့ ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုနိုင်မှာလဲ?

``ဟင့်.. နေခင်းဘက် အိမ်မက်မက်မနေနဲ့``

သူက ပြစ်တင်မောင်းမဲလိုက်ပါတယ်။ သူ့ရဲ့စကားတွေက ကြမ်းတမ်းတယ်လို့တော့ ယူဆလို့မရပါဘူး.. သူ့ရဲ့ တူမလေး

လည်းရှိနေတဲ့အတွက်ကြောင့် သူက ဒီလူငယ်လေးကို အနည်းငယ်ပဲ သတိပေးပြောဆိုလိုက်တာပါ။

``ဦးလေးခုနစ်``

လွီယုထန်က အနည်းငယ်စိုးရိမ်သွားပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ မျက်နှာပေါ်က မကျေနပ်မှု တစ်စုံတရာမျှ မတွေ့တဲ့အတွက် စိတ်သက်သာရာ ရသွားပြီးတော့ လျင်မြန်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

``တစ်ချက်လောက်ကြည့်ဖို့ ပြောတာ ဘာများ မှားနေလို့လဲ? ကြည့်တာကနေ ဘာများ ပျက်စီးသွားမှာမို့လို့လဲ?

လွီပုချန် က အံ့အားသင့်လွန်းလို့ သွေးအန်လုမတတ် ဖြစ်သွားပါတယ်။ ဒါက သူ့ရဲ့ အရမ်းကို ပါရမီရှိပြီး အရမ်းကို ထူးချွန်ထက်မြက် လိမ္မာပါးနပ်တဲ့တူမလေး မှ ဟုတ်ပါလေစ? သူမရဲ့ ခေါင်းထဲမှာ တစ်စုံတစ်ခု မှားနေပြီးတော့ အမှန်တကယ်ပဲ ဒီလို ထူးဆန်းတဲ့စကားတွေကို ပြောနေတာလား?

ကြည့်ယုံနဲ့ ဘာများပျက်စီးသွားမလဲ ဆိုတာ ဘာကို ဆိုလိုတာလဲ? ကေရာဇ်တောင်မှ ဒီလိုမျိုးမလုပ်နိုင်ဘူး။

``ငါ ဒီကိစ္စအတွက် ဆုံးဖြတ်ပေးလို့မရဘူး.. တစ်ခြား တရားဝင် ကြီးကြပ်ရေး အရာရှိ တွေကို သွားတွေ့တာ အကောင်းဆုံးပဲဖြစ်မယ်``

သူကပြောလိုက်ပါတယ်။ဒါက အမှန်ပါ.. သူက နွေဦးစမ်းရေ အလွှာ ၉ အဆင့်မျှသာ ဖြစ်ပါတယ်။ ကလန်ထဲမှာ သူ့ရဲ့ စွမ်းအားက ပုံမှန်ရဲ့အထက်မှာ လို့ သတ်မှတ်နိုင်ပါ တယ် ဒါပေမဲ့ ကလန်ရဲ့ အဓိက အတွင်းစည်းလူတစ်ယောက်တော့ မဟုတ်ပါဘူး။ ပြီးတော့ ဒါက လှီကလန်ရဲ့ နေရာမှာမဟုတ်တာ။

``ခင်ဗျား ဘာလို့ အစောကြီးကတည်းက မပြောတာလဲ? တကယ်လို့ ခင်ဗျားက ဆုံးဖြတ် ချက် မချနိုင်ယင် ဘာလို့ အရမ်းကို ဂုဏ်ယူဝင့်ကြွားနေသလို ပြုမူနေရတာလဲ?``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

သေစမ်း။

လှီပုချန် နောက်တစ်ကြိမ် သွေးအန်လုမတတ် ဖြစ်သွားပါတယ်... ဒီလူငယ်လေးက သူ့ရဲ့ မလိုမုန်းတီးခြင်းကို

တကယ်ပဲ မှတ်ထားတာပဲ.. သူက ဒီလူငယ်လေးကို ပြစ်တင်မောင်းမဲ ခဲ့ပြီးတော့ ဒီကောင်လေးက ဒါကို သေချာမှတ်ထားပြီး ဒီလိုမျိုးစကားတွေနဲ့ ပြန်ပြီး လက်စားချေခဲ့ပါတယ်။ ဒီအချိန်မှာ သူက လေပေါ်ကို ပျံပြီး ထွက်သွားချင်ပါတယ်.. ဒါပေမဲ့ သူပြန်စဉ်းစားလိုက်တဲ့အခါမှာ လင်းဟန်က လွီယုထန် နဲ့ အတူ ရှိပြီးတော့ သူကိုင်ဆောင်ထားတဲ့ တံဆိပ်ကလည်း ပူဆောင်လင်းရဲ့ တံဆိပ် အစစ်အမှန်ပဲဖြစ်ပါတယ်။ တကယ်လို့ သူသာ ထွက်သွားခဲ့မယ်ဆိုယင် ဒါက ပူဆောင်လင်းကို စော်ကားလိုက်သလိုဖြစ်သွားပါလိမ့်မယ်။

အမှန်အတိုင်းပြောရမယ်ဆိုယင် သူ့အနေနဲ့ ဒီလိုလုပ်လို့မရပါဘူး။ တကယ်လို့ ကလန် ကသာ ဒီအကြောင်းကို သိသွားခဲ့မယ်ဆိုယင် ပူဆောင်လင်းရဲ့ အရှေ့မှာ ဒူးထောက် တောင်းပန်ပြီးတော့ သူ့ရဲ့ ဆုံးဖြတ်ချက်ကို ခံယူဖို့ အတွက် အမိန့်ပေးမှာပဲဖြစ်ပါတယ်။

ဒီလို တစ်ခဏတာ ဒေါသအတွက် ပြန်ပေးဆပ်ရမဲ့ တန်ဖိုးက ကြီးမားပါတယ်။ လွီပုချန်က အရူးမဟုတ်ပါဘူး။

သူက နှာခေါင်းတစ်ချက်ရှုံ့ လိုက်ပြီး ဘာမှဆက်မပြောတော့ပဲ သူတို့ကို ဦးဆောင်ပြီး တော့

ခေါ်သွားလိုက်ပါတယ်။

လင်းဟန်ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ လွီပုချန်ရဲ့ အဆင့်ကို သူကိုယ်သူ မနှိမ့်ချပစ်ပါဘူး။ သူ့အနေနဲ့ အနည်းငယ်မျှသာ ကစားလိုက်ခြင်းဖြစ်ပါတယ်။ လွီပုချန် က မျက်စိကန်းနေတယ်လို့ ဘယ်သူပြောသလဲ?

သူတို့ လေးယောက် ဘာမှဆက်မပြောကြတော့ပဲနဲ့ လျှင်လျှင်မြန်မြန်နဲ့ပဲ အရှေ့ကို ဆက်ပြီးလမ်းလျှောက်သွားကြပါတယ်။ မကြာခင်မှာပဲ သူတို့ရဲ့ မျက်လုံးအရှေ့မှာ ရွက်ဖျင်တဲ အစုအဝေးတစ်ခု ပေါ်လာခဲ့ပါတယ်။

``လွီခုနစ်.. မင်းဘာလို့ ဒီနေရာကို လူငယ်လေးတွေကို ခေါ်လာခဲ့တာလဲ?``

သက်လတ်ပိုင်း လူကြီးတစ်ယောက်က သူတို့ကို မြင်တဲ့အခါမှာ သူ့ရဲ့ မျက်နှာပေါ်မှာ ထူးဆန်းပြီး နားမလည်နိုင်တဲ့ အမူအရာတွေ ဖြစ်ပေါ်သွားခဲ့ပါတယ်။ ဒီနေရာက အရမ်းကို အရေးကြီးတဲ့နေရာတစ်ခုဖြစ်ပြီးတော့ မင်းက လူတွေကို မင်းကြိုက်သလို ခေါ်လာလို့ရမဲ့နေရာထင်နေတာလား?

``သူတို့မှာ ဂရန်းမာစတာ ပူဆောင်လင်းရဲ့ တံဆိပ်ပြားနဲ့ စာရှိတယ်. ပြီးတော့ သူရဲ့ထောက်ခံချက် အပြည့်အဂရထားပြီးတော့ သူကိုယ်စားပြုပြီး လာခဲ့ကြတာပဲ``

လွှီပုချန် က ဒေါသနဲ့ပြန်ပြောလိုက်ပါတယ်။

``ဘာ``

သက်လတ်ပိုင်းလူက တကယ်ပဲ အံ့အားသင့်သွားခဲ့ပါတယ်။ ဒါက ပူဆောင်လင်းလေ .. မိုးရေနိုင်ငံရဲ့ ကေရာဇ်ထက် အဆင့်အတန်းမှာ နိမ့်ကျပြီးတော့ အင်အားကြီးကလန် ၈ခုရဲ့ ခေါင်းဆောင်တွေနဲ့ တန်းတူညီတူ ရပ်တည်နိုင်တဲ့သူတစ်ယောက်ပါ။

``ဘယ်လိုပဲဖြစ်ဖြစ် ငါသူတို့ကို ကြီးကြပ်ရေးမှူး အရာရှိတွေဆီကို အယင်ဆုံး ခေါ် သွားရမှာပဲ``

လွှီပုချန် က အဲဒီလူရဲ့ အံ့အားသင့်နေတဲ့ အမူအရာ ကို မြင်လိုက်ရတဲ့အခါမှာ သူရဲ့ နှလုံးသားထဲမှာ ကျေနပ်တဲ့စိတ်တွေက မြင့်တက်လာခဲ့ပါတယ်။ သူလည်းပဲ

အံ့အားသင့် သွားခဲ့ဖူးပါတယ်။ အခု အဲဒီခံစားချက်ကို တစ်စုံတစ်ယောက်ကို မျှဝေနိုင်လိုက်တဲ့ အတွက် သူက ကျေနပ်သွားခဲ့တာပါ။

သူက လင်းဟာန်နဲ့ ကျန်တဲ့သူတွေကို အဲဒီနေရာမှာရှိတဲ့ အကြီးမားဆုံး ရွက်ဖျင်တဲ ဆီကို ခေါ်သွားခဲ့ပါတယ်။ အဲဒီ ရွက်ဖျင်တဲ က အင်အားကြီး အဖွဲ့အစည်းအမျိုးမျိုး က ကိုယ်စားပြုထားတဲ့ လူတွေအားလုံး ကိစ္စတွေကို ဆွေးနွေးတဲ့နေရာဖြစ်ပြီးတော့ လက်ရှိမှာ အဆင့်မြင့် လူသုံးယောက်က ကြီးကြပ်နေကြပါတယ်။

``ဘာ.. သူတို့တွေက ဂရန်းမာစတာ ပုကို ကိုယ်စားပြုပြီး ရောက်လာကြတယ်ဟုတ်လား?``

အဆင့်မြင့် ကြီးကြပ်ရေးမှူး သုံးဦးစလုံး မှင်တက် အံ့သြသွားပါတယ်။ ဒီနေရာက အဆင့်မြင့် စိတ်ဂိဉာဉ်ပစ္စည်းတွေ ပါဝင်နေပြီးတော့ ပုဆောင်လင်းက အမှန်တကယ်ပဲ ဒီလူငယ်လေးတွေကို သူ့ကိုယ်စားစေလွှတ်ခဲ့ပြီး သူတို့ထဲက နှစ်ယောက်က ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့်ပဲရှိပါသေးတယ်။ ဒါက သူတို့ကို မယုံကြည်နိုင်လောက် အောင်ဖြစ်သွားစေခဲ့ပါတယ်။

``ဟုတ်ပါတယ်.. ဒါက ကျမ ဆရာသခင်ရဲ့ တံဆိပ်ပြားနဲ့ သူကိုယ်တိုင်ရေးပေးလိုက်တဲ့ စာ ဖြစ်ပါတယ်``

လီစီရှန်ကပြောလိုက်ပါတယ်။

အဆင့်မြင့် ကြီးကြပ်ရေးမှူး သုံးဦးစလုံး အဲဒီ ပစ္စည်းနှစ်ခုစလုံးကို သေချာစစ်ဆေးလိုက် ပါတယ်။ ဒါက တကယ့်ကို ပူဆောင်လင်းရဲ့ တံဆိပ်ပြားနဲ့ သူကိုယ်တိုင်ရေးထားတဲ့ လက်ရေးစာ ပဲ ဖြစ်ပါတယ်။

``ကောင်းပြီလေ ဒါဆိုယင် မင်းတို့တွေ ပထမဆုံး ဒီနေရာမှာ နေနိုင်တယ်.. စိတ်ဂိဉာဉ်ပစ္စည်းတွေ ကြားဖြတ်ဖမ်းယူဖို့လဲ မင်းတို့ ပါဝင်နိုင်တယ်``

အဆင့်မြင့် ကြီးကြပ်ရေးမှူး တစ်ယောက်က ပြောလိုက်ပါတယ်။

စိတ်ဂိဉာဉ်ပစ္စည်းကို ဖမ်းယူခြင်း... ဒီအသံက ဘယ်လိုဖြစ်လို့ ထူးဆန်း နေတာပါလိမ့်?

ဒီနေရာမှာရှိတဲ့ ရွက်ဖျင်တဲ အရေအတွက်က

အကန့်အသတ်ရှိပါတယ်။ လင်းဟန်က သူ့ကိုယ်ပိုင် တစ်ခု ရယူပြီး လို့ယုထန်နဲ့လီစီရှန်း တို့ကတော့ နှစ်ယောက်ပေါင်းမှ တစ်ခုပဲရပါတယ်။

လင်းဟန်က ဒီနေရာမှာ ပူဆောင်လင်းကိုယ်စားပြုပါတယ်။ ဒါကြောင့် သူက အခုဆိုယင် ပိုမိုများပြားတဲ့သတင်းအချက်အလက် တွေကို သိလာခဲ့ပါတယ်။ ဒီမှာ မတူညီတဲ့ အဖွဲ့အစည်း ဆယ်ခုရှိပါတယ်။ အင်ပါယာ မိသားစု.. အင်အားကြီး ကလန် ရှစ်ခုနဲ့ ဟွာယန်အကယ်ဒမီ တို့ပဲဖြစ်ပါတယ်။

ဒါပေ့ါ ဟွာယန်အကယ်ဒမီမှာ ကျောင်းအုပ်ကြီး နှစ်ယောက်ပဲ ရှိပြီးတော့ တစ်ယောက်က ဒီမှာ ပါဂင်နေတဲ့အချိန်မှာ ကျန်တဲ့တစ်ယောက်ကတော့ ဒီလိုမျိုးအဖြစ်အပျက်တွေ ဖြစ်နေတယ်ဆိုတာတောင်မှ မသိပါဘူး။

ကောင်းကင်ဆေးအိမ်တော် အတွက်ကတော့ သူတို့ကို ဒီကိစ္စကနေပြီးတော့ ဖယ်ထုတ်ထားပါတယ်။ တကယ်တော့ သူတို့က မိုးရေနိုင်ငံရဲ့ နယ်မြေခံ အဖွဲ့အစည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအဖွဲ့အစည်းက နိုင်ငံတော်တော်များများမှာ ပြန့်နှံ့ တည်ရှိ နေတာပါ။ တကယ်လို့ ဒီကိစ္စ ကို သာ သူတို့သိသွားမယ်ဆိုယင် အချိန်တိုတိုလေး အတွင်းမှာ

နိုင်ငံတော်တော်များများက မိုးရေနိုင်ငံကို သူတို့ရဲ့ ကိုယ်ပိုင်လက်ရွေးစင် စစ်သည်တော်တွေလွှတ်ပြီး စိတ်ဂိဘာဉ်ပစ္စည်းတွေကို လုယူဖို့ ပိုင်းထားပါလိမ့်မယ်။

ဒီကိစ္စရဲ့ အခရာ ကျတာက ဒီမြေအောက်မြစ်ရဲ့ အရင်းအမြစ်က ဘယ်မှာတည်ရှိတာလဲ.. ပြီးတော့ ဘာလို့ စိတ်ဂိဘာဉ်ပစ္စည်း အမြောက်အများက ဒီမြေအောက်မြစ်ရဲ့ ရေနဲ့ အတူ စီးမျော ထွက်ပေါ်လာရတာလဲ?

ဖြစ်နိုင်တာက ဒါဟာ စိတ်ဂိဘာဉ်ပစ္စည်းတွေရဲ့ ရတနာသိုက် တစ်ခု ဖြစ်နိုင်မလား? ဒါမှမဟုတ် ရှေးဟောင်းဂိုဏ်း တစ်ခုခုရဲ့ အစွန့်ပစ်ပယ် နယ်မြေတစ်ခုဖြစ်မလား?

တကယ်လို့ ဒါသာ အမှန်တကယ်ဆိုယင် စိတ်ဂိဘာဉ်ပစ္စည်းတွေတောင်မကပါဘူး အဲဒီမှာ ကျင့်ကြံခြင်းနည်းစနစ်တွေ မှော်ဆေးလုံးတွေနဲ့ နတ်ဘုရားဆေးပင် တွေ တောင်မှ ရှိတာ ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ဒီကိစ္စက အရမ်းကို လျှို့ဝှက်ထားဖို့ လိုအပ်ပါတယ်။

သူတို့ ဘာဖြစ်လို့ မြစ်ရေ အတိုင်း ဆန်တက်ပြီးတော့

မြေအောက်မြစ်ရဲ့ မူလထွက်ပေါ်ရာ နေရာကို ဝင်ရောက်မသွားတာလဲ? ဒါကရိုးရိုးလေးပါ . သူတို့ မတတ်နိုင်လို့ပါ။

သူတို့ မြေအောက်မြစ်ထဲကို ငုံ့ဝင်လိုက်တာနဲ့ မမြင်ရတဲ့ နံရံ တစ်ခုနဲ့ ကြုံတွေ့ပြီးတော့ သူတို့ တွေကို တားဆီးပြီး အရှေ့ကို ဆက်သွားလို့မရတော့ပါဘူး။ ဒါကို စွမ်းအားပြည့်ဝတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် စစ်သည်တော် အမြောက်အမြားက ရှာဖွေတွေ့ရှိထားတာပါ။ ဘာလို့လဲဆိုတော့ အန္တရာယ်အဆင့်ကို မသိကြပါဘူး. ဒါကြောင့် ငွေဦးစမ်းရေအဆင့်နဲ့ အဲဒီထက် နိမ့်တဲ့ သိုင်းပညာရှင်တွေကို စွန့်စားပြီး ပေးဝင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

မိုးရေနိုင်ငံမှာ ငွေဦးစမ်းရေ အဆင့်က ပုံမှန်အဆင့်အတန်းဖြစ်ပြီးတော့ စိတ်ဂိဉာဉ်ပင်လယ် အဆင့်က လက်ရွေးစင် အဆင့်ဖြစ်ပြီး.. စိတ်ဂိဉာဉ်ပလ္လင် အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်တဲ့ သိုင်းပညာရှင်က အရမ်းကို နည်းပါးပါတယ်။ အဲဒီအဆင့် သိုင်းပညာရှင်တွေက အင်ပါယာ မိသားစု ... အင်အားကြီး ကလန် ၈ ခုနဲ့ ဟွာယန် အကယ်ဒမီအတွင်းမှာပဲ ရှိပါတယ်။ ကောင်းကင်ဆေးအိမ်တော်ကတော့ ပြည်ပ အဖွဲ့အစည်းလို

သတ်မှတ်ထားတဲ့အတွက် မပါဂင်ပါဘူး။

အင်အားကြီး အဖွဲ့အစည်းတွေမှာ စိတ်ဂိုဏ်ပလ္လင်အဆင့် စစ်သည်တော်တွေက သနားစရာ ကောင်းလောက်အောင်ကို နည်းပါးလွန်းပါတယ်။ သူတို့အားလုံးက ပန်းဖူးအဆင့် (နောက်ပိုင်းကျယင် ပွင့်လန်းခြင်း အဆင့် လို့ သုံးပါမယ်နော်)ကို ချိုးဖျက်ဖို့ အတွက် တံခါးပိတ် လေ့ကျင့်နေကြပါတယ်။ အသက် ကန့်သတ်ချက်ကို ကျော်ဖြစ်နိုင်ဖို့ ကြိုးစားနေကြပြီး လက်ရွေးစင်ရဲ့ လက်ရွေးစင် ဖြစ်အောင် လုပ်နေကြပါတယ်။ဒါကြောင့် တကယ်လို့ ဒီနေရာမှာ စိတ်ဂိုဏ်ပစ္စည်းတွေကို ရှာဖွေတွေ့ရှိယင်တောင်မှ စိတ်ဂိုဏ်ပလ္လင်အဆင့် စစ်သည်တော် အနည်းစု ကိုတော့ ဆွဲခေါင်နိုင်မှာမဟုတ်ပါဘူး။

တကယ်လို့ ဒီနေရာမှာ အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ်တွေ နတ်ဘုရားဆေးပင် တွေ ဒါမှမဟုတ် တစ်ခုခု တန်ဖိုး အရမ်းကြီးမားတဲ့ ပစ္စည်းတွေရှိတယ်ဆိုတာကို သက်သေ ပြနိုင်ခဲ့မယ်ဆိုယင်တောင့် စွမ်းအားကြီးမားတဲ့ စိတ်ဂိုဏ် ပလ္လင်အဆင့် စစ်သည်တော် တွေ တောင်မှ တည်တည်ငြိမ်ငြိမ်နဲ့ အိမ်ခြေထိန်း နိုင်တော့မှာ မဟုတ်ပါဘူး။

လင်းဟန်က ဒီကိစ္စရဲ့ အတွင်းပိုင်းကျကျ အခြေအနေကို နားလည်သဘောပေါက်ပြီး သူက မိန်းကလေးနှစ်ယောက်နဲ့အတူ မြစ်ကမ်းစပ်ကို သွားခဲ့ပါတယ်။ သူတို့လဲပဲ ငါးဖမ်းပိုက်ကွန်တွေ အသုံးပြုပြီးတော့ စိတ်ဂိဉာဉ်ပစ္စည်းတွေကို ဖမ်းလို့ ရပါပြီ.. ဒါပေမဲ့ သူတို့ရဲ့ လက်ကို အသုံးပြုဖို့ကိုတော့ ခွင့်မပြုထားပါဘူး.. တစ်ခုတော့ လုပ်နိုင်ပါတယ်. အဲဒီပစ္စည်းတွေက ရေစီးကြောင်း အောက်ဘက် တော်တော်ဝေးဝေးကို ရောက်သွားတဲ့ အခါကျယင် ပေါ့။

ဒါပေမဲ့လည်း စိတ်ဂိဉာဉ်ပစ္စည်းတွေက လူသားတွေတည်ရှိတာကို အာရုံခံမိ သွားတာနဲ့ သူတို့ကလဲ အလိုအလျောက် အသက်ဝင်လာပြီးတော့ ပျံသန်းသွားပါတယ်။

ဒီနေရာက အခြေအနေက တကယ့်ကို ရီစရာကောင်းပါတယ်။ တစ်ယောက်ပြီး တစ်ယောက်.. နွေဦးစမ်းရေနဲ့ အထက် လက်ရွေးစင် စစ်သည်တော်တွေ အားလုံးက ငါးဖမ်းသမားတွေလိုပါပဲ ငါးဖမ်းပိုက်ကွန်ကို ဖြန့်ကိုင်ပြီးတော့ စိတ်ဂိဉာဉ်ပစ္စည်းတွေ ပိုက်ကွန်ထဲကို မျောပြီး ဝင်လာမှာကို စောင့်ပြီးတော့ သူတို့ကို ဆွဲယူနိုင်ဖို့ ကြိုးစားနေကြ ပါတယ်။

``ဒီမှာ နောက်တစ်ခုပဲဟေ့``

တစ်စုံတစ်ယောက်က ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။ ရေစီးကြောင်းအထက်ပိုင်း မှာ ဆေဘာဝါးတစ်လက် က အောက်ဘက်လမ်းကြောင်းအတိုင်း စီးမျောလို့ လာပါတယ်။

အပိုင်း (၁၂၈) ကြီးမားသော သံသယ
လေးလံတဲ့ ဆေဘာဝါးတစ်လက်က ရေမျက်နှာပြင်ပေါ်မှာ ဘယ်လိုလုပ်ပြီးတော့ လွယ်ကူစွာနဲ့ မျောပါနေရတာလဲ?

ဒါက စိတ်ဝိဉာဉ်ပစ္စည်းတွေရဲ့ ထူးခြားဆန်းကြယ်တဲ့ သဘာဝပဲဖြစ်ပါတယ်။ တစ်ချို့ အရာတွေက တောင်တစ်လုံး လောက် လေးလံနိုင်ပြီးတော့ တစ်ချို့ အရာတွေက ငှက်မွှေးလေးတစ်ချောင်းထက်တောင်မှ ပေါ့ပါးနိုင်ပါလိမ့်မယ်။ ဒါတွေအားလုံးက ဒီစိတ်ဝိဉာဉ်ပစ္စည်းတွေမှာ ရေးထွင်းထားတဲ့ သိုင်းပညာစိတ်ဆန္ဒ အမျိုးအစားအပေါ်မှာ မူတည်ပါတယ်။

ပထမ လင်းဟန်အနေနဲ့ ဒီဆေဘာဝါးအပေါ်မှာ အရမ်းကြီး အာရုံစိုက်မထားပါဘူး။ ဒါပေမဲ့ ဒီမျောနေတဲ့ ဆေဘာဝါးအပေါ်ကို

သူစေ့စေ့စပ်စပ်ကြည့်လိုက်မိတဲ့အခါမှာ ဆေဘာခါးရဲ့ လက်ကိုင်ပေါ်က ရေးထွင်းထားတဲ့ အမှတ်သင်္ကေတ ကို မြင်လိုက်ရတော့ သူ့ရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီးတော့ သူ့ရဲ့ တစ်ကိုယ်လုံး စပြီး တုန်ယင်လာခဲ့ပါတယ်။

``အဲ့ဒါက ဘာလဲ?``

လှိုင်ယုထန်နဲ့ လီစီရှန်း တို့နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း မေးလိုက်ကြပါတယ်။ တစ်ခြားလူတစ်ယောက်က အော်ပြောလိုက်တဲ့အချိန်မှာ သူတို့ ကလဲ တူညီတဲ့ အရာ ကိုပဲ မြင်လိုက်ကြတာပါ။သူမတို့ရဲ့ မျက်လုံးတွေက လင်းဟာန် စူးစိုက်ကြည့်တဲ့ နေရာကို ကြည့်လိုက်တဲ့အခါမှာတော့ ဆေဘာခါးရဲ့ လက်ကိုင်ရိုးမှာ မလုံတလုံ မိန်းကလေးတစ်ယောက်ရဲ့ ပန်းချီကို တွေ့လိုက်ပြီးတော့ သူမတို့နှစ်ယောက်စလုံး စိတ်ကသိကအောက် ဖြစ်သွားခဲ့ပြီး ..မကျေမနပ်ဖြစ်သွားခဲ့ကြပါတယ်။

ယောကျာ်းတွေ အားလုံးက တကယ့်ကို နာဘူးတွေချည်းပဲ .. လင်းဟာန်တောင်မှ ခြွင်းချက် မရှိဘူး။

လင်းဟန် က လုံး၀ မဖြေပါဘူး.. သူက ဆေဘာဓါးကိုပဲ စိုက်ကြည့်နေပြီး မယုံကြည်နိုင်စရာကောင်းတဲ့ အရာတစ်ခုကို တွေ့မြင်လိုက်ရသလိုမျိုး ဖြစ်နေပါတယ်။

သူ့ရဲ့ အယင်ဘ၀တုန်းက .. သူက စုစုပေါင်းတပည့်လေးယောက်ပဲ ရှိခဲ့ပါတယ်။ သူတို့ ထဲက နှစ်ယောက်က သူ့ဆီကနေ မှော်ဆေးပညာကို သင်ယူခဲ့ပြီး ကျန်တဲ့ နှစ်ယောက်ကတော့ သူ့ဆီကနေ သိုင်းပညာကို သင်ယူခဲ့တာပါ။ အဲဒီထဲက တစ်ယောက်က ချန်လွှေကျင့် လို့ခေါ်ပြီး ကျန်တဲ့တစ်ယောက်က ကျန်းယွဲ့ဖုန် လို့ခေါ်ပါတယ်။ ချန်လွှေကျင့် က ပိုပြီးတော့ ရင့်ကျက်တည်ငြိမ်တဲ့ အကျင့်စရိုက် ရှိပြီး တော့ ကျန်းယွဲ့ဖုန် ကတော့ အလွန်အမင်း ပျော်ပျော်ရွှင်ရွှင်နဲ့ နေတတ်ပြီးတော့ ချစ်မှု ရေးရာ ကိစ္စတွေမှာ စေ့စေ့စပ်စပ် သိမြင်နားလည်သူတစ်ဦးဖြစ်ပါတယ်။

ကျန်းယွဲ့ဖုန် မှာ ဘယ်လိုမှန်းမသိအောင် ထူးဆန်းတဲ့ ဂါသနာ တစ်ခုရှိပါတယ်။ သူက သူ့ရဲ့ လက်နက်တွေပေါ်မှာ အ၀တ်အစားမလုံမလဲ ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပုံတွေကို ထွင်းထုတတ်ပြီးတော့ သူ့ရဲ့ အထူးချွန်ဆုံးက ဆေဘာဓါးသိုင်း နည်းစနစ် တွေပဲဖြစ်ပါတယ်။

ဒီလက်နက်က တစ်ချိန်တုန်းက ကျန်းယွဲ့ဖုန် အသုံးပြုခဲ့တဲ့ လက်နက်တစ်ခုများ ဖြစ်နေမလား?

လင်းဟန်က ဒီဆေဘာဓါးကို လုံးဝမမြင်ဖူးခဲ့ပါဘူး.. မိန်းကလေးတစ်ယောက်ရဲ့ အဝတ်အစားမလုံမလဲ ပုံတွေကို သူတို့ရဲ့ ဆေဘာဓါးပေါ်မှာ ရေးထွင်းတတ်တဲ့ လူတွေက အများကြီးမရှိပါဘူး။ ဒ့ါအပြင် သူတို့က အနည်းဆုံး နတ်ဘုရားအသွင်ပြောင်းလဲခြင်း အဆင့် ရှိရပါမယ်.. ဒါကြောင့် တစ်ခြားတစ်ယောက် ဖြစ်နိုင်ချေ က အရမ်းကို နည်းပါးပါတယ်။ လင်းဟန်က ဒီ ဆေဘာရဲ့ မူလပိုင်ရှင်က သူရဲ့ ရှူးသွပ်နေတဲ့ တပည့်ပဲ ဖြစ်ရလိမ့်မယ်လို့ သတ်မှတ်ထားလိုက်ပါတယ်။

အဓိက အရေးကြီးတာက လင်းဟန်က ကျန်းယွဲ့ဖုန်ရဲ့ ပန်းချီဆွဲတဲ့ ပုံစံကို သတိပြုမိတဲ့ အတွက် ဒါက လုံးဝ မမှားနိုင်ပါဘူး။

နှစ်ပေါင်း တစ်သောင်းကျော် ကြာပြီးတဲ့နောက်မှာ သူ့ရဲ့ တပည့်လေးယောက်ဟာ အသက်အရွယ်ကြီးမြင့်လာပြီး အချိန်တော်တော်ကြာကတည်းက သေသွားခဲ့ပြီ ဆိုတာကို သိထားပါတယ်။ ဒါကြောင့် သူပြန်လည်မွေးဖွားလာပြီး နောက်ပိုင်းမှာ သူတို့အကြောင်းကို

သိပ်ပြီးတော့မစဉ်းစားပါဘူး။ တကယ်တော့ သေခြင်းနဲ့ ရှင်သန်ခြင်း. အသက်အရွယ်နဲ့ ဖျားနာမှု ဒါတွေက ကမ္ဘာပေါ်မှာရှိတဲ့သဘာဝ တရားတွေပါပဲ။

ဒါပေမဲ့ သူ့ရဲ့ တပည့် အသုံးပြုခဲ့တဲ့ လက်နက်တစ်ခုက မြေအောက်မြစ်ရဲ့ ရေစီးကြောင်း နဲ့အတူ ဒီနေရာမှာ တစ်ခြား စိတ်ဝိဉာဉ်ပစ္စည်းတွေနဲ့ အတူ မျောပါလာခဲ့တယ်။ ဒါက လင်းဟန်ရဲ့ စိတ်ထဲမှာ မရေတွက်နိုင်တဲ့သံသယတွေက မြင့်တက်ကြီးထွားလာခဲ့ ပါတယ်။

ဘာကြောင့်လဲ?

ဘာကြောင့် ကျန်းယွဲ့ဖုန် ရဲ့ လက်နက်က ဒီနေရာမှာ ရှိနေရတာလဲ?

လင်းဟန်ရဲ့ မျက်လုံးတွေက ဆေးဘာပေါ်မှာ အာရုံစိုက်နေပါတယ်။ ဒီဆေးဘာဓါးက တကယ့်ကို ကြီးကြီးမားမား ပျက်စီးနေပါတယ်။ ဆေးဘာဓါးရဲ့ လက်ကိုင်တစ်ခုလုံး အနည်းငယ် ဖြတ်ညှပ်ထားပြီး ဆေးဘာရဲ့ ဓါးသွားကလဲ ကျိုးနေပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ဆေးဘာကို အရည်ကျိုပုံသွင်း ထားတဲ့ သတ္တုပစ္စည်းတွေက အရမ်းကို ကောင်းမွန်ပါတယ်.. နှစ်ပေါင်းတစ်သောင်း

ကျော်ကြာခဲ့တာတောင်မှ ဓါးသွားက သံချေး တက်ခြင်း တစ်စုံတစ်ရာမှမရှိပဲနဲ့ ရေလိုပဲ ကြည်လင်တောက်ပနေပါတယ်။

သူမြင်တဲ့အပေါ်မှာ အခြေခံပြီးတော့ ကောက်ချက်ချရမယ်ဆိုယင် ဒီကျန်းယွဲ့ဖုန်က ကြီးမားတဲ့ တိုက်ပွဲတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး သူ့ရဲ့ လက်နက်တောင်မှ အဲဒီတိုက်ပွဲမှာ ကျိုးပဲ့သွားခဲ့ပုံပါပဲ။ ကျန်းယွဲ့ဖုန် လို သူ့ရဲ့ လက်နက်အပေါ်မှာ အရမ်းကို ချစ်ခင်မြတ်နိုး တဲ့ လူတစ်ယောက် အနေနဲ့ တကယ်လို့ သူ့ရဲ့ ဆေဘာဓါးက အကြီးအကျယ် ထိခိုက် ပျက်စီးသွားယင်တောင်မှ သူ့အနေနဲ့ ဂရုတစ်စိုက်နဲ့သူ့ရဲ့ ဓါးကို သေချာပြန်ပြီးသိမ်းယူထားမှာပါ။ အခုတော့ သူ့ရဲ့ ဆေဘာဓါးက မြေအောက်မြစ်ရဲ့ ရေနဲ့ အတူ စီးမျောပြီးတော့ ပေါ်လာခဲ့ပါပြီ။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ ချက်ချင်းဆိုသလို စိတ်ထင့်သွားခဲ့ပါတယ်။

ကျန်းယွဲ့ဖုန် က မမျှော်လင့်ထားတဲ့ တစ်စုံတစ်ခုများ ဖြစ်ပျက်သွားတာ ဖြစ်နိုင်မလား?

ဒါပေမဲ့ တစ်ခု နားလည်ထားတာကတော့ သူ့ရဲ့

အယင်ဘဂမှာ သူမှမဟုတ်ပါဘူး သူ့ရဲ့ နောက်ကို လိုက်တဲ့ တပည့်လေးယောက်လည်း မှော်ဆေးလုံးအထောက်အပံ့တွေနဲ့ သူတို့ရဲ့ အဆင့်တွေကို လွယ်ကူစွာနဲ့ ချိုးဖျက်တက်ရောက်နိုင်ခဲ့ပါတယ်။ ရလဒ်ကတော့ သူတို့ရဲ့ စွမ်းအားတွေက အလွန်အမင်း မြန်ဆန်စွာနဲ့ မြင့်တက်လာခဲ့ပါတယ်။

အဲဒီအချိန်တုန်းက ကျန်းယွဲ့ဖုန် က ကောင်းကင်အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ဖို့ ကြိုးစားနေပြီး သူက နတ်ဘုရားအသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိနေပါတယ်။ တကယ်လို့ သူသာ နောက်ထပ် နှစ်ပေါင်း တစ်ရာ သို့မဟုတ် နှစ်ရာလောက် အချိန်ပေး မယ်ဆိုယင် ကောင်းကင်အဆင့်ကို သူ့အနေနဲ့ ချိုးဖျက်ဂင်ရောက်ဖို့ မဖြစ်နိုင်စရာ မရှိပါဘူး။

ဒါ့အပြင် သူက တပည့်လေးယောက်နဲ့ အတူတကွ ရှိနေခဲ့ပါတယ်။

တကယ်လို့ ကျန်းယွဲ့ဖုန် သာ သေခြင်းရှင်ခြင်းနဲ့ သက်ဆိုင်တဲ့ ကပ်ဘေးတစ်ခုကို ကြုံတွေ့ခဲ့မယ်ဆိုယင် ကျန်တဲသုံးယောက် က ဘယ်လိုလုပ်ပြီးတော့ ဘေးကနေ ရပ်ပြီးတော့ ကြည့်နေနိုင်မှာလဲ? ဖြစ်နိုင်တာက ဒီပြဿနာက

သူရဲ့ တပည့်လေးယောက် စလုံး ပေါင်းစည်းထားတာတောင်မှ မဖြေရှင်းနိုင်တဲ့ အရာတစ်ခု ဖြစ်နိုင်ပါ့မလား?

ဘာတွေ ဖြစ်ပျက်သွားခဲ့တာလဲ?

လင်းဟန်ရဲ့ ကိုယ်တွင်းမှာ ပြင်းပြတဲ့ ဆန္ဒ တစ်ခု ထွက်ပေါ်လာပါတယ်။သူ့အနေနဲ့ ဒီမြေအောက်မြစ်ရဲ့ မူလအရင်းအမြစ်နေရာကို သွားရောက်ပြီးတော့ အဲဒီမှာ ဘာတွေ ဖြစ်ပျက်ခဲ့တယ်ဆိုတာကို သဲလွန်စ သွားပြီးတော့ ရှာချင်ပါတယ်။

``ဒါ ငွေ့ပါဟာကွ``

``ဒါငွေ့ပါဟာ``

သိုင်းပညာရှင်တွေ အားလုံး ချက်ချင်းပဲ လှုပ်ရှားလာခဲ့ပါတယ်။ ဒီဆေးဘာက ပြင်းပြင်းထန်ထန် ပျက်စီးနေပြီး အတွင်းက စိတ်ဂိဉာဉ်ကလဲ ပိုမိုဆိုးရွားနေတဲ့ ပုံစံကို မြင်နိုင်ပါတယ်.. ဒီဆေးဘာကို လွယ်ကူစွာနဲ့ ငါးဖမ်းပိုက်ကွန် နဲ့ ဖမ်းနိုင်ပါလိမ့်မယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက ဒီဆေးဘာ အတွက် စတင်ပြီး

တိုက်ခိုက်ကြပါတယ်။

ဒါက စိတ်ဂိုဉာဉ်ပစ္စည်းဖြစ်ပါတယ်။ တကယ်လို့ အဲဒီဟာက ပျက်စီးနေတဲ့ဟာ ဖြစ်သည့် တိုင်အောင် စူးစမ်းလေ့လာဖို့အတွက် အလွန်အမင်းကို တန်ဖိုးရှိပါတယ်။ တကယ်လို့ သူတို့အနေနဲ့ ၎င်းအပေါ်မှာ ရေးထွင်းထားတဲ့ သိုင်းပညာဆန္ဒရဲ့ တစ်ခုလောက်ကိုပဲ ပုံက်စာဖော်နိုင်ယင် သူတို့ရဲ့ ခွန်းအားတွေက တိုးတက်လာပါလိမ့်မယ်။

လင်းဟန်ရဲ့ အကြည့်တွေက အေးစက်ပြီးတော့ သူက ကြေညာလိုက်ပါတယ်။

``ဒီဆေဘာ က ငါ့ဟာပဲ``

သူတို့အားလုံး ပထမတော့ ကြောင်သွားကြပြီးတော့ မရပ်မနား အော်ရီလိုက်ကြပါတယ်။ ဒါတကယ်ကြီးလား? ဒြပ်စင်စုစည်းခြင်း အဆင့်မှာပဲရှိသေးတယ် ကောင်ကလေးက သူတို့လိုမျိုး နွေဦးစမ်းရေ အဆင့် လက်ရွေးစင်တွေကို ဒီဆေဘာ အတွက်နဲ့ အမှန်တကယ် တိုက်ခိုက်ပုံ့တယ်ပေါ့လေ။ သူတို့က ရီမောပြီးတော့ ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်မှုတွေ စလိုက်ကြပါတယ်။ ဒီနေရာမှာ ဘာစည်းမျဉ်းစည်းကမ်းမှမရှိပါဘူး .

ဒီစိတ်ဂိဘဉ်ပစ္စည်းတွေကို လက်ထဲ ရအောင် ယူနိုင်တဲ့ မည်သူမဆို ၎င်းကို ပိုင်ဆိုင် ပါလိမ့်မယ်။

စူးရှ ရှည်လျားတဲ့ လေချွန်သံနဲ့ အတူ လင်းဟန်က တိုက်ပွဲရဲ့ အလယ်ကို ဂင်ရောက်လိုက်ပါတယ်။

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ?``

နေ့ဦးစမ်းရေအဆင့် လက်ရွေးစင်တွေက ဒေါသထွက်သွားပါတယ်။ ဒြပ်စင်စုစည်းခြင်း အဆင့်ပဲ ရှိတဲ့သိုင်းပညာရှင်က ဒီဆေဘာ တိုက်ပွဲမှာ သူတို့တွေကို တကယ်ပဲ တိုက်ခိုက်ရင်ဆိုင်ဂံသလား?

သိုင်းပညာရဲ့ ဂါစဉ်က မှော်ဆေးပညာရှင်တွေရဲ့ ဂါစဉ်တွေအတိုင်းပဲ အရမ်းကို စည်းကမ်းတင်းကျပ်ပါတယ်။ အဂါရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်က အဂါရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်နဲ့ တွေ့တဲ့အခါမှာ သူ့ရဲ့ လေးစားမှုကို ဂျူနီယာတစ်ယောက်ရဲ့ အပြုအမူ အတိုင်းပဲ ဖော်ပြပေးရပါတယ်။ ဒြပ်စင်စုစည်းခြင်း အဆင့်သိုင်းပညာရှင်က နေ့ဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေရဲ့ အရှေ့မှာဆိုယင် လိမ္မာယဉ်ကျေးတဲ့

မြေး တစ်ယောက်လိုမျိုး ဖြစ်သင့်ပါတယ်။ နောက်ပေါက် ကလေးတွေ အနေနဲ့သူတို့ကို တိုက်ခိုက်ဖို့ မပြောနဲ့ အတူတူရပ်တည် နေဖို့ တောင်မှမလုပ်သင့်ပါဘူး။

``ထွက်သွားစမ်း``

သူတို့ထဲက တစ်ယောက်က လင်းဟန်ကို လက်ဝါးတစ်ဖက်နဲ့ ရိုက်ထုတ်လိုက်ပါတယ်။

နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေက သူတို့ရဲ့ မူလစွမ်းအင်တွေကို ပုံဖော်ပြီးတော့ သူတို့ရဲ့တိုက်ခိုက်မှုတွေကို အဆပေါင်းများစွာ တိုးလာခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူ့အနေနဲ့ စွမ်းအားအပြည့်အသုံးမပြုခဲ့ယင်တောင်မှ ဒီတိုက်ခိုက်မှုက လင်းဟန်ရဲ့ လက်ရှိ အဆင့်နဲ့ဆိုယင် ရမ်းကို ကြောက်မက်ဖွယ်ရာကောင်းနေပါပြီ။

``လင်းဟန်``

လွီယုထန်က အံ့အားသင့်သွားပြီးတော့ လျှင်မြန်စွာနဲ့ပဲ အရှေ့ကို ထွက်ပြီး ဒီတိုက်ခိုက်မှု ကနေ လင်းဟန်ကို ကယ်ချင်ခဲ့ပါတယ်။ သူမက လှုပ်ရှားမလို့ပဲ ရှိပါသေးတယ်

လွှီပုချန် က သူမရဲ့ လက်မောင်းကို ဆုပ်ကိုင်ပြီးတော့ ဂင်ပြီးတော့ စွက်ဖက်လို့ မရအောင် ဖိအားပေးထားပါတယ်။

နွေဦးစမ်းရေ အလွှာ ၉ အဆင့် ကို နွေဦးစမ်းရေအလွှာ ၁ အဆင့် နဲ့ ဆန့်ကျင် မယ်ဆိုတာကတော့ ဘယ်လိုမှမဖြစ်နိုင်တဲ့ တစ်ဖက်စောင်းနင်းတဲ့ တိုက်ပွဲတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ဒီဆေဘာဓါးအပေါ်မှာပဲ အာရုံစိုက်ထားပြီးတော့ သူမှာရှိသမျှအစွမ်း အကုန်လုံးဖြစ်တဲ့ ကောင်းကင်ဘုံတောင်မဖျက်ဆီးနိုင်တဲ့ မှော်စာလိပ်ရဲ့အစွမ်းကို လည်ပါတ်လိုက်ပါတယ်။ တိမ်ဖောက်ခြေလှမ်းသိုင်းကို သုံးပြီးတော့ သူရဲ့ လျှင်မြန်မှု က လျှပ်စီးလက်သလိုပါပဲ။

``ဟူးးး``

ဒီ နွေဦးစမ်းရေ အဆင့် လက်ရွေးစင် အနေနဲ့ လင်းဟန်မှာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အမြန်နှုန်းရှိလိမ့်မယ်လို့ လုံးဂမထင်ထားပါဘူး.ဂရုမစိုက်စွာပဲ သူရဲ့ ခွန်အား အပြည့်ကို အသုံးမပြုမိတာက လင်းဟန်ကို ဒီတိုက်ခိုက်မှုကနေ ရှောင်တိမ်းသွားနိုင် ဖို့ ခွင့်ပြုလိုက်ရပါတယ်။

ကျန်တဲ့သူတွေကတော့ အချင်းချင်းပဲ တစ်ယောက်နဲ့တစ်ယောက် ပြင်းထန်တဲ့ တိုက်ပွဲတွေ ဆင်နွှဲနေရတဲ့အတွက် ဒီ ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာရှိတဲ့ ဂျူနီယာ အပေါ်မှာ အရမ်းကြီး အာရုံစိုက်မထားကြပါဘူး။ လင်းဟန်က ဒီအချက်အပေါ်မှာ အခွင့်ကောင်းယူပြီးတော့ ဆေဘာအနီးကို နီးသထက်နီးအောင် လို့ တိုးသွားခဲ့ပါတယ်။

``မင်းအတင့်ရဲလှချည်လား``

ဒီလူတွေက ပထမတော့ ကြောင်သွားပြီးတော့ ဒေါသတွေအရမ်းထွက်လာကြပြီး လင်းဟန်ဆီကို လက်ဂါးရိုက်ချက်တွေ ထုတ်လိုက်ကြပါတယ်။

ဒါက မယုံနိုင်စရာကောင်းလှပါတယ်.. သူတို့အားလုံးက နွေဦးစမ်းရေ အဆင့် လက်ရွေးစင်တွေ ဖြစ်ပြီးတော့ သူတို့ထဲက အနိမ့်ဆုံးက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ရှိပါတယ်။ ယခု သူတို့အားလုံးက လင်းဟန်ကို တစ်ချိန်တည်းမှာ တိုက်ခိုက်လိုက်ကြပါတယ်။ အဲဒီအခြေအနေက ကုန်းမြေပေါ်ကို ဆူနာမီ လှိုင်းကြီး ရိုက်ခတ်သွားသလိုမျိုး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလှပါတယ်။

``Peng``

အံ့ဩစရာ မရှိပါဘူး လင်းဟန်က အပေးကို လွှင့်ထွက်သွားပါတယ်။ ဒါပေမဲ့ ကျန်တဲ့သူတွေ ပြောစရာ စကားမရှိအောင်ပဲ ဒီကောင်လေးက ဒီဆေဘာဓါးကို လှမ်းဆွဲပြီးတော့ သူရဲ့ လက်တွေနဲ့ ထွေးပတ်ထားလိုက်ပါတယ်။

``ကိစ္စ မရှိပါဘူး..ဒါက ဂျူနီယာလေးတစ်ယောက်ပဲဟာ.. ပထမဆုံး ငါတို့ထဲက ဘယ်သူက အနိုင်ရမလဲဆိုတာ ဆုံးဖြတ်ပြီးမှ ဆေဘာကို အပိုင်ပေးကြတာပေါ့``

နွေဦးစမ်းရေအဆင့် လက်ရွေးစင်တစ်ယောက်က ကြေညာလိုက်ပါတယ်။

``အဓိပ္ပါယ် မရှိတာ.. တန်ခိုးအဆင့် နှိုင်းယှဉ်ခြင်းက ဘာကိုဆိုလိုတာလဲ? ဘယ်လောက် တရားမျှတလို့လဲ?ဒါဆို ငါ့ရဲ့ ကလန်က အကြီးအကဲ တစ်ယောက်ကို ဖိတ်ခေါ်ပြီးတော့ မင်းနဲ့ ယှဉ်ပြိုင်ခိုင်းမယ်ဆိုယင်တော့ ဘယ်လိုလဲ? ဦးရာလူစနစ်ပဲ.. ဘယ်သူမဆို အဲဒီပစ္စည်းကို ရယူနိုင်ယင်ယူဖို့ ငါတို့အားလုံး သဘောတူထားကြတာပဲလေ။ အခု ဘာလို့

ဒီပစ္စည်းအပေါ်မှာ ဆက်ပြီးတော့ တိုက်ခိုက်ပြီး အသန်မာဆုံးသူကို အနိုင်ပေးတော့မှာလဲ..ငါတို့အားလုံးက နွေဦးစမ်းရေအဆင့်မျှသာ ဖြစ်တယ်. တကယ်လို့ ဒီဆေဘာခါးရဲ့ ပိုင်ရှင်ကို စွမ်းအားနဲ့ပဲ ဆုံးဖြတ်မယ်ဆိုယင် ငါတို့ ဘာလို့ တိုက်ခိုက်နေကြဦးမှာလဲ?

``ငါတို့ ဘာလို့ ဒီနည်းလမ်းအတိုင်းမလုပ်ကြတာလဲ? အားလုံးကို မဲလိပ်လုပ်ပြီးတော့ နှိုက်ကြမယ် မဲပေါက်တဲ့ပစ္စည်းကို ယူကြပေ့ါ``

သူတို့အားလုံးက ကျယ်လောင်စွာနဲ့ပဲ ငြင်းခုံနေခဲ့ကြပါတယ်။ သူတို့က လင်းဟာန်ရဲ့ ကိုယ်လုံး တုန်ခါသွားပြီးတော့ ဖြေးညှင်းစွာနဲ့ ထိုင်လိုက်တာကို မမြင်ကြပါဘူး။

သူတို့အားလုံးမှာ အရမ်းကို ကောင်းမွန်တဲ့ နောက်ခံအင်အားတွေ ရှိတဲ့အတွက် သူတို့က စိတ်ဂိဉာဉ်ပစ္စည်းတွေအတွက် ပြင်းထန်တဲ့တိုက်ပွဲတွေကို ဖြစ်ပွားခဲ့ပြီး ဘယ်သူကမှ သတ်ဖြတ်ဖို့အတွက်ထိတော့ မလုပ်ကြပါဘူး။ ပြီးတော့ ဒီလင်းဟာန် ဆိုတဲ့ ကောင်လေးက ကျားပါးစပ်ထဲက အစာကို လုယူသွားဖို့ အခွင့်အရေးရသွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီလက်ရွေးစင်စစ်သည်တော်တွေ ရဲ့ အဆက်မပြတ်တဲ့

တိုက်ခိုက်မှုကြောင့် သူ့ရဲ့ အရိုးအများစုက ကျိုးသွားပြီးတော့ သူ့ရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းက ကလီစာ တွေလည်းပဲ ထိခိုက်ဒဏ်ရာရသွားခဲ့တဲ့အတွက် သူက အရမ်းကို ပြင်းထန်တဲ့ ဒဏ်ရာ ရသွားခဲ့ပါတယ်။

ပုံမှန်အတိုင်းဆိုယင် သူ့ရဲ့ဒဏ်ရာတွေကို ပြန်လည်ကုသဖို့အတွက် သူ့ရဲ့ အိပ်ယာကနေ ဆယ်ရက်ကျော်လောက် မထပဲ နေရပါလိမ့်မယ်။

ဒါပေမဲ့ သူ့ရဲ့ ကိုယ်ခန္ဓာအတွင်းမှာ ဖျက်ဆီးလို့မရနိုင်တဲ့ အစစ်အမှန်အရည် တစ်စက်ရှိပါတယ်။

သေဆုံးခြင်းသစ်ပင်ရဲ့ ခန္ဓာကိုယ်ကျင့်စဉ်ကို အောင်မြင်စွာ ကျင့်ကြံနိုင်ခဲ့ခြင်းက သူ့ကို ဖျက်စီးလို့မရတဲ့ အစစ်အမှန် အရည် တစ်စက်ကို ဖွဲ့စည်းနိုင်ခဲ့ပြီးတော့ အဲဒီအရည်ရဲ့ အဓိက လုပ်ငန်းက ဒဏ်ရာတွေကို ပြန်လည်ကုသတာပဲဖြစ်ပါတယ်။ ဘယ်လောက်ပဲ ဒဏ်ရာတွေ များပြားနေပါစေ အသက်တစ်ရှိုက်စာ အတွင်းမှာပဲ သူက ဒဏ်ရာတွေကို ပြန်လည်ကုသနိုင်ပါတယ်။

ဒါက ကောင်းကင်ဘုံတောင်ဖျက်ဆီးလို့မရနိုင်တဲ့

မှော်စာလိပ်ရဲ့ စစ်မှန်သော ကြောက်မက်ဖွယ်ရာ အရည်အချင်းတစ်ခုပဲဖြစ်ပါတယ်။

အပိုင်း (၁၂၁) ရတနာဆေဘာဓါးရဲ့ စွမ်းအား
လင်းဟန်က စိတ်နဲ့ အမိန့်ပေးလိုက်တာနဲ့ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန်အရည်စက် က သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက အစိတ်အပိုင်း အားလုံးကို နှင်းရေစက်ကဲ့သို့ စိုစွတ်သွားစေခဲ့ပါတယ်။

သူရဲ ့ပျက်စီးသွားတဲ့ အတွင်းအင်္ဂါအစိတ်အပိုင်းနဲ့ အရိုးတွေအားလုံးက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်းနဲ့ ပြန်လည်ကုသနေပါတယ်။

နားလည်ထားရမှာတစ်ခုက လင်းဟန်ရဲ့ ပါရမီနဲ့တောင်မှ နှစ်ပေါင်းတစ်သောင်းအချိန် အတွင်းမှာ ကောင်းကင်မှော်စာလိပ်ရဲ့ ကျင့်ကြံခြင်းနည်းစနစ် ပထမအဆင့်ကို နားလည် နိုင်ခဲ့တာပါ။ သူခဲ အောင်လို့ ပြုလုပ်ထားနိုင်တဲ့ ဒီ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန်အရည်လေး တစ်စက် က ဘာဖြစ်လို့ ဒီလောက်တောင် အံ့အားသင့်စရာ မကောင်းပဲနဲ့ နေမှာလဲ?

၎င်းက သေနေတဲ့လူတစ်ယောက်ကိုတောင် ပြန်ရှင်စေနိုင်ပြီး

အရိုးတွေအပေါ်မှာ အသားအရေ အသစ်တွေကို ပြန်လည်ပေါက်ဖွားလာစေနိုင်ပါတယ်။ ၎င်းကို အဆုံးမဲ့ ဆေးရတနာ အဖြစ် သတ်မှတ်နိုင်ပါတယ်။

``ယိ``

တစ်စုံတစ်ယောက်က လင်းဟန် ထထိုင်လိုက်တာကို တွေ့သွားပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ်သွားခဲ့ပါတယ်။

သူတို့အားလုံးက ဘယ်သူကမှ သတ်ဖြတ်တဲ့အထိ တိုက်ခိုက်မှုကို မလုပ်ကြပါဘူး ဒါပေမဲ့ သူတို့အားလုံးက တစ်ချိန်တည်းမှာပဲ အားလုံးက တိုက်ခိုက်မှုကို ထုတ်လိုက်ကြတာပါ။ သူတို့အားလုံး တစ်ယောက်မှ သတ်ဖို့ ဆန္ဒမရှိကြယင်တောင်မှ လင်းဟန် ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေဖို့အတွက် လုံလောက်တာထက်တောင် ပိုပါတယ်.. ဒီကိစ္စ နဲ့ပါတ်သတ်ပြီးတော့ ဘာမှမပြောတော့ပါဘူး။ ဒီခွေးကောင်လေးက သူ့ရဲ့ အခြေအနေ ကိုယ်တောင်မှ မသိပဲ.. တနည်းအားဖြင့်တော့ သူ ကောင်းကောင်းကြီး သင်ခန်းစာ ရသွားလောက်ပါပြီ။

ဟုတ်ပါတယ် ဒီကောင်လေးက လျင်မြန်စွာနဲ့ပဲ ထလာပါပြီ..

ဒါ သူတို့ရဲ့ မျက်လုံးတွေ ပြူတ်ထွက်သွားလုမတတ် အံ့သြသွားဖို့က လုံလောက်ပါတယ်။

ဒါဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

ဖြစ်နိုင်တာက ဒီကောင်လေးက ရတနာ ချပ်ဂတ်အကျီ အမျိုးအစားတစ်မျိုးမျိုးကို ဂတ်ဆင်ထားတာ ဖြစ်ပြီး အဲဒီချပ်ဂတ်က ဘယ်လိုတိုက်ခိုက်မှုမျိုးရဲ့ စွမ်းအားကို မဆို သူကို ထိတာနဲ့ နေရာအနှံ့ကို ပြန့်ပြီး ခွဲထွက်သွားစေတာမျိုး ဖြစ်နိုင်ပါတယ်။ ဒီလိုပဲ ဖြစ်ပါလိမ့်မယ်။ မဟုတ်ဘူးဆိုယင် တစ်ခြားဖြစ်နိုင်ချေ ဘယ်မှာရှိလို့လဲ?

``ကောင်လေး... ဒီရတနာ ဆေဘာဓါး ကို လက်လွှတ်လိုက်စမ်း.. ဒါက မင်းကိုင်သင့်တဲ့ အရာတစ်ခု မဟုတ်ဘူး``

သက်လတ်ပိုင်းလူကြီးက အော်လိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေ ရုတ်တရက် ဖွင့်လိုက်ပါတယ်။ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် က ၎င်းရဲ့ အာနိသင်အားလုံးနဲ့ သူရဲ့ ဒဏ်ရာအများစုကို ကုသပေးပြီးသွားပါပြီ။ သူကို ပြောတဲ့ လူကြီးကို

ပြန်မဖြေပါဘူး။ ဒါပေမဲ့ သူရဲ့လက်ထဲက ရတနာဆေဘာဓါး ထဲကို သူရဲ့ နတ်ဘုရား အာရုံ ကို ထည့်သွင်းပြီးတော့ ဆေဘာဓါး အတွင်းက ဖုံးကွယ်ထားတဲ့ စိတ်ဂိဉာဉ်ပစ္စည်းကို အသက်သွင်းဖို့ လုပ်လိုက်ပါတယ်။

သူက ငတုံးငအ တော့မဟုတ်ပါဘူး..သူက အစစ်အမှန် အရည်စက် ရဲ့ အကူအညီနဲ့ သူရဲ့ဒဏ်ရာတွေကို တစ်ကြိမ် ကုသပြီးသွားပါပြီ ဒါပေမဲ့ သူက နောက်ထပ် ဒုတိယ တစ်ကြိမ် ကုသဖို့အတွက် တစ်ခြားနည်းလမ်း မရှိပါဘူး။ သူက ကျားပါးစပ်ထဲက အစာကို လုယူရဲမှတော့ ဒီရတနာဆေဘာဓါး ကို ပြန်လည်အသက်သွင်းဖို့ လုပ်ရပါလိမ့်မယ်။ ဒီနည်းလမ်းနဲ့ပဲ သူက နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင် အနည်းငယ် ကို ဆန့်ကျင် နိုင်မှာမဟုတ်လား?

သူက ကျန်းယွဲ့ဖုန်ရဲ့ ဆရာသခင်ဖြစ်ပီး သူတပည့်ရဲ့ သိုင်းပညာအားလုံးက သူသင်ပေးထားတာတွေပါ.. သူတို့က သိုင်းပညာတစ်ခုထဲကနေ ဆင်းသက်လာကြပြီး တော့ ဒါကပဲ ကျန်းယွဲ့ဖုန် ချန်ထားရစ်ခဲ့တဲ့ ဒီ ရတနာပစ္စည်းကို သူအသုံးပြုနိုင်ဖို့ ဖြစ်နိုင်ချေ အများကြီးရှိပါတယ်.။

ဒါကစွန့်စားရာ ကျပါတယ်။။ ဒါပေမဲ့ ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ သူအများကြီး ထပ်ပြီးတော့

စဉ်းစားမနေတော့ပါဘူး။

``မင်းက ငါ့ကို လျစ်လျူရှု ပုံတယ်ပေါ့လေ ဂျူနီယာကောင်လေး?``

သက်လတ်ပိုင်းလူကြီးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒီနေရာက လူတွေ အားလုံးဟာ အင်ပါယာမိသားစုရဲ့ အမွေဆက်ခံသူတွေ ဒါမှမဟုတ် အင်အားကြီးကလန် က လူတွေဖြစ်ပြီးတော့ သူတို့အားလုံးက အလွန်အမင်းမြင့်မားတဲ့ ဂုဏ်သိက္ခာတွေ ရှိကြပါတယ်။ ဂျူနီယာလေး တစ်ယောက်က သူတို့ရဲ့ အရှေ့မှာ ဒီလိုမျိုးမထီမဲ့မြင် လုပ်တာကို ဘယ်လိုလုပ်ပြီးတော့ သူတို့တွေသည်းခံနိုင်မှာလဲ?

သူက ချက်ချင်းပဲ လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ မူလစွမ်းအား ပုံစံက ရောမ လက်ဂါးကြီးပုံစံဖြစ်လာပြီးတော့ လင်းဟန်ဆီကို ဂင်လာပြီး ဖမ်းဆုပ်ကိုင် တော့ မယ်ပုံ မျိုးဖြစ်လာပါတယ်။

``လီယွမ် မင်းဆန္ဒက``

ချက်ချင်းဆိုသလိုပဲ တစ်စုံတစ်ယောက်က သူ့ကိုတားဖို့

အတွက် လှုပ်ရှားမှု တစ်ခု လုပ်လိုက်ပါတယ်ယ။ သူက လင်းဟန်ကို ကူညီဖို့ ကြိုးစားတာမဟုတ်ပါဘူး. ဒီ လီယွမ် က ဒီအခွင့်အရေးအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ လင်းဟန်ဆီက ရတနာဆေဘာ ကို ယူသွားမှာကို ကြောက်ရွံ့လို့ပဲ ဖြစ်ပါတယ်။

``ခွေးကောင်``

လီယွမ်မှာ ဒီလိုအကြံမျိုး ရှိတာသေချာပေမဲ့ သူ့ကို တားဆီးလိုက်တဲ့ လူကြောင့် ဒေါသ ထွက်သွားခဲ့ပါတယ်။ သူ့ကို တားလိုက်တဲ့ သူ့ရဲ့ တိုက်ခိုက်မှုကို သူက ချက်ချင်းပဲ ပြန်ပြီး တော့ ကာကွယ်လိုက်ရပါတယ်။

``ကောင်လေး ရတနာဆေဘာခါးကို လက်လွှတ်လိုက်စမ်း``

နောက်ထပ်လူတစ်ယောက်က ဆေဘာခါးကို လုယူဖို့ ပြင်လိုက်ပါတယ်။

``အဲဒါ ငါ့ဟာ``

``ငါ့ဟာကွ``

တိုက်ပွဲက စတင်ပြီးတော့ နောက်တစ်ကြိမ် ထပ်ဖြစ်လာခဲ့ပါတယ်။ သူတို့အားလုံးပဲ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ရင်းနဲ့ လင်းဟန်ရဲ့ အနားကို တိုးနိုင်အောင်လို့ ကြိုးစားနေကြပါတယ်။ ဒီကောင်လေးကို ဖမ်းနိုင်တာက ရတနာဆေဘာဓါးကို ရယူနိုင်လိမ့်မယ်လို့ ဆိုလိုတာပါပဲ။ လင်းဟန်ရဲ့ ကိုယ်ပိုင်စွမ်းအား အနေနဲ့ သူတို့ကို ခြိမ်းခြောက်နိုင်ဖို့ဆိုတာ လုံးဂမဖြစ်နိုင်ပါဘူး .. ဒီကောင်လေးက အခုမှ ဒြပ်စင်စုစည်းခြင်း အလွှာ ၅ အဆင့်ပဲရှိပါသေးတယ်။

``ခင်ဗျားတို့အားလုံးပဲ တော်ကြတော့``

လင်းဟန်က ချက်ချင်းဆိုသလို ထရပ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေနဲ့ အုပ်စု တစ်ခုလုံး အပေါ်ကို တုန်လှုပ်ခြောက်ခြားစရာကောင်းတဲ့ အကြည့်နဲ့ စိုက်ကြည့်လိုက်ပါတယ်။

သူတို့တွေအားလုံး အံ့အားသင့်ကုန်ပါတယ်။ ဒီလူငယ်လေးက ဒြပ်စင်စုစည်းခြင်း အဆင့်မျှနဲ့ သူတို့လိုမျိုး သူတို့ရဲ့ ကလန်ထဲက အကြီးအကဲ တွေထက်တောင်မှ သန်မာတဲ့ စစ်သည်တော်တွေရဲ့ အရှေ့မှာ ရပ်နေပံ့သလား။

သူတို့အားလုံးက လင်းဟာန်ရဲ့ အရှေ့မှာ ထူးထူးခြားခြားနဲ့ မပြောပနိုင်လောက်အောင် အားနည်းသွားသလို ခံစားလိုက်ရပါတယ်။

ဒါပေမဲ့ သူတို့က ချက်ချင်းဆိုသလို ပဲ ပုံမှန်ပြန်ဖြစ်သွားပါတယ်။ ဒီ ကောင်စုတ်ကလေး က သူတို့ကို တကယ်ပဲ ဒီလိုမျိုး ခံစားမှုကို ပေးစွမ်းနိုင်သလား?

ဒါက တကယ့်ကို ရှက်ဖွယ်လီလီပါပဲ။

``ရတနာဆေဘာဓါးကို လွှတ်ချလိုက်စမ်း``

လီယွမ်က လင်းဟာန်ဆီကနေ ဓါးကို လုယူဖို့ အတွက် နောက်တစ်ကြိမ် လှုပ်ရှားလိုက် ပါတယ်။

``ထွက်သွားစမ်း``

လင်းဟာန်က ဆေဘာဓါးကို ပွေ့ပြီးတော့ တစ်ချက် ခုတ်ပိုင်းလိုက်ပါတယ်။

``ရှွပ်``

ဆေဘာဓါးကနေပြီးတော့ ကြယ်တစ်စင်းလင်းလက်တောက်ပသလိုမျိုး အလင်းရောင် စူးစူး တစ်ခု ထွက်လာခဲ့ပါတယ်။

``ဖူးးး``

လီယွမ် ချက်ချင်းပဲ အနောက်ဘက်ကို သူ့ရဲ့ ဂမ်းဗိုက် နေရာကို လက်တစ်ဖက်နဲ့ ဖိပြီးတော့ ဒယိမ်းဒယိုင်နဲ့ ဆုတ်သွားပါတယ်။ သူ့ရဲ့ လက်တွေကြားကနေ လတ်လတ်ဆတ်ဆတ် သွေးတွေက ပန်းထွက်လာပြီးတော့ သူ့ရဲ့ မျက်နှာက ချက်ချင်းဆိုသလိုပဲ ဖြူဖတ်ဖြူလျော်ဖြစ်သွားပါတယ်။

``ဘာ``

ကျန်တဲ့သူတွေ အားလုံးပဲ အံ့အားသင့်ပြီးတော့ မျက်လုံးတွေပြူးကုန်ပါတယ် တစ်ခု သိရမှာက ဒီလီယွမ်က နွေဦးစမ်းရေအလွှာ အဆင့် ၉ လူတစ်ယောက်ဖြစ်ပြီးတော့ လင်းဟန်ရဲ့ ဆေဘာဓါးနဲ့တစ်ချက် ပေ့လိုက်တာကြောင့် သူက အမှန်တကယ်ပဲ ဒဏ်ရာရသွားခဲ့တယ်။ သူတို့အနေနဲ့ ဒါက အစစ်အမှန်ပါဆိုတာကို ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ?

ရတနာဆေဘာဓါး.. ဒါက ရတနာဆေဘာဓါးရဲ့ အစွမ်းပဲ ဖြစ်ရမယ်။

ပျက်စီးနေတဲ့ဂိဉာဉ်လက်နက်တွေ ရတာ က သူတို့အတွက်တော့ အသစ်အဆန်းမဖြစ်ဘာမှမထူးတော့ပါဘူး။ အဲဒီအရာတွေက သုံးစားလို့မရတာနဲ့ အတူတူပဲမဟုတ်လား။ ၎င်းတို့ရဲ့ တန်ဖိုးက ဒီစိတ်ဂိဉာဉ်ပစ္စည်းတွေရဲ့ အပေါ်က တံဆိပ်တွေမှာ ရေးထွင်းထားတဲ့ သိုင်းဆန္ဒ အပေါ်မှာပဲ မူတည်နေတာပါ။ ဒါပေမဲ့ လင်းဟန်က ဒီ ရတနာဆေဘာဓါးကို ရယူထားနိုင်ယုံမျှသာ ရှိပြီးတော့ ရတနာဆေဘာဓါးရဲ့ အစွမ်းကို အမှန်တကယ်ပဲ အသက်သွင်းနိုင်ခဲ့တယ်။ ဘယ်လောက်တောင်
မယုံကြည်နိုင်စရာကောင်းတဲ့လိုက်သလဲ?

လင်းဟန်က သူ့ရဲ့ လက်ထဲမှာ ဆေဘာဓါးကို ကိုင်ထားပြီးတော့ မေးလိုက်ပါတယ်။

``အခု ခင်ဗျားတို့အားလုံးပဲ ကျုပ် ကို အုပ်စုဖွဲ့ပြီးတော့ ကျီစားခြင်သေးသလား ဟင့်?``

သူတို့အားလုံးက အနောက်ဘက်ကို ခြေလှမ်းတွေမဆုတ်ပဲ မနေနိုင်ကြပါဘူး။ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ပဲရှိတဲ့ ဂျူနီယာငယ်လေး တစ်ယောက်က နွေဦးစမ်းရေ အဆင့်မြင့် သိုင်းပညာရှင်တွေကို ခြိမ်းခြောက်နိုင်စွမ်း ရှိတဲ့ အစွမ်းကို ရုတ်တရက် ပိုင်ဆိုင်သွားလိမ့်မယ်လို့ ဘယ်သူကထင်မိမှာလဲ?

လင်းဟန်က ငြိမ်ငြိမ်လေးနေဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ သူ့ရဲ့ လက်ထဲမှာကိုင်ထားတဲ့ ရတနာ ဆေဘာဓါးကို အဆက်မပြတ် ဝှေ့ယမ်းလိုက်ပြီး တောက်ပတဲ့ အလင်းရောင်တွေ ပြန့်နှံ့ထွက်ကုန်ပါတယ်။ ရတနာဆေဘာဓါး ရဲ့ အစွမ်းကို ဒီ နွေဦးစမ်းရေအဆင့်မျှသာရှိတဲ့ သိုင်းပညာရှင်တွေအနေနဲ့ ပြန်လည်ရင်ဆိုင်နိုင်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ရတနာဆေဘာဓါးရဲ့ အလင်းတွေက သူတို့အပေါ်ကို ကျရောက်သွားတာနဲ့ အားလုံးက ဒီတိုက်ခိုက်မှုရဲ့ အနောက်က စွမ်းအားကြောင့် လွှင့်ထွက်သွားကြပါတယ်။

``ဒါ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?.. ဒီကောင်လေးက အမှန်တကယ်ပဲ စိတ်ဂိဉာဉ်ပစ္စည်းကို ပြန်လည်အသက်သွင်းနိုင်တယ်ပေါ့လေ``

``ငါ ဒါကို မယုံနိုင်ဘူး.. စိတ်ဂိဉာဉ်ပစ္စည်းအားလုံးကို သူတို့ရဲ့ စိတ်ဂိဉာဉ်တွေ ပျက်ဆီးယိုယွင်းသွားတဲ့ အခါကျမှ အောင်အောင်မြင်မြင်နဲ့ ဖမ်းဆီးနိုင်တာ.. စွမ်းအားပြည့်ဝတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် စစ်သည်တော်တွေတောင်မှ သူတို့ရဲ့ စွမ်းရည်တွေကို အသက်သွင်းနိုင်ဖို့ မဖြစ်နိုင်ဘူး.. ဘယ်လိုဖြစ်လို့ ဒြပ်စင်စုစည်းခြင်း အဆင့် ပဲရှိသေးတဲ့ ကောင်လေးတစ်ယောက်က ဒီ စိတ်ဂိဉာဉ်ပစ္စည်းရဲ့ စွမ်းအားကို အမှန်တကယ်ပဲ အသက်ဝင်အောင် လုပ်နိုင်ခဲ့တယ်..``

လူတိုင်း လူတိုင်း က မယုံကြည်နိုင်လောက်အောင်ကိုပဲ အံ့အားသင့်နေကြပါတယ်။

ဒါပေမဲ့ သူတို့ အနေနဲ့ မယုံကြည်တော့ရော ဘာဖြစ်သေးလဲ? အခု လင်းဟန်ရဲ့ လက်နဲ့ ပြင်းထန်စွာ ဆုံးမခြင်းကို ခံစားခဲ့လိုက်ရပြီမဟုတ်လား။

``အား:::::::::::::::::::``

သူတို့အားလုံး ငယ်သံပါအောင် အော်ဟစ်လိုက်ကြပါတယ်။ အစောက လင်းဟန်က သူတို့ရဲ့ လက်ချက်နဲ့ များစွာသော ဒဏ်ရာတွေကို ခံစားခဲ့ရပြီး အခု ပြောင်းပြန်

ဖြစ်သွားခဲ့ပြီးတော့ သူ့အနေနဲ့ သူတို့ကို ဘယ်လိုလုပ်ပြီးတော့ သနားငဲ့ညှာနိုင်မှာလဲ? ဆေဘာဓါးဆီကနေ အလင်းရောင် ပေါ်လာတာနဲ့ သူတို့အားလုံးကို လွယ်ကူစွာနဲ့ပဲ အပြစ်ပေးဆုံးမခံလိုက်ကြရပါတယ်။

လွှီပုချန် ရဲ့ မျက်နှာကတော့ လုံးဝ မထိန်းချုပ်နိုင်အောင် တွန့်လိမ်သွားပါတယ်။ ကျေးဇူး တင်ရမှာက သူက လွှီယုထန်ကို ရပ်အောင်လို့ တားဆီးလိုက်ပြီးတော့ လင်းဟာန်ကို အုပ်စုဖွဲ့ အနိုင်ကျင့်တဲ့ အထဲမှာ မပါဝင်ခဲ့ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ဒီလိုမျိုး ပြန်ပြီးတော့ ပြစ်ဒဏ်ခတ် ဆုံးမခြင်း မခံရပါဘူး။

ဂျူနီယာ ကောင်လေးတစ်ယောက်ရဲ့ ဆုံးမခြင်းကို ခံရတယ်ဆိုတာက ဘယ်လောက်တောင်မှ အရှက်ကွဲလိမ့်မလဲ။

ဒါပေမဲ့ ဒီကောင်လေးက မွန်းစတား တစ်ကောင်ပဲလား? ဘာကြောင့် ရှေးဟောင်း စိတ်ဝိဉာဉ်ပစ္စည်းတစ်ခုကို သူက အသက်သွင်းနိုင်ရတာလဲ?

လင်းဟာန်က လီယွမ်နဲ့ ကျန်တဲ့သူတွေကို ပြင်းပြင်းထန်ထန် ဆုံးမပြီးတဲ့ အခါမှာ လွှီပုချန် ဆီကို တစ်ခဏမျှ

စူးစိုက်ပြီးကြည့်လိုက်ပါတယ်။ လင်းဟန်ဆီက ဒီအကြည့်က လွီပုချန်ရဲ့ နှလုံးသားအတွင်းမှာ အေးစက်မှုတွေကို ခံစားဖြစ်ပေါ်လာစေခဲ့ပါတယ်။ နောက်ဆုံးတော့ လင်းဟန်က သူ့ရဲ့ ဆေဘာဓါးလက်ကိုင်ရိုးကို နှိမ့်ချပြီး လျှို့ပှက်စွာနဲ့ သက်ပြင်းချလိုက်ပါတယ်။ ဒီဆေဘာဓါးက အရမ်းကို ပြင်းပြင်းထန်ထန် ပျက်စီးနေပြီး အတွင်းမှာရှိတဲ့ စိတ်ဂိဉာဉ်က လဲ သေဆုံးသွားခဲ့တာကြာပါပြီ.. တစ်ခုတည်းသော အကြောင်းအရာက ၎င်းမှာ သေးငယ်လှတဲ့ အသိဉာဏ်အစ တစ်ခု ကျန်ရစ်နေပါတယ်။ သူက ဒီ အသိဉာဏ်အစလေး ကို အသက်သွင်းနိုင်ခဲ့တာကလဲ သူ့ရဲ့ သိုင်းဆန္ဒက ကျန်းယွဲ့ဖုန်ရဲ့ သိုင်းဆန္ဒနဲ့ တူညီနေလို့ပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဒီ သေးငယ်လှတဲ့ အသိဉာဏ်အစလေး လုံးဝ ပျက်စီးမသွားခင်မှာ ၎င်းကို အကြိမ်ပေါင်း များစွာ အသုံးပြုဖို့ မဖြစ်နိုင်ပါဘူး။

အဲဒီအချိန်ကျယင် ထက်မြက်နေတာကလွဲလို့ ဒီဆေဘာဓါးနဲ့ သာမာန်လက်နက်တွေ နဲ့ ဘာမှမထူးခြားတော့ပါဘူး။

``လင်းဟန် နင် အဆင်ပြေရဲ့လား``

လွီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး တစ်ချိန်တည်းမှာပဲ

ရှေ့ကို တိုးလာခဲ့ကြ ပါတယ်။

``ဒီကောင်လေးက ဘယ်လိုလုပ်ပြီးတော့ အဆင်မပြေစရာရှိနိုင်မှာလဲ? မင်းတို့နှစ်ယောက်စလုံး မမြင်ဖူးလား ကျန်တဲ့သူတွေကို ဘယ်လိုမျိုး ပြင်းပြင်းထန်ထန် ဆုံးမသွားတယ်ဆိုတာကိုပေါ့?``

လို့ပုချန် က သူ့စိတ်ထဲမှာ သရော်ပြီး တွေးလိုက်ပါတယ်။

လင်းဟန်ရဲ့ ခေါင်းထဲမှာ ပြဿနာပေါင်းစုံ ရဲ့ အတွေးတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ဒါကြောင့်သူက အဲဒီမိန်းကလေးနှစ်ယောက်ကို ခေါင်းငြိမ့်ပြပြီးတော့ဆေဘာဓါးကို ယူပြီး သူ့ရဲ့ကိုယ်ပိုင် တဲဆီကို ပြန်လာခဲ့လိုက်ပါတယ်။

သူက တစ်ခြားလူတွေအများကြီးကို ဒဏ်ရာ ရစေခဲ့ပါတယ်။ ဒါက ရတနာတွေ အပေါ်မှာ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ပြီးတော့ ဒဏ်ရာ ရကြတယ် ဆိုတာ သဘာဝပါပဲ... ဒ့ါအပြင် ပူဆောင်လင်းရဲ့ ထောက်ခံမှု နဲ့ ပူဆောင်လင်းရဲ့ မျက်နှာသာ ပေးမှုတွေကြောင့် သူ့ကို ဘယ်သူကများ တစ်ခြား ဘာတွေပြောရဲဦးမှာလဲ?

ဒ့ါအပြင် ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ပဲရှိသေးတဲ့ လူငယ်တစ်ယောက် နဲ့ ယှဉ်ပြိုင် ပြီးတော့ နွေဦးစမ်းရေ အဆင့်သိုင်းပညာရှင် အုပ်စုက ရှုံးနိမ့်သွားပြီး သူတို့ရဲ့ ဂုဏ်သိက္ခာ တွေက ကျဆင်းသွားခဲ့ရတယ်ဆိုတာကို တစ်ခြား သူတွေကို သူတို့ အနေနဲ့ ဘယ်လိုမှ ထုတ်ဖော်ပြီးတော့ ပြောမှာမဟုတ်ပါဘူး။

လင်းဟန်က သူ့ရဲ့ တဲထဲမှာ ထိုင်ချလိုက်ပြီး ဆေဘာဓါးကို သူ့ရဲ့ ပေါင်ပေါ်မှာထားပြီး တော့ နီးနီးကပ်ကပ်နဲ့ လေ့လာနေပါတယ်။

တကယ်လို့ ၎င်းရဲ့အတွင်းက စိတ်ဂိဉာဉ်က မသေဆုံးသေဘူးဆိုယင် သူ့ရဲ့ လက်ရှိအစွမ်း ပေါ်အခြေခံမယ်ဆိုယင် ဒီဆေဘာဓါးကို သူ ထိန်းချုပ်နိုင်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ဒီ ဆေဘာဓါးက အရှိန်အဂ္ဂါ အနည်းငယ် တစ်ခုလောက် ပဲ ထုတ်လွှတ်လိုက်ယုံနဲ့ သူ့ကို သတ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခု ဒီဆေဘာဓါးက သူ့ကို နီးကပ်စွာနဲ့ လေ့လာနိုင်ဖို့အတွက် အခွင့်အရေးပေးနေပါတယ်။

ကျန်းယွဲ့ဖုန် က ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားခဲ့တယ်.။

လင်းဟန်က ပထမဦးစွာ ဒီအချက်အလက်ကို အတည်ပြုခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဆေဘာခါးပေါ်က တံဆိပ်မှာ ရေးထွင်းထားတဲ့ သိုင်းဆန္ဒ ရဲ့ အဆင့်က သူရဲ့ယခင် ဘ၀ တုန်းက သူကိုယ်ပိုင်အဆင့်နဲ့ ညီမျှလို့နေပါတယ်။ ဒါကြောင့် မေးစရာတောင် မလိုပဲနဲ့ ဒီ စိတ်ဂိဉာဉ်ပစ္စည်းဟာ ကျန်းယွဲ့ဖုန်း ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီးချိန်မှာ အရည်ကျို ပုံသွင်းလုပ်ခဲ့တာပါပဲ။

ဒါပေမဲ့ ကောင်းကင်အဆင့်စစ်သည်တော်တစ်ယောက်ရဲ့ လက်နက်တစ်ခုက အမှန်တကယ်ပဲ တိုက်ပွဲမှာ ပြင်းပြင်းထန်ထန် ပျက်စီးခဲ့ပြီး ၎င်းရဲ့ စိတ်ဂိဉာဉ်ပစ္စည်းထဲက စိတ်ဂိဉာဉ်တောင်မှ သေသွားခဲ့ပါတယ်။

ဘယ်လိုမျိုး ရန်သူနဲ့ ကျန်းယွဲ့ဖုန်း အမှန်တကယ် တွေ့ကြုံခဲ့ရတာလဲ?

အပိုင်း(၁၂၂) နတ်ဘုရားရဲ့အလင်း

ထို့အပြင် ကျန်းယွဲ့ဖုန်ရဲ့ ပါရမီဟာ သူ့တပည့်တွေ အကုန်လုံးထဲမှာ အနိမ့်ဆုံး ဖြစ်ပါတယ်..။ သူ

ကောင်းကင်အဆင့်ကို ချိုးဖြတ်နိုင်တဲ့အချိန်မှာ သူ့ရဲ့တစ်ခြားတပည့်သုံးယောက်ဟာလည်း သေချာပေါက် ကောင်းကင်အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့ပြီး ဖြစ်လောက်ပါတယ်..။ သူတို့လေးယောက် အင်းအား ပေါင်းစည်းလိုက်ရင် သူတို့ကို ဘယ်သူမှ ခုခံနိုင်လိမ့်မှာ မဟုတ်ဘူးလို့ လင်းဟန် တွေးမိလိုက်တယ်..

ကျန်းယွဲ့ဖုန်ရဲ့ လက်နက်ဟာ ကြီးမားတဲ့ တိုက်ပွဲကြီးတစ်ခု ဖြစ်ခဲ့ပုံပေါ်တဲ့ နေရာမှာ လုံးဝကို ပျက်စီးသွားခဲ့ကာ တစ်ခြား စိတ်ဝိညာဉ်လက်နက်တွေနဲ့အတူ မြေအောက်မြစ်ရေပေါ်မှာ မျောပါလာခဲ့တာ ဖြစ်နိုင်ပါတယ်..

အဲ့ဒီနေရာမှာ ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တွေကြားထဲက တိုက်ပွဲတစ်ခုများ ဖြစ်ခဲ့တာများလား..?

လင်းဟန်ဟာ ဆေဘာဓားရဲ့ ဓားသွားပေါ် ခပ်ဖွဖွ ခေါက်လိုက်ပြီး..ဘယ်လိုပဲ ဖြစ်ဖြစ် မြေအောက်မြစ်ရဲ့ အရင်းအမြစ်ဆီကို တစ်ချက်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်..

ဒါပေမဲ့ သူ စိတ်ဝိညာဉ်လက်နက်ကို အသက်သွင်းနိုင် ခဲ့ပြီး

နွေဦးစမ်းရေ အဆင့် လက်ရွေးစင် အုပ်စုကြီးကို တောင်မှ ရှုံးနိမ့်စေခဲ့ပါတယ်..ဒါက အဆင့်မြင့်တဲ့အဆင့်ကလူတွေရဲ့ အာရုံစိုက်မှုနဲ့ စိတ်ဝင်စားမှုကို ဖြစ်ပေါ်လာစေခဲ့တယ်.. ဒ့ါကြောင့် စိတ်ဝိညာဉ် လက်နက်တွေရဲ့ လျှို့ဝှက်ချက်ကို အတူလေ့လာဖို့ လင်းဟန်ကို ဖိတ်ခေါ်ခဲ့ကြပါတယ်..

လင်းဟန်က မငြင်းဆန်ခဲ့ပါဘူး..သူလည်း တစ်ခြား စိတ်ဝိညာဉ်လက်နက်တွေကို တစ်ချက် ကြည့်ချင်နေခဲ့တာပါ..

ရလဒ်အနေနဲ့ အဲ့ဒီညမှာ သူ့ရှေ့က စားပွဲပေါ်မှာ စိတ်ဝိညာဉ်လက်နတ် ၁၁ခုလောက် ရှိနေခဲ့ပါတယ်..လက်နက်တွေ အကုန်လုံးက ထိခိုက်ထားတာကြောင့် အတော်လေးကို ဟောင်းနွမ်းစုတ်ပျက်နေပုံ ပေါက်ပါတယ်..

"မိတ်ဆွေလေး လင်း,စိတ်ဝိညာဉ် လက်နက်ကို ဘယ်လို ပြန်အသက်သွင်းနိုင် ခဲ့တာလဲ..?"ကျောက်ကလန်က စိတ်ဝိညာဉ်ပင်လယ်အဆင့် စစ်သည်က မေးလိုက်ပါတယ်..သူ့ရဲ့ နာမည်က ကျောက်ဝူရွှဲ့ ဖြစ်ပြီး သူငယ်ရွယ်နပျိုစဉ်က တော်ဝင်လူသားဝူရွှဲ့ လို့ခေါ်ဆိုခဲ့ကြပါတယ်..တစ်ချိန်က ချစ်ရေးချစ်ရာမှာ

သူ့ရဲ့နာမည်ဂုဏ်သတင်းဟာ အင်ပါယာမြို့တော်တစ်ခုလုံး ကျော်ကြားခဲ့ပါတယ်..အခုတော့ သူရဲ့နေဝင်ချိန်ကို ရောက်ရှိနေပါပြီ..ဒါ့ကြောင့် သူ့ရဲ့ ငယ်ရွယ်စဉ်အချိန်က ဆွဲဆောင်မှုနဲ့ တင့်တယ်မှုတွေဟာ အတိတ်မှာကျန်နင့်ခဲ့ပါပြီ..

ဒီလူအိုကြီးဟာ စိတ်ဝိညာဉ်ပင်လယ်အလွှာ ၉အဆင့်ဖြစ်ပြီး နှစ်အတော်ကြာ ဒီအဆင့်မှာ တစ်နေခဲ့တာပါ..စိတ်ဝိညာဉ်ပုလ္လင် အဆင့်ကို ချိုးဖြတ်နိုင်ပြီး တိုးတက်လာခဲ့ရင်တောင်မှ သူ့ရဲ့အဆင့်အသစ်မှာ ပျော်ရွှင်ဖို့ နှစ်ပေါင်းများစွာ
ရရှိလိမ့်မှာမဟုတ်ပါဘူး..နောက်ဆုံးမှာတော့
ပန်းဖူးအဆင့်ကို မချိုးဖျက်နိုင်င်သေးတဲ့ မည်သူမဆို အကုန်လုံးက သေမျိုးတွေချည်းပါပဲ..ပိုပြီးသန်မာတဲ့ သေမျိုးလား မဟုတ်ရင် ပိုအားနည်းတဲ့သေမျိုးလား ထိုအရာသာလျှင် ကွာခြားချက်ရှိပါတယ်..

လင်းဟာန်က ပြုံးပြီးပြောလိုက်ပါတယ်..
"ကျွန်တော် မသိဖူး..ကျွန်တော် စိတ်ဝိညာဉ်လက်နတ်ကိုပဲ လုယူခဲ့တာပါ ပြီးတော့ ဘာ့ကြောင့်မှန်းမသိ စိတ်ဝိညဉ်လက်နတ်ရဲ့ အသိအမှတ်ပြုမှုကို အားမထုတ်လိုက်ရဘဲ ရလာခဲ့တာ..."*******

ထိုင်နေကြတဲ့ လူအိုကြီး ဂယောက်လုံးဟာ မယုံကြည်နိုင်တဲ့ အမူအရာတွေပေါ်လာတယ်..ဒါပေမဲ့ လင်းဟန်က ဂူဆောင်လင်းကို ကိုယ်စားပြုတာကြောင့် သူတို့ဘယ်လောက်ပဲ သဘောမကျပါစေ..ပွင့်ပွင့်လင်းလင်းတော့ မဖော်ပြရဲပါဘူး..

ကျောက်ဂူရွှဲ့က ပြုံးလိုက်ပါတယ်..
"အဲ့ဒါက ဒီလိုရင် တကယ့်ကို တိုက်ဆိုင်တာပဲ..သူငယ်ချင်းလေးလင်းက ဒီလိုတိုက်ဆိုင်မှုမျိုးကို မမျှော်လင့်ပဲ ကြုံကြိုက်ရတဲ့သူ တစ်ယောက်ပဲ.."

"အဲ့ဒါ အမှန်ပဲ..ဒီလို တိုက်ဆိုင်မှုမျိုး ဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့ဖူးဘူး.."လင်းဟန်က စားပွဲပေါ်က စိတ်ဝိညာဉ် လက်နက်ကို ကောက်ယူလိုက်ရင်း ရယ်မောလိုက်ကာ လက်နတ်ကို အနီးကပ် လေ့လာလိုက်ပါတယ်..

လူအိုကြီး ဂယောက်က သူ့ကို မတားဆီးခဲ့ပါဘူး..သူတို့အကုန်လုံး လင်းဟန်ရဲ့ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်နေခဲ့ကြတယ်..ဒီ စိတ်ဝိညာဉ်

လက်နက်တွေကို အသက်သွင်းနိုင်မဲ့ သော့ချက်က လင်းဟန်ရဲ့ ထူးခြားတဲ့ လှုပ်ရှားမှုတစ်ခုလည်း ဖြစ်နေနိုင်ပါတယ်..ဒါကြောင့် သူတို့က လင်းဟန်ရဲ့ လှုပ်ရှားမှု တစ်ခုချင်းစီတိုင်းကို အလွတ်ခံလိမ့်မှာ မဟုတ်ပါဘူး..

ဒါပေမဲ့ သူတို့ရဲ့ ကံတရားကတော့ စိတ်ပျက်ဖွယ်ရာပါ.. လင်းဟန်က အဲ့ဒီ စိတ်ဝိညာဉ်လက်နက်တွေကို အမှန်တကယ် လေ့လာရုံသက်သက် ဖြစ်နေခဲ့တာကြောင့်ပါ..

အဲ့ဒီစိတ်ဝိညာဉ် လက်နက်တွေ အကုန်လုံးဟာ အတော်လေး ထိခိုက်ထားပြီး လက်နက်အချို့ရဲ့ စိတ်ဝိညာဉ်တွေဆိုရင် လုံးဝကို ယိုယွင်းနေခဲ့ပါပြီ..ဒါ့အပြင် လက်နက်တွေပေါ်က တံဆိပ်တော်ထဲမှာ ထွင်းထုထားတဲ့ သိုင်းဆန္ဒတွေဟာ လင်းဟန်ရဲ့ သိုင်းဆန္ဒတစ်ခုနဲ့ လုံးဝကို မတူညီတဲ့ အရာတွေရှိနေပါတယ်..ဒါ့ကြောင့် ဒီစိတ်ဝိညာဉ်လက်နက်တွေဟာ လင်းဟန်အတွက်တော့ အမှိုက်နဲ့ အတူတူပါပဲ..

ဒါပေါ့..တံဆိပ်တော်ထဲမှာ ထွင်းထုထားတဲ့ သိုင်းဆန္ဒဟာ လေ့လာဖို့အတွက်တော့ မြင့်မားတဲ့တန်ဖိုးကို

ပိုင်ဆိုင်ထားတုန်းပါ..ဒီလက်နက်တွေ အကုန်လုံးက စွမ်းအားပြည့် ကောင်းကင်အဆင့် စစ်သည်တော်တွေ ထုလုပ်ခဲ့တဲ့ စိတ်ဝိညာဉ် လက်နက်အဆင့် ၉တွေဖြစ်တယ်ဆိုတာ အတည်ပြုနိုင်ခဲ့ပါတယ်

သူ အသက်ရှင်သန်ခဲ့စဉ်အချိန်က ကောင်းကင်အဆင့်စစ်သည် ၇ယောက်မျှသာ ရှိပါတယ်..သူသေဆုံးပြီးတဲ့နောက်မှာ သူ့ရဲ့ တပည့်လေးယောက်က လျှင်မြန်စွာ ကောင်းကင်အဆင့်ကို တတ်ရောက်ခဲ့တယ် ဆိုရင်တောင်မှ ကောင်းကင်အဆင့် စစ်သည်ဆယ်ယောက်သာလျှင် ရှိမှာပါ..

ဒါပေမဲ့ ဒီမှာ စိတ်ဝိညာဉ်လက်နတ် ၁၁ခုရှိနေပြီးထွင်းထုထားတဲ့ သိုင်းဆန္ဒတွေက တစ်ခုနဲ့တစ်ခု မတူညီကြပါဘူး..တစ်နည်းပြောရရင် အဲ့ဒီလက်နက်တွေကို ကောင်းကင်အဆင့် စစ်သည် ၁၁ယောက် ထုလုပ်ခဲ့တာ ဖြစ်ပါတယ်..

ဒီ စိတ်ဝိညာဉ်လက်နတ်တွေဟာ သူတို့ အောင်မြင်စွာ ဆယ်ယူနိုင်ခဲ့တဲ့ fished အရာတွေပဲရှိပါသေးတယ်..အခုထိ မဖမ်းor မဆယ်ယူနိုင်သေးတဲ့ စိတ်ဝိညာဉ်တွေ မပျက်စီးသေးတဲ့ လက်နက်တွေတောင်မှ

အရေအတွက်အများကြီး ကျန်ပါသေးတယ်.

အဲ့ဒီအရေအတွက်အရဆိုရင် ကောင်းကင်အဆင့် စစ်သည် ဘယ်လောက်တောင် ဒီနေရာမှာ ရှိခဲ့တာလဲ..?

တစ်ရာလား......? တစ်ထောင်လား....?

ဘာလို့ အဲ့လောက်တောင် များနေရတာလဲ..?

လင်းဟန် နားမလည်ခဲ့ပါဘူး..သူသေဆုံးပြီးတဲ့နောက် သိုင်းပညာနယ်ပယ်မှာ ရွှေခေတ်ဖြစ်လာပြီး ကောင်းကင်အဆင့် စစ်သည်တော်တွေ တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်လာခဲ့တာများ ဖြစ်နိုင်မလား..?အခြေအနေက အဲ့လိုမှမဟုတ်ရင် တစ်ခြား ဘာများ ဖြစ်နိုင်ဦးမှာလဲ..?

သူက တစ်ခြား စိတ်ဝိညာဉ်လက်နက် ၁၀ခုကိုလဲ အနီးကပ် လေ့လာနေခဲ့တယ်..သူတို့ပေါ်မှာ ထွင်းထုထားတဲ့ သိုင်းဆန္ဒတွေအကုန်လုံးက သူနဲ့မရင်းနှီးပါဖူး ဒါကြောင့် ဒီပစ္စည်း တွေက သူနဲ့ခေတ်ပြိုင် ကောင်းကင်အဆင့်စစ်သည်တော်ခြောက်ယောက်ရဲ့ ဟာတွေလုံးဝ မပါဝင်ပါဖူး..

မြေအောက်မြစ်ရဲ့ အရင်းအမြစ်ဆီကို မသွားဖူးဆိုရင် သူ့အတွက် အချက်အလက်တွေ ပိုရရှိဖို့ မဖြစ်နိုင်တဲ့ ပုံပါပဲ..

လင်းဟန်က ခေါင်းခါလိုက်ပြီး စိတ်ဝိညာဉ်လက်နက်ကို စားပွဲပေါ် ပြန်ထားလိုက်ပါတယ်..
"လူတိုင်းပဲ..,?မြေအောက်မြစ်ရဲ့အရင်းအမြစ်ဆီကို မမြင်နိုင်တဲ့ အတားအဆီးကို ကျော်ဖျက်ပြီး သွားနိုင်ဖို့ နည်းလမ်းတစ်ခုခုများ စဉ်းစားမိကြလား..?"******

သူတို့ကို "လူတိုင်း"လို့ ခေါ်တာကို ကြားလိုက်ရတဲ့အခါ..ကျောက်ဝူရှဲ့နဲ့ တစ်ခြားသူတွေအကုန်လုံး မကျေနပ်တဲ့ အမူအရာတွေ ထွက်ပေါ်လာခဲ့တယ်..

သိုင်းပညာ အဆင့်တွေဟာ အတော်လေးကို တိကျတင်းကြပ်ပါတယ်..ဒြပ်စင်စုစည်းခြင်း အဆင့်ပဲရှိသေးတဲ့ ဒီကောင်လေးက အမှန်တကယ်ကိုပဲ သူတို့ရှေ့မှာ သာ
မန်ကာ လျှံကာပြုမူရဲတယ်လား..?ဒါပေမဲ့ လင်းဟန်က ဝူဆောင်လင်းကို ကိုယ်စားပြုပါတယ်..ဝူဆောင်လင်း စိတ်ဝိညာဉ် ပုလ္လင်အဆင့်ဖြစ်ပြီး သူတို့တွေထက် အများကြီး

ပိုသန်မာပါတယ်..ဒ့ါကြောင့် ဝူဆောင်လင်းရဲ့ ကိုယ်စားလှယ်က သူတို့နဲ့ တန်းတူရည်တူ ဆက်ဆံနိုင်တဲ့ အခွင့်အရေး အမှန်တကယ်ကိုပဲ ရှိပါတယ်..

သူတို့အကုန်လုံး စိတ်ထိခိုက်စွာနဲ့ ဝူဆောင်လင်နဲ့ပတ်သက်ပြီး စတင်ညည်းညူမိကြတယ်..ဘာလို့ သူက ဒီလို ကိုယ်စားလှယ်မျိုးကို စေလွှတ်လိုက်ရတာလဲ..? ဒါက ငါတို့ကို တမင်သက်သက် စော်ကားတာ မဟုတ်ဘူးလား..?

"အဲ့ဒီ တားဆီးမှုကို ချိုးဖြတ်ဖို့ မဖြစ်နိုင်ဘူး..စိတ်ဝိညာဉ် ပုလ္လင်အဆင့် စစ်သည်တွေတောင်မှ အဲ့ဒါကို ချိုးဖျက်နိုင်လိမ့်မှာ မဟုတ်ဘူး.....ဒါပေမဲ့....အဲ့ဒီလူသာ လာဖို့ဆန္ဒရှိရင်...."ကျောက်ဝူရွဲ့ဟာ ခေါင်းခါလိုက်ပါတယ် ဒါပေမဲ့ နောက်ဆုံးစကားကို ပြောတဲ့အခါမှာတော့ သူ့မျက်လုံးတွေက လူအိုကြီးတစ်ယောက်ကို ကြည့်နေခဲ့ပါတယ်..

ထိုသူက အင်ပါယာချီမိသားစုက ဖြစ်ပြီး သူ့နာမည်က ချီကျိုးရှမ် ဖြစ်ပါတယ်..

တစ်ခြား စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်

၅ယောက်လုံး ခေါင်းငြိတ်လိုက်ကြတယ်..
"အဲ့ဒီလူ.."ဆိုတာက အမှန်တော့ ချီကာလန်ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ပန်းဖူးအဆင့် စစ်သည်တစ်ယောက်ပါ...သူတို့ရဲ့အမြင်မှာ ပန်းဖူးအဆင့်ဟာ ဒီကမ္ဘာမှာ အသန်မာဆုံး အဆင့်ဖြစ်ပြီး မဖြစ်နိုင်တာတွေကို လုပ်နိုင်စွမ်း ရှိပါတယ်..

လင်းဟန်ကတော့ အဲ့ဒီထင်မြင်ချက်ကို သဘောမတူပါဘူး..ပန်းဖူးအဆင့်ဟာ သေခြင်းတရားရဲ့ ကန့်သတ်ချက်အတိုင်းအတာကို အမှန်တကယ် ချန်ထားခဲ့နိုင်ပြီး မယုံနိုင်စရာ စွမ်းအားတွေကို ပိုင်ဆိုင်ထားပါတယ်.. ဥပမာ...နှစ်သုံးရာအထိ သက်တမ်းရှိပြီး ကောင်းကင်တစ်ခွင် ပျံသန်းနိုင်ခြင်း တွေကို ပိုင်ဆိုင်ကြပါတယ်..

ဒါပေမဲ့ ဒီမှာရှိတဲ့ စိတ်ဝိညာဉ်လက်နတ်တွေအကုန်လုံးက အဆင့်၉ လောက်ထိ မြင့်မားပါတယ်..ပန်းဖူးအဆင့် ၆အဆင့်မှာရှိတဲ့ သိုင်းပညာရှင်က အဆင့်၉ စိတ်ဝိညာဉ်လက်နက်တွကို ဘယ်လို ယှဉ်နိုင်မှာလဲ..?ဒါ့အပြင် ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တွေတောင် တိုက်ပွဲမှာ သေဆုံးခဲ့ရတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်..ဒါ့ကြောင့် ဒီမမြင်နိုင်တဲ့

နံရံအတာအဆီးကို ပန်းဖူးအဆင့် သိုင်းပညာရှင်က ဘယ်လို ဖြိုခွဲနိုင်ပါ့မလဲ..?

လင်းဟန်ဟာ ဒီအချက်တွေကိုတော့ ထောက်မပြခဲ့ပါဘူး..အတော်လေး တုန်လှုပ်စရာကောင်းတဲ့ အကြောင်းအရာ
တစ်ခုဖြစ်နေတာကြောင့်ပါ..သိုသိုသိပ်သိပ်နေတာက သူ့အတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်..

"မနက်ဖြန်ကျရင် ကျွန်တော် တစ်ချက် သွားကြည့်ချင်တယ်.."

ချက်ချင်းဆိုသလိုပဲ ကန့်ကွက်တာတွေရှိလာပါတယ်..ဒါပေမဲ့ သဘောတူတဲ့သူကတော့ ပိုများပါတယ်..

"မိတ်ဆွေလေး..ကြိုက်သလို လုပ်ပါ..သင်က ဂရန်းမာစတာဝူကို ကိုယ်စားပြုတယ်လေ..ဒါကြောင့် သင့်တော်သလိုသာ လုပ်ပါ.."ချီကျိုးရှမ်က အပြုံးနဲ့ ပြောလိုက်တယ်...

"သေစမ်း...ဘယ်လို ဟန်ဆောင်ပြုံးကြီးလဲဟ.."
လင်းဟန် တိတ်တိတ်လေး တွေးလိုက်မိတယ်..ထိုလူ၇

ယောက်ဟာ သူ့ကို မယုံသင်္ကာဖြစ်နေတုန်းပဲဖြစ်ပြီး ပိတ်ဆို့နေတဲ့အရာကို ချိုးဖြတ်နိုင်တဲ့ အထူးနည်းလမ်းကို မြင်ချင်နေခဲ့တယ်ဆိုတာ လင်းဟန်သိပါတယ်...ဒါပေမဲ့ သူ့ရဲ့အတွေးတွေကို ထုတ်ဖော်မပြောသခဲ့ပါဘူး..အဲ့ဒီအစား ရတနာဆေဘာဏားကို မယူခင် ရိုးရှင်းစွာ ခေါင်းညိတ်ပြလိုက်ပြီး ထွက်လာခဲ့ပါတယ်..

နောက်တစ်နေ့ မနက်မှာတော့ လင်းဟန်ဟာ လွီယုထန်၊ လီစီချန်းတို့နဲ့အတူ မြစ်ရဲ့ ရေဆန်လမ်းကြောင်းအတိုင်း လိုက်သွားခဲ့ပါတယ်..

သူက မူလက တစ်ယောက်ထဲ သွားဖို့ ရည်ရွယ်ခဲ့တာပါ..ဒါပေမဲ့ မိန်းကလေးနှစ်ယောက်ရဲ့ တောင်းဆိုချက်ကို သူ မငြင်းဆန်နိုင်ခဲ့တဲ့အတွက် သူတို့နှစ်ယောက်ကိုပါ
အတူခေါ်လာခဲ့တာပါ..သူ့နောက်မှာတော့ ကျောက်ဝူရွှဲ့နဲ့တစ်ခြားသူတွေ လိုက်ပါလာခဲ့တယ်..အရင်ညက သူတို့ရဲ့ဆွေးနွေးပွဲမှာ မပါဝင်ခဲ့တဲ့ သူအနည်းငယ် အပါအဝင် အားလုံးပေါင်းလိုက်ရင် စိတ်ဝိညာဉ်ပင်လယ်အဆင့် သိုင်းပညာရှင် ၁၄ယောက်ရှိပါတယ်..ဒီနေ့တော့ သူတို့အကုန်လုံး လာခဲ့ကြတာပါ..

ဒီမြေအောက်မြစ်ရဲ့ အရင်းအမြစ်က တောင်ခြေတစ်ခုမှာ ဖြစ်ပြီး ဆက်သွားဖို့ လမ်းမရှိတော့ပါဘူး..ရှေ့ဆက်သွားဖို့ ရေထဲသို့ ဒိုင်ဗင်ထိုးရုံသာလျှင် ရှိပါတယ်..

ရေဘယ်လို ကူးရမယ်ဆိုတာမသိတဲ့ သိုင်းပညာရှင်ရယ်လို့ မရှိပါဘူး..ဒါကြောင့် သူတို့အကုန် ရေထဲကို ဆင်းလိုက်ကြတယ်..သူတို့ရှေ့က အရာအားလုံး မည်းမှောင်သွားတဲ့အခါ ရှေ့ကို အများကြီး မသွားနိုင်ခဲ့ပါဘူး..သူတို့ နည်းနည်းဆက် သွားလိုက်ရင် သူတို့လက်ချောင်းတွေကိုတောင်မှ မြင်ရလိမ့်မှာ မဟုတ်တော့ပါဘူး..မြစ်ရေရဲ့ အရိုးထဲထိ စိမ့်တဲ့အအေးဓာတ်တစ်ခု ကိုသာလျှင် ခံစားရပါတော့တယ်..****

ကံကောင်းထောက်မစွာပဲ မြေအောက်မြစ်ထဲမှာ ပျံ့နှံ့နေတဲ့ လေထုရှိနေပါတယ်..မဟုတ်ရင် သာမာန်လူတွေထက် ဘယ်လောက် ပိုကောင်းအောင် အသက်အောင့်ထားနိုင်တယ်ဆိုဆို အဝေးကြီး ကူးနိုင်လိမ့်မှာ မဟုတ်ပါဘူး...

တစ်နာရီလောက် ကြာပြီးတဲ့နောက်မှာ သူတို့ရှေ့မှာ ခုန်ကူးနေတဲ့ အလင်းစက်လေးတွေ ပေါ်လာခဲ့တယ်..

အစက သူတို့တွေ တောင်ရဲ့ထွက်ပေါက်ကို ရောက်ပြီလို့ ထင်ခဲ့မိတာပါ..ဒါပေမဲ့ လျှင်မြန်စွာပဲ တစ်စုံတစ်ခု မှားယွင်းနေတာကို သတိထားမိလိုက်တယ်..အဲ့ဒါတွေက အမှန်တကယ်တော့ အလင်းတန်းတွေ ထွက်ပေါ်နေတဲ့ စည်းတဆိပ်တွေဖြစ်ပြီး သူတို့ရှေ့မှာ ပိုက်ကွန်သဖွယ် ရှေ့ဆက်သွားလို့မရအောင် တားဆီးထားပါတယ်...

"ဒါက..........နတ်ဘုရားရဲ့အလင်းပဲ"

Chapter 123 အခွင့်အာဏာကို ကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်ခြင်း

သူ့ရဲ့ အရင်ဘဝမှာ ရှေးဟောင်းသမိုင်းဝင် နေရာတော်တော်များများကို စွန့်စားသွားလာခဲ့ပြီး သူတို့ထဲက တစ်ချို့မှာ ဒီ နတ်ဘုရားအလင်းတွေ ရှိပါတယ်..

ကောင်းကင်အဆင့်ရဲ့အထက်မှာ စကြာဝဠာအဆင့်ရှိပြီး..အဲ့ဒီအဆင့်ကို ရောက်ရှိတဲ့သူတွေဟာ စကြာဝဠာကို ခွဲနိုင်တဲ့ အစွမ်းရှိကာ နတ်ဘုရားတွေအဖြစ်ကို အမှန်တကယ် ပြောင်းလဲသွားတယ်လို့ ပြောကြပါတယ်..ဒါ့ကြောင့်

စကြာဝဠာအဆင့်ရဲ့ အဆုံးမဲ့စစ်သည်တွေ ချထားခဲ့တဲ့ ကန့်သတ်ခြင်းတွေကို နတ်ဘုရားအလင်းအဖြစ် လူသိများပါတယ်...

သူ့ရဲ့ အတိတ်ဘဝမှာ စကြာဝဠာအဆင့်ကို ချိုးဖြတ်နိုင်မဲ့ နည်းလမ်းကိုရှာဖွေနေခဲ့တာကြောင့်..လင်းဟန်ဟာ သူ ရှာဖွေနိုင်တဲ့ ရှေးဟောင်းသမိုင်းဝင်နေရာတွေ အကုန်လုံးနီးပါး လိုက်လံရှာဖွေခဲ့ပါတယ်..ရလဒ်အနေနဲ့ နတ်ဘုရားအလင်းတွေကို အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးတယ်..

ကောလာဟလတွေအပေါ်........အများကြီး မမှီခိုနိုင်ပါဘူး...

သူ့ရဲ့ကောက်ချက်အရဆိုရင် နတ်ဘုရားအလင်းတွေကို စကြာဝဠာအဆင့် စစ်သည်တွေက ချထားခဲ့တာ မဖြစ်နိုင်ပါဘူး အဲ့ဒီအစား စကြာဝဠာအဆင့်စစ်သည်တွေ သေဆုံးပြီးနောက်မှာ ပေါ်ထွက်လာတဲ့ နတ် ဘုရား အလင်းအကြွင်းအကျန်တွေ တွေ ဖြစ်နိုင်ပါတယ်..

သူ ဒါကို တွေးမိတဲ့အခါ သူ့ရဲ့အတွေးက ရုတ်တရက်ပြောင်းသွားတယ်..ဒီ စကြာဝဠာအဆင့် စစ်သည်က အဲ့ဒီအချိန်မှာ အဆင့်တက်နေခဲ့တာ

ဖြစ်နိုင်မလား..ပြီးတော့ အကြောင်းအရင်းတစ်ချို့ကြောင့် ကျန်းယွဲ့ဖုန်နဲ့ တခြားသူတွေရဲ့ အုပ်စုဖွဲ့ တိုက်ခိုက်ခံရဖို့ ပစ်မှတ် ဖြစ်လာခဲ့တာလား..?

စကြာဝဠာအဆင့် စစ်သည်က သူ့ရဲ့စွမ်းအားကို ထုတ်ဖော်ခဲ့မယ်ဆိုရင် ဒီလိုရန်သူမျိုးနဲ့ ရင်ဆိုင်ရတဲ့ တိုက်ပွဲမှာ ကောင်းကင်အဆင့် စစ်သည်တွေ ဒီလောက်အများကြီး သေဆုံးခဲ့တာဟာ ထူးဆန်းတဲ့ ဖြစ်ရပ် တစ်ခုတော့ မဟုတ်ပါဘူး..

ဒါပေမဲ့..နောက်ထပ် ဖြစ်နိုင်ခြေ တစ်ခုလဲ ရှိပါသေးတယ် အဲ့ဒါက ကောင်းကင်အဆင့် စစ်သည်တွေအများကြီးက စကြာဝဠာအဆင့် အဆုံးမဲ့ စစ်သည်တစ်ယောက်ရဲ့ ဂူသချိုင်းကို ရှာဖွေတွေ့ရှိခဲ့တာလဲ ဖြစ်နိုင်ပါတယ်..ထို စကြာဝဠာအဆင့် စစ်သည်ချန်ထားခဲ့တဲ့ ရတနာတွေနဲ့ အမွေအနှစ်တွေကို ရယူဖို့အတွက် ကြီးကျယ်တဲ့ အဆုံးအဖြတ်တိုက်ပွဲကို အစပြုပြီး တိုက်ခိုက်ခဲ့ကြတာကြောင့် မရေမတွက်နိုင်တဲ့ ဒါဏ်ရာအနာတရတွေ သေဆုံးမှုတွေနဲ့ သူတို့ရဲ့ စိတ်ဝိညာဉ်လက်နတ်တွေ ပျက်စီးဆုံးရှုံးခဲ့ရတာ ဖြစ်နိုင်ပါတယ်..

ထိုနှစ်ခုကို နှိုင်းယှဉ်ကြည့်ရင် လင်းဟန်က ပထမဖြစ်နိုင်ခြေကို ပိုပြီး ယုံကြည်ဖို့ ဆန္ဒရှိခဲ့တယ်...

"မိတ်ဆွေလေး..ဒီကန့်သတ်မှုကိုချိုးဖျက်ဖို့ နည်းလမ်းရှိလား..?"
 ကျောက်ဝူရွဲ့က မေးလိုက်တယ်..

"ရှိတယ်..."လင်းဟန်က ခေါင်းညိတ် လိုက်ပါတယ်.. ဒါက အခြားကန့်သန့်မှု တစ်ခုဆိုရင် သူ တကယ်ပဲ လုံးဝ သိလိမ့်မှာ မဟုတ်ပါဘူး..ဒါပေမဲ့ အခု ဒီအရာက အလင်းနတ်ဘုရားလေ..သူ့ရဲ့အရင်ဘဝမှာ ဒီကန့်သတ်ချက်ကို ဘယ်နှစ်ခါ မှန်းမသိအောင် ချိုးဖျက်ခဲ့ဖူးပါတယ်..အလင်းနတ်ဘုရားက ကျင့်ကြံခြင်းအဆင့်နဲ့ ဘာမှမဆိုင်ပါဘူး..ပါဝင်ပစ္စည်းတွေသာ လိုအပ်ပါတယ်..

"ဘာ..?"ကျောက်ဝူရွဲ့နဲ့ တစ်ခြားသူတွေ ပင့်သက်ရှိုက်လိုက်ရတယ်..ကျောက်ဝူရွဲ့က လင်းဟန် ကန့်သတ်မှု့ကို ချိုး ဖျက်နိုင်လိမ့်မယ်လို့ ဘာမျှော်လင့်ချက်မှ မထားပဲ သာမန်ပဲ မေးလိုက်တာပါ..လင်းဟန် ဒီလို မမျှော်လင့်ထားတဲ့အဖြေမျိုး ပြန်ပေးမယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး..

"ဒါ.......အမှန်ပဲလား?"

လင်းဟန်ရဲ့ အဖြေကိုနားထောင်ရင်း အခြားသူတွေမှာ သံသယတော်တော်များများ ဖြစ်ပေါ်လာခဲ့တယ်..နောက်ဆုံးမှာတော့ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအဆင့်ပဲ ရှိသေးတာပါ..ဒါကြောင့် သူတို့မျက်လုံးထဲမှာ လင်းဟန်က အတော်လေး အားနည်းနေခဲ့တယ်..

"ခင်ဗျားတို့ ကျွန်တော့ကို မယုံကြည်လဲရတယ်..ဒါပေမဲ့ ဒီစည်းတံဆိပ်ကို ချိုးဖျက်စေချင်ရင်တော့ ပါဝင်ပစ္စည်းအနည်းငယ် လိုအပ်တယ်..အဲ့ဒီ ပစ္စည်းတွေကို ရှာပေးနိုင်ရင် ဒီ စည်းတံဆိပ်ကို ချက်ချင်း ချိုးဖောက်နိုင်လိမ့်မယ်.."လင်းဟန်က အတိအလင်း ကြေငြာလိုက်တယ်..

"ဘာပါဝင်ပစ္စည်းတွေများ လိုအပ်တာလဲ သူငယ်ချင်းလေး..?"

ကျောက်ဂူရွှဲ့က မေးလိုက်ပါတယ်..

လင်းဟန်က ပါးစပ်ဟလိုက်ပြီး ပါဝင်ပစ္စည်းတွေရဲ့ ပမာဏနဲ့ နာမည်တွေကို ရွတ်ပြလိုက်တယ်..ထိုပါဝင်ပစ္စည်းတွေရဲ့ နာမည်ဟာ ကျောက်ဂူရှဲ့နဲ့ အခြားသူတွေရဲ့ မျက်နှာကို အစိမ်းရောင်ပြောင်းသွားစေတယ်..တစ်ချို့ဆိုရင် ဒေါသတွေ ပေါက်ကွဲထွက်တော့မဲ့ ပုံတောင် ပေါက်နေပါတယ်..

အဲ့ဒါက သူတို့မိသားစုရဲ့ ကြွယ်ဝချမ်းသာမှုတွေအကုန်လုံး အသုံးပြုဖို့ တောင်းဆိုနေသလောက် ဖြစ်နေပါတယ်..

"ဒီပစ္စည်းတွေ အကုန်လုံးစုစည်းနိုင်တဲ့ ဘယ်အချိန်မဆို ဒီအတားအဆီးရဲ့ စည်းတံဆိပ်ကို ချိုးဖျက်နိုင်လိမ့်မယ်..မစုဆောင်းရသေးရင်တော့ ကျွန်တော့်ကို လာမနှောက်ယှက်ကြနဲ့..."

လင်းဟန် အဲ့ဒီစကားတွေပြော ပြီးတာနဲ့ မိန်းကလေးနှစ်ယောက်ကို ဦးဆောင်ပြီးတော့ လာလမ်းအတိုင်း ပြန်သွားခဲ့တယ်..ထို လူအိုကြီး ဆယ်ယောက်ကျော်ကိုတော့ ဆုံးဖြတ်ချက်ချဖို့ ချန်ထားခဲ့ပါတယ်..

"ဒီကောင်စုတ်လေးရဲ့ စကားတွေကို ယုံကြည့်သင့်တယ်လို့ ထင်လား..?"

ကျောက်ဝူရွဲ့က တင်းမာမှုကို ဖျိုးဖောက်ပြီး မေးလိုက်တယ်..

"သူက ဂရန်းမာစတာဝူရဲ့ ကိုယ်စားလှယ်ဖြစ်တဲ့အတွက် မစဉ်းစားပဲတော့ ပြောမှာ မဟုတ်ဖူး.."

"ဒါပေမဲ့ ဒီကောင်စုတ်လေးက ၁၆-၁၇နှစ်လောက်ပဲရှိသေးတယ်လေ...သူ့မှာ အဲ့လို စွမ်းရည်မျိုးရှိနိုင်ပါ့မလား"

"သူက တကယ်ကို ထူးခြားတဲ့ ပါရမီရှင်တစ်ယောက်လဲ ဖြစ်နိုင်တယ်..မဟုတ်ရင် ဂရန်းမာစတာဝူကို ကိုယ်စားပြုတဲ့ သူတစ်ယောက် ဖြစ်လာလိမ့်မှာ မဟုတ်ဖူး..."

"မင်းတို့တွေအကုန်လုံး ဒါကို ဒုက္ခခံပြီး စိုးရိမ်နေစရာမလို့ဘူး..ဒီကောင်စုတ်လေးက အတော်လေးတန်ဖိုးကြီးတဲ့ ပါဝင်ပစ္စည်းတွေ ဒီလောက်အများကြီး လိုအပ်နေတာ..ဒါက ငါတို့ဘာသာ ဆုံးဖြတ်ချက်ချနိုင်တဲ့ အရာ မဟုတ်တော့ဘူး..အင်ယာပါမြို့တော်က ငါတို့ ကလန်အကြီးအကဲတွေဆီ သတင်းပို့ဖို့ စာပို့ငှက်တွေကို ခုချက်ချင်းစေလွှတ်လိုက်တာ အကောင်းဆုံးပဲ..."

"အဲ့ဒါ အမှန်ပဲ.."

သူတို့အကုန်လုံး သဘောတူညီစွာ ခေါင်းညိတ်လိုက်ကြပြီး ပြန်ရောက်တဲ့အခါ အင်ပါယာမြို့တော်နဲ့ ဆက်သွယ်ဖို့ စာပို့ငှက်တွေကို မဆိုင်းမတွ လွှတ်လိုက်ကြတယ်..

စာပို့ငှက်တွေဟာ အမှန်တကယ်တော့ လေ့ကျင့်ပေးထားတဲ့ မိစ္ဆာသားရဲ အမျိုးအစားတွေဖြစ်ပြီး ဆက် သားတွေ အနေနဲ့ အသုံးပြုနိုင်ပါတယ်..သူတို့တွေက ပျံသန်းရာမှာ အတော်လေး မြန်ဆန်ပြီး တစ်ရက်ကို မိုင်ထောင်ပေါင်းအနည်းငယ်လောက် သွားနိုင်ပါတယ်.. ဒါ့ကြောင့် နောက်တစ်နေ့မှာ သူတို့တွေအကုန်လုံး ပြန်စာကို လက်ခံရရှိခဲ့တယ်..စာထဲမှာတော့ လင်းဟန်ရဲ့ တောင်းဆိုချက်ကို သဘော တူညီဖို့ ပြောထားပြီး ကလန်တွေ အကုန်လုံးက စိတ်ဝိညာဉ်ပုလ္လင်အဆင့် စစ်သည်တွေကို ပါဝင်ပစ္စည်းတွေ ကိုယ်တိုင် ပို့ဆောင်ဖို့ စေလွှတ်လိုက်မှာပါ..

ပါဝင်ပစ္စည်းတွေ အကုန်လုံးက တကယ်ကို တန်ဖိုးကြီးလွန်းပါတယ်..ဒီ ကုန်ကျစရိတ်ကြောင့် နိုင်ငံတော် ဘဏ္ဍာတိုက်တောင်မှ တစ်ဝက်လောက်

လျော့ကျသွားစေနိုင်တယ်..

လေးရက်ကြာပြီးတဲ့နောက်မှာ စိတ်ဝိညာဉ်ပုလ္လင်အဆင့်ရဲ့ အဆင့်မြင့်ပုဂ္ဂိုလ် အနည်းငယ်ဟာ လင်းဟန်တောင်းဆိုထားတဲ့ ပါဝင်ပစ္စည်းတွေနဲ့အတူ ရောက်ရှိလာခဲ့တယ်..

"ကောင်လေး..မင်းက အတော် ငယ်သေးတာပဲ..ဒါပေမဲ့ မင်းသိတာတွေကတော့ တော်တော်များတယ်.."

ကြင်နာပြီး နူးညံ့သိမ်မွေ့ပုံရတဲ့ လူကြီးဟာ လင်းဟန်ရဲ့ တဲအတွင်းဝင်လာခဲ့ပြီး သူ့မြေးတစ်ယောက်ကို ကြည့်နေသကဲ့သို့ လင်းဟန်ကို အေးချမ်းစွာ ပြုံးပြခဲ့တယ်..

ဒါပေမဲ့ လွီယုထန်ကတော့ သိသာစွာ ကြောက်ရွံ့နေပါတယ်..ဒီလူအိုကြီးက လီကလန်ရဲ့ အကြီးအကဲတစ်ယောက်ဖြစ်ပြီး စစ်မှန်သော စိတ်ဝိညာဉ်ပုလ္လင်အဆင့် စစ်သည် လီကျန်းရီ ဖြစ်ပါတယ်..ဒါပေမဲ့ သူ့မျက်နှာပေါ်က သူရဲ့ကြင်နာပြီး နူးညံ့သိမ်မွေ့တဲ့အမူအရာကို အတည်မယူပါနဲ့..အမှန်တကယ်တော့ ထိုလူအိုကြီးဟာ ရက်စက်ပြီး သနားညှာတာမှုကင်းမဲ့တဲ့ သူတစ်ယောက်ဖြစ်ကာ

သူလက်ထဲမှာ သေဆုံးခဲ့ရတဲ့သူ တော်တော်များများ ရှိတယ်လို့ အင်ပါယာမြို့တော်မှာ နာမည် ဂုဏ်သတင်းကြီးပါတယ်..သူငယ်ရွယ်စဉ်က သူ့လက်မှာ ဘယ်လောက်တောင်သွေးစွန်းခဲ့လဲဆိုတာ ဘယ်သူသိနိုင်ပါ့မလဲ..

အခုတော့ အတော်လေး အိုမင်းနေခဲ့ပြီး သူရဲ့အချိန်အများစုကို ပန်းဖူးအဆင့်ကို ချိုးဖြတ်တဲ့နေရာမှာပဲ အသုံး ပြုနေခဲ့တဲ့အတွက် သူ့ရဲ့ သွေးစွန်းနေတဲ့ နာမည်ဂုဏ် သတင်းက လျော့ပါးလာခဲ့တယ်..အခုတော့ အသက် အရွယ်ကြီးတဲ့ မျိုးဆက်တွေလောက်ပဲ ဒီသေခြင်းနတ် ဘုရားကို သိကြပါတော့တယ်..

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်..
"ကျွန်တော်က ကွဲပြားခြားနားတဲ့ အရာတွေအများကြီးကို သင် ယူရတာ နှစ်သက်တယ်လေ..ဒါ့ကြောင့် မတူညီတဲ့ နယ်ပယ်တွေနဲ့ပတ်သက်တဲ့ ဗဟုသုတအနည်းငယ် ကျွန်တော့်မှာ ရှိတယ်.. "

နတ်ဘုရားအလင်းဆိုတာ အင်အားသုံးပြီး ချိုးဖျက်နိုင်တဲ့ အရာတစ်ခု မဟုတ်ခဲ့ပါဘူး..ကောင်းကင်အဆင့် အဆုံးမဲ့

စစ်သည်တွေတောင်မှ ဘာမှ တတ်နိုင်လိမ့်မှာ မဟုတ်ပါဘူး...ရလဒ်အနေနဲ့ အလင်းနတ်ဘုရားထဲမှ တံခါးကို ဖွင့်လှစ်နိုင်မဲ့ နည်းစနစ်တစ်ခုကို မတွေ့ခင်အထိ လင်းဟန်ဟာ နည်းလမ်းပေါင်းများစွာကို ကြိုးစားခဲ့ရတယ်..

"Hehe..ငယ်ရွယ်တာ တကယ့်ကို ကောင်းတယ်..မင်းလက်ထဲမှာ အချိန်တွေ အများကြီးရှိတယ်..ငါနဲ့မတူညီစွာပဲ မင်းကြိုက်နှစ်သက်တဲ့ ဘယ်အရာမဆို သင်ယူနိုင်တယ်..ငါကတော့ ခေါင်းတလားထဲကို ခြေတစ်ဖက် လှမ်းနေခဲ့ပြီ..ဒီညအိပ်ဖို့ မျက်လုံးပိတ်လိုက်ရင်တောင် မနက်ဖြန်မနက် နိုးထလာနိုင်ပါ့မလားဆိုတာ ငါ့အတွက် မသေချာဖူး.."လီကျန်းရီက ရယ်မောရင်း ပြောလိုက်တယ်..ဒါပေမဲ့ သူ့ရဲ့ ရယ်သံက ကြားရတာ အတော်လေး ထိတ်လန့်ဖွယ် ကောင်းတဲ့အတွက် လွီယုထန်နဲ့ လီစီချန်းတို့နှစ်ယောက် ကြက်သီးတွေ ထသွားပါတယ်..

လင်းဟန်ကတော့ နည်းနည်းလေးတောင် စိတ်ထဲ မရှိခဲ့ပါဘူး..သူဟာ အရင်ဘဝမှာတုန်းက ကောင်းကင်အဆင့် အဆုံးမဲ့စစ်သည်တစ်ယောက်ဖြစ်ခဲ့တယ်လေ..ဒါ့ကြောင့်

စိတ်ဝိညာဉ်ပုလ္လင်အဆင့် သိုင်းပညာရှင်တစ်ယောက်က သူ့ကို ကြောက်ရွံ့စေမှာလား..?အဲ့ဒါက ဟာသတစ်ခုပဲ ဖြစ်မှာပါ...

"ကျေးဇူးပြုပြီး
ပြန်လိုက်ပါဦး..အကြီးအကဲ..ကျွန်တော်ပြင်ဆင်မှု
တစ်ချို့ပြုလုပ်ဖို့ လိုအပ်ပါတယ်..တစ်ရက်လောက် ကြာပြီးမှ လုပ်လို့ပြီးလိမ့်မယ်..အဲ့ဒီအချိန်ကျမှ အတားအဆီးကို ချိုးဖြတ်ဖို့ အဆင်သင့်ဖြစ်လိမ့်မယ်.."
လင်းဟန်က ပြောလိုက်ပါတယ်..

လီကျန်းရီက အံ့အားမသင့်ပဲ မနေနိုင်ခဲ့ပါဘူး..ဒီကောင်စုတ်လေးက တစ်ကယ်ပဲ သူ့ကို မောင်းထုတ်ရဲတယ်လား...?ဒါပေမဲ့ သူက အခု တောင်းဆိုနေရတာ ဖြစ်တဲ့အတွက် ထွက်သွားဖို့ မငြင်းဆန်ရဲ ခဲ့ပါဘူး..ဒ့ါကြောင့် သူသာလျှင် တဲထဲက ထွက်သွားခဲ့ရတယ်..

"ဟူးး..ဒီတစ္ဆေအဖိုးကြီး နောက်ဆုံးတော့ ထွက်သွားပြီ.." လင်းဟန်က သက်ပြင်းချလိုက်ပြီး ပါဝင်ပစ္စည်းပမာဏ အများကြီးထဲက ပါဝင်ပစ္စည်းဆေးအမယ် အနည်းငယ်ကို လျှင်မြန်စွာ ရွေးထုတ်လိုက်ပြီး မှော်ဆေးလုံးဖော်စပ်ရန် ချက်ချင်းစတင်လိုက်တယ်...

ဒါက.........

အဲ့ဒါကို မြင်တဲ့အခါ လွှီယုထန်နဲ့ လီစီချန်းတို့ အံ့အားသင့်မှုကြောင့် ကြက်သေသေသွားခဲ့တယ်..လင်းဟန်က မလိုမ့်တပတ်နဲ့ သူ့အတွက် မှော်ဆေးဝါးတွေဖော်စပ်ဖို့ မလိုအပ်တဲ့ ပါဝင်ပစ္စည်းတွေ အများကြီးကို မှာခဲ့တာပါ..

ဒါက သဘာဝတော့ ကျပါတယ်..သူ့လို မှော်ဆေးပညာရှင်ကေရာဇ်ကို သူတို့အတွက် တစ်ခုခုလုပ်ပေးဖို့ အကူအညီတောင်းထားတာလေ..သူတို့တောင်းဆိုချက်နဲ့ တူညီတဲ့ တန်ဖိုးကိုတော့ မပေးလို့ ဖြစ်မလား..?

လင်းဟန်မှာ စွမ်းအားတွေ ပြည့်ဝနေခဲ့ပါတယ်..သူက တစ်နေ့လုံး တစ်ညလုံး အနားမယူပဲ မှော်ဆေးလုံး အရေအတွက်အများကြီးကို ဆက်လက် ဖော်စပ်နေခဲ့တယ် နောက်တစ်နေ့ အာရုံတတ်ချိန်မှာတော့..သူက ကျိတ်ရယ်လိုက်ပြီး လွှီယုထန်နဲ့ လီစီချန်း တို့ကို ဆေးပုလင်းတွေ ပစ်ပေးလိုက်တယ်..

"ဒါက ကူညီပေးတဲ့အတွက် မင်းတို့ရဲ့ အကျိုးအမြတ် ဝေစုပဲ..."

ယခင်နေ့က ဒီမိန်းကလေး နှစ်ယောက်လုံးဟာ သူ့ရဲ့လက်ထောက်တွေ ဖြစ်လာခဲ့ပြီး အမျိုးမျိုးသော ပါဝင်ပစ္စည်းဆေးအမယ်တွေကို ခွဲခြားတာကဲ့သို့သော ဝေယျာဝစ္စတွေကို လုပ်ပေးခဲ့တယ်..မဟုတ်ရင် ဒီလောက်ဆေးအရေအတွက်အများကြီးကို အမှန်တကယ် ပြီးအောင် လုပ်နိုင်ခဲ့မှာ မဟုတ်ပါဘူး..

"အသွင်ပြောင်းလဲခြင်းလေးမျိုး ဆေးလုံး..!
ရှေးဟောင်း သန့်စင်ဆေးလုံး..တွေ!"
လီစီချန်းရဲ့ လှပတဲ့မျက်လုံးတွေက ဆေးပုလင်းတွေကို ကြည့်လိုက်ရာ ချက်ချင်းပဲ အံ့အားသင့်မှုကြောင့် အသက်ရှူမှားသွားတယ်..သူမရဲ့ မျက်နှာလှလှပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတွေ အထင်းသား ဖြစ်ပေါ်နေခဲ့တယ်.."ဒီကမ္ဘာမှာ ဒီလိုဆေးလုံးတွေကို ဖော်စပ်နိုင် တဲ့သူတစ်ယောက် အမှန်တကယ် ရှိနေခဲ့တာပဲ..."

"အသွင်းပြောင်းလဲခြင်းလေးမျိုး ဆေးလုံးနဲ့ ရှေးဟောင်းသန့်စင် ဆေးလုံးတွေက ဘာတွေလဲ..?"လွှီယုထန်က
မှော်ဆေးပညာနယ်ပယ်အကြောင်းကို အများကြီးမသိပါဘူး..
ဒါ့ကြောင့် သူ့မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးမှုတွေနဲ့

ပြည့်နေခဲ့တယ်..

"ဒါတွေ အကုန်လုံးက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို မြှင့်တင်ပေးနိုင်တဲ့ စိတ်ဝိညာဉ်ဆေးတွေပဲ... ပြီးတော့ သူတို့ရဲ့ အကျိုးသက်ရောက်မှုက အခုရရှိနိုင်တဲ့ အလားတူဆေးလုံးတွေထက် ဆယ်ဆပိုကောင်းတယ်..ဒါပေမဲ့ အသွင်ပြောင်းလဲခြင်းလေးမျိုး ဆေးလုံးက နွေဦးစမ်းရေ အဆင့်တွေ သုံးဖို့ဖြစ်ပြီးတော့ ရေးဟောင်းသန့်စင် ဆေးလုံးကိုတော့ ဒြပ်စင်စုစည်းခြင်း အဆင့်တွေ အသုံးပြုသင့်တယ်.."လီစီချန်းက ရှင်းပြလိုက် တယ်..

ဒီတစ်ချိန်မှာတော့ လွီယုထန်ရဲ့ အမူအရာက လုံးဝပြောင်းလဲ သွားခဲ့တယ်..အကျိုးသက်ရောက်မှု ဆယ်ဆ.. ဒါက ဘယ်လိုသဘောတရားကြီးလဲ..?သူမက နွေဦးစမ်းရေအလွှာ ၉အဆင့်ကို တစ်နှစ်အတွင်းမှာ ရောက်ရှိနိုင်လိမ့်မှာ ဖြစ်ပြီး စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို စတင် ချိုးဖျက် နိုင်တော့မှာပါ...

စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ရောက်တဲ့အခါ သူမ အသက် ၂၀သာလျှင် ရှိဦးမှာကို တွေးမိတဲ့အခါ သူမ

သတိလစ်လုနီးပါး ဖြစ်သွားခဲ့တယ်..

လင်းဟန်က ရယ်မောလိုက်တယ်..တစ်ခြားသူတွေ ဖော်စပ်တဲ့ မှော်ဆေးလုံးတွေက တကယ်ပဲ သာမာန်အကျိုးသက်ရောက်မှုထက် ဆယ်ဆရှိပါတယ်..ဒါပေမဲ့ သူဖော်စပ်ခဲ့တဲ့ ဆေးလုံးတွေက အနည်းဆုံး ကြယ်စင် ၁၃ခုထိုက်တန်ပြီး ဆယ်ဆအာနိသင်ထဲမှာ အနည်းဆုံး ၃၈ရာခိုင်နှုန်းပေါင်းထည့်ပေးနိုင်တယ်..ဒါပေမဲ့ လင်းဟန်က ဒါကိုတော့ ထုတ်မပြောခဲ့ပါဘူး..ဒီ မိန်းကလေးနှစ်ယောက်ကို သေလုအောင် ခြောက်လန့်မိသွားမှာ စိုးလို့ပါ...

Chapter 124 စည်းတံဆိပ်ကိုချိုးဖျက်ခြင်း

ဆုလာဘ်ကို မျှော်လင့်ခြင်း မရှိဘဲ အလုပ်ကြိုးစားခြင်းက သူ့ပုံစံ နည်းနည်းလေးတောင် မဟုတ်ပါဘူး..သူတို့က နတ်ဘုရားအလင်းကို ဖွင့်စေချင်တာဆိုရင် သူ့အတွက် အကျိုးကျေးဇူးတစ်ချို့ရရှိဖို့ ဒီအခွင့်အရေးကို ဘာလို့ မယူနိုင်ရမှာလဲ..?

ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တစ်ယောက်ကို သူတို့အတွက် တစ်စုံတစ်ခုလုပ်ပေးဖို့ ဒီလို

ပေးချေမှုနည်းနည်းလေးနဲ့ပဲ ကမ်းလှမ်းပြီး တောင်းဆိုရတာလေ.. ဒါက သူသဘောတူဖို့အတွက်တော့ အရမ်းကို သင့်တော် ကောင်းမွန်ပါတယ်..

"သွားကြစို့..သူတို့ကို အကြာကြီး စောင့်ခိုင်းထားလို့ မဖြစ်ဖူး..မယဉ်ကျေးရာကျလိမ့်မယ်.."

မိန်းကလေးနှစ်ယောက်ဟာ မျက်စိလှန်လိုက်မိကြတယ်..သူက ပြင်ဆင်မှုအချို့ ပြုလုပ်ရမည့်အစား တစ်နေ့လုံးတစ်ညလုံး မော်ဆေးလုံးဖော်စပ်ဖို့ အသုံးပြုခဲ့တာပါ..တစ်ခြားသူတွေကို တစ်နေ့လုံး အဓိပ္ပါယ်မဲ့စွာ စောင့်ဆိုင်းစေခဲ့တာ ထင်ရှားနေတာတောင် သူ တကယ်ပဲ ဒီလို ပြောဝံ့တယ်လား...တကယ်ကို အရှက်မရှိတာပါပဲ..

သူတို့သုံးယောက် တဲထဲက ထွက်လာခဲ့ကြတယ်..ထို စိတ်ဝိညာဉ်ပုလ္လင်အဆင့် လူအိုကြီးတွေ အကုန်လုံး အချိန်အကြာကြီး စောင့်နေခဲ့ရပေမဲ့ မွန်းစတားအိုကြီးတွေပီပီ သူတို့မျက်နှာပေါ်မှာ စိတ်မရှည်တဲ့ အရိပ်အယောင် နည်းနည်းလေးတောင် ရှိမနေပါဘူး..သူတို့တွေအကုန်လုံး အမှန်တကယ်ကို ပြုံးနေခဲ့ကြပါတယ်...

သူတို့ အကုန်လုံးက မြေခွေးအိုကြီးတွေ၊ အကြံသမားတွေ၊ အကွက်မြင်တဲ့သူတွေနဲ့ စဉ်းလဲတဲ့ သူတွေချည်းပါပဲ...လင်းဟန် အတွေးထဲမှာ သရော်လိုက်ပြီး ပြောလိုက်တယ်.."ကျွန်တော် စီနီယာတို့ကို အချိန်အကြာကြီး စောင့်စေမိပြီ..တောင်းပန်ပါတယ်.."

"မိတ်ဆွေလေး..အများကြီး ကြိုးစားခဲ့ရပြီ.."

ထို စိတ်ဝိညာဉ် ပုလ္လင်အဆင့် မွန်းစတားအိုကြီးတွေ အကုန်လုံးက အပြုံးနဲ့ ပြောလိုက်ကြတယ်...

"ဒါဆိုလဲ စထွက်ကြရအောင်..."

လင်းဟန်က လျှင်လျှင်မြန်မြန်ပဲ အဓိက အချက်ကို ပြောလိုက်တယ်...လင်းဟန်ဟာ သူလိုချင်တဲ့ အကျိုးကျေးဇူးတွေကို ရရှိပြီးပါပြီ..ပြီးတော့ မြေအောက်မြစ်ကို မြန်မြန်ရောက်ပြီး အဲ့ဒီ နေရာမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာကိုလဲ အတော်လေး သိချင်နေခဲ့တယ်..

လင်းဟန်ဟာ အတော်လေး တည်ငြိမ်နေတဲ့အတွက် မွန်းစတားအိုကြီးတွေ အကုန်လုံး အနည်းငယ်

အုံ့အားသင့်သွားကြတယ်..

သူတို့အကုန်လုံးက စိတ်ဝိညာဉ်ပုလ္လင်အဆင့်တွေဖြစ်ပြီး မိုးရေနိုင်ငံ တစ်ခုလုံးမှာ အသန်မာဆုံးသူတွေပါ..သူတို့ရဲ့ ရိုးရှင်းတဲ့ ခြေဆောင့်ချက် တစ်ချက်ထဲနဲ့ တောင်တွေ မြစ်တွေကို လွယ်ကူစွာ ပြောင်းလဲစေနိုင်ပါတယ်..အခု သူတို့တွေ အကုန်လုံး တစ်နေရာထဲစုစည်းနေခဲ့တာပါ..ဒါပေမဲ့ လင်းဟန်က သူတို့ရဲ့တည်ရှိမှုကြောင့် မျက်တောင်တစ်ချက်တောင် မခတ်ခဲ့ပါဘူး..သူ့ရဲ့ တည်ငြိမ်မှုနောက်ကွယ်က အကြောင်းအရင်းကို ဘယ်လို မသိချင်ပဲ နေပ့ါမလဲ..?

သူတို့ မသိသေးတာ တစ်ခုရှိတယ်.........
......လင်းဟန်ရဲ့ အတိတ်ဘဝက စွမ်းအားနဲ့ ဆိုရင် စိတ်ဝိညာဉ် ပုလ္လင်အဆင့်မျှနဲ့ ဘယ်လိုယှဉ်နိုင်မှာလဲ..? ထို.....သူရဲ့ တံခါးကို စောင့်ဖို့တောင် အဆင့်မှီမှာ မဟုတ်ဘူး...(ကြမ်းလိုက်တာ..)

သူတို့အုပ်စုဟာ အရင်က ရပ်တန့်ခဲ့ကြတဲ့ နေရာဆီကို နောက်တစ်ကြိမ် ပြန်လာခဲ့ရာ အလင်းနတ်ဘုရားတွေက သူတို့ရှေ့မှာ ထပ်ပေါ်လာခဲ့တယ်..

လင်းဟန်က ပါဝင်ပစ္စည်းတွေကို စတင်စီမံလိုက်တယ်.....ပါဝင်ပစ္စည်းတွေကို တစ်ခုပြီး တစ်ခု သူ့လက်နဲ့ ချောမွေ့စွာ စီမံနေရာ အခြားသူတွေရဲ့ မျက်လုံးထဲမှာ ဝေဝါးလာတယ်.. ဒါပေမဲ့ သူ့ရဲ့ ညက်ညောတဲ့ လှုပ်ရှား မှုဟာ အခြားသူတွေကို ဖမ်းစားထားပါတယ်..

"Yi....ဒီကောင်စုတ်လေးရဲ့ လှုပ်ရှားမှုကနေ စည်းချက်ညီတဲ့အလှတရားကို ငါ အမှန်တကယ် ခံစားမိနေတယ်.."

"မင်းလည်းပဲ အဲ့လို ခံစားနေရတာလား..?"

"ဒီကောင်စုတ်လေးက အတော်လေး ထူးဆန်းတယ်..သူ့ရဲ့လှုပ်ရှားမှု့တိုင်းမှာ တာအိုသဘောသဘာဝတွေ ပါဝင်နေသလိုပဲ..ဒီလိုလူမျိုး ဘယ်လိုလုပ် ရှိနေနိုင် တာလဲ..?"

"အဲ့ဒါများ ဖြစ်နေမလား..?ရှေးဟောင်းမှတ်တမ်းတွေမှာ ရေးထားတာက တာအိုနဲ့ သင့်လျော်စွာ မွေးဖွားလာတဲ့ သူမျိုး ရှိတယ်တဲ့..အဲ့ဒီလိုလူမျိုးတွေအတွက် သိုင်းပညာရဲ့ လျှို့ဝှက်ချက်ကို နားလည်တာက ရေသောက်သလို လွယ်ကူတယ်.."

"......သဘာဝသိုင်း ကိုယ်ခန္ဓာ."

မွန်းစတားအိုကြီးတွေရဲ့ မျက်လုံးတွေ ဝင်းလက်သွားတယ်..လင်းဟန်သာ သဘာဝသိုင်းကိုယ်ခန္ဓာရှိခဲ့ရင် သူက တကယ်ကို တန်ဖိုးကြီးတဲ့ ရတနာတစ်ခုဖြစ်ပါတယ်.. လူတစ်ယောက်က နေ့စဉ် သူ့ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်လေ့လာသူနေသမျှ သူတို့ရဲ့ သိုင်းပညာအပေါ် အလွန် လျှင်မြန်စွာ နားလည်သဘောပေါက်လာနိုင်ပါလိမ့်မယ်..လင်းဟန်ကို သိုင်းပညာရဲ့ သက်ရှိ စိတ်ဝိညာဉ် ရတနာအဖြစ် လုံးဝယူဆနိုင်ပါတယ်..

ဒီကောင်စုတ်လေးက ဂူဆောင်လင်းရဲ့ အသိအမှတ်ပြုမှုကို ရရှိထားတယ်..ဒါ့ကြောင့် သူတို့တွေ အမှန်တကယ် အင်အားသုံးပြီး ပြန်ပေးဆွဲဖို့ မဖြစ်နိုင်ပါဘူး.... .. ဒါပေမဲ့...လက်ထပ်ခြင်း..ဆိုရင်ရော.......

သူတို့ရဲ့ကလန်အတွင်းသို့ လက်ထပ်ထပ်မြားရန် စီမံနိုင်ပါက သူတို့ကလန်အိမ်တော်မှာ နေထိုင်ဖို့ တရားဝင် ဖြစ်လာပါလိမ့်မယ်..ဂူဆောင်လင်တောင်မှ ထိုအရာကို ဆန့်ကျင်ပြီး ဘာမှပြောနိုင်လိမ့်မှာ မဟုတ်ပါဘူး..

အဲ့ဒီခဏမှာ လူတိုင်း သူ့အတွက် ငြင်းခုန်နေကြတာကို လင်းဟန် လုံးဝ မသိခဲ့ပါဘူး..သူ့လက်ထဲက ပါဝင်ပစ္စည်းတွေ အပေါ်ကိုသာ အပြည့်အဝအာရုံစိုက်နေခဲ့ပါတယ်...သူက ပါဝင်ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ပျံ့သန်းစေလိုက်ရာ အလင်းနတ်ဘုရားထဲမှာ အပေါက်တစ်ခု အမှန်တကယ် ဖွင့်နိုင်ခဲ့ပြီး လူတစ်ယောက် သွားနိုင်လောက်တဲ့ထိ ဖန်တီးလိုက်တယ်..

"သူ အမှန်တစ်ကယ်ပဲ အောင်မြင်ခဲ့တယ်.."

မွန်းစတားအိုကြီးတွေဟာ အံ့အားသင့်မှုနဲ့အတူ ကြက်သေသွားကြတယ်..ဒီရက်အနည်းငယ်အတွင်းမှာ သူတို့ရဲ့ ကိုယ်ပိုင်ကြိုးပမ်းမှုတွေကို ပြုလုပ်ခဲ့ကြတယ်..ဒါပေမဲ့ အလင်းနတ်ဘုရားရဲ့ အင်အားက သူတိုကျော်လွှားနိုင်တဲ့ အရာတစ်ခု မဟုတ်ခဲ့တဲ့အတွက် သူတို့အကုန်လုံး ရိုးရှင်းစွာ ငေးကြည့်နေရုံပဲ တတ်နိုင်ခဲ့ပါတယ်..လင်းဟန် အမှန်တကယ်အောင်မြင်သွားမယ်လို့ သူတို့တစ်ခါမှ မတွေးမိခဲ့ပါဘူး..

သူတို့ရဲ့ ကလန်အတွင်းသို့ လက်ထပ်ထိပ်မြားပြီး ခေါ်ဆောင်နိုင်ဖို့ ဆန္ဒတွေ ပိုပြီး တိုးပွားလာခဲ့ပါတယ်....

မွန်းစတားအိုကြီးတွေထဲက တစ်ယောက်က စိတ် မရှည် ဖြစ်လာခဲ့ပြီး အပေါက်ကို ချက်ချင်းဖြတ်သွားဖို့ လုပ်လိုက်တယ်...ဒါပေမဲ့ လင်းဟန်က သူ့ကို တားဆီးဖို့ လက်ကို ဆန့်ထုတ်လိုက်ပါတယ်....

"စောင့်ဦး....."

"ကောင်စုတ်လေး မင်းဘာလုပ်ဖို့ ကြိုးစားနေတာလဲ?"

ထိုမွန်းစတားအိုကြီးက အင်အားကြီးကလန် ရှစ်ခုထဲက ချင်ကလန်ရဲ့ စိတ်ဝိညာဉ် ပုလ္လင်အဆင့် စစ်သည်တစ်ယောက် ဖြစ်ပြီး စိတ်မရှည်တတ်တဲ့ သဘာဝရှိကာ ဒေါသလဲ အတော်လေးကြီးပါတယ်..သူက လင်းဟန်ကို စိန်းစိန်းဝါးဝါး ကြည့်လိုက်ပြီး ပြင်းထန် တဲ့ ဖိအားတွေကို ချက်ချင်း ထုတ်ဖော်လိုက်တယ်..

လင်းဟန်က တည်ငြိမ်စွာ ပြုံးလိုက်ပြီး သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်တယ်..

"ခင်ဗျား သေချင်နေတာ ဆိုရင်တော့ ကျွန်တော်မတားပါဘူး..ကျေးဇူးပြုပြီး ဆက်သွားပါ.."

လင်းဟန်ရဲ့ စကားကို ကြားတဲ့အခါ ချင်ကလန်မှ မွန်းစတားအိုကြီးဟာ မဆင်မခြင်မလှုပ်ရှားရဲတော့ပါဘူး..

"ကန့်သတ်ချက်ကို ချိုးဖျက်ပြီးသွားပြီ မဟုတ်ဖူးလား?"

"ဒါက အရေးမပါတဲ့ အောင်မြင်မှုလေးပဲ ရှိသေးတယ်. အခု ဖွင့်ထားတာက သာမန်သူတွေလောက်ပဲ ဝင်ရောက်နိုင်တာ.. ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်တွေဆိုရင် ကန့်သတ်ချက်ရဲ့ ပယ်ချခြင်းကို ကြုံတွေ့ရလိမ့်မယ်..ပိုပြီး သန်မာလေလေ ပိုပြီး စွမ်းအားကြီးတဲ့ ပယ်ချခြင်းကို ခံရလေလေပဲ..အင်အားသုံးပြီး ဖောက်ထွက်ရင်တော့ ကိုယ့်သေခြင်းတရားကို ကိုယ်တိုင်ရှာဖွေနေသလိုပဲ ဖြစ်လိမ့်မယ်.. "

ဒါက ဒီလိုကိုး....

"မိုက်မဲတဲ့ ကောင်စုတ်လေး...ဒီလို ကိစ္စကြီးကို ဘာလို့ စောစောစီးစီး ကြိုမပြောတာလဲ..မင်း ငါ့ကို သတ်မိလုနီးပါးပဲ..."

ချင်ကလန်က မွန်စတားအိုကြီးကရှက်ရမ်းရမ်းပြီး

ပြောလိုက်တယ်..

လင်းဟန်က ပြုံးလိုက်ပါတယ်..

"အခုထိ မသုံးရသေးတဲ့ ပါဝင်ပစ္စည်းတွေ အများကြီးကျန်သေးတာကို မမြင်ဖူးလား..?ကျွန်တော် လူလည်ကျပြီး ကိုယ်ဘာသာသုံးဖို့ ချန်ထားတယ် ထင်နေတာလား..?"

မွန်းစတားအိုကြီးတွေ အကုန်လုံး ကျယ်လောင်စွာ ရယ်မောလိုက်စဉ်မှာ..လွှီယုထန်နဲ့ လီစီချန်းတို့ကတော့ သူတို့ရဲ့ အတွေးထဲမှာ လှောင်ပြောင်နေခဲ့တယ်....ဒီကောင်က တကယ့်ကို အရှက်မရှိလွန်းတာပဲ..သူဒီလောက် အများကြီး မလိုမ့်တပတ်နဲ့ ယူထားတာတောင် အရှက်မရှိ ပြောရဲသေးတယ်...

လင်းဟန်က ဆက်လှုပ်ရှားလိုက်ပြီး ပါဝင်ပစ္စည်းအမျိုးမျိုးကို ပစ်လွှတ်ကာ အပေါက်ကို ပိုပြီး ခိုင်မာတည်ငြိမ် အောင် လုပ်ဆောင်နေပါတယ်..

"အခု ကိုယ်ခန္ဓာသန့်စင်ခြင်း အဆင့်တွေ ဝင်နိုင်ပြီ.."

"En...အခု ဒြပ်စင်စုစည်းခြင်း အဆင့်တွေလည်း ဝင်နိုင်ပြီ.."

"နွေဦးစမ်းရေ အဆင့်....."

လင်ဟန် ရုတ်တရက် ရပ်တန့်ဖို့ ဖြစ်လာတယ်...ပါဝင်ပစ္စည်းတွေ အကုန်လုံး အသုံးပြုပြီး ဖြစ်တာကြောင့်ပါ.. သူက သက်ပြင်းချလိုက်ကာ...

"ကျွန်တော့်ရည် စွမ်းရည်က အကန့်အသတ်ရှိတယ်..ဒါကြောင့် နွေဦးစမ်းရေ အဆင့်ထိပဲ ဝင်လို့ရအောင် ဖွင့်နိုင်ခဲ့တယ်.."

အခြားသူတွေ အကုန်လုံး ငေးကြောင်သွားတယ်..
ဒီနေရာကို ဝင်နိုင်မဲ့ အသန်မာဆုံး သိုင်းပညာရှင်တွေက နွေဦးစမ်းရေ အဆင့်ထိပဲ ရှိတာလား..? ဒါက တမင် ရည်ရွယ်ထားတာလား..?"

မှန်ပါတယ်..ဒါက လင်းဟန် တမင်ကြံစည်ထားတဲ့အရာပါ..မူလက ဒြပ်စင်စုစည်းခြင်း အဆင့်ထိသာလျှင် ဝင်ခွင့်ပြုဖို့ ရည်ရွယ်ထားတာပါ..ဒါပေမဲ့ အဲ့ဒါက သိသာလွန်းတယ်လို့ ထင်မိတဲ့အတွက်

နောက်တစ်ဆင့်ထိ ဝင်လို့ရအောင် မြှင့်ဖို့ ဆုံးဖြတ်ခဲ့တာပါ..

ဒါပေမဲ့ တစ်ခြားတစ်ဖက်မှာလဲ မိုးရေနိုင်ငံမှာ ရရှိနိုင်တဲ့ အရင်းအမြစ်က အကန့်အသတ်ရှိပါတယ်..ဒါ့ကြောင့် သူ့ရဲ့ ရည်ရွယ်ချက်မပါရင်တောင်မှ အများဆုံး စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းသမားတွေအထိပဲ ဝင်လို့ရအောင် လုပ်နိုင်မှာပါ...

"နွေဦးစမ်းရေ အဆင့်ပဲလား..?"

မွန်းစတားအိုကြီးတွေ အကုန်လုံး မျက်မှောင်ကြုံ့လိုက်ကြတယ်..

"ဒီလိုလုပ်ကြရင်ရော ဘယ်လိုလဲ...?ငါတို့တွေ အင်ပါယာ မြို့တော်ကို စာတစ်စောင်ပို့ပြီး ငါတို့ ကလန်တွေက နွေဦးစမ်းရေ အဆင့် စစ်သည်တွေကို ချက်ချင်း လာခိုင်းလိုက်မယ်.."

တစ်စုံတစ်ယောက်က အကြံပြုလိုက်ပါတယ်..ဒီ အပေါက်ရဲ့ နောက်မှာ ကြီးမားတဲ့ လျှို့ဝှက် ရတနာတွေ ဖုန်းကွယ်နေနိုင်ပါတယ်..အဲ့ဒီရတနာတွေကို ဘယ်သူကများ မလိုချင်မိပဲ နေပါ့မလဲ..?

"ဒီရက် အနည်းငယ်မှာ ငါတို့ ဒီနေရာကို ပိတ်ထားမယ်..ဘယ်သူမှ ဖြတ်သွားဖို့ ခွင့်မပြုဘူး"..လီကျန်းရီက ပြောလိုက်တယ်..

"ငါတို့ ဒီလိုပဲ လုပ်သင့်တယ်.."

သူတို့တွေအကုန်လုံး တစ်ခြားတစ်စုံတစ်ယောက်က ပထမဆုံး ဝင်ရောက်သွားပြီး အပေါက်နောက်မှာ ဖုန်းကွယ်နေတဲ့ ကံကြမ္မာ အခွင့်အလမ်းတွေကို အလစ်သုတ်သွားမှာ စိုးရိမ်နေခဲ့ကြတယ်..ဒါကြောင့် သူတို့တွေက ပထမဆုံး ဒီနေရာကို ပိတ်ထားပြီး ကလန်အသီးသီးရဲ့ နွေဦးစမ်းရေအဆင့် ပါရမီရှင်တွေကို စောင့်နေခဲ့တာပါ..ပြီးမှသာ သူတို့အတူတူ တစ်ချိန်ထဲ ဝင်ကြလိမ့်မှာဖြစ်ပါတယ်..

"ကောင်လေး..ကန့်ကွက်စရာ မရှိဘူး မဟုတ်လား.?"

လီကျန်းရီက ပညာသားပါတဲ့ အပြုံးနဲ့ လင်းဟန်ကို မေးလိုက်တယ်.

"ဒါပေ့ါ...."

လင်းဟန်က အပြုံးနဲ့ ပြန်ဖြေလိုက်ပါတယ်

"ဒါပေမဲ့ မြန်မြန်လုပ်ဖို့တော့ လိုလိမ့်မယ်နော်..ဒီအပေါက်က ဆယ်ရက်လောက်ပဲ တည်မြဲနိုင်မှာ.."

"သေစမ်း..."

မွန်းစတားအိုကြီးတွေ အကုန်လုံး မျက်စိလှန်လိုက်မိတယ်..ဒါဆိုလဲ ဘာလို့ စောစောထဲက မပြောတာလဲ...?အဲ့လိုသာဆိုရင် သူတို့ကလန်တွေရဲ့ ပါရမီရှင်တွေကို စောစီးစွာ လာဖို့ပြောနိုင်လိမ့်မှာပါ..အခုတော့ အရာအားလုံးက အလောတကြီး လုပ်ဖို့လိုနေပါပြီ..ဒါကြောင့် သူတို့တွေ ဘယ်လောက်များများ စုမိမလဲ မသေချာတော့ပါဘူး..

သူတို့တွေ နောက်တစ်ကြိမ် ပြန်လာပြီးတဲ့နောက် ထုံးစံအတိုင်းပဲ အင်ပါယာမြို့တော်ကို စာပြန်ပို့ရန် စာပို့ငှက်တွေ တစ်ကောင်ပြီးတစ်ကောင် ပျံသန်းသွားခဲ့ပါတယ်...

လင်းဟန်ဟာ သူ့တဲထဲမှာ ထိုင်နေခဲ့ပြီး တိတ်ဆိတ်စွာ

ကျင့်ကြံနေတယ်..သူက တစ်ချိန်ထဲမှာ အင်အားကြီးကလန်ရှစ်ခုနဲ့ အင်ပါယာမိသားစုတွေကို မလိုမ့်တပတ်နဲ့ လူလည်ကျနိုင်ခဲ့ပြီး တန်ဖိုးကြီးတဲ့မှော်ဆေးလုံးအမျိုးမျိုးကို ဖော်စပ်နိုင်ခဲ့တယ်..အဲ့ဒါက အချိန်အတန်ကြာ ပိုက်ဆံအတွက် ပူစရာမလိုအောင် လုံလောက်ပါတယ်....

`လူလည်ကျရတာ တကယ်ပျော်စရာကောင်းတယ်..`
သူက မှော်ဆေးလုံးတွေကို မျိုချရင်း တွေးမိခဲ့ပါတယ်..

အချိန်လေးရက် ကုန်ဆုံးပြီးတဲ့နောက်မှာ ငယ်ရွယ်တဲ့ ယောကျာ်း မိန်းမ မျိုးစုံ ရောက်ရှိလာခဲ့တယ်..သူတို့ အကုန်လုံးက အင်အားကြီးကလန် ရှစ်ခုနဲ့ အင်ပါယာမိသားတို့ရဲ့ လူငယ်မျိုးဆက်တွေပါ..သူတို့တွေက ရွှေဦးစမ်းရေ အဆင့် မဟုတ်ရင် အနည်းဆုံး ဒြပ်စင်စုဆောင်းခြင်း အဆင့်ရှိပါတယ်..ထင်ရှားစွာပဲ မွန်းစတားအိုကြီးတွေက အတားအဆီးရဲ့ နောက်မှာ လျှို့ဝှက်ရတနာတွေ ရှိလိမ့်မယ်လို့ သံသယမကင်း ဖြစ်နေပြီး သူတို့ကိုယ်ပိုင် ကလန်တွေရဲ့ လူငယ်တွေဟာ ထို လျှို့ဝှက်ရတနာတွေကို ရရှိနိုင်လိမ့်မယ်လို့ မျှော်လင့်နေခဲ့ကြတာပါ..ဒ့ါကြောင့် သူတို့တတ်နိုင်သမျှ လူအများကြီးကို စေလွှတ်ခဲ့တာဖြစ်ပါတယ်..

၇ရက်မြောက်မှာတော့ ကလန်အသီးသီးရဲ့ လူငယ်မျိုးဆက် ၂၀၀နီးပါးလောက်
ရောက်ရှိနေခဲ့ပါပြီ..မွန်းစတားအိုကြီးတွေဟာ သူတို့အတွက် အချိန်သုံးရက်သာ ကျန်တော့တဲ့အတွက် ထပ်ပြီး မကြန့်ကြာနိုင်တော့ပါဘူး...

"သူတို့ကို လွှတ်လိုက်တော့......"

Chapter-၁၂၅..လေးရာသီ ဓားသိုင်း

ဒီရက် အနည်းငယ်အတွင်းမှာ လင်းဟန်နဲ့ မိန်းကလေးနှစ်ယောက်လုံး
သူတို့ကိုယ်ပိုင်ချိုးဖောက်မှုတွေကို အောင်မြင်ခဲ့ ကြပါတယ်..

လွီယုထန်က အချိန်ကြာမြင့်စွာ စွမ်းအင်တွေ စုဆောင်းခဲ့ပြီး ရှားပါးပျောက်ကွယ်နေသော ယင်သွေးကြော
လည်းရှိပါတယ်..ယင်သုံးမျိုး
လျို့ဝှက်ဆန်းကျယ်သိုင်းနည်းစနစ်ပါ
ထပ်ပေါင်းလိုက်ပါက သူမရဲ့ မြန်ဆန်သော ကျင့်ကြံမှုနှုန်းကို ထိမ်းသိမ်းထားနိုင်ခဲ့တယ်..ထို့အပြင် သူမမှာ အသွင်ပြောင်းလဲခြင်းလေးမျိုး

ဆေးလုံးလဲရှိပါတယ်..ဒါ့ကြောင့် သူ့မရဲ့ ကျင့်ကြံမှုဟာ အရင်တုန်းကထက်တောင် ပိုပြီး မြန်လာခဲ့တယ်..

အရေးအပါဆုံးကတော့ အသွင်ပြောင်းလဲခြင်းလေးမျိုး ဆေးလုံးက သူမကို နွေဦးစမ်းရေအလွှာ ဒုတိယအဆင့်ကို ချိုးဖောက်ရန် ကူညီပေးနိုင်ပါလိမ့်မယ်..

လူအများစုအတွက် ကျင့်ကြံခြင်းအဆင့်တွေ ကြားထဲက အတားအဆီးဟာ အခက်ခဲဆုံး ဖြစ်ပါတယ်..အစစ်အမှန် အားထုတ်မှုအတွက် အချိန်ပေးဖို့ ဆန္ဒရှိနေသရွေ့......မဟုတ်ရင် ကျင့်ကြံခြင်းအတွက် ထောက်ပံ့ဖို့ မှော်ဆေးလုံးတွေ လုံလုံလောက်လောက် ရှိခဲ့ရင်.......မည်သည့်အလွှာမဆို လမ်းကြောင်းအားလုံးက အစောပိုင်းအဆင့်ကနေ အထွတ်အထိပ်အဆင့်ထိကို ချောမွေ့စွာ ကျင့်ကြံနိုင်လိမ့်မယ်....

ဒါပေမဲ့ အောင်မြင်စွာ ချိုးဖောက်နိုင်ဖို့ အခြားပြဿနာတစ်ခု ရှိပါသေးတယ်..နွေဦးစမ်းရေအဆင့်ရဲ့ ပထမအလွှာကနေ ဒုတိယအလွှာထိ ဆိုရင်တောင်မှ အဲ့ဒီ တစ်ဆင့်တက်ဖို့ အတော်လေးကို ခက်ခဲပါတယ်..

စိတ်ဝိညာဉ်ပုလ္လင်အဆင့် စစ်သည်တွေ မိုးရေနိုင်ငံမှာ ဘာလို့

ဒီလောက် နည်းနေခဲ့ရတာလဲ..?ရှင်းရှင်းလေးပါပဲ...ဒါက သူတို့ရဲ့ကျင့်ကြံခြင်းအဆင့်အပေါ် နားလည်မှုမလုံလောက်ခဲ့လို့ဖြစ်ပြီး သူတို့တွေအကုန်လုံး စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ ပိတ်ဆို့နေခဲ့ပါတယ်..စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ အောက်မှာဆိုရင် နွေဦးစမ်းရေအဆင့်နဲ့ ဒြပ်စင်စုဆောင်းခြင်းအဆင့်မှာ ပိတ်ဆို့နေတဲ့သူတွေလဲ အများကြီးရှိပါတယ်..

အသွင်ပြောင်းလဲခြင်းလေးမျိုး ဆေးလုံးက သိုင်းပညာရှင်တွေကို သူတို့ရဲ့ ကျင့်ကြံခြင်းအပေါ် နားလည်မှုရရှိရန် ကူညီပေးနိုင်ပါလိမ့်မယ်..အကယ်၍ ဒီအရာသာ ပျံ့နှံ့သွားခဲ့ရင် တွေ့ရှိတဲ့ မည်သူကိုမဆို ဆံပင်ထောင်လုမတတ် အံ့ဩသွားစေနိုင်ပါတယ်...

လွီယုထန်က ဉာဏ်ကောင်းတဲ့နေရာမှာ ပထမအဆင့်ရှိပါတယ်..ဒါ့အပြင် သူမက နွေဦးစမ်းရေအဆင့် ပထမအလွှာရဲ့ အထွတ်အထိပ်မှာ ရှိနှင့်နေခဲ့ပြီး ဖြစ်ပါတယ်....အခု အသွင်ပြောင်းလဲခြင်းလေးမျိုး ဆေးလုံးရဲ့ အကူအညီပါ ရှိနေခဲ့တဲ့အတွက်.... နောက်တစ်ဆင့်ကို ချိုးဖောက်ရန် ကြိုးစားရင်း ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ သဘာဝကျစွာပဲ အရာအားလုံးက

ချောမွေ့နေခဲ့ပြီး နောက်တစ်ဆင့်ကို တက်သွားခဲ့ပါတယ်..

သူမက ကျင့်ကြံခြင်းအဆင့်ကို ဆက်မြှင့်တင်ဖို့ မလုပ်ခဲ့ပါဘူး...အဲ့ဒီအစား သူမရဲ့ အခြေခံ ခိုင်မာဖို့ကိုပဲ ကြိုးစားခဲ့ပါတယ်..နောက်ဆုံးမှာတော့ သူမက ကျင့်ကြံခြင်းအဆင့်ကို ဆေးအကူအညီနဲ့ ရောက်နိုင်ခဲ့တာပါ..ဒါ့ကြောင့် သူမ လောဘကြီးလွန်းပြီး ရှေ့ဆက်ဖို့လုပ်ခဲ့ရင် သူမရဲ့အခြေခံကို မတည်မငြိမ်ဖြစ်စေပါလိမ့်မယ်...မဟုတ်ရင် အနာဂါတ်မှာ မြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်ကို ရောက်ရှိဖို့ မတတ်နိုင်ပဲ ဖြစ်နေပါလိမ့်မယ်...

လင်းဟန်က သူမကို အနက်ရောင်အဆင့် အဆင့်မြင့်သိုင်းပညာ နည်းစနစ်ဖြစ်တဲ့ လေးရာသီဓားသိုင်း နည်းစနစ်ကိုလည်း သင်ပေးခဲ့ပါတယ်..အခွင့်အလမ်းတွေက မြင့်မားခဲ့ပါတယ်..လှီကလန်မှာတောင်မှ ဒီလို အဆင့်မြင့် သိုင်းပညာ နည်းစနစ်မျိုး မရှိခဲ့ပါဘူး..အင်ပါယာ မိသားစုတစ်ခုသာလျှင် ဒီလို သိုင်းပညာနည်းစနစ်မျိုး ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နိုင်မှာပါ..

ထို့ကြောင့် လှီယုထန်ဟာ မနေ့ကမတိုင်ခင်တစ်ရက် က အဆင့်တတ် ချိုးဖောက်ခဲ့ပြီး နောက်ဆုံးနှစ်ရက်ကိုတော့

လေးရာသီစားသိုင်းနည်းစနစ်ရဲ့ လျို့ဝှက် ချက်တွေကို လေ့လာနေခဲ့ပါတယ်.အကယ်၍ သူမနားမလည်တာ ရှိခဲ့လျှင်လည်း လင်းဟန်ကို မေးနိုင်ပါလိမ့်မယ်..ရလဒ်အနေနဲ့ သူမရဲ့စွမ်းအားတွေဟာ အလွန်လျှင်မြန်တဲ့နှုန်းနဲ့ မြင့်တက်လာခဲ့တယ်....

နွေဦးစမ်းရေအဆင့် လက်ရွေးစင်တစ်ယောက်က ဒြပ်စင်စုဆောင်းခြင်းအဆင့်ဆီက အမှန်တကယ်ပဲ လမ်းညွှန်မှုအတွက် တောင်ဆိုနေခဲ့ရပါတယ်..ဒါက ယုတ္တိမရှိတဲ့ အရာတစ်ခုလို့ ထင်ရပေမဲ့ လွီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်လုံးကတော့ ဒါကအတော်လေး သဘာဝကျတယ်လို့ ခံစားရပြီး အဲ့ဒါနဲ့ ပတ်သက်လို့ ဘာမှ ထူးဆန်းတာ မရှိပါဘူး..

......လင်းဟန်က အတော်လေး မွန်းစတားဆန်လွန်းပါတယ်..သူအခု ကောင်းကင်အဆင့် သိုင်းပညာနည်းစနစ်ကို အသုံးပြုခဲ့ရင်တောင်မှ မိန်းကလေးနှစ်ယောက်က အများဆုံး "အ"လို့သာ တုန့်ပြန်လိမ့်မှာဖြစ်ပြီး ထိုအရာကို အမှန်တရားအဖြစ် လက်ခံခဲ့လိုက်မှာပါ...

လီစီချန်းလည်းပဲ ဒြပ်စင်စုဆောင်းခြင်းအဆင့်

တတိယအလွှာကနေ စတုတ္ထအဆင့်သို့ အဆင့်တက်နိုင်ခဲ့ပါတယ်..မော်ဆေးပညာရှင်တွေ အများစုဟာ ဆေးပုလင်းတွေ ဖြစ်နေခဲ့ကြပါတယ်..သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေကို အတင်းအကြပ် မြှင့်တင်ဖို့ မော်ဆေးလုံးတွေအပေါ် မူတည်နေခဲ့တယ်..ဒါ့ကြောင့် သူမရဲ့ခန္ဓာကိုယ်ဟာ သဘာဝကျစွာပဲ ဆေးတွေရဲ့အကျိုးသက်ရောက်မှုကို ခံနိုင်ရည်မြင့်မားနေခဲ့တယ်...ကျေးဇူးတင်ရမှာက သူမရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်နေဆဲပါ..ဒါ့ကြောင့် သူမလည်းပဲ နောက်တစ်ဆင့်ကို တတ်နိုင်ခဲ့ပါတယ်..

ထိုအချိန်အတောအတွင်းမှာ လင်းဟန်လည်းပဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၆အဆင့်သို ချိုးဖောက်နိုင်ခဲ့ပါတယ်..သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အတော်လေး နိမ့်နေခဲ့သော်လည်း သူရဲ့ တိုက်ပွဲစွမ်းရည်က အတော်လေး ကြောက်ဖို့ကောင်းတဲ့ အရာတစ်ခုဖြစ်နေခဲ့ပါတယ်..

ဒြပ်စင်ငါးခု မူလအမှုန်၊ ဓားချီအလင်းခြောက်ခု၊ ကောင်းကင်ဘုံတောင် ဖျတ်ဆီးလို့မရတဲ့ မော်စာလိပ်၊ သေခြင်းသစ်ပင်၏ ခန္ဓာကိုယ်.......... ဒါတွေအကုန်လုံး စုပေါင်းလိုက်ရင် သူရဲ့ တိုက်ခိုက်မှုစွမ်းအားက

ကြယ်စင်ဆယ့်ငါးလုံးထိ လုံလောက်ပါလိမ့်မယ်..သူ့ရဲ့ ခံစစ်အစွမ်းကလဲ ပိုပြီး အားကောင်းလာခဲ့သောကြောင့် သူ့ရဲ့ခံစစ်အစွမ်းက ကြယ်စင်နှစ်ဆယ်အဆင့်ကို ရောက်နေခဲ့ပြီလို့ ပြောရင် မှားလိမ့်မည်မဟုတ်ပါဘူး...

"ဒါက မလုံလောက်သေးဘူး..."
လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်တယ်...သူ နွေဦးစမ်းရေအဆင့်သို့ တိုးမြှင့်နိုင်မှသာလျှင် အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တွေကို အသုံးပြုနိုင်ပါလိမ့်မယ်.....အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်မှ စွမ်းအင်အဆင့် မြှင့်တင်နိုင်မှုဟာ အဝါရောင်အဆင့် သိုင်းပညာနည်းစနစ်က နှိုင်းယှဉ်နိုင်တဲ့ အရာတစ်ခု မဟုတ်ခဲ့ပါဘူး..သူက ရတနာတောင်တစ်ခုပေါ်မှာ ထိုင်နေခဲ့ပေမဲ့ သက်ပြင်းချဖို့သာ တတ်နိုင်ခဲ့ပါတယ်...ဒီခံစားချက်က သူ့ကို အတော်လေး သဘောမကျဖြစ်စေခဲ့တယ်...

လှို့ယုထန် မျက်စိလှန်လိုက်မိတယ်...ဒီကောင်က လွန်ခဲ့တဲ့ နှစ်ဝက်လောက်တုန်းကမှ ကိုယ်ခန္ဓာသန့်စင်ခြင်းအဆင့် ဒုတိယအလွှာပဲ ရှိနေခဲ့သေးတာလေ ဒါပေမဲ့ အခု ဒြပ်စင်စုစည်းခြင်းအလွှာ ၆အဆင့်ကို ချိုးဖောက်နိုင်ခဲ့ပြီးပါပြီ..ဒါတောင် သူက နေးလွန်းတယ်လို့

တွေးနေတုန်းပဲ...အခြား သာမန်သိုင်းပညာရှင်တွေဆိုရင် ဘယ်လိုများ လုပ်ရမလဲ...?

သူတို့ရဲ့တဲတွေကနေ တစ်ခြားသူတွေနဲ့ တွေ့ဆုံဖို့ ထွက်လာခဲ့ကြတယ်..

"Yi....ယုထန် ဒါဆို နင်က ရောက်နှင့်နေခဲ့တာပေါ့..." လူငယ်တစ်ယောက်က လွီယုထန်ကို မြင်တဲ့အခါ ချက်ချင်း သူတို့ဆီ ချဉ်းကပ်လာခဲ့တယ်...ထိုသူက ဟူဘို ဖြစ်ပါတယ်...

"ငါ့ခါးကို ကြည့်..."လွီယုထန် သူ့ကိုမြင်တဲ့အခါ သူမတစ်ခြား ဘာမှမပြောခဲ့ပါဘူး..အဲ့ဒီအစား သူမခါးကို ရိုးရှင်းစွာ ဆွဲထုတ်ကာ သူ့ကိုတိုက်ခိုက်ခဲ့တယ်..

ထိုနေ့က...ဟူဘို သူမကို ရှာဖွေနိုင်ဖို့အတွက် လင်းကလန် အိမ်တော်ကို သွားခဲ့ကာ ကြီးမားစွာ ဆူပူသောင်းကျန်းခဲ့ပြီး လူအများကြီးကို သေစေ ဒဏ်ရာရစေခဲ့ပါတယ်..ထိုအရာက သူမကို အတော်လေး အပြစ်ရှိသလို ခံစားရစေခဲ့တယ်..အခု သူ့ကိုမြင်တဲ့အခါ သူသေကိုသေ တိုက်ခိုက်ရမဲ့ရန်သူတစ်ယောက်ကို မြင်လိုက်ရသကဲ့သို့ပါ..သူမကိုယ်သူမ ဘာလို့နောက်ထပ် ထိမ်းချုပ်နေရဦးမှာလဲ...? သူမဟာ တုန့်ဆိုင်းမနေခဲ့ပဲ

သူကိုတွေ့လိုက်ခဏမှာ ချက်ချင်းတိုက်ခိုက်ဖို့ စတင်ခဲ့တယ်

"ဘာ...?"လွီယုထန် သူ့ကိုတိုက်ခိုက်တာကို မြင်တဲ့အခါ ဟူဘိုရဲ့ အမူအရာက ချက်ချင်းပြောင်းလဲသွားခဲ့တယ်..

နွေဦးစမ်းရေအလွှာ ဒုတိယအဆင့်....သူမ အမှန်တကယ်ပဲ နွေဦးစမ်းရေအလွှာ ဒုတိယအဆင့်ကို ရောက်နေခဲ့တယ်...

လွီယုထန်ကို တိမ်မီးခိုးမြို့မှာ သူတွေ့ခဲ့တုန်းက နွေဦးစမ်းရေအဆင့်ကို ချိုးဖောက်ဖြတ်ကျော်ပြီးရုံပဲ ရှိပါသေးယ်..အခုမှ လဝက်လောက်ပဲ ကြာသေးတာလေ..နွေဦးစမ်းရေအဆင့် ဒုတိယအလွှာကို ရောက်နေခဲ့ပြီတဲ့လား..သူမအတွက် ပါရမီရှင်ဆိုတဲ့ စကားက နောက်ထပ် လုံလောက်တော့မှာ မဟုတ်ပါဘူး..

သူမကလည်း သူ့လိုပဲ သူမရဲ့ပါရမီအတွက် ကလန်ရဲ့ထောက်ပံ့မှုကို အပြည့်အဝရတဲ့သူတစ်ယောက် ဖြစ်ပါတယ်..ဒါပေမဲ့ သူက နွေဦးစမ်းရေအလွှာ ပထမအဆင့်ရဲ့ အထွတ်အထိပ်မှာပဲ ရှိနေဆဲဖစ်ပြီး နောက်ဆင့်ကို ချိုးဖောက်ဖြတ်ကျော်နိုင်ဖို့ အနည်းဆုံး နောက်တစ်လလောက် ကြာပါလိမ့်မယ်..သူ့ရဲ့ တိုးတတ်မှုကို သူ့ရဲ့ ကလန်က အလွန်ချီးကျူးထောပနာပြုခဲ့ပြီး

ခြွင်းချက်မရှိ ပါရမီရှင်အဖြစ် ပြောဆိုခဲ့ကြပါတယ်...

ဒါပေမဲ့ လွီယုထန်နဲ့ နှိုင်းယှဉ်တဲ့အခါ သူကလုံးဝကို ညံ့ဖျင်းတဲ့သူတစ်ယောက် ဖြစ်နေခဲ့တယ်..

နွေဦးစမ်းရေအလွှာ ဒုတိယအဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုအောက်မှာ သူဟာ နောက်ထပ် ဘယ်လို ချီတုံချတုံ ဖြစ်ဝံ့ပါတော့မလဲ..? ဒီအချိန်မှာ အနည်းငယ်လေး သံသယရှိမိသွားရင်တောင် သူ ရှုံးနိမ့်နိုင်ဖွယ် ရှိနေခဲ့တယ်..

သူလိုက်နေတဲ့ မိန်းမတစ်ယောက်ကို ရှုံးနိမ့်ခဲ့ရင် အနာဂတ်မှာ လွီယုထန်ကို ဆက်ပြီး မျက်နှာဆိုင်နိုင်တော့မှာ မဟုတ်တော့ပါဘူး..

"Ding..,ding..,ding..,ding."
ဓားရှည်နှစ်ချောင်းရဲ့ အချင်းချင်း ဆက်တိုက် တိုက်ခိုက်မှုကြောင့် မီးပွားတွေ ဖြစ်ပေါ်နေခဲ့တယ်...

ယေဘုယျအားဖြင့် နွေဦးစမ်းရေအဆင့် ဒုတိယပလွှာဟာ ပထမအလွှာကို တိုက်ပွဲမှာ လုံးဝတစ်ဖက်သတ် လွှမ်းမိုးနိုင်ပါလိမ့်မယ်..ဒါပေမဲ့ လွီယုထန်က အခုမှ

ချိုးဖောက် ဖြတ်ကျော်နိုင်ခဲ့တာပါ..ထို့အပြင် သူမ အောင်မြင်စွာ ချိုးဖောက်နိုင်ခဲ့တာက မှော်ဆေးလုံးတွေ အသုံးပြုခဲ့လို့ပါ..ဒါကြောင့် သူမရဲ့ အခြေခံဟာ ယခုထိ လုံလုံလောက်လောက် မခိုင်မာသေးပါဘူး..အဲ့ဒါက သူမရဲ့ တိုက်ပွဲစွမ်းရည်ကို ထိခိုက်စေပါတယ်..ဟူဘိုလည်းပဲ သူရဲ့လက်ရှိကျင့်ကြံခြင်းအဆင့်ကို မှော်ဆေးလုံးတွေရဲ့ အကူအညီနဲ့ ရောက်ခဲ့တာ ဖြစ်သော်လည်း သူက အချိန်အတော်ကြာ ပထမအလွှာမှာ ပိတ်မိနေခဲ့တာပါ...ဒ့ါကြောင့် သူ့ရဲ့အခြေခံက ခိုင်မာနေခဲ့ပြီးပါပြီ..

ထို့ကြောင့်..ထိုနှစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ဟာ ညီမျှနေခဲ့ပြီး အချိန်တိုအတွင်း ဒီတိုက်ပွဲရဲ့ အနိုင်ရသူကို ဆုံးဖြတ်ဖို့ အတော်လေး ခက်ခဲပါလိမ့်မယ်..

"Yi...ဒါက လွီကလန်ရဲ့ ပုလဲရတနာလေး မဟုတ်ဘူးလား..သူမက ဘာလို့ ဒီလောက်သန်မာနေတာလဲ..?"

"အဲ့ဒါ အမှန်ပဲ..ငါမမှတ်မိသလောက်တော့ လွန်ခဲ့တဲ့ နှစ်ဝက်လောက်တုန်းက သူမက ဒြပ်စင်စုစည်းခြင်းအလွှာ ၈အဆင့်ပဲ ရှိသေးတာ..နွေဦးစမ်းရေ အဆင့်ကို

ချိုးဖောက်နိုင်ဖို့ဆိုရင် အနည်းဆုံး နောက်ထပ်နှစ်နှစ်လောက်ကြာသင့်တာလေ...ဒါပေမဲ့ သူမက အခု အမှန်တကယ်ပဲ နွေဦးစမ်းရေအဆင့် ဒုတိယအလွှာကို ရောက်နေခဲ့တယ်...ဒါက တကယ့်ကို မယုံနိုင်ဖွယ်ရာပဲ..."

"ဒီလုပတဲ့ ပန်းလေးက အမှန်တကယ်ပဲ ရူးဆွတ်ဖို့ ပိုပြီး ခက်ခဲသထက် ခက်ခဲလာတယ်...."

"ဒါပေမဲ့ သူမက ပိုပိုပြီး နှစ်လိုဖွယ်ကောင်းလာတယ်..ဒီလို ပါရမီတွေ..............ငါသူမကိုပဲ မျက်စိတ်ဒေါက်ထောက်ကြည့်နေတော့မယ်..."

"အဓိပ္ပါယ်မရှိတာတွေ..မင်းတို့က သူမနဲ့ ထိုက်တန်တယ်လို့ ထင်လို့လား...?"

စုဝေးနေကြတဲ့ သူတွေအကုန်လုံး သူတို့ရဲ့ ဆွေးနွေးမှုတွေကို အစပြုလိုက်ကြတယ်..သူတို့တွေက အင်ပါယာမိသားစုက မဟုတ်ရင် အင်အားကြီးကလန်ရဲ့စုကပါ..ပြီးတော့ သူတို့ရဲ့ ကလန်တွေအကုန်လုံးက လွီကလန်ထက် အားမနည်းတဲ့ စွမ်းအားတွေ ရှိပါတယ်..သူတို့တွေ အကုန်လုံး ဒီကို လာနိုင်တာကိုကြည့်ရင် သူတို့တွေရဲ့ စွမ်းအားတွေနဲ့ ပါရမီတွေဟာ အကောင်းတကာ့အကောင်းဆုံးထဲမှာ ရှိတာ

သိနိုင်ပါတယ်..ဒ့ါကြောင့် သဘာဝကျစွာပဲ သူတို့တွေ အကုန်လုံး မာနထောင်လွှားကြပါတယ်...

လွီယုထန် အချိန်ကြာမြင့်စွာ တိုက်ခိုက်ခဲ့ပါတယ်..ဒါပေမဲ့ အခုထိ အသာမရသေးပါဘူး...ဒ့ါကြောင့် သူမနှလုံးသားထဲက အမျတ်ဒေါသမီးတောက်တွေဟာ သန်မာသထက်သန်မာလာခဲ့တယ်...သူမဓားကို ရုတ်တရက် ဆတ်ခနဲ လှုပ်ရှားလိုက်ရာ သူမရဲ့ဓားတစ်လျှောက် စွမ်းအားပြည့်ဝတဲ့ ဓားဆန္ဒတွေ လှည့်ပတ်နေခဲ့ပြီး သူမရဲ့ ပုံရိပ်တစ်ခုလုံး တည်ကြည်လေးနက် လာခဲ့တယ်..

လေးရာသီဓားသိုင်းနည်းစနစ်က အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တစ်ခု ဖြစ်ပါတယ်..

ဒီဓားနည်းစနစ်က ကွဲပြားခြားနားတဲ့ အစိတ်အပိုင်းလေးခု အဖြစ်သို့ ခွဲခြားထားပြီး..တစ်ခုစီက နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်း အဖြစ် ကိုယ်စားပြုပါတယ်..အမန်တကယ်တော့ ၎င်းကို ကွဲပြားခြားနားတဲ့ ဓားနည်းစနစ် လေးခုကို အဓိက ဓားနည်းစနစ်တစ်ခုအဖြစ် ပေါင်းစည်းထားတယ်လို့ သတ်မှတ်နိုင်ပါတယ်..လူလေးယောက်က တစ်ချိန်ထဲမှာ ဓားနည်းစနစ်တစ်ခုစီကို အသုံးပြုရင် စွမ်းအားကို သိသိသာသာပိုပြီး တိုးပွားလာစေပါလိမ့်မယ်..

ဒါပေမဲ့ လူတစ်ဦးထဲနဲ့ ဒီဓားနည်းစနစ်ကို လှည့်ပတ်ဖို့ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး..အသုံးပြုသူဟာ လှုပ်ရှားမှုတစ်ခုနောက်မှာ နောက်တစ်ခုလိုက်ပါရင်း သူရဲ့ ဓားအပေါ်မှာ ထိမ်းချုပ်နိုင်စွမ်းက မြင့်မားရပါမယ်...ရာသီလေးခု စက်ဝန်း ဖြစ်ပေါ်ဖို့ နွေဦးရဲ့နောက်မှာ နွေ၊ ဆောင်းဦးရဲ့နောက်မှာ ဆောင်း လိုက်ပါခဲ့ပြီး....ကြောက်မက်ဖွယ် စွမ်းအားပြည့်ဝတဲ့ တိုက်ခိုက်မှု နည်းစနစ်ကို ဖန်တီးနိုင်ပါလိမ့်မယ်...

လွီယုထန်က နွေဦးမိုးဓားနည်းစနစ်ရဲ့ သိုင်းကွက်အနည်းငယ်ကိုသာ သင်ယူခဲ့တာပါ..ဒါ့ကြောင့် သဘာဝကျစွာပဲ သူမက ရာသီစက်ဝန်းတစ်ခု ဖြစ်ပေါ်ဖို့ မတတ်နိုင်သေးပါဘူး...ရာသီစက်ဝန်းဟာ နွေဦးမိုး ၊ နွေလျှပ်စီး၊ နွေဦးလေပြေ၊ ဆောင်းနှင်းစက် တို့ရဲ့ ဓားဆန္ဒတွေ ဖြစ်ပါတယ်...ဒါပေမဲ့ အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်ကတော့ အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ် ဖြစ်နေတုန်းပါပဲ..(အေးပါကွာ..□)မည်သည့် သိုင်းကွက်တစ်ခုမဆို ထိပ်လန့်ဖွယ်ကောင်းတဲ့ စွမ်းအားတစ်ခု ဖန်တီးဖို့ လုံလောက်ပါတယ်..

"Shua.."

ဓားအလင်းက အတော်လေး အေးစိမ့်နေခဲ့ကာ လေထဲမှာ ကခုန်နေတဲ့ မိုးရေစက်တွေလို ဖြစ်ပေါ်လာပြီး ဓားလမ်းကြောင်းအတိုင်း လိုက်ပါသွားပါတယ်..အဲ့ဒါက အတော်လေး အထင်ကြီးစရာမြင်ကွင်းတစ်ခု ဖြစ်ပါတယ်..

အလှတရားဟာ ပန်းချီကားတစ်ချပ်ဆိုရင် သူမရဲ့ဓားကတော့ အလှပဆုံးမြင်ကွင်းတစ်ခုကဲ့သို့ပါ..အခြားသူတွေအကုန်လုံး ကို သူမရဲ့ ကခုန်မှုကို ကြည့်ရှုရင်း ယစ်မူးနေသကဲ့သို့ ခံစားနေခဲ့ရတယ်.. သူတို့ရဲ့ ဘဝတစ်ခုလုံးကို သိုင်းပညာပေါ်မှာပဲ မြှုပ်နှံဖို့ ဆုံးဖြတ်ခဲ့တဲ့ သူတစ်ချို့တောင်မှ လှိုဝ်ယုထန်ရဲ့ အလှတရားကို ကြည့်ရှုရင်း သူတို့ရဲ့နှလုံးသားတွေ မထိန်းနိုင်စွာ ယိမ်းယိုင် ယစ်မူးနေခဲ့တယ်..

အလှတရားဟာ ကျောက်စိမ်းဆိုရင် သူမဓားဟာ သက်တံကဲ့သို့ပါ...သူတို့တွေဟာ သူမရဲ့ ဂုဏ်သရေအတွက် ကဗျာတစ်ပုဒ်စပ်ဆိုရန် မဟုတ်ရင် သီချင်းတစ်ပုဒ် သီဆိုချင်တဲ့ ခံစားချက်တွေ ဖြစ်ပေါ်လာခဲ့တယ်..

ပြောစရာ တစ်ခုသာလျှင် ရှိပါတော့တယ်......

"အရမ်းကို လှပ လွန်းပါတယ်......."(□□)

Chapter၁၂၆

အဲ့ဒီအချိန်မှာ ဟူဘိုရဲ့စိတ်တွေက ပေါ့ပါးဖျတ်လတ်မှုမျိုး မရှိပဲနဲ့...ကြီးမားတဲ့ ဖိအားတွေကို ခံစားနေရကာ သူ့နဖူးပေါ်ကနေ ချွေးသီးချွေးပေါက်တွေ ဆက်တိုက် ကျဆင်းနေခဲ့တယ်..

လှီယုထန်ဟာ နတ်ဘုရားတစ်ပါးကဲ့သို့ ပေါ့ပါးဖျတ်လက်နေပြီး သူမရဲ့ လှုပ်ရှားမှုတွေက အရမ်းကို လှပနေခဲ့ပါတယ်..သူမဟာ စစ်ပွဲနတ်ဘုရားမတစ်ပါး ကဲ့သို့တောင် ထင်ရပါတယ်....သူမဆီက ထုတ်လွှတ်နေတဲ့ ဖိအားတွေဟာ အတော်လေးမြင့်မားနေခဲ့တာကြောင့် ဟူဘိုရဲ့ အာရုံကြောတွေ ဖိစီးလာခဲ့ပြီး....ဓားကို လွှတ်ပစ်ကာ အရှုံးပေးချင်စိတ်တွေပေါက်လာပါတယ်......

ဒါပေမဲ့ လူတွေ အများကြီးရှေ့မှာ သူဒီလောက် လွယ်လွယ်ကူကူအရှုံးပေးလိုက်ရင် သူပြန်ရောက်တဲ့အခါ ကလန်ရဲ့အကြီးအကဲတွေက သူ့ကို ကျိန်းသေ ပြင်းထန်စွာ ဆူပူကြိမ်းမောင်းလိမ့်မှာပါ..

ဟူဘိုဟာ ကျယ်လောင်စွာ ဟစ်ကြွေးလိုက်ပြီး သူ့ရဲ့ အသန်မာဆုံး သိုင်းပညာနည်းစနစ်ကို အသုံးပြုလိုက်တာကြောင့် သူ့ဓားဟာ တုန်ယင်လာတယ်...

တိမ်ဖြတ်ဓား.....!

ထိုအရာက ဟူကလန်ရဲ့ လျှို့ဝှက်သိုင်းတစ်ခု ဖြစ်ပြီး အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်တစ်ခုလဲ ဖြစ်ပါတယ်...ဒါပေမဲ့ အနက်ရောင်အဆင့် အဆင့်နိမ့်သိုင်းပညာ နည်းစနစ်တစ်ခုသာလျှင် ဖြစ်ပါတယ်.....ဟုတ်တာပေ့ါ ဟူကလန်မှာ အနက်ရောင်အဆင့် အလယ်အလတ်သိုင်းပညာနည်းစနစ်တွေလည်း ရှိပါတယ်...ဒါပေမဲ့ ထိုအရာတွေက ဟူကလန်ရဲ့ အဓိက လျှို့ဝှက်ရတနာတွေ ဖြစ်ပါတယ်..နွေဦးစမ်းရေအဆင့်ကို ချိုးဖျတ်ပြီးရုံပဲရှိသေးတဲ့ ဂျူနီယာတစ်ယောက်ကို ဒီနည်းစနစ်တွေ သင်ပေးဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ...?

အကယ်၍ အနက်ရောင်အဆင့် အလယ်အလတ်သိုင်းပညာ နည်းစနစ်တွေကို သင်ယူချင်ခဲ့ရင် အနည်းဆုံး စိတ်ဝိညာဉ်ပင်လယ်အဆင့်မှာ ရှိရမှာဖြစ်ကာ ကလန်အပေါ် လုံးဝသစ္စာရှိကြောင်း သက်သေပြနိုင်ပြီး သစ္စာဖောက်ဖို့

ဖြစ်နိုင်ချေ လုံးဝမရှိတာ သေချာတဲ့ သူတစ်ယောက် ဖြစ်ရပါလိမ့်မယ်..

"Hong.."
သူတို့နှစ်ဟာ နောက်တစ်ကြိမ် ထပ်တိုက်ခိုက်လိုက်ရာ ပတ်ဝန်းကျင်က ချက်ချင်းပေါက်ကွဲ နီရဲလာပါတယ်..မွန်းစတားအိုကြီးတွေဟာ အပြင်ကို ထွက်လာခဲ့ပြီး လက်နောက်ပြစ် ကာ အပြုံးနဲ့ တိုက်ပွဲကို လေ့လာကြည့်ရှုနေခဲ့တယ်..ဒီအဆင့် တိုက်ပွဲဟာသူတို့မျက်လုံးထဲမှာ ကလေးတွေရဲ့ ကစားပွဲတစ်ခုလိုဖြစ်ပေမဲ့ လှီယုထန်နဲ့ ဟူဘိုတို့နှစ်ယောက်လုံးဟာ အနာဂတ်မှာ သူတို့အဆင့်ကို ရောက်ဖို့ အလားအလာရှိပါတယ်..ဒါ့ကြောင့် သဘာဝကျစွာပဲ သူတို့ရဲ့အာရုံကို ဆွဲဆောင်ထားခဲ့ပါတယ်..

တိမ်ဖြတ်ဓား နည်းစနစ်က ပြင်းထန်ပြီး လျှင်မြန်တဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်..ထိုနည်းစနစ်က ကောင်းကင်ပေါ်မှာ လွင့်မျောနေတဲ့ တိမ်တွေကိုတောင် ပိုင်းဖြတ်နိုင်ပါလိမ့်မယ်..ဒါ့ကြောင့် အတော်လေး ခြယ်လှယ်နိုင်တဲ့ ဓားနည်းစနစ်တစ်ခု ဖြစ်ပါတယ်..တစ်ခြားတစ်ဖက်မှာတော့ နွေဦးမိုးဓားသိုင်းနည်းစနစ်ဟာ နွေဦးမှာ တိုက်ခက်တဲ့

လေပြင်းတွေကို မိုးရေစက်တွေအဖြစ်ပြောင်းလဲကာ တိတ်တဆိတ်နဲ့ ကမ္ဘာမြေကြီးကို အဟာရ ဖြည့်ပေးနေသကဲ့သို့ ကြည့်မြင်ရတာ အတော်လေး အေးချမ်းသာယာလှပပြီး အလွန်ညင်သာသိမ်မွေ့သော ဓားနည်းစနစ်တစ်ခု ဖြစ်ပါတယ်..

ဒါဆို ဘာလို့ နွေဦးမိုး ဓားနည်းစနစ်က အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တစ်ခု ဖြစ်နေရတာလဲ..?

နွေဦးမိုးဟာ အတော်လေး ညင်သာပေမဲ့ တစ်ချိန်ထဲမှာပဲ သတ်ဖြတ်ခြင်းဆန္ဒတွေလဲ ပါဝင်နေပါတယ်..

"Shua..,shua..,shua..,"
မရေတွက်နိုင်တဲ့ မိုးရေစက်တွေဟာ လေထုထဲမှာ ပျံသန်းကခုန်နေခဲ့ပြီး အလွန်သေးငယ်သော အပ်တွေအဖြစ်သို့ အမှန်တကယ်ပဲ ပြောင်းလဲသွားခဲ့တယ်..သူတို့တွေက ထက်မြတဲ့ဓားတွေကို အကြိမ်ရေပေါင်းများစွာ
သေးငယ်ထားသကဲ့သို့ပါ..ထိုအပ်လေးတွေဟာ
ဟူဘိုအရေပြားရဲ့ အပေါက်တွေထဲကို ထိုးဖောက်ဝင်ရောက်သွားခဲ့ပြီး သူ့ရဲ့သွေးကြောတွေထဲကို တိုက်ရိုက်ဦးတည် သွားခဲ့တယ်...

ထိုမိုးရေစက်တွေအကုန်လုံးကို နွေဦးမိုး ဓားသိုင်းနည်းစနစ်က ဖန်တီးခဲ့တာဖြစ်ပြီး လွီယုထန်ရဲ့ ကိုယ်ပိုင် မူလစွမ်းအင်တွေ ပါဝင်နေခဲ့ပါတယ်..သူတို့တွေက ဟူဘိုရဲ့ သွေးကြောတွေထဲကို ဝင်ရောက်သွားခဲ့တဲ့အခါ သူတို့မှာ အတော်လေး သန်မာတဲ့ ဖျက်ဆီးနိုင်စွမ်းတွေ ပါဝင်နေခဲ့တယ်..

သူတို့တွေက သုံးကွက်သာလျှင် ဖလှယ်ခဲ့ရသေးတာပါ..ဟူဘိုရဲ့ တိုက်ပွဲစွမ်းရည်ဟာ အကြီးအကျယ် ကျဆင်းခဲ့ပြီး လွီယုထန်က သူ့ကို လုံးဝ ချုပ်ကိုင်လွှမ်းမိုးထားခဲ့ပါတယ်

နှစ်ဖက်စလုံးက စွမ်းအင် တူညီလုနီးပါးအခြေအနေအောက်မှာ သိုင်းပညာနည်းစနစ်မှာ အားသာချက် ရှိတဲ့သူက သဘာဝကျစွာပဲ အသာစီးရပါလိမ့်မယ်..အဆင့်မြင့် သိုင်းပညာ နည်းစနစ်က အဆင့်နိမ့်သိုင်းပညာကို ပိုပြီးစိုးမိုးခြယ်လှယ်နိုင်ပါတယ်..သူတို့နှစ်ယောက်ကြားထဲက ကွာဟချက်က အနည်းငယ်လေးမျှသာ မဟုတ်ခဲ့ပါဘူး...

လင်းဟန် အနည်းငယ် ခေါင်းညိတ်လိုက်တယ်..ယွီထန်က

အမှန်တကယ်ပဲ ပါရမီရှိပါတယ်..သူမက နွေဦးမိုးမားနည်းစနစ်ရဲ့ နောက်ကွယ်က သဘောတရားကို အမှန်တကယ်ပဲ ဖမ်းဆုတ်နိုင်ခဲ့တယ်..အချို့အပိုင်းတွေမှာ သူ့ရဲ့ လမ်းညွှန်မှုကြောင့် ဆိုပေမဲ့လည်း အဲ့ဒါက လွီယုထန်ဟာ သိုင်းပညာနယ်ပယ်မှာ အတော်လေး ပါရမီမြင့်မားတယ်ဆိုတာကိုလည်း သက်သေပြနေခဲ့ပါတယ်..

သူတို့ပတ်ဝန်းကျင်မှာရှိတဲ့ စိတ်ဝိညာဉ်ချီတွေကို ရွှေ့လျားနိုင်ပြီး အစစ်အမှန်အဖြစ်သို့ ပြောင်းလဲကာ တိုက်ခိုက်နိုင်ခြင်းဟာ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်ရဲ့ အစွမ်းထက်ဆုံး အားသာချက်တစ်ခုပဲဖြစ်ပါတယ်...

"ဒါ အမှန်မဖြစ်နိုင်ဘူး..ဟူဘိုက အင်ပါယာမြို့တော်ရဲ့ လူငယ်မျိုးဆက်တွေထဲမှာ အစွမ်းထက်ဆုံး လက်ရွေးစင်တွေထဲက တစ်ယောက် အဖြစ် မသက်မှတ်နိုင်ပေမဲ့ တတိယအတန်းစားထဲမှာတော့ ကျိန်းသေပါဝင်ပြီး လူသိများတဲ့ ပုံရိပ်တစ်ခုအဖြစ် သက်မှတ်နိုင်ပါတယ်..ဘာလို့ သူဒီလောက်မြန်မြန် အားနည်းချက်တွေ ဖြစ်လာခဲ့တာလဲ..."

"လွီယုထန်က သူ့ထက်အများကြီး မသန်မာခဲ့ဘူး..ဒါပေမဲ့ သူမရဲ့ ဓားသိုင်းက အတော်လေး ကြောက်စရာကောင်းလွန်းတယ်..ခွန်အားကို တန်ပြန်ဖို့ နူးညံ့မှုကို သုံးနေခဲ့တာ...ဒါက အတော်လေး လျို့ဝှက်ဆန်းကြယ်တဲ့ ဓားနည်းစနစ်ပဲ.."

"En...ငါ သူမကို တိုက်ခိုက်ရမယ်ဆိုရင်လည်း......ငါရဲ့စွမ်းအားက သူမကို လုံးဝလွှမ်းမိုးနိုင်အောင် လုံလုံလောက်လောက် မသန်မာဘူးဆိုရင် အဲ့ဒီဓားသိုင်းနည်းစနစ်ကြောင့် သူမရဲ့ထိမ်းချုပ်မှုအောက်ကို လုံးဝ ကျရောက်ရလိမ့်မယ်.."

"ဘုရားသခင်....ဒါက ဘယ်လို ဓားသိုင်းနည်းစနစ်ကြီး လဲ.....?"

လူငယ်တွေဟာ အချင်းချင်းဆက်ဆွေးနွေးနေခဲ့ကြပြီး ရုတ်ရုတ်သဲသဲဖြစ်နေတဲ့ ဒီနေရာက မွန်းစတားအိုကြီးတွေကို ပိုပိုပြီး ဆွဲဆောင်ခဲ့ပါတယ်..သူတို့ရဲ့ မျက်လုံးတွေဟာ လွီယုထန်ပေါ် လုံးဝ အာရုံစိုက်နေခဲ့ပါတယ်...သူမကို ကြာကြာကြည့်လေ သူတို့ရဲ့ အမူအရာတွေက ပိုပြီးစိုးရိမ် ထိတ်လန့်လာလေဖြစ်ပြီး..ကြောက် ရွံ့မှုတွေတောင်မှ ပါဝင်နေခဲ့တယ်..

ရိုးသားစွာပြောရရင်..သူတို့ရဲ့စွမ်းအင်တွေကို လွှီယုထန်ရဲ့ လက်ရှိအဆင့်အထိ ဖိနှိပ်ထားရင်...ဒီဓားနည်းစနစ်ရဲ့ရှေ့မှာ လက်ရည်တူသာလျှင် အများဆုံး ဖြစ်နိုင်ပြီး အဲ့ဒါကလည်း သူတို့ရဲ့ ကြွယ်ဝတဲ့ တိုက်ပွဲ အတွေ့အကြုံတွေကြောင့်ပါ..

ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...?

သူတို့တွေအကုန်လုံးမှာ သူတို့ရဲ့ ကိုယ်ပိုင် အနက်ရောင်အဆင့် အလယ်အလက် သိုင်းပညာနည်းစနစ်တွေ ရှိပြီး..တိုက်ပွဲအတွေ့အကြုံကလည်း လွှီယုထန်ထက် သာလွန်ပါတယ်..ဒါပေမဲ့ လွှီယုထန်နဲ့ အဆင့်တူထားပြီး တိုက်ခိုက်ရင် လက်ရည်တူလောက်ပဲ ရှိနိုင်မယ်တဲ့လား...?

"အနက်ရောင်အဆင့် အဆင့်မြင့်သိုင်းပညာ နည်းစ
နစ်....."

မွန်းစတားအိုကြီးတွေဟာ
အချင်းချင်းအကြည့်ချင်းဖလှယ်လိုက်ပြီးတဲ့နောက်
လွှီကလန်ရဲ့ မွန်းစတားအိုကြီးဆီ သူတို့ရဲ့ မျက်လုံးတွေ ရောက်လာခဲ့တယ်..သူတို့တွေအကုန်လုံးမှာ
အနက်ရောင်အဆင့် အလယ်အလတ် သိုင်းပညာ

နည်းစနစ်တွေသာလျှင် ရှိပါတယ်..ဒါ့ကြောင့် ကလန်ကြီး ရှစ်ခုလုံးဟာ ကောင်းမွန်တဲ့ စွမ်းအားမျှခြေတစ်ခုမှာ ရှိနေခဲ့တယ်..အခုတော့ လွီကလန်က အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တစ်ခုရှိနေခဲ့တဲ့အတွက် ထိုကောင်းမွန်တဲ့မျှခြေဟာ ကျိုးပျက်သွားခဲ့ပြီလို့ ဆိုလိုနိုင်ပါတယ်...

လွီကလန်ရဲ့ မွန်းစတားအိုကြီးဟာ စိတ်ဝိညာဉ် ပုလ္လင်အဆင့်မှာရှိနေခဲ့တာတောင်မှ သူနဲ့ကျင့်ကြံခြင်းအဆင့်တူတဲ့ သူတွေအများကြီးက သူ့ကို ရုတ်တရက် အာရုံစိုက် လာတဲ့အခါ စတင်ပြီး ချွေးပျံလာပါတယ်....သူက လွီယုထန်ကို သူ့ရဲ့အတွေးထဲမှာ စတင်ကြိမ်းမောင်းလိုက်မိပါတယ်...လွီယုထန်က ဒီလို စွမ်းအားပြည့်ဝတဲ့ သိုင်းပညာ နည်းစနစ်ကို သင်ယူခဲ့ပေမဲ့ အဲ့ဒါကို ဂုဏ်ဖဲတစ်ချပ်အနေနဲ့ သိမ်းမထားပဲ လူအများကြီးရှေ့မှာ အမှန်တကယ်ပဲ အသုံးပြုခဲ့တယ်..ဒီဓားသိုင်းနည်းစနစ်ကို တစ်ခြားသူတွေ လောဘတတ်လာအောင် ဆွဲဆောင်ဖို့ ကြိုးစားနေတာတော့မဟုတ်ဘူးမလား..?

လွီကလန်က ဒီဓားနည်းစနစ်ကို မပိုင်ဆိုင်ခဲ့တဲ့အကြောင်း သူအခိုင်အမာပြောချင်နေခဲ့ပါတယ်...ဒါပေမဲ့

အခြားမွန်းစတားအိုကြီးတွေက သူ့ကို ယုံကြည့်လိမ့်မှာ မဟုတ်တာကိုလည်းပဲ သိနေခဲ့ပါတယ်......လွီယုထန်ဟာ ဒီဓားနည်းစနစ်ကို သိနေခဲ့တာကြောင့် လွီကလန်ကလည်း ဒီဓားနည်းစနစ်ကို သိနေခဲ့တာနဲ့ တူညီနေတယ် မဟုတ်ပါလား..?

ဒါပေမဲ့ သူလည်းပဲ အတော်လေးသိချင်နေခဲ့ပါတယ်..လွီယုထန်က တကယ်ပဲ ဒီဓားနည်းစနစ်ကို ဘယ်နေရာက သင်ယူခဲ့တာလဲ..?

လွီယုထန်က အနည်းငယ် ကြွေးကြော်လိုက်ပါတယ်.. သူမရဲ့ဓားကို ဝှေ့ရမ်းတိုက်ခိုက်နေခဲ့တာကြောင့် နွေဦးမိုး ဓားနည်းစနစ်ကို ပိုပိုပြီး ကောင်းမွန်စွာကျင့်သားရလာခဲ့ပါတယ်...ဒါက သိုင်းပညာနည်းစနစ် တစ်ခုဖြစ်ပြီး သူ့ရဲ့ အဓိက ရည်ရွယ်ချက်က တိုက်ပွဲတွေမှာ အသုံးပြုဖို့ပဲ ဖြစ်ပါတယ်..ဒါကြောင့် သဘာဝကျစွာပဲ သူမဟာ အစစ်အမှန်တိုက်ပွဲမှာသာလျှင် ဓားနည်းစနစ်ရဲ့ အနှစ်သာရကို ဖမ်းဆုပ်နိုင်ပါလိမ့်မယ်...

နွေဦးမိုးဓားနည်းစနစ်ရဲ့ အနှစ်သာရကို ပိုပြီး ဖမ်းဆုပ်မိလေလေ နတ်ဘုရားတစ်ပါးနဲ့

ပိုပြီးတူလာလေလေပါ..ကြည့်ရှုသူတွေရဲ့ မျက်လုံးထဲမှာ သူမဟာ ကျော့ရှင်းစွာ ကခုန်နေတဲ့ ကျောက်စိမ်းရေကန်ရဲ့ နတ်သမီးတစ်ပါး ကဲ့သို့ပါ..သူမရဲ့ ဓားဟာ ဆက်တိုက် ကခုန်နေခဲ့တာကြောင့် နွေဦးရဲ့ မိုးရေစက်တွေဟာလဲ သူမနဲ့အတူ ကခုန်နေခဲ့ပြီး မွှန်းကျပ်မှုကိုတောင် ဖြစ်စေနိုင်လောက်တဲ့ အရမ်းလှပတဲ့ မြင်ကွင်းတစ်ခုကို ဖန်တီးနေခဲ့ပါတယ်...

လူငယ်တွေအကုန်လုံးဟာ ညို့ယူဖမ်းစားခံနေရပါတယ်..အသက်အရွယ် မငယ်ရွယ်တော့တဲ့သူတွေတောင်မှ သူတို့ရဲ့ နှလုံးသားဟာ ယိမ်းယိုင်တုန်လှုပ်နေခဲ့ပြီး လှပတဲ့ မြင်ကွင်းတွေ သံစဉ်တွေ နောက်လိုက်စားခဲ့တဲ့ သူတို့ရဲ့ ငယ်ရွယ်စဉ်အချိန်တွေကို ပြန်ရောက်သွားနေသကဲ့သို့ပါ...

"လုံလောက်ပြီ..."ဟုကလန်မှ မွှန်းစတားအိုကြီးဟာ သူ့ရဲ့လက်ကို ဆန့်ထုတ်ကာ ပြောလိုက်တယ်..သူ့ရဲ့ မူလစွမ်းအင်တွေဟာ ကြီးမားတဲ့ လက်ဝါးကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီး လွီယုထန်နဲ့ ဟူဘိုကို ခွဲခြားလိုက်တယ်..
"ဒါက အငြင်းပွားမှုလေးပဲ...လွန်လွန်ကဲကဲတွေ မဖြစ်စေနဲ့..သရေလို့ပဲ သက်မှတ်လိုက်ရအောင်.."

ထိုစကားကို ကြားတဲ့အခါ..အခြားသူတွေအကုန်လုံး သူတို့ရဲ့အတွေးထဲတွေမှာ လှောင်ပြောင်လိုက်ပါတယ်..သရေကျတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ..?အများဆုံး နောက်ထပ်သုံးကွက်အတွင်းမှာ ဟူဘိုဟာ သေချာပေါက် ရှုံးနိမ့်သွားလိမ့်မှာပါ..ဒါပေမဲလည်း ဘယ်သူက စိတ်ဝိညာဉ်ပုလ္လင်အဆင့်စစ်သည်ကို ဆန့်ကျင်ပြီး ပြန်ပြောရဲမှာလဲ..?သေချင်နေတဲ့ သူတွေသာ ပြောလိမ့်မှာပါ..

လှီယုထန်က စိတ်မကောင်းဖြစ်မနေခဲ့ပါဘူး..သူမက အစထဲက ဟူဘိုကို ရှုံးနိမ့်စေဖို့ မရည်ရွယ်ခဲ့ပါဘူး..သူ စွဲစွဲမြဲမြဲမှတ်မိနေလောက်မဲ့ သင်ခန်းစာကောင်းတစ်ခုသာ သင်ပေးချင် ခဲ့ရုံပါ...

ဟူဘိုဟာ နောက်ဆုတ်လိုက်ပေမဲ့ သူမျက်နှာပေါ်မှာတော့ ရှုပ်ထွေးမှုတွေ အပြည့်နဲ့ပါ..လှီယုထန် ဘာလို့ဒီလောက် သန်မာလာခဲ့လဲဆိုတာ သူလုံးဝနားမလည်ခဲ့ပါဘူး...လှီယုထန်က နောက်ဆုတ်လိုက်ပြီး လင်းဟန်ဘေးမှာ ပြန်ရပ်နေခဲ့တာကို မြင်တဲ့အခါ သူ့မျက်လုံးထဲမှာ ကြောက်မက်ဖွယ်

သက်ဖြတ်ခြင်းဆန္ဒတွေ မြင့်တတ်လာခဲ့ပါတယ်..

ဒီကောင်စုတ်က အမှန်တကယ်ပဲ လွှီယုထန်ကို နှောက်ယှက်နေတုန်းပဲ....

"ဘယ်လောက် မုန်းစရာကောင်းလဲ..သေစမ်းကွာ.."

ပိုသန်မာလာတဲ့ လွှီယုထန်ဟာ သိုင်းပညာမှာ ပိုပြီးကြောက်ဖို့ကောင်းတဲ့ ပါရမီကို ပြသလေလေ ဒီပါရမီရှင် မိန်းကလေးကို သူပိုပြီး လိုချင်လာလေလေပါ..ဒါ့ကြောင့် သဘာဝကျစွာပဲ အခြားယောကျာ်းတစ်ယောက်နဲ့ ဒီလောက်နီးကပ်နေတာကို မြင်ရတာ သူလုံးဝ လက်မခံချင်ခဲ့ပါဘူး...

သူတစ်ယောက်ထဲသာလျှင်
မဟုတ်ပါဘူး..ဒီဧရိယာအတွင်းမှာရှိတဲ့ လူငယ်တွေ အကုန်လုံး ဒါကို မြင်တဲ့အခါ လင်းဟန်ကို အတော်လေး မလိုလားတဲ့အကြည့်တွေနဲ့ စူးစိုက်ကြည့်နေခဲ့တယ်...

ထိုအခါမှ လင်းဟန်ဘေးမှာ ရပ်နေတာ အလှလေးတစ်ယောက်ထဲသာလျှင် မဟုတ်တာကို သူတို့တွေ့ရှိလိုက်ရတယ်...လွှီယုထန်ရဲ့

အလှအောက်လုံးဝမလျော့တဲ့
နောက်ထပ်အလှပဂေးလေးတစ်ယောက်လဲ
သူ့ဘေးမှာရှိနေခဲ့ပါတယ်...(အားတွေကျနေပြီမလား...)

လီစီချန်း.....

ဘုရားသခင်...အင်ပါယာမြို့တော်ရဲ့ အမြွာပုလဲလို့ နာမည်ကြီးတဲ့ မိန်းကလေးနှစ်ယောက်လုံး သူ့ရဲ့အမျိုးသမီးတွေ ဖြစ်နေခဲ့တာလား..?

သေစမ်း ဒီခွေးသူတောင်းစားကောင်.........

အဲ့ဒီခဏမှာပဲ လင်းဟန်ဟာ အများတကာရဲ့ နံပါတ်တစ် ရန်သူတော်တစ်ယောက် ဖြစ်လာခဲ့ပါတယ်..လွီယုထန်နဲ့ လီစီချန်းကို စိတ်ဝင်စားတဲ့ မည်သူမဆို လင်းဟန်ကို သူတို့ရဲ့ ပြိုင်ဖက် တစ်ယောက်အဖြစ် သတ်မှတ်ထားခဲ့တယ်..ဒ့ါအပြင် ထိုမိန်းကလေးနှစ်ယောက်ကို နှစ်သက်သူတွေ စီးတန်းလိုက်ပါက အင်ပါယာမြို့တော်ကို သုံးကြိမ် ဝိုင်းပတ်ဖို့ လုံလောက်ပါတယ်...ဒါက လင်းဟန်တွေးနိုင်တဲ့ သူရဲ့ရန်သူသစ် အရေအတွက် ပါ...

.......ပြီးတော့ ဒါက အင်ပါယာမိသားစုနဲ့ ကလန်ကြီးရှစ်ခုရဲ့ မျိုးဆက်သစ်တွေ သာလျှင်ဖြစ်ပါတယ်..

"လင်းညီလေး...ဒီလောက်အစောကြီးရောက်နေမယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး.."တတိယအင်ပါမင်းသားက ထွက်လာပြီး လင်းဟန်ကို ရင်းနှီးစွာ ပြုံးပြလိုက်တယ်...သူက ကြီးမားတဲ့အရာတွေအတွက် ရည်မှန်းချက်ရှိတဲ့သူတစ်ယောက် ဖြစ်ပါတယ်..ဒါကြောင့် မိန်းမတွေရဲ့ အလှတရားမှာ သူကိုယ်သူ ကျရှုံးခံလိမ့်မှာ မဟုတ်ပါဘူး...

"ဟားဟားဟား.."လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်.
"ကျွန်တော်တို့ အခု သွားနိုင်ပြီလား..?"

သူက ရက်အတော်ကြာစောင့်နေခဲ့ပြီးပါပြီ ဒါ့ကြောင့် မြေအောက်မြစ်ရဲ့ အရင်းအမြစ်ဆီမှာ ဖုံးကွယ်နေတဲ့ လျှို့ဝှက်ချက်တွေကို သူ ရှာဖွေဖို့ မစောင့်နိုင်တော့ပါဘူး....

Chapter-၁၂၇ အရိုးစားမြက်

"စထွက်ကြစို့..."မွန်းစတားအိုကြီးတွေထဲက တစ်ယောက်က သူ့လက်ကို ဝှေ့ယမ်းပြလိုက်တယ်...အရင်က သူ့ကလန်က

လူငယ်တွေ ဒီမှာရှိမနေခဲ့ပါဘူး..ဒါ့ကြောင့် သူ့အနေနဲ့တစ်ခြားမည်သူကိုမှ အပေါက်ကို ပထမဆုံး ဖြတ်သန်းသွားဖို့ ခွင့်မပြုနိုင်ခဲ့ပါဘူး...

ဘာပဲဖြစ်ဖြစ် လိုအပ်တဲ့နှိုးဆော်ချက်တွေ ပေးပြီးခဲ့ပါပြီ..အခု ဘယ်သူမှ အဓိပ္ပါယ်မရှိတဲ့ စကားတွေပေါ်မှာ အချိန်ဖြုန်းမနေခဲ့တော့ပါဘူး....သူတို့တွေအကုန်လုံး မြစ်ထဲကို ခုန်ဆင်းလိုက်ကြတယ်...

သူတို့တွေဟာ တစ်ယောက်ပြီးတစ်ယောက် ဖြတ်သန်းသွားခဲ့ပြီး နတ်ဘုရားအလင်းရဲ့နောက်မှ ဖုန်းကွယ်နေတဲ့ နယ်မြေကို ဝင်ရောက်ခဲ့ကြတယ်..

လင်းဟန်ရဲ့ အမူအရာက ချက်ချင်း လေးနက်တည်ငြိမ်လာခဲ့တယ်..ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တစ်ယောက် သူ့ရဲ့နောက်ဆုံးအချိန်မှာ ရှိခဲ့ဖူးတဲ့ နတ်ဘုရားအလင်းတွေ ရှိတဲ့နေရာတစ်ခုဆိုရင် လင်းဟန်ဆိုရင်တောင်မှ သူ့ရဲ့လျှပ်ရှားမှုတိုင်းပေါ် အနည်းငယ်ဂရုမစိုက်မိခဲ့ရင်တောင် အသက်ဆုံးရှုံးသွားနိုင်ပါတယ်..သူ အပေါက်ကိုဖန်တီးပြီး ဒီလောက်လူအများကြီးကို ဝင်ခွင့်ပေးဖို့ ဘာလို့ဆန္ဒရှိခဲ့လဲဆိုရင် ထိုလူတွေက ဒီနယ်မြေထဲကို

ပထမဆုံးဝင်ပြီး ဖြစ်နိုင်ချေရှိတဲ့အန္တရာယ်တွေကို ထောက်လှမ်းနိုင်ဖို့အတွက် ရည်ရွယ်ခဲ့တာပါ...

ဟုတ်တာပေါ့...ကံကောင်းခြင်းတွေဟာ အန္တရာယ်တွေနဲ့ အမြဲ ယှဉ်တွဲနေခဲ့တာပါ..တစ်စုံတစ်ယောက်ဟာ ကြီးမားတဲ့ ဆုလာဘ်တွေကို ရရှိချင်ရင် ကြီးမားတဲ့ စွန့်စားမှုတွေကို ရင်ဆိုင်ဖို့လဲ ပြင်ဆင်ထားရပါလိမ့်မယ်..
ဒါက လူတစ်ဦးချင်းစီတိုင်းအတွက် မှျတပါလိမ့်မယ်..

အပေါက်ဟာ မြေအောက်မြစ်မှာ ဆန့်တန်းတည်ရှိနေတုန်းပါ..သူတို့တွေဟာ ရှေ့ဆက်သွားခဲ့ပြီး မကြာခင် ကုန်းမြေအစိတ်အပိုင်းတစ်ခု သူတိုရှေ့မှာ ပေါ်လာခဲ့တယ်..

အဲ့ဒီအချိန်မှာ သူတို့တွေဟာ သွေးစွန်းတောင်အတွင်း နက်ရှိုင်းတဲ့နေရာမှာ ရှိနေသင့်တာပါ..ဒါပေမဲ့ အထဲမှာ ကြီးမားတဲ့ နေရာလွတ်ကြီးတစ်ခု ပါဝင်နေခဲ့ပြီး လုံးဝကို ဗလာဖြစ်နေခဲ့ပါတယ်..

သူတို့တွေ အကုန်လုံး ကုန်းမြေအပေါ် ခြေချလိုက်ပါတယ်..တောင်ရဲ့ဝမ်းခေါင်းထဲမှာ ခုန်ကူးနေတဲ့ ဆန်းကျယ်တဲ့ အလင်းတွေ တောက်ပနေခဲ့တာကြောင့်

ထိုနေရာမှာ တအားမှောင်မနေခဲ့ပါဘူး..ဒါပေမဲ့ သူတို့တွေ ရှေ့ကို အဝေးကြီးတော့ မမြင်နိုင်ခဲ့ပါဘူး..သူတို့ရဲ့ မြင်ကွင်းကို တစ်စုံတစ်ခုက ဟန့်တားထားသကဲ့သို့ပါပဲ..

သူတို့တွေ တော်တော်များများ အခြားသူတွေနဲ့ ခွဲခွာပြီး ထွက်ခွာခဲ့ပါတယ်...ကလန်တူတဲ့သူတွေတောင်မှ အတော်လေးများပြားတဲ့ အသင်းတွေအဖြစ်သို့ ခွဲခြားလိုက်ကြတယ်..

ပထမအနေနဲ့ ခြင်းတစ်ခုထဲမှာ သူတို့ရဲ့ ကြာက်ဥတွေအကုန်လုံး ထားဖို့ မဖြစ်နိုင်ပါဘူး..ဒုတိယအနေနဲ့ကတော့ ကလန်တူတဲ့ သူတွေတောင်မှ လုံးဝ စည်းလုံးပြီး အချင်းချင်း နီးစပ်နေခဲ့တာ မဟုတ်ပါဘူး..ထိုအရာတွေကြောင့် အတူတူစုမသွားတာအကောင်းဆုံးပဲ ဖြစ်ပါတယ်..အကယ်၍ သူတို့ အန္တရာယ်ကြုံခဲ့ရင် အချင်းချင်း ကူညီလိမ့်မှာ မဟုတ်ရုံသာမက အနှောက်အယှက်တောင် ပေးနိုင်ပါတယ်..

အလွန်လျှင်မြန်စွာပဲ..သူတို့ရဲ့ ကိုယ်ပိုင်အုပ်စုလေးတွေ အဖြစ် ခွဲထွက်သွားခဲ့ပြီး မတူညီတဲ့ ဦးတည်ချက်တွေကို ထွက်ခွာသွားခဲ့ပါတယ်..

"လင်းညီလေး..ငါ အရင်ဆုံး သွားတော့မယ်..." တတိယမင်းသားက လင်းဟန်ကို လက်သီးဆုပ်အရိုအသေပေးလိုက်ပြီး သူ့ဘေးက ကြက်သွေးရောင်ဆံပင်နဲ့ အချောအလှလေးနဲ့အတူ ထွက်သွားခဲ့ပါတယ်...

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပြီး တတိယမင်းသားထွက်သွားတာကို ကြည့်နေခဲ့တယ်...

အားလုံးတစ်ပြိုင်ထဲ လျှင်မြန်စွာ ထွက်သွားပြီးတဲ့နောက် မှာ ထိုနေရာဟာ ခြောက်ကပ်သွားခဲ့ပြီး လင်းဟန်၊ လီစီချန်း နဲ့ လွှီယုထန်တို့ တို့သာလျှင် နောက်မှာကျန်ခဲ့ပါတယ်..

"ငါတို့ ဘယ်သွားသင့်လဲ...?"လွှီယုထန်က မေးလိုက်ပါတယ်..ဒီနေရာက
လွင်ပြင်ကြီးနဲ့တူနေပါတယ်..သူတို့နောက်မှ
မြေအောက်မြစ်ကလွဲရင် အရပ်မျက်နှာတိုင်းဟာ လုံးဝကို ဟင်းလင်းဖြစ်နေခဲ့တယ်..ဘယ်ဦးတည်ချက်က မှန်ကန်တဲ့ ရွေးချယ်မှု ဖြစ်လိမ့်မလဲဆိုတာ သူမ မဆုံးဖြတ်တတ်တော့ပါဘူး..

လင်းဟန်ဟာ ရတနာဆေဘာဓားကို ထုတ်လိုက်ပြီး

ဆောဘာအတွင်းရှိ အသိဉာဏ် အကြွင်းအကျန်နဲ့ ဆက်သွယ်ဖို့ သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြုလိုက်ပါတယ်...ဂျန်းယွဲဖန်းရဲ့ အကြွင်းအကျန်တွေကို ရှာတွေ့ဖို့ ရတနာဆောဘာဓားရဲ့ ပင်ကိုယ်သိစိတ် တုံ့ပြန်မှုကို လှုံ့ဆော်ချင်ခဲ့တာပါ...

ဒါပေမဲ့ ရတနာဆောဘာဓားဆီမှ တုံ့ပြန်မှု လုံးဝ မရှိခဲ့ပါဘူး...

ဘယ်လောက်ထူးဆန်းလိုက်လဲ...

လင်းဟန် အနည်းငယ် မျက်မှောင်ကြုံ့လိုက်တယ်..ကျန်းယွဲ့ဖုန်းကောင်းကင်အဆင့်ကို အမှန်တကယ် ဝင်ရောက်ခဲ့တယ်ဆိုရင် သူသေခဲ့တာ နှစ်တစ်သောင်း ကြာပြီဆိုရင်တောင်မှ သူ့ရဲ့ခန္ဓာကိုယ်က ပျက်စီးလိမ့်ဦးမှာ မဟုတ်ပါဘူး...ကောင်းကင်အဆင့် အဆုံးမဲ့စစ်သည်တစ်ယောက်က သိုင်းပညာလမ်းကြောင်းမှာ အရှည်ကြီး လျှောက်ခဲ့ပြီးပါပြီ...သူတို့ရဲ့ သိုင်းဆန္ဒကလည်း သူတို့ခန္ဓာကိုယ်ရဲ့ အသွေးအသားတွေ၊ အရိုးတွေနဲ့ သွေးစက်တိုင်းဆီမှာ နက်ရှိုင်းစွာ ထွင်းထုထားပါတယ်.

အချို့အချက်အလက်တွေအရ ထိုအဆုံးမဲ့စစ်သည်ရဲ့ အကြွင်းအကျန်ကို စိတ်ဝိဉာဉ်လက်နက်

တစ်မျိုးအဖြစ်လည်းပဲ
သက်မှတ်နိုင်ပါတယ်..အမှန်တကယ်တော့
စိတ်ဝိဉာဉ်လက်နက် အရေအတွက် အများကြီးဟာ အတော်လေးစွမ်းအားကြီးတဲ့ မိစ္ဆာသားရဲတွေရဲ့ အရိုးကနေ ပြုလုပ်ထားတာပါ..ဟုတ်တာပေါ့....လူသားတွေရဲ့
အရိုးကိုလည်းပဲ အသုံးပြုနိုင်ပါတယ်...ဒါပေမဲ့ အဲ့ဒါက အတော်လေး
ကြောက်လန့်စရာကောင်းလွန်းပါတယ်.ဒ့ါကြောင့် ဘယ်သူမှ ဒီလိုအရာမျိုးကို မပြုလုပ်ဝံ့ပါဖူး..

ထို့ကြောင့် အသုံးပြုသူရဲ့ အကြွင်းအကျန်တွေနဲ့ သူ့ရဲ့ စိတ်ဝိညာဉ်လက်နက်တွေဟာ သိုင်းဆန္ဒအချို့ ပါဝင်နေခဲ့ပါတယ်...ဒ့ါကြောင့် သူတို့တွေက အချင်းချင်း ဆွဲဆောင်နိုင်ပါတယ်..ဒါပေမဲ့ ဒီမှာ ဘာ့ကြောင့် လုံးဝ တုံ့ပြန်မှုမရှိရတာလဲ..?

မဟုတ်မှလွဲရော....

လင်းဟန်ရဲ့အမူအရာ
ချက်ချင်းပြောင်းလဲသွားပါတယ်...မဟုတ်မှလွဲရော
ကျန်းယွဲ့ဖုန်းရဲ့ခန္ဓာကိုယ် က ဘာမှ မကျန်ခဲ့တော့တာလား..အဲ့ဒါကြောင့် သူ့ရဲ့

စိတ်ဝိညာဉ်လက်နက်က တုန့်ပြန်မှုလုံးဝ မရှိခဲ့တာလား..?

ဒါပေမဲ့ ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တစ်ယောက်ရဲ့ အကြွင်းအကျန်တောင်မှ လုံးဝပျောက်ကွယ်သွားရအောင် တကယ်ပဲ အဲ့ဒီအချိန်တုန်းက ဘာတွေများ ဖြစ်ခဲ့တာလဲ..?

"ငါတို့ ဒီအတိုင်း တစ်နေရာရာကိုပဲ လျှောက်သွားကြည့်ရအောင်.."လင်းဟန်က ပြောလိုက်ပါတယ်...သူတို့တွေက ဘယ်လမ်းက အကောင်းဆုံး ဦးတည်ချက်လဲဆိုတာကို မသိခဲ့ပါဘူး...

သူတို့သုံးယောက်ဟာ ရှေ့ဆက်သွားခဲ့ပြီး အချိန်ခဏကြာ လျှောက်ခဲ့ပြီးတဲ့နောက်မှာ လင်းဟန်က ရုတ်တရက် ရပ်တန့်သွားခဲ့ပါတယ်...

"ဘာဖြစ်လို့လဲ..?"လွှီယုထန်က မေးလိုက်တယ်..

လင်းဟန်က ဘာမှပြန်မပြောခဲ့ပါဘူး..သူက တိတ်ဆိတ်စွာပဲ သူတို့ဦးတည်ရာရဲ့ ဘေးဘက်သို့ သွားလိုက်ပြီး ကြီးမားတဲ့ ကျောက်တုံးကြီးရဲ့ ဘေးကို လာလိုက်ပါတယ်...

မိန်းကလေးနှစ်ယောက်က သူ့ရဲ့ခြေလှမ်းအတိုင်း

လိုက်သွားခဲ့ပေမဲ့ ထိုကျောက်တုံးနဲ့ ပက်သတ်တဲ့ စိတ်ဝင်စားဖွယ်ရာ ဘာကိုမျှ မမြင်ခဲ့ပါဘူး..အဲ့ဒီမှာ ကျောက်တုံးရဲ့ဘေးမှာ ပေါက်နေတဲ့ မြက်ရိုးတံတစ်ခုသာလျှင် ရှိပါတယ်..သူတို့တွေသာ အဲ့တာကို သေသေချာချာသာ မစူးစမ်းခဲ့ရင် အရိုးအပိုင်းအစတစ်ခုလို့သာ ထင်ခဲ့လိမ့်မှာပါ...

"အဲ့ဒါက ဘာမြက်လဲ..?"သူတို့နှစ်ယောက်လုံး အတော်လေး အံ့ဩသွားခဲ့တယ်..

"ဒါက အရိုးစားမြက်ပဲ...ဒါတွေက လူသေအလောင်းတွေအပေါ်မှာပဲ ရှင်သန်နိုင်တာ.."လင်းဟန်က ရှင်းပြလိုက်ပါတယ်..သူ မပြောတဲ့ အခြားအကြောင်းအရာတစ်ခု ကျန်နေပါသေးတယ်..ထိုမြက်က အနည်းဆုံး နတ်ဘုရားအသွင် ပြောင်းလဲခြင်း စစ်သည်တွေရဲ့ အလောင်းတွေကသာလျှင် အရိုးစားမြက်တွေရဲ့ ကြီးထွားမှု ကိုဖြစ်စေနိုင်ပါလိမ့်မယ်...

မိန်းကလေးနှစ်ယောက်ဟာ ချက်ချင်းဖြူဖျော့သွားပါတယ်..သူတို့နှစ်ယောက်လုံးက သိုင်းပညာရှင်တွေဖြစ်ပြီး သေခြင်းတရားက သူတို့အဖို့

အတော်လေး ကြုံတွေ့နေကျအရာ ဖြစ်ပေမဲ့ မိန်းမတွေကတော့ မိန်းမတွေ ဖြစ်နေတုန်းပါပဲ...အင်း::::::.)မိန်းမတစ်ယောက်က သူ လူသေအလောင်းတစ်ခုအပေါ်မှာ ရပ်နေခဲ့တာ ဖြစ်နိုင်လို့ ကြားခဲ့ပါက သေချာပေါက် သူမရဲ့ နှလုံးခုန်နှုန်းတွေ များယွင်းသွားမှာပါ..

လင်းဟန် သူ့လက်ဝါးနဲ့ ရိုက်ထုတ်လိုက်ရာ သူရဲ့ရိုက်အားကြောင့် ကျောက်တုံးကြီးဟာ အဝေးကိုလွင့်ပျံသွားပါတယ်..

"အား:::::..."မိန်းကလေးနှစ်ယောက်လုံး ထိတ်လန့်မှုကြောင့် အသက်ရှူမှားသွားပါတယ်..ထို့နေရာမှာ
အရိုးလက်တစ်ခုဟာ မြေကြီးထဲက ထွက်နေခဲ့ပြီး ဖြူဖွေးနေသော လက်ချောင်းတွေက ကျောချမ်းဖွယ်ခံစားချက်တွေ ထုတ်လွှတ်နေခဲ့တယ်..

"မကြောက်ပါနဲ့..သူသေသွားခဲ့တာ
နှစ်တစ်သောင်းကျော်လောက် ရှိနေခဲ့ပြီ..."

မိန်းကလေးနှစ်ယောက်က
မျက်စိလှန်လိုက်မိပြန်ပါတယ်..ဒီလူငယ်လေးက

ဉာဏ်ရည်မြင့်မားပြီး သိုင်းပညာမှာလည်း ထူးချွန်တဲ့ ပါရမီရှိကာ မှော်ဆေးပညာမှာလည်းပဲ မဖြစ်နိုင်တာတွေကို လုပ်ပြနိုင်ခဲ့ပါတယ်..ဒါပေမဲ့ သူရဲ့ ကိုယ့်ကျင့်တရားနဲ့ ပါတ်သက်ရင်တော့ လုံးဝကို ညံ့ဖျင်းလွန်းပါတယ်...သူတို့ ဒီလူသေအလောင်းကို ကြောက်ရွံ့နေခဲ့ရင် သူတို့ သိုင်းပညာရှင်အဖြစ် ဘယ်လို ရပ်တည်နိုင်ပါတော့မလဲ..ဟုတ်တာပေါ့..သူတို့ အမှန်တကယ် ကြောက်မနေခဲ့ပါဘူး...

လင်းဟန်ဟာ သူ့ဓားကို ထုတ်လိုက်ပြီး အရိုးပတ်လည်က မြေကြီးတွေကို ဂရုတစိုက် တူးထုတ်လိုက်ပါတယ်..

ဒြပ်စင်စုဆောင်းခြင်းအဆင့် သိုင်းပညာရှင်တစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ အင်အားနဲ့ မြေကြီးတစ်ချို့တူးရတာ အမှန်ကို လွယ်ကူပါတယ်..

မကြာခင်မှာပဲ အရိုးလက်ပေါ်ပြီးတဲ့နောက်မှာ လက်မောင်းနဲ့ပုခုံးရိုးတွေပေါ်လာခဲ့ပြီး လျှင်မြန်စွာပဲ အဲ့ဒီနေရာမှာ တည့်မတ်တဲ့အနေအထားနဲ့ ဦးခေါင်းခွံတစ်ခုလဲ ပေါ်လာခဲ့တယ်...

"ဒါက ဘာလို့

လဲကျမနေတာလဲ..?"မိန်းကလေးနှစ်ယောက်က သိချင်စိတ်ပြင်းစွာနဲ့မေးလိုက်တယ်..သေဆုံးပြီးတဲ့နောက်မှာ လူတစ်ယောက်အတွက် မတ်တတ်ရပ်နေတဲ့ အနေအထားကို ထိမ်းသိန်းထားဖို့ မဖြစ်နိုင်ပါဘူး...ဒီလူသေဆုံးပြီးတဲ့နောက်မှာ တစ်စုံတစ်ယောက်က မတ်တတ်ရပ်အနေအထားနဲ့ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တာများ ဖြစ်နိုင်မလား...?

"သိုင်းပညာရှင်တွေရဲ့ စွမ်းအားက အဆင့်တစ်ခုကို ရောက်သွားတဲ့အခါ သူ့ရဲ့ သိုင်းဆန္ဒတွေက သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျံ့နှံ့နေခဲ့တယ်..အဲ့ဒါကြောင့် သေဆုံးပြီးနောက်မှာတောင်မှ နှစ်ရာပေါင်းအနည်းငယ်လောက် မတ်တတ်ရပ်လျှက် ဆက်လက်ရှိနေနိုင်လိမ့်မယ်..."လင်းဟန်က ရှင်းပြလိုက်တယ်.." ဒီလူက ဒီနေရာက တိုက်ပွဲတစ်ခုမှာ သေဆုံးခဲ့ပြီး ဒီအနေအထားအတိုင်းပဲ ဆက်လက်တည်ရှိနေခဲ့တာလို့ ငါထင်တယ်..မရေတွက်နိုင်တဲ့ နှစ်တွေ ကြာပြီးတဲ့နောက်မှာ မျက်နှာပြင်ပေါ်မှာ တစ်စုံတစ်ခု ဖြစ်ခဲ့ပြီး ဂူမျက်နှာကြပ် ဆီမှ ကျောက်တုံးတွေ မြေကြီးတွေကို ပြုတ်ကျစေခဲ့ကာ ဒီခန္ဓာကိုယ်ကို လုံးဝ မြေမြှုပ်သလို ဖြစ်ခဲ့တာ ဖြစ်နိုင်တယ်.."

မိန်းကလေးနှစ်ယောက်လုံး အတော်လေး အံ့အားသင့်သွားခဲ့တယ်…လူတစ်ယောက်က သေဆုံးသွားခဲ့တာတောင်မှ မတ်တတ်ရပ်လျှက် ဆက်လက်တည်ရှိနေနိုင်တုန်းပဲလား..?အနည်းဆုံးတော့ သူတို့တွေ စိတ်ဝိညာဉ် ပုလ္လင်အဆင့် စွမ်းအားပြည့် စစ်သည်တွေ ဒီလိုအရာမျိုး လုပ်နိုင်တယ်လို့ တစ်ခါမှ မကြားဖူးခဲ့ပါဘူး…

လင်းဟန်ဟာ ဆက်တူးလိုက်ပြီး မကြာခင်မှာ ပြီးပြည့်စုံတဲ့ အကြွင်းအကျန်တစ်ခု သူတို့ရဲ့ မျက်စိရှေ့မှာ ပေါ်လာခဲ့တယ်…

ဒါက ထင်ရှားစွာပဲ ယောကျာ်းတစ်ယောက်ဖြစ်ပြီး သူ့ကိုယ်ပေါ်မှာ အခုထိ မဆွေးမြည့်သေးတဲ့ ခရမ်းရောင် ပန်းထိုးဝတ်ရုံတစ်စုံ ရှိနေတုန်းပဲ ဖြစ်ပါတယ်..ဒါပေမဲ့ ဝတ်ရုံရဲ့ ရင်ဘက်ဝန်းကျင်ပေါ်မှာ ထိတ်လန့်ဖွယ် အပေါက်တစ်ခုရှိနေပြီး ဒီလူရဲ့ သေဆုံးခြင်းကို ဖြစ်စေခဲ့တဲ့ ဒါဏ်ရာရဲ့ တည်နေရာလဲ ဖြစ်နိုင်ပါတယ်..ထပ်ပြောရရင် သူ့ရဲ့ နှလုံးတည်ရှိတဲ့နေရာရဲ့အရှေ့က နံရိုးတွေဟာ ကျိုးနေခဲ့ပါတယ်..

ထိုသူဟာ အခြားလူတစ်ယောက်နဲ့ ပြင်းထန်တဲ့

တိုက်ပွဲတစ်ခုမှာ ရင်ဆိုင်ခဲ့ကာ သူ့ရဲ့ရန်သူက သူ့နလုံးကိုးကို ထိုးချက်တစ်ခုတည်းနဲ့ ကွဲကြေစေခဲ့ပြီး...အဲ့ဒီတိုက်ခိုက်မှုပြီးတဲ့နောက်မှာ သူ့ရဲ့အသက်လက္ခဏာတွေအကုန်လုံးက ပျောက်ကွယ်သွားခဲ့တာ ဖြစ်ကြောင်းကို သူတို့ တွေးကြည့်နိုင်ပါတယ်...

ဒါပေမဲ့ လင်းဟန်ဟာ ထိုအရိုးစုမှ ပန်းထိုးဝတ်ရုံကို တိုက်ရိုက်ဖယ်ရှားလိုက်ရာ မိန်းကလေးနှစ်ယောက်က ရှုံ့ရှာမှုကြောင့် အာမေဋိတ်သံတွေ ပြုမိကြတယ်..ဒါက အလောင်းကောင် ဝတ်ထားခဲ့တဲ့ အရာကြီးလေ....

"ကံမကောင်းတာပဲ...တကယ့်ကို ကံမကောင်းလွန်းတာပဲ..."လင်းဟန်က သက်ပြင်းချလိုက်ကာ..."ဒါက ခရမ်းရောင်ကျောက်စိမ်းပိုးချည်ကနေ ရက်လုပ်ထားတဲ့ လျှို့ဝှက်ရတနာပဲ...ကံမကောင်းစွာပဲ အတော်လေးစွမ်းအားပြည့်ဝတဲ့ တိုက်ခိုက်မှုကြောင့် သူ့ရဲ့ စွမ်းရည်တွေအကုန်လုံး ပျက်စီးသွားခဲ့ပြီ.."သူက အနည်းငယ် ဆောင့်ဆွဲလိုက်ရာ ပန်းထိုးဝတ်ရုံက လွယ်ကူစွာပဲ စုတ်ပြဲသွားပါတယ်...

"အဲ့ဒီ ခရမ်းရောင် ကျောက်စိမ်းပိုးချည်ဆိုတာ ဘာလဲ..?"လွီယုထန်က မေးလိုက်တယ်..

"ခရမ်းရောင် ကျောက်စိမ်းကောင်းကင်ပိုးတီကောင်ဟာ အဆင့်၉ မိစ္ဆာသားရဲတစ်ကောင် ဖြစ်ပြီး ခရမ်းရောင် ကျောက်စိမ်းပိုးချည်က ထိုသားရဲက ထွေးထုတ်ထားတဲ့ ပိုးချည်တွေဖြစ်တယ်..."လင်းဟန်က ရိုးရှင်းစွာပဲ ရှင်းပြလိုက်တယ်...

မိန်းကလေးနှစ်ယောက်လုံး သိသိသာသာ ပင့်သက်ရှိုက်လိုက်မိတယ်... အဆင့်၉ မိစ္ဆာသားရဲ အဲ့ဒါက ကောင်းကင်အဆင့်နဲ့ ညီမျှတယ် မဟုတ်ဘူးလား..?အဆင့်ကိုး မိစ္ဆာသားရဲ ထွေးထုတ်ထားတဲ့ ပိုးချည်မှ ရက်လုပ်ထားတဲ့ အဝတ်အစားက တကယ်ကို အဆုံးမဲ့ ရတနာတစ်မျိုး ဖြစ်နိုင်ပါတယ်...

"ဒီလို ခုခံကာကွယ်ရေး ချပ်ဝတ်တန်ဆာက မပျက်စီးခင်မှာ ကောင်းကင်အဆင့် စစ်သည်ရဲ့ ဆက်တိုက် တိုက်ခိုက်မှု အချက်တစ်ရာကျော်ကို ကြံ့ကြံ့ခံနိုင်သင့်ပါတယ်..ဒါပေမဲ့ အပေါက်ရဲ့ ပုံပန်းအရဆိုရင် အဲ့ဒါက ထိုးချက်တစ်ချက်ထဲနဲ့ ထိုးဖောက်ခံလိုက်ရတာပါ.."လင်းဟန်က သူ့ခေါင်းကို မော့လိုက်ပြီး တောက်ပနေတဲ့ ကြယ်တွေကို

ကြည့်လိုက်တယ်...

"ဒါက ဒီကမ္ဘာမှာ စကြာဝဠာအဆင့်တွေ အမှန်တကယ် တည်ရှိနေတာကို သက်သေပြနေတယ်....."

Chapte-၁၂၈ ကွက်လပ်လက်စွပ်(သိုလှောင်လက်စွပ်)

လင်းဟန် အရင်ဘဝမှာသေခဲ့ရတဲ့ အကြောင်းအရင်းက စကြာဝဠာအဆင့် ရရှိခြင်းရဲ့ နောက်ကွယ်က လျို့ဝှက်ချက်ကို ရှာဖွေဖို့အတွက်ကြောင့်ဖြစ်ပါတယ်.. အခု သူက စကြာဝဠာအဆင့် တည်ရှိမှုရဲ့ စစ်မှန်သောအထောက်အထားကို မြင်နေခဲ့ရပါပြီ..သူ စိတ်လှုပ်ရှားမှုတွေကို မထိမ်းနိုင်ခဲ့ပါဘူး...

ဒါပေမဲ့ သူ့ရဲ့ စိတ်လှုပ်ရှားမှု လှိုင်းလုံးတွေ ဖြတ်ကျော်သွားပြီးတဲ့နောက် သူခံစားမိသမျှအကုန်လုံးက စိုးရိမ်မှုတွေနဲ့ နားမလည်နိုင်မှုတွေပါပဲ...

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်မြင့်လေလေ ကွဲပြားခြားနားတဲ့ ကျင့်ကြံခြင်းအဆင့်တွေရဲ့ အင်အားအဆင့်တွေကြားက ရှိလိမ့်မဲ့ ကွာခြားချက်ကလဲ ပိုပြီးကြီးမားလေလေပါ...ဥပမာအနေနဲ့ ဒြပ်စင်စုစည်းခြင်း

အလွှာ ၄အဆင့်မှာရှိတဲ့ သူဆိုရင် နွေဦးစမ်းရေ အလွှာ ပထမအဆင့်မှာရှိတဲ့ ရန်သူတစ်ယောက်ကိုတောင်မှ ဆန့်ကျင် တိုက်ခိုက်နိုင်ပါလိမ့်မယ်...ဒါပေမဲ့ သူကောင်းကင်အဆင့်ကို ရောက်ခဲ့ရင်တော့ အလွှာတစ်ဆင့်ခြားနားခြင်းက ကောင်းကင်နဲ့ မြေကြီးကြားကွာဟနေသကဲ့သို့ ဖြစ်ပါလိမ့်မယ်....အဲ့ဒီမှာ ကောင်းကင်အဆင့်ရဲ့ ပထမအလွှာနဲ့ ဒုတိယအလွှာအကြား ဖြတ်ကျော်ဖို့ မဖြစ်နိုင်တဲ့ ကွာဟချက်တစ်ခု တည်ရှိပါတယ်..

ဒီကမ္ဘာမှာ စကြဝဠာအဆင့် အဆုံးမဲ့စစ်သည်တစ်ယောက် အမှန်တကယ် ထွက်ပေါ်လာခဲ့ရင် အဲ့ဒါက သေချာပေါက် ဘယ်သူမှမကျော်လွှားနိုင်တဲ့ တည်ရှိမှုတစ်ခုပါ...ဘာလို့ ကျန်ယွဲ့ဖုန်းက စကြာဝဠာအဆင့်အတွက် သူက ပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးဆိုတာ ထင်ထင်ရှားရှားသိခဲ့ရဲ့နဲ့ ဘာလို့ ဒီလိုရန်သူတစ်ယောက်နဲ့ ရင်ဆိုင်ဖို့ ဘာလို့ရွေးခဲ့ရတာလဲ...

တစ်ယောက်ထဲသာဆိုရင်တော့ ဒီလိုရှုံးနိမ့်းတာက ဖြစ်နိုင်ပါလိမ့်မယ်...အခုတော့ သူတို့တွေက အများကြီးဖြစ်ပြီး အကုန်လုံးကလည်း စွမ်းအားပြည့် ကောင်းကင်အဆင့် စစ်သည်တွေပါ...ဒီလိုအရာကို သူဘယ်လို ယုံကြည်နိုင်ပါ့မလဲ..?

ထိုအလောင်းရဲ့ဘေးမှာ ဓားတစ်ချောင်းလည်း ရှိနေခဲ့ပြီး ယခင်အသုံးပြုခဲ့တဲ့သူရဲ့ သိုင်းဆန္ဒတွေဟာ ဓားအပေါ်မှာ စည်းတံဆိပ်နှင့်အတူ ထွင်းထုထားပါတယ်.. ထိုအရာက ကောင်းကင်အဆင့် စွမ်းအားပြည့်စစ်သည်ရဲ့ သိုင်းပညာ အသိတွေ လက်ဆင့်ကမ်းနိုင်တဲ့ အဆုံးမဲ့ လျှို့ဝှက်ရတနာတစ်ခုဖြစ်ပါတယ်...ကံမကောင်းစွာပဲ...ထိုဓ ားက တစ်ချိန်က မြေကြီးထဲမှာ ကျန်ရစ်ခဲ့ပြီးအလိုအလျောက် နီးထလာကာ ရေမှတဆင့် ထွက်ခွာကာ သက်တံ့အဖြစ်သို့ အသွင်ပြောင်းသွားခဲ့တယ်.... အဲ့ဒီခဏမှာပဲ ထိုဓားဟာ ဘာသဲလွန်စမှ မကျန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်...

လင်းဟန်ဟာ သက်ပြင်းချရင်း ခေါင်းခါလိုက်ပါတယ်...သူ့ရဲ့လက်ရှိအခြေအနေက အမှန်တကယ်ကိုပဲ အတော်လေး အားနည်းလွန်းနေခဲ့ပါတယ်..သူ့ရှေ့မှာ အကြီးမြတ်ဆုံးသော ရတနာတွေ ရှိနေခဲ့ရင်တောင်မှ သူ့ရဲ့ ကိုယ်ပိုင်ဖြစ်အောင်လုပ်ဖို့ စွမ်းအင်တွေ သူ့မှာ ရှိမနေခဲ့ပါဘူး..ထိုခံစားချက်က သူ့ကို အမှန်တကယ်ကို စိတ်ဓာတ်ကျစေပါတယ်...

"Yi...?"သူ့မျက်လုံးတွေက ရုတ်တရက်ပဲ

တောက်ပသွားတယ်...ထိုအလောင်းရဲ့ လက်ညှိုးမှာ အမှန်တကယ်ပဲ လက်စွပ်တစ်ကွင်း ရှိနေခဲ့ပါတယ်...

ထိုလူကဲ့သို့သော စွမ်းအားပြည့်စစ်သည်တစ်ယောက်က ဒီလိုမျိုး အဆင်တန်ဆာကို ဝတ်နေခဲ့တုန်းပဲဆိုရင်တော့ တစ်ခုထဲပဲဖြစ်နိုင်ပါတယ်...ထိုလက်စွပ်ဟာ သေချာပေါက် ရတနာတစ်ခုပဲ ဖြစ်ပါတယ်...

ဒါက စိတ်ဝိညာဉ်လက်နက်တစ်ခုဖြစ်နိုင်တယ်...မဟုတ်ရင် လူတစ်ယောက်ကို စိတ်တည်ငြိမ်အေးချမ်းပြီး အနားယူဖို့ ကူညီပေးနိုင်တဲ့ ထောက်ပံ့ရေးအမျိုးအစား ရတနာတစ်ခုလဲ ဖြစ်နိုင်ပါတယ်........ဒါပေမဲ့ ဖြစ်နိုင်ချေ အရှိဆုံးကတော့ ကွက်လပ်လက်စွပ်ပဲ ဖြစ်ပါလိမ့်မယ်...

ထိုအရာက သိုလှောင်ဖို့အတွက် နေရာလွတ်တစ်ခုဖြစ်တဲ့ သူ့ရဲ့ ကိုယ်ပိုင် ဒိုင်မေးရှင်းတစ်ခုကို ဖန်တီးနိုင်ပါတယ်....

လင်းဟန်က လက်စွပ်ကို ချွတ်လိုက်ပြီး သူ့ကဲ့ နတ်ဘုရားအာရုံကို ၎င်းအပေါ်မှာ စစ်ဆေးဖို့ အသုံးပြုလိုက်ရာ ထိုအရာက သူအမြဲတမ်းလိုချင်နေခဲ့တဲ့ ကွက်လပ် လက်စွပ်ဖြစ်ကြောင်းကို သေချာစွာ အတည်ပြုနိုင်ခဲ့တယ်...

ဘယ်လောက်တောင် ကြီးမားတဲ့ ဆုလာဘ်တစ်ခုလဲ... ဒီခရီးစဉ်မှာ အခြားဘာမှ မရခဲ့ရင်တောင်မှ ဒီကွက်လပ် လက်စွပ်ကိုရရှိတာက လုံလောက်တဲ့ ဆုလာဘ်ကြီးတစ်ခု ဖြစ်ပါတယ်....

"နင့်အပြုံးကြီးက ကြောက်စရာကြီး..အဲ့ဒါက ဘာလဲ..?"လီစီချန်းဟာ အနည်းငယ်ကြက်သီးထသွားသလိုတောင် ခံစားလိုက်ရပါတယ်..လက်ရှိ လင်းဟန်မျက်နှာပေါ်က အပြုံးဟာ အတော်လေး ကြောက်လန့်စရာ ကောင်းနေခဲ့တယ်..

လင်းဟန်က ရယ်မောလိုက်ပါတယ်..."မင်းတို့နှစ်ယောက်ကို ငါ မျက်လှည့် တစ်ခုပြမယ်..."

သူက ကွက်လပ် လက်စွပ်ကို သူ့လက်ညှိုးမှာ စွတ်လိုက်ပြီး သူ့အိတ်ထဲမှ ဆေးပုလင်းတစ်ခု ထုတ်လိုက်တယ်...ဆေးပုလင်းအပေါ်မှာ အချိန်အနည်းငယ် လှည့်ပတ်ဝှေ့ရမ်းလိုက်ပြီး မိန်းကလေး နှစ်ယောက်ကို ဂရုစိုက်ကြည့်ဖို့အတွက် ညွှန်ပြလိုက်တယ်...အဲ့ဒီနောက်မှာ "Xiu"ဆိုတဲ့အသံနဲ့အတူ ဆေးပုလင်းက

ပျောက်သွားခဲ့တယ်...

မိန်းကလေးနှစ်ယောက်က ပြိုင်တူ ပင့်သက်ရှိုက်လိုက်မိတယ်..ဆေးပုလင်းက ဘယ်လိုဖြစ်လို့ ဒီလို ချက်ချင်း ပျောက်သွားခဲ့ရတာလဲ..?

"ငါ့အတွက် လက်ခုပ်သံအချို့ မပေးချင်ကြဖူးလား..?" လင်းဟန်က အပြုံးနဲ့ မေးလိုက်တယ်....

"ပစ္စည်းတွေကို ပျောက်သွားအောင် ဘယ်လိုလုပ်လိုက်တာလဲ..?"လီစီချန်းဟာ မျက်စိအပြူးသားနဲ့ ကြည့်နေခဲ့တယ်...လင်းဟန်က ယောကျာ်းတစ်ယောက်ဖြစ်နေခဲ့ပြီး သူမက မိန်းမတစ်ယောက် ဖြစ်နေခဲ့တာ မဟုတ်ရင် သူမ အမှန်တကယ်ပဲ လင်းဟန်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ရှာဖွေချင်နေခဲ့တာပါ...

"အဲ့ဒါရဲ့ လှည့်ကွက်ကို ပြောပြလိုက်ရင် စိတ်ဝင်စားဖို့ကောင်းတော့မှာ မဟုတ်ဘူး..?"လင်းဟန်က ရယ်မောလိုက်ကာ သူ့အိတ်ထဲက ဆေးပုလင်းတွေနဲ့ ငွေကြေးတွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်လိုက်ပြီး ကွက်လပ်လက်စွပ်ထဲမှာ သိုလှောင်လိုက်တယ်..

အဲ့ဒါက ကောင်းကင်အဆင့် စစ်သည်တစ်ယောက် တစ်ချိန်က တကယ်ကို ပိုင်ဆိုင်ခဲ့တဲ့ ကွက်လပ်လက်စွပ်ဖြစ်ပါတယ်..ဒါ့ကြောင့် အရာတော်တော်များများကို သိုလှောင်နိုင်ပါတယ်...ကွက်လပ်လက်စွပ်ရဲ့ အားသာချက်က သက်သာလွယ်ကူစေတဲ့ အသုံးအဆောင်တစ်ခုဖြစ်ရုံသာမက ပစ္စည်တွေကိုလည်း ကောင်းစွာ ဝှက်ထားနိုင်ပါလိမ့်မယ်..ကွက်လပ်လက်စွပ် လုယူခံရတာက လွဲရင် အထဲမှာ သိုလှောင်ထားတဲ့ ပစ္စည်းတွေကို ရှာတွေ့နိုင်ဖို့ နည်းလမ်းမရှိပါဘူး..

ဒီလိုသေးငယ်တဲ့ မိုးရေနိုင်ငံလေးမှာ ကွက်လပ်လက်စွပ်ကို ဘယ်လိုအသုံးပြုရလဲဆိုတာ အခြားတစ်စုံတစ်ယောက်မှ သိမှာမဟုတ်ပါဘူး..ဒါ့ကြောင့် လင်းဟာန် အတော်လေး စိတ်ချလက်ချရှိနေခဲ့ပါတယ်..

ကွက်လပ်လပ်စွပ်က လုံးဝ ဗလာဖြစ်နေတဲ့အတွက်တော့ လင်းဟာန် စိတ်ပျက်နေခဲ့ပါတယ်..အထဲမှာ ဘာမှကို မရှိခဲ့ပါဘူး...

ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တစ်ယောက်

ဒီလောက်ဆင်းရဲတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး..ထိုကောင်းကင်အဆင့် စစ်သည်ဟာ အဲ့ဒီတိုက်ပွဲမှာ သူသေဆုံးရမယ်ဆိုတာကို ကောင်းစွာ သတိပြုမိခဲ့တဲ့အတွက် သူ့ရဲ့ သားစဉ်မြေးဆက်တွေအဖို့ သူပိုင်ဆိုင်တဲ့ ကောင်းမွန်တဲ့ ပစ္စည်းတွေကို ချန်ထားခဲ့တာဖြစ်နိုင်တယ်လို့ သူကောက်ချက်ချမိပါတယ်..ကွက်လပ်လက်စွပ်မှာ သူ့ရဲ့မူလစွမ်းအင်တွေကို ပြန်ဖြည့်တင်းဖို့နဲ့ သူ့ရဲ့ ဒါဏ်ရာတွေကို ကုသနိုင်ဖို့အတွက် မှော်ဆေးလုံးအချို့သာလျှင် ပါဝင်ဖို့ အများဆုံးဖြစ်နိုင်ချေရှိပါတယ်..

ထို့ကြောင့် မှော်ဆေးလုံးတွေ အသုံးပြုခဲ့ပြီး စိတ်ဝိညာဉ်လက်နက်တွေကို တိုက်ပွဲမှာ အသုံးပြုဖို့ ထုတ်ထားခဲ့တဲ့အတွက် သဘာဝကျစွာပဲ ကွက်လပ်လက်စွပ်ထဲမှာ ဘာမှ ကျန်ရှိမနေခဲ့ပါဘူး....

မေ့လိုက်တော့...လူတစ်ယောက်က လောဘကြီးလွန်းလို့ မဖြစ်ဘူး...

လင်းဟန်က ထိုစစ်သည်ရဲ့ အလောက်ကို မြေမြှုပ်ပေးလိုက်ရင်း အနည်းငယ် ဝမ်းနည်းခြင်းကို

ခံစားနေခဲ့ရတယ်...ကောင်းကင်အဆင့် စွမ်းအားပြည့်စစ်သည်တွေက ဘယ်လောက်တောင် ရှားပါးလိုက်လဲ...ဒါပေမဲ့ အဆုံးမှာတော့ သူ့ရဲ့အကြွင်းအကျန်တွေကို သင်္ဂြိုဟ်ပေးဖို့ လူတစ်ယောက်တောင်ရှိမနေခဲ့ဘူး...တစ်စုံတစ်ယောက်ကတော့ အဲ့ဒါကို အမှန်တကယ် သက်ပြင်းချမိနေပါတယ်...

"သွားကြစို့...."သူတို့တွေ ရှေ့ဆက်သွားခဲ့ကြတယ်..

သူတို့ရဲ့ ရှေ့ကလျှောက်သွားတဲ့ သူတွေကလည်းပဲ အလောင်းတစ်ခုကို ရှာတွေ့ခဲ့ပါတယ်..ဒါပေမဲ့ သူတို့က ကွက်လပ်လက်စွပ် ရသွားခဲ့တဲ့ လင်းဟန်လောက် ကံမကောင်းခဲ့ပါဘူး...သူတို့တွေက အဖြူရောင် အရိုးပုံတစ်ခုကိုသာလျှင် မြင်ခဲ့ပြီး ထိုအရာက တစ်ချက်ထိလိုက်တာနဲ့ ဖုန်မှုန့်တွေ အဖြစ်သို့ ပြောင်းသွားခဲ့ပါတယ်...

ကောင်းကင်အဆင့် စွမ်းအားပြည့်စစ်သည်တွေရဲ့ရုပ်အလောင်းအကြွင်းအကျန်တွေက ဒီလောက်အားနည်းမနေသင့်ပါဘူး...ဒါပေမဲ့ အရိုးစားမြက်က အရာအားလုံးကို ပြောင်းလဲခဲ့တယ်..ထိုအရိုးတွေမှာ ရှိသမျှ အဆီအနှစ်တွေနဲ့

အဟာရတွေအကုန်လုံးကို အရိုးစားမြက်က စုပ်ယူခဲ့တယ်..အဲ့ဒါကြောင့် သူတို့တွေက သာမန်သေမျိုးတွေကဲ့သို့ ဖြစ်လာခဲ့တဲ့အတွက် သဘာဝကျစွာပဲ သူတို့တွေဟာ အချိန်ရဲ့ တိုက်စားမှုကို တောင့်မခံနိုင်ခဲ့ပါဘူး..

လင်းဟန်သာ အနည်းငယ်နောက်ကျပြီးမှ ရောက်လာခဲ့ရင် သူရှာတွေ့ခဲ့တဲ့ အလောင်းကောင်ဟာ မချွတ်မယွင်းပဲ ရှိနေခဲ့လိမ့်မှာ မဟုတ်တော့ပါဘူး...အရိုးရဲ့ အဆီအနှစ်တွေကို အခုထိ အရိုးမြက်က အပြည့်အဝ မစုပ်ယူနိုင်ခဲ့သေးပါဘူး...ဒါ့ကြောင့် သဘာဝကျစွာပဲ အရိုးတွေဟာ သူတို့ရဲ့ ခိုင်မာမှုကို ဆက်ထိမ်းထားနိုင်တုန်းပဲ ရှိသေးတာပါ...

အရိုးစားမြက်က အတော်လေး ထူးဆန်းတဲ အပင်အမျိုးအစားတစ်ခု ဖြစ်ပါတယ်...အနည်းဆုံးနတ်ဘုရားပြောင်းလဲခြင်းအဆင့်မှာ ရှိတဲ့ စွမ်းအားပြည့် စစ်သည်တွေရဲ့ အကြွင်းအကျန်တွေပေါ်မှာသာ ကြီးထွားနိုင်တာပါ...ဒါပေမဲ့ သူကိုယ်တိုင်ကတော့ ဘာတန်ဖိုးမှ မရှိပါဘူး..သူစုပ်ယူထားတဲ့ အဆီအနှစ်တွေက သဘာဝအဖြစ်သို့ တိုက်ရိုက် ပြောင်းလဲသွားခဲ့တာပါ...

အဲ့ဒါကို သဘာဝရဲ့ အမှိုက်သိမ်းဆည်းသူတွေလို့တောင် ပြောနိုင်ပါတယ်...

လင်းဟန်ရဲ့ မျက်နှာက ပိုပိုပြီး သုန်မှုန်လာပါတယ်...သူဖြတ်လာခဲ့တဲ့ လမ်းတစ်လျှောက်မှာ ထိုစွမ်းအားပြည့် စစ်သည်ရုပ်အလောင်းတွေ နှစ်ဆယ်ထက်မနည်းကို တွေ့ခဲ့ရတယ်...

ရုပ်အလောင်း နှစ်ဆယ်.....

ဘယ်အချိန်တုန်းက ကောင်းကင်အဆင့် စစ်သည်တွေက ဒီလောက် ဈေးပေါလာခဲ့တာလဲ..?

"အဲ့ဒါက ဘာလဲ..?"လွှီယုထန်က ရုတ်တရက် နေရာတစ်ခုကို ညွှန်ပြပြီးမေးလိုက်တယ်...

လင်းဟန်က သူမညွှန်ပြတဲ့နေရာကို ကြည့်လိုက်ရာ ထိုနေရာမှာ အဖြူရောင်ပန်း တစ်ပွင့်ထဲသာလျှင် ရှင်သန်နေတာကို တွေ့လိုက်ရတယ်..ပန်းရိုးတံက ကျောက်စိမ်းကဲ့သို့ဖြစ်ပြီး သူ့ရဲ့အဖူးကတော့ လူတစ်ယောက်ရဲ့ လက်သီးဆုပ်လောက်ရှိပါတယ်...ပန်းရဲ့

ပက်လည်မှာ အလင်းရောင်တွေတောက်ပနေပါတယ်…လင်းဟန်ဟာ ရုတ်တရက်ပဲ အံ့ဩမှုကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားပါတယ်..သူ့မျက်နှာပေါ်မှာတော့ မယုံကြည်နိုင်တဲ့ အမူအရာတွေနဲ့ပါ…

တစ်ချိန်က ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည် ဖြစ်ခဲ့ဖူးတဲ့ သူတောင်မှ အတော်လေး အံ့အားသင့်သွားခဲ့ရတယ်ဆိုတော့ ထိုပန်းဟာ သေချာပေါက် သာမန်မဟုတ်ကြောင်းပြသနေပါတယ်…

ဒါက သဘာဝကျပါတယ်..ပန်းတွေရဲ့ ပတ်ဝန်းကျင်မှာ ခုန်ကူးနေတဲ့ အလင်းစက်တွေဟာ နတ်ဘုရားအလင်းမှာ တောက်ပနေတဲ့ အလင်းရောင်တွေနဲ့ အတူတူပါပဲ..

အဆင့်တစ်ဆယ် စိတ်ဝိညာဉ်ဆေး….အဲ့ဒါကို နတ်ဘုရားတွေရဲ့ ဆေးအဖြစ် အခိုင်အမာပြောနိုင်ပါလိမ့်မယ်…

"ဒါက ဆုလာဘ်ကြီးတစ်ခုပဲ…တစ်ကယ်ကို ဆုလာဘ်ကြီးတစ်ခုပဲ…"လင်းဟန်ရဲ့ မျက်လုံးထဲမှာ ထူးဆန်းတဲ့ အလင်းတွေ

တောက်ပလာခဲ့တယ်...သူ့ရဲ့အရင်ဘဝမှာတုန်းက အဆင့်ကိုး ရတနာဆေးအကြောင်းကို ကြားရုံသာလျှင် ကြားဖူးခဲ့တာဖြစ်ပြီး သူ့ဘဝမှာ အနည်းဆုံး တစ်ကြိမ်လောက်တော့ မြင်ဖူးဖို့ မျှော်လင့်ခဲ့တာ ဖြစ်ပါတယ်..ဒါပေမဲ့ ဒီဘဝမှာ နတ်ဘုရားအဆင့် ၁၀ဆေးကို လာတွေ့လိမ့်မယ်လို့ တစ်ခါမှ ထင်မထားခဲ့ပါဘူး..

သူတို့ရဲ့ရှေ့က နတ်ဘုရားဆေးအမျိုးအစားက လူတစ်ယောက်ကို နတ်ဘုရားတစ်ပါး ဖြစ်လာစေနိုင်ပြီး နတ်ဘုရားတစ်ပါးဖြစ်လာဖို့ စကြာဝဠာအဆင့်ကို ချက်ချင်း ချိုးဖောက်စေနိုင်မှာလား..?

လင်းဟာန်မသိခဲ့ပါဘူး...ဒါပေမဲ့ ဒီလို နတ်ဘုရားဆေးက သူတို့ရဲ့ရှေ့မှာ ရှိနေခဲ့ပါတယ်...ထိုအရာကို လျစ်လျူရှုပြီး ဖြတ်ကျော်သွားစရာ အကြောင်းမရှိပါဘူး..

သူက ချက်ချင်းပဲ နတ်ဘုရားဆေးဆီကို လျှောက်သွားခဲ့ပြီး သူ့အမူအရာကတော့ စိတ်လှုပ်ရှားမှုတွေကို မဖုန်းကွယ်နိုင်ခဲ့ပါဘူး...

"အဲ့ဒီမှာ ရပ်လိုက်.."အထင်သေးကာ အေးစက်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး လူလေးယောက်

ပြေးလာနေပါတယ်..ထင်ရှားစွာပဲ သူတို့လည်းပဲ နတ်ဘုရားဆေးကို ရှာတွေ့ခဲ့ပါတယ်......ဒါပေမဲ့ သူရဲ့ အစစ်အမှန်တန်ဖိုးကိုတော့ သူတို့မသိခဲ့ပါဘူး...

လင်းဟန်က ဘာလို့ သူတို့ကို အာရုံစိုက်ပြီး စိတ်အနှောက်အယှက်ဖြစ်ခံမှာလဲ..?ဒါပေမဲ့ ထိုလူလေးယောက်ဟာ အမြန်လာနေရုံသာ မဟုတ်ဘဲ အဝေးကနေလည်း လှမ်းတိုက်ခိုက်လိုက်ပါတယ်..ဆေဘာဓားအလင်းတစ်ခု လက်သွားခဲ့ပြီး ထိုဓားကနေ စိုးမိုးခြယ်လှယ်နိုင်တဲ့ ဖိအားတွေ ထုတ်လွှတ်နေခဲ့တယ်..

"Ding...."
လှိုယုထန်ဟာ သူမရဲ့ဓားကို ဆွဲထုတ်လိုက်ပြီး ထိုဆေဘာဓားရဲ့ တိုက်ခိုက်မှုကို ပိတ်ဆို့ခဲ့တယ်...

"ဒီကမ္ဘာရဲ့ သဘာဝ ရတနာတွေကို ရှာတွေ့တဲ့သူတွေအကုန်လုံး ဝေမျှရမယ်...ငါတို့အကြားမှာ ဒါကို ဘယ်လိုခွဲဝေမလဲဆိုတာ ပထမဆုံး ဆွေးနွေးကြရအောင်..."သက်လက်ပိုင်းအရွယ်လူကြီးက သူတို့နဲ့နီးလာချိန်မှာ ပြောလိုက်တယ်...

"ဟွမ်ဇီထောင်း..."လွီယုထန်ရဲ့ လှပတင့်တယ်တဲ့ မျက်ခုံးတွေက တွန့်ကွေးသွားကာ အနည်းငယ် မျက်မှောင်ကြုပ်လိုက်တယ်....သူမရဲ့အမူအရာမှာ စိုးရိမ်ထိပ်လန့်တဲ့ပုံလဲ အနည်းငယ်ပေါက်နေပါတယ်..

ထိုသူဟာ ကလန်ကြီးရှစ်ခုမှ ဟွမ်ကလန်ရဲ့ ကလန်သားတစ်ယောက်ဖြစ်ပြီး...အသက်အရွယ်အရဆိုရင် သူက လွီယုထန်ထက် အသက်ဆယ်နှစ်လောက်ကြီးပြီး အသက်သုံးဆယ်အစောပိုင်းမှာရှိပါတယ်...သူက နေ့ဦးစမ်းရေအလွှာ ၅အဆင့်မှာရှိပြီး... သေချာပေါက် လျော့တွက်လို့ရတဲ့ သူတစ်ယောက် မဟုတ်ပါဘူး..

"ငါတို့က 90ရာခိုင်နှုန်းယူမယ် မင်းတို့ကောင်တွေ 10ရာခိုင်နှုန်းယူ....သဘောမတူတာမရှိဘူး ဟုတ်တယ်မလား..?"ဟွမ်ဇီထောင်းက မောက်မာစွာပြောလိုက်တယ်...

အကယ်၍ သူသာထိုအရာက နတ်ဘုရားဆေးဆိုတာ သိခဲ့ရင် ဒီလို ခွဲဝေတဲ့နည်းလမ်းမျိုးကို ပြောနေလိမ့်မှာ မဟုတ်ပါဘူး...အဲ့ဒီအစား လျှို့ဝှက်ချက် မပေါက်ကြားစေဖို့အတွက် သူတို့ကို ချက်ချင်းသတ်ကာ နတ်ဘုရားဆေးကို သူ့အပိုင် ပြုလုပ်လိုက်မှာပါ...

"မင်းညီမနဲ့သဘောတူလိုက်လေ...."လင်းဟန်က လက်ခလယ်ထောင်ပြလိုက်တယ်....

Chapter-၁၂၉ နတ်ဘုရားဆေးပင်

"သေစမ်း..."ဟွမ်ဇီထောင်းနဲ့ သူ့အဖော်တွေ ပြန်မတုံ့ပြန်နိုင်ခင် တစ်ခဏလောက် ကြောင်အသွားတယ်..သူတို့လေးယောက်လုံး အတော်လေး ဒေါသထွက်နေတဲ့ဟန်နဲ့ လက်နက်အသီးသီးကို ဝှေ့ယမ်းလိုက်တယ်..

သူတို့က လင်းဟန်ကို အရင်တုန်းထဲက အတော်လေး ကြည့်မရခဲ့တာပါ..သူက တစ်ယောက်ထဲသာလျှင်ဖြစ်ပေမဲ့ အင်ပါယာမြို့တော်ရဲ့ အမြွှာပုလဲ နှစ်ယောက်လုံးရဲ့ နှလုံးသားတွေကို ရရှိနိုင်ခဲ့တယ်...အခု သူ့ရဲ့ စော်ကားတဲ့ စကားကို ကြားလိုက်ရတဲ့အခါ သူတို့ကိုယ်သူတို့ ဘယ်လိုလုပ် ထိန်းချုပ်နိုင်ပါတော့မလဲ...သူတို့လေးယောက်လုံး လက်နက်တွေထုတ်ပြီး လင်းဟန်ကို တိုက်ခိုက်လိုက်ကြတယ်...

"ခင်ဗျားတို့ထက် ငယ်တဲ့သူတွေကို အနိုင်ကျင့်နေတာ နည်းနည်းလေးတောင် မရှက်ဖူးလား...?"လင်းဟန်က နှာခေါင်းရှုံ့လိုက်ပြီး သူ့ရဲ့ခြေထောက်တွေကို တိမ်ထွက်ခြေလှမ်းအတိုင်း လှုပ်ရှားလိုက်ကာ သူရဲ့ဓားက အေးစက်တဲ့အလင်းတွေ ထွက်ပေါ်ကာ တုန်ခါနေခဲ့တယ်...

ဟွမ်ဇီထောင်းတို့အဖွဲ့ဝင်တွေ အကုန်လုံးက စွမ်းအားပြည့် လက်ရွေးစင်တွေ မဟုတ်ခဲ့ပါဘူး..အခြားသုံးယောက်က ဒြပ်စင်စုစည်းခြင်းအဆင့်မှာသာလျှင် ရှိနေခဲ့ပြီး သူတို့တိုက်ခိုက်ရဲတာက အခြေအနေကို ထိန်းချုပ်ထားနိုင်တဲ့ ဟွမ်ဇီထန်းကြောင့်ပဲဖြစ်ပါတယ်..ဒါ့ကြောင့် လင်းဟန်က ထိုလူသုံးယောက်ပေါ်မှာပဲ အာရုံစိုက်ထားလိုက်တယ်..တိမ်ထွက်ခြေလှမ်းက လျှင်မြန်ပြီး ထူးဆန်းတဲ့ သိုင်းကွက်တစ်ခုဖြစ်တဲ့အတွက်ကြောင့် ဟွမ်ဇီထောင်းရဲ့ တိုက်ခိုက်မှုတစ်ခုစီတိုင်းကို ရှောင်တိမ်းနိုင်ခဲ့တယ်..သူ့ရဲ့ဓားချီတွေဟာ အဟန့်အတားမဲ့စွာ ကခုန်နေခဲ့ပြီး အခြားသူသုံးယောက်ကို ဦးတည်တိုက်ခိုက်နေခဲ့တယ်..သူ့ရဲ့တိုက်ပွဲစွမ်းရည်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉အဆင့်မှ သာမာန် သိုင်းပညာရှင်တွေကို လွှမ်းမိုးနိုင်ဖို့ လုံလောက်ပါတယ်..ဒါအပြင် သူက ဓားချီအလင်းခြောက်ခု

ဖွဲ့စည်းထားခဲ့တဲ့အတွက် သူ့ရဲ့ တိုက်ခိုက်မှုစွမ်းရည်က ကျိန်းသေ ကြီးစိုးခြယ်လှယ်နေခဲ့ပါတယ်..
"ရှပ်..ရှပ်...ရှပ်"

စုတ်ပြဲနေတဲ့ အဝတ်အစားအပိုင်းအစတွေဟာ လိပ်ပြာတွေကဲ့သို့ နေရာအနှံ့မှာ ပျံသန်းနေခဲ့ပြီး လူသုံးယောက်ဟာ သူ့ရဲ့ တိုက်ခိုက်မှုတွေကြောင့် နာကျင်စွာ အော်နေခဲ့ရတယ်..သူတို့ရဲ့ ခန္ဓာကိုယ်ပေါ်က အဝတ်အစားတွေဟာ အပိုင်းအစတွေအဖြစ်သို့ ဆက်တိုက် ခုတ်ဖြတ်ခံနေရပြီး ဒါဏ်ရာတွေ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာခဲ့တယ်..

"ကောင်စုတ်လေး...သတ္တိရှိရင် ငါနဲ့ တိုက်ရိုက် ရင်ဆိုင်စမ်း..."

ဟွမ်ဇီထောင်းဟာ ဒေါသထွက်စွာ အော်ပြောလိုက်တယ်..

"ခင်ဗျား ဦးနှောက်မှာ တစ်ခုခုမှားယွင်းနေတာလား..?"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ကာ ပြောပါတယ်

"ငါက ဒြပ်စင်စုဆောင်းခြင်း အလွှာ၆အဆင့်ပဲ ရှိသေးတာ

ဒါပေမဲ့ ခင်ဗျားကတော့ နွေဦးစမ်းရေအလွှာ ၅အဆင့်မှာ ရှိနေတာလေ..ဒါတောင် ခင်ဗျားက တိုက်ရိုက်ရင်ဆိုင်စေချင်သေးတာလား...ခင်ဗျား သိုင်းပညာတွေ လေ့ကျင့်လွန်းပြီး ရူးသွားတာလား...?"(ဒီမှာလဲ အရူးတွေများကြီးပဲ..□)

"သေစမ်း.."ဟွမ်ဇီထောင်းဟာ နောက်ထပ်တစ်ကြိမ် ကျိန်ဆဲလိုက်ပြီး ကျယ်လောင်စွာ အော်ပြောလိုက်ပါတယ်...."အကုန်လုံး ပြန်ဆုတ်ကြ..."

ထိုလူသုံးယောက်က သူ့အတွက် အကူအညီမဖြစ်ခဲ့ပါဘူး..ဆန့်ကျင်ဖက်ပဲ သူ့ကို အနှောက်အယှက်တောင်ဖြစ်စေပြီး သူ့ရဲ့စွမ်းရည်တွေ ပြည့်ပြည့်ဝဝ အသုံးမပြုနိုင် ဖြစ်စေပါတယ်...သူတို့တွေက တစ်ခါတစ်ရံမှာ လင်းဟန်ရဲ့ လူသားဒိုင်းအဖြစ်တောင် အသုံးပြုခြင်းခံရပြီး နောက်ဆုံးမှာ ဟွမ်ဇီထောင်းရဲ့ ဆေဘာဓားကို ပြန်ရုပ်သိမ်းဖို့ ဖိအားပေးခံရတဲ့ အကြိမ်အနည်းငယ်တောင် ရှိပါတယ်..

သူ့ရဲ့အမိန့်ကြောင့် အခြားလူသုံးယောက် နောက်ဆုတ်လိုက်ပြီးတဲ့နောက် ဟွမ်ဇီထောင်းဟာ သူ့ရဲ့ဆေဘာဓားကို ဝှေ့ရမ်းလိုက်ရာ သူ့တိုက်ခိုက်မှုရဲ့

အကျိုးသက်ရောက်မှုနယ်မြေက အတော်လေး ကျယ်ပြန့်နေခဲ့တယ်..ဆေဘာဓားအလင်းဟာ အရိုးခိုက်အောင်အေးစိမ့်နေခဲ့ပြီး ရေလောင်းချလိုက်သကဲ့သို့ လင်းဟန်ကို လုံးဝ ဝိုင်းရံသွားပါတယ်..ဒီလိုအခြေအနေမျိုးမှာ သူက အမှန်တကယ်ပဲ အားသာနေခဲ့ပြီး လင်းဟန်ကို လုံးဝပြန်မတိုက်ခိုက်နိုင်တဲ့အခြေအနေထိ ဖိအားပေးထားခဲ့ပြီး လင်းဟန်က သူ့ရဲ့စွမ်းရည်တွေကို အကောင်းဆုံး အသုံးပြုပြီး ရှောင်တိမ်းဖို့သာလျှင် လုပ်နိုင်ပါလိမ့်မယ်....

ဒါပေမဲ့ လွီယုထန်က အခုထိ မည်သည့်တိုက်ခိုက်မှုကိုမှ မထုတ်လွှတ်ခဲ့သေးပါဘူး...အဲ့ဒီအစား သူမက ထိုအခွင့်အရေးကိုယူပြီး နတ်ဘုရားဆေးပင်ရိုးတံဆီကို ပိုနီးကပ်အောင် ဆက်ပြီး သွားနေခဲ့တယ်..ဒါက အစမှာထဲက လင်းဟန်ဆုံးဖြတ်ထားတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်...သူ ဟွမ်ဇီထောင်းကို တိုက်ခိုက်ပြီး အချိန်ဆွဲထားတဲ့အချိန်မှာ လွီယုထန်ကတော့ ဆေးဖက်ဝင်အပင်ကို နှုတ်ယူဖို့အတွက် တာဝန်ရှိပါတယ်..

သူမကို တားဆီးဖို့ ဟွမ်ဇီထောင်းတစ်ယောက် သူ့ကိုယ်သူ လွတ်မြောက်ရန် မလုပ်နိုင်သေးသ၍ လွီယုထန်ကို ယှဉ်နိုင်ဖို့

ဒြပ်စင်စုဆောင်းခြင်းအဆင့် သိုင်းပညာရှင်အနည်းငယ်မျှနဲ့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...?

"Oh...မဖြစ်ဖူး.."သူတို့သုံးယောက်လုံးအရှုံးတွေ မဟုတ်ခဲ့ပါဘူး...ဒါကြောင့် လျှင်မြန်စွာပဲ လွီယုထန်ရဲ့ လှုပ်ရှားမှုကို ရှာတွေ့သွားခဲ့ရာ..သူတို့က ချက်ချင်းခုန်ခုန်အုပ်လိုပြီး သူမကို ရပ်တန့်ဖို့ ရည်ရွယ်လိုက်တယ်. ဒါပေမဲ့ သူတို့လှုပ်ရှားတာ အနည်းငယ် နောက်ကျနေခဲ့ပြီး သုံးယောက်လုံး ဒြပ်စင်စုစည်းခြင်းအဆင့်သာဖြစ်တာကို ထပ်ပေါင်းလိုက်တဲ့အခါ သူမကို ဖမ်းဖို့ မဖြစ်နိုင်ခဲ့ပါဘူး...

လွီယုထန်ဟာ ငြင်သာသိမ်မွေ့စွာလှုပ်ရှားနေခဲ့ပြီး...နတ်ဘုရားဆေးရိုးတံဆီသို့ လျှင်မြန်စွာ သွားနေခဲ့တယ်..

သူမရဲ့ ပစ်မှတ်နဲ့ ဆယ်မီတာလောက်ပဲ ကွာဝေးတော့တာကို မြင်လိုက်တဲ့အချိန်မှာ..........
"ရှပ်"
ဓားချီအလင်းတစ်ခုဟာ သူမသွားနေတာကို ဖိအားပေးပြီး ရပ်တန့်စေဖို့ သူမဆီသို့ ဦးတည်လာခဲ့တယ်..

အဖြူရောင်ဝတ်ရုံနဲ့ လူငယ်တစ်ယောက်ဟာ ဓားတစ်လက်ကို ကိုင်ဆောင်ထားရင်း သူတို့ဆီ ချဉ်းကပ်လာခဲ့တယ်..သူ့မျက်နှာက တင့်တယ်ပြည့်စုံသော ကျောက်စိမ်းကဲ့သို့ ဖြစ်ကာ အနက်ရောင်ဆံပင် ရှိပါပြီး....သူ့ရဲ့ခြေလှမ်းတိုင်းက အံ့အားသင့်ဖွယ်ရာ သဘာဝရဲ့စည်းချက်အချို့ကို ဖျော်ဖြေနေသကဲ့သို့ပါပဲ..ထိုနေရာမှာရှိတဲ့ လူတွေရဲ့မျက်လုံးတွေကို ဆွဲဆောင်နေခဲ့ပြီး လူတိုင်းရဲ့ အာရုံစိုက်စရာ ပစ်မှတ်တစ်ခုဖြစ်လာခဲ့တယ်...

"စွန်းဖူရမ်..."လှီယုထန်ရဲ့ မျက်လုံးတွေ အနည်းငယ် ကျဉ်းမြောင်းသွားခဲ့တယ်...စိုးရိမ်ထိတ်လန့်နေတဲ့ အမူအရာလဲ ပေါ်ပေါက်နေလျှက်ပါ..

စွန်းဖူရမ် စွန်းကလန်ရဲ့ ဒီမျိုးဆက်တွေထဲမှာ အထူးချွန်ဆုံး ကလန်သားတစ်ယောက်ပါ..သူက ဟွာယန်အကယ်ဒမီရဲ့ အဓိကတပည့်တွေထဲက တစ်ယောက်မဟုတ်ပေမဲ့ အသန်မာဆုံး အစစ်အမှန်တပည့်ဆယ်ယောက်ထဲမှာတော့ ရှိနေဆဲဖြစ်ပြီး အဓိကတပည့်တွေရဲ့ အဆင့်ဆီကို ချိုးဖြတ်နိုင်တဲ့ စွမ်းရည်တွေ ရှိနေခဲ့တယ်..

သူရဲ့နာမည်ဟာ မူလက စွန်းရမ်ဖြစ်ပေမဲ့ နောက်ပိုင်းမှာ

သူ့နာမည်ကို စွန်းဖူရမ်အဖြစ်သို့ ပြောင်းလဲခဲ့တယ်.. ထင်ရှားစွာပဲ သူက ချောင်ချောင်းရဲ့ကရုဏာကင်းမဲ့တဲ့ ကာရိုက်တာကို အမြဲတမ်းနစ်သက်ခဲ့တာဖြစ်ပါတယ်..ဒါ့ကြောင့် သူ့နာမည် စွန်းဖူရမ်ဆိုတာ မွေးဖွားလာခဲ့တာပါ..

နွေဦးစမ်းရေအလှာ တတိယအဆင့်....သူ့ရဲ့ မခန့်မှန်းနိုင်လောက်အောင် နက်ရှိုင်းတဲ့ တိုက်ပွဲစွမ်းအားနဲ့ဆိုရင် အနည်းဆုံး ကြယ်စင်၅ခုကို ရောက်ရှိဖို့ ဖြစ်နိုင်ပါတယ်..

"ယုထန်မိန်းကလေး..ဒီရတနာဆေးပင်ကို ကျွန်တော့်အဖို့ အလျော့ပေးနိုင်မလား..?ဘယ်လိုလဲ..?"စွန်းဖူရမ်ဟာ သူ့မျက်နှာထက်မှာ အပြုံးတစ်ခုဆင်မြန်းထားပြီး နွေဦးမှာ တိုက်ခက်တဲ့လေကဲ့သို့ နွေးထွေးနေတယ်..ဒါပေမဲ့ သူနဲ့ရင်းနီးတဲ့သူတွေကတော့ ဒီလူဟာ အပြောင်းအလဲမြန်တဲ့စရိုက်ရှိတဲ့သူတစ်ယောက်ဆိုတာ ကောင်းစွာ သိကြပါတယ်...ထိုခဏမှာ သူဟာပြုံးနေနိုင်ပေမဲ့ နောက်ခဏမှာတော့ သူ့မျက်နှာဟာ သင့်ကိုသတ်ဖို့ လှုပ်ရှားတော့မည်ကဲ့သို့ လုံးဝပြောင်းလဲနေနိုင်ပါတယ်..

"ငါသဘောမတူနိုင်ဘူး.."ရယ်မောသံတစ်ခုကို

ကြားလိုက်ရပြီး နောက်ထပ်လူတစ်ယောက် ထွက်ပေါ်လာခဲ့တယ်..ထို နောက်ထက်အသစ်ရောက်လာတဲ့သူဟာ ချောမောခန့်ညားတဲ့ ရုပ်ရည်ရှိပြီး အရပ်က အတော်လေးရှည်ပါတယ်..သူရဲ့အော်ရာက စွန်းဖူရမ်အောက် မလျော့ပါဘူး...

"ဟုဖန်းယွဲ့.."စွန်းဖူရမ်ရဲ့ အမူအရာ ပြောင်းလဲသွားတယ်...

ဟုဖန်းယွဲ့ကလည်းပဲ ဟွာယန်အကယ်ဒမီရဲ့ အသန်မာဆုံး အစစ်အမှန်တပည့်ဆယ်ယောက်ထဲက တစ်ယောက်ဖြစ်ပါတယ်..

"ငါလည်း သဘောမတူဘူး..."နောက်ထပ် လူငယ်လက်ရွေးစင်တစ်ယောက် ထွက်ပေါ်လာခဲ့တယ်...ဒီတစ်ယောက်ကတော့ အနည်းငယ်ဝပါတယ်...သူရဲ့ပုံပန်းဟာ အရက်စည်ပိုင်းတစ်ခုကဲ့သို့ လုံးနေပေမဲ့ သူပေါ်ပေါက်လာမှုက ဟုဖန်းယွဲ့နဲ့ စွန်းဖူရမ်တို့နှစ်ယောက်လုံးကို မျက်မှောင်ကြုံ့သွားစေပါတယ်..(ဇာတ်လမ်းတော့ စပြီ) ချင်းဝူယုံလည်းပဲ

အသန်မာဆုံးအစစ်အမှန်တပည့်ဆယ်ယောက်ထဲက တစ်ယောက်ပါပဲ..

အခုလေးတင် ဒီနယ်မြေက အတော်လေးလူသူကင်းမဲ့နေခဲ့တာပါ...ဒါပေမဲ့ အချိန်အနည်းငယ်လေးအတွင်းမှာပဲ လက်ရွေးစင်သိုင်းပညာရှင် ဒီလောက်အများကြီး ပေါ်လာခဲ့ပါတယ်..

လင်းဟန်နဲ့ ဟွမ်ဇီထောင်းတို့နှစ်ယောက်လုံး တိုက်ခိုက်နေတာ ရပ်စဲသွားခဲ့ပါတယ်..ဒီနေရာမှာ လက်ရွေးစင်သိုင်းပညာရှင်တွေ အများကြီးရှိနေခဲ့ပါတယ်...ပထမဆုံးလှုပ်ရှားတဲ့တစ်ယောက်ကတော့ ကျိန်းသေအရှူးတစ်ယောက်ပဲ ဖြစ်ပါတယ်...

"Hehe..မင်းတို့တွေ တစ်ယောက်မှ မလှုပ်ရှားချင်ဖူးလား..ဒါဆိုလဲ ဒီစိတ်ဝိညာဉ်ဆေးက ငါ့အပိုင်ဖြစ်လာလိမ့်မယ်..."ချင်းဂူယံပဲဟာ ရှေ့ကို ပြေးထွက်သွားတယ်. သူက အတော်လေး ဆူဖြိုးပေမဲ့ အတော်လေးလဲ မြန်ပါတယ်...ခဏလေးအတွင်းမှာပဲ နတ်ဘုရားဆေးရိုးတံဆီ ရောက်သွားခဲ့တယ်...

"လူပါးဝတယ်..."စွန်းဖူရမ်၊ ဟုဖန်းယွဲ့နဲ့ ဟွမ်ဇီထောင်းတို့တွေအကုန်လုံး တစ်ချိန်ထဲ လှုပ်ရှားလိုက်ကြတယ်.. ဓားချီနဲ့ ဆေဘာဓားချီတွေဟာ ရှေ့ကို ပြိုင်တူ ပျံထွက်သွားခဲ့ကာ ထိပ်လန့်ဖွယ် မြင်ကွင်းတစ်ခုကို ဖန်တီးနေခဲ့တယ်...

ချင်းဝူယံဟာ ထိုလူသုံးယောက်ရဲ့ တိုက်ခိုက်မှုကို ရှောင်တိမ်းဖို့ လေထဲမှာ ပြန်မလှည့်ပဲမနေနိုင်ခဲ့ပါဘူး..ဒီလိုလက်ရွေးစင်သုံးယောက်ရဲ့ စုပေါင်းတိုက်ခိုက်မှုကို ထိပ်တိုက် တိုက်ခိုက်ဖို့ မဝံ့ရဲခဲ့ပါဘူး...

ဒါပေမဲ့လည်း မဆုတ်သာမတိုးသာ အခြေအနေက လွတ်မြောက်သွားခဲ့ပြီး သူတို့လေးယောက် အချင်းချင်းတိုက်ခိုက်နေခဲ့ကြတယ်...ရတနာဆေးပင်ကို လုယူသွားခြင်းမှ တစ်ယောက်ကို တစ်ယောက် တားဆီးနေခဲ့စဉ်မှာ ရတနာဆေးပင်ကို သူတို့အရင်ဆုံးရနိုင်အောင်လို့လဲ ကြိုးစားနေခဲ့ကြတယ်..ရုတ်တရက်ပဲ မြင်ကွင်းက လုံးဝကို ရှုပ်ထွေးနေခဲ့ပါတယ်...

လင်းဟန်က မလှုပ်ရှားခဲ့ပါဘူး..အဲ့ဒီအစား ဘေးတစ်ဖက်မှာ

ရိုးရှင်းစွာပဲ ရပ်နေခဲ့ပါတယ်...နောက်ဆုံးမှာ အနိုင်ရရှိတဲ့သူကို ဆုံးဖြတ်ပြီးတဲ့အခါ နတ်ဘုရားဆေးပင်ကို ပြန်လုယူဖို့ သူ့ရဲ့ ရတနာဆေးဘာဓားကို ထုတ်လိုက်ရုံသာလျှင် လိုအပ်ပါလိမ့်မယ်...

ပထမက ဟွမ်ဇီထောင်းနဲ့ အခြားသူသုံးယောက်ဟာ သူတို့ရဲ့ စွမ်းအားပြင်းထန်လွန်းတဲ့ တိုက်ပွဲမှ စွမ်းအင်လှိုင်းတွေကြောင့် ရတနာဆေးပင်ရဲ့ ရိုးတံကို ထိခိုက်သွားမှာ စိုးရိမ်နေခဲ့ပါတယ်..ဒါပေမဲ့ သူတို့အချိန်ခဏအကြာ တိုက်ခိုက်ပြီးတဲ့နောက်မှာတော့ သူတို့တိုက်ခိုက်မှုစွမ်းအင်တွေ အကုန်လုံးကို ဆေးပင်ရဲ့ ပတ်ဝန်းကျင်က အလင်းတွေက နောက်ထပ်ရှေ့ဆက်မသွားနိုင်အောင် ဟန့်တားထားနိုင်တယ်ဆိုတာကို သတိပြုမိလိုက်ပါတယ်...စွမ်းအင်လှိုင်းတွေက ထိုအလင်းကိုကျော်ပြီး ပျံ့နှံ့ဖို မတတ်နိုင်ခဲ့ပါဘူး...

အခုတော့ သူတို့ရဲ့ လှုပ်ရှားမှုတွေက ဂရုစိုက်မှုမရှိပဲ ပိုမိုရဲတင်းလာခဲ့ပါတယ်..ဓားတွေနဲ့ ဆေးဘာဓားတွေဟာ မူလစွမ်းအင်တွေ စီးထွက်နေသကဲ့သို့ တောက်ပနေခဲ့တယ်..

လင်းဟန်ဟာ စောင့်ကြည့်နေရင်း အနည်းငယ်

ခေါင်းညိတ်လိုက်တယ်..ဟွမ်ဇီထောင်းကလွဲရင် အခြားသုံးယောက်လုံး အတော်လေးစွမ်းအားပြည့်ဝပါတယ်..ဟွမ်ဇီထောင်းဟာ ကျင့်ကြံခြင်းအဆင့်မှာ အားသာချက်ရှိနေတာကြောင့်သာ မဟုတ်ရင် ဟိုအရင်တုန်းထဲက အခြားသုံးယောက်ရဲ့ တိုက်ပွဲမှ ဖိအားပေးနင်ထုတ်ခြင်းကို ခံခဲ့ရပါလိမ့်မယ်...

ဟွမ်ဇီထောင်းဟာ ထိုအထဲမှာ အားအနည်းဆုံးတစ်ယောက်ဖြစ်ပြီး ထိုနေရာမျ သူရှိတာ မရှိတာက အများကြီး မကွာခြားခဲ့ပါဘူး...

စွန်းဖူရမ်က ဓားချီအလင်းသုံးခုကို ဖွဲ့စည်းနိုင်ချိန်မှာ ဟုဖန်းယွဲ့ကလည်း ဆေဘာဓားချီအလင်းသုံးခုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်..ဖတ်တီးလေးကတော့ လက်သည်းတွေကို အသုံးပြုခဲ့ပြီး အလားတူပဲ သူလည်း ချီအလင်းသုံးခုရှိခဲ့ပါတယ်...သူတို့သုံးယောက်ဟာ လက်ရည်ညီတယ်လို့တောင် ပြောနိုင်ပြီး ဘယ်သူပိုသန်မာလဲဆိုတာ ဆုံးဖြတ်ဖို့ ခက်ခဲပါတယ်..

"သူတို့အကုန်လုံးက အကယ်ဒမီရဲ့ အသန်မာဆုံး အစစ်အမှန်တပည့် ဆယ်ယောက်ထဲမှာပါတယ်..ဘယ်သူက ပိုသန်မာလဲဆိုရင်တော့..သူတို့ရဲ့အစစ်အမှန်စွမ်းအားကို

အရင်တုန်းက တစ်ယောက်မှ မထုတ်ဖော်ခဲ့ဖူးဘူး...ဒါ့ကြောင့် အကဲ ဖြတ်နိုင်တဲ့အခြေခံမရှိဘူး.."လို့ယုထန်က လင်းဟန်ကို တီးတိုးပြောလိုက်တယ်..

လင်းဟန်က ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး "သုံးလအတွင်းမှာ မင်း သူတို့ကို သေချာပေါက် ကျော်လွန်သွားနိုင်လိမ့်မယ်... "

ထိုစကားတွေကို အခြားတစ်ယောက်သာကြားခဲ့ပါက သေချာပေါက် သေလုနီးပါး ရယ်မောမိလိမ့်မှာပါ..လူတစ်ယောက်သိထားရမှာက ဟွာယန်အကယ်ဒမီမှ ဟွာဖန်းယွဲ့နဲ့ အခြားသူနှစ်ယောက်ရဲ့ နာမည်ဂုဏ်သတင်းဟာ သူတို့ တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲတွေ အများကြီးကနေ ရလာခဲ့တာပါ..နှစ်အနည်းငယ် ကုန်ဆုံးခဲ့ပြီးမှ သူတို့ ဒီနေ့ရှိနေတဲ့ အဆင့်အတန်းကို ရရှိနိုင်ခဲ့တာပါ..သူတို့ကို အဲ့လောက်လွယ်လွယ်ကူကူနဲ့ ဘယ်လို ဖြတ်ကျော်နိုင်ပါ့မလဲ..?

ဒါပေမဲ့ လို့ယုထန်ကတော့ ယုံကြည်မှုအပြည့်ရှိနေခဲ့တယ်...သူမရဲ့ပါရမီက စစ်မှန်တဲ့အပြင် သူမက ကောင်းကင်အဆင့် ကျင့်ကြံခြင်းနည်းစနစ်ကို ကျင့်ကြံနေခဲ့တာဖြစ်ပြီး

လင်းဟန်ဖော်စပ်တဲ့ မော်ဆေးဝါးတွေလဲ အသုံးပြုနေခဲ့တာပါ..ဒါ့အပြင် သူမမှာ အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်လဲရှိပါတယ်..ထိုအချက်တွေ အကုန်လုံးက သူမကို သုံးလအတွင်းမှာ လူသစ်တစ်ယောအဖြစ်သို့ လုံးဝကူးပြောင်းသွားအောင် ခွင့်ပြုပေးနိုင်ပါလိမ့်မယ်...

နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်လေးယောက်ကြားက တိုက်ပွဲဟာ ပိုပြီး ရက်စက်ပြင်းထန်လာခဲ့ကာ..သူတို့လေးယောက်လုံးဆီမှ အမျက်ဒေါသမီးတောက်တွေကို လှုံ့ဆော်နေခဲ့တယ်..အကျပ်အတည်းကို ချိုးဖြတ်ဖို့ မဖြစ်နိုင်တာကို မြင်တဲ့အခါ သူတို့အကုန်လုံး နတ်ဘုရားဆေးရိုးတံကို လုယူဖို့ လှုပ်ရှားလိုက်ကြတယ်....သိသာစွာပဲ ပထမဆုံး အကျိုးကျေးဇူးအချို့ ရယူဖို့ ရယ်ရွယ်ခဲ့တာပါ...

"ယိ ယိုပဲ"လင်းဟန်ကျိန်ဆဲလိုက်ပါတယ်..သူကလျှင်မြန်စွာ ဆေဘာဓားကို ဆွဲထုတ်လိုက်ပြီး ရှေ့ကို တစ်ဟုန်ထိုးပြေးသွားခဲ့ပါတယ်...ဒါက နတ်ဘုရားဆေးပင်တစ်ခုပါ..သူဘယ်လိုလုပ်ပြီး ထိခိုက်ခံနိုင်မှာလဲ...?

ဒါပေမဲ့ အဲ့ဒီခဏလေးမှာပဲ ဘယ်သူမှ မမျှော်လင့်ထားတာတစ်ခု ဖြစ်သွားခဲ့တယ်..........နတ်ဘုရားဆေးရိုးတံဟာ အမှန်တကယ်ပဲ မြေကြီးထဲမှာ သူ့ကိုယ်သူဆွဲထုတ်လိုက်ကာ အမြစ်တွေကို ခြေထောက်တွေကဲ့သို့ အသုံးပြုပြီး ထွက်ပြေးသွားခဲ့တယ်...မြေပြင်ပေါ်မှာ လှည်းညီးတစ်ခုကဲ့သို့ ပြောင်းသွားခဲ့ပြီး အဲ့ဒီခဏမှာ သူ့ကို ဝိုင်းထားတဲ့ သူလေးယောက်ကို ချိုးဖောက်ဖြတ်ကျော်သွားခဲ့ကာ အလွန်မြန်တဲ့ အရှိန်နှုန်းနဲ့ စတင်ပြေးသွားခဲ့ပါတယ်......

အပိုင်း(၁၃၈)ကစားပွဲ

နတ်ဘုရားဆေးပင်တစ်ပင်က သူ့ဘာသာ မြေကြီးထဲက အမြစ်တွေဆွဲနှုတ်ပြီး အခုတော့ ထွက်ပြေးနေတာတဲ့လား....?

သူတို့တွေဟာ ထိုမြင်ကွင်းကို ကိုယ်တိုင်မျက်မြင်ကြုံတွေ့လိုက်ရတဲ့အခါ ထိုအပင်နောက် အလျှင်အမြန် ပြေးမလိုက်နိုင်ခင် တစ်ခဏလောက်တော့ ကြောင်အသွားကြပါတယ်..

လင်းဟန်တောင်မှ ဒီလိုဖြစ်လာလိမ့်မယ်လို့ ကြိုတင်မသိမြင်ခဲ့ပါဘူး...

ဟွမ်ဇီထောင်းနဲ့ အခြားသူတွေဟာ ထိုနတ်ဘုရားဆေးပင်ရိုးတံရဲ့ မူလဇာစ်မြစ်ကို မသိခဲ့ရင်တောင်မှ အပင်တစ်ပင်က သူ့ဘာသာ အမြစ်တွေဆွဲနှုတ်ပြီး ထွက်ပြေးနေတာကို ကြည့်ရင် သူတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ဆိုရင် ထိုနတ်ဘုရားဆေးပင်ရဲ့ တန်ဖိုးဟာ သူတို့စိတ်ကူးခဲ့တာထက် အလွန့်အလွန်သာလွန်းကြောင်းကိုတော့ ကောက်ချက်ချနိုင်လောက်ပါတယ်...

နတ်ဘုရားဆေးပင်ဟာ အရှေ့မှာပြေးနေခဲ့ပြီး လူအုပ်ကြီးကတော့ သူ့နောက်ကနေ လိုက်ဖမ်းနေခဲ့ပါတယ်.. ထိုမြင်ကွင်းဟာ အနည်းငယ်တော့ ရယ်စရာကောင်းနေခဲ့ပါတယ်..ဒါပေမဲ့ အဲ့ဒီအချိန်မှာ ဘယ်သူမှ ရယ်မောဖို့ ရယ်ရွှယ်ချက်ရှိမနေခဲ့ပါဘူး..သူတို့တွေအကုန်လုံး ပြေးတဲ့အပေါ်မှာပဲ အာရုံစူးစိုက်ထားကြပြီး ထိုထွက်ပြေးနေတဲ့ အပင်ကိုသာ ဖမ်းဆုတ်နိုင်ဖို့ ကြိုးစားနေခဲ့ကြပါတယ်..

ဒဏ္ဍာရီထဲမှာတော့ အသိဉာဏ်ဖွံ့ဖြိုးတိုးတတ်လာခဲ့တဲ့ ရတနာအချို့ရှိခဲ့ပါတယ်..သူတို့တွေက မြေအောက်မှာ သွားလာနိုင်ပြီး ကောင်းကင်တစ်ခွင်ပျံသန်းနိုင်ကြပါတယ်...ဒီဆေးပင်ကတော့ မြေအောက်မှာ မသွားလာနိုင် လေထဲမှာ မပျံသန်းနိုင်ပေမဲ့ လူသားတစ်ယောက်လို ပြေးနေတာကို ကြည့်ရင် သူရဲ့တန်ဖိုးက မနိမ့်နိုင်ပါဘူး...

သူတို့ရုတ်ရုတ်သဲသဲနဲ့ပြေးနေတာက လိုက်ဖမ်းတဲ့နေရာမှာ လူတွေကို ပိုပိုပြီး ပူးပေါင်းပါဝင်လာအောင် ဆွဲဆောင်နေခဲ့ပါတယ်..

ထိုနတ်ဘုရားဆေးပင်ဟာ သေချာပေါက်ရည်ရွယ်ချက်နဲ့လုပ်နေတာကို လင်းဟန်ရှာဖွေတွေ့ရှိသွားပါတယ်...၎င်းဟာ စက်ဝိုင်းပုံစံဆက်တိုက်ပတ်ပြေးနေခဲ့ပြီး သူ့ကို လိုက်ဖမ်းဖို့ လူတွေ ပိုပိုပြီးဆွဲဆောင်နေခဲ့တာပါ..ဒါပေမဲ့လည်း အကွာအဝေးတစ်ခုကို အခုထိ ထိန်းသိမ်းထားနိုင်နေတုန်းပဲဖြစ်ပြီး...သိသာစွာပဲ ထိုနတ်ဘုရားဆေးပင်ဟာ ဒီလိုကစားပွဲမျိုးမှာ အတော်လေးကျွမ်းကျင်ပုံ ရပါတယ်...

နတ်ဘုရားဆေးပင်တစ်ပင်က အမှန်တကယ်ပဲ သူတို့ ရဲ့ ကိုယ်ပိုင်အသိဉာဏ်တွေ ဖွံ့ဖြိုးတိုးတတ်နိုင်တာလား.?

ထိုအကြောင်းကိုတွေးမိတဲ့အခါ အံ့အားသင့်မှုတွေကို မထိမ်းနိုင်ခဲ့ပါဘူး...

လူသားတွေနဲ့ မိစ္ဆာသားရဲတွေဟာ အသိဉာဏ်ကဲ့သို့သော အရာမျိုးပိုင်ဆိုင်ကြပြီး အချို့မိစ္ဆာသားရဲတွေဆိုရင် လူသားတွေနဲ့တူညီနဲ့ အသိဉာဏ်မျိုးတောင်မှ ပိုင်ဆိုင်ကြပါတယ်...ဒါပေမဲ့ အပင်တွေလည်းပဲ ထိုသို့ အသိဉာဏ်မျိုး ပိုင်ဆိုင်တယ်လို့တော့ သူတစ်ခါမှ မကြားမိခဲ့ဖူးပါဘူး...

အမွှေစိန် နတ်ဘုရားဆေးပင်ရဲ့ တမင်ရှေ့က ဦးဆောင်နေမှုနဲ့အတူ ဒီနယ်မြေကိုဝင်ရောက်လာတဲ့လူတွေ အနည်းဆုံး သုံးပုံတစ်ပုံလောက် ထိုအပင်ကို လိုက်ဖမ်းတဲ့ပွဲမှာ ပူပေါင်းပါဝင်လာခဲ့ပါတယ်...ဒါပေမဲ့လည်း သူတို့ထဲက ဘယ်သူမှ ၎င်းကို မဖမ်းနိုင်ခဲ့သေးပါဘူး..သူတို့တွေအကုန် ထိုအပင်နောက် ပြေးလိုက်ဖို့သာ တတ်နိုင်ခဲ့ပြီး ဖုန်တွေသာ စားနေခဲ့ရပါတယ်..

"ငါတို့ဒီအတိုင်းဆက်သွားနေလို့ မဖြစ်ဘူး" လူတစ်ယောက်က ကြွေးကြော်လိုက်ပါတယ်..

"ငါ နတ်ဘုရားဆေးပင်တစ်ပင်ရဲ့ ကစားတာကို ခံနေရတယ်လို့ ဘာလို့ ခံစားမိနေရတာလဲ...?"

"ဒီနတ်ဘုရားဆေးပင်က မနစ်မြို့စရာကောင်းတယ်လို့ ငါထင်မိနေတယ်..."

"ဟဟ..မနစ်မြို့စရာကောင်းတယ်လို့ ထင်ရင်လဲ မင်းလက်လျှော့နိုင်တယ်..ဘယ်သူမှ အဲ့ဒီအပင်နောက်လိုက်ဖို့ မင်းကို ဖိအားပေးမနေဘူး.."

"ဒါပေမဲ့ ငါ အတော်လေးသိချင်စိတ်ပြင်းပြနေတယ်... "

သူတို့တွေထဲက ဘယ်သူမှ လက်လျှော့ဖို့ ဆန္ဒမရှိကြပါဘူး..ထိုနတ်ဘုရားဆေးပင်ဟာ မယုံနိုင်စရာကောင်းလောက်အောင် တန်ဖိုးကြီးလိမ့်မယ်ဆိုတာ အရူးတွေတောင်မှပဲ ခန့်မှန်းနိုင်ပါလိမ့်မယ်..မွန်းစတားအိုကြီးတွေကို အပြင်ဖက်မှာထောင်ချောက်ဆင်ထားရန် သတင်းပေးဖို့

တမင်ထွက်ခွာသွားတဲ့ သူအချို့တောင်မှရှိနေပါတယ်..အဲ့ဒါမှသာ ထိုနတ်ဘုရားဆေးပင်ဟာ ရုတ်တရက် မြေအောက်တစ်လျှောက်ထွက်ပြေးပြီး လုံးဝပျောက်ကွယ်မသွားနိုင်မှာပါ...

"ငါ့ညွှန်ကြားချက်ကို နားထောင်ကြပါ..လူတိုင်း သီးခြားစီ လှုပ်ရှားပြီး အဲ့ဒီနတ်ဘုရားဆေးပင်ကို ဖမ်းဆီးဖို့ စုပေါင်းဖိအားပေးရမယ်.."တတိယအင်ပါယာမင်းသားက ပြောလိုက်ပါတယ်.."အခု စီနီယာတွေရဲ့ ပြောစကားအရဆိုရင် ငါတို့တွေ ဘာတွေပဲပေးဆပ်ရပါစေ ဒီနတ်ဘုရားဆေးပင်ကို အရယူရမယ်..ဒါ့ကြောင့် ကျေးဇူးပြုပြီး ဘယ်သူမှ တစ်ကိုယ်ကောင်းဆန်စွာ မလှုပ်ရှားကြပါနဲ့ "

လူတိုင်း ခေါင်းညိတ်လိုက်ကြပါတယ်..အပေါက်အပြင်မှာရှိတဲ့ စီနီယာတွေရဲ့ သတိပေးစကားဖြစ်တဲ့အတွက် ဘယ်သူက မလိုက်နာပဲ နေဝံ့မှာလဲ..?

တတိယမင်းသား ညွှန်ကြားတာက အသင့်တော်ဆုံးပါပဲ..ပထမအနေနဲ့ သူက

လုံလုံလောက်လောက်သန်မာပြီး ဒုတိယအနေနဲ့ကတော့ သူ့အဆင့်အတန်းက မြင့်မားတာကြောင့်ပါ..ဟုဖန်းယွဲ့၊ စွန်းဖူရမ်နဲ့ အခြားသူတွေတောင်မှ သူ့ရဲ့ညွှန်ကြားချက်ကို အတိအကျနားထောင်နေခဲ့ကြပါတယ်..

တစ်နည်းအားဖြင့် ထိုနေရာမှာ သဘောမတူတဲ့သူ တစ်ယောက်မှရှိမနေခဲ့ပါဘူး...

ဒါပေမဲ့ ထိုလူငယ်တွေ အများစုဟာ ကြီးမားတဲ့ ရည်မှန်းချက်တွေနဲ့
ပြည့်နေကြတာပါ..သူတို့ရဲ့မျက်စိရှေ့တည့်တည့်မှာရှိနေတဲ့ ဒီလိုတန်ဖိုးကြီးမားတဲ့ နတ်ဘုရားဆေးပင်ကို လက်လျှော့ဖို့ဆိုတာ
ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..?သေချာပေါက် သူတို့ရဲ့ ကိုယ်ပိုင်ရည်ရွယ်ချက်တွေနဲ့ ပြည့်နေခဲ့ပြီး...ထိုအပင်ကို ဖမ်းဆုပ်လိုက်နိုင်တာနဲ့ ချက်ချင်း မျိုချပစ်လိမ့်မှာပါ...သူတို့တွေ
အံ့ဩဖွယ်အလှည့်အပြောင်းတစ်ခုနဲ့ ကြုံတွေ့ပြီး တစ်ခါထဲ နတ်ဘုရားတစ်ပါး ဖြစ်လာမလားဆိုတာ ဘယ်သူသိနိုင်မှာလဲ...

လူဝိုင်းကြီးက ပုံပြီး ကျယ်ပြန့်လာပြီး

နတ်ဘုရားဆေးပင်ကတော့ အရပ်မျက်နှာအကုန်လုံးမှ အွန္တရယ်တွေဆီသို့ ဆက်ပြေးနေခဲ့ပါတယ်..ဒါပေမဲ့ နတ်ဘုရားဆေးပင်ဟာ သူ့ရဲ့အမြန်နှုန်းအပြည့်အဝကို မထုတ်ဖော်ရသေးဖူးဆိုတာ ဘယ်သူမှ မထင်ထားခဲ့မိပါဘူး...အွန္တရယ်တွေဝိုင်းရံခံထားရတဲ့ အခုလိုအချိန်ရောက်မှသာ သူ့ရဲ့အမြန်နှုန်းကို ရုတ်တရက်ထုတ်ဖော်လိုက်ပြီး အလင်းကဲ့သို့ လျှင်မြန်သွားပါတယ်...

သူတို့ရဲ့ ဝိုင်းရံထားမှုကို ထိုးဖောက်ထွက်သွားပြီးတဲ့အခါမှာ ထိုနတ်ဘုရားဆေးပင်ဟာ သူ့အမြစ်တွေကို လူတစ်ယောက်ရဲ့ လက်ချောင်းကဲ့သို့ ထောင်လိုက်ပါတယ်...အဲ့ဒါက သေချာပေါက်ကို လက်ခလယ်ထောင်ပြနေတာပါ...

Wtffff....အဲ့ဒါက နတ်ဘုရားဆေးပင်တစ်ပင်ပဲ မဟုတ်ဘူးလား ဘာလို့သူမှာ လူညစ်တစ်ယောက်ရဲ့ အမူအကျင့်မျိုးပါ ရှိနေရတာလဲ..

သူတို့တွေအကုန်လုံးမှာ ထူးဆန်းတဲ့ ခံစားချက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်..သူတို့ နတ်ဘုရားဆေးပင်တစ်ခုရဲ့ ကစားတာကို အမှန်တကယ်ပဲ ခံနေခဲ့ရတာလား..?

"ငါအတော်လေး ဒေါသထွက်နေပြီ....သေချာပေါက် မင်းကို စားပစ်မယ်..."သူတို့ထဲက ဒေါသကြီးတဲ့သူတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်...

သူတို့တွေဟာ နောက်တစ်ကြိမ်ထပ်ဝိုင်းရံလိုက်ပြီး တဖြည်းဖြည်း အရွယ်အစားကျုံ့လိုက်ရာ နတ်ဘုရားဆေးပင် ပတ်ပြေးဖို့ နေရာလွတ် ကျဉ်းသထက် ကျဉ်းလာခဲ့ပါတယ်...လင်းဟန် မျက်မှောင်ကြုပ်လိုက်ပါတယ်..ဒီနေရာမှာရှိတဲ့ သူတိုင်းကို သူချုပ်ကိုင်နိုင်ခဲ့ရင်တောင်မှ ထိုအမွှေစိန် နတ်ဘုရားဆေးပင်ရဲ့ လှုံ့ဆော်မှုကြောင့် ရုတ်ရုတ်သဲသဲဖြစ်နေတာနဲ့ဆိုရင် ထိုနတ်ဘုရားဆေးပင်ကို အထိအခိုက်မရှိပဲ ရနိုင်ပါ့မလား..?အကယ်၍ သူသာ ထိုနတ်ဘုရားဆေးပင်ကို လူတိုင်းရဲ့ မျက်စိရှေ့မှာ စားလိုက်ရင် သူဒီနေရာက ထွက်တဲ့အခါ အပြင်မှာစောင့်နေတဲ့ မွန်းစတားအိုကြီးတွေက သူ့ကို လူသားစွပ်ပြုတ်တောင် လုပ်လိုက်နိုင်ပါတယ်..

နတ်ဘုရားဆေးပင်ဟာ လူတစ်ယောက်ရဲ့ သက်တမ်းကို ဆွဲဆန့်ပေးနိုင်တဲ့ စွမ်းရည်ရှိပြီး ထိုအရာက မွန်းစတားအိုကြီးတွေမှာ အချို့တဲ့ဆုံးအရာတစ်ခု

ဖြစ်နေခဲ့တာလေ...

လင်းဟန်တစ်ယောက် အခက်တွေ့နေခဲ့ပါတယ်...အခြားသူတွေ ဘယ်သူမှ သတိမထားမိစေပဲ နတ်ဘုရားဆေးပင်ကို ဘယ်လိုလုပ်ရင်ယူနိုင်မလဲ..သူ့မှာ သိုလှောင်လက်စွပ်ရှိတဲ့အတွက် ဘာအရိပ်အရောင်မှမကျန်စေပဲ ဝှက်ထားဖို့ သူ့အတွက်ပြသနာမရှိပါဘူး..ဒါပေမဲ့ နတ်ဘုရားဆေးပင်ကို အခြားသူတွေ သတိမထားမိစေပဲ ဘယ်လိုရယူရပ့်ါမလဲ..?

လင်းဟန်ဟာ ပြေးနေစဉ်အတောအတွင်းမှာ ထိုပြသနာကိုလည်း စဉ်းစားနေခဲ့ပါတယ်..

နတ်ဘုရားဆေးပင်ဟာ အခုတော့ ထောင့်တစ်ခုဆီသို့ ဖိအားပေးတွန်းပို့ခံလိုက်ရပါတယ်...အဆုံးမှာတော့ ဒီနေရာမှာ လူတွေအများကြီးရှိနေခဲ့ပါတယ်..ဒ့ါကြောင့် ထိုနတိဘုရားဆေးပင် ဘယ်လောက်မြန်မြန် လုံးဝ အသုံးမဝင်ခဲ့ပါဘူး..

အဲ့ဒီအချိန်မှာ လင်းဟန် ရုတ်တရက် ရပ်တန့်သွားခဲ့ပါတယ်..
"အွန္တရာယ်..."

လွှီယုထန်နဲ့ လီစီချန်းတို့နှစ်ယောက်ဟာ သူ့စကားနဲ့ပတ်သက်ပြီး အနည်းငယ်တောင် သံသယမရှိခဲ့ပါဘူး.. ဒ့ါကြောင့် သူတိုနှစ်ယောက်လုံးချက်ချင်းရပ်တန့်သွားခဲ့ပါတယ်...ဒါပေမဲ့ အခြားသူတွေကတော့ လျှောင်ပြောင်လိုက်ကြပါတယ်..ဒီကောင်စုတ် ငါတို့ကို အရူးလုပ်ဖို့ ကြိုးစားနေတာပဲဖစ်ရမယ်...သူတို့ဒီနေရာကို ဝင်လာခဲ့တာ အတော်ကြာနေခဲ့ပါပြီ ဒီနေရာမှာ အခုထိ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံတွေ့ခဲ့ရသေးလို့လဲ...?

ဒီနေရာက တောင်ရဲ့ဝမ်းခေါင်းထဲမှာဖြစ်ပေမဲ့ သူတို့ပတ်ဝန်းကျင်မှာ ခုန်ကူးနေတဲ့ အလင်းတွေ အမြဲတမ်းရှိနေပြီး မှောင်နေတဲ့ အရိပ်အယောင်းအနည်းငယ်တောင် မရှိပါဘူး..ဒါပေမဲ့ အခုတော့ သူတို့ရဲ့ရှေ့မှာ အနက်ရောင် နေရာလွတ်တစ်ခုပေါ်လာခဲ့ပြီး သူတို့ကို မြိုချဖို့ စောင့်ဆိုင်းနေတဲ့ မွန်းစတားတစ်ကောင်ရဲ့ အလွန်ကြီးမားတဲ့ ပါးစပ်ကြီးတစ်ခုကဲ့သို့ ထင်ရပါတယ်..

"ရှိ..."
နတ်ဘုရားဆေးပင်က ထိုနေရာလွတ်ထဲကို ဝင်သွားခဲ့ပြီး

အခြားသူတွေကတော့ သူနောက်က လိုက်ပါလာကြပါတယ်..ဒါပေမဲ့ရုတ်တရက်ပဲ

"Peng..peng..peng.."

သူတို့တွေဟာ မမြင်ရတဲ့ နံရံတစ်ခုကို ဝင်တိုက်လိုက်သကဲ့သို့ ချက်ချင်း ပြန်ကန်ထွက်သွားပါတယ်..သူတို့တွေထဲက အချို့ကတော့ ကောင်းမွန်နေဆဲဖြစ်ပြီး သွေးထွက်နေတဲ့ ဒဏ်ရာတွေသာလျှင်ရခဲ့ပေမဲ့ အခြားသူတွေကတော့ ပြင်းပြင်းထန်ထန်ဒဏ်ရာရခဲ့ကာ အချို့ဆိုလျှင် ဒဏ်ရာတွေမှ အရိုးတွေတောင် မြင်နေရပါတယ်...

နတ်ဘုရားဆေးပင်ရိုးတံဟာ ရပ်တန့်သွားခဲ့ပြီး သူ့ရဲ့အမြစ်တွေကို အသုံးပြုကာ နောက်တစ်ကြိမ် လက်ခလယ်ထောင်ပြကာ ရန်စလိုက်ပါတယ်...

ဒီတစ်ကြိမ်မှာတော့ သူတို့တွေ ဒေါသမထွက်နိုင်တော့ပါဘူး..သူတို့တွေ ဆိုးဆိုးရွားရွား ဝင်တိုက်မိတာကြောင့် ပြန်ကန်ထွက်လာကာ အခုထိတောင် အသက်ရှူသံတွေ မမှန်သေးပါဘူး...

"ခွေးကောင်..."သူတို့ထဲကတစ်ယောက်က လင်းဟန်ဆီ ချက်ချင်း ဒုန်းဆိုင်းသွားခဲ့ပြီး

လက်ညှိုးထိုးလိုက်ပါတယ်.."မင်း ရှေ့မှာ အန္တရာယ်ရှိတာကို သိရဲ့သားနဲ့ ဘာလို့ စောစောစီးစီးကြိုမပြောရတာလဲ..?"

"နင်း နည်းနည်းလေးအကျိုးသင့်အကြောင်းသင့် မရှိနိုင်ဘူးလား..."လွီယုထန်က လင်းဟန်ရှေ့ရပ်လိုက်ပြီး သူ့မျက်နှာပေါ်မှာ
ခြိမ်းခြောက်တဲ့အကြည့်တစ်ခုရှိနေခဲ့ပါတယ်.."လင်းဟန်က ရှေ့မှာအန္တရာယ်ရှိတယ်လို့ နင်တို့ကို မပြောခဲ့လို့လား..?နင်တို့ကသာ ပြေးနေတာကို မရပ်ခဲ့တာလေ..."(ယောကျာ်းထိ ဓားကြည့်နော်...)

"ဟမ့် မင်းတို့က ရှင်းရှင်းလင်းလင်းမှ မပြောတာ ဘယ်လိုအန္တရာယ်ဆိုတာ ဘယ်သူက သိမှာလဲ..?"တစ်ယောက်က ယုတ္တိမတန်စွာ စောဒကတတ်လိုက်ပြီး
ကျယ်လောင်စွာပြောလိုက်ပါတယ်.."လင်းဟန် မင်းသာယောကျာ်းတစ်ယောက်ဆိုရင် ရှေ့ထွက်လာခဲ့ မိန်းမတစ်ယောက်ကာကွယ်ပေးတာကို ခံမနေနဲ့..."

ထိုသူဟာ ဒြပ်စင်စုစည်းခြင်းအလွှာ ၈အဆင့်မှာရှိပါတယ်...ဒါ့ကြောင့်သဘာဝကျစွာပဲ လွီယုထန်ကို လုံးဝမယှဉ်ရဲပါဘူး..ဒါပေမဲ့ လင်းဟန်ကတော့

ဒြပ်စင်စုတောင်းခြင်းအလွှာ ဖြေအဆင့်မှာသာလျှင်ရှိပါသေးတယ်..ဒါ့ကြောင့် သူ့အတွက် လင်းဟန်က လွယ်ကူတဲ့ ပစ်မှတ်တစ်ခုလို့ တွေးလိုက်ပါတယ်...

"Hmmm...ရုပ်ဆိုးတဲ့သူတွေက အာရုံစိုက်ခံရဖို့ အရာအားလုံးကို လုပ်တတ်ကြတယ်..."လင်းဟန်ဟာ လို့ယုထန်ကို ဘေးသို့အသာလေးတွန်းလိုက်ပါတယ်..

လို့ယုထန် အနည်းငယ် စိုးရိမ်နေတာကို မထိန်းချုပ်နိုင်ခဲ့ပါဘူး...သဘာဝကျစွာပဲ လင်းဟန်ဒါဏ်ရာရမှာကို သူမစိုးရိမ်နေခဲ့တာမဟုတ်ပါဘူး...သူ့ကို တမင်ရန်စနေတဲ့ထိုသူကို ဒေါသထွက်ပြီး သတ်ပစ်လိုက်မှာကို စိုးရိမ်နေခဲ့တာပါ...အဲ့လိုဖြစ်လာရင် ထိုအရာကို ကိုင်တွယ်ဖို့ လွယ်ကူနိုင်တော့မှာ မဟုတ်ပါဘူး...

"မစိုးရိမ်ပါနဲ့ မိန်းကလေးလို့ရဲ့ မျက်နှာထောက်ပြီး ငါသက်ညှာပေးမှာပါ..."ထိုးသူက အေးစက်စွာရယ်မောလိုက်ပါတယ်...သူ လင်းဟန်ကို တမင်ရန်စရတဲ့ အကြောင်းအရင်းက လင်းဟန်ကို အနည်းငယ် ခံစားသွားစေချင်လို့ပါ..အဲ့ဒါမှသာ

လင်းဟာန်ရဲ့ပုံရိပ်ဟာ လို့ယုထန်ရဲ့ အမြင်မှာ ပျက်စီးသွားလိမ့်မှာပါ...

"ဖြန်း.."

သူစကားပြောပြီးရုံရှိသေး သူ့မျက်နှာမှာ ပြင်းထန်တဲ့ ရိုက်ချက်တစ်ခု ခံစားလိုက်ရပြီး သူ့ပါးပေါ်မှာ ပူလောင်တဲ့ နာကျင်မှုတစ်ခု ခံစားလိုက်ရပါတယ်..လင်းဟာန်သူ့ကို ရိုက်လိုက်တာကို နားမလည်နိုင်ခင် တစ်ခဏလောက်တော့ ထိုသူကြောင်အသွားပါတယ်..ချက်ချင်းပဲ သူဒေါသထွက်စွာနဲ့ သူ့လက်ဝါးနဲ့ လင်းဟာန်ကို ရိုက်လိုက်ပါတယ်....

"ဖြန်း.."
လင်းဟာန်ရဲ့ လက်က နောက်တစ်ကြိမ်မြောက်တတ်သွားပြီး ထိုသူမျက်နှာကိုရိုက်လိုက်ပါတယ်..လင်းဟာန်က နောက်မှ လှုပ်ရှားလိုက်ပေမဲ့ သူ့ရိုက်ချက်က ထိုသူကို အရင်ထိသွားခဲ့ပါတယ်..ဒါအပြင် ရိုက်ချက်ရဲ့ အင်အားက အတော်လေးသန်မာတဲ့အတွက် ထိုသူကို ယိမ်းယိုင်သွားစေပါတယ်..ထိုသူ့ရဲ့ လက်ဝါးရိုက်ချက်ကတော့ သဘာဝကျစွာပဲ ဘာကိုမှ မထိခဲ့ပါဘူး...

သူက ထိုအရာကို အမုန်တရားလို့ လက်မခံနိုင်သေးပါဘူး...ဒ့ါကြောင့် လင်းဟန်ကို ရိုက်ဖို့ နောက်တစ်ကြိမ် ရွယ်လိုက်ပြန်ပါတယ်....

"ဖြန်း ဖြန်း ဖြန်း ဖြန်း"

သူ ဒီတစ်ကြိမ်တော့ တကယ်ကို ကံမကောင်းနိုင်တော့ပါဘူး..လင်းဟန်က သူ့မျက်နှာကို တစ်ချက်ပြီးတစ်ချက် ချနေပါတော့တယ်...

အပိုင်း (၁၃၁) တားမြစ်နယ်မြေထဲသို့ ချိုးဖောက်ဝင်ရောက်ခြင်း

ဘာသာပြန်---- Flying Alone

မြန်မာဘာသာပြန်---- ဆြာသိုင်း

``ဘယ်သူ လာစမ်းချင်သေးလဲ?``

လင်းဟန်က လှုပ်ရှားမှုကို ရပ်တန့်ပြီးတော့ တစ်ခြားသူတွေဘက်ကို လှည့်ပြီးတော့ ပြုံးပြကာ

မေးလိုက်ပါတယ်။

လူတိုင်းလူတိုင်း သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒီကောင်က တကယ့်ကိုပဲ ရက်စက်ကြမ်းကြုတ်လွန်းလှပါတယ်။ နွေဦးစမ်းရေအဆင့်ကို မရောက်သေးတဲ့ မည်သူ မဆို လင်းဟာန်နဲ့ တိုက်ခိုက်ဖို့အတွက် လုံးဝ အဆင့်မမှီပါဘူး။

နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေက မျက်မှောင်ကြုံ့လိုက်ပါတယ်။ သူတို့ အနေနဲ့ လင်းဟာန်ကို လုံးဝ မကြောက်ပါဘူး။ သူတို့က လက်ရှိမှာ လှီယုထန်ကို ရင်ဆိုင်ရမှာကို အလွန်ကြောက်နေပါတယ်။ သူမက လင်းဟာန်ရဲ့ဘေးမှာ ဓါးကို ကိုင်စွဲထားပြီးတော့ အစောင့်အကြပ်လိုမျိုး ရပ်တည်နေတဲ့အတွက် သူတို့အနေနဲ့ ဘယ်သူမှ စွန့်စားပြီးတော့ မလှုပ်ရှားရဲ့ပါဘူး။

ပိုပြီးအရေးကြီးတာက သူတို့ အနေနဲ့ အခုချိန်မှာ လင်းဟာန်နဲ့ အချိန်ဖြုန်းတီးဖို့ ဆန္ဒမရှိပါဘူး။ စိတ်ဝိဉာဉ်ဆေးပင်က လျှို့ဝှက်ဆန်းကြယ်တဲ့ နယ်မြေထဲကို လွတ်မြောက် သွားခဲ့တဲ့အတွက် အခုအချိန်မှာ အရေးကြီးဆုံးအရာက သူတို့အနေနဲ့ ၎င်းဆေးပင်ကို အပြင်ကို ထွက်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ ဖြစ်ပါတယ်။

နေရာအနှံ့ အပြားက နေပြီးတော့ နောက်ထပ် လူတွေက ပိုပိုပြီးတော့ ထွက်ပေါ်လာခဲ့ ကြပါတယ်။

ဒါက မြေအောက်နေရာတစ်ခုလုံးရဲ့ အလယ်နေရာ ဖြစ်ပါတယ်။ ၎င်းက စက်ဝိုင်းပုံ သဏ္ဍာန် ရှိပြီးတော့ ကြီးမားတဲ့ ဧရိယာကြီးကို နေရာယူထားပါတယ်။ ပိုပြီး အရေးကြီး တာတစ်ခုက ဒီ အမှောင်နယ်မြေက သူတို့အားလုံးရဲ့ အမြင်အာရုံတွေကို ဘာကိုမှ သေသေချာချာ မမြင်နိုင်အောင်လို့ တားဆီးပိတ်ပင်ထားပါတယ်။ အစွန်းတစ်ဖက်မှာ ရပ်နေတဲ့ လူတစ်ယောက်က ကျန်တဲ့ အခြား အစွန်းတစ်ဖက်က လူကို လုံး၀ မမြင်နိုင်ပါဘူး။

ကျေးဇူးတင်ရမှာက ဒီနယ်မြေထဲကို ၀င်ရောက်လာတဲ့ လူတွေက အရမ်းကို များပြားတဲ့ အတွက်ကြောင့်မိုလို့ ဒီဧရိယာကို ပါတ်ပါတ်လည် ပိုင်းဖို့ အတွက် လုံလောက်ပါတယ်။ အနည်းဆုံးတော့ ဒီနတ်ဘုရားဆေးပင်သာ ထွက်လာခဲ့မယ်ဆိုယင် သူတို့အနေနဲ့ ချက်ချင်းဆိုသလိုပဲ သိနိုင်ကြပါလိမ့်မယ်။

``အခု ဘာဆက်လုပ်ကြမလဲ?``

သူတို့အားလုံး ဒီ မဲမှောင်တဲ့ ဧရိယာက ိစက်ပိုင်းပုံစံ ပိုင်းပါတ်လိုက်ပီးတဲ့အခါမှာ သိချင်စိတ်ပြင်းပြစွာနဲ့ပဲ မေးလိုက်ကြပါတယ်။

``ထောင်ချောက်ကို သေချာလုပ်ရမယ်.. ဒီ ဆေးပင် နောက်တစ်ကြိမ် ထွက်မလာဘူး ဆိုတာ ကို ငါလုံးဝ မယုံဘူး``

တစ်စုံတစ်ယောက်က ပြောလိုက်ပါတယ်။

``မင်းက ငတုံး ငအလား..? ဒါက အပင်တစ်ပင်ပဲ.. ၎င်းက သူ့ရဲ့ အမြစ်တွေနဲ့ တူးဆွပြီး တော့ အထဲမှာ နှစ်ပေါင်းအနည်းငယ်ကနေ နှစ်ပေါင်းရာနဲ့ချီပြီးတော့ နေနိုင်တယ်.. ဒါပေမဲ့ ငါတို့ကရော ? ငါတို့က သုံးရက်ပြီးတာနဲ့ ဒီကနေထွက်ရလိမ့်မယ်``

နောက်တစ်ယောက်က ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

``အင်းးးးးးးး ဟုတ်သားပဲ``

အစောပိုင်းတုန်းက ပြောလိုက်တဲ့ သူက အနည်းငယ် ရှက်ကိုးရှက်ကန်းဖြစ်သွားခဲ့ ပါတယ်။

လူတိုင်းလူတိုင်းက မျက်မှောင်တွေ ကြုံ့ပြီးတော့ တွေးနေကြပါတယ်။ ဒါက စိတ်ဂိုဏ်ဆေးပင် တစ်ခုဖြစ်ပြီးတော့ ဒဏ္ဍာရီ နတ်ဘုရားအဆင့်ကို တောင်မှ လုံး၀ ရောက်နေနိုင်ပြီး သူတို့အနေနဲ့ ဒီနေရာမှာ ရပ်ပြီးတော့ စောင့်ကြည့်နိုင်ယုံပဲ တတ်နိုင်ပါတယ်။ ဒီခံစားမှု က သူတို့အားလုံးကို ရှုံးသွပ်သွားစေပါတယ်။

သူတို့ထဲက အချို့ က အပြင်ဘက်မှာစောင့်နေတဲ့ သူတို့ကလန်က မွန်းစတားအိုကြီး တွေကို သတင်းပြန်ပို့နဲ့ အကြံဉာဏ်တစ်ချို့ ရလိုရငြား တောင်းယူဖို့ ထွက်သွားခဲ့ပြီး ကျန်တဲ့သူတွေကတော့ ဒီနေရာမှာပဲ ရပ်ပြီးတော့ စောင့်နေကြဆဲပါပဲ။ လင်းဟန်က ဖြေးညင်းစွာနဲ့ မမြင်ရတဲ့ နံရံ အနီးကို သွားပြီးတော့ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ် ပြီးတော့ ၎င်းကို ခံစားကြည့်လိုက်ပါတယ်။

အရမ်းကို ရင်းနှီးနေတဲ့ ခံစားချက်တစ်ခုပဲ။

လင်းဟန်ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်ခု ပေါ်သွားပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက သူက မြောက်များစွာသော ရှေးဟောင်းသမိုင်း၀င် နယ်မြေဒေသ တွေကို စွန့်စားခရီးထွက်ခဲ့ပြီးတော့ အခုလိုမျိုး အခြေအနေနဲ့

တူညီတဲ့ အရာအများကြီးနဲ့ ကြုံတွေ့ခဲ့ဖူးပါတယ်။ ဒါကြောင့်လည်းသူက အစောပိုင်းတုန်းက သတိပေးပြီး အော်ဟစ်ခဲ့တာပဲဖြစ်ပါတယ်။

ဒါက နံ့ရံတစ်ခုမဟုတ်ပါဘူး.... အော်ရာ(အရှိန်အဂါ) နယ်ပယ်တစ်ခု ဖြစ်ပီးတော့ ကောင်းကင်အဆင့်ထက် မြင့်တဲ့ အော်ရာနယ်ပယ် တစ်ခု ဖြစ်ပါတယ်။

တကယ်လို့ သူသာ ကောင်းကင်အဆင့်မှာ ရှိနေဦးမယ်ဆိုယင် သူ့အနေနဲ့ ဒီအရာကို ဘယ်လို အရှိန်အဂါနယ်ပယ် အမျိုးအစားဖြစ်တယ်ဆိုတာကို လေ့လာစူးစမ်းပြီးတော့ သူဂင်လို့ ရနိုင်အောင်လို့ ချိုးဖျက်နိုင်ပါလိမ့်မယ်.. ဒါပေမဲ့ အခုတော့.. သူ့အနေနဲ့ ဒီလို အရာမျိုးကို ကြိုးပမ်းအားထုတ်ဖို့အတွက်တော့ လုံးဂ အဆင့်မမှီပါဘူး။

ဖြစ်နိုင်တာက သူ့ဒီဟာကို အသုံးပြုရလိမ့်မလားမသိဘူး?

လင်းဟန်က ပျက်စီးနေတဲ့ ဆေဘာဓါးကို ထုတ်လိုက်ပါတယ်။ ဒါက သူ့တပည့်ဖြစ်သူ ရဲ့ ရတနာဆေဘာဓါးပါ.. ပြီးတော့ ဒါက သူ့တပည့်ရဲ့ သဲလွန်စကို ရှာဖို့ အတွက် ဖြစ်နိုင်ချေ အရှိဆုံး

တစ်ခုတည်းသောအရာလည်းဖြစ်ပါတယ်။ တကယ်လို့ သူက ဒီဆေဘာခါးရဲ့ လက်ကျန်အစွမ်းတွေအကုန်လုံးကို တစ်ချက်တည်းနဲ့ ပေါက်ကွဲထွက် လာအောင် အသုံးပြုလိုက်မယ်ဆိုယင် သူက အတင်းအဓမ္မဖိအားပေးပြီးတော့ ကောင်းကင် အဆင့်နဲ့ ညီမျှတဲ့ စွမ်းအားကို အသုံးပြုနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ ပြဿနာက ဒီလိုမျိုးလုပ်လိုက်မယ်ဆိုယင်ဖြင့် ဒီ ရတနာဆေဘာခါးက လုံး၀ အဆုံးသတ်သွားပြီလို့ ဆိုလိုတာနဲ့ အတူတူပါပဲ။

လင်းဟန် တုံ့ဆိုင်းသွားခဲ့ပါတယ်။ ဒါ့အပြင် တစ်ခြား ပြဿနာ လည်း ရှိပါသေးတယ်။ ဒီရတနာဆေဘာခါးကို ဒီလိုမျိုးစွမ်းအားနဲ့ ဖောက်ခွဲပစ်လိုက်ပြီးတော့ သူက အထဲကို ၀င်သွားခဲ့မယ်ဆိုယင် သူ့အနေနဲ့ အပြင်ကို ဘယ်လိုပြန်ထွက်လာလို့ရမလဲ?

ဒါပေမဲ့ ခဏမျှကြာတဲ့ အခါမှာတော့ သူက နောက်ဆုံးမှာ အထဲကို ၀င်သွားဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ဘာလို့လဲဆိုတော့ အထဲမှာ နတ်ဘုရားဆေးပင်တစ်ခုထဲ ရှိတာမဟုတ်ပါဘူး..လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဖြစ်ပွားခဲ့တဲ့

ခမ်းနားကြီးကျယ်လှတဲ့ တိုက်ပွဲကြီးရဲ့ နောက်ကွယ်က အဲဒီနေရာမှာ လျှို့ဝှက်ချက်တစ်ခု အဖြစ်နဲ့ ပုန်းကွယ်နေပါတယ်။ ပြီးတော့ သူက ဒီတိုက်ပွဲရဲ့ အကြောင်းကို ရှာဖွေဖို့ ဆန္ဒရှိနေပါတယ်။ ပြီးတော့ တကယ်လို့ အဲဒီနေရာမှာ အဆုံးမဲ့ စကြာဝဠာအဆင့် စစ်သည်တော်တစ်ဦးရဲ့ အလောင်းအကြွင်းအကျန်က အထဲမှာ တစ်ကယ်ပဲရှိနေပီးတော့ ဒီ အော်ရာနယ်ပယ်ကို ဖြစ်ပေါ်စေတာလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ ပြီးတော့ သူ့အနေနဲ့ ဒီအော်ရာနယ်ပယ်ကို တစ်နည်းနည်းနဲ့ ခွဲပစ်ကောင်းခွဲပစ်နိုင်ပါလိမ့်မယ်။

``မင်းတို့နှစ်ယောက် ငါ့ကို ကာကွယ်ပေးထား``

လင်းဟန်က လွီယုထန်နဲ့ လီစီရှန်းတို့နှစ်ယောက်ကို ပြောလိုက်ပါတယ်။

ဒီနေရာက အရမ်းကိုကြီးမားပြီးတော့ လူတိုင်းလူတိုင်းက ဒီနေရာ ပါတ်ပါတ်လည်ကို ပိုင်းရုံထားကြပါတယ်။ ဒါကြောင့် လင်းဟန်က မိန်းကလေးနှစ်ယောက်ရဲ့ ကြားမှာ ရပ်ပြီး နေလိုက်ပါတယ်။ မိန်းကလေးနှစ်ယောက်ကြားမှာ လူတစ်ယောက်ရပ်နေတာက တစ်ခြားသူတွေကို သတိမပြုစေဖို့ဆိုတာက အရမ်းကို မလွယ်ကူပါဘူး။

မိန်းကလေးနှစ်ယောက်ကတော့ လင်းဟန် ဘာလုပ်ချင်နေတယ်ဆိုတာကို နားမလည်ပါဘူး ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးက ခေါင်းငြိမ့်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကောင့်မှာ မဖြစ်နိုင်ပါဘူးဆိုတဲ့ အရာတွေကိုတောင်မှ လုပ်ပြနိုင်တဲ့ စွမ်းရည်တွေ ရှိနေတယ်ဆိုတာကို သူတို့ နားလည်လို့ပဲဖြစ်ပါတယ်။

လင်းဟန်က ရတနာဆေဘာခါးကို စတင်ပြီးတော့ အသက်သွင်းလိုက်ပါတယ်။ ကျန်းယွဲ့ဖုန်းရဲ့ သိုင်းပညာဆန္ဒက သူ့ဆီကနေ ဆင်းသက်လာပြီး အခုအချိန်မှာ သူက အရမ်းကို အားနည်းနေတယ်ဆိုပေမဲ့လည်း သူတို့ရဲ့ သိုင်းပညာတွေက တူညီတဲ့ သွေးကြောတွေမှာ ရှိကြပါတယ်။ သူ့ရဲ့ နတ်ဘုရားစိတ်အာရုံကို လည်ပတ်လိုက်ခြင်း ဖြင့် ရတနာဆေဘာခါးမှ ရေးထွင်းထားတဲ့ သိုင်းဆန္ဒက စတင်ပြီးတော့ နိုးထလာခဲ့ပါတယ်။

``ဟုန်း``

ရတနာဆေဘာခါးပေါ်က တံဆိပ်တွေက တစ်ခုပြီးတစ်ခု လင်းလက်တောက်ပလာခဲ့ ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒါက ဆေးဘာဓါးဆီကနေ နောက်ဆုံးအလင်းပဲ ဖြစ်ပါတယ်။ မကြာခင်မှာ ၎င်းက လုံး၀ သာမာန်ဆေးဘာဓါးတစ်လက် ဖြစ်သွားပြီး တစ်ခြား သာမာန် လက်နက်တွေနဲ့ တူသွားပါလိမ့်မယ်။ လင်းဟာန်က အနည်းငယ်မျှတောင် တုံ့ဆိုင်းခြင်း မရှိခဲ့ပါဘူး… သူက ရတနာဆေးဘာဓါးကို အသုံးပြုပြီးတော့ ဒီ အော်ရာနယ်ပယ် ကို သူ့အတွက်၀င်ရောက်နိုင်မဲ့ လမ်းကြောင်းတစ်ခုဖွင့်ဖို့အတွက် ခုတ်ပိုင်းဖို့အတွက် အသုံးပြုခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့တော့ အရမ်းကို စိတ်လှုပ်ရှားတဲ့ အခြေအနေမှာ ရှိနေခဲ့ပါတယ်။ သူ့ရဲ့လက်ထဲက ကိုင်ထားတဲ့ ရတနာဆေးဘာဓါးက လှုပ်ခါသွားပြီးတော့ ရေထဲက ငါးတစ်ကောင်လိုမျိုး ၎င်းရဲ့ ခန္ဓာကိုယ်က လှုပ်ရှားသွားပြီးတော့ မြွေလိမ် မြွေကောက်ပုံစံမျိုးနဲ့ အရှေ့ကို တိုး၀င်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ ပုံရိပ်က ချက်ချင်းဆိုသလို အမှောင်ထုနယ်မြေထဲကို တိုး၀င်ပျောက်ကွယ် သွားခဲ့ပီးတော့ ထပ်ပြီးမမြင်ရတော့ပါဘူး။

လှိုင်ယုထန်နဲ့ လီစီရှန်းတို့နှစ်ယောက်စလုံး မှင်တက်ပြီး အံ့သြသွားကြပါတယ်။ သူတို့က တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးခြင်းဆုံအောင် အကြည့်ခြင်း ဖလှယ်လိုက်ကြ ပြီးတော့ သူတို့နှစ်ယောက်စလုံးက အကြီးအကျယ်အံ့အားသင့်နေပြီးတော့ အရမ်းကို လေးစားအားကျနေမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလူငယ်လေး မဟုတ်ဘူး ဒီလူ မလုပ်နိုင်တဲ့ အရာဆိုတာရော ရှိပါသေးရဲ့လား?

သူတို့နှစ်ယောက်စလုံးပဲ သူတို့ရဲ့ အံ့အားသင့်နေမှုကနေ ချက်ချင်း ရုတ်သိမ်းပီးတော့ နိုးကြားတက်ကြွစွာနဲ့ လင်းဟန်ပျောက်ကွယ်သွားတာကို တစ်ခြား ဘယ်သူမှ သတိမထား မိပဲ လင်းဟန်ကို လုံခြုံအောင်လို့ ကာကွယ်ပေးမဲ့ အစီအစဉ်အပေါ်မှာ အာရုံစိုက်လိုက်ကြပါတယ်။ တကယ်လို့ လင်းဟန်ရဲ့ လက်ရှိစွမ်းရည်တွေ အပေါ်မှာ အခြေခံပြီးတော့ တစ်ခြား ရတနာတစ်ခုခုကို ရယူနိုင်ခဲ့မယ်ဆိုယင်တောင်မှ သူ့အနေနဲ့ ၎င်းကို ထိန်းသိမ်းထားနိုင်မှာမဟုတ်ပါဘူး။

လင်းဟန်ရဲ့ ကိုယ်လုံးတစ်ခုလုံး ချွေးတွေ ရွှဲနစ်နေပါတယ်။ ဒီ အော်ရာနယ်ပယ်ထဲမှာ နေရာတိုင်းလိုလိုပဲ အန္တရာယ်တွေရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက သူ ကောင်းကင်အဆင့်မှာရှိနေတုန်းအချိန်ကတောင်

ခြေလှမ်းတစ်ချက်မှားတာနဲ့ သူ့ကို ဒဏ်ရာအနာတရ ရစေခဲ့ပါတယ်။ ပြီးတော့ အခုလက်ရှိသူ့ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၆ အဆင့်နဲ့ဆိုယင် မီးဟုန်းဟုန်းတောက်လောင်နေတဲ့ မီးပုံထဲက သစ်အယ်သီးကို ဆွဲထုတ်ဖို့ ကြိုးစားတာနဲ့ တူပါလိမ့်မယ်။ အနည်းငယ်မှ အမှားအယွင်း လုပ်မိလိုက်တာနဲ့ သူ့ရဲ့ အသက်ကို ပေးရနိုင်ပြီးတော့ နောက်ထပ် ဒုတိယ အခွင့်အရေးဆိုတာလဲ လုံးဝ ရှိမှာမဟုတ်ပါဘူး။

ဒါက သူ့ကို တောင်မှ အရမ်းကို စိတ်လှုပ်ရှားသွားစေခဲ့ပါတယ်။ သူက လုံးဝ အာရုံစူးစိုက်ထားပြီးတော့ သူ့ရဲ့ မျက်လုံးတွေက အလွန်အမင်းကို တောက်ပလို့ နေပါတယ်။

ပါရမီရှင်တစ်ယောက်နဲ့ အရူးတစ်ယောက်ရဲ့ ကြားမှာ မတူညီတာတွေက တကယ်ပဲ သိပ်မရှိလှပါဘူး။

ဒီအခြေအနေက သူ့ကို နေရာပေါင်းစုံကနေပြီး အန္တရာယ်တွေ ဝိုင်းရံနေသလို ဖြစ်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေပြီး သူ့ကို အရမ်း စိတ်လှုပ်ရှားမှုကို ပေးစွမ်းပါတယ်။ သေခြင်းနဲ့ ရှင်ခြင်းကြားမှာ ယိမ်းထိုးလှုပ်ရှားနေတာက သူ့ကို အရမ်း လေးနက်တဲ့

ခံစားချက်ကိုပေးစွမ်းပြီးတော့ သူရဲ့ နတ်ဘုရားအာရုံကလည်း ပင်လယ် လှိုင်းလုံးတွေလိုမျိုး တစ်ရိပ်ရိပ်နဲ့ တိုးတက်လာခဲ့ပါတယ်။

ဒီလိုမျိုး အန္တရာယ်များပြားလှတဲ့ နေရာမျိုးတွေက နတ်ဘုရားအာရုံတွေကို လေ့ကျင့်ဖို့အတွက် နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။

ရတနာ ဆေဘာဓါးကနေပြီး အလင်းရောင်က မှိတ်တုပ်မှိတ်တုပ် ဖြစ်လာပြီးတော့ လင်းဟန်ကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ဒီ ပျက်စီးနေတဲ့ ရတနာဆေဘာဓါး က သူခန့်မှန်းထားတာထက်တောင်မှ ပိုပြီး ဆိုးရွားနေခဲ့ပါတယ်။ ၎င်းက အချိန်အနည်းငယ် လေးပဲ တောင့်ခံနိုင်တာဖြစ်ပြီးတော့ ကြည့်ရတာ လုံး၀ သွားတော့မယ် နဲ့ တူပါတယ်။ သူက စွန့်စားရတာကို ကြိုက်နစ်သက်ပေမဲ့လည်း သူရဲ့ သေခြင်းတရားကို တည့်တည့် မတ်မတ်ကြီးသွားပြီးတော့ စွန့်စားရတာနဲ့တော့ မတူညီတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

သူက အရှိန်ကို လျှင်မြန်စွာနဲ့ပဲ ထပ်ပြီးမြှင့်လိုက်ပါတယ်။ သူရဲ့ စိတ်တွေက အရမ်းကို အာရုံစိုက်နေပြီးတော့ သူရဲ့ စိတ်စွမ်းအင်တွေကလဲ အရမ်းကို လျှင်မြန်တဲ့ အရှိန်နှုန်းနဲ့

ကျယ်ပြန့်လာခဲ့ပါတယ်။ သူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက ချွေးသီးချွေးပေါက်တွေကဟာလဲ ရေစက်တွေ ကျနေသလို တစ်စက်ချင်း ကျဆင်းလို့လာပြီးတော့ မသိလို့ရှိယင် သူဟာ ရေကန်ထဲကပြုတ်ကျပြီးတော့ ကမ်းပေါ်ကို ပြန်တက်လာတဲ့ လူတစ်ယောက်လိုမျိုး အဝတ်အစားတွေက ချွေးတွေနဲ့ ရွှဲနစ်လို့ နေပါတယ်။

``ဂှမ်း``

ရတနာ ဆေဘာဓါးက နောက်ဆုံးအနေနဲ့ အလင်းရောင် တစ်ချက်လင်းလက်သွားပြီး တော့ တစ်ချိန်တည်းမှာပဲ တံဆိပ်တော်အားလုံးက ပျက်စီးကွဲပျက်သွားပါတယ်။ ဆိုလိုတာက ဒီ ရတနာဆေဘာဓါးထဲက သိုင်းဆန္ဒက လုံးဝ ပျောက်ကွယ်သွား ခဲ့ပါပြီ။

``ဟူး``

လင်းဟန်က ခြေတစ်လှမ်း လှမ်းလိုက်ပြီးတော့ သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပါတယ်။ နောက်ဆုံးတော့ သူက ဒီ အော်ရာနယ်ပယ် ကပိတ်လှောင် ထားတဲ့ ဧရိယာ ကနေပြီး ထွက်လာနိုင်ခဲ့ပါတယ်။

သူ့ရဲ့ အရှေ့မှာ အလင်းရောင်က ထပ်ပြီးတော့ ပေါ်လာခဲ့ပါတယ်။

ဒီနေရာက ခြေလှမ်းတစ်ရာလောက်ပဲ ကျယ်ဝန်းတဲ့ နေရာတစ်ခုပဲဖြစ်ပါတယ်။ မြေကြီး အလယ်မှာတော့ ကြက်ခြေခတ်ပုံစံထိုင်နေတဲ့ အလောင်းတစ်ခုရှိပြီးတော့ နတ်ဘုရားဆေးပင် ရိုးတံကတော့ မြေကြီးထဲကို သူ့ရဲ့ အမြစ်တွေတွယ်နေအောင်လို့ ကြိုးပမ်းအားထုတ်နေပါတယ်။ဘယ်လိုပဲဖြစ်ဖြစ် ၎င်းကိုကြည့်ရတာက ဒီနေရာက မြေကြီးတွေက အရမ်းကို မာကျောနေတဲ့ပုံစံပါပဲ။ ဒီလောက်အချိန်ကြာတာတောင်မှ ဒီ နတ်ဘုရားဆေးပင်ရိုးတံက သူ့ရဲ့ အမြစ်တွေတဝက်လောက်ကိုပဲ မြေကြီးထဲကို အမြစ်တွယ်နိုင်ပါသေးတယ်။

လင်းဟန်ရဲ့ မျက်ခုံးတွေကို ပင့်လိုက်ပြီးတော့သူက နတ်ဘုရားဆေးပင်ရိုးတံ အနားကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ ချဉ်းကပ်လာခဲ့ပါတယ်။ သူ့အနေနဲ့ ဒီ နတ်ဘုရားဆေးပင်ရိုးတံ ရဲ့ အနောက်ဘက်မှာ မျက်နှာတစ်ခု ပါတယ်မပါဘူးဆိုတာကို မသိပါဘူး ဒါပေမဲ့ ဒီနတ်ဘုရားဆေးပင်ရိုးတံက သူဒီနေရာမှာရှိနေတယ်ဆိုတာကို သတိမပြုမိခဲ့ပါဘူး။

ဆယ်လှမ်း... ရှစ်လှမ်း.. ငါးလှမ်း...သုံးလှမ်း...

လင်းဟန်က ချက်ချင်း ခြေလှမ်းကျဲကြီးလှမ်းလိုက်ပီးတော့ နတ်ဘုရားဆေးပင်ရိုးတံကို လက်တစ်ဖက်နဲ့ ဆွဲဖမ်းလိုက်ပါတယ်။

ပိတ်ရက်အပိုအပိုင်း (၁၃၂) အမြစ်သုံးခု

နတ်ဘုရားဆေးပင် က မြေကြီးထဲကို သူ့ရဲ့ အမြစ်တွေနဲ့ တူးပြီးတော့ အကောင်းဆုံးလုပ် ဆောင်နေပြီး ဒီ အော်ရာနယ်ပယ်ရဲ့ ပိတ်ဆို့ထားတဲ့ ဇရိယာကို တစ်စုံတစ်ယောက်က ချက်ချင်း ချိုးဖျက်ပြီးတော့ ဝင်လာနိုင်လိမ့်မယ်လို့ လုံးဝမတွေးထားပါဘူး။ ဒါကြောင့် ဘာမှမပြင်ဆင်ရသေးပဲနဲ့ လင်းဟန်ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပီးတော့ ၎င်းရဲ့ အမြစ်တွေကို ချက်ချင်းပဲ မြေကြီးထဲကနေ ပြန်နှုတ်လိုက်ပီးတော့ နောက်တစ်ကြိမ် ထွက်ပြေးဖို့ အဆင့်သင့်ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာတော့ ခြေတစ်လှမ်းနောက်ကျသွားခဲ့ပါပြီ။

ၒင်းရဲ့ လှုပ်ရှားမှုတွေက အရမ်းကို လျှင်မြန်တယ်ဆိုပေမဲ့လည်း ၒင်းရဲ့ အမြစ်ကို မြေကြီးထဲကနေ ပြန်ဖယ်လိုက်တဲ့ အချိန်မှာပဲ ၒင်းရဲ့ အမြစ်တွေကို လင်းဟာန်ရဲ့ လက်နဲ့ ဖမ်းဆုပ်ကိုင်လိုက်ခြင်းကို ခံလိုက်ရပါတယ်။

``ရှီးးးး``

နတ်ဘုရားဆေးပင်ရဲ့ ပုံစံကို ကြည့်ရတာ အရမ်းကို လန့်ဖျပ်နေတဲ့ ပုံစံပါပဲ။ ပွင့်လန်းနေတဲ့ ၒင်းရဲ့ ပန်းပွင့်တွေကိုတောင်မှ ချက်ချင်းဆိုသလို ၒင်းရဲ့ ပွင့်ဖတ်ပွင့်ချပ် အားလုံးကို ရုပ်သိမ်းလိုက်ပြီး ပင်စည်တောင်မှ တွန့်လိမ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ထပ် အချိန်မှာပဲ ၒင်းက ချက်ချင်းဆိုသလို အပြင်းအထန်ရုန်းကန်လှုပ်ရှားပြီးတော့ လင်းဟာန်ရဲ့ ဆုပ်ကိုင်ထားခြင်းကနေပြီးတော့ လွတ်ထွက်သွားခဲ့ပြီးတော့ အော်ရာနယ်ပယ်ထဲကို ပြေးဝင်သွားပြီးတော့ တစ်ခဏအတွင်းမှာပဲ အမှောင်ထုထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟာန်က အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ သူ့ရဲ့ လက်သီးဆုပ်ကို ဖြည်ပြီး ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ လက်ထဲမှာ အမြစ်သုံးခုကျန်နေရစ်ခဲ့ပါတယ်။ ဒီ ပြတ်သွားတဲ့

အမြစ်တွေကနေပြီးတော့ နို့နှစ်ရောင် ဖြူဆွတ်နေတဲ့ အရည်တွေ ကျနေပြီးတော့ ချက်ချင်းဆိုသလို လေထုကသန့်စင်သွားပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး သက်တောင့်သက်သာဖြစ်သွားခဲ့ပါတယ်။ ပြီးတော့ သူ့ကိုယ်သူ ငှက်မွှေးလေး တစ်ချောင်းလို ပေါ့ပါးပြီးတော့ ကောင်းကင်ကို ပျံတက်တော့မလို ခံစားလိုက်ရပါတယ်။

ဒါက နတ်ဘုရားဆေးပင်ပဲ။

လင်းဟန်အနေနဲ့ ၎င်းကို ဘယ်လိုလုပ်ပြီးတော့ ဖြုန်းတီးနိုင်မှာလဲ? သူကလျှင်မြန်စွာနဲ့ ပဲ သူ့ရဲ့ လျှာတွေနဲ့ နှုတ်ခမ်းကို သပ်လိုက်ပီးတော့ ဒီ နို့နှစ်ရောင် အရည်တွေကို တစ်စက်မှ မကျန်အောင်လို့ သောက်လိုက်ပါတယ်။

``ဒါက အရမ်းကို လန်းဆန်းအားတိုးစေတာပဲ``

ဒီ နတ်ဘုရားဆေးပင်ရဲ့ အငွေ့ ရနံ့လေးတစ်ခုကပဲ သူ့ကို ကောင်းကင်ကို ပျံတက်တော့ မဲ့ ငှက်မွှေးလေးတစ်ခုလို ပေါ့ပါးစေတဲ့ ခံစားမှုမျိုးကို ပေးစွမ်းနိုင်ပါတယ်။ ဒီ မြောက်များစွာသော အရည်တွေကို သောက်လိုက်ရခြင်းက ဒီခံစားမှုတွေကို သန်မာလာပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးရဲ့ ချွေးပေါက်တွေ အားလုံး

ပွင့်ထွက်ကုန်ပြီးတော့ စိတ်ဂိဉာဉ် ချီတွေက အလိုအလျောက်နဲ့ ပန်းဂင်လာခဲ့ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို အာဟာရ ပြည့်စေခဲ့ပါတယ်။ ဒီခံစားမှုတွေက စကားလုံးနဲ့တောင် ဖော်ပြလို့ မရပါဘူး။

သူ့ရဲ့ နတ်ဘုရား စိတ်အာရုံကလည်း အကြီးအကျယ်ကိုပဲ တိုးပွားလာခဲ့ပီးတော့ သူ့ရဲ့ သွေး အသား အာရုံကြောနဲ့ အရိုးတွေအားလုံးကလဲ တူညီတဲ့ အဆင့်မြှင့်တင်မှုတွေ ရရှိစေခဲ့ပါတယ်။ယုတ်စွအဆုံး သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် လည်းပဲ တိုးလာခဲ့ပါတယ်။

``နတ်ဘုရားဆေးပင်ရဲ့ တန်ဖိုးက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြှင့်တင်ပေးနိုင်တာမဟုတ်ဘူး``

လင်းဟန်က တွေးလိုက်ပါတယ်။ သူ့ရဲ့ နတ်ဘုရားစိတ်အာရုံကို ဖြန့်ကျက်လိုက်ပီးတော့ သူ့ရဲ့ ခန္ဓာကိုယ်အတွင်းက ပြောင်းလဲခြင်းတွေအားလုံးကို သေချာစွာ လေ့လာနေပါတယ်။

နတ်ဘုရားဆေးပင်ရဲ့ အာဟာရဖြစ်စေတဲ့ အာနိသင်တွေနဲ့ အတူ သူ့ရဲ့ ခန္ဓာကိုယ်နဲ့ အသက်ဓါတ်စွမ်းအင်ကိုလဲ အကြီးအကျယ် အဆင့်မြှင့်တင်မှုကို ရရှိစေခဲ့ပါတယ်။

ဘယ်သိုင်းပညာရှင်မဆို လူတစ်ယောက်ရဲ့ သက်တမ်းက အသက်တစ်ရာ မျှသာ ရှိတယ်ဆိုတာကို သိထားကြပါတယ်။ တကယ်လို့ တစ်ယောက်ယောက်ကသာ ပန်းဖူး အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ခဲ့မယ်ဆိုယင် သေမျိုး အဆင့်ကို ဖျက်ဆီးပြီးတော့ သူရဲ့ သက်တမ်းက နောက်ထပ် နှစ်ပေါင်း နှစ်ရာလောက် ရရှိနိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ယင် တကယ်လို့ သူတို့က နှစ်ပေါင်း ထောင်နဲ့ချီတဲ့ ဂျင်ဆင်းတို့ ကို စားခဲ့မယ် ဆိုယင်တောင်မှ သူတို့အနေနဲ့ နောက်ထပ် နှစ်ပေါင်း အနည်းငယ်မျှသာ ထပ်ပြီး နေနိုင်ပါလိမ့်မယ်။

ပန်းဖူးအဆင့် သိုင်းပညာရှင်တစ်ယောက်က ဘာကြောင့် နောက်ထပ် သက်တမ်း နှစ်ပေါင်းနှစ်ရာထပ်ပြီးတော့ ရရှိနိုင်ရတာလဲ? ဘာလို့လဲဆိုတော့ သူရဲ့ ကိုယ်ခန္ဓာအတွင်း ပိုင်းမှာရှိတဲ့ အသက်ဓါတ်စွမ်းအင်က အားကောင်းသန်မာ လာတဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

ပန်းဖူးအဆင့်ပြီးတဲ့နောက် အဆင့်အသစ်တွေကို ထပ်ပြီးတော့ ချိုးဖျက်တက်ရောက် ခြင်းက အသစ်ပြန်လည် ပြောင်းလဲခြင်းတစ်ခုလို့ ဆိုလိုပြီးတော့ အဆက်မပြတ် ပိုပိုပြီး တော့ အသက်ဓါတ်စွမ်းအင်က ပိုမိုအားကောင်းလာပြီးတော့ လူတစ်ယောက်ရဲ့ သက်တမ်းကိုလဲ အဆက်မပြတ် ပိုမို

ရှည်စေပါတယ်။ အဓိက အရေးကြီးတာက ကောင်းကင်အဆင့်ပြီးတဲ့နောက်မှာတော့ ပျက်ယွင်းခြင်းတစ်ခု ရှိလာပါတယ်။ ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက်ဟာ စကြာဝဠာ ချိုးဖျက်ခြင်း အဆင့်ကို ရောက်နိုင်သွားယင် သိုင်းပညာရှင်တစ်ယောက်ရဲ့ အရှည်ကြာဆုံးသော သက်တမ်းက နှစ်ပေါင်း တစ်ထောင်လောက် အကန့်အသတ်ရှိပါတယ်။

နတ်ဘုရားဆေးပင် တစ်ပင်က ၎င်းနဲ့ တူညီတဲ့ အာနိသင်ကို ရရှိစေနိုင်ပါတယ်။

သူက နတ်ဘုရားအရည် အစက်အနည်းငယ်ကို စားသုံးခဲ့ရပြီး လင်းဟန်ရဲ့ အသက်နဲ့ အသက်ဓါတ်စွမ်းအင်က ကြီးမားစွာ အဆင့်မြင့်တက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ အနည်းဆုံး နောက်ထပ် နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်သက်တမ်းကို အပိုရရှိသွား ခဲ့ပါတယ်။

အစက် အနည်းငယ်မျှနဲ့ နှစ်ပေါင်း နှစ်ဆယ်တောင်...။

တကယ်လို့ သူ့အနေနဲ့ ဒီ နတ်ဘုရားဆေးပင် တစ်ခုလုံးကို စားခွင့်ရခဲ့မယ်ဆိုယင် နောက်ထပ် နှစ်ပေါင်းဘယ်လောက်တောင်များ သူရနိုင်မလဲ?

နှစ်ပေါင်းတစ်ထောင်လား.. ဒါက အနိမ့်ဆုံး တွက်ချက်ထားတာပဲဖြစ်ပါတယ်။ ဒါက စွမ်းအားပြည့်ဂတဲ့ ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အသက်ရှင်သန်တဲ့ နောက်ထပ်သက်တမ်းတစ်ခုနဲ့ ညီမျှပြီးတော့ သေမျိုးတွေအတွက်ကတော့ သူတို့သက်တမ်းရဲ့ နောက်ထပ် ဆယ်ဆ နဲ့ ညီမျှပါတယ်။

ဒီကမ္ဘာကြီးပေါ်မှာ တန်ဖိုးအကြီးဆုံးအရာက ဘာဖြစ်မလဲ?

ကျင့်ကြံခြင်း နည်းစနစ်တွေ သိုင်းပညာတွေ ဒါမှမဟုတ် ချမ်းသာကြွယ်ဂမှုတွေ တစ်ခုမှမဟုတ်ပါဘူး.. အသက်ပဲဖြစ်ပါတယ်။

ဘဂမှာ နောက်ထပ် နှစ်ပေါင်းတစ်ထောင် အပိုရရှိခြင်းက ကောင်းကင်အဆင့် သိုင်းပညာရှင်တွေကိုတောင်မှ ရူးသွပ်သွားဖို့အတွက် လုံလောက်ပါတယ်။

လင်းဟာက နတ်ဘုရားဆေးပင်ရဲ့ အမြစ်သုံးခုကို သိုလှောင်လက်စွပ်ထဲမှာ သိမ်းဆည်း လိုက်ပါတယ်။ လူတစ်ယောက်ရဲ့ သက်တမ်းကို တိုးလာစေတဲ့ အချက်က ဒီ နတ်ဘုရားဆေးပင်ရဲ့ အာနိသင်တွေထဲက တစ်ခုဖြစ်ပြီးတော့ အကြီးမားဆုံး အာနိသင်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းကို

နောက်ထပ် အသုံးပြုလို့ရပါသေးတယ်.. ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကို ပြုပြင်ပြောင်းလဲပြီးတော့ ခန္ဓာကိုယ်ထဲက မသန့်စင်မှုတွေကို စုပေးပြီး အပေးကို ထုတ်ပစ်လို့ရတာပဲဖြစ်ပါတယ်။

သူမှာ ကောင်းကင်အဆင့် စိတ်ဂိညာဉ်အခြေခံ ရှိပါတယ် ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကတော့ ကောင်းကင်အဆင့်လို့ မဆိုလိုပါဘူး. သူမှာ သာမာန် ခန္ဓာကိုယ်ပဲ ရှိပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူက ထူးခြားဆန်းကြယ်လှတဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ကျင့်စဉ်ကို စတင်လေ့ကျင့်ခဲ့ပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ် အဆင့်ကို ရောက်သွားခဲ့ပြီး ဒါက တစ်ခြားသော ထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ ရှိတဲ့ မျိုးနွယ်စုတွေနဲ့ နှိုင်းယှဉ်လို့ရပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကတော့ ပြီးပြည့်စုံတဲ့ အဆင့်ကိုရောက်ဖို့ဆိုတာကတော့ အရမ်းကို ဝေးကွာလွန်းပါသေးတယ်။ အနည်းဆုံးတော့ သူ့ရဲ့ အထက်မှာ မတူညီတဲ့ အဆင့်သုံးခုရှိနေပါတယ်။ ကျောက်သားနံ့ရဲ့ ခန္ဓာကိုယ်.... သံမဏိပြား ခန္ဓာကိုယ်နဲ့ စိန်ခန္ဓာကိုယ် တို့ဖြစ်ပါတယ်။ ဒီ့အပြင် ဒါက ကောင်းကင်မှော်စာလိပ်ရဲ့ ပထမအဆင့်ပဲ ရှိပါသေးတယ်။

``နတ်ဘုရားဆေးပင်က လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကို တိုးတက်လာ အောင် ကူညီနိုင်တယ်. ငါက ၎င်းကို အသုံးပြုပြီးတော့ ကျောက်သားနံ့ရံခန္ဓာကိုယ် အဆင့်ကို အောင်မြင်နိုင်မဲ့အကြောင်း ဘယ်သူသိနိုင်မှာလဲ?``

လင်းဟန်ရဲ့ မျက်ခုံးတွေကို ပင့်လိုက်ပါတယ်။ တကယ်လို့ သူက ကျောက်သားနံ့ရံ ခန္ဓာကိုယ် ကို လေ့ကျင့်နိုင်ခဲ့မယ်ဆိုယင်သူရဲ့ ခုခံကာကွယ်နိုင်စွမ်းက ပိုမိုပြီး သန်မာလာနိုင်ယုံသာမက ဖျက်ဆီးလို့မရနိုင်တဲ့ အစစ်အမှန် အရည် နှစ်စက် ကိုပါ ခဲစေ နိုင်ပါလိမ့်မယ်။ ဒါဆိုယင် သူ့ရဲ့ လက်ထဲမှာ နောက်ထပ် ဖှက်ဖဲတွေ ပိုပြီးတော့ ရှိလာ ပါလိမ့်မယ်။

``ဒါက အရမ်းကို ဆိုးဂါးတာပဲ.. တကယ်လို့ ငါသာ နတ်ဘုရားဆေးပင် တစ်ခုလုံးကို ရခဲ့မယ်ဆိုယင် သံမဏိပြား ခန္ဓာကို အဆင့်ထိအောင် တစ်ဟုန်ထိုး မြင့်တက်သွား စေနိုင်လိမ့်မယ် ဒါမှမဟုတ် စိန်ခန္ဓာကိုယ်အဆင့်ထိတောင် ရောက်သွားနိုင်တယ်``

သူက အရမ်းကို နောင်တတွေ ရနေခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူ့ကိုယ်သူ ပြန်ပြီး တော့ ရီမောလိုက်ပါတယ်။

``ယောက်ျားတစ်ယောက်က အရမ်းကြီး လောဘမကြီးသင့်ဖူး.. ငါရဲ့ အယင်ဘဂတုန်းက အဆင့်ကိုး ရတနာတစ်ခုကိုတောင်မှ ငါမမြင်ဖူးဘူး.. ဒါပေမဲ့ အခုတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ၆ မျှနဲ့ပဲ အဆင့်တစ်ဆယ် နတ်ဘုရားဆေးပင် ကို မြင်ခဲ့ယုံသာမက ၎င်းရဲ့ အမြစ်တွေကိုပါ ရယူနိုင်ခဲ့သေးတာပဲ.. တကယ်လို့ ငါက ဒါကို စိတ်မကျေနပ်နိုင်သေးဖူးဆိုယင် ငါ့ကို တကယ်ပဲ မိုးကြိုးပစ်လိမ့်မယ်``

သူရဲ့ မျက်လုံးတွေကို အလယ်မှာရှိနေတဲ့ အလောင်းအပေါ်မှာ စူးစိုက်ကြည့်လိုက် ပါတယ်။ သူက ဒီဟာက အရာအားလုံးရဲ့ အရင်းအမြစ် ဖြစ်တယ်ဆိုတဲ့ ခံစားမှုတစ်ခု ရှိနေခဲ့ပါတယ်။

ဒီအလောင်းက ကြီးကျယ်ခမ်းနားတဲ့တိုက်ပွဲကြီး တစ်ခုနဲ့ ကြုံတွေ့ခဲ့တယ်ဆိုတာ သိသာ ထင်ရှားပါတယ်။အနည်းဆုံး သူရဲ့ အရိုးပေါင်းတစ်ရာထက် မနည်း ပျက်စီးလို့နေခဲ့ပါတယ်။ ဒါက အရမ်းကို ခန့်မှန်းရခက်ပါတယ်။ သူရဲ့ အရိုးတွေ ဒီလောက် အများကြီးကျိုး နေတာကိုတောင်မှ သူက ဘယ်လိုလုပ်ပြီးတော့
ဆက်ပြီးတိုက်ခိုက်နိုင်သေးတယ်ဆိုတာကိုပေါ့။ လင်းဟန်က

ဖြေးညှင်းစွာနဲ့ အလောင်း အနားကို ချဉ်းကပ်လာပြီးတော့ နီးနီးကပ်ကပ်နဲ့ ကြည့်လိုက်ပီးတော့ အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။

ဒီအရိုးတွေထဲမှာ အမှန်တကယ်ပဲ ရွှေရောင်တောက်ပနေတဲ့ လက္ခဏာ မျိုးစုံ ရှိနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အချိန်တွေက အရမ်းကို ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဒီလူက အရမ်းကို ပြင်းထန်တဲ့ ဒဏ်ရာတွေလည်း ရရှိခဲ့ပြီး ဒီလိုမျိုး ထူးခြားတဲ့ လက္ခဏာတွေအားလုံးက ပုံမှန်အားဖြင့်တော့ မှုန်ဝါးဝါးဖြစ်သွားကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီရွှေရောင် လက္ခဏာတွေရဲ့ စွမ်းအားက လင်းဟာန် ရဲ့ခံစားမှု့ ကို အနှောက်အယှက် မဖြစ်စေခဲ့ပါဘူး။ ၎င်းတို့ဟာ စာလုံးပုံစံလို ပြောရမှာထက် ပုံကြမ်း တစ်ခုရဲ့ အစိတ်အပိုင်းတစ်ခု ဆိုယင် ပိုပြီးတော့ သင့်တော်ပါလိမ့်မယ်။ သဘာဝစွမ်းအားတွေရဲ့ ပုံရိပ်ယောင် ပုံကြမ်းတစ်ခု ဖြစ်ပြီးတော့ ဒီလက္ခဏာ တွေကို ဖော်ပြဖို့အတွက် ဒီလိုမျိုး နည်းလမ်းနဲ့အသုံးပြုထားပုံရပါတယ်။

``နေပါဦး``

လင်းဟန်က လန့်ဖျပ်သွားခဲ့ပါတယ်။

``လှို့ဝှက်ဆန်းကြယ်တဲ့ ကောင်းကင်စာလိပ်ကလဲ ဒီလိုမျိုးပုံစံနဲ့တူတူပဲ.. ဘာလို့လဲဆို တော့ သူကို စကားလုံးတွေအသုံးပြုပြီးတော့ အာဂုံဆောင် ရွတ်ပြဖို့ ငါ့မှာ နည်းလမ်း လုံးဂ မရှိခဲ့ဘူး``

သူက ရုတ်တရက်ဆိုသလို နားလည်သွားခဲ့ပါတယ်။ သူက ဒီကျင့်ကြံခြင်းနည်းစနစ်ရဲ့ ပထမ အဆင့်ကို နားလည်တတ်ကျွမ်းဖို့ အတွက် နှစ်ပေါင်း တစ်သောင်းလောက် လိုအပ် ခဲ့တာ အံ့ဩစရာမဟုတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ ဒီဟာက စကားလုံး ဆိုတဲ့ အဆင့်ကို အများကြီးကျော်ဖြတ်သွားပြီးတော့ အသစ်အသစ်သော အဆင့်ကို ရောက်သွားခဲ့လို့ပဲဖြစ်ပါတယ်။

``ဘယ်လိုပဲဖြစ်ဖြစ် ငါ ဒါကို တစ်ချက်လောက်ကြည့်လိုက်ယုံနဲ့ပဲ ဒီအရိုးတွေ အပေါ်မှာ ရှိတဲ့ ရွှေရောင် လက္ခဏာပုံစံတွေက လှို့ဝှက်ဆန်းကြယ်တဲ့ မှော်စာလိပ်နဲ့ လုံးဂ နိုင်းယှဉ်လို့ မရဘူး``

ဒီနှစ်ခုရဲ့ ခက်ခဲရှုပ်ထွေးမှု အဆင့်က လုံးဂ မတူညီ ပဲ

ကွဲပြားပါတယ်။

``ဒါပေမဲ့ ဒီအလောင်းက စွမ်းအားကြီးမားတဲ့ စကြာဂဠာဖျက်ဆီးခြင်း အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အလောင်းဆိုတာကို လုံးဝ ကောက်ချက် ချနိုင်တယ်။ တကယ်လို့ ငါက သူ့ရဲ့ သိုင်းဆန္ဒ တစ်ခုရဲ့ အနည်းငယ်လောက်ကို သိခဲ့မယ်ဆိုယင် ငါ အနာဂါတ်မှာ စကြာဂဠာဖျက်ဆီးခြင်းအဆင့်ကို ချိုးဖြတ်တဲ့ အခါကျယင် အရမ်းကို ကြီးမားတဲ့ အကျိုးအမြတ်ကို ရနိုင်လိမ့်မယ်.``

လင်းဟန်က သူကိုယ်သူ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ပြူးကျယ်လာပြီး တော့ ဒီ ရွှေရောင် လက္ခဏာတွေကို မှတ်ဉာဏ်ထဲကို ရိုက်သွင်းထည့်နေပါတယ်။

``ဟုမ်း``

အရိုးစုကနေပြီးတော့ ရုတ်တရက်ဆိုသလို အနီရောင်မီးတောက်တစ်ခုက ပန်းထွက် လာခဲ့ပါတယ်။ ၎င်းက မျက်စိကိုပြာသွားလုမတတ် တောက်ပနေပြီးတော့ အပူလှိုင်း တစ်ခုက ထွက်ပေါ်လာပြီး လင်းဟန်ကို ခြေလှမ်းအနည်းငယ် နောက်ဆုတ်သွား စေခဲ့ပါတယ်။

အနီရောင် မီးတောက်က အရိုးစုရဲ့ အထက်မှာ လွင့်မျောနေပြီးတော့ ၎င်းမှာ ကိုယ်ပိုင် အသက်ရှိနေသကဲ့သို့ ပုံစံအမျိုးမျိုးကို ပြောင်းလဲသွားခဲ့ပါတယ်။

``ထူးဆန်းတဲ့ မီး``

လင်းဟန် အံ့အားသင့်သွားခဲ့ပါတယ်။

``ထူးဆန်းတဲ့ မီးက သဘာဂကနေ မွေးဖွားလာတဲ့ အရမ်းကို ထူးဆန်းတဲ့ တည်ရှိမှု တစ်ခုပဲဖြစ်ပါတယ်။ ၎င်းကို စွမ်းအင်အမျိုးအစားတစ်ခု အဖြစ် သရုပ်ဖော်နိုင်ပြီးတော့ သိုင်းပညာရှင်တွေနဲ့ မှော်ဆေးပညာရှင်တွေအတွက် မယုံကြည်နိုင်လောက်အောင် တန်ဖိုးရှိပါတယ်။ သိုင်းပညာရှင်တစ်ယောက်က ဒီ ထူးဆန်းတဲ့မီးကို သန့်စင်ပြီးတော့ သူ့ရဲ့ကိုယ်ပိုင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို လဲ သန့်စင်နိုင်ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြင့်တင်တာမျိုး ဒါမှမဟုတ် အချို့သော မီးအမျိုးအစား သိုင်းပညာနည်းစနစ် တွေကိုလည်း တိုးတက်အောင်လုပ်နိုင်ပါတယ်။ တကယ်လို့ မှော်ဆေးပညာရှင် တစ်ယောက်က ထူးဆန်းတဲ့မီးနဲ့ ပေါင်းစပ်နိုင်မယ်ဆိုယင် မှော်ဆေးလုံးတွေ ဖော်စပ်တဲ့

အချိန်မှာ ကြီးမားတဲ့ အကျိုးကျေးဇူးကို ရပါလိမ့်မယ်။

ဘာကြောင့်လဲ?

ဘာကြောင့်လဲဆိုတော့ မှော်ဆေးလုံးဖော်စပ်တဲ့ အခါမှာ အရေးအကြီးဆုံးက မီးကို ထိန်းချုပ်တာပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သိုင်းပညာရှင်တစ်ယောက်ရဲ့ စွမ်းအား က ကန့်သတ်ချက်ရှိပါတယ်.. ဒါကြောင့် လူတစ်ယောက်က ထုတ်ဖော်နိုင်တဲ့ မီးတောက်တွေရဲ့ အပူကလည်း အရမ်းကို အကန့်အသတ် ရှိပါတယ်။ ဒါပေမဲ့ ဒီ ထူးဆန်းတဲ့ မီးတွေကတော့ ဒီ ကန့်သတ်ချက်ကို အဆပေါင်းများစွာ တိုးလာစေ နိုင်ပြီး မှော်ဆေးပညာရှင်တစ်ယောက်ကိုလဲ သူ့ရဲ့ စွမ်းရည်တွေကို ကြီးမားစွာတိုးလာ စေနိုင်ပါတယ်။

ဥပမာ လင်းဟန်အတွက် သူ့ရဲ့ စွမ်းရည်ကို အခြေခံပြီး ကောင်းကင်အဆင့်လို မြင့်မားတဲ့ မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့် ကန့်သတ်ထားခြင်းကြောင့် သူ့အနေနဲ့ လုပ်လို့ မရနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ သူက မြင့်မားတဲ့ အပူချိန်ရှိတဲ့ အပူပါဝင်တဲ့ မီးတောက်တစ်ခုကို ထုတ်ဖော်ပြီးတော့ ဆေးကျို အိုးကို အပူပေးဖို့ မစွမ်းဆောင်နိုင်သေးပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက

ထူးဆန်းတဲ့ မီး နဲ့ ပေါင်းစပ်ပြီးယင်တော့ ကောင်းကင်အဆင့် ဆေးလုံးကို ဖော်စပ်ဖို့ ဆိုတာ မဖြစ်နိုင် သေးပေမဲ့ မြေကမ္ဘာအဆင့် မှော်ဆေးလုံးကို ဖော်စပ်နိုင်လိမ့်မယ်ဆိုတာက ဖြစ်နိုင်ချေ ရှိပါတယ်.။

တကယ်လို့ အခု သူ့အတွက် မဖြစ်နိုင်သေးဘူးဆိုယင်တောင်မှ သူ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖင်ရောက်နိုင်တဲ့ အချိန်ကျယင် သူ စွမ်းဆောင်နိုင်ပါလိမ့်မယ်။

ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ မျက်လုံးတွေကို ပင့်လိုက်ပါတယ်။

အပိုင်း (၁၃၃) ပေါင်းစပ်ခြင်း

လင်းဟန်က သူ့ရဲ့ လက်ရှိဘဝ ကံကောင်းမှုတွေကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေပါတယ်။

သူ့ရဲ့အယင်ဘဝတုန်းက ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တော် တစ်ယောက် ဖြစ်ခဲ့တာတောင်မှပဲ နတ်ဘုရားဆေးပင်မပြောနဲ့ ထူးဆန်းတဲ့မီးကိုတောင်မှ သူ့အနေနဲ့ မြင်တွေ့ဖူးခဲ့ခြင်းမရှိပါဘူး။ ဒါပေမဲ့ အခုဘဝမှာတော့ သူက ဒြပ်စင်စုစည်းခြင်း အလွှာ ၆

အဆင့်ပဲရှိသေးပေမဲ့ ဒီအရမ်းကို ရှားပါးလွန်းလှတဲ့ ပစ္စည်းနှစ်ခုစလုံးကို မြင်ဖူးယုံသာမက နတ်ဘုရားဆေးပင်ရဲ့ အမြစ်သုံးခုကိုပါ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ ပါတယ်။

တကယ်လို့ သူက ဒီ ထူးဆန်းတဲ့မီးကို သူ့ကိုယ်ပိုင်အဖြစ် ရယူနိုင်ခဲ့မယ်ဆိုယင်.... လင်းဟာန်က သူရဲ့ နလုံးခုန်သံကိုတောင်မှ သူကိုယ်တိုင် ပြန်ကြားလို့နေပါတယ်။

ထူးဆန်းတဲ့ မီးက သူ့ရဲ့ လက်ရှိကျင့်ကြံခြင်းအဆင့်နဲ့ မြင့်မားတဲ့ အဆင့်ရှိတဲ့ မှော်ဆေးလုံးတွေ ဖော်စပ်နိုင်အောင်လို့ ကူညီပေးနိုင်ပါတယ်။ ထူးဆန်းတဲ့ မီးရဲ့ အလွန်အမင်းကို ပူလောင်တဲ့ အပူချိန်ကလဲ သူ့အတွက်တော့ လိုအပ်တဲ့ အချိန်မှာ ထုတ်သုံးနိုင်တဲ့ ပှက်ဖဲ တစ်ခု ဖြစ်လာနိုင်ပါတယ်။

သူက အခု အရမ်းကို သိချင်စိတ်ပြင်းပြလို့နေပါတယ်.. ဒီ ထူးဆန်းတဲ့ မီးက ဘယ်လိုလုပ်ပြီး ဖြစ်လာတာလဲ? သိထားရမှာ တစ်ခုက ထူးဆန်းတဲ့မီး အမျိုးအစားပေါင်း များစွာရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာလည်း ဖြစ်ပေါ်တည်ရှိ ဖို့အတွက် လိုအပ်ချက်တွေ အားလုံးနဲ့ ကိုက်ညီနေမှသာ ဖြစ်လာနိုင်တာပါ။ အများဆုံး တွေ့မြင်နိုင်တဲ့ ထူးဆန်းတဲ့မီးကတော့ မီးတောင် တစ်ခုရဲ့

အနက်ဆုံးသောနေရာမှာ မွေးဖွားလာတဲ့ မီး ပဲဖြစ်ပါတယ်။ ဒါပေမဲ့ အေးစက်တဲ့ နေရာ အချို့မှာ မွေးဖွားဖြစ်တည် လာတဲ့ ထူးဆန်းတဲ့ မီး အမျိုးအစားအနည်းငယ်လည်းရှိပါတယ် တစ်ချို့ဆိုယင် အရမ်းကို အေးခဲတဲ့ ရေခဲအတွင်းမျိုးမှာပေါ့။ သူတို့တွေကို ရေခဲမီးတောက်များ လို့ သိထားကြပြီးတော့ ဘယ်လိုသက်ရှိမျိုးကိုမဆို အေးခဲပြီးတော့ သေစေနိုင်တဲ့ အစွမ်းမျိုး ရှိပါတယ်။

ဒါပေမဲ့ ဒီနေရာကရော ဘယ်လိုမျိုးနေရာလဲ?

လင်းဟန် ကတော့ ဒီနေရာမှာ ထူးဆန်းတဲ့ မီးတစ်ခုကို မွေးဖွားစေနိုင်မဲ့ အခြေအနေမျိုးကို လုံးဝ စဉ်းစားလို့ မရခဲ့ပါဘူး.. သူ့အရှေ့က ဒီအလောင်း ကလွဲယင်ပေါ့။

ဒီအလောင်း က သက်ရှိထင်ရှားရှိစဉ်တုန်းက အဆုံးမဲ့ စကြာဝဠာချိုးဖျက်ခြင်း အဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ခဲ့ပါတယ်။

အဆုံးမဲ့စကြာဝဠာ ဖျက်ဆီးခြင်း စစ်သည်တော်တစ်ယောက်က ထူးဆန်းတဲ့ မီး ကိုတောင်မှ ဖြစ်ပေါ်စေနိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား?

လင်းဟန်က သူ့ရဲ့ အတွေးတွေကို ချင့်ချိန်တွေးဆခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက သူ့အရှေ့မှာ ရှိနေတဲ့ ထူးဆန်းတဲ့မီးရဲ့ ယိမ်းခါနေမှုအပေါ်မှာ စူးစိုက်ကြည့်နေပြီး ဒီထူးဆန်းတဲ့မီးကို သူ့ရဲ့ ကိုယ်ပိုင် ဖြစ်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာကို ကြံစည်တွေးတော နေပါတယ်။

တကယ်လို့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ကောင်းကင်အဆင့်မှာရှိနေဦးမယ်ဆိုယင် ပြဿနာ မရှိပါဘူး... သူက ၎င်းကို ဖိအားပေးပြီး စိုးမိုးခြယ်လှယ် လိုက်ဖို့ပဲ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့်က ဒြပ်စင်စုစည်းခြင်းအလွှာ ၆ အဆင့်ပဲရှိပြီး တကယ်လို့သူက ၎င်းကို ဖိအားပေးပြီး ယူဆောင်လိုက်မယ်ဆိုယင် အများဆုံး ကိုယ့်ကိုယ်ကို ပြာမှုန့်တွေဖြစ်သွားတဲ့ အထိ မီးရှို့သေကြောင်းကြံလိုက်သလို ဖြစ်သွားပါလိမ့်မယ်။

``မီးကလေး မီးကလေး လာခဲ့ လာခဲ့ မင်းက အခုက စပြီး ငါနဲ့ နေရတော့မယ်``

လင်းဟန်က ထူးဆန်းတဲ့မီး ကို ခွေးပေါက်ကလေးတစ်ကောင်ကို ခေါ်နေသလိုမျိုး ပြုမှုလုပ်ဆောင်လိုက်ပါတယ်။

ထူးဆန်းတဲ့ မီးတောက်က ဆက်ပြီးတော့ ပုံသဏ္ဌာန် အမျိုးမျိုးကို ပြောင်းလဲ နေပြီး သူ့ကို လုံးဝ လစ်လျူရှုထားပါတယ်။

ဒါက သဘာဝပါပဲ ... ထူးဆန်းတဲ့ မီးက ဘယ်လိုလုပ်ပြီးတော့ လူသား စကားကို နားလည်နိုင်မှာလဲ?

လင်းဟန်က အံ့ကြိတ်လိုက်ပါတယ်။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား အာရုံကို အသုံးပြုပြီး ဒီ ထူးဆန်းတဲ့ မီးကို ဆက်သွယ်လို့ ရကောင်းရနိုင်ပါတယ်.. ဒါပေမဲ့ ပြဿနာက သူက ဒီထူးဆန်းတဲ့ မီးကို ဆက်သွယ်ဖို့ သူ့ရဲ့ နတ်ဘုရားအာရုံ ကို အသုံးပြုရဲ့မှာလား? ဒီ ထူးဆန်းတဲ့ မီးရဲ့ စွမ်းအား က သူ့ရဲ့ နတ်ဘုရားအားရုံကို ပြာမှုန့်တွေအဖြစ် လောင်ကျွမ်းပစ်နိုင်တာထက်ကို ပိုပါတယ်။

ကောင်းကင်မှော်စာလိပ်ထဲက ပထအဆင့် ကျင့်ကြံခြင်းနည်းစနစ်တွေမှာ လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံကို ပြန်လည် ကုသနိုင်တဲ့ နည်းလမ်းတွေ မပါဝင်ပါဘူး။

ဒါပေမဲ့ ထူးဆန်းတဲ့မီးကို ဒီလိုမျိုး ဘာမှ မလုပ်နိုင်ပဲနဲ့

လွယ်လွယ်ကူကူနဲ့ အလျော့ပေးလိုက်ရမှာလား?

လင်းဟန်က အပြင်းအထန်စဉ်းစားပြီးတော့ ချက်ချင်းဆိုသလို အကြံတစ်ခု ရသွားခဲ့ ပါတယ်။ သူက အနက်ရောင်မျှော်စင်ကို ပြောပြီးတော့ အကူညီတောင်းလို့ ရနိုင်မလား?

သူက ဒီအနက်ရောင်မျှော်စင်ရဲ့ အဆင့်က အဆုံးမဲ့ စကြာဂဠာအဆင့် စစ်သည်တော် တစ်ယောက် ရဲ့ အပေါ်မှာတောင် ရှိနေတယ်လို့ ခံစားချက်တစ်ခု ရှိပြီးတော့ ဒီထူးဆန်းတဲ့ မီးအပေါ်မှာ လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ဆိုတာက ထမင်းစားရေသောက် သလောက်ကို လွယ်ကူလွန်းမှာသေချာပါတယ်။

ပြဿနာက အနက်ရောင်မျှော်စင်က သူ့ရဲ့ ကိုယ်အတွင်းပိုင်းမှာ ရှိနေပေမဲ့ လက်ရှိ ၎င်းရဲ့ အနေအထားက ခေါင်းဆောင်လို လက္ခဏာရှိနေပြီးတော့ သူ့ကို လုံးဝ လစ်လျူ ရှု လို့ ရပါတယ်။ ၎င်းက သူ့ကို အမှန်တကယ်ပဲ ကူညီပါ့မလား?

``ကဲ တစ်ခါလောက်တော့ ကြိုးစားကြည့်လိုက်မယ်``

သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြုပြီး အနက်ရောင်မျှော်စင်ဆီကို ရွှေ့လိုက်ပါတယ်။ ဟုတ်ကဲ့ ဆရာသခင်ဖြစ်တဲ့ အနက်ရောင်မျှော်စင်ကတော့ လုံးဝကို မလှုပ်ရှားပဲနဲ့ သူ့ကို လစ်လျူရှုခဲ့ပါတယ်။

လင်းဟန်က အနည်းငယ်မျှ စိတ်ပျက်သွားခြင်းမရှိပဲနဲ့ သူ့ရဲ့ နတ်ဘုရားအာရုံကို ဆက် အသုံးပြုပြီးတော့ အနက်ရောင်မျှော်စင်ကို ဆက်သွယ်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်က သက်မဲ့ပစ္စည်းတစ်ခု မဟုတ်ဘူးဆိုတာကို အယင်ကတည်းက သူတစ်ကြိမ် ကြုံတွေ့ခဲ့ပြီးပါပြီ။

နောက်ဆုံးမှာတော့ အနက်ရောင်မျှော်စင်က အလင်းရောင်တစ်ခု တုန်ခါလာပြီးတော့ အားလှိုင်းတစ်ခု ထုတ်လွှတ်လိုက်ပါတယ်။ လင်းဟန်က ဒီအားလှိုင်းကနေ တစ်ခြား ဘာကိုမှ မခံစားရပါဘူး ဒါပေမဲ့ အလောင်းရဲ့ အရိုးတွေ ပေါ်က တံဆိပ်တွေက ပိုပိုပြီးတော့ ပျက်ဆီးယိုယွင်းမှုတွေ ဖြစ်ပေါ်လာပြီးတော့ အနက်ရောင်မျှော်စင် ဆီက အားလှိုင်းကို လုံးဝ တောင့်မခံနိုင်ပါဘူး။

ထူးဆန်းတဲ့မီး ကိုကြည့်ရတာက အကြီးအကျယ်

ထိတ်လန့်သွားတဲ့ မိန်းကလေးငယ် တစ်ယောက်လိုမျိုးနဲ့ တူပြီးတော့ ၎င်းက ချက်ချင်းဆိုသလို တုန်ခါပြီးတော့ ယိမ်းထိုး လာပါတယ်။

လင်းဟန်ရဲ့ နှလုံးသား ပြုတ်ကျသွားလို ခံစားလိုက်ပီးတော့ ဒီ ထူးဆန်းတဲ့ မီးကို သူက လက်ယပ်ပြီးတော့ ခေါ် လိုက်ပါတယ်။ အံ့အားသင့်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုက တကယ်ပဲ ဖြစ်ပေါ် သွားခဲ့ပါတယ်။ ထူးဆန်းတဲ့မီးက တကယ်ပဲ သူ့ရဲ့ လက်ဖဝါးပေါ် ကို ရောက်လာခဲ့ပါတယ်။ ပိုပြီးတော့ အံ့သြစရာကောင်းတာက ဒီထူးဆန်းတဲ့မီးဆီကနေပြီး တော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ မီးအပူချိန်ကို သူ့ရဲ့ လက်ဖဝါးအနေနဲ့ လုံး၀ မခံစားရတဲ့ အချက်ပဲဖြစ်ပါတယ်။

ထူးဆန်းတဲ့မီးက တကယ်ပဲ သူ့ရဲ့ကိုယ်ပိုင် စိတ်ဝိဉာဉ်ရှိနေတာပဲ။

လင်းဟန်က အရဲစွန့်ပြီးတော့ သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြုပြီး သူ့ရဲ့ အတွေးတွေကို ထူးဆန်းတဲ့ မီးနဲ့ ဆက်သွယ်ပြီး ကူးပြောင်းလိုက်ပါတယ်။

``ကောင်ကလေး.. မင်းအခုကစပြီးတော့ ငါနဲ့

နေရတော့မယ် ပြီးတော့ ငါက ထူးဆန်းတဲ့မီးတွေ ထပ်ပြီးတော့ ရှာတွေ့ခဲ့ယင်တောင် မင်းကိုပေါင်းစည်းခွင့် ပေးပြီးတော့ ဒီကမ္ဘာပေါ်မှာ စွမ်းအားအကြီးမားဆုံး မီးတောက် ဖြစ်လာစေရမယ်``

``ရှီးးး ရှဲ ရှဲ… ရှီးးးးးး ရှဲ ရှဲ``

ထူးဆန်းတဲ့မီးက မှုန်ဝါးဝါး အတွေးတစ်ခုကို ကူးပြောင်းပေးလိုက်ပါတယ်။ ၎င်းကို ကြည့်ရတာ အခုမှ စကားပြောသင်ကာစ ကလေးလေးတစ်ယောက်နဲ့တူပြီးတော့ အရမ်းကို ဗလုံးဗထွေး ဖြစ်နေပါတယ်။

နောက်ဆုံးတော့ လင်းဟန် နားလည်သွားခဲ့ပါတယ်။ ဒီထူးဆန်းတဲ့မီးက သူ့ရဲ့ကိုယ်ပိုင် အသိဉာဏ်နဲ့ ဖွံ့ဖြိုးလာပြီး သူ့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးက မွေးကာစ ကလေးတစ်ယောက် လိုမျိုး အရမ်းကို နိမ့်ပါသေးတယ်။

ကလေးတွေဆိုတာ လွယ်လွယ်ကူကူနဲ့ လိမ်လည် လှည့်ဖျားလို့ ရတယ် လေ မဟုတ်ဘူးလား၊?

လင်းဟန်က ကြင်နာတဲ့ အရှိန်အဝါ တစ်ခုကို

ထုတ်လွှတ်လိုက်ပီးတော့ ထူးဆန်းတဲ့ မီးကို စဉ်းစားဖို့အတွက် လုံလောက်တဲ့ အချိန်ပေးလိုက်ပါတယ်။ အမှန်တော့ သူက မလိမ်ပါဘူး. အနာဂါတ်မှာ တကယ်လို့ သူက ထူးဆန်းတဲ့မီးတစ်ခုနဲ့ ထပ်ပြီး ကြုံတွေ့ ရမယ်ဆိုယင် သူက အခုရရှိထားတဲ့ ထူးဆန်းတဲ့မီးနဲ့ အတူတကွ ပေါင်းစီး ပြီးတော့ ထူးဆန်းတဲ့မီးရဲ့ စွမ်းအားကို တိုးလာအောင်လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။

ဒီကမ္ဘာကြီးမှာ သက်ရှိတွေအားလုံးက ပိုမိုသန်မာပြီးတော့ ပြီးပြည့်စုံ လာဖို့အတွက် ဆန္ဒကိုယ်စီ ရှိကြပါတယ်။ ထူးဆန်းတဲ့မီး လည်း ခြွင်းချက် မရှိပါဘူး။ ၎င်းက ကျင့်ကြံ လို့ မရပါဘူး ဒါပေမဲ့ တစ်ခြား ထူးဆန်းတဲ့မီးတွေနဲ့ ပေါင်းစပ်ပြီးတော့ ၎င်းတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ်နဲ့ စွမ်းအားကို တိုးလာအောင်လို့ လုပ်လို့ရပါတယ်။

လင်းဟန်က အလျင်စလို မလုပ်ပဲနဲ့ ထူးဆန်းတဲ့ မီးနဲ့ ဆက်ပြီးတော့ ဆက်သွယ်နေပါတယ်။

သူက ဒီ ထူးဆန်းတဲ့ မီးက အနက်ရောင်မျှော်စင်က ထုတ်ပြလိုက်တဲ့ စွမ်းအားကြောင့် မိုလို့ သဘောတူလာတယ်ဆိုတာကို ယုံကြည်နေပြီးတော့ သူ့ကို စွမ်းအားရှိတဲ့ လူတစ်ယောက် အဖြစ် ဒီ ထူးဆန်းတဲ့ မီးက

ခံစားရဖို့ ကို သူက လုပ်ဆောင်နေတာပါ။

လိမ္မာပါးနပ်တဲ့ လူတစ်ယောက်က တာဝန်ထမ်းဆောင်ဖို့အတွက် ဆရာကောင်း တစ်ယောက်ကို ရွေးချယ်ရပါလိမ့်မယ်။ ဒီထူးဆန်းတဲ့ မီးရဲ့ ဉာဏ်ရည်ဉာဏ်သွေးအဆင့်က ရိုးရှင်းပြီးတော့ အလွန်အမင်းကို အပြစ်ကင်းစင် တယ်လို့ ပြောရပါမယ်။ဒါကြောင့် တကယ်လို့ သူ့အတွက် ဆရာတစ်ယောက် ရွေးချယ်ဖို့ လိုအပ်မယ်ဆိုယင် သူ့ရဲ့ ဆရာသခင်ရဲ့ အစွမ်းကိုပဲ ပထမဆုံးအနေနဲ့ စဉ်းစားပါလိမ့်မယ်။

ဒါက အားလုံးအဆင်ပြေပါတယ် တကယ်လို့ လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းကြီး မမြင့်မားနေသေးတာတောင်မှ အနက်ရောင်မျှော်စင်က အရမ်းကို အံ့အားသင့်ဖို့အတွက် လုံလောက်ပါတယ်။

``ရှီး ရှဲ ရှဲ ရှီး ရှဲရှဲ``

ထူးဆန်းတဲ့မီးက သူ့ရဲ့ မှုန်ဝါးဝါးဖြစ်နေတဲ့ အတွေးကို ကူးပြောင်းပေးပြီးတော့ ချက်ချင်းပဲ လင်းဟန်ရဲ့ လက်ဝါးထဲကို သဲမြေပေါ်ကို ရေစက် တစ်စက်

ကျရောက်သွားသလို ရုတ်တရက် ဂင်ရောက်ပျောက်ကွယ်သွားပါတယ်။

လင်းဟန်က ထူးဆန်းတဲ့ မီး တစ်ခုကို ဘယ်တုန်းကမှ မရရှိခဲ့ဖူးပါဘူး။ ဒါပေမဲ့ သူရဲ့ အယင်ဘဂတုန်းက ဘယ်လိုသန့်စင်ပြီးတော့ စုပ်ယူရမယ်ဆိုတဲ့ မှန်ကန်တဲ့ နည်းလမ်း ကို ရယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် နောက်ထပ် ခြေလှမ်းနဲ့ မရင်းနှီးတာမျိုး မရှိပါဘူး။

အခု ဒီ ထူးဆန်းတဲ့မီးက သူရဲ့ ကိုယ်ခန္ဓာထဲမှာ ဖြစ်ပြီးတော့ သူမှာ ရွေးချယ်စရာ နှစ်ခုရှိပါတယ်။ပထမ ရွေးချယ်စရာက ဒီထူးဆန်းတဲ့မီးကို သန့်စင်ပြီးတော့ ၎င်းရဲ့ မှတ်ဉာဏ်တွေကို ဖျက်ပစ်ပြီးတော့ သန့်စင်တဲ့စွမ်းအင်တွေ အထဲမှာ ပြုစုပျိုးထောင်ပြီး သူ့ကို အားကောင်းလာစေဖို့ပဲဖြစ်ပါတယ်။ ဒုတိယက ထူးဆန်းတဲ့မီးနဲ့ ပေါင်းစပ် လိုက်ပီးတော့ ၎င်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို မူလအခြေအနေကို ထိန်းသိမ်း ထားပြီး သူရဲ့ ခန္ဓာကိုယ်ကို ထူးဆန်းတဲ့ မီးရဲ့ အိမ်သစ် အဖြစ် လုပ်ပေးလိုက်ဖို့ပဲ ဖြစ်ပါတယ်။

သိုင်းပညာရှင် တစ်ယောက် အတွက်ကတော့ သူတို့က ပထမ အခြေအနေကိုပဲ လုံးဝ တုံ့ဆိုင်းနေမှာမဟုတ်ပဲနဲ့ ရွေးချယ်ကြပါလိမ့်မယ်။ ဒါပေမဲ့ အခု လင်းဟန်က

မျော်ဆေးလုံးတွေကို ဖော်စပ်ဖို့ လိုအပ်နေပြီးတော့ အကောင်းဆုံး အခြေအနေက ထူးဆန်းတဲ့ မီး ကို မူလအခြေအနေအတိုင်းထိန်းသိမ်းထားဖို့ပဲ ဖြစ်ပါတယ်။

သူက ထူးဆန်းတဲ့မီး နဲ့ ပေါင်းစပ်လိုက်ပြီး ဒီ ကောင်ကလေးက လင်းဟာန်ရဲ့ ဘယ်ဘက် လက်ကို ရစ်ပတ်ပြီး လင်းဟာန်ရဲ့ စိတ်ဝိညာဉ်နဲ့ ပေါင်းစည်းလိုက်ပါတယ်။

အနက်ရောင်မျှော်စင်က ပေါ့ပါးစွာနဲ့ တုန်ခါပြီးတော့ အရာအလုံးအပေါ်မှာ လွှမ်း မိုး ခြယ်လှယ်နိုင်တဲ့ အစွမ်းနဲ့ ဒီ ဖြစ်စဉ်ကို ချောမွေ့လွယ်ကူသွားစေခဲ့ပါတယ်။

နာရီဝက် အကြာမှာတော့ ပေါင်းစပ်ခြင်း ဖြစ်စဉ်က လုံးဝ ပြီးပြည့်စုံသွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ မျက်လုံးတွေက ချက်ချင်းပွင့်လာခဲ့ပီးသူရဲ့ ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီး ဖွင့်လိုက်တဲ့အခါမှာ သူ့ရဲ့ လက်ဖဝါးပေါ်မှာ ှ အနီရောင် မီးတောက်တစ်ခုက တောက်လောင်လို့နေပါတယ်။ ဒါက သူ့ရဲ့ မူလစွမ်းအင်က ဖြစ်လာတဲ့ စွမ်းအား တစ်ခု မဟုတ်ပါဘူး ထူးဆန်းတဲ့မီးတောက် ဆီက ထွက်ပေါ်လာတဲ့ အရာပဲဖြစ်ပါတယ်။

``ရှီး ရှဲ ရှဲ``

ထူးဆန်းတဲ့ မီးတောက်က ကျေနပ်ပျော်ရွှင်တဲ့ အတွေးတွေကို ထုတ်လွှတ်လိုက်ပီး တော့ ကြည့်ရတာ လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲမှာ အရမ်းကို ပျော်ရွှင်နေပုံရပါတယ်။

``သွား``

လင်းဟန်က သူ့ရဲ့ ဘယ်ဘက်လက်ကို ဝှေ့လိုက်တာနဲ့ ထူးဆန်းတဲ့မီးက ချက်ချင်းဆိုသလို သူ့ရဲ့ လက်ကနေ ထွက်ခွာသွားပါတယ်။ သူဆီက စိတ်နဲ့ အမိန့်ပေး လိုက်တာနဲ့ ကြမ်းပြင်ပေါ်မှာ ပါတ်ပါတ်လည် အဆက်မပြတ် လှုပ်ရှား ယိမ်းထိုးနေပါတယ်။ သူ့ ရဲ့ လက်နဲ့ နောက်တစ်ကြိမ် လက်ယပ်ခေါ်လိုက်ပြီး ထူးဆန်းတဲ့ မီးတောက်က သူ့ဆီကို ပျံသန်းလာပြီးတော့ သူ့ရဲ့ ဘယ်ဘက် လက်ပေါ်မှာ နောက်တစ်ကြိမ် ပျောက်ကွယ်သွားခဲ့ပြန်ပါတယ်။

``ဟားဟားဟား အခု ငါ့ရဲ့ တိုက်ပွဲဂင်စွမ်းအားက နောက်ထပ် အဆင့်မြှင့်သွားခဲ့ပြီ. ဒီ ထူးဆန်းတဲ့ မီးရဲ့ မီးတောက်တွေနဲ့ အတူ ငါက စိတ်ဂိဉာဉ်ပင်လယ်အဆင့်

သိုင်းပညာရှင်တွေကို တောင်မှ သတ်ပစ်လို့ နိုင်ပီ.. နွေဦးစမ်းရေအဆင့်လောက်ကတော့ စကားထဲထည့်ပြောဖို့တောင်မလိုဘူး.. ဒါပေမဲ့ သူတို့ရဲ့ အနားကို ရောက်ဖို့က ပြဿနာတစ်ခုပဲ.. ဘယ်သူကမှ ရှူးပီးတော့ ဒီ ထူးဆန်းတဲ့ မီးကို သူတို့ရဲ့ အနားကို ရောက်လာဖို့ ခွင့်ပြုမှာလဲ``

ဒါပေမဲ့ တကယ်လို့ ထူးဆန်းတဲ့ မီးကို ငါ့ရဲ့ လက်သီးတစ်ပိုက်မှာ ရစ်ပါတ်ပြီး ဒါမှမဟုတ် ငါ့ဓါးရဲ့ ဓါးသွားပါတ်လည်မှာဆို ကျန်တဲ့သူတွေက ခန့်မှန်းနိုင်မှာမဟုတ်ပဲ သူတို့ရဲ့ ဂရုမစိုက် သတိမပြုမှုပတွေကြောင့် သူတို့ကို သတ်ပစ်ဖို့က တကယ်ကို ဖြစ်နိုင်ချေရှိတယ်...

ဟီးဟီး ဒါဆိုယင် ဘယ်သူက ကံကောင်း မကောင်းဆိုတာကို စောင့်ကြည့်ရမှာပဲ။

လင်းဟန်က နောက်တစ်ကြိမ် အလောင်းကို ထပ်ကြည့်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်က ထွက်ပေါ်လာတဲ့ အားလိုင်းကြောင့် အရိုးတွေပေါ်မှာ များစွာသော ပျက်စီးနေတဲ့ တံဆိပ်တွေ ပေါ်လာခဲ့ပြီးတော့ ရွှေရောင် လက္ခဏာတွေကလဲ လုံးဝ မထင်ရှားတော့ပဲ သူကို

ကြီးမားတဲ့ နောင်တရစေခဲ့ပါတယ်။

ဒါက အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ သိုင်းဆန္ဒလေ။

``မေ့လိုက်တော့ မေ့လိုက်တော့ ငါက အရမ်းကို လောဘကြီးနေတာပဲ``

လင်းဟန်က ပြောလိုက်ပါတယ်။

``အခုအချိန် ငါရရှိခဲ့တာတွေက အရမ်းကို မယုံနိုင်စရာကောင်းလောက်အောင် ကြီးမားလွန်းတယ်.. ဒီ အဆုံးမဲ့ စကြာဝဠာအဆင့် စစ်သည်တော်တစ်ယောက်ရဲ့ သိုင်းဆန္ဒ က အခု ငါ့အတွက် ဘယ်လိုအသုံးပြုလို့ရနိုင်မှာလဲ? အယင်ဆုံး ကောင်းကင် အဆင့်ကို ချောချောမွေ့မွေ့ နဲ့ ရောက်အောင်လုပ်ရမှာပဲ.. အခု ပြဿနာက ငါအပြင်ကို ဘယ်လိုထွက်ရမှာလဲ?

အပိုင်း (၁၃၄) ပြန်လာပြီ

လင်းဟန်က အလောင်းကို ကြည့်လိုက်တဲ့အချိန်မှာ သူ့ရဲ့ နလုံးသားထဲမှာ ထင်မြင် ချက်တစ်ခု ပေါ်လာခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကျန်းယွဲ့ဖုန်း နဲ့ ကောင်းကင် အဆင့် လက်ရွေးစင် စစ်သည်တော် အများကြီးက အုပ်စုဖွဲ့ပြီးတော့ ဒီ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော်ကို တိုက်ခိုက်ခဲ့ပြီး နောက်ဆုံးရလဒ်က ဘယ်ဘက်က မှ အနိုင် မရပဲနဲ့ အားလုံး သေဆုံးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တောက် အရမ်းကို စွမ်းအားကြီးမားလွန်းလှပါတယ်။ သူသေသွားခဲ့ တာတောင်မှ ဘယ်သူမှ ဝင်လို့မရအောင်လို့ တားမြစ်နယ်မြေတစ်ခုကို ဖန်တီးသွားခဲ့ပါတယ်။

နှစ်ပေါင်း တစ်သောင်းကျော်ကြာသွားတဲ့ အခါ စကြာဝဠာဖျက်ဆီးခြင်းအဆင့် သိုင်းပညာရှင်ရဲ့ သိုင်းဆန္ဒက အားနည်းသွားပြီး လျှောင်တစ်ခု ရုတ်တရက် လှုပ်ခတ် သွားပြီး ဒီ မြေအောက်မြစ်က ထွက်ပေါ်လာပြီးတော့ အမျိုးမျိုးသော စိတ်ဂိဉာဉ် ပစ္စည်းတွေက မြေအောက်မြစ်ရဲ့ ရေနဲ့ အတူ မျောပါ ထွက်ပေါ်လာခဲ့ပြီး နောက်ဆုံးမှာ တော့သူက ဒီနေရာကို ရောက်အောင် လာနိုင်ခဲ့ပါတယ်။

လင်းဟန်က သူအသက်ရှင်နေချိန်တုန်းကတောင်မှ ဒီ အဆုံးမဲ့စကြာဝဠာ ဖျက်ဆီးခြင်း စစ်သည်တော်က ဘယ်သူလဲဆိုတာကို မသိပါဘူး ဒါပေမဲ့ သူက သူ့ရဲ့တပည့်

အပေါ်မှာ လုံးဝ ယုံကြည်ပါတယ်။ ကျန်းယွဲ့ဖုန်းက ဒီတိုက်ပွဲကို ဆင်နွဲ့ရဲတယ် ဆိုမှတော့ဒီ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်က သေချာပေါက် စက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့ ပြစ်မှုကို လုပ်ခဲ့လို့ပဲ ဖြစ်ရပါမယ်။

တကယ်လို့ သူ ကဒီနေရာကနေ ထွက်ခွာချင်တယ်ဆိုယင် ဒါက ရိုးရှင်းပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေရာရဲ့ တားမြစ်ထားတဲ့ အရာတွေရဲ့ အရင်းအမြစ်က ဒီ အဆုံးမဲ့ စကြာဝဠာအဆင့် စစ်သည်တော်ရဲ့သိုင်းဆန္ဒ ကြောင့်ပဲဖြစ်ပါတယ်။ သူက ဒီလူရဲ့ သိုင်းဆန္ဒကို ဖျက်ဆီးပစ်လိုက်တာနဲ့ ဒီနေရာမှာ ရှိနေတဲ့ အရာတွေ အားလုံးက ပုံမှန်အတိုင်းပဲ ဖြစ်သွားပါလိမ့်မယ်။

တစ်ခြားသူတွေအတွက်ကတော့ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ သိုင်းဆန္ဒကို ဖျက်ဆီးခြင်းက လုံးဝ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်အတွက်ကတော့ သူအနည်းငယ်ပဲ ကြိုးစားဖို့ လိုအပ်ပါလိမ့်မယ်။

ပြီးတော့ သိုင်းဆန္ဒရဲ့ အရင်းအမြစ်က ဒီ အရိုးစု

အလောင်းပဲဖြစ်ပီး ဒီ အရိုးစုကို ဖုန်မှုန့် အဖြစ်လုံးဝ ပြောင်းလဲပစ်လိုက်ဖို့အတွက်ကတော့ သူ့အနေနဲ့ အများကြီး အားစိုက်စရာ မလိုပါဘူး။

ပုံမှန်အခြေအနေတိုင်းသာဆိုယင် လင်းဟန် အနေနဲ့ တစ်ခြားလူတစ်ယောက်ရဲ့ ကျန်ရစ် နေတဲ့ အလောင်းကို ဖျက်ဆီးဖို့ လုံးဝ ဆန္ဒ မရှိပါဘူးဒါပေမဲ့ ဒီကောင်ကတော့ လုံးဝ အဖတ်ဆယ်လို့ မရအောင် ကောက်ကျစ်စဉ်းလဲတဲ့ သူတစ်ယောက် ဖြစ်နိုင်ချေ အများကြီး ရှိပါတယ်။ လင်းဟန်က တုံ့ဆိုင်းမနေနဲ့ပဲ ခြေထောက်နဲ့ အရိုးစုကို တစ်ချက် ကန်ပစ်လိုက်ပါတယ်။

``ဘုန်း``

ဒီအရိုးစုက နှစ်ပေါင်း များစွာကြာအောင်ပဲ ဒီနေရာမှာ ရှိနေတာဖြစ်ပီးတော့ ၎င်းရဲ့ အရိုးတွေက အချိန်ကြာမြင့်လာတဲ့အတွက် အယင်ကလောက် သန်မာ မှု မရှိတဲ့ အပြင် ချက်ချင်းဆိုသလိုပဲ ပျက်စီးပီးတော့ ၎င်းအပေါ်မှာရှိတဲ့ ရွှေရောင် လက္ခဏာတွေက မမြင်ရတဲ့ စွမ်းအင်တွေအဖြစ်ကို ပြောင်းလဲသွားပြီးတော့ နေရာအနှံ့အပြားကို ပြန့်နှံ့သွားခဲ့ပါတယ်။

ပြောင်းလဲခြင်းတွေကို ချက်ချင်းပဲ သိသာထင်းရှားစေခဲ့ပါတယ်။

ပထမ လင်းဟန်က ဒီ အော်ရာ နယ်ပယ်ရဲ့ အပြင်ဘက်က ဘာကိုမှ မမြင်နိုင်ခဲ့ပါဘူး ဒါပေမဲ့ အခု အဆုံးမဲ့ စကြာဝဠာဖျက်ဆီးခြင်း အဆင့် စစ်သည်တော်ရဲ့ သိုင်းဆန္ဒ က လုံးဝ ပျောက်ကွယ်သွားပြီး အော်ရာနယ်ပယ်ကလဲ သဲလွန်စတောင် မကျန်ပဲ ပျက်စီးသွားခဲ့ပါတယ် ဒါကြောင့် သူ့ရဲ့ အမြင်ကို ဘယ်လိုနည်းနဲ့မှ ဟန့်တားလို့ မရတော့ ပါဘူး။

``လင်းဟန်``

လွှီယုထန်နဲ့ လီစီရှန်းတို့က တစ်ချိန်တည်းလိုပဲ အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

လင်းဟန်က ဘေးဘီဝဲယာကို ကြည့်ပြီးတော့ ဒီနေရာမှာ သူမတို့ နှစ်ယောက်တည်းကိုပဲ တွေ့လိုက်ရပါတယ်။ တစ်ခြားသူတွေ ရှိတဲ့ လက္ခဏာမျိုးလုံးဝ မတွေ့ရပါဘူး။ သူက ပထမတော့ မှင်တက် အံ့သြသွားပြီး ဖြေးညှင်းစွာနဲ့ နားလည်သွားပါတယ်။ နတ်ဘုရား ဆေးပင်က အစောပိုင်းတုန်းက ထွက်ပြေးသွားပြီးတော့ အဲဒါက

လူတွေအားလုံးကို လှည့်ဖျားဆွဲဆောင်သွားတဲ့ အတွက် ဒီနေရာမှာ ဘယ်သူမှ ကျန်မနေခဲ့တာပဲ ဖြစ်ပါတယ်။

``ငါ မင်းတို့ကို စောင့်ဆိုင်းစေခဲ့ မိပြီ``

လင်းဟန်က မိန်းကလေးနှစ်ယောက်ကို ခေါင်းငြိမ့်ပြလိုက်ပါတယ်။

မိန်းကလေးနှစ်ယောက်ကလဲ သူ့ကို အပြုံးကိုယ်စီနဲ့ တုံ့ပြန်လိုက်ပါတယ်။ အမှန်တော့ အစောတုန်းက သူတို့နှစ်ယောက်က လင်းဟန် အတွက် အရမ်းကို စိုးရိမ်နေကြပါတယ်။ ဒါပေမဲ့ အခုတော့ သူမတို့ရဲ့ စိုးရိမ်ပူပန်မှု့ တွေကို ထုတ် မပြ တော့ပါဘူး။

``သွားစို့``

သူတို့ သုံးယောက်စလုံး လာခဲ့တဲ့ လမ်းအတိုင်း လှည့်ပြန်လာခဲ့ပါတယ်။ သူတို့က အချိန် အနည်းငယ်မျှ လမ်းလျှောက်လာပြီး အရမ်းကို စွမ်းအားပြည့်ဝတဲ့ အရှိန်အဝါတွေက သူတို့ကို ဖိနှိပ်လာသလို ခံစားရပါတယ်။ လီကျန်းရီ နဲ့ တစ်ခြား မွန်းစတား အဘိုးအို ကြီးတွေ ပေါ်လာခဲ့ပါတယ်။

အဆုံးမဲ့ စကြာဂဠာဖျက်ဆီးခြင်း စစ်သည်တော်ရဲ့ ကျန်ရစ်နေတဲ့ အလောင်းက ဖျက်ဆီးသွားတဲ့နောက်မှာ နတ်ဘုရားအလင်းလည်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီ မွန်းစတား အဘိုးအိုကြီးတွေ ဂင်လာဖို့ အတွက် အတားအဆီး မရှိတော့ပါဘူး။

ဒီ မွန်းစတား အဘိုးကြီးတွေက သူတို့ဘေးကနေ လျှင်မြန်စွာပဲ ဖြတ်သွားခဲ့ပါတယ်။ သူတို့က လင်းဟန်ကို ဘယ်လောက်ပဲ မြင့်မားစွာ တွေးထားပေမဲ့လည်း ဒီ နတ်ဘုရားအလင်း ပျောက်ကွယ်သွားအောင်လို့ ဒီလူငယ်လေးက တစ်ခုခု လုပ်လိုက် တယ်ဆိုပြီးတော့ လုံးဝ မထင်ထားခဲ့ကြပါဘူး။ သူတို့အားလုံးရဲ့ အာရုံက နတ်ဘုရား ဆေးပင် ရိုးတံ အပေါ်မှာပဲ အာရုံစူးစိုက်ထားပြီးတော့ လင်းဟန်နဲ့ စကားစမြည် ပြောပြီး အချိန်ဖြုန်းဖို့ ဆန္ဒ လုံးဝ မရှိကြပါဘူး။။ ဒါကြောင့် သူတို့ရဲ့ ပုံရိပ်တွေက လျှင်မြန်စွာနဲ့ ပျောက်ကွယ်သွားကြပါတယ်။

နတ်ဘုရားဆေးပင်... သူတို့ ရယူနိုင်ဖို့ဆိုတာ ဘယ်လိုမှ မျှော်လင့်ချက်မရှိဘူး။

နတ်ဘုရားဆေးပင်က အဆင့် တစ်ဆယ် ရှိပြီး

၎င်းကိုယ်တိုင်က အရမ်းကို စွမ်းအား ပြည့်ဝပါတယ်။ ပြီးတော့ ၎င်းက မယုံနိုင်စရာကောင်းတဲ့ အရှိန်နှုန်းနဲ့ ထွက်ပြေး လွတ်မြောက်နိုင်ပါတယ်။တကယ်လို့ သူဆိုယင်တောင်မှ အယင်ဘဂက ကောင်းကင်အဆင့် ကျင့်ကြံခြင်း ရှိခဲ့မယ်ဆိုယင် ၎င်းကို ဖမ်းဆီးနိုင်ဖို့အတွက် ကိုယ်ပိုင် ဉာဏ်စွမ်းဉာဏ်စတွေ အများကြီးကို သုံးဖို့ လိုအပ်ပါလိမ့်မယ်။ ၎င်း နတ်ဘုရားဆေးပင် ကို သူအောင်မြင်စွာ ဖမ်းဆီးနိုင်လိုက်တယ်ဆိုတာကလဲ အဆုံးမဲ့ စကြာဂဠာ အဆင့် စစ်သည်တော်ရဲ့ အော်ရာနယ်ပယ် ထဲကို ၎င်းက ဝင်ရောက်သွားပြီးတော့ ဘယ်သူမှ လိုက်ဝင်လာ နိုင်မှာမဟုတ်ဘူးဆိုပြီး သတိလက်လွတ် နေခဲ့တဲ့အတွက်ကြောင့် ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ခြား တန်ဖိုးရှိတဲ့ အရာတွေ ကျန်မနေတော့ပါဘူး. ဒါကြောင့် လင်းဟန်က တုံ့ဆိုင်းမနေပဲနဲ့ ထွက်ခွာဖို့ ရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နှလုံးသား ထဲမှာ မဖြေမရှိတဲ့ မေးခွန်း အနည်းငယ် ကျန်နေပါသေးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်တုန်းက အဆုံးမဲ့ စကြာဂဠာဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက် က ဘယ်လိုလုပ်ပြီးတော့ ချက်ချင်း ပေါ်လာခဲ့တာလဲ?

ဘာကြောင့် ကောင်းကင်အဆင့် စစ်သည်တော်တွေ အများကြီး ရုတ်တရက် ပေါ်လာခဲ့တာလဲ? ပြီးတော့ ဒီ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော် က ဘယ်လိုမျိုး ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှု ကို လုပ်ဆောင်ခဲ့လို့ များပြားလှတဲ့ ကောင်းကင် အဆင့် စစ်သည်တော်တွေ ရဲ့ အုပ်စုဖွဲ့ တိုက်ခိုက်ခြင်းကို ခံရတာပြီး တော့ နှစ်ဖက်စလုံး သေဆုံးသွားတဲ့ အထိကို ဖြစ်စေခဲ့ရတာလဲ?

သူ ဘယ်လိုပဲ စဉ်းစားစဉ်းစား ဒီမေးခွန်းတွေအတွက် အဖြေလုံးဝ ရှာလို့ မတွေ့နိုင်ခဲ့ပါဘူး။

ဒါက အဖြေမရှိပဲ အမြဲတမ်း လျှို့ဝှက်ဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခုအဖြစ် ကျန်နေရစ် ပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့ တည်ငြိမ်မှု ကို ပြန်ရရှိသွားခဲ့ပါတယ်။ ဒီအချိန်မှာ သူက ရတနာ သုံးခု ရရှိခဲ့ပါတယ်။ သိုလှောင်လက်စွပ်.. နတ်ဘုရားဆေးပင်ရဲ့ အမြစ်သုံးခုနဲ့ ထူးဆန်းတဲ့ မီးတစ်ခုပဲ ဖြစ်ပါတယ်။ သိုလှောင်လက်စွပ်ကတော့ အဆင်ပြေပါတယ် ဒါပေမဲ့ ကျန်တဲ့ ရတနာနှစ်ခုကတော့ သူ့ရဲ့ အယင်ဘာဂတုန်းကတောင် အသည်းအသန် အငမ်းမရ လိုချင်နေကြတဲ့ ပစ္စည်းတွေပဲဖြစ်ပါတယ်။

ဘယ်လောက်တောင် ကြီးမားတဲ့ ဆုလာဘ်ကြီးလဲ။

သူတို့ရဲ့ လမ်းတစ်လျှောက်လုံးမှာ နတ်ဘုရားဆေးပင်ကို လိုက်လံရှာဖွေ နေတဲ့ လူတွေ အများကြီးကို တွေ့ခဲ့ကြပါတယ်။ လင်းဟာန်က နည်းနည်းလေးမှတောင် မရပ်နားပဲ မြေအောက်မြစ်ရဲ့ အပြင်ဘက်ကို ပြန်ဖို့ ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။

``ရှူးးးးးး``

သူတို့သုံးယောက် မြစ်ကမ်းစပ်ပေါ်ကို ခြေလှမ်းလိုက်ယုံပဲရှိသေးတယ် နတ်ဘုရားဆေးပင်က သူတို့ ဘေးကနေ ဖြတ်ပြီးတော့ ထွက်ပြေးသွားတာကို ချက်ချင်းပဲ တွေ့လိုက်ကြပါတယ်။ ၎င်းက သူတို့ဘေးက ဖြတ်သွားပြီး ချက်ချင်းဆိုသလိုပဲ အကွာအဝေးတစ်ခုကို ရောက်သွားပြီး ပျောက်ကွယ်သွားခဲ့ပါတယ်။

``ရှူး ရှူး ရှူး``

လီကျန်းရီ နဲ့ တစ်ခြား မွန်းစတား အဘိုးကြီးတွေကလဲ မကြာခင်မှာ ပေါ်လာခဲ့ကြပါတယ်။ သူတို့အားလုံးကို

ကြည့်ရတာ အရမ်းကို စိတ်ဆိုးဒေါသထွက်ပုံပါပဲ။ သူတို့ကို နတ်ဘုရားဆေးပင် ရိုးတံက လှည့်ဖျားသွားခြင်း ကို ခံလိုက်ရတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန် မပြုံးပဲနဲ့ မနေနိုင်ပါဘူး။ အခု ဒီနေရာက နတ်ဘုရားအလင်းက ပျောက်ကွယ် သွားခဲ့ပြီး ဒီ နတ်ဘုရားဆေးပင်ရိုးတံ ကလဲ သူ့ရဲ့သဘာဂအကာအကွယ် ဆုံးရှုံးသွားခဲ့ ပြီးဖြစ်လို့ ဒီနေရာမှာ ဆက်ပြီးတော့ နေဖို့ မဖြစ်နိုင်တော့ပါဘူး။ ဖြစ်နိုင်တာက ၎င်း အနေနဲ့ ဒီနေရာကို နောက်တစ်ကြိမ် ပြန်လာတော့မှာမဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီနတ်ဘုရားဆေးပင်က မိုးရေနိုင်ငံကနေ ထွက်ခွာသွားမှာမဟုတ်ဘူးလို့ သူ ထင်ပါတယ်။ သူ ကောင်းကင်အဆင့်ကို နောက်တစ်ကြိမ် ပြန်ရောက်သွားတဲ့ အခါကျယင် ဒီနေရာကို တစ်ခါထပ်ပြီးတော့ လာရှာရပါလိမ့်မယ်။ ဘယ်သူသိနိုင်မှာလဲ သူက ဒီ နတ်ဘုရားဆေးပင်ရိုးတံကို ရအောင် စွမ်းဆောင်နိုင်မလားဆိုတာကိုပေ့ါ။

နတ်ဘုရားအလင်း ပျောက်ကွယ်သွားတာနဲ့ အဆင့်ကိုး စိတ်ဂိဉာဉ်ပစ္စည်းတွေက မြေအောက်နေရာကနေ လျှင်မြန်တဲ့နှုန်းနဲ့ ထွက်ခွာသွားကြပါတယ်။ သူတို့ရဲ့

စိတ်ဂိဉာဉ် တွေ ရှိနေသေးတဲ့ဒီအရာတွေကို ရယူဖို့ နည်းလမ်းမရှိပါဘူး ပြီးတော့ စိတ်ဂိဉာဉ်တွေ မရှိတော့ယင် တန်ဖိုးကအရမ်းကြီး မရှိတော့ပါဘူး. လင်းဟာန်က ဒီနေရာမှာ ဆက်ပြီး မနေချင်တော့ပါဘူး ဒါကြောင့် မိန်းကလေးနှစ်ယောက်ကို သူတို့ရဲ့ အမြင်တွေကို မေးမြန်းပြီးတော့ သူတို့သုံးယောက်က အင်ပါယာမြို့ကို အတူတကွ ပြန်လာခဲ့ ကြပါတယ်။

ပူဆောင်လင်းက လင်းဟာန် လျှင်မြန်စွာနဲ့ ပြန်လာတာကို မြင်တဲ့ အခါမှာ သူအရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူက သက်ပြင်းရှည်ကြီး တစ်ခုကို မှုတ်ထုတ်လိုက်ပါတယ်.. ဘာလို့လဲဆိုတော့ သူ့လို အဘိုးကြီးတစ်ယောက် က ဒီမိန်းကလေးငယ်လေးနှစ်ယောက်ကို ဂရုတစ်စိုက်နဲ့ ထိန်းရတာက အရမ်းကို ခေါင်းကိုက်စေတဲ့ လုပ်ငန်းတာဝန် တစ်ခုဖြစ်ပြီး ဟူးညို့က အရမ်းကို ရိုင်းစိုင်းတဲ့ အတွက် သူမကို သူရဲ့ အစေခံတွေကို ထိန်းခိုင်းလို့ မဖြစ်ပါဘူး။ သူ့အတွက် တစ်ခုတည်းသော အခြေအနေက သူမကို သူကိုယ်တိုင်ပဲ ထိန်းရပါတယ်။ ဟူးညို့ အတွက် ကလေးထိန်းလုပ်ရတာက ရက်အနည်းငယ်လေးအတွင်းမှာပဲ သူ့ရဲ့ ခန္ဓာကိုယ် အလေးချိန် ကို ကျဆင်းသွားစေခဲ့ပါတယ်။

``လင်း လင်း``

ဟူးညိုက လင်းဟန်ကို တွေ့သွားတဲ့ အခါမှာချက်ချင်းပဲ သူ့ကို ခုန်အုပ်ပြီးတော့ လင်းဟန်ရဲ့ လက်မောင်းတွေကြားထဲမှာသူမကိုယ် မျက်နှာအပ်လိုက်ပီးတော့ သူမရဲ့ သေးငယ်လှတဲ့ မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်မှုတွေ အတိုင်းသား မြင်ရပါတယ်။

လင်းဟန်က မရီပဲနဲ့ မနေနိုင်ပါဘူး ။ ဒီမိန်းကလေးဆီက အသား ဆိုပြီးတော့ ပြောတာ ကို မကြားရတာ အရမ်းကို ရှားပါးလွန်းလှပါတယ်. ကြည့်ရတာ သူမက တကယ့်ကို ပဲ သူ့ကို သတိရနေပုံပါပဲ။ ဒါပေမဲ့လည်း သူရဲ့ အတွေးတွေက ကြာရှည်မခံလိုက်ပါဘူး ဟူးညိုရဲ့ အသံကိုကြားလိုက်ရပါတယ်။

``အသား အသား အသား``

ကောင်းပီလေ.. အစားကြူးတဲ့ လက္ခဏာက ပြောင်းလဲဖို့ အရမ်းကို ခက်ခဲတာပဲ။

``အသားသွားစားကြစို့``

လင်းဟန်က ဟူးညိုကို ကောက်ချီလိုက်ပြီး သူ့ရဲ့ တစ်ဖက်က လင်းဇီရှမ် ကို ဆွဲပြီးတော့ ထွက်လာခဲ့ပါတယ်။

လို့ယုထန်က သူ့ရဲ့ နောက်ကို လိုက်သွားခဲ့ပါတယ်။ ဒါပေမဲ့ လီစီရှန်းက တော့ ပူဆောင်လင်း ကို ကူညီလုပ်ကိုင်ပေးဖို့အတွက် ကျန်နေရစ်ခဲ့ပါတယ်။ ဘာလို့လဲ ဆိုတော့ ပူဆောင်လင်းက အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံး တစ်မျိုးကို ဖော်စပ်ဖို့ အတွက် နားလည်နိုင်စွမ်းအဆင့် အသစ်တစ်ခုကို ရရှိသွားခဲ့လို့ပဲဖြစ်ပါတယ်။ တကယ်လို့ အရာရာတိုင်းက ချောမွေ့နေမယ်ဆိုယင် သူ့အနေနဲ့ မြေကမ္ဘာအဆင့် မှော် ဆေးလုံး ကိုတောင်မှ ဖော်စပ်နိုင်ပါလိမ့်မယ်။

မြေကမ္ဘာအဆင့် မှော်ဆေးလုံး တစ်ခု ကို ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ပါဝင် ပစ္စည်းတွေက အရမ်းကို ဈေးကြီးလွန်းပါတယ်။ အမြဲတမ်းလိုလို ဆေးကျို အိုး ပေါက်ကွဲ ပြီးတော့ ဒါက အရင်းအမြစ်တွေကို ရောမ ဖြုန်းတီးလိုက်သလိုပါပဲ။ ပူဆောင်လင်းလို အဆင့်မြင့်တဲ့ လူတောင်မှ ဖော်စပ်ခြင်း ကိစ္စကို လွယ်လွယ်ကူကူနဲ့ မစတင်ရဲပါဘူး။ သူ့အနေနဲ့ ဆေးကျိုအိုး မပေါက်ကွဲအောင်လို့ ယုံကြည်မှု အဆင့်တစ်ခုတော့

လိုအပ်နေပါသေးတယ်။

ဒါက မိုးရေနိုင်ငံမှာ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်မှတောင် မရှိရခြင်း အကြောင်းအရင်းပဲဖြစ်ပါတယ်။ မြေကမ္ဘာအဆင့် ဆေးလုံးဖော်စပ်နိုင်ဖို့ လုံလောက်တဲ့ ကြိုးပမ်းမှုတောင်မရှိတာ ဘယ်လိုလုပ်ပြီးတော့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်တစ်ယောက် အောင်မြင်စွာနဲ့ ဖြစ်လာနိုင်မှာလဲ? မိုးရေနိုင်ငံနဲ့ ထိစပ် နေတဲ့ ပါတ်ဝန်းကျင်နေရာတွေမှာ မြေကမ္ဘာအဆင့် ပါဝင်ပစ္စည်းတွေက မယုံနိုင်စရာ ကောင်းလောက်အောင်ကို ဈေးကြီးလွန်းလှပါတယ်။ ဒါပေမဲ့ အရမ်းကိုကြီးမားတဲ့ နေရာတွေမှာတောင်မှ မြေကမ္ဘာအဆင့်ပါဝင်ပစ္စည်းတော်ါက အရမ်းကို တန်ဖိုးရှိနေဆဲ ပဲဖြစ်ပြီးတော့ သူတို့ရဲ့ တန်ဖိုးတွေက မိုးရေနိုင်ငံမှာ အထိုက်အလျောက်တန်ဖိုး သင့် တာမျိုးတောင် မရှိပါဘူး။ ဒီနေရာမှာ ကောင်းကင်အဆင့် ပါဝင်ပစ္စည်းတွေကတော့ တကယ့်ကို တန်ဖိုးမဖြတ်နိုင်ပါဘူး။လင်းဟာန်က ဟူးညီကို ဆွဲခေါ်ပြီး လီွယုထန် ကတော့ လင်းဇီရှမ်ရဲ့ လက်ကို ဆွဲခေါ် သွားပါတယ်. သူတို့လေးယောက်က ကြီးကျယ် ခမ်းနားတဲ့ စားသောက်ဆိုင် တစ်ခု ဆီကို သွားခဲ့ပါတယ်။ ကုန်ကျစားရိတ်အကုန်လုံး က တတိယ အင်ပါယာ

မင်းသားရဲ့ စာရင်းထဲမှာ ပါဂင်မှာဖြစ်တဲ့အတွက် ငွေကြေးအတွက် စိတ်ပူစရာ မလိုပါဘူး။

သူတို့ စားပြီးတဲ့အခါမှာတော့ လွီယုထန်နဲ့ လင်းဇီရှမ် တို့က သူတို့ရဲ့ကိုယ်ပိုင် စုစည်းစရာတွေ လုပ်စရာတွေရှိတဲ့အတွက် ပြန်သွားခဲ့ပါတယ်။ လင်းဟန်က သူရဲ့ ကိုယ်ပိုင် ခြံဝန်းထဲကို ပြန်ရောက်တဲ့အခါမှာ နတ်ဘုရားဆေးပင်ရဲ့ အမြစ်တစ်ခုကို ထုတ်ယူလိုက်ပြီးတော့ ၎င်းကို သန့်စင်ဖို့ ပြင်ဆင်ခဲ့ပါတယ်။

အပိုင်း(၁၃၅) ခန္ဓာကိုယ်က အညစ်အကြေးအားလုံးကို အဝေးသို့ ဖယ်ရှားရှင်းလင်းခြင်း

လင်းဟန်က ၎င်းကို ချက်ချင်းကြီး မသန့်စင်လိုက်ပါဘူး။ ဒီဟာက အသက်စွမ်းအင်ကို ပေးစွမ်းနိုင်ပြီးတော့ အရိုးတွေပေါ်က အသားတွေကို ကြီးထွားဖွံ့ဖြိုးစေနိုင်ပြီး သေခါနီး လူတစ်ယောက်ကိုတောင်မှ ပြန်လည်ရှင်သန်ကောင်းမွန်လာစေနိုင်တဲ့ စွမ်းအင်ရှိတဲ့ နတ်ဘုရားဆေးပင်မျိုး တစ်ခုဖြစ်ပါတယ်။ သူ့အတွက်ကတော့ ဒီလိုမျိုး အရာတစ်ခုကို ရိုးရှင်းစွာနဲ့ သန့်စင်ပစ်လိုက်ဖို့ သူကို အနည်းငယ်တော့ တုံ့ဆိုင်းသွားစေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်လေ ဒါက တစ်ခဏမျှသာ တုံ့ဆိုင်းသွားခဲ့တာပါ။

သူက သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ် ကို လေ့လာသင်ယူခဲ့ပြီးတော့ ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည် တစ်စက်ကို ပါ ခဲအောင် ပြုလုပ်ခဲ့ပီးပါပြီ။ ဒါက သူ့ရဲ့ အသက်စွမ်းအင်ကို မယုံနိုင်လောက်အောင် အကျိုးသက်ရောက်မှု ရှိစေပါတယ်။ ၎င်းရဲ့ အာနိသင် က နတ်ဘုရားဆေးပင်နဲ့ နှိုင်းယှဉ်မယ်ဆိုယင် အနည်းငယ် နိမ့်ကျ နေပေမဲ့လည်း ၎င်းကို အသုံးပြုပြီးတဲ့ အခါ နောက်တစ်ကြိမ် ပြန်ပြီး ခဲအောင် လုပ်ပြီးတော့ ပြန်သုံးလို့ ရတဲ့ အကျိုးအမြတ်ရှိပါတယ်။

ဒါ့အပြင် သူက ဖျက်ဆီးမရတဲ့ ကောင်းကင် မှော်စာလိပ် ရဲ့ ကျောက်နံရံ ခန္ဓာကိုယ်ကို သင်ယူနိုင်ပြီးတာနဲ့ နောက်ထပ် ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် နှစ်ခုကို ထပ်ပြီးတော့ ခဲစေနိုင်ပါလိမ့်မယ်။ နတ်ဘုရားဆေးပင်က တစ်ကြိမ် စားပြီးတာနဲ့ နောက်ထပ် ရှိတော့တာမဟုတ်ပဲ ဖျက်ဆီးလို့မရနိုင်တဲ့ အစစ်အမှန် အရည် ကတော့ အဆက်မပြတ် ခဲ လို့ ရပါတယ်။ ဘယ်ဟာက ပိုပြီးတော့ အကျိုး အမြတ်ပိုရသလဲ ဆိုတာ သိသာထင်ရှားပါတယ်။

ပြီးတော့ နတ်ဘုရားဆေးပင်က သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကို လုံးဝ အဆင့်မြင့်တင်ပေးနိုင်ပြီး သူ့ရဲ့ မူလစွမ်းအင်တွေကိုလဲ အားကောင်းလာစေပါတယ်။ ဒါတွေအားလုံးက သူ့အတွက်တော့ အရမ်းကို အကျိုးကျေးဇူးများပြားလှပါတယ်။ လင်းဟန်က ကျင့်ကြံခြင်းရဲ့ နားလည်နိုင်စွမ်းတွေမှာ လုံးဝ မကောင်းမဲ့ ခဲ့ပါဘူး။ သူမှာ အချိန်ကင်းမဲ့တာဖြစ်ပြီးတော့ နတ်ဘုရားဆေးပင်က သူ့ရဲ့ အချိန်ကင်းမဲ့ နေမှုအပေါ်မှာ ကောင်းကောင်းကြီး ကူညီထောက်ပံ့ပေးနိုင်ပါတယ်။

``ဒီဘဝမှာ... ကံကောင်းခြင်းတွေက ငါ့ဘက်မှာရှိနေတာပဲ``

လင်းဟန်က နတ်ဘုရားဆေးပင်ကို သူ့ရဲ့ ပါးစပ်ထဲထည့်ပြီး တစ်ချက်ကိုက်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ ပါးစပ်ကနေတစ်ဆင့် ခန္ဓာကိုယ်တစ်ခုလုံး ဆီကို သန်မာအားကောင်းလှတဲ့ ခံစားမှု တစ်ခုက ပြန့်နှံ့သွားပြီး ဒီအချိန်တစ်ခဏလေး အတွင်းမှာပဲ သူကိုယ်သူ လေပေါ်မှာ မျောလွင့်နေသလိုမျိုး ခံစားလိုက်ရပါတယ်။

``လန်းဆန်းသွားတာပဲ``

သူက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ် ကို ဆက်ပြီးတော့ လည်ပါတ်စေပြီး သူ့ရဲ့ ခန္ဓာကိုယ်အနှံ့အပြားကို ဆေးအာနိသင်တွေ ပြန့်နှံ့ဝင်ရောက်သွားအောင်လို့ လုပ်လိုက်ပါတယ်။

ပြောင်းလဲခြင်းတွေက ချက်ချင်းဆိုသလိုပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ ဆဲလ်တွေ အားကောင်းလာပြီး အရိုးတွေက ပိုမိုကြံ့ခိုင်တောင့်တင်းပြီးတော့ သူ့ရဲ့ သွေးကြောထဲမှာ စီးဆင်းနေတဲ့ သွေးတွေက ပိုပြီး လှုပ်ရှားတက်ကြွလာတာကို ရှင်းရှင်းလင်းလင်း ခံစားသိရှိနိုင်ပါတယ်။မကြာခင်မှာပဲ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အနက်ရောင် အလွှာပါးတစ်ခု လွှမ်းခြုံသွားပါတယ်။ ဒီ အနက်ရောင်အလွှာက သူ့ရဲ့ ခန္ဓာကိုယ်အတွင်းက မသန့်စင်မှုတွေကို နတ်ဘုရားဆေးပင်ရဲ့ အာနိသင်နဲ့ စုစည်းပြီး တော့ သူ့ရဲ့ ခန္ဓာကိုယ်အပြင်ဘက်ကို ဖိအားပေး ထုတ်ပစ်လိုက်ခြင်းကြောင့် ဖြစ်ပါတယ်။

ဒီဟာကို လျှော့မတွက်လိုက်ပါနဲ့။

သိုင်းပညာရှင်တစ်ယောက်က ကျင့်ကြံလိုက်တဲ့အခါမှာ

ဒါဟာ လူတစ်ယောက်ရဲ့ ရုပ်ပိုင်း ဆိုင်ရာ အဆင့်မြင့်တင်တဲ့ လုပ်ငန်းစဉ်တစ်ခုပဲဖြစ်ပါတယ်။ သူက ပန်းဖူးအဆင့်ကို ရောက်တဲ့ အခါမှာတော့ သူ့ရဲ့ ခန္ဓာကိုယ်က သဘာဝအတိုင်း ပြောင်းလဲသွားပါလိမ့်မယ်။

သူ့ရဲ့ သေမျိုးခန္ဓာကိုယ်ပျောက်ကွယ်သွားပြီးတော့ ပိုပြီးမြင့်မားတဲ့ အဆင့်တစ်ခုဆီကို ကူးပြောင်းသွားလိုက်သလိုပါပဲ။ ကျောက်စိမ်း တုံး တစ်ခုလိုပါပဲ .. အဆက်မပြတ် သွေးနေမယ် သန့်စင်နေမယ်ဆိုယင် မကြာခင်မှာပဲ အရမ်းကို လှပတဲ့ ကျောက်စိမ်း အပိုင်းအစတွေ ရရှိစေပါတယ်။

ပြောင်းလဲခြင်းက အရမ်းကို ပေါ့ပါးပေမဲ့လည်း အကျိုးသက်ရောက်မှုကတော့ အလွန်အမင်းကို ထင်ရှားပါတယ်။

လင်းဟန်က သူ့ရဲ့ ခန္ဓာကိုယ်ထဲက စိတ်ဝိဉာဉ်ချီတွေက အယင်ကထက်စာယင် ပိုမိုလျှင်မြန်စွာနဲ့ လည်ပါတ်နေတဲ့အကြောင်းကို ချက်ချင်းပဲ ခံစားမိလိုက်ပါတယ်။

ဒါက သဘာဝပါပဲ.. သူ့ရဲ့ သွေးကြောတွေထဲက

မသန့်စင်မှုတွေ လျော့ကျသွားတာနဲ့ စိတ်ဂိဉာဉ်ချီတွေက သူရဲ ခန္ဓာကိုယ် တစ်လျှောက်လုံးကို လျှင်မြန်တဲ့ အရှိန်နဲ့ စီးဆင်း သွားနိုင်ပါတယ်။ ပြီးတော့ဒါက အကျိုးအမြတ်ရလဒ် တစ်ခုတည်းပဲ မဟုတ်ပါဘူး။ အခု သူရဲ့ ခန္ဓာကိုယ်ထဲက စိတ်ဂိဉာဉ်ချီတွေ လည်ပါတ်ခြင်းက ပိုမိုပြီး မြန်ဆန်လာတာက နောက်ပိုင်း သူက မူလစွမ်းအင် လည်ပါတ်ခြင်းကို စတင်တဲ့အခါကျယင် အယင်ကထက် ပိုမိုပြီး မြန်ဆန်မှု ဖြစ်သွားပါလိမ့်မယ်။

ဆိုလိုတာက ရှင်းပါတယ်။ မူလစွမ်းအင် ပိုပြီးမြန်မြန် လည်ပါတ်နိုင်လေ သူရဲ့ တိုက်ခိုက် မှု နောက်က ဖျက်ဆီးနိုင်တဲ့ စွမ်းအားက ပိုမို ကြီးမားလာလေပါပဲ။ဒါက အရမ်းကို ကောင်းမွန်တဲ့ အဆင့်မြှင့်တင်မှု ပဲဖြစ်ပါတယ်။

သူရဲ့အသက်နဲ့ အသက်စွမ်းအင်က ဆက်ပြီး သန်မာအားကောင်းပြီးတော့ သူရဲ့ နတ်ဘုရားအာရုံကလည်း အဆင့်တစ်ခုကို မြင့်တက်သွားခဲ့ပီးတော့ သူရဲ့ ခေါင်းထဲ မှာ အရမ်းကို ကြည်လင်တဲ့ ခံစားချက်ကို ရရှိစေခဲ့ပါတယ်။

ပျော်စရာကောင်းလိုက်တာ ပျော်စရာကောင်းလိုက်တာ။

နေ့တစ်ဂက်ခန့် ကြာတဲ့နောက်မှာ သူက

နတ်ဘုရားဆေးပင်ရဲ့ အမြစ်ကို လုံး၀ သန့်စင်လို့ ပြီးသွားခဲ့ပါပြီ။

``ဘယ်လောက်သနားစရာကောင်းသလဲ ဒါက ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို မတိုးပေးနိုင်ဘူး``

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး သူရဲ့ကျင့်ကြံခြင်းအဆင့် တိုးလာဖို့ကတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုက ထောက်ပံ့ထားတဲ့ အရင်းအမြစ်တွေကို ရရှိဖို့ အခွင့်အရေးတွေရှိသလိုပဲ အင်အားကြီး ကလန်ရှစ်ခုကို မှော်ဆေးလုံးတွေ အများကြီးဖော်စပ်ရောင်းချပြီးတော့ သူရဲ့ ကျင့်ကြံခြင်းအတွက် အရင်းအမြစ်ရအောင်လို့ လုပ်နိုင်တာပဲလေ။

သူက နတ်ဘုရားဆေးပင် ဒုတိယ အမြစ်ကို ဆွဲထုတ်ယူပြီးတော့ စားပီးတာနဲ့ သန့်စင်တဲ့ လုပ်ငန်းစဉ်ကို ဆက်ပြီးတော့ လုပ်လိုက်ပါတယ်။

``ဟုမ်းဟုမ်း ဟုမ်း``

ဒီတစ်ကြိမ်မှာတော့ သူရဲ့ ခန္ဓာကိုယ်အတွင်းက ကျယ်လောင်တဲ့ အသံကိုအာရုံ ခံလိုက် နိုင်ပါတယ်။

အရိုးတွေက တစ်ခုနဲ့ တစ်ခု တိုးကြိတ်ပြီး မြည်တဲ့ဆူညံသံကိုလဲ အာရုံခံ လိုက်နိုင်ပါတယ်။ ဒီတစ်ကြိမ်မှာ ဆေးရဲ့ အာနိသင်က အရမ်းကို နက်ရှိုင်းလွန်းပြီးတော့ သူ့ခန္ဓာကိုယ်အတွင်းက အရိုးတွေက ကြီးကြီးမားမား ပြောင်းလဲသွားခဲ့ပါတယ်။

ဒါကတော့ အရမ်းကို ပျော်စရာမကောင်းပါဘူး။ သူ့ရဲ့ အရိုးတွေ ပြောင်းလဲခြင်းက စိတ်ဒုက္ခရောက်စေတဲ့ ဖြစ်စဉ်တစ်ခုပဲဖြစ်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက ပျက်စီးပြီးတော့ နောက်တစ်ကြိမ် အသစ်ပြန်တည်ဆောက်နေ သလိုမျိုးပါပဲ။ နာကျင်မှု ကြောင့် သူ့ရဲ့ သွားတွေကို အံတင်းတင်းကြိတ်ပြီး သူ့ရဲ့ ခန္ဓာကိုယ်ကနေ ချွေးစက်တွေက မိုးရွာချထားသလို စီးကျနေပါတယ်။

``အာ... အား...အား::::::::::::::``

သူက နာကျင်မှုကြောင့် အနည်းငယ် အော်ဟစ်လိုက်ပါတယ်။

``ဒုန်း ဒုန်း ဒုန်း``

အရမ်းကို လျှင်မြန်စွာနဲ့ပဲ တံခါးကို ထုနေတဲ့အသံကို ကြားလိုက်ပါတယ်။ ဟူးညိုက သူ့ရဲ့ နာကျင်မှုကြောင့် အော်ဟစ် ငြီးတွားတဲ့ အသံကို ကြားလိုက်ရလို့ လာပြီးတော့ စစ်ဆေးတဲ့သဘောပါပဲ။

``ငါ အဆင်ပြေတယ်``

လင်းဟန်က အံ့ကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒုန်း``

ဒါပေမဲ့ ဟူးညိုကို ပြောလို့ လုံးဝမရပါဘူး။ သူမရဲ့ သဘာဝအတိုင်းပဲ အထဲကို ခုန်ဝင်ပြီး ကြမ်းပြင်ပေါ်ကို တစ်ချက်လှိမ့်ချပြီးတော့ လင်းဟန်ကို နားမလည်နိုင်စွာနဲ့ ကြည့်လိုက်ပါတယ်။ လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်နေပြီးတော့ သူ့တစ်ကိုယ် လုံး ချွေးတွေအများကြီး ရွှဲနစ်နေတာကို မြင်လိုက်ရတဲ့အခါမှာတော့ သူမရဲ့ သွားတွေကို ဖြဲပြီးတော့ စပ်ဖြီးဖြီးလုပ်ပြပါတယ်။

ဘယ်လောက်တောင် အသည်းနှလုံးမရှိတဲ့ မိန်းကလေးလဲ။

ဒီအချိန်မှာ လင်းဟန်က သူမနဲ့ ဆက်ပြီး ငြင်းခုံနေဖို့

အချိန်မရှိပါဘူး။ သူ့ရဲ့ ခန္ဓာကိုယ် ကို ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်နဲ့ အဆက်မပြတ်လည်ပတ်စေပြီးတော့ ဆေးရဲ့ အာနိသင်တွေကို စုပ်ယူပြီးတော့ သူ့ခန္ဓာကိုယ်ထဲက အရိုးတွေ ပြန်လည် တည်ဆောက်ခြင်းကို ဆက်လုပ်လိုက်ပါတယ်။

နာကျင်မှု ဒဏ်က ဒီရေလှိုင်းတွေလို အဆက်မပြတ် တိုးလာပြီးတော့ သူ့ကို အားနည်းပြီးတော့ မောပန်းသွားစေခဲ့ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက တကယ်ပဲ သတိလစ်သွားမယ်ဆိုယင် ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကို ဆက်ပြီး မလှည့်ပါတ်နိုင်တော့ပဲ ဆေးရဲ့ အာနိသင်တွေကလဲ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ လည်ပတ်စေဖို့ က သူ့ဆီက လမ်းညွှန်မှုကို ရမှာမဟုတ်တော့ပါဘူး။ ဒါဆိုယင် အကျိုးသက်ရောက်မှုကလဲ အားနည်းသွားပါလိမ့်မယ်။

ပိုပြီးတော့ အရေးကြီးတာက သူက ဒီအခွင့်အရေးအပေါ်မှာ အကျိုးအမြတ်ရယူပြီးတော့ သူ့ရဲ့ ခန္ဓာကုယ်ကို ကျောက်သားနံ့ရံခန္ဓာကိုယ် ရဲ့ လမ်းကြောင်းပေါ်ကို ဖိအားပေးပြီး ရောက်သွားချင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက ကောင်းကင်မှော်စာလိပ်ထဲက လျှို့ဝှက်နည်းစနစ်ကို အခြေခံပြီးတော့ ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်

ကို လည်ပတ်ပြီးတော့ ဆေးရဲ့ အာနိသင်တွေကို စုပ်ယူဖို့ လိုအပ်ပါတယ်။

``ငါဒါကို တောင့်ခံရမယ်.. ဒါကို တောင့်ခံထားရမယ်.. ဒါကို တောင့်ခံရမယ်``

လင်းဟန်က သွားသွားတွေကို ကြိတ်လိုက်ပါတယ်။ သွေးကြောတွေက သူ့ရဲ့ ခေါင်းနဲ့ လည်ပင်းပေါ်မှာ ထောင်နေပါတယ်။ သူက နတ်ဘုရားဆေးပင်ကို ဒီတစ်ကြိမ်မှာလဲ စားခဲ့ပါတယ်။ ဘာလို့ ပထမနဲ့ဒုတိယအကြိမ် ကြားမှာ ကွာဟချက်က ဒီလောက်တောင် ကြီးမားရတာလဲ?

လင်းဟန်က သူ့ရဲ့ ဝေဒနာက နာကျင်မှုကို သက်သာလိုသက်သာငြား သူ့ရဲ့ အတွေးတွေကို ဆက်ပြီးတွေးလိုက်ပါတယ်။ သူက တိမ်မီးခိုးမြို့မှာ ရှိနေတဲ့ သူ့အဖေအကြောင်းကိုတွေးတယ်...လွှီယုထန်နဲ့ လီစီရှန်း အကြောင်းကိုလဲ တွေးတယ် သူ့ရဲ့ အယင်ဘဂတုန်းက အကြောင်းအရာတွေကိုတောင်မှ စဉ်းစားလိုက်ပါတယ်။

အချိန်တွေ ဘယ်လောက်တောင်ကြာသွားလဲ ဆိုတာကို သူမသိပါဘူး ဒါပေမဲ့ ခံစားနေရတဲ့ ဝေဒနာတွေက

တစ်ဖြေးဖြေးနဲ့ အားနည်းလာပြီးတော့ နောက်ဆုံးမှာ လုံးဝ ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က သက်ပြင်းအရှည်ကြီးကို မှုတ်ထုတ်လိုက်ပါတယ်။ သူက အရှုံးပေးလိုက်ဖို့ စဉ်းစားလိုက်ပါသေးတယ်။ ဒါပေမဲ့ ကျေးဇူးတင်ရမှာက သူကျော်လွှားနိုင်ခဲ့ ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကို သူကြည့်လိုက်ပါတယ်။ မသန့်စင်မှုတွေက ဒီတစ်ကြိမ်မှာလဲ အပြင်ကို ထွက်လာပီးတော့ အနက်ရောင် မဟုတ်ပဲ အဖြူရောင်ဖြစ်နေပါတယ်။

ဒါက သူ့ရဲ့ အရိုးတွေထဲက မသန့်စင်မှုပဲဖြစ်ပါတယ်။

ပထမတုန်းက နတ်ဘုရားဆေးပင်က သူ့ရဲ့ ခန္ဓာကိုယ်နဲ့ အသား တွေကို အင်အားတွေ တိုးလာစေပြီး ဒုတိယ ကျတော့ သူ့ရဲ့ အရိုးတွေကို သန့်စင်ပေးပါတယ်။ ဒါဆို တတိယ ကျတော့ရော ဘာဖြစ်နိုင်မလဲ?

လင်းဟန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီးတော့ နတ်ဘုရားဆေးပင်ရဲ့ တတိယ အပိုင်းကို ထုတ်ယူလိုက်ပါတယ်။

``အနံ့ကောင်းတယ် အနံ့ကောင်းတယ်``

ဟူးညိုက ချက်ချင်းပဲ ၎င်းပေါ်ကို ခုန်အုပ်လိုက်ပြီး သူမရဲ့ မျက်လုံးတွေက နတ်ဘုရားဆေးပင်ပေါ်ကို စူးစိုက်ကြည့်နေယင်း သူမရဲ့ ပါးစပ်က သွားရည်တွေ ကျလာပါတယ်။

``ကောင်မလေး... မင်းက ကျင့်ကြံခြင်းတောင်မှ မစရသေးဘူး ဒါကြောင့် ဒါကို မင်းကိုပေးစားလိုက်မယ်ဆိုယင် အရမ်းကို ဖြုန်းတီးရာရောက်သွားမယ်.. ဒီ ဆေး အာနိသင်ကလဲ အရမ်းကို သန်မာပြီးတော့ မင်းဗမ်းချုပ်သွားလိမ့်မယ်``

လင်းဟန်က ရီပြီးတော့ ပြောလိုက်ပါတယ်။

``စားမယ်``

ဟူးညိုက လင်းဟန်ရဲ့ လက်မောင်းတွေကို အထပ်ထပ် အခါခါ ဆုပ်ကိုင်လှုပ်ပြီးတော့ ကလေးဆိုးတစ်ယောက်လိုမျိုးပြောပါတယ်။

``မရဘူး``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးပြောလိုက်ပါတယ်။ ဒီအချိန်မှာ သနားကြင်နာနေလို့ မရပါဘူး။

ဟူးညိုက သူမရဲ့ ခေါင်းသေးသေးလေးကို အရှေ့ကို ထုတ်ပြီးတော့ နတ်ဘုရားဆေးပင်ကို လှမ်းပြီး တစ်ချက် ကိုက်လိုက်ပါတယ်။ သူမရဲ့ ရုန်းကန် လှုပ်ရှား မှုက အရမ်းကို သန်မာလွန်းပီး လင်းဟန်က တစ်ချက်ကလေး သတိလက်လွတ် သွားတာနဲ့ သူမကို ထိန်းချုပ်ထားခြင်းကနေ လွတ်ပြီးတော့ သူမရဲ့ ပါးစပ်က နတ်ဘုရား ဆေးပင်ကို ကိုက်လိုက်ပါတယ်။

``အိုးးး မဟုတ်ဘူး``

တကယ်လို့ ဒီ ဖူဇကာပုဏ္ဏား သာ ကိုက်စားမိသွားယင် အစအနလေးတောင်မှ ကျန်မှာမဟုတ်တာ သေချာတယ်။

တကယ်ပါပဲ သူက ချက်ချင်းပဲ သူ့ရဲ့ လက်ကို လျှာသေးသေးလေးက ယက်လိုက်တာကို ခံစားလိုက်ရပါတယ်။

ဒီ အစားကြီးတဲ့ ကလေးကတော့ကွာ။

လင်းဟန်သက်ပြင်းချလိုက်ပါတယ်။ သူက ဒီနတ်ဘုရားဆေးပင် အမြစ်ကို သုံးခုပဲ ရရှိခဲ့တာပါ။ အခုတော့ အမြစ်တစ်ခုက ဒီ မိန်းကလေး ကြောင့် အမှန်တကယ်ပဲ ဖြုန်းတီးသွားခဲ့ပါပြီ။

``ရှူး ရှူး``

ဟူးညိုက လှည့်လိုက်ပီးတော့ သူကို စပ်ဖြီးဖြီးလုပ်ပြပါတယ်။ ဒါကို လင်းဟန် မြင်လိုက်တဲ့ အခါမှာ တကယ်လို့ သူမှာ ဒေါသထွက်ချင်တာတောင်မှ ထွက်လို့ မရတော့ပါဘူး။ သူ့ရဲ့ နာကျင်မှု ဒဏ်ကြောင့် အော်လိုက်တဲ့ အသံက ဒီမိန်းကလေးကို အချက်ပေးသလိုဖြစ်သွားပြီးတော့ သူမက သူ့အတွက် စိုးရိမ်ပြီးတော့ ရောက်လာတာ မဟုတ်လား။

``မေ့လိုက်တော့ မင်းက ဒီ စွမ်းအားပြင်းလှတဲ့ ဒီဆေး ရဲ့ အကျိုးသက်ရောက်မှု ကို ခံနိုင်ရည်ရှိဖို့ မျှော်လင့်ရမှာပဲ``

လင်းဟန်က သက်ပြင်းချပြီးတော့ ဟူးညိုကို ချီပြီး အပြင်ထွက်လာပါတယ်။ သူ တစ်ကိုယ်လုံးလည်း အညစ်အကြေးတွေနဲ့ ဖုံးနေပြီးတော့ ကြောက်စရာကောင်းတဲ့ အနံ့အသက်တွေ ရနေတဲ့ အတွက်

သူ့အနေနဲ့ ရေချိုးဖို့ လိုအပ်ပါတယ်။

ရေချိုးပြီးတဲ့ အခါမှာတော့ လင်းဟန်က သူ့ရဲ့ ခန္ဓာကိုယ်အတွင်းပိုင်းကို တစ်ချက်ကြည့်လိုက်ပြီး ရလဒ်ကို မြင်တဲ့အခါမှာ ကျေနပ်တဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ သူ့ရဲ့ ခန္ဓာကိုယ်က ကြီးမားတဲ့ အဆင့်မြှင့်တင်မှုတစ်ခု ကို ရရှိခဲ့ပါတယ်။ သူက ကျောက်သားနံရံ ခန္ဓာကိုယ်အဆင့်ကို ရောက်ခါနီးပြီလို့ ထင်ရပါတယ်.. သူ့ရဲ့ အရိုးတွေ က သံမဏိလို သန်မာပြီးတော့ သူ့အသားရေ ကလဲ ပိုပြီးတော့ မာကျောလာပါတယ်။

ပိုပြီးအရေးကြီးတာက သူ့ရဲ့ သက်တမ်းနဲ့ အသက်စွမ်းအင်ကို ကြီးမားစွာအဆင့်မြှင့်တင် နိုင်ခဲ့ပါတယ်။ သူက အခု စွမ်းအင်တွေ ပြည့်နေတယ်လို့ ခံစားရပီး ဘယ်ကိစ္စ ကိုပဲ သူလုပ်လုပ် မောပန်းနွမ်းနယ်ခြင်း ကို ခံစားရမှာ မဟုတ်ပါဘူး။

နောက်တစ်ရက်မနက်ခင်းမှာ လင်းဟန်က တစ်စုံတစ်ခုတော့ လွဲမှားနေတယ်ဆိုတဲ့ မတိကျ မရေရာတဲ့ ခံစားချက်တစ်ခုကို ရရှိလိုက်ပါတယ်။ သူသေချာစဉ်းစား လိုက်တဲ့ အခါမှာတော့

တစ်စုံတစ်ခုကို သတိရသွားခဲ့ပါတယ်။ ဟူးညို…. သူမက ခုထိ မနိုးသေးပါဘူး။ ပုံမှန်အားဖြင့် ဒီအချိန်ဆိုယင် ဒီမိန်းကလေးက နိုးနေပြီးတော့ အစာ စားဖို့ကို အော်ဟစ် ပူဆာနေပါပြီ။

အပိုင်း (၁၃၆) ဥ

ဖူစကာ ပုဏ္ဏား တစ်ယောက်က အစားစားဖို့ မေ့နေတယ်ဆိုတာက အနောက်ရပ်က နေထွက်တာနဲ့ အတူတူပါပဲ။

လင်းဟန် ရဲ့ ပထမအတွေးက ဒီမိန်းကလေးနဲ့ ပါတ်သတ်ပြီးတော့ တစ်ခုခုတော့ လွဲနေသလိုပဲ.. တစ်စုံတစ်ခုတော့ ဖြစ်သွားခဲ့ပြီ။

သူမက မနေ့က နတ်ဘုရားဆေးပင်ရဲ့ အစိတ်အပိုင်း တစ်ခုကို စားခဲ့တယ်လေ။ ပြီးတော့ သူမရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့် ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှုကို အခြေခံပြီးတော့ ဒီလိုမျိုး အာဟာရပြည့်ဝစေတဲ့ ဆေးမျိုးက သူမအတွက်တော့ အရမ်းကို စွမ်းအားပြည့်ဝ လွန်းပါတယ်။

လင်းဟန်က ဟူးညိုရဲ့ အခန်းဆီကိုသွားခဲ့လိုက်ပါတယ်။

ပထမတော့ သူမက လင်းဟန်ရဲ့ ဘေးမှာ အိပ်တာဖြစ်ပြီး လှိုင်ယုထန်က သူမအတွက် အခန်းတစ်ခန်းကို ရှင်းလင်းသန့်ရှင်းပေးခဲ့ပါတယ်။

သူက အခန်းထဲကို ရောက်တာနဲ့ သူ့ရဲ့ အကြည့်တွေကို ပျော့ကြည့်လိုက်ပြီးတော့ ချက်ချင်းစလို အံ့အားသင့်သွားခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီမှာ ဟူးညီရဲ့ အရိပ်အယောင် လက္ခဏာ လုံးဝ မရှိပါဘူး ဟူးညီ အစား အိပ်ယာပေါ်မှာ ဥ တစ်လုံး ပဲရှိပါတယ်။

ဟုတ်ပါတယ်။ အဲဒါက ဥတစ်လုံးပါ။ ပြီးတော့ အရမ်းကို ကြီးမားတဲ့ ဥတစ်လုံးဖြစ်ပါတယ်။ ၎င်းက လူကြီးတစ်ယောက်ရဲ့ လက်တစ်ဖက်စာခန့် ရှိပြီးတော့ လူကြီးတစ်ယောက် အရပ်အမြင့်ရဲ့ တစ်ဂက်လောက် မြင့်ပါတယ်။ ဥက နှင်းစက်လိုမျိုး ဖြူဖွေးပြီးပါတယ်.. ပြီးတော့ အဲဒီ ဥတစ်ခုလုံးကို ရွှေရောင်ပုံစံတွေက ဖုံးအုပ်ထားပါတယ်။

လင်းဟန်က မှင်တက် အံ့ဩသွားခဲ့ပါတယ်။

တကယ်လို့ ဒီမိန်းကလေးက လှပချောမောတဲ့

နတ်သမီးလေး တစ်ပါးအဖြစ်ကို လုံးဝ ပြောင်းလဲသွားမယ်ဆိုယင်တောင်မှ သူ့အနေနဲ့ အနည်းငယ်အံ့သြသွားပြီးတော့ လက်ခံနိုင်ပါသေးတယ်။ ဒါပေမဲ့ သက်ရှိလူသားတစ်ယောက်က အမှန်တကယ် ဥ တစ်လုံး အဖြစ်ကို ပြောင်းလဲသွားခဲ့တယ်ဆိုတာက ဘာကိုဆိုလိုတာလဲ?

သူ့အနေနဲ့ ဒီကြီးမားတဲ့ ဥကြီးရဲ့ အထဲမှာ ဟူးညို ရှိနေတယ်ဆိုတာကို တော့သံသယ မဖြစ်မိပါဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ ခြံဝန်းထဲမှာ အတားအဆီး တွေကို ချထားပြီး တော့ တစ်စုံတစ်ယောက်က ခိုးဝင်လို့ မရသလို ထွက်သွားလို့လဲ မရပါဘူး။

မူလက ဟူးညိုက အရမ်းကို ထူးဆန်းပါတယ်။ နောက်ပိုင်းမှာတော့ သူမက အစားအစာကို ပမာဏ တော်တော်များများ စားသောက်ခြင်းဖြင့် သူမရဲ့ ကျင့်ကြံခြင်းအဆင့်ကို တိုးမြင့်နိုင်ပါတယ်.. ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းတဲ့ အရာပဲ ဖြစ်ပါတယ်။ ဒါကြောင့် နတ်ဘုရားဆေးပင် ရဲ့ အာနိသင်က မယုံနိုင်စရာ ကောင်းအောင် စွမ်းအားပြည့်ဝပေမဲ့ ဒီမိန်းကလေးအတွက် ၎င်းကို သန့်စင်ဖို့ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ ဒါကြောင့်လဲ လင်းဟန်က မနေ့က ဒီကိစ္စနဲ့

ပါတ်သတ်ပြီးတော့ မစိုးရိမ်ခဲ့တာပဲဖြစ်ပါတယ်။

ဒါပေမဲ့ ကြက်တစ်ကောင်က ဘဲတစ်ကောင်ဖြစ်လာပြီး ဟူးညိုကလဲ ဥတစ်လုံး ဖြစ်လာခဲ့ ပါတယ်။ ဒါက အရမ်းကို ထူးခြားဆန်းကြယ်လွန်းပါတယ်။

လင်းဟန်က ဥအနားကို ချဉ်းကပ်ပြီးတော့ လေ့လာစူးစမ်းလိုက်ပါတယ်။ ဒါပေမဲ့ ဘာသဲလွန်စမှ သူရှာလို့ မရနိုင်ပါဘူး။ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဥ ပေါ်မှာတင်လိုက်ပါတယ်။ အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ တစ်စုံတစ်ခုကို သူ ရှာဖွေတွေ့ရှိလိုက်ပါတယ်။ ဥက အရမ်းကို မြင့်မားတဲ့ အပူတွေကို ထုတ်လွှတ်နေပြီး တစ်ခဏလေးနဲ့ ဟောင်ကျွမ်းသွားမလိုမျိုးကို ပူနေတာပါ။

သူက ဥ ကို ကောက်မပြီးတော့ ကြမ်းပြင်ပေါ်ကို ချထားလိုက်ပါတယ်။ တကယ်လို့ ၎င်းက စတင်လောင်ကျွမ်းလာယင် သူ့ရဲ့ ခြံဂန်းတစ်ခုလုံး ပြာမှုန့် အဖြစ်ကို လောင်ကျွမ်းသွားမဲ့ ဘေးက ရှောင်ရှားတဲ့အနေနဲ့ပါ။

ဒီမိန်းကလေးက ဘယ်နေရာကနေများ လာခဲ့တာပါလိမ့်?

လင်းဟန်က ပိုပြီးတော့သိချင်စိတ် ပြင်းပြလာခဲ့ပါတယ်။ သူ့ရဲ့ ယခင်ဘဝ တုန်းက သူက သိုင်းပညာမှာ ထိပ်ဆုံးနေရာမှာ ရပ်တည်ပြီးတော့ ရှေးဟောင်းနယ်မြေဒေသ တော်တော်များများကို စွန့်စားထွက်ခွာခဲ့ပီးတော့ ထူးခြားတဲ့ ကိုယ်ခန္ဓာဖွဲ့စည်း တည်ဆောက်ပုံရှိတဲ့ မျိုးနွယ်စု များစွာရှိတယ်ဆိုတာကို နားလည်သဘောပေါက် ခဲ့ပါတယ်။ ဒါပေမဲ့ သူ့က အစားအစာတွေကို စားသောက်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြင့်တင်ပြီးတော့ ဥ တစ်လုံးအဖြစ်ကိုတောင် ပြောင်းလဲသွားနိုင်တဲ့ မျိုးနွယ်စု အကြောင်းကိုတော့ လုံးဝ မကြားဖူးခဲ့ပါဘူး။

သူက ၎င်းဥကို စစ်ဆေးယုံပဲ စစ်ဆေးပြီးတော့ ခွဲမပစ်ရဲပါဘူး။ သူက ဒီလိုမျိုး အရာကို လုံးဝ မမြင်ဖူးပေမဲ့လည်း ကြက်ကလေးတွေ ငှက်ကလေးတွေက သူတို့ရဲ့ ဥတွေ ကို အကောင်ပေါက်ဖို့တော့ ဘယ်လိုလုပ်ရသလဲ ဆိုတာကို နားလည်ပါတယ်။ တကယ်လို့ သူက ဥကို စိတ်မရှည်ပဲနဲ့ ရိုက်ခွဲလိုက်မယ်ဆိုယင် ဟူးညို့ကို ဒဏ်ရာ အနာတရ ဖြစ်စေပါလိမ့်မယ်။

သူက ပြန်လည်မွေးဖွားလာတာ မကြာသေးပါဘူး.. အရမ်းကို ထူးခြားဆန်းကြယ် လှတဲ့ အဖြစ်အပျက်တွေနဲ့

ကြုံတွေ့နေရပါတယ်။ ကျေးရွာတင်ရမှာက သူ့ရဲ့ ကျန်းမာလှတဲ့ နလုံး ပဲ ဖြစ်ပါတယ်။ မဟုတ်လိုရှိယင် အရမ်းကို အံ့အားသင့်စရာတွေ များလွန်းတဲ့ အတွက် နလုံးရော့ ဖြစ်သွားနိုင်ပါတယ်။

``မေ့ထားလိုက်တော့... ၎င်းကို ကြည့်ရတာ တိတ်ဆိတ်ငြိမ်သက်ပီး အေးချမ်းနေတယ်.. ဒါကြောင့် ဒီမိန်းကလေးလဲ အဆင်ပြေပါလိမ့်မယ်.. သူမကို ဥပေါက်လာတဲ့ အထိ ဆက်ပြီးတော့ ထားလိုက်ဦးမယ်``

မနက်တိုင်း အိပ်ယာနိုးတာနဲ့ သူက မို့ကောင်း ဆီကို သွားပြီးတော့ ဓါးသိုင်းပညာနဲ့ ပါတ်သတ်ပြီးတော့ ဆွေးနွေးခကပါတယ်။ ဒါက သူ့ရဲ့ နေ့စဉ် အကျင့် တစ်ခု ဖြစ်လာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူက လွန်ခဲ့တဲ့ ရက်အနည်းငယ်က အဝေးကို ရောက်နေပြီးတော့ မို့ကောင်းနဲ့ လာပြီး မဆွေးနွေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် အခု သူပြန်ရောက်လာတာနဲ့ မို့ကောင်းရဲ့ ခြံဝန်းဆီကို သွားတာပဲဖြစ်ပါတယ်။

သူတို့နှစ်ယောက်က ဓါးသိုင်းပညာနဲ့ ပါတ်သတ်ပြီးတော့ အဆက်မပြတ် ဆွေးနွေးကြ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လဲ ထောက်ပြ

ညွှန်ကြားတဲ့အတွက် သူတို့နှစ်ယောက်စလုံးဟာ တိုးတက်လာခဲ့ပါတယ်။

``သုံးရက်လောက်ဆိုယင် ငါ အဆင့်တက်သင့်တယ်… မနက်ဖြန် ငါ အခန်းတံခါးပိတ် ပြီးတော့ လေ့ကျင့်တော့မယ်``

မို့ကောင်း ကချက်ချင်းပဲ ကြေညာလိုက်ပါတယ်။

လင်းဟန် ပထမတော့ အံ့အားသင့်သွားပြီး သူ့ရဲ့ လက်ကိုဆုပ်ပြီးတော့ မို့ကောင်းကို ပြောလိုက်ပါတယ်။

``ဂုဏ်ပြုပါတယ် ဆရာမို့``

ဒီ ဓါးသမားအရူးက တကယ့်ကို ပါရမီရှင်တစ်ယောက်ပါပဲ.. ဒါပေမဲ့ သူ့ရဲ့ ပစ်မှတ်က အရမ်းကိုမြင့်မားပြီးတော့ သူ့ရဲ့ ရည်ရွယ်ချက်က ဓါးနှလုံးသား ကိုရရှိဖို့ ဖြစ်တဲ့အတွက် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဒီဆယ်နှစ်ကျော်အတွင်းမှာ အဆင့်မတက်ပဲ ရပ်တန့် နေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက လင်းဟန်နဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးပီးတဲ့ နောက်မှာ မို့ကောင်းရဲ့ ဓါးသိုင်းပညာ တံခါးရဲ့

အစကလေး သေးသေးဟနေတာက အခုဆိုယင်း လုံးဝ ပွင့်သွားခဲ့ပီးတော့ သူက ချက်ချင်းပဲ တိုးတက်မှုများစွာကို ရရှိသွားခဲ့ပါတယ်။ ပြောရမယ်ဆိုယင် ကောင်းစွာပြင်ဆင်ခြင်းက အောင်မြင်မှုအတွက် သော့တစ်ချောင်း ပဲဖြစ်တယ်။ ဒါကြောင့် သူက ဒီအချိန်တိုလေးအတွင်းမှာပဲ အဆင့်တက်ဖို့အတွက် လိုအပ်တဲ့ နားလည်မှုတွေကို ရရှိသွားခဲ့ပါတယ်။

လင်းဟန်က ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ထူးဆန်းတယ်လို့ မခံစားရပါဘူး။ ဓါးနှလုံးသား ကို ဖော်ထုတ်ဖို့ ခက်ခဲတာနဲ့ နှိုင်းယှဉ်မယ်ဆိုယင် နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက် တာက ကိတ်မုန့်တစ်ခုကို လှီးသလိုပဲ လွယ်ကူပါတယ်။

ဒီ ဓါးသမားအရူး က နောက်ဆုံးတော့ သူ့ရဲ့ လမ်းကြောင်းကို ရှာတွေ့သွားခဲ့ပါပြီ။ အနည်းဆုံးတော့ သူ့ရဲ့ ကျင့်ကြံခြင်းမှာ စိတ်ဂိုဇာဉ်သူငယ် အဆင့် မတိုင်ခင်အထိ တစ်ဆို့မှု တစ်စုံတစ်ရာကိုမှ ကြုံတွေ့ရလိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ ဓါးနှလုံးသား အပေါ် နားလည်နိုင်စွမ်းကို လုံးဝ မူတည်နေပြီးတော့ သူ့ကို အဆုံးအစမရှိ အလားအလာ ကောင်းတွေ ရရှိစေပါလိမ့်မယ်။

လင်းဟန်က သူ့အတွက် ပျော်ရွှင်မိပါတယ်။ သူက လှိုက်လှိုက်ဖှဲစွာ ဆုံးဖြတ်လိုက်ပါတယ်။ သူ့ရဲ့ ဒီဆရာက စိတ်ဝိဉာဉ်ပုလ္လင် အဆင့်ကို ရောက်တဲ့အခါကျယင် သူ့ကို ကျင့်ကြံခြင်း နည်းစနစ် တစ်ခု သင်ပေးရပါလိမ့်မယ်။

မိုးရေနိုင်ငံ က ကျင့်ကြံခြင်း နည်းစနစ်တွေအားလုံးက အများဆုံး အဆင့်ငါး ပဲ ရှိပြီးတော့ ပန်းဖး အဆင့်ရဲ့ လှို့ဝှက်ဆန်းကြယ်မှုတွေကို ကြည့်ရှုနိုင်ဖို့ နည်းလမ်းလုံးဝ မရှိပါဘူး။ သို့မဟုတ်လျှင် အင်အားကြီး ကလန် ရှစ်ခုထဲက အနည်းဆုံးတော့ ပါရမီရှင် တစ်ယောက် သို့မဟုတ် နှစ်ယောက် က နှစ်ပေါင်းများစွာ ကြာပြီးတဲ့ နောက်မှာ ပန်းဖူး အဆင့်ကို ချိုးဖျက်နိုင်ရမှာပေါ့ မဟုတ်ဘူးလား?

ချီ ကလန် အနေနဲ့ ဘယ်လိုမျိုး ကံကြမ္မာ ကောင်းနဲ့ ကြုံတွေ့ခဲ့ပြီးတော့ စွမ်းအားပြည့်ဝ တဲ့ ပန်းဖူးအဆင့် စစ်သည်တော်တစ်ယောက်ကို ပိုင်ဆိုင်ပြီး ဒီနိုင်ငံရဲ့ အုပ်ချုပ်သူ နေရာ ကို အာမခံချက် ရှိစေရတာလဲ ဆိုတာကိုတော့ သူလုံးဝ မသိပါဘူး။

``ဒါက မျိုးနွယ်စုရဲ့ အစွမ်းများ ဖြစ်နိုင်မလား?``

လင်းဟန်က ယခင်တုန်းက ကေရာဇ် တစ်ယောက်

မဟုတ်ခဲ့ပါဘူး(မော်ဆေးကောရာဇ် နဲ့ နိုင်ငံ ကောရာဇ် မတူဘူးနော် ရောနေမယ်) ... ဒါကြောင့် သူက ဒီဖြစ်ရပ်နဲ့ သိပ်ပြီးတော့ ရင်းနှီးမှု မရှိပါဘူး။ ဒါပေမဲ့ သူက အထီးကျန်မြောက်ပိုင်း နိုင်ငံကိုးခု ကို စဉ်းစားလိုက်တဲ့ အခါမှာတော့ အင်ပါယာကာလန်တစ်ခုပဲ အရာအားလုံးအပေါ်မှာ ကြီးကြပ်ကွပ်ကဲဖို့ စွမ်းအားပြည့်ဝတဲ့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက် ရှိပြီး ၎င်းကမျိုးနွယ်စုတစ်ခုရဲ့ အုပ်ချုပ်သူနဲ့ ဆက်နွယ်နေပါလိမ့်မယ်။

ဒီမတိုင်ခင်က လင်းဟန်က လူမျိုးစုရဲ့ စွမ်းအားက လူတစ်ယောက်ရဲ့ တိုက်ပွဲဝင် စွမ်းအားကိုပဲ တိုးလာအောင် နှိုးဆွပေးနိုင်တယ်ဆိုတာကိုပဲ သိနားလည်ခဲ့တာပါ။ ချီယောင်ရီလိုမျိုးပေါ့။ သူက ဘုရင်တစ်ယောက်ရဲ့ သားဖြစ်ပြီးတော့ မြို့တစ်မြို့ရဲ့ စွမ်းအားတစ်ခု ကို တက်ကြွအောင်နှိုးဆွပေးနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကောင်းကင်၏သားတော် လက်သီးသိုင်း နည်းစနစ်က အရမ်းကို စွမ်းအားပြည့်ဝ နေဆဲ ပါပဲ။

တကယ်လို့ မျိုးနွယ်စုရဲ့ အုပ်ချုပ်သူက ကောင်းကင်၏သားတော်လက်သီးသိုင်း နည်းစနစ်ကို အသုံးပြုလာမယ်ဆိုယင် မျိုးနွယ်စုတစ်ခုလုံးရဲ့ စွမ်းအားကို

တက်ကြွ အောင် နိုးဆွပေးနိုင်ပြီးတော့ လုံးဂ အစွမ်းပြည့်ဂ ပါလိမ့်မယ်။

ဒါပေမဲ့ မျိုးနွယ်စုရဲ့ စွမ်းအားက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို တိုးလာပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်တက်ရောက်နိုင်ဖို့ ခွင့်ပြုပြီးတော့ သေမျိုး ခန္ဓာကိုယ်ကို လုံးဂချန်ထားရစ်စေနိုင်သလား?

လင်းဟန်က သူရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူကကျင့်ကြံခြင်း နည်းစနစ် နဲ့ပါတ်သတ်ပြီးတော့ စိုးရိမ်စရာမလိုပါဘူး။

မို့ကောင်းရဲ့ နေရာက ထွက်လာပြီးတော့ နေ့လည်ရောက်နေပါပြီ.. လင်းဟန်က သူတစ်ယောက် တည်းရှိတဲ့အချိန်ဆိုယင် မချက်ပြုတ်ချင်ပါဘူး။ ဒါကြောင့်သူက အကယ်ဒမီ အပြင်ဘက်ကို ထွက်ပြီးတော့ စားသောက်ဆိုင် တစ်ခုကို သွားလိုက်ပါတယ်။ သူက အင်ပါယာမြို့မှာ အချိန်အကြာကြီး မနေခဲ့ရပါဘူး။ ဒါကြောင့် သူက အမြဲတမ်းပဲ မတူညီတဲ့ စားသောက်ဆိုင်တွေကိုသွားပြီးတော့ ဘယ်စားသောက် ဆိုင်က စားလို့ကောင်းတယ် ဆိုတာကို သိဖို့ ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ ကြည့်ရတာ သူက ပြဿနာတွေကို သံလိုက်လိုမျိုး ဆွဲငင်တဲ့ ပုံမျိုးပါပဲ. သူက အစားအသောက်တွေကို မှာယူပြီးတော့ စောင့်နေတဲ့ အချိန်အတွင်းမှာပဲ အပေါ်ထပ် ကို လူလေးယောက် တက်လာတာကို မြင်လိုက်ပါတယ်။

အခုက နေ့လည်စာ စားချိန်ဖြစ်ပြီးတော့ ဒီစားသောက်ဆိုင်က အရမ်းကို လူကြိုက်များ တယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာ ဘယ်နေရာမှာမှ ထိုင်ခုံလွတ် မရှိပါဘူး။ ဒါကြောင့် လူလေးယောက်က အပေါ်ထပ်ကို တက်လာပြီးတော့ သူတို့အတွက် လွတ်နေတဲ့စားပွဲခုံ ရှိမရှိ ကို ကြည့်လိုက်ကြပါတယ်။

စားပွဲထိုး တစ်ယောက်က သူတို့ဆီကို ချဉ်းကပ်လာပြီးတော့ တစ်ခုခု ရှင်းပြနေတဲ့ ပုံစံပါပဲ။ မကြာခင်မှာ စားပွဲထိုးက လင်းဟာန်ဆီကို လျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

``ဂုဏ်သရေရှိ ဧည့်သည်တော်ခင်ဗျာ... သင်ရဲ့ စားပွဲကို ပေးလို့ရမလား?``

လင်းဟာန်က မျက်မှောင်ကြုံ့ပြီးတော့ မေးလိုက်ပါတယ်။

``ဘာကြောင့် ငါ့ရဲ့စားပွဲကို ပေးရမှာလဲ?``

``ဟို.. ဂုဏ်သရေရှိ ညှော့သည်တော်ခင်ဗျာ.. သူတို့လေးယောက်ကို မသိဘူးလား? ဒါက သခင်လေး ခုန် နဲ့သူ့ရဲ့ သူငယ်ချင်းတွေပါ.. သူတို့က မလေးမစားလုပ်လို့ ကောင်းတဲ့ သူတွေမဟုတ်ဘူး.. ခင်ဗျား ကိုသတိပေးတဲ့ အနေနဲ့ ပြောတာပါ``

စားပွဲထိုးက လင်းဟန်ကို အံ့အားသင့်တဲ့ အမူအရာနဲ့ ကြည့်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ ဒီ သခင်လေးခုံ ကို မသိတဲ့ အတွက် လင်းဟန်ကို အံ့သြနေတဲ့ ပုံစံပါပဲ။

``မသိဘူး ငါ သိဖို့လဲ မလိုဘူး``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

``ဟင်းပွဲတွေကို မြန်မြန်ချစမ်း.. ငါစားသောက်တာ တစ်နာရီလောက်ပဲ ကြာလိမ့်မယ်.စားပွဲပေါ်မှာ ဘာမှမကျန်တော့မှ ငါထွက်သွား ရလိမ့်မယ်``

တစ်နာရီလောက်လား?

စားပွဲထိုးက ပြုံးပြလိုက်ပါတယ်။ တကယ်လို့ သူက သခင်လေးခန် ကို တစ်နာရီ လောက် စောင့်ခိုင်းခဲ့မယ်ဆိုယင် သူတို့ အုပ်စုက ဒီစားသောက်ဆိုင်ကို တစ်စီဖြစ်အောင် လုပ်ပါလိမ့်မယ်။ ဒါပေမဲ့လေး ပထမဆုံးလာတဲ့သူကို အယင် လုပ်ပေးရပါမယ်။ ဒါက အခြေခံစည်းမျဉ်း စည်းကမ်းပါပဲ။ တကယ်လို့ စားသောက်ဆိုင်က ဒီဟာကိုတောင်မှ အာမခံချက် မရှိဘူးဆိုယင် နောက်ထပ် ဒီကို စားသောက်ဖို့ အတွက် လူတွေက ထပ်ပြီးတော့ လာချင်ပါဦးမလား?

သူကိုယ်သူ အားတင်းပြီးတော့ သခင်လေးခန်တို့နဲ့ စကားပြောဖို့ လုပ်လိုက်ပါတယ်။ ခဏကြာတဲ့ အခါမှာတော့ သခင်လေးခန်နဲ့ သူရဲ့ သူငယ်ချင်းတွေက လင်းဟန် အနားကို ချဉ်းကပ်လာခဲ့ပါတယ်။`

``ညှံ့လိုက်တဲ့ အရူး.. ဒီ ငွေပြား တစ်ရာကို ယူပြီးတော့ ထွက်သွားစမ်း``

သခင်လေးခန်က အမိန့်ပေးလိုက်ပါတယ်။ သူရဲ့ မျက်နှာပေါ်မှာ လင်းဟန်ကို အထင်အမြင်သေး တဲ့ အမူအရာတွေ ရှိနေပါတယ်။

အပိုင်း (၁၃၇) အယုတ် တမာ ကောင်

ငွေလွှဲ စာရွက်တစ်ခု စားပွဲခုံပေါ်ကို ကျလာခဲ့ပါတယ်။ ၎င်းက ငွေပြား တစ်ရာ တန် တဲ့ ငွေလွှဲစာရွက် တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။တကယ်လို့ တစ်စုံ တစ်ယောက် က သူ့ကို ငွေလာပေးတယ်ဆိုမှတော့ သူ့အနေနဲ့ မငြင်းပယ် သင့်ဘူးလေ။ သူကပြောလိုက်ပါတယ်။

``စားပွဲထိုး မင်းဒါကို ကြားတယ်မဟုတ်လား? တစ်ယောက်ယောက်က ငါ့ကို အစားအသောက်တွေနဲ့ ပြုစုနေတယ်.. မင်းက ဟင်းပွဲတွေနဲ့ ဝိုင် ကောင်းကောင်း ကို ဘာကြောင့် အမြန် လာမချပေးသေးတာလဲ?

``ယိ...``

သခင်လေး ခုန် အရမ်းကို ဒေါသထွက်သွားပါတယ်။ ဒီကောင်စုတ်က သူ့ရဲ့ ငွေကို ယူပြီးတာတောင်မှ ထွက်မသွားသေးဘူးလား? သူ့ရဲ့ ညာဘက်လက်ကို စားပွဲခုံ ပေါ် တင်လိုက်ပီးတော့ ခြိမ်းခြောက်လိုက်ပါတယ်။

``အရှုးကောင်.. တကယ်လို့ မင်းအရိုက်နက်

မခံချင်ဘူးဆိုယင် မြန်မြန်ထွက်သွားတာ က မင်းအတွက် ပိုကောင်းလိမ့်မယ်``

အင်ပါယာမြို့ ရဲ့ လူမြင်ကွင်းနေရာမှာ သူ့လိုမျိုး အပျော်အပါး မက်တဲ့ သခင်လေး တစ်ယောက် တောင်မှ တစ်စုံတစ်ယောက်ရဲ့ အသက်ကို လူသိထင်ရှား ပွင့်ပွင့်လင်းလင်း မခြိမ်းခြောက်ရဲပါဘူး။

လင်းဟာန်က သူ့ရဲ့ ခေါင်းကို ဘယ်ဘက်လှည့်လိုက် ညာဘက်လှည့်လိုက် ကြည့်ပြီး တော့ မေးလိုက်ပါတယ်။

``ဒီ ခွေးကောင်ကတော့ ဘယ်ကနေလာတာလဲ? ရှူး ရှူး ရှူး ဒီနေရာမှာ လာပြီးတော့ မဆူညံနဲ့``

``ဟိ``

တိုးညှင်းတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ တစ်ယောက်ယောက် ရီချင်တာကို မထိန်းနိုင်တဲ့ပုံစံပါပဲ။ ဒီရီလိုက်တဲ့ အသံလာတဲ့ ဆီကို လူတွေတော်တော်များများကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ ရီလိုက်တဲ့ သူက အသက်၂၃ ၂၄ နှစ်ဂန်းကျင် ရှိတဲ့ အရမ်းကို ချောမောလှပတဲ့

မိန်းကလေးတစ်ယောက်ပဲ ဖြစ်ပါတယ်။ သူမရဲ့ အနက်ရောင် ဆံကေသာတွေက ပုခုံးပေါ်မှာ ရေတံခွန် တစ်ခုလိုမျိုး စီးမျောကျ နေပြီး သူမရဲ့ ကောက်ကြောင်းကလဲ ဓါးတစ်ချောင်းနဲ့ ပုံဖော်ထားသလိုမျိုး အမို အပိုက် တွေနဲ့ လှပလွန်းပါတယ်။ ဒီမိန်းကလေးက ပြိုင်ဘက်ကင်းတဲ့ဟန်အမူအရာ ရှိပါတယ်။

ဘာလို့လဲ ဆိုတော့ သူမ ထိုင်နေချိန်မှာ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက ဘယ်လောက် ပုံစံ ကျလှပတယ်ဆိုတာကို ကြည့်ဖို့ မဖြစ်နိုင်ပါဘူး ဒါပေမဲ့ သူမရဲ့ ရင်သားတွေကတော့ လူတစ်ယောက်ရဲ့ မျက်လုံးတွေကို သူမရဲ့ ခန္ဓာကိုယ် ကနေ အောက်ကို ဆက်ပြီးတော့ မကြည့်နိုင်အောင်ပဲ ကြီးမားပြီးတော့ သူမရဲ့ ကောက်ကြောင်းက ဘယ်လောက်တောင် အထင်ကြီးစရာကောင်းမလဲဆိုတာ သိသင့်ပါတယ်။

လူတိုင်းလူတိုင်း သူမရဲ့ အလှကြောင့် မှင်တက်ကုန်ကြပါတယ်။ ဘယ်လောက်တောင် ထူးဆန်း အံ့ဩဖို့ကောင်းလိုက်သလဲ ဒီလိုမျိုး ပြိုင်ဘက်ကင်းအောင် လှပတဲ့ သူ တစ်ယောက်က ဒီနေရာမှာထိုင်နေတာ ကြာလှပြီ သူတို့က အခုမှ သတိထားမိကြတယ်။ အကြောင်းကတော့ သူမရဲ့ စားပွဲခုံပေါ်မှာ ပိတ်စပါးပါးလေးတစ်ခု ရှိပါတယ်။

ဖြစ်နိုင်တာ က သူမ အထဲကို ဝင်လာတုန်းက သူမရဲ့ မျက်နှာကို ပဂါပါးပါးနဲ့ ဖုံးကွယ်ထားပြီး သူမ စတင် စားသောက်တဲ့အခါကျမှ ထိုပဂါစ ကို ဖယ်ရှားလိုက်တာပဲ ဖြစ်တဲ့အတွက် သူမကို သိပ်ပြီးတော့ အာရုံမစိုက်မိကြတာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဒီ အလှလေးက သာမာန်လူတစ်ယောက်တော့ လုံးဝ မဟုတ်ပါဘူး။ သူမနဲ့ အတူတူ စားပွဲတစ်ခုထဲမှာ အနက်ရောင် ဆင်တူဝတ်ထားပြီး ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း ကြံ့ခိုင်တဲ့ လူသုံးယောက်လည်း ထိုင်နေပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ ဘာအမူအရာမှမရှိပါဘူး ဒါပေမဲ့ သူတို့ဟာ သိသာထင်ရှားစွာပဲ သူမရဲ့ ကိုယ်ရံတော်တွေ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီ အလှပဂေး လေးက တူတစ်စုံကို ကိုင်ထားပြီး ကျန်တဲ့ သုံးယောက်ကတော့ နီးကြားတက်ကြွစွာနဲ့ ထိုင်နေကြပါတယ်။ သူတို့က မိန်းမလှ လေးရဲ့ အနောက်မှာ ရပ်မနေရတဲ့ အကြောင်းကတော့ မလိုအပ်တဲ့ အာရုံစူးစိုက် မှုတွေ မခံရအောင်လို့ပဲဖြစ်ပါတယ်ယ။

ဒါပေမဲ့ သူတို့ရဲ့ အေးစက်တဲ့ အမူအရာနဲ့ ဆင်တူဝတ်ဆင်ထားတဲ့ ဝတ်စုံ တွေက အာရုံစူးစိုက်ခံရဖို့

လုံလောက်ပါတယ်။

သခင်လေး ခုန် လည်းပဲ အလုပဂေး လေးကို စိုက်ကြည့်နေပြီးတော့ ညစ်ညမ်းတဲ့ အမူအရာ ပေါ်လာပြီးတော့ သူက မေးလိုက်ပါတယ်။

``အလုပဂေးလေး မင်းနာမည် ဘယ်လိုခေါ်လဲ?``

အလုပဂေး လေးက မဖြေပါဘူး ဒါပေမဲ့ သူတို့ထဲက ယောကျ်ား တစ်ယောက် က သခင်လေးခုန် ကို ပွေ့ယမ်းပြီးတော့ သူ့ကို အဂေးကို ထွက်သွားခိုင်းလိုက်ပါတယ်။

သခင်လေး ခုန် က သူ့ကိုသူ အရူးတစ်ယောက်လိုမျိုးခံစားလိုက်ရပါတယ်။ အခုလေးတင်ပဲ လူငယ်တစ်ယောက်က သူ့ကို လျစ်လျူရှု ပြီးတော့ အခု နောက်တစ်ယောက် သူ့ကို လက်ပွေ့ယမ်းပြီး အဂေးကို ထွက်သွားခိုင်းနေတယ်။ ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ? တစ်ညပဲ ရှိသေးတယ် အင်ပါယာမြို့ က သူသိထား တဲ့ အင်ပါယာမြို့ မဟုတ်တော့ဘူးလား?

``ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ မင်းက

သခင်လေးခုန် ကို စော်ကားရဲတယ်ပေါ့လေ``

သခင်လေးခုန်ရဲ့ သူငယ်ချင်းတစ်ယောက်က အရှေ့ကို တက်လာပြီးတော့ အနက်ရောင် ဂတ်စုံနဲ့ ယောက်ကျာ်းကို ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

အဲဒီယောက်ကျာ်းရဲ့ မျက်နှာပေါ်က အမူအရာက ပြောင်းလဲမသွားပါဘူး။ သူ့ရဲ့ ဂတ်စုံ ထဲက ရွှေရောင် တံဆိပ်ပြားတစ်ခုကို ထုတ်ယူပြီးတော့ ပြလိုက်ပါတယ်။

``ဟွန် ဘယ်လိုတံဆိပ်ပြားပဲ ဖြစ်ဖြစ် အဲဒါက အသုံးမဝင်ဘူး ငါတို့ရဲ့ သခင်လေးခုန်က..``

``ဖြန်း``

လူလိမ်လူညစ် သူငယ်ချင်းက သခင်လေးခုန်ရဲ့ အကြောင်းကို ကြွားဝါပြောဆိုယုံ ပဲရှိသေးတယ်.. သူ့အနေနဲ့ ပြင်းထန်တဲ့ ရိုက်ချက် တစ်ခုကို ရုတ်တရက် ခံလိုက် ရမယ်ဆိုတာကို လုံးဝမထင်ထားခဲ့ပါဘူး။ သူက သခင်လေးခုန်ကို မယုံနိုင်စွာနဲ့ ကြည့်လိုက်ပါတယ်. ဘာလို့လဲဆိုတော့ သူ့ကို ပါးရိုက်လိုက်တဲ့ သူက သခင်လေးခုန် ဖြစ်နေလို့ပါပဲ။

`` ခွေးမသား တကယ်လို မင်းသေချင်နေတယ်ဆိုယင် ငါ့ကို တော့ ဆွဲမထည့်နဲ့ ``

သခင်လေးခန်က ဒေါသတကြီးနဲ့ ပြစ်တင်ကြိမ်းမောင်းပြီးတော့ အနက်ရောင် ဂုတ်စုံနဲ့ လူဘက်ကို လှည့်လိုက်ပါတယ်။ သူ့ရဲ့အမူအရာက ချက်ချင်းဆိုသလိုပဲ အရမ်းကို ရိုသေလေးစားတဲ့ပုံစံ ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒီက ဆရာ.. ကျေးဇူးပြုပြီးတော့ ဒီ ခန်ဂမ်ဟွေ့ ကို သူ့ရဲ့ အမြင်ကန်းနေတဲ့ အတွက် ခွင့်လွှတ်ပေးပါ``

စားသောက်ဆိုင်ထဲမှာ ရှိတဲ့ လူတွေအားလုံးပဲ အံ့အားသင့်သွားကြပါတယ်။ ဒီ သခင်လေး ခန်က ညီ့ယူ ဖမ်းစားခံလိုက်ရတာလား ဒါမှမဟုတ် တစ်ခုခုနဲ့ ပြုစား ခံလိုက်ရတာလား? ပထမ သူ့ရဲ့ အခြွေရံ နောက်လိုက်ကို ပါးရိုက်ပီးတော့ အခု တောင်းပန်နေတယ်ပေါ့လေ? ဒီနေရာမှာ ဖြစ်နိုင်ချေ တစ်ခုပဲ ရှိပါတယ်။ တစ်ဖက်အုပ်စုရဲ့ နောက်ခံအင်အားက ခန်ကလန် ထက်ပိုပြီး ကြီးမားလို့ပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ခန် ကလန်ရဲ့ သခင်လေးတောင်မှ သူတို့ရဲ့ အရှေ့မှာ သူ့ရဲ့ ခေါင်းကို ငုံ့ပြီး ဦးညွှန့်ရပါတယ်။

အနက်ရောင်ဂုတ်စုံနဲ့ ယောကျ်ားက စကားမပြောပဲနဲ့ သူ့ရဲ့ လက်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ပွေ့ယမ်းလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ သခင်လေးခုန် က မနာခံပဲ မနေပုံပါဘူး။ သူ့ရဲ့ အမြီးကို ကုပ်ပြီးတော့ တော့ ထွက်သွားပါတယ်။ သူ့ရဲ့ ငွေပြားတစ်ရာ တန်တဲ့ ငွေလွှဲ စာရွက် ကိုတောင်မှ ပြန်ပြီမယူသွားပါဘူး။

လူတိုင်းလူတိုင်းက အဲဒီ တံဆိပ်ပြားကို မကြည့်ပဲ မနေနိုင်ပါဘူး။ သခင်လေး ခုန် ကိုတောင်မှ ကြောက်ရွံ့သွားစေတဲ့ ဒီတံဆိပ်ပြားက ဘယ်လိုမျိုး ပစ္စည်းပါလိမ့်?

``ဟာ.. ငါမှတ်မိပြီ``

ညှော့သည်တစ်ယောက်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပီးမှ ချက်ချင်းဆိုသလို သူ့ရဲ့ လက်နဲ့ ပါးစပ်ကို လှမ်းပိတ်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့တဲ့ အမူအရာ တွေဖြစ်ပေါ်နေပါတယ်။

``ဟော့ဟော့ဟော့.. ငါ့ကို တိုးတိုးလေး ပြောပြစမ်းပါ.. ဒီ

တံဆိပ်ပြားက ဘာကို ကိုယ်စားပြုတာလဲ?``

``ဟုတ်တယ် ငါတို့ကိုပြောပြပါ``

စောစောက အော်လိုက်တဲ့လူက သူတို့တော်ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ အနက်ရောင် ဂတ်စုံနဲ့ လူသုံးယောက်က ဘာမှ တုံ့ပြန်မှု မရှိတာကို မြင်လိုက်ရတဲ့ အခါမှာ သူက သတ္တိရှိရှိနဲ့ပြောလိုက်ပါတယ်။

``သူတို့က နန်းတော်အစောင့်အရှောက်တွေပဲ... အနက်ရောင်တိမ် စစ်တပ်ပေါ့``

ချက်ချင်းဆိုသလိုပဲ စားသောက်ဆိုင်တစ်ခုလုံး အပ်ကျသံ မကျရအောင်ကို တိတ်ဆိတ် ငြိမ်သက်သွားပါတယ်။

အနက်ရောင် စစ်တပ် ဆိုတဲ့ စကားလုံးက ကြည့်ရတာ လူတိုင်းလူတိုင်းကို ထိတ်လန့် တုန်လှုပ် ကြောက်ရွံ့သွားစေနိုင်တဲ့ စွမ်းအားရှိပုံရပါတယ်။

ပြီးတော့ အဲဒါက တကယ့်ကို မှန်ကန်တဲ့ အကြောင်းပဲ ဖြစ်ပါတယ်။ အနက်ရောင်တိမ် စစ်တပ်က အင်ပါယာမိသားစုရဲ့ အင်ပါယာ

အစောင့်အရှောက်တွေဖြစ်ပါတယ်။ သူတို့က လုံးဝ လက်ရွေးစင်တွေပါ. ဒီစစ်တပ်ရဲ့ အဖွဲ့သားအားလုံးက လက်ရွေးစင် သိုင်းပညာရှင်တော်ဖြစ်ပါတယ်။ ပိုပြီးအရေးကြီးတာက သူတို့က အပြစ်ပေးခြင်း မခံရပဲနဲ့ လူသတ်လို့ရတဲ့ စွမ်းအားရှိပါတယ်။

အင်ပါယာမြို့မှာ အင်အားကြီးကလန်ရှစ်ခုရဲ့ လက်ရွေးစင် စိတ်ဝိဉာဉ်ပုလ္လင် အဆင့် လူတွေ တောင်မှ သူတို့မကြိုက်နစ်သက်တဲ့ တစ်စုံတစ်ယောက်ကို ရိုးရိုးလေး သတ်ဖြတ်လို့ မရနိုင်ပါဘူး။ နိုင်ငံတစ်ခုမှာ ၎င်းရဲ့ ဥပဒေ ရှိသလို မိသားစုတစ်ခုမှာလည်း ၎င်းရဲ့ ဥပဒေရှိပါတယ်။ ဒါပေမဲ့ အနက်ရောင်တိမ်တိုက် စစ်တပ် ကတော့ တစ်စုံတစ်ယောက်က အင်ပါယာမိသားစုရဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ချေ ရှိတယ် ဆိုယင် သူတို့အနေနဲ့ အဲဒီလူကို သတ်ဖြတ်ပိုင်ခွင့်ရှိပါတယ်။

ဒါကြောင့် သခင်လေး ခုန် လိုမျိုး မောက်မာဝင့်ကြွားတဲ့ လူတောင်မှ အတတ်နိုင်ဆုံး အမြန်ထွက်ပြေးရပါတယ်။ တကယ်လို့သူသာ အသတ်ခံရမယ်ဆိုယင် ဘာမှမဟုတ်တာ လေးနဲ့ သူသေသွားရပါလိမ့်မယ်။

လူတိုင်းလူတိုင်းက ပိုပြီးတော့တောင်မှ သိချင်စိတ်

ပြင်းပြလာခဲ့ပါတယ်။ ဒီ ပြိုင်ဘက်ကင်း အောင်လှပတဲ့ မိန်းကလေးက ဘယ်သူမို့လို့ အနက်ရောင်တိမ် စစ်တပ် အဖွဲ့သား သုံးယောက်က သူမရဲ့ ဘေးမှာနေပြီးတော့ ကာကွယ်စောင့်ရှောက် နေရတာလဲ? သူမကိုကြည့်ရတာ သူမက ညှို့ဓါတ်ပါပြီး ဆွဲဆောင်မှုရှိတယ်... ကာမဂုဏ်အာရုံ လိုက်စားပြီးတော့ အရမ်းကို ရင့်ကျက်တဲ့ပုံစံရှိပါတယ်။ ဒါကြောင့် သူမက မင်းသမီးတစ်ယောက်တော့ မဖြစ်သင့်ပါဘူး..။

သူမက အင်ပါယာရဲ့ ကြင်ယာတော်တွေထဲက တစ်ယောက် ဖြစ်နိုင်သလား?

သူတို့ ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာ လူတိုင်းပဲ သူတို့ရဲ့ အကြည့်တွေကို ချက်ချင်းလွှဲလိုက်ပါတယ်။ ဒါက ဧကရာဇ်ရဲ့ မိန်းမပဲ. တကယ်လို့ တစ်ယောက်ယောက် ကသာ သူမကို အကြာကြီး ကြည့်ပုံ့တယ်ဆိုယင် ဘယ်သူသိနိုင်မှာလဲ သူတို့ရဲ့ မျက်လုံးတွေ အဖောက်ခံရမလားဆိုတာကိုပေါ့။ ဟုတ်ပါတယ် မိုးရေနိုင်ငံက ဧကရာဇ် ရဲ့ ကြင်ယာတော် တစ်ယောက်က ဘာလို့ နန်းတော်ကနေ ထွက်လာခဲ့တာလဲ?

လင်းဟန်က အနက်ရောင်တိမ် စစ်တပ်အဖွဲ့ဝင်သုံးယောက်နဲ့

လှပချောမောတဲ့ အမျိုးသမီး ဆီကို ပျော့ကြည့်လိုက်ပါတယ်။ ပြီးတော့ အနည်းငယ် အံ့အားသင့်သွားပါတယ်။ ဒီ အနက်ရောင် တိမ် စစ်တပ် ရဲ့ အဖွဲ့သား သုံးယောက်က နွေဦးစမ်းရေ အဆင့် ဖြစ်ပြီးတော့ ဒီလှပချောမောတဲ့ အမျိုးသမီးကတော့ စိတ်ဂိုဏ်ဉ်ပင်လယ်အဆင့် ဖြစ်နေပါတယ်။

အသက်နှစ်ဆယ်ကျော်ပဲရှိသေးတဲ့ အမျိုးသမီးတစ်ယောက်က စိတ်ဂိုဏ်ဉ်ပင်လယ် အဆင့်ကိုရောက်နေပြီလား? ဒါက တကယ့်ကို မယုံနိုင်စရာကောင်းလှပါတယ်။

ဒီ အမျိုးသမီးက သူမရဲ့ အလှအပကို ထိန်းသိမ်းဖို့ အတွက် ဆေးဝါးအချို့ကို အသုံးပြု ခဲ့ပုံရပြီးတော့ သူမရဲ့ တကယ့် အစစ်အမှန် အသက်က အနည်းဆုံး ၂၇ သို့မဟုတ် ၂၈ ဖြစ်ရပါမယ်။ ထို့အပြင် သူမက မိုးရေနိုင်ငံရဲ့ နိုင်ငံသားတစ်ယောက် မဟုတ်လောက်ပါဘူး.. မိုးရေနိုင်ငံရဲ့ အပြင်ဘက်က အချို့သော အဓိက အင်အားစု ဂိုဏ်းတစ်ခုခုကနေ လာတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါကလည်း မထူးဆန်းပါဘူး။

ညော့သည်တွေက တစ်ယောက်ပီးတစ်ယောက် သူတို့ရဲ့

ကျသင့်ငွေကို ရှင်းပြီးတော့ ပြန်ကုန်ကြပါတယ်။ အခန်းတစ်ခုထဲမှာ အနက်ရောင်တိမ် စစ်တပ်က အဖွဲ့သား သုံးယောက်နဲ့ အတူတူနေရပြီး သူတို့က ဘယ်လိုအပြစ်ဒဏ်ကိုမှ မခံစားရပဲ သတ်ဖြတ်နိုင်တယ် ဆိုတာကို စဉ်းစားလိုက်ယုံနဲ့ သူတို့ရဲ့ ဆံပင်တွေက ထောင်ကုန်ပြီးတော့ သူတို့မှာရှိတဲ့ အစာစားချင်စိတ်တွေ ပျောက်ဆုံးကုန်ပါတယ်။

လင်းဟန်ရဲ့ ဟင်းပွဲတွေက လာချပေးသွားပါပြီ.. သူက ဘာကိုမှ ဂရုမစိုက်ပဲ စပြီး စားလိုက်ပါတယ်။

ရုတ်တရက် သီချင်းသံကို ကြားလိုက်ရပီးတော့ မကြာခင်မျာပဲ လှေကားပေါ်ကို နင်းလာတဲ့ ခြေသံတွေကို ကြားလိုက်ရပါတယ်။ မကြာခင်မှာ ခြေလှမ်းပိုင်ရှင်တွေက ဒုတိယ အထပ်ကို ရောက်လို့လာခဲ့ပါတယ်။ သူတို့က အဘိုးကြီးတစ်ယောက်နဲ့
မိန်းကလေးတစ်ယောက်ဖြစ်ပါတယ်။ အဘိုးကြီးက အနည်းငယ် ခါးကိုင်းနေပြီးတော့ မုတ်ဆိတ်မွေးတွေလဲ ရှိပီး သူ့ရဲ့ လက်မှာ ကုချင်း တစ်ခုကို ကိုင်ထားပါတယ်။

မိန်းကလေးက အညံ့စား အဂတ်အစားကို ဆင်မြန်းထားပါတယ်။ ဒါပေမဲ့ သူမရဲ့ ညှံ့ဖျင်းလှတဲ့

အဂ္ဂတ်အစားတွေက သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို ဖုံးကွယ် မထားနိုင်ပါဘူး။ သူမက ရောင်စုံမခြယ်သ ထားပါဘူး။ ဒါပေမဲ့ သူမရဲ့ မျက်နှာက လန်းလန်းဆန်းဆန်းနဲ့ ချောမောလှပပြီးတော့ အလွန်အမင်း ကျက်သရေရှိပါတယ်။ အလှအပအနေနဲ့ဆိုယင် သူမက လွှီယုထန် နဲ့ လီစီရှန်းကို နှိုင်းယှဉ်လိုက်တဲ့အခါမှာ အနည်းငယ် နိမ့်ကျပါတယ်။

အဘိုးကြီးက နေရာတစ်ခုကိုရှာပြီးထိုင်လိုက်ပီးတော့ သူ့ရဲ့ ကုချင်းကို စပြီး တီးခတ်လိုက်ပါတယ်။ မိန်းကလေးကတော့ သံစဉ်နဲ့ လိုက်ဖက်အောင် သီချင်းစတင် ဆိုလိုက်ပါတယ်။ သူမရဲ့ သီချင်းဆိုသံက သာယာနာပျော်ဖွယ်ကောင်းပြီး နားထောင်တဲ့ သူတိုင်းကို အမည်မသိတဲ့ ဆွဲဆောင်မှုတစ်ခုကို ဖြစ်စေပါတယ်။

မိန်းကလေးရဲ့ သီချင်းသံကို ကြားလိုက်ရတဲ့အခါမှာ မရီမပြုံးနဲ့ စကားတောင်မပြောတဲ့ အနက်ရောင် တိမ် စစ်တပ်အဖွဲ့ပသား သုံးယောက်တောင်မှ အမူအရာတွေပြောင်းပြီး သူတို့ရဲ့ မျက်လုံးတွေက ညှို့ယူဖမ်းစားခံလိုက်ရပါတယ်။

လင်းဟန်ကတော့ သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။

ကြည့်ရတာ သူက ဒီအစားအသောက်တွေကို အေးအေးချမ်းချမ်းနဲ့ စားနိုင်တော့မှာမဟုတ်ပါဘူး။

သူက သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒကို အာရုံခံလိုက်မိပါတယ်။

အပိုင်း (၁၃၈) လုပ်ကြံ သတ်ဖြတ်ခြင်း

အဘိုးကြီးရဲ့ အကြည့်တွေ ကလုပချောမောတဲ့ အမျိုးသမီးပေါ်ကို ကျရောက်သွားပြီး သံစဉ်ကလဲ မတူညီတဲ့ တီးလုံးကို ပြောင်းသွားပါတယ်။

သံစဉ်က မတ်လရဲ့ နွေဦးရာသီလိုမျိုး အကွေ့အဝိုက် တွေနဲ့ တူပြီးတော့ မိန်းမပျိုလေးက လဲ သူမရဲ့ ချစ်သူနဲ့ ချစ်စကားလေးတွေကို ပြောဆိုကြည်နူး နေရာကနေ တစ်ချက်တည်း နဲ့ ပြောင်းလဲသွားပြီးတော့ ခြေလျင် စစ်သည်တော်တွေက သူတို့ရဲ့ လမ်းကြောင်းပေါ်က ရန်သူတွေကို တိုက်ခိုက်သုတ်သင်ပစ်တော့ မဲ့ ပုံစံလိုမျိုးဖြစ်သွားပါတယ်။

မိန်းမပျိုလေးကလည်း ပြောင်းလဲသွားပါတယ်။ သူမသီဆိုနေတဲ့သီချင်းမှာ တိုက်ခိုက်မှု ကို လှုံ့ဆော်နိုင်တဲ့ စွမ်းအားရှိတဲ့ သီချင်းတစ်ပုဒ်ကို ပြောင်းလဲသီဆိုလိုက်တာပါ။

တစ်ချိန်တည်းမှာပဲ သူမက ဓါးသိုင်းပညာ ကို လေ့ကျင့်နေသလိုမျိုး ကခုန်လိုက်ပါတယ်။ သူမရဲ့ လက်ထဲမှာ ဓါးမရှိပေမဲ့လည်း သူမက ဓါးသမား တစ်ယောက်ရဲ့ ခမ်းနားကြီးကျယ် ထည်ဝါမှု ကို ဖော်ပြနေခဲ့ပါတယ်။

သူမ ကခုန်လှုပ်ရှားတဲ့ အကျယ်အဝန်းက ပိုပြီး နေရာ ကျယ်သထက် ကျယ်လာပြီးတော့ လှပချောမောတဲ့ အမျိုးသမီးရဲ့ အနားကို နီးသထက် နီးလာခဲ့ ပါတယ်။

သီချင်းက ပင်လယ်လှိုင်းလုံးတစ်ခုလိုမျိုး နားထောင်တဲ့သူတွေရဲ့ စိတ်ထဲမှာ သူတို့ရဲ့ နှလုံးသားတွေကို ဖမ်းစားညှို့ယူသွားခဲ့ပါတယ်။ လင်းဟန်က လွဲပြီးတော့ပေါ့လေ။ သူ့ရဲ့ နတ်ဘုရားအာရုံက သာမာန် ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေ ထက်သန်မာယုံသာမက သူက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သိုင်းပညာနှလုံးသားပါ ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် သူ့ရဲ့ နှလုံးသားနဲ့ စိတ်ကို အကောင်းဆုံး ကာကွယ်ထားနိုင်ပါတယ်။

ဒါဆို တကယ့် စိတ်ဆန္ဒက အခု ထုတ်ဖော်လာပြီလား?

မိန်းမပျိုလေးက ကခုန်ယင်း နဲ့ ချောမောလှပတဲ့ အမျိုးသမီး အနားကို ရောက်သွား ပြီး သူမရဲ့ ညာဘက်လက်ကို ပွေ့လိုက်တဲ့အခါမှာ တောက်ပတဲ့ ဓါးတစ်လက် က သူမရဲ့ လက်ထဲမှာ ပေါ်လာပြီးတော့ ချောမောလှပတဲ့ အမျိုးသမီးဆီကို ထိုးစိုက်လိုက်ပါတယ်။

ဒီ ဓါးချက်နဲ့ အတူ သူမကို ကြည့်ရတာက ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ နတ်သမီးလေး တစ်ပါးနဲ့ တူပြီးတော့ အရမ်းကို လှပချောမောပြီး ပြောစရာ စကားတောင် မရှိတော့ပါဘူး။

``ဒါက မင်းရဲ့ လူတွေပဲဆိုတာ ငါမျှော်မှန်းထားပြီးသားပဲ``

အဲဒီအချိန်လေးအတွင်းမှာ ချောမောလှပတဲ့ အမျိုးသမီးက ချက်ချင်းဆိုသလို သူမရဲ့ လက်ဝါးနဲ့ စားပွဲခုံကို ရိုက်လိုက်ပါတယ်။ အဆင့်မြင့်တဲ့ နှင်းဆီသစ်သားနဲ့ ပြုလုပ်ထားတဲ့ စားပွဲခုံက ချက်ချင်းပဲ အပိုင်းအစ တွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ စားပွဲခုံ အပိုင်းအစတွေက လေးကနေ လွှတ်လိုက်တဲ့ မြှားတွေလိုမျိုး မိန်းမပျိုလေးဆီကို လွင့်ထွက်သွားပြီးတော့ ချောမောလှပတဲ့ အမျိုးသမီးရဲ့ လှုပ်ရှားမှုက နောက်ကျပေမဲ့ သစ်သားအပိုင်းအစတွေက မိန်းမပျိုလေးဆီကို ပထမပဲ ရောက်သွားခဲ့ပါတယ်။

``ထန် ထန် ထန်``

မိန်းမပျိုလေးက သူမရဲ့ ဓါးနဲ့ သစ်သားအပိုင်းအစတွေကို လွှင့်ထွက်သွားအောင် ခုတ်ထုတ် လိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန်မှာပဲ အနက်ရောင်တိမ် စစ်တပ်ရဲ့ အဖွဲ့သား သုံးယောက်ကလဲ သတိပြန်ဝင်သွားခဲ့ပါတယ်။ သူတို့ အားလုံး အရမ်းကို အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်နေပါတယ်.. ဘာလို့လဲဆိုတော့ သူတို့ရဲ့ တုံ့ပြန်မှု က အရမ်းကို နှေးကွေးနေလို့ပါပဲ။ တကယ်လို့ သူတို့သာ ဒီ မိန်းမပျိုလေးရဲ့ လုပ်ကြံသတ်ဖြတ်မဲ့ ပစ်မှတ်ဖြစ်နေခဲ့မယ်ဆိုယင် သူတို့ရဲ့ ဂရုမစိုက်မှုတွေကြောင့် သေချာပေါက် အသက်ပေးလိုက်ရပါလိမ့်မယ်။

``အတင့်ရဲလှချည်လား``

ယောက်ကျ်ား သုံးယောက်က ဒေါသထွက်စွာနဲ့ တစ်ပြိုင်နက်တည်းအော်ပြီးတော့ သူတို့ရဲ့ လက်နက်တွေကို ဆွဲထုတ်ပြီးတော့ မိန်းမပျိုလေးဆီကို ဦးတည်လိုက်ကြပါတယ်။

တကယ်လို့ မင်းက အရမ်းကို ပြိုင်ဘက်ကင်းအောင်

ချောမောလှပနေယင် တောင်မှ ဘယ်သူက ဂရုစိုက်မှာလဲ? ဧကရာဇ်ရဲ့ ကြင်ယာတော်ကို လုပ်ကြံသတ်ဖြတ်ဖို့ အတင့်ရဲစွာနဲ့ လုပ်ဆောင်ခြင်းက ကြီးမားတဲ့ ရာဇဝတ်မှု မြောက်ပြီးတော့ သူတို့နဲ့ ဆက်နွယ်နေတဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် တိုင်အောင် အပြစ်ပေးခြင်းကို ခံရပါလိမ့်မယ်။

``အနံ့ဆိုးတဲ့ ပိုးမွှားသုံးကောင်ပဲ``

မိန်းမပျိုလေးရဲ့ မျက်လုံးတွေက အေးစက်တဲ့ပုံစံပြောင်းသွားပြီး သူမရဲ့ ဓါးကို အရှေ့ဘက်ကို စက်ဝိုင်းခြမ်းပုံစံ ခုတ်ချလိုက်ပါတယ်။ တဆက်တည်းမှာ ဆိုသလို ဓါးချီ အလင်းသုံးခုက ထွက်သွားပါတယ်။

``ဘာ``

အနက်ရောင်တိမ် စစ်တပ် အဖွဲ့သာ ႏသုံးယောက်စလုံး အံ့အားသင့်သွားပါတယ်။ ဓါးချီ အလင်းသုံးခုဆိုတာက ဒီမိန်းမပျိုလေးက အုပ်ချုပ်သူတစ်ယောက်လို အဆင့်ရှိတယ်လို့ ဆိုလိုပါတယ်။ မိန်းမပျိုလေးက အဆင့်မြင့် နွေဦးစမ်းရေအဆင့် လက်ရွေးစင် တစ်ယောက်ဆိုတာ သိသာထင်ရှားပြီးတော့ သူမရဲ့ ဓါးချီက ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအားကို ဒီ ယောက်ျားသုံးယောက်

ကြွံကြွံမခံနိုင်ကြပါဘူး။ ခါးချီ အလင်း ဖြတ်သွားပြီးတော့ ယောက်ျားသုံးယောက်လုံးရဲ့ ဂမ်းဗိုက်မှာ ဒဏ်ရာတစ်ခုစီ ပေါ်လာပြီး သွေးတွေပန်းထွက်လာပါတယ်။ သူတို့အားလုံး ခါးချက် တစ်ခုတည်းနဲ့ချက်ချင်းဆိုသလို အသတ်ခံ လိုက်ရပါတယ်။

မိန်းမပျိုလေးက စူးရှတဲ့ လေချွန်သံတစ်ခု လုပ်ပြီးတော့ လှပချောမောတဲ့ အမျိုးသမီး ကို ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

``လူသတ်သမား``

စားသောက်ဆိုင် အပေါ်ထပ်မှာ ကျန်နေတဲ့ ဧည့်သည်အချို့ က မိန်းကလေးရဲ့ သီချင်းသံ ကြောင့် ညို့ယူဖမ်းစားခြင်းကို ခံထားရာကနေ သတိပြန်ဝင်လာပြီး အဖြစ်အပျက်တွေကို မြင်လိုက်တာနဲ့ အော်ဟစ်ပြီးတော့ အောက်ဘက်ကို ပြေးဆင်း သွားကြပါတယ်။

``ညီမလေး .အစ်မကြီးကို အပြင်ထွက်လာအောင်လို့ ပန်းကြွေအမိန့်ကို အသုံးပြု ဖြားယောင်းတာက မင်းရဲ့ လူတွေထဲက တစ်ယောက်ပဲမဟုတ်လား?

ချောမောလှပတဲ့ အမျိုးသမီးက တခစ်ခစ်နဲ့ ရီမောနေခဲ့ပါတယ်။ သူမက ထိုင်ရာက နေမထပဲ နဲ့ မိန်းမပျိုလေးရဲ့ ထက်မြက်တဲ့ ခါးသွားတွေကို သူမရဲ့ လက်ဖလာ ကို အသုံးပြုပြီးတော့ ကာကွယ်လိုက်ပါတယ်။

တစ်ယောက်ယောက်ကတော့ နီးကပ်စွာနဲ့ ကြည့်မိမယ်ဆိုယင် သူမရဲ့ လက်နစ်ဖက် စလုံးမှာ ဖြူလျော့လျော့ အလင်းရောင်လေးတစ်ခု လွှမ်းခြုံထားတာကို မြင်နိုင်ပါတယ်။ သူမရဲ့ လက်ဂါးတွေနဲ့ ခါးကို ထိလိုက်တဲ့အခါတိုင်းမှာ အလင်းရောင်က တောက်ပလာပြီး တော့ ထက်မြက်တဲ့ ခါးသွားကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဘယ်လို ထိခိုက်မှုမျိုးကို မဆို ကာကွယ်လိုက်နိုင်ပါတယ်။

မိန်းမပျိုလေးက မတုံ့ပြန်ခဲ့ပါဘူး။ သူမရဲ့ တိုက်ခိုက်မှု အစွမ်းတွေကိုပဲ တိုးပြီးတော့ ခါးခုတ်ချက်တိုင်းက ပိုပိုပြီးတော့ ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန်လာပါတယ်။

``ညီမလေး.. မင်းရဲ့ ဆရာသခင်က ဘယ်တစ်ယောက်လဲ?``

ချောမောလှပတဲ့ အမျိုးသမီးကြည့်ရတာ တည်တည်ငြိမ်ငြိမ်ပါပဲ။ သူမက စိတ်ဂိဉာဉ်

ပင်လယ်အဆင့်ဖြစ်ပြီးတော့ နေ့ဦးစမ်းရေအဆင့်မျှသာ ရှိတဲ့ မိန်းမပျိုလေးအပေါ်မှာ လုံးဂ လွှမ်းမိုးခြယ်လှယ်နိုင်ပါတယ်။ ဒါကြောင့် သူမ ပုံစံက အရမ်းကို သက်တောင့် သက်သာနဲ့ အေးဆေးတည်ငြိမ်နေတာပါ။

``ချွင်``

ဘေးနားမှာ ကုချင်း တီးခတ်နေတဲ့ အဘိုးကြီးက သူ့ရဲ့ သံစဉ်ကို တီးခတ်နေတာကနေ ရပ်လိုက်ပါတယ်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ချောမောလှပတဲ့ အမျိုးသမီး ဆီကို ခုန်အုပ်လိုက်ပါတယ်။ သူ့ရဲ့ ညာဘက်လက်ကို ဝှေ့လိုက်ပီးတော့ ကုချင်းရဲ့ ကြိုး တစ်ချို့ က ပျံသန်းပြီးတော့ ချောမောလှပတဲ့ အမျိုးသမီးရဲ့ ပတ်လည်ကို ရစ်ပတ်လိုက်ပါတယ်။

``ရှေးဟောင်း ပိုးသားမျှင်တစ်ထောင် လား?``

ချောမောလှပတဲ့ အမျိုးသမီးရဲ့ မျက်လုံးတွေက ကျဉ်းမြောင်းသွားပြီးတော့ ငြင်သာစွာ နဲ့ ပြုံးပြီး ပြောလိုက်ပါတယ်။

``မင်းက ဒီ အစ်မကြီးရဲ့ ပုံစံမျိုးမဟုတ်ဘူး... အစ်မကြီးက

မင်းကြောင့် ဒီလိုမျိုး ချုပ်နှောင် ခံရမှာကိုတော့ မကြိုက်ဘူး.. တကယ်လို့ မင်းက ချောမောလှပတဲ့ ယောက်ကျ်ား ဆိုတော့ အစ်မကြီးက နည်းနည်းတော့ စိတ်ဝင်စားပါလိမ့်မယ်``

ဒီလူ နှစ်ယောက်က လုပ်ကြံသတ်ဖြတ်သူတွေ ဆိုတာ သိသာထင်ရှားပါတယ်။ သူတို့ရဲ့ ပြိုင်ဘက် က လှောင်ပြောင် သရော်နေတာကို သူတို့ရဲ့ မျက်နှာပေါ်က အမူအရာတွေ က ပြောင်းလဲမသွားပါဘူး။ သူတို့ရဲ့ တိုက်ခိုက်မှုတွေက လျင်မြန်ပြီးတော့ ခွန်အား ပြည့် ဝပြီး လေ့ကျင့်ထားတဲ့ အတိုင်း ကောင်းစွာ လှုပ်ရှားခဲ့ကြပါတယ်။ ဒါပေမဲ့လည်း..သူတို့ နှစ်ယောက်စလုံး က နွေဦးစမ်းရေအဆင့်ပဲဖြစ်ပါတယ်။ တကယ်လို့ သူတို့ က နွေဦးစမ်းရေအလွှာ ၉ အဆင့် ဖြစ်နေယင်တောင်မှ စိတ်ဂိဥာဉ်ပင်လယ် လက်ရွေးစင် သမားကို ယှဉ်ပြိုင်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

ချောမောလှပတဲ့ အမျိုးသမီးက ဒီတိုက်ပွဲမှာ အနည်းငယ် အစွမ်းတိုးလိုက်တာနဲ့ ဒီ လူနှစ်ယောက်ကို ရင်ဆိုင်ပြီး သူတို့ကို ဘက်ပေါင်းစုံက အန္တရာယ်တွေကို ဖြစ်စေဖို့ လုံလောက်ပါတယ်။

``ဒီအကြောင်းကို လုံးဝ မစဉ်းစားမိကြဘူး မဟုတ်လား?

ငါက ပန်းကြွေအဖွဲ့အစည်းကို သစ္စာဖောက်ပြီးတော့ ထွက်သွားပြီး ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကို ချိုးဖြတ်ဝင်ရောက်သွားခဲ့တယ်လေ``

သူမက ပေါ့ပေါ့ပါးပါးနဲ့ ရီမောလိုက်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က ပေါ့ပါးစွာ လှုပ်ရှားနေပေမဲ့ သူမရဲ့ တိုက်ခိုက်မှုက ပိုပြီးအစွမ်းထက်ကာ မြန်ဆန်လာခဲ့ပါတယ်။ တကယ်လို့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်က တကယ့်ကို ပြင်းပြင်းထန်ထန် ဖြစ်လာပြီဆိုယင် နွေဦးစမ်းရေ အဆင့် မျှသာရှိတဲ့ သိုင်းပညာရှင်တွေ အနေနဲ့ သူမကို ဘယ်လိုလုပ်ပြီးတော့ ဆန့်ကျင်နိုင်မှာလဲ?

လုပ်ကြံသတ်ဖြတ်သူနှစ်ယောက်က ချက်ချင်းဆိုသလို သေရေးရှင်ရေး အခက်အခဲ အကြပ်အတည်း ထဲကို ကျရောက်သွားပြီးတော့ ကြည့်ရတာ အရမ်းကို ခက်ခဲတဲ့ ထောင်ချောက်ထဲကို ကျသွားတဲ့ အခြေအနေပါပဲ။

``ငါက ပြန်ပြီးသတင်းပို့ဖို့ အတွက် လူတစ်ယောက်ပဲလိုတယ်``

လှပချောမောတဲ့ အမျိုးသမီးက အေးစက်စက်နဲ့

သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ထုတ်ဖော် လိုက်ပါတယ်။

``အဲဒီခွေးမ ဟွာပုယွဲ့ ကို သွားပြီးပြောလိုက်... ငါ စိတ်ဂိဉာဉ်ပုလ္လင် အဆင့်ကို ရောက်တဲ့ နေ့က အဲဒီ ခွေးမရဲ့ခေါင်းကိုပြတ်တဲ့ နေ့ဖြစ်ရလိမ့်မယ်လို့ ပြောလိုက်``

သူမရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာသလို သူမရဲ့တိုက်ခိုက်မှုတွေက ပိုပြီး တော့ ကြမ်းတမ်းခက်ထန်လာပါတယ်။ အဘိုးကြီးနဲ့ မိန်းမပျိုလေး က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီးတော့ သူတို့ရဲ့ လက်တစ်ဖက်ဆီကို ထုတ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ကိုင်လိုက်ကြပါတယ်။ ချက်ချင်းဆိုသလိုပဲ ဖျက်ဆီးလို့မရတဲ့ အစွမ်း တစ်ခုက လည်ပါတ်ပြီးတော့ သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေက မယုံနိုင်စရာ ကောင်းလောက် အောင်ကို တိုးလာခဲ့ပီးတော့ လှပချောမောတဲ့ အမျိုးသမီးရဲ့ အသေသတ် တိုက်ကွက်တွေကို တစ်ခုပြီးတစ်ခု ကာကွယ်နိုင်အောင်လို့ ကူညီပေးပါတယ်။

လင်းဟာန် အလွန်ကို အံ့အားသင့်သွားပြီးတော့ စဉ်းစားလိုက်ပါတယ်။

``ဒါက နလုံးသားနစ်ခုကို တစ်ခုအဖြစ် ခုန် ခြင်း

ဖြစ်နိုင်မလား? ဒါက လျှို့ဝှက် နည်းစနစ် တစ်ခုဖြစ်ပြီးတော့ လူနှစ်ယောက်မှာ ရှိတဲ့ စွမ်းအားပမာဏကို ဆယ်ဆ တောင် ထွက်ပေါ်လာအောင်လို့ တွန်းအားပေးနိုင်တယ်။ ဒါပေမဲ့ ဒီ နည်းစနစ်ရဲ့ အကျိုး သက်ရောက်မှု ကုန်သွားတာနဲ့ ဒီ နည်းစနစ်ကို အသုံးပြုတဲ့ လူနှစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်က ဆုတ်ယုတ်သွားပါလိမ့်မယ်။ ဒီနည်းစနစ် က လုံးဝ မတတ်သာ တဲ့ အခဆုံးမှာ ထုတ်သုံးရမဲ့ သိုင်းပညာနည်းစနစ် မျိုး ပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီ နလုံးသားနှစ်ခုကို တစ်ခု အဖြစ် ခုန်ခြင်း နည်းစနစ်မှာ ၎င်းကို အသုံးပြုဖို့ အရမ်းကို တိကျတဲ့ လိုအပ်ချက်တွေ ရှိပါတယ်။ ဒီနည်းစနစ်ကို အသုံးပြု တဲ့ လူနှစ်ယောက်က တစ်အူထုံ့ဆင်း ညီအကို မောင်နှမ ညီမအရင်း ဖြစ်ရမယ် ဒါပေမဲ့ သူတို့နှစ်ယောက်ရဲ့ ကြားက အသက်ကွာဟချက်က ကြီးမားရမယ်.. ဒါဆို ဒီ သူတို့နှစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ တစ်အူထုံ့ဆင်း ညီအကိုမောင်နှမ ဖြစ်နိုင်မှာလဲ?

လင်းဟန် အံ့အားသင့်နေတဲ့ အချိန်အတွင်းမှာပဲ လုပ်ကြံသတ်ဖြတ်သူ နှစ်ဦးက ချောမောလှပတဲ့ အမျိုးသမီး အတွက်တော့ ပြိုင်ဘက်တွေမဟုတ်ဘူး ဆိုတာ သိသာ ထင်ရှားပါတယ်။ ချောမောလှပတဲ့ အမျိုးသမီး ဆီက

တိုက်ခိုက်မှု အနည်းငယ်ကိုသာ တောင့်ခံနိုင်ပြီးတော့ သူတို့က ချက်ချင်းစလို ပြတင်းပေါက် အပြင်ဘက်ကို ခုန်ချပြီး ထွက်ပြေးသွားပါတယ်။

ချောမောလှပတဲ့ အမျိုးသမီးက သူတို့ ထွက်ပြေးသွားတာနဲ့ နောက်က လိုက်ပီး ပြတင်းပေါက် နားမှာ ရပ်လိုက်ပြီးတော့ လုပ်ကြံသူနှစ်ယောက် ပျောက်ကွယ်သွား တာကို ရပ်ပြီးကြည့်နေပါတယ်။ ဒါပေမဲ့ သူမက ဘာမှ ဆက်ပြီးတော့ မလှုပ်ရှားပါဘူး။

လမ်းမပေါ်မှာ လမ်းလျှောက်နေတဲ့ လူတွေက ပြတင်းပေါက် ဖျက်စီးသွားတဲ့အသံကို ကြားလိုက်ပီးတော့ သူတို့အားလုံးက လှည့်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့က ပြတင်းပေါက်မှာ အလွန်အမင်း ချောမောလှပတဲ့ မိန်းကလေးတစ်ဓာက ်ရပ်နေတာကို မြင်လိုက်ပါတယ်။ လေပြေလေညှင်းလေး တိုက်ခတ်သလိုမျိုး သူမရဲ့ ပိုးသား အဂတ်အထည် တွေက သူမရဲ့ ခန္ဓာကိုယ်ကောက်ကြောင်း အလှပေါ်အောင် တင်းကျပ်စွာ လွှမ်းခြုံထားပြီးတော့ သူမရဲ့ ညို့ယူဖမ်းစားနိုင်တဲ့ ကောက်ကြောင်း ခန္ဓာကိုယ်ကို ရှင်းရှင်းလင်းလင်း ပေါ်လွင်ထင်ရှားနေပြီးတော့ မြင်ရတဲသူအပေါင်းကို သွားရည်တွေ ကျစေပါတယ်။

ဒါက အရမ်းကို ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပါ။

ချောမောလှပတဲ့ အမျိုးသမီးက အနောက်ဘက်ကိုလှည့်လာပြီးတော့ လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

``မောင်ငယ်လေး.. မင်းက တကယ့်ကို သတ္တိရှိတာပဲနော် လုံးဝထွက်မပြေးဘူး``

လင်းဟန် ကထူးဆန်းစွာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ကျနော်ရဲ့ ခြေထောက်တွေက ကြောက်ရွံ့မှုကြောင့် အားနည်းသွားတယ်.. တကယ်လို့ ကျနော် ထွက်ပြေးချင်ယင်တောင်မှ မရပါဘူး``

``ခစ်ခစ်``

ချောမောလှပတဲ့ အမျိုးသမီးက သူမရဲ့ ပါးစပ်ကို ဖုံးပြီးတော့ ရီမောလိုက်ပါတယ်။

``အစ်မကြီး က မင်းလို ပုံစံမျိုးကို နှစ်သက်တယ်.. ချိုသာတဲ့စကားတွေ ပြောတတ် တဲ့ ပါးစပ်လေးနဲ့

ဟာသဉာဏ်လဲ ရှိတယ်။ ဘယ်လောက်တောင် သနားဖို့ကောင်းလိုက်သလဲ အစ်မကြီးက လက်ထပ်ပြီးသားလူတစ်ယောက် ဖြစ်နေတယ်``

သူမရဲ့ ပုံရိပ်က ချက်ချင်းစလို ပြတင်းပေါက်ကနေ ခုန်ချသွားပြီးတော့ အနက်ရောင် တိမ် စစ်တပ် အဖွဲ့သားသုံးယောက်ရဲ့ အလောင်းတွေကို လုံးဝလစ်လျူရှုသွားပါတယ်။

မိန်းမတစ်ယောက်ရဲ့ နှလုံးသားက ကြောက်စရာကောင်းလောက်အောင် ရက်စက် တာပဲ။

လင်းဟန် ကျောချမ်းသွားပါတယ်။ အခုလေးတင် ဒီချောမောလှပတဲ့ အမျိုးသမီးက သူ့ဆီကို အမှန်တကယ်ပဲ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ပြသွားပါတယ်။ ဒါပေမဲ့ တစ်ချို့သော အကြောင်းပြချက်တွေကြောင့် သူမရဲ့ ဆန္ဒကို အလျော့ပေးသွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ထိုင်ခုံကနေ ထပြီးတော့ ထွက်လာခဲ့ပါတယ်။ ဒီမှာ သူ့အနေနဲ့ လုပ်စရာဘာမှမရှိပါဘူး။သူ့မှာ မလိုလားအပ်တဲ့ ကိစ္စတွေနဲ့ ပါတ်သတ်ဖို့အတွက် အချိန်မအားပါဘူး။

ဒါက ကေရာဇ်ရဲ့ တိုက်ရိုက် အုပ်ချုပ်မှု အောက်မှာ ရှိတဲ့ ဧရိယာ တစ်ခု ဖြစ်ပြီးတော့ အနက်ရောင် တိမ် စစ်တပ် အဖွဲ့သား သုံးယောက်က သေသွားခဲ့ပါတယ်။ ဒါကြောင့် ဒါက အရမ်းကို ကြီးမားတဲ့ ကိစ္စဖြစ်သွားပါပြီ။ အင်ပါယာမြို့ တစ်ခုလုံး နိုးကြားတက်ကြွ နေပါတယ်။ လမ်းတွေပေါ်မှာ ခြေလျင်တပ်သားတွေ နေရာယူထားပြီးတော့ လုပ်ကြံသတ်ဖြတ်သူ နှစ်ယောက်ရဲ့ တည်နေရာကို ရှာဖွေနေကြပါတယ်။

ဟွာယန် အကယ်ဒမီကို လင်းဟန် ပြန်ရောက်လာပြီး သူ့ရဲ့ ခြံဝန်းထဲကို ဝင်လိုက်တဲ့ အခါမှာ သူ့ရဲ့ မျက်ခုံးတွေက ချက်ချင်းဆိုသလို တွန့်သွားခဲ့ပါတယ်။

တစ်စုံတစ်ယောက် က သူ့ရဲ့ အတားအဆီးကို ထိပြီးတော့ သူ့ရဲ့ ခြံဝန်းထဲကို ဝင်ခဲ့တယ်။

``ရှုပ်``

တောက်ပတဲ့ အလင်းတစ်ခု လက်သွားပြီးတော့ ဓါးတစ်ချောင်းက သူ့ရဲ့ ဂမ်းဗိုက် ကို ချိန်ထားပြီးတော့ ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်

ပေါ်လာခဲ့ပါတယ်။

``ဆူဆူညံညံတွေမလုပ်နဲ့ မဟုတ်ယင် ငါ နင့်ကို သတ်ပစ်ရလိမ့်မယ်``

အပိုင်း (၁၃၉) လူသစ်
ဒီမိန်းကလေးက စားသောက်ဆိုင်မှာ တွေ့ခဲ့တဲ့ လုပ်ကြံသတ်ဖြတ်သူထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ အမူအရာတွေက ထူးဆန်းသွားပါတယ်။ ဒါက တကယ့်ကို တိုက်ဆိုင်မှု တစ်ခုပဲ မဟုတ်ဘူးလား? ဒီမိန်းကလေးက သူ့ရဲ့ နေရာမှာ ပုန်းနေတယ်ပေါ့လေ။ ဒါပေမဲ့ သူက ဒါကိုတွေးလိုက်တဲ့ အခါမှာ... ဟွာယန် အကယ်ဒမီက သူတို့ရဲ့ နောက်က လိုက်တဲ့ သူတွေကို ရှောင်ရှားဖို့အတွက် အကောင်းဆုံး နေရာပဲလေ။ ဒ့ါအပြင် ဒီနေရာက အရမ်းကို ချောင်ကျပြီးတော့ ဟွာယန်အကယ်ဒမီရဲ့ ထောင့်ဘက်စွန်းမှာ ရှိပါတယ်။ ဒါကြောင့် လုပ်ကြံသတ်ဖြတ်သူရဲ့နောက်က လိုက်တဲ့သူတွေက ဒီနေရာကို ရှာဖွေတွေ့ရှိဖို့က ခက်ပါတယ်။

သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``တစ်စုံတစ်ယောက်က သူတို့ရဲ့ ဓါးနဲ့ ငါ့ကို

ချိန်ရွယ်ထားတာကို လုံးဝ မကြိုက်ဘူး``

``ဟွန်.. တကယ်လို့ နင်မကြိုက်ယင်တောင်မှ အခု နင်ဒါကို ကြိုက်ရလိမ့်မယ်``

မိန်းမပျိုလေးက အနည်းငယ်မျှတောင် နွေးထွေးတဲ့ပုံစံမရှိပါဘူး။ သူမက သွေးအေး လူသတ်သမား လက္ခဏာမျိုး ပဲ ရှိပါတယ်။

လင်းဟန်က သူ့ရဲ့ လက်ချောင်းတစ်ချောင်းနဲ့ ဓါးသွားပေါ်ကို ဖိချလိုက်ပြီး ပြောလိုက်ပါတယ်။

``မင်းက စောစောတုန်းကပဲ နလုံးသားနှစ်ခုကို တစ်ခုသို့ ခုန်ခြင်း နည်းစနစ်ကို အသုံးပြုခဲ့တယ်.. မင်းရဲ့ တိုက်ပွဲစွမ်းအားက တစ် ရာခိုင်နှုန်းတောင်မှ ကျန်သေးလို့လား?``

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သေဆုံးခြင်းသစ်ပင်ခန္ဓာကိုယ်ရဲ့ အဆင့်ကို ကျော်သွားပြီးတော့ ကျောက်သားနံရံ ခန္ဓာကို အဆင့်နားကို နီးနေပါပြီ။ တကယ်လို့ သူ့ရဲ့ မူလစွမ်းအင်ကို လည်ပတ်လိုက်ပြီး သူ့ရဲ့ ခံစစ်ကို တိုးလာအောင် မလုပ်ယင်

တောင်မှ ဒီ ထက်မြက်လှတဲ့ ဓါးသွားက သူရဲ့ လက်ချောင်းကို ဒဏ်ရာ ရအောင်လို့ ဘယ်နည်းနဲ့မှ လုပ်နိုင်မှာမဟုတ်ပါဘူး။

သူရဲ့ လက်ချောင်းကို လှုပ်လိုက်တာနဲ့ ဓါးက ချက်ချင်းဆိုသလို တစ်ခြား တစ်ဖက်ကို ရွေ့သွားခဲ့ပါတယ်။

``ဒါက ပိုပြီးတော့ ကောင်းတယ်``

သူရဲ့ နှုတ်ခမ်းဒေါင့်စွန်းမှာ အပြုံးတစ်ခု ပေါ်သွားပါတယ်။

မိန်းမပျိုလေးက အံ့အားသင့်တဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

``ငါတို့ အသုံးပြုတဲ့ နှလုံးနှစ်ခုကို တစ်ခုအဖြစ် ခုန်ခြင်းနည်းစနစ်ကို နင်ဘယ်လိုလုပ်ပြီးတော့ သိတာလဲ?``

``ဒါက မယုံနိုင်စရာကောင်းတဲ့ လျှို့ဝှက်နည်းစနစ် အမျိုးအစားမှမဟုတ်တာ``

လင်းဟာန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူရဲ့ ယခင် ဘဝတုန်းက သူမှာ တစ်အူထုံဆင်း ညီအကို မောင်နှမ

မရှိခဲ့ပါဘူး။ဒါကြောင့် ဒီနည်းစနစ်ကို သူရရှိခဲ့ တဲ့ အချိန်တုန်းက တစ်ချက်ပဲ ကြည့်ပြီးတော့ ဘေးမှာပဲ လွှင့်ပစ်ထားခဲ့ပါတယ်။ သူက ဒီ လျှို့ပှက်နည်းစနစ်ကို အသုံးပြုယင် ၎င်းက ကျင့်ကြံခြင်းအဆင့်ကို လျော့ကျသွားစေမယ် ဆိုတာ တစ်ခုကိုပဲ သိပါတယ်။ ဒါပေမဲ့ တိကျတဲ့ အချက်အလက် ကိုတော့ ပြန်စဉ်းစားလို့ မရတော့ပါဘူး။

``ဟွန်.. တကယ်လို့ ငါတို့ရဲ့ တိုက်ပွဲဂင် အစွမ်းက တစ်ရာခိုင်နှုန်းပဲ ကျန်နေယင်တောင်မှ နင့်လို ဒြပ်စင်စုစည်းခြင်းအလွှာ ၆ အဆင့်ပဲရှိသေးတဲ့ လူတစ်ယောက်ကို အသာတကြည်ပဲ ထိန်းသိမ်းဖို့ လုံလောက်တယ်``

မိန်းမပျိုလေးက ပြောပြီး သူမရဲ့ ဓါးနဲ့ သူ့ကို နောက်တစ်ကြိမ် ချိန်ထားလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ နင့်အပြုအမူတွေက ဒီထပ်ပို ဆိုးလာမယ်ဆိုယင် ငါနင့်ကို လှဲချရလိမ့်မယ်``

``ကလိန်ကကျစ် လူယုတ်မာ``

မိန်းမပျိုလေးရဲ့ လှပပြီး ချစ်စရာကောင်းတဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ နီမြန်းသွားပီး တော့ သူမရဲ့ ဓါးနဲ့ ရုတ်တရက် လင်းဟာန်ကို တိုက်ခိုက်လိုက်ပါတယ်။

တကယ်လို့ ဒီမိန်းမပျိုလေးရဲ့ တိုက်ပွဲအစွမ်းက မကျသွားဖူးဆိုယင် လင်းဟာန် အနေနဲ့ ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဂို့မှာ မဟုတ်ပါဘူး။ ဒါ့အပြင် နွေဦးစမ်းရေ အလွှာ ၇ အဆင့်က သူထက် အများကြီး ပိုပြီးတော့ သန်မာပါတယ်။ ဒါပေမဲ့.. သူမရဲ့ အစောပိုင်း တိုက်ပွဲဂင် အစွမ်းက ကျဆင်းသွားပြီးတော့ တစ်ရာခိုင်နှုန်းမျှပဲ ကျန်ပါတော့တယ်။ ပြီးတော့ သူက နွေဦးစမ်းရေအလွှာ ၅ အဆင့် ရဲ့ တိုက်ပွဲဂင်အစွမ်းနဲ့ တန်းတူ ရပ်တည် နိုင်တဲ့ လူထူးလူဆန်းတစ်ယောက်လဲဖြစ်ပါတယ်။ ဒါကြောင့် ရလဒ်ကတော့ တိုက်ပွဲဂင် အစွမ်းနဲ့ ပါတ်သတ်လာယင် သူက အသာစီးရယူထားပါတယ်။

``ထန် ထန် ထန်``

လင်းဟာန်ဆီက လက်သီးချက် အနည်းငယ်က

မိန်းမပျိုလေးရဲ့ လက်ထဲက ဓါးကို အဖေးကို လွတ်ထွက်သွားစေပါတယ်။

``မင်းကို လှဲချလိုက်မှပဲ မင်းရဲ့ အပြုအမူတွေက ကောင်းလာမယ်နဲ့ တူတယ်ဟုတ်လား?``

မိန်းမပျိုလေးရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီးတော့ အရမ်းကို ကြောက်ရွံ့ သွားပါတယ်။ သူမက ဘာလို့ ဒီလောက်တောင် ကံမကောင်းရတာလဲ? ဒါက သူမရဲ့ ပထမဆုံး တာဝန်ဖြစ်ပြီးတော့ လုံးဝ ကျရှုံးခဲ့ပါတယ်။ ဒ့ါအပြင် သူမက ဂံပုလွေရဲ့ အသိုက်ကနေ လွတ်မြောက်လာပြီးတော့ အခု ကျားရဲတွင်း ထဲကို ဝင်သွားခဲ့ပါတယ်။

``ရှစ်``

နောက်ထပ် ပုံရိပ် တစ်ခုက ထွက်လာပါတယ်။ အဲဒါက နောက်ထပ် လုပ်ကြံ သူတစ်ယောက် ဖြစ်တဲ့ အဘိုးကြီးပါပဲ။ သူရဲ့ လက်ကို ဝှေ့ပြီးတော့ ကုချင်းကြိုးတွေ ကို လင်းဟန်ဆီကို ဖမ်းဆီးချုပ်နှောင်ဖို့ လုပ်လိုက်ပါတယ်။

``အဘိုးကြီး... ငါက အသက်ကြီးတဲ့ သူတွေကို လေးစားရိုသေတတ်ပေမဲ့ တကယ်လို့ မင်းက ငါ့ရဲ့ အရှေ့မှာ

ဂါရင့်တာကို ကြွားလုံးထုတ်နေမယ်ဆိုယင် ငါဒီထက်ပိုပြီး ယဉ်ကျေးမှာမဟုတ်ဘူး``

လင်းဟန်က သူ့ရဲ့ လက်သီးကို အသုံးပြုပြီးတော့ အဘိုးကြီးရဲ့ တိုက်ခိုက်မှုကို ပြန်ခုခံလိုက်ပါတယ်။ သူ့ရဲ့ စွမ်းအားပြည့်ဂလုတဲ့ ခံစစ်နဲ့ တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ်ကြောင့် ဒီ ကုချင်းကြီးတွေက သတ္တုကို ဖြတ်နိုင်စွမ်းရှိယင်တောင်မှ သူ့ရဲ့ ဗလာလက်သီးကို ဘာမှမလုပ်နိုင်ပါဘူး။

မိန်းမပျိုလေးကလဲ သူ့ရဲ့ ဓါးကို ပြန်ပီးကောက်ကိုင်လိုက်ပါတယ်... သူတို့နှစ်ယောက်က ကောင်းကောင်းလေ့ကျင့်ထားတဲ့အတိုင်း လိုက်ဖက်ညီစွာနဲ့ ပူပေါင်းတိုက်စစ်ဆင် လိုက်တဲ့ အခါမှာ သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေက နှစ်ဆ တောင်မဟုတ်ပဲ သုံးဆ အထိ တိုးသွားခဲ့ပါတယ်ယ။ ဒါပေမဲ့လည်း.. သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေက လျော့ကျသွားတာကို ခံစားခဲ့ရပီး သူတို့ရဲ့ ပြိုင်ဘက်က မွန်းစတား တစ်ကောင်နဲ့ တူတဲ့ လင်းဟန် ဖြစ်တဲ့အတွက် သူတို့နှစ်ယောက်ပေါင်းပြီးတာတောင်မှ လင်းဟန်ကို ပြန်ပြီးတော့ မတိုက်ခိုက်နိုင်ပါဘူး။

သူတို့ နှစ်ယောက်စလုံး အရမ်းကို အံ့အားသင့်သွားပါတယ်။ တကယ်လို့သူတို့ရဲ့ တိုက်ပွဲဝင် အစွမ်းက လျော့ကျသွားယင်တောင်မှ တကယ်လို့ သူတို့ ပူးပေါင်းပြီးတိုက် ယင် သူတို့ရဲ့အစွမ်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် သိုင်းပညာရှင်ရဲ့ အပေါ်မှာ တောင်မှ လွှမ်းမိုးနိုင်စွမ်းရှိပါတယ်။ သူတို့ရဲ့ အရှေ့က ဒီလူငယ်လေးက တကယ့်ကို မွန်စတားဆန်ဆန် သန်မာပြီး သူတို့ကိုတောင်မှ အသာစီးကနေ ယူပြီး တိုက်ခိုက်နိုင်ပါတယ်။

``တကယ်လို့ မင်းအပြုအမူတွေက ဆိုးသွမ်းနေတယ်ဆိုယင် မင်းက အရိုက်နှက် ခံရလိမ့်မှာပေါ့``

လင်းဟန်က မိန်းမပျိုလေး ရဲ့ အောက်ခြေပိုင်းကို ကန်လိုက်ပီး အဘိုးကြီးရဲ့ ရင်ဘတ် ပိုင်းကို လက်သီးတစ်ချက် ပစ်သွင်းလိုက်ပါတယ်။ သူရဲ့ ဒီတိုက်ခိုက်မှုက မိန်းမပျိုလေးနဲ့ အဘိုးကြီးတို့ နှစ်ယောက်စလုံးကို သူ့အနီးကနေ တော်တော်ဝေးဝေးရောက်အောင်
လွှင့်ထွက်သွားစေခဲ့ပါတယ်။

ဒါပေမဲ့ သူရဲ့ လက်သီးကို ပစ်သွင်းလိုက်ပြီးတဲ့နောက်မှာ

လင်းဟန်ရဲ့ အမူအရာက အနည်းငယ် ထူးဆန်းသွားပါတယ်။

ဒီခံစားချက်က တစ်ခုခုတော့မှားယွင်းနေသလိုပါပဲ။

သူက မြေကြီးပေါ်မှာ လဲကျနေတဲ့ အဘိုးကြီးဆီကို လျှောက်သွားခဲ့ပါတယ်။ အခု အဲဒီ အဘိုးကြီးက နာကျင်မှုကြောင့် ငြီးတွားနေခဲ့ပါတယ်။ အဘိုးကြီးရဲ့ မျက်နှာပေါ်က ပါးလွှာတဲ့ မျက်နှာဖုံးတစ်ခုကွာကျသွားပြီး မျက်ရည်တွေစီးကျနေတာကို တွေ့လိုက်ရပါတယ်။

အဘိုးကြီးရဲ့ အသွင်အပြင်က တစ်ခဏအတွင်းမှာပဲ ကြီးကြီးမားမားပြောင်းလဲ သွားပြီးတော့ မိန်းမပျိုလေးရဲ့ မျက်နှာနဲ့ ရုပ်ချင်းဆင်တဲ့ ချောမောပြီး ငယ်ရွယ်တဲ့ မျက်နှာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

အံ့သြစရာမရှိတော့ပါဘူး။

နောက်ဆုံးတော့ လင်းဟန် နားလည်သွားခဲ့ပါပြီ။ အစောတုန်းက သူက အရမ်းကို သိချင်စိတ်ပြင်းပြင်းနေခဲ့ပါတယ်။ အခုတော့ အဘိုးကြီးအဖြစ် ရုပ်ဖျက်ထားတဲ့ သူက အကြီးမ ဖြစ်ပြီးတော့ ဟို မိန်းမပျိုလေးက အငယ်မ ဖြစ်ပါလိမ့်မယ်။

``နှာဘူး တဏှာရူး ကောင်``

အကြီးမက ဒေါသတကြီးနဲ့အော်လိုက်ပါတယ်။ သူမရဲ့ မျက်နှာမှာ ဒေါသ အငွေ့အသက်တွေက အစောကထက် ပိုပြီး ပြင်းထန်လို့ လာပါတယ်။

လင်းဟာန် သက်ပြင်းချလိုက်ပါတယ်။ သူမရဲ့ ရင်သားကို တိုက်ခိုက်ဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ဘယ်သူကများ ဒီမိန်းကလေး အဘိုးကြီးတစ်ယောက်လို ရုပ်ဖျက်ထားတယ် ဆိုတာကို ပြောလို့လဲ?

``အစ်မ``

ရုပ်ဖျက်ထားတာ ကွာကျသွားပြီးတဲ့ နောက်မှာ မိန်းမပျိုလေးက ချက်ချင်းပဲ အော်ခေါ်လိုက်ပါတယ်။ ကံမကောင်းတာက လင်းဟာန်က သူမကို ကန်လိုက်တဲ့ ကန်ချက်က တကယ့်ကို ပြင်းထန်ပါတယ်။ သူမရဲ့ အောက်ခြေပိုင်းက အခုဆိုယင် လောင်ကျွမ်းနေသလို ခံစားရပါတယ်။ သူမက မြေကြီးပေါ် လဲကျနေရာက နေပြီး ထထိုင် လိုက်ပါတယ်။

``ဘယ်လိုပြဿနာတွေလဲကွာ``

လင်းဟန်က သက်ပြင်းထပ်ပြီး ချလိုက်ပါတယ်။

``ဘယ်လို ပြဿနာလဲကွာ.. မင်းတို့နှစ်ယောက်မှာ တစ်ခြား ပုန်းဖို့ နေရာမရှိတော့ဘူး လား ဘာလို့ ငါ့ကို ပြဿနာထဲ ဆွဲထည့်နေကြတာလဲ?``

မိန်းမပျိုလေးက သူမ မှားသွားတယ်ဆိုတဲ့ အမူအရာမျိုး ဖြစ်သွားပါတယ်။ တကယ်လို့ သူတို့ကသာ ဒီနေရာမှာ တဏှာရူး နှာဘူးတစ်ယောက် နေတယ်ဆိုတာကို သိခဲ့မယ် ဆိုယင် တကယ်လို့သူတို့ကို သေအောင် ရိုက်သတ်မယ်ဆိုယင်တောင် မလာခဲ့ပါဘူး။

``ဟော့ ဟော့ ဟော့ ...မင်းတို့ရဲ့ နှလုံးသားထဲကနေ တစ်ယောက်ယောက်ကို ကျိန်ဆဲ တာက ကောင်းတဲ့ အရာမဟုတ်ဘူးနော်``

လင်းဟန်က ပြောလိုက်ပါတယ်။

``နင် ဘယ်လိုလုပ်ပြီး သိတာလဲ?``

မိန်းမပျိုလေးက အံ့အားသင့်ပြီးတော့ မေးလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ ချစ်စရာကောင်းတဲ့ အမူအရာ တစ်ခု ဖြစ်သွားပါတယ်။

``မင်းရဲ့ ပင်ကိုယ်စရိုက်မျိုးနဲ့ မင်းက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်ချင်တယ်ပေါ့လေ?``

လင်းဟန် က ဒီမိန်းကလေးနှစ်ယောက်ရဲ့ ဆရာသခင်ကတော့ ဒီလိုမျိုး လုပ်ကြံသတ်ဖြတ်သူတွေကို လေ့ကျင့်ပေးတာက တကယ့်ကို ကျဆုံးသွားပြီလို့ ခံစားလိုက်ရပါတယ်။ သူတို့ရဲ့ ဆရာသခင် ကတော့ သူကိုယ်သူ တို့ဖူး တွေနဲ့ ပြန်ရိုက်ပီးတော့ ကိုယ့်ကိုကိုယ် သတ်သေသင့်ပါတယ်။

``နင်ဂရုစိုက်ရမဲ့ဟာ မဟုတ်ဘူး``

အငယ်မက သူကို လစ်လျူ ရှုလိုက်ပါတယ်။

``သတိထား အဲ့ ဒီလိုမဟုတ်ဘူးဆိုယင် နင့်ကို ဖင်ထိုင်ကျသွားအောင် လှဲချရလိမ့်မယ်``

လင်းဟန်က ခြိမ်းခြောက်လိုက်ပါတယ်။

``နင် နင် အတင့်ရဲလိုက်တာ``

အငယ်မလေးက သူ့ရဲ့ ခြိမ်းခြောက်မှုကြောင့် နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြောက်ရွံ့သွားပြီးတော့ သူမရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ တကယ်တော့ သူမရဲ့ အစ်မဖြစ်သူက သူမကို ကာကွယ်ပေးပါတယ်။ ဒါပေမဲ့ အခု သူမရဲ့ အစ်မ ဖြစ်သူက သတိလစ်မေ့မျောနေပြီး သူမက ရုတ်တရက်ဆိုသလို ရှုံးနိမ့်သွား သလို ခံစားလိုက်ရပါတယ်။

``မင်းတို့ နှစ်ယောက် ငါ့ကို ဘယ်လောက်တောင် ပြဿနာ ပေးလဲ ဆိုတာ သိကြရဲ့လား``

လင်းဟာန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူ့ရဲ့ လက်ကို ဆန့်ထုတ်ပြီးတော့ အစ်မကြီးဖြစ်သူရဲ့ အဂတ်အစားကို ဆုပ်ကိုင်ပြီးတော့ အငယ်မဆီကိုသွားပြီး သူမကိုလဲ ဖမ်းဆုပ်ကိုင်ပြီးတော့ အိမ်ထဲကို ဂင်လာခဲ့ပါတယ်။

``နင်.. နင်ဘာလုပ်ချင်တာလဲ?``

အငယ်မလေးရဲ့ မျက်နှာက ကြောက်ရွံ့တုန်လှုပ်မှု့ကြောင့်

ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ ပါတယ်။ ဒီကောင်က နေခင်းအလင်းရောင်ရှိနေတာတောင်မှ ဒီလိုမျိုးစက်ဆုပ်ရွံရှာဖွယ် ရာ ပြစ်မှုကို လုပ်မလို့လား?

``ဟီးဟီးး.. မင်းဘယ်လိုထင်သလဲ?``

လင်းဟန်က သူ့ရဲ့ မျက်နှာပေါ်မှာ ကောက်ကျစ်စဉ်းလဲတဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

အငယ်မလေးက သူမရဲ့ မျက်လုံးတွေ ပိုင်းစက် ပြူးကျယ်သွားကာ အရမ်းကို ကြောက်ရွံ့တုန်လှုပ်သွားခဲ့ပါတယ်။

``အားး.. ငါအရှုံးပေးပါပြီ.. သူတို့က ဒီလိုပုံစံမျိုးနဲ့ လုပ်ကြံသတ်ဖြတ်တဲ့သူ ဖြစ်ချင်နေသေးတယ်``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ ပထမတော့ သူက ဒီမိန်းကလေးနှစ်ယောက်ရဲ့ ပူးပေါင်းတိုက်ကွက်နဲ့ ကောင်းမွန်စွာ လှုပ်ရှားမှုတွေကြောင့် သူတို့က ကောင်းကောင်းလေ့ကျင့်ပေးခြင်းကို ခံထားရတဲ့ အတွေ့အကြုံရင့် လုပ်ကြံ သတ်ဖြတ်သူတွေဖြစ်မယ်လို့ ထင်ထားခဲ့တာပါ။ ဒါပေမဲ့ အဆုံးမှာတော့ သူတို့က

လူသစ်လေးတွေမျှပဲ ရှိသေးပါတယ်။

သူက ဒီမိန်းကလေးနှစ်ယောက်ကို ဟူးညို့ရဲ့ အခန်းထဲမှာ ထည့်ထားပြီးတော့ ဟူးညို့ရဲ့ ဦ ကိုတော့ သူ့ရဲ့ ကိုယ်ပိုင်အခန်းထဲကို ရွှေ့လိုက်ပါတယ်။

ဒီမိန်းကလေးက ဘယ်အချိန်မှ ဦက ပေါက်လာမယ်ဆိုတာ ဘယ်သူသိမှာလဲ။

အချိန်အနည်းငယ်ကြာတော့ ညီအစ်မ နှစ်ယောက်စလုံး နိုးလာပြီးတော့ သူတို့ရဲ့ ကိုယ်ပေါ်မှာ အဝတ်အစားတွေက အပြည့်အစုံရှိနေပြီး သူမတို့ရဲ့ အပြင်ပန်း အခြေအနေ တွေက ဘာမှမဖြစ်တာကို ရှာဖွေတွေ့ရှိသွားတဲ့ အခါမှာတော့ သူတို့နှစ်ယောက်စလုံး စိတ်သက်သာရာ ရသွားသလို ခံစားလိုက်ရပါတယ်။

``အစ်မ .. ဟိုကောင် ဒီနေရာမှာ မရှိတာကို အခွင့်ကောင်းယူပြီးတော့ မြန်မြန် ထွက်ပြေးကြရအောင်``

အငယ်မလေးက ပြောလိုက်ပါတယ်။

``ငါတို့ ဘယ်လို ထွက်ပြေးမှာလဲ?``

အကြီးမက ပြောလိုက်ပါတယ်။

``ငါတို့တွေ နလုံးသားနှစ်ခုကို တစ်ခု အဖြစ်ခုန် ခြင်း နည်းစနစ်ကို အသုံးပြုပြီး ဖိအားပေးပြီးတိုက်ခိုက်ကြပီပဲထား.. နင်ရဲ့ မူလစွမ်းအားကိုတောင် အခု အသုံးပြု နိုင်လို့လား? တကယ်လို့ ငါတို့ အခုထွက်သွားပြီးတော့ အဲဒီ အနံ့ဆိုးတဲ့ လူရဲ့ လက်ထဲကို နောက်တစ်ကြိမ် ပြန်ရောက်သွားမယ်ဆိုယင် ငါသေသွားလိမ့်မယ်``

``ဒါပေမဲ့ ဟိုကောင်က တကယ်ပဲဆိုးတယ်... သူက ငါရဲ့ အောက်ပိုင်းကို ကန်မယ် လို့ အမြဲတမ်းပဖြေပြာတယ်``

အငယ်မလေးက စိုးရိမ်ပူပန်စွာခံစားရပီးတော့ ပြောလိုက်ပါတယ်။

``ဒီလူရဲ့ မျက်လုံးအကြည့်တွေက အရမ်းကို ကြည်လင်တယ်။ ဒါကြောင့် သူက ငါတို့ ထင်ထားသလို လူမျိုးမဟုတ်ဘူး``

အကြီးမက သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

``အစ်မ...သူက နင့်ရဲ့ ရင်သားကို မဖွယ်မရာ လုပ်သွားတာကို မမေ့နဲ့ဦး``

အငယ်မလေးက ထောက်ပြလိုက်ပါတယ်။

``ငတုံးမလေး အဓိပ္ပါယ်မရှိတာ မပြောနဲ့.. ငါက သူ့ရဲ့ လက်သီးနဲ့ အထိုးခံလိုက်ရတာ``

အကြီးမလေးက လျှင်မြန်စွာနဲ့ ငြင်းခုံလိုက်ပါတယ်။

``အဲဒါက ဘာကွာလို့လဲဟွန့်``

အငယ်မလေးက တီးတိုးပြောလိုက်ပါတယ်။

လင်းဟန်က အခန်းတံခါးကို တွန်းဖွင့်ပြီး အထဲကို ဂင်လာခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာက တွန့်လိမ်သွားခဲ့ပါတယ်။ ဒီ ညီမနှစ်ယောက်က သူထင်ထားတာထက်တောင်မှ ကျွမ်းကျင်မှု မရှိကြပါဘူး။

အပိုင်း (၁၄၈) ပုံပြင်တစ်ခုလုံး

သူမတို့က လင်းဟန် အခန်းထဲကို ဂင်လာတာကိုမြင်တာနဲ့

သတိအနေအထားနဲ့ ဖြစ်သွားပါတယ်။ အစောတုန်းက သူမတို့က ပြန်လည်တိုက်ခိုက်ဖို့အတွက် စွမ်းရည် ရှိနေသေးပေမဲ့ အခုတော့ သူမတို့က ပိုက်ကွန်ထဲမှာ မိနေတဲ့ ငါးလေးတွေ လိုမျိုး တစ်ဖက်လူရဲ့ သနားငဲ့ညှာ ကြင်နာမှုရှိမရှိ အပေါ်မှာပဲ မူတည်ပါတယ်။

လင်းဟန်က သူမတို့ အနားကို တိုးသွားပြီးတော့ ထိုင်ချလိုက်ပီးတော့ ပြောပါတယ်။

``ဘာလို့ ငါ့ကို မင်းတို့ရဲ့ အကြောင်းတွေ မပြောပြတာလဲ?``

မိန်းကလေးနှစ်ယောက်စလုံးက သူမတို့ရဲ့ ခေါင်းတွေကို တစ်ချိန်တည်းခါလိုက်ပါတယ်။ အငယ်မလေးက ပြောလိုက်တယ်။

``သေတာက အနိုင်ကျင့်ခံရတာထက် ပိုကောင်းတယ်... နင်ငါတို့ကို သတ်ပစ်လိုက်ပါ``

``ကောင်းပြီလေ မင်းတို့က သေဖို့ ဆုံးဖြတ်ထားမှတော့ မင်းတို့ကို ကူညီပေးရမှာပေါ့``

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ထရပ်လိုက်ပါတယ်။

မိန်းကလေးနှစ်ယောက်ကြည့်ရတာ သေရမှာကို မကြောက်တဲ့ပုံစံနဲ့ သူတို့ရဲ့ လည်ပင်းတွေ ကို မော့ထားပြီးတော့ တိုက်ခိုက်လာမှာကို စောင့်မျှော်နေပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ တင်းကျပ်စွာ ဆုပ်ထားတဲ့ လက်တွေ ကသူတို့ကို သစ္စာဖောက် ခဲ့ပါတယ်။ သူမတို့ရဲ့ လည်ပင်းကို လက်နဲ့ ပြန်ကာလိုက်ပါတယ်။ ဘယ်သူက သေခြင်းတရားနဲ့ မျက်နှာခြင်းဆိုင်လာတဲ့ အခါကျယင် မကြောက်ပဲ နေနိုင်မှာလဲ?

လင်းဟန်က သူရဲ့ မေးစေ့ကို လက်နဲ့ ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတို့နှစ်ယောက်စလုံးက အရမ်းကို လှပချောမောပြီး ကြည့်ကောင်းတယ်.. အခုလို လွှယ်လွှယ်ကူကူနဲ့ သတ်လိုက်ရမယ်ဆိုယင် အလကား ဖြုန်းတီးတာနဲ့ တူတာပဲ``

``နင် .. နင်က မယုံကြည်ရတဲ့ လူတစ်ယောက်ပဲ``

မိန်းကလေးနှစ်ယောက်က ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

``ငါတို့ကို မြန်မြန်ပဲ သတ်လိုက်စမ်းပါ``

လင်းဟန်က ရီချင်တဲ့စိတ်ကို ထိန်းပြီးတော့ မေးလိုက်ပါတယ်။

``ဒါဆို တကယ်လို့ ငါက ယုံကြည်စရာမကောင်းတဲ့ လူဆိုယင်ရော ဘာဖြစ်လဲ?``

``နင်... နင်ရဲ့ အဆုံးသတ် ဇာတ်သိမ်းက လှမှာမဟုတ်ဘူး``

အငယ်မလေးက မျက်နှာဖြူဖတ်ဖြူလျော်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ အော်ရီပြီးတော့ အကြီးမကို မေးလိုက်ပါတယ်။

``ဒီလိုမျိုး ကလေးစိတ်မကုန်တဲ့ ညီမတစ်ယောက်ကို ခေါ်လာရတာ တော်တော် လေး ဖိအားရှိနေမှာပဲ ဟုတ်တယ်မလား?``

``နင် ... နင် ငါ့ကို စော်ကားတယ်?``

အငယ်မလေးက အရမ်းကို ဒေါသထွက်နေပါတယ်။ ဒီ လူငယ်လေးက သူမကို ကြောက်လန့်စေယုံသာမက အနိုင်ကျင့်စော်ကား တဲ့စကားတွေနဲ့လဲ ပြောပါတယ်။ သူက တကယ့်ကို စက်ဆုပ်ရွံရှာ ဖွယ်ရာကောင်းပါတယ်။ ဒ့ါပြင် သူ့ကို ကြည့်ရတာ သူမထက် ဘယ်လောက်မှ အသက်ကြီးတဲ့ ပုံမပေါ်ပဲနဲ့ သူမကို ကလေးမလေး တစ်ယောက်လိုမျိုး ပြောဆိုပြီးတော့ သူ့ကိုယ်သူတော့ အရွယ်ရောက် ရင့်ကျက်နေတဲ့ လူတစ်ယောက်လိုမျိုး ဟန်ဆောင်နေပါတယ်။

``မင်းတို့ရဲ့ နာမည်တွေ ငါ့ကိုပြောစမ်း.. ဒါမှမဟုတ် မင်းတို့ရဲ့ အောက်ပိုင်းကို ငါကန်ပစ် ရလိမ့်မယ်``

လင်းဟန်က ခြိမ်းခြောက်လိုက်ပါတယ်။

``ဟွန့် ငါ နင့်ကို မပြောနိုင်ဘူး``

အငယ်မလေးက ချက်ခြင်းပဲ ပြန်ခံပြောလိုက်ပါတယ်။

``ငါ့နာမည်က လွီဖန်းအာ... သူက ငါ့ရဲ့ ညီမငယ် လွီရှုအာ ``

အကြီးမက ပြောလိုက်ပါတယ်။

``အစ်မ.. နင်ဘာလို့ သူ့ကိုပြောပြလိုက်တာလဲ? ငါတို့ သူမေးတာကို ဖြေတာထက် သေတာပဲ ကောင်းတယ်``

အငယ်မလေး လို့ရှုအာ က သူမရဲ့ အစ်မဖြစ်သူကို ပြောလိုက်ပါတယ်။

``မင်းတို့ သတ်ချင်တဲ့ လူ့ရဲ့ အကြောင်းကရော ဘယ်လိုလဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

``သူမရဲ့ နာမည်က ရှုခဲ့ရှင်း... သူမက ငါတို့ ပန်းကြွေအဖွဲ့ပအစည်းရဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်ခဲ့တယ် ဒါပေမဲ့ အခုတော့ ငါတို့ရဲ့ ရန်သူပဲ``

ဒီတစ်ကြိမ်မှာတော့ လို့ရှုအာ က လုပြီးတော့ အယင်ဦးဆုံး ဖြေလိုက်ပါတယ်။ စောစောတုန်းက သေတာက ပိုကောင်းတယ်ဆိုတဲ့ စကားကတော့ ပျောက်ကွယ် သွားခဲ့ပါတယ်။ မသိလို့ရှိယင် သူမပုံစံ့ လျှို့ဝှက်ချက်တွေကို

ဖုံးကွယ်ပြီးတော့ ဘယ်လို နည်းနဲ့မှ မပြောဖူးဆိုတဲ့ လူတစ်ယောက်လိုပုံစံမျိုး ရှိခဲ့တာပါ။

``ဘာဖြစ်လို့လဲ?``

လင်းဟန်က မေးလိုက်ပါတယ်.ယယ သူ့ရဲ့ သိချင်စိတ်တွေက အရမ်းကို ပြင်းထန် လာပါတယ်။

``ရှုခဲ့ရှင်းက ငါတို့ ပန်းကြွေ အဖွဲ့အစည်းရဲ့ ထိပ်တန်း လုပ်ကြံသတ်ဖြတ်သူပဲ ဒါပေမဲ့ သူမက အပြင်လူနဲ့ တကယ့်ကို မဟာမိတ်ဖွဲ့ပြီးတော့ ငါတို့ ပန်းကြွေအဖွဲ့ကို ပြန်တိုက် ခိုက်ပီးတော့ ပန်းကြွေ အဖွဲ့သား အကုန်လုံးနီးပါးကို သတ်ပစ်ခဲ့တယ်.. ငါတို့ ညီအမနှစ်ယောက်က ပန်းကြွေအဖွဲ့အစည်းကနေ ထွက်လာခဲ့ပေမဲ့လည်း ဒီ သစ္စာဖောက်ကိုတော့ သူမရဲ့ အသက်ကို ပြန်ပီးပေးဆပ်စေရလိမ့်မယ်``

လို့ရှုအာ က လိုက်လိုက်လှဲလှဲနဲ့ သူမရဲ့ ခေါင်းကို မော့ပြီးတော့ ပြောလိုက်ပါတယ်။

``ဖြန်း``

လင်းဟာန်က သူမရဲ့ နဖူးကို ရိုက်လိုက်ပါတယ်။ အဲဒါက ဒီမိန်းကလေးကို နာကျင်သွားစေပြီးတော့ သူမရဲ့ နဖူးကို ကိုင်ပြီးတော့ လင်းဟာန်ကို လူသတ်ချင်တဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်ပါတယ်။

`` မင် ငါ့ကိုပြော``

လင်းဟာန်က အကြီးမဘက်ကိုလှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့က မီးနိုင်ငံကနေလာခဲ့တာ..ပြီးတော့ ပန်းကြွေအဖွဲ့ဆိုတာက လုပ်ကြံသတ်ဖြတ်သူအဖွဲ့အစည်းတစ်ခုပဲဖြစ်တယ်... ငါတို့ငယ်ငယ်လေးကတည်းက ငါတို့ရဲ့ အကြီးအကဲကြီး က တပည့်အဖြစ် ရွေးခဲ့တယ်။ ရှုခဲ့ရှင်း ကမီးနိုင်ငံရဲ့ အင်ပါယာမိသား စုနဲ့ ပူးပေါင်းပြီးတော့ ပန်းကြွေအဖွဲ့တစ်ခုလုံးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပစ်ခဲ့တယ်.. အကြီးအကဲ ဟွာ က ငါတို့နှစ်ယောက်ကို ကယ်ပြီးတော့ ထွက်ပြေးခဲ့တယ် ဒါပေမဲ့ သူမက ဒဏ်ရာတွေအများကြီးရခဲ့ပြီးတော့ နှစ်ပေါင်းအနည်းငယ်အကြာ ပြီးခဲ့တဲ့ နှစ်တုန်းက သေသွားခဲ့တယ်``

လှီဖန်းအာ က ပြောလိုက်ပါတယ်။ သူမရဲ့ ဖြေရှင်းချက်က ရှင်းရှင်းလင်းလင်းနဲ့ နည်းလမ်း တကျ ရှိပြီးတော့ သူညီမငယ် ရှင်းပြတာနဲ့ တစ်ခြားစီပါပဲ။

``ရှုခဲ့ရှင်းက ဘာကြောင့် ဒီလိုမျိုးပြစ်မှုကြီးကို ကျူးလွန်ရသလဲဆိုယင် သူမက ပန်းကြွေအဖွဲ့အစည်းရဲ့ ရတနာတစ်ခုဖြစ်တဲ့ နပိုုခြင်းဆေးလုံးကို ခိုးယူချင်လို့ပဲ... သူမက အဲဒါကို ရသွားတဲ့အခါမှာ မိုးရေနိုင်ငံကို ရောက်လာပြီးတော့ ဘယ်လို နည်းလမ်းတွေကို သုံးလိုက်သလဲမသိဘူး.. မိုးရေနိုင်ငံဧကရာဇ်ရဲ့ အင်ပါယာကြင်ယာတော် တစ်ယောက်ဖြစ်လာခဲ့ပြီးတော့ ဂုဏ်သရေရှိတဲ့ ကြင်ယာတော် ယွမ်ဆိုတဲ့ ဘွဲ့ကိုတောင် ရရှိခဲ့တယ်``

``ငါတို့က တံဆိပ်ပြားကို အသုံးပြုပြီးတော့ သူမအပြင်ကို ထွက်လာအောင်လို့ မျှားခေါ် ခဲ့တယ်... ဒါပေမဲ့ ဘယ်လိုလုပ်ထင်မိမှာလဲ ငါးနှစ်အတွင်းမှာပဲ ဒီမိန်းမက စိတ်ဂိဉာဉ် ပင်လ်အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီးတော့ ငါတို့ အစီအစဉ်ရဲ့ နောက်ဆုံး ခြေလှမ်း ကလဲ ကျရှုံးသွားခဲ့ရတယ်``

လင်းဟန် အံ့သြသွားပါတယ်။ ဒီ နပိုျခြင်း ဆေးလုံး တစ်ခု အတွက်နဲ့ သူမကို နှစ်ပေါင်း များစွာ ပြုစုပျိုးထောင်ပေးတဲ့ ဂိုဏ်းတစ်ခုလုံးကို ဖျက်စီးဖြစ်စေဖို့ အတွက် လုံလောက်တယ်ပေါ့လေ? ဒါပေမဲ့ သူက တချို့သော အမျိုးသမီးတွေက သူမတို့ရဲ့ ဘဝမှာ အသက်ရှင်သန်နေထိုင်ချိန်အတွင်းမှာ သူမတို့ရဲ့ အလှအပသာ အရမ်းကို အရေးကြီးဆုံး ဖြစ်တယ်ဆိုတာကိုစဉ်းစားမိလိုက်တဲ့အခါမှာတော့ မထူးဆန်းတော့ပါဘူး။ အဲဒီလို အမျိုးသမီးတွေက သူတို့ရဲ့ အလှအပတွေ ပျက်စီး ယိုယွင်း လာမှာကို အရမ်းပဲ ကြောက်ရွံ့တတ်ကြပါတယ်။

ဒါပေမဲ့ ဒီ ရှုခဲ့ရှင်းက တကယ်ပဲ သူမရဲ့ ရက်ရက်စက်စက် လူသတ်ပြီး သွေးစွန်းခဲ့တဲ့ နောက်ခံ အကြောင်းကို ဖုံးကွယ်ထားပြီးတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာ ကြင်ယာတော် တစ်ယောက်တောင်မှ ဖြစ်လာခဲ့တယ်။

``မင်းတို့ ဒီနေရာမှာ အနားယူပြီးတော့ ဒဏ်ရာတွေ သက်သာပျောက်ကင်းလာအောင် စောင့်ကြဦး... မင်းတို့ သက်သာလာတဲ့အခါကျယင် ချက်ချင်းပဲ ထွက်သွားရမယ်.. ငါ့ကို ဒီပြဿနာ ထဲကို ဆွဲမထည့်နဲ့``

လင်းဟန် ကပြောလိုက်ပါတယ်။

လွီရှုအာ ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံရပြီး သူမက မေးလိုက်ပါတယ်။

`` နင် ဘာကြောင့် ငါတို့ကို ကူညီတာလဲ?``

လင်းဟန်က ရီမောပြီးတော့ နောက်ပြောင်ပြောလိုက်ပါတယ်။

``ဒါပေါ့ အဲဒါက မင်းတို့ နှစ်ယောက်စလုံးက အရမ်းကို လှပချောမောတယ်လေ.. ဒါကြောင့် အနာဂါတ်မှာ ငါမင်းတို့ကို ကူညီထားတာကိုပြန်ပြီး ပေးဆပ်တဲ့ အနေနဲ့ ငါ့ကို လက်ထပ်ကြပေါ့``

``ဟွန့် ငါနင့်ကို လက်ခံမှာမဟုတ်ဘူး``

လွီရှုအာ က ချက်ချင်းပဲ ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

``ဦးနှောက်မရှိတဲ့ မိန်းကလေးပဲ``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

အခြေအနေတစ်ခုလုံးကို နားလည်သွား တဲ့ နောက်မှာ ဆက်ပြီးတော့ စိတ်ဝင်စားမှု မရှိတော့ပါဘူး ဒါကြောင့် သူက နောက်ပြန်လှည့်ပြီး အခန်းထဲက ထွက်လာပါတယ်။ သူက သူမတို့ နှစ်ယောက်ကို ဘာလို့ ကူညီပေးချင်ရသလဲဆိုယင် သူက ရှုခဲ့ရှင်းကို သဘောမကျပါဘူး။ ဒီအမျိုးသမီး က သူကို တကယ်ပဲ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေရှိနေမှတော့ သူက သေချာပေါက် သူမကို ဆန့်ကျင်ရမှာပေါ့။

နောက်ထပ် အစာစားမဲ့ ပါးစပ်ပေါက် နှစ်ခု ထပ်တိုးလာတယ်ဆိုပေမဲ့လည်း ဟူးညို ရဲ့ ဇူစကာပုဏ္ဏား လို အစားကြီးတဲ့ သူနဲ့ နှိုင်းယှဉ်မယ်ဆိုယင် ဒီ မိန်းကလေး နှစ်ယောက် ရှိတာနဲ့ မရှိတာက ဘာမှကြီးမကွာခြားပါဘူး။

မျက်စိတစ်မှိတ် အတွင်းမှာ နှစ်ရက် ကုန်ဆုံးသွားခဲ့ပါပြီ.. လင်းဟန်က နေ့တိုင်းပဲ ဆေးလုံး တွေကို အသုံးပြုခဲ့ပါတယ် ဒါကြောင် ့သူရဲ့ ကျင့်ကြံခြင်းက လျှင်မြန်စွာနဲ့ မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဆေးလုံးတွေ အားလုံးမှာ ဆေးအဆိပ်ဆိုတာ ရှိပါတယ်။ ဒါကြောင့် သူက မှော်ဆေးလုံးတွေ အများကြီး ဖော်စပ်ထားပေမဲ့လည်း တစ်ရက်ကိုမှ တစ်လုံး သို့မဟုတ် နှစ်လုံးပဲ အသုံးပြုနိုင်ခဲ့ပါတယ်။ ဒီဆေးလုံးတွေမှာ ပါဝင်တဲ့ သဘာဝအဆိပ်ဓါတ်တွေက သူရဲ့ ခန္ဓာကိုယ်မှာ

စုဝေးနိုင်ပြီးတော့ ရလဒ်ကို တော့ စဉ်းစားလို့ မရနိုင်ပါဘူး။

လွှီ ညီအစ်မ နှစ်ယောက်က ဖြေဖြေးလေးနဲ့ ပြန်လည်သက်သာလာခဲ့ပါတယ်။ နှလုံးသားနှစ်ခုကို တစ်ခုအဖြစ် ခုန်ခြင်း နည်းစနစ်က သူတို့ရဲ့ အခြေခံကို ထိခိုက်စေခဲ့ပါတယ်။ ပြီးတော့ ဘယ်ဆေးကမှ လူတစ်ယောက်ရဲ့ အခြေခံက ဒဏ်ရာ ကို ကုညီနိုင်မှာ မဟုတ်ပါဘူး။ တကယ်လို့ ဒီနေရာမှာ မြေကျွှာအဆင့်နဲ့ သူ့အထက်က ဆေး တွေ ရှိနေယင်တောင်မှပေါ့။ လင်းဟန်က ဒီညီအစ်မ နှစ်ယောက်အတွက် မြေကျွှာအဆင့်ဆေးတစ်မျိုးကို ယူပေးဖို့တော့ သဘောထားမကြီးပါဘူး။

ဟူးညိုရဲ့ ဥ ကလည်း အနည်းငယ်ပြောင်းလဲ သွားပါတယ်။ မူလ အဖြူရောင် ကနေပြီး အနီရောင် ပြောင်းသွားပြီးတော့ အတွင်းမှာ နီမြန်းတဲ့ အလင်းရောင်တွေ တောက်ပ နေတာကို မှုန်ဝါးဝါး မြင်နိုင်ပါတယ်။ ကြည့်ရတာ ဒီ မိန်းကလေးတော့ မကြာခင် မှာ ဥကနေ ပေါက်လာပါလိမ့်မယ်။

ရှေးဟောင်းတိုက်ပွဲမြေ နေရာဆီကို စွန့်စားသွားရောက်ခဲ့ တဲ့ သူတွေကလဲ တစ်ယောက်ပီးတစ်ယောက် ပြန်လာခဲ့ကြပါပြီ။ နတ်ဘုရားဆေးပင်ကလဲ ထွက်ပြေး လွတ်မြောက်သွားသလို

စိတ်ဂိဉာဉ်ပစ္စည်းတွေကလဲ ပျံသန်းသွားကြတဲ့ အတွက် သူတို့ရသင့်တဲ့ဟာလောက်ပဲ သူတို့ရခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထပ်ပြီးတော့ ရယူဖို့ ပစ္စည်း မရှိမှတော့ သူတို့က ဒီနေရာမှာ ဘာဖြစ်လို့ ဆက်ပြီးတော့ နေရဦးမှာလဲ?

ညဘက်ကျတော့ တတိယ အင်ပါယာ မင်းသားက လင်းဟန်ဆီကို လာလည်ပြီးတော့ သူနဲ့အတူ အချစ်ပန်းစံအိမ်ကို သွားဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

လင်းဟန်က တတိယ အင်ပါယာမင်းသားအပေါ်မှာ ကောင်းမွန်တဲ့ အမြင် ရှိတဲ့ အတွက် သူက မင်းသားကို မျက်နှာသာပေးတဲ့ အနေနဲ့ ဒီဖိတ်ခေါ်မှုကို လက်ခံလိုက်ပါတယ်။

အချစ်ပန်းစံအိမ် ဆိုတာက အင်ပါယာ မြို့ရဲ့ ဂုဏ်ရေတက် ငွေကြေးချမ်းသာ ကြွယ်ဂ သူတွေပဲ လာရောက်ကြတဲ့နေရာဖြစ်ပါတယ်။ ဒီနေရာကို လာတဲ့ သူတွေ က အဆင့်အတန်းမြင့်မားတဲ့ ဧည့်သည်တော်တွေ ပဲ ရွေးပြီးလာကြပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီနေရာကအစားအသောက် တွေက တန်ဖိုးရှိတဲ့ ပါဂင်ပစ္စည်းတွေနဲ့ ပြုလုပ်ထားယုံသာမက အကောင်းစား ပိုင်တွေကိုလဲ ရပြီးတော့ အခြွေအရံ အမျိုးသမီး တွေကိုလဲ

သေချာ ကောင်းမွန်စွာ လေ့ကျင့် ပေးထားပါတယ်။ ဒီအမျိုးသမီးတွေက အရမ်းကို လုပချောမောကြပြီးတော့ နေရာအမျိုးမျိုးက လာကြတဲ့ သူတွေဖြစ်ပါတယ်။

ရုပ်ရည်အလှအပနဲ့ ဟန်အမူရာတွေက သူတို့က အင်အားကြီးကလန် တွေက မင်းသမီး တွေ အဖြစ်တောင်မှ ပိပိရိရိနဲ့ ဟန်ဆောင်လို့ ရနိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီ အချစ်ပန်းစံအိမ်ကို ဂင်ခွင့်အတွက်ကတော့ အရမ်းကို တင်းကြပ်တဲ့ လိုအပ်ချက်တွေရှိပါတယ်။ ကလန်ငယ်လေးတွေက ကလန်သားတွေကတော့ ဂင်လို့မရပါဘူး။ ဒါပေမဲ့ ဒီလိုမျိုး သီးသန့်ဆန်ပြီးတော့ ဈေးကြီးမားလေ အချစ်ပန်း စံအိမ်က ပိုပြီးတော့ နာမည်ကြီးလေပါပဲ။

တတိယ အင်ပါယာ မင်းသားက လင်းဟန် တစ်ယောက်တည်းကို ပဲ ဖိတ်ခေါ်ခဲ့ တာ မဟုတ်ပါဘူး သူက တစ်ခြား လူငယ် လက်ရွေးစင် တော်တော်များများကိုလဲ ဖိတ်ခေါ် ခဲ့ပါတယ်။ သူက အချစ်ပန်းစံအိမ်မှာ သူတို့ရဲ့ စုဂေးခြင်း အတွက် ခြံဂန်းတစ်ခုကို မှာယူထားပြီးတော့ ဒါက သူဘယ်လောက်တောင် ချမ်းသာကြွယ်ဂတယ်ဆိုတာ သက်သေပြနေပါတယ်။ ဒီမှာ တစ်ညတာ သုံးစွဲ တဲ့

ကုန်ကျစားရိတ်က သာမန် မိသားစု တစ်စု တစ်သက်သားလုံး သက်တောင့်သက်သာနဲ့ နေသွားနိုင်ဖို့ လုံလောက်ပါတယ်။

လင်းဟန်က အေးအေးလူလူနဲ့ လမ်းလျှောက်လာပြီးတော့ အချစ်ပန်းစံအိမ်ရဲ့ ဂင်ပေါက်ကို ရောက်လိုလာခဲ့ပါတယ်။အပေါက်ဂမှာ အရမ်းကို လှပချောမောတဲ့ အစေခံ မိန်းကလေးနှစ်ယောက်က ရပ်နေပြီးတော့ ဧည့်သည်တွေကို ဆီးကြို နှုတ်ဆက်နေပါတယ်။ သူတို့က အရမ်းမြင့်ပြီး ကိုယ်ခန္ဓာအချိုးအဆက် လှပပြေပြစ် ပြီးတော့ ရုပ်ရည်သွင်ပြင်ကလဲ အဆင့်အတန်းမြင့်မားတဲ့ ပုံစံမျိုးရှိပါတယ်။

``အိုးး အကိုကြီး လင်း``

သူ့ရဲ့ အနောက်ကနေ ချက်ချင်းဆိုသလို အံ့သြမှုတွေပြည့်နေတဲ့ ခေါ်သံတစ်ခု ထွက်ပေါ်လာပါတယ်။

လင်းဟန် နောက်လှည့်ကြည့်လိုက်တဲ့ အခါမှာတော့ လူငယ်လေးတစ်ယောက်နဲ့ မိန်းမပျိုလေးတစ်ယောက်ကို ဘေးချင်းယှဉ်ရပ်နေတာကို မြင်လိုက်ပါတယ်။ သူက

ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``လီဟောင်.. ရှုရီ``

``တကယ်ပဲ မင်းကိုး``

လီဟောင်နဲ့ ရှုရီ တို့နှစ်ယောက်စလုံး ပြုံးပြီးတော့ သူ့အနားကို လျှင်မြန်စွာနဲ့ ချဉ်းကပ်လာကြပါတယ်။

``ဟားဟား မိန်းကလေးရဲ့ နလုံးသားကို နောက်ဆုံးတော့ မင်း က အရယူနိုင်ခဲ့ တဲ့အတွက် ငါ မင်းကို ဂုဏ်ပြုသင့်တယ်မဟုတ်လား?``

လင်းဟန်က လီဟောင်ဘက်ကို လက်သီးဆုပ်ပြီးပြောလိုက်ပါတယ်။ ချက်ချင်းပဲ လီဟောင်က ရှက်ကိုးရှက်ကန်းဖြစ်သွားပေမဲ့လည်း ကျေနပ်ပျော်ရွှင်နေတဲ့ သူ့ပုံစံက ဖုံးကွယ်ထားလို့ မရပါဘူး။

အပိုင်း (၁၄၁) ဒေါသနဲ့ ဆေဘာဝါးကို ဆွဲထုတ်ခြင်း

လင်းဟန်က တစ်ခဏမျှစဉ်းစားလိုက်ပီးတော့ ဒီဖြစ်ရပ်ရဲ့ အဓိက သော့ချက်ကို သဘောပေါက်သွားပါတယ်။

လီဟောင်က ဟွာယန်အကယ်ဒမီကို ဝင်ရောက်နိုင်ခဲ့တဲ့အတွက် သူရဲ့ အနာဂါတ် က တောက်ပမယ်ဆိုတာ အာမခံချက်ရှိပါတယ်။ အင်ပါယာမြို့ရဲ့ လူမှုနေထိုင်မှု ပါတ်ဝန်းကျင် အခြေအနေတွေကြောင့် လီဟောင် ရဲ့ နှလုံးသားက ပြောင်းလဲသွားမှာကို ဖူ ကလန်ဘက်က စိုးရိမ်နေကြတဲ့ အတွက် ဖူရှုရီ က လီဟောင်နောက်ကို လိုက်ပါ လာရတာပါ။

ဒါပေမဲ့ လည်း ဒီစုံတွဲရဲ့ အခြေအနေကြည့်ရတာ တကယ့်ကို ကောင်းမွန်တဲ့ ဆက်ဆံရေး ကောင်းတွေပိုင်ဆိုင်ထားပြီး ချောမွေ့နေကြတဲ့ပုံပါပဲ။ လင်းဟန်က ဒါကို မြင်လိုက်တော့ သူ့ရဲ့ ခေါင်းကိုငြိမ့်ပြီး သူတို့အတွက် ပျော်ရွှင်သွားပါတယ်။

``အကိုကြီးလင်း ကျနော် ဟွာယန်အကယ်ဒမီ ကိုရောက်တော့ အကိုကို နေရာအနှံ့ လိုက်ရှာတယ်.. ဒါပေမဲ့ ဘယ်မှာမှ ရှာလို့ မတွေ့ခဲ့ဖူး``

လီဟောင်က အနည်းငယ် စိတ်ပျက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီလိုက်ပြီးတော့ နောက်ပြောင်လိုက်ပါတယ်။

``မင်းက ငါ့ကို အချိန်အကြာကြီး လိုက်မရှာဘူးမဟုတ်လား? ရှုရီ နဲ့ပဲ အချစ်ဇာတ်လမ်း ဖန်တီးနေမှတော့ ငါ့ကို မင်း ဘယ်လိုလုပ်ပြီးတော့ ရှာတွေ့မှာလဲ မဟုတ်ဘူးလား?``

လီဟောင်ရဲ့ မျက်နှာ နီမြန်းသွားပါတယ်။ သူနဲ့ ဇူရှုရီ ရဲ့ ကြားက ခံစားချက်က မှုန်မှုန် ဝါးဝါးလေးတစ်ခုပဲဖြစ်ပြီးတော့ သူတို့ရဲ့ ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ ဖွင့်ပြောဖို့ သူ မပံ့ပါဘူး။ အင်ပါယာမြို့ကို ရောက်တဲ့အခါမှာ သူတို့နှစ်ယောက်က အိမ်နဲ့လည်း ဝေး ကြတဲ့အတွက် သူတို့ရဲ့ ခံစားချက်တွေက စည်းချက်ကျကျ တိုးတက်လာပြီးတော့ အယင် အချိန်တွေကထက်စာရင် တစ်ယောက်နဲ့ တစ်ယောက် ပိုပြီးတော့ နီးကပ်လာခဲ့ ပါတယ်။

``လင်းအကို နင်က အမြဲတမ်း ဒီလိုမျိုး နောက်ပြောင် ကျီစယ်နေတော့တာပဲ``

ဇူရှုရီရဲ့ အမူအရာက ချွဲတဲ့ အမူအရာ လေးနဲ့ ပြောတာကို မြင်လိုက်တော့ လီဟောင်ရဲ့ ခံစားချက်တွေက နိုးထလာခဲ့ပါတယ်။

လီဟောင်က ထူးဆန်းစွာပြုံးလိုက်ပါတယ်။ လီဟောင်က

သစ်သားရုပ်လိုမျိုး စကားနည်း ပြီးတော့ ဇူရှုရီကတော့ သွက်လတ်ဖျတ်လတ်တဲ့ အမူအရာ ရှိပါတယ်။

``ချီး... ငတုံး အရူးကောင်လား?``

အဲဒီအချိန်မှာပဲ သူတို့ရဲ့ အနောက်ကနေ စကားပြောသံ တစ်ခု ကြားလိုက်ရပြီးတော့ လူငယ်တစ်ယောက်က လျှင်မြန်စွာနဲ့ သူတို့ဆီကို ချဉ်းကပ်လာခဲ့ပါတယ်။ သူကတော့ ခုန် ကလန်ရဲ့ သခင်လေး ခုန် ပဲ ဖြစ်ပါတယ်။ သူက လင်းဟန်ကို မြင်လိုက်တဲ့ အခါမှာ သူ့ရဲ့ မျက်နှာပေါ်မှာအထင်အမြင်သေးတဲ့ အပြုံးတစ်ခုပြုံးလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဟင့် ဘယ်လောက်တောင်တိုက်ဆိုင်လိုက်သလဲ ဒီနေရာမှာ မင်းနဲ့ ပြန်ပြီး ဆုံရတယ်``

သူက လင်းဟန်ကြောင့် ငွေပြား တစ်ရာကို လုညှဖျားခံလိုက်ရပြီး ဆုံးရှုံးသွားခဲ့ရပါတယ်။ ဒီငွေကြေးပမာဏက သူ့အတွက်တော့ ဘာမှမဟုတ်ပေမဲ့ ဒီဖြစ်ရပ် က သူ့ကို မကျေနပ်မှုကို ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း ရှုခဲ့ရှင်းရဲ့ ဂင်ရောက် စွက်ဖက်လာမှုကြောင့် သူက လင်းဟန်ကို ပြဿနာ ထပ်ပြီးမရှာနိုင်ပဲ ပြန်လာခဲ့

ရပါတယ်။

``သခင်လေး ခုန် သူက ဘယ်သူလဲ?``

တန်ဖိုးကြီးမားတဲ့ အဂတ်အစားကို ဆင်မြန်းထားတဲ့ အမျိုးသမီးက သခင်လေး ခုန်ရဲ့ လက်မောင်းကို ဆုပ်ကိုင်ပြီးတော့ လင်းဟာန်ကို တစ်ချက် ပျော့ကြည့်လိုက်ပါတယ်။

``အာ ဘာမှမဟုတ်ပါဘူး... ငတုံး အရူး တစ်ယောက်လေးပါ``

သခင်လေး ခုန်က အရမ်းကို အထင်အမြင်သေးတဲ့ ပုံစံနဲ့ ကြည့်ပြီး သူ့ရဲ့ လက်ကို ပွေ့ယမ်း လိုက်ပါတယ်။

``မင်းက ဘယ်သူ့ကို ငတုံး အရူးကောင်လို့ ခေါ်တာလဲ?``

လီဟောင် က စိတ်တိုဒေါသလွယ်တဲ့ လူငယ်တစ်ယောက်ဖြစ်တဲ့ အတွက် သူ့ကိုယ်သူ မထိန်းနိုင်ပဲ ချက်ချင်းပဲ ရင်ဆိုင်လိုက်ပါတယ်။

သခင်လေးခုန် က လီဟောင်နဲ့ ဖူရှုရီ ဘက်ကို

ငေ့ကြည့်လိုက်ပီးတော့ သူ့ရဲ့မျက်နှာမှာ အထင်သေးတဲ့ အမူအရာတွေနဲ့ ပြောလိုက်ပါတယ်။

``မင်းက အင်ပါယာမြို့ ကို ရောက်လာတာ မကြာသေးဘူးမဟုတ်လား?``

``မင်းဘယ်လိုလုပ်သိလဲ?``

လီဟောင်က ရှေ့နောက် မစဉ်းစားပဲပြောလိုက်ပါတယ်။

``ဟားဟား မင်းဘေးနားမှာ တောသားတွေ ပိုင်းနေတဲ့ ပုံစံကို ကြည့်လိုက်တာနဲ့ မင်းက တောကြို အုံကြား တစ်နေရာရာ ကနေ ထွက်လာတယ်ဆိုတာ သေချာတာပေါ့``

သခင်လေးခုန်ရဲ့ မျက်နှာက လေးနက်သွားပြီးတော့ ဖူရှူရီကို စိုက်ကြည့်ပီးပြောလိုက် ပါတယ်။

``ဒါပေမဲ့ ဒီ တောသူမိန်းကလေးကတော့ ကြည့်ရတာ သိပ်ပြီးမဆိုးဘူး.. တကယ်လို့ ကောင်းကောင်းမွန်မွန် ပေးဂတ်လိုက်မယ်ဆိုယင် သူမနဲ့ ကစားဖို့အတွက် စွမ်းအားတွေ ဖြစ်ပေါ်လာနိုင်တာပဲ``

``အတင့်ရဲလိုက်တာ``

ဒီလိုမျိုး သူ ချစ်ခင် မြတ်နိုးရတဲ့ သူကို စော်ကားပုတ်ခတ်ပြီး ပြောဆိုတာကို သူ့အနေနဲ့ ဘယ်လိုမှ သည်းခံဖို့ မဖြစ်နိုင်ပဲ ချက်ချင်းပဲ သခင်လေး ခုန်ကို လက်သီးနဲ့ ထိုးလိုက်ပါတယ်။

``အား‌း‌း``

မိန်းမလှလေးက ကြောက်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။

``ဘေးမှာနေ``

သခင်လေးခုန်က မိန်းမလှလေးကို တစ်ခြားတစ်ဖက်ကို တွန်းထုတ်လိုက်ပီးတော့ သူ့ရဲ့ လက်ကို မြောက်ကာ လီပောင်ရဲ့တိုက်ခိုက်မှုကို တားဆီးလိုက်ပါတယ်။

လီပောင်က ဒြပ်စင်စုစည်းခြင်း အလွှာ ၄ အဆင့်ဖြစ်ပြီးတော့ သခင်လေး ခုန်က အဆင့် ငါးမှာပါ.. ဒါကြောင့် သခင်လေးခုန်က ပိုပြီးတော့ သန်မာသင့်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အရင်းအမြစ် အမျိုးမျိုးကို

အသုံးပြုပြီးတော့ တည်ဆောက် ထားတဲ့အတွက် သူ့ရဲ့ သိုင်းပညာ အခြေခံက တည်ငြိမ်မှု မရှိတာဘူးဆိုတာ သိသာထင်ရှား ပါတယ်။ ဒါကိုကြည့်ခြင်း အားဖြင့် သခင်လေးခုန်ရဲ့ တိုက်ပွဲအစွမ်းက ကြယ်လေးလုံး မျှသာ ရှိပါတယ်။

ဒါကြောင့် ့သူတို့ နှစ်ယောက်က လက်ရည်တူနေပါတယ်။သူတို့ရဲ့ တိုက်ခိုက်မှု မှာ ဘယ်သူ ဘယ်သူက မှ အသာစီးရယူထားနိုင်ခြင်း မရှိပါဘူး။

``ဟားဟားဟား တောသားတစ်ယောက် မှာ ဒီလိုမျိုး အစွမ်းလေး နည်းနည်း ရှိလိမ့်မယ်လို့ လုံးဝမထင်ထားဘူး``

သခင်လေးခုန်က ကျယ်လောင်စွာရီပြီးတော့ပြောလိုက်ပါတယ်။

``တောသားလေး မင်းရဲ့ အမျိုးသမီးကို ရက်အနည်းငယ်လောက် ငါနဲ့ ပျော်ပါး ဖို့ ငှားမယ် ဆိုယင် ဘယ်လိုလဲ?မင်းအတွက် ဆုံးရှုံးတယ်လို့ မတွေးပါနဲ့.. ငါရဲ့ ဂရုတစိုက် နဲ့သေချာ သင်ပေးမှုကြောင့် မင်းရဲ့ အမျိုးသမီးက ပိုမိုထူးခြားပြီး မတူညီတဲ့ လှုပ်ရှားမှု အသစ်တွေကို သင်ယူနိုင်ပြီးတော့ မင်းလို တောသားကိုလဲ

အသစ်အသစ်တွေ နဲ့ ပြုစုပေးနိုင်တာပေါ့``

ဒီလိုမျိုး သူနစ်သက်ချစ်မြတ်နိုးရတဲ့ အမျိုးသမီးကို ထပ်ပြီး စော်ကားတဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာတော့ လီပေါင်ရဲ့ မျက်လုံးတွေက နီရဲသွားပါတယ်။ သူ့ရဲ့ ဆေဘာဓါးကို ဒေါသတကြီး ထုတ်ပြီးတော့ သခင်လေးခုန် ကို တစ်ချက်ခုတ် လိုက်ပါတယ်။

``ဘယ်လို ကောင်လဲဟ.. မင်းက ငါ့ကို လက်နက်သုံးပြီးတော့ ရင်ဆိုင်ပွဲတယ်ပေါ့``

သခင်လေးခုန်က မျက်မှောင်ကြုံ့ပြီးတော့ သူ့ရဲ့ ဓါးကို ဆွဲထုတ်ပြီးတော့ လီပေါင် ဆေဘာဓါးကို ပင့်ထုတ်လိုက်ပါတယ်။

လီပေါင်က ဒေါသတကြီး ဟိန်းဟောက်လိုက်ပီးတော့ ဆေဘာဓါးချီက ဒေါသကြီးတဲ့ နဂါးတစ်ကောင်လိုမျိုး ကခုန်ပြီးတော့ သခင်လေးခုန်ဆီကို ဦးတည် ထွက်သွားပါတယ်။

သခင်လေးခုန်ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ဆိုတာက အတင်းအကြပ် ဖိအားပေး

တည်ဆောက်ထားတာဖြစ်ပြီး စွမ်းအင်က တည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဆေဘာချီကို သူက ကာကွယ်နိုင်မှာလဲ? ချက်ချင်းဆိုသလို သူ့ရဲ့ မျက်နှာက ရှုံ့မဲ့သွားပြီးတော့ လီဟောင်ရဲ့ ဆေဘာချီကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ ရလာပြီးတော့ နာကျင်မှုကြောင့် အော်ငိုပစ်ချင်စိတ်ပေါက်သွားပါတယ်။

``ရပ်တော့ ရပ်တော့``

သူက ကြောက်ရွံ့တုန်လှုပ်စွာနဲ့ လျင်လျင်မြန်မြန်ပဲ တိုက်ပွဲကို ရပ်ဖို့ တားလိုက်ပါတယ်။ သူက စိတ်ဓါတ် ခိုင်မာ တည်ကြည်ရဲရင့် တဲ့လူတစ်ယောက်မဟုတ်ပါဘူး။

``တောင်းပန်``

လီဟောင်က သူ့ရဲ့ ဆေဘာဓါးကို ရုပ်သိမ်းပြီးတော့ သခင်လေးခုန်ကို အော်လိုက်ပါတယ်။

သခင်လေးခုန်ရဲ့ မျက်နှာက ဖြူဖပ် ဖြူရော် ဖြစ်သွားပါတယ်။ သူက တကယ်ပဲ တော သား တစ်ယောက်ကို တောင်းပန်ရမယ်.. တကယ်လို့ တစ်ခြားသူတွေသာ သိသွားမယ်ဆိုယင် သူ့ရဲ့ ဂုဏ်သိက္ခာက ဘယ်လိုဖြစ်သွားမလဲ?

ဒါပေမဲ့ ဒီတောသားက တကယ့်ကို မဆင်မခြင် လုပ်တဲ့ သူမှန်းသိသာတယ်။ တကယ်လို့ သူ့ကို ထိပ်တိုက် ရင်ဆိုင်မယ်ဆိုယင် သူ့အနေနဲ့ တကယ့်ကို ခံစားသွားရနိုင်တယ်။

ဒီအခြေအနေကြောင့် သူ့ရဲ့ တစ်ကိုယ်လုံးက တုန်လှုပ်နေပြီးတော့ သူ့ရဲ့ မျက်လုံးတွေနဲ့ အနီးအနားကို လှမ်းကြည့်လိုက်တဲ့အခါမှာ ချက်ချင်းဆိုသလို သူ့ရဲ့ မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်သွားတဲ့ အမူအရာပေါ်လာခဲ့ပါတယ်။

``ထန် အကို ကျနော့်ကို ကယ်ပါဦး``

အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနဲ့ လူငယ်တစ်ယောက်က သူတို့အနားကို ဖြေးညင်းစွာ နဲ့ ချဉ်းကပ်လာခဲ့ပါတယ်။ အသစ်ရောက်လာတဲ့ လူငယ်က တည်ကြည်ခန့်ငြား ပြီးတော့ ယုံကြည်မှု ရှိတဲ့ အမူအရာတွေနဲ့ ပြည့်နှက်လို့နေပါတယ်။သူ့ရဲ့ နာမည်က ထန်ပေ့ချီ လို့ ခေါ်ပါတယ်။ သူက အင်ပါယာမြို့က အလယ်အလတ်အဆင့်ကလန်တစ်ခုရဲ့ ကလန်အဖွဲ့ လူငယ်တစ်ယောက်ဖြစ်ပါတယ်။

အင်ပါယာမြို့မှာ ကလန်ကြီး ရှစ်ခုကသာ အင်အားကြီးကလန် ဖြစ်ဖို့ အဆင့်မှီပြီးတော့ သူတို့မှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေး စင် စစ်သည်တော် တစ်ယောက်စီ ရှိပါတယ်။ အလယ်အလတ်အဆင့် ကလန်တွေကတော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် စစ်သည်တော် တစ်ယောက် ပိုင်ဆိုင်ဖို့လိုအပ်ပါတယ်။ ပြီးတော့ မရေတွက် နိုင်လောက်တဲ့ သာမန်ကလန်လေးတွေရှိပြီးတော့ သူတို့ကတော့ နွေဦးစမ်းရေအဆင့် စစ်သည်တော် တစ်ယောက်တော့ ပိုင်ဆိုင်ထားမှ သာမာန် ကလန် အဆင့်ကိုမှီတာပါ။

သခင်လေးခုန်က တစ်ခြား တစ်ယောက်ကို ရှုံသေလေးစားမှု အပြည့်နဲ့ ခေါ်ဆိုလိုက်တဲ့ အကြောင်းက သူက သာမာန် ကလန်လေးတစ်ခုကနေ လာခဲ့လို့ပဲဖြစ်ပါတယ်။ ခုန် ကလန်က စီးပွားရေးပိုင်းမှာပဲ ပိုပြီးလေးနက်ထားခဲ့ကြတဲ့အတွက် သူတို့ကလန် က လက်ရွေးစင် သိုင်းသမားတွေ အများကြီး မွေးမထုတ်နိုင်ပါဘူး.သူတို့ရဲ့ ချမ်းသာ ကြွယ်ဂ မှုက တစ်ခြားအလယ်အလတ်အဆင့် ကလန်တစ်ချို့ထက်တောင်မှ ချမ်းသာကြွယ်ဂပါတယ်။

ဒါကြောင့် သခင်လေးခုန်က တစ်ခြား

အလယ်အလတ်အဆင့်က သခင်လေးတွေ တော်တော်များများနဲ့သိကျွမ်းခင်မင်ပါတယ်။ ဒါကသူ့ရဲ့ မြို့တော်လည်း ဖြစ်ပါတယ်။

ပထမတော့ ထန်ဖေ့ချီ က သခင်လေးခုန်ကို သတိမထားမိပါဘူး ။ သူက အနီးကပ် သေချာကြည့်မှပဲ သတိပြုမိသွားပါတယ်။ သူက အံ့အားသင့်သွားပြီးတော့ မေးလိုက်ပါတယ်။

``ခုန်ဂမ်ဟွေ့လား?``

``ထန်အကို ကျနော်ပါ``

ခုန်ဂမ်ဟွေ့က ပြန်ဖြေလိုက်ပါတယ်။

``မင်းက ဘယ်လိုဖြစ်လို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာလဲ?``

ထန်ဟွေ့ချီက ခုန်ဟွမ်ဖေ့ရဲ့ ပြိုင်ဘက်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်မျှသာ ရှိသေးတာကို သိလိုက်ရတဲ့အခါမှာ သူက ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။

ခုန်ဂမ်ဟွေ့က လီဟောင်ကို ပြင်းပြင်းထန်ထန်နဲ့ ကြည့်ပြီးပြောလိုက်ပါတယ်။

``ဒီ တောသား က ဆေးဘာချီအလင်းတစ်ခုကို ထုတ်ဖော်နိုင်တဲ့အတွက်ကြောင့်ပါ.. သူက အင်ပါယာမြို့မှာ လာပြီးတော့ မောက်မာ ရဲနေတယ်``

``အိုးးးး``

ထန်ပေ့ချီက လီဟောင်ကို ပေ့ကြည့်ပြီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ မထီမဲ့မြင်တဲ့ အမူအရာ ပေါ်လွင်သွားပါတယ်။ သူတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ဒီလူက အပြင်လူ ဆိုတာပြောနိုင်ပါတယ်။

အင်ပါယာမြို့ရဲ့ ကလန်တွေထဲက တစ်ခုရဲ့ အဖွဲ့သားတစ်ယောက် အနေနဲ့ ခုန်ဂမ်ဟွေ့ ပဲဖြစ်ဖြစ် ထန်ပေ့ချီပဲဖြစ်ဖြစ် သူတို့နှစ်ယောက်စလုံးက ဂုဏ်သိက္ခာနဲ့ မာနထောင်လွှား မှုတွေရှိကြပြီးတော့ အင်ပါယာမြို့ရဲ့ အပြင်က လာတဲ့သူတွေအပေါ်မှာ အမြဲတမ်းလိုလို နှိမ့်ချတဲ့ ပုံစံနဲ့ အမြဲကြည့်တတ်ကြပါတယ်။

``တောသား .. ဒူးထောက်ပီးတော့ တောင်းပန်စမ်း``

ထန်ပေ့ချီ ကချက်ချင်းပဲ သူတို့နှစ်ယောက်ကြားမှာ ဘာပြဿနာတွေ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာကိုတောင် မမေးပဲနဲ့ ပြောလိုက်ပါတယ်။

သူက တကယ်ပဲ စိတ်စနိုးစနောင့် မဖြစ်ပဲနဲ့ လုပ်လိုက်တာပါ။ တောသား တစ်ယောက် က အင်ပါယာမြို့မှာ ဘယ်လို နောက်ခံအင်အားမျိုး ရှိနေနိုင်မှာလဲ?

လီဟောင်က နည်းနည်းလေးမှ မပေါ့ဆပုံပါဘူး။ အခုမှရောက်လာတဲ့ လူငယ် ဆီက ထွက်ပေါ်လာတဲ့ ဖိအားက ခုန်ဂမ်ဟွေ့ဆီက ထွက်ပေါ်လာတဲ့ ဖိအားထက် အများကြီး သာတယ်ဆိုတာကို သူ ခံစားလိုက်ရပါတယ်။ထိုလူငယ်က အနည်းဆုံး ဒြပ်စင်စုစည်းခြင်း နောက်ပိုင်းအဆင့်မှာ ရှိပါတယ်။ သူ့ရဲ့ဆေဘာချီက တိုက်ပွဲအစွမ်း ကို နောက်ထပ် ကြယ်တစ်လုံး တိုးပေးနိုင်ပေမဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ၇ အဆင့်နဲ့ အထက်ကိုတော့ ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

ထန်ပေ့ချီက ခုန်ဂမ်ဟွေ့ လိုမျိုး ကျင့်ကြံခြင်းအဆင့်က မတည်ငြိမ်ပဲ အခြေခံက မခိုင်မာတဲ့ လူလဲမဟုတ်ပါဘူး။

``ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်လောက်ကိုများ ငါက မင်းကို လက်ချောင်းလေး တစ်ချောင်းနဲ့တောင်မှ မင်းအပေါ်မှာ လွှမ်းမိုးနိုင်တယ်``

ထန်ပေ့ချီ က အေးစက်စက်နဲ့ မာန်တက်နေတဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``ငါက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ပဲ``

လီဟောင်ရဲ့ အမူအရာကပြောင်းသွားပါတယ်။ တကယ်လို့ အခုရောက်လာတဲ့ လူငယ်ရဲ့ ကျင့်စဉ်အဆင့်က အထောက်အပံ့တွေကြောင့် အခြေခံ မခိုင်ပဲနဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ကို ရောက်နေတာဆိုယင်တောင်မှ သူ့ရဲ့ တိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်ခုနစ်လုံးရှိပြီးတော့ အဲဒါက သူ့အပေါ်ကို လုံးဝ လွှမ်းမိုးခြယ်လှယ် နိုင်ပါတယ်။

``ဟောင် အကို... ဒီကိစ္စကိုမေ့လိုက်ပါတော့``

ဇူရှုရီက ပြောလိုက်ပါတယ်။ လင်းဟန်တောင်မှ လက်ရှိသူ့ရဲ့ တိုက်ပွဲအစွမ်း အပေါ်မှာ အခြေခံပြီး ပြောရမယ်ဆိုယင်

မည်သည့် ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် သိုင်းပညာရှင်ကိုမှ ကြောက်နေစရာ မလိုသော်လည်း ဒါက အင်ပါယာ မြို့ မှာရှိနေပါသေးတယ်။ တကယ်တော့ ဒီလူတွေက ဘယ်လို နောက်ခံအင်အားတွေ ရှိတယ်ဆိုတာ ဘယ်သူသိလို့လဲ?

အပိုင်း (၁၄၂) တောသား

``ဟားဟားဟား ဒါဆို မင်းတို့တွေ ဘယ်လို အပြုအမူလုပ်သင့်သလဲဆိုတာ သိထားရမယ်``

ထန်ပေ့ချီက အေးစက်စွာ ရီမောလိုက်ပါတယ်။

``ဒူးထောက်ပီးတော့ တောင်းပန်``

``ငါတို့ တောင်းပန် နိုင်တယ်... ဒါပေမဲ့ ငါတို့ လုံးဝ ဒူးထောက်မှာတော့ မဟုတ်ဘူး``

လီဟောင်က အံကြိတ်ပြီးပြောလိုက်ပါတယ်။ ဒါက သူ့ရဲ့ အကြီးမားဆုံး အလျော့ပေး လိုက်တာပဲ ဖြစ်ပြီးတော့ တကယ်လို့ ဇုရှုရီ ကြောင့်သာမဟုတ်ယင် သူက သေတဲ့ အထိကို တိုက်ခိုက်သွားမှာပါ။

ထန်ပေ့ချီ ရဲ့ မျက်နှာပေါ်မှာ အမည်းရောင် အရိပ်တစ်ခု ဖြတ်သန်းသွားပါတယ်။ သူက စကားအကုန်ပြောပြီးတာတောင်မှ ဒီကောင်က တကယ်ပဲ သူ့ကို ငြင်းဆန်ပုံ့တယ်။

တကယ်တော့ သူလည်း တစ်စုံတစ်ယောက်ကို မသတ်ပုံ့ပါဘူး။ ဘယ်သူကမှ အင်ပါယာ မြို့အတွင်းမှာ လူသတ်တဲ့ အမှုကို မလုပ်ရဲကြပါဘူး။ တကယ်လို့ သူ့ရဲ့ပြိုင်ဘက် ကို သူက ဒဏ်ရာအနာတရ များစွာရအောင် လုပ်ခဲ့မယ်ဆိုယင် သူ့ရဲ့ နောက်မှာရှိတဲ့ ထန်ကလန်ရဲ့ အစွမ်းနဲ့ ဆိုယင် ဒီလိုမျိုး တောသား ကို ရင်ဆိုင်ရတာက အားလုံး အဆင်ပြေချောမွေ့စေပါလိမ့်မယ်။ ပြီးတော့ ကြည့်ရတာ ဒီတောသားရဲ့ အနောက်မှာ ဘယ်လိုမှ နောက်ခံအင်အားကောင်းကောင်းရှိတဲ့ ပုံမပေါ်ဘူး။ ဒါကြောင့် တကယ်လို့ သူက ဒီတောသားကို အနိုင်ကျင့်မယ်ဆိုလဲ ဘာဖြစ်သေးလဲ?

``မင်းက ကိုယ့်ဒုက္ခကိုယ်ရှာတာပဲ``

ထန်ပေ့ချီက သူ့ရဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် အရှိန်အဝါကို ထုတ်ဖော်ပြီးတော့ လီဟောင် အပေါ်ကို

ဖိအားပေးလိုက်ပါတယ်။

လီဟောင်က သူ့ရဲ့ သွားတွေကို ကြိတ်ပြီးတော့ ဒီဖိအားဒဏ်ကို ခံနိုင်ဖို့ ကြိုးစားပါတယ်။ သူ့ရဲ့ ကိုယ်ထဲက သွေးတွေက ပွက်ပွက်ဆူလာပြီးတော့ သူ့ရဲ့ နဖူးကနေ ချွေးတွေကျလာပါတယ်။ ဒီဖိအားက အရမ်းကို ကြီးမားလေးလံပါတယ်။

``ဟားဟား.. ကောင်းပြီလေ တစ်ကယ်လို့ မင်း ဒူးမထောက်ချင်ဘူးဆိုယင်.... မင်းရဲ့ မိန်းကလေးကို အဂတ်အစားတွေအကုန်ချွတ်ပြီးတော့ ငါ့တို့အတွက် ကပြပေးခိုင်း လိုက်လေ.. ဒီနေရာက လူတွေအားလုံးကို ငါတို့ ခွင့်လွှတ်ပေးပြီးတော့ ထွက်သွား ခွင့်ပေးလိုက်မယ်``

ခုန်ဂမ်ဟွေ့ က ကောက်ကျစ်စဉ်းလဲစွာနဲ့ ပြောလိုက်ပါတယ်။

ဇူရှုရီ တုန်လှုပ်သွားပါတယ်။ သူမက လီဟောင်ကို ကူညီပြီးတော့ ဒီပြဿနာကို ဖြေရှင်းပေးချင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူမရဲ့ အဂတ်အစားတွေကို လူပုံအလယ် မှာ ချွတ်ချပစ်ရမယ်ဆိုယင် အနာဂါတ်မှာ သူမ လီဟောင်နဲ့ ဘယ်လိုလုပ်ပြီးတော့ မျက်နှာချင်း ဆိုင်ရဲတော့မှာလဲ?

``ပိုးးး... ဒါဆိုယင် မင်းတို့တွေက တစ်ယောက်ယောက်က မင်းတို့ရဲ့ အရှေ့မှာ ကိုယ်လုံးတီးနဲ့ ကပြတာကိုကြည့်ရတာ နှစ်သက်သဘောကျတယ်ပေါ့?``

လင်းဟန်က သူ့ရဲ့ မျက်နှာပေါ်မှာ အေးစက်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

အခု သူစိတ်ဆိုးဒေါသထွက်နေပါတယ်။

သူက လူတစ်ယောက်နဲ့ သူငယ်ချင်းဖွဲ့တဲ့အခါမှာ အဲဒီလူက သန်မာတာပဲဖြစ်ဖြစ် အားနည်းတာပဲ ဖြစ်ဖြစ် နောက်ခံအင်အား ဘယ်လိုရှိတယ် ဘယ်လိုမိသားစုက နေလာတယ်ဆိုတာကို ဂရုစိုက်မှာမဟုတ်ပါဘူး။ သူတို့က အယင်ဘဂတုန်းက သူ့လောက် ဘယ်သူကမှ အင်အားကြီးမှာမဟုတ်နိုင်ပါဘူး။ လီဟောင်နဲ့ ဇူရှုရီက အကြိမ်တစ်ချို့ သူ့ဘက်ကနေ တိုက်ခိုက်ပေးခဲ့တဲ့အတွက် သူတို့ကို သူငယ်ချင်းဟောင်းတွေလို့ သတ်မှတ်လို့ ရပါတယ်။

အစောပိုင်းတုန်းက သူ ဂင်ပြီးတော့ မစွက်ဖက်တာက ဒီလူနှစ်ယောက်က သူတို့ရဲ့ ကိုယ်တိုင် သူတို့ရဲ့ သေခြင်းတရားကို ဘယ်လိုဆွဲဆန့်ထားမလဲဆိုတာကို မြင်ချင်လို့ပဲ ဖြစ်ပါတယ်။

``ဟားဟား ငါက ကိုယ်လုံးတီး အမျိုးသမီးကပြတာကိုပဲ စိတ်ဝင်စားတာ အမျိုးသားတွေ ကတာကို စိတ်မဝင်စားဘူး.. တကယ်လို့ မင်းက ကိုယ်လုံးတီး နဲ့ ကမယ်ဆိုယင်တောင်မှ ငါက ကြည့်မှာမဟုတ်ဘူး``

ခုန်ဂမ်ပေ့ က ဇူရှုရီကို စိုက်ကြည့်လိုက်ပါတယ်။ ဒီလိုမျိုး လှပချောမောတဲ့ အမျိုးသမီးတွေ အင်ပါယာမြို့မှာ အများကြီးရှိပေမဲ့ အနည်းစုကသာ ဒြပ်စင်စုစည်း ခြင်း အဆင့် ရှိကြတာပါ။ ပြီးတော့ အင်ပါယာမြို့က ဒြပ်စင်စုစည်းခြင်းအဆင့်ရှိတဲ့ အမျိုးသမီး တွေက သူထိပါးလို့ရတဲ့ ပုံစံမျိုးမဟုတ်ပါဘူး။ ဒါကြောင့် သူ့ရဲ့ နှလုံးသားထဲမှာ ဒီလိုမျိုး မိန်းကလေးနဲ့ ပျော်ပါးချင်တဲ့စိတ်ဆန္ဒတွေက မြင့်တက်လာပြီးတော့ ပူလောင်လာခဲ့ပါတယ်။

``လမ်းပေါ်မှာ ဒီလိုမျိုး က လိုက်ယုံပဲ.. ကိုယ်လုံးတီးနဲ့ တစ်နာရီလောက် က လိုက် ဒါဆိုယင် ဒီပြဿနာကို ပြေငြိမ်းပေးလိုက်မယ်``(ရုပ်ရှင်မင်းသား ပြေငြိမ်းကို ပေးမှာမဟုတ်ဘူးနော်)

``ဟားဟား ဟားဟား ဟားဟားဟား``

ထန်ပေ့ချီ နဲ့ ခုန်ဟွမ်ပေ့ တို့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီးတော့ အူလှိုက် သည်းလှိုက် ဟားတိုက်ရီမောလိုက်ကြပါတယ်။ သူတို့က မျက်ရည် ကလုမတတ် အသည်းအသန် ရီနေကြပါတယ်။တကယ့်ကို တောသားပဲ...သူက နေရာငယ်လေး တစ်ခုမှာပဲ မာနထောင်လွှားလို့ရမယ်.. ပြီးတော့ ဒီနေရာက သူ့ရဲ့ ပိုင်နက်လို့ ထင်ထားလားမသိပါဘူး။

ဒါက အင်ပါယာမြို့ပဲ.. တကယ်လို့ နဂါးတစ်ကောင်သာ ဒီနေရာကို လာခဲ့မယ်ဆိုယင် ၎င်းကို ရစ်ပါတ်ခွေပြီး ကျားတစ်ကောင်ကလာခဲ့မယ် ဆိုယင် သူ့ရဲ့ အစာအိမ်ကို ဆွဲထုတ်ပစ်မယ်။

``ကောင်လေး မင်းက တကယ့်တောသားပဲ``

ထန်ပေ့ချီက သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

``သူက ပိုပြီးတော့ တုံးအ တယ်လို့ ငါထင်တယ်``

ခုန်ဟွမ်ပေ့က စော်ကားလိုက်ပါတယ်။

``လင်းအကို ဒီကိစ္စကို မေ့လိုက်တော့.. ကျမတို့ သွားကြရအောင်``

ဇူရှုရီ က အသံတိုးတိုးလေးနဲ့ ပြောလိုက်ပါတယ်။ဒီနေရာမျာ နွေဦးစမ်းရေအဆင့် တင်မကဘူး စိတ်ဂိဉာဉ်ပင်လယ်အဆင့် လူတွေတောင်မှ ရှိပြီးတော့ သူတို့လိုမျိုး နေရာငယ်လေးက လာတဲ့ သူတွေအနေနဲ့ အဲဒီလူတွေနဲ့ ပြဿနာ မဖြစ်သင့်ပါဘူး။

``မင်း ဒီအတိုင်းထွက်သွားလို့ရမယ် ထင်နေတာလား?``

ခုန်ဂမ်ဟွေ့ က သူ့ရဲ့ အယင်တုန်းက စိတ်ထဲရှိတဲ့ အပြုအမူအတိုင်းလုပ်လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ သူ့ဘေးမှာ ထန်ဖေ့ချီ ရှိနေပါတယ်။ သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``မင်းက ကိုယ်လုံးတီးနဲ့ ငါတို့ကို ကပြရမယ်ဆိုတာကို မကြားဘူးလား? ငါ စိတ်ပြောင်းသွားပြီ.. အခု မင်းတို့သုံးယောက်စလုံး ကိုယ်လုံးတီးနဲ့ ကရမယ်``

``သွားစို့.. သူတို့နဲ့ အချိန်ဖြုန်းမနေနဲ့တော့``

ဖူရှုရီနဲ့ လီဟောင်တို့နှစ်ယောက်စလုံးက လင်းဟန်ရဲ့ လက်မောင်းကို ဆွဲလိုက်ကြပါတယ်။ သူတို့က လင်းဟန်ကို ဒေါသထွက်ပြီး ဒီလူနှစ်ယောက်နဲ့ တိုက်ခိုက် ဖို့ တစ်ဖွတ်ထိုးလုပ်မှာကို အရမ်းစိုးရိမ်နေပါတယ်။သူတို့က အင်ပါယာမြို့ရဲ့ ဒေသခံ ပြဿနာ သမား တွေဖြစ်ပြီး ဘယ်လိုကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ခံ အင်အား မိသားစု အဖွဲ့အစည်းကနေ လာတယ်ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ? ဒါပေမဲ့ လည်း ဒီအင်ပါယာမြို့ က ကေရာဇ်ရဲ့ တိုက်ရိုက် အုပ်ချုပ်မှု အောက်မှာ ရှိပြီးတော့ ဘာပဲဖြစ်ဖြစ် သူတို့အနေနဲ့ ဟွာယန်အကယ်ဒမီရဲ့ ကျောင်းသားတွေကို တကယ်တမ်း အနိုင်ကျင့်ရဲမှာ မဟုတ်ပါဘူး။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့ဘယ်ကိုသွားမှာလဲ? ငါက ဒီထဲမှာ တစ်ယောက်ယောက်နဲ့ တွေ့ဖို့ အချိန်းအဆက်လုပ်ပြီး ကတိပေးထားတယ်``

သူက အချစ်ပန်းစံအိမ်ထဲကို ညွှန်ပြလိုက်ပါတယ်။

``ငကြွား ကတော့ ဆက်ပြီးတော့ ကြွားနေတော့တာပဲ``

ထန်ဝေ့ချီ က ဝင်ပြီးတော့ ပြောလိုက်ပါတယ်။

``တောသား ဒီနေရာက ဘယ်လိုနေရာမျိုးလဲ မင်းသိရဲ့လား? ဒီ အချစ်ပန်းစံအိမ်က လုံလောက်တဲ့ မြင့်မားတဲ့အဆင့်အတန်းမရှိဘူးဆိုယင် မင်းမှာ ပိုက်ဆံဘယ်လောက်ပဲ ရှိရှိ ဒီ တံခါးတွေကိုအထဲကို ခြေလှမ်းချလို့ရမှာမဟုတ်ဘူး``

လီဟောင်ရဲ့ ဇူရှူရီတို့ကလဲ ခေါင်းငြိမ့်သဘောတူပါတယ်။ သူတို့နှစ်ယောက်စလုံး အချစ်ပန်းစံအိမ်အကြောင်းကို ကြားဖူးပါတယ်။ ဒါက အင်ပါယာမြို့ရဲ့ အမှတ်အသား တစ်ခုဖြစ်ပြီးတော့ အဆင့်အတန်းမြင့်မားတဲ့ လူအုပ်စုကိုပဲ လက်ခံတဲ့နေရာဖြစ်ပါတယ်။ သာမာန်လူတစ်ယောက်က ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ.. သူတို့က အထဲကို ဝင်လို့ရမှာမဟုတ်ပါဘူး။

ဒါပေမဲ့ သူတို့က လင်းဟန်အနေနဲ့ ဟန်ဆောင်နေတယ်လို့ပဲ ထင်နေကြပါတယ်။

``အဲဒါဟုတ်တယ်.. ငါတောင်မှ ဝင်ဖို့ အထူးအခွင့်အရေးမရှိဘူး``

ခုန်ဂမ်ဟော့ ကအံ့အားသင့်စွာပြောလိုက်ပါတယ်။ ခုန်ကလန်က အရမ်းကို ချမ်းသာ ကြွယ်ဝပေမဲ့လည်း သူတို့ရဲ့ အသန်မာဆုံး ကလန်သားက နွေဦးစမ်းရေ အဆင့်ပဲ ရှိပါတယ်။ တကယ်လို့ သူက အချစ်ပန်းစံအိမ်ထဲကို ဝင်ချင်တယ်ဆိုယင် အနည်းဆုံး စိတ်ဂိဥာဉ်ပင်လယ်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ အထောက်အပံ့ ရှိဖို့ လိုအပ်ပါတယ်။

``တောသားကောင် မင်းဆက်ပြီးတော့ ဟန်ဆောင်မနေနဲ့တော့ မင်းရဲ့ အဝတ်အစားတွေကို မြန်မြန်ချွတ်ပြီးတော့ ကပြစမ်း..ပြီးယင် မင်းရဲ့ ရွာကို ပြန်သွားပြီးတော့ လယ်စိုက်နေလိုက်တော့``

သူက ကျယ်လောင်စွာရီပြီးပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေအေးစက်သွားပါတယ်။ သူက အခု တကယ့်ကို စိတ်ဆိုးနေခဲ့ ပါပြီ။

``ဟင်.. သခင်လေး ဟန် ကဘာလို့ အပြင်မှာရပ်နေတာလဲ?``

အဲဒီအချိန်မှာပဲ ညှို့အားပြင်းထန်တဲ့

အမျိုးသမီးတစ်ယောက်ရဲ့ အသံကို အချစ်ပန်းစံအိမ် အတွင်းထဲကနေ ကြားလိုက်ရပါတယ်။ ဆံပင်အနီရောင်နဲ့ အလှပဂေးလေးတစ်ယောက် အပြင်ဘက်ကို ထွက်လာခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက အရမ်းကို လှပ ဆွဲဆောင်မှုရှိပြီးတော့ ညှို့ယူဖမ်းစားနိုင်ပါတယ်။

သူမရဲ့ နာမည်ကတော့ ဇီယန် ဖြစ်ပြီးတော့ တတိယ အင်ပါယာ မင်းသားရဲ့ ဘေးမှာ အမြဲတမ်းလိုလို ရှိနေသူပဲဖြစ်ပါတယ်။

``အားရှိ``

ခန့်ဂမ်ဟွေ့ က သူမကိုမြင်လိုက်တာနဲ့ သူ့ရဲ့ မျက်လုံးတွေက သူမအပေါ်မှာ ကျရောက်နေပြီး မျက်လုံးတွေပြူးထွက်လို့လာပါတယ်။ သူမက တတိယ အင်ပါယာ မင်းသားရဲ့ ဘေးမှာ ရှိနေတဲ့ လူတစ်ယောက်ဆိုတာကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ? သူထင်တာက သူမက အချစ်ပန်းစံအိမ်က ညှို့ကြို မိန်းကလေးတစ်ယောက် ဖြစ်မယ်လို့ ထင်ပြီးတော့ ရှူးမိုက်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

``အလှလေး.. တစ်ညတာ အတွက် ဘယ်လောက်ပေးရမလဲ? ငါတို့နှစ်ယောက် အတူတူ ရှယ်ယာ ပါမယ်ဆိုယင် အဆင်ပြေတယ်မဟုတ်လား.? ငွေက ပြဿနာ မရှိပါဘူး``

ဆံပင်နီနဲ့ အလှပဂေးရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို ကျဉ်းမြောင်းသွားပြီး တော့ သူမဆီကနေ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လိုလာပါတယ်။

``ဖြန်း``

ထန်ဖေ့ချီက သူ့ရဲ့ လက်ကို မြှောက်လိုက်ပီးတော့ ခုန်ဂမ်ဟွေ့ကို ပြင်းထန်စွာ ရိုက်လိုက်ပါတယ်။

``ခွေးကောင်.. တကယ်လို့ မင်းသေချင်နေတယ်ဆိုယင် ငါ့ကို မင်းနဲ့ အတူ ဆွဲမထည့်နဲ့``

သူက လျှင်မြန်စွာနဲ့ ဆံပင်နီနဲ့ မိန်းမလှလေးဆီကို ဦးညွှန့်ပြီးတော့ ပြောလိုက်ပါတယ်။

``မိန်းကလေး ဇီယန် ကို နှုတ်ဆက်ပါတယ်``

ခုန်ဂမ်ပော့ က သူဘာလို့ အရိုက်ခံရသလဲဆိုတာကို နားမလည်ပါဘူး.. ဒါပေမဲ့ သူက ငတုံးတစ်ယောက်မဟုတ်ပါဘူး။ ထန်ပေ့ချီရဲ့ နဖူးကနေ ချွေးစက်တွေ ကျလာတာ ကို မြင်လိုက်ရတဲ့အခါမှာတော့ ဒီမိန်းကလေး ဇီယန်က ထန်ပေ့ချီရဲ့ နောက်မှာ ရှိတဲ့ ထန်ကလန် ထက်တောင်မှ ပိုမိုကြီးမားတဲ့ အင်အားကြီးတဲ့နောက်ခံ အသိုင်းအဝိုင်းက လာခဲ့တယ်ဆိုတာကို မှန်းဆလို့ရနိုင်ပါတယ်။

ဇီယန်က သူတို့ကို လုံးဝ ဂရုမစိုက်ပဲ လင်းဟန်ဘက်ကို လှည့်ပြီးတော့ ချိုသာတဲ့ အပြုံးလေးနဲ့ မေးလိုက်ပါတယ်။

``သခင်လေးဟန်.. ဒီလူနှစ်ယောက်နဲ့ ဘယ်လိုပြဿနာလေးတွေ ရှိနေလို့လဲ?``

``ချီးးးးး``

ထန်ပေ့ချီ ရဲ့ကိုယ်လုံးက ကြောက်ရွံ့မှုကြောင့် တုန်လှုပ်သွားခဲ့ပြီးတော့ သူ့ရဲ့ နှလုံးသားက လဲ တင်းကြပ်လာသလို ခံစားလာရပါတယ်။ ဇီယန်က သခင်လေး ဟန်လို့ ပထမခေါ်လိုက်တုန်းက သူမက လင်းဟန်ကို ခေါ်တယ်လို့ မထင်ခဲ့ပါဘူး ဘာလို့လဲ ဆိုတော့

သူက လင်းဟာန်ရဲ့နာမည်ကို မသိပါဘူး။ ဒါ့အပြင် ဒီလို တောသားတစ်ယောက်က တတိယ အင်ပါယာ မင်းသားကတောင်မှ သခင်လေးဟာန် လို့ ခေါ်ပေါ်ပြီးတော့ မျက်နှာသာပေးခြင်းကို ခံရလိမ့်မယ်လို့ ဘယ်လိုမှ ထင်မှတ်မထားခဲ့ပါဘူး.။

ဒီတစ်ကြိမ်မှာ မိန်းကလေး ဇီယန် က လင်းဟာန်ကို တိုက်ရိုက်မျက်နှာခြင်းဆိုင်ပြီး တော့ သခင်လေး ဟာန်လို့ ခေါ်ဆိုလိုက်တာပါ။

အားလုံးသွားပြီ..အားလုံးသွားပြီ။

မိန်းကလေး ဇီယန် တောင်မှ အရမ်းကို ရိုသေလေးစားစွာနဲ့ သူ့ကို ဆက်ဆံပုံကိုကြည့် ရင် ဒီကောင်က အရမ်းကို စွမ်းအားကြီးမားတဲ့ နောက်ခံအင်အားရှိတဲ့ နေရာက လာခဲ့တယ် ဆိုတာ သက်သေပြလိုက်တာပါပဲ။

ထန်ဖေ့ချီ ရဲ့ ခြေထောက်တွေက ထိန်းမရ သိမ်းမရ တုန်လှုပ်လို့ လာခဲ့ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်က အလောင်းတစ်လောင်းလို့ ဖြစ်သွားတယ်လို့ ခံစားရပါတယ်ယ။ သူ့အနေနဲ့ ဆက်ပြီးတော့ ရပ်နေဖို့ စွမ်းအင် မကျန်တော့ပါဘူး။ တစ်ဖက်က ခုန်ဂမ်ပေ့ ကတော့

လုံး၊ မကြောက်ပါဘူး ဘာလို့လဲဆိုတော့ သူက ဇီယန်က ဘယ်သူလဲဆိုတာကို မသိပါဘူး။

လီဟောင်နဲ့ ဇုရှုရီ တို့နှစ်ယောက်စလုံးလည်း အံ့အားသင့်သွားခဲ့ပါတယ်။ သူတို့က ဒီအမျိုးသမီး က ဘယ်သူလဲဆိုတာကို မသိပါဘူး။ ဒါပေမဲ့ သူမ ပေါ်လာတဲ့ အချိန်မှာ ထန်ဝေ့ချီ ကသူရဲ့ ခေါင်းကို နှိမ့်ချဖို့တောင် ဖိအားပေးနိုင်ပါတယ်။ ဒါကြောင့် သူမက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ခံအင်အားကြီး တစ်ခု ဆီက လာတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ သူမ လိုလူကတောင်မှ လင်းဟန်ကို သခင်လေးဟန် လို့ ခေါ်ပါတယ်။

လင်းဟန်က အင်ပါယာ မြို့ကို ရောက်တာ ရက်အနည်းငယ်ပဲ ရှိပြီးတော့ ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အတန်း တစ်ခုကို ရောက်ရှိသွားခဲ့ပြီလား?

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒီကောင် နှစ်ယောက်က ငါ့ရဲ့ သူငယ်ချင်းတွေကို အရှက်ခွဲစော်ကားနေတာလေ``

ဇီယန်ရဲ့ လှပတဲ့ မျက်နှာက ချက်ချင်းပဲ အေးစက်သွားပြီးတော့ ထန်ပေ့ချီ နဲ့ ခုန်ဂမ်ဟော့ ဆီကို ပေ့ကြည့်လိုက်ပါတယ်။ နွေဦးစမ်းရေ လက်ရွေးစင်တစ်ယောက်ရဲ့ အရှိန်အဝါက ထွက်ပေါ်လိုလာပြီးတော့ သူတို့နှစ်ယောက်ရဲ့ နှလုံးသားကို အရှူးတစ်ယောက်လိုမျိုး ဖိနှိပ်ထားပြီး သူတို့ရဲ့ လည်ချောင်းထဲကနေ အန်ထွက်လုမတတ် ခံစားလိုက်ရပါတယ်။

``မင်းတို့တွေ သခင်လေးဟန်နဲ့ သူရဲ့ သူငယ်ချင်းတွေကို အခုထိ မတောင်းပန်သေးဘူးလား?``

အပိုင်း (၁၄၃) အမိန့်နာခံပြီးတော့ ကစမ်း

ထန်ပေ့ချီက ချက်ချင်းပဲ သူရဲ့ ခေါင်းကိုနှိမ့်ပြီးတော့ တောင်းပန်လိုက်ပါတယ်။

``သခင်လေးဟန် ကျေးဇူးပြုပြီးတော့ ကျုပ်ရဲ့ အမြင်တွေ ကန်းနေတဲ့အတွက် ခွင့်လွှတ်ပေးပါ``

ခုန်ဂမ်ဟော့ က မကျေနပ်ပေမဲ့လည်း ထန်ပေ့ချီတောင်မှ သူရဲ့ ခေါင်းကိုငုံ့ပြီးတော့ တောင်းပန်နေတာကို

မြင်လိုက်ရတဲ့အခါမှာ သူလဲ အပေါ်စီးကနေ ဆက်ပြီးတော့ ရပ်မနေပံ့တော့ပါဘူး။ သူလည်း ခေါင်းငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော်မှားပါတယ်... ကျေးဇူးပြုပြီးတော့ ကျနော့်ကို ခွင့်လွှတ်ပေးပါ သခင်လေး ဟန်``

``ထွက်သွားစမ်း``

ဇီယန်က ညွှန်ပြပြီးတော့ ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံးက သူတို့ရဲ့ ကောင်းမွန်တဲ့ ကံကြမ္မာတွေအတွက် နတ်ဘုရား တွေကို ကျေးဇူးတင်လိုက်ပီးတော့ ချက်ချင်းပဲ ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

``မင်းတို့ကို ဘယ်သူက ထွက်သွားခွင့်ပြုလို့လဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

ဇီယန် ရဲ့ မျက်နှာပေါ်မှာ အနည်းငယ် မကျေနပ်မှု အစလေး တစ်ခု ဖြစ်ပေါ်သွားခဲ့ ပါတယ်။ သူမက

အင်ပါယာမြို့တစ်ခုလုံးမှာ တတိယ အင်ပါယာမင်းသား ရဲ့ အယုံကြည်ရဆုံး သူ ဖြစ်ပြီးတော့ဘယ်သူမဆို သူမကို ရိုရိုသေသေနဲ့ နှုတ်ဆက်ကြ ရပါတယ်။ အခု သူမက ဖျန်ဖြေသူ တစ်ယောက်အနေနဲ့ကြားဝင် ခဲ့ပြီး လင်းဟန်က တော့ ဒီကိစ္စကို အဆုံးမသတ်သေးပါဘူး။ ဒါက သူမကို လူပုံအလယ်မှာ မျက်နှာသာ မပေးတာ မဟုတ်ဘူးလား?

ထန်ပေ့ချီ နဲ့ ခုန်ဂမ်ပော့ တို့က တစ်ယောက်ရဲ့ မျက်နှာ တစ်ယောက်ကြည့်ပြီး ချက်ချင်းဆိုသလို ကျေနပ်သွားခဲ့ကြပါတယ်။ လင်းဟန်နဲ့ ဇီယန် တို့ပြဿနာ အဖု အထစ် ဖြစ်လေ သူတို့အနေနဲ့ ချက်ချင်းပဲ အပေါ်စီးနေရာကို ပြန်ပြီးတော့ ရနိုင်ပါလိမ့်မယ်။ လီဟောင်နဲ့ ဇူရှုရီ တို့လည်း စိတ်ရှုပ်ထွေးကုန်ပါတယ်။ လင်းဟန်က လုံးဝ မဆင်မခြင်နဲ့ လုပ်ဆောင်လိုက်တာပါပဲ။

``သခင်လေး ဟန် မှာ ဘာအမိန့်ပေးစရာများ ရှိသေးလို့ပါလဲ?``

ထန်ပေ့ချီက ရိုရိုသေသေနဲ့မေးလိုက်ပါတယ်။ သူက ပိုပြီးတော့ ရိုရိုသေသေနဲ့ ပြောလေ လင်းဟန်ရဲ့ အပြုအမူအပေါ်မှာ ပိုပြီး အကျိုးသက်ရောက်မှုရှိပြီးတော့ ဇီယန် ဆီကနေပြီး မနှစ်သက်မှုတွေက ထပ်ပြီးတိုးလာလေ

ဆိုတာကို သူနားလည်ပါတယ်။

``ငါစောစော ကတည်းက ပြောပြီးပြီ.. မင်းတို့နှစ်ယောက်စလုံး ကိုယ်တုံးလုံး နဲ့ ဒီနေရာမှာ တစ်နာရီ ကရမယ်.. ဒါဆိုယင် ငါတို့က ဒီနေ့ကိစ္စအားလုံးကို မေ့လိုက်မယ်``

လင်းဟန်က ပြောပါတယ်။

``သခင်လေးဟန် အရှက်ခွဲခံရတာထက် သေတာက ပိုကောင်းပါတယ်``

သနားစရာကောင်းအောင် အရှက်မရှိ လုပ်တဲ့ နေရာမှာ ခုန်ဂမ်ဟွေ့ က ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ပြီးတော့ သူက ချက်ချင်းပဲ ထန်ဝေ့ချီနဲ့အတူ လိုက်ဖက်ညီစွာ ပူးပေါင်း ဆောင်ရွက်လိုက်ပီးတော့ အလွန်အမင်း စိတ်ဆိုးတဲ့ အမူအရာကို ပြသလိုက်ပါတယ်။

သူက ဇူရှုရီကို ကိုယ်လုံးတီးနဲ့ ကဖို့ ပထမဆုံး အကြံပြုတယ်ဆိုတာကို အခု ဘယ်သူက ယုံနိုင်မှာလဲ?

တကယ့်ကိုပဲ ဇီယန်ရဲ့ မျက်နှာပေါ်က မကျေနပ်မှုက ပိုပြီး

လေးနက်လာပါတယ်။ သူမက ဒီကိစ္စကို အစအဆုံး မျက်မြင်ကြုံ့တွေ့ခဲ့တာမဟုတ်ပဲ အခုမှ မြင်တဲ့သူပဲ ဖြစ်ပါတယ်။ လင်းဟန်ရဲ့ အပြုအမူတွေက အရမ်းကို လွန်တယ်ဆိုတာ သိသာထင်ရှာ းပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တတိယ မင်းသား က အရမ်းကို သူငယ်ချင်း ဖြစ်ချင်နေတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူမအနေနဲ့ သူကို ဆန့်ကျင် ဖို့ မဂံရဲပါဘူး။ သူမက ပြောလိုက်ပါတယ်။

``သခင်လေးဟန်.. ဒါကအရမ်းကို မလွန်ဘူးလား? ဘာဖြစ်လို့ သူတို့ကို လွှတ်မပေးပဲတာလဲ? နောက်ရက်ကျမှ လက်ဆောင်တွေ ပြင်ဆင်ပြီးတော့ သခင်လေး ဟန်နဲ့ သူငယ်ချင်းတွေကို သေသေချာချာ လာပြီးတောင်းပန် ခိုင်းတာက မကောင်းဘူးလား?``

``ကျနော်တို့ မိန်းကလေး ဇီယန်ရဲ့ ညွှန်ကြားချက်ကို အလေးဂရုပြုပါ့မယ်``

ထန်ပေ့ချီနဲ့ ခုန်ဂမ်ပော့ တို့က ချက်ချင်းဆိုသလို ရိုရိုသေသေနဲ့ ခေါင်းငြိမ့်လိုက်ပါတယ်။

``လင်းအကို.. ဒီကိစ္စကို မေ့လိုက်ကြရအောင်``

လီဟောင်နဲ့ ဖူရှုရီ တို့ကလည်း အကြံပေးလိုက်ပါတယ်။

လင်းဟန်က လုံးဝမလျှော့ပဲနဲ့ ပြောလိုက်ပါတယ်။

``ဒီလိုမျိုး ဒုက္ခခံဖို့မလိုပါဘူး.. သူတို့ ဒီနေ့ ကိုယ်လုံးတီးနဲ့ ကမယ်ဆိုယင်.. ငါတို့က ဒီပြဿနာကို ပြေငြိမ်းပေးပါမယ်``

``အရမ်းကြီးမလွန်နဲ့.. မင်းငါတို့ကို သတ်ရဲလိမ့်မယ်လို့ မယုံကြည်ဘူး``

ခုန်ဝမ်ဟွေ့ ကအော်ဟစ်လိုက်ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

``အင်ပါယာမှာ ဥပဒေဆိုတာရှိတယ် ဘယ်သူကများ မလိုက်နာပံ့မှာလဲ? ဒါပေမဲ့လည်း မင်းတို့လို အဆင့်နိမ့်တဲ့ လူတွေကတော့ လိမ်လိမ်မာမာနဲ့ စကားနားထောင်ပြီးတော့ ကလိုက်တာက မင်းတို့အတွက် အကောင်းဆုံး ရွေးစရာဖြစ်လိမ့်မယ်. အဲဒီလိုမှ မဟုတ်ယင် ငါမင်းတို့ အကျီ တွေကို ဆွဲဖြဲပြီးတော့ ဒီလမ်းမပေါ်မှာ သုံးရက်နဲ့ သုံးည တိုင်တိုင် ချည်နှောင်ထားခဲ့ရလိမ့်မယ်``

``သခင်လေးဟန်``

ဇီယန် က ဝင်မစွက်ပဲ မနေနိုင်တော့ပါဘူး။ သူမရဲ့ လှပတဲ့ မျက်နှာပေးမှာ အေးစက်တဲ့ အမူအရာ ဖြစ်ပေါ်လာပါတယ်။

``ဘာကိစ္စရှိလဲ? မင်းက သဘောမတူဘူးလား?``

လင်းဟန်က သူမဘက်ကိုလှည့်ပြီးမေးလိုက်ပါတယ်။

``ဟားဟားဟား ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ``

ရယ်သံတစ်ခုကို ကြားလိုက်ရပြီးတော့ တတိယ အင်ပါယာမင်းသား ထွက်လာပါတယ်။

``ဒီလူ နှစ်ယောက်က ကျုပ်နဲ့ လင်းအကိုရဲ့ကြားက တွေ့ဆုံမှု့ကို နှောင့်နှေး အောင် တကယ်ပဲ လုပ်ပုံ့မှတော့ သူတို့ကို ပြင်းပြင်းထန်ထန် အပြစ်ဒဏ်မပေးပဲနဲ့ လွယ်လွယ်ကူကူနဲ့ လွှတ်ပေးလိုက်လို့ ဘယ်ဖြစ်မလဲ``

``တတိယအင်ပါယာမင်းသား``

ထန်ပေ့ချီနဲ့ ခုန်ဂမ်ဟွေ တို့နှစ်ယောက်စလုံး အံ့အားသင့်သွားပါတယယ်။ သူတို့အနေနဲ့ လင်းဟန်က တတိယ အင်ပါယာမင်းသားနဲ့ ဒီလိုမျိုး ချစ်ကြည်တဲ့ ဆက်ဆံရေး ရှိ လိမ့်မယ် ဆိုတာကို လုံးဂမထင်မှတ်ထားပါဘူး။ အခုမှ ခုန်ဂမ်ဟွေ က ဇီယန်က ဘယ်သူဆိုတာကို ခန့်မှန်းမိပြီးတော့ ကြောက်ရွံ့သွားခဲ့ပါတယ်။

ဒါက တတိယ အင်ပါယာ မင်းသားဖြစ်ပါတယ်။ တတိယအင်ပါယာ မင်းသားရဲ့ လက်ထဲမှာ လုပ်ပိုင်ခွင့် အမိန့်အာဏာရှိပါတယ်။ အနာဂတ်မှာ သူက သရဖူကိုတောင် ဆက်ခံဖို့ ဖြစ်နိုင်ချေရှိပါတယ်။

ဇီယန်က ချက်ချင်းဆိုသလို အနောက်ကိုဆုတ်သွားပြီးတော့ တတိယအင်ပါယာ မင်းသားရဲ့ အနောက်မှာ အရိပ်တစ်ခုလိုမျိုး ရပ်လိုက်ပါတယ်။

``မင်းတို့ လင်းဟန်ရဲ့စကားကို ကြားတယ်မဟုတ်လား? ဒီနေရာမှာ ကလိုက်ကြတော့``

တတိယ အင်ပါယာမင်းသားက တည်ငြိမ်စွာနဲ့ပြောလိုက်ပါတယ်။ သူ့ရဲ့လေသံမှာ

ဩဇာအာဏာအပြည့် ပါဂင်ပြီးတော့ ငြင်းဆန်ဖို့ မဖြစ်နိုင်ပါဘူး။

ထန်ဝေ့ချီနဲ့ ခုန်ဂမ်ဟော့ တို့ရဲ့ မျက်နှာပေါ်မှာ နာကျင်တဲ့ အမူအရာတွေဖြစ်ပေါ်သွား ခဲ့ပါတယ်။ သူတို့က မနာခံပဲ မနေပုံ့ပါဘူး။ သူတို့ရဲ့ အဂတ်အစားတွေကို စပြီးတော့ ဖယ်ရှားလိုက်ပါတယ်။

``လင်းအကို ကျေးဇူးပြုပြီးကြွပါ``

တတိယ အင်ပါယာ မင်းသားက ပြုံးပြီးတော့ပြောလိုက်ပါတယ်။ သူလိုမျိုး အဆင့်အတန်းနဲ့ ဒီလူနှစ်ယောက် ကိုယ်လုံးတီး နဲ့ ကနေတာကို ရပ်ပြီးတော့ ကြည့်နေဖို့ မလိုပါဘူး။

``တကယ်လို့ငါ့ရဲ့ သူငယ်ချင်းနှစ်ယောက်ကိုပါ အတူတူ ခေါ်ခဲ့မယ်ဆိုယင် မင်း စိတ်မစိုးဘူး မဟုတ်လား?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဒါပေါ့ ရတာပေါ့``

တတိယ အင်ပါယာ မင်းသားက ရီရီမောမောနဲ့ ဖြေလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ လီပောင်နဲ့ ဖူရှုရီကို ပြောလိုက်ပါတယ်။

`` တကယ်လို့ မင်းတို့ ဘာမှလုပ်စရာမရှိဘူးဆိုယင် ငါနဲ့အတူ လိုက်နိုင်မလား?``

``ငါတို့တကယ်ပဲ လိုက်လာနိုင်လား?``

လီပောင်နဲ့ ဖူရှုရီ တို့ရဲ့ နှလုံးခုန်နှုန်း ချက်ချင်းဆိုသလို မြန်လာပါတယ်။ ဒါက တစ်ယောက်တည်းပဲရှိတဲ့ တတိယ အင်ပါယာ မင်းသားပါ။ တကယ်လို့ သူတို့က သူနဲ့ အတူ စားသောက်နိုင်မယ်ဆိုယင် နောက်ပိုင်း အင်ပါယာမြို့ထဲမှာ ဘယ်သူက သူတို့ကို အနိုင့်ကျင့် စော်ကားရဲတော့မှာလဲ?

လင်းဟန်ကလဲ ဒီလိုအတွေးမျိုး ရှိတဲ့အတွက် သူတို့ကို အတူတူ ပူပေါင်းဖို့ ဖိတ်ခေါ် လိုက်တာပါ.. ချက်ချင်းဆိုသလို သူတို့နှစ်ယောက်ရဲ့ ရင်ထဲမှာ လင်းဟန်ကို အရမ်းကို ကြည်ညိုလေးစားသွားပါတယ်။

``ဒါပေ့ါ ရတယ်လေ``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ကျေးဇူးအများကြီးတင်ပါတယ် အကိုကြီးလင်း.. ကျေးဇူးအများကြီးတင်ပါတယ် တတိယ အင်ပါယာမင်းသား``

လီဟောင်နဲ့ ဇူရှုရီတို့ နှစ်ယောက်စလုံး ပြိုင်တူပြောပြီးတော့ လင်းဟန်ဆီကို အံ့အားသင့်စွာကြည့်နေကြပါတယ်။

ဒီကောင်က အင်ပါယာမြို့ကို ရောက်တာမှ ရက်အနည်းငယ်ပဲ ရှိသေးတယ် .. သူက တတိယ အင်ပါယာမင်းသားရဲ့ ဂုဏ်ပြုခံ ညှေ့သည်တစ်ဓာက်တောင်ဖြစ်သွားပြီ သူက တကယ့်ကို အံ့သြစရာကောင်းလိုက်တာ။

သူတို့ ငါးယောက်က နောက်ကိုလှည့်ပြီးတော့ အချစ်ပန်းစံအိမ် အထဲကို ဝင်သွားခဲ့ ပါတယ်။ သနားစရာကောင်းတဲ့ ထန်ဖေ့ချီ နဲ့ ခုန်ဂမ်ဖေ့ တို့ကတော့ လမ်းမပေါ်မှာ ကိုယ်လုံးတီးနဲ့ ဆက်ပြီးတော့ ကနေကြပါတယ်။ ဒီနေရာမှာ တတိယ အင်ပါယာ မင်းသားတို့ မရှိတော့ပေမဲ့ သူတို့အနေနဲ့ ထွက်မပြေးရဲပါဘူး။

တကယ်လို့ တတိယ အင်ပါယာ မင်းသား က တစ်နည်းတစ်ဖုံနဲ့ ဒီအကြောင်းကို သိသွားမယ်ဆိုယင် အပြစ်ဒဏ် က ပိုပြီးတော့တောင် ပြင်းထန်ပါလိမ့်မယ်။

လူငယ်နှစ်ယောက်က သူတို့ရဲ့ အဂတ်အစားတွေကို ချွတ်ပြီးတော့ လူမြင်ကွင်းမှာ ကနေကြပါတယ်။ ဒါက တကယ့်ကို ရှားပါးတဲ့ အဖြစ်အပျက်ဖြစ်ပြီးတော့ ဘေးနားက ဖြတ်သွားဖြတ်လာတွေကို အထူးအဆန်းအနေနဲ့ စုဝေးလာပြီး တော့ ကြည့်နေကြပါတယ်။

``ဘယ်လောက်တောင် ရုပ်ပျက်ဆင်းပျက် နိုင်လိုက်သလဲ.. အဂတ်အစားမပါပဲ နဲ့ ဒီနေရာမှာ ကနေကြတယ်``

``ဟီးဟီး အဓိက အရေးကြီးတာက ကနေတဲ့လူနှစ်ယောက် ယောက်ကျာ်းလေးတွေ ဖြစ်နေတာပဲ.. တကယ်လို့ ချောမောလှပတဲ့ မိန်းကလေးနှစ်ယောက်သာ ဖြစ်မယ်ဆိုယင် ပိုပြီးတော့တောင်မှ ကြည့်လို့ကောင်းဦးမယ်``

``ချီး.. သူတို့ရဲ့ သေးငယ်တဲ့ လဖြွတ် ကိုကြည့်စမ်းပါဦး.. ငါ့ပဟာရဲ့ တစ်ဂက်လောက်တောင် မကြီးဘူး``

``သွားစမ်းပါ.. တကယ်လို့ မင်းရဲ့ လပြွတ်ကို လူအများကြီး ရှေ့မှာ ထုတ်ပြမယ်ဟုတ်လား ဘယ်သူသိနိုင်မလဲ မင်းဟာကတောင်မှ သူတို့ရဲ့ဟာထက် ပိုပြီးတော့ သေးနေမလားပဲ``

``ဒီကိစ္စကို ဂရုစိုက်တဲ့သူမရှိကြဘူးလား? တောင့်တင်းခိုင်မာတဲ့ လူငယ်နှစ်ယောက်က လူသွားလူလာ များတဲ့ လမ်းမပေါ်မှာ အခုလိုမျိုးကိုယ်လုံးတီးနဲ့ကနေတာ တကယ်လို့ ကလေးငယ်လေးတွေ မြင်သွားယင်တောင်မှ လုံးဝမသင့်လျော်တဲ့ အရာပဲမဟုတ်လား?``

ပရိတ်သတ်တွေက စတင်ပြီးလှောင်ပြောင် သရော်နေတာက ထန်ဝေ့ချီနဲ့ ခုန်ဂမ်ဟွေ့ တို့ကို ငိုချင်စိတ်ပေါက်သွားခဲ့ပါတယ်။

``အကိုကြီး ထန် ... ငါတို့ အခု ဘာဆက်လုပ်ကြမလဲ``

ခုန်ဂမ်ဟွေ့ က စိတ်ဓါတ်ကျစွာနဲ့ မေးလိုက်ပါတယ်။ အခုကိစ္စက သူတစ်ယောက် တည်း ရှက်ရွံ့စေတာမဟုတ်ပဲနဲ့ သူ့ရဲ့နောက်က ကလန် ရဲ့ ဂုဏ်သိက္ခာကိုပါ ထိခိုက်ပြီးတော့ ခုန်ကလန် အနေနဲ့ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ဟာသတစ်ခု ဖြစ်သွား ပါလိမ့်မယ်။အနာဂတ်မှာ ကလန်ထဲကသူ့ရဲ့ အဆင့်အတန်းကလဲ လုံးဝကို ကျဆင်းသွား ပါလိမ့်မယ်။

``ပါးစပ်ပိတ်ထား``

ထန်ပေ့ချီက သူ့ကို သတ်ချင်လာတဲ့ပုံစံ မျိုး ဖြစ်နေပါတယ်။ တကယ်လို့ ခုန်ဂမ်ဟွေ့ ကြောင့်သာမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ ဒီလိုအဆင့်ထိ ဘယ်လိုလုပ်ပြီးတော့ လျော့ကျသွားမှာလဲ? သူကလင်းဟန်ကို မုန်းပါတယ်။ ခုန်ဂမ်ဟွေ့ကို ပိုပြီးတော့တောင် မုန်းတီးပါတယ်။

လူငယ်နှစ်ယောက်ရဲ့ လဖြွတ်တွေက မတူညီတဲ့ ပုံစံနဲ့ တွန့်လိမ် လှုပ်ရှားနေတာကိုမြင်တော့ ပရိတ်သတ်တွေက ဂါးလုံးကွဲအောင် ရီလိုက်ကြပါတယ်။

အချစ်ပန်းစံအိမ်ထဲကို ဂင်ရောက်လာတာနဲ့ လင်းဟန်က ထန်ပေ့ချီနဲ့ ခုန်ဂမ်ဟွေ့ ကို သူ့ခေါင်းထဲကနေ ထုတ်ပစ်လိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး သာမာန် လူနှစ်ယောက် အကြောင်းကို ထည့်စဉ်းစားဖို့ အချိန်လုံးဂမရှိပါဘူး။ တကယ်လို့ သူတို့နှစ်ယောက်က ဒီနေ့ဖြစ်ပျက်ခဲ့တာတွေအတွက် လုံးဂလက်မလျော့သေးဘူးဆိုယင်လည်း ရပါတယ်။ သူတို့ ဒီထက်ပိုပြီးတော့ ဆိုးဂါးတဲ့ အရာတွေနဲ့ ကြုံတွေ့ဖို့ စောင့်နေရပါလိမ့်မယ်။

တတိယ အင်ပါယာ မင်းသား ယူထားတဲ့ခြံဂန်းမှာ ညှော်သည်တော်တော်များများ ရောက်နေခဲ့ပါပြီ။ သူတို့ အားလုံး လင်းဟန်ကို မြင်လိုက်တဲ့အခါမှာတော့ သူတို့ရဲ့ မျက်နှာပေါ်မှာ အရှမ်းကို သိချင်စိတ်ပြင်းပြနေကြပြီးတော့ လင်းဟန်ရဲ့ နောက်ခံ အင်အားကို ခန့်မှန်းနေကြပါတယ်။ သူဟာ တတိယ အင်ပါယာ မင်းသားက မိန်းကလေး ဇီယန်ကို စေလွှတ်ပြီး ကြိုခိုင်းယုံသာမက တတိယ အင်ပါယာ မင်းသား ကိုယ်တိုင်ကပါ သွားပြီးတော့ထွက်ကြိုဆို ရတဲ့လူတစ်ယောက်ပဲဖြစ်ပါတယ်။

``လာကြ လာကြ ငါ မင်းတို့အားလုံးနဲ့ မိတ်ဆက်ပေးပါရစေ.. ဒါက လင်းဟန်.. လင်းအကို.. ဂရန်းမာစတာ ဖုယွန်ရှင်းရဲ့ မိတ်ဆွေလေးတစ်ယောက် ဖြစ်ယုံသာမက ဂရန်းမာစတာ ပူဆောင်လင်းနဲ့လည်းအရမ်းကို ရင်းနှီးတဲ့ လူပဲ``

တတိယ အင်ပါယာ မင်းသားက လင်းဟန်က ပူဆောင်လင်းရဲ့ ကိုယ်စားပြုပြီးတော့ မြေအောက်မြစ်ကို ရောက်လာတယ်ဆိုတာကို သိလိုက်ရတော့ အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ မိုးရေနိုင်ငံမှာ အနက်ရောင် အဆင့်မြင့် အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်ပဲ ရှိပြီးတော့ သူတို့နှစ်ယောက်စလုံးက လင်းဟန်ရဲ့ အရမ်းကို

ရင်းနှီးကြပါတယ်။ ဒါကြောင့် တတိယ အင်ပါယာ မင်းသားက နောက်ပိုင်းမှာ လင်းဟန်ကို အနည်းငယ်မျှတောင် စိတ်အနှောက်အယှက်ဖြစ်အောင် မလုပ်ပံ့ပါဘူး။

``ချီးးးးးး``

ကျန်တဲ့သူအားလုံး အံ့အားသင့်ကုန်ပါတယ်။ မိတ်ဆွေလေး... ဒါက ဘယ်လိုမျိုး တောင်မှ သုံးနှုန်းလိုက်တာလဲ?

အပိုင်း (၁၄၄) ဖန်းယန် ရောက်လာပြီ

လင်းဟန်က တတိယ အင်ပါယာ မင်းသားရဲ့ လက်ထဲက ပှက်ဖဲတွေထဲက တစ်ခု ဖြစ်လာ နိုင်ပါတယ်။ ဒါပေမဲ့ ဘာလို့ သူက ဒီကတ် ကို လျှင်မြန်စွာ ချပြလိုက်တာလဲ?
ဘာဖြစ်လို့လဲဆိုတော့ သရဖူအတွက် ပြိုင်ပွဲရဲ့ အရေးကြီးဆုံး အချိန်ကာလ ကို ရောက်လို့ လာပါပြီ. ဒီညသူ ဒီနေရာမှာ ဖိတ်ခေါ်ထားတဲ့ လူအားလုံးက အင်ပါယာ မြို့ က အလယ်အလတ်အဆင့် ကလန်တွေရဲ့ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေချည်းပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့က သာ သူ့ကို သစ္စာခံဖို့ ကြေညာမယ်ဆိုယင် သူတို့ကလန်ရဲ့ သဘောတူညီမှု ကို ရရှိတာနဲ့ ညီမျှပါတယ်။

ဒီကလန်တွေကို အထင်မသေးလိုက်ပါနဲ့။ ရာဂဏန်း အနည်းငယ်မျှရှိတဲ့ အလယ်အလတ် အဆင့် ကလန်တွေ အတူတကွ စုပေါင်းလိုက်မယ်ဆိုယင် လွှမ်းမိုးနိုင်မှု တစ်ခုတော့ ရနိုင်ပါလိမ့်မယ်။ အဓိက အရေးကြီးတာက အင်အားကြီး ကလန်ရှစ်ခုက အရမ်းကို ထင်ပေါ်ကျော်ကြားပါတယ်။ ဘယ်အင်ပါယာ မင်းသားကပဲ ဖြစ်ဖြစ် သရဖူကို ဆောင်းပြီး ဧကရာဇ်တစ်ယောက် ဖြစ်လာခဲ့မယ်ဆိုယင်တောင် သူတို့ ကလန်ကြီး ရှစ်ခုက အဆင့်မြင့်လာခြင်း မရှိသလို အဆင့်နိမ့်သွားခြင်းလဲ မရှိပါဘူး။ တစ်ဖက်က မိုးရေနိုင်ငံရဲ့ ဧကရာဇ်တိုင်းဟာ ဒီ အင်အားကြီးကလန် ရှစ်ခုရဲ့ ကြား ကတည်ငြိမ်အေးချမ်းမှု ကို ထိန်းသိမ်းဖို့အတွက် ဂင်ရောက်ဖြန်ဖြေတဲ့ လူ တစ်ယောက် လိုမျိုး ကစားပွဲကို ကောင်းကောင်း ကစားနိုင်ဖို့လဲ လိုပါတယ်။ ဒါက သူတို့ရဲ့ လက်ထက်မှာ လုပ်ဆောင်ရတဲ့ တာဂန်တစ်ခုလဲဖြစ်ပါတယ်။

ရလဒ်အနေနဲ့.. အင်အားကြီးကလန်ရှစ်ခုကို သူ့ရဲ့ အဖွဲ့ထဲကို ဆွဲထည့်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ အာရုံ တွေကို အလယ်အလတ်အဆင့် ကလန်တွေအပေါ်မှာပဲ အာရုံစိုက်ထားပါတယ်။ ဒီည ဒီနေရာမှာ ဘာလို့လူသုံးဆယ်ကျော်ပဲရှိနေရတာလဲ?

ဘာဖြစ်လို့လဲဆိုတော့ အလယ်အလတ် အဆင့်

ကလန်တွေကို သူရဲ့ အဖွဲ့အစည်း... အကြီးဆုံး အင်ပါယာ မင်းသား နဲ့ နံပါတ်ခုနစ်ယောက်မြောက် အင်ပါယာ မင်းသား အတွက် ခွဲခြားထား ပြီးပါပြီ။ ဒီကလန်တွေရဲ့ တစ်ခုတည်းသော ကျန်နေတာက ဘယ်သူကို ထောက်ပံ့ ရမလဲ ဆိုတာကို မဆုံးဖြတ်ရသေးတာပါပဲ... သူတို့က ဘယ်သူက အကောင်းဆုံး ကမ်းလှမ်းနိုင်မလဲဆိုတာကို စောင့်မျှော်နေတာပါ။

နောက်ဆုံးမှာတော့ ဘယ်အင်ပါယာ မင်းသားကပဲ သရဖူကို ရယူနိုင်သည် ဖြစ်စေ မှားယွင်းတဲ့ အဖွဲ့အစည်းဘက်ကို ထောက်ပံ့ကူညီတဲ့ ကလန်တွေကတော့ သေချာပေါက် တစ်ခြား ကလန်တွေရဲ့ တွန်းအားပေးခြင်းကို ခံရပါလိမ့်မယ်။

သူတို့ အနေနဲ့ လင်းဟန်ရဲ့ နောက်မှာ တကယ်ပဲ အဆင့်မြင့် အနက်ရောင် အဆင့် မော်ဆေးပညာရှင် နှစ်ယောက်ရှိတယ်ဆိုတာကို ကြားလိုက်ရတဲ့ အခါမှာ အရမ်းကို အံ့အားသင့်ကုန်တဲ့ အမူအရာတွေ ထွက်ပေါ်လို့လာပါတယ်။

ဒါက အရမ်းကို အံ့သြဖွယ်ရာမကောင်းဘူးလား?

ဒါပေမဲ့ မော်ဆေးပညာရှင်တွေရဲ့ ထူးချွန်ထက်မြက်တဲ့ အဆင့်အတန်းကြောင့် သူတို့ရဲ့ ခြေလှမ်းတွေအပေါ်မှာပဲ အာရုံစိုက်ပြီးတော့ တစ်ခြား အင်အားတွေရဲ့ ဆွဲဆောင်ခြင်းကို ဂင်ရောက် စွက်ဖက်မှာမဟုတ်ပါဘူး။ အခု ကြည့်ရတာ တတိယ အင်ပါယာ မင်းသားနဲ့ လင်းဟန်ရဲ့ ကြားက

အရမ်းကို ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးကြောင့် တတိယ အင်ပါယာ မင်းသားက ဒီ အဆုံးမဲ့ ကြီးမြတ်တဲ့ မှော်ဆေးပညာရှင် နှစ်ယောက်ရဲ့ ထောက်ခံမှု့ကို ရရှိထားတယ်လို့ ဆိုလိုတာမဟုတ်လား?

မိုးကောင်းကင်... ဒါက အရမ်းကို မလွန်လွန်းဘူးလား.. ဒီ အံ့ဩဖွယ်ရာကောင်းတဲ့ လူနှစ်ယောက်က သူ့ရဲ့ အနောက်မှာ ထောက်ပံ့ထားယင် တကယ်လို့ လက်ရှိ မိုးရေ ဇကရာဇ် ရဲ ့စိတ်ထဲမှာ သူရဲ့ အမွေကို ဆက်ခံဖို့ နေရာအတွက် သတ်မှတ် ထားခဲ့ ယင်တောင်မှ သူက ဒီ အဆုံးမဲ့ ကြီးမြတ်လှတဲ့ မှော်ဆေးပညာရှင် နှစ်ယောက်နဲ့ ပူးပေါင်းပြီးတော့ သူရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြီးတော့ စဉ်းစားပါလိမ့်မယ်။ ဇကရာဇ် အသစ် ထီးနန်းဆက်ခံ တဲ့အချိန်ကျယင် အင်ပါယာ မိသားစုအတွက် ခက်ခဲတဲ့ အရာတွေ မလုပ်မိအောင် ရှောင်ရှားဖို့အတွက်ပါ။

အင်ပါယာရဲ့ သရဖူ အတွက် ပြိုင်ပွဲမှာ တတိယ အင်ပါယာ မင်းသားက ပထမနေရာအတွက် အနည်းငယ် မြင့်မားတဲ့ အခွင့်အရေးရှိပါတယ်။ ဒါပေမဲ့ အခု ချက်ချင်းဆိုသလိုပဲ ကြီးမြတ်တဲ့ ခေါင်းဆောင်ကြီးနှစ်ယောက်က သူရဲ့နောက်မှာ ထောက်ပံ့ဖို့ ထွက်ပေါ်လာပြီး.... ဒါက သူကို အနိုင်ရဖို့အတွက် လုံး၀ အာမခံ ချက် ရှိနေပါတယ်။

ဒီအတွေးတွေကြောင့် ဒီလူငယ်တွေအားလုံး ချက်ချင်းဆိုသလို အရမ်းကို စိတ်လှုပ် ရှားသွားကြပြီးတော့

သူတို့ကိုယ် သူတို့ နှိမ့်ချပြီးနေလိုက်ကြပါတယ်။

ပထမတော့ သူတို့ရဲ့ နေရာက အဓိက အခန်းမှာ ပါဝင်တဲ့အတွက် သူတို့ရဲ့ အရိုးတွေ ထဲမှာ ဂုဏ်ယူမှုအပြည့်နဲ့ ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တတိယ အင်ပါယာ မင်းသားက သူတို့ကို သူ့ရဲ့ အဖွဲ့အစည်းထဲကို ဆွဲထည့်ချင်နေတာလေ။ ဒါပေမဲ့ အရာရာ တိုင်းက အခုဆိုယင် လုံးဝမတူညီတော့ပါဘူး။ အခု သူတို့က တတိယ အင်ပါယာ မင်းသား ရဲ့ ပုက်ဖဲကို သိသွားကြပါပြီ။ ဒီလူတွေရဲ့ ခြေလှမ်းက သူနဲ့ ပိုပြီးတော့ နီးကပ် လာကြပါတယ်။

သူတို့တွေက အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင်တွေဖြစ်ပါတယ်။ တကယ်လို့ သူတို့ နှစ်ယောက်စလုံးက ရိုးရိုး မှော်ဆေးလုံးတွေကို လွှင့်ပစ်ထုတ်ခဲ့မယ် ဆိုယင်တောင် သူတို့အတွက် အလုအယက် လုယူဖို့အတွက် လုံလောက်ပါလိမ့်မယ်။

ဒီမြင်ကွင်းကို တတိယ အင်ပါယာ မင်းသားက မြင်လိုက်တဲ့အခါမှာ သူ့ရဲ့ နှုတ်ခမ်းမှာ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ ဒါက သူလုံးဝကို မြင်ချင်နေတဲ့ အရာပဲဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီပုက်ဖဲကို ကစားဖို့ မစောင့်နိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိ မိုးရေနိုင်ငံ ဧကရာဇ်က ထီးနန်းကို စွန့်ဖို့ ဆန္ဒရှိနေပြီးတော့ သူ့ရဲ့ သိုင်းပညာတွေ လေ့လာမှုအပေါ်မှာပဲ သူ့ရဲ့ အာရုံတွေကို စူးစိုက် ထားခြင်နေတာပဲဖြစ်ပါတယ်။

အများဆုံး ငါးနှစ်အတွင်းမှာပဲ ဧကရာဇ်က သူ့ရဲ့ အမွေဆက်ခံဖို့ အတွက်ကို လိုချင်တာပါ.. ဒါကြောင့် တတိယ အင်ပါယာ မင်းသား အနေနဲ့ သူ့ရဲ့ အချိန်တွေ အများကြီး ရပါတယ်။

``ဟားဟားဟား ငါတို့ စားသောက်ကြစို့``

တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ ဝိုင်ခွက်ကို မြှောက်လိုက်တာနဲ့ လူတိုင်းလူတိုင်း ကသူတို့ရဲ့ ခွက်တွေကို မြှောက်လိုက်ကြပါတယ်။ တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ ခွက်ကိုမော့သောက်လိုက်တာနဲ့ တစ်ခြားသူတွေကလဲ ချက်ချင်းဆိုသလို သူတို့ရဲ့ ခွက်တွေကို အကုန်မော့သောက်လိုက်ပါတယ်။ တတိယ အင်ပါယာ မင်းသား ထိုင်လိုက်တာနဲ့ သူတို့အားလုံးက လဲ သူတို့ရဲ့ ထိုင်ခုံမှာ ပြန်ပြီးထိုင်လိုက်ကြပါတယ်။

တတိယ အင်ပါယာ မင်းသားက အခုဆိုယင် သူလိုချင်တဲ့ အောင်မြင်မှုကို အပြည့်အဝ ရရှိသွားပါပြီ။ ဒီနေရာက အချစ်ပန်းစံအိမ် လေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မကြာတော့တဲ့ အနာဂါတ်ကာလ အင်ပါယာ ခုံရုံးမှာ ပိုပြီးတော့ အဆင့်မြင့်တဲ့လူတွေ တောင်မှ သူ့ရဲ့ အမိန့်ကို ရိုရိုသေသေနဲ့ လက်ခံကြရပါလိမ့်မယ်။

မိန်းကလေး အခြွေအရံတွေက လူတိုင်းရဲ့ ဝိုင်ခွက်တွေကို ပြန်ပြီးဖြည့်ပေးလိုက်ပါတယ်။ ဘာလို့ အချစ်ပန်းစံအိမ်က အရမ်းကို ဈေးကြီးရတာလဲ? ဘာဖြစ်လို့လဲဆိုတော့

မိန်းကလေး အခြွေအရံတွေက အံ့အားသင့်စရာကောင်းလောက်အောင် လှပချောမောယုံသာမက အရမ်းကို ကျက်သရေရှိပြီး တင့်တယ်လှတဲ့ အမူအရာတွေ လဲ ရှိပါတယ်။ သူတို့ထဲက တစ်ချို့က ဒြပ်စင်စုစည်းခြင်းအဆင့်တောင်ဖြစ်ပြီးတော့ ယောကျ်ားတွေအတွက် ဒီမိန်းကလေးတွေကို သူတို့ရဲ့ အရက်ခွက်တွေကို ဖြည့်ပေး တာကနေ သူတို့ရဲ့ ကြင်ယာတော်တွေ ဖြစ်လာဖို့ကိုပါ စိတ်ကူး ရည်မှန်းထားကြပါတယ်။

လင်းဟန်က ဒီညရဲ့ အတောက်ပဆုံး ကြယ်ပွင့်ပါ.. သူမှာ အတူတူ သောက်ဖို့ အလှပဂေး တစ်ယောက် ဘေးနားမှာရှိသလို နှစ်ယောက်စလုံးကလဲ ဒြပ်စင်စုစည်းခြင်း အဆင့်တွေဖြစ်ပါတယ်။ တစ်ခုသိထားရမှာက ဒီ လှပချောမောတဲ့ အမျိုးသမီးလေးတွေက အသက် နှစ်ဆယ် ဂန်းကျင်ပဲရှိသေးပြီးတော့ ဒြပ်စင်စုစည်းခြင်း အဆင့်ကို ရောက်နေပြီး အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီလည်းရှိကြပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ သူတို့က ဒီအဆင့်ကို ရောက်ဖို့အတွက် အရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။

ဒီ အမျိုးသမီးလေး နှစ်ယောက်က ကောင်းကောင်းသင်ယူ လေ့ကျင့်ထားပြီးတော့ အရမ်းကို ပြင်သာစွာ ပြောဆိုကြပြီးတော့ အရမ်းကို သိမ့်မွေ့တဲ့ အမူအရာနဲ့ ပြုမှု

လုပ်ရှားနေကြပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုနဲ့ မျက်နှာပေါ်က အမူအရာတွေက တစ်ခြားသူတွေအတွက်တော့ မလွတ်စတမ်း လေ့လာကြည့်ရှုချင်စရာ တွေချည်းပါပဲ။ လင်းဟာနက် တစ်ချက်ပဲကြည့်ဖို့လိုအပ်ပြီးတော့ သူတို့က လင်းဟန်က ဘယ်ဟင်းပွဲကို လိုချင်တယ်ဆိုတာကို သိနိုင်ပြီးတော့ ချက်ချင်းဆိုသလိုပဲ လင်းဟန်ရဲ့ ပါးစပ်ထဲကို ခွံ့ကျွေး ကြပါတယ်။

ဒီလိုမျိုး စည်းစိမ်ခံစားနေရခြင်းက တစ်ခြား လူငယ်တွေကို သူတို့ရဲ့ အိမ်မြှေ ရမှုတွေကို ဆုံးရှုံးပျောက်ဆုံးသွားဖို့ လုံလောက်ပြီးတော့ ဒီလိုမျိုး ငြင်သာတဲ့ ထောက်ချောက်ထဲကို လွယ်လွယ်ကူကူနဲ့ ကျဆင်းသွားဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်မှာ ဘယ်လိုမျိုး စိတ်စွမ်းအားတွေရှိနေတာလဲ? စကားအနေနဲ့ ပြောရမယ်ဆိုယင် လင်းဟန်က ပန်းခင်းကြီးတစ်ခုကို ဖြတ်သန်းပီးတော့သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ သစ်ရွက် တစ်ခုမှ ရှိမနေပါဘူး။ သူရဲ့ နှလုံးသားက ဘယ်အမျိုးသမီးကြောင့်မှ စိတ်အနှောက်အယှက် မဖြစ်သလို သူမက ဘယ်လောက်ပဲ လှပချောမောနေပါစေ ကိစ္စမရှိပါဘူး။.

သူ့အနေနဲ့ ဒီ အမျိုးသမီးနှစ်ယောက်ရဲ့ စိတ်ကျေနပ်စရာကောင်းတဲ့ ဂန်ဆောင်မှုကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ပဲ လက်ခံနေပါတယ်။ သူ့ရဲ့ မျက်လုံးတွေက

ကြည်လင်နေပြီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ တဏှာရာဂ လက္ခဏာ လုံးဝမရှိပဲ သူ့ကို စောင့်ကြည့်နေတဲ့ တတိယ အင်ပါယာ မင်းသားတောင်ပဲ သူ့ကို ပိုမိုမြင့်မားတဲ့ အလေးထားမှုကို ဖြစ်စေပါတယ်။ တတိယ အင်ပါယာ မင်းသားတောင်မှ လှည့်စားခံရပါတယ်။ ဒီလူက ငယ်ရွယ်တဲ့လူတစ်ယောက်ပုံစံနဲ့ မတူပဲ မရေတွက်နိုင်တဲ့ ကြီးကျယ်ခမ်းနားတဲ့ ပွဲလမ်းသဘင်တွေအများကြီးကို အတွေ့အကြုံရှိတဲ့ အဆုံးမဲ့ စစ်သည်တော် တစ်ယောက်နဲ့ တူနေပါတယ်။

လင်းဟန်မှာ မှော်ဆေးပညာရဲ့ အကြီးကျယ်ဆုံး ခေါင်းဆောင်နှစ်ယောက်က နောက်ကနေ သူ့ကို ထောက်ပံ့ကူညီထားပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက သူ့ရဲ့ မျက်နှာသာပေးခြင်းကို လိုချင်နေကြတာ သဘာဝပါပဲ။ ဒါပေမဲ့ လင်းဟန် ကိုကြည့်ရတာ ဒီလူတွေ အပေါ်မှာ လုံးဝ စိတ်ဝင်စားခြင်းမရှိပါဘူး။ သူက တတိယ အင်ပါယာ မင်းသား.. လီဟောင်နဲ့ ဖူရှူရီတို့နဲ့ပဲ စကားစမြည်ပြောနေကြတာပါ... ကျန်တဲ့အချိန်မှာ သူက အစားအသောက်ကိုပဲ ပုံမှန် ရိုးရိုးလေးနဲ့စားနေပါတယ်။

ဒါက သမာရိုးကျတစ်ခုပါပဲ။ သူ့ရဲ့ ယခင်ဘဝတုန်းက သူက တစ်ဦးတည်းသော မှော်ဆေးကေရာဇ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီ ကောင်လေးတွေလောက် နဲ့ ရင်ဆိုင်တဲ့အခါမှာ စိတ်ရှည်ဖို့လိုအပ်လို့လား?

တစ်ခြားသူတွေက လင်းဟာန်အနေနဲ့ ဂုဏ်ယူကြွားပုံ့စွာ ပြုမှုနေခြင်းအပေါ် မှာ ထူးဆန်း မှု့ တစ်စုံတစ်ရာ အတွေးတွေ မရှိပါဘူး။ ဘာလို့လဲဆိုတော့ မော်ဆေးပညာရှင်တွေက လူတွေရဲ့ လေးစား ဂုဏ်ပြုခြင်းကို ခံရတဲ့ ပထမနေရာက လူတွေပဲဖြစ်ပါတယ်။ တကယ်လို့ လင်းဟာန်က ဒီလိုမျိုး ဂုဏ်ယူ ဂင့်ကြွားတဲ့ အပြုအမူတွေကိုသာ မဖော်ပြခဲ့ဖူးဆိုယင် သူတို့အနေနဲ့ ယုံထင်ကြောင်ထင် အတွေးမျိုးတွေ တွေးနေမိမှာပါ။

သူတို့က လင်းဟာန်အနားကို လွယ်လွယ်ကူကူနဲ့ ချဉ်းကပ်လို့မရဘူးဆိုတာကို မြင်လိုက်ရတဲ့အခါမှာ သူတို့ရဲ့အာရုံတွေကို လီဟောင်နဲ့ ဇူရှုရီ ဆီကို ပြောင်းလိုက်ပါတယ်။ သူတို့အားလုံးပဲ ဒီလူနှစ်ယောက်နဲ့ ရိုးသားစွာ ပူးပေါင်း စားသောက် ပြောဆိုနေခြင်းက လီဟောင်နဲ့ ဇူရှုရီကို အရမ်းကို ဂုဏ်ယူဂမ်းမြောက် တဲ့ ခံစားချက်ကို ဖြစ်စေပါတယ်။

စောစောလေးကတင်ပဲ သာမာန် ကလန်လေးက သခင်လေးတစ်ယောက်မျှသာ ရှိတဲ့ သူက သူတို့ကို အနိုင့်ကျင့်စော်ကား အရှက်ခွဲခဲ့ပါတယ်။ အခုတော့ အလယ်အလတ် အဆင့် ကလန်တွေက သခင်လေး အများအပြားက သူတို့နဲ့ သူငယ်ချင်းတွေဖြစ်ဖို့ အတွက်ကို အလုအယက်ဖြစ်နေကြပါတယ်။သူတို့ နှစ်ယောက်က လင်းဟာန်ကို မကြည်ညို့ မလေးစားပဲနဲ့ ကို မနေနိုင်ပါဘူး။

ဒါတွေအားလုံးက လင်းဟန်ကြောင့်ပဲ ဖြစ်ပါတယ်။
တတိယ အင်ပါယာ မင်းသားက လင်းဟန်က အစားစားခြင်းနဲ့ သောက်တာကိုပဲ လုပ်နေပြီးတော့ သူတို့ဘေးက အခြွေအရံအမျိုးသမီးတွေနဲ့ ပလူးပလဲ အခွင့်အရေး ရယူဖို့ တစ်ခြားသူတွေနဲ့ မတူပဲ နေနေတာကို မြင်လိုက်ရတဲ့အခါမှာ မေးလိုက်ပါတယ်။
``လင်းအကို.. မင်း ဒီ ချောမောလှပတဲ့ အမျိုးသမီးနှစ်ယောက်ကို စိတ်တိုင်းမကျဘူးလား?``
ဒီစကားကိုကြားလိုက်ရတဲ့အခါမှာ ချောမောလှပတဲ့ အမျိုးသမီးနှစ်ယောက် ချက်ချင်းဆိုသလို မကျေမချမ်းဖြစ်သွားတဲ့ အမူအရာတွေ ဖြစ်ပေါ်လာပါတယ်။ သူတို့ရဲ့ ချစ်ခင်နှစ်သက်ဖွယ်ရာကောင်းတဲ့ ရုပ်ရည်ရူပကာနဲ့ လှုပ်ရှားကုန်ကြပါတယ်။
``ဟားဟား တကယ်လို့ လင်းအကိုက သူတို့က သိပ်ပြီးတော့ မကြင်နာ ဘူးလို့ ထင်ယင် ဇီယန်ကို မင်းနဲ့အတူ ပူးပေါင်းခိုင်းမယ်ဆိုယင်ရော ဘယ်လိုလဲ?
တတိယ အင်ပါယာ မင်းသားက ချက်ချင်းပဲ မေးလိုက်ပါတယ်။
ဇီယန် ရဲ့ မျက်နှာက ချက်ချင်းဆိုသလိုပြောင်းလဲသွားပြီးတော့ သူမရဲ့ ခန္ဓာကိုယ်က အနည်းငယ် တုန်လှုပ်သွားပါတယ်။ သူမရဲ့ မျက်လုံးတွေမှာ မကျေချမ်းမှုတွေနဲ့ ပြည့်နေပါတယ်။ သူမက

တကယ်ပဲ နှလုံးသား ကွဲကြေသလို ခံစားလိုက်ရပါတယ်။ သူမထင်တာက သူမက တတိယ အင်ပါယာ မင်းသားရဲ့ နှလုံးသားထဲမှာ အဆင့်မြင့်တဲ့ နေရာတစ်ခုမှာရှိနေတယ်ပေါ့။ ဒါပေမဲ့ သူမက သူကစားဖို့ ကတ်ကလေး တစ်ခု ဖြစ်နေလိမ့်မယ်ဆိုတာ လုံးဝမထင်ထားပါဘူး။
လီဟောင် နဲ့ ဇူရှူရီ တို့ရဲ့ နှလုံးသားတွေက အရမ်းကို ခုန်မြန်လာပါတယ်။ အစောပိုင်းတုန်းက ဇီယန်က သူတို့ရဲ့ အရှေ့မှာ အရမ်းကို မာနကြီးပြီးတော့ အထင်ကြီး စရာ အရမ်းကောင်းပါတယ်။ အခု သူမက လင်းဟာန်နဲ့ အတူ သောက်ရပါလို့မ်။ ဒီ ကွာဟချက်ကြီးက သူတို့အတွက်တော့ တကယ်ပဲဆိုတာကို လက်ခံနိုင်ဖို့ အရမ်းကို ကြီးမားပါတယ်။
လင်းဟာန်က ပြုံးပြီးတော့မေးလိုက်ပါတယ်။
``မိန်းကလေး ဇီယန် မင်းရော ဆန္ဒရှိရဲ့လား?``
ဇီယန်ရဲ့ ခန္ဓာကိုယ်က ထပ်ပြီးတုန်လှုပ်သွားပါတယ်။ ဒါပေမဲ့ သူမက ဖြေလိုက်ပါတယ်။
``ဇီယန်က ဆန္ဒရှိပါတယ်``
လင်းဟာန်က သူရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။
``ဂုဏ်သရေရှိတဲ့ ယောကျာ်း တစ်ယောက်က တစ်စုံတစ်ယောက်ရဲ့ အကြိုက်နှစ် သက်ဆုံး အရာကို မယူရဘူး.. မိန်းကလေးဇီယန်က တတိယ အင်ပါယာ မင်းသားရဲ့ ဘေးမှာ နေလာတာကြာပြီ တကယ်လို့ မင်းနေရမယ်ဆိုယင်တောင်မှ တတိယ အင်ပါယာ

မင်းသားရဲ့ဘေးမှာ နေတာက အကောင်းဆုံးပဲ``
ဇီယန်က ကျေးဇူးတင်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူမက တတိယ အင်ပါယာ မင်းသားရဲ့ အမိန့်ကို မလွန်ဆန်နိုင်ပါဘူး။ ဒါပေမဲ့ အခု သူမက ဒီဘေးဒုက္ခက နေလွတ်မြောက်နိုင်ပြီးတော့ သူမရဲ့ လင်းဟန်အပေါ်မှာထားတဲ့ စိတ်ထားကလဲ ကြီးမားစွာ တိုးတက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ တတိယ အင်ပါယာ မင်းသားကို နောက်ထပ် အသစ် ထပ်ပြီးတော့ နားလည်သွားပါတယ်။
သရဖူ အတွက် သူက ဘယ်သူ့ကိုမဆို နယ်ရုပ်ကလေးအဖြစ် ကစားနိုင်ပါတယ်. တကယ်လို့ သူမက သူ့ရဲ့ နောက်ကနေ မျက်ကန်းတစ်ယာက်လို ဆက်ပြီးတော့ လိုက်နေဦးမယ်ဆိုယင် သူမအတွက် ဘယ်လိုမျိုး အဆုံးသတ်က စောင့်ကြိုနေမှာလဲ?
သူမက သိသိသာသာပဲ ရှုံးနိမ့်သွားခဲ့ပါတယ်။
``ဟားဟားဟား တတိယ အင်ပါယာ မင်းသား ငါလာတာ နောက်ကျသွားတယ်. ငါဝင်လာလို့ ရမလား?``
အဲဒီအချိန်မှာပဲ အပြင်ဘက်ကနေ ရှင်းလင်းပြတ်သားတဲ့ အသံတစ်ခုကို ကြားလိုက်ရပီးတော့ ဒီအသံက အရမ်းကို သန်မာအားကောင်းပါတယ်။
တတိယ အင်ပါယာ မင်းသားရဲ့ အမူအရာက အနည်းငယ် ပြောင်းလဲသွားပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။
``ဖန်းယန်``

အပိုင်း (၁၄၅) အာဏာရှင်

လင်းဟန်က ဖန်းယန် ဆိုတဲ့ နာမည်ကို အကြိမ်ပေါင်းများစွာ ကြားဖူးခဲ့ပါတယ်။

လေတောင်တန်း ခုနစ်ခုမှာ သူက ဖန်းလောင်နဲ့ ကြုံတွေ့ခဲ့တုန်းက ပထမဆုံးအကြိမ် အဖြစ် ဖန်းယန်ရဲ့ နာမည်ကို ကြားဖူးခဲ့တယ်။ ပြီးတော့ ဒုယွန် ပြိုင်ပွဲအတွင်းမှာလဲ ဖန်းယန်ရဲ့ နာမည်ကို ကြိမ်ဖန်များစွာပြောတာကို ကြားရတယ်။ ဒါက ချီယောင်ရီ ဂျင်ပူကျိ လီဒေါင်ယွဲ့ နဲ့ တစ်ခြား သူတွေက နှိုင်းယှဉ်ချင်တဲ့ ပါရမီရှင် တစ်ယောက်ရဲ့ နာမည်ပဲ ဖြစ်ပါတယ်။

ဟွာယန် အကယ်ဒမီကို သူရောက်ပီးတဲ့ နောက်မှာ ဒီလူရဲ့ စွမ်းရည်က အသန်မာဆုံး သော ထိပ်ဆုံး အစစ်အမှန် တပည့် ဆယ်ယောက်စာရင်းထဲမှာ ပါဝင်ပြီးတော့ အကယ်ဒမီရဲ့ အတွင်းစည်း တပည့် သုံးယောက်ကိုတောင်မှ စိန်ခေါ်ဖို့ အဆင့်မှီတယ် ဆိုတာကို သူသိရှိခဲ့ရတယ်။

ဖန်းလောင်ကြောင့် ပဲ သူနဲ့ ဖန်းယန် ရဲ့ လာမဲ့ ပြဿနာက ရှောင်လွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ပြီးတော့ ဒီည သူတို့ နောက်ဆုံးတော့ တွေ့ကြပြီလေ။

``ဟားဟား ဖန်းအကို ဘယ်အချိန်ပဲ ရောက်လာလာ ကိစ္စမရှိပါဘူး.. ငါမင်းကို သေချာပေါက် ကြိုဆိုနေပါတယ်``

တတိယ အင်ပါယာ မင်းသားက ကျယ်လောင်တဲ့ ရီမောသံနဲ့ အတူပြောလိုက်ပါတယ်။

ခြံဝန်းထဲကို ပုံရိပ်တစ်ခု က ချက်ချင်းဆိုသလို ဝင်လာခဲ့ပါတယ်။ အဲဒီပုံရိပ်က အရပ်မြင့်ပြီး ပိန်ပိန်ပါးပါးနဲ့ လူငယ်တစ်ယောက်ဖြစ်ပြီးတော့ ပြတ်သားတဲ့ မျက်ခုံးတွေနဲ့ တောက်ပတဲ့ မျက်လုံးတွေရှိပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကနေ ဖြူလျော့လျော့ အလင်းတစ်ခုက ထွက်ပေါ်နေပြီးတော့ ၎င်းက သူ့ကို မြင်ရတဲ့သူတွေကို ညို့ယူဆွဲဆောင်ပြီးတော့ ကျေနပ်နှစ်သိမ့်စေပါတယ်။ လင်းဟန်ရဲ့ မျက်လုံးတွေက ချက်ချင်းပဲ ကျဉ်းမြောင်းသွားပါတယ်။

နွေဦးစမ်းရေအလွှာ ၇ အဆင့်။

နှစ်သစ်ကူး မတိုင်ခင်က ဒီလူက နွေဦးစမ်းရေ အလွှာ ၃ အဆင့်မှာပဲရှိသေးတာ မဟုတ်လား? ဒီ နှစ်လဆိုတဲ့

အချိန်တိုတိုလေးအတွင်းမှာ သူက ဘယ်လိုလုပ်ပြီး တော့ ရုတ်တရက်ကြီး အဆင့်လေးခုကို ချိုးဖျက်သွားနိုင်ရတာလဲ? ဒီဟာက လင်းဟာန် ကိုယ်တိုင်ထက်တောင်မှ အရမ်းကို အံ့အားသင့်ဖို့ ကောင်းပါတယ်။

ဒီကောင်က ရောမ ကံကြမ္မာ ကောင်းကြီးတစ်ခုခုနဲ့ ကြုံတွေ့ခဲ့ရတာဖြစ်မယ် အဲဒီလို မှမဟုတ်ဘူးဆိုယင် လင်းဟာန်လိုမျိုး ပြီးပြည့်စုံတဲ့မှော်ဆေးလုံးတွေနဲ့ ကျင့်ကြံခြင်းကို ထောက်ပံ့ခြင်း.. အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံနဲ့ ကောင်းကင်အဆင့် ကျင့်ကြံခြင်းနည်းစနစ်တွေရှိတဲ့သူကိုတောင်မှ ကျင့်ကြံခြင်း အမြန်နှုန်းနဲ့ ပါတ်သတ်ပြီး ကျော်သွားနိုင်စရာမရှိဘူးမဟုတ်လား?

ဖန်းယန်... မိုးရေနိုင်ငံရဲ့ လူငယ်မျိုးဆက်သစ်တွေထဲက လူသိအများဆုံး ပါရမီရှင် တစ်ယောက်.. ဘယ်သူကမှ သူကို အထင်မသေးရဲဘူး။ သူက စိတ်ဂိဉာဉ် ပုလ္လင် အဆင့်ကိုရောက်ဖို့ မြင့်မားတဲ့ အခွင့်အရေးရှိပြီးတော့ မိုးရေနိုင်ငံရဲ့ အဆုံးမဲ့ စစ်သည်တော် တစ်ယောက် ဖြစ်လာနိုင်ပါတယ်။

``ဖန်းအကို``

တတိယ အင်ပါယာ မင်းသားက ထရပ်လိုက်ပီးတော့ ဖန်းယန်ရဲ့ ဘက်ကို လက်သီးဆုပ်ပြီး ကြိုဆိုလိုက်ပါတယ်ယ။ သူက လင်းဟန်ထက် ကျင့်ကြံခြင်း အဆင့်မှာ မြင့်မားပေမဲ့လည်း သူမှာက လင်းဟန်လို နတ်ဘုရားအာရုံမရှိသလို အယင်ဘဂတုန်းကလိုမျိုး ကောင်းကင်အဆင့် အဆုံးမဲ့ စစ်သည်တော် တစ်ယောက်ရဲ့ စိတ်ဆန္ဒမျိုးလည်းမရှိပါဘူး။ ပြီးတော့သူက ဖန်းယန်နဲ့လည်း ဝေးကွာ တဲ့အတွက် သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို မသိနိုင်ပါဘူး..။

``အင်ပါယာမင်းသား``

ဖန်းယန်က သူရဲ့ လက်ကိုဆုပ်ပြီးတော့ သူရဲ့မျက်လုံးတွေက တစ်ခြား ရှိနေတဲ့ သူတွေဆီကို ဝေ့ကြည့်လိုက်ပီးတော့ ပြောပါတယ်။

`` ဒီည ကျနော် ဒီနေရာကို သတ္တိ ကောင်းကောင်းနဲ့ ရောက်လာရတဲ့ အကြောင်းက ပထမ ကျနော် အင်ပါယာ မင်းသားနဲ့ တွေ့ဆုံချင်တဲ့ ဆန္ဒရှိလိုပါ.. ဒုတိယကတော့ ဒီည ဒီနေရာမှာ ကျနော့်ရဲ့ ညီလေးကိုအကယ်ဒမီကနေ နှင်ထုတ် ပယ်ခြင်း ခံရလုနီးပါးထိ လုပ်ခဲ့တဲ့ လူတစ်ယောက်လည်း

ရှိနေတယ်ဆိုတာကို ကြားလို့ပဲ ဖြစ်ပါတယ်``

သူရဲ့နောက်ဆုံးစကားလုံးကိုပြောပြီးတဲ့အခါမှာသူရဲ့ အကြည့်တွေက လင်းဟန်ဆီမှာ ရပ်သွားပါတယ်။ သူက လင်းဟန်ကို သတိပြုမိတယ်ဆိုတာ သိသာထင်ရှားပါတယ်။

တတိယ အင်ပါယာ မင်းသားက ပထမတော့ မှင်တက်သွားပြီးတော့ သူရဲ့ နလုံးသားထဲမှာ မီးတောက်သလို ဒေါသအလိပ်လိုက် ထွက်လာပါတယ်။

ဖန်းယန်က ဒီနေရာကို ဂလဲ့စားချေဖို့ ရောက်လာတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ ပြဿနာက ဒီ ညှော့ခံပွဲက သူကျင်းပပြုလုပ်တာ ဖြစ်ပြီးတော့ ဖန်းယန်က တကယ်ပဲ ပြဿနာ လာရှာရဲတယ်.. ဖန်းယန် က ဘာဖြစ် လို့ သူ့ကို မျက်နှာသာမပေးရတာလဲ? တကယ်ပဲ သူက ဖန်းယန် အပေါ်ကို မြင့်မြင့်မားမား နဲ့ ကြည့်ခဲ့ပါတယ်. ရိုးရိုးသားသားပြောရမယ်ဆိုယင် ဖန်းယန်ရဲ့ ကျင့်ကြံခြင်းအဆင့်က သူ့ထက်နိမ့်ပါတယ်။ပြီးတော့ သူက ဘာလို့ မြင့်မြင့်မားမား နဲ့ ကြည့်သလဲဆိုတော့ ဖန်းယန်ရဲ့ အနာဂါတ် အလားအလာက ပိုပြီးတော့ အားကောင်း လာနိုင်လို့ပါပဲ။

နောက်ခံ အင်အားအနေနဲ့ဆိုယင် ဖန်းကလန် က နွေဦးစမ်းရေ သိုင်းပညာရှင် တွေပဲရှိပြီးတော့ ကိုယ်ပိုင်စွမ်းရည် အရဆိုယင် ဖန်းယန်က နွေဦးစမ်းရေ တတိယအလွှာပဲ ရှိပါသေးတယ်။ ဘာလို့ ဖန်းယန်က သူ့ကိုနည်းနည်းလေးမှ တောင် မျက်နှာသာမပေးရတာလဲ?

တတိယ အင်ပါယာ မင်းသားရဲ့ နှလုံးသားထဲမှာ လင်းဟာန်က သူ့ရဲ့ အနောက်မှာ ဖုယွန်ရှင်းနဲ့ ပူဆောင်းလင်းတို့ နှစ်ယောက်ရှိတဲ့အတွက် ဖန်းယန်ထက် ပိုပြီးတော့ အရေးပါတယ်ဆိုတာကို သိသာပါတယ်။ ဒါကြောင့်သူက တုံ့ဆိုင်းမနေပဲ လင်းဟာန်ကို အပြည့်အဝ ထောက်ပံ့ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူကပြောလိုက်တယ်။

``ဖန်းအကို.. အဲဒီတုန်းက ငါလည်း မမျှော်လင့်ပဲနဲ့ ရှိနေခဲ့တယ် ပြီးတော့ ငါသေချာပေါက် အာမခံ နိုင်တာက မင်းရဲ့ ညီငယ်လေးကပဲ လင်းဟာန်ကို အပြစ်ပုံချ ခဲ့တာပဲ``

လင်းဟာန် က ဖန်းယန်ရဲ့ စကားတွေကိုကြားလိုက်တဲ့အခါ မျက်မှောင်ကြုံ့သွားပါတယ်။ အကယ်ဒမီကနေ နှင်ထုတ်ခံရလုနီးပါး.... ဒါဆို ဖန်းလောင်က အကယ်ဒမီမှာ ဆက်ပြီးတော့ ရှိနေသေးတယ်ပေါ့လေ?

ဘာတွေဖြစ်ကုန်တာလဲ?

သူက ဒီ အကျင့်မကောင်းတဲ့ ကောင်နဲ့ ရင်ဆိုင်ချင်ပါတယ်.. ပြဿနာနဲ့ ကြုံနေပါပြီ။ အခု သူ ဖန်းလောင်ကို အကယ်ဒမီကနေ ကန်ထုတ်ပစ်ချင်ပါတယ် ပြီးတော့ ဖန်းယန်.. ဘယ်လိုမျိုး အရာတွေနဲ့ ဖန်းလောင်ကို ပြန်ပြီးတော့ ဆွဲထားနိုင်တာလဲ..

``ဟင့် အကယ်ဒမီက သေချာစုံစမ်းပြီးတော့ ဒီကိစ္စရဲ့ တရားခံက ဝေ့ဟဲလီ ပဲ.. သူက ဖန်းလောင်ကို ကျနော်ပေးထားတဲ့ တံဆိပ်ကို ခိုးယူခဲ့တာ.. ဝေ့ဟဲလီက အယင်တုန်းက လင်းဟန်နဲ့ ပြဿနာ ရှိခဲ့တယ် ဒါကြောင့် ငါ့ရဲ့ ညီငယ်က အကျဉ်းအကြပ်ထဲ ရောက်သွားတာပဲ``

ဖန်းယန်က စိတ်ပျက်စွာနဲ့ပြောပါတယ်။

လပြွတ်ပေါ့ .. သူက ဘာလို့ ဒီလောက်တောင် အရှက်မရှိ ရတာလဲ?

အားလုံးကို ဖန်းလောင်က အစီအစဉ်ဆွဲတယ်ဆိုတာသိသာထင်ရှားနေတာကို ဘာလို့ သူက ချက်ချင်း သူ့ရဲ့ ညီငယ်က ချောက်တွန်းခံရတယ်လို့ ပြောရတာလဲ? အမှန်နဲ့ အမှားကို

ဖန်းယန်က လွယ်လွယ်ကူကူနဲ့ ပြောင်းလဲပစ်နိုင်တာလား?

လင်းဟာန်က အနည်းငယ်ဒေါသထွက်သွားပါတယ်။ သမိုင်းကတော့ အမြဲတမ်း အောင်နိုင်သူတွေ အကြောင်းကို ရေးထားပါတယ်။ ပြီးတော့ ဒီကမ္ဘာကြီးမှာ လူတစ်ယောက်ရဲ့ ခွန်အားကို အယင်ဆုံး ဆုံးဖြတ်ကြပါတယ်။ သူနားမလည်တာက ဖန်းယန်က နွေဦးစမ်းရေ အလွှာ ၇ အဆင့်ပဲ ရှိသေးတာကိုတောင်မှ ဘာဖြစ်လို့ ကြောက်ရွံ့မှုကင်းနေရတယ် ဆိုတာကိုပါပဲ။

တစ်ခုသိထားရမှာက တကယ်လို့ ဖန်းယန်က စိတ်ဂိဉာဉ်ပင်လယ် အဆင့်ကို ရောက်သွားမယ်ဆိုယင် တောင်မှ သူက မိုးရေနိုင်ငံရဲ့ အကြောင်းကိစ္စ တစ်ခုပဲရှိပါသေးတယ်။ ပြီးတော့ အဲဒီအဆင့်က အင်ပါယာရဲ့ အမိန့်ဩဇာ အာဏာကို သူက ချိုးဖောက်နိုင်မှာမဟုတ်ပါဘူး။ အနည်းဆုံး စိတ်ဂိဉာဉ်ပုလ္လင်အဆင့် ဖြစ်ဖို့လိုအပ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်ကသာ ပန်းဖူး အဆင့်ကို ရောက်သွားမယ်ဆိုယင် တစ်ခြားလူတွေအားလုံးရဲ့ အပေါ်မှာ ရပ်တည်နေပါလိမ့်မယ်။

ဖန်းယန်က ဒီလိုမျိုး ငတုံးငအ တစ်ယောက်လို

မဖြစ်သင့်ပါဘူး။

တတိယ အင်ပါယာ မင်းသားက လဲ ဖန်းယန်က သူကို ဒီလိုမျိုး ဆန့်ကျင် ရဲလိမ့်မယ် လို့ လုံးဂ မထင်ထားပါဘူး သူရဲ့ ခေါင်းထဲက အတွေးတွေက လျှင်မြန်စွာနဲ့ တဖျပ်ဖျပ် ခတ်နေပါတယ်။ ဖန်းယန်က သူရဲ့ အကြီးဆုံး အကို ဒါမှမဟုတ် နံပါတ်ခုနစ် မင်းသား ဆီမှာ ခိုလှုံသွားလို့ သူကို လုံးဂမကြောက်ရွံ့ တာက ဖြစ်နိုင်ပါ့မလား? ဒါပေမဲ့ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် လူပုံအလယ်မှာတော့ မပြောတာကောင်းပါတယ်။ ဒါက သူရဲ့ အမိန့်ဩဇာအာဏာကို စိန်ခေါ်တာဖြစ်ပြီးတော့ သူအနေနဲ့ လုံးဂ ခွင့်လွှတ်လို့မရပါဘူး။

``ဖန်းယန် မင်းရဲ့ စကားတွေကို သေချာ ဂရုစိုက်ပါ``

သူရဲ့ အပြုံးကို ရုတ်သိမ်းပြီးတော့ သူရဲ့ မျက်နှာကလဲ ချက်ချင်းဆိုသလို ပြင်းပြင်းထန် ထန် ဖြစ်သွားပြီးတော့ ထူးဆန်းတဲ့ စွမ်းအားပြည့်ဂတဲ့ အရှိန်အဂါက သူ့ဆီကနေ ထွက်ပေါ်လိုလာပါတယ်။

နတ်ဘုရားရဲ့ သားတော် ဒေါသထွက်လာယင် သွေးတွေက မိုင်ပေါင်း တစ်သောင်း ထိအောင် စီးဆင်းသွားပါလိမ့်မယ်။

တတိယ အင်ပါယာ မင်းသားက ဧကရာဇ်တစ်ယောက် မဟုတ်သေးတဲ့အတွက် သူ့ရဲ့ မျိုးနွယ်စု စွမ်းအား ကိုအသုံးပြုရာမှာ အကန့်အသတ်ရှိပါတယ်။ တကယ်လို့သူသာ ဧကရာဇ်တစ်ယောက်ဖြစ်မယ်ဆိုယင် လူတိုင်းလူတိုင်းရဲ့ စိတ်မှာ ရှိသေလေးစား ပြီးတော့ ကြောက်ရွံ့မှုတွေကို ဖြစ်ပေါ်စေမှာပါ။

``အင်ပါယာ မင်းသား... ဒီကောင့်ကို ကျနော့်ဆီကို လွှဲပေးလိုက်ပါ.. သင့်ရဲ့ မျက်နှာကို ထောက်ပြီးတော့ သူ့ကို မသတ်ပါဘူး``

ဖန်းယန်က ကြောက်ရွံ့တဲ့ပုံစံ နည်းနည်းလေးမှမပြတဲ့အပြင် သူ့ရဲ့ အခြေအနေကို တတိယ အင်ပါယာ မင်းသားကို စတင် ကြေညာလိုက်ပါတယ်။

ဧရိယာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။

ဖန်းယန် သူ့ရဲ့ စိတ်တွေ လွတ်သွားပြီလား? ဒါက ဟွာ ယန် အကယ်ဒမီရဲ့ စွမ်းအားအကြီးဆုံး တတိယ အင်ပါယာ မင်းသားလေ... သူ့ရဲ့ ကိုယ်ပိုင် အစွမ်းက ဖန်းယန်ကို လွှမ်းမိုးဖို့ လုံလောက်ယုံသာမက ပါဘူး.ပိုတောင် ပိုပါဦးမယ်။

တကယ်လို့ အင်ပါယာမင်းသားက သူရဲ့ အတွေးတွေကို ဖုံးကွယ်ထားတဲ့ နေရာမှာ ကျွမ်းကျင်သူတစ်ယောက် ဖြစ်နေတာတောင်မှ ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ သူရဲ့ မျက်နှာကို အနည်းငယ် မဲ့သွားစေခဲ့ပါတယ်။သူက သက်ပြင်းရှူလိုက်ပြီး တော့ တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်ပါတယ်။

``မင်းက အရမ်းကို လွန်နေပြီပဲ``

``အရှင်မင်းသားက ဒီလူကို ကျနော်လက်ထဲကို အပ်လိုက်ဖို့ အစီအစဉ်မရှိဘူးလား?``

ဖန်းယန်က ပြုံးပြီးတော့ သရော်စွာနဲ့ ပြောလိုက်ပါတယ်။

``မင်းက ငါ့ရဲ့ အရှေ့မှာတောင်မှ အတင်းအဓမ္မ လုပ်ပုံ နိုင်နေပြီလား?``

တတိယ အင်ပါယာ မင်းသားက အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ အခု သူ တကယ့်ကို စိတ်ဆိုးဒေါသထွက်နေပါပြီ။

``လူတိုင်း လူတိုင်းက ရာဇဂုဏ်သားတွေကို ဖမ်းဆီးဖို့ တာဝန်ရှိတယ်.. အရှင်မင်းသားက ရာဇဂုဏ်သားကို ကာကွယ်ပေးချင်နေတာလား?``

ဖန်းယန်က အရှေ့ကို တိုးလာခဲ့ပါတယ် သူက တတိယ အင်ပါယာ မင်းသားကို လုံးဝ မကြောက်ဘူးဆိုတာကို တကယ်ပဲ ဖော်ပြလိုက်ပါတယ်။

``အတင့်ရဲလှချည်လား``

ဇီယန်က အရှေ့ကိုထွက်လာပြီး သူမရဲ့ လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ ဓါးမြှောင် အပြာ နှစ်ချောင်းပေါ်လာပြီးတော့ သူက ဖန်းယန်ကို တိုက်ခိုက်လိုက်ပါတယ်။

``ရှွပ် ရှွပ်ရှွပ်``

ဓါးမြှောင်နှစ်ချောင်းကနေ အပြာရောင်အလင်းက ကခုန်ပြီးတော့ ဘေးကသူတွေရဲ့ မျက်စိထဲမှာ အလင်းတန်းတစ်ခုကိုပဲ မြင်လိုက်ရပါတယ်။

``လှည့်ကွက်သေးသေးလေးတွေပဲ``

ဖန်းယန်က နာခေါင်းရှုံ့ပြီးတော့ သူရဲ့ လက်သီးနဲ့ တစ်ချက် ထိုးချလိုက်ပါတယ်။

သူရဲ့ လက်သီးက ကြောက်မက်ဖွယ်ရာကောင်းအောင် သန်မနာ်ပြီးတော့ တောင်ကြီး တစ်လုံး ကျဆင်းလာသလိုမျိုးပါပဲ။ သူရဲ့ လက်သီးတစ်ချက်က ဇီယန်ရဲ့ မျက်နှာကို လုံး၀ ဖြူဖတ်ဖြူလျော် ဖြစ်သွားစေပြီးတော့ သူမရဲ့ ဆံပင်နီတွေက လေမုန်တိုင်းတိုက်ခတ်သလိုမျိုး လေထဲမှာ လွင့်ပျံလို့နေပါတယ်။

``ထန်း``

ဒီလက်သီးက သူမကို လုံး၀ မထိပါဘူး ဒါပေမဲ့ ဇီယန်က စွမ်းအားပြင်းထန်တဲ့ အားကြောင့် အဝေးကို လွင့်ထွက်သွားပါတယ်။ သူမရဲ့ နောက်မျာ သွေးတွေက မြှားတစ်စင်းလို လိုက်ပါသွားပါတယ်။

ဒါ ဒါ ဒါ.. လူတိုင်းလူတိုင်းပဲ လုံး၀ အံ့အားသင့်သွားပါတယ်။ ဖန်းယန်က တကယ်ပဲ တစ်စုံတစ်ယောက်ကို ဒဏ်ရာရအောင်လို့ လုပ်ပံ့တယ်။ သူ တကယ်ပဲ

ရှူးသွားပြီလား. ဒါမှမဟုတ် မယုံနိုင်စရာကောင်းတဲ့ ပုက်ဖဲ တစ်ချို့ကို သူ့ရဲ့ ဂုတ်ရိုးထဲမှာ ဖုံးကွယ်ထားတာများလား?

``အမိုက်ပဲ``

တတိယ အင်ပါယာ မင်းသားက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူက အရမ်းကို ဒေါသထွက်နေပြီးတော့ သူ့ရဲ့ လူတစ်ယောက်က လက်သီးတစ်ချက်ထဲနဲ့ ရှုံးနိမ့် သွားတဲ့ အတွက် သူ့ရဲ့စိတ်ကို မထိန်းနိုင်ပဲနဲ့ ဒီစကားလုံးထွက်သွားခဲ့တာပါ။

ဇီယန်ကို ကြည့်ရတာ ပြင်းပြင်းထန်ထန် ရိုက်ချခံလိုက်ရသလိုပါပဲ။ သူမရဲ့ ကိုယ်လုံးက အနည်းငယ် တုန်ခါသွားပြီးတော့ ပါးစပ်အပြည့်သွေးတွေ အန်ထုတ် လိုက်ပါတယ်။ ဖန်းယန်က လင်းဟန်ကို စိုက်ကြည့်ပြီးတော့ စိတ်ပျက်လက်ပျက်နဲ့ပြောလိုက်ပါတယ်။

``မင်းက တကယ့်ကို သတ္တိကောင်းတာပဲ``

အပိုင်း (၁၄၆) အမျိုးသမီး ရန်

``ငါက အမြဲတမ်းပဲ သတ္တိကောင်းတယ်``

လင်းဟန်က တည်ငြိမ်တဲ့ လေသံနဲ့ပြောလိုက်ပါတယ်။

``မင်းကို ငါသတ်ပစ်မှာကို မကြောက်ဘူးလား?``

ဖန်းယန်က ဒီနေရာမှာ သူတို့ နှစ်ယောက် ပဲ ရှိတဲ့ပုံစံနဲ့ မေးလိုက်ပါတယ်။ သူက တတိယ အင်ပါယာ မင်းသားရှိနေတာကိုမှ ဂရုမစိုက်ပါဘူး။

တတိယ အင်ပါယာ မင်းသားရဲ့ ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်သွားပါတယ်။ သူ့ကိုယ်သူ တောင်မှ မထိန်းနိုင်တော့ပါဘူး။

``မင်းလုပ်ရဲလို့လား?``

လင်းဟန်က ပြုံးပြီးမေးလိုက်ပါတယ်။

ဖန်းယန်က ဒီမေးခွန်းကို တစ်ခဏမျှ အပြင်းအထန် စဉ်းစားလိုက်ပြီးတော့ ဖြေလိုက်ပါတယ်။

``ယာယီအားဖြင့်တော့ မလုပ်နိုင်ဘူး``

ယာယီအားဖြင့် မလုပ်ဘူးဆိုယင် အနာဂါတ်မှာ သူက လုပ်ပုံ့တယ်လို့ ဆိုလိုတာလား?

ဟူး.. ကြည့်ရတာ ဒီကောင်က လင်းဟန်ရဲ့ အနောက်မှာ မိုးရေနိုင်ငံရဲ့ ကောရာဇ် ကတောင်မှ မျက်နှာသာပေးရတဲ့ အကြီးကျယ်အမြင့်မြတ်ဆုံး မော်ဆေးပညာရှင် ကြီးနှစ်ဦးက ရပ်တည်ပေးနေတယ်ဆိုတာကို မသိဘူးလား?

``မင်း မလုပ်ရဲဘူးဆိုယင်လည်း ထွက်သွားတော့လေ.. ဒီနေရာမှာ ဘာအတွက် ပေကပ်ကပ်နဲ့ ဆက်နေတာလဲ? မင်းရဲ့ ချောမောတဲ့ မျက်နှာကို ပြဖို့ အစီအစဉ်ဆွဲထားတာလား?``

လင်းဟန်က ပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

``ဟားဟားဟားဟား``

တတိယ အင်ပါယာ မင်းသားက ဂမ်းသာအားရနဲ့ ကို ကျယ်လောင်စွာ အော်ဟစ် ရီမောလိုက်ပါတယ်။

ဖန်းယန်က အနည်းငယ်မျှ စိတ်ဆိုးသွားခြင်းမရှိပဲ ပြောလိုက်ပါတယ်။

``မင်းက ငါ့ရဲ့ ညီလေးကို အကြိမ်တော်တော်များများ ရိုက်နှက်ခဲ့တယ် ငါ ဒီည လာခဲ့တာက မျက်နှာသာပေးချင်လို့ပဲ.. ဒါပေမဲ့ တကယ်လို့ မင်းကို တစ်ကြိမ် လောက် ရိုက်နှက်ဆုံးမ မယ်ဆိုယင် ဒါကလုံလောက်ပါပြီ.. အနာဂတ်မှာ ငါ မင်း ကို မသတ်ခင်မှာ မင်းရဲ့ သိက္ခာတွေကို ကျဆင်းအောင်လုပ်ပြီးတော့ လူအများရဲ့ တံတွေး ခွက်ထဲ မျောနေစေရမယ်``

သူ့ရဲ့လေသံက မတုန်မလှုပ်နဲ့ပြောဆိုပြီးတော့ တကယ်လို့ သူမှာ အင်ပါယာ မြို့ အတွင်းမှာ တစ်စုံတစ်ယောက်ကို သတ်နိုင်လောက်တဲ့ မယုံနိုင်လောက်တဲ့ အစွမ်းနဲ့ အမိန့်ဩဇာအာဏာသာရှိမယ်ဆိုယင် သေချာပေါက် လုပ်မဲ့ပုံစံပါပဲ။

``ဖန်းယန် မင်းပြောလို့ပြီးပြီလား?``

တတိယ အင်ပါယာ မင်းသားက ထရပ်ပြီးတော့ ဖန်းယန်ဆီကို တိုးလာပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဒေါသမီးတောက်တွေ တောက်လောင်လို့ နေပါတယ်။

``မင်းက အင်ပါယာ မြို့ထဲမှာ လူသတ်ချင်တဲ့ ဆန္ဒတွေကို

အထပ်ထပ်အခါခါ ပြောဂုံတဲ့ အထိ ကိုပဲ သတ္တိတွေအရမ်းကောင်းနေပြီပဲ..ငါ မင်းကို ဖမ်းဆီးပြီးတော့ ထောင်ထဲကို ပို့ပေးရလိမ့်မယ်နဲ့တူတယ်``

``ပိုး.. အရှင်မင်းသားက ကျနော်ကို သီးသန့် လမ်းညွှန်ပေးနိုင်မလား? ``

ဖန်းယန်က ပြုံးပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ကျနော်က အယင်ကတည်းက အရှင်မင်းသားအသုံးပြုတဲ့ ကောင်းကင်၏သားတော် လက်သီးသိုင်းကို အရမ်းအထင်ကြီးအားကျနေခဲ့တာ.. ပြီးတော့ ဒီညမှ အဲဒီဟာကို အတွေ့အကြုံသာရမယ်ဆိုယင် တကယ့်ကို ပျော်စရာ ကောင်းမှာပဲ``

ဒီကောင်က သူ့ရဲ့ စိတ်လုံးဂ လွတ်သွားပြီလို့ အားလုံးက တွေးလိုက်ပါတယ်။ ဒါပေမဲ့ သူတို့က ဖန်းယန်ရဲ့ သတ္တိရှိမှုကို အထင်မကြီးပဲ မနေနိုင်ပါဘူး. အင်ပါယာ မြို့မှာ လူဘယ်လောက်ကများ တတိယ အင်ပါယာ မင်းသားကို ဆန့်ကျင်တဲ့ စကားကို ပွင့်ပွင့်လင်းလင်း ပြောရဲလို့လဲ? အင်အားကြီးကလန် ရှစ်ခုရဲ့ လူငယ်လက်ရွေးစင် ပါရမီရှင်တွေတောင်မှ ဒီလိုမျိုး အရာကို လုပ်ဖို့အတွက်

စွမ်းရည် မပြောနဲ့ သတ္တိ တောင် မရှိကြပါဘူး။

``မကြာခင်မှာပဲ မင်းဆန္ဒရှိတဲ့အတိုင်း ရရှိစေရမယ်``

တတိယ အင်ပါယာ မင်းသားက ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ ခန္ဓာကိုယ် ပေါ်ကို ချီအလင်းတွေနဲ့လည်ပတ်စေလိုက်ပါတယ်။

ဒါက မျိုးနွယ်စုရဲ့ စွမ်းအားပဲဖြစ်ပါတယ်။

အင်ပါယာ မျိုးဆက်ကနေ ဆင်းသက်လာတဲ့သူတွေ ချီယောင်ရီလိုမျိုး ကိုင်းခွဲ ကနေ လူတောင်မှ ဒီစွမ်းရည်ကို အသုံးပြုနိုင်ပါတယ်။ မျိုးနွယ်စု ရဲ့ အင်အားနဲ့ မြို့ရဲ့ အင်အား နှစ်ခုကြားက မတူညီတဲ့အရာကတော့ စွမ်းရည်ရဲ့ ခွန်အားအပေါ်မှာ မူတည်ပြီးတော့ အခြေခံအားဖြင့်တော့ တူညီကြတဲ့ အရာတွေပါပဲ။

မျိုးနွယ်စုရဲ့ အစွမ်းကို အသုံးပြုခြင်းက ပြိုင်ဘက်ရဲ့ စွမ်းရည်ကို ဖြတ်ကျော် သွား နိုင်အောင်လို့ ထောက်ပံ့ကူညီပေးနိုင်ပါတယ်။ ၎င်းက တိုက်ပွဲဂင် ကြယ် နှစ်ခု သို့မဟုတ် သုံးခုကိုတောင်မှ တိုးပေးနိုင်ပါတယ်။

တတိယ အင်ပါယာ မင်းသားက ပထမနေရာကဖြစ်ပြီး နွေဦးစမ်းရေအလွှာ ၇ အဆင့်ဖြစ်ပီး သူက မျိုးနွယ်စုရဲ့ အစွမ်းကိုပါ ထုတ်ဖော်လိုက်တာနဲ့ သူရဲ့ တိုက်ပွဲ အစွမ်းက အနည်းဆုံး ကြယ်ဆယ်လုံး ဖြစ်နိုင်ပြီးတော့ သူရဲ့ သိုင်းပညာနည်းစနစ် နဲ့ လက်သီးချီက အဆင့်မြှင့်တင်ပေးတာကိုပါ ပေါင်းထည့်မယ်ဆိုယင် တတိယ အင်ပါယာ မင်းသားရဲ့ တိုက်ပွဲအစွမ်းကကြယ် ဆယ့်တစ်လုံးကို ရောက်နေတယ် ဆိုပြီး ယူဆလို့ရပါတယ်။

တတိယ အင်ပါယာ မင်းသားနဲ့မျက်နှာခြင်းဆိုင်ရာမှာ ဖန်းယန်က လုံး၀ မပေါ့ဆပံ့ပဲ သူရဲ့ အမူအရာကလဲ လေးနက်တည်ကြည်သွားပြီးတော့ ရှိသမျှ ဉာဏ်စွမ်းကိုယ်စ အကုန် ထုတ်သုံးရပါလိမ့်မယ်။

သူတို့နှစ်ယောက် စတင်တိုက်ခိုက်လိုက်တာနဲ့ ပါတ်၀န်းကျင်လေထုက အရမ်းကို တင်းကျပ်လာသလို ခံစားရပါတယ်။

``ဟီးဟီး.. ငါရဲ့ အချစ်ပန်းစံအိမ်ထဲမှာ တိုက်ခိုက်ဖို့အတွက်သင့်လျော် လို့လား?``

နနယ်သိမ်မွေ့တဲ့ အသံတစ်ခုကိုကြားပြီးတော့ ပုံရိပ်တစ်ခု

ထွက်ပေါ်လို့ လာပါတယ်။ ၎င်းက အရမ်းကို ချောမောလှပပြီးတော့ ညို့အားပြင်းထန်တဲ့ ကောက်ကြောင်းအလှ ကိုပိုင်ဆိုင်ထားပြီး သူမရဲ့ မျက်နှာကလဲ ကျက်သရေရှိပြီး အရမ်းကို တင့်တယ်လှပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကောက်ကြောင်းက မြင်ရတဲ့သူတွေရဲ့ မျက်လုံးတွေကို တဏှာရာဂမီးတောက် တောက်လောင်ပြီးတော့ နီရဲ သွားစေပါတယ်။

ဘယ်လောက်ဆွဲဆောင်မှုရှိလိုက်သလဲ .. ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်သလဲ.. ဒါက ရာဇဂုဏ်တတ်မှု (ဘာအမှုလဲ သိတယ်နော်ဟင်းဟင်း) လုပ်ဖို့အတွက်တောင်မှ လုံလောက်ပါတယ်။

``အမျိုးသမီးရန်``

တတိယ အင်ပါယာ မင်းသားက သူရဲ့ လက်တွေကို ဆုပ်ပြီးတော့ သူမရှိတဲ့ ဘက်ကို လှည့်ပြီး ပြုံးလိုက်ပါတယ်။ သူမက အချစ်ပန်းစံအိမ်ရဲ့ ပိုင်ရှင်ဖြစ်ပါတယ်။ အင်ပါယာ မြို့မှာ အဆင့်အတန်းမြင့်တဲ့ ဂုဏ်သရေရှိ ငွေကြေးချမ်းသာကြွယ်ဝ သူတွေ အတွက် ဇိမ်ခံနေရာကို ဖွင့်လှစ်ပေးတဲ့ သူက ဘယ်လိုလုပ်ပြီးတော့ သာမာန် လူတစ်ယောက် ဖြစ်နိုင်မှာလဲ?

ဖန်းယန်တောင်မှ သူရဲ့ တိုက်ခိုက်လိုစိတ်ကို ရုတ်သိမ်းပြီးတော့ လက်ကို ဆုပ်ပြီး ပြောလိုက်ပါတယ်။

``အမျိုးသမီး ရန် ကို နှုတ်ဆက်ပါတယ်``

လေဒီရန် က တောက်ပစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတို့နှစ်ယောက်လို ကြီးကျယ် မြင့်မြတ်တဲ့ ဂုဏ်သရေရှိတဲ့ ဧည့်သည် တော် တွေရဲ့ ရှိသေလေးစားမှုကို ငါမခံယူရဲပါဘူး။ ဒါပေမဲ့ အချစ်ပန်းစံအိမ်က သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေရှိတယ်.. ဒီနေရာမှာ တိုက်ခိုက်တာကို တားမြစ်ထားတယ်.. တကယ်လို့ မင်းတို့နှစ်ယောက်က တိုက်ခိုက်ချင်တယ်ဆိုယင် ကျေးဇူးပြုပြီးတော့ အပြင်ဘက်မှာ တိုက်ပွဲကို ကျင်းပနိုင်ပါတယ်``

``ဟားဟား လေဒီရန် ကိုယ်တိုင်က ဒီလိုမျိုး ပြောမှတော့ ကျနော်က ဘယ်လိုလုပ်ပြီးတော့ ရိုင်းပျလို့ဖြစ်မှာလဲ``

ဖန်းယန်က သူ့ရဲ့ လက်ကို နောက်တစ်ကြိမ် မြှောက်ပြီးတော့ လင်းဟန် ဘက်ကို လှည့်ပြီးပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ်တော့ ငါ မင်းကို လွှတ်ပေးလိုက်မယ်. ဒါပေမဲ့ ဒုတိယအကြိမ်ဆိုတာ လုံးဝ မရှိဘူး``

သူက လှည့်ပြီးတော့ ထွက်ခွာသွားပါတယ်။ တတိယ အင်ပါယာ မင်းသားကို နည်းနည်းလေးမှတောင် မျက်နှာသာမပေးပါဘူး။ လင်းဟန်နဲ့ တတိယ အင်ပါယာ မင်းသားကတော့ ရှင်းလင်းပါတယ်။ ဒါတွေအားလုံးက ဖန်းလောင် ကြောင့်ပါပဲ။ သူ့ကြောင့်ပဲ ဖန်းယန်က သူတို့နှစ်ယောက်ကို မုန်းတီးနေတာပါ။

အဓိက အရေးကြီးတဲ့အချက်က ဒီကောင့်ဆီမှာ ဘယ်လို ပုက်ဖဲ ရှိနေလို့ လူပုံအလယ် မှာ တတိယ အင်ပါယာ မင်းသားကိုတောင်မှ ဆန့်ကျင်ရဲ ရတာလဲ?

ဖန်းယန်ကြောင့် ပြဿနာ ဖြစ်ပြီးတဲ့နောက်မှာ ဧည့်သည်တွေ အားလုံးပဲ ဆက်ပြီးတော့ သောက်ဖို့ နဲ့ဟာသတွေ လုပ်ဖို့ကို ဆန္ဒမရှိတော့ပါဘူး။ ဒါကြောင့် တတိယ အင်ပါယာ မင်းသားက ဧည့်ခံပွဲကို ရိုးရိုးရှင်းရှင်းနဲ့အဆုံးသတ် လိုက်ပြီးတော့ လူတိုင်းလူတိုင်း သူတို့ရဲ့ အိမ်ကို ပြန်သွားခဲ့ပါတယ်။

``လူကြီးမင်း လင်း မင်း ငါနဲ့ ခဏလောက် တွေ့နိုင်မလား?``

လင်းဟန်က ခြံဝန်းရဲ့ အပြင်ဘက်ကို ခြေချလိုက်တဲ့ အချိန်မှာ လေဒီရန်ရဲ့ အသံကို ကြားလိုက်ရပါတယ်။ ၎င်းက ဆွဲဆောင်မှုရှိပြီးတော့ ပျားရည်လေးတွေလို ချိုသာ ပြီးတော့ အရမ်းကို သာယာငြိမ့်ညောင်းတဲ့ အသံတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ရတာပေါ့``

သူက လီဟောင်နဲ့ ဇူရှူရီကို အရင်ဆုံး သွားနှင့်ဖို့ ပြောလိုက်ပီးတော့ လေဒီရန် ဆီကို လျှောက်သွားခဲ့ပါတယ်။

``လူကြီးမင်း လင်း.. ကျေးဇူးပြုပြီးကြွပါ``

လေဒီရန် က လင်းဟန်ကို သပ်ရပ်လှပတဲ့ ခြံဝန်းငယ်လေး တစ်ခုဆီကို ဖိတ်ခေါ်လိုက်ပါတယ်။ အဲဒီပါတ်ဝန်းကျင်မှာ ပန်းရောင်စုံက ဖူးပွင့်နေပြီးတော့ အရမ်းကို နေချင်စဖွယ်ကောင်းတဲ့ နေရာလေးတစ်ခုပဲဖြစ်ပါတယ်။

``ကျနော်ကို ဘာကိစ္စရှိလို့ တွေ့ချင်ရတယ်ဆိုတာကို

သိလိုရမလား လေဒီရန်? လင်းဟန်က ထိုင်ချလိုက်ပါတယ် ပြီးတော့ အလွန်အမင်းကို လှပချောမောတဲ့ မိန်းကလေး ငယ်လေး တစ်ယောက်က လက်ဘက်ရည်ကြမ်းနဲ့ ဧည့်ခံပါတယ်။

သူမက အရမ်းကို သတ္တိရှိတဲ့ မိန်းကလေးတစ်ယောက်လဲ ဖြစ်ပါတယ်။ သူမက လေဒီရန် ရဲ့ အနောက်မှာ သွားရပ်နေပြီးတော့ လင်းဟန်ကို တိုက်ရိုက်ပဲ သိချင်စိတ်ပြင်းပြစွာနဲ့ စိုက်ကြည့်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်ပါယာ မြို့ရဲ့ အရမ်းကို နည်းပါးတဲ့ လူနည်းစု သာလျှင် ဒီခြံဝင်းထဲကို ဝင်လာနိုင်တာ ဖြစ်ပြီးတော့ အဲဒီထဲက ဘယ်သူမဆို သူတို့ရဲ့ ခြေလှမ်း အနည်းငယ်မျှနဲ့ အင်ပါယာမြို့ တစ်ခုလုံးကို တုန်လှုပ်သွားအောင်လို့လုပ်နိုင်ပါတယ်။

သူမထက်တောင်မှ ငယ်ရွယ်ပုံရတဲ့ လူငယ်လေးတစ်ယောက်က ဘာကိစ္စအကြောင်း ရင်းများ ရှိလို့ ဒီနေရာကို လာတာလဲ? ဒါ့အပြင် သူ့ရဲ့ အမူအရာက လုံးဝတည်ငြိမ်နေပါတယ်။ ကြောက်ရွံ့နေတာ ဒါမှမဟုတ် အံ့အားသင့်ပြီးတော့ ကျေနပ်နေတဲ့ လက္ခဏာတစ်စုံတစ်ရာမှ မတွေ့ရတဲ့အတွက် သူမကို ခေါင်းခြောက် သွားစေပါတယ်။

``လူကြီးမင်း လင်းက အဆုံးမဲ့ ဂရန်းမာစတာ မှော်ဆေးပညာရှင်နစ်ယောက်ရဲ့ မျက်နှာသာပေးမှုကိုရရှိထားတာက ကျမအတွက် အရမ်းကို သိချင်စိတ်ပြင်းပြ စေပါတယ်``

လေဒီရန် က လှပတဲ့အပြုံးလေးနဲ့ပြောလိုက်ပါတယ်။

``ကျမ က လူကြီးမင်းလင်းရဲ့ အကူအညီ တစ်စုံတစ်ရာကို နောက်ပိုင်းမှာ ယူကောင်း ယူရနိုင်တဲ့အတွက် လူကြီးမင်းလင်းနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုကို တည်ဆောက်ချင်ပါတယ်``

ကောင်းတယ်... သူမက ဒွဲ့ဒိုးသမားပဲ။

``ဒါက ကျမရဲ့ လက်ဆောင်သေးသေးလေးပါ.. တကယ်လို့ လူကြီးမင်းလင်းက လက်ခံမယ်ဆိုယင် ကျမကို ကျေနပ်ပျော်ရွှင်စေပါလိမ့်မယ်``

လေဒီရန်က မိန်းကလေးဘက်ကိုလှည့်ပြီး ခေါင်းငြိမ့်ပြလိုက်တဲ့အခါ မိန်းကလေးက စားပွဲပေါ်မှာ တင်ထားတဲ့ သစ်သား သေတ္တာလေး တစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။

လင်းဟန်က မငြင်းပယ်ပဲနဲ့ သေတ္တာကို ရိုးရိုးလေးပဲ ဖွင့်လိုက်ပါတယ်။ သေတ္တာ အထဲမှာ အနီရောင်ရှိတဲ့ ဖောင်းကြွပုံစံ အခင်းတစ်ခု ရှိပြီးတော့ အဲဒီ အခင်းအပေါ်မှာ လက်အကာ တစ်ခု ရှိပါတယ်။ ၎င်းကိုကြည့်ရတာက အိုဟောင်းနေတဲ့ပုံစံ ဖြစ်ပြီးတော့ ၎င်းကနေ ရှေးကျတဲ့ လေ တစ်ခု ထွက်ပေါ်နေပါတယ်။

သူက လက်ကာကို ယူလိုက်ပြီးတော့ အကြိမ် အနည်းငယ် မျှ သူ့မျက်လုံးနဲ့ နီးနီး ကပ်ကပ်ကြည့်လိုက်ပါတယ်။ တစ်ခဏမျှကြာတဲ့အခါမှာ သူကပြောလိုက်ပါတယ်။

``လေဒီရန်က အရမ်းကို ရက်ရောတာပဲ.. ဒီလိုလက်ဆောင်မျိုးကို ကျနော် လက်မခံပံ့ပါဘူး``

``အိုး``

လေဒီရန်ကိုကြည့်ရတာ သိချင်စိတ်ပြင်းပြနေပြီးတော့ သူမက လင်းဟန်ကို မေးလိုက်ပါတယ်။

``လူကြီးမင်းလင်းက ဒီလက်ကာကို ဘယ်လိုသုံးရမယ်ဆိုတာ သိနေတာလား?``

``တကယ်လို့ ကျနော် ခန့်မှန်းတာ မမှားဘူးဆိုယင် ဒီဟာက လူတစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းကို တိုးလာစေပြီးတော့ အနည်းဆုံးတော့ တိုက်ပွဲကြယ် တစ်ခု တိုးလာစေနိုင်ပါတယ်``

လင်းဟန်ကပြောလိုက်ပါတယ်။

တိုက်ပွဲကြယ် တစ်ခု တိုးတာက အရမ်းကိုကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာပဲဖြစ်ပါတယ်။ လူအများစုက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ပေါ်မှာ မူတည်ပြီးတော့ တိုက်ပွဲအစွမ်းတွေကို အသုံးပြုနိုင်ကြပါတယ်။ ဒါပေမဲ့ သူတို့ ထုတ်ဖော်ပြတဲ့ တိုက်ပွဲ အစွမ်းတွေက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက်ပိုလွန်နေပြီး တော့ ဆိုလိုတာက သူတို့ထက် သန်မာတဲ့ပြိုင်ဘက်ကို စိန်ခေါ်ယှဉ်ပြိုင်နိုင်တဲ့ စွမ်းရည်တွေရှိတယ်ဆိုတဲ့သဘောပါပဲ။ ဒါကြောင့် လင်းဟန်က လေဒီရန်ကို အရမ်းကို ရက်ရောတယ်လို့ ပြောရခြင်းပဲဖြစ်ပါတယ်။

ဒါက သူတို့ရဲ့ ပထမဆုံး တွေ့ဆုံမှုပဖြစ်ပြီး သူမက ဒီလိုမျိုးတန်ဖိုးကြီးမားတဲ့ လက်ဆောင်ကို ပေးပါတယ်။

တကယ်လို့ လေဒီရန်ရဲ့ သဘာဝ က အရမ်းကို ရက်ရောတယ်ဆိုယင်တောင်မှ ဒါက အရမ်းကို အံ့အားသင့်ဖို့ ကောင်းနေပါသေးတယ်။

``လူကြီးမင်း လင်းက အရမ်းကို ဗဟုသုတနဲ့ပြည့်စုံကြွယ်ဝပါတယ်..ဟုတ်ပါတယ် .. ဒီပစ္စည်းရဲ့ နာမည်က ခရမ်းရောင်ကြယ်လက်ကာ လို့ခေါ်ပါတယ်.. သူ့ကို အသက်သွင်းလိုက်တာနဲ့ အသုံးပြုတဲ့သူရဲ့ တိုက်ပွဲအစွမ်းကို နောက်ထပ်ကြယ် တစ်လုံး ထပ်ပြီးတိုးပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒီစွမ်းအားကို အဆင့်မြှင့်တင်မယ်ဆိုယင် အသုံးပြုတဲ့ လူနဲ့ ဒီလက်ကာ ရဲ့ ရင်းနှီးကျွမ်းဝင်မှု အပေါ် မှာ မူတည်ပြီးပါသေးတယ်``

လေဒီရန်က ရှင်းပြခဲ့ပါတယ်။

လင်းဟန်က သေတ္တာရဲ့ အဖုံးကို ပိတ်လိုက်ပီးတော့ မေးလိုက်ပါတယ်။

``လေဒီရန် ငါ မင်းကို ကူညီစေချင်တာ တစ်ခုခုများရှိသလား?

``သေချာတာပေါ့``

လေဒီရန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။(ပုံထဲကဘယ်သူဖြစ်မယ်ထင်)

အပိုင်း (၁၄၇) လမ်းမ အလယ်က မြင်းလှည်းကို ဖျက်စီးခြင်း

``ကျေးဇူးပြုပြီးတော့ ပြောပါ.. တကယ်လို့ ကျနော်ရဲ့ စွမ်းဆောင်နိုင်တဲ့ အတွင်း မှာ ဆိုယင် မငြင်းပါဘူး... တကယ်လို့ ကျနော်အနေနဲ့ မစွမ်းဆောင်နိုင်တဲ့ ကိစ္စဆိုယင် တော့ ဒီလိုမျိုး တန်ဖိုးဖြတ်မရတဲ့ လက်ဆောင်ကို လက်မခံနိုင်ပါဘူး``

လင်းဟန် က အရမ်းကို တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

အမျိုးသမီးငယ်လေးက အလွန်အမင်း အံ့အားသင့်စွာနဲ့ ကြည့်နေပါတယ်။ ဒီ လက်ကာ ရဲ့ အာနိသင်ကို ကြားလိုက်ရတဲ့အခါမှာ သူက တည်ငြိမ်နေနိုင် သေးတယ်။ ဒီကောင်က တကယ်ရော လူငယ်တစ်ယောက်မှ ဟုတ်ရဲ့လား? ဘာလို့ သူ့ကိုကြည့်ယင် အသက်ကြီးတဲ့ လူတစ်ယောက်လိုမျိုး ခံစားပြီးတော့ မြင်နေရတာလဲ?

လေဒီရန် က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါ မင်းကို ကူညီဖို့ တောင်းဆိုချင်တဲ့ တစ်စုံတစ်ရာက မင်းလုပ်နိုင်တဲ့ စွမ်းရည် အတွင်းမှာပဲ ရှိပါတယ် လူကြီးမင်း လင်း.. ငါမင်းရဲ့ အကူအညီကို လိုချင်တဲ့ တာဂန် ကတော့ မင်းရဲ့ နောက်မှာရှိတဲ့ အရမ်းကို အစွမ်းထက်မြက်တဲ့ သူကို ငါ့အတွက် နိစ္စရူဂ ဆေးလုံး ဖော်စပ်ပေးဖို့ တောင်းဆိုပေးပါ``

``နိစ္စရူဂဆေးလုံး``

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

``လေဒီရန် ရဲ့ သူငယ်ချင်းက မှားလို့မရတဲ့ သေခါနီး အခြေအနေထဲကို ရောက်နေတာလား?``

``မင်းဘယ်လိုလုပ်ပြီးတော့သိတာလဲ?``

လေဒီရန်ကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှားနေပြီး ချက်ချင်းပဲ ထရပ်လိုက်ပါတယ်။

နိစ္စရူဂ ဆေးက အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံး တစ်ခုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းက မြေကမ္ဘာမှာ အဆင့်နားကို အရမ်းနီးကပ်တဲ့ အဆင့်ရှိပါတယ်။ ဒီဆေးလုံးကို

အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်တဲ့ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင်တွေကို လက်တစ်ဖက်ထဲနဲ့တောင် ရေတွက်လို့ ရနိုင်ပါတယ်။ ယခင်တုန်းက လေဒီရန်က ဖုယွင်ရှင်းနဲ့ ပူဆောင်လင်းတို့ကိုသူမကို ကူညီပြီး ဖော်စပ်ပေးဖို့ မေးခဲ့ပါသေးတယ်.. ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးက အနည်းငယ်မျှ တောင် အောင်မြင်နိုင်မှာမဟုတ်တဲ့အတွက် သူမရဲ့ တောင်းဆိုမှုကို ငြင်းပယ် ခဲ့ပါတယ်။

အခု လင်းဟာန်က ဒီဆေးလုံးရဲ့ နာမည်ကို ကြားပြီးတဲ့အခါမှာ သူမ အတွက် နိစ္စရူဂ ဆေးလုံးကို လိုအပ်ရတဲ့ အကြောင်းကို ခန့်မှန်းနိုင်ခဲ့ပါတယ်။ သူရဲ့ အနောက်မှာ ဖုယွင်ရှင်းနဲ့ ပူဆောင်လင်းတို့ထက် ပိုပြီးတော့ အံ့သြစရာကောင်း တဲ့ ကြီးကျယ် မြင့်မြတ်တဲ့ မှော်ဆေးပညာရှင်တစ်ယောက် ရှိနေတယ်ဆိုတာကို သူမက ဘယ်လိုလုပ်ပြီးတော့ မယုံနိုင်ရမှာလဲ?

မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်..........။

အချစ်ပန်းစံအိမ်အတွင်းမှာ ဖြစ်ပျက်သမျှအားလုံးက သူမရဲ့ မျက်စိနဲ့ နားကနေ ဘယ်အရာမှ မလွတ်မြောက်နိုင်ပါဘူး။ ဒါကြောင့် သူမက လင်းဟာန်က ဖုယွင်ရှင်းနဲ့ ပူဆောင်လင်းတို့

နစ်ယောက်နဲ့ အရမ်းကို လေးနက်တဲ့ ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေး ရှိတယ်ဆိုတာကို သိလိုက်ရတော့ လင်းဟန်ရဲ့ အနောက်မှာ သူတို့ နစ်ယောက်ထက် ပိုပြီးတော့ အစွမ်းထက်တဲ့ မှော်ဆေးပညာရှင် တစ်ယောက် ရှိနေလိမ့်မယ်လို့ ခန့်မှန်းမိပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ပူဆောင်လင်းနဲ့ ဖုယွင်ရှင်းတို့က သူတို့ကိုယ်သူတို ့နှိမ့်ချပြီးတော့ အရမ်းကို ငယ်ရွယ်တဲ့ လူငယ်လေးတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်အောင်လုပ်ပ့ါမလား။

ဒီအကြောင်းကြောင့်ပဲ သူမက လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုကို တည်ဆောက်ချင်နေပြီးတော့ တကယ်လို့ သူမအနေနဲ့ အကူအညီရနိုင်ခဲ့မယ် ဆိုယင် လင်းဟန်ရဲ့ အနောက်က ကြီးကျယ်မြင့်မြတ်တဲ့ မှော်ဆေးပညာရှင်ကို သူမအတွက် နိစ္စရူပ ဆေးလုံးကို ဖော်စပ်ပေးဖို့ အကူအညီတောင်းနိုင်ပါလိမ့်မယ်။

``ငါခန့်မှန်းမိပြီ``

လင်းဟန်က အဖြေပေးလိုက်ပါတယ်။ သူမကို သူက အယင်ဘဂတုန်းက မှော်ဆေး ဧကရာဇ် ဖြစ်တယ်ဆိုတာကို ပြောမှာမဟုတ်ပါဘူး..ပြီးတော့ သူ မမြင်ဖူး မကြားဖူး တဲ့

ဆေးဖော်စပ်နည်းက လုံးဝမရှိပါဘူး။

သူကပိုပြီးတော့ တည်ငြိမ်အေးဆေးလေ လေဒီရန်ရဲ့ နှလုံးသားထဲမှာသူရဲ့ နေရာက ပိုပြီးမြင့်မားလာလေပါပဲ။

``လူကြီးမင်း လင်း .. မင်းအနောက်မှာရှိတဲ့ မှော်ဆေးပညာရှင်က နိစ္စဒူဂ ဆေးလုံး ကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်သလား?``

လေဒီရန်က အနည်းငယ် တုန်ယင်တဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

``ဟုတ်တယ်``

လင်းဟန်က ပြုံးပြီး ခေါင်းငြိမ့်လိုက်ပါတယ်။

အမှန်တော့ တကယ်လို့ လွှန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက ဆိုယင်တော့ သူက အောင်မြင်စွာနဲ့ ဖော်စပ်နိုင်မှာမဟုတ်ပါဘူး ဘာလို့လဲဆိုတော့ ဒီဆေးလုံးက မြေကမ္ဘာ အဆင့်နီးပါးရှိတဲ့ မှော်ဆေးလုံးဖြစ်ပီးတော့ သူက အမြင့်ဆုံးအနေနဲ့ အဂါရောင် အဆင့်မြင့် မှော်ဆေးလုံးကိုပဲ အောင်မြင်စွာနဲ့ ဖော်စပ်နိုင်ပါတယ်။

ဒါပေမဲ့ သူက ထူးဆန်းတဲ့မီးနဲ့ ပေါင်းစပ်ပြီးတဲ့ အခါမှာတော့ မြေကျွံမှာ အဆင့်နဲ့ သူရဲ့ အောက်က အဆင့်မှာရှိတဲ့ ဘယ်လိုမှော်ဆေးလုံးကို မဆို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်မယ်ဆိုတာ ယုံကြည်မှုရှိပါတယ်။

``တကယ်လား``

အရာအားလုံးက အိမ်မက်ဆန်ဆန် လို ခံစားရပြီးတော့ လေဒီရန်ကို ချက်ချင်းပဲ ပျော်ရွှင်သွားစေခဲ့ပါတယ်။

``အင်း``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``ကျေးဇူး.. ကျေးဇူးတင်ပါတယ် လူကြီးမင်းလင်း``

လေဒီရန်က အနည်းငယ် ဦးညွှန့်လိုက်ပြီးတော့ သူမရဲ့ လှပတဲ့ မျက်လုံးတွေထဲမှာ မျက်ရည်တွေဝဲလို့ လာပါတယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

``လိုအပ်တဲ့ ပါဂင်ပစ္စည်းတွေကို ငါ့ကိုပေးလိုက် ပြီးယင်ဟွာယန်အကယ်ဒမီကို နောက်သုံးရက်အကြာမှာ ဆေးလုံးကို လာယူပါ``

သုံးရက်.. သူမအတွက် ဆယ်နှစ်လောက် ဒုက္ခရောက်နေခဲ့ပြီး မဖြေရှင်းနိုင်တဲ့ ဒီပြဿနာက သုံးရက်အတွင်းမှာပဲ ဖြေရှင်းလို့ရနိုင်မှာလား? လေဒီရန် ရဲ့ အမူအရာ ကိုကြည့်ရတာ အံ့အားသင့်ပျော်ရွှင်နေပြီးတော့ သူမက တစ်ခဏမျှ မှင်တက်သွားပြီး ပြောလိုက်ပါတယ်။

``ရွှမ်း ရွှမ်း .. သွား.. ငါ့အတွက် ပါဂင်ပစ္စည်းတွေ သွားယူပေးစမ်း``

``ဟုတ်ကဲ့ပါ``

သူမဘေးက မိန်းကလေးက လျှင်မြန်စွာနဲ့ ဖြေလိုက်ပါတယ်။ သူမရဲ့နာမည်က ယွင်ရွှမ်းရွှမ်းလို့ခေါ်ပါတယ်.. သူမငယ်ငယ်လေးကတည်း လေဒီရန်က သူမအပေါ်မှာ တုန်နေအောင်ချစ်ပြီးတော့ သူမရဲ့ တကယ့် သမီးတစ်ယောက်လိုချစ်ခင်ပါတယ်။

သိပ်မကြာခင်မှာ ယွမ်ရွှမ်းရွှမ်းက နောက်ထပ်

သစ်သားသေတ္တာတစ်လုံးနဲ့ ပြန်လာပါတယ်။ ဒီတစ်ခါ သေတ္တာက အစောတုန်းက သေတ္တာထက် ပိုပြီးတော့ ကြီးမားပါတယ်။

``ဒါဆိုယင် ကျနော် အယင်ဆုံးပဲ ပြန်နှင့်ပါတော့မယ်``

လင်းဟန်က သစ်သားသေတ္တာလေးကို ကောက်ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ ကိုယ်ပိုင် မြင်းလှည်းနဲ့ မင်းကို ပြန်လိုက်ပို့ခွင့်ပေးပါ``

လင်းဟန်အတွက် သူ့ရဲ့လက်ထဲမှာ ဒီသစ်သားသေတ္တာကြီးကို ကိုင်ပြီးတော့ လမ်းလျှောက်ပြန်တာက မသင့်တော်ဘူးလို့ သူမက ထင်တဲ့အတွက် လိုက်ပို့ ဖို့ ပြောလိုက်တာပါ။

လင်းဟန်က အမှန်တကယ်တော့ သူ့ဆီမှာ သိုလှောင်လက်စွပ်ရှိပါတယ်။ ဒါပေမဲ့ သူက လေဒီရန်ရဲ့ အရှေ့မှာ ထုတ်ပြီးတော့ အသုံးမပြုချင်ပါဘူး။ ဒါကြောင့် သူက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင်လည်း ကျနော် လေဒီရန်ကို

ဒုက္ခပေးရတော့မှာပဲ``

``ရပါတယ် ကိစ္စမရှိပါဘူး လူကြီးမင်းလင်း``

လေဒီရန်က ကြီးမားတဲ့ ပြဿနာ တစ်ခုကို ဖြေရှင်းပြီးတဲ့အတွက် အရမ်းကို ပျော်ရွှင် နေပီးတော့ တောက်ပတဲ့ အပြုံးတွေနဲ့ ပြောလိုက်ပါတယ်။

``ရွှမ်းရွှမ်း ငါ့ကိုယ်စား လူကြီးမင်း လင်းကို ကောင်းကောင်း ပြန်ပို့ပေးလိုက်ပါ``

``ဟုတ်ကဲ့ပါ လေဒီရန်``

ယွမ်ရွှမ်းရွှမ်းက ရိုသေမှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

ယွမ်ရွှမ်းရွှမ်းနဲ့ အတူ လင်းဟန်က အချစ်ပန်းစံအိမ်အပြင်ဘက်ကို ထွက်ခွာလာခဲ့ ပါတယ်။ ဂင်ပေါက်ဂမှာ မြင်းတစ်ကောင်ဆွဲထားတဲ့ မြင်းလှည်းတစ်ခု ရှိနေပြီးတော့ မြင်းလှည်းအိမ်က ခမ်းနားတင့်တယ်လှပါတယ်။ မြင်းလှည်းကို ဆွဲတဲ့ မြင်းက လုံးဂ အဖြူရောင် ဖြစ်နေပြီးတော့ သူ့ရဲ့ နဖူးပေါ်မှာ သမင်တွေရဲ့ ဦးချိုလိုမျိုး တစ်ခု ပေါက်နေပါတယ်။

ဒါက မော်သားရဲ့ အမျိုးအစား တိမ်သမင် မြင်းပဲဖြစ်ပါတယ်။ ၎င်းက အရမ်းကို အစွမ်း မရှိပေမဲ့ ကြည့်ရတာ အရမ်းကိုလှပ ပါတယ်။ ဒါကြောင့် ပုံမှန်အားဖြင့် လှည်းအိမ် တွေကို ဆွဲဖို့ အသုံးပြုပါတယ်။ ၎င်းက အရမ်းကို ဈေးကြီးပါတယ်။ မြင်းလှည်းအိမ်ရဲ့ အတွင်းပိုင်းကလဲ ဇိမ်ခံပစ္စည်းကောင်းတွေနဲ့ ပြုလုပ်ထားပြီးတော့ ထိလိုက်တာနဲ့ နူးညံ့ နေပြီးတော့ လူတစ်ယောက်ကောင်းကောင်းကြီး လှဲပြီးတော့ အနားယူနိုင်ပါတယ်။ ပြီးတော့ အထဲမှာ ခရီးတစ်ခုထွက်ယင် အဆင်သင့်ဖြစ်အောင် လတ်ဆတ်တဲ့ အသီးတွေနဲ့ ဝိုင်တွေကိုလဲ ထည့်ထားပါသေးတယ်။

``သခင်လေးဟန် ကျေးဇူးပြုပြီးတော့ဝင်ပါ``

ယွမ်ရှမ်းရှမ်းက ပြောလိုက်ပါတယ်။ သူမက လင်းဟန်အကြောင်းကို အလွန်အမင်း သိချင်စိတ်ပြင်းပြနေပါတယ်။ သူလို လူငယ်လေးတစ်ယောက်က သူမရဲ့ သခင်မ ရဲ့ နှစ်ပေါင်းများစွာ မဖြေရှင်းနိုင်တဲ့ ပြဿနာကို တကယ်ပဲ ဖြေရှင်းနိုင်တယ်ပေါ့လေ။

လင်းဟန်က မြင်းလှည်းအိမ်ထဲကို ဝင်ပြီးတော့ လက်ကာ ကို ထုတ်ပြီး ၎င်းကို စတင် သန့်စင်လိုက်ပါတယ်။

တစ်ဖက်မှာ ထိုင်နေတဲ့ ယွမ်ရှမ်းရှမ်းက အလွန်အမင်းကို မကျေနပ်သလို ခံစားလိုက်ရပါတယ်။ သူမက အရမ်းကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ပြီးတော့ ဘယ်ယောက်ကျ်ားကမှ သူတို့ရဲ့ မျက်စိအရှေ့ကို ရောက်နေတဲ့ သူမကို မကြည့်ပဲနေနိုင်မှာလဲ? ဒီကောင်စုတ်ကတော့ သူမရှိနေတယ်ဆိုတာကို တကယ်ပဲ လုံးဝ လစ်လျူရှုထားပြီးတော့ သူ့ရဲ့ အာရုံတွေကို ဒီ လက်ကာ ပေါ်မှာပဲ အပြည့်အဝ စူးစိုက်လို့ထားပါတယ်။

သူမက ဒီလက်ကာက အရမ်းကို တန်ဖိုးရှိတယ်ဆိုတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ ၎င်းက သူ့ရဲ့ဟာ ဖြစ်သွားပြီလေ. သူက ဘယ်အချိန်ပဲဖြစ်ဖြစ် ကြည့်လို့ရနေတာပဲ ကို ဒါပေမဲ့ သူမကတော့ သူကြိုက်တဲ့ ဘယ်အချိန်မှာမဆို ကြည့်နိုင်တဲ့ တစ်ယောက်တစ်ယောက် ဟုတ်လို့လား?

ဘယ်လောက်တောင် တုံးလိုက်တဲ့ ကောင်လဲ။

ဒီမိန်းကလေးရဲ့ နှလုံးသားထဲမှာ လင်းဟန်က ချစ်မှုရေးရာကိစ္စကို နားမလည်တဲ့ လူတစ်ယောက်

ဖြစ်နေတယ်ဆိုတာကို သူမသိခဲ့ပါဘူး။ သူက လက်ကာ ကို ဆက်ပြီး တော့ လေ့လာက်နေပြီးတော့ လက်ကာရဲ့ မျက်နှာပြင်ကို သူ့ရဲ့ လက်ဂါး နဲ့ ပွတ်သတ်ပြီးတော့ နက်နဲတည်ကြည်စွာနဲ့ စဉ်းစားသုံးသပ်နေပါတယ်။

စိတ်ဂိဉာဉ်ပစ္စည်းတွေက အသုံးပြုတဲ့ သူ့ရဲ့ တိုက်ပွဲအစွမ်းကို တိုးလာစေဖို့ အသုံးပြု ပါတယ်။ စိတ်ဂိဉာဉ်ပစ္စည်းရဲ့ ရေခဲစွမ်းအားကို စိတ်ဂိဉာဉ်ပစ္စည်းမှာ တံဆိပ်ပိတ် ထားမယ် ဆိုယင် ၎င်းကို လွှတ်ထုတ်လိုက်တာနဲ့ ရေခဲမိုင်ပေါင်း တစ်ထောင်လောက် ကို ဖန်တီးပြီးတော့ နှင်းတွေက မိုင်တစ်သောင်းလောက်ကို ကျဆင်းစေပါလိမ့်မယ်.. ဒါက အရမ်းကို စွမ်းအားပြည့်ဂလွန်းတဲ့ စွမ်းရည် တစ်ခု ဖြစ်ပါတယ်။

ဒါက သိုင်းပညာရှင် တစ်ယောက်ရဲ့ ကိုယ်ပိုင် တိုက်ပွဲအစွမ်းကို တိုက်ရိုက် တိုးလာစေခြင်း မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီလက်ကာ ကတော့ အမှန်တကယ်ပဲ အသုံးပြုတဲ့ သူ့ရဲ့ တိုက်ပွဲအစွမ်းကို ကြယ် တစ်လုံး တိုးလာစေနိုင်ပါတယ်။ ဒါက လင်းဟန်ကို စိတ်ဂင်စားအောင် ဆွဲဆောင်စေတဲ့ အရာပဲ ဖြစ်ပါတယ်။သူက ဒီစိတ်ဂိဉာဉ်ပစ္စည်းရဲ့ အံ့သြစရာကောင်း တဲ့ စွမ်းဆောင်ရည်ကို ရှင်းရှင်းလင်းလင်း

လေ့လာစူစမ်းချင်ပါတယ်။ တကယ်လို့ ၎င်း ကို သူ့ရဲ့ ခန္ဓာကိုယ် အတွင်းမှာ တိုက်ရိုက် အသုံးပြုလို့ရနိုင်မလား.. ဒါဆိုယင် ပိုပြီးတော့ အံ့သြစရာကောင်းသွားမယ် မဟုတ်လား? သူက ဘုန်းတော်ကြီး တစ်ပါး လိုမျိုးအရမ်းကို တည်ငြိမ်အေးချမ်းစွာနဲ့ ထိုင်နေပါတယ်။ သူ့ရဲ့ နားမှာ အလွန် အမင်း ကိုချောမောလှပတဲ့ မိန်းမပျိုလေး ထိုင်နေတာတောင်မှ သူမကို လုံးဝ မမြင်ရတဲ့ အတိုင်းပါပဲ။

ယွမ်ရှမ်းရှမ်းက လစ်လျူရှုခြင်းကို ခံရတဲ့အတွက် ဒါကို လုံးဝလက်မခံ နိုင်တဲ့ ပုံစံမျိုးနဲ့ သူမရဲ့ လှပတဲ့ မျက်နှာလေးက တွန့်လိမ်နေပါတယ်။

ဒါက အရမ်းကို လွန်တယ်လို့ မဟုတ်လား... သူမက အရမ်းကို ချောမော လှပါတယ်လေ. ဟော့။

``ဗုန်း``

ချက်ချင်းဆိုသလိုပဲ မြင်းလှည်းအိမ်က အလယ်ကနေ ကွဲထွက်သွားခဲ့ပါတယ်။ အဲဒါက ဆေဘာတစ်ခုရဲ့ အလင်းရောင် တစ်ချက်ဖြစ်ပြီးတော့ ကောင်းကင်နဲ့ မြေကြီး ကိုတောင်မှ လှီးဖြတ်နိုင်တဲ့အထိ လုံလောက်တဲ့ စွမ်းအားပြည့်ဝနေပြီးတော့ ၎င်းက မြင်းလှည်းကို

တစ်ဂက်တောင် ဖြတ်ပိုင်းလိုက်ပါတယ်။

ဘယ်လိုလူက သတ္တိ တွေအရမ်းကောင်းပြီးတော့ အင်ပါယာမြို့အတွင်းမှာ ဒီလိုမျိုး လုပ်ရဲတာလဲ? လင်းဟန်နဲ့ ယွမ်ရှမ်းရှမ်း တို့က မြင်းလှည်းအိမ် လန်မလဲခင်မှာပဲ မြေကြီးပေါ်ကို တည်တည်ငြိမ်ငြိမ်နဲ့ ခုန် ထွက်လာပါတယ်။ မြင်းလှည်းမောင်း သမားက ဒဏ်ရာတွေအများကြီးမရသွားပါဘူး။ သူက မြင်းနဲ့အတူ လှည်းအိမ် တစ်ဂက်ကို မောင်းနှင်သွားပြီး နည်းနည်းအဝေးရောက်တဲ့အခါမှာတော့ ရပ်လိုက်နိုင်ပါတယ်။

လင်းဟန်နဲ့ ယွမ်ရှမ်းရှမ်းတို့ နှစ်ယောက်စလုံးက သူတို့ရဲ့ခေါင်းတွေကို မော့ကြည့် လိုက်တဲ့ခါမှာ သိပ်မဝေးတဲ့ နံရံ တစ်ခုမှာ လူငယ်တစ်ယောက်က သူ့ရဲ့ လက်ထဲမှာ ဆေဘာဓါးတစ်လက်ကို ကိုင်ထားပြီးတော့ သူ့ဆီကနေ လွှမ်းမိုးနိုင်တဲ့ စွမ်းအားပြည့် ဂတဲ့ ဖိအားတစ်မျိုး ထွက်ပေါ်နေပါတယ်။

ဖန်းယန်......။

``လင်းဟန်.. ငါမင်းကို ဒီမတိုင်ခင်ကပြောဖူးတယ်လေ..

ဒီည မင်းကို ငါ ဆုံးမပေးရ လိမ့်မယ်``

သူကပြုံးလိုက်ပါတယ်။ သူ့ရဲ့ အမူအရာတွေက အေးစက်နေပြီးတော့ သူ့ဆီက ထွက်ပေါ်နေတဲ့ ဖိအားတွေက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။

ဒါက စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်တဲ့လူတစ်ယောက်ပါပဲ။

လင်းဟန်က စဉ်းစားလိုက်ပါတယ်။ သူလည်းပဲ ယခင်ဘဝတုန်းက ဒီလိုမျိုး လူတစ်ယောက် ဖြစ်ခဲ့ပြီးတော့ ဘယ်လိုစည်းမျဉ်းစည်းကမ်းမျိုး ကိုမှ သူက လုံးဝ ဂရုစိုက်ခဲ့တာမဟုတ်ပဲ ကိုယ်လုပ်ချင်တာကို လုပ်ခဲ့တဲ့ လူတစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒါကလဲ သူ့မှာ လုံလောက်တဲ့ အစွမ်းရှိပြီးတော့ ဒီကမ္ဘာကြီးရဲ့ အဆုံးမဲ့ ကောင်းကင် အဆင့် စစ်သည်တော် ခုနစ်ယောက် ထဲက တစ်ယောက် ပဲလေ.. သူ့ရဲ့ အဆင့်အတန်းက အံ့ဩစရာကောင်းဖို့မလုံလောက်ဘူးလား?

ဖန်းယန်က ငတုံးတစ်ယောက်တော့ မဟုတ်ပါဘူး။ သူက တတိယ အင်ပါယာ မင်းသားကို ပွင့်ပွင့်လင်းလင်းနဲ့

ရင်ဆိုင်ပုံပြီးတော့ အခု မြင်းလှည်းတစ်ခုကို လူမြင်ကွင်းမှာပဲ တစ်ဂက်တိတိ ပိုင်းဖြတ်ခဲ့ပါတယ်။ ဒါက တော်ယုံတန်ယုံ မောက်မာ ဂင်ကြွားတာမျိုးတော့မဟုတ်ပါဘူး..။

``ဖန်းယန် နင် အရမ်းကို လွန်နေပြီ.. နင်က သခင်မ ရန်ကို တောင်မှ မျက်နှာသာ လုံးဂ မပေးပါလား?``

ယွမ်ရှမ်းရှမ်းက ဒေါသတကြီးနဲ့ မေးလိုက်ပါတယ်။ ဒါက လူပုံအလယ်မှာ အချစ်ပန်း စံအိမ်ကို စိန်ခေါ်လိုက်တာပဲမဟုတ်လား?။(ဒါလေးကကောဘူသူလေး ပါလိမ့်)

အပိုင်း (၁၄၈) အံ့သြစရာကောင်းတဲ့ သွေဖယ်ခြင်း

``ငါက စောစောကတည်းက လေဒီရန်ကို မျက်နှာသာပေးခဲ့ပြီးပြီ``

ဖန်းယန်က ညင်သာစွာနဲ့ ပြုံးလိုက်ပါတယ်။

``အဲဒါကြောင့်ပဲ အချစ်ပန်းစံအိမ်ထဲမှာ ငါလုံးဂမလှုပ်ရှားပဲနဲ့ အဲဒီအစား အပြင်မှာ စောင့်နေခဲ့တာပဲ``

သူမှာ အစွမ်း.. ပါရမီ.နဲ့ စိတ်ရှည်မှုတွေရှိပါတယ်။ သူက တကယ့်ကို ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်ပါတယ်။

ဒါက လင်းဟန် သူ့ကို ဘယ်လို ထင်လဲဆိုတာပါပဲ။ အမှန်တော့ သူတောင်မှ ဖန်းယန် ရဲ့ ပုံစံကို အနည်းငယ် အထင်ကြီးသွားပါတယ်။ ကံမကောင်းတာက သူတို့ နှစ်ယောက် မ ဆုံတွေ့ခင်ကတည်းက သူတို့က မတူညီတဲ့ဘက်မျာ ရပ်တည်နေပြီး တော့ ရန်ဘက်တွေဖြစ်ဖို့ ကံဇာတာ ကပါလာပြီးသားပါ။

သူ့ရဲ့ ယခင် ဘဝ တုန်းကဆိုယင် ဖန်းယန် ပေါင်း သန်းတစ်ထောင်လောက် အတူတူ ပူးပေါင်းယင်တောင်မှ သူ့ရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး ဒါပေမဲ့ အခု လင်းဟန်ရဲ့ မျက်နှာ ပျက်သွားပါတယ်။ ဒီ နွေဦးစမ်းရေ အလွှာ ၇ အဆင့်က သူ့ကို ချက်ချင်းဆိုသလို သတ်ပစ်နိုင်တဲ့ အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။

``မစိုးရိမ်ပါနဲ့ ငါမင်းကို လောလောဆယ် မသတ်သေးပါဘူး``

ဖန်းယန်က ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ ဒီအပြုံးမှာ ဖိအားတွေနဲ့ ပြည့်နှက်နေပြီး တော့ လွှမ်းမိုးနိုင်စွမ်းတွေပါဝင်နေပါတယ်။

``ဖန်းးးးးယန်``

ယွမ်ရှမ်းရှမ်းက ကျယ်လောင်စွာအော်ခေါ်လိုက်ပါတယ်။ ဒါက တကယ့်ကို လုံလောက် ပါပြီ။ တစ်ခုပြီးတစ်ခု သူက အချစ်ပန်းစံအိမ်ကို လုံး၀ ဂရုမစိုက်တဲ့ အပြင် သူတို့အားလုံးက သူမလို ချောမောလှပတဲ့ ပြီး ထူးချွန်ထက်မြက်တဲ့ မိန်းကလေးကို လုံး၀ အာရုံမစိုက်ကြပါဘူး။ သူမက အရမ်းကို ဒေါသတွေ ပေါက်ကွဲထွက်နေပါတယ်။

ဖန်းယန်က သူမကို တစ်ချက်ကလေးမှတောင်လှည့်မကြည့်ပဲ သူရဲ့ လက်ထဲက ဆေဘာဓါးကို လေထဲကို ရိုးရိုးရှင်းရှင်းနဲ့ ခုတ်လိုက်ပါတယ်။

``ရှပ်``

ဆေဘာချီ က တစ်ခုက သူတို့ဆီကို လျှင်မြန်စွာနဲ့ နဂါးတစ်ကောင်လိုမျိုး ရောက် လာပါတယ်။

ကျင့်ကြံခြင်းအဆင့်က ခြားနားသလို ဆေဘာဓါးနောက်က စွမ်းအားကလဲ ကွာခြား လွန်းပါတယ်။ လင်းဟာန် က ဓါးချီ

အလင်းခြောက်ခုကို ပိုင်ဆိုင်ထားပေမဲ့ ဒီ ဆေဘာချီ အလင်းရဲ့ တစ်ခုရဲ့ နောက်က စွမ်းအား ဆယ်ပုံ တစ်ပုံကိုတောင်မှ သူအနေနဲ့ ယှဉ်ပြိုင်လို့မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ စိတ်ထဲမှာ မတိုက်ခိုက်ပဲ နဲ့ အရှုံးပေးလိုက်ဖို့ ဆိုတာ လုံးဝ မရှိပါဘူး။

လင်းဟန်က ကျယ်လောင်စွာအော်လိုက်ပီးတော့ သူ့ရဲ့ ဓါးကို ဆွဲထုတ်ပြီး ခုတ် လိုက်ပါတယ်။ ဓါးချီ အလင်း ခြောက်ခုက အရှေ့ကို ထွက်ပေါ်သွားပါတယ်။

``ထန်း``

အံ့ဩစရာမရှိပါဘူး.. လင်းဟန်က ဆေဘာဆီက ဒီတိုက်ခိုက်မှု ကြောင့် အဝေးကို လွင့်ထွက်သွားပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက်နဲ့ ကိုင်ထားတဲ့ သေတ္တာကလဲ လွတ်ထွက်သွားပေမဲ့ သူ့ရဲ့ညာဘက် လက်ကတော့ သူ့ရဲ့ ဓါးကို ဆုပ်ကိုင်ထားဆဲ ပဲ ဖြစ်ပါတယ်။

ဓါးသမား တစ်ယောက်အနေနဲ့ သူအသက်ရှင်နေသမျှ ကာလပါတ်လုံး သူ့ရဲ့ဓါးကို သူနဲ့အတူ ရှိနေရပါမယ်။

``အဟွတ်``

သူက ပါးစပ်အပြည့်သွေးတွေ အန်ထုတ်လိုက်ပါတယ်။ သူက ငုံ့ကြည့်လိုက်တဲ့ အခါမှာ သူရဲ့ ရင်ဘက် မှာ နက်ရှိုင်းတဲ့ ဒဏ်ရာတစ်ခုကို မြင်ရပြီးတော့ အဲဒီကနေ တစ်ဆင့် သွေးတွေက အပြင်ဘက်ကို ပန်းထွက်နေပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်မှော်စာလိပ်ကို လည်ပတ်လိုက်တာနဲ့ သူရဲ့ ဒဏ်ရာက တစ်ဖြေးဖြေး နဲ့ အရွယ်အစား သေးလာပါတယ်။

ဖန်းယန်ရဲ့ မျက်လုံးထဲမှာ အလင်းရောင် တစ်ချက် တောက်ပသွားပြီးတော့ ပြောလိုက်ပါတယ်။

``ဓါးချီအလင်း ခြောက်ခုလား? မင်းက ငါထင်ထားတာထက်တောင် မှ ပိုတော် နေတာပဲ.. ပြီးတော့ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တစ်ခြား ဒြပ်စင်စုစည်းခြင်း အဆင့်မှာရှိတဲ့ သိုင်းပညာရှင်တွေထက်တောင်မှ ပိုပြီးတော့ သန်မာသေးတာပဲ.. ငါ ဒီ ဓါးချက်နဲ့ မင်းကို ဒဏ်ရာတွေ အများကြီးရသွားဖို့ ရည်ရွယ်ထားတာပဲ``

အရာအားလုံးက သူရဲ့ ထိန်းချုပ်မှုအောက်မှာ ပဲရှိနေသလိုမျိုး ဖန်းယန်ရဲ့ လေသံက တည်ငြိမ်နေပါတယ်။

လင်းဟန် ကသူ့ရဲ့ နှုတ်ခမ်းထောင့်က သွေးတွေကို သုတ်ပစ်လိုက်ပီးတော့ ဂုဏ်ယူစွာ နဲ့ မတ်တပ်ထရပ်လိုက်ပီးတော့ သူ့ရဲ့ ဓါးကို ကိုင်ပြီး ပြောလိုက်ပါတယ်။

``လက်ရှိမှာ မင်းက ငါ့ထက်ပိုပြီး အစွမ်းထက်တယ်ဆိုတာကို ငါဝန်ခံပါတယ်။ ငါမင်းကို ကျော်ဖြတ်ပြီးတော့ မင်းကို နင်းချေ နိုင်ဖို့ က နောက်ထပ် နှစ်ဂက်လောက်တော့ လိုလိမ့်ဦးမယ်``

``ဟားဟားဟားဟား``

ဖန်းယန်က တစ်ခဏမျှ မှင်တက်သွားပြီး ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။

သူက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

`` မင်းက တကယ့်ကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ ဓါးချီ အလင်းခြောက်ခုကို တောင်မှ ဖန်တီးနိုင်တယ်... အဲဒါက အတိတ်တုန်းက ငါ့ထက် တောင်မှပိုပြီးတော့ အစွမ်းထက်သေးတယ်.. ဒါပေမဲ့ မင်းမှာ

နောက်ထပ် နစ်ဂက် လောက် အသက်ရှင်ရဖို့ အခွင့်အရေးမရှိတော့ဘူး.. အများဆုံး သုံးလအတွင်းမှာပဲ တကယ်လို့ မင်းက မိုးရေနိုင်ငံရဲ့ အင်ပါယာ နန်းတော်ထဲမှာ ရှိနေယင်တောင်မှ မင်းကို ငါရဲ့ ဆေဘာခါးနဲ့ သုတ်သင်ပစ်မယ်``

တစ်ဖက်မှာ ရပ်ကြည့်နေတဲ့ ယွမ်ရွှမ်းရွှမ်း ကလုံးဂကို မှင်တက် အံ့သြသွားပြီးတော့ ဘာစကားမှကို မပြောနိုင်တော့ပါဘူး။

သူမရဲ့ စိတ်ထဲမှာ ဒီလူနစ်ယောက်စလုံးက တကယ့်ကို ရူးသွပ်ကုန်ကြပါပြီ.။

ဖန်းယန် ကအရမ်းကို သန်မာပါတယ်။ လင်းဟန်က ဒါကိုတောင်မှ နစ်ဂက်လောက် အချိန်အတွင်းမှာ သူ့ကို အမီလိုက်ပီးတော့ ဖန်းယန်ကို နင်းခြေပစ်မယ်လို့ ပြောခဲ့ပါတယ်။ ပြီးတော့ ဖန်းယန်က ပိုပြီးတော့တောင်မှ ရူးသွပ်ပါသေးတယ်။ တကယ်လို့ လင်းဟန်က အင်ပါယာ နန်းတော်ထဲမှာ ရှိနေယင်တောင်မှ သူ့ကို သတ်ပစ်နိုင်တယ်လို့ ပြောပါတယ်။ ဘယ်လောက်တောင်များ ရူးသွပ်လိုက်သလဲ?

``အိုးး. ဒါဆိုလဲ လာခဲ့ပါ.. မိုးရေနိုင်ငံရဲ့ အသန်မာဆုံး ပါရမီရှင်လို့ ခေါ်နေကြတဲ့ သူ့ရဲ့ အစွမ်းကို ငါ အတွေ့အကြုံယူပါရစေ``

လင်းဟန်ရဲ့ တိုက်ခိုက်လိုစိတ်က မိုးထိအောင် ထိုးတက်သွားပါတယ်။ သူ့ရဲ့ လက်ထဲ မှာ သူ့ကိုယ်ပိုင် ပုက်ဖဲဂိုပါတယ်။ တကယ်တော့ ၎င်းက ထူးဆန်းတဲ့မီးဆိုပေမဲ့ ဖန်းယန်သာ တကယ်လို့ ထူးဆန်းတဲ့ မီးနဲ့ ရင်ဆိုင်ရမယ်ဆိုယင် ဖန်းယန်လို နွေဦးစမ်းရေအဆင့်မျှသာ ရှိသေးတဲ့ သိုင်းပညာရှင်မပြောနဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင်တောင်မှ သေရပါလိမ့်မယ်။

``မင်း ငါ့ကို ဒေါသထွက်အောင်လို့ မကြိုးစားနဲ့.. ငါက မင်းကို ဒီည မှာ ဆုံးမမယ်လို့ ပြောခဲ့ယင် မင်းက ငါ့ကိုဒူးထောက်ပြီးတော့ သနားဖို့ တောင်းပန်ရင်တောင်မှ အဲဒါက လုံးဝ အသုံးမဝင်ဘူး``

ဖန်းယန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ နောက်ထပ် သူ့ရဲ့ ဆေဘာဓါးကို ခုတ် လိုက်ပီးတော့ ကြောက်မက်ဖွယ်ရာ စွမ်းအားတွေနဲ့ ပြည့်နေတဲ့ ဆေဘာချီ အလင်းက အရှေ့ကို ထွက်လာပါတယ်။

``ထန်း``

လင်းဟန် နောက်ထပ် တစ်ကြိမ် လွှင့်ထွက်သွားပါတယ်။ ဒါပေမဲ့ သူက ဒီတစ်ကြိမ် မှာတော့ ပိုပြီးတော့ ကောင်းအောင်လို့ ပြင်ဆင်ထားခဲ့ပါတယ်။ သူ့ရဲ့ ဓါးနဲ့ ကာကွယ်နိုင်လိုက်ပီးတော့ မရေတွက်နိုင်လောက်တဲ့ စွမ်းအားတွေက ပျက်ဆီး သွား ပြီး ဒီခုတ်ချက်ရဲ့ အနောက်က စွမ်းအား တစ်ဂက်လောက်က ပျောက်ကွယ်သွားခဲ့ ပါတယ်။ သူက အဂေးကို လွှင့်ထွက်သွားပြီးတော့ သွေးအန်လိုက်ပါတယ်။ ဒီတစ်ကြိမ် သူ့ရဲ့ဒဏ်ရာက အစောက အကြိမ်နဲ့ နှိုင်းယှဉ်မယ်ဆိုယင် ပိုပြီးတော့ သက်သာသလိုမျိုး ခံစားရပါတယ်။

ဖန်းယန်က အံ့အားသင့်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါ ဒီတစ်ကြိမ် တိုက်ခိုက်မှုကို မင်းက ငါ့ဆေဘာရဲ့ လှုပ်ရှားမှုကို ဖမ်းတားလိုက် နိုင်ပြီးတော့ မင်းကိုယ်မင်း အရမ်း အံ့သြစရာကောင်းတဲ့ နည်းလမ်းနဲ့ ကာကွယ် လိုက်နိုင်တယ်.. မင်းက တကယ့်ကို ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုထိုက်ပါတယ်.. အခု ငါပိုပြီးတော့ ဂေခွဲမရ ဖြစ်နေပြီ.. မင်းလိုမျိုး ပါရမီရှင်က ငါ့ကို ခြိမ်းခြောက်

လာနိုင်တယ်.. ငါမင်းကို တတ်နိုင်သမျှ အမြန်ဆုံး အခွင့်အရေးရှာပြီးတော့ အမြစ်ပြတ် သုတ်သင် ပစ်ရတော့မယ် ထင်တယ်``

သူရဲ့ နောက်ဆုံး စကားလုံးကို ပြောလိုက်တဲ့ အခါမှာ သူရဲ့ ရင်ထဲက သတ်ဖြတ်ချင်တဲ့ ဆန္ဒကို လုံးဝ မဖုံးကွယ်ထားပါဘူး.။

လင်းဟန်ရဲ့ ဘယ်ဘက်လက်က ညင်သာစွာနဲ့ လှုပ်ရှားလာခဲ့ပါတယ်။ ထူးဆန်း တဲ့ မီးက အချိန်မရွေး ထွက်သွားနိုင်ပါတယ်။ ဒါက သူရဲ့ လက်ရှိ အကြီးမားဆုံး သတ်ဖြတ်ခြင်း တိုက်ကွက်ပဲ ဖြစ်ပါတယ်။

ဖန်းယန်က နံရံ ပေါ်ကနေ ဆင်းလာခဲ့ပြီးတော့ လင်းဟန်ဆီကို လျှောက်လာခဲ့ပါတယ်။ သူရဲ့ ခြေလှမ်းတိုင်းက မြေကြီးကိုတောင်မှ အနည်းငယ် တုန်ခါစေသလိုမျိုး ခံစားရပါတယ်။

ယွမ်ရှွမ်းရှွမ်း က အံ့အားသင့်သွားခဲ့ပါတယ်.. ဒါက မြေကြီးတုန်လှုပ်တာ မဟုတ်ဘူးဆိုတာကို သတိပြုမိသွားပါတယ်။ ဒါပေမဲ့ သူမရဲ့ နှလုံးသားကတော့ ဖန်းယန်ရဲ့ လှုပ်ရှားမှုတွေကြောင့် အမှန်တကယ်

လွှမ်းမိုးခံလိုက်ရပါတယ်။

ဒီကောင်က တကယ့်ကို စွမ်းအားကြီးတာပဲ။

ဒါပေမဲ့လည်း သူမက သတ္တိမွေးပြီးတော့ ဖန်းယန်ရဲ့ အရှေ့မှာ ရပ်လိုက်ပါတယ်။ လင်းဟန်က နိစ္စဓူဂ ဆေးလုံး ဖော်စပ်ဖို့ အဓိက သော့ချက်ဖြစ်နေပါတယ်။ ဒါက လေဒီရန် အတွက် အရမ်းကို အရေးကြီးတဲ့ အရာတစ်ခု ဖြစ်ပြီးတော့ တကယ်လို့ သူမရဲ့ အသက်ကို စွန့်လွှတ်ရမယ်ဆိုယင်တောင်မှ လင်းဟန်ရဲ့ လုံခြုံမှု အတွက် သေချာအောင်လို့ လုပ်ရပါလိမ့်မယ်။

``ဂေးဂေးကို သွား``

လင်းဟန်က အော်လိုက်ပါတယ်။ သူ့အဆင့်က အမျိုးသမီးတစ်ယောက်က သူ့အစား အသေခံဖို့ လိုအပ်တဲ့ အထိကို မကျဆင်းသေးပါဘူး။

``လေဒီရန် ရဲ့ မျက်နှာကို ထောက်ပြီး မင်းကို ဒဏ်ရာ ရအောင်တော့ မလုပ်တော့ ပါဘူး``

ဖန်းယန်ရဲ့ ဘယ်ဘက်လက် က စွမ်းအားပြည့်ဂတဲ့

အားလိုင်းတစ်ခု ထွက်လာ ပြီးတော့ ယွမ်ရှမ်းရှမ်းကို ချက်ချင်းဆိုသလို တစ်ခြားဘက်ကို တွန်းထုတ်လိုက်ပါတယ်။ သူမရဲ့ မျက်နှာ ဖြူဖွေးသွားပြီးတော့ အသက်တောင် ရှူလို့မရတော့ သလို ဖြစ်ပြီး အကြီးအကျယ် ခံစားလိုက်ရပါတယ်။

ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့် သိုင်းပညာရှင်တစ်ယောက်က နွေဦးစမ်းရေ အလွှာ ၇ အဆင့် ပြိုင်ဘက်တစ်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ ယှဉ်ပြိုင်နိုင်မှာလဲ။

ဖန်းယန်က အေးစက်စက် အမူအရာနဲ့ လင်းဟာန် ရှိရာဆီကို ဆက်ပြီးတော့ လျှောက် လာခဲ့ပါတယ်။ သူက အခု ဘာလုပ်ချင်တယ် ဘာတွေးနေတယ်ဆိုတာကို ဘယ်လိုနည်းနဲ့မှ ပြောလို့မရပါဘူး။ သူက လင်းဟာန်ကို ရိုးရိုးလေးပဲ ဒဏ်ရာ ရစေမလား ဒါမှမဟုတ် သတ်ပစ်မှာလား?

လင်းဟာန်က တည်ငြိမ်အေးဆေးစွာနဲ့ စောင့်နေပါတယ်။ ပြိုင်ဘက် ဖြစ်တဲ့ သူက အရမ်းကို သန်မာတဲ့ အတွက် မျှော်လင့်ချက်တွေအားလုံး ပျက်ဆီးဆုံးရှုံး ကုန်သလို မျိုး နဲ့ စောင့်မျှော်နေပါတယ်။

``ပိုး.. ဒီ မိန်းကလေးက တကယ့်ကိုပဲ အရမ်းချောမောလှပတာပဲ.. ငါ မင်းရဲ့ ရင်သားတွေကို တစ်ချက်လောက် ကြည့်လို့ ရမလား?``

အဲဒီအချိန်မှာပဲ ရုတ်တရက်ဆိုသလို အသံ တစ်ခုကို ကြားလိုက်ရပြီးတော့ ပုံရိပ် တစ်ခု ပေါ်လာခဲ့ပါတယ်။ အသစ်ရောက်လာတဲ့ လူက ယွမ်ရှမ်းရှမ်းကို တဏှာရာဂ တွေပြည့်နေတဲ့ မျက်လုံးနဲ့ ကြည့်ပြီးတော့ သူ့ရဲ့ လက်ချောင်းတွေကိုလဲ ကွေးချည် ဖြန့်ချည်နဲ့ မသိလို့ရှိယင် သူမဆီကို အချိန်မရွေး ပြေးပြီးတော့ သူမရဲ့ ရင်သားတွေ ကို ဆုပ်ကိုင်တော့မဲ့ပုံစံအတိုင်းပါပဲ။

ယွမ်ရှမ်းရှမ်း က အရမ်းကို လန့်ဖျပ်သွားပြီးတော့ လျှင်မြန်စွာနဲ့ပဲ သူမရဲ့ လက်တွေ နဲ့ ရင်သားကို ကာကွယ်ထားလိုက်ပီးတော့ အနောက်ဘက်ကို အမြန်ဆုတ်သွားပါတယ်။

``တကယ်လို့ ငါ မင်းရဲ့ ရင်သားတွေကို ကြည့်လို့မရဘူးဆိုယင် မင်းရဲ့ အောက်ပိုင်းကိုရော ကိုင်ကြည့်ချင်တယ်``

ဒါက အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတဲ့ လူငယ်ယောက်ျားလေး တစ်ယောက် ဖြစ်ပါတယ်။ သူက ရုပ်ဆိုးတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး ဒါပေမဲ့ ချောမော ခန့်ညားတယ်လို့လဲ ယူဆလို့မရပါဘူး။ သူက လမ်းမတွေပေါ်မှာ မြင်တွေ့နိုင်တဲ့ သာမာန် ရွက်ကြမ်းရေကျို လူစားမျိုးပါပဲ။ ဒီနှာဘူးကောင် ရဲ့ မျက်နှာ တစ်ခုလုံး ပြုံးနေပြီးတော့ သူ့ရဲ့ အကြည့်တွေက ယွမ်ရှမ်းရှမ်းရဲ့ အောက်ပိုင်းဆီကို သွားရည် တမြားမြား နဲ့ ကြည့်နေပါတယ်။

ယွမ်ရှမ်းရှမ်းက အရမ်းကို ထိတ်လန့်သွားပြီးတော့ အနောက်ကို ထပ်ပြီးတော့ ခြေလှမ်းဆုတ်လိုက်ပါတယ်။

``ညီမလေးရယ် မကြောက်ပါနဲ့.. ငါက တဏှာရူးပေမဲ့ မကောင်းတဲ့ လူတော့ မဟုတ်ပါဘူး``

အဲဒီလူက အပြစ်ကင်းစင်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

ထို့.. တဏှာရူးတစ်ယောက်က သူကမှန်တဲ့ပုံစံမျိုး သရုပ်ဆောင်နေတာလား?

ဖန်းယန်ရဲ့ မျက်လုံးတွေက ကျဉ်းမြောင်းသွားပါတယ်။ သူ့ရဲ့ စွမ်းရည်နဲ့ ဒီလူက ဘယ် နားကနေပြီးတော့ ရုတ်တရက်

ထွက်ပေါ်လာလည်းဆိုတာကို မမြင်နိုင်တဲ့ အပြင် ဒီလူ က ဘယ်လောက်အစွမ်းထက်တယ်ဆိုတာကိုလည်း သူမပြောနိုင်ပါဘူး။ သူ့ရဲ့ ခန္ဓာကိုယ်အတွင်းမှာ အားကောင်းလှတဲ့ စိုးရိမ်ပူပန်တဲ့ ခံစားချက်တွေက မထိန်းနိုင်ပဲ မြင့်တက်လာခဲ့ပါတယ်။

``ငါ မင်းကို ဘယ်လိုခေါ်ရမလဲ``

သူက မေးလိုက်ပါတယ်။

``မင်းလို ရုပ်ဆိုးဆိုးကောင်က ငါ့ကို စကားမပြောနဲ့``

အဲဒီလူက အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ယွမ်ရှမ်းရှမ်း ရဲ့ လှပတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းပေါ်မှာပဲ လုံးဝ အာရုံစူးစိုက်နေပါတယ်။

``ညီမလေး.. မင်းရဲ့ အတွင်းခံက ဘာအရောင်လဲ?``

ယွမ်ရှမ်းရှမ်း မျက်နှာလုံးဝ ဖြူဖတ်ဖြူလျော် ဖြစ်သွားပြီးတော့ ဖန်းယန်ရဲ့ အမူအရာကလဲ လုံးဝ ကြည့်လို့ မကောင်းတော့ပါဘူး။ သူက လေးနက်တဲ့ အသံ နဲ့ ပြောလိုက်ပါတယ်။

``မင်းက ဒီကောင့်ကို ကာကွယ်ပေးဖို့ ရည်ရွယ်နေတာလား?``

``စကားကို ပေါက်ပေါက်ဖောက်သလို လျှောက်ပြောနေတာက စိတ်ဆိုးဒေါသ ထွက်ဖို့ အရမ်းကောင်းတယ်ဆိုတာကို မင်းမသိဘူးလား?``

အဲဒီလူက လှည့်ပြီးတော့ ဖန်းယန် အပေါ်ကို သူ့ရဲ့အကြည့်တွေ လွှဲလိုက်ပါတယ်။

`` မင်းထပ်ပြီးတော့ ပြောနေဦးမယ်ဆိုယင်.. ငါ မင်းကို ပိုပြီးတော့ ရုပ်ဆိုးသွား တဲ့ အထိ ရိုက်နှက်ဆုံးမရလိမ့်မယ်``

သူက ယွမ်ရှမ်းရှမ်းဘက်ကို ပြန်လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ညီမလေး ငါ့နာမည်က ဂူဖန်းဟွာ.. ကြီးကျယ်လှတဲ့ တဏှာရူးတစ်ယောက်.. တစ်ရာ ရာခိုင်နှုန်း တဏှာရူးပဲ``

သူက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။ ဒီလိုမျိုး တဏှာရူးတစ်ယောက် ဖြစ်ရတာ သူ့အတွက် အရမ်းကို

ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှု တစ်ခုကို ရလိုက်တဲ့ ပုံစံမျိုးပါပဲ။

အပိုင်း (၁၄၉) နောက်ဆုတ်ခြင်း

ဖန်းယန်ရဲ့ အမူအရာက ကြီးကြီးမားမား ပြောင်းလဲသွားပြီးတော့ သူကိုယ်သူ မလှုပ်ရှား ပဲ မနေနိုင်အောင်ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင်လဲ မင်းရဲ့ အစွမ်း ဘယ်လောက်ရှိသလဲ ဆိုတာကို ငါ စမ်းသပ်ကြည့်ပါရစေ``

သူ့ရဲ့ ဆေဘာဓါးကို ခုတ်ပြီးတော့ သူကိုယ်သူ ဂူဖန်းဟွာ လို့ခေါ်တဲ့ တကျာရှူး ကောင် ကို တိုက်ခိုက်လိုက်ပါတယ်။

``ထန်``

ဂူဖန်းဟွာက ဒီခုတ်ချက်ကို သူရဲ့ ဗလာ လက်သီးနဲ့ပဲ ခတ်ထုတ်လိုက်ပီးတော့ အမျိုးအမည် မသိတဲ့ သိုင်းပညာနည်းစနစ် တစ်မျိုးကို အသုံးပြုလိုက်ပါတယ်။ သူရဲ့ လက်သီးတွေက သူတိုက်ခိုက်လိုက်တဲ့အချိန်မှာ လုံးဝ အနက်ရောင် အဖြစ်ပြောင်းသွားပြီးတော့ မသိလို့ရှိယင်

လက်သီးတွေကို သတ္တုတွေနဲ့ လုပ်ထားတဲ့ ပုံစံမျိုးပါပဲ။ ဆေဘာဓါးနဲ့ သူ့ရဲ့ လက်သီး ထိမိသွားတဲ့ တစ်လျှောက်လုံးမှာ ပွတ်တိုက် မှုကြောင့် မီးပွား လေးတွေတောင်ဖြစ်ပေါ်သွားစေခဲ့ပါတယ်။

ဒီတိုက်ခိုက်မှုမှာ သူတို့နှစ်ယောက်စလုံး အနောက်ကို ခြေလှမ်း အနည်းငယ်စီ ဆုတ်သွားကြပြီးတော့ သူတို့ရဲ့ မျက်နှာတွေပေါ်မှာ တစ်ချိန်တည်းလိုလိုပဲ ပြင်းထန် လေးနက်တဲ့ အမူအရာတွေ ပေါ်လာခဲ့ပါတယ်။

``မင်းက ရွှေဦးစမ်းရေ အလွှာ ၉ အဆင့် ပဲ ဖြစ်ရမယ် ဟုတ်တယ်မလား?``

ဖန်းယန်က မောက်မာတဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

``အဲဒီလိုမှမဟုတ်ဘူးဆိုယင် မင်းက ငါ့ရဲ့ ဒီ ဓါးခုတ်ချက်ကို လုံး၀ တားဆီး နိုင်မှာမဟုတ်ဘူး``

ဂူဖန်းဟွာ ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပြီးတော့ ပြောလိုက်ပါတယ်။

``ရုပ်ဆိုးကောင်.. မင်းက တကယ့်ရှုး

တစ်ယောက်မဟုတ်ဘူးဆိုတာ သိသာထင်ရှား နေတာပဲ ဒါပေမဲ့ ဘာဖြစ်လို့ မင်းမှာ ဒီလိုအစွမ်းမျိုးရှိရတာလဲ?``

သူ့ရဲ့ မျက်လုံးထဲမှာ အစွမ်းထက်တဲ့ လက်ရွေးစင်တွေ အားလုံးက တဏှာရူး တွေလို့ ထင်မြင်နေတဲ့ပုံစံပါပဲ။

ဖန်းယန်က နှာခေါင်းရှုံ့လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ငါ့ကို ရိုက်စားလုပ်ဖို့ ကြိုးစားနေတာ ရပ်လိုက်တော့.. ဒီည ငါမင်းကို မျက်နှာသာ အနည်းငယ်ပေးပြီးတော့ ဒီကောင့်ကို ချိတ်ကနေပြီး ယာယီ လွှတ်ပေးလိုက်မယ်``

``ရုပ်ဆိုးကောင်.. ဘာဖြစ်လို့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ပေါက်ပေါက်ဖောက် သလိုလျှောက်ပြောနေတာလဲ? ငါ့လိုမျိုး ချောမော ခန့်ငြားတဲ့ တဏှာရူး တစ်ယောက် က ဒီလိုမျိုး ရုပ်ဆိုးနေတဲ့ ကောင် တစ်ယောက်နဲ့ ဘယ်လိုလုပ်ပြီးတော့သိမှာလဲ?``

ဂူဖန်းဟွာ ရဲ့ မျက်နှာမှာ အထင်သေးမှုတွေနဲ့ ပြည့်နေပြီးတော့ သူက ယွမ်ရှွမ်းရှွမ်း ဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``မိန်းကလေး မင်းရဲ့ ရင်သားတွေက အရမ်းကို ကြီးမားနေလိုက်တာ.. ပြီးတော့ မင်းဂုတ်ထားတဲ့ အဂုတ်အစားတွေက အရမ်းကို သေးနေတယ်ဆိုတာ သိသာနေတာပဲ.. ဘာဖြစ်လို့များ ဒီက အစ်ကိုကြီးကို မင်းအတွက် သင့်တော်မဲ့ ဂုတ်စုံ အသစ်ကို လုပ်ပေးဖို့ မင်းခန္ဓာကိုယ် အချိုးအစားကို တိုင်းတာခွင့်မပြုရတာလဲ?``

သူက လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပီးတော့ ပုံစံက သူမရဲ့ ရင်သားကို လှမ်းဆုပ်ကိုင်တော့ မလိုဖြစ်နေပါတယ်။ ယွမ်ရှွမ်းရှွမ်းက အရမ်းကို ထိတ်လန့်သွားပြီးတော့နောက်ထပ် ခြေလှမ်းအနည်းငယ် ထပ်ဆုတ်လိုက်ပါတယ်။

ဖန်းယန်က လေးနက်စွာနဲ့ ဂူဖန်းဟွာကို ကြည့်နေပါတယ်။ မိုးရေနိုင်ငံမှာ ဒီလိုမျိုး ငယ်ငယ်ရွယ်ရွယ်နဲ့ အစွမ်းထက်လှတဲ့ လက်ရွေးစင် တစ်ယောက် ရှိနေတယ် ဆိုတာကို ဘာဖြစ်လို့သူက ဒီလူ့အကြောင်းကို တစ်ခါမှ မကြားဖူးရတာလဲ?

သူက ပြတ်သားတဲ့ ပုံစံရှိတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက် ချက်ချင်းပဲ လှည့် ပြီးတော့ ထွက်သွားပါတယ်။

``တဏှာရူးကောင်.. ကျေးဇူးတင်ပါတယ်``

လင်းဟန်က ဂူဖန်းဟွာကို ပြုံးဖြဲဖြဲ နဲ့ ပြောလိုက်ပါတယ်။

ယွမ်ရှမ်းရှမ်း ရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော် ပြောင်းလဲသွားပါတယ်။ ဒါက ကိုယ့်ကို ကိုယ် တဏှာရူး တစ်ယောက်ပါလို့ တရားဝင်ကြေညာလိုက်တာနဲ့ တစ်ခြား တစ်ယောက်ကို တဏှာရူးပါလို့ ခေါ်လိုက်တာက လုံးဝ ကွာခြားပါတယ်။ ဒီလို ခေါ်လိုက်ခြင်းက ဒီ တဏှာရူးကောင်ရဲ့ ဒေါသကို နှိုးဆွနေသလားဆိုတာ ဘယ် သူက သိနိုင်မှာလဲ?

``မင်းမှာ တကယ့်ကို ကောင်းတဲ့ အာရုံရှိတာပဲ``

ဂူဖန်းဟွာက သူ့ကို လက်မထောင်ပြလိုက်ပါတယ်။

``တကယ်လဲ ငါ့ကို တဏှာရူးတစ်ယောက်လို့ ပြောလို့ရတယ်.. ငါတကယ်ပဲ မင်းနဲ့ သူငယ်ချင်းဖြစ်ချင်တယ်``

``အဟွတ် အဟွတ်``

ယွမ်ရှမ်းရှမ်းက ထပ်ခါ ထပ်ခါ ချောင်းဆိုးလိုက်ပါတယ်။

သူက အခုလို တဏှာရှူး လို့ ခေါ်ခံရတာကိုပဲ ဂုဏ်ယူစရာတစ်ခုလို့ ထင်နေတာများလား?

`` မင်းက မိုးရေနိုင်ငံသား တစ်ယောက် မဟုတ်ဘူး မလား?``

လင်းဟန်က သူ့ကိုကြည့်ပြီးတော့ ခဏမျှစဉ်းစားလိုက်ပြီးတော့ မေးလိုက်ပါတယ်။

``မင်းစောစောက အသုံးပြုလိုက်တာက အနက်ရောင် သံမဏိ လက် မဟုတ်လား?``

``မင်းဘယ်လိုလုပ်ပြီးတော့ အနက်ရောင် သံမဏိ လက် ကို သိနေရတာလဲ?``

ဂူဖန်းဟွာ ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေတဲ့ ပုံစံပါပဲ။ ဒါက သူတို့ကျောင်း ရဲ့ လျှို့ဝှက်နည်းစနစ် တစ်ခု ဖြစ်ပြီးတော့ အခု မိုးရေနိုင်ငံရဲ့ လူငယ် တစ်ယောက်က တကယ်ပဲ သတိပြုမိသွားပါတယ်။ ဒါက တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းလှပါ တယ်။ သူ့ရဲ့ မျက်လုံးတွေကို ပြူးပြီးတော့ လင်းဟန်ကို စိုက်ကြည့်ပြီး မေးလိုက်ပါတယ်။

``မင်းလဲပဲ တဏှာရူးကောင် တစ်ယောက် ဖြစ်နေမလား?``

လင်းဟန်ရဲ့ နှုတ်ခမ်းထောင့် က တွန့်သွားပါတယ်။ သူက ကျယ်လောင်စွာ အော်ရီ လိုက်ပီးတော့ ပြောပါတယ်။

``အနက်ရောင် သံမဏိ လက်ရဲ့ ပုံသဏ္ဌာန် က အရမ်းကို ကွဲပြားခြားနားပြီးတော့ သိသာတယ်လေ.. ၎င်းကို အသုံးပြုလိုက်တာနဲ့ အသုံးပြုတဲ့ လူရဲ့ လက်တွေက အနက်ရောင် သံမဏိ နဲ့တူသွားပြီးတော့ ကျင့်ကြံခြင်းအဆင့်ရဲ့ တိုးတက်မှုနဲ့ အတူ မာကျောမှု အဆင့်ကလည်း ဆက်ပြီးတော့ တိုးလာလိမ့်မယ်...၎င်းက တစ်ခြား စိတ်ဂိဥာဉ်ပစ္စည်းတွေထက် လုံးဝ အားမနည်းပဲနဲ့ တူညီတဲ့ အဆင့်မှာရှိတယ်။

ဂူဖန်းဟွာရဲ့ အမူအရာက အနည်းငယ်မျှပြောင်းလဲသွား ပြီးတော့ကျေကျေနပ်နပ် နဲ့ ပြောလိုက်ပါတယ်။

``မင်းလည်း တကယ့်ကို တဏှာရူး တစ်ယောက်ပဲ.. ငါတို့တွေက လုံးဝ သူငယ်ချင်းကောင်းတွေ ဖြစ်နိုင်တယ်``

``မင်းဘာလို့ မိုးရေနိုင်ငံကို လာခဲ့တာလဲ?``

လင်းဟန်က သူကို ဆက်ပြီးတော့ မေးလိုက်ပါတယ်။

``ငါ့ရဲ့ ဆရာသခင်က ဒီနေရာမှာ လျှို့ဝှက်ရတနာ တစ်ခု ပေါ်လာလိမ့်မယ် ဆိုတာကို ကြိုသိမြင်နေတယ်.. ဒါကြောင့် ငါလည်းငါ့အတွက် ဂေစု ရနိုင်မလားဆိုပြီးတော့ တစ်ချက်လာပြီးတော့ ကြည့်တာပဲ``

ဂူဖန်းဟွာ ကပြောလိုက်ပါတယ်။

``ဒါဆိုယင်တော့ မင်းကို စိတ်ပျက်စေမိပြီ... ရှေးဟောင်းသမိုင်းဝင် နယ်မြေ တစ်ခုက လွန်ခဲ့တဲ့ အချိန်အနည်းငယ်က ပေါ်လာခဲ့ပြီးတော့ အဆင့်မြင့် စိတ်ဝိဉာဉ် ပစ္စည်းတွေက မြေအောက်မြစ်ရေနဲ့အတူ မျောပါပြီးတော့ ထွက်ပေါ်လာခဲ့တယ်... ဒါပေမဲ့ အခု အဲဒါတွေမရှိတော့ဘူး``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ပြောလိုက်ပါတယ်။

``အားယားး.. ဘယ်လောက်တောင်မှ အကျိုးမရှိတဲ့ ခရီးတစ်ခုလဲကွာ``

ဂူဖန်းဟွာက သူ့ရဲ့ လက်နဲ့နဖူးကိုပြန်ရိုက်ပြီးတော့

ခြေထောက်ကို ဆောင့် ချလိုက်ပါတယ်။ ဒါပေမဲ့ သူကချက်ချင်းပဲ ပြုံးသွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒါပေမဲ့ ငါက ဒီခရီးမှာ နောက်ထပ် တဏှာရူးတစ်ယောက်နဲ့ ဆုံတွေ့ခဲ့တဲ့ အတွက် ဒါက ဆိုးရွားတယ်လို့ ပြောလို့မရဘူး``

လင်းဟန်က ချွေးပျံလာပြီးတော့ ပြောလိုက်ပါတယ်။

``မင်းလို ချောမောလှပတဲ့ ရုပ်ရည်ရှိတဲ့ သူမျိုးကိုပဲ တဏှာရူးလို့ ခေါ်နိုင်တာပါ.. ငါ့နာမည်က လင်းဟန်.. ပြီးတော့ ငါက မင်းနဲ့ တဏှာရူးတဲ့ နေရာမှာ ယှဉ်လိုက်မယ်ဆိုယင် လုံးဝယှဉ်လို့မနိုင်ပါဘူး``

``ဟားဟား မင်းက မင်းကိုယ်မင်းတော့ ကောင်းကောင်းသိသားပဲ``

ဂူဖန်းဟွာကို ကြည့်ရတာ အရမ်းကို ဂုဏ်ယူနေတဲ့ပုံစံနဲ့ပါ.. သူကချက်ချင်းဆိုသလို သက်ပြင်းချပြီး သူ့ရဲ့ခေါင်းကို ခါပြီးတော့ပြောလိုက်ပါတယ်။

``ဟူး.. ငါက အခု ကံကြမ္မာကောင်းတစ်ခုကို ရဖို့

အခွင့်အရေးက လွဲချော်သွား ခဲ့ပြီဆိုတော့ တောင်ပေါ်ကို ပြန်ပြီးတော့ လေ့ကျင့်နေရတော့မှာပဲ``

``ကျေးဇူးပြုပြီးတော့ ကြွပါ``

``ကျေးဇူးပြုပြီးတော့ ကြွပါ``

လင်းဟန် နဲ့ ယွမ်ရှမ်းရှမ်း တို့နှစ်ယောက်စလုံးက ဂုဏ်သရေရှိ ဧည့်သည်တော်ကို လိုက်ပို့ရသလိုမျိုး နှုတ်ဆက်လိုက်ပါတယ်။ ဘယ်သူကမှ ဒီ တဏှာရူးကောင်နဲ့ ဆက်ပြီးတော့ မယှဉ်ပြိုင်နိုင်ပါဘူး။

``ဒါဆိုယင် ငါအခုပဲ သွားတော့မယ်``

ဂူဖန်းဟွာက ပြောလိုက်ပါတယ်။

``ငါတို့ မင်းကို လိုက်မပို့တော့ပါဘူး``

လင်းဟန် နဲ့ ယွမ်ရှမ်းရှမ်း ကတပြိုင်နက်တည်းပြောလိုက်ပါတယ်။

ဂူဖန်းဟွာက ခြေလှမ်းအနည်းငယ် သွားပြီးတော့မှ

ရုတ်တရက် ရပ်လိုက်ပြီး တော့ အနောက်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``မိန်းကလေး .. မင်းက တကယ်ပဲ ငါ့ကို မင်းရဲ့ ရင်သားတွေကို မတိုင်းခိုင်းတော့ဘူးလား?``

``ထွက်သွား``

ယွမ်ရှွမ်းရှွမ်းက လူသတ်ချင်တဲ့ စိတ်တွေ ထွက်ပေါ်လာပြီးတော့ လက်ညှိုးနဲ့ ညွှန်ပြပြီးတော့ အော်ဟစ်လိုက်ပါတယ်။

``ကြည့်ရတာ ငါ့ရဲ့ လေ့ကျင့်ခြင်း ပြည့်စုံမှပဲ အရည်းအချင်းပြည့်ဝတဲ့ တကျော့ရှူး တစ်ယောက် ဖြစ်လာတော့မယ်``

ဂူဖန်းဟွာက တီးတိုးရွတ်ဆိုလိုက်ပါတယ်။

``ဒီတစ်ကြိမ် တောင်ပေါ်ကို ငါပြန်ရောက်တဲ့အခါမှာ တကျော့ရှူးတဲ့နေရာမှာ ငါရဲ့ ဆရာသခင်ကို ဖြတ်ကျော်ပြီးတော့ အတော်ဆုံး တကျော့ရှူးတဲ့သူ ဖြစ်လာစေရမယ်``

ဒီလိုမျိုးပြောပြီးတာနဲ့ သူက ခြေလှမ်းကျယ်ကြီး တစ်ခု လှမ်းလိုက်ပီးတော့ သူရဲ့ပုံရိပ် က လမ်းမရဲ့ အမှောင်ထုထဲကို တိုးဝင်ပျောက်ကွယ်သွားပါတယ်။

``ဒီကမ္ဘာကြီးထဲမှာ အရမ်းကို ထူးခြားဆန်းကျယ်တဲ့ အရာတော် အများကြီး ရှိနေသေးတာပဲ``

လင်းဟန်က တွေးတွေးဆဆ နဲ့ပြောလိုက်ပါတယ်။

ယွမ်ရှမ်းရှမ်း ကပြောလိုက်ပါတယ်။

``ဖန်းယန်က အချစ်ပန်းစံအိမ်ရဲ့ မြင်းလှည်းကို ပျက်စီးသွားအောင်လို့ တကယ် လုပ်ပုံ့တာပဲ.. ပြန်ရောက်တဲ့အခါကျယင် သခင်မရန်ကို ဒီအကြောင်းအရာတွေ ကို လုံးဝ သတင်းပို့ပြီးတော့ သခင်မရန်က အကယ်ဒမီကို ဖိအားပေးပြီး ဒီ လူဆိုးလူယုတ်မာကောင်ကို ကြီးမားတဲ့ အပြစ်ပေးခိုင်းရမယ်``

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``မင်း အများဆုံး စိတ်ပျက် စိတ်ဆိုးလို့ပဲရလိမ့်မယ်..

ဖန်းယန်က ဒီတစ်ကြိမ်မှာ ကြီးမားတဲ့အစွမ်းတစ်ခုရဲ့ အထောက်အပံ့ကို ရရှိထားတာဖြစ်မယ်.. ဒါကြောင့် အကယ်ဒမီကို သူကို လုံး၀ ရင်ဆိုင်လို့ရမှာမဟုတ်ဘူး``

ဒီလိုမှမဟုတ်ဘူးဆိုယင် ဖန်းယန်က တတိယ အင်ပါယာ မင်းသားကို ပွင့်ပွင့်လင်းလင်းနဲ့ ရင်ဆိုင်မှာမဟုတ်ပါဘူး။ အင်ပါယာ မြို့မှာ ထင်ရှား ကျော်ကြား တဲ့ နေရာမှာ တတိယ အင်ပါယာ မင်းသားက လေဒီရန် ထက် လုံး၀ မနိမ့်ကျပါဘူး။

ယွမ်ရှမ်းရှမ်းကတော့ အရမ်းကို ဒေါသတွေ ထွက်နေဆဲပါပဲ။ သူမက မြင်းလှည်း မောင်းသမားကို ပြန်ခေါ် လိုက်ပြီးတော့ သူတို့နှစ်ယောက်က အချစ်ပန်းစံအိမ်ကို ပြန်သွားကြပါတယ်။

ထိုအချိန်အတွင်းမှာ လင်းဟန်က သစ်သားသေတ္တာကို သူရဲ့ သိုလှောင်လက်စွပ်ထဲ မှာ ထည့်သိမ်းလိုက်ပါတယ်။ သူက လေဒီရန်ကို ကတိပေးထားပြီးတော့ သူမဆီက လက်ဆောင်ကို လက်ခံထားမှတော့ သူ့အနေနဲ့ သူရဲ့ ကတိ အတိုင်း နိစ္စရူ၀ ဆေးလုံးကို ဖော်စပ်ပေးရပါလိမ့်မယ်။ဒီ တစ်ကြိမ်တော့ သူရဲ့ အပြန်ခရီး ကအေးချမ်း သာယာပြီးတော့ မကြာခင်မှာပဲ ဟွာယန် အကယ်ဒမီကို ရောက်လာခဲ့ပါတယ်။

``အင်ပါယာမြို့ရဲ့ လုံခြုံရေးကို ကြည့်ရတာ

သိပ်မကောင်းဘူးပဲ``

လင်းဟန်က သူဘာသာ သူ ပြောလိုက်ပါတယ်။ ဖန်းယန်ကသူကို လမ်မ ပေါ်မှာ အတင့်ရဲစွာနဲ့ တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမှာ စစ်သားတွေရှိတဲ့ လက္ခဏာ တစ်ခုမှ မတွေ့ရပါဘူး။ သူတို့ရဲ့ တုံ့ပြန်မှုတွေက ဘာလို့ အရမ်းကို နှေးကွေးနေရသလဲ ဆိုတာကို သူမသိပါဘူး။ ဒါမှမဟုတ် သူတို့က ဘာမှမလှုပ်ရှားကြတာလား။

``ငါ ပထမဆုံး နိစ္စဓူဂ ဆေးလုံးကို ဖော်စပ်ရမယ်``

သူက ဆေးလုံးဖော်စပ်ဖို့ စတင်လိုက်ပါတယ်။ သူရဲ့ ယခင်ဘဝ တုန်းက စွမ်းရည်နဲ့ အတူ မြေကမ္ဘာအဆင့် မှော်ဆေးလုံးကို ဖော်စပ်ရတာက ကိတ်မုန့် ကို လှီးသလိုမျိုး လွယ်ပါတယ်။ ဒါပေမဲ့ အခု သူ့အနေနဲ့ ဂရုမစိုက်ပဲ မနေရဲပါဘူး။ ပြီးတော့ သူက ထူးဆန်းတဲ့ မီးကို အသုံးပြုပြီးတော့ သူရဲ့ မီးတောက်အပူချိန်ကို တိုးလာစေပြီးတော့ မီးတောက်တွေကို သူဆန္ဒရှိသလိုမျိုး အပြည့်အဝ ထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ မှော်ဆေးကျောက်ဖ တစ်ယောက်အတွက်ကတော့ သူ့အနေနဲ့ အနည်းငယ် ပိုပြီးတော့ အာရုံစိုက်ဖို့ပဲ

လိုအပ်ပါတယ်။

ပါဂင်ပစ္စည်းတွေကို ခွဲခြမ်းပြီး သန့်စင်ခြင်း စတဲ့ ဒီနည်းစနစ်တွေကို အသုံးပြုရတာ အရမ်းကို လွယ်ကူချောမွေ့ပါတယ်။ တကယ်လို့ ဖုယွင်ရှင်းနဲ့ ပူဆောင်လင်း သာ ဒီနေရာမှာရှိမယ်ဆိုယင် လုံးဝ အံ့အားသင့်ပြီးတော့ မျက်နာတွေ ဖြူဖတ်ဖြူလျော် ဖြစ်သွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ပြသနေတဲ့ လင်းဟာန်ရဲ့ အမြန်နှုန်း က သူတို့အရှေ့မှာ ပြသသွားတဲ့ အချိန်ကထက် အဆပေါင်းအနည်းငယ် ပိုမိုမြန်ဆန် နေတာကြောင့်ပါပဲ။

လင်းဟာန်က အစောပိုင်းကတည်းက သူတို့ကို အရမ်းကြီး ထိတ်လန့်ကြောက်ရွံ့သွား မှာကို မလိုလားခဲ့ပါဘူး။

```ဟုမ်း``

ထူးဆန်းတဲ့ မီးက တောက်ပစွာ တောက်လောင်လိုလာခဲ့ပီးတော့ လက်ရှိ လင်းဟာန်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို အခြေခံပြီးတော့ ထုတ်နိုင်တဲ့ အပူချိန်ထက် အရမ်းကို သာလွန်တဲ့ အပူကို ပေးပါတယ်။
```

ဒါက လင်းဟာန်ကို အကြီးအကျယ် ချွေးပျံသွားစေပါတယ်။ ဒါပေမဲ့ ချွေးစက်တွေက အရမ်းကို ပူလွန်းတဲ့ အပူချိန်ကြောင့် လျှင်မြန်စွာနဲ့ပဲ ရေငွေ့တွေအဖြစ်ကို ပြောင်းသွားပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ် မျာတောင်မှ ရေဓါတ်ဆုံးရှုံးတဲ့ လက္ခဏာ ဖြစ်တဲ့ အသားအရေအနည်းငယ်က အက်ကွဲလို့ လာခဲ့ပါတယ်။ ကျေးဇူးတင်ရမှာက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓကိုယ်က ကျောက်သားနံ့ရဲ ခန္ဓာကိုယ် နီးပါး သန်မာနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ဒီလိုမျိုး အပူချိန်မြင့်မြင့်မှာ သူ့ရဲ့ ခန္ဓာကိုယ် က ကောင်းစွာရပ်တည်နိုင်ပြီးတော့ ဒါက ပြဿနာ တစ်ခုမဟုတ်တော့ပါဘူး။

နာရီဝက်ခန့်အကြာမှာတော့ သူ့ရဲ့ လက်ကနေ ရုတ်တရက်ဆိုသလို မတူညီတဲ့ အရောင်နဲ့ မီးတောက်သုံးခုက ထွက်ပေါ် လာခဲ့ပါတယ်။

မီးသုံးပါး နတ်လမ်းညွှန်... ဒါက သူကိုယ်တိုင် တီထွင်ထားတဲ့ သူ့ရဲ့ လျှို့ဝှက် ကျွမ်းကျင် မှု အမှတ်အသား သင်္ကေတပဲဖြစ်ပါတယ်။

``ဆေးလုံးဖြစ်သွားပီ``

သူက ရီမောပြီးတော့ မှော်ဆေးကျို အိုးရဲ့ အဖုံးကို ဖွင့်လိုက်ပါတယ်။ သူရဲ့ မျက်လုံးတွေက အထဲကို သေချာကြည့်လိုက်တဲ့အခါမှာ သူရဲ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့အမူအရာ ပေါ်လွင်သွားခဲ့ပါတယ်။

``ထူးဆန်းတဲ့ မီးက တကယ့်ကို ဆန်းကြယ်တာပဲ.. ပထမတော့ ငါရဲ့ လက်ရှိ အဆင့်နဲ့ ဒီလို မြေကမ္ဘာအဆင့်နီးနီးရှိတဲ့ မှော်ဆေးလုံးကို လုံးဝ ဖော်စပ်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ အခု ဒါကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ယုံ သာမက သူရဲ့ အရည်အသွေးက ကြယ် ၁၆လုံးအဆင့်ကိုရောက်နေပြီးတော့ ငါရဲ့ မှန်းဆမှုထက် အများကြီးကို ပိုနေတာပဲ``

ငါ့ရဲ့ အယင်ဘဝတုန်းက များစွာသောမှော်ဆေးပညာရှင်တွေက ထူးဆန်းတဲ့မီး တစ်ခုကို အသည်းအသန် လိုချင်နေတာက အံ့သြစရာမဟုတ်တော့ပါဘူး။ ၎င်းက မှော်ဆေးလုံး ဖော်စပ်တဲ့လုပ်ငန်းမှာ တကယ့်ကို ကြီးမားတဲ့ အကူအညီရတာပဲ။

``တကယ်လို့ ထူးဆန်းတဲ့မီး အများအပြားကို ပေါင်းစပ်နိုင်ခဲ့မယ်ဆိုယင် ငါဖော်စပ် တဲ့ ဆေးလုံးရဲ့

အရည်အသွေးက ဘယ်လောက်တောင်မှ မြင့်မားသွားလိမ့်မလဲ?``

အပိုင်း (၁၅၈) ဥပေါက်လာပြီ

လင်းဟန်က အရမ်းကို နောင်တရနေပါတယ်။ သူရဲ့ယခင် ဘ၀တုန်းက သူက မှော်ဆေးပညာနယ်ပယ်ရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေပြီးတော့ ထူးဆန်းတဲ့ မီး တစ်ခုကို မှ ပေါင်းစပ်နိုင်ခဲ့ခြင်းမရှိပါဘူး.. ဒါပေမဲ့ အခုဒီအရာကို ကြည့်ရတာ တကယ်လို့ သူက မှော်ဆေးပညာရဲ့ အထွတ်အထိပ်ကို နောက်တစ်ကြိမ် ပြန်ရောက်ခဲ့မယ် ဆိုယင် ဒီ ထူးဆန်းတဲ့မီးက သူ့ကို ကြီးကြီးမားမား ကူညီပေးနိုင်တဲ့ အရင်းအမြစ် တစ်ခု ဖြစ်လာပါလိမ့်မယ်။

``တကယ်လို့ နောက်ပိုင်းမှာ တစ်ခြား ထူးဆန်းတဲ့မီး တွေနဲ့ကြုံတွေ့ခဲ့မယ်ဆိုယင် ထူးဆန်းတဲ့မီးနဲ့ ပေါင်းစပ်နိုင်မဲ့ အခွင့်အရေးကို လုံး၀ လွဲချော်စေမှာမဟုတ်ဘူး``

``အခုတော့ ငါအယင်ဆုံး ရေချိုးရမယ်``

ဆေးလုံး ဖော်စပ်ပြီးတဲ့အခါမှာ သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖုန်မှုန့်တွေ အများကြီး ပေကျံ နေတာကို

ရှောင်လွှဲလို့မရပါဘူး။ တကယ်လို့ လင်းဟန်က သန့်ရှင်းမှုနဲ့ ပါတ်သတ်ပြီး အရမ်းကို ဇီဇာကြောင်တတ်တဲ့ လူထူးလူဆန်း တစ်ယောက် မဟုတ်ယင်တောင်မှ သူအိပ်တဲ့အချိန်မှာ ဒီလိုမျိုး သူ့ကိုယ်ပေါ်မှာ ဖုန်တွေ အများအပြားရှိနေတာက သက်တောင့်သက်သာ ဖြစ်တယ်လို့ မခံစားရပါဘူး။

သူက မီးဖိုထဲမှာ ရေနွေးအိုးတည်လိုက်ပီးတော့ ရေနွေးဆူလာတဲ့အခါမှာ ကြီးမားတဲ့ သစ်သားစည်ကြီးအထဲကို လောင်းထည့်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ လင်းဟန်က သူ့ရဲ့အဂတ်အစားတွေကို ချွတ်ပြီးတော့ သစ်သားစည်ထဲကို ဂင်လိုက်ပါတယ်။ နွေးထွေးတဲ့ ရေတွေက သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ပြန့်နှံ့သွားပြီးတော့ စိတ်လက်ပေ့ါပါး လန်းဆန်းစေပါတယ်။

အစောပိုင်း က သူမှော်ဆေးလုံး ဖော်စပ်နေတုန်းက ဒီလုပ်ငန်းစဉ်မှာ သူက အသားကင်ဖြစ်လုနီးပါပဲ.. သူ့ရဲ့ ခန္ဓာကိုယ်က ရေခဲတ်တွေအားလုံးနီးပါး ဆုံးရှုံးကုန် ပြီးတော့ အခု ရေနွေးက ပြန်ပြီးတော့ အားဖြည့်ပေးတဲ့အတွက် သူ့ရဲ့ အသားအရေက အယင်ကအတိုင်းပဲ လျှင်မြန်စွာနဲ့ ချောမွေ့လာပြီးတော့ ကြည်လင်လို့လာပါတယ်။

သူ့ရဲ့ မျက်လုံးတွေကို ပိတ်လိုက်ပီးတော့ အနီးစပ်ဆုံး

အနာဂါတ်အတွက် အစီအစဉ် ကို စဉ်းစားနေပါတယ်။

အင်ပါယာ မြို့ မှာ သူရဲ့ အဆင့်အတန်းက သူ့အနောက်မှာရှိနေတဲ့ လက်ရှိ မော်ဆေး ပညာ နယ်ပယ်ရဲ့ အကြီးကျယ်အမြင့်မြတ်ဆုံး လူနှစ်ယောက်ရပ်တည်နေတဲ့ အတွက် အတော်ကို မြင့်မားတဲ့အဆင့်ကို ရရှိနေခဲ့ပါပြီ။ သူကြိုက်နှစ်သက်ရာ အရာမှန်သမျှကို စိတ်ကြိုက်လုပ်နိုင်ပြီလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ဖန်းယန်က ပြန်လာပြီးတော့ သူရဲ့ လမ်းကြောင်းကို မတည်ငြိမ်မှုတွေကို သယ်ဆောင်လာခဲ့ပါတယ်။

ဒီကောင် က သူနဲ့တူတယ်. စည်းမျဉ်းတွေနဲ့ စည်းကမ်းတွေအာလုံးရဲ့ ချုပ်နှောင်ထားခြင်းကို လုံး၀ လစ်လျူရှုထားတဲ့ကောင်ပဲ။

အဓိက အရေးကြီးတာ သူမှာ စည်းမျည်းစည်းကမ်းတွေ အားလုံးကို ချိုးဖျက်နိုင်ဖို့ အတွက် သူ့လက်ထဲမှာ ပုက်ဖဲ တစ်ချိူကို ရရှိထားတာ ဖြစ်နိုင်ပါတယ်။

တကယ်လို့ သူက နွေဦးစမ်းရေ အဆင့်မှာပဲဆိုယင် ဖန်းယန်ကို လုံး၀ မကြောက်ပါဘူး. ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ၆ အဆင့်က နွေဦးစမ်းရေ အဆင့်နဲ့ အရမ်းကို

ဝေးကွာလွန်းပါတယ်..။

``ငါ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အရမ်းကို လျှင်မြန်တယ်လို့ ငါထင်ခဲ့မိတယ်.. ဒါပေမဲ့ ကြည့်ရတာ ဒါက မလုံလောက်သေးဘူးပဲ``

သူက မျက်မှောင်ကြုံ့ပြီးတော့ စဉ်းစားလိုက်ပါတယ်။

``ငါ က ရွှေအပ်စိုက် ကုထုံးနည်းလမ်းကို အသုံးပြုပြီးတော့ ငါ့ရဲ့ အစွမ်းတွေကို ဖိအား ပေးပြီး ထုတ်ဖော်လိုက်မယ်ဆိုယင် အမြန်ဆုံးနည်းနဲ့ နွေဦးစမ်းရေ အဆင့်ကို ရောက်သွားဖို့ ဖြစ်နိုင်မလား? ဒါပေမဲ့ သေချာပေါက် နောက်ဆုံး ထုတ်သုံးရမဲ့ အရာ ဖြစ်ပြီးတော့ ဆိုးဂါးတဲ့ အရာတွေကိုလဲ ပြုလုပ်နိုင်ပါတယ်။ ၎င်းက လက်ရှိ ငါ့ရဲ့ စွမ်းဆောင်ရည်ထက်ပိုတဲ့ စွမ်းအားကို ဖိအားပေး ထုတ်ဖော် လိုက်မယ်ဆိုယင် ငါ့ရဲ့ အနာဂါတ် တက်လမ်းကို ပြန်ပြီးတော့ ပေးဆပ်ရပါလိမ့်မယ်.။ တကယ်လို့ ဒါက ငါ့အတွက် အကျိုးမရှိဘူးဆိုယင် ဒီနည်းလမ်းကို အသုံးပြုဖို့ ရှောင်လိုက်တာက အကောင်းဆုံးပဲဖြစ်ပါလိမ့်မယ်။

ဒါ့အပြင် ငါ့ရဲ့ ဘဝတစ်လျှောက်လုံးမှာ ဒီလိုမျိုး နည်းလမ်းကို အသုံးပြုဖို့ အခွင့်အရေး ကတစ်ခုပဲရှိတယ်.. ဒါကြောင့်

ဒီထပ်ပိုပြီးတော့ လိုအပ်တဲ့ အချိန်ကျမှပဲ အသုံးပြုဖို့ အတွက် ဒီအခွင့်အရေးကို သိမ်းထားရလိမ့်မယ်။

ဖန်းယန်ရဲ့ ပြောစကားအရ ငါက နောက်ထပ် သုံးလ အတွင်းမှာ လုံခြုံမှု ရှိနိုင်သေးတယ်.

ငါရဲ့ လက်ရှိ ကျင့်ကြံခြင်းအရှိန်နှုန်းနဲ့ ဆိုယင် သုံးလဆိုတာက ငါ့ကို နွေဦးစမ်းရေ အဆင့်ကို ရောက်ဖို့အတွက် လုံလောက်ပါလိမ့်မယ်။ ဒါမှမဟုတ် နွေဦးစမ်းရေ အလွှာ ၇ အဆင့်ထိတောင်ပေါ့.. ဒါဆိုယင် ငါက ဖန်းယန်ကို ကြောက်နေစရာမလိုတော့ဘူး။

ဒါပေမဲ့ လိန်ဂွမ်ရူ က အနည်းငယ် ကြောင်တောင်တောင် နိုင်တယ်။ သူ့ကိုကြည့်ရတာ ငါ့ကို သူကိုယ်တိုင်ကိုယ်ကျ တပည့်အဖြစ် ရွေးချင်နေတဲ့ပုံစံပဲ။ ဒါပေမဲ့ ငါ့ကို ဒီနေရာကို ပို့လိုက်ပြီးတဲ့နောက်ပိုင်းမှာ ထပ်ပြီးတော့ ငါ့ကို နည်းနည်းလေး တောင် မှ ဒုက္ခလာမပေးပါဘူး။ ဒီအဘိုးကြီးရဲ့ အပြုအမူက နည်းနည်းတော့ ဟိုလိုလို ဒီလိုလို မပြတ်မသားပုံစံပဲ။

မေ့လိုက်တော့.. ငါရဲ့ ကိုယ်ပိုင်စွမ်းရည် တိုးလာဖို့ပဲ လိုအပ်တယ်.ငါရဲ့ အစွမ်းက လုံလုံလောက်လောက်

အစွမ်းထက်လာမယ်ဆိုယင် ဘယ်လို ကောက်ကျစ် စဉ်းလဲတဲ့ အစီအစဉ်တွေပဲ ရှိရှိ ငါ့အပေါ်ကို လုံးဝ အကျိုးသက်ရောက်မှာမဟုတ် တော့ဘူး။

``ကျွီ...``

မီးဖိုချောင်ရဲ့ တံခါးကို တွန်းဖွင့်လိုက်ပြီးတော့ နနယ်သိမ်မွေ့ တဲ့ ပုံရိပ်တစ်ခုက အထဲကို ဝင်လာပါတယ်။ သူက လွီရူအာ ဖြစ်ပါတယ်။ သူမက သူခိုးတစ်ယောက် လိုမျိုး တိတ်တဆိတ်နဲ့ ဝင်လာပါတယ်။ သူမရဲ့ မျက်လုံးတွေက မီးဖိုချောင် တစ်ခုလုံး ကို ဝေ့ကြည့်လိုက်ပြီးတော့ သစ်သားစည်ပိုင်းထဲက ခေါင်းတစ်လုံး ပေါ် နေတာကို မြင်လိုက်ရတဲ့အခါမှာ မှင်တက်သွားပါတယ်။

သူမက အိပ်နေတာ ကနေ ချက်ချင်းဆိုသလို ဆာလောင်မှု ကြောင့် နိုးထ လာပြီး တော့ အစားအစာ တစ်ချို့ကို လာပြီးတော့ ရှာတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ ဒီ အိမ်ရဲ့ ပိုင်ရှင်နဲ့ ကြုံတွေ့ရလိမ့်မယ်လို့ လုံးဝ မထင်ထားပါဘူး.. ဒါက သူမကို အိမ်ရှင်က သူခိုးကို ဖမ်းမိသွားသလိုမျိုး ခံစားချက်မျိုး ဖြစ်ပေါ်စေခဲ့ပါတယ်.။

``အား::::::``

ဒါပေမဲ့ အဲဒီအချိန်အတွင်းမှာပဲ သူမက ရုတ်တရက်ဆိုသလို သူမရဲ့ လက်တွေနဲ့ မျက်နှာကို ဖုံးကွယ်လိုက်ပါတယ်။ သူမက ရုတ်ချည်းဆိုသလို အနောက်ကိုလှည့်ပြီး တော့ ထွက်ပြေးပါတယ်.။

``သေစမ်း လူယုတ်မာကောင်``

သူမက ကျိန်ဆဲလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အမူအရာ ဖြစ်သွားပါတယ်။ ဒါကသူရဲ့အိမ်ပါ..တကယ်လို့ သူက ညလယ်ခေါင်မှာ ရေချိုးဖို့ ဆုံးဖြတ် ခဲ့ယင် တောင်မှ တစ်ခြားဘယ်သူကို ထိခိုက်စေလို့လဲ? ဘာလို့ သူက ချက်ချင်းဆိုသလို လူယုတ်မာဖြစ်သွားရတာလဲ? ဒီ့အပြင် သူ့ရဲ့ တစ်ကိုယ်လုံးက စည်ပိုင်းထဲမှာ နစ်မြုပ် ထားတဲ့အတွက် သူမအနေနဲ့ ဘာကိုမှ မြင်သွားမှာမဟုတ်ပါဘူး။ သူမ အနေနဲ့ ဒီလိုမျိုး တုံ့ပြန်ဖို့လိုအပ်လို့လား?

ဒါပေမဲ့ သူမကြောင့် အနောက်အယှက်ဖြစ်သွားပြီးတော့ ရေဆက်ချိုးဖို့ ခံစားမှုက လဲ ပျောက်သွားခဲ့ပါတယ်။ ဒါကြောင့် သူက မတ်တပ်ထရပ်ပြီးတော့ သဘက်ကို ယူပြီး

သူကိုယ်သူ ပတ်လိုက်ပီးတော့ အခန်းကို ပြန်ပြီး အိပ်ဖို့ စဉ်းစားလိုက်ပါတယ်။

``အယုတ်တမာကောင် ဒီကိုမလာနဲ့ ငါက အစားအစာ တစ်ချို့ကို လာယူချင်လို့ ``

ဒီအချိန်မှာ ဘယ်သူက ထင်မိမှာလဲ လွီရှုအာက ချက်ချင်းဆိုသလို ပြန်လာမယ်ဆိုတာကိုပေါ့။ ဒီမိန်းကလေး အရမ်းကိုလျှင်မြန်စွာပြောပြီးတော့ သူက ကြားယံ့ပဲရှိသေးတယ် သူမက အထဲကို လမ်းလျှောက်ဝင်လာခဲ့ပါပြီ။

အချိန်တွေက ရပ်တန့်သွားသလိုမျိုး သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် မလှုပ်ရှားကြပဲနဲ့ စိုက်ကြည့်နေကြပါတယ်။

``အား:::::``

လွီရှုအာ က နောက်တစ်ကြိမ် စီခနဲ့ မြည်အောင် ကျယ်လောင်စွာ အော်လိုက်ပီးတော့ နောက်တစ်ကြိမ်အပြင်ကို ထွက်ပြေးသွားပါတယ်။

``နာဘူး တဏှာရူးကောင်.. ညစ်ပတ်တဲ့ တဏှာရူးကောင်``

လင်းဟန်က သူရဲ့ မေ့စေ့ကို ပွတ်လိုက်ပါတယ်။ ဒီသစ်သားစည်ပိုင်း က သူရဲ့ ခါးထိ အောင် မြင့်ပြီးတော့ သူခန္ဓာကိုယ်က အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို လုံးဝ ဖုံးကွယ် ထားခဲ့ပါတယ်။ ဒါကြောင့် သူမက တစ်စုံတစ်ခုကို မြင်သွားဖို့ဆိုတာ လုံးဝ ဖြစ်နိုင်ချေမရှိပါဘူး.. ဒီမိန်းကလေး ဘာကြောင့် နောက်တစ်ကြိမ် ထပ်ပြီးရှက်ကိုး ရှက်ကန်း ဖြစ်သွားခဲ့တာလဲ?

``ငါက တဏှာရူးတစ်ယောက် မဟုတ်ပါဘူး``

သူက တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူက အစောပိုင်းတုန်းက ဂူဖန်းဟွာနဲ့ ဆုံတွေ့ ခဲ့တာကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ သူအံကြိတ်လိုက်ပါတယ်။

``မိန်းကလေး ငါမင်းကို ပြင်းပြင်းထန်ထန် သတိပေးမယ်နော်.. ငါအခု အဝတ်အစားတွေ ဝတ်တော့မယ်. တကယ်လို့ မင်းနောက်တစ်ကြိမ် ချောင်းကြည့်ရဲ ယင် ငါမင်းရဲ့ အောက်ပိုင်းကို နာအောင်လို့ ကန်ပစ်ရလိမ့်မယ်``

လင်းဟန်က သစ်သားစည်ပိုင်းထဲကနေ ခြေလှမ်းပြီး မထွက်ခင် သတိပေးလိုက်ပါတယ်။ သူက မြန်မြန်ပဲ ခန္ဓာကိုယ်ကို ရေသုတ်လိုက်ပြီးတော့ သူ့ရဲ့ အဂတ်အစားတွေကို ဂတ်လိုက်ပါတယ်။

အပြင်ဘက်က လွှီရှူအာ ရဲ့ နလုံးက အရူးလိုမျိုး ခုန်နေပြီး သူမရဲ့ မျက်နှာက ခရမ်းချဉ်သီးတစ်လုံးလို နီရဲနေပါတယ်။ သူမက ခြေထောက်ကို ဆောင့်အောင့် နင်း လိုက်ပြီးတော့ပြောပါတယ်။

``စက်ဆုပ်ဖွယ်ရာကောင်းတဲ့ အယုတ်တမာကောင်.ငါ့ရဲ့ အစွမ်းတွေ အပြည့်အဂ မသက်သာသေးလို့ပေါ့ မဟုတ်လို့ရှိယင် နင့်ရဲ့ ခွေးခေါင်းကို ငါဖြတ်ပစ်မယ်..ဟွန့် ငါဒေါသထွက်လွန်းလို့ သေလိမ့်မယ်`

သူမက သူမရဲ့ စိတ်ထဲမှာ တံဆိပ် ခတ်ထားသလို ဖြစ်တဲ့ လင်းဟန်ရဲ့ ကိုယ်လုံးတီး ခန္ဓာကိုယ်ကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ ရှူးချင်သွားပါတယ်။

လင်းဟန်က သူ့ရဲ့ အခန်းကို ပြန်လာပြီးတော့ အနည်းငယ်မှ ပြောင်းလဲပုံမရ သေးတဲ့ ဟူးညို့ရဲ့ ဥ ကို တစ်ချက်ကြည့်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူ့ရဲ့ အိပ်ယာ

ပေါ်ကို လှဲချလိုက်ပီးတော့ လျှင်မြန်စွာနဲ့ပဲ အိပ်မောကျသွားပါတယ်။

``ခရက် ခရက် ခရက်``

ထူးဆန်းတဲ့အသံတစ်ခုကို ကြားလိုက်ပါတယ်။ တိတ်ဆိတ်ငြိမ်သက်တဲ့ ညပိုင်း ဆိုတော့ အသံကရှင်းလင်းပြတ်သား စွာ ကြားလိုက်ရပါတယ်။

လင်းဟန်ရဲ့ မျက်လုံးက ရုတ်တရက် ပွင့်သွားပြီးတော့ ထရပ်လိုက်ပီးတော့ သူ့ရဲ့ ခန္ဓာကိုယ် အရှေ့မှာ သူ့ရဲ့ လက်တွေကို ဆန့်ထုတ်လိုက်ပီးတော့ ကာကွယ် လိုက်ပါတယ်။ ဒါက သိုင်းပညာရှင်တစ်ယောက်ရဲ့ သဘာဝ အန္တရာယ် အချက်ပေးအာရုံ ခံ မှုကြောင့်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သူက ဒီ ကြောင်တောင်တောင် အသံက သူ့ရဲ့ အခန်းအပြင်ဘက်က ရန်သူ ရောက်လာတဲ့ အသံမျိုးမဟုတ်ပဲ သူအခန်းရဲ့ထောင့် ဘက်က လာတဲ့ အသံ ဆိုတာကို လျှင်မြန်စွာနဲ့ သတိပြုမိသွားခဲ့ပါတယ်။

ဒီ ရောမဥကြီး။

ဟူးညို?

အခန်းအတွင်းပိုင်းမှာ ဖယောင်းတိုင်မီး လုံးဝ မရှိသလို ပြတင်းပေါက်တွေကလဲ ပိတ်ထားပါတယ်။ ဒါကြောင့် အခန်းက လုံးဝ မှောင်နေပါတယ်။ ဒါပေမဲ့ အခန်းထဲ မှာ ထူးဆန်းတဲ့ အလင်းတစ်ခု တောက်ပလာပြီးတော့ အဲဒီအလင်းက ဥရဲ့ အခွံ့ ကနေ ထွက်လာခဲ့တာပါ။

ဥရဲ့ အခွံ့ပေါ်မှာ ပုံစံအမှတ်အသားတွေရှိပြီးတော့ အဲဒီအမှတ်တွေက ချက်ချင်းဆိုသလိုပဲ သူတို့ကိုယ်ပိုင် အသက်ကို ရရှိသလိုမျိုး မြင်လိုက်ရပီးတော့ ဥရဲ့ အခွံ့ က ဆက်တိုက်ဆိုသလို ကွဲအက်လာခဲ့ပါတယ်။

ဟူးညိုက ဥကနေ ပေါက်လာတော့မှာလား?

လင်းဟန်က အရမ်းထူးဆန်းတဲ့ ခံစားချက်တစ်ခု ရှိပါတယ်။ ဒီမိန်းကလေးက ဘယ်လို မျိုးနွယ်စုက လာခဲ့တာလဲ?

သံသယကင်းစွာပဲ သူမက နတ်ဘုရား ဆေးပင်ကို စားခဲ့တာကြောင့် ဒီလိုမျိုး ကြီးမားတဲ့ ပြောင်းလဲမှုကြီး ဖြစ်ပေါ်လာခဲ့တာပါ။ ဒီဖြစ်ရပ်ကြောင့် ဟူးညိုက ရောမ အကျိုးကျေးဇူးရရှိတဲ့ပုံစံ ဖြစ်ပြီးတော့ ဒါက

အပေါင်းလက္ခဏာ ဆောင်တဲ့ ပြောင်းလဲမှုတတစ်ခုလဲဖြစ်ပါတယ်။

ဒါပေမဲ့ ဒါကလည်းအရမ်းကို ထူးဆန်းပါတယ်။ ဒါက လိပ်ပြာတစ်ကောင်ရဲ့ ဆင့်ကဲ ပြောင်းလဲပုံနဲ့ တူနေမလား? ပိုးတုံးလုံးတစ်ကောင်က သူ့ရဲ့ ပိုးအိမ်ထဲကို ဝင်သွားပြီးတော့ လိပ်ပြာတစ်ကောင် အဖြစ် ပြန်ပြီးတော့ ထွက်ပေါ်လာတာမဟုတ်လား?

အဖြေက မကြာခင်မှာ ထွက်ပေါ်လာပါတော့မယ်။

``ခရက် ခရက် ခရက်``

ဥရဲ့ အခွံပေါ်မှာ အက်ကွဲရာတွေပေါ်လာပြီးတော့ အတွင်းကနေပြီး ပြင်းထန်တဲ့ နလုံးခုန်သံကို ကြားလိုက်ရပါတယ်။ ပုံစံက ဟူးညိုက ဆင့်ကဲပြောင်းလဲ တဲ့ ပုံစံ ကို ဝင်ရောက်သွားပုံနဲ့ တူပြီးတော့ သူမရဲ့ ခန္ဓာကိုယ်က လုံးဝပြောင်းလဲသွားပြီး အမျိုးမျိုး သော ခန္ဓာကိုယ်လုပ်ဆောင်ချက်တွေက နိုးထလာခဲ့ပုံစံမျိုးပါပဲ။

ဒီမိန်းကလေးရဲ့ အစားကြူးပုံနဲ့ ရက်တော်တော်ကြာအောင် မစား မသောက် ပဲ အချိန်တော်တော်ကြာအောင်

ပုန်ကန်ထားရပါလိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ သူမက အထဲမှာ လိမ်လိမ်မာမာနဲ့ အချိန်အတော်ကြာအောင် နေနိုင်ရတာလဲ?

``ဒုန်း ဒုန်း ဒုန်း``

နလုံးခုန်သံက မိုးကြိုးပစ်သံလိုမျိုး ကျယ်လောင်လာပြီးတော့ လင်းဟန်ရဲ့ အမူအရာက အနည်းငယ် ပြောင်းလဲသွားပါတယ်။ သူ့ရဲ့ ယခင် ဘဝ တုန်းက အရမ်းကို စွမ်းအားပြည့်ဝတဲ့ မျိုးနွယ်စု အမြောက်အများကို မြင်ခဲ့ဖူးပါတယ်။ ဒီလိုမျိုး နလုံးခုန်နှုန်း ရဲ့ ခွန်အားနဲ့ အာရုံခံစားမှု က ဒီမျိုးနွယ်စုရဲ့ အချက်အချာနဲ့ အသက် ခွန်အားကို ရောင်ပြန်ဟပ် ပါလိမ့်မယ်။

ဒီလိုမျိုး လက္ခဏာ သွင်ပြင်တွေကြောင့် ဟူးညိုရဲ့ အဆင့်က ထိပ်ဆုံးအဆင့်မှာ ရှိဖို့ လုံလောက်ပါလိမ့်မယ်။

လင်းဟန် က ပိုပိုပြီးတော့ သိချင်စိတ်ပြင်းပြလာခဲ့ပါတယ်။ ဒီမိန်းကလေးထွက်လာ တဲ့အခါမှာ ဂျိုနှစ်ချောင်း ဒါမှမဟုတ် အတောင်ပံတစ်စုံ အပို ပါလာမလား?

ဥ အတွင်းက ဘောလုံးတစ်လုံး အရွယ် အလင်းရောင်

လင်းလက်တောက်ပ ပြီးတော့ ပါတ်ဂန်းကျင်ကို ပြန့်နှံ့သွားပြီး သက်ရှိလူတစ်ယောက်ရဲ့ ပုံရိပ်တစ်ခုကို မှုန်ဝါးဝါးနဲ့ မြင်လိုက်ရပါတယ်။

``အသား``

ကျယ်လောင်တဲ့အော်သံ တစ်ခုကို ကြားလိုက်ပြီးတော့ သေးငယ်တဲ့ပုံရိပ် တစ်ခုက ချက်ချင်းပဲ သူမရဲ့ ခြေတွေလက်တွေ အကုန်လုံးကို ဆန့်ထုတ်လိုက်ပါတယ်။ ဥက ချက်ချင်းဆိုသလို အပိုင်းပိုင်း အစိတ်စိတ် ကွဲကြေသွားပြီးတော့ သေးငယ်တဲ့ မိန်းကလေး တစ်ယောက်ခုန်ထွက်လာပါတယ်။

CHAPTER 151 အံ့အားသင့်စရာကောင်းတဲ့ ရှာဖွေတွေ့ရှိမှု အသားစားတဲ့ မိန်းကလေးကတော့ ပြန်လာခဲ့ပါပြီ

``ရှူး ရှူး ``

လင်းဟန်ကို မြင်လိုက်တာနဲ့ ဟူးညိုက ချက်ချင်းပဲ လင်းဟန်ရဲ့ လက်မောင်းပေါ်ကို ခုန်တက်လိုက်ပြီးတော့ သူမရဲ့ ခေါင်းကို သူ့ရဲ့ ပွေ့ဖက်မှုမှာ ဖုံးကွယ်ထားပါတယ်။

လင်းဟန်က ဒီ မိန်းကလေးရဲ့ ခေါင်းက နေ ခြေဖျားအဆုံးကို စစ်ဆေးနေပါတယ်။ ဒါပေမဲ့ သူက ဂျီ တွေ အတောင်ပံတွေ ဒါမှမဟုတ် တစ်ခြားအရာတစ်ခုခုကိုတောင်မှ ဘာလို့ ရှာမတွေ့တာလဲ? အခု ဒီမိန်းကလေးကို ကြည့်ရတာ အယင်တုန်းက နဲ့ ဘာမှ ကွာခြားသွားတာမျိုး မရှိပါလား?

ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ?

သူက နတ်ဘုရားဆေးပင် အမြစ်နှစ်ခုကို စားပြီးတဲ့ အခါမှာ ပထမတစ်ခုက သူ့ရဲ့ အသားအရေနဲ့ သွေးတွေကို သန့်စင်ပေးပြီးတော့ ဒုတိယ တစ်ခုကတော့ သူ့ရဲ့ အရိုးတွေကို သန့်စင်ပေးခဲ့ပါတယ်ယ။ သူက လုံးဝ ပြောင်းလဲသွားပြီးတော့ သူ့ရဲ့ ပြောင်းလဲမှု က အရမ်းကို ထင်ထင်ရှားရှားနဲ့ ကွဲပြားခြားနားသွားပါတယ်။ ဒါပေမဲ့ ဟူးညိုကိုကြည့်ရတာတော့ နည်းနည်းလေးမှတောင် မပြောင်းလဲသွားပါဘူး။ တကယ်လို့ ဒီပုံစံအတိုင်းသာဆိုယင် နောက်ဆုံး နတ်ဘုရားဆေးပင် အပိုင်း က ဖြုန်းတီး လိုက်သလိုပဲမဟုတ်လား?

``မဟုတ်ဘူး မဟုတ်ဘူး. တစ်ချို့ပြောင်းလဲခြင်းတွေက အပေါ်ယံ ကနေ ကြည့်လို့ မမြင်နိုင်ဘူး.. ဒီမိန်းကလေးရဲ့

ခန္ဓာကိုယ်ထဲမှာတော့ ကြီးမားတဲ့ ပြောင်းလဲမှုကြီး တစ်ခု ဖြစ်မှာ အမှန်ပဲ။

``ရှူး ရှူး``

ဟူးညိုက သူမရဲ့ နာခေါင်းကို ရှုံ့ချည်ပွချည် လုပ်လိုက်ပြီး ချက်ချင်းဆိုသလို သူမရဲ့ မျက်လုံးကနေ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင် တစ်ခု တောက်ပသွား ခဲ့ပါတယ်။ သူမက လင်းဟာန်ရဲ့ လက်ပေါ်က နေ ခုန်ဆင်းပြီးတော့ ရက်စက်ကြမ်းကြုတ် တဲ့သားရိုင်း တိရိစ္ဆာန် တစ်ကောင် ပုံစံမျိုး ပြန်ဖြစ်သွားခဲ့ပါတယ်။ သူမရဲ့ ခြေတွေလက်တွေ အားလုံးနဲ့ ကြမ်းပြင်ကို တွန်းကန် ပြီးတော့ အခန်းထဲကနေ လျှင်မြန်စွာနဲ့ ခုန်ထွက်သွားခဲ့ပါတယ်။

``အားယား``

လင်းဟာန်က ချက်ချင်းဆိုသလိုပဲ ဟူးညိုက သူမရဲ့ နာခေါင်းက အနံ့ခံအာရုံကြောင့် လှို့ညီအမ ရှိနေတာကို သိသွားခဲ့တယ်ဆိုတာ သတိပြုမိသွားခဲ့ပါတယ်။

ဒီမိန်းကလေးက သားရိုင်း တိရိစ္ဆာန် တစ်ကောင် နဲ့ တူပြီးတော့ အနံ့ခံကောင်းတဲ့ နာခေါင်းရှိယုံသာမက သူမရဲ့ပိုင်နက် နဲ့

ပါတ်သတ်လာယင် အရမ်းကို သန်မာတဲ့ ကာကွယ်လိုစိတ်လဲရှိနေပါတယ်။ အခု လူစိမ်းနှစ်ယောက်က သူမရဲ့ ပိုင်နက်ထဲကို ဝင်လာခဲ့ကြတဲ့အတွက် ဒီမိန်းကလေးငယ်လေးရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လက္ခဏာက သဘာဝ အတိုင်း ထွက်ပေါ် လာခဲ့ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ သူမရဲ့ နောက်ကို လိုက်သွားခဲ့ပါတယ်။

ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ ဟူးညိုက သူမရဲ့ကိုယ်ပိုင် အခန်းရှေ့ကို ရောက်သွားခဲ့ပါတယ်။ တစ်ခြား ဘာကိုမှ တွေးမနေပဲ သူမက ချက်ချင်းဆိုသလို အထဲကို တရကြမ်း တိုးဝင်လိုက်ပြီးတော့ တံခါးက သူမခွန်အားကြောင့် လွယ်ကူစွာ နဲ့ ပဲအပိုင်းအပိုင်းအစစ ပျက်စီးသွားခဲ့ပါတယ်။ ကျားပေါက်လေး တစ်ကောင်လိုမျိုး သူမက အထဲကို ခုန်အုပ်ပြီးတော့ သူမရဲ့ပါးစပ်က အနည်းငယ် ဖွင့်ဟထားပြီး သူမရဲ့ လက်သည်းတွေက အချိန်မရွေး တိုက်ခိုက်နိုင်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

``သေစမ်း လူယုတ်မာ.. နင့်မှာ မကောင်းဆိုးဝါးစိတ်တွေ တကယ်ရှိနေတာပဲ``

လွီရှုအာ က လင်းဟန်ရဲ့ အပေါ်ပိုင်း ဗလာကျင်းတဲ့ ခန္ဓာကိုယ်ကို မြင်ခဲ့ပြီး သူမရဲ့ နလုံးသားတွေက ဗုံတီးသလိုမျိုး ခုန်နေပြီးတော့ သူမရဲ့ မျက်နှာက သွေးရောင်လို မျိုး နီရဲနေပါတယ်။ သူမအနေနဲ့ ပြန်ပြီးတော့ အိပ်ပျော်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး ဒါကြောင့် အခန်းတံခါး ကျိုးသွားတဲ့အသံကို ကြားလိုက်ရတဲ့အခါမှာ သူမ ထင်လိုက်တာက လင်းဟန်က အခန်းတံခါးကို ချိုးဖျက်ပြီးတော့ သူမဆီကို လာပြီး အတင်းအဓမ္မကြံတော့မယ်လို့ တွေးလိုက်ပါတယ်။ သူမက ချက်ချင်းဆိုသလို အနောက်ကို ခုန်ဆုတ်ပြီးတော့ လက်ဝါးနဲ့ တိုက်ခိုက်လိုက်ပါတယ်။

``ဘုန်း``

သူမရဲ့ လက်ဝါးရိုက်ချက်က ဟူးညို့ရဲ့ ခန္ဓာကိုယ်ပေါ်ကို ကျရောက်သွားပါတယ်။ သူမရဲ့ အစွမ်းတွေက ကျဆင်းသွားတယ်ဆိုပေမဲ့ ရက်အနည်းငယ်ခန့် ပြန်လည် ဖြည့်ဆည်းကုသ ပြီးတဲ့နောက်မှာ သူမရဲ့ အစွမ်းက ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်ကို ရောက်သွားခဲ့ပါပြီ။ ဒီသူမရဲ့ လက်ဝါးရိုက်ချက်က ဟူးညို့ကို အမှန်တကယ်ပဲ လွင့်ထွက်သွားစေခဲ့ပါတယ်။

ဒါပေမဲ့ သူမက ရုတ်တရက်ပဲ တစ်ခုခု မှုမမှန်ဖူးဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူမ တိုက်ခိုက်လိုက်တဲ့ သူက တဏှာရူး နှာဘူး တစ်ယောက်မဟုတ်ပါဘူး. အရမ်းကို ငယ်သေးတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်ပါတယ်။

လင်းဟန်က အချိန်ကိုက် ရောက်လာပြီးတော့ သူမရဲ့ တိုက်ခိုက်မှုကြောင့် လွှင့်ထွက် လာတဲ့ဟူးညိုကို သူ့ရဲ့ လက်တွေနဲ့ ဖမ်းထားလိုက်ပါတယ်။

``သေစမ်း အယုတ်တမာကောင်``

လွီရှူအာက လင်းဟန် ကို မြင်လိုက်ရတဲ့အခါမှာ မဆဲပဲနဲ့ မနေနိုင်ပါဘူး။ ပြီးတော့ ဒီလို ဆူညံသံတွေကြောင့် လွီဖန်းအာ လည်းပဲ နိုးလာခဲ့ပါတယ်။ သူမရဲ့ မျက်လုံးတွေ က အရှေ့က မြင်ကွင်းကိုကြည့်နေပြီးတော့ ဘာတွေဖြစ်နေတယ်ဆိုတာကို နားမလည် ပဲ စိတ်ရှုပ်ထွေးနေတဲ့ပုံစံ ဖြစ်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

``သတ် သတ်``

ဟူးညိုက လင်းဟန့်ရဲ့ လက်မောင်းတွေကြားကနေ အတင်းရုန်းကန် လှုပ်ရှား နေခဲ့ပါတယ်။ ပြီးတော့

ဒီတိုက်ခိုက်မှုကြောင့် သူမက မည်သည့် ဒဏ်ရာကိုမှ ခံစားရတဲ့ လက္ခဏာ လုံးဝ မရှိပါဘူး။

လင်းဟန်က အပြုံး တစ်ခုကို ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက နားလည်မှု လွဲမှားတာပါ.. မင်းတို့နှစ်ယောက် အခုနေတဲ့ နေရာက ဒီမိန်းကလေးရဲ့ အခန်းပဲ. သူမက ဒီရက်အနည်းငယ်အတွင်း ဒီမှာမရှိခဲ့ဘူး.. ဒါပေမဲ့ အခု ပြန်ရောက်လာတဲ့ အခါမှာ မင်းတို့နှစ်ယောက်က သူမရဲ့ အခန်းကို ယူထားတာကို သိသွားတော့ မင်းတို့နှစ်ယောက်ကို ရန်သူတွေလို့ ထင်သွားတာပဲ.. ဘာကြောင့်လဲဆိုတော့ သူမက အရမ်းကို စိတ်ဆိုးလွယ်တယ်လေ``

ဒါက လုံးဝစိတ်ဆိုးနေတဲ့ပုံစံမဟုတ်ပါဘူး.. သူမကိုကြည့်ရတာ သူမတို့ကို ဖျက်ဆီး ပစ်ချင်တဲ့ ပုံစံနဲ့တူပါတယ်။

လို ညီအမက ဟူးညိုက အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာ ရှိတယ်လို့ တွေးလိုက်ကြပါတယ်။

``ဟားဟား.. တော်တော်နောက်ကျနေပြီ.. ဒါဆို ငါတို့

မင်းတို့အနားယူ တာကို မနှောက်ယှက်တော့ဘူးနော်``

လင်းဟန်က ရီရီမောမောနဲ့ ပြောပြီးတော့ အပြင်ဘက်ကို ထွက်လိုက်ပါတယ်။ ဒါပေမဲ့ ဟူးညို ဖျက်ဆီးလိုက်တဲ့ အတွက် ပိတ်စရာ တံခါးကတော့ မရှိတော့ ပါဘူး။ ဒါလည်းကိစ္စမရှိပါဘူး မနက်ဖြန်ကျယင် သူ တံခါးအသစ်တစ်ချပ် ပြန်တပ်ပေးရပါမယ်။

သူ့ရဲ့ အိပ်ခန်းကို ပြန်ရောက်လာတဲ့ အခါမှာ လင်းဟန်က ဟူးညိုကို ကုတင်ရဲ့ ဘေးမှာ ထိုင်စေပြီးတော့ ပြောလိုက်ပါတယ်။

``ဟူးညို... ဒီမိန်းကလေးနှစ်ယောက် က ယာယီတော့ သူငယ်ချင်းတွေလို့ ပြောလို့ရတယ်.. ဒါကြောင့် သူတို့ကို မတိုက်ခိုက်နဲ့``

ဟူးညိုက မကျေမနပ်ဖြစ်သွားတဲ့ ပုံစံပါပဲ.။ သူမရဲ့ပိုင်နက်မှာ တစ်ခြား သက်ရှိ တွေ ကျူးကျော်နေထိုင်တာကို သူမ မကြိုက်ပါဘူး။ ဒါပေမဲ့ လင်းဟန်က ဒီလိုမျိုး ပြောမှတော့ သူမရဲ့ မကျေနပ်မှုတွေကို လျှင်မြန်စွာနဲ့ မေ့ပျောက်သွားခဲ့ပါတယ်။ သူမက လင်းဟန်ကို တွယ်ဖက်ထားပြီးတော့ ပြောပါတယ်။

``ဖက် ဖက်``

လင်းဟန်က ကျယ်လောင်စွာ ရီမောပြီးတော့ဟူးညိုကို အနီးကပ် ဒုတိယ တစ်ကြိမ် ထပ်ပြီး စစ်ဆေးလိုက်ပါတယ်။ သူမက လုံး၀ ပြောင်းလဲသွားတဲ့ ပုံစံ မမြင်ရပါဘူး။ သူက အရမ်းထူးဆန်းသလို ခံစားလိုက်ရပါတယ်။

``ဒါက မဟုတ်သေးပါဘူး``

သူက ချက်ချင်းပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဟူးညိုက လွှီရှူအာရဲ့ တိုက်ခိုက်မှု ကို ခံလိုက်ရပြီးတော့ မည်သည့် ဒဏ်ရာ အနာတရကိုမှ ခံစားရတဲ့ပုံစံမရှိပါဘူး။ ဒါက ဟူးညိုရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်မြင့်သွားတာပါ..ဒါပေမဲ့ တိတိကျကျ သက်သေပြချင်ယင်တော့ ခွန်အားများများတိုးပြီးတော့ ဆက်ပြီး တိုက်ခိုက်ကြည့်ဖို့ လိုပါတယ်။

မေ့လိုက်တော့.. သူ ဒီကိစ္စနဲ့ ပါတ်သတ်ပြီး နောက်မှပဲ စဥ်းစားတော့မယ်။

ကောင်းကင်ကနေ အလင်းရောင် မှန်ပျပျကို

မြင်လိုက်ရတဲ့အခါ လင်းဟန်က ထပ်ပြီး မအိပ်တော့ဖို့ ဆုံးဖြတ်လိုက်ပီးတော့ အဲဒီအစား သူက စပြီးတော့ ကျင့်ကြံလိုက်ပါတယ်။

သူက ကြက်ခြေခတ် ပုံစံထိုင်ချပြီးတော့ ကောင်းကင်အဆင့်ဒြပ်စင်ငါးခု ကို စတင် လည်ပါတ်လိုက်ပါတယ်။ သူ့ရဲ့ ကောင်းကင်အဆင့်စိတ်ဂိဉာဉ်အခြေခံက အနည်းငယ် တုန်ခါသွားပြီးတော့ ချက်ချင်းဆိုသလို သူ့ရဲ့ ဘေးပါတ်လည်မှာရှိတဲ့ စိတ်ဂိဉာဉ်ချီ တွေကို ဂေလငါးကြီးတစ်ကောင်လိုမျိုး ဆွဲယူငါးမျိုလိုက်ပါတယ်။ နတ်ဘုရား ဆေးပင်ကို စားပြီးတဲ့နောက်မှာ သူ့ရဲ့ အရိုး အသားနဲ့ သွေးကြောတွေကို အဆင့်မြင့် တင်ပြီးတော့ စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူတဲ့အမြန်နှုန်းကလဲ ပိုပြီးတော့တိုးလာခဲ့ ပါတယ်။

သူ့ရဲ့ စိတ်ဂိဉာဉ်အခြေခံက ပိုပြီးအစွမ်းထက်လာယုံမကဘူးသူ့ရဲ့ သွေးကြောတွေ အားလုံးကလဲ ပိုပြီး သန့်ရှင်းလာတဲ့အတွက် စိတ်ဂိဉာဉ်ချီတွေကို သူ့ရဲ့ သွေးကြော တွေကို ဖြတ်ပြီး စီးဆင်းစေတဲ့အခါမှာ အယင်ကထက် ပိုပြီးတော့ ချောမွေ့စေပါတယ်။ ဒါက သူ့ရဲ့ ကျင့်ကြံခြင်းအရှိန်နှုန်းကိုပါ

တိုးလာစေတဲ့ အာနိသင် ရှိပါတယ်။ ဒါပေါ့ ဒီဟာက သူ့ရဲ့ စိတ်ဂိဉာဉ်အခြေခံက ဘယ်လောက်တောင် အံ့သြဆန်းကြယ်ဖို့ ကောင်းလဲဆိုတာပဲဖြစ်ပါတယ်။ စိတ်ဂိဉာဉ်ချီတွေ အများကြီးကို စုပ်ယူ ပြီးတဲ့နောက်မှာ တကယ်လို့ သူက ၎င်းတို့ကို တစ်ချိန်ထဲမှာ သူ့ရဲ့ မူလစွမ်းအင် အဖြစ် မသန့်စင်နိုင်ဘူးဆိုယင် ဘာဖြစ်ဦးမလဲ?

နောက်ဆုံးမှာ သူက ရှေးဟောင်းသန့်စင် ဆေးကို စားပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အရှိန်နှုန်းကို ဒီထက်တိုးအောင် လုပ်ရပါမယ်။

ဟူးညိုက သူ့ကိုကြည့်ပြီးတော့ ပျင်းရိလာတဲ့အတွက် သူ့ရဲ့ ကြက်ခြေခတ်ပုံစံ ထိုင်နေတဲ့ ခြေထောက်တွေကို အတုခိုးပြီးထိုင်လိုက်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ တစ်ခုခု မှုမမှန်တာကို ခံစားလိုက်ရပါတယ်။ ဘာလို့လဲ ဆိုတော့ သူ့ရဲ့ နောက်မှာ ဟာရီကိန်းမျက်လုံး တစ်ခု ရုတ်တရက် ပေါ်လာပြီးတော့ စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူပြီး သူတို့အနားက စိတ်ဂိဉာဉ်ချီတွေပါ ပါကုန်ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်းအရှိန်နှုန်းကို တစ်ခါတည်းနဲ့ နိမ့်ကျသွားအောင် ဖြစ်စေပါတယ်။

သူ့ရဲ့ မျက်လုံးတွေကို ရုတ်တရက်ဖွင့်လိုက်ပါတယ်။ သူက အရမ်းကို ပြင်းထန်တဲ့ ပုံစံနဲ့ ကြက်ခြေခတ်ပုံစံ ထိုင်နေတဲ့ ဟူးညိုကို မြင်လိုက်ရပြီး သူမရဲ့ မျက်နှာသေးသေး လေးမှာ တည်ငြိမ်အေးဆေးတဲ့ အမူအရာ ရှိနေပါတယ်.။

ဒါက တကယ်ပဲဆိုတာ သေချာပါတယ်။ သူ့ရဲ့ မျက်လုံးတွေနဲ့ ဒီအကြောင်းအရာကို အတည်ပြုလိုက်တဲ့အခါမှာ သူက အရမ်းကို အံ့အားသင့်နေခဲ့ပါတယ်။

ဟူးညိုက အမှန်တကယ်ပဲ သူမရဲ့ ကိုယ်ပိုင် စိတ်ဝိဉာဉ်နိုးထလာပြီးတော့ ကျင့်ကြံခြင်းလမ်းကြောင်းပေါ်ကို တရားဝင် ခြေလှမ်းစတင် လိုက်ပါပြီ။

ဘယ်လောက်တောင် ထူးဆန်း အံ့ဩဖို့ ကောင်းလိုက်သလဲ.. ဒီမိန်းကလေးက အရမ်းကို ငယ်ရွယ်သေးတယ်လေ။

ပုံမှန်အားဖြင့်တော့ လူတစ်ယောက်က သူ့ရဲ့ အသက် ၁၁ နှစ် ဒါမှမဟုတ် ၁၂ မှ စိတ်ဝိဉာဉ်အခြေခံက နိုးထလာတာပါ။ တကယ်လို့ တစ်ယောက်ယောက်က သူ့ရဲ့ စိတ်ဝိဉာဉ်အခြေခံကို စောစော

နိုးထလာမယ်ဆိုယင်တောင်မှ အလွန်ဆုံး တစ်နှစ် နှစ်နှစ်ခန့်ပဲ စောပြီးနိုးထ လာတတ်ကြပါတယ်။ ဒါပေမဲ့ ဒီမိန်းကလေးကတော့ သူမရဲ့ အသက် ခုနှစ်နှစ် သို့မဟုတ် ရှစ်နှစ်ပဲ ရှိသေးတဲ့ အချိန်မှာပဲ စိတ်ဝိဉာဉ်အခြေခံက နိုးထလာခဲ့ပါတယ်။ ဒ့ါအပြင် သူမက အခု စိတ်ဝိဉာဉ်ချီတွေကိုတောင်မှ အပေးကို လုယူသွားခဲ့ပါတယ်။ ဟူးညို့ရဲ့ စိတ်ဝိဉာဉ်အခြေခံက လုံးဝ ကောင်းကင်အဆင့် ဖြစ်နိုင်ပြီးတော့ သူ့ကိုယ်ပိုင် စိတ်ဝိဉာဉ်အခြေခံကို တောင်မှ နှိုင်းယှဉ်လို့ ရနိုင်ပါ လိမ့်မယ်။

တစ်ခုသိထားရမှာက သူ့ရဲ့ စိတ်ဝိဉာဉ်အခြေခံက ဒြပ်စင်ငါးခု စလုံးရှိပြီးတော့ ကောင်းကင်အဆင့် စိတ်ဝိဉာဉ်အခြေခံတွေအားလုံးထဲမှာ ထိပ်တန်းနံပါတ်တစ် အဆင့်ပဲဖြစ်ပါတယ်။ ဒါဆိုယင် ဒီမိန်းကလေးရဲ့ စိတ်ဝိဉာဉ် အခြေခံကရော ဘာဖြစ်မလဲ?

လင်းဟန်က သူ့ရဲ့ မျက်လုံးထဲမှာ နတ်ဘုရားအာရုံကို စူးစိုက်ပြီးတော့ သူ့ရဲ့ယခင် ဘဝတုန်းက ရရှိထားတဲ့ စိတ်ဝိဉာဉ်အစွမ်းရဲ့ အစ ကလေးကိုအသုံးပြုပြီးတော့ ဟူးညို့ ရဲ့ ဒန်တန်ထဲကို ဝင်ကြည့်လိုက်ပါတယ်။

``ဘာ?``

လင်းဟန်က ရုတ်တရက် သူမျက်လုံးတွေ နာကျင်သွားသလို ခံစားရပြီးတော့ လျင်မြန်စွာနဲ့ ပဲသူကခေါင်းကို လှည့်လိုက်ပါတယ်။ သူရဲ့ လက်တွေနဲ့ သူမျက်လုံးကို ပွတ်လိုက်တဲ့အခါမှာ သူရဲ့ လက်ပေါ်မှာ သွေးတစ်စွန်းတစ်စ ကျန်ရှိတဲ့ လက္ခဏာ ကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ သူက အခု ဒီကိစ္စနဲ့ ပါတ်သတ်ပြီး စိတ်အနှောင့်အယှက် မဖြစ်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ သူက စောစောလေးတုန်းက သူအမှန်တကယ်ပဲ မြင်တွေ့လိုက်ရတဲ့ဟာကြောင့် အရမ်းကို အံ့အားသင့်နေဆဲ ပါပဲ။

``ဒါ တကယ်ကြီးပဲလား?``

သူ ဟူးညီရဲ့ စိတ်ဝိဉာဉ် အခြေခံကို မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါက တကယ်ပဲ စိတ်ဝိဉာဉ်အခြေခံ ဆိုတာ ဟုတ်လို့လား?

လင်းဟန်က ဒီဟာက လုံး၀ စိတ်ကူးလို့တောင်မရတဲ့ မယုံနိုင်စရာတစ်ခုလို့ ခံစားလိုက်ရပါတယ်။ ပြီးတော့သူရဲ့ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တဲ့ ချွေးတွေ ဆီက လာတဲ့ အအေးဒဏ်ကို ခံစားလိုက်ရပါတယ်။

ဟူးညီရဲ့ ဒန်တန် ထဲက စိတ်ဝိဉာဉ်အခြေခံက တကယ်ပဲ

အိပ်မောကျနေတဲ့ လူတစ်ယောက်ဖြစ်နေပါတယ်။

ၚင်းက မယုံကြည်နိုင်လောက်အောင် ချောမောလှပပြီးတော့ သူမရဲ့ မျက်လုံးတွေ က တင်းတင်းစေ့စေ့ပိတ်ထားပြီး သူမရဲ့ ခန္ဓာကိုယ်ကောက်ကြောင်းကလဲ ပြေပြစ် ပြီးတော့ ကျက်သရေရှိအောင် အရမ်းပဲ လှပတင့်တယ်လှပါတယ်။ လွှီယုထန်နဲ့ လီစီရှန်း တို့နှစ်ယောက် ဒီ အိပ်စက်နေတဲ့ မိန်းမလှလေးနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုယင်တောင်မှ သူတို့ရဲ့ အလှ တွေက မှိန်သွားပါလိမ့်မယ်။

ဒါက လုံးဝ မမှားပါဘူး။ ၚင်းက အကြီးအကျယ်ကို ချောမောလှပတဲ့ မိန်းကလေး ဖြစ်ပြီးတော့ စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူနေတာဖြစ်ပြီး သူမရဲ့ စိတ်ဂိဉာဉ်ချီ စုပ်ယူတဲ့ နှုန်းက သူ့အောက်ကို လုံးဝ မလျော့ပါဘူး။

လင်းဟန်က အမှန်တကယ်ပဲ လူသားတစ်ယောက်ရဲ့ ပုံစံမျိုး ဖြစ်နေတဲ့စိတ်ဂိဉာဉ် အခြေခံမျိုးကို လုံးဝ မမြင်ဖူးခဲ့ပါဘူး။

ဒါပေမဲ့ ဒီဟာက သူ့ကို အေးစက်တဲ့ ခံစားမှုကို ဖြစ်စေခဲ့တာမဟုတ်ပါဘူး. သူက ဒီ မိန်းမလှလေးကို စိုက်ကြည့်နေတုန်းက သူမရဲ့ မျက်လုံးတွေက ရုတ်တရက် ပွင့်လာ ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့

သတ်ဖြတ်ခြင်း စိတ်ဆန္ဒက သူ့ကိုဖြတ် ကျော်သွားပြီးတော့သူရဲ့ကိုယ်ပိုင် နတ်ဘုရားအာရုံကို တကယ်ပဲ လှီးဖြတ်သွားပါတယ်။ တကယ်လို့ အဲဒီအချိန်အတွင်းမှာ အနက်ရောင် မျှော်စင်က အနည်းငယ် တုန်လှုပ်မသွားဘူးဆိုယင် အများဆုံး သူ့ရဲ့ မျက်လုံးတွေက သွေးထွက်ရုံပဲ ခံစားရမှာမဟုတ်ပါဘူး ဒါပေမဲ့ သူ့ရဲ့ နတ်ဘုရားအာရုံကို လုံးဝ ချေဖျက်ပစ် လိုက်ပါတယ်။

CHAPTER 152 ထိတ်လန့် ဖွယ်ရာ ကောင်းသော

စိတ်ဂိဗည်က လူသားတစ်ယောက်ရဲ့ ပုံစံမျိုးရှိပြီးတော့ နတ်ဘုရား စိတ်အာရုံကိုလည်း ဖျက်ဆီးခဲ့တယ်။

အခု လင်းဟန်က ငရဲပြည်ရဲ့ တံခါးဝ အနားကို ဖြတ်သွားဖို့ ရောက်နေသလိုပါပဲ။

``စပ်စုလွန်းရင် ဒုက္ခတွေ့မယ်``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ တကယ်တော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ မကောင်းဆိုးဝါးတစ်ကောင် မရှိပေမဲ့လည်း သူက အခု ဒီလိုမျိုး ထိတ်လန့်စရာကောင်းတဲ့ အခြေအနေမျိုးပေါ် ကို ခြေလှမ်းချခဲ့ပြီးပါပြီ။

မေးစရာတောင်မလိုပဲ နတ်ဘုရားဆေးပင်က စွမ်းအားအမျိုးအစားတစ်ခုခု ကြောင့် နောက် လေးနှစ် ငါးနှစ်လောက်မှ ဖြစ်လာမဲ့ ဟူးညို့ရဲ့ ဂိဉာဉ်အခြေခံကို နိုးဆွ အသက် သွင်းပေးလိုက်ပါတယ်။

အရမ်းကို အံ့အားထိတ်လန့်စရာကောင်းတဲ့ ခံစားချက်က လင်းဟန်ရင်ထဲမှာ မြင့်တက်လာခဲ့ပါတယ်။ယ ဘာလို့လဲဆိုတော့ ဟူးညို့ရဲ့ ကိုယ်အတွင်း စိတ်ဂိဉာဉ်အခြေခံက အကြီးအကျယ်ကို လှပတဲ့ လူသားမိန်းကလေး တစ်ယောက်လို မျိုးဖြစ်ပြီးတော့ ဒါကသူ့ယခင် ဘဝတုန်းက အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော်တွေထက်တောင်မှ ပိုပြီး စွမ်းအားကြီးမားတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်ပါတယ်။ သူ့ရဲ့ ယခင်ဘဝတုန်းက ဓါးကေရာဇ်နဲ့ ကောင်းကင်ဖီးနစ်နတ်မိမယ် က သူတို့ကောင်းကင်အဆင့် လက်ရွေးစင်တွေထဲမှာ အသန်မာဆုံး တွေဖြစ်ပြီးတော့ သူတို့ကပဲ သူ့ကို အစောတုန်းကလို ကြီးမား တဲ့ ဖိအား ကို ခံစားစေရအောင် လုပ်နိုင်ပါတယ်။

တကယ်လို့ သူက ကောင်းကင်အဆင့်စွမ်းအားကို ပြန်ရရှိခဲ့မယ်ဆိုယင်တောင်မှ သူ့အနေနဲ့ ဒီလိုမျိုး အရာကို လုံးဝ ကာကွယ်နိုင်စွမ်းရှိမှာ မဟုတ်ဘူးဆိုတာကို

ကောင်းကောင်းကြီး သိနေပါတယ်။ အယင်ဘာဂတုန်းက အနက်ရောင်မျှော်စင် ဆီက အားလိုင်းကြောင့် သူ့ရဲ့ ခန္ဓာကိုယ် က လွယ်ကူစွာနဲ့ ပျက်စီးသွားသလိုမျိုးပေါ့။

ဒီစွမ်းအားက သေမျိုးအဆင့်ထဲမှာ လုံးဂကို မပါဂင်ပါဘူး။

အနက်ရောင်မျှော်စင်က လက်ရှိသူ့ပိုင်ဆိုင်တဲ့အရာတွေထဲမျာ အကြီးမားဆုံးသော လျှို့ဂှက်ဆန်းကြယ်တဲ့ အရာဖြစ်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ကို ၎င်းရဲ့ အိမ်အသစ်လို မျိုး နေရာယူထားပါတယ်။ ဒါပေမဲ့ ဟူးညိုက ပိုပြီးတော့တောင်မှ ထူးခြားဆန်းကြယ် ပါသေးတယ်. သူမရဲ့ စိတ်ဂိညာဉ်အခြေခံ နေရာမှာ အဆုံးမဲ့ သက်ရှိအရာ တစ်ခုက နေရာယူထားတာက သူ့ကို မသင်္ကာ ဖြစ်စေပါတယ်။

သူမက ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်မှာပဲရှိသေးတဲ့ မိန်းကလေးဆိုတာ သိသာထင်ရှားပါတယ်။

ဒါပေမဲ့ သူက ၎င်းကို စဉ်းစားမိလိုက်တဲ့အခါမှာ သူတို့နှစ်ယောက်က တူညီနေသလားလို့ပဲ?

ဒီ အကြီးအကျယ်ကို ချောမောလှပတဲ့ သူမက အဆုံးမဲ့

ရတနာ တစ်မျိုးမျိုး ကြောင့် ဖွံ့ဖြိုးလာနိုင်မလား? တကယ်လို့ဒါက တကယ်ပဲဆိုယင်တော့ တကယ့် သက်ရှိလူသား တစ်ယောက်ရဲ့ အသွင်အပြင်ပုံစံကို ပုံသွင်းခြင်းက မထူးဆန်းတော့ပါဘူး။

လင်းဟန် သူ့ရဲ့ နာကျင်နေတဲ့ ခေါင်းကို လက်နဲ့ ဖိလိုက်ပါတယ်။ ယခုဘဂက တကယ့်ကို ထူးဆန်းပြီး ထိတ်လန့်ဖွယ်ရာကောင်းတာပဲ. သူက အဆုံးမဲ့ စွမ်းအားကြီးမားလှတဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်ရဲ့ အလောင်းတစ်ခုကို မြင်ခဲ့ရပြီးတော့ သူ့ခန့်မှန်းတွက်ဆချက်အရဆိုယင် မရေတွက်နိုင်အောင် များပြားတဲ့ အရေအတွက်ရှိတဲ့ ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော်တွေနဲ့ ကြီးကျယ် ခမ်းနားတဲ့ တိုက်ပွဲကြီးတစ်ခု ဆင်နွဲပြီး သူသေကိုယ်သေ ယှဉ်ပြိုင်ခဲ့ကြပုံပါပဲ။ ပြီးတော့ အဆင့်ကိုး စိတ်ဂိဉာဉ်ပစ္စည်းတွေက မြေအောက်မြစ် ရေနဲ့ အတူ မျောပါလာတဲ့အပြင် နတ်ဘုရားအဆင့် ဆေးပင်တစ်ခု ထွက်ပေါ်လာတဲ့ အပြင် ထူးဆန်းတဲ့ မီး တစ်ခုကလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။

ပြီးတော့အခု ဟူးညို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ကောင်းကင်အဆင့်အထက် ရှိတဲ့ သက်ရှိတစ်ခုကလဲ

ရှိနေပြီးတော့ သူ့ရဲ့ ကိုယ်ခန္ဓာထဲမှာတော့ အဆုံးမရှိအောင် စွမ်းအားကြီးမားတဲ့ အနက်ရောင်မျှော်စင် တစ်ခုက ရှိနေပါတယ်။

၎င်းကိုကြည့်ရတာက စကြာဂဠာအဆင့် တောင်မှ ရုတ်တရက် ချက်ခြင်းကြီး အဆင့်အတန်းမရှိတော့သလိုပါပဲ။

ဟူးညိုက စိတ်သိပ်မရှည်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူမက အချိန်ခဏလေးပဲ လေ့ကျင့်ပြီးတော့ ရပ်လိုက်တဲ့အခါမှာ လင်းဟန်က သူမကို ကြည့်နေတာကို မြင်လိုက်တော့ လင်းဟန်ရဲ့ လက်မောင်းပေါ်ကို ခုန်တက်လိုက်ပါတယ်။ သူမရဲ့ အစာအိမ်က ဆန္ဒပြနေပါပြီ။

``ဆာတယ်``

ဟုတ်ပါတယ်။ ဒီမိန်းကလေးက အစာမစားရတာ ရက်အနည်းငယ်ရှိနေပါပြီ။

``လိမ်လိမ်မာမာနဲ့ လေ့ကျင့်နေ.. ငါ သွားပြီးချက်ပြုတ်လိုက်ဦးမယ်.. တကယ်လို့ မင်းက ကောင်းကောင်းမလေ့ကျင့်ဘူးဆိုယင်.. အသားလုံး၊ ရမှာမဟုတ်ဘူးနော်``

လင်းဟန်က အခြေအနေကို ခန့်မှန်းမိပါတယ်။

``ဟွန်း:::::``

ဟူးညိုက မပျော်ဘူးဆိုတာ သိသာပါတယ်။ သူမက လေ့ကျင့်ရတာမကြိုက်ပါဘူး။ ဒါက အရမ်းကို ပျင်းရိငြီးငွေ့စရာကောင်းပါတယ်။

လင်းဟန်က မီးဖိုချောင်ထဲကို ချက်ပြုတ်ဖို့ ဝင်သွားခဲ့ပါတယ်။ ဖူစကာပုဏ္ဏား က ပြန်လာပြီဆိုတော့ ဒီမှာ တောင်ငယ်လေးတစ်လုံးစာလောက် စုထားတဲ့ အစားအသောက်တွေက ရက်အနည်းငယ်အတွင်းမှာ ကုန်သွားဦးမှာပေါ့။ ဒီလိုမျိုး ပြောင်းလဲမှုဖြစ်ပြီးတဲ့နောက်မှာ ဟူးညို့ရဲ့ အစားအသောက်လောဘ က ပိုပြီးတော့ တိုးလာလိမ့်မယ်လို့ သူခန့်မှန်းမိပါတယ်။

သူက အားလုံးပြင်ဆင်ထားခဲ့ပါတယ်။ ဒါပေမဲ့ ဟူးညို့ရဲ့အစားအသောက် ဆန္ဒက အတော်ကြီး တိုးလာပြီးတော့ သူ့ကိုတောင်ကြောက်ရွံ့သွားစေပါတယ်။

သူမရဲ့ လောဘက နှစ်ဆ ထက်တောင်ပိုနေပါတယ်။

``နတ်ဘုရားတွေကို ကျေးဇူးတင်ပါတယ်။ အခု ငါ့မှာငွေရှိပြီးတော့ တတိယ အင်ပါယာ မင်းသားရဲ့ ကြင်နာမှု အခွင့်အရေးကိုလဲ ယူနိုင်တယ် အဲဒီလိုမှမဟုတ်ဘူးဆိုယင် ဒီမိန်းကလေးကို ငါတကယ်ပဲ ဆက်ပြီးတော့ ကျွေးမွေးထားနိုင်မှာမဟုတ်ဘူး``

သူက ခေါင်းကိုခါပြီးတော့ပြောလိုက်ပါတယ်။

သူတို့ စားသောက်လို့ တဂက်ခန့်ပြီးတဲ့အခါမှာ လွီညီအမ လည်း နိုးလာခဲ့ပါတယ်။ သူမတို့က မီးဖိုချောင်ထဲကိုရောက်လာပြီးတဲ့အခါမှာ အံ့အားသင့်ပြီးတော့ သူမတို့ရဲ့ မျက်နှာတွေက တွန့်လိမ်ကုန်ပါတယ်.။

ဒါက တကယ်ရော မိန်းမငယ်လေးပဲလား?

သူမက ဒီမိန်းကလေးတွေကို မြင်လိုက်တဲ့အခါမှာ ဟူးညိုက အလျှင်အမြန်ပဲ ရွှေ့ပြီး တော့ သူမရဲ့ အစားအစာကိုတွေကို ကာကွယ်လိုက်ပီး သူမရဲ့မျက်လုံးက ရက်စက်ကြမ်းကြုတ်စွာနဲ့ မိန်းကလေးနှစ်ယောက်ကို စိုက်ကြည့်လိုက်ပါတယ်။ သူမရဲ့ လည်ချောင်းထဲကနေ

မာန့်ဖီဟိန်းဟောက်သံ တိုးတိုးလေး ထွက်လာပြီးတော့ မကြည်တဲ့အကြည့်တွေနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့နင်တို့တွေရဲ့ လက်ကို ထုတ်ရဲထုတ်ကြည့် နင်တို့ရဲ့ ခေါင်းကို ငါကိုက်ပစ်မယ်`` (ဘယ်တုန်းကစကားတတ်သွားလဲ ကျနော်မသိပါ ESUB ကရေးတဲ့အတိုင်းပြန်ပေးတာပါ`)

``သေစမ်း လူယုတ်မာ.. နင်က တကယ့်ကို တဏှာရူးတစ်ယောက်ပဲ``

လွီရှုအာ ရဲ့ မျက်နှာက ဖြူဖွေးသွားပါတယ်။ လူငယ်ယောကျ်ားလေးတစ်ယောက်ရဲ့ အိမ်မှာ မိန်းကလေးငယ် တစ်ယောက် နေထိုင်နေတာက ကြီးမားတဲ့ ပြဿနာ ဆိုတာ သိသာထင်ရှားပါတယ်။

``ငါက တဏှာရူးတစ်ယောက် မဟုတ်ပါဘူး.. လူဆိုးတစ်ယောက်ပါ``

လင်းဟာန်က ဂူဖန်းဟွာ ရဲ့ အမှတ်အသားဖြစ်တဲ့ စကားလုံးတွေကို အနည်းငယ် ပြောင်းလဲပြီးတော့ ပြောလိုက်ပါတယ်။

``မိန်းကလေး ဒီကို အမြန်လာခဲ့ ငါတို့ နင့်ကို ကာကွယ်ပေးမယ်``

လွှီရှုအာက ဟူးညို့ကို လက်တစ်ဖက် ကမ်းပေးလိုက်ပါတယ်။ ဒါပေမဲ့ ဟူးညို့ရဲ့ မျက်လုံးထဲမှာ ဒီလှုပ်ရှားမှုက စိန်ခေါ် လိုက်တယ်လို့ပဲ မြင်ပြီးတော့ ဒီမိန်းကလေးက စားပွဲခုံပေါ် ကိုခုန်တက်လိုက်ပါတယ်။ သူမရဲ့ ခြေလက်လေးချောင်းစလုံး စားပွဲပေါ် ရောက်နေပြီးတော့ အချိန်မရွေး လှုပ်ရှားဖို့ အသင့်ဖြစ်နေတဲ့ပုံစံပါပဲ။

``မေ့လိုက်တော့.. မယဉ်ကျေးတဲ့ လူတွေနဲ့ မပြောင်းခံ့ရဘူး``

လင်းဟန်က ဟူးညို့ကို ကောက်ချီလိုက်ပီးတော့ အသားအပိုင်းစ တစ်ခုကို ပါးစပ်ထဲ ကိုထည့်ပေးလိုက်တာက ဟူးညို့ကို ချက်ချင်းဆိုသလို ပျော်ရွှင်သွားစေပြီးတော့ သူမက ၎င်းအသားကို ဝါးစားနေပါတယ်။

``နင် ဘယ်သူ့ကို မယဉ်ကျေးဘူးလို့ ခေါ်တာလဲ?``

လွှီရှုအာ ကမေးလိုက်ပါတယ်။ သူမအတွက် လင်းဟန်ရဲ့ အမြင်ကို လုံးဝ လက်မခံ နိုင်ပါဘူး။

လင်းဟန်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတို့နှစ်ယောက်က ငါ့ရဲ့ နေရာမှာ ရက်အနည်းငယ်ကြာအောင်နေပြီးတော့ မင်းတို့ ရဲ့ ဒဏ်ရာတွေ သက်သာပျောက်ကင်းလာအောင်လို့ကုနေကြတယ် ဟုတ်တယ်မလား? ဒီအချိန်က မင်းတို့အတွက် ငှားရမ်းခ တစ်ခုခု ပေးသင့်နေပြီ မဟုတ်လား?

``ဟွန့် ဒါဆို နင်ငွေလိုချင်တာလား?``

လွှီရှုအာ က မေးလိုက်ပါတယ်။

``နင်ဘယ်လောက်လိုချင်တာလဲ?.

``ဒါဆိုယင် ငါက လူတစ်ယောက်ကို ဒီလောက်ပမာဏယူမယ်``

လင်းဟနက် သူ့ရဲ့ လက်တစ်ချောင်းကို ထောင်ပြလိုက်ပါတယ်။

``ငွေပြား တစ်သန်းလား?``

လွှီရှုအာ နှာခေါင်းရှုံ့လိုက်ပါတယ်။

``သဘောတူတယ်.. ဒါပေမဲ့ နင်က ငါ့တို့ရဲ့ ငွေကို ယူတဲ့အခါကျယင် ငါတို့က နင့်ရဲ့ အလုပ်ရှင်တွေဖြစ်သွားပြီ ဒါကြောင့် ငါတို့က နင့်ကို အမိန့်ပေးလို့ရပီ``

``ချီးးး. ငွေပြား တစ်သန်းဟုတ်လား?``

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။

``တကယ်လို့ ငါမင်းတို့ကို လွှတ်လိုက်မယ်ဆိုယင် မင်းတို့နှစ်ယောက်စလုံး လုံး၀ သေသွားလိမ့်မယ် အဲဒါကို မင်းနားလည်လား.. ဒါဆို အခု မင်းတို့ကိုယ် မင်းတို့ ရောင်းတဲ့ တန်ဖိုးအကြောင်းကို ပြောနေတာပဲ. မင်းတို့က ငွေပြားတစ်သန်းပဲ တန်တယ်လို့ တကယ်ပဲ ထင်နေတာလား?``

``ရောင်းတာ.. ငါတို့ကိုယ်ငါတို့ ရောင်းတာ? နင့်ကိုယ်နင်ပဲ ရောင်းစားလိုက်တော့``

လွီရှူအာက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

``ဒါဆို နင် ဘယ်လောက်လိုချင်တာလဲ ဆယ်သန်း ဒါမှမဟုတ် သန်းနှစ်ဆယ်လား?``

သူမက ဆယ်သန်းလို့ပြောလိုက်တဲ့အခါမှာ သူမကိုယ်သူမတောင်မှ အံ့အားသင့်သွားပါတယ်။

သူမတို့ အနေနဲ့ ဒီလောက်များပြားတဲ့ ပမဏာကို မရှာနိုင်တာ မဟုတ်ပါဘူး .. ဒါပေမဲ့ သူမတို့က အခုမှ သူတို့ရဲ့ အလုပ်ကို စလုပ်တာဖြစ်လို့ ဒီလောက်များပြားတဲ့ ပမာဏ ကို မရှိသေးတာပဲဖြစ်ပါတယ်။

``မှားတယ်.. မင်းတို့လို မိန်းမလှလေးတွေက အနည်းဆုံး သန်းတရာ တော့ တန်တယ် ဟုတ်တယ်မလား? ကိုယ့်ကိုယ်ကို မနှိမ့်ချပါနဲ့.. နွေဦးစမ်းရေ အဆင့် မိန်းမလှလေးနှစ်ယောက်အတွက် ဘယ်လောက်တောင်ကောင်းလိုက်တဲ့ စီးပွားရေးလဲ ဆိုတာကို ငါက အချစ်ပန်းစံအိမ်ကို မင်းတို့နှစ်ယောက်ပို့ပြီးတော့ ဘာဖြစ်လို့ မမေးမိတာပါလိမ့်?

လင်းဟန် ရဲ့ ပုံစံက အရမ်းကို သဘောထားကြီးတဲ့ ပုံစံမျိုး

နဲ့ပြောလိုက်ပါတယ်။

လွှီရှုအာ က သဘောတူခြင်းနဲ့သဘောမတူခြင်းဆိုတဲ့ ခံစားမှုနှစ်ခုလုံးနဲ့ ရှုပ်ထွေးလို့နေပါတယ်.

တကယ်လို့သူမသဘော တူတယ်ဆိုယင် ဒီလောက်များပြားတဲ့ ပိုက်ဆံကို ဘယ်နေရာကနေ ရနိုင်မှာလဲ?

တကယ်လို့ သူမ သဘောမတူဘူးဆိုယင် သူမရဲ့ကိုယ်တိုင်တန်ဖိုးက ကျဆင်းသွားတာပဲ မဟုတ်လား?

သူမမှာ ဘယ်လိုရွေးချယ်ရမလဲဆိုတဲ့ စွမ်းရည် လုံလုံလောက်လောက်မရှိတဲ့ အတွက် စိတ်ရှုပ်ထွေးနေပြီးတော့ ဘာပြောရမှန်းမသိအောင် ဖြစ်နေတယ် ဆိုတာ သိသာထင်ရှားပါတယ်။

``လင်းအကို.. ကျမရဲ့ ညီမငယ်လေးကို အများကြီး အနိုင်မကျင့်ပါနဲ့``

လွှီဖန်းအာ က ထူးဆန်းစွာပြုံးလိုက်ပါတယ်။

``နင် လူယုတ်မာ အကျင့်မကောင်းတဲ့ကောင် ငါ့ကို လှည့်စားပြီး နောက်ပြောင်နေတာပေါ့လေ``

လွီရှုအာ နောက်ဆုံးမှာတော့ တုံ့ပြန်လာပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ ဒေါသထွက် နေတဲ့ အမူအရာဖြစ်ပေါ်နေပါတယ်။

``ဉာဏ်မရှိတဲ့ မိန်းကလေးပဲ``

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါလိုက်ပါတယ်။

``တကယ်လို့ မင်းဒီနေရာမှာ နေချင်တယ်ဆိုယင်.. ငါ့ရဲ့ စည်းကမ်းတွေကို လိုက်နာဖို့ လိုတယ်.. တစ်ခုခုလုပ်တော့မယ်ဆိုယင် တံခါးကို မခေါက်ပဲနဲ့ ဝင်လာတာက အကျင့်မကောင်းတဲ့ လူတွေပဲ လုပ်တတ်ကြတယ်``

လွီရှုအာက သူဘာကိုပြောနေတယ်ဆိုတာကို သိပါတယ်။ မနေ့ညက အမှတ်မထင် ပဲ သူမက သူရေချိုးနေတာကို ချောင်းကြည့်တာကိုပြောနေတာဖြစ်ပြီးတော့ သူမက အရမ်းကို ရှက်ကိုးရှက်ကန်းဖြစ်သလို ခံစားလိုက်ရပါတယ်။ သူမက အော်ပြီတော့ သူမဟာ

အကျင့်မကောင်းတာမဟုတ်ဘူးလို့ပြောချင်ပါတယ်။ ဘယ်သူက ခန့်မှန်းမိမှာလဲ လူတစ်ယောက်က ညလယ်ခေါင်မှာ မီးဖိုချောင်ထဲမှာ ရေချိုးနေတယ်ဆိုတာကိုလေ? ဂက်ခြေထောက်တွေ ချက်ပြုတ်ဖို့ အဆင့်သင့် ဖြစ်နေအောင်လို့ နင့်ရဲ့ ဂက်ခြေထောက်တွေကို ဆေးကြောနေတာလား?

သူမက ဒါကို တွေးလိုက်မိတဲ့ အခါမှာ သူမအနေနဲ့ ထူးထူးဆန်းဆန်းနဲ့ ပြုံး လိုက်ပါတယ်။ဒါက စိတ်ပိုင်းဆိုင်ရာ အနိုင်ရမှု လို့ခေါ် ပါတယ်။

``နောက်ပိုင်းမှာ အစားအသောက်တွေကို ပြင်ဆင်ဖို့က နင့်ရဲ့ တာဂန်ဖြစ်သွားပီ``

လင်းဟန်က ပြောလိုက်ပါတယ်။

သူက ဟူးညှိုကို ဒီမိန်းကလေးနစ်ယောက်နဲ့ ပြဿနာ မဖြစ်ဖို့ ပြောပြီးတော့ သူမကို လိမ်လိမ်မာမာနဲ့ ကျင့်ကြံဖို့ ပြောလိုက်ပါတယ်။ ပထမဆုံး သူက မို့ကောင်းဆီ ကို သွားလည်ချင်ပါတယ်။ ဒါပေမဲ့ မို့ကောင်းက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဂင်ရောက် နိုင်ဖို့ တံခါးပိတ်ပြီး လေ့ကျင့်နေတယ်ဆိုတာကို ပြန်စဉ်းစားမိတဲ့အခါမှာ

သူအလျော့ပေးလိုက်ပါတယ်။ လင်းဟန်က ဟူးညို့နဲ့ တော်တော်ဝေးတဲ့ နေရာမှာပဲ လေ့ကျင့်ရပါလိမ့်မယ်.. အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူတို့က စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူတဲ့အခါမှာ အချင်းချင်းလုယူ တိုက်ခိုက်နေရမှာ ဖြစ်ပြီးတော့ ဒါက ကောင်းကင်အဆင့် စိတ်ဂိဉာဉ်အခြေခံရဲ့ အစွမ်းကို ဖော်ပြတဲ့ နေရာမှာ အဟန့်အတားဖြစ်စေပါတယ်။

နေ့တဂက်လောက်လေ့ကျင့်ပြီးတဲ့ အခါမှာ လင်းဟန်က စိတ်ကျေနပ်စွာနဲ့ ပြုံးလိုက်ပါတယ်။ နောက်ထပ် ငါးရက်ခြောက်ရက်လောက်ဆိုယင် သူက နောက်တစ်ဆင့်ကို အဆင့်တက်နိုင်ပါလိမ့်မယ်. မကြာခင်မှာပဲ သူက ဖန်းယန်ကို ကြီးမားတဲ့ အံ့အားသင့်မှုကို ပေးစွမ်းနိုင်ပါလိမ့်မယ်။

ညနေစောင့်မှာတော့ လွှီယုထန်ရော လီစီရှန်းရော နှစ်ယောက်စလုံး ရောက်လာပြီးတော့ သတင်းကြီး တစ်ခုကို သယ်ဆောင်လာခဲ့ပါတယ်။

CHAPTER 153 ဖန်းယန်ရဲ့ နောက်ခံ အင်အား

ဒီနေ့မနက်မှာ အင်ပါယာ အစောင့်တွေက ဖန်းယန်ကို ဖမ်းဆီးဖို့ အကယ်ဒမီကို ရောက်လာခဲ့တယ်။ ဒါပေမဲ့ ဖန်းယန်က ပြန်ပြီးတော့ ခုခံခဲ့တယ်။ အဆုံးမှာတော့ ဒါက

ကြီးမားတဲ့ ပြဿနာ ကြီးတစ်ခု ဖြစ်ပြီးတော့ လိန်ဂွမ်ဖူ တောင်သိသွားပြီးတော့ သူက ဖန်းယန်ရဲ့ အနောက်ကနေ လုံးဂ ထောက်ပံ့ပြီး အင်ပါယာအစောင့်တွေကို အကယ်ဒမီကနေ နှင်ထုတ်လိုက်ပါတယ်။

ဒါက တတိယ အင်ပါယာ မင်းသား ရဲ့ အမိန့် ဒါမှမဟုတ် လေဒီရန် ရဲ့ စောဒက တက်မှုတွေကြောင့် ဖြစ်ပေါ်လာပြီးတော့ ဒီနေ့မှာ အင်ပါယာ အစောင့်တွေက ဖန်းယန်ကို လာပြီးဖမ်းဆီးတာပဲဖြစ်ပါတယ်။ ဖန်းယန်က ဒီနေ့မတိုင်ခင်က ဒီအဆင့်မြင့်တဲ့ လူနှစ်ယောက်ကို ကြီးကြီးမားမား ဆန့်ကျင်ခဲ့တာပဲဖြစ်ပါတယ်။

ဖန်းယန် က တကယ်ပဲ သတ္တိကောင်းပြီး မဆင်မခြင်နဲ့ ဖမ်းဆီးခြင်းကို ခုခံရဲတယ်. ပြီးတော့ လိန်ဂွမ်ဖူ က သူ့ကို အပြည့်အဝ ကာကွယ်ပေးတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ အံ့အားသင့်စရာဖြစ်ပြီးတော့ ဘယ်သူမှ မယုံကြည်နိုင်အောင် ဖြစ်ရပါတယ်။

ဖန်းယန်က ဘယ်နေရာကနေပြီး ဒီလို သတ္တိ မျိုးတွေကို ရတာလဲ? ပြီးတော့ လိန်ဂွမ်ဖူက အင်ပါယာ မိသားစု ကိုတောင် စိတ်ထဲမှာ မထားပဲနဲ့ ဆန့်ကျင်ပြီးတော့ သူ့ကို ဘာလို့ ကာကွယ်ပေးရတာလဲ?

ဖန်းယန်ရော လိန်ဂွမ်ရူ ရော စကားတစ်လုံးကို ပြောဖူးကြပါတယ်။ လူတိုင်းလူတိုင်းက သူတို့ ယူဆထားတဲ့အတိုင်း သူတို့ရဲ့ရိုင်းစိုင်းမှုကို လုပ်ဆောင်နိုင်တယ်.။ ဖန်းယန်က လိန်ဂွမ်ရူရဲ့ တိတ်တိတ်ပုန်း မွေးတဲ့ သားလား?

နေ့တစ်ဂက်အတွင်းမှာပဲ ဒီလိုမျိုး ကြီးမားတဲ့ ဖြစ်ရပ်ကြီး က အကယ်ဒမီ တစ်ခုလုံးကို ပြန့်နှံ့သွားခဲ့ပါတယ်။

ပြီးတဲ့နောက်မှာ ဖန်းလောင်က လင်းဟန်ရဲ့ ရာဇဂတ်မှု အပြုအမှုနဲ့ အပြစ်တွေကို သက်သေပြဖို့အတွက် သက်သေတွေအားလုံးကို စုစည်းဖို့ ကြေညာစာထုတ်လိုက်ပါတယ်။ ဘယ်သူမဆို သတင်းအချက်အလက်တွေကို လာပေးယင် ဆုလာဘ်တွေ ချီးမြှင့်ပေးပါလိမ့်မယ်။

လွီယုထန် နဲ့ လီစီရှန်းတို့က မနေ့ညက ဘာတွေဖြစ်သွားလဲဆိုတာကို သိထား ပါတယ် ဒါကြောင့် သူတို့နှစ်ယောက်စလုံးက ပဟေဠိ ဖြစ်ပြီးတော့ ဒေါသထွက် နေကြပါတယ်။

``ဒီ ဖန်းလောင် ဆိုတဲ့ ကောင်က ပိုးဟပ်တစ်ကောင် မဟုတ်ယင် တစ်ခုခုများလား? သူက တကယ့်ကို အမိုက်စတစ်ခုပဲ ဆိုတာ သိသာထင်ရှားပြီးတော့ အမြဲတမ်းပဲ ဘေးပါတ်ဂန်းကျင်ကို ဆော့ကစား နိုင်တာပဲ``

လင်းဟန်က ပြောစရာစကားမရှိတော့ပါဘူး။ ဖန်းယန်က အကယ်ဒမီကနေ နှင်ထုတ် မခံရတဲ့ အပြင် မျက်စိ တစ်မှိတ်အတွင်းမှာ နောက်တစ်ကြိမ် ပြန်ပီးတော့ ဂင်ခွင့်ရခဲ့ပါတယ်။

``ဒါက ဖန်းယန်ကြောင့်ပဲ``

လွီယုထန်က ထောက်ပြလိုက်ပါတယ်။

``ဒီကောင်က ဘယ်သူ့ကို တွယ်ကပ်ထားနိုင်လို့ အဘိုးကြီး လိမ် တောင်မှ သူ့ကို ကာကွယ်ပေးနေရတာလဲ?``

လင်းဟန်က နားမလည်နိုင်စွာနဲ့ ပြောလိုက်ပါတယ်။

``တကယ်လို့ သူက အဘိုးကြီးရဲ့ တိတ်တိတ်ပုန်းသား ဖြစ်နေယင်တောင်မှ သူက ဒီအတိုင်းအတာအထိကို သူ့အပေါ်မှာ တုန်နေအောင် ချစ်ပြ နေတာမျိုးမလုပ်

သင့်ဘူး``

လို့ယုထန် နဲ့ လီစီရှန်းတို့နှစ်ယောက်စလုံး မျက်လုံးတွေ ပိုင်းပြီးတော့ သူ့ကို ကြည့်နေပါတယ်။ လင်းဟန်က စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင်တစ် ယောက် အကြောင်းကို ဒီလိုမျိုး ပြောဆိုပုံ့တယ်ပေ့ါလေ။

``အခု.. ဖန်းလောင် ကြေညာထားတာက သူက နင့်ရဲ့ အပြစ်တွေကို သက်သေ ပြဖို့ အတွက် သက်သေတွေစုနေလိမ့်မယ်.. ဒါက နင့်ကိုစိတ်ကသိ ကအောက် ဖြစ်စေ ချင်တဲ့ ဆန္ဒရှိနေတာ သိသာထင်ရှားတယ်``

လီစီရှန်းကပြောလိုက်ပါတယ်။ ဖန်းလောင်က အစိုးရပိုင်းမှာ တရားဝင် အဆင့် တစ်ခု မရှိပါဘူး ဒါကြောင့် သူ့ရဲ့ တရားမဝင်တဲ့ သက်သေ တွေအားလုံးကို ထည့်ပြီး စဉ်းစား နေစရာမလိုပါဘူး။ ဒါကြောင့် သူက လင်းဟန်ကို စိတ်ကသိကအောက် ဖြစ်ဖို့ အစီအစဉ် ဆွဲထားပြီးတော့ သူ့ရဲ့ ဂုဏ်သိက္ခာမဲ့သွားတဲ့နာမည်ကို ပြန်ဆယ်နေတာ ဖြစ်ပါတယ်။

လင်းဟန်က သူ့နှာခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ကြည့်ရတာ ဖန်းယန်က ငါ့ကို အရေးကြီးတဲ့ လူတစ်ယောက်လို့ တကယ်ပဲ သတ်မှတ် လိုက်တာပဲ သူက ငါ့ကို သတ်ပစ်ချင်ယုံသာမကဘူး ငါ့ရဲ့ ဂုဏ်သတင်းကိုပါ ကျဆင်းပြီးတော့ လုံးဂ ရှုံးနိမ့်သွားတာကို လိုချင်နေတာပဲ``

လို့ယုထန်ရော လီစီရှန်း ပါ မျက်မှောင်ကြုံ့သွားခဲ့ပါတယ်။ အခု မိုးရေနိုင်ငံရဲ့ ဧကရာဇ် ကတောင်မှ မျက်နှာသာပေးရတဲ့ လိန့်ဝွမ်ဇူ က ဖန်းယန်အတွက် ကာကွယ် ပေးထားပါတယ်။ ဒါကြောင့် ဖန်းယန်က အင်ပါယာမြို့ရဲ့ လမ်းပေါ်မှာ သတ်ဖြတ်ဖို့ ဆောင်ရွက်တာ ဒါမှမဟုတ် ဒီလိုမျိုး အရာနဲ့ အလားတူ တစ်ခုခု လုပ်တာမျိုးက သူ့ကို နိုင်လိုမင်းထက်ပြုကျင့်တတ်တဲ့ သူတစ်ယောက်လိုမျိုး လုပ်ဆောင်နိုင် ပြီးတော့ အင်ပါယာရဲ့ ဥပဒေကို သိသာအောင် လို့ မချိုးဖျက်ခဲ့ပါဘူး။

လင်းဟန်က အလားတူ မျိုးကို ကောင်းကောင်းလုပ်နိုင်ပါတယ်။ သူ့ရဲ့ နောက်မှာ မှော်ဆေးပညာရဲ့ ခေါင်းဆောင်ကြီးနစ်ယောက် ရပ်တည်နေပြီးတော့ အမှန်ဆို သူကဖန်းယန်ထက်တောင် မှ လုပ်နိုင်တယ်ဆိုတာ ပိုပြီးတော့ ယုံကြည်မှုရှိပါတယ်။

ဒါပေမဲ့ လိန်ဂွမ်ဖူ က ဖန်းယန်ရဲ့ အဓိက နောက်ခံ အင်အား မဟုတ်ဘူးဆိုတာ သိသာပါတယ်။

``ဖန်းယန်ရဲ့ အထောက်အပံ့က မိုးရေနိုင်ငံရဲ့ အပြင်ဘက်ကလာတာပဲ ဖြစ်ရမယ်``

လင်းဟာန်က နောက်ဆုံးမှာတော့ သေချာတဲ့ အသံနဲ့ပြောလိုက်ပါတယ်။

ဖန်းယန်က နောက်သုံးလ အကြာမှာ လင်းဟာန်ကို တောင်မှ သတ်ပစ်မယ်လို့ လမ်းမပေါ်မှာ ကြေညာခဲ့ပါတယ်။ ဒါက ဘာကို သွယ်ဝိုက်ပြီးတော့ ပြောတာလဲ? ဆိုလိုတာက သူ့အနေနဲ့ မိုးရေနိုင်ငံရဲ့ ဧကရာဇ် အမိန့်ဩဇာအာဏာကို တောင်မှ ဂရုမစိုက်ဖူးဆိုတဲ့ သဘောပါပဲ။

မိုးရေနိုင်ငံမှာ အရာအားလုံးအပေါ်ကို စောင့်ကြပ်ကြည့်ရှုနေတဲ့ စွမ်းအားထက်တဲ့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ ဖန်းယန်က မိုးရေနိုင်ငရဲ့ အင်ပါယာမိသားစုကိုတောင်မှ လစ်လျူရှုနိုင်တယ်ဆိုတော့ သူ့ရဲ့ နောက်ကွယ်က အဓိက အင်အားက အနည်းဆုံး ပန်းဖူးအဆင့်စစ်သည်တော် တစ်ယောက်ဖြစ်နိုင်ပါတယ်။ ပြီးတော့ မိုးရေနိုင်ငံမှာ

အင်ပါယာမိသားစုရဲ့ လျှို့ဝှက်ဆန်းကြယ်လှတဲ့ အဖွဲ့ဝင်ကလွဲလို့ ဒီလိုမျိုး ကျင့်ကြံခြင်းအဆင့်ရှိတဲ့ သူ တစ်ယောက်မှ မရှိပါဘူး။

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ သူ့အနေနဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တစ်ယောက် အသိအမှတ်ပြု တံဆိပ်ပြား ရအောင်လို့ လုပ်သင့် သလား?

တကယ်လို့ သူမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်ရဲ့ အဆင့်အတန်း မျိုး ရှိခဲ့မယ်ဆိုယင် စွမ်းအားပြည့်ဝတဲ့ စိတ်ဂိဉာဉ်နတ်သူငယ်အဆင့် စစ်သည်တော် တောင်မှ သူ့ကို ရိုရိုသေသေ နဲ့ဆက်ဆံရမှာဖြစ်ပြီးတော့ ပန်းဖူးအဆင့် မျှသာ ရှိတဲ့ သိုင်းပညာရှင် ဆိုတာ ဘာများတတ်နိုင်မှာလဲ။ ဒါပေမဲ့ မိုးရေနိုင်ငံမှာ အသိအမှတ်ပြု တဲ့ အမြင့်ဆုံးအဆင့်က အနက်ရောင် အဆင့်မြင့်အဆင့် ကိုပဲ ရယူနိုင်မှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာ အဲဒီအဆင့်ထက်ပိုမြင့်တဲ့ အဆင့် မရှိလို့ပါပဲ။ ဒါကြောင့် ဘယ်သူကမှ သူ့ရဲ့စွမ်းရည်ကို ဆုံးဖြတ်နိုင်စွမ်းမရှိပါဘူး။

``ယာယီအားဖြင့်တော့ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် အဆင့်က လုံလောက်သင့်ပါတယ်.ပန်းဖူးအဆင့် လက်ရွေးစင်

တစ်ယောက်တောင်မှ မျက်နှာသာ ပေးရလိမ့်မယ်ဆိုတာ ငါယုံကြည်တယ်``

လင်းဟန်က တွေးလိုက်ပါတယ်။ တကယ်လို့ သူ့ကို ကာကွယ်ဖို့ အတွက် မှော်ဆေးပညာရှင်တစ်ယောက် ရဲ့ အဆင့်အတန်း ရှိမယ်ဆိုယင် အနည်းဆုံးတော့ ဘယ်သူကမှ သူ့ကို ထင်ထင်ပေါ်ပေါ်နဲ့ ဆန့်ကျင်ရဲမှာမဟုတ်ပါဘူး။

``ငါက ဒီဘဝမှာ မှော်ဆေးပညာလမ်းကြောင်းကို ပြန်သွားဖို့ အစီအစဉ်မရှိဘူး ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာရှိသေးတဲ့ လူတစ်ယောက်က ငါ့ကို ပြဿနာကြီး တက်အောင်လို့ လုပ်နိုင်တယ်ဆိုတာကို ဘယ်သူက ထင်ထားမှာလဲ``

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့မျက်နှာပေါ်မှာ ဂရုစိုက်တဲ့ အမူအရာမျိုးလုံးဝမရှိပါဘူး။

ယခင်ဘဝက သူက အဆုံးမဲ့ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ပြီးတော့ သူ့သက်တမ်းရဲ့ နောက်ဆုံးအချိန်တွေမှာ အမျိုးမျိုးသော အန္တရာယ်တွေ ပြည့်နှက်နေတဲ့ သမိုင်းဝင် ရှေးဟောင်းနေရာတွေကို ခရီးထွက်ခဲ့ပါတယ်။ အဲဒီတုန်းက သူကြုံတွေ့ခဲ့တဲ့

အဆွန်ရာယ်တွေက အခု သူ ရင်ဆိုင်နေရတာထက် အဆပေါင်း တစ်ရာကျော်လောက် ပြင်းထန်ပါတယ်။ ဒါတောင်သူက အခုထိ အသက်ရှင်သန်အောင်လို့ လုပ်နိုင်ခဲ့ပါသေးတယ်။

ဖန်းယန်လို လူကတော့ သူ့ရဲ့လမ်းကြောင်းပေါ်က သေးငယ်တဲ့ ခလုတ်တိုက်မိ ခြင်း တစ်ခုလောက်ပဲ ရှိပါတယ်။

လင်းဟန် အခု ဂရုစိုက်ရမဲ့ အရာ အနည်းငယ်မျှသာရှိပါတယ်။ ပထမ တစ်ခုက လျှို့ဝှက်ဆန်းကြယ်လှတဲ့ အနက်ရောင် မျှော်စင်ဖြစ်ပြီးတော့ ဒုတိယတစ်ခုက ဟူးညီရှုံ့ရဲ့ဒန်တန် အထဲက စိတ်ဝိဉာဉ်အခြေခံပဲ ဖြစ်ပြီးတော့ အကြီးအကျယ် လှပတဲ့ မိန်းကလေးတစ်ယောက်က နေရာယူထားပြီးတော့ သူမရဲ့ မျက်လုံးကိုတောင်မှ ဖွင့် နိုင်ပါတယ်.။ တတိယကတော့ သူ့ရဲ့ တပည့်လေးယောက်နဲ့ ကြုံတွေ့နိုင်ဖို့ပဲ ဖြစ်ပါတယ်။

``ဒီဖန်းလောင်က တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းတာပဲ. သူက တကယ့်ကို လူဆိုးတစ်ယောက်ပုံစံမျိုး ရှိတယ်. ငါရဲ့ ဆရာကို ပြောပြီးတော့ သူ့ကို နှင်ထုတ် ခိုင်းရမယ်. ဆရာသခင် လိန် က အလျှော့မပေးပဲ သူ့ကို သိုင်းပညာဌာနကို ပြန်ပြီးတော့ ခေါ်လိမ့်မယ်လို့ ငါမယုံကြည်ဖူး``

လီစီရှန်းက အလျော့မပေးချင်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီပြီးတော့ ပြောလိုက်ပါတယ်.။

``မလိုဘူး မလိုဘူး.ဒီ ညီအစ်ကို နစ်ယောက်မှာ ဘယ်လို လှည့်ဖျားမှုတွေ နဲ့ အတူ လာမယ်ဆိုတာကို ငါတစ်ချက်လောက် ကြည့်ချင်သေးတယ်``

ဖန်းယန်က သူကို သတ်ချင်နေမှတော့ သူက ပြန်မတုံ့ပြန်ပဲနေဖို့ အကြောင်းပြချက် မရှိပါဘူး။ သူမှာလုံလောက်တဲ့ အစွမ်းတွေ စုစည်းပြီးတဲ့အခါကျယင် သူက ဖန်းလောင် နဲ့ သူ့ရဲ့ ညီကို သေချာပေါက် သတ်ပစ်ရပါလိမ့်မယ်။ သူက ဟူဘိုနဲ့ လည်းရင်ဆိုင်ရပါမယ်။ သူက လင်းကလန်ရဲ့ အိမ်တော်မှာ လူတွေအများကြီးကို သတ်ခဲ့ပီးတော့ ဒီလိုမျိုး ဆန့်ကျင်ခဲ့မှတော့ လင်းဟန်က သူကို ဘယ်လိုလုပ်ပြီး တော့ ခွင့်လွှတ်ရမှာလဲ?

သူတို့ သုံးယောက်အပြင် ချန်းယွမ်ချင်း လည်း ရှိပါတယ်။ ဒီလိုမျိုး အဘိုးကြီး လည်း ထွက်သွားရတော့မဲ့ အချိန်ပါပဲ။

လင်းဟန်က လွှီယုထန် ဘက်ကို လှည့်ပြီးတော့

မေးလိုက်ပါတယ်။

``ချန်းကလန်က ဘယ်လို စီးပွားရေးမျိုးကို လုပ်တာလဲ?``

``အဂတ်အစားတွေ``

လှီယုထန် က ချက်ချင်းပဲ အဖြေပေးလိုက်ပါတယ်။ သူမရဲ့ကိုယ်ပိုင် ရှာဖွေလေ့လာပြီး တော့ သေချာလုပ်ထားတယ်ဆိုတာ သိသာထင်ရှားပါတယ်။ အယင်တုန်းက သူမအနေနဲ့ ချန်ယွမ်ချင်း ကို ယှဉ်ပြိုင်လို့ မရခဲ့တာအတွက် မကျေမချမ်း ဖြစ်နေဆဲ ပါပဲ။

``ငါ့အတွက် တစ်ခုခုကို လုပ်ပေး..ချန်ကလန်ရဲ့ ဆိုင်တွေရဲ့ အရှေ့မှာ အဂတ်အစား ဆိုင်တွေ ဖွင့်ပြီးတော့ ကုန်ပစ္စည်းတွေကို ဆယ်ရာခိုင်နှုန်း လျှော့ပြီးတော့ ရောင်းလိုက်``

လင်းဟာန်က လှီယုထန်ကို ပိုက်ဆံ တွေပေးပြီးတော့ ပြောလိုက်ပါတယ်။

လှီယုထန်က ချက်ချင်းပဲ သူ့ရဲ့ အကြံကို နားလည်သွားပါတယ်။ သူက ချန်းကလန် ကို စီးပွားရေးအရ

တိုက်ခိုက်ဖို့ အစီအစဉ်ချမှတ်ထားပါတယ်။ ချန်းယွမ်ရှင်း ရဲ့ မကောင်းမှုတွေ အကြိမ်ပေါင်းများစွာ အောင်မြင်နေရတဲ့ အကြောင်းက ချန်းကလန် ရဲ့ ကြွယ်ဂချမ်းသာမှုကြောင့်ဖြစ်ပြီးတော့ မြေနဲ့ရေ အဖွဲ့သားတွေကို မက်မောလောက်တဲ့ ငွေကြေးတွေပေးပြီးတော့ မိန်းကလေးတွေကို ပြန်ပေးဆွဲ ဖို့ ခန့်အပ်နိုင်တာပဲ ဖြစ်ပါတယ်။

တကယ်လို့ သူ့ရဲ့ကြွယ်ဂချမ်းသာ မှုတွေ ဆုံးရှုံးကုန်မယ်ဆိုယင် စွန်းကလန်က သူ့ရဲ့ လုံခြုံမှုအတွက် အရေးတယူ လုပ်ရပါလိမ့်မယ်။

``ကောင်းပြီ.. ငါဘာလုပ်ရမလဲဆိုတာ သိပြီ``

သူမက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါပေမဲ့ ဒီနေရာမှာ အစားအရမ်းကို သောင်းကြမ်းတဲ့ သူတစ်ယောက်ရှိနေတယ်။ နင်ရဲ့ ပိုက်ဆံတွေကို ဒီလိုမျိုး အသုံးပြုမယ်ဆိုတာ သေချာလား?``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မစိုးရိမ်ပါနဲ့ ပိုက်ဆံက ငါ့အတွက် ပြဿနာ မဟုတ်ပါဘူး``

အဆင့်မြင့် မှော်ဆေးပညာရှင် အတွက်ကတော့ ပိုက်ဆံဆိုတာ က အကြောင်း မဟုတ်တော့ပါဘူး။ သူ့အနေနဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံး တစ်ချို့ကို ဖော်စပ်ဖို့ လိုအပ်ပြီးတော့ အဲဒီအရာတွေက လူတွေအားလုံးကို တိုက်ခိုက်ပြီး တော့တောင်မှ အလုအယက် ဂယ်ယူကြပါလိမ့်မယ်။

လွီယုထန်က နောက်ဆုံးတော့ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူက တစ်ခုခု အကြောင်းမပြောခင်မှာ သူမရဲ့ နှာခေါင်းကို ရှုံ့လိုက်ပွလိုက် လုပ်ပြီးတော့ မေးလိုက်ပါတယ်။

`` ဒီနေရာမှာ ဘာလို့ အမျိုးသမီး အနံ့အသက်တွေ ရနေတာလဲ?``

``အိုး.. ငါ အိမ်ခြေယာမဲ့ မိန်းကလေးနှစ်ယောက်ကို ခေါ်ထားတယ်လေ``

လင်းဟန်က နောက်ပြောင်ပြီးပြောလိုက်ပါတယ်။

``ဟမ်?``

လွှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီးတော့ နိုးနိုးကြားကြား ဖြစ်သွားတဲ့ အမူအရာနဲ့ တစ်ပြိုက်နက်တည်း အတူတူ မေးလိုက်ပါတယ်။

``သူတို့ ဘယ်မှာလဲ?``

သူတို့က ဘယ်တုန်းက ဒီလောက်တောင် အချိတ်အဆက် မိနေကြတာလဲ?

``မိန်းကလေးတို့ကို နှုတ်ဆက်ပါတယ်``

လွှီဖန်းအာနဲ့ သူမရဲ့ ညီမက အတူတူ ထွက်ခဲ့ပါတယ်။ အရမ်းကို ချောမော လှပတဲ့ အမျိုးသမီးလေးယောက်က တစ်နေရာထဲမှာ စုနေကြတာက အိမ်တစ်ခုလုံးကို လင်းလက် တောက်ပသွားသလိုပါပဲ။

မိန်းကလေးလေးယောက်က အဆက်မပြတ် စကားစမြည် ပြောနေကြပြီး တော့ လင်းဟန်က မကြာခင်မှာပဲ သူတို့ရဲ့ ပြောဆိုနေတာတွေကြောင့် ပျင်းရိလာခဲ့ ပါတယ်။ သူက

အပြင်ကို ထွက်လိုက်တာနဲ့ ဟူးညိုက တစ်နေရာရာကနေ ပြေးထွက်လာပြီးတော့ သူ့ရဲ့ လက်ကို ဆွဲကိုင်လိုက်ပါတယ်။ သူမက မျောက်တစ်ကောင်လိုမျိုး သူမရဲ့ ခန္ဓာကိုယ်ကို အရှေ့အနောက်ကို လွှဲစီးနေပါတယ်။

``ကစားမယ် ကစားမယ်``

ဟူးညိုက လင်းဟန်ရဲ့ လက်ကို ဆက်ပြီးတော့ လွှဲနေပြီးတော့ သူမပုံစံကြည့်ရတာ အရမ်းကို ပျော်ရွှင်နေပုံရပါတယ်။

``ကောင်းပြီ.. သွားကစားကြစို့``

လင်းဟန်က ကျယ်လောင်စွာရီမောလိုက်ပါတယ်။ သူတို့ အပြင်ဘက်ကို လျှောက်လာယုံပဲ ရှိပါသေးတယ် လူငယ်တစ်ယောက်က သူ့ဆီကို လျှောက် လာခဲ့ပါတယ်။ လင်းဟန်ကို ကြည့်ပီးတော့ လူငယ်လေးက ရိုသေစွာနဲ့ ဦးညွှန်ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

``ကျူးပူကျို့ က ဆရာသခင်ကို ဒီနေရာကနေ အရိုအသေပေးပါတယ်``

CHAPTER 154 ကျူးပူကျို့ ကို လက်ခံယုံကြည်စေခြင်း

လင်းဟန်က သူ့အပေါ်ကို တစ်ချက်ငေ့ကြည့်လိုက်ပီးတော့ မျက်မှောင်ကြုတ်ပြီး တော့ ပြောလိုက်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့်၈ ပဲရှိသေးတာလား? မင်းရဲ့ အဆင့်တက်နှုန်းက အရမ်းကို နှေးတာပဲ``

ကျူးပုကျို့ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။

အခုမှ ဆယ်ရက်ကျော်ပဲရှိပါသေးတယ်.. သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ နောက်ပိုင်း အဆင့်ကနေ အထွတ်အထိပ် အဆင့်ကို ရောက်လာခဲ့ပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့် ၈ ကိုတောင်မှ ချိုးဖျက်ဂင်ရောက်နိုင်ခဲ့တာပါ။ ဒါက သူ့ကို ဘဂခိုက်သွားစေပြီးတော့ လင်းဟန်ရဲ့ နစ်ဂက်အချိန်အတွင်းမှာ သူက နန်းကုန်းဂျိ ကို ကျော်ဖြတ်နိုင်အောင် ကူညီမယ်ဆိုတဲ့ စကားလုံးကို နောက်ဆုံးမှာ တော့ ယုံကြည်သွားခဲ့ပါတယ်။

သူက ကြီးမားတဲ့ စွမ်းအားကို ရှိဖို့ ဆုံဖြတ်ထားပါတယ်။ တစ်ခြားသူတွေ ကတော့ သူတို့ရဲ့ အရိုးတွေ သွေးတွေထဲမှာ စွမ်းအင်ကြီးမားဖို့ က သိုင်းပညာရှင်တွေရဲ့ နံပါတ်တစ် ပစ်မှတ်ဖြစ်နေတဲ့အချိန်မှာ သူကတော့ ချစ်သူအတွက်

လက်စားချေဖို့ ပဲ လိုချင်ခဲ့တာပါ။ ဒါကြောင့် ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့် ၈ ကိုရောက်တာနဲ့ သူက လင်းဟန်ကို တွေ့ဖို့ လာခဲ့တာပါ.. တကယ်လို့ သူက ပထမဆုံးအနေနဲ့ အဆင့်မတက်ခဲ့ဖူးဆိုယင် လင်းဟန်ကို တွေ့ဖို့ သူလည်းပဲ စိတ်ကသိကအောက် ဖြစ်ရပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်က သူ့ကို အရမ်းကို နေးတဲ့အတွက်ကြောင့် သဘောမကျ ဖြစ်နေလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။

``အာ.. မင်းမှာ ငွေလ မျိုးနွယ်စုရဲ့ ကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံ ရှိပြီးတော့ ငွေလ ပညာ ကျင့်ကြံခြင်းကို ပထမဆုံး စတင်လေ့ကျင့်ခဲ့ပြီး.. မင်း သွေးမျိုးဆက်ရဲ့ ရုတ်တရက် ပွင့်ထွက်လာသင့်တယ်.အဲဒါဆိုယင် မင်းရဲ့ ကျင့်ကြံခြင်းအဆင့် တိုးတက်မှုက မြန်ဆန်သွားလိမ့်မယ်။ ဒါပေမဲ့ မင်းက အနည်းငယ်ပဲ အဆင့်တက် သေးတယ်..ကြည့်ရတဲ့ မင်းရဲ့ သွေးမျိုးဆက်က သိပ်ပြီးတော့ မသန့်စင်ဘူး``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ကြည့်ရတာ စိတ်ပျက်လက်ပျက် ဖြစ်နေပုံပါပဲ။

ဒါပေမဲ့ သူ ဒါကို တွေးလိုက်တဲ့အခါမှာ.. ဒါက တကယ်တော့ သာမာန်ပါပဲ။ တကယ်တော့ ငွေလ မျိုးနွယ်စုက မျိုးတုန်း သတ်ဖြတ်ခံရတာ တော်တော် ကို ကြာခဲ့ပါပြီ။ ဒါကြောင့် ကျူးပူကျို့ ရဲ့ သွေးဆက်ကလဲ လုံးဝကို အများကြီး မသန့်စင်ပါဘူး။ ဘယ်သူသိမှာလဲ သူရဲ့ မိဘတွေက သာမာန် ကိုယ်ခန္ဓာ ဖွဲ့စည်း တည်ဆောက်ပုံပဲ ရှိတာဖြစ်နိုင်ပြီးတော့ သူကို ကျမှ ပဲ ငုပ်လျှိုးနေတဲ့ သွေးမျိုးဆက် ပေါ်လာတာလဲ ဖြစ်နိုင်ပါတယ်..။

``ဒါကို ယူလိုက်.. တစ်လအတွင်း နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်နိုင်အောင် လုပ်လိုက်... တကယ်လို့ မင်းမလုပ်နိုင်ဖူးဆိုယင် ငါ့ကို နောက်ထပ် လာပြီးတွေ့ဖို့ မလိုတော့ဘူး``

လင်းဟန်က သူကို ဆေးပုလင်းတစ်ခု ပစ်ပေးလိုက်ပါတယ်။ အဲဒီဆေးပုလင်းထဲမှာ ရှေးဟောင်းသန့်စင်ဆေးလုံး ဆယ်လုံး ရှိပါတယ်။

တစ်လထဲနဲ့ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ရမှာလား?

ကျူးပူကျို့ အံ့အားသင့်သွားပါတယ်။ ဘယ်လိုလုပ်ပြီးတော့

ဖြစ်နိုင်မှာလဲ.. သူ့အနေနဲ့ တစ်လ အချိန်အတွင်းမှာ ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့်ကိုး ဒါမှမဟုတ် ဒြပ်စင်စုစည်းခြင်း အလွှာ အဆင့်၉ အထွတ်အထိပ်ထိ အဆင့်တက်နိုင် လိမ့်မယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ နွေဦးစမ်းရေအဆင့် ကို တက်ရမှာလား?

သူ့ရဲ့ မူလစွမ်းအင်ကို နွေဦးစမ်းရေအဆင့်ရဲ့မူလစွမ်းအင် အဖြစ်ကို ပြောင်းလဲပစ်ဖို့ လိုအပ်ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်းရဲ ့နားလည်းမှုနဲ့ သဘောပေါက်နိုင်စွမ်းကလဲ လုံလောက်ဖို့ လိုပါတယ်။ သုံးနှစ်ကနေ ငါးနှစ် .. ရှစ်နှစ်ကနေ ဆယ်နှစ် အသုံးချပြီး မှ အောင်မြင်စွာနဲ့ အဆင့်တက်တာက ကောင်းပါတယ်.. ဒါပေမဲ့ တစ်လထဲနဲ့ကတော့?

ကြည့်လိုက်ပါ... ဟွာယန်အကယ်ဒမီမှာ တပည့်တွေ အများကြီးရှိပြီးပါတယ်။ ဒါပေမဲ့ ဒီအများကြီးထဲမှာ နွေဦးစမ်းရေအဆင့် က ဘယ်လောက်များရှိလို့လဲ?

တစ်ရာထက်တောင် နည်းပြီးတော့ ဒီလူတွေရဲ့ အများစုက အသက် ၂၅နှစ် အထက်မှာ ရှိကြပါတယ်။

ဒါပေမဲ့ တကယ်လို့ သူက နွေဦးစမ်းရေအဆင့်ကို တစ်လထဲနဲ့ အဆင့်မတက် နိုင်ဖူးဆိုယင် သူက လင်းဟန်ရဲ့

နောက်လိုက်ဖြစ်ဖို့ အဆင့်မမှီဘူးလား?

ချက်ချင်းပဲ ကျူးဟေ့ကျို့ရင်ထဲမှာ သန်မာတဲ့ အနိုင်မခံအရှုံးမပေးတဲ့ ခံစားချက်က မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ ဒီနေရာမှာ တစ်ခြားတစ်ယောက်သာဆိုယင် သူတို့ကိုယ် သူတို့ လွတ်မြောက်ဖို့ အခွင့်အရေး ရရှိခဲ့တဲ့အတွက် အပျော်လွန်ပြီး တော့ သေတောင် သေသွားနိုင်တယ်မဟုတ်ပါလား? ဒါပေမဲ့ ကျူးဟေကျို့ က သူ့ရဲ့ စကားကိုတည်တဲ့ ယောက်ကျာ်းတစ်ယောက်ပဲဖြစ်ပါတယ်။ ပြီးတော့ သူ့မှာ သူ့ရဲ့ ဂုဏ်သိက္ခာ လည်းရှိပါတယ်။

နောက်လိုက်တစ်ယောက်ရဲ့ နိမ့်ပါးတဲ့ အခြေအနေအတွက်တောင်မှ နောင်တ မရခဲ့တာ..အနာဂါတ်မှာ သူ့ရဲဘောကြောင် တဲ့သူတစ်ယောက် အဖြစ်နဲ့ သူက ဘယ်လို မျက်နှာနဲ့ ရပ်တည်ပြီးတော့ လျှောက်လှမ်းရမှာလဲ?

``ကောင်းပြီ.. တစ်လအတွင်း ငါ နွှေဦးစမ်းရေအဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်စေရမယ်``

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``သွားတော့``

လင်းဟန် က သူ့ရဲ့ လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

ကျူးပူကျို့ က လှည့်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ အနောက်က လင်းဟန်ကတော့ ပြုံးနေပါတယ်။ သူ့ရဲ့ မှော်ဆေးလုံးနဲ့ သူ့ရဲ့ အထင်သေးတဲ့စကားတွေကြောင့် ဒီ ငွေလမျိုးနွယ်စုက ကောင်လေးက တစ်လအတွင်းမှာ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်သင့်တယ် မဟုတ်လား?

``ကစားမယ် ကစားမယ်``

ဟူးညိုက လင်းဟန်ရဲ့ လက်ကို ဆွဲကိုင်လှုပ်ပြီးပြောပါတယ်။ သူမကို ကြည့်ရတာ အရမ်းကို မပျော်မရွှင်ဖြစ်နေပုံပါပဲ။

``ကောင်းပြီ.. သွားကစားကြတာပေါ့``

လင်းဟန် နဲ့ ဟူးညိုက အကယ်ဒမီကနေပြီး ထွက်လာခဲ့ပါတယ်။ သူတို့က အင်ပါယာ မြို့ တစ်ပိုက်ကို လျှောက်သွားပြီးတော့ သူက အချစ်ပန်းစံအိမ် ကို သွားလိုက်ပါတယ်။

``နင် ဘာလို့ ဒီနေရာမှာရှိနေတာလဲ?``

အစေခံ က သတင်းပို့ပြီးတဲ့နောက်မှာ ယွမ်ရှမ်းရှမ်းက အရမ်းကို လျှင်မြန်စွာနဲ့ သူ့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ မေးလိုက်ပါတယ်။

``မင်းကို တစ်ယောက်ယောက်ကများ ရိုက်နက် ကြိမ်းမောင်းလိုက်လို့ မင်းရဲ့ ဒေါသတွေကို ငါ့အပေါ်ကို ပုံချနေတာလား?``

``နင်ပဲ အရိုက်ခံရမှာ``

ယွမ်ရှမ်းရှမ်းက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။ သူမက လင်းဟန်က အမြဲတမ်း တည်ငြိမ်အေးဆေးနေတဲ့ အတွက် ဒေါသထွက်နေတာပါ.။

တစ်ခြားလူတွေက သူမကို တဏှာရူးပြီး နှာဘူးထတဲ့ အကြည့်နဲ့ ကြည့်ကြတဲ့ အခါမှာ သူမက မုန်းပါတယ်။ ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက် အနေနဲ့ သူမ မှာလဲ သူမရဲ့ကိုယ်ပိုင် ဂုဏ်သိက္ခာ မာန်မာန ရှိပါတယ်။ ဒါပေမဲ့

လင်းဟန်က သူမကို ကြည့်တဲ့အခါမှာ သူက လေကို ကြည့်နေသလိုမျိုးပါပဲ.။ ဒါကြောင့်သူမက အလွန်အမင်းကို မကျေမနပ်ဖြစ်နေပြီး သူမရဲ့ မျက်လုံးတွေက ဘယ်အချိန်ပဲ ဒီလူငယ်ကို ကြည့်လိုက်ကြည့်လိုက် သူမရဲ့ သွားတွေကို အမြဲတမ်း အံကြိတ် ထားရပါတယ်။

``ဒီမှာ .. ဒါက နိစ္စရူဂ ဆေးလုံးပဲ လေဒီရန်ကို ငါကတိပေးထားတဲ့ဟာ ယူလိုက်``

လင်းဟန်က ကျောက်စိမ်းပုလင်းတစ်လုံးကို ထုတ်ယူပြီးတော့ စားပွဲပေါ်မှာ ချထားလိုက်ပါတယ်။

``ဒါ ဒါကို ဖော်စပ်ပြီးသွားပြီလား?``

ယွမ်ရှမ်းရှမ်းက ချက်ချင်းပဲ မေးလိုက်ပါတယ်။ ရန်လိုတဲ့အမူအရာတွေ လုံးဝ မရှိတော့ ပဲနဲ့ ကျေနပ်ပြီး အံ့အားသင့်နေမှုတွေ ပြည့်နှက်လို့နေပါတယ်။

``ဒီလိုမျိုး မော်ဆေးလုံးအဆင့်က ဖော်စပ်ခြင်းလုပ်ငန်း မစတင်ခင်မှာ ပြင်ဆင်ဖို့ ရက်အနည်းငယ်လိုအပ်လို့လား?

လင်းဟန်ကပြောလိုက်ပါတယ်။

ယွမ်ရွှမ်းရွှမ်း က သက်ာမကင်းဖြစ်သွားပါတယ်။ မှော်ဆေးပညာရဲ့ ကြီးမားတဲ့ ဩဇာ အာဏာရှိတဲ့ ဖုယွမ်ရှင်းနဲ့ ပူဆောင်လင်း တို့ နှစ်ယောက်စလုံးတောင်မှ ဒီ နိစ္စရူပ ဆေးလုံး ကိုဆိုယင် သူတို့ရဲ့ ခေါင်းတွေကို ခါပြကြပါတယ်။ ဒါပေမဲ့ တစ်ညပဲရှိသေးတယ် လင်းဟန်က လုံးဝပြည့်စုံတဲ့ ဆေးလုံးကိုယူလာခဲ့ပါတယ်။ သူလိမ်နေတာများလား?

`` ငါ မင်းလိုမျိုး အသိဉာဏ်နည်းတဲ့ မိန်းကလေးနဲ့ ဆက်ပြီးတော့ စကားပြော ပီး အနှောက်အယှက် မဖြစ်ချင်ဘူး.. ဒီဆေးလုံးကို လေဒီရန်ကို ပေးလိုက်.. ငါပြန်တော့မယ်``

လင်းဟန်က ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ ဒီမိန်းကလေးက လမ်းတစ်လျှောက် လုံး ကစားလာတဲ့အတွက် ပင်ပန်းလာပြီးတော့ သူမက လျင်မြန်စွာနဲ့ အိပ်ပျော်သွားပါတယ်။

ဉာဏ်မရှိတဲ့ မိန်းကလေး?

ယွမ်ရွှမ်းရွှမ်းက ရက်စက်တဲ့ အဘွားအို တစ်ယောက်အဖြစ်ကို ပြောင်းသွား ပြီးတော့ သူ့ကို ခုန်အုပ်လိုက်ပါတယ်။ ဒီကောင်

ကန်းနေတာပဲ။ သူမရဲ့ ကျက်သရေရှိတဲ့ ပုံရိပ်နဲ့ လှပတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းကို မမြင်ဘူးလား? သူမလိုမျိုး ရင်သားတွေက ပြူးထွက်နေတဲ့ ဉာဏ်မရှိတဲ့ မိန်းကလေးမျိုးကို မြင်ဖူးလို့လား?

``နင်ကမှ နားအနောက်မှာ စိုစွတ်နေတဲ့ ဉာဏ်မရှိတဲ့ကောင်စုတ်ပဲ``

သူမက ပြန်ပြောလိုက်ပါတယ်။

``တာတာ ဉာဏ်မရှိတဲ့ မိန်းကလေးရေ``

လင်းဟန်က သူမကို ပြောင်ယမ်းပြပြီးတော့ ထွက်သွားလိုက်ပါတယ်။

``ဟွန်း.. ဒေါသတွေထွက်လွန်းလို့ သေတောင်သေတော့မယ်``

ယွမ်ရှမ်းရှမ်းက သူမရဲ့ ခြေထောက်နဲ့ မြေကြီးကို ဒေါသတကြီးနဲ့ ဆောင့်နင်းလိုက်ပါတယ်၊ ဒါပေမဲ့ ခဏအကြာမှာ သူမကိုသူမ ပြန်ပြောလိုက်ပါတယ်။

``ဒါက အတုပဲဖြစ်ဖြစ် အစစ်ပဲဖြစ်ဖြစ် လေဒီရန် ကို အယင်ဆုံး သွားကြည့်ခိုင်း တာ ကောင်းလိမ့်မယ်``

သူမက လျှင်မြန်စွာနဲ့ အချစ်ပန်းစံအိမ် ခြံဂန်းထဲက အတွင်းကျကျ အနက်ဆုံးနေရာကို သွားလိုက်ပါတယ်။

``သခင်မ``

သူမက ခြံဂန်းထဲကို ခြေလှမ်းဂင်နင်းလိုက်ပီးတော့ တံခါးကို ဖြေးညှင်းစွာ ခေါက်လိုက်ပါတယ်။

``ဂင်လာခဲ့``

အတွင်းကနေ လေဒီရန်ရဲ့ အသံကို ကြားလိုက်ရပြီးတော့ အသံက ပင်ပန်းနွမ်းနယ် နေတဲ့ပုံပေါက်နေပါတယ်။

ယွမ်ရှမ်းရှမ်းက အခန်းတံခါးကို တွန်းဖွင့်ပြီးတော့ဂင်လာခဲ့ပါတယ်။ သူမဂင်လိုက်တဲ့ နေရာက အိပ်ခန်းတစ်ခုပဲဖြစ်ပါတယ်။ လေဒီရန်က ကုတင်ရဲ့ဘေးမှာ ထိုင်နေပြီး တော့ ကုတင်ပေါ်မှာ တော့ ကြည့်ကောင်းတဲ့ အသက် ဆယ့်ငါးနှစ် သို့ ဆယ့်ခြောက်နှစ်ပဲရှိသေးတဲ့ လူငယ်တစ်ယောက် လဲ့နေပါတယ်။ လူငယ်ရဲ့ ရုပ်ရည်

သွင်ပြင်က လေဒီရန်နဲ့ လေးဆယ် ငါးဆယ် ရာခိုင်နှုန်းလောက် တူညီပါတယ်။

``လေဒီရန် လင်းဟန်က အခုလေးတင်လာပြီးတော့ နိစ္စရူဂဆေးလုံးကို လာပို့ပေးသွားပါတယ်``

ယွမ်ရှမ်းရှမ်းက ညင်သာစွာ ပြောလိုက်ပါတယ်။

သူမဘယ်လောက်ပဲ ကျယ်လောင်စွာ ပြောသည်ဖြစ်စေ ကိစ္စမရှိပါဘူး။ ဒီအိပ်ပျော် နေတဲ့ လူငယ်က နိုးထလာမှာမဟုတ်ဘူးဆိုတာကို သူမသိနေပါတယ်။

``ဘာ``

လေဒီရန်က ချက်ချင်းဆိုသလို ထရပ်လိုက်ပြီး သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်မှု တွေနဲ့ ပြည့်နှက်လို့နေပါတယ်။

``ဒါက လင်းဟန် ယူလာပေးတဲ့ နိစ္စရူဂ ဆေးလုံးပဲဖြစ်ပါတယ်``

ယွမ်ရှမ်းရှမ်း က လင်းဟန် သူမကို ပေးလိုက်တဲ့ ဆေးပုလင်းကို ထုတ်ယူလိုက်ပါတယ်။ ဒီဆေးပုလင်းရဲ့

အစစ်အမှန်အကြောင်းကို သူမ အရမ်းကို သံသယ ဖြစ်နေပေမဲ့လည်း လေဒီရန် ဆုံးဖြတ်ဖို့အတွက် သူမက ဘာမှ မပြောတော့ပါဘူး။

လေဒီရဲ့ လက်တစ်ဖက် ဆန့်တန်းလာပြီးတော့ ဆေးပုလင်းကို လက်ခံလိုက်ပါတယ်။ သူမက အရမ်းကို စိတ်လှုပ်ရှားနေတာကြောင့် သူမရဲ့ လက်တွေ တုန်ခါနေတာကို တောင်မှ မထိန်းချုပ်နိုင်ပါဘူး။ သူမအနေနဲ့ မနေ့ညက မျှော်လင့်ချက် အစသေးသေး လေး တစ်ခုပဲ ရိပ်ခနဲမြင်လိုက်ပြီးတော့ ဒီနေ့မှာ အဲဒီမျှော်လင့်ချက်ကလေးက အမှန်တကယ် ဖြစ်လာလိမ့်မယ်ဆိုတာ လုံးဝ မထင်ထားခဲ့ပါဘူး။

သူမအနေနဲ့ ဒီဆေးလုံးက အတုအယောင် ဖြစ်နိုင်ချေရှိတယ်ဆိုတာကို မစဉ်းစားနိုင် တာတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ကြီးမားတဲ့ မျှော်လင့်ချက်ရဲ့ အရှေ့မှာတော့ သူမက ဒီ ဖြစ်နိုင်ချေကို လစ်လျူရှုဖို့ ရွေးချယ်လိုက်ပါတယ်။

သူမက ပုလင်းကို ဖွင့်လိုက်ပါတယ်။ အထဲမှာဆေးလုံး သုံးလုံးရှိပါတယ်။ ၎င်းဆေး လုံးတွေက အဝါရောင်နဲ့ အနီရောင်စပ်ထားတဲ့ အရောင်မျိုးရှိပြီးတော့ ချိုမြိန်ထုံအီ

မွှေးပျံ့တဲ့ အနံ့ တစ်ခုရှိနေပါတယ်။

``ဒီ အရောင်နဲ့ အနံ့ က ဆရာသခင် ရန်ကျွင်း ဖော်ပြထားတဲ့ အတိုင်း တူညီတယ်``

သူမကို ကြည့်ရတာ ပိုပြီးတော့ စိတ်လှုပ်ရှားလာခဲ့ပါတယ်။ သူမက ကုတင်ပေါ်မှာ အိပ်နေတဲ့ လူငယ်ကို ကြည့်ပြီး သူမရဲ့ သွားတွေကို အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ရွှမ်းရွှမ်း .. ငါ့ကို ရေယူလာပေးစမ်း``

ယွမ်ရွှမ်းရွှမ်းက လေဒီရန်က သူမရဲ့ ဆုံးဖြတ်ချက်ကို ချလိုက်ပီဆိုတာကို သိလိုက်ပါတယ်။ သူမက လျင်မြန်စွာနဲ့ ခွက်တစ်ခုထဲကို ရေသန့်တွေလောင်း ထည့် ပြီးတော့ ယူလာခဲ့ပါတယ်။

လေဒီရန်က လူငယ်ရဲ့ပါးစပ်ကို ဖွင့်လိုက်ပီးတော့ နိစ္စရုပ ဆေးတစ်လုံးကို ဖျစ်ညှစ်ပြီး ထည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ ယွမ်ရွှမ်းရွှမ်းက အနားမှာ ရေတစ်ခွက်နဲ့ ရှိနေပါတယ်။ သူမက ရေအနည်းငယ်ကို ပါးစပ်ထဲ လောင်းချလိုက်ပီးတော့ ဆေးလုံးက ရေနဲ့အတူ လူငယ်ကိုယ်ထဲကို ဝင်သွားပါတယ်။

အမျိုးသမီး နှစ်ယောက်က လူငယ်ကို စိုးရိမ်ကြောင့်ကြစွာနဲ့ ကြည့်နေပါတယ်။ ခဏအကြာမှာတော့ လူငယ်ရဲ့ မျက်ခွံတွေက အမှန်တကယ်ပဲ လှုပ်လာပါတယ်။

``ရွှမ်းရွှမ်း နင်မြင်သလား? နင်မြင်လိုက်လား?``

လေဒီရန်က တုန်ခါနေတဲ့ အသံနဲ့ မေးလိုက်ပါတယ်။

``ဟုတ်ကဲ့ သခင်မ ဒါကို မြင်ပါတယ်``

ယွမ်ရွှမ်းရွှမ်းက လျင်မြန်စွာ ခေါင်းငြိမ့်လိုက်ပါတယ်။

``ဆယ်နှစ် ဆယ်နှစ်``

လေဒီရန် ရဲ့ မျက်လုံးထဲက မျက်ရည်တွေ လိမ့်ဆင်းကျလာခဲ့ပါတယ်။

``နောက်ဆုံးတော့ ထျန်းအာ နိုးထလာခဲ့ပြီ``

``ဂုဏ်ပြုပါတယ် သခင်မ``

ယွမ်ရွှမ်းရွှမ်းက ပြုံးပြလိုက်ပါတယ်။

CHAPTER 155 လုပ်ကြံ အသရေဖျက်ခြင်း

``နင်တို့ မိန်းကလေးတွေရော ဘယ်လိုထင်ကြလဲ? တပည့်အကိုကြီး ဖန်းယန်က တကယ်ပဲ ဆရာသခင် လီန် ရဲ့ တိတ်တိတ်ပုန်းမွေးတဲ့ သားလား?

ဟွာယန်အကယ်ဒမီထဲက အမျိုးသမီး အဆောင်မှာ မဲ့ခြောက်တွေနဲ့မိန်းကလေးငယ် တစ်ယောက်က ကျန်တဲ့ မိန်းကလေးသုံးယောက်ကို အတင်းအဖျင်းပြောချင်နေတဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

တကယ်လို့ လင်းဟန် ကဒီနေရာမှာ ရှိမယ်ဆိုယင် မိန်းကလေးတွေထဲက တစ်ယောက် က ရှန်ဇီယန် ဆိုတာကို သူ လုံး၀ သတိပြုမိမှာပါ။

``ငါလည်းအဲလိုပဲ ထင်တာပဲ.. တကယ်လို့ မဟုတ်ဘူးဆိုယင် ဘာကြောင့် ဆရာသခင် လီန်က သူ့ကို ဒီလောက်ထိ ကာကွယ်ပေးမှာလဲ? ဒါက အင်ပါယာ မိသားစုကို ဆန့်ကျင်လိုက်တာပဲလေ``

ကျစ်ဆံမြီး နှစ်ခု ခွဲပြီး ကျစ်ထားတဲ့ မိန်းကလေးတစ်ယောက်က ပြောလိုက်ပါတယ်။

``ဖြစ်နိုင်ပါတယ် ဒါပေမဲ့ ဘယ်သူသိနိုင်မှာလဲ.. တကယ်လို့ သူက တိတ်တိတ်ပုန်း သားရဲ့ တိတ်တိတ်ပုန်းသား တစ်ယောက်များ ဖြစ်နိုင်မလား?(တိတ်တိတ်ပုန်းမြေး ကိုပြောချင်တာပါ)

အစိမ်းရောင် ဂတ်ထားတဲ့ မိန်းကလေးက မေးလိုက်ပါတယ်။

ရှန်ဇီယန်က ဘာတစ်ခွန်းမှ ဂင်မပြောပါဘူး။ သူမက တိမ်မီးခိုး အကယ်ဒမီရဲ့ အထူးချွန်ဆုံး ကျောင်းသူတစ်ယောက်ဖြစ်ပါတယ်။ ဒါက သူမအတွက် အရမ်းကို ဂုဏ်ယူစရာကောင်းတဲ့ အရာတစ်ခုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဟွာယန်အကယ်ဒမီကို သူမ ဂင်ရောက်လာတဲ့အချိန်မှာ သူမက ရေတွင်းထဲက ဖားသူငယ် တစ်ကောင် ဖြစ်တယ်ဆိုတာကို သိလိုက်ရပါတယ်။ ဒီနေရာမှာ ရှိတဲ့ သူတွေက ပါရမီအနေနဲ့ ဆိုယင် သူမထက် ဘယ်သူမှ အားမနည်းကြတဲ့ အပြင် အများစုက သူမထက်တောင် သန်မာပါသေးတယ်။

ဒ့ါအပြင် သူမရဲ့ နောက်ခံအင်အားကလည်း

မတောင့်တင်းပါဘူး.. ဒီအကယ်ဒမီ မှာ တော်ဂင်နောက်ခံရှိတဲ့ လူငယ်တွေချည်း စုစည်းနေကြပြီးတော့ သူမရဲ့ ခေါင်းကို တောင် မော့မထားနိုင်တော့ပါဘူး။ အချိန်တိုလေး အတွင်းမှာပဲ သူမရဲ့ မာနတွေ နဲ့ ဂုဏ်သိက္ခာတွေ အားလုံးက ခမ်းခြောက်သွားခဲ့ပါပြီ။

``တပည့်အစ်ကိုကြီး ဖန်း နဲ့ လင်းဟန်က ဘယ်လို ရန်ငြိုး ရန်စတွေ ရှိနေလို့ သူ့ရဲ့ ညီဖြစ်တဲ့ သူကို လင်းဟန် အပြစ်ရဲ့ သက်သေတွေကို စုဆောင်းခွင့်ပြုပြီးတော့ သတင်းအချက်အလက်အတွက်တောင်မှ ဆုလာဘ်ပေးဖို့ ကတိပေးထားရတာလဲ မသိဘူးနော်?``

ကျစ်ဆံမြီးနဲ့ မိန်းကလေးက သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

ဒါကို ကြားလိုက်ရတဲ့အခါမှာ ရှန်ဇီယန်ရဲ့ မျက်လုံးတွေ ရုတ်တရက် ပင့်သွားပါတယ်။

``တပည့်ညီမ ရှန်.. နင်က ဒုယွန်မြို့က လာခဲ့တယ်.. ပြီးတော့ တပည့် အစ်ကိုကြီး ဖန်နဲ့ လင်းဟန်ကလဲ အဲဒီမြို့ ကနေ လာခဲ့တာပဲ. သူတို့နှစ်ယောက်ကြားမှာ ဘယ်လို မျိုး

နာကြည်းချက်တွေ ရှိနေတယ်ဆိုတာကို နင်သိလား?

မဲ့ခြောက်တွေ ရှိနေတဲ့ မိန်းကလေးက ရှန်ဇီယန် ကို မေးလိုက်ပါတယ်။

ရှန်ဇီယန် ရဲ့ အမူအရာက မည်းမှောင်သွားခဲ့ပြီး ပြောလိုက်ပါတယ်ယ။

``လင်းဟန်က လူဖျင်းလူညံ့ အောက်တန်းစား စက်ဆုပ်ဖွယ်ရာကောင်းပြီး မယဉ်ကျေးတဲ့ အမူအကျင့် ရှိတယ်.. သူ ဟွာယန် အကယ်ဒမီ ကို ဘယ်လို ဝင်ခွင့်ရလာသလဲဆိုတာ နင်တို့ အားလုံးသိရဲ့လား?

ကျန်တဲ့ မိန်းကလေး အားလုံးက သူမတို့ရဲ့ ခေါင်းတွေကို ခါယမ်းလိုက်ပါတယ်။

``သူက သူ့ရဲ့ အဖေရဲ့ အသက်နဲ့ အကယ်ဒမီ ဝင်ခွင့် ရဖို့ အခွင့်အရေးကို အပေးအယူ လုပ်ပေးဖို့ တောင်းပန်ခဲ့တာလေ``

ရှန်ဇီယန်က အေးစက်စွာပြုံးပြီးတော့ ကြေညာလိုက်ပါတယ်။

``ဘာ.. ဒီလိုလူမျိုးကလဲ ရှိသေးတာပဲလား?``

ကျန်တဲ့ မိန်းကလေးသုံးယောက်စလုံး အံ့အားသင့်သွားခဲ့ပါတယ်။

``ဒါပေ့ါ``

ရှန်ဇီယန်က လင်းဟာန်ရဲ့ နာမည်ကို ဆက်ပြီးတော့သွားပုပ်ချ အတင်းတုပ် လိုက်ပါတယ်။

``နင်တို့မကောင်းဆိုးဂါးအမှောင် တောအုပ် အကြောင်းကို ကြားဖူးလား?``

``အင်း ငါတို့ အယင်ကတည်းက ကြားဖူးတယ်.. အဲဒါက အရမ်းကို အန္တရာယ် များတဲ့နေရာဖြစ်ပြီးတော့ စိတ်ဂိဉာဉ်ပုလ္လအဆင့် လက်ရွေးစင်တွေ တောင်မှ မဝင်ရဲဖူးတဲ့``

မိန်းကလေးသုံးယောက် က ခေါင်းငြိမ့်လိုက်ပါတယ်။

``ငါ တစ်ခုကြားဖူးတာက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က ဟွာယန် အကယ်ဒမီက

အဖွဲ့သား တစ်ယောက်က မကောင်းဆိုးဝါးအမှောင် တောအုပ်ကို ဝင်သွားခဲ့ပြီး အထဲမှာ အဆုံးမဲ့ ရတနာ တစ်ခုကို ပျောက်သွားခဲ့တယ်. ဒါကြောင့် လင်းဟန်ရဲ့ အဖေက အကယ်ဒမီနဲ့ အပေးအယူတစ်ခုလုပ်ခဲ့တယ်ပေါ့.. သူက မကောင်းဆိုးဝါး အမှောင် တောအုပ်ထဲကို ဝင်ပြီးတော့ ဒီအဆုံးမဲ့ ရတနာကို ပြန်ရှာပေးပြီးတော့ လင်းဟန်ကတော့ ဟွာယန် အကယ်ဒမီကို ဝင်ခွင့်ရလိမ့်မယ်``

ရှန်ဇီယန်က ပြောလိုက်ပါတယ်.။

``သူက တကယ့်ကို စက်ဆုပ် ရွံရှာဖို့ကောင်းလိုက်တာ``

``ဘယ်လောက်တောင် ကျေးဇူးမသိတတ်တဲ့ သားလဲ``

မှဲ့ခြောက်ရှိတဲ့ မိန်းကလေးနဲ့ ကျန်တဲ့ မိန်းကလေးနစ်ယောက်က သူမတို့ရဲ့ ခေါင်း ကို ခါလိုက်ကြပါတယ်။ သူက တကယ့်ကို ဆန်ကုန်မြေလေး တစ်ယောက်ပဲ သူ့ရဲ့ အဖေကို ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတဲ့ နေရာကို ဝင်ပြီးတော့ စွန့်စားခိုင်းပြီး သူ့အတွက် ဟွာယန်အကယ်ဒမီ ဝင်ခွင့် ရရှိအောင် လို့ လုပ်ဆောင်ခိုင်းတယ်။

ရှန်ဇီယန် က အေးစက်စွာနဲ့ သရော်ခဲ့ပါတယ်။ ကောလဟာလ တွေက ကြီးမားတဲ့ အကျိုးသက်ရောက်မှုရှိပြီးတော့ ရက်အနည်းငယ်အတွင်းမှာ လင်းဟန်က အားလုံးရဲ့ ပါးစပ်မှာ အထင်အမြင်သေးခံရတဲ့ ကြွက်တစ်ကောင် ဖြစ်လာပါလိမ့်မယ်။ သူမက လင်းဟန်ကို စက်ဆုပ်ရွံရှာပါတယ်။ ဒီစက်ဆုပ်ရွံရှာမှုက သူမရဲ့ လင်းဟန်ကြား က လက်ထပ်ရန် သဘောတူညီမှုကို သူမဘက်က ဖျက်လိုက်ကတည်းက စတင်ခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အစွမ်းတွေ မြင့်တက်လာတဲ့နောက်ပိုင်းမှာ သူမရဲ့ စက်ဆုပ်ရွံ့ရှာမှုကနေပြီးတော့ အမုန်းတရားအဖြစ်ကို လုံးဝ ပြောင်းလဲသွားခဲ့ ပါတယ်။

သူမရဲ့ နောက်ကွယ်မှာ တစ်ခြားသူတွေက သူမကို လှောင်ပြောင်ရီမောနေတာမျိုးကို သူမ လုံးဝ မလိုချင်ပါဘူး. ပြီးပြည့်စုံတဲ့ ယောက်ျား တစ်ယောက်ကို အမြင်တွေမှားပြီး တော့ မျက်စိကန်းနေတဲ့ သူမကို အထင်သေး ကဲ့ရဲ့ တာမျိုးကိုလဲ မလိုချင်ပါဘူး။ ဒါကြောင့် သူမက လင်းဟန်ကို ပုတ်ခတ်ပြီးတော့ သူ့ရဲ့ ထင်ပေါ်ကျော်ကြားနေတဲ့ နာမည်ကောင်းကို ပျက်အောင်လုပ်ပြီးတော့ ဆက်ပြီး ရပ်တည်လို့ မရအောင် လုပ်ချင်ပါတယ်။

လင်းဟန်ရဲ့ တိုးတက်မှုက အရမ်းကို လျှင်မြန်ပြီးတော့

လေးရက်အတွင်းမှာ ပဲ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်ကို ချိုးဖျက်ဖင်ရောက်သွားခဲ့ပါတယ်။

ဒါပေမဲ့ သူက အမြန်ဆုံးမဟုတ်ပါဘူး။ ဒီနေရာမှာ သူထက် တောင်ပိုပြီးတော့ မွန်းစတား ဆန်တဲ့ သူတစ်ယောက်ရှိပါသေးတယ်။

ဟူးညို။

ဒီမိန်းကလေးရဲ့ စိတ်ဂိဉာဉ်အခြေခံ က အရမ်းကို ထိတ်လန့်စရာ ကောင်းယုံသာမက စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူတဲ့ အစွမ်းမှာလဲ လင်းဟန်ထက် မနိမ့်ကျတဲ့စွမ်းရည် ကို ပိုင်ဆိုင်ထားပါတယ်။ ဒ့ါအပြင် သူမက ဉက နေ ပေါက်လာပြီးတဲ့ နောက်မှာ သူမရဲ့ ကောင်းကင်အဆင့် စိတ်ဂိဉာဉ်အခြေခံ နဲ့ လုံးဝကိုက်ညီတဲ့ ကျင့်ကြံခြင်းနည်းစနစ် တစ်ခုကို တစ်နည်းနည်းနဲ့ရရှိခဲ့ပြီးတော့ စိတ်ဂိဉာဉ်ချီတွေကို လျှင်မြန်တဲ့ နှုန်းနဲ့ စုပ်ယူပါတယ်။

ဒါကြောင့် သူမက လင်းဟန် ထက ်ဘယ်လိုမှ မနှေးပါဘူး။ ဒ့ါအပြင် အရေးကြီးတာက သူမက ဆက်ပြီးတော့စားနိုင်ပါသေးတယ်။

သူမရဲ့စွမ်းရည်က ဘယ်လိုအစားအစာ မျိုးကို မဆို သူမရဲ့ မူလစွမ်းအင် အဖြစ်ကို ပြောင်းလဲနိုင်တဲ့အစွမ်းက သူမရဲ့ စိတ်ဂိဉာဉ်အခြေခံ နိုးထလာအောင်လုပ်ပြီး တာတောင် မှ မပျောက်ကွယ်သွားခဲ့ပါဘူး။ ဒီစွမ်းရည်က ပိုပြီးတော့တောင်မှ အစွမ်း ထက်ပါတယ်။ ဒါကြောင့် ငါးရက်ဆိုတဲ့ အချိန်လေးအတွင်းမှာ ဒီမိန်းကလေးက ကိုယ်ခန္ဓာပြုပြင်ခြင်း အလွှာ အဆင့်၉ ကို ရောက်ရှိသွားခဲ့ပါတယ်။

ပြီးတော့ ဒါက သူမအတွက် မပြီးသေးပါဘူး။

နောက်တစ်ရက်မှာပဲ ဟူးညိုက ဒြပ်စင်စုစည်းခြင်း အဆင့်ကို တိတ်ဆိတ်စွာနဲ့ ခြေလှမ်းချလိုက်ပါပြီ။ ဒါက သူမအတွက် ရေတစ်ခွက် သောက်ရသလိုမျိုးကို ချောမွေ့နေတာပါ။

လင်းဟာန် က ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။ ဟူးညိုက သူ့လိုမျိုး အဆုံးမဲ့စွမ်းအားပြည့်ဂတဲ့ သူတစ်ယောက် ပြန်လည်မွေးဖွားလာတာများလား? ဒါက မဖြစ်နိုင်တာတော့မဟုတ်ပါဘူး။ တကယ်တော့ ဒီမိန်းကလေးရဲ့ ဒန်တန် ထဲက စိတ်ဂိဉာဉ်အခြေခံက တကယ့်ကို ထိတ်လန့်အံ့ဩဖွယ်ရာကောင်းပါတယ်။

အိပ်ပျော်နေတဲ့ မိန်းကလေးရဲ့ မျက်လုံးတစ်ချက်

ဖွင့်ကြည့်လိုက်တာကပဲ သူ့ရဲ့ စိတ်ဂိဉာဉ်ကို ဖျက်ဆီးလုနီးပါး ဖြစ်သွားစေခဲ့ပါတယ်။

လွှီညီအမရဲ့ မျက်စိထဲမှာ တော့ ဒီကြီးကြီးတစ်ယောက်ရော ငယ်ငယ်တစ်ယောက်ရော နှစ်ယောက်စလုံးက သံသယ ရှိစရာကို မလိုအောင် မွန်းစတားတွေပဲ ဖြစ်ကြပါတယ်။ ရက်အနည်းငယ်လေးအတွင်းမှာ သူတို့နှစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်တွေက မိုးထိအောင် မြင့်တက်လာတာကို ကြည့်ပြီးတော့ ဒါက သူမတို့ကို အစစ်အမှန်မဟုတ်ဘူးလို့တောင် ခံစားစေခဲ့ပါတယ်။

သူမတို့ရဲ့ကျင့်ကြံခြင်းအဆင့်က လင်းဟန်နဲ့ ဟူးညို့တို့ထက် မြင့်မားတာ မှန်ပါတယ်။ ဒါပေမဲ့ တစ်ခုသိရမှာက သူမတို့က ပန်းကြွေအမိန့် အဖွဲ့အစည်းရဲ့ အရင်းအမြစ်တွေ အားလုံးကို အသုံးပြုခဲ့ပြီးတော့ အသက်နှစ်ဆယ် မတိုင်ခင်မှာပဲ နွေဦးစမ်းရေ အဆင့်မြင့် အဆင့်ကို ရောက်ရှိလာခဲ့တာပါ။ ဒါပေမဲ့ သူတို့ရဲ့ အနာဂါတ် တိုးတက်မှုက သူတို့ရဲ့ ကိုယ်ပိုင်အစွမ်းအစနဲ့ပါရမီ အပေါ် မှာပဲ မူတည်နေပါတယ်။

ဒါပေမဲ့ သူမတို့က ဒီနှစ်ယောက်ရဲ့ မကောင်းဆိုးဂါး ဆန်တဲ့ အရှိန်နှုန်းနဲ့ အဆင့်တက်နေတာကို ကြည့်ပြီးတဲ့အခါမှာ သူတို့က ဒီပုံစံအတိုင်းဆိုယင် ပိုပြီးတော့ မြင့်မားတဲ့ အဆင့်ကို

ဆက်ပြီးတော့ တိုးတက်လာပြီးတော့ တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတွေ ဖြစ်လာမယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က ဟူးညိုရဲ့ကျင့်ကြံခြင်းနည်းစနစ်ကို ကိုးကားချက် အဖြစ်အသုံးပြုချင်ပါ တယ်.. ဒါပေမဲ့ ဒီမိန်းကလေး သူမ ဘယ်လောက်ပဲ ပင်ပန်းအောင် ကြိုးစား ပါစေ ၎င်းကို ရှင်းလင်းအောင်လို့ မဖော်ပြပေးနိုင်ပါဘူး။ သူမဖော်ပြနိုင်တာက ဒီကျင့်ကြံခြင်း နည်းစနစ်က သူမ အလိုအလျောက်သိနားလည် လာတဲ့ဟာ တစ်ခုပဲဖြစ်ပြီးတော့ ဒီကျင့်ကြံခြင်းနည်းစနစ်ကို ဘယ်လို လည်ပါတ်ရမယ် ဆိုတာကိုပဲ သိပါတယ်။ သူမက ဒါကိုရှွတ်ဆိုပြဖို့ လိုအပ်တာမျိုး တို့ နားလည်ဖို့ လိုအပ်တာမျိုးတို့လုံးဝ မရှိပါဘူး။

တစ်ခြားဖက်မှာတော့ ရှန်ဇီယန် ကြောင့် လင်းဟန်ရဲ့ နာမည်က စက်ဆုပ်ရွံ့ရာ စရာ ကောင်းတဲ့ သား တစ်ယောက်လို့ အကယ်ဒမီမှာ ပြန့်နှံ့သွားပြီးတော့ လူတိုင်းလူတိုင်း ကလင်းဟန် အနေနဲ့ သူ့အဖေရဲ့ အသက်ကို ရင်းပြီးတော့ အကယ်ဒမီကို ဝင်ခွင့်ရအောင် လုပ်ခဲ့တယ်လို့ တွေးထင်နောကပီးတော့ သူ့ရဲ့ ကျေးဇူးမသိတတ်တဲ့ အပြုအမူတွေအကြောင်းကို မနစ်မြှုပဲ ဖြစ်နေကြပါတယ်။

ဒီလိုပုံစံ ကြောင့်ပဲ ဖန်းလောင်က တရားနည်းလမ်းကျတဲ့ ကိုယ်စားပြုသူ ဖြစ်လာခဲ့ပါတယ်။ ပေ့ဟဲလီ နှင်ထုတ်ခံရခြင်း ကိစ္စက တစ်ဖန် ပြန်လည် သယ်ဆောင် လာကြပြီးတော့ တစ်ချို့က ပြန်လည်ကြားနာစစ်ဆေးပေးဖို့တောင် အကြံပြု နေကြပါတယ်။ ပေ့ဟဲလီက မှားသလားဆိုတာ ဘယ်သူသိလို့လဲ။

``ငါတို့ အခု ဘာဆက်လုပ်ကြမလဲ? လူတိုင်းကနင့်မကောင်းကြောင်းကို ပြောနေကြပြီ``

လို့ယုထန် ရောက်လာပြီးတော့ သူမရဲ့ သွားတွေကို ကြိတ်ပြီး ကောလဟာလ တွေကို ရည်ညွှန်းပြီးတော့ ပြောလိုက်ပါတယ်။ ဒုယွန်မြို့ ကလာခဲ့တဲ့ ဘယ်သူမဆိုပဲ လင်းဟန်က ပြိုင်ပွဲမှာ ပထမနေရာကို ရပြီးတော့ အကယ်ဒမီကို ဝင်ခွင့်ရခဲ့တယ်ဆိုတာကို သိကြပါတယ်။ ဒါပေမဲ့ ပြဿနာက ကောလဟာလ တွေက များယွင်းစွာ ပြန့်နှံ့နေပြီးတော့ ဘယ်သူကမှ အမှန်ကို မယုံကြည်ကြပါဘူး။

``ငါက အပြစ်ကင်းတယ် ဆိုတာ ငါသိပါတယ်။ တကယ်လို့ တစ်ခြားသူတွေက လျှာအရိုးမရှိ လျှောက်ပြောချင်နေတယ်ဆိုယင်လည်း

ပေးပြောလိုက်ပါ..ဒါပေမဲ့ တကယ်လို့ သူတိုကဒီအရာတွေကို ငါ့အရှေ့မှာ ပြောရဲတယ်ဆိုယင် သူတို့ရဲ့ ပါးစပ် ထဲက သွားတွေ မရှိတော့အောင် ငါထိုးပစ်ရလိမ့်မယ်``

လင်းဟန်က ဂရုမစိုက်စွာနဲ့ပြောလိုက်ပါတယ်။ သူ့လိုမျိုး အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ခဲ့တဲ့ သူ့အနေနဲ့ ဒီလိုမျိုး အရာတွေကို ဂရုစိုက်နေစရာ အကြောင်းကို မရှိပါဘူး။

သူ့ရဲ့ မယုံကြည်နိုင်စရာကောင်းတဲ့ သိုင်းပညာစွမ်းရည်ကို ဖော်ထုတ်ပြ လိုက်တဲ့ အခါကျယင် ဒီကောလဟာလတွေက ပျက်ဆီးသွားပါလိမ့်မယ်။

``ဒေါက် ဒေါက်ဒေါက်``

တံခါးခေါက်သံတစ်ခုကို ကြားလိုက်ရပါတယ်။ လှပတဲ့ မျက်နှလေးတစ်ခု ပေါ် လာပြီးတော့ ပြောလိုက်ပါတယ်။

``လူကြီးမင်းလင်း ဒီမှာ ရှိပါသလားရှင်?``

လွီယုထန်က လှည့်ကြည့်ပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အမူအရာ ဖြစ်ပေါ်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့

မိန်းကလေးတွေနဲ့ပါတ်သတ်တဲ့ ကံကောင်းမှု က အရမ်းကိုကြီးမားလွန်းတယ်။ သူက အင်ပါယာမြို့ကို ရောက်တာမှ မကြာသေးဘူး. သူက ချောမောလှပတဲ့ မိန်းကလေး တွေအများကြီးနဲ့လည်း သိကျွမ်းခင်မင်နေခဲ့ပါ ပြီလား?

လင်းဟန် ကလည်းပဲ ညှော်သည်ကိုကြည့်ပြီးတော့ မပြုံးပဲ မနေနိုင်ပဲ ပြောလိုက်ပါတယ်။

``ဉာဏ်မရှိတဲ့ မိန်းကလေး မင်းငါ့ကို ဘာဖြစ်လို့ရှာနေတာလဲ?``

ဒီမိန်းမလှလေးက ယွမ်ရှွမ်းရှွမ်းဖြစ်ပါတယ်။ ပထမတော့ သူမက ကောင်းတဲ့ ခံစားချက်ရှိပြီး လင်းဟန်ရဲ့စကားကို ကြားလိုက်ရတဲ့အခါမှာတော့ သူမက ချက်ချင်းပဲ ဒေါသထွက်သွားပြီးတော့ ဘောက်ဆတ်ဆတ် နဲ့ပြောလိုက်ပါတယ်။

``သခင်မ က နင့်ကို အချစ်ပန်း စံအိမ်ကို ဖိတ်ခေါ်ပြီးတော့ သူမ ကိုယ်တိုင် ကိုယ်ကျ ပဲ ကျေးဇူးတင်စကားပြောချင်တယ်တဲ့``

``ဘယ်တော့လဲ?``

လင်းဟန် ကမေးလိုက်ပါတယ်။

`` တကယ်လို့ လူကြီးမင်း လင်းမှာ တစ်ခြား အရေးတကြီး လုပ်စရာတွေ မရှိ ဘူးဆိုယင် ကျေးဇူးပြုပြီးတော့ ဒီညပဲ လာခဲ့ပေးပါတဲ့``

``ကောင်းပြီလေ``

လင်းဟန် ခေါင်းငြိမ့်လိုက်ပါတယ်။ သေချာတာတော့ သူ့အနေနဲ့ဒီည ဘာမှ လုပ်စရာမရှိပါဘူး။

CHAPTER156 ကောင်းကင် ဆေးအိမ်တော်ကို သွားပြီး ပိုက်ဆံယူ

``ငါ နင်နဲ့အတူသွားမယ်``

လှီယုထန် က ချက်ချင်းပဲ ပြောလိုက်ပါတယ်။ သူမက အချစ်ပန်းစံအိမ် ဆိုတာ ဘယ်လိုနေရာမျိုးလဲဆိုတာကို သိပါတယ်။ ယောကျ်ားတွေအတွက် ပိုက်ဆံ အချည်းနှီးကုန်စေတဲ့ နေရာမျိုးပါ.. သူမက လင်းဟန်ကို စိတ်မပူပဲနဲ့ ဘယ်လိုလုပ် ပြီးတော့ လွှတ်လို့ရမှာလဲ?

ယွမ်ရှမ်းရှမ်းက လှီယုထန် ဘက်ကို လှည့်ပြီးတော့ ထူးဆန်းစွာနဲ့ ခေါင်းငုံ့ပြီး ပြောလိုက်ပါတယ်။

``ဒါက လှီကလန်ရဲ့ မင်းသမီးပဲ.. ရှမ်းရှမ်း မယဉ်ကျေးသလိုဖြစ်သွားပါတယ်``

လှီယထန်က သူမကို ခေါ်လိုက်တဲ့အတွက် သတိရှိရှိနဲ့ ကြည့်လိုက်ပါတယ်။ ဘာလို့ လဲ ဆိုတော့ သူမက ယွမ်ရှမ်းရှမ်းကို မသိပါဘူး။ ဒါပေမဲ့ သူမရဲ့ မျက်လုံးထဲမှာ အချစ်ပန်းစံအိမ်က လာတဲ့ ဘယ်မိန်းကလေးမဆို သည်းမခံနိုင် လောက်အောင် ညစ်ပတ်ရိုင်းစိုင်း တဲ့ သူတွေလို့ မြင်တဲ့အတွက် အရေးတယူလုပ်စရာ မရှိပါဘူး။

ဒီ့အပြင် ယွမ်ရှမ်းရှမ်းက လင်းဟန်ကို ဒီလိုနေရာမျိုးကို ခေါ်ပြီး ပျော်ပါးစေဖို့ ဆန္ဒရှိနေတဲ့အတွက် သူမရဲ့ ရွံမုန်းမှုကတောင်မှ ပိုပြီးတော့ တိုးလာပါလိမ့်မယ်။

ဒါကြောင့် သူမက ခေါင်းပဲ ငြိမ့်ပြပြီးတော့ တစ်ခြား ဘာကိုမှ ပြန်ပြီး တုံ့ပြန်မှု မရှိပါဘူး။

ယွမ်ရှမ်းရှမ်းက ဒေါသထွက်သွားတဲ့ အမူအရာ

ဖြစ်သွားပါတယ်။ သူမက လေဒီရန်ရဲ့ မွေးစားသမီး ဖြစ်ပီးတော့ ညေ့်သည် တစ်ယောက်မှ ကို လက်မခံရပါဘူး။ ဒါကြောင့် သူမကိုယ် သူမ မြင့်မားတဲ့ ခံယူချက် ရှိပါတယ်။ ဒါပေမဲ့ လွီယုထန် လို တော်ဂင် မင်းသမီး တစ်ယောက်ရဲ့ မျက်လုံးထဲမှာ သူမက မီးရောင် အနီတွေအောက်က နေလာခဲ့တဲ့သူ တစ်ယောက်အဖြစ် ထင်မြင်နေမှုအောက်က လုံးဂ မလွတ်မြောက် ပါဘူး။ဒါက သူမကို အရမ်းပဲ စိတ်မကောင်းဖြစ်စေပါတယ်။

``လေဒီရန်က သေချာပြောထားပါတယ်.. လူကြီးမင်းလင်း တစ်ယောက်တည်း ကိုပဲ ဖိတ်ခေါ် ရပါမယ်တဲ့``

သူမက လွီယုထန်နဲ့ ထိပ်တိုက် ရင်မဆိုင်ပဲနဲ့ လေဒီရန်ရဲ့ နာမည်ကိုအသုံးချ ပြီး တော့ နည်းစနစ်ကျကျနဲ့ သူမကို ငြင်းပယ်လိုက်ပါတယ်။

``ညီး ညီး လည်းသွားမယ်``

ဟူးညိုက လင်းဟာန်ရဲ့ လက်မောင်းကို ဆွဲလှဲပြီးတော့ ကလေးလေးတစ်ယောက် လိုမျိုး ပူဆာနေပါတယ်။

``မှန်တယ် ငါတိုအားလုံးသွားမယ်``

လွှိုယုထန်က အလေးထားပြီးပြောလိုက်ပါတယ်။

``သူတို့ကိုပါ ငါနဲ့အတူ လာခိုင်းလိုက်တာပေါ့``

လင်းဟာန်က ဟူးညို့ကို ကောက်ချီလိုက်ပါတယ်။

``အကြီးတစ်ယောက်က ငါ့စကားကို နားထောင်နိုင်ပေမဲ့ ဒီအငယ်တစ်ယောက်ကတော့ ငါ့ကိုတောင်ဂရုမစိုက်ဘူး``

ဟူးညို့ရဲ့ မျက်လုံးတွေကို ပင့်ပြီး ပျော်ရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

``အသား အသား အသား``

ယွမ်ရှမ်းရှမ်း က ဟူးညို့ လာမှာကို စိတ်ထဲမထားပါဘူး။ တကယ်တော့ သူမကို စိတ် မကျေမနပ်ဖြစ်စေတာက လွှိုယုထန် မဟုတ်လား ဒါပေမဲ့ လင်းဟာန်က ဒီလိုမျိုးပြောမှတော့ သူမကပြောလိုက်ပါတယ်။

``ဒါဆို ဒီည စကားပြောဖို့ နင်တို့ သုံးယောက်လုံး ပဲ အချစ်ပန်းစံအိမ်ကို ကျေးဇူးပြုပြီးတော့ လာခဲ့ကြပါ.. အခု

ငါ့ကို သွားခွင့်ပြုပါဦး``

နောက်ဆုံးတော့ သူမထွက်ခွာသွားတဲ့ အခါမှာ လွီယုထန်ကို ကြည့်ရတာ ပိုပြီးတော့ ခံစားလို့ ကောင်းတဲ့ အမူအရာဖြစ်သွားပါတယ်။

လင်းဟန်က မနောက်ပြောင်ပဲမနေနိုင်စွာနဲ့ မေးလိုက်ပါတယ်။

``ငါရဲ့ နောက်လိုက်မိန်းကလေး မင်းက သဂန်တိုနေတာလား?``

``ဘယ်သူ.. ဘယ်သူက သဂန်တိုနေလို့လဲ``

လွီယုထန်ရဲ့ လှပချောမောတဲ့ မျက်နှာလေးက ချက်ချင်းဆိုသလို နီမြန်းသွားပြီး တော့ အရမ်းကို ဆွဲဆောင်မှုရှိတဲ့ ပန်းချီကားတစ်ချပ်လို ဖြစ်သွားပါတယ်။

လင်းဟန်က ကျယ်လောင်စွာ အော်ရီပြီးတော့ ခေါင်းစဉ်ကို ပြောင်းလိုက်ပါတယ်။

``အဂတ်အစားဆိုင်တွေနဲ့ ပါတ်သတ်တဲ့

စီးပွားရေးလုပ်ငန်းရော ဘယ်လိုလဲ?``

``အရမ်းကောင်းတယ် ငါတို့က ချန်းကလန်ရဲ့ လုပ်ငန်းအားလုံးနီးပါးကို အနိုင်ယူလိုက် နိုင်တယ်.. ဒါပေမဲ့ ချန်းကလန်က သူတို့ အဆုံးသတ်မှာကို ဒီအတိုင်း ငြိမ်ငြိမ်သက်သက်နဲ့ထိုင်ပြီး ကြည့်နေတာမဟုတ်ဘူး။ ဈေးနှုန်းလျှော့ချတဲ့ တိုက်ပွဲကို လုပ်သလို ငါတို့ရဲ့ ဆိုင်တွေကို သူတို့လူတစ်ချို့ကို လွှတ်ပြီးတော့ ပြဿနာ တွေ ဖန်တီးသေးတယ်``

လှီယုထန်က အနည်းငယ် မျက်မှောင်ကြုံ့လိုက်ပါတယ်။ တကယ်တော့ အဲဒီ ဆိုင်တွေ မှာ လှီကလန်ရဲ့ အမှတ်တံဆိပ်တွေ မရှိပါဘူး။

လင်းဟန်က ညင်သာစွာ ပြုံးပြီးပြောလိုက်ပါတယ်။

`` တကယ်လို့ သူတို့က ဈေးနှုန်းတိုက်ပွဲကို လုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုယင်လည်း ကောင်းတာပဲ.. ဒီလုပ်ငန်းကနေ ပိုက်ဆံအမြတ် တွေ ရဖို့ ငါ့မှာအစီအစဉ်မရှိဘူး. ဒါပေမဲ့ တကယ်လို့ သူတို့ဘက်က တစ်ယောက်ယောက်က ပြဿနာ လာရှာ တယ်ဆိုယင်တော့ ဟီးဟီး. သူတို့ကို ကောင်းကောင်းဆုံးမပေးရမှာပေါ့```

လွှီယုထန် နောက်ဆုံးတော့ နားလည်သွားခဲ့ပါပြီ။ တကယ်လို့ဒီဆိုင်တွေ တိုက်ခိုက် ခံရမယ်ဆိုယင် ပိုင်ရှင်ဖြစ်တဲ့ လင်းဟန်ကလဲ လှုပ်ရှားမှု တစ်စုံတစ်ရာကို လုပ်ရပါလိမ့်မယ်။

``ဒါပေမဲ့ ချန်းကလန်ကတော့ သူ့ကိုယ်တိုင်လှုပ်ရှားမှာမဟုတ်ဘူး အဲဒီအစား မြေနဲ့ ရေ အဖွဲ့သားတွေကို ပဲ စေလွှတ်လိမ့်မယ်``

``မြေနဲ့ရေ အဖွဲ့အစည်း``

လင်းဟန်ရဲ့ မျက်လုံးထဲမှာ အေးစက်တဲ့ အလင်းရောင် တစ်ချက် လက်သွားခဲ့ ပါတယ်။ ဒီအဖွဲ့အစည်းက မိန်းကလေးငယ်လေးတွေကိုတောင် ပြန်ပေးဆွဲတဲ့ အလုပ်မျိုးကို လုပ်ဖို့ ဆန္ဒရှိတယ်ဆိုတော့ သူတို့ရဲ့ အတွင်းပိုင်းအလုပ်တွေက ဆိုးဂါးတဲ့ အလုပ်တွေပဲဆိုတာ သက်သေအထောက်အထား လုံလောက်ပါတယ်။ သူက ဒီအဖွဲ့အစည်းကိုပါ အမြစ်ပြတ်သုတ်သင်ပစ်ဖို့ တွေးထားပါတယ်။

``ငါကောက်ချက် ချရသလောက်တော့ ချန်းကလန် မှာ

ဖိအားပေးဖို့ နောက်ဆုံးတိုက်ကွက် မရှိဘူး ဒါပေမဲ့ တကယ်လို့ ငါတို့ကိုယ်တိုင် ပြန်နောက်ဆုတ်လိုက်မယ်ဆိုယင် ဈေးနှုန်းတိုက်ပွဲကို မြင်ရဖို့ ဆွဲဆောင်ရမယ်.. ငါက အဲဒီအချိန်အတွင်းမှာ အခွင့်ကောင်းယူပြီးတော့ မြေနဲ့ရေ အဖွဲ့အစည်းကို အယင်ဆုံး ရင်ဆိုင်ရမယ်``

လွှီယုထန် မစိုးရိမ်ပဲနဲ့ မနေနိုင်ပါဘူး။ သူမက ပြောလိုက်ပါတယ်။

``မြေနဲ့ရေ အဖွဲ့အစည်းက အင်အားကြီး ကလန်ရှစ်ခုနဲ့ ဆက်ဆံရေးရှိတယ်။ တကယ်လို့ နင်က မြေနဲ့ ရေ အဖွဲ့အစည်းကို ရင်ဆိုင်ဖို့ လှုပ်ရှားလိုက်မယ် ဆိုယင် အင်အားကြီးကလန်ရှစ်ခုက ကြားဝင်လာလိမ့်မယ်``

လင်းဟန်က အရမ်းကို မကျေမနပ်ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ အခု သူက ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲ ရှိတာလားလို့ သူ့ကိုဘယ်သူက မေးလို့လဲ? မိုးရေနိုင်ငံ လို နေရာငယ်လေးမှာတောင်မှ သူ့ရဲ့ လွှမ်းမိုးနိုင်စွမ်းက ကြီးကြီးမားမားမရှိသေးပါဘူး။

``ကောင်းကင်ဆေးအိမ်တော်ကို အယင် သွားကြစို့..

ဒီရက်တွေမှာ ငါ ပိုက်ဆံ တော်တော်များများကို ရေလို သုံးလိုက်တယ်. ဒါကြောင့် ငါ ပိုက်ဆံ တစ်ချို့ ကို အယင် ဆုံးယူဖို့လိုတယ်``

သူက တစ်ခဏမျှစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

ကောင်းကင်ဆေးအိမ်တော် ကို သွားပြီးတော့ ပိုက်ဆံယူမယ်?

ထူးဆန်းတဲ့ အမူအရာ တစ်ခု လှီယုထန်ရဲ့ မျက်နှာပေါ်မှာ ဖြစ်သွားခဲ့ပါတယ်။ ဘယ်သူက ကောင်းကင်ဆေးအိမ်တော်မှာ ပိုက်ဆံကို မသုံးပဲနေကြလို့လဲ? ဒါပေမဲ့

ဒီကောင်ကတော့ လုံးဝ ကွဲပြားပါတယ်။ ကောင်းကင်ဆေးအိမ်တော်ကို သွားပြီး တော့ ပိုက်ဆံယူဖို့တောင် စဉ်းစားနေပါတယ်။ ဒါပေမဲ့ သူမက လင်းဟန်ရဲ့ မှော်ဆေးပညာ စွမ်းရည်ကို ပြန်စဉ်းစားမိတဲ့အခါမှာ ကောင်းကင်ဆေးအိမ်တော် ကိုသွားပြီးတော့ ပိုက်ဆံယူတာက သူ့အတွက်တော့ သဘာဝကျပါတယ်။

``သွားစို့. တစ်ယောက်ယောက်က ဒီညမှာ ငါတို့ကို ပြုစုမယ်ဆိုတော့.. နေ့လည်စာ ကိုလည်း အပြင်မှာသွားစားကြရအောင်``

လင်းဟန်က တံခါးကို တွန်းဖွင့်ပြီး အပြင်ကိုထွက်လိုက်ပါတယ်။ ဟူးညိုက သူ့ရဲ့ လက်မောင်းပေါ်မှာ ပျံ့ချီလာပါတယ်။

``အိမ်ထဲက မိန်းကလေးနှစ်ယောက် ကိုရော ဘယ်လိုလုပ်မလဲ?``

လွီယုထန်က သူ့ဘေးကလျှောက်လာယင်းနဲ့ လွီညီအမ နှစ်ယောက်ကို ရည်ညွှန်း ပြီးတော့ ပြောလိုက်ပါတယ်။

``အိုး..ငါ သူတို့ အပေါ်မှာ လုံလောက်အောင် ကြင်နာထားပြီးပြီ.. သူတို့ရဲ့ နေ့စဉ် အစားအသောက်အတွက်ကိုပါ ဂရုစိုက်နေရဦးမှာလား? သူတို့ဘာသာ သူတို့ ချက်စားကြပါစေ``

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

လွီယုထန်ရဲ့ မျက်နှာပေါ်မှာ ဆွဲဆောင်မှု ရှိတဲ့ အပြုံးက

ရုတ်တရက် ပေါ်လာခဲ့ ပါတယ်။ဒါက လင်းဟန်အနေနဲ့ ဒီ လှိုညီအမ နှစ်ယောက် အပေါ် လုံးဝ စိတ်ဝင်စား မှု မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ ဒီလိုမျိုးလုပ်မှာမဟုတ်ပါဘူး။ ဒီလိုမျိုးသိလိုက်ရတာ သူမအတွက် အရမ်းကို ပျော်ရွှင် သွားစေခဲ့ပါတယ်။ သူမကိုယ် သူမ ဒီလိုမျိုး ပျော်ရွှင်နေတဲ့အတွက်ကြောင့်လဲ တစ်မျိုးကြီး ဖြစ်နေသလို ခံစားလိုက်ရပါတယ်။

မကြာခင်မှာ သူတို့ ကောင်းကင်ဆေးအိမ်တော်ကို ရောက်လာခဲ့ပါတယ်။

``သခင်လေးဟန်``

သူက အထဲကို ဝင်လာယုံပဲရှိပါသေးတယ်။ လှေကားပေါ်မှာကနေ အသက် ၆ဝ အရွယ်ခန့်ရှိတဲ့ အဘိုးကြီးတစ်ယောက် ဆင်းလာတာကို မြင်လိုက်ရပါတယ်။ ဒီ အဘိုးကြီးက လင်းဟန်ကို မြင်လိုက်တာနဲ့ အလျင်အမြန်နဲ့ သူ့အနားကို ချဉ်းကပ် လာပြီးတော့ သူ့ကို အရမ်းကို ရိုသေလေးစားစွာနဲ့ နှုတ်ဆက်လိုက်ပါတယ်။

အဘိုးကြီးရဲ့ နောက်မှာ တစ်ခြားလူလေးယောက်ရှိပြီးတော့

သူတို့လေးယောက်လုံး က အဘိုးကြီးရဲ့ တပည့်တွေပဲဖြစ်ပါတယ်။ သူတို့ရဲ့ ဆရာက ဒီလိုမျိုး ပြုမှုလိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ သူတို့ရဲ့မျက်နှာမှာ အလွန်အမင်းကို အံ့အားသင့်သွားတဲ့ အမူအရာတွေ ဖြစ်ပေါ် လာခဲ့ပါတယ်။

ဒါက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တဲ့ ကြီးမြတ်တဲ့ ဆရာသခင် ယွမ်ချူးယွမ် ပဲ ဖြစ်ပါတယ်။ မိုးရေနိုင်ငံရဲ့ မှော်ဆေးပညာမှာ အကြီးကျယ်ဆုံး ခေါင်းဆောင်နှစ်ယောက်ရဲ့ အောက် ခြေတစ်လှမ်းအကွာမှာပဲ ရှိပါတယ်။ ဒါပေမဲ့ ယွမ်ချူးက သူ့ရဲ့ ခေါင်းကို ငုံ့ထားယုံသာမက အရမ်းကို ရိုသေလေးစားမှုတွေ ပြည့်နေတဲ့ မျက်နှာကို သူတို့တွေမြင်လိုက်ရတဲ့အခါမှာတော့ ဒါက အတုအယောင် မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ဒါက လုံးဝ ဟန်ဆောင်နေတာမဟုတ်ပဲ တကယ့်ကို ကြည်ညိုလေးစားတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။

တကယ်လို့ လင်းဟန်က ဖုယွမ်ရှင်း ဒါမှမဟုတ် ပူဆောင်လင်း ဆိုယင် ဒါက မထူးဆန်းပါဘူး။ မှော်ဆေးပညာရပ်က သိုင်းပညာရပ်နဲ့တူညီပါတယ်။အဆင့်မတူညီ တဲ့

ကွာဟချက်က ကောင်းကင်နဲ့ မြေကြီးကြားက ကွာဟချက်နဲ့တူညီပါတယ်။ ဒါပေမဲ့ လင်းဟန်က လူငယ်တစ်ယောက်ပဲဖြစ်ပါတယ်။ သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီး တော့ မအံ့သြပဲနဲ့ နေနိုင်မှာလဲ?

သူတို့ တစ္ဆေသရဲ တစ်ကောင်ကို မြင်ခဲ့ကြတာပါ။ သူတို့ရဲ့ မျက်လုံးတွေကို ပြင်းပြင်း ထန်ထန် ပွတ်ပြီးတော့ ဒီမြင်ကွင်းကို အစစ်ဆိုတာကို မယုံကြည်နိုင်စွာနဲ့ ကြည့်နေကြပါတယ်။

``ခင်ဗျားက......``

လင်းဟန်က ဒီလူက သူ့ရဲ့ မှော်ဆေးပညာ နည်းစနစ်ကို ထုတ်ဖော်ပြခဲ့တဲ့ နေ့တုန်းက စူးစမ်းလေ့လာတဲ့ မှော်ဆေးပညာရှင်တွေထဲက
တစ်ယောက်ဖြစ်တယ်ဆိုတာကို သတိပြုမိပါတယ်။ ဒါပေမဲ့ ဒီလူက ဘယ်သူလဲ ဆိုတာကိုတော့ သူအတိအကျမသိပါဘူး။

``ဖူးးးးးး``

သူတို့အားလုံးပဲ သွားပြီ လို့ ခံစားလိုက်ရပါတယ်။ ဂရန်းမာစတာရဲ့ မျက်နှာကို မင်းရဲ့ ဖိနပ်နဲ့

ဖြတ်ရိုက်လိုက်သလိုပါပဲ. ပြီးတော့ မင်း လပြောင်ကွတ် က ဂရန်းမာစတာ ယွမ်ချူးက ဘယ်သူလဲဆိုတာတောင် မသိဘူးဟုတ်လား? သူတို့က ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။

``ကျုပ်နာမည်က ယွမ်ချူး ပါ.. လွန်ခဲ့တဲ့ အချိန်တုန်းက ကံကောင်းထောက်မ စွာနဲ့ သခင်လေးဟန် မှော်ဆေးလုံး ဖော်စပ်နေတာကို ကိုယ်တွေ့ မြင်ခဲ့ရပါတယ်။ သခင်လေးဟန် ဆီကနေ ကြီးမားတဲ့ အကျိုးအမြတ်ကို ကျုပ်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီနေ့က သခင်လေးဟန်ရဲ့ နည်းစနစ်ကို ကျုပ် လုံးဝ နှစ်မြုပ်ပြီး လေ့လာနေတဲ့ အတွက် သခင်လေးဟန် ဘယ်အချိန်ထွက်သွားလဲဆိုတာကိုတောင်မှ မသိခဲ့ပါဘူး။ ကျုပ်က ကြီးကြီးမားမား အပြစ်ကျူးလွန်ခဲ့ပါတယ်။ ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ.. သခင်လေးဟန်``

ယွမ်ချူးယွမ်က ကြောက်ရွံ့ပြီး ရင်တဒိတ်ဒိတ်ခုန် ကာ ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်း နောက်ထပ် အံ့အားသင့်သွားပါတယ်။ ဂရန်းမာစတာ ယွမ်ချူးရဲ့ အဆင့်အတန်းနဲ့ သူက လင်းဟန် ထွက်သွားတာကို မမြင်မိပဲ ကိုယ်တိုင်ကိုယ်ကျ လိုက်ပီး နှုတ်မဆက်ရတဲ့အတွက် တကယ်ပဲ တောင်းပန်နေတယ်။

ဒီကောင်က ဘယ်သူလဲ? သူက တကယ့်ကို ကြောက်စရာကောင်းတာပဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကိစ္စမရှိပါဘူး ရပါတယ်``

``သခင်လေးဟန် ဒီနေ့ရော မှော်ဆေးလုံး ထပ်ပြီး ဖော်စပ်ဖို့အတွက် လာခဲ့တာလား?``

ယွမ်ချူး ကမေးလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာမှာ ကြီးမားတဲ့ မျှော်လင့်ချက်တွေနဲ့ ပြည့်နေပါတယ်။ သူက လင်းဟန်ရဲ့ မှော်ဆေးလုံး ဖော်စပ်နေတာကို အကြိမ် အနည်း ငယ် ထပ်ပြီးတော့ ကြည့်ရှုနိုင်မယ်ဆိုယင် သူက လုံး၀ အဆင့်တက်ပြီးတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်လာလိမ့်မယ် ဆိုတာကို အကြီးအကျယ် ယုံကြည်နေပါတယ်။ ဒါကြောင့် သူက အရမ်းကို စိတ်အား ထက်သန်နေတာပဲဖြစ်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

``မှန်တယ်.. ငါက မှော်ဆေးလုံး တစ်မျိုး ကို

ဖော်စပ်ချင်တာပါ``

``ကျေးဇူးပြုပြီး ကြွပါ ခင်ဗျာ``

ယွမ်းချူးက လျင်မြန်စွာနဲ့ ရိုသေးလေးစားမှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

ယွမ်ချူးရဲ့ဦးဆောင်မှု နဲ့ လင်းဟာန်က အဓိက ခန်းမထဲကို လျင်မြန်စွာနဲ့ ဝင်လိုက်ပါတယ်.။

``သခင်လေးဟာန်``

ရှောင်ယင်း ကချက်ချင်းပဲ ထွက်လာပြီးတော့ သူ့ကိုကြိုဆိုလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ ကျေနပ် အံ့အားသင့်မှုတွေနဲ့ ပြည့်နေပါတယ်။ သူမက မန်နေဂျာ တစ်ယောက်ရဲ့ နေရာကို ရာထူးတိုးသွားကတည်းက တံခါးဝမှာ နေပြီးတော့ ဧည့်သည်တွေကို နှုတ်ဆက်ဖို့ မလိုတော့ပါဘူး။ ဒါပေမဲ့ သူမက လင်းဟာန်ကို ထပ်ပြီး တော့ တွေ့ချင်နေပါသေးတယ်။ ဒါကြောင့် သူမက တံခါးမှာ ဆက်ပီးတော့ ရပ်စောင့်နေခဲ့ပါတယ်။ နောက်ဆုံးတော့ သူမရဲ့ ဆန္ဒတွေ ပြည့်ခဲ့ပါပြီ။

လင်းဟာန်က သူမကို ခေါင်းငြိမ့်ပြလိုက်ပါတယ်။ လှီယုထန်ရဲ့ နှုတ်ခမ်းထောင့် က အနည်းငယ် ပြုံးလိုက်ပါတယ်။ ဒီကောင်စုတ်က မိန်းကလေးတွေ သူ့အပေါ်ကို ကျဆင်းသွားအောင်လုပ်တဲ့ နေရာမှာ တကယ့်ကို ကျွမ်းကျင်သူတစ်ယောက်ပဲ။

CHAPTER 157 အခြေခံ တည်ဆောက်ရေး ဆေးလုံး

လင်းဟာန်က ရှောင်ယင်းကို ခေါင်းငြိမ့်ပြပြီးတော့ တတိယအထပ်ကို ယွမ်ချူးရဲ့ ဦးဆောင်မှုနဲ့ တက်သွားခဲ့ပါတယ်။

ဒီနေရာက အဆင့်မြင့်တဲ့ မှော်ဆေးပညာရှင်တွေ အနားယူဖို့နဲ့ မှော်ဆေးလုံး ဖော်စပ်တဲ့ နေရာပဲဖြစ်ပါတယ်။

``ဒီလိုဆိုယင်ရော? ဒီနေ့ လူဦးရေကို မကန့်သတ်ထားဘူး.. ကျုပ် မှော်ဆေးလုံး ဖော်စပ်တာကို အားလုံးပဲ လေ့လာနိုင်တယ်.. ဒီအတွက် အခကြေးငွေကို ငွေပြား တစ်သန်း နဲ့ပဲ ရိုးရိုးလေး လက်ခံပေးမယ်`

လင်းဟာန်က ယွမ်ချူးကို ပြောလိုက်ပါတယ်။

``အဟွတ်အဟွတ်``

ယွမ်ချူးရဲ့ တပည့်လေးယောက် ချောင်းထပ်ဆိုးသွားပါတယ်။

ဒါက မျော်ဆေးလုံးဖော်စပ်တဲ့ လုပ်ငန်းကို ရိုးရိုးလေး လေ့လာစောင့်ကြည့်တာကို မင်းက အခကြေးငွေ တစ်သန်းတောင်မှ လိုချင်သေးတယ်.. သူတို့ကို မင်းက ဓါးပြတိုက်ဖို့ ကြိုးစားနေတာလား?

လှီယုထန် ရဲ့ နှုတ်ခမ်းတောင်မှ တွန့်သွားပါတယ်။ သူဆေးလုံး ဖော်စပ်တာကို တစ်ခါ စောင့်ကြည့်လေ့လာဖို့ ငွေပြားတစ်သန်း.... တကယ်လို့ ဒီနေရာမှာ လူဆယ်ယောက် ပဲရှိယင်တောင်မှ လင်းဟန်က ငွေပြား ဆယ်သန်းကို ရယူနိုင်မှာဖြစ်ပြီးတော့ သူဖော်စပ်တဲ့ အချိန်တိုင်း စောင့်ကြည့်လေ့လာဖို့ ခွင့်ပြုခဲ့ပြီး ဆယ်ကြိမ်လောက် သာ ဆေးဖော်စပ်ခဲ့မယ်ဆိုယင် သူ့ကို ငွေပြား သန်းတစ်ရာတောင် ရသွားစေမှာပါ။

ငွေပြား သန်းတစ်ရာ။

လှီကလန် က အင်အားကြီးကလန်ဖြစ်ပြီးတော့ သူတို့နာမည်အောက်မှာ စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတာတောင်မှ သူတို့ရဲ့ တစ်လ ဝင်ငွေက ငွေပြား

သန်းတစ်ရာတောင် မကပါဘူး.. ဒါပေမဲ့ တကယ်လို့ မင်းက အမြတ်သီးသန့် အကြောင်းကိုပဲ ပြောတာဆိုယင်တော့ ငွေပြား သန်းတစ်ရာလောက် မများပါဘူး။

လူတစ်ယောက်ရဲ့ ရှာလို့ရတဲ့ ဝင်ငွေက ကလန်တစ်ခုလုံးရှာလို့ ရတဲ့ ဝင်ငွေနဲ့ ညီမျှနေပါတယ်။

လင်းဟန်က ချန်းကလန်ကို ဘဏ္ဍာရေးနဲ့ပါတ်သတ်ပြီးတော့ အပြတ်အသတ် အနိုင်ယူဖို့ သူ့မှာ ယုံကြည်ချက် ရှိနေတာ အံ့သြစရာမဟုတ်တော့ဘူး.. သူ့အတွက်ကတော့ ငွေရှာရတာ တကယ့်ကို လွယ်ကူလွန်းပါတယ်။

ဒါပေမဲ့ တစ်ခုရှိတာက ယွမ်ချူးက ဒီလိုမျိုး အခြေအနေကို တကယ်ပဲ လက်ခံပါ့မလား?

``တကယ်လား?``

ယွမ်ချူးရဲ့ မျက်လုံးတွေပိုင်းစက်သွားပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ ကျေနပ် အံ့အားသင့်နေတဲ့အမူအရာ ဖြစ်ပေါ်လာပါတယ်။

``ငွေပြား တစ်သန်းထဲပဲလား?``

သေစမ်း။

လွှိုယုထန်နဲ့ သူရဲ့ တပည့်လေးယောက်စလုံး သူတို့တော့ လိုက်မမှီတော့ဘူး လို့ ချက်ချင်းဆိုသလို ခံစားလိုက်ရပါတယ်။ ယွမ်ချူးက ငွေပြားတသန်းဆိုတာက ဈေးချိုတယ်လို့ ထင်နေတယ်ပေ့ါလေ။

တကယ်လို့ သူသာ လင်းဟန် မှော်ဆေးလုံးဖော်စပ်နေတာကို အကြိမ် အနည်းငယ် ထပ်ပြီးကြည့်ပြီးလေ့လာလို့ ရမယ်ဆိုယင် သူက နောက်တစ်ဆင့်ကို တက်သွား နိုင်ပါတယ်။ ဒီလိုမျိုး အကျိုးအမြတ်က ဘယ်လိုလုပ်ပြီးတော့ ငွေကြေးနဲ့ တိုင်းတာလို့ ရနိုင်မှာလဲ?ဒ့ါအပြင် သူက နောက်တစ်ဆင့်ကို အဆင့်တက်နိုင်ခဲ့မယ်ဆိုယင် သူက ပိုပြီးတော့ အဆင့်မြင့်တဲ့ မှော်ဆေးလုံးတွေကိုတောင်မှ ဖော်စပ်နိုင်ပါဦးမယ်. မှော်ဆေးပညာဂုရှင်တစ်ယောက်က နောက်တစ်ဆင့် တက်သွားခဲ့မယ်ဆိုယင် သူဖော်စပ်တဲ့ မှော်ဆေးလုံးရဲ့ တန်ဖိုးကလဲ နောက်တစ်ဆင့်ကို မိုးထိမြင့်အောင် တက်သွားပါလိမ့်မယ်။

သေချာပေါက် တစ်ခု ပြောနိုင်တာက အဆင့်မြင့် မှော်ဆေးပညာရှင်တိုင်းက အလွန်အမင်းကို

ချမ်းသာကြွယ်ဝကြပါတယ်။ ဒါပေမဲ့ မော်ဆေးပညာရှင် အများစု က သူတို့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို သိုလှောင်သိမ်းဆည်းမထားပဲနဲ့ အဲဒီအစားသူတို့ရဲ့ အလွန်အမင်း ချမ်းသာကြွယ်ဝမှုတွေကို အသုံးပြုပြီး မော်ဆေးပညာရှင်တစ်ယောက် ရဲ့ စွမ်းရည်ကို တိုးလာအောင်လို့ အသုံးချကြပါတယ်။ ဒါပေမဲ့ မော်ဆေးပညာရှင် တစ်ယောက်က အနက်ရောင်အဆင့်ကို ရောက်တဲ့အခါမှာ သူတို့ထဲက ဘယ်သူကများ ငွေသန်းပေါင်းအနည်းငယ်ကို မစုဆောင်းထားတဲ့သူ မရှိလို့လဲ?

ငွေပြား တစ်သန်းဆိုတာက သူတို့အတွက် တကယ့်ကို ဘာမှမဟုတ်ပါဘူး။

လင်းဟန်ကလဲပဲ ငွေကြေးချမ်းသာမှုကို အများကြီး အာရုံစိုက်ထားတဲ့ သူမဟုတ်ပါဘူး။ ငွေဆိုတာက ကျယ်ကျယ်ပြန့်ပြန့် သုံးတဲ့ အရာတစ်ခုဖြစ်ပြီးတော့ တစ်ယောက်ယောက်ရဲ့ စွမ်းရည်က ပန်းဖူးအဆင့်ကိုရောက်သွားတဲ့ အခါမှာ လိုအပ်တဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေကို ငွေနဲ့ဝယ်လို့ မရတော့ပါဘူး။ပန်းဖူး အဆင့်နဲ့ သူ့အထက်က အဆင့်တွေမှာ သူလိုအပ်တဲ့ အရင်းအမြစ်တွေကို တစ်ခြား

လဲလှယ်မဲ့သူလိုအပ်တဲ့ အရင်းအမြစ်တွေနဲ့ပဲ အပေးအယူလုပ်ပြီး လဲလှယ်မှု လုပ်ကြပါတော့တယ်။

အခုလောလောဆယ် သူ့အတွက်ကတော့ ငွေက အသုံးဝင်ပါသေးတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် စောင်ကြည့်လေ့လာဖို့အတွက် သူက ငွေတောင်းမှာမဟုတ်ပါဘူး။

ယွမ်ချူးက ချက်ချင်းပဲ တစ်ခြား မှော်ဆေးပညာရှင်တွေကို ခေါ်ဖို့အတွက် ထွက်သွားပါတယ်။ အရမ်းကို လျှင်မြန်စွာနဲ့ပဲ အနက်ရောင်အဆင့် မှော်ဆေးပညာရှင် တွေ တစ်ယောက်ပြီးတစ်ယောက် ရောက်လာခဲ့ပါတယ်။ ဒီ့အပြင် သနားစရာကောင်းတဲ့ အဂါရောင်အဆင့် မှော်ဆေးပညာရှင် အနည်းငယ်လဲ ရှိပါတယ်.။ သူတို့က လီစီရှန်း ချီကျန်းထျန် နဲ့ တစ်ခြား လူနည်းစုပါ.. နောက်ဆုံး ရောက်လာတာက ဖုယွင်ရှင်းပဲဖြစ်ပါတယ်။

``အဘိုးကြီးဖု... ခင်ဗျားက အချိန်ကိုက်ရောက်လာတာပဲ.. ငါ့ကို ကူညီပြီး တော့ ငွေတွေစုပေး``

လင်းဟန်က ပြောလိုက်ပါတယ်။

ယွမ်ချူး ရဲ့ တပည့်လေးယောက် တကယ့်ကို မူးမေ့သွားမလို ဖြစ်သွားပါတယ်။ သူက အဘိုးကြီးဖု လို့ခေါ်လိုက်တဲ့ သူက မိုးရေနိုင်ငံရဲ့ မော်ဆေးပညာနယ်ပယ်မှာ အကြီးကျယ်ဆုံး ခေါင်းဆောင်ကြီးနှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ဖုယွင်ရှင်း ပဲဖြစ်ပါတယ်။

ထိုအချိန်အတွင်းမှာ ဖုယွင်ရှင်းရဲ့ အမူအရာက ပြုံးရီနေပြီးတော့ အရှေ့ကို ထွက်လာပါတယ်။ ဒါက ဂရန်းမာစတာတစ်ယောက် အတွက် လုပ်ဆောင်ပေးရတဲ့ အတွက် သူရဲ့ ဂုဏ်ယူစရာကိစ္စပဲဖြစ်ပါတယ်။ ဒီ့အပြင် ဒီအဆင့်မြင့် မော်ဆေးပညာ ရှင် အားလုံးက မော်ဆေးပညာတစ်ယောက်ရဲ့ ပညာသင်အဖြစ်နဲ့ မစတင်ခဲ့တဲ့ သူမရှိဘူးမဟုတ်လား? သူတို့အားလုံးက အဆင့်မြင့်တဲ့ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ လက်တိုလက်တောင်း အလုပ်တွေကို ကူညီပြီးတော့ စတင်လုပ်ဆောင်ခဲ့ကြတာဖြစ်လို့ ဒါက သူတို့အတွက်တော့အသစ်အဆန်းမဟုတ်တော့ပါဘူး။

ဒါကြောင့် ဘယ်သူကမှ ဖုယွင်ရှင်းအတွက် နည်းနည်းလေးမှ အထင်သေးတာမျိုး မခံစားရပါဘူး။ တစ်ခြားတစ်ဖက်မှာ သူတို့အားလုံးက မယုံနိုင်စရာကောင်းအောင် မနာလိုဖြစ်အားကျနေကြပါတယ်။

ကြီးကျယ်မြင့်မြတ်တဲ့ မော်ဆေးပညာရှင်တစ်ယောက်အတွက် ဆောင်ရွက်ပေးရ တာ က ဘယ်လောက်တောင် မနာလိုချင်စရာကောင်းတဲ့ တာဝန်လဲ။

လူတိုင်းလူတိုင်းက စောင့်ကြည့်လေ့လာဖို့ အခကြေးငွေကို ကျေကျေနပ်နပ်နဲ့ ပေးပြီး တော့ လီစီရှန်းနဲ့ ချီကျန်းထျန် ကတော့ ပေးရခြင်းကနေ ကင်းလွတ်ခွင့်ရပါတယ်။ အနက်ရောင် အဆင့် မော်ဆေးပညာရှင်တွေက တကယ့်ကို ချမ်းသာကြွယ်ဝကြတာ ပဲ။

``ဒီနေ့ ငါ အခြေခံ တည်ဆောက်ရေး ဆေးလုံးကို ဖော်စပ်မယ်.. အားလုံးပဲ ဒါက အနက်ရောင်အဆင့်မြင့် အဆင့် မော်ဆေးလုံး တစ်ခု ဆိုတာကို သိကြတယ်မဟုတ်လား? ပြီးတဲ့အခါကျယင် ငါလည်း အနက်ရောင်အဆင့်မြင့် မော်ဆေးပညာရှင် တံဆိပ်ပြားကို ရယူမယ်``

လင်းဟန်ပြောလိုက်ပါတယ်။သူက ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင်ကို ပစ်ချလိုက်တဲ့ ပုံစံမျိုးပါ။

အခြေခံ တည်ဆောက်ရေး ဆေးလုံး။

အခြေခံတည်ဆောက်ရေးဆေးလုံး ဆိုတဲ့နာမည်ကို သူတို့ကြားလိုက်ရတဲ့အခါမှာ အားလုံး အရမ်းကို အံ့ဩသွားပြီးတော့ အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ်ကုန် ပါတယ်။

အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံး အမျိုးအစားတွေ အများကြီးရှိပါတယ်။ အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံးတွေ ဖော်စပ်တဲ့အခါမှာ မတူညီတဲ့ အခက်အခဲ တွေကလည်း အမျိုးမျိုး ရှိပါတယ်။ ခက်ခဲမှုအဆင့် လေးခုရှိပါတယ်။ အဲဒါတွေက လွယ်ကူခြင်း… ခက်ခဲခြင်း.. အလွန်အမင်းခက်ခဲခြင်းနဲ့.. မဖြစ်နိုင်လုနီးနီး ခက်ခဲခြင်း ဆိုပြီးရှိပါတယ်။ ဒီမှော်ဆေးလုံးတွေက မဖြစ်နိုင်လုနီးနီး ခက်ခဲခြင်း အဆင့်မှာရှိနေတဲ့ဆေးတွေဆိုယင် မြေကဲ့မှာအဆင့် မှော်ဆေးလုံးအဆင့်နဲ့ အရမ်းကို နီးကပ်နေပါတယ်။ ဒါကြောင့် မှော်ဆေးပညာရှင် တစ်ယောက်က အဲဒီအမျိုးအစားထဲက မှော်ဆေးလုံးတစ်ခုကို အောင်မြင်စွာနဲ့ ဖော်စပ်နိုင်ယင် မြေကဲ့မှာအဆင့် မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်လာဖို့ လုံး၀ နီးစပ်ပါတယ်။

အခြေခံတည်ဆောက်ရေး ဆေးလုံးက မဖြစ်နိုင်လုနီးနီး

ခက်ခဲခြင်း အမျိုးအစား ထဲမှာ ပါဝင်တဲ့ ဆေးတစ်မျိုးဖြစ်ပါတယ်။

ဒီလိုမျိုး မှော်ဆေးလုံးက စိတ်ဝိဉာဉ်ပယ်လယ် အဆင့်မှော်ဆေးပညာရှင် တစ်ယောက် ကိုတောင်မှ သူရဲ့ အခြေခံကို စိတ်ဝိဉာဉ်ပုလ္လင် တည်ဆောက်ခြင်း အတွက်ကို ကူညီနိုင်ပါတယ်။ ၎င်းက စိတ်ဝိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် ကို စိတ်ဝိဉာဉ်ပုလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်အောင် ကူညီနိုင်တဲ့ အရှားပါးဆုံး သော မှော်ဆေးလုံးအမျိုးအစားထဲမှာ ပါဝင်ပါတယ်။ အခြေခံ တည်ဆောက်ရေး ဆေးလုံးကို မြေကမ္ဘာအဆင့်နဲ့ နီးတယ်လို့ သတ်မှတ်ရတဲ့အကြောင်းက ပထမ ၎င်းကို ဖော်စပ်ရတာက မဖြစ်နိုင်လုနီးနီး ခက်ခဲခြင်း အဆင့်မှာရှိတဲ့အတွက်ဖြစ်ပြီး ဒုတိယကတော့ ပြည့်စုံတဲ့ဆေးလုံး ရဲ့ အာနိသင် အကျိုးကျေးဇူး ကြောင့်ပဲ ဖြစ်ပါတယ်။

သိုင်းပညာရှင်တစ်ယောက်အတွက် မှော်ဆေးလုံးသုံးမျိုးက သူတို့အတွက် တန်ဖိုး အကြီးဆုံးဖြစ်ပါတယ်။ ပထမကတော့ သူတို့ရဲ့ကျင့်ကြံခြင်းကို တိုးလာအောင် ကူညီပေးနိုင်တဲ့ အမျိုးအစား.. ဒုတိယက သိုင်းပညာနည်းစနစ်တွေကို နားလည်သဘောပေါက်အောင်လို့ ကူညီပေးနိုင်တဲ့ အမျိုးအစား နဲ့ တတိယ အမျိုးအစားကတော့ သူတို့ကို

နောက်တစ်ဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်အောင် လို့ ကူညီနိုင်တဲ့ ဆေးလုံးမျိုး ပဲဖြစ်ပါတယ်။ တကယ်လို့ ဒီ ဆေးလုံး သုံးမျိုးကို အရေးပါမှုနဲ့ တန်ဖိုး ပေါ်မူတည်ပြီးတော့ အဆင့်ခွဲရမယ်ဆိုယင် တန်ဖိုး အကြီးဆုံးနဲ့ အရှားပါးဆုံးအမျိုးအစားက သိုင်းပညာရှင် တစ်ယောက်ကို နောက်တစ်ဆင့်ကို ချိုးဖျက်ဝင်ရောက် အောင်ကူညီနိုင်တဲ့ ဆေးလုံးပဲဖြစ်ပါတယ်။

ဒီနေရာက လူတိုင်းလူတိုင်းက အခြေခံတည်ဆောက်ရေး ဆေးလုံး အကြောင်းကို အယင်ကတည်းက ကြားဖူးကြပါတယ်။ ဒါပေမဲ့ မိုးရေနိုင်ငံလို သေးငယ်တဲ့ နေရာလေး တစ်ခုမှာ ၎င်းကို အောင်မြင်စွာနဲ့ဖော်စပ်နိုင်တဲ့ သူတစ်ယောက်မှ မရှိပါဘူး။ ဒီနေရာရဲ့ မှော်ဆေးပညာမှာ အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံးဖြစ်တဲ့ ခေါင်းဆောင်ကြီးနှစ်ယောက်လဲ အပါအဝင်ပါပဲ။ တကယ်လို့ ဒီလိုမျိုးမှော်ဆေးလုံး ကိုသာ ရောင်းချဖို့အတွက် ထုတ်လုပ်နိုင်ခဲ့မယ်ဆိုယင် မိုးရေနိုင်ငံမှာ စိတ်ဝိဉာဉ်ပုလ္လင် အဆင့် လက်ရွေးစင်တွေ အမြောက်အများ ပေါ်ထွက်လာနိုင်ပါလိမ့်မယ်။

ဒါက မိုးရေနိုင်ငံရဲ့ စွမ်းအားညီမျှ မှု ကို ပြောင်းလဲနိုင်ဖို့ ဖြစ်နိုင်ချေ အများကြီး ရှိပါတယ်။

စဉ်းစားကြည့်မိယုံနဲ့တောင်မှ ဒီလူတွေကို သွားရေမြားမြား ကျစေခဲ့ပါတယ်။ မှော်ဆေးပညာရှင်တစ်ယောက်က နိုင်ငံတစ်ခုရဲ့ စွမ်းအားတည်ဆောက်ပုံကို လုံးဝပြောင်းလဲပစ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒီအသံက စိတ်ကူးယဉ်အိမ်မက် တစ်ခုလိုပါပဲ။

``ငါ ဒီပါဝင်ပစ္စည်းတွေလိုအပ်တယ်``

လင်းဟန်က ဖုယွင်ရှင်း ကိုပြောလိုက်ပါတယ်။ အခြေခံတည်ဆောက်ရေး ဆေးလုံး ကမြေကျွှာအဆင့်နဲ့ အရမ်းကို နီးကပ်နေရတဲ့အကြောင်း ဒီလို ဆေးလုံး တစ်ခုကို ဖော်စပ်တဲ့အခါမှာ သူရဲ့ ခက်ခဲတဲ့အဆင့်နဲ့ သူ့အာနိသင်ကြောင့်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူကို ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေက တစ်ခြား အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံးတွေကို ဖော်စပ်တဲ့ အခါမှာလိုအပ်တဲ့ ပါဝင်ပစ္စည်းတွေနဲ့ အများကြီး မကွာခြားပါဘူး။ ဒါကြောင့် ကောင်းကင်ဆေးအိမ်တော် အနေနဲ့ လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေ သေချာပေါက်ရှိပါတယ်။

ဖုယွင်ရှင်းက ချက်ချင်းပဲ ခေါင်းငြိမ့်လိုက်ပီးတော့ လင်းဟန်လိုအပ်တဲ့ ပါဝင်ပစ္စည်း တွေကို

သူတို့ရဲ့သိုလှောင်ခန်းကနေ သွားယူလာဖို့ တစ်စုံတစ်ယောက်ကို အမိန့်ပေးလိုက်ပါတယ်။

``အားလုံး ဘယ်လောက်ကျလဲ?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``သခင်လေးဟန်ရဲ့ ငွေကို ဘယ်လိုလုပ်ပီးတော့ လက်ခံနိုင်မှာလဲ?``

ဖုယွင်ရှင်းက လျင်မြန်စွာပဲ သူ့ရဲ့ လက်ကို ယမ်းပြီးတော့ ငြင်းပယ်လိုက်ပါတယ်။

လင်းဟန်က တပြားသားမျှ မလျှော့ပဲ ပြောလိုက်ပါတယ်။

``မင်း လက်ခံရမယ်``

တကယ်လို့ ကောင်းကင်ဆေးအိမ်တော် က သူ့ရဲ့ ပေးချေမှုကို လက်ခံလိုက်မယ်ဆိုယင် အခြေခံတည်ဆောက်ရေး ဆေးလုံးက သူ့အတွက် ပဲ ဖြစ်သွားပီ. ဒီအရာအတွက် ပါဂင်ပစ္စည်းတွေက ဘယ်လောက်များကုန်ကျ နိုင်မှာလဲ?

တစ်သန်းလား? နှစ်သန်းလား? ဒါပေမဲ့ ပြီးပြည့်စုံတဲ့ ဆေးလုံးကို ဆယ်သန်း နဲ့ လေလံတင်ပြီး ရောင်းချမယ်ဆိုယင်တောင်မှ ဒါက ဈေးအရမ်းကို သက်သာနေပါ သေးတယ်။ ၎င်းဆေးလုံးကို ဂယ်ယူဖို့ လူတွေအများကြီး တိုက်ခိုက်လုယူ ကြမယ်ဆိုတာ အာမခံနိုင်ပါတယ်.။

ဖုယွင်ရှင်းက မလုံမလဲနဲ့ ပြုံးလိုက်ပါတယ်. . သူက ပြီးပြည့်စုံတဲ့ ဆေးလုံးကို လေ့လာဖို့ အတွက်ယူဖို့ ရည်ရွယ်ထားပါတယ်။ မြေကမ္ဘာအဆင့်နဲ့ နီးကပ်တဲ့ အဆင့်မှာ ရှိတဲ့ ဆေးလုံးအတွက် အောင်မြင်မှု နှုန်းကို နားလည်နိုင်ခဲ့မယ်ဆိုယင် အခွံအားသင့်စရာကောင်းပါတယ်။ တကယ်လို့ ဆေးကျိုအိုးတစ်ခုက ဆေးဆယ်လုံးကို ထုတ်ဖော်နိုင်မယ်ဆိုယင် ဒါက အံ့သြဖွယ်ရာကောင်းပါလိမ့်မယ်။ တကယ်လို့ ပြီးပြည့်စုံတဲ့ ဆေးတစ်လုံးပဲရှိတယ်ဆိုယင် ဒါက အောင်မြင်စွာနဲ့ ဖော်စပ်တာပဲဖြစ်ပါတယ်။

အနက်ရောင် အဆင့်မြင့် အဆင့် မှော်ဆေးလုံး ဖော်စပ်ဖို့ ပါဂင်ပစ္စည်းတွေက အရမ်းကို ဈေးကြီးပါတယ်။ယ ဆေးကျိုအိုးတစ်ခုစာ အတွက် ပါဂင်ပစ္စည်းတန်ဖိုး က သုံးသန်းလောက်အထိ မြင့်နိုင်ပါတယ်။ ပြီးတော့ တကယ်လို့

ဖော်စပ်ခြင်း လုပ်ငန်း စဉ်အတွင်းမှာ ဆေးကျိုးအိုးပေါက်ကွဲသွားမယ်ဆိုယင် ဒါက ငွေပြားသုံးသန်း လုံးကို တစ်ခါတည်းနဲ့ ဖြုန်းတီးလိုက်တာပါပဲ. ဒါပေမဲ့ တကယ်လို့ ဆေးလုံးကို အောင်မြင်စွာ နဲ့ဖော်စပ်နိုင်ခဲ့မယ်ဆိုယင် မှော်ဆေးပညာရှင် အနေနဲ့ သူ့ရဲ့ ရင်းနှီးမြုပ်နှံမှုကို ပြန်ရယုံသာမက ကြီးမားတဲ့အမြတ်အစွန်းကိုလည်းပဲ ရပါလိမ့်မယ်။

လင်းဟန်က မြို့တော်မှာ တစ်ခြား ဘာစီးပွားရေးမှလုပ်စရာမလိုပါဘူး။ သူက လက်ဗလာ နဲ့ ရောက်လာပြီး သူ့ရဲ့ စောင့်ကြည့်လေ့လာခြင်း အခကြေး နဲ့ သူက တစ်ခါတည်း ငွေပြား ဆယ့်ရှစ်သန်းလောက်ရသွားပါတယ်။ အခု သူ့ရဲ့ ငွေပြား ဆယ့်ရှစ်သန်း ထဲက သုံးသန်းပဲ ပေးရမှာဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ စွမ်းရည်နဲ့ မြေကမ္ဘာအဆင့်နဲ့နီးတဲ့ ဆေးလုံးကိုတောင် မထည့်တွက်ရသေးပါဘူး။ တကယ်လို့ သူက ဆေးသုံးလုံးကို ထုတ်လုပ်နိုင်မယ်ဆိုယင် တန်ဖိုးက တွေးကြည့်ယုံနဲ့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းသွားပါပြီ။

``အားလုံးပဲ ကျေးဇူးပြုပြီးတော့ အနီးကပ် လေ့လာကြပါ.. ငါအခု စတော့မယ်``

လင်းဟန်က ပြောလိုက်ပါတယ်။ ဒီလူတွေအားလုံးက သူကို လေ့လာဖို့ အခကြေးငွေ ပေးထားပါတယ်။

သူတို့အားလုံးက မျက်လုံးတွေကို ပြူးနိုင်သမျှ ပြူးအောင် ဖွင့်ထားကြပါတယ်။ သူတို့က မှော်ဆေးပညာနယ်ပယ်က ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင်တစ်ယောက်ရဲ့ နည်းစနစ်ကို လေ့လာယုံသာမက မြေကမ္ဘာအဆင့် နီးတဲ့ ဆေးလုံးရဲ့ ဖြစ်ပေါ်လာပုံကိုပါ မျက်မြင်ကိုယ်တွေ့ မြင်နိုင်ပါလိမ့်မယ်။

စဉ်းစားယုံမျှဖြင့် သူတို့ကို စိတ်လှုပ်ရှားမှုကြောင့် သွားရည်တွေ ကျအောင်လုပ်ဖို့ လုံလောက်ပါတယ်။

လင်းဟန်က အမှုအရာက တကယ့်ကို အာရုံစူးစိုက်လိုက်ပါတယ်။ သူက မှော်ဆေးပညာနဲ့ပါတ်သတ်တဲ့ ကိစ္စတွေမှာ ဘယ်တော့မှ မပေါ့ဆခဲ့ပါဘူး။

သက်ပြင်းကို ရှိုက်ပီးတဲ့ အခါမှာ သူက ရုတ်တရက် လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုက ချောမွေ့ပြီးတော့ မယုံနိုင်စရာကောင်းအောင် သဘာဝ ဆန်ပြီး ကြည့်နေတဲ့ မျက်လုံးတွေကို ပြိုင်ဘက်ကင်းအောင်လှပတဲ့ လှုပ်ရှားမှုကို

တွေမြင်စေပြီးတော့ ကျေနပ်အားရမှုကို ဖြစ်စေပါတယ်။ သူ့ရဲ့ လုပ်ရှားမှုတွေက သဘာဝ သဘောတရား တစ်ချို့ ပါဝင်နေတဲ့ပုံစံနဲ့ တူပါတယ်။

CHAPTER 158 ဖော်စပ်ခြင်း

``မိုးကောင်းကင်.. ပါဝင်ပစ္စည်းတွေကို ခွဲခြားခြင်းတောင်မှ ကြည့်ရတာ ဘယ်လောက်တောင်မှ လုပလိုက်သလဲ?``

``ဘုရားသခင်.. မတူညီတဲ့ ပါဝင်ပစ္စည်း ခုနစ်ခုကို တစ်ပြိုင်နက်တည်းသန့်စင် တာလား?``

``ဘာ.. မတူညီတဲ့ ပါဝင်ပစ္စည်းခုနစ်ခု ကို တစ်ပြိုင်နက်တည်း သန့်စင်တာက ဖော်စပ်ခြင်း လုပ်ငန်းကို အနည်းငယ် မြန်အောင်လုပ်လို့ ပဲ ရမယ်လို့ ငါထင်ထားခဲ့ တာ ဒါပေမဲ့ ဒီဆေးပင်တွေရဲ့ အနံ့ကိုကြည့်ရတာ ပါဝင်ပစ္စည်းတွေကို ပုံမှန် အနေအထားနဲ့ သန့်စင်တာထက်တောင် ပိုပြီးတော့ သန့်စင်နေတဲ့ပုံစံပဲ``

``ဒါက အရမ်းကို အံ့အားသင့်စရာကောင်းလိုက်တာ``

အခု အံ့အားတကြီးဖြစ်နေကြတဲ့ သူတွေက အနက်ရောင် အဆင့်နိမ့် မှော်ဆေး ပညာရှင်တစ်ချို့ဖြစ်ပြီးတော့ သူတို့က

ယခင်တစ်ခါ လင်းဟန် ဆေးဖော်စပ်တာ ကို မကြည့်လိုက်ရတဲ့သူတွေပဲဖြစ်ပါတယ်။ တစ်ခြား အနက်ရောင်အလယ်အလတ် အဆင့် မော်ဆေးပညာရှင်အားလုံးရဲ့ မာန်တက်နေတဲ့ အမူအရာတွေ အားလုံးက မြေကြီးထဲကို ဖောက်ထွင်းသွားခဲ့ပါတယ်။

သူတို့က ပထမအကြိမ် လင်းဟန် ဆေးဖော်စပ်တုန်းက မြင်တွေ့ခဲ့ရတဲ့ တစ်ခြားလူ တွေရဲ့ ပုံစံအတိုင်းပါပဲ. ဘာမှမဟုတ်သလိုမျိုး ရေးကြီးခွင်ကျယ် လုပ်နေတယ်လို့ ထင်တဲ့ နေကြပြီး ပွက်ပွက်ညံ့အောင် ကန့်ကွက်ပြောဆိုနေကြပြီး နောက်တစ်ဆင့် မှာ မှင်တက်သွားပြီးတော့ မှ တိတ်ဆိတ်ငြိမ်သက်ကုန်ပါတယ်။ သူတို့က လင်းဟန် ပထမအကြိမ် မော်ဆေးလုံးဖော်စပ်တုန်းက မကြည့်လိုက်ရတဲ့ သူတွေပဲဖြစ်ပါတယ်။

ဒါပေမဲ့ လင်းဟန်က တော့ သူလုပ်စရာရှိတာကိုပဲ ဆက်လုပ်နေပြီးတော. သူတို့အားလုံးက မျက်စိတွေကို ပြူးပြဲပြီးတော့ လင်းဟန် လှုပ်ရှားမှုတွေကို စူးစိုက် ကြည့်နေကြပါတယ်။ ဖုယွင်ရှင်းလဲ အပါအဝင်ပေါ့။ လင်းဟန်ရဲ့ လှုပ်ရှားမှုတွေ အားလုံး က သူတို့ရဲ့ အာရုံတွေကို စူးစိုက်အောင်ပြုလုပ်တဲ့ပုံစံ ဖြစ်နေပြီးတော့ လင်းဟန်

လုပ်သလိုမျိုး သူတို့လည်း ဘေးကနေ လုပ်နေကြပါတယ်။

သူတို့ရဲ့ မျက်လုံးထဲမှာ လင်းဟန်က ဘာမဟုတ်တဲ့ လူငယ်တစ်ယောက်မဟုတ် တော့ပဲ နဲ့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဂိဘဉ်ရှိတဲ့ မော်ဆေးပညာရှင် တစ်ယောက် ဖြစ်သွားခဲ့ပါတယ်။ သူလုပ်လိုက်တဲ့ လှုပ်ရှားမှုတိုင်းက လေထုကို ပြည့်စုံသွားစေ ပြီးတော့ လှပတဲ့ စည်းချက်တွေနဲ့ ထုတ်ဖော်နေပြီး မော်ဆေးပညာရှင်တွေပဲ ခံစားလို့ ရနိုင်ပါတယ်။

ဟုတ်ပါတယ်. ဒါက စည်းချက်ကျကျ ဒါမှမဟုတ် အရှိန် အတက်အကျ လို့ ခေါ် ပါတယ်။

မော်ဆေးပညာကို အနုပညာအမျိုးအစား တစ်ခုလို့ ပြောလို့ရပါတယ်။ မီးတောက် ကို ထိန်းချုပ်တဲ့အနုပညာ .. မြင့်မားတဲ့ အပူချိန်အောက်မှာ မတူညီတဲ့ ပါဂင်ပစ္စည်းတွေ အားလုံး ကအတူတကွ ပူးပေါင်းပြောင်းလဲသွားတာကို စောင့်ကြည့်လေ့လာခြင်း အနုပညာ တွေရှိပါတယ်။ ၎င်းမှာ ကိုယ်ပိုင် ပြိုင်ဘက်ကင်းတဲ့ စည်းချက်ကျမှု တွေနဲ့ ပြည့်နှက်နေတဲ့ အနုပညာတစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေရာက လူတိုင်းလူတိုင်းက စည်းချက်ကျကျ

ဖော်ထုတ်ပြတဲ့ ခံစားချက် ကို မထုတ်ဖော်နိုင်ပါဘူး။ သူတို့က ဆေးလုံးဖော်စပ်ပုံမှာ ဖော်ပြထားတဲ့ အတိုင်း သူတို့အားလုံးက ချရေးထားတဲ့ အရာတွေမှန်သမျှကို အမိန့်အတိုင်း လိုက်ပီးတော့ လုပ်ကြရပါတယ်။ ဒီအချိန်မှာ ဒီအပူချိန်နဲ့ မီးတောက်ကို အသုံးပြုပါ အဲလိုမျိုးတွေကိုပေါ့။ သူတို့လုပ်နေတဲ့ အရာတွေက စက်ရုပ်တစ်ရုပ်လိုမျိုး တောင့်တောင့် ကြီးနဲ့ လုပ်နေကြတာပါ။

လင်းဟန်က တော့ ဒီကန့်သတ်ချက်တွေရဲ့ နောက်မှာ ရှိနေပါတယ်။ တစ်ခါတစ်ရံ သူက ဆေးလုံးဖော်စပ်ပုံမှာ ပြောထားတဲ့ အတိုင်း မလုပ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေအားလုံးကို ထူးဆန်းတဲ့ စည်းချက်နဲ့ ဆက်နွယ်ထားပြီး အံ့အားသင့်လွန်းလို့ စကားလုံးနဲ့တောင်မှ ဖော်ပြလို့ မရပါဘူး။

ကြီးမြတ်တဲ့အရှင်သခင် မှော်ဆေးပညာရှင်.. မဟုတ်ဘူး မဟုတ်သေးဘူး အနည်းဆုံး ဘုန်းတန်ခိုးနဲ့ ပြည့်စုံတဲ့ မှော်ဆေးပညာရှင် ဒါမှမဟုတ် မှော်ဆေးဂေရာဇ်။

သူတို့အားလုံးပဲ သူတို့ရဲ့ ခေါင်းတွေကို ငြိမ့်လိုက်ပါတယ်။ တကယ်လို့ လင်းဟန်က အရမ်းကိုငယ်ရွယ်ပြီး သူ့ရဲ့

ကျင့်ကြံခြင်းအဆင့်ကလဲ အရမ်းကို နိမ့်မနေဘူး ဆိုယင် သူက အခု မြေကမ္ဘာအဆင့်မှော်ဆေးလုံး ဒါမှမဟုတ် လူ့ပြုပ်ကြက်ဆန်းကြယ်တဲ့ ကောင်းကင်အဆင့် မှော်ဆေးလုံး ကိုတောင်မှ ဖော်စပ်နိုင်ပါလိမ့်မယ်။

ဒါကိုသူတို့ စဉ်းစားမိတဲ့အခါမှာ အရမ်းကို မအံ့သြပဲနဲ့ မနေနိုင်ပါဘူး။ သီအိုရီ အရတော့ ဒြပ်စင်စုစည်းခြင်း အဆင့် မှော်ဆေးပညာရှင် တစ်ယောက် က အဂါရောင် အဆင့်မြင့်မှော်ဆေးလုံးကိုပဲ ဖော်စပ်နိုင်ပါလိမ့်မယ်။ ဒါက မှော်ဆေးပညာရဲ့ စွမ်းရည်နဲ့ မဆိုင်ပါဘူး ဒါပေမဲ့ မှော်ဆေးပညာရှင်ရဲ့ ကျင့်ကြံခြင်း အဆင့် နဲ့ ဆုံးဖြတ်ထားကြတာပါ။ ဒီကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ဘာမှ လုပ်လို့ မရပါဘူး။ တကယ်လို့ မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က လုံလောက်အောင် မမြင့်မားဖူးဆိုယင် သူ့အနေနဲ့ အဆင့်မြင့်တဲ့ ဆေးလုံးအတွက် လုံလောက်တဲ့ မြင့်မားတဲ့ အပူချိန်ကို ထုတ်ဖော်နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် ရလဒ်ကတော့ လင်းဟန်အနေနဲ့ ရှုံးနိမ့်ရပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ဖော်ထုတ်ပြတဲ့ မှော်ဆေးပညာနဲ့

ပါတ်သတ်တဲ့ လက်ဖျားခါ လောက်တဲ့ စွမ်းရည် ကို သူတို့မြင်လိုက်တဲ့အခါမှာ သူတို့ ထင်ထားတဲ့ ရှုံးနိမ့်သွားမယ် ဆိုတဲ့သူ တစ်ယောက်အဖြစ်နဲ့ လုံးဝ မမြင်တော့ပါဘူး။

ဒါမှမဟုတ် ဖြစ်နိုင်တာက.........။

သူတို့အားလုံးက လင်းဟန်ကို နီးကပ်စွာနဲ့ စူးစိုက်ကြည့်လိုက်ပါတယ်။

``ဟုမ်း``

လင်းဟန်ရဲ့ လက်ဖဝါးကနေ ရုတ်တရက် ဆိုသလို နီမြန်းတဲ့ မီးတောက် ထွက်ပေါ်လာ ခဲ့ပါတယ်။ ဒါက ထူးဆန်းတဲ့ မီးဖြစ်ပါတယ်။

မှော်ဆေးပညာရှင် အားလုံးက အံ့အားသင့်စွာနဲ့ သက်ပြင်းရှိုက်လိုက်ပီးတော့ နောက်ဆုံးမှာတော့ သူတို့က လင်းဟန်က မြေကျွမ်းမှာအဆင့် နဲ့ နီးတဲ့ မှော်ဆေးလုံး ကို ဖော်စပ်ဖို့အတွက် သူ့ရဲ့ ယုံကြည်မှုတွေက ဘယ်နေရာကနေ လာတယ် ဆိုတာ နားလည်သွားကြပါတယ်။

ထူးဆန်းတဲ့မီးက မှော်ဆေးပညာရှင်ရဲ့

ကျင့်ကြံခြင်းအဆင့်နဲ့ပါတ်သတ်တဲ့ ကွာဟ ချက် ကို လျှော့ချပေးနိုင်ပါတယ်. တစ်ချို့ မှော်ဆေးပညာရှင်တွေက သူတို့ရဲ့ မီးတောက် အပူချိန်တွေကို တိုးလာစေနိုင်တဲ့ လို့ဂျုက် မီးဒြပ်စင် အမျိုးအစား ပညာရပ်ကို ရှာတွေ့ပြီးတော့ ကျင့်ကြံနိုင်ခဲ့ကြပါတယ်။ ဒါကို မရိုးဖြောင့် တဲ့ နည်းလမ်းနဲ့ လုပ်တယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ကို တူညီတဲ့ ရလဒ် ကို ရရှိစေခဲ့ပါတယ်။

ဒါပေ့ါ.. စစ်မှန်တဲ့ ထူးဆန်းတဲ့မီး တစ်ခုနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါမှာ ဒီ လို့ဂျုက် ပညာရပ်တွေ အားလုံးကို အမှိုက်တွေလို့ သတ်မှတ်နိုင်ပါတယ်။

လင်းဟန်ရဲ့ လှုပ်ရှားမှုတွေက မြန်သထက် မြန်လာပြီးတော့ သူရဲ့ နဖူးကနေ ချွေး တွေ ပိုပိုပြီးတော့ ထွက်လာခဲ့ပါတယ်.။ ဆေးကျိုအိုးက မြင့်တက်လာတဲ့ အပူချိန် ကြောင့် သူ့ရဲ့ နှုတ်ခမ်းတွေ အနည်းငယ် အက်ကွဲလာပြီးတော့ ရေဓါတ်ဆုံးရှုံးတဲ့ လက္ခဏာတွေ ပေါ် လာခဲ့ပါတယ်။

ဒါက ကျန်တဲ့သူတွေရဲ့ မျက်စိတွေကို မှုန်ဝါးသွားစေပါတယ်။ လင်းဟန်ရဲ့ လျင်မြန်လွန်းလှတဲ့ လှုပ်ရှားမှုကြောင့် သူတို့အနေနဲ့ သူ့ရဲ့ လှုပ်ရှားမှု အတိုင်း လိုက်လုပ်ဖို့ မတတ်နိုင်တော့ပါဘူး။ ဒါက သူတို့ကို ပိုပြီးတော့

ဂရုတစ်စိုက်နဲ့ စူးစမ်းလေ့လာပြီးတော့ လှုပ်ရှားမှုတိုင်း လှုပ်ရှားမှုတိုင်းရဲ့ နောက်ကွယ်က သဘောတရားတွေကို နားလည်စေခဲ့ပါတယ်။

တကယ်လို့ သူတို့အနေနဲ့ လှုပ်ရှားမှု တစ်ခု သို့မဟုတ် နှစ်ခု ကိုပဲ လေ့လာသင်ယူ နိုင်ယင်ကိုပဲ သူတို့အတွက် သူတို့ရဲ့ ကိုယ်ပိုင် စွမ်းရည်တွေ တိုးလာစေဖို့အတွက် လုံလောက်ပါတယ်။

ငွေပြားတစ်သန်း... သူတို့သုံးလိုက်တဲ့ ဒီငွေက လုံးဝကို တန်လွန်းပါတယ်။

``ဟုမ်း ဟုမ်း ဟုမ်း``

မီးတောက်တွေက လင်းဟန်ရဲ့ လက်ကနေပြီး အဆက်မပြတ် တောက်လောင်ပြီး ထွက်ပေါ်လာခဲ့ပါတယ်။ တစ်ခါတစ်ရံ မီးတောက်က အရမ်းကို အားပြင်းပြီးတော့ တစ်ခါတစ်လေမှာကျတော့ အရမ်းကို အားနည်းတဲ့ပုံစံပေါ်နေပါတယ်။ ဒါက လင်းဟန်က သူ့ရဲ့ မီးတောက်တွေကို ထိန်းချုပ်မှုကနေ လွတ်သွားတာ မဟုတ်ပါဘူး။ ဒါက သူ့အနေနဲ့ မီးတောက်ကို ထိန်းချုပ်တဲ့ အဆင့်က လုံးဝ ပြီးပြည့်စုံတဲ့ အဆင့်ကို

ရောက်နေပြီဆိုတာကို သက်သေပြတာပါပဲ။

ဒါပေမဲ့ ဟုတ်ပါတယ်.. ထူးဆန်းတဲ့ မီးနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ နောက်တစ်ဆင့်ကို တက်သွားပြီးတော့ လုံးဝလွတ်လွတ်လပ်လပ်နဲ့ သိပ်ပြီးအားထုတ်စရာမလိုပဲ အားလုံးကို လုံးဝ ပြီးပြည့်စုံအောင် လုပ်နိုင်အောင်လို့ လမ်းညွှန်ပေးပါတယ်။ လင်းဟာန်က သူ့အခန်းထဲမှာရှိနေသေးတဲ့အချိန်မှာပဲ တွေးလိုက်တာဖြစ်ပါတယ်။

တစ်ခြားသူတွေ မှော်ဆေးလုံးဖော်စပ်တဲ့ အခါကျယင် သူတို့အားလုံးက သူတို့ရဲ့ အာရုံတွေကို ဖော်စပ်ခြင်းလုပ်ငန်းစဉ်ပေါ် မှာပဲ အပြည့်အဝ အာရုံစိုက်ရပါတယ်။ အနည်းငယ် ချွတ်ချော် တိမ်းစောင်းသွားမယ်ဆိုယင် ဆေးကျိုအိုး ကို ပေါက်ကွဲသွားစေနိုင်ပြီးတော့ အစောပိုင်းကကြိုးစားထားတဲ့ အရာတွေအားလုံး ဖြုန်းတီး လိုက်သလိုဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ မှော်ဆေးပညာအဆင့် က အရမ်းကြီးမြင့်တယ်လို့ ဘယ်သူကမေးလို့လဲ? သူက ကောင်းကင်အဆင့် မှော် ဆေးလုံးကိုတောင်မှ ဖော်စပ်နိုင်တာ ဒါက သူ့အတွက်တော့ ကိတ်မုန့် ကို လှီးရသလို လွယ်လွန်းပါတယ်။

သူက အခု စဉ်းစားနေတာတစ်ခုရှိပါတယ်။ တကယ်လို့ သူသာ တကယ်လိုချင်တယ် ဆိုယင် ဖော်စပ်ခြင်း လုပ်ငန်း ရဲ့ အလယ်လောက်မှာကတည်းက သင်ခန်းစာကို သင်ကြားပို့ချ ပေးနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက ဒီလိုမျိုးသာ လုပ်လိုက်မယ် ဆိုယင် ဒီနေရာမှာ ရှိတဲ့ သူတွေအားလုံး ကြောက်ရွံ့ပြီးတော့ သေသွားနိုင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ ဒီဆေးလုံးက မြေကမ္ဘာအဆင့်ကို နီးကပ်တဲ့ ဆေးလုံး ဖြစ်နေလို့ပါ။

နာရီဂက်ခန့်ကြာပြီးတဲ့ နောက်မှာ လင်းဟန်ရဲ့ ညာဘက်လက်က ရုတ်တရက် တုန်လှုပ်လာပြီးတော့ မတူညီတဲ့ မီးတောက်သုံးခု ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းတို့ အားလုံးက မတူညီတဲ့ အရောင်တွေရှိပါတယ်။

မီးသုံးမျိုး နတ်လမ်းညွှန်...။

၎င်းပုံစံကိုကြည့်ရတာ မရိုးရှင်းပါဘူး။ ၎င်းက လင်းဟန်ရဲ့ ကိုယ်ပိုင် နည်းစနစ် ပဲဖြစ်ပါတယ်။ ဒါက အပြင်လူတွေကို မသင်ကြားပေးပါဘူး။

ဆေးလုံးဖြစ်သွားခဲ့ပြီ။

လင်းဟန်က ဆေးကျိုအိုး အဖုံးကို ချက်ချင်း မဖွင့်လိုက်ပါဘူး။ ဆေးလုံး အဆင့်မြင့်လေလေ နွေးနေဆဲဖြစ်နေတဲ့ ဆေးကျိုအိုးထဲမှာ နေတာက အေးစက်တဲ့ အပြင်မှာနေတာထက် ပိုသင့်တော်ပြီးတော့ သူတို့ရဲ့ အာနိသင်ကိုလဲ ပိုပြီး ကောင်းစေပါတယ်။ အဲဒီအချိန်အတွင်းမှာ သူက ကမ္ဘာဉာန်း စတင်ကျင့် ပြီး ကုန်ခမ်းသွားတဲ့ သူရဲ့ စိတ်စွမ်းအားနဲ့မူလစွမ်းအင်ကို ပြန်လည်ဖြည့်ဆည်းနေပါတယ်။

``ဆေးလုံး ဘယ်နှစ်လုံး ဖြစ်တည်နေလဲ?``

``ပါဂင်ပစ္စည်းတွေကို ကြည့်ရတာ စုစုပေါင်း ဆေးလုံး ၈ လုံး ရှိသင့်တယ်``

``ဟုတ်တယ် ပြည့်စုံတဲ့ ဆေးလုံး ရှစ်လုံး ရှိသင့်တယ်. ဒါပေမဲ့ မြေကမ္ဘာအဆင့် နီးနီးရှိတဲ့ ဆေးလုံးတစ်ခုကို ဖော်စပ်ဖို့အတွက် ခက်ခဲခြင်းအဆင့်ကိုလည်း ထည့်ပြီး ရေတွက်ရတယ်. ဒါကြောင့် ဆေးတစ်လုံးပဲ ပြည့်စုံအောင် ထုတ်လုပ်နိုင်ယင်ပဲ အရမ်းကို အံ့အားသင့်ဖို့ လုံလောက်ပါတယ်။``

``ပြီးပြည့်စုံတဲ့ ဆေးလုံးတစ်လုံးရဲ့ အရည်အသွေး ကြယ်ငါးလုံးအထက်မှာ ရှိယင် အောင်မြင်တယ်လို့ ယူဆလို့ရတယ်``

လင်းဟန်က ဖော်စပ်ခြင်းလုပ်ငန်းစဉ် နောက်ဆုံးမှာ ပြီးသွားတာကို မြင်တော့ ဒီ မှော်ဆေးပညာရှင်တွေက တစ်ယောက်နဲ့ တစ်ယောက် ပြောဆို ဆွေးနွေး နေကြပါတယ်။ သူတို့က လင်းဟန်ရဲ့ အောင်မြင်မှုရှိမရှိ ကို ဆွေးနွေးနေယုံသာမက တကယ်လို့ ဆေးကျိုအိုးပေါက်ကွဲသွားမယ်ဆိုယင် အားလုံး ဖြုန်းတီးလိုက်သလို ဖြစ်သွားမဲ့အကြောင်းကိုပါ ဆွေးနွေးနေကြတာပါ။ ဒါပေမဲ့ တကယ်လို့ မှော်ဆေးကျိုအိုး မပေါက်ကွဲယင်တောင်မှ ဒါက အလိုအလျောက် အောင်မြင်တယ်လို့ ပြောလို့မရပါဘူး။ ပြီးပြည့်စုံတဲ့ ဆေးလုံးက အနိမ့်ဆုံး အရည်အသွေးက ကြယ်တစ်လုံးအထက်မှာရှိရမှာပါ။

ဒါပေမဲ့ လင်းဟန်က ဆက်ပြီးတော့ ကမ္ဘဌာန်း ထိုင်နေတဲ့အတွက် ဘယ်သူကမှ အလျင်စလိုနဲ့ အရှေ့ကို တိုးသွားပြီးတော့ ဆေးကျိုအိုးကို မဖွင့်ရဲပါဘူး။ တစ်ချို့က ဂနာမငြိမ်ဖြစ်ပြီးတော့ ဘယ်နေရာမှာ ရပ်နေရမလဲဆိုတာ

မသိအောင် ပဲ စိတ်မရှည်ကြတော့ပါဘူး။

နောက်ထပ်ဆယ်မိနစ်ကြာတဲ့နောက်မှာ လင်းဟန်က သူ့ရဲ့မျက်လုံးတွေကို နောက်ဆုံးတော့ ဖွင့်လိုက်ပါပြီ။ သူက သူတို့အားလုံးကို ညင်သာစွာ ပြုံးပြပြီး တော့ ပြောလိုက်ပါတယ်။

``ခင်ဗျားတို့အားလုံး အရမ်းကို သိချင်စိတ်ပြင်းပြနေကြပြီ ဆိုတာ ကျနော်သိပါတယ်``

သူတို့အားလုံး ရက်ကိုးရက်ကန်းနဲ့ ပြုံးလိုက်ကြပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် မှာ လင်းဟန်က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် အသိအမှတ်ပြု တံဆိပ်ပြား ရရှိဖို့လဲ ပါဝင်နေတဲ့အတွက် သူတို့အားလုံး သိချင်စိတ်ပြင်းပြနေကြတာ အံ့သြစရာမရှိပါဘူး။

``သခင်လေးဟန် ငါတို့ကို ထပ်ပြီးတော့ မနှိပ်စက်ပါနဲ့တော့ ငါ စိတ်တွေစောနေ လို့ သေမလိုတောင်ဖြစ်နေပီ``

ဖုယွင်ရှင်းက ရီပြီးတော့ပြောလိုက်ပါတယ်။ ဒါက လူတိုင်းလူတိုင်းပဲ ပြောဖို့စဉ်းစားနေ ကြတဲ့ အရာဖြစ်ပါတယ်။

လင်းဟန်က မှော်ဆေးကျိုအိုးကို အနည်းငယ် အရှေ့ကို တွန်းပေးပြီးတော့ ပြောလိုက်ပါတယ်။

`` ဒါဆိုယင် ခင်ဗျားတို့အားလုံးပဲ အခု ကြည့်လိုက်ကြပါတော့``

အားလုံးပဲ အလျင်အမြန်နဲ့ အရှေ့ကို တိုးလာခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့က အရမ်းကို များပြားပီးတော့ ဆေးကျိုအိုးက တကယ့်ကို သေးငယ်ပါတယ်။

``ဒုန်း ဒုန်း ဒုန်း ဒုန်း``

ချက်ချင်းဆိုသလို ဦးခေါင်းတွေ အများကြီး တစ်ခုနဲ့ တစ်ခု တိုက်မိကုန်ကြပီး တော့ သူတို့အားလုံး ကိုယ့်ခေါင်းကို ကိုယ် ပွတ်ပြီးတော့ အော်လိုက်ကြပါတယ်။

``အရမ်းမတိုးကြနဲ့ တစ်ယောက်ပြီးမှ တစ်ယောက်ကြည့်ကြ``

ဖုယွင်ရှင်းရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိုဉာဉ် ပုလ္လင် အဆင့်ဖြစ်တဲ့အတွက်ကြောင့် သူက ဆေးကျိုအိုးကို ဖြတ်ခနဲ လုပြီးတော့ အားလုံးကို တိတ်ဆိတ်ငြိမ်သက်သွားအောင်လို့

ပြောလိုက်ပါတယ်။]

ဖုယွင်ရှင်းက စိတ်လှုပ်ရှားနေပြီးတော့ သူ့ရဲ့ လက်တွေတောင်မှ အနည်းငယ် တုန်ယင် နေပါတယ်။ ချက်ချင်းပဲ သူက ဆေးကျိုအိုး အဖုံးကို မပြီး ဖွင့်လိုက်ပါတယ်။

``ဘာ``

သူက ချက်ချင်းဆိုသလို အံ့အားသင့်သွားပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ပြူးကျယ် လာပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

``ဆရာဖူ.. ဘာဖြစ်လို့လဲ?``

``အထဲမှာ ပြီးပြည့်စုံတဲ့ ဆေးလုံး တစ်လုံးမှတောင် မရှိတာများ ဖြစ်နိုင်မလား?``

သူတို့အားလုံး အလျင်အမြန်နဲ့မေးလိုက်ကြပါတယ်။ ဖုယွင်ရှင်းမှာ အဆင့်အတန်းနဲ့ စွမ်းအားက ကြောက်မက်ဖွယ်ရာကောင်းအောင် ရှိမနေဘူးဆိုယင် သူတို့တွေက တကယ်ပဲ ဆေးကျိုအိုးကို သူ့ဆီကနေ ဆွဲလုချင်ပါတယ်။

ဖုယွင်ရှင်းက စကားတစ်လုံးမှမပြောနိုင်ပါဘူး အချိန်တော်တော် ကြာမှပဲ သူက အလွန်အမင်းကို ကြည်ညိုတဲ့လေသံနဲ့ပြောလိုက်ပါတယ်။

``သခင်လေးဟန်က မှော်ဆေးပညာရဲ့ နတ်ဘုရားတစ်ပါးပါပဲ.. သင့်အတွက် ကျုပ်ရဲ့ ကြည်ညိုလေးစားခြင်းက ပြိုင်ဘက်မရှိပါဘူး``

သူက ဆေးကျိုအိုးကို နှိမ့်ပြီးတော့ ကျန်တဲ့သူတွေကိုပြလိုက်ပါတယ်။

အထဲမှာ အံ့အားသင့်စရာကောင်းအောင်ပဲ မှော်ဆေးလုံး ကိုးလုံး တောင်ရှိနေပါတယ်။

CHAPTER 159 ကြောက်မက်ဖွယ်ရာ ဆေးလုံးအောင်မြင်နှုန်း

ဆေးကိုးလုံး။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

တစ်ခု နားလည်ထားရမှာက တကယ်လို့ လင်းဟန်က ဆေးလုံးဖြစ်တည်ခြင်း တစ်ရာ ရာခိုင်နှုန်းအဆင့်ကို

ရောက်ခဲ့ပြီး ပါဂင်ပစ္စည်းတစ်ခုမှကို ဖြုန်းတီးစေခြင်း မရှိယင်တောင်မှ ဖုယွင်ရှင်း ထောက်ပံ့လိုက်တဲ့ ပါဂင်ပစ္စည်းတွေက အခြေခံ တည်ဆောက်ရေး ဆေးလုံး ၈ လုံးပဲ ထုတ်လုပ်ဖို့လုံလောက်တာပါ။ ဒါပေမဲ့ သူတို့ရဲ့ မျက်လုံးအရှေ့မှာ ယခုတော့ ဆေးလုံး ၉ လုံးရှိနေပါတယ်။ ဒါက ဘယ်လိုလုပ်ပြီး တော့ ဖြစ်နိုင်မှာလဲ?

``မင်းတို့ဘာသာ မင်းတို့ကြည့်ကြတော့``

ဖုယွင်ရှင်းက ဆေးလုံးတစ်လုံးကို ဆွဲထုတ်လိုက်ပီးတော့ သူနဲ့အနီးဆုံးမှာ ရပ်နေတဲ့ မှော်ဆေးပညာရှင်တစ်ယောက်ဆီကို ပေးလိုက်ပါတယ်။

ဆေးလုံးကို လက်ခံရရှိတဲ့ သူက လျှင်မြန်စွာနဲ့ စစ်ဆေးနေပြီး အနံ့ခံလိုက်ပီးတဲ့ အခါမှာ ဆေးလုံးကို အလင်းရောင် ရအောင်လို့ မြှောက်ကြည့်ပြီး စစ်ဆေးလိုက် ပါတယ်။ နောက်ဆုံးတော့သူရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာပေါ်လာ ပြီး တော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ ပါရမီက သိပ်မကောင်းပေမဲ့ ဒီဟာက အခြေခံတည်ဆောက်ရေး ဆေးလုံး ဖြစ်တယ်ဆိုတာကို ငါ တစ်ရာရာခိုင်နှုန်းအပြည့် အတည်ပြုတယ်..ပြီးတော့

ပြီးတော့``

``ပြီးတော့ ဘာဖြစ်လဲပြောလေ``

တစ်ခြားသူတွေက အလျင်အမြန်ပဲ မေးလိုက်ကြပါတယ်။

``ပြီးတော့... ဒီဆေးလုံးရဲ့ အရည်အသွေးကိုကြည့်ရတာ ကြယ်ဆယ်လုံး ထက်ကို ပိုမိုသာလွန်တယ်``

တစ်ခဏမျှအကြာမှာ အဲဒီလူက သူရဲ့ တုံ့ဆိုင်းနေတာကနေ ဖြေလိုက်ပါတယ်။

သူတို့အားလုံး အံ့အားသင့်ကုန်ကြပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင် မှု တွေနဲ့ ပြည့်နှက်လို့နေပါတယ်။

သီအိုရီ အရတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်က အနက်ရောင် အဆင့်မြင့် ဆေးလုံးတစ်မျိုး ကို ဖော်စပ်တော့မယ်ဆိုယင် ကြယ်ငါးလုံး နဲ့ အထက် အရည်အသွေးရှိတဲ့ ဆေးလုံးတစ်လုံးကို ဖော်စပ်နိုင်ယင်ကိုပဲ ကောင်းကောင်းလုံလောက်ပါတယ်။ ပါရမီရှင်တွေ အတွက်တော့ သူတို့ ဖော်စပ် လိုက်တဲ့

ဆေးလုံးရဲ့ အရည်အသွေးက ကြယ်ရှစ်လုံး အဆင့်ကို ရောက်နိုင်ပြီး တော့ လုံးဂ နိုင်းယှဉ်လို့မရတဲ့ ထူးချွန်ထက်မြက်လှတဲ့ ပါရမီရှင်တွေ ဖော်စပ်တဲ့ ဆေးလုံးတွေက ပုံမှန်အားဖြင့် ကြယ်ဆယ်လုံး အဆင့်ကို ရောက်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ ကြယ်ဆယ့်တစ်လုံး.. ကြယ် ဆယ့်နှစ်လုံး ဒါကလုံးဂကို မဖြစ်နိုင်ပါဘူး။ တကယ်လို့ အဆင့်မြင့်တဲ့ မှော်ဆေးပညာရှင်တစ်ယောက်က အဆင့်နိမ့်တဲ့ မှော်ဆေးလုံးကို ဖော်စပ်မယ်ဆိုယင်တော့ ဒီလိုမျိုး မဖြစ်နိုင်တဲ့ အရာ က ဖြစ်ပေါ် လာနိုင်ပါတယ်။

ဒါဆိုယင် လင်းဟန်ရဲ့ မှော်ဆေးပညာစွမ်းရည်က မြေကျွှာအဆင့်ကို ရောက်နေပြီ လို့ ဆိုလိုတာပဲမဟုတ်လား?

``ငါ့ကြည့်ဦးမယ်``

တစ်ခြားသူတွေကလဲ ဆေးလုံးကို တုန်တုန်ယင်ယင်နဲ့ ယူပြီးတော့ တစ်ချက် ကြည့်လိုက်ကြပါတယ်။

ဖုယွင်ရှင်းက သူတို့ရဲ့ လှုပ်ရှားမှုတွေကို လျှင်မြန်စွာနဲ့

တားလိုက်ပါတယ်။ အခြေခံ တည်ဆောက်ရေးဆေးလုံးက မြေကမ္ဘာအဆင့်နိမ့်နိမ့်မှာရှိတဲ့ ဆေးလုံး ဖြစ်ပြီး တော့ အလွန်အမင်းကို တန်ဖိုးရှိတဲ့ ဆေးလုံးလဲဖြစ်ပါတယ်။ သူက ကျန်တဲ့သူအားလုံး ကို တန်းစီ စေပြီးတော့ တစ်ယောက်ပီးမှ တစ်ယောက်ကိုပဲ ဆေးလုံးကို ကြည့်ရှုစေပါတယ်။

``ဒါက တကယ့်ကို အခြေခံတည်ဆောက်ရေး ဆေးလုံးပါပဲ။ အရောင်နဲ့ အနံ့ က မှော်ဆေးပညာစာအုပ်တွေမှာ ဖော်ပြထားတာနဲ့ အတိအကျ ထပ်တူပဲ``

``တကယ်ပဲ.. နေရောင်ခြည်အောက်မှာ တစ်ချက်လောက်ကြည့်လိုက်တာနဲ့ သူ့ရဲ့ အရည်အသွေး က ကြယ်ဆယ်လုံးကို လုံးဝကျော်လွန်တယ် ဆိုတာ သိသာတယ်``

``ကောင်းကင်ဘုံ... ငါရဲ့ စိတ်တွေ ဘာမှမရှိတော့သလို ခံစားလိုက်ရတယ်. ဒါမျိုး ကတကယ့်အစစ် အမှန်ဖြစ်နိုင်သလား?``

သူတို့တွေအားလုံးက အရမ်းကို အံ့အားသင့်နေကြပါတယ်။ အသက် ၁၇ နှစ်မျှသာ ရှိတဲ့ လူငယ်လေးတစ်ယောက်က မြေကမ္ဘာ အဆင့်နိမ့်နိမ့်ရှိတဲ့ မှော်ဆေးလုံး တစ်လုံး ကို

အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ပြီးတော့ အဲဒီဆေးလုံးရဲ့ အရည်အသွေးက ကြယ် ဆယ်လုံးထက်တောင် ပိုနေပါသေးတယ်။မဟုတ်ဘူးမဟုတ်သေးဘူး.. သူတို့က လင်းဟန်ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပြီးပြည့်စုံတဲ့ နှုန်းကိုပါ ထည့်ပြီး တွက်ဖို့ လိုသေးတယ်. တစ်ရာရာခိုင်နှုန်းပဲ။

``ဒါက တရာရာခိုင်နှုန်းတောင်မဟုတ်ဘူး.. ပါဂင်ပစ္စည်းတွေ က ဆေး၈ လုံးပဲ ဖော်စပ်လို့ ရနိုင်တယ်.. ဒါပေမဲ့ ဘာလို့ ဒီမှာ ဆေးကိုးလုံးရှိနေတာလဲ?``

သူတို့အားလုံး ပဟေဠိ ဖြစ်နေတဲ့ အချက်ကို ထောက်ပြလိုက်ပါတယ်။

ဖုယွင်ရှင်းက ကျန်နေတဲ့ ဆေးလုံး ၈ လုံးကို စစ်ဆေးပြီးတော့ ပြတ်ပြတ်သားသားပဲ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ နာမည်ဂုဏ်သိက္ခာနဲ့ ဒီ အခြေခံတည်ဆောက်ရေး ဆေးလုံး တွေက အောင်မြင်တယ်.. ဒါပေမဲ့ သူတို့ရဲ့ အရည်အသွေးကတော့ ဒီတစ်ခုထက် အနည်းငယ်ပဲ နိမ့်ကျတယ် ဆိုတာကို အာမခံနိုင်တယ်``

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ သူ့ရဲ့ နာမည်ဂုဏ် သိက္ခာနဲ့ အာမခံတယ်.. ဒါဆိုယင် ကျန်နေတဲ့ ဆေးရှစ်လုံးမှာ လုံးဝ ပြဿနာ မရှိဘူး လို့ ဆိုလိုလိုက်တာပါပဲ။

``ပါရမီရှင်ပဲ.. သခင်လေးဟန်က မှော်ဆေးပညာရဲ့ ပါရမီရှင် ပဲ``

``ငါသိပြီ.. သခင်လေးဟန်က အစောပိုင်း သန့်စင်ခြင်းလုပ်ငန်းတုန်းက ပါဂင်ပစ္စည်း တွေရဲ့ အဆီအနှစ်တွေကို ပိုပြီးတော့ အာနိသင်ကောင်းအောင် သန့်စင်နိုင်ခဲ့တယ်။ ဒါကြောင့် သူက အခြေခံတည်ဆောက်ရေး ဆေးလုံးကိုးလုံးကို ဖော်စပ်နိုင်တာပဲ``

``ဒါမှန်တယ်.. တကယ်လို့ သန့်စင်ခြင်းကို ပုံမှန်နည်းလမ်းတွေနဲ့ ပဲ အသုံးပြု ခဲ့မယ်ဆိုယင် ပါဂင်ပစ္စည်းတွေကို အခြေခံပြီးပြောရမယ်ဆိုယင် ဆေးလုံး ရှစ်လုံး က အကန့်အသတ်ပဲ ဒါပေမဲ့ သခင်လေးဟန်ရဲ့ ပြိုင်ဘက်ကင်း သန့်စင်ခြင်း နည်းစနစ် က နောက်ထပ် အပိုဆေးလုံး တစ်လုံး ဖြစ်ပေါ်လာဖို့ တကယ့်ကို ဖြစ်နိုင်ချေရှိတယ်``

``မိုးကောင်းကင်ဘုံ``

သူတို့အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ပြီးတော့ အံ့အားသင့်ကုန်ပါတယ်။ သူတို့က လင်းဟာန်ကို မှော်ဆေးပညာရဲ့ နတ်ဘုရား တစ်ပါးကို ကြည့်နေရသလို မျိုးစိုက်ကြည့်နေကြပါတယ်။

လင်းဟာန်က ထပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီ ကောင်းပြီ.. ငါပိုက်ဆံတွေလဲ ရပြီ.. ခင်ဗျားတို့လဲ ကျုပ်ရဲ့ လှုပ်ရှား မှု တွေကို ကြည့်ပြီးပြီးဆိုတော့ အခု ကျုပ်ပြန်တော့မယ်``

သူက ဆေးလုံးတွေကို ကျောက်စိမ်းပုလင်းထဲကိုထည့်လိုက်ပါတယ်။ ပြီးတော့ သူက ဖုယွင်ရှင်းကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``တရားဂင် အသိအမှတ်ပြု လို့ ပြီးယင်.. ငါ့ဆီကို တံဆိပ်ပြားပို့လိုက်ပါ``

ဖုယွင်ရှင်းက အလျင်အမြန်ပဲ အရမ်းကို ရိုသေလေးစားစွာနဲ့

သဘောတူလိုက်ပါတယ်။ သူ့ပုံစံက အခုမှ သူ့ရဲ့ ဆရာသခင်ဆီကနေ သင်ယူ လေ့လာ နေတဲ့ မှော်ဆေးပညာရဲ့ ပညာသင်တစ်ယောက်လို ပုံစံဖြစ်နေပါတယ်။

လင်းဟန်က ဟူးညိုကို သူ့လက်မောင်းတွေမှာ ပွေ့ချီလိုက်ပါတယ်။ ဒီမိန်းကလေးက လှီယုထန်ရဲ့ လက်မောင်းပေါ်မှာ ပျင်းရိပြီးတော့ အိပ်ပျော်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ စားသောက်ဆိုင်ကိုရောက်ပြီး ဟင်းပွဲတွေရဲ့ အနံ့ကို ရလိုက်တာနဲ့ သူမက ချက်ချင်းပဲ နိုးသွားပါတယ်။

``အသား အသား``

သူမက ကျေနပ်ပျော်ရွှင်စွာနဲ့ အော်ဟစ်နေပါတယ်။

စားလို့သောက်လို့ပြီးတဲ့နောက်မှာ သူတို့သုံးယောက်က စိတ်ဂိဉာဉ်ရတနာစံအိမ်ကို သွားခဲ့ကပါတယ်။ လင်းဟန်က အခြေခံတည်ဆောက်ရေး ဆေးလုံးတွေကို သူ့အတွက် သိမ်းဆည်းထားဖို့ အစီအစဉ်မရှိပါဘူး ဒါကြောင့်ပဲ သူတို့ကို ရောင်းချဖို့ လုပ်တာပါ။ ပြီးတော့ ဒီလိုမျိုးရှားပါးတဲ့ မှော်ဆေးလုံးအတွက်ကတော့ ဝယ်ချင်တဲ့ သူ မရှားပေမဲ့ ဘယ်သူကမှ မရောင်းချင်ကြပါဘူး။ ဒါကြောင့် ဒီဆေးလုံးက

ဘယ်လို လုပ်ပြီးတော့ ဈေးချိုချို နဲ့ ရောင်းလို့ ဖြစ်နိုင်မှာလဲ? သူက ဒါကို လေလံတင် ပြီးတော့ အမြင့်ဆုံး လေလံပေးနိုင်တဲ့ သူကို လွှဲပြောင်းပေးလိုက်မှာပါ၊

အင်ပါယာမြို့မှာ စိတ်ဂိုဉာဉ်ရတနာ စံအိမ်လောက် ကောင်းတဲ့ တစ်ခြား လေလံအိမ် မရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက အားလုံးကို ရောင်းချဖို့ ဆုံးဖြတ်ထားယင် ၎င်းကို လူအများကို သိအောင်လို့ ကြေညာဖို့ အချိန်အနည်းငယ်တော့ လိုအပ်ပြီး တော့ သူ့အနေနဲ့ ချက်ချင်းကြီး ငွေရရှိနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒါက ကိစ္စ မရှိပါဘူး လင်းဟာန်က စောစောကပဲ ငွေပြား ဆယ်သန်းကျော် ရရှိခဲ့ပြီးတော့ ဒါက အဂတ်အစားဆိုင်တွေကို အချိန်အတိုင်းအတာ တစ်ခု အထိ ထောက်ပံ့ ဖို့အတွက် လုံလောက်ပါတယ်။

``ဂုဏ်သရေရှိ ဧည့်သည်တော် နှစ်ယောက်က ဘာကိုများ ဝယ်ယူချင်လို့ပါလဲ?``

အလုပ်သမားတစ်ယောက်က ချက်ချင်းပဲ ရှေ့ကိုလာပြီး သူတို့ကို နှုတ်ဆက်လိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့မှာ လေလံ တင်ဖို့ မျော်ဆေးလုံး အချို့ရှိတယ်.. ဒါကြောင့် ကျေးဇူးပြုပြီးတော့ မင်းတို့ရဲ့ အကဲဖြတ်သူကို လာပြီးတော့ ငါ့ရဲ့ မျော်ဆေးလုံးတွေကို အကဲဖြတ်ပေးပါ``

``မျော်ဆေးလုံးလား?ဟီးဟီး``

စုံတွဲတစ်တွဲက သူတို့ရဲ့ ဘေးမှာရပ်နေတာပါ။ ယောက်ျားကြီးကိုကြည့်ရတာ အသက်လေးဆယ်လောက်ရှိပြီးတော့ အထင်အမြင်သေးတဲ့အမူအရာနဲ့ ပြောပါတယ်။

``မင်းလို လူငယ်လေးတစ်ယောက်က ဘယ်လို မျော်ဆေးလုံး အမျိုးအစား ကို ယူလာလို့လဲ?ဒီလိုနေရာမျိုးမှာ မင်းကိုယ်မင်း မရှက်တတ်ဘူးလား``

သူက လွှီယုထန် ဘက်ကို မျက်လုံးတွေဝေ့ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ မျက်နှာမှာ မှင်တက်သွားတဲ့ အမူအရာပေါ် လာခဲ့ပါတယ်။

``ဒါက ဖန်းဒေါင်ပင်း လို့ ခေါ်ပါတယ်။ အဂါရောင် အလယ်အလတ်အဆင့် မျော်ဆေးပညာရှင်ဖြစ်တဲ့ ဂရန်းမာစတာ ဖန်းပေ့ါ``

သူရဲ့ ဘေးမှာရှိတဲ့ အမျိုးသမီးက ချက်ချင်းပဲ မိတ်ဆက်ပေးလိုက်ပါတယ်ယ။ သူမပုံ စံ က ကြည့်လို့ကောင်းပေမဲ့ သူမရဲ့ မိတ်ကပ်တွေက အနည်းငယ် များနေတဲ့ ပုံပါပဲ။

အလုပ်သမားက အနည်းငယ် စိတ်ကသိကအောက်ဖြစ်သွားပါတယ်။ ဒီနေရာက ဧည့်သည်တွေ က သူတို့လေလံတင်ချင်တဲ့ ပစ္စည်းတွေကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်တဲ့ နေရာတစ်ခုဖြစ်သလို သူတို့လိုချင်တဲ့ လေလံပစ္စည်းတွေကိုလဲ စိတ်ဂိဉာဉ်ရတနာ စံအိမ်ကို လာရောက်အကြောင်းကြားပြီးတော့ စုံစမ်းမေးမြန်း လို့ ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ စိတ်ဂိဉာဉ်ရတနာ စံအိမ်က အမြဲတမ်း သင့်တင့် မျှတ တဲ့ ပွဲခကို ပဲ ယူပါတယ်။

ဒါပေမဲ့ အဂါရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဆိုတာက သူဆန့်ကျင်လို့ရတဲ့ သူမဟုတ်ပါဘူး။ ဒါကြောင့် သူက ဖန်းဒေါင်ပင်း ဆီကို လက်သီးဆုပ် ပြီးတော့ ပြောလိုက်ပါတယ်။

``ရာဖြတ်တစ်ယောက်ကို ဒီနေရာကို လာဖို့

ကျနော်သွားပြောလိုက်ပါဦးမယ်``

သူကလျင်မြန်စွာနဲ့ လွတ်သွားခဲ့ပါတယ်။

ဖန်းဒေါင်ပင်း ကြည့်ရတာ အရမ်းကို မာနကြီးတဲ့ ပုံစံနဲ့ ဖြစ်ပြီးတော့ သူရဲ့မျက်လုံး ဒေါင့်စွန်းကနေပြီး လွီယုထန်ကို ကြည့်ပီးတော့ သူမရဲ့ မျက်နာပေါ်မှာ အံ့သြအားကျနေတဲ့အမူအရာပေါ်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ဒါပေမဲ့ သူက စိတ်ပျက်သွားပါတယ်ယ။ ဒီမိန်းမလှလေးကြည့်ရတာ ရေခဲတုံးလို အေးစက်ပြီး တော့ သူမရဲ့ အမူအရာက နည်းနည်းလေးမှ မပြောင်းလဲသွားခဲ့ပါဘူး။

လွန်လွန်ကဲကဲ ပြင်ဆင်ထားတဲ့ အမျိုးသမီးက လွီယုထန်ကို မနာလိုစွာနဲ့ စိုက်ကြည့် နေပါတယ်။ ဒီအမျိုးသမီးက သူမထက် ပိုမိုချောမောလှပပြီးတော့ ပိုအရေးကြီးတာ သူမထက် ငယ်ရွယ်ပါတယ်.။

ခဏအကြာမှာ အလုပ်သမားက အသက်လေးဆယ်ကျော် သတ်လတ်ပိုင်း လူတစ် ယောက်ကို ခေါ်လာခဲ့ပါတယ်။ အဲဒီလူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မှာ ရှိနေပြီးတော့ တစ်ခြားသူတွေကို သက်တောင့်သက်သာ

ဖြစ်စေတဲ့ ခံစားမှုမျိုး ကို ပေးပါတယ်။

``ဒါက မာထျန်းရှန် .. ရာဖြတ် မာ ပါ``

အလုပ်သမားက မိတ်ဆက်ပေးလိုက်ပါတယ်။

လင်းဟန်က စိတ်အနှောက်အယှက် လုံးဝမဖြစ်ပဲ ဆေးပုလင်းကို မာထျန်းရှန် ဆီကို ပေးပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင် ကျနော့်အတွက် တစ်ချက်ကြည့်ပေးဖို့ ရာဖြတ် မာ ကို ဒုက္ခပေးရတော့မှာပဲ``

``ငါဒါကိုလုပ်မယ်``

ဖန်းဒေါင်ပင်း ကရုတ်တရက် လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဆေးပုလင်းကို ဖြတ်လုလိုက်ပီး မာထျန်းရှန် ဘက်ကို လှည့်ပြီး ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ငါက အဂါရောင် အလယ်အလတ်အဆင့် မော်ဆေးပညာရှင်တစ်ယောက်ပဲ.. တကယ်လို့ငါတို့က

မျော်ဆေးလုံးအကြောင်းကို သုံးသပ်မယ်ဆိုယင် ရာဖြတ် အကို မာ ထက်တော့ မနိမ့်ကျလောက်ပါဘူး ဟုတ်တယ်မလား?``

မာထျန်းရှန်ရဲ့ မျက်နှာပေါ်မှာ မကျေနပ်တဲ့အမူအရာ တစ်ချက် လက်သွားခဲ့ပါတယ် ဒါပေမဲ့ သူက ဖန်းဒေါင်ပင်းရဲ့ မျော်ဆေးပညာရှင်တယောက် အဆင့်အတန်းကြောင့် မကျေနပ်မှုကို ထုတ်မပြခဲ့ပါဘူး အဲဒီအစား သူက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုလဲ ကျေးဇူးပြုပြီးတော့ လုပ်ပါ``

ဖန်းဒေါင်ပင်းက သူ့ကိုယ်သူ ကျေနပ်သွားပါတယ်.. သူက လှီယုထန်ရဲ့ အာရုံစိုက်မှု ကို ဆွဲဆောင်နိုင်ဖို့အတွက် ကြိုးစားလိုက်တာပါ။ သူက အသက်လေးဆယ်အရွယ် ဆိုတာကို လုံးဝ မစဉ်းစားပဲနဲ့ သူ့ထက် အများကြီးငယ်ရွယ်တဲ့ မိန်းကလေး တစ်ယောက်ကို ဆွဲဆောင်ဖို့ ကြိုးစားနေတုန်းပါပဲ။

သူက ဆေးပုလင်းအဖုံးကို ဖယ်လိုက်ပါတယ်။ နှာခေါင်းတစ်ချက်ကို ရှုံ့ပြီးတော့ သူ့ရဲ့ အမူအရာက အကြီးအကျယ်ကို ပြောင်းလဲသွားပါတယ်။ သူက အထဲကို

တစ်ချက်ကြည့် လိုက်ပြီး ချက်ချင်းဆိုသလို လျှင်မြန်စွာနဲ့ အဖုံးကို ဖုံးလိုက်ပြီး ဆေးပုလင်းကို သူ့ရဲ့ အိပ်ကပ်ထဲကို တန်းထည့်လိုက်ပါတယ်။ ပြီးတော့ သူက လင်းဟန်က ဘက်ကို လှည့်ပြီးပြောလိုက်ပါတယ်။

``ကောင်လေး ဒီ စိတ်ဂိုဏ္ဍစုစည်းခြင်း ဆေးပုလင်းက သိပ်အများကြီး တန်ဖိုးမရှိပါဘူး။ ဒီမှာ ငွေပြားတစ်သောင်းတန် ငွေလွှဲစာရွက် ငါ ဒီဆေးပုလင်းကို ငါ့ရဲ့ ကြင်နာမှုကို ဖော်ပြတဲ့အနေနဲ့ဂယ်လိုက်ပီ``

လင်းဟန် အံ့အားသင့်သွားပါတယ်။ သူက ဒီ ဖန်းဒေါင်ပင်းက အရှက်မရှိဖူးဆိုတာကို သိပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အရှင်းကင်းမဲ့မှုက သူ ခန့်မှန်းထားတာ ထက်တောင်မှ ပိုများနေပါတယ်။ ဒါက ဓါးပြတိုက်နေတာနဲ့ များ ဘာကွာခြားတော့မှာလဲ?

မာထျန်းရှန် က ဆေးပုလင်းထဲမှာ ဘယ်လိုအမျိုးအစား မှော်ဆေးလုံး ပါလာတယ် ဆိုတာကို မသိပါဘူး။ ဒါပေမဲ့ ဖန်းဒေါင်ပင်းရဲ့ ဆန္ဒစောနေတဲ့ လှုပ်ရှားမှုကို ကြည့်ခြင်းဖြင့် ဆေးပုလင်းထဲက ဆေးတွေက သာမာန် ဆေးလုံးတွေ မဟုတ်ဘူး ဆိုတာကို သူခန့်မှန်းနိုင်ပါတယ်။ ချက်ချင်းဆိုသလို သူ့ရဲ့မျက်နှာပေါ်မှာ ဒေါသထွက်

တဲ့အမူအရာပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက ညွှန့်သည်က ကျုပ်တို့ စိတ်ဂိုဏ်းရတနာ စံအိမ်ကို လေလံတင်ဖို့ ပေးလိုက်တဲ့ ပစ္စည်းပဲ ဒါကြောင့် ကျုပ်ကပဲ အကဲဖြတ်ဖို့ လုပ်သင့်ဆုံးသူတစ်ယောက်ပဲ``

``အားယား ကြင်နာ ဖို့ဆိုတာ တကယ်တော့ ခက်ခဲတာပဲ.. ဒါဆိုလဲ ရော့ ယူလိုက်``

ဖန်းဒေါင်ပင်းက သူ့ရဲ့အိပ်ကပ်ထဲက ဆေးတစ်ပုလင်းကို ထုတ်ယူပြီးတော့ မာထျန်းရှန် ဆီကို ပစ်ပေးလိုက်ပါတယ်။

လင်းဟန်ကသေချာကြည့်ပြီး သူ့ရဲ့ မျက်နှာပေါ်မှာ အေးစက်တဲ့အပြုံး ပေါ်လာခဲ့ ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးပုလင်းက လဲခြင်းခံလိုက်ရပါပြီ။

ဘယ်လောက်တောင် တရားလွန် အရှက်မရှိရတာလဲ။

CHAPTER 160 ဆေးပုလင်းလဲခြင်း

မာထျန်းရှန် က ဖန်းဒေါင်ပင်း ဆီက ဆေးပုလင်းကို ယူလိုက်ပါတယ်။ သူက လင်းဟန် ယူဆောင်လာတဲ့ မူလဆေးပုလင်းကို သူက အနီးကပ်မမြင်လိုက်ရပါဘူး

ဒါကြောင့် သူက ဖန်းဒေါင်ပင်းက ဆေးပုလင်းလဲလိုက်တယ်ဆိုတာကို မသိလိုက်ပါဘူး။ သူက ပုလင်းအဖုံးကို ဖွင့်ပြီးတော့ အထဲကို တစ်ချက်ကြည့်ပြီးတော့ သူ့ရဲ့ အမူအရာက ကျေနပ်မှုမရှိတဲ့ အမူအရာဖြစ်နေပါတယ်။

ဒါတွေက တကယ်ပဲ စိတ်ဂိဉာဉ်စုစည်းခြင်း ဆေးလုံးတွေဖြစ်ပီးတော့ အရည်အသွေးက အထင်ကြီးစရာသိပ်မရှိပါဘူး။ ၎င်း တို့က ကြယ်ငါးလုံး ခြောက်လုံး အဆင့်ပဲရှိပြီးတော့ စိတ်ဂိဉာဉ်ရတနာစံအိမ်ရဲ့ လေလံပွဲမှာ တင်ဖို့ လုံလောက်တဲ့ တန်ဖိုး မရှိပါဘူး။

``လူငယ်လေး ဒါတွေက သာမာန် စိတ်ဂိဉာဉ်စုစည်းခြင်း ဆေးလုံးတွေပဲ. ဒါတွေက လေလံတင်ဖို့ တန်ဖိုးလုံးဝမရှိဘူး``

မာထျန်းရှန်က ဆေးပုလင်းကို ဖန်းဒေါင်ပင်းဆီကို ပစ်ပေးလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာ ပေါ် မှာ ဒေါသထွက်နေတဲ့ ပုံစံဖြစ်နေပါတယ်။ သူက ဒီ စိတ်ဂိဉာဉ်စုစည်း ခြင်း ဆေးပုလင်းအတွက်နဲ့ သူ့ရဲ့ တည်ငြိမ်အေးဆေးတဲ့ ပုံစံပျောက်ဆုံးသွား ခဲ့ ရတဲ့အတွက် သူကိုယ်သူ အလွန်အမင်း မကျေမနပ်ဖြစ်နေပါတယ်။

လွှီယုထန်က ဘာတွေဖြစ်နေလဲဆိုတာကို နားလည်သွားပြီးတော့ သူမက ဖန်းဒေါင်ပင်း ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒနဲ့ကြည့်လိုက်ပါတယ်။

ထိုအချိန်အတွင်းမှာ ဖန်းဒေါင်ပင်း က သူ့ကိုယ်သူ အလွန်အမင်း ကျေနပ် နေပါတယ်ယ။ သူလဲလိုက်တဲ့ ဆေးပုလင်းထဲမှာ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေ ပါတယ်ဆိုတာကိုသူမသိပါဘူး။ ဒါပေမဲ့ သူ့ခန့်မှန်းချက်အရတော့ ဒါက အနည်းဆုံး အနက်ရောင်အဆင့် မှော်ဆေးလုံးတွေဖြစ်ပါတယ်။ ဒီလို တန်ဖိုးရှိတဲ့ ပစ္စည်းကို ငွေပြားတစ်သောင်းမျှနဲ့ ရယူနိုင်ခဲ့တာက တကယ့်ကို ကောင်းမွန်တဲ့ စီးပွားရေးတစ်ခုပဲဖြစ်ပါတယ်။

တကယ်လို့ ဒါတွေက အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေဆိုတာကို သူသိခဲ့မယ် ဆိုယင်ဒီလိုမျိုး အရှက်မဲ့တဲ့ အလုပ်မျိုးကို သူလုပ်ပုံမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒါက သူဖြေရှင်းလို့ မရနိုင်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တာ ကြောင့်ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် သူ လူလည်ကျလိုက်တဲ့ဒီလူငယ်လေးက အသက် ၁၆ နှစ် ၁၇ နှစ်လောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့်

တကယ်လို့ သူက ဆေးပုလင်း လဲ လိုက်တာကို ရှာတွေ့သွားတော့ရော ဘာဖြစ်မှာလဲ? သူ့လိုမျိုး အဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်ကို ဒီကောင်လေး ကဘယ်လိုလုပ်ပြီးတော့ ဆန့်ကျင်နိုင်မှာလဲ?

``သွားကြစို့``

သူက ဘေးနားက လွှန်လွှန်ကဲကဲ အလှပြင်ထားတဲ့ အမျိုးသမီးကို ပြောလိုက်ပါတယ်။ သူ့အတွက် အကောင်းဆုံး နည်းလမ်းက ဒီနေရာကနေ ဖြစ်နိုင်သမျှ အမြန်ဆုံး ထွက်သွားဖို့ပဲဖြစ်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားက တကယ့်ကို အတင့်ရဲပြီးတော့ ကျုပ်ကို ရိုက်စားလုပ်ပွံ့တာပဲ``

``မင်းဘာတွေပြောနေလဲ ဆိုတာကို ငါမသိဘူး. ငါသွားတော့မယ်``

ဖန်းဒေါင်ပင်းရဲ့ နလုံးသားက ခပ်ကြမ်းကြမ်းကို

ခုန်နေပါတယ်။ ဒါက သူ့အတွက် နက်ရောင်အဆင့် မှော်ဆေးလုံးတွေကို ရိုက်စားလုပ်ပြီးတော့ လုံးဂ ရယူထားတာပဲ ဖြစ်ပါတယ်။

``ခင်ဗျား ထွက်သွားလို့မရတော့ဘူး``

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပြောလိုက်ပါတယ်။

``ဟင့် ငါက အဝါရောင်အလယ်အလတ်အဆင့်မှော်ဆေးပညာရှင်တစ်ေယာက်ပဲ.. မင်းက ငါ့ကို ထွက်မသွားအောင် တားဖို့ ဆန္ဒရှိသလား?``

ဖန်းဒေါင်ပင်းက အေးစက်စွာနဲ့ မေးလိုက်ပီးတော့ ရှေ့ကို ဆက်လျှောက်သွားဖို့ ပြင်လိုက်ပါတယ်။

လင်းဟန်ရဲ ့လက်တစ်ဖက်က ရှေ့ကို ထွက်လာပြီးတော့ ဖန်းဒေါင်ပင်းရဲ့ လည်ပင်းက အကျီအစကို ဆုပ်ကိုင်လိုက်ပါတယ်။ သူက ပြုံးပြီးတော့ပြောပါတယ်။

``ကျုပ်က ခင်ဗျားကို ထွက်မသွားအောင် တားဖို့ မဟုတ်ဘူး.. ခင်ဗျားကို ဆုံးမ မလို့ပဲ``

``မင်းအတင့်ရဲလှချည်လား``

ဖန်းဒေါင်ပင်း က ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။

``သွားစို့``

``ခင်ဗျားညီမလေးပဲသွားလိုက်``

လင်းဟန်ရဲ့ လက်သီးက အလင်းတန်းလို ထွက်သွားပြီးတော့ ဖန်းဒေါင်ပင်းရဲ့ ဘယ်ဘက် မျက်လုံးကို ထိသွားခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ ဖန်းဒေါင်ပင်းက သူ့ရဲ့မျက်လုံးကို လက်နဲ့ အုပ်ပြီးတော့ နာကျင်မှုဒဏ်ကြောင့် အော်ဟစ် လိုက်ပါတယ်။

``ခွေး...ခွေးကောင်လေး``

ဖန်းဒေါင်ပင်းက အော်ဟစ်ဆဲဆိုလိုက်ပါတယ်။

``စိတ်ဂိုဉာဉ်ရတနာ စံအိမ်က လူတွေ မင်းတို့ရဲ့ ပိုင်နက်ထဲမှာ တစ်စုံတစ်ယောက်က အပြစ်ကျူးလွန်နေတာကို ဂင်ပြီးတော့ မတားကြတော့ဘူးလား? မင်းတို့ရဲ့ လုပ်ငန်းတွေကို ဆက်ပြီးတော့ လုပ်ဖို့ အစီအစဉ်ရောရှိကြသေးရဲ့လား?

မာထျန်းရှန် ရဲ့ မျက်နှာပေါ်မှာ ဒီစကားတွေကြောင့် ပြဿနာဖြစ်သွားတဲ့ အမူအရာ ပေါ်လာခဲ့ပါတယ်။ တကယ်ပါ.. စိတ်ဂိဉာဉ်ရတနာ စံအိမ်မှာ ဘယ်သူကမှ ပြဿနာ လုပ်လို့မရပါဘူးဒါပေမဲ့ သူက ဖန်းဒေါင်ပင်းရဲ့ အမူအကျင့်ကြောင့် မပျော်ရွှင်ပါဘူး။ ဒါကြောင့်လဲ သူက လင်းဟန်ရဲ့ ပထမ လှုပ်ရှားမှုကို ထွက်ပြီးတော့ မတားတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဖန်းဒေါင်ပင်းက စိတ်ဂိဉာဉ်ရတနာ စံအိမ်ရဲ့ အရေးယူဖို့ ပျက်ကွက် တာကို ထောက်ပြလိုက်တဲ့အခါမှာ သူ့အနေနဲ့ ဖန်းဒေါင်ပင်း ပြောတာကို မကြားသလို နေဖို့က မဖြစ်နိုင်တော့ပါဘူး။

``ကောင်လေး.. ချက်ချင်းပဲရပ်လိုက်စမ်း``

သူက လင်းဟန်ကို အော်ဟစ်လိုက်ပါတယ်။

``ဘုန်း ဘုန်း ဘုန်း ဘုန်း ``

လင်းဟန်က ဘာမှမကြားရတဲ့ ပုံစံမျိုးနဲ့ ဖန်းဒေါင်ပင်းကို အပြင်းအထန် ရိုက်နှက် ဆုံးမနေပါတယ်။ သူ့ကိုလှည့်စားဖို့ တောင် ကြံရဲတယ် ဒါလောက်များ သတ္တိ တွေ ကောင်းနေလိုက်တာလဲ။

မာထျန်းရှန်ရဲ့ မျက်နှာပေါ်မှာ ဒေါသထွက်သွားတဲ့အမူအရာ ဖြစ်ပေါ်လာပါတယ်။ ဒီကောင်လေးက သူ့ပြောတာကို လုံးဝ လစ်လျူရှုထားတဲ့အပြင် စိတ်ဂိုဏ်ရတနာ စံအိမ်ထဲမှာတောင်မှ ရမ်းကားတဲ့အပြုအမူကို လုပ်ရဲတယ်။ သူက တကယ့်ကို သတ္တိ ကောင်းတာပဲ .မာထျန်းရှန်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပီး အော်ခေါ်လိုက်ပါတယ်။

``အစောင့်တွေ.. ဒီကောင်လေးကို ဖမ်းလိုက်ကြစမ်း``

လွှီယုထန်က ချက်ချင်းဆိုသလို ရှေ့ကို ခြေတစ်လှမ်းတက်လိုက်ပါတယ်။ ဟူးညီ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝအမူအကျင့်က ပေါ်လာပြီးတော့ မာထျန်းရှန်ကို သူမရဲ့ သွားတွေဖြဲပီး မာန်ဖီနေပါတယ်။

လင်းဟန်က ဖန်းဒေါင်ပင်းရဲ့ အကျႌ ထဲကနေပြီးတော့ ကျောက်စိမ်းဆေးပုလင်းကို ပြန်နှိုက်ယူလိုက်ပါတယ်။ သူ့ရဲ့ကိုယ်ပိုင် ပိုင်ဆိုင်မှုနဲ့ သူက အရမ်းကို ရင်းနှီးပါတယ်။ သူက နောက်ထပ် တောင် ထပ်မကြည့်တော့ပဲနဲ့ မာထျန်းရှန် ဆီကို ဆေးပုလင်း ပစ် ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက ငါလေလံတင်ချင်တဲ့ ပစ္စည်းပဲ``

မာထျန်းရှန်က အေးစက်စွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက တကယ့်ကို စိတ်ဝိဉာဉ်ရတနာစံအိမ်ထဲမှာ ရမ်းကားရဲပြီးတော့ ဘာမှမဖြစ်သလိုမျိုး လုပ်နေချင်တယ်ပေါ့လေ?``

``ခင်ဗျားမှားနေပြီ.. ကျုပ်ရဲ့ပိုင်ဆိုင်မှုကို ခိုးသွားတဲ့ သူခိုးတစ်ယောက်ကို ကျုပ်ကိုယ်တိုင်ပဲ ဖမ်းပြီးတော့ သူခိုးကို ကောင်းကောင်းလေး ဆုံးမလိုက်တာပဲ ရှိတာပါ``

လင်းဟန်က တည်ငြိမ်စွာနဲ့ မာထျန်းရှန်ကို စူးစိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

မာထျန်းရှန်ရဲ့ နှလုံးသား တုန်လှုပ်သွားပါတယ်။ ဒီလူငယ်လေးရဲ့ အကြည့်က သူ့ရဲ့ စိတ်ဝိဉာဉ်အတွင်းပိုင်းထိကိုမြင်နိုင်စွမ်းရှိတဲ့ ပုံစံနဲ့ သူ့ရဲ့ တစ်ကိုယ်လုံးကို တုန်ခါသွား စေခဲ့ပါတယ်။ သူက ကျောက်စိမ်းပုလင်းအဖုံးကို ဖွင့်လိုက်ပါတယ်။ အချိန် ခဏလေး အတွင်းမှာပဲ သူ့ရဲ့မျက်နှာပေါ်မှာ အရမ်းကို အံ့အားသင့်တဲ့ အမူအရာ ဖြစ်ပေါ်လာခဲ့ ပါတယ်။

ရာဖြတ်တစ်ယောက်အနေနဲ့ သူက မှော်ဆေးပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိပါဘူး။ ဒါပေမဲ့ သူက မှော်ဆေးလုံး အမျိုးအစားပေါင်း များစွာနဲ့ အရမ်းကို ရင်းနှီး နေပါတယ် ဘာကြောင့်လဲဆိုတော့ ဒါက သူ့အလုပ်ရဲ့ တစ်စိတ်တပိုင်းပဲဖြစ်ပါတယ်။

``အခြေခံ.... အခြေခံ တည်ဆောက်ရေးဆေးလုံး``

မာထျန်းရှန်ရဲ့ မျက်နှာ မယုံနိုင်လောက်အောင် အံ့သြသွားတာကို တွေ့ရပါတယ်။

အဲဒီအချိန်မှာပဲ သူက လင်းဟန်က အမှန်အတိုင်းပြောတယ်ဆိုတာကို ယုံကြည် သွားပြီးတော့ ဒီ ဖန်းဒေါင်ပင်း က သူတို့နှစ်ယောက်စလုံးကို လှည့်စားပြီးတော့ ဆေးပုလင်းတွေကို လဲလှယ်လိုက်တာပါပဲ။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် အဂါရောင် အလယ်အလတ်အဆင့်မျှသာ ရှိတဲ့ မှော်ဆေးပညာရှင်တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အခြေခံ တည်ဆောက်ရေး ဆေးလုံးကို ပိုင်ဆိုင်ထားနိုင်မှာလဲ?

``ဒါဆို ခင်ဗျားမှာ ကောင်းမွန်တဲ့ အကဲဖြတ်မှုရှိတာပဲ``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ အခြေခံတည်ဆောက်ရေး ဆေးလုံးက မိုးရေနိုင်ငံအတွင်းမှာ တစ်ခါမှ မပေါ်လာခဲ့ပါဘူး။ ဒါပေမဲ့ ဒီလူကတော့ တစ်ချက်ကြည့်လိုက်တာနဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေ ဆိုတာကို သတိပြုနိုင်ခဲ့ပုံထောက်ယင်တော့ ကြည့်ရတာ သူ့မှာ ဗဟုသုတနဲ့ အတွေ့အကြုံ တစ်ချို့ ရှိထားပုံရပါတယ်။

မာထျန်းရှန်က လင်းဟန်နဲ့ ပါတ်သတ်ပြီး စိတ်အနှောက်အယှက်ဖြစ်တာ မျိုး မရှိတော့ပါဘူး သူက အခြေခံတည်ဆောက်ရေး ဆေးလုံး တစ်လုံးကို ထုတ်ယူလိုက်ပီးတော့ ၎င်းရဲ့ အရည်အသွေးကို သေချာ စစ်ဆေးနေပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ပြုံးလိုက်ပါတယ်။ ဒီလိုကိစ္စတွေဖြစ်လာမှတော့ သူ့ရဲ့ ကိုယ်ပိုင် အဖြစ်အပျက်အတွက် သူပဲ ရင်ဆိုင်ရတော့မှာပေ့ါ.။ သူ့ရဲ့ ခြေထောက်နဲ့ ဖန်းဒေါင်ပင်းရဲ့ မျက်နှာကို ဖိချလိုက်ပီးတော့ သူက ပြုံးပြီးပြောလိုက်ပါတယ်။

``ခင်ဗျားက တော်တော်သတ္တိကောင်းပြီး ကျုပ်ရဲ့ပစ္စည်းကိုတောင်မှ ရိုက်စားလုပ်ပြီး လုယူဖို့ကြံရဲတာပဲ``

``ခွေးကောင်လေး မင်းတော့သေပြီသာမှတ်``

ဖန်းဒေါင်ပင်းက အံကြိတ်ပြီးပြောလိုက်ပါတယ်။

``ငါက မော်ဆေးပညာရှင်တစ်ယောက်ပဲ ဒါကိုတောင် မင်းကငါ့ကို ဒဏ်ရာရအောင် လုပ်ရဲတယ်.. ဒီပြစ်မှုက သေဒဏ်ပေးရလောက်အောင်ကို အပြစ်ပေးခံရလိမ့်မယ်. ဒါ့အပြင် မင်းက ငါ့ရဲ့ မော်ဆေးလုံးကိုတောင်မှ ခိုးရဲတယ်. ဒါမင်းရဲ့အပြစ်ကို ပိုပြီးတော့ ကြီးလာစေလိမ့်မယ်``

``ခင်ဗျားက ကိုယ့်အပြစ်ကိုကိုယ် ဖုံးကွယ်ချင်နေသေးတာပဲ``

လင်းဟာန်က သူ့ရဲ့ခေါင်းကိုခါပြီးတော့ လွှီယုထန်ကို မေးလိုက်ပါတယ်။

``မိုးရေနိုင်ငံရဲ့ ဥပဒေအရ လူတစ်ယောက်က ငွေဘယ်လောက် ခိုးလို့ရှိယင် သေဒဏ် အပြစ်ကို

ပေးလို့ရသလဲ?``

ခိုးမှုပြစ်ဒဏ်က ခိုးယူတဲ့ ငွေပမာဏ အပေါ် မူတည်ပြီးတော့ အမှုကြီးတာနဲ့ အမှုပေါ့ တာဆိုပြီးရှိပါတယ်။ တကယ်လို့ ငွေပြားဆယ်ပြားကို ဆင်းရဲသားတစ်ယောက် ဆီက ခိုးမယ်ဆိုယင် ဒါက ကြီးမားတဲ့ ပြစ်မှုကြီးလို့ သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ သူဌေးတစ်ယောက်ဆီက သူခိုးတစ်ယောက်က ငွေဆယ်ပြားခိုးယူမယ်ဆိုယင်တော့ ဒီပြစ်မှုအတွက် ပြစ်ဒဏ်က တော်တော်လေးနည်းပါတယ်။

တကယ်လို့ အဂ္ဂါရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်ဖြစ်တဲ့ ဖန်းဒေါင်ပင်းလို့ လူမျိုးကို ခိုးမှုအတွက် သေဒဏ်ပေးမယ်ဆိုယင် ခိုးယူတဲ့ ပမာဏ က အရမ်းကို ဧရာမ ကြီးမားတဲ့ပမာဏဖြစ်ရပါလို့မ်မယ်.။

လွှီယုထန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

``အနည်းဆုံး ဆယ်သန်း``

လင်းဟာန်က မာထျန်းရှန် ဘက်ကိုလှည့်ပြီးတော့မေးလိုက်ပါတယ်။

``ဒီ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေက ဆယ်သန်းတန်ရဲ့လား?``

မာထျန်းရှန်က ချက်ချင်းပဲ လင်းဟန်ကို ဒေါသထွက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဘယ်လို ဟာသတွေကို လာပြောနေတာလဲ? အခု သူတို့ပြောနေတာက အခြေခံ တည်ဆောက်ရေးဆေးလုံးတွေ ဖြစ်ပြီးတော့ ဆေးတစ်လုံးအတွက် အနိမ့်ဆုံးဈေးနှုန်းကတောင်မှ ငွေပြား ဆယ်သန်း အထက်မှာရှိပါတယ်။ မင်းမှာ ဒီလောက်တောင် စဉ်းစားတွေးခေါ်ဉာဏ်မရှိဘူးလား? ဒါပေမဲ့ ဒီ အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေကို လင်းဟန် ပိုင်ဆိုင်တယ်ဆိုတာကို ပြန်သတိရ သွားတဲ့ အခါမှာ သူက ချက်ချင်းဆိုသလို ညင်သာတဲ့ အသံ နဲ့ပြောလိုက်ပါတယ်။

``ဒီမှာ စုစုပေါင်း အခြေခံတည်ဆောက်ရေးဆေးလုံး ကိုးလုံးရှိပါတယ်.. ပြီးတော့ တကယ်လို့ သူတို့ကို လေလံတင်မယ်ဆိုယင် အနိမ့်ဆုံးဈေးနှုန်းက ငွေပြား သန်းတစ်ရာနဲ့ ရောင်းချလို့ရနိုင်ပါတယ်``

သန်းတစ်ရာ...။

ဖန်းဒေါင်ပင်းက သူတော့ ဒီတစ်ကြိမ် လုံးဝသွားပြီလို့

ခံစားလိုက်ရပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး အေးစက်ပြီး တုန်ယင်လာပါတယ်ယ။ တကယ်လို့ လင်းဟန်က သန်းတရာ တန်ကြေးရှိတဲ့ လေလံပစ္စည်းတစ်ခုကို ယူလာနိုင်တယ်ဆိုယင် ဘယ်လိုလုပ်ပြီးတော့ သာမာန်လူတစ်ယောက် ဖြစ်နိုင်မှာလဲ? ဒါပေမဲ့ သူက အဖြစ်မှန် ကို ပြန်တွေးလိုက်တဲ့အခါမှာတော့ ခိုးမှုအတွက် သူက တကယ်ပဲ အဖမ်းခံရပါလိမ့်မယ်။ ဒါက သူ့အတွက် အရှက်ရစရာ ကောင်းတဲ့ ကိစ္စတင် မကပါဘူး သန်းတစ်ရာဆိုတဲ့ ရောမ ပမာဏကြောင့် သူ့ကို သေဒဏ် ကျဖို့ အတွက် ပါ လုံလောက်ပါတယ်။

သူ့ရဲ့ဘေးက လွှန်လွှန်ကဲကဲ အလှပြင်ဆင်ထားတဲ့ အမျိုးသမီးလဲ တုန်လှုပ်လာပြီးတော့ သူ့အနားကနေ တိတ်ဆိတ်စွာနဲ့ အဝေးကို ရွှေ့သွားနေပါတယ်။ သူမနဲ့ ဖန်းဒေါင်ပင်း ကြားမှာ ဘာမှ ပါတ်သတ်မှု မရှိပဲ လုံးဝကင်းရှင်းအောင်လို့ ကြိုးစားနေမှန်း သိသာပါတယ်။

``မဟုတ်ဘူး ဒီမှော်ဆေးလုံးတွေက ငါ့ဟာ.. ငါ့ဟာ``

ဖန်းဒေါင်ပင်း အခု လုပ်နိုင်တဲ့ တစ်ခုတည်းသော အရာက အဖြစ်မှန်ကို ဖုံးကွယ်ထားပြီးဖို့ပဲဖြစ်ပါတယ်။ တကယ်လို့ အဲလိုသာမဟုတ်ဘူးဆိုယင် သူတော့ တကယ့်ကို

အဆုံးသတ်သွားပါလိမ့်မယ်။

``ခင်ဗျားက ငတုံးအေလား?``

လင်းဟန်က သူ့ကို တစ်ချက် ဆောင့်ကန်လိုက်ပါတယ်။

``ခင်ဗျားလို တုံးအတဲ့ ဂျက်တစ်ကောင်က ဘယ်လိုလုပ်ပြီးတော့ မြေကွက်မှာ အဆင့်နဲ့ နီးတဲ့ မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်မှာလဲ? ခင်ဗျားက တကယ့် ငတုံးတစ်ယောက် ပဲ ဒါကြောင့် တစ်ခြားသူတွေကို ခင်ဗျားလိုမျိုး ငတုံးတွေလို့များ ထင်နေတာလား?``

ဖန်းဒေါင်ပင်းရဲ့ မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ သူက ပျားအုံကို လက်နဲ့ သွားပုတ်မိခဲ့ပီဆိုတာကို အခု သိလိုက်ရပါပြီ။ မြေကွက်မှာအဆင့်နီးတဲ့ မှော်ဆေးလုံးတွေ. မိုးရေနိုင်ငံရဲ့ အကြီးကျယ် အမြင့်မားဆုံးသော မှော်ဆေးပညာရဲ့ ခေါင်းဆောင်ကြီးနှစ်ယောက်တောင်မှ ဒီလို အဆင့်မြင့် မှော်ဆေးလုံးတွေကို မဖော်စပ်နိုင်ပါဘူး။ ဒီလူငယ်လေးမှာ သေချာပေါက် ကြောက်မက်ဖွယ်ရာကောင်း တဲ့ နောက်ခံအင်အားအဖွဲ့အစည်း ရှိပါလိမ့်မယ်။

``ဆရာ မာ``

အစောင့်သုံးယောက်က လျင်မြန်စွာနဲ့ ချဉ်းကပ်လာပြီးတော့ မာထျန်းရှန်ကို မေးခွန်းတွေနဲ့ ကြည့်လိုက်ပါတယ်။

``ဒီယောက်ျားကို ဖမ်းလိုက်``

မာထန်းရှန်က အေးစက်စွာ အမိန့်ပေးလိုက်ပါတယ်။

``ပြီးတော့ အင်ပါယာအစောင့်တွေကို သတင်းပို့လိုက်. သူတို့ကို ဒီနေရာမှာ ခိုးမှုတစ်ခုနဲ့ ကြုံတွေ့နေရတယ်လို့ ပြောလိုက်ပါ``

``ဟုတ်ကဲ့ပါ ဆရာမာ``

ဖန်းဒေါင်ပင်းက လက်ရှိသူကိုကြည့်ရတာ သေနေတဲ့ ခွေးတစ်ကောင်လိုမျိုးဖြစ်နေပြီး တော့ အစောင့်သုံးယောက်က တစ်ရှုတ်တိုက်ဆွဲခေါ်သွားခြင်းကို ခံလိုက်ရပါတယ်။

CHAPTER 161 မကောင်းဆိုးဝါး စိတ်ဝိဉာဉ်တစ်ခု

``ကျနော် သခင်လေးကို ဘယ်လိုခေါ်မလဲဗျာ?``

လက်ရှိမှာတော့ မာထျန်းရှန်က အရမ်းကိုပြုံးနေပါတယ်။ ဒါက တကယ့်ကို ကြီးကျယ် မြင့်မြတ်တဲ့ ဆေးသည်တော်ပါ.. မြေကမ္ဘာအဆင့်နီးတဲ့ မှော်ဆေးလုံးတွေကိုတောင်မှ ထုတ်ပေးနိုင်တဲ့ ဆေးသည်ပါ။ ဒီလိုမျိုး လုပ်နိုင်တဲ့ လူက မိုးရေနိုင်ငံမှာ တစ်ခြား ဘယ်သူများရှိလို့လဲ?

လုံး၀ မရှိဘူး။

``လင်းဟာန်.. ခင်ဗျား ကျုပ်ကို သခင်လေးဟာန် လို့ ခေါ်နိုင်တယ်``

လင်းဟာန်က ပြန်ဖြေလိုက်ပါတယ်။

မာထျန်းရှန်က အခုမှ စိတ်သက်သာရာ ရသွားပြီး သူ့ရဲ့ နဖူးက ချွေးတွေကို သုတ်လိုက်ပါတယ်။ သူ့အနေနဲ့ ငယ်ရွယ်တဲ့ လူငယ်တစ်ယောက်ကို သခင်လေးလို့ မခေါ်ချင်ပါဘူး။ ဒါပေမဲ့ လင်းဟာန်ကတော့ အရမ်းကို အရေးကြီးတဲ့ ဆေးသည်ပါ။ တကယ်လို့ သူက လင်းဟာန်ကို ဆန့်ကျင်မိလို့ လင်းဟာန်က ဒီမှော်ဆေးလုံးတွေကို စိတ်ဂိဉာဉ်ရတနာ စံအိမ်မှာ လေလံမတင်တော့ဘူးလို့ ဆုံးဖြတ်လိုက်မယ်ဆိုယင် ဒါက သူ့ကို အကြီးအကျယ် ပြဿနာ တက်စေပါလိမ့်မယ်

``သခင်လေးဟန်.. ကျေးဇူးပြုပြီးတော့ ကျနော်နောက်ကို လိုက်ခဲ့ပါတယ်။ သခင်လေးဟန် စာရင်းသွင်းတာကို ကျနော် သေချာဂရုစိုက်ပြီးတော့ ကူညီပေးပါရစေ``

``ကောင်းပြီလေ``

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ သဘောတူလိုက်ပါတယ်။

စိတ်ဂိုဏ်းဉာဉ်ရတနာ လေလံစံအိမ်မှာ မြေကျွန်းမှာအဆင့်နိမ့်တဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံး ကိုးလုံး ရဲ့ သတင်းက အရမ်းကို လျှင်မြန်စွာနဲ့ပဲ အဆင့်မြင့်တဲ့ သူတွေရဲ့ နားကို ရောက်ရှိသွားခဲ့ပါတယ်။ မကြာခင်မှာပဲ ချည်ထိုးထားတဲ့ အကျီကို ဆင်မြန်းထားတဲ့ အဘိုးကြီးတစ်ယောက် ပေါ်လာပြီးတော့ လင်းဟန်ကို ရိုသေလေးစားစွာနဲ့ ကြိုဆိုလိုက်ပါတယ်ယ။ ပြီးတော့ သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။

``ကျုပ်က ဒီ စံအိမ်ရဲ့ တတိယ အကြီးအကဲဖြစ်ပါတယ်။ ကျုပ်ရဲ့ မျိုးရိုးနာမည်က ကျော့ ဖြစ်ပါတယ် နာမည်အရင်းကတော့ ကျော့ပေါ့ယွမ် လို့ခေါ်ပါတယ်။

``စီနီယာကျော့``

လင်းဟန်က သူ့ရဲ့လက်ကို ဆုပ်ပြီးတော့ ရိုရိုသေသေ နှုတ်ဆက်လိုက်ပါတယ်။

ဒီအဘိုးကြီးက စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်ပြီး သူ့ရဲ့ ရိုသေလေးစားစွာ နှုတ်ဆက်တာကို ခံရဖို့ ထိုက်တန်ပါတယ်။

``မိတ်ဆွေလေး ဒီ အခြေခံတည်ဆောက်ရေးဆေးလုံးတွေကို လေလံတင်ဖို့ စိတ်ဆန္ဒရှိတာလား ဒါမှမဟုတ် ကျုပ်တို့ စံအိမ်ကိုပဲ တိုက်ရိုက်ရောင်းချ ချင်ပါသလား?``

ကျော့ပုံ့ယွမ် ကမေးလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာပြုံးပြီးတော့ ဖြေလိုက်ပါတယ်။

``လေလံတင်မယ်``

ဒီလိုမျိုး မှော်ဆေးလုံးတွေက လူတစ်ယောက် နောက်တစ်ဆင့်ကို အဆင့်တက် ဖို့ ကူညီတဲ့နေရာမှာ

အသုံးပြုပါတယ်။ဒါကြောင့် ၎င်းတို့ကို လေလံတင်ပြီးတော့ အမြင့်ဆုံး ဈေးနှုန်းရအောင် လုပ်တာပဲ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

ကျော့ပယ့ွမ် ကိုကြည့်ရတာ အနည်းငယ် စိတ်ပျက်သွားတဲ့ပုံစံပါပဲ။ တကယ်လို့ အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေကို စိတ်ဝိဉာဉ်ရတနာစံအိမ်ကို တိုက်ရိုက် ရောင်းမယ်ဆိုယင် သူတို့အနေနဲ့ နှစ်တိုင်းနှစ်တိုင်းမှာ ဆေးတစ်လုံးစီကို လေလံ တင်နိုင်ပါလိမ့်မယ်။ ပထမဆုံး ဒါက စိတ်ဝိဉာဉ်ရတနာ စံအိမ်ရဲ့ ထင်ပေါ်ကျော်ကြား မှုကို တိုးလာအောင် ကူညီနိုင်ပါတယ် ပြီးတော့ ဒုတိယအနေနဲ့ ရှားပါးတဲ့ ပစ္စည်း တွေက အမြတ်အမြန် ဈေးအရမ်းကြီးပါတယ်။ ဒါက စိတ်ဝိဉာဉ်ရတနာ စံအိမ်ကို ဒီ အခြေခံတည်ဆောက်ရေးဆေးလုံးတွေက ကြီးမားတဲ့ အမြတ်အစွန်းကို ရစေပါလိမ့်မယ်။

ကံမကောင်းတာက ဒီကောင်စုတ်လေးကလဲ အရှုံးမဟုတ်တာပဲ။

ဒါပေမဲ့ အခြေခံတည်ဆောက်ရေး ဆေးကိုးလုံးကို အံ့အားသင့်စရာကောင်းတဲ့ ကိန်းဂဏန်းနဲ့

ရောင်းထွက်မှာသေချာပါတယ်။ စိတ်ဂိုဉာဉ်ရတနာ စံအိမ် အနေနဲ့ ကော်မရှင်ခ အများကြီးရပါလိမ့်မယ်။

``မိတ်ဆွေလေး.. တကယ်လို့ စိတ်ဂိုဉာဉ်ရတနာ စံအိမ်မှာ ပစ္စည်းတစ်ခုကို လေလံ တင်မယ်ဆိုယင် ကျုပ်တို့က ပွဲစားခ ဆယ့်ငါးရာခိုင်နှုန်း ယူပါတယ်။ ဒါပေမဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံးက အရမ်းကို တန်ဖိုးကြီးမားတဲ့ အတွက် ကျုပ် ဆုံးဖြတ် ပေးနိုင်တာက ပွဲစားခကို ဆယ့်လေးရာခိုင်နှုန်းထိပဲ နိမ့်ချပြီး ယူပေးနိုင်ပါမယ်.. အဲဒါဆို ဘယ်လိုလဲ?``

ကျော့ပယ္ယွမ် က ပြုံးပြီးတော့မေးလိုက်ပါတယ်။

ဘယ်လောက်တောင် ဆိုးရွားလိုက်သလဲ သူတို့က တကယ်ပဲ ပွဲစားခ နှုန်းထားကို ဒီလောက်တောင် မြှင့်ထားတယ်။

လွီယုထန်က တစ်ဖက်ကနေ နှုတ်ခမ်းစူလိုက်ပါတယ်.။ အခြေခံ တည်ဆောက်ရေး ဆေးလုံး ကိုးလုံးရဲ့ တန်ဖိုးက သေချာပေါက် ငွေပြား သန်းတစ်ရာ အထက်မှာ ရှိပါတယ်။ ပြီးတော့ ဒီ ပွဲစားခ ဆယ့်လေးရာခိုင်နှုန်းက ငွေပြား တစ်သန်းအထက်မှာရှိပြီးတော့ ဒါက လွီကလန်ရဲ့ တစ်လစာ အမြတ်ငွေထက် ပိုများပါတယ်။ ဒါပေမဲ့ ကျော့ပယ္ယွမ် က

သဘောထားကြီးစွာနဲ့ စိတ်ဂိညာဉ်ရတနာခံစံအိမ် ရဲ့ ပွဲစားခကို တစ်ရာခိုင်နှုန်းဖြတ်တောက်ပေးခဲ့ပါတယ်။

ဒါပေါ့.. ဒါက အခြေခံတည်ဆောက်ရေးဆေးလုံးရဲ့ တန်ဖိုးက တကယ့်ကို မြင့်မားတဲ့ အတွက်ကြောင့်ပဲဖြစ်ပါတယ်။

``ကောင်းပြီ``

လင်းဟန်ခေါင်းငြိမ့်လိုက်ပါတယ်။ ငွေဆိုတာက သူ့အတွက်တော့ အရမ်းကို အရေးပါတဲ့ အရာတစ်ခုမှမဟုတ်တာ။

ကျော့ပယွမ်က ပြုံးပြီးတော့ ဆက်ပြောပါတယ်။

``တကယ်လို့ မိတ်ဆွေလေးက ဒီ အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေကို အရမ်းကောင်းတဲ့ ဈေးနှုန်းနဲ့ ရောင်းချချင်တယ်ဆိုယင် အကောင်းဆုံး နည်းလမ်းက လေလံပွဲအနည်းငယ်မှာ ဒီဆေးလုံးတွေကို ထည့်ပြီး လေလံတင်တာပဲ. တကယ်လို့ မိတ်ဆွေလေးက ငွေကို အလျင်စလို အသုံးပြုဖို့ မလိုဘူးဆိုယင် ဘာလို့ ဒီလိုမျိုး သေးငယ်တဲ့ အကြံအစည်လေးကို မသုံးတာလဲ?``

အခြေခံ တည်ဆောက်ရေး ဆေးလုံး ကို ပိုပြီးတော့ ရောင်းရလေ စိတ်ဂိဉာဉ်ရတနာ စံအိမ်ရဲ့ ဂင်ငွေက ပိုပြီးတော့မြင့်မားလေ ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် ကျော့ပယွမ် က ဒီလိုမျိုး အစီအစဉ်လေးတစ်ခုကို အသုံးပြုချင်တာပါ ဒါမှ စိတ်ဂိဉာဉ်ရတနာ စံအိမ်အတွက် အကျိုးအမြတ် ပိုပြီးတော့ ဂင်နိုင်မှာပဲဖြစ်ပါတယ်။

လင်းဟာန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြန်ပြောလိုက်ပါတယ်။

``ကျုပ်က လေလံပွဲတစ်ခုတည်းမှာပဲ ဒီဟာအားလုံးကို လေလံတင် ရောင်းချချင်တာပါ``

ကျော့ပယွမ်က တစ်ခဏမျှ မှင်တက်သွားပြီး သက်ပြင်းရှိုက်လိုက်ပါတယ်။ ဒီဆေးလုံးတွေက လင်းဟာန်ရဲ့ ပစ္စည်းတွေပါ။ ဒါကြောင့် တကယ်လို့ သူက စွမ်းအား ပြည့်ဂတဲ့ စိတ်ဂိဉာဉ်ပုလ္လင်အဆင့်စစ်သည်တော် ဖြစ်နေတာတောင်မှ သူ့အနေနဲ့ အကြံပေးဆွေးနွေးတာပဲ လုပ်နိုင်ပါတယ်။

လင်းဟာန်ကတော့ ဒီ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေက သူလွယ်လွယ်ကူကူနဲ့ ဖော်စပ်နိုင်ပါတယ်ယ။ ဒါကြောင့်သူက ဒီဆေးလုံး

တွေအတွက် လေလံဈေးက ကောင်းတဲ့ ဈေးပဲဖြစ်ဖြစ် ပိုကောင်းတဲ့ဈေးပဲဖြစ်ဖြစ် ဂရုမစိုက်ပါဘူး။ အဆုံးသတ်ကျယင်တော့ သေချာပေါက် ကိန်းဂဏန်းတွေ အများ ကြီး ရလာပါလိမ့်မယ်။ နောက်ရက်အနည်းငယ်ကျယင် သူက မြေကျွှာအဆင့်နိမ့်နိမ့် ရှိတဲ့ တစ်ခြားမှော်ဆေးလုံးတွေကို ဖော်စပ်ပါဦးမယ်. ဒါဆိုယင် ငွေအများကြီးကို ဘယ်လိုပဲဖြစ်ဖြစ် ရဖို့ရှိပါသေးတယ်။

``ကောင်းပါပြီ.. ဒါက မိတ်ဆွေလေးရဲ့သက်သေခံ စာရွက်ပါ။ ဆေးလုံးတွေ ရောင်းချ ပြီးတဲ့အခါမှာ မိတ်ဆွေလေးက ဒီစာရွက်ကို အတူတကွယူလာပြီးတော့ ရောင်းလို့ ရတဲ့ ငွေတွေကို ထုတ်ယူနိုင်ပါတယ်။ တစ်ခြားတစ်ယောက်ကို ငွေလာထုတ်ခိုင်း မယ်ဆိုယင်လဲ မိတ်ဆွေလေးက အတည်ပြုထောက်ခံပေးရပါမယ်. ဒါပေမဲ့ ကျေးဇူးပြုပြီးတော့သတိထားပေးပါ.. တကယ်လို့ သက်သေခံ စာရွက်က ပျောက်သွားမယ်ဆိုယင် ကျေးဇူးပြုပြီးတော့ဒီကို အမြန်ဆုံးလာပြီးတော့ သတင်းပို့ပေးပါ.. အဲဒီလိုမှမဟုတ်ဘူးဆိုယင် တစ်ခြားတစ်စုံတစ်ယောက်က ငွေတွေကို ထုတ်ယူသွားမယ်ဆိုယင်တော့ ကျုပ်ကိုယ်တိုင်လဲ ဘာမှလုပ်ပေးလို့ မရပါဘူး``

ကျော့ပယွမ်က သတိပေးလိုက်ပါတယ်။

ဒီတံဆိပ်က တစ်ဂက်စီ ခွဲထားပြီးတော့ လင်းဟာန် တစ်ဂက်နဲ့ စိတ်ဂိဉာဉ်ရတနာ စံအိမ်က တစ်ဂက်ဆီ ကိုင်ထားကြပါတယ်။ကျော့ပယွမ် နဲ့ လင်းဟာန်တို့ နှစ်ဦးစလုံး ပဲ သူတို့ရဲ့ကိုယ်ပိုင် တစ်ဂက်စီပေါ်မှာ လက်ဗွေနှိပ်လိုက်ပါတယ်။ ဒါက တစ်ခြားသူတွေ အတုလုပ်မှာကနေ ကာကွယ်ပြီးသားဖြစ်သွားတာပါ။

``မိတ်ဆွေလေး.. တကယ်လို့ နောက်ကျယင် မင်းမှာ တစ်ခြား ဒီလိုမျိုး ဆေးလုံးတွေ ရှိတဲ့အခါကျယင် နောက်တစ်ကြိမ် ကျုပ်တို့ စိတ်ဂိဉာဉ်ရတနာ စံအိမ် ကို ဘာလို့ မလာမှာလဲ? ပွဲစားခကိုတော့ ကျုပ်တို့တွေ ညှိနှိုင်းလို့ရတာပေါ့``

ကျော့ပယွမ်က ပြောလိုက်ပါတယ်။

``ကောင်းပြီလေ``

လင်းဟာန်က ပြတ်ပြတ်သားသားနဲ့ သဘောတူလိုက်ပါတယ်။

လင်းဟာန်နဲ့ သူ့အဖော်တွေက စိတ်ဂိဉာဉ်ရတနာစံအိမ်ကနေ

ထွက်လာခဲ့ ကြပါတယ်။ ဖန်းဒေါင်ပင်းအတွက်ကတော့ ဇာတ်သိမ်းကောင်းလိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်က ဒါ့အတွက် စိုးရိမ်ပူပန်နေစရာမလိုပါဘူး။ တကယ်လို့ ဖန်းဒေါင်ပင်းက အဂ်ါရောင် အလယ်အလတ်ဆင့် မှော်ဆေးပညာရှင်ဖြစ်နေယင်တောင်မှ သူ့ရဲ့ ပြစ်မှုက ငွေပြား သန်းတစ်ရာအထက်မှာရှိတဲ့ အရမ်းကိုမြင့်မားတဲ့ ပမာဏပါဝင်နေပါတယ်။ ဒါက သေဒဏ်အပြစ် ကနေ သူ့ကို လွတ်မြောက်ဖို့ အရမ်းကို ခက်ခဲလှပါတယ်။

သူ့ကို လောဘကြီးပါလို့ ဘယ်သူကပြောလို့လဲ?

အခု အရမ်းကို နောက်ကျနေပါပြီ ဒါကြောင့် လင်းဟန်က လွီယုထန်နဲ့ ဟူးညို ကို ခေါ်ပြီးတော့ အချစ်ပန်းစံအိမ်ဆီကို ဦးတည်ပြီးလာခဲ့ပါတယ်။

သူတို့သုံးယောက်က
လမ်းမပေါ်မှာဖြေးဖြေးချင်းလျှောက်ကြည့်နေပြီးတော့
ဟူးညိုက တော့ လမ်းမပေါ်မှာပါတ်ပြေးနေပါတယ်။

ဒါကြောင့် သူတို့ အချစ်ပန်းစံအိမ်ကို ရောက်တဲ့အချိန်မှာ ကောင်းကင်က လုံးဝ မည်းမှောင်လို့နေပါပြီ။

``လူကြီးမင်းလင်း ဒီလမ်းပါ ကျေးဇူးပြုပြီးတော့ ကြွပါ``

ယွမ်ရှမ်းရှမ်းက အထဲမှာစောင့်နေတာပါ.. သူမက လင်းဟန်ရဲ့ ပုံရိပ် ကို မြင်လိုက် တာနဲ့ ချက်ချင်း ထွက်လာပြီးတော့ ကြိုဆိုပါတယ်။

သူတို့က ခြံဝန်းလေးတစ်ခုကို ရောက်လာခဲ့ပါတယ်။ ယွမ်ရှမ်းရှမ်းက တံခါး ကို ဖွင့်ပြီး ဝင်လိုက်တဲ့ အခါမှာ လေဒီရန်က လူငယ်လေးတစ်ယောက်ကို ကူညီပြီးတော့ အပြင်ထွက်လာပြီး သူတို့ကို ကြိုဆိုတာကို မြင်လိုက်ရပါတယ်။

လေဒီရန်က ပြောလိုက်ပါတယ်။

``အခုလိုကြွရောက်လာပေးတဲ့အတွက် ကျမတို့ အရမ်းကို ဂုဏ်ယူရပါတယ် လူကြီးမင်းလင်း.. ကျေးဇူးပြုပြီးတော့ အပြင်ကို ထွက်ပြီး မကြိုဆိုတာကို ခွင့်လွှတ်ပေးပါ``

လင်းဟန်က
သူတို့နှစ်ယောက်ကိုကြည့်ပြီးပြောလိုက်ပါတယ်။

``ကိစ္စမရှိပါဘူး ခင်ဗျားရဲ့ အခက်အခဲကို နားလည်ပါတယ်..

ဒါက ခင်ဗျားသားပဲဖြစ်ရမယ်..မှန်တယ်မလား? သူက နှစ်အချိုးအိပ်ပျော်နေတာဆိုတော့ သူ့ရဲ့ ခန္ဓာကိုယ်က အရမ်းကို အားနည်းနေသေးတာပဲ``

``လူကြီးမင်းလင်းရဲ့ နားလည်မှုအတွက် ကျေးဇူးတင်ပါတယ်``

လေဒီရန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။ သူမရဲ့ဘေးက လူငယ်ဘက်ကို လှည့်ပြီး တော့ ပြောလိုက်ပါတယ်။

``ထန်းအာ ဒါက မင်းအသက်သခင်ကျေးဇူးရှင်လေ.. မင်းရဲ့ အစ်ကိုကြီး လင်း ကို သွားပြီးတော့ နှုတ်မဆက်သေးဘူးလား?``

``အစ်ကိုကြီးလင်း``

လူငယ်က ချက်ချင်းပဲ ခေါ်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာက အလွန်အမင်း ဖြူဖွေး နေပြီးတော့ သူ့အသံက အရမ်းကို အားနည်းနေပါတယ်။

``လူကြီးမင်းလင်း ဒါက ကျွမရဲ့သားပါ.. သူ့ရဲ့နာမည်က ရန်ထန်းဇောင် လို့ခေါ်ပါတယ်``

လေဒီရန်က လင်းဟန်ကို မိတ်ဆက်ပေးလိုက်ပါတယ်။ ပြီးတဲ့နောက် သူမက လွှီယုထန်ဘက်ကို တစ်ချက်ကြည့်လိုက်ပီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

``လူကြီးမင်းလင်းက တကယ့်ကို ကံကောင်းတာပဲ..လွှီကလန်က မင်းသမီးလေးရဲ့ မျက်နှာသာပေးမှုကို တစ်ကယ်ပဲရအောင် ယူနိုင်တာပဲ``

ချက်ချင်းဆိုသလို လွှီယုထန်ရဲ့ မျက်နှာက နီသွားပါတယ်.. သူမရဲ့ လေဒီရန်အပေါ်မှာ အကောင်းမြင်တဲ့စိတ်က ပိုပြီးတော့တိုးလာခဲ့ပါတယ်။ သူမက ဒီလိုမျိုးစကားတွေကို နားထောင်ရတာ ကြိုက်နှစ်သက်ပါတယ်။

``လာ လာလာ.. အယင်ဦးဆုံး ထိုင်ရအောင်``

လေဒီရန်က ခြံဝန်းအထဲကို ဖိတ်ခေါ်လိုက်ပါတယ်။ အဲဒီမှာ အရသာရှိတဲ့အစား အသောက်တွေ အသင့်ပြင်ဆင်ထားပြီးတော့ အရမ်းကို လှပချောမောတဲ့ အမျိုးသမီး အခြွေအရံ တွေက မီးအိမ်တွေကို ကိုင်ဆောင်ထားပါတယ်။ ဒီ မီးအိမ်တွေက ထွက်ပေါ်လာတဲ့ အလင်းရောင်ကြောင့် အရမ်းကိုဆွဲဆောင်မှုရှိတဲ့ မြင်ကွင်းကို

ဖြစ်ပေါ်စေခဲ့ပါတယ်။

သူတို့အားလုံးက ထိုင်ခုံမှာ ထိုင်ချလိုက်ပါတယ်။ လေဒီရန်က ထိပ်ဆုံး အမိက ခုံမှာ ထိုင်ပြီးတော့ သူမရဲ့ ဘယ်ဘက်မှာ သူမရဲ့သား ထိုင်ပါတယ်။ ယွမ်ရှမ်းရှမ်းကတော့ ရန်ထန်းဖောင်ရဲ့နောက်တစ်ခုံမှာ ထိုင်ပါတယ်။ လင်းဟန်က လေဒီရန်ရဲ့ ညာဘက်မှာထိုင်ပြီးတော့ သူ့ဘေးမှာ ဟူးညိုနဲ့ နောက်ဆုံးမှာ လွှီယုထန် တို့က ထိုင်ပါတယ်။

``အစ်မကြီးလွှီ တကယ့်ကို ချောမောလှပတာပဲ``

ရန်ထန်းဖောင်က မြှောက်ပင့်ပြောဆိုလိုက်ပါတယ်။ သူ့ရဲ့ ဖြူဖွေးတဲ့မျက်နှာပေါ်မှာ ရှက်ရွံ့သွားသလိုမျိုး နီမြန်းသွားပါတယ်။

တကယ်လို့ ဒါက လူငယ်ယောကျ်ားလေးတစ်ယောက်က ဒီလိုစကားမျိုးပြောတာဆိုယင် လွှီယုထန်က လုံးဝ ပျော်ရွှင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ရန်ထန်းဖောင် က အသက် ၁၅ နှစ်ဂန်းကျင်လောက်ပဲရှိသေးတဲ့ လူငယ်လေးတစ်ယောက် ပဲဖြစ်ပြီးတော့ ဒုတိယကတော့ လင်းဟန်ရဲ့ အရှေ့ မှာ သူမကို ဒီလိုမျိုးမြှောက်ပင့်ပြောဆိုတာကို သူမက ဘဂခိုက်ပါတယ်။

ဒါကြောင့် သူမရဲ့ ဒီလူငယ်လေးအပေါ်မှာ အကောင်းမြင်တဲ့စိတ်က တိုးတက်လာခဲ့ပါတယ်။

ဒါပေ့ါ.. ဒါက အစ်မကြီးတစ်ယောက်က မောင်ငယ်လေးတစ်ယောက်အတွက် ခင်မင်တွယ်တာမှုပဲဖြစ်ပါတယ်.။

လင်းဟာန်က ဒါကိုပြုံးပြီးတော့ပဲကြည့်နေပါတယ်။ သူ့ရဲ့ မျက်လုံးတွေက ရန်ထန်းဖောင် ကိုပျော့ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ နှလုံးသားထဲမှာ အေးစက်စက် ခံစားမှုတစ်ခုက မြင့်တက်လာခဲ့ပါတယ်။

ဒါက ကြောက်ရွံ့မှုမဟုတ်ဘူး.. ဒါပေမဲ့ .. စက်ဆုပ်ရွံ့ရှာခြင်း.. အလွန်အမင်း စက်ဆုပ်ရွံ့ရှာခြင်း တစ်မျိုးပါပဲ။ တကယ်လို့ ပြိုင်ဘက်ကင်းတဲ့ မကောင်းဆိုးဂါး ဂိဉာဉ်တစ်ခုက ဒီလူငယ်လေးရဲ့ ခန္ဓာကိုယ်အတွင်းမှာ ပုန်းနေခဲ့မယ်ဆိုယင် သူ့ရဲ့နှလုံးသားထဲမှာ စက်ဆုပ်ရွံ့ရှာခြင်းက ထူးထူးခြားခြား မြင့်တက်လာခဲ့ပါတယ်။ သူက ဟူးညိုဘက်ကို လှည့်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဒီမိန်းးကလေးရဲ့ မျက်လုံး တွေက ရန်ထန်းဖောင်ပေါ်ကို ရောက်သွားတဲ့အခါမှာ သူမရဲ့ မျက်နှာသေးသေးလေးက တမင်တကာလုပ်တာမဟုတ်ပဲ ခက်ထန်လာပြီးတော့ သူမရဲ့ သွားတွေကိုဖြဲပြနေတာကို

မြင်လိုက်ပါတယ်။

ဟူးညိုလည်းပဲ သူ့ထဲက မကောင်းဆိုးဝါးသဘာဝကို အာရုံခံမိတယ်ဆိုတာ သိသာ ထင်ရှားပါတယ်။

လင်းဟာန် အတွေးနက်သွားပါတယ်။ ဒီနိစ္စရူပ ဆေးလုံးက သတိမေ့သလို အိပ်မောကျနေတဲ့လူတစ်ယောက်ကို နိုးထလာစေနိုင်ပါတယ်။ အခု အဓိက အရေးကြီးတဲ့ အရာက ရန်ထန်းဖောင်က ဘာလို့ အိပ်ပျော်နေရတာလဲ? လေဒီရန်နဲ့ ယွမ်ရှွမ်းရှွမ်း တို့ရဲ့ ထုတ်ဖော်ပြောတဲ့သဲလွန်စအရတော့ ရန်ထန်းဖောင် အိပ်ပျော်နေတာက ဆယ်နှစ်ခန့်ရှိနေပါပြီ။

အဲဒီအချိန်တုန်းက သူက ဖျားနာမှု ရောဂါတစ်ခုခုကြောင့်ပဲ အိပ်ပျော်နေရတာလား? ဒါမှမဟုတ်သူက ကြီးမားတဲ့ ပြစ်မှုအကြီးကြီးကို ကျူးလွန်ခဲ့လို့ အမည်မသိတဲ့ လက်ရွေးစင်သိုင်းပညာရှင်တစ်ယောက်က သူ့ရဲ့ စိတ်ဝိညာဉ်ကို ပိတ်လှောင်ထားပြီး တော့ အချိန်အကြာကြီးတိုင်အောင် အိပ်ပျော်အောင် ဖိအားပေးလုပ်ခဲ့တာလား?

CHAPTER 162 ရန်ထန်းဖောင်

ရန်ထန်းဖောင်က ရုက်ရွံ့နေတာကြောင့် သူတို့ရဲ့အစားကိုပဲ

တစ်ချိန်လုံး စားနေပါတယ်။ လေဒီရန်က ဒါကိုမြင်တဲ့အခါမှာ သူမက စိတ်ဒုက္ခရော ချစ်ခင်ကြင်နာခြင်းရော အတူတူခံစားလိုက်ရပါတယ်။ ဒါက လွီယုထန်နဲ့ ယွမ်ရှမ်းရှမ်း တို့ကပါ သူ့အတွက် ကောင်းမွန်တဲ့ ခံစားချက်တွေ တိုးလာစေခဲ့ပါတယ်။ သူ့ကို သူမတို့ရဲ့ မောင်ငယ်လေးလို ချစ်ခင်နှစ်သက်သွားကြပါတယ်။

ဒါပေမဲ့ သူ့ရဲ့ လုပ်ဆောင်မှုက လင်းဟာန်ရဲ့ နှလုံးသားထဲက အေးစက်မှုကို ပိုပြီးတော့ တောင်မှ ကြီးထွားလာစေပါတယ်။

ဒါပေမဲ့ လေဒီရန်ရဲ့ သူ့အတွက် အလိုလိုက်ပီး ချစ်ခင်တဲ့အတွက် တကယ်လို့ လင်းဟာန်က သူ့ကို ဖယ်ရှားသုတ်သင်တာမျိုး နဲ့တူတဲ့ တစ်ခုခုကို အမှန်တကယ် ကြေညာလိုက်မယ်ဆိုယင် သူမက သေချာပေါက် အပြင်းအထန် ဆန့်ကျင့်ပြီးတော့ ကြောက်စရာကောင်းတဲ့ မွန်းစတားတစ်ယောက်လိုမျိုး ဖိနှိပ် နှိမ်နင်းပါလိမ့်မယ်။ လင်းဟာန်က ဘယ်တော့မှ အမေတစ်ယောက်က သူမရဲ့ ကလေးအတွက် အရူးတစ်ယောက်လို ချစ်ခင်မြတ်နိုးခြင်းနဲ့ ဘာကိုမှဂရုမစိုက်ပဲ လုပ်ဆောင်တတ် တာကို လျော့မတွက်ခဲ့ပါဘူး။

ဒ့ါအပြင် ဒီဟာက သူ့ရဲ့ အလိုလိုသိတဲ့

ခံစားမှုတစ်ခုပဲဖြစ်ပါတယ်။

သူမျှော်မှန်းထားတဲ့ ဘယ်သူမှ သူ့ကို ကျော်လွှားလို့မရတဲ့ အခြေအနေကို ရောက်တဲ့ အခါကျမှပဲ သူဆန္ဒရှိတဲ့အရာကို သူလုပ်နိုင်ပြီးတော့ ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုမှာပဲဖြစ်ပါတယ်။

ကံမကောင်းတဲ့အရာက သူက အခုမှ ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်ပဲရှိပါသေးတယ်။

``အကိုကြီးလင်း.. ဘာလို့ သုန်မှုန်တဲ့ ပုံစံဖြစ်နေတာလဲ?``

ရန်ထန်းဇောင်က ရုတ်တရက် လင်းဟန်ကို မေးလိုက်ပါတယ်။ သူ့ရဲ့ အကြည့်တွေက လေးနက်ပြီးတော့ သူ့ရဲ့ နဖူးတစ်ခမ်းထောင့်မှာ အပြုံးတစ်ခု လှစ်ခနဲ ဖြတ်သွားပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခုပေါ်လာပြီးတော့ မေးလိုက်ပါတယ်။

``ငါ့မှာ သုန်မှုန်စရာ အကြောင်း ဘာရှိမှာမို့လို့လဲ?``

``လူကြီးမင်းလင်းက သူရဲ့ဘေးမှာ မိန်းကလေးလို့ ရှိနေတာပဲ. ဘယ်လိုလုပ်ပြီးတော့ သူက မပျော်ရွှင်ပဲနဲ့ နေမှာလဲ?``

လေဒီရန်က ရီမောပြီးတော့ စနောက်လိုက်ပါတယ်။ သူမက ဖျော်ဖြေရေး လုပ်ငန်းရဲ့ အမျိုးသမီး ပိုင်ရှင်ဖြစ်ပါတယ်။ ဒါကြောင့် သူမက စကားပြောအရမ်းကို ကောင်းပါတယ်။

လွီယုထန်က ချက်ချင်းဆိုသလို သူမရဲ့စကားတွေကြောင့် မျက်နှာနီသွားပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်လုံးတွေထဲမှာ ကျေနပ်တဲ့အရိပ်အယောင်လေး ဖြတ်သွားပါတယ်။သူမက လင်းဟာန်ဘက်ကို ငေ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ပုံစံကိုကြည့်ရတာ အလွန်အမင်း စိတ်ရှုပ်ထွေးနေတဲ့ပုံစံကို မြင်လိုက်ရတဲ့ အခါ သူမ အနည်းငယ် စိတ်ပျက်သွားပါတယ်။

``ကျနော်က အစ်ကိုကြီးလင်းကို ဂုဏ်မပြုရသေးဘူး. ဘယ်အချိန်မှာ အစ်မကြီး ယုထန်နဲ့ လက်ထပ်ကြမှာလဲ?``

ရန်ထန်းဇောင်က အရမ်းကိုအပြစ်ကင်းစင်တဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

ဒီကောင်က တကယ့်ကို ထူးဆန်းတာပဲ.။

လင်းဟန်က လျှိုပ့ုက်စွာတွေးလိုက်ပါတယ်။ ရန်ထန်းဖောင် အိပ်ပျော်သွားတဲ့ အချိန် တုန်းက သူက အသက် ငါးနှစ် ခြောက်နှစ်လောက်ပဲရှိပါဦးမယ်။ အခု သူက နိုးထလာခဲ့ပြီးတော့ သူ့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အကန့်အသတ်ရှိပြီး အသက် ငါးနှစ်ခြောက်နှစ်အရွယ် ပဲရှိပါဦးမယ်. ပြီးတော့ အခုသက်တူရွယ်တူ တစ်ခြားသူတွေ နဲ့ ဉာဏ်ရည်အသိဉာဏ်ခြင်း တူညီဖို့အတွက်တော့ အချိန်အနည်းငယ် လိုပါဦးမယ်။

ဒါပေမဲ့ အခုသူပြောနေတဲ့ ပုံစံကိုကြည့်ပြီးတော့ ဒီလူငယ်လေးကဆယ်နှစ်ကျော် တောင်မှ အိပ်ပျော်နေတဲ့သူဆိုတာကို ဘယ်သူက ယုံကြည်မှာလဲ?

ဒါပေမဲ့ လေဒီရန်. လွီယုထန် နဲ့ ယွမ်ရွှမ်းရွှမ်း တို့အားလုံးက ဒီခြားနားချက်ကို သတိမပြုမိကြပါဘူး။ တကယ်လို့ သူတို့ သတိပြုမိမယ်ဆိုယင်တောင်မှ အများဆုံး သူတို့က ဒီကောင်လေးက ပါရမီရှင်တစ်ယောက်ဖြစ်ပြီး ချက်ချင်းပဲ အရွယ်ရောက် ပြီးတော့ ပုံမှန်ဘဂတစ်ခုကို ရရှိပြီးအသုံးပြုနိုင်တယ်လို့ပဲ ထင်ကြမှာပါ။

ထို့နောက် သူက ဒီကောင်လေးက ဘယ်လောက်တောင် ထူးဆန်းသလဲဆိုတာ ကို တိကျစွာ မြင်လိုက်ရပါတယ်။

လင်းဟန် ပြုံးလိုက်ပါတယ်။ ဒီလူငယ်က ကျင့်ကြံခြင်းတောင်မှ မရှိသေးပါဘူး ဒါဆို ဘာကြောင့်သူ့အနေနဲ့ ကြောက်ရွံ့နေစရာလိုလို့လဲ? သူက ရန်ထန်းဇောင်ဆီက သက်တောင့်သက်သာ မရှိတဲ့ ခံစားချက်ကို အာရုံခံမိနေတာတစ်ခုပါပဲ။ တကယ်လို့ ဒီလူငယ်ရဲ့ ခန္ဓာကိုယ်အတွင်းမှာ ဖုံးကွယ်နေတဲ့ ပြိုင်ဘက်ကင်းတဲ့ မကောင်းဆိုးဝါး ဂိဉာဉ် တခုက ရှိနေပြီးတော့ အဲဒါက သူ့ဆီကနေ စက်ဆုပ်ရွံ့ရှာအောင်လို့ လှုံ့ဆော်ပေးတာပဲဖြစ်ပါတယ်။

``လေဒီရန် အစားအစာတွေကို ဒီထက်ပိုပြီးတော့ ချပေးတာ အကောင်းဆုံးပဲ. ဒီမိန်းကလေး က တကယ့်ကို အစားကြူးတယ်``

လင်းဟန်က ရီမောပြီးတော့ ဟူးညီကို ညွှန်ပြလိုက်ပါတယ်။

လေဒီရန်နဲ့ ယွမ်ရွှမ်းရွှမ်း တို့နှစ်ယောက်စလုံး အံ့အားသင့်ကုန်ကြပါတယ်။ ဒီလို သေးငယ်လှတဲ့ ကလေးလေးက ဘယ်လိုလုပ်ပြီးတော့ ကြောက်မက်ဖွယ်ရာ

ကောင်းတဲ့ ကြီးမားတဲ့ လောဘဆန္ဒရှိမှာလဲ?

``အစားစားနိုင်တာက ကောင်းတဲ့ အရာတစ်ခုပဲလေ``

လေဒီရန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ဒါပေမဲ့ သူမက အရမ်းကိုစားနိုင်တာပါ.. သူမရဲ့ လူသားမဆန်တဲ့ အစားလောဘ ကြောင့် ကျုပ်ကို ငမွဲတစ်ယောက်ဖြစ်သွားစေတာပဲ``

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

ထိုအချိန်အတွင်းမှာ လှိုယုထန်ရဲ့ မျက်လုံးတွေက သူ့ရဲ့စကားကြောင့် ပိုင်းစက်ပြူး ကျယ်သွားခဲ့ပါတယ်။ ဒီကောင်က မကြာခင်အချိန်မှာပဲ ငွေပြား သန်းတစ်ရာ ကျော် ရယူနိုင်ခဲ့တယ်. ဘယ်လောက်ပဲ ဟူးညိုက အစားကြီးကြီး သူမက ဒီလောက် ပမာဏ တော့ ကုန်အောင် မစားနိုင်ပါဘူး။ ဒါကိုတောင် သူက သူ့ကိုသူ ငမွဲတစ်ယောက်လို့ ပြောရဲသေးတယ်. ဘယ်လိုသရုပ်ဆောင်များပါလိမ့်။

လေဒီရန်ရဲ့ အမိန့်နဲ့ အစားအစာအများကြီး တစ်ခုပြီးတစ်ခု လာချပေးကြပါတယ်။ ဟူးညိုက ဘယ်ဟင်းပွဲကိုမှ

မငြင်းဆန်ပါဘူး။ သူမက တူတစ်ချောင်းမှကို မသုံးပဲ နူးညံ့သူမရဲ့ လက်ဖဝါးနဲ့ပဲအစားအစာ တွေကို ဆုပ်ကိုင်ပြီးစားလိုက်ပါတယ်။ သူမရဲ့ လှုပ်ရှားမှုတွေက အရမ်းကို လျင်မြန်လှပြီးတော့ လေဒီရန်နဲ့ တစ်ခြားသူတွေအားလုံးက သူမ ဒီလောက်အမြန်နှုန်းနဲ့စားနိုင်တာကို ကြည့်ပြီးတော့ အံ့အားသင့်ကုန်ကြပါတယ်။

သူတို့က အစားအသောက်တွေကို အများကြီးစားတဲ့ လူတွေကို မြင်ဖူးကြပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အရမ်းကို အများကြီးစားတာမျိုးတော့ သူတို့က လုံးဝ မမြင်ဖူးကြပါဘူး။

ရန်ထန်းဇောင် ဟူးညိုကို အချိန်အတော်ကြာအောင် စူးစိုက်ကြည့်နေပီးတော့ သူ့ရဲ့ နှုတ်ခမ်းမှာ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ ဟူးညိုက သူ့ကို အရမ်းကို စိတ်ဝင်စားအောင် လုပ်နိုင်တယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ ဟူးညိုက အရမ်းကို အာရုံခံကောင်းတဲ့ မိန်းကလေးဖြစ်ပါတယ်။ သူမက ချက်ချင်းပဲ ခေါင်းကို မော့ပြီးတော့ သူ့ကိုစိုက်ကြည့်လိုက်ပါတယ်။ သူမရဲ့ အကြည့်တွေမှာ ရက်စက်ကြမ်းကြုတ်ခြင်းနဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေဖြည့်နေပြီးတော့ သူ့ရဲ့ ဖြူဖတ် ဖြူလျော်မျက်နှာကို

ပိုပိုပြီးတော့ ဖြူဖတ်ဖြူလျော် ဖြစ်သွားစေပါတယ်။

လင်းဟန်က လွဲလို့ ဘယ်သူကမှ ဒီခဏကတာဖြစ်ရပ်ကို သတိမထားမိကြပါဘူး။

ဘာကြောင့်လဲဆိုတော့ ဘယ်သူက ရန်ထန်းဇောင်မှာ မကောင်းဆိုးဂါဂိဉာဉ် တစ်ခု ပိုင်ဆိုင်ပြီးတော့ ဟူးညိုလို အရမ်းကို ငယ်သေးတဲ့ မိန်းကလေးမှာ တစ်ခြားသူတွေ ကို ထိခိုက်စေနိုင်မဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားတယ်လို့ လုံးဝ မတွေးထင်ထား တာကြောင့်ပဲဖြစ်ပါတယ်။ သူတို့ထင်တာက သူမက အရမ်းကို အစားကြီးတဲ့သူလို့ပဲ ထင်ကြပါတယ်။

ရန်ထန်းဇောင်က သူ့အပေါ်ကို လင်းဟန်က ငေးစိုက်ကြည့်နေတာကို လျှင်မြန်စွာ နဲ့ ရှာတွေ့သွားခဲ့ပြီးတော့ သူက ခင်မင်ရင်းနှီးတဲ့အပြုံးတစ်ခု ပြုံးပြလိုက်ပါတယ်။ ထိုအချိန်အတွင်းမှာ လင်းဟန်က သူ့ကို အရမ်းကို အဓိပ္ပါယ်ပြည့်ဝတဲ့ အကြည့်တစ် ချက်ကြည့်လိုက်ပီးတော့ ဒါက ရန်ထန်းဇောင်ရဲ့ မျက်နှာပေါ်က အပြုံးကို ဖြေးညင်းစွာ အရောင်မှိန်သွားစေခဲ့ပြီးတော့ သူ့ရဲ့ မျက်လုံးတွေမပေါ်အောင်လို့ ဖုံးကွယ်ထားလိုက်ပါတယ်။ ဒါက လွန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ နိုးထလာတဲ့

ဆယ်နှစ်ကျော်လောက် ကိုမာရောဂါ ဖြစ်နေတဲ့ ၁၅ နှစ် ၁၆ နှစ်အရွယ် လူငယ်တစ်ယောက် နဲ့ ဘယ်လိုကြည့်ကြည့် မတူပါဘူး။

``ကျေးဇူးပြုပြီးတော့ ဒီ အချစ်ပန်းအမိန့်ကို လက်ခံပေးပါ လူကြီးမင်းလင်း``

လေဒီရန်က သူ့ကို ပန်းပွင့်တစ်ပွင့်ရဲ့ပုံစံကို အနစိတ်ထွင်းထုထားတဲ့ ကျောက်စိမ်း တံဆိပ်ပြား တစ်ခုကို လက်ဆောင်ပေးပါတယ်။

``ဒီတံဆိပ်ပြားကို ကိုင်ဆောင်ထားတဲ့သူက အချစ်ပန်းစံအိမ်မှာ ၂၈ရာခိုင်နှုန်း လျှော့ဈေးရယုံသာမက စစ်ဆေးအမေးအမြန်းမရှိပဲ လာနိုင်ပါတယ်. လူကြီးမင်း လင်းလို အလွန်အမင်း ဂုဏ်သရေရှိတဲ့ ဧည့်သည်တော်တွေအတွက် သီးသန့် ခြံဝန်းလေး အနည်းငယ်ရှိပါတယ်``

လင်းဟန် က တံဆိပ်ပြားကို လက်ခံလိုက်ပီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

``ကျေးဇူးတင်ပါတယ် လေဒီရန်``

ဒီညည့်ခံပွဲမှာ ဧည့်သည်အားလုံးပဲ ကျေနပ်နေကြပါတယ်။ ဒါပေမဲ့ အပျော်ဆုံးလူ ကတော့ သေချာပေါက် ဟူးညိုပဲဖြစ်ပါတယ်။ သူမက အစားတွေ အများကြီးစားပြီး တော့ သူမရဲ့ သေးငယ်လှတဲ့ ဗိုက်ကလေးတောင် အနည်းငယ် လုံးဝန်းလာခဲ့ ပါတယ်။ ဒါပေမဲ့ တစ်ခု စဉ်းစားစရာအကြောင်းက သူမက ဒီလောက်တောင် များပြားတဲ့ အစားတွေစားပြီးတာတောင်မှ သူမရဲ့ ဗိုက်က နည်းနည်းလေးပဲ လုံးဝန်း လာခဲ့တာက တော့ လုံးဝကို မယုံကြည်နိုင်စရာ အဖြစ်အပျက်ပါပဲ။

လင်းဟန်က အခု သူမစားလိုက်တဲ့ ဒီအစားအစာတွေ ဘယ်ရောက်ကုန်လဲ ဆိုတာကို သိချင်စိတ်မရှိပါဘူး ။ သူမရဲ့ ကိုယ်အတွင်းက စိတ်ဂိဉာဉ်အခြေခံ က ပိုပြီးတော့တောင်မှ အံ့အားသင့်စရာကောင်းတဲ့ အရာတစ်ခုပဲဖြစ်ပါတယ်။

လေဒီရန်က သူတို့သုံးယောက် အကယ်ဒမီကို ပြန်ဖို့အတွက် မြင်းလှည်းတစ်စီးကို ပြင်ဆင်ပေးထားပါတယ်။ ယွမ်ရှမ်းရှမ်းက ဒီတစ်ကြိမ်တော့ သူတို့နဲ့ မပါလာပဲနဲ့ လေဒီရန်နဲ့ ရန်ထန်းဖောင်တို့က သူတို့ကို တံခါးဝ အထိ လိုက်ပို့ပေးပြီး နှုတ်ဆက် ပို့ဆောင်ပေးကြပါတယ်။

မြင်းလှည်းထဲမှာတော့ ဟူးညိုက အကောင်းဆုံး စားသောက်သူ ဖြစ်သလို အကောင်းဆုံး အိပ်စက်သူလဲဖြစ်ပါတယ်။ သူမက လင်းဟန်ရဲ့ လက်မောင်းပေါ်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့အိပ်မောကျသွားပါတယ်။

``လေဒီရန်က တကယ့်ကို အရမ်းသနားဖို့ကောင်းတာပဲ.. သူမက ကိုယ့်ဘာသာကိုယ်ပဲ အချစ်ပန်းစံအိမ်ကို ရဲ့ လုပ်ငန်းတွေကို ထောက်ပံ့ နေပြီး တော့ သူမရဲ့ ရောဂါသည် ကလေးကိုလဲ ဂရုစိုက်ရသေးတယ်။ တကယ်လို့ ငါသာ သူမနေရာမှာဆိုယင် ကျရှုံးသွားခဲ့တာ တော်တော်တောင် ကြာလောက်ပီ``

လွီယုထန်က မချိတင်ကဲ နဲ့ပြောလိုက်ပါတယ်။

လင်းဟန်က တစ်ခဏမျှ တွေးလိုက်ပီးတော့မေးလိုက်ပါတယ်။

``ရန်ထန်းဇောင်က သတိမေ့ရောဂါ ကို ဘာကြောင့် ခံစားနေရတယ်ဆိုတာကို ရော မင်းစဉ်းစားခဲ့ဖူးသလား?``

``ဒါက မွေးရာပါ ရောဂါအမျိုးအစားတစ်ခုဖြစ်မယ်ထင်တယ်

ဟုတ်လား? ငါ့ရဲ့ ယင်သုံးပါး သွေးကြောလိုမျိုးလေ``

လွှီယုထန်က ပြောလိုက်ပါတယ်။ ပြီးတော့ ဒါကြောင့်ပဲ သူမက ရန့်ထန်းဇောင် ကို သူမရဲ့ မောင်ငယ်လေးတစ်ယောက်လို ခင်မင်တွယ်တာမှုကို ဖြစ်စေခဲ့တာပါ။

``ဒါဆို... သူက မေ့မြောခြင်းဖြစ်နေတာက အသက် ငါးနှစ် ခြောက်နှစ် အရွယ်ကတည်း ကဖြစ်ခဲ့တာပဲ. သူက အခုမကြာသေးခင်ကမှ နိုးထ လာပြီးတော့ သူ့ရဲ့ အပြုအမူတွေက လုံးဝကို သာမာန်လူတစ်ယောက်နဲ့ တူနေတာကတော့ မထူးဆန်းဘူးလား?``

လင်းဟန်က မေးလိုက်ပါတယ်။

``သူက သဘာဝအတိုင်းမွေးဖွားတဲ့ ပါရမီရှင်များဖြစ်နေမလား?``

လွှီယုထန်က ခဏရပ်ပြီးတော့ ပြောလိုက်ပါတယ်။

``နင့်ကို ကြည့်ရတာ ထန်းဇောင်ကို သဘောမကျဘူးလား?``

``ငါ အဲဒီကောင်ကို မကြိုက်ဘူး``

လင်းဟန်က ဘာကိုမှ ဖုံးကွယ်မထားပါဘူး။

``ညီုး လည်းမကြိုက်ဘူး``

ဟူးညိုက ရုတ်တရက်နိုးလာပြီးတော့ လင်းဟန်ပေါင်ပေါ်မှာထိုင်ပြီးတော့ သူမကို ကြည့်ရတာ တကယ့်ကို ပြင်းပြင်းထန်ထန်ပုံစံမျိုးပါပဲ။

``ဘာကြောင့်လဲ``

လွီယုထန်က သိချင်စိတ်ပြင်းပြနေပါတယ်။

လင်းဟန် ကသူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``ဘာကြောင့်လဲ ဆိုတာတော့ အခု ငါမပြောနိုင်သေးဘူး.. ဒီကောင့်က အရမ်းကို မကောင်းဆိုးဂါး ဆန်တဲ့သူတစ်ယောက်ဖြစ်ပြီးတော့ သူကို ဆုံးမဖို့ ငါ့ကို နှိုးဆော် နေတဲ့ ခံစားချက်တွေရနေတယ်. ဒါကြောင့် အကောင်းဆုံးကတော့ ဒီကောင် ငါ့အရှေ့မှာ နောက်ထပ်

မပေါ်လာဖို့ပဲ ဒီလိုမှမဟုတ်ဘူးဆိုယင် ငါသေချာပေါက် သူ့ကို ရိုက်နှက်ဆုံးမရလိမ့်မယ်``

``သူ့ကို ရိုက်ပစ်.. ဆုံးမပစ်``

ဟူးညိုက သူမရဲ့ လက်သေးသေးလေးတွေကို ပွေ့ပြီးပြောလိုက်ပါတယ်။

``နင်တို့တွေ...``

လှီယုထန် လုံးဝ ပြောစရာစကားမရှိတော့ပါဘူး။ လင်းဟန်က ဘာကြောင့် ရန်ထန်းဇောင်ကို မနှစ်သက်ရတာလဲ? အာ.. ငါက သူ့ကို မောင်ငယ်လေး တစ်ယောက် လို ချစ်ပြနေတာကို သူက အထင်လွဲနေတာကြောင့်များ ဖြစ်နိုင်မလား? ဒါဆို ဒီကောင်က သဝန်တိုနေတာလား?

သူမက ဒါကိုတွေးလိုက်တဲ့အခါမှာ လှီယုထန်ရဲ့ နှလုံးသားက ကြမ်းကြမ်းတမ်းတမ်း ကို ခုန်လာပါတယ်။

``နင် မကြိုက်ဘူးဆိုမှတော့ ငါလည်းသူ့ကို နောက်ထပ် မမြင်ချင်တော့ဘူး``

သူမရဲ့ ဂုတ်ရိုးစကို ဆုပ်ချေပြီးတော့ ပြောလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ လှပတဲ့ ရက်သွေးဖြာသွားပြီးတော့ သူမကို အရမ်းပဲ ကြည့်လို့ကောင်းစေပါတယ်။

ဒီမိန်းကလေး တစ်ခုခုများ အထင်လွဲမှားသွားတာလား?

ဒါပေမဲ့ကိစ္စမရှိပါဘူး သူမအနေနဲ့ ရန်ထန်းဖောင်နဲ့ နောက်ထပ် ဆက်သွယ်မှုမရှိ တော့ဘူးဆိုယင် ဒါကလဲ ကောင်းတာပါပဲ။ ဒီကောင့်မှာ အစွမ်းနည်းနည်းလေးမှ မရှိဘူးလို့ ထင်ရပေမဲ့ လင်းဟန်ကတော့သူက တကယ့်ကို ထူးဆန်းနေတယ်လို့ ခံစားနေရဆဲပါပဲ။ ပြီးတော့ တကယ်လို့ သူ့ရဲ့ ခန့်မှန်းမှုက မမှားဖူးဆိုယင် ရန်ထန်းဖောင် က သတိလစ်မေ့မြောနေရတာက တစ်စုံတစ်ယောက်က သူ့ရဲ့ မကောင်းဆိုးဂါး သဘာဂကို ရှာတွေ့သွားပြီးတော့ အသက်၅ နှစ် ၆နှစ်မျှသာ ရှိသေးတဲ့ကလေးကို မသတ်ချင်တာကြောင့် သူ့ကို သတိလစ်မေ့မြောသွား အောင်ပဲ လုပ်လိုက်တာကြောင့် ဖြစ်ပါလိမ့်မယ်။

CHAPTER 163 ဂျင်ပူကျိုရဲ့ တောင်းဆိုမှု

ဟွာယန် အကယ်ဒမီကို ပြန်ရောက်လာခဲ့တဲ့အခါမှာ လင်းဟန်နဲ့ လွီယုထန် တို့က လမ်းခွဲပြီး သူတို့နေရာဆီကိုပြန်လာခဲ့ကြပါတယ်။ လင်းဟန်က

သူရဲ့ကိုယ်ပိုင် ခြံဝန်း ထဲကို ဝင်လာခဲ့အခါမှာတော့ လွီရှုအာရဲ့ နားပူနားဆာ လုပ်တဲ့ အသံကို ကြားလိုက်ရပါတယ်။

``အိမ်ပိုင်ရှင်တစ်ယောက်အနေနဲ့ဆို နင်က တကယ့်ကို ကျရှုံးတာပဲ.. ငါတို့အတွက် တောင်မှ နင်က အစားအစာတွေ ပြင်ဆင်ပေးမသွားဘူး``

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အမူအရာတွေပေါ်လာပြီးတော့ သူက မေးလိုက်ပါတယ်။

``နင်တို့နှစ်ယောက်စလုံး ထမင်းဟင်းဘယ်လို ချက်ရမယ်ဆိုတာကို မသိဘူးလို့တော့ မပြောနဲ့နော်?``

ချက်ချင်းဆိုသလို လွီရှုအာရဲ့ မျက်လုံးတွေပိုင်းစက်သွားပြီးတော့ သူမက ရှေ့နောက် မစဉ်းစားပဲနဲ့ပြောလိုက်ပါတယ်။

``နင်ဘယ်လိုလုပ်ပြီးတော့ သိသလဲ?``

``မင်းရဲ့ အရည်အချင်းမပြည့်ဝတဲ့ ပုံကိုကြည့်ပြီးတော့ ငါလွယ်လွယ်နဲ့ ပြောနိုင်တာပေါ့``

ဒီလုပ်ကြံသတ်ဖြတ်သူ ညီအစ်မ နှစ်ယောက်က တကယ့်ကို ကျရှုံးသူတွေပါ.. သူမတို့က လုပ်ကြံသတ်ဖြတ်တဲ့နေရာမှာ ကျရှုံးယုံတင်မကပါဘူး ထမင်းဟင်း ဘယ်လို ချက်ပြုတ်ရမလဲဆိုတာကိုတောင်မှ မသိပါဘူး။ သူတို့က လူသစ်တွေ အားလုံးထဲကမှ တကယ့်လူသစ်တွေပဲဖြစ်ပါတယ်။

``ဟင့်.. နင်က ဘယ်သူ့ကို အရည်အချင်းမပြည့်ဝတဲ့ သူလို့ ခေါ်တာလဲ?``

လှီရှုအာ ကပြောင်ပြောင်တင်းတင်းပဲ အာခံတဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

``ငါ့ရဲ့ စွမ်းရည်တွေ အကုန်လုံး ပြန်သက်သာလာတဲ့အခါကျယင် နင့်ကို ကောင်းကောင်းကြီးဆုံးမပေးရလိမ့်မယ်``

လင်းဟန်က မရီပဲမနေနိုင်စွာနဲ့ ပြောလိုက်ပါတယ်။

``ဒါဆိုယင် ငါက ဘာဖြစ်လို့ မင်းတို့နှစ်ယောက်လိုမျိုးငါ့ရဲ့ ရန်သူနှစ်ယောက် အတွက် ဆက်ပြီးတော့ ဂရုစိုက်ပေးနေရဦးမှာလဲ..အား..ငါရဲ့ ပိုက်ဆံတွေလဲ သိပ်မရှိ

တော့ဘူး ပြီးတော့ တကယ်လို့ ငါက ရာဇဝတ်သား နှစ်ယောက်ရဲ့ သတင်းကို သွားပေးမယ်ဆိုယင် ဆုကြေးငွေ တော်တော်များများ ရလာနိုင်တာပဲ``

လှိုဲရှုအာ ချက်ချင်းဆိုသလို ကြောက်ရွံ့ပြီးတော့ မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။

``နင်က ငါ့ကို ကြောက်အောင် ခြောက်နေတာပဲ``

``ငါလား?``

လင်းဟန်က ခြေထောက်တစ်ဖက်ပေါ်ကို ကျန်တဲ့တစ်ဖက် တင်ပြီးတော့ လှိုဲရှုအာ တွေးလို့မရတဲ့ အမူအရာနဲ့ ထိုင်လိုက်ပါတယ်။

လှိုဲရှုအာ တုန်ယင်သွားခဲ့ပါတယ်။ သူမက အမြဲတမ်း သူမရဲ့ အစ်မဖြစ်သူရဲ့ ကာကွယ်မှု အောက်မှာ နေခဲ့ပြီးတော့ တစ်ခြား ဘာကိုမှ စိုးရိမ်စရာမလိုခဲ့ပါဘူး။ အခု သူမရဲ့ ဘဝမှာ ဒုတိယလူလို့ပြောရမဲ့ လင်းဟန်နဲ့ မျက်နှာခြင်းဆိုင်နေရပြီးတော့ သူ့ရဲ့ လွယ်လွယ်ကူကူ ကစားတာကို ခံနေရပါတယ်။

``လာခဲ့.. ငါ့အတွက် သီချင်းတစ်ပုဒ်ဆိုပြ.. တကယ်လို့ နင် သီချင်းဆိုတာ ကောင်းတယ်ဆိုယင် ငါ နင့်ကို လွှတ်ပေးပါ့မယ်``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။

နောက်ဆုံးတော့ လွီရှူအာက လင်းဟန်က သူမကို ကြောက်အောင်ခြောက်နေတယ် ဆိုတာကို နားလည်သွားပြီးတော့ သူမရဲ့ရင်သားကို ပုတ်ပြီးပြောလိုက်ပါတယ်။

``နင် တအားရက်စက်တယ်``

ဒါပေမဲ့ သူမက ချက်ချင်းပဲ သူမရဲ့ခေါင်းကိုမော့ပြီးတော့ပြောလိုက်ပါတယ်။

``ကောင်းပြီလေ.. ငါသီချင်းတစ်ပုဒ်ဆိုမယ် ဒါပေမဲ့ ငါနင့်ကိုကြောက်လို့ ဆိုတယ် လို့တော့ မထင်လိုက်နဲ့ ငါသီချင်းမဆိုတာကြာပြီ ဒါကြောင့် ငါ့ရဲ့ လည်ချောင်း ယားနေ သလိုခံစားရလို့ပဲ``

သူမ က သီချင်းစဆိုလိုက်ပါတယ်။ သူမရဲ့

အသံကသာယာနာပျော်ဖွယ် ကောင်းပြီး တော့ နားထောင်သူအပေါင်းရဲ့ နှလုံးသားကို ထိအောင်လို့ ဆိုနိုင်ပါတယ်.။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ဒီမိန်းကလေးက တကယ့်ကို သီချင်းဆိုတဲ့ နေရာမှာ ထူးချွန်ထက်မြက်တာပဲ. သူမကိုကြည့်ရတာ မှားယွင်းတဲ့ လုပ်ငန်းကို လုပ်နေတာနဲ့တူပါတယ်။

``ဆူညံတယ် ဆူညံတယ်``

ဟူးညိုက သီချင်းသံကြောင့်နိုးသွားပြီးတော့ လီွရှုအာကို မကျေနပ်စွာနဲ့ စိုက်ကြည့် လိုက်ပါတယ်။

လီွရှုအာ က သူမရဲ့ ဝေဖန်မှုကြောင့် မပျော်မရွှင်ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

`` ငါ့မှာ ဒီလိုမျိုး လှပတဲ့ အသံရှိတာကို နင်က ဆူညံတယ်လို့ တကယ်ပဲပြောတယ်.. နင့်မှာ ဒီလိုမျိုး လှပတင့်တယ်မှု လုံးဝ မရှိဘူးဆိုတာ သိသာတယ်``

``ဟွန့်``

ဟူးညိုက သူမကို တော်လှန်တဲ့ပုံစံနဲ့ စိုက်ကြည့်ခဲ့ပါတယ်။

မိန်းကလေးနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ဒေါသတကြီးနဲ့ စိုက်ကြည့်နေခဲ့ပြီးတော့ ဘယ်သူကမှ နောက်ဆုတ်ဖို့ ဆန္ဒမရှိပါဘူး။ ဒါကို ကြည့်ရတာ သူမတို့နှစ်ယောက်စလုံး အဆုံးထိတိုင်အောင် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေဖို့ ပြင်ဆင်ထားတဲ့ပုံစံပါပဲ။

လင်းဟန်က ထရပ်လိုက်ပြီးတော့ သူ့ရဲ့ အိပ်ခန်းဆီကို အိပ်ဖို့အတွက် သွားလိုက်ပါတယ်။

ဟူးညိုက ချက်ချင်းဆိုသလို လင်းဟန်အနောက်ကို လိုက်သွားပါတယ်။ ပြီး တော့ သူမက လျှိုရှုအာ ဘက်ကိုလှည့်ပြီးတော့ အထင်အမြင်သေးတဲ့ မျက်နှာလုပ်ပြလိုက်ပါတယ်။

ဒီလိုမျိုး ကျရှုံးမှုတစ်ခု.. သူမက ဒီ ကလေးသေးသေးလေးကိုတောင်မှ မကိုင်တွယ် နိုင်ပါဘူး။

လျှိုရှုအာက သူမရဲ့ဆံပင်တွေကို စိတ်ရှုပ်ထွေးစွာနဲ့

ဖွပစ်လိုက်ပါတယ်။ လုပ်ကြံ သတ်ဖြတ်သူတစ်ယောက်အနေနဲ့ သူမအနေနဲ့ မိန်းကလေးငယ်လေး တစ်ယောက် နဲ့တောင်မှ စိုက်ကြည့်တဲ့ပြိုင်ပွဲမှာ အနိုင်မရခဲ့ပါဘူး။ သူမက တကယ်ပဲ လုပ်ကြံ သတ်ဖြတ်သူတစ်ယောက် ဖြစ်ဖို့ သင့်တော်ရဲ့လား?

လင်းဟန် နိုးလာတဲ့အချိန်မှာ အရှေ့ဘက် ကောင်းကင်ဆီက အဖြူရောင် အလင်း ဖျော့ဖျော့လေး တောက်ပနေပါပြီ။ လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်ပြီးတော့ စတင်လေ့ကျင့်လိုက်ပါတယ်။

``မဆိုးဘူး.. နောက်ထပ် သုံးရက်လောက်ဆိုယင် ငါ ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်လိမ့်မယ်``

လင်းဟန်ပြုံးလိုက်ပါတယ်။ အခုချိန်မှာ သူ့အလိုချင်ဆုံးအရာက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတော့ အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို သိချင်နေတာပဲဖြစ်ပါတယ်။

နေလုံးကြီးက တဖြေးဖြေး မြင့်တက်လာပြီးတော့ လင်းဟန်က ဟူးညီကို နိုးလိုက်ပါတယ်။ ဒီမိန်းကလေး ကြည့်ရတာ

အရမ်းကို တွန့်ဆုတ်ဆုတ် ဖြစ်နေပေမဲ့ သူမက လင်းဟာန်ရဲ့ တောင်းဆိုချက်ကိုလိုက်နာပြီးတော့ စတင်လေ့ကျင့်ပါတယ်။ ဟူးညီမှာ အရမ်းကိုကြောက်မက်ဖွယ်ရာကောင်းတဲ့ တက်လမ်း တစ်ခုရှိပါတယ်။ သူမရဲ့ အနာဂါတ် အောင်မြင်မှုက သူ့အောက်ကိုလုံးဝ နိမ့်ကျမှာမဟုတ်ဘူးဆိုတာ ဘယ်သူသိနိုင်မှာလဲ?

လင်းဟာန်က မနက်စာကို ပြင်ဆင်လိုက်ပါတယ်။ သူက ဒီအတွက် အလွန်အမင်း စိတ်ဓါတ်ကျနေပါတယ်။ သူက ဟူးညီနဲ့ အတူနေတဲ့အချိန်ဆိုယင် တော်ပါသေးတယ်။ ဒါပေမဲ့ အခု နောက်ထပ် အရွယ်ရောက်နေတဲ့ မိန်းကလေး နှစ်ယောက်ကလဲ သူတို့နဲ့ အတူနေနေတာဖြစ်ပြီးတော့ ဒါကိုတောင်မှ သူကပဲ ချက်ပြုတ် ပေးနေရဆဲပါပဲ။ ဒါက လုံးဂကို မတရားတာပါ။

``ဒေါက်ဒေါက်ဒေါက်``

အရှေ့တံခါးက တံခါးခေါက်သံ ထွက်ပေါ်လာခဲ့ပါတယ်။

ဘယ်သူများဖြစ်နိုင်မလဲ?

လင်းဟာန် တံခါးကို ဖွင့်လိုက်ပီးတော့ ညွှေသည်က ဂျင်ပူကျို

ဆိုတာကို တွေ့လိုက် ရပါတယ်။

ချီး ဒီကောင် ဘာဖြစ်လို့ အစောကြီးရောက်လာတာလဲ?

``အကိုဂျင် မင်းဘာကြောင့် အစောကြီးလာတာလဲ?``

လင်းဟန်က ပြုံးပြီးတော့မေးလိုက်ပါတယ်။

ဂျင်ပူကျိုက ခါးခါးသီးသီးပြုံးလိုက်ပီးတော့ ပြောပါတယ်။

``အကိုလင်း.. ငါမင်းကို အကူညီတောင်းစရာရှိလို့ပါ``

``ဘာများပါလိမ့်?``

လင်းဟန်က ဘယ်အရာကိုမဆို အလျင်စလို လက်ခံသဘောတူလေ့ မရှိပါဘူး။

ဂျင်ပူကျို တစ်ခဏမျှ တုံ့ဆိုင်းသွားပြီးတော့ မေးလိုက်ပါတယ်။

``အကိုလင်းက အချစ်ပန်းစံအိမ်မှာ နေရာထိုင်ခင်းတစ်ခုလောက်ကို ကြိုတင် မှာကြား ဖို့ တတ်နိုင်လား?``

``ချီးးး```

လင်းဟန် က ဂျင်ပူကျိ ကို ထူးဆန်းစွာနဲ့ကြည့်လိုက်ပါတယ်။ ဒီကောင်က လေဒီရန် နဲ့ သဘောတူညီမှုတစ်ချို့များလုပ်ခဲ့သလား?မနေ့ကမှ လင်းဟန်က အချစ်ပန်းအမိန့်ကို လက်ခံရရှိခဲ့ရုံပဲရှိသေးတယ်.. ဒီနေ့မှာတော့ တစ်ယောက်လာပြီးတော့ သူ့ကို အချစ်ပန်းစံအိမ်မှာ သီးသန့်ကြိုတင်မှာကြားပေးဖို့ တာဝန်ကို အကူအညီလာတောင်းနေတယ်။

``လင်းအကို ငါဘာလုပ်ရမလဲ ဆိုတာကို မသိတော့ဘူး.. မင်းက လူတွေ အများကြီး နဲ့သိတယ်.. ငါကတော့ ရိုင်းရိုင်းစိုင်းစိုင်းနဲ့နေတတ်တဲ့သူတစ်ယောက် အပေါင်းအသင်း နည်းတယ်..ဒါကြောင့် ငါက အရှက်ကင်းမဲ့စွာနဲ့ ဒီနေရာကို လာပြီးတော့ မင်းကို ကူညီပေးဖို့ တောင်းဆိုရတာပါ``

ဂျင်ပူကျိက သက်ပြင်းချလိုက်ပါတယ်။

လင်းဟန်ကပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဘာတွေဖြစ်နေတာလဲ.. ဘာကြောင့် မင်းက အချစ်ပန်းစံအိမ်မှာ စားပွဲတစ်လုံး လိုအပ်နေတာလဲ?``

``တကယ်လို့ ငါမင်းကိုပြောပြယင် မင်းငါ့ကို မရီဘူးလို့ ကတိပေးရမယ်``

ဂျင်ပူကျိ တကယ့်ကို ရှက်ပြီးတော့ မျက်နှာနီနေပါတယ်။

လင်းဟာန်က တည်ကြည်လေးနက်တဲ့ မျက်နှာထားပြီးတော့ ပြောလိုက်ပါတယ်။

``ငါလုံး၀ မရီဘူးလို့ ကတိပေးတယ်``

ဂျင်ပူကျိက စတင်ပြီးတော့ ပြောလိုက်ပါတယ်။ သူက အင်ပါယာမြို့မှာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သာမာန်ကလန် တစ်ခုက မိန်းကလေးတစ်ယောက်နဲ့ တွေ့ဆုံခဲ့ပါတယ်။ သူမရဲ့နာမည်က ကျန်းဖေးရန်လို့ခေါ်ပါတယ်။ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြိုက်သွားကြပါတယ်။ သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက လက်ထပ်ဖို့အထိကိုတောင်မှ စတင်ပြီးတော့ ဆွေးနွေးနေတဲ့ အထိ ရောက်လာခဲ့ပါတယ်။

ဒါပေမဲ့ ဂျင်ကလန်က ဒုယွန်မြို့မှာ အင်အားကြီးကလန်တစ်ခု ဖြစ်ပေမဲ့ အင်ပါယာ မြို့ မှာတော့ သာမာန် ကလန်လေး တစ်ခုအဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒ့ါအပြင် ဒီ အင်ပါယာရဲ့ တိုက်ရိုက် အုပ်ချုပ်မှုအောက်မှာရှိတဲ့ နယ်မြေမှာ မွေးဖွားပြီး နေထိုင်ကြ တဲ့ လူအားလုံးက တစ်ခြားသူတွေထက် သူတို့က အဆင့်မြင့်တယ်ဆိုတဲ့ မောက်မာ ဂုဏ်ယူဂင့်ကြွားမှုတွေ ရှိနေကြပါတယ်။ ကျန်း ကလန်က ဂျင်ပူကျိုကို အနာဂတ် သားမက်လောင်းအဖြစ် စိတ်တိုင်းမကျတဲ့အတွက် သူတို့ စုံတွဲကို ခွဲပစ်ဖို့ ကြိုးစားပါတယ်။

ဒါကြောင့် ဂျင်ပူကျို ကသူ့ဦးနှောက်ကို အသုံးပြုပြီးတော့ ကျန်းကလန်ရဲ့ သူ့အပေါ် သဘောထားအမြင်ကို ပြောင်းလဲပစ်ဖို့အတွက် နည်းလမ်းတစ်ချို့ရှာဖို့ မျှော်လင့်နေတာပါ။

အချစ်ပန်းစံအိမ်ကို ဝင်ခွင့်ရဖို့ လိုအပ်ချက်က အရမ်းကို မြင့်မားပြီးတော့ အချစ်ပန်း စံအိမ်မှာ သီးသန့်ကြိုတင်ပြီး စားပွဲတစ်လုံးကို မှာယူနိုင်တဲ့သူက အနည်းဆုံး အလယ်အလတ်အဆင့် ကလန်က ဖြစ်ရပါလိမ့်မယ်။ ဒါကြောင့် သူသာ ကျန်းကလန် က အရေးကြီးတဲ့ အဖွဲ့သားတွေကို အချစ်ပန်းစံအိမ်မှာ ကျွေးမွေးပြုစုနိုင်မယ်ဆိုယင် သံသယ မရှိ

အရမ်းကိုကောင်းမွန်တဲ့အကြံပဲဖြစ်ပါတယ်။

ဒါပေမဲ့ ပြဿနာက တကယ်လို့ သူက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ယင်တောင်မှ အချစ်ပန်းစံအိမ်က သူ့ရဲ့ တောင်းဆိုမှုကို လစ်လျူရှု ထားပါလိမ့်မယ်..ပြီးတော့ သူက အခုထိ ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲ ရှိနေပါသေးတယ်။

ကျန်းကလန်က ကျန်းဖေးရန်ကို အလယ်အလတ်အဆင့် ကလန်က ခုနစ်ယောက်မြောက် သခင်လေးနဲ့ လက်ထပ်ပေးဖို့ အစီအစဉ်ဆွဲနေကြပါတယ်။ ဂျင်ပူကျိုက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပဲ နောက်ဆုံးတော့ သူ့ရဲ့ ကံတွေကို လင်းဟန်အပေါ်မှာ ပုံလိုက်ပါတယ်။

တကယ်တော့ လင်းဟန်က အင်ပါယာမြို့ကို ရောက်လာတာ ရက်အနည်းငယ်ပဲ ရှိပေမဲ့ သူက ပူဆောင်လင်းရဲ့ တပည့်နဲ့လည်းသိနေခဲ့ပါတယ်။ ပြီးတော့ ဂရန်း မာစတာ ပူရဲ့ ဂုဏ်ပြုခံ ဧည့်သည်တောင်မှ ဖြစ်နိုင်ပါသေးတယ်။ ဒါကြောင့် တကယ်လို့ လင်းဟန်က အချစ်ပန်းစံအိမ်မှာ စားပွဲတစ်လုံးကိုသီးသန့် ကြိုတင် မှာကြားပေးဖို့ မတတ်နိုင်ယင်တောင်မှ ပူဆောင်လင်းဆီကို သွားပြီးတော့ ဒီသီးသန့် ကြိုတင်မှာကြားခြင်းကို ပြုလုပ်ပေးဖို့

အကူညီတောင်းလို့ရပါတယ်။

သူက ပုံပြင်တစ်ပုဒ်လုံး အပြည့်အဝ နားထောင်ပြီးတဲ့အခါမှာ လင်းဟန်က ကျယ်လောင်စွာရီမောလိုက်ပြီးတော့ ပြောပါတယ်။

``အကိုဂျင် မှာ ဒီလိုမျိုး အချစ်ဇာတ်လမ်းလေး ရှိလိမ့်မယ်လို့ငါလုံးဝ မထင်ထားခဲ့မိဘူး``

``အကိုလင်း မင်း မရှိဘူးလို့ ငါ့ကို ကတိပေးထားတယ်လေ``

ထိုအချိန်အတွင်းမှာ ဂျင်ပူကျို က အဆက်မပြတ် သက်ပြင်းချနေပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ ဆင်းရဲဒုက္ခရောက်နေတဲ့ ပုံစံဖြစ်နေပါတယ်။

လင်းဟန်က ဆက်ပြီးတော့ရီမောနေပြီးတော့ ဂျင်ပူကျိုရဲ့ ပုခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

``အကိုဂျင် .. ငါက အချစ်ပန်းစံအိမ်မှာ စားပွဲတစ်လုံးကို ကြိုတင်မှာယူဖို့တော့ မတတ်နိုင်ဘူး.. ဒါပေမဲ့.......................``

ဂျင်ပူကျိ က သူ့ရဲ့စကားတွေကို ကြားလိုက်ရတဲ့အခါမှာတော့ သူ့ကိုကြည့်ရတာ ပထမဆုံး စိတ်ပျက်လက်ပျက်ဖြစ်သွားပုံရပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ အဓိပ္ပါယ် ပြည့်ဝစွာနဲ့ စကားရပ်လိုက်တာကို ကြားလိုက်ရတဲ့အခါမှာ သူ့ရဲ့ နှလုံးခုန် နှုန်း တွေက စိတ်လှုပ်ရှားစွာနဲ့ အပြင်းအထန် ခုန်လာခဲ့ပါတယ်။

``အကိုလင်းမှာ တစ်ခြား နည်းလမ်းတစ်ခုခုများရှိသေးလား?``

``ငါ သာမာန်စားပွဲ တစ်ခုကိုတော့ မမှာထားနိုင်ပါဘူး။ ဒါပေမဲ့ ခြံဝန်းတစ်ခု ဆိုယင်ရော အဆင်ပြေတယ်မဟုတ်လား?``

လင်းဟန်က ပြုံးပြီးတော့မေးလိုက်ပါတယ်။

``အဟွတ် အဟွတ်``

ဂျင်ပူကျိ က ချက်ချင်းဆိုသလို ချောင်းဆိုးသွားခဲ့ပါတယ်။

တကယ်လို့ တစ်ယောက်ယောက်က အချစ်ပန်းစံအိမ်မှာ

စားပွဲတစ်လုံးကို မှာယူချင် တယ်ဆိုယင် သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က စိတ်ဝိဉာဉ်ပင်လယ်အဆင့် နဲ့အထက်မှာ ရှိရမှာဖြစ်ပြီးတော့ ဒါမှမဟုတ်ယင် သူ့ရဲ့နောက်မှာ စိတ်ဝိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တစ်ယောက်က ထောက်ခံပေးဖို့လိုအပ်ပါတယ်။ ဥပမာ အလယ် အလတ် အဆင့် ကလန်တွေရဲ့ အဓိက ကလန်အဖွဲ့သားတွေက ကြိုတင်မှာကြားထားဖို့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ကြိုတင်မှာကြားမှုလုပ်ဖို့ အတွက် စရန်ကို ကြိုပေးဖို့လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ အချစ်ပန်းစံအိမ်ရဲ့ လုပ်ငန်းက တကယ့်ကို ကောင်းမွန်လွန်းလို့ပဲဖြစ်ပါတယ်။ တကယ်လို့ သူတို့က စရန် ကောင်းကောင်းမပေးပဲ ကြိုတင်မှာကြား မယ်ဆိုယင် သူတို့အနေနဲ့ စားပွဲတစ်လုံးတောင် ရမှာမဟုတ်ပါဘူး။

ဘေးကခြံဝန်းလေးတွေအတွက်ကတော့ လူတစ်ယောက်က ကျင့်ကြံခြင်းအဆင့် စိတ်ဝိဉာဉ်ပုလ္လင်အဆင့် ရှိရပါမယ် ဒါမှမဟုတ် စိတ်ဝိဉာဉ်ပုလ္လအဆင့် လက်ရွေးစင် နောက်ခံနဲ့ ခြံဝန်းလေးတစ်ခုကို ကြိုတင်မှာယူလို့ရနိုင်ပါတယ်။

``အကိုလင်း မင်းငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်?``

ဒီ အံ့သြခြင်းက ကြီးမားပါတယ်။ ဂျင်ပူကျို ကို သူ့ရဲ့ စကားလုံးတွေ တုံ့ ဆိုင်းသွားစေခဲ့ပါတယ်။

CHAPTER 164 ဇီဇာကြောင်သော ဆွေမျိုးများ

``မစိုးရိမ်ပါနဲ့ ... မင်း ဘယ်အချိန်မှာ မိန်းကလေးကျန်းရဲ့ မိသားစုအဖွဲ့ဝင်တွေကို ကျွေးမွေးဖို့ ဆန္ဒရှိသလဲ?``

လင်းဟန်က ရီပြီးတော့ မေးလိုက်ပါတယ်။

``အကိုလင်းက ဘယ်အချိန်လောက်အစောဆုံး ကြိုပြီးမှာထားလို့ရနိုင်မလဲ?``

ဂျင်ပူကျို ကပြန်မေးလိုက်ပါတယ်။ သူက ဒီကိစ္စကို မြန်နိုင်သမျှ အမြန်ဆုံး ဖြစ်သွား ချင်ပါတယ်။

လင်းဟန်က လက်တွေကိုဆုပ်ပြီးတော့ ဖြေလိုက်ပါတယ်။

``ဘယ်နေ့ပဲဖြစ်ဖြစ် ငါ့အတွက်အဆင်ပြေပါတယ်။ တကယ်လို့ မင်းက အလျင်လိုနေတယ် ဆိုယင် ဒီနေ့ညတောင်မှ ငါတစ်ခု ရအောင်ယူနိုင်တယ်``

ဒီနေ့ည?

ဂျင်ပူကျိုရဲ့ နလုံးခုန်နှုန်းက ပိုပိုပြီးတော့ မြန်လာခဲ့ပါတယ်။ ဒါက ဘယ်လိုမျိုး အကြောင်းအရာမျိုးလဲ?

အင်ပါယာမိသားစုလိုမျိုး အင်အားကြီးကလန်ရဲ့ အဖွဲ့ဝင်တွေလည်းပဲ အချစ်ပန်းစံအိမ် မှာ ခြံဂန်းတစ်ခုကို ကြိုတင်မှာယူနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒါပေမဲ့ သူတို့တောင်မှ ချက်ချင်းကြီး ရအောင်လို့ မလုပ်နိုင်ပါဘူး။ အရမ်းကို ရှားပါးတဲ့ လူနည်းစုကသာ အချစ်ပန်းစံအိမ်မှာ ကြိုတင်စရန်ပေးစရာ မလိုပဲနဲ့ ခြံဂန်းတစ်ခုကို အသုံးပြုခွင့်ရအောင် လုပ်နိုင်တဲ့ အထူးအာဏာ ရှိကြတာပါ။ အချစ်ပန်းစံအိမ်မှာ အရမ်းကို နည်းပါးတဲ့ ဘေးက ခြံဂန်းအနည်းငယ်ရှိပြီးတော့ အဲဒီဟာတွေက အထူးအရေးပေါ် လူတွေအတွက်သီးသန့်ထားပြီးတော့ ကြိုတင်မှာယူထားဖို့ လုံးဝမလိုအပ်ပါဘူး။

ဥပမာ.. တတိယ အင်ပါယာ မင်းသားက ဒီလိုမျိုး အထူးအာဏာအခွင့်ရထားတဲ့ သူ တစ်ယောက်ပဲဖြစ်ပါတယ်။

ဒါပေမဲ့ တတိယ အင်ပါယာ မင်းသားဆိုတာ က ဘယ်သူလဲ? သူက သိုင်းပညာမှာ ပါရမီရှင်တစ်ယောက်ဖြစ်ပြီးတော့ နွေဦးစမ်းရေအလွှာ ၇ အဆင့်မှာရှိပြီး အနာဂါတ်မှာ သရဖူကို

ဆက်ခံနိုင်မဲ့ သူတွေထဲက တစ်ယောက်ဖြစ်ပြီးတော့ အရမ်းကို စွမ်းအားကြီးမားတဲ့ သူတစ်ယောက် ဖြစ်လာပါလိမ့်မယ်..။

ဒါပေမဲ့ လင်းဟန်ကရော ဘယ်လိုမျိုးလဲ? သူလည်းပဲ ဒီလိုမျိုး အထူးအာဏာ အခွင့်အရေးကို ရထားတာ ဖြစ်နိုင်ပါ့မလား?

ဂျင်ပူကျိုက တကယ့်ကို အံ့အားသင့်နေပါတယ်။ သူသိတဲ့ လင်းဟန်က အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင်သုံးယောက်က အပြည့်အဝ ထောက်ပံ့ပေးထားပြီး တော့ ဒုယွန်ပြိုင်ပွဲမှာ ပထမ နေရာကို တောင်မှ ဖျက်မြင်းတစ်ကောင်လိုမျိုး ရယူထားနိုင်တဲ့ မွန်းစတားတစ်ကောင်ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒါက ဒုယွန်မြို့မှာပဲဖြစ်ပါတယ်။ ဒါက အင်ပါယာမြို့ပါ။ လင်းဟန်က ဒီကို ရောက်တာမှ ရက်အနည်းငယ်ပဲရှိပါသေးတယ်။ သူက တကယ်ပဲ အဆင့်မြင့်မြင့် ထင်ပေါ်ကျော်ကြားသွားပီလား?

ဂျင်ပူကျိုက ကြိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ သူက အင်ပါယာမြို့ကို ရောက်နေတာ သုံးနှစ်ကျော်ပါပြီ ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကပဲ တိုးလာခဲ့ပြီးတော့ သူ့ရဲ့

ကိုယ်ရေးကိုယ်တာ အဆင့်အတန်းကတော့ နည်းနည်းလေး မှတောင် မတိုးတက်လာခဲ့ပါဘူး တကယ်လို့ သူကိုယ်သူ လင်းဟန်နဲ့ နှိုင်းယှဉ်မယ်ဆိုယင် သူက စိတ်ဓါတ်ကျလွန်းလို့ သေတောင် သေသွားနိုင်ပါတယ်။

လင်းဟန်က သူများအထင်ကြီးအောင် ဖြီးဖြန်းနေတာလို့ သူလုံးဝ သံသယ မဝင်ပါဘူး။ လင်းဟန်က တစ်ချို့ အချိန်တွေမှာ စတတ်နောက်ပြောင်တတ်ပေမဲ့ သူက ဒီလိုမျိုး မဖြစ်နိုင်လောက်တဲ့ အရာတွေကို လုံးဝ နောက်ပြောင်ခြင်းမျိုး မရှိပါဘူး။

``ဒါဆိုယင် ဒီနေ့ညပေါ့``

ဂျင်ပူကျိုက သူရဲ့ မျက်နှာပေါ်က စိတ်လှုပ်ရှားမှုတွေကို ဖုံးကွယ်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

ကျန်းကလန်လို့ သာမာန်ကလန်လေး တစ်ခုက အချစ်ပန်းစံအိမ်ရဲ့ အဝင်တံခါးမကြီး ထဲကိုတောင်မှ ခြေတစ်လှမ်းဝင်လို့ မရနိုင်ပါဘူး။ ခြံဝန်းတစ်ခုအတွင်းမှာ စားသောက်မယ် ဆိုယင်တော့ဖြစ် ပြောမနေပါနဲ့တော့..။ ဒီညပြီးတဲ့နောက်မှာ ကျန်းကလန်က သူနဲ့ ကျန်းဖေးရန် တို့လက်ထပ်မဲ့ ကိစ္စ နဲ့ပါတ်သတ်ပြီးတော့ ဆက်ပြီး

နိမ့်ချပြောဆိုနေမှာကို ဆက်ပြီးတော့ ကြောက်ရွံ့နေစရာ လိုဦးမှာလား?

``ကောင်းပြီလေ``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``ကျေးဇူးတင်ပါတယ် အကိုလင်း.. ကျေးဇူးတင်ပါတယ် အကိုလင်း``

ဂျင်ပူကျိက အထပ်ထပ် အခါခါ ဦးညွှန့်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှားနေပုံရပါတယ်။ သူက လှို့ပုဂ်စွာ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်လို့ နောက်တစ်ချိန်ချိန်မှာ လင်းဟန် က သူ့ဆီကနေ မျက်နှာသာပေးမှုကို လိုအပ်လာ ခဲ့ယင် ဘယ်လိုအရာပဲဖြစ်ဖြစ် လင်းဟန်ကို သူအစွမ်းကုန် ကူညီမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ကျန်းကလန်ကို ဒီည ညစာစားပွဲ အကြောင်းကို ပြောဖို့ အနောက်ကိုလှည့်ပြီး ထွက်သွားလိုက်ပါတယ်။ ဒါက ဂုဏ်ယူဂင့်ကြွားစွာနဲ့ ကြေညာသင့်တဲ့ အရာတစ်ခုပဲ လေ။

ထိုအချိန်အတွင်းမှာ လင်းဟန်က သူရဲ့ ခြံဝန်းအတွင်းမှာ သူကိုယ်သူ ဓါးသိုင်းပညာအပေါ်မှာ နားလည်နိုင်စွမ်းကို တိုင်းတာစစ်ဆေးနေပါတယ်။ သူက ဓါးချီ အလင်း ၆ခု နေရာမှာ တားဆီးပိတ်ဆို့နေတာ အရမ်းကိုကြာနေပါပြီ။ သူက ဘယ်လိုမျိုး နဲ့ ဓါးချီအလင်းခုနစ်ခုမြောက်ကို ချိုးဖျက်ဝင်ရောက်နိုင်မလဲ မသိပါဘူး။

အမှန်တော့ တကယ်လို့ ဓါးသမားတစ်ယောက်က ဓါးချီအလင်းတစ်ခုကိုပဲ ဆယ်နှစ် အတွင်းမှာ ထုတ်ဖော်နိုင်ယင် အရမ်းကို အထင်ကြီးစရာကောင်းနေပါပြီ။ ဒါ့အပြင် လူတစ်ယောက်က ဓါးချီအလင်းတွေပိုပိုပြီးတော့ ထုတ်ဖော်လာနိုင်လေ သူတို့ အဆင့်တက်ဖို့က နှေးလာလေပါပဲ။ အဲဒီအချိန်မှာ ဓါးသမားက နှစ်ပေါင်းတစ်ရာခန့် အသက်အရွယ်ရောက်နေပြီးတော့ သူက ဓါးချီအလင်း ဆယ်ခုကို ထုတ်ဖော်နိုင် မယ်ဆိုယင် သူက ဓါးသိုင်းပညာရဲ့ ပါရမီရှင်တစ်ယောက်အဖြစ် ချီးမြှင့်မြောက်စားခြင်း ကိုခံရပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်က တော့ စိတ်မကျေနပ်ပါဘူး။ သူကတစ်ခြားသူတွေနဲ့မတူပါဘူး ဒါကြောင့် သူကိုယ်သူ တစ်ခြား ပုံမှန်အဆင့်တက်တဲ့သူတွေနဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

အယင်တုန်းက သူက မို့ကောင်းနဲ့ အကြိမ်ပေါင်းများစွာ ဓါးသိုင်းပညာနဲ့ ပါတ်သတ် ပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ မို့ကောင်း က တကယ့်ကို လျှို့ဝှက်ဆန်းကြယ်တဲ့ ဓါးနလုံးသားကိုတောင်မှ အစလေးတစ်စ ထိတွေ့နိုင်ခဲ့တဲ့ ဓါးသိုင်းအပေါ်မှာ ရှုးသွပ်နေတဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ လင်းဟန်ကို အများကြီးအကြံပေး ခဲ့ပါတယ်.။ဒါကြောင့်လဲ လင်းဟန်က သူရဲ့ ဓါးချီအလင်း ခြောက်ခုကို ထုတ်ဖော် နိုင်ခဲ့တာပါ။ ဒါပေမဲ့ သူ့အနေနဲ့ အတွေ့အကြုံတွေအများကြီးရှာပြီးတော့ နားလည်မှု တည်ဆောက်ဖို့ လိုပါတယ်။ ဒါမှမဟုတ်ယင် အချိန်အတိုလေးအတွင်းမှာ နောက်ထပ် ခြေတစ်လှမ်းတိုးပြီးတော့ အဆင့်တက်ဖို့ ခက်ခဲပါလိမ့်မယ်။

လင်းဟန်က ကြက်ခြေခတ်ပုံစံထိုင်ပြီးတော့ သူ့ရဲ့ ညာဘက်လက်ချောင်းကို ဓါးတစ်ချောင်းပုံစံလိုမျိုးသဘောထားပြီးတော့ သူ့ရဲ့လက်ကို အဆက်မပြတ် ဓါးသိုင်းလှုပ်ရှားမှုမျိုးစုံအတိုင်း ဝှေ့ယမ်းနေပြီးတော့ သူရဲ့ စိတ်ထဲက နားလည်သဘောပေါက်ထားတဲ့ ဓါးရဲ့ အနုပညာကို စမ်းစစ်လေ့လာနေပါတယ်။

နေ့လည်ကို ရောက်တဲ့အခါမှာတော့ သူကရပ်လိုက်ပီးတော့ ဟူးညို့အတွက် အစားအစာ တွေ ပြင်ဆင်လိုက်ပါတယ်။ သူနဲ့ လို့ညီအမ နှစ်ယောက်အတွက် ကတော့ ချက်ပြုတ်ပြီးသားပါ။

သူက ညနေစောင်းအထိကို ဓါးသိုင်းပညာကို သင်ယူနေခဲ့ပါတယ်။ လင်းဟန်အတွက် အကယ်ဒမီက သင်ပေးတာတွေက ဘာမှမဟုတ်ပါဘူး။ သူဒီကို မလာခင်ကတည်းက ဆုံးဖြတ်ထားပြီးသားပါ ဒါက လင်းဒေါင်ရှန် ကိုပျော်ရွှင်အောင် လို့ လာတာပဲဆိုတာကိုပေါ့။

ညနေပိုင်းမှာ သူက ဟူးညို့ကို သူနဲ့အတူခေါ်ပြီးတော့ အချစ်ပန်းစံအိမ်ကို ထွက်လာခဲ့ပါတယ်။ သူက အချစ်ပန်းအမိန့်ကို ထုတ်ပြလိုက်တာနဲ့ အမျိုးသမီး အခြွေအရံတွေက သူ့ကို လှပသပ်ရပ်တဲ့ ခြံဂန်းလေးတစ်ခုကို ခေါ် သွားပြီးတော့ ဒီညမှာ ကျင်းပမဲ့ ညစာစားပွဲနဲ့ပါတ်သတ်တဲ့ ဟင်းပွဲတွေနဲ့ ပိုင်တွေကို မှာကြားထား လိုက်ပါတယ်။

နာရီဂက်ခန့်အကြာမှာ လူရှစ်ယောက် ကို အမျိုးသမီး အခြွေအရံတစ်ယောက်က ဦးဆောင်ပြီးတော့ ဂင်လာခဲ့ကြပါတယ်။ ဂျင်ပူကျိရဲ့ ဘေးမှာ ကျန်းကလန်ရဲ့ အဖွဲ့သား ခုနစ်ယောက်ပါလာခဲ့တာပါ။ သူတို့က ကျန်းဖေးရန်နဲ့ သူမရဲ့ မိဘနှစ်ယောက်. ပြီးတော့ သူမရဲ့

အဒေါ်နှစ်ယောက်နဲ့သူတို့ရဲ့ သားနှစ်ယောက်ပဲဖြစ်ပါတယ်။

``ဒါဆို ဒီဟာက အချစ်ပန်းစံအိမ်ရဲ့ ဘေးကခြံဂန်းတစ်ခုပေါ့နော်.. အရမ်းကို လှပတာပဲ.. အယင်တုန်းက ငါတို့တွေက အချစ်ပန်းစံအိမ်ရဲ့ သာမာန် အခန်းထဲ ကိုပဲ ဂင်ရောက်နိုင်ခဲ့တယ်``

``ကြည့်ရတာ ဖေးရန်ကတော့ဒီတစ်ကြိမ် တကယ့်ကို သင့်တော်တဲ့ ယောကျ်ားလေး ရှာတွေ့သွားခဲ့တာပဲ.. သူက အချစ်ပန်းစံအိမ်ရဲ့ ဘေးက ခြံဂန်းတစ်ခုကို တောင်မှ ကြိုတင်ပြီး သီးသန့်မှာကြားထားနိုင်တယ်``

``ဟုတ်တယ် ဟုတ်တယ်.. ငါ အင်အားကြီးကလန်ရှစ်ခုက အဖွဲ့ဂင်တွေ ပြောတာ ကြားဖူးတယ်. အင်ပါယာ မိသားစုကပဲ ဒီနေရာမှာ ခြံဂန်းတစ်ခုကို ကြိုတင် မှာကြား ထားနိုင်တဲ့ စွမ်းရည်ရှိတာတဲ့. ဒါက အခု ငါတို့တွေအားလုံး အင်ပါယာ မိသားစုနဲ့ အင်အားကြီး ကလန်ရှစ်ခုရဲ့ အဆင့်နဲ့ အတူတူပဲလို့ ဆိုလိုတာပဲမဟုတ်လား?``

ကျန်းကလန်ရဲ့ အသက်ကြီးတဲ့ အဖွဲ့ဂင်တွေကိုကြည့်ရတာ အရမ်းကို စိတ်လှုပ်ရှား နေပုံရပါတယ်။ သာမာန်ကလန်လေးဖြစ်တဲ့ သူတို့က စိုးရိမ်စရာအများကြီး

မရှိပါဘူး။ သူတို့မှာ မရှိတာက လုံလောက်တဲ့ အဆင့်အတန်းမျိုးပဲဖြစ်ပါတယ်။ ဒီနေရာမှာ ဒီနေ့ညညစာစားပွဲက သူတို့အတွက်တော့ တစ်ဘဝစာလုံးဂုဏ်ယူဖို့အတွက် လုံလောက်ပါလိမ့်မယ်။

``ငါ့ရဲ့ အင်္ကျီမှာ တပ်နိုင်ဖို့ အမှတ်တရပစ္စည်းတစ်ခုခုများ မင်းမှာရှိသလား?``

အကြီးဆုံးအဒေါ်က ချက်ချင်းပဲ အမျိုးသမီး အခြွေအရံ တစ်ယောက်ကို မေးလိုက်ပါတယ်။ တကယ်လို့ ရှိတယ်သာဆိုယင် သေချာပေါက်ကိုပဲ သူမရဲ့ အဝတ်အစားတွေမှာ နေ့တိုင်းတပ်ဆင်ပြီးတော့ သူမနဲ့တွေ့တဲ့ လူတိုင်းကို ပြသ ပါလိမ့်မယ်။

အမျိုးသမီး အခြွေအရံက ကြောင်သွားပါတယ်။ ဒီနေရာမှာလာပြီးတော့ ပိုက်ဆံတွေ အများကြီးအကုန်ကျခံတဲ့သူတွေက အရမ်းကို မြင့်မားတဲ့ အဆင့်အတန်းရှိပါတယ်။ ဒါကြောင့် သူမအနေနဲ့ဒီလိုမျိုးမေးခွန်းကို တစ်ယောက်ယောက်ကမေးတာမျိုး တစ်ခါ မှ မကြားဖူးခဲ့ပါဘူး။ သူမက အနည်းငယ်မှင်တက်သွားပြီးတော့မှ ပြန်ပြီးဖြေလိုက်ပါတယ်။

``မရှိပါဘူးရှင်``

``မင်းမှာ ဘာလို့ နည်းနည်းလေးတောင်မှ မရှိရတာလဲ?``

အငယ်ဆုံးအဒေါ်ဖြစ်သူကလဲ အကြမ်းကိုင်လိုက်ပါတယ်။

``ဘာလို့ တစ်ယောက်ယောက်ကို ငါတို့အတွက် တစ်ခု ပြင်ဆင်ထားဖို့ မပြောတာလဲ?``

``ဟုတ်တယ် ဟုတ်တယ်... တစ်ခု ပြင်ဆင်ထားလိုက်စမ်း``

အကြီးဆုံးအဒေါ်က အလျင်အမြန်ပြောလိုက်ပါတယ်။

သူတို့ပြောလိုက်တဲ့ ဒီစကားတွေကို ကြားလိုက်တဲ့အခါမှာ ဂျင်ပူကျန့် ကျန်းဖေးရန် ရော သူမရဲ့ မိဘတွေပါ သူတို့ရဲ့ ဆံပင်တွေ ထောင်သွားသလိုမျိုး ရှက်ရွံ့မှုကို ခံစားလိုက်ရပါတယ်။ ထိုအတွင်းမှာ ကျန်းဖေးရန်ရဲ့ ဂမ်းကွဲ အကိုနှစ်ယောက်က တဏှာရူးထနေတဲ့ မျက်နှာတွေနဲ့ အမျိုးသမီးအခြွေအရံတွေရဲ့ ရင်သားကို စူးစိုက်ပြီး ကြည့်နေကြပါတယ်။

``အကိုဂျင်``

လင်းဟန်က ထရပ်ပြီးတော့ ဂျင်ပူကျိုကို လက်ပွေ့ယမ်းပြလိုက်ပါတယ်။

``အကိုလင်း``

ဂျင်ပူကျိုက ကြည်ညိုလေးစားမှုအပြည့်နဲ့ ပြန်ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

``ဟားဟား အကိုဂျင် ကျေးဇူးအများကြီးတင်ပါတယ်.. ဒီအချစ်ပန်းစံအိမ်မှာ နောက်တစ်ကြိမ် ထပ်ပြီးတော့ အစားအသောက်ကောင်းကောင်း စားရတော့မဲ့ အတွက် မင်းကို ကျေးဇူးတင်ပါတယ်``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဂျင်ပူကျိုက လင်းဟန်က သူ့ကို မြင့်မားတဲ့နေရာကို ရောက်အောင် ပင့်တင်ပေးဖို့ ကြိုးစားနေတယ်ဆိုတာကို သိပါတယ်။ ဒါက သူ့ရဲ့ နှလုံးသားကို ထိသွားပြီးတော့ အထပ်ထပ် အခါခါ ခေါင်းငြိမ့်လိုက်ပါတယ်။

လင်းဟန်က ပြုံးပြလိုက်ပါတယ်။ သူနဲ့ ဂျင်ပူကျိုနဲ့

ဂျင်ချန်ချင်းတို့ကြားမှာ ပြဿနာ အနည်းငယ် ရှိခဲ့ပေမဲ့ ဂျင်ပူကျိက တောင်းပန်ခဲ့တာ တော်တော်ကို ကြာပါပြီ ဒါကြောင့် အားလုံးကို မေ့ပျောက်ထားခဲ့ပြီးပါပြီ။ ပြီးတော့ ဂျင်ပူကျိက ဒုယွန်ပြိုင်ပွဲ မှာ သူကို အရှုံးပေးခဲ့ပြီးတော့ လင်းဒေါင်ရှန်ကို ကူညီကယ်ဆယ်ဖို့အတွက် သူ့ရဲ့ လူတွေကိုတောင်မှ ခေါ်လာခဲ့ပါသေးတယ်။ လင်းဟာန် လိုအပ်သည်ဖြစ်စေ မလိုအပ်သည်ဖြစ်စေ ဒါက လင်းဟာန် တင်နေတဲ့ အကြွေးတွေပါ။

အကြွေးဆိုတာက ပြန်ပြီးတော့ ပေးဆပ်ရပါတယ်။ ဒါကြောင့် လင်းဟာန်က ဂျင်ပူကျိ တောက်ပဖို့အတွက် သူကိုယ်သူ သာမာန် အဆင့်အတန်းပုံစံနဲ့ ပြုမှုဖို့ အရမ်းကို ဆန္ဒရှိပါတယ်။

``နင် ငါတို့ရဲ့ ပူကျိ ကို ကောင်းကောင်းကျေးဇူးတင်သင့်တယ်``

အကြီးဆုံးအဒေါ်ကအထင်အမြင်သေးတဲ့ အကြည့်နဲ့ ကြည့်ပြီးပြောလိုက်ပါတယ်။

``မင်းက ဒုယွန်မြို့က ပူကျိရဲ့ သူငယ်ချင်းတစ်ယောက်လို့ ငါကြားသိခဲ့ပြီးပြီ။ မင်းက တောသားတစ်ယောက်ဖြစ်တဲ့အတွက် လူအဖွဲ့အစည်းရဲ့

စည်းမျည်းစည်းကမ်း တွေကို သိမှာလဲ မဟုတ်ပါဘူး။မင်းကို ညစာစားပွဲဖိတ်တာကိုပဲ လုံလောက်တဲ့ဟာကို မင်းက နောက်ထပ် မိန်းကလေးငယ် တစ်ယောက်ကိုပါ ခေါ်လာခဲ့သေးတယ်``

ဂျင်ပူကျိရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီးတော့ သူက ထပြောဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကို ခေါင်းခါပြလိုက်တာကို မြင်လိုက်တဲ့ အခါမှာတော့ သူ့ရဲ့ စကားတွေကို မျိုသိပ်ပြီးတော့ ပြန်ထိုင်ချလိုက်ပါတယ်။

လင်းဟန်က အကြီးဆုံးအဒေါ်ရဲ့စကားတွေကို ကြားတယ်လို့တောင် မထင်ပါဘူး ။ အဲဒီစကားတွေက တစ်ဖက်နားကဝင်ပြီးတော့ နောက်တစ်ဖက်နေ ပြန်ထွက်သွားပါတယ်။ လင်းဟန် က ဒီလိုမျိုး အရှက်ကင်းမဲ့ အောက်တန်းကျတဲ့ လူ့ရဲ့စကားတွေကို အလေးအနက်ထားဖို့ လိုလို့လား? နောက်ပြီးတော့ သူတို့က ဒီတစ်ကြိမ်ပဲဆုံတွေ့ရမှာပါ.. အနာဂါတ်မှာ သူက ဒီလူတွေနဲ့ ထပ်ပြီးတော့ မြင်ရမှာ မဟုတ်ပါဘူး။

ကျေးဇူးတင်ရမှာက ကျန်းကလန် အဖွဲ့သားအားလုံးပဲ သူတို့ရဲ့ အချစ်ပန်းစံအိမ်က ဘေးခြံဂန်းထဲကို

ပထမဆုံးအကြိမ်ရောက်လာခဲ့တဲ့အတွက် မြင်မြင်သမျှ မြင်ကွင်း အားလုံးကို အံ့သြတကြီးနဲ့ ကြည့်နေကြပါတယ်။ ဟင်းပွဲတွေ တစ်ခုပြီး တစ်ခု ချပေးလိုက်တာနဲ့ သူတို့က လင်းဟန်နဲ့ ဆက်ပြီးတော့ အချိန်ဖြုန်းမနေတော့ပဲ အစားအသောက်တွေကို စတင်ပြီးတော့ မြိန်ရေယှက်ရေ စားလိုက်ကြပါတယ်။

``အောင်မလေး``

အမျိုးသမီး အခြွေအရံ တစ်ယောက်က ရုတ်တရက် အံ့အားသင့်စွာနဲ့ ထအော်ပြီးတော့ ကျန်းဖေးရန်ရဲ့ အကြီးဆုံး ဂမ်းကွဲ အစ်ကိုဖြစ်တဲ့ သူကို ညွှန်ပြပြီးတော့ ပြောပါတယ်။

``သူ... သူက ငါ့ရဲ့အောက်ပိုင်းကို လာပြီးတော့ထိတယ်``

CHAPTER (165) မှန်းကြည့်စမ်း ငါတို့ဘယ်သူကိုမြင်ခဲ့သလဲ?

``မင်းက ဘာကြောင့် ရေးကြီးခွင်ကျယ်လုပ်နေတာလဲ? မင်းမှာ ကျားသစ်မလေး တစ်ကောင်လို လှပပြေပြစ်တဲ့ အောက်ပိုင်းရှိတာပဲ.ငါက အဲဒါကို ထိကြည့်လို့တောင် မရဘူးလား?``

အကြီးဆုံးဂမ်းကွဲအစ်ကိုဖြစ်သူ ကျန်းဟွာလိန်

ကပြောလိုက်ပါတယ်. သူကြည့်ရတာ အရမ်းကို မကျေမနပ်ဖြစ်နေတဲ့ပုံစံပါတယ်။ တကယ်တော့ တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်အောက်ပိုင်းကို ထိတွေ့ကိုင်တွယ်တာက အရမ်းကို အောက်တန်းကျတဲ့ အရာတစ်ခုပဲဖြစ်ပါတယ်။ သူကိုယ်သူ မြှာပွေတဲ့ လူတစ်ယောက်လို့ ဒီလိုမျိုး လူအများကြီးရှိတဲ့ ညွှ့ခံပွဲမျိုးမှာ ဖော်ထုတ်ပြခြင်းခံရတာမျိုးကို မလိုချင်ပါဘူး။

``မင်းငါ့ရဲ့ အကိုဂမ်းကွဲကို ခုထိ မတောင်းပန်သေးဘူးလား?``

ဒုတိယအကိုဂမ်းကွဲဖြစ်တဲ့ ထောင်ယွမ်က ပြောလိုက်ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ မောက်မာကြွားဝင့်မှုတွေနဲ့ ပြည့်နေပါတယ်။

``ငါတို့က မင်းတို့ အချစ်ပန်းစံအိမ်ရဲ့ ဂုဏ်ယူစရာအကောင်းဆုံး ညှေ့သည်တော် တွေပဲ..ဂုဏ်ယူစရာအကောင်းဆုံး ညှေ့သည်တော်တွေက ဘယ်လိုလူတွေလဲ ဆိုတာ မင်းသိရဲ့လား? ဒီ ဘေးကခြံဝန်းလေးတွေကို ဝင်ခွင့်ရတဲ့သူ အားလုံးက စိတ်ဂိဉာဉ်ပုလ္လင်အဆင့်မှာရှိတဲ့ သူတွေပဲ.. သူတို့ဆီက စကားတစ်ခွန်းနဲ့တင် မင်းတို့ရဲ့ မိသားစု တစ်ခုလုံး

သေသွားလိမ့်မယ်``

အမျိုးသမီးအခြွေအရံကို ကြည့်ရတာ ဒေါသထွက်တာရော စိတ်ကသိကအောက် ဖြစ်နေတာရော ခံစားနေရတဲ့ပုံစံပါပဲ။ ဒါပေမဲ့ သူမက အစွမ်းအနည်းငယ်ပဲ ရှိတဲ့ အမျိုးသမီးအခြွေအရံတစ်ယောက်ပဲ ဖြစ်ပါတယ်။ အခု သူတို့ပြောပုံအရဆို သူမအနေနဲ့ အများကျူးလွန်တဲ့သူဖြစ်ပြီးတော့ သူမရှုံးနိမ့်သွားတယ်ဆိုတာ သိသာ ထင်ရှားပါတယ်။

အဒေါ်ဖြစ်တဲ့သူ နှစ်ယောက်ကိုကြည့်ရတာ ဂရုမစိုက်တဲ့ပုံစံပါပဲ။ သူမတို့ရဲ့ မျက်လုံး ထဲမှာ အမျိုးသမီးအခြွေအရံမျှသာ ရှိတဲ့ လူတစ်ယောက်က သူမတို့ သားတွေရဲ့ ခေါင်းပေါ်က ဆံပင်မွှေးတစ်ချောင်းလောက်တောင်မှ တန်ဖိုးမရှိပါဘူး။ တကယ်လို့ သူမတို့ရဲ့သားတွေက သူမရဲ့ အောက်ပိုင်းကို ကိုင်တော့ရော ဘာဖြစ်သေးလဲ? သူမ အသားပွဲ့ပါသွားတာမှမဟုတ်တာ။ ဒါ့အပြင် ဒီနေရာမှာရှိတဲ့ အမျိုးသမီးတွေ အားလုံး ကသူမတို့ရဲ့ ခန္ဓာကိုယ်ကို ရောင်းစားနေကြတာပဲမဟုတ်လား? အခုမှ ဘာလို့များ တော်ဝင်အဆင့်အတန်းရှိသလိုမျိုး သရုပ်ဆောင်နေကြတာလဲ?

``ဂမ်းကွဲ အကိုကြီး. ဒုတိယ ဂမ်းကွဲအကို .. ဒီကိစ္စကို ဒီမှာပဲထားလိုက်ပါ.``

ကျန်းဖေးရန် ကပြောလိုက်ပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ သူမက ဒီ အမျိုးသမီး အခြေအရံကို ကိုယ်ချင်းစာပါတယ်။ ဒါပေမဲ့ အခွင့်အရေးယူတဲ့ သူက သူမရဲ့ အကိုဂမ်းကွဲဖြစ်နေပါတယ်။ သူမရဲ့ မိသားစုအဖွဲ့ဝင်တွေကို ဆန့်ကျင်ပြီးတော့ အပြင်လူကို ကူညီမယ်ဆိုယင် ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

``ဖေးရန် မင်းက အနာဂတ်မှာ အမိက ကလန်တစ်ခုရဲ့ သတိုသမီးဖြစ်လာပြီးတော့ အရမ်းကိုမြင့်တဲ့ တော်ဝင်အဆင့်အတန်းတစ်ခုကို ရရှိလိမ့်မယ်။ ဒီလိုမျိုး ခွေးမတစ် ကောင်ကို မင်းက စာနာသနားနေဖို့ မလိုဘူး``

အကြီးဆုံး အဒေါ်က ကျန်းဖေးရန်ကို ချက်ချင်းဆိုသလို သင်ကြားပို့ချတဲ့လေသံ နဲ့ ပြောလိုက်ပါတယ်။

``အဲဒါဟုတ်တယ် ဖေးရန်. မင်းအရမ်းကြီး ကြင်နာစရာမလိုဘူး။ အမိက ကလန်တစ်ခုရဲ့ အမျိုးသမီး အိမ်ထောင်ဦးစီးသူတစ်ယောက် အနေနဲ့ မင်းရဲ့

လမ်းကြောင်းမှာ အကြင်နာကင်းမဲ့တတ်ဖို့ သင်ယူလေ့လာရမယ်.. ``

အငယ်ဆုံးအဒေါ်ကဆက်ပြီးတော့ပြောလိုက်ပါတယ်။ ကျန်းဖေးရန် ရဲ့ မိဘနှစ်ပါးကတော့ တိတ်ဆိတ်ငြိမ်သက်လို့နေပါတယ်။ ဒါပေမဲ့ ဒါကိုကြည့်ခြင်းအားဖြင့် သူမရဲ့ မိဘနှစ်ပါးစလုံးက ကျန်းကလန်အတွင်းမှာ ဩဇာအများကြီး ရှိတဲ့ ပုံမပေါ်ပါဘူး။ အဲဒီအစား သူတို့က အပြင်ဘက်ကလန်တွေနဲ့ လက်ထပ်ထားတဲ့ ဒီ အမျိုးသမီးနှစ်ယောက်နဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရနိုင်ပါဘူး။

အမှန်တရားက ဒီလိုပါ။ လက်ရှိ ကျန်းကလန်ရဲ့ ခေါင်းဆောင်က ကျန်းဖေးရန် ရဲ့ အဘွားဖြစ်တဲ့သူပါ..ပြီးတော့ သူမက ဒီသူမရဲ့ ဒီသမီးနှစ်ယောက်က အပြင်ဘက် ကလန်တွေက လူနဲ့ လက်ထပ်ထားပြီးတော့ သူမတို့ရဲ့ လက်ထပ်မှုကလဲ ကောင်းမွန် တဲ့အတွက် ဒီသမီးနှစ်ယောက်ကို တုန်နေအောင်ချစ်ပါတယ်။ သူမတို့ရဲ့ ခင်ပွန်း တွေ က အလယ်အလတ်အဆင့် ကလန်ရဲ့ အဖွဲ့သားတွေဖြစ်ပါတယ်။ သူမတို့ရဲ့ ယောက်ျားတွေက သူတို့ရဲ့ ကလန်မှာ အရမ်းကို အရေးပါတဲ့ လူတွေမဟုတ်ပေမဲ့လည်း သူတို့ကလန်တွေရဲ့ လွှမ်းမိုးမှုနဲ့ ကာကွယ်မှုတွေကို အကျိုးအမြတ်အဖြစ်နဲ့ ရရှိပါတယ်။ ဒါကြောင့်လဲ သူမတို့က

သာမာန်ကလန်လေးတစ်ခုက အဖွဲ့သားတွေ ဖြစ်တဲ့ သူမတို့ရဲ့ ဆွေမျိုးတွေအရှေ့မှာ အရမ်းကို ယုံကြည်ချက်အပြည့်ရှိနေကြတာပဲ ဖြစ်ပါတယ်။

သူမတို့ရဲ့ မိဘအိမ်ကို ပြန်လာတဲ့ အကြိမ်တိုင်းပဲ သူမတို့ရဲ့ တစ်အူထုံဆင်း ညီအကို မောင်နမ တွေရဲ့ ရှေ့မှာ မာန်ပါပါ ဟန်ပါပါနဲ့ လျှောက်ကြပါတယ်။ ဒီ အဒေါ်နှစ်ယောက်ကို သူတို့စိတ်ကြိုက် ပြောခွင့်ပြုထားကြပါတယ်။

ဒီတစ်ကြိမ် ကျန်းဖေးရန်ကို အလယ်အလတ်အဆင့် ကလန်တစ်ခုက အဖွဲ့သား တစ်ယောက်နဲ့ လက်ဆက်ပေးဖို့က ဒီအဒေါ်နှစ်ယောက်ရဲ့ လက်ချက်ပဲ ဖြစ်ပါတယ်။ သူမတို့ရဲ့ မျက်လုံးထဲမှာ ဒါက ကျန်းဖေးရန်အတွက် ကောင်းအောင်လို့ လုပ်ပေးတာ လို့ပဲမြင်ကြပါတယ်။

ဒါပေမဲ့ ဂျင်ပူကျိုက ရုတ်တရက် အချစ်ပန်းစံအိမ်ရဲ့ ဘေးဘက်က ခြံဝန်းတစ်ခုကို သီသန့် ကြိုတင်မှာကြားထားနိုင်တဲ့ အထိ အံ့သြစရာကောင်းလောက်အောင် ပြောင်း လဲသွားခဲ့ပါတယ်။ ဒီ အဒေါ်နှစ်ယောက်ရဲ့ သဘောထားကပြောင်းလဲသွားပြီးတော့ ကျန်းဖေးရန် ရဲ့ အဖေနဲ့ သူမတို့ရဲ့ ဆက်ဆံရေးကို ပြန်လည် ဖာထေးဖို့

စတင်လိုက်ပါတယ်။ ဘာလို့လဲဆိုတော့ နောက်ပိုင်းမှာ ဂျင်ပူကျိုရဲ့ အကူအညီနဲ့ ပိုပြီးတော့ မြင့်မားတဲ့ နေရာကို ရယူနိုင်ဖို့ဆန္ဒရှိလို့ပဲ ဖြစ်ပါတယ်။

အမျိုးသမီးအခြွေအရံက ဒီအဒေါ် နှစ်ယောက်ရဲ့ ကြမ်းတမ်းရက်စက်တဲ့ စကားလုံး တွေကြောင့် ငိုကြွေးလို့နေပါတယ်။ ကံမကောင်းတာက အချစ်ပန်းစံအိမ်က သူတို့ရဲ့ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ သူမရဲ့ မျက်နှာကို ဖုံးကွယ်ပြီးတော့ ထွက်သွားဖို့ မလုပ်ပံ့ပါဘူး။

ကျန်းဟွာလိမ်က ဒါကိုမြင်တဲ့အခါမှာ ပိုပြီးတော့ အတင့်ရဲလာပြီးပြောလိုက်ပါတယ်။

``ငါ့ရဲ့ဘေးမှာလာထိုင်စမ်း.. ငါနဲ့အတူ ပိုင်တစ်ခွက်လောက် လာသောက်စမ်း``

လင်းဟာန်က ထရပ်လိုက်ပါတယ်။ သူက ဒီ ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေက ဇီဇာကြောင် ပြီးတော့ အရမ်းကိုလွန်တယ် ဆိုတာကို သိပါတယ်။ ဒီလို ဂျူနီယာ လေး နှစ်ယောက်ကတောင်မှ တဏှာရူးတဲ့ အပြုအမူကို ရဲရဲတင်းတင်း ထုတ်ဖော် လိမ့်မယ်လို့ဘယ်တုန်းကမှ

မတွေးခဲ့မိပါဘူး။ သူကအမျိုးသမီး အခြွေအရံ နားကို ချဉ်းကပ်ပြီးတော့ သူမရဲ့ လက်ထဲကို ငွေလွှဲစာရွက် တစ်ခုထည့်ပေးပြီးတော့ ပြောလိုက်ပါတယ်။

``ငါတစ်ကယ်စိတ်မကောင်းပါဘူး။ ဒါငါ့ရဲ့ သေးငယ်လှတဲ့ လက်ဆောင်ပစ္စည်းလေး တစ်ခုပါ.. ဒါက မင်းရဲ့ ထိခိုက်နစ်နာမှုအတွက် လျော်ကြေးလို့ မရနိုင်ပေမဲ့ ကျေးဇူးပြု ပြီးတော့ ဒါကို လက်ခံပေးပါ``

အမျိုးသမီးအခြွေအရံက ဒီငွေလွှဲစာရွက်ကို တစ်ချက်ကြည့်လိုက်ပီးတော့ အံ့အားသင့်သွားပါတယ်။ ဒီငွေလွှဲစာရွက်က ငွေပြားတစ်သောင်း တန်ကြေး ရှိပါတယ်။

တစ်ခုနားလည်ထားရမှာက သူမက ကိုယ်ခန္ဓာပြုပြင်ခြင်းအလွှာ ၇ အဆင့်မှာပဲ ရှိတဲ့ အမျိုးသမီးအခြွေအရံ တစ်ယောက်ပဲဖြစ်ပါတယ်။ သူမရဲ့ တစ်လစာ ဂင်ငွေက အများဆုံးမှ ငွေပြားသုံးရာပဲ ရှိပါတယ်။ ဒီငွေပမာဏ က များတယ်ဆိုပေမဲ့ ဒီ ငွေပြား တစ်သောင်းဆိုတဲ့ ရောမ ပမာဏနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါမှာတော့ အရမ်းကိုကြီးမား တဲ့ ကွာခြားချက်ကြီးတစ်ခုပဲဖြစ်ပါတယ်။

``သခင်လေး ကျမ လက်မခံပံ့ပါဘူးရှင်``

သူမက မျက်နှာနီရဲစွာနဲ့ပြောလိုက်ပါတယ်။

``လက်ခံလိုက်ပါ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ လက်ကိုပွေ့ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီနေရာမှာ မင်းတို့ လုပ်ပေးစရာမလိုတော့ဘူး။ အားလုံးပဲ မင်းတို့ ထွက်သွားလို့ရပြီ``

``ဟုတ်ကဲ့ပါ သခင်လေး``

အမျိုးသမီး အခြွေအရံ ရှစ်ယောက်စလုံးက ဦးညွှန့်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။ သူမတို့အားလုံးက တကယ့်အစစ်အမှန် ဩဇာကြီးမားတဲ့ အကြီးအကဲက လင်းဟန် ဖြစ်တယ်ဆိုတာကို သိထားကြပါတယ်။ ပြီးတော့ သူမတို့အားလုံးက လင်းဟန်ကို သူမတို့ရဲ့ မျက်လုံးတွေနဲ့ ကြည်ညိုလေးစားမှုအပြည့်နဲ့ ကြည့်လိုက်ကြပါတယ်။ သူမတို့ရဲ့ မျက်လုံးတွေကို ကျန်းကလန်ရဲ့ အဖွဲ့ဝင်အနည်းငယ်အပေါ်ကို ပေ့ကြည့်

လိုက်တဲ့အခါမှာတော့ သူမတို့ရဲ့ အကြည့်တွေမှာ အရမ်းကို အထင်အမြင်သေးပြီး စက်ဆုပ်ရွံရှာမှုတွေနဲ့ ပြည့်လို့နေပါတယ်။

``မင်းတို့ကို ဘယ်သူက ထွက်သွားခွင့်ပြုနေလို့လဲ? မင်းတို့အားလုံး ဒီနေရာမှာ ဆက်ပြီးတော့ နေရမယ်``

ကျန်းဟွာလိန်က ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

``ဟုတ်တယ်.. မင်းတို့က ထွက်သွားပံ့သလား?``

ထောင်ယွမ် ကလဲ မတ်တပ်ထရပ်လိုက်ပီးတော့ သူတို့အားလုံး ထွက်သွားမှာကို တားဆီးလိုက်ပါတယ်။

ဂျင်ပူကျို က အလျင်အမြန်ပဲ ထရပ်လိုက်ပီးတော့ ထောင်ယွမ်ကို သူ့ရဲ့ ထိုင်ခုံပေါ်ကို ပြန်ပြီး ထိုင်ခိုင်းစေလိုက်ပီးတော့ပြောလိုက်ပါတယ်။

``ဒုတိယဂမ်းကွဲအကို .. ဒီအကြောင်းကို မေ့လိုက်ပါ``

သူက လင်းဟန် မကျေမနပ်ဖြစ်နေတယ်ဆိုတာကို သတိမူမိပါတယ်။ တကယ်လို့ ထောင်ယွမ် ကသာ

ရှေ့တစ်လှမ်းတိုးပြီးတော့ ပြဿနာ ရှာမယ်ဆိုယင် လင်းဟာန်ရဲ့ဒေါသ တွေပုံ့သန်းထွက်ပေါ် လာပါလိမ့်မယ်။

ကျန်းကလန်ရဲ့ အဒေါ် နှစ်ယောက်လည်းပဲ ပေါက်ကွဲနေပါတယ်။ ဒါပေမဲ့ သူမတို့က ဂျင်ပူကျိုကိုယ်တိုင်က ဒီကိစ္စကို ပြီးသွားဖို့ ပြောလိုက်တာကို မြင်လိုက်တဲ့အခါမှာ သူမတို့ရဲ့ဒေါသတွေကို လျှော့ချလိုက်ပါတယ်။ သူမတို့က အခု ဂျင်ပူကျိုကို မဆန့် ကျင်ပံ့ပါဘူး။ ပြီးတော့ သူက အချစ်ပန်းစံအိမ်ရဲ့ ဘေးခြံဂန်းတစ်ခုကိုတောင်မှ ကြိုတင် သီးသန့်မှာကြားထားနိုင်တယ်မဟုတ်ပါလား။

``ပူကျို.. အန်တီလေးက မင်းကို တကယ်တော့ မဆုံးမချင်ပါဘူး။ ဒါပေမဲ့ မင်းရဲ့ သူငယ်ချင်းအပေါ် မင်းကအရမ်းကို ကြင်နာလွန်းတယ်. ဒါကလဲ မင်းက သူငယ်ချင်းအပေါင်းအသင်းကို အရမ်းချစ်ခင်လို့ ဆိုပေမဲ့ သူငယ်ချင်းဆိုတာက အပြင်လူပဲလေ. သူတို့ကို ဘယ်လိုလုပ်ပြီးတော့ မင်းရဲ့ ကိုယ်ပိုင်လူတွေလို အားထားလို့ ရနိုင်မှာလဲ?``

အငယ်ဆုံးအဒေါ်က သူမရဲ့ နှုတ်ခမ်းတွေကို မဲ့ရွဲ့ပြီးတော့ သူမရဲ့စကားလုံးတွေက လင်းဟာန်ကို ပစ်မှတ်ထားပြီး ပြောလိုက်ပါတယ်။

``ဒါမှန်တယ်.. ကြည့်လိုက်လေ.. မင်းက ကြင်ကြင်နာနာနဲ့ မင်းရဲ့သူငယ်ချင်းကို ဖိတ်ခေါ်လိုက်ပေမဲ့ သူဘာလုပ်သလဲ? သူနဲ့အတူ ညစ်ပတ်ပေရေနေတဲ့ မိန်းကလေးငယ် တစ်ယောက်ကို ခေါ်လာခဲ့တယ်.. သူမကိုကြည့်ရတာ သူမဘဝ တစ်လျှောက်လုံး ဘာမှမစားရတဲ့ပုံစံနဲ့ စားသောက်နေလိုက်တာ. ဘယ်လောက် တောင် စိတ်ပျက်ဖို့ကောင်းလိုက်သလဲ.. ဒီလိုမျိုး လူတစ်ယောက်နဲ့ သူငယ်ချင်း ဆက်ဆံရေးကို ဖျက်ပစ်လိုက်တာက အကောင်းဆုံးပဲလို့ အန်တီအကြံပေးပါရစေကွယ်``

အကြီးဆုံးအဒေါ်ကလဲ ပြောလိုက်ပါတယ်။

သူမတို့နှစ်ယောက်က အသံကို အရမ်းကို နှိမ့်ချပြီးတော့ ပြောတာမဟုတ်တဲ့ အတွက် သူမတို့ရဲ့စကားတွေကို လင်းဟန်ကြားဖို့အတွက် လုံလောက်ပါတယ်။

ဂျင်ပူကျို ထိတ်လန့်သွားပါတယ်။ ဒီလိုလူတစ်ယောက်နဲ့ သူငယ်ချင်းဆက်ဆံရေးကို ဖျက်ပစ်ရမယ်ဟုတ်လား? တကယ်လို့ သူသာ ဒီလိုလူမျိုးနဲ့ သူငယ်ချင်း ဆက်ဆံရေး မရှိဘူးဆိုယင် ခင်ဗျားတို့အားလုံး ဒီနေ့ည ဒီနေရာမှာ ထိုင်ပြီးတော့ ညစာကို ကောင်းကောင်းကြီး

ဘယ်လိုလုပ်ပြီးတော့စားရမှာလဲ? သူက လင်းဟန်ကို တစ်ချက် ခိုးကြည့်လိုက်ပြီးတော့ လင်းဟန်ရဲ့ မျက်နှာပေါ်မှာဒေါသ ထွက်တဲ့ အမူအရာ မမြင်ရတဲ့ အခါမှာ အရမ်းကို စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူက ဒီအပေါက်ဆိုးတဲ့ အမျိုးသမီးနှစ်ယောက်ကို ဆက်ပြီးတော့ စကားပြောခွင့် မပေးရဲတော့ပဲ လျှင်မြန်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

``လာခဲ့.. လာခဲ့ .. အားလုံးပဲ ပျော်ပျော်ပါးပါးနဲ့ စားသောက်ကြတာပေါ့.. ဦးလေးနဲ့ အဒေါ် ကျေးဇူးပြုပြီးတော့ စားကြသောက်ကြပါ``

ဂျင်ပူကျိ က ခွက်တစ်ခုထဲကို ပိုင်တွေလောင်းထည့်ပြီးတော့ လင်းဟန်ဘက်ကို မသိမသာနဲ့ ခွက်ကိုမြှောက်ပြပြီးတော့ သောက်လိုက်ပါတယ်။

လင်းဟန်အနေနဲ့ ဂျင်ပူကျိုက ဒီလိုနည်းလမ်းနဲ့သူ့ကို တောင်းပန်နေတယ် ဆိုတာကို သိပါတယ်။ သူက တည်တည်ငြိမ်ငြိမ်နဲ့ပြုံးလိုက်ပါတယ်။ ဒီည ညစာစားပွဲက အယင်တုန်းက ဂျင်ပူကျိုရဲ့ သူ့ကိုမျက်နှာသာပေးမှုကို ပြန်ပြီးတော့ ပေးဆပ်တာဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ လွယ်လွယ်ကူကူနဲ့ ဒေါသမထွက်ခဲ့ ပါဘူး။ ဒါက

ကျွန်းကလန်ရဲ့ အဒေါ်နှစ်ယောက်အပေါ်မှာပဲ အားလုံး မူတည်ပြီးတော့ သူမတို့ရဲ့ သေခြင်းတရားကို ဆက်ပြီးတော့ ရှာနေကြတာပဲ ဖြစ်ပါတယ်။

ပိုင်အနည်းငယ်သောက်ပီးတဲ့ အခါမှာ သူတို့အားလုံး က အနည်းငယ် ရီဝေမူးယစ် လိုလာခဲ့ပါတယ်။ အကြီးဆုံး အဒေါ်ဖြစ်တဲ့သူက ထရပ်ပြီးတော့ အငယ်ဆုံး အဒေါ် ကိုပြောလိုက်ပါတယ်။

``ငါတို့ အယင်တုန်းက ဒီလိုခြံဂန်းကို မရောက်ဖူးခဲ့ဘူး။ အနီးအနားကို လျှောက်လည်ကြစို့. ငါတို့ တစ်ခြား အရေးပါတဲ့လူတစ်ချို့ နဲ့ မတွေ့နိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ? တကယ်လို့ ငါတို့က သူတို့နဲ့ မိတ်ဆွေဖွဲ့နိုင်မယ် ဆိုယင် ငါတို့ရဲ့ အနာဂတ်က ပိုပြီးတော့တောင် ကောင်းသွားဦးမယ်``

``ဟုတ်တယ် ဟုတ်တယ်``

အငယ်ဆုံး အဒေါ်ကလဲ အလျင်အမြန်ပဲ ထရပ်လိုက်ပါတယ်။

ဒီဇီဇာကြောင်တဲ့ အဒေါ်နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မှီပြီး တော့ ထွက်သွားကြပါတယ်။ ဒါပေမဲ့

ခဏအကြာမှာပဲ ပြန်လာပြီးတော့ သူတို့ရဲ့ မျက်နှာက အရမ်းကိုတောက်ပလို့နေပါတယ်။

``အခု ငါတို့ ဘယ်သူကို တွေ့ခဲ့သလဲ ဆိုတာ သိလား?``

အဖြေကိုတောင်မစောင့်ပဲ သူတို့ဘာသာ သူတို့ မေးခွန်းကို အလျင်အမြန်နဲ့ အတူတူ ဖြေလိုက်ကြပါတယ်။

``ဂရန်းမာစတာ ယွမ်ချူးယွမ်ပဲ .. မင်းတို့အားလုံးပဲ ဂရန်းမာစတာ ယွမ်ချူးယွမ်က ဘယ်လိုလူလဲ ဆိုတာ သိကြလား? အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်ပဲ.. သူရဲ့ အဆင့်အတန်းက နင်တို့အားလုံးကို သေသွားအောင် ကြောက်လန့်သွားဖို့ လုံလောက်တယ်``

ကျန်းကလန်ရဲ့အဖွဲ့သားတွေက တကယ့်ကို ကြောက်လန့်ကုန်ကြပါတယ်။ သူတို့ ပြောနေတာက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ပဲ ဖြစ်ပါတယ်။ သူတို့အတွက်တော့ ဒါက အပေါ်ကို မော့ကြည့်လို့ တောင် မရတဲ့ တောင်ကြီး တစ်လုံးနဲ့တူပါတယ်။

``ဟွမ်အာ.. ယွမ်အာ ငါတို့နဲ့ မြန်မြန်လိုက်ခဲ့ကြ.. ဂရန်းမာစတာ ယွမ်ချူးကို သွားပြီး နှုတ်ဆက်ရအောင်.. ဂရန်းမာစတာယွမ်ချူး စိတ်ပျော်နေတယင် သူက ငါတို့အတွက် မှော်ဆေးလုံး အနည်းငယ်ကိုတောင် ဖော်စပ်ပေးဖို့ ဆုံးဖြတ်ချင် ဆုံးဖြတ်နိုင်လိမ့်မယ် အဲဒါဆိုယင် မင်းတို့နှစ်ယောက်လုံး ဒြပ်စင်စုစည်းခြင်းအဆင့်ကို လွယ်လွယ်ကူကူနဲ့ အဆင့်တက်နိုင်ပီပေါ့``

အကြီးဆုံး အဒေါ်ဖြစ်တဲ့သူက စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။ ဒါကြောင့်ပဲ သူမတို့နှစ်ယောက်က အလျင်အမြန်နဲ့ ပြန်လာခဲ့တာပဲဖြစ်ပါတယ်။

``ဒါက မသင့်တော်ဘူးထင်တယ်ဟုတ်တယ်မလား? ဂရန်းမာစတာ ယွမ်ချူး ကအရမ်းကို မြင့်မားတဲ့ တော်ဂင် အဆင့်အတန်းရှိတယ်။ တကယ်လို့ ငါတို့က သူ့ကို ပြဿနာ ရှာသလိုဖြစ်သွားယင် ဂရန်းမာစတာ ယွမ်ချူး ဒေါသထွက်သွားနိုင်တယ်``

ဂျင်ပူကျိုက ချက်ချင်းပဲပြောလိုက်ပါတယ်။ လင်းဟန်ကတော့ အေးဆေးပါပဲ။ ဂရန်း မာစတာ ယွမ်ချူးဆိုတာ ဘယ်သူလဲ? ယွမ်ချူး အနေနဲ့ ဂျင်ပူကျိုနဲ့ ကျန်းကလန်ကို သေချာ ပေါက် မျက်နှာသာပေးမှာမဟုတ်ပါဘူး။

``ဟွန်.. ငါတို့ကအခုဆိုယင် မြင့်မားတဲ့ အဆင့်အတန်းသြဇာရှိနေပြီ.. ငါတို့က ဆေးလုံးလေးအနည်းငယ်အတွက်ပြောမှာပဲလေ``

အငယ်ဆုံး အဒေါ်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

ခင်ဗျားတို့နှစ်ယောက်စလုံးက တကယ့်ကို ငတုံးငအတွေပဲ။

ဂျင်ပူကျိုက ကြိတ်ပြီးတော့ ကျိန်ဆဲနေပါတယ်။ သူက ဒီ ဦးနှောက်မရှိတဲ့ အမျိုးသမီး နှစ်ယောက်ကို အရှေ့ကို ထွက်ပြီးတော့ ပါးရိုက်ပစ်လိုက်ချင်တဲ့ စိတ်တွေ မထိန်းနိုင် မသိမ်းနိုင် ဖြစ်နေပါတယ်။

CHATPER 166 ဒုက္ခတော့ ရောက်ပီ

အချစ်ပန်းစံအိမ်ရဲ့ ဘေးက ခြံဂန်းလေးတွေထဲက တစ်ခုမှာ ထိုင်ပြီးတော့ ညစာစား နိုင်တဲ့ မည်သူမဆို အရမ်းကို မြင့်မားတဲ့ တော်ဂင် အဆင့်အတန်းမှာ ရှိနိုင်ကြတယ်.။

ဒါက ဘယ်လိုမျိုး သီအိုရီကြီးလဲ?

ဒီငတုံးနှစ်ယောက်ကတော့.... ဂရန်းမာစတာ ယွမ်ချူးဆိုတာ

ဘယ်သူလဲ? တကယ်လို့ သူတို့တွေ မဆင်မခြင်နဲ့ အတင်းတိုးဝင်သွားခဲ့မယ်ဆိုယင် တကယ်လို့ သူတို့ရဲ့ ဟန်အမူအရာတွေကြောင့် သူ့ကို ဒေါသထွက်နိုင်မလားဆို ဘယ်သူက သိနိုင်မှာလဲ? တကယ်လို့ သူတို့ကို အဲဒီနေရာမှာ သတ်ပစ်လိုက်မယ်ဆိုယင်တောင် မှ ဘာမှမဟုတ်ပဲနဲ့ သူတို့တွေသေသွားနိုင်ပါတယ်။

ကံမကောင်းတာက ဒီ ညီအစ်မ နှစ်ယောက်က သူတို့ရဲ့ အသိဉာဏ်တွေ ပျောက်ဆုံး ကုန်နေတာပါပဲ။

``အမေ.. ကျနော်တို့ ဒြပ်စင်စုစည်းခြင်းကို တကယ်ပဲ ချိုးဖျက်ဝင်ရောက်နိုင်မှာလား?

ကျန်းဟွာလိန် က အရမ်းကို စိတ်လှုပ်ရှားစွာနဲ့ မေးလိုက်ပါတယ်။

``ဒါပေါ့.. သူက အနက်ရောင်အဆင့် အလယ်အလတ် မှော်ဆေးပညာရှင် တစ်ယောက်ပဲ.. နွေဦးစမ်းရေအဆင့်ချိုးဖျက်ဝင်ရောက် ဖို့ဆိုယင်တောင်မှ သူ့ရဲ့ အကူအညီနဲ့ဆိုယင် ကိတ်မုန့်ကို လှီးရသလိုပဲဖြစ်လိမ့်မယ်. ဒြပ်စင်စုစည်းခြင်း အဆင့် ဆိုယင်တော့ ပြောမနေနဲ့..``

အကြီးဆုံး အဒေါ်ဖြစ်တဲ့သူ က သူမရဲ့ လက်ကို ပွေ့ယမ်းလိုက်ပီးတော့ မသိလိုရှိယင် ယွမ်ချူးက သူမရဲ့ သဘောကျ သူမ အမိန့်အတိုင်း မှော်ဆေးလုံးတွေကို ဖော်စပ်ပေး မဲ့ သူမရဲ့ အစေခံပုံစံမျိုးနဲ့ ပြုမှုလိုက်ပါတယ်။

``ကောင်းတယ် ကောင်းတယ် ကျနော်တို့ မြန်မြန်လေး သွားကြစို့``

ကျန်းဟွာလိန် နဲ့ ထောင်ယွမ် တို့ နှစ်ယောက်စလုံး အလျင်အမြန်ပဲ မတ်တပ် ထရပ် လိုက်ပါတယ်။ သူတို့နှစ်ယောက်စလုံးက သိုင်းပညာမှာ ပါရမီမရှိပဲနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို မတက်နိုင်ပဲနဲ့ ခန္ဓာကိုယ်ပြုပြင်ခြင်းအလွှာ ၉ အဆင့်မှာ ပဲ တစ်နေတာ တော်တော်ကို ကြာနေပါပြီ။ အင်ပါယာမြို့မှာတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အမှိုက်လိုပဲ သတ်မှတ်လို့ရပါတယ်။

အမေနှစ်ယောက်နဲ့ သားနှစ်ယောက် တို့က စိတ်မရှည်စွာနဲ့ တရကြမ်း ထွက်သွားခဲ့ ကြပါတယ်။ ကျန်းဖေးရန် ရဲ့ မိဘတွေက က သူတို့ကို ထွက်မသွားပဲ ရပ်နေဖို့ တားမလို့ လုပ်လိုက်တဲ့အခါမှာ လင်းဟန်က ဂျင်ပူကျိကို သူ့ရဲ့ မျက်လုံးတွေနဲ့ အချက်ပြလိုက်ပြီးတော့ ကျန်းဖေးရန်ရဲ့

မိဘနှစ်ပါးကို ဘာမှမလုပ်ဖို့ တားခိုင်းလိုက်ပါတယ်။

``သူတို့ကို ဒုက္ခနည်းနည်းလေး ပေးတွေ့လိုက်ပါ``

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

``အကိုလင်း အခုကျနော်တို့ပြောနေတာက ဂရန်းမာစတာ ယွမ်ချူးနော်. တကယ်လို့ သူသာစိတ်ဆိုးမယ်ဆိုယင်.....``

ဂျင်ပူကျိုက ငတုံးမဟုတ်ပါဘူး။ တကယ်လို့ အနက်ရောင်အလယ်အလတ် အဆင့် မှော်ဆေးပညာရှင်တစ်ယောက်က ငွေဦးစမ်းရေအဆင့် သိုင်းပညာရှင်ရဲ့ ကျောထောက် နောက်ခံပဲရှိတဲ့ သာမာန်ကလန်လေးတစ်ခုကို ဆန့်ကျင်ချင်တယ် ဆိုယင် အဲဒီကလန်ကို ဖျက်ဆီးသွားစေဖို့ အတွေးလေးတစ်ခုမျှသာ လိုအပ်ပါတယ်။

သူက ဒီအကြောင်းပြချက်မရှိပဲ ဇီဇာ ကြောင်တဲ့ အမေနဲ့သား နှစ်ဖွဲ့ ကို သူတို့ရဲ့ တုံးအ မှုကြောင့် သေသွားမယ်ဆိုယင်တောင်မှ ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူစိုးရိမ် နေတာက သူတို့ကြောင့် ကျန်းကလန်ကို ဒီပြဿနာထဲကို ဆွဲသွင်းခံရမှာကိုပဲ စိုးရိမ်နေတာပါ။

``ကိစ္စမရှိပါဘူး``

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ တကယ်လို့ တစ်ခြားသူတစ်ယောက် သာဆိုယင် သူက ဒီကိစ္စကို ပြေလည်အောင်လို့ တစ်ခုခု လုပ်ရပါလိမ့်မယ်။ ဒါပေမဲ့ ဒါက ယွမ်ချူးပါ.. သူက လင်းဟန်ရဲ့ နောက်လိုက်အခြွေအရံလို့ပြောလို့ရပါတယ်။

ကျန်းဲရန် ရဲ့ မိဘတွေက အရူးမဟုတ်ပါဘူး။ သူတို့က လူငယ်လေးနစ်ယောက် ကြားက ပြောဆိုဆွေးနွေးနေတာကို ကြားလိုက်ရတဲ့အခါမှာ သူတို့ ဘယ်လိုလုပ်ပြီး တော့ နားမလည်ပဲနေကြမှာလဲ? နောက်ဆုံးတော့ သူတို့ အချစ်ပန်းစံအိမ်ရဲ့ ခြံဂန်း လေးထဲကို ဂင်ခွင့်ရတဲ့ အဓိက အကြောင်းပြချက်က လင်းဟန်ကြောင့်ပဲ ဆိုတာကို သိလိုက်ကြပါတယ်။ သူတို့က ဂျင်ပူကျိရဲ့ ဖိတ်ကြားမှုကြောင့် လင်းဟန်က ညစာစားပွဲကို တက်ရောက်တယ်လို့ ထင်နေကြတာက ဘယ်လောက်တောင် ရူး ပြီးတော့ ရီစရာကောင်းလိုက်သလဲ။

`` အကိုလင်း က ဒီလိုမျိုးပြောနေမှတော့ ကျနော် စိတ်အေးရပါပြီ``

ဂျင်ပူကျိုက ကျန်းဖေးရန်နဲ့ သူမရဲ့ မိဘတွေက ဒီအခြေအနေတွေကို နားလည် သဘောပေါက်သွားတဲ့ ပုံစံကို မြင်လိုက်ရတဲ့ အခါမှာ သူက အမှန်ကို ဆက်ပြီး တော့ မဖုံးကွယ်ပဲနဲ့ ပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ် အချစ်ပန်းစံအိမ်ရဲ့ ဘေးကခြံဝန်းတစ်ခုကို သီးသန့်ကြိုတင် မှာကြား နိုင်တာက အားလုံး အကိုလင်းရဲ့ ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။ ကျနော် ကိုယ်တိုင်လဲ ဒီအပေါ်ကနေ အကျိုးအမြတ်ရလိုက်တာပါ``

ကျန်းဖေးရန်ရဲ့ မိဘနှစ်ပါးစလုံးက ပြုံးလိုက်ပါတယ်။ ပထမက သူတို့တွေက ဟို အဒေါ်နှစ်ယောက်လို ဇီဇာကြောင်တဲ့ သူတွေ မဟုတ်ပါဘူး ပြီးတော့ ဒုတိယ အနေနဲ့ သူတို့က ပိုပြီးတော့တောင် ပါးနပ်လိမ္မာတဲ့ သူတွေဖြစ်ပါတယ်။ ဂျင်ပူကျိုက ဒီနေရာကို တစ်ခြားသူအကူအညီကြောင့် လာရောက်နိုင်ခဲ့တာက ကိစ္စမရှိပါဘူး အဆင်ပြေပါတယ်။ အရေးကြီးတဲ့ အရာက ဂျင်ပူကျိုက ဒီလိုမျိုး နောက်ခံအင်အား ကောင်းတဲ့ သူတစ်ယောက်နဲ့ သူငယ်ချင်းဆက်ဆံရေး ရှိနေတာပဲဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဂျင်ပူကျိုက ကျန်းဖေးရန်နဲ့

လက်ထပ်နိုင်ခဲ့မယ်ဆိုယင် တစ်ခြားသူတွေက ကျန်းကလန်ကို လင်းဟန်အတွက်ကြောင့် မျက်နှာသာ ပေးပါလိမ့်မယ်။

ညစာစားပွဲရဲ့ အခြေအနေက ပိုပြီးတော့အသက်ဝင်လှုပ်ရှားလာခဲ့ပါတယ်။ ဟူးညို တောင်မှ ပိုင်တွေကို သောက်ပြီးတော့ သူမရဲ့ လက်တွေနဲ့ စားပွဲကို ပုတ်ခတ် နေတာက ကျန်တဲ့သူတွေအားလုံးကို သူမရဲ့ ဟာသလုပ်ရပ်ကြောင့် ရီမောစေကြပါတယ်။

ဒီမိန်းကလေးငယ်လေးက အရမ်းကို ချစ်စရာကောင်းတဲ့အတွက် ကျန်းဖေးရန် က သူမကို အဆက်မပြတ် စိုက်ကြည့်နေပါတယ်။

``မိန်းကလေးကျန်းက ကလေးတွေကို အရမ်းချစ်တတ်မှတော့ ဘာလို့ အကိုဂျင် နဲ့ အမြန်လက်ထပ်ပြီးတော့ ကိုယ်ပိုင် ချစ်စရာကောင်းတဲ့ သားလေး တစ်ယောက် ကိုမယူသေးတာလဲ?အဲဒီအချိန်ကျယင် ကျနော်က အရမ်းအရမ်းကို ကြီးမားတဲ့ အနီရောင် လက်ဆောင်(အန်ပေါင်း) ကြီးကြီးတစ်ခု သေချာပေါက် ပြင်ဆင်ထား ပေးပါ့မယ်``

လင်းဟန်က နောက်ပြောင်လိုက်ပါတယ်။

ကျန်းဖေးရန် က ချက်ချင်းဆိုသလို သူမရဲ့ မျက်နှာက နီရဲသွားပြီးတော့ ရှက်ရွံ့စွာနဲ့ ခေါင်းကိုငုံ့ထားလိုက်ပါတယ်။ ထိုအချိန်အတွင်းမှာ ဂျင်ပူကျိုက သူမထက် ပိုပြီး သတ္တိ ရှိစွာနဲ့ ကျယ်လောင်စွာရီပြီးပြောလိုက်ပါတယ်။

``အကိုလင်း ဒါက မင်းပြောတာနော်. အရမ်းအရမ်းကို ကြီးမားတဲ့ အန်ပေါင်း ဟုတ်တယ်မလား? ငါမင်းရဲ့ စကားတွေကို မှတ်ထားမယ်.. မင်း ရဲ့ စကားတွေကို မင်းလုံးဝ ဖျက်လို့မရဘူးနော်``

``ဟူးညို့ လည်း အန်ပေါင်း လိုချင်တယ်``

ဟူးညို့က သူမရဲ့ ခေါင်းကို မော့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းကတော့ စားပဲစားနေပါ``

လင်းဟန်က သူမရဲ့ လက်ထဲကို ကြက်ပေါင်တစ်ချောင်းထည့်ပေးလိုက်တဲ့ အခါမှာ ဟူးညို့က ချက်ချင်းပဲ ပျော်ရွှင်စွာနဲ့ ကြက်ပေါင်ကို

ကိုက်စားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ခြံဂန်းတံခါးက တွန်းဖွင့်ခံလိုက်ရပါတယ်။ ကျန်းဟွာလိန်နဲ့ ထောင်ယွမ် တို့နှစ်ယောက်စလုံး သူတို့ရဲ့ အမေတွေကို ကူညီပြီးတော့ ဂင်လာခဲ့ ကြပါတယ်။ သူတို့အားလုံးပဲ မျက်နှာတွေစူပုတ်နေပြီးတော့ သူတို့ကို ကြည့်ရတာ ပြင်းပြင်းထန်ထန် ရိုက်နက်ဆုံးမခြင်းကို ခံခဲ့ရတဲ့ပုံစံပါပဲ။

ကျန်းဖေးရန်ရဲ့ အဖေက ဒီအမျိုးသမီးနှစ်ယောက်ရဲ့ မောင်လေးပဲဖြစ်ပါတယ်။ သူက လျှင်မြန်စွာ ထရပ်ပြီးတော့ မေးလိုက်ပါတယ်။

``ဘာတွေဖြစ်လာကြတာလဲ?``

``ဦးလေး``

ကျန်းဟွာလိန်နဲ့ ထောင်ယွမ်တို့ နှစ်ယောက်စလုံး ကြောက်ရွံ့တုန်လှုပ်စွာနဲ့ ပြောလိုက်ကြပါတယ်။

``ကျနော်တို့က ဂရန်းမာစတာ ယွမ်ချုးဆီကို သွားပြီးတော့ ကျနော်တို့ကို ကူညီပြီး တော့

မှော်ဆေးလုံးအနည်းငယ်ဖော်စပ်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ သူက ကျနော်တို့ တောင်းဆိုတာကို သဘောမတူခဲ့ပါဘူး။ အမေနဲ့ ဒေါ်လေး တို့က မဆင်မခြင် နဲ့ နည်းနည်းပြောလိုက်တာက ဂရန်းမာစတာ ယွမ်ချူးကို ဒေါသထွက် စေခဲ့ပါတယ်။ သူက ကျနော်တို့ကို ရိုက်နှက်ပြီးတော့ ဘယ်လိုကလန်မျိုးက ဒီလောက်တောင် မာနထောင်လွှားနေလဲ ဆိုတာကို နောက်ကျယင် လာပြီးတော့ ကြည့်ဦးမယ်လို့လဲပြောပါတယ်``

``ဦးလေး ကျနော်ငယ်သေးတယ်.. ကျနော်မသေချင်သေးဘူး.. ဦးလေး ကျနော်ကို ကယ်ရမယ်နော်``

``ပူကျို... ငါက မင်းရဲ့ ဂမ်းကွဲအစ်ကိုကြီးပါ.. မင်းငါသေမှာကို ဒီအတိုင်းရပ်ပြီးတော့ ကြည့်မနေနိုင်ပါဘူး ဟုတ်တယ်မလား? မင်းမှာ ငါတို့ကိုယ် ကယ်ဖို့ နည်းလမ်း တစ်ချို့ တော့ ရှိမှာပါ ဟုတ်တယ်မလား?

ဂမ်းကွဲ အစ်ကိုတစ်ယောက်က ကျန်းဖေးရန်ရဲ့ အဖေကို သူတို့ကို ကူညီဖို့ တောင်းပန် နေတဲ့ အချိန်မှာ ကျန်တဲ့ တစ်ယောက်က ဂျင်ပူကျိုကို သူတို့ကိုကယ်တင်ဖို့ တောင်းဆိုနေပါတယ်။

ကျန်းဖေးရန် အဖေရဲ့ မျက်နှာက ချက်ချင်းဆိုသလို မျက်မှောင်ကြုံ့သွားပြီးတော့ သူ့ကို ကြည့်ရတာ အရမ်းကို မကျေမနပ်ဖြစ်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ ဒီ ညီအစ်မ နှစ်ယောက်က သူ့ကို ကလန်အတွင်းမှာ မျက်နှာပျက်အောင် အမြဲလုပ်ဖို့ ကြိုးစား နေပြီးတော့ ကျန်းကလန်ရဲ့ ကိစ္စတွေမှာ သူတို့ရဲ့ သားနှစ်ယောက်ကိုပါ ဝင်ပြီးတော့ စွက်ဖက်ဖို့ ခွင့်ပြုထားပါတယ်။ သူတို့က ကျန်းကလန်ရဲ့ မိသားစု ဩဇာကို ဆုပ်ကိုင် ဖို့ အတွက် ဆန္ဒရှိနေကြတာ သိသာ ထင်ရှားပါတယ်။

သူက အားလုံးကို သည်းခံထားပါတယ်။ ဘာလို့လဲ ဆိုတော့ သူက ကလန်အထဲမှာ စွမ်းအားနဲ့ပါတ်သတ်လာယင် အရမ်းကို အရေးကြီးတဲ့ နေရာမှာ ထားခြင်းကို ခံရတဲ့ သူမဟုတ်ပါဘူး။ ဒါ့အပြင် သူမှာ သမီးတစ်ယောက်ပဲရှိပြီးတော့ သူ့ရဲ့သမီးကို ယောက်ျားကောင်းတစ်ယောက်နဲ့ လက်ထပ်ပေးချင်တာပါ။ ဒါဆိုယင် သူ့မှာ စိုးရိမ် စရာ တွေလုံးဝ မရှိတော့ပဲ သူ့ရဲ့ ချစ်ဇနီးနဲ့ အတူ ကမ္ဘာအနှံ့ကို လျှောက်သွားလို့ရ ပါပြီ။

ဒါပေမဲ့ ဒီငတုံးနှစ်ယောက်က တကယ်ပဲ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ကို

ဒေါသထွက်စေခဲ့ပီးတော့ ကျန်းကလန်ကို သူတို့ရဲ့ ပြဿနာထဲကို ဆွဲသွင်းဖို့ ကြိုးစားနေကြပါတယ်။

ဒါက အရမ်းကို လွန်သွားပါပြီ။ သူတို့တွေရဲ့ မိုက်မဲမှုကြောင့် ကျန်းကလန် တစ်ခုလုံး ကို သူတို့နဲ့အတူ သေသွားစေမဲ့ ကိစ္စကိုတော့ သူ့အနေနဲ့ လုံးဝ ခွင့်ပြုလို့ မရပါဘူး။ ဒါကြောင့် သူကပြောလိုက်ပါတယ်။

``မင်းတို့က ပြဿနာ ရှာခဲ့တဲ့ သူတွေပဲ.. မင်းတို့ကိုယ်တိုင်ပဲ ဂရန်းမာစတာ ယွမ်ချူး ရဲ့ ခွင့်လွှတ်မှုကို ရဖို့ သွားတောင်းပန်သင့်တယ်``

``ကျန်းပိုရှင်း .. မင်းတကယ့်ကို အကြင်နာတရား ကင်းမဲ့တာပဲ``

အကြီးဆုံး အဒေါ်ဖြစ်တဲ့သူက ချက်ချင်းဆိုသလို ထခုန်လိုက်ပါတယ်။

`` ဒါက မင်းရဲ့ သွေးရင်းသားရင်း တူတွေပါ.. မင်းက သူတို့သေမှာကို ဒီအတိုင်း ရပ်ပြီးတော့ ကြည့်နေချင်တာလား?``

ကျန်းဖေးရန်ရဲ့ အဖေက သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူ့ရဲ့ ဒီအစ်မ နှစ်ယောက် က သူတို့ရဲ့ အမှားကိုတောင် သူတို့ သတိမပြုမိကြပါဘူး။ သူမတို့က တကယ့်ကို လွန်တာပဲ။ သူက ဒေါသတကြီးနဲ့ မေးလိုက်ပါတယ်။

``မင်းတို့ ဂရန်းမာစတာယွမ်ချူးကို ဘယ်လိုပြောလိုက်လို့ သူကိုယ်တိုင် ဒီနေရာကို ကိုယ်တိုင်ကိုယ်ကျ လာဖို့ လုပ်ရတာလဲ?``

အကြီးဆုံး အဒေါ်နဲ့ ကျန်တဲ့ သုံးယောက်က ခဏတုံ့ဆိုင်းသွားပြီးတော့ အကြည့်တွေ ဖလှယ်လိုက်ကြပါတယ်။ ဒါပေမဲ့ ဘာမှ မပြောပါဘူး။

သူတို့ရဲ့ အမူအကျင့်တွေအရ ကျန်းဖေးရန်ရဲ့ အဖေက ဘယ်လိုလုပ်ပြီးတော့ မခန့်မှန်း မိပဲ နေနိုင်မှာလဲ? သူတို့လေးယောက်က ဒီနေရာမှာရှိနေတဲ့ လူတိုင်းကို ဒီပြဿနာထဲကို ဆွဲသွင်းပြီးတော့ လွတ်မြောက်ချင်နေကြတာပါ။ သူတို့က ဒီအခြေအနေက လွတ်မြောက်ဖို့အတွက် တစ်ခြား ဩဇာအာဏာရှိတဲ့ နာမည်တွေကို အသုံးပြုပြီးတော့ ဟန်ဆောင်ခဲ့ကြတာပဲဖြစ်ပါလိမ့်မယ်။

တကယ်တော့ အချစ်ပန်းစံအိမ်ရဲ့ ဘေးကခြံဂန်းကို ငှားရမ်းနိုင်တဲ့ သူတွေအားလုံး က အလွန်းအမင်းအဆင့်အတန်း မြင့်မားတဲ့သူတွေချည်းပါပဲ။ ဂရန်းမာစတာ ယွမ်ချူး က ဒီ ငတုံးလေးယောက်လိုမျိုး တုံးအတဲ့လူမှမဟုတ်တာ. ဒါပေမဲ့ သူက ဒီနေရာကို လာပြီးတော့ သေချာပေါက်လာကြည့်ပါလိမ့်မယ်။

သူတို့တွေ က ဒီ ငတုံးလေးယောက်ကြောင့် တကယ့်ကို ခံစားရပါလိမ့်မယ်။

ကျန်းဖေးရန် ရဲ့ အဖေ က ရုတ်တရက် ဒေါသတွေအလွန်အကျွံ ထွက်တဲ့အတွက် သွေးအန်ထွက်လုမတတ် ခံစားလိုက်ရပါတယ်။ ဒီအမေနဲ့ သား နှစ်ဖွဲ့ က ဂက်တွေလို တုံးအတယ် ဆိုယင်ကိုယ်ပဲ လုံလောက်ပါပြီ။ ဒါပေမဲ့ သူတို့က တစ်ခြားသူတွေကို တောင်မှ ပါဂင်ငြိစွန်းအောင်လုပ်တာကတော့ သူတို့လေးယောက်ကို အပိုင်းပိုင်း အစစ ဖြစ်အောင်အထိ လုပ်ပစ်ချင်တဲ့ စိတ်တွေ ထိန်းမနိုင်သိမ်းမနိုင်ဖြစ်သွား ခဲ့ပါတယ်။

အပြင်ဘက်ကနေ ခြေသံတွေက တစ်ဖြေးဖြေး နီးသထက် နီးလာတာကို ကြားလိုက် ရပါတယ်။ ပြီးတော့

တံခါးခေါက်သံကြားလိုက်ပြီးတော့ ယောကျ်ား တစ်ယောက် ကပြောလိုက်တာကိုကြားလိုက်ပါတယ်။

``ကျုပ်တို့က ဂရန်းမာစတာ ယွမ်ချူး ကိုယ်စား ဒီခြံဝန်းက ဧည့်ခံပွဲကျင်းပတဲ့ သူတွေကို အရိုအသေလာပေးတာပါ``

ဂျင်ပုကျိုနဲ့ ကျန်းကလန် အဖွဲ့သားအားလုံး မတ်တပ် ထရပ်လိုက်ကြပါတယ်။ သူတို့အားလုံးကို ကြည့်ရတာ အရမ်းကို စိုးရိမ်ပူပန်နေတဲ့ ပုံစံပါပဲ။

လင်းဟာန်က အားလုံးအဆင်ပြေစေရမယ်လို့ ကတိပေးထားပေမဲ့လည်း သူက အရမ်းကို ငယ်ရွယ်လွန်းပါသေးတယ်။ ဘယ်သူ့က သူရဲ့ စကားတွေကို အရမ်းကြီး ယုံကြည်ထားနိုင်မှာလဲ? တကယ်လို့ လင်းဟာန်က အံ့သြစရာကောင်းတယ် ဆိုယင် တောင်မှ ဒါက သူရဲ့ နောက်ကွယ်က အင်အားကြီး အဖွဲ့အစည်း တစ်ခုကြောင့်သာ ဖြစ်ပြီး သူကိုယ်တိုင်က အဲဒီလောက် အံ့အားသင့်စရာကောင်းနိုင်မှာ မဟုတ်ဘူး လို့ သူတို့တွေးထင်ထားကြပါတယ်။ ဒါပေမဲ့ ဘယ်အဖွဲ့အစည်းကများ အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်ရဲ့ ဒေါသကို ပြေပျောက်အောင်လို့ လုပ်နိုင်မှာလဲ?

မိုးရေနိုင်ငံအတွင်းမှာတော့ အဲဒီလိုမျိုး လုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့သူက လူနည်းစုသာရှိပါတယ်။ လက်ရှိမိုးရေနိုင်ငံ ဧကရာဇ်နဲ့ အင်အားကြီးကလန် ရှစ်ခုရဲ့ ကလန်ခေါင်းဆောင်တွေပဲဖြစ်ပါတယ်။

``မြန်မြန်သွားပြီးတော့ ဂရန်းမာစတာ ယွမ်ချူကို ကြိုဆိုလိုက်ကြလေ``

ကျန်းဖေးရန်ရဲ့ အဖေက အလျင်အမြန်နဲ့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ နောက်ခံအင်အားက အနက်ရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ထက် ပိုပြီးတော့ အစွမ်းထက်နိုင်လိမ့်မယ်ဆိုတာကို မယုံကြည် ပါဘူး။ ဒါက ရိုးရိုးလေးပါပဲ လင်းဟန်က မိုးရေနိုင်ငံရဲ့အင်ပါယာမိသားစု အဖွဲ့ဝင် တစ်ယောက် မဟုတ်သလို အင်အားကြီးကလန်ရှစ်ခုရဲ့ လူငယ်အဖွဲ့ဝင်တစ်ယောက် လဲမဟုတ်ပါဘူး။

သူတို့အားလုံးပဲ တံခါးအနားကို ချဉ်းကပ်လာခဲ့ပါတယ်။ လူတိုင်းလူတိုင်းပဲ စိုးရိမ် တစ်ကြီးနဲ့ တုန်ယင်နေကြပါတယ်။ အနက်ရောင် အလယ်အလတ်အဆင့်

မျော်ဆေးပညာရှင်တစ်ယောက် နဲ့ တွေ့ဖို့ဆိုတဲ့ ဖိအားက တကယ်ပဲ အရမ်းကို ဖိအားကြီးမားလွန်းလှပါတယ်။

ထိုအချိန်အတွင်းမှာလင်းဟန်က ဟူးညို့နဲ့အတူ ထိုင်ကျန်ရစ်နေပြီးတော့ အစားအသောက်တွေကို အတူတကွ ပျော်ရွှင်စွာနဲ့ စားနေကြပါတယ်။

CHAPTER167အခြေအနေအတိုင်းဆက်လက်လုပ်ဆောင်ခြင်း

"မင်းတို့ကဘယ်ကလန်ကလဲ? မင်းတို့အတွက် ဂရန်းမာစတာယွမ်ချူး ကိုတောင်မှ မျော်ဆေးလုံးဖော်စပ်ပေးဖို့ အမိန့်ပေးခိုင်းစေရဲတဲ့အထိ သတ္တိတွေကောင်းနေကြတယ်ပေါ့.. မင်းတို့က အင်ပါယာမိသားစုကလား ဒါမှမဟုတ် အင်အားကြီးကလန် ၈ခု ကလားဆိုတာကို ငါတကယ်ပဲသိချင်မိတယ်"

သူတို့တွေကတော့ အင်အားကြီးကလန်ရှစ်ခုထဲက တစ်ခုဖြစ်တဲ့ ဂူကလန်ကပဲဖြစ်ပါတယ်.. အင်ပါယာမိသားစု နဲ့ အင်အားကြီးကလန်ရှစ်ခုက တစ်ခုနဲ့တစ်ခု အရမ်းကို ရင်းနှီးကြတဲ့အတွက် ဒီလူတွေက ဒီအင်အားကြီးအဖွဲ့အစည်းကိုးခု ကမဟုတ်ဖူးဆိုတာကို သူတို့သိပါတယ်.. သူတို့က အဲ့ဒီအဖွဲ့တွေကမဟုတ်ဖူးဆိုမှတော့မိုးရေနိုင်ငံ တစ်ခုလုံးမှာ ဘယ်အဖွဲ့အစည်း ကများ ဂူကလန်ထက်ပိုပြီးအစွမ်းထက်နိုင်ဦးမှာလဲ?

သူတို့ရဲ့စိတ်ထဲမှာတော့ ဒီလူတွေက တစ်ခြားတစ်နေရာကနေလာပြီးတော့ ပြောပြမတတ်တဲ့ဆက်ဆံရေးတခုကြောင့်သာ အချစ်ပန်းစံအိမ်ရဲ့ ခြံဝန်းတစ်ခု ကိုဝင်နိုင်တာပဲ ဖြစ်ရပါမယ်.. ဒါကြောင့်သူတို့ကိုယ် သူတို့ အားလုံးကိုအထက်စီးကနေ ဆက်ဆံပြီးတော့ ဂရန်းမာစတာ ယွမ်ချူးရဲ့အရှေ့မှာတောင်မှ လူပါးဝ ရဲကြတယ်..

"ငါတို့...ငါတို့"

အကြီးဆုံးအဒေါ်ဖြစ်သူက တစ်ကိုယ်လုံး တုန်ယင်နေပြီး တော့ သူမရဲ့အသံကလဲ တုံဆိုင်းဆိုင်း ဖြစ်နေပါတယ်.. သူမရဲ့မျက်လုံးတွေထဲမှာကြောက်ရွံ့မှု့တွေနဲ့ပြည့်နေပီးတော့ သူမအရှေ့က ဒီလူသုံးယောက်က ဝူကလန် အမှတ်အသား သင်္ကေတ ကို ဝတ်ဆင်ထားတယ် ဆိုတာ သတိပြုမိသွားခဲ့ပါတယ်...

အင်အားကြီးကလန်ကြီး ရှစ်ခုထဲက တစ်ခု.....

သူမလက်ထပ်ထားတဲ့ ယောက်ျားရဲ့ကလန်က ကောင်းမွန်တဲ့ကလန်တစ်ခုဆိုပေမဲ့ အလယ်အလတ်အဆင့်မျှသာ ရှိတဲ့ကလန်ဖြစ်ပါတယ်... ဒ့ါအပြင်သူမရဲ့ယောက်ျား က ကလန်ထဲမှာ အစွမ်း အမည်းငယ်မျှသာ ရှိတဲ့ ဩဇာအာဏာ သိပ်ရှိတဲ့ သူတစ်ယောက်မဟုတ်ပါဘူး.. တကယ်လို့ သူမရဲ့ ယောက်ျားကသာ သူမက ဝူကလန်ကို တကယ်ပဲ

ဆန့်ကျင်ခဲ့တယ်ဆိုတာကို သိသွားခဲ့မယ် ဆိုယင် သူကိုယ်တိုင် သူမရဲ့ခေါင်းကိုဖြတ်ပီးတော့ ဝူကလန်ကို ခွင့်လွှတ်ပေးဖို့အတွက် သွားတောင်းပန်ပါ လိမ့်မယ်....
အင်အားကြီးကလန်ရှစ်ခုက လူတစ်ယောက်ရဲ့ သေခြင်း ရှင်ခြင်းကို ဆုံးဖြတ်နိုင်တဲ့ အမိန့်သြဇာအာဏာ ရှိပါ တယ်...
အင်အားနဲ့ပါတ်သတ်ယင် သူတို့က အင်ပါယာ မိသားစုအောက် တစ်ဆင့်ပဲ နိမ့်ပါတယ်...
" ငါ.. ငါ.. ဘာငါလဲ? မြန်မြန်ပြောစမ်း.. ဂရန်းမာစတာ ယွမ်ချူး ကိုအော်ဟစ်ပီး အမိန့်ပေးနိုင်ရဲလောက်အောင် ရဲတင်းမှုကို ဘယ်သူကမင်းကိုပေးတာလဲ?"
ဝူကလန်အဖွဲ့သား သုံးယောက် က သူတို့ကိုအေးစက်စွာ နဲ့ ပြုံးပြပြီးတော့ ခြောက်လှန့်လိုက်ကြပါတယ်....
ကျန်းဖေးရန်ရဲ့ အဖေ ဖြစ်တဲ့သူက အံ့အားသင့်လွန်း လို့ မျက်ဖြူဆိုက်လုမတတ်ဖြစ်သွားခဲ့ပါတယ်.. သူကြားတာက သူ့ရဲ့ အစ်မ နှစ်ယောက်က ဂရန်းမာစတာ ယွမ်ချူး ကို မှော်ဆေးလုံးအနည်းငယ် ဖော်စပ်ပေးဖို့ တောင်းဆို ခဲ့ပြီးတော့ သူမတို့ရဲ့တောင်းဆိုမှုကို ငြင်းပယ် ခံခဲ့ ရတယ်ဆိုပြီး တကယ့် အခြေအနေ အမှန်ကို လျှော့ပေါ့ပြီး ပြောတာကိုပဲကြားခဲ့ရတာပါ...
သူ့ရဲ့ ဒီ တုံးအတဲ့ အစ်မ နှစ်ယောက်က ဂရန်းမာစတာ ယွမ်ချူးကို မိုက်မိုက်ရိုင်းရိုင်းနဲ့ ဆက်ဆံခဲ့လိမ့်မယ်လို့ သူလုံးဝထင်မထားခဲ့ပါဖူး.. ဒီအဖြစ်အပျက်ကြောင့်

သူရဲ့မျက်နှာက သွေးလုံးဝမရှိတော့သလို ဖြူဆုတ်သွားခဲ့ပါတယ်....

တကယ်လို့အနက်ရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဒေါသထွက်ပီဆိုယင် ဂူကလန်ကဆန့်ကျင်တဲ့သူ့ကိုအပြစ်ဒဏ် ခတ်ဖို့အတွက် ကြားဝင်ပါလာပြီး ကျန်းကလန်တစ်ခုလုံးကို ဖယ်ရှားသုတ်သင်ပစ်မယ်ဆိုယင်တောင်မှ သူတို့ကို ဘယ်သူကမှစကားတစ်ခွန်းတောင် ဆန့်ကျင်ပြီးပြောရဲကြမှာမဟုတ်ပါဖူး.. မှော်ဆေးပညာရှင်တွေက သူတို့ကိုယ်ပိုင်ထင်ရှားကျော်ကြားတဲ့ အဖွဲ့တစ်ခု ဖြစ်ပါတယ်... သူတို့အုပ်စုကတစ်ခြားသူတွေကိုမျက်နှာသာ ပေးစရာမလို တဲ့သူတွေဖြစ်ပီးတော့ အခု မင်းတို့က ဘာလုပ်လိုက်တာ လဲ? မင်းတို့က မှော်ဆေးပညာရှင် တစ်ယောက်ကိုကြမ်းကြမ်းတမ်းတမ်းနဲ့ ပြောဆိုဆက်ဆံခဲ့တယ်ပေါ့လေ.. မင်းကိုမှ မဟုတ်ဖူး ဘယ်သူ့ကိုမဆို သူတို့က သတ်ပစ်လို့ရတယ် ဆိုတာသိရဲ့လား?

" နံပါတ်ခြောက်.. နံပါတ် ရှစ် သူတို့ကို သွားရိုက် ကြစမ်း.. ဒီခွေးမ နှစ်ယောက်ရဲ့ပါးစပ်က တကယ့်ကို အပုတ်နံ့နံ့စော်လွန်းတယ်.. သူတို့ကို ရိုက်နေယုံနဲ့မလုံလောက်သေးဖူး ဘာလို့လဲဆိုတော့ ဂရန်းမာစတာယွမ်ချူးက ဒီမှာရှိနေတယ် ဒါကြောင့်သူတို့ကိုအဆက်မပြတ်သာ ရိုက်ပစ်လိုက်စမ်း"

အစိမ်းရောင်အကျီ ဝတ်ဆင်ထားတဲ့ သတ်လတ်ပိုင်း အရွယ်လူတစ်ယောက်ကပြောလိုက်ပါတယ်...
" ကောင်းပြီလေ"
ကျန်တဲ့နစ်ယောက်က အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် နစ်ယောက်ကို ဖမ်းဆုပ်ဖို့အတွက် အရှေ့ကိုတိုးပီး လျှောက်လာခဲ့ကြပါတယ်.....
သူတို့နစ်ယောက်စလုံးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာရှိကြပြီးတော့ထူးချွန်ပြောင်မြောက်တဲ့ စွမ်းရည်တွေလဲ ရှိကြပါတယ်.. အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် တို့က ထွက်ပြေးချင်ပေမဲ့လည်း ဘယ်လိုလုပ်ပီးတော့ ဖြစ်နိုင်မာလဲ? သူမတို့က ချက်ချင်းဆိုသလို အဖမ်းခံလိုက်ရပါတယ်...
"ဖြန်း ဖြန်း ဖြန်း ဖြန်း"
အပေါက်ဆိုးတဲ့အမျိုးသမီး နစ်ယောက်ရဲ့ပါးစပ် တွေ အဆက်အပြတ် ရိုက်နက်ခံလိုက်ရပီး အရမ်းကို လျင်မြန်စွာ နဲ့ သူမတို့ရဲ့မျက်နာတွေက လုံးဝ ဖူးယောင် လို့လာခဲ့ပါတယ်...ယောက်ျား နစ်ယောက် ရဲ့ လက်သီး ချက်တွေကြောင့်လဲ သူမတို့ ရဲ့ သွားတစ်ချို့ကျွတ်ထွက် ကုန်ပါတယ်.. တကယ်လို့ ဒီယောက်ျား နစ်ယောက်သာ သူတို့ရဲ့ ခွန်အားအပြည့် အသုံးပြုမယ်ဆိုယင် ကိုယ်ခန္ဓာ ပြုပြင်ခြင်းအဆင့်မျှသာ ရှိသေးတဲ့ သူမတို့တွေက ဘာတွေဖြစ်သွားနိုင်မလဲ?
ကျန်းဟွာလိန်နဲ့ ထောင်ယွမ် တို့က စကားတစ်ခွန်းမျှ

တောင်မပြောရဲကြပါဖူး.. သူတို့က ထောင့်တစ်နေရာမှာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားပြီး ပုန်းကွယ်နေကြပါတယ်...
" ငါက သွမ့်မု ကာလန်ရဲ့ ချွေးမ တစ်ယောက်ပါ ငါ့ကိုမသတ်ကြပါနဲ့ "
အကြီးဆုံးအဒေါ်ဖြစ်တဲ့သူက ရှိုက်ကြီးတငင် ငိုပြီးတော့ ပြောပါတယ်.. သူမရဲ့မျက်နာက သွေးတွေနဲ့ မျက်ရည်တွေ ရောနေပြီးတော့ အရမ်းကို ရုပ်ဆိုးပန်းဆိုး နဲ့ ပုံပျက်နေပါတယ်...
" သွမ့်မုကာလန်လား?"
အစိမ်းရောင်ဝတ်စုံနဲ့ယောကျ်ား ကနှာခေါင်းရှုံ့ လိုက်ပါတယ်..
" သွမ့်မုကာလန်က ဘယ်အချိန်တုန်းက ဒီလောက်တောင် အံ့အားသင့်ဖို့ ကောင်းသွားတာလဲ? ငါ သွမ့်မုရှန်း ဆီက ဖြေရှင်းချက်တစ်ခု တကယ်ပဲ ကြားချင်မိတယ် "
သွမ့်မုရှန်းက လက်ရှိ သွမ့်မုကာလန်ရဲ့ ခေါင်းဆောင် ဖြစ်ပါတယ်။ ဒါပေမဲ့ အစိမ်းရောင်ဝတ် ယောကျ်ား ရဲ့ လေသံက ဒီကိစ္စ ကို အရေးကြီးတယ်လို့ လုံးဝ မတွေး ထားမှန်းသိသာထင်ရှားပါတယ်.. ဒါက အကြီးဆုံးအဒေါ် ဖြစ်တဲ့သူကို မျှော်လင့်ချက်မဲ့သွားစေခဲ့ပါတယ်.. အရေးပေါ်အခြေအနေမှာ သူမရဲ့ဦးနှောက်ကို အလျင်အမြန် အလုပ်လုပ်ခိုင်းပြီးတော့ သူမက ချက်ချင်းပဲ အောက်ခေါ် လိုက်ပါတယ်...

" ဝူကျိ ဝူကျိ ငါ့ကိုကယ်ပါဦး"
"ဟုတ်တယ် ဟုတ်တယ် ဝူကျိ မင်းက ဒီနေရာမှာ ခြံဝန်း တစ်ခုကိုတောင်မှ ကြိုတင်မှာယူနိုင်တယ် ဆိုတော့ မင်းရဲ့အဆင့်အတန်းက သူ့အောက်လုံးဝနိမ့်ကျ မှာမဟုတ်ဖူး.. မင်းရဲ့အဆင့်အတန်းကို ထုတ်ဖော်ပြော လိုက်ပီးတော့ သူတို့ကို သေချင်သွားအောင်လို့ ခြောက်လှန့်ပစ်လိုက်ပါ"
အငယ်ဆုံးအဒေါ်ဖြစ်တဲ့သူကလဲ အိမ်မက်ကနေ အခုမှ နိုးလာတဲ့ပုံစံနဲ့ ရုတ်တရက်အော်ပြောလိုက်ပါတယ်။
"ဟားဟားဟား "
အစိမ်းရောင် ဝတ်ထားတဲ့ ယောကျ်ားက အေးစက်စွာ နဲ့ အော်ရယ်လိုက်ပါတယ်.. တစ်စုံတစ်ယောက်က သူရဲ့အဆင့်အတန်းကို အသုံးပြုပြီးတော့ သူ့ကို သေအောင် ကြောက်ရွံ့သွားစေချင်တယ်.. ဒါဆိုလည်း သူက ဘယ်လိုလူက ဒီလောက်တောင် အံ့သြစရာ ကောင်းနေလဲဆိုတာကို တကယ်ပဲ သိချင်မိ ပါတယ်..
ဂျင်ဝူကျိက သူ့တစ်ကိုယ်လုံး အေးစက်တဲ့ ချွေး တွေနဲ့ ဖုံးထားသလို ခံစားလိုက်ရပါတယ်.. သူက ဒုယွန်မြို့က ဂျင်ကလန်ရဲ့ တတိယမြောက် သခင်လေး တစ်ယောက် ပဲ ဖြစ်ပါတယ်။ ဒုယွန်မြို့မှာ ဆိုယင်တော့ သူ့ရဲ့ အဆင့်အတန်းက လူအများအပြား ကို သေလောက် အောင် ကြောက်ရွံ့သွားဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ အင်ပါယာ မြို့

မှာတော့ အဲ့ဒါက ဘာမှမဟုတ်တော့ပါဘူး။
" ဝူကျိ ဆိုတဲ့ မင်း ကဘာလဲ?"
အစိမ်းရောင် ဝတ်စုံ နဲ့ လူက အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်..
" ငါဒီနေရာမှာ ရပ်နေတယ်.. မင်းရဲ့နာမည်ကို ပြောစမ်းပါ.. တကယ်ပဲ ငါ့ကို သေလောက်အောင်လို့ ကြောက်ရွံ့သွားမလားဆိုတာကိုကြည့်ရအောင်"
" ဒီက ဆရာ ဟာသတွေပြောနေတာပဲ.. ဒါတွေ အားလုံး က နားလည်မှုလွဲမှား တာပါ"
ဂျင်ဝူကျိက သူ့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ ယဉ်ကျေး စွာမဲ့ ပြောလိုက်ပါတယ်..
"ဒီ စီနီယာ နစ်ယောက်က သောက်တာ အရမ်းများသွားကြပါတယ်.. ဒါကြောင့်ပဲ သူတို့က ဂရန်းမာစတာ ယွမ်ချူး ကို ကြည့်ဖို့အတွက် မျက်နှာပြောင်ပြောင်နဲ့ သွားခဲ့ကြတာပါ..ကျနော် တကယ့်ကိုပဲ ဂရန်းမာတာယွမ်ချူးရော ဒီက အကိုတော်တို့အားလုံးကပါ ခွင့်လွှတ်ပေးဖို့ကို တောင်းဆိုပါတယ်"
"ဟားဟား ဒီပါးစပ်ဆိုးတဲ့ အမျိုးသမီး နစ်ယောက်က ဂရန်းမာစတာ ယွမ်ချူးကို ဘယ်လိုခေါ်လဲဆိုတာ မင်းသိလား?"
အစိမ်းရောင်ဝတ်စုံနဲ့ ယောကျ်ားရဲ့ နှုတ်ခမ်းထောင့်မှာ သရော်တဲ့အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။
"ခွေးအိုကြီး.. မင်း ဒါကိုကြားသလား.. သူတို့က

ဂရန်းမာစတာ ယွမ်ချူးကို ခွေးအိုကြီးလို့ တကယ်ပဲ ခေါ်ရဲကြတယ်.. ငါနစ်ပေါင်းများစွာ နေခဲ့ ပြီးပြီ.. ဂရန်းမာစတာ ယွမ်ချူးကို ခွေးအိုကြီးလို့ ခေါ်ရဲတဲ့ လူတစ်ယောက်ကို အခုမှ ပထမဆုံးအကြိမ်မြင်ဖူးတာပဲ"

ဂျင်ဝူကျိုနဲ့ ကျန်းကလန်က ကျန်တဲ့သုံးယောက်စလုံး မျက်နာတွေဖြူသွားခဲ့ပါတယ်။ သူတို့အားလုံးပဲ အရှေ့ကိုတိုးပီးတော့ ဒီ ပါးစပ်ပေါက်ဆိုးတဲ့အမျိုးသမီး နစ်ယောက်လည်ပင်းကို သေအောင်လို့ ညှစ်သတ်ပစ်ချင်တဲ့စိတ်တွေပေါ်လာခဲ့ပါတယ်။

တကယ်လို့ သူမတို့တွေ သေချင်နေယင်တောင် ကိုယ့်ဘာသာကိုယ် သေကြပါလား ဘာဖြစ်လို့ ပြန်လာပြီးတော့ တခြားသူတွေကိုပါ ပြဿနာ ထဲကို ဆွဲထည့်နေကြတာလဲ?

အကြီးဆုံးအဒေါ်နဲ့အငယ်ဆုံးအဒေါ် တွေက အရမ်းကို နောင်တရနေကြပါတယ်။ သူမတို့ ဒီလိုမျိုး စိတ်ကြီးဝင်ရဲ့တဲ့အကြောင်းကလဲ သူမတို့က ရုတ်တရက်ဆိုသလို အချစ်ပန်းစံအိမ်ရဲ့ ဘေးက ခြံဝန်းထဲမှာ ထိုင်လိုက်ရတဲ့အတွက် သူမတို့ရဲ့ ထင်ပေါ်ကျော်ကြား မှု့အဆင့်အတန်းက ချက်ချင်း မြင့်တက်သွားတယ်လို့ ခံစားလိုက်ရလို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကအရေးကြီးတဲ့ အရာက သူမတို့တကယ့် ကို သောက်တာ လွန်သွားခဲ့ပါတယ်...

တကယ်လို့ အဲ့လိုမှမဟုတ်ဖူးဆိုယင် သူတို့က ဘယ်လောက်ပဲ တုံးအ နေပါစေ ဂရန်းမာစတာ ယွမ်ချူးကို ရိုင်းရိုင်းစိုင်းစိုင်းနဲ့ မှော်ဆေးလုံးဖော်စပ်ပေးဖို့ တောင်းဆိုရဲ မှာမဟုတ်သလို့ သူကငြင်းပယ်ခဲ့ယင်တောင် ခွေးအိုကြီး ဆိုပြီး စော်ကားပြောဆိုရဲမှာမဟုတ်ပါဘူး။

ဒါပေမဲ့ အခုတော့ အားလုံး နောက်ကျသွားခဲ့ပါပီ..

" ဘာမှမပြောနိုင်တော့ဘူး မဟုတ်လား?"

အစိမ်းရောင်ဝတ်စုံနဲ့လူ က လက်နှစ်ဖက်ကို အနောက်ကို ပစ်ပီးတော့ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ ကြည့်ပီး နှာခေါင်းရှုံ့ လိုက်ပါတယ်။

" မင်းတို့ တောသားတွေက တကယ့်ကို စိတ်ကြီးဝင်နေတဲ့ကောင်တွေပဲ..

ငါဒီနေရာကိုရောက်နေတာတောင် တော်တော်ကြာပီ တစ်ယောက်ယောက်က အခုထိ ထိုင်နေရဲသေးတယ်"

သူက နောက်ဆုံးတော့ လင်းဟန်ကို တွေ့သွားခဲ့ ပါပြီ။

လင်းဟန်က သူ့ကို တစ်ချက်ကလေးမှတောင်မကြည့်ခဲ့ ပါဘူး။ သူရဲ့ ခွန်အားတွေအားလုံးကို ဟူးညို့နဲ့ အစားအသောက် လုဖို့ကိုပဲ အာရုံစိုက်ထားခဲ့တာပါ။ သူက ဒီမိန်းကလေးငယ်လေး နဲ့ ကစားနေတာပါ.. သူက အစားအစာ ကို ရယူနိုင်ခဲ့ယင်တောင်မှ သူ က အဲ့ဒါကို မစားပါဖူး.. ဘာလို့လဲဆိုတော့ သူကဗိုက်ပြည့်နေပါပီ..

" ဘယ်လောက်တောင် ရိုင်းစိုင်း လိုက်သလဲ မင်းရဲအဖေက

ဒီမှာရောက်နေတာကို မင်းက ထိုင်ခုံပေါ် မှာ ဆက်ပြီးတော့ထိုင်နေရဲသေးတယ်ပေါ့လေ?"
အစိမ်းရောင်ဝတ် လူဆီကနေ လွှမ်းမိုးနိုင်တဲ့ ဖိအား တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။
လင်းဟန်ရဲ့ မျက်လုံးတွေက အေးစက်သွားပါတယ်။ သူ့ရဲ့ လက်ကိုဝှေ့ယမ်း လိုက်တဲ့အခါမှာ လက်ထဲက အရိုးက ချက်ချင်းပဲ အစိမ်းရောင်ဝတ်ထားတဲ့ လူဆီကို ပျံသန်း သွားပါတယ်။
အစိမ်းရောင်ဝတ်စုံနဲ့လူက လက်တစ်ဖက်ကိုဆန့်ထုတ် ပြီး တော့ အရိုးကိုဖမ်းဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့လက်နဲ့အရိုးထိခါနီး အချိန်မှာပဲ အံ့အားသင့်စရာ ကောင်းလောက်အောင် အရိုးက ဦးတည်ချက် ပြောင်းသွားပြီးတော့ သူရဲ့လက်ဘေးကဖြတ်ပြီး မျက်နှာကို သွားထိပါတယ်။
ပထမအချက်က သူကလင်းဟန်ကို လျော့တွက်မိတာပါပဲ။ ဒုတိယ အချက်ကတော့ လင်းဟန်က ထူးဆန်းတဲ့နည်း ကို အသုံးပြုလိုက်တဲ့အတွက် အခုလိုအဖြစ်အပျက်ကို ဖြစ်သွားစေခဲ့တာပါ။
" မင်းသေချင်နေပြီပဲ"
အစိမ်းရောင်ဝတ်စုံနဲလူက ဒေါသတကြီးနဲ့ ဟိန်းဟောက် လိုက်ပါတယ်။ သူကအရှေ့ကိုတိုးလာပြီး သူရဲ့လက်သီးနဲ့ လင်းဟန်ကို ရိုက်နှက်ဆုံးမ ဖို့ ပြင်တင်လိုက်ပါတယ်။

လင်းဟန်ရဲ့ခြေထောက်ကမြေကြီးပေါ်ကို ဖိနင်းလိုက်ပြီးတော့ အနောက်ဘက်ကို အနည်းငယ် ဆုတ်လိုက်ပါတယ်။ တိမ်ထွက်ခြေလှမ်းကိုအသုံးပြုရတာက သူ့အတွက်တော့ အရမ်းကိုလွယ်ကူလွန်းလှပါတယ်။
အားနည်းလှတဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် ကိုမပြောနဲ့ နွေဦးစမ်းရေ လက်ရွေးစင်တွေနဲ့တောင်မှ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်နိုင်ပါတယ်။
အစိမ်းရောင်ဝတ်စုံနဲ့ လူက သူ့ရဲ့ ပစ်မှတ်ကို ထိအောင် မထိုးနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ နောက်ထပ် အကွက်အနည်းငယ် တိုင်အောင်သူကလင်းဟန်ကို ထိအောင်မထိုးနိုင်တဲ့အခါမှာ သူရဲ့ မျက်နှာပေါ်က အမူအရာက လေးနက်သွားခဲ့ပါတယ်။ သူက တိုက်ခိုက်တာကို ချက်ချင်းရပ်ပြီးတော့ ပြောလိုက်ပါတယ်။
"ကောင်လေး မင်းဘယ်သူလဲ"
" ပထမ ကိုယ့်ဘာသာကိုယ် ဆယ်ချက်ပါးရိုက်လိုက် ပြီးယင် ငါပြောပြမယ်"
လင်းဟန်က တည်ငြိမ်စွာနဲ့ပြောလိုက်ပါတယ်..ဒီလူက သူ့ရဲ့အရှေ့မှာ သူ့ကိုသူ လင်းဟန်ရဲ့အဖေလို့ ပြောရဲ တာ သူ့ကိုဘယ်လိုလုပ်ပြီးတော့ မရိုက်နက်ပဲနဲ့ လွှတ်ပေးလိုက်လို့ ဖြစ်နိုင်မာလဲ?
"ဘယ်လောက်တောင်စိတ်ကြီး ဝင်လိုက်သလဲ"
အစိမ်းရောင်ဝတ်စုံနဲ့လူ က အေးစက်စွာနဲ့

နာခေါင်းရှုံ့လိုက်ပြီးတော့ လင်းဟန်ကို နောက်တကြိမ် ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။
"ရှူး"
ဟူးညို့က ကုလားထိုင်ပေါ်ကနေ လျင်မြန်စွာနဲ့ ဆင်းလာပြီးတော့ အစိမ်းရောင်ဝတ်စုံနဲ့ လူဆီကို အရမ်းကို လျင်မြန်လှတဲ့ အမြန်နှုန်းနဲ့ ပြေးဝင်လာခဲ့ပါတယ်။
" ချီး"
အစိမ်းရောင်ဝတ်စုံနဲ့လူက ပထမတော့ ဟူးညို့ကို ထည့်မတွက်ထားပါဖူး..ဒါပေမဲ့ သူမစတင်လှုပ်ရှား လာတဲ့အခါမှာ သူ့ရတ်တရက်အံ့အားသင့်သွားတာက သူမက အသက် ၅ နှစ် ၆နှစ်ပဲ ရှိသေးပေမဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်မှာတောင် ရှိနေပါပြီ..
ဘယ်သူက ဒါကိုယုံကြည်ရဲမှာလဲ?
ဒါပေမဲ့သူရဲ့ အရမ်းကိုထွက်နေတဲ့ဒေါသကြောင့် သူက မလုပ်သင့်တာတစ်ခုကို လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက လင်းဟန်ကို ဘာမှမလုပ်နိုင်ယင်တောင် အဲ့ဒီအစား ဒီမိန်းကလေးကို ဒဏ်ရာရအောင် လုပ်ရပါမယ်။ သူရဲ့မျက်နှာပေါ်မှာ အေးစက်တဲ့အပြုံးတစ်ခု ပေါ်လာပြီးတော့ သူကချက်ချင်းဆိုသလို ဟူးညို့ ရှိရာကို လက်သီးတစ်ချက်ကို ရက်ရက်စက်စက် ထိုးချလိုက်ပါတယ်။
" မင်းလုပ်ရဲတယ်ပေါ့"
လင်းဟန်က ဒေါသတကြီးနဲ့အော်ဟစ်လိုက်ပါတယ်.. ဒီလူက

မိန်းကလေးငယ်လေးတစ်ယောက်ကို တောင်ပဲ ဒဏ်ရာကြီးကြီးမားမား ရအောင်ကြံစည်နေတယ် တကယ့်ကို လူသားမဆန်တာပဲ။ သူကအရှေ့ကို လျင်မြန်စွာ တိုးလိုက်ပြီး ဟူးညိုအတွက် ဒီလက်သီးကို ကာကွယ်ဖို့ လုပ်လိုက်ပါတယ်။

CHAPTER 168ဟူးညိုရဲ့ ခိုးကြောင်ခိုးဝှက် ကန်ချက်

လင်းဟန် က ဟူးညိုကို ကူညီဖို့က အတော့်ကိုဝေး နေခဲ့ပါတယ်။ အစိမ်းရောင်ဝတ်စုံနဲ့ လူရဲ့ လက်သီးက ဟူးညိုရဲ့ ခန္ဓာကိုယ် နဲ့ ထိခါနီးအချိန် မှာပဲ ဒီမိန်းကလေးငယ်လေးက ထူးဆန်းတဲ့ အပြုအမူ နဲ့ တွန်လိမ်သွားပြီးတော့ ဝင်ရောက်လာတဲ့ တိုက်ခိုက်မှုကို ရှောင်ရှား လိုက်ပီးတော့ သူမရဲ့လက်တွေကို လက်သည်းပုံစံ ပြောင်းပီးတော့ သူမရဲ့ကိုယ်ပိုင် တိုက်ခိုက်မှုကို လုပ်ဆောင်လိုက်ပါတယ်။ "ဖျို ဖျို ဖျို" အစိမ်းရောင်ဝတ်စုံနဲ့ လူက သူ့ရဲ့ ဂရုမစိုက်ခြင်းကြောင့် ပြန်ပြီးတော့ပေးဆပ် လိုက်ရပါတယ်။ သူရဲ့နောက်ကျော ဘက် က အဆက်မပြတ်တိုက်ခိုက်ခံလိုက်ရပီး သူ့အင်္ကျီ တွေလဲ စုတ်ပြဲသွားပြီးတော့ လိပ်ပြာအတောင်ပံလိုမျိုး အစိတ်စိတ် အမွှာမွှာ ပြဲသွားပြီးတော့ သွေးတွေကလဲ နေရာအနှံ့ကို ပန်းသွားခဲ့ပါတယ်။ အသက် ၅ နှစ် ၆ နှစ်အရွယ်ပဲ ရှိသေးတဲ့ ဒီမိန်းကလေးငယ်လေး တစ်ယောက်မှာ ဒီလိုမျိုး ထိတ်လန့်တုန်လုပ်စရာ ကောင်း တဲ့စွမ်းရည် ရှိလိမ့်မယ်လို့

ဘယ်သူက ထင်ထားမှာလဲ? ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်း နဲ့ နွေဦးစမ်းရေ အဆင့် နစ်ခုကြားက စွမ်းအင် ကွာဟချက်က အရမ်းကို ကြီးမားလှ ပါတယ်။ အစိမ်းရောင်ဝတ်စုံနဲ့ ယောက်ျား က ထိတ်လန့်စရာအခြေနေတစ်ခုကို မြင်လိုက်ရပြီးတော့ သူက ခန္ဓာကိုယ်ကို ကာကွယ်ဖို့အတွက် သူ့ရဲ့မူလစွမ်းအင် ကိုအသုံးပြုခဲ့ပါတယ်။ ဒါကြောင့် သူက ပြင်းပြင်းထန်ထန်ဒဏ်ရာ ကို မခံစားရပါဘူး။ သူ့ရဲ့အရိုးတွေနဲ့ အတွင်း အင်္ဂါအစိတ်အပိုင်းအားလုံး ဘာမှ မထိခိုက်ပါဘူး။ သူကစွမ်းအားပြည့်ဝတဲ့ နွေဦးစမ်းရေ အလွှာ ၂ အဆက့် လက်ရွေးစင် စစ်သည်တော်တစ်ယောက် ဖြစ်ပြီးတော့ မိန်းကလေးငယ်လေးတစ်ယောက် ကြောင့် တကယ်ပဲထိတ်လန့်စရာကောင်း တဲ့ ဒဏ်ရာရသွားစေခဲ့ပါတယ်။ ဒါကြောင့်သူက ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ "သေစမ်း" သူက အနောက်မှာရှိတဲ့ ဟူးညို ကို လက်သီးနဲ့တစ်ချက်လှမ်းထိုးလိုက် ပါတယ်။ ဟူးညိုက ရုတ်တရက် လှုပ်ရှား လိုက်ပါတယ်။သူမကိုယ်သူမ တွန့်လိမ် လိုက်ပြီးတော့ အစိမ်းရောင်ဝတ်စုံဝတ် လူကြီးရဲ့ ရင်ဘတ်ပေါ်မှာ နေရာယူ လိုက်ပါတယ်။ ထိုလူက သူ့ရဲ့လက်သီးကို ရပ်အောင်လို့ မထိန်းနိုင်ပဲ သူ့နောက်ကျော ကိုသူ ပြန်ထိုးမိသွားခဲ့ ပါတယ်။ အလွန်အမင်း နာကျင်မှုကြောင့် သူ့ရဲ့မျက်နှာ ကအစိမ်းရောင်ပြောင်း သွား

ပြီးတော့ သူရဲ့ တင်ပဆုံ က နေ မရိုတင်ကဲ နာကျင်မှုကြောင့် မျက်ရည်တွေ ပိုင်း လာ တဲ့အထိ ထိန်းမနိုင်အောင်ဖြစ်သွားခဲ့ရပါတယ်။

``အား ငါ့နဲ့ ဖေးဖေးကို ထွက်သွားစမ်း``

အစိမ်းရောင် ဂတ်စုံနဲ့ လူက နောက်တစ်ကြိမ် လက်သီးနဲ့ ထပ်ပြီး ထိုးလိုက်ပါတယ်။ ဒီတစ်ကြိမ်က သူရဲ့ ရင်ဘတ် ဆီကိုပါ။ ဒါပေမဲ့လည်း ဟူးညိုက မျောက်တစ်ကောင်လို လျှင်မြန်စွာနဲ့ သွက်လက်ကျွမ်းကျင်စွာ လှုပ်ရှားပြီးတော့ သူရဲ့ ပေါင်ကို တွဲလွဲခိုထားလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ အစိမ်းရောင် ဂတ်စုံနဲ့ လူကသင်ခန်းစာ ကောင်းကောင်းရသွား ခဲ့ပါပြီ။ သူရဲ့ တိုက်ခိုက်မှုကို ရပ်လိုက်နိုင်ပါတယ်။ ကံမကောင်းတာက ဟူးညိုက ခိုးကြောင်ခိုးဝှက်နဲ့ သူရဲ့ လပြွတ်ကို ကန်ထည့်လိုက်ပါတယ်။

တကယ်လို့ နွေဦးစမ်းရေ အဆင့်ဆိုတော့ရော ဘာဖြစ်သေးလဲ? လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ အမြဲလိုလို အားနည်းတဲ့ နေရာတွေ အများကြီး ရှိနေဆဲပါပဲ။ မျက်လုံး လို.. ဒန်တန်.. နဲ့ ယောကျာ်းတွေအတွက်ကတော့ သူတို့ရဲ့ လပြွတ်ပေါ့.. ဒီ ကန်ချက်က ပြင်းထန်ပြီးတော့

အားပါလွန်းပါတယ်။ ချက်ချင်းဆိုသလို အစိမ်းရောင် ဂတ်စုံနဲ့ ယောကျာ်းက သူ့ရဲ့ လက်တွေကို အသုံးပြုပြီးတော့ သူ့ရဲ့ ပေါင်ကြားကို ကာကွယ်လိုက်ပါတယ်။ သူ့ရဲ့ ခြေထောက်ပေါ်မှာ တစ်ကိုယ်လုံး ယိမ်းထိုးနေပြီး တော့ သူ့ရဲ့ သွားတွေကို အံကြိတ်ထားတဲ့အတွက် မျက်နှာတစ်ခုလုံး နီရဲလို့နေပါတယ်။ သူ့ရဲ့ လည်ပင်းနားက မေးကြောတွေက ထင်ထင်ရှားရှားနဲ့ကိုယ် ထောင်ထ နေတာကို မြင်ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မချိမဆန့် နာကျင်မှုကနေ စကားလုံး တစ်လုံးမှတောင် ထွက်ပေါ်မလာခဲ့ပါဘူး။

ဒီနေရာမှာရှိနေတဲ့ ယောကျာ်းတွေ အားလုံးပဲ သူတို့ရဲ့ ခြေထောက်ကို တင်းတင်း ကြပ်ကြပ်နဲ့ လိမ်ကျစ်ထားပြီးတော့ သူတို့ရဲ့ နှလုံးသားထဲမှာတော့ ချွေးစေးတွေ ပျံနေတဲ့ အထိကို အေးစက်မှုတွေကို ခံစားနေကြရပါတယ်။ (ဟူးညို့ကို ကြောက်ပီလားကွငိငိ)

ဟူးညို့က ခုန်ဆင်းလိုက်ပီးတော့ လင်းဟန် ပေါ်ကို တွယ်ဖက်ထားပါတယ်။ သူမက အစိမ်းရောင် ဂတ်စုံနဲ့ လူဘက်ကို မျက်နှာလှည့်လိုက်ပီးတော့ သူမကိုယ်သူမ အပြစ်ကင်းစင်တဲ့ ကျီစယ်တတ်တဲ့ မိန်းကလေးတစ်ယောက်ပုံစံမျိုး လုပ်နေပါတယ်။

အစိမ်းရောင် ဂတ်စုံနဲ့ ယောက်ျားက မြေကြီးပေါ်ကို ဒူးထောက်ကျသွားပါတယ်။ သူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက ဆန့်ငင် ဆန့်ငင် ဖြစ်နေပါတယ်။ ဒီကနချက်က သူ့ကို အပြင်း အထန် နာကျင်ခံစားသွားစေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

စွမ်းအားပြည့်ဂတဲ့ နွေဦးစမ်းရေအဆင့် လက်ရွေးစင်တစ်ယောက်က မိန်းကလေးငယ်လေး တစ်ယောက်ရဲ့ ဒီလိုမျိုး အရှက်ခွဲ စော်ကားခံ ရပြီးတော့ ရှုံး နိမ့်သွားလိမ့်မယ်လို့ ဘယ်သူက တွေးထင်ထားမှာလဲ? တစ်ခြားသူတွေ အတွက်က တော့ ဒီလိုမျိုး တိုက်ခိုက်တာက အထင်သေးစရာကောင်းတယ်လို့ ထင်ကောင်း ထင်ကြပေမဲ့ ဟူးညိုကတော့ ခြွင်းချက်ပါပဲ။

သန်မာအားကောင်းတဲ့ လူကြီးတစ်ယောက်ဖြစ်တဲ့ သူက ကိုယ့်ကိုကိုယ် နိမ့်ကျ ပြီး တော့ မိန်းကလေးငယ် တစ်ယောက်ကို အနိုင့်ကျင့်စော်ကားတယ်။ တကယ်လို့ မင်းရဲ့ လမ္ဘြတ်တွေ ကွဲကြေသွားခဲ့မယ်ဆိုယင်တောင်မှ ဒါက မင်းနဲ့ ထိုက်တန်တဲ့ အရာပဲဖြစ်တယ်။ ဒ့ါအပြင် မင်းက နွေဦးစမ်းရေအဆင့်ဖြစ်ပြီးတော့ မင်းရဲ့ ပြိုင်ဘက်က အသက် ၅ နှစ် ခြောက်နှစ် အရွယ်ပဲ ရှိသေးတဲ့ ကလေးငယ်လေး တစ်ယောက်ဖြစ်တယ်။ ဒါက သည်းမခံနိုင်စရာ ကောင်းတဲ့

အရှက်ရမှုနဲ့ မျက်နှာပျက် ရတဲ့ ကိစ္စပဲဖြစ်ပါတယ်။

``တော်တယ်``

လင်းဟန်က ဟူးညိုကို ချီးကျူးလိုက်ပါတယ်။

``တကယ်လို့ နောက်ပိုင်းမှာ တစ်စုံတစ်ယောက်ကများ မင်းကို အနိုင့်ကျင့်လာခဲ့ယင် .. သူတို့ရဲ့ လမြွတ်တွေ ကွဲကြေသွားအောင်လို့သာ ခပ်ပြင်းပြင်း လေး ကန်ထည့်ပေးလိုက်.. တကယ်လို့ မင်း အကျဉ်းအကြပ်ထဲ ရောက်နေယင် မစိုးရိမ်လိုက်နဲ့ .. ငါမင်းကို ကာကွယ်ပေးမယ်``

``ညီုး နားလည်ပါပြီ``

ဟူးညိုက ချစ်စရာကောင်းတဲ့ အပြုံးပြုံးလိုက်ပါတယ်။

သူက ကလေးတစ်ယောက်ကို ဒီလိုမျိုးသင်ကြားပေးတယ် ပေါ့? ဒါက သူမအပေါ်မှာ မကောင်းတဲ့ စိတ်တွေ လွှမ်းမိုးလာမှာကို သူ မစိုးရိမ်ဖူးလား.. ပြီးတော့ သူမက အရွယ်ရောက်လာတဲ့ အခါကျယင် အမျိုးသမီးလူရမ်းကား တစ်ယောက် ဖြစ်လာနိုင်တယ် မဟုတ်လား?

``မင်း.. မင်းတို့တွေ ပြဿနာ အကြီးကြီးတက်ပီပဲ.. ငါတို့က ပုကလန်အဖွဲ့သားတွေ ဖြစ်တယ်.. ပုကလန်.. မင်းတို့ ငါတို့အကြောင်းကိုကြားဖူးလား? ငါတို့က အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခုပဲ``

ပုကလန်အဖွဲ့သား နှစ်ယောက်က အခု သူတို့ဟာ အရမ်းကို ကြောက်ရွံ့နေပေမဲ့ လည်း ကိုယ်ဟန်ကိုယ်ဖို့ ပြီးတော့ သန်မာတဲ့ ပုံစံမျိုးနဲ့ နေနေကြပါတယ်။ သူတို့ နှစ်ယောက်စလုံးက ဒြပ်စင်စုစည်းခြင်း အဆင့်မျှသာ ရှိပါသေးတယ်။

သူတို့က အင်အားကြီးကလန်တစ်ခုက ဖြစ်လို့သူတို့က အလိုအလျောက်ပဲ စွမ်းအားကြီး တဲ့ လက်ရွေးစင်တွေ ဖြစ်တယ်လို့တော့ မထင်လိုက်ကြပါတယ်။ ကလန်တိုင်းလိုလိုပဲ သူတို့ဆီမှာ ထူးချွန်မှုနည်းတဲ့ အဖွဲ့သားတွေနဲ့ ထူးချွန် ထက်မြက်တဲ့ အဖွဲ့သားတွေဆိုပြီးတော့ ရှိကြပါတယ်။

``ဒါဆိုယင်လည်း မင်းတို့နှစ်ယောက်က အနောက်မှာပဲ အေးဆေးနေကြတော့ပေါ့``

လင်းဟန်က လှုပ်ရှားလိုက်ပြီးတော့ ကျန်တဲ့နှစ်ယောက်ကို တိုက်ခိုက်လိုက်ပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်မှာကတည်းက သူက စွမ်းအားပြည့်ဝတဲ့ နွေဦးစမ်းရေ အလွှာ အဆင့် ၉ သမားကို ယှဉ်ပြိုင်ဖို့ အတွက် ခွန်အား အလုံအလောက် ရှိပါတယ်။ အခု သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အလွှာ ၇ အဆင့်ကို တဟုန်ထိုး တက်သွားပြီးတော့ ဒီလူနှစ်ယောက်လို အမျိုက်နှစ်က ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့ ပြိုင်ဘက်တွေဖြစ်နိုင်မှာလဲ? တစ်ကွက်တည်းနဲ့ပဲ သူက ဒီနှစ်ယောက်ကို အနိုင်ယူလိုက်ပြီးတော့ ဟူးညိုက ဒီလူနှစ်ယောက်ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမ ပေးလိုက်ပါတယ်။

ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေက သူတို့ရဲ့ ခန္ဓာကိုယ်မှာ ချွေးစေးတွေပျံနေပြီးတော့ ကြည့်နေကြပါတယ်။ ဒီလူတွေက ပူကလန် ကလူတွေဖြစ်ပါတယ်။ သူတို့က အခု ဆို ခွေးသေကောင်တွေလိုမျိုး အရိုက်နှက်ခံနေရပါတယ်။ အားလုံးပြီးသွားပါပြီ။ ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံး သေရပါလိမ့်မယ်။ အကြီးဆုံး အဒေါ်နဲ့ အငယ်ဆုံး အဒေါ်ဖြစ်တဲ့ သူတွေ တောင်မှ သူတို့ရဲ့ နာကျင်မှုကြောင့် ဆက်ပြီးတော့ငိုကြွေးမနေနိုင်တော့ပဲနဲ့ သူတို့က လျှင်မြန်စွာနဲ့ပဲ ဒီရှုံးသွပ်နေတဲ့ လူနှစ်ယောက်ဖြစ်တဲ့

လင်းဟန်နဲ့ ဟူးညို့ကို ရပ်ဖို့ ကြိုးစားနေကြပါတယ်။

လင်းဟန်က သူကိုယ်သူ ဒီ ပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီးနှစ်ယောက်နဲ့ ပတ်သတ် ရှုပ်ထွေးနေတာမျိုး မလိုချင်ပါဘူး။ သူက အနောက်ကို ခြေလှမ်းတော်တော်များများ ဆုတ်လိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူက ဒီလူသုံးယောက်ကို ကောင်းကောင်း ရိုက်နက် ဆုံးမခဲ့ပီးပါပြီ။

``မင်းတို့အားလုံးပဲ သေပြီသာမှတ်``

အစိမ်းရောင်ဂတ်စုံနဲ့ လူက နောက်ဆုံးတော့ အသက်ရှူလို့ရသွားပြီးတော့ သူ့ရဲ့ မျက်နှာတစ်ခုလုံး ရှက်ရွံ့မှုတွေနဲ့ ပြည့်နက်လို့နေပါတယ်။ သူက နွေဦးစမ်းရေ အဆင့် ဖြစ်ပြီးတော့ ဒီနေရာမှာရှိနေတဲ့ လူအားလုံးကို လွယ်လွယ်ကူကူနဲ့ အနိုင်ယူလို့ရပါတယ်။ အဆုံးသတ်မှာတော့ သူက မိန်းကလေးငယ်လေး တစ်ယောက်ရဲ့ လက်ထဲမှာ အလွယ်တကူနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ သူ့ရဲ့ နာမည်ပေါ်က ဒီလိုမျိုး ရှက်ရွံ့စရာကောင်းတဲ့ အမည်းစက်ကြီးကို ပြန်လည် ဆေးကြောသန့်စင်ဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။

``တကယ်လို့ မင်းသာ မပြောဘူးဆိုယင်.. ဘယ်သူကမှ မင်းကို အ နေတယ်လို့ ထင်မှာမဟုတ်ဘူး``

လင်းဟန်က တစ်ချက် ကန်ထည့်လိုက်ပါတယ်။ အစိမ်းရောင်ဂုတ်စုံနဲ့ လူရဲ့ ပါးစပ် ထဲက သွားတစ်ဂက်လောက် ကျွတ်ထွက်ကုန်ပါတယ်။ နာကျင်မှုက သူ့ကို အော်ဟစ် ပြီးတော့ ငိုစေခဲ့ပါတယ်။ ဒီတစ်ကြိမ် သူ့ရဲ့ ဒဏ်ရာတွေက ပိုပြီးတော့တောင် ကြီးမားပြင်းထန်နေပါတယ်။

ကျန်းကလန်က အဖွဲ့သားတွေ အားလုံးက လင်းဟန်ကို အရူးတစ်ယောက်ကို ကြည့်နေရသလိုမျိုး ကြည့်နေကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေထဲမှာတော့ လင်းဟန်မှာ စွမ်းအားအဆင့်အနေနဲ့ အင်အားကြီးကလန် ရှစ်ခု ကို ဖြတ်ကျော် နိုင်တဲ့ နောက်ခံအင်အားရှိလိမ့်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူက ပူကလန်ရဲ့ အဖွဲ့သားတွေကို တကယ်ကြီး ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမရဲပါတယ်။ ဒါက ကိုယ့်ကိုကိုယ် သတ်သေတာပဲမဟုတ်ဘူးလား? အသက်ရှင်နေရတာ ပင်ပန်းနေပြီလား?

ဂျင်ပူကျိုတောင်မှ အေးစက်စက်ဖြစ်သွားပါတယ်။ သူ့အနေနဲ့ လင်းဟန်က သူ့လိုမျိုး ဒုယွန်မြို့ကနေ လာတယ်ဆိုတာကို

သိထားပါတယ်။ အများဆုံး သူက အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် အနည်းငယ်နဲ့ပဲ ရင်းနှီးနေတာပါ။ သူတို့ ပြဿနာ တက်ပါပြီ.. ပြဿနာမှ တကယ့်ကို အကြီးကြီး တက်တာပါပဲ။

``ငါတို့နင့်ကို မသိဘူးနော်``

အကြီးဆုံး အဒေါ်နဲ့ အငယ်ဆုံး အဒေါ်ဖြစ်သူတို့က တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ ပြီးတဲ့နောက် သူမတို့က ကျန်းဖေးရန်ရဲ့ အဖေဘက်ကို လှည့်ပြီး တော့ ပြောလိုက်ပါတယ်။

``ကျန်းပိုရှင်း.. ငါတို့ နင်နဲ့လည်း အားလုံးကို လုံးဝဖြတ်တောက်လိုက်ပီ.. အခုကစပြီး တော့ ငါတို့ တွေကြားမှာ ဘာဆက်ဆံရေးမှ မရှိတော့ဘူး။ မင်းက ဒီပြဿနာကို ဖြစ်စေခဲ့တဲ့ သူတစ်ယောက်ပဲ.. ငါတို့ကို ဒီထဲကို ဆွဲမထည့်ပါနဲ့``

ကျန်းဖေးရန်.. သူမရဲ့ မိဘနစ်ပါး နဲ့ ဂျင်ပူကျို တို့အားလုံးပဲ သူတို့ရဲ့ စကားတွေ ကြောင့် ဒေါသတွေထွက်ကုန်ပါတယ်။ ဒီ သားအမိ နှစ်ဖွဲ့က ပဲ ဂရန်းမာစတာ ယွမ်ချူးကို အတင်းသွားတွေ့ပြီးတော့ သူ့ကိုတောင်

ခွေးအိုကြီးဆိုပြီးတော့ စော်ကား ပြောဆိုခဲ့သေးတယ်.. အခု တော့ သူတို့က ဒီကိစ္စနဲ့ ဘာမှမပတ်သတ်ဘူးတဲ့လား?

ဘယ်လောက်တောင် အရှက်ကင်းမဲ့တဲ့ လူတွေ ဒီနေရာမှာ ရှိနေကြတာလဲ?

``မင်းတို့ထဲက ဘယ်သူကမှ လွတ်မြောက်နိုင်မှာမဟုတ်ဘူး``

အစိမ်းရောင် ဂဝတ်စုံနဲ့လူက အကြင်နာတရား ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။ သူက ဒီနေရာမှာရှိနေတဲ့ လူတွေအားလုံးကို သတ်ပစ်ချင်လောက်အောင်ကို မုန်းတီးနေပါတယ်။

``ချီး.... မင်းက ပါးစပ်ဖွင့်ရဲသေးတယ်ပေါ့လေ?``

လင်းဟန်က အရမ်းကို အံ့အားသင့်စွာနဲ့ သူ့ရဲ့ ခြေထောက်ကို နောက် တစ်ကြိမ် မြှောက်လိုက်ပါတယ်။

``မဟုတ်ဘူး``

အစိမ်းရောင် ဂဝတ်စုံနဲ့လူက ကြောက်လန့်တစ်ကြား

ဖြစ်သွားခဲ့ပါတယ်။ ဒီ လူငယ်လေးက တကယ့်ကို အရူးတစ်ယောက်ပါပဲ။ သူတို့တွေက ပုကလန် က လူတွေ ဆိုတာ သိနေတာတောင်မှပဲ သူ့ကို တိုက်ခိုက်ရဲသေးပါတယ်။ ဒါ့အပြင် သူရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီးတော့ သူက တကယ့်ကို ထိတ်လန့်စရာကောင်းပါတယ်။

ဒါပေမဲ့ သူက လင်းဟာန်ရဲ့ အရိုးတွေကို ချိုးပစ်ပြီးတော့ သူ့ရဲ့ ပြာမှုန့်တွေကို လေထဲ ကို လွှင့်ပစ်လိုက်ဖို့ ကျိန်ဆိုလိုက်ပါတယ်။

``မင်းရဲ့ နှလုံးသားထဲမှာ မင်းက အေးအေးချမ်းချမ်းနဲ့ အိပ်မွေ့ရနေတာမဟုတ်ဘူး``

လင်းဟာန်က တည်ငြိမ်စွာနဲ့ပြောလိုက်ပါတယ်။ ဟူးညိုက သူမရဲ့ သွားတွေကို ချက်ချင်း ဆိုသလို ဖြဲလိုက်ပီးတော့ ဟိန်းဟောက်လိုက်ပီး သူမရဲ့ ရက်စက် ကြမ်းကြုတ်တဲ့ သဘာဝကို ဖော်ပြလိုက်ပါတယ်။

အစိမ်းရောင် ဂုတ်စုံနဲ့ လူက သူ့ရဲ့ နှလုံးသားက တင်းကျပ်လာသလို ခံစားလိုက်ရပါတယ်။ လင်းဟာန်နဲ့ ယှဉ်လိုက်ယင်သူက ဟူးညိုကို ပိုပြီးတော့ ကြောက်ရွံ့ပါတယ်။

ဒီမိန်းကလေးက လူသားပုံစံရှိတဲ့ မိစ္ဆာသားရဲ တစ်ကောင် နဲ့ တူပါတယ်။

``လက်လျော့လိုက်တော့.. တကယ်လို့ ငါမင်းကို သေလောက်အောင် ရိုက်ယင် တောင်မှ မင်းတို့ကလန်ရဲ့ စီနီယာတွေက ငါလုပ်တာ ကောင်းတယ်ဆိုပြီးတော့ ပြောကြလိမ့်မယ်``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``အဓိပ္ပါယ်မရှိတာ``

အစိမ်းရောင် ဂတ်စုံဂတ်ထားတဲ့ လူက ချက်ချင်းဆိုသလို ပဲ ပြောလိုက်ပါတယ်။ ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေတောင်မှ သူတို့ရဲ့ ခေါင်းကို ခါလိုက်ကြပါတယ်။ ဒါက လုံးဝ မဖြစ်နိုင်တာပါပဲ။ ဖြစ်နိုင်တာတစ်ခုက တကယ်လို့ လင်းဟန်က မိုးရေနိုင်ငံ ဧကရာဇ်ရဲ့ တိတ်တိတ်ပုန်း သားတစ်ယောက်ဆိုယင်တော့ ဖြစ်နိုင်ပါလိမ့်မယ်။ တကယ်လို့ သူသာ အဲဒီလိုမျိုး သာဆိုယင် ပူကလန် က သူ့ရဲ့ အရှေ့မှာ သူတို့ရဲ့ ခေါင်းတွေကို နှိမ့်ချထားတာမျိုးက ဖြစ်နိုင်ပါလိမ့်မယ်။

``ကျွဲဖန်း မင်းက ဒီကိစ္စကိုတောင် မဖြေရှင်းနိုင်ဘူးလား?

အဲဒီအချိန်မှာပဲ အပြင်ဘက်ကနေပြီးတော့ အဘိုးကြီးတစ်ယောက်ရဲ့ အသံကို ကြားလိုက်ကြရပါတယ်။

CHAPTER 169 မျက်နှာလိုမျက်နှာရ လုပ်တဲ့ ဂရန်းမာစတာ ယွမ်ချူး

``အကြီးအကဲ ချမ့်ဖုန်း``

အစိမ်းရောင် ဂတ်စုံနဲ့လူ ရယ် သူ့ရဲ့ အဖော်နှစ်ယောက်ရယ် တစ်ပြိုင် နက်ထဲ အော် ခေါ်လိုက်ပါတယ် သူတို့ရဲ့ အသံတွေမှာ စိတ်မကောင်းမှုတွေနဲ့ နာကျည်းမှုတွေ ပြည့်နှက်နေခဲ့ပါတယ်။

ဘယ်လိုလုပ် မဖြစ်နိုင်ရမှာလဲ? ပုံမှန်ဆိုယင် သူတို့အားလုံးက တစ်ခြားလူတွေကို အနိုင်ကျင့် ကြပါတယ်။ အခုတော့ သူတို့က တကယ့်ကို ရိုက်နှက်ဆုံးမခံရပြီးတော့ တစ်စုံတစ်ယောက်ရဲ့ နင်းခြေခြင်းကို ဒီနေ့မှာတော့ ခံလိုက်ကြရပါတယ်။

တံခါးအပြင်ဘက်မှာတော့ ယောက်ျားကြီးနှစ်ယောက် မတ်တပ်ရပ်နေကြပါတယ်။ တစ်ယောက်က ပိုပြီးတော့

အသက်ကြီးပုံရပြီးတော့ အသက်ခြောက်ဆယ်ခန့်ရှိတဲ့ ပုံစံပါပဲ။ သူက အနီရောင် ပိုးထည်ဂဝတ်စုံကို ဂဝတ်ဆင်ထားပြီးတော့ သူ့ရဲ့ ဆံပင် တွေက လုံးဂ အနက်ရောင်ဖြစ်နေပြီးတော့ သူ့ရဲ့မျက်နှာကလဲ ချောမွေ့နေပြီး သူကိုကြည့်ရတာ အရွယ်တင် နုပျိုနေပါတယ်။ တစ်ခြားတစ်ယောက်ကတော့ အသက် အတူတူလောက်ပဲ ရှိပြီးတော့ ငွေရောင်တံဆိပ်ပြားနှစ်ခုကို သူ့ရဲ့ ရင်ဘတ် မှာ ချိတ်ဆွဲထားပါတယ်။ ဗဟုသုတ အနည်းငယ်ရှိတဲ့ မည်သူမဆို ဒီလူကြီးက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်တယ်ဆိုတာကို သိနိုင်ပါလိမ့်မယ်။

သူတို့ထဲက တစ်ယောက်က ပူကလန်ရဲ့ အကြီးအကဲ တစ်ယောက် ဖြစ်တဲ့ ပူချမ့်ဖုန်း ပဲဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်ကတော့ ဂရန်းမာစတာ ယွမ်ချူးယွမ်ပဲ ဖြစ်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး ကိုနှုတ်ဆက်ပါတယ်။ ဆရာပူ ကို နှုတ်ဆက်ပါတယ်``

ကျန်းကလန်ရဲ့ အဖွဲ့ဂင်အားလုံးနဲ့ ကျန်တဲ့ သူတွေအားလုံးက အရှေ့ကို ခြေလှမ်း တိုးပြီးတော့ သူတို့က

အရိုအသေပေးလိုက်ကြပါတယ်။ သူတို့အတွက် ဒီလူနစ်ယောက်က အရမ်းကို အရေးကြီးတဲ့ သူတွေပဲဖြစ်ပါတယ်။ ပုံမှန်ဆိုယင် သူတို့အတွက်တော့ အဆင့်အတန်းမြင့်တဲ့ ဒီလူနစ်ယောက်ကို မြင်ရဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့ အခုတော့ ရုတ်တရက်ဆိုသလိုပဲ သူတို့က ဒီ အရေးပါတဲ့ လူနစ်ယောက်နဲ့ ဆုံတွေ့နေပါပြီ.. ဒီအံ့အားသင့်စရာကောင်းတဲ့ လွှမ်းမိုးမှုက သူတို့ရဲ့ ခြေထောက်တွေကို တုန်ယင်သွားစေဖို့ အတွက် လုံလောက်ပါတယ်။

ယွမ်ချူးက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ကို မြင်လိုက်တဲ့အခါမှာ သူက နာခေါင်းရှုံ့လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ အရမ်းကို မကျေမနပ်ဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီးနစ်ယောက် က သူ့ကို ခွေးအိုကြီးလို့ တကယ်ပဲ စော်ကားပြောဆိုရဲတယ်။ ဂုဏ်ယူစရာ ကောင်းတဲ့ မှော်ဆေးပညာရှင်တစ်ယောက်အတွက်တော့ ဒါက အလွန်အမင်းကို အရှက်ခွဲ စော်ကားလိုက်တာပါပဲ။

``ငါက မင်းတို့ဆီက ဒီလိုမျိုး ရိုသေလေးစားတာကို ခံရဖို့ မထိုက်တန်ပါဘူး``

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အမှန်တကယ်တော့ သူ့ရဲ့ အဆင့်အတန်းနဲ့ ဆိုယင် ဒီ ပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက် လို အဆင့်အတန်းမျိုးကို အရေးတယူ လုပ်နေစရာ မလိုပါဘူး။ သူ့ရဲ့ နှလုံးသားထဲမှာ အရမ်းကို ဒေါသထွက်နေလို့ပဲဖြစ်ပါတယ်။ တကယ်လို့ သူက သရော်တဲ့ စကားတစ်ခွန်း နှစ်ခွန်းကိုတောင် မပြောနိုင်ဘူးဆိုယင် သူ့ရဲ့ ဒေါသတွေ ကို ထွက်ပေါက်ရှာဖို့အတွက် နည်းလမ်းမရှိပါဘူး။ ဒီပုံပန်းသွင်ပြင်အရ အကြီးဆုံး အဒေါ်နဲ့ အငယ်ဆုံးအဒေါ်တို့က တကယ့်ကို အစွမ်းထက်တာပဲ .. သူကို အနက်ရောင် အလတ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူ့ရဲ့ တည်ငြိမ်အေးချမ်းမှု ကိုပျောက်ဆုံးအောင်လို့ လုပ်နိုင်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး.. ကျမတို့ မျက်စိတွေကန်းနေခဲ့ပါတယ်။ ကျေးဇူးပြု ပြီးတော့ ကျမတို့ရဲ့ ရိုင်းပြမှုတွေအတွက် ခွင့်လွှတ်ပေးပြီးတော့ ကျမတို့ကို ချမ်းသာပေးပါရှင်``

အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် တို့နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်ကို ဒူးထောက်သွားကြပါတယ်။

သူတို့ကိုယ်သူတို့ ပါးရိုက်ပြီးတော့ အော်ဟစ်ငိုကြွေး နေကြပါတယ်။

ယွမ်ချူးက ဘာမှမလှုပ်ရှားပဲနဲ့ ပြောလိုက်ပါတယ်။

``မင်းတို့တွေက ဒီနေရာမှာ ငါ့ကို နှိမ်နင်းနိုင်တဲ့ တစ်စုံတစ်ယောက်ရှိတယ်လို့ မပြောခဲ့ကြဘူးလား? ငါအခု ဒီနေရာမှာ ရောက်နေပြီ.. ဒါကြောင့် သူ့ကို ခေါ် လိုက်ပါ``

ကျန်းဖေးရန်ရဲ့ အဖေနဲ့ ကျန်တဲ့သူတွေက မှင်တက်အံ့အားသင့်ကုန်ပါတယ်။ သူတို့က အကြီးဆုံးအဒေါ် နဲ့ အငယ်ဆုံးအဒေါ် က ဘယ်လိုမျိုး လွတ်မြောက်အောင် လုပ်ဆောင်ခဲ့လဲဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူတို့က တကယ့်ကို စက်ဆုပ်ရွံရှာ စရာ ကောင်းလှပါတယ်။ သူတို့အချိန်အနည်းငယ်လောက် အသက်ရှင်ဖို့အတွက် ကျန်တဲ့ သူတွေကို ပြဿနာဖြစ်အောင်လို့ ဖန်တီးခဲ့ကြတာပဲ။

ထိုအချိန်အတွင်းမှာ ပူချမ့်ဖုန်း က အစိမ်းရောင်ဂတ်စုံနဲ့ လူကို ကြည့်လိုက်ပါတယ်။ သူရဲ့ မျက်နှာက လုံးဝ ဖြူဖတ်ဖြူလျော် ဖြစ်သွားပြီးတော့ သူကမေးလိုက်ပါတယ်။

``ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ? မင်းတို့အားလုံး ဒီနေရာက လူအနည်းငယ် ကိုတောင်မှ မဖမ်းနိုင်ဘူးလား?

ပူကလန်ရဲ့ အဖွဲ့သားတွေက တစ်စုံတစ်ယောက် ကြောင့် တကယ်ပဲ ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမတာကို ခံခဲ့ရတယ်။ သူတို့ရဲ့ သွားတွေ တောင်မှ ကျွတ်ထွက်ကုန်ပါတယ်။ ဒါက ပူကလန်ရဲ့ ဩဇာအာဏာကို စိန်ခေါ် လိုက်တာပဲ။

အစိမ်းရောင် ဂတ်စုံနဲ့ လူရယ် သူ့ရဲ့ အဖော်နှစ်ယောက်ရောပါ သူတို့ရဲ့ ခေါင်းတွေကို ရှက်ရွံ့စွာနဲ့ ငုံ့လိုက်ကြပါတယ်။ သူတို့ရဲ့ ကလန် အကြီးအကဲကို မိန်းကလေးငယ် လေးကြောင့် သူတို့တွေရှုံးနိမ့်သွားတယ်ဆိုတာကို ဘယ်လုပ်လုပ်ပြီးတော့ ပြောနိုင်မှာလဲ?

``ဘယ်ဆရာသခင်များ ဒီနေရာမှာရှိနေတာလဲ.. ကျုပ်ရဲ့ တန်ဖိုးမရှိတဲ့ ဂျူနီယာ အနည်းငယ်ကို အပြစ်ပေးခဲ့တယ်ဆိုတော့ ဘာလို့ သင့်ကိုယ်သင် ကျုပ်အရှေ့ ကို ထွက်ပြီး လာမပြတာလဲ?``

ပူချမ့်ဖုန်း က သူ့ရဲ့ မျက်လုံးတွေနဲ့ ဒီနေရာမှာရှိနေတဲ့ လူတွေအားလုံးကို ပျေ့ပြီးတော့ ကြည့်လိုက်ပါတယ်။

သူတို့ထဲက အစွမ်းထက်ဆုံးသူက ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့် ၉ ပဲရှိပါသေးတယ်။ ဒါကြောင့် ဒီနေရာက ဘယ်သူကမှ ပူကျို့ဖန်းကို ရှုံးနိမ့် သွားစေဖို့ လုံးဝ ဖြစ်နိုင်ချေမရှိပါဘူး။

``အဲဒါက သူပဲ``

အစိမ်းရောင်ဂတ်စုံ နဲ့ လူက လင်းဟန်ကို ညွှန်ပြလိုက်ပါတယ်။

``သူလား?``

ပူချမ့်ဖုန်း ကိုကြည့်ရတာ အံ့အားသင့်သွားပြီးတော့ မျက်လုံးပြူးသွားပါတယ်။ ဒါက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မျှသာရှိသေးတဲ့ ဂျူနီယာလေးတစ်ယောက်ပဲ ဖြစ်ပါတယ်။ ပူကျို့ဖန်းက ရှုံးများရှုံးသွားပြီလား?

``အဲဒါ သူပဲ``

အစိမ်းရောင် ဂတ်စုံနဲ့ လူက သူ့ရဲ့ သွားတွေကို ကြိတ်ပြီးတော့ပြောလိုက်ပါတယ်။ သူ့ရဲ့ နဖူးပေါ်က သွေးကြောတွေက ဒေါသကြောင့် ထောင်လာခဲ့ပါတယ်။

``သူက လှည့်စားပြီးတော့ ခိုးကြောင်ခိုးဝှက် နည်းလမ်းတွေကို အသုံးပြုပြီး တော့ ကျနော့်ကို ရှုံးနိမ့်သွားစေခဲ့ပါတယယ်။ ကျနော်တို့ အားလုံးအတွက် သူ့ကို အပြစ်ပေးဖို့ အတွက် အကြီးအကဲ ချမ့်ဖုန်းကို ကျနော်တောင်းဆိုပါတယ်``

သူ့ရဲ့ စကားတွေကို သူတို့ကြားလိုက်တဲ့အခါမှာ ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေနဲ့ ကျန်တဲ့သူအားလုံးပဲ အထင်သေးတဲ့အမူအရာတွေဖြစ်ကုန်ပါတယ်။ မင်းက မိန်းကလေးငယ်လေးတစ်ယောက်ကို ရှုံးနိမ့်ခဲ့ပြီးတော့ မင်းရဲ့ ပြိုင်ဘက်က မသမာတဲ့ နည်းလမ်းတွေကိုအသုံးပြုခဲ့တယ်လို့ ပြောရဲသေးတယ်။

``အိုး``

ပူချမ့်ဖုန်းက သူ့ရဲ့ လက်ကိုအနောက်ကိုပစ်လိုက်ပီးတော့ သူ့ရဲ့ မျက်လုံးအကြည့်တွေ က လင်းဟာန် အပေါ်ကို ကျရောက်နေပြီးတော့ သူ့ဆီကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒ တွေ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟာန်က ဘယ်လိုခိုးကြောင်ခိုးဝှက်နဲ့ လှည့်ဖျားတဲ့ နည်းလမ်း တွေကို အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည်ဖြစ်စေ သူက

ပုကလန်ရဲ့ အဖွဲ့သားတွေကို ဆန့်ကျင်ရဲတယ်ဆိုမှတော့ သူ့အသက် ကိုပြန်ပြီးတော့ ပေးဆပ်ဖို့ အတွက်လုံလောက်ပါတယ်။

``ကောင်ကလေး.. မင်းကိုယ်မင်း သတ်သေမှာလား. ဒါမှမဟုတ် ငါကိုယ်တိုင် လုပ်ရှားတာရမှာလား?``

သူက တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

အဘိုးကြီးဆိုကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို အာရုံခံမိလိုက်တာနဲ့ ဟူးညိုက ချက်ချင်းပဲ မြေကြီးပေါ်ကို ခုန်အုပ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းကို အနည်းငယ် မော့ပြီးတော့ သူမရဲ့ သွားကို ဖြဲပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ သတိထားတဲ့ အမူအရာ တစ်ခု ဖြစ်လာခဲ့ပါတယ်။

``ဟင် ဟူးညိုလား?``

ယွမ်ချူးရဲ့ အာရုံက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ဖြစ်တဲ့သူဆီမှာပဲ ရှိနေတာပါ။ တစ်ခြားနည်းနဲ့ပြောရမယ်ဆိုယင် ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက်က တစ်ချိန်လုံးလိုလို ဂရန်းမာစတာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အာရုံကို

ဖမ်းစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူက တစ်ခြားသူတွေကို လုံးဝ သတိမပြုမိခဲ့ပါဘူး။ သူက အခုမှ ရုတ်တရက် ဟူးညို ကဒီနေရာမှာ ရှိနေတယ် ဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။

တကယ်လို့ ဟူးညိုက ဒီနေရာမှာဆိုတော့ ဒါဆိုယင် ဖြစ်နိုင်တာက.......?

သူက လျှင်မြန်စွာနဲ့ပဲ သူရဲ့ မျက်လုံးတွေနဲ့ ပါတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပါတယ်။ သူက လင်းဟန်ကို မြင်သွားတဲ့အခါမှာတော့ သူရဲ့ မျက်နှာပေါ်မှာ တောက်ပတဲ့ အပြုံး တစ်ခု ရုတ်တရက်ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူက လင်းဟန်ဆီကို ပြေးသွားပြီးတော့ သူရဲ့ ခေါင်းကို အောက်သို့ငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က ဒီနေရာမှာရှိနေတာကို ကျနော်မသိခဲ့ပါဘူး.. ဒီ ယွမ်ချူး ကလာပြီးတော့ နှုတ်မဆက်တာကို ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ``

``အဟွတ် အဟွတ်``

ဒီမြင်ကွင်းကို သူတို့မြင်လိုက်ရတဲ့အခါမှာ လူတိုင်းလူတိုင်းပဲ

ချက်ချင်း ချောင်းဆိုးကုန် ပါတယ်။

ဟော့ဟော့ဟော့ မင်းက အလွန်အမင်း မြင့်မားတဲ့ တော်ဝင်အဆင့်အတန်းရှိတဲ့ အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်လေ.. မင်းကဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ဖိနပ်ကို ယက်တဲ့ပုံစံမျိုး လုပ်ပြနေဖို့ လိုလို့လား? သူ့ရဲ့ အပြုံးတွေက သောက်ရှူးကြယ်တစ်ခုလိုမျိုးကို တောက်ပ နေပါတယ်။ သေစမ်း..သူက ဒီလောက်တောင် ကပ်ဖားရပ်ဖားလုပ်နေတာ ဒါက သူ့အနေနဲ့ လုံးဝကို အရှက်မရှိတာပဲ။

အကြီးဆုံးအဒေါ် နဲ့ အငယ်ဆုံးအဒေါ် က တအံ့တဩနဲ့ ပါးစပ်အဟောင်းသားဖြစ်ပြီး သူမတို့ရဲ့ လျှာတွေ အပြင်ကို ထွက်ကုန်ပါတယ်။ သူမတို့ရဲ့ မျက်လုံးတွေ တောင်မှ ပြူးထွက်လာပြီးတော့ ထွက်ကျလုမတတ် ပုံစံဖြစ်နေပါတယ်။

ဒါက တောသားတစ်ယောက်မဟုတ်ဘူးလား? သူက ဂျင်ပုကို ဖိတ်ကြားလို့ သူတို့ရဲ့ ညစာစားပွဲကို လာပြီးတော့ တက်တာမဟုတ်ဘူးလား? ဘာဖြစ်လို့ တော်ဝင်အဆင့် အတန်းနဲ့ ဂရန်းမာစတာ ယွမ်ချူးတောင်မှ သူ့ကို ရိုသေလေးစားမှုအပြည့်နဲ့ သခင်လေးဟန်လို့

ခေါ်နေရတာလဲ? ဒီနေရာမှာ ဘာတွေများ ဖြစ်ကုန်ပြီလဲ?

ပူချမ့်ဖုန်း လည်းပဲ အံ့အားသင့်သွားခဲ့ပါတယ်။ သူက အနက်ရောင် အလယ်အလတ် အဆင့်မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမှတ်အသားသင်္ကေတ က ဘယ်လောက်တောင်မှ အံ့ဩဖို့ ကောင်းတယ်ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး တော်ဝင်အဆင့်အတန်းရှိတဲ့ လူတစ်ယောက်တောင်မှ လင်းဟာန်ရဲ့ အရှေ့မှာ ကပ်ဖားရပ်ဖား အပြုအမူကို တကယ်ပဲ လုပ်ဆောင်နေပါတယ်။ ဒါက တကယ့်ကို မယုံကြည်နိုင်စရာပါပဲ။

တကယ်လို့ ပူကလန်ရဲ့ ခေါင်းဆောင်ကိုယ်တိုင် ဒီနေရာမှာ ရှိနေယင်တောင်မှ ဒီ ယွမ်ချူး ရဲ့ အပြုအမူက ဒီလောက် ကျိုးနွံဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

မှော်ဆေးပညာရှင်တွေက အရမ်းကို ဂုဏ်မောက်တဲ့ အုပ်စုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့ကို မင်းရဲ့ အရှေ့မှာ ခေါင်းငုံ့စေချင်တယ်ဆိုယင် နည်းလမ်း တစ်ခုပဲရှိပါတယ်။ အဲဒါက သူတို့ကို မှော်ဆေးပညာနဲ့ ပါတ်သတ်ပြီးတော့ ကျော်လွှန် နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာက ပြဿနာက လင်းဟာန်ရဲ့ အသက်က ဘယ်လောက်ပဲရှိသေးလို့လဲ? သူက

မော်ဆေးပညာမှာ ယွမ်ချူးထက်သာတယ် ဆိုတာကို ဘယ်သူက ယုံကြည်နိုင်မှာလဲ?

အဲဒီအချိန်မှာ ပါတ်ဂန်းကျင်တစ်ခုလုံးက လုံးဂကို ပဲ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဘယ်သူကမှ စကားတစ်ခွန်းမပြောကြပါဘူး။

``တကယ်လား.. မင်းနဲ့ အတူ ဘယ်လိုလူစားတွေကို ခေါ်လာခဲ့တာလဲ?``

လင်းဟန်က မျက်မှောင်ကြုံ့လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေတဲ့ပုံစံပါပဲ။

ပူချမ့်ဖုန်းက ဒီအချိန်မှာ ဒေါသတွေ ပျံထွက်သွားပစ်လိုက်ချင်ပါတယ်။ ဒါက သူတို့ကို စော်ကားလိုက်တဲ့ အပြုအမူပါပဲ။ တကယ်လို့ လင်းဟန်က အင်အားကြီးကလန် တစ်ခုရဲ့ ကြီးမြတ်တဲ့ အကြီးအကဲတစ်ယောက် ဆိုယင် သူ့အနေနဲ့ ဘာမှမတုံ့ပြန်ပါဘူး။ ဒါပေမဲ့ လင်းဟန်လို ပိန်းတိန်းတိန်း လူသစ်တစ်ယောက်က သူ့ရဲ့ မျက်နှာအရှေ့မှာ သူ့ကို လှောင်ပြောင် သရော်ပုံ့တယ်။ သူ့အနေနဲ့ ဒီလိုမျိုး အရှက်ခွဲစော်ကားတာကို ဘယ်လိုလုပ်ပြီးတော့

လက်ခံနိုင်မှာလဲ?

``ဟုတ်ကဲ့ ဟုတ်ကဲ့ အားလုံးက ယွမ်ချူးရဲ့ သေသေချာချာ မကြည့်မိတဲ့ အပြစ်တွေချည်းပါပဲ.. ကျေးဇူးပြုပြီးတော့ ကျနော့်ရဲ့ အမှားကို ခွင့်လွှတ်ပေးပါ သခင်လေးဟန်``

ယွမ်ချူးက တကယ်ကြီး ဒီလိုမျိုး သူ့ရဲ့ အမှားလို့ ဝန်ခံလိုက်မယ်ဆိုတာကို ဘယ်သူက တွေးမိမှာလဲ.. သူ့ရဲ့ အပြုအမူတွေက ပိုပြီးတော့ ထူးဆန်း လာပြီးတော့ သူ့ကိုယ်သူ လင်းဟန်ရဲ့ မော်ဆေး ပညာသင်တပည့်တစ်ယောက်လိုမျိုး ပြုမူ နေပါတယ်။

ပူချမ့်ဖုန်းက သူ့ရဲ့ လျှာဖျားကနေ ထွက်ကာနီး စကားလုံးတွေကို အတင်းအဓမ္မ ပြန်ပြီး တော့ မျိုချလိုက်ရပါတယ်။

ယွမ်ချူးက ငတုံးငအလား? မဟုတ်ပါဘူး။ ယွမ်ချူးမှာ မြင့်မားတဲ့ အဆင့်အတန်း မရှိဘူးလား? မဟုတ်ပါဘူး။

ဒါပေမဲ့ ယွမ်ချူးတောင်မှ အရမ်းကို သိသာထင်ရှားတဲ့ ကပ်ဖားရပ်ဖား အပြုအမူ ကို လုပ်နေမှတော့ လင်းဟန်ရဲ့ အစစ်အမှန် ကိုယ်ပိုင်လက္ခဏာက ဘယ်လောက်တောင်

ကြောက်မက်ဖွယ်ရာကောင်းလိုလဲ?

ပူချမ့်ဖုန်းက မဆင်မခြင်လုပ်တတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ သူက ချက်ချင်းပဲ ဒီနေရာက အခြေအနေကို စဉ်းစားမိလိုက်ပါတယ်။

``မေ့လိုက်တော့``

လင်းဟန်ကသူရဲ့ လက်ကို ဖေ့ပြီးတော့ ပူချမ့်ဖုန်းကို တောက်ပစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်က ခင်ဗျားရဲ့ ပူကလန်က အဖွဲ့သားတွေကို ရိုက်နှက်ဆုံးမလိုက်တဲ့ သူပဲ.. ဒါဆိုယင် အခု ခင်ဗျားဘာလုပ်ချင်သလဲ?``

ဘာလုပ်ရမှာလဲ? ပုံမှန်ဆိုယင် သူ့ကို သတ်ပြီးတော့ တစ်ခြားသူတွေကို သတိပေးလိုက်သလိုမျိုးလုပ်ရမှာပေ့ါ။

ဒါက ပူချမ့်ဖုန်းရဲ့ အစောပိုင်းကအတွေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူ့မှာ ဒီလိုမျိုး ဆန္ဒ ဘယ်လိုလုပ်ပြီးတော့ ရှိပ့ံတော့မှာလဲ? ယွမ်ချူးက သူ့ကို အရမ်းကို မနှစ်သက်တဲ့ ပုံစံနဲ့ ကြည့်နေတယ်လေ။ တကယ်လို့ သူက ဒီကိစ္စနဲ့ပါတ်သတ်ပြီး

ဆန့်ကျင်တဲ့ စကားတစ်ခွန်းပြောပုံ့တယ်ဆိုယင် ယွမ်ချူးက သူ့ကို ချက်ချင်းဆိုသလို အပြင်းအထန် ရန်လို လာပါလိမ့်မယ်။

သူက သက်ပြင်းကြိတ်ချလိုက်ပီးတော့ ဒီတိုက်ပွဲက မစခင် ကတည်းက သူက ရှုံး နေပြီးဆိုတာကို သိလိုက်ပါတယ်။

သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ သူ့ရဲ့ ကလန်ကလဲ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို လုံး၈ ဆန့်ကျင်ပုံ့မှာမဟုတ်ပါဘူး။

``ဟားဟား.. သခင်လေးဟန်က နောက်တတ်တာပဲ။ ဒီ ကောင်တွေက သခင်လေးဟန်ကို ဆန့်ကျင်မှတော့ တကယ်လို့ သခင်လေးဟန် က မလှုပ်ရှား ယင်တောင်မှ ကျုပ်က သူတို့ကို သင်ခန်းစာကောင်းကောင်းပေးလိုက်မှာပါ``

ပူချမ့်ဖုန်းက ရီမောလိုက်ပါတယ်။ သူ့ရဲ့ အစောပိုင်းက အတွေးတွေကို အနည်းငယ်မျှတောင် သစ္စာဖောက်တဲ့ ပုံစံမျိုး တောင် မမြင်ရပါဘူး။

တကယ့်ကို မြေခွေးအိုကြီး တစ်ကောင်ပဲ။၉)

မျက်နှာလိုမျက်နှာရ လုပ်တဲ့ ဂရန်းမာစတာ ယွမ်ချူး

``အကြီးအကဲ ချမ့်ဖုန်း``

အစိမ်းရောင် ဂတ်စုံနဲ့လူ ရယ် သူရဲ့ အဖော်နှစ်ယောက်ရယ် တစ်ပြိုင် နက်ထဲ အော် ခေါ်လိုက်ပါတယ် သူတို့ရဲ့ အသံတွေမှာ စိတ်မကောင်းမှုတွေနဲ့ နာကျည်းမှုတွေ ပြည့်နှက်နေခဲ့ပါတယ်။

ဘယ်လိုလုပ် မဖြစ်နိုင်ရမှာလဲ? ပုံမှန်ဆိုယင် သူတို့အားလုံးက တစ်ခြားလူတွေကို အနိုင်ကျင့် ကြပါတယ်။ အခုတော့ သူတို့က တကယ့်ကို ရိုက်နှက်ဆုံးမခံရပြီးတော့ တစ်စုံတစ်ယောက်ရဲ့ နင်းခြေခြင်းကို ဒီနေ့မှာတော့ ခံလိုက်ကြရပါတယ်။

တံခါးအပြင်ဘက်မှာတော့ ယောက်ျားကြီးနှစ်ယောက် မတ်တပ်ရပ်နေကြပါတယ်။ တစ်ယောက်က ပိုပြီးတော့ အသက်ကြီးပုံရပြီးတော့ အသက်ခြောက်ဆယ်ခန့်ရှိတဲ့ ပုံစံပါပဲ။ သူက အနီရောင် ပိုးထည်ဂတ်စုံကို ဂတ်ဆင်ထားပြီးတော့ သူရဲ့ ဆံပင် တွေက လုံးဂ အနက်ရောင်ဖြစ်နေပြီးတော့ သူ့ရဲ့မျက်နှာကလဲ ချောမွေ့နေပြီး သူ့ကိုကြည့်ရတာ အရွယ်တင် နုပျိုနေပါတယ်။

တစ်ခြားတစ်ယောက်ကတော့ အသက် အတူတူလောက်ပဲ ရှိပြီးတော့ ငွေရောင်တံဆိပ်ပြားနှစ်ခုကို သူ့ရဲ့ ရင်ဘတ် မှာ ချိတ်ဆွဲထားပါတယ်။ ဗဟုသုတ အနည်းငယ်ရှိတဲ့ မည်သူမဆို ဒီလူကြီးက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်တယ်ဆိုတာကို သိနိုင်ပါလိမ့်မယ်။

သူတို့ထဲက တစ်ယောက်က ပူကလန်ရဲ့ အကြီးအကဲ တစ်ယောက် ဖြစ်တဲ့ ပူချမ့်ဖုန်း ပဲဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်ကတော့ ဂရန်းမာစတာ ယွမ်ချူးယွမ်ပဲ ဖြစ်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး ကိုနှုတ်ဆက်ပါတယ်။ ဆရာပူ ကို နှုတ်ဆက်ပါတယ်``

ကျန်းကလန်ရဲ့ အဖွဲ့ဝင်အားလုံးနဲ့ ကျန်တဲ့ သူတွေအားလုံးက အရှေ့ကို ခြေလှမ်း တိုးပြီးတော့ သူတို့က အရိုအသေပေးလိုက်ကြပါတယ်။ သူတို့အတွက် ဒီလူနှစ်ယောက်က အရမ်းကို အရေးကြီးတဲ့ သူတွေပဲဖြစ်ပါတယ်။ ပုံမှန်ဆိုယင် သူတို့အတွက်တော့ အဆင့်အတန်းမြင့်တဲ့ ဒီလူနှစ်ယောက်ကို မြင်ရဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့ အခုတော့ ရုတ်တရက်ဆိုသလိုပဲ

သူတို့က ဒီ အရေးပါတဲ့ လူနှစ်ယောက်နဲ့ ဆုံတွေ့နေပါပြီ.. ဒီအံ့အားသင့်စရာကောင်းတဲ့ လှွမ်းမိုးမှုက သူတို့ရဲ့ ခြေထောက်တွေကို တုန်ယင်သွားစေဖို့ အတွက် လုံလောက်ပါတယ်။

ယွမ်ချူးက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ကို မြင်လိုက်တဲ့အခါမှာ သူက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ အရမ်းကို မကျေမနပ်ဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီးနှစ်ယောက် က သူ့ကို ခွေးအိုကြီးလို့ တကယ်ပဲ စော်ကားပြောဆိုရဲတယ်။ ဂုဏ်ယူစရာ ကောင်းတဲ့ မှော်ဆေးပညာရှင်တစ်ယောက်အတွက်တော့ ဒါက အလွန်အမင်းကို အရှက်ခွဲ စော်ကားလိုက်တာပါပဲ။

``ငါက မင်းတို့ဆီက ဒီလိုမျိုး ရိုင်းစိုင်းတာကို ခံရဖို့ မထိုက်တန်ပါဘူး``

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အမှန်တကယ်တော့ သူ့ရဲ့ အဆင့်အတန်းနဲ့ ဆိုယင် ဒီ ပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက် လို အဆင့်အတန်းမျိုးကို အရေးတယူ လုပ်နေစရာ မလိုပါဘူး။

သူ့ရဲ့ နလုံးသားထဲမှာ အရမ်းကို ဒေါသထွက်နေလို့ပဲဖြစ်ပါတယ်။ တကယ်လို့ သူက သရော်တဲ့ စကားတစ်ခွန်း နှစ်ခွန်းကိုတောင် မပြောနိုင်ဘူးဆိုယင် သူ့ရဲ့ ဒေါသတွေ ကို ထွက်ပေါက်ရှာဖို့အတွက် နည်းလမ်းမရှိပါဘူး။ ဒီပုံပန်းသွင်ပြင်အရ အကြီးဆုံး အဒေါ်နဲ့ အငယ်ဆုံးအဒေါ်တို့က တကယ့်ကို အစွမ်းထက်တာပဲ .. သူ့ကို အနက်ရောင် အလတ်အလတ်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို သူ့ရဲ့ တည်ငြိမ်အေးချမ်းမှု ကိုပျောက်ဆုံးအောင်လို့ လုပ်နိုင်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး.. ကျမတို့ မျက်စိတွေကန်းနေခဲ့ပါတယ်။ ကျေးဇူးပြု ပြီးတော့ ကျမတို့ရဲ့ ရိုင်းပြမှုတွေအတွက် ခွင့်လွှတ်ပေးပြီးတော့ ကျမတို့ကို ချမ်းသာပေးပါရှင်``

အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် တို့နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်ကို ဒူးထောက်သွားကြပါတယ်။ သူတို့ကိုယ်သူတို့ ပါးရိုက်ပြီးတော့ အော်ဟစ်ငိုကြွေး နေကြပါတယ်။

ယွမ်ချူးက ဘာမှမလှုပ်ရှားပဲနဲ့ ပြောလိုက်ပါတယ်။

``မင်းတို့တွေက ဒီနေရာမှာ ငါ့ကို နှိမ်နင်းနိုင်တဲ့ တစ်စုံတစ်ယောက်ရှိတယ်လို့ မပြောခဲ့ကြဘူးလား? ငါအခု ဒီနေရာမှာ ရောက်နေပြီ.. ဒါကြောင့် သူ့ကို ခေါ်လိုက်ပါ``

ကျန်းဖေးရန်ရဲ့ အဖေနဲ့ ကျန်တဲ့သူတွေက မှင်တက်အံ့အားသင့်ကုန်ပါတယ်။ သူတို့က အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ်က ဘယ်လိုမျိုး လွတ်မြောက်အောင် လုပ်ဆောင်ခဲ့လဲဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူတို့က တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းလှပါတယ်။ သူတို့အချိန်အနည်းငယ်လောက် အသက်ရှင်ဖို့အတွက် ကျန်တဲ့ သူတွေကို ပြဿနာဖြစ်အောင်လို့ ဖန်တီးခဲ့ကြတာပဲ။

ထိုအချိန်အတွင်းမှာ ပူချမ့်ဖုန်း က အစိမ်းရောင်ဂဝတ်စုံနဲ့ လူကို ကြည့်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာက လုံးဝ ဖြူဖတ်ဖြူလျော် ဖြစ်သွားပြီးတော့ သူကမေးလိုက်ပါတယ်။

``ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ? မင်းတို့အားလုံး ဒီနေရာက လူအနည်းငယ် ကိုတောင်မှ မဖမ်းနိုင်ဘူးလား?

ပူကလန်ရဲ့ အဖွဲ့သားတွေက တစ်စုံတစ်ယောက် ကြောင့် တကယ်ပဲ ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမတာကို

ခံခဲ့ရတယ်။ သူတို့ရဲ့ သွားတွေ တောင်မှ ကျွတ်ထွက်ကုန်ပါတယ်။ ဒါက ပူကလန်ရဲ့ ဩဇာအာဏာကို စိန်ခေါ်လိုက်တာပဲ။

အစိမ်းရောင် ဂတ်စုံနဲ့ လူရယ် သူရဲ့ အဖော်နှစ်ယောက်ရောပါ သူတို့ရဲ့ ခေါင်းတွေကို ရုက်ရွံ့စွာနဲ့ ငုံ့လိုက်ကြပါတယ်။ သူတို့ရဲ့ ကလန် အကြီးအကဲကို မိန်းကလေးငယ် လေးကြောင့် သူတို့တွေရှုံးနိမ့်သွားတယ်ဆိုတာကို ဘယ်လုပ်လုပ်ပြီးတော့ ပြောနိုင်မှာလဲ?

``ဘယ်ဆရာသခင်များ ဒီနေရာမှာရှိနေတာလဲ.. ကျုပ်ရဲ့ တန်ဖိုးမရှိတဲ့ ဂျူနီယာ အနည်းငယ်ကို အပြစ်ပေးခဲ့တယ်ဆိုတော့ ဘာလို့ သင့်ကိုယ်သင် ကျုပ်အရှေ့ ကို ထွက်ပြီး လာမပြတာလဲ?``

ပူချမ့်ဖုန်း က သူရဲ့ မျက်လုံးတွေနဲ့ ဒီနေရာမှာရှိနေတဲ့ လူတွေအားလုံးကို ပျေ့ပြီးတော့ ကြည့်လိုက်ပါတယ်။ သူတို့ထဲက အစွမ်းထက်ဆုံးသူက ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့် ၉ ပဲရှိပါသေးတယ်။ ဒါကြောင့် ဒီနေရာက ဘယ်သူကမှ ပူကျွဲဖန်းကို ရှုံးနိမ့် သွားစေဖို့ လုံးဝ ဖြစ်နိုင်ချေမရှိပါဘူး။

``အဲဒါက သူပဲ``

အစိမ်းရောင်ဂုတ်စုံ နဲ့ လူက လင်းဟန်ကို ညွှန်ပြလိုက်ပါတယ်။

``သူလား?``

ပူချမ့်ဖုန်း ကိုကြည့်ရတာ အံ့အားသင့်သွားပြီးတော့ မျက်လုံးပြူးသွားပါတယ်။ ဒါက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မျှသာရှိသေးတဲ့ ဂျူနီယာလေးတစ်ယောက်ပဲ ဖြစ်ပါတယ်။ ပူကျွီဖန်းက ရူးများရူးသွားပြီလား?

``အဲဒါ သူပဲ``

အစိမ်းရောင် ဂုတ်စုံနဲ့ လူက သူ့ရဲ့ သွားတွေကို ကြိတ်ပြီးတော့ပြောလိုက်ပါတယ်။ သူ့ရဲ့ နဖူးပေါ်က သွေးကြောတွေက ဒေါသကြောင့် ထောင်လာခဲ့ပါတယ်။

``သူက လှည့်စားပြီးတော့ ခိုးကြောင်ခိုးဝှက် နည်းလမ်းတွေကို အသုံးပြုပြီး တော့ ကျနော့်ကို ရှုံးနိမ့်သွားစေခဲ့ပါတယယ်။ ကျနော်တို့ အားလုံးအတွက် သူ့ကို အပြစ်ပေးဖို့ အတွက် အကြီးအကဲ ချမ့်ဖုန်းကို

ကျနော်တောင်းဆိုပါတယ်``

သူ့ရဲ့ စကားတွေကို သူတို့ကြားလိုက်တဲ့အခါမှာ ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေနဲ့ ကျန်တဲ့သူအားလုံးပဲ အထင်သေးတဲ့အမူအရာတွေဖြစ်ကုန်ပါတယ်။ မင်းက မိန်းကလေးငယ်လေးတစ်ယောက်ကို ရှုံးနိမ့်ခဲ့ပြီးတော့ မင်းရဲ့ ပြိုင်ဘက်က မသမာတဲ့ နည်းလမ်းတွေကိုအသုံးပြုခဲ့တယ်လို့ ပြောရဲသေးတယ်။

``အိုး``

ပူချမ့်ဖုန်းက သူရဲ့ လက်ကိုအနောက်ကိုပစ်လိုက်ပီးတော့ သူရဲ့ မျက်လုံးအကြည့်တွေ က လင်းဟာန် အပေါ်ကို ကျရောက်နေပြီးတော့ သူ့ဆီကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟာန်က ဘယ်လိုခိုးကြောင်ခိုးပုက်နဲ့ လှည့်ဖျားတဲ့ နည်းလမ်း တွေကို အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည်ဖြစ်စေ သူက ပူကလန်ရဲ့ အဖွဲ့သားတွေကို ဆန့်ကျင်ရဲတယ်ဆိုမှတော့ သူ့အသက် ကိုပြန်ပြီးတော့ ပေးဆပ်ဖို့ အတွက်လုံလောက်ပါတယ်။

``ကောင်ကလေး.. မင်းကိုယ်မင်း သတ်သေမှာလား.

ဒါမှမဟုတ် ငါကိုယ်တိုင် လှုပ်ရှားတာရမှာလား?``

သူက တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

အဘိုးကြီးဆိုကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို အာရုံခံမိလိုက်တာနဲ့ ဟူးညိုက ချက်ချင်းပဲ မြေကြီးပေါ်ကို ခုန်အုပ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းကို အနည်းငယ် မော့ပြီးတော့ သူမရဲ့ သွားကို ဖြဲပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ သတိထားတဲ့ အမူအရာ တစ်ခု ဖြစ်လာခဲ့ပါတယ်။

``ဟင် ဟူးညိုလား?``

ယွမ်ချူးရဲ့ အာရုံက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ဖြစ်တဲ့သူဆီမှာပဲ ရှိနေတာပါ။ တစ်ခြားနည်းနဲ့ပြောရမယ်ဆိုယင် ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက်က တစ်ချိန်လုံးလိုလို ဂရန်းမာစတာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အာရုံကို ဖမ်းစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူက တစ်ခြားသူတွေကို လုံးဝ သတိမပြုမိခဲ့ပါဘူး။ သူက အခုမှ ရုတ်တရက် ဟူးညို ကဒီနေရာမှာ ရှိနေတယ် ဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။

တကယ်လို ဟူးညိုက ဒီနေရာမှာဆိုတော့ ဒါဆိုယင် ဖြစ်နိုင်တာက.......?

သူက လျှင်မြန်စွာနဲ့ပဲ သူရဲ့ မျက်လုံးတွေနဲ့ ပါတ်ဝန်းကျင်ကို ပွေ့ကြည့်လိုက်ပါတယ်။ သူက လင်းဟန်ကို မြင်သွားတဲ့အခါမှာတော့ သူရဲ့ မျက်နှာပေါ်မှာ တောက်ပတဲ့ အပြုံး တစ်ခု ရုတ်တရက်ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူက လင်းဟန်ဆီကို ပြေးသွားပြီးတော့ သူရဲ့ ခေါင်းကို အောက်သို့ငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က ဒီနေရာမှာရှိနေတာကို ကျနော်မသိခဲ့ပါဘူး.. ဒီ ယွမ်ချူး ကလာပြီးတော့ နှုတ်မဆက်တာကို ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ``

``အဟွတ် အဟွတ်``

ဒီမြင်ကွင်းကို သူတို့မြင်လိုက်ရတဲ့အခါမှာ လူတိုင်းလူတိုင်းပဲ ချက်ချင်း ချောင်းဆိုးကုန် ပါတယ်။

ဟော့ဟော့ဟော့ မင်းက အလွန်အမင်း မြင့်မားတဲ့ တော်ဝင်အဆင့်အတန်းရှိတဲ့ အနက်ရောင် အလယ်အလတ်အဆင့်

မှော်ဆေးပညာရှင်တစ်ယောက်လေ..
မင်းကဘာယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ဖိနပ်ကို ယက်တဲ့ပုံစံမျိုး လုပ်ပြနေဖို့ လိုလို့လား? သူ့ရဲ့ အပြုံးတွေက သောက်ရှုးကြယ်တစ်ခုလိုမျိုးကို တောက်ပ နေပါတယ်။ သေစမ်း..သူက ဒီလောက်တောင် ကပ်ဖားရပ်ဖားလုပ်နေတာ ဒါက သူ့အနေနဲ့ လုံးဝကို အရှက်မရှိတာပဲ။

အကြီးဆုံးအဒေါ် နဲ့ အငယ်ဆုံးအဒေါ် က တအံ့တဩနဲ့ ပါးစပ်အဟောင်းသားဖြစ်ပြီး သူမတို့ရဲ့ လျှာတွေ အပြင်ကို ထွက်ကုန်ပါတယ်။ သူမတို့ရဲ့ မျက်လုံးတွေ တောင်မှ ပြူးထွက်လာပြီးတော့ ထွက်ကျလုမတတ် ပုံစံဖြစ်နေပါတယ်။

ဒါက တောသားတစ်ယောက်မဟုတ်ဘူးလား? သူက ဂျင်ပုကို ဖိတ်ကြားလို့ သူတို့ရဲ့ ညစာစားပွဲကို လာပြီးတော့ တက်တာမဟုတ်ဘူးလား? ဘာဖြစ်လို့ တော်ဝင်အဆင့် အတန်းနဲ့ ဂရန်းမာစတာ ယွမ်ချူးတောင်မှ သူ့ကို ရိုသေလေးစားမှုအပြည့်နဲ့ သခင်လေးဟန်လို့ ခေါ်နေရတာလဲ? ဒီနေရာမှာ ဘာတွေများ ဖြစ်ကုန်ပြီလဲ?

ပူချမ့်ဖုန်း လည်းပဲ အံ့အားသင့်သွားခဲ့ပါတယ်။ သူက အနက်ရောင် အလယ်အလတ် အဆင့်မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမှတ်အသားသင်္ကေတ က

ဘယ်လောက်တောင်မှ အံ့ဩဖို့ ကောင်းတယ်ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး တော်ဂငအဆင့်အတန်းရှိတဲ့ လူတစ်ယောက်တောင်မှ လင်းဟန်ရဲ့ အရှေ့မှာ ကပ်ဖားရပ်ဖား အပြုအမူကို တကယ်ပဲ လုပ်ဆောင်နေပါတယ်။ ဒါက တကယ့်ကို မယုံကြည်နိုင်စရာပါပဲ။

တကယ်လို့ ပူကလန်ရဲ့ ခေါင်းဆောင်ကိုယ်တိုင် ဒီနေရာမှာ ရှိနေယင်တောင်မှ ဒီ ယွမ်ချူး ရဲ့ အပြုအမူက ဒီလောက် ကျိုးနွံ့ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

မှော်ဆေးပညာရှင်တွေက အရမ်းကို ဂုဏ်မောက်တဲ့ အုပ်စုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့ကို မင်းရဲ့ အရှေ့မှာ ခေါင်းငုံ့စေချင်တယ်ဆိုယင် နည်းလမ်း တစ်ခုပဲရှိပါတယ်။ အဲဒါက သူတို့ကို မှော်ဆေးပညာနဲ့ ပါတ်သတ်ပြီးတော့ ကျော်လွန် နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာက ပြဿနာက လင်းဟန်ရဲ့ အသက်က ဘယ်လောက်ပဲရှိသေးလို့လဲ? သူက မှော်ဆေးပညာမှာ ယွမ်ချူးထက်သာတယ် ဆိုတာကို ဘယ်သူက ယုံကြည်နိုင်မှာလဲ?

အဲဒီအချိန်မှာ ပါတ်ဂန်းကျင်တစ်ခုလုံးက လုံးဂကို ပဲ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဘယ်သူကမှ

စကားတစ်ခွန်းမပြောကြပါဘူး။

``တကယ်လား.. မင်းနဲ့ အတူ ဘယ်လိုလူစားတွေကို ခေါ်လာခဲ့တာလဲ?``

လင်းဟန်က မျက်မှောင်ကြုံ့လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေတဲ့ပုံစံပါပဲ။

ပူချမ့်ဖုန်းက ဒီအချိန်မှာ ဒေါသတွေ ပေါ်ထွက်သွားပစ်လိုက်ချင်ပါတယ်။ ဒါက သူတို့ကို စော်ကားလိုက်တဲ့ အပြုအမူပါပဲ။ တကယ်လို့ လင်းဟန်က အင်အားကြီးကလန် တစ်ခုရဲ့ ကြီးမြတ်တဲ့ အကြီးအကဲတစ်ယောက် ဆိုယင် သူ့အနေနဲ့ ဘာမှမတုံ့ပြန်ပါဘူး။ ဒါပေမဲ့ လင်းဟန်လို ပိန်းတိန်းတိန်း လူသစ်တစ်ယောက်က သူ့ရဲ့ မျက်နှာအရှေ့မှာ သူ့ကို လှောင်ပြောင် သရော်ပုံ့တယ်။ သူ့အနေနဲ့ ဒီလိုမျိုး အရှက်ခွဲစော်ကားတာကို ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ?

``ဟုတ်ကဲ့ ဟုတ်ကဲ့ အားလုံးက ယွမ်ချူးရဲ့ သေသေချာချာ မကြည့်မိတဲ့ အပြစ်တွေချည်းပါပဲ.. ကျေးဇူးပြုပြီးတော့ ကျနော့်ရဲ့ အမှားကို ခွင့်လွှတ်ပေးပါ သခင်လေးဟန်``

ယွမ်ချူးက တကယ်ကြီး ဒီလိုမျိုး သူ့ရဲ့ အမှားလို့ ဂန်ခံလိုက်မယ်ဆိုတာကို ဘယ်သူက တွေးမိမှာလဲ.. သူ့ရဲ့ အပြုအမူတွေက ပိုပြီးတော့ ထူးဆန်း လာပြီးတော့ သူကိုယ်သူ လင်းဟန်ရဲ့ မှော်ဆေး ပညာသင်တပည့်တစ်ယောက်လိုမျိုး ပြုမူ နေပါတယ်။

ပူချမ့်ဖုန်းက သူ့ရဲ့ လျှာဖျားကနေ ထွက်ကာနီး စကားလုံးတွေကို အတင်းအဓမ္မ ပြန်ပြီး တော့ မျိုချလိုက်ရပါတယ်။

ယွမ်ချူးက ငတုံးငအလား? မဟုတ်ပါဘူး။ ယွမ်ချူးမှာ မြင့်မားတဲ့ အဆင့်အတန်း မရှိဘူးလား? မဟုတ်ပါဘူး။

ဒါပေမဲ့ ယွမ်ချူးတောင်မှ အရမ်းကို သိသာထင်ရှားတဲ့ ကပ်ဖားရပ်ဖား အပြုအမူ ကို လုပ်နေမှတော့ လင်းဟန်ရဲ့ အစစ်အမှန် ကိုယ်ပိုင်လက္ခဏာက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းလို့လဲ?

ပူချမ့်ဖုန်းက မဆင်မခြင်လုပ်တတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ သူက ချက်ချင်းပဲ ဒီနေရာက အခြေအနေကို စဉ်းစားမိလိုက်ပါတယ်။

``မေ့လိုက်တော့``

လင်းဟန်ကသူ့ရဲ့ လက်ကို ဖေ့ပီးတော့ ပူချမ့်ဖုန်းကို တောက်ပစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်က ခင်ဗျားရဲ့ ပူကလန်က အဖွဲ့သားတွေကို ရိုက်နှက်ဆုံးမလိုက်တဲ့ သူပဲ.. ဒါဆိုယင် အခု ခင်ဗျားဘာလုပ်ချင်သလဲ?``

ဘာလုပ်ရမှာလဲ? ပုံမှန်ဆိုယင် သူ့ကို သတ်ပြီးတော့ တစ်ခြားသူတွေကို သတိပေးလိုက်သလိုမျိုးလုပ်ရမှာပေ့ါ။

ဒါက ပူချမ့်ဖုန်းရဲ့ အစောပိုင်းကအတွေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူ့မှာ ဒီလိုမျိုး ဆန္ဒ ဘယ်လိုလုပ်ပြီးတော့ ရှိပ့ံတော့မှာလဲ? ယွမ်ချူးက သူ့ကို အရမ်းကို မနစ်သက်တဲ့ ပုံစံနဲ့ ကြည့်နေတယ်လေ။ တကယ်လို့ သူက ဒီကိစ္စနဲ့ပါတ်သတ်ပြီး ဆန့်ကျင်တဲ့ စကားတစ်ခွန်းပြောပ့ံတယ်ဆိုယင် ယွမ်ချူးက သူ့ကို ချက်ချင်းဆိုသလို အပြင်းအထန် ရန်လို လာပါလိမ့်မယ်။

သူက သက်ပြင်းကြီတ်ချလိုက်ပီးတော့ ဒီတိုက်ပွဲက မစခင်

ကတည်းက သူက ရှုံး နေပြီးဆိုတာကို သိလိုက်ပါတယ်။

သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ သူ့ရဲ့ ကလန်ကလဲ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို လုံး၀ ဆန့်ကျင်ပုံမှာမဟုတ်ပါဘူး။

``ဟားဟား.. သခင်လေးဟန်က နောက်တတ်တာပဲ။ ဒီကောင်တွေက သခင်လေးဟန်ကို ဆန့်ကျင်မှတော့ တကယ်လို့ သခင်လေးဟန် က မလှုပ်ရှား ယင်တောင်မှ ကျုပ်က သူတို့ကို သင်ခန်းစာကောင်းကောင်းပေးလိုက်မှာပါ``

ပူချမ့်ဖုန်းက ရီမောလိုက်ပါတယ်။ သူ့ရဲ့ အစောပိုင်းက အတွေးတွေကို အနည်းငယ်မျှတောင် သစ္စာဖောက်တဲ့ ပုံစံမျိုး တောင် မမြင်ရပါဘူး။

တကယ့်ကို မြေခွေးအိုကြီး တစ်ကောင်ပဲ။(၉) မျက်နှာလိုမျက်နှာရ လုပ်တဲ့ ဂရန်းမာစတာ ယွမ်ချူး

``အကြီးအကဲ ချမ့်ဖုန်း``

အစိမ်းရောင် ၀တ်စုံနဲ့လူ ရယ် သူ့ရဲ့ အဖော်နှစ်ယောက်ရယ်

တစ်ပြိုင် နက်ထဲ အော် ခေါ်လိုက်ပါတယ် သူတို့ရဲ့ အသံတွေမှာ စိတ်မကောင်းမှုတွေနဲ့ နာကျဉ်းမှုတွေ ပြည့်နက်နေခဲ့ပါတယ်။

ဘယ်လိုလုပ် မဖြစ်နိုင်ရမှာလဲ? ပုံမှန်ဆိုယင် သူတို့အားလုံးက တစ်ခြားလူတွေကို အနိုင်ကျင့် ကြပါတယ်။ အခုတော့ သူတို့က တကယ့်ကို ရိုက်နက်ဆုံးမခံရပြီးတော့ တစ်စုံတစ်ယောက်ရဲ့ နင်းခြေခြင်းကို ဒီနေ့မှာတော့ ခံလိုက်ကြရပါတယ်။

တံခါးအပြင်ဘက်မှာတော့ ယောက်ျားကြီးနှစ်ယောက် မတ်တပ်ရပ်နေကြပါတယ်။ တစ်ယောက်က ပိုပြီးတော့ အသက်ကြီးပုံရပြီးတော့ အသက်ခြောက်ဆယ်ခန့်ရှိတဲ့ ပုံစံပါပဲ။ သူက အနီရောင် ပိုးထည်ဂတ်စုံကို ဂတ်ဆင်ထားပြီးတော့ သူ့ရဲ့ ဆံပင် တွေက လုံးဂ အနက်ရောင်ဖြစ်နေပြီးတော့ သူ့ရဲ့မျက်နှာကလဲ ချောမွေ့နေပြီး သူ့ကိုကြည့်ရတာ အရွယ်တင် နုပျိုနေပါတယ်။ တစ်ခြားတစ်ယောက်ကတော့ အသက် အတူတူလောက်ပဲ ရှိပြီးတော့ ငွေရောင်တံဆိပ်ပြားနှစ်ခုကို သူ့ရဲ့ ရင်ဘတ် မှာ ချိတ်ဆွဲထားပါတယ်။ ဗဟုသုတ အနည်းငယ်ရှိတဲ့ မည်သူမဆို ဒီလူကြီးက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်

ဖြစ်တယ်ဆိုတာကို သိနိုင်ပါလိမ့်မယ်။

သူတို့ထဲက တစ်ယောက်က ပူကလန်ရဲ့ အကြီးအကဲ တစ်ယောက် ဖြစ်တဲ့ ပူချမ့်ဖုန်း ပဲဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်ကတော့ ဂရန်းမာစတာ ယွမ်ချူးယွမ်ပဲ ဖြစ်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး ကိုနှုတ်ဆက်ပါတယ်။ ဆရာပူ ကို နှုတ်ဆက်ပါတယ်``

ကျန်းကလန်ရဲ့ အဖွဲ့ဝင်အားလုံးနဲ့ ကျန်တဲ့ သူတွေအားလုံးက အရှေ့ကို ခြေလှမ်း တိုးပြီးတော့ သူတို့က အရိုအသေပေးလိုက်ကြပါတယ်။ သူတို့အတွက် ဒီလူနှစ်ယောက်က အရမ်းကို အရေးကြီးတဲ့ သူတွေပဲဖြစ်ပါတယ်။ ပုံမှန်ဆိုယင် သူတို့အတွက်တော့ အဆင့်အတန်းမြင့်တဲ့ ဒီလူနှစ်ယောက်ကို မြင်ရဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့ အခုတော့ ရုတ်တရက်ဆိုသလိုပဲ သူတို့က ဒီ အရေးပါတဲ့ လူနှစ်ယောက်နဲ့ ဆုံတွေ့နေပါပြီ.. ဒီအံ့အားသင့်စရာကောင်းတဲ့ လွှမ်းမိုးမှုက သူတို့ရဲ့ ခြေထောက်တွေကို တုန်ယင်သွားစေဖို့ အတွက် လုံလောက်ပါတယ်။

ယွမ်ချုံးက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ကို မြင်လိုက်တဲ့အခါမှာ သူက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ အရမ်းကို မကျေမနပ်ဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီးနှစ်ယောက် က သူကို ခွေးအိုကြီးလို့ တကယ်ပဲ စော်ကားပြောဆိုရဲတယ်။ ဂုဏ်ယူစရာ ကောင်းတဲ့ မှော်ဆေးပညာရှင်တစ်ယောက်အတွက်တော့ ဒါက အလွန်အမင်းကို အရှက်ခွဲ စော်ကားလိုက်တာပါပဲ။

``ငါက မင်းတို့ဆီက ဒီလိုမျိုး ရိုသေလေးစားတာကို ခံရဖို့ မထိုက်တန်ပါဘူး``

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အမှန်တကယ်တော့ သူ့ရဲ့ အဆင့်အတန်းနဲ့ ဆိုယင် ဒီ ပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက် လို အဆင့်အတန်းမျိုးကို အရေးတယူ လုပ်နေစရာ မလိုပါဘူး။ သူ့ရဲ့ နှလုံးသားထဲမှာ အရမ်းကို ဒေါသထွက်နေလို့ပဲဖြစ်ပါတယ်။ တကယ်လို့ သူက သရော်တဲ့ စကားတစ်ခွန်း နှစ်ခွန်းကိုတောင် မပြောနိုင်ဘူးဆိုယင် သူ့ရဲ့ ဒေါသတွေ ကို ထွက်ပေါက်ရှာဖို့အတွက် နည်းလမ်းမရှိပါဘူး။ ဒီပုံပန်းသွင်ပြင်အရ အကြီးဆုံး အဒေါ်နဲ့

အငယ်ဆုံးအဒေါ်တို့က တကယ့်ကို အစွမ်းထက်တာပဲ .. သူကို အနက်ရောင် အလတ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူရဲ့ တည်ငြိမ်အေးချမ်းမှု ကိုပျောက်ဆုံးအောင်လို့ လုပ်နိုင်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး.. ကျမတို့ မျက်စိတွေကန်းနေခဲ့ပါတယ်။ ကျေးဇူးပြု ပြီးတော့ ကျမတို့ရဲ့ ရိုင်းပြမှုတွေအတွက် ခွင့်လွှတ်ပေးပြီးတော့ ကျမတို့ကို ချမ်းသာပေးပါရှင်``

အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် တို့နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်ကို ဒူးထောက်သွားကြပါတယ်။ သူတို့ကိုယ်သူတို့ ပါးရိုက်ပြီးတော့ အော်ဟစ်ငိုကြွေး နေကြပါတယ်။

ယွမ်ချူးက ဘာမှမလှုပ်ရှားပဲနဲ့ ပြောလိုက်ပါတယ်။

``မင်းတို့တွေက ဒီနေရာမှာ ငါ့ကို နှိမ်နင်းနိုင်တဲ့ တစ်စုံတစ်ယောက်ရှိတယ်လို့ မပြောခဲ့ကြဘူးလား? ငါအခု ဒီနေရာမှာ ရောက်နေပြီ.. ဒါကြောင့် သူကို ခေါ်လိုက်ပါ``

ကျန်းဖေးရန်ရဲ့ အဖေနဲ့ ကျန်တဲ့သူတွေက

မှင်တက်အံ့အားသင့်ကုန်ပါတယ်။ သူတို့က အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ်က ဘယ်လိုမျိုး လွတ်မြောက်အောင် လုပ်ဆောင်ခဲ့လဲဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူတို့က တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းလှပါတယ်။ သူတို့အချိန်အနည်းငယ်လောက် အသက်ရှင်ဖို့အတွက် ကျန်တဲ့ သူတွေကို ပြဿနာဖြစ်အောင်လို့ ဖန်တီးခဲ့ကြတာပဲ။

ထိုအချိန်အတွင်းမှာ ပူချမ့်ဖုန်း က အစိမ်းရောင်ဂတ်စုံနဲ့ လူကို ကြည့်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာက လုံးဝ ဖြူဖတ်ဖြူရော် ဖြစ်သွားပြီးတော့ သူကမေးလိုက်ပါတယ်။

``ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ? မင်းတို့အားလုံး ဒီနေရာက လူအနည်းငယ် ကိုတောင်မှ မဖမ်းနိုင်ဘူးလား?

ပူကလန်ရဲ့ အဖွဲ့သားတွေက တစ်စုံတစ်ယောက် ကြောင့် တကယ်ပဲ ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမတာကို ခံခဲ့ရတယ်။ သူတို့ရဲ့ သွားတွေ တောင်မှ ကျွတ်ထွက်ကုန်ပါတယ်။ ဒါက ပူကလန်ရဲ့ သြဇာအာဏာကို စိန်ခေါ်လိုက်တာပဲ။

အစိမ်းရောင် ဂတ်စုံနဲ့ လူရယ် သူ့ရဲ့ အဖော်နှစ်ယောက်ရောပါ

သူတို့ရဲ့ ခေါင်းတွေကို ရှက်ရွံ့စွာနဲ့ ငုံ့လိုက်ကြပါတယ်။ သူတို့ရဲ့ ကလန် အကြီးအကဲကို မိန်းကလေးငယ် လေးကြောင့် သူတို့တွေရှုံးနိမ့်သွားတယ်ဆိုတာကို ဘယ်လုပ်လုပ်ပြီးတော့ ပြောနိုင်မှာလဲ?

``ဘယ်ဆရာသခင်များ ဒီနေရာမှာရှိနေတာလဲ.. ကျုပ်ရဲ့ တန်ဖိုးမရှိတဲ့ ဂျူနီယာ အနည်းငယ်ကို အပြစ်ပေးခဲ့တယ်ဆိုတော့ ဘာလို့ သင့်ကိုယ်သင် ကျုပ်အရှေ့ ကို ထွက်ပြီး လာမပြတာလဲ?``

ပူချမ့်ဖုန်း က သူ့ရဲ့ မျက်လုံးတွေနဲ့ ဒီနေရာမှာရှိနေတဲ့ လူတွေအားလုံးကို ဝေ့ပြီးတော့ ကြည့်လိုက်ပါတယ်။ သူတို့ထဲက အစွမ်းထက်ဆုံးသူက ဒြပ်စင်စုစည်းခြင်းအလွှာ အဆင့် ၉ ပဲရှိပါသေးတယ်။ ဒါကြောင့် ဒီနေရာက ဘယ်သူကမှ ပူကျို့ဖန်းကို ရှုံးနိမ့် သွားစေဖို့ လုံးဝ ဖြစ်နိုင်ချေမရှိပါဘူး။

``အဲဒါက သူပဲ``

အစိမ်းရောင်ဂတ်စုံ နဲ့ လူက လင်းဟန်ကို ညွှန်ပြလိုက်ပါတယ်။

``သူလား?``

ပုချမ့်ဖုန်း ကိုကြည့်ရတာ အံ့အားသင့်သွားပြီးတော့ မျက်လုံးပြူးသွားပါတယ်။ ဒါက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မျှသာရှိသေးတဲ့ ဂျူနီယာလေးတစ်ယောက်ပဲ ဖြစ်ပါတယ်။ ပုကျွီဖန်းက ရူးများရူးသွားပြီလား?

``အဲဒါ သူပဲ``

အစိမ်းရောင် ဂဝတ်စုံနဲ့ လူက သူ့ရဲ့ သွားတွေကို ကြိတ်ပြီးတော့ပြောလိုက်ပါတယ်။ သူ့ရဲ့ နဖူးပေါ်က သွေးကြောတွေက ဒေါသကြောင့် ထောင်လာခဲ့ပါတယ်။

``သူက လှည့်စားပြီးတော့ ခိုးကြောင်ခိုးဝှက် နည်းလမ်းတွေကို အသုံးပြုပြီး တော့ ကျနော့်ကို ရှုံးနိမ့်သွားစေခဲ့ပါတယယ်။ ကျနော်တို့ အားလုံးအတွက် သူ့ကို အပြစ်ပေးဖို့ အတွက် အကြီးအကဲ ချမ့်ဖုန်းကို ကျနော်တောင်းဆိုပါတယ်``

သူ့ရဲ့ စကားတွေကို သူတို့ကြားလိုက်တဲ့အခါမှာ ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေနဲ့ ကျန်တဲ့သူအားလုံးပဲ အထင်သေးတဲ့အမူအရာတွေဖြစ်ကုန်ပါတယ်။ မင်းက

မိန်းကလေးငယ်လေးတစ်ယောက်ကို ရှုံးနိမ့်ခဲ့ပြီးတော့ မင်းရဲ့ ပြိုင်ဘက်က မသမာတဲ့ နည်းလမ်းတွေကိုအသုံးပြုခဲ့တယ်လို့ ပြောရဲသေးတယ်။

``အိုး``

ပူချမ့်ဖုန်းက သူ့ရဲ့ လက်ကိုအနောက်ကိုပစ်လိုက်ပီးတော့ သူ့ရဲ့ မျက်လုံးအကြည့်တွေ က လင်းဟန် အပေါ်ကို ကျရောက်နေပြီးတော့ သူ့ဆီကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟန်က ဘယ်လိုခိုးကြောင်ခိုးဝှက်နဲ့ လှည့်ဖျားတဲ့ နည်းလမ်း တွေကို အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည်ဖြစ်စေ သူက ပူကလန်ရဲ့ အဖွဲ့သားတွေကို ဆန့်ကျင်ရဲတယ်ဆိုမှတော့ သူ့အသက် ကိုပြန်ပြီးတော့ ပေးဆပ်ဖို့ အတွက်လုံလောက်ပါတယ်။

``ကောင်ကလေး.. မင်းကိုယ်မင်း သတ်သေမှာလား. ဒါမှမဟုတ် ငါကိုယ်တိုင် လှုပ်ရှားတာရမှာလား?``

သူက တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

အဘိုးကြီးဆိုကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို

အာရုံခံမိလိုက်တာနဲ့ ဟူးညို့က ချက်ချင်းပဲ မြေကြီးပေါ်ကို ခုန်အုပ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းကို အနည်းငယ် မော့ပြီးတော့ သူမရဲ့ သွားကို ဖြဲပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ သတိထားတဲ့ အမူအရာ တစ်ခု ဖြစ်လာခဲ့ပါတယ်။

``ဟင် ဟူးညို့လား?``

ယွမ်ချူးရဲ့ အာရုံက အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ်ဖြစ်တဲ့သူဆီမှာပဲ ရှိနေတာပါ။ တစ်ခြားနည်းနဲ့ပြောရမယ်ဆိုယင် ဒီပါးစပ်ပေါက်ဆိုးတဲ့ အမျိုးသမီး နှစ်ယောက်က တစ်ချိန်လုံးလိုလို ဂရန်းမာစတာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အာရုံကို ဖမ်းစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူက တစ်ခြားသူတွေကို လုံး၀ သတိမပြုမိခဲ့ပါဘူး။ သူက အခုမှ ရုတ်တရက် ဟူးညို့ ကဒီနေရာမှာ ရှိနေတယ် ဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။

တကယ်လို့ ဟူးညို့က ဒီနေရာမှာဆိုတော့ ဒါဆိုယင် ဖြစ်နိုင်တာက.......?

သူက လျှင်မြန်စွာနဲ့ပဲ သူ့ရဲ့ မျက်လုံးတွေနဲ့ ပါတ်ဝန်းကျင်ကို ပေ့ကြည့်လိုက်ပါတယ်။ သူက လင်းဟန်ကို

မြင်သွားတဲ့အခါမှာတော့ သူ့ရဲ့ မျက်နှာပေါ်မှာ တောက်ပတဲ့ အပြုံး တစ်ခု ရုတ်တရက်ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူက လင်းဟန်ဆီကို ပြေးသွားပြီးတော့ သူ့ရဲ့ ခေါင်းကို အောက်သို့ငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က ဒီနေရာမှာရှိနေတာကို ကျနော်မသိခဲ့ပါဘူး.. ဒီ ယွမ်ချူး ကလာပြီးတော့ နှုတ်မဆက်တာကို ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ``

``အဟွတ် အဟွတ်``

ဒီမြင်ကွင်းကို သူတို့မြင်လိုက်ရတဲ့အခါမှာ လူတိုင်းလူတိုင်းပဲ ချက်ချင်း ချောင်းဆိုးကုန် ပါတယ်။

ဟော့ဟော့ဟော့ မင်းက အလွန်အမင်း မြင့်မားတဲ့ တော်ဂင်အဆင့်အတန်းရှိတဲ့ အနက်ရောင် အလယ်အလတ်အဆင့်
မှော်ဆေးပညာရှင်တစ်ယောက်လေ..
မင်းကဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ဖိနပ်ကို ယက်တဲ့ပုံစံမျိုး လုပ်ပြနေဖို့ လိုလို့လား? သူ့ရဲ့ အပြုံးတွေက သောက်ရှူးကြယ်တစ်ခုလိုမျိုးကို တောက်ပ နေပါတယ်။ သေစမ်း..သူက ဒီလောက်တောင် ကပ်ဖားရပ်ဖားလုပ်နေတာ

ဒါက သူ့အနေနဲ့ လုံးဝကို အရှက်မရှိတာပဲ။

အကြီးဆုံးအဒေါ် နဲ့ အငယ်ဆုံးအဒေါ် က တအံ့တသြနဲ့ ပါးစပ်အပေါက်အဟောင်းသားဖြစ်ပြီး သူမတို့ရဲ့ လျှာတွေ အပြင်ကို ထွက်ကုန်ပါတယ်။ သူမတို့ရဲ့ မျက်လုံးတွေ တောင်မှ ပြူးထွက်လာပြီးတော့ ထွက်ကျလုမတတ် ပုံစံဖြစ်နေပါတယ်။

ဒါက တောသားတစ်ယောက်မဟုတ်ဘူးလား? သူက ဂျင်ပူကို ဖိတ်ကြားလို့ သူတို့ရဲ့ ညစာစားပွဲကို လာပြီးတော့ တက်တာမဟုတ်ဘူးလား? ဘာဖြစ်လို့ တော်ဝင်အဆင့် အတန်းနဲ့ ဂရန်းမာစတာ ယွမ်ချူးတောင်မှ သူ့ကို ရိုသေလေးစားမှုအပြည့်နဲ့ သခင်လေးဟန်လို့ ခေါ်နေရတာလဲ? ဒီနေရာမှာ ဘာတွေများ ဖြစ်ကုန်ပြီလဲ?

ပူချမ့်ဖုန်း လည်းပဲ အံ့အားသင့်သွားခဲ့ပါတယ်။ သူက အနက်ရောင် အလယ်အလတ် အဆင့်မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမှတ်အသားသင်္ကေတ က ဘယ်လောက်တောင်မှ အံ့သြဖို့ ကောင်းတယ်ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး တော်ဝင်အဆင့်အတန်းရှိတဲ့ လူတစ်ယောက်တောင်မှ လင်းဟန်ရဲ့ အရှေ့မှာ ကပ်ဖားရပ်ဖား အပြုအမူကို တကယ်ပဲ လုပ်ဆောင်နေပါတယ်။ ဒါက တကယ့်ကို

မယုံကြည်နိုင်စရာပါပဲ။

တကယ်လို့ ပုကလန်ရဲ့ ခေါင်းဆောင်ကိုယ်တိုင် ဒီနေရာမှာ ရှိနေယင်တောင်မှ ဒီ ယွမ်ချူး ရဲ့ အပြုအမူက ဒီလောက် ကျိုးနွံဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

မှော်ဆေးပညာရှင်တွေက အရမ်းကို ဂုဏ်မောက်တဲ့ အုပ်စုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့ကို မင်းရဲ့ အရှေ့မှာ ခေါင်းငုံ့စေချင်တယ်ဆိုယင် နည်းလမ်း တစ်ခုပဲရှိပါတယ်။ အဲဒါက သူတို့ကို မှော်ဆေးပညာနဲ့ ပါတ်သတ်ပြီးတော့ ကျော်လွှန် နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာက ပြဿနာက လင်းဟန်ရဲ့ အသက်က ဘယ်လောက်ပဲရှိသေးလို့လဲ? သူက မှော်ဆေးပညာမှာ ယွမ်ချူးထက်သာတယ် ဆိုတာကို ဘယ်သူက ယုံကြည်နိုင်မှာလဲ?

အဲဒီအချိန်မှာ ပါတ်ဝန်းကျင်တစ်ခုလုံးက လုံးဝကို ပဲ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ ဘယ်သူကမှ စကားတစ်ခွန်းမပြောကြပါဘူး။

``တကယ်လား.. မင်းနဲ့ အတူ ဘယ်လိုလူစားတွေကို ခေါ်လာခဲ့တာလဲ?``

လင်းဟန်က မျက်မှောင်ကြုံ့လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေတဲ့ပုံစံပါပဲ။

ပူချမ့်ဖုန်းက ဒီအချိန်မှာ ဒေါသတွေ ပျံ့ထွက်သွားပစ်လိုက်ချင်ပါတယ်။ ဒါက သူတို့ကို စော်ကားလိုက်တဲ့ အပြုအမူပါပဲ။ တကယ်လို့ လင်းဟန်က အင်အားကြီးကလန် တစ်ခုရဲ့ ကြီးမြတ်တဲ့ အကြီးအကဲတစ်ယောက် ဆိုယင် သူ့အနေနဲ့ ဘာမှမတုံ့ပြန်ပါဘူး။ ဒါပေမဲ့ လင်းဟန်လို ပိန်းတိန်းတိန်း လူသစ်တစ်ယောက်က သူ့ရဲ့ မျက်နှာအရှေ့မှာ သူ့ကို လှောင်ပြောင် သရော်ပုံ့တယ်။ သူ့အနေနဲ့ ဒီလိုမျိုး အရှက်ခွဲစော်ကားတာကို ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ?

``ဟုတ်ကဲ့ ဟုတ်ကဲ့ အားလုံးက ယွမ်ချူးရဲ့ သေသေချာချာ မကြည့်မိတဲ့ အပြစ်တွေချည်းပါပဲ.. ကျေးဇူးပြုပြီးတော့ ကျနော့်ရဲ့ အမှားကို ခွင့်လွှတ်ပေးပါ သခင်လေးဟန်``

ယွမ်ချူးက တကယ်ကြီး ဒီလိုမျိုး သူ့ရဲ့ အမှားလို့ ဝန်ခံလိုက်မယ်ဆိုတာကို ဘယ်သူက တွေးမိမှာလဲ.. သူ့ရဲ့ အပြုအမူတွေက ပိုပြီးတော့ ထူးဆန်း လာပြီးတော့ သူ့ကိုယ်သူ လင်းဟန်ရဲ့ မျော်ဆေး

ပညာသင်တပည့်တစ်ယောက်လိုမျိုး ပြုမှု နေပါတယ်။

ပူချမ့်ဖုန်းက သူ့ရဲ့ လျှာဖျားကနေ ထွက်ကာနီး စကားလုံးတွေကို အတင်းအဓမ္မ ပြန်ပြီး တော့ မျိုချလိုက်ရပါတယ်။

ယွမ်ချူးက ငတုံးငအလား? မဟုတ်ပါဘူး။ ယွမ်ချူးမှာ မြင့်မားတဲ့ အဆင့်အတန်း မရှိဘူးလား? မဟုတ်ပါဘူး။

ဒါပေမဲ့ ယွမ်ချူးတောင်မှ အရမ်းကို သိသာထင်ရှားတဲ့ ကပ်ဖားရပ်ဖား အပြုအမူ ကို လုပ်နေမှတော့ လင်းဟာန်ရဲ့ အစစ်အမှန် ကိုယ်ပိုင်လက္ခဏာက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းလို့လဲ?

ပူချမ့်ဖုန်းက မဆင်မခြင်လုပ်တတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ သူက ချက်ချင်းပဲ ဒီနေရာက အခြေအနေကို စဉ်းစားမိလိုက်ပါတယ်။

``မေ့လိုက်တော့``

လင်းဟာန်ကသူ့ရဲ့ လက်ကို ဝှေ့ပြီးတော့ ပူချမ့်ဖုန်းကို တောက်ပစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်က ခင်ဗျားရဲ့ ပုဂ္ဂလိက အဖွဲ့သားတွေကို ရိုက်နှက်ဆုံးမလိုက်တဲ့ သူပဲ.. ဒါဆိုယင် အခု ခင်ဗျားဘာလုပ်ချင်သလဲ?``

ဘာလုပ်ရမှာလဲ? ပုံမှန်ဆိုယင် သူ့ကို သတ်ပြီးတော့ တစ်ခြားသူတွေကို သတိပေးလိုက်သလိုမျိုးလုပ်ရမှာပေါ့။

ဒါက ပူချမ့်ဖုန်းရဲ့ အစောပိုင်းကအတွေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူ့မှာ ဒီလိုမျိုး ဆန္ဒ ဘယ်လိုလုပ်ပြီးတော့ ရှိပုံတော့မှာလဲ? ယွမ်ချူးက သူ့ကို အရမ်းကို မနှစ်သက်တဲ့ ပုံစံနဲ့ ကြည့်နေတယ်လေ။ တကယ်လို့ သူက ဒီကိစ္စနဲ့ပါတ်သတ်ပြီး ဆန့်ကျင်တဲ့ စကားတစ်ခွန်းပြောပုံ့တယ်ဆိုယင် ယွမ်ချူးက သူ့ကို ချက်ချင်းဆိုသလို အပြင်းအထန် ရန်လို လာပါလိမ့်မယ်။

သူက သက်ပြင်းကြိတ်ချလိုက်ပီးတော့ ဒီတိုက်ပွဲက မစခင် ကတည်းက သူက ရှုံး နေပြီးဆိုတာကို သိလိုက်ပါတယ်။

သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ သူ့ရဲ့ ကလန်ကလဲ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို လုံးဝ ဆန့်ကျင်ပုံ့မှာမဟုတ်ပါဘူး။

``ဟားဟား.. သခင်လေးဟန်က နောက်တတ်တာပဲ။ ဒီကောင်တွေက သခင်လေးဟန်ကို ဆန့်ကျင်မှတော့ တကယ်လို့ သခင်လေးဟန် က မလှုပ်ရှား ယင်တောင်မှ ကျုပ်က သူတို့ကို သင်ခန်းစာကောင်းကောင်းပေးလိုက်မှာပါ``

ပူချမ့်ဖုန်းက ရီမောလိုက်ပါတယ်။ သူ့ရဲ့ အစောပိုင်းက အတွေးတွေကို အနည်းငယ်မျှတောင် သစ္စာဖောက်တဲ့ ပုံစံမျိုးတောင် မမြင်ရပါဘူး။

တကယ့်ကို မြေခွေးအိုကြီး တစ်ကောင်ပဲ။

CHAPTER 170 ဂရန်းမာစတာ ဖု ကိုတောင် သင်ကလုပ်စေချင်တာလား?

ကျန်းကလန်ရဲ့ အဖွဲ့သားတွေ အားလုံးပဲ လုံ့ဂအံ့အားသင့်သွားခဲ့ပါတယ်။ ပထမ ဂရန်းမာစတာ ယွမ်ချူးက လင်းဟန်ရဲ့ အရှေ့မှာ ဖိနပ်ကိုတောင် ယက် တော့မဲ့ ပုံစံ နဲ့ ပြီးတော့ အခု ပူချမ့်ဖုန်း ကပါ လင်းဟန်ရဲ့ အပြုအမူတွေကို လုံးဂ ထောက်ခံ နေပါတယ်။ သူတို့ရဲ့ ကမ္ဘာကြီးက အစိတ်စိတ်အမွှာမွှာ အပိုင်းအစတွေအဖြစ် ဖျက်ဆီး ခံလိုက်ရသလိုမျိုး ခံစားလိုက်ရပါတယ်။

ဒါပေမဲ့ သူတို့က ငတုံးငအတွေ မဟုတ်ပါဘူး။ ဥပမာ အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံး အဒေါ် လုပ်တဲ့သူတွေက သူတို့ရဲ့ မူးယစ်နေတဲ့ အခြေအနေကနေ အမူးပြေသွားစေ တဲ့ အထိကို အံ့အားသင့်ကုန်ပါတယ်။ ယခု သူတို့က လင်းဟန်ကို ဘယ်လိုအထင် အမြင်သေးပြီးတော့ မရှိမသေလုပ်ခဲ့တာတွေကို ပြန်စဥ်းစားမိလိုက်တဲ့ အခါမှာ သူတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး တုန်ယင်လို့လာခဲ့ပါတယ်။ တကယ်လို့ သူက ဒါကို ထည့် တွက်ပြီးတော့ သူမတို့ကို ခေါ်မယ်မခေါ်ဘူးဆိုတာ ဘယ်သူကသိမှာလဲ။

သူမတို့လည်းပဲ နောင်တတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ တကယ်လို့ သူမတို့က လင်းဟန်က ဒီလိုမျိုး အံ့သြစရာကောင်းလောက်တဲ့ လူတစ်ယောက်ဖြစ်တယ် ဆိုတာကို သိခဲ့မယ်ဆိုယင် သူ့ကို အဆုံးအစမရှိအောင် မျက်နှာချိုသွေးပြီးတော့ မြှောက်ပင့်မှု အကြီးအကျယ် လုပ်မိပါလိမ့်မယ်.. အခုတော့? ဒီ ဂရန်းမာစတာ ယွမ်ချူးက ဖိနပ်ကိုတောင်ယက်တော့မဲ့ ပုံစံ အထိ ဖြစ်နေတာကို ကြည့်ပီးတော့ တကယ်လို့ လင်းဟန်ကသာ သူမတို့တွေကို သူ့ကို အဖေလို့ ခေါ်ခိုင်းယင် တောင်မှ သူမတို့က ခေါ်ဖို့သဘောတူပါလိမ့်မယ်။ ဒါဆိုယင် မော်ဆေးလုံး အနည်းငယ်မျှ ဖော်စပ်ပေးဖို့ဆိုတာက

ထမင်းစားရေသောက်သလိုပါပဲ။

ထိုအချိန်အတွင်းမှာ ယွမ်ချူးက ဒေါသတကြီးနဲ့ မေးလိုက်ပါတယ်။

``သခင်လေးဟာန်.. သူတို့က ဘာတွေလုပ်ထားသလဲ?``

``ဒီလူက သူကိုယ်သူ ငါ့အဖေလို့ ပြောနေတယ်``

လင်းဟာန်က အစိမ်းရောင် ဂုတ်စုံနဲ့ လူကို ညွှန်ပြလိုက်ပါတယ်။

``ဖူးးးးးးး``

ပူချမ့်ဖုန်းက ဒေါသတစ်ကြီးဖြစ်ပြီးတော့ ထခုန်မိမတက်ဖြစ်သွားခဲ့ပါတယ်။ သိုင်းပညာရှင်တွေက သူတို့ရဲ့လမ်းတွေမှာ ယေဘူယျ အားဖြင့်တော့ ကြမ်းတမ်း ပြီး ရိုင်းပျကြပါတယ်။ သူတို့အတွက်တော့ အရမ်းကို သမာရိုးကျ ပြောတဲ့ အရာတွေက မြေးလေး သို့မဟုတ် ငါက မင်းအဖေ ပဲဆိုတဲ့ စကားတွေဖြစ်ပါတယ်။ သူတို့က ဒီလိုမျိုးပြောတဲ့ အတွက်ကြောင့် မင်းက သူတို့ကို ပြင်းပြင်းထန်ထန် ရိုက်နှက် ဆုံးမလိုက်တာလား? ဒါက အရမ်းကို မလွန်လွန်းဘူးလား?

ယွမ်ချူးရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``အတင့်ရဲလှချည်လား မင်းကိုယ်မင်း သခင်လေးဟန်ရဲ့ အဖေ ပါလို့ ပြောရဲတယ်ပေါ့ မင်းက သေဖို့ တကယ့်ကို ထိုက်တန်နေပြီပဲ``

လင်းဟန်က ဘယ်သူလဲ? သူက တကယ့်ကို ကြီးကျယ်မြင့်မြတ်တဲ့ မှော်ဆေး ပညာရှင်တစ်ယောက်ဖြစ်ပြီးတော့ မကြာခင်မှာပဲ သူက အနက်ရောင် အဆင့်မြင့် အဆင့် တံဆိပ်ပြားကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။ ဒ့ါအပြင် မနေ့က လင်းဟန်ရဲ့ မှော်ဆေးပညာကျွမ်းကျင်မှုကို စောင့်ကြည့်လေ့လာခဲ့ပြီးတော့ လင်းဟန်က မြေကျွှမှာ အဆင့် နီးတဲ့ မှော်ဆေးလုံးကိုတောင်မှ ဖော်စပ်နိုင်ပါတယ်။ ဆိုလိုတာက လင်းဟန်က မြေကျွှမှာအဆင့် မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်ဖို့ ခြေတစ်လှမ်းပဲ လိုပါတော့တယ်။

သူက ဒီလိုမျိုး အဆင့်မြင့်မားတဲ့ တော်ဂင်လူတစ်ယောက်ပါ။ ဘယ်သူက ကိုယ့်ကိုကိုယ် လင်းဟန်ရဲ့ အဖေဘာလို့

ခေါ်ဆိုနိုင်ရတာလဲ?

အိုး‥ တကယ်လို့ မင်းက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဖေ ဖြစ်တယ်ဆိုယင် သူတို့လို အနက်ရောင်အဆင့် မှော်ဆေးပညာရှင်တွေက မင်းရဲ့ မြေး‥မြစ် ‥ဒါမှမဟုတ် တီ တွတ် ကျွတ် လပြွတ်‥ တွေလို့ ဆိုလိုချင်တာလား?

ယွမ်ချူးနဲ့ တစ်ခြားမှော်ဆေးပညာရှင်တွေက လင်းဟန်ရဲ့ အထင်ကြီးစရာကောင်းတဲ့ မှော်ဆေးပညာ ကျွမ်းကျင်မှုကနေ တော်တော်များများကို သင်ယူလေ့လာခဲ့ရပါတယ်။ ဒါကြောင့် လင်းဟန်ကို သူတို့ရဲ့ ဆရာတပက်အဖြစ် မှတ်ယူထားကြပါတယ်။ သူတို့ရဲ့ ဆရာသခင်ဖြစ်တဲ့ သူက အစော်ကားခံနေရတာ ကို တပည့်တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲနေမှာလဲ?

သူရဲ့ အကြည့်တွေကို အစိမ်းရောင် ဂဝတ်စုံနဲ့ လူ ရယ် သူရဲ့ အဖော်နှစ်ယောက် အပေါ်မှာ စူးစိုက်ကြည့်ပြီးတော့အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

``မင်းတို့တွေ ဘယ်လိုသေချင်သလဲ?``

သေစမ်း.. တစ်စုံတစ်ယောက်ရဲ့ အဖေ လို့ ကိုယ့်ဘာသာကိုယ် ခေါ်လိုက်တာက သေတဲ့အထိ ဖြစ်သွားစေခဲ့တာလား?ဒါဆိုယင် မိုးရေနိုင်ငံထဲမှာ နေ့တိုင်း နေ့တိုင်း လူဘယ်လောက်များများ သေသွားကြလိမ့်မလဲ?

အစိမ်းရောင် ဂတ်စုံနဲ့ လူ ရယ် သူ့အဖော်နှစ်ယောက်ရဲ့ မျက်နှာတွေက လုံးဂကို မည်းမှောင် သွားခဲ့ကြပါတယ်။ သူတို့က ဒီနေရာမှာ တကယ့်ကို စော်ကားခံ ရတဲ့ သူတွေ ဖြစ်ပြီးတော့ သူတို့ရဲ့ သွားတွေအားလုံးနီးပါးကလဲ ပြင်းပြင်းထန်ထန် ရိုက်နှက် ဆုံးမခံရလို့ ပျက်ဆီးကုန်ပါတယ်။ ပြီးတော့ အခု သူတို့ကို ဘယ်လို သေချင် သလဲဆိုပြီးတော့တောင်မှ မေးလာခဲ့တာလား? သူတို့တွေ အလွန်အမင်း မှားနေတယ်လို့ တကယ့်ကို ခံစားနေရပါတယ်။

ဒီတစ်ကြိမ်တော့ ဂူချမ့်ဖုန်းကိုယ်တိုင်တောင်မှ ဒီအတိုင်း ကြည့်နေလို့ မရတော့ပါဘူး။ ဒါကြောင့် သူကမေးလိုက်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး ဒါက အရမ်းများ လွန်သွားသလားလို့?``

``အရမ်းလွန်တယ်ဟုတ်လား?``

ယွမ်ချူးက အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။

``ဒါဆိုယင် ငါတို့ ဂရန်းမာစတာ ဖုယွင်ရှင်း ကိုသွားတွေ့ကြတာပေ့ါ။ ပြီးတော့ ဂရန်း မာစတာ ဖုယွင်ရှင်း ကဘာပြောမလဲဆိုတာ ကြည့်ရအောင်.. ဒါပေမဲ့ တကယ်လို့ ဂရန်းမာစတာ ဖုယွင်ရှင်း ကိုယ်တိုင် လှုပ်ရှားရမယ်ဆိုယင် ပူကလန်ရဲ့ ကလန် ခေါင်းဆောင် က ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ဖို့ လိုအပ်လိမ့်မယ်ဆိုတာကိုတော့ ငါအာမခံနိုင်တယ်``

သူက ဒီစကားလုံးတွေကို ပြောပြီးတဲ့အခါမှာတော့ ခြံဂန်းတစ်ခုလုံးက သချိုင်းတစပြင် လိုမျိုးတိတ်ဆိတ်ငြိမ်သက်သွားကြပါတယ်။

ပူကလန်ရဲ့ ကလန်ခေါင်းဆောင် က ကိုယ်တိုင်ကိုယ်ကျ တောင်းပန်ရမယ် ဆိုတာ ဘယ်လိုမျိုးအယူအဆကြီးလဲ? တကယ်လို့ ဒီကောင်လေးက ဖုယွင်ရှင်းရဲ့ သား ဖြစ်နေယင်တောင်မှ သူ့အနေနဲ့ အဲဒီလောက်ကြီး တုန်နေအောင် ချစ်ပြဖို့ မလိုပါဘူး။

အခုက ဖုယွင်ရှင်းက သူ့ကို သူ့ရဲ့ အဖေတစ်ယောက်နီးပါး ကိုးကွယ်ဆည်းကပ် ကြည်ညိုလေးစားနေသလို ဖြစ်နေပါတယ်။

ပူချမ့်ဖုန်းက သူ့ရဲ့ နဖူးထက်က အေးစက်နေတဲ့ ချွေးတွေကို သုတ်ပစ်လိုက်ပြီးတော့ ပြောပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး ခင်ဗျားက ကျနော့် ကို နောက်ပြောင်နေတာလား?``

သူ့အနေနဲ့ ဘယ်လိုပဲကြည့်ကြည့် ဒီလင်းဟန်လိုမျိုး ကောင်လေးက ဒီလိုအရာကို လုပ်ဆောင်နိုင်စွမ်း ရှိတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

``မင်း အရဲစွန့်ကြည့်နိုင်တယ်``

ယွမ်ချူးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ပူချမ့်ဖုန်း တုံ့ဆိုင်းသွားခဲ့ပါတယ်။ တကယ်လို့ ယွမ်ချူးက ပုံကြီးချဲ့ပြီးတော့ ပြောတာ မဟုတ်ဘူးဆိုယင် ဒီကိစ္စကို ဖုယွင်ရှင်း ကိုယ်တိုင် လှုပ်ရှားမယ်ဆိုယင် တကယ်ပဲ အရမ်းကို ထိတ်လန့်စရာကောင်းတဲ့ အရာတစ်ခု

ဖြစ်လာပါလိမ့်မယ်။ ဒီနေရာ မေးစရာ တစ်ခုရှိတာက.. ယွမ်ချူးရဲ့ စကားတွေက ယုံကြည်ရပ့်ါမလား?။

ဒါက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တော့ လိမ်ပြောမှာမဟုတ်လောက်ပါဘူး ဒါပေမဲ့ သူပြောလိုက်တဲ့ စကားတွေက တကယ့်ကို လွန်လွန်ကဲကဲ ဖြစ်နေပါတယ်။ ပူချမ့်ဖုန်းက ဒီအရာကို ယုံကြည်နိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

``မေ့လိုက်တော့.. သူတို့ကို တောင်းပန်ခိုင်းလိုက်.. ဒါဆိုယင် ဒီကိစ္စ ပြီးသွားပြီ``

လင်းဟန်က သူ့ရဲ့ လက်ကို ဝှေ့ပြလိုက်ပါတယ်။

``သခင်လေးဟန်က စိတ်ထားမြင့်မြတ်ပြီး သဘောထားကြီးပါတယ်``

ယွမ်ချူးက လျှင်မြန်စွာ မြှောက်ပင့်လိုက်ပါတယ်။

ဒါက သဘောထားကြီးမားတာဟုတ်လား? သူက သူတို့ကို ရိုက်နှက်ဆုံးမခဲ့ ပြီးတော့ တောင်းပန်တာကိုလဲ

လိုချင်သေးတယ်.. ဒါက တစ်စုံတစ်ယောက်အပေါ်မှာ အနိုင်ကျင့် ဗိုလ်ကျတာမဟုတ်ဘူးလား?

ပူချမ့်ဖုန်းက နောက်ဆုံးတော့ သက်ပြင်းချလိုက်ပါတယ်။ သူက အရှုံး ကိုဝန်ခံ ဖို့ ဆုံးဖြတ်လိုက်ပြီးတော့ ယွမ်ချူးကို တောင်းဆိုစရာတစ်ခု ရှိပါသေးတယ်။ ဒါက ဒီနေ့ည ယွမ်ချူးကို ညစာစားပွဲ ဖိတ်ရတဲ့ အကြောင်းရင်းပဲဖြစ်ပြီးတော့ အဲဒီအရာက အခုလိုမျိုး လမ်းကြောင်းပြောင်းသွားလိမ့်မယ်လို့ သူက ဘယ်လိုမှ မထင်ထားခဲ့ ပါဘူး။ အမှန်တစ်ကယ်တော့ သူက ဒီကိစ္စနဲ့ပတ်သတ်ပြီး အပြစ်ကင်းစင်ပါတယ်။ ဒါက ဒီ ပါးစပ်ဆိုးဂါးလွန်းတဲ့ အမျိုးသမီးနှစ်ယောက်က အယင်ဆုံး ပြဿနာ လာရှာတာ ဖြစ်ပြီးတော့ သူ့ရဲ့ ကလန်အဖွဲ့သားတွေက ယွမ်ချူး ဘက်ကနေ ရပ်တည်ပေးခဲ့တာပဲဖြစ်ပါတယ်။ သူလုံးဝမထင်ထားတာက လင်းဟန်လိုမျိုး ခက်ခဲတဲ့ နံရံ တစ်ခုနဲ့ တိုက်မိသွားမယ်ဆိုတာကိုပေ့ါ။

``ကျို့ဖန်း သခင်လေးဟန်ကို တောင်းပန်လိုက်``

သူက အစိမ်းရောင်ဂတ်စုံဂတ် ယောကျ်ားကို ပြောပြီးတော့ သူ့ရဲ့ နလုံးသားထဲက တောက်လောင်နေတဲ့

ဒေါသမီးလျှံတွေကို အတင်းအဓမ္မ လျှော့ချပစ်လိုက်ပါတယ်။

အစိမ်းရောင် ဂုတ်စုံနဲ့လူ က သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ဒေါသတွေနဲ့ ပြည့်နှက် နေသလိုမျိုး ခံစားလိုက်ရပါတယ်။ သူ့ရဲ့ လက်တွေကို လက်သီးအဖြစ် တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်လိုက်ပါတယ်။ သူကိုယ်တိုင် လင်းဟန်ကို ရိုက်နှက်ဆုံးမ ပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ ပူချမ့်ဖုန်းက သူကို ခြောက်လှန့်တဲ့ အကြည့်နဲ့ ကြည့် နေတာကို မြင်လိုက်ရတဲ့အခါမှာ သူ့ရဲ့ ခေါင်းကို ငုံ့ပြီးတော့ အံ့ကိုကြိတ်ပြီး ပြောလိုက်ပါတယ်။

``ကျနော်မှားသွားပါတယ်.. ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ သခင်လေးဟန်``

လင်းဟန်က ထူးဆန်းစွာပြုံးပြီးတော့ တည်ငြိမ်စွာနဲ့ပဲ တောင်းပန်တာကို လက်ခံ လိုက်ပါတယ်။ သူမှာ ပူကလန်အပေါ် ကောင်းမွန်တဲ့ ခံစားချက် အများကြီး မရှိပါဘူး။ တစ်နေ့မှာ သူတို့ဆီက ပူဘို ကို သူသေချာပေါက် သတ်ပစ်ရပါလိမ့်မယ်။(အယင်က ဟူဘိုရေးတယ်ဗျ အခု E SUB သမားက ပူဘို တဲ့ သူတို့ပြောင်းလို့ ကျနော်လဲ ပြောင်းရေးပေးလိုက်ပါတယ်)

``ဂရန်းမာစတာ ယွမ်ချူး.. ယန်ဖျက်ဆီးခြင်း ဆေးလုံးကို.........``

ပူချမ့်ဖုန်းက ယွမ်ချူးကို နှိမ့်ချစွာ နဲ့ ပြောလိုက်ပါတယ်။

``ဟွန် .. ဒီလိုကိစ္စတွေ ဖြစ်ပြီးတာတောင်မှ မင်းကို ကူညီပြီးတော့ ငါက ယန် ဖျက်စီးခြင်း ဆေးလုံးကို ဖော်စပ်ပေးရဦးမှာလား?``

ယွမ်ချူးက အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ ငြင်းပယ်လိုက်ပါတယ်။

ပူချမ့်ဖုန်းရဲ့ နဖူးပေါ်မှာ အေးစက်တဲ့ ချွေးစေးတွေ ထွက်လာခဲ့ပီးတော့ သူကပြောလိုက်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူး.. ခင်ဗျားရဲ့ စကားကို ပြန်ပြီးတော့ ရုတ်သိမ်းလိုက်လို့ မရဘူးလေ?``

``ငါ မင်းရဲ့ပူကလန်အတွက် မှော်ဆေးလုံး ဖော်စပ်မပေးချင်ဘူး.. အဲဒီတော့ ဘာဖြစ်လဲ?``

ယွမ်ချူးက အရက်ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

``ခင်ဗျား``

ပူချမ့်ဖုန်းက တုန်ယင်နေတဲ့ လက်ချောင်းနဲ့ ယွမ်ချူးကို ညွှန်ပြလိုက်ပါတယ်။ ဒါပေမဲ့ ဘာတစ်ခုမှ မပြောနိုင်ပါဘူး။ ယွမ်ချူးက သူ့လိုမျိုးစိတ်ဂိဉာဉ် ပင်လယ်အဆင့် ဖြစ်ပြီးတော့ သူ့မှာ အနက်ရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် ဆိုတဲ့ အဆင့်အတန်းလဲ ရှိတဲ့အတွက် သူ့အနေနဲ့ တစ်ခြား ခြိမ်းခြောက်တဲ့ စကားလုံး တွေ ကို မပြောရဲပါဘူး။

လင်းဟန် ရဲ့ မျက်လုံးတွေက သူ့အပေါ်ကို ရောက်သွားပြီးတော့ အနည်းငယ်တော့ အံ့အားသင့်သွားပါတယ်။ သူက မေးလိုက်ပါတယ်။

``အဘိုးကြီး ပူ.. ခင်ဗျားက ဘာဖြစ်လို့ ယန်ဖျက်ဆီးခြင်း ဆေးလုံးကို ဖော်စပ် ဖို့ လိုအပ်နေတာလဲ?``

အဘိုးကြီး...အဘိုးကြီး ပူ ?

ပူချမ့်ဖုန်းက အရှေ့ကိုတိုးပြီးတော့ သူ့ကို ချက်ချင်းပဲ ရိုက်ပစ်ချင်စိတ် ပေါက်လာပါတယ်။ သူက

စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် စစ်သည်တော် တစ်ယောက်ဖြစ်ပြီးတော့ လင်းဟန်ရဲ့ အဘိုးဖြစ်ဖို့တောင်မှ သူ့အသက်အရွယ်က လုံလောက်ပါတယ်။ ဒါကို လင်းဟန်က သူ့ကို အဘိုးကြီးပူ လို့ခေါ်ရဲတယ်. ဒီလို အရှက်ခွဲစော်ကားတာကို သူကဘယ်လိုလုပ်ပြီးတော့ သည်းခံနိုင်မှာလဲ?

ဒါပေမဲ့ လင်းဟန်ရဲ့ မျက်လုံးထဲမှာတော့ အသက်ခြောက်ဆယ် အဘိုးကြီး တစ်ယောက်နဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့်မျှသာရှိတဲ့ သိုင်းပညာရှင်တစ်ယောက် အတွက်တော့ သူ့ကို မျက်နှာသာပေးတဲ့အနေနဲ့ ကောင်လေး ပူ လို့ မခေါ်လိုက်တာပဲ ဖြစ်ပါတယ်။

``သခင်လေးဟန်.. သူ့ရဲ့ ခြေထောက်တစ်ချောင်း ကို အလွန်အမင်း အဆိပ်ပြင်း ထန်တဲ့ မြွေတစ်ကောင်က ကိုက်တာကို ခံလိုက်ရပါတယ်. ဒါကြောင့် သူ့ရဲ့ အဆိပ် ကိုဖြေဖို့အတွက် ယန်ဖျက်ဆီးခြင်း ဆေးလုံးကို သူလိုအပ်နေတာပါ``

ယွမ်ချူးက ချက်ချင်းပဲ ရှင်းပြလိုက်ပါတယ်။

လင်းဟန်က ကြည့်လိုက်တဲ့အခါမှာ ဒီ ပူချမ့်ဖုန်းရဲ့ ဘယ်ဘက်ခြေထောက်က ညာဘက်ခြေထောက်ထက် အနည်းငယ်ကြီးနေတာကို တွေ့လိုက်ပါတယ်။ သူက အရမ်းကို သိချင်စိတ်ပြင်းပြသွားပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျား ဘောင်းဘီကို ဆွဲတင်ပြီးတော့ ခြေထောက်ကို ကျုပ်ကို ပြစမ်းပါ``

ပူချမ့်ဖုန်းက ချက်ချင်းပဲ ကြည့်ရတာ မကျေမနပ်ဖြစ်သွားတဲ့ပုံစံပါပဲ။ မင်းက ငါ့ကို အမိန့်ပေးနေတာလား?

ထိုအချိန်အတွင်းမှာ ယွမ်ချူးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်ရဲ့ ဆေးပညာကျွမ်းကျင်မှုက ငါ့ရဲ့ အထက်မှာရှိတယ်.. ငါ့အတွက် ယန်ဖျက်ဆီးခြင်းဆေးလုံးကို ဖော်စပ်ဖို့ဆိုတာ ခက်ခဲကြမ်းတမ်း နိုင်တယ်. ဒါပေမဲ့ သခင်လေးဟန် အတွက်တော့က အဲဒါက ကိတ်မုန့်ကို ဓါးနဲ့ လှီးသလိုမျိုး လွယ်လွန်းတယ်``

``သခင်လေးဟန် ကျေးဇူးပြုပြီးတော့

တစ်ချက်လောက်ကြည့်ပေးပါ``

ပူချမ့်ဖုန်းက ဘာတစ်ခွန်းမှ မပြောရဲတော့ပဲနဲ့ ချက်ချင်းပဲ သူ့ရဲ့ ဘောင်းဘီကို ဆွဲတင် ပြီး ခြေထောက်ကိုပြလိုက်ပါတယ်။

သူ့ရဲ့ အမူအရာ ပြောင်းလဲသွားတဲ့ နှုန်းက လူတိုင်းလူတိုင်းကို မှင်တက် အံ့သြ သွားစေခဲ့ပါတယ်။ဒါဆို အင်အားကြီးကလန် ရှစ်ခုထဲက တစ်ခုရဲ့အဖွဲ့သား ဖြစ်တဲ့ စိတ်ဂိဉာဉ် ပင်လယ် လက်ရွေးစင် တစ်ယောက် လည်းပဲ အရှက်ကင်းမဲ့စွာနဲ့ လုပ်ဆောင်နိုင်တာပဲပေ့ါ။

အရမ်းကို ထူးဆန်းတဲ့ အနံ့တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အနီးကပ် သေချာကြည့် လိုက်တဲ့အခါမှာ ပူချမ့်ဖုန်းရဲ့ ဘယ်ဘက်ခြေထောက်က အရမ်းကို ဖူးယောင် နေယုံ သာမက ၎င်းက အနက်ရောင်ပါ သမ်းနေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူက အရမ်းကို ထူးဆန်းတဲ့ အဆိပ်ရှိတဲ့ မြွေတစ်ကောင်ကောင်ရဲ့ အဆိပ်မိခြင်းကို ခံရတယ် ဆိုတာသေချာပါတယ်။

လင်းဟာန်က လက်ချောင်းတစ်ချောင်းနဲ့ ပူဆောင်လင်းရဲ့ ပေါင် ကို ဖြေးဖြေး ဖိလိုက် ပီးတော့ မေးလိုက်ပါတယ်။

``ခင်ဗျား ဘယ်လိုလုပ်ပြီးတော့ အကိုက်ခံရသလဲဆိုတာကို မှတ်မိသေးလား?``

``ကျုပ် ရှေးဟောင်း ဂူ တစ်ခုကို တူးဖော်နေတဲ့ အချိန်မှာ အနက်ရောင်တောက်ပ နေတဲ့ တစ်စုံတစ်ခုကို မြင်လိုက်ရတယ်။ အဲဒါနဲ့ပဲ ကျုပ်က ကောက်ယူလိုက်ပီးတော့ အနီးကပ် သေချာကြည့်လိုက်တဲ့အခါမှာ အဲဒါက ရုတ်တရက် ကျုပ်ရဲ့ ခြေထောက်ကို ကိုက်လိုက်တာပဲ.. ပြီးတဲ့အခါမှာ ၎င်းက လုံးဝ ပျောက်ကွယ်သွားခဲ့တယ်``

ပူချမ့်ဖုန်း ကဖြေလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျုပ် ခင်ဗျားရဲ့ ပြဿနာကို ကူညီဖြေရှင်းပေးနိုင်တယ်``

``တကယ်... တကယ်လား?``

ပူချမ့်ဖုန်းက ချက်ချင်းဆိုသလို စိတ်လှုပ်သွားခဲ့ပါတယ်။

``သခင်လေးဟာန်က ဒီလိုမျိုး ပြောတယ်ဆိုမှတော့ သူက ခင်ဗျားကို လိမ်နေတာ ဖြစ်နိုင်ပါ့မလား?``

ယွမ်ချူးက ချက်ချင်းပဲ မကျေမနပ်နဲ့ နှာခေါင်းရှုံ့လိုက်ပါတယ်။

``ဟီးဟီး ငါ စိတ်လှုပ်ရှားသွားလို့ပါ.. ကျေးဇူးပြုပြီးတော့ ကျနော့်ကို ကယ်ပါ. သခင်လေးဟန်``

ပူချမ့်ဖုန်း ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ အစောပိုင်းက ဂုဏ်သိက္ခာနဲ့ လက်ရှိ အပြုအမူက လုံးဝ ကို မတူညီတော့ပါဘူး။

CHAPTER 171 ကုသခြင်း

လင်းဟန်က ဒါကို စိတ်ထဲမထည့်ပါဘူး။ သူ့ရဲ့ မျက်လုံးထဲမှာ ကျေနပ်တဲ့ အလင်း ရောင် တစ်ချက် လက်သွားခဲ့တာကို ဘယ်သူကမှ သတိမပြုမိပါဘူး။

ပူချမ့်ဖုန်းကို ကိုက်တဲ့အရာက မြွေတစ်ကောင် မဟုတ်ပါဘူး။ ရတနာ တစ်ခုပဲ ဖြစ်ပါတယ်။

သူက ဒါကို အတည်မပြုနိုင်ပါဘူး။ ဒါပေမဲ့ သူကတော့ လုံးဝကို သေချာတယ်လို့ ယုံကြည်နေပါတယ်။

``လာခဲ့ ခင်ဗျားရဲ့ အနေအထားကိုပြောင်းပြီးတော့ ခြေထောက်ကို ဆန့်ပြီးတော့ လှဲချလိုက်ပါ``

လင်းဟန်က ညွှန်ကြားလိုက်ပါတယ်။

ပူချမ့်ဖုန်းက အလျင်အမြန်ပဲ ထိုင်ချလိုက်ပီးတော့ သူ့ရဲ့ ခြေထောက်ကို နောက်ထပ် ထိုင်ခုံတစ်ခုပေါ်ကို လှဲပြီးတင်လိုက်ပါတယ်။ ပြီးတဲ့နောက်သူက လင်းဟန်ကို စိုးရိမ် တကြီးနဲ့ ကြည့်လိုက်ပါတယ်။

ယွမ်ချူးလို ကြီးကျယ်မြင့်မြတ်တဲ့ မော်ဆေးပညာရှင်တစ်ယောက်ကတော့ စကားကို လက်လွှတ်စပယ် ပြောမှာမဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ မော်ဆေးပညာ ကျွမ်းကျင်မှုက သူ့ထက်သာတယ်လို့ ပြောလိုက်တဲ့အခါမှာတော့ အဲဒါက အမှန်တရား ပဲ ဖြစ်ပါလိမ့်မယ်။ တကယ်လို့ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းတယ်ဆိုယင်တောင်မှ သူက တကယ့်ကို မယုံကြည်နိုင်အောင် ဖြစ်နေတုန်းပါပဲ။

လူတိုင်းလူတိုင်းက အခုချိန်မှာ သာမာန်လူတွေလိုပဲ သူတို့က လင်းဟန်ကို ပဲ စိုက်ကြည့်နေကြပါတယ်။

မယုံနိုင်စရာကောင်းတဲ့ လူငယ်လေးတစ်ယောက် မှာ မယုံနိုင်စရာကောင်းတဲ့ ကျွမ်းကျင်မှုတွေ ရှိနေတယ်ဆိုတဲ့ ပုံစံနဲ့ပေါ့။

လင်းဟန်ကတော့ သက်တောင့် သက်သာ ခံစားနေရပါတယ်။ သူ့ရဲ့ ယခင်ဘဝ တုန်းက သူက လူတိုင်းလူတိုင်းရဲ့ အာရုံစိုက်ခြင်းကို အမြဲခံနေရတဲ့ အကျင့် ရှိပါတယ်။ အခုသူ့ရဲ့ စိတ်ထဲမှာရှိတာကတော့ သူလိုချင်တဲ့အရာ ဟုတ်မဟုတ် အတည်ပြုဖို့ပဲဖြစ်ပါတယ်။ သူက လက်တစ်ဖက်ကို ဆန့် ထုတ်လိုက်ပီးတော့ ပူချမ့်ဖုန်း ရဲ့ ခြေထောက်ကို ထပ်ခါ ထပ်ခါဖိနှိပ်လိုက်ပါတယ်။ အနည်းငယ်မျှ ဖိနှိပ် လို့ပြီးတဲ့နောက်မှာ သူက တစ်ခဏမျှ စောင့်ကြည့်လေ့လာပြီးတော့ ရပ်တန့်လိုက်ပါတယ်။

ခဏမျှအကြာမှာတော့ သူ့ရဲ့ မျက်နှာပေါ်မှာ ယုံကြည်မှုအပြည့်ရှိတဲ့ အပြုံးတစ်ခု ပေါ်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``လူအိုကြီး ပူ ကျုပ်အခု ကုသခြင်းကို စတင်တော့မယ်. ဒါပေမဲ့ အဲဒါက အရမ်းကို နာကျင်တယ်နော်``

``ကျေးဇူးပြုပြီးတော ့မစိုးရိမ်ပါနဲ့ သခင်လေးဟန်.. ငါက

သိုင်းပညာလမ်းစဉ် လျှောက် နေတဲ့သူတစ်ယောက်ပဲ. ဒါကြောင့် အယင်တုန်းကငါကြုံခဲ့တဲ့ ဆင်းရဲဒုက္ခ တွေနဲ့ ဘယ်လိုများ နှိုင်းယှဉ်လို့ရမှာလဲ? ကျေးဇူးပြုပြီးတော့ သခင်လေး စိတ်ကြိုက် လုပ်ပါ…ငါ နိုင်…….အား``

ပူချမ့်ဖုန်းက ဘယ်လောက်နာကျင်နေပါစေ သူသည်းခံနိုင်တဲ့အကြောင်းကို ပြောနေတုန်းမှာပဲ ရုတ်တရက် သွေးပျက်လုမတတ် အော်ဟစ်လိုက်ပါတယ်။

လင်းဟန်ရဲ့ လက်ထဲမှာ အရမ်းကိုအစွမ်းထက်လှတဲ့ အနီရောင် မီးတောက်တစ်ခု က ရုတ်တရက်ထွက်ပေါ်လာပြီးတော့ ထက်ရှတဲ့ပုံသဏ္ဍာန် ကိုပြောင်းလဲသွားပြီး ပူချမ့်ဖုန်းရဲ့ အသားအရေကို လောင်ကျွမ်းသွားစေခဲ့ပါတယ်။

ယွမ်ချူးက ဘေးကနေကြည့်နေပြီးတော့ သက်ပြင်းချပြီးတော့ မချိတင်ကဲ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က အရမ်းကို ကံကောင်းလွန်းပြီးတော့ ထူးဆန်းတဲ့ မီးတစ်ခု နဲ့တောင်မှ ပေါင်းစပ်ထားနိုင်တယ်.. ကျနော်ကတော့ မနာလိုလွန်းလို့ သေ တောင်သေသွားနိုင်တယ်``

လင်းဟန်ရဲ့ အရှေ့မှာ သူက အဆင့်အတန်းမြင့်မားတဲ့ လူတစ်ယောက်လိုမျိုး လုပ်ဆောင် ပြုမူနေဖို့ မလိုပါဘူး။

ထူးဆန်းတဲ့မီး။

တစ်ခြားသူတွေက ဒါကိုကြားလိုက်တဲ့အခါမှာ သူတို့ထဲက အမိက လူတွေက ဇဝေဇဝါ ဖြစ်သွားခဲ့ပါတယ်။ ပူချမ့်ဖုန်း တစ်ယောက်တည်းပဲ အံ့အားသင့်နေတဲ့ ပုံစံ ဖြစ်နေပါတယ်။ သူက ထူးဆန်းတဲ့မီးက ဘာဆိုတာကို သေချာပေါက်သိတာပေ့ါ။ ဒီအရာက အလွန်အမင်းကို ရှားပါးပြီးတော့ ၎င်းကိုယ်တိုင်က အရမ်းကို ကြီးမားတဲ့ အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ ၎င်းကို တကယ်ပဲ သန့်စင်ဖို့ ဆိုတာကတော့?

စိတ်မကောင်းပါဘူး။ လက်ရှိ မိုးရေနိုင်ငံ ဧကရာဇ်တောင်မှ ဒီလိုမျိုး လုပ်ဆောင်ဖို့ အတွက် အံ့အားသင့်စရာကောင်းတဲ့ ကံကြမ္မာ မရှိပါဘူး. ချီကလန်က လျှို့ပုက်ဆန်းကြယ်လှတဲ့ မွန်းစတား အဘိုးကြီးတစ်ယောက်ပဲ ထူးဆန်းတဲ့ မီး တစ်ခုကို နှိမ်နင်းဖိနှိပ်ထားနိုင်ပါလိမ့်မယ်။

လင်းဟန်က ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲရှိပါသေးတယ်.

ဘယ်လိုလုပ်ပြီးတော့ ဒီလို ကံကြမ္မာ မျိုးကို ပိုင်ဆိုင်ထားနိုင်တာလဲ?

လင်းဟန်က သူ့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေအားလုံးနဲ့ ဒီထူးဆန်းတဲ့ မီးတစ်ခုကို ပေါင်းစပ် နိုင်တယ်ဆိုတာကို ပူချမ့်ဖုန်း လုံးဝ မယုံကြည်ပါဘူး။ ဒါဆိုယင် အရမ်းကို ရိုးရှင်းပါတယ်။ ဒါက လင်းဟန်ရဲ့ အနောက်မှာရှိတဲ့ ဆရာသခင် ဒါမှမဟုတ် သူ့ရဲ့ ကလန် က ထူးဆန်းတဲ့ မီးတစ်ခုနဲ့ သူ့ကို ပေါင်းစပ်နိုင်ဖို့ ကူညီပေးတာပဲ ဖြစ်ပါလိမ့်မယ်။ ထူးဆန်းတဲ့ မီးတစ်ခုကို သူတို့ရဲ့ ဂျူနီယာ တစ်ယောက်ကို အခုလိုပဲ ပေါင်းစပ်ပေးနိုင်တဲ့ အဖွဲ့အစည်းဆိုတာက ဘယ်လောက်တောင် သဘောထားကြီး ပြီး အံ့သြစရာကောင်းလိုက်မလဲ?

ဒီအတွေးတွေနဲ့အတူ သူက ယွမ်ချူးဆီကို လှည့်လိုက်ပီးတော့ မကြည်ညိုပဲ မနေနိုင် အောင်ဖြစ်သွားပါတယ်။ သူ့ရဲ့ ကုသခြင်း ပြဿနာကို အသာထားဦး လင်းဟန်ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ခံ အင်အားက ကိုပဲ ပူကလန် အနေနဲ့ ဆန့်ကျင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

``အားး``

သူ့ရဲ့ စိတ်ထဲမှာ အတွေး တစ်ချက် လက်သွားယုံပဲရှိပါသေးတယ် နောက်ထပ် တစ်ကြိမ် ထိတ်လန့်စရာကောင်းအောင်လို့ အော်ဟစ်လိုက်ပါတယ်။ စောစောတုန်းက သူက အတွေးတွေ များနေပြီးတော့ နာကျင်တဲ့ ဝေဒနာကို လစ်လျူ ရှုထားလို့ရပါတယ်။ ဒါပေမဲ့ အခုနောက်တစ်ကြိမ် နာကျင်မှု က ပြန်လာခဲ့ပြီးတော့ အဲဒါကြောင့်ပဲ သူက ရူးသွပ်သွားမလိုဖြစ်ပြီးတော့ အနားမှာရှိတဲ့ တစ်စုံတစ်ယောက် ကို ထုရိုက်ပစ်ချင်စိတ်တွေ တဖွားဖွား ပေါ်ထွက်လာခဲ့ပါတယ်။

အနားက လူတွေအားလုံး က မယုံနိုင်စရာကောင်းတဲ့ အံ့အားသင့်နေတဲ့ အမူအရာ တွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က ပုချမ့်ဖုန်းရဲ့ ခြေထောက်က သွေးကြောတွေက တစ်ခုပြီးတစ်ခု သိသိသာသာနဲ့ ထောင်ထလာတာကို မြင်လိုက်ရပြီး အနီးကပ်သေချာကြည့်တဲ့အခါမှာ ဒီသွေးကြောတွေက သေးငယ်တဲ့ မြွေအုပ်စုလေးတွေအတိုင်းပဲ အဆက်မပြတ် တွန့်လိမ်နေတာကို မြင်လိုက်ကြရပါတယ်။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူ့ရဲ့ လက်ချောင်းတွေနဲ့ အဆက်မပြတ် ထိပြီးတော့

ဖိနှိပ်နေခဲ့ပါတယ်။ လောင်ကျွမ်းနေတဲ့ မီးတောက် နဲ့အတူ ဒီသေးငယ်လှတဲ့ မြွေလေးတွေက နောက်ဆုတ် နောက်ဆုတ်ယင်းနဲ့ ခြေကျင်းဝတ် နားကို ရောက်လိုလာခဲ့ပါတယ်။

ပူချမ့်ဖုန်း ရဲ့ ပေါင် က တစ်ဖြေးဖြေးနဲ့ ပုံမှန် အသားအရေ အရောင်ကို ပြန်ပြီးရရှိလာ တာကို မြင်ကြရပါတယ်။ အနက်ရောင် က အဆက်မပြတ် အောက်ဘက်ကို ဆင်းလာပြီးတော့ ၎င်းက ပိုပြီး မည်းသထက် မည်းလာခဲ့ပါတယ်။ ၎င်းက ပူချမ့်ဖုန်း ရဲ့ ခြေထောက်အောက်ဘက်မှာ အစိုင်အခဲ လို စုစည်းလာခဲ့ပါတယ်။

ဒါက အရမ်းကို ထူးဆန်းတဲ့ အရာပဲဖြစ်ပါတယ်။

ဒါပေမဲ့ ပူချမ့်ဖုန်းကို ကြည့်ရတာ စိတ်သက်သာရာ ရသွားတဲ့ ပုံစံပါပဲ.. တကယ်လို့ သူက တော်းဒအေ ဖြစ်နေယင်တောင်မှ လင်းဟာန်က သူရဲ့ နည်းလမ်းနဲ့ အဆိပ်တွေကို စုစည်းပြီးတော့ သူရဲ့ ခြေထောက်ကို ဖြေးဖြေးလေး ဖိအားပေးပြီးတော့ သွားစုအောင် လုပ်ခဲ့တယ်ဆိုတာကို သေချာပေါက်ပြောနိုင်ပါတယ်။

ဒါပေမဲ့ ဒါက တကယ့်ကို နာကျင်ပါတယ်. အရမ်းကို နာကျင်ပါတယ်... အလွန်အမင်းကို နာကျင်ခံစားရပါတယ်။

စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ ပူချမ့်ဖုန်းက အရမ်းကို မြင့်မားတဲ့ နာကျင်မှုဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ ဒါပေမဲ့ အခု သူက ဒီနာကျင်မှုကြောင့် အနည်းငယ်မျှ အသံမထွက်အောင်လို့ သူကိုယ်သူ ကြိုးစားပြီး ထိန်းနေရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အသားအရေအပေါ်မှာ အေးစက်တဲ့ ချွေးတွေက တစ်လွှာပြီးတစ်လွှာ ပေါ်လာပြီးတော့ သူ့ရဲ့ ခြေနှစ်ဖက်စလုံးကလဲ မရပ်မနားနဲ့ တုန်ယင်နေပါတယ်။

လင်းဟာန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

``အဘိုးကြီး ပူ ငါအခု အဆိပ်တွေအားလုံးကို မင်းရဲ့ဘယ်ဘက် ခြေထောက်မှာ ဖိအားပေးပြီးတော့ စုပေးလိုက်ပီ.. မင်းရဲ့ ခြေထောက်ကို ဖြတ်ပြီးတဲ့ အခါကျယင် အားလုံး အဆင်ပြေသွားလိမ့်မယ်.. ဘယ်လိုလဲ အဆင်ပြေလား?``

မင်းညီမပဲ အဆင်ပြေလားမေးကြည့်.. အခုငါတို့ပြောနေတာက ငါ့ရဲ့ ခြေထောက် တစ်ဖက်လေ..။

ပူချမ့်ဖုန်းက ကျိတ်ပြီးတော့ သရော်လိုက်ပါတယ်။ ဒါပေမဲ့ သူက အစောပိုင်းကတည်း က ဆေးရာတွေအများကြီးဆီကို သွားရောက်ခဲ့ပီးပါပြီ.. ပြီးတော့ သူတို့အားလုံးက သူရဲ့ အသက်ကို ကယ်ဖို့ ဘယ်ဘက်ခြေထောက်တစ်ခုလုံးကို ဖြတ်တောက် ပစ်ဖို့ အကြံပေးကြပါတယ်။ အဲဒါနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုယင် ဒီခြေကျင်းဝတ်ကနေ ဖြတ်ပစ်ရတာက ပိုတောင် ကောင်းပါသေးတယ်လေ။

ပြီးတော့ သူရဲ့အသက်က ပိုပြီးအရေးကြီးတာပေါ့..။

``သခင် သခင်လေးဟန် .. ကျေးဇူးပြုပြီးတော့ လုပ်လိုက်ပါ``

ပူချမ့်ဖုန်းက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က သူရဲ့ ဓါးကို ဆွဲထုတ်ပြီးတော့ ခုတ်ချလိုက်ပါတယ်။

``ရှပ်``

အေးစက်တဲ့ အလင်းတစ်ခု ဖြတ်သန်းသွားပြီးတော့

ချက်ချင်းဆိုသလို အနက်ရောင် သွေးတွေက ပန်းထွက်လာခဲ့ပါတယ်။

သူက ပုချမ့်ဖုန်းရဲ့ ခြေထောက်ကို မဖြတ်ပါဘူး. ဒါပေမဲ့ သူ့ရဲ့ ခြေဖဝါးကနေ သွေး တွေ ထွက်ဖို့အတွက် ခြစ်ရာလေးတစ်ခုကို ပဲ လုပ်လိုက်တာပါ. ထူးဆန်းတဲ့ မီးရဲ့ အဆက်မပြတ်တောက်လောင်ကျွမ်းမှုကြောင့် အနက်ရောင် သွေးတွေက အဆုံးမရှိ ပန်းထွက်လို့လာခဲ့ပါတယ်။

``သူလာပြီ``

လင်းဟန်ရဲ့ မျက်လုံးတွေက ရုတ်တရက် ပင့်သွားခဲ့ပါတယ်။ သူက လျင်မြန်စွာနဲ့ သူ့ရဲ့ခါးကို ချလိုက်ပီးတော့ လက်တစ်ဖက် ကို အနက်ရောင်သွေးတွေပန်းထွက် နေတဲ့ ဆီကို ဆန့်ထုတ်လိုက်ပါတယ်။ ပြီးတော့ သူကချက်ချင်းဆိုသလို သူ့ရဲ့ လက်ကို နောက်ကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဘယ်သူကမှ သူ့လက်ထဲမှာ တစ်ခုခု ပါလာတယ်ဆိုတာကို သတိမပြုမိခဲ့ပါဘူး ဘာလို့လဲဆိုရင်တော့ သူက ချက်ချင်း ဆိုသလို အဲဒီပစ္စည်းကို သိုလှောင်လက်စွပ်ထဲကို ထည့်လိုက်လို့ပဲ ဖြစ်ပါတယ်။

အနက်ရောင် သွေးတွေက အဆက်မပြတ် ထွက်နေတုန်းပါပဲ။

ပြီးတော့ အရမ်းကို လျှင်မြန်စွာနဲ့ ပူချမ့်ဖုန်းရဲ့ ဘယ်ဘက်ခြေထောက်က လုံးဂကို ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ပူချမ့်ဖုန်းက သွေးတွေအများကြီး ဆုံးရှုံးကုန်တဲ့ အတွက် ကြည့်ရတာ ဖြူဖတ်ဖြူလျော် ဖြစ်နေတုန်းပါပဲ.

``ပြီးပြီ``

လင်းဟန်က ပြောလိုက်ပါတယ်။

ပူချမ့်ဖုန်း သတိဂင်သွားပြီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ ပီတိဖြစ်နေတဲ့ အမူအရာက မထိန်းနိုင် မသိမ်းနိုင် ပေါ်လာခဲ့ပါတယ်။ သူက လျှင်မြန်စွာနဲ့ ထရပ်လိုက်ပီး တော့ သူ့ရဲ့ လက်တွေကို ဆုပ်ပြီး လင်းဟန်ဘက်ကိုလှည့်ကာ ပြောလိုက်ပါတယ်။

``ကျေးဇူးအများကြီးတင်ပါတယ် သခင်လေးဟန် ကျေးဇူးအများကြီးတင်ပါတယ်``

ဒီ အဆိပ်ကောင်က သူ့ကို နှစ်ပေါင်းများစွာ ဒုက္ခပေးခဲ့ပါတယ်။ ဒီအဆိပ်ကို ကုသဖို့ အတွက် သူက ဆေးအမျိုးမျိုးကို သောက်ခဲ့တာတောင်မှ ပြန်လည်

ကောင်းမွန် မဲ့ လက္ခဏာ လုံး၀ မပေါ်လာပါဘူး။ နေ့တိုင်းပဲ သူ့ရဲ့ မူလစွမ်းအင်ကို အသုံးပြုပြီး တော့ အဆိပ်ကို ဖိနှိပ်ထားခဲ့ရပါတယ်။ အဲဒီလိုသာမဟုတ်ဘူးဆိုယင် အဆိပ်တွေ တက်လာပြီးတော့ သူ့ရဲ့ သွေးတွေကို စုပ်ယူသွားပါလိမ့်မယ်။

တကယ်လို့ ဒီအဆိပ်ကြောင့်သာ မဟုတ်ဘူးဆိုယင် သူက စိတ်ဂိဉာဉ်ပင်လယ် အလွှာ ၇ အဆင့်မှာပဲ ရှိနေမှာမဟုတ်ပဲ အဲဒီအစား အလွှာ၉ အဆင့်ထိ အောင်တောင် ရောက်နိုင်ပြီးတော့ စိတ်ဂိဉာဉ်ပုလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ဖို့ ကြီးမားတဲ့ အခွင့်အရေးပါရှိပါလိမ့်မယ်။

တကယ်လို့ ယန်ဖျက်ဆီးခြင်း ဆေးလုံးကသာ အာနိသင်မပြဘူးဆိုယင် သူ့ရဲ့ ဘယ်ဘက် ခြေထောက်ကို လက်လျှော့လိုက်ဖို့ ပြင်ဆင်ထားပါတယ်။ တကယ်တော့ အသက်ရှင်နေတဲ့လူတစ်ယောက်က ခြေထောက်တစ်ချောင်းပဲ ရှုံးဆုံးနေတာက ခြေလက်အပြည့်အစုံနဲ့ သေနေတဲ့ လူတစ်ယောက်ထက်တော့ ပိုပြီးကောင်းမွန် ပါသေးတယ်။

သူ့အနေနဲ့ လင်းဟန်က ဆယ်နှစ်နီးပါးလောက်

သူ့ကိုဒုက္ခပေးနေတဲ့ ဒီပြဿနာ ကို လွယ်လွယ်ကူကူနဲ့ ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။

အံ့ဩစရာကောင်းလိုက်တာ။

``အမွှေးတွေထူနေတဲ့ ခင်ဗျား ခြေထောက်ကို ဖုံးလိုက်ဦး.. ဒါကို ကြည့်ရတာ အရမ်း ကိုကောင်းတယ်လို့ ထင်နေတာလား?``

လင်းဟန်က မထီမဲ့မြင်နဲ့ ပြောလိုက်ပါတယ်။

``ဟုတ်ကဲ့ ဟုတ်ကဲ့``

ပူချမ့်ဖုန်းက လက်ရှိမှာ အရမ်းကို ပီတိဖြစ်နေပြီး လင်းဟန်ရဲ့ အရမ်းကို ကြမ်းတမ်း တဲ့ စကားတွေကို လစ်လျူရှုထားပါတယ်။

``ကောင်းပြီ.. အခု ခင်ဗျားသွားလို့ရပြီ``

လင်းဟန်က သူ့ရဲ့ လက်ကို လှုပ်ခါပြလိုက်ပြီးတော့ သူတို့ကို ထွက်သွားဖို့အတွက် အမိန့်ပေးလိုက်ပါတယ်။

``ဟုတ်ကဲ့``

ပုချမ့်ဖုန်းက လျင်မြန်စွာနဲ့ သူ့ရဲ့ လက်ကို ဆုပ်ပြီးတော့ နှုတ်ဆက်ထွက်သွား လိုက်ပါတယ်။ သူက ကျန်တဲ့ ကျန်းကလန် အဖွဲ့သားတွေကိုလဲ အဆက်မပြတ် တောင်းပန်မှု လုပ်ပီးတော့ သူ့ရဲ့ ကလန်က ဂျူနီယာ သုံးယောက်ကို ခေါ်ပြီး ထွက်သွားပါတယ်။ အဆိပ်ဖြေ ကုသခြင်း ပြီးသွားပြီဆိုတော့ သူ့အနေနဲ့ ယွမ်ချူးကို ထပ်ပြီးတော့ တောင်းပန်ဖို့ မလိုတော့ပါဘူး။ ဒါကြောင့် သူက အိမ်ကိုပဲ တိုက်ရိုက် ပြန်သွားခဲ့ပါတယ်။

``ခင်ဗျားလဲ ပြန်တော့``

လင်းဟန်က ယွမ်ချူးကို ပြောလိုက်ပါတယ်။

``ဟုတ်ကဲ့ သခင်လေးဟန်``

ပထမတော့ ယွမ်ချူးက သူ့ကို အနည်းငယ် ထပ်ပြီးတော့ ချီးမြှောက်ပြောဆိုဖို့ ကြံထားပါတယ်။ ဒါပေမဲ့ လင်းဟန်က လက်ရှိမှာ အင်ပါယာမြို့မှာ နေထိုင်ပြီးတော့ ကောင်းကင်ဆေးအိမ်တော်ကို မကြာခဏ လာဦးမယ်ဆိုတာကို ပြန်စဉ်းစား မိလိုက် တဲ့အတွက် သူက

လင်းဟာန်ကို ဆက်ပြီး အနှောက်ယှက်မပေးတော့ပဲ နဲ့ ပြန်လာခဲ့ လိုက်ပါတယ်။

အခု အပြင်လူတွေက သွားပြီ..ကျန်းကလန်ရဲ့ အဖွဲ့သားအားလုံးပဲ လင်းဟာန်ကို ကြည်ညို လေးစားစွာနဲ့ ကြည့်နေကြပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဘာဖြစ်နေတာလဲ? မင်းက ငါ့ကိုတောင်မှမသိတော့ဘူးလား?``

``ငါတကယ်ပဲ မင်းကို မသိဘူးလို့တောင် ခံစားရတယ်``

ဂျင်ပူကျိုက ခါးခါးသီးသီးနဲ့ ပြုံးလိုက်ပါတယ်။

``ဂရန်းမာစတာ ယွမ်ချူးနဲ့ ဆရာပူတို့တောင်မှ မင်းကို ဒီလောက် ရိုသေလေးစား ကြတာ.. ငါတကယ့်ကို ဘာတွေလုပ်နေမိတာလဲမသိတော့ဘူး.. တကယ်လို့ ငါ လည်း မင်းကို သခင်လေးဟာန်လို့ ခေါ်ယင်ရော ဘယ်လိုလဲ?``

``ငရဲကိုသာသွားလိုက်တော့``

လင်းဟန်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။

``မင်းက ငါ့ကို သူငယ်ချင်းတစ်ယောက်လို့တောင် မယူဆထားဘူးပေါ့?``

ရုတ်တရက်ဆိုသလိုပဲ ဂျင်ပူကျိရဲ့ နှလုံးသားထဲမှာ နွေးခနဲ ဖြစ်သွားသလို ခံစားလိုက်ရပါတယ်။

CHAPTER 172 သွေးစုပ်ယူခြင်း မူလရွှေ သတ္တု

လင်းဟန်က အယင် နဲ့ နောက်ပိုင်း မှာ သူငယ်ချင်းဖြစ်တယ်ဆိုတဲ့ အဖြစ်အပျက် က လုံးဝ မတူညီ ကွဲပြားခြားနားပါတယ်။

အနက်ရောင်အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တောင်မှ ရှိသေလေးစားစွာနဲ့ လင်းဟန်ကို သခင်လေးဟန်လို့ ခေါ်ရပါတယ်။ ဒါက လင်းဟန်ရဲ့ သူငယ်ချင်းဖြစ်ရတာ ဘယ်လောက်တောင် ဂုဏ်ယူဖို့ ကောင်းလိုက်သလဲ။

ကျန်းဖေးရန် မိဘနှစ်ပါးနဲ့ ကျန်းဖေးရန် ကိုယ်တိုင်တောင်မှ

သူရဲ့ စကားတွေကြောင့် အလွန်အမင်းကို ကျေနပ်ပီတိဖြစ်စေရပါတယ်။ ထိုအချိန်အတွင်းမှာ အကြီးဆုံး အဒေါ်နဲ့ အငယ်ဆုံးအဒေါ်ဖြစ်တဲ့သူနှစ်ယောက်က လင်းဟန်ရဲ့ အနားကို အရှက်မရှိ ချဉ်းကပ်လာကြပါတယ်။ အကြီးဆုံးအဒေါ်ဖြစ်တဲ့သူက ပြောပါတယ်။

``သခင်လေးဟန်.. ကျမတို့ရဲ့ ဟွာလိန်နဲ့ ယွမ်အာ တို့က တကယ့်ကို ကောင်းတဲ့ ကောင်လေးတွေ ပါ.. သူ့တို့က သခင်လေးဟန်နဲ့ သူငယ်ချင်းကောင်းတွေ သေချာပေါက် ဖြစ်လာပါလိမ့်မယ်``

``ဟုတ်တယ်.. ဟုတ်တယ်.. မင်းတို့အားလုံး သူငယ်ချင်းကောင်းတွေ ဖြစ်လာနိုင်တယ်``

အငယ်ဆုံးအဒေါ်ဖြစ်တဲ့သူကလဲ အလျင်အမြန်နဲ့ဝင်ပြီး ထောက်ခံလိုက်ပါတယ်။

သူမတို့တွေက တကယ့်ကို အရှက်မရှိတာပဲ။

လင်းဟန်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

``ငါ မင်းတို့နဲ့ သိလို့လား?``

အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ်တို့ နှစ်ယောက်စလုံး လင်းဟန်ရဲ့ မေးခွန်းကြောင့် ဘာပြောရမှန်းမသိ ဖြစ်သွားကြပါတယ်။ တကယ်လို့ ဒါက အစော ပိုင်းတုန်းက အခြေအနေသာဆိုယင် သူမတို့ရဲ့ လက်သည်းတွေနဲ့ ကုတ်ခြစ် ခြေထောက်တွေနဲ့ ဆောင့်ကန်တာမျိုးတွေ လုပ်မိကောင်း လုပ်မိပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူမတို့တွေ ဘာတစ်ခွန်းမှ မပြောရဲကြတော့ပါဘူး။ အဲဒီအစား သူမတို့ရဲ့ မျက်လုံးတွေနဲ့ ကျန်းဖေးရန်ကို အဆက်မပြတ် အချက်ပြနေပြီးတော့ သူမတို့ ကိုယ်စား ဂင်ပြီး ပြောပေးဖို့ မျှော်လင့်နေကြပါတယ်။

တကယ်လို့ သူမတို့ရဲ့ သားတွေနဲ့ လင်းဟန် က သူငယ်ချင်းကောင်းတွေ ဖြစ်သွား မယ်ဆိုယင် သူမတို့က အင်ပါယာမြို့မှာ သူမတို့သဘောအတိုင်း စိတ်ကြိုက် လုပ်လို့ ရသွားပြီလို့ ဆိုလိုတာပဲမဟုတ်လား?

``မင်းတို့အားလုံး အခု ထွက်သွားကြစမ်း``

လင်းဟန် က စိတ်မရှည်စွာနဲ့ ပြောလိုက်ပါတယ်။

အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ်ကို ဒီလိုမျိုး

လွယ်လွယ်ကူကူနဲ့ အလျော့ပေး လိုက်မယ်လို့ ထင်နေတာလား? သူမတို့က သူပြောတာကို မကြားသလိုမျိုး နေပြီး တော့ လင်းဟန်ကို ဆက်ပြီး အပူကပ်ဖို့ အစီအစဉ်ချထားကြပါတယ်။

လင်းဟန်က အေးစက်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒါမှမဟုတ် မင်းတို့က ငါ့ကို ပုချမ့်ဖုန်းနဲ့ ဂရန်းမာစတာ ယွမ်ချူး တို့နှစ်ယောက်ကို ပြန်ပြီးတော့ ဖိတ်ခေါ်ပြီး မင်းတို့ရဲ့ အကြွေးဟောင်းတွေကို ပြန်ပြီးတော့ ဆပ်ချင်လို့ လား?``

သူမတို့အားလုံးကို သက်ညှာပေးလိုက်တာက သူ့အနေနဲ့ ဂျင်ပူကျိုကို မျက်နှာသာ ပေးလိုက်တာပါ။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူက သူတို့တွေအားလုံးကို ကောင်း ကောင်း ရိုက်နှက်ဆုံးမပစ်လိုက်တာ ကြာပါပြီ။

သူ့ရဲ့ ခြိမ်းခြောက်မှုကို ကြားလိုက်တာနဲ့ အကြီးဆုံးအဒေါ်နဲ့ အငယ်ဆုံးအဒေါ် တို့က ဆက်ပြီးတော့ ပေကပ် မနေရဲတော့ပဲသူမတို့ရဲ့ သားတွေကို ခေါ်ပြီး အလျင်အမြန် ထွက်သွားကြပါတယ်။

လင်းဟန်က သူ့ရဲ့ ထိုင်ခုံမှာ ပြန်ထိုင်လိုက်ပီးတော့

ဂျင်ပူကျိရယ် ကျန်တဲ့ သူတွေနဲ့ မပြန်ခင်မှာ စကားတွေပြောပြီးတော့ အနည်းငယ်သောက်စားလိုက်ပါတယ်။ ပထမ အချက် က ဒီကလေထုက အရမ်းကို သက်တောင့်သက်သာ မဖြစ်ပါဘူး။ သူ့ရဲ့ အဆင့်အတန်းက ရုတ်တရက် အံ့မခန်းတဲ့ အဆင့်ကို မြင့်တက်သွားခဲ့ပြီးတော့ ဂျင်ပူကျိနဲ့ ကျန်တဲ့သူတွေ ရဲ့ အပြုအမူက အရမ်းကို အိနြေ္ဒကြီးတဲ့ အဖြစ်ကို ဖြစ်သွားစေခဲ့ပါတယ်။ ဒုတိယအချက်က သူက အမြန်ပြန်ပြီးတော့ ပူချမ့်ဖုန်း ဆီက ရခဲ့တဲ့ ပစ္စည်းကို လေ့လာချင်နေပါပြီ။

ဟူးညိုကို ခေါ်ပြီးတော့ လင်းဟန်က အရမ်းကို လျှင်မြန်စွာနဲ့ အကယ်ဒမီကို ပြန်လာခဲ့ပါတယ်။ လွီရှုအာ ရဲ့ စိန်ခေါ်မှုအကြည့်ကို မျက်နှာခြင်းဆိုင်ပြီးတော့သူက သူ့ရဲ့ အခန်းတံခါးကို ပိတ်လိုက်ပါတယ်။ သူ့ဆီက အတွေးတစ်ချက်နဲ့ ချက်ချင်းဆိုသလိုပဲ အဲဒီပစ္စည်းက သိုလှောင်လက်စွပ် အတွင်းကနေ ထွက်ပေါ်လာခဲ့ ပါတယ်။

၎င်းက အရမ်းကို မည်းနက်တဲ့ အရာတစ်ခုဖြစ်ပြီးတော့ သေးသေးရှည်ရှည် လေးတစ်ခုဖြစ်ပါတယ်။ ၎င်းက ပေါ်လာတာနဲ့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ လင်းဟန် ဆီကို လေးက နေလွှတ်လိုက်တဲ့ မြှားတစ်စင်းလိုမျိုး

ရွှေလျားလာပါတယ်။

ထိုအရာက အလွန်အမင်း လျင်မြန်လှပါတယ်။ ဒါကြောင့် ပူချမ့်ဖုန်းလို စိတ်ဂိုဉာဉ် ပင်လယ် အလွှာ ၇ အဆင့် လက်ရွေးစင် စစ်သည်တော်တစ်ယောက် တောင်မှ လွတ်အောင် မရှောင်နိုင်ပဲနဲ့ သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို ဆယ်နစ်တာကာလအတွင်း မှာ တန့်သွားစေခဲ့ပါတယ်။ လင်းဟန်လို ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မျှသာ ရှိတဲ့ သူတစ်ယောက်ဆိုယင်တော့ ပြောနေစရာတောင်လိုမယ်မထင်ပါဘူး။

``ရှပ်``

ထိုအရာက လင်းဟန်ရဲ့ ခါးပိုင်းကို တိုးဝင်ပြီးတော့ သူရဲ့ ခါးကနေ တစ်ဆင့် လင်းဟန်ရဲ့ ခန္ဓာကိုယ် ထဲကိုဖြတ်သန်းဖို့ ကြံစည်နေပါတယ်။

``ဟွန်``

လင်းဟန်ရဲ့ မျက်နှာက အေးစက်သွားပါတယ်။ သူရဲ့ ခါးကနေ နီမြန်းတဲ့ မီးတောက်တစ်ခု ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။

``အတင့်ရဲလိုက်တာ... ငါက မင်းကို အပြင်ထွက်လာအောင် လုပ်နိုင်တဲ့အစွမ်း ရှိမှ တော့ မင်းကိုငါက ကြောက်နေရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား?``

ထိုအရာက နေရာပေါင်းစုံကို ကနေ လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို အပေါက်တစ်ခု ဖန်တီး ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်ဖို့ ကြံစည်နေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လှုပ်ရှား မှု့ အားလုံးကို ထူးဆန်းတဲ့ မီးတောက်က ထပ်ခါ ထပ်ခါ ပိတ်ဆို့ ထားပြီးတော့ နောက်ဆုံးမှာတော့ ၎င်းက လင်းဟန်ရဲ့ နောက်တစ်ကြိမ် ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။ ထူးဆန်းတဲ့ မီးက ထိုအရာကို စတင်ပြီး လောင်ကျွမ်းလိုက် ပါတယ်။

ထိုအရာက အပြင်းအထန် တွန့်လိမ်ပြီးတော့ ရုန်းကန် လှုပ်ရှားနေပါတယ်။ ၎င်းက အစောပိုင်း ရှည်ပြီး ပါးတဲ့ ပုံစံကနေ အတုံးတစ်ခုပုံစံ.. ပြီးတဲ့နောက်မှာ ဓါးတစ်ချောင်း ပုံစံ... ဆေဘာဓါးတစ်ချောင်းပုံစံ စသည်ဖြင့် ပုံသဏ္ဍာန် အမျိုးမျိုး ကို ပြောင်းလဲနေပါတယ်။ ဒီမြင်ကွင်းက အရမ်းကို အံ့အားသင့်ဖို့ကောင်းလွန်း ပါတယ်။

``ဒါဆိုယင် ဒီဟာက တကယ့်ကို သွေးစုပ်ယူခြင်း

မူလရွှေသတ္တု ပဲပေ့ါ``

လင်းဟန်က ပြုံးလိုက်ပါတယ်။

သွေးစုပ်ယူခြင်း မူလရွှေ သတ္တုက မိုးစွာသားရဲ့ တစ်ကောင်မဟုတ်သလို တစ်ခြား သက်ရှိသတ္တုဂါ အမျိုးအစားတစ်ခုလဲ မဟုတ်ပါဘူး။ အကြောင်းက ၎င်းက အရမ်းကို ရှားပါးလွန်းတဲ့ သတ္တုအမျိုးအစား တစ်ခုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီသတ္တု ကအလွန် ထူးဆန်းပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ၎င်းက သွေးတွေကို စုပ်ယူခြင်းနဲ့ ဖျက်ဆီး ရခြင်းကို နှစ်သက်သဘောကျပြီးတော့ ၎င်းကိုယ်ပိုင်ရဲ့ ဘဂတစ်ခုလိုမျိုး ဖြစ်နေပါတယ်။ လင်းဟန်တောင်မှ ဒီပစ္စည်းနဲ့ ပါတ်သတ်ပြီးတော့ အသေးစိတ် ဗဟုသုတ တွေ မပိုင်ဆိုင်ထားပါဘူး။

ဒါပေမဲ့ တစ်စုံတစ်ယောက် က အယင်တုန်းက ခန့်မှန်းပြောဆိုဖူးတာက ဒီ ထူးဆန်း တဲ့သတ္တုက လုံလောက်တဲ့ သွေးပမာဏကို စုပ်ယူပြီးတဲ့အခါမှာ သန်မာလာပြီးတော့ လုံးဂ အသက်ရှင်သန်တဲ့ ပုံစံ အသစ် ဖြစ်သွားပြီးတော့ ရှင်သန်ခြင်း တံခါးကို တောင် ဖွင့်နိုင်တဲ့ အစွမ်းရှိလာနိုင်ပါတယ်တဲ့။

ပြီးတော့ အကြီးမားဆုံး အကျိုးကျေးဇူးက ဒီသတ္တုက ၎င်းရဲ့ပုံစံကို လွတ်လပ်စွာ ပြောင်းလဲ နိုင်တာပဲ ဖြစ်ပါတယ်။ ၎င်းကို လက်နက်အဖြစ် ပုံစံသွင်းမယ်ဆိုယင် မရေတွက်နိုင်တဲ့ ပုံစံတွေအမျိုးမျိုး ပြောင်းလဲပစ်နိုင်ပါတယ်။ လင်းဟာန်ရဲ့ ယခင်ဘဝ တုန်းက အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော် ခုနှစ်ယောက်ထဲ က တစ်ယောက် ဖြစ်တဲ့ နေရောင်ကိုဖုံးလွှမ်းတဲ့ ဆေဘာဓါး ကေရာဇ် က ဒီ သွေးစုပ်ယူခြင်း မူလရွှေ သတ္တု ကို နေကိုပိုင်းဖြတ်ခြင်း ဆေဘာဓါး ကိုပုံသွင်းခဲ့ပါတယ်။ တိုက်ပွဲ မှာ ရတနာဆေဘာဓါး က အစွမ်းထက်တဲ့ စစ်သည်တော်တွေရဲ့ သွေးတွေကို အဆက်မပြတ် စုပ်ယူပြီးတော့ ၎င်းရဲ့ စွမ်းအားတွေက အဆုံးမရှိ တိုးလာခဲ့ပါတယ်။ ၎င်းရဲ့ ကိုယ်ပိုင်အစွမ်းက အဆုံးမဲ့ ကောင်းကင်စစ်သည်တော် တစ်ယောက်ရဲ့ အစွမ်းနဲ့တောင်မှ နှိုင်းယှဉ်လို့ ရပါတယ်။ ဒါက ၎င်းရဲ့ အစွမ်းက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခု ဒီ သွေးစုပ်ယူခြင်းမူလရွှေသတ္တု အတုံးက လက်နက်တစ်ခုအဖြစ် ပုံစံသွင်း ဖို့က အရမ်းကို သေးငယ်ပါတယ်။ တကယ်လို့ သော့တစ်ချောင်း အဖြစ်နဲ့ အသုံးပြုမယ်ဆိုယင်တော့ ပြဿနာ မရှိပါဘူး။

၎င်းက သူ့ရဲ့ ပုံစံကို လွတ်လပ်စွာ ပြောင်းလဲနိုင်တယ်ဆိုတော့ သော့တစ်ချောင်း ဖြစ်လာပြီးတော့ ဒီကဲ့မှာ ၎င်းမဖွင့်နိုင်တဲ့ သော့ခလောက် ဆိုတာ မရှိဘူးလို့ ဆိုလိုတာပါပဲ။

သူ့ရဲ့ယခင်ဘဝတုန်းက လင်းဟာန်က သွေးစုပ်ယူခြင်းမူလရှေးသတ္တု ကို နေရောင်ဖုံးတဲ့ ဆေဘာဓါးဧကရာဇ် ရဲ့ လက်ထဲမှာ ပဲ မြင်ခဲ့ဖူးတာပါ. ဒါပေမဲ့ သူ့ရဲ့ ပုချမ့်ဖုန်းရဲ့ ပုံပြင်ကို နားထောင်ပြီးတဲ့အခါမှာ ဒီ မြွေဆိုတဲ့ အရာရဲ့ ပုံသဏ္ဍာန်အစစ်ကို ခန့်မှန်းလို့ရခဲ့ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ပုကလန် အဖွဲ့သား တစ်ယောက်ကို သူက ဘာကိစ္စနဲ့ ကုသပေးရမှာလဲ?

``ရွှဲ ရွှဲ ရွှဲ``

ထူးဆန်းတဲ့ မီးက လင်းဟာန်ကို မှုန်ဝါးဝါး အတွေးတစ်ခု ပို့လိုက်ပါတယ်။ သူက ဒီ သတ္တု တုံးကို ဆက်ပြီးတော့ အရည်ဖျော်ပစ်ချင်နေပါတယ်။ လင်းဟာန်က ဒီထူးဆန်းတဲ့ မီးက သွေးစုပ်ယူခြင်း မူလရှေးသတ္တု တုံးကို မတူမတန်သလို ခံစား နေရတယ်လို့ အာရုံခံမိပါတယ်။

ဒါက တကယ့်ကို ထူးဆန်းတာပဲ။

၎င်း အရည်ပျော်လို့ရှိယင် ထူးဆန်းတဲ့ မီးက သွေးစုပ်ယူခြင်း မူလရွှေသတ္တု ရဲ့ ပြောင်းလဲခြင်းစွမ်းရည်ကို ရရှိနိုင်မလား? ဒါပေမဲ့ တကယ်လို့ သူက ၎င်းကို အရည်မဖျော်နိုင်ဘူးဆိုယင် ဒီအရာက သူ့ စကားကို လုံးဝ နားထောင်တော့မှာ မဟုတ်ပါဘူး။ ၎င်းရဲ့ သွေးဆာနေတဲ့ သဘာဝက အရမ်းကို လွှမ်းမိုးခြယ်လှယ် နိုင်ပါတယ်။

၎င်းကို လောင်ကျွမ်းပြီး အရည်ဖျော်ပစ်လိုက်မယ်။ တကယ်လို့ အဲဒီလိုသာလုပ်မယ် ဆိုယင် ၎င်းရဲ့ သွေးဆာနေတဲ့ သဘာဝ ကို ဖျက်ပစ်နိုင်မလားဆိုတာကို သူမြင်ရပါလိမ့်မယ်။

လင်းဟန်က ဆုံးဖြတ်ချက်ချလိုက်ပြီးတော့ ထူးဆန်းတဲ့ မီးကို ဒီ သွေးစုပ်ယူခြင်း မူလရွှေသတ္တု တုံးကို ဆက်ပြီးတော့ သန့်စင်ဖို့ ခွင့်ပြုလိုက်ပါတယ်။

ဒါပေမဲ့ သွေးစုပ်ယူခြင်းမူလရွှေ သတ္တု တုံးက ၎င်းကို သူ့ရဲ့ကိုယ်ပိုင် လက်နက်အဖြစ် ပုံသွင်းပြီးတော့အသုံးပြုခဲ့တဲ့ နေရောင်ဖုံးလွှမ်း ဆေဘာဓါးကေရာဇ်ရဲ့ ကြိုက်နှစ်သက် ခြင်းကို ရရှိခဲ့ပြီးတော့ အပူကို ဆန့်ကျင်ရာမှာ အရမ်းကို မြင့်မားတဲ့ ခံနိုင်ရည် ရှိပါတယ်။ ၎င်းက ထူးဆန်းတဲ့မီးရဲ့

ဒေါသတကြီး တောက်လောင်ကျွမ်းမှုရဲ့ အောက်မှာ အရည်ပျော်မသွားပဲ အနည်းငယ်မျှသာ နီရဲလာပါတယ်။

တကယ်လို့ ဒီ မီးက သတ္တုကို အပြင်းအထန် ဆန့်ကျင်တာက အကြောင်းမဟုတ်ပါဘူး.. လင်းဟန်အနေနဲ့ ၎င်းကို တစ်ခြား ဘာမှ လုပ်လို့ မရတာက အကြောင်းပါပဲ။

နောက်ကျယင် သူက ၎င်းကို ဖြေးဖြေးခြင်း အရည်ဖျော်ပစ်ရပါမယ်။ သူက ဒီ သတ္တု တုံးတစ်ခုကို မဖိနှိပ်ဘူးဆိုတာကို လုံးဝ မယုံကြည်ပါဘူး။

လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်လိုက်ပီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲက မူလ စွမ်းအင်ကို လှည့်ပတ်လိုက်ပြီးတော့ အပူအဖြစ်ကို ပြောင်းလိုက်ပီးတော့ သွေးစုပ်ယူခြင်း မူလရွှေသတ္တုကို သန့်စင်တဲ့ လုပ်ငန်းမှာ ကူညီလိုက်ပါတယ်။

ဖြေညှင်းစွာနဲ့ပဲ ဒီ ပြိုင်ဘက်ကင်းတဲ့ သတ္တု တုံးက စတင်ပြီးတော့ ပျော့ပျောင်း သထက် ပျော့လာခဲ့ပီးတော့ ၎င်းကို ကြည့်ရတာ အရည် အဖြစ်ကို ပြောင်းလဲ လာပါလိမ့်မယ်။

ဒါက နေရောင်ဖုံးလွှမ်း ဆေဘာဓါး ကေရာဇ်ရဲ့

နေဖြတ်ဆေးဘာခါး ရဲ့ အဆင့်အထက်မှာ အတော်ပေးပါတယ်။ ဒီရတနာ ဆေးဘာက အပြင်ဘက် အရာ အားလုံးကို ဖျက်စီးပစ်နိုင်ပါတယ်။ ခါးကေရာဇ်လို ခါးနလုံးသားကို လေ့လာနိုင် ပြီးတော့ ကောင်းကင်နဲ့ မြေကြီးကို သူ့ရဲ့ ခါးတစ်ချက်ဝှေ့လိုက်တာနဲ့ လှီးဖြတ်နိုင်တဲ့ သူတောင်မှ ဒီသတ္တုတုံးကို တစ်ဂက်ဖြစ်အောင် မလုပ်နိုင်ပါဘူး။ ဒါကိုကြည့်ခြင်းဖြင့် ဒီအရာဂတ္တု ရဲ့ အံ့မခန်းဆန်းကြယ်မှုကို သက်သေပြလိုက်သလိုပါပဲ။

ဒီအတွက် အကြောင်းပြချက်ကတော့ သွေးစုပ်ယူခြင်း မူလရွှေသတ္တု ရဲ့ စွမ်းရည်က တိုးလာခဲ့တာကြောင့်ဖြစ်ပါတယ်။ ၎င်းက အဆက်မပြတ် သွေးတွေကို စုပ်ယူပြီးတော့ ပိုပြီးသန်မာလာခဲ့ပါတယ်။ လက်ရှိ ဒီ သွေးစုပ်ယူခြင်းမူလရွှေသတ္တုက ကတော့ သွေးအများကြီး မစုပ်ယူရသေးပါဘူး။ ရလဒ်ကတော့ ၎င်းက စိတ်ဂိဉာဉ်ပင်လယ် အလွှာ ၇ အဆင့် သိုင်းပညာရှင်တစ်ယောက်နဲ့ ဆန့်ကျင်တဲ့အခါမှာတောင်မှ ဘာမှမလုပ်နိုင်ခဲ့ပါဘူး။ ဆယ်နှစ်လုံးလုံး ၎င်းရဲ့ သားကောင်ဖြစ်သူရဲ့ သွေးတွေ ကို လုံးဂ မစုပ်ယူနိုင်တာကိုကြည့်ခြင်းဖြင့် ၎င်းရဲ့ အားနည်းချက်ကို သက်သေပြ ဖို့ လုံလောက်ပါတယ်။

အဲဒီလိုမှမဟုတ်ဘူးဆိုယင် တကယ်လို့ ဒါက နေရောင်ဖုံးလွှမ်းတဲ့ ဆောဘာဓါး ကောရာဇ် ရဲ့ နေဖြတ်ဆောဘာဓါး သာဆိုယင် လင်းဟာန်က သေချာပေါက် လှည့်ထွက် ပြီးတော့ မတူညီတဲ့ ဘက်ကို ထွက်ပြေးရပါလိမ့်မယ်။ သူ့ရဲ့ လက်ရှိ စွမ်းရည်နဲ့ ဒီ မို့ရွာဆန်ဆန် အရာကို ဘယ်လိုလုပ်ပြီးတော့ ဆန့်ကျင် ရပ်တည်နိုင်မှာလဲ?

သတ္တု တုံးက ဆက်ပြီးတော့ ပုံသဏ္ဍာန် ပြောင်းလဲပြီးတော့ အရမ်းကို သေးငယ်တဲ့ သက်ရှိအရာတစ်ခုလိုမျိုး ပြောင်းလဲသွားပြီးတော့ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ ပါတယ်။ တစ်စုံတစ်ယောက်ကသာ ဒါကို မြင်မယ်ဆိုယင် ဒီသတ္တုမှာသူကိုယ်ပိုင် အသက်တစ်ခုရှိတယ်လို့ ခန့်မှန်းကြပါလိမ့်မယ်။ ဒါပေမဲ့ သက်ရှိအရာတွေကို သိုလှောင် လက်စွပ်အတွင်းမှာ ထည့်သိမ်းလို့မရပါဘူး ဒါကြောင့် ဒီ သွေးစုပ်ယူခြင်း မူလရွှေသတ္တုက သက်ရှိအရာတစ်ခုမဟုတ်ဘူးဆိုတာကို အတည်ပြုလို့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒါက အရမ်းကို ထူးဆန်းပါတယ်။

ဂင်းကို တစ်ရက်နဲ့ တစ်ည အရည်ဖျော် ပြီးတဲ့အခါမှာတော့

ဒီသွေးစုပ်ယူခြင်း မူလရွှေသတ္တုက နောက်ဆုံးမှာတော့ အရည်အကွက်လေး တစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ နောက်ထပ် တစ်ခြားပုံစံကို မပြောင်းတော့ပါဘူး။

လင်းဟန်ရဲ့ မျက်နှာက တည်ကြည်လေးနက်သွားပြီးတော့ သူ့ရဲ့ နတ်ဘုရားအာရုံ ကို သွေးစုပ်ယူခြင်းမူလရွှေ သတ္တု ထဲကို ထည့်လိုက်ပါတယ်။

သွေးစုပ်ယူခြင်းမူလရွှေကို သူရွေးချယ်ထားတဲ့ ပုံစံတစ်ခု အဖြစ်ကို လုပ်ဆောင်ဖို့ သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြုပြီးတော့ ၎င်းရဲ့ အထဲကို ထွင်းဖောက်ဝင်ရောက် ရပါလိမ့်မယ်။ ဒါက သွေးစုပ်ယူခြင်းမူလရွှေသတ္တုကို စိတ်ဂိဉာဉ်လက်နက်တစ်ခု လိုမျိုး အရည်ဖျော်ခြင်းနဲ့ ပုံသွင်းခြင်းနဲ့ တူညီပါတယ်။

``ဟုမ်း``

လင်းဟန်ရဲ့ နတ်ဘုရားအာရုံ ကရုတ်တရက် လုံးဝမည်းမှောင်နေတဲ့ ကမ္ဘာတစ်ခု ထဲကို ဝင်ရောက်သွားခဲ့ပါတယ်။ သူ့ရဲ့နားထဲမှာ တိုက်ပွဲရဲ့ ဒေါသတစ်ကြီးအော်ဟစ် နေတဲ့ အသံတွေ ကြားနေရပါတယ်။ သူ့ရဲ့ အရှေ့က မြင်ကွင်းက တစ်ဖြေးဖြေးနဲ့

ကြည့်လင် လာပြီးတော့ မရေမတွက်နိုင်တဲ့ လူတွေက သူ့ရဲ့အရှေ့က ရောမ ဘီလူး တစ်ကောင်ကို တိုက်ခိုက်နေတာကို မြင်လိုက်ရပါတယ်။

ဘီလူးကြီးက အရပ်မြင့်မားပြီး ကြီးမားတောင့်တင်းတဲ့ ခန္ဓာကိုယ်ရှိပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်က သတ္တုအရောင်တွေနဲ့ တောက်ပြောင်လို့နေပါတယ်။ ဒါက အရမ်းကို ခက်ခဲလွန်းပါတယ် လူထောင်ပေါင်းများစွာ ပေါင်းပြီးတော့ တိုက်ခိုက်တာတောင်မှပဲ ၎င်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ခြစ်ရာအနည်းငယ်လေးသာ ပေါ်လာပြီးတော့ ချက်ချင်းဆိုသလိုပဲ ပုံမှန်အတိုင်း ပြန်ပြီးတော့ ပြောင်းသွားပါတယ်။

လင်းဟန်က အံ့အားသင့်သွားပါတယ်။ ဒီရောမ ဘီလူးကြီးရဲ့ ခန္ဓာကိုယ်က သွေးစုပ်ယူခြင်း မူလရွှေ နဲ့ လုပ်ထားတာကြောင့်ပဲဖြစ်ပါတယ်။

CHAPTER 173 ဉာဏ်အလင်းပွင့်ခြင်းအခြေအနေတစ်ခု

နေဖုံးလွှမ်းဆေဘာဓါး ကေရာဇ်ရဲ့စွမ်းအားနဲ့တောင်မှ သူက သွေးစုပ်ယူခြင်းမူလရွှေ သတ္တု တုံးကို လူ့ဦးခေါင်းအရွယ်အစား တစ်တုံး ရယူနိုင်ခဲ့ပြီးတော့ သူ့ရဲ့ ထင်ရှားလှတဲ့ လက်နက်ဖြစ်တဲ့ နေဖြတ်ဆေဘာဓါး ကို

ပုံစံသွင်းထုလုပ်ခဲ့ပြီးတော့ ၎င်းစွမ်းအား အပေါ် မူတည်ပြီး အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော် ခုနစ်ယောက်မှာ တတိယ အသန်မာဆုံး နေရာကို ရောက်လာခဲ့ပါတယ်။

ဒါပေမဲ့ ဒီမှာတော့ အရမ်းကိုကြီးမားတောင့်တင်းတဲ့ ဘီလူးကြီးတစ်ကောင် ပေါ်လာခဲ့ ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို သွေးစုပ်ယူခြင်းမူလရွှေနဲ့ လုပ်ထားပါတယ်။ ဒါက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အချက်တစ်ချက် မဟုတ်ပါလား?

လင်းဟန်က ဒီမတိုင်ခင် ခန့်မှန်းထားတာက ဒီ သွေးစုပ်ယူခြင်းမူလရွှေ က လုံလောက် တဲ့ သွေးပမာဏကို စုပ်ယူနိုင်ခဲ့ယင် ၎င်းက သက်ရှိအမျိုးအစားတစ်ခုအဖြစ်ကို ပြောင်းလဲ နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူလုံးဝမထင်မှတ်ထားတာက ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဘီလူးကြီးတစ်ကောင် ပေါ်လာလိမ့်မယ်ဆိုတာကိုပါပဲ။

ဒီနေရာမှာ သိုင်းပညာရှင်ပေါင်း သန်းနဲ့ချီ ပြီးတော့ အုပ်စုဖွဲ့ကာ ဒီ သွေးစုပ်ယူခြင်း မူလရွှေ ဘီလူးကြီးကို တိုက်ခိုက်နေကြပါတယ်။ သူတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုတွေက ၎င်းဆီကို

ကြယ်ကြွေကျသလိုမျိုး အဆက်မပြတ် ဘီလူးကြီးရဲ့ ခန္ဓာကိုယ်ကို ပစ်လွှတ် တိုက်ခိုက်နေကြတာပါ။ ဒါပေမဲ့ အရမ်းကို နည်းပါးလှတဲ့ တိုက်ခိုက်မှု အချို့က ပဲ ၎င်းရဲ့ အကာအကွယ်ကို ချိုးဖြတ်နိုင်တာပဲ ဖြစ်ပါတယ်။ ဒီတိုက်ခိုက်မှုအချို့ကတောင်မှ ၎င်း ရဲ့ ခံစစ်ကို ချိုးဖြတ်ပြီးတော့ ၎င်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ခြစ်ရာအသေးလေးတွေကိုပဲ ဖြစ်အောင် လုပ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီမူလရွှေ ဘီလူးကြီးရဲ့ တန်ပြန်တိုက်စစ်ကတော့ တကယ့်ကို ကြောက်မက် ဖွယ်ရာကောင်းလွန်းလှပါတယ်။ ၎င်းက သူ့ရဲ့ ပါးစပ်ကို ဟလိုက်ပီးတော့ သိုင်းပညာရှင် အမြောက်အများကို စားလိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ ပါးစပ်ကို ပိတ်ပြီးတော့ ကဂျွတ် ကဂျွတ် နဲ့ အသံမြည်အောင်လို့ ဝါးစားလိုက်ပါတယ်။ ၎င်းက တကယ်ပဲ လူသား သိုင်းပညာရှင်တွေကို ဝါးစားနေတာပါ။

ဒီသိုင်းပညာရှင်တွေက ကောင်းကင်ပေါ်ကိုတောင် ပျံသန်းနိုင်တယ် ဆိုမှတော့ သူတို့က အနည်းဆုံး ပန်းဖူးအဆင့် ကိုရောက်နေကြပြီးတော့ လင်းဟန်ရဲ့ လေ့လာစူးစမ်းမှု အပေါ် အခြေခံရမယ်ဆိုယင် သူတို့ထဲက တစ်ချို့ရဲ့ အဆင့်က သူ့ယခင်ဘဝ တုန်းက စွမ်းရည် ကို ယှဉ်ပြိုင်နိုင်ယုံသာမက ပိုပြီးတော့တောင်မှ

သာလွန်နေပါသေးတယ်။ တစ်ချို့ အနည်းစုသော စွမ်းအားပြည့်ဂုဏ်တဲ့ သိုင်းပညာရှင်တွေကတော့ သူ့ရဲ့ယခင်ဘဝ က အဆင့်ထက် သာလွန်ပါတယ်။

စကြာဂဋ္ဌာဖျက်ဆီးခြင်းအဆင့်လား?

အဲဒီအချိန်မှာပဲ ဒီပုံရိပ်တွေက ရုတ်တရက် ရပ်သွားခဲ့ပါတယ်။ လင်းဟာန်ရဲ့ အမြင်တွေလဲ ပြောင်းလဲသွားပြီးတော့ သူ့ရဲ့ ကိုယ်ပိုင်အခန်းထဲကို နောက်တစ်ကြိမ် ပြန်ရောက်လို့ လာခဲ့ပါတယ်။

စောစောတုန်းက မြင်ကွင်းပုံရိပ်က ဒီ သွေးစုပ်ယူခြင်းမူလရွှေ့ရဲ့ ကျန်ရစ်နေတဲ့ မှတ်ဉာဏ် အပိုင်းအစလေးတစ်ခုပဲ ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ၎င်းက ဖျက်ဆီး နေတဲ့ အစိတ်အပိုင်းဖြစ်ပြီးတော့ အရမ်းကို တိုတောင်းတဲ့ မြင်ကွင်းပုံရိပ်ပဲ ဖြစ်ပါတယ်။

လင်းဟာန်က အကျိုးအကြောင်းကို မဆင်ခြင်ပဲနဲ့ မနေနိုင်ပါဘူး။ မူလရွှေ့ ဘီလူးကြီးက နောက်ဆုံးတော့ မရေတွက်နိုင်လှတဲ့ စွမ်းအားပြည့်ဂုဏ်လှတဲ့ စစ်သည်တော် တွေရဲ့ ပူပေါင်းတိုက်ခိုက်မှုကြောင့် ရှုံးနိမ့်ပြီးတော့ ပျက်စီးသွားခဲ့ပါတယ်။ ပြီးတော့ အခု ၎င်းရဲ့

အစိတ်အပိုင်းတွေက ကမ္ဘာအနှံ့အပြား ကို ပြန့်ကျဲသွားခဲ့ပါတယ်။ သွေးစုပ်ယူခြင်း မူလရွှေ ကသွေးစုပ်ယူခြင်း စွမ်းရည်တွေနဲ့ပြည့်နေပြီးတော့ ဒီဘီလူးကြီးက နောက် တစ်ကြိမ်ပြန်လာနိုင်ဖို့ အစီအစဉ်ချထားတာများလား?

သူမြင်ခဲ့ရတဲ့ မှတ်ဉာဏ်အပိုင်းအစ တစ်ခုကနေ အတွေးတစ်ခုကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ ဒီ သွေးစုပ်ယူခြင်း မူလရွှေ ဘီလူးကြီးက သိုင်းပညာရှင် အမြောက်အများကို အတူတကွ ပူးပေါင်း ပြီး တိုက်ခိုက်လာနိုင်အောင်လို့ ဆွဲဆောင်နိုင်တယ်ဆိုတော့ ဒါက သူ့ရဲ့ မယုံကြည်နိုင် စရာ ကောင်းလှတဲ့ စွမ်းအားရဲ့ အစွမ်းကို သက်သေပြလိုက်တာပါပဲ.။ ဒီတိုက်ပွဲမှာ အဆုံးမဲ့ စကြာဝဠာအဆင့် စစ်သည်တော် အနည်းငယ်တောင်မှ ပါဝင်ပါသေးတယ်။

တကယ်လို့ ဒီအရာကသာ အသက်ပြန်ဝင်လာနိုင်ခဲ့မယ်ဆိုယင် ဒီကမ္ဘာမှာ ဘယ်သူကများ ၎င်းကို ရပ်တန့်နိုင်ပါလိမ့်မလဲ? သေချာပေါက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းနဲ့ သေခြင်းတရား မြင်ကွင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ဒါက ရှေးဟောင်းသမိုင်းဝင် အချိန် တစ်ခုတုန်းက ဖြစ်ခဲ့ပါပဲ ဖြစ်ပါလိမ့်မယ်။ ဒီမြင်ကွင်းလေး တစ်ခုကနေ လင်းဟန် မျက်မြင်ကြုံတွေ့လိုက်တာက အဲဒီမှာ ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော တစ်ရာကျော်နဲ့ အဆုံးမဲ့ စကြာဝဠာ အဆင့် စစ်သည်တော် ငါးယောက်ထက် မနည်း ပါဝင်နေပါတယ်။

သိုင်းပညာရှင်တွေရဲ့ ကမ္ဘာကြီးက ဘယ်လောက်တောင်များ အောင်မြင်ခဲ့သလဲ...။

ခဏနေဦး.. ကျန်းယွဲ့ဖုန်း နဲ့ ကောင်းကင်အဆင့် လက်ရွေးစင်စစ်သည်တော် အနည်းဆုံး တစ်ရာကလဲ အဆုံးမဲ့ စကြာဝဠာအဆင့် စစ်သည်တော် တစ်ယောက်နဲ့ သေတဲ့အထိ တိုက်ပွဲဝင်ခဲ့ကြတယ်.ဒါက လက်ရှိ အချိန်နဲ့ သိပ်ပြီးတော့ မကွာဝေး ဘူး။ အဲဒါက သိုင်းပညာရပ်တွေရဲ့ နယ်ပယ်က ရုတ်တရက် ပေါက်ဖွားမြင့်မားလာပြီး တော့ အားလုံးပဲ ရုတ်ချည်းဆိုသလို လူတွေအများကြီးက ကောင်းကင်အဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

လင်းဟန်က ပိုလိုတောင်မှ သိချင်စိတ်ပြင်းပြသွားပါတယ်။ ပြီးတော့ အဲဒီသမိုင်း အချိန် တုန်းက အမှန်တကယ်ပဲ

ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတဲ့ အကြောင်းကိုလဲ သိချင် သွား ခဲ့ပါတယ်။ ဒါပေမဲ့ မိုးရေနိုင်ငံက တည်ထောင်တာ နှစ်ထောင်ပေါင်းအနည်းငယ်မျှသာ ရှိပါသေးတယ်။ အဲဒီအချိန်မတိုင်ခင်က ဒီနေရာက သမိုင်းထဲမှာ နေရာလွတ်ကြီး တစ်ခု ဖြစ်နေပါလိမ့်မယ်။ ဘယ်သူကမှ အဲဒီမတိုင်ခင် ကမ္ဘာကြီးက ဘယ်လိုမျိုးလဲ ဆိုတာကို သိမှာမဟုတ်ပါဘူး။

ကြည့်ရတာ သူက မိုးရေနိုင်ငံကနေ ထွက်ခွာပြီးတော့ ပိုကျယ်ပြန့်တဲ့ကမ္ဘာကြီး ဆီကို ခြေလှမ်းပြီး အဲဒီသမိုင်းရဲ့ လူမသိသူမသိအချိန်က အဖြစ်အပျက်တွေကို ရှာဖွေဖို့ အတွက် ခရီးဆက်ရပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့ ပြန်ကျဲနေတဲ့ အတွေးတွေကို ပြန်စုစည်းလိုက်ပါတယ်။ ဒါက အနာဂါတ်မှာ လုပ်ဆောင်ရမဲ့ ဟာတွေဖြစ်ပါတယ်။ သူ့ရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့် ဖြစ်တဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်မျှနဲ့ ဘယ်လိုလုပ်ပြီးတော့ လုပ်နိုင်မှာလဲ?

မိုးရေနိုင်ငံက အရမ်းကို သေးငယ်လှတဲ့နေရာတစ်ခု ဖြစ်ပြီးတော့ အသန်မာဆုံး တည်ရှိမှုက ပန်းဖူးအဆင့်ပဲ ဖြစ်ပါတယ်။ တကယ်လို့ သူ ဒီနေရာကနေ ထွက်ခွာ

သွားတဲ့အခါကျယင် သူ့အတွက် စကြာဂဠုဘ်ဖျက်ဆီးခြင်းအဆင့်ကို အမှန်တကယ်ပဲ ရောက်သွားတယ်ဆိုတဲ့ ထူးဆန်းတဲ့အရာတစ်ခုက မဖြစ်နိုင်ဘူးလို့ ဘယ်သူသိနိုင်မှာလဲ။

ကမ္ဘာကြီးက ပြောင်းလဲနေသလို သိုင်းပညာရပ်တွေရဲ့ နယ်ပယ်ကလဲ အမြဲတစေ ပြောင်းလဲနေပါတယ်။

သူ့ရဲ့ စိတ်အမိန့် တစ်ခုကြောင့် သွေးစုပ်ယူခြင်းမူလရွှေက ချက်ချင်းဆိုသလို ပဲ ပုံသဏ္ဍာ အမျိုးမျိုးကို သူ့ရဲ့ စိတ်အမိန့်တွေအပေါ်မှာ မူတည်ပြီးတော့ အဆက်မပြတ်ပြောင်းလဲ နေပါတယ်။ ၎င်းက ပင့်ကူချည်မျှင်လိုမျိုး ပါးလွှာတဲ့ သတ္တုမျှင်အဖြစ်ကိုလည်း ပြောင်းနိုင်သလို စာရွက်ထက်တောင်မှ ပါးလွှာတဲ့ သတ္တုပြားအချပ်အဖြစ်လဲ ပြောင်းလဲ နိုင်ပါတယ်။ ၎င်းက ဂက်တစ်ကောင်..ဆိတ်.. ကြက်. ခွေး နဲ့ တစ်ခြား တိရိစ္ဆာန် ပုံစံ ပေါင်းစုံကိုလဲ ပြောင်းလဲနိုင်သော်လည်း အရမ်းကို သေးငယ်တဲ့ အရွယ်အစားတွေ ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ထူးဆန်းတဲ့မီးရဲ့ သန့်စင်ခြင်းကို ဖြတ်သန်းလာပြီးတဲ့နောက်မှာ သွေးစုပ်ယူခြင်း မူလရွှေ က ပိုပြီးတော့ အကြမ်းခံနိုင်လာပြီး ပိုပြီးတော့လဲ တာရှည်ခံ

လာပါတယ်။ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင်တွေ တောင်မှ ၎င်းကို အစိတ်အပိုင်းတစ်ခု အဖြစ်ကို ဆွဲဖြိစုတ်ဖြဲပစ်ဖို့ ခက်ခဲတာကို တွေ့ရပါလိမ့်မယ်။ တကယ်လို့ သူက ၎င်းကို ကွိုင်ပုံစံခွေလိုက်ပီးတော့ လည်ပင်းကိုပါတ်ပေးပြီး ရုတ်တရက်ဆွဲဆောင့်လိုက်မယ် ဆိုယင် စိတ်ဂိဉာဉ်ပုလ္လင် အဆင့် လက်ရွေးစင် စစ်သည်တော်တောင်မှ သေသွားနိုင် ပါတယ်။

သူက သေွးစုပ်ယူခြင်းမူလရွှေကို လက်ကောက်လိုပုံစံ အဖြစ်ပြောင်းပြီးတော့ သူ့ရဲ့ ခါးဘယ်ဘက်ခြမ်းမှာ ထားလိုက်ပါတယ်။ သူ့ရဲ့အခန်းထဲက ထွက်လာတဲ့အချိန်မှာ ဟူးညို့က သူ့အပေါ်ကို ဖက်တွယ်ပြီးတော့ သူမရဲ့ ခေါင်းလေးနဲ့ သူ့ရဲ့ ရင်ဘတ်ကို ပွတ်ပြီးတော့ ပြောပါတယ်။

``ဆိုးတယ်..လင်းဟန်ဆိုးတယ်``

``ငါက ဘယ်လိုဆိုးတာလဲ?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဟူးညို့နဲ့မှ မကစားတာ``

ဟူးညို့က နှုတ်ခမ်းစူလိုက်ပါတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီ ကောင်းပြီ.. ဒါဆိုယင် ငါ မင်းနဲ့ ခဏဆော့ပေးမယ် ဟုတ်ပြီလား?``

ဟူးညို့ ပြောတဲ့ကစားမယ်ဆိုတာက အမှန်တကယ်တော့ နပန်းလုံးတာပါပဲ။ ဒါက သူမက သားရဲတွင်းမှာ ရှိစဉ်အခါတုန်းသူမရဲ့ ကျားမိခင်က သင်ပေးလိုက်တာ ဖြစ်ပါလိမ့်မယ်။သူမရဲ့ လှုပ်ရှားမှုတွေ တိုက်ခိုက်မှုတွေ အားလုံးက ကျားတစ်ကောင် ရဲ့ လက္ခဏာ သွင်ပြင် နဲ့ တထေရာတည်း ထပ်တူညီပါတယ်။

ဒါပေမဲ့ ဟူးညို့က သိုင်းပညာရပ်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နားလည် သဘောပေါက်နိုင်စွမ်းကို ပိုင်ဆိုင်ထားပြီးတော့ သူမရဲ့ လှုပ်ရှားမှုတွေက သူမကိုယ်ပိုင် အသုံးပြုဖို့အတွက်ပဲ သင့်တော်ပြီးတော့ တစ်ခြားသက်ရှိ တွေအတွက်တော့ မသင့် တော်ပါဘူး။ ဒီမိန်းကလေးငယ်လေးက ကျားသေးသေးလေး တစ်ကောင်နဲ့ တူပါတယ်။ သူမက ခုန်အုပ်တယ်.. ပုတ်တယ် ကိုက်တယ် ပြီးတော့ ဆွဲလွှင့်ပစ်တယ်။ လှုပ်ရှားမှု တိုင်းရဲ့

နောက်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့စွမ်းအားကိုလဲ ပိုင်ဆိုင်ထား ပါတယ်။

လင်းဟန်က စိတ်ဂင်တစားနဲ့ ကိုကြည့်နေပါတယ်။ သားရဲတစ်ကောင်ကလဲ သိုင်းပညာ ရပ်တစ်ခုကို မသင်ပေးနိုင်ဘူးလို့ ဘယ်သူက ဆုံးဖြတ်နိုင်မှာလဲ? ဥပမာ မျောက်ဂုံလက် မောင်း လက်သီး..ကျားလက်ဂါး နဲ့ ကြိုးကြာနှုတ်သီး နဲ့ တစ်ခြားသော သိုင်းပညာ နည်းစနစ်တွေက တိရိစ္ဆာန်တွေရဲ့ တိုက်ခိုက်မှုကို လေ့လာစောင့်ကြည့်ပြီးတော့ သူတို့ရဲ့ ဘိုးဘေးတွေက တီထွင်ခဲ့ကြတာပဲဖြစ်ပါတယ်။

ရုတ်တရက်ဆိုသလို သူ့ရဲ့ အတွေးတွေက ပြန့်လွင့်သွားပြီးတော့ သူ့ရဲ့စိတ်က အရမ်းကို ဝေးတဲ့ ကမ္ဘာတစ်ခုဆီကို လွင့်သွားပါတယ်။

သူက ဉာဏ်အလင်းပွင့်ခြင်း အခြေအနေ တစ်ခုကို ရောက်သွားပါတယ်။

ဉာဏ်အလင်းပွင့်ခြင်းက သိုင်းပညာရှင်တွေအတွက် အရမ်းကို ထူးခြားတဲ့ အခြေအနေတစ်ခုပဲ ဖြစ်ပါတယ်။ ဒီအခြေအနေမှာ သူတို့တွေက သိုင်းပညာရပ်တွေရဲ့

ပြဿနာတွေကို နားလည်သဘောပေါက်နိုင်စွမ်း ရှိလာပြီးတော့ သူတို့ ပုံမှန်အခြေ အနေမှာ နားမလည်နိုင်တဲ့အရာတွေကိုပါ သဘောပေါက်ဆင်ခြင်နိုင်ပြီး သူတို့ရဲ့ သိုင်းပညာရပ်အဆင့်တွေက မြင့်တက်သွားနိုင်ပါတယ်။

ဒါပေမဲ့ ဒီအခြေအနေဆိုတာက ရုတ်တရက် အခွင့်အရေးတစ်ခုကြောင့် ကြုံတွေ့နိုင် တာဖြစ်ပြီးတော့ တမင်တကာ ဖန်တီးယူလို့မရပါဘူး။ ခန့်မှန်းချက်တွေအရတော့ ၎င်းက သိုင်းပညာရှင်တစ်ယောက်ရဲ့ အသိဉာဏ်က ကောင်းကင်နဲ့ မြေကြီးကို ချိတ်ဆက်ဖို့ လိုအပ်ပြီးတော့ အဲဒါက အရမ်းကို လျှို့ဝှက်ဆန်းကြယ်လွန်းတဲ့ အရာပဲ ဖြစ်ပါတယ်။`

တကယ်လို့ သိုင်းပညာရှင်တစ်ယောက်က သူတို့ရဲ့ ဘဝမှာ တစ်ကြိမ်ပဲ ဉာဏ်အလင်း ပွင့်ခြင်း အခြေအနေကို ဝင်ရောက်နိုင်ခဲ့မယ်ဆိုယင် နတ်ဘုရားတွေကို ဒီ ဆုလာဘ် အတွက် ကျေးဇူးတင်ဖို့ လုံလောက်ပါတယ်။ ဒီ့အပြင် ၎င်းက ပုံမှန်အားဖြင့်တော့ ပန်းဖူးအဆင့်ကို ရောက်မှသာ ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီလူက သူ့ရဲ့ သေမျိုး ခန္ဓာကိုယ်ကို ဖြတ်တောက်ပစ်လိုက်နိုင်ပြီးတော့ ကောင်းကင်နဲ့ မြေကြီးရဲ့ တာအို ကို ပေါင်းစည်းနိုင်ဖို့

အဆင့်မှီတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

သူရဲ့ ယခင်ဘဝတုန်းက လင်းဟန်က ဉာဏ်အလင်းပွင့်ခြင်း အခြေအနေကို စုစုပေါင်း သုံးကြိမ် ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူက မှော်ဆေးပညာမှာပဲ အဆင့်တက်အောင်လို လုပ်နိုင်ခဲ့တာပါ။ ပြီးတော့ ပထမအကြိမ် သူရဲ့အတွေ့အကြုံက သူစိတ်ဂိဉာဉ်ပင်လယ် အဆင့်မှာတုန်းကဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူက မခံမရပ်နိုင်လောက်အောင် အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့ ယခုဘဝရဲ့ အစောပိုင်းမှာ ၎င်းက ဖြစ်ပေါ်လာလိမ့် မယ်လို လုံးဝမထင်ထားခဲ့ပါဘူး။

ပါတ်ဝန်ကျင်မှာရှိတဲ့ စိတ်ဂိဉာဉ်ချီတွေအားလုံးက သူ့အပေါ်မှာ ဖုံးလွှမ်းထားပြီးတော့ သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ ၎င်းချီတွေက ဒေါသတစ်ကြီးနဲ့ ဟိန်းဟောက်နေတဲ့ နဂါးကြီးတွေ ပုံစံကို ပြောင်းသွားခဲ့ပါတယ်။

သူရဲ့ ကျင့်ကြံခြင်းအဆင့်က ချက်ချင်းဆိုသလိုမြင့်တက်လာခဲ့ပါတယ်။ ဒြပ်စင်စုစည်းခြင်း အလွှာ ၇ အဆင့် အလယ်အလတ်အဆင့်ကနေ နောက်ပိုင်းအဆင့် ပြီးတော့ အထွတ်အထိပ်အဆင့်.။သူမှာ သူရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ အားလုံးကို နားလည်နိုင်စွမ်းနဲ့ပတ်သတ် တဲ့ ပြဿနာ နည်းနည်းလေးမှ

မရှိပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အဆင့်ရဲ့ တံခါးကိုတောင် သူ့ကို ဖွင့်ပေးခဲ့ပါတယ်။

သူ့အတွက် အဆင့်တက်ရတယ်ဆိုတာ အရမ်းကို လွယ်ကူလွန်းပါတယ်။

လင်းဟန်က ဒီအရာတွေကို သတိမထားမိပါဘူး။သူ့ရဲ့ နှလုံးသားနဲ့ စိတ်ဝိညာဉ်က သိုင်းပညာရဲ့ ကမ္ဘာထဲမှာ မိုးထိအောင်ထိုးတက်သွားခဲ့ပါတယ်။ သူ့ရဲ့ အရှေ့က နားလည်နိုင်မှုတစ်ခု တစ်ခုတိုင်းက ပန်းပွင့်တွေလိုပုံစံဖူးပွင့်လာပါတယ်။ ဒါပေမဲ့ သူက ၎င်းတို့ကို သူ့ရဲ့လက်နဲ့ ဖမ်းဆုပ်ကိုင်လိုက်တဲ့အခါမှာ ချက်ချင်းပဲ အရိပ်တွေအဖြစ် ပျက်ဆီးသွားခဲ့ကြပါတယ်။

ပန်းပွင့်ပုံရိပ်ယောင်တွေက လေထဲမှာ ပျံသန်းနေတာပဲ။

လေထဲမှာ သိုင်းပညာရပ်တွေရဲ့ လျှို့ဝှက်ဆန်းကြယ်လှတဲ့ အဆီအနှစ်တွေရဲ့ အလင်းရောင် တွေက တောက်ပနေတဲ့ ကြယ်တွေလိုမျိုးပျံသန်းနေပါတယ်။ ဒီအရာတွေကိုတော့ ဖမ်းမိဖို့ အရမ်းကို ခက်ခဲပါတယ်။

ဒီမှာ သဘာဂရဲ့ တာအို ရှိပါတယ်။ ပြီးတော့ လက်ရှိလင်းဟန်အနေနဲ့ ဂုင်းကို နားလည် သဘောပေါက်နိုင်စွမ်းမရှိပါဘူး။ တကယ်လို့ သူမှာသာ ယခင်ဘဂတုန်းက ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အဆင့်အတန်းက မထောက်ပံ့ပေးထား ဘူးဆိုယင် ဒီ ကမ္ဘာထဲက သိုင်းပညာရပ်တွေကို လုံးဂ ဆုံးရှုံးသွားနိုင်ပါတယ်။အခုတော့ သူက သိုင်းပညာရပ်တွေရဲ့ လျှို့ဝှက်ဆန်းကြယ်မှုရဲ့ အရိပ်အယောင်ကို ရိပ်ခနဲမြင်အောင်လို့ ကြည့်နိုင်ခဲ့ပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အဆင့်ရဲ့ အစောပိုင်းအဆင့်ကနေ အလယ်အလယ်အဆင့်.. နောက်ပိုင်းအဆင့် ပြီးတော့ အထွတ်အထိပ်အဆင့်ကိုရောက်သွားပါတယ်။ သူက နာရီ အနည်းငယ်မျှသာ အသုံးပြုပြီးတော့ စုစည်းထားတဲ့စွမ်းအင်တွေက သူ့အနေနဲ့ ရက်ပေါင်းများစွာ စုစည်းနိုင်ဖို့လိုအပ်တဲ့ စွမ်းအင်ပမာဏတွေပါပဲ။ သူက မှော်ဆေးလုံးတွေကို အသုံးပြုဖို့တောင် မလိုအပ်ခဲ့ပါဘူး။ ဒါက မိုးကောင်းကင်က သူ့ကို အဆင့်တက်အောင်လို့ တိုက်ရိုက် လုပ်ပေးလိုက်သလိုမျိုးပါပဲ။

ပြောရမယ်ဆိုယင်.. မင်းက တာအိုကို တစ်ကြိမ်လောက်နားလည်သွားယင် မင်းက

ကယ်တင်ခြင်းကို ခံရဖို့ အာမခံရရှိသွားပါလိမ့်မယ်။

ဒါပေါ့.. လင်းဟာန်က ဒီအဆင့်ကိုရောက်ဖို့တော့ အရမ်းကို ဝေးလွန်းပါသေးတယ်။ ဒါပေမဲ့ သူရဲ့တိုးတက်မှုကတော့ တစ်ခြားသူတွေကို မနာလိုဖြစ်စေဖို့ လုံလောက်ပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ်က အနည်းငယ်တုန်ခါသွားပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်ကို ဝင်ရောက်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ မျက်လုံးတွေက ရုတ်တရက်ပွင့်လာခဲ့ပါတယ်။ ပထမ သူ့ကိုကြည့်ရတာ အနည်းငယ် စိတ်ရှုပ်ထွေးနေပါတယ်။ ဒါပေမဲ့ သူက အစစ်အမှန်ကို ပြန်ရောက်လာခဲ့ ပါတယ်။ သူက ပြုံးလိုက်ပြီးတော့ ဘေးကိုလှည့်လိုက်တဲ့အခါမှာ ဟူးညိုက သူ့ရဲ့ ဘေးမှာ ထိုင်နေတာကို မြင်လိုက်ရပြီးတော့ သူမက ကျင့်ကြံနေတဲ့ပုံစံမျိုး ကိုယ်နေဟန်ထားနဲ့ ဆိုတာကို တွေ့လိုက်ရပါတယ်။ သူမရဲ့ သေးငယ်လှတဲ့ မျက်နှာပေါ်မှာ တကယ့်ကို တည်ကြည်လေးနက်နေတဲ့ပုံစံ ရှိနေပါတယ်။

အဲဒီအချိန်မှာပဲ တံခါးဆီကနေ အလျင်စလို ခေါက်နေတဲ့ အသံကို ကြားလိုက်ရပါတယ်။။

CHAPTER 174 ဖန်းလောင်ရဲ့ အကြမ်းဖက် လှုပ်ရှားမှု

လင်းဟန်က တံခါးသွားဖွင့်လိုက်တဲ့အခါမှာတော့ ဖူရှူရီကို အပြင်မှာ ရပ်နေတာ ကိုမြင်လိုက်ရပါတယ်။ လက်ရှိ သူမရဲ့ ပုံစံက အရမ်းကို နာကျင်ကြေကွဲ စိုးရိမ်ပူပန် နေတဲ့ပုံစံပါပဲ။

``အကိုကြီးလင်း``

ဖူရှူရီ က ချက်ချင်းပဲ နှုတ်ဆက်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက လင်းဟန် ဆီကိုရောက်သွားတဲ့အခိုက်အတန့်မှာပဲ အားကိုးတကြီးနဲ့ ကူညီမဲ့သူ ရပြီဆိုပြီး စိတ်သက်သာရာ ရသွားတဲ့ပုံစံပါပဲ။ သူမရဲ့ စိုးရိမ်ပူပန်နေတဲ့ အမူအရာတွေကလဲ ရုတ်ချည်းဆိုသလို သက်တောင့်သက်သာ ဖြစ်သွားပါတယ်။

``ဘာဖြစ်တာလဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

``အကယ်ဒမီက လီဟောင်ကို နှင်ထုတ်လိုက်တယ်``

ဖူရှူရီက ဒေါသကြီးစွာနဲ့ ပြောလိုက်ပါတယ်။

``ဘာ``

လင်းဟန်က မျက်မှောင်ကြုံ့လိုက်ပါတယ်။

``သူက ရာဇဝတ်မှု တစ်ခုခုများလုပ်မိသလား?``

``မဟုတ်ဘူး``

ဇူရှရီက သူမရဲ့ ခေါင်းကိုခါပြီးတော့ အံ့ကြိတ်ပြီးပြောလိုက်ပါတယ်။

``အဲဒါက ဖန်းလောင် လက်ချက်ပဲ... သူက အကယ်ဒမီက ဆရာတစ်ယောက် ကိုခေါ်လာပြီးတော့ လီဟောင်ကို ဘာအကြောင်းပြချက်မှမရှိပဲနဲ့ အကယ်ဒမီကနေ နှင်ထုတ်လိုက်တယ်. သူကတောင်ပြောသေးတယ်. လီဟောင်က အစ်ကိုကြီး လင်း ရဲ့ သူငယ်ချင်း ဖြစ်နေလို့ပဲတဲ့``

ချက်ချင်းဆိုသလို လင်းဟန်ရဲ့ မျက်လုံးတွေက ဓါးတစ်ချောင်းလို ချွန်ထက်လာပြီး တော့ သူ့ရဲ့ နှလုံးသားထဲမှာ ဒေါသတွေက တဖြေးဖြေးနဲ့

မြင့်တက်လာခဲ့ပါတယ်။

``ဖန်းလောင်က တကယ့်ကို ထိန်းချုပ်လို့မရတော့ဘူး. သူ့ရဲ့ အစေခံ တွေက လီဟောင်ကြောင့် ဒဏ်ရာရသွားခဲ့ပြီးတော့ သူ့ရဲ့ ခေါင်းကိုလဲ ငုံ့ခဲ့ရတယ်။ ပြီးတော့ အကယ်ဒမီက ဆရာတစ်ယောက်ကပါ တကယ့်ကို ဘာမှမမြင်သလို ဟန်ဆောင် နေတာပဲ..အဲဒီအများတွေကို ငါမြင်လိုက်တဲ့အခါမှာ ချက်ချင်းပဲ အကိုကြီးလင်း ဆီကို ပြေးလာခဲ့တာပါ။ အကိုကြီးလင်းကပဲ လီဟောင်အတွက် တရားမျှတမှုကို ပြန်ယူပေး နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်``

ဇူရှုရီက ငိုကြွေးပြီးတော့ ပြောပါတယ်။

တကယ်လို့ သူသာ အကယ်ဒမီကနေ တကယ့်ကို နှင်ထုတ်ခံလိုက်ရတယ် ဆိုယင် လီဟောင် အနေနဲ့ သူပြန်သွားတဲ့အခါမှာ နောက်တစ်ကြိမ် ခေါင်းမော့လို့ ရနိုင်မှာ မဟုတ်တော့ပါဘူး။ ဒ့ါအပြင် သူ့ရဲ့ အနာဂတ် လမ်းကြောင်းကလဲ အကန့်အသတ်နဲ့ ရှိလာပါလိမ့်မယ်။

လင်းဟန်က အရမ်းကို ဒေါသထွက်သွားခဲ့ပါတယ်။ သူက ဖန်းယန်နဲ့ သူ့ရဲ့ ညီဖြစ် တဲ့သူက သူ့ကို လက်စားချေဖို့အတွက်

အမြဲတစေ ကြံစည်နေတယ်ဆိုတာကို ခန့်မှန်း မိပါတယ်။ ဒါပေမဲ့ သူကလုံးဝ မကြောက်ရွံ့ပါဘူး။ သိုင်းပညာရှင်တစ်ယောက် အနေနဲ့ က သူတို့ရဲ့ ဘဂတစ်လျှောက်မှာ လူနည်းစုနဲ့ ဆန့်ကျင်မှု မရှိဘူးဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

ဖန်းလောင်က တကယ်ပဲ သူ့ရဲ့ သူငယ်ချင်းတွေကို ပစ်မှတ်ထားနေပါတယ်။ ဒါက တကယ့်ကို အရှက်ကင်းမဲ့တာပါပဲ။

ဘယ်လို ရန်ပြိုးရန်စ ပဲ ရှိရှိ မိသားစုအဖွဲ့ဝင်တွေကို ပြဿနာထဲကို လုံးဝ ဆွဲမထည့်သင့်ပါဘူ။ ဒါက သိုင်ပညာရှင်တွေရဲ့ ထုတ်ဖော်မပြောတဲ့ စည်းမျည်း စည်းကမ်း ပဲဖြစ်ပါတယ်။ အသေအကြေ တိုက်ခိုက်ရမဲ့ ရန်ပြိုးရန်စ ကပဲ ဖြေရှင်းလို့ မရနိုင်တာပါ. အဲဒါက သူရန်သူ ကလန်တစ်ခုလုံးကို အမြစ်ဖြတ်သုတ်သင်ပစ်တာ မျိုးကို လုပ်နိုင်ပါတယ်။ ဒါမှမဟုတ် ရန်သူနဲ့ အရမ်းကို ချစ်ခင်ရင်းနှီးတဲ့ ဆက်ဆံရေး ရှိတဲ့သူတွေကို ထိခိုက်နာကျင်အောင်လုပ်တာမျိုးပေါ့။ သူနဲ့ ဖန်းလောင်ကြားက ရန်ပြိုးရန်စ က သာမာန် ပြဿနာလေး တစ်ခုပဲ ဖြစ်ပါတယ်။

``ငါ့ကို သူတို့ဆီကိုခေါ်သွားပေး``

လင်းဟာန်က စိုးရိမ်စွာနဲ့ပြောလိုက်ပါတယ်။

ဇူရှုရီ ကကျေနပ်ပီတိ ဖြစ်သွားပြီးတော့ လင်းဟာန်ကို သူမနဲ့အတူ လီဟောင့်ဆီကို အလျှင်အမြန်ပဲ ခေါ်သွားလိုက်ပါတယ်။ သူမအနေနဲ့ လင်းဟာန်ကို တတိယ အင်ပါယာ မင်းသားနဲ့ သူရဲ့ ညော့်သည်တွေက အချစ်ပန်းစံအိမ်မှာ ဘယ်လိုမျိုး ပြုစု ဆက်ဆံတယ်ဆိုတာကို မြင်ခဲ့ပါတယ်။ ဒါကြောင့် သူမက တကယ်လို့ လင်းဟာန် သာ လှုပ်ရှားလိုက်မယ်ဆိုယင် အခြေအနေအားလုံးက အေးချမ်းသွားမယ်ဆိုတာကို ယုံကြည်နေခဲ့ပါတယ်။

သူတို့နှစ်ယောက်က အလျင်လိုနေခဲ့ပါတယ်။ ဒါကြောင့် အရမ်းကို လျှင်မြန်စွာ နဲ့ သူတို့က ကျောင်းသားအဆောင်ကို ရောက်သွားခဲ့ကြပါတယ်။ ဒီနေရာမှာ အပြင်စည်း တပည့်တွေပဲ နေကြပါတယ်။ အစစ်အမှန်တပည့်တွေလို သီးသန့် ခြံဂုန်း မရပဲနဲ့ အပြင်စည်းတပည့် အနည်းငယ်က ခြံဂုန်းတစ်ခုကို အတူတကွ နေထိုင်ကြရ ပြီးတော့ ပြုစုထောက်ပံ့ပေးမှုကလဲ လုံးဂကို မတူညီပါဘူး။

ဖန်းလောင် က သည်းမခံနိုင်လောက်အောင်

မာနထောင်လွှားလာပြီးတော့ သူရဲ့ လှုပ်ရှားမှုတွေအားလုံးကို လုံးဝမဖုံးကွယ်ထားပါဘူး။ တစ်ဖက်မှာ သူက အကယ်ဒမီ ထဲကဘယ်သူကိုမှ သတင်းပို့ဖို့မလိုပဲနဲ့ တစ်ခြားအပြင်စည်းတပည့်တွေကို သူရဲ့ အစွမ်း ကဘယ်လောက်တောင် အထင်ကြီးစရာကောင်းတယ်ဆိုတာကို မြင်စေချင် လို့ပဲဖြစ်ပါတယ်။

ဒါကြောင့် ဒီမြင်ကွင်းကို လူတွေအများကြီးက ကြည့်နေကြပါတယ်။ တစ်ချို့ကတော့ စာနာထောက်ထားကြပီးတော့ တစ်ချို့က လီဟောင်ရဲ့ ကံမကောင်းမှုကိုပဲ အပြစ်တင် နေကြတဲ့ အချိန်မှာ တစ်ခြားသူတွေကတော့ လုံးဝကို မတူညီကွဲပြားပါတယ်။ဒါကလဲ လူ့သဘာဝအတိုင်း သူတို့ထင်ရာ မြင်ရာကိုပဲ ပြောဆိုနေကြတာပါ။

လူအုပ်ကြီးရဲ့ အလယ်မှာတော့ လီဟောင်က ဒဏ်ရာတွေနဲ့ မြေကြီးပေါ်မှာ လဲနေပါတယ်။ ဖန်းလောင်က သူ့ရဲ့ ခြေထောက်တစ်ဖက်နဲ့ လီဟောင်ရဲ့ မျက်နှာ ကို နင်းထားပြီးတော့ လီဟောင်ရဲ့ လက်ချောင်းတွေက မြေကြီးကို တင်းတင်းကျပ်ကျပ် ကုတ်ခြစ်ထားခဲ့ပါတယ်။ ဒါကသူ့အနေနဲ့ ဒီအချိန်မှာ ဘယ်လောက်တောင်မှ

ဒေါသထွက်နေတယ်ဆိုတာကို ဘေးကလူတွေက သိသာထင်ရှားစွာ မြင်တွေ့ရပါလိမ့်မယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက ရေခဲခါးတွေနဲ့ တူပါတယ်။ သူကအရှေ့ကို တိုးလာပြီးတော့ မြင်ကွင်းကို ရှင်းရှင်းလင်းလင်းမြင်ရအောင်လို့ လုပ်လိုက်ပါတယ်။ သူတို့တွေက လှည့်ပြီးကြည့်လိုက်တဲ့အခါမှာ လင်းဟန်ရဲ့ မျက်နှာပေါ်က ရေခဲတမျှ အေးစက်တဲ့ အမူအရာကို မြင်သွားတဲ့အခါမှာ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်ကြ ပြီးတော့ သူဖြတ်သန်းသွားဖို့အတွက် လမ်းကြောင်းတစ်ခုကို ဖွင့်ပေးလိုက်ပါတယ်။

အဲဒီထဲမှာ နွေဦးစမ်းရေအဆင့် ကျောင်းသားအနည်းငယ်လဲပါဝင်ပါတယ်။ သူတို့အားလုံးပဲ ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာရှိသေးတဲ့ ကျောင်းသားတစ်ယောက် ကို ဘယ်လိုဖြစ်လို့ သူတို့က ထိတ်လန့်နေတယ်ဆိုတာကို မသိပဲ စိတ်ရှုပ်ထွေးပြီး တော့ အံ့အားသင့်နေကြပါတယ်။

လူအုပ်ကြီးက ချက်ချင်းဆိုသလိုပဲ ဘေးကို ခွဲ့ကားသွားပြီးတော့ ပရိတ်သတ်ရဲ့ အလယ်ကို တိုက်ရိုက် မြင်နိုင်တဲ့လမ်းကြောင်းတစ်ခု ပေါ်လာခဲ့ပါတယ်။

ဖန်းလောင်က ချက်ချင်းပဲ လှည့်ကြည့်လိုက်ပီးတော့ အဲဒါက လင်းဟန် ပဲ ဆိုတာကို သူတွေ့သွားခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ မောက်မာတဲ့ အပြုံးတစ်ခု ပေါ်လာပြီး တော့ ပြောလိုက်ပါတယ်။

``လင်းဟန် မင်းမြင်လား.. ငါပြန်လာပြီလေ``

လင်းဟန်က ဘာမှမပြောပါဘူး။ သူက အရှေ့ကို ဆက်ပြီးတော့ မရပ်မနားနဲ့ တိုးလာခဲ့ပါတယ်။

``ဟားဟားဟား မင်းးအရမ်းကို မကျေမနပ်ဖြစ်နေသလား? အဲဒီတော့ ဘာဖြစ်သလဲ.. ငါက မင်းအဲဒီလို မကျေမနပ်ဖြစ်နေတာကို လိုချင်နေတာကွ``

ဖန်းလောင်က အေးစက်စွာနဲ့ သရော်လိုက်ပြီးတော့ လီပောင်ရဲ့ မျက်နှာပေါ်က သူ့ရဲ့ ခြေထောက်ကို အကြိမ်နည်းနည်းပွတ်ပစ်လိုက်ပါတယ်။

``ဒါက မင်းရဲ့သူငယ်ချင်းလား? ဒါဆိုယင်တော့ ငါတကယ်တောင်းပန်ပါတယ်..ဒါတွေအားလုံးကို ငါလုပ်ခဲ့တာပဲ``

``ငါသူ့ကို အခွင့်အရေးတစ်ခု မပေးဘူးလို့ မပြောနဲ့.``

ဖန်းလောင်က ပုခုံးတွန့်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

``ငါသူ့ကို မင်းနဲ့ ဆက်ဆံရေးကို ဖြတ်တောက်ပစ်လိုက်ပြီးတော့ မင်းလုပ်ခဲ့တဲ့ မကောင်းဆိုးဝါး ပြစ်မှုတွေကို လူပုံအလယ်မှာ အားလုံးသိအောင်လို့ ကြေညာခိုင်းခဲ့တယ်။ အဲဒီလိုလုပ်ယင် ငါကသူ့ကို လွှတ်ပေးမလို့ပဲ.. ဘယ်သူ သိမှာလဲ ဒီကောင်က အရမ်းကို တုံးအလွန်းပြီးတော့ သူက မင်းကို သစ္စာလုံးဝ မဖောက်ပဲ နဲ့ သစ္စာရှိနေလိမ့်မယ်ဆိုတာကိုပေါ့``

``အားယား.. ဒီလိုမျိုး အကြောင်းပြချက်မရှိပဲ တုံးအလွန်းတဲ့ လူတွေကို ငါ အမုန်းဆုံးပဲ.. ဒါကြောင့် ငါကသူ့ရဲ့ အမှားတွေကို မြင်အောင် ဂန်ခံလာတဲ့အထိ ရိုက်နက်ဆုံးမယုံပဲ ရှိပါသေးတယ်``

``မစိုးရိမ်ပါနဲ့.ဒီကဿမှာကြီးပေါ်မှာ ငတုံးတွေအများကြီး မရှိနိုင်ပါဘူး။ နောက်ပိုင်းမှာ ငါက လွှီဒေါင်ယွဲ့.. ဂျင်ပူကျိနဲ့ တစ်ခြားသူတွေကို သွားရှာဦးမယ်. သူတို့တွေက ဒီကောင်လိုမျိုး တုံးအလိမ့်မှာ မဟုတ်ဘူးလို့ တော့

ငါယုံကြည်ပါတယ်``

ဖန်းလောင်က ရပ်တန့်လိုက်ပါတယ်။ သူက လင်းဟန်ရဲ့ မျက်နှာပေါ်က ရေခဲတမျှ အေးစက်တဲ့အမူအရာကို မြင်လိုက်ရတဲ့အခါမှာ အရမ်းကို ပီတိဖြစ်သွားသလို ခံစားရပါတယ်။ လင်းဟန်ကို ပိုပြီးတော့ စော်ကားရလေ သူပိုပြီးတော့ ပျော်ရွှင်လေ ပဲ ဖြစ်ပါတယ်။

``ဘာဖြစ်နေတာလဲ? မင်းက ငါ့မျက်နှာပေါ် ခြေထောက်နဲ့ နင်းချင်နေတာလား?``

``ကံမကောင်းလိုက်တာ.. မင်း အဲလို လုပ်နိုင်မှာမဟုတ်ဘူး.. တစ်ချက်လောက် ကြည့်လိုက်စမ်း.. ငါ့ရဲ့ အစ်ကို က သူ့ရဲ့ ကြီးမြတ်လှတဲ့ နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်ကို ငါ့ရဲ့ အစောင့်အရှောက်အဖြစ် ထည့်ပေးလိုက်တယ်.. သူတို့အားလုံးက နွေဦးစမ်းရေအဆင့်တွေချည်းပဲ.. မင်းကို နှိမ်နင်းဖို့ဆိုတာက သူတို့အတါက်တော့ ကိတ်မုန့်ကို လှီးရသလို လွယ်လွယ်လေးပဲ. ဒီနေရာကလူတွေအားလုံး အတူတူပဲ. ငါကြည့်လို့မရတဲ့သူ ဘယ်သူ့ကို မဆို ငါရိုက်နက်နိုင်တယ်. ဒါပေမဲ့ ဘယ်သူကမှ ငါ့ရဲ့ ခေါင်းက ဆံပင်တစ်ချောင်း ကိုတောင် ထိရဲမှာမဟုတ်ဘူး``

``လာပြီးတော့ ငါ့ကိုရိုက်လေ.. ငတုံးကောင်.. တကယ်လို့ မင်းမှာ လပြွတ်ရှိ တယ်ဆိုယင် ငါ့ကိုလာဆုံးမလေ``

ဖန်းလောင်က ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။ သူကိုယ်သူ အရမ်းကို ကျေနပ် နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူက တစ်ခြားသူတွေကို ကြိုက်သလို လှောင်ပြောင် သရော်လို့ ရနေတဲ့အတွက်လဲ စိတ်ကြီးဝင်နေပါတယ်။

ဒါကြောင့် လူအနည်းငယ်ကိုကြည့်ရတာ ဒေါသထွက်နေတဲ့ပုံစံပါပဲ။ ဒီနေရာမှာ လူတစ်ယောက်ရဲ့ အပြုအမူတွေကို ထိန်းချုပ်ဖို့အတွက် လိုအပ်တဲ့ စည်းမျဉ်း စည်းကမ်း တွေ ရှိပါတယ်။ ဒါကြောင့်လဲ လူတစ်ယောက်က သူတို့ရဲ့ လုပ်ပိုင်ခွင့်က အကန့်အသတ်နဲ့ရှိပါတယ်။ ဒီဖန်းလောင်ကတော့ ဒီစည်းမျဉ်းစည်းကမ်းတွေကို တကယ်ပဲ ချိုးဖောက်နေပါတယ်။ သူကြိုက်တဲ့ ဘယ်သူ့ကိုမဆို သူက ရိုက်နှက်ဆုံးမ နိုင်တယ်.. ဒါဆိုယင် ဘယ်လိုလုပ်ပြီးတော့ လုံခြုံတယ်လို့ ခံစားကြရတော့မှာလဲ?

နေပါဦး... သူက ဘယ်ကနေ ဒီလိုမျိုးယုံကြည်ချက်တွေကို ရလာခဲ့တာလဲ? တစ်ခု သိထားရမှာက အင်အားကြီးကလန်

ရှစ်ခုရဲ့ အဓိက ပင်မ အဖွဲ့သားတွေ တောင်မှ ဒီလိုမျိုးစကားတော်ကို မပြောရဲပါဘူး ပြီးတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာ မိသားစု ကလည်း ဟိုးအယင်ကတည်းက ဒီလိုမျိုး တစ်ယောက်မှ မပြောပါဘူး။ သူတိုတွေက စည်းမျဉ်းစည်းကမ်းတွေကိုဆုံးဖြတ်တဲ့ သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ကိုယ် ပိုင် စည်းမျဉ်းစည်းကမ်းတွေကို လူပုံအလယ်မှာ ဘယ်လိုလုပ်ပြီးတော့ သူတို့က ချိုးဖောက်နိုင်ရမှာလဲ?

ဖန်းလောင်က ဘာဖြစ်လို့ ဒီလိုစကားမျိုးတွေကို ပြောရတာလဲ? တစ်ခုနားလည် ထားရမှာက ဖန်းယန် တောင်မှ အင်ပါယာမြို့ရဲ့ အနီးအနားဂန်းကျင်မှာ ဘာမှ သိပ်မဟုတ်သေးပါဘူး။ ဒီအပျော်အပါးမက်တဲ့ လူပေါ်ကြော့က ဘယ်လောက် တောင် ပျက်စီးနေတာလဲ။

``ဟီးဟီး.. ငါ့ကို အဲဒီလိုမျိုး အကြည့်စိမ်းစိမ်းကြီးတွေနဲ့ မကြည့်ပါနဲ့.. ငါက အရမ်းကြောက်တတ်လို့ပါ``

ဖန်းလောင်က စိုးရိမ်တဲ့ မျက်နှာမျိုးလုပ်ပြပြီးလိုက်ပါတယ်။ ဒါပေမဲ့ သူက လီဟောင် ကို ပြင်းထန်စွာနဲ့ ခပ်ကြမ်းကြမ်း ဆောင့်နင်းပြီးတော့ ပြောလိုက်ပါတယ်။

``သေစမ်း.. မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ? မင်းက တိမ်မီးခိုးမြို့က ခွေးလေခွေးလွင့်သာသာပဲ ..ဒါကို မင်းက ငါ့ရဲ့အရှေ့မှာ မင်းရဲ့အစွမ်းကို ထုတ်ပြချင်နေတယ်ပေါ့လေဟုတ်လား?``

``ဒီနေ့ မင်းရဲ့ ဘဝတစ်လျှောက်လုံးမှာ အရမ်းကို တုံးအလွန်းတဲ့ ရွေးချယ်မှု တစ်ခုကို မင်းလုပ်ခဲ့မိတယ်ဆိုတာကို နားလည်သွားအောင်လို့ ငါလုပ်ပြမယ်``

``ငါ မင်းကို ကြည့်စေချင်တယ်.. ဘာလို့လဲဆိုတော့ မင်းနဲ့သူနဲ့ ဆက်ဆံရေးရှိတဲ့ အတွက် ငါက သူ့ရဲ့ လက်မောင်းကို မသန်မစွမ်းချိုနဲ့သွားအောင် လုပ်ပြမယ်.. ပြီး တော့ တစ်သက်လုံး မသန်မစွမ်းဖြစ်စေရမယ်``

အေးစက်စွာနဲ့ ပြောပြီးတဲ့နောက်မှာ သူ့ရဲ့ ညာဘက်လက်မှာ ဓါးတစ်ချောင်းကို ကိုင် ထားပြီးတော့ လီဟောင်ရဲ့ ညာဘက်လက်ကို ကြည့်လိုက်ပါတယ်။ သူက လီဟောင် ရဲ့ ညာဘက်လက်ကို မသန်မစွမ်းဖြစ်အောင်လုပ်ပစ်မယ် ဆိုတာ သိသာထင်ရှားပါတယ်။
ဆေဘာဓါးကိုင်ဆောင်သူတစ်ယောက်အတွက်တော့
ဆေဘာဓါးကိုင်တဲ့ သူ့ရဲ့ လက်မောင်း မသန်မစွမ်း

ဖြစ်သွားတာက သူ့ကို တစ်သက်လုံး မသန်မစွမ်း ဖြစ်သွားစေတယ်လို့ ဆိုလိုတာပါပဲ။

လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ကြပါတယ်။ ဒါက ဟွာယန်အကယ်ဒမီပါ ပြီးတော့ ဒီနေရာမှာ ဆရာတစ်ယောက်လည်းရှိနေပါတယ်။ ဖန်းလောင်က ဒီလိုမျိုး အကြမ်းဖက်မှုကို တကယ်ပဲ လူတိုင်းလူတိုင်းရဲ့ အရှေ့မှာ ပဲ လုပ်ပုံ့တယ်။ သူ့ရဲ့ ဖန်းကလန်က အကယ်ဒမီရဲ့ ခေါင်းဆောင် ဖြစ်နိုင်လို့လား?

``ဟားဟားဟား ``

ဖန်းလောင်က အေးစက်စွာရီမောလိုက်ပီးတော့ သူ့ရဲ့ ဓါးကို မြှောက်ပီးတော့ တစ်ချက် ခုတ်ချလိုက်ပါတယ်။

``လီဟောင်``

ဇူရှုရီက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမက မချိတင်ကဲ ဝေဒနာ တွေနဲ့ ပြည့်နှက်နေပြီးတော့ သူမရဲ့ စိတ်ခံစားချက်ပြင်းထန်မှုကြောင့် ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ချလိုက်ပါတယ်။

``ရှုပ်``

အဲဒီအချိန်မှာပဲ လင်းဟန်က ငြင်သာစွာနဲ့ လှုပ်ရှားလိုက်ပြီးတော့ သူ့ရဲ့ပုံရိပ်က ဖန်းလောင် ဆီကို ဝင်သွားလိုက်ပါတယ်။

``ထွက်သွားစမ်း``

ဖန်းလောင်ရဲ့ အနောက်မှာ ရပ်နေတဲ့ လူလေးယောက်စလုံး က လှုပ်ရှားလာခဲ့ပါတယ်။ လက်လေးဖက် က တစ်ပြိုင်တည်း တိုက်ခိုက်လာပြီး တော့ မူလစွမ်းအင်တွေကနေ စွမ်းအားပြည့်ဝတဲ့ လှိုင်းတစ်ခု ထွက်ပေါ်လာပြီး ကြီးမားတဲ့ လက်ဝါးကြီးလေးခုဖြစ်လာပြီးတော့ လင်းဟန်ဆီကို ရည်ရွယ်ပြီး တိုက်ခိုက်လိုက်ပါတယ်။

သူတို့လေးယောက်စလုံးက နွေဦးစမ်းရေအဆင့် လက်ရွေးစင်တွေ ဖြစ်ပြီး သူတို့အားလုံးက အလွှာ ၁ အဆင့်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ နွေဦးစမ်းရေ အဆင့်ကတော့ နွေဦးစမ်းရေအဆင့်ပါပဲ.. ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာရှိတဲ့ ပြိုင်ဘက်ကို လုံးဝ ဖြတ်ကျော်သွားနိုင်စွမ်းရှိပါတယ်။ ပြီးတော့ သူတို့က လေးယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့က တစ်ခြားသိုင်းပညာနည်းစနစ် ကို

အသုံးမပြုယင်တောင်မှ သူတို့ရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို စွမ်းအားပြည့်ဂ နေပါသေးတယ်။

CHAPTER 175 လင်းဟန်ရဲ့ ဒေါသ

လင်းဟန်ဆီက အေးစက်တဲ့ အရှိန်အဂါတစ်ခု ထွက်ပေါ်လာပြီးတော့ ဒီလေးယောက် ဆီက တိုက်ခိုက်မှု အရှေ့ကို တက်လာပြီးတော့ ပုတ်ထုတ်လိုက်ပါတယ်။

သူက သေကြောင်းကြံနေတာလား?

နွေဦးစမ်းရေ အဆင့် လက်ရွေးစင် လေးယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုကို ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာ ရှိသေးတဲ့ သူက ရှောင်တာ တိမ်းတာ မလုပ်ပဲနဲ့ တကယ်ပဲ အရှေ့ကို တိုးပြီးတော့ သူတို့ရဲ့ တိုက်ခိုက်မှုတွေကို ထိပ်တိုက် ရင်ဆိုင် နေပါတယ်။ သူက ဘယ်ကနေ ဒီလိုသတ္တိတွေ ရနေတာလဲ?

``ထန် ထန် ထန် ထန်``

အသံတွေ ဆက်တိုက်ထွက်ပေါ်လာပြီးတော့ စောင့်ကြည့်နေတဲ့သူတွေအားလုံး အလွန်အမင်းကို အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူတို့တွေမြင်လိုက်တာက ပုံရိပ်လေးခုက လွှင့်ထွက်သွားပြီးတော့ အဲဒီ ပုံရိပ်လေးခု က ဖန်းယန်ရဲ့ ကြီးမြတ်တဲ့ နတ်ဘုရားအစောင့်အရှောက်တွေ မဟုတ်ဘူးလား?

လင်းဟန်က တစ်ချက်လေးမှတောင် မရပ်ပါဘူး. သူက ဖန်းလောင်ရဲ့ ခေါင်းပေါ်ကို ခုန် ပျံပြီးတော့ သူရဲ့ ခြေထောက်နဲ့ ဖန်းလောင်ရဲ့ ခေါင်းကို ပြင်းပြင်းထန်ထန် ဆောင့်ချ လိုက်ပါတယ်။

အသံတစ်ခုကို မသဲမကွဲ ကြားလိုက်ရပြီးတော့ ဖန်းလောင်ရဲ့ ခေါင်းကို မြေကြီးပေါ်ကို ထိထိမိမိ ဆောင့်ကျသွားခဲ့ပါတယ်။ သူရဲ့ လက်နှစ်ဖက်က အကူအညီမဲ့စွာနဲ့ ဘေးနှစ်ဖက်ကို ကိုင်ထားပြီးတော့ အတင်း ဒူးထောက်ချလိုက်ရာ သူရဲ့ အောက်ပိုင်းက အပေါ်ကို မြှောက်သွားပြီးတော့ ဖင်ပူးထောင်း တောင်နေသလိုဖြစ်သွားပြီးတော့ ဂန္ဓာမာပန်းတစ်ပွင့် ဖူးငုံပွင့်နေသည်နဲ့ အလားသဏ္ဌာန်တူပါတယ်။(ဘယ်လိုပုံလဲဆိုတာ ကွကိုမြင်ယောင်ကြည့်ကြ)

``ဂျေါ``

လင်းဟန်ရဲ့ ပုံရိပ်က မြေကြီးပေါ်ကို ကျလာပြီးတော့ ရုတ်တရက်ဆိုသလို ပါးစပ်အပြည့် သွေးတလုတ် ကို အန်ချလိုက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ သူက ကြီးမြတ်တဲ့ နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးဦးကြောင့် ဒဏ်ရာရသွားခဲ့တာမဟုတ်ပါဘူး။ အကြောင်းက သူကိုယ့်သူ ဒဏ်ရာရအောင်လုပ်ပြီးတော့ အထီးကျန်ဂံပုလွေသွေးကို အစောကြီးကတည်းက နှိုးဆွ လိုက်တာဖြစ်ပြီးတော့ အစောပိုင်းမှာ သူက သွေးအန်ထုတ်လိုက်ဖို့ အခွင့်အရေး မရခဲ့ပါဘူး။

လေထုကြီးက တိတ်ဆိတ်ငြိမ်သက်မှုတွေနဲ့ ပြည့်သွားခဲ့ပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိတဲ့ သိုင်းပညာရှင်တစ်ယောက်က တကယ်ပဲ နွေဦးစမ်းရေ အဆင့် လက်ရွေးစင်လေးယောက်ကို ရှုံးနိမ့်သွားစေခဲ့တယ်။ ဒီလိုမျိုးအဖြစ်အပျက် ကို ဘယ်သူက ရော ဖြစ်နိုင်ချေရှိတယ်လို့ တကယ်ပဲ ယုံကြည်နိုင်ကြမှာလဲ? ဒါကို အမှန်တရားပါလို့ ဘယ်သူကရော လက်ခံနိုင်မှာလဲ? လင်းဟန်က တကယ့်ကို ဒဏ်ရာ အချို့ရသွားပြီးတော့

သွေးတစ်လုတ် အန်လိုက်တယ်ဆိုပေမဲ့လည်း အဲဒါက လင်းဟန်ရဲ့ တောက်ပမှုကို ဖုံးကွယ်လို့ မရနိုင်ပါဘူး။

ဒါက အရမ်းကို အံ့သြစရာကောင်းလွန်းတယ် မဟုတ်ပါလား?

နောက်ဆုံးတော့ လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပီးတော့ ပြောပါတယ်။

``အခု ဒီနေရာတစ်ပိုက်မှာ ဆူညံပွက်လောရိုက်နေတဲ့ အသံတွေ မကြားရတော့.. ကမ္ဘာကြီးက ပိုပြီးတော့ တိတ်ဆိတ်ငြိမ်သက်ပြီးတော့ ပိုပြီး အေးချမ်းလာတာပဲ``

``လီဟောင်``

အစောပိုင်းတုန်းက ဇူရှုရီက သူမရဲ့ မျက်နှာကို ဖုံးအုပ်ထားပြီးတော့ ဖန်းလောင်ရဲ့ လက်ထဲမှာ လီဟောင် မသန်မစွမ်းဖြစ်သွားမှာကို သူမ မကြည့်ရဲပါဘူး။ ဒါပေမဲ့ သူမရဲ့ ဘေးပါတ်ဝန်းကျင်က အံ့အားသင့်တဲ့အသံကို ကြားလိုက်ရတဲ့အခါမှာတော့ သူမရဲ့ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်ပီး လီဟောင်က ဒဏ်ရာမရတဲ့ အပြင် ဖန်းလောင် တောင်မှ ဖိနှပ်ခံထားရပါတယ်။ ဒီအဖြစ်အပျက်ကြောင့် သူမက အရမ်းကို ကျေနပ် ပီတိ

ဖြစ်သွားပြီးတော့ လီဟောင်ဆီကို ပြေးသွားလိုက်ပါတယ်။

လင်းဟန်က လီဟောင် ထနိုင်အောင်လို့ ကူညီလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဒီပြဿနာ ထဲ မင်းကို ငါ ဂင်ပါစေခဲ့မိပြီ``

``ငါတို့က သူငယ်ချင်းတွေမဟုတ်ဘူးလား?``

လီဟောင်က ပြန်မေးလိုက်ပါတယ်။

``ဟားဟား.. သူငယ်ချင်း.. ဟုတ်တာပေါ့.. ငါတို့က သူငယ်ချင်းတွေပဲ``

လင်းဟန်က လီဟောင်ရဲ့ပုခုံးကို ဖွဖွလေးပုတ်လိုက်ပါတယ်။ အယင်တုန်းကတော့ သူက လီဟောင်ရဲ့ လမ်းကြောင်းမှာ ကြီးမားတဲ့ အောင်မြင်မှုရဖို့ တစ်ချက်လောက် ကူညီပေးဖို့ ပဲ ခံစားချက်ရှိတာပါ။ဒါပေမဲ့ ဒီနေ့ ဒီကိစ္စတွေဖြစ်အပြီးမှာ နောက်ဆုံးတော့ သူက လီဟောင်ကို သူ့ရဲ့ အစစ်အမှန်သူငယ်ချင်း တစ်ယောက် အဖြစ်လက်ခံလိုက်ပါပြီ။

သူ့ရဲ့ သူငယ်ချင်းအတွက် လင်းဟန်က လုံးဝကို အရှုံးတစ်ယောက်လို့ ဖြစ်လာနိုင် ပါတယ်။

``ရှုရီ.. လီပောင်ကို ဂရုစိုက်လိုက်ပါ.. ငါဒီကိစ္စအတွက် တစ်ချိန်ချိန်ဆီကနေ အကြွေး တောင်းရဦးမယ်``

လင်းဟန်က ပြတ်ပြတ်သားသားနဲ့ ပြောလိုက်ပါတယ်။ လီပောင်က ထိတ်လန့်စရာ ကောင်းအောင် အရိုက်နှက်ခံထားရပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေ ပြန်လည် သက်သာ ကောင်းမွန်လာဖို့ တစ်လလောက် အနားယူဖို့ လိုပါတယ်။

``လင်းဟန်.. မင်းဘာတွေလုပ်နေလဲ ဆိုတာကို မသိဘူးလား?``

ကြီးမြတ်တဲ့ နတ်ဘုရားကာကွယ်စောင့်ရှောက်သူလေးဦးက အရှေ့ကို ထွက်လာပြီး ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။ အားလုံးရဲ့ နားထဲကို စွမ်းအားပြည့်ဝတဲ့ ထိတ်လန့်စရာ အသံက သူတို့လေးယောက်ဆီကနေ ထွက်ပေါ်လာခဲ့ပါတယ်။

သူတို့က တိုက်ပွဲကနေ လွှင့်ထွက်သွားခဲ့ယုံပါပဲ. တစ်ခြား

ဘာဒဏ်ရာမှ မခံစားရပါဘူး။

လင်းဟန်က သူတို့လေးယောက်ကို ပေ့ကြည့်ပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``မင်းတို့အားလုံး ဒီအကယ်ဒမီထဲမှာ ရှိနေတာ တော်တော်ကို ကံကောင်းတယ်လို့ မှတ်ပါ.. ဘာလို့လဲဆိုတော့ ငါက မသန်မစွမ်းဖြစ်အောင်ပဲလုပ်မယ်.. မင်းတို့ရဲ့ အသက်တွေကိုတော့ ချန်ထားပေးမယ်``

``ရှိုင်းစိုင်းလိုက်တာ``

နတ်ဘုရားစောင့်ရှောက်သူလေးယောက်က တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ပါတယ်။

ဒီကောင်လေးက တကယ့်ကို သတ္တိကောင်းတာပဲ. တစ်ခုသိထားရမှာက သူတို့အားလုံးက တစ်ချက်ထဲနဲ့ လွှင့်ထွက်ကုန်တာဖြစ်ပြီးတော့ ဒါကလဲ သူတို့ရဲ့ အလေးမထားမိတာကြောင့် ဖြစ်သလို လင်းဟန်ရဲ့ စွမ်းရည်ကိုလဲ လျှော့တွက် မိတာကြောင့် ဖြစ်ပါတယ်။ တစ်ချက်ကြည့်လိုက်တာနဲ့ သူတို့တွေက လုံး၀ ဒဏ်ရာ မရဘူး ဆိုတာသိနိုင်မှာဖြစ်ပြီးတော့ သူတို့က တကယ့်ကို

အစွမ်းထက်တဲ့ သိုင်းပညာရှင် တွေဆိုတာကို သိနိုင်ပါလိမ့်မယ်။

``သခင်လေးလောင် သွားကြစို့``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ တစ်ယောက်က ပြောလိုက်ပါတယ်။

ဒီ နတ်ဘုရားကာကွယ်စောင့်ရှောက်သူလေးယောက်မှာ သူတို့ရဲ့ နာမည်အသီးသီး ရှိကြပါတယ်။ ကျား.. ဆင်.. ကျားသစ်နက်.. နဲ့ ဂံပုလွေတို့ဖြစ်ပြီးတော့ အခု စကား ပြောလိုက်တဲ့ သူက ဆင်နတ်ဘုရားကာကွယ်စောင့်ရှောက်သူဖြစ်ပါတယ်။

``ပိုး... အခု မင်းပြောချင်တဲ့အကြောင်းအရာက... ငါ လုံးဝ မေ့တော့မလို့ပဲ``

လင်းဟာန်က ပြုံးလိုက်ပါတယ်။ သူ့ရဲ့ ခြေထောက်ကိုသုံးပြီးတော့ ဖန်းလောင်ရဲ့ အောက်ပိုင်းကို ကန်ထည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဒါက မင်းတို့ခွေးလေးကောင်ရဲ့ ဆရာသခင်ပဲ.. လာခဲ့

ဒူးထောက်ပြီးတော့ မင်းတို့ရဲ့ သခင်ကို လာနှုတ်ဆက်လိုက်ဦး``

``ဘာ``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်က ဒေါသထွက်သွားကြပါတယ်။ သူက တကယ်ပဲ သူတို့တွေကို ဒူးထောက်စေချင်တယ်။

``ဘာဖြစ်တာလဲ? မင်းတို့ရဲ့ သခင်အတွက်တောင်မှ ဒူးမထောက်နိုင်ကြဘူးလား?``

လင်းဟာန်က တည်ငြိမ်စွာနဲ့ပြောလိုက်ပီးတော့ သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။

``ဒါဆိုယင်လဲ ဘယ်သူနိုင်မလဲ.. တကယ်လို့ငါမပျော်ရွှင်ဘူးဆိုယင် ငါ့ရဲ့ မပျော်ရွှင်မှုကြောင့် သူ့ရဲ့ လက်မောင်းတစ်ခုကို လှီးဖြတ်ပစ်မလားဆိုတာကိုပေ့ါ``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်က အံ့အားသင့်သွားခဲ့ပါတယ်။ သူတို့က ဖန်းလောင်ကို

အရေးကြီးတယ်လို့ လုံးဝမမှတ်ထားပါဘူး ဒါပေမဲ့ ဖန်းလောင်က ဖန်းယန်ရဲ့ ညီပါ။ သူတို့က ဖန်းယန်ဆီကနေ ဖန်းလောင်ကို ကာကွယ်စောင့်ရှောက် ဖို့ အမိန့်လက်ခံထားခဲ့ပါတယ်။ တကယ်လို့ ဖန်းလောင်က သူတို့ရဲ့ မျက်စိအရှေ့မှာ မသန်မစွမ်းဖြစ်သွားမယ်ဆိုယင် သူတို့က ဖန်းယန်ကို နောက်တစ်ခါ ဘယ်လိုလုပ် မျက်နှာခြင်းဆိုင်နိုင်တော့မှာလဲ?

``ဆရာယန်.. ဒီကောင်လေးက လူပုံအလယ်မှာ အကြမ်းဖက်ဖို့ ဆန္ဒရှိနေပါတယ်။ ကျနော် ဆရာယန် ကို သူ့ကိုတားပေးဖို့အတွက် တောင်းဆိုပါရစေ``

ဂံပုလွေနတ်ဘုရား ကာကွယ်စောင့်ရှောက်သူက တစ်ဖက်မှာ ရပ်နေပြီးတော့ အဖြစ်အပျက် တွေကို ကြည့်နေတဲ့ ဆရာကို ပြောလိုက်ပါတယ်။

ဒီ ဆရာယန် လည်းပဲ ငွေဦးစမ်းရေအဆင့်ပဲ ရှိပါသေးတယ်။ ဒါပေမဲ သူ့ရဲ့ အဆင့် အတန်း ကတော့ ကွာခြားပါတယ်။ ဟွာယန်အကယ်ဒမီရဲ့ ဆရာတစ်ယောက် ဆိုတဲ့ စကားလုံးက ပုံမှန်ထက်တော့ အများကြီး တန်ဖိုးရှိပါတယ်။

ဆရာယန် က အရမ်းကို မကျေမနပ်ဖြစ်နေသလို

ခံစားရပါတယ်။ အစောပိုင်း တုန်းက ဖန်းလောင်က သူ့ရဲ့ နေရာကို အခွင့်အရေးယူပြီးတော့ အကယ်ဒမီရဲ့ စည်းမျဉ်း စည်းကမ်းတွေကို လုံးဝ လစ်လျူရှုပြီးတော့ လီဟောင်ကို ကန်ခဲ့ပါတယ်။ အဲဒီအတွက် သူက အရမ်းကို မကျေမနပ်ဖြစ်နေပါတယ်။ ဒါပေမဲ့ သူက ဒီကိုမလာခင်မှာပဲ ဖန်းလောင် လိုအပ်တာတွေကို နည်းလမ်းမျိုးစုံနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ အမိန့်ကို လက်ခံထားခဲ့ပါတယ်။ဒါကြောင့် ့ သူ့ရဲ့ မကျေမနပ်ဖြစ်နေတာတွေကို နှလုံးသားထဲမှာပဲ ဖုံးကွယ်ထားခဲ့ပါတယ်။

သူက လင်းဟာန် က ဘယ်လိုမျိုး ဖန်းလောင်ကို မြေကြီးပေါ် ကို ဆောင့်နင်းခဲ့တယ် ဆိုတာကို မြင်လိုက်ရတဲ့အခါမှာ သူကတကယ်ပဲ အရမ်းကို ကျေနပ်သွားခဲ့ပြီးတော့ လင်းဟာန်ကို စိတ်ထဲကနေ လျှို့ဝှက်စွာ ချီးကျူးနေပါတယ်။ ဒီဖန်းလောင်က အရမ်းကို အရှက်ကင်းမဲ့လိမ့်မယ်လို့ သူလုံးဝ မထင်ထားခဲ့ပါဘူး။ သူတို့က စည်းမျဉ်းစည်းကမ်း တွေကို ချိုးဖောက်လိုက်တဲ့အခါမှာ သူက မရှိတဲ့ပုံစံဟန်ဆောင်နေရပြီးတော့ အခု တစ်ခြားသူက ဒီလိုစည်းမျဉ်းစည်းကမ်းကို ချိုးဖောက်တဲ့အခါမှာတော့ သူတို့တွေက ဒီကိစ္စထဲကို သူကိုပါ တွန်းထည့်နေကြပါတယ်။

သူကိုယ်တိုင် ပြောရမယ်ဆိုယင် ဒီကိစ္စထဲကို သူလုံးဝ မပါဝင်ချင်ပါဘူး။ ဒါပေမဲ့ အစောပိုင်းတုန်းက သူလက်ခံထားတဲ့ အမိန့်ကို ပြန်သတိရသွားတဲ့ အခါမှာတော့ သူက အကူညီမဲ့စွာသက်ပြင်းချလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``လင်းဟာန်.. အကယ်ဒမီအတွင်းမှာ တစ်ခြားလူကို ဒဏ်ရာ ရအောင် မလုပ်ဖို့ တားမြစ် ထားတယ်. မင်းက သူကို ထွက်သွားခွင့်မပေးဘူးလား?``

ဒီစကားလုံးတွေကို ပြောလိုက်တဲ့အခါမှာတော့ လူတိုင်းလူတိုင်းပဲ ချက်ချင်းဆိုသလို မကျေနပ်မှုကြောင့် ဆူညံ့ပွက်လောရိုက်ကုန်ပါတယ်။

ဒါက ဘာကိုဆိုလိုတာလဲ?အခုလေးတင်ပဲ ဖန်းလောင်က လီဟောင့်ကို ပြင်းပြင်း ထန်ထန် ဒဏ်ရာရစေခဲ့ပြီးတော့ အဲဒီတုန်းက ဘာလို့ သူက ဒီလိုစကားလုံးတွေ မပြောတာလဲ?

``ဒါက အကယ်ဒမီမှ ဟုတ်သေးရဲ့လား?``

``မဟုတ်ဘူး မဟုတ်ဘူး.. ဒါက မိုးရေနိုင်ငံရဲ့ ဟွာယန်အကယ်ဒမီမှ ဟုတ်သေးရဲ့လား? ငါဘာဖြစ်လို့များ

ဒီအကယ်ဒမီကို အခု ဖန်းကလန်က ပိုင်ဆိုင်သွားတယ် ဆိုပြီးတော့ ခံစားနေရတာလဲ?``

``ဟုတ်တယ်.. အင်ပါယာမင်းသားတွေနဲ့ မင်းသမီးတွေတောင်မှ အကယ်ဒမီ ကို ရောက်တဲ့အချိန်မှာ သူတို့က စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြရတယ်. ဖန်းယန် ရဲ့ ဖန်းလောင် တို့က မိုးရေနိုင်ငံရဲ့ အင်ပါယာမိသားစုအဆင့်အတန်းထက် တောင်မှ မြင့်နေတာက ဖြစ်နိုင်ပဲ့မလား?

``ဟီးဟီးး ငါ မငြင်းဘူး``

``ငါရောပဲ``

သူတို့အားလုံးပဲ
ကျယ်လောင်စွာနဲ့ စတင်အော်ဟစ်နေကြပါတယ်။ ဒီနေ့က လီဟောင် ရဲ့ နေဖြစ်ပေမဲ့ မနက်ဖြန်မှာရော သူတို့ထဲက တစ်ယောက်ယောက် အလှည့် ဖြစ်လာနိုင် ပါလိမ့်မယ်။ စည်းမျဉ်းစည်းကမ်းတွေက သူတို့အပေါ်မှာ တင်းကျပ်မှု မရှိတဲ့အခါကျယင် ဒီအကျိုးဆက်က အရမ်းကို ကျယ်ပြန့်ပါလိမ့်မယ်။ လူတိုင်းလူတိုင်းက ဒီလိုမျိုး ကြုံတွေ့ရမှာကို စိုးရိမ်ထိတ်လန့်ပြီးတော့

ကြောက်ရွံ့နေကြပါတယ်။

ဆရာယန် ဘာပြောလို့ပြောရမှန်း မသိဖြစ်သွားပါတယ်။ သူက လိပ်ပြာမလုံသလို ခံစားလိုက်ရပါတယ်။ သူက လက်ရှိမှာ သမာဓိမရှိခြင်း မတရားခြင်း နည်းလမ်း မကျ ခြင်း တွေကို ခံစားနေရပါတယ်။

တစ်ဖက်မှာ သူမှာ အမိန့်ရှိပါတယ်... ဒါပေမဲ့ တစ်ခြားတစ်ဖက်မှာ သူရဲ့ ကိုယ်ကျင့် တရားနဲ့ ပါတ်သတ်နေပါတယ်။ သူရဲ့အမိန့်နဲ့ ကိုယ်ကျင့်တရားက ပြဿနာ တစ်ခု ဖြစ်လာပြီး နောက်ဆုံးမှာ သူက သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

``ငါ ဒီကိစ္စနဲ့ပတ်သတ်ပြီးတော့ ဘာကိုမှ ဆက်ပြီးတော့ ကိုင်တွယ် ထိန်းချုပ် တော့မှာမဟုတ်ဘူး``

သူက နောက်ကိုလှည့်ပြီးတော့ ထွက်သွားခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သတ်ပြီးတော့ နောက်ထပ် ဂင်ပါဖို့ ဆန္ဒလုံးဂမရှိတော့ပါဘူး။

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက် က ဖြူဖတ်ဖြူလျော် ဖြစ်သွား ပြီးတော့ သူရဲ့ အပြုအမူကို

နာခေါင်းရှုံ့လိုက်ကြပါတယ်။

``လင်းဟန် သခင်လေးလောင်ကို လွှတ်ပေးဖို့ မင်း ကို ဘာလုပ်ပေးဖို့ လိုချင်လဲ?``

ဆင်နတ်ဘုရား ကာကွယ်စောင့်ရှောက်သူက မေးလိုက်ပါတယ်။

လင်းဟန်က သူ့ကို ပေ့ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``လွယ်ပါတယ်.. သူက ငါ့ရဲ့ သူငယ်ချင်းကို ဒဏ်ရာအများကြီး ဖြစ်စေခဲ့တယ်။ ပြီးတော့ သူ့ရဲ့ လက်မောင်းတစ်ဖက်ကိုတောင် လှီးဖြတ်ပစ်ဖို့ ဆန္ဒရှိနေတယ်။ ဒီတော့ ငါက သူ့ကို မသေမရှင် ဖြစ်တဲ့အထိ ရိုက်နက်ပြီးတော့ သူ့ရဲ့ လက်မောင်းနှစ်ဖက်စလုံးကို ဖြတ်ပစ်ရ လိမ့်မယ်.. အဲဒါပါပဲ``

``မင်းအရမ်းကို လွန်သွားပြီ``

ဂံပုလွေ နတ်ဘုရားကာကွယ်စောင့်ရှောက်သူက ဒေါသတကြီးနဲ့ အော်ဟစ် လိုက်ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ပြောလိုက်ပါတယ်။

``ငါက နည်းနည်းလေး နစ်နာသွားယင်တောင်မှ ပြန်ပြီးတော့ လက်စားချေ တတ်တဲ့ လူစားမျိုးပဲ.. တစ်စုံတစ်ယောက်က ငါ့ရဲ့ လက်ချောင်းတစ်ချောင်းကို ချိုးယင် ငါက သူရဲ့ လက်မောင်းကို ချိုးပြီးတော့ လက်စားချေရလိမ့်မယ်။ ဒီတစ်ချီမှာ ငါက အပြစ်ဒဏ် နစ်ဆ ပဲလုပ်ရမှာဖြစ်တယ်။ ဒါကြောင့် ဒါက ငါရဲ့ သနားစရာကောင်းတဲ့ ဂရုဏာထား ကြွင်နာလိုက်တာပဲဖြစ်ပါတယ်။

``မင်း အတင့်ရဲလိုက်တာ``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်က လင်းဟန်ဆီကို တစ်ချိန်တည်း မှာပဲ တိုးဝင်လာခဲ့ကြပါတယ်။ သူတို့က လင်းဟန်အနေနဲ့ ဖန်းလောင်ကို ဘာမှ မလုပ်နိုင်အောင်လို့ ကြီးမားတဲ့ တိုက်ခိုက်မှုကြီးတစ်ခုကို ဖန်တီးချင်လိုက်တာပဲ ဖြစ်ပါတယ်။ သူတို့ ဖန်းလောင်ကို ကယ်တင် နိုင်လိုက်တာနဲ့ လင်းဟန်က ဒြပ်စင်စုစည်း ခြင်းအဆင့်ပဲရှိပါသေးတယ်။ ဒါကြောင့် သူက ဘယ်လောက်ပဲ ထူးဆန်းနေပါစေ. သူက ဘယ်လောက်များ

တတ်နိုင်မှာမို့လို့လဲ?

လင်းဟန်ရဲ့ ခြေထောက်က ဆတ်ခနဲ လှုပ်ရှားလိုက်ပြီးတော့ ဖန်းလောင်က ချက်ချင်း ဆိုသလို မြေကြီးကနေ ပေါ်လာခဲ့ပါတယ်။ သူက ဖန်းလောင်ကို ကောက်ချီလိုက်ပြီးတော့ သူ့ကို လက်နက်တစ်ခုလိုမျိုးသုံးပြီးတော့ နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်ရဲ့ တိုက်ခိုက်မှုကို ခတ်ထုတ်လိုက်ပါတယ်။

သူက ဒီ လူသားလက်နက်ကို အသုံးပြုလိုက်တဲ့အချိန်မှာ နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်က သူတို့ရဲ့ တိုက်ခိုက်မှုကို ရှေ့ဆက်မတိုးရဲ တော့ပဲ နဲ့ လျှင်မြန်စွာနဲ့ အနောက်ကိုဆုတ်လိုက်ကြပါတယ်။

အဲဒီအချိန်မှာပဲ ဒြပ်စင်စုစည်းခြင်း အဆင့်မျှသာ ရှိသေးတဲ့ လူငယ်လေးတစ်ယောက် က သူ့ရဲ့အစွမ်းတွေကို ထုတ်ဖော်ပြလိုက်ပြီးတော့ နွေဦးစမ်းရေ အဆင့် လက်ရွေးစင် စစ်သည်တော် လေးယောက်ကို နောက်ဆုတ်သွားပြီးတော့ တိုက်ခိုက်မှု တစ်ခုလေး တောင်မှ မထုတ်ရဲအောင်လို့ ဖော်ပြသွားခဲ့ပါတယ်။
``စက်ဆုပ်ရွံ့ရှာစရာကောင်းတယ်… အရှက်ကိုမရှိဘူး``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်က ဒေါသကြီးစွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

CHAPTER 176 သူ့ကို လုံးဝ မသန်မစွမ်းဖြစ်စေရမယ်

လင်းဟန်ရဲ့ အပြုအမူကို မြင်လိုက်ရတဲ့အခါမှာ လူအုပ်ကြီးက မရီပဲနဲ့ မနေနိုင်ပါဘူး။

ဘယ်နေရာကိုပဲသူ ခြေလှမ်းလိုက်သည်ဖြစ်စေ နတ်ဘုရားကာကွယ် စောင့်ရှောက်သူ တွေက ငှက်အုပ်ကြီးတစ်ခု ပြန့်ကွဲသွားသလိုလူစုကွဲသွားပါတယ်။ လူအုပ်ကြီးက လှိုင်းပုတ်စွာနဲ့ တအံ့တသြ ဖြစ်နေပါတယ်။ လင်းဟန်က တကယ်ပဲ ဖန်းယန် ကို ဆန့်ကျင် ဖို့ သတ္တိအရမ်းကို ကောင်းနေတာပါပဲ။

ဖန်းယန်က အခုဆိုယင် အကယ်ဒမီရဲ့ ဘုရင်တစ်ပါးလို့ ဖြစ်နေပါတယ်။

ပထမ အင်ပါယာ အစောင့်အရှောက်တွေက အကယ်ဒမီကို လာပြီးတော့ သူ့ကို ဖမ်းဆီး တဲ့အခါမှာ လိန်ဂွမ်ဖုရဲ့ ကြမ်းတမ်းတဲ့ အပြုအမူနဲ့ မျက်နှာကြောင့် သူတို့ကို ဖိအားပေး ဆုတ်ခွာသွားစေခဲ့ပီးတော့ အင်ပါယာမိသားစု ဆီကနေ စိတ်ဆိုးတဲ့ လက္ခဏာ မျိုးလုံးဝ မတွေ့ခဲ့ကြပါဘူး။

အဆုံးမှာတော့ ဒီပြဿနာက ရိုးရိုးရှင်းရှင်းလေးနဲ့ ငြိမ်းချမ်းစွာ ပြီးသွား ခဲ့ပါတယ်။ နောက်... ဖန်းလောင်.. သူဆိုယင်လဲ အကယ်ဒမီကနေ ထုတ်ပယ် ခံလိုက်ရပြီးတော့ ပြန်လာနိုင်ခဲ့ပြီးတော့ လူပုံအလယ်မှာတောင်မှ အကြမ်းဖက်တဲ့ လုပ်ရပ်ကို တောင် လုပ်နိုင်ခဲ့ပါတယ်။ အကယ်ဒမီရဲ့ ဆရာတစ်ယောက် တောင်မှပဲ အကူညီမဲ့စွာနဲ့ ရပ်ပြီးတော့ ကြည့်နေရပါတယ်။ ဒါက ဘယ်လိုစည်းမျဉ်း စည်းကမ်းနဲ့ပဲ ဖြစ်ဖြစ် လုံး၀ ထိန်းချုပ်လို့ မရပါဘူး။ အတွင်းစည်းတပည့်တစ်ယောက် မပြောနဲ့ ဧကရာဇ်ရဲ့ သားတစ်ယောက်ဖြစ်တဲ့ တတိယ အင်ပါယာ မင်းသားတောင်မှ ဒီလိုမျိုး မျက်နှာပြောင်ပြောင်နဲ့ လုပ်ပံ့မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဖန်းယန်က တော့ လုပ်ပံ့ပါတယ်။

အခုတော့ ဖန်းယန်ကို ဆန့်ကျင်ရဲတဲ့ တစ်စုံတစ်ယောက်က ပေါ်လာခဲ့ပါပြီ... သူတို့အနေနဲ့ သူရဲ့ သတ္တိရှိမှုအတွက် ဘာဖြစ်လို့ မချီးမြှောက်ပေးနိုင်ရမှာလဲ?

``ဟားဟားဟား``

ပရိတ်သတ် အားလုံးပဲ ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။ သူတို့က ဖန်းယန်ကို

ပြောင်ပြောင်တင်းတင်းနဲ့ မဆန့်ကျင်ရဲပါဘူး ဒါပေမဲ့ အနည်းငယ် လျှောင်ပြောင်ရီမောတာကတော့ သင့်တော်ပါတယ်။

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ လေးယောက်က စိတ်ဆိုခြင်း ဒေါသထွက်ခြင်း အကူအညီမဲ့ခြင်း စတာတွေကို တပြိုင်နက်တည်း ခံစားနေရပါတယ်။ စွမ်းရည်ပိုင်းအရ ဆိုယင် သူတို့က လင်းဟန်ထက် အပြတ်အသတ်သာလွန်တာ သေချာပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လက်ထဲမှာ ဓါးစာခံ တစ်ယောက်ရှိပါတယ် ဒါကြောင့် သူတို့ရဲ့ လှုပ်ရှားမှု တွေကို အရမ်းကို သတိထားရပါတယ်။သူတို့လုပ်နိုင်တာ ဘာမှမရှိပါဘူး။ သူတို့က ဒီနေရာ တစ်ပိုက်မှာ ပြေးနေတာ တစ်ခုကိုပဲ လုပ်နိုင်ပြီးတော့ အဲဒါက သူတို့ကို သည်းမခံ နိုင် လောက်တဲ့ ခံစားမှုကို ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့လက်ထဲက လက်နက် ရတနာ မဟုတ်ပါဘူး။ သူက ရိုးရိုးရှင်းရှင်း နဲ့ ပဲ လူသားလက်နက် ကို သူကြိုက်နှစ်သက်သလို ရိုက်တယ်.. လွှင့်ပစ်တယ်. ထုပစ်တယ် အမျိုးမျိုး ကို လုပ်နေပါတော့တယ်။ ဒီအခြေအနေတွေကြောင့် ဖန်းလောင်က သူ့ရဲ့ ခန္ဓာကိုယ်က နာကျင်မှုကြောင့် တကယ့်ပဲ သတိပြန်လည်လာပါတယ်။

``လင်းဟန်``

သူက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

ဒါက ဘယ်နှစ်ကြိမ်တောင်မှ ရှိနေပြီလဲ? သူက လင်းဟန်ရဲ့ လက်ထဲမှာပဲ ရှုံးနိမ့်နေရတော့မှာလား?

``ငါမင်းကို သေစေချင်တယ်.. ငါမင်းကို သေစေချင်တယ်``

သူက ဒေါသတစ်ကြီးနဲ့ အော်ဟစ်နေပါတယ်။ တကယ်လို့ သူ့ရဲ့ ဒေါသတွေကို အော်ဟစ် ပြီးတော့ မထုတ်ဖော်ဘူးဆိုယင် သူက ရူးသွားပါလိမ့်မယ်။

``အိုး မင်းနိုးလာပြီလား?``

လင်းဟန်က အေးစက်စွာပြုံးလိုက်ပီးတော့ ဖန်းလောင်ကို မြေကြီးပေါ်ကို ရိုးရိုးလေးပဲ ပစ်ချလိုက်ပါတယ်။

``ဒါက တကယ့်ကိုကောင်းတာပဲ.. ငါ မင်းရဲ့ လက်မောင်းနှစ်ဖက်ကို ဘယ်လို ဖြတ်လိုက်မလဲဆိုတာကို မင်းကို ငါကြည့်စေချင်တယ်``

``မင်း.. မင်းအတင့်ရဲလိုက်တာ``

ဖန်းလောင်က ထိတ်လန့် နေပါတယ်။

``ငါက ဘာလို့ မလုပ်ရဲရမှာလဲ?``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``စောစောကပဲ မင်းက ငါ့ရဲ့ သူငယ်ချင်းလက်မောင်းကို ဖြတ်ပစ်ချင်ခဲ့တာ.. အခု ငါက မင်းရဲ့ လက်မောင်းကို ဖြတ်ပစ်လို့ မရဘူးလား? ဒါမှမဟုတ် မင်းလို ငတုံးငအ တစ်ယောက်နဲ့တောင်မှ ငါက နိုင်းယှဉ်လို့ မရဘူးလို့ ထင်နေတာလား?

``ငါ့ရဲ့အစ်ကိုက မင်းကိုလုံးဝ လွှတ်ပေးမှာမဟုတ်ဘူး``

ဖန်းလောင်က သူ့အတွက် နောက်ဆုံးမျှော်လင့်ချက်ကို ထုတ်ပြီးတော့ လင်းဟန်ကို သူ့အစ်ကို နဲ့ ခြိမ်းခြောက်လိုက်ပါတယ်။

``တကယ်လို့ မင်းရဲ့ အစ်ကို က ငါ့ရဲ့

အောက်ဆုံအဖြစ်တစ်ကြိမ် ဖြစ်လာမယ်ဆိုယင် ငါမင်းကို ထွက်သွားခွင့်ပေးမယ်``

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပြီးတော့ သူရဲ့ခါးကို ပွေ့လိုက်ပါတယ်။

``ဒီအချိန်မှာ မင်းရဲ့ လက်နှစ်ဖက်ကို ရင်ဂယ်ပိုက်ထားပြီးတော့ သေချာလေးကြည့်ထား.. အရမ်းကိုလျှင်မြန်စွာနဲ့ ပဲ မင်းက သူတို့ကို နှုတ်ဆက်စကား ပြောရတော့မယ်``

``မဟုတ်ဘူး မဟုတ်ဘူး မဟုတ်ဘူး``

ဖန်းလောင်က နောက်ဆုံးမှာတော့ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ မျက်ရည်တွေ နှပ်ချေး တွေနဲ့ အတူ စတင်ပြီး ငိုကြွေးလိုက်ပါတယ်။ သူက လက်ပြတ်ကြီးတစ်ယောက် အနေနဲ့ လုံးဝ မဖြစ်ချင်ပါဘူး။ သူက ငယ်ပါသေးတယ်။ တကယ်လို့ သူရဲ့ လက်မောင်းတွေကို ဆုံးရှုံး သွားခဲ့မယ်ဆိုယင် တစ်ခြားသူတွေကို ဘယ်လိုလုပ်ပြီး အနိုင်ကျင့်စော်ကား လို့ ရနိုင်တော့မှာလဲ ဒါမှမဟုတ် နောက်ပိုင်းမှာ ချောမောလှပတဲ့ အမျိုးသမီးတွေနဲ့ ဘယ်လို လုပ်ပြီးတော့ ကစားလို့

ရတော့မှာလဲ?

``ရပ်စမ်း``

နတ်ဘုရားကာကွယ်စောင့်ရှောက်သူ အားလုံးက တပြိုင်နက်တည်း အော်လိုက်ပါတယ်။

``သူ့ကို ဘယ်သူကမှ ကယ်လို့ရမှာမဟုတ်ဘူး``

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ လေသံက ရေခဲတမျှ အေးစက်နေပါတယ်။

``အိုး.. ငါဆိုယင်ရော?``

အိန္ဒြေအပြည့်နဲ့ အသံတစ်ခု ကြားလိုက်ရပီးတော့ ဖန်းယန်က ထွက်ပေါ် လာခဲ့ပါတယ်။ သူ့ရဲ့ လက်တွေကို နောက်ကိုပစ်ထားပြီးတော့ ကေရာဇ်တစ်ယောက်လိုမျိုး လွှမ်းမိုး ခြယ်လှယ်နိုင်တဲ့ စွမ်းအားပြည့်ဝတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လိုက်လာပါတယ်။

``အရှင်သခင်``

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးယောက်စလုံးက ဒူးထောက်တဲ့ ပုံစံ အနေအထားနဲ့ ရှိသေလေးစားစွာနဲ့ နှုတ်ဆက်လိုက်ပါတယ်။

``အစ်ကို ငါ့ကိုကယ်ပါ ငါ့ကိုကယ်ပါ``

ဖန်းလောင်က အံ့အားသင့်သွားသလို ကျေနပ်ပီတိလဲ ဖြစ်သွားပါတယ်။ သူ့ရဲ့ မျက်လုံး ထဲမှာတော့ ဖန်းယန် မလုပ်နိုင်တဲ့အရာ ဘာမှမရှိပါဘူး။ သူ့ရဲ့ အစ်ကို ဒီနေရာမှာ ရှိနေမှတော့ သူလုံခြုံပါလိမ့်မယ်။

``မင်းကိုမင်း ဘယ်သူလို့များ ထင်နေတာလဲ?``

လင်းဟန်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။ သူ့ရဲ့ လေသံထဲမှာ အဖက်မတန်သလို သဘောထားတဲ့ လက္ခဏာမျိုး မရှိပဲနဲ့ သူက သာမန်အခြေအနေအတိုင်း မေးလိုက်သလိုမျိုးပါပဲ။

ဖန်းယန် ရဲ့ လူသတ်ချင်တဲ့ ဆန္ဒတွေ သူ့အတွင်းပိုင်းမှာ မြင့်တက်လို့လာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်လုံးက ဖန်းလောင်ဘက်ကို ပေ့ကြည့်လိုက်တဲ့အခါမှာတော့ သူက ပြောလိုက်ပါတယ်။

``ငါ့ရဲ့ ညီလေးကို လွှတ်လိုက် ..ဒါဆိုယင် ငါမင်းကို ဒီတစ်ကြိမ် သက်ညှာပေးလိုက်မယ်``

``မင်းကိုမင်း အထူးအဆင့်အတန်းတစ်ခုခု ရှိသလိုမျိုး ပြောနေတာပဲ``

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

``မင်းတို့ ညီအစ်ကို နှစ်ယောက်စလုံး ဒီနေရာမှာ ရှိနေပြီဆိုမှတော့ ငါ စရတော့မှာပေါ့``

လင်းဟန်က သူ့ရဲ့ ဓါးကို မြှောက်လိုက်ပါတယ်။

ဘာ.. သူက အစောတုန်းက ဘာမှမလုပ်ခဲ့ဘူး..ဘာကြောင့်လဲ ဆိုတော့ သူက ဖန်းယန် ထွက်လာတာကို စောင့်နေတာပေါ့လေ?

ဒါ..ဒါက တကယ့်ကို သူ စိတ်ကြီးဝင်နေတာ မဟုတ်ဘူးလား? ဖန်းယန် ပေါ်လာတာကို စောင့်ပြီးတော့မှ သူ့ရဲ့ လှုပ်ရှားမှုကို လုပ်ဖို့ တမင်ရည်ရွယ်ထားပြီးတော့ သူက ဖန်းယန် ရဲ့ သေခြင်းရှင်ခြင်း ရန်ငြိုးရန်စ ဖြစ်ပေါ်ဖို့ ကြိုးစားနေတာလား?

ကျန်တဲ့ သူတွေအားလုံးက ဒီလူငယ်နှစ်ယောက်ရဲ့ ကြားမှာ သေခြင်း ရှင်ခြင်း ရန်ငြိုးရန်စ ရှိနေပြီးသားဆိုတာ မသိကြပါဘူး။ ဒါပေမဲ့ ဖန်းယန်ရဲ့ မျက်လုံးထဲမှာ ဒီကဒ္ဒမှာ ကြီးကနေ လင်းဟန်ရဲ့ တည်ရှိမှုကို လွယ်ကူစွာနဲ့ပဲ ဖျက်ဆီးပစ်နိုင်ပြီးတော့ ဒီကိစ္စ နဲ့ပါတ်သတ်ပြီးတော့ အရမ်းကြီးအလေးအနက်မထားပါဘူး။

``အစ်ကို.. အစ်ကို``

ဖန်းလောင်က အပြင်းအထန် ရှုန်းကန်လှုပ်ရှားပြီးတော့ အော်ငိုနေပါတယ်။ သူ့ရဲ့ မျက်နှာ ပေါ်မှာ မျက်ရည်တွေ နှပ်ချေးတွေနဲ့ ဖုံးနေပါတယ်။

အဆုံးမှာတော့ ဖန်းယန်က လှုပ်ရှားလာပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းလုပ်ရဲတယ်ဆိုယင်.. ငါ မင်းကို ဒီနေ့ သေချာပေါက် သတ်ပစ်မယ်``

နှစ်ဖက်စလုံးက အရမ်းကိုကြမ်းတမ်းနေကြပါတယ်။ တစ်ခြားတစ်ဖက်က တစ်စုံတစ်ယောက်ရဲ့ လက်မောင်းကို

ဖြတ်ပစ်ချင်နေပြီး တစ်ခြားတစ်ဖက်က တော့ လူသတ်မဲ့ ဆန္ဒကျယ်လောင်စွာနဲ့ ကြွေညာလိုက်ပါတယ်။ သူတို့ကိုကြည့်ရတာ ဘယ်သူကမှ မိုးရေနိုင်ငံရဲ့ ဥပဒေတွေ ဒါမှမဟုတ် အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်း တွေကို နှလုံးသားထဲမှာ လုံးဝမရှိတဲ့ပုံစံပါပဲ။

``ငတုံးပဲ``

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ဓါးကို နှိမ့်လိုက်ပြီး မြန်မြန်ဆန်ဆန် နဲ့ တိုက်ခိုက်လိုက်ပါတယ်။

``မင်းက သေမဲ့လမ်းကိုရှာနေတာပဲ``

ဖန်းယန်က လင်းဟန်ဆီကို ဝင်လာပါတယ်။ သူ့ရဲ့ စွမ်းရည်နဲ့ လင်းဟန်ရဲ့ ဓါးချက်ကို အောင်အောင်မြင်မြင် ကာကွယ်နိုင်ဖို့ အနည်းဆုံး ၇၀ ရာခိုင်နှုန်းရှိပါတယ်။

``ရှုပ်``

သူက တကယ့်ပဲ လေးညှို့ ကနေ ဒေါသတကြီးနဲ့ ထွက်လာတဲ့ မြှားတစ်စင်းလို့ အရမ်းကို လျှင်မြန်ပါတယ်။ လင်းဟန်ရဲ့ ဓါးက ဖန်းလောင်ရဲ့ ပုခုံးပေါ်ကို ကျလာချိန်မှာ ပဲ

ဖန်းယန်ရဲ့ လက် ကလဲ အရှေ့ကို တိုက်ခိုက်လိုက်ပါတယ်။ မူလစွမ်းအား က လိုမ့်ထွက် လာပြီးတော့ သူ့ရဲ့လက်ဖါးပတ်လည်မှာ လွှမ်းခြုံလာပြီးတော့ သူ့ရဲ့ လက်မောင်း တစ်ခုလုံး အဖြူရောင်ပုံစံပြောင်းသွားပြီးတော့ အလွန်တောက်ပလာခဲ့ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပီးတော့ သူ့ရဲ့ ဘယ်ဘက်လက်ကို ဆတ်ခနဲ လှုပ်ရှားလိုက်ပါတယ်။ ချက်ချင်းဆိုသလို ထူးဆန်းတဲ့ မီးက သူ့ရဲ့ လက်သီးဂန်းကျင်ကို လွှမ်းခြုံလာပြီးတော့ ဖန်းယန် ဆီကို တိုက်ခိုက်လိုက်ပါတယ်။

ချက်ချင်းပဲ ဖန်းယန်ရဲ့ အမူအရာပြောင်းလဲသွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ လက်သီး မှာ လွှမ်းခြုံနေတဲ့ မီးတောက်က သူ့ရဲ့ အသက်ကိုတောင် ခြိမ်းခြောက်ဖို့ စွမ်းရည် ရှိတယ်ဆိုတာကို အာရုံခံနိုင်ပါတယ်။ ဒါက ခံစားမှုတစ်ခုပါပဲ.. သူက သူ့ရဲ့ ခံစားချက်ကအရမ်းကိုအားကောင်းတယ်ဆိုတာကို ယုံကြည်ပါတယ်။ ၎င်းက သူ့ကို ကူညီပြီး တော့ အန္တရာယ် အမြောက်အမြားကနေ လွတ်မြောက်အောင် ကူညီခဲ့ပါတယ်။

အဲဒီအချိန်မှာ သူ့ရဲ့ ထူးချွန်ထက်မြက်လှတဲ့ အစွမ်းတွေ

အကုန်လုံးကို ထုတ်ဖော် လိုက်ပါတယ်။ သူက ရုတ်တရက် မြေကြီးပေါ်ကို လက်သီးတစ်ချက် ထိုးချ လိုက်ပီးတော့ မယုံနိုင်လောက်အောင်ပဲ သူ့ရဲ့လှုပ်ရှားမှုက မြေကြီးရဲ့ ပြန်ကန်အား ကြောင့် ရပ်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူက အနောက်ဘက်ကို လျှင်မြန်စွာနဲ့ ဆုတ်သွားလိုက်ပါတယ်။

လင်းဟန်ရဲ့ လက်သီးက ဘာမှမရှိတဲ့ လေထု ကိုပဲ ထိုးမိသွားခဲ့ပါတယ်။

ဒါပေမဲ့ ဖန်းယန်က နောက်ဆုတ်ပြီးတော့ ရှောင်တိမ်းနိုင်ခဲ့သော်လည်း ဖန်းလောင် ကတော့ မလုပ်နိုင်ပါဘူး။

``ဖူးးး``

သွေးတွေ လျှံထွက်လာပြီးတော့ ဖန်းလောင်က ထိတ်လန့်စရာကောင်းအောင် အော်ဟစ် လိုက်ပါတယ်။ သူ့ရဲ့ ညာဘက်လက်က လုံးဝကို ဖြတ်ခံလိုက်ရပါပြီ။

သူတကယ်ပဲ ဖြတ်ပစ်တယ်။ သူတကယ်ပဲ လုပ်တယ်။

လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ပါတယ်။ ဖန်းကလန်

ညီအကိုတွေက ထိန်းချုပ်မှု အောက်ကနေ လွတ်နေကြပါတယ်။ ဒါပေမဲ့ လင်းဟန်က သူတို့ထက်တောင်မှ ပိုပြီး သာလွန်ပါသေးတယ်။ သူတကယ်ပဲ သူ့ရဲ့ဓါးနဲ့ ဖန်းလောင်ရဲ့ လက်မောင်းကို ဖြတ်ပစ်တယ်။

``အား အား``

ဖန်းလောင်ရဲ့ ကြောက်မက်ဖွယ်ရာ နာကျင်မှုကြောင့် အော်ဟစ်နေတဲ့ အသံကလွဲလို့ ပါတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

ဖန်းယန်ရဲ့ မျက်နှာကလုံးဝ ဖြူဖတ်ဖြူလျော် ဖြစ်သွားပြီးတော့ သူက ပြောလိုက်ပါတယ်။

``မင်းက ငါ့ကို အောင်အောင်မြင်မြင် ဒေါသထွက်စေခဲ့တာပဲ.. ဒီနေ့ မင်းအတွက် တစ်ခြား အကြောင်းလုံးဝမရှိတော့ဘူး.. ဒါပေမဲ့ မင်းသေရမယ်``

``အားယား.. မင်းက ဒီအတွက်နဲ့ ဒေါသထွက်နေတာလား?``

လင်းဟန်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

``ငါ ဖြတ်ပစ်ဖို့ နောက်ထပ် လက်မောင်းတစ်ဖက် ကျန်သေးတယ်``

ဖွတ်.. ဒီကောင်က ဖန်းလောင်ရဲ့ လက်မောင်းနှစ်ဖက်စလုံးကို ဖြတ်ပစ်ဖို့ တကယ်ပဲ အစီအစဉ်ချထားခဲ့တယ်။

ဖန်းယန်ရဲ့ မျက်လုံးတွေကနေ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေ ရုတ်တရက်ဆိုသလို ထွက်ပေါ်လာခဲ့ပါတယ်။ သူက လင်းဟန်ကိုကြည့်လိုက်တဲ့အခါမှာ သူရဲ့ အကြည့် တွေ က လင်းဟန်ကို အပေါက်တစ်ပေါက်တောင် ဖြစ်သွားစေချင်ခဲ့တာပါ။ သူက ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းက ငါ့ညီလေးခေါင်းက နောက်ထပ် ဆံပင်တစ်ချောင်းကို တောင် ထိရဲတယ်ဆိုယင် ငါ မင်းရဲ့ ကလန်ကလူတွေအားလုံးနဲ့ရော မင်းနဲ့ ပါတ်သတ် ဆက်နွယ် နေတဲ့ သူအားလုံးကိုပါ သတ်ပစ်ရလိမ့်မယ်``

``ရှုပ်``

လင်းဟန်ရဲ့ ဓါးက နောက်တစ်ကြိမ် နိမ့်ဆင်းသွားပြီးတော့

ဖန်းယန်ကို အတိကျဆုံး အဖြေတစ်ခုကို တိုက်ရိုက်ပေးလိုက်ပါတယ်။

``လဗ္ဗတ်ပဲပေါ့``

ဖန်းယန် က ကျိန်ဆဲလိုက်ပါတယ်။ သူက နောက်တစ်ကြိမ် အရှေ့ကို တိုးထွက်လာ ခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူက အရမ်းကြီးနီးကပ်တဲ့အထိ တိုးမလာရဲပါဘူး။

အဲဒီအစား သူက လက်သီးတစ်လုံးကို အရှေ့ကို ထိုးထည့်လိုက်ပီးတော့ သူ့ရဲ့ မူလစွမ်းအင်က ရုတ်တရက် ခိုင်မြဲသွားပြီးတော့ လက်သီးဆယ်ခု အဖြစ်ပြောင်း လဲသွားပြီးတော့ လင်းဟန်ရှိတဲ့ ဆီကို ဦးတည်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

အနက်ရောင် အဆင့်နိမ့် သိုင်းပညာနည်းစနစ်... တဟုန်ထိုးလက်သီးများ။

နွေဦးစမ်းရေ အလွှာ ၇ အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ စွမ်းရည်ကို အနက်ရောင် အဆင့်နိမ့် သိုင်းပညာနည်းစနစ် ရဲ့အဆင့်မြင့်တင်ထားတဲ့ အစွမ်းနဲ့အတူ ထပ်ပေါင်းလိုက်ခြင်းက နွေဦးစမ်းရည်အဆင့် အားနည်းတဲ့

သိုင်းပညာရှင် တစ်ယောက် လုံးဝကို ဆန့်ကျင်ပြီးရပ်တည်လို့ မရနိုင်ပါဘူး။ သူက ဘယ်လို မွန်းစတား မျိုးပဲ ဖြစ်ဖြစ် ကိစ္စမရှိပါဘူး။

လက်သီးတွေက ပြင်းထန်စွာနဲ့ တိုက်ခိုက်လိုက်ပြီးတော့ ၎င်းတို့က မိုးသက်မုန်တိုင်း ကျနေတဲ့ အချိန်မှာ မိုးရေတွေကျဆင်းလာတဲ့ ရေစက်တွေလိုပုံစံမျိုးနဲ့ပါ။

ဒါကို ဘယ်လိုလုပ်ပြီးတော့ ကာကွယ် တားဆီးနိုင်မှာလဲ?

လင်းဟန်ရဲ့ ညာဘက်လက်က သူ့ရဲ့ ဓါးကို ကိုင်ထားပြီးတော့ ရပ်တည်နေပြီးတော့ သူ့ရဲ့ ဘယ်ဘက်လက်ကတော့ ထွက်လာခဲ့ပါတယ်။ အနက်ရောင် အရာတစ်ခုက ဖြန့် လာပြီး စက်ဝိုင်းပုံစံ အဖြစ်ကို ပြောင်းသွားပြီးတော့ လင်းဟန်ရဲ့ အနောက်ဘက်မှာ ဒိုင်းကာပုံစံ တစ်ခု လိုမျိုး ကာကွယ်ထားခဲ့ပါတယ်။

သွေးစုပ်ယူခြင်း မူလရွှေ က သူ့ရဲ့ စိတ်ဆန္ဒရှိတဲ့အတိုင်းပဲ အသွင်ပုံစံပြောင်းလဲ နိုင်ပါတယ်။

Chapter 177 အကြီးဆုံး အင်ပါယာမင်းသား ရောက်လာပြီ

``ထန် ထန် ထန် ထန် ``

ဖန်းယန်ရဲ့ လက်သီး တွေက သွေးစုပ်ယူခြင်းမူလရွှေကိုပဲ ထိခိုက်မိသွားခဲ့ပြီး ငွေရောင်အလင်းစက်လေးတွေကို ဖန်တီးလိုက်သလိုဖြစ်သွားခဲ့ပါတယ်။ ဒါက လက်သီးတွေရဲ့ မူလစွမ်းအင်က ပြိုကွဲပျက်စီးသွားပြီးတော့ စိတ်ဝိဉာဉ်ချီ အဖြစ်ကို ပြန်ပြီးတော့ ပြောင်းလဲသွားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဖန်းယန်ရဲ့ လက်ရှိ စွမ်းရည်နဲ့ ဆိုယင် သူက သွေးစုပ်ယူခြင်းမူလရွှေရဲ့ ဒိုင်းကို ချိုးဖြတ် နိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ သူက လင်းဟန်ထက် အများကြီး အစွမ်းထက်ပါတယ်။ အရမ်းကို အစွမ်းထက်တဲ့ တိုက်ခိုက်မှု လှိုင်းတွေက ဒိုင်းကို ထပ်ခါ ထပ်ခါ ထိခိုက်မိပြီးတော့ ၎င်းအားရဲ့ သက်ရောက်မှုအဖြစ် လင်းဟန်က မထိန်းချုပ်နိုင်ပဲ ထပ်ခါ ထပ်ခါ နောက်ကို ဆုတ်ပေးရပါတယ်။

သူ့ရဲ့ ဓါးသွားက ဖန်းလောင်ရဲ့ ပုခုံးကနေ ပိုပိုပြီး ဝေးဝေးလာတာကို မြင်လိုက်ရတဲ့ အခါမှာ လင်းဟန်က အေးစက်စက်နဲ့ချောင်းဟန့် လိုက်ပြီးတော့ တစ်ချိန်တည်းမှာ ပဲ ဓါးချီအလင်း ခြောက်ခုက အရှေ့ကို ထွက်သွားခဲ့ပါတယ်။

``ဖူး``

ဖန်းလောင်ရဲ့ ဘယ်ဘက်လက်က ကံကြမ္မာဆိုးကနေ မလွတ်မြောက် ခဲ့ပဲနဲ့ အဖြတ်ခံ လိုက်ရပါတယ်။

``အား``

ဖန်းလောင်က သူ့ရဲ့ ညာဘက်လက် အဖြတ်ခံလိုက်ရလို့ မချိတင်ကဲ ခံစားနေရာ ကနေ နာကျင်မှုကြောင့် သတိလစ်မေ့မျောသလိုဖြစ်နေတဲ့ အခြေအနေက နေပြီး တော့ ဒီတိုက်ခိုက်မှုကြောင့်ပဲ ဖြစ်ပေါ်လာတဲ့ နာကျင်မှုက သူ့ကို နိုးလိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။

လင်းဟန်က လျှင်မြန်စွာနဲ့ အနောက်ကိုဆုတ်သွားခဲ့ပြီး သူ့ရဲ့ ဘယ်ဘက်လက်ကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ သွေးစုပ်ယူခြင်းမူလရွှေက နောက်တစ်ကြိမ် လက်ကောက် လိုပုံစံပြောင်းသွားခဲ့ပြီးတော့ သူ့ရဲ့ ခါးပိုင်းမှာ ပြန်ရောက် သွားခဲ့ ပါတယ်။ သူကိုယ်ကြည့်ရတာ အနည်းငယ် ဖြူဖတ်ဖြူလျော် ဖြစ်နေပါတယ်။ တကယ်တော့ သူ့ရဲ့ သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ် စွမ်းရည်နဲ့ ဆိုယင်တောင်မှ ဒီလိုမျိုး အစွမ်းထက်တဲ့ တိုက်ခိုက်မှုက သူ့ရဲ့ ခန္ဓာကိုယ်ကို ဆုပ္ပက်လာစေပြီးတော့ တော်တော်များများ နာကျင်မှုဒဏ်ကို

ဖြစ်စေပြီးတော့ ခံစားစေပါတယ်။

ပါတ်ဂန်းကျင်က နောက်တစ်ကြိမ် တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။

ပထမတော့ ဖန်းယန်းက သူတို့ရဲ့ တိုက်ခိုက်မှုမှာ အသာစီးဖြစ်နေပြီးတော့ လင်းဟန်ကို လက်သီးတွေနဲ့ အဆက်မပြတ်ထိုးပြီးတော့ အနောက်ကို ဆုတ်သွားအောင်လို့ ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က ဖန်းလောင်ရဲ့ ကျန်တဲ့ လက်မောင်းတစ်ဖက်ကို တိုက်ခိုက်မှုတစ်ခုထဲနဲ့ပဲ ဖြတ်လိုက်နိုင်ပြီးတော့ လုံးဂ မထိခိုက်ပဲနဲ့ အနောက်ကို ဆုတ်သွားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒါက သူရဲ့ အောင်ပွဲ နဲ့ တူတဲ့ပုံစံပါပဲ။

အံ့ဩစရာပဲ.. သူက တကယ့်ကို အံ့ဩစရာကောင်းတယ်. အစွမ်းရှိယုံတင်မကဘူး သတ္တိလဲရှိတယ်။

ဖန်းယန်ရဲ့ မျက်နှာမှာတော့ အရမ်းကို ပြင်းထန်တဲ့ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေ နဲ့ ပြည့်နက်လို့နေပါတယ်။ သူ့ရဲ့ ညီငယ်လေးက သူ့ရဲ့ လက်မောင်းနှစ်ဖက်စလုံးကို သူ့ရဲ့ မျက်လုံးအရှေ့မှာပဲ ဖျက်ဆီးခံလိုက်ရပါတယ်။ ဒါက သူ့ရဲ့ ခန္ဓာကိုယ်အတွင်းမှာ သတ်ချင် ဖြတ်ချင်နေတဲ့ စိတ်ကို

လှုံ့ဆော်ပေးမှုကို ဖြစ်စေခဲ့ပါတယ်။ သူတကယ်ပဲ လင်းဟန်ကို သတ်ရပါတယ်။ ဒီကိစ္စကို ဒီလိုမျိုး ပြီးသွားလို့ လုံးဝ မရပါဘူး။

``မင်းရဲ့ အစောပိုင်းက အပြုအမူက မင်းရဲ့ ကိုယ်ပိုင်အသက်ကို ဆုံးရှုံးသွားစေ ဖို့လုံလောက်တယ်``

သူက သစ်သားရုပ်လို ခံစားချက်မဲ့နေတဲ့ အမူအရာမျက်နှာနဲ့ ပြောလိုက်ပါတယ်။

သူက လင်းဟန်ဆီကို လျှောက်လာခဲ့ပြီးတော့ သူ့ရဲ့ ညာဘက်လက်က သူ့ရဲ့ ခါးမှာရှိတဲ့ ဆေဘာဓါးရှည်ကို ဆွဲထုတ်လိုက်ပါတယ်။ ၎င်းက ဆောင်းဦးမှာရှိတဲ့ ရေတွေလိုမျိုး အေးစက်နေပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ လက်နက်တစ်ခု မှန်း သိသာထင်ရှားပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက နှစ်ကြိမ်တောင် လှုပ်ရှားပြီးသွားပီ ဒါပေမဲ့ ငါကတော့ ဒီနေရာမှာ လုံးဝ ဒဏ်ရာမရပဲနဲ့ ရပ်နေဆဲပဲရှိသေးတယ်။မင်းရဲ့ စွမ်းရည်က တကယ့်ကို

အသုံးမကျ ပါဘူး``

သူက ဒီလိုမျိုးပြောလိုက်ပေမဲ့လည်း ဖန်းယန်ကို သူ အနည်းငယ်မျှတောင် လျှော့ မတွက်ရဲပါဘူး။ တကယ်တော့ သူနဲ့ ဖန်းယန်ရဲ့ အကြားမှာ ကျင့်ကြံခြင်းအဆင့် ကွာဟချက်က အလွှာတစ်ခုလုံး ခုနစ်ဆင့်တောင်ရှိပါတယ်။

``ဒီနေ့ မင်းကို ဘယ်သူကမှ ကယ်တင်လို့မရဘူး``

ဖန်းယန်က အေးစက်စွာနဲ့ ကြေညာလိုက်ပါတယ်။ သူ့ရဲ့ ခြေလှမ်းတိုင်းက ကျယ်လောင် တဲ့ အသံကို ဖြစ်ပေါ် စေပြီးတော့ လူတိုင်းလူတိုင်းက သူ့ရဲ့ ခြေလှမ်း တွေက သူတို့ရဲ့ နှလုံးသားတွေအပေါ် ကို ဖြတ်လျှောက်သွားသလို ခံစားလိုက်ရ ပြီးတော့ အားလုံးကို အရမ်းကိုစိတ် မသက်မသာ ခံစားစေခဲ့ပါတယ်။

``ပိုး.. မိုးရေနိုင်ငံရဲ့ မျိုးရိုးနာမည်က ဖန်း လို့ ပြောင်းသွားခဲ့ပြီလား?``

ကြည်လင်တဲ့ အသံတစ်ခု ထွက်ပေါ် လာပြီးတော့ အရပ်မြင့်တဲ့ လူတစ်ယောက် လမ်းလျှောက်လာခဲ့ပါတယ်။ သူ့ပုံစံကိုကြည့်ရတာ အသက် သုံးဆယ် ဝန်းကျင်

ဖြစ်ပြီးတော့ တည်ကြည်ခန့်ငြားတဲ့ပုံစံပေါ်ပါတယ်။ သူက တန်ဖိုးကြီးတဲ့ အနီရောင် ပိုးထည်ကို ဆင်မြန်းထားပြီးတော့ ခန့်ညားထယ်ဂါတဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာပြီး တော့ ဘုရင်တစ်ပါးရဲ့ အရှိန်အဂါကို ပိုင်ဆိုင်ထားပါတယ်။

အဲဒီလူရဲ့ အနောက် တစ်မီတာ အကွာမှာ သက်လတ်ပိုင်းအရွယ် လူတစ်ယောက်က သူ့ရဲ့ ခြေလှမ်းတွေနဲ့ နီးကပ်စွာပဲ လိုက်ပါလာခဲ့ပါတယ်။

``အကြီးဆုံးအင်ပါယာမင်းသား.. ဒါ အကြီးဆုံးအင်ပါယာမင်းသားပဲ``

``ချီး.. အကြီးဆုံးအင်ပါယာမင်းသားက ဒီနေရာကို ဘာဖြစ်လို့ ရုတ်တရက် ရောက်လာရတာလဲ? သူက အကယ်ဒမီကနေ လွှန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ထွက်ခွာသွားခဲ့ပြီမဟုတ်လား?``

``တိုက်ဆိုင်တာလား?``

``ဟီးဟီး အခု ရီစရာကောင်းပီ.. ဖန်းယန်က သူ့ကိုယ်သူ အကယ်ဒမီရဲ့ အကြီးအကဲ လိုမျိုး လုပ်နေတာ. ဒါပေမဲ့ တကယ့်ပိုင်ရှင်ဖြစ်တဲ့ အကြီးဆုံးအင်ပါယာ မင်းသားက

ဒီနေရာကို ရောက်လာပြီ. ဒါက သူတို့နှစ်ယောက်ကို ပြဿနာ ဖြစ်စေမဲ့ လက္ခဏာ မဟုတ်လား?``

``ဖန်းယန်က ဘယ်လောက်ပဲ အံ့ဩစရာကောင်းနေပါစေ.. သူက အကြီးဆုံး အင်ပါယာ မင်းသားကို လူပုံအလယ်မှာတော့ ဆန့်ကျင်ရဲမှာမဟုတ်ပါဘူး.. လုပ်ရဲလို့လား?``

``ပြောစရာကိုမလိုဘူး.. ဖန်းလောင်ရဲ့ အစောပိုင်း စိတ်ကြီးဝင်နေတဲ့ ပုံစံကို တစ်ချက်ကြည့်လိုက်လေ ပြီးတော့ ဖန်းယန်က နေ့ခင်းဘက်ကြီးမှာ လူသတ်ချင်နေတာကိုကြည့်လိုက်လေ.. သူတို့က ဧကရာဇ်ရဲ့ ဥပဒေတွေအားလုံးကို လုံးဝ လစ်လျူရှုထားတယ်ဆိုတာ သိသာထင်ရှားနေတာပဲ``

``ငါတို့ ဆက်ပြီးတော့ စောင့်ကြည့်ရအောင်``

ပရိတ်သတ်တွေအားလုံးပဲ သူတို့ရဲ့ အတွေးနဲ့ အကြံဉာဏ်တွေကို တစ်ယောက်နဲ့ တစ်ယောက် တီးတိုးရွတ်ဆိုနေကြပါတယ်။ အခု ဒီကိစ္စက ဒီလောက်ထိ ဖြစ်လာမှ တော့ ဒါက ထိန်းချုပ်လို့ မရလောက်တော့ပါဘူး။ အကြီးဆုံး အင်ပါယာ မင်းသား ကိုယ်တိုင်တောင်မှ

ဒီကိစ္စထဲကို ကိုယ်တိုင် ပါဝင်လာခဲ့ပါတယ်။

``ဖန်းယန် မင်းက အကြီးဆုံးအင်ပါယာ မင်းသားကို မြင်တွေ့ရတာကို တောင်မှ ဘာဖြစ်လို့ မနုတ်ဆက်သေးတာလဲ?``

အကြီးဆုံးအင်ပါယာ မင်းသားရဲ့ အနောက်က သက်လတ်ပိုင်းလူက အေးစက်စွာ နဲ့ ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

ဖန်းယန်က တစ်ခဏမျှ တုံ့ဆိုင်းသွားပြီးတော့ အကြီးဆုံး အင်ပါယာ မင်းသား ဘက်ကို သူ့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဖန်းယန်က ဒီကနေပြီးတော့ အရှင်မင်းသားကို နှုတ်ဆက်ပါတယ်.. အကြီးဆုံး အင်ပါယာမင်းသားခင်ဗျား``

ဘယ်လောက်တောင် စိတ်ကြီးဝင်လိုက်သလဲ? သူက တကယ်ပဲ သူ့ရဲ့ လက်တွေကို ဆုပ်ယှံဆုပ်ပြီးတော့ နှုတ်ဆက်လိုက်တယ်။

သက်လတ်ပိုင်းယောကျ်ားကြီးက ရိုင်းပျတဲ့ အပြုအမူကြောင့်

နောက်တစ်ကြိမ် ပြစ်တင် ပြောဆိုဖို့ ပြင်လိုက်တဲ့အခါမှာ အကြီးဆုံး အင်ပါယာ မင်းသားရဲ့ လက်တစ် ဖက်က ထွက်လာပြီးတော့ သူပြောမဲ့စကားတွေကို ဆက်ပြီးတော့ မပြောဖို့ တားဆီးလိုက်ပါတယ်။

``ဖန်းယန် နောက်ဆုတ်စမ်း``

အကြီးဆုံး အင်ပါယာ မင်းသားက ပြောလိုက်ပါတယ်။

``ဒီလူက ကျုပ်ညီလေးရဲ့ လက်မောင်းနှစ်ဖက်စလုံးကိုဖြတ်ပြီးတော့ မသန်မစွမ်းဖြစ်အောင် လုပ်ခဲ့တယ်.. ကျုပ် သူ့ရဲ့ အသက်ကို ပြန်ပြီးတော့ ယူရလိမ့်မယ်``

ဖန်းယန်က သူ့ရဲ့ စိတ်ခံစားချက်ကို ပြန်ထိန်းချုပ်လိုက်ပီးတော့ တည်ငြိမ်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူက တည်ငြိမ်စွာနဲ့ပြောလိုက်ပေမဲ့လည်း သူ့ရဲ့ စကားလုံး တွေရဲ့ နောက်မှာရှိတဲ့ ဆုံးဖြတ်ချက်ကိုတော့ သူကလုံးဝ အလျှော့ပေး လိမ့်မှာ မဟုတ်ပါဘူး။

အကြီးဆုံး အင်ပါယာ မင်းသားကို ကြည့်ရတာ

မကျေမနပ်ဖြစ်သွားခဲ့ပုံရပါတယ်။

သူ့ရဲ့ အဆင့်အတန်းနဲ့ဆိုယင် မိုးရေနိုင်ငံတစ်ခုလုံးမှာရှိတဲ့ အင်အားကြီးကလန် ရှစ်ခု ရဲ့ ခေါင်းဆောင်တွေနဲ့ လိန်ဝွမ်ဖူ.. ပူဆောင်လင်း. နဲ့ တစ်ခြား ဒီအဆင့်အတန်းမှာ ရှိ တဲ့ အရမ်းကို ရှားပါးတဲ့ လူနည်းစုကပဲ သူ့ကို မျက်နှာသာမပေးပဲ နေပုံ့တာမဟုတ်လား?

``ဖန်းယန် မင်း စည်းကျော်နေပြီ``

အကြီးဆုံး အင်ပါယာမင်းသား က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ အခု သူက ဧကရာဇ်မဟုတ်သေးပေမဲ့ လက်ရှိအဆင့်နဲ့ သူက အင်ပါယာ မိသားစုကို ကိုယ်စား ပြုနိုင်ပါတယ်။ သူပြောလိုက်တဲ့ ဘယ်စကားလုံးမဆို ၎င်းတို့ရဲ့နောက်က ကြီးမားတဲ့ ဩဇာသက်ရောက်မှုတွေရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ စကားလုံးတွေကို ဘယ်လို လုပ်ပြီးတော့ဒီလိုမျိုး ရိုးရှင်းစွာ ငြင်းပယ်ခံလိုက်ရတာလဲ?

``ဟမ့်.. သူက ငါ့ညီလေးကို မသန်မစွမ်းဖြစ်စေခဲ့တယ်.. ငါက သူ့ရဲ့ အသက်ကို ပြန်ပြီးတော့ အလဲအလှယ်အနေနဲ့ ယူရလိမ့်မယ်.. ဒါက မမျှတဘူးလား?``

ဖန်းယန်က သူ့ရဲ့ ဗိုလ်ကျ အနိုင်ကျင့်တတ်တဲ့ သဘာဝကို အကြောင်းပြချက်မရှိပဲ ထုတ်ဖော်ပြလိုက်ပါတယ်။ သူက အကြီးဆုံးအင်ပါယာ မင်းသားကိုတောင်မှ နည်းနည်းလေးမျှ မျက်နှာသာမပေးခဲ့ပါဘူး။

``ဖန်းယန် မင်းအခု ဘာတွေလုပ်နေလဲဆိုတာကို မင်းမသိဘူးလား?``

အကြီးဆုံး အင်ပါယာမင်းသားကမေးလိုက်ပါတယ်။ သူက အခု ဒေါသထွက်နေခဲ့ ပါပြီ။

မိုးကောင်းကင်အောက်က မည်သည့်ကုန်းပြင်မြင့်နေရာမဆို အားလုံးက အင်ပါယာရဲ့ အမိန့်သြဇာအာဏာအောက်မှာ တည်ရှိပြီးတော့ ဘယ်သူကများ ဧကရာဇ်ရဲ့စကား တွေကို မလိုက်နာပဲနဲ့ နေရဲတာလဲ?

``ကျနော် က အကြီးဆုံးအင်ပါယာ မင်းသားက ဟွာယန်အကယ်ဒမီရဲ့ အယင် မျိုးဆက် တုန်းက အတွင်းစည်းတပည့်တစ်ယောက်လို့ ကြားဖူးခဲ့တာ ကြာပါပြီ. ကျေးဇူးပြုပြီးတော့ ဒီဖန်းယန်က သင့်ရဲ့စွမ်းရည်ကို အတွေ့အကြုံယူခွင့် ပြုပါ``

ဖန်းယန်ကပြောလိုက်ပါတယ်။

ပါတ်ဂန်းကျင်တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်ကုန်ပါတယ်။ ဖန်းယန်က တကယ်ပဲ အကြီးဆုံး အင်ပါယာ မင်းသားကို ဆန့်ကျင်လိုက်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားက လွှန်ခဲ့တဲ့ နှစ်နှစ်လောက်က အကယ်ဒမီ ကနေ ထွက်ခွာသွားခဲ့ပါတယ်.. သူက အတွင်းစည်းတပည့်တစ်ယောက်ဖြစ်ပါတယ်။ သူက စိတ်ဂိဘဉ်ပင်လယ်အဆင့်ကို ချိုးဖြတ်သွားပြီလို့ ထင်ရပေမဲ့ သူက နွေဦးစမ်းရေ အလွှာ၉ အဆင့်မှာပဲ ရှိပါသေးတယ်။ အကြီးဆုံး အင်ပါယာ မင်းသားရဲ့ သိုင်းပညာ ပါရမီနဲ့ ဆိုယင် သူက နွေဦးစမ်းရေ အဆင့်ရဲ့ ပြိုင်ဘက်ကင်းတစ်ယောက်ပါပဲ။

လက်ရှိ ဟွာယန် အကယ်ဒမီ မှာ တတိယ အင်ပါယာမင်းသားကလည်းပဲ အစွမ်းထက် ဆုံး ကျောင်းသား ဖြစ်ပါတယ်။ ဒါပေမဲ့ သူက နွေဦးစမ်းရေအလွှာ ၇ အဆင့်ပဲ ရှိပြီးတော့ သူတောင်မှ အကြီးဆုံး အင်ပါယာ မင်းသားကို ရှုံးနိမ့် ပါလိမ့်မယ်။ ဖန်းယန်က အစစ်အမှန် တပည့်တစ်ယောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက

ဘယ်နေရာကနေပြီးတော့ အကြီးဆုံးအင်ပါယာ မင်းသားနဲ့ ပြိုင်ဘက် ဖြစ်ဖို့ ထိုက်တန်နေပြီဆိုတဲ့ သတ္တိနဲ့ ယုံကြည်ချက်တွေကို ရရှိလာခဲ့ ရတာလဲ?

အကြီးဆုံး အင်ပါယာ မင်းသားက ပိုပြီးတော့ ဒေါသထွက်လာခဲ့ပါတယ်။ ဒီ ဖန်းယန်က သူ့ရဲ့ အမိန့်ကို မနာခံယုံသာမက သူ့ကိုပါ စိန်ခေါ် လိုက်ပါသေးတယ်။ ဒီကောင် က တကယ့်ကို တရားလွန် သတ္တိ ကောင်းနေတာပဲ။ ဒါပေမဲ့ အကြီးဆုံး အင်ပါယာ မင်းသား အနေနဲ့ သူက အရမ်းကို ပါးနပ်တဲ့ လူတစ်ယောက်ဖြစ်ပြီး တော့ သူ့ရဲ့ မျက်နှာမှာ တစ်ခြား စိတ်ခံစားချက်ကို လုံးဂမဖော်ပြပဲနဲ့ သူက တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

``မင်း တကယ်ပဲ ငါ့ကို စိန်ခေါ် ချင်နေတာလား?``

``ကျေးဇူးပြုပြီးတော့ ကြွပါ``

ဖန်းယန် က အရမ်းကို ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကနေ အရှိန်အဂါ လှိုင်းတစ်ခု ထွက်ပေါ် လာပြီးတော့ အရမ်းကို အစွမ်း ထက်တဲ့ အရှိန်အဂါက ထွက်ပေါ် လို့လာခဲ့ပါတယ်။

``နွေဦးစမ်းရေ အလွှာ ၇ အဆင့်``

အကြီးဆုံး အင်ပါယာ မင်းသားက အံ့အားသင့်သွားခဲ့ပါတယ်။ ဖန်းယန် က ဒီလောက် တိုတောင်းတဲ့ အချိန်လေးတစ်ခုမှာ ဖြိုလောက်စရာ ကောင်းအောင် ဘယ်လိုလုပ်ပြီးတော့ အဆင့်မြင့်တက်လာခဲ့ရတာလဲ?

``ဘာ နွေဦးစမ်းရေ အလွှာ ၇ အဆင့်.. တကယ်ကြီးလား?``

``အကြီးဆုံး အင်ပါယာ မင်းသားက ဒီလိုမျိုး ပြောတယ်ဆိုတော့ အဲဒါက အမှန်ပဲဖြစ်လိမ့်မယ်``

``သူက အကြီးဆုံး အင်ပါယာ မင်းသားကိုတောင်မှ စိန်ခေါ်ရဲတာ အံ့ဩ စရာ မဟုတ်တော့ဘူး.. သူက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ဖြစ်နေပြီပဲ``

``မဟုတ်သေးဘူးလေ.. တကယ်လို့ သူက စိတ်ဂိုဉာဉ်ပင်လယ်အဆင့်မှာ ရှိနေ ယင်တောင်မှ ဘာဖြစ်သေးလဲ? အကြီးဆုံးအင်ပါယာ မင်းသားက ဒီနေရာမှာ ရှိ နေတယ်လေ``

``မှန်တယ်.. ဖန်းယန်ရဲ့ နောက်ခံက ဘယ်လိုလဲဆိုတာကို

ငါတကယ်ပဲ မသိဘူး။ သူက ကျောင်းအုပ်ကြီးရဲ့ တိတ်တိတ်ပုန်းသား ဆိုတဲ့ ကောလဟာလက တကယ်ပဲ ဖြစ်နိုင်မလား?``

ပရိတ်သတ်တွေ အားလုံးက အံ့အားသင့်စွာနဲ့ ပြောဆိုနေကြပါတယ်။ ဒါက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ဖြစ်ပြီးတော့ ဖန်းယန်က တကယ်ပဲ တတိယ အင်ပါယာ မင်းသား ကို အမှီလိုက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဖန်းယန်ရဲ့ အသက်က ငယ်သေးတာကို ပါ ထည့်တွက်ရမယ်ဆိုယင် သူက သေချာပေါက် မိုးရေနိုင်ငံ ရဲ့ အထူးချွန်ဆုံးနဲ့ အသန်မာဆုံး ပါရမီရှင်အဖြစ် လုံးဝ သတ်မှတ်နိုင်ပါတယ်။

``သူ ငါ့ကို စိန်ခေါ် ရဲတာ အံ့သြစရာမရှိတော့ပါဘူး``

အကြီးဆုံး အင်ပါယာ မင်းသားရဲ့ အမူအရာက မည်းမှောင်နေပြီးတော့ သူက ပြောလိုက်ပါတယ်။

``ဒါဆိုယင်လဲ မင်း အကွက်ထုတ်လိုက်ပါ``

ဘာမှထပ်ပြီးတော့ မပြောတော့ပဲနဲ့ ဖန်းယန်က အကြီးဆုံး အင်ပါယာမင်းသား ဆီ ကို ခြေလှမ်းကျယ်ကြီးတွေနဲ့

တိုးလာခဲ့ပါတယ်။ သူက သူ့ရဲ့ ဆေဘာဓါးကို အသုံး မပြုပဲနဲ့ သူ့ရဲ့ လက်သီးတွေကို အသုံးပြုပြီးတော့ တိုက်ခိုက်မှု ကို ဖန်တီးလိုက် ပါတယ်။ သူ့ရဲ့ လက်သီးပါတ်လည်မှာ ငွေရောင်အလင်းအလွှာလေး တစ်ခု လွှမ်း ခြုံ ထားပြီးတော့ ပုံမှန်မဟုတ်တဲ့ အစွမ်းထက်တဲ့ အရှိန်အဂါတစ်ခု ထွက်ပေါ် လို့ နေပါတယ်။

``ငါ့ရဲ့အရှေ့မှာ လက်သီးကို အသုံးပြုတယ်ပေ့ါလေ?``

အကြီးဆုံး အင်ပါယာ မင်းသားက နှာခေါင်းရှုံ့ လိုက်ပီးတော့ သူ့ရဲ့မျက်လုံးထဲမှာ အေးစက်တဲ့အလင်းရောင် တစ်ခု ဖျတ်ခနဲ လင်းလက်သွားခဲ့ပါတယ်။ သူကလဲ တူညီစွာပဲ သူ့ရဲ့ လက်သီးနဲ့တိုက်ခိုက်လိုက်ပါတယ်။ ဒါက ဧကရာဇ် တစ်ပါး ရောက်လာသလိုမျိုး လူတိုင်းလူတိုင်းရဲ့ နလုံးသားထဲမှာ မထိန်းချုပ်နိုင်ပဲ တဒိန်းဒိန်း မြည်နေသလိုမျိုး ဖြစ်ပေါ် စေခဲ့ပါတယ်။ သူတို့အားလုံးပဲ မြေကြီးပေါ် ကို ဒူးထောက် ပြီးတော့ အကြီးဆုံးအင်ပါယာ မင်းသားကို သူတို့ဘာသာ သူတို့ သစ္စာရှိတဲ့ အကြောင်းကို ကြေညာပစ်ချင်တဲ့ စိတ်ဆန္ဒတွေကို ခံစားလိုက်ရပါတယ်။

မိုးကောင်းကင်ရဲ့ သားတော် နည်းစနစ်။

``ထန် ထန် ထန် ထန်``

သူတို့နှစ်ယောက် အဆုံးမရှိ ရင်ဆိုင်တိုက်ခိုက်နေကြပြီးတော့ အကြီးဆုံး အင်ပါယာ မင်းသားက အသားစီးရနေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က မြင့်မားပြီးတော့ သူမှာ ကြီးမားတဲ့ အစွမ်းရှိ ပြီးတော့ ကောင်းကင်ရဲ့သားတော် လက်သီးသိုင်း နည်းစနစ်က အဆင့်အနေနဲ့ ဆိုယင် ဖန်းယန်ရဲ့ ကိုယ်ပိုင် သိုင်းပညာနည်းစနစ် အပေါ်ကို လွှမ်းမိုးနိုင်စွမ်းရှိပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက အနည်းငယ် ကျဉ်းမြောင်းသွားပြီးတော့ ဖန်းယန် ဆီက ထွက်ပေါ်နေတဲ့ ငွေရောင်အလင်းအပေါ်ကို ကြည့်လိုက်မိတဲ့အခါမှာ သူ့ကိုယ်သူ တီးတိုးပြောဆိုလိုက်ပါတယ်။

``အထူးကိုယ်ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံလား?``
CHAPTER 178 ကြေးမုံအလင်း ခန္ဓာကိုယ်

``ဒါက အထူးကိုယ်ခန္ဓာတည်ဆောက်ပုံတစ်ခုပဲ ဖြစ်ရမယ်``

လင်းဟန်က သူ့ရဲ့ စိတ်ထဲမှာ ပြတ်ပြတ်သားသား ပဲ ပြောလိုက်ပါတယ်။ တကယ်လို့ ဒါက သူ့ရဲ့ အထူး ခန္ဓာကိုယ် တည်ဆောက်ပုံကြောင့်သာမဟုတ်ဘူး ဆိုယင် ဖန်းယန်က အကြီးဆုံး အင်ပါယာ မင်းသားကြောင့် အခု ဆိုယင် အစိတ်စိတ် အမွှာမွှာ ဖြစ်သွားပါလိမ့်မယ်။ ဖန်းယန်က သူတို့ရဲ့ ထိပ်တိုက်ရင်ဆိုင်မှုမှာ အောက်စည်းကို ကျရောက်နေတယ်ဆိုပေမဲ့ သူက တည်တည်ငြိမ်ငြိမ်နဲ့ အိန္ဒြေ ရနေပါသေးတယ်။ သူကိုယ့်သူ ကာကွယ်လိုက်တဲ့ အခါမှာ သူက အရှေ့ကို တက်ပြီးတော့ တိုက်ခိုက်မှုကို ဖိနှိပ်လိုက်ပါသေးတယ်.. လှုပ်ရှားမှုတိုင်းရဲ့ နောက်မှာ ကြီးမားတဲ့တဲ့ ပေါက်ကွဲမှုတစ်ခု ပါဝင်ခဲ့ပါတယ်။

ဒါ ဘယ်လို အထူးကိုယ်ခန္ဓာတည်ဆောက်ပုံ အမျိုးအစား ဖြစ်နိုင်မလဲ?

လင်းဟန်က အနီးကပ်သေချာကို လေ့လာလိုက်ပါတယ်။ အထူးခန္ဓာကိုယ် တည်ဆောက်ပုံကို ဘာကြောင့် အထူးလို့ ခွဲခြားပြောဆိုရသလဲဆိုယင် သူတို့မှာ အထူး ပြိုင်ဘက်ကင်းတဲ့ ဂိုသေသ လက္ခဏာတွေ ပါဝင်နေတာကြောင့်ပဲ ဖြစ်ပါတယ်။ ဥပမာ. ကျူးပူကျို့က သူ့ရဲ့ ဒဏ်ရာတွေကို အရမ်းကို လျှင်မြန်စွာနဲ့ ပြန်လည်

သက်သာလာနိုင်တယ်.. ဟူးညိုက သူမစားလိုက်တဲ့ ဘယ်အစားအစာ ကို မဆို သူမရဲ့ကိုယ်ပိုင် မူလစွမ်းအင်အဖြစ်ကို ပြောင်းလဲနိုင်တယ် ပြီးတော့ သူ.. သူမှာလဲ အထူးစပါရှယ် ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ ရှိနေပြီးတော့ သူရဲ့ အကာအကွယ်ကို တိုးလာစေနိုင်ပြီးတော့ သေဆုံးနေတဲ့ သစ်ပင်တစ်ပင်လိုမျိုး သူအပြင်းအထန် ဒဏ်ရာရနေယင်တောင်မှ ဘယ်လိုနာကျင်မှုကမှ သူ့အပေါ်ကို အကျိုးသက်ရောက်မှာမဟုတ်ပဲ သူရဲ့ တိုက်ပွဲအစွမ်းကို အပြည့်အဝ ဆက်ပြီးတော့ ထုတ်ဖော်နိုင်ပါတယ်။

ဒါဆိုယင် ဖန်းယန် ရဲ့ အထူးစပါယ်ရှယ် လက္ခဏာက ဘာများဖြစ်လိမ့်မလဲ?

``ဟုန်း ဟုန်း ဟုန်းဟုန်း``

ဖန်းယန် နဲ့ အကြီးဆုံး အင်ပါယာ မင်းသားတို့က အဆုံးမရှိ ရင်ဆိုင်တိုက်ခိုက် နေကြပြီးတော့ လက်သီးချက်တိုင်းရဲ့ နောက်မှာ စွမ်းအားတွေ ထွက်ပေါ်လို့ နေပါတယ်။သူတို့လက်သီးတွေ ရင်ဆိုင်မိလိုက်တိုင်း ထွက်ပေါ်လာတဲ့ စွမ်းအား လှိုင်းတွေက မျက်စိနဲ့တောင် မြင်နိုင်ပြီးတော့ ၎င်း အားလှိုင်းတွေက နေရာအနှံ့ အပြားကို

ပြန်နှံ့သွားပြီးတော့ ပရိတ်သတ်တွေကို အနောက်ကို အဆက်မပြတ် ဆုတ်သွားအောင်လို့ ဖိအားပေးနေကြပါတယ်။

``ချီး?``

လင်းဟန်က ဖန်းယန်ရဲ့ အသားအရေ အရောင်က ပိုပြီးတော့ အဖြူရောင် တောက်ပ လာတာကို သတိပြုမိသွားပြီးတော့ ဒါက မူလစွမ်းအင်ကို အသုံးပြုတာကြောင့် လုံးဝ မဟုတ်ပါဘူး။ သူ့ရဲ့အသားအရေအရောင်က တကယ့်အရောင်နဲ့ ပိုပိုပြီးတော့ တူလာပါတယ်။

``ဒါက ကြေးမုံအလင်းခန္ဓာကိုယ်များ ဖြစ်နေမလား?``

လင်းဟန်က တီးတိုးရွတ်လိုက်ပါတယ်။ သူက သံသယ ဝင်နေသေးပေမဲ့ သူ့အတွက် တော့ ဒါက လုံးဝ အတည်ပြုလိုက်ပါတယ်။

ကြေးမုံအလင်းခန္ဓာကိုယ် ရဲ့ ပိုင်ရှင်က သူခံစားရတဲ့ ဘယ်လို တိုက်ခိုက်မှုမျိုး ကို မဆို ရောင်ပြန်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒါက သူ့ကိုယ်သူ ကြေးမုံတစ်ခုရဲ့ အလင်းပြန် သလိုမျိုးပုံစံကိုပြောတာပါ။ဒါပေမဲ့ အထူးခန္ဓာကိုယ်

တည်ဆောက် မှု တွေကို သူတို့ရဲ့ သွေးမျိုးဆက် သန့်စင်မှုအပေါ် ကို အခြေခံပြီးတော့ မတူညီတဲ့ ခေါင်းစဉ်တွေ ခွဲထားပါသေးတယ်။ ဒါကြောင့် ကြေးမုံအလင်းခန္ဓာကိုယ်အတွက် အကြမ်းဖျင်းတော့ ခေါင်းစဉ်သုံးခု ခွဲထားပါတယ်။ အားလုံးထဲမှာ အားအနည်းဆုံးက ကြေးနီကြေးမုံခန္ဓာကိုယ် ဖြစ်ပြီးတော့ တိုက်ခိုက်မှုတွေအားလုံးကို ဆယ်ရာခိုင် နှုန်း ပြန်ပြီးတော့ ရောင်ပြန်ဟပ်စေပါတယ်။ ပြီးတော့ နောက်ထပ်တစ်ခုက ငွေကြေးမုံ ခန္ဓာကိုယ်ဖြစ်ပြီးတော့ ရောင်ပြန်ဟပ်တဲ့ နှုန်းကို ၂၀ ရာခိုင်နှုန်းထိဖြစ်စေပြီးတော့ အသန်မာဆုံးကတော့ ရွှေကြေးမုံခန္ဓာကိုယ်ဖြစ်ပြီးတော့ ရောင်ပြန်ဟပ်တဲ့ နှုန်းက တိုက်ခိုက်မှုအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းပဲဖြစ်ပါတယ်။

ဒီ တိုက်ခိုက်မှုရဲ့ ဆယ်ရာခိုင်နှုန်းကနေ သုံးဆယ်ရာခိုင်နှုန်း ရောင်ပြန်ဟပ်နိုင် တာကို လျှော့မတွက်လိုက်ပါနဲ့။ ဒါက ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုနောက်က အစွမ်း ကို လျော့ချပေးယုံသာမက ပြိုင်ဘက်ကို သူ့ရဲ့ ကိုယ်ပိုင် စွမ်းအားကိုတောင်မှ ပြန်ပြီးတော့ ထိခိုက်စေပါတယ်။

ဖန်းယန်ကို ကြည့်ရတာတော့သူမှာ ငွေကြေးမုံခန္ဓာကိုယ်ရှိတာ ဖြစ်နိုင်ပြီးတော့ ဒါက တိုက်ခိုက်မှုရဲ့ ၂၀ ရာခိုင်နှုန်းကို ပြန်ပြီးတော့

ရောင်ပြန်ဟပ်စေပါတယ်။ဒါက တကယ့်ကို ၂၀ ရာခိုင်နှုန်း ပြန်ပြီးတော့ ရောင်ပြန်ဟပ်နိုင်တဲ့အစွမ်းကြောင့် ဖန်းယန် နဲ့ အကြီးဆုံးအင်ပါယာ မင်းသားကြားက ကျင့်ကြံခြင်း အဆင့် ၂ ခု ကွာခြားနေ တာ အတွက် ဖာထေးပေးနိုင်ပါတယ်။ ရလဒ်အနေကတော့ ဖန်းယန်က အသာစီးမရတာ သိသာထင်ရှားပေမဲ့လည်း သူက လုံး၀ မရှုံးနိမ့်ပါဘူး။

``ဒါ မဟုတ်သေးဘူး``

လင်းဟန်က သူရဲ့ခေါင်းကိုခါလိုက်ပါတယ်။ ၂၀ ရာခိုင်နှုန်းစွမ်းအားကို ရောင်ပြန်ဟပ်စေတာက ကျင့်ကြံခြင်းအဆင့် ခြားနားတာကို ဖာထေးပေးနိုင်တာ ဖြစ်နိုင်ပေမဲ့ ဖန်းယန်ရဲ့ သိုင်းပညာနည်းစနစ်နဲ့ အကြီးဆုံးအင်ပါယာ မင်းသားရဲ့ အနက်ရောင် အဆင့်မြင့်အဆင့်ရောက်နေတဲ့ ကောင်းကင်၏သားတော် လက်သီး သိုင်းနည်းစနစ်ကို နှိုင်းယှဉ်လိုက်မယ်ဆိုယင်တောင်မှ အရမ်းကိုအလှမ်းကွာဝေး နေတဲ့အတွက် ဖာထေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

ဒီလက်သီးသိုင်းနည်းစနစ်က ၎င်းကိုယ်တိုင် အဆင့်မြင့် တဲ့ အဆင့်တစ်ခု ဖြစ်ယုံသာ မကပါဘူး မျိုးနွယ်စုရဲ့ အစွမ်းကိုပါ

ထည့်သွင်းထားပါတယ်။ ဒါကြောင့်လည်း ၎င်းက အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ်တွေနဲ့ စွမ်းအားခြင်း နှိုင်းယှဉ်လို့ ရနိုင်တာပဲဖြစ်ပါတယ်။

ဖန်းယန်က အနက်ရောင် အဆင့်နိမ့်သိုင်းပညာနည်းစနစ်ကို သုံးပြီးတော့ ကောင်းကင်ဇ၏သားတော် လက်သီးသိုင်းနည်းစနစ်ကို ဆန့်ကျင်ပြီး ရပ်တည်နေနိုင်တယ်ဆိုမှတော့ သူမှာ တစ်ခြား စွမ်းရည်တစ်ချို့ ရှိနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုယင် သူက ပြိုင်ဘက်နဲ့ တူညီတဲ့ ကျင့်ကြံခြင်းအဆင့်တော့ အနည်းဆုံးရှိဖို့လိုပြီးတော့ သူတို့ရဲ့ သိုင်းပညာနည်းစနစ်တွေကြားက ကွာဟချက်အတွက် ကိုတော့ ကြေးမုံအလင်းခန္ဓာကိုယ်ပေါ်မူတည်ပြီးတော့ ဖာထေးလို့ရနိုင်ပါတယ်။

ဘာများဖြစ်နိုင်မလဲ?

လင်းဟန်က ပိုပြီးတော့ သိချင်စိတ်ဖြစ်ပေါ်လာခဲ့ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသား ရဲ့ တိုက်ပွဲအစွမ်းက အရမ်းကို ထူးချွန်ထက်မြက် ပါတယ်။ သူက နွေဦးစမ်းရေအလွှာ ၉ အဆင့်မှာ ရောက်နေတာ နှစ်အနည်းငယ် ရှိ ပြီဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ရဲ့ အခြေခံကို ခိုင်မာတောင့်တင်းတဲ့

အခြေအနေ ကိုရောက်နေပြီလို့ ပြောရပါမယ်။ သူရဲ့ လက်ရှိ တိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်၁၂ လုံးလောက် ရှိသင့်ပါတယ်။

ပြီးတော့ ဘယ်ဘက်ကမှ သူတို့ရဲ့ ပှက်ဖဲတွေကို ထုတ်မကစားဖူးဆိုတာ သိသာ ထင်ရှားပါတယ်။

အနည်းဆုံး ဒီလူငယ်နှစ်ယောက်က ချီကို ထုတ်ဖော်နိုင်ပါတယ်။ဒါပေမဲ့ ဘယ်သူကမှ အဲဒါကို အသုံးမပြုခဲ့ပါဘူး။ တကယ်လို့ ချီကိုသာ ထည့်သွင်းစဉ်းစားလိုက်မယ် ဆိုယင် သူတို့ရဲ့ တိုက်ပွဲအစွမ်းက သိသိသာသာနဲ့ကို တိုးလာပါလိမ့်မယ်။

ပရိတ်သတ်တွေအားလုံးပဲ မှင်တက်အံ့သြစွာနဲ့ကြည့်နေကြပါတယ်။ အကြီးဆုံး အင်ပါယာ မင်းသားက နွေဦးစမ်းရေ အလွှာ ၉ အဆင့် ဖြစ်ပြီးတော့ သူရဲ့ အချိန် တုန်းက အတွင်းစည်းတပည့်တစ်ယောက်လည်းဖြစ်ပါတယ်။ ဖန်းယန်က သူနဲ့ ထိပ် တိုက်ရင်ဆိုင်တဲ့အခါမှာ လုံးဝ မလဲကျသွားခဲ့ပါဘူး။ ဒီကောင်က တကယ့်ကို သန်မာလွန်းပါတယ်။

တတိယ အင်ပါယာမင်းသား. ဇောင်ဟွမ်. ကန်းယီ .. လက်ရှိ မျိုးဆက်ရဲ့ အတွင်းစည်းတပည့်တွေက ဖန်းယန်ကို လုံးဝ ယှဉ်နိုင်မဲ့ပုံမပေါ်ပါဘူး ဟုတ်တယ်မလား?

လင်းဟန်က ဒီဖန်းယန်က တကယ့်ကို အစွမ်းထက်တယ်ဆိုတာကို လက်ခံနိုင် ပါတယ်။ ဒီကောင်က သိုင်းပညာရဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ယုံသာမက တိုက်ပွဲကို နားလည်နိုင်စွမ်းကလဲ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ လင်းဟန်က ဆက်ပြီးတော့ ကြည့်နေပြီး တစ်ခါတစ်ရံမှာ တောင် သူက ခေါင်းငြိမ့်ပြီးတော့ အသိအမှတ်ပြုလိုက်ပါတယ်။

ဖန်းယန်က သူကိုယ်တိုင် နင်းခြေဖျက်ဆီးပစ်လိုက်ဖို့အတွက် လုံလောက်တဲ့ ထိုက်တန်မှုရှိပါတယ်။

အကြီးဆုံးအင်ပါယာမင်းသားက ဧကရာဇ်တစ်ပါးနဲ့ တူညီတဲ့အချိန်မှာ ဖန်းယန် ကတော့ မိစ္ဆာနတ်ဘုရားတစ်ပါးနဲ့ တူညီပီးတော့ သူရဲ့ လွှမ်းမိုးနိုင်မှုကို လွတ်လပ် ပေါ့ပါးစွာ ဖော်ထုတ်နိုင်ပြီးတော့ အကြောင်းပြချက်မရှိပဲ မောက်မာ မိုက်ရိုင်းနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး ထိပ်တိုက်တွေ့ဆုံလိုက်တိုင်းပဲ ရပ်နေကြပါတယ်။ ဒီအခြေအနေမှာ ဘယ်ဘက်ကမှ သူတို့ရဲ့ပုက်ဖဲတွေကို

အသုံးပြုဖို့ ဆန္ဒမရှိကြပါဘူး။

``ရပ်စမ်း``

အိုမင်းတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ ၎င်းအသံထဲမှာ နိုင်းယှဉ်လို့ မရတဲ့ စွမ်းအားတွေ ပါဝင်နေပါတယ်။

ဖန်းယန်နဲ့ အကြီးဆုံး အင်ပါယာ မင်းသားတို့ နှစ်ယောက်စလုံးပဲ သူတို့ရဲ့ တိုက်ခိုက် နေမှုကို ရပ်တည့်လိုက်ပီးတော့ တစ်ယောက်ကို တစ်ယောက် ပြင်းပြင်းထန် ထန် ကြည့်နေကြပြီး သူတို့ရဲ့ တိုက်ပွဲဝင်လိုစိတ်က မြင့်မားနေဆဲဖြစ်ပြီးတော့ သူတို့ရဲ့ နှလုံးသားထဲမှာ ဆက်ပြီးတော့ တိုက်ပွဲဝင်ချင်စိတ်တွေ ရှိနေပါသေးတယ်။

လိန်ဂွမ်ဇူ ပေါ်လာခဲ့ပြီးတော့ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင် စစ်သည်တော် တစ်ယောက်ရဲ့ အရှိန်အဝါက ပြန့်နှံ့လိုလာပြီးတော့ လူတိုင်းလူတိုင်းကို သူတို့ရဲ့ နှလုံးသား အပေါ်ကို ကြီးမားတဲ့ ကျောက်တုံးကြီးပိနေသလိုမျိုး လေးလံပြီး တော့ အသက်ရှူကျပ်ပြီး ဒူးထောက်လိုက်ချင်တဲ့ ခံစားချက်တွေဖြစ်ပေါ်လာခဲ့ပါတယ်။ သူက လင်းဟန်ကို တစ်ချက်ကြည့်ပြီးတော့ သူ့ရဲ့ခေါင်းကို ခါပြီး

ပြောလိုက်ပါတယ်။

``ကောင်ကလေး .. မင်းက ဘယ်လိုပြဿနာ ရှာရမလဲဆိုတာကို ကောင်းကောင်း သိတာပဲ``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျောင်းအုပ်ကြီး .. ကျနော်က တကယ့်ကို ပြဿနာ ရှာတာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမျက်ကန်းအရူးကောင်က ကျနော့်ကို ပြဿနာ လာပေးတာပါ.. ဒါကြောင့် ကျနော်က သူကို သင်ခန်းစာပေးတဲ့အနေနဲ့ လက်မောင်းကိုပဲ ဖြတ်ခဲ့တာပါ.. ဒါပေမဲ့ ကျနော်က သဘောထားအရမ်းကြီးတယ်နော်.. သူ့ရဲ့ အသက်ကိုတောင်မှ မယူဘူး``

လင်းဟန်က အနည်းငယ် သိချင်စိတ်ပြင်းပြသွားခဲ့ပါတယ်။ အစောပိုင်းတုန်းက လိန်ဂွမ်ဇူက သူ့ရဲ့ သိုင်းပညာထူးချွန်မှုနဲ့ပါတ်သတ်ပြီး
အကောင်းမြင်စိတ်ရှိပြီးတော့ သူကိုယ်တိုင်ပဲ လင်းဟန်ကို တပည့်တစ်ယောက်အနေနဲ့ ကျင့်ကြံပေးစေချင်ခဲ့ပါတယ်။ ပြီးတော့ ရုတ်တရက်ဆိုသလို သူဆီကနေ ဘာသတင်းမှ မကြားရတော့ပဲနဲ့ အခုဆိုယင် သူ့ရဲ့ အပြုအမူတွေက

ပြောင်းလဲသွား ခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။

``ဘယ်လောက်တောင် ထက်လိုက်တဲ့ ပါးစပ်စွမ်းရည်လဲ.. အဖြစ်အပျက်တွေ အားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်တယ်.. အားလုံးကို ငတုံးငအေတွေလို မင်းထင်နေတာလား? မင်းက ငါ့ညီလေးရဲ့ လက်မောင်းတွေကို ဖြတ်ပြီးတော့ မသန်မစွမ်းဖြစ်စေခဲ့တယ်. ပြီးတော့ ဒါက အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်းကိုလဲ ဖောက်ဖျက်ရာကျတယ်. စည်းမျဉ်းအရဆိုယင် မင်းရဲ့ ပြစ်မှုကြောင့် မင်းကို သတ်ပစ် လို့ရနေပီ``

ဖန်းယန်က ဒေါသတကြီးနဲ့ပြောလိုက်ပါတယ်။

``ဖန်းယန် ငါဒီနေရာကို ရောက်လာပြီးတော့ ဒီပြဿနာ တစ်ခုလုံးရဲ့ အစ အဆုံး ကို သေသေချာချာ မမြင်ခဲ့ရဘူး။ ဒါပေမဲ့ ကြည့်ရတာ တက်ယလို့ မင်းရဲ့ ညီငယ်လေးက တစ်စုံတစ်ယောက်ရဲ့ လက်ကို အယင်ဆုံးဖြတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တာပဲ မဟုတ်လား?``

အကြီးဆုံး အင်ပါယာ မင်းသားက ဂင်စွက်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်း ဒီပြဿနာရဲ့ အစအဆုံးကို သေသေချာချာ မမြင်ခဲ့ရဘူးဆိုယင် မင်းပါးစပ်ကို ပိတ်ထားလိုက်``

ဖန်းယန်က အကြီးဆုံးအင်ပါယာမင်းသားကို စိုက်ကြည့်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``အဟွတ် အဟွတ်``

လူတိုင်းလူတိုင်း ပြောစရာစကားမရှိအောင် အံ့အားသင့်ကုန်ပါတယ်။ ဖန်းယန်က အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တကယ်ပဲ ရန်ငြိုးဖွဲ့နေတာလား? သာမာန် ကလန်လေးတစ်ခုက လူငယ်အဖွဲ့သားတစ်ယောက်က လက်ရှိမိုးရေဧကရာဇ်ရဲ့ အကြီးဆုံး သား ကို လူပုံအလယ်မှာ အပြစ်တင် ပြောဆိုရဲတယ်ဆိုတာ ဘယ်လိုမျိုးတောင် အတင့်ရဲလိုက်သလဲ?

ချက်ချင်းပဲ အကြီးဆုံး အင်ပါယာ မင်းသားရဲ့ မျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်သွား ပြီးတော့ သူ့ရဲ့ မျက်လုံးထဲမှာ အစွမ်းထက်တဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ တောက်ပလို့လာခဲ့ပါတယ်။
စကားလုံးအနေနဲ့ပြောရမယ်ဆိုယ်.. ဧကရာဇ် ဒေါသ ထွက်လာတဲ့အခါမှာ သွေးစီးကြောင်းက

မိုင်ပေါင်းတစ်သောင်းထိ စီးဆင်းသွား စေရမယ်..သူက ဧကရာဇ်တစ်ယောက်မဟုတ်သေးပေမဲ့ အကြီးဆုံး အင်ပါယာ မင်းသား တစ်ယောက်အနေနဲ့ သူမှာ အရမ်းကိုအစွမ်းထက်လှတဲ့ စွမ်းအားရှိနေပါ သေးတယ်။

``မင်းလည်း ဒီပြဿနာကို အစကနေ အဆုံးထိ မမြင်ခဲ့ရဘူးမဟုတ်လေ.. ဒါဆို ဘာဖြစ်လို့ ဒီအကြောင်းကို စိတ်လှုပ်ရှားပြီးတော့ စကားတွေများနေတာလဲ မင်းပါးစပ်ကို ပိတ်ထားလိုက်``

လင်းဟာန်က ဖန်းယန်ကို ပြစ်တင်ဝေဖန်လိုက်ပါတယ်။

ကောင်းပြီလေ.. ဒီကောင်လည်းပဲ တကယ့်ကို အံ့သြစရာကောင်းတာပဲ... ပရိတ်သတ်တွေက သူတို့ရဲ့ အာရုံတွေ ပျောက်ကွယ်သွားသလိုတောင် ခံစားလိုက် ရပါတယ်။လင်းဟာန် ပဲဖြစ်ဖြစ် ဖန်းယန်ပဲဖြစ်ဖြစ် ဒီလိုမျိုး စိတ်ခံစားချက် ဖန်တီးနိုင်ဖို့ အရမ်းကို သန်မာတဲ့ ယုံကြည်ချက်ကို သူတို့တွေက ဘယ်နေရာက ရလာခဲ့ကြတာလဲ``

``ကျောင်းအုပ်ကြီး.. ကျေးဇူးပြုပြီးတော့ လင်းဟာန်ကို ဖမ်းဆီးပေးပြီး ကျနော့်လက်ထဲကို လွှဲပေးပြီးတော့

ရင်ဆိုင်ခွင့်ပေးပါ``

ဖန်းယန်က လိန်ဂွမ်ဇူဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။ သူရဲ့ စကားတွေ က ယဉ်ကျေးတယ်လို့ ထင်ရပေမဲ့ ဒါက လိန်ဂွမ်ဇူကို သူ့အတွက် လုပ်ပေးဖို့ တောင်းဆိုသလိုမျိုး သူက တောင်းဆိုလိုက်တဲ့ပုံစံနဲ့ တူနေပါတယ်။

သိုင်းပညာဌာနရဲ့ ကျောင်းအုပ်ကြီးနေရာကို ယူထားတဲ့ စိတ်ဂိုဘည်ပုလွှင် အဆင့် လက်ရွေးစင် စစ်သည်တော် တစ်ယောက်ကို လုပ်ပေးဖို့ တောင်းဆိုလိုက်တာလား?

ကျန်တဲ့သူတွေအားလုံး မယုံနိုင်အောင်ဖြစ်သွားခဲ့ပါတယ်။ ဖန်းယန်က အစောပိုင်း တုန်းက အကြီးဆုံးအင်ပါယာမင်းသားကို ဆန့်ကျင်ခဲ့တယ်ဆိုတာ သူက နွေဦးစမ်းရေ အဆင့်ပဲရှိပါသေးတယ်။ ဒီကမ္ဘာကြီးမှာ အရေးအကြီးဆုံးအရာက သိုင်းပညာစွမ်းရည်ဖြစ်ပါတယ်။ အကြီးဆုံး အင်ပါယာ မင်းသားက လိန်ဂွမ်ဇူ နဲ့ အဆင့်အတန်းခြင်း နှိုင်းယှဉ်ဖို့ဆိုတာ အရမ်းကို ဝေးကွာလွန်းပါတယ်။

လိန်ဂွမ်ဇူရဲ့ အဆင့်အတန်းက လက်ရှိ

မိုးရေနိုင်ငံကောရာဇ်ထက် အနည်းငယ်ပဲ နိမ့်ပီးတော့ အင်အားကြီးကလန်ရှစ်ခုရဲ့ ခေါင်းဆောင်တွေနဲ့တောင်မှ တန်းတူ ရပ်တည်နိုင်ပါတယ်။

လိန်ဂွမ်ဖူကို အမိန့်ပေးနေတာလား?

တစ်ခြားသူတွေက သူတို့ရဲ့ ခန္ဓာကိုယ်တွေမှာ အေးစက်တဲ့ ချွေးတွေ စီးကျလို့ လာခဲ့ပါတယ်။

``ကျောင်းအုပ်ကြီး``

အကြီးဆုံးအင်ပါယာ မင်းသားက လိန်ဂွမ်ဖူကိုကြည့်ပြီးတော့ ဂင်စွက်ဖက်လိုက် ပါတယ်။

လိန်ဂွမ်ဖူက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့ ဒီပြဿနာထဲကို ဂင်မပါပါနဲ့ အကြီးဆုံးအင်ပါယာမင်းသား``

ဘာ။

အားလုံးပဲ ဒီစကားကို ကြားလိုက်တဲ့အခါမှာ ဒါက

လိန်ဂွမ်ဇူအနေနဲ့ ဖန်းယန်ရဲ့ အမိန့်ကို နာခံတယ်လို့ ဆိုလိုလိုက်တာပဲမဟုတ်လား?

``ဟမ့်.. အဘိုးကြီးလိန်.. တကယ်လို့ ငါက ဒီကိစ္စထဲကို ဝင်စွက်ဖက် ချင်တယ် ဆိုယင်ရော မင်းက ငါ့ကိုလည်း တားဆီးဖို့ အစီအစဉ်များရှိသလား?``

ရုတ်တရက်ဆိုသလို ပူဆောင်လင်း က ပေါ်လာခဲ့ပြီးတော့ လိန်ဂွမ်ဇူ ကို အေးစက်စွာ နဲ့ကြည့်လိုက်ပါတယ်။

နောက်ထပ် အကြီးအကဲတစ်ယောက်တော့ ဒီနေရာကို ရောက်လာခဲ့ပြန်ပြီလို့
လူတိုင်းလူတိုင်း တွေးလိုက်ကြပါတယ်။

CHAPTER 179 ငြိမ်းချမ်းရေးသင်္ကေတ သံလွင်ခက်

``အဘိုးကြီး ပူ.. ဒီကိစ္စမှာ ဝင်မစွက်ဖက်ပါနဲ့``

လိန်ဂွမ်ဇူက သူ့ရဲ့ လက်ကို ဝှေ့လိုက်ပါတယ်။

``ငါတို့ရဲ့ နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့တဲ့ ဆက်ဆံရေးကို မျက်နှာမပျက်ချင်ဘူး``

``အဓိပ္ပါယ်မရှိတာ``

ပူဆောင်လင်းက ချက်ချင်းဆိုသလိုပဲ ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

``ဒီကောင်လေးက တစ်ယောက်ယောက်ကို မသန်မစွမ်း ဒဏ်ရာဖြစ်အောင်လို့ လုပ်ခဲ့တယ်။ ဒါကြောင့် သူက အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်း အတိုင်း အပြစ်ပေးခံရမယ်``

လိန်ဂွမ်ဖူရဲ့ အပြုအမူတွေက အလျှော့မပေးတဲ့ ပုံစံမျိုး ဖြစ်လာပါတယ်။

``ဒီ မသန်မစွမ်းဖြစ်သွားတာက အမှိုက်တစ်စ ပဲမဟုတ်ဘူးလား?``

ပူဆောင်လင်းက ပေါ့ပေါ့ပါးပါးနဲ့ အရေးထားစရာမလိုတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

``ဆရာသခင်ပူ.. ကျေးဇူးပြုပြီးတော့ စကားကို သတိထားပြီးတော့ ပြောပါ``

ဖန်းယန်က ဂင်စွက်ဖက်လိုက်ပါတယ်။ သူ့ရဲ့ လေသံမှာ ခြိမ်းခြောက်တဲ့ လက္ခဏာ တွေ သယ်ဆောင်လို့လာပါတယ်။

``မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေလို့ ငါ့ကိုလာပြီးတော့ ပြစ်တင်ဝေဖန်ပြောရဲ တာလဲ``

ပူဆောင်လင်းက နှာခေါင်းရှုံ့ လိုက်ပြီးတော့ သူ့ရဲ့ ညာဘက်လက်က အလင်းရောင် လျှပ်ပြက်သလို ဖန်းယန်ဆီကို ထွက်သွားပါတယ်။ သူက စိတ်ဂိုဉာဉ်ပုလ္လအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုက်ခိုက်မှုက သာမာန်ကာ လျှံကာ ဖြစ်ပေမဲ့ မယုံနိုင်စရာကောင်းတဲ့ စွမ်းအားတွေက အထဲမှာ ပါဝင်ပါတယ်။

မူလစွမ်းအင်က ရောမ လက်ကြီးပုံစံကို ပြောင်းသွားပြီးတော့ ဖန်းယန် ဆီကို ပျံသန်း သွားပါတယ်။

``ဘုန်း``

လိန်ဂွန်ဇူက အချိန်ကိုက် လှုပ်ရှားလိုက်ပြီးတော့ ပူဆောင်လင်းရဲ့ တိုက်ခိုက်မှု အနောက်ကွယ်က

အင်အားတွေကို ဖျက်ဆီးလိုက်ပါတယ်။ သူကမျက်မှောင်ကြုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``အဘိုးကြီးပူ.. မင်းက ငါ့ကို ဆန့်ကျင်ဖို့ ဆန္ဒရှိနေတာလား?``

``မင်းက သူ့ကို လုံးဝ မထိမချင်း ငါကလည်း မင်းနဲ့ တိုက်ခိုက်ဖို့ အချိန်ဖြုန်းနေမှာ မဟုတ်ဘူး``

ပူဆောင်လင်းက အနောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပါတယ်။

လိန်ဝွမ်ဖူက ပူဆောင်လင်းကို စိုက်ကြည့်လိုက်ပီး ပူဆောင်လင်းကလဲ သူ့ကိုပြန် စိုက်ကြည့်လိုက်ပါတယ်။ ဒီအဘိုးကြီးနှစ်ယောက်ရဲ့ အသက်က စုစုပေါင်း တရာ့ငါးဆယ်ကျော်လောက်ရှိပြီးတော့ သူတို့က တစ်ယောက်ကို တစ်ယောက် အကြည့်တိုက်ပွဲဝင်နေကြပါတယ်။

``ကောင်းပြီ အဘိုးကြီးပူ.. ငါမင်းကို ဒီတစ်ကြိမ်တော့ အလျှော့ပေးလိုက်မယ်``

လိန်ဂွမ်ဇူက ခေါင်းငြိမ့်လိုက်ပါတယ်။

``ကျောင်းအုပ်ကြီး``

ဖန်းယန်က မကျေမနပ်နဲ့ ခေါ်လိုက်ပါတယ်။

``ဟမ့်.. မင်းရဲ့ ညီကို ခေါ်လာခဲ့.. ငါတို့သူ့ရဲ့ လက်မောင်းတွေကို ပြန်ပြီးတော့ တပ်လို့ ရဦးမလားဆိုတာ ကြည့်ရအောင်``

လိန်ဂွမ်ဇူက စိတ်မရှည်တဲ့ပုံစံနဲ့ မျက်မှောင်ကြုံ့လိုက်ပါတယ်။

ဖန်းယန်က ဘာမှမပြောရဲတော့ပါဘူး။ သူက ဖန်းလောင်ကို ကောက်ချီလိုက်ပီးတော့ လိန်ဂွမ်ဇူရဲ့ အနောက်ကို လိုက်သွားလိုက်ပါတယ်။ နတ်ဘုရားကာကွယ် စောင့်ရှောက်သူလေးဦးက ဖန်းလောင်ရဲ့ လက်နှစ်ဖက်ကို ကောက်ပီးတော့ သူတို့လည်း အတူတကွ ထွက်သွားကြပါတယ်။

ဖရိုဖရဲ ဖြစ်နေတဲ့ အခြေအနေက ဒီလိုပုံစံနဲ့ ပြီးသွားခဲ့ပါတယ်။

ပူဆောင်လင်းက လင်းဟန်ကို ခေါင်းတစ်ချက် ငြိမ့်ပြလိုက်ပြီးတော့ ထွက်သွား လိုက်ပါတယ်။ ဒီနေရာမှာ

လူတွေအများကြီးရှိတဲ့အတွက် သူက လင်းဟန်နဲ့ သူ့ရဲ့ အကြားက ဆက်ဆံရေးကို မဖော်ထုတ်ချင်ပါဘူး။ သူတို့တွေကို သိစေချင်တာ တစ်ခုက လင်းဟန်ကသူ့ရဲ့ ကာကွယ်မှုအောက်မှာ ရှိနေတယ်ဆိုတာ ဖြစ်ပြီးတော့ ဒါက လုံလောက်ပါတယ်။

``ညီလေးလင်း.. တကယ်လို့ မင်းစိတ်မရှိဘူးဆိုယင် ဘာဖြစ်လို့ငါနဲ့ တစ်ခွက် တစ်ဖလားလောက် မသောက်တာလဲ?``

အကြီးဆုံးအင်ပါယာ မင်းသားက လင်းဟန်ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``သင့်ရဲ့ကူညီမှုအတွက် ကျေးဇူးအများကြီးတင်ပါတယ် အရှင်မင်းသား.. လင်းဟန်က အလွန်အမင်းကို ကျေးဇူးတင်ပါတယ်``

``ကျေးဇူးပြုပြီးတော့ ကြွပါ``

``ကျေးဇူးပြုပြီးတော့ ကြွပါ``

သူတို့နှစ်ယောက် အတူတကွ ထွက်ခွာသွားခဲ့ပါတယ်။ ပြီးတော့ လင်းဟန်က လီဟောင်နဲ့ ဇူရှုရီ ဘေးနားက ဖြတ်သွားတဲ့ အခါမှာ ပြောလိုက်ပါတယ်။

``မင်းတို့နှစ်ယောက်စလုံး ကောင်းကင်ဆေးအိမ်တော်ကို သွားပြီးတော့ ယွမ်ချူး ကို သွားရှာလိုက်.. သူကို ငါက မင်းတို့နှစ်ယောက်ကို ဒီနေရာကို လွှတ်လိုက်တာ လို့ ပြောပြီးတော့ သူ့ရဲ့ နေရာမှာ ခဏတဖြုတ်တော့ နေလိုက်ကြဦး``

``ကျေးဇူးတင်ပါတယ် အစ်ကိုကြီးလင်း``

လီဟောင်နဲ့ ဇူရှုရီတို့က ကြည်ညိုလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ဖန်းလောင်က သူတို့နှစ်ယောက်ကို ပစ်မှတ် ထားရတဲ့ အကြောင်းရင်းက တကယ်တော့ အားလုံးက သူ့ကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့်သူက သူတို့တွေကို ဒီအတိုင်းရပ်ပြီးတော့ ကြည့်မနေနိုင်ပါဘူး။

အကြီးဆုံးအင်ပါယာမင်းသားက လင်းဟန်ကို သူနဲ့အတူ စားသောက်ဆိုင် တစ်ခုကို ခေါ်လာပြီးတော့ လှပသေသပ်တဲ့ အခန်းထဲကို ခေါ်လာခဲ့ပါတယ်။ သက်လတ်ပိုင်း အရွယ်ယောက်ျားကြီးကတော့ အခန်းအပြင်ဘက်မှာ ရပ်ပြီးတော့ စောင့်နေပါတယ်။ လင်းဟန်နဲ့ အကြီးဆုံးအင်ပါယာ မင်းသားကပဲ အထဲမှာ ထိုင်နေကြပါတယ်။

``ငါက လင်းညီလေးက မှော်ဆေးပညာရှင်အများကြီးနဲ့ အရမ်းကို ရင်းနှီးတဲ့ ဆက်ဆံရေးရှိတယ်ဆိုတာကို ကြားခဲ့ရတယ်။ ဒီနေ့ ငါကိုယ်တိုင် မျက်မြင်ကြုံ တွေ့လိုက်ရမှပဲ ဒါက တကယ်ပါလား``

အကြီးဆုံးအင်ပါယာ မင်းသားက ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ အနည်းငယ် သတိထားနေတဲ့ပုံစံပေါ်နေပါတယ်။

လင်းဟန်က တတိယအင်ပါယာမင်းသားက သူ့ကို အရမ်းကျေးဇူးတင်နေတယ် ဆိုတာကို သိပါတယ်။ အစောပိုင်းကတည်းကသူ့ရဲ့ အဖွဲ့အစည်းထဲကို ဝင်ဖို့ တံ့ဆိုင်းနေတဲ့ အဖွဲ့အစည်းတွေက အခုဆိုယင် ဝင်ရောက်လာခဲ့ကြပါတယ်။ ဒါကြောင့်

အကြီးဆုံးအင်ပါယာမင်းသား ကလည်း ဒီလိုမျိုးနေလို့မဖြစ်တော့တဲ့ အတွက် သူ့ကို သံလွင်ခက်နဲ့ ငြိမ်းချမ်းရေးလာလုပ်တဲ့ သဘောပါပဲ။

ဒီမတိုင်ခင်က မှော်ဆေးပညာရှင်တွေက သရဖူ အတွက် ပြိုင်ပွဲကို ဂင်ရောက် စွက်ဖက် ခဲ့ခြင်းမရှိပါဘူး။ဒါပေမဲ့ လင်းဟန်ရဲ့ မျက်နှာနဲ့ မခန့်မှန်းနိုင်တဲ့ အမျိုးမျိုး သော မတူညီတဲ့အရာတွေအားလုံးက ဟန်ချက်ညီမျှနေမှုထဲကို ရုတ်တရက် ပေါင်းထည့်လို့လာပါတယ်။

တကယ်လို့ ဘယ် အင်ပါယာမင်းသားမဆို လင်းဟန်ရဲ့ အကူအညီကိုသာ ရယူ နိုင်မယ်ဆိုယင် ဒါက မိုးရေနိုင်ငံက မှော်ဆေးပညာရှင်တွေအားလုံးရဲ့ ထောက်ခံ ချက်ကို ရရှိတာနဲ့ တူညီပါလိမ့်မယ်။ဒါက တကယ့်ကို နှိုင်းယှဉ်လို့မရတဲ့ ကြောက် စရာ အင်အားပဲဖြစ်ပြီးတော့ လက်ရှိ မိုးရေနိုင်ငံ ဧကရာဇ်တောင်မှ သူ့ရဲ့ သရဖူကို ပေးချင်တဲ့အထိကို ဒီအရာတွေကို သေချာဂရုစိုက်ပြီးတော့ စဉ်းစားပါလိမ့်မယ်။ ဒါက အင်ပါယာရဲ့ ရေသောက်မြစ်ကိုလဲ လုံးဂ ပြဿနာ မဖြစ်နိုင်တော့ပါဘူး။

ဒါကြောင့် အကြီးဆုံး အင်ပါယာ မင်းသားအနေနဲ့ လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး ကို ထိန်းသိမ်းနိုင်ဖို့

မျှော်လင့်နေပါတယ်။ နောက်ပြီးတော့ စောစော တုန်းက ပူဆောင်လင်းရဲ့ အပြုအမူကလဲ သူ့ရဲ့ စိတ်ထဲက ဒီအကြံကို ထပ်လောင်း အတည်ပြုပေးလိုက်သလို ဖြစ်သွားပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အကြီးဆုံးအင်ပါယာ မင်းသားက ဒီဖန်းယန်က ကျောင်းအုပ်ကြီးလိန် တောင်မှ သူ့ကို နှစ်သက်သဘောကျတာကို ရယူထားနိုင်တာ ဘာကြောင့်လဲ ဆိုတာ သိပါသလား?``

အကြီးဆုံးအင်ပါယာ မင်းသားက မျက်မှောင်ကြုံသွားပြီးတော့ ဒေါသထွက် တဲ့အမူအရာ ထွက်ပေါ်လာခဲ့ပါတယ်။ သူက စားပွဲခုံကို လက်နဲ့ ပုတ်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဒီသစ္စာဖောက်ကောင်``

သူက ဖန်းယန်ကို အရမ်းကြီးမမုန်းပါဘူး။ ဒါပေမဲ့ ဖန်းယန်နဲ့ လင်းဟန်တို့က သေလောက်အောင် သတ်ဖြတ်ကြမဲ့ ရန်သူတွေဖြစ်တယ် ဆိုတာ သိသာ ထင်ရှားပါတယ်။ ဒါကြောင့် သူက လင်းဟန်နဲ့ ပိုပြီးတော့ ရင်းနှီးတဲ့ ဆက်ဆံ

ရေး ဖြစ်လာအောင်လို့ သူ့ရဲ့ အပြုအမူကို နည်းနည်းလွန်ကဲပြီးတော့ လုပ်ပြလိုက်ပါတယ်။

``ဒီကောင့်မှာ အထူးရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ တစ်ခုရှိတယ်. ပြီးတော့ အဲဒါက တိုက်ပွဲမှာလဲ အရမ်းကို အစွမ်းထက်တယ်။ ဒါပေမဲ့ တကယ်လို့ သူက လိန်ဂွန်ဇူရဲ့ အသိအမှတ်ပြုခြင်း တစ်ခုကိုပဲ အများဆုံးရယူနိုင်မယ်..ဒါပေမဲ့ သူက အမိန့်တော့ပေးနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဖန်းယန်ရဲ့ အပြုအမူတွေကို ကြည့်ရတာ သူ့ရဲ့ ရှိသေလေးစားခြင်းဆိုတာက အပေါ်ယံပဲ. အမှန်တော့ သူက လိန်ဂွမ်ဇူရဲ့ အထက်အကြီးအကဲ နဲ့တူတယ်။ ဒါက တကယ့်ကို ထူးဆန်းတာပဲ``

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

အကြီးဆုံး အင်ပါယာမင်းသားလည်းပဲ အရမ်းကို နက်နဲတဲ့ စဉ်းစားခန်း ဖွင့် နေပါတယ်။ ဖန်းယန်မှာ ဘယ်လိုအစွမ်းမျိုးရှိလို့ သူက စိတ်ဂိဉာဉ်ပုလ္လအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့ မြင့်မားတဲ့အဆင့်အတန်းရှိတဲ့ ကျောင်းအုပ်ကြီး ကိုတောင်မှ သူ့ရဲ့ အမိန့်ကို နာခံစေရတာလဲ?

မိုးရေနိုင်ငံရဲ့ အကြီးဆုံးအင်ပါယာ မင်းသားတစ်ယောက် အနေနဲ့ သူက ဒီကိစ္စ နဲ့ ပါတ်သတ်ပြီးတော့ ဘာအကြံဉာဏ်မှမရှိပါဘူး.. ဒါက သူကို စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာစေခဲ့ပါတယ်။

``ငါ ဒီကိစ္စကို စပြီးတော့ စုံစမ်းရလိမ့်မယ်``

အကြီးဆုံးအင်ပါယာ မင်းသားက လင်းဟန်ဆီကို တည်ကြည်လေးနက်စွာနဲ့ ဆက်ပြီး တော့ ကြည့်လိုက်ပီး ပြောလိုက်ပါတယ်။

``လင်းညီလေးက တကယ့်ကို တော်တဲ့လူတစ်ယောက်ပဲ ဒါဆို ငါအချိန်တွေဖြုန်းပြီး တော့ လှည့်ပတ်ပြီးပြောမနေတော့ပါဘူး``

``သင်က ဘာကိုပြောချင်တာလဲ အရှင်မင်းသား``

လင်းဟန်က အနည်းငယ်ပြုံးလိုက်ပါတယ်။ သူက အကြီးဆုံးအင်ပါယာ မင်းသားက ဘာကြောင့် သူ့ဆီကို အလည်လာသလဲ ဆိုတာကို သိပြီးပါပြီ။

``ငါ့ကို သရဖူဆက်ဆံနိုင်အောင်လို့ မင်းက ကူညီပေးဖို့ ပြောချင်တာပါ``

အကြီးဆုံးအင်ပါယာမင်းသားက ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော့်မှာ ဘာစွမ်းရည်များရှိလို့ အရှင့်မင်းသားကို သရဖူ ဆက်ခံနိုင်အောင် လို့ ကူညီနိုင်ရမှာလဲ?``

``ဟားဟားဟား.. လင်းညီလေး.. မင်းက တကယ့်ပဲ ကိုယ့်ကိုကိုယ် နှိမ့်ချ တတ်တာပဲ``

အကြီးဆုံးအင်ပါယာ မင်းသားက ကျယ်လောင်စွာနဲ့ ရီမောလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ ငါသာ သရဖူကို အောင်မြင်စွာနဲ့ ဆက်ခံနိုင်မယ်ဆိုယင်..ငါ့အတွက် ပြောင်မြောက်တဲ့ လုပ်ဆောင်မှုကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် လင်းကလန်က တော်ဝင် တဲ့ နေရာတစ်ခုကို ရလိမ့်မယ်.. ငါကလဲ မင်းကို ဘုရင်တစ်ပါး နာမည်ကို ပေးနိုင်လိမ့်မယ်``

ဘုရင်..

တကယ်လို့ ဒီစကားကိုသာ တစ်ခြားအဖွဲ့အစည်းက အဖွဲ့သားတွေ ကြားခဲ့ မယ်ဆိုယင် သူတို့က သေချာပေါက် အံ့အားသင့်သွားပြီးတော့ ဒီစကားရဲ့ ဩဇာ အာဏာကြောင့် ကတိပေးပါလိမ့်မယ်။

မိုးရေနိုင်ငံရဲ့သမိုင်းထဲမှာ အင်ပါယာ ချီမိသားစု အဖွဲ့သားတွေ မဟုတ်ပဲနဲ့ အရမ်းကို ထူးချွန်ပြောင်မြောက်တဲ့ လုပ်ဆောင်မှုကြီး လုပ်နိုင်ခဲ့ တဲ့ ဘယ်သူ့ကိုမဆို ဒီလိုမျိုး ဘုရင် နာမည်ပေးတာမျိုး လုံးဝ မရှိခဲ့ပါဘူး။ တော်ဝင် လုပ်ဆောင်ချက်. ဒါက သူတို့ရဲ့ ဘဝတစ်လျောက်လုံး အမြင့်မားဆုံး ဂုဏ်ပြုခံရတယ်လို့တောင် မှတ်ယူနိုင် ပါတယ်။

ဒါကြောင့် အကြီးဆုံး အင်ပါယာ မင်းသားရဲ့ မျက်နှာက မျှော်လင့်ချက်တွေနဲ့ ပြည့်နေပါတယ်။ သူက လင်းဟန်ချက်ချင်းပဲ လက်ခံလိမ့်မယ်လို့ယုံကြည်နေပါတယ်။ ဒါပေမဲ့ သူက အရမ်းကိုလျှင်မြန်စွာနဲ့ စိတ်ပျက်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ အမူအရာ က ပြောင်းလဲသွားတဲ့လက္ခဏာ လုံးဝ မတွေ့ရပါဘူး။

လင်းဟန်က ပြောလိုက်ပါတယ်။

``ကျနော်က စွမ်းအားနဲ့ပါတ်သတ်လို့ နည်းနည်းလေးတောင် စိတ်မဝင်စားပါဘူး``

သူရဲ့ယခင်ဘဝတုန်းက ဒီကမ္ဘာကြီးရဲ့ အသန်မာဆုံးစွမ်းအားအကြီးဆုံး တည်ရှိမှု တွေထဲက တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ပြီးတော့သူက မှော်ဆေးဇကေရာဇ်တောင် ဖြစ်ခဲ့ပါသေးတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီ သေမျိုးဇကေရာဇ် မျှနဲ့ အဲဒီအချိန်က သူရဲ့ အစွမ်းကို ဘယ်လိုနှိုင်းယှဉ်လို့ရမှာလဲ?

သူက ဒီဘဝမှာတော့ ပစ်မှတ်တစ်ခုပဲရှိပါတယ်။ အဲဒါက သိုင်းပညာမှာ အကြီးအမှူး တစ်ယောက် ဖြစ်လာဖို့ဖြစ်ပီးတော့ သေမျိုးခန္ဓာကိုယ် ဖျက်ဆီးပြီးတော့ စကြာဝဠာအဆင့်ကို ချိုးဖျက်ပြီး နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ပဲ ဖြစ်ပါတယ်။

အကြီးဆုံးအင်ပါယာ မင်းသားက တကယ့်ကို စကားပြောကောင်းတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အခု ဘယ်လိုဆက်ပြီးတော့ ဆွေးနွေးရမလဲ ဆိုတာကို မသိတော့ပါဘူး။ သူရဲ့ အကောင်းဆုံး ဖဲဖဲကို ထုတ်ဖော် ပြီးခဲ့ပါပြီ. လင်းဟာန်က သူကို နောက်ထပ်

စဉ်းစားသုံးသပ်ဖို့တောင် အချိန်မပေးခဲ့ပါဘူး။

သူက လင်းဟန်ကို အင်ပါယာသရဖူ အတွက် အလျှော့ပေးလိုက်ရတော့မှာလား? ဒါက ဟာသတစ်ခုပဲ။

သူက တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ ပြောပါတယ်။

``လင်းညီလေး.. တကယ်လို့ ငါက သရဖူကို ဆက်ခံနိုင်ခဲ့မယ်ဆိုယင် မင်းကို ပန်းဖူးအဆင့် ကို ချိုးဖျက်နိုင်တဲ့ အခွင့်အရေးကို ပေးနိုင်လိမ့်မယ်``

လင်းဟန်က ထူးဆန်းတဲ့အမူအရာ ဖြစ်သွားပြီးတော့ အကြီးဆုံး အင်ပါယာ မင်းသားကို ကြည့်လိုက်ပါတယ်။

မိုးရေနိုင်ငံမှာ သိုင်းပညာရပ်နဲ့ ကျင့်ကြံခြင်းနည်းစနစ်တွေ အပေါ်မှာ ထားတဲ့ ကန့်သတ်ချက်တွေကြောင့် ဘယ်လောက်ပဲ မြင့်မားတဲ့ ထူးချွန်ထက်မြက်မှု ရှိ နေပါစေ သူတို့က ပန်းဖူးအဆင့်ကို မချိုးဖျက်နိုင်ကြသေးပါဘူး။ ဒါကြောင့် အကြီးဆုံး အင်ပါယာ မင်းသားရဲ့ ဒီသစ္စာစကားက မယုံနိုင်စရာကောင်းအောင် အံ့အားသင့် စေခဲ့ပါတယ်။ ဒီကတိစကားကြောင့် အင်အားကြီးကလန်ရှစ်ခုရဲ့ ခေါင်းဆောင် အကြီး အကဲတွေတောင်မှ လှုပ်လှုပ်ရှားရှား

ဖြစ်သွားပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်အတွက်ကတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ဆိုတာ ဘာများခက်ခဲစရာရှိလို့လဲ? သူ့ရဲ့ယခင်ဘဝတုန်းက ဆို ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်တောင် ဖြစ်ခဲ့သေးတာပဲ။

``တိကျတဲ့ အချက်အလက်တော့ မဟုတ်လို့ မသေချာပေမဲ့ အဲဒါက မျိုးနွယ်စု ရဲ့ အစွမ်းနဲ့ အချို့သော ဆက်ဆံရေး ရှိတယ်မဟုတ်လား?``

လင်းဟန်က တကယ့်ကို သိချင်စိတ်ပြင်းပြနေပြီးတော့ အကြီးဆုံး အင်ပါယာ မင်းသားကို မေးလိုက်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားက ချက်ချင်းဆိုသလို မှင်တက်အံ့သြသွားခဲ့ပါတယ်။

CHAPTER 180 မှသားမဲ့ မျက်လုံး

မျိုးနွယ်စုရဲ့စွမ်းအား က စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ကို ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်အောင်လို့ ကူညီပေးနိုင်ပါတယ်။ ဒီလိုမျိုး ကြီးမားတဲ့ လျှို့ဝှက်ချက်ကို အကြီးဆုံးအင်ပါယာ

မင်းသားက မတော်တဆ တိုက်ဆိုင်တဲ့ အခြေအနေမှာ ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ဒါ့အပြင် ၎င်းက အမှန် တကယ် ပန်းဖူးအဆင့်မဟုတ်ပါဘူး။ ပန်းဖူးအဆင့်ရဲ့ ကျင့်ကြံခြင်းကို ထိန်းသိမ်း ဖို့ အတွက် မျိုးနွယ်စုရဲ့ အစွမ်းကို အဆက်မပြတ် သွတ်သွင်းပေးဖို့ လိုအပ်တာပါ။ အဲဒီ လိုမှမဟုတ်ဘူးဆိုယင် အရမ်းကို လျှင်မြန်စွာနဲ့ သေမျိုးအဆင့်ကို ပြန်ပြီးတော့ ကျဆင်း သွားနိုင်ပါလိမ့်မယ်။

ဒါက အရမ်းကို အဖိုးမဖြတ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ မိုးရေနိုင်ငံ တစ်ခုလုံးမှာ ပန်းဖူးအဆင့် လက်ရွေးစင်စစ်သည်တော်က တစ်ယောက်တည်းပဲ ရှိတဲ့ အတွက် ဖြစ်ပါတယ်။

အကြီးဆုံးအင်ပါယာ မင်းသားက ဒီအခြေအနေကို ဖွင့်ချလိုက်ပေမဲ့ သူက အနည်းငယ်တော့ မှသားစကားကို ဆိုလိုက်တာပဲဖြစ်ပါတယ်။ သူ သရဖူ ကို ဆက်ခံ နိုင်တဲ့အခါကျယင် သူက မျိုးနွယ်စုရဲ့ အစွမ်းကို လင်းဟန် အသုံးပြုဖို့ အတွက် လုံး၀ စုစည်းပေးရပါလိမ့်မယ်။ ဒါပေမဲ့ အချိန်ကာလတစ်ခုခုမှာတော့ လင်းဟန်က ရောက် နိုင်ရပါမယ်.. ဒါက မတူညီတဲ့ ပုံပြင်တစ်ခုပါပဲ။

တကယ်တော့ အဲဒီအချိန်ကျယင် သူက မိုးရေနိုင်ငံရဲ့

ကောရာဇ် အသစ် ဖြစ်လာပါလိမ့်မယ်.. ပြီးတော့ သူက အင်ပါယာ တစ်ခုလုံးကို ထိန်းချုပ်နိုင်ပြီးတော့ တိုင်းတာလို့မရနိုင်တဲ့ အစွမ်းကို ရရှိပါလိမ့်မယ်.။ ဘယ်သူက သူ့ကို ဆန့်ကျင်ရဲ မှာလဲ ဘယ်သူက သူ့ရဲ့ လှုပ်ရှားမှုတွေကို ဆန့်ကျင်မှာလဲ?

သူ့အနေနဲ့ လင်းဟန်က သူ့လောက် မျိုးနွယ်စုရဲ့ အစွမ်းကို နားလည်နိုင်စွမ်းမှာ ပိုပြီး တော့ လေးနက်လိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။ ပြီးတော့ လင်းဟန်က အရေးပါတဲ့ နေရာက မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။

သူ မျက်လုံးပြူးသွားခဲ့ပါတယ်။ မိန်းမ ချမ်းသာကြွယ်ဝမှု နဲ့အစွမ်း ဒါတွေအားလုံးကို မလိုချင်ခဲ့ဘူး။ ဒါကိုသူနားလည်ပေးနိုင်ပါသေးတယ် ဒါပေမဲ့ ပန်းဖူးအဆင့်ကို လွယ်ကူစွာနဲ့ ချိုးဖျက်နိုင်မဲ့ ဖြစ်နိုင်ချေကိုတောင်မှ ဘေးမှာပဲ ထားလိုက်တယ် ဆိုတာကတော့ ဒါက တစ်ခုခု သာမာန်လိုမျိုးပါပဲ။ သူက အခုဆိုယင် လုံးဝ ရှုံးနိမ့် သွားခဲ့ပါပြီ.။ ဒီလိုမျိုး ဘာကိုမှလုံးဝ မလိုချင်တဲ့လူတစ်ယောက်ကို မြင်လိုက်ရပါတယ်။ ဘယ်လိုမျိုး ကမ်းလှမ်းမှ သူက လင်းဟန်ကို အောင်မြင်စွာ နဲ့ ဆွဲဆောင်နိုင်ပြီးတော့ သူ့ကို ကူညီပေးနိုင်မှာလဲ?

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အမှန်တော့.. ငါက တတိယ အင်ပါယာ မင်းသားနဲ့ သူငယ်ချင်းဖြစ်တာပဲ ရှိတယ်။ သူ့ရဲ့ လက်အောက်ခံ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး. အရှင်မင်းသားနဲ့လည်း ငါက သူငယ်ချင်းဖြစ်နိုင်တာပဲ.. ကျုပ်က စွမ်းအားအတွက် တပ်မက်မှု မရှိသလို စွမ်းအားအတွက် အပြင်းအထန်ကြိုးပမ်းနေတဲ့ အထဲမှာ ဝင်ပြီးစွက်ဖက်ဖို့လဲ ဆန္ဒမရှိဘူး``

အကြီးဆုံး အင်ပါယာ မင်းသားကိုကြည့်ရတာ နောက်ဆုံးတော့ ပိုပြီးတော့ ကောင်းလာပါတယ်။ သူက အနည်းငယ်မျက်မှောင်ကြုံ့လိုက်ပီးတော့ တစ်ခဏမျှ စဉ်းစားလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား တစ်ခုခုကို စိတ်ဝင်စားမှု ရှိနေတာလား?``

အစောပိုင်းတုန်းက သူက လင်းဟန်ကို မော်ဆေးပညာရှင်တွေရဲ့ မျက်နှာသာပေး မှု ရအောင် တစ်နည်းနည်းနဲ့ရယူထားတဲ့ အပျော်အပါးမက်တဲ့ သခင်လေး တစ်ယောက် လို့ ထင်မှတ်ထားခဲ့ပါတယ်။

ဖန်းယန်လိုမျိုး ဘာမှန်းမသိတဲ့ နောက်ခံ အင်အားတစ်ချို့ ကိုရှိထားသလိုမျိုးပေ့ါ။ ရလဒ်အနေနဲ့ သူက လင်းဟန်နဲ့ ဆက်ဆံရေး ကို ဖော်ဖော်ရွေရွေနဲ့ ထိန်းသိမ်းထားပြီးတော့ အရေးပါတဲ့ နေရာတွေမှာ ထားရပါမယ်။ ဒါက မတူညီတဲ့ ပုံပြင်တစ်ခုဖြစ်ပြီးတော့ သူက ရဲ့ နှလုံးသားထဲမှာ လင်းဟန် ကို တကယ်ပဲ ရှိသေတာလား ဟန်ဆောင်တာလားဆိုတာကတော့ မသိနိုင်ပါဘူး။

ဒါပေမဲ့ လင်းဟန်နဲ့ ဆွေးနွေးပြီးတဲ့အခါမှာတော့ သူက ဒီအသက် ၁၆ နှစ် သို့ ၁၇ နှစ် ပဲရှိသေးတဲ့ လူငယ်လေးကို လျှော့မတွက်ရဲတော့ပါဘူး။ ဒါကြောင့် သူက လင်းဟန်ကို ရှိသေလေးစားမှု အပြည့်နဲ့ စတင်ခေါ် ဆိုလိုက်တာပါ။

လင်းဟန်က အံ့အားသင့်သွားပြီးတော့ မေးလိုက်ပါတယ်။

``လှို့ပုက်ဆန်းကြယ်တဲ့ အစွမ်းလား?``

```ဟုတ်ပါတယ် လှို့ပုက်ဆန်းကြယ်တဲ့ အစွမ်း``

အကြီးဆုံး အင်ပါယာ မင်းသားက ခေါင်းငြိမ့်ပြီးတော့ စတင် ရှင်းပြလိုက်ပါတယ်။
```

``လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေက အရမ်းကို ပြိုင်ဘက်ကင်းတယ်.. တစ်ချို့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေက မင်းရဲ့ ရန်သူကို ထိခိုက်ဒဏ်ရာ ရစေနိုင်တယ်.. ပြီးတော့ ရှိန်လောက်တဲ့ အစွမ်းကိုလဲ ပိုင်ဆိုင်တယ်။ တစ်ချို့ လျှို့ဝှက်ဆန်းကြယ် တဲ့ စွမ်းအားတွေက မင်းကို တိုက်ပွဲမှာ ကူညီထောက်ပံ့ပေး နိုင်တယ်။ တစ်ချို့ကတော့ သိုင်းပညာနည်းစနစ် အမျိုးအစားတွေ ဖြစ်ပြီးတော့ သူတို့က မင်းရဲ့ မူလစွမ်းအင်ကို သုံးစွဲမှာတော့ မဟုတ်ဘူး. ဒါပေမဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား အမျိုးအစားမှန်သမျှက အရမ်းကို တန်ဖိုး မဖြတ် နိုင်တဲ့ အရာတွေဖြစ်ပြီးတော့ ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝနေပါစေ ဘယ်တော့မှရယူနိုင်မှာ မဟုတ်ဘူး``

လင်းဟန် က လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား ကဘာဆိုတာကို သိပါတယ်။ဒီ နည်းစနစ်တွေက အလွန်အမင်း ရှားပါး ကြပါတယ်။ သူ့ရဲ့ယခင်ဘဝတုန်းကတောင် လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားကို အကြိမ်ပေါင်းများစွာ အသုံးပြုတာကို မျက်မြင်မကြုံတွေ့ဖူးပါဘူး။ ဒါပေမဲ့ သူက သူတို့လှုပ်ရှားမှုတွေကနေ အကြိမ် အနည်းငယ် မြင်ခဲ့ပါတယ်။ သူ့ရဲ့ မှတ်ဉာဏ်ထဲမှာ သူတို့က အရမ်းကို အစွမ်းထက်လှတဲ့ အသွင် တွေကို ချန်ထားရစ်ခဲ့ပါတယ်။

ယခင်ဘ၀တုန်းက သူက အမျိုးမျိုးသော သမိုင်းဝင်နယ်မြေတွေကို နက်နက်ရှိုင်းရှိုင်း စွန့်စားခဲ့တဲ့ အခါ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုကို အသုံးပြုနိုင်တဲ့ အထူးခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံအမျိုးအစား တစ်ခုနဲ့ ကြုံတွေ့ခဲ့ပြီးတော့ ၎င်းက ``မိုးကောင်းကင်ကို မြိုချပြီး မြေကမ္ဘာကို ဖျက်ဆီး`` နိုင်ပါတယ်။ အသုံးပြု တဲ့သူက နတ်ဘုရားအသွင်ပြောင်းလဲခြင်း အဆင့်ပဲ ရှိတာ သိသာထင်ရှားပါတယ်။ ဒါတောင် သူ့ရဲ့အစာအိမ်ထဲကို သူ့ကိုမြိုချနိုင်နေဆဲ ဖြစ်ပြီးတော့ သူက လုံး၀ အစာခြေဖျက်နိုင်ပါတယ်။ (ဒီတစ်ကြောင်းကိုယ်တိုင်လဲ သေချာနားမလည်ဘူး)

ဒီ အထူးခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံရဲ့ ပိုင်ရှင်ကို နောက်ပိုင်းမှာ လင်းဟန်က အမြစ်ပြတ်သုတ်သင်ပစ်လိုက်ပေမဲ့ တကယ်တော့ သူက ရိုးသားပါတယ်။ တကယ်လို့ သူတို့နှစ်ယောက်သာ ကျင့်ကြံခြင်းအဆင့် တူညီမယ်ဆိုယင် တကယ်လို့ လင်းဟန်က အလွှာ ၉ အဆင့်ဖြစ်ပြီးသူ့ရဲ့ ပြိုင်ဘက်က အလွှာ ၁ အဆင့်မျှပဲ ရှိခဲ့မယ် ဆိုယင် သူတို့ရဲ့ တိုက်ပွဲ အကျိုးသက်ရောက်မှုက လုံး၀ ကွဲပြားသွားနိုင်ပါတယ်။

ကံမကောင်းတာက သူ့အနေနဲ့ သူ့ရဲ့ ရန်သူ့ပါးစပ်က လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား ရဲ့ မူလဇစ်မြစ်ကို ကလော်ထုတ်လို့ မရနိုင်ခဲ့ပါဘူး။

လင်းဟန်ရဲ့ စိတ်ဝင်စားမှုက နိုးကြားတက်ကြွလာပြီးတော့ သူက မေးလိုက်ပါတယ်။

``အရှင်မင်းသားရဲ့ စကားတွေကနေ သိရသလောက်တော့ သင်က လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားတာလား?``

``ငါ့မှာမရှိဘူး..ဒါပေမဲ့ နိုင်ငံ့ရတနာ မှာတော့ ရှိတယ်``

အကြီးဆုံးအင်ပါယာ မင်းသားက လေးနက်တည်ကြည်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်က ငါ့ကို သရဖူ ဆက်ခံနိုင်ဖို့ ကူညီနေသရွေ့ ငါ ဒီ လျှို့ဝှက် ဆန်းကြယ်တဲ့ စွမ်းအားကို မင်းဆီကို လွှဲပြောင်းပေးပါ့မယ်``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``အရှင်မင်းသားက အရမ်းကို လောဘကြီးတဲ့ သူတစ်ယောက်တော့ မဟုတ်ဘူးပဲ.. တကယ်လို့ မင်းက ဒီလျှို့ပှက်ဆန်းကြယ်တဲ့ စွမ်းအားကို ဒီရက်ပိုင်းအတွင်းမှာ ငါ့ဆီကို ယူလာပြီးပြနိုင်မယ်ဆိုယင် မင်းရဲ့ ကမ်းလှမ်းချက်ကို ငါစဉ်းစားပေးမယ်``

``လျှို့ပှက်ဆန်းကြယ်တဲ့ အစွမ်းက အရမ်းကို အဖိုးထိုက်တန်တယ်.. ဒါကြောင့် အဲဒါကို အတွင်းလျှို့ပှက်ခန်းမှာ သော့ခတ်ပိတ်လှောင်ထားတယ်. ငါတောင်မှ အတွင်း ကို ဂင်ဖို့ မတတ်နိုင်ဘူး..ဒါကြောင့် ငါက ဘယ်လိုလုပ်ပြီးတော့ မင်းအတွက် အဲဒါကို အပြင်ထုတ်ယူလာပေးလို့ရမှာလဲ``

အကြီးဆုံးအင်ပါယာ မင်းသားက အနည်းငယ် အားမလိုအားမရ ဖြစ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟာန်က အသုံးဂင်တဲ့ သတင်းအချက်အလက် အပိုင်းစ တစ်ခုကို ရရှိလိုက်ပါတယ်။ ပြီးတော့ အဲဒီ နိုင်ငံရတနာသိုက် က အတွင်းလျှို့ပှက်ခန်း အတွင်း မှာရှိပါတယ်။ သူက ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုလဲ ဒီ လျှို့ပှက်ဆန်းကြယ်တဲ့အစွမ်းရဲ့

အကျိုးသက်ရောက်မှုက ဘာများလဲ? အရှင်မင်းသားက အနည်းဆုံးတော့ အဲဒါကို သိနိုင်ပါလိမ့်မယ်.. ဟုတ်တယ်မလား?``

``မုသားမဲ့ မျက်လုံး``

အကြီးဆုံး အင်ပါယာ မင်းသားက လိပ်ပြာမလုံသလိုနဲ့ ပြောလိုက်ပါတယ်။

သူက ဒီလျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားကို အယင်တုန်းကတည်း တစ်ခါမှ မကျင့်ကြံဖူးပါဘူး။ ဒါပေမဲ့ အဲဒါက မုသားမဲ့မျက်လုံး ဆိုတာကို သိပြီးတော့ ဘယ်လိုနည်းနဲ့မှ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းအားကို မတိုးပေးနိုင်ပါဘူး..၎င်းက လူတစ်ယောကို စိတ်လှည့်ဖျားမှုကြောင့် အထင်မှားအမြင်မှားနေတာကို ဖြတ်ပြီး တော့ မြင်နိုင်အောင်လို့ ကူညီနိုင်ပါတယ်။ သူ့ရဲ့ အမြင်အရတော့.. ဒီစွမ်းရည်ကို ဘာအတွက် အသုံးပြုမှာလဲ?

ဒါကြောင့် သူက အနည်းငယ် စိတ်မလုံမလဲ ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒီ လျှို့ဝှက် ဆန်းကြယ်တဲ့ အစွမ်းက ဘယ်လောက်ပဲ အသုံးမကျတာပဲဖြစ်ဖြစ် ၎င်းက လျှို့ဝှက် ဆန်းကြယ်တဲ့ အစွမ်းပါပဲ။ ဒါကြောင့် သူက လင်းဟန်ကို

သူ့အတွက်ကူညီပေးဖို့ ကမ်းလှမ်းရဲတာပဲ ဖြစ်ပါတယ်။

လင်းဟန်က တစ်ခဏမျှ မှင်တက်သွားပြီးတော့ သူ့ရဲ့ နှလုံးသားထဲမှာ ပီတိတွေ ဝေဖြာလို့ လာပါတယ်။

မှသားမဲ့ မျက်လုံးက လူတစ်ယောက်ရဲ့ ပြိုင်ဘက်ကို နာကျင်စေတာ ဒါမှမဟုတ် ထိခိုက်သွားစေတဲ့ စွမ်းရည်တစ်ခုမှ မပိုင်ဆိုင်ထားပါဘူး။ ဒါပေမဲ့ ၎င်းက တစ်ခြားသော တိုက်ခိုက်ဖို့စွမ်းရည်ရှိတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အစွမ်းအမြောက်အများ ထက် ပိုပြီးတော့တောင်မှ အဖိုးတန်ပါတယ်ယ။ ဘာကြောင့်လဲ ဆိုတော့ ၎င်းက လှည့်စားမှုတွေကြောင့် အမြင်မှားနေတဲ့ဟာ အားလုံးကို အမှန်အတိုင်း မြင်စေနိုင်ပါတယ်။ ရိုးရိုးရှင်းရှင်းဥပမာ ပေးရမယ်ဆိုယင် မှသားမဲ့ မျက်လုံး ကို ကျင့်ကြံပြီးတဲ့အခါမှာ သူ့အနေနဲ့ ဘယ်လို လှည့်စားမှု အမျိုးအစားတွေကိုမှ ကြောက်ရွံ့နေဖို့ မလိုတော့ပါဘူး။

ပြီးတော့ မှသားမဲ့မျက်လုံးရဲ့ ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာကောင်းတဲ့ အချက် ကတော့ ၎င်းက သူနဲ့သူ့ရဲ့ပြိုင်ဘက် နှစ်ယောက်စလုံးရဲ့ အားနည်းချက် တွေကို မြင်နိုင်အောင်လို့ လုပ်ပေးပါလိမ့်မယ်။

တစ်ခြားလူရဲ့ အားနည်းချက်ကို မြင်နိုင်စွမ်း ရှိတာက သူ့ရဲ့ တိုက်ခိုက်မှုတွေကို စွမ်းအားပြည့် အမြင့်ဆုံးထိရောက်အောင် လို့ လုပ်ပေးနိုင်မှာဖြစ်ပြီး သူရဲ့ ကိုယ်ပိုင် အားနည်းချက်ကို မြင်စေတာကတော့ သူအနေနဲ့ အဲဒီအပေါ်မှာ တိုးတက်လာ အောင် လို့ လုပ်နိုင်ပါတယ်။ တကယ်လို့ သူရဲ့အားနည်းချက်ကို သူတိုးတက်လာ အောင် မလုပ်နိုင်ယင်တောင်မှ သူအနေနဲ့ အဲဒီအားနည်းချက် ကို ကာကွယ်နိုင်စွမ်း ရှိနေသေးတာက လဲ ပိုပြီးတော့ ကောင်းပါလိမ့်မယ်။

လင်းဟန် က ဒီ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား မှာ တစ်ခြား သန့်မာတဲ့ စွမ်းရည် ရှိသေးလား မရှိတော့ဘူးလား ဆိုတာကို မသိပါဘူး။ တကယ်တော့ သူက ဒီလိုမျိုး လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား အမျိုးအစားကို သူရဲ့ ယခင်ဘဝတုန်းက တောင် မမြင်ဖူးခဲ့ပဲ ကြားယုံပဲ ကြားဖူးခဲ့တာပါ။

ဘယ်သူက ထင်လိမ့်မှာလဲ? ဒီလို သေးငယ်လှတဲ့ မိုးရေနိုင်ငံထဲမှာ ဒီလိုမျိုး အစွမ်းထက်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုက အမှန်တကယ်ပဲ ဖုံးကွယ် နေလိမ့်မယ်လို့ ဘယ်သူကများ ထင်လိမ့်မှာလဲ?

လင်းဟန် က တစ်ခဏမျှ တွေးလိုက်ပါတယ်။ သူက မိုးရေနိုင်ငံထဲမှာ အဖိုးထိုက် တန်တဲ့ ရတနာ အများအပြားကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အဆုံးမဲ့ စကြာဂဠာ ဖျက်ဆီးခြင်း စစ်သည်တော် တစ်ယောက်ရဲ့ ကျန်ရစ်နေတဲ့ဟာတွေ မျိုးပေါ့။

ဖြစ်ကောင်းဖြစ်နိုင်တာက အဆုံးမဲ့ လက်ရွေးစင်စစ်သည်တော်တွေ အများကြီးက အဲဒီနစ်တွေတုန်းက အားလုံး စုဝေးနေပြီးတော့ မသေပဲ နဲ့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ အနည်းစု ရှိပါလိမ့်မယ်။ တိုက်ပွဲအပြီးမှာ သူတို့က မိုးရေနိုင်ငံမှာ နေပြီးတော့ မုသားမဲ့ မျက်လုံးလိုမျိုး အစွမ်းထက်လှတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အစွမ်းကို ချန်ထားရစ်ခဲ့တာဖြစ်မယ်။

လင်းဟန် ရဲ့ နှလုံးသားတွေက လှုပ်ရှားလို့ လာခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ အမူအရာ က လုံးဝ ပြောင်းလဲသွားတဲ့ လက္ခဏာ မမြင်ရပါဘူး။ သူက မေးလိုက်ပါတယ်။

``အရှင့်မင်းသားက ဒီ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားကို ကျင့်ကြံခဲ့တာကို မြင်ခဲ့ဖူးသလား?``

အကြီးဆုံး အင်ပါယာ မင်းသားက သူရဲ့ ခေါင်းကို ခါပြီးတော့

ပြောလိုက်ပါတယ်။

``မုသားမဲ့မျက်လုံးက ထီးနန်းအမွေဆက်ခံဖို့အတွက် အရမ်းကို ထူးခြားတဲ့ အခြေအနေမှာရှိတယ်။ ၎င်းက မျက်လုံးအိမ် တစ်ခု ထဲမှာ ဖုံးကွယ် ထားပြီးတယ်.. ပြီးတော့ တစ်ယောက်ယောက်က ၎င်းရဲ့ လက်ခံမှုနဲ့ ပညာဗဟုသုတ တွေကို ရရှိနိုင်ဖို့ က ၎င်းက တစ်ယောက်ယောက်ရဲ့ အသိဉာဏ် ဦးနှောက်ထဲကို တိုက်ရိုက် ဝင်သွားပါလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ၎င်းက အပိုင်းအစ တစ်ခုရဲ့ အစအန ပါပဲ``

လင်းဟန်က ဒီတစ်ကြိမ်မှာတော့ ပိုး လို့ပဲ ပြောနိုင်ပါတယ်။ သူ့အနေနဲ့ ``မိုးကောင်းကင်ကို မြို ပြီး မြေကမ္ဘာကို ဖျက်ဆီးခြင်း`` လို့ဂုဏ်ဆန်းကြွယ်တဲ့ စွမ်းအားကို ရှာဖို့ မတတ်နိုင်တာ အံ့ဩစရာမဟုတ်တော့ပါဘူး။ ဒါဆို ဒီလိုမျိုး အမွေ ဆက်ခံခြင်းက ကျင့်ကြံခြင်း နည်းစနစ်နဲ့ သိုင်းပညာရပ်တွေ ကနေ လုံးဝ ကွဲပြား ခြားနားပါတယ်။ ပြီးတော့ ဒါက စကားလုံးတွေ ဒါမှမဟုတ် ပန်းချီတွေနဲ့ သရုပ်ဖော် လို့လဲ မရပါဘူး။

စိတ်ဝင်စားစရာပဲ။

သူပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အရှင့်မင်းသားက အဲဒီ မျက်လုံးအိမ်ကို ကျနော်ဆီကို ယူလာနိုင်တဲ့အခါကျယင် ကျုပ်တို့ ဆက်ပြီးတော့ ပူးပေါင်းဖို့အတွက် ဆွေးနွေးကြတာပေါ့။ ဒါပေမဲ့ အခု ကတော့ သူငယ်ချင်းတွေပဲလေ.. ကောင်းတယ်မဟုတ်လား?``

အကြီးဆုံး အင်ပါယာ မင်းသားက ဒီမသေချာတဲ့ ကတိတွေက လင်းဟန်ကို လှုပ်ရှား သွားစေနိုင်မှာမဟုတ်ဘူးဆိုတာကို သိနေပါတယ်။ ဘာပဲဖြစ်ဖြစ် သူက ကတိပေးနိုင်သလို တတိယ အင်ပါယာ မင်းသားကလဲ လုပ်နိုင်ပါတယ်။ ဒါကြောင့် သူက အသာစီးရတယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ သူက အနည်းဆုံးတော့ လင်းဟန် နဲ့ သူငယ်ချင်းဖွဲ့နိုင်ခဲ့ပါတယ်။ ဒါကြောင့် တစ်ခြားကိစ္စတွေကိုတော့ ဖြေးညင်းစွာ နဲ့ လုပ်ဆောင်ရပါလိမ့်မယ်။

``သခင်လေးဟန်..သဘက်ခါ ကျယင် စိတ်ဂိဉာဉ်ရတနာ စံအိမ် မှာ လေလံပွဲတစ်ခု ရှိလိမ့်မယ်။ ပြီးတော့ ကောလဟာလ တွေအရ အရမ်းကို ရှားပါးလွန်းတဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံးကိုတောင် လေလံတင်မယ်လို့ ပြောနေကြတယ်။ မင်း တစ်ချက်လောက် သွားကြည့်ဖို့

စိတ်ဝင်စားသလား?

အကြီးဆုံးအင်ပါယာ မင်းသားက သူ့ကို အလေးအနက်ထားပြီးတော့ မေးမြန်း လိုက်ပါတယ်။

လင်းဟန် ရဲ့ အမူအရာက ထူးဆန်းသွားပါတယ်။ ဒီ အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေက သူ့ရဲ့ ဟာတွေပါ.. ဒါပေမဲ့ ဒီပစ္စည်းတွေက အရမ်းကို တန်ဖိုး မဖြတ်နိုင်တဲ့ လေလံပစ္စည်းတွေ ဖြစ်လာလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။ သူက သူ့ရဲ့ ခေါင်းကိုခါပြီးငြင်းဆန်လိုက်ပေမဲ့ ပြန်စဉ်းစားမိတာက မိုးရေနိုင်ငံရဲ့ အဆင့်တစ်ခုလုံးက အရမ်းကို နိမ့်ပါတယ်။

``တစ်ချက်လောက်သွားကြည့်ဖို့ အတွက်ကတော့ ကိစ္စမရှိပါဘူး``

သူ့ရဲ့ စိတ်ကူးကို ပြောင်းလိုက်ပါတယ်။

``ဟားဟားဟား.. ဒါဆိုယင် သဘက်ခါကျယင် ကျုပ်ကိုယ်တိုင် လာပြီးတော့ မင်းကို ကြိုဆိုပေ့ါမယ်``

အကြီးဆုံးအင်ပါယာ မင်းသားက အရမ်းကို

စိတ်ကျေနပ်သွားခဲ့ပါတယ်။ တကယ်လို့ သူက လင်းဟန်နဲ့ လူမြင်ကွင်းမှာ ပေါ်လာခဲ့မယ်ဆိုယင် သူနဲ့ လင်းဟန်မှာ အရမ်းကို ရင်းနှီးတဲ့ ဆက်ဆံရေးရှိတယ်ဆိုတဲ့ ပုံရိပ်တစ်ခုကို ဖန်တီးနိုင်ပါလိမ့်မယ်။ အဲဒီ အချိန် ကျယင် ဒီအလယ်အလတ်အဆင့် ကလန်တွေက သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ပြန်ပြီး တော့ စဉ်းစားလာကြပါလိမ့်မယ်။

လင်းဟန် က လမ်းခွဲထွက်လာပြီးတော့ သူက လီဟောင်နဲ့ ဖူရှုရီ ဆီကို သွားလည်ပါတ်ဖို့ရှိနေပါသေးတယ်။

CHAPTER181 ကတိ

တကယ်လို့ အကြီးဆုံး အင်ပါယာ မင်းသားက ဖန်းယန် ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက် ကို ရှာဖွေနိုင်မယ်လို့ မသေချာပါဘူး။ ဒါပေမဲ့ သူရဲ့ ခန့်မှန်းတွက်ချက်မှု အရဆိုယင်တော့ ဖြစ်နိုင်ချေ နည်းပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ရက်အနည်းငယ်က တတိယ အင်ပါယာ မင်းသား က လှုပ်ရှားပြီးခဲ့ပါပြီ။ လိန်ဝွမ်ဖူရဲ့ ဂင်ရောက်စွက်ဖက်မှုနဲ့ ထွက်ပေါ်လာမှုကြောင့် တတိယ အင်ပါယာ မင်းသား စေလွှတ်လိုက်တဲ့ အင်ပါယာ အစောင့် တွေက အကယ်ဒမီကနေ မောင်းထုတ်ခြင်းခံလိုက်ရပါတယ်။ ဒီလို မတော်တဆ ဖြစ်ရပ် အပြီးမှာတော့ တတိယ အင်ပါယာ

မင်းသားက ဖန်းယန် အပေါ်မှာ သူ့ရဲ့ ကိုယ်ပိုင် စုံစမ်းစစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ပါလိမ့်မယ်။

တကယ်လို့ တတိယ အင်ပါယာ မင်းသားက တစ်စုံတစ်ခုကို ရှာဖွေသိရှိ ခဲ့မယ် ဆိုယင် သေချာပေါက် လင်းဟန် ဆီကိုလာပြီးတော့ သတင်းပို့ပါလိမ့်မယ်။ ကံမကောင်းတာက အခုချိန်ထိ တတိယ အင်ပါယာ မင်းသားဆီကနေ ဘာသတင်းမှ မရောက်လာသေးပါဘူး။ ဒါကြောင့် သူက သေချာပေါက် ဘာကိုမှ ရှာဖွေတွေ့ရှိ နိုင်ခြင်း မရှိသေးဘူးဆိုတာ သိသာထင်ရှားပါတယ်။

ကောင်းကင်ဆေးအိမ်တော် ကို လင်းဟန် ရောက်လာခဲ့တဲ့အခါမှာတော့ လီဟောင် နဲ့ ဇူရှုရီ ကို နှစ်သိမ့်လိုက်ပါတယ်။ ဒီ အတောအတွင်းမှာတော့ လီဟောင်က အကယ်ဒမီကို ပြန်လာလို့ မရသေးပါဘူး။ ဒါပေမဲ့ လီဟောင်အတွက် ဒါက နတ်ဘုရားတွေပေးတဲ့ ကောင်းချီးပေး ချီးမြှင့်လိုက်တာပါပဲ။

ကောင်းကင်ဆေးအိမ်တော်ဆိုတာ ဘယ်လိုနေရာမျိုးလဲ?

ဆေးဂါးပစ္စည်းတွေ ရောင်းချ တဲ့ နေရာတစ်ခုပဲလေ။

ဒီနေရာမှာ တစ်ခြား ဘာမှ မရှိပါဘူး။ ဒါပေမဲ့ တစ်ယောက်ယောက်က မှော်ဆေးလုံး တွေအကြောင်းကို ပြောလာတာဆိုယင် ဒီနေရာက မိုးရေနိုင်ငံတစ်ခုလုံးကို အနည်းဆုံး မှော်ဆေးလုံး သုံးပုံ တစ်ပုံခန့်ကို ထောက်ပံ့ပေးတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ပြီးတော့ တစ်ကယ်လို့ တစ်ယောက်ယောက်က အဆင့်မြင့်မှော်ဆေးလုံးတွေ အကြောင်းကို ပြောတာဆိုယင် ဒီဆေးလုံးတွေက အခြေခံအားဖြင့်တော့ ဒီနေရာကနေ မိုးရေနိုင်ငံရဲ့ တစ်ခြားနေရာအနှံ့အပြား ကို ဖြန့်ဝေပေးတဲ့ နေရာပဲဖြစ်ပါတယ်။

လင်းဟန်က အခု လီဟောင်ကို သူငယ်ချင်းအစစ် တစ်ယောက်အဖြစ် မှတ်ယူ လိုက်ပါပြီ။ ဒါကြောင့် သူက ယွမ်ချူးကို လီဟောင်အတွက် အကန့်အသတ် မရှိ မှော်ဆေးလုံးတွေ ထောက်ပံ့ပေးဖို့နဲ့ လီဟောင်ရဲ့ ကျင့်ကြံခြင်းလမ်းကြောင်း အတွက် လီဟောင်ကို သူကိုယ်တိုင်ပဲ ညွှန်ကြားပြသပေးပါတယ်။

စဉ်းစားကြည့်ပါ.. လီဟောင်က မှော်ဆေးလုံး အကန့်အသတ်မရှိ အထောက်အပံ့ ရတဲ့အပြင် ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်က သူ့ရဲ့ ကျင့်ကြံခြင်း အတွက် သင်ကြားပြသပေးခြင်းကိုပါ

ခံရပါတယ်။ တကယ်လို့ လီဟောင်ရဲ့ အစွမ်းက မတိုးတက်လာဘူးဆိုယင် သူက တကယ်ပဲ တို့ဖူးအပိုင်းအစတစ်ခုကို ရှာပြီးတော့ သူကိုယ်သူ သေတဲ့အထိ ရိုက်သတ်ပစ်ဖို့ ကောင်းပါတယ်။

လီဟောင်နဲ့ ဖူရှူရိုက ဒီသဘောတရားကို နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့် သူတို့ က လင်းဟာန်ကို ပိုပိုပြီးတော့ ကြည်ညိုလေးစားလာခဲ့ကြပါတယ်။ သူတို့ နှစ်ယောက်စလုံးပဲ အနာဂတ်မှာ လင်းဟာန် ဘာပဲလုပ်ခိုင်းလုပ်ခိုင်း နောက်မတွန့် ပဲ ပြန်ပြီးတော့ ပေးဆပ်မယ်လို့ လျှို့ဝှက်စွာနဲ့ ဆုံးဖြတ်ထားကြပါတယ်။

ကောင်းကင်ဆေးအိမ်တော်ကနေ အကယ်ဒမီကို ပြန်လာတဲ့အခါမှာ တတိယ အင်ပါယာ မင်းသားက သူကို လမ်းခုလတ်မှာပဲ ဖိတ်ခေါ် လိုက်ပါတယ်။

``ညီလေးလင်း``

တတိယ အင်ပါယာ မင်းသားမှာ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အရှိန်အဝါက ထွက်ပေါ် နေပြီးတော့ သူရဲ့ မျက်နှာပေါ်မှာ တည်ကြည်တဲ့ အရိပ်အယောင်တစ်ခု ဖြစ်ပေါ် နေပါတယ်။

``ငါ့ရဲ့ အကြီးဆုံး အစ်ကိုတော် က ဒီနေ့ မင်းနဲ့ လာပြီးတော့ တွေ့ဆုံတယ်လို့ ကြားထားခဲ့တယ်``

``အရှင်မင်းသားက ဒါကို သိနေမှတော့ ဘာကြောင့် မေးခွန်းမေးဖို့လိုနေ သေးလို့လား.. အဖြေကို သိနေပြီမဟုတ်လား?``

လင်းဟန်က တဲ့တိုးပဲ ပြောလိုက်ပါတယ်။ သူက ဒီညီအစ်ကို နှစ်ယောက်ကြား က ပြိုင်ပွဲကို အနည်းငယ်မျှ စိတ်ဝင်စားခြင်းမရှိခဲ့ပါဘူး။ ပြီးတော့ ဒီလိုမျိုးပြဿနာ ထဲကို သူကိုယ်သူ ပါဝင်ပတ်သတ်ဖို့ အနည်းမျှ ဆန္ဒလည်းမရှိခဲ့ပါဘူး။

``ဟီးဟီး``

တတိယ အင်ပါယာ မင်းသားက ရီမောလိုက်ပါတယ်။

``လင်းညီလေးက ငါ့အစ်ကိုတော်ရဲ့ ပျားရည်ဆမ်းထားတဲ့ စကားတွေ ကြောင့် လွယ်လွယ်ကူကူနဲ့ လှုပ်ရှားသွားမှာ မဟုတ်ဘူးဆိုတာကို ငါယုံပါတယ်``

လင်းဟန်ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မဖြစ်နိုင်ပါဘူး``

သူက အကြီးဆုံးအင်ပါယာ မင်းသား ပြောခဲ့တဲ့ အခြေအနေတွေကို ပြန်ပြီးတော့ ပြောပြလိုက်တဲ့အခါမှာ တတိယအင်ပါယာ မင်းသားက လင်းဟန်ရဲ့ စကားတွေ ကို ကြားပြီးတဲ့နောက်မှာ အမူအရာပြောင်းလဲသွားခဲ့ပါတယ်။ သူက လျို့ဝှက်စွာနဲ့ စဉ်းစားလိုက်တာက အကြီးဆုံး အင်ပါယာ မင်းသားက အရမ်းကို အလျင်စလို နိုင်ပြီးတော့ လင်းဟန်ကို ဘုရင် ဘွဲ့တစ်ခုပေးအပ်မဲ့အပြင် ပန်းဖူးအဆင့်ကိုပါ ချိုးဖျက်ဝင်ရောက်နိုင်အောင် ကူညီပေးမယ် ဆိုပြီးတော့ ကတိပေးခဲ့ပါသေးတယ်။

တစ်ခု နားလည်ထားရမှာက လက်ရှိ မိုးရေကောရာဇ် တောင်မှ ချီ မိသားစုက မဟုတ်တဲ့ တစ်ယောက်ယောက်ကို ဘုရင် အဖြစ်သတ်မှတ်ပေးချင်တယ် ဆိုယင် အင်ပါယာ အဖွဲ့အစည်း ရဲ့ အဖွဲ့ဝင်တွေနဲ့ တိုင်ပင်ဆွေးနွေးဖို့ လိုအပ်ပါသေးတယ်. ဒီကိစ္စက ထင်သလောက်မရိုးရှင်းပါဘူး။ ပြီးတော့ လွယ်လွယ်ကူကူနဲ့လည်း ဒီ ဘွဲ့ကိစ္စ အတွက်ကို အာမခံပေးပြီးတော့ ဖြေရှင်းလို့လဲ မရနိုင်ပါဘူး။

တကယ်လို့ တစ်ယောက်ယောက်ကို ဘုရင်အဖြစ်

နာမည်ပေးအပ်ချင် တယ်ဆိုယင် သူမှာ ကုန်းမြေ အစိတ်အပိုင်းတစ်ခု ရှိရမှာဖြစ်ပြီးတော့ ကိုယ်ပိုင် နိုင်ငံတစ်ခု ကို တည်ဆောက်ရပါမယ်။ ဒါပေမဲ့ မိုးရေနိုင်ငံ က လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာ ကတည်းက အင်ပါယာရဲ့ အုပ်ချုပ်မှုအောက်မှာ ကုန်းမြေအားလုံးကို တည်ဆောက် ထားခဲ့ပြီးတော့ တော်ဝင်မိသားစုတွေကို ခွဲဝေပေးခဲ့တာ ကြာလှပါပြီ။ ဒါကြောင့် လင်းဟန်ရဲ့ ကုန်းမြေက ဘယ်နေရာကနေ လာမှာလဲ?လင်းဟန် အနေနဲ့ စစ်တပ် တစ်ခု တည်ထောင်ပြီးတော့ အိမ်နီးချင်းနိုင်ငံတွေဆီက မြေပိုင်နက်ကို စစ်တိုက်ပြီး တော့ ယူနိုင်မှာလား?

ပြီးတော့ မျိုးနွယ်စုရဲ့ စွမ်းအားကို အသုံးပြုပြီးတော့ လင်းဟန်ကို ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်အောင် ကူညီမယ်ဆိုတာက ပိုပြီးတော့တောင် အဓိပ္ပါယ် မရှိပါဘူး။ တကယ်လို့ ၎င်းက အဲဒီလောက် လွယ်ကူနေမယ်ဆိုယင် သူတို့ မိုးရေနိုင်ငံ တစ်ခုလုံးမှာ ပန်းဖူးအဆင့်က တစ်ယောက်တည်း ရှိနေပါ့မလား?

``ညီလေးလင်းက အရမ်းကို သစ္စာရှိတယ်ဆိုတာကို ငါသိပါတယ်။ ပြီးတော့ ငါ့ကိုလဲ လုံးဝသစ္စာဖောက်မှာမဟုတ်ပါဘူး``

တတိယ အင်ပါယာမင်းသားက ကျယ်လောင်စွာရီမောလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အရမ်းကို ပျော်ရွှင်နေတဲ့ပုံပါပဲ။ ဒါပေမဲ့ လင်းဟန်က သူ့ရဲ့ ရီမောမှု အောက်က စိုးရိမ်တဲ့လေသံကို သတိပြုမိသွားခဲ့ပါတယ်။

သရဖူအတွက် အပြင်းအထန်ကြိုးစားတဲ့ နေရာမှာ ဘယ်သူကများ သွေးအေးပြီး တော့ မရက်စက်ပဲ နေကြမှာလဲ? သွေးသားရင်း ညီအစ်ကိုတွေ တောင်မှ တစ်ယောက် နဲ့တစ်ယောက် နင်းချေဖျက်ဆီးကြပါသေးတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဒါတော့မဟုတ်သေးဘူး.. တကယ်လို့ ဒီကစားပွဲမှာ လုံလောက်တဲ့ အကျိုး အမြတ် သာရှိမယ်ဆိုယင် ဘာမဆိုဆွေးနွေးနိုင်ပါတယ်``

``အဟွက် အဟွတ်``

တတိယ အင်ပါယာ မင်းသားက ချက်ချင်းဆိုသလို ချောင်းဆိုးသွားခဲ့ပါတယ်။ တစ်စုံတစ်ယောက်က သူ့မျက်နှာကို လက်သီးနဲ့ထိုးလိုက်သလို

ခံစားလိုက်ရပါတယ်။ သူ့ရဲ့ အမူအရာက အနိုင်မခံ အရှုံးမပေးချင်တဲ့ စိတ်တွေ နိုးကြားလို့လာပါတယ်။ သူ့ရဲ့ မျက်နှာကတွန့်သွားပြီးတော့ သူက အားယူပြီးပြုံးပြီး ပြောလိုက်ပါတယ်။

``ညီလေးလင်းက တကယ့်ကို နောက်တတ်ပြောင်တတ်တာပဲ``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``ငါ နောက်နေတာမဟုတ်ဘူး.. ဥပမာ .. တကယ်လို့ ငါက မှသားမဲ့မျက်လုံးကို ကျင့်ကြံနိုင်မယ်ဆိုယင် ငါက သေချာပေါက် အရှင်မင်းသားနဲ့ သူငယ်ချင်းကောင်း ဖြစ်လာလိမ့်မယ်``

``မှသားမဲ့မျက်လုံး``

တတိယ အင်ပါယာ မင်းသားရဲ့ မျက်နှာ အမူအရာက ပြောင်းလဲသွားပြီးတော့ နောက်ဆုံးမှာတော့ အကြီးဆုံးအင်ပါယာမင်းသားက လင်းဟန်ကို ဒီ တန်ဖိုး မဖြတ် နိုင်တဲ့ ရတနာ အကြောင်းကို ထုတ်ဖော်ပြောဆိုလိုက်ပီဆိုတာကို နားလည်သွား ခဲ့ ပါတယ်။

ဒါပေမဲ့ သူ့ကို ဘုရင်တစ်ယောက်ဘဲ့ ပေးတာမျိုး နဲ့ မျိုးနွယ်စု ရဲ့ စွမ်းအား ကို သုံးပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်အောင် ကူညီပေးမယ်ဆိုတာ ထက် ဒီ လျို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား က ပိုပြီးတော့ ဈေးပေါတဲ့ ဆွေးနွေးခြင်း ပဲ ဖြစ်ပါတယ်။တကယ်လို့ အဲဒီဟာက လျို့ဝှက်အခန်းထဲမှာ သော့ပိတ် မထားဘူး ဆိုယင် သူ့အနေနဲ့ ထုတ်ပြီးတော့တောင် လင်းဟန်ကို ပေးလိုက်မှာပါ။ တကယ်တော့ ဒီ လျို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားက ထောက်ပံ့တဲ့ အမျိုးအစား တစ်ခုပဲ ဖြစ်ပြီးတော့ နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် ဘယ်သူကမှာ ဂူငင်းအတွင်းက အမွေကို ဆက်ခံနိုင်စွမ်းမရှိခဲ့ပါဘူး။ ဒါကြောင့် လင်းဟန် အနေနဲ့ လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူးလို့ သူက ယုံကြည်ခဲ့ပါတယ်။

အသုံးမဝင်တဲ့ ပစ္စည်းတစ်ခုနဲ့ စွမ်းအားထက်တဲ့ အထောက်အပံ့အတွက် အလဲအလှယ် လုပ်တာက တတိယ အင်ပါယာ မင်းသားလို ပါရမီရှင် တစ်ယောက် အတွက်တော့ ဒီလိုမျိုး အမြတ်အစွန်းကြီးမားတဲ့ ဆွေးနွေးခြင်းကို ဘယ်လိုလုပ်ပြီး တော့ မလိုချင်ပဲနေမှာလဲ? ဒါပေမဲ့ ပြဿနာက သူ့အနေနဲ့ အတွင်းခန်းထဲကို ဝင်ဖို့ မလုပ်နိုင်ပါဘူး။

နေဦး။

တတိယ အင်ပါယာ မင်းသားက စားပွဲခုံကို သူ့ရဲ့ လက် နဲ့ ခေါက်ပြီးတော့ ပြောလိုက်ပါတယ်။

``နောက် နှစ်လ ကြာတဲ့အခါမှာ ငါ့ ခမည်းတော်ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ ပဲ။ နိုင်ငံတစ်ခုလုံး ပျော်ပွဲရွှင်ပွဲ ကျင်းပလိမ့်မယ်.အဲဒီအချိန်ကျယင် ငါရဲ့ ခမည်းတော်က ကြီးကျယ်လှတဲ့ ဧည့်ခံပွဲကြီးတစ်ခု ကို ဧည့်သည်တွေအတွက် ကျင်းပပေးပြီးတော့ နိုင်ငံရတနာသိုက်ကနေ ရတနာ တစ်ချို့ကို ထုတ်ပြီးတော့ လူတိုင်းလူတိုင်းအတွက် အားကျရှုစားဖို့ ထုတ်ပေးလိမ့်မယ်။ ဒါဆိုယင် နိုင်ငံရဲ့ ရတနာ သိုက် ထဲကို ဝင်ဖို့ အခွင့်အရေးတစ်ခုရလိမ့်မယ်။ ဒါပေမဲ့ အတွင်းလျှို့ဝှက် အခန်းကတော့ ကောင်းကင်နဲ့ မြေကြီးကို ပေါင်းစည်းပြီး သော့ခတ်ထားပြီးတော့ သော့ မရှိဘူးဆိုယင်တော့ အထဲကို ဝင်ဖို့ နည်းလမ်းမရှိဘူးပဲ.. အားယား``

ဒါပေမဲ့ လင်းဟန်ရဲ့ မျက်လုံးတွေ ပင့်တက်သွားခဲ့ပါတယ်။ သူမှာ သွေးစုပ်ယူခြင်း မူလ ရွှေ ရှိပြီးတော့ ၎င်းက သူဆန္ဒရှိသလို ကြိုက်နှစ်သက်တဲ့ ပုံစံကို ပြောင်းလဲနိုင်ပြီးတော့ ဒီကဗ္ဘာပေါ်မှာ သူမဖွင့်နိုင်တဲ့

သော့ဆိုတာ လုံးဝ မရှိပါဘူး။ ဒါကြောင့် ဒီဟာက သူ့အတွက်တော့ လုံးဝ မခက်ခဲပါဘူး။ သူက ပြောလိုက်ပါတယ်။

``ငါတကယ်ပဲ နိုင်ငံရတနာသိုက်ထဲကို တစ်ချက်လောက် ဝင်ပြီးတော့ ကြည့်ချင် ပါတယ်``

တတိယ အင်ပါယာ မင်းသားက အရမ်းကို ပါးနပ်ချက်ချာတဲ့ လူတစ်ယောက် ဖြစ်ပြီးသူက လင်းဟန်ကို ချက်ချင်းဆိုသလိုကြည့်ပြီး အံ့အားသင့်စွာ ပြောလိုက်ပါတယ်။

``ညီလေးလင်းမှာ ကောင်းကင်နဲ့ မြေကြီးစုပေါင်းပိတ်ထားတဲ့ သော့ကို ဖွင့်နိုင်တဲ့ နည်းလမ်းတစ်ခုခုများ ရှိနေတာလား?``

``ဟားဟား.. ငါက သော့ဖွင့်တဲ့ နည်းလမ်းတစ်ချို့ကို သင်ကြားထားပါတယ်``

လင်းဟန်က သွေးစုပ်ယူခြင်းမှုလရွှေ တည်ရှိမှုကို ထုတ်မပြောပဲနဲ့ ရိုးရိုးရှင်းရှင်း နည်းလမ်းကို သုံးပြီးတော့ ဖုံးကွယ်ထားလိုက်ပါတယ်။

တတိယ အင်ပါယာ မင်းသားက ခဏမျှ စဉ်းစားလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကောင်းပြီလေ. ငါ ဒီပွဲကို စီစဉ်ပြီးတဲ့အခါကျယင် ညီလေးလင်းကို နိုင်ငံရတနာ သိုက် ဆီကို ခေါ် သွားပေးမယ်.. ဒါပေမဲ့ ညီလေးလင်းကို အယင်ဆုံး တစ်ခု ပြောပါရစေ.. အဲဒီအတွင်းခန်းထဲမှာ အလွန်အမင်းကို တန်ဖိုးကြီးတဲ့ ရတနာတွေ အများအပြားရှိတယ်. ပြီးတော့ အဲဒါတွေက အလွန်အမင်းကို အရေးကြီးတယ်။ ဒါကြောင့် မင်း က သူတို့ထဲက တစ်ခုတစ်လေမှကို ယူလာလို့တော့ မရဘူးနော်. အဲဒီလိုမှမဟုတ်ဘူးဆိုယင် မင်းတင်မကဘူးငါရောပဲ အဲဒီအကျိုးဆက်ကို ခံစားသွားရ နိုင်တယ်``

``မစိုးရိမ်ပါနဲ့.. ငါက တစ်ခြား ပစ္စည်းတွေကို လုံးဝ စိတ်မဝင်စားပါဘူး``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

တတိယ အင်ပါယာ မင်းသားရဲ့ မျက်လုံးတွေ ဒီတစ်ကြိမ်မှာတော့ ပိုင်းစက်သွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ စကားတွေကို ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ အထောက်အပံ့ကို

ရယူနိုင်ဖို့အတွက်တော့ သူက ဒီအရာတွေကို စိုးရိမ်ပူပန်နေမှာမဟုတ်ပါဘူး။ ဒါ့အပြင် သူတစ်ခြားတစ်ဖက်ကနေ စောင့်ကြည့်နေမှာဖြစ်ပြီး လင်းဟန်ကို သူ့စိတ်ကြိုက်လုပ်ခွင့်တော့ လုံးဝပေးမှာ မဟုတ်ပါဘူး။

ဒါက အရဲစွန့်တာပါ..ဒါပေမဲ့ ဒီအရဲစွန့်တဲ့ အဆင့်ကလဲ ထိန်းချုပ်နိုင်မှု အောက်မှာ ရှိပါတယ်။

``ဒါဆိုယင်
ငါအယင်ဆုံးပြန်နှင့်တော့မယ်..အရှင်မင်းသားဆီက
သတင်းကောင်းကို စောင့်မျှော်နေပါ့မယ်``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ညီလေးလင်း ကျေးဇူးပြုပြီးတော့ ကြွပါ``

တတိယ အင်ပါယာ မင်းသားက ခေါင်းငြိမ့်ပြလိုက်ပါတယ်။

လင်းဟန်က ဇီယန် ဆီကို တစ်ချက် ကြည့်လိုက်ပါတယ်။ ဒီမိန်းကလေး ကြည့်ရတာ လုံးဝ ပြောင်းလဲသွားပီးတော့ စကားနည်းလာပြီး အေးစက်စက်အမူအရာနဲ့ ဖြစ်လာပါတယ်။ သူက ဒီအတွေးနဲ့ပါတ်သတ်ပြီးတော့

အများကြီးစဉ်းစားမနေပါဘူး။ ဒါက သူ့ရဲ့ အလုပ်မှမဟုတ်တာ။

သူ အကယ်ဒမီက သူ့ရဲ့ ကိုယ်ပိုင်ခြံဝန်းထဲကို ပြန်ရောက်လာတဲ့အခါမှာ လွှီယုထန် နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး ထိုင်နေတာကို မြင်တွေ့လိုက်ရပါတယ်။

``နောက်ပိုင်းမှာ ဆရာသခင်က ဆရာသခင် လိန် ဆီကို သွားလည်ခဲ့တယ်။ ဒါပေမဲ့ ဆရာသခင် လိန် က ပြောတာက သူ့မှာလဲ သူ့ကိုယ်ပိုင် အခက်အခဲနဲ့ သူရှိတယ်။ သူက ဖန်းယန် ဘာပဲလုပ်လုပ် အကြွင်းမဲ့ထောက်ခံပေးဖို့ ဆုံးဖြတ်ထားတယ်တဲ့``

လီစီရှန်းကပြောလိုက်ပါတယ်။

လွှီယုထန်က ပြောလိုက်ပါတယ်။

``ငါလည်း ငါ့ကလန်ရဲ့အစွမ်းတွေကို အသုံးပြုပြီးတော့ ဖန်းယန်အကြောင်းကို စုံစမ်းခဲ့တယ်။ ဒါပေမဲ့ ဘာမှ ရှာလို့မတွေ့ခဲ့ဘူး။ နင့်လိုပဲ သူလဲ ရုတ်တရက် အစွမ်းထက်လာပုံ ရတယ်။``

လင်းဟန်က တည်ကြည်နက်နဲစွာနဲ့ စဉ်းစားလိုက်ပါတယ်။ လိန်ဂွမ်ဖူက အမှန်တကယ်ပဲ ဖန်းယန် ဘာပဲ လုပ်လုပ် အကြွင်းမဲ့ ထောက်ခံပေးမယ်လို့ ပြောခဲ့တယ်။ ဒါက တကယ့်ကို အံ့အားသင့်ဖြစ်သွားစေတဲ့ ကတိစကားပဲ။ ပြီးတော့ ဖန်းယန်ရဲ့ လက်ထဲက အကြီးမားဆုံးစွမ်းအားက လင်းဟန်အတွက် ဆိုးကျိုးဖြစ်စေမဲ့ အရာပဲ ဖြစ်ပါလိမ့်မယ်။

သူကိုယ်တိုင်မှာတော့ ကောင်းကင်ဆေးအိမ်တော်နဲ့ မှော်ဆေးပညာဌာန ကသူ့ရဲ့ နောက်မှာရှိပြီးတော့ ဒီ အဖွဲ့အစည်းနှစ်ခုက စွမ်းအားနဲ့ ပါတ်သတ်ယင် သိုင်းပညာ ဌာနအောက် လုံးဝ မနိမ့်ကျပါဘူး။ တကယ်လို့ စွမ်းအားအပြည့် ထိပ်တိုက် ရင်ဆိုင် ရတော့မယ်ဆိုယင် မိုးရေနိုင်ငံရဲ့အင်ပါယာ မိသားစုရော. အင်အားကြီးကလန်ရှစ်ခု ပါ ဒီပြဿနာထဲကို ကျရောက်လာခဲ့ကြပါလိမ့်မယ်။

မိုးရေဧကရာဇ်က ဒီလိုမျိုး အတွင်းပိုင်းပြဿနာဖြစ်မှာကိုတော့ လုံးဝ ခွင့်ပြုမှာ မဟုတ်ပါဘူး။

ဒါက ထူးဆန်းပါတယ်။ သူက ဖုယွင်ရှင်း.. ပူဆောင်လင်း နဲ့ တစ်ခြားမှော်ဆေး ပညာရှင် တွေကို သူ့ရဲ့ယခင်ဘဝက

မှော်ဆေးပညာစွမ်းရည်ကြောင့် ထိန်းချုပ်နိုင် ပါတယ်။ ဒါပေမဲ့ သူတို့တွေက သူ့ရဲ့ အမိန့်တိုင်းကို နာခံလောက်တဲ့ အဆင့်ထိတော့ မဟုတ်သေးပါဘူး။

``ဖန်းယန်က ရုတ်တရက် မြင့်တက်လားပြီးတော့ ထူးဆန်းတဲ့ အပြုအမူနဲ့ ပြောဆိုတဲ့ဟန်ပန်တွေရှိတယ်..မိုးရေနိုင်ငံရဲ့ အင်ပါယာ မိသားစု က သူ့အပေါ်ကို သူတို့ကိုယ်တိုင် စုံစမ်းလေ့လာမှုတွေ လုပ်ကြလိမ့်မယ်. တကယ်လို့ နိုင်ငံတစ်ခုလုံးရဲ့ အစွမ်းကတောင်မှ ဘာမှရှာဖွေလို့ မရနိုင်ဘူးဆိုယင် မင်းတို့ရဲ့ အချိန်တွေကို ဒီကိစ္စနဲ့ ပတ်သတ်ပြီးတော့ စိုးရိမ်ပူပန်နေပြီး အချိန်မဖြုန်းသင့်ဘူး``

လင်းဟန်က လွီယုထန်ကို ပြောလိုက်ပါတယ်။

``နင့်ကိုယ်နင် လဲ မမေ့ထားနဲ့ဦး``

လီစီရှန်းက ထောက်ပြလိုက်ပါတယ်။

``နင်ရဲ့ တိုးတက်မှုက လဲ ရုတ်တရက်ဆိုသလိုဖြစ်ပြီးတော့ အရမ်းကို ထူးဆန်းတယ် မဟုတ်လား?``

CHAPTER 182 အလင်းပြန်ခြင်း

လင်းဟန်က တစ်ခဏမျှ မှင်တက်သွားပြီးမှ ဂါးလုံးကွဲအောင် ရီချလိုက်ပါတယ်။

ဟုတ်တာပဲ.. သူက သူ့ကိုယ်သူ မေ့နေတယ်.. သူကယခင်ဘဝတုန်းက မှော်ဆေးကေရာဇ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မှော်ဆေးပညာရှင်အားလုံးက သူ့ကို လေးစားပြီးတော့ အကြီးအကျယ် ကြည်ညိုနေတာကို သာမာန်ပဲလို့ သူက မှတ်ယူ ထားပါတယ်။ ဒါပေမဲ့ သူက အခုမှ အသက် ၁၇ နှစ်နှစ်ပဲရှိသေးတာကို မေ့နေခဲ့ပါတယ်။

နိုင်ငံရေးနဲ့ ပါတ်သတ်တဲ့ အစွမ်းထက်တဲ့သူတွေရဲ့ မျက်လုံးထဲမှာတော့ သူက ချီမိသားရဲ့ လက်ထက်မှာ တည်ငြိမ်နေမှုကိုတောင်မှ အမျိုးမျိုး မတည်ငြိမ်အောင်လို့ အကျိုးသက်ရောက်နိုင်တဲ့ တည်ရှိမှုတစ်ခုပဲဖြစ်ပါတယ်။ တကယ်လို့ ဒီလိုအရာတွေ သာခေါင်းထဲကို ရောက်လာမယ်ဆိုယင် သူတောင်မှ လွယ်လွယ်ကူကူနဲ့ အမြစ်ပြတ် သုတ်သင်ခံရနိုင်ပါလိမ့်မယ်။

``တကယ်လို့ သူတို့က အခြေခံတည်ဆောက်ရေး ဆေးကိုးလုံး ကို ဖော်စပ်ခဲ့တာက ငါပဲ ဆိုတာကို သိသွားမယ်ဆိုယင် သူတို့က ပိုပြီးတော့တောင်မှ

အံ့အားသင့်ကုန် ကြမယ် ဟုတ်တယ်မလား?``

လင်းဟန်က သူ့ရဲ့မေးစေ့ကို သူ့ဘာသူ ပွတ်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။
အခြေခံတည်ဆောက်ရေးဆေးလုံးက
နတ်ဘုရားဆေးဖြစ်ပြီးတော့လက်ရှိ မိုးရေနိုင်ငံ ရဲ့ ညီမျှနေတဲ့ စွမ်းအားအပေါ်မှာ တကယ့်ကို အပြောင်းအလဲ ဖြစ်စေနိုင်တဲ့ အထိ အကျိုးသက်ရောက်မှုရှိနိုင်ပါတယ်။ ပြီးတော့ တကယ်လို့ နောက်ထပ် စိတ်ဂိဉာဉ် ပုလ္လင်အဆင့် လက်ရွေးစင် ဆယ်ယောက်ကျော် လောက်ထပ်ပြီး ပေါ်ပေါက်လာခဲ့ မယ်ဆိုယင် လုံးဂကို ရှုပ်ရှုပ်ထွေးထွေး အရာတွေ ဖြစ်သွားနိုင်ပါလိမ့်မယ်။

``ကြည့်ရတာ ငါအများကြီးမတွေးခဲ့မိဘူးပဲ``

လင်းဟန်က သူပြန်လည်မွေးဖွားလာတဲ့အချိန် သူ့ဘဂပေါ်ကို ရောင်ပြန်ဟပ်ပါတယ်။ ဒါက တိမ်မီးခိုးမြို့နဲ့ ဒုယွန်မြို့မှာဆိုယင် အေးဆေးပါပဲ။ ဒါပေမဲ့ အင်ပါယာ မြို့ ကို ဂင်ရောက်လာပြီးနောက်မှာတော့ သူက တကယ့်ကို မျက်စိစပါးမွှေးစူးလွန်းပါတယ်။

``ဒါပေမဲ့ ငါက အရောင်စူးနေတော့ရော ဘာဖြစ်သေးလဲ?

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ဂိုသေသလက္ခဏာနဲ့ ဆိုယင် မိုးရေကောရာဇ် တောင်မှ ငါ့ကို လွယ်လွယ်ကူကူနဲ့ဆန့်ကျင် ဆောင်ရွက်လိမ့်မှာမဟုတ်ဘူး။ လင်းဟန်က သူ့ရဲ့ လက်ချောင်းလေးတွေ ခေါက်ပြီးတွေးနေပါတယ်။သူ့ရဲ့ မျက်လုံးထဲ မှာ အလင်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။

``ဒါပေမဲ့ မုသားမဲ့ မျက်လုံးကို ရယူနိုင်ဖို့အတွက်တော့ ပြန်ပြီးတော့ စဉ်းစားရလိမ့်မယ်``

``ငါ မိုးရေနိုင်ငံရဲ့ ကောရာဇ်ကို တစ်ခါမှ မမြင်ဖူးသေးဘူး.. ကောလဟာလ တွေ အရ တော့ ဒီကောရာဇ်က အလွန်အမင်း ဉာဏ်ကောင်းပြီးတော့ ထိန်းချုပ်နိုင်တဲ့အစွမ်း အရမ်းကို ကောင်းတယ်တဲ့. သူ့ရဲ့ အစီအစဉ်ထဲမှာပါတဲ့ ဒီ သားနှစ်ယောက် အစီအစဉ် နဲ့ လျှို့ပုက်ကြံစည်နေတာ ပြီးတော့ ဒါက အင်ပါယာမြို့ထဲမှာပဲလေ .. သူက ဘယ်လိုလုပ်ပြီးတော့ သတိမပြုမိပဲနေမှာလဲ?

ဘယ်သူသိနိုင်မှာလဲ မိုးရေနိုင်ငံကောရာဇ်ရဲ့ သူလျှို တွေက ဒီ အင်ပါယာ မင်းသား နှစ်ယောက်ရဲ့ ဘေးမှာ ရှိနေနိုင်တယ်ဆိုတာကိုပေ့ါ။

တကယ်လို့ ငါက လျှို့ဝှက်အတွင်းခန်းကို ဖွင့်ပြီးတော့ မှသားမဲ့မျက်လုံးကို သိမ်းယူလိုက်တဲ့အခါကျယင် မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ဖမ်းမိသွားမယ် ဆိုယင် မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့တောင်မှ ငါ့ကို ကာကွယ် ပေးနိုင်မှာမဟုတ်ဘူး. ငါရဲ့ ကံကြမ္မာက ပြစ်မှုအတွက် ကွပ်မျက်ခံရနိုင်တယ်. ဒါမှ မဟုတ်ယင် ငါရဲ့ ကျန်တဲ့ ဘဝတစ်လျှောက်လုံး ချီမိသားစု အတွက် မှော်ဆေးလုံး တွေ ဖော်စပ်ပေးရမဲ့ အကျဉ်းသား ဘဝနဲ့ နေသွားရဖို့ရှိတယ်``

လင်းဟန်ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်စ ဖြတ်ခနဲပေါ်သွားခဲ့ပါတယ်။သူက တွေးလိုက်ပါတယ်။

``ငါ့ရဲ့ယခင်ဘဝတုန်းက ငါက အရမ်းကို သန်မာပြီးတော့ အစွမ်းထက်ပြီး ဘယ်သူက မှ ငါ့ကို ဆန့်ကျင့်ပြီးတော့ လျှို့ဝှက်ကြံစည်ဖို့ မလုပ်ရဲကြဘူး။ ဒါပေမဲ့ ငါ ပြန်လည်မွေးဖွားလာတဲ့အခါမှာ ငါ နည်းနည်းလောက် အရေးမထားမိလိုက်ဘူး..။ ဘယ်သူသိမှာလဲ..ငါက မျှော်လင့်မထားတဲ့ ကျရှုံးမှုနဲ့ ကြုံတွေ့ပြီးတော့ ငါ့အတွက် အရမ်းကို လွယ်ကူတဲ့ တစ်စုံတစ်ခု ဖြစ်လာလိမ့်မယ်ဆိုတာကိုပေါ့...အခု ငါ့ရဲ့ ဦးစားပေးကိစ္စက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင် ဖို့ပဲ ဖြစ်တယ်။

ဒါမှ အနက်ရောင်မျှော်စင်ရဲ့ တကယ့်လျှို့ဝှက်ချက်ကို ရှာဖွေနိုင်မှာ``

ဝင်းက ဒီကမ္ဘာကြီးထဲက ရတနာတွေအားလုံးထဲမှာ တန်ဖိုးအကြီးဆုံး အရာဖြစ်တယ်။

သူမတို့နှစ်ယောက်စလုံး သူက အတွေးထဲနစ်နေတာကို မြင်လိုက်ရတဲ့အခါမှာ လွှီယုထန်နဲ့ လီစီရှန်းတို့က တစ်ပြိုင်နက်တည်း မေးလိုက်ကြပါတယ်။

``နင် ဘာတွေကို စဉ်းစားနေတာလဲ?``

သူမတို့ရဲ့ စကားလုံးတွေ ပြိုင်တူ ထွက်ပီးတဲ့နောက်မှာ သူမတို့က တစ်ယောက်နဲ့ တစ်ယောက် စိုက်ကြည့်လိုက်ကြပါတယ်။

``ဘာလိုနောက်တစ်ကြိမ် ငါပြောသလိုမျိုး လိုက်ပြောနေတာလဲ? ဘယ်လောက်တောင် မုန်းဖို့ကောင်းလိုက်သလဲ``

``ဘာမှမဟုတ်ပါဘူး.. ငါက စောစောကမှ အဆင့်တက်သွားတာလေ.ဒါကြောင့် ငါရဲ့ ကျင့်ကြံခြင်းကို

နိုင်မြေအောင်လုပ်ဖို့ အယင်ဆုံးလိုနေလို့ပါ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်``

လှီယုထန် ကရုတ်တရက် ထအော်လိုက်ပါတယ်။

``ဘာ?``

လီစီရှန်း လဲ အံ့အားသင့်သွားခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မနေ့ကမှ လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်ပဲရှိသေးတယ် ဆိုတာ အရမ်းကို သိသာထင်ရှားပါတယ်။

သူက တစ်ရက်ထဲနဲ့ ကျင့်ကြံခြင်းအဆင့် နှစ်လွှာကို ချိုးဖျက်တက်ရောက်နိုင် ခဲ့တယ်။ ဒါက အရမ်းကို လွန်သွားပြီမဟုတ်ဘူးလား?

``ဒါက ရေးကြီးခွင်ကျယ်လုပ်နေစရာ ကိစ္စမှမဟုတ်တာ``

လင်းဟန် က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပါတယ်။

သူ့ရဲ့ယခင်ဘဝတုန်းက သူက ကောင်းကင်အဆင့်ရဲ့ ဖြိုလောက်တဲ့ အမြင့်ကို ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီလိုမျိုးဒြပ်စင်စုစည်းခြင်း အဆင့်သေးသေးလေးမှာ အဆင့်တက်တာ ကို သူက ဘယ်လိုလုပ်ပြီးတော့ ပီတိဖြစ်နေဖို့လိုမှာလဲ?

``ဦးနှောက်စားလိုက်တာ``

မိန်းကလေးနှစ်ယောက်စလုံးက သူ့ကို မထီမဲ့မြင်ပုံစံနဲ့ ကြည့်လိုက်ပါတယ်။

``ငါဘယ်တုန်းက ဦးနှောက်စားအောင် လုပ်နေလို့လဲ?``

လင်းဟန်က အရမ်းကိုမှားနေတယ်လို့ ခံစားလိုက်ရပါတယ်။ဒါပေမဲ့ သူက ဒီမိန်းကလေး နှစ်ယောက်နဲ့ပြိုင်ပြီးတော့ငြင်းခုံ မနေပဲနဲ့ အဲဒီအစား သူ့ရဲ့ ဓါးသိုင်းပညာ အပေါ်မှာ တွေးဆလိုက်ပါတယ်။ သူက ဓါးချီအလင်း ခုနစ်ခုမြောက် ကို ထုတ်ဖော်ချင်နေခဲ့ပါတယ်။

သူက ဓါးချီအလင်း ခုနစ်ခုမြောက်ကို ထုတ်ဖော်နိုင်တဲ့အခါကျယင် သူ့ရဲ့ တိုက်ပွဲ အစွမ်းကလဲ နောက်တစ်ဆင့်ကို မြင့်တက်လာပါလိမ့်မယ်။

ပိုအရေးကြီးတာက ဒီဟာက သူ့ကို ဓါးအလင်းတန်းနဲ့ ပိုပြီးတော့ ခြေလှမ်းနီးကပ်လာပြီလို့ ဆိုလိုတာပါပဲ။

လင်းဟန်နဲ့ ဖန်းယန် ကြားက ပြဿနာ က အကယ်ဒမီထဲမှာ ကြီးမားတဲ့ လှိုင်းကြီး တစ်ခုကို ဖြစ်စေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီပြဿနာရဲ့ အဆုံးမှာ ကျောင်းအုပ်ကြီး နှစ်ယောက်တောင်မှ ပေါ် လာခဲ့ပါတယ်။

လင်းဟန်က တော့ အေးဆေးပါပဲ ဘာလို့လဲဆိုတော့ ပူဆောင်လင်းက အများကြီး မပြောပါဘူး။ ဒါက အဓိက အင်အားစုတွေအနေနဲ့ ဘယ်လိုမျိုးတွေးသလဲ ဆိုတော့ မတော်တဆ တိုက်တိုက်ဆိုင်ဆိုင် ဖြတ်သွားရင်းနဲ့ တရားမျှတမှုအတွက် ဆုံးဖြတ်ခဲ့ တယ်ဆိုပြီးတော့ပေ့ါ။ ဖန်းယန်ကတော့ လုံးဝမတူညီတဲ့ အခြေအနေပါ။ သူ့ကို လိန်ဂွမ်ဇူရဲ့ တရားမဝင် တိတ်တိတ်ပုန်းသားတစ်ယောက်ဆိုပြီးတော့ အကြီးအကျယ် ပွက်ပွက်ဆူညံအောင်ပြောဆိုနေကြပြီးတော့ အဓိကအင်အားစုတွေကလဲ ယေဘုယျ အားဖြင့် အတည်ပြုခဲ့ကြပါတယ်။

ဒီနေရာမှာ တစ်ခြားပိုပြီးတော့ လေးလေးနက်နက်ကြည့်ရမဲ့ အရာတစ်ချို့ ရှိပါတယ်။ လိန်ဂွမ်ဇူရဲ့ ဖန်းယန်အပေါ်

အပြုအမူဟန်ပန်အမူအရာတွေက သူ့ရဲ့ တိတ်တိတ်ပုန်း သားတစ်ယောက် ပုံစံနဲ့ မတူပါဘူး။ ဒါပေမဲ့ အစေခံအဘိုးကြီးတစ်ယောက်နဲ့ သူ့ရဲ့ သခင်လေးကြားက ဆက်ဆံရေးနဲ့ ပိုပြီးတော့တူပါတယ်။ ဒါပေမဲ့ ဒီ အစေခံ အဘိုးကြီးမှာ အရမ်းကို ခိုင်မာတဲ့ အင်အားရှိပြီးတော့ သခင်လေးကတော့ အရမ်းကို အားနည်းနေဆဲပါပဲ။ ဒါကြောင့် ဒီဆက်ဆံရေးက အရမ်းကြီး မထင်ပေါ် သိပ်မသိသာ ရှာပါဘူး။

ဘာပဲဖြစ်ဖြစ် ဖန်းယန် က အရမ်းကို လူသိများထင်ရှားလာပြီးတော့ အကယ်ဒမီရဲ့ မျက်လုံးတွေထဲမှာတော့ စွမ်းအားကြီးမားတဲ့ ပုံရိပ်တစ်ခု ဖြစ်လာပါတယ်။ ဒါပေမဲ့ သူ့ ညီလေးရဲ့ လက်မောင်းတွေက လင်းဟန်ကြောင့် ပြတ်သွားတာကို သူ့အနေနဲ့ လင်းဟန်ကို ကလဲ့စားချေဖို့ တစ်ခုခု မလုပ်နိုင်သေးပဲ ဖြစ်နေပါတယ်။ ဒါက သူ့ရဲ့ ပုံရိပ်ကို ထိခိုက်နေဆဲပဲဖြစ်ပါတယ်။

ဖန်းယန်က လင်းဟန်ကို သူ့ရဲ့ ရန်သူဖြစ်တဲ့အကြောင်းကို တရားဝင် ကြေညာခဲ့ ပြီးပါပြီ။ ပြီးတော့ သူက လင်းဟန်ကို သုံးလအတွင်းမှာ လုံးဝသတ်ပစ်ပါလိမ့်မယ်။ တကယ်လို့ တစ်ယောက်ယောက်က လင်းဟန်နဲ့ သူငယ်ချင်းဖြစ်ပုံ့တယ်ဆိုယင် သူတို့လဲ ဒီလိုမျိုးတူညီတဲ့

ကံကြမ္မာကနေ လွတ်မြောက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒီစကားတွေကို ကြေညာလိုပြီးတဲ့နောက်မှာတော့ အကယ်ဒမီ တစ်ခုလုံးက ဆူညံပွက်လောရိုက်ကုန်ပြီးတော့ သူတို့အားလုံးက ဒီဖန်းယန်က အရမ်းကို စိတ်ကြီးဝင်နေတာပဲလို့ ထင်မြင်နေကြပါတယ်။

ဖန်းယန်က လိန်ဂွမ်ဖူရဲ့ တရားမဝင် တိတ်တိတ်ပုန်းသား တစ်ယောက် ဖြစ်နိုင်ချေ ရှိတာကို ဘေးဖယ်ထားဦး တကယ်လို့ သူက လိန်ဂွမ်ဖူရဲ့ အကြီးအကဲ ဖြစ်နေယင်တောင်မှ သူ့အနေနဲ့ အင်ပါယာ မြို့အတွင်းမှာ သူ့ရဲ့ လူသတ်ချင်တဲ့ ဆန္ဒကို လူပုံအလယ်မှာ တရားဝင်မကြေညာသင့်ပါဘူး။ တကယ်တော့ ဒါက ချီမိသားစုရဲ့ မြေဖြစ်ပြီးတော့ လိန်ကလန်နဲ့ ဘာမှမဆိုင်ပါဘူး။

မမျှော်လင့်ပဲနဲ့ အင်ပါယာ မိသားစုက ဒီကိစ္စအကြောင်းကို တုံ့ပြန်တာမျိုး လုံးဝ မတွေ့ရပါဘူး။ တကယ်လို့ သူတို့က ဒီလိုအဖြစ်အပျက်ကို လုံးဝမကြားသိခဲ့တာလား ဒါမှမဟုတ် ဖန်းယန်က အရမ်းကိုငယ်သေးတဲ့အတွက် လိန်ဂွမ်ဖူကြောင့်ပဲ သူကို ခေါ်ယူပြောဖို့ ထည့်မတွက်တော့တာပဲလားဆိုတာကို ဘယ်သူကမှ မသိကြပါဘူး။

တကယ်တော့ မိုးရေနိုင်ငံတစ်ခုလုံးမှာ ပန်းဖူးအဆင့် က တစ်ယောက်တည်းပဲ ရှိပြီးတော့ သူမပေါ်လာခဲ့တာ နှစ်ပေါင်းများစွာကြာပါပြီ.. ဒါကြောင့် သူက အသက်ရှင်သေးလား ဒါမှမဟုတ် သေသွားပြီလားဆိုတာကိုလည်း မသိကြပါဘူး။ မိုးရေနိုင်ငံမှာ စိတ်ဝိဉာဉ်ပုလ္လင်အဆင့်က သံသယမရှိ အသန်မာဆုံး ကျင့်ကြံခြင်းအဆင့်ဖြစ်ပြီးတော့ ဒီကျင့်ကြံခြင်းအဆင့်ကို ရောက်နေတဲ့သူတွေက အင်ပါယာရဲ့ ဥပဒေတွေကို လစ်လျူရှုထားပြီးတော့ သူတို့ ကြိုက်သလို လုပ်နိုင်စွမ်း ရှိပါတယ်။ ဒီလူတွေက တကယ့်ကို လက်ရွေးစင်ဆိုတာထဲကမှ လက်ရွေးစင်တွေ ပဲ ဖြစ်ပါတယ်။

အခြေခံ တည်ဆောက်ရေး ဆေးလုံးက သိုင်းပညာရှင်တစ်ယောက်ကို စိတ်ဝိဉာဉ် ပုလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ အခွင့်အရေးတိုးမြင့်လာအောင် အကြီးအကျယ်ကူညီပေးနိုင်ပါတယ်။ ဒါကြောင့် ဒီသတင်းကို ကြားသိထားကြတဲ့ အဖွဲ့အစည်းတိုင်းကို စိတ်လှုပ်ရှားစေပြီးတော့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဘယ်သူကများ သူတို့ရဲ့ ကိုယ်ပိုင်စွမ်းအင် အခြေခံ အတွက် လုံခြုံစေမဲ့ အရမ်းကို အစွမ်းထက်လှတဲ့ လူအနည်းစုကို မလိုချင်ပဲရှိမှာလဲ?

သိုင်းပညာရှင်တွေရဲ့ ကမ္ဘာမှာတော့ အရာအားလုံးကို စွမ်းအားရှိတဲ့သူကပဲ ရယူနိုင်ပါတယ်။

အလယ်အလတ်အဆင့် ကလန်တွေကလဲ အခြေခံတည်ဆောက်ရေး ဆေးတစ်လုံးကို အင်အားကြီးကလန်တစ်ခုရဲ့ အဆင့်ကို ရောက်ရှိနိုင်ဖို့အတွက် ရရှိနိုင်ဖို့ လိုချင်ကြပါတယ်။ အင်အားကြီးကလန်တွေနဲ့ အင်ပါယာ မိသားစုကလဲ သူတို့ရဲ့ ကိုယ်ပိုင်ကလန်တွေရဲ့ အစွမ်းကို ပိုအားကောင်းလာစေဖို့ စိတ်ဂိဉာဉ် ပုလ္လင် အဆင့် လက်ရွေးစင်အနည်းကို ထပ်ပြီးရဖို့ မျှော်လင့်နေပြီးတော့ အနာဂါတ် စွမ်းအား မျှခြေ အခြေအနေအတွက် လုံခြုံမှုရှိဖို့ လိုချင်နေကြပါတယ်။

လင်းဟန်က လုံးဂကို စိတ်အနှောက်အယှက်မဖြစ်ခဲ့ပါဘူး။ ပိုက်ဆံဆိုတာက သူလိုအပ်တဲ့ ဆေးဖက်ဂင်ပါဂင်ပစ္စည်းတွေကို ဂယ်ယူဖို့အတွက်ပဲ လိုအပ်တာဖြစ်ပြီး တော့ မှော်ဆေးလုံးတွေကို ပိုပြီးတော့ ဖော်စပ်နိုင်ပါတယ်။ တကယ်လို့ သူက ပိုပြီးတော့ရှိယင်တောင်မှ သူ့အတွက် အများကြီး အသုံးပြုဖို့ မလိုပါဘူး။

လေလံတင်မဲ့နေ့ကို ရောက်တဲ့အခါမှာ အကြီးဆုံး အင်ပါယာ

မင်းသားက အစောကြီး ရောက်လာပြီးတော့ လင်းဟန်ကို လာရောက်ဖိတ်ခေါ်ပါတယ်။ လွှီယုထန်နဲ့ လီစီရှန်းတို့ကလဲ ဒီလေလံပွဲကို သတိထားမိတာကြာလှပြီဖြစ်တဲ့ အတွက် သူမတို့ လည်း အစောကြီးရောက်လာခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်က သူမတို့နှစ်ယောက် ကိုရော ဟူးညိုကိုပါ သူတို့နဲ့အတူ ခေါ်လာခဲ့ပါတယ်။

``ဟားဟား.. သခင်လေးဟန်က အင်ပါယာမြို့ရဲ့ အချောမောဆုံး ပန်းနှစ်ပွင့်ကို ခူးဆွတ်နိုင်ခဲ့တာပဲ.. ငါက အစောပိုင်းတုန်းက သခင်လေးဟန်ရဲ့ ဘေးမှာ အချောလေးတွေ တစ်ယောက်မှ မမြင်မိတဲ့အတွက် အရမ်းကို ထူးဆန်းတဲ့ ခံစားချက်တွေဖြစ်နေတဲ့ အချိန်အတွင်းမှာပဲ မင်းက အရမ်းကို ကျက်သရေ ရှိပြီး တင့်တယ်လှတဲ့ ပန်းနှစ်ပွင့်ကို ရရှိထားတာပဲ``

အကြီးဆုံးအင်ပါယာ မင်းသားက ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။

လွှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး မျက်နှာတွေ နီမြန်းသွားကုန်ကြပါတယ်။ ဒါပေမဲ့ သူမတို့က ငြင်းခုံမှု ဘာမှမလုပ်ခဲ့ပါဘူး။ သူမတို့က အကြီးဆုံးအင်ပါယာ မင်းသား ရဲ့ စွမ်းအားကြောင့် ဖိနှိပ်ခံနေရသလိုမျိုး ဖြစ်နေတာလား

ဒါမှမဟုတ် သွယ်ဝိုက်တဲ့နည်းလမ်းနဲ့ ဂန်ခံဖို့ ရွေးချယ်လိုက်တာပဲလားဆိုတာတော့ မသိနိုင်ပါဘူး။

ထိုအချိန်အတွင်းမှာ လင်းဟာန်ရဲ့ မျက်လုံးတွေက ပိုင်းစက်ပြူးကျယ်သွား ခဲ့ပါတယ်။ ဒါဆိုယ ဒီကောင်က ယခင်တုန်းက သူက ပန်းသေသေလိုမျိုး ပြဿနာ တစ်ချို့ ရှိနေတယ်လို့ ထင်နေတာလား ဒါမှမဟုတ် သူကို ယောက်ျားမဟုတ်ပဲ ဂျော်တကီး တစ်ယောက်လို့ ထင်နေတာလား? သူက ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ယုထန်နဲ့ စီရှန်း တို့က ငါ့ရဲ့ သူငယ်ချင်းကောင်းတွေပါ``

``သူငယ်ချင်းကောင်းတွေ.. ငါသိပြီ.. ငါသိပြီ``

အကြီးဆုံးအင်ပါယာ မင်းသား ရဲ့ အပြုံးက ပိုပြီးတော့တောင်မှ ရိုးတိုးရိပ်တိပ် သိသလိုလို ပုံစံဖြစ်လာခဲ့ပါတယ်။

သေစမ်း.. ဒီကောင့်ရဲ့ အတွေးတွေက မသန့်ရှင်းလိုက်တာ။

လင်းဟာန်က ခေါင်းစဉ်ပြောင်းပြီးတော့ မေးလိုက်ပါတယ်။

``အရှင်မင်းသားလဲ အခြေခံတည်ဆောက်ရေး ဆေးလုံးကို

လိုချင်နေတာပဲလား?``

``ငါက စိတ်ဝိဉာဉ်ပင်လယ်အဆင့်ကို မချိုးဖျက်နိုင်သေးပေမဲ့လည်း ငါ့ရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့်ကနေ အဆင့်တက်ဖို့ အများဆုံး တစ်နှစ်ကျော်လောက်ပဲ ပြဿနာ ဖြစ်စေနိုင်လိမ့်မယ်``

အကြီးဆုံးအင်ပါယာ မင်းသားက ယုံကြည်မှုရှိစွာနဲ့ ပြောလိုက်ပါတယ်။

``တကယ်လို့ ငါက အခြေခံတည်ဆောက်ရေး ဆေးလုံးတစ်လုံး ရရှိနိုင်မယ်ဆိုယင် အနာဂါတ်မှာ စိတ်ဝိဉာဉ်ပုလ္လင်အဆင့်ကို ချိုးဖျက်တက်ရောက်နိုင်ပြီးတော့ ပိုပြီး မြင့်မားတဲ့ ထူးဆန်းမှုရှိနိုင်လိမ့်မယ်.. ကံမကောင်းတာက ငါ့ရဲ့ ဘဏ္ဍာရေးအရင်း အမြစ်က အကန့်အသတ် ရှိနေတာပဲ။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ငါက အခြေခံ တည်ဆောက်ရေး ဆေးကိုးလုံးစလုံးကို ရရှိဖို့ ကြိုးစားရလိမ့်မယ်. ဒီနည်းတိုင်းဆို ငါက စိတ်ဝိဉာဉ်ပုလ္လင်အဆင့်ကို သေချာပေါက် အဆင့်တက်နိုင်လိမ့်မယ်``

လွီယုထန်နဲ့ လီစီရှန်းတို့က လင်းဟန်ကို

ကြည့်လိုက်ကြပါတယ်။ ဒီကောင်က ဒီအခြေခံ တည်ဆောက်ရေးဆေးကိုးလုံးကို အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ ထုတ်လုပ်ခဲ့တာပါ။ တကယ်လို့ မင်းက သူ့ကို ဖက်တွယ်နိုင်မယ်ဆိုယင် မင်းအောင်အောင်မြင်မြင်နဲ့ အဆင့်တက်နိုင်ဖို့က တကယ့်ကို အာမခံချက်ရှိပါတယ်။

CHAPTER 183 စွန်းဇီယန်

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက စားသောက်ဆိုင်တစ်ခုမှာ နေ့လည်စာ စားနေတုန်းမှာ တိုက်တိုက်ဆိုင်ဆိုင်နဲ့ လုပ်ကြံသတ်ဖြတ်သူ နှစ်ယောက်နဲ့ ဆုံတွေ့ခဲ့သေးတယ်။ ဒီ့အပြင် အနက်ရောင်တိမ်တိုက်စစ်တပ်က အဖွဲ့သား သုံးယောက် တောင်မှ သေသွားခဲ့တယ်``

အကြီးဆုံးအင်ပါယာ မင်းသား က တစ်စက္ကန့်မျှ မှင်တက်သွားခဲ့ပါတယ်။ ထို့နောက်မှာတော့ သူက မေးလိုက်ပါတယ်။

``သခင်လေးဟန်လည်း အဲဒီနေ့က မြင်တွေ့ခဲ့တယ်ပေါ့လေ?``

လင်းဟန်က ခေါင်းကိုငြိမ့်ပြီးတော့ပြောလိုက်ပါတယ်။

``အင်း.. အဲဒီအမျိုးသမီးကိုကြည့်ရတာ အင်ပါယာ မိသားစုရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်မယ်နဲ့တူတယ် ဟုတ်တယ်မလား? သူမပုံစံကိုကြည့်ရတာ အသက်သုံးဆယ် အရွယ် လောက်ရှိပြီးတော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကိုတောင်မှ ရောက်နေပြီ.. သူမရဲ့ အောင်မြင်မှုက တကယ်ကို အံ့ဖွယ်ရာကောင်းတဲ့အရာပဲ ဖြစ်တယ်``

အကြီးဆုံးအင်ပါယာ မင်းသားရဲ့ မျက်နှာ က ရုတ်တရက်ဆိုသလို မည်းမှောင် သွားခဲ့ပါတယ်။ သူက တစ်ခဏမျှ တိတ်ဆိတ်ငြိမ်သက်ပြီးမှ ပြောလိုက်ပါတယ်။

``အဲဒီအမျိုးသမီးရဲ့ နာမည်က ရှုခဲ့ရှင်းလို့ခေါ်တယ်.. သူမက လွန်ခဲ့တဲ့ နှစ်အချို့ က တရားစီရင်ရေးအဖွဲ့ထဲကို ဝင်ရောက်လာခဲ့တယ်။ ငါ့ရဲ့ ခမည်းတော်က သူမကို ကြင်ယာတော် ယွမ် လို့ နာမည်ပေးခဲ့ပြီးတော့ သူမကို တုန်နေအောင်ကို ချစ်တယ်။ သခင်လေးဟန်က မျိုးနွယ်စုရဲ့ အစွမ်းက လူတစ်ယောက်ကို ပန်းဖူးအဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်အောင်လို့ကူညီနိုင်တယ်ဆိုတာကို သိပြီးပြီပဲ. ပြီးတော့ အဲဒါက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း

အမြန်နှုန်းကိုလဲ မြှင့်ပေးအောင်လို့ကူညီပေး နိုင်တယ်ဆိုတာကို သိသင့်တယ်။ ဒါပေမဲ့ မျိုးနွယ်စုရဲ့ အစွမ်းက အကန့်အသတ်နဲ့ ရှိတယ်။ ငါ့ရဲ့ ခမည်းတော်က အဲဒီအမျိုးသမီးအပေါ်မှာ တော်တော်များများကို တကယ်ပဲ အသုံးပြုခဲ့တယ်... ဟွမ့်``

အကြီးဆုံး အင်ပါယာ မင်းသားရဲ့ နောက်ဆုံးစကားလုံးတွေက လက်ရှိ ကေရာဇ် ရဲ့ လှုပ်ဆောင်မှုတွေကို အပြစ်ရှာဝေဖန်ရဲ ပြီးတော့ အရမ်းကို သစ္စာဖောက်တဲ့ ပုံစံမျိုး ရှိနေပါတယ်။ ဒါပေမဲ့ အကြီးဆုံးအင်ပါယာ မင်းသားရဲ့ လေသံက ဒီ ရှုခဲ့ရှင်းကို အရမ်း ကို မကျေမနပ်ဖြစ်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က ရှုခဲ့ရှင်းရဲ့ ညို့ယူဖမ်းစားတတ်တဲ့ သွင်ပြင်လက္ခဏာ ကို ပြန်စဉ်းစား မိလိုက်တဲ့ အခါမှာ လက်ရှိ မိုးရေကေရာဇ် ရဲ့ ဦးခေါင်းက သူမရဲ့ ခြေထောက်ကြား ထဲ မှာ ရှိနေတာက အံ့သြစရာမဟုတ်တော့ပါဘူး။ သူမက တကယ့်ကို ဆွဲမက်ဖွယ် ကောင်းအောင် ချောမောလှပပါတယ်။ ကေရာဇ်က သူမကို ဘယ်လောက်တောင် ချစ်ခင်မြတ်နိုးတယ်ဆိုတာကို သူမအပြင်ထွက်တဲ့အခါမှာ အနက်ရောင်တိမ်တိုက် စစ်တပ်ရဲ့ အဖွဲ့သားတွေကို အစောင့်အကြပ်အဖြစ်နဲ့

ထည့်ပေးလိုက်တာကိုကြည့် ခြင်းဖြင့် သိသာထင်ရှားပါတယ်။တကယ်လို့ သူမက ဧကရာဇ်ရဲ့ မျက်နှာသာ ပေးမှု ကို မရရှိခဲ့ဘူးဆိုယင် အင်ပါယာရဲ့ ကြင်ယာတော်တစ်ယောက် အနေနဲ့ သူမက ဘယ်လိုလုပ်ပြီးတော့ အင်ပါယာ နန်းတော်ကနေ ပေါ့ပေါ့ပါးပါးနဲ့ ထွက်သွားလို့ ရမှာလဲ?

``ကြင်ယာတော် ယွမ် မှာ သားသမီးတွေ ရှိသလား?``

လင်းဟန်က ပေါ့ပေါ့လေးပဲ မေးလိုက်ပါတယ်။

``မရှိပါဘူး``

အကြီးဆုံးအင်ပါယာ မင်းသားက သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလိုမှမဟုတ်ယင် မိုးရေဧကရာဇ်ရဲ့ သူမအပေါ်ကို တုန်နေအောင်ချစ်နေပုံနဲ့ဆိုယင် သူသာမက တတိယ အင်ပါယာ မင်းသားပါ သူတို့ရဲ့ အချိန်တွေကို သရဖူအတွက် ယှဉ်ပြိုင်ဖို့ အချိန်တွေ အလဟဿဖြစ်သွားပါလိမ့်မယ်။

တစ်ဖြေးဖြေး ဆွေးနွေးပြောဆိုယင်းနဲ့ သူတို့က စိတ်ဂိုဏ်းဥာဉ်ရတနာ စံအိမ်ကို ရောက်လာခဲ့ကြပါတယ်။ သူတို့ရဲ့

မြင်းလှည်းပေါ်ကနေ ဆင်းလိုက်တဲ့အခါမှာ လူငယ် တစ်ယောက်က သူတို့ဆီကို ချဉ်းကပ်လာတာကို မြင်လိုက်ကြပါတယ်။

``စွန်းဇီယန်က အရှင့်မင်းသားကို နှုတ်ဆက်ပါတယ်``

စွန်းဇီယန်?

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ သူက အဲဒီလူငယ် ကို လှည့်ပြီးတော့ကြည့်လိုက်ပါတယ်။ ဒီလူငယ်ရဲ့ အသွင်ပုံသဏ္ဍာန် က သာမာန် မျှသာ ဖြစ်ပြီးတော့ အရပ်မြင့်ပြီးတော့ ပိန်ပါးပါတယ်။သူက ငွေဦးစမ်းရေ အဆင့်ကို ရောက်ကာစပဲ ရှိပြီးတော့သူရဲ့ အရှိန်အဂါကလဲ အရမ်းကို မတည်ငြိမ်သေးပါဘူး။

အကြီးဆုံးအင်ပါယာ မင်းသားက သူရဲ့ လက်ကို အနည်းငယ်မြှောက်လိုက်ပီး အုပ်ချုပ်သူ တစ်ယောက်ရဲ့ အရှိန်အဂါက ထွက်ပေါ်လိုလာခဲ့ပါတယ်ယ။

မိုးရေနိုင်ငံရဲ့ အစွမ်းထက်ဆုံးနဲ့ အကြီးကျယ်ဆုံးကလန်က ချီမိသားစုပဲဖြစ်ပြီးတော့ နိုင်ငံရေး ခုံရုံးတွေအပေါ်မှာ

ထိန်းချုပ်ထားပြီးတော့ သူတို့ရဲ့ အင်ပါယာ အစွန်းအဖျား တွေထိတိုင်အောင် စွမ်းအားတွေက ပြန့်နှံ့နေပါတယ်။

ဒါပေမဲ့ စွန်းကလန်က အဆင့်အတန်းမှာဆိုယင် ချီမိသားစုအောက် အနည်းငယ် သာ နိမ့်ကျပါတယ်။ ဒါကြောင့် စွန်းဇီယန်က အကြီးဆုံးအင်ပါယာ မင်းသားကို တကယ်တမ်းတော့ မကြောက်ရွံ့ပါဘူး။ သူက နှုတ်ဆက်ပြီးတဲ့ နောက်မှာ လင်းဟန်ဘက်ကို လှည့်ကြည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``လင်းညီလေး.. နောက်ဆုံးတော့ ငါတို့ တွေ့ဆုံကြပီပေါ့``

ကြည့်ရတာ စွန်းဇီယန်က ဒီနေရာကနေ သူ့ကို စောင့်နေတာပဲဖြစ်ရမယ်။

``စွန်းဇီယန် နင်ဘာလိုချင်လို့လဲ?``

လီွယုထန် က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

လိမ္မာပါးနပ်တဲ့ နောက်လိုက် မိန်းကလေးတစ်ယောက်အနေနဲ့ သူမက အရှေ့ကို တက်ပြီးတော့ ရပ်တည်လိုက်ပါတယ်။

မှင်တက်ပြီးတော့ မနာလိုတဲ့ အမူအရာက စွန်းဇီယန်ရဲ့ မျက်နှာပေါ် မှာ ပေါ် လာခဲ့ ပါတယ်။ လွှီယုထန်နဲ့ လီစီရှန်းတို့ကို အင်ပါယာမြို့ရဲ့ ပုလဲအမွှာ အဖြစ်လူသိများ ထင်ရှားကြပြီးတော့ သူမတို့ရဲ့ စိတ်ဂင်စားမှုကို လိုချင်တဲ့ ယောက်ျားထုကြီးက ဆိုယင် အင်ပါယာမြို့တစ်ခုလုံးကို ပိုင်းပါတ်လိုက်မယ်ဆိုယင် အကြိမ်ရေအနည်းငယ် ပိုင်းပါတ်ထားလို့တောင်ရပါတယ်။ သူကိုယ်တိုင်လဲပဲ ပိုးပန်းနေသူတစ်ယောက် ဖြစ်ပါတယ်။

ကံမကောင်းတာက ကြည့်ရတာ ဒီ ချောမောလှပတဲ့ ပန်းနှစ်ပွင့် က တကယ့်ကိုပဲ လူတစ်ယောက်တည်းကိုပဲ ကြွေဆင်းသွားတဲ့ပုံပါပဲ။ဒါက တကယ့်ကို မုန်းတီးစရာ မနာလိုစရာ ဒေါသထွက်စရာ ကောင်းလိုက်တဲ့ အရာပါပဲ။

တကယ်လို့ လင်းဟန်က သူ့ရဲ့ လက်ရှိ အတွေးကို သာ သိမယ်ဆိုယင် သူက တကယ့်ကို ကျယ်လောင်စွာနဲ့ ပွက်လောရိုက်သွားပါလိမ့်မယ်.. သူက တကယ်တော့ ရိုးသားပြီး အပြစ်ကင်းစင်ပါတယ်။ နတ်ဘုရားတွေက သူတကယ်ပဲ ဘာမှ မလုပ်ဘူး ဆိုတာ ကို သိပါတယ်။ သူက အဖြူရောင်ပန်းတစ်ပွင့်လိုမျိုး သန့်စင်ပါတယ်။

စွန်းဇီယန် က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်က လင်းညီလေးနဲ့ ကျုပ်ရဲ့ကြားက ပြဿနာသေးသေးလေး တစ်ခုကို ပြေငြိမ်းသွားစေချင်လို့ပါ``

``အိုး.. ဒီလိုမျိုး ကိစ္စလဲရှိသေးတာပဲလား?``

အကြီးဆုံးအင်ပါယာ မင်းသားက ဂင်စွက်ဖက်လိုက်ပါတယ်။

``ဒါက အနည်းငယ် နားလည်မှုလွဲမှားတာပဲဖြစ်ပါတယ်``

စွန်းဇီယန်ကပြောလိုက်ပါတယ်။

``အိုး?``

လင်းဟန်ရဲ့ မျက်လုံးတွေက အေးစက်စက်ပုံစံပြောင်းသွားခဲ့ပါတယ်။

``မင်းက ငါ့ရဲ့ ညီမငယ်လေးနှစ်ယောက်ကို ငမ်းငမ်းတက်အောင် လိုချင်နေတဲ့ ယောက်ျားထီးအကြောင်းကို ပြောနေတာလား..သူက လှည့်ဖျားလို့ မအောင်မြင်တာနဲ့

ငါ့ခါးဆီကနေ သူတို့ကို ပြန်ပေးဆွဲ လုယူဖို့အတွက် လူတစ်ချို့ကို လွှတ်လိုက်တဲ့သူမဟုတ်လား? ဒါဆို အဲဒါက နားလည်မှုလွဲတာပေါ့``

စွန်းဇီယန်ရဲ့ မျက်နှာပေါ်မှာ ဒေါသ အရိပ်အယောင်တစ်ခု ဖြတ်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက အတင်းအဓမ္မ လျှော့ချပြီးတော့ ပြောလိုက်ပါတယ်။

``လင်းညီလေး.. အဲဒီမင်းရဲ့ ညီမငယ်လေးနှစ်ယောက်က လုံးဝမထိမရှနဲ့ ဒဏ်ရာ မရခဲ့ဘူးမဟုတ်လား? ငါက ဒီနေရာကို ငါ့ရဲ့ ယောက္ခထီးကြီးကိုယ်စား တောင်းပန် ဖို့ လာခဲ့တာပဲ..ပြီးတော့ ငါတို့ရဲ့ တောင်းပန်မှုကို လက်ခံခြင်းအတွက် ကျေးဇူးတင် တဲ့ အနေနဲ့ လက်ဆောင်တစ်ခုလည်းပို့ပေးပါမယ်.. ဒါကြောင့် ကျေးဇူးပြုပြီးတော့ ဒီပြဿနာကို မေ့လိုက်ပါတော့.. လင်းညီလေး နောက်ထပ် ဘာမှ ဆက်ပြီးတော့ မလုပ်တော့ယင် နှစ်ဖက်စလုံးကို ထိခိုက်နစ်နာမှာမဟုတ်တော့ဘူး``

အကြီးဆုံးအင်ပါယာ မင်းသားက ခေါင်းငြိမ့်ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

``ဇီယန်က စိတ်ရောကိုယ်ပါ တောင်းပန်နေမှတော့ ညီလေးလင်းက ငါ့ကိုမျက်နှာသာ ပေးပြီးတော့ ဇီယန်ကို ခွင့်လွှတ်ပေးပြီး ဘာကြောင့် ဒီကိစ္စ တစ်ခုလုံးကို မေ့မပစ်တာလဲ?``

လွီယုထန်ကို ကြည့်ရတာ အနည်းငယ်စိုးရိမ်နေပုံရပါတယ်။ သူမက လင်းဟာန်ရဲ့ ပင်ကိုယ်စရိုက်ကို ကောင်းကောင်းသိပြီးတော့ လင်းဟာန်က အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တိုက်ရိုက်ပြဿနာ ဖြစ်လာမှာကို ကြောက်ရွံ့မိပါတယ်။

လင်းဟာန်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။ စွန်းဇီယန်ရဲ့ အကြီးဆုံး အင်ပါယာ မင်းသားတို့က ဒါကိုမြင်လိုက်တဲ့အခါမှာ သူတို့ကလဲ ဒီ နားလည်မှု လွဲ တဲ့ ကိစ္စက ပြေလည်သွားပြီလို့ ထင်ပြီးတော့ သူတို့လည်း အတူတူရီမောလိုက်ကြပါတယ်။

``မရဘူး``

အဲဒီအချိန်မှာပဲ လင်းဟာန်က ရုတ်တရက် ကြေညာလိုက်ပါတယ်။

``အဟွတ် အဟွတ် ``

အကြီးဆုံး အင်ပါယာ မင်းသားနဲ့ စွန်းဇီယန် တို့ က သူတို့ရဲ့ အသက်တွေကို မရှူ နိုင်မကယ်နိုင် ဖြစ်ပြီးတော့ ချောင်းတဟွတ်ဟွတ်နဲ့ ဆိုးကုန်ပါတယ်။ သူတို့ရဲ့ မျက်နှာက မည်းမှောင်သွားပီးတော့ လင်းဟာန်ကို ကြည့်လိုက်ပါတယ်။ မင်းက ဒီပြဿနာကို ငြိမ်းငြိမ်းချမ်းချမ်းတဲ့ ဖြေရှင်းဖို့ကို သဘောမတူဘူးဆိုယင် ဘာဖြစ်လို့ ပျော်ရွှင်စွာနဲ့ ရီမောနေရတာလဲ?

``လင်းညီလေး ငါက တကယ့်ကို စိတ်ရင်းအတိုင်းနဲ့ ဒီနေရာကို လာခဲ့တာပါ``

စွန်းဇီယန် ရဲ့ လေသံက သူရဲ့စကားလုံးတွေအောက်မှာ ခြိမ်းခြောက်မှုကို ဖုံးကွယ် ထားတဲ့ ပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`` ငါကလဲ တကယ့်ကို စိတ်ရင်းနဲ့ ပြောတာပဲ ဒီကိစ္စနဲ့ပတ်သတ်လို့ မင်းကိုပြောလိုက် မယ် ဘယ်လိုနည်းနဲ့မှ ဒီကိစ္စကို ငြိမ်းချမ်းစွာနဲ့ ဖြေရှင်းလို့ ရနိုင်မှာ မဟုတ်ဘူး.. မင်းရဲ့ ယောက္ခထီးလူအိုကြီးက လုံး၀

ဆန်ကုန်မြေလေးတစ်ယောက်ပဲ. သူကို ဒီကမ္ဘာပေါ်မှာ ဆက်ပြီးတော့ အသက်ရှင်ခွင့်ပေးထားယင် အစားအစာ တွေကို ဖြုန်းတီးတာပဲ``

``လင်းညီလေး မင်းက စွန်းကလန်နဲ့ စစ်ပွဲ ကြေညာဖို့ ဆန္ဒရှိနေတာလား?``

စွန်းဇီယန်က မေးလိုက်ပါတယ်။

``ဟားဟား .. ဇီယန်.. မင်းရဲ့ စကားလုံးတွေက အရမ်းကို ကြမ်းနေပြီ မဟုတ်ဘူးလား?``

အကြီးဆုံး အင်ပါယာ မင်းသားက ဖြန်ဖြေသူတစ်ယောက်အနေနဲ့ ကြားဝင်လိုက်ပါ တယ်။ သူက လင်းဟန်နဲ့ ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးတစ်ခု ဖြစ်လာပြီးတော့ သူကို ထောက်ပံ့မှုရအောင် လုပ်နေတဲ့အချိန်မှာ စွန်းကလန်ရဲ့ ရန်လိုမှုကို ပထမဆုံး အနေနဲ့ မလိုချင်ပါဘူး။

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``စွန်းဇီ...ယန်.. မင်းက တကယ်ပဲ စွန်းကလန်ကို

ကိုယ်စားပြုနိုင်လို့လား?``

``မင်းက ငါ့ကို စော်ကားပွံ့သလား?``

စွန်းဇီယန် သူ့ကို စိုက်ကြည့်လိုက်ပါတယ်။ ဒီကောင်က တမင်သတ်သတ်လုပ်နေ တာပဲ ဖြစ်ရမယ်။ သူ့ရဲ့နာမည်ကို ပြောတဲ့အခါမှာ ပထမ စွန်းဇီ ကို အယင်ပြောပြီး မှ ခဏရပ်ပြီး အနောက်က ယန် ကို ဆက်ပြောတာပါ။

``ချီး... စွန်း ဇီ ယန် ဆိုတာ မင်းရဲ့နာမည်မဟုတ်လား.. မင်းရဲ့ နာမည်ကို ခေါ်တာက မင်းကို စော်ကားတာနဲ့ ညီမျှတယ်လို့ ဆိုလိုတာလား? ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ?``

လင်းဟန် က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

``ဟမ့်.. တကယ်လို့ မင်းက ငါ့ရဲ့နာမည်ကို သာမာန်အတိုင်းခေါ်တယ်ဆိုယင် တော့ အဆင်ပြေတာပေါ့.. ဒါပေမဲ့ မင်းအခု ခေါ်လိုက်တဲ့ ပုံစံက တမင်သတ်သတ် လုပ်လိုက်တာပဲ``

စွန်းဇီယန်က ကြမ်းကြမ်းတမ်းတမ်း နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အပြစ်ကင်းစင်တဲ့ အမူအရာကို ထုတ်ဖော်လိုက်ပီးတော့ မေးလိုက်ပါတယ်။

``ငါက မင်းကို ဘယ်လိုများခေါ်လိုက်လို့လဲ ထပ်ပြောကြည့်ပါလား?``

``စွန်းဇီ....ယန်``

စွန်းဇီယန်က ရှေ့နောက် မစဉ်းစားပဲ သူ့ရဲ့နာမည်ကို ထပ်ပြီးတော့ လင်းဟန် ခေါ်တဲ့ နည်းအတိုင်း ခေါ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပါးစပ်က ဒီစကားလုံးတွေ ထွက်သွား ပြီးတဲ့အခါ နောက်ဆုံးတော့ သူကအမှားလုပ်မိသွားပြီဆိုတာကို သတိပြုမိ သွားပြီးတော့ ဒေါသတကြီးနဲ့ သူကအော်ဟစ်လိုက်ပါတယ်။

``လင်းဟန်... မင်းက ငါ့ကို လှည့်စားရဲတယ်``

``မင်းရဲ့ ဉာဏ်ရည် အဆင့်လေးနဲ့ ဟင့်``

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါလိုက်ပါတယ်။

``မင်းက တကယ့်ကို မြေးတစ်ယောက် ဖြစ်ဖို့ပဲ ထိုက်တန်တယ်``

``မင်းက သေလမ်းရှာနေတာပဲ``

စွန်းဇီယန်က ဒေါသထွက်သွားပြီးတော့ ကြမ်းတမ်းတဲ့ လက်သီးတစ်လုံးကို လင်းဟန် ဆီကို ရည်ရွယ်ပီးတော့ ပစ်သွင်းလိုက်ပါတယ်။

``ထန်``

လွှီယုထန်က အရှေ့ကို တိုးဝင်လာပြီးတော့ စွန်းဇီယန် ရဲ့ လက်သီးကို သူမရဲ့ ခါးနှောင့်ရိုး နဲ့ ကာကွယ်လိုက်ပါတယ်။ သူမက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``စွန်းဇီယန် ငါ့ရဲ့ ခါးကို ဆွဲထုတ်ချင်အောင်လို့ ဖိအားလာမပေးနဲ့``

စွန်းဇီယန်က အနောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပီးတော့ လွှီယုထန်ကို သတိနဲ့ ကြည့်လိုက်ပါတယ်။ သူက သူမရဲ့ တကယ့် ကျင့်ကြံခြင်းအဆင့်ကို လုံးဝ စူးစမ်းလို့ မရပါဘူး။ ဒါက သူမရဲ့ကျင့်ကြံခြင်း အဆင့်က သူ့ထက်

ပိုပြီးမြင့်မားနေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူက သူမနဲ့ ရင်ဆိုင်တဲ့အခါမှာ အရမ်းကို သတိထားဖို့ လိုပါတယ်။

``ဟားဟား.. မင်းတို့တွေအားလုံးက ငါတို့နိုင်ငံရဲ့ အရေးကြီးတဲ့ လူတွေပဲ. ဒါကြောင့် ပြဿနာ မဖြစ်အောင်လို့ ကျေးဇူးပြုပြီးတော့ ရှောင်ကြပါ``

အကြီးဆုံးအင်ပါယာ မင်းသားက သူတို့နှစ်ယောက်ရဲ့ကြားမှာ ရပ်လိုက်ပီးတော့ ဂင်စွက်ဖက်လိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံးက အင်အားကြီးကလန်တွေရဲ့ အဖွဲ့သားတွေ ပဲ ဖြစ်ပါတယ်။ တကယ်လို့ ဒါက လက်ရည်စမ်းတယ်ဆိုယင် အဆင်ပြေပါတယ်။ ဒါပေမဲ့ အသက်ဆုံးရှုံးတာမျိုး ဖြစ်လာယင်တော့ သူလို အင်ပါယာမင်းသားတစ်ယောက် ကိုတောင်မှ ဂေဖန်အပြစ်တင်ခြင်းခံရပါလိမ့်မယ်။ သရဖူအတွက် တိုက်ပွဲမှာ ဒီလိုမျိုး အရေးကြီးတဲ့ အချိန်မျိုးမှာ သရဖူကို ဆက်ခံနိုင်ဖို့သူရဲ့ အိမ်မက်မျှော်လင့်ချက် တွေ အားလုံး ဆုံးရှုံးသွားစေနိုင်မဲ့ အမှားအယွင်းအနည်းငယ်လေးကိုတောင်မှ ဖြစ်လို့ မရနိုင်ပါဘူး။

``မင်းပြန်သွားတဲ့အခါမှာ ချန်းယွင်ချင်းကို သူ့ရဲ့လည်ပင်းကိုသန့်ရှင်းထားပါ လို့ သူ့အတွက် ငါကိုယ်တိုင်ပဲ လက်မရှုံ့ပါးကွက်သား ကို ပို့ပေးလိုက်ပါမယ်``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စကားလုံးတွေ အောက်မှာ အလွန်အမင်းကို ဆုံးဖြတ်ထားတဲ့ လေသံ တစ်ခု ရှိနေပါတယ်။

စွန်းဇီယန် က အံ့ချွှေပြန်ရသွားပြီးတော့ မေးလိုက်ပါတယ်။

``လင်းဟန်.. မင်းက နှစ်ဖက်စလုံး ထိခိုက်နစ်နာစေမဲ့ တစ်စုံတစ်ခုကို လုပ်တော့မှာလား?``

``နှစ်ဖက်စလုံးကို ထိခိုက်မယ် ဟုတ်လား မင်းကဘာကိုဆိုလိုတာလဲ?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဟမ့်.. ဒီလိုဆိုမှတော့ လှုပ်ရှားတဲ့အခါကျယင် ငါ့ကို အပြစ်မတင်နဲ့``

စွန်းဇီယန် က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``ငါမင်းကို အကူညီဖြစ်စေမဲ့ အကြံဉာဏ် တစ်ခု ပေးမယ်.. မင်းရဲ့ ဆိုင်တွေကို ပိုပြီးတော့ ဂရုစိုက်သင့်တယ်.. အင်ပါယာမြို့က အရမ်းကိုကြီးမားတယ်. ဒါကြောင့် လာပြီးတော့ပြဿနာရှာတတ်တဲ့ လူဆိုးလူမိုက်တွေကလဲ ရှောင်လွဲလို့ ရမှာမဟုတ်ဘူး``

လင်းဟာန်က သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

``ဒါဆိုယင်လဲ ငါက နောက်ထပ် ကလန်တစ်ခုကို အမြစ်ပြတ် သုတ်သင် ပစ်ရတော့မှာပေါ့``

သူ့ရဲ့စကားလုံးတွေက အရမ်းကို ပေါ့ပါးစွာနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ အကြီးဆုံး အင်ပါယာ မင်းသားက မရေမရာ ကြားလိုက်ရတဲ့အခါ မှာ သူ့ရဲ့ အမူအရာက ရုတ်တရက်ဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။

CHAPTER 184 ကျေးဇူးပြုပြီးတော့ တတိယ အထပ်ကို ကြွပါ

နောက်ထပ် ကလန် တစ်ခုကို အမြစ်ပြတ် သုတ်သင်ပစ်မယ်? စွန်းကလန်လား?

အကြီးဆုံး အင်ပါယာ မင်းသားက လင်းဟာန်ကို

လှည့်မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူက လင်းဟန်အပေါ် အရမ်းကို မြင့်မြင့်မားမား ကြည့်ထားသော်လည်းပဲ လင်းဟန်ရဲ့ အနောက်မှာရှိတဲ့ မိုးရေနိုင်ငံရဲ့ မှော်ဆေးပညာရှင် အားလုံး တောင်မှ စွန်းကလန်ကို အမြစ်ပြတ် သုတ်သင်ပစ်ခြင်း ကို မလုပ်ဆောင်နိုင်ပါဘူး။ ဒါက ဘာဖြစ်လို့လဲဆိုတော့ အင်အားကြီး ကလန်ရှစ်ခု က နိုင်ငံရဲ့ ထောက်တိုင် တွေအဖြစ် ကူညီထောက်ပံ့နေကြလို့ဖြစ်ပါတယ်။ တကယ်လို့ အခြေအနေတွေက ဒီလိုမျိုးအထိကို ရောက်လာမယ်ဆိုယင် မိုးရေဧကရာဇ် ကိုယ်တိုင် လှုပ်ရှားလာယုံတင်မက လူမြင်ကွင်းနောက်မှာ ရပ်နေတဲ့ ချီမိသားစုရဲ့ အကြီးအကဲတောင်မှ ပေါ်ထွက်လာပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ရဲ့ မျက်နှာပေါ်က အရမ်းကို တည်ငြိမ်အေးဆေးပြီးတော့ အိန္ဒြေရှိ ပြီး အေးစက်တဲ့ပုံစံတွေကြောင့် ဒါက တစ်ခဏတာမျှ စိတ်ဆိုးဒေါသ ထွက်လို့ ပြောလိုက်တဲ့ စကားတွေနဲ့ လုံးဝ မတူပါဘူး။ သူ့ရဲ့ မျက်လုံးအတွင်းပိုင်းက ဖုံးကွယ်ထားတဲ့ နက်ရှိုင်းမှုတွေက အကြီးဆုံးအင်ပါယာ မင်းသားရဲ့ နှလုံးသားထဲက အေးစက်တဲ့ ခံစားမှုတွေကိုတောင်မှ မြင့်တက်လာစေခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူက နေ့ဦးစမ်းရေ အလှ္ဘာ ကိုး အဆင့် ဖြစ်ပြီးတော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် ရဲ့ တံခါးကို ခြေတစ်လှမ်းလှမ်းနေပါပြီ။ ဒါ့အပြင် သူက အင်ပါယာရဲ့ အကြီးဆုံး အင်ပါယာ မင်းသား ဖြစ်ပြီးတော့ လူငယ်တစ်ယောက်ရဲ့ မျက်လုံးတွေကို ကြည့်လိုက် ယုံနဲ့ တကယ့်ကို ကြောက်ရွံ့မှုကို ခံစားသွားခဲ့ပါတယ်။

``ဟမ့်.. မင်း မရှူးဖို့ ကို ငါ မျှော်လင့်ပါတယ်``

စွန်းဇီယန်က လင်းဟန်ရဲ့ တီးတိုးပြောဆိုတာကို မကြားလိုက်ပါဘူး။ သူ့ရဲ့ ဂုတ်စုံကို ရမ်းလိုက်ပြီးတော့ သူ့ရဲ့ အလွန်အမင်း မကျေမနပ်ဖြစ်နေတာကို သက်သေပြဖို့ လုံလောက်ပါတယ်။

ဒါကသဘာဂပါပဲ.. သူက လင်းဟန်နဲ့ ချန်းယွင်ချင်း ကြားက ပြဿနာ ကို ဖြန်ဖြေသူ တစ်ယောက် အနေနဲ့ ဂင်ဖို့ လိုအပ်တာဖြစ်ပြီးတော့ သူ့ဆီက စကားအနည်းငယ် မျှနဲ့ ဖြေရှင်းပြီးသွားလိမ့်မယ်လို့ ထင်နေခဲ့တာပါ. လင်းဟန်က သူ့ကို အနည်းငယ်မျှ မျက်နှာသာ မပေးဘူးဆိုတာကို သူလုံးဂမထင်ထားခဲ့ပါဘူး။

အကြီးဆုံးအင်ပါယာ မင်းသားက အကြံပေးစကား တွေ ထပ်ပြီးတော့ မပြောတော့ ပါဘူး။ လင်းဟန်ရဲ့ အစောတုန်းက စကားတွေက သူ့အတွက်ကြားနိုင်လောက် အောင် လုံလောက်တဲ့ ကျယ်လောင်မှုနဲ့ ပြောခဲ့တယ်ဆိုတာ သိသာ ထင်ရှားပါတယ်။ တကယ်လို့ သူက လင်းဟန်ကို ဆက်ပြီးတော့ အကြံပေးမယ် ဆိုယင် လင်းဟန်က ဒီထက်ပိုပြီးတော့တောင်မှ အံ့အားသင့်စရာကောင်းတဲ့ စကားကို ပြောပါလိမ့်မယ်. ပြီးတော့ နောက်ထပ်ကလန်တစ်ခုကို အမြစ်ပြတ် သုတ်သင်ပစ်မယ်လို့ သူ့ရဲ့ ဆန္ဒကို ထပ်ပြီးတော့တောင် ကြေညာမလားမသိပါဘူး?

ဒါကို နိုင်ငံတော် သစ္စာဖောက်မှုကြီးတစ်ခုလို့ တကယ်ပဲ ယူဆလို့ရပါတယ်။

စွန်းဇီယန်က လှည့်ထွက်သွားလိုက်ပါတယ်။ စိတ်ဂိဉာဉ်ရတနာ စံအိမ်ရဲ့ ဂင်ပေါက် အဝကို ရောက်တဲ့အခါမှာတော့ အဘိုးကြီးတစ်ယောက်က ရောက်လာပြီးတော့ သူ့ကိုကြို့ဆိုပြီး ပြောလိုက်ပါတယ်။

``ဇီယန်.. အဲဒီကောင်က ဘာပြောသလဲ?``

အဘိုးကြီးက ချန်ယွင်ချင်းပါ။

စွန်းဇီယန်ရဲ့ မျက်နှာပေါ်မှာ မကျေနပ်တဲ့ အမူအရာတစ်ခု ဖြတ်သန်းသွားခဲ့ပါတယ်။ သူက သာမာန် လူတွေရဲ့ အသက်ကို လုံးဝ ဂရုမစိုက်သော်လည်း ဒီလိုမျိုး နှာဘူးထ တဲ့ တဏှာရူးအဘိုးကြီးကို မနှစ်မြို့ပေမဲ့ သူက ဘာလုပ်နိုင်မှာလဲ? ဒါက သူရဲ့ ယောက္ခထီးကြီးလေ။

``သူ ငြင်းဆန်လိုက်တယ်``

သူ့ခေါင်းကို ခါပြလိုက်ပါတယ်။

ချန်ယွင်ချင်းက ပထမတော့ မှင်တက်သွားပြီးတော့ ချက်ချင်းပဲ ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

``ဒီကောင်က မင်းက မျက်နှာသာပေးတာကိုတောင်မှ တကယ်ပဲ ငြင်းပယ်လိုက်တယ်.. ဘာကြောင့်လဲဆိုတော့ သူ့မှာ လွီကလန်ရဲ့ မင်းသမီး ကာကွယ်ပေးထားလို့ပဲဖြစ်မယ်``

စွန်းဇီယန်က နှာခေါင်းရှုံ့လိုက်ပါတယ်။ သူက ဒီ ချန်ယွင်ရှင်းဆိုတဲ့ အဘိုးကြီးက မီးလောင်ရာ

လေပင့်တတ်မှန်းသိပါတယ်။ ဒါပေမဲ့ သူလည်းတကယ့်ကို မကျေမနပ် ဖြစ်နေတာပါ။

``အကြီးဆုံးနဲ့ တတိယ အင်ပါယာ မင်းသားနှစ်ယောက်စလုံးက ဒီကောင်နဲ့ ခင်မင် ရင်းနှီးတဲ့ ဆက်ဆံရေးရှိနေပုံရပါတယ်။ သူက အမျိုးသမီးတစ်ယောက်အပေါ်မှာ မှီခို နေရလောက်အောင်ထိ မရိုးရှင်းဘူး``

``ဘာ?``

ချန်ယွင်ချင်းက ရုတ်တရက်ဆိုသလို အေးစက်တဲ့ ချွေးတွေ ထွက်လာခဲ့ပါတယ်။ ချန်ကလန်က သာမာန်ကလန်လေးဖြစ်ပြီးတော့ တကယ်လို့ သူက အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားတို့လို အရေးကြီးတဲ့ လူ တွေကို မကျေမနပ်ဖြစ်အောင်လို့ ဆွဲဆောင်မိခဲ့ယင် ဒါက ဘယ်အချိန်မဆို ချန်းကလန် က အမြစ်ပြတ်သုတ်သင်ခြင်းကို ခံရမယ်လို့ ဆိုလိုလိုက်တာပါပဲ။

``ခင်ဗျားဘာလို့ ဒီလောက်တောင် ကြောက်နေရတာလဲ?``

စွန်းဇီယန်က အေးစက်စွာနဲ့မေးလိုက်ပါတယ်။

``ဟီးဟီး. ဇီယန်က ငါ့ကိုကာကွယ်ပေးထားမှတော့ ငါ ဘာကိုမှ ကြောက်နေဖို့ မလိုပါဘူး``

ချန်းယွင်ရှင်းက လျှင်မြန်စွာနဲ့ပဲ သူ့ကို မြှောက်ပင့်ပြောဆိုလိုက်ပါတယ်။ သူက စွန်းဇီယန်ရဲ့ ယောက္ခထီးဖြစ်သော်လဲ သူတို့ရဲ့ အဆင့်အတန်းက တကယ့်ကို ခြားနားကြပါတယ်။

စွန်းဇီယန်က နောက်ထပ် နှာခေါင်းရှုံ့လိုက်ပါတယ်။ သူက အနောက်ဘက်ကို ပြန်လှည့်ပြီးတော့ လင်းဟာန်နဲ့ သူ့ရဲ့အုပ်စုကို အပေါ်ထပ်ကို တက်သွားတာကို ကြည့်လိုက်ပီးတော့ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ အေးစက်တဲ့ အပြုံးတစ်ခု ဖြတ်ခနဲ လက်သွားခဲ့ပါတယ်။

``အရှင်မင်းသားကို နှုတ်ဆက်ပါတယ်``

စိတ်ဂိုဏ်းရတနာ စံအိမ် ရဲ့ ဂင်ပေါက် အစောင့်တွေက လိမ္မာပါးနပ်တဲ့သူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အကြီးဆုံးအင်ပါယာ မင်းသားကို မြင်လိုက်တဲ့ အခါမှာတော့ အလျှင်အမြန်နဲ့ လာပြီးတော့ ဦးညွှန့်ဂါရဝပြုလိုက်ကြပါတယ်။

ထိုအချိန် အတွင်းမှာ သာမာန် မန်နေဂျာတစ်ယောက်က ချက်ချင်းပဲ ထွက်လာပြီး တော့ သူတို့ကို ကြိုဆိုနှုတ်ဆက်ပြီးပြောလိုက်ပါတယ်။

``အရှင်မင်းသား.. သခင်လေး နဲ့ သခင်မလေးတို့ရဲ့ အထူးကြွရောက်လာမှု ကြောင့် ကျနော်တို့ စံအိမ်က အရမ်းကို ဂုဏ်ယူရပါတယ်. ကျေးဇူးပြုပြီးတော့ ကြွပါ ကြွကြပါ``

မန်နေဂျာ ရဲ့ လမ်းညွှန်မှုနဲ့ သူတို့က သူ့အနောက်ကနေ လိုက်ပီးတော့ အပေါ်ထပ်ကို တက်လာခဲ့ကြပါတယ်။

ဒုတိယ နဲ့ တတိယ အထပ်တွေက သီးသန့်အခန်းတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါပေမဲ့ တိယ အထပ်မှာတော့ အခန်းနှစ်ဆယ်ပဲ ရရှိနိုင်ပါတယ်။ အဲဒီနေရာတွေက လက်ရှိ မိုးရေ ဧကရာဇ်.. အင်အားကြီးကလန်ရှစ်ခုရဲ့ ကလန်ခေါင်းဆောင်တွေ.. ဟွာယန် အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးနှစ်ယောက် နဲ့ ကောင်းကင်ဆေးအိမ်တော်ရဲ့ အရှင်သခင် လိုမျိုး အရမ်းကို အရေးကြီးတဲ့ လူတွေအတွက်ကိုပဲ နေရာချထား ပေးတာဖြစ်ပါတယ်။ အကြီးဆုံးနဲ့ တတိယ အင်ပါယာ မင်းသားတို့လို လူတွေတောင်မှ ဒုတိယ အထပ်က သီးသန့်အခန်းတွေကိုပဲ

ရရှိနိုင်ပါတယ်။

ဒါကြောင့် သူတို့က ဒုတိယ အထပ်ပေါ်ကို ခြေချမိလိုက်တဲ့အချိန်မှာပဲ နောက်ထပ် တစ်ဆင့်ကို မတက်တော့ပဲနဲ့ ရပ်လိုက်ကြပါတယ်။

``ကျနော်တို့ရဲ့ ရှိသေလေးစားရတဲ့ ညွှန့်သည်တော်များခင်ဗျား.. သင်တို့ရဲ့ သီးသန့် အခန်းက တတိယ အထပ်မှာ ရှိပါတယ်``

မန်နေဂျာက ထူးဆန်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

``ချီး``

လူတိုင်းလူတိုင်းရဲ့ ခြေလှမ်းတွေ ရပ်တန့်သွားခဲ့ပါတယ်။ တတိယအထပ်? ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ တကယ်လို့ မင်းက သူတို့ထဲက အမြင့်ဆုံး အဆင့် အတန်းနဲ့ လူကိုပြောနေတာဆိုယင်တောင်မှ ဒါက အကြီးဆုံး အင်ပါယာ မင်းသားပါ။ ဒါပေမဲ့ သူက အင်ပါယာရဲ့ သရဖူကိုဆက်ခံပြီးတော့ ဒီအင်ပါယာရဲ့ အုပ်ချုပ်သူ ဖြစ်မလာခဲ့ဘူးဆိုယင် သူတောင်မှ တတိယ အထပ်ကို သွားလို့ မရပါဘူး။

``သခင်လေးဟန်က ကျုပ်တို့ စံအိမ်ရဲ့ အရမ်းကို ဂုဏ်ယူလေးစားရတဲ့ ဧည့်သည် တော် ဖြစ်ပါတယ်.. ပြီးတော့ တတိယ အထပ်ကိုသွားလို့ ရပါတယ်``

မန်နေဂျာက လင်းဟန် ဘက်ကို ရိုသေလေးစားစွာနဲ့ ဦးညွှန့် ဂါရဝပြုပြီးတော့ ပြောလိုက်ပါတယ်။

`` ဘာ?``

လူတိုင်းလူတိုင်း မှင်တက်အံ့သြသွားကြပါတယ်။ ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

ဒီကောင်လေးက ဘာမိုလို့လဲ.. အသက်ဆယ့်ခုနစ်နှစ် ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မျှနဲ့ အင်အားကြီးကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေ.. အကယ်ဒမီရဲ့ ကျောင်းအုပ်ကြီးနစ်ယောက်.. မိုးရေနိုင်ငံက မှော်ဆေးပညာရဲ့ အကြီးအကဲ ပြီးတော့ မိုးရေဧကရာဇ်တို့နဲ့ အဆင့်တူပြီးတော့ တတိယအထပ်ကို သွားလို့ရတယ်လား?

လင်းဟန်က မန်နေဂျာကို သိချင်စိတ်ပြင်းပြစွာနဲ့ ဖျတ်ခနဲကြည့်လိုက် ပြီးတော့ မှ သူက ပြုံးပြီးတော့

အခြေအနေအမှန်ကို ရိပ်စားမိသွားပါတယ်။ ဒီ စိတ်ဂိဉာဉ် ရတနာ စံအိမ်က အခြေခံတည်ဆောက်ရေးဆေးလုံးတွေ ကို အတည်ပြုပြီးတဲ့နောက်မှာ ကောင်းကင်ဆေးအိမ်တော်ကို သွားပြီးတော့ သူတို့ကိုယ်တိုင် စုံစမ်းလေ့လာမှု တွေလုပ်ခဲ့ပါလိမ့်မယ်။ ပြီးတော့ သူတို့က ဒီဆေးလုံးတွေကို လင်းဟန် ကိုယ်တိုင် ဖော်စပ်ထားတယ်ဆိုတာကို ရှာတွေ့သွားကြပါလိမ့်မယ်။

ဒီနေရာမှာ ပြောနေတဲ့ အကြောင်းက အခြေခံ တည်ဆောက်ရေးဆေးလုံးတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အဆင့်က မြေကမ္ဘာအဆင့်ဆေးလုံးအဆင့်နဲ့ နီးနေပြီးတော့ လင်းဟန်ကလဲ အနက်ရောင်အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်တယ် ဆိုတာကို သွယ်ဝိုက်ညွှန်းဆိုထားသလိုဖြစ်နေပါတယ်။ ဒါပေမဲ့ သူက အနီးဆုံး အနာဂတ်မှာ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်တစ်ယောက် ဖြစ်မယ်လို့ အတည်ပြုထားကြပါတယ်။

ဒီလိုမျိုး လူတစ်ယောက်က တတိယအထပ်ကို တက်သွားလို့မရနိုင်ဘူးလား?

``ဟားဟား.. သခင်လေးဟန်ကို ကျေးဇူးတင်ပါတယ်..

ငါလည်း အခုမှပဲ တတိယ အထပ်ကို သွားရတော့မယ်``

အကြီးဆုံးအင်ပါယာ မင်းသားက ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာတော့ စိတ်ရှုပ်ထွေးခြင်း နဲ့ မနာလိုခြင်းတို့အပြင် အရမ်းကို အံ့အားသင့်မှုတွေနဲ့ ပြည့်နက်လိုနေပါတယ်။

စိတ်ဂိဥာဉ် ရတနာစံအိမ်က စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင် သူတို့က ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းတွေကို ဘယ်လိုလုပ်ပြီးတော့ ချိုးဖောက်မှာလဲ? သူတို့က လင်းဟန်အတွက် တတိယ အထပ်မှာ သီးသန့်အခန်းတစ်ခုကို ပြင်ဆင် ပေးထားတယ်ဆိုမှတော့ လင်းဟန် ကအစွမ်းရှိတယ် ဒါမှမဟုတ် သူ့ရဲ့ နောက်ခံ အင်အားက ဒီလိုမျိုး ဦးစားပေးအဖြစ် ဆက်ဆံဖို့ ထိုက်တန်တယ်လို့ ဆိုလိုတာပါပဲ။ ဒါက သူ့ကို အရမ်းကို အံ့အားသင့်စေခဲ့ပါတယ်။ လင်းဟန်မှာ အင်အားကြီးကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေနဲ့ မိုးရေနိုင်ငံက ကမ္ဘော်ဆေးပညာရဲ့ အကြီးအကဲ ရယ် တစ်ခြား အဲဒီလိုမျိုး အရမ်းကို အရေးကြီးတဲ့ လူတွေနဲ့ တူညီတဲ့ အဆင့်မျိုးကို ဘာများရှိနိုင်မလဲ?

စွန်းဇီယန် ရဲ့ အမူအရာက ချက်ချင်းဆိုသလို

မည်းမှောင်သွားခဲ့ပါတယ်။ သူက အစောပိုင်းတုန်းက လင်းဟန် အပေါ်ကို လျှော့လျှော့ပေ့ါပေ့ါ ကြည့်ခဲ့မိပါတယ်။ သူ့ရဲ့နောက်မှာ အမျိုးသမီးတစ်ယောက်က ကာကွယ်ပေးထားတဲ့ အတွက် သူက စိတ်ကြီးဝင်နေတယ်လို့ပဲ ထင်ထားခဲ့ပါတယ်။ အခုတော့ ဘယ်လိုမှန်းမသိတဲ့ အဓိပ္ပါယ် တစ်ချို့ ဖြတ်သွားပြီးတော့ သူ့ရဲ့ ချိတ်မှာ အကြီးဆုံးနဲ့ တတိယ အင်ပါယာ မင်းသားတို့ ချိတ်မိသွားခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေကို ကြည့်ရတာက သူ့ရဲ့ ခန့်မှန်းတွက်ချက်မှုက သိသိသာသာ မှားယွင်းသွားခဲ့ပါတယ်။

အကြီးဆုံးအင်ပါယာမင်းသားတောင်မှ တတိယ အထပ်မှာ သီးသန့်အခန်းကို မရနိုင်ပါဘူး။ လင်းဟန်အတွက် တစ်ခု အမှန်တကယ် ရရှိနေပါတယ်။

သူက အံ့အားသင့်နေပြီးတော့ ချန်းယွင်ရှင်းက တော့ ပိုပြီးတော့တောင် မှင်တက် အံ့သြနေခဲ့ပါတယ်။ သူ့ရဲ့မျက်နှာက ဖြူဖတ်ဖြူလျော်ဖြစ်သွားပြီးတော့ အရမ်းကို ထိတ်လန့်ကြောက်ရွံ့နေခဲ့ပါတယ်။ လျှို့ပှက်စွာပဲ သူက လင်းဟန်လိုမျိုးသေမင်း နဲ့ တူတဲ့သူ တစ်ယောက်နဲ့ အမှန်တကယ် ကြုံတွေ့ခဲ့တဲ့ သူ့ရဲ့ ကံမကောင်း အကြောင်းမလှတဲ့ ဖြစ်ရပ်ကို စတင်ပြီးတော့

အကြီးအကျယ်ကို နှောင်တရနေပါတယ်။

လင်းဟန်က ခြေလှမ်းတွေလှမ်းသွားတာကို ကြည့်ပြီးတော့ စိတ်ရှုပ်ထွေးနေတဲ့ အမူအရာက စွန်းဇီယန်ရဲ့ မျက်နှာပေါ်မှာ ပေါ်လာခဲ့ပါတယ်။ သူက လင်းဟန်ကို ဆက်ပြီးတော့ ဆန့်ကျင်သင့်ရဲ့လား? ဒီကောင့်ရဲ့ နောက်ခံအင်အားက အရမ်းကို အံ့အားသင့်ဖို့ကောင်းအောင် အစွမ်းထက်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူက ချန်းယွင်ရှင်းကိုကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ ချောမောလှပတဲ့ ညီ့ယူဖမ်းစား တတ်တဲ့ စွဲမက်ဖွယ်ရာ ကိုယ်လုပ်တော်အကြောင်းကို မစဉ်းစားပဲ မနေနိုင်ပါဘူး။ ထို့နောက်မှာတော့ သူ့ရဲ့ စူးစိုက်ကြည့်ခြင်းတွေမှာ ပိုပြီးတော့တောင် ဆုံးဖြတ်ချက်ခိုင် မာလာပါတယ်။

သူက ဒီကိစ္စနဲ့ပါတ်သတ်ပြီးတော့ ဂင်စွက်ဖက်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ သူ့ရဲ့ ဒီ ကိုယ်လုပ်တော်အတွက်ကြောင့် သာမက သူ့ရဲ့ကိုယ်ပိုင် ဂုဏ်သိက္ခာ အတွက်ကြောင့်ပါ ဖြစ်ပါတယ်။ သူက စွန်းကလန်ရဲ့ သခင်လေးတစ်ယောက်ဖြစ်ပြီးတော့ ဘယ်သူကမှ သူ့ရဲ့ ဂုဏ်သိက္ခာ ပေါ်ကို နင်းခြေဖျက်ဆီးလို့ မရစေရပါဘူး။

တတိယ အထပ်မှာ စုစုပေါင်း သီးသန့်ခန်း နှစ်ဆယ်မျှသာရှိပြီးတော့ သီးသန့် အခန်းတိုင်း အလွန်အမင်း ကျယ်ပြီးတော့ လူတော်တော်များများဆန့်ပါတယ်။ ဒ့ါအပြင် အတွင်းပိုင်းမှာ ချောမောလှပတဲ့ အခြွေအရံ အမျိုးသမီးတွေက ဟင်းပွဲတွေ ချပေးခြင်းနဲ့ သူတို့ရဲ့ ပိုင်ခွက်တွေကို ပြန်ပြီးဖြည့်ပေးတဲ့ ဂန်ဆောင် မှု ပေးဖို့ စောင့်နေကြပါတယ်။

လင်းဟန်နဲ့ တစ်ခြားသူတွေက ထိုင်ချလိုက်ပီးတော့ ဟူးညိုကတော့ လင်းဟန်ရဲ့ ပေါင်ပေါ် မှာထိုင်လိုက်ပါတယ်။

``သခင်လေးဟန်.. ဒါက မင်းရဲ့ ညီမလေးလား?``

အကြီးဆုံးအင်ပါယာ မင်းသားက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အဲဒီလိုပဲ ဆိုပါတော့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ချစ်ခင်ကြင်နာစွာနဲ့ ဟူးညို ရဲ့ ခေါင်းကို ပွတ်ပေးလိုက်တဲ့အခါမှာ ဒီမိန်းကလေးငယ်လေးရဲ့ မျက်နှာပေါ် မှာ ချက်ချင်းပဲ ကျေနပ်သွားတဲ့ အမူအရာ

ပေါ်လာခဲ့ပါတယ်။ ကြောင်ပေါက်စလေး တစ်ကောင်လိုပဲ သူမရဲ့ခေါင်းနဲ့ လင်းဟန်ရဲ့ ရင်ဘက်ကို ပြန်ပြီးတော့ ပွတ်သပ်လိုက်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားက ဟူးညိုကို ခဏတာမျှ နီးကပ်စွာ လှေ့လာ လိုက်ပီးတော့ အံ့အားသင့်သွားတဲ့ အမူအရာ ပေါ်လာခဲ့ပါတယ်။ သူက ဟူးညို ကို ညွှန်ပြပြီးတော့ အံ့သြတကြီးနဲ့ ပြောလိုက်ပါတယ်။

``သူမ သူမ သူမ သူမကတကယ်ပဲ ဒြပ်စင်စုစည်းခြင်းအဆင့်မှာပေါ့လေ`

ဒီမိန်းလေးငယ်လေးက အသက် ၅ နှစ် ၆ နှစ်ခန့်ပဲရှိပြီးတော့ အရမ်းကို အံ့အားသင့် စရာကောင်းလောက်အောင် ဒြပ်စင်စုစည်းခြင်းအဆင့်မှာ ရှိနေပါတယ်။ ဒါက မည်သူကို မဆို အံ့အားသင့်ပြီးတော့တောင် သေသွားနိုင်ပါတယ်။

ဟူးညိုက အကြီးဆုံး အင်ပါယာ မင်းသားကို မကျေမနပ်နဲ့ စိုက်ကြည့်လိုက်ပါတယ်။ လင်းဟန်က တစ်ခြားလူတွေက လက်ညှိုးထိုးတာကို မုန်းပါတယ်။ သူမကလဲ လင်းဟန်ရဲ့ လွှမ်းမိုးမှုကို ကြီးကြီးမားမားခံထားရပါတယ်။ ဒါကြောင့် သူမကလဲ တူညီ စွာပဲ မကြိုက်ပါဘူး။ သူမရဲ့

ပါးစပ်သေးသေးလေးကို ဟပြီးတော့ သူမရဲ့ ဖြူဖွေးတဲ့သွားသေးသေးလေးတွေကို ထုတ်ဖော်လိုက်ပြီး တစ်စုံတစ်ယောက်ကို ကိုက်ဖို့ အဆင့်သင့်ဖြစ်နေတဲ့ပုံစံမျိုးပါပဲ။

``ဘာမှမဖြစ်ဘူး ညီညီ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ချက်ချင်းဆိုသလို ဟူးညီက သူမရဲ့ အမူအရာကို ရုတ်သိမ်းလိုက်ပီးတော့ ချစ်စရာကောင်းတဲ့ အပြုံးနဲ့ လင်းဟန်ကို ပြုံး ပြလိုက်ပါတယ်။

ထိုအချိန်အတွင်းမှာ အကြီးဆုံးအင်ပါယာမင်းသားက အံ့အားသင့်ပြီးတော့ မှင်တက် နေတဲ့ အခြေအနေမှာပါ။ ဒီလောက်တောင် ငယ်ရွယ်လှတဲ့ မိန်းကလေးက ဘယ်လိုလုပ်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ရောက်နေရတာလဲ? ဒါက တကယ့်ကို အမှန်မဟုတ်ဘူး..ဒါကိုကြည့်ရတာက ငှက်တွေက အတူတကွ သူတို့ရဲ့ အမွေးအတောင်တွေဖြန့်ပြီးပျံသန်းသလိုမျိုး.. လင်းဟန် ကိုယ်တိုင်ကလဲ မွန်းစတား တစ်ကောင်ဖြစ်ပြီးတော့ သူ့ရဲ့ အနားမှာရှိတဲ့ လူတွေကလဲ သူလိုမျိုး မွန်းစတားတွေ

ချည်းပါပဲ။

CHAPTER 185 အခြေခံတည်ဆောက်ရေး ဆေးလုံးအတွက် လေလံဆွဲခြင်း

``ကျေးဇူးအများကြီးတင်ပါတယ် ဂုဏ်ယူလေးစားရတဲ့ ဧည့်သည်တော်ကြီး များခင်ဗျာ.. ဒီနေ့မှာ အားလုံး ဒီကိုရောက်လာခဲ့ကြတဲ့အတွက်လဲ ကျနော်တို့ အားလုံးက ဂုဏ်ယူရပါတယ်``

ချည်ထိုးထားတဲ့ ဂါတ်စုံကို ဆင်မြန်းထားတဲ့ အဘိုးကြီးတစ်ယောက်က လေလံစင်မြင့် ထက်ကို လျှောက်လာပြီးတော့ ဒီနေ့ည လေလံပွဲကို စတင်လိုက်ပါတယ်။

``ဒီနေ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်တွေ အားလုံးက အထူးသဖြင့် အခြေခံ တည်ဆောက်ရေး ဆေးလုံးအတွက်လာခဲ့တယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ဒီနေ့ညမှာ တစ်ခြား ကောင်းမွန်တဲ့ ပစ္စည်းလေးတွေတော်တော်များများကိုလဲ ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ကျနော် ရိုးရိုးလေး အကြံပေးချင်တာတစ်ခုက လူကြီးမင်းတို့ရဲ့ ငွေကြေးတွေကို အခြေခံတည်ဆောက်ရေး ဆေးလုံး အတွက်ပဲ ပုံအော

မပစ်လိုက်ပါနဲ့လို့ ပြောချင်ပါတယ်``

သူရဲ့ စကားကို ကြားလိုက်ရတဲ့အခါမှာ လူတိုင်းလူတိုင်းက ရီမောလိုက်ကြပါတယ်။ ပတ်ဂန်းကျင်လေထုကလဲ ပိုပြီးတော့ သက်တောင့် သက်သာ ဖြစ်လာခဲ့ပါတယ်။

ဒါပေမဲ့ ဒီသက်တောင့်သက်သာ ဖြစ်တဲ့ အခြေအနေက ယာယီပါပဲ. အခြေခံ တည်ဆောက်ရေး ဆေးလုံးပေါ် ထွက်လာတဲ့ အခါမှာ အားလုံးပဲ ဆူညံပွက်လောရိုက်ကုန်မယ်ဆိုတာ အာမခံနိုင်ပါတယ်။ အခြေခံတည်ဆောက်ရေး ဆေးတစ်လုံး က စိတ်ဂိဉာဉ်ပင်လယ်အဆင့်ရဲ့ ထိပ်မှာ ရပ်တန့်နေတဲ့ သူကို သူရဲ့ စိတ်ဂိဉာဉ်ပုလ္လင်အဆင့်အတွက် အခြေခံ တည်ဆောက်ပြီးတော့ မိုးရေနိုင်ငံတစ်ခုလုံး ရဲ့ အလွှမ်းမိုးနိုင်ဆုံး လူတွေထဲကတစ်ယောက် ဖြစ်လာနိုင်တဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်ကို ရောက်အောင်လို့ ကူညီပေးနိုင်ပါတယ်။ ဘယ်ကလန်.. ဘယ်လိုလူက ဒီအပေါ် မှာ မရူးသွပ်ပဲနဲ့ နေနိုင်မှာလဲ?

မိုးရေနိုင်ငံ တစ်ခုလုံးမှာစိတ်ဂိဉာဉ် ပုလ္လင်အဆင့် လက်ရွေးစင်တွေက ဘယ်လောက်များများရှိကြလို့လဲ?``

အင်အားကြီးကလန်ရှစ်နဲ့
အင်ပါယာမိသားစုအတွက်တောင်မှ သူတို့ရဲ့ ကလန်တွေမှာ အားလုံးကို စောင့်ကြည့်ဖို့ လူသိများတဲ့ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် လက်ရွေးစင် နှစ်ယောက် သို့ သုံးယောက်လောက်ပဲရှိပါတယ်။ တကယ်လို့ အနည်းစု ကို လူသိမခံပဲ ဖုံးကွယ်ထားမယ်ဆိုယင်တောင်မှ ကလန်တစ်ခုမှာ ဒီလိုမျိုး အစွမ်း ထက်လှတဲ့ သိုင်းပညာရှင် ငါးယောက်ရှိနိုင်ယင်ကိုပဲ လူတိုင်းလူတိုင်း အံ့အားသင့် ပြီးတော့တောင်မှ သေသွားနိုင်ပါလိမ့်မယ်။

ကောလဟာလ တွေအရတော့ ဒီနေ့ညမှာ အခြေခံ တည်ဆောက်ရေး ဆေးလုံး ကိုးလုံး ကို လေလံတင်ပါလိမ့်မယ်။ တကယ်လို့ ၎င်းတို့အားလုံးကို အဖွဲ့အစည်း တစ်ခုကပဲ ရခဲ့မယ်ဆိုယင် သူတို့က စိတ်ဂိဉာဉ်ပင်လယ်အဆင့် အထွတ်အထိပ် သိုင်းပညာရှင်ကိုးယောက်ကို စိတ်ဂိဉာဉ်ပုလ္လင် အဆင့်ကို အဆင့်တက်အောင် လုပ်နိုင်ပါလိမ့်မယ်။

ဒါက ဘယ်လိုမျိုးကြီးလဲ? တစ်ချက်ထဲနဲ့ ဒီကလန်က အင်အားကြီးကလန် ရှစ်ခုကို ဖြတ်ကျော်သွားနိုင်မှာပဲ။

ဒါပေါ့.. အခြေခံတည်ဆောက်ရေး ဆေးလုံး ကို

ရယူနိုင်ပြီးတာတောင်မှ ၎င်းကို သုံးစွဲပြီးတော့ လူတိုင်းလူတိုင်းက အဆင့်တက်သွားနိုင်တယ်ဆိုတာက ဖြစ်နိုင်ချေ မရှိပါဘူး. ဒါပေမဲ့ ၅၀ ရာခိုင်နှုန်းကတော့ သေချာပါတယ်။ ဒါကြောင့် လေးယောက် သို့မဟုတ် ငါးယောက်ကတော့ အောင်အောင်မြင်မြင်နဲ့ အဆင့်တက်နိုင်မယ်လို့ ဆိုလိုတာပါပဲ။ တကယ်လို့ သုံးပုံတစ်ပုံပဲ အခွင့်အရေးရှိတယ် ဆိုယင်တောင်မှ အနည်းဆုံး သုံးယောက်ကတော့ အဆင့်တက်နိုင်ပါလိမ့်မယ်။

ဘယ်သူမဆို အဲဒီအပေါ်မှာ မရှုးသွပ်တဲ့လူမှန်သမျှက တကယ့်ကို ငတုံးတွေပဲ ဖြစ်ပါလိမ့်မယ်

ဒါကြောင့် တကယ်လို့ မှော်ဆေးလုံးတွေက အလွန်အမင်းကို ဈေးကြီး နေတော့ ရော ဘာဖြစ်သေးလဲ? တစ်ယောက်ယောက်သာ စိတ်ဂိဉာဉ်ပုလ္လင် အဆင့်ကို ဂင်ရောက် သွားနိုင်မယ်ဆိုယင် ဒီလိုမျိုးမှော်ဆေးလုံးအတွက် ဘယ်လောက်ပဲဖြစ်ဖြစ် ပေးရတာက ကိစ္စမရှိပါဘူး။ သူတို့က အဲဒီအတွက်ကို လွယ်ကူစွာနဲ့ပဲ ပြန်ပြီးရှာ နိုင်ပါတယ်။

လူတိုင်းလူတိုင်း ကျယ်လောင်စွာ ရီမောနေကြပေမဲ့ သူတို့အားလုံးရဲ့ မျက်လုံးထဲမှာ တော့

ဆုံးဖြတ်ချက်တွေပြတ်ပြတ်သားသား ချထားတဲ့ပုံစံပါပဲ။ ဒီညတကယ်လို့ သူတို့ရဲ့ မိသားစုတစ်ခုလုံးရဲ့ ဘဏ္ဍာရေးကုန်သွားခဲ့ယင်တောင်မှ အခြေခံ တည်ဆောက်ရေးဆေးလုံးတစ်လုံးကတော့ သူတို့ရဲ့ လက်ထဲကို လုံးဝရရှိစေရပါလိမ့်မယ်။

လင်းဟန်က မပြုံးပဲနဲ့ မနေနိုင်ပါဘူး။ ဒီနေ့ည လေလံပွဲမှာ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေက မယုံနိုင်စရာကောင်းလောက်တဲ့ တန်ဖိုး ကို ရောက်သွားပါလိမ့်မယ်။ ဒါတွေအားလုံးက မိုးရေနိုင်ငံထဲမှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရှင်တွေ အရမ်းကို နည်းပါးတာကိုက ကျေးဇူးတင်ရမဲ့အကြောင်းပဲဖြစ်ပါတယ်။ တကယ်လို့ ဒီနေရာက သိုင်းပညာနယ်ပယ် က အရမ်းကို တိုးတက်မြင့်မားနေတဲ့ နေရာသာဆိုယင် စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင်တွေက ခွေးလေခွေးလွင့်လိုမျိုး တောင်ပုံရာပုံ ဖြစ်နေမှာ ဖြစ်ပြီးတော့ အခြေခံတည်ဆောက်ရေးဆေးလုံးကရော ဘယ်လောက် တန်ကြေးရှိမှာမိုလို့လဲ?

``ဒီနေ့ည ဒီလောက်လူတွေအများကြီး လာကြလိမ့်မယ်လို့ ငါမထင်ထားမိခဲ့ဘူး. ပထမတော့ အနည်းဆုံး ဆေးလုံး တစ်လုံး ဒါမှမဟုတ် ပိုကောင်းတဲ့အနေနဲ့ နှစ်ခု ရဖို့

ငဲ့ကိုငါယုံကြည်မှုရှိတဲ့ ခံစားချက်ရှိသေးတယ်။ ဒါပေမဲ့ အခု ဒါကတော်တော်ကို မလွယ်ဘူးဆိုပြီး ခံစားနေရတယ်။ ဆေးတစ်လုံး ရဖို့အတွက်တောင်မှ အခွင့်အရေး က သိပ်ပြီးတော့ မကောင်းလှဘူး``

အကြီးဆုံးအင်ပါယာမင်းသားက သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

လင်းဟာန် ကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အရှင်မင်းသားက စိတ်ဂိဉာဉ်ပင်လယ် အဆင့်ကို ခြေလှမ်းချဂင်ရောက် နိုင်ယင် တောင်မှ စိတ်ဂိဉာဉ်ပုလ္လင် အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ဖို့ အတွက် အနည်းဆုံး နောက်ထပ် ငါးနှစ်လောက် စောင့်ရလိမ့်မယ်... ဘယ်သူသိနိုင်မှာလဲ အဲဒီအခါ ကျယင် နောက်ထပ် အခြေခံတည်ဆောက်ရေး ဆေးလုံး အသစ်တွေ ထပ်ပြီးတော့ ပေါ်လာနိုင်မလားဆိုတာကိုပေါ့``

အကြီးဆုံး အင်ပါယာ မင်းသားက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟာန်က အခုမှ အင်ပါယာမြို့ကို ရောက်တာ

မကြာသေးတဲ့ အတွက် မသိသေးတာပါ. ဒါပေမဲ့ ငါမှတ်မိသလောက်ကတော့ ဒီလိုမျိုး လူတစ်ယောက်ကို အဆင့်ချိုးဖျက်ဂင်ရောက်သွားစေနိုင်တဲ့ အခြေခံတည်ဆောက်ရေး ဆေးလိုမျိုး အဆင့်မြင့်မော်ဆေးလုံးမျိုး လုံးဂ မပေါ်လာခဲ့ဖူးဘူး။ ခရမ်းရောင် တိမ်ဆေးလုံး လိုမျိုး အရမ်းကို ရှားပါးတဲ့ ဆေးလုံးတောင်မှ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက် ဂင်ရောက်အောင်လို့ ကူညီဖို့အတွက်ပဲ အသုံးပြုကြတယ်လေ``

လင်းဟန် က ချက်ချင်းဆိုသလို ထူးဆန်းတဲ့ အမူအရာဖြစ်သွားပါတယ်။ ခရမ်းရောင် တိမ်ဆေးလုံး ရဲ့ အဓိက ပါဂင်ပစ္စည်းက အမှောင်လမြက် ဖြစ်ပြီးတော့ ၎င်းက လူတစ်ယောက်ရဲ့ ဒန်တန်ထဲက နေရာလွတ်ကို ကျယ်ပြန့်အောင်လို့ ကူညီပေးနိုင်စွမ်း ရှိပါတယ်။ အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော် ကို တောင်မှ လှုပ်လှုပ်ရှားရှားဖြစ်သွားစေနိုင်တာ ဘယ်လိုလုပ်ပြီးတော့ မရှားပါးပဲ နေမှာလဲ?

``ဒီနေ့ည ဒီ အခြေခံတည်ဆောက်ရေး ဆေးလုံး ကိုးလုံးကို ဘယ်သူက ထောက်ပံ့ လိုက်သလဲဆိုတာကို ငါမသိဘူး.. ဒါပေမဲ့ အဲဒီလူကတော့ တကယ့်ကို လူတွေကို သတ်ပစ်လိုက်သလိုပဲ``

အကြီးဆုံးအင်ပါယာ မင်းသားက အနည်းငယ် မနာလိုစွာနဲ့ ပြောလိုက်ပါတယ်။

အင်ပါယာ မိသားစုက အလွန်အမင်းကို ချမ်းသာကြွယ်ဝပါတယ်။ ဒါပေမဲ့ အကြီးဆုံး အင်ပါယာ မင်းသားကတော့ မနာလိုဖြစ်နေဆဲပါပဲ။ သူ့အထင် ဒီ အခြေခံ တည်ဆောက်ရေး ဆေးကိုးလုံးက အံ့မခန်းတဲ့ ပမာဏ တစ်ခုကို ရရှိနိုင်စွမ်းရှိပြီး တော့ သူလိုလူတစ်ယောက်ကိုတောင်မှ အသိစိတ်ပျောက်သွားအောင် လုပ်နိုင်ပါတယ်။]

လွီယုထန် နဲ့ လီစီရှန်းတို့က သူမတို့ရဲ့ လှပတဲ့ မျက်လုံးလေးတွေနဲ့ လင်းဟန်ကို ကြည့်လိုက်ပါတယ်။ ဒီကောင်ကမှ ဒီည နောက်ကွယ်ကနေ သတ်ဖြတ်ခြင်းကို လုပ်တဲ့ သူဖြစ်ပြီးတော့ သူတို့ရဲ့ ဘေးမှာပဲ အဲဒီလူငယ်လေးက သက်တောင့် သက်သာနဲ့ ထိုင်နေပါတယ်။

``ဒါပေမဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံးက မြေကဗ္ဗာအဆင့်နဲ့ အရမ်းကို နီးကပ်နေတယ်။ တကယ်လို့ သူတို့ကို မြေကဗ္ဗာအဆင့် မော်ဆေးပညာရှင် တစ်ယောက်က ဖော်စပ်မယ်ဆိုယင်တောင်မှ ကျရှုံးနိုင်တဲ့

အခွင့်အရေးက အရမ်းကို မြင့်မားတယ်။ ငါ့ရဲ့ အမြင်ကတော့ ဒီ အခြေခံ တည်ဆောက်ရေး ဆေးကိုးလုံးကို အောင်အောင်မြင်မြင်နဲ့ မဖော်စပ်နိုင်ခင် အနည်းဆုံး ဆေးကျိုအိုး ၂၀ ကနေ ၃၀ အထိ ပါဝင်ပစ္စည်းတွေ ပေါက်ကွဲလို့မယ်..ဒါကြောင့် အမြတ်အစွန်း တော်တော်များ များကို ရယူနိုင်ယင်တောင်မှ ဒါက လဲ အကန့်အသတ် အတွင်းမှာပါပဲ``

အကြီးဆုံး အင်ပါယာ မင်းသားက အရမ်းကို သေချာတဲ့ လေသံနဲ့ ပြောပြီးတော့ သူတို့ရဲ့ ဆွေးနွေးမှု အကြောင်းအရာကို ပြောင်းလိုက်ပါတယ်။

သူက လှည့်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ လင်းဟန်နဲ့ သူ့ရဲ့ အမျိုးသမီး အဖော် နှစ်ယောက်က ထူးဆန်းတဲ့အမူအရာတွေနဲ့ကြည့်နေတာကို မြင်လိုက်ရပါတယ်။ သူက အံ့အားသင့်သွားပြီးတော့ မေးလိုက်ပါတယ်။

``မင်းတို့အားလုံး ဘာဖြစ်နေကြတာလဲ?``

လွှီယုထန် နဲ့ လီစီရှန်း တို့ က သူမတို့ရဲ့ ရီချင်စိတ်ကို ကြိုးစားပြီးတော့ ထိန်းလိုက်ကြပါတယ်။ ဒါက တကယ့်ကို

ခက်တဲ့အလုပ်ပဲ။

လင်းဟန်က ဒီ အခြေခံ တည်ဆောက်ရေး ဆေးလုံး ကိုးလုံးကို ဖော်စပ်တဲ့ လူပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် သူက တစ်ခါတည်းနဲ့ လုပ်ခဲ့တာပါ။ ဆေးကျိုအိုး တစ်ခုမှာ ဆေးရှစ်လုံး ပဲ ထုတ်လုပ်နိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့ သူကတော့ အံ့အားသင့်စရာ ကောင်းတဲ့ သူ့ကိုယ်ပိုင် သန့်စင်ခြင်း နည်းလမ်းနဲ့ အဆုံးမှာ ဆေးကိုးလုံးကို ထုတ်လုပ်ခဲ့တာပါ။]

ဆေးပြီးမြောက်အောင်မြင်မှု နှုန်းက ပုံမှန် တစ်ရာရာခိုင်နှုန်းထက်တောင် ကျော်လွန် ခဲ့ပါတယ်။

နင်.. ဒီလိုမျိုး တည်ကြည်လေးနက်ပြီး သေချာတဲ့ လေသံနဲ့ အနည်းဆုံး ဆေးကျိုအိုး နှစ်ဆယ် ဒါမှမဟုတ် သုံးဆယ်တောင်မှ ပေါက်ကွဲပြီးမှာ ဒီ ဆေးကိုးလုံးကို ဖော်စပ် နိုင်လိမ့်မယ်လို့ ကြေညာလိုက်တာက သူမတို့ကို ဘယ်လိုလုပ်ပြီးတော့ မရီပဲ နဲ့ နေနိုင်မှာလဲ?

ဒါပေ့ါ.. ဒီ မိန်းကလေးနှစ်ယောက်က အကြီးဆုံး အင်ပါယာ မင်းသားကို မျက်နှာသာ ပေးရမှာပါ..ဒါကြောင့် သူမတို့ရဲ့ အလွန်အားကောင်းတဲ့ စိတ်အာရုံနဲ့ သူမတို့ရဲ့ ရီချင်တဲ့ စိတ်ကို

ပြန်ပြီးတော့ ထိန်းချုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမတို့ရဲ့ အမူအရာတွေက တကယ့်ကို ထူးဆန်းနေပါသေးတယ်။

လင်းဟန် ကရီပြီးတော့ မေးလိုက်ပါတယ်။

``အရှင်မင်းသားက ဒီနေ့ညမှာ ပိုက်ဆံ ဘယ်လောက်များယူလာခဲ့သလဲ?``

``သန်းနှစ်ဆယ်``

``ချမ်းသာလိုက်တာ``

လင်းဟန်က အနည်းငယ် ချီးမြှောက်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ဒီ ပိုက်ဆံ တွေက မကြာခင်မှာသူ့အိပ်ကပ်ထဲကို ဝင်လာတော့မှာပါ။ လူတိုင်းလူတိုင်းက သူတို့ကို တစ်ယောက်ယောက်က ပိုက်ဆံပေးယင် အဲဒီလူကို သဘောကျ နှစ်သက်ကြပါတယ်။

``အိုး.. ဒါက ဘာမှမဟုတ်ပါဘူး``

အကြီးဆုံး အင်ပါယာ မင်းသားက အရမ်းကို နှိမ့်ချလိုက်ပါတယ်။ အကြောင်းက ဒီ ချမ်းသာကြွယ်ဝမှုက

သူစုဆောင်းထားသမျှ အကုန်ပါပဲ.. အမှန်တော့ အခု သူက အင်ပါယာ မင်းသားတစ်ယောက် မျှသာ ဖြစ်ပါတယ်။

လွှိယုထန် နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး သူမတို့ရဲ့ ခေါင်းတွေကို ခါယမ်း လိုက်ပါတယ်။ သူမတို့ စဉ်းစားနေကြတာကတော့........

``အရှင်မင်းသား.. ရှင်ကတော့ ကိုယ့်ကိုယ်ကိုယ် အရမ်းကြီးနိမ့်ချနေတယ်.. ဒါပေမဲ့ ဒီကောင်က ရှင်ရဲ့ ငွေတွေအကုန်လုံးကို သူကိုယ်ပိုင်တွေလို့တောင် စပြီးတော့ မှတ်ယူနေတယ်ဆိုတာကို ရှင်ကတော့ သိမှာမဟုတ်ပါဘူး``

``လူတိုင်းလူတိုင်းပဲ.. အခြေခံ တည်ဆောက်ရေး ဆေးလုံးကိုးလုံး ကို လေလံပွဲ တစ်လျှောက်လုံးမှာ ခွဲပြီးတော့ လေလံတင်ပွဲမယ်။ ဒါကြောင့် အဖေးကြီးကို လျှောက် မသွားကြပါနဲ့ ဒီအခွင့်အရေးကိုလဲ မလွှဲချော်ကြပါနဲ့။ ကျုပ်တို့ စံအိမ်က နေ ခန့်အပ်ထားတဲ့ ကောင်းကင်ဆေးအိမ်တော်က မှော်ဆေးပညာရှင် အနည်းငယ်က စုပေါင်းပြီးတော့ လေ့လာစစ်ဆေးထားချက်အရ ဒီ အခြေခံ တည်ဆောက်ရေး ဆေး ကိုးလုံး က ကြယ်ဆယ့်သုံး လုံး အဆင့်ရှိပါတယ်။ သင်တို့အားလုံးပဲ ကြယ်ဆယ့်သုံးလုံး ဆိုတာ ဘယ်လိုအဆင့်လဲဆိုတာ သိကြပါလိမ့်မယ်

ဟုတ်တယ်မလား?``

လေလံပွဲအစီအစဉ် ကြေညာတင်ဆက်သူ က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက လက်ခုပ်တီးလိုက်ပီးတော့ ဆက်ပြီးတော့ပြောပါတယ်။

``အခု လေလံ ပွဲကို စတင်လိုက်ပါပြီ.. ကျနော် တို့ အခြေခံ တည်ဆောက်ရေး ဆေးလုံး တစ်လုံး နဲ့ စတင်လိုက်ပါမယ်။ ကြမ်းခင်းဈေးကတော့ ငါးသန်းပဲ ဖြစ်ပါတယ်။ ပြီးတော့ ထပ်တိုးကမ်းလှမ်းတိုင်းမှာ အနည်းဆုံး တစ်သိန်းအောက် မကျပါစေနဲ့``

သူပြောလိုပြီးတဲ့အခါမှာ ချမ်းသာကြွယ်ဂတဲ့ ဒီလူတွေကို ကြည့်ရတာ အရမ်းကို မကျေမနပ်ဖြစ်နေပုံပါပဲ..

တကယ်လို့ ဒီ အခြေခံတည်ဆောက်ရေး ဆေးကိုးလုံးကို တစ်ကြိမ်တည်းနဲ့ လေလံ တင်မယ်ဆိုယင်တော့ အရမ်းကို နည်းပါးတဲ့ လူနည်းစုကသာ လေလံဆွဲနိုင်ပါလိမ့်မယ်။ ဒါကြောင့် အဆုံးမှာ တန်ဖိုးက အရမ်းကို အံ့အားသင့်စရာ ကောင်းမှာပါပဲ။ဒါပေမဲ့ တကယ်လို့ ၎င်းတို့ကို တစ်ခုပြီးတစ်ခု လေလံတင်မယ်ဆိုယင် ပြိုင်ပွဲက ပိုပြီးတော့ ပြင်းထန်လာပြီးတော့ အခြေခံတည်ဆောက်ရေး ဆေး

တစ်လုံး အတွက် တန်ကြေးက တစ်ခြား ဆေးရုစ်လုံး ရဲ့စုစုပေါင်း တန်ကြေးထက် ပိုပြီးတော့ တောင် သာလွန်နိုင်ပါတယ်။

ဒါကြောင့် ဒီ ချမ်းသာတဲ့ လူတွေက မကျေမနပ်ဖြစ်နေပါတယ်။ ဆေးတစ်လုံး အတွက် လေလံဆွဲတဲ့သူ အရေအတွက် အများကြီးကို ပေါင်းထည့်လိုက်တာပါပဲ။

``ငါးသန်း``

``ငါးသန်းငါးသိန်း``

``ငါးသန်းနဲ့ ခုနစ်သိန်း``

အရမ်းကို လျှင်မြန်စွာနဲ့ လေလံဆွဲတဲ့ အသံတွေက အဆုံးမရှိ ထွက်ပေါ်လာခဲ့ ပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ အခြေခံ တည်ဆောက်ရေး ဆေးတစ်လုံးက ဆယ်သန်း လောက် တန်ကြေးရှိတယ်ဆိုတာကို အားလုံးသိထားကြပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက အရမ်းကို စိတ်အားထက်သန်စွာနဲ့ လေလံဆွဲနေကြ တာပါ. ပြီးတော့ တန်ကြေးကလဲ သူတို့နှလုံးသားထဲမှာ ထားထားတဲ့

အကန့်အသတ် နဲ့ အရမ်းကို ဝေးကွာလွန်းနေပါသေးတယ်။

အကြီးဆုံး အင်ပါယာမင်းသားကလဲ စတင်ပြီးတော့ လေ့လာဆဲလိုက်ပါတယ်။ ကံမကောင်းတာက သူ့ရဲ့အဆင့်အတန်းက ဒီလက်ရှိ အဖြစ်အပျက်မှာတော့ လုံးဝ အသုံးမဝင်ပါဘူး။ ဘယ်သူကမှ နောက်ဆုတ်မှာမဟုတ်ပါဘူး ဘာလို့လဲဆိုတော့ သူလည်းပဲ လေ့လာဆဲတဲ့သူ တစ်ယောက်ဖြစ်နေလို့ပါပဲ။

``ဆယ်သန်း``

နှစ်မိနစ်အတွင်းမှာ ပထမ အခြေခံ တည်ဆောက်ရေး ဆေးလုံးရဲ့ တန်ကြေးက ဆယ်သန်းအထိကို ရောက်သွားပါတယ်။

အဲဒီအချိန်မှာတော့ လေ့လာဆဲတဲ့သူက သိသိသာသာ နည်းသွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီတန်ကြေးက အခြေခံတည်ဆောက်ရေးဆေးလုံး ရဲ့ အစစ်အမှန် တန်ကြေးနဲ့ အရမ်းကို နီးကပ်သွားခဲ့လို့ပဲဖြစ်ပါတယ်။

လေလံအချို့ အနည်းငယ်ပြီးတဲ့နောက်မှာတော့ ပထမဆုံး အခြေခံ တည်ဆောက်ရေး ဆေးလုံးက ဆယ့်သုံးသန်းနဲ့

နောက်ဆုံးမှာတော့ လေလံတင်ရောင်းထွက်သွားခဲ့ ပါတယ်။ လေလံအောင်မြင်သွားတဲ့ သူကတော့အင်အားကြီး ကလန်ရှစ်ခုထဲက လီ ကလန်က အဘိုးကြီးတစ်ယောက်ဖြစ်ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က စိတ်ဂိဉာဉ် ပင်လယ် အထွတ်အထိပ်အဆင့်မှာရှိနေပါတယ်။ ပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာသူကိုယ်ပိုင် အနေနဲ့ ဒါကို ဂယ်နိုင်လိုက်တဲ့ အတွက် ကျေနပ်ပီတိ ဖြစ်နေတာ သိသာထင်ရှားပါတယ်။

တကယ်လို့ သူသာ ကံကောင်းမယ်ဆိုယင် သူတံခါးပိတ်လေ့ကျင့်တဲ့အခါမှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့်လက်ရွေးစင် တစ်ယောက် အနေနဲ့ ပြန်ထွက်လာနိုင်ပါလိမ့်မယ်။

စိတ်ဂိဉာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဂိဉာဉ်ပုလ္လင် အဆင့်က လုံးဂကို ကွဲပြား ခြားနား တဲ့ အဆင့်တွေပဲဖြစ်ပါတယ်။

``အရှင့်မင်းသား.. တကယ်လို့ အခြေခံတည်ဆောက်ရေး ဆေးလုံးကို ဂယ်ဖို့ ဆန္ဒရှိတယ်ဆိုယင် မကြာခင်လုပ်ရှားတာက အကောင်းဆုံးဖြစ်လိမ့်မယ်။ ငါ့ရဲ့ အမြင်ကတော့ ပစ္စည်းတွေများလာလေ. တန်ကြေး က ပိုပြီးမြင့်လာလေ ဖြစ်လိမ့်မယ်``

လင်းဟန်က အကြီးဆုံးအင်ပါယာ မင်းသားကို ပြောလိုက်ပါတယ်။

``တစ်ခုခုက ရှားပါးလာလေ.. ၎င်းရဲ့ တန်ကြေးက ပိုပြီးကြီးမားလေပဲ``

CHAPTER 186 တိမ်မြန် အဆောင်လက်ဖွဲ့

လေလံပွဲက ဆက်ပြီးတော့ ပြုလုပ်နေပါတယ်။ ပန်းချီကားနှစ်ချပ်နဲ့ လက်ရေးလှ ပန်းချီ တစ်စုံ ပြီးတဲ့နောက်မှာတော့ တစ်ခြား အဆင်တန်ဆာ တစ်ချို့ ကို ဆက်လက် ပြီးတော့ လေလံတင်ကြပါတယ်။ အဲဒါတွေက သိုင်းပညာရှင်တွေအတွက်တော့ တကယ့်ကို အရေးမပါတဲ့အရာတွေဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းတို့ကို အသုံးပြုပြီး တော့ စိတ်ကို လန်းဆန်းစေအောင်နဲ့ အပျင်းပြေ ရီမောပျော်ရွှင်အောင်လို့တော့ လုပ်နိုင်ပါတယ်။ အဲဒါတွေပြီးတော့ သိုင်းပညာရပ်တစ်ချို့ နဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ ဖြစ်ပြီးတော့ အရမ်းကောင်းတဲ့ တန်ကြေးတော့ မရကြပါဘူး။

နာရီဝက်ခန့် အကြာမှာတော့ နောက်ထပ် ဒုတိယမြောက်

အခြေခံ တည်ဆောက်ရေး ဆေးလုံးကို စတင်ပြီးလေလံတင်ပါတယ်။

လေထုက ချက်ချင်းကို ပူလောင်ပြင်းထန်ပြီးတော့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ ဆယ်သန်းကို ကျော်လွန်သွားခဲ့ပါတယ်။ နောက်ဆုံး ဈေးနှုန်းကတော့ ဆယ့်ငါးသန်း ဂန်းကျင်ဖြစ်ပြီးတော့ ပထမ ဆေးလုံးထက် ဆယ့်ငါးရာခိုင်းနှုန်းနီးပါး ပိုပြီးမြင့်မားပါတယ်။

အကြီးဆုံးအင်ပါယာ မင်းသားရဲ့ မျက်နှာအမူအရာက ရုပ်ဆိုးအကျည်းတန်စွာ ပြောင်းလဲသွား ပါတယ်။ တကယ်လို့ ဒီအတိုင်းသာ ဆက်ပြီးတော့ သွားဦးမယ် ဆိုယင် သူ့အနေနဲ့ အခြေခံတည်ဆောက်ရေး ဆေးတစ်လုံးတောင်မှ ဂယ်ယူလိုက် နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက လျှို့ပုက်စွာ ဆုံးဖြတ်လိုက်ပါတယ်။ တတိယ မြောက် အခြေခံတည်ဆောက်ရေး ဆေးလုံးကျယင် သူက အတတ်နိုင်ဆုံး အကောင်းဆုံး ကြိုးစားပြီးတော့ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

လင်းဟန်က ဒါကို မြင်လိုက်တဲ့အခါမှာတော့ သူ့ရဲ့ခေါင်းကိုခါလိုက်ပါတယ်။ သူယုံကြည်တာက အစောပိုင်း နှစ်လုည့် လေလံဆွဲတဲ့ စိတ်ခံစားချက်တွေ စုစည်း ပြီးတော့

တတိယမြောက် အခြေခံတည်ဆောက်ရေး ဆေးလုံးက သေချာပေါက် အံ့အားသင့်စရာကောင်းတဲ့ တန်ကြေးတစ်ခုကို ရောက်ပီးတော့ ဒီလေလံပွဲရဲ့ သာမာန် အထွတ်အထိပ်တစ်ခု တောင် ဖြစ်လာပါလိမ့်မယ်။

``အားလုံးပဲ နောက်လေလံတင်မဲ့ပစ္စည်းကတော့ ဒီ တိမ်မြန်အဆောင်လက်ဖွဲ့ သုံးခုဖြစ်ပါတယ်``

လေလံအစီစဉ် တင်ဆက်သူက လည်ချောင်းတစ်ချက် ရှင်းပြီးတော့ ကျယ်လောင်စွာ နဲ့ နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြေညာလိုက်ပါတယ်။

``ဒီဟာတွေက တိမ်မြန် အဆောင်လက်ဖွဲ့သုံးခုဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူတို့ရဲ့ ခန္ဓာကိုယ်မှာ ဒါကို ချိတ်ဆွဲထားမယ်ဆိုယင် အများဆုံး သူရဲ့ အမြန်နှုန်းကို ဆယ်ဆ တိုးပေးနိုင်ပါတယ်။ ပြီးတော့ ၎င်းရဲ့ အာနိသင်က အနည်းဆုံး ဆယ်မိနစ်ခန့်ရှိပါတယ်``

သူရဲ့ မျက်လုံးတွေက ပါတ်ဂန်းကျင်က လူတွေကို ပွေ့ကြည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်တို့ စံအိမ်က အကဲဖြတ်သူရဲ့

လေ့လာသုံးသပ်ချက်အရ.. သူရဲ့ ကျင့်ကြံခြင်း အဆင့် မြင့်လေ. အမြန်နှုန်းတိုးပေးတာက နည်းလေ ဖြစ်ပါလိမ့်မယ်.. စိတ်ဝိဉာဉ် ပုလ္လင် အဆင့် သိုင်းပညာရှင်တစ်ယောက် ကို သူတို့ရဲ့ အမြန်နှုန်းကိုတော့ နှစ်ဆ လောက်ပဲ တိုးလာနိုင်စေမှာပါ.. ဒြပ်စင်စုစည်းခြင်း သိုင်းပညာရှင် တစ်ယောက် ကိုတော့ သူတို့ရဲ့ အမြန်နှုန်းကို ဆယ်ဆတောင် တိုးပေးနိုင်မှာဖြစ်ပြီးတော့ ပန်းဖူး အဆင့် အတွက်တော့ အာနိသင် အကျိုးသက်ရောက်မှု လုံးဝ မရှိပါဘူး``

ပန်းဖူးအဆင့် သိုင်းပညာရှင်တစ်ယောက်က ကောင်းကင်ပေါ်ကိုတောင် ပျံသန်း နိုင်ပါတယ်။ ဒါကြောင့် ၎င်းက အဲဒီအပေါ်မှာ အကျိုးသက်ရောက်မှု မရှိတာ က သဘာဝအတိုင်းပါပဲ။ ပြီးတော့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့် မြင့်လာ လေ သူရဲ့ အမြန်နှုန်းက ပိုပြီးတော့ တိုးလာလေပါပဲ.. ဒါကြောင့် ၎င်းက အမြန်နှုန်း တိုးပေး တာ နည်းလာတာကလဲ နည်းလမ်းကျပါတယ်။ ဒါက နားလည်နိုင်ပေး နိုင်ပါတယ်။

လင်းဟန်က စိတ်ဝင်စားလာခဲ့ပါတယ်။ ပြီးတော့ ထိုင်ရာကနေ ထလိုက်ပါတယ်။ ဒါပေမဲ့ ဒီဟာက ဟူးညိုကို မကျေမနပ်ဖြစ်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ သူပေါင်ပေါ်မှာ ထိုင်နေတဲ့ ပုံစံကို

ပြောင်းလိုက်ရလို့ဖြစ်ပါတယ်။

စိတ်ဝိဉာဉ် အဆောင်လက်ဖွဲ့ပတွေက မတူညီတဲ့ စိတ်ဝိဉာဉ်ပစ္စည်းတွေအဖြစ် ပြောလို့ရပါတယ်။ ၎င်းတို့ဟာလဲ သိုင်းပညာရှင်တစ်ယောက်ရဲ့ သိုင်းဆန္ဒကို ရေးထွင်းထားတာပါ။ ဒါပေမဲ့ ဒီ သိုင်းဆန္ဒအတွက် အသုံးပြုတဲ့ ပစ္စည်းကတော့ တစ်ခါသုံးပစ္စည်းတွေပဲဖြစ်ပါတယ်။ အဆောင်လက်ဖွဲ့ ကို လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ချိတ်ဆွဲထားလိုက်မယ်ဆိုယင် ၎င်းက စတင်ပြီး အလုပ်လုပ် လာပြီးတော့ ပြန်မရပ်တော့ပဲ နဂိုအတိုင်း ပြန်မဖြစ်နိုင်ပါဘူး။ တကယ်လို့ သင်က ၎င်းကို အချိန်တစ်ခဏလေးအတွက်ပဲ အသုံးပြုယင်တောင်မှ ၎င်းရဲ့ အာနိသင်က လုံးဝ ကုန်ခမ်းသွားပြီးတော့ အဆောင်လက်ဖွဲ့တစ်ခုလုံး အဆုံးသတ်သွားပါ လိမ့်မယ်။

ဒါပေမဲ့ စိတ်ဝိဉာဉ် အဆောင်လက်ဖွဲ့ပတွေက သာမာန် စိတ်ဝိဉာဉ်ပစ္စည်းတွေကို ဖန်တီးတာထက် အရမ်းကို ခက်ခဲပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မတူညီတာက စိတ်ဝိဉာဉ် ပစ္စည်းတွေက အသုံးပြုတဲ့ သူ့ရဲ့ မူလစွမ်းအင်နဲ့ ၎င်းတို့ကို အသက်သွင်းဖို့ လိုအပ်ပြီးတော့ တကယ်လို့ အသုံးပြုတဲ့ သူက လုံလောက်တဲ့ မူလစွမ်းအင် မရှိဘူးဆိုယင် အသက်သွင်းလို့မရနိုင်ပါဘူး။ ဒါပေမဲ့ စိတ်ဝိဉာဉ်အဆောင်

လက်ဖွဲ့ တွေမှာတော့ အဲဒီပြဿနာ မရှိပါဘူး။ ၎င်းကို သင့်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ချိတ်ဆွဲလိုက်တာနဲ့ ၎င်းရဲ့ အကျိုးသက်ရောက်မှုက ချက်ချင်းပဲ အသက်ဝင်လာခဲ့ ပါလိမ့်မယ်။

ဒါပေ့ါ.. အချို့သော စိတ်ဂိဉာဉ်အဆောင်လက်ဖွဲ့တွေက အရမ်းကို လွှမ်းမိုးနိုင် ပြီးတော့ အသုံးပြုတဲ့သူရဲ့ ခန္ဓာကိုယ်ထဲကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအင် ပမာဏတွေကို ထည့်သွင်းပေးနိုင်ပြီးတော့ အသုံးပြုတဲ့သူရဲ့ ခန္ဓာကိုယ် ကိုတောင်မှ ပျက်စီးသွားစေနိုင်ပါတယ်။ဒါပေမဲ့ လည်း ဒီလိုမျိုးဖြစ်ဖို့က အရမ်းကို ရှားပါးလွန်းပါတယ်။

ဒီ စိတ်ဂိဉာဉ် အဆောင်လက်ဖွဲ့သုံးခု... သူဆုံးဖြတ်လိုက်ပါတယ်။ သူ ၎င်းတို့ကို လိုချင်ပါတယ်။

ပထမ အချက် သူက ဒီစိတ်ဂိဉာဉ်အဆောင်လက်ဖွဲ့ တွေရဲ့ သိုင်းဆန္ဒကို လေ့လာနိုင် ပြီးတော့ ဒုတိယက သူ့ရဲ့ ပုံမှန်အမြန်နှုန်းကို ဆယ်ဆတောင် မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။ ဒါက လက်ရှိသူ့အတွက်တော့ အရမ်းကို ထူးခြား ကောင်းမွန်ပြီးတော့ နောက်ပိုင်းမှာ သူ့ရဲ့ အသက်ကိုတောင်မှ ကယ်တင် နိုင်ပါလိမ့်မယ်။

လင်းဟန်အတွက်ကတော့ သူ အသက်ရှင်နေသမျှကာလပတ်လုံး အံ့မခန်း ထူးခြားဆန်းကြယ်မှုတွေကို လုပ်နိုင်စွမ်းရှိပြီးတော့ သူ့ရဲ့ ကိုယ်ပိုင် အဖြစ် ပြန်ပြီးတော့ ရယူနိုင်စွမ်းရှိပါလိမ့်မယ်။

``တိမ်မြန် အဆောင်လက်ဖွဲ့ သုံးခုကို တစ်ကြိမ်တည်းနဲ့ လေလံတင်ပါမယ်.. ကြမ်းခင်း ဈေးကတော့ ငါးသန်းဖြစ်ပါတယ်``

လေလံအစီစဉ်တင်ဆက်သူက ကြေညာလိုက်ပါတယ်။

ကြမ်းခင်းဈေး ငါးသန်း ဆိုတာက အခြေခံတည်ဆောက်ရေး ဆေးလုံးတစ်လုံး ရဲ့ ကြမ်းခင်းဈေးနဲ့ နှိုင်းယှဉ်ဖို့ လုံလောက်ပါတယ်။ ပြီးတော့ စိတ်ဂိုဉာဉ်ရတနာ စံအိမ် ရဲ့ မျက်လုံးထဲမှာတော့ ၎င်းတို့က အရမ်းကိုရှားပါးပြီး တန်ဖိုး ကြီးတဲ့ ပစ္စည်းတွေ ဖြစ်တယ် ဆိုတာ သိသာထင်ရှားပါတယ်။ သူတို့က ဒီ ပစ္စည်းကို နောက်ဆုံးမှ ဘာဖြစ်လို့ လေလံမတင်လဲ ဆိုယင် လူတိုင်းလူတိုင်းက သူတို့ရဲ့ ပိုက်ဆံတွေကို အခြေခံ တည်ဆောက်ရေး ဆေးလုံးအပေါ်မှာ အားလုံး အသုံးပြုလိုက်မှာကို ထိတ်လန့်တဲ့အတွက်ကြောင့်ပဲဖြစ်ပါတယ်။

``ငါးသန်းနဲ့ တစ်သိန်း``

တစ်စုံတစ်ယောက်က လေလံစတင်ဆွဲလိုက်ပါတယ်။ ဒါပေမဲ့ တိုးပေးတဲ့ တန်ကြေး က အရမ်းကြီးမမြင့်မားပါဘူး။

အင်ပါယာမြို့မှာ ဘယ်သူက လူသတ်မှုကို ကြံစည်ပုံ့လို့လဲ? ဒါကြောင့် တိမ်မြန် အဆောင်လက်ဖွဲ့ သုံးခုရဲ့ တန်ကြေးက သူတို့ တွက်ချက်ထားတဲ့ တန်ကြေးအောက် ပေးလွန်းပါတယ်။ တကယ်တော့ အင်အားကြီးကလန် ရှစ်ခုရဲ့ အဖွဲ့ဝင်တွေက သူတို့ရဲ့ အသက်တော်ကို စွန့်စားပြီးတော့ အပြင်ကို ထွက်ခွာဖို့ မလိုပါဘူး ပြီးတော့ ကျင့်ကြံခြင်းအတွက် လုံလောက်တဲ့ အရင်းအမြစ်တွေကိုလဲ ရနိုင်ကြပါတယ်။ သာမာန် နောက်ခံအင်အားပဲရှိတဲ့ သူတွေကတော့ ငါးသန်းဆိုတဲ့ ငွေကြေးကို ဘယ်လိုလုပ်ပြီးတော့ ထုတ်ပေးနိုင်စွမ်းရှိမှာလဲ။

``ငါးသန်း နဲ့ နှစ်သိန်း``

``ငါးသန်းနဲ့ သုံးသိန်း``

လေလံက ဖြေးငြင်းစွာနဲ့ သွားနေပါတယ်။ ပြီးတော့ အခြေခံတည်ဆောက်ရေး ဆေးလုံး အတွက်

အစောပိုင်းတုန်းက ပြင်းပြင်းထန်ထန် အလုအယက် လေလံဆွဲတာတွေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရနိုင်ပါဘူး။

``ဆယ်သန်း``

အဲဒီအချိန်မှာပဲ.. ပျင်းရိနေတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ ဒါက ကမ္ဘာမြေကြီး ဖျက်ဆီးသွားသလို လူတိုင်းလူတိုင်းရဲ့ နှလုံးသားကို ထုံထိုင်းသွားစေခဲ့ ပါတယ်။

ဘယ်လို အပျော်အပါးမက်ပြီး အသုံးအဖြုန်းကြီးတဲ့ သခင်လေးတစ်ယောက်က သူ့ရဲ့ပိုက်ဆံတွေကို ဒီလိုနည်းလမ်းနဲ့ သုံးစွဲလိုက်တာဖြစ်နေမလား? သူက တကယ့်ကိုပဲ သူ့ရဲ့အဖေကို ပျက်စီးရာ ပျက်စီးကြောင်းဖြစ်ဖို့ ကြိုးစားနေတာပဲ။

လူတိုင်းလူတိုင်း သူတို့ရဲ့ မျက်လုံးတွေကို တတိယအထပ်က သီးသန့်အခန်း ကိုလှည့် ကြည့်လိုက်ကြပါတယ်။ လူတော်တော်များများကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က အဲဒီနေရာကနေပြီးတော့ အစောပိုင်းမှာ အကြီးဆုံး အင်ပါယာမင်းသားရဲ့ အသံကို ကြားခဲ့ကြပါတယ်။ ဒါပေမဲ့ ဒါကို နားလည်ပေးနိုင်ပါသေးတယ်။ ဘယ်သူသိနိုင်မှာလဲ စိတ်ဂိဉာဉ်ရတနာ

စံအိမ်က အကြီးဆုံး အင်ပါယာ မင်းသားကို သရဖူ ဆက်ခံနိုင်ဖို့ အမြင့်ဆုံးအခွင့်အရေး ရှိတယ်လို့ ထင်မှတ်ယူဆထားပြီးတော့ သူ့ကို တတိယ အထပ်က သီးသန်းအခန်းတစ်ခုကို ပေးတာလဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့ အခု.. ဒီအသံကတော့ လုံးဂကို မရင်းနှီးတဲ့အသံပါ.. ဒါကြောင့် ဘယ်သူများ ဖြစ်နိုင်မလဲ? တတိယ အထပ်ရဲ့သီးသန့်အခန်းတစ်ခုထဲမှာ ထိုင်နိုင်ယုံသာမက သူ့ရဲ့ ပထမ လေလံဆွဲတဲ့အခါမှာ အံ့အားသင့်စရာကောင်းတဲ့ ငွေပမာဏကိုပါ ထုတ်ဖော်နိုင်တဲ့သူက ဘယ်သူဖြစ်နိုင်မလဲ?

စွန်းဇီယန် ရဲ့ မျက်လုံးတွေက ရုတ်ချည်းဆိုသလို ကျဉ်းမြောင်းသွားခဲ့ပါတယ်။ ဒါက လင်းဟန်ရဲ့ အသံဖြစ်တယ်ဆိုတာကို သူ သတိပြုမိခဲ့ပါတယ်။

ဒီကောင်က တကယ့်ကို ငွေအများကြီးရှိတာပဲ။

သေချာတာပေါ့..တကယ်လို့ သူ့မှာ ပိုက်ဆံအများကြီးမရှိဘူးဆိုယင် ဘယ်လိုလုပ်ပြီးတော့ ချန်းကလန်ကို ရှုံးနိမ့်အောင်လို့ ယှဉ်ပြိုင်ပြီးတော့ ဆိုင်တွေ အများကြီးကို ဘယ်လိုလုပ်ပြီးတော့ ဖွင့်နိုင်မှာလဲ?

``ဒါက ခင်ဗျားရဲ့ ကလန်ရဲ့စီးပွားရေးကို ကယ်တင်နိုင်မဲ့ အခွင့်အရေးပဲ``

သူက ချန်းယွင်ရှင်း ကိုပြောလိုက်ပါတယ်။

အဘိုးကြီးက အနည်းငယ်စဉ်းစားလိုက်ပီးတော့ လျှင်မြန်စွာနဲ့ပဲ နားလည်သွားပြီး ပြောလိုက်ပါတယ်။

``ဇီယန် မင်းဆိုလိုတာက ငါက သူနဲ့ အပြိုင်လေလံလိုက်ဆွဲပြီးတော့ သူ့ကို ပိုက်ဆံတွေ အများကြီး သုံးစွဲအောင်လို့ ဖိအားပေးရမှာလား?

``သေချာတာပေါ့.. ခင်ဗျားတို့နှစ်ယောက်က အခု ယှဉ်ပြိုင်နေကြပြီပဲ.. တကယ်လို့ ဒီ ကောင်က သန်းချီတဲ့ ငွေတွေကို အပိုသုံးလိုက်မယ်ဆိုယင် ဒါက ခင်ဗျားကို သန်းချီတဲ့ငွေတွေ ရရှိတယ်လို့ ဆိုလိုလိုက်တာပဲလေ``

စွန်းဇီယန်က အေးစက်စွာနဲ့ပြောလိုက်ပါတယ်။

``ကောင်းပြီလေ``

ချန်းယွင်ရှင်းက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါ ဒီနေ့တော့ အင်တိုက်အားတိုက်အပြည့်နဲ့ ဒီခွေးကောင်နဲ့ အဆုံးထိ တိုက်ပွဲ ဝင်သွားမယ်``

``ဆယ့်တစ်သန်း``

သူက ကျယ်လောင်စွာနဲ့ လေလံဆွဲလိုက်ပါတယ်။

``ချီး``

ဆယ့်တစ်သန်း ဆိုတာက ဒီနေ့အတွက် မြင့်မားဆုံး တန်ကြေးမဟုတ်ပါဘူး ဒါပေမဲ့ ဒီ အဆောင်လက်ဖွဲ့ သုံးခုအတွက် ဒီလောက် ငွေပမာဏကို သုံးစွဲတာကတော့ အရမ်းကို တုံးအလွန်းတာပဲမဟုတ်ဘူးလား?

``ဒါ ခွေးအိုကြီးမဟုတ်လား?``

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူက ချန်းယွင်ရှင်းရဲ့ လေသံကို သတိပြု မိသွားခဲ့ပါတယ်။

``ဒါဆိုယင်လည်း ခင်ဗျားကို ကြောက်လန့်ပြီးတော့

သေအောင်လုပ်ရမှာပေါ့``

သူက အသံကိုမြှင့်ပြီးတော့ အော်လိုက်ပါတယ်။

``သန်းနှစ်ဆယ်``

``အဟွတ် အဟွတ်``

လူတိုင်းလူတိုင်း ချောင်းဆိုးကုန်ပါတယ်။ ဒါကတော့ ဒီသခင်လေးက သူ့ရဲ့ အဖေကို ပျက်ဆီးအောင်လုပ်နေတာတင်မကပါဘူး သူ့ရဲ့ ဘိုးဘေးတွေကိုပါ ပျက်စီးစေဖို့ လုံလောက်ပါတယ်။အင်အားကြီးကလန်တွေတောင်မှ ဒီလိုမျိုးပုံစံနဲ့ ပိုက်ဆံတွေကို သုံးစွဲတဲ့ လူတစ်ယောက်မှတော့ မရှိပါဘူး ဟုတ်တယ်မလား?``

``သခင်လေးဟန်.. မင်းမှာ တကယ်ပဲ အဲဒီလောက်ပိုက်ဆံ ရှိလို့လား?``

အကြီးဆုံးအင်ပါယ မင်းသားက သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က အရမ်းကို အစွမ်းထက်တဲ့ နောက်ခံအင်အားရှိနိုင်တယ် ဆိုတာကို

သိပေမဲ့လည်း လင်းဟန်က ငွေသန်းနှစ်ဆယ်ကို လွယ်ကူစွာနဲ့ တကယ်ပဲ ထုတ်ပေး နိုင်လိမ့်မယ်လို့ လုံးဝမထင်ထားပါဘူး။

``ကိစ္စမရှိပါဘူး။ အရှင့်မင်းသားဆီမှာ ငွေသန်းနှစ်ဆယ် ရှိတယ်မဟုတ်လား``

လင်းဟန်က ရွှတ်နောက်နောက်နဲ့ မေးလိုက်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားက သူ့ရဲ့ ထိုင်ခုံကနေ ထခုန်မိမတတ် ဖြစ်သွားခဲ့ ပါတယ်။ ဒီကောင်က တကယ်ပဲ သူ့ရဲ့ ပိုက်ဆံတွေကို မျက်စိကျနေတာလား? သူက လင်းဟန်ရဲ့ အထောက်အပံ့ကို ရချင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက သန်းနှစ်ဆယ် ဆိုတဲ့ အံ့မခန်းငွေပမာဏ ကို ဒီလိုမျိုး သူ့ကို ရိုးရိုးရှင်းရှင်းလေးနဲ့ ပေးဖို့ ပြောဆိုလိုက်တာကတော့ သူ့ကိုတောင်မှ အေးစက်တဲ့ ချွေးစေးတွေ ပျံသွားစေခဲ့ပါတယ်။

ဒါ့အပြင် တကယ်လို့ သူက ဒီ ငွေသန်းနှစ်ဆယ်ကို ဒီ စကြ္ဝာ အပိုင်းအစ သုံးခု အတွက် အသုံးပြုလိုက်မယ်ဆိုယင် သူ့ရဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံး အတွက် ဘယ်လိုလုပ်ပြီးတော့ လေလံဆွဲလို့ရနိုင်တော့မှာလဲ?

``သခင်လေးဟန်.. ဟာသမလုပ်ပါနဲ့``

သူရဲ့ နဖူးပေါ်က အေးစက်တဲ့ ချွေးတွေကို သုတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ဘာမှမရှင်းပြနေတော့ပဲ နဲ့ ရီမောလိုက်ပါတယ်။ လွှိယုထန် နဲ့ လီစီရှန်း တို့နှစ်ယောက်စလုံးကိုလဲ သူမတို့ရဲ့ ပါးစပ်တွေကို လက်ကလေးတွေနဲ့ ကွယ်ပြီး တော့ ငြင်သာစွာနဲ့ ရီမောစေခဲ့ပါတယ်။ ဒီကောင်စုတ်က ကောင်းကင်ဆေး အိမ်တော် မှာ မှော်ဆေးလုံး ဖော်စပ်ယုံမျှနဲ့ စောင့်ကြည့်လေ့လာခ အဖြစ် ငွေဆယ့်ရှစ်သန်းကို စုဆောင်းထားခဲ့ပါတယ်။ ဒါ့အပြင် သူက အခြေခံ တည်ဆောက်ရေး ဆေးလုံးကို ဖော်စပ်တဲ့သူဖြစ်ပြီးတော့ ၎င်းတို့ အားလုံးပေါင်း တန်ကြေးက စုစုပေါင်း ငွေပြား သန်းတစ်ရာ အထက်မှာ သေချာပေါက်ရှိပါလိမ့်မယ်။

သန်းနှစ်ဆယ်ဆိုတာက ပင်လယ်ထဲက ရေတစ်စက်မျှပဲ ဖြစ်ပါတယ်။

ဒုတိယ အထပ်က သီးသန့်အခန်းထဲမှာတော့ စွန်းဇီယန်က သရော်တဲ့အပြုံးနဲ့ ပြောလိုက်ပါတယ်။

``ကြည့်စမ်း.. တစ်ခဏလေးအတွင်းမှာပဲ.. ခင်ဗျားက ငွေပြား သန်းနှစ်ဆယ် ရသွားခဲ့ပြီ. ထပ်မြင့်ပြီးတော့ လေလံထပ်ဆွဲလိုက်ဦး``

ထိုအချိန်အတွင်းမှာ ချန်းယွင်ရှင်း က အေးစက်တဲ့ချွေးတွေ ထွက်နေခဲ့ပါတယ်။ လင်းဟာန်ရဲ့ဂရုမထားတဲ့ လေသံအရ တကယ်လို့ ငွေပြား သန်းနှစ်ဆယ်က သူ့ရဲ့ အိပ်ကပ်ထဲက လွယ်လွယ်နဲ့ ပြောင်းလာခဲ့သလိုမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ ချန်းကလန် အတွက် ငွေပြားသန်းနှစ်ဆယ် ဆိုတာက အရမ်းလွန်လွန်ကဲကဲ ကြီးမားတဲ့ ပမာဏတစ်ခုတော့ မဟုတ်သေးပါဘူး သူတို့မှာအဲလောက်များတဲ့ ငွေသားမရှိပါဘူး။ သူတို့အနေနဲ့ သူတို့ရဲ့ ပိုင်ဆိုင်မှုအချို့ကို ရောင်းချမှသာ ဒီပမာဏ ရှိတဲ့ ငွေသားကို ရရှိနိုင်ပါလိမ့်မယ်။

တကယ်လို့ သူက ဆက်ပြီးတော့ လေလံဆွဲမယ်ဆိုယင် သူ့ရဲ့ နှလုံးသားက အံ့အားသင့်လွန်းလို့ ဆက်ပြီးတော့ မခုန်တော့မှာကို သူတကယ်ပဲ ကြောက်ရွံ့နေပါတယ်။

ဒါပေမဲ့ လင်းဟာန်ရဲ့ ဖိအားပေးတဲ့ အပြုအမူကို စဉ်းစားမိလိုက်တဲ့အခါမှာ ချန်းယွင်ရှင်းက အံ့ကြိတ်ပြီးတော့ ကြေညာလိုက်ပါတယ်။

``နှစ်ဆယ့်တစ်သန်း``

ဒီတော့မှ လူတိုင်းလူတိုင်းက နောက်ဆုံးတော့ နားလည်သွားခဲ့ပါတယ်။ သူက တမင်သတ်သတ် ရည်ရွယ်ပြီးတော့ ဈေးပြိုင်ပေးနေတာပါ။

CHAPTER 187 ၁ ဘီလီယံ အကြွေးကန့်သတ်

အကြီးဆုံး အင်ပါယာ မင်းသားက စိတ်သက်သာရာ ဖြစ်သွားပြီးတော့ အသက်ကို ရှူ ထုတ်လိုက်ပါတယ်။ တစ်ဖက် ဈေးပြိုင်ခေါ်ဆိုတဲ့သူက နောက်ဆုံးတော့ ဈေးကို ထပ်မြှင့်လိုက်ပါပြီ... သူ့ရဲ့ သန်းနှစ်ဆယ် က လုံခြုံသွားပါပြီ။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ခွေးအိုကြီး.. တကယ်လို့ ငါက ရုတ်တရက် စိတ်ပြောင်းသွားပြီးတော့ ဆက်ပြီး ဈေးမခေါ်တော့ဖို့ ဆုံးဖြတ်လိုက်မယ်ဆိုယင် ခင်ဗျားက အံ့အားသင့်သွားပြီးတော့ ချက်ချင်းပဲ မူးလဲသတိမေ့သွားမလား?

``ဟမ့်.. ဒါက သန်းနှစ်ဆယ်ထဲပါ..ဒါက အရမ်းကို

များပြားတဲ့ ပမာဏ မဟုတ်သေးပါဘူး။ ဒါကြောင့် သိပ်ပြီး အလေးထားနေဖို့ မလိုဘူး``

ဒီလိုမျိုး လူပုံအလယ်မှာတော့ ချန်းယွင်ချင်း အနေနဲ့ အရှက်မရှိ တွန့်ဆုတ် နေမှာ မဟုတ်ပါဘူး ဒါကြောင့် သူ့ရဲ့ နှလုံးသားက ချက်ချင်းဆိုသလို တည်ငြိမ်ပြီးတော့ ပုံမှန် လေသံနဲ့ ပြန်ပြောလိုက်တာပါ။

``တတိယ အထပ်က ဂုဏ်သရေရှိညှော့သည်တော်ခင်ဗျာ.. နောက်ထပ် ဈေးပြိုင် ပေးဦးမှာလား? တကယ်လို့ မလုပ်တော့ဘူးဆိုယင် ဂင်ပြီးတော့ မစွက်ဖက်ပါနဲ့တော့``

အစီအစဉ်တင်ဆက်သူက သတိလှမ်းပေးလိုက်ပါတယ်။

``ဒါပေ့ါ ပိုက်ဆံဆိုတာက မြေကြီးထဲကနေရတဲ့ နှိုက်ယူယုံပဲဟာ``

လင်းဟာန်က ပြုံးလိုက်ပီးတော့ ပြောပါတယ်။

``သန်းသုံးဆယ်``

``အဟွတ် အဟွတ်``

အကြီးဆုံးအင်ပါယာ မင်းသားက တည်ငြိမ်စွာနဲ့ လက်ဖက်ရည်ကြမ်း သောက် နေတုန်းပဲရှိပါသေးတယ်။ ဒါပေမဲ့ သူက သန်းသုံးဆယ်ဆိုတဲ့ ဈေးပေးလိုက်တာ ကို ကြားလိုက်ရတဲ့အခါမှာတော့ ချက်ချင်းဆိုသလို သူသောက်နေတဲ့ လဘက်ရည်ကြမ်း ကို ထွေးထုတ်လိုက်ပါတယ်။ ကျေးဇူးတင်ရမှာက သူ့ရဲ့ခေါင်းကို လှည့်လိုက် နိုင်ခဲ့ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့ရဲ့ပါးစပ်အပြည့်နဲ့ ထွေးထုတ်လိုက်တဲ့ လက်ဘက်ရည်ကြမ်းတွေက သူ့ကိုစောင့်နေတဲ့ အမျိုးသမီး အခြွေအရံပေါ်ကို ကျသွားမှာဖြစ်ပြီးတော့ သူ့ရဲ့ ထင်ပေါ်ကျော်ကြားမှုတွေကလဲ လုံး၀ ပျက်ဆီးသွား ပါလိမ့်မယ်။

``အဟွတ် အဟွတ် အဟွတ်``

သူက ထိန်းမနိုင်သိမ်းမနိုင် ချောင်းဆိုးနေခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာတစ်ခုလုံး နီရဲ နေပြီးတော့ ပြောပါတယ်။

``သခင်လေးဟန်.. မင်းအခု သန်းသုံးဆယ် ဆိုပြီးတော့ လေလံဆွဲလိုက်တာလား?``

``ဟုတ်တယ်လေ.. ငါလက်ခံပါတယ်။ အရှင်မင်းသားရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ ဆိုယင် သန်းသုံးဆယ် ကို ပေါ့ပေါ့ပါးပါးနဲ့ ထုတ်ချေးနိုင်မှာပါ``

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

မင်းညီမပဲ ပေါ့ပေါ့ပါးပါး.. ငါတို့ပြောနေတာက ငွေပြား သန်းသုံးဆယ်ကွ မိုးရေစက် သန်းသုံးဆယ်မဟုတ်ဘူးကွ..။

``သခင်လေးဟန်. မင်းငါ့ကို သတ်ဖို့ ကြိုးစားနေတာလား?

အကြီးဆုံး အင်ပါယာ မင်းသားက ဆောင့်ဆောင့်အောင့်အောင့်နဲ့ မေးလိုက်ပါတယ်။ တကယ်လို့ လင်းဟန်က ဒီငွေပမာဏကို မထုတ်ပေးနိုင်ဘူးဆိုယင် ဒီအကြွေးတွေ က သူ့ရဲ့ ခေါင်းပေါ်ကို ပုံကျလာမှာလား? ဒါက ဖြစ်နိုင်ပါတယ်။ သူတို့တွေက သီးသန့် အခန်း အတူတူမှာ ရှိနေကြတာပါ။

သန်းသုံးဆယ်.. ဒါကို တွေးလိုက်ယုံနဲ့ အကြီးဆုံးအင်ပါယာ မင်းသားရဲ့ မျက်နာက မည်းမှောင်သွားခဲ့ပါတယ်။ သူက ငွေဆယ်သန်းကို ရယူနိုင်ဖို့အတွက် ငါးနှစ်တောင် ကြာပါတယ်။

``ဟီးဟီး``

လင်းဟန်က ရီမောလိုက်ပါတယ်။ ဒါပေမဲ့ ဘာမှမရှင်းပြပါဘူး။

ဒုတိယအထပ်က သီးသန့်ခန်းထဲမှာတော့ စွန်းဇီယန်က ကျယ်လောင်စွာ အော်ဟစ် ရီမောလိုက်ပြီးတော့ ပြောပါတယ်။

``ဒီအသုံးအဖြုန်းကြီးတဲ့ ကောင်ကတော့ ဘယ်လောက်တောင် တုံးအလိုက်သလဲ.. သူက သန်းသုံးဆယ်ကို အခုလိုမျိုးပဲ ရေထဲကို မျောချပစ်လိုက်တယ် ဟားးဟားးဟားး.. လာလာ.. ဆက်ပြီးတော့ ဈေးပြိုင်ပေးလိုက်ဦး``

ချန်းယွင်ချင်း လည်းပဲ စွန်းဇီယန်ကိုကြည့်လိုက်ပါတယ်. သူ့ရဲ့ မျက်လုံးတွေထဲမှာ ခါးသီးမှုတွေကို ဖုံးကွယ်ထားပါတယ်။

မင်းဆီက စကားတစ်ခွန်းနဲ့ ငါက ဈေးတိုးမြှင့်ပေးရမယ်ပေါ့လေ? အခု ကိုပဲ သန်းသုံးဆယ်ဖြစ်နေပြီ.. တကယ်လို့ လင်းဟန်က ဆက်ပြီးတော့ လေလံမဆွဲ တော့ဘူးလို့

ဆုံးဖြတ်လိုက်မယ်ဆိုယင် ချန်းကလန်ပိုင်ဆိုင်တဲ့ လက်အောက် က ပစ္စည်းတွေ သုံးပုံတစ်ပုံအနည်းဆုံး ရောင်းထုတ်ပစ်လိုက်ရလိမ့်မယ်။

``သုံး...သုံးးဆယ့် တစ်သန်း``

ချန်းယွင်ချင်း က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ လေလံဆွဲပြီးတဲ့နောက်မှာ.. သူရဲ့ နှလုံးသားတွေက ပုံမှန်မဟုတ်ပဲ လျင်မြန်စွာနဲ့ ခုန်နေပြီးတော့ သူရဲ့ လည်ပင်း ကနေ ခုန်ထွက်လု မတတ် ဖြစ်နေပါတယ်။

သူက နှစ်ပေါင်းများစွာ အသက်ရှင်သန် နေထိုင်ခဲ့ပီးပါပြီ. ဒါပေမဲ့ တစ်ခါမှ သန်းသုံးဆယ် ကို အခုလိုမျိုးတစ်ကြိမ်ထဲ ဘယ်တုန်းကမှ မသုံးခဲ့ပါဘူး။ မဟုတ်ဘူး သူက ဆယ်သန်း ကိုတောင်မှ တစ်ခါမှ တစ်ကြိမ်ထဲ မသုံးခဲ့ဖူးပါဘူး။ ဒီလိုမျိုးပမာဏ က သူ့ရဲ့ခေါင်းထဲကို သွေးတွေ ဆောင့်တိုးသလို ဖြစ်နေပြီးတော့ သူရဲ့ မျက်နှာက လုံး၀ နီရဲ နေပါတယ်။ သူ့ရဲ့ခေါင်းက အချိန်မရွေး ပေါက်ကွဲသွားနိုင်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားက နောက်တစ်ကြိမ် စိတ်သက်သာရာ ရပြီး အသက်ရှူထုတ်လိုက်ပါတယ်။ သူ့ရဲ့

လက်တစ်ဖက်ကို ဆန့်ထုတ် ပြီးတော့ သူရဲ့ နဖူးကို သုတ်လိုက်တဲ့အခါမှာ တစ်ကယ်ပဲ သူရဲ့ နဖူးပေါ်မှာ အေးစက်တဲ့ ချွေး တွေ ရှိနေပါတယ်။ သန်းသုံးဆယ်.. သူမှမဟုတ်ပါဘူး.. လက်ရှိ မိုးရေကောရာဇ် တောင်မှ ဒီလောက် ငွေပမာဏ ကို မသုံးပစ်ခင် အပြင်းအထန် စဉ်းစားရပါလိမ့်မယ်။

သူကက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ တကယ်လို့ လင်းဟာန်က ဆက်ပြီးတော့ လေလံဆွဲမဲ့ အရိပ်အယောင် နည်းနည်းလေး ပြလိုက် တာနဲ့ သူက တားဆီးဖို့ အတွက် လှုပ်ရှားရပါလိမ့်မယ်။

လင်းဟာန်ကပြုံးလိုက်ပါတယ်။ တကယ်လို့သူက အခု ရပ်လိုက်ဖို့ ဆုံးဖြတ် လိုက်မယ် ဆိုယင် ချန်းယွင်ချင်းက လုံးဝ သေချင်သွားပါလိမ့်မယ်။ဒါက ချန်းကလန် ကို ဖျက်ဆီး ပစ်ဖို့ အရမ်းကို ကောင်းတဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က ဒီအတွက်ကြောင့်နဲ့တော့ ဒီ တိမ်မြန် အဆောင်လက်ဖွဲ့ သုံးခု ကို မလွှဲချော် ချင်ပါဘူး။

``သန်းလေးဆယ်``

အားလုံးရဲ့ နားတွေထဲကို နွေခေါင်ခေါင်ကြီး ရုတ်တရက် မိုးကြိုးပစ်ချလိုက်သလို ပါပဲ သူက အသစ်ထပ်ပြီးတော့ လေလံဆွဲလိုက်ပါတယ်။

``ဘုန်း``

အကြီးဆုံးအင်ပါယာ မင်းသားရဲ့ ကျောနောက်က ထိုင်ခုံက တကယ်ပဲ ပျက်စီးသွားခဲ့ ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက အရမ်းကို စိတ်လှုပ်ရှားနေခဲ့ပါတယ်။ သူ့ရဲ့ မူလစွမ်းအင်ကို မထိန်းချုပ်နိုင်ပဲနဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကနေ လွတ်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ ထိန်းချုပ်မှုကလွတ်သွားတဲ့ မူလစွမ်းအင်က တကယ်ပဲ အဆင့်မြင့်သဲကျောက်နဲ့ လုပ်ထားတဲ့ ထိုင်ခုံတစ်ခုကို ပျက်ဆီးသွားစေခဲ့ပါတယ်။

``သခင်လေးဟန်.. မင်းရဲ့ဟာသက အရမ်းကို လွန်နေပြီ``

အကြီးဆုံး အင်ပါယာ မင်းသားက သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူက ဒီ အံ့မခန်း ဖြစ်တဲ့ သန်းလေးဆယ် ပမာဏကို လုံးဝ မထုတ်ပေးနိုင်ပါဘူး.။ဒါကြောင့် တကယ်လို့ စိတ်ဂိဉာဉ်ရတနာစံအိမ်က ဒီ ပေးချေမှုအတွက် အတင်းအဓမ္မ တိုးလာပြီး မေးခဲ့မယ်ဆိုယင် သူ့အနေနဲ့ သူနဲ့ လင်းဟန် ကြားမှာ သိသာထင်ရှားတဲ့ မျဉ်းတစ်ကြောင်းကို

ဆွဲထားရပါလိမ့်မယ်။ ဒါမှ လင်းဟန်က ထပ်ပြီး လေလံဆွဲယင် အဲဒီငွေတွေက သူဆီကနေပဲ လာသင့်ပါတယ်။

ချန်းယွင်ချင်းက စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ဒီတစ်ချီမှာတော့ ဘာပဲဖြစ်ဖြစ် သူက ဆက်ပြီးတော့ လေလံကို တိုးမြှင့်ကမ်းလှမ်းတော့မှာမဟုတ်ပါဘူး။

စွန်းဇီယန် ကဒါကို မြင်လိုက်တဲ့အခါမှာ သူ့ရဲ့ နှုတ်ခမ်းထောင့်မှာ အေးစက်တဲ့ အပြုံးတစ်ခု ပေါ်လာပြီးတော့ပြောလိုက်ပါတယ်။

``လူကြီးမယ် ကျနော် တစ်ခုလောက်မေးပါရစေ.. တကယ်လို့ တစ်စုံတစ်ယောက် က လေလံတင်ပြီးတော့ ပေးချေဖို့အတွက် မထုတ်ပေးနိုင်ဘူးဆိုယင်.. ဒီကိစ္စကို ဘယ်လိုများ ကိုင်တွယ်ပါမလဲ?

``ပုံမှန်အားဖြင့် ငါတို့ရဲ့ စံအိမ် စည်းမျဉ်းစည်းကမ်းတွေ အရတော့ ပြစ်မှုကျူးလွန် သူ ကို သူရဲ့ ကျင့်ကြံခြင်းကို လုံးဝ ဖျက်ဆီးလိုက်ပီးတော့ ဘယ်တော့မှ စိတ်ဝိဉာဉ် ရတနာ စံအိမ်ကို ဝင်ခွင့်လုံးဝ မပေးတော့ပါဘူး``

လေလံအစီအစဉ်ကြေညာတင်ဆက်သူက ချက်ချင်းပဲ

ပြန်ဖြေလိုက်ပါတယ်။

``ကောင်းတယ်``

စွန်းဇီယန် က အေးစက်စွာနဲ့ နှာခေါင်းရှုံ့လိုက်ပါပြီးတော့ ပြောပါတယ်။

``ငါ တတိယ အထပ်က ဂုဏ်သရေရှိ ဧည့်သည်တော်က ဒီငွေပမာဏ ကို မထုတ်ပေး နိုင်ဘူးလို့ သံသယရှိမိတယ်.. တစ်ချိန်လုံး ငါတို့ကို မလိုမုန်းထားပြီး တော့ ဈေးနှုန်းစစ်ပွဲကို ဆွဲဆောင်နေခဲ့တယ်``

``ဟင်?``

လေလံတင်ဆက်သူရဲ့ မျက်လုံးတွေက ဒေါသအရိပ်အယောင်တွေ ဖြစ်ပေါ်လာခဲ့ ပါတယ်။

``သခင်လေးစွန်းက ဒီလိုမျိုး သံသယ ရှိနေတယ်လို့ ပြောမှတော့ ငါသွားပြီးတော့ အတည်ပြုလိုက်ပါမယ်``

သူကလှည့်ထွက်သွားလိုက်ပြီးတော့ စင်မြင့်အနောက်ဘက်ကို လျှောက်သွား လိုက်ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားရဲ့ မျက်နှာက ချက်ချင်းဆိုသလို မည်းမှောင် သွားခဲ့ပါတယ်။ တကယ်လို့ သူတို့ကသာ ဒီဈေးနှုန်းစစ်ပွဲမှာ ပါဝင်ပါတ်သတ်မှု ကြောင့် နှင်ထုတ်ခံလိုက်ရမယ်ဆိုယင် သူ့ရဲ့ ဂုဏ်ကျက်သရေ က ဘာကျန် တော့မှာလဲ? နေပါဦး.. ဒီကောင်က ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်နေတာတော့မဟုတ် နိုင်ပါဘူးနော် ဟုတ်တယ်မလား? ရည်ရွယ်ချက်ရှိရှိနဲ့ သူ့ကို လူပုံအလယ်မှာ အရှက်ရစေပြီးတော့ သူ့ရဲ့ တတိယ ညီငယ်ကို ကူညီပြီးတော့ သူ့ရဲ့ လမ်းကြောင်းပေါ်က အနှောက်အယှက်အားလုံးကို ဖယ်ရှားပေးနေတာလား?

သူ့ရဲ့ အတွေးတွေ စဉ်းစားလို့ ပြီးယုံပဲရှိပါသေးတယ် လေလံအစီစဉ် တင်ဆက်သူ ကပြန်လာတာကို မြင်လိုက်ရပါတယ်။

အစီစဉ်တင်ဆက်သူက ပြောလိုက်ပါတယ်။

``အခုလေးတင်ပဲ ငါတို့ စံအိမ်ရဲ့ တရားဝင် စီနီယာ တစ်ယောက်က အတည်ပြု ပေးလိုက်ပါတယ်။ ဒီ ဂုဏ်သရေရှိ ဧည့်သည်တော်က သန်းလေးဆယ် ကို လုံးဝ ထုတ်ပေးနိုင်ပါတယ်။ နောက်ပီးတော့ တကယ်လို့ ဒီ

ဂုဏ်သရေရှိ ညော်သည်တော် အနေနဲ့ သူမှာ ကြေးပြား တစ်ပြားမှ မရှိတော့ယင်တောင်မှ ငါတို့ စံအိမ်က သူကို အကြွေး ၁ ဘီလီယံအထိ အကန့်အသတ်ပေးဖို့ ဆန္ဒရှိပါတယ်``

``အဟွတ် အဟွတ် အဟွတ် အဟွတ်``

လူတိုင်းလူတိုင်း ထိန်းချုပ်လို့ မရနိုင်အောင်ပဲ ချောင်းတွေ ဆိုးကုန်ပါတယ်။

အကြွေး ၁ ဘီလီယံ အထိ ကန့်သတ်ပေးမယ်.. ဒါကဘယ်လိုအဖြစ်အပျက်မျိုးလဲ?

လင်းဟန်က တပြားမှတောင် သုံးစရာမလိုပဲနဲ့ ၁ ဘီလီယံ တန်ကြေးရှိတဲ့ လေလံပစ္စည်းကို ရိုးရိုးလေးနဲ့ အိမ်ကို ယူသွားလို့ ရနိုင်ပါတယ်။ စိတ်ဂိဉာဉ်ရတနာ စံအိမ်က သူအတွက် အယင်ဆုံး ပေးချေထားပေးမဲ့ပုံစံမျိုးပါ. ဒီလိုမျိုး ဂုဏ်ပြုတာက အင်အားကြီး ကလန် ရှစ်ခုရဲ့ ခေါင်းဆောင်တွေတောင်မှ ဒီလို ဂုဏ်ပြုခြင်းကို ကျေနပ် နှစ်သက်ကြမှာပါ။

အကြီးဆုံး အင်ပါယာ မင်းသားရဲ့ မျက်လုံးတွေ

အံ့အားသင့်ပြီးတော့ ပြုံးကျယ် သွားခဲ့ပါတယ်။ သူ့ရဲ့မျက်လုံးထဲမှာ အံ့မခန်း အံ့ဩမှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

စိတ်ဂိဘာဉ်ရတနာ စံအိမ်က လင်းဟန်အပေါ်ကို အရမ်းကို မြင့်မြင့်မားမား ကြည့် ခဲ့တာပဲ သူတို့လုပ်ခဲ့တယ်မလား? လင်းဟန်ကို သူတို့က တတိယ အထပ်မှာ သီးသန့်အခန်းတစ်ခု အသုံးပြုခွင့်ပေးတဲ့ အပြင် သူ့ကို ဈေးငွေ ၁ဘီလီယံ အထိ ကန့်သတ်ပြီးတော့ တောင်မှ ပေးလိုက်ပါသေးတယ်။ ဒီအကြောင်းကို စဉ်းစားမိ လိုက်တဲ့အမှာ သူတောင်မှ ဒီလို အခွင့်အရေးပေးဦးစားပေး ဆက်ဆံခြင်းကို အလွန်အမင်း မနာလိုဖြစ်နေပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ ချမ်းသာကြွယ်ဝမှုကို အတည်ပြုပြီးပြီဆိုမှတော့ တရားမျှတသွားအောင်လို့ မင်းရဲ့ ချမ်းသာကြွယ်ဝမှုကိုလဲ အတည်ပြုသင့်တယ်.. ငါလည်းပဲ မင်းတို့နှစ်ယောက်က တကယ့်ကို ဆင်းရဲ ပြီးတော့ ငါ့ကို ဈေးနှုန်းတိုက်ပွဲ ဖြစ်ပေါ် အောင်လို့ ဆွဲဆောင်နေတာလားဆိုတာကို သံသယရှိမိတယ်``

ဒီစကားတွေကို ကြားလိုက်ရတဲ့အခါမှာတော့ စွန်းဇီယန်နဲ့ ချန်းယွင်ချင်း တို့ရဲ့ အမူအရာ ကချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့အနေနဲ့ သန်းသုံးဆယ်ဆိုတဲ့ ငွေသားကို လုံးဝ ထုတ်မပေးနိုင်ပါဘူး။

``ဟမ့်.. ငါက စွန်းကလန်ရဲ့ အဖွဲ့သားတစ်ယောက်.. ဒါကြောင့် ဒီ သန်းသုံးဆယ် မျှ ငွေလေးလောက်ကို မထုတ်ပေးနိုင်ဖူးဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?``

စွန်းဇီယန်က အမှန်တရားကို ဖုံးကွယ်ပြီးပြောလိုက်ပါတယ်။

``တကယ်လို့ ဒီစကားတွေကို စွန်းကလန်ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ သူက ပြောတာ ဆိုယင်တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ ကလန်ရဲ့ ဂျူနီယာတစ်ယောက် က သုံးသန်း လောက်ပဲ ထုတ်ပေးနိုင်တယ်ဆိုယင် အရမ်းကို အထင်ကြီးဖို့ လုံလောက်ပါတယ်``

တစ်စုံတစ်ယောက်က သရော်ပြီးတော့ ရီမောလိုက်ပါတယ်။ ဒါက စွန်းဇီယန်ရဲ့ ပြိုင်ဘက် တစ်ယောက်ပဲ ဖြစ်ပါတယ်။

``ဟုတ်တယ်.. ဒါ စုံစမ်းလေ့လာသင့်တယ်..

အဲဒီလိုသာမဟုတ်ဘူးဆိုယင် တရားမျှတ မှာမဟုတ်ဘူး``

နောက်တစ်ယောက်ကလဲ စိတ်လှုပ်ရှားစွာနဲ့ ဂင်ပြောလိုက်ပါတယ်။

စွန်းဇီယန် လို လျင်မြန်စွာနဲ့ ဒေါသထွက်တတ်တဲ့ လူငယ်တစ်ယောက် အနေနဲ့ ရန်သူတွေ တော်တော်များများရှိတာ သဘာဂပါပဲ။ ဒါပေမဲ့ အများစုက သူတို့ ရဲ့ သက်ဆိုင်ရာ ကလန်အသီးသီးရဲ့ စွမ်းအားရှိတဲ့ လူတွေရဲ့ မျက်နှာကြောင့် ဒီကိစ္စ တွေကို တွန်းအားမပေးပါဘူး။ ဒါကြောင့် ဒီတစ်ကြိမ်မှာတော့ ဒီလူတွေက သူ့ကို အောက်ကို ဆွဲချဖို့ အတွက် အဆင်သင့်ဖြစ်နေကြပါတယ်။

``ကျေးဇူးပြုပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးပါ သခင်လေးစွန်း``

လေလံ အစီစဉ်တင်ဆက်သူက ပြောလိုက်ပါတယ်။ လင်းဟန်ရဲ့ ကြွယ်ဂမ္မကို အတည်ပြုပြီးတဲ့နောက်မှာ စွန်းဇီယန်နဲ့ ချန်းယွင်ချင်း တို့လည်းပဲ စုံစမ်းလေ့လာခြင်းကို ခံရပါလိမ့်မယ်။ ဒီလိုမှမဟုတ်ယင် တရားမမျှတာပဲ ဖြစ်သွားပါလိမ့်မယ်။

လေလံပွဲမှာ အရေးကြီးဆုံး အရာက တရားမျှတဖို့ပဲဖြစ်ပါတယ်။ ပြီးတော့ တစ်စုံတစ်ယောက်က မုန်းတီးပြီးတော့ ဈေးနှုန်းတိုက်ပွဲဖြစ်လာနိုင်ပါတယ်။

ချက်ချင်းဆိုသလို စိတ်ဂိဉာဉ်ရတနာ စံအိမ် က လူတစ်ယောက် က စွန်းဇီယန် နဲ့ ချန်းယွင်ချင်း တို့ရဲ့ သီးသန့်အခန်းထဲကို ဝင်လာခဲ့ပါတယ်။ တစ်ခဏမျှကြာတဲ့နောက်မှာ လေလံအစီအစဉ်တင်ဆက်သူက ပြောလိုက်ပါတယ်။

``ကျနော်တို့ရဲ့ စုံစမ်းမှုရလဒ် ကတော့ ဒီ သခင်လေးစွန်းနဲ့ ဆရာချန်း တို့က စုစုပေါင်း ငွေသားပမာဏ ပေးနိုင်တာက ၉ သန်းပါ.. ဒါက သူတို့ လေလံဆွဲတဲ့ သန်းသုံးဆယ်နဲ့ အရမ်းကို အလှမ်းကွာလွန်းပါတယ်``

ဒီစကားတွေကို ကြားလိုက်ရတဲ့အခါမှာ လူတော်တော်များများပဲ အေးစက်စွာနဲ့ သရော်လိုက်ကြပါတယ်။ တကယ်လို့ သူတို့က စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေ မဟုတ်ပဲနဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေအတွက် ပဲ လာခဲ့တာဆိုယင် သူတို့ဆီမှာ တကယ်ပဲ ငွေ ဆယ်သန်းထက်

ပိုရှိရမှာမဟုတ်လား?

ဒီတစ်ကြိမ်တော့ စွန်းဇီယန်က တကယ်ပဲ သူ့ရဲ့ ဂုဏ်သိက္ခာ နဲ့ ထင်ပေါ်ကျော်ကြားမှု တစ်ခုလုံး ပျက်စီးသွားခဲ့ရပါတယ်။

စွန်းဇီယန် နဲ့ ချန်းယွင်ချင်း တို့ ချက်ချင်းပဲ စိတ်ဂိဉာဉ်ရတနာ စံအိမ်က နေ မောင်းထုတ် ခံလိုက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ချန်းယွင်ချင်းက လေလံဆွဲတဲ့ သူဖြစ်ပြီးတော့ သူက ကျင့်ကြံခြင်းလုံးဝမရှိတဲ့အတွက် သူ့ရဲ့ ကျင့်ကြံခြင်းကို ဖျက်ဆီးဖို့ မလိုပါဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး သူတို့ရဲ့ ဘဝတစ်လျှောက်လုံး နောက်ထပ် စိတ်ဂိဉာဉ်ရတနာ စံအိမ်ထဲကို ဝင်ခွင့် တော့ပါဘူး။

မရCHAPTER188 မိုးထိမြင့်တက်နေသော ဈေးနှုန်း

ဈေးနှုန်းတိုက်ပွဲတစ်ခုက ဒီနေရာမှာ ပါဝင်လိုလာခဲ့ပါတယ်။ အစောပိုင်းတုန်းက လေလံဆွဲခြင်းကို ပုံမှန်အတိုင်းပဲ ဖျက်သိမ်းလိုက်ပါတယ်။ ဒါကြောင့် လင်းဟာန်က ဆက်ပြီးတော့ လေလံ နောက်တစ်ကြိမ် ဆွဲရပြီးတော့ လွယ်ကူစွာနဲ့ပဲ တိမ်မြန် အဆောင်လက်ဖွဲ့သုံးခုကို ဆယ်သန်းနဲ့ ဝယ်ယူနိုင်ခဲ့ပါတယ်။

တကယ်တော့ ဘယ်သူကမှ

ဈေးပြိုင်မကမ်းလှမ်းရဲတော့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က လင်းဟာန်ရဲ့ ကြွယ်ဝချမ်းသာမှုကို သိသွားကြပါပြီ.. သူက မျက်စိမှတ်ပြီး တော့တောင်မှ သန်းလေးဆယ် ပမာဏရှိတဲ့ ငွေကို ဒီအတိုင်းပဲ လွှင့်ပစ်လိုက်နိုင်ပြီး တော့ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အချက်ကတော့ သူမှာ အကြွေး ကန့်သတ်ချက် ၁ ဘီလီယံ ထိတောင် ရှိပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက် သူကို တကယ်ပဲ ဆန့်ကျင်ခဲ့မယ်ဆိုယင် လေလံပွဲမှာ သူတို့ လိုချင်တဲ့ အရာ တစ်ခုခု ပေါ်လာခဲ့မယ်ဆိုယင် လင်းဟာန်က ဝင်ပြီးတော့ လေလံ ဆွဲမယ်ဆိုယင် ဘယ်သူက များယှဉ်ပြိုင်နိုင်မှာ မို့လို့လဲ?

သိပ်မကြာခင်မှာပဲ စိတ်ဂိဉာဉ်ရတနာ စံအိမ် ကိုယ်စားပြုတဲ့ လူတစ်ယောက်က တိမ်မြန်အဆောင် လက်ဖွဲ့ သုံးခုကို လာပို့ပေးပါတယ်။ ငွေကြေးအတွက်ကတော့ သူ့အနေနဲ့ အခု ပေးဖို့ မလိုသေးပါဘူး။ စိတ်ဂိဉာဉ်ရတနာ စံအိမ်ကပဲ လင်းဟာန်ကို ပိုက်ဆံ ပေးရပါလိမ့်မယ်။

အကြီးဆုံး အင်ပါယာ မင်းသားက အံ့အားသင့်သလို သိချင်စိတ်လဲ ပြင်းပြလို့ နေပါတယ်။ လင်းဟာန်က ဒီလောက်များတဲ့ ငွေတွေကို ဘယ်နေရာကနေ ရလာခဲ့တာလဲ ပြီးတော့ စိတ်ဂိဉာဉ်ရတနာ စံအိမ်က ဒီလိုမျိုး

အလေးအနက်ထား အာရုံစိုက်ခံရအောင် ဘယ်လိုရရှိခဲ့တာလဲ? သူက လင်းဟန်ရဲ့ နောက်ခံ အင်အားကို သူ့ကိုယ်ပိုင် စုံစမ်းစစ်ဆေးလေ့လာခဲ့ပါတယ်။ သူမွေးဖွားလာတဲ့ အချိန်ကနေ စပြီးတော့ သူက တကယ့်တောသားတစ်ယောက်ပါပဲ။ အင်ပါယာမြို့ရဲ့ နယ်ပယ်မှာတော့ လင်းဟန်က ဆိုတာက တကယ့် ကလန်တစ်ခုလိုမျိုးဖြစ်ဖို့တောင်မှ အဆင့်မမှီပါဘူး။

ဒါပေမဲ့ လင်းဟန်က ရုတ်တရက် မြင့်တက်လာခဲ့ပြီးတော့ သူ့ရဲ့ ဒီလိုမြင့်တက်လာမှု က နှစ်ဝက် မရှိတစ်ရှိ အချိန်အတွင်းမှာပဲဖြစ်ပါတယ်။ ဒါက တကယ့်ကို ထူးဆန်း အံ့သြဖွယ်ရာကောင်းပြီးတော့ ဘယ်သူကမှ သေသေချာချာ မသိနိုင်ကြပါဘူး။

လေလံပွဲက ဆက်ပြီးတော့ လုပ်ဆောင်နေပါတယ်။ အသိအမှတ်ပြုစရာမရှိတဲ့ ပစ္စည်းသေးသေးလေးတစ်ချို့ ရောင်းပြီးတဲ့နောက်မှာတော့ တတိယ အခြေခံ တည်ဆောက်ရေး ဆေးလုံးက နောက်ဆုံးမှာတော့ စင်မြင့်ထက်မှာပေါ် လာပြီးတော့ ခမ်းနားထည်ဝါစွာနဲ့ ပြသထားပါတယ်။ အကြီးဆုံး အင်ပါယာ မင်းသားက နောက်ဆုံးမှာတော့ ဒီတတိယ အကြိမ်မြောက်မှာတော့ အားလုံးကို ပုံအောလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့

သူလိုမျိုးပဲ တွေးနေကြတဲ့ လူတွေကလဲ အများကြီး ရှိပါတယ်။ ပြီးတော့ အရမ်းကို လျှင်မြန်စွာနဲ့မှော်ဆေးလုံးရဲ့ လေလံတန်ကြေးက သန်း ၂၀ အထိကိုမြင့်တက်သွားခဲ့ပါတယ်။

အကြီးဆုံးအင်ပါယာ မင်းသားက တည်ငြိမ်ပြီးတော့ မနေနိုင်တော့ပဲနဲ့ အစောပိုင်း နှစ်ကြိမ်တုန်းက သူက ပြတ်ပြတ်သားသား မလုပ်ဆောင်ခဲ့တာကိုလျှို့ဝှက်စွာ နဲ့ နောင်တ တွေ ရနေပါတယ်။ အခုတော့ သူ့အနေနဲ့ သူ့ရဲ့ သန်းနှစ်ဆယ်နဲ့ တောင်မှ ဆေးတစ်လုံးကို မရနိုင်တော့ပါဘူး။

စိတ်ဂိဉာဉ်ရတနာစံအိမ် ကိုကြည့်ရတာ တစ်ခုပြီးမှ တစ်ခု ရောင်းချမဲ့ပုံစံပါပဲ။ မှော်ဆေးလုံးတင်မက အလှဆင်တဲ့ ပစ္စည်းတွေနဲ့ တစ်ခြား ကျင့်ကြံခြင်း နည်းစနစ် တွေ သိုင်းပညာနည်းစနစ်တွေ နဲ့ အမျိုးမျိုးသော ပါဂဝင်ပစ္စည်းတွေကိုလဲ ရောင်းချပါတယ်။ တစ်ခါတလေမှာ ရတနာသိုက်မြေပုံတွေတောင်မှ ရောပါလာသေးတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် လေလံပွဲမှာတော့ စိတ်ဂိဉာဉ်ပစ္စည်းတွေ မပါလာပါဘူး။ အဲလိုမှမဟုတ်ဘူးဆိုယင် လင်းဟာန် အနေနဲ့ သူ့ရဲ့ ကိုယ်ပိုင် အဖြစ် တစ်ခုလောက်တော့ ဂယ်ယူချင်ပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ လေလံ ပွဲမှာ ရှိတဲ့ သိုင်းပညာရပ်တွေနဲ့ ကျင့်ကြံခြင်းနည်းစနစ် တွေက အရမ်းကို အဆင့်နိမ့်ပါတယ်။လင်းဟန်က နည်းနည်းလေးမှတောင် စိတ်မဝင်စားပါဘူး။ သူက ထိုင်နေရာကနေပဲ ခေါင်းတငြိမ့်ငြိမ့်လုပ်နေပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့အနေနဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံးကိုလဲ ဝယ်စရာ မှ မလိုတာ။

လေးခုမြောက်ဆေးလုံး.. ငါးခုမြောက် နဲ့ ခြောက်ခုမြောက်ဆေးလုံးတွေကို အလျှင်အမြန်ပဲ လေလံတင်ရောင်းချနိုင်ခဲ့ပါတယ်။ အခြေခံ တည်ဆောက်ရေး ဆေးလုံး အရေအတွက်ကလည်း နည်းသထက် နည်းလာခဲ့ပြီးတော့ တန်ကြေး ကလဲ ပိုပိုပြီးတော့ မြင့်မားလာခဲ့ပါတယ်။ ရှစ်ခုမြောက် ဆေးလုံးက ကိုတော့ အံ့မခန်း မယုံနိုင်စရာကောင်းတဲ့ တန်ကြေးဖြစ်တဲ့ ၂၈ သန်းနဲ့ ရောင်းထွက်သွားခဲ့ပါတယ်။ ၎င်းက ပထမ ဆေးလုံးတန်ကြေးရဲ့ နှစ်ဆ ထက်တောင်မှ ပိုနေပါသေးတယ်။

ဒီဟာက လီကလန်ရဲ့ စိတ်ဂိုဏ်ပင်လယ်အဆင့် လက်ရွေးစင်ကို ခဏခဏ ကျေနပ် ပီတိ ဖြစ်ပြီးတော့ ရီမောစေခဲ့ပါတယယ်။ အစောပိုင်းတုန်းက ၁၃ သန်းဆိုတဲ့

ပမာဏ ကသူ့ကို နလုံးရောဂါရသွားစေခဲ့နိုင်ပြီးတော့ လက်ရှိ တန်ကြေးနဲ့ နှိုင်းယှဉ် လိုက်မယ်ဆိုယင် သူ့အနေနဲ့ ဒီလောက်ပမာဏ လေးနဲ့ တစ်ခုရအောင် ဂယ်ယူလိုက် နိုင်တာက ပျော်ရွှင်ကျေနပ်စေခဲ့ပါတယ်။

ဆေးက တစ်လုံးပဲကျန်ပါတော့တယ်။ သံသယ ရှိစရာကို မလိုပဲ နောက်ဆုံး အခြေခံတည်ဆောက်ရေးဆေးလုံးအတွက် တန်ကြေးက သန်းသုံးဆယ် ကို လုံးဂ ကျော်ဖြတ်သွားနိုင်ပါလိမ့်မယ်။

အခြေခံတည်ဆောက်ရေး ဆေးလုံး အသစ်က နောက်တစ်ကြိမ် ဘယ်တော့မှ ပြန်ပေါ်လာမယ်ဆိုတာက နတ်ဘုရားတွေပဲ သိနိုင်ပါလိမ့်မယ်။

``သန်းနှစ်ဆယ်``

ကြမ်းခင်းဈေး ငါးသန်းလို့ ကြေညာပြီးယုံပဲ ရှိပါသေးတယ် တစ်စုံတစ်ယောက်က ရုတ်တရက် သန်းနှစ်ဆယ်ထိ မြှင့်ပြီးတော့ ဈေးခေါ်လိုက်ပါတယ်။ ဒါက နောက်ဆုံး ဆေးလုံးဖြစ်တဲ့အတွက်
အချိန်အကုန်မခံချင်တော့တဲ့အတွက် သန်းနှစ်ဆယ် အထိကို တန်းပြီး ဈေးမြှင့်ပြီးတော့ခေါ်ဆိုလိုက်ခြင်းဖြင့် တစ်ခြား

သန်းနှစ်ဆယ် အောက် လေလံဆွဲမဲ့ သေးငယ်တဲ့ လေလံဈေးတွေကို ရပ်ကုန်အောင် လုပ်လိုက်တာနဲ့အတူတူပါပဲ။

လင်းဟာန်က လက်ခုပ်တီးပြီးတော့ ပြောလိုက်ပါတယ်။

``ငါက ဒီလိုလူစားမျိုးကို သဘောကျတယ်. အရမ်းကို တဲ့တိုးဆန်တာပဲ``

လွီယုထန် နဲ့ လီစီရှန်း တို့နှစ်ယောက်စလုံး သူမတို့ရဲ့ ပါးစပ်တွေကို ကွယ်ပြီးတော့ ခိုးရီလိုက်ကြပါတယ်။ သူ့ကို ပိုက်ဆံတွေပေးမဲ့ လူကို သဘောမကျတဲ့ လူဆိုတာ ရှိသေးလို့လား?

ထိုအချိန်အတွင်းမှာ အကြီးဆုံး အင်ပါယာ မင်းသားက အနည်းငယ် စိတ်ရှုပ်ထွေး နေခဲ့ပါတယ်။ သူက လင်းဟာန်ကိုယ်တိုင်က တဲ့တိုးသမားဖြစ်တဲ့အတွက် အဲလို လူစား မျိုးကို သူက လေးစားတာဖြစ်မယ်လို့ တွေးမိပါတယ်။ ပြီးတော့ သူ့ကိုယ်သူ ရိုးရိုးသားသားနဲ့ တကယ်လို့ သူက တဲ့တိုးသမားလားဆိုတာကို ပြန်မေးလိုက်ပါတယ်။ တကယ်လို့ သူကမဟုတ်ဘူးဆိုယင် လင်းဟာန်နဲ့ သူငယ်ချင်းဖြစ်ဖို့ သူ့အတွက်အရမ်းကို ခက်ခဲသွားလိမ့်မယ်မဟုတ်လား?

``နှစ်ဆယ့်ငါးသန်း``

ဒီနေရာမှာ တဲ့တိုးဆန်တဲ့ အမူအကျင့်ရှိတဲ့ လူတွေ တော်တော်များများ ရှိပါတယ်။ နောက်တစ်ယောက်က ချက်ချင်းဆိုသလိုပဲ နောက်ထပ် ငါးသန်း ပေါင်းထည့် ပြီးတော့ လေလံဆွဲလိုက်ပါတယ်။

``၂၆ သန်း``

``၂၇ သန်း``

``၂၈သန်း``

``၂၉သန်း``

တကယ်လို့ သန်းသုံးဆယ်သာ ရောက်သွားမယ်ဆိုယင် ဒါက အဆင့်အသစ်တစ်ခု ဖြစ်ပါတယ်။ နောက်ဆုံး လေလံ အော်ဟစ်လိုက်သံပြီးတဲ့ နောက်မှာတော့ လူအုပ်ကြီး က ငြိမ်သက်လို့သွားခဲ့ပါတယ်။ အဲအချိန်မှာ ဘယ်သူကမှ နောက်ထပ် လေလံမဆွဲကြတော့ပါဘူး။ လူအုပ်ကြီးအနေနဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံး က ဆယ်သန်းဂန်းကျင်ပဲ

တန်တယ်ဆိုတာကို သိထားကြပါတယ်။ ဒါပေမဲ့ ဂယ်ယူချင်တဲ့ သူတွေပဲ တန်းစီနေပြီးတော့ ရောင်းချမဲ့သူတစ်ယောက်မှ မရှိပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ ပိုက်ဆံတွေက မိုးကောင်းကင်ပေါ်ကနေ ကျလာတာမျိုးမဟုတ်ပါဘူး ဒါကြောင့် သူတို့အနေနဲ့ ပြတ်ပြတ်သားသားကြီး မသုံးစွဲရဲနိုင်ကြပါဘူး။

ဒ့ါအပြင် မှော်ဆေးပညာရှင်မဟုတ်ပဲနဲ့ ဘယ်သူကများ ဆယ်သန်းကျော်တဲ့ ပမာဏ ကို အမှန်တကယ် ထုတ်ပေးနိုင်သလဲ? ဒီလိုပမာဏမျိုးကို အဖွဲ့အစည်းတစ်ခုရဲ့ နေရာပေါင်းစုံကနေ ရသလောက် စုစည်းထားမှသာ ရနိုင်ပါလိမ့်မယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မတွေးတော မစဉ်းစားပဲနဲ့ သုံးစွဲနိုင်မှာလဲ?

သိုင်းပညာရှင်တွေရဲ့ အချိန်အများစုကို ကျင့်ကြံခြင်းအပေါ်မှာပဲ အသုံးပြုကြတဲ့ အတွက် ဘယ်နေရာကနေ ပိုက်ဆံရှာဖို့ အချိန်ရှိကြမှာလဲ? ဥပမာ လင်းကလန် မှာ လူပေါင်း တစ်ရာကျော်က စီးပွားရေးလုပ်ငန်းတွေမှာ ဂင်လုပ်နေကြပြီးတော့ ပိုက်ဆံရှာပြီး ကလန်ထဲက သိုင်းပညာလမ်းကြောင်းလျှောက်လမ်းနေတဲ့ သိုင်းပညာရှင်တွေကို ထောက်ပံ့ပေးပြီးတော့ အဲဒါမှပဲ လင်းကလန်ရဲ့

ချမ်းသာ ကြွယ်ဝမှုတွေကိုကာကွယ်နိုင်စွမ်း ရှိပါလိမ့်မယ်။

သူတို့ကလန်တွေ အဖွဲ့အစည်းတွေရဲ့ ငွေကြေးကို သူတို့တွေ သုံးစွဲဖို့ အတွက် တုံ့ဆိုင်းနေပြီးတော့ သေသေချာချာကို စဉ်းစားရပါတယ်. ဒါကြောင့် ဒီလိုမျိုး အံ့မခန်း နိုင်တဲ့ ပမာဏကို သုံးစွဲဖို့အတွက်ကတော့ သူတို့ အနေနဲ့ မပံ့မရဲဖြစ်နေကြပါတယ်။

``သန်းသုံးဆယ်``

နောက်ဆုံးတော့ တစ်စုံတစ်ယောက်က တိတ်ဆိတ်ငြိမ်သက်နေမှုကို ဖြိုခွဲလိုက်ပါတယ်။ အဲဒါက အလယ်အလတ်ကလန် တစ်ခုက စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။

အင်အားကြီးကလန် ရှစ်ခု အတွက်ကတော့ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ပိုလာတာက သူတို့ရဲ့ တိုက်ခိုက်နိုင်စွမ်းရည်ကို ပိုပြီးတော့မြင့်တင် လိုက်တာနဲ့ ညီမျှပြီးတော့ အရမ်းကို သိသိသာသာ အရာရောက်ပါတယ်။ သို့ပေမဲ့ သူတို့ကလန်တွေရဲ့ အခြေခံ တကယ့်ခိုင်မာတဲ့ စွမ်းအားတွေကတော့ ပြောင်းလဲသွား လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အလယ်အလတ်အဆင့် ကလန် အတွက်ကတော့ တကယ်လို့ သူတို့ဆီမှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ရှိမယ် ဆိုယင် လုံးဂပြောင်းလဲသွားတယ်လို့ ဆိုလိုတာဖြစ်ပါလိမ့်မယ်။ ပြီးတော့ ကလန်က အစောပိုင်း တုန်းက အဆင့်နဲ့ လုံးဂမတူတဲ့ အဆင့်တစ်ခုကို ရောက်သွားပါလိမ့်မယ်။

ဒါကြောင့် အလယ်အလတ် ကလန်တွေက အခြေခံ တည်ဆောက်ရေး ဆေးလုံး ကို ရယူဖို့အတွက် ပိုပြီးတော့ ကြံမိကြံရာစွတ်လုပ်နေကြပြီးတော့ ရှုးသွပ်စွာနဲ့ လေလံ ဆွဲဖို့အတွက် အဆင်သင့်ဖြစ်နေကြပါတယ်။

``လေးဆယ့်တစ်သန်း``

``လေးဆယ့်နှစ်သန်း``

``လေးဆယ့်သုံးသန်း``

နောက်ဆုံးတော့ ကလန်သုံးခုပဲ ကျန်ပါတော့တယ်။ ဒီကလန် တွေက သက်ဆိုင်ရာ လူအသီးသီးရဲ့ မျက်လုံးတွေက နီရဲနေပြီးတော့ သူတို့ပုံစံကြည့်ရတာ နောက်ဆုံး အခြေခံတည်ဆောက်ရေး ဆေးလုံးကို သူတို့ရဲ့ လက်ထဲ

ရရှိဖို့အတွက် အရာ အားလုံး ကို စွန့်လွှတ်ပစ်ဖို့ အဆင့်သင့်ဖြစ်နေပြီဆိုတဲ့ပုံစံပါပဲ။

``ဟီးဟီး.. အခြေခံတည်ဆောက်ရေး ဆေးလုံးကို စားပြီးယင်တောင်မှ မင်းမှာ အဆင့်တက်ဖို့ ၁၀-၂၀ ရာခိုင်နှုန်းလောက်ပဲရှိလိမ့်မယ်။ ဘာဖြစ်လို့ မင်းတို့နှစ်ယောက် က ငါနဲ့ ဒီလိုမျိုး ပြင်းပြင်းထန်ထန် ပြိုင်ဆိုင်နေကြတာလဲ?``

တစ်ယောက်က မေးလိုက်ပါတယ်။`

`` ကြယ်ဆယ့်သုံးလုံး တန်တဲ့ အခြေခံတည်ဆောက်ရေးဆေးတစ်လုံး ဖြစ်တယ်. ၁၀-၂၀ ရာခိုင်နှုန်း အခွင့်အရေးမဟုတ်ဘူး.. ၃၀ ရာခိုင်နှုန်းလောက် ရှိတယ်``

တတိယ လူက နာခေါင်းရှုံ့ပြီးအေးစက်စွာ ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းမှာ ဆက်ပြီးတော့ လေလံ မဆွဲနိုင်တော့ဘူးဆိုယင် ကိုယ့်ဘာသာကိုယ်ပဲ အကျပ်အတည်းအဖြစ်မခံပါနဲ့``

``ဒါဆိုယင်လဲ ဆက်လုပ်ကြတာပေါ့``

နောက်ဆုံးတော့ ဈေးနှုန်းက ၄၉ သန်း ဖြစ်သွားပါတယ်။

အားလုံးက ဒီအခြေခံတည်ဆောက်ရေးနောက်ဆုံးဆေးလုံးက အမြင့်ဆုံး တန်ကြေးကိုရလိမ့်မယ်ဆိုတာကိုခန့်မှန်းမိပါတယ်…ဒါပေမဲ့ သန်းငါးဆယ်နီးပါးအထိ ရောက်သွားခဲ့ပြီးတော့ ၎င်းက အားလုံးကို မှင်တက်အံ့သြသွားစေခဲ့ပါတယ်။ လေလံပွဲဆိုတာ ဒီလိုမျိုးပါပဲ။ ချမ်းသာတဲ့ လူအများကြီးမလိုအပ်ပါဘူး။ ဒီနေရာမှာ လေလံအပြိုင်ဆွဲဖို့ ဆန္ဒရှိတဲ့ အဖွဲ့အစည်းတွေ အနည်းဆုံး နှစ်ခုလောက်ရှိ ယင်ကိုပဲ လုံလောက်ပါတယ်။

တိမ်မြန်အဆောင်လက်ဖွဲ့တွေ အတွက် လင်းဟာန်နဲ့ ချန်းယွင်ချင်းတို့ ပြိုင်ဆိုင်ကြ သလိုမျိုးပဲ ၎င်းရဲ့ တန်ကြေးက သန်းလေးဆယ်အထိ မိုးထိအောင် မြင့်မားသွား အောင် ဖြစ်စေခဲ့ပါတယ်။ ချန်ယွင်ရှင်းက အဲဒီပမာဏရှိတဲ့ ငွေသားကို မထုတ်ပေးနိုင်တဲ့အတွက်ကြောင့် အစောပိုင်းလေလံဈေးတွေအားလုံးကို တရားမဝင် အဖြစ်သတ်မှတ်ပြီးတော့ ပယ်ချခံလိုက်ရတာပါ။

လင်းဟာန်က တစ်ခဏမျှ တွက်ချက်ကြည့်လိုက်ပီးတော့

သူ့ကိုယ်သူ အတော်လေး အံ့အားသင့်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံတည်ဆောက်ရေး ဆေးကိုးလုံး ပေါင်းပြီး လေလံတင်ရောင်းချလို့ရတဲ့ ငွေပမာဏက ၂၂၅ သန်းရှိပါတယ်။ ဝန်ဆောင်ခ ၁၄ရာခိုင်နှုန်း ကို နှုတ်လိုက်မယ်ဆိုယင်တောင်မှ ဆေးလုံး တစ်လုံးကို သန်းနှစ်ဆယ်ကျော်နီးပါး ရောင်းချလိုက်သလိုပါပဲ။

လွီယုထန် နဲ့ လီစီရှုန်းတို့ နှစ်ယောက် လည်းပဲ တွက်ချက်လိုက်ပီးတော့ အံ့အားသင့် နေကြပါတယ်။ ဒီလိုမျိုး အံ့မခန်း ပမာဏက အင်အားကြီးကလန် တစ်ခုရဲ့ တစ်နှစ်စာ ဝင်ငွေစုစုပေါင်းနဲ့ နှိုင်းယှဉ်ဖို့ အတွက် လုံလောက်ပါတယ်။

စုစုပေါင်းဝင်ငွေနော်.. စုစုပေါင်း အမြတ်မဟုတ်ဘူး။

တစ်ခြားစကားနဲ့ပြောရမယ် ဆိုယင် လင်းဟန်က အင်အားကြီးကလန် တစ်ခုရဲ့ တစ်နှစ်စာ စုစုပေါင်းဝင်ငွေထက် ပိုများတဲ့ ဝင်ငွေကို တစ်ရက်ထဲနဲ့ ရရှိခဲ့ပါတယ်။

မှော်ဆေးပညာရှင်တွေက တကယ်ပဲ ဝင်ငွေအရမ်းကောင်းတာပဲ။

ဒါပေမဲ့ အဲဒါကလဲ လူအပေါ်မှာမူတည်ပါသေးတယ်။ လင်းဟန်က လွဲလို့ တစ်ခြား ဘယ်မျော်ဆေးပညာရှင်တွေက ဆေးကျိုအိုးအနည်းငယ် မပေါက်ကွဲပဲနဲ့ ဒီ အခြေခံ တည်ဆောက်ရေး ဆေးကိုးလုံးကို ဖော်စပ်နိုင်လို့လဲ? ပြီးတော့ တကယ်လို့ မြေကမ္ဘာ အဆင့်မျော်ဆေးပညာရှင်တစ်ယောက် ဆိုယင်ရော.... မြေကမ္ဘာအဆင့် မျော်ဆေးပညာရှင်တစ်ယောက် အနေနဲ့ရော ဒီလိုမျိုး ငွေတွေကို အများကြီးလိုအပ် နေသေးလို့လား?

တကယ်လို့ မြေကမ္ဘာအဆင့် မျော်ဆေးပညာရှင်တစ်ယောက်က မြေကမ္ဘာအဆင့် အလယ်အလတ် ဒါမှမဟုတ် အဆင့်မြင့် အဆင့် ဆေးလုံးကို ဖော်စပ်ပြီး ရောင်း ချမယ်ဆိုယင် မိုးရေနိုင်ငံတစ်ခုလုံးကို ရောင်းချယင်တောင်မှ လုံလောက်မှာ မဟုတ်ပါဘူး။

ဒီတစ်ကြိမ် လေလံပွဲက ချောမွေ့စွာနဲ့ ပြီးဆုံးသွားခဲ့ပြီးတော့ လင်းဟန်က စင်မြင့် အနောက်ဘက်ကို သွားပြီးတော့ သူ့ရဲ့ ကုန်ကျစားရိတ် ကို သွားပြီး စာရင်းရှင်း လိုက်ပါတယ်။ အကြီးဆုံးအင်ပါယာ မင်းသား က လင်းဟန် အနေနဲ့ သူဂယ်ထားတဲ့ တိမ်မြန်အဆောင်လက်ဖွဲ့ သုံးခုအတွက် ငွေသွားချေတယ်လို့ပဲ ထင်နေခဲ့တာပါ.. လင်းဟန်က သူ့ရဲ့

ပိုက်ဆံကို သွားပြီးတော့ လက်ခံရယူတယ်လို့ လုံးဝ မထင်ထား မိခဲ့ပါဘူး။ ဒါ့အပြင် လင်းဟန် လက်ခံရယူတဲ့စုစုပေါင်းပမာဏက သူ့လို အင်ပါယာ မင်းသားတစ်ယောက်ကိုတောင်မှ အသက်ရှူရပ်သွားစေနိုင်ပါတယ်။

``သခင်လေးဟန်... အခြေခံတည်ဆောက်ရေးဆေးလုံး ကိုးလုံး ကို လေလံတင် ရောင်းချလို့ရတဲ့ ငွေစုစုပေါင်း ၂၂၅သန်းရှိပါတယ်။ ဂန်ဆောင်ခ ၁၄ရာခိုင်နှုန်း နဲ့ မင်းလေလံဆွဲထားတဲ့ပစ္စည်းအတွက် ဆယ်သန်းကို နုတ်ယူလိုက်မယ်ဆိုယင် ဒီမှာ ၁၈၃ သန်းနဲ့ ငါးသိန်း ကျန်ပါသေးတယ်``

ကျားပယွန် က လင်းဟန်ကို ငွေလွှဲစာရွက်အထပ်လိုက် ပေးလိုက်ပါတယ်။ ဒီလောက် ငွေအများကြီးကို ရွှေတုံးတွေ နဲ့ ပေးချေဖို့ လုံးဝမဖြစ်နိုင်ပါဘူး။

သူ့အနေနဲ့ လင်းဟန်က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာပြီဆိုတာကို သိပါတယ်။ ပြီးတော့ မြေကမ္ဘာအဆင့်ကိုတောင်မှ ခြေလှမ်းနေ တာ ဖြစ်နိုင်ချေတောင်ရှိတဲ့အတွက် သူက ရိုသေလေးစားစွာနဲ့ ခေါ်ဆိုလိုက်တာပဲ ဖြစ်ပါတယ်။

သူ့အတွက် လင်းဟန်က စိတ်ဂိဉာဉ်ပုလ္လင်အဆင့်ကနေ အဆင့်တက် နိုင်မဲ့ ဆေးလုံး ဖော်စပ်ပြီးတော့ ကူညီနိုင်ဖို့ မျှော်လင့်နေတာပါ. အဲဒီလိုမှမဟုတ်ဘူး ဆိုယင် သူ့ရဲ့ အဆင့်အတန်းနဲ့ သူ့အတွက် ဒီလိုမျိုး ရှိသေလေးစားနေဖို့ မလိုပါဘူး။

လင်းဟန်က ပြုံးပြီးတော့ သူ့ဆီကနေ ငွေတွေကို လက်ခံရယူလိုက်ပါတယ်။ သူက တစ်ချက်ကလေးမှတောင် ၎င်းတို့ကို မစစ်ဆေးပါဘူး။ သူ့အနေနဲ့တစ်ဖက်က သူ့ရဲ့ ငွေတွေကို အလွဲသုံးစားလုပ်ပုံ့မှာ မဟုတ်ဘူးဆိုတာကို သိနေပါတယ်။

CHAPTER 189 ဒြပ်စင်အမှုန် ဆယ်ခုကို ဆင်ခြင်သုံးသပ်ခြင်း

လေလံပွဲပြီးတာနဲ့ လူတိုင်းလူတိုင်းက သူတို့ရဲ့ အိမ်ကို ပြန်သွားကြပါတယ်။ သူတို့လိုချင်တဲ့ပစ္စည်းတွေကို ဝယ်ယူနိုင်ခဲ့တဲ့သူတွေကတော့ ပျော်ရွှင်နေတဲ့ပုံစံ မျိုးရှိနေတဲ့အချိန်အတွင်းမှာ မဝယ်နိုင်တဲ့သူတွေကတော့ အိမ်ကို သီချင်းတောင် မဆိုနိုင်ပဲနဲ့ သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့ ပြန်ကုန်ကြပါတယ်။ ထိုအချိန်အတွင်း မှာတော လင်းဟန်က ဒီနေ့ရဲ့ အကြီးမားဆုံး အောင်နိုင်သူဖြစ်ပီးတော့ သန်း ၂၀၀ နီးပါး အံ့သြဖွယ်ရာ ပမာဏတစ်ခုကို

လက်ခံရရှိခဲ့ပါတယ်။ တကယ်လို့ ဒီသတင်း သာ ပြန့်နှံ့သွားခဲ့ယင် သူပြန်တဲ့လမ်းမှာ လူတွေအများကြီးရဲ့ ဓါးပြတိုက်ခြင်းကို ခံရပါလိမ့်မယ်။ တကယ်လို့ သူတို့ရဲ့ လုပ်ရပ်သာ အောင်မြင်မယ်ဆိုယင် သူတို့ရဲ့ လက်ကျန်ဘဝတစ်လျှောက်လုံး ငွေကြေးနဲ့ပါတ်သတ်ပြီးတော့ ဘာမှ စိတ်ပူစရာမလို တော့ပဲနဲ့ နေနိုင်သွားကြမှာပါ.။

ကျေးရွာတင်ရမှာက အဲဒီလိုမျိုး မျက်စိကန်းနေတဲ့သူတစ်ယောက်မှ မပေါ် လာခဲ့ပါဘူး။

ဟွာယန် အကယ်ဒမီကို ပြန်ရောက်လာတဲ့အခါမှာတော့ လင်းဟန်က အိပ်ခန်း ထဲကို သွားခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာတော့ သန်းတစ်ရာ နဲ့ နှစ်ရာ အကြားက စာရွက်တွေက ကွာခြားချက်အများကြီးမရှိပါဘူး။ ဒါကြောင့် သူ့အတွက်ကတော့ ကပ်စေးနဲ ကော်တရာလိုမျိုး သူ့ရဲ့ ငွေကြေးတွေကို ရေတွက်နေဖို့ လုံးဝ မလိုအပ်ပါဘူး။

နောက်တစ်နေ့မနက်အစောကြီးမှာ သူက နိုးလာပြီးတော့ ထုံးစံအတိုင်းပဲ လေ့ကျင့် ပါတယ်။ သူ့ရဲ့ တိုးတက်မှုနှုန်းက အရမ်းကို လျှင်မြန်နေပါတယ်။ သူက လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ ကို

အဆင့်တက်ခဲ့ပြီးတော့ အခုဆိုယင် သူက အဆင့်ကိုးအလွှာရဲ့ နောက်ပိုင်းအဆင့်နဲ့ နီးကပ်လို့နေပါပြီ။ သူက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဖြတ်ကျော်နိုင်ဖို့အတွက် အထွတ်အထိပ် အဆင့် တစ်ခု ကျန်နေပါသေးတယ်။

``ငါ ဒါကို ကြိုးစားကြည့်သင့်သလား?``

သူလေ့ကျင့်လို့ပြီးသွားတဲ့ အခါမှာ တွေးဆလိုက်ပါတယ်။

ယခင်ဘဝတုန်းက သူက သမိုင်းဝင်ရှေးဟောင်းနယ်မြေ တော်တော်များများကို စွန့်စား သွားလာခဲ့ပြီးတော့ သိုင်းပညာနည်းစနစ်တွေ နဲ့ ကျင့်ကြံခြင်းနည်းစနစ် တွေ အများကြီးကို ရယူနိုင်ခဲ့ပြီးတော့ စကြာဝဠာချိုးဖျက်ခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ကိုယ်တိုင်ရေးထားတဲ့ စာတစ်ချို့ကိုတောင်မှ ရခဲ့တယ်လို့ သက်မကင်း ဖြစ်နေခဲ့ပါတယ်။ ဒီစာရွက်တွေထဲမှာ ဖြစ်နိုင်ခြေရှိတဲ့ အရာတစ်ခုကို ဖော်ပြထားပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ဆယ်ခုမြောက်....။

ဒီကမ္ဘာကြီးမှာ ကိုး ဂဏန်းက အမြင့်ဆုံးဂဏန်းဖြစ်ပါတယ်။ ဒါကြောင့် ဒီကမ္ဘာကြီးမှာ ကိုး ဂဏန်းက အရာအားလုံးရဲ့

ထိပ်ဆုံးအဖြစ် သတ်မှတ်လို့ရပါတယ်။ မနေ့ကနဲ့ မနက်ဖြန်ရဲ့ ဘုရင်က သေမျိုးကမ္ဘာရဲ့ ဧကရာဇ်တွေလို့ ရည်ညွှန်းပြောဆိုလို့ရပါတယ်။ (စကားပုံနဲ့တူတယ် အဓိပ္ပါယ်မသိပါ)။ ဒါက သိုင်းပညာရပ်ရဲ့ နယ်ပယ်နဲ့ တူညီပါတယ်။ ကိုယ်ခန္ဓာပြုပြင်ခြင်း ကနေ ကောင်းကင်အဆင့်ထိ လမ်းကြောင်း အားလုံးမှာ အလွှာ ၉ က ထိပ်ဆုံးအဆင့်လို့ သတ်မှတ်ထားကြပါတယ်။

ပြီးတော့ ကိုယ်ခန္ဓာပြုပြင်ခြင်း ကနေ ကောင်းကင်အဆင့်အထိ အားလုံးမှာ အမှန်တကယ်ပဲ အဆင့်ကိုးဆင့်ရှိပါတယ်။ နောက်ဆုံး စကြာဝဠာဖျက်ဆီးခြင်း က လူတစ်ယောက်ရဲ့ သေမျိုး အချုပ်အနှောင်ကို ဖျက်ဆီးပစ်လိုက်ပီးတော့ နတ်ဘုရား တစ်ပါး အဖြစ်ကို ရောက်ရှိအောင်လို့ ခြေလှမ်းချပေးလိုက်သလိုပါပဲ။ ချောက်ကမ်းပါး နှစ်ခုကို ချိတ်ဆက်ပေးတဲ့ တံတားတစ်ခုနဲ့အလားသဏ္ဍာန်တူပါတယ်။

ဒါပေမဲ့ ရှေးဟောင်းစွမ်းအားကြီးတဲ့ သူတစ်ယောက်က ဖော်ပြထားတာတော့ လူတစ်ယောက်က အဆင့်တိုင်းအဆင့်တိုင်းရဲ့ အလွန်အကျွံ့အဆင့်ထိ ကျင့်ကြံလို့ရနိုင်ပါတယ်တဲ့။

လင်းဟန်ရရှိခဲ့တဲ့ စာရွက်မှာဖော်ပြထားတာကတော့ ဒြပ်စင်စုစည်းခြင်းအဆင့်မှာ မူလဒြပ်စင်အမှုန် ဆယ်ခုမြောက်ကို ဖွဲ့စည်းဖို့ ဖြစ်နိုင်ချေရှိပြီးတော့ ကိုးဂဏန်းကန့်သတ်ချက်ကို ဖျက်ပီးတော့ တကယ့်ပြီးပြည့်စုံတဲ့ အခြေနေတစ်ခု ကို ဖြစ်လာနိုင်ချေရှိပါတယ်။

ဒီလိုအရာရဲ့ အကျိုးအမြတ်ကတော့ လုံး၀ အဆုံးမရှိပါဘူး။

တစ်ခု နားလည်ထားရမှာက ဒြပ်စင်စုစည်းခြင်းအဆင့်ပြီးယင် နောက်တစ်ဆင့် က နွေဦးစမ်းရေအဆင့်ဖြစ်ပါတယ်။ အဲဒီအဆင့်မှာ သိုင်းပညာရှင်တွေက သူ့မှာရှိတဲ့ မူလဒြပ်စင်အမှုန်တွေကို စမ်းချောင်းလိုမျိုး ပြောင်းလဲလိုက်ပီးတော့ သူ့ရဲ့ ဒန်တန်ထဲက မူလစွမ်းအင်တွေကို
ပန်းထွက်အောင်ပြောင်းလဲပစ်နိုင်ပါလိမ့်မယ်။ နွေဦးစမ်းရေအဆင့်ပြီးယင် စိတ်ဂိဉာဉ်ပင်လယ်အဆင့်ဖြစ်ပြီးတော့ အဲဒီအဆင့်မှာ ဒီမူလစွမ်းအင် စမ်းချောင်းလိုဟာတွေကို အဆုံးမရှိတဲ့ ပင်လယ်တွေလိုမျိုးအဖြစ် ကို ပြောင်းလဲပစ်ပါလိမ့်မယ်။

စိတ်ဂိဉာဉ်ပုလ္လင်အဆင့်. ပန်းဖူးအဆင့်. စိတ်ဂိဉာဉ် နတ်သူငယ်အဆင့်.. နတ်ဘုရား

အသွင်ပြောင်းလဲခြင်းအဆင့်.. နောက်ပိုင်းအဆင့်တွေ အားလုံးကလည်း ဒါနဲ့ ဆက်နွယ် ပါတ်သတ်နေပါတယ်။ ဒီဖြစ်ရပ်တွေကြောင့်ပဲ ဒြပ်စင်စုစည်းခြင်းအဆင့်က လူတစ်ယောက်ရဲ့ သိုင်းပညာလမ်းကြောင်းက အမှန်တကယ့်ကို အခြေခံ ဖြစ်ပြီး အကျိုးဆက်အနေနဲ့ အပေးကြီးကို ရောက်နိုင်ပါတယ်။

ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့်က လူတစ်ယောက်ရဲ့ သွေးသား.. အရိုးတွေနဲ့ အရွတ်တွေကိုပဲ သန့်စင်ပေးနိုင်တာပါ.. ဒြပ်စင်စုစည်းခြင်း အဆင့်မှာတော့ လူတစ်ယောက်ရဲ ဒန်တန်ကို ဖွင့်ဟပေးနိုင်ပီး ကျင့်ကြံသူတစ်ယောက်ရဲ့ လမ်းကြောင်းအပေါ်ကို တရားဝင် ခြေချနိုင်ခဲ့ပီလို့ နောက်ဆုံးတော့ သတ်မှတ်နိုင်ပါပြီ.။

ရလဒ်ကတော့ ဒြပ်စင်စုစည်းခြင်းမှာ သေမျိုးခန္ဓာကိုယ်တစ်ခုရဲ့ အဆုံးမဲ့ ကန့်သတ်ချက် ကို ရောက်သွားပြီးတော့ ပြီးပြည့်စုံခြင်းကို ရောက်သွားနိုင်ပီး ဒါက လူတစ်ယောက်ရဲ့ သက်တမ်းတစ်လျှောက်လုံးမှာ အကျိုးကျေးဇူးရရှိနိုင်ပါလိမ့်မယ်။

ဒီနေရာမှာ ပြဿနာရှိတာက ရှေးဟောင်းအစွမ်းထက်တဲ့ ပုဂ္ဂိုလ် ပြောထားတာက ဒါက

သီအိုရီနည်းလမ်းအရဖြစ်နိုင်ချေရှိပြီးတော့ သူကိုယ်တိုင်တောင်မှ အောင်မြင် အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒါကဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် အရမ်းကို မြင့်မားတဲ့ အချိန်ကျမှ သူက ဒါကို ပြန်ပြီးတော့ စဉ်းစားမိတာကြောင့်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်တွေက ပြန်ပြီးနောက်ဆုတ်လို့မရပါဘူး။ ဒါကြောင့် သူ့အခနေနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို နောက်တစ်ကြိမ်ပြန်ပြီးတော့ ရောက်ပြီး စတင်ကျင့်ကြံခြင်းဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ဒီကုန်းပြင်မြင့်ရဲ့ သိုင်းပညာရပ်ရဲ့သမိုင်းထဲမှာ ကြီးမားတဲ့ ပျက်ယွင်းမှုဖြစ်ပါတယ်. ပြီးတော့ အချိန်တွေကြာလာတာနဲ့အမျှ မှော်ဆေးလုံး ဖော်စပ်နည်းတွေ အများကြီး လည်းပျောက်ဆုံးကုန်ပါတယ်။ ဒါက အဲဒီအစွမ်းထက်တဲ့ လူရဲ့ ခေတ်မှာ ဘာမှန်း မသိတဲ့ ကပ်ဘေးတစ်ခုက ရုတ်တရက်ဖြစ်ပွားလာတာနဲ့ တူပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ရဲ့ သီအိုရီကတော့ ဘယ်တော့မှ ပြန်နှံ့မသွားသလို တစ်ခြားသူတွေ လည်း မသိကြပါဘူး။ ဒါက သမိုင်းမှာ ပျောက်ဆုံးနေတဲ့ စာမျက်နှာ ဖြစ်ပြီးတော့ လင်းဟန် ဆီကို အဲဒီမှတ်တမ်းမရောက်ခင် ဘယ်သူမှ ရှာဖွေတွေ့ရှိထားခြင်း မရှိပါဘူး။

အဲဒီအချိန်တုန်းက လင်းဟန်အတွက်ကတော့ ဒီမှတ်တမ်းတွေက သူ့အတွက် အများကြီးအသုံးမဝင်ပါဘူး။ ဒါပေမဲ့ ဘယ်သူထင်ထားမှာလဲ.. သူ့ရဲ့ ခန္ဓာကိုယ်က အနက်ရောင် မျှော်စင်ကြောင့် ပျက်ဆီးသွားပြီးတော့ နောက်နှစ်ပေါင်း တစ်သောင်း အကြာမှာ လူငယ်တစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ ပြန်လည်မွေးဖွားလာပြီးတော့ အစကနေ စတင်ဖို့ အခွင့်အရေးတစ်ခု ပေးလိမ့်မယ်လို့ ဘယ်သူက မျှော်လင့်ထား မိကြမှာလဲ?

``ကြည့်ရတာ ဒီလို ဂျုံ့ပုက်ဆန်းကြယ်တဲ့ နည်းလမ်းနဲ့ ရေစက်ပါတယ်ထင်တယ်``

လင်းဟန်က သူ့ရဲ့မေ့စေ့ကို ပွတ်နေပြီးတော့ အနည်းငယ် တုံ့ဆိုင်းနေတာ သိသာပါတယ်။

ဒြပ်စင်အမှုန် ဆယ်ခုမြောက်ကို ဖြစ်ပေါ်စေခြင်းက သိပ်ပြီး အထူးတလည်တော့ မဟုတ်ပါဘူး .. ကိုးဂဏန်းက အဆုံးစွန်အဖြစ် ကန့်သတ်ထားပေမဲ့ ဒါက လုံးဝ ဟန်ချက်ညီပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက ဖိအားပေးပြီးတော့ ဒြပ်စင်အမှုန် ဆယ်ခုကို ဖန်တီးလိုက်မယ်ဆိုယင် ဒါက သံသကင်းစွာနဲ့ ဟန်ချက်ညီမှာ

ဖြစ်ပြီးတော့ အရမ်းကိုကြောက်မက်ဖွယ်ရာကောင်းတဲ့ ဘေးဒုက္ခကို ဦးတည် နေတာ ဖြစ်နိုင်ချေရှိပါတယ်။

အဲဒီလိုမှမဟုတ်ဘူးဆိုယင် ဒီလောက် ပါရမီရှင်တွေ လက်ရွေးစင် မျိုးဆက်တွေ အများကြီး ကြာပြီးသည့်တိုင်အောင်ပဲ ဘာဖြစ်လို့ တစ်ယောက်မှ ဒြပ်စင်အမှုန် ဆယ်ခု ဒါမှမဟုတ် ဆယ့်နှစ်ခုထိတောင် ဖြစ်နိုင်ချေရှိတယ်လို့ မတွေးကြတာလဲ?

``ဒါကို မေ့လိုက်တော့.. ငါ အလွှာ၉ ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်ရလိမ့်မယ် ပြီးတော့မှ ဒါကို ထပ်ပြီးတော့ စဉ်းစားတာပေါ့``

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါ လိုက်ပီးတော့ ဒီကိစ္စနဲ့ပတ်သတ်ပြီးသူ့ရဲ့ အချိန်တွေ ကို ဆက်ပြီး မဖြုန်းချင်တော့ပါဘူး။

နေ့လည်ရောက်တဲ့အခါမှာတော သူက သတင်းကောင်းတစ်ခုနဲ့ သတင်းဆိုး တစ်ခု ကိုလက်ခံရရှိပါတယ်။

သတင်းကောင်းကတော့ မို့ကောင်းက

တံခါးပိတ်လေ့ကျင့်နေရာကနေ ထွက်လာပြီး တော့ နွေဦးစမ်းရေအဆင့်ကို အောင်မြင်စွာနဲ့ ရောက်ရှိသွားခဲ့ပါတယ်။

``ဆရာမို့.. အဆင့်တက်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်``

လင်းဟန်က မို့ကောင်းရဲ့ ခြံဝန်းထဲကနေ ချက်ချင်းပဲ အရမ်းကိုစွမ်းအားထက်တဲ့ မူလစွမ်းအင် အားလှိုင်းတစ်ခု ထွက်ပေါ်လာခဲ့တာကို အာရုံခံမိပါတယ်။ မို့ကောင်းက သူ့ရဲ့ အိမ်ကနေ လမ်းလျှောက်ပီးထွက်လာတာကို လျင်မြန်စွာနဲ့ပဲ သူမြင်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အနည်းငယ် ဖရိုဖရဲ ဖြစ်နေတယ်လို့ ထင်ရပေမဲ့လည်း သူ့ရဲ့ အနှစ်သာရ စွမ်းအင်နဲ့ စိတ်ဝိဉာဉ်က အံ့အားသင့်စရာ ကောင်းလောက်အောင် သန်မာပါတယ်။

``ဟားဟားဟား ဆယ်နှစ်ကျော်လောက် ကြန့်ကြာနေခဲ့ပြီးတော့ နောက်ဆုံးမှာ ငါအဆင့်တက်နိုင်ခဲ့ပီ``

မို့ကောင်းက အနည်းငယ် မချိတင်ကဲဖြစ်စွာနဲ့ပြောလိုက်ပါတယ်။

``ကျနော်ယုံကြည်ပါတယ်။ ဆရာမို့ကောင်းရဲ့ ဓါးပညာအပေါ်မှာ အာရုံစိုက်တဲ့ ဆန္ဒနဲ့ ဆိုယင် ဆရာက သိုင်းပညာရဲ့လမ်းကြောင်းပေါ်က အနှောက်အယှက် အတားအဆီးတွေကို လွယ်ကူစွာနဲ့ ချိုးဖျက်နိုင်စွမ်းရှိပြီးတော့ ပိုပြီးမြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်ကိုတောင်မှ ရောက်နိုင်လိမ့်မယ်ဆိုတာကို ယုံကြည်ပါတယ်``

လင်းဟန် က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒါက မြှောက်ပင့်ပြောဆိုတာ မဟုတ်ပါဘူး။ ဓါးနှလုံးသားကို ဖော်ထုတ်နိုင်လုနီးပါးဖြစ်နေတာနဲ့အတူ မို့ကောင်းရဲ့ ကျင့်ကြံခြင်းလမ်းကြောင်းက သေချာပေါက် ချောမွေ့ လွယ်ကူနေပါလိမ့်မယ်။ စကားအနေနဲ့ ပြောရမယ်ဆိုယင် ကြီးကျယ်လှတဲ့ ထူးချွန်မှုတွေက ဖြေးညှင်းစွာ ပြီးပြည့်စုံလာပီးတော့ မို့ကောင်း ရဲ့ အတွေ့အကြုံတွေက ကြီးမားစွာနဲ့ ပေါက်ကွဲထွက်လာခဲ့တဲ့ သဘောပါပဲ။

မို့ကောင်းက ထူးဆန်းစွာပြုံးလိုက်ပါတယ်။ သိုင်းပညာရှင်တစ်ယောက် အနေနဲ့ သူက ပိုပြီးမြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်ကို တက်သွားနိုင်ဖို့ ဘယ်လိုလုပ် မလိုချင်ပဲ ရှိနိုင်မလဲ? ကျင့်ကြံခြင်းအဆင့် အဆင့်တက်တာနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုယင် သူက ဓါးသိုင်းပညာအကြောင်းကို ပိုပြီးတော့ အသည်းအသန် အဆင့်တက်ချင်စိတ်

ပြင်းပြပါတယ်။ အခုဆိုယင်သူရဲ့ ဓါးနှလုံးသားကလဲ ဖြစ်ပေါ်လာခဲ့ပြီး သူရဲ့ ကျင့်ကြံခြင်း အဆင့်ကလဲပဲ မြင့်တက်လာခဲ့တဲ့အတွက် သူ့အနေနဲ့ မကျေမနပ် ဖြစ်စရာ အကြောင်းလုံးဝ မရှိပါဘူး။

``မင်း... မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က.....``

မို့ကောင်းရဲ့ အမူအရာတွေက ချက်ချင်းပဲ ပြောင်းလဲသွားပြီးတော့ လင်းဟန်ကို အံ့အားသင့်နေတဲ့ ပုံစံနဲ့ လက်ညှိုးထိုးလိုက်ပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်။

သူက ချက်ချင်းပဲ ဒါက အတုအယောင် လားဆိုပြီးတော့ ခံစားနေရပါတယ်။ လင်းဟန်က ဒီနေရာကို စရောက်လာတုန်းက ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့ အခုမှ အချိန် ဘယ်လောက်ပဲကြာသေးလို့လဲ?တစ်လ လောက်ပဲရှိပါဦးမယ်။ အခု ဒီကောင်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့် ဖြစ်နေပါပြီ။ သိပ်မကြာခင်မှာပဲ လင်းဟန်က သူကို မှီသွားပြီးတော့ ကျော်ဖြတ်သွား ပါလိမ့်မယ်။

ဘယ်လို မွန်းစတား တစ်ကောင်လဲ။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျင့်ကြံခြင်း အဆင့်တက်တာက အရမ်းကို နှေးပါတယ်``

သူက သက်ပြင်းချလိုက်ပါတယ်။

ဦးနှောက်စားလိုက်တာ။

ခါးနလုံးသားကို လေ့ကျင့်ပြီးတာတောင်မှ မို့ကောင်းက ကျိန်ဆဲပစ်လိုက် ချင်ပါတယ်။ ဒီကောင်လေးက တကယ်ပဲ အရမ်းကို ဟန်ဆောင်လွန်းတာပဲ။

``ထွက်သွားစမ်း``

သူက မချိတင်ကဲဖြစ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရီမောပြီးတော့ ထွက်သွားလိုက်ပါတယ်။ မို့ကောင်းက အခုမှအဆင့်တက်ကာစ ပဲရှိပါသေးတယ်။ ဒါကြောင့် သူက

ကျင့်ကြံခြင်းအဆင့်မှာ သူရဲ့နေရာကို ခိုင်မာကျစ်လစ်စေဖို့ အချိန်အနည်းငယ် လိုပါတယ်။

သတင်းဆိုး ကတော့ လွှီယုထန် သယ်လာခဲ့တာပါ.။

တကယ်တော့ ဒီသတင်းကို မျှော်မှန်းပြီးသားပါ.. အနေးနဲ့အမြန် ဖြစ်လာလိမ့်မယ်လို့ သူက တွက်ချက်ပြီးသားဖြစ်ပါတယ်။

လင်းဟန် ဖွင့်ထားတဲ့ အဂ္ဂတ်အစားဆိုင်တွေအားလုံးက မနေ့ညက ခါးပြတိုက်ခံ ရပြီးတော့ အားလုံး ကျိုးပဲ့ပျက်စီးကုန်ပါတယ်။ အခု တံခါးတွေက ကျိုးပျက်နေပြီး အဂ္ဂတ်အစားတွေကလဲ ခါးပြတိုက်ခံရပြီး ပါသွားသလို အပိုင်းပိုင်း အစစ ပျက်စီး ကုန်ပြီးတော့ တစ်ခုမှ ပြန်ပြီးတော့ ဖွင့်လို့မရတဲ့ အခြေအနေပါ.။

ဒါက ချန်းယွင်ရှင်း ဒါမှမဟုတ် စွန်းဇီယန် ရဲ့ တန်ပြန်တိုက်စစ် စတင်လိုက်တယ် ဆိုတာ သိသာထင်ရှားပါတယ်။

ငြိမ်းချမ်းရေးနည်းလမ်းနဲ့ ဖြေရှင်းမဲ့ဟာက အယင်နေ့က ပျက်စီးသွားခဲ့ပြီ ဆိုတော့.. သူတို့က ချက်ချင်းပဲ မနေ့ညက စတင်လှုပ်ရှားလာခဲ့ပါတယ်။ အများဆုံး ဖြစ်နိုင်တာ က

သူတို့က မြေနဲ့ရေ အဖွဲ့အစည်းရဲ့ အစွမ်းကို အသုံးပြုခဲ့တာပါ.။ ပြီးတော့ အဲဒီ လူရမ်းကားတွေက ဒီလိုအလုပ်မျိုးကို လုပ်ဖို့ အရမ်းကို လွယ်ကူလွန်းပါတယ်။

``ငါတို့ အခု ဘာဆက်လုပ်ကြမလဲ?``

လွီယုထန် က လင်းဟန်ကို မေးလိုက်ပါတယ်။

``ပြိုင်ဘက်က စည်မျည်းစည်းကမ်းကို လိုက်နာဖို့ ဆန္ဒမရှိမှတော့ ငါတို့လဲ နောက်ဆုံး တိုက်ကွက်ကို ထုတ်သုံးရတော့မှာပေါ့``

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။

လွီယုထန်က မှင်တက်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

``နင်က ချန်းကလန်ကို တိုက်ခိုက်ချင်လို့လား? နင်မလုပ်နိုင်ဘူး.. စွန်းဇီယန် က နင်ဒီလိုလုပ်လိမ့်မယ် ဆိုတာကို သူက ခန့်မှန်းပြီးသားဖြစ်လိမ့်မယ်.. ဒီနေ့ ချန်းကလန်က သေချာပေါက် အစောင့်အကြပ်တွေ အများကြီးချထားလိမ့်မယ်။ ပြီးတော့ အင်ပါယာ အစောင့် တွေတောင်မှ ပါနိုင်တယ်။ တကယ်လို့ နင်သာ အင်ပါယာ

အစောင့်တွေနဲ့ တိုက်ခိုက်မယ်ဆိုယင် ဘယ်သူကမှ နင့်ကို ကယ်တင် နိုင်လိမ့်မှာမဟုတ်ဘူး``

အင်ပါယာ အစောင့်အရှောက်တွေဆိုတာက အင်ပါယာ မိသားစုကို ကိုယ်စားပြု ကြ သူတွေဖြစ်ပါတယ်။ ဒါကြောင့် အင်ပါယာ အစောင့်အရှောက်ကို တိုက်ခိုက်တာက အင်ပါယာ မိသားစုကို တိုက်ခိုက်တာနဲ့ လုံးဝ မကွာခြားတဲ့ အပြင် နိုင်ငံတော် သစ္စာ ဖောက်မှုကိုပါ ကျူးလွန်လိုက်တာပဲ ဖြစ်ပါတယ်။

လင်းဟန်က ပြုံးဖြဲဖြဲ လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီ မြေးလေးက ကစားချင်နေမှတော့ သူ့ရဲ့ ကစားပွဲထဲကို ဝင်ပြီးတော့ ပူးပေါင်းလိုက်ကြတာပေါ့.. ပြီးတော့ ငါကလည်း အခု အားနေတာပဲ.. အယင်ဆုံး မြေနဲ့ ရေ အဖွဲ့အစည်း ဆီကို သွားကြစို့.. ဒီအဖွဲ့ရဲ့ နောက်လိုက်လေးတွေနဲ့ အယင်ဆုံး ရင်ဆိုင်ကြတာပေါ့``

လွီယုထန်က ပိုပြီးတော့တောင် မူးနောက်သလို ဖြစ်သွားပြီး ပြောလိုက်ပါတယ်။

``မြေနဲ့ ရေ အဖွဲ့အစည်းရဲ့ ခေါင်းဆောင် ယန်ထျန်းဒူ က

စိတ်ဂိဘာဉ်ပင်လယ် အဆင့်မှာရှိတယ်``

``အမ်.. ဒါဆိုယင် ငါတို့ အယင်ဆုံး ကောင်းကင်စစ်ခန်းမ ကို သွားကြတာပေါ့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

CHAPTER 190 အတင်းရောင်းချခြင်း

မိုးရေနိုင်ငံမှာ တစ်ယောက်တည်း ကျင့်ကြံတဲ့ သူတွေ အများကြီးရှိပါတယ်. ပြီးတော့ သူတို့မှာ ဘယ်အဖွဲ့အစည်းကမှ သူတို့ကို ထောက်ပံ့ပေးတာမျိုးမရှိပါဘူး။ ဒါပေမဲ့ ကျင့်ကြံခြင်းက အရမ်းကို တန်ကြေး ကြီးမားတဲ့ အရာ တစ်ခု ဖြစ်ပြီး သူတို့က ဘယ်နေရာကနေ သူတို့ရဲ့ ငွေကြေးတွေကို ရရှိကြတာလဲ?

သူတို့က သူများအတွက် အလုပ်လုပ်ပေးလို့ပါပဲ။

ဥပမာတွေအနေနဲ့ သူတို့က ခရီးသွား ကုန်သည်အဖွဲ့ မှာ အစောင့်အဖြစ် ဂင်လုပ်ကိုင် မလား .. ဒါမှမဟုတ် လူဆိုးသူခိုးတွေကို ဖမ်းဆီးသတ်ဖြတ်ပီးတော့ ဆုငွေထုတ်ယူ မလား ဒါမှမဟုတ် သူတို့ရဲ့ အလုပ်ရှင်တွေလိုအပ်တဲ့ ပါဂင်ပစ္စည်းတွေကို စုဆောင်း ပေးမလား စတဲ့

လုပ်ငန်းအမျိုးမျိုးကို ရွေးချယ်နိုင်ပါတယ်။ အချိန်ကြာလာတာနဲ့ သီးသန့် ကျင့်ကြံသူတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးထားတဲ့ ကောင်းကင် စစ်ခန်းမ လို့ခေါ်တဲ့ နေရာတစ်ခုနဲ့ အဖွဲ့အစည်းဖြစ်လာခဲ့ပါတယ်။

မည်သူမဆို ကောင်းကင်စစ်ခန်းမ ကို ဝင်ရောက်နိုင်ပါတယ်ယ။ သူ့ရဲ့ ကိုယ်ရေး ကိုယ်တာ အချက်အလက်များကိုပဲ စာရင်းသွင်းဖို့ လိုအပ်ပြီးတော့ လုပ်ငန်းတာဝန် တွေကို ရယူနိုင်ပြီး သူတို့ရဲ့နည်းလမ်းအတိုင်းလိုက်လုပ်ပြီးတော့ ဝင်ငွေစပီး ရနိုင်ပါတယ်။ ဒါပေ့ါ ကောင်းကင်စစ် ခန်းမ က ပိုမိုချမ်းသာကြွယ်ဝစေနိုင်တဲ့ လုပ်ငန်းတာဝန်တွေ တင်ပေးတာကို ပိုပြီးတော့တောင်မှ ကြိုဆိုပါတယ်။ ဒါက လေလံတင်တဲ့ အိမ် နဲ့ တူပါတယ်။ လုပ်ငန်းတာဝန် ဆောင်ရွက်ပြီးစီးတာနဲ့ ကောင်းကင်စစ်ခန်းမ က သူတို့ရဲ့ ဝန်ဆောင်မှုအတွက် အခကြေးကို ဆုအနေနဲ့ ထုတ်ယူပါလိမ့်မယ်။

တစ်ယောက်တည်းသီးသန့် ကျင့်ကြံသူများဟာ သူတို့ရဲ့ နာမည်တွေအတိုင်းပဲ လျှပ်ရှားတဲ့အခါမှာလဲ တစ်ယောက်တည်းလှုပ်ရှားရတာကို သဘောကျ နှစ်ခြိုက် ကြပါတယ်။ ဒါပေမဲ့ တကယ်လို့ သူတို့က

တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်း ဆောင်ရွက် ပြီးတော့ အဖွဲ့အစည်းတစ်ခုလိုမျိုးဖြစ်လာတယ်ဆိုယင် သူတို့က ဖြစ်သလို မလုပ်ကြပါဘူး။ ဒါကြောင့် ကောင်းကင်စစ်ခန်းမ မှာ ဒီလို လုပ်ငန်းတွေ အတွက် ပုံစံတစ်ခုရှိပြီးတော့ အဲဒီမှာ အင်ပါယာ မိသားစုရဲ့ပါဂင် ပါတ်သတ်မှုတောင် ရှိပါတယ်။ သူတို့က အမြတ်အစွန်းတွေကို ခွဲဝေယူယုံတင်မကပါဘူး.. လူ့စွမ်းအား အရင်းအမြစ် အများကြီးကိုလဲ ပို့ဆောင်စေလွှတ်ထားပြီးတော့ တစ်စုံတစ်ယောက် က လျှို့ဂှက်စွာနဲ့ သီးသန့်ကျင့်ကြံသူတွေကို အင်အားတစ်ခု ဖြစ်လာအောင် စုစည်း ပြီးတော့ တိုင်းပြည်အပေါ်မှာ အင်ပါယာ မိသားစုရဲ့ အမိန့်ဩဇာအာဏာကို ခြိမ်းခြောက်နိုင်မှုကတော ရှောင်ရှားဖို့အတွက် စောင့်ကြည့်တဲ့အနေနဲ့ ထားထား ကြပါတယ်။

ဒါကြောင့် ကောင်းကင်စစ်ခန်းမက ပိုပိုပြီးတော့ တရားဂင် ဖြစ်လာပြီး အစိုးရအာဏာပိုင် တွေခွင့်ပြုထားတဲ့ အရည်အသွေးရှိတဲ့ နေရာတစ်ခု အဖြစ် တိုးတက်လာခဲ့ပါတယ်။

ဒါပေမဲ့.. တစ်ချို့ သောအရာတွေကို မှတ်တမ်းမှာ စာရင်းသွင်းထားတာမျိုးတော့ မရှိပါသေးပါဘူး။ တစ်ချို့တွေက သူတို့ရဲ့ လုပ်ငန်းတာဂန် ကမ်းလှမ်းမှုကို

မြေအောက် ကနေ လက်ခံရယူပြီးတော့ ... ဒါပေမဲ့ ဒါက အာမခံချက်တော့ မရှိဘူးလို ဆိုလိုပါလိမ့်မယ်။ ပြီးမြောက်သွားတဲ့ လုပ်ငန်းတာဝန်အတွက် အလုပ်ရှင်က အခကြေးငွေ မပေးတာမျိုး.. ဒါမှမဟုတ် လုပ်ငန်းတာဝန် ပြီးမြောက်အောင်မြင် သွားခဲ့ယင်တောင်မှ သူတို့အနေနဲ့ ငွေမရတာမျိုး တွေ ဖြစ်နိုင်ချေရှိပါတယ်။ဒါက သူတို့ရဲ့ ဘဝနဲ့ လောင်းကြေးထပ်ရတာနဲ့ အတူတူပါပဲ။

ကောင်းကင်စစ်ခန်းမ မှာ စည်းကမ်းတစ်ခု ပဲရှိပါတယ်။ အဲဒါကတော့ တကယ်လို လုံလောက်တဲ့ ငွေပမာဏသာရှိယင် အရာရာတိုင်း ပြီးမြောက်နိုင်ပါတယ်။

လင်းဟာန်က ငွေထုတ်ဌာန ကို အယင်သွားပြီးတော့ ငွေလွှဲလက်မှတ်ကနေ ငွေသား တွေ အယင်ဆုံး သွားထုတ်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာတော့ အင်ပါယာမြို့ရဲ့ အရှေ့ဘက်အစွန်းပိုင်းကို ဦးတည်သွားကြပါတယ်။ အဲဒီနေရာမှာ ကောင်းကင်စစ် ခန်းမ ရှိပါတယ်။

လှီယုထန်က လင်းဟာန်နောက်ကနေ လိုက်လာခဲ့ပြီး သူမရဲ့ မျက်နှာပေါ်မှာတော့ စိုးရိမ်ပူပန်နေတဲ့ အမူအရာဖြစ်ပေါ်နေခဲ့ပါတယ်။ မြေနဲ့ရေ အဖွဲ့အစည်းက

နာမည်ဆိုး နဲ့ကျော်ကြားတာပြီးတော့ သူတို့က မုန်းတီးရွံ့ရှာစရာ ကောင်းတဲ့ ကြွက်တွေလိုပါပဲ.. ပြီးတော့ အဖွဲ့အစည်းခေါင်းဆောင်ကလဲ စိတ်ဂိဉာဥ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ တကယ်လို့ ဒီလိုမျိုး အစွမ်းထက်တဲ့ သူတစ်ယောက်ကို ဆန့်ကျင်မယ်ဆိုယင် အနည်းဆုံး စိတ်ဂိဉာဥ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက် ဒါမှမဟုတ် အနည်းငယ် ရဲ့ အကူအညီကို ရဖို့လိုအပ်ပါလိမ့်မယ်။

စိတ်ဂိဉာဥ်ပင်လယ်အဆင့်လို မြင့်မားတဲ့ အဆင့်ကိုရောက်အောင် လုပ်နိုင်သွား ပြီ ဆိုယင် သိုင်းပညာရှင်တစ်ယောက်က ကြေးစားစစ်သား လုပ်ဖို့ လိုအပ်နေသေး လို့လား? သူက အစွမ်းထက်တဲ့ အဖွဲ့အစည်းတစ်ခုထဲကို ဝင်ရောက်ပီးတော့ အကြီးအကဲ ရာထူးကို ယူပြီး နေ့တိုင်း ကျင့်ကြံခြင်းလုပ်နေလိုက်ယုံပါပဲ။ တကယ်လို့ သူက ပျင်းရိပြီးတော့ မကျင့်ကြံတော့ဘူးလို့ ဆုံးဖြတ်လိုက်ယင်တောင်မှ အဆင်ပြေပါတယ်။ သူ့ကိုလိုအပ်တဲ့ ဘယ်အချိန်မှာမဆို သူက ခြေလှမ်းစတင်ပြီးတော့ လှုပ်ရှားဖို့ပဲ လိုအပ်ပါတယ်။

ပြီးတော့ နေ့ဦးစမ်းရေ အဆင့် သိုင်းပညာရှင် ရာဂဏန်း အနည်းငယ်မျှ ကို ခန့်အပ်တာဂန်ပေးမယ်ဆိုယင်ရော?

စိတ်ဂိဇာဉ်ပင်လယ်အဆင့်မြင့် အလှသာ မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုယင် သူတို့တွေက တစ်ချက်ထဲ လှုပ်ရှားလိုက်တာနဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း ခံရပါလိမ့်မယ်။

ထိုအချိန်အတွင်းမှာ ဟူးညို၊က လုံး၀ လွတ်လပ်ပေ့ါပါးနေပြီးတော့ လမ်းမတစ်လျှောက် ပြေးလွှား ဆော့ကစားရင်းနဲ့ ရီမောသဘောကျနေပါတယ်။

``သေနာမလေး... မင်းရဲ့ အုပ်ထိန်းသူတွေက ဘယ်မှာလဲ?``

ဒေါသထွက်နေတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ အဲဒါက လင်းဟန် ရဲ့ အာရုံကိုဆွဲဆောင်သွားခဲ့ပါတယ်။ အသံနဲ့အတူပဲ လမ်းဘေးမှာ တောင့်တင်းခိုင်မာ တဲ့ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက်က ဒေါသတကြီးနဲ့ ဟူးညို ကို အော်ဟစ် ကြိမ်း မောင်းနေတာပဲ ဖြစ်ပါတယ်။

ဟူးညို၊က သူ့ရဲ့ ကုန်ပစ္စည်းတစ်ချို့ကို ဂင်တိုးမိသွားတယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ သူကိုယ်တိုင်ကလဲ နေရာတွေ အများကြီးယူထားကာ သူ့ရဲ့ ပစ္စည်းတွေကို လမ်းမထက်ပေါ် ထိအောင်

ခင်းကျင်းထားပြီးတော့ သူ့ရဲ့ ပစ္စည်းတွေကို ရှောင်ရှား ဖို့ အတွက်ဆိုယင် စက်ပိုင်းပုံစံပါတ်ပြီးရှောင်ထွက်သွားမှရပါလိမ့်မယ်။ ဒီမိန်းကလေးက ဒီအချိန်အတွင်းမှာ ဆော့ကစားပြီးတော့ သတိထားဖို့ မေ့သွားတဲ့အတွက် သူ့ရဲ့ပစ္စည်း အချို့ကို ဂင်တိုးမိသွားခဲ့ပါတယ်။

ဟူးညို့ကို လွယ်လွယ်ကူကူနဲ့ အနိုင်ကျင့်လို့မရပါဘူး။ သူမရဲ့ သွားတွေကို ဖြဲပြီးတော့ ထိုလူကြီးကို ပြန်ပြီးစိုက်ကြည့်လိုက်ပီး သူမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဂ ကို အပြည့်အဂ ထုတ်ဖော်လိုက်ပါတယ်။

လင်းဟန်က လျှောက်လာပြီးတော့ ဟူးညို့ရဲ့ ခေါင်းကို ပွတ်ပီးတော့ မေးလိုက်ပါတယ်။

``ဘာဖြစ်တာလဲ?``

``မင်းရဲ့ ဒီမိန်းကလေးငယ်လေးက ငါ့ရဲ့ပစ္စည်းတွေကျကုန်ပြီ.. ဒါကြောင့် မင်းက လျော်ကြေးပေးရလိမ့်မယ်``

သူက လင်းဟန်ကို စိုက်ကြည့်လိုက်ပီးတော့ ပြောပါတယ်။ သူစကားပြောနေတဲ့ အချိန် အတွင်းမှာပဲ သူ့ရဲ့နောက်မှာ

ကြမ်းတမ်းတဲ့ပုံစံရှိတဲ့ လူလေးယောက် က ရောက်လို့လာပါတယ်။ သူတို့အားလုံးရဲ့ လက်တွေကို ပိုက်ထားပြီးတော့ အေးစက်စွာနဲ့ မထီမဲ့မြင်လုပ်နေကြပါတယ်။

လင်းဟန် အခု နားလည်သွားပါပြီ.. ဒီလူက သူ့ရဲ့ ကုန်ပစ္စည်းတွေကို ဒီလိုမျိုး လမ်းမမှာ နေရာအများကြီးယူပြီး ခင်းကျင်းထားပါတယ်။ တစ်စုံတစ်ယောက်က မတော်တဆနဲ့ သူ့ရဲ့ ကုန်ပစ္စည်းတွေကို ဂင်တိုးမိတဲ့အခါ သူက အဲဒီအခွင့်အရေး ကို ယူပြီးတော့ ချက်ချင်းပဲ အလျော်ပေးဖို့ တောင်းဆိုပါလိမ့်မယ်။ တစ်ခြား လူ လေးယောက်ကတော့ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေဖြစ်ပြီးတော့ သူ့ရဲ့ ခြိမ်းခြောက်မှုအပေါ် မှာ ဖိအားထပ်ပေါင်းထည့်ပေးတဲ့သဘောပါ။

လင်းဟန် က အဲဒီလူခင်းကျင်းထားတဲ့ ပစ္စည်းတွေကို မျက်စိပျေ့ကြည့်လိုက်ပါတယ်။ ၎င်းပစ္စည်းတွေ အားလုံးက အတုတွေချည်းပဲဖြစ်ပါတယ်။ ဂျင်ဆင်းအချို့ ဆိုယင် မုန်လာဥရဲ့ထိပ်မှာ ဂျင်ဆင်းအမြစ်တွေ တပ်ထားတာဖြစ်ပါတယ်။ တစ်ချို့ ရွှေ ပစ္စည်းတွေဆိုယင် တန်ဖိုးမရှိပါဘူး.. အထဲမှာ ကြေးတွေ နဲ့ ဖြည့်ထားတာ ဖြစ်ပီးတော့ အရမ်းကို သိသာတဲ့ ဆက်ကြောင်းရာ တွေ ပါပါတယ်။ ဒါကြောင့် သူ့ရဲ့ မျက်လုံးတွေက ၎င်းတို့ကို ဘယ်လိုလုပ်ပီးတော့ လှည့်ဖျားလို့

ရနိုင်မှာလဲ?

သူက ဒီလူငါးယောက်ကို သင်ခန်းစာ နည်းနည်းလောက်ပေးချင်ပီးတော့ သူ့ရဲ့ မျက်လုံးတွေက ထူးဆန်းစွာနဲ့ အရောင်တစ်ချက်လက်သွားပြီးတော့ မေးလိုက်ပါတယ်။

``ဒီကျောက်တုံးရဲ့ ဈေးနှုန်းက ဘယ်လောက်လဲ?``

ဈေးသည်လုပ်တဲ့သူက ဒေါသထွက်သွားပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ရဲ့ ကုန်ပစ္စည်းတစ်ခုကို ဂယ်ယူဖို့ စိတ်ဂင်စားနေတယ်ဆိုတာကို မြင်လိုက်ရတဲ့ အခါမှာ သူကပြုံးပြီးတော့ ဖြေလိုက်ပါတယ်။

``ငါမင်းကို ဈေးလျှော့ပေးပ့ါမယ်.. အဲဒါက ငွေပြား တစ်ထောင်ပါ``

``ငွေပြားတစ်ထောင်ဟုတ်လား? သူက ပိုက်ဆံလိုချင်လွန်းအားကြီးပြီးတော့ ရူးသွားပြီလား?

``ဟုတ်တယ်..ဒါက တန်ဖိုးမရှိတဲ့ပစ္စည်းအပိုင်းအစလေးပဲ. တကယ်လို့ အဲဒါက အရမ်းကိုကောင်းမွန်တဲ့

မိုးရေပန်းကျောက်တုံး ဒါမှမဟုတ် ကောင်းကင်တေးသွား ကျောက်တုံးဆိုယင်တောင်မှ ဒီလိုအရွယ်အစားက ငွေပြား တစ်ရာကျော်လောက်ပဲ တန်လိမ့်မယ်``

``ရှူးတိုးတိုး.. သူတို့က မြေနဲ့ရေ အဖွဲ့အစည်းကပဲ.. မင်းသူတို့ကို ဒေါသထွက်အောင် မလုပ်မိစေနဲ့``

``သူတို့က ဒီနေရာမှာ အမြဲတမ်းလိုလို ဒေသခံတွေကိုလဲ အနိုင်ကျင့်စော်ကားနေ ကြတာပဲ... ဘယ်သူကမှ သူတို့နဲ့ ပါတ်သတ်တဲ့ ကိစ္စတွေမှာ ဂင်မပါရဲကြဘူး``

တစ်ချို့ဖြတ်သွားဖြတ်လာတွေက ရပ်ကြည့်ပြီးတော့ ချက်ချင်းပဲ အပြစ်တင် ကြိမ်းမောင်းနေကြပေမဲ့ တစ်ခြားသူတွေက အဲဒါ လူရမ်းကားငါးယောက်ရဲ့ အစစ်အမှန်ပုံရိပ်ကို ထုတ်ဖော်ပြောလိုက်ပြီး သူတို့ကို ရပ်ကြည့်နေဖို့ပဲ အကြံပေးလိုက်ကြပါတယ်။

``လဖြွတ်ပဲဟော့.. တကယ်လို့ မင်းတို့ကောင်တွေ အဓိပ္ပါယ်မရှိတာတွေ ကို ဆက်ပြီး ပြောနေဦးမယ်ဆိုယင် မင်းတို့ရဲ့ လဖြွတ်တွေအားလုံးကို ငါဖြတ်ပစ်ရလိမ့်မယ်``

ဈေးသည်က ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာနဲ့ အားလုံးကို

စိုက်ကြည့်လိုက် ပါတယ်။ သူ့နောက်က လူလေးယောက်ကလည်းပဲ အေးစက်စွာနဲ့ ကြည့်နေကြပါတယ်။ အစောပိုင်းတုန်းက ပြစ်တင်ဝေဖန်ကြိမ်းမောင်း နေတဲ့ သူတွေက ဘာမှဆက်ပြီးတော့ မပြောဝံ့ကြတော့ပါဘူး။

``ညီအစ်ကိုလေး ... ဒါက သိမ်မွေ့စိတ်ဂိုဉာဉ်ကျောက်တုံး တစ်ခုဖြစ်ပါတယ်။ ကြည့် လိုက်ယုံနဲ့ပဲ ဘယ်လောက်တောင် ထူးခြားဆန်းကြယ်တဲ့ ပုံစံရှိသလဲ.. ဒါက သဘာအတိုင်း ဖြစ်ပေါ်လာတဲ့ ပစ္စည်းတစ်ခုပါ``

ဈေးရောင်းသူက ကြော်ငြာဂင်နေပါတယ်။

``ငါ ဒါမကြိုက်ဘူး``

လင်းဟန် ကသူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလူတွေက မြေနဲ့ရေ အဖွဲ့ အစည်းက ဖြစ်တယ်ဆိုတာကို သိလိုက်ပြီးတဲ့နောက်မှာ သူတို့နဲ့ အပျော်တမ်း ဟာသလုပ်ပီး ကစားဖို့ ရုတ်တရက် စိတ်ဆန္ဒတွေ ပေါ်လာခဲ့ပါတယ်။

``မကြိုက်ဘူး ဟုတ်လား?``

ဈေးရောင်းတဲ့သူက အေးစက်စွာနဲ့ရီမောလိုက်ပါတယ်။

``တကယ်လို့ မင်းက ဒါကို မကြိုက်ဘူးဆိုယင် ဘာဖြစ်လို့ ဒီအကြောင်းကို မေးရတာလဲ? မင်းက ငါ့ကို ကစားဖို့ ကြိုးစားနေတာလား? ဒါအရမ်းကို နောက်ကျသွားပြီ.. မင်းကြိုက်ကြိုက် မကြိုက်ကြိုက် ဒါကို အခုပဲ မင်းဂယ်ရလိမ့်မယ်``

``ဘယ်လောက်တောင် အနိုင်ကျင့်စော်ကားလိုက်သလဲ``

``ဘယ်လိုလုပ်ပီးတော့ ဒီလိုမျိုး အတင်းဈေးရောင်းရတာလဲ``

``သူတို့က မြေနဲ့ရေ အဖွဲ့အစည်းက လူတွေလို့ ဘယ်သူက ပြောခဲ့လဲ? အတိတ် တုန်းက ဆိုယင် တစ်ယောက်ယောက်က အပြစ်တွေကို တိုင်းကြားတဲ့ အခါမှာ အင်ပါယာ အစောင့်အရှောက်တွေက လာခဲ့ကြတယ်။ ဒါပေမဲ့ အခု ဒါက လုံးဂ အသို မဂင်တော့ဘူး အဲဒီအစား အင်ပါယာအစောင့်တွေက သူတို့နဲ့ စကားစမြည် ပြောပြီး ဟာသတွေလုပ်နေကြတယ်```

ဘေးဘက်မှာတော့ တစ်ချို့တွေက တရားမျှတမှု

မရှိတဲ့အပေါ်မှာ စတင်ပြီး စောဒက တက် ပြစ်တင်ဝေဖန်နေကြပါတယ်။ ဒါပေမဲ့ တစ်ချို့ အတွေ့အကြုံရှိတဲ့ ဒေသခံ တစ်ချို့က မထိန်းချုပ်နိုင်ပဲနဲ့ ဒီကိစ္စရဲ့ အမှန်တရားကို ထုတ်ဖော်ပြော ဆိုနေကြပါတယ်။ ဒီနယ်မြေခံ လူရမ်းကားတွေက လုံးဂကို အာမခံ ချက်ရှိပြီးတော့ သူတို့မှာ နောက်ခံအင်အားရှိတယ်ဆိုတာကို သိကြပါတယ်။

လင်းဟန်က ကြောက်ရွံ့ထိတ်လန့်တဲ့ ပုံစံဟန်ဆောင်ပြီးတော့မေးလိုက်ပါတယ်။

``ငါ မဂယ်ဖူးဆိုယင် မင်းက ငါ့ကိုရိုက်မှာလား?``

``ဟမ့်.. ဒီမိန်းကလေးက ငါ့ရဲ့ပစ္စည်းတစ်ချို့ကို တိုက်ချသွားပြီး မင်းက ငါ့ရဲ့ အချိန်တွေကို ဖြုန်းနေတာပဲ.. တကယ်လို့ မင်းက ဒီကျောက်တုံး ကို ဂယ်မယ် ဆိုယင် ငါအားလုံးကို မေ့ပစ်လိုက်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင်တော့..... ဟီးဟီး``

ဈေးဆိုင်ပိုင်ရှင်က အချက်ပြလိုက်တာနဲ့ သူ့ရဲ့အနောက်က လူလေးယောက်က ဓါးမြှောင်တွေ အသီးသီးထုတ်ပြီးတော့ကစားပြလိုက်ပါတယ်။ ဒါက

မြိမ်းခြောက် တယ်ဆိုတာ အရမ်းကို သိသာထင်ရှားနေပါတယ်။

``အကြမ်းပတမ်း မလုပ်ကြပါနဲ့``

လင်းဟာန်က သူ့ရဲ့ လက်ကို လျှင်မြန်စွာနဲ့ ခါပြပြီးတော့ ပြောလိုက်ပါတယ်။

``ငါ ဒါကို ဝယ်ပါ့မယ်``

``ကောင်းတယ်``

ဈေးဆိုင်ပိုင်ရှင်က အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။ လင်းဟာန်ရဲ့ အပြုအမူက အရမ်းကို အားနည်းတဲ့ပုံစံကို သူက မြင်လိုက်ရတဲ့အခါမှာ လွယ်ကူစွာနဲ့ အနိုင်ကျင့်လို့ရသွားပြီးတော့ သူ့ရဲ့ လောဘ ကလဲ ပိုပြီး ကြီးလာပြီး ပြောလိုက်ပါတယ်။

``အခု ဈေးက မြင့်သွားပြီ.. ဒါကို ငွေပြား နှစ်ထောင်နဲ့ရောင်းမယ်``

သူက လင်းဟာန်ကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ကြည့်လိုက်ပြီး

မေးလိုက်ပါတယ်။

```ဘာဖြစ်တာလဲ? မင်းက မပေးချင်ဘူးလား?```

```ဒီမှာပါ```

လင်းဟန်က သူ့ရဲ့ လက်ထဲက ငွေပြားတစ်ထောင်တန်တဲ့ ငွေလွှဲစာရွက် နှစ်ခု ကို ထုတ်ပေးလိုက်ပါတယ်။

```ဟားဟားဟား```

စျေးဆိုင်ပိုင်ရှင်က ကျေနပ်အားရစွာနဲ့ရီမောလိုက်ပါတယ်။ ဒီကောင်လေးက တကယ့်ကို ချမ်းသာတဲ့မိသားစုက နေလာတဲ့ အရူးတစ်ယောက်ပဲ.. သူက လိမ်လိမ်မာမာနဲ့ ပိုက်ဆံတွေကို ထုတ်ပေးတယ်။

```ဒီကျောက်တုံးက အခု ကျနော်ဟာဖြစ်သွားပီလား?```

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

```မင်းဟာပေါ့ မင်းဟာပဲ```
```

ဈေးဆိုင်ပိုင်ရှင်က လက်ဖွေယမ်းပြလိုက်ပါတယ်။ သူက ဒီကျောက်တုံးကို လွှန်ခဲ့တဲ့ ရက်အနည်းငယ်က သူ့ခြံဂြန်းအနောက်ဘက်မှာတွေ့ခဲ့တာပါ။ ၎င်းရဲ့ပုံသဏ္ဍာန် ကအနည်းငယ် ထူးခြားတဲ့ပုံစံရှိလို့ အလှတန်ဆာအဖြစ်ရောင်းချဖို့ သူယူလာခဲ့တာပါ။ သူ့ရဲ့ အစောပိုင်း ရည်ရွယ်ချက်က ဒီပစ္စည်းကို ငွေတုံးအေ တစ်ချို့ကို ရောင်းစား ဖို့ ကြံစည်နေခဲ့တာပါ။ ဒါပေမဲ့ သူလုံးဝ မထင်ထားတာက ၎င်းကို ငွေပြား ၂၀၀၀ နဲ့ ရောင်းချနိုင်ခဲ့မယ်ဆိုတာကိုပါပဲ။

လှီယုထန်က အဖြစ်အပျက်တစ်ခုလုံးကို ကြည့်နေပြီးတော့ လျှို့ဟှက်စွာနဲ့ စိတ်ရှုပ်ထွေးလို့နေပါတယ်။ လင်းဟာန်ရဲ့ စွမ်းရည်နဲ့ဆိုယင် ဒီ လူရမ်းကားငါးယောက် ကိုရင်ဆိုင်ရတာက ကိတ်မုန့်ကို ဓါးနဲ့ လှီးတာထက်ပိုလွယ်ကူပါတယ်။ဒါပေမဲ့ ဘာကြောင့် သူကိုယ်သူ အရူး ငတုံးအေတစ်ယောက်လို ပုံစံနဲ့ လှည့်ဖျားခံနေရ တာလဲ?

လင်းဟာန်က ရီမောလိုက်ပီးတော့ ကျောက်တုံးပေါ် ကို လက်နဲ့ သာသာလေး ခေါက် လိုက်ပါတယ်။ သူ့ရဲ မူလစွမ်းအင် ကြောင့် ကျောက်တုံးရဲ့ မျက်နှာပြင်ပေါ် မှာ အက်ကြောင်း တစ်ချို့ ချက်ချင်းဆိုသလို ပေါ် လာခဲ့ပါတယ်။ သူက

အစိတ်အပိုင်း အချို့ကို ပေါ့ပါးစွာနဲ့ ဖျက်ဆီးလိုက်ပီးတော့ ကျောက်တုံးအစအနတွေ က ကျသွားတဲ့အခါမှာ အတွင်းပိုင်းကနေပြီး ရွှေရောင်အလင်းတောက်ပလင်းလက်လို့ လာခဲ့ပါတယ်။

``ယီး``

လူတိုင်းလူတိုင်း မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားကြပါတယ်။

အပိုင်း (၁၉၁) ရွှေရောင်ကျောက်တုံး ပန်းပွင့်

လင်းဟန်က ကျောက်တုံးရဲ့ အစိတ်အပိုင်း အနည်းငယ်ကို ဖျက်ဆီး လိုက်တဲ့ အခါမှာ ရွှေရောင်အလင်းက ပိုပိုပြီးတော့ တောက်ပသထက် တောက်ပလာပြီးတော့ နောက်ဆုံး မှာ အလင်းရောင်လုံးကြီးတစ်ခု ဖြစ်ပေါ်လာပြီးတော့ အလင်းရောင်စူးစူးကြောင့် မျက်စိ ကိုတောင်မှ ဖွင့်ပြီးတော့ ကြည့်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ရွှေရောင်အလင်းက အရမ်းကို လျှင်မြန်စွာနဲ့ မှိန်ဖျော့သွားပြီးတော့ မည်းမှောင် သွားခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ရဲ့ လက်ထဲမှာ အရမ်းကို အံ့အားသင့်စရာ

ကောင်းလောက်အောင်ပဲ ရွှေရောင်အပင်တစ်ပင် ပေါ်လာခဲ့ပါတယ်။ ၎င်းကို ကြည့်ရတာ ဂန္ဓာပန်း တစ်ပွင့်နဲ့ တူပြီးတော့ ပန်းပွင့်တစ်ခုလုံးက တစ်လက်လက် တောက်ပနေပြီးတော့ အလင်းရောင်ထိုးဖောက်လို့ ရတဲ့အထိ ကြည်လင်နေပြီး အံ့မခန်း လှပမှုကို ပိုင်ဆိုင်ထားပါတယ်။

``ဟာ``

``ဟင်``

``အို``

``ဟိုက်``

လူတိုင်းလူတိုင်း အံ့အားသင့်စွာနဲ့ အာမေဒိတ် အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ကျောက်တုံး တစ်တုံးအထဲမှာ ဒီလိုမျိုး အရာတစ်ခုက ကြီးထွားရှင်သန်နေတယ် ဆိုတာက တကယ့်ကို ထူးဆန်းဖွယ်ရာ ပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါကတော့ တကယ့်ကို စိတ်ကူးလို့တောင် မရတဲ့ အရာပဲဖြစ်ပါတယ်။

``အဲဒီပန်းပွင့်ကို ငါ့ဆီကို ပြန်ပေးစမ်း``

ဈေးသည်က ချက်ချင်းဆိုသလို အော်ဟစ်လိုက်ပီးတော့ သူ့ရဲ့ မျက်လုံးတွေက နီရဲလို့ နေပါတယ်။ တကယ်လို့ သူက ဒီဟာက ဘာလဲဆိုတာကို မသိယင်တောင်မှ ကျောက်တုံးတစ်ခု အတွင်းမှာ အပင်တစ်ပင်က ကြီးထွားရှင်သန်တယ်ဆိုတာက တကယ့်ကို ရှားပါးတဲ့ ရတနာ တစ်ခုဖြစ်မယ်ဆိုတာကို မှန်းဆနိုင်ပြီးတော့ ဒီလိုအရာမျိုး ကို ငွေပြား ၂၀၀၀ မျှနဲ့ ဝယ်ယူလို့ ဘယ်လိုမှမရနိုင်ပါဘူး။

သူက နောက်ဆုံးမှာတော့ နားလည်သွားခဲ့ပါပြီ.. အစောပိုင်းတုန်းက လင်းဟန်က ကြောက်ရွံ့တဲ့ပုံစံလုပ်ပြတာက ဟန်ဆောင်နေတာဖြစ်ပြီးတော့ သူက တကယ့်ကို ပဲ ဒီကျောက်တုံးအပေါ်မှာ မျက်စိကျနေတာပါ။

ဒီမုန်းစရာကောင်းတဲ့ ကောင်ကတော့ကွာ။

လင်းဟန်က ဘာမှမကြားသလို ဟန်ဆောင်နေပြီးတော့ ဟူးညိုကို မေးလိုက်ပါတယ်။

``ညီးညီး.. ဒါက ဘာလဲဆိုတာကို မင်းသိသလား?``

ဟူးညိုက နှာခေါင်းကို တရှုံ့ရှုံ့ လုပ်ကာ အနံ့ခံလိုက်ပြီးတော့ ချက်ချင်းဆိုသလို စိတ်မဂေ်စားသလို အမူအရာနဲ့ ပြောလိုက်ပါတယ်။

``ဒါက အရသာ လုံးဝမရှိဘူး``

လင်းဟန်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပြီးတော့ ပြောပါတယ်။

``ဒါကို ရွှေရောင်ကျောက်တုံး ပန်းပွင့်လို့ခေါ်တယ်။ ဒါက သူ့ဘေးပါတ်ဝန်းကျင်က စိတ်ဝိညာဉ်ချီတွေကို စုစည်းဖြတ်သန်းပြီးတော့မှ ဖြစ်ပေါ်လာပြီးတော့ အဆိပ်ကိုးမျိုး ကျောက်တုံး အမျိုးအစားထဲမှာပဲ ကြီးထွားရှင်သန်နိုင်တယ်။ ဒီဟာမှာ အဆိပ်ကုသနိုင် တဲ့ အာနိသင်ရှိတယ်။ သူ့ရဲ့ ပွင့်ချပ်သေးသေးလေး တစ်ခုတည်းကကိုပဲ ဒီကမ္ဘာကြီးမှာ ရှိတဲ့ အဆိပ်တွေ အများကြီးကို ကုသနိုင်ဖို့အတွက် လုံလောက်တယ်။ ရိုးတံပင်စည် က ပိုပြီးတော့တောင် အံ့ဩစရာကောင်းသေးတယ်။ ဘယ်အဆိပ်ကို မဆို ကုသနိုင်တယ်``

``အစ်ကိုလေး... ဒီ ရွှေရောင်ကျောက်တုံးပန်းပွင့် က တန်ကြေးအများကြီး ရှိမယ်ထင်တယ်ဟုတ်တယ်မလား?``

ပရိုတ်သတ်ထဲက တစ်ယောက်က မေးလိုက်ပါတယ်။

``ဒါပေါ့``

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။

``သိုင်းပညာရှင်တွေအတွက်တော့ စွန်စားခရီးထွက်တဲ့အခါမှာ အစွမ်းထက်လှတဲ့ အဆိပ်တွေနဲ့ ပြည့်နှက်တဲ့ နေရာတွေကိုလဲ ဝင်ရောက်မိနိုင်တယ်လေ.. ပြီးတော့ ဒီ ရွှေရောင်ကျောက်တုံးပန်းပွင့်ရဲ့ ပွင့်ချပ်တစ်ခုကို ပါးစပ်ထဲမှာထည့်ထားယုံနဲ့ ပဲ အဆိပ်တွေ အများကြီးကို ခုခံနိုင်လိမ့်မယ်... ဒါက ဘယ်လောက်တောင် တန်ကြေး ရှိတယ်လို့ မင်းထင်သလဲ?``

``ပွင့်ချပ်တစ်ခုက ငွေပြား တစ်သောင်းတန်သလား?``

တစ်စုံတစ်ယောက်က တုန်ယင်နေတဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

``ငွေပြားတစ်သောင်း?``

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောပါတယ်။

``တကယ်လို့ တစ်စုံတစ်ယောက်က အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ကို စွန့်စားပြီး ခရီးထွက်မယ်ဆိုယင် ဆုလာဘ် ကတော့ တကယ့်ကို ကြီးမားလိမ့်မယ် ဆိုတာ သေချာတယ်။ ဒါဆိုယင် ငွေသန်းနဲ့ချီ ပြီးတော့ဒါမှမဟုတ် သန်းဆယ်ဂဏန်း ကျော်လောက် သုံးပြီးတော့ ဒီလိုမျိုး ခရီးတစ်ခုအတွက် ပြင်ဆင်မယ်ဆိုယင် ဒါက ထူးဆန်းတဲ့ ကိစ္စမဟုတ်တော့ဘူး... ဒါကြောင့် ဒီပန်းပွင့်ရဲ့ သေးငယ်တဲ့ ပွင့်ချပ်ကလေး တစ်ခုကပဲ အနည်းဆုံး ငွေပြား တစ်သိန်းလောက် တန်ကြေးရှိလိမ့်မယ်``

ပါတ်ဝန်းကျင်မှာ ရှိတဲ့ လူတွေအားလုံးပဲ အသက်ကို ပြင်းပြင်းလေး ရှူထုတ်လိုက်ကြ ပါတယ်။ အနည်းဆုံး ငွေပြား တသိန်းတန်တယ်.. ဒါက တကယ့်ကို ကြောက်မက်ဖွယ် ရာကောင်းလှပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ ရွှေရောင်ကျောက်တုံးပန်းပွင့် မှာ ပွင့်ချပ် ဘယ်လောက်တောင်များရှိသလဲ? အနည်းဆုံး ပွင့်ချပ် ရာဂဏန်းအနည်းငယ် မျှရှိပါတယ်။ ဒါဆိုယင် ၎င်းရဲ့

တန်ကြေးက အနည်းဆုံး ငွေပြား သန်းတော်တော် များများ တန်ကြေးရှိပါလိမ့်မယ်။

ဒ့ါအပြင် ရိုးတံပင်စည်ကလဲ ဘယ်လိုအဆိပ်မျိုးကိုမဆို ကုသပျောက်ကင်းနိုင်စွမ်းရှိ ပါတယ်။ ဒါကြောင့် ၄င်းကပိုပြီးတော့တောင်မှ တန်ကြေးကြီးပါလိမ့်မယ်။

``ဟားဟားဟား.. ကောင်လေး.. ငါ့ကို အဲဒီ ရွှေရောင်ကျောက်တုံး ပန်းပွင့်ပြန်ပေးစမ်း``

ဈေးရောင်းတဲ့သူ က လင်းဟန်ရဲ့ ရှင်းပြချက်ကို နားထောင်နေပါတယ်။ အခုဆိုယင် သူက ဒီ ရွှေရောင်ကျောက်တုံး ပန်းပွင့်ရဲ့ အံ့မခန်းတန်ကြေးကို သိသွားပြီး အံ့အားသင့်သလို ကျေနပ်ပီတိလည်း ဖြစ်သွားပါတယ်။ သူက လင်းဟန်ကို ငတုံးငအ တစ်ကောင်ပဲဆိုပြီးတော့ လျှို့ပှက်စွာနဲ့လှောင်ရီနေပါတယ်။ပြီးတော့ ဒီလိုမျိုး ရတနာ တစ်ခုကို လူပုံအလယ်မှ ထုတ်ဖော်ပြောကြားလိုက်ခြင်းက သူ့ရဲ့ နှလုံးသားထဲမှာ လျှို့ပှက်စွာ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ သူက ဒီတစ်ချီတော့ အချိုကြီးထောပြီပဲ။

``ခင်ဗျား တစ်ခုခုများမှားနေသလား?``

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပါတယ်။

``ဒါက ကျုပ်ရဲ့ဟာ ဖြစ်သွားပြီလေ.. ဒါကြောင့် ခင်ဗျားနဲ့ ဘာဆိုင်တော့လို့လဲ?``

``ဒီမှာ မင်းရဲ့ပိုက်ဆံ ငါပြန်ပေးတယ်``

လမ်းဘေးဈေးသည်က ငွေလွှဲစာရွက်နှစ်ခုကို လွှင့်ပစ်လိုက်ပါတယ်။

``အခု ငါ့ကို ငါ့ရဲ့ ရွှေရောင်ကျောက်တုံး ပန်းပွင့်ကို ပြန်ပေးတော့``

``အလဲအလှယ်လုပ်တာက ပြီးသွားပြီ..ဒါကြောင့် ဒီပစ္စည်းက ကျုပ်ရဲ့ဟာ ဖြစ်သွားပြီ။ ပြီးတော့ ခင်ဗျားကို ပြန်ပြီးတော့ရောင်းဖို့ ဆန္ဒမရှိဘူး``

လင်းဟန်က တည်ကြည်လေးနက်စွာနဲ့ ပြောလိုက်ပါတယ်။

``ဟားဟား ငါ ရွှမ်ချီကျောင်း လိုချင်တဲ့ အရာကို ဘယ်သူက မရောင်းပဲ နေပွံ့လို့လဲ?``

ဈေးသည်က မထီမဲ့မြင်နဲ့ လက်တစ်ဖက်ကို လင်းဟန်ရဲ့ လည်ပင်း ကို လှမ်းကိုင်လိုက်ပါတယ်။

ဟူးညို့က လှုပ်ရှားလိုက်ပါတယ်။ သူမဆီက ရိုက်ပုတ်ချက်တစ်ချက်ကြောင့် ရွှမ်ချီကျောင်း က ချက်ချင်းဆိုသလိုပဲ အပေးကို လွှင့်ထွက်သွားပြီးတော့ နံရံတစ်ခုကို ပြင်းပြင်းထန်ထန် ရိုက်မိသွားပြီးတော့ အောက်ကို ဖြေးညှင်းစွာနဲ့ ကျသွားပါတယ်။ သူက တကယ်ပဲ အရိုက်ခံလိုက်ရပြီးတော သတိလစ်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်းပဲ အံ့အားသင့်ကုန်ပါတယ်။ အသက် ၅ နှစ် ၆ နှစ်အရွယ်ပဲ ရှိသေးတဲ့ မိန်းကလေးငယ်ငယ်လေးမှာ ဘယ်လိုလုပ်ပီးတော့ ဒီလိုမျိုး အစွမ်းထက်လှတဲ့ ခွန်အား တွေရှိနေရတာလဲ?

လင်းဟန်က ရွှေရောင်ကျောက်တုံး ပန်းပွင့်ကို အဂုတ်စ တစ်ခုမှာ ထည့်သိမ်းလိုက်ပါတယ်။ ဒီလိုမျိုး လူပုံအလယ်မှာ သူက သိုလှောင်လက်စွပ် ရဲ့ လျှို့ဝှက်ချက် ကို လုံးဝ ထုတ်ဖော်လို့မဖြစ်ပါဘူး။ သူက တစ်ခြား လူရမ်းကား လေးယောက် ကို လှည့်ကြည့်ပြီးတော့ ပြုံးပြလိုက်ပီးပြောလိုက်ပါတယ်။

``မင်းတို့တွေကရော ငှါပစ္စည်းကို လုဖို့ ကြံစည်နေသေးတာပဲလား?``

ယောက်ျားသားလေးယောက်စလုံးပဲ သူတို့ရဲ့ခေါင်းတွေကို အလျင်အမြန် ခေါင်းခါယမ်း လိုက်ကြပါတယ်။ သူတို့ရဲ့ နဖူးပေါ်မှာ အေးစက်တဲ့ချွေးတွေ စိုလာခဲ့ကြပါတယ်။

ရှမ်ချီကျောင်း ကသူတို့ငါးယောက်ထဲမှာ အသန်မာဆုံးပါ.. သူက ကိုယ်ခန္ဓာပြုပြင်ခြင်း အလွှာ ၈ အဆင့်မှာရှိပြီးတော့ ဒီမိန်းကလေးသေးသေးလေးက လွယ်လွယ်ကူကူနဲ့ ပဲ သတိလစ်မေ့မျောသွားအောင် လုပ်ပစ်လိုက်နိုင်ကတည်းက ဒီလူငယ်လေးဆိုယင် ပိုပြီးတော့တောင်မှ ကြမ်းတမ်းပီး အစွမ်းထက်ပါလိမ့်မယ်။

သူက ကျားတစ်ကောင်က သူ့ရဲ့အစာဖြစ်တဲ့ ဂျက် တစ်ကောင်ကို မစားခင်မှာ ကစားနေသလိုမျိုး အစောပိုင်းတုန်းကသူတို့ကို အရူးလုပ်ပီးတော့ ကစားနေခဲ့ တာပါ။

အစောပိုင်းတုန်းက ဒီကောင်လေးက သူက ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းတယ် ဆိုတာကို

ဖုံးကွယ်ထားပြီးတော့ သူတို့ကို အရုပ်ကလေးတစ်ရုပ်လို ကစားနေခဲ့တာပါ။ အခု သူတို့က သူတို့ရဲ့ လက်ထဲက တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ငွေပြား ၂၀၀၀ နဲ့ ဈေးချိုချို ရောင်းချခဲ့ပြီးပါပြီ။ နောက်ပိုင်းမှာ သူတို့ ဒါကိုပြန်စဉ်းစား မိလိုက်တိုင်း သေချာပေါက် ဂမ်းနည်းပူဆွေးပြီးတော့ နှမြောတသသ ဖြစ်နေပြီး တော့ ကိုယ့်ကိုကိုယ် သတ်သေပစ်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာနိုင်ပါတယ်။ သူတို့ အတွက်တော့ ဒါက အရမ်းကိုကြီးမားတဲ့
အပြစ်ဒဏ်ခတ်ခြင်းခံရတာပဲဖြစ်ပါတယ်။

ဒီကောင်လေးက လူပုံအလယ်မှာ ရွှေရောင်ကျောက်တုံး ပန်းပွင့်ကို ထုတ်ဖော်ပြပြရဲ့ တာ အံ့သြစရာမဟုတ်တော့ပါဘူး။ သူက သူတို့ကို ရန်စဖို့ ကြိုးစားနေတာပဲ ဖြစ်ပါတယ်။

သေစမ်းကွာ။

လင်းဟန်က ဟူးညီရဲ့ လက်ကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဆုပ်ကိုင်လိုက်ပါတယ်။ လှီယုထန် ကပြုံးလိုက်ပါတယ်။ ဘာလို့လဲ ဆိုတော့ လင်းဟန်က ကျောက်တုံးရဲ့ အကြောင်းကို သတိပြုမိပြီးတော့ ဒီလိုမျိုး

လှုပ်ရှားတာဆိုတာကို သိလိုက်ရလို့ပဲ ဖြစ်ပါတယ်။

လူငယ်နှစ်ယောက်နဲ့ ကလေးတစ်ယောက်က အရမ်းကို လျှင်မြန်စွာနဲ့ ပဲ သူတို့နောက် က မနာလိုမှုတွေ အားကျမှုတွေနဲ့ ကြည့်နေတဲ့ လူတွေ ကို ချန်ထားပြီးတော့ ထွက်ခွာလာခဲ့ကြပါတယ်။

``အစ်ကိုကြီး ချီကျောင်း``

လူရမ်းကား လေးယောက်က ရွှမ်ချီကျောင်း ကို ကူညီဖို့အတွက် အလျှင်အမြန်နဲ့သွားလိုက်ပါတယ်။ သူ့မျက်နှာအပေါ်ကို ရေအေးအေးတွေ လောင်းချပြီးတဲ့နောက်မှာတော့ ရွှမ်ချီကျောင်းက မေ့မျောနေတာကနေ သတိပြန်လည်လာခဲ့ ပါတယ်။

``အားးးးးးးးး... ငါ့ရဲ့ ရတနာ``

သူက မြေကြီးပေါ်က ရုတ်တရက် ထခုန်လိုက်ပီးတော့ အော်ဟစ်လိုက်ပါတယ်။ ပြီးတော့ သူ့ကို လူတွေအများကြီးက ကြည့်နေကြတယ်ဆိုတာကို သတိပြုမိသွား ခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ သူ့ရဲ့ ကံမကောင်း အကြောင်းမလှ ဖြစ်နေတာကို ကျေနပ်နေတဲ့ အမူအရာတွေ

ဖြစ်နေကြတဲ့ပုံပါပဲ။ သူ့အနေနဲ့ ဒါက အရှက်ခွဲခံရတာရော ဒေါသထွက်တာရော နှစ်ခုလုံးကို ခံစားနေရပြီးတော့ ပြုံးတောင်မပြုံးနိုင် ဖြစ်နေရပါတယ်။

``အစ်ကိုကြီး ချီကျောင်း ကျနော်တို့ ဘာဆက်လုပ်ကြမလဲ?``

လူရမ်းကားလေးယောက်က မေးလိုက်ပါတယ်။

ရှမ်ချီကျောင်းက တစ်ခဏမျှစဉ်းစားလိုက်ပြီးတော့ ပြောပါတယ်။

``မင်းတို့နှစ်ယောက်က အဲဒီကောင်နောက်ကို လိုက်ပြီးတော့ ဘယ်ကို သွားသလဲ ဆိုတာကို စောင့်ကြည့်နေကြ... ကျန်တဲ့နှစ်ယောက်က ငါနဲ့အတူ ခန်းမခေါင်းဆောင်အိုက် ကို လိုက်ရှာပြီးတော့ ဒီရတနာကို ပြန်လုဖို့ သွားပြောရမယ်``

``ဒါပေမဲ့ အစ်ကိုကြီးချီကျောင်း... တကယ်လို့ ကျနော်တို့ က ခန်းမ ခေါင်းဆောင် အိုက် ကို ကူညီပေးဖို့ သွားပြောမယ်ဆိုယင် သူ့ကို ငွေစုအကြီးကြီးခွဲပေးရလိမ့်မယ်နော်``

လူရမ်းကားတစ်ယောက်က သတိပေးလိုက်ပါတယ်။

``ဖြန်း``

ရွှမ်ချီကျောင်းက သူ့ကို ပါးတစ်ချက်ရိုက်ပြီးတော့ ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

``မင်းက ငတုံးလား? တကယ်လို့ ငါတို့က ဒီကောင်လေးကို ရင်ဆိုင်ဖို့ ခန်းမခေါင်းဆောင် အိုက်ကို သွားမပြောနိုင်ဘူးဆိုယင် ငါတို့ဘာမှ လုပ်လို့ရမှာ မဟုတ်တော့ဘူး... တကယ်လို့ ခန်းမခေါင်းဆောင် အိုက်က ရတနာကို ပြန်ပြီးတော့ လုယူလာနိုင်မယ်ဆိုယင် အနည်းဆုံးတော့ ငါတို့ဂေစုရနိုင်သေးတယ်``

``ဟုတ်တယ်ဟုတ်တယ်.. အစ်ကိုကြီး ချီကျောင်းက တကယ့်ကို ဉာဏ်ကောင်းတာပဲ``

လူရမ်းကားလေးယောက်စလုံးက သဘောတူညီစွာနဲ့ ခေါင်းငြိမ့်လိုက်ကြပါတယ်။

``ဒါဆို သွားကြစို့``

ရွှမ်ချီကျောင်းက သူတို့ကို ဆော်သြလိုက်ပါတယ်။

``ဒီပစ္စည်းတွေကိုရော ဘယ်လိုလုပ်မလဲ?``

လူရမ်းကားတစ်ယောက်က လမ်းမပေါ်မှာ ခင်းကျင်းပြသထားတဲ့ ပစ္စည်းတွေကို ညွှန်ပြပြီးတော့မေးလိုက်ပါတယ်။

``ဒါက ဘယ်လောက်မှလဲ တန်တဲ့ဟာတွေမဟုတ်ဘူး.. ပြီးတော့ ငါတို့ပစ္စည်းကို ဘယ်သူကများခိုးဂုံလို့လဲ? ဒီအတိုင်းပဲထားထားလိုက်တော့...။``

လူရမ်းကား ငါးယောက်က ချက်ချင်းဆိုသလိုပဲ သူတို့ရဲ့ သက်ဆိုင်ရာ တာဂန်တွေကို ထမ်းဆောင်ဖို့ ထွက်သွားကြပါတယ်။ နှစ်ယောက်က လင်းဟန်တို့ရဲ့ အနောက်ကနေ လိုက်ချောင်းနေကြတဲ့အချိန်အတွင်းမှာ ကျန်တဲ့ သုံးယောက်ကတော့ အကူအညီ သွားတောင်းကြပါတယ်။ သူတို့အနေနဲ့ ဒီပြဿနာကို ဘယ်လိုလုပ်ပြီးတော့ ဒီအတိုင်း အလျော့ပေးလိုက်လို့ဖြစ်မှာလဲ ဒီရတနာက ငွေ သန်းဆယ်နဲ့ချီပြီးတော့တောင် တန်ကြေး ရှိတယ်မဟုတ်လား?

``သခင်လေးဟန် ငါတို့အနောက်မှာတစ်ယောက်ယောက် နောက်ယောင်ခံလိုက်နေတယ်``

လွီယုထန်က ရုတ်တရက်ပြောလိုက်ပါတယ်။

``ပေးလိုက်ထားလိုက်ပါ... နောက်ကျတော့မှ တစ်ခါတည်းနဲ့ သူတို့ကို ရင်ဆိုင်ရမှာပဲ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ညီုး သူတို့ကို ရိုက်ပစ်ချင်တယ်``

ဟူးညိုက စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။ ဒီမိန်းကလေးက ရက်စက်ကြမ်းကြုတ် တဲ့ သားရဲတစ်ကောင်ရဲ့ဘေးမှာ ကြီးထွားလာတာပါ ပြီးတော့ သူမရဲ့ ရိုင်းစိုင်းတဲ့ သဘာဝ က သူမအပေါ်မှာ အရမ်းကို လွှမ်းမိုးထားပါတယ်။ သူမက အထူးသဖြင့် ရက်စက်ကြမ်းကြုတ်ခြင်းကို နှစ်သက်သဘောကျပါတယ်။

``ကောင်းပြီလေ``

လင်းဟန်က ရီမောလိုက်ပါတယ်။ ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ်ထဲက စိတ်ဂိဉာဉ်အခြေခံ ကအရမ်းကို ထူးခြားဆန်းကြယ်တဲ့ဟာ တစ်ခုပဲ ဖြစ်ပါတယ်။ အနာဂတ်မှာ သူမကြောင့် ကမ္ဘာကြီးတစ်ခုလုံးတောင်မှ တုန်လှုပ်သွားဖို့ ဖြစ်နိုင်ချေရှိပါတယ်။ ဒါကြောင့် လူဆယ်ယောက်လောက်ကို ရိုက်ပုတ်တော့ရော ဘာဖြစ်မှာမိုလို့လဲ။

လွီယုထန် ရဲ့ မျက်လုံးတွေက ပိုင်းသွားပါတယ်။ လင်းဟန်က တကယ်ပဲ ဟူးညို ကို ဒီလိုပုံစံ သင်ကြားပေးတယ်။ဘာမဆို သူမကြိုက်နှစ်သက်ရာ သူမလုပ်ချင်တာတွေ မလုပ်ဖို့ကို တားဆီးရမှာမဟုတ်ဘူးလား?

သူတို့ လမ်းလျှောက်လာပြီးတော့ မကြာခင်မှာပဲ ကောင်းကင်စစ်ခန်းမ ဆီကို ရောက်လာခဲ့ကြပါတယ်။

ဒါက အရမ်းကို နေလို့ထိုင်လို့ကောင်းတဲ့နေရာတစ်ခုပါ။ ဒီမှာ ကြီးမားတဲ့ ခန်းမကြီး တစ်ခုရှိပြီးတော့ ရပ်သပ်ရှုမောဖွယ်ရာ လုပါပြီး နေရာတိုင်းမှာ စတုရန်းပုံစံ တောက်ပ နေပါတယ်။ ဒီရုံကြီး အတွင်းမှာ လူတွေအများကြီးရှိပြီးတော့ လူတစ်ချို့က လူသစ်စုဆောင်းဖို့အတွက် လျှောက်လွှာတွေကို ကိုင်ထားပြီးတော့ အုပ်စုတစ်ခု အနေနဲ့ တာဂန်တစ်ခုကို ပြီးမြောက်အောင် လုပ်ဖို့ အတွက်ပဲဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

``ငါတို့လဲ လူသစ်စုဆောင်းဖို့အတွက် လျှောက်လွှာတွေကို ကိုင်ထားကြရအောင်``

အမှတ်အသားတစ်ခုကို ဂယ်တာက အရမ်းကို ဈေးကြီးလိမ့်မယ်လို့ သူတို့ လုံးဝ မထင်ထားခဲ့ပါဘူး။ ရောင်းချတဲ့သူတွေက ငွေဆယ်ပြားဈေးခေါ်ကြပါတယ်။ လင်းဟန်က စိတ်ထဲမထားပါဘူး။ ဒါပေမဲ့ လီယုထန်က တော့ ပိုက်ဆံတွေကို အပိုမဖြုန်းတီးပစ်ချင်တဲ့အတွက် ရောင်းချတဲ့သူတွေကိုပဲ ဒေါသအမျက်ခြောင်းခြောင်း ထွက်စွာနဲ့ စိုက်ကြည့်နေပါတယ်။

လင်းဟန်က လျှောက်လွှာအမှတ်အသားပေါ်မှာ သူ့ရဲ့ လက်ရေးလှလှနဲ့ ကောင်းမွန်စွာ ရေးလိုက်ပြီးတော့ ၎င်းကို ကျောက်တုံးတစ်တုံးပေါ်မှာ တင်ထားလိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ သူက လူတိုင်းလူတိုင်းရဲ့ အာရုံစူးစိုက်မှုကို ခံလာခဲ့ရပါတယ်။

အပိုင်း (၁၉၂) မြေနဲ့ရေ အဖွဲ့အစည်းဆီကို

လမ်းလျှောက်သွားမယ်...

ဒါက ဘာဖြစ်လို့လဲဆိုတော့ အဲဒီလျှောက်လွှာပေါ်မှာ သူရေးထားတဲ့ စကားလုံးတွေက တကယ့် ကို အံ့အားသင့်စေလို့ပဲဖြစ်ပါတယ်။

``မြေနဲ့ ရေ အဖွဲ့အစည်းကို သွားတိုက်ခိုက်ဖို့အတွက် လူသစ်စုဆောင်းခြင်း.. ဆုလာဘ်တွေကတော့ အောက်ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ နွေဦးစမ်းရေ အဆင့် ဆိုယင် တစ်ရက်ကို ငွေပြား တစ်သောင်း... စိတ်ဂိဥာဥ်ပင်လယ်အဆင့်ဆိုယင် တစ်ရက် ကို ငွေပြားတစ်သိန်း.. ဒြပ်စင်စုစည်းခြင်းအဆင့်တွေကိုတော့ မခေါ်ပါဘူး``

မြေနဲ့ရေ အဖွဲ့အစည်းကို သွားပြီးတော့ တိုက်ခိုက်မယ်?

မြေနဲ့ ရေ အဖွဲ့အစည်းဆိုတာ ဘယ်လိုနေရာအမျိုးအစားလဲ? အဲဒီမှာစိတ်ဂိဥာဥ် ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက် အုပ်ချုပ်နေတာဖြစ်ပြီးတော့ အလယ်အလတ် ကလန် အဆင့်တစ်ခုနဲ့ ညီမျှပါတယ်။ သွားတိုက်ခိုက် မယ် ဆိုတော့ ဒါက စိတ်ဂိဥာဥ်ပင်လယ်အဆင့် လက်ရွေးစင်ကို ဆန့်ကျင်ရပ်တည်လိုက်တယ်လို့ ဆိုလိုတာပဲဖြစ်ပါတယ်။

မိုးရေနိုင်ငံမှာ စိတ်ဂိုဉာဉ်ပုလ္လင် အဆင့်လက်ရွေးစင် က ဘယ်လောက်များရှိလို့လဲ? ပြီးတော့ စိတ်ဂိုဉာဉ်ပင်လယ် အဆင့်ဆိုတာက အသန်မာဆုံး ဖြစ်တဲ့ စိတ်ဂိုဉာဉ်ပုလ္လင်အဆင့်အောက် တစ်ဆင့်ပဲနိမ့်ပါတယ်။ ဘယ်သူ ကများ သွားပြီးတော့ ပြဿနာ ရှာရဲမှာလဲ?

ဒါပေမဲ့ တစ်ဖက်မှာလဲ လင်းဟန် ပေးမဲ့ ဆုလာဘ်ကလဲ သူတို့အတွက်တော့ တကယ့် ကို အံ့အားသင့်ဖို့ အတွက်လုံလောက်ပါတယ်။
နွေဦးစမ်းရေအဆင့်သိုင်းပညာရှင် တစ်ယောက်က တစ်ရက်ကို ငွေပြား တစ်သောင်း ရရှိနိုင်ပြီးတော့ စိတ်ဂိုဉာဉ်ပင်လယ် အဆင့် သိုင်းသမားတစ်ယောက်ကတော့ တစ်ရက်ကို ငွေပြား တစ်သိန်းတောင် ဂင်ငွေရရှိနိုင်ပါတယ်။

တစ်ရက်ကို ငွေပြား တစ်သိန်းဂင်ငွေရှိတယ်ဆိုတာက တစ်လကို ငွေပြား သုံးသန်း ဂင်ငွေရှိတယ်လို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ ဒါက ဘယ်လိုမျိုး မယုံနိုင်စရာ ကောင်းလိုက်တဲ့ အဖြစ်အပျက်မျိုးလဲ?

တကယ်လို့ ဒါက အင်အားကြီးကလန်ရှစ်ခု ထဲက ကလန်ကြီးတစ်ခု ဆိုယင်တောင်မှ သူတို့ရဲ့ တစ်လ အသားတင် ဂင်ငွေက ဆယ်သန်းကို မကျော်နိုင်ပါဘူး။

ပြီးတော့ အခု လူတစ်ယောက်တည်းပဲ သုံးသန်းတောင်မှ ဂင်ငွေရပါလိမ့်မယ်။ ဒါက အင်အားကြီး ကလန်တစ်ခုရဲ့ လစဉ်ဂင်ငွေရဲ့ သုံးပုံတစ်ပုံ ရှိပါတယ်။ ဘယ်လောက်တောင် အံ့အား သင့်ဖို့ကောင်းလိုက်သလဲ?

ဒါ့အပြင် အင်အားကြီးကလန်ရှစ်ခုက အမြတ်အစွန်းတွေ အများကြီး ဂင်ငွေ ရတယ်ဆိုတာကလဲ သူတို့မှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့်လက်ရွေးစင်တွေ ရှိလို့ ဖြစ်ပြီး တော့ အခု စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် သုံးယောက်ထဲနဲ့ အဲဒီဂင်ငွေ နဲ့ တန်းတူညီမျှတဲ့ ဂင်ငွေပမာဏကို ရရှိနိုင်ပါလိမ့်မယ်။

ရုတ်တရက်ဆိုသလိုပဲ ဒါက လူတွေအများကြီးရဲ့ အာရုံကို ဆွဲဆောင်သွားခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးပဲ ကြည့်ရှုမှုသာ ကြည့်ပြီးတော့ ဘယ်သူကမှ အနားကို ချဉ်းကပ်ပြီး တာဂန်နဲ့ပါတ်သတ်တဲ့ တိကျတဲ့ အသေးစိတ်အချက်အလက်တွေကို မယူကြပါဘူး။ တကယ်တော့ လင်းဟန်က အရမ်းကို ငယ်လွန်းပါတယ်။ ဘယ်သူကများ သူ့အနေနဲ့ ဒီလောက်များပြားတဲ့ ငွေကြေးပမာဏကို ထုတ်ပေးနိုင်တယ်လို့ ယုံကြည်ကြမှာလဲ? ဒါ့အပြင် မြေနဲ့ရေ အဖွဲ့အစည်းဆိုတာက သွားပြီး ရန်စလို့ ကောင်းတဲ့ အရာတစ်ခု မဟုတ်ပါဘူး။

ဒါကြောင့်ပဲ လူတိုင်းလူတိုင်းက ရပ်ပြီးတော့ ကြည့်နေဖို့ကိုပဲ ရွေးချယ်လိုက်ကြပါတယ်။

``နင်က လျှောက်လွှာကို ဒီနေရာမှာ ဒီအတိုင်းထားလို့မရဘူး.. တကယ်လို့ ကောင်းကင်စစ်ခန်းမ ရဲ့အာမခံ ချက်နဲ့ အသိအမှတ်ပြုမှုကို မရရှိဘူးဆိုယင် ဘယ်သူကမှ နင်တကယ် ချမ်းသာတယ်ဆိုတာကို ယုံမှာမဟုတ်ဘူး``

လှီယုထန်က သတိပေးလိုက်ပါတယ်။

``ကောင်းပြီလေ.. ဒါဆိုယင်လဲ အထဲကိုသွားကြတာပေါ့``

လင်းဟန်က ကောင်းကင်စစ်ခန်းမထဲကို ဝင်သွားလိုက်ပါတယ်။

သူက လွတ်နေတဲ့ ကောင်တာတစ်ခုဆီကို သွားပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော် တာဂန်တစ်ခုကို တင်ချင်လို့ပါ```

``သခင်လေး.. ဘယ်လိုမျိုး တာဂန်ကို တင်ချင်တာလဲခင်ဗျာ``

တာဂန်တွေကို စာရင်းသွင်းပေးရတဲ့ မိန်းကလေးငယ် တစ်ယောက်က မေးလိုက်ပါတယ်။ သူမက တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ပါ။

လင်းဟန်က ထူးဆန်းစွာပြုံးပြလိုက်ပီးတော့ ပြောပါတယ်။

``မြေနဲ့ရေ အဖွဲ့အစည်းကို သွားပြီးတော့ တိုက်ခိုက်မဲ့ တာဂန်``

မိန်းကလေးရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာလေးက ထိန်းမနိုင်သိမ်းမနိုင် တွန့်သွားခဲ့ ပါတယ်။ သူက မြေနဲ့ ရေ အဖွဲ့အစည်းဆိုတာ ဘယ်လိုနေရာအမျိုးအစားလဲ ဆိုတာကို ကောင်းကောင်းသိပါတယ်။ သူမက ခေါင်းကို လျင်မြန်စွာနဲ့ ခါလိုက်ပီးတော့ ပြောပါတယ်။

``သခင်လေး.. မနောက်ပါနဲ့.. မြေနဲ့ရေအဖွဲ့အစည်းက အင်ပါယာမြို့ရဲ့ အဖွဲ့တစ်ခုဖြစ်ပါတယ်။ မင်းရဲ့ စွမ်းရည်ကို အသာထားဦး.. တကယ်လို့ မင်းမှာ စွမ်းရည် ရှိယင်တောင်မှ အင်ပါယာအစောင့်အရှောက်တွေက မင်းအဲဒီကို

သွားပြီးတော့ ပြဿနာ ရှာမှာကို တားကြလိမ့်မယ်. ကောင်းကင်စစ်ခန်းမ က ဒီလိုမျိုး တောင်းဆိုချက်ကို လက်ခံလိမ့်မှာ မဟုတ်ပါဘူး``

``ဒါဆိုယင်.. ဒီဆိုဆိုယင်ရော ? ``

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

``မြေနဲ့ရေ အဖွဲ့အစည်းဆီကို လမ်းလျှောက်ဖို့အတွက်သွားမယ်.. ငါ့ကို ကာကွယ်ပေးဖို့အတွက် လူသစ်စုဆောင်းမယ်``

လမ်းလျှောက်ဖို့အတွက်?

မိန်းကလေးရဲ့ ပါးစပ်က နောက်တစ်ကြိမ် ထပ်ပြီး မဲ့သွားပါတယ်။ ဘယ်သူတွေကများ သူတို့ရဲ့ အိမ်ထဲမှာ လမ်းသလားဖို့အတွက် ကျူးကျော်ဝင်ရောက်သူတွေကို ခွင့်ပြုတာများ ရှိလို့လဲ?

``ဒီလိုမျိုး တောင်းဆိုချက်အတွက်ကတော့ ပြဿနာမရှိပါဘူး ဟုတ်တယ်မလား?``

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

အပေါ်ယံကြည့်ယင်တော့ လမ်းလျှောက်ဖို့အတွက် သွားတယ်ဆိုတာက ပြဿနာ မရှိပါဘူး ဒါပေမဲ့ အားလုံးသိထားတာကတော့ လမ်းလျှောက်ဖို့ အတွက်သွားတယ် ဆိုတာက အမှန်တကယ်တော့ တိုက်ခိုက်ဖို့အတွက် သွားတာပါပဲ.. မိန်းကလေးက မျက်နှာရှုံ့မဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်ဆိုယင် ပြဿနာတော့ မရှိပါဘူး.. ဒါပေမဲ့ သခင်လေး....``

``တကယ်လို့ ပြဿနာ မရှိဘူးဆိုယင် ငါ့အတွက် တာဝန်ကို တင်ပေးပါ.. မင်းအနေနဲ့ တစ်ခြားအကြောင်းအရာတွေနဲ့ ပတ်သတ်ပြီးတော့ အချိန်မဖြုန်းပါနဲ့``

လင်းဟာန်က ပြုံးပြီးတော့ ငွေလွှဲစာရွက်အချို့ကို ထုတ်ပေးလိုက်ပီးတော့ ပြောပါတယ်။

``ဆုလာဘ်တွေက အောက်ပါအတိုင်းပဲ``

သူက ဆုလာဘ်စာရင်းကို ရွတ်ဆိုပြလိုက်ပါတယ်။ ပြီးတော့

ထပ်ထည့်လိုက်ပါတယ်။

``စိတ်ဂိုဏ်ပင်လယ်အဆင့်
သိုင်းပညာရှင်ဆယ်ယောက်ဆိုယင် လုံလောက်ပီ ပြီးတော့ နွေဦးစမ်းရေအဆင့်က တစ်ရာ .. အဲဒါဆိုယင် ကောင်းကောင်းလုံလောက်ပီ``

ချစ်စရာကောင်းတဲ့ မိန်းကလေးငယ်လေးရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲ သွားခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင်မှ အသုံးအဖြုန်းကြီးလိုက်သလဲ? ပထမတော့ သူမရဲ့ တုံ့ပြန်မှု က လင်းဟန်က ဟာသလုပ်နေတာပဲလို့ ထင်နေပါတယ်။ ဒါပေမဲ့ သူထုတ်ပေးလိုက်တဲ့ ငွေလွှဲစာရွက်တွေကတော့ လုံးဝ မှားယွင်းနေတယ်လို့ မဆိုလိုပါဘူး။ စုစုပေါင်း ငွေပြား ခြောက်သန်းပမာဏရှိပါတယ်။ ဒါက အစောတုန်းက သူပြောတဲ့ အုပ်စုကို သုံးရက်တိတိ ခန့်အပ်ဖို့အတွက်လုံလောက်ပါတယ်။

ဒီသခင်လေးက တကယ့်ကိုပဲ အလွန်အမင်း ချမ်းသာတဲ့ လူငယ်ပဲ။

သူမက လျင်မြန်စွာနဲ့ပဲ လင်းဟန်ရဲ့ တောင်းဆိုမှုကို

စာရင်းသွင်းလိုက်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကောင်းကင်စစ်ခန်းမရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မချိုးဖောက်ပဲ ဆုလာဘ်ကိုလဲ ပေးချေထားခဲ့မယ်ဆိုယင် ဘယ်လိုပဲ ထူးဆန်းတဲ့ တောင်းဆိုချက် ဖြစ်နေပါစေ.. ကောင်းကင်စစ်ခန်းမရဲ့ အဖွဲ့ဝင်အားလုံးသိအောင်လို့ ကြေညာပေးရ ပါလိမ့်မယ်။

ဒီတောင်းဆိုချက်ရဲ့ ဆုလာဘ်က အရမ်းကို ကြီးမားတာကြောင့် ချက်ချင်းဆိုသလိုပဲ အားလုံးရဲ့ အာရုံစူးစိုက်မှုကို ခံရပါတယ်။

``ဘာ.. မြေနဲ့ရေ အဖွဲ့အစည်းမှာ လမ်းသွားလျှောက်ဖို့အတွက် ကိုယ်ရံတော်ငှားတယ်ဟုတ်လား? ဒါက ဘယ်လိုဟာသကြီးလဲ?``

``ဟာသလုပ်တာပဲ ဖြစ်ဖြစ် တကယ်ပဲဖြစ်ဖြစ် ဂရုမစိုက်နဲ့.. အခု အဲဒါက တင်ထားပြီ ဆိုတော့ ဆုကြေးနဲ့ ပါတ်သတ်ပြီးတော့ ဘာအမှားအယွင်း ပြဿနာ မှ မရှိဘူးဆိုတာ သေချာတယ်``

``လဗြွတ် .. တရက်ကို ငွေပြား တစ်သောင်း ညီမျှတယ်``

``တကယ်လို့ မင်းက စိတ်ဂိဉာဉ်ပင်လယ် အဆင့်ဆိုယင် တစ်သိန်းတောင် ဂင်ငွေရနိုင်တယ်..``

ရုံတစ်ခုလုံး သက်ဂင်လှုပ်ရှားသွားပါတယ်။ သူတို့ထဲက တစ်ချို့က ဒါက အစောတုန်းက လင်းဟာန် တင်ခဲ့တဲ့ လျှောက်လွှာ ဆိုတာကို ပြန်စဉ်းစားမိတဲ့အတွက် သူတို့က လင်းဟာန်ကို သွားရှာကြပါတယ်။

လင်းဟာန်က အဲဒီမှာပဲ ရပ်နေပြီးတော့ အဲဒီလူတွေက ချက်ချင်းဆိုသလို တောင်းဆိုမှု ရဲ့ အသေးစိတ်အချက်အလက်တွေ အကြောင်းကို စတင်ပြီးတော့ မေးမြန်းလိုက်ကြပါတယ်။

``သခင်လေး ကျနော်က ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်မှာဖြစ်ပြီးတော့ နွေဦးစမ်းရေ အဆင့်ကို ခြေတစ်လှမ်းဂင်နေပါပြီ.. ကျနော် ငွေပြား ငါးထောင်ပဲ လိုချင်ပါတယ်.. ဒါဆိုယင်ရော ဘယ်လိုလဲ?``

``ကျနော် က ဒြပ်စင်စုစည်းခြင်းအလွှာ ၈ အဆင့်ပါ ကျနော်က ငွေပြား လေးထောင်ပဲ လိုချင်ပါတယ်``

ဒီမေးမြန်းတဲ့ သူအများစုက ဒြပ်စင်စုစည်းခြင်းအဆင့်တွေပဲ ဖြစ်ပြီးတော့ သူတို့က စိတ်လှုပ်ရှားစွာနဲ့ ပူးပေါင်းချင်နေကြပါတယ်။ ထိုအချိန်အတွင်းမှာ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင်တွေကတော့ လေ့လာစူးစမ်းနေယုံမျှသာရှိပါသေးတယ်။ တကယ်တော့ မြေနဲ့ရေ အဖွဲ့အစည်းဆိုတာက ဟာသလုပ်လို့ကောင်းတဲ့ အရာတော့ မဟုတ်ပါဘူး။

လင်းဟန်က သူတင်ထားတဲ့ လျှောက်လွှာကိုပဲ ညွှန်ပြလိုက်ပါတယ်။ သူက ဘာအတွက် ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေကို လိုအပ်ရမှာလဲ? သူကိုယ်တိုင်က ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာရှိနေပြီးတော့ ဒီလိုအဆင့် အခြွေအရံတွေကို စုစည်းရတာက အထင်ကြီးစရာကောင်းဖို့ မလုံလောက်သေးပါဘူး။

သူ့ရဲ့ မျက်လုံးတွေနဲ့ ပါတ်ဝန်းကျင်ကို ပေ့ကြည့်လိုက်တဲ့ အခါမှာ သူ့ရဲ့မျက်နှာပေါ်မှာ ချက်ချင်းဆိုသလိုပဲ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ သူက ကျောက်တုံးခြသေ့်ရုပ်တု တစ်ခုပေါ်မှာ ထိုင်နေတဲ့ သက်လတ်ပိုင်းအရွယ် လူတစ်ယောက်ဆီကို လျှောက်သွား လိုက်ပါတယ်။ အဲဒီလူရဲ့ လက်ထဲမှာ ဝိုင်ပုလင်းတစ်ခုရှိပြီးတော့ သူ့ရဲ့ ပါးစပ်ထဲကို

အဆုံးမရှိတဲ့ ပုံစံအတိုင်း လောင်းထည့်လိုနေပါတယ်။

``လပြွတ်.. ဒီကောင်က တကယ့်ကို ကောင်းမွန်တဲ့ အမြင်ရှိတာပဲ သူ့ရဲ့ မျက်လုံး တွေက ဆရာသခင် ကွမ်းယွမ် ကို တကယ်ပဲ မျက်စိကျနေတာပဲ``

``ဘာ.. ဆရာသခင် ကွမ်းယွမ် ဟုတ်လား.. တောင်တစ်လုံးကို လက်သီးခုနစ်ချက် နဲ့ ဖျက်ဆီးတဲ့ သူလို့ ထင်ရှားတဲ့သူမဟုတ်လား?``

``သိပ်မှန်တာပေါ့.. သူက ငါတို့ ကောင်းကင်စစ်ခန်းမရဲ့ အသန်မာဆုံး စစ်သည်တော် ထိပ်တန်းဆယ်ယောက်ထဲက တစ်ယောက်ပဲ``

``သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က စိတ်ဂိဉာဉ်ပင်လယ် အလွှာ ၅ အဆင့်ပဲ.. အတိတ် တုန်းက သူက သိုင်းပညာရှင်တွေထဲမှာ ပါရမီရှင်တစ်ယောက်လို့ သတ်မှတ်လို့ရတယ်။ ဒါပေမဲ့ ဘယ်လိုကြောင့်မှန်းမသိပဲ သူက ဒီ စိတ်ဂိဉာဉ်ပင်လယ်အလွှာ ၅ အဆင့်မှာ ရပ်တန့်နေခဲ့တာ တော်တော်ကို အချိန်ကြာနေပြီ``

``မင်းက ငတုံးလား? စိတ်ဂိဉာဉ်ပင်လယ်အဆင့်ရဲ့

ခြေလှမ်းတိုင်းက ကောင်းကင် ပေါ် ကိုတက်ရသလိုပဲ ခက်ခဲတယ်.ဒါက တစ်ချို့အတွက်တော့ သူတို့ရဲ့ ဘဝတစ်လျှောက်လုံး အဲဒီအဆင့်မှာပဲ သောင်တင်နေတာက ထူးထူးကဲကဲတော့ မဟုတ်ဘူး``

သူတိုက အဲဒီ သက်လတ်ပိုင်းအရွယ် ယောက်ျားကို မြင်တဲ့အခါမှာ အံ့အားသင့်စွာနဲ့ ပြောဆိုနေကြပါတယ်။

လင်းဟန်က အဲဒီလူထွားကြီးရဲ့ နာမည်က ကွမ်းယွမ် ဆိုတာကို မသိပါဘူး။ သူက အဲဒီလူရဲ့ ကျင့်ကြံခြင်းအဆင့်ကိုပဲ သတိပြုမိတာဖြစ်ပြီးတော့ သူ့ဆီကို ချဉ်းကပ်ဖို့ ဆုံးဖြတ်လိုက်တာပါ. ဒါပေမဲ့ သူ့ရဲ့ အာရုံတွေက ပိုပြီးတော့ စူးစိုက်လိုလာခဲ့ပါတယ်။ သူက အချက်အလက်တွေကိုပိုပြီးတော့ ရှာဖွေတွေ့ရှိသွားပြီး ပြုံးလိုက်ပါတယ်။

``ခင်ဗျားရဲ့ ပြဿနာတွေကို မေ့ဖို့အတွက် ပိုပြီးတော့ သောက်လေ ခင်ဗျား ပြဿနာတွေ ကို ပိုပြီးတော့ ခံစားရလိမ့်မယ်``

လင်းဟန်က ကွမ်းယွမ်ကို ပြောလိုက်ပါတယ်။

``ကောင်လေးငယ်ငယ်လေးက ပြဿနာတွေ အကြောင်းကို ဘာသိမှာလဲ?``

ကွမ်းယွမ် က လင်းဟန်ကို ဘက်ကိုတောင်မှ လှည့်မကြည့်ပဲနဲ့ တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

``ခင်ဗျားက ကြီးမားတဲ့ နေကောင်းကင်နလုံးသား စာလိပ်ထဲကအတိုင်း ကျင့်ကြံနေတာ မဟုတ်လား?``

လင်းဟန်က ကွမ်းယွမ်တစ်ယောက်ပဲ ကြားနိုင်လောက်မဲ့ လေသံနဲ့ အသံကို နှိမ့်ပြီး တော့ ပြောလိုက်ပါတယ်။

ကွမ်းယွမ်ရဲ့ အမူအရာက ပြောင်းလဲသွားပြီးတော့ ချက်ချင်းပဲ ပိုင်သောက်နေတာကို ရပ်တန့်လိုက်ပါတယ်။ သူက လင်းဟန်ကို ကြည့်ပြီးတော့ သူ့ရဲ့အသံကို နှိမ့်ပြီး မေးလိုက်ပါတယ်။

``မင်းဘယ်လိုလုပ်ပြီးတော့ သိတာလဲ?``

``ကျုပ်က ခင်ဗျား ကြီးမားတဲ့နေကောင်းကင်နလုံးသား စာလိပ်ကို ကျင့်ကြံနေတယ် ဆိုတဲ့ဟာ တစ်ခုတည်းသိတာမဟုတ်ဘူး.. ခင်ဗျားရဲ့ ကျင့်ကြံခြင်းမှာ

အများတစ်ချို့ကို လုပ်ခဲ့တယ်ဆိုတာကိုလဲ သိသေးတယ်.. လက်ရှိ ခင်ဗျားရဲ့ ကျောရိုး တတိယမြောက် အရိုးက ထူးထူးဆန်းဆန်းနဲ့ နာကျင်ကိုက်ခဲနေတယ်မဟုတ်လား?``

လင်းဟန်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ ကွမ်းယွမ်က တည်တည်ငြိမ်ငြိမ်နဲ့ မနေနိုင်တော့ပါဘူး. သူက ချက်ချင်းပဲ ကျောက်ခြသေ့်ရုပ်ပေါ်ကနေ ဆင်းလာပြီးတော့ လင်းဟန်ရဲ့အရှေ့မှာ ရပ်လိုက်ပီးတော့ မေးလိုက်ပါတယ်။

``မင်းဘယ်သူလဲ?``

သူ့အနေနဲ့ သူ့ရဲ့ ကျင့်ကြံခြင်းမှာ ဒီပြဿနာနဲ့ ကြုံနေရတာ ဒီနှစ်ရောဆိုယင် ဒါက သုံးနှစ်မြောက်ရှိပါပြီ ပြီးတော့ အဲဒါက လင်းဟန် ထောက်ပြလိုက်တဲ့ အတိုင်းပဲ သူ့ရဲ့ ကျောရိုးက တတိယမြောက် အရိုးက ထူးဆန်းစွာနဲ့ နာကျင်ကိုက်ခဲနေတာပဲ ဖြစ်ပါတယ်။

``လာခဲ့ လာခဲ့ ကျုပ်ရဲ့ တောင်းဆိုချက်ကို လက်ခံလိုက်.. ကျုပ် ခင်ဗျားကို အရမ်းကို ကောင်းတဲ့ ကံကြမ္မာ တစ်ခုကို အခွင့်အရေးပေးမယ်.. ဒါက ခင်ဗျားရဲ့ လက်ရှိ ပြဿနာကို

ဖြေရှင်းနိုင်ယုံသာမကဘူး နောက်ပိုင်းမှာ အဆင့်တောင်မှ တက်သွားနိုင်လိမ့်မယ်``

လင်းဟန်က ထူးဆန်းစွာပြုံးပြီးတော့ မကောင်းဆိုးဝါးတစ်ကောင်က လူတစ်ယောက်ကို ညှို့ယူဖမ်းစားသလိုမျိုး ပြောလိုက်ပါတယ်။

အခုမှ ကွမ်းယွမ်ကလဲ လင်းဟန်ရဲ့ လက်ထဲမှာ အလုပ်လျှောက်လွှာ တစ်ခု ကိုင်ထားတယ် ဆိုတာကို မြင်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက ထူးဆန်းတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

``မင်းက တကယ်ပဲ သတ္တိကောင်းတာပဲ``

``အရမ်းကြီးမဆိုးပါဘူး... ဒါကြောင့်လဲ ကျနော့်အတွက် ကိုယ်ရံတော် တစ်ချို့ကို ရှာနေတာပေါ့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကွမ်းယွမ်ရဲ့ မျက်နှာပေါ်မှာ ချင့်ချိန်တွေးဆနေတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ ပါတယ်။ လင်းဟန်က သူ့ရဲ့ ကျင့်ကြံခြင်းက ကြီးမားတဲ့ နေကောင်းကင်နှလုံးသား စာလိပ်

ဆိုတာကို ပြောနိုင်ယုံတင်မကဘူး သူ့ရဲ့ ကျင့်ကြံခြင်းမှာ ကြုံတွေ့နေတဲ့ ပြဿနာ တစ်ခု ကိုပါ ထုတ်ဖော်ပြောဆိုနိုင်ပါတယ်။ ဒီလိုဆိုမှတော့ လင်းဟန်က သူ့ရဲ့ ပြဿနာကို ဖြေရှင်း ပေးနိုင်ဖို့ အရမ်းကို မြင့်မားတဲ့ အခွင့်အရေးတစ်ခုတော့ ရှိနိုင်ပါလိမ့်မယ်။

သူက အရဲစွန့်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

``ကောင်းပြီလေ.. ဒါဆိုယင် ငါ ဒီတောင်းဆိုမှုကို လက်ခံပါမယ်``

အပိုင်း (၁၉၃) အုပ်စုတစ်ခုကို အောင်မြင်စွာ စုစည်းခြင်း

ကွမ်းယွမ်က သူ့ရဲ့အသံကို နိမ့်ပြီးတော့ မပြောတော့ပါဘူး ဒါကြောင့် ဘေးနားဂန်းကျင် မှာ ရှိတဲ့ လူတွေအားလုံးပဲ သူ့ရဲ့စကားတွေကို ရှင်းရှင်းလင်းလင်းနဲ့ ပြတ်ပြတ်သားသား ကြားလိုက်ရပါတယ်။

``ဘာ.. တောင်တစ်လုံးကို လက်သီးခုနစ်ချက်နဲ့ ဖျက်ဆီးတဲ့ ဆရာသခင် ကွမ်းယွမ်က ဒီတောင်းဆိုချက်ကို လက်ခံလိုက်တယ်ဟုတ်လား?``

``ဒါက ငါတို့ပြောနေတဲ့ ဆရာသခင်ကွမ်းယွမ် လေ``

``ဆရာသခင် ကွမ်းယွမ်လဲ ဒီမှာရှိနေမှတော့ ငါတို့က ဘာကိုကြောက်နေဖို့ လိုဦးမှာလဲ?``

``ငါလည်းပဲ ပူးပေါင်းမယ်``

သူတို့က ကွမ်းယွမ်က ဒီတောင်းဆိုချက်ကို လက်ခံလိုက်တာကို မြင်လိုက်တဲ့အခါမှာ တော့ နွေဦးစမ်းရေအဆင့် လက်ရွေးစင် တော်တော်များများက အရမ်းကို အံ့အားသင့်သွားပြီးတော့ သူတို့ရဲ့အမူအရာတွေက စိတ်ဂင်စားလာခဲ့ကြပါတယ်။

`` ကျေးဇူးပြုပြီးတော့ အဓိကခန်းမကြီးဆီကိုသွားပြီးတော့ တာဂန်ကို လက်ခံရယူလိုက်ပါ``

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ပြီးယင် ဒီနေရာကို ပြန်လာပြီးတော့ စုစည်းပေးကြပါ``

``ဒီနေ့ကိုရော တစ်ရက်လို့ သတ်မှတ်လို့ရသလား?``

သူတို့အားလုံးက ဒါက မယုံကြည်နိုင်စရာကောင်းတယ်လို့ ထင်နေကြပါတယ်။

``ဒါပေါ့``

လင်းဟန်က ပုံမှန်အတိုင်းပဲပြောလိုက်ပါတယ်။

ဒီကောင်လေးမှာ တကယ်ပဲ ပိုက်ဆံတွေ လုံလုံလောက်လောက်ရှိပုံရပါတယ်။ အခုဆိုယင် နေ့လည်ခင်းတောင်ရောက်ပါတော့မယ် ဒါက နေ့တဂက်စာ ငွေကို မီးရှို့ပြာချလိုက်တာနဲ့ အတူတူပါပဲ... ဒါပေမဲ့ ဒီလိုမျိုး ချမ်းသာတဲ့ အလုပ်ရှင် တစ်ယောက်ကိုတော့ အားလုံးက မျက်နှာသာ ပေးရမှာမဟုတ်လား?

စိတ်ဂိဉာဉ်ပင်လယ် လက်ရွေးစင် တစ်ယောက် ပူးပေါင်းပါဂင်မှုနဲ့အတူ ကျန်တဲ့ သူတွေ အားလုံးလဲ သတ္တိရှိလာသလို ခံစားရပါတယ်။ တကယ်လို့ မိုးကောင်းကင်က သူတို့အပေါ်ကို ပြိုဆင်းလာမယ်ဆိုယင်တောင်မှ သူတို့ထဲက တစ်စုံတစ်ယောက်က အရပ်ရှည်ထွက်လာပြီးတော့ ထမ်းတင်ထားပါလိမ့်မယ်။ သိပ်မကြာခင်မှာပဲ တစ်ခြား စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေကလည်း

ဒီတောင်းဆိုချက်ကို လက်ခံ ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။ ဒီပုံစံအတိုင်းဆိုယင် တကယ်လို့ သူတို့က မြေနဲ့ရေ အဖွဲ့အစည်း ထဲကို အတင်းတရကြမ်း ဝင်သွားဖို့ ဆုံးဖြတ်ထားတယ်ဆိုယင်ရော ဘာဖြစ်သေးမှာလဲ? တကယ်လို့ ယန်ထျန်းဒူ က နှစ်ဖက်စလုံးကို အထိအခိုက် မခံချင် ဘူးဆိုယင် ပြဿနာ တက်အောင်လို့ လုပ်မှာမဟုတ်ပဲနဲ့ သူ့ရဲ့ ဒေါသတွေကိုပဲ မြိုသိပ်ထား မှ ရပါလိမ့်မယ်။

စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေ ပိုပြီးတော့ ဒီတာဂန်ကို လက်ခံလာလေ ဒီတာဂန်ရဲ့ ဆွဲဆောင်မှုက ပိုပြီးတော့ များလာလေပါပဲ။ ဘာပဲဖြစ်ဖြစ် သူတို့က လင်းဟန်ရဲ့ လုံခြုံမှုကို ထိန်းသိမ်းကာကွယ်ပေးဖို့ပဲ လိုအပ်တာဖြစ်ပြီးတော့ သူတို့ အတွက် ကတော့ ဥပဒေစည်းမျဉ်းတွေကို မထိမဲ့မြင် ပြုဖို့မှ မလိုတာ.. ဒါကြောင့် သူတို့အနေနဲ့ အနည်းဆုံးတော့ မထိမရ မပွန်းမပဲ့ပဲနဲ့ နောက်ဆုတ်လာနိုင်စွမ်း ရှိပါလိမ့်မယ်။

နောက်တစ်နာရီ အကြာမှာတော့ နွေဦးစမ်းရေ အဆင့်သိုင်းပညာရှင် အယောက် တစ်ရာ ကို အောင်မြင်စွာနဲ့ စုစည်းလို့ပြီးသွားခဲ့ပါပြီ။ ဒီမှာ နောက်ထပ် နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေ ပိုပြီးတော့တောင်မှ ပူးပေါင်းဖို့

စိတ်ဂင်စားနေကြ ပါသေးတယ်။ ဒါပေမဲ့ လင်းဟန်က သူတို့ကို အများကြီးမလိုပါဘူး။ ဒ့ါအပြင် သူတို့မှာ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် ခုနှစ်ယောက် ရနေပါပြီ.။

တကယ်တော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေကို လုံးဂ အစွမ်းထက် မြက်လှတဲ့ လက်ရွေးစင် စစ်သည်တော်တွေလို့ သတ်မှတ်ထားနိုင်ပါတယ်။ သီးသန့် တစ်ယောက်တည်း ကျင့်ကြံသူအနေနဲ့ ဒီလောက်အဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင် ဖို့ က လွယ်ကူလှတာမဟုတ်ပါဘူး။ တကယ်တော့ တစ်နာရီစွန်းစွန်း အချိန်အတွင်းမှာ ဒီလိုမျိုးအစွမ်းထက်လှတဲ့ စစ်သည်တော် ခုနစ်ယောက်ကို စုဆောင်းနိုင်တယ်ဆိုတာက တကယ့်ကို အံ့မခန်းတဲ့ ကံကောင်းမှုတစ်ခု ပဲဖြစ်ပါတယ်။

ပထမအချက်က လင်းဟန် တင်ထားတဲ့ ဆုလာဘ်က ဆွဲဆောင်ဖို့အတွက် လုံလောက်ပါတယ်။ ပြီးတော့ ဒုတိယ အချက်က ကွမ်းယွမ်ကိုယ်တိုင် ပါဂင်မှု ပဲဖြစ်ပါတယ်။ သူ့ရဲ့ လွှမ်းမိုးမှုက ပူးပေါင်းဖို့ တွန့်ဆုတ်ဆုတ် ဖြစ်နေတဲ့ သူတွေ ကို

အရမ်းကို စိုးမိုးခြယ်လှယ်နိုင်စွမ်းကြီးမားပါတယ်။

စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်ခုနှစ်ယောက်ကတော့ လုံလောက် သင့်ပါပြီ.။

လင်းဟန်က တစ်ခဏမျှ စဉ်းစားလိုက်ပါတယ်။ သူ့အနောက်မှာ ဆယ်ယောက် ရှိတာ အထင်ကြီးစရာကောင်းတာမှန်ပေမဲ့ ခုနှစ်ယောက်လည်း မဆိုးပါဘူး။

``သခင်လေးဟန်.. ငါတို့ဘယ်အချိန်မှ ထွက်ခွာကြမလဲ?``

လူအုပ်ကြီးက လင်းဟန်ကို မေးလိုက်ပါတယ်။ သူတို့က ကျင့်ကြံခြင်းအဆင့်မှာ လင်းဟန် ထက် မြင့်မားတာမှန်ပေမဲ့ လင်းဟန်က သူတို့ရဲ့ အလုပ်ရှင် မဟုတ်လား? တစ်ကိုယ်တည်း ကျင့်ကြံသူတွေက တရားဝင် ကလန်ရဲ့ ကလန်အဖွဲ့သားတွေလောက် ဂုဏ်မောက်တာမျိုးမရှိပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူတို့အနေနဲ့ လင်းဟန်ကို သခင်လေး လို့ ခေါ်မှာမဟုတ်ပါဘူး။

``တာဝန်သွားလက်ခံတဲ့ သူတွေ ပြန်လာတဲ့ အခါကျယင် ကျုပ်တို့ စထွက်ကြတာပေါ့``

လင်းဟန်က ပြောလိုက်ပါတယ်။

``ကောင်းပါပြီ``

လူတိုင်းလူတိုင်း ခေါင်းငြိမ့်လိုက်ကြပါတယ်. သူတို့ရဲ့ မျက်စိထဲမှာ ကြီးမားတဲ့ ငွေကြေး ပမာဏ တစ်ခုက သူတို့ကို အရှေ့မှာ ပျော့ယမ်းပြနေတာကို စိတ်ထဲမှာ မြင်နေရပါတယ်။

``အဲဒါသူပဲ``

အဲဒီအချိန်မှာပဲ အနားမှာရှိတဲ့ ယောက်ျားတစ်ယောက် က လင်းဟန်ကို လက်ညှိုး ထိုးညွှန်ပြလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာမှာ ဒေါသတွေပြည့်နေပါတယ်။ သူကတော့ အစောပိုင်းတုန်းက လင်းဟန်ကို သူ့ရဲ့ ကုန်ပစ္စည်းကို အတင်းဖိအားပေးရောင်းချခဲ့ ပြီးမှ တဖန် သူ့ကို ပြန်ရောင်းဖို့ ထပ်ပီးဖိအားပေးခဲ့တဲ့ ရွှမ်ချီကျောင်း ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ဘေးပါတ်လည်မှာ လူတစ်ချို့ ပါလာပါတယ်။ သူတို့ထဲက လေးယောက်က သူ့ရဲ့ နောက်လိုက်ဖြစ်ပြီးတော့ နောက်ထပ် သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက် ပါလာပါသေးတယ်။ သူ့ဆီကနေ အားကောင်းတဲ့ အရှိန်အဝါတစ်ခုထွက်ပေါ်နေပြီး တော့ အဲဒီလူက နွေဦးစမ်းရေ လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။

ဒီသက်လတ်ပိုင်းအရွယ် လူရဲ့ နာမည်က အိုက်ဆောင် လို့ခေါ်ပါတယ်။ သူက မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ခန်းမခေါင်းဆောင်တွေထဲက တစ်ယောက် ဖြစ်ပါတယ်။ သူက ရွှမ်ချီကျောင်း ဆီကနေပြီးတော့ ရွှေရောင်ကျောက်တုံး ပန်းပွင့် က ရုတ်တရက် ပါဝင် နေတဲ့ အကြောင်း သူကို ပြောပြပါတယ်။ ဒါကြောင့် သူက ချက်ချင်းဆိုသလို သူတို့နောက်ကို လိုက်လာခဲ့ပါတယ်။

``ကောင်လေး.. ရွှမ်ချီကျောင်း က ငါတို့ အဖွဲ့အစည်းရဲ့ ရတနာတစ်ခုကို မှားယွင်း ပြီးတော့ ရောင်းချမိလိုက်တယ်.. အဲဒီရတနာ ပစ္စည်းကို ငါတို့ကို ပြန်ပေးပါ``

အိုက်ဆောင် က လင်းဟန် ကို အောင်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ ရိုင်းစိုင်းတဲ့ အမူအရာ တစ်ခု တွေ့ရပါတယ်။

လင်းဟန်ရဲ့ တောင်းဆိုမှုကို လက်ခံသဘောတူထားကြတဲ့ သူတွေရဲ့ အကြည့်က ချက်ချင်းပဲ အကြည့်တွေက စူးရှလို့ လာခဲ့ပါတယ်။ သူတို့ရဲ့ တာဝန်က လင်းဟန်ရဲ့ လုံခြုံရေးကို အာမခံ ရမှာဖြစ်ပါတယ်။ သူတို့လုံး၀ မထင်ထားတာက ရန်သူတွေက သူတို့ ကောင်းကင်စစ်ခန်းမ ကနေ

မထွက်တောင်မထွက်ရသေးဘူး ပေါ်ထွက်လာလိမ့်မယ်ဆိုတာကိုပါပဲ။ ဒါက တကယ့်ကို စိတ်ဂင်စားစရာကောင်းပါတယ်။

ဒီ သီးသန့်တစ်ကိုယ်ရည်လေ့ကျင့်သူတွေက အမြဲတမ်းလိုလို အွန္တရာယ် အစွန်းမှာ နေထိုင်လာကြတဲ့ သူတွေဖြစ်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း လမ်းကြောင်းကို သူတို့ရဲ့ ကိုယ်ပိုင်စွမ်းအား နဲ့ ဒီအခြေအနေထိ ရောက်အောင်လို့ လုပ်နိုင်ခဲ့ကြတဲ့ သူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ချို့က ဓါးပြ တွေနဲ့ လူသတ် တရားခံလိုမျိုး စက်ဆုပ်ရွံ့ရှာစရာကောင်းတာတွေကို လုပ်ခဲ့တဲ့ လူနည်းစုလည်းရှိပါတယ်။

သူတို့က ကလန်တွေရဲ့ ကာကွယ်မှုအောက်မှာ ကြီးထွားရှင်သန်လာတဲ့ သူတွေထက် ပိုပြီးတော့ ရက်စက်ကြမ်းတမ်း တတ်ကြပါတယ်။

အိုက်ဆောင် က သူကိုယ်သူ အရမ်းကိုလုံခြုံတယ်လို့ ခံစားနေရပီး ကိုယ်တိုင် အသိစိတ် နိုးကြားမှုလုံလုံလောက်လောက်မရှိတာက အရမ်းကိုဆိုးရွားလွန်းပါတယ်။

လင်းဟန်က ထူးဆန်းစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`` သူက ဒါကို ရောင်းတယ်.. ကျုပ်က ဝယ်ခဲ့တယ်.. ဒါကြောင့် ဒီပစ္စည်းက ကျုပ်ကိုယ်ပိုင် ဖြစ်သွားခဲ့ပြီ. ဒါကို ပြန်ရောင်းဖို့ ကျုပ်လုံးဝ စိတ်မဝင်စားဘူး.. ဒါကြောင့် ထွက်သွားတော့``

``ထွက်သွားရမယ် ဟုတ်လား?``

အိုက်ဆောင် ရဲ့ အစောပိုင်းတုန်းက ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာက အလွန်အမင်း ရုပ်ဆိုးလို့ လာခဲ့ပါတယ်။ သူ့ကို ရုတ်တရက် လက်သီးနဲ့ အထိုးခံလိုက်ရသလိုမျိုးပါပဲ။ သူက စိတ်ပျက်လက်ပျက်နဲ့ မေးလိုက်ပါတယ်။

``ကောင်လေး.. ငါဘယ်သူလဲ ဆိုတာ မင်းသိရဲ့လား?``

``ငတုံးငအ တစ်ယောက်က ကျုပ်ကို ရီမောပျော်ရွှင်အောင် ကြိုးစားနေတာပဲ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဘ…ဘာ?``

အိုက်ဆောင် က တစ်ခဏမျှမှင်တက်သွားပြီးတော့ အရမ်းကို ဒေါသထွက်သွားတဲ့ပုံစံ မြင်ရပါတယ်။

လင်းဟန်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

``ငတုံးအေ တွေမှာ အမြဲတမ်းလိုလို ပဲ တူညီတဲ့ အပြုအမူတွေ ရှိတယ်ဆိုတာ ကို ကျုပ်သတိပြုမိတယ်။ သူတို့က ငါဘယ်သူလဲဆိုတာကို မင်းသိလား? ဒါမှမဟုတ် ငါဘယ်သူလဲဆိုတာကို မင်းသတိမပြုမိဘူးလား? ဆိုပြီးတော့ မေးရတာကို သဘောကျ ကြတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလို လဗ္ဗွတ်ကောင် ငတုံးတွေကို ကျုပ်က သိရမှာလဲ?``

``မင်းက သေမဲ့လမ်းကို ရှာနေတာပဲ``

နောက်ဆုံးတော့ အိုက်ဆောင် က သူ့ကိုယ်သူ မထိန်းနိုင်တော့ပါဘူး။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်လာပြီး လင်းဟန်ကို လက်သီးနဲ့ တစ်ချက် ထိုးထည့် လိုက်ပါတယ်။ သူက ဒီလိုမျိုး စော်ကားတဲ့ စကားတွေကို ပြောတဲ့ ဒီကောင်လေးကို အပြင်းအထန် ဒဏ်ရာရသွားစေချင်ခဲ့ပါတယ်။

``ထွက်သွားစမ်း ငတုံးကောင်``

ပုံရိပ်တစ်ခုက ထွက်လာပြီးတော့ အိုက်ဆောင် ဆီကို တူညီတဲ့ လက်သီးတစ်ချက် ပစ်သွင်းလိုက်ပါတယ်။

``ဘုန်း``

ယောကျ်ားနှစ်ယောက်ရဲ့ လက်သီးတွေက တစ်ခုနဲ့ တစ်ခု ထိမိသွားပြီးတော့ ချက်ချင်းဆိုသလို မျက်စိနဲ့တောင် မြင်နိုင်တဲ့ လှိုင်းတစ်ခု ဖြစ်ပေါ်သွားပြီးတော့ နေရာအနှံ့ကို ပြန့်နှံ့သွားခဲ့ပါတယ်။ အိုက်ဆောင် က တုန်ယင်သွားပြီးတော့ အနောက်ကို ခြေလှမ်း ဆယ့်သုံးလှမ်းလောက် ဆုတ်သွားခဲ့ပြီးတော့ တစ်ဖက် လူကတော့ အားလှိုင်းကြောင့် ခြေ ခုနှစ်လှမ်းမျှသာ အနောက်ကို ဆုတ်သွားခဲ့ ရပါတယ်။

အိုက်ဆောင် က မကျေမချမ်းဖြစ်သွားတဲ့ အမူအရာတစ်ခု ပေါ်လာပြီးတော့ ပြော လိုက်ပါတယ်။

``ဒီလို ကောင်လေး တစ်ယောက်က ငါ့ကို စော်ကားမော်ကား စကားတွေ တကယ်ပဲ ပြောရဲမှာပေါ့.. မင်းအနောက်မှာ တစ်ယောက်ယောက်ရှိနေတာကိုး.. ပြီးတော့ မင်းကဘယ်သူလဲ? ငါဘယ်သူလဲဆိုတာရော သိရဲ့လား?``

သူက နောက်ဆုံးစကားလုံးကို ပြောပြီးတဲ့အခါမှာ ချက်ချင်းပဲ အစောတုန်းက လင်းဟာန် ပြောခဲ့တာကို ပြန်စဉ်းစားမိပြီး အနည်းငယ် စိတ်ကသိကအောက် ဖြစ်သွားပါတယ်။

``ငါက ဘယ်လိုလုပ်ပြီးတော့ မင်းကို သိမှာလဲ ငတုံးကောင်?``

ယောက်ျားကြီးက ပခုံးတွန့်ပြီးတော့ပြောလိုက်ပါတယ်။ သူက လင်းဟာန် အစောတုန်းက လူသစ်စုဆောင်းထားတဲ့ ကိုယ်ရံတော် တစ်ယောက်ဖြစ်ပါတယ်။ သူ့နာမည်က ဟူဆန်း လို့ ခေါ်ပြီးတော့ နွေဦးစမ်းရေ အလွှာ ၄ အဆင့် ဖြစ်ပါတယ်။

``ဟားဟားဟားဟား``

ကျန်တဲ့ သူတွေကလည်း စတင်ပြီးတော့ ရီမောလိုက်ကြပါတယ်။

အိုက်ဆောင်က နှာခေါင်းတစ်ချက် ရှုံ့ ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းကိုယ် မင်း ငါ့ကို လှောင်းမိုးခြယ်လှယ်နိုင်ပြီလို့

မထင်လိုက်နဲ့.. အစောတုန်းက ငါနည်းနည်းလေး ဂရုမစိုက်မိလိုက်လို့ပဲ``

ဒါအမှန်ပါပဲ.. သူက လင်းဟန်ကို သေအောင်တော့ မရိုက်နှက်ပစ်နိုင်ပါဘူး ဒါကြောင့် အဲဒီလက်သီးထဲမှာ အစွမ်းနည်းနည်းပဲ ထည့်ထားတာပါ။

``ငါ့နာမည် အိုက်ဆောင်... မြေနဲ့ရေ အဖွဲ့အစည်းရဲ့ သစ္စာခံယူခြင်း ခန်းမရဲ့ ခေါင်းဆောင်ပဲ.. မင်းငါ့ကို ဆန့်ကျင်ချင်သေးရဲ့လား?``

``ပိုး:::::``

လူတိုင်းလူတိုင်းပဲ ပိုးလို့အော်လိုက်ကြပါတယ်။ လင်းဟန်ကို သူက မလိုမုန်းတီးပြီးတော့ ဆန့်ကျင်တယ်ဆိုတာ အံ့သြစရာမဟုတ်တော့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ လင်းဟန်က မြေနဲ့ ရေ အဖွဲ့ပအစည်းကို တကယ်ပဲ သွားရင်ဆိုင်တော့မှာဖြစ်ပါတယ်။ သူတို့က ဘယ်ဟာက အမှန်ဆိုတာကို မခန့်မှန်းနိုင်ကြပါဘူး။

``ထွက်သွားစမ်း``

ဟူဆန်း က စိန်းစိန်းဝါးဝါး ကြည့်လိုက်ပါတယ်။ သီးသန့်တစ်ကိုယ်တည်းကျင့်ကြံသူ တွေက သူတို့ကိုယ်ပိုင်တော့ အရမ်းကို အားနည်းနေပေမဲ့လည်း သူတို့မှာ အားသာ ချက် တစ်ခုတော့ရှိပါတယ်။ အဲဒါက သူတို့အနေနဲ့ ဘာကိုမှ စိုးရိမ်နေစရာမလိုတာပဲ ဖြစ်ပါတယ်။သူတို့အနေနဲ့ သူတို့ပြိုင်ဘက်ရဲ့ကလန်နဲ့ သူတို့ကလန်ကြားမှာ ဘယ်လို ပြဿနာပဲ မြင့်တက်ကြီးထွားလာပါစေ အဲဒီလိုမျိုးအရာတွေကို စိုးရိမ်စရာ မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ကလန်မရှိပါဘူး။ တကယ်လို့ သူတို့က တိုက်ခိုက်ချင် တယ်ဆိုယင် တိုက်ခိုက်လိုက်တာပါပဲ။ တကယ်လို့ သူတို့က သူတို့ရဲ့ ပြိုင်ဘက်လောက် မသန်မာဘူးဆိုယင် ထွက်ပြေးကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ အနေနဲ့ နှစ်ပေါင်းအနည်းငယ်လောက်တော့ နေရာအနှံ့မှာ ပုန်းကွယ် နေထိုင်နိုင်ကြပါတယ်။

``အရမ်းကောင်းတယ်.. ငါတို့ရဲ့ မြေနဲ့ရေ အဖွဲ့အစည်းကိုတောင်မှ ဆန့်ကျင်ရဲတယ် ဘယ်လောက်တောင် သတ္တိကောင်းနေတာလဲ။``

အိုက်ဆောင်းက အရမ်းကို ဒေါသကြီးနေပါတယ်။

လင်းဟန်က ရွှမ်ချီကျောင်းဆီကို လျှောက်သွားပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

``ဒါက ဒီလိုဖြစ်လာမှတော့လဲ မြေနဲ့ရေ အဖွဲ့အစည်းလို လူလိမ်တွေက ဘယ်နားမှာလဲ ဆိုတာကို ကျုပ်မသိဘူး.. ကျုပ်တို့ကို အဲဒီနေရာကို ဦးဆောင်ခေါ်သွားပေးလေ``

``စော်ကားလှချည်လား``

အိုက်ဆောင် က နောက်တစ်ကြိမ် လှုပ်ရှားလိုက်ပါတယ်။ ဒါပေမဲ့ ဟူဆန်းကလဲ သူ့ရဲ့ တိုက်ခိုက်မှုကို ထပ်ပြီးတော့ လက်သီးနဲ့ ကာကွယ်လိုက်ပါတယ်။

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဆုပ်ကိုင်လိုက်ပါတယ်။ ရွှမ်ချီကျောင်း က လွယ်ကူစွာပဲ ထိန်းချုပ်ခံလိုက်ရပါတယ်။ သူက ထူးဆန်းစွာ ပြုံးပြီး တော့ ပြောလိုက်ပါတယ်။

``ကျုပ် မင်းကို အခွင့်အရေးတစ်ခု ပေးခဲ့တယ်။ ခင်ဗျား ဒါကို အလေမထားတာ တော့ အတော်ကို ဆိုးရွားတာပဲ ပြီးတော့ ပြန်လာပြီးတော့တောင်မှ ကျုပ်ကို ပြဿနာ ထပ်ရှာသေးတယ်။ ဘဂမှာ ဒုတိယအကြိမ်

အခွင့်အရေးဆိုတာ လုံးဝမရှိဘူးဆို တာကို တော့ ခင်ဗျားသိသင့်တယ်``

လင်းဟန်ရဲ့ လက်တွေက လှုပ်ရှားသွားခဲ့ပါတယ်။ ရွှမ်ချီကျောင်းရဲ့ ညာဘက် လက်မောင်းက ချက်ချင်းဆိုသလို ကျိုးသွားပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းအောင် လည်သွားခဲ့ပါတယ်။ ဒီမြင်ကွင်းက တစ်ခြားသူတွေကို ကြက်သီးထ သွားစေခဲ့ပါတယ်။

``အား::::::::::``

ရွှမ်ချီကျောင်းက ချက်ချင်းဆိုသလို နာကျင်မှုဒဏ်ကြောင့် စူးစူးဝါးဝါး အော်ဟစ် လိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ အိုက်ဆောင် တင်မကပါဘူး ကွမ်းယွမ် နဲ့ ကျန်တဲ့သူတွေက အရမ်းကို အံ့အားသင့်ကုန်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်ပါယာမြို့ ရဲ့ လူမြင်ကွင်းမှာ ဒီလိုမျိုး တစ်ယောက်ယောက်ကို အနာတရ ဖြစ်စေတာက သေးငယ်တဲ့ကိစ္စ တစ်ခု မဟုတ်ပါဘူး။

ဒီကောင်လေးက တကယ့်ကို ကြမ်းတမ်းတာပဲ ဟုတ်တယ်မလား?

အပိုင်း (၁၉၄) မင်းက ငါ့ကို ခြိမ်းခြောက်ငွေညှစ်နေတာလား?

``ကောင်းတယ် ကောင်းတယ် ကောင်းတယ်... မင်းက မြေနဲ့ရေ အဖွဲ့အစည်းက လူတွေကို ဒဏ်ရာရအောင် လုပ်ဝံ့တယ်.. မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာ နေတာပဲ``

အိုက်ဆောင် က အေးစက်စွာနဲ့ ပြုံးပြီးတော့ အနောက်ကိုလှည့်ပြီးတော့ ထွက်သွား ပါတယ်။

သူထွက်ပြေးတာမဟုတ်ပါဘူး.. ဒါပေမဲ့ သူက အင်ပါယာ အစောင့်အရှောက် တွေကို သွားရှာတာပဲ ဖြစ်ပါတယ်။

ကောင်းကင်စစ်ခန်းမ လိုမျိုး သိုင်းပညာရှင် မြောက်များစွာနဲ့ သီးသန့်တစ်ကိုယ်တည်း လေ့ကျင့်တဲ့ သူတွေရှိတဲ့ နေရာမှာ စိတ်ခံစားလွယ်ပြီးတော့ စိတ်လိုက်မာန်ပါ လုပ်တတ် တဲ့ သူတွေက စည်းမျဉ်းစည်းကမ်းကို သဘောမတွေ့တာလေး တစ်ခုကြောင့် ချိုးဖောက်ပီး တိုက်ခိုက်တတ်ကြပါတယ်။

ဒါကြောင့် အင်ပါယာအစောင့်အရှောက်တွေက ဒီနေရာမှာ ပြဿနာလုပ်တဲ့ သူတွေကို ဟန့်တားပြီးတော့

ထိန်းသိမ်းကြပ်မတ်ထားပါတယ်။

``သခင်လေးဟန်.. ဒီတစ်ယောက်ကရော ပြဿနာရှိသလား?``

တစ်စုံတစ်ယောက် ရွှမ်ချီကျောင်းကို ညွှန်ပြလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာပြုံးလိုက်ပြီးတော့ ပြောပါတယ်။

``ကိစ္စမရှိဘူး``

ကွမ်းယွမ် နဲ့ ကျန်တဲ့သူတွေက မျက်မှောင်တွေကြုံ့လိုက်ပြီးတော့ လင်းဟန်က အရမ်းကို စိတ်ကြီးဝင်တာပဲလို့ ထင်နေကြပါတယ်။ ဘယ်သူမဆို အင်ပါယာ ရဲ့ ဥပဒေ ကို ဆန့်ကျင်ယင် အဆုံးသတ် ဇာတ်သိမ်းက မလှပကြပါဘူး။

အချိန်သိပ်မကြာခင်မှာပဲ အိုက်ဆောင် က အင်ပါယာ အစောင့်အရှောက် နှစ်ယောက်ကို ဦးဆောင်ပြီးခေါ်လာခဲ့ပါတယ်။ ဒီ အင်ပါယာ အစောင့်အရှောက် နှစ်ယောက်က ဒြပ်စင်စုစည်းခြင်း အလွှာ ၉

အဆင့်ပဲ ရှိပါသေးတယ်.. ဒါပေမဲ့ သူတို့ အနားကပ်လာတာနဲ့ လူတိုင်းလူတိုင်းက လမ်းကြောင်းဖယ်ပေးကြပါတယ်။

အဲဒီလူတွေက ဒီနှစ်ယောက်ကို မကြောက်ကြပါဘူး.. ဒါပေမဲ့ သူတို့ကိုယ်ပေါ်မှာ ဝတ်ဆင် ထားတဲ့ ဝတ်စုံက အင်ပါယာ ရဲ့ အစွမ်းနဲ့ ဥပဒေ ကို ကိုယ်စားပြုပါတယ်။

``ဒီက ဆရာနှစ်ယောက်ခင်ဗျား.. ဒီကောင်လေးက ကောင်းကင်စစ်ခန်းမ ရဲ့ လူမြင်ကွင်းမှာ လူတွေကို ဒဏ်ရာ အနာတရ ဖြစ်စေတဲ့ သူပါ``

အိုက်ဆောင်က တစ်ရှုံ့ရှုံ့ နဲ့ ငိုကြွေးနေပြီးတော့ သူက လင်းဟန်ရဲ့ ချုပ်ထိန်းမှု့ အောက်မှာ ရှိနေဆဲဖြစ်ပြီး ဒါက မငြင်းဆန်နိုင်တဲ့ အထောက်အထားပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားစားချင်တဲ့ ဘယ်အရာကို မဆို စားနိုင်တယ်.. ဒါပေမဲ့ ခင်ဗျားဆန္ဒရှိသလို ပြောချင်သလို လျှောက်ပြောလို့တော့မရဘူး.. ဒီလူက သူ့ဘာသာသူ လဲကျသွားခဲ့ ပြီးတော့ သူရဲ့ လက်မောင်းတောင်မှ ကျိုးသွားတယ်.. ကျုပ်က ကြင်နာစွာနဲ့ သူ့ကို ထ

နိုင်အောင်လို့ ကူညီခဲ့တယ်။ ကျုပ်က ဒုက္ခရောက်နေတဲ့ လူကို ကူညီပေးတဲ့အတွက် ဆုလာဘ်တောင် မရဘူး.. ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်ပီးငွေညှစ်နေတာလား?``

ဒါက အိုက်ဆောင်ကို ဒေါသထွက်စေယုံသာမက ကွမ်းယွမ်နဲ့ ကျန်တဲ့ သူတွေကို ပါ ပြောစရာ စကား ကင်းမဲ့သွားကုန်ပါတယ်။ဒီကောင်က တစ်ကယ့်ကို ဟန်ဆောင်ကောင်း တာပဲ။

`` တကယ်တမ်း ဘာတွေ ဖြစ်ပျက်ခဲ့တာလဲ?``

အင်ပါယာ အစောင့်တစ်ယောက်က လင်းဟန်ဆီကို အံ့သြလေးစားတဲ့ ပုံစံနဲ့ ကြည့်ပီး မေးလိုက်ပါတယ်။

ဒါက တကယ်ကို မယုံကြည်နိုင်စရာကောင်းပါတယ်။ အင်ပါယာ မိသားစုရဲ့ တိုက်ရိုက် အုပ်ချုပ်မှု့အောက်မှာ ရှိတဲ့ ဉပဒေအဖွဲ့ က လူငယ်တစ်ယောက်ကို ကြည်ညိုတယ် ဆိုတာက တကယ့်ကို ခန့်မှန်းလို့မရပါဘူး။ ဒါပေမဲ့ ဒါကအမှန်ပါပဲ။

သူတို့က လင်းဟန် ကမည်သူမည်ဝါ ဖြစ်တယ်ဆိုတာကို

သတိပြုမိတယ် ဆိုတာ ကို လင်းဟန်သိပါတယ်။ မော်ဆေးပညာရှင် အကြီးအကဲ နစ်ယောက်က သူ့နောက်မှာ ရှိတာ ကို ဘယ်လိုလုပ်ပြီးတော့ အင်ပါယာ မိသားစုရဲ့ မျက်စိအောက်ကနေ လွတ်မြောက် ပြီးတော့ သူတို့အနေနဲ့ မသိပဲ နေမှာလဲ? ဒါကြောင့် အင်ပါယာ အစောင့် အရှောက်တွေက လင်းဟန်အနေနဲ့ လူသတ် မီးရှို့ တာ ပြဿနာ တွေ မလုပ်ဘူး ဆိုယင် ကိစ္စမရှိဘူး ဆိုတဲ့ အမိန့်ကို လက်ခံရရှိခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က အန္တရာယ် နဲ့ မျက်နှာခြင်းဆိုင်ရပီဆိုယင် ဒီ အင်ပါယာ အစောင့်အရှောက်တွေက သူ့ကို ကာကွယ်ရပါလိမ့်မယ်။ သို့မဟုတ် သူတို့က မော်ဆေးပညာရှင် အကြီးအကဲ နစ်ယောက် ကို အကျိုးသင့် အကြောင်းသင့် ရှင်းပြနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒါကိုကြည့်ခြင်းဖြင့် ဖန်းယန်က ပိုပြီးတော့ တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ နောက်ခံ အင်အားရှိနိုင်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဖန်းယန်က လမ်းမထက်မှာ မြင်းလှည်းကို ခုတ်ပိုင်းခဲ့တဲ့အခါမှာ ဘယ် အင်ပါယာ အစောင့်အရှောက် ကမှ ထွက်မလာခဲ့ပဲနဲ့ သူတို့ လိုချင်တဲ့ ပြဿနာ အားလုံးကို မွှေခွင့် ပြုထားပါတယ်။

``ဆရာနစ်ယောက်တို့.. အခြေအနေတွေက

ရှင်းလင်းပါတယ်.. ဒီကောင် က တရားခံပါ``

အိုက်ဆောင် က အော်ဟစ်လိုက်ပါတယ်။

အင်ပါယာ အစောင့်အရှောက်ရဲ့ မျက်နှာက ချက်ချင်းပဲ အထင်သေးတဲ့ပုံစံပြောင်းသွား ခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီသခင်လေးက ဒီလိုမျိုးကောင်းမွန်တဲ့ စကားတွေပြောတာကို ဒါက တာဝန်မဲ့တဲ့ စကားတွေလို့ မင်းသက်သေပြနိုင်သလား?``

သက်သေ?ဒါက သက်သေပြဖို့လိုသေးလို့လား? ဒီလောက်သိသာထင်ရှားနေတာကို မင်းတို့နှစ်ယောက်က ကန်းနေတာလား?

အိုက်ဆောင် ရဲ့ အစာအိမ်ထဲမှာ ဒေါသတွေပြည့်နှက်လို့လာပါတယ်။ ဒါပေမဲ့ ဒီအင်ပါယာ အစောင့်တွေရဲ့ အဆင့်အတန်းကို စဉ်းစားမိလိုက်တဲ့အခါမှာ သူက တည်တည်ငြိမ်ငြိမ်နဲ့ပဲ ပြောနိုင်ပါတယ်။

``ရွှမ်ချီကျောင်း.. မင်းလာပြီးတော့ ဒီဆရာနှစ်ယောက်ကို ပြောလိုက်စမ်း``

ရွှမ်ချီကျောင်း က နာကျင်မှုကို အံ့ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဆရာနှစ်ယောက်တို့.. သူက ကျနော်ရဲ့ လက်မောင်းကို ချိုးပစ်လိုက်တဲ့ သူပါ.``

သူက လင်းဟန်ရဲ့ လှည့်ဖျားမှုကြောင့် ရွှေရောင်ကျောက်တုံးပန်းပွင့်ကို ပေးလိုက်ရပြီး တော့ ဟူးညီရဲ့ ရိုက်ချက်ကိုလဲ ခံခဲ့ရပြီးအခု လင်းဟန်က သူရဲ့ လက်မောင်းတစ်ဖက် ကို ပါ ချိုးပစ်ခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို အရိုးထဲကနေ မုန်းတီးနေပါတယ်။

``ဖြန်း``

လင်းဟန်က ချက်ချင်းဆိုသလို ရွှမ်ချီကျောင်းရဲ့ နောက်စေ့ကို ရိုက်လိုက်ပြီး အေးစက်စွာ နဲ့ ပြောလိုက်ပါတယ်။

``မင်းက အရှက်မရှိတာပဲ ငါက မင်းကို ထနိုင်အောင်ကို ကြင်ကြင်နာနာနဲ့ ကူညီခဲ့တယ်.. မင်းကတော့ ရူးနေတဲ့ ခွေးရူးတစ်ကောင်လို့မျိုး ပြန်ကိုက်တယ်.. ငါ့ကိုကြည့်ရတာ

လွယ်လွယ်ကူကူနဲ့ အနိုင်ကျင့်လို့ရမယ်လို့ ထင်နေတာလား?``

ရွှမ်ချီကျောင်းက မူးမေ့လဲကျလုမတတ်ဖြစ်သွားခဲ့ပါတယ်။ သူက မကောင်းတဲ့ အမှု့ တော်တော်များများ လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး တရားမမျှတနဲ့ ဆက်ဆံခံရတာက ပထမဆုံးပါပဲ။ သူက အရမ်းကို ဒေါသထွက်ပီးတော့ သွေးကြောတွေတောင် မှ ပေါက်ကွဲလုမတတ်ခံစားလိုက်ရပါတယ်။

``သူလုပ်တာ``

ရွှမ်ချီကျောင်း ရဲ့ လူလေးယောက်က သက်သေအဖြစ်နဲ့ ထွက်ဆိုလိုက်ပါတယ်။

``အင်ပါယာ အစောင့်အရှောက်များခင်ဗျာယယ ကျနော်တို့ အားလုံးက မျက်မြင် သက်သေ တွေပဲ.. ကျနော်တို့အားလုံးက သူ့ကို ခြိမ်းခြောက်ငွေညှစ်ဖို့ ကြိုးစားနေတယ် ဆိုတာ လုံးဂ မဟုတ်ပါဘူး``

အိုက်ဆောင် ကအေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``ဝိုး.. ဒါဆို မင်းက မျက်မြင်ကိုယ်တွေ့ သက်သေတွေ အားလုံး ထပ်ပြီးတော့ ပြောတာ လိုချင်သေးတာလား?``

လင်းဟန်က ပေါ့ပေါ့ပါးပါးနဲ့ ရီမောပြီးတော့ အနောက်က သူရဲ့ လူတွေဆီကို လှည့်ပြီး မေးလိုက်ပါတယ်။

``ကျုပ် ဒီလူရဲ့ လက်မောင်းကို ချိုးခဲ့သလား?``

``မလုပ်ဘူး``

ကွမ်းယွမ်နဲ့ ကျန်တဲ့သူတွေ အားလုံးက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သီးသန့် ကျင့်ကြံတဲ့ သူတွေက မကြာခဏဆိုသလို ကြမ်းတမ်းပြီးတော့ ပေကတ်ကတ်နဲ့ ပင်ကိုယ် စရိုက်တွေ ရှိပါတယ်။ တစ်ချို့က ရမ်းကားဖျက်ဆီးပြီးတော့ ဝရုန်းသုန်းကား တောင်မှ လုပ်တတ်ပါတယ်။ ပုံမှန်အားဖြင့်တော့ သူတို့အားလုံးက ပြဿနာမျှော် တတ်ကြပါတယ်။

လင်းဟန်က ပခုံး တွန့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီက အင်ပါယာအစောင့်အရှောက် အကိုနှစ်ယောက်ခင်ဗျား အကိုတို့ အားလုံး ပဲ

ကြားပြီမဟုတ်လား.. ကျနော့်မှာ ဒီလူရဲ့ လက်မောင်းကို မချိုးခဲ့ဖူးဆိုတဲ့ မျက်မြင်သက်သေ ပိုတောင်မှ ရှိပါသေးတယ်``

အရှက်... အရှက်လုံးဝကိုမရှိဘူး။

အိုက်ဆောင် ရဲ့ မျက်နှာ မဲ့ရွဲ့သွားခဲ့ပါတယ်။ မြေနဲ့ရေ အဖွဲ့အစည်းက အင်ပါယာမြို့ အတွင်းမှာ အရမ်းကို မထင်ရှားတဲ့ အဖွဲ့လို့ ပြောလို့ရပါတယ်။ ငွေသာပေးယင် ဘယ်လို အလုပ်မျိုးဖြစ်ဖြစ် ဘယ်လောက်ညစ်ပတ် တဲ့ အလုပ်မျိုးဖြစ်ဖြစ် လက်ခံတတ်ကြပါတယ်။ ဒါပေမဲ့ အိုက်ဆောင် တောင်မှ ရှက်ဖွယ်ရာကောင်းတယ်လို့ အော်ဟစ်ပစ်လိုက်ချင်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် လင်းဟန်က သူ့ကို ဘယ်လောက် တောင် ဒေါသထွက်စေသလဲဆိုတာမြင်သာပါတယ်။

``ကောင်လေး မင်းကတကယ်ပဲ မြေနဲ့ရေ အဖွဲ့အစည်းကို ဆန့်ကျင်တော့မှာလား?``

သူက ခြိမ်းခြောက်ပြီးတော့ ပြောလိုက်ပါတယ်။

``အကိုတော် အင်ပါယာအစောင့်အရှောက်များခင်ဗျား..

ဒီလူက ကျနော့်ကို ခြိမ်းခြောက် နေပါတယ်။ အားလုံးကြားကြတယ်မဟုတ်လား? တကယ်လို့ ဒီနေ့မှာ ကျနော် တစ်ခုခု ဖြစ်သွားခဲ့မယ်ဆိုယင် သူတို့ကိုသာ သွားရှာကြပါ``

လင်းဟန်ကလျှင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

အင်ပါယာ အစောင့်အရှောက် နစ်ယောက်က ချက်ချင်းဆိုသလို အိုက်ဆောင် ကိုကြည့်လိုက်ပီးတော့ သူတို့ထဲက တစ်ယောက်က ပြောလိုက်ပါတယ်။

``ဆရာအိုက်ဆောင်.. ကျေးဇူးပြုပြီးတော့ သတိထားပါ.. တစ်ချို့ စကားလုံးတွေက မဆင်မခြင်ပဲ မပြောသင့်ပါဘူး``

အိုက်ဆောင် ရဲ့ မေးရိုးတွေ တွန့်ကုန်ပါတယ်။ ဒီအင်ပါယာ စစ်တပ်က ဒီကောင်လေး တည်ထောင်ထားတာလား? ဘာကြောင့် သူတို့တွေကသူ့ဘက် မှာ ဒီလောက်တောင် နေပေးရတာလဲ?

``အင်ပါယာ အစောင့် ညီအကိုနစ်ယောက်ခင်ဗျား.. ဒီနေက အကိုတော်တို့ နစ်ယောက် အာရုံ စိုက်ဖို့ဘာမှ မရှိပါဘူး။ ဒါကြောင့် ပြန်ပြီးတော့ နားနားနေနေ နဲ့ လဘက်ရည်

လေးသောက်နေတာကပိုပြီးမကောင်းဘူးလား?``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အင်ပါယာ အစောင့်အရှောက် နှစ်ယောက်က ချောင်းတစ်ချက် ဟန့်ပြီးတော့ အိုက်ဆောင် ကို ကြည့်ပြီး သတိပေးလိုက်ပါတယ်။

``ပြဿနာ မဖြစ်စေနဲ့.. ဒါမှမဟုတ် မြေနဲ့ရေ အဖွဲ့အစည်းတောင်မှ မင်းကိုကာကွယ် ပေးနိုင်မှာမဟုတ်ဘူး``

ပြောပြီးတာနဲ့ ချက်ချင်းပဲ သူတို့နှစ်ယောက်က လှည့်ထွက်သွားကြပါတယ်။

ဒါက အိုက်ဆောင်ကို လင်းဟန်ရဲ့ နောက်ခံအင်အားက သာမာန်လုံးဝ မဟုတ်ဘူး ဆိုတာကို သတိပြုမိသွားစေခဲ့ပါတယ်။ သူက လင်းဟန်ကို လေးလေးနက်နက်နဲ့ တစ်ချက် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``လူငယ်လေး.. မင်းရဲ့ အစစ်အမှန် ပုံစံက ဘာများလဲ?``

``ဒါဆို မင်းမသိဘူးလား? ဘယ်လိုလုပ်ပြီးတော့ အင်ပါယာမြို့မှာ နေနေတာလဲ?``

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ဆက်ပြောလိုက်ပါတယ်။

``ယန်ထျန်းဒူ ဆီကို ပြန်သွားပြီးတော့ သူ့ကိုပြောလိုက်.. ငါ မကြာခင်မှာ မြေနဲ့ရေ အဖွဲ့အစည်း ကို လမ်းလျှောက်ဖို့အတွက် အလည်လာခဲ့မယ်လို.. ဒါကြောင့် သူ့ကို ပြင်ဆင်ခိုင်းထားလိုက်``

``ဘာ?``

အိုက်ဆောင်က သူရဲ့ အသံကို မြှင့်ပြီးအော်လိုက်ပါတယ်။

``မင်းက တကယ်ပဲ ငါတို့ မြေနဲ့ရေ အဖွဲ့အစည်းကို လာရဲတယ်ဟုတ်လား?``

``ဘာလဲ.. မင်းက မြေနဲ့ ရေ အဖွဲ့အစည်းက နဂါးခံတွင်း ဒါမှမဟုတ် ကျားရဲတွင်း လိုနေရာတစ်ခုလို့တော့ ငါ့ကို ပြောချင်နေတာလား? တကယ်လို့ အဲဒီမှာ နဂါးတစ်ချို့

ရှိခဲ့မယ်ဆိုယင် ငါက သူတို့ကို ရစ်ခွေပစ်လိုက်မယ်.. ပြီးတော့ တကယ်လို့ ကျားတစ်ကောင် ရှိမယ်ဆိုယင် ငါက အဲဒီကျားကို အမှောက်သိပ်ပစ်လိုက်မယ်``

လင်းဟန်က သူရဲ့ လက်ကို ဝှေ့ပြီးတော့ ပြောလိုက်ပါတယ်။

``ထွက်သွားစမ်း.. ငါ့မှာ မင်းလိုလူတစ်ယောက်အတွက် အချိန်မရှိဘူး``

``ကောင်းတယ် ကောင်းတယ် ကောင်းတယ်``

အိုက်ဆောင်က အံကိုကြိတ်လိုက်ပါတယ်။ ပထမတော့ ဒီနေရာမှာ ဟူဆန်း ရှိနေတဲ့ အတွက် သူက ဘာမှမလုပ်နိုင်ပါဘူး.. ဒုတိယ အင်ပါယာ အစောင့်အရှောက်တွေက လင်းဟန်နဲ့ အလွန်ခင်မင်နေတဲ့အတွက် သူတို့ကို နောက်တစ်ကြိမ်ခေါ်တာက အချိန်ဖြုန်းတာပဲ အဖတ်တင်ပါလိမ့်မယ်။

အမုန်းတရားတွေ ပြည့်နက်နေပြီးတော့ သူက လှည့်ထွက်သွားခဲ့ပါတယ်။ရွှမ်ချီကျောင်း အတွက်ကတော့ သူက လုံးဝကို လစ်လျူရှုလိုက်ပါတယ်။ ဒီလိုမျိုးလူတွေက

မြေနဲ့ရေ အဖွဲ့အစည်းမှာ ရိုက်သတ်လို့တောင်မကုန်ပါဘူး။ တစ်ယောက်တည်းမပြောနဲ့ တကယ်လို့ အယောက်တစ်ရာ အယောက်တစ်ထောင် သေယင်တောင်မှ ကိစ္စမရှိပါဘူး။

``သခင်..သခင်``

ရွှမ်ချီကျောင်းက အိုက်ဆောင်ရဲ့ အနောက်ကနေ စိတ်ပျက်လက်ပျက်နဲ့ အော်ခေါ်လိုက်ပါတယ်။ လင်းဟန်က အိုက်ဆောင်ရဲ့ အရှေ့မှာပဲ သူရဲ့ လက်ကိုတောင်မှ ချိုးပစ်ရဲပါတယ်။ ဒါကြောင့် လင်းဟန်အနေနဲ့ သူ့ကို သတ်ပစ်ချင် သတ်ပစ်နိုင်တယ် မဟုတ်လား? ရွှမ်ချီကျောင်းက ကြောက်ရွံ့ထိတ်လန့်ပြီးတော့ တစ်ကိုယ်လုံး တုန်ယင်နေပါတယ်။

``မစိုးရိမ်ပါနဲ့ ငါက ဥပဒေဘောင်အတွင်းမှာရှိပါတယ်။ မင်းကို ဘယ်လိုလုပ်ပြီးတော့ သတ်ပစ်နိုင်မှာလဲ?``

လင်းဟန်က သူ့ကိုပြုံးပြလိုက်ပါတယ်။

``ကောင်းပြီ.. မင်းဘာကို စောင့်နေတာလဲ? ငါတို့ကို ခေါ်သွားပေးစမ်း.. မြေနဲ့ရေ အဖွဲ့အစည်းဆီကို လမ်းလျှောက်ဖို့အတွက် ငါတို့တွေ သွားကြမယ်``

ရွှမ်ချီကျောင်းနဲ့ သူရဲ့ နောက်လိုက်လေးယောက် က အကူအညီမဲ့စွာနဲ့ သူတို့ကို ဦးဆောင် ခေါ်သွားပြီးတော့ စိတ်ထဲကနေ လျှို့ဝှက်စွာနဲ့ လင်းဟန်အပေါ်မှာ သူတို့ ခံစားရသလိုမျိုး ကြီးကြီးမားမား ထောင်ချောက်တွေနဲ့ တွေ့ကြုံရဖို့ကို ဆုတောင်းနေကြ ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အနောက်ကနေ လူတစ်ရာခန့် လိုက်ပါလာတာကို မြင်လိုက်ရတဲ့အခါမှာတော့ သူတို့ကိုယ်သူတို့ ဒေါင်ချာစိုင်းအောင် မူးသွားလု မတတ် ဖြစ်သွားခဲ့ပါတယ်။

အပိုင်း (၁၉၅) တရကြမ်း တိုးဝင်ခြင်း

လင်းဟန် နဲ့ သူရဲ့ အုပ်စုက ကြီးကျယ်မြင့်မြတ်တဲ့ပုံစံကို ဖော်ပြသလို မျိုး ဖြစ်စေပါတယ်။

ကွမ်းယွမ်နဲ့ ကျန်တဲ့သူတွေရဲ့ နဖူးတံခမ်းထောင့်တွေမှာ လေးနက်တဲ့ အပြုံးတစ်ခု ကိုယ်စီ ရှိကြပါတယ်။

သူတို့အားလုံးက သီးသန့် ကျင့်ကြံသူတွေဖြစ်ပြီးတော့ ရိုင်းစိုင်းတဲ့ အမူအကျင့်တွေ ရှိကြပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ငတုံးငအတွေ မဟုတ်ပါဘူး။ အင်ပါယာ

အစောင့် နစ်ယောက် ရဲ့ ကြည်ညိုလေးစားတဲ့ အမူအရာကို သူတို့ မြင်လိုက်ရတဲ့အခါမှာ လင်းဟန်က အရေးပါထင်ရှားတဲ့ နောက်ခံ တစ်ခုကနေ လာခဲ့တယ်ဆိုတာကို သူတို့အားလုံး သတိပြုမိကြပါတယ်။ တကယ်တော့ အင်ပါယာ အစောင့်အရှောက် တွေတောင်မှ သူ့ကို ဒီပြဿနာ ကိုဖြစ်အောင် လုပ်ခဲ့တယ်ဆိုတာ သိသိကြီးနဲ့ကိုပဲ မမြင်ချင်ယောင်ဆောင် သွားခဲ့တာကို မြင်ခဲ့ကြရပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီခရီးမှာ အနည်းအကျဉ်းမတော်တဆ ထိခိုက်ဒဏ်ရာ ရတာမျိုး ဖြစ်လာမဲ့ပုံစံမရှိပါဘူး။

မြေနဲ့ ရေ အဖွဲ့အစည်းမှာက စိတ်ဝိဉာဉ်ပင်လယ်အဆင့် သုံးယောက်နဲ့ နွေဦးစမ်းရေ အဆင့်သိုင်းပညာရှင် အချို့ပဲ ရှိတာဖြစ်ပြီးတော့ သူတို့ရဲ့ အုပ်စုက ပိုပြီးတော့ တောင် အရည်သွေးပိုင်းမှာသာလွန်ပါတယ်။

သူတို့အုပ်စုကြီးက လမ်းမတွေပေါ်မှာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ လျှောက်သွားခဲ့ကြပြီးတော့ မကြာခင်မှာပဲ မြေနဲ့ရေ အဖွဲ့အစည်း ဆီကို ရောက်လာခဲ့ကြပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းက အဖွဲ့အစည်းတစ်ခုလို့ နာမည်တပ်ထားပေမဲ့ အမှန်တော့ တစ်ခြား အခြေစိုက် သာမာန် ကလန်အဖွဲ့အစည်းတွေနဲ့

အရမ်းကြီးမကွာခြားပါဘူး။ သူတို့မှာ အင်ပါယာမြို့ထဲမှာ ကြီးမားကျယ်ဝန်းတဲ့ ခြံဝန်းကြီးတစ်ခုရှိပြီးတော့ အဖွဲ့အစည်းရဲ့ အဆင့်မြင့်ခေါင်းဆောင်တွေအားလုံးက အဲဒီနေရာမှာ နေထိုင်ကြပါတယ်။

လက်ရှိအချိန်မှာတော့ အဓိက ဂင်ပေါက်က အရေးပေါ် သတိပေးထားတဲ့အခြေအနေ တစ်ခုမှာရှိနေပါတယ်။ အိုက်ဆောင်က ပြန်လာပြီးတော့ မြေနဲ့ရေ အဖွဲ့ အစည်း ကို သတင်းပေးခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။

``မင်းက ပထမဆုံး ငါတို့အဖွဲ့ အစည်းရဲ့ အဖွဲ့သားတစ်ယောက် ဆီကနေ ရတနာ တစ်ခုကို လုယူခဲ့တယ်။ ပြီးတော့ အခု မင်းက လူတွေအများကြီးနဲ့ လာခဲ့တယ်။ ငါတို့ မြေနဲ့ရေ အဖွဲ့ပအစည်းမှာ မင်းကို ဘယ်သူကမှ မဆန့်ကျင်နိုင်ဘူးလို့ မင်းထင်နေတာလား? ပြီးတော့ မင်းက ငါတို့ကို အနိုင်ကျင့်စော်ကားဖို့ ကြိုးစားနေတာလား?``

အဘိုးကြီးတစ်ယောက်က မေးလိုက်ပါတယ်။ သူ့ဆီကနေ အရမ်းကို အစွမ်းထက်တဲ့ အရှိန်အဂါတစ်ခု ထွက်ပေါ် လိုနေပါတယ်။

လင်းဟန်က မရှိပဲ မနေနိုင်အောင်ဖြစ်သွားပါတယ်။ ကြည့်ရတာ မြေနဲ့ရေ အဖွဲ့အစည်းက ရွှေရောင်ကျောက်တုံး ပန်းပွင့် နဲ့ပါတ်သတ်တဲ့ ကိစ္စတစ်ခုလုံးကို မှားယွင်းပြီးတော့ ယုံကြည်နေကြတဲ့ပုံစံပါပဲ။ သူက ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေး ဌာန က တကယ့်ကို အဆင့်နိမ့်တာပဲ.. မဟုတ်ဘူးလား? ခင်ဗျားတို့က ကျုပ်ရဲ့ ဆိုင်တွေအများကြီးကို ထိခိုက်အောင် လုပ်ပြီးတော့မှ ကျုပ်ဘယ်သူလဲဆိုတာကိုတောင် မသိကြဘူးလား?``

အဘိုးကြီးက မြေနဲ့ရေ အဖွဲ့အစည်းရဲ့ စိတ်ဝိဉာဉ်ပင်လယ်အလွှာ ၂ အဆင့်မှာရှိတဲ့ အကြီးအကဲတစ်ယောက်ဖြစ်ပါတယ်။ သူ့ရဲ့နာမည်က လုယွဲ့လို့ခေါ်ပါတယ်။ သူက လင်းဟန်ကို တစ်ခဏမျှ စိုက်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူ့ပုံစံကိုကြည့်ရတာ ဒီကိစ္စနဲ့ အကျွမ်းတဝင် ဖြစ်တဲ့ပုံစံမျိုး မမြင်ရပါဘူး။ အမှန်တော့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ တစ်ခြားသူတွေရဲ့ ဆိုင်ကို ဖျက်ဆီးခြင်းဆိုတဲ့ သေးငယ်လှတဲ့ လုပ်ငန်းလေးတစ်ခု အတွက်နဲ့ သူလိုမျိုး အဆင့်မြင့်တဲ့ လူတစ်ယောက်ကို စိတ်အနှောက်အယှက် ဖြစ်စေဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ဒါကြောင့် မြေနဲ့ရေ အဖွဲ့အစည်းက ဒီလိုမျိုး

ရန်သူ တစ်ယောက်နဲ့ ရန်ငြိုးဖွဲ့ခဲ့တယ်ဆိုတာကို လုံးဝ မသိနိုင်ပါဘူး။

အဲဒီအချိန်မှာ အနားမှာရှိတဲ့ သက်လတ်ပိုင်းအရွယ်ယောက်ကျာ်းကြီးတစ်ယောက်ရဲ့ အမူအရာက ပြောင်းသွားခဲ့ပါတယ်။ သူက လုယွဲ့ ရဲ့ နား အနားကို ကပ်ပြီးတော့ တိုးတိုးလေး ပြောလိုက်ပါတယ်။ အဘိုးကြီးက ခေါင်းကို အနည်းငယ်ငြိမ့်ပြီးတော့ သဘောမကျတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။

လပြွတ်ပေ့ါ.. ဒါက အဂတ်အစားဆိုင်တစ်ချို့ ပျက်ဆီးသွားတဲ့ ကိစ္စသေးသေးလေးပဲ လေ။

လုယွဲ့ ရဲ့ အမြင်မှာတော့ အဂတ်အစားဆိုင်အနည်းငယ်က ရွှေရောင်ကျောက်တုံး ပန်းပွင့် နဲ့ ဘယ်လိုလုပ်ပြီးတော့ တန်ဖိုးခြင်းနှိုင်းယှဉ်လို့ ရနိုင်မှာလဲ? မင်းက အဖွဲ့အစည်းက အဖွဲ့သားတစ်ယောက်ရဲ့ ရတနာကို လုယူသွားခဲ့ပြီးတော့ ၎င်းရဲ့ တန်ဖိုး က အဂတ်အစားဆိုင် တွေရဲ့ တန်ဖိုးထက် အဆပေါင်းများစွာ တန်ဖိုးရှိပါတယ်။ သူက ဒီကိစ္စကို ဘယ်လိုပဲကြည့်ကြည့် ဒါက မြေနဲ့ရေ အဖွဲ့အစည်းက ဒီနေရာမှာတော့ သားကောင်လို စတေးခံလိုက်ရတာပါပဲ။

ဒီကောင်လေးက ချမ်းသာတဲ့ မိသားစုတစ်ခုရဲ့ မွေးကတည်းက အလိုလိုက်ခြင်းကို ခံရတဲ့ သခင်လေးတစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူက ဒီလိုမျိုး ရန်ရင့်ကြမ်းတမ်း ပြီးတော့ သူ့ရဲ့ ဆိုင်တစ်ချို့ ပျက်စီးသွားတဲ့ အတွက် လက်စားပြန်ချေ ဖို့ လာခဲ့တာဖြစ်နိုင်ပါတယ်။

``ဟမ့်.. မင်းဘာတွေပြောနေတယ်ဆိုတာကို ငါမသိဘူး.. မင်းက ငါတို့အဖွဲ့အစည်းရဲ့ နာမည်ကို အိုးမဲသုတ်ဖို့ ကြိုးစားနေတာပဲ ``

လုယွဲ့ က အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေက လင်းဟန်ရဲ့ ဆိုင်တွေကို ဖျက်ဆီးခဲ့ တဲ့ ကိစ္စကို လုံးဝ ငြင်းဆိုလိုက်ပါတယ်။ ဒါက ဂုဏ်ယူစရာကိစ္စလည်းမဟုတ်ပါဘူး။ ပြီးတော့ မြေနဲ့ရေ အဖွဲ့အစည်း က အင်ပါယာမြို့ရဲ့ အိမ်တော်တွေရဲ့ မျက်လုံးထဲမှာ လူရမ်းကားတွေ နဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပေမဲ့ သူတို့ကိုသူတို့တော့ မြင့်မားတဲ့ ခံယူချက်တစ်ခုရှိပါတယ်။

``ရွှေရောင်ကျောက်တုံး ပန်းပွင့် ကို ချန်ထားပြီးတော့ လျော်ကြေး ငွေဆယ်သန်း ပေးမယ်ဆိုယင် မင်း

ထွက်သွားလို့ရနိုင်မယ်``

သူက ဒေါသတစ်ကြီးနဲ့ လင်းဟန်ကို ပြောလိုက်ပါတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဘယ်လောက်တောင် ဗိုလ်ကျလိုက်သလဲ..ဒါပေမဲ့ ခင်ဗျားမှာ ဒီလိုမျိုး ဗိုလ်ကျ အနိုင်ကျင့်နိုင်မဲ့ စွမ်းရည်ရော ရှိရဲ့လား?``

သူက အမိက တံခါးဆီကို လျှောက်သွားလိုက်ပါတယ်။

``အထင်သေးလိုက်တာ``

ချက်ချင်းပဲ လူတစ်ယောက်က ခုန်ဝင်လာပြီးတော့ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပီး တော့ လင်းဟန်ရဲ့ လည်ပင်းကို ဆုပ်ကိုင်ပြီးတော့ တစ်ချက်ထဲနဲ့ သူ့ကို ဖိနှိပ်ထိန်းချုပ် ပစ်လိုက်ဖို့ ဆန္ဒရှိနေပါတယ်။

``ထွက်သွားစမ်း``

လင်းဟန်ရဲ့ အနောက်ကနေ လူတစ်ယောက်လည်းပဲ

ခုန်ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ ဓါး အလင်းရောင်က ရေလိုကြည်လင်တောက်ပ နေပြီးတော့တော့ အစောက လင်းဟာန် ဆီကို ခုန်ဂင်လာတဲ့ လူဆီကို စီးမျောသွားခဲ့ပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းက လူက ဘာမှ မတတ်နိုင်ပဲနဲ့ ဒီတိုက်ခိုက်မှုကို အလျင်အမြန်ပဲ ရှောင်တိမ်းလိုက်ရပါတယ်။ လင်းဟာန်ရဲ့ အရှေ့မှာ လူတစ်ယောက်က ဓါးကိုင်ပြီးတော့ ရပ်နေပြီး သူ့ဆီက ထွက်ပေါ်လာတဲ့ အရှိန်အဂါက သူ့ထက်ကို နည်းနည်းလေးမှ အားမနည်းဘူးဆိုတာကို မြင်လိုက်ရပါတယ်။

လင်းဟာန်က သူ့ရဲ့ခြေလှမ်းတွေကို မရပ်တန့်ပဲနဲ့ ဆက်ပြီးတော့ တိုးသွားခဲ့ပါတယ်။

ဒီလိုမျိုးအပြုအမူက မြေနဲ့ရေ အဖွဲ့အစည်း ကလူတွေကို အလွန်အမင်းကို ဒေါသထွက် သွားစေခဲ့ပါတယ်။သူတို့အားလုံး က လင်းဟာန်ဆီကို ခုန်ဂင်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီလူတွေကို လင်းဟာန် က အခကြေးပေးပြီး ခန့်အပ်ထားတဲ့ လူတွေက ခုန်ဂင် ပြီး ဟန့်တားကာ လင်းဟာန်ကို ကာကွယ်လိုက်ကြပါတယ်။

ဒါက လူအယောက်တစ်ရာနဲ့ လူဆယ့်သုံးယောက်တို့ ဆန့်ကျင်တိုက်ခိုက်တဲ့ တိုက်ပွဲ တစ်ခုဖြစ်ပါတယ်။ လင်းဟန်ရဲ့ ဘက်က ကြီးကြီးမားမားကိုပဲ အသားစီးရပါတယ်။ ဒ့ါအပြင် သူတို့မှာ စိတ်ဂိုဉာဉ်ပင်လယ်လက်ရွေးစင် ခုနစ်ယောက် လဲ ရှိနေပါသေးတယ်။

လုယွဲ့ က ဒီလူခုနစ်ယောက်ရဲ့ အရှိန်အဝါက သူထက် ဘယ်လိုနည်းနဲ့မှ အားမနည်း ဘူးဆိုတာကို သိလိုက်ရပြီးတော့ သူရဲ့စိတ်တွေက တင်းကျပ်သလို ခံစားလာရပါတယ်။

တကယ်လို့ သူတို့က နွေဦးစမ်းရေ အဆင့်ပဲဆိုယင် ဘယ်လောက်ပဲ များများ အသုံးမဝင်ပါဘူး.. သူတို့အားလုံးကို သူက လျှင်မြန်စွာနဲ့ပဲ ပြင်းထန်တဲ့ ဒဏ်ရာတွေ ရအောင် လုပ်ဖို့ပဲ လိုပြီးတော့ကျန်တဲ့ သူတွေကိုတော့ ကြွက်တွေလိုမျိုး ထွက်ပြေးသွားအောင်လို့ လုပ်နိုင်ပါလိမ့်မယ်။ သီးသန့် တစ်ကိုယ်တည်းကျင့်ကြံသူတွေ က သူတို့ အသာစီးရနေတဲ့အချိန်မှာ ကြမ်းတမ်းတတ်ကြပြီးတော့ သူတို့ အသာစီး မရပဲ ရှုံးနိမ့်တော့မဲ့ အခြေအနေမှာ တစ်ခြားသူတွေထက် လျှင်မြန်စွာနဲ့ ထွက်ပြေးသွားတတ် ကြပါတယ်။

ဒါပေမဲ့.. အခု စိတ်ဂိဉာဉ်ပင်လယ်အဆင့် လူခုနှစ်ယောက် တကယ်ပဲရှိနေပြီးတော့.. ဒါကမှ တကယ့်ပြဿနာ ဖြစ်နိုင်ပါတယ်။

ဒီကောင်စုတ်လေးက တကယ့်ပဲ အရမ်းကို ချမ်းသာကြွယ်ဝပြီးတော့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင်တွေကိုတောင်မှ ခန့်အပ်ထားနိုင်ပါတယ်။ သူတို့ကို စိန်ခေါ်ရဲတာ အံ့သြစရာမဟုတ်တော့ပါဘူး။

လုယွဲ့ က တစ်ခဏမျှ စဉ်းစားလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``မိတ်ဆွေတို့ ဒီကောင်လေးက သင်တို့ကို ဘယ်လိုအခြေအနေမျိုးပဲ ကတိပေးထားသည် ဖြစ်စေ ဒီနေ့တော့ သင်တို့အားလုံးက သူ့ဘက်မှာရွေးပြီးတော့ နေပြီး ဘာမှမလုပ်ကြပါနဲ့ ဒါဆိုယင် သူကတိပေးထားတဲ့ ဘယ်လို ဆုလာဘ်မျိုး ကို မဆို ကျုပ်တို့ မြေနဲ့ရေ အဖွဲ့အစည်းက ပေးပါလိမ့်မယ်``

သူက တကယ့်ကို ပြတ်သားတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။

ကွမ်းယွမ် က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``အကြီးအကဲ လု... ယောက်ျားတစ်ယောက်က သူ့ရဲ့ စကားကို တည်ရတယ်။ ဒါ့အပြင် ငါတို့က ကောင်းကင်စစ်ခန်းမှာ တာဂန်ကို လက်ခံပြီးခဲ့ပြီ.. တကယ်လို့ ငါတို့က ဒီဘောလုံးကို လွှတ်ချလိုက်မယ်ဆိုယင် နောက်ပိုင်းမှာ ဘယ်သူက ငါတို့ကို ငှားရမ်း ရဲတော့မှာလဲ?``

``ငါဘယ်သူလဲဆိုတာကို မင်းသိသလား?``

လုယွဲ့ ကမေးလိုက်ပါတယ်။

``ဟားဟား.. အကြီးအကဲ လုယွဲ့ ရဲ့ နာမည်ပြောင်က ``သိမ်မွေ့တဲ့ အလင်းအပ်`` ပဲ. ခင်ဗျားက လျှို့ဝှက်လက်နက်ကို အသုံးပြုတဲ့အခါမှာ ဘယ်သူကမှ မသိနိုင်သလို ဘယ်သူမှလဲ ခင်ဗျားကို သတိမပြုနိုင်ဘူး ဟုတ်တယ်မလား?``

ကွမ်းယွမ်က လက်တစ်ဖက်ကို ဝှေ့ပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

``ဒီနေ့ အဓိက လူက သခင်လေးဟာန်ပဲ.. ခင်ဗျား တစ်ခုခု ပြောချင်တာရှိယင် သခင်လေး ဟာန်ကို ပဲ ပြောပါ.. ငါတို့က

သူ့ရဲ့ လုံခြုံရေးအတွက်ကို အာမခံ လုပ်ဆောင်ပေးဖို့ပဲဖြစ်တယ်``

မြေခွေးအိုကြီး။

လုယွဲ့ က ကြိတ်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။ သူက မြေနဲ့ရေ အဖွဲ့အစည်းရဲ့ အင်အား ကိုအသုံးပြုပြီးတော့ သူတို့ကို နောက်ဆုတ်သွားစေဖို့ လုပ်ချင်တာပါ.. ဒါက သူ့ရဲ့ ဆိတ်လပြွတ်ကို လက်သီးနဲ့ ထိုးချလိုက်သလို ခံစားလိုက်ရပါတယ်။ ဒါက ကောင်းတဲ့ ခံစားချက်တော့မဟုတ်ပါဘူး။

``ကောင်စုတ်လေး.. တကယ်လို့ မင်းအခု ရပ်လိုက်မယ်ဆိုယင် နောက်မကျသေးဘူး``

သူက လင်းဟန်ကို ပြောလိုက်ပါတယ်။

``မင်းက ငါတို့ အဖွဲ့အစည်းရဲ့ ဆုံးရှုံးမှုတွေ အတွက် လျော်ကြေးပေးလိုက်တာနဲ့..... လပြွတ်ပဲပေါ့ကွာ``

သူစကားပြောနေတုန်းရှိပါသေးတယ်.. လင်းဟန်က ချက်ချင်းဆိုသလိုပဲ စွမ်းအားပြင်း တဲ့ လက်သီး တစ်ချက်ကို

တံခါးပေါ်က အမှတ်အသား သင်္ကေတ တစ်ခုကို ထိုးထည့်လိုက်ပြီးတော့ ဘုန်း ဆိုပြီး ၎င်းက မြေကြီးပေါ်ကို ဖြုတ်ကျသွားခဲ့ပါတယ်။ ဒီအမှတ်အသားက ကြေးနီ နဲ့ လုပ်ထားတာဖြစ်ပြီးတော့ ၎င်းက ကြမ်းပြင်ပေါ်ကို ပွတ်တိုက်လွှင့်ထွက်သွားတဲ့ အသံက ဆူညံပြီးတော့ လူတော်တော်များများကို အံ့အားသင့်သွားစေခဲ့ပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းလူတွေက ဒါကို မြင်လိုက်ရတဲ့အခါမှာ သူတို့ရဲ့ မျက်လုံးတွေ နီရဲသွားခဲ့ပါတယ်။

ဒါက မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ဆိုင်းဘုတ် သင်္ကေတပဲ ဖြစ်ပါတယ်။

ဒါကို မြင်လိုက်ရတဲ့အခါမှာ သူတို့အနေနဲ့ ဘယ်မျက်နှာကိုမှ မထောက်ပဲ တိုက်ခိုက် ပစ်လိုက်ချင်ကြပါတယ်။ ဒီဆိုင်းဘုတ်က မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာနဲ့ ညီမျှပြီး တော့ အခု လင်းဟာန်ရဲ့ လက်သီးချက်ကြောင့် မြေကြီးပေါ်ကို ပြုတ်ကျသွားခဲ့ ပါပြီ။ ဒါကြောင့် လူတိုင်းလူတိုင်းပဲ ဒေါသထွက်သွားခဲ့ပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းကိုကြည့်ရတာ မနေ့ညက ငါ့ရဲ့ ဆိုင်တွေ တော်တော်များများ ပျက်ဆီး သွားတာကို ကျေနပ်နေတဲ့ပုံပဲ.. ဒီနေ့ ငါ မင်းကို အဲဒီလိုမျိုး ကျေနပ်သွား စေရလိမ့်မယ်``

လင်းဟန်က သူ့ရဲ့ ခြေထောက်ကို မြှောက်ပီးတော့ အားနဲ့ ဆောင့်နင်းပစ်လိုက်ပါတယ်။ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်မှာ ရှိတဲ့ သိုင်းပညာရှင်တစ်ယောက်ရဲ့ ခွန်အား ကထွက်ပေါ်လာပြီးတော့ ဆိုင်းဘုတ် သင်္ကေတ က ချက်ချင်းဆိုသလို နစ်ခြမ်းကွဲသွား ခဲ့ပါတယ်။

``မင်းက ကိုယ့်သေလမ်းကိုယ်ရှာတာပဲ``

မြေနဲ့ရေ အဖွဲ့အစည်းက လူတွေအားလုံးပဲ အကြီးအကျယ် ဒေါသွက်ပြီးတော့ လင်းဟန်ကို အစိတ်စိတ် အပိုင်းပိုင်း ဆွဲဖြဲပစ်ချင်တာကလွဲလို့ ဘာမှ မလိုချင် တော့ပါဘူး။

လူသတ်သမားက အင်ပါယာမြို့ထဲမှာ ဥပဒေကို ဆန့်ကျင်နေမှတော့.. ဒါက သင့်ရဲ့ ရန်သူက သင့်အိမ်တံခါးဝကို အရှေ့ကို ရောက်လာတဲ့ အခါမှာ သင့်မှာ လုံခြုံမှု မရှိတော့ဘူး လို့ ဆိုလိုလိုက်တာပါပဲ။ သူတို့ရဲ့ ရန်သူတွေကို ဒဏ်ရာရအောင်ပဲ ဖြစ်ဖြစ်.. ဒါမှမဟုတ် သတ်ပစ်လိုက်တာပဲဖြစ်ဖြစ် ကိုယ့်ကိုကိုယ်

ခုခံကာကွယ်တာက အပြစ်ဒဏ် လုံးဝ ခံရလိမ့်မှာမဟုတ်ပါဘူး။

``စိတ်ကြီးဝင်နေတဲ့ ကောင်စုတ်``

လုယွဲ့ ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက အပြည့်အဝ ထွက်ပေါ်လို့လာခဲ့ပါတယ်။ သူကလင်းဟန် ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားလိုက်ပြီးတော့ သူ့ရဲ့ လက်ကို မြှောက်လိုက်တာနဲ့.....

``ရှုပ် ရှုပ် ရှုပ် ရှုပ်``

ရွှေရောင် အလင်းအပ် ကိုးချောင်းက ပျံလွှင့်သွားခဲ့ပါတယ်။ ဒီအပ်တွေမှာ သူ့ရဲ့ ပြိုင်ဘက်ကင်းတဲ့ မူလစွမ်းအင်တွေ ထည့်ထားပြီးတော့ ဘယ်လိုမျိုး မူလစွမ်းအင် အကာအကွယ်ကိုပဲ ဖြစ်ဖြစ် ဖြတ်သန်းဝင်ရောက်နိုင်တဲ့ စွမ်းရည်မျိုး ရှိပါတယ်။ ဒါက တကယ့်ကို ကြမ်းတမ်းတဲ့ တိုက်ခိုက်မှုပဲဖြစ်ပါတယ်။

``အကြီးအကဲ ယွဲ့... ခင်ဗျားရဲ့ ပြိုင်ဘက်က ကျုပ်ပဲ``

ကွမ်းယွမ် က ကျယ်လောင်စွာအော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့

ခန္ဓာကိုယ်က ပေါ့ပေါ့ပါးပါး နဲ့ တုန်ခါသွားပြီးတော့ အဆုံးမရှိတဲ့ ရွှေရောင် အလင်းတွေက တောက်ပလာခဲ့ပါတယ်။ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

``အဆုံးအစမရှိတဲ့ ဗုဒ္ဓရဲ့ သင်ကြားမှုက သေခြင်းတရားကို ကျော်ဖြတ်ခြင်း``

``ဟုန်း``

ရွှေရောင်အလင်းက စူးရှစွာနဲ့ တောက်ပလာပြီးတော့မယုံနိုင်စရာ ကောင်းလောက် အောင် ကျယ်ပြန့်လာပြီး အစွမ်းထက်လှပါတယ်။

လင်းဟန်က စိတ်တောင်မဝင်စားပါဘူး။ သူက ပုံမှန်ပဲ အရှေ့ကို လျှောက်သွားပြီးတော့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ဌာနချုပ်ကို ဝင်လိုက်ပါတယ်။ သူက ပေါ့ပေါ့ပါးပါးနဲ့ ပြုံးလိုက်ပြီး တော့ ဟူးညီကို ပြောပါတယ်။

``လာခဲ့ လာခဲ့.. ငါတို့ နည်းနည်းလောက်ပြိုင်ကြည့်ရအောင်... ဘယ်သူက ပိုပြီးတော့ ဖျက်ဆီးနိုင်မလဲဆိုတာ ကြည့်ရအောင်``

``ညီးညီး သေချာပေါက်နိုင်လိမ့်မယ်``

ဟူးညို့က မြူးမြူးကြွကြွနဲ့ ပြောလိုက်ပါတယ်။

အပိုင်း (၁၉၆) လျော်ကြေး ပေးရမှာလား?

လင်းဟန် နဲ့ ဟူးညို့ တို့နှစ်ယောက်စလုံးပဲ ပြောင်းဆန်နေအောင် ဖျက်ဆီး ပစ်ကြ ပါတယ်။ လက်သီးနဲ့ ထိုးလိုက် ခြေထောက်နဲ့ ကန်လိုက်နဲ့ အဓိက တံခါးကနေ စပြီးတော့ မြင်မြင်သမျှ ဖျက်ဆီးသွားကြပါတယ်။ သူတို့ ဘာကိုပဲ မြင်မြင် သူတို့ ဖျက်ဆီး ပစ်ပါတယ်။ သူတို့ရဲ့ လမ်းကြောင်း အနောက်မှာ အပျက်အစီး ပုံကြီးက တောင်ပုံရာပုံနဲ့ ကျန်နေရစ်ခဲ့ပါတယ်။

ဒါပေမဲ့.. ဒီမှာ မြေနဲ့ရေ အဖွဲ့သားတွေ ပိုပြီးတော့တောင်မှ ရှိပါတယ်။ သူတို့က လင်းဟန် နဲ့ ဟူးညို့ ကို တားဆီးဖို့အတွက် ခုန်ဝင်လာခဲ့ ပေမဲ့လည်း လင်းဟန် ခန့်ထား တဲ့ ငွေဦးစမ်းရေ အဆင့်သိုင်းပညာရှင် တစ်ရာခန့်က သူတို့ ဘာမှလုပ်လို့ မရအောင် တားဆီးထားပါတယ်။ သူတို့လည်းပဲ လင်းဟန်ရဲ့ လုံခြုံမှုအတွက် ဝင်ရောက်လာတဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်တားဆီးလိုက်ကြပါတယ်။

လင်းဟန်က အဓိက ခန်းမကြီးတစ်လျှောက် သူ့ရဲ့ လမ်းမှာ မှန်သမျှ ဖျက်ဆီး ပီးတော့ အရမ်းကို လှပတဲ့ ဥယျာဉ်ပန်းခြံတစ်ခုနဲ့ တင့်တယ်လှပတဲ့ စကြ်ာန်လမ်း တစ်ခုကလဲ လုံးဂကို ပျက်ဆီးသွားပါတယ်။ ပျက်စီးပြန့်ကျဲနေတဲ့ ပန်းပွင့်တွေကလဲ ဟိုနေရာတစ်ပွင့် ဒီနေရာ တစ်ပွင့် နဲ့ ခန်းမတိုင်လုံး အစိတ်အပိုင်းတွေကလဲ ကြမ်းပြင်တစ်လျှောက် ပြန့်ကျဲလို့ နေပါတယ်။ ဒီနေရာမှာ ဖျက်ဆီးဖောက်ခွဲတဲ့ လုပ်ငန်းရှိနေသလို မျိုး နဲ့ သွားတူပါတယ်။

``ရပ်လိုက်စမ်း``

စွမ်းအားကြီးမားတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ အရပ်မြင့်မြင့်နဲ့ အဘိုးကြီး တစ်ယောက် ပေါ်လာခဲ့ပါတယ်။ အဆုံးအစမရှိ အေးစက်စက်နဲ့ စွမ်းအားပြည့်ဂလှတဲ့ အရှိန်အဂါက သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကနေ ထွက်ပေါ်လာပြီးတော့ လူသိများ ထင်ရှားတဲ့ ကျော်ကြားတဲ့ အဆင့်တစ်ခုကို ပိုင်ဆိုင်ထားတာ အချိန်တော်တော်ကြာ နေပြီ ဖြစ်တဲ့ လူတစ်ယောက်ရဲ့ လေထု အရှိန်အဂါနဲ့ ပြည့်နှက်လို့နေပါတယ်။

သူကတော့ စိတ်ဂိဉာဉ်ပင်လယ် အလွှာ ၅ အဆင့်မှာရှိတဲ့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းပဲ ရပ်တန့်လိုက်ပါတယ်။ လူတစ်ယောက်ရဲ့ ထင်ပေါ်ကျော်ကြားမှုက သစ်ပင်တစ်ခုရဲ့ အရိပ်နဲ့တူပါတယ်။ ဘာကိစ္စပဲဖြစ်ဖြစ် ယန်ထျန်းဒူက အဖွဲ့အစည်း တစ်ခုရဲ့ ခေါင်းဆောင် ဖြစ်နေပြီးတော့ သူကိုယ်ပိုင် လွှမ်းမိုးနိုင်မှု လည်း ရှိပါတယ်။

ဒါပေမဲ့ သူရဲ့ လွှမ်းမိုးနိုင်တဲ့ ဩဇာ အာဏာက ဒီ ဖျက်ဆီးမှုတွေလုပ်နေတဲ့ လူနှစ်ယောက် ကိုတော့ ဘာမှ အကျိုးသက်ရောက်မှု မရှိဘူး ဆိုတာ သိသာ ထင်ရှား လို့နေပါတယ်။

``ခွမ်း.. ဂွမ်း .. ဂလွမ်း``

လင်းဟန်နဲ့ ဟူးညီတို့ က ဒီလိုမျိုး ပျက်စီးပြန့်နှံ့သွားတာကို အရမ်းကိုပဲ ကျေနပ် အားရနေပြီးတော့ အဓိက ခန်းမကြီးထဲက ရှိသမျှ အရာတွေကိုတောင်မှ ပိုပြီးတော့ ဖျက်ဆီးနေကြပါတယ်။ စားပွဲခုံတွေ.. ကုလားထိုင်တွေ.. ပန်းအိုးတွေ..လိုက်ကာ ခန်းဆီးတွေ နဲ့ ရှိသမျှ အရာတွေအားလုံးပါဝင်ပါတယ်။ အထူးသဖြင့်တော့ ဟူးညီ

ပါပဲ။ သူမက နဂိုကတည်းကမှ ရက်စက်ကြမ်းကြုတ်တဲ့ နေရာမှာ ပထမ လို့ ပြောရမဲ့ သားရဲ တိရိစ္ဆာန်ရဲ့ အမူအကျင့်က ပိုပြီးတော့တောင်မှ မြင့်တက်လာခဲ့ပီးတော့ သူမရဲ့ သွေးကြောတွေ ထဲမှာ သွေးဆာလောင်ပြီး ဖျက်ဆီးပစ်ချင်တဲ့ ဆန္ဒတွေက စီးဆင်းလို့ နေပါတယ်။ ဒီသဘာဂကို လင်းဟာန်ရဲ့ ဘေးမှာ နေတုန်းက အတင်းဖိနှိပ် ချုပ်ခြယ် ထားပြီးတော့ အခုဖြေးဖြေးခြင်း လွတ်လပ်လာခဲ့ပါတယ်။ သူမရဲ့ သွားသေးသေးလေး တွေကို ကိုက်ပြီးတော့ သူမကိုယ်သူမ ကျားသေးသေးလေး တစ်ကောင် လိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ သဘာဂကို အပြည့်အဂ ပုံဖော်နေပါပြီ။

``မင်းတို့နှစ်ယောက်ကို ရပ်ဖို့ ငါပြောနေတယ်လေ``

ယန်ထျန်းဒူက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ အသံက လင်းဟာန်နဲ့ ဟူးညို့ ဆီကို ရိုက်ခတ်သွားခဲ့ပါတယ်။

ဟူးညို့ရဲ့ ခန္ဓာကိုယ်က နေရာရွှေ့ပြောင်းခြင်းကို လုပ်နိုင်သလိုမျိုး တွန့်လိမ်ပြီးတော့ ရှောင်တိမ်းလိုက်ပါတယ်။ ဒီ အကြင်နာတရားကင်းမဲ့တဲ့ အော်သံက အသံလှိုင်းတစ်ခုကို ဖန်တီးဖြစ်ပေါ် လာတဲ့အတွက် အမှန်တကယ်ပဲ ရှောင်တိမ်းလိုက်ရပါတယ်။ ထိုအချိန် အတွင်းမှာ လင်းဟာန်ရဲ့

ဘယ်လက်က လှုပ်ရှားသွားပြီးတော့ သွေးစုပ်ယူခြင်း မူလရွှေ က ကြေးမုံခွက်ပုံစံတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ အသံလှိုင်းရဲ့ စွမ်းအားက ၎င်းရဲ့ အရှေ့မှာ စုသွားပြီးတော့ မျဉ်းဖြောင့်တစ်ကြောင်းအတိုင်းပဲ ပြန်ပြီးတော့ ပြန်ကန်ထွက်သွားခဲ့ပါတယ်။ ဖူးးးး ဆိုတဲ့ အသံနဲ့ အတူ အနီးအနားမှာရှိတဲ့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ အဖွဲ့သားတစ်ယောက်ရဲ့ ခြေထောက်တွေက နိပ်စက်ခံလိုက်ရတဲ့ အတိုင်းပဲ သွေးတွေ ပလုံစီအောင် ထွက်လာခဲ့ပါတယ်။

လင်းဟန်က မူလရွှေ ကို ပြန်ရုတ်သိမ်းလိုက်ပီးတော့ သူ့ရဲ့ခေါင်းကို ခါပြီး ပြောလိုက်ပါတယ်။

``ခေါင်းဆောင်ယန် ရဲ့ စွမ်းအားကတော့ တကယ့်ကို အတုမရှိ ပြိုင်ဘက်ကင်းတာပဲ.. တစ်ချက်ကလေး အော်လိုက်တာနဲ့ တကယ်ပဲ သက်ရှိလူသားတွေရဲ့ အသွေးအသား တွေကို အရည်ဖျော်ပစ်လိုက်နိုင်တာပဲ...သင်က တကယ့်ကို စိတ်ဂိုဏ်းဥပင်လယ် လက်ရွေးစင် တစ်ယောက်ဆိုတဲ့ နာမည်နဲ့ ထိုက်တန်တာပဲ.. ဒါပေမဲ့ ဘာလို့ ကိုယ့်လူ ကို ကိုယ်ပြန်တိုက်ခိုက်ရတာလဲ? သူက ခင်ဗျားမိန်းမရဲ့ နောက်လင်ဖြစ်နေလို့များလား?``

တကယ်လို့ ယန်ထျန်းဒူ ရဲ့ အမူအကျင့်က ညင်သာ သိမ်မွေ့တဲ့ သူတစ်ယောက် ဖြစ်မယ် ဆိုယင်တောင်မှ ဒီလိုစကားမျိုးတွေကိုကြားရတဲ့အခါမှာ အစိမ်းရောင်သန်းသွားခဲ့ပါတယ်။ သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``ကောင်လေး.. အာချောင်တဲ့ လျှာ ရှိတာက ပြဿနာတွေ အများကြီးကို ဖြစ်စေတယ် နော်.. မင်းက ဒီနေ့ တကယ်ပဲ သေရလိမ့်မယ်``

သူက ရုတ်တရက် လျှပ်ပြက်သလိုမျိုး လှုပ်ရှားလိုက်ပါတယ်။ ခြေတစ်လှမ်းထဲနဲ့ သူက လင်းဟာန်ရဲ့ အရှေ့ညာဘက်ကို ရောက်သွားပြီးတော့ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့် ထုတ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

``ထွက်သွားစမ်း``

ကွမ်းယွမ်က ရွှေရောင်နတ်ဘုရားတစ်ပါးအသွင်မျိုးဖြစ်လာပြီးတော့ လှုပ်ရှားလိုက်ပါတယ်။ သူက လက်ဖါးရိုက်ချက်တစ်ခုကို ဆန့်ထုတ်လိုက်ပီးတော့ ရွှေရောင်အလင်းတွေက လေထဲမှာ ပြည့်နှက်လို့ သွားခဲ့ပါတယ်။

``ဗုန်း``

လက်ရွေးစင် နှစ်ယောက် က တစ်ချက် ထိပ်တိုက်ရင်ဆိုင်မိပြီးတော့သူတို့နှစ်ယောက် စလုံးက အဲဒီ အားကြောင့် အနည်းငယ် တုန်ခါသွားကြပါတယ်။ ပြီးတော့ သူတို့ ခြေလှမ်း ခုနှစ်လှမ်းကိုယ်စီ နောက်ဆုတ်သွားကြပါတယ်။ ဒါပေမဲ့ ကွမ်းယွမ်ရဲ့ အမူအရာ က အနည်းငယ် ပြောင်းလဲသွားပြီးတော့ ထပ်ပြီး အနောက်ကို ခြေတစ်လှမ်း ဆုတ်သွား ပြီးတော့မှ နောက်ဆုံးမှာတော့ မြဲမြဲစွာနဲ့ ရပ်လိုက်နိုင်ပါတယ်။ ဒါက ဘာကြောင့်လဲ ဆိုတော့ သူက ဖျားနာသလိုဝေဒနာ ပါးပါးလေး ခံစားလိုက်ရတာကြောင့်ပဲဖြစ်ပါတယ်။ အဲဒီလို မှမဟုတ်ဘူးဆိုယင် သူ့အနေနဲ့ ဒီထိပ်တိုက်တွေ့ဆုံမှုကနေ လုံး၀ အရေးနိမ့်စရာ အကြောင်းမရှိပါဘူး။

``လက်သီးခုနစ်ချက်နဲ့ တောင်တစ်လုံးကို ဖျက်ဆီးတဲ့ ကွမ်းယွမ်လား?``

ယန်းထျန်ဒူ က တစ်ချက်ထိပ်တိုက်တွေ့ဆုံပြီးတာနဲ့ သူ့ရဲ့ပြိုင်ဘက်က ဘယ်သူဆိုတာ ကို သတိပြုမိသွားခဲ့ပါတယ်။

``အဝိကရုဏ်းခါးအရိပ် ယန်းထျန်းဒူ``

ကွမ်းယွမ် က တည်ငြိမ်စွာနဲ့ ပြောပါတယ်။

ယန့်ထျန်းဒူ က သိချင်စိတ်တွေ ပြင်းပြလို့ လာခဲ့ပါတယ်။ ကွမ်းယွမ် ကလည်းပဲ စိတ်ဂိဉာဉ်ပင်လယ် အလွှာ ၅ အဆင့်ပါ။ အစောတုန်းက ထိပ်တိုက်တွေ့ဆုံမှုမှာ အနည်းငယ် မဆိုသလောက် အရေးနိမ့်သွားတယ်ဆိုပေမဲ့ တကယ်လို့ တစ်ခြားနောက်ထပ် တစ်ယောက် က သူနဲ့ အတူပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုယင် သူ့ကို ပြိုင်ဖို့ လုံလောက်ပါလိမ့်မယ်။

လင်းဟန်မှာ စုစုပေါင်း စိတ်ဂိဉာဉ်ပင်လယ် အဆင့်လက်ရွေးစင်တွေက လင်းဟန်ဘက်ခြမ်းမှာ ခုနစ်ယောက်တိတိ ရှိနေတဲ့အချိန်မှာ သူ့ရဲ့ ဘက်မှာတော့ သုံးယောက်ပဲရှိပါတယ်။ အရေအတွက်နဲ့ဆိုယင် သူက အရမ်းကို အရေးနိမ့်နေပါတယ်။

``ညီလေးကွမ်းယွမ်.. ဘာဖြစ်လို့ ဒီလိုမျိုး မနစ်မြှုပ်ဖွယ်ရာကောင်းတဲ့ လုပ်ငန်းမှာ မင်းကိုယ်တိုင် ပါဝင်နေရတာလဲ? ဘာဖြစ်လို့များ ဘာမှမလုပ်ပဲ ရပ်ကြည့်နေဖို့ကို ရွေးချယ်ပြီးတော့ ပြန်မသွားတာလဲ.. ငါ

မင်းအပေါ်မှာ အကြွေးတင်သွားမှာပေါ့.. သဘောတူသလား?``

ယန့်ထျန်းဒူ က သူ့ရဲ့ မနှစ်မြို့တဲ့စိတ်ကို ဒီတစ်ခဏတော့ ချုပ်ထိန်းထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကွမ်းယွမ် က မထီမဲ့မြင်နဲ့ ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက မြေနဲ့ရေ အဖွဲ့အစည်းရဲ့ ထင်ရှားကျော်ကြားလှတဲ့ အကြီးအကဲ ခေါင်းဆောင် ယန့် ရဲ့ အမူအကျင့်မျိုး မဟုတ်ဘူး မလား? ကျုပ် ခင်ဗျားဆီက ဒီလိုမျိုး အကြွေးကို လက်မခံဝံ့ပါဘူးဗျာ``

ယန့်ထျန်းဒူ က အရမ်းကို ဒေါသထွက်ပြီးတော့ တုန်ခါနေပါတယ်။ ဒါက သူ့ကို လုံးဝ စော်ကားလိုက်တာပါပဲ။

``ဒါပေမဲ့.....``

ကွမ်းယွမ် က သူ့ရဲ့ စကားတွေကို ညင်သာစွာနဲ့ ပြောင်းလဲလိုက်ပါတယ်။

``ငါတို့က သခင်လေးဟန်ကို ကာကွယ်ပေးဖို့

အလုပ်ခန့်ထားတာပဲ. သခင်လေးဟန် ဒဏ်ရာအနာတရ မရမခြင်း လှုပ်ရှားမှာမဟုတ်ဘူး.. ဒါကြောင့် ဘာဖြစ်လို့ အကြီးအကဲ ခေါင်းဆောင်ယန် က ကျုပ်တို့ကို မျက်နှာသာ အချို့ ပေးပြီးတော့ လင်းဟန်ကို ဒီနား တစ်ပိုက် ကို လမ်းလျှောက်ပြီးတော့ ကြည့်ရှုစေလိုက်ပါလား.. ပြီးတော့ ကျုပ်တို့ အဲဒီအချိန်အတွင်းမှာ လက်ဘက်ရည်လေးဘာလေး သောက်ပြီး အေးအေးဆေးဆေး စကားစမြည်ပြောကြမယ်ဆိုယင် ဘယ်လိုလဲ မကောင်းဘူးလား?``

မင်းညီမကိုပဲ ကောင်းမကောင်း သွားမေးကြည့်လိုက်။

မြေနဲ့ရေ အဖွဲ့သားအားလုံး ကိုကြည့်ရတာ သူတို့က လူသတ်ပစ်ချင်နေတဲ့ ပုံစံပါပဲ။ လင်းဟန် ရဲ့ ဒီလမ်းလျှောက်တာက နည်းနည်းလေးမှကို မတည်ငြိမ် မအေးချမ်းပါဘူး။ သူအထဲကို ဝင်လာတဲ့ အချိန်က စပြီးတော့ သူရဲ့ လမ်းကြောင်းမှာ ရှိသမျှ အရာတွေ အားလုံးကို ဖျက်ဆီး နေတာပါ. . တကယ်လို့ သူတို့က သူ့ကို ဒီနားတစ်ပိုက်ကို ဆက်ပြီး လမ်းပေးလျှောက်ဖို့ ခွင့်ပြုလိုက်မယ်ဆိုယင် မြေနဲ့ ရေ အဖွဲ့အစည်း ဌာနချုပ် အတွင်းမှာ မပျက်စီးတဲ့ နေရာ တစ်ခုတောင် ကျန်ပါဦးမလား?

ယန်ထျန်းဒူ က လူအုပ်ကြီးကို ပွေ့ကြည့်လိုက်ပြီး သူ့ရဲ့ မျက်လုံးတွေက ချက်ချင်းပဲ မြှင့်တက်သွားခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတို့အားလုံးက ဒီလူငယ်လေးရဲ့ လုံခြုံရေးကို အာမခံဖို့အတွက်ပဲ လား?``

``သေချာတာပေါ့``

ကွမ်းယွမ်နဲ့ ကျန်တဲ့သူတွေက ခေါင်းငြိမ့်လိုက်ပါတယ်။

``ဒါဆိုယင် ဒီမိန်းကလေးနဲ့ ဒီကလေးမလေး ကတော့ မင်းတို့ရဲ့ ကာကွယ်မှု အောက်မှာ မပါဘူး ဟုတ်တယ်မလား?``

ယန်ထျန်းဒူရဲ့ နှုတ်ခမ်းဒေါင့်မှာ အေးစက်စက် သရော်အပြုံး တစ်ခု ပေါ် လာခဲ့ပါတယ်။

သူက လှီယုထန် နဲ့ ဟူးညို အကြောင်းကို ပြောတာပါ။

``သေချာတာပေါ့ မပါဘူး``

ကွမ်းယွမ် နဲ့ တစ်ခြားသူတွေက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ပါတယ်။

``ကောင်းတယ်``

ယန်ထျန်းဒူ က သူရဲ့ လက်ကို ဝှေ့ပြီးတော့ လို့ယုထန် နဲ့ ဟူးညိုကို ညွှန်ပြပြီးတော့ အမိန့်ပေးလိုက်ပါတယ်။

``သူတို့နှစ်ယောက်ကို ဖမ်းလိုက်ကြစမ်း``

သူက လက်ဘက်ရည်ခွက် တစ်ခွက်ကို မလိုက်ပီးတော့ တည်ငြိမ်စွာနဲ့ဖြစ်နေပါတယ်။ အရာအားလုံးက သူရဲ့ ထိန်းချုပ်မှုအောက်မှာ ရောက်နေပြီဆိုတဲ့ ခံစားချက်မျိုးနဲ့ပေါ့။

``ဟုတ်ကဲ့ အဖွဲ့ခေါင်းဆောင်``

မြေနဲ့ရေ အဖွဲ့အစည်း ရဲ့ အဖွဲ့သားတွေအားလုံးပဲ သူတို့နောက်ကိုဆုတ်ပြီးတော့ ရွက်လွှင့်လာပါတယ်။ နောက်ဆုံးတော့ သူတို့က အားနည်းချက်ကို ရှာတွေ့သွားပြီး တော့ စားပွဲခုံက ပြောင်းလဲသွားပြီးတော့ပြန် ထိန်းချုပ်နိုင်ပါတော့မယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ကို မိတ်ဆက်ဖို့ ခွင့်ပြုပါ.. ဒီ မိန်းမလှလေးရဲ့ မျိုးရိုးနာမည်က လွီ လို့ခေါ်ပြီးတော့ နာမည်က ယုထန်ပါ... သူမက အင်အားကြီးကလန် ရှစ်ခုက တစ်ခုဖြစ်တဲ့ လွီ ကလန် ရဲ့ မင်းသမီးပဲဖြစ်ပါတယ်..ဟီးဟီး.. ငါတကယ်ပဲ အကြီးအကဲခေါင်းဆောင်ယန် ကို အထင်ကြီးမိပါတယ်...ခင်ဗျားက တကယ့်ကို သတ္တိကောင်းပြီးတော့ လွီကလန်ရဲ့ သခင်မလေးကို တောင်မှ အပြစ်ပြုပုံ့တာပဲ.. အံ့ဩစရာကောင်းလိုက်တာ.. ဒီနေရာမှာ ခင်ဗျားလိုမျိုး ဘယ်သူကမှ သတ္တိ ကောင်းမှာ မဟုတ်တာတော့ သေချာတယ်``

``ဖူးးးး``

ယန်ထျန်းဒူ က ချက်ချင်းဆိုသလိုပဲ ပါးစပ်ထဲမှာ ပြည့်နေတဲ့ ရေနွေးတွေကို မှုတ်ထုတ် ပစ်လိုက်ပါတယ်။ သူ့ဘေးမှာရှိတဲ့ လုယွဲ့ အနေနဲ့ ဒီလိုမျိုး မြွေတစ်ကောင်လို လျှပ်တပြက် တိုက်ခိုက်မှုကို မြင်နိုင်မှာလဲ? ဒါကြောင့်ပဲ သူ့ရဲ့ မျက်နှာတစ်ခုလုံးက လဘက်ရည်ကြမ်းတွေ နဲ့ ဖုံးလွှမ်းသွားခဲ့ပါတယ်။ သူ့ရဲ့ ဆံပင်တွေ မျက်ခုံးတွေ နဲ့ မုတ်ဆိတ် တွေ အကုန်လုံးကို စိုရွှဲသွားတာပါ။

``ရပ်.. ရပ်ကြစမ်း``

ယန်ထျန်းဒူ က လုယွဲ့ ကို နှစ်သိမ့်ဖို့ အချိန်မရှိပါဘူး.. အလျင်အမြန်ပဲ ရပ်တန့်ဖို့ အတွက် အော်ဟစ်တားဆီးလိုက်ပါတယ်။ တကယ်လို့ သူတို့က လွီကလန်ရဲ့ မင်းသမီးကို ထိခိုက်နစ်နာအောင် တကယ်ပဲ လုပ်ပုံ့တယ်ဆိုယင် လွီကလန်ရဲ့ အစွမ်း ထက်လှတဲ့ လက်ရွေးစင်တွေ မကြာခင် ရောက်လာပြီးတော့ မြေနဲ့ရေ အဖွဲ့အစည်း တစ်ခုလုံးကိုလဲ့သိပ်သွားပါလိမ့်မယ်။

``ဒါက တကယ်ပဲ လွီကလန်ရဲ့ သခင်မလေးပဲ. ငါအယင်က သူမကို တစ်ကြိမ် မြင်ဖူးတယ်``

``သူမက အင်ပါယာမြို့က ပုလဲအမွှာထဲက တစ်ယောက်ပဲ.. သူမအကြောင်းကို မကြားဖူး တဲ့သူ ဘယ်သူရှိလို့လဲ? သူမက တကယ့်ကို အံ့အားသင့်လောက်အောင် ချောမောလှပတာပဲ``

``ဘာကြောင့် သူမက ဒီ စက်ဆုပ်ရွံ့ရှာစရာကောင်းတဲ့ ကောင်နဲ့ ရှိနေရတာပါလိမ့်?``

မြေနဲ့ရေ အဖွဲ့အစည်းရဲ့ လူတွေက သူတို့အချင်းချင်း တီးတိုးပြောဆိုနေကြပါတယ်။ လွှီကလန်ရဲ့ မင်းသမီးတောင်မှ ပါဝင်နေခဲ့ပါတယ်။ သူတို့က အန္တရာယ်အငွေ့အသက်ကို ခံစားလိုက်ရပါတယ်။ လွှီကလန်က သူတို့ကို မကျေမနပ်များဖြစ်နေတာကြောင့် လင်းဟာန်ကို လွှတ်ပြီးတော့ သူတို့ကို ပြစ်ဒဏ်နည်းနည်း ပေးလိုက်တာများ ဖြစ်နိုင်မလား?

``အထင်မမှားကြပါနဲ့``

လင်းဟာန်က ပေ့ါပေ့ါပါးပါးနဲ့ ပြုံးပြီးတော့ ရှင်းပြလိုက်ပါတယ်။

``ဒါက လွှီကလန်နဲ့ ဘာမှမပတ်သတ်ပါဘူး.. ဒီနေ့ ကျုပ်လာခဲ့ရတဲ့ အကြောင်း ရင်း က အရမ်းကို ရိုးရှင်းပါတယ်။ မနေ့ညက မင်းတို့လူတွေက ငါ့ရဲ့..... ယုထန်. ငါတို့ ဆိုင်တွေ ဘယ်လောက် များများ ဖျက်ဆီးခံလိုက်ရသလဲ?``

``လေးဆယ့်ခုနစ်ခု``

လွှီယုထန်က ချက်ချင်းဆိုသလို အဖြေပေးလိုက်ပါတယ်။

``ခင်ဗျားတို့ လူတွေက ကျုပ်ရဲ့ ဆိုင် လေးဆယ့်ခုနစ်ခုကို

ဖျက်ဆီးခဲ့တယ်.. ဒါကြောင့် ကျုပ်က ဒီနေ့ တရားမျှတဖို့အတွက် လာခဲ့ရတာပဲ``

လင်းဟန်က ပြုံးဖြဲဖြဲ လုပ်ပြီး ရီလိုက်ပါတယ်။

``ကျုပ်ရဲ့ ဆုံးရှုံးနစ်နာမှုအတွက် လျော်ကြေး ဘယ်လောက်ပေးဖို့ ဆန္ဒရှိသလဲ?``

လပြောင်ကွတ် ပေါ့ကွာ... မင်းက ငါတို့ မြေနဲ့ရေ အဖွဲ့အစည်းကို လာပြီးတော့လဲ ဖျက်ဆီးသေးတယ်.. ငါတို့ဆီကနေလဲ ဖြေရှင်းချက်လိုချင်သေးတယ်ဟုတ်လား?

မြေနဲ့ရေ အဖွဲ့အစည်းက လူတွေအားလုံး ဒေါသထွက်ကုန်ပါတယ်။ သူတို့က လမ်းမ တွေပေါ်မှာ သာမာန်လူတွေကို အနိုင်ကျင့် ဗိုလ်ကျနေလေ့ရှိပါတယ်။ သူတို့ကိုယ် သူတို့ တော့ အရှက်မရှိတဲ့ လူတွေလို့ တိတ်တိတ်ဆိတ်ဆိတ် သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါပေမဲ့ အခု သူတို့က လင်းဟန် ရဲ့ အရှက်ကင်းမဲ့မှုနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါမှာတော့ သူတို့က ဘာမှမဟုတ်ဘူးဆိုတာကို သတိပြုမိသွားခဲ့ကြပါတယ်။

``မင်းက ငါတို့ အဖွဲ့အစည်းကိုလာပြီးတော့

ပြဿနာရှာတယ်. ပြီးတော့ ငါတို့အဖွဲ့အစည်းက မင်းကို လျော်ကြေးပေးစေချင်နေသေးတယ်ဟုတ်လား?``

ယန်ထျန်းဒူ က အလွန်အမင်းဒေါသထွက်ပြီးတော့ ရီမောလိုက်ပါတယ်။ သူ့ရဲ့လေသံက အေးစက်စက်နဲ့ လေးလေးနက်နက်ဖြစ်နေပါတယ်။

``မပေးဘူးလား?``

လင်းဟန်က ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

``ဒါဆိုယင်လဲ ကျုပ်တို့ ဆက်ပြီးတော့ ဖျက်ဆီးပစ်ရမှာပေါ့``

အပိုင်း (၁၉၇) အာဏာပိုင်အဖွဲ့အစည်းကို သတင်းပို့ခြင်း

``ခွမ်း ဂွမ်း ဂလွမ်း ``

လင်းဟန်က သူ့ရဲ့ လမ်းကြောင်းမှာရှိသမျှအားလုံးကို အကြင်နာတရားကင်းမဲ့ စွာနဲ့ ဖျက်ဆီးပစ်ပါတယ်။ ဟူးညို့ကလဲ မြေနဲ့ရေ အဖွဲ့ရဲ့ ချောင်းမြောင်းလုပ်ကြံခြင်းကို ရှောင် ရှားဖို့အတွက် လင်းဟန်ရဲ့ဘေးကို ပြန်လာခဲ့ပါတယ်။

တကယ်လို့ သူမက ဖမ်းဆီး ခံရပြီးတော့ ဓါးစာခံဖြစ်သွားမယ်ဆိုယင် လင်းဟန်အတွက် အနည်းငယ် ပြဿနာ ရှိလာပါလိမ့်မယ်။

``ရပ်စမ်း``

မြေနဲ့ရေ အဖွဲ့အစည်းရဲ့ လူတစ်ယောက်က သူ့ကို တားဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ သူတို့ ဆီကနေ လှုပ်ရှားလိုက်တာနဲ့ ကွမ်းယွမ်နဲ့ သူ့အုပ်စုကလဲ လှုပ်ရှားလာပြီးတော့ နောက်တစ်ကြိမ် တိုက်ပွဲ က ပြန်စလာခဲ့ပါတယ်။

``ငါတို့ကို အခက်တွေ့အောင် ကျေးဇူးပြုပြီးတော့ မလုပ်ပါနဲ့ မိတ်ဆွေတို့``

ကွမ်းယွမ်နဲ့ သူ့ရဲ့အုပ်စုက ပြောလိုက်ပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းက လူတစ်ချို့က ဒေါသတွေ ထွက်လွန်းလို့ သွေးအန်လုမတတ် ဖြစ်သွားကြပါတယ်။ ဒီကောင်စုတ်လေးက သူတို့နေရာကို ပထမဆုံးရောက်လာပြီး ပြဿနာ လုပ်ပါတယ်။ ဒါပေမဲ့ သူ့အတွက် ကျတော့ ပြဿနာ ဖန်တီး လှုပ်ရှားနေတာကို မလုပ်ဖို့ ဘာကြောင့်

အကြံမပေးကြတာလဲ? ဒီလိုမျိုး သဘောတရား က ဒီကမ္ဘာကြီးထဲမှာ ရှိနေတာလား?

ဘာကိုပဲ မြင်မြင် လင်းဟာန်ကတော့ ဖျက်ဆီးပြီးသားပါပဲ။ ဟူးညို ကလည်း ရက်စက်ကြမ်းကြုတ်တဲ့ သက်ရှိတစ်ခု အသွင်ကို ပြောင်းလဲသွားပြီးတော့ ပရိဘောဂ တွေကို စိတ်ကြိုက်ဖျက်ဆီးလို့နေပါတယ်။ သူတို့က နှစ်ယောက်တည်းရှိပေမဲ့လည်း တစ်ယောက်က အရွယ်ရောက်ပြီး တစ်ယောက်က ကလေးအရွယ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ နွေဦးစမ်းရေ အဆင့်ရဲ့ ဖျက်ဆီးခြင်းအစွမ်းကို ပေါ့ပါးစွာနဲ့ ယူဆောင်နိုင်ရတာလဲ?

``အင်း.. ဒီပန်းအိုးက မဆိုးဘူးပဲ``

လင်းဟာန်က ပန်းအိုးတစ်လုံးကို မယူလိုက်ပီးတော့ ခွမ်းဆိုတဲ့ အသံနဲ့ အတူ ၎င်းက အစိတ်အပိုင်းတစ်ရာကျော်လောက် အထိ အစိတ်စိတ်အမွှာမွှာ ကွဲသွားပါတယ်။ သူက ပုခုံးတွန့်လိုက်ပီးတော့ ပြောပါတယ်။

``အားရိုး... ငါ့ရဲ့ လက်က ချော်သွားခဲ့တာပဲ``

ခွမ်း... ပြီးတော့ နောက်ထပ် လှပတင့်တယ်တဲ့ ပန်းအိုးတစ်လုံးက ထပ်ပြီးတော့ ကွဲကြေသွားခဲ့ပါတယ်။

``ငါ့လက်က နောက်တစ်ကြိမ် ချော်သွားပြန်ပြီ``

``ခွမ်း``

``ဒီနေ့ ငါ့လက်တွေ ဘာကြောင့် ဒီလောက်တောင် ချော်နေပါလိမ့်?``

``အကြီးအကဲ ခေါင်းဆောင်ယန်.. ဘယ်အချိန်မဆို ခင်ဗျား ကျုပ်ကို လျော်ကြေးပေးဖို့ ဆုံးဖြတ်ပြီးတာနဲ့ ကျုပ်ဆီကိုလာပြီးတော့ ဆွေးနွေးနိုင်ပါတယ်``

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ အဓိက ခန်းမရဲ့ နံရံက ပန်းချီ တစ်ခုကို အစိတ်စိတ်အမြွှာမြွှာ ဖျက်ဆီးလိုက်ပီးတော့ ဟူးညီ့ရဲ့ လက်တွေနဲ့ ကျေနပ်ပီတိဖြစ်စွာနဲ့ လက်ဖဝါးချင်း ရိုက်လိုက်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းချီကားထဲမှာ မျက်လုံးအဖြူရောင်နဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်ရဲ့ ပုံကို ဆွဲထားပြီးတော့ ဒါက

ဒီမိန်းကလေးငယ်လေးကို ဆန်ကျင် နေတဲ့ပုံစံဆိုတာ သိသာထင်ရှားပါတယ်။

ယန်ထျန်းဒူ ရဲ့ မျက်နှာက အေးစက်မဲမှောင်သွားခဲ့ပါတယ်။ သူရဲ့ အံ့ကိုခဏတာမျှ ကြိတ်လိုက်ပီးတဲ့နောက်မှာ ပြောပါတယ်။

``အင်ပါယာ အစောင့်အရှောက်တွေကို သတင်းပို့လိုက်.. တစ်စုံတစ်ယောက်က ငါတို့ရဲ့ အိမ်တော်ကို အတင်းအကြပ် ဝင်ရောက်ပြီးတော့ ပြစ်မှုကျူးလွန်နေတယ်လို့ သူတို့ကို ပြောလိုက်``

``ခေါင်းဆောင်``

မြေနဲ့ရေ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေ အားလုံး အံ့အားသင့်ကုန်ကြပါတယ်။ တကယ်လို့ သူတို့က အမှန်တကယ် ပဲ ဒါကို အင်ပါယာ အစောင့်အရှောက်ကို သွားပြီးသတင်းပို့ခဲ့မယ်ဆိုယင် သူတို့ရဲ့ ဂုဏ်သတင်းကျော်စော်မှုက ဘယ်လို လုပ်ပြီးတော့ ကျန်တော့မှာလဲ? သူတို့က ကြီးမားတဲ့အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး တော့ လူငယ်တစ်ယောက်ရဲ့ ဖိအားပေးမှုကြောင့် အင်ပါယာ အစောင့်အရှောက်ကို ဒီကိစ္စ ကို ဖြေရှင်းပေးဖို့

သွားပြောရပါတော့မယ်။ တကယ်လို့ ဒီသတင်းသာ ပြန့်နှံ့သွားခဲ့မယ် ဆိုယင် သူတို့ရဲ့ ဂုဏ်သိက္ခာက ဘယ်လိုလုပ်ပြီးတော့ ကျန်ရစ်နေတော့မှာလဲ?

``မင်းတို့က ငါတို့ရဲ့ ဂုဏ်သိက္ခာက ဒီလိုအခြေအနေမျိုးမှာ ဆက်ပြီးတော့ ကူညီထောက်ပံ့ပေးနိုင်မယ်လို့ ထင်နေကြတာလား?``

ယန်ထျန်းဒူက နှာခေါင်းရှုံ့လိုက်ပါတယ်။

ကျန်တဲ့အားလုံး ချက်ချင်းပဲ တိတ်ဆိတ်ငြိမ်သက်ကုန်ပါတယ်။ ဒါမှန်ပါတယ်။ လက်ရှိ လင်းဟာန်က သူ့ရဲ့ ဖျက်ဆီးခြင်းမှာ အရမ်းကို ကျေနပ်ပျော်ရွှင်အားရနေပြီး သူတို့ကတော့ အကူအညီမဲ့စွာနဲ့ ရပ်ကြည့်နေယုံပဲ တတ်နိုင်ပါတယ်။ တကယ်လို့ အခြေအနေက ဆက်ပြီးတော့ ဖြစ်နေဦးမယ်ဆိုယင် ဒီအရာတွေက ဂုဏ်ယူရဦးမှာလား?

``ကျုပ်သွားမယ်``

လုယွဲ့ က အံကြိတ်ပြီးတော့ ဒီတာဝန်ကို လက်ခံလိုက်ပါတယ်။ သူက တကယ်ပဲ လင်းဟာန် က သူ့ရဲ့

လမ်းကြောင်းတစ်လျှောက်မှာ မြင်မြင်သမျှကို အကြီးအကျယ် ဖျက်ဆီးနေတာကို အကူအညီမဲ့စွာနဲ့ ရပ်ပြီးတော့ ကြည့်မနေနိုင်တော့ပါဘူး။ ဒါကြောင့် သူထွက်သွားတာက ကောင်းပါလိမ့်မယ်။ သူမျက်လုံးနဲ့ ဘာမှမမြင်ရလေ သူ့ရဲ့ နှလုံးသား လည်း သိပ်ပြီးတော့ မတင်းကျပ်တော့ပါဘူး။

``ဒါဆိုယင် အကြီးအကဲလု ပဲသွားလိုက်ပါ``

ယန်ထျန်းဒူ က ပြောလိုက်ပါတယ်။

လုယွဲ့ ကထွက်ခွာသွားခဲ့ပါတယ်။ အခု ဒီအခြေအနေကိုရောက်မှတော့ မြေနဲ့ရေ အဖွဲ့အစည်းက လူတွေက သူတို့အနေနဲ့ အင်ပါယာအစောင့်အရှောက်တွေ ရောက်လာ ပြီးတော့ လင်းဟာန်ကို ရင်ဆိုင်ဖို့ကို စောင့်နေဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ တစ်ခု သိထားရမှာက အင်ပါယာမှာ သူ့ရဲ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ လူပုံအလယ်မှာ တစ်ခြားလူတစ်ယောက်ရဲ့ အိမ်တော်ကို ဖျက်ဆီးတာက တကယ့်ကို ပြင်းထန်တဲ့ ပြစ်မှုတစ်ခုလည်းဖြစ်ပါတယ်။

နာရီဝက်ခန့်အကြာမှာတော့ လုယွဲ့ က အင်ပါယာ

အစောင့်အရှောက် တော်တော် များများ ကိုခေါ် လာခဲ့ပါတယ်။ သူတို့က အရမ်းကို များပြားတဲ့ အုပ်စုမဟုတ်ပေမဲ့လည်း သူတို့ကို ဦးဆောင်လာတဲ့ သူက နွေဦးစမ်းရေ အဆင့် တစ်ယောက်က ဦးဆောင်လာ ပြီးတော့ သူတို့ရဲ့ အစစ်အမှန်နောက်ခံ က အင်ပါယာအစောင့်အရှောက်တွေပဲ ဖြစ်ပါတယ်။ ကွမ်းယွမ်နဲ့ သူရဲ့ အုပ်စုက အင်ပါယာ အစောင့်အရှောက်တွေကို ဆန့်ကျင် ရဲမှာလား?

တကယ်လို့ သူတို့ လှုပ်ရှားပုံ့တယ်ဆိုယင် ဒါက အင်ပါယာနဲ့ ရန်သူဖြစ်လာတယ်လို့ ဆိုလိုပြီးတော့ အကြီးစား နိုင်ငံတော် သစ္စာဖောက်မှုကြီးတစ်ခုလို့ ပြောနိုင်ပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းက လူတွေက ဒီတစ်ကြိမ်လောက် အင်ပါယာအစောင့် အရှောက် တွေကို မြင်လိုက်ရတဲ့ အခါမှာ ပျော်ရွှင်ကျေနပ်သွားတာမျိုး မကြုံဖူးပါဘူး။ သူတို့ရဲ့ မျက်လုံးတွေက နီရဲနေပြီးတော့ စိတ်လှုပ်ရှားစွာနဲ့ သူတို့ကို လက်ခံကြိုဆိုနေ ကြ ပါတယ်။ သူတို့ရဲ့ နှုတ်ဆက်မှုက ဖော်ရွေနွေးထွေးပြီးတော့ အင်ပါယာ အစောင့် အရှောက် တွေကိုတောင်မှ အံ့အားသင့်သွားစေခဲ့ပါတယ်။ ဒီလူတွေက ပြုံးရွှင်နေပြီး တော့ ထိတ်လန့်စရာတော့ကောင်းပါတယ်။ ငါတို့အားလုံးက ယောက်ျားတွေ လေ။ ဘာဖြစ်လို့ မင်းက ငါ့လက်ကို ကိုင်ထားပြီးတော့ မလွှတ်ပဲထားတာလဲ? မင်းက

ငါ့ကို စိတ်ဂင်စားနေတာတော့ မဖြစ်နိုင်လောက်ပါဘူးနော်?

``ကျောက်ခေါင်းဆောင်``

ယန်ထျန်းဒူ က အင်ပါယာအစောင့်အရှောက်ရဲ့ သာမာန် ခေါင်းဆောင် တစ်ယောက်ကို နှုတ်ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီနေရာမှာ ရှူးနေတဲ့ လူတစ်ယောက်က ငါ့ရဲ့ နေရာကို ကြီးကြီးမားမားဖျက်ဆီးမှု တွေ လုပ်နေပြီးတော့ အင်ပါယာ ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို တောင်မှ ဂရုမစိုက်ပါဘူး.. ကျေးဇူးပြုပြီးတော့ သူ့ကို ဖမ်းခေါ်သွားပြီးတော့ ဥပဒေနဲ့ အညီ အပြစ်ပေးပေးပါ``

ကျောက်ခေါင်းဆောင်က သူ့ကို ထူးဆန်းစွာနဲ့ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

``ခင်ဗျားရဲ့ စွမ်းရည်နဲ့ တောင်မှ ဒီ ရှူးနေတဲ့ လူကို ဖမ်းဆီးဖို့ မတတ်နိုင်ဘူးလား ဆရာယန်?``

ယန်ထျန်းဒူက တည်ငြိမ်အေးဆေးစွာနဲ့ ပြောလိုက်တဲ့ အချိန်အတွင်းမှာ မြေနဲ့ရေ အဖွဲ့အစည်းက

အဖွဲ့သားတွေအားလုံးက အားမာန်အပြည့်နဲ့ ပုံစံဖြစ်သွားပါတယ်။

``ကျုပ်တို့က ဥပဒေကို လိုက်နာလေးစားကြတဲ့ ကောင်းမွန်တဲ့ နိုင်ငံသားတွေပါ.. ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ကျုပ်တို့က လွယ်လွယ်ကူကူနဲ့ နောက်ဆုံး တိုက်ကွက် တွေကို ထုတ်သုံးလို့ရမှာလဲ?ကျုပ်တို့ရဲ့ ပထမဆုံး တုံ့ပြန်မှုက ကျောက်ခေါင်းဆောင် ကို သတင်းပို့ပြီးတော့အင်ပါယာ အစောင့်အရှောက်တွေက ရာဇဝတ်သားကို ဖမ်းဆီးစေချင်တာပါ.. ဒါမှ ကျုပ်တို့ နိုင်ငံရဲ့ ဥပဒေကို လေးစားလိုက်နာရာ ကျသွားမှာပေါ့``

ဘယ်လောက်တောင် နားထောင်လို့ ကောင်းလိုက်တဲ့ စကားလုံးတွေလဲ။

ကျောက်ခေါင်းဆောင် ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။ သူက မြေနဲ့ရေ အဖွဲ့အစည်းက ဘယ်လို အမူအကျင့်ရှိတယ်ဆိုတာကို ကောင်းကောင်းသိထားသူတစ်ယောက်ဖြစ် ပါတယ်။ ယန်ထျန်းဒူ က သူကိုယ်သူ နိုင်ငံ့သားကောင်း တစ်ယောက်လို့ ခေါ် လိုက် တာကို ကြားလိုက်ရတဲ့ခါမှာ သူက

ရုတ်တရက် ဆွဲကိုင်ပြီး လွှင့်ပစ်လိုက်ချင်တဲ့ စိတ် ပေါ်လာခဲ့ပါတယ်။ ကျေးဇူးတင်ရမှာက သူက ဒေါသကို ပြန်ဖိနှိပ်ပစ်လိုက်နိုင်ပါတယ်။ အဲဒီလိုမှမဟုတ်ပဲ သူက တကယ်ပဲ ယန်ထျန်းဒူကို ဆွဲကိုင်လွှင့်ပစ်မယ်ဆိုယင် သူလို အင်ပါယာအ စောင့်အရှောက်ရဲ့ သာမာန် ခေါင်းဆောင်တစ်ယောက်က ဘယ်လိုလုပ်ပီး တော့ လွယ်လွယ်ကူကူနဲ့ ဖြေရှင်းချက် ပေးနိုင်မှာလဲ။

``ဟားဟားဟား.. ခေါင်းဆောင်ယန် ရဲ့ သည်းခံနိုင်မှုက တကယ့်ကို အထင်ကြီးစရာ ကောင်းပါတယ်.. လိပ်လိုခေါ်တဲ့ တိရိစ္ဆာန် တစ်ကောင်ရဲ့ စဉ်းစားတွေးတောမှုကို ကျုပ် လုပ်မိသွားတယ်``

ကွမ်းယွမ်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။

``တကယ်လို့ တစ်နေ့မှာ ခေါင်းဆောင် ယန်က အိမ်ကိုပြန်တဲ့အခါ တဏှာရူး တစ်ကောင် က ခင်ဗျားရဲ့ ချောမောလှပတဲ့ ကိုယ်လုပ်တော်အနည်းငယ်ကို မုဒိန်းကျင့် ဖို့ ကြိုးစားနေတာကို မြင်တဲ့အခါ ခေါင်းဆောင်ယန်က အင်ပါယာရဲ့ ဥပဒေ အတိုင်း သည်းခံ ပြီးတော့ အင်ပါယာအစောင့်အရှောက်တွေကို ပထမဆုံး သတင်းသွားပို့မှာလား?``

``ဟုတ်တာပေါ့``

သီးသန့်ကျင့်ကြံသူ တစ်ယောက်ကလဲ ရီမောလိုက်ပါတယ်။

``ဒါပေမဲ့ ဒါက တကယ့်ကိုပဲ လင်ငယ် ယူတာနဲ့ မတူဘူးလား?``

``ဘယ်သူသိမှာလဲ.. ဆရာယန်က ဒီနှစ်တွေအတွင်းမှာ ကလေးတစ်ယောက်မှ မရခဲ့ဘူး.. ဒါကြောင့် လင်ငယ် ပေးထားလိုက်ပီးတော့ ပျော်ရွှင်တဲ့ အဖေ တစ်ယောက် ဖြစ်ချင်နေတာလားမှမသိတာ?``

``ဟားဟားဟား``

သီးသန့်ကျင့်ကြံသူတွေက လေးစားမှုမရှိတဲ့ နေရာမှာတော့ နံပါတ်တစ်ပါပဲ.. ဒါကြောင့် သူတို့က ဟောင်ဖွာ ဟောင်ဖွာနဲ့ ပြောပြီး ရီမောနေကြပါတယ်။

ယန်ထျန်းဒူက ဒေါသထွက်လွန်းလို့ တုန်ယင်နေပါတယ်။ ဒါပေမဲ့ သူက ဘာကိုမှ မကြား ချင်ယောင်ဆောင်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျောက်ခေါင်းဆောင်.. ကျေးဇူးပြုပြီးတော့ တရားမျှတအောင် လုပ်ပေးပါ``

``ကောင်းပီ``

ကျောက်ခေါင်းဆောင်က သဘောတူလိုက်ပါတယ်။ ဒါက သူ့ရဲ့ တာဝန် အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။

``အရှုံးကောင်က ဘယ်မှာလဲ?``

``အဲဒီမှာပါ``

ယန်ထျန်းဒူ က ဖုန်မှုန်တွေ မီးခိုးတွေနဲ့ ပျံ့လွင့်နေတဲ့ နေရာတစ်ခုကို ညွှန်ပြလိုက်ပါတယ်။ လက်ရှိမှာ လင်းဟန်က အဲဒီနေရာမှာ ဖျက်ဆီးမှုတွေ လုပ်နေတာ သိသာထင်ရှားပါတယ်။

ကျောက်ခေါင်းဆောင်က သူ့ရဲ့ လက်ကိုဝှေ့ပြီးတော့ သူ့လူတွေကို ခေါ်လိုက်ပါတယ်။ တစ်ခဏအကြာမှာတော့ သူက လင်းဟန်နဲ့ ဟူးညီတို့က သူတို့ရဲ့ အကြီးအကျယ် ဖျက်ဆီးနေခြင်းအပေါ်မှာ ပျော်ရွှင်ကျေနပ်

ပီတိဖြစ်နေကြတာကို မြင်သွားပါတယ်။ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ နှလုံးသား တုန်လှုပ်သွားခဲ့ပါတယ်။

သူက လင်းဟန်ရဲ့ ပန်းချီပုံကို အယင်က မြင်ဖူးခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ အထက်လူကြီး ဆီကနေ တင်းကျပ်တဲ့ အမိန့်တစ်ခုလည်းရထားပါတယ်။ လင်းဟန်က ခွင့်မလွှတ်နိုင်တဲ့ လူသတ်ခြင်းလို အမှု မျိုးကို မလုပ်မခြင်း ဘာပြဿနာပဲ သူကလုပ်ခဲ့လုပ်ခဲ့ အင်ပါယာ အစောင့်အရှောက်တွေအနေနဲ့ ကန်းနေသလိုမျိုး မမြင်ချင်ဆောင်ဆောင်ရမယ်။ ပြီးတော့ တကယ်လို့ သူက တစ်ခြားအွန္တရာယ်နဲ့ ကြုံတွေ့နေခဲ့ယင် သူတို့ကတောင်မှ သူ့ကို ကူညီပေးရပါလိမ့်မယ်။

``ကျောက်ခေါင်းဆောင်.. ကျေးဇူးပြုပြီးတော့ အကြီးအကျယ် ဆုံးရှုံးနစ်နာမှုကို ရှောင်ရှားဖို့အတွက် အလျင်အမြန်လှုပ်ရှားပေးပါ``

ယန်ထျန်းဒူက ဘေးကနေ ပြောလိုက်ပါတယ်။ ကျောက်ခေါင်းဆောင်က ရုတ်တရက် ဆိုသလို လှုပ်ရှားမှုမရှိတော့တာကို မြင်လိုက်ရလို့ဖြစ်ပါတယ်။

ကျောက်ခေါင်းဆောင်က သက်ပြင်းတစ်ချက်

ချလိုက်ပီးတော့ သူရဲ့ခေါင်းကို ခါ ပြီး ပြောလိုက်ပါတယ်။

``ကျုပ်မှာ ဒီကိစ္စနဲ့ပတ်သတ်ပြီးတော့ ရင်ဆိုင်ဖို့ စွမ်းရည်မရှိဘူး``

``ဘာ``

ယန်ထျန်းဒူ က ချက်ချင်းပဲ ဒေါသထွက်သွားပါတယ်။ အင်ပါယာအစောင့်အရှောက် တွေတောင်မှ ဒါကို ရင်ဆိုင်နိုင်စွမ်းမရှိဘူး.. မင်းက ငါ့ကို သဗ္ဗတ်အူလို အရှုပ်အထွေး တွေဖြစ်အောင်လုပ်နေတာလား?

``ဆရာယန်.. ခင်ဗျားကိုယ်ပိုင်ပဲ လုပ်ပါ``

ကျောက်ခေါင်းဆောင်က အဓိပ္ပါယ်ပြည့်ဝတဲ့ အပြုံးတစ်ခု ပြုံးပြလိုက်ပါတယ်။

``ထပ်ပြီးတော့ဆရာယန်ကို ကျုပ် သတိပေးစကားတစ်ခု ပေးပါရစေ.. ခင်ဗျားက ဒီလူကို လုံး၀ ဒဏ်ရာအနာတရ ဖြစ်အောင်လုပ်လို့မရဘူး.. အဲဒီလိုမှမဟုတ်ဘူး ဆိုယင် တော့ ကျုပ်တို့မှာ ရွေးချယ်စရာမရှိတော့ဘူး... ခင်ဗျားကို ဖမ်းရပါလိမ့်မယ်``

လပြွတ်ပဲပေါ့။

လက်ရှိ ယန်ထျန်းဒူက အရမ်းကို စိတ်မချမ်းမသာ ဖြစ်သလို ခံစားနေရပါတယ်။ သူက အင်ပါယာအစောင့်အရှောက်တွေကို သူ့ကို ကူညီဖို့ ဖိတ်ခေါ်ခဲ့တာပါ။ ဒါပေမဲ့ သူတို့က တကယ်ပဲ တစ်ခြားတစ်ဖက်မှာရှိနေကြပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ သည်းညည်းခံနိုင်မှာလဲ?

ကျောက်ခေါင်းဆောင်က တစ်ခြားဘာမှမပြောတော့ပါဘူး။ သူ့ရဲ့လက်ကို ဝှေ့လိုက်တာနဲ့ အင်ပါယာအစောင့်အရှောက်တွေက တစ်ခြားတစ်ဖက်မှာ အားလုံးရပ်လိုက်ပီးတော့ ယန်ထျန်းဒူ ကို စောင့်ကြည့်နေတဲ့ ပုံစံမျိုးနဲ့ နေလိုက်ကြပါတယ်။

ရုတ်တရက်ဆိုသလိုပဲ မြေနဲ့ရေ အဖွဲ့အစည်းရဲ့အဖွဲ့သားတွေက ကျောက်ခေါင်းဆောင် နဲ့ သူ့ရဲ့ ဘိုးဘေးတွေအားလုံးကို ကျိန်ဆဲလိုက်ကြပါတယ်။

``ဒုန်း ဘုန်း ခွမ်း ဂလွမ်း``

တစ်ခြားတစ်ဖက်မှာတော့ လင်းဟန်နဲ့ ဟူးညီတို့က အကြီးအကျယ်ကို ဖျက်ဆီးမှုတွေ ဆက်ပြီးတော့ ဖြစ်ပေါ်စေနေတုန်းပဲ ဖြစ်ပါတယ်။ ဒါကိုကြည့်ရတာ သူတို့အနေနဲ့ မြေနဲ့ရေ အဖွဲ့အစည်းတစ်ခုလုံး မပျက်ဆီးသေးသရွေ့ ရပ်တန့်မဲ့ပုံမပေါ်ပါဘူး။

ယန်ထျန်းဒူက သူ့ရဲ့ မျက်လုံးတွေကို မှိတ် သူ့ရဲ့လက်တွေကို လက်သီးတင်းတင်းဆုပ် ပြီး သက်ပြင်းချက်လိုက်ပါတယ်။ သူ့ရဲ့ ခွန်အားကို အရမ်းအသုံးပြုတာကြောင့် သူ့ရဲ့ လက်တွေက အနည်းငယ်တုန်ခါနေပါတယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ မျက်လုံးတွေကို ရုတ်တရက်ဖွင့်လိုက်ပီးတော့ ပြောပါတယ်။

``သခင်လေးဟန်... လျော်ကြေးကိစ္စနဲ့ ပါတ်သတ်ပြီးတော့ ငါတို့တွေ ဆွေးနွေးကြ ရအောင်``

သူက မကျေမနပ်နဲ့ အလျော့ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တစ်ခြားနည်းလမ်းမရှိတော့ပါဘူး.. တကယ်လို့ စွမ်းအားခြင်း ထိပ်တိုက်ရင်ဆိုင်မယ် ဆိုယင်.. လင်းဟန်မှာ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် ခုနစ်ယောက်နဲ့ နွေဦးစမ်းရေအဆင့် သိုင်းပညာရှင် အယောက်တစ်ရာက

သူ့အနောက်မှာရှိနေပြီး တော့ ဒါက မြေနဲ့ရေ အဖွဲ့အစည်းတစ်ခုလုံးကို အမြစ်ပြုတ်အောင်လုပ်ဖို့ လုံလောက်ပါတယ်။ တကယ်လို့ သူတို့က တရားဝင်ဉပဒေနဲ့ ရင်ဆိုင်မယ်ဆိုယင် လင်းဟန်က ပိုပြီးတော့ တောင်မှ အံ့အားသင့်ဖို့ကောင်းပါတယ်။အင်ပါယာ အစောင့်အရှောက်တွေက သူ့ကို ရင်မဆိုင်ရဲတဲ့အပြင် သူ့ကိုတောင်မှ ကာကွယ်နေပါသေးတယ်။

ဒီလိုဆိုမှတော့ သူက ဘာလုပ်နိုင်ဦးမှာလဲ?

``ဟားဟားဟား``

ကွမ်းယွမ်နဲ့ သူ့ရဲ့အုပ်စုက ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။

``ခေါင်းဆောင်ယန်ရဲ့ လိပ်နတ်ဘုရားပညာက တကယ့်ကိုပဲ လုံးဝပြီးပြည့်စုံနေပြီပဲ.. ခင်ဗျားက အရမ်းကို လွယ်လွယ်ကူကူနဲ့ ချောမွေ့စွာ ပြန်ဆွဲယူနိုင်တာပဲ``

``ငါတကယ်ပဲ အထင်ကြီးမိပါတယ်``

``ဒီပညာကို ငါလုံးဝ သင်ယူနိုင်မှာမဟုတ်ပါဘူး``

အပိုင်း(၁၉၈) လျော်ကြေးကို သဘောတူတယ်။
ဒီလိုမျိုး လှောင်ပြောင် သရော်တာနဲ့ မျက်နှာခြင်းဆိုင်လိုက်ရတဲ့အခါမှာတော့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေက ဒီလိုမျိုးစော်ကားတာတွေကို တိတ်ဆိတ်ငြိမ်သက် စွာ နဲ့ ဟန်ဆောင်နေတာက သူတို့ရဲ့မျက်နှာကို ရိုက်ခွင့်ပြုနေတဲ့ပုံစံမျိုးပါပဲ။

လင်းဟန်က ရပ်တန့်ပြီးတော့ ယန်ထျန်းဒူ ကိုကြည့်ပြီးတော့ ရီမောလိုက်ပါတယ်။

``ခေါင်းဆောင်ယန်.. ကျုပ်ကို လျော်ကြေးပေးဖို့ ဘယ်လိုများ စီစဉ်ထားသလဲ?``

ယန်ထျန်းဒူက အံ့ကြိတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီအခြေအနေကို လက်ခံနိုင်အောင်လို့ သူ့ကိုသူ တွန်းအားပေးပြီးတော့ စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

``ငွေပြား တစ်သိန်း``

ဒီစကားကိုပြောလိုက်တာက သူ့မျက်နှာ မီးဟပ်သွားသလိုမျိုး

ဒါမှမဟုတ် တစ်စုံတစ်ယောက်က သူကို ကြမ်းကြမ်းတမ်းတမ်း ပါးရိုက်လိုက်သမျိုး ခံစားလိုက်ရပါတယ်။

သူက အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ဖြစ်ပြီးတော့ လေးစားအားကျရတဲ့ စိတ်ဂိဉာဉ် ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် မျှသာ ရှိသေးတဲ့ လူငယ်လေးတစ်ယောက်ကို သူ့ရဲ့ခေါင်းကို နှိမ့်ချပြီး ပြောဆိုရလိမ့်မယ်လို့ ဘယ်သူကများ တွေးမိကြမှာလဲ.. ဒါက တကယ့်ကိုကြီးမားစွာ အရှက်ကွဲခြင်းပဲဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ခေါင်းဆောင်ယန်.. ခင်ဗျားကတော်တော်များ ဆင်းရဲနေသလား? မြေနဲ့ရေ အဖွဲ့အစည်း ရဲ့ လွှမ်းမိုးနိုင်မှုနဲ့ စွမ်းအားကို အခြေခံပြီးတော့ ခင်ဗျားက ငွေပြား သန်း အချို့ကိုတော့ ထုတ်ပေးသင့်တာပေါ့ မဟုတ်ဘူးလား?``

ယန်ထျန်းဒူ က လဲကျလုမတတ်ဖြစ်သွားပါတယ် ငွေပြားသန်းအချို့ဟုတ်လား.. ဘာကြောင့် မင်းက

ဓါးပြသွားမတိုက်တာလဲ.. မြေနဲ့ရေ အဖွဲ့အစည်းက အလယ်အလတ်အဆင့် ကလန် တစ်ခု နဲ့ ညီမျှပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ညစ်ပတ် ဆိုးရွားတဲ့ အလုပ်တွေ လုပ်ဖို့ ဆန္ဒရှိပြီးတော့ သူတို့ရဲ့ ဂင်ငွေက အလယ်အလတ်အဆင့် ကလန် တစ်ခု ထက်တောင်မှ သာလွန်ပါတယ်။

လင်းဟန် က ငွေပြားသန်းအချို့ကို တောင်းဆိုနေတာ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့နေနိုင်မှာလဲ? တကယ်လို့ မြေနဲ့ရေ အဖွဲ့အစည်းတစ်ခုလုံးကို ရောင်းချပစ်မယ်ဆိုယင်တောင်မှ သူ့အနေနဲ့ ဒီလောက်ပမာဏရှိတဲ့ ငွေ တွေကို ရနိုင်မှာ မဟုတ်လောက်ပါဘူး။

``မဖြစ်နိုင်ဘူး``

သူက ပြတ်ပြတ်သားသားနဲ့ ပြောလိုက်ပါတယ်။ တကယ်တော့ ရိုးရိုးသားသား ဂန်ခံရမယ် ဆိုယင် ငွေပြားတစ်သိန်းက သူ့ရဲ့ နှလုံးသားကိုတောင်မှ နာကျင်စေပါတယ်။ တကယ်လို့ တခြားနည်းလမ်းမှ မရှိတော့တာ.. ဘယ်လိုလုပ်ပြီးတော့ သူက တာဂန်ယူနိုင်မှာလဲ?

လင်းဟန်က သူ့ရဲ့လက်တွေကို ဆုပ်ကိုင်ပြီးပြောလိုက်ပါတယ်။

``ဘာပဲဖြစ်ဖြစ် ကျုပ်မှာ ဒီမှာထိုင်ပြီးတော့ လက်ဘက်ရည်သောက်ဖို့ အချိန်တွေ အများကြီးရှိတယ်။ ဖျော်ဖြေတင်ဆက်မှုကိုကြည့်ပြီးတော့ ခေါင်းဆောင်ယန်ရဲ့ သဘောထား ပြောင်းလဲချိန်ကို စောင့်နေပါ့မယ်``

``ဘန်းဘ န်း ဘန်း``

ဟူးညိုက တော့ ဆက်ပြီးတော့ ဖျက်ဆီးနေဆဲပါပဲ။ ဒီမိန်းကလေးငယ်လေးက လူသား အယောင်ဆောင်ထားတဲ့ မွန်းစတားတစ်ကောင်ပါပဲ။ သူမက နံရံတွေကို တစ်ခုပြီး တစ်ခု ပြေးဂင်ဆောင့် ပြီး တစ်ခုပြီးတစ်ခု လဲကျအောင်လို့ လုပ်နေစေကာမူ သူမက တော့ မထိမခိုက် မပွန်းမပဲ့ပဲနဲ့ ကြီးကြီးမားမားကို ပျော်ရွှင်ကျေနပ် မြူးတူးလို့ နေပါတယ်။

တကယ်လို့ ဒါက အစောပိုင်းတုန်းကသာဆိုယင် ယန်ထျန်းဒူက ဟူးညိုကို ရိုက်ချ လိုက်ပါပြီ.. ဒါပေမဲ့ အခု အင်ပါယာအစောင့်အရှောက်တွေရဲ့ အပြုအမူကိုကြည့်ပြီးတော့ သူ့အနေနဲ့ လင်းဟန်မှာ

မယုံနိုင်စရာကောင်းတဲ့ ထိတ်လန့်ဖွယ်ရာ နောက်ခံ အင်အား တစ်ခု ရှိတယ်ဆိုတာကို သိနားလည်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက ဒီစော်ကားမှုကို ခါးသီးစွာနဲ့ မြိုသိပ်ထားနိုင်ရပါလိမ့်မယ်``

သူက ဒီအခြေအနေတွေကို အသေးစိတ်နားမလည်သေးတဲ့ သူလူတွေကို ပေ့ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေးဟန်.. ဒီအုပ်စုက ဘယ်ဆိုင်တွေက မင်းပိုင်ဆိုင်တယ်ဆိုတာကို မသိပါဘူး။ ဒါကြောင့်လဲ အပြစ်ရှိပြီး လိပ်ပြာမလုံ တာကို နားမလည်ပါဘူး။ ငါတို့က လျော်ကြေးအပြည့်အဝ ပေးချေဖို့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ကျေးဇူးပြုပြီးတော့ သခင်လေး ဟန်က သဘောထားကြီးစွာနဲ့ နားလည်ခွင့်လွှတ်ပေးပါ``

မြေနဲ့ရေ အဖွဲ့အစည်းက က ရမ်းကားဖျက်ဆီးတတ်ပေမဲ့ ဒီလိုမျိုး တစ်စုံတစ်ယောက်က လာပြီးတော့ သင်ခန်းစာပေး စော်ကားတာကို လက်ခံရအောင်တော့ သူမလုပ်နိုင်ပါဘူး။ ဒါပေ့ါ.. သူက ချန်းယွင်ချင်း ကိုလဲ ပေးဖို့လိုပါသေးတယ်။ ချန်းမိသားစု က ဒီပြဿနာကို အစလုပ် ဖြစ်ပွားစေခဲ့တာပါ။

မြေနဲ့ရေ အဖွဲ့ရဲ့ တပည့်တွေအားလုံးပဲ

စိတ်ပျက်လက်ပျက်ဖြစ်ပြီး ဒေါသထွက်နေတဲ့ အမူအရာတွေဖြစ်ပေါ်နေပါတယ်၊ဒါပေမဲ့ လင်းဟန်ရဲ့ လွှမ်းမိုးမှုကြောင့် စကားတစ်ခွန်း မှ မပြောဆိုပံ့ကြပါဘူး။ ဒီနေ့က သူတို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ အရှက်ရဆုံး နေ့ တစ်ရက်ဖြစ်တယ်လို့ ခံစားနေကြရပါတယ်။

လင်းဟန်က သူတို့ကို တစ်ချက် ပှေ့ကြည့်ပီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားလူတွေက ဒါကို လက်ခံဖို့ ငြင်းဆိုတာလား? ခင်ဗျားလူတွေက ဘာဖြစ်လို့ မနေ့က မတုန်မလှုပ်နဲ့ ကျုပ်ရဲ့ ပိုင်ဆိုင်မှုနေရာတွေမှာ လာပြီးတော့ ပြဿနာ စ ရတာလဲ? ဒါပေမဲ့ ခေါင်းဆောင်ယန်က အပေးအယူလုပ်ဖို့ ဆန္ဒရှိတယ်ဆိုမှတော့ ကျုပ်က အခွင့်အရေးတစ်ခု ပေးလိုက်ပါမယ်။ ပထမဆုံး ငွေပြား တစ်သိန်းကို အယင် ပေးပါ.. ပြီးတော့ ချန်းမိသားစုရဲ့ဆိုင်တွေကို နေ့တိုင်း မျက်ရည်ကျအောင်လို့ လုပ်ရမယ်```

ယန်ထျန်းဒူ က ကျောက်ခေါင်းဆောင်ကို ကြည့်ပီးတော့ ပြောလိုက်ပါတယ်။

``ကျုပ်တို့က ဥပဒေကို လိုက်နာပြီးတော့ တရားမျှတမှုကို

လေးစား.....``

``အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့``

လင်းဟန်က သူ့ရဲ့လက်ကို ခါပြီးတော့ ကြားဂင်ဖြတ်ပြောလိုက်ပါတယ်။

``ကျုပ်ဒီနေရာမှာ အချိန်တော်တော်ကြာအောင် နေရလဲ ကိစ္စမရှိဘူးနော်``

ယန်ထျန်းဒူ က စော်ကားအရှက်ခွဲခံရတာကို ကြည့်ပြီးတော့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ တပည့်တွေက ဒေါသတွေထွက်ပြီး စိတ်မသက်မသာခံစားနေရပြီးတော့ လင်းဟန်ကို ပြေးပြီး အပိုင်းပိုင်းအစစ ဖြစ်အောင် လုပ်ပစ်လိုက်ချင်စိတ်တွေ တဖွားဖွားပေါ် လာခဲ့ပါတယ်။ဒါပေမဲ့ အင်ပါယာ အစောင့်အရှောက်တွေ ရဲ့ အကြည့်စိမ်းစိမ်းတွေကြောင့် သူတို့ရဲ့ စိတ်ကူးတွေကို စွန့်လွှတ်လိုက်ရပါတယ်။

``ကောင်းပြီ``

ယန်ထျန်းဒူ က မတတ်နိုင်တော့ပဲ အံ့ကြိတ်ပြီးတော့ ဒီပြဿနာကို မြန်မြန် ဖြေရှင်း ပြီးသွားအောင်လို့

သဘောတူလိုက်ပါတယ်။

သူ့ရဲ့လက်ကိုပွေ့လိုက်ပီးတော့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ လူတစ်ယောက်က သေတ္တာ တစ်လုံးကို သယ်လာခဲ့ပါတယ်။ အဲဒါကို လက်ခံပြီး သူက လင်းဟန်ဆီကို ပစ်ပေးလိုက်ပါတယ်။

လင်းဟန်က ဖွင့်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ငွေလွှဲစာရွက်ဆယ်ရွက်ကို တွေ့လိုက် ရပါတယ်။ သူက ပြုံးပြီးတော့ ကျောက်ခေါင်းဆောင်အရှေ့ကိုသွားပြီး ငွေလွှဲစာရွက်တွေ ကို ပေးပြီး ပြောလိုက်ပါတယ်။

``ကျောက်ခေါင်းဆောင်.. ဒါက ဒီနေ့ ဖြစ်ပျက်သွားတဲ့ ပြဿနာ သေးသေးလေးအတွက် အပင်ပန်းခံပြီးလာရတဲ့အတွက် တောင်းပန်တဲ့ အနေနဲ့ ပေးတဲ့ လက်ဆောင်ပါ.. ဒါနဲ့ ကျောက်ခေါင်းဆောင်တို့ အဖွဲ့ ကောင်းကောင်း စားသောက်ပြီးတော့ အနားယူလိုက်ပါ``

ဒီကောင်က တကယ့်ကို ရက်ရောတာပဲ.. ဒါက ငွေပြားတစ်သိန်းပါ အိမ်သာသုံး စက္ကူ အစုတ်တွေမဟုတ်ပါဘူး။

ကျောက်ခေါင်းဆောင် က အတင်းအကျပ် ငြင်းဆန်လိုက်ပြီးတော့ ပြောပါတယ်။

``မလိုပါဘူး မလိုပါဘူး.. နိုင်ငံသားတွေရဲ့ လုံခြုံမှုကို ကာကွယ်ပေးဖို့က ကျုပ်တို့ အင်ပါယာအစောင့်အရှောက်တွေ အနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အရာပဲ ဖြစ်ပါတယ်``

ဒီစကားလုံးတွေကို ကြားလိုက်ရတဲ့အခါမှာတော့ မြေနဲ့ရေ အဖွဲ့အစည်းရဲ့ တပည့်တွေက တစ်စုံတစ်ယောက်ကို ရိုက်နက်ပစ်ချင်စိတ်ပေါက်ကုန်ပါတယ်။ မင်းက လင်းဟန် ပြင်းပြင်းထန်ထန် ရမ်းကားတုန်းက တော့ ဘာဖြစ်လို့ နည်းနည်းလေးမှတောင် မပြောရတာလဲ? ဒါက အရမ်းကို လွန်သွားပါပြီ။

``ဒါကိုယူလိုက်.. ငါမင်းတို့ကို စိတ်အနှောက်အယှက် မဖြစ်စေချင်ဘူး``

လင်းဟန်က ငွေလွှဲစာရွက်တွေကို သူ့ဆီကို ပစ်ပေးလိုက်ပါတယ်။ သူ့အတါက် ကတော့ ငွေပြား တစ်သိန်း ဆိုတာက မပြောပလောက်ပါဘူး။ ဒ့ါအပြင် ဒီငွေတွေက မြေနဲ့ရေ အဖွဲ့အစည်းက မတရားသဖြင့် စုဆောင်းထားတဲ့ ငွေတွေ ဖြစ်ပြီးတော့ သူ့အနေနဲ့ အသုံးမပြုချင်ပါဘူး။

ကျောက်ခေါင်းဆောင်က ငွေလွှဲစာရွက်တွေကို သိမ်းလိုက်ပြီးတော့ လင်းဟန်ကို ကြည်ညိုလေးစားမှုအပြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူက ဒီငွေတစ်သိန်းကို သူ့အတွက် အားလုံး ယူဖို့ မစဉ်းစားပဲနဲ့ ပြန်ရောက်တဲ့အခါမှာ သူ့လူတွေကိုခွဲဝေပေးပြီးတော့ သူက တစ်သောင်းလောက်ပဲ ယူယင်တောင်မှ ဒါက တကယ့်ကို များပြားတဲ့ ပမာဏကို လွယ်လွယ်ကူကူနဲ့ ရရှိတာပဲဖြစ်ပါတယ်။

ယန်ထျန်းဒူ ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။ ဒါက သူ့ရဲ့ ငွေတွေပါ.. ဒါပေမဲ့ လင်းဟန်က ရက်ရောချင်ယောင်ဆောင်ပြီးတော့ အသုံးပြုသွားခဲ့ပြီး သူက နည်းနည်းလေးမှတောင် ကျေးဇူးအတင်မခံရပါဘူး။

``သခင်လေးဟန်.. အခု မင်းကျေနပ်ပြီမဟုတ်လား ?``

သူက အလွန်အမင်း အရှက်ခွဲစော်ကားတာကို သည်းခံနေရတဲ့အတွက် သူ့ရဲ့ ခေါင်းထက်က သွေးကြောတွေက ပေါက်ထွက်တော့မဲ့အတိုင်း ဖြစ်နေပါတယ်။

``ဟီးဟီး``

လင်းဟန်က ပေ့ါပါးစွာရီပြီးတော့ ပြောလိုက်ပါတယ်။

``ခေါင်းဆောင်ယန်.. ကျုပ်ရဲ့ အစောတုန်းက တောင်းဆိုချက်ကို မမေ့လိုက်ပါနဲ့.. တကယ်လို့ ကျုပ် က ချန်းမိသားစုရဲ့ ဆိုင်တွေ ဆက်ပြီး ဖွင့်နေတာကို မြင်ရဦးမယ် ဆိုယင် ဒီသူငယ်ချင်းတွေကို ထပ်ခေါ်လာပြီးတော့ လာဘက်ရည် လာသောက်ပါဦးမယ်``

``ကျုပ် သခင်လေးဟန်ကို စိတ်မပျက်စေရပါဘူး``

ယန်ထျန်းဒူ က ညည်းငြူပြီးပြောလိုက်ပါတယ်။

``အခု ဒီမိန်းကလေးကို မင်း ရပ်ခိုင်းလို့ ရပီ``

သူက ဟူးညို ကို ညွှန်ပြလိုက်ပါတယ်။ လင်းဟန်က ရပ်တန့်လိုက်ပေမဲ့ ဒီမိန်းကလေးက တော့ မရပ်သေးပါဘူး ပြီးသူမက နံ့ရုံတစ်ခုပြီးတစ်ခုကို လဲပြိုအောင်လုပ်နေပါ သေးတယ်။ ပြီးတော့ နံ့ရုံတစ်ခုလဲသွားတိုင်း သူမက အရမ်းကို ကျေနပ်ပျော်ရွှင် စွာ နဲ့ ရီမောနေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ညီးညီး အိမ်ပြန်ချိန်ရောက်ပီ``

``ကျမ ဆက်ပြီးတော့ ကစားချင်သေးတယ်``

``အသားသွားစားကြမယ်လေ``

လင်းဟန်က မြူဆွယ်လိုက်ပါတယ်။

``အသား အသား အသား``

ဟူးညီုက ချက်ချင်းပဲ လင်းဟန်ရဲ့ လက်မောင်းကို မျောက်တစ်ကောင်လိုမျိုး တွဲခို လိုက်ပါတယ်။

``အားလုံးပဲ ငါတို့ နောက်တစ်ကြိမ် ပြန်ဆုံနိုင်ပါသေးတယ် ``

လင်းဟန် နှုတ်ဆက်ထွက်သွားလိုက်တာနဲ့ ကွမ်းယွမ်နဲ့ ကျန်တဲ့သူတွေက သူ့အနောက် ကနေ လိုက်သွားကြပါတယ်။ အင်ပါယာအ စောင့်အရှောက်တွေလဲ ပြန်ဆုတ်ခွာ သွား

ပြီးတဲ့နောက်မှာ မြေနဲ့ရေ အဖွဲ့အစည်းက လူတွေက သူတို့ရဲ့ ဌာနချုပ်တစ်ခုလုံး ဖျက်ဆီး ခံလိုက်ရတဲ့ မြင်ကွင်း ကြောင့် နာကျင်ပြီးတော့ မျက်ရည်တောင် ကျလုမတတ်ဖြစ်ကုန် ကြပါတယ်။

လင်းဟန်က ပထမ ကောင်းကင်စစ်ခန်းမကို သွားပြီးတော့ တောင်းဆိုချက်က ပြီးဆုံးပြီ ဆိုပြီးတော့ အသစ်တင်ဖို့နဲ့ သူတို့ရဲ့ လုပ်အားခတွေကို ပေးဖို့ သွားလိုက်ပါတယ်။

``သခင်လေးဟန် ကျေးဇူးတင်ပါတယ်``

``တကယ်လို့ မင်းမှာ ဒီလိုမျိုး နောက်ထပ် တာဝန်ရှိခဲ့ဦးမယ်ဆိုယင် ငါတို့ညီအစ်ကို တွေကို ခေါ်ဖို့ သတိရပါ``

လူတွေ တစ်ယောက်ပီး တစ်ယောက် သူကို ပြောနေကြပီးတော့ သူတို့က တိုက်ခိုက်ရုံ တိုက်ခိုက်ရပီး တစ်ခြား ထိခိုက်ပွန်းပဲ့တာမျိုး မရှိပဲ ငွေတစ်သောင်းရရှိသွားခဲ့ကြပါတယ်။

ဒီတာဝန်က လုံးဝကို ကောင်းမွန်တာပဲ။ သူတို့အယင်တုန်းက လက်ခံရရှိတဲ့ တာဝန် တွေက ခါးပြတိုက်ရတာမျိုး

လူတစ်ယောက်ကို သတ်ပစ်ရတာမျိုး စတဲ့ အန္တရာယ် တွေနဲ့ ပြည့်နေခဲ့ပြီးတော့ သူတို့တောင်မှ လွယ်လွယ်ကူကူနဲ့ သတ်ပစ်တာခံရနိုင် ပါတယ်။ သူတို့ရဲ့ အသက်တွေကို အသုံးပြုပြီးတော့ ငွေရှာနေရတာပါ။

စိတ်ဂိုဏ်းပင်လယ်အဆင့် ကျင့်ကြံသူတွေအားလုံးကတောင် လင်းဟာန်ကို ပြုံးနေပါတယ်။ ဒီလိုမျိုး ဘဏ္ဍာရေးတောင့်တင်းတဲ့ လင်းဟာန်လို လူမျိုးနဲ့ သူတို့က ခင်မင်ရင်းနှီးမှု လိုချင်ကြတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ စိတ်ဂိုဏ်းပင်လယ် အဆင့် သိုင်းသမားတစ်ယောက်ရဲ့ အဆင့်အတန်းကြောင့် အရမ်းကြီး အိုဗာတင်းဖျော်လို့ မဖြစ်ပါဘူး။

လူတိုင်းလူတိုင်း နှုတ်ဆက်ထွက်ခွာသွားပေမဲ့ ကွမ်းယွမ်ကတော့ သူရဲ့ ကျင့်ကြံခြင်း နဲ့ ပါတ်သတ်တဲ့ ပြဿနာ အကြောင်းကို လင်းဟာန်ကို တိုင်ပင်ဆွေးနွေးဖို့ ကျန်နေရစ်ခဲ့ ပါတယ်။

``ပြောပါ.. ငါမင်းကို ဘာလုပ်ပေးရမလဲ?``

ကွမ်းယွမ် ကပြောလိုက်ပါတယ်။ သူက လင်းဟာန်

ခန့်အပ်တာကို လက်ခံလိုက်တယ် ဆိုပေမဲ့ သူလည်း အခကြေးငွေ လက်ခံခဲ့ရပါတယ်။ ဒါကြောင့် ဒီ ကျင့်ကြံခြင်း ကို ဖြေရှင်းဖို့ အတွက် တစ်ခြားနည်းလမ်းတစ်ခု ရှာရမယ်ဆိုတာကို သူ့အနေနဲ့ သိပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့နောက်လိုက်အဖြစ် တစ်နှစ်လုပ်ရမယ်``

အပိုင်း(၁၉၉) ကွမ်းယွမ် အား ဖိနှိပ်ခြင်း

ကွမ်းယွမ် က ချက်ချင်းပဲ နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းလို ဒြပ်စင်စုစည်းခြင်းသိုင်းသမားတစ်ယောက်က ငါ့ကို မင်းရဲ့ နောက်လိုက် လုပ်ဖို့ ရိုင်းရိုင်းစိုင်းစိုင်း ပြောဝံ့တယ်ပေါ့လေ?``

သူက အံ့မခန်း စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်ပါတယ်။ ဒါက ဘယ်လိုမျိုး သဘောထားကြီးလဲ?

ဟုတ်ပါတယ် စိတ်ဂိဉာဉ်ပင်လယ်အဆင့်ရဲ့ အထက်မှာ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် ရှိပြီး အဲဒီအဆင့်က တော်ဝင်မိသားစုနဲ့ အင်အားကြီးကလန်ရှစ်ခုရဲ့မိသားစုတွေမှာပဲ ရှိတဲ့ အသန်မာဆုံးအဆင့်ပဲဖြစ်ပါတယ်။

နောက်တစ်မျိုးပြောမယ်ဆိုယင် မိုးရေနိုင်ငံမှာ ကွမ်းယွမ် ကို ကျော်ဖြတ်နိုင်တဲ့ သူက အယောက်ရာဂဏန်းမျှသာရှိပါတယ်။

မိုးရေနိုင်ငံရဲ့ လူဦးရေက သန်းတစ်ရာဂဏန်းကျင်ရှိပါတယ်။ သန်းတစ်ရာထဲကမှ ထိပ်ဆုံး အယောက်တစ်ရာအဆင့်ဆိုတာက တကယ့်ကို အံ့မခန်းမဟုတ်လား?

``လက်ရှိအနေအထားကိုပြောင်းလိုက်``

ကွမ်းယွမ် ကပြောလိုက်ပါတယ်။

``ဒါဆိုယင် ကျုပ်ရဲ့ ကိုယ်ရံတော်အဖြစ် တစ်နှစ်လုပ်ရမယ်``

လင်းဟန်က နောက်ထပ် ကမ်းလှမ်းချက်တစ်ခုကို

အဆင်သင့်ပြင်ထားခဲ့ပါတယ်။

ဒါက ဘာများကွာခြားသွားလို့လဲ?

ကွမ်းယွမ်က သူ့ရဲ့ မျက်လုံးတွေကို ပြူးကျယ်နေအောင် ဖွင့်လိုက်ပါတယ်။ သူက တစ်စုံတစ်ယောက်ကို ချပစ်ဖို့ နှိုးဆော်ခံလိုက်ရသလိုပါပဲ. ဒါပေမဲ့ လင်းဟန်မှာ ကြီးမားသော နေကောင်းကင်နှလုံးသား စာလိပ် ရဲ့ လျှို့ဝှက်ချက် ရှိနေပါသေးတယ်။ သူ့ရဲ့ စိတ်ကို ထိန်းချုပ်ပီးတော့ ပြောလိုက်ပါတယ်။

``နောက်တစ်ခုပြောင်းလိုက်``

``ပြောပါဦး...အစ်ကိုကြီး ကွမ်း.. ခင်ဗျားက အရမ်းကို ရွေးတာပဲ.. မဟုတ်သေးဘူး နောက်တစ်ခု မဟုတ်သေးဘူး နောက်တစ်ခု.. ဒါကိုမေ့လိုက်တော့.. ကျုပ် ရဲ့ အတွေး တွေကို ဒီအပေါ် မှာ အသုံးချဖို့ အရမ်းကို ပျင်းလာပြီ``

လင်းဟန်က ပခုံးတွန့်ပြီးတော့ ဟူးညိုလက်ကိုဆွဲပြီး ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

``ဟမ့်?``

ခြေနှစ်လှမ်းပဲ သူ လျှောက်ရပါသေးတယ်.. သူ့ရဲ့ ခေါင်းကိုလှည့်ပြီးတော့ သူက ကွမ်းယွမ်ကို ပြောလိုက်ပါတယ်။

``အစ်ကိုကြီး ကွမ်း.. ခင်ဗျား ဘာပြောချင်သေးလို့ ကျုပ်ရဲ့ အင်္ကျီအစားကို ဆွဲထားတာလဲ?``

``ဒီအရှင်က မင်းကို ဆွဲထားတယ်ဆိုတာကို ဘယ်မျက်စိနဲ့ မင်းက မြင်လို့လဲ?``

ကွမ်းယွမ် က လိမ်လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာအော်ရီပြီးတော့ ပြောလိုက်ပါတယ်။

``အစ်ကိုကြီးကွမ်း.. တကယ်လို့ ကျုပ်က ခင်ဗျားရဲ့ ကျင့်ကြံခြင်းနည်းစနစ်ကို မကူညီဖူး ဆိုယင် .. ခင်ဗျားက ကျုပ်ကို ထွက်သွားခွင့်ပြုပါ့မလား?``

``တကယ်လို့ မင်းထွက်သွားချင်ယင် သွားလိုက်လေ.. ဒီ အရှင်က ခါးပြမှမဟုတ်တာ ဘယ်လိုလုပ်ပြီးတော့ မင်းကို

ဒီမှာဆက်ပြီးနေဖို့ ဖိအားပေးနိုင်မှာလဲ?``

ကွမ်းယွမ်က ရှင်းရှင်းပြောရယင် တရားနည်းလမ်းတကျပြောလိုက်တာပါ.. ဒါပေမဲ့ သူ့ရဲ့ လက်တွေကတော့ လင်းဟန်ရဲ့ အဂတ်အစား ထောင့်စွန်းကို တအားဆုပ်ထားပြီး တော့ ထွက်သွားခိုင်းဖို့ ဆန္ဒလုံးဝ ရှိပုံမရပါဘူး။

လင်းဟန်က ကျီစယ်တဲ့ သဘောနဲ့ ရီပြီးတော့ ပြောပါတယ်။

``အစ်ကိုကြီးကွမ်း.. ကိုယ်ရံတော်တစ်ယောက် အဖြစ် တစ်နှစ်ပဲ လုပ်ပြီး အလဲအလှယ် အနေနဲ့ ခင်ဗျားက စိတ်ဂိဉာဉ်ပုလ္လင်အဆင့်ကို ဂင်ဖို့အတွက် မျှော်လင့်ချက်ရှိတာက ဒီ သဘောတူညီမှုကို ခင်ဗျားဘက်က နစ်နာတယ်လို့များ ထင်နေတာလား?``

ကွမ်းယွမ် မျက်မှောင်ကြုံ့လိုက်ပါတယ်။

``မင်းက တကယ်ပဲ ငါ့စိတ်ဂိဉာဉ်ပုလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်မယ်လို့ ကတိ ပေးနိုင်လို့လား?``

သူ့အနေနဲ့ ဒီလူငယ်လေးရဲ့ အလေးအနက်မထားတဲ့

မှတ်ချက်စကားကို ယုံကြည်ဖို့ ရွေးချယ်လိုက်ရမလားဆိုတာကို မသိတော့ပါဘူး။ တကယ်လို့ သူရဲ့ လျှို့ဝှက်ဒဏ်ရာတွေ ကိုသာ ဖြေရှင်းနိုင်မယ်ဆိုယင် စိတ်ဝိဉာဉ်ပုလ္လင် အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ဆိုတာက လုံးဝ မခက်ခဲတော့ပါဘူး။

မိုးရေနိုင်ငံမှာ အင်ပါယာ မိသားစုနဲ့ အင်အားကြီးကလန်ရှစ်ခုမှာ စိတ်ဝိဉာဉ်ပုလ္လင် အဆင့် ကျင့်ကြံသူတွေ အများကြီးရှိပြီးတော့ အရမ်းကို ရှားပါးတဲ့ တစ်ခြား အစွမ်း ထက်လှတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ ကောင်းကင်ဆေးအိမ်တော်နဲ့ ဟွာယန်အကယ်ဒမီ တို့မှာလဲ ရှိပါတယ်။ ဒါပေမဲ့ သီးသန့်ကျင့်ကြံသူ က ဒီလိုအောင်မြင်မှုမျိုးကို ရရှိသွား တယ် ဆိုတာကိုတော့ မကြားဖူးခဲ့ပါဘူး။

``ယန်သုံးခုကောင်းကင်ကို ဖျက်.. မူလရဲ့သော့က အလွှာဖြစ်ပါစေ``

လင်းဟန်က ရုတ်တရက် ကောက်ရွတ်လိုက်ပါတယ်။

ကွမ်းယွမ်ရဲ့ စိတ်ရှုပ်ထွေးနေတဲ့ အမူအရာက ချက်ချင်းပဲ ပြောင်းသွားပြီးတော့ ပြောပါတယ်။

``မင်းက ဘယ်လိုလုပ်ပြီးတော့ ကြီးမားသောနေကောင်းကင်နေလုံးသား စာလိပ်ရဲ့ နှုတ်တိုက်စကားတွေကို သိနေရတာလဲ?``

``ဘာထူးဆန်းလို့လဲ တကယ်လို့ ကျုပ်က မသိဘူးဆိုယင် ဘယ်လိုလုပ်ပြီးတော့ ခင်ဗျားရဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်မှာလဲ?``

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။

ကွမ်းယွမ် ကသက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

``မင်းနိုင်ပါတယ်``

ဒီလူငယ်လေးက သူ့ရဲ့ တည်ငြိမ်မှုကို ထိန်းထားတာက သူ့အတွက် သေချာမှုကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

``အစ်ကိုကြီး ကွမ်း.. စိတ်မပျက်ပါနဲ့.. နောက်ပိုင်းကျယင် ဒါက ခင်ဗျားရဲ့ ဘဝ တစ်လျှောက်လုံးမှာ အကောင်းဆုံးရွေးချယ်မှု တစ်ခုကို လုပ်ခဲ့တယ်ဆိုတာကို ခင်ဗျား နားလည်လာပါလိမ့်မယ်``

လင်းဟန်က ရီမောလိုက်ပါတယ်။

ကွမ်းယွမ်က သူရဲ့ခေါင်းကို ခါပြီးတော့ အကူအညီမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

``ကောင်လေး.. မင်းကိုယ်မင်း အမြဲတမ်း အရှင်သခင် တစ်ယောက်လို မျိုး မလုပ်နဲ့.. ဒီ အရှင်က မင်းရဲ့ ကိုယ်ရံတော်အဖြစ်လုပ်တော့မယ်ဆိုမှတော့ သေချာပေါက် အန္တရာယ် တစ်ချို့ နဲ့ ကြုံရလိမ့်မယ်.. ငါ့ရဲ့ အသက်ကိုတောင်မှ လက်လွှတ်ရတာမျိုးဖြစ်သွား နိုင်တယ်``

``မစိုးရိမ်ပါနဲ့.. အများဆုံး အန္တရာယ် သေးသေးလေးပါ.. သေမယ်ဆိုတာက မဖြစ်နိုင်ပါဘူး``

လင်းဟန်က သူရဲ့ ပုခုံးကို ပုတ်လိုက်ပါတယ်။

``ဘာပဲဖြစ်ဖြစ် အခု ဒီအရှင် က မင်းရဲ့ကိုယ်ပိုင် သဘော်ပေါ်မှာ စီးဖို့ ဆုံးဖြတ်လိုက် ပီဆိုတော့ ဘာမှ သိပ်ပြီးတော့ စဉ်းစားဖို့ မလိုတော့ပါဘူး``

ကွမ်းယွမ် က အရှုံးအမြတ်ကို သွေးအေးအေးနဲ့

မျှော်လင့်တတ်တဲ့လူစားမျိုး မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ ကိုယ်ရံတော်အဖြစ် တစ်နှစ် လုပ်ရမဲ့ဟာကို ရေးကြီးခွင်ကျယ်လုပ်မနေပါဘူး။

``ယန်သုံးမျိုးကောင်းကင်ကို ချိုးဖျက်.. မူလရဲ့ သော့က အလှဲ့ာဖြစ်စေ.. ဒီ နှုတ်တိုက် စကားလုံးတွေက ခင်ဗျားကျင့်ကြံတဲ့အခါမှာ ပြဿနာဖြစ်နေတာပဲ.. ကျုပ် ခင်ဗျားလို မျိုး လူတစ်ယောက်နဲ့ ဆုံတွေ့ခဲ့ဖူးတယ်။ ဒီစကားတွေကို နားမလည်ပဲနဲ့ မူလစွမ်းအင် တွေကို နောက်ကျောဘက်က တတိယမြောက် အရိုးမှာ ချိတ်ပိတ်သလိုဖြစ်သွားခဲ့တယ် ဒါက ပေါက်ကွဲမှုဖြစ်ပွားခြင်းကို တိုးလာနိုင်တယ်.. ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ၎င်းက အလွန်အလွန်ကြီးမားတဲ့ ပျက်ဆီးမှုကိုလဲ ဖြစ်စေလိမ့်မယ်.. တကယ်လို့ ခင်ဗျားက ဆက်ပြီးတော့ ဒီနည်းလမ်းအတိုင်းကျင့်သွားမယ်ဆိုယင် သုံးနှစ်တောင်မကြာဘူး ခင်ဗျားရဲ့ နောက်ကျောရိုးတစ်ခုလုံး ပျက်စီးပြီးတော့ ခင်ဗျားလည်းပဲ မသန်မစွမ်း ဖြစ်သွားလိမ့်မယ်``

ကွမ်းယွမ် တုန်လှုပ်သွားပါတယ်။ စိတ်ဝိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ အတွက်က သူတို့ရဲ့ ကျင့်ကြံခြင်းက ဆုံးရှုံးသွားမယ်ဆိုယင် ဒါက သေတာနဲ့ မခြားပါဘူး။ ဒါ့အပြင်

သူ့ရဲ့ ပေပေတေတေ အကျင့်စရိုက် အရ သူက မကြာခဏဆိုသလို လူတော်တော် များများ နဲ့ ဆန့်ကျင်ခဲ့ပြီး သူ့ရဲ့ ကျင့်ကြံခြင်း ဆုံးရှုံးသွားခဲ့ယင် လူအများကြီးက သူ့ကို သေချာပေါက် ရိုက်နှက်ကြပါလိမ့်မယ်.. ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရလဒ်ကိုတော့ ပြောနေဖို့ မလိုတော့ပါဘူး။

``သခင်လေးကို ကျနော် မေးပါရစေ.. ဒီနှုတ်တိုက်စကားလုံးတွေကို ဘယ်လို အဓိပ္ပါယ် ကောက်သင့်ပါသလဲ?``

သူ့ကိုယ်သူ နှိမ့်ချပြီးတော့ လင်းဟာန်ဆီက လမ်းညွှန်မှုကို တောင်းလိုက်ပါတယ်။

လင်းဟာန်က ပေါ့ပေါ့ပါးပါးနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ တကယ်တော့ဒါက မတော်တဆ တိုက်ဆိုင်သွားတာပါပဲ။ သူ့ရဲ့ယခင်ဘဝတုန်းက သူက ကြီးမားသော နေကောင်းကင်နှလုံးသား စာလိပ်ကို ကျင့်ကြံတဲ့ သူတစ်ယောက်နဲ့ ဆုံတွေ့ခဲ့ပြီးတော့ ဒီစကားစုတွေကြောင့် လမ်းချော်သွားခဲ့တာပါ။ ဒါ့အပြင် အဲဒီလူရဲ့ အခြေအနေက သူ့ရဲ့ နောက်ကျောရိုးက လုံးဝပျက်ဆီးသွားခဲ့ပါပြီ။

သူက အရိုးတွေကို ပြန်လည်ဖြစ်ထွန်းစေနဲ့ ကောင်းကင်အဆင့် ဆေးလုံးတစ်ခုကို သန့်စင် ဖို့ အပ်နံလိုက်ပါတယ်။ သေချာစဥ်းစားပြီး ဂရုစိုက်မှုအောက်မှာ သူလည်းပဲ အချိန်ယူပြီးတော့ ကြီးမားသောနေကောင်းကင်နလုံးသား စာလိပ်ကို လုံးဂ လုံခြုံမှု ရှိအောင်လို့ နားလည်ဖို့ အချိန်ယူခဲ့ရပါတယ်။ ဒါကြောင့် သူက ကွမ်းယွမ် ရဲ့ ပြဿနာ ကို တစ်ချက်ပေ့ကြည့်လိုက်တာနဲ့ မြင်နိုင်တာပါ။

``ဒါက ဒီလိုရှိတယ်....``

လင်းဟန်က ပြောလိုက်ပါတယ်။

မိနစ်အနည်းငယ် အကြာမှာ ကွမ်းယွမ်က သစ္စာစောင့်သိတဲ့ ပုံစံနဲ့ ကြည့်လိုက်ပီးတော့ သူရဲ့ အမူအရာကလဲ တည်ကြည်လေးနက်ပြီး ပိုပြီးတော့ ရိုသေလေးစားတဲ့ပုံစံ ဖြစ်လာခဲ့ပါတယ်။ သူရဲ့ စိတ်ထဲမှာ လင်းဟန်ရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မား သွားခဲ့ပါပြီ။

ကြီးမားသောနေကောင်းကင် နလုံးသား စာလိပ်ကို သိဖို့ဆိုတာက တကယ့်ကို အထင်ကြီးစရာကောင်းပါတယ်။ ဒါပေမဲ့ သူက ရှေးဟောင်းဂူတစ်ခုကနေ မပြည့်စုံတဲ့

စာလိပ်ကို ရရှိခဲ့တာပါ. ဒီနည်းစနစ်ကို သိဖို့အတွက် အရမ်းကို မှတ်မိဖို့အတွက် အရမ်းကို မှတ်ဉာဏ်ကောင်းဖို့ လဲ လိုအပ်ပါတယ်။

ဒါပေမဲ့ လင်းဟန်က အလွတ်ကျက်မှတ်ပြီးတော့ သင်ယူရတဲ့ အဆင့်ကို ဖြတ်ကျော် သွားခဲ့ပြီးတော့ သူသိထားထက်တောင်မှ ပိုပြီးတော့ ဗဟုသုတ ကြွယ်ဝပါတယ်။ ဒါက သူ့ကို ခံစားချက်တစ်မျိုး ကိုဖြစ်ပေါ်စေခဲ့ပြီးတော့ တစ်မျိုး သူနားမလည်တဲ့အစိတ်အပိုင်း တွေကို ချက်ချင်းဆိုသလိုပဲ ရှင်းလင်းပြတ်သားလာခဲ့ပါတယ်။

လင်းဟန်က သူ့ကို စိတ်ဂိုဏ်းပုလ္လင် အဆင့်ကို တက်ဖို့ အခွင့်အရေးတစ်ခု ရှိတယ်လို့ ပြောတာ အံ့သြစရာမဟုတ်တော့ပါဘူး။ လင်းဟန်ရဲ့ နားလည်ခြင်းက သိုင်းပညာရှင် အရှင်သခင်တစ်ယောက်နဲ့တူပြီးတော့ ဒါက သူ့ကို အလွန်အမင်းအားငယ် တဲ့ ခံစားချက် ကိုဖြစ်စေခဲ့ပါတယ်။

လင်းဟန်က သူ့ကို တစ်ချက်ငေးကြည့်လိုက်ပြီးတော့ အပြုံးတစ်ခုကို ထုတ်ဖော် လိုက်ပါတယ်။ ကွမ်းယွမ်ကို ဖိနှိပ်ထိန်းချုပ်ရတာက ဖန်းယန်ရဲ့ ခြိမ်းခြောက်မှုကို

သူစဉ်းစားမိလိုက်လို့ပဲဖြစ်ပါတယ်။ ပြီးတော့ ပူဆောင်လင်းနဲ့ ဖုယွင်ရှင်း က သူ့ရဲ့ အနောက်မှာ တစ်နေ့လုံး လိုက်မနေနိုင်ဘူးလေ။

ဒါပေမဲ့ အများဆုံး တစ်နှစ်မှာ သူက စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကို ရောက်သွား ပြီးတော့ ကွမ်းယွမ် ကလဲ သူ့ကို ကူညီဖို့ မလိုတော့ပါဘူး။ ဒါကြောင့် သူက ဒီတစ်နှစ် ဆိုတဲ့ အချိန်အတွင်းမှာ ကွမ်းယွမ်က ထွက်သွားချင်သည်ဖြစ်စေ မသွားချင်ဖူးဖြစ်စေ ကိစ္စမရှိပါဘူး သူက သူ့ရဲ့ တောင်ပံတွေအောက်မှာ နှလုံးသားကို ထားလိုက်ပါပြီ။

ကွမ်းယွမ် က စီစဉ်စရာတွေ လုပ်ဖို့ ရှိပါသေးတယ် ဒါကြောင့် သူက နောက်သုံးရက် အကြာမှာ လင်းဟန်ကို ဟွာယန်အကယ်ဒမီမှာ လာရှာမယ်လို့ ကတိပေးခဲ့ပါတယ်။

``အံ့ဩဖို့ကောင်းတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက် က နင့်ရဲ့ ထိန်းချုပ်မှုအောက်ကို လွယ်ကူစွာနဲ့ပဲ ကျဆင်းသွားခဲ့ပြီလား?``

လှီယုထန်က ဒါကို မယုံကြည်နိုင်ဖြစ်နေတုန်းပါပဲ။

``စိတ်ဂိဉာဉ်ပင်လယ်အဆင့်လေးပဲဟာ``

လင်းဟန်က အသက်ကိုရှူထုတ်လိုက်ပါတယ်။ သူ့ရဲ့ယခင်ဘဝတုန်းက ဆိုယင် သူ့ရဲ့ တံခါးကို စောင့်ကြည့်ဖို့အတွက် စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကိုတောင်မှ မလိုချင်ခဲ့ ပါဘူး။ ဒါပေမဲ့ အခု လက်ရှိ သူက အားနည်းပါတယ်။ ဒါကြောင့် စိတ်ဂိဉာဉ်ပင်လယ် အဆင့် သူ့မှာရှိဖို့ လုပ်ရပါတယ်။

လီွယုထန်ရဲ့ မျက်လုံးတွေ ပိုင်းသွားခဲ့ပါတယ်။ တကယ်လို့ အံ့သြဖွယ်ရာကောင်းတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက်က လီွ မိသားစုကို ဂင်လာမယ်ဆိုယင် လီွမိသားစု ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေက သူ့ကို ကြိုဆိုကြမှာ ဖြစ်ပြီးတော့ တကယ့်ကို ကတိကြီးကြီးမားမားတွေကို အာမခံချက်ပေးမှာပဲ ဖြစ်ပါတယ်။

``နင့်ကိုယ်နင် မြှောက်ပြီးမပြောရယင် သေသွားမှာဆိုးလို့လား?``

``ငါလည်း လင်းဟန်ရဲ့ ကိုယ်ရံတော်ပဲ``

ဟူးညို့က ပြောလိုက်ပါတယ်။

လင်းဟန် ကျယ်လောင်စွာရီ ပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်းတယ့် အခုကစပြီးတော့ ငါရဲ့ လုံခြုံရေးက ဟူးညို့အပေါ် မှာမူတည်နေပြီနော်``

ဟူးညို့က ချက်ချင်းဆိုသလိုပဲ အရမ်းကို ကျေနပ်ပျော်ရွှင်ပုံရသွားပြီးတော့ ပြုံးပြလိုက်ပါတယ်။

သူတို့သုံးယောက် အကယ်ဒမီကို ပြန်ရောက်တဲ့အခါမှာ လှီယုထန်က သူမရဲ့ နေရာ ဘက်ကို ပြန်သွားပြီးတော့ လင်းဟန်က ဟူးညို့ရဲ့ လက်ကိုဆွဲပြီး သူတို့ရဲ့ ခြံဂန်းဆီကို ပြန်လာခဲ့ပါတယ်။ အဝေးကနေပြီးတော့ သူက မိန်းကလေးတစ်ယောက်က တံခါး နားမှာ စောင့်နေတာကို မြင်လိုက်ပြီးတော့ အဲဒီမိန်းကလေးက လောကကြီး တစ်ခုလုံး ကို စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံစံနဲ့ ပါတ်ဂန်းကျင်ကို ပေ့ကြည့်နေပါတယ်။

သူမကတော့ ယွမ်ရှမ်းရှမ်းပါ။

``ဘာလဲ.. သခင်မ ယန်က ငါ့ကို ညစာစားဖို့

ဖိတ်လိုက်ပြန်ပြီလား?``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့ သခင်လေးဟန် ကျမကို ကယ်ပါ``

ယွမ်ရှမ်းရှမ်း က မြေကြီးပေါ်ကို ဒူးထောက်ပြီးတော့ တောင်းဆိုလိုက်ပါတယ်။

အပိုင်း(၂၇၇) လေဒီရန် ရဲ့အစီအစဉ်

``ဘာကိစ္စတွေဖြစ်နေတာလဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

ယွမ်ရှမ်းရှမ်း က ဆက်ပြီးတော့ ငိုကြွေးနေပါတယ်။ ကျေးဇူးတင်ရမှာက ဒီနေရာက ချောင်ကျပြီး တိတ်ဆိတ်ငြိမ်သက်ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် လူတွေက သူမကို လင်းဟန်က အနိုင်ကျင့်စော်ကားတယ်လို့ ထင်နေကြပါလိမ့်မယ်။

``တကယ်လို့ မင်းက မပြောပြဘူးဆိုယင်.. ငါက

ဘယ်လိုလုပ်ပြီးတော့ မင်းကို ကူညီပေးနိုင်မှာလဲ?ကောင်းပြီ... ငိုနေတာကို တော်လိုက်တော့ ပြီးယင် ငါ့ကို ပြောပြ``

လင်းဟန်က တံခါးကိုတွန်းဖွင့်ပြီးတော့ အထဲကိုဝင်လိုက်ပါတယ်။ သူတံခါးနားကို ရောက်တဲ့အခါမှာတော့ ယွမ်ရှမ်းရှမ်းက နပ်ချေးညှစ်လိုက်ပီးတော့ လင်းဟန်ရဲ့ အဂတ်အစား ဒေါင့်စွန်းနဲ့ သုတ်လိုက်ပါတယ်။

``ငါပြောမယ်.. ဘာဖြစ်လို့ မင်းတို့တွေအားလုံးက ငါ့အဂတ်အစားရဲ့ ထောင့်ကို ဆုပ်ကိုင် ရတာကို ကြိုက်နှစ်သက်ကြတာလဲ?တကယ်လို့ ဒါက ညိုးညိုး ဆိုယင် ငါနားလည်ပေးနိုင်တယ်.. ဒါပေမဲ့ ယောက်ျားကလဲ ဒီလိုလုပ်လိုက် အမျိုးသမီးကလဲ ဒီလိုလုပ်လိုက်နဲ့.. ငါတကယ်ပဲ ပြဿနာရှိနေပြီ``

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

``အင်း... လင်းဟန်က ညိုးညိုး ဟာပဲ``

ဟူးညိုက ခေါင်းကိုငြိမ့်ပြီးတော့ သူမရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း လုပ်လိုက်ပါတယ်။

``သခင်မ.. သခင်မ.. သူမလေ.....``

ယွမ်ရှမ်းရှမ်းက ဟာသ လုပ်နေတာ မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူမက ရှင်းပြမလို့ ပါးစပ်ကို ဟလိုက်တာနဲ့ ထပ်ပြီးတော့ နောက်တစ်ကြိမ် ငိုချလိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပီးတော့ ပြောပါတယ်။

``အသက်သုံးရှိုက်စာ အတွင်းမှာပဲ တကယ်လို့ မင်းက ဆက်ပြီးတော့ ငိုကြွေး နေဦးမယ်ဆိုယင် ငါမင်းကို အပြင်ဘက်ကို ဆွဲလွှင့်ပစ်ရလိမ့်မယ်``

``အဲဒီတော့``

လှီရှုအာ က အိမ်ထဲကနေ လမ်းလျှောက်ပီးထွက်လာခဲ့ပါတယ်။ သူမက လင်းဟန်ကို ကြမ်းတမ်းစွာ စူးစိုက်ကြည့်နေပါတယ်။

``အင်း.. ကြည့်ရတာ တစ်ယောက်တည်းကို ကန်ထုတ်ပစ်ဖို့က မလုံလောက်သေးဘူးပဲ``

လင်းဟန်က သူ့ရဲ့ ဂုတ်စုံကို ခါပြီးပြောလိုက်ပါတယ်။

``ဟားဟား.. အယုတ်တမာကောင်.. ငါနင့်ကိုပြောမယ်.. ငါ့အခုဆိုယင် ငါ့ရဲ့ ကျင့်ကြံခြင်း ၇၀ ရာခိုင်နှုန်းကို ပြန်ကောင်းမွန်လာပြီ.. နင့်ရဲ့ ခြိမ်းခြောက်မှုကို ကြောက်နေစရာ မလိုတော့ဘူး``

လွီရှုအာ က ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

``ဒါဆို ဘာဖြစ်လို့ မင်းတို့နစ်ယောက် မြန်မြန်ထွက်မသွားကြသေးတာလဲ? မင်းတို့ နေ့တိုင်းစားနေတာတွေ အသုံးပြုနေတာတွေက ငါ့ပစ္စည်းတွေချည်းပဲ.. အဲဒါအကုန်လုံး အတွက် ပိုက်ဆံလိုတယ်ဆိုတာ မသိဘူးလား?``

လင်းဟန်က ဒေါနဲ့မောနဲ့ ပြောလိုက်ပါတယ်။

လွီရှုအာ ချက်ချင်းဆိုသလိုပဲ ဒေါသတွေ ပေါက်ကွဲသွားခဲ့ပါတယ်။ သူမက ဒီကောင်က အမျိုးသမီးတွေကို အလျော့ပေးဆက်ဆံပြီးတော့ ကာကွယ်ပေးရမယ်ဆိုတာကို နည်း နည်းလေးမှတောင်

ဆန္ဒမရှိဘူးလို့ ခံစားလိုက်ရပါတယ်။ သူမနဲ့ သူမရဲ့ အစ်မဖြစ်သူ တို့က အရမ်းကို ရှားပါးတဲ့ အလှပဂေးတွေဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ ဒီကောင်ကတော့ နည်းနည်းလေးမှတောင် သူမတို့ကို စိတ်ဝင်စားတဲ့ပုံစံ မပြပါဘူး။ ဘယ်လိုကြောင့် မျိုးပါလိမ့်။

သူက ယောကျ်ား တစ်ယောက်မှ ဟုတ်ပါလေစ?

ဒါဖြစ်နိုင်တယ်.. အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူမနဲ့ သူမရဲ့ အစ်မလိုမျိုး ချောမောလှပတဲ့ ပန်းပွင့်လေးနှစ်ပွင့်ကို ဘယ်လိုလုပ်ပြီးတော့ လစ်လျူရှုနိုင်မှာလဲ?

သူမက ဒီလိုမျိုး တွေးလိုက်မိတဲ့အခါမှာတော့ သူမရဲ့ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်ယင်သွားပါတယ်။

ဒါပေမဲ့ သူတို့နှစ်ယောက် ကျီစယ်ပြီးတော့ ပြောနေတဲ့အချိန်မှာပဲ ယွမ်ရွှမ်းရွှမ်းက တည်ငြိမ်အေးဆေးမှုကို ပြန်ရရှိသွားပြီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့ ကျွမကို အထဲခေါ်သွားပေးပါ သခင်လေးဟန်... ရွှမ်းရွှမ်း မှာ သွားစရာ

နေရာမရှိတော့ပါဘူး``

``ဟမ်?``

လင်းဟန်က အလန့်တကြားဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက အချစ်ပန်းစံအိမ်က မဟုတ်ဘူးလား? ဒါပေမဲ့ မင်းက ငါ့ကို ခိုလှုံခွင့်ပေးဖို့ တောင်းပန်နေတယ်.. ဒါက ဘယ်လို သဘောတရားမျိုးလဲ? မင်းတို့အားလုံးပဲ ငါ့နေရာက သုံးစားမရတဲ့ အမှိုက်တွေ စုနေတဲ့နေရာလို့ ထင်နေတာလား? တစ်ယောက်.. နှစ်ယောက် ပြီးတော့ အခု သုံးယောက်.. နောက်ပိုင်းမှာ ဘယ်နှစ်ယောက် တောင်ရှိလာဦးမလဲဆိုတာ ဘယ်သူကသိမှာလဲ?``

လို့ရှုအာ ကချက်ချင်းပဲ ဒေါသထွက်သွားပြီးတော့ ပြောလိုက်ပါတယ်။

``နင် ဘယ်သူကို အမှိုက်လို့ခေါ်တာလဲ?``

``သခင်လေးဟန်.. သခင်မလေ... သခင်မ အရမ်းကို အကြင်နာတရားကင်းမဲ့တယ်``

ယွမ်ရှွမ်းရှွမ်းက နောက်တစ်ကြိမ် မျက်ရည်ထပ်ကျပြန်ပါတယ်။

``ကောင်းပြီ.. ကောင်းပြီ.. မင်းကိုမင်း တည်ငြိမ်အောင်ထိန်းပြီးတော့ ဖြေးဖြေးခြင်း ပြောပြ.. အစကနေပြောပြ..တစ်ခါပြောပြီး တစ်ခါတော့ မငိုနဲ့ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ငါ ဆက်ပြီးတော့ တကယ်ပဲ ရပ်နေနိုင်မှာမဟုတ်ဘူး``

လင်းဟန်က ပြောလိုက်ပါတယ်။

``လာ.. အယင်ဆုံး ထိုင်လိုက်``

လှီရှူအာက သူမရဲ့ မျက်လုံးတွေ ပိုင်းပြီးတော့ လင်းဟန်ကိုကြည့်ပြီး ယွမ်ရှွမ်းရှွမ်း ကို အိမ်ထဲကို ကူညီပြီးတော့ ခေါ်လာလိုက်ပါတယ်။ ယွမ်ရှွမ်းရှွမ်းကို ထိုင်ဖို့ ကူညီပြီးတဲ့ နောက်မှာ သူမက ရေနွေးပူပူလေးတစ်ခွက်ကို ငှဲ့လိုက်ပီးတော့ ယွမ်ရှွမ်းရှွမ်းကို တည်ငြိမ်သွားအောင်လို့ ပေးလိုက်ပါတယ်။

လင်းဟန်က ဟူးညိုကိုကြည့်လိုက်ပီးတော့ ဟူးညိုကလဲ

သူ့ကိုပြန်ကြည့်လိုက်ပါတယ်။ သူတို့နှစ်ယောက်စလုံးပဲ တပြိုင်နက်တည်း ပခုံးတွန့်လိုက်ကြပါတယ်။ သူတို့က တကယ့် ပိုင်ရှင်တွေပါ.. ဒါပေမဲ့ ဘာဖြစ်လို့ ဒီနေရာမှာ သူတို့ကိုယ်သူတို့ အပြင်လူ လို့ ဖြစ်နေတယ်လို့ ခံစားနေရတာလဲ?

ယွမ်ရှမ်းရှမ်း ကရေနွေးတစ်ခွက်ကို ကိုင်ထားလိုက်ပြီးတော့ တစ်ခဏမျှ အနားယူ လိုက်ပြီး သူမရဲ့ ဖြစ်ကြောင်းကုန်စင် ကို စတင်ပြီးတော့ ပြောလိုက်ပါတယ်။

ရန်ထန်းဇောင် နိုးထလာတာက ကောင်းမွန်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ယွမ်ရှမ်းရှမ်း အတွက်ကတော့ သူမရဲ့ အိမ်မက်ဆိုးတွေ စတင်လာခဲ့တာပဲ ဖြစ်ပါတယ်။

သူမက မတော်တဆတိုက်ဆိုင်ပြီး လေဒီရန်နဲ့ ရန်ထန်းဇောင်တို့ ဆွေးနွေးနေတာကို ခိုးနားထောင်မိသွားခဲ့ပါတယ်။ လေဒီရန် က သူမရဲ့ စွမ်းအင်တွေကို ရင်းနှီးမြုပ်နှံမှု လုပ်ဖို့ နေရာတစ်ခုလိုချင်နေပြီးတော့ အဲဒီမျှော်လင့်ချက်နဲ့ သူမကို မွေးစားခဲ့တာပါ။

လေဒီရန် က သူမရဲ့ သားက အချိန်တော်တော်ကြာအောင် မနိုးထနိုင်ခဲ့တဲ့ တာကို သိပါတယ်။ ဒါပေမဲ့ သိုင်းပညာရှင်တစ်ယောက်အတွက်က ကျင့်ကြံဖို့ရာ အချိန်တွေ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့် သူမအနေနဲ့ သူမရဲ့ သားကို ဒီအချိန်ကွာဟချက် ကြောင့် နောက်မှာ ကျန်နေရစ်စေခဲ့မဲ့ အဖြစ်မျိုးကို ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုနိုင်မှာလဲ...။

သူမမှာ တမူထူးခြားတဲ့ ကျင့်ကြံခြင်းနည်းစနစ် တစ်ခုကို ရရှိထားခဲ့ပါတယ်။ အဲဒါက အဓိကနဲ့ လက်အောက်ခံ အခွဲဆိုပြီးတော့ နှစ်ပိုင်းခွဲခြားထားတဲ့ နည်းစနစ်ပဲ ဖြစ်ပါတယ်။ လက်အောက်ခံ နည်းစနစ်ကို တစ်ယောက်က ကျင့်ကြံတဲ့အချိန်မှာ အဓိက နည်းစနစ်ကို နောက်တစ်ယောက်က ကျင့်ကြံရပါမယ်။ အချိန်တစ်ခုကို ရောက်လာတဲ့ အခါမှာ အဲဒီလူနှစ်ယောက်က အတူတကွ ပူးပေါင်းပြီး ကျင့်ကြံရမှာဖြစ်ပြီးတော့ အဓိက နည်းစနစ်ကို ကျင့်ကြံတဲ့သူက လက်အောက်ခံခွဲ နည်းစနစ်ကို ကျင့်ကြံတဲ့ သူကို လွယ်လွယ်ကူကူနဲ့ မျိုချပစ်နိုင်စွမ်းရှိပါလိမ့်မယ်။

ပြီးတော့ သူမ ငယ်စဉ်ကလေးဘဝကတည်းကလေ့ကျင့်ခဲ့တဲ့ ကျင့်ကြံခြင်းနည်းစနစ်က လက်အောက်ခံ နည်းစနစ် ဖြစ်ပြီးတော့ ရန်ထန်းဇောင် အတွက် လမ်းခင်းပေးတဲ့

သဘောပါပဲ။

သူတို့က ချက်ချင်းကြီးမလှုပ်ရှားရတဲ့ အကြောင်းရင်းက ရန်ထန်းဖောင် က အခုမှ နိုးလာကာစပဲ ရှိသေးပြီးတော့ အမိကနည်းစနစ်ကို စတင်လေ့ကျင့်ယုံပဲ ရှိပါသေးတယ်။ သူရဲ့ ကျင့်ကြံခြင်းမှာ အနည်းငယ် အောင်မြင်လက်တာနဲ့ သူတို့က စပြီးတော့ လှုပ်ရှား လာခဲ့ကြပြီး အဲဒီအချိန်မှာ ယွမ်ရှမ်းရှမ်း က သူမရဲ့ ကျင့်ကြံခြင်းအားလုံးကို ဆုံးရှုံးသွားယုံမက သူမရဲ့ငယ်ရွယ်တဲ့ အသက်ဓါတ်ကိုပါ ရှုံးဆုံးသွားပါလိမ့်မယ်။ သူမက အခုမှ အရမ်းကို ငယ်ရွယ်သေးတဲ့ သူတစ်ယောက်ဖြစ်ပြီးတော့ အသက်ကြီးတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

``တကယ်လို့ သခင်မက ငါ့ကို စိတ်ရင်းအတိုင်း ဆက်ဆံပြီး ပြုစုပျိုးထောင်ပေးခဲ့မယ် ဆိုယင် သခင်မအတွက် မေးခွန်းတောင် မေးစရာမလိုပဲ သေပေးဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါပေမဲ့ ငါဒါကိုတော့ လက်မခံနိုင်ဘူး``

ယွမ်ရှမ်းရှမ်းက အရမ်းကို ငိုထားတဲ့အတွက်ကြောင့် သူမရဲ့ မျက်လုံးတွေက နီရဲလို့နေပါတယ်။

``သူမက မကောင်းဆိုးဝါးပဲ.. တကယ့်ကို ဆိုးတာပဲ``

လွီရှုအာ လည်းပဲ ရပ်နေတာကနေ သူမရဲ့ မျက်ရည်တွေကို သုတ်ပစ်လိုက်ပါတယ်။ သူမက လွယ်လွယ်ကူကူနဲ့ မျက်ရည်ကျတဲ့အတွက် လင်းဟာန်က သူရဲ့ ခေါင်းထဲမှာ သူမ ကို သရော်နေခဲ့ပါတယ်။

`ဟော့ နင်က လုပ်ကြံသတ်ဖြတ်သူတစ်ယောက်လေ.. အရမ်းကြီး စိတ်ခံစားချက် တွေ မဖြစ်စေနဲ့ပေါ့ ဟုတ်ဘူးလား?``

လင်းဟာန်က တစ်ခဏမျှ ချင့်ချိန် တွေးဆပြီးတော့ ပြောလိုက်ပါတယ်။

``လေဒီရန်က နှစ်ပေါင်းတော်တော်ကြာအောင်လို့ နေထိုင်ခဲ့ပြီးတော့ အင်ပါယာမြို့မှာ ကြီးမားကျယ်ပြန့်တဲ့ သတင်းကွန်ယက် ကြီးတစ်ခုတော့ ရှိနိုင်လိမ့်မယ်.. ဒီအချက် ကြောင့်ပဲ မင်းဒီမှာနေမယ်ဆိုယင်တောင်မှ အချိန်အကြာကြီး ပုန်းကွယ်နေလို့ ရမှာ မဟုတ်လောက်ဘူး.. အချိန်ကျလာလို့ လေဒီရန်က မင်းကို ရှာတွေ့သွားမယ် ဆိုယင် မင်း ခုခံနိုင်ပါ့မလား?``

တကယ်လို့ သူမက သူမရဲ့ မွေးစားသမီးကို အတူတူ

ပြန်ခေါ်သွားမယ်လို့ ဆုံးဖြတ် ထား မယ်ဆိုယင် ဒါက သင့်တော်တဲ့ အရာပဲဖြစ်ပါတယ်။ အင်ပါယာရဲ့ ဥပဒေတောင်မှ လေဒီ ရန်ဘက်မှာပဲ ရှိပါလိမ့်မယ်။ တကယ်လို့ လင်းဟန် က သူမကို တားဆီးလိုက်မယ် ဆိုယင် ဒါက သူမရဲ့ သမီးကို ပြန်ပေးဆွဲသလို ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်မှာ သူ့နောက်ခံ ရှိသလို လေဒီရန်မှာလဲ အရမ်းကို အစွမ်းထက်တဲ့ သူမရဲ့ နောက်ခံအင်အားရှိပါတယ်။

ယွမ်ရှမ်းရှမ်း ရဲ့ မျက်နှာဖြူဖတ်ဖြူလျော် ဖြစ်လာပြီးတော့ သူမက စတင်ပြီးတော့ တုန်ခါ လာပါတယ်။ သူမအနေနဲ့ လေဒီရန် ပြန်ခေါ်သွားတာခံရမှာ ထက်စာယင် သေတာက ပိုတောင်မှ ကောင်းပါလိမ့်မယ်။

``ဟုတ်ပြီ.. ဒီမိန်းကလေးနှစ်ယောက်က သူတို့ရဲ့ ဒဏ်ရာကနေ အားလုံးနီးပါး ပြန်လည် သက်သာကောင်းမွန်လာပြီ.. ဘာဖြစ်လို့ သူတို့နဲ့ အတူတူ မိုးရေနိုင်ငံကနေ ထွက်မသွားတာလဲ?``

လင်းဟန်က ယွမ်ရှမ်းရှမ်းကို ဆွေးနွေးလိုက်ပါတယ်။ ဒါက တကယ့်ကိုကောင်းပါတယ်။ သူ့အနေနဲ့ ပြဿနာကြီးသုံးခုကို တစ်ခါတည်းနဲ့ ဖြေရှင်းပြီးသား ဖြစ်သွားတာပေါ့။

``ငါတို့ မိုးရေနိုင်ငံကနေ ထွက်သွားမယ်လို့ နင့်ကို ဘယ်သူပြောလဲ?``

လွီရှူအာ က ဂင်ပြောလိုက်ပါတယ်။

``ငါ သစ္စာဖောက်ကို လုံးဂ သတ်ပစ်ရဦးမယ်``

``ငါထင်တာတော့ မင်းက သူများကို သတ်မယ်ဆိုတာထက် သေသွားနိုင်လိမ့်မယ်``

လင်းဟန်က ထောက်ပြလိုက်ပီးတော့ ဆက်ပြောပါတယ်။

``မင်းတို့နှစ်ယောက်စလုံးပြန်သွားပြီးတော့ မင်းတို့ရဲ့ ကျင့်ကြံခြင်းမှာ ပိုပြီး ကြိုးစားလေ့ကျင့် တာက ပိုကောင်းလိမ့်မယ်။ ရှူခဲ့ရှင်း က တစ်ကြိမ်လှည့်ဖျားခံခဲ့ ရပြီးပြီ။ ဒါကြောင့် သူမက ဒုတိယ အကြိမ်တော့ ထောင်ချောက်ထဲကို လုံးဂ ကျလာ မှာမဟုတ်ဘူး. မင်းတို့နှစ်ယောက်မှာ သူမကို ထောင်ချောက်ဆင်ပြီးတော့ လုပ်ကြံ ဖို့ ဆိုတာ အခွင့်အရေးမရှိတော့ဘူး``

လွီရှူအာ နှုတ်ခမ်းစူ လိုက်ပါတယ်။ သူမက

ငြင်းခုံချင်ပေမဲ့လည်း လင်းဟန်က အမှန်ကို ပြောနေတယ်ဆိုတာကို သိပါတယ်။ သူမတို့နှစ်ယောက်နဲ့ ရှုခဲ့ရှင်း တို့ကြားက အစွမ်း ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ ပြီးတော့ သူမတို့ရဲ့ ပထမခြေလှမ်းက ရှုံးနိမ့်သွားခဲ့ပါပြီ။ ဒါကြောင့် သူမတို့အနေနဲ့ နောက်ထပ်တစ်ကြိမ် ရှုခဲ့ရှင်းကို လုပ်ကြံသတ်ဖြတ် ဖို့ဆိုတာ ပုံမှန်အားဖြင့်တော့ မဖြစ်နိုင်တော့ပါဘူး။

``လူကြီးမင်းလင်း မှန်တယ်``

လှိဖန်းအာ က လမ်းလျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့ ရဲ့ ဒဏ်ရာတွေ နောက်ဆုံးမှာ ပြန်လည်ကောင်းမွန်လာတာနဲ့ ချက်ချင်းပဲ မိုးရေ နိုင်ငံ ကနေ ထွက်သွားရလိမ့်မယ်..ဒီအချိန်အတွင်းမှာ ကျမတို့ကို ဂရုစိုက်ပေးခဲ့တဲ့ အတွက် အရမ်းကို ကျေးဇူးကြီးမားလှပါတယ်။ နောင်တစ်ချိန်ကျယင် ဒီကြင်နာမှု အတွက် ကျမ တို့ညီအစ်မ နှစ်ယောက် ပြန်လည်ပေးဆပ်နိုင်မဲ့ အခွင့်အရေးတစ်ခု ရှိလာဖို့ မျှော်လင့်ပါတယ် လူကြီးမင်းလင်း``

``ဟားဟား.. မင်းတို့ ထွက်သွားတာက ငါ့အတွက်

အကောင်းဆုံး ပြန်လည် ပေးဆပ် ခြင်းပဲ ဖြစ်ပါလိမ့်မယ်``

လင်းဟန်က တဲ့တိုးပဲ ပြောလိုက်ပါတယ်။

``အင်းအင်း``

ဟူးညိုကလဲ ခေါင်းငြိမ့်လိုက်ပါတယ်။

ဒီမုန်းစရာကောင်းတဲ့ ကောင်။

လှီရှုအာ က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``အယုတ်တမာကောင်.. တကယ်လို့ နင် နောက်ပိုင်းမှာ မီးနိုင်ငံကို ရောက်လာပြီး ပြဿနာ နဲ့ ကြုံခဲ့မယ်ဆိုယင် ငါတို့ကို သတိတရနဲ့ လာရှာပါ.. ငါတို့က နင့်ကို အရမ်းအရမ်းကို သေချာ ဂရုစိုက်ပေးပါ့မယ်``

သူမက အရမ်းအရမ်းကို ဂရုစိုက်ပေးပါ့မယ် ဆိုတဲ့ စကားကို လေးလေးနက်နက်နဲ့ တမင်ပြောလိုက်ပါတယ်။

``ကောင်းပြီ.. မင်းဒီညမှာတော့ ဒီညီအစ်မ နစ်ယောက်နဲ့ အတူတူ နေနိုင်တယ်. ပြီးတော့ ရက်အနည်းငယ်

ကြာတဲ့အခါမှာတော့ ထွက်သွားကြပေ့ါ``

လင်းဟန်က သူဘာကိုမှ မကြားချင်ယောင်ဆောင်လိုက်ပီးတော့ ယွမ်ရှွမ်းရှွမ်းကို ပြောလိုက်ပါတယ်။

``ကျေးဇူးတင်ပါတယ် သခင်လေးဟန်... ကျေးဇူးတင်ပါတယ် အစ်မတို့``

ယွမ်ရှွမ်းရှွမ်းက သူမရဲ့ခေါင်းကိုငုံ့ပြီးတော့ ဦးညွှန်လိုက်ပါတယ်။

``ဒုန်း ဒုန်း ဒုန်း``

အဲဒီအချိန်မှာပဲ တံခါးခေါက်သံ တစ်ခုကို ကြားလိုက်ရပြီးတော့ သူတို့လေးယောက် စလုံးကို တစ်ပြိုင်နက်တည်း လန့်ဖျပ် သွားစေခဲ့ပါတယ်။

``လူကြီးမင်းလင်း ဒီမှာရှိသလား?``

နူးညံ့ချိုသာတဲ့ အသံတစ်ခုကို အပြင်ဘက်ကနေ ကြားလိုက်ရပါတယ်။ ဟုတ်ပါတယ် ဒီအသံကြောင့်ပဲ

ယွမ်ရှွမ်းရှွမ်း ကို ထိန်းချုပ်လို့ မရအောင် တစ်သိမ့်သိမ့် တုန်သွားစေခဲ့ ပါတယ်။ သူမရဲ့ မျက်နှာက လုံးဝကို ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။

``လေဒီရန်လား``

လွှီညီအစ်မ နှစ်ယောက်က မေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းကိုငြိမ့်ပြလိုက်ပါတယ်။

``သူမကို သတ်ပစ်``

လွှီရှုအာရဲ့ သတ်ဖြတ်ချင်တဲ့စိတ်တွေ ချက်ချင်းပဲ ဆူပွက်လိုလာခဲ့ပါတယ်။

အပိုင်း (၂၀၁) စုံစမ်းစစ်ဆေးသည်

``မင်းအစ်မကိုပဲ သတ်ပစ်``

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

``နင်က ငါ့ကို အပြစ်တင် ကြိမ်းမောင်းနေတာလား?``

လီ့ရှုအာ က အရမ်းကို မှားယွင်းသလို ခံစားရပြီးတော့ ချက်ချင်းပဲ နှုတ်ခမ်းစူလိုက်ပါတယ်။

``အပြင်ဘက်က လူက စိတ်ဂိုဏ်ပင်လယ်အဆင့်ပဲ``

လင်းဟန်က အံ့အားသင့်စွာပြောလိုက်ပါတယ်။

လီ့ရှုအာ က ချက်ချင်းပဲ အသံတိတ်သွားပါတယ်။ သူမနဲ့ သူမရဲ့ အမတို့က စိတ်ဂိုဏ်ပင်လယ်အဆင့် လက်ရွေးဟင်ရဲ့ လက်ထဲမှာ ရှုံးနိမ့်ခဲ့ရတာပါ။ တကယ်လို့ သူတို့က ဒီလိုအစွမ်းထက်လှတဲ့ သိုင်းပညာရှင်ကို သတ်ပစ်နိုင်စွမ်းသာ ရှိမယ် ဆိုယင် သူမတို့ရဲ့ ဒဏ်ရာတွေကနေ ပြန်လည်သက်သာလာအောင်လို့ ဒီနေရာမှာ ပုန်းကွယ် နေဖို့တောင် လိုမှာမဟုတ်ပါဘူး။

``ဒါဆို ငါတို့ ဘာဆက်လုပ်ကြမလဲ?``

ယွမ်ရှွမ်းရှွမ်းက လင်းဟန်ဘက်ကိုလှည့်လိုက်ပါတယ်။ သူမအနေနဲ့ လေဒီရန်ရဲ့ အမိန့်ဩဇာကို လွန်ဆန်နိုင်ခြင်းမရှိပဲ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး။

လင်းဟန်က တစ်ခဏမျှစဉ်းစားလိုက်ပီးတော့ ပြောပါတယ်။

``မင်းတို့အားလုံး အတွင်းအခန်းကို ဂင်ပြီးတော့ ပုန်းနေကြ``

မိန်းကလေးသုံးယောက်က လျင်မြန်စွာနဲ့ အတွင်းခန်းထဲကို ပြေးပုန်းလိုက်တဲ့ အချိန်မှာ လင်းဟန်က ဂင်ပေါက်တံခါးမကြီးဆီကို သွားပြီးတော့ ဖွင့်လိုက်ပါတယ်။

တံခါးဂမှာတော့ လေဒီရန်က ရပ်နေပြီးတော့ သူမရဲ့ အလှအပနဲ့ ကျက်သရေရှိမှုက ငယ်ရွယ်တဲ့ မိန်းကလေးတွေနဲ့ နှိုင်းယှဉ်လို့တောင် ရပါတယ်။ သူမက နူးညံ့သိမ်မွေ့စွာ ပြုံးပြလိုက်ပီးတော့ မေးလိုက်ပါတယ်ယ။

``လူကြီးမင်းလင်းက ဘာတွေများ အလုပ်ရှုပ်နေတာလဲ? ကျမ အပြင်ဘက်မှာ ရပ်စောင့် နေတာတောင် တော်တော်ကြာနေပြီ``

သူမက သင်္ကာမကင်းဖြစ်နေတာလား?

လင်းဟန်က ပုံမှန်အတိုင်း တည်တည်ငြိမ်ငြိမ်ပါပဲ။ ဒီအမျိုးသမီးက သူမရဲ့ သားကို အရမ်းကို ချစ်ခင်

အလိုလိုက်တယ်ဆိုတာ လုံး၀ သံသယ မရှိပါဘူး။ ဒါပေမဲ့ သူမက ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အကြံအစည်ကို လျှို့ဝှက်စီစဉ်လိမ့်မယ်လို လုံး၀ မထင်ထားမိခဲ့ပါဘူး။ သူမရဲ့အစီအစဉ်မှာ လွန်ခဲ့တဲ့နှစ်အနည်းငယ်ကတည်းက ယွမ်ရှွမ်းရှွမ်း ကပါ၀င်နေခဲ့ပါတယ်။ တကယ်လို့ ယွမ်ရှွမ်းရှွမ်းကသာ သူမနဲ့ ရန်ထန်းဇောင် တို့ လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးနေတာကို အမှတ်မထင် မကြားခဲ့ဖူးဆိုယင် ယွမ်ရှွမ်းရှွမ်း အနေနဲ့မသေခင် အချိန်ထိတောင်မှ သူမကို ဆက်ပြီးတော့ အကြီးအကျယ် ကြည်ညိုလေးစားပြီး လှွမ်းမိုးခြယ်လှယ်ခြင်း ကိုခံရပါလိမ့်မယ်။

ဒါပေမဲ့ သူက ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့အခါမှာတော့ လေဒီရန်အနေနဲ့ အချစ်ပန်းစံအိမ်လို လုပ်ငန်းကနေ ဒီလိုမျိုး ထင်ရှားကျော်ကြားအောင် လုပ်နိုင်စွမ်း ရှိတဲ့ သူမက ဘယ်လိုနည်းနဲ့မှ သာမာန် လူတစ်ယောက် ဖြစ်နိုင်မှာလဲ?

``ဘာမှမဟုတ်ပါဘူး.. ကျုပ် က ဟူးညိုနဲ့ ကစားနေလို့ပါ``

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``လေဒီရန် က ကျုပ်နဲ့ ဆွေးနွေးစရာ

အလုပ်ကိစ္စများရှိလို့လား?``

``ဒါဆိုယင်.. အလုပ်ကိစ္စမရှိဘူးဆိုယင် မင်းဆီကို လာပြီးတော့ စကားပြောလို့ မရဘူးလား?``

လေဒီရန်က ချိုသာစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဒါပေမဲ့ ဒီဟာက လင်းဟာန်ကို ကြက်သီး ထသွားစေခဲ့ပါတယ်။ ခင်ဗျားက အသက် လေးဆယ်လောက်ရှိတဲ့ သက်လတ်ပိုင်း အမျိုးသမီးလေ .. ခင်ဗျားဘယ်လောက်ပဲ လှပ ကျက်သရေ ရှိရှိ ကျုပ်လို လူငယ်လေးတစ်ယောက်အရှေ့မှာ ဒီလိုမျိုး လုပ်ဖို့တော့ မကြိုးစားသင့်ဘူးလေ ဟုတ်တယ်မလား? သူက မျက်မှောင်ကြုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``ယောက်ျားလေး တစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် အတူတကွ သီးသန့် ရှိနေတာက မသင့်တော်ဘူးလေ``

``လူကြီးမင်းလေး လင်းက တကယ့်ကို ဟာသတွေပြောတတ်တာပဲ.. မင်းနဲ့ ထန်ဖောင် က ညီအစ်ကိုတွေ ဖြစ်ပီးတော့ ငါ့ထက်တောင် ငယ်ရွယ်တဲ့ မျိုးဆက်သစ်လေးတွေ ပဲလေ.. မင်းရဲ့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ဆိုတဲ့

သဘောထား က ဘယ်လိုမျိုးကြီးလဲ?``

လေဒီရန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။ ပြီးတော့ သူမက ခန္ဓာကိုယ် အနည်းငယ် တုန်ခါသွားအောင်လို့ တခစ်ခစ်နဲ့ ရီလိုက်ပီးတော့ ပြောပါတယ်။

``လူကြီးမင်းလေး လင်း... မင်းရဲ့ အိမ်တော်မှာ မိန်းမလှလေးတစ်ယောက်ကို ဖွက်ထား လို့ ငါသူမကို ရှာတွေ့သွားမှာကို ကြောက်ရွံ့နေတာများလား?``

သူမက လင်းဟာန် သူမကို ဘယ်နည်းနဲ့မှ တားဆီးလို့မရအောင် ဖိအားပေးလိုက် ပါတယ်။ စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းပညာရှင်က သူ့ထက် အများကြီးကို သန်မာ တာပေ့ါ။

ဟူးညိုက ချက်ချင်းပဲ သူမကို စိုက်ကြည့်လိုက်ပီးတော့ လေဒီရန်ကို ရန်သူ တစ်ယောက် အဖြစ် တွေးလိုက်ပါတယ်။

လင်းဟာန်က ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ သူ့အနေနဲ့ လေဒီရန်ကြောင့် ဒီ ကလေးမကို ဒဏ်ရာရမသွားစေချင်ပါဘူး။ သူက လေဒီရန်ရဲ့

လေသံအတိုင်း ဂါးတားဖော်လို ဖစ်ဖော်လို လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ငါဒီနေရာမှာ တကယ်ပဲ မိန်းကလေးငယ် တစ်ယောက်ကို ဖွက်ထားတယ်``

``အိုး... ဘယ်သူများပါလိမ့်?``

လေဒီရန်က သာမန်ကာလျှံကာပုံစံနဲ့ မေးလိုက်ပါတယ်။

``တစ်ခြားဘယ်သူများ ဖြစ်နိုင်လို့လဲ ဒါပေမဲ့ဒီမိန်းကလေးကတော့ဒီမှာ ရှိတယ်?``

လင်းဟန်က ရီမောလိုက်ပါတယ်။ လေဒီရန်က မသက်ာဖြစ်နေတယ် ဆိုတာကို သူသိပါတယ်။ ယွမ်ရှွမ်းရှွမ်းက လေဒီရန်အတွက် အရမ်းကို အရေးကြီးနေမှန်း သိသာ ထင်ရှားပါတယ်။ ဒါကြောင့် သူမက ယွမ်ရှွမ်းရှွမ်း အတွက် သူ့ကို တောင်မှ ရန်လို လာနိုင်ပါတယ်။

ဒါက ရန်ထန်းဇောင် ရဲ့ အနာဂတ် တက်လမ်းနဲ့ သက်ဆိုင်နေပါတယ်။

လေဒီရန်က အနည်းငယ်ထိတ်လန့်သွားခဲ့ ပါတယ်။ ချက်ချင်းပဲ သူမက နူးညံ့ သိမ်မွေ့စွာ နဲ့ ရီလိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူမရဲ့ ခန္ဓာကိုယ်ကို လင်းဟာန်ရဲ့ အရှေ့မှာ လင်းဟာန်ကို စိတ်ပျက်ဖွယ်ကောင်းတဲ့ ခံစားချက်မဖြစ်အောင်လို့ လှုပ် မပြတော့ပါဘူး.. ဒီခန္ဓာကိုယ်က သူမြည်းစမ်းကြည့်ဖို့ အတွက် အရမ်းကို အိုမင်း နေပါပြီ။ သူက လုံးဝကို စိတ်မဝင်စားမှုမရှိဘူးဆိုတာ မြင်နိုင်ပါတယ်။

``လူကြီးမင်းလင်း .. ရွှမ်းရွှမ်း ဒီကို အစောပိုင်းတုန်းက လာသေးလား?``

သူမက ရုတ်တရက် ရပ်လိုက်ပီးတော့ လှည့်ပီးလင်းဟာန်ကို မေးလိုက်ပါတယ်။

``သေချာတာပေါ့``

လင်းဟာန်က ခေါင်းငြိမ့်ပြလိုက်ပါတယ်။

``လွန်ခဲ့တဲ့ ရက်အနည်းငယ်က လေဒီရန်က ညစာစားပွဲအတွက် ကျုပ်ကို ဖိတ်ဖို့ မိန်းကလေးရွှမ်းရွှမ်းကို သင်ပဲ လွှတ်လိုက်တာမဟုတ်လား?

``ရွှမ်းရွှမ်း က ဒီနေ့ ဒီကိုမလာဘူးလား?``

လေဒီရန်က သူမရဲ့ စကားဟာကွက်ကို ဖြည့်ပြီးတော့မေးလိုက်ပါတယ်။

လင်းဟန်က သူတို့ရဲ့ ကတ်တွေကို စားပွဲပေါ်ကို အားလုံး ချမပြထားဘူးဆိုတာကို ကောင်းကောင်းသိပါတယ်။

တကယ်လို့ သူက မလာဘူးလို့ ဖြေလိုက်ယင် လေဒီရန်က ယွမ်ရွှမ်းရွှမ်းကို ဒီနေရာမှာ ရှာတွေ့သွားခဲ့မယ်ဆိုယင် သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးက လုံး၀ ပျက်ဆီး သွားပါလိမ့်မယ်။

``မလာဘူး``

လင်းဟန်က နည်းနည်းလေးမှတောင် အချိန်မဆိုင်းပဲ ငြင်းပယ်လိုက်ပါတယ်။

သူမှာ အားနည်းတဲ့ဘက်ကနေ ကိုယ်ချင်းစာတဲ့ နလုံးသားတစ်ခု အမြဲတမ်းလိုရှိ ပြီးတော့ ဒီလိုမျိုး မွေးစားသမီးကို မနှစ်မြို့ဖွယ်ရာ နည်းလမ်းတစ်ခု အတွက်

ကြီးကိုင် ခြယ်လှယ်ဖို့ ပြန်ခေါ်သွားတာမျိုးကိုတော့ သူမကြိုက်ပါဘူး။

``လူကြီးမင်းလင်း တကယ်လို့ ကျုပ်ကိုယ်တိုင် တစ်ချက်လောက် ကြည့်မယ် ဆိုယင် စိတ်မရှိဘူးမဟုတ်လား?``

လေဒီရန် က မေးလိုက်ပါတယ်။

``တကယ်လို့ ကျုပ်က မကြိုက်ဘူးဆိုယင်ရော လေဒီရန်က ကျုပ်စကားကို နားထောင် ပါ့မလား?``

လင်းဟန်က သူ့ရဲ့ နှလုံးသားထဲမှာ လေးလေးနက်နက် သက်ပြင်းချပြီးတော့ ပြန်တိုက် စစ်ဆင်လိုက်ပါတယ်။ တကယ်လို့ ကွမ်းယွမ်သာ ဒီနေ့ ဒီနေရာမှာ ရှိနေယင် တကယ့်ကို ကောင်းပါလိမ့်မယ်။

လေဒီရန်က တခစ်ခစ် ရီမောပြီးတော့ သူ့ရဲ့ ခြံဂန်းထဲကို လှည့်ပတ်ကြည့်ရှု လိုက်ပါတယ်။ အရမ်းကို လျှင်မြန်စွာပဲ လှိုဒ်ညီအစ်မ နှစ်ယောက် နေတဲ့ အခန်းအရှေ့ကို ရောက်သွားခဲ့ပါတယ်။ သူမက ဖြေးဖြေးလေးတွန်းလိုက်တဲ့အခါမှာ တံခါးကို အထဲက

ပိတ်ထားတယ်ဆိုတာကို သတိပြုမိလိုက်တဲ့အခါမှာတော့ သူမရဲ့ နှုတ်ခမ်းထောင့်မှာ အေးစက်တဲ့ သရော်အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ သူမက ရုတ်တရက် သူမရဲ့လက်ဂါး မှာ စွမ်းအင်ကို ထည့်သွင်းပြီးတော့ တွန်းဖွင့်လိုက်တဲ့အခါမှာတော့ တံခါးအနောက်က မင်းတုံးက အားကြောင့် ဖျက်ဆီးသွားခဲ့ပီးတော့ တံခါးက ဖြေးညှင်းစွာနဲ့ ပွင့်သွား ခဲ့ပါတယ်။

လေဒီရန်က ဖြေးဖြေးလေးတွန်းပြီးတော့ တံခါးနှစ်ချပ်စလုံးကို ဖွင့်လိုက်ပါတယ်။

``အားးး``

မိန်းကလေးတစ်ယောက်က သူမရဲ့အဂတ်အစားတွေကို ဂတ်ဆင်နေပြီးတော့ အခန်းထဲ ဂင်လာတဲ့ ဧည့်သည်ကို မြင်လိုက်တဲ့အခါမှာ သူမရဲ့ အဂတ်အစားတွေကို အသုံးပြုပြီး တော့ အလျှင်အမြန်နဲ့ပဲ သူမရဲ့ ရင်သားတွေကို ဖုံးကွယ်လိုက်ပီး မေးလိုက်ပါတယ်။

``ရှင်ဘယ်သူလဲ?``

လေဒီရန်ရဲ့ အကြည့်တွေက သူမဆီကို ရောက်သွားပါတယ်။

ဒီမိန်းကလေးက ငယ်ရွယ် ပြီးတော့ အလွန်အမင်းကို ချောမောလှပတဲ့သူတစ်ယောက်ဖြစ်ပေမဲ့ ယွမ်ရှမ်းရှမ်း က ရုပ်ဖျက်ထားတာနဲ့တော့ လုံးဝ မတူညီပါဘူး။ ဒီ့အပြင် သူမက ယွမ်ရှမ်းရှမ်း နဲ့ အရမ်းကို ရင်းနှီးပါတယ်။ တကယ်လို့ သူမကိုယ်တိုင်က ရုပ်ဖျက်ထားမယ်ဆိုယင်တောင်မှ သူမရဲ့ မျက်လုံးတွေကို အရူးလုပ်လို့ရမှာမဟုတ်ပါဘူး။

ဒီမိန်းကလေးက ယွမ်ရှမ်းရှမ်း မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။

``အဟဲ.. ကျုပ်ရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးဖို့ လေဒီရန်ကို တောင်းဆိုပါရစေ``

လင်းဟန်က သက်ပြင်းခိုးချလိုက်ပါတယ်။

``ကျေးဇူးပြုပြီးတော့ ယုထန် ကို မပြောပါနဲ့``

လေဒီရန် ရဲ့ မျက်နှာပေါ်မှာ မသကာ်တဲ့ အလင်းရောင်တစ်ချက ် လက်သွားခဲ့ပါတယ်။ ဒီမိန်းကလေး က လင်းဟန်ရဲ့ ချစ်သူ ဖြစ်နိုင်ပဲ့မလား. ဒါကြောင့်ပဲ သူက သူမကို အထဲကို ဝင်ဖို့ ထပ်ခါ ထပ်ခါ တားဆီးဖို့ ကြိုးစားနေတာလား? ဒါက ဒီလောက် ရိုးရှင်း ပဲ့မလား?

ဒါပေမဲ့ ဒီမိန်းကလေးကို ကြည့်ရတာ ဘာဖြစ်လို့ သူမကို နည်းနည်းလောက် ရင်းနှီးနေရတာလဲ?

သူမက ဖြေးဖြေးလေး ခေါင်းကိုငြိမ့်ပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

``ယောက်ျားတွေက တကယ်ပဲ လောဘကြီးပြီးတော့ တဏှာရူးကြတာပဲ.. ယုထန်က လို့ကလန်ရဲ့ မင်းသမီးဖြစ်တယ်.. သူမကို ကောင်းကောင်းဆက်ဆံပါ.. ဒီလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ ဆက်ဆံရေးကို မလွဲချော်သွားပါစေနဲ့``

လင်းဟန်က မချိပြုံးပြုံးရုံမျှသာ တတ်နိုင်ပါတယ်။

``ငါ မင်းတို့နှစ်ယောက်ကို မနှောက်ယှက်တော့ပါဘူး.. ငါ့မှာ တစ်ခြားလုပ်စရာ ကိစ္စလေးတွေ ရှိနေသေးတယ်.. ဒါကြောင့် ငါ ့ကိုပြန်ခွင့်ပြုပါ.. တကယ်လို့ လူကြီးမင်း လင်းက အားလပ်ချိန်ရှိယင် အချစ်ပန်းစံအိမ်ကို ပျော်ဖို့ ရွှင်ဖို့အတွက် မကြာခဏ လာခဲ့ပါ.. ထန်းအာ က မင်းနဲ့ယုထန် ကို အရမ်းသတိရနေတယ်``

လေဒီရန်က လှည့်ထွက်သွားလိုက်ပါတယ်။

``ကျုပ် လိုက်ပို့ပေးပါ့မယ်``

လင်းဟန်က လှီဖန်းအာ ကို မျက်စိတစ်ဖက်မှိတ်ပြလိုက်ပီးတော့ လေဒီရန်ကို အပြင်ကို လိုက်ပို့လိုက်ပါတယ်။

သူတို့ တံခါးဆီကို ရောက်တဲ့အခါမှာ လေဒီရန်က လှည့်ပြီးတော့ မေးလိုက်ပါတယ်။

``လူကြီးမင်းလင်း.. အဲဒီမိန်းကလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ? သူ့ကို တစ်နေရာရာမှာ အယင်တုန်းက မြင်ဖူးသလိုပဲ?``

``ဘယ်လိုလုပ်ပီးတော့ ဖြစ်နိုင်မှာလဲ? သူမက ဒီကမ္ဘာပေါ်မှာ ဘယ်သူကမှ မမြင်ဖူးတဲ့ ခပ်တုံးတုံးမိန်းကလေးတစ်ယောက်ပဲဟာ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လေဒီရန်က ခေါင်းငြိမ့်ပြီးတော့ ထွက်သွားလိုက်ပါတယ်။

လင်းဟန်က တံခါးကို ပိတ်ပြီးတော့ အခန်းထဲကို အလျှင်အမြန်ဝင်လာခဲ့ပါတယ်။ အဲဒီ အချိန်မှာပဲ လွှီရှုအာနဲ့ ယွမ်ရွှမ်းရွှမ်းတို့က ကုတင်အောက်ကနေပြီး တွားသွား ထွက်လာခဲ့ပါတယ်။ သူမတို့က အသက်ကို အောင့်ထားကြပြီးတော့ အပြင်ကို ရောက်လာ တာနဲ့ ကမန်းကတမ်း အသက်ရှုရပါတယ်။

``ဟူး.. နတ်ဘုရားတွေကို ကျေးဇူးတင်ပါတယ်.. ဒီစုန်းမအိုကြီးကို အရှုးလုပ်ပြီးတော့ ထွက်သွားအောင်လုပ်နိုင်ခဲ့ပီ``

လွှီရှုအာက သူမရဲ့ ရင်ဘက်ကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

``မဟုတ်သေးဘူး``

``သူမ မထွက်သွားသေးဘူးလား?``

လွှီရှုအာက နားမလည်နိုင်စွာနဲ့ မေးလိုက်ပါတယ်။

``သူမထွက်သွားပီ.. ဒါပေမဲ့ သူမရဲ့ သံသယတွေကတော့ ရှိနေတုန်းပဲ``

လင်းဟန် က ပြောလိုက်ပါတယ်။

``တကယ်လို့ သူမက ငါနဲ့ လုံးဝ ရန်သူဖြစ်မသွားချင်ဘူးဆိုတဲ့ အကြောင်းပြချက် သာ မရှိဘူးဆိုယင် သူမက အစောတုန်းက ခြံဝန်းတစ်ခုလုံးကို မြေလှန်ရှာပစ်လိမ့်မယ်။ ဒါပေမဲ့ အခု သူမက အတွက်တော့ အချိန်နည်းနည်းလေး နှောင့်နှေးသွားယုံပါပဲ``

သူက ခဏရပ်ပြီးတော့ လှိဖန်းအာ ကိုပြောလိုက်ပါတယ်။

``ဒါပေမဲ့ မင်းရဲ့ အကြောင်းကတော့ ပေါ်ပေါက်သွားခဲ့ပြီ.. သူမက လျင်မြန်စွာနဲ့ မင်းတို့က တရားခံပြေးတွေဆိုတာကို သိသွားလိမ့်မယ်လို့ ငါယုံကြည်တယ်``

``ဒါမဖြစ်နိုင်ဘူး``

လှိရှုအာ က သူမရဲ့ခေါင်းကို ခါပြီးတော့ ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

``ငါ့အခု ငါ့အမကို ရုပ်ဖျက်ပေးလိုက်မယ်။ ဘယ်သူမှ သူမရဲ့ မျက်နှာအစစ်အမှန်ကို အယင်က မမြင်ဖူးဘူးလေ``

``နင်က တော်ားတစ်ယောက်လား``

လင်းဟန်က တဲ့တိုးပဲပြောလိုက်ပီးတော့ ကြေးမုံမှန်ကို ညွှန်ပြလိုက်ပါတယ်။

``ဒါကို တစ်ချက်ကြည့်လိုက် မင်းတို့နှစ်ယောက်က ဘယ်လောက်တောင် တူညီလိုက်သလဲ? တရားခံပြေးတွေရဲ့ ပန်းချီပုံတွေက အနည်းငယ်ကွာဟချက် တွေရှိ ကြလိမ့်မယ်.. ဒါကြောင့် မင်းတို့နှစ်ယောက်စလုံးကို တစ်ယောက်တည်းပဲလို့ သတ်မှတ် ထားကြနိုင်တယ်``

``သူမက အင်ပါယာအစောင့်အရှောက်တွေဆီကို သွားပြီးတော့ သတင်းပေးလိမ့်မယ်.. မကြာခင်မှာ အင်ပါယာ အစောင့်အရှောက် တွေက စုံစမ်းစစ်ဆေးဖို့ ရောက်လာကြ လိမ့်မယ်. အဲဒီအချိန်ကျယင် မင်းတို့သုံးယောက်စလုံးကို ရှာတွေ့သွားယင် သူမရဲ့ ရည်မှန်းချက်ကလဲ အလိုလိုနေရင်း ပြည့်စုံသွားလိမ့်မယ်``

အပိုင်း (၂၀၂) ကျင့်ကြံခြင်းလမ်းကြောင်းပေါ်က

ရွေးချယ်မှုတစ်ခု လုပ်ခြင်း

``ဒါဆိုယင် အခု ငါတို့ဘာဆက်လုပ်ကြမလဲ?``

မိန်းကလေးသုံးယောက်ရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတွေ ပေါ်လာခဲ့ပါတယ်။

``ဒါပေ့ါ ထွက်ပြေးကြလေ``

လင်းဟန်က သူတို့ကို လက်ဖေ့ပြလိုက်ပါတယ်။

``ချက်ချင်း.. အခုပဲ မင်းတို့အားလုံး ကိုယ့်ကိုကိုယ် ရုပ်ဖျက်ပြီးတော့ အင်ပါယာမြို့ ကနေ ထွက်သွားကြတော့``

``ဟင်.. ငါတို့ ကိုယ့်ကိုကိုယ် ဘယ်လို ရုပ်ဖျက်ရမယ်ဆိုတာကို နင်က ဘယ်လိုလုပ်ပြီး တော့ သိနေတာလဲ?``

လွီရှုအာက နောက်တစ်ကြိမ် မှင်တက်အံ့ဩသွားခဲ့ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပီး သူမကို အထင်အမြင်သေးတဲ့ပုံစံနဲ့ ကြည့်လိုက်ပါတယ်။

``မမေ့လိုက်နဲ့.. မင်းရဲ့ အမ သူမကိုယ်သူမ ရုပ်ဖျက်ဟန်ဆောင်ပြီးတဲ့အခါမှာ ဘယ်လိုပုံစံ ရှိတယ်ဆိုတာကို ငါမြင်ခဲ့တယ်လေ``

``အိုး ဟုတ်သားပဲ``

လွီရှုအာက သူမရဲ့ လက်တွေကို တီးလိုက်ပါတယ် ပြီးတော့ သူမပုံစံကြည့်ရတာ အနည်းငယ် စိတ်ဓါတ်ကျသွားပုံရပါတယ်။ သူမက တကယ့်ကို ဉာဏ်တုံးတာ ပဲ .. ဒီကောင်ရဲ့ သရော်လှောင်ပြောင်တာကို အမြဲတမ်းခံနေရတယ်။

``မြန်မြန်လုပ်ကြ.. မင်းတို့အားလုံးမှာ အချိန်သိပ်မရှိတော့ဘူး``

လင်းဟန်က လှုံ့ဆော်လိုက်ပါတယ်။

မိန်းကလေးသုံးယောက်က သူတို့ကိုယ်သူတို့ လျှင်မြန်စွာနဲ့ စတင်ပြီး ရုပ်ဖျက် နေကြပါတယ်။ လွီညီအစ်မ နှစ်ယောက်က ရုပ်ဖျက်တဲ့နေရာမှာ တကယ့်ကို ကျွမ်း ကျင်တဲ့ သူတွေပဲဖြစ်ပါတယ်။ သူမတို့ က ကိုယ့်ကိုယ်ကို အယင်ဆုံး

ရုပ်ဖျက်ပြီး တဲ့နောက်မှာ ယွမ်ရှမ်းရှမ်း ကို ရုပ်ဖျက်တဲ့နေရာမှာ ကူညီလိုက်ပါတယ်။ ချက်ချင်းပဲ သူမတို့သုံးယောက်က လူငယ်ယောက်ျားလေး သုံးယောက် ဖြစ်သွားခဲ့ပါတယ်။ လင်းဟာန် အံ့အားသင့်သွားရတဲ့ အချက်က သူမတို့က အာဒံရဲ့ ပန်းသီးတွေလို ပြူးထွက် နေတဲ့ သူမတို့ရဲ့ ရင်သားတွေကို ယောက်ျားတွေရင်အုပ်လို ညီညာပြန့်ပြူးသွားအောင် လို ဘယ်လိုမျိုးများလုပ်လိုက်နိုင်သလဲဆိုတဲ့ အချက်ကိုပါပဲ။

သူမတို့က လင်းဟာန်ရဲ့ အဂတ်အစားတွေကို ဂတ်ဆင်လိုက်ကြပါတယ်။ သူမတို့ရဲ့ အဂတ်အစားတွေဖြစ်တဲ့ စကပ်တွေ လိုဟာမျိုးကိုတော့ ခြံဂန်းထဲမှာ မီးရှို့ပြာချခဲ့ကြပါတယ်။

``သခင်လေးဟာန်.. ကျေးဇူးတင်ပါတယ်။ အနာဂါတ်မှာ တကယ်လို့ ကျမမှာ အခွင့် အရေးရှိခဲ့မယ်ဆိုယင် ရှမ်းရှမ်းက သခင်လေးဟာန်ရဲ့ ကြင်နာမှုအတွက် အရာရာ တိုင်း ကို ပြန်ပြီးတော့ ပေးဆပ်ပါ့မယ်``

ယွမ်ရှမ်းရှမ်းက သူ့ကို ကျေးဇူးတင်လိုက်ပါတယ်။

လင်းဟာန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ မင်းက ဒီညီအစ်မနှစ်ယောက် ရောင်းစားတာကို မခံရတော့မှပဲ ငါတို့ ဒီအကြောင်းကို ဆက်ပြောတာပေါ့``

``ဖွီ... ငါတို့က လူကုန်ကူးတဲ့သူတွေမဟုတ်ဘူး``

လွီရှူအာ က သူမရဲ့မျက်လုံးတွေ ပိုင်းသွားပါတယ်။ လင်းဟန်က တကယ့်ကို စက်ဆုပ် ရွံ့ရှာဖို့ကောင်းပြီးတော့ သူမကို အမြဲတမ်း လိုက်ကိုက်နေတယ်လို့ သူမ တွေး လိုက်ပါတယ်။

``လူကြီးမင်းလင်း... ငါတို့ နောက်တစ်ကြိမ် ပြန်ဆုံကြတာပေါ့``

လွီဖန်းအာ က ခြေတစ်ဖက်ကို ရှေ့ထုတ်ဒူးညွှန်ပြီးတော့ ဂါရဝပြုလိုက်ပါတယ်။ ဒါပေမဲ့ လက်ရှိသူမ ရဲ့ ပုံစံသွင်ပြင်က လူငယ်ယောကျ်ားလေးတစ်ယောက ်ပုံဖြစ်နေတဲ့ အတွက် ကြောင့် ဒီအပြုအမူက အရမ်းကိုပဲ ဘယ်လိုကြီးမှန်းမသိအောင် ထူးခြားနေပါတယ်။

``သွားတော့``

လင်းဟာန်က သူတို့ကို လက်ပွေ့ယမ်းပြလိုက်ပါတယ်။

မိန်းကလေးသုံးယောက်က ထွက်ခွာသွားပြီးတော့ မကြာခင်မှာပဲ ပျောက်ကွယ်သွားခဲ့ ကြပါတယ်။

``ဟားဟား.. နောက်ဆုံးတော့ ဒီနေရာမှာ တိတ်ဆိတ်ငြိမ်သက်သွားပြီပေါ့``

လင်းဟာန် က ရီမောလိုက်ပါတယ်။ဒါက သူ့ရဲ့ စစ်မှန်တဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ သူက နောက်ဆုံးတော့ ကပ်ပါးရပ်ပါး နှစ်ယောက်ကို နှင်ထုတ်လိုက်နိုင်တဲ့အတွက် အရမ်းကို ကျေနပ်နေပါတယ်။

``ရေးးးးးးးးး``

ဟူးညိုကလဲ ကျေနပ်ပီတိအပြည့်နဲ့ လက်ခုပ်တွေတီးလိုက်ပါတယ်။ သူမက လင်းဟာန် ဘာကြောင့် ပျော်ရွှင်နေတယ်ဆိုတာကို မသိပေမဲ့ သူမကပါ လိုက်ပီး ပျော်ရွှင် နေပါတယ်။

ဒါပေမဲ့.. လင်းဟာန် ခန့်မှန်းချက်က မမှားပါဘူး။ တစ်နာရီခန့်အကြာမှာ အင်ပါယာ အစောင့် အရှောက်အုပ်စု

တစ်ခု ရောက်လာခဲ့ပါတယ်။ သူတို့ရဲ့ လေသံက ယဉ်ကျေးစေကာမူ သူ့ကို အနှောက်အယှက်ပေးမိတဲ့အတွက် သူတို့က တောင်းပန်ပါကြောင်း.. သူတို့က လင်းဟန်ရဲ့ ခြံဂုန်းမှာ ရှာဖွေဖို့ မရမကတောင်းဆိုကြပါတယ်။

ဒါပေမဲ့ ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။

သူတို့က တောင်းပန်ပြီးတော့ ပြန်သွားကြပါတယ်။ သူတို့က အလျင်စလို နဲ့ ရောက် လာခဲ့ကြပီးတော့ အလျင်စလိုနဲ့ပဲ ပြန်ထွက်သွားကြပါတယ်။

လင်းဟန်က သက်ပြင်းချခဲ့ပါတယ်။ ကြည့်ရတာ သူနဲ့ လေဒီရန်က အခုဆို မတူညီတဲ့ ဘက်မှာ ဖြစ်သွားကြပါပြီ။ သူမ ရှာနေတဲ့ လူကို သူတို့တွေက ရှာမတွေ့သွားခဲ့တာ မဟုတ်ပါဘူး.. ဘယ်သူ့ကိုမှ သူတို့က ရှာမတွေ့ခဲ့တာပါ။ ဒါဆိုယင် လူတစ်ယောက် ပျောက်ကွယ်သွားမှတော့ နှစ်ယောက် ဒါမှမဟုတ် သုံးယောက်လည်း ပျောက်ကွယ်သွားနိုင်တာပဲ။

သူမရဲ့ သားအတွက်ကြောင့် လေဒီရန်က သူမကိုယ်သူမ လျှို့ဝှက်အကြံအစည်မှာ နှစ်မြုပ်ထားခဲ့ပါတယ်။ သူမရဲ့ အစီအစဉ်ထဲမှာ သူမနှစ်ပေါင်းများစွာ ဂရုစိုက်ခဲ့တဲ့

မွေးစားသမီးတောင်မှ ပါဝင်သေးတာ သူဆိုတာကဘာအရေးလဲ။

``မေ့ထားလိုက်တော့.. ငါက သူမကို ဆန့်ကျင်မိခဲ့ပီပဲ.. ဘာပဲဖြစ်ဖြစ်.. ငါ့မှာ ရန်သူတွေ အများကြီးရှိနေပြီ.. ဒါကြောင့် နောက်ထပ်တစ်ယောက် တိုးလာတော့လဲ ဘာမှ ကွာခြားသွားတာမှမဟုတ်တာ``

လင်းဟန်ကပျင်းရိစွာနဲ့ သမ်းလိုက်ပါတယ်။ သူက သွားပြီးတော့ အသားတွေ ပြင်ဆင် လိုက်ပါတယ်။ ဟူးညိုက သူ့ရဲ့လည်ပင်းကို ဖက်ထားပြီးတော့ မဆုံးနိုင်အောင် အော်ဟစ်နေပါတယ်။

``အသား အသား အသား``

မျက်စိတစ်မှိတ် အတွင်းမှာသုံးရက်ကုန်ဆုံးသွား ပြီးတော့ ကွမ်းယွမ်က နောက်ဆုံးမှာ ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူက လင်းဟန်ရဲ့ ခြံဝန်းထဲမှာ နေဖို့ မရွေးချယ် ပဲနဲ့ အဲဒီအစား လင်းဟန်ရဲ့ အနားက တစ်ခြားခြံဝန်းတစ်ခုကို ရှာပြီးတော့ နေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ လွတ်နေတာက အများကြီး ရှိနေပါတယ်။

စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကိုယ်ရံတော်တစ်ယောက်နဲ့ ဆိုတော့ လင်းဟန်က အရမ်းကို စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် တစ်ယောက်မှ မပေါ်လာခဲ့ဖူးဆိုယင် ကွမ်းယွမ်ကို ရှုံးနိမ့်အောင်လို့ လုပ်နိုင်တဲ့သူက အများကြီး မရှိပါဘူး။ ဒ့ါအပြင် လင်းဟန်ဆီက လမ်းညွှန်မှုနဲ့ ဆိုယင် ကွမ်းယွမ် ကို စိတ်ဂိဉာဉ် ပင်လယ် အဆင့်မှာရှိတဲ့ ဘယ်သူကမှ ဖြတ်ကျော်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ လင်းဟန်က အခု စိတ်မပါပါဘူး။

သူ့ရဲ့ကျင့်ကြံခြင်း နှုန်းက အရမ်းကို မြန်ဆန်ပါတယ်။ အခု သူက ဒြပ်စင်စုစည်းခြင်း အလွှာ ကိုး အထွတ်အထိပ်အဆင့်ကို ရောက်ခဲ့ပါပြီ။ သူက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဂင်ရောက်သည်ဖြစ်စေ ဒါမှမဟုတ် သူက ဒီကျင့်ကြံခြင်းအဆင့်မှာပဲ ဖြစ်စေ နေနိုင်ပါတယ်။

သူက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ နည်းလမ်းမရှိတာ မဟုတ်ပါဘူး အဲဒီအစား သူက ရွေးချယ်မှုတစ်ခုကို လုပ်လိုက်ပါတယ်။ သူက ဒြပ်စင်စုစည်းခြင်း အလွှာ တစ်ဆယ် ကို ချိုးဖျက်ဂင်ရောက်ဖို့ စိန်ခေါ် လိုက်တာပဲ ဖြစ်ပါတယ်။

ဒီ ကျင့်ကြံခြင်းအဆင့်က ဒဏ္ဍာရီထဲက သဘောတရားမှာပဲ တည်ရှိတာဖြစ်ပါတယ်။ အနည်းဆုံး လင်းဟန်သိသလောက်ကတော့ ဘယ်သူကမှ ဒီကျင့်ကြံခြင်း အဆင့် ကို မရောက်ခဲ့ဖူးသေးပါဘူး။

ကန့်သတ်ထားတဲ့ အဆင့်ကိုး ကို ချိုးဖျက်ပြီးတော့ နောက်တစ်ဆင့်ကို တက်တာက ပြီးပြည့်စုံခြင်းအဆင့်ကို ရောက်ရှိတာပဲဖြစ်ပါတယ်။

ဒါပေမဲ့ ဒါက တကယ်ရော ဖြစ်နိုင်ပါ့မလား?

ရှေးဦးပြုလုပ်သူရဲ့ မှတ်တမ်းထဲမှာတော့ ဒါက ခန့်မှန်းတာ ပဲဖြစ်ပြီးတော့ ဘယ်တုန်း ကမှ အောင်မြင်မှုမရရှိခဲ့သေးပါဘူး။

လင်းဟန်က လေးလေးနက်နက်နဲ့ အောင်မြင်နိုင်ချေကို စဉ်းစားခဲ့ပါတယ်။

သူ့ရဲ့ ယခင်ဘဝတုန်းက သူက ကောင်းကင်အဆင့်ကို ရောက်ခဲ့ပြီးတော့ ဒီပြဿနာကို လုံးဝ မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမဲ့ လက်ရှိ မှာတော့ သူက ယခင်ဘဝက နားလည်နိုင်စွမ်း

တွေက ကျန်နေရစ်ပြီးတော့ သူလည်းပဲ လိုအပ်တဲ့ အခြေအနေတွေရှိပြီးတော့ ဒါကို ပြုလုပ်ဖို့ အတွက် အနည်းငယ်တော့ တုံ့ဆိုင်းနေခဲ့ပါတယ်။

ဖြစ်နိုင်ချေက ဘယ်လောက်များမြင့်မားနိုင်မလဲ?

လင်းဟန်က ဖြစ်နိုင်ချေရှိတဲ့ ရလဒ်ကို အဖြေထုတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးသတ် ကတော့ မလာသေးပါဘူး။

သချာပေါက်ပြောနိုင်တာက သဘောတရား အနေနဲ့ကတော့ ဒါက တကယ့်ကို ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အမှန်တကယ် သက်သေမပြနိုင်ရင်တော့ အရာအားလုံးက အဓိပ္ပါယ်မရှိတဲ့ စကားလုံးတွေမျှသာ ဖြစ်ပါတယ်။

သူ့ရဲ့မျက်လုံးတွေထဲမှာ ရူးသွပ်မှုတွေ ဖြစ်လာပြီးတော့ သူက စွန့်စားလိုက်ဖို့ ကို ဆုံးဖြတ်လိုက်ပါတယ်။

ဒီဘဝမှာ သူက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မော်စာလိပ်ကို ကျင့်ကြံခဲ့ပါတယ်။ ဒါက အရမ်းကို အံ့သြစရာကောင်းတဲ့ နည်းစနစ်တစ်ခု ဖြစ်ပြီးတော့ သူ့ရဲ့ အဆင့်က တွက်ဆလို့မရနိုင်အောင်ပဲ မြင့်မားပါတယ်။ ပြီးတော့

အဲဒီကျင့်ကြံခြင်းနည်းစနစ်က သူ့ရဲ့ လက်ထဲမှာ ပြီးတော့ သူ့ရဲ့အခြေခံက နိုင်ငံယှဉ်လို့မရအောင် ခိုင်မာတောင့်တင်းပြီး မြဲမြံ လိမ့်မယ်လို့တာ သေချာအောင်လုပ်ရပါမယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်က သိုင်းပညာမှာ ဒုတိယကျင့်ကြံခြင်း အဆင့်ဖြစ်ပါတယ်။ ဒါက အစပဲရှိသေးတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ဒါက အရမ်းကို အရေးကြီးတဲ့ ခြေလှမ်းတစ်ခုဖြစ်ပီးတော့ နောက်ပိုင်း အဆင့်ခုနစ်ဆင့် အားလုံးကို ဒီအဆင့်ကနေ အားလုံးက အရင်းအမြစ်အဖြစ် ဆင်းသက်လာရပါလိမ့်မယ်။

သူက ဒီစွန့်စားမှုကို ယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ဒြပ်စင်စုစည်းခြင်းအလွှာ တစ်ဆယ် အဆင့်ကို စိန်ခေါ်ဖို့ စတင်လိုက်ပါတယ်။ ဒီအဆင့်က အယင်က ဘယ်သူကမှ မရောက်နိုင်ခဲ့တဲ့ တစ်ခုပဲဖြစ်ပါတယ်။

သူ့ရဲ့ ဒန်တန် အထဲမှာ.. ကြီးမားတဲ့ မူလဒြပ်စင်အမှုန် ကိုးခုရှိပြီးတော့ သေးငယ်တဲ့ မူလအမှုန် လေးဆယ့်ငါးခုက နန်းတော်ကိုးခုပုံစံ တစ်ခု အဖြစ်ကို စီစဉ်ခင်းကျင်းထားပါတယ်။ ဒါက အရမ်းကို တည်ငြိမ်ပြီးတော့ သိမ်မွေ့နက်နဲတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။

တကယ်လို့ သူက နောက်ထပ် မူလဒြပ်စင်အမှုန်ကို ထည့်သွင်းဖို့ ဆုံးဖြတ်လိုက်မယ် ဆိုယင် ဘယ်နေရာမှာ သူထည့်သလဲ?

လင်းဟန် ခေါင်းကိုက်လာပါတယ်။ သူက စွန့်စားပြီးတော့ ဒီအဆင့်ကို လုပ်ဖို့ ဆုံးဖြတ် လိုက်ပေမဲ့ ဘယ်နေရာကနေ စရမလဲဆိုတာ သူ့မှာ အကြံဉာဏ်လုံးဝ မရှိပါဘူး။ ဆန်းသစ်ပြောင်းလဲခြင်းတွေက ဘယ်လိုလုပ်ပီးတော့ လွယ်ကူကြမှာလဲ?

သူက ဖြစ်နိုင်ချေရှိတဲ့ အရာတွေ အများကြီးကို စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ သူက အားလုံး ကို ငြင်းဆန်ပယ်ချခဲ့ပါတယ်။ဘာဖြစ်လို့လဲ ဆိုတော့ တကယ်လို့ သူက ၎င်းတို့ကို စဉ်းစား နိုင်တယ်ဆိုယင် သူ့ရဲ့အယင် ရှေးကပြုလုပ်တဲ့ သူကလဲဒါတွေကို စဉ်းစားမိပါလိမ့်မယ်။ တကယ်လို့ သူတို့က အခွင့်အရေးကို လွဲချော်သွားခဲ့ယင်တောင်မှ သူတို့ရဲ့ ဂျူနီယာတွေကို ဒီအဆင့်ကို လုပ်ဖို့ ဘယ်လိုလုပ်ပြီးတော့ ခွင့်မပြုနိုင်ရမှာလဲ?

ဒီခြေလှမ်းကို လုံးဝအောင်မြင်ဖို့ ဆိုယင် သူက ပုံမှန်လမ်းကြောင်းကနေ

လမ်းကြောင်းပြောင်းသွားရပါလိမ့်မယ်။ ဒါမှမဟုတ် လမ်းကြောင်းဆွဲဆန့်ပြီးသွားယင် သွား ဒါမှမဟုတ် လမ်းဆုံးသွားပါလိမ့်မယ်။

လင်းဟန်က နောက်တစ်ကြိမ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ တကယ်လို့ သူက အယင် ပုဂ္ဂိုလ် ရဲ့ ခြေလှမ်းအတိုင်း လိုက်သွားမယ်ဆိုယင် သူ့ရဲ့ အင်မော်တယ်အဆင့် စိတ်ဂိဉာဉ်အခြေခံနဲ့ ဖျက်ဆီးမရတဲ့ ကောင်းကင်မှော်စာလိပ်တို့နဲ့ အတူ သူ့ရဲ့အခြေခံ ကနိုင်မာလာပြီးတော့
ယခင်ဘဝက်ထက်အဆင့်တက်တာလုံးဝ
မြန်ဆန်ပါလိမ့်မယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီလိုမျိုး စွန့်စား အရဲစွန့်တာမျိုးလုပ်ဖို့ မလိုပါဘူး။

ဒါပေမဲ့ သူ့ရဲ့ နှလုံးသားနဲ့ စိတ်ဂိဉာဉ်က ပိုပြီးတော့တောင်မှ စိတ်ပိုင်းဖြတ်လာခဲ့ ပါတယ်။

သူက ဒီဘဝမှာ အသန်မာဆုံး လူဖြစ်ချင်တယ်။

သူ့ရဲ့ နှလုံးသားနဲ့ ့စိတ်ဂိဉာဉ်က တည်ငြိမ်တဲ့ အခြေအနေမှာရှိပြီးတော့ သူက စတင်ပြီးတော့ ဘယ်လိုလောင်းကြေးထပ် စွန့်စားရမလဲဆိုတဲ့ ဗျူဟာတွေ

အများကြီးကို စဉ်းစားလိုက်ပါတယ်။

ဒီနေရာမှာ ဖြစ်နိုင်ချေရှိတဲ့ သဘောတရားတွေ အများကြီးရှိပြီးတော့ သူက ၎င်းတို့ ကို စဉ်းစားမိလိုက်တဲ့အခါမှာ ချက်ချင်းပဲ ပယ်ချလိုက်ပါတယ်။ နောက်ဆုံးတော့ ဖြစ်နိုင်ချေ ရှိတဲ့ နည်းလမ်းနှစ်ခုပဲ ကျန်ပါတော့တယ်။

ပထမတစ်ခုက ကြီးမားတဲ့ မူလဒြပ်စင်အမှုန် ကိုးခုကို တစ်ခုနဲ့တစ်ခု တွန်းလှန်ခွင့်ပြု လိုက်ပြီးတော့ သူ့ရဲ့ ဆယ်ခုမြောက် မူလဒြပ်စင်အမှုန် ဖြစ်ပေါ်လာစေမဲ့ အထူးနေရာ တစ်ခုကို ဖန်တီးလိုက်ဖို့ပါပဲ။ ဒုတိယက ကြီးမားတဲ့ မူလဒြပ်စင်အမှုန်ကိုးခုကို ရောမ မူလဒြပ်စင်အမှုန်တစ်ခု အဖြစ်ကို ပေါင်းစည်းလိုက်ဖို့ပဲဖြစ်ပါတယ်။ ဒါက တစ်ခုလို့ ယူဆနိုင်ပြီးတော့ ကမ္ဘာရဲ့တာအို ပုံပန်းအဖြစ်ဖွဲ့စည်းတည်ဆောက်လိုက်ပြီးတော့ ပေ့လည်ကြောင်းပတ်နဲ့ တစ်ခု ဖြစ်လာနိုင်ပါတယ်။

နိုင်ငံယှဉ်လိုက်မယ်ဆိုယင်တော့ ဒုတိယ တစ်ချက်က ရှုးသွပ်ရာ ကျပါတယ်။

ဒါကြောင့် လင်းဟန်က ပထမ အချက်ကိုပဲ လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ကြီးမားတဲ့ မူလဒြပ်စင်အမှုန်ကိုးခုကို တစ်ခုနဲ့တစ်ခု တွန်းလှန်ဖို့ခွင့်ပြုလိုက်ပြီး တော့ သူတို့ရဲ့ကြားမှာ ထူးခြားတဲ့ နေရာတစ်ခုကို ဖန်တီးဖို့ ကြိုးပမ်းအားထုတ် လိုက်ပါတယ်။

ဒီခြေလှမ်းက ဖြစ်နိုင်ချေရှိပါတယ်။ ဒါပေမဲ့ ပြဿနာက ဒီ မူလဒြပ်စင်အမှုန် ကိုးခုက သူ့ရဲ့ စွမ်းအင်နဲ့ အစွမ်းတွေရဲ့ အရင်းအမြစ်တွေပဲဖြစ်ပါတယ်။ အခု သူတို့က တစ်ခုနဲ့ တစ်ခု တွန်းလှန် တွန်းကန် ပြီးတော့ သူ့ရဲ့ စွမ်းအင်နဲ့ စွမ်းအားတွေ အကုန်လုံးကို ဒီနေရာမှာ သုံးစွဲလိုက်ပါတယ်။ ဒါကြောင့် ဆယ်ခုမြောက် မူလဒြပ်စင်အမှုန် ဖြစ်ပေါ် လာဖို့ အပိုစွမ်းအင်တွေကို သူက ဘယ်လိုရနိုင်မှာလဲ?

လင်းဟန်က နည်းလမ်းအများကြီးကို ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းလုံးဝ မရှိခဲ့ပါဘူး။

တစ်ခဏအတွင်းမှာပဲ ဆယ်ရက်က ကုန်လွန်သွားခဲ့ပြီးတော့ သူက စခဲ့တဲ့ နေရာကနေ ပြန်ပြီးတော့ စနေရပါတယ်။

ဒီနည်းလမ်းက ဖြစ်နိုင်ချေမရှိဘူးလား?

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူက တန်ဖိုးရှိတဲ့ ဆယ်ရက် အချိန်ကို ဖြုန်းတီး ခဲ့ပါတယ်။ ဒါကြောင့် သူက ဒီကိစ္စနဲ့ပါတ်သတ်ပြီးတော့ နောက်ထပ် ဆက် ပြီး နှောင့်နှေးအောင် မလုပ်နိုင်တော့ပါဘူး။ သူက နွေဦးစမ်းရေအဆင့်ကို ချိုးဖျက် ဝင်ရောက်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို နားလည်အောင်လုပ် ချင်ပါသေးတယ်။

ဒါဆိုယင် သူက ဒုတိယအချက်ကို တစ်ခါတော့ ကြိုးစားကြည့်ပါဦးမယ်။

အပိုင်း(၂၀၃) ဒြပ်စင်အမှုန်ကိုးခုကို ပေါင်းစည်းခြင်း

ဒုတိယ နည်းလမ်းက သူက ဖျက်ဆီးပြီးတော့ ပြန်လည်ပုံစံသွင်းတာဖြစ်ပါတယ်။

သူက ပထမဆုံး ကြီးမားတဲ့ ဒြပ်စင်အမှုန်ကိုးခု စလုံးကို ဖျက်ဆီးပစ်ပြီးတော့ ရောမ မူလဒြပ်စင်အမှုန်အသစ်တစ်ခုကို ပုံသွင်းပြုလုပ်ရမှာပါ။ မူလဒြပ်စင်အမှုန်ကြီး ကိုးခု က သူ့ရဲ့ စွမ်းအားတွေရဲ့ အရင်းအမြစ်တွေပဲဖြစ်ပါတယ်။ တကယ်လို့ သူက ၎င်းတို့အားလုံးကို တစ်ခါတည်းနဲ့

ဖျက်ဆီးပစ်လိုက်မယ်ဆိုယင် ဒီဖျက်ဆီးမှုကနေ အဆက်မပြတ် ဖန်တီးလိုက်တဲ့ စွမ်းအားတွေက သူ့ကို သတ်ပစ်ဖို့ အကြိမ် တစ်ထောင် ဒါမှမဟုတ် တစ်သောင်း တောင်မှ လုံလောက်ပါလိမ့်မယ်။ ဒါကြောင့် သူ့အတွက် အဲဒီအချက်က တိမ်းရှောင်လိုတဲ့ အရာတစ်ခုကို ဖြစ်ပေါ်ခြင်းအကြောင်းကိုတောင်မှ စဉ်းစားဖို့ မလိုခဲ့ပါဘူး။

လင်းဟန်က ဒါကို လုပ်ပံ့တဲ့အကြောင်းရင်းက သူ့ရဲ့ ဒန်တန်အထဲမှာ အကြီးအကဲကြီး ဖြစ်တဲ့ အနက်ရောင်မျှော်စင် ရှိနေဆဲ ဖြစ်လို့ပဲ ဖြစ်ပါတယ်။

သူ့ရဲ့ယခင်ဘဝတုန်းက ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်ကို ဒီမျှော်စင်က ဖျက်ဆီးပစ်လိုက်ပြီးတော့ ဖျက်ဆီးလို့မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို သူ့ကို ကျင့်ကြံရရှိစေခဲ့ပြီးတော့ ခန္ဓာကိုယ် အသစ်ကို ပေးပြီး ပြန်လည်မွေးဖွားလာစေခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင် အစွမ်းကြီး မားလိုက်သလဲ.. ပြီးတော့ ဘယ်လောက်တောင်မှ စိုးရိမ်ပူပန်စရာကောင်းလိုက်သလဲ? အခု သူက သူ့ရဲ့ မူလဒြပ်စင်အမှုန်ကို ကိုယ်တိုင်ဖျက်ဆီးပစ်ဖို့ ဆန္ဒရှိနေပါပြီ။ ဒါကြောင့် အနက်ရောင် မျှော်စင်အစ်ကိုကြီးရေ.. ခင်ဗျားက ဂင်ပြီးတော့ စွက်ဖက်မှာလား ဒါမှမဟုတ် မလုပ်ဘူးလား?

ခင်ဗျားက လုံး၈ ဂင်စွက်ဖက်မှာမဟုတ်လား ? ဒါဆိုယင် အရာအားလုံးက အေးဆေး ဖြစ်သွားပီ။

လင်းဟန်က နည်းနည်းတော့ အရုက်မရှိပါဘူး။ ဒါပေမဲ့ ဒီအတွက် တစ်ခြားနည်းလမ်းမှ မရှိတော့တာ..ဒါက သမိုင်းတစ်လျှောက်မှာ ပထမဆုံးသော ဒြပ်စင်စုစည်းခြင်းအလွှာ ၁၈ အဆင့်ကို ချိုးဖျက်ဂင်ရောက်တဲ့ ကိစ္စဖြစ်ပြီးတော့ သူ့ရဲ့ ရည်ရွယ်ချက်ကို အောင်မြင်မှု ရရှိအောင်လို့ ဘယ်လိုမျိုး မှန်ကန်တဲ့အရာတွေကို လုပ်ရမယ်ဆိုတာကို သူတောင်မှမသိပါဘူး။ ဒါကြောင့် သူက ဒါကို အနက်ရောင်မျှော်စင်အပေါ်မှာပဲ မှီခိုလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုယင် အကြိမ်တစ်သန်းပုံယင် တစ်ပုံသာ ဒီကိစ္စကို အောင်မြင်ဖို့ အခွင့်အရေး ရှိမယ်ဆိုယင် သူက ဘယ်လိုလုပ်ပြီးတော့ စွန့်စားပွဲမှာလဲ?

လာခဲ့တော့။

သူ့ရဲ့ ဒန်တန်ထဲက မူလဒြပ်စင်အမှုန်ကို သူက ထိန်းချုပ်လိုက်ပီးတော့ ဖျက်ဆီးခြင်း လုပ်ငန်းကို စတင်လိုက်ပါတယ်။

ဒီလိုမျိုး လုပ်ရတာက တကယ်တော့ အရမ်းကို လွယ်ကူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒြပ်စင်အမှုန်ကြီး အားလုံးတွေက သေးငယ်တဲ့ ဒြပ်စင်အမှုန်ငါးခု ဖွဲ့စည်းပါဝင်ပြီးတော့ အဲဒါတွေက မတူညီတဲ့ ဒြပ်စင်တွေပဲဖြစ်ပါတယ်။ ပြီးတော့ ဒီ သေးငယ်တဲ့ မူလဒြပ်စင်အမှုန် တွေက အံ့သြဖွယ်ရာနည်းလမ်းနဲ့ သူတို့တွေရဲ့ အကြားမှ ညီမျှတဲ့ မျှခြေတစ်ခုကို ရရှိခဲ့တာပါ။ သူက ဒီမျှခြေကို ချိုးဖျက်ပစ်ဖို့ပဲ လိုအပ်တာဖြစ်ပြီးတော့ ဒြပ်စင်ငါးခုက ထိန်းချုပ် မှုမရှိတော့ဘူးဆိုယင် မူလဒြပ်စင်အမှုန်က ကိုယ်တိုင်ပဲ ဖျက်စီးသွားပါလိမ့်မယ်။

တစ်ခုပြီးတဟ်ခုမဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ကြိမ်တည်းနဲ့အားလုံးပါ။

ဖျက်ဆီးခြင်းက အမြဲတမ်းပဲ တည်ဆောက်ခြင်းထက် လွယ်ကူပါတယ်။ ချက်ချင်းဆိုသလိုပဲ မူလဒြပ်စင်အမှုန်တွေအားလုံးက စတင်ပြီးတော့ တုန်ခါလာခဲ့ပါတယ်။ ဒြပ်စင်ငါးခုက ကြီးထွားလာကြပြီးတော့ တစ်ခုနဲ့တစ်ခုချုပ်ထိန်းလာခဲ့ပါတယ်။ ၎င်းတို့က စတင်ပြီးတော့ ယိမ်းထိုးလှုပ်ခါ လာပြီးတော့.သူတို့ရဲ့ မိုးမျှော်တိုက်လို မြင့်မားတဲ့ အခြေခံ က အကြီးအကျယ် ပျက်ဆီးမှုကို ခံစားလာရသကဲ့သို့ ဖျက်ဆီးလုနီးပါး

ဖြစ်လာပါတယ်။

``ဟုမ်းးဟုမ်း ဟုမ်း``

မူလဒြပ်စင်အမှုန် ငါးခု က တစ်ခုနဲ့တစ်ခု ဖျက်ဆီးနေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ပေါက်ကွဲမှုက အပြင်ဘက်ကို မပြန့်နှံ့သွားခဲ့ပါဘူး အဲဒီအစား သူတို့ရဲ့ ပေါက်ကွဲမှု က အတွင်းဘက်မှာ ပဲ စုစည်းထားပြီးတော့ အနက်ရောင်တွင်းတွေလို ပုံစံမျိုးဖြစ်နေပါ တယ်။ အရမ်းကိုကြီးမားတဲ့ တည်ဆောက်ပုံတစ်ခုကနေ အလွန်ကို သေးငယ်တဲ့ ဘောလုံး လေးတွေ ပုံစံ ကို ကျုံ့သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ စိတ်ဂိညာဉ်နဲ့ နှလုံးသားက တုန်ခါလာခဲ့ပြီးတော့ အပြင်ဘက်ကစွမ်းအား ရဲ့ ပုံသဏ္ဍာန်ကို ခံစားလာခဲ့ရပါတယ်။

အနက်ရောင်မျှော်စင်......။

သူ့ရဲ့အသိဉာဏ်နဲ့ သူ့ရဲ့ ဒန်တန် ကို ကျော်ပြီးကြည့်လိုက်တဲ့အခါမှာ ပုံမှန်ဆိုယင် တည်ငြိမ် နေတဲ့ အနက်ရောင်မျှော်စင်က လက်ရှိမှာတော့ ဖြူလျော့တဲ့ အလင်းလေး တစ်ခုကို ထုတ်လွှင့်နေတာကို မြင်ခဲ့ရပါတယ်။

အနက်ရောင်မျှော်စင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရွှေရောင်တစ်လက်လက် စာအရေးအသားတွေ တလက်လက်တောက်ပနေပြီး လင်းဟန်က အဲဒီစာလုံးတွေရဲ့ ပုံသဏ္ဍာန် တဂက်လောက်ကိုတောင်မှ သတိမပြုမိပါဘူး. သူက ဖျက်ဆီးခြင်းကောင်းကင်မှော်စာလိပ်နဲ့ ပထမဆုံးအကြိမ် ကြုံတွေ့နေရသလိုမျိုး ဖြစ်ပြီးတော့ ၎င်းကို နားလည်နိုင်ဖို့ နှစ်ပေါင်းတစ်သောင်းလိုအပ်နေတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။

မဟုတ်ဘူး မဟုတ်ဘူး နှစ်ပေါင်းတစ်သောင်းဆိုတာက ကျင့်ကြံခြင်းနည်းစနစ်ရဲ့ ပထမအလွှာ ကို နားလည်နိုင်ဖို့ပဲ လုံလောက်တာပါ။

စွမ်းအားလှိုင်းတစ်ခုပြီးတော့တစ်ခု က အနက်ရောင်မျှော်စင်ကနေ ထွက်ပေါ်လာပြီးတော့ သူ့ရဲ့ ဒီ မူလဒြပ်စင်အမှုန် လေးဆယ့်ငါးခု ဆီကို လှုပ်ရှားသွားခဲ့ပြီး ဒီစွမ်းအားက အပြင်ဘက်မှာ ပေါက်ကွဲရမဲ့အစား အထဲပိုင်းဆီကို ထိုးဖောက်ဝင်ရောက်သွားပြီးတော့ ပေါက်ကွဲသွားပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့ရဲ့ ဒန်တန်က လုံးဂကို ဖျက်ဆီးသွားပါလိမ့်မယ်။

လင်းဟန်ရဲ့ နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခု

ပေါ်လာခဲ့ပါတယ်။ သူက မှန်ကန်တဲ့ လောင်းကစားခြင်းကို လုပ်ခဲ့ပါပြီ. အနက်ရောင်မျှော်စင်က လှုပ်ရှားလာခဲ့ပီလေ။

သူကအစောပိုင်းတုန်းက အရာတော်တော်များများကို ကြိုးစားခဲ့ပီးပါပြီ.. ဒါပေမဲ့ အနက်ရောင် မျှော်စင်ကနေပြီးတော့ ဘာမှတုံ့ပြန်မှုမရခဲ့ပါဘူး။ ဒါက ဘာဖြစ်လို့လဲ ဆိုတော့ အဲ့ဒီ လုပ်ဆောင်ချက်က လင်းဟာန်ရဲ့ ဘ၀ ဒါမှမဟုတ်ကျင့်ကြံခြင်းကို မခြိမ်းခြောက် နိုင်တဲ့ အတွက် အနက်ရောင်မျှော်စင် က တစ်ခုခု လုပ်ဖို့ကို ပျင်းရိနေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟာန်က သူ့ရဲ့ မူလဒြပ်စင်အမှုန်ကို ကိုယ်တိုင်ဖျက်ဆီးမယ်ဆိုယင် အဲဒါက အနက်ရောင်မျှော်စင်ရဲ့ ပြင်ဆင်လာခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းအချိန်ကလုံး၀ ဖြုန်းတီးလိုက် သလိုဖြစ်သွားတာလို့ ဆိုလိုတာပဲမဟုတ်လား?

သူက အတွေးတွေကို အလျှင်အမြန်ပဲ ဖယ်ရှားလိုက်ပီးတော့ လိုက်လျောညီထွေတဲ့ မူလဒြပ်စင် တွေကို အတူတကွပေါင်းစည်းခြင်းကို စတင်လိုက်ပါတယ်။ မြေကြီးနဲ့ မြေကြီး.. မီးနဲ့ မီး.. ပြီးတော့ တစ်ခြားဟာတွေရောပေါ့။ နောက်ဆုံးတော့ မူလဒြပ်စင်အမှုန် လေးဆယ့် ငါးခု က မတူညီကွဲပြားတဲ့ ဒြပ်စင်တွေရဲ့ ကြီးမားတဲ့ မူလဒြပ်စင်အမှုန် ငါးခု အဖြစ်ကို ပြန် ဖွဲ့စည်းသွားခဲ့ပါတယ်။

လင်းဟန် ရဲ့အတွေးက ကွဲပြားခြားနားတဲ့ဟာ တစ်ခုကို တွေးလိုက်ပြီးတော့ သူက ချက်ချင်း ပဲ ထူးဆန်းတဲ့ အကြံတစ်ခုကို ရသွားခဲ့ပါတယ်။ သူက ဒီ မတူညီတဲ့ ဒြပ်စင်မူလအမှုန် တွေကို မူလဒြပ်စင်အမှုန်တစ်ခုထဲဖြစ်အောင်လို့ ပေါင်းစည်းနိုင်မလား.. ပြီးတော့ သူ့ရဲ့ ဒန်တန်ထဲမှာ အဲဒီတစ်ခုပဲ တည်ရှိနေမလား?

နောက်တစ်ကြိမ်.....။

သူက အသက်ပြန်မွေးဖွားလာတဲ့ မူလဒြပ်စင်အမှုန်ငါးခုကို စတင်ပေါင်းစည်းလိုက်ပါတယ်။

ဒါပေမဲ့ ဒီဟာကို လုပ်ရတဲ့ ခက်ခဲမှုအဆင့်က အရမ်းကို မြင့်မားလွန်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီမူလဒြပ်စင်အမှုန်တိုင်းက သေးငယ်တဲ့ မူလဒြပ်စင်အမှုန်ကိုးခု ကနေပြီး ဖြစ်ပေါ်လာခဲ့ ကြပြီး ပထမနေရာအတွက်ကို ထိတ်လန့်စိုးရိမ်ပူပန်နေမှုတွေနဲ့ ပြည့်နှက်လို့ နေကြပါတယ်။ ဒါ့အပြင် ဒြပ်စင်ငါးခုကလဲ တစ်ခုနဲ့တစ်ခု အပေါ်မှာအမှီအခိုကင်းကင်း နဲ့ ဖြစ်နေကြပါတယ်။ ရေနဲ့ မီးက လုံးဝ မတူညီတဲ့

ဆန့်ကျင်ဘက်အရာတွေ ဖြစ်ပြီးတော့ သူက ဘယ်လိုလုပ်ပြီးတော့ သူတို့ကို အတူတကွ ပေါင်းစည်းနိုင်မှာလဲ?

လင်းဟန်က ရပ်လိုက်ပီးတော့ စတင်တွေးဆလိုက်ပါတယ်။

ဒီကမ္ဘာကြီးမှာ ဒြပ်စင်တိုင်းက တစ်ခုနဲ့တစ်ခု လုံးဝ အမှီအခိုကင်းကင်းနဲ့ နေကြပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က သူတို့ကို အတူတကွ ပေါင်းစည်းမယ် ဆိုယင် ၎င်း တို့က တစ်ခုနဲ့တစ်ခု တွန်းကန်နေကြပါလိမ့်မယ်ယ။ ဒါပေမဲ့ တစ်ချိန်ထည်းမှာပဲ ဒြပ်စင်ငါးခု က ကြီးထွားလာပြီးတော့ တစ်ခုနဲ့တစ်ခုလည်း ထိန်းချုပ်လာကြပါတယ်။ ဒါကြောင့် သူတို့အားလုံးကို ပေါင်းစည်းဖို့ဆိုတာက လုံးဝ မဖြစ်နိုင်တာတော့မဟုတ်ပါဘူး။ ပြောရမယ် ဆိုယင် တာအိုက တစ်ခုကို မြှင့်တင်ပေးနိုင်ပီး....တစ်ခုကနေ နှစ်ခု.. နှစ်ခုကနေ သုံးခု.. သုံးခုကနေ အားလုံးကို မြင့်တင်ပေးနိုင်ပါတယ်။ တာအို့ရဲ့ အရင်းအမြစ်က အရာအားလုံး က တစ်ခုကို ပြန်ပြီးတော့ ရောက်ရှိနိုင်ပါတယ်။ ဒါပေမဲ့ ကမ္ဘာကြီးက သေမျိုးမျှသာရှိတဲ့ သူက တာအို့ရဲ့ဇစ်မြစ်ကို ဆုပ်ကိုင်ဖို့ ခွင့်မပြုထားပါဘူး။

သူက မူလဒြပ်စင်အမှုန် ကိုးခုကို ဖျက်ဆီးပုံ့ပြီးတော့

၎င်းတို့ကို အတူတစ်ကွ တစ်ခုတည်း ဖြစ်အောင်လို့ ပေါင်းစည်းရဲပါတယ်။ ဒါပေမဲ့ ဒီမူလဒြပ်စင်အမှုန်ငါးခုက အစစ်အမှန် တစ်ခု မဟုတ်သလို စစ်မှန်တဲ့ တာအိုလည်းမဟုတ်ပါဘူး။

ဒါက သူ့ရဲ့ယခင်ဘဝ ကောင်းကင်လက်ရွေးစင်အဆင့် တစ်ယောက် အနေနဲ့ သိုင်းပညာရဲ့ တာအို နားလည်နိုင်စွမ်းကနေ အခြေခံထားတာဖြစ်ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ဘယ်သူက ဒီလိုကံကြမ္မာမျိုးကို လုပ်ပွံ့မှာလဲ?

ဒြပ်စင်ငါးခုက တစ်ခုနဲ့တစ်ခု ကြီးထွားလာခဲ့ပြီးတော့ အရာအားလုံးအဖြစ်ကို ပြောင်းလဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထို့နောက် တကယ်လို့ သူက ၎င်းတို့ကို တစ်ခုအဖြစ်ပြန်လိုချင်ယင် သူက အစကနေလုပ်ခဲ့တဲ့အတိုင်း ပြန်ပြီးတော့ ခြေရာကောက်ပီးလုပ်ဖို့ပဲလိုတာပါ။

လင်းဟန်ရဲ့ မျက်လုံးတွေက ဖြေးညှင်းစွာနဲ့ မြင့်တက်လာခဲ့ပါတယ်။ သူက ဘာလုပ်နေလဲ ဆိုတာ သူသိပါတယ်။

သူက ဒြပ်စင်ငါးခု မူလအမှုန်တွေကို တစ်ခုနဲ့တစ်ခု

ထိန်းချုပ်နိုင်းလိုက်ပြီးတော့ တစ်ခုနဲ့ တစ်ခု ဂါးမြို့ခွင့်ပြုလိုက်ပြီးတော့ နောက်ဆုံးမှာ ဒြပ်စင်ငါးခု မူလအမှုန် ပေါင်းစည်းခြင်းကနေ ဖြစ်ပေါ်လာမဲ့ တစ်ခုတည်းပဲ ကျန်နေရစ်ပါလိမ့်မယ်။

ဒါက ပြောတော့တာ လွယ်တာပါ.. တကယ်တမ်း လက်တွေ့လုပ်တဲ့အခါမှာတော့ ဒီ ဒြပ်စင် ငါးခု မူလအမှုန်တွေက ပြီးပြည့်စုံတဲ့ မျှခြေ မှာ ရှိနေပြီးတော့ သူတို့က တစ်ခုနဲ့တစ်ခု ဂါးမျို တဲ့အခါမှာတော့ မသေချာပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် အမှားလေးသေးသေးလေး တစ်ခု လုပ်မိတာနဲ့ သူ့ရဲ့ယခင်အစောပိုင်းတုန်းက အားထုတ်ကြိုးပမ်းခဲ့တာတွေ က သုံးစားမရ တော့ပါဘူး။

သူက အောင်မြင်မှုတစ်ခုပဲ ဖြစ်နိုင်ပါလိမ့်မယ်.. ကျရှုံးမှာကိုတော့ လုံးဂ ခွင့်မပြုပါဘူး။

ဒါက အရမ်းကို စိန်ခေါ်တာဖြစ်ပေမဲ့ သူကတော့ ဒီလိုစိန်ခေါ်ရတာကို ကြိုက်နှစ်သက်ပါတယ်။

ဒြပ်စင်ငါးခုက တစ်ခုနဲ့တစ်ခု ထိန်းချုပ်နေပါတယ်။ ရွှေက သစ်သားကို ထိန်းချုပ်တယ်. သစ်သားက

မြေကြီးကိုထိန်းချုပ်တယ် မြေကြီးက ရေကိုထိန်းချုပ်တယ်။ ရေ က မီးကို ထိန်းချုပ်တယ်.. မီးက ရွှေကို ပြန်ပြီးတော့ ထိန်းချုပ်တယ်။

ဒြပ်စင်ငါးခု ကြာပွင့်က တဖျပ်ဖျပ် တုန်ခါလာပြီးတော့ သူ့ရဲ့ သွေးကြောတွေမှာ ဖြတ်စီးနေတဲ့ စိတ်ဂိုဉာဉ်ချီတွေကို စုပ်ယူပြီးတော့ သူ့ရဲ့ ဒန်တန်ထဲမှာ စုစည်းပြီး စွမ်းအင်အသစ်ကို ပို့ဆောင်ပေးပါတယ်။

ရွှေဒြပ်စင်မူလအမှုန်က သစ်သားဒြပ်စင်မူလအမှုန်ကို စတင်ဂါးမျိုပြီးတော့ သစ်သား ဒြပ်စင် မူလအမှုန်က မြေကြီးဒြပ်စင်မူလအမှုန်ကို စတင်ဂါးမျိုလိုက်ပါတယ်.... နောက်ဆုံးတော့ မီး ဒြပ်စင်မူလအမှုန်က ရွှေဒြပ်စင်မူလအမှုန်ကို ဂါးမျိုလိုက်ပီးတော့ ဖျက်ဆီးလို့မရတဲ့ ချိန်းကြိုး တစ်ခု ပုံစံ ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်ရဲ့ အသိဉာဏ်က ဒြပ်စင်ငါးခုမူလအမှုန်တွေက ကျုံ့သွားပြီးတော့ တစ်ဖြေးဖြေးနဲ့ အတူတကွပေါင်းစည်းသွားပြီးတော့ မူလအမှုန် အသစ်တစ်ခု ဖြစ်ပေါ်လာတာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရပါတယ်။ ရွှေ.. သစ်သား.. မြေကြီး.. ရေနဲ့ မီး စတဲ့ ဒြပ်စင် ငါးခုက ပေါင်းစည်းသွားကြပါပြီ။

သူအောင်မြင်သွားခဲ့ပြီ။

လင်းဟန်က ရုတ်တရက် သူ့ရဲ့ မျက်လုံးတွေ ဖွင့်လိုက်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်သလိုခံစားလိုက်ရပါတယ်။ယ သူက မတ်တပ်ရပ်ဖို့တောင်မှ အားမရှိတော့ပဲနဲ့ သူ့ရဲ့ ခန္ဓာကိုယ်က အရမ်းကို အားနည်းတဲ့ အဆင့်မှာ ရှိနေပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာတော့ သူ့ရဲ့ စိတ်ဝိညာဉ်က သမိုင်းထဲမှာ အမြင့်ဆုံးအဆင့်မှာရှိနေပြီးတော့ ဒါက ထူးထူးဆန်းဆန်း ထိတ်လန့်ဖွယ်ရာကောင်းတဲ့ နှိုင်းယှဉ်မှုကြီးတစ်ခု ဖြစ်ပါတယ်။

သူက တံခါးကို ဖွင့်လိုက်ပြီးတော့ ဖြေးဖြေးလေးအော်ခေါ် လိုက်ပါတယ်။ သူ့ရဲ့ပါးစပ်ကထွက်လာတဲ့စကားလုံးတွေက တိုးငြင်းပြီးတော့ သူ့အသံကို သူပြန်နိုင်ယုံမျှသာ ရှိတယ်ဆိုတာကို သတိပြုမိခဲ့ပါတယ်။

``လင်းဟန်``

ဟူးညို ရဲ့အကြားအာရုံက အရမ်းကို ထက်မြက်ပြီးတော့

သူမက အပြင်ကနေ ပြေးလာခဲ့ ပါတယ်။ သူမက လင်းဟန်ရဲ့ လက်မောင်းတွေကို တွဲခိုလိုက်ပါတယ်။ လင်းဟန်က အဲဒီအား ကြောင့် မြေကြီးပေါ်ကို ချက်ချင်းပဲ လဲကျသွားခဲ့ပါတယ်။

ဟူးညိုက ဂရုမစိုက်ပါဘူး... သူမရဲ့ မျက်နှာသေးသေးလေးနဲ့ သူ့ကိုပွတ်ပီးတော့ ပြောပါတယ်။

``လင်းဟန် မကောင်းဘူး မကောင်းဘူး.. ညီုးနဲ့ မကစားဘူး``

``လင်းဟန်.. တကယ်လို့ နောက်ထပ်ရက်နည်းနည်းလောက် ဆက်ပီးတော့ လေ့ကျင့်နေဦးမယ်ဆိုယင်.. ဟူးညို က ပျင်းလို့သေသွားနိုင်တယ်``

နောက်တစ်ယောက်က လမ်းလျှောက်ပီးဝင်လာခဲ့ပါတယ်။ သူမကတော့ လွှီယုထန်ပါ။

သူမက ခေါင်းခါပြီးတော့ ပြောလိုက်ပါတယ်။

``နင်က တစ်လလုံးနီးပါး တံခါးပိတ်ကျင့်ကြံနေတာက သူမကို စိုးရိမ်ပြီးတော့ သေလု နီးပါး ဖြစ်သွားတယ်``

တစ်လ?

လင်းဟန် မှင်တက်သွားခဲ့ပါတယ်။ သူမှတ်မိသလောက်ဆိုယင် အဲဒါက ဆယ်ရက်ပဲ ရှိပါသေးတယ်။ သူ့ရဲ့ ဒြပ်စင်ငါးခုမူလအမှုန်တွေကို အဆုံးထိ ပေါင်းစည်းလိုက်တာက ရက်ပေါင်း နှစ်ဆယ် ရှိသွားတယ်ဆို ဖြစ်နိုင်ပါ့မလား?

သူအရမ်း အားနည်းနေတာ အံ့သြစရာမဟုတ်တော့ပါဘူး။ သူက မစားမသောက်ပဲ ရက်ပေါင်းအများကြီးနေခဲ့ရလို့ပဲ ဖြစ်ပါတယ်။

``ငါ့အတွက် သစ်သီးတစ်ချို့ ယူခဲ့ပေးပါ.. ငါ့ရဲ့စွမ်းအင်တွေကို ပြန်ဖြည့်ဆည်းဖို့လိုတယ် မဟုတ်ယင် ငါတကယ်သေသွားလိမ့်မယ်``

သူကပြောလိုက်ပါတယ်။

``မင်းက တကယ့်ကို ထိန့်လန့်ဖွယ်ရာကောင်းအောင် ထူးဆန်းတဲ့ ကောင်လေးပဲ``

ကွမ်းယွမ်ကလဲ ဒီဘက်က ဆူညံပွက်လော ရိုက်နေတာကို ကြားပြီးတော့ ရောက်လာခဲ့ ပါတယ်။ သူက လင်းဟန်ကို မွန်းစတားတစ်ကောင်ကို ကြည့်သလိုမျိုး ကြည့်လိုက်ပါတယ်။

အပိုင်း(၂၀၄)

ကွမ်းယွမ် ကပြောလိုက်ပါတယ်။

``တကယ်လို့ ပုံမှန် ဒြပ်စင်စုစည်းခြင်းသိုင်းပညာရှင်တစ်ယောက်က တစ်လ လုံး တံခါးပိတ် ကျင့်ကြံမယ်ဆိုယင် သူက သေသွားနိုင်လိမ့်မယ်။ ဒါပေမဲ့ မင်းကတော့ စကားတောင် ပြော နေနိုင်သေးတယ်.. ဒါက တကယ့်ကို ထူးဆန်းတာပဲ``

သူက လင်းဟန်ကို လောင်ကျွမ်းမတတ် ကြည့်လိုက်ပါတယ်။

အမှန်တော့ လင်းဟန်က ပထမ ဆယ်ရက်က အစားစားပါသေးတယ်။ ဒါပေမဲ့ နောက်ပိုင်း ရက်နှစ်ဆယ်ကတော့ ဘာအစားမှမစားခဲ့ရပါဘူး။ သူ့ကိုယ်သူတောင်မှ အချိန်တွေ ကုန်သွားမှန်း သတိမပြုမိခဲ့ပါဘူး။ သူက ဒြပ်စင်ငါးခုမူလအမှုန်ကို

ပေါင်းစည်းယုံမှုသာ လုပ်ခဲ့ပြီးတော့ အောင်မြင်သွားတဲ့အခါမှာ တံခါးပိတ်လှေ့ကျင့်ခြင်းကနေ ထွက်လာခဲ့မှ ရက်နစ်ဆယ်ကုန်သွားမှန်းကို သတိပြုမိခဲ့တာပါ။

အဲဒီအချိန်တုန်းက သူက အရမ်းကို စိတ်ဂင်စားတဲ့ အခြေအနေမှာ ရှိနေပြီးတော့ အသက်ရှင်ဖို့ အတွက် စိတ်ဂိဉာဉ်ချီကို စုပ်ယူဖို့ပဲ လိုအပ်ခဲ့ပြီး သူ့ရဲ့ အဆင့်ကလဲ လုံး၀ ပြောင်းလဲသွားပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖက်ဂင်ရောက်နိုင်တဲ့အခါကျယင် သူက အစားအစာအပေါ်မှာ မှီခိုမှု ရှိမှာမဟုတ်လောက်တော့ပါဘူး။

ဒါပေမဲ့ အခု သူက ဒီအခြေအနေကနေ လွတ်မြောက်လာပြီးတော့ ချက်ချင်းပဲ အားနည်းပြီး တော့ ဆာလောင်မှုကို ခံစားလိုက်ရပါတယ်။

လွီယုထန် က သစ်သီးတစ်ချို့ကို ယူလာတဲ့အခါမှာ လင်းဟန်က ချက်ချင်းပဲ စားလိုက်ပါတယ်။ သူက ပထမဆုံးသူ့ရဲ့အစာအိမ်ကို ဖြည့်ပေးပီးမှ အသားတစ်ချို့ကို စားလိုက်တာပါ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူ့ရဲ့ ခန္ဓာကိုယ်က လက်ခံနိုင်မှာမဟုတ်ပါဘူး။

ကွမ်းယွမ်က လင်းဟန်ကို စိုက်ကြည့်နေပါတယ်။ သူက တစ်ခုခုတော့ မဟုတ်တော့ဘူး လို့ ခံစားနေရပါတယ်။ သူကရုတ်တရက် သူ့လက်တွေကို တီးပီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

``ဟုတ်ပြီ.. မင်းရဲ့ ကျင့်ကြံခြင်းက ဘာဖြစ်လို့ ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်ကို ပြန်ပြီးကျဆင်းသွားရတာလဲ?``

အစောပိုင်းတုန်း ဒီကောင်လေးက ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်မှာဆိုတာ အရမ်းကို သိသာထင်ရှားပါတယ်။

သိုင်းပညာရှင်တစ်ယောက်က တံခါးပိတ်ကျင့်ကြံတဲ့အခါမှာ ပိုပြီးမြင့်တဲ့ ကျင့်ကြံခြင်းအဆင့် ကို ချိုးဖျက်ဝင်ရောက်ဖို့ အတွက်လုပ်တာလေ.. ဒါပေမဲ့ တကယ်လို့ အဲဒီလုပ်ဆောင်ချက်က ကျရှုံးသွားခဲ့မယ်ဆိုယင်တောင်မှ ကျင့်ကြံခြင်းအဆင့်က ဆုတ်ယုတ်သွားစရာ အကြောင်းမရှိဘူးလေ.. အခုက အဆင့်ကိုး ကနေ ပထမအဆင့်ထိကို အားလုံး ဆုတ်ယုတ် သွားခဲ့တာပဲ။

ဒါက လုံးဂကို မကြားဖူးတဲ့အရာဖြစ်ပါတယ်။ သိုင်းပညာကမ္ဘာကြီးတစ်ခုလုံးမှာ ဘယ်သူ ကများ

ဒီလိုဖြစ်နိုင်လို့လဲ?

လွှီယုထန် ကစိုးရိမ်ပူပန်လာခဲ့ပါတယ်။ သူမက လင်းဟာန်ကို နီးနီးကပ်ကပ်ကြည့်လိုက် ပြီးတော့ လင်းဟာန်ရဲ့ ဒန်တန်ထဲက ထွက်ပေါ်လာတဲ့ အရှိန်အဟုန်ကို လေးလေးနက်နက် အာရုံခံလိုက်တဲ့အခါမှာ အဲဒီမှာ မူလဒြပ်စင်အမှုန်တစ်ခုပဲ ရှိပါတယ်။ သူမက ချက်ချင်းဆိုသလို ဖြူဖတ်ဖြူလျော် ဖြစ်သွားပါတယ်။ ဒါပေမဲ့ လင်းဟာန်က သူမထက် ပိုပြီး တော့ စိုးရိမ်ပူပန်နေမယ်ဆိုတဲ့ အကြောင်းကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာတော့ သူမက လင်းဟာန်ကို နှစ်သိမ့်လိုက်ပါတယ်။

``ဒါက အဆင်ပြေပါတယ်.. နင့်ရဲ့ကျင့်ကြံမှုနှုန်းနဲ့ဆိုယင် နှစ်လ သုံးလ လောက်အချိန်ယူလိုက်ယင် အဆင့်ကိုး ကို ပြန်ပြီးတော့ ရနိုင်မှာပါ``

လင်းဟာန်က ပေါ့ပေါ့လေးပဲ ပြုံးလိုက်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင် အခြေအနေကို သူသိပါတယ်။ သူ့ရဲ့ဒန်တန်ထဲမှာ မူလဒြပ်စင်အမှုန်တစ်ခုပဲ ရှိပေမဲ့ သူက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာ ရှိတုန်းကထက် အဆပေါင်းအနည်းငယ် သန်မာပါတယ်။ ဒါပေမဲ့ သူက ဒီကိစ္စ ကို အများကြီးရှင်းပြမနေတော့ပါဘူး။ ဒါ့အပြင် တကယ်လို့ သူက

ရှင်းပြမယ်ဆိုယင်လဲ ဘယ်သူကမှ ယုံကြည်ကြမှာမဟုတ်ပါဘူး။

``ဒါမဟုတ်သေးပါဘူး``

ကွမ်းယွမ်က စိတ်ရှုပ်ထွေးစွာနဲ့ သူ့ရဲ့မျက်လုံးတွေနဲ့ လင်းဟန်ရဲ့ ဒန်တန်ထဲကို အာရုံစိုက်ပီး တော့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက ဒြပ်စင်စုစည်းခြင်း ပထမအလွှာ မှာဆိုတာ သိသာထင်ရှားလွန်းတယ်.. ဒါပမဲ့ ဘာဖြစ်လို့ မင်းဆီကနေ အရမ်းကို အစွမ်းထက်တဲ့ ခံစားမှုမျိုးကို ငါရရှိနေတာလဲ.. ငါက နွေဦးစမ်းရေ အဆင့် ပထမအလွှာ တစ်ယောက်နဲ့ မျက်နှာခြင်းဆိုင်နေရသလိုမျိုးပဲ``

ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်က နွေဦးစမ်းရေ အလွှာ ပထမအဆင့်နဲ့ နှိုင်းယှဉ်လို့ ရနိုင်လို့လား? တကယ်လို့ သူက ဒါကို လူပုံအလယ်မှာသာ ပြောမယ်ဆိုယင် သူ့ကို အရူး ဆိုပြီးတော့ ရိုက်နက်ကြပါလိမ့်မယ်။ ဒါမှမဟုတ် တစ်ခြားသူတွေက သူ့ကို အရက်တွေ သောက်တာများပြီးတော့ မူးရူးပြီးတော့ လျှောက်ပြောနေတယ်လို့ ထင်နေပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်က စိတ်ထဲကနေ ခေါင်းငြိမ့်နေလိုက်ပါတယ်။ စိတ်ဂိုဉာဉ်ပင်လယ် အဆင့် ဆိုတဲ့ အတိုင်းပဲ သူ့ရဲ့ မျက်လုံးတွေက တကယ့်ကို စူးရှထက်မြက်တာပဲ။

``ဟားဟား ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ..? ငါ့ရဲ့ အမြင်တွေက ဝေဝါးနေတာဖြစ်မယ်``

ကွမ်းယွမ်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပြီးတော့ သူ့ရဲ့ခေါင်းကို သူ ပြန်ရိုက်နေပါတယ်။

အဟွတ်။

လင်းဟန်က ချောင်းဆိုးလုနီးပါးဖြစ်သွားပါတယ်။ သူက အခုပဲ ကွမ်းယွမ် မှာ စူးရှ ထက်မြက်တဲ့မျက်လုံးတွေရှိတယ်ဆိုပြီး ချီးကျူးနေတာကို ဒီကောင်က ချက်ချင်းပဲ သူ့ရဲ့ ချီးကျူးမှု ကို သူ့ရဲ့မျက်နှာဆီကို ပြန်ပြီးတော့ ရိုက်ချပစ်လိုက်ပါတယ်။

``ဟုတ်ပြီ.. လွန်ခဲ့တဲ့ ရက်အနည်းငယ်က သနားစရာကောင်းတဲ့ ကောင်လေးတစ်ယောက် မင်းကို

လာရှာသွားခဲ့သေးတယ်။ သူပြောတာက တစ်လအတွင်းမှာပဲ သူကတိပေးထား ခဲ့တာကို အောင်မြင်သွားခဲ့ပီတဲ့.. သူက တစ်ခုခုလုပ်စရာရှိသေးတဲ့အတွက် အဲဒါ ပြီးမှ ပဲ မင်းဆီကို ပြန်လာပြီးတော့ မင်းရဲ့ အမိန့်ကို နားထောင်တော့မယ်တဲ့``

ကွမ်းယွမ် ကပြောလိုက်ပါတယ်။

အိုး... ဒါက ကျူးပုကျို့ ဖြစ်နိုင်ပါတယ်။ သူက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားခဲ့ပီဖြစ်မယ်။

သူက တစ်ခုခု သွားလုပ်စရာရှိသေးတယ်လို့ ပြောတယ်ပေါ့? ဒါဆိုယင် သူက နန်းကုန်းဂို ကို သွားစိန်ခေါ်တာပဲ ဖြစ်ရမယ်.. သူက တကယ့်ကို သစ္စာရှိတဲ့ ယောက်ျားပဲ။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ ကျူးပုကျို့ ကသာ သစ္စာမရှိတဲ့ လူစားမျိုးဆိုယင် သူက အများဆုံး ငွေလမျိုးနွယ်စုရဲ့ ကျင့်ကြံခြင်းနည်းစနစ်ကို သူ့ဆီကို ပေးလိုက်ယုံပဲ ပေးပြီးတော့ သူ့ရဲ့ဘေးမှာတောင် နေခိုင်းမှာမဟုတ်ပါဘူး။ ဘယ်လိုလုပ် ပီးတော့ ကျပန်းလူတွေကို သူ့ရဲ့ ဘေးမှာနေဖို့ အခွင့်အရေးပေးပြီးတော့ သူ့ရဲ့ အမိန့်တွေကို နားထောင်ဖို့ အခွင့်အရေးပေးရမှာလဲ?

သစ်သီးအချို့ကို စားပြီးတဲ့နောက်မှာ လင်းဟန်က စွမ်းအင်အချို့ကို ပြန်ရရှိသွားခဲ့ပါတယ်။ ပြီးတဲ့နောက်မှာတော့ သူက အသားဟင်းများများ စားလိုက်ပီးတော့ ဟူးညိုက လဲ သူနဲ့ အတူ ပေါင်းပြီးတော့စားပါတယ်။ရလဒ်က တော့ ဟူးညိုက သူစားတာထက် ဆယ်ဆ တောင်မှ စားသွားခဲ့တာပါ။

ပြီးတဲ့နောက်မှာ လင်းဟန်က သူကိုယ်သူ လေ့ကျင့်ဖို့အတွက် သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက အပြင်ဘက်မှာရှိတဲ့ တောအုပ်ငယ်လေးဆီကို တစ်ယောက်တည်းသွားခဲ့ ပါတယ်။ သူက လက်ရှိ သူ့ရဲ့ စွမ်းအားတွေကို အပြည့်အဝ သိချင်နေခဲ့ပါတယ်။

သူ့ရဲ့ မူလစွမ်းအင်ကို လက်သီးထဲမှာ စုစည်းလိုက်ပီးတော့ သူ့ရဲ့ အကန့်အသတ်ကို ရောက် သွားတဲ့အခါမှာ သူက ရုတ်တရက် ထိုးထည့်လိုက်ပါတယ်။ သူ့ရဲ့ လက်သီးကနေ ထွက်သွားတဲ့ စွမ်းအင်က အမှန်တကယ်ပဲ လူသားတစ်ယောက်ရဲ့ ပကတိလက်သီး အရွယ်အစား အတိုင်းပဲ ဖြစ်သွားပြီးတော့ အရှေ့ကို လွင့်ထွက်သွားခဲ့ပါတယ်။

``ဘုန်း ဘုန်း ဘုန်း``

သူ့ရဲ့ အရှေ့က သစ်ပင်ကြီးဆယ်ပင်ကျော် က မြေကြီးပေါ်ကို ပြိုလဲကျသွားပြီးတော့ ဖုန်မှုန့်တွေ အများကြီးပျံ့လွင့်လိုလာပါတယ်။

လင်းဟန်က သူ့ရဲ့လက်သီးကို ပြန်ရုတ်သိမ်းလိုက်ပီးတော့ သူ့ရဲ့မျက်နှာပေါ်မှာ ကျေနပ်အားရနေတဲ့ပုံစံ ဖြစ်နေပါတယ်။

ဒီလက်သီးရဲ့ ခွန်အားက နွေဦးစမ်းရေအလွှာ ပထမအဆင့်ရဲ့ အစောပိုင်း သိုင်းပညာရှင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုနဲ့ နှိုင်းယှဉ်လို့ရနိုင်ပီးတော့ ဒြပ်စင်စုစည်းခြင်း အလွှာ တစ်ဆယ်က နွေဦးစမ်းရေအဆင့် ရဲ့ ပထမ အလွှာနဲ့ တကယ်ပဲ နှိုင်းယှဉ်လို့ရနိုင်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအဆင့်ကနေ နွေဦးစမ်းရေအဆင့်ကို ချိုးဖျက်ဖင်ရောက်တာက ပကတိ ခွန်အားမှာ ခုန်ကျော်လိုက်တာပဲ။ အနည်းဆုံး ခွန်အား ဆယ်ဆလောက် တိုးလာလိမ့်မယ်။ ငါ နွေဦးစမ်းရေအဆင့်ကို တကယ်ပဲ ချိုးဖျက်ဖင်ရောက်သွားတဲ့ အချိန်ကျယင် ငါ့ရဲ့ ခွန်အားက အဆင့် ၆ သို့မဟုတ် အဆင့်၇ နဲ့တောင် နှိုင်းယှဉ်လို့ရနိုင်တယ်။``

ကျင့်ကြံခြင်းအဆင့် မြင့်လာတာနဲ့ အမျှ ပိုပြီးမြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်မှာ ရှိတဲ့ ပြိုင် ဘက်တစ်ယောက်ကို စိန်ခေါ်ရတာက ပိုခက်ခဲလာပါတယ်။ ဒါပေမဲ့ မူလအမှုန်ကို ပေါင်းစပ် ပြီးတဲ့အခါမှာ လင်းဟန်ရဲ့ စွမ်းရည်က သူ့ထက် သန်မာတဲ့ သူကို စိန်ခေါ်နိုင်တဲ့အစွမ်းကလဲ တိုးလာခဲ့ပါတယ်။ သူ ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်မှာရှိတုန်းက သူ့ရဲ့ တိုက်ပွဲအစွမ်းက ကြယ် ၅ လုံး ၆ လုံးခန့်သာရှိပါတယ်။

ဒီလိုမျိုး ကြီးမားတဲ့ ခွန်းအားအထောက်အပံ့နဲ့ ဆိုယင် အနက်ရောင် အဆင့် သိုင်းပညာ နည်းစနစ်ကို စပြီးတော့ ကျင့်ကြံမယ်ဆိုယင် မဖြစ်နိုင်ဘူးလား?

လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။ တကယ်လို့ သူက အနက်ရောင်အဆင့် သိုင်းပညာ နည်းစနစ်ကို အသုံးပြုနိုင်မယ်ဆိုယင် သူ့ရဲ့ တိုက်ပွဲအစွမ်းက ကြောက်မက်ဖွယ်ရာ ကောင်းအောင် တိုးတက်လာပါလိမ့်မယ်။

``ကြိုးစားကြည့်တာပေါ့``

သူရဲ့ မှတ်ဉာဏ်ထဲကို ဂင်ရောက်ပီးတော့ သူနဲ့သင့်တော်မဲ့ ကျင့်ကြံခြင်းနည်းစနစ် တစ်ခု ကို ရှာဖွေလိုက်ပါတယ်။ ဒါပေမဲ့ ဒါပေမဲ့ ဒြပ်စင်ငါးခုလုံးကို ချိန်ညှိတုန်းက လျှပ်စီးဓါတ် သိုင်းပညာနည်းစနစ် ကိုဘေးဖယ်ပြီးတော့ ဘယ်လို သိုင်းပညာနည်းစနစ်ကို မဆို သူက တကယ်ပဲ အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် သူ့အတွက် ရွေးချယ်စရာတွေက များပြားလွန်း ပါတယ်။

``ဒါဆို ငါဒီဟာကို အသုံးပြုမယ်... အနက်ရောင်မှုလသုံးမျိုးသဏ္ဍာန်... ဒါက ဓါးသိုင်း နည်းစနစ် တစ်ခုဖြစ်ပြီးတော့ ဓါးကေရာဇ် အသုံးပြုခဲ့တဲ့ဟာပဲ.. ကောလဟာလ တွေ အရ တော့ သူက ဓါးအလင်းတန်း ကို ဖော်ထုတ်နိုင်တဲ့အချိန်မှာ ဒီဓါးသိုင်းနည်းစနစ်ကို တွေးဆ မိပြီးတော့ ဉာဏ်အလင်းပွင့်သွားခဲ့တာပဲ.. သူက ငါ့ကို မှော်ဆေးလုံးတစ်ချို့အတွက် တောင်းပန်တဲ့ အခါတုန်းက . ငါက ဒီဓါးသိုင်းနည်းစနစ်နဲ့ အလဲအလှယ်လုပ်ဖို့ ပြောခဲ့သေးတယ်.. အဲဒီတုန်းကတော့ ဘာရယ် မဟုတ်ပေမဲ့ အခုလိုမျိုး တကယ်တမ်း အသုံးဂင်လာလိမ့်မယ်လို့ ငါလုံးဂ မထင်ထားခဲ့မိဘူး``

သူက ထိုင်ချလိုက်ပီးတော့ သူရဲ့ခေါင်းထဲက ဒီဓါးသိုင်းနည်းစနစ်ကို စတင်လေ့လာ ခွဲခြမ်း

စိတ်ဖြာလိုက်ပါတယ်။

ဒါက အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ် တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ်တွေ အားလုံးထက် ပိုးပြီးတော့ မြင့်မားတဲ့ အဆင့်မှာ ရှိပြီးတော့ သာလွန်ကောင်းမွန်ပါတယ်။တစ်ချို့က အရမ်းကို အစွမ်းထက်ပြီးတော့ မြေကမ္ဘာ အဆင့်နီးနီးအဆင့်မှာရှိပါတယ်။ တကယ်လို့ သိုင်းပညာနည်းစနစ် အဆင့်ကို အမှတ်ဆယ်မှတ် ပေးပြီး အဆင့်စီလို့ရမယ်ဆိုယင် အဓိက အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ်တွေက အမှတ်ငါးမှတ်ရဲ့အောက်မှာပဲ ရှိပါလိမ့်မယ်.. တစ်ချို့ အနည်းစုကသာ ခြောက်မှတ် ခုနစ်မှတ်ခန့်ရနိုင်မှာပါ။

ဒါပေမဲ့ အနက်ရောင်မူလဓါးသိုင်းနည်းစနစ်က ဆယ်မှတ် အပြည့်ထိုက်တန်ပါတယ်။

ဒါက မြေကမ္ဘာအဆင့်သိုင်းပညာနည်းစနစ်တွေနဲ့ ခြေလှမ်းသေးသေးလေး တစ်ခု ပဲ ကွာတာပါ။ ဒါက စိတ်ဂိဉာဉ်ပုလ္လင်အဆင့်ကို ရောက်နေတဲ့ ဘယ်သူ့အတွက်ကို မဆို အသန်မာဆုံးနည်းစနစ်

လိုတောင်မှသတ်မှတ်နိုင်ပါတယ်။

ဒါပေမဲ့ စာလုံးတွေက အရမ်းကို ရှုပ်ထွေးပြီးတော့ နားလည်နိုင်ဖို့ အရမ်းကို ခက်ခဲလွန်း ပါတယ်။

ကျေးဇူးတင်ရမှာက လင်းဟန်က ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိနေပေမဲ့ သိုင်းပညာနားလည်းနိုင်စွမ်းက မြင့်မားပြီးတော့ သူမှာ ယခင်ဘ၀ ကောင်းကင်အဆင့် ဖြစ်ခဲ့ ပါသေးတယ်။ ဒါပေမဲ့ သူ့အတွက်တော့ ကောင်းကင်အဆင့်သိုင်းပညာ နည်းစနစ်တွေကို နားလည်ဖို့အတွက်တော့ အနည်းငယ် ခက်ခဲနေပါသေးတယ်။ ဒါပေမဲ့ မြေကမ္ဘာအဆင့် သိုင်းပညာနည်းစနစ်တွေက သူ့အတွက်တော့ကိတ်မုန့်တစ်ခု လိုးရသလိုပါပဲ။ မြေကမ္ဘာ အဆင့်နဲ့ နီးတဲ့ ဒီနည်းစနစ်ဆိုယင်ရော ဘာပြောစရာလိုသေးလို့လဲ။

``ပထမဟာန်... လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်``

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုတွေက အရမ်းကို ခက်ထန် တာ သိသာထင်ရှားပြီးတော့ ၎င်းရဲ့ အနောက်မှာ အားအများကြီးမရှိပါဘူး။ အကြောင်းကတော့ ၎င်းက

တစ်ဖက်ကနေ တစ်ဖက်ကို ယိမ်းထိုးသွားပြီး တကယ်လို့ တစ်ခြားတစ်ယောက်က အဲဒါကိုမြင်တဲ့အခါမှာ သူတို့က ရီမောရလွန်းလို့ လဲကျသွားနိုင် ပါတယ်။

``ဓါးကောရာဇ်က တကယ့်ကို အရူးတစ်ယောက်ပဲ..သူက ဒြပ်စင်စုစည်းခြင်းအဆင့်မှာပဲ ရှိသေးတယ် ဒီဓါးသိုင်းနည်းစနစ်ကို တကယ်ပဲ လေ့လာသင်ယူနေပြီ``

သူက အတွင်းကနေ ကျိန်ဆဲလိုက်ပါတယ်။ သူ့ရဲ့ ကောင်းကင်အဆင့် နားလည်နိုင်စွမ်းနဲ့ တောင်မှ ဒီဓါးသိုင်းနည်းစနစ်ကို ကျင့်ကြံဖို့ သူ့အတွက်တော့ အားစိုက်နေရပါသေးတယ်။ ဒါက ဓါးကောရာဇ်က ဘယ်လောက်တောင် မွန်းစတားတစ်ကောင် ဆန်သလဲ ဆိုတာကို ပြသရာရောက်ပါတယ်။

ဒါပေမဲ့ သူက အရမ်းကို အတွေးလွန်သွားခဲ့တာပါ.. ဓါးကောရာဇ်ကရော ဒီဓါးနည်းစနစ်ကို ရက်နည်းနည်းလေးနဲ့ တတ်မြောက်ကျွမ်းကျင်နိုင်မှာလဲ?

လင်းဟာန်က သူ့ရဲ့ ဓါးကို အဆုံးအစမရှိဆွဲထုတ်လိုက်ပီးတော့ သူ့ရဲ့ဓါးသိုင်းနည်းစနစ် က တစ်စ တစ်စ နဲ့ချောမွေ့လာခဲ့ပါတယ်။ တကယ်တော့

ဒီဓါးသိုင်းနည်းစနစ်ကို လေ့ကျင့်နေတဲ့ သူက အဆုံးမဲ့ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်နေပါသေးတယ်။ တကယ်လို့ ဒီလိုရလဒ်မျိုးမထွက်ပေါ်လာယင်သာ ထူးဆန်းဖို့ကောင်းနေမှာပါ။

``ရွှပ် ရွှပ် ရွှပ် ရွှပ်``

သူ့ရဲ့ ဓါးကို ပွေ့ယမ်းလိုက်ပီးတော့ မူလစွမ်းအင်က ပေါက်ကွဲထွက်သွားပါတယ်။ ပါတ်ဂန်းကျင်က စိတ်ဂိဥာဉ်ချီတွေကပေါင်းစည်းလာပြီးတော့ ဒီတိုက်ခိုက်မှုမှာ ထက်မြက်တဲ့ ဓါးချောင်း တွေ တော်တော်များများ အဖြစ်ကို အမှန်တကယ်ပဲ ပြောင်းလဲသွားခဲ့ပါတယ်။

``ထန်း:::``

သူ့ရဲ့အရှေ့ မြေပြင်ပေါ်က သစ်ပင်တွေက ရှည်လျားစူးရှတဲ့မြည်သံတွေနဲ့ အကွက်လိုက်ကြီး လဲပြိုကျကုန်ပါတယ်။

လင်းဟန်က မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းတဲ့

ဓါးသိုင်းနည်းစနစ်လဲ။

အပိုင်း (၂၈၅) သဘာဂတရားကို အာခံဖို့ လုံလောက်တဲ့ သန်မာမှု

``အံ့သြစရာပဲ.. တကယ့်ကို အံ့သြစရာကောင်းလိုက်တာ``

လင်းဟန်က ခေါင်းတဆတ်ဆတ် ငြိမ့်နေပါတယ်။

``ဓါးသိုင်းနည်းစနစ်မှာ သရုပ်ဖော်ပြထားချက်အရတော့ တစ်စုံတစ်ယောက်က ဓါးချက် တစ်ချက် ပေ့လိုက်တာနဲ့ မိုးဓါးသွား သုံးထောင်ကို လုပ်ဆောင်နိုင်တဲ့အခါကျယင် အဓိက အောင်မြင်မှု အခြေအနေကို ရောက်ရှိသွားတယ်လို့ ယူဆလို့ရတယ်။ ငါက တစ်ချက်ပေ့ လိုက်တာနဲ့ ဓါးသွား တော်တော်များများ ကို ဖန်တီးလိုက်နိုင်တာက အဲဒီအဆင့်ရဲ့ ၁ ရာခိုင်နှုန်း ပါတ်လည်ကို ရောက်သွားခဲ့တယ်လို့ ဆိုလိုတာပဲ.. ဒီစွမ်းအား..... ဓါးမိုးစက်ရဲ့ ဓါးသွားအားလုံးတိုင်းက ငါ့ရဲ့ အားအပြည့်အဂ တိုက်ခိုက်တာနဲ့ ညီမျှတယ်.. တကယ်လို့ ဒီလို တိုက်ခိုက်မှုတစ်ခုကို ငါ ရပ်ပြီးကာကွယ်ရမယ်ဆိုယင်တောင်မှ ဒီတိုက်ခိုက်မှုကို သွေးစုပ်ယူခြင်းမူလရွှေကို ဒိုင်းပုံစံအဖြစ်ပြောင်းပီးတော့မှပဲ

ကာကွယ်နိုင်စွမ်း ရှိလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် ဒီတိုက်ခိုက်မှုကို ဘယ်လိုနည်းနဲ့မှ တားဆီးလို့ရမှာမဟုတ်ဘူး``

နွေဦးစမ်းရေ အဆင့်ကို ငါချိုးဖျက်ဝင်ရောက်သွားပြီးတာနဲ့ ဒီဓါးဟန် တစ်ခုတည်းနဲ့ပဲ ဖန်းယန် ကို တစ်ချက်တည်းနဲ့ ငါ အနိုင်ယူနိုင်လိမ့်မယ်။

ဒါပေမဲ့ ဒီကောင်မှာ သူ့ရဲ့ ဂတ်စုံထဲမှာ ပုက်ဖဲတွေ ရှိနေဦးမယ်.. ဒါကြောင့် သူ့ကို လွယ်လွယ် နဲ့တော့ သတ်လို့မရနိုင်သေးဘူး။

နောက်ပြီးတော့ ဒီဓါးသိုင်းနည်းစနစ်ရဲ့ ဟန်ပန် ကလဲ မူလစွမ်းအင် အများကြီးကို ကုန်ခမ်းစေ တယ်။ ဓါးတစ်ချက်ပွေ့လိုက်တာက ခွန်အားအပြည့်နဲ့ တိုက်ခိုက်မှု အနည်းငယ် နဲ့ညီမျှပါတယ်။ တကယ်လို့ လင်းဟန်ရဲ့ ဒန်တန်ကို အဆပေါင်းတစ်ရာ လောက် ချဲ့ထားတာ မဟုတ်ဘူးဆိုယင် ဒီလိုမျိုး မူလစွမ်းအင် ကုန်ခမ်းတာမျိုးကို တာဂန်ယူနိုင်မှာမဟုတ်ပါဘူး။

ဓါးကေရာဇ်က တကယ့်ကို အရှုးတစ်ယောက်ပဲ.. ဒီကောင်က စိတ်ဂိဉာဉ်ဆေးလုံးတစ်လုံး ကို ငယ်ရွယ်တဲ့အချိန်လောက်တုန်းက စားခဲ့တာဖြစ်နိုင်တယ်။

အဲဒီလိုမှမဟုတ်ဘူးဆိုယင် တကယ်လို့ သူက နွေဦးစမ်းရေအဆင့်မှာရှိနေယင်တောင်မှ ဒီလိုမျိုး သူ့ရဲ့ မူလစွမ်းအားကို ကြီးကြီးမားမား အသုံးပြုနိုင်အောင်လို့ ထိန်းနိုင်စွမ်းရှိမှာမဟုတ်ပါဘူး။

ပြီးတော့ အခု သူက ဒါကို စဉ်းစားလိုက်တော့ သူ့ရဲ့ယခင်ဘဝတုန်းက ခါးကေရာဇ် ပြီးယင် ကောင်းကင်ဖီးနစ်နတ်မိမယ် က ရှီမီးတောက်တွေကို အဆုံးမရှိ ထိန်းချုပ်ခဲ့ပါတယ်။ ဒါကြောင့် သူမက ထူးဆန်းတဲ့မီး တစ်ခု ဒါမှမဟုတ် တစ်ခုထပ်တောင် ပိုပြီးတော့ ပေါင်းစည်း ထားနိုင်ပါလိမ့်မယ်။ နေဖုံးလွှမ်းဆေဘာကေရာဇ် က သွေးစုပ်ယူခြင်းမူလရွှေ ကနေ ပုံသွင်းထားတဲ့ ရတနာ ဆေဘာ တစ်ချောင်းကို ရရှိခဲ့ပြီးတော့ သူ့ရဲ့ စွမ်းအင်ကလဲ ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ ပြီးတော့ မာပေ့ရန်… ဇီရွှယ်ရှန်း နဲ့ နလန်ထူ တို့လဲ ရှိပါသေးတယ်။ သူတို့ သုံးယောက်ကလဲ ထင်ထားသလို မရိုးရှင်းပါဘူး။ သူတို့မှာလဲ သူတို့ရဲ့ ကိုယ်ပိုင် လျှို့ဝှက် လက်နက်တွေရှိပုံရပြီးတော့ သူကတော့ အားလုံးထဲမှာ တိုက်ပွဲစွမ်းရည် အားအနည်းဆုံးပဲ ဖြစ်ပါတယ်။

ဒါကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ .. သူတို့က အရမ်းကို အစွမ်းထက်တဲ့ နောက်ခံ အင်အား စုတွေကနေ

လာခဲ့တာဖြစ်ပြီးတော့ သူတို့ကို ငယ်ရွယ်တဲ့ အသက်အရွယ်မှာပဲ ကောင်းကင် အဆင့် ကိုရောက်အောင်လို့ လုပ်ပေးနိုင်ကြပါတယ်။ သူတစ်ယောက်တည်းပဲ သူဖော်စပ် ထားတဲ့ မှော်ဆေးလုံးတွေရဲ့အာနိသင်တွေအပေါ်မှာ မှီခိုခဲ့ရပြီးတော့ ကောင်းကင်အဆင့် ကို သူတို့ထက် နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။

ကိစ္စမရှိပါဘူး နှစ်ပေါင်းတစ်သောင်း တောင် ဖြတ်သန်းပြီးသွားပါပြီ.. ဒီကောင်တွေ အကုန်လုံး လဲ ပြာမှုန့်တွေ ဖြစ်သွားကုန်လောက်ပါပြီ။ ဒါကြောင့် ဒီအကြောင်းကို ဆက်ပြီးတော့ စဉ်းစားစရာမလိုတော့ပါဘူး။

လင်းဟန် ကသူ့ရဲ့ မူလစွမ်းအင် ပြန်လည်ပြည့်သွားတဲ့ အခါမှာ အနက်ရောင်မူလဓါးသိုင်း နည်းစနစ်ရဲ့ ဒုတိယဟန် ကို စတင်လေ့ကျင့်လိုက်ပါတယ်.... နည်းစနစ်ပေါင်း တစ်သောင်း က တစ်ခု အဖြစ် ပြန်လာခြင်း။

ဒါက အစွမ်းထက်လှတဲ့ သိုင်းကွက်တစ်ခု ဖြစ်ပြီးတော့ ၎င်းအတွက် လုံလောက်တဲ့ စွမ်းအားတွေ စုစည်းဖို့ အချိန်တစ်ခုတော့ လိုအပ်ပါတယ်။ တကယ်လို့ အသုံးပြုတဲ့ သူက တိုက်ခိုက်မှုပေါင်းတစ်သောင်းကို အသုံးပြုပြီးတော့

အားလုံးကို ပေါင်းစည်းပြီးတော့ တခုတည်းအဖြစ်နဲ့ တိုက်ခိုက်လိုက်သလိုမျိုးပါ။

လင်းဟန်က အနက်ရောင်မူလဓါးသိုင်းနည်းစနစ်ကို ယခင်ဘဝတုန်းက ရရှိချိန်တုန်းက သူက အကြမ်းဖျင်းလောက်ပဲ ကြည့်ရှုံမှုကြည့်ပြီးတော့ ဒီဓါးသိုင်းနည်းစနစ်ကို ကျင့်ကြံဖို့ နည်းနည်းလေးမှတောင် စိတ်ကူးမရှိတဲ့ အတွက်ကြောင့် သူ့ရဲ့ နှလုံးသားထဲမှာ မထည့်ထားခဲ့ပါဘူး။ ဒါပေမဲ့ အခု သူက စတင်လေ့ကျင့်နေရပီးတော့ မရှုနိုင်မကယ်နိုင် ဖြူဖတ်ဖြူလျော်ဖြစ်နေပါပြီ။

ဒီသိုင်းပညာနည်းစနစ်က တကယ်ရော အနက်ရောင်အဆင့် နည်းစနစ် တစ်ခုမှ ဟုတ်ရဲ့လား?

ပထမသိုင်းဟန်က တစ်ကြိမ်ထဲနဲ့ တိုက်ခိုက်မှုပေါင်းသုံးထောင်ကို အားအပြည့်နဲ့ ထွက်ပေါ်စေပြီးတော့ နောက်တစ်ခုက တိုက်ခိုက်မှုပေါင်း တစ်သောင်းကို ပေါင်းစည်း ပြီးတော့ တစ်ချက်တည်းနဲ့ တိုက်ခိုက်တာဖြစ်ပါတယ်။ ဒီသိုင်းဟန် နှစ်ရဲ့ အားက တကယ့်ကို ရှုံးသွပ်လုမတတ် အစွမ်းထက်လှပါတယ်။ မြေကမ္ဘာအဆင့် ကို ဘေးမှာ ထားလိုက်ဦး.

ကောင်းကင်အဆင့် သိုင်းပညာနည်းစနစ်တောင်မှ ဒီလောက် အံ့ဩဖွယ်ရာ ကောင်းပါ့မလား။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

တကယ်လို့ ဒါက မြေကမ္ဘာအဆင့် ဒါမှမဟုတ် ကောင်းကင်အဆင့် ဆိုယင် သူ့အနေနဲ့ ဒီအချိန်မှာဘယ်လိုလုပ်ပြီးတော့ လေ့ကျင့်နိုင်မှာလဲ?

ကိုယ်ခန္ဓာပြုပြင်ခြင်းနဲ့ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေက အဂ္ဂါရောင် အဆင့် သိုင်းပညာနည်းစနစ်တွေကိုပဲ လေ့ကျင့်နိုင်ပြီးတော့ နွေဦးစမ်းရေအဆင့်နဲ့ စိတ်ဂိုဉာဉ် ပင်လယ် အဆင့် သိုင်းပညာရှင်တွေကတော့ အရှေ့ကို တစ်လှမ်းတိုးအဆင့်တက်သွား ပြီးတော့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ်တွေကို လေ့ကျင့်နိုင်ပါတယ်။ စိတ်ဂိုဉာဉ် ပုလ္လင် အဆင့် ကတော့ နောက်တစ်ဆင့်တက်သွားပြီလို့ ဖြစ်လို့ မြေကမ္ဘာအဆင့် သိုင်းပညာနည်းစနစ်ကို လေ့ကျင့်နိုင်စွမ်းရှိပါတယ်။ ပြီးတော့ ကောင်းကင်အဆင့် သိုင်းပညာ နည်းစနစ်တွေကို လေ့ကျင့်မဲ့သူက သေမျိုးခန္ဓာကိုယ် ပယ်ထုတ်ပစ်လိုက် နိုင် ပြီးတော့ အနည်းဆုံး ပန်းဖူးအဆင့်ကို ရောက်နေဖို့ လိုအပ်ပါတယ်။

ဒီလိုဆိုမှတော့ သူက မြေကျွှာအဆင့် သိုင်းပညာနည်းစနစ်ကို အစ လေ့ကျင့်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ကောင်းကင်အဆင့်ဆိုယင် ပြောမနေနဲ့တော့။ဒါပေမဲ့ သူရဲ့ ယခင်ဘဝတုန်း က သူက ကောင်းကင်အဆင့် ကိုရောက်ခဲ့တဲ့အတွက် မြေကျွှာအဆင့်နဲ့ ကောင်းကင် အဆင့် သိုင်းပညာနည်းစနစ်တွေရဲ့ စွမ်းအားကို ရှင်းရှင်းလင်းလင်း နားလည်သိကျွမ်း ပါတယ်။ဒါကြောင့် သူက အနက်ရောင်မူလ သုံးမျိုးဟာန် ရဲ့ စွမ်းအားကို အကဲဖြတ် နိုင်ပြီး တော့ ၎င်းကို အနက်ရောင်အဆင့်ထဲမှာ လုံးဝ မထားပါဘူး။

လင်းဟာန်က ပြန်တွေးလိုက်တဲ့အခါမှာ ... ဓါးကေရာဇ်က ဒီနည်းစနစ်ကို သူ့ကို လက်လွှဲ ပေးလိုက်တဲ့ အခါတုန်းက သူ့ရဲ့ မိဘတွေသေသွားသလိုမျိုး အရမ်းကို ရုပ်ဆိုးအကျည်းတန် တဲ့ အမူအရာ ဖြစ်နေတာ အံ့သြစရာမဟုတ်တော့ပါဘူး။ ပထမ သူထင်တာက ဓါးကေရာဇ် က ဒီလောက်တောင် အစွမ်းထက်နေမှတော့ အနက်ရောင်အဆင့် သိုင်းပညာနည်းစနစ် ကို လုံးဝ အရေးစိုက်လိမ့်မှာမဟုတ်ဘူးလို့ ထင်ခဲ့မိပါတယ်။ဒီ ဓါးနည်းစနစ် ရဲ့ သုံးမျိုးဟာန်ပန် က အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းလိမ့်မယ်လို့ သူလုံးဝ

မတွေးထင်ထားခဲ့ပါဘူး။

ဒါဆိုယင်.. တတိယမြောက် သိုင်းဟန်က ရော ဘယ်လိုရှိမလဲ?

လင်းဟန်က နည်းစနစ် တစ်သောင်းကို တစ်ခု အဖြစ် ပြန်ပြောင်းခြင်းကို ဆက်ပြီးတော့ မလေ့ကျင့်ပဲ အဲဒီအစား တတိယ သိုင်းဟန်ကို သူက ကြိုးစားပြီးတော့ ခွဲခြမ်းစိတ်ဖြာ လိုက်ပါတယ်။ အဲဒီနောက်မှာတော့ သူက အကြီးအကျယ်ကို အံ့အားသင့်သွားခဲ့ပါတယ်။

တတိယ သိုင်းဟန် ကို ကန့်သတ်ချက်ကို ဖျက်ခြင်းလို့ ခေါ်ပြီးတော့ ဒီလှုပ်ရှားမှုအတွက် လိုအပ်တဲ့ မူလစွမ်းအင် ပမာဏက ပင်လယ်တစ်ခုစာပြည့်နေဖို့ လိုအပ်ပါတယ်။

သူ့ရဲ့ တွက်ချက်မှုအရဆိုယင ် သူက စိတ်ဝိဉာဉ်ပင်လယ်အဆင့် ကို ချိုးဖျက်ဖြင်ရောက် နိုင်ယင်တောင်မှ သူ့အနေနဲ့ ဒီနောက်ဆုံး သိုင်းဟန်ကို ထုတ်ဖော်နိုင်စွမ်းရှိဖို့ လုံလောက် တဲ့ စွမ်းအင်ပမာဏကို နာရီတော်တော်များများ စုစည်းဖို့ လိုအပ်နေဆဲပါပဲ။

လင်းဟန်ရဲ့ စိတ်ထဲမှာ မြင်ကွင်းတစ်ခု ပေါ်လာခဲ့ပါတယ်။

အံ့မခန်းအစွမ်းထက်လှတဲ့ လက်ရွေးစင် စစ်သည်တော် တစ်ယောက်က ကြီးမားတဲ့ ရောမ အကာအကွယ် အခင်းအကျင်း တစ်ခုနဲ့ မျက်နှာချင်းဆိုင်နေရပါတယ်။ သူက သူ့ရဲ့ ဓါးကို မြှောက်လိုက် ပီးတော့ အချိန်အရမ်းကိုကြာပြီးတဲ့နောက်မှာ တိုက်ခိုက်လိုက်ပါတယ်။ ဓါးသွား ကနေပြီး တော့ အလင်းရောင်တစ်ချက် လက်သွားပြီးတော့ ကြီးမားတဲ့ အခင်းအကျင်းကြီးက ဖျက်ဆီးခံလိုက်ရပါတယ်။

ဟုတ်ပါတယ်။ ကန့်သတ်ချက်ကို ဖျက်ဆီးခြင်းက ကာကွယ်တဲ့ အခင်းအကျင်းတွေကို ဖျက်ဆီးတဲ့အခါမှာ အသုံးပြုပါတယ်။ ဒီလိုမျိုး အစွမ်းထက်လှတဲ့ နည်းစနစ်ရဲ့ အရှေ့မှာ ဆိုယင် ရှေးဟောင်းရောမ အခင်းအကျင်း တစ်ခုတောင်မှ ဖျက်ဆီးခံရဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။ပြီးတော့ ၎င်းက အဲဒီအကာအကွယ်အခင်းအကျင်းရဲ့ နောက်မှာ ပုန်းနေတဲ့ သက်ရှိအရာတွေကိုတောင် တိုက်ရိုက် သတ်ပစ်နိုင်ပါလိမ့်မယ်။

ဒီ ဓါးသိုင်းပညာရဲ့ သိုင်းဟာန် ကိုတော့ အဆင့်သတ်မှတ်ချက်နဲ့ ဘယ်လိုမှ အကဲဖြတ် လို့ မရနိုင်ပါဘူး။

လင်းဟာန်က သူ့ရဲ့ မေးစေ့ကို လက်နဲ့ ပါတ်ပြီးတော့ သူ့ရဲ့

မျက်နှာပေါ်မှာ သေသေချာချာ နက်နက်နဲနဲ စဉ်းစားနေတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ယခင်ဘဝတုန်း က သူက တစ်ခြား ကောင်းကင်အဆင့် ခြောက်ယောက်နဲ့ မတိုက်ခိုက် ဖူးပါဘူး.. ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က မှော်ဆေးလုံးတွေကို စားသုံး ပြီးတော့ အဆင့်တက်လာခဲ့တယ်ဆိုတာကို သိနားလည်လို့ပဲဖြစ်ပါတယ်။ သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က အားလုံးထဲမှာ အားအနည်းဆုံးဖြစ်ပြီးတဲ့အတွက် သူကိုယ်သူ အရှက်ခွဲ ခံရမဲ့ ကိစ္စနဲ့ ပါတ်သတ်ပြီးတော့ စိတ်အနှောက်အယှက် အဖြစ်မခံနိုင်ပါဘူး။ ဒါပေမဲ့ ကျန်တဲ့ ခြောက်ယောက်ကတော့ မကြာခဏ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေတတ် ကြပြီး တော့ အသန်မာဆုံးနေရာအတွက် ပြိုင်ဆိုင်နေကြပါတယ်။

နလန်ထူ .. ဇီရှယ်ရှန်း.. နဲ့ မာပေ့ရန် တို့က အမြဲတမ်း အဆင့်သုံး အောက်မှာ ရှိနေတာ တောင်မှ သူတို့က ဓါးကေရာဇ် နဲ့ ပြိုင်ဆိုင်ခဲ့ဖူးပြီးတော့ မသေတဲ့အပြင် ဒဏ်ရာပြင်းပြင်း ထန်ထန်တောင်မှ မရခဲ့ပါဘူး။ အခု သူက အဲဒီအကြောင်းကို ပြန်စဉ်းစားမိတဲ့ အခါမှာတော့. သူတို့တွေက တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့

လူတွေပါပဲ။

ဒီခြောက်ယောက်က ဘယ်လိုမွန်းစတားအမျိုးအစားတွေလဲ?

လင်းဟန်က ရှုးသွပ်သွားချင်ခဲ့ပါတယ်။ သူ့ရဲ့ယခင်ဘဝတုန်းက သူက ကောင်းကင် အဆင့် ကို ရောက်တဲ့အခါမှာ သူ့ရဲ့ အဓိက အချိန်တွေ အများစုကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကို ချိုးဖျက်နိုင်မဲ့ နည်းလမ်းတွေကိုရှာဖွေရင်းနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။ အဲ့ဒီလိုမှမဟုတ်ဘူး ဆိုယင် တကယ်လို့ သူက ဒီခြောက်ယောက်ရဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေစုံစမ်းခဲ့မယ် ဆိုယင် အခုလိုမျိုး ကျရှုံးမှုမှာမဟုတ်ပါဘူး။

သွေးစုပ်ယူခြင်းမူလရွှေ ရဲ့ ပျက်စီးယို့ယွင်းနေတဲ့ မှတ်ဉာဏ်ကနေပြီးတော့ သိုင်းပညာရှင် တွေရဲ့ ကြောက်မက်ဖွယ်ရာ တိုးတက်မှုကို မြင်နိုင်တယ်။ ပြီးတော့ ငါသေသွားပြီးတော့ နောက် နှစ်ပေါင်းရာဂဏန်းအနည်းငယ် မှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေ အယောက်တစ်ရာလောက် ဒီကုန်းမြေမှာ နောက်တစ်ကြိမ် ပေါ်လာခဲ့တယ်။ ဒါက ဒီကမ္ဘာ ရဲ့ နားလည်မှုနဲ့ ဗဟုသုတတွေ အားလုံးကို တကယ်ပဲ ဖမ်းဆုပ်နိုင်တယ်လို့ ဆိုလိုတာပဲ။

ဒီ့အပြင် အနက်ရောင်မျှော်စင်လိုမျိုး နတ်ဘုရားပစ္စည်းတစ်ခုကလည်း ရှိနေပြီးတော့ ဟူးညို့ရဲ့ စိတ်ဂိဉာဉ်အခြေခံကလဲ အရမ်းကို အံ့အားသင့်ဖို့ကောင်းတဲ့ တည်ရှိမှု တစ်ခုပဲ.. စိတ်ဂင်စားစရာပဲ..စိတ်ဂင်စားစရာတကယ်ကောင်းတယ်။

လင်းဟန်က မတ်တပ်ရပ်လိုက်ပီးတော့ နည်းစနစ်ပေါင်းတစ်သောင်းကို တစ်ခုအဖြစ် ပြန်လည်ပြောင်းခြင်း ကို နောက်တစ်ကြိမ် ဆက်ပြီးတော့ လေ့ကျင့်လိုက်ပါတယ်။ ဒါက ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့အခါမှာ အသုံးပြုနိုင်တဲ့ အရမ်းကို အစွမ်းထက်တဲ့ နည်းစနစ် တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူက ဒီသိုင်းဟန် အတွက ်လိုအပ်တဲ့ စွမ်းအင်တွေကို စုစည်းဖို့ လုံလောက်တဲ့ အချိန်ပေးနိုင်မယ်ဆိုယင် ဖန်းယန်မှာ ဘယ်လောက်ပဲ ပုက်ဖဲ တွေ များနေပါစေ သူ့ဓါးတစ်ချက်ပေ့ပြီးတော့ ဖန်းယန်ကို သတ်ပစ်နိုင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

ဒါက မူလစွမ်းအင်ကို အများကြီး ကုန်စေတာပဲ။ တစ်ခဏမျှ အကြာမှာတော့ လင်းဟန်က ပြန်ထိုင်ချလိုက်ပီးတော့ ဆေးလုံးတစ်ချို့ကို စားလိုက်ပီးတော့ စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူပြီး သူ့ရဲ့ စွမ်းအင်တွေကို

ပြန်လည်ဖြည့်ဆည်းလိုက်ပါတယ်။

``ခါးကေရာဇ် .. အာ.. ခါးကေရာဇ်.. မင်းသေသွားတာ ကြာလှပြီဆိုပေမဲ့ တကယ်လို့ မင်းရဲ့ ဂိုဏ်းက ဆက်ပြီးရှိနေဦးမယ်ဆိုယင် အဲဒီနေရာကို တစ်ချက်လောက်သွားကြည့်ဖို့ ငါ စိတ်ဝင်စားလိမ့်မယ်.. ကောင်းကင်ခါးဂိုဏ်းက ဘယ်လိုနေရာမျိုးဖြစ်နိုင်ပြီးတော့ ဘယ်လိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ သိုင်းပညာနည်းစနစ်တွေကို ပိုင်ဆိုင်ထားနိုင်မလဲ?``

သူက ရပ်လိုက် လေ့ကျင့်လိုက်.. ပြီးတော့ ခဏနားလိုက် ပြန်လေ့ကျင့်လိုက် ရပ်လိုက် နဲ့ တစ်နေ့ ကုန်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ကိုယ်စွမ်းဉာဏ်စတွေ အားလုံးကို မြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့် ကို တက်ဖို့ ကိုပဲ အများဆုံး အာရုံစူးစိုက်ထားခဲ့ပါတယ်။ သူက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက် ဝင်ရောက်သွားတဲ့အခါကျယင် အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို နားလည်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

ကျေးဇူးတင်ရမှာက .. အဲဒါက လဂက် အချိန်လောက်ပဲ လိုအပ်ပါလိမ့်မယ်။

ဟုတ်ပါတယ်။ အခု သူမှာ ကြီးမားတဲ့ ရောမ မူလဒြပ်စင်အမှုန် တစ်ခုပဲ ကျန်နေတော့ တယ်ဆိုပေမဲ့ သူ့ရဲ့ မူလဒြပ်စင်အမှုန်တွေ အားကောင်းသန်မာလာဖို့ လိုအပ်တဲ့ အချိန်က အယင်တုန်းက သူ သုံးစွဲခဲ့တဲ့ အချိန်ထက် သုံးဆ လောက် ပိုပြီးသက်သာပါလိမ့်မယ်။

နောက်တစ်ရက်မှာတော့ လွီယုထန်က နောက်တစ်ကြိမ် ကြော့ကြော့မော့မော့နဲ့ ရောက်လာခဲ့ပါတယ်။

``ငါနင့်ကို သတင်းကောင်းတစ်ခုပြောမလို့.. ဖန်းယန်က အကယ်ဒမီကနေထွက်သွားပြီ.. ကြည့်ရတာ သူက ဖန်းလောင်ရဲ့ လက်မောင်းတွေကို အသစ်အကောင်းအတိုင်း ပြန်ဖြစ် အောင်လို့ စိတ်ဂိဉာဉ်ဆေး အမျိုးအစားတစ်ချို့ အတွက် သွားခဲ့တာပဲ``

သူမက ပြောလိုက်ပါတယ်။

လင်းဟန်က ကြက်သေသေသွားခဲ့ပါတယ်။ ဒီဖန်းလောင်က တကယ်ပဲ ပိုးဟပ်နစ်မှာ မွေးတာများဖြစ်နိုင်မလား?

အတိတ်တုန်းက သူက ဖန်းလောင်းကို

ရိုက်နက်ဆုံးမခဲ့ပြီးတော့ သူရဲ့ ပါးစပ်က သွားတွေ အကုန်လုံးနီးပါးတောင် ဆုံးရှုံးလုဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ သူက အစွမ်း အစ ရှိသလိုမျိုး လုပ်လာခဲ့ပါတယ်။ အခု သူက ဖန်းလောင်ရဲ့ လက်မောင်းတွေကို ခုတ်ဖြတ် ခဲ့တာတောင်မှ ဖန်းလောင်က ပြန်ပြီး သက်သာကောင်းမွန်လာဖို့ အခွင့်အရေး ရှိနေပါသေးတယ်။ လဖြွတ်ပဲပေါ့ကွာ။

``သူ့ရဲ့လက်မောင်းတွေကို အခု ပြန်ပြီးတော့ ဆက်ပြီးသွားပြီလား?``

``အင်း သူတို့တွေက ပြန်ဆက်ပြီးသွားပြီ.. ဒါပေမဲ့ အဲဒါတွေက အရမ်းကြီး သွက်လက် မနေဘူး.. သူ့ရဲ့လက်မောင်းတွေက ခွန်းအားထုတ်ဖို့ နည်းလမ်းလုံးဝမရှိဘူး. ပြီးတော့ ဒါကပဲ ဖန်းယန်က ဘာကြောင့် စိတ်ဂိညာဉ်ဆေးတွေကို ထွက်ရှာနေရလဲဆိုတော့ ဖန်းလောင် ပြန်ပြီးကောင်းမွန်လာဖို့ အတွက် ကူညီဖို့ပဲ``

လွီယုထန်က ပြောလိုက်ပါတယ်။

ဒါက တကယ့်ကို တာဂန်အရမ်းကို ကျေပွန်တဲ့ အစ်ကိုကြီးပဲ ဖြစ်ပါတယ်။

``ဒုန်း ဒုန်းဒုန်း``

တံခါးခေါက်သံကြားလိုက်ရပြီးတော့ ဟူးညိုက ပြေးပြီး တံခါးကို ဖွင့်ပေးလိုက်ပါတယ်။ မကြာခင် သူမပြန်လာပြီးတော့ လူတစ်ယောက်ကို သူမရဲ့ အနောက်ကနေ ဦးဆောင် လာခဲ့ပါတယ်။ ညှော်သည်ကတော့ ကျူးပူကျို့ပဲဖြစ်ပါတယ်။

``လွန်ခဲ့တဲ့ ခုနစ်ရက်တုန်းက ငါ မင်းကို ကတိပေးထားခဲ့တဲ့ အတိုင်းပဲ နေ့ဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ခဲ့တယ်။ ဒါပေမဲ့ အခုကြည့်ရတာတော့ ငါ မင်းရဲ့ နောက်လိုက် ဖြစ်လာနိုင်တော့မှာမဟုတ်ဘူး.. နောက်ဘဝကျမှ မင်းကို ငါပြန်ပီးတော့ ပေးဆပ်နိုင်လိမ့်မယ်``

ကျူးပူကျို့ ကပြောလိုက်ပါတယ်။

``ဘာဖြစ်လို့လဲ?``

လင်းဟန်က မေးလိုက်ပါတယ်။

``ငါ နန်းကုန်းဂျိ ကို စိန်ခေါ်ပြီးတော့ သူ့ရဲ့ဒန်တန်ကို မသန်မစွမ်း ဖြစ်အောင် လုပ်ခဲ့တယ်.. မကြာခင် အကယ်ဒမီက ငါ့ကို ဖမ်းဆီးကြလိမ့်မယ်.. တကယ်လို့ ငါ့ရဲ့ အပြစ်ဒဏ်က သေဒဏ် မဟုတ်ဘူးဆိုယင်တောင်မှ ငါ့ရဲ့ ကျင့်ကြံခြင်းကို ဖျက်ဆီးကြလိမ့်မယ်``

ကျူးပုကျို့ က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ နောင်တရဟန် ကြောက်ရွံ့ထိတ်လန့်တဲ့ဟန် တစ်စိုးတစ်စိမှ မမြင်ရပါဘူး။

အပိုင်း (၂၀၆) ဖမ်းဆီးခြင်း

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``ဟားဟား ဘာများလဲလို့ ဒီလိုမျိုး ကိစ္စသေးသေးလေးကိုများ``

ကိစ္စသေးသေးလေး?

နန်းကုန်းဂျိရဲ့ နောက်ခံ ကို ဘေးမှာထားဦး... အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်းတွေက ရှင်းလင်းပြတ်သားပြီးတော့ လက်ရည်စမ်းပွဲကို လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ မသန်မစွမ်း

ဖြစ်အောင် ဒဏ်ရာရစေတာနဲ့ သေလောက်တဲ့ တိုက်ခိုက်မှုမျိုးကို တင်းတင်းကျပ်ကျပ် တားမြစ်ပိတ်ပင်ထားပါတယ်။ မည်သူမဆို စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်တာနဲ့ ပြင်းထန် တဲ့ အပြစ်ပေးခြင်းကို ခံရပါလိမ့်မယ်။ နောက်ပြီးတော့ နန်းကုန်းဂျိ ရဲ့ နောက်ခံ အင်အား ကလဲ ရှိပါသေးတယ်။ သူက အလယ်အလတ်ကလန် တစ်ခုရဲ့ သခင်လေးတစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အစ်ကိုဖြစ်တဲ့သူက အစစ်အမှန်တပည့်တစ်ယောက်ဖြစ်ပါတယ်။ နန်းကုန်း ကလန် က ဒီကိစ္စကို လွယ်လွယ်နဲ့ ဘယ်လိုလုပ်ပီးတော့ ပြီးသွားစေမှာလဲ?

ကျူးပုကျို့ က အရမ်းကို အထီးကျန်တဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ သူမှာ မိသားစုတွေ မရှိကြပဲ တစ်ကိုယ်တည်းသမားဖြစ်ပါတယ်။ တကယ်လို့ သူတို့က သူ့ရဲ့ အသက်ကို လိုချင် တယ်ဆိုယင် လွတ်လွတ်လပ်လပ် တောင်းဆိုနိုင်ပါတယ်။ သူက နန်းကုန်းဂျိကို မသန်မစွမ်း ဖြစ်အောင် လုပ်ခဲ့တာကိုး။

သိုင်းပညာရှင်တစ်ယောက်အတွက် သူ့ရဲ့ ကျင့်ကြံခြင်းက မသန်မစွမ်းဖြစ်သွားတာက သူ့ကို သတ်ပစ်လိုက်တာလောက် မကောင်းပါဘူး

အထူးသဖြင့်တော့ ကလန်ကြီးတွေမှာပေါ့။ မသန်မစွမ်းဖြစ်သွားတဲ့ သိုင်းပညာရှင်တစ်ယောက်ရဲ့ အဆင့်အတန်းက သူရဲ့ ကိုယ်ပိုင် ကလန် မှာ ကျဆင်းသွားပြီးတော့ ဘယ်သူမဆို သူ့အဆင့်နိမ့်ပါးသွားတဲ့အခါမှာ နိုင်ထက် စီးနင်းလာလုပ်ကြပါလိမ့်မယ်။ ဒီလိုမျိုး သူ့ကို ဆက်ဆံတာက ဘယ်သူမဆို ကိုယ့်ကိုကိုယ် သတ်သေသွားရလောက်အောင် အရှက်ရဖို့ လုံလောက်ပါတယ်။

ကျူးပုကျို့ က နန်းကုန်းဂျိ ကို သတ်ပစ်နိုင်တဲ့စွမ်းရည်ရှိတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ သူက နန်းကုန်းဂျိရဲ့ ကျင့်ကြံခြင်း ကိုပဲ မသန်မစွမ်းဖြစ်အောင် ဖျက်ဆီးခဲ့ပြီးတော့ ဒီလိုမျိုး နိမ်ချ စော်ကားတာခံရတဲ့ အတွေ့အကြုံကို ရရှိခံစားရအောင်လို့ အပြစ်ဒဏ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

``အခုကစပြီး ဒီမှာပဲနေတော့... မင်းကို ဘယ်သူက လာပြီးဖမ်းရဲမလဲ ဆိုတာကို ငါကြည့်ချင်တယ်``

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

ဘယ်လောက်တောင် လေကြီးလိုက်သလဲ... အကယ်ဒမီက လွှတ်လိုက်တဲ့ စည်းကမ်းထိန်း သိမ်းရေး အဖွဲ့တွေ

ရောက်လာတဲ့အခါမှာ မင်းက တကယ်ပဲ အပြင်ထွက်ရဲပဲ့ါမလား? တကယ်လို့ မင်းက အပြင်ထွက်ပံ့တော့ရော ဘာတတ်နိုင်မှာမို့လို့လဲ? ဒြပ်စင်စုစည်းခြင်းမျှ သာ ရှိသေးတဲ့ မင်းက ဒီကိစ္စကို ကောင်းကောင်းကိုင်တွယ်နိုင်မယ်ဆိုတာ ဘယ်လိုလုပ်ပီး တော့ ဖြစ်နိုင်မှာလဲ?

ဒါပေမဲ့ လင်းဟန် ရဲ့ စိတ်စေတနာ ကောင်းမှုကို စဥ်းစားမိတဲ့အခါမှာ ကျူးပုကျို ကခေါင်းငြိမ့် ပြီးတော့ ပြောလိုက်ပါတယ်။

``ကျေးဇူးတင်ပါတယ်.. ဒါပေမဲ့ ငါက ဒီပြဿနာကို ဖြစ်စေခဲ့တဲ့ သူပဲ.. ဒါကြောင့် ငါမင်းကို ဒီကိစ္စထဲကို ဆွဲသွင်းလိမ့်မှာ မဟုတ်ဘူး``

လင်းဟန်က ပြုံးရုံပဲ ပြုံးလိုက်ပါတယ်။ တကယ်လို့ သူက ဆက်ပြီးတော့ ပြောယင်လဲ ကျူးပုကျို့ က သူ့ကို စကားကြီးစကားကျယ် ပြောတဲ့သူလို့ ထင်နေပါဦးမယ်။ သူက ငွေလ မျိုးနွယ်စု ကနေ ဆင်းသက်လာခဲ့တဲ့ သူ့ရဲ့ နှိမ့်ချပြီးကြည့်တာကို မလိုချင်ပါဘူး။

``ကောင်လေး.. လူတွေအများကြီး ဒီကို လာနေတယ်``

ကွမ်းယွမ် ကရောက်လာပြီးတော့ ပြောလိုက်ပါတယ်။ သူက အပြင်ဘက်က ဆူညံနေတဲ့ အသံတွေကို ကြားလိုက်ရတဲ့အတွက် လင်းဟန်ရဲ့ ကိုယ်ရံတော်တစ်ယောက် အနေနဲ့ သူက လာပြီးတော့ သူကို သတင်းပို့ပြီးတော့ လင်းဟန်ဘက်ခြမ်းမှာ ရပ်ပြီးတော့ စောင့်ကြည့်နေ ပါတယ်။

``သူတို့က ကျုပ်ကို ဖမ်းဆီးဖို့အတွက် လာကြတာပဲ``

ကျူးပုကျို့ က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူရဲ့ နှလုံးသားထဲမှာ သေသေချာချာ ဆုံးဖြတ်ချက်ချထားပြီးပါပြီ.. ဒါကြောင့် သူ့အနေနဲ့ အသက်ရှင်ရသည်ဖြစ်စေ သေသွားသည်ဖြစ်စေ ဂရုကိုမစိုက်ပါဘူး။

``ဟုတ်တာပေါ့.. မင်းကို ဖမ်းမလို့လာတာပဲ``

လူဆယ်ယောက်ခန့် အထဲကိုဝင်လာခဲ့ကြပါတယ်။ သူတို့ကို ဦးဆောင်လာတဲ့ လူငယ်က ဒေါသခြောင်းခြောင်းထွက်နေပြီးတော့ စိတ်ကြီးဝင်နေတဲ့ အမူအရာရှိတဲ့ အသက်နှစ်ဆယ် ကျော် လူငယ်တစ်ယောက်ပဲဖြစ်ပါတယ်။

သူကတော့ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ ခေါင်းဆောင်လေးယောက်ထဲက နန်းကုန်းရှင်း ဖြစ်ပါတယ်။ သူက နန်းကုန်းဂျိ ရဲ့ အစ်ကိုဖြစ်သလို နွေဦးစမ်းရေ တတိယ အလွှာလဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သူက အရမ်းကို ဒေါသထွက်နေပါတယ်။ ကျူးပုကျို က သူ့ညီလေးရဲ့ ဒန်တန် ကို မသန်မစွမ်းဖြစ်အောင် လုပ်ပုံပါတယ်။ဒါက နန်းကုန်း ကလန်ရဲ့ အမိန့်သြဇာအာဏာကို စိန်ခေါ်လိုက်တာပဲ ဖြစ်ပြီးတော့ သူ့ရဲ့မျက်နှာကိုလဲ ပြင်းထန်တဲ့ ရိုက်ချက် တစ်ခုကို ရိုက်လိုက်သလိုဖြစ်တဲ့အတွက် လူသတ်ချင်တဲ့ ဆန္ဒတွေတောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

``မင်းက သိနေပြီဆိုမှတော့ ဘာဖြစ်လို့ မင်းကိုမင်း ဂန်ခံပြီးတော့ ကိုယ်တိုင် အဖမ်းလာမခံ သေးတာလဲ?``

နန်းကုန်းရှင်း က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ သူက လင်းဟန် ကိုလဲ စိန်ခေါ်သလို ကြည့်လိုက်ပါတယ်။

သူက တကယ့်ကို ပြောင်ပြောင်တင်းတင်းနဲ့ ရန်လိုနေတဲ့ပုံစံပါပဲ။ ဒြပ်စင်စုစည်းခြင်းအဆင့် မျှသာ

ရှိသေးတဲ့ သူတစ်ယောက်က အကယ်ဒမီမှာ လိုင်းထသွားအောင် တကယ်ပဲ လုပ်နိုင် စွမ်းရှိပြီးတော့ ဟွာယန်အကယ်ဒမီရဲ့ ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်လာပါတယ်။ ကောလာဟာလ တွေအရတော့ အလွန်အမင်းကို ချောမောလှပတဲ့ လွီယုထန် နဲ့ လီစီရှန်း တိုတောင်မှ သူနဲ့ အရမ်းကို နီးကပ်တဲ့ ဆက်ဆံရေးရှိပါတယ်တဲ့။

သူရဲ့ မျက်လုံးတွေက မနာလိုမှုကြောင့် နီရဲလာသလို ခံစားလိုက်ရပါတယ်။

သူရဲ့ မျက်လုံးထဲမှာတော့ လင်းဟာန်က ကံကောင်းမှု ရရှိခဲ့လို့သာပဲ ဖန်းယန် ကြောင့် ဒီလိုမျိုး ဂုဏ်သတင်းကြီးမှုကို ရရှိခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။ ဒ့ါအပြင် သူက မှော်ဆေးဌာန ကျောင်းအုပ်ကြီးရဲ့ ကယ်တင်ခြင်းကို အလွန်အမင်း ကံကောင်းစွာနဲ့ ရရှိခံစားလိုက်ရလို့ သာ မဟုတ်ယင် ဒီကောင်က ဖန်းယန်ရဲ့ လက်ထဲမှာ အပိုင်းပိုင်း အစိတ်စိတ် ဖြစ်သွားလောက်ပါပြီ။

သူက လင်းဟာန်ကို ကြည့်လိုက်ပီးတော့ သူရဲ့ နှုတ်ခမ်းပေါ်မှာ အေးက်တဲ့ အပြုံးတစ်ခု က ပေါ်လာပြီးတော့ ပြောပါတယ်။

``လင်းဟန်.. မင်းက ဒီ ရာဇဂုတ်သားကို အကာအကွယ်ပေးမလို့လား?``

``ဒါက လင်းဟန်နဲ့ ဘာမှမဆိုင်ဘူး``

ကျူးပူကျို့ ကအရှေ့ကို တက်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ ကူညီ မှု ကြောင့်သူက နန်းကုန်းဂျိ ကို ကျင့်ကြံမှုအဆင့်မှာ ကျော်ဖြတ်သွားနိုင်ပြီးတော့ လက်စားချေ နိုင်ခဲ့တာပါ။သူ့အနေနဲ့ လင်းဟန်ရဲ့ ကြင်နာမှုကို ပြန်ပြီးတော့ မပေးဆပ်နိုင်သေးပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ကို ဒီကိစ္စထဲကို သူက ဆွဲသွင်းခွင့်ပြုနိုင်ရမှာလဲ?

``မင်းက အသိတရားတော့ ရှိသေးတာပဲ``

နန်းကုန်းရှင်းက နာခေါင်းရှုံ့လိုက်ပါတယ်။တကယ်လို့ လင်းဟန်က ဒီအချိန်မှာ ဝင်ပြီး စွက်ဖက်ရဲတယ်ဆိုယင် သူက နောက်ထပ်လူတစ်ယောက်ကို ဖမ်းဆီးပစ်လိုက်ယုံပါပဲ။

``မင်းက အရမ်းကို အစွမ်းတွေရှနေတယ်မဟုတ်လား? ဒါဆို ငါမင်းကို ဖမ်းပြီးတော့ အကာယ်ဒမီ တပါတ်လှည့်ပြလိုက်ရသေးတာပေါ့.. မင်းက

တစ်ခြားသူတွေနဲ့ မျက်နှာခြင်း ဘယ်လိုဆိုင်ဦးမလဲဆိုတာ ကြည့်ရသေးတာပေါ့``

``သူ့ကို ဖမ်းပြီးတော့ ဆွဲခေါ်လာခဲ့လိုက်``

နန်းကုန်းရှင်း ကသူရဲ့လက်ကို ဝှေ့လိုက်ပါတယ်။

ချက်ချင်းပဲ လူနှစ်ယောက်က ကျူးပုကျို့ ဆီကို လျှောက်လာကြပါတယ်။ သူတို့ထဲက တစ်ယောက်ရဲ့ လက်ထဲမှာ ချိန်းကြိုးတစ်ခုကို ကိုင်ထားပါတယ်။ ၎င်းက အနက်ရောင် သွေးသံနဲ့ ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီချိန်းကြိုးနဲ့ ရစ်ပတ်ခံလိုက်ရပြီဆိုယင် စိတ်ဝိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ လွတ်မြောက်နိုင်စွမ်း ရှိမှာမဟုတ်ပါဘူး။

``နေပါဦး``

လင်းဟန်က ရှေ့ကို တိုးပြီးတော့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး တားဆီးလိုက်ပါတယ်။

သူက ပြောပါတယ်။

``သူက ငါ့ရဲ့လူတစ်ယောက်ပဲ... မင်းရဲ့ လူတွေက သူကို ဖမ်းချင်တယ်.. ဒါပေမဲ့ ငါ့ရဲ့ ခွင့်ပြု ချက်ကို တောင်းပြီးပြီလား?``

``ဟားဟားဟား``

နန်းကုန်းရှင်းက ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်က တကယ်ပဲ ဂင်ရောက် စွက်ဖက် ချင်နေတာပဲ.. ဒါက တကယ့်ကို ကောင်းပါတယ်။ သူက လင်းဟန်ကို ပြဿနာ ဘယ်လိုရှာလို့ရမလဲ ဆိုတာ မသိသေးပဲနဲ့ ဒီကောင်က တကယ်ပဲ သူ့ကိုသူ ဒီအထဲကို ဖွတ် တိုးဂင်လာခဲ့တာပဲ။

``လင်းဟန် မင်းအတင့်ရဲလှချည်လား``

သူက ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

``ဒါက အကယ်ဒမီကနေ ဖမ်းဆီးမိန့်ထုတ်လိုက်တဲ့ ရာဇဂတ်သားပဲ``

``မှားနေပြီ``

လင်းဟန်က သူ့ရဲ့ လက်ချောင်းကို ထောင်ပြီး ဘယ်ညာယိမ်းထိုးပြလိုက်ပါတယ်။

``ဒါက ရာဇဂုတ်မှုတစ်ခု ဟုတ်ဟုတ် မဟုတ်ဟုတ် .. သူက ကနဦး အစစ်ဆေးခံရဦးမယ်. မင်းက ဒီမှာ ရာဇဂုတ်သားဆိုပြီးတော့ ခဏခဏပြောနေတယ်။ အဲဒါက အကယ်ဒမီထက် မင်းက ပိုပြီးတော့ အထက်မှာရှိတယ်လို့ ဆိုလိုလိုက်တာလား? ဒါကို ကြည့်မယ်ဆိုယင် မင်းက တကယ့်ကို ရဲတင်းတဲ့သူတစ်ယောက်ပဲ``

နန်းကုန်းရှင်းက ဘာပြောလို့ပြောရမှန်းမသိ ဖြစ်သွားပါတယ်။ သူက ဒေါသတစ်ကြီးနဲ့ ပြောလိုက်ပါတယ်။

``လင်းဟန် မင်းက အကြောင်းအရာတွေကို လိမ်လည်လှည့်ဖျားနေတာပဲ.. ငါက အမိန့်ကြောင့် လာပြီးတော့ ဖမ်းဆီးတာ ပြီးတော့ တကယ်လို့ မင်းက ဂင်စွက်ဖက်ရဲယင် မင်းကိုပါ ငါဖမ်းဆီးသွားရလိမ့်မယ်``

``ဟီးဟီး.. တကယ်လို့ တစ်ယောက်ယောက်က ငါ့ရဲ့လူတွေကို ထိရဲယင်ထိကြည့်.. ငါသူ့ရဲ့ ခြေထောက်တွေကို ချိုးပစ်ဖို့ ဂန်လေးမှာမဟုတ်ဘူး``

လင်းဟန် ရဲ့မျက်လုံးတွေက အုပ်စုတစ်ခုလုံးကို ပျေ့ကြည့်လိုက်ပီးတော့ သူက ပြုံးဖြဲဖြဲ လုပ်လိုက်ပီးတော့ပြောပါတယ်။

``တကယ်လို့ မင်းတို့က မကြောက်ဘူးဆိုယင်.. မင်းတို့အားလုံး ကြိုးစားကြည့်လို့ရတယ်.. ဒါပေမဲ့ ငါမင်းတို့ကို သတိမပေးဘူးလို့တော့ မပြောနဲ့``

စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်တွေရဲ့ အမူအရာက အားလုံးပြောင်းလဲသွားခဲ့ပါတယ်။ လင်းဟန်က ဖန်းလောင်ရဲ့ လက်မောင်းတွေကို ဘယ်လိုမျိုး ဖြတ်ပစ်လိုက်တယ် ဆိုတာကို ပြန်စဉ်းစားမိလိုက်တဲ့အခါမှာ အကယ်ဒမီရဲ့စည်းမျဉ်းစည်းကမ်းတွေ အရ ဒီပြစ်မှုက ကျူးပူကျို့ က နန်းကုန်းဂျိ ရဲ့ ကျင့်ကြံခြင်းကို မသန်မစွမ်းဖြစ်အောင်လုပ်လိုက်တဲ့ အမှုထက် မပေ့ါပါဘူး။

ဒါပေမဲ့ ဒီကောင်ကတော့ လုံး၀ လုံခြုံနေပြီးတော့ ဘာအနာတရမှ မဖြစ်ပါဘူး။ ဖန်းယင် လို အဲဒီအချိန်တုန်းက အရမ်းကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ သူတောင်မှ လင်းဟန်ကို ဆန့်ကျင်ပြီး ဘာတစ်ခုမှ မလုပ်နိုင်တာကို မြင်ခဲ့ရပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ ဒီ စကားလုံးတွေကို ခြိမ်းခြောက်ရုံပဲ တတ်နိုင်တယ်လို့ ဘယ်သူကမှ မထင်ပံ့ကြပါဘူး။

သူရဲ့ နောက်လိုက်တွေ ရဲ့ အမူအရာက ကြောက်ရွံ့နေတယ်ဆိုတာကို မြင်လိုက်ရတဲ့ အခါမှာ နန်းကုန်းရှင်းက ဒေါသထွက်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဒါက ဟွာယန်အကယ်ဒမီပဲ.. ဘယ်သူက အကယ်ဒမီရဲ့ အထက်မှာ ရှိရဲလို့လဲ?``

သူတို့က ဒီစကားလုံးတွေကို ကြားလိုက်ရတဲ့အခါမှာ လူတော်တော်များများက သူတို့ရဲ့ မျက်လုံးတွေပြူးသွားပါတယ်။

အတိတ်တုန်းကတော့ သေချာတာပေါ့ ဘယ်သူမှ မလုပ်ပုံဘူးဆိုတာ.. ဒါပေမဲ့ လွန်ခဲ့တဲ့ အချိန်အနည်းငယ်တုန်းကပဲ ဖန်းလောင်က စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ပီးတော့ လီဟောင်ကို အကြောင်းပြချက်မရှိပဲ နှင်ထုတ်ခဲ့တယ်။ ပြီးတော့ လင်းဟန်... သူက ဖန်းလောင် ရဲ့ လက်မောင်းတွေကို ဖြတ်ခဲ့ပြီးတော့ ဘာအပြစ်မှမခံရဘူး။ အခုချိန်မှာ တစ်ယောက်ယောက်က အကယ်ဒမီရဲ့စည်းမျဉ်းစည်းကမ်း ကို ပြောလိုက်ပီဆိုယင် သူတို့ရဲ့လေသံက

ထော့လုံးငေ့ါလုံးတွေ နဲ့ဖြစ်နေကြပါပြီ။

``သခင်လေးဟန်.. ငါမင်းကို မပါဂင် မပါတ်သတ်စေချင်ဘူး``

ကျူးပုကျို့ က လင်းဟန် ဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ ကောင်းမွန်တဲ့ ဆန္ဒကို လက်ခံနိုင်ပေမဲ့ သူ့အတွက်ကြောင့်နဲ့ ဒီကိစ္စထဲကိုတော့ လင်းဟန် ကို ဆွဲမသွင်းနိုင်ပါဘူး။

``အဓိပ္ပါယ်မရှိတာ... တကယ်လို့ မင်းက ငါ့အတွက် သေတဲ့အထိ တိုက်ပွဲဂင်ချင်တယ် ဆိုယင် နောက်ပိုင်းမှာ မင်းအဲဒီလိုမျိုးလုပ်ဖို့ အခွင့်အရေးတွေ အများကြီး ကြုံလာလိမ့်မယ်.. ဒါပေမဲ့ အခု အနောက်မှာ တိတ်တိတ်ကလေး သွားပြီးတော့ ငါပြောတဲ့အတိုင်း ရပ်နေလိုက်``

လင်းဟန်က သူ့ကို လက်ပွေ့ပြလိုက်ပီးတော့ နန်းကုန်းရှို ဘက်ကို လှည့်ပြီး ကြည့်လိုက်ပါတယ်။

``ငါက အပြင်လူတွေကို မကြိုဆိုဘူး.. မင်းတို့ဘာသာ မင်းတို့ ပြန်မလား.. ဒါမှမဟုတ် မင်းတို့ ဖင်တွေကို

ငါဆောင့်ကန်ပြီးတော့ အပြင်ထုတ်ပေးရမလား?``

``လင်းဟာန် မင်းတရားမလွန်လာနဲ့နော်``

နန်းကုန်းရှင်းက အရှေ့ကို တိုးလိုက်ပီးတော့ သူ့ရဲ့ ဓါးက ဓါးအိမ်ကနေ ထွက်လာခဲ့ပါတယ်။ သူက လင်းဟာန်ကို တစ်ခဏမျှ စိုက်ကြည့်ပြီးတော့ မထီမဲ့မြင်နဲ့ ပြောလိုက်ပါတယ်။

``မင်းက ကျင့်ကြံခြင်းကြောင့် ရူးသွပ်သွားခဲ့ပီမဟုတ်လား.? မင်းရဲ့ ကျင့်ကြံခြင်းက တကယ်ပဲ ဒြပ်စင်စုစည်းခြင်းအဆင့် ပထမအလွှာကို ကျဆင်းသွားခဲ့ပီမဟုတ်လား? ဒီလိုမျိုး စွမ်းရည်နည်းနည်းလေးနဲ့ ငါ့ရဲ့အရှေ့မှာ မင်းက မော်ကြွားထောင်လွှားရဲတယ်ပေါ့ ဟုတ်လား? မင်းကို ငါက တစ်ချက်တည်းနဲ့တောင် နှိမ်နင်းပစ်လိုက်လို့ရတယ်ဆိုတာ စောင့်ကြည့်လိုက်``

ကျူးပုကျို့ က အံ့ကြိတ်ပြီးတော့ လင်းဟာန်ရဲ့အရှေ့မှာ ရပ်လိုက်ပါတယ်။ သူကလဲ သူ့ရဲ့ ဓါးကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

``နန်းကုန်းရှင်း ငါမင်းနဲ့အတူသွားနိုင်တယ်... ဒီကိစ္စက

သခင်လေးဟန်နဲ့ ဘာမှမပတ်သတ်ဘူး.. ငါ့ကို လုပ်ရှားအောင်လို့ ဖိအားမပေးပါနဲ့``

နန်းကုန်းရှင်းက အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ ကျူးပုကျို့ ကလည်း နွေဦးစမ်းရေ အဆင့်ပါ။ သူ့ရဲ့ စွမ်းရည်ထက် နိမ့်ကျနေပေမဲ့ တကယ်လို့ သူက ဖိအားပေးပြီးတော့ တိုက်ခိုက်မယ်ဆိုယင် ကျူးပုကျို့ ကို အောင်မြင်စွာနဲ့ ဖမ်းဆီးနိုင်ယင်တောင်မှ သူကလဲ ကြီးမားတဲ့ တန်ရာတန်ကြေးတော့ ပြန်ပီးပေးရပါလိမ့်မယ်။

သူက လင်းဟန်ကို မနာလိုဖြစ်နေတာတစ်ခုပါပဲ။ ဒါကြောင့် သူက လင်းဟန်ကို စိတ်အနှောက်အယှက် ဖြစ်တာလိုချင်တာပါ။ တကယ်လို့ သူက ဒီလိုမျိုး လှုပ်ရှားလိုက်လို့ သူ့အနေနဲ့ ကြီးကြီးမားမား နဲ့ဒဏ်ရာအနာတရ ကို တန်ကြေးပေးရမယ်ဆိုယင်ရော? သူက အရူးတစ်ယောက်တော့မဟုတ်ဘူးဆိုတာ သေချာပါတယ်။

``ကောင်းပြီလေ``

သူက ခေါင်းငြိမ့်လိုက်ပါတယ်။

``ကောင်လေး ကျို့ကျို့.. မင်းဘယ်တုန်းကများ ဒီနေရာမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ သူ တစ်ယောက် ဖြစ်သွားခဲ့တာလဲ? အနောက်မှာ သွားရပ်နေသွား``

လင်းဟန်က ကျူးပုကျို့ ရဲ့ ပုခုံးပေါ်ကို သူလက်တင်ပြီးတော့ နောက်ကို ဆွဲလိုက်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင်လူတွေကို ကာကွယ်ပေးတဲ့ သူ့ရဲ့ အကျင့်စရိုက်က အပြည့်အဝ အသက်ဝင် လာခဲ့ပါတယ်။ သူက နန်းကုန်းရှင်းကိုလက်ဟန့်ပြလိုက်ပီးတော့ ပြောပါတယ်။

``မြန်မြန်ထွက်သွားကြစမ်း.. ပြီးတော့မှ ငါက မင်းကို အနိုင်ကျင့်တယ်လို့ မပြောနဲ့.. ဒီထက် ပိုပြီးသန်မာတဲ့ သူ တစ်ယောက်ယောက်ကို သွားရှာလာခဲ့``

နန်းကုန်းရှင်းရဲ့ မျက်နှာတစ်ခုလုံး ရှုပ်ဆိုးစွာနဲ့ ရှုံ့မဲ့သွားခဲ့ပါတယ်။

လပြွတ်ပဲပေါ့ကွာ။

အပိုင်း (၂၀၇) မျက်စိကန်းနေသည်

သူက ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်မျှသာ

ရှိသေးပြီးတော့ တကယ်ပဲ စိတ်ကြီး ဝင် ရဲနေတာလား?

သူက ဖန်းယန်နဲ့ သိုင်းကွက်နည်းနည်းလောက် တိုက်ပြီးသွားလို့ သူကိုယ်သူ နွေဦးစမ်းရေ အဆင့်ကို ရောက်နေပြီလို့ ထင်နေတာများလား?

နန်းကုန်းရှင်းက နည်းနည်းလေးမှမယုံနိုင်အောင်ဖြစ်နေပါတယ်။ သူထင်တာတော့ ဒီမြင်ကွင်းကို တွေ့မြင်ခဲ့ရတဲ့ မျက်မြင်သက်သေတွေက စကားကို ချဲ့ကားပြီးတော့ ပြောဆိုကြပြီး ကောလဟာလ တွေက တစ်ဖြေးဖြေးနဲ့ ပိုတိုးလာခဲ့ပြီးတော့ အမှန်ကို ဖုံးလွှမ်း သွားတာပဲဖြစ်ပါလိမ့်မယ်။

ဒြပ်စင်စုစည်းခြင်းအဆင့်က နွေဦးစမ်းရေအဆင့်ကို ယှဉ်ပြိုင်နိုင်တယ်ဟုတ်လား? ဖွီ။

နန်းကုန်းရှင်းက ရေခဲတမျှ အေးစက်တဲ့ လေသံနဲ့ပြောလိုက်ပါတယ်။

``ဒီလိုဆိုမှတော့ ငါ့ကို အတင်းဖိအားပေးတယ်လို့ အပြစ်မတင်နဲ့တော့.. မင်းက အကယ်ဒမီ က ဖမ်းဂရမ်း

ထုတ်ထားတဲ့ အပြစ်သားကို ကာကွယ်ပေးနေတယ်.. ဒါကြောင့် မင်းရဲ့ ပြစ်မှုကလဲ အတူတူပဲ.. ငါက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ရဲ့ ခေါင်းဆောင် တစ်ယောက် ဖြစ်ပြီးတော့ အမိန့် အတိုင်းပဲ ဖမ်းဆီးရလိမ့်မယ်.. တကယ်လို့ တစ်စုံ တစ်ယောက် က ငါ့ကို တားဂွဲ့တယ်ဆိုယင် ငါ့ရဲ့လမ်းမှာရှိတဲ့ အရာတွေကို ငါ့မှာရှိတဲ့ အထူးအခွင့်အရေးကို သုံးပြီးတော့ သတ်ပစ်ရလိမ့်မယ်``

လီွယုထန်က အရှေ့ကိုထွက်လာခဲ့ပါတယ်။ သူမထင်တာက လင်းဟန်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ချိုးဖျက်ဖင်ရောက်ပြီး အဆင့်တက်ဖို့ ကြိုးစားတာ ကျရှုံးပြီးတော့ ဒြပ်စင်စုစည်း ခြင်း အလွှာ ပထမ အဆင့်ကို ပြန်ကျဆင်းသွားခဲ့တယ်လို့ ထင်နေတာပါ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမက နွေဦးစမ်းရေအလွှာ တတိယအဆင့် လက်ရွေးစင် သိုင်းပညာရှင် တစ်ယောက်နဲ့ လင်းဟန်က တိုက်ပွဲရင်ဆိုင်မှာကို ဒီအတိုင်း ရပ်ကြည့်လို့ နေနိုင်မှာလဲ?

လင်းဟန်က ရီမောပြီးတော့ သူမကို တစ်ဖက်ကို ဆွဲလိုက်ပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အစ်ကိုကြီးကွမ်း တောင်မှ ရှေ့မတိုးတာကို

မင်းမမြင်ဖူးလား? မင်းက ဘာအတွက် အလျင်စလို ဖြစ်နေတာလဲ? ဒီလိုမျိုး ဘာမှမဟုတ်တဲ့ သူတစ်ယောက်ကို ငါလွယ်လွယ် လေး ရင်ဆိုင်နိုင်ပါတယ်``

``အဲဒါဟုတ်တယ်.. မင်းက ဒီလိုမျိုး ဘာမဟုတ်တဲ့ ကောင်ကို ဒီကောင်လေးဆီ လက်လွှဲ ပေးလိုက်တာ ကောင်းမယ်``

ကွမ်းယွမ်က ပေါ့ပေါ့ပါးပါးနဲ့ ပြောလိုက်ပါတယ်။

``ဒီကောင်လေးနဲ့ ပါတ်သတ်ပြီးတော့ နည်းနည်းတော့ ထူးဆန်းတယ်.. မဟုတ်ဘူး.. တော်တော်ကြီးကို ထူးဆန်းနေတယ်``

ကွမ်းယွမ်က လင်းဟာန်နဲ့ပါတ်သတ်ပြီးတော့ သူ့ခံစားချက်ကို စဉ်းစားတွေးတောနေတာပါ။ သူမှာ တကယ်ပဲ မူလဒြပ်စင်အမှုန် တစ်ခုပဲ ရှိတာမှန်ပေမဲ့ တစ်ခြားအကြောင်းအရင်း တစ်ချို့ အတွက် လင်းဟာန် ဆီကနေ သူအာရုံခံစားလို့ရတာက ဒြပ်စင်စုစည်းခြင်းအဆင့် ထက် ပိုပြီးတော့ ကျော်လွန် ဖြတ်ကျော်နေပါတယ်။

သူပြောတာကို ကြားလိုက်ရတော့ လွှီယုထန်က

နောက်ဆုံးမှာ တည်ငြိမ်သွားပြီးတော့ လိမ်လိမ်မာမာနဲ့ပဲ တစ်ဖက်မှာသွားရပ်နေလိုက်ပါတယ်။ ဒီနေရာမှာ အစွမ်းထက်လှတဲ့ စိတ်ဝိဉာဉ်ပင်လယ်အဆင့်သိုင်းပညာရှင် ရှိနေမှတော့ တကယ်လို့ လင်းဟန် က အွန္တရာယ် တစ်ခုခုနဲ့ ကြုံတွေ့ခဲ့မယ်ဆိုယင် ကွမ်းယွမ် က သူ့ကို အချိန်မှီ ကယ်တင်နိုင်လိမ့်မယ် ဆိုတာကို သူမ ယုံကြည်နေပါတယ်။

ကျူးပူကျို့က သူ့ရဲ့ခေါင်းကို မြှောက်ထားဆဲပါပဲ။ ဒါက သူလုပ်သင့်လုပ်ထိုက်တဲ့ တာဝန် တစ်ခု ဖြစ်ပါတယ်။ သူ့ကို လင်းဟန်က နောက်တစ်ကြိမ် ဆွဲပြီးတော့ ဘေးကို တွန်းပို့လိုက်ပါတယ်။ ကျူးပူကျို့ က လင်းဟန်ကို ရှုသိုးသိုးနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။

``မင်း တကယ်ပဲ မျက်စိကန်းနေလား.. ငါ့ရဲ့အစွမ်းတွေကို ပြမလို့ လုပ်နေတာကို မင်းမမြင်ဘူးလား? မင်း က ဒီအခွင့်အရေးကို ငါ့ဆီကနေ ဖြတ်လုချင်နေတာလား. အစ်ကိုကြီး ကွမ်းယွမ်ကို တစ်ချက်ကြည့်လိုက်စမ်း.. သူကတကယ့်ကို အထာကျနေတယ်``

လင်းဟန်က ဟာသလုပ်လိုက်ပါတယ်။

``ဖွီ``

ကွမ်းယွမ်က ချက်ချင်းပဲ တံတွေးထွေးလိုက်ပါတယ်။ သူက လုပ်ရှားမှုလုပ်ဖို့ မတန်ဘူးလို့ ခံစားရပါတယ်။ နွေဦးစမ်းရေ အလှဘာ တတိယ အဆင့်မျှသာ ရှိတဲ့ ဂျူနီယာ တစ်ယောက်ကို သူ့ရဲ့ လက်တစ်ချောင်းထဲနဲ့ပဲ အညှဲ့ခံအောင် ဖိအားပေးဖို့ လုံလောက်ပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ စကားတွေက သူက မလှုပ်ရှားတာက လင်းဟန်ရဲ့ စကားကို ထောက်ခံပြီး အမိန့်နာခံတဲ့ ပုံစံမျိုး နဲ့ပြောလိုက်တာက သူ့ကို မအီမသာ ဖြစ်သွားစေခဲ့ပါတယ်။

``မင်း စကားပြောလို့ ပြီးပြီလား?``

နန်းကုန်းရှင်က အံကြိတ်ပြီးတော့ မေးလိုက်ပါတယ်။ ဒါက ဟွာယန်အကယ်ဒမီ ဖြစ်ပြီးတော့ ဒီနေရာမှာ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ မြင့်မားဆုံး အမိန့်သြဇာအာဏာ ရှိပါတယ်။ ဒီ လူနှစ်ယောက်က သူ့ကို အရှေ့မှာထားပြီးတော့ နှောင်ပြောင် ကျီစယ်ရဲတယ်။ ဒါက သူ့ကို လုံးဝ ရှိသေမှုမရှိပဲ စော်ကားလိုက်တာပဲ မဟုတ်လား?

``မင်းက ရိုက်နက်ဆုံးမတာ ခံဖို့ အတွက် အရမ်းကို အလျင်စလိုဖြစ်နေတာလား? ကောင်းပြီ...ဒါဆိုယင်လဲ လာခဲ့လေ``

လင်းဟန်က သူ့ရဲ့ လက်ချောင်းကို နဲ့ စိန်ခေါ်တဲ့ အမူအရာ လုပ်ပြလိုက်ပါတယ်။

``လင်းဟန်.. ဒါက မင်းနဲ့ဘာမှမဆိုင်ဘူး``

နန်းကုန်းရှင်းက ထိတ်လန့်စဖွယ်ပြောလိုက်ပါတယ်။

``ဒါပေမဲ့ မင်းက အရမ်းကို အလုပ်ရှုပ်တဲ့ကောင်ပဲ.. မင်းလို လူစားမျိုးတွေက စောစော စီးစီး သေတတ်တယ်ကွ``

``အဲဒါက မင်း အလုပ်လား?``

လင်းဟန်က သူ့ကို လက်ခလယ်ထောင်ပြီး ကျိန်ဆဲပြလိုက်ပါတယ်။

လပြွတ်ပဲကွာ...

နန်းကုန်းရှင်းက သူ့ကိုယ်သူ မထိန်းနိုင်တော့ပါဘူး။ သူက ရုတ်တရက် အရှေ့ကို တက်ပြီး တော့ ဓါးနဲ့ လှမ်းထိုးလိုက်ပါတယ်။ ဓါးရဲ့ အေးစက်တဲ့ အလင်းရောင်က လျှပ်စီးလက်သလို တောက်ပသွားပြီးတော့ လင်းဟန်ရဲ့

ရင်ဘက်ဆီကို တိုးဝင်လာခဲ့ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူက အမှတ်မထင်ဖမ်းဆုပ်လိုက်ပါတယ်။ နန်းကုန်းရှင်း ဓါးရဲ့ အသွားက လင်းဟန်ရဲ့ လက်ထဲမှာ အောင်မြင်စွာနဲ့ ဖမ်းကိုင်မိသွားခဲ့ပါတယ်။

``ဟာ``

လူတိုင်းလူတိုင်းပဲ အံ့အားသင့်ကုန်ကြပါတယ်။ နန်းကုန်းရှင်း ရဲ့ နွေဦးစမ်းရေ အလှ္ဘာ တတိယ အဆင့် စွမ်းရည်နဲ့ ဆိုယင် သူ့ရဲ့ ဓါးက လျှပ်စီးလက်သလို မြန်ဆန်ပါတယ်။ လင်းဟန် က ဓါးလမ်းကြောင်းကိုတောင်မှ မြင်နိုင်စွမ်းရှိမှာမဟုတ်ပဲနဲ့ သူ့ရဲ့ လက်ဗလာနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။ ဒါပေမဲ့ သူက ဒါကို ဖမ်းဆုပ်ဖို့အတွက် ဘာကိုအသုံးပြုခဲ့သလဲ? နွေဦးစမ်းရေအလှ္ဘာ တတိယ အဆင့်ရဲ့ စွမ်းအား က ဓါးထဲမှာ ထည့်သွင်းထားပြီးတော့ အဲဒီဓါးနဲ့ ပေ့ါပေ့ါလေး ခုတ်လိုက်ယင်တောင်မှ လင်းဟန်ရဲ့ လက်ချောင်းတွေကို လှီးဖြတ် ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

``မင်းက သေလမ်းရှာနေတာပဲ``

နန်းကုန်းရှင်းက အေးစက်စွာနဲ့ နှာခေါင်းရှုံ့လိုက်ပြီးတော့ သူ့ရဲ့ ဓါးကို လှည့်လိုက်ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ အမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ရဲ့ လက်ထဲက ဓါးက လင်းဟန်ရဲ့ လက်မှာ အမြစ်တွယ်နေသလို တုတ်တုတ်မှမလှုပ်ပါဘူး။ သူ ဘယ်လောက်ပဲ ခွန်အားသုံးသုံးငင်းက နည်းနည်းလေးမှ လှုပ်မလာခဲ့ပါဘူး။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?

သူက ဒြပ်စင်စုစည်းခြင်းအလွှာ ရဲ့ ပထမ အဆင့်မျှသာ ဖြစ်ပြီးတော့ ဒီလိုမျိုး ကြောက်မက် ဖွယ်ရာ ကောင်းတဲ့ ခွန်အားမျိုး ရှိနေတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ?`

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ငါမင်းကို သတိပေးစရာ တစ်ခုရှိတယ်.. မင်းရဲ့ ဓါးကို လွှတ်ချလိုက်မယ်ဆိုယင် ခံစားရတာ နည်းနည်းတော့ သက်သာလိမ့်မယ်``

``ဟမ့်.. တကယ်လို့ ဓါးရှိနေယင် ဓါးသမားလည်းရှိမယ်...

တကယ်လို့ ဓါးမရှိဘူး ဆိုယင်.. ဓါးသ.....အားးး``

နန်းကုန်းရှင်း က သတ္တိကောင်းစွာနဲ့ စကားလုံးလှလှလေး တစ်ချို့ကို ပြောလိုက်ပြီး ရုတ်တရက် အထိတ်တလန့် အော်ဟစ်လိုက်ပြီးတော့ ဓါးကို လွှတ်လိုက်ပြီးတော့ အလျင်အမြန်ပဲ ဆုတ်သွားလိုက်ပါတယ်။ သူ့ရဲ့ လက်ဖဝါးပေါ်မှာ မီးလောင်ကျွမ်းထားသလိုမျိုး အနီရောင် အကွက်ကြီးတစ်ခု ရှိနေပါတယ်။

ဘာကြောင့်လဲ ဆိုတော့ လင်းဟန်က သူ့ရဲ့ ထူးဆန်းတဲ့မီးကို အသုံးပြုပြီးတော့ မြင့်မားတဲ့ အပူချိန် တစ်ခုကို ဓါးသွားကနေ စီးကူးလိုက်လို့ပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ရမှာက ၎င်းက ဓါးကနေတစ်ဆင့် ဖြတ်သန်းသွားခဲ့ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူက ထူးဆန်းတဲ့ မီးရဲ့ တိုက်ရိုက်လောင်ကျွမ်းတာကို ခံရမှာ ဖြစ်ပြီးတော့ သူ့ရဲ့ လက်ဖဝါးတစ်ခုလုံး မီးသွေး တုံး လို လောင်ကျွမ်းသွားပါလိမ့်မယ်။

နန်းကုန်းရှင်း က ပါတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တဲ့အခါ လူတိုင်းလူတိုင်းက သူ့ကို ထူးဆန်းစွာနဲ့ ကြည့်နေကြတာက သူ့ရဲ့မျက်နှာပေါ်မှာ သွေးရောင်ဖြန်းသလိုမျိုး မထိန်း နိုင် မသိမ်းနိုင် ရှက်ရွံ့မှုကို ဖြစ်စေသွားပါတယ်။ သူက

လင်းဟန်ကို စိုက်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

``လင်းဟန် .. မင်းက ဒီလူကို ကာကွယ်ပေးတော့မှာလား?``

``မင်းရဲ့ စွမ်းရည်နဲ့တောင်မှ နားမလည်နိုင်အောင် တစ်ခုခု မှားယွင်းနေတာလား? သူက ငါ့ရဲ့ အခြွေအရံပဲ ပြီးတော့ ငါ့ရဲ့ ကာကွယ်မှုအောက်မှာ ရှိတယ်.. တကယ်လို့ မင်းက သူကို စိန်ခေါ်ချင်တယ်ဆိုယင် ငါက ဂင်စွက်ဖက်မှာမဟုတ်ဘူး.. ဒါပေမဲ့ တကယ်လို့ မင်းက မတော်မရား နည်းလမ်းတစ်ချို့ ကို သုံးပြီးတော့ ငါ့ရဲ့ လူကို အနိုင်ကျင့် စော်ကားချင်တာ ဆိုယင်တော့ ငါ့ကို ရက်စက်ကြမ်းကြုတ်တယ်လို့ အပြင်မတင်နဲ့``

လင်းဟန်က ပြောလိုက်ပါတယ်။

``ဒီကောင် က ငါ့ညီကို မသန်မစွမ်းဖြစ်အောင် လုပ်ခဲ့တယ်။ သူ့ ကို အကယ်ဒမီက အပြစ်မပေးသင့်ဘူးလား?``

နန်းကုန်းရှင်း က ငေါက်ငမ်းပြောလိုက်ပါတယ်။

`` ဒါက မင်းရဲ့ ညီက သူရဲ့ အပြစ်သူ ခံရတယ်လို့ ဆိုလိုတာပဲ.

မင်းကိုယ်တိုင်လဲ နန်းကုန်းဂျိ နဲ့ သူ့ကြားက ရန်ငြိုးရန်စ ကို သိလိမ့်မယ်လို့ ငါယုံကြည်တယ်.. တကယ်လို့ မင်းက လက်စား ပြန်ချေချင်တယ်ဆိုယင် ကောင်းပြီလေ.. ကျူးပုကျို့ က မင်းစိန်ခေါ်တာကို လက်ခံနိုင်တယ်။ အခု မင်းက မင်းရဲ့ အဆက်အသွယ်တွေကို အသုံးပြုပြီးတော့ ခြိမ်းခြောက်မလို့လား? ထွက်သွားစမ်း``

လင်းဟာန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``လင်းဟာန် မင်းအခု ဘာလုပ်နေတာလဲ.. ဒါက ဟွာယန် အကယ်ဒမီ ကို ဆန့်ကျင် နေတာပဲ``

နန်းကုန်းရှင်းက တစ်လုံးချင်းအော်ပြောလိုက်ပါတယ်။ သူ့ရဲ့မျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်နေပါတယ်။

လင်းဟာန် က ပုခုံးတွန့်လိုက်ပီးတော့ ပြောပါတယ်။

``ဒါဆို တကယ်လို့ ငါက အဲဒီလိုလုပ်နေတယ်ဆိုတော့ရော ဘာဖြစ်သေးလဲ?`` တကယ်လို့ လက်ရွေးစင်တွေ အများကြီးလာယင်တောင်မှ အစ်ကိုကြီး ကွမ်းက ဒီနေရာမှာ ရှိနေလိမ့်မယ်``

``ဟေ့ဟေ့ဟေ့ ငါဘယ်တုန်းကများ ဟွာယန်အကယ်ဒမီ က လက်ရွေးစင်တွေကို ဆန့်ကျင် ပြီးတော့ မင်းကို ကူညီမယ်လို့ ပြောဖူးလို့လဲ?``

ကွမ်းယွမ် က သူ့ရဲ့လက်ကို ဝှေ့ပြီးတော့ အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

``အစ်ကိုကြီး ကွမ်း ကတကယ့်ပဲ ကိုယ့်ကိုကိုယ်နှိမ့်ချနေတာပဲ.. ဒါက မင်းရဲ့ လက်တစ်ဖက် ကို ဆန့်ထုတ်လိုက်ယုံနဲ့ ပြီးသွားမဲ့ ကိစ္စသေးသေးလေးပဲ မဟုတ်လား``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဒါပေမဲ့ ကွမ်းယွမ်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ငြင်းဆန်လိုက်ပါတယ်။ ဟွာယန်အကယ်ဒမီ မှာ အစွမ်းထက်လှတဲ့ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် သိုင်းပညာရှင်တွေ ရှိပါတယ်။ တကယ်လို့ သူက ရူးနေမှပဲ ဒီလိုမျိုးနေရာကို သွားပြီးတော့ ဆန့်ကျင်ရဲပါလိမ့်မယ်။

နန်းကုန်းရှင်း ကအခုအချိန်မှာ ကျူးပုကျို့ ကို ဖမ်းဆီးနိုင်မှာမဟုတ်သေးဘူး ဆိုတာကို သိပါတယ်

ဒါကြောင့် သူက မုန်းတီးမှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

``ဒီကိစ္စက လွယ်လွယ်နဲ့ပြီးသွားမှာမဟုတ်ဘူး.. လင်းဟန်.. တကယ်လို့ အကယ်ဒမီက ဒီကိစ္စ ကို ဆက်ပြီးတော့ မလုပ်တော့ဘူးဆိုယင်တောင်မှ ငါ့ရဲ့ နန်းကုန်း ကလန် က အလျော့ပေးမှာမဟုတ်ဘူး``

``မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား``

လင်းဟန်ရဲ့ မျက်ခုံးတွေ ပင့်လိုက်ပါတယ်။

``အဲဒီတော့ ဘာဖြစ်သေးလဲ?``

``ငါအမုန်းဆုံးအရာက ခြိမ်းခြောက်ပြောဆိုတာပဲ``

လင်းဟန်က နန်းကုန်းရှင်ဆီကို လျှောက်လာခဲ့ပါတယ်။

``ဒီလိုမျိုး လူတွေကို ဆန့်ကျင်ပြီးတော့ ငါ့ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း သူတို့ကို ကို အရှုံးပေးဝန်ခံလာတဲ့အထိ ရိုက်နှက်ဆုံးမရမှာပေါ့``

``မင်းကိုယ်မင်း အရမ်းကို ယုံကြည်နေတယ်ပေါ့``

နန်းကုန်းရှင်းက သရော်လိုက်ပါတယ်။

``အစောတုန်းက မင်းဘာကို အသုံးပြုသွားတယ်ဆိုတာကို ငါမသိဘူး.. ဒါပေမဲ့ အခု ဒုတိယ အကြိမ် မင်းငါ့ကို လှည့်စားလို့မရတော့ဘူး``

``သေချာလို့လား?``

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ သူက အနက်ရောင်မှူလဓါးသိုင်းနည်းစနစ် ရဲ့ စွမ်းအားကို ကြိုးစားဖို့ အခွင့်အရေးတစ်ခုကို ကြိုးစားပြီးယူလိုက်တာပဲဖြစ်ပါတယ်။ မျှော်လင့်ရတာတော့.. သူ့ရဲ့ စွမ်းအားတွေကို ထိန်းချုပ်နိုင်ပြီးတော့ နန်းကုန်းရှင်းကို တစ်ကွက်တည်းနဲ့ မသန်မစွမ်းဖြစ်အောင် မလုပ်မိဖို့ ပါပဲ။

``ငါ့ကို ဓါးတစ်လက်ပေးစမ်း``

နန်းကုန်းရှင်း က လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်တာနဲ့ ချက်ချင်းပဲ တစ်စုံတစ်ယောက်က သူ့ရဲ့ ကိုယ်ပိုင်ဓါးကို နန်းကုန်းရှင်းရဲ့ လက်ထဲကို ထည့်ပေးလိုက်ပါတယ်။ ဓါးကို ဝှေ့ယမ်း ပြီးတော့ သူကပြောလိုက်ပါတယ်။

``ဒါဆိုယင် မင်းကို ငါတို့ နန်းကုန်းကလန်ရဲ့ အံ့ဖွယ်ခုနစ်သွယ်ဓါးသိုင်းနည်းစနစ်ရဲ့ စွမ်းအား ကို ပြရသေးတာပေါ့``

လင်းဟန်က သူ့ရဲ့ဓါးကိုကိုင်ပီးတော့ ရီလိုက်ပါတယ်။ ဓါးရဲ့ ထိပ်ပိုင်းကို အနည်းငယ်နိမ့်ထား ပြီးတော့ ရုတ်တရက် ဓါးရဲ့ ထိပ်ကနေ စွမ်းအားလှိုင်းတစ်ခုပြီးတစ်ခု ပြန့်ထွက်လာခဲ့ပါတယ်။

လှိုင်းတွေက ပြန့်နှံ့သွားပြီးတော့ ကွမ်းယွမ်လို စိတ်မဝင်စားတဲ့လူရဲ့ အမူအရာတောင်မှ ချက်ချင်းပဲ တည်ကြည်လေးနက်သွားခဲ့ပါတယ်။ ထို့နောက် သူ့ရဲ့ အမူအရာတွေက အမျိုးမျိုး ပြောင်းလဲသွားပြီးတော့ သူ့ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံပေါက်နေပါတယ်။

သူက ဒီ ဓါးသိုင်းနည်းစနစ်ရဲ့ တကယ့်အစစ်အမှန်စွမ်းအားကို မမြင်ပါဘူး.. ဒါပေမဲ့ ဒီ အကွက် ကိုကြည့်လိုက်ရုံနဲ့ သူ့ရဲ့ အတွေ့အကြုံအရ မုန်တိုင်းတစ်ခု လာနေသလိုမျိုး ခံစားရပါတယ်။ တကယ်လို့ ဒီနည်းစနစ်ကို အသုံးပြုခဲ့တယ်.. ၎င်းက သေချာပေါက် ကမ္ဘာမြေကြီးကို ဖျက်ဆီးပြီးတော့

နိုင်းယှဉ်လို့မရအောင် ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။

ဒါက ဘယ်လို ဓါးသိုင်းနည်းစနစ်မျိုး ဖြစ်မလဲ.. ပြီးတော့ ဒြပ်စင်စုစည်းခြင်းပဲရှိသေးတဲ့ သိုင်းပညာရှင်တစ်ယောက်ရဲ့ လက်ထဲမှာ အမှန်တကယ်ပဲ ဘယ်လိုလုပ်ပြီးတော့ ပေါ်လာခဲ့တာလဲ?

နန်းကုန်းရှင်းရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို အေးစက်တဲ့ချွေးအလွှာ တစ်ခု ပေါ်လာခဲ့ ပါတယ်။ ပြီးတော့ ချွေးစက် ချွေးပေါက်တွေက သူ့ရဲ့ မျက်နှာပေါ်ကနေ အဆက်မပြတ် ကျဆင်းလို့လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က လဲကျသွားတော့မဲ့အတိုင်း တုန်ခါလို့နေပါတယ်။

အပိုင်း(၂၇၈)ကန်းရီ

နန်းကုန်းရှင်းက နည်းနည်းလေးမှမလှုပ်ရဲပါဘူး။ တကယ်လို့ သူက နည်းနည်းလေး လှုပ်ရှား လိုက်မယ်ဆိုယင် သူ့ရဲ့ ပြိုင်ဘက်ဆီကနေပြီးတော့ မိုးကြိုးမုန်တိုင်းလိုမျိုး တိုက်ခိုက်မှုတစ်ခု ထွက်ပေါ်လာအောင်လို့ လှုံ့ဆော်သလို ဖြစ်သွားမယ်လို့ ခံစားရနေ ပါတယ်။ ပြီးတော့ သူက သေချာပေါက် အဲဒီတိုက်ခိုက်မှုကို ကာကွယ်နိုင်မှာ

မဟုတ်ပါဘူး။

ဒီအသိအမြင်က သူ့ကို လုံးဝ မျှော်လင့်ချက်မဲ့သွားအောင် လုပ်ခဲ့ပါတယ်။

သူ့ရဲ့ ပြိုင်ဘက်က ဒြပ်စင်စုစည်းခြင်းအဆင့်မျှသာ ရှိသေးပေမဲ့ ဘယ်လိုလုပ်ပြီးတော့ သူ့ကို အပေါ်စီးကနေ ဖိအားပေးနေနိုင်ရတာလဲ?

လင်းဟန်ရဲ့ ဓါးခုတ်ချက် တစ်ခုက နေပြီးတော့ မူလစွမ်းအင်နဲ့ ဓါးကိုးချောင်းကို ဖြစ်စေပြီး တော့ နေမင်းကြီးမြင့်တက်သွားသလိုမျိုး လေထုထဲကို မြောက်တက်သွားပြီးတော့ မျက်လုံးတွေထဲကို ခပ်ကြမ်းကြမ်း အလင်းပြန်သွားခဲ့ပါတယ်။

နန်းကုန်းရှင်း ရဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို အဝေးကို လွှင့်ထွက်သွားပြီးတော့ မြေကြီး ပေါ်ကို ဘုတ်ခနဲ မြည်ပြီးတော့ ကျသွားပြီးသူ့ရဲ့ ရင်ဘက်ကနေ သွေးတွေ တစ်စိမ့်စိမ့် ယိုစီးကျလာခဲ့ပါတယ်။

ကွမ်းယွမ် ရဲ့ မျက်လုံးတွေ ပြူးသွားခဲ့ပါတယ်။ သူက ဒီတစ်ကြိမ်တော့ ဒီတိုက်ခိုက်မှုကို

ရှင်းရှင်းလင်းလင်းမြင်လိုက်ရပါတယ်။ လင်းဟန်ရဲ့ တိုက်ခိုက်မှုက ဓါးအလင်းကိုးခု ထွက်သွား ပြီးတော့ ဓါးအလင်းတိုင်းကစိတ်ဝိဉာဉ်ချီကနေ မူလစွမ်းအင်ရဲ့ ဓါးတစ်ချောင်း အဖြစ်ကို ဖွဲ့စည်းသွားခဲ့ပါတယ်။ ဒါက အံ့အားသင့်စရာကောင်းပါတယ်.. ဒါပေမဲ့ လက်မခံနိုင်စရာတော့ မဟုတ်ပါဘူး။ ဘာလို့ အံ့အားသင့်စရာကောင်းသလဲ ဆိုယင် မူလစွမ်းအင်ရဲ့ ဓါးတိုင်းရဲ့ အစွမ်းက လင်းဟန်ရဲ့ ခွန်အားအပြည့်နဲ့ တိုက်ခိုက်လိုက်တဲ့ အဆင့်ကို ရောက်နေလို့ပဲဖြစ်ပါတယ်။

တစ်ခြားစကားလုံးအနေနဲ့ပြောရမယ်ဆိုယင် နန်းကုန်းရှင်းကို လင်းဟန်က ကိုးခါ တိုက်ခိုက် လိုက်တာနဲ့ ညီမျှပါတယ်။ နန်းကုန်းရှင်းက ဘယ်လိုလုပ်ပီးတော့ ဒါကို ကာကွယ်နိုင်မှာလဲ?

သူ မစဉ်းစားပဲမနေနိုင်ပါဘူး။ တကယ်လို့ အဲဒီနေရာမှာ သူသာဆိုယင် ဒီတိုက်ခိုက်မှုကို ဘယ်လို ရှောင်တိမ်းနိုင်မလဲ? အဖြေက သူ့ကို အံ့အားသင့်သွားစေခဲ့ပါတယ်။ သူက လင်းဟန်ထက် သာတဲ့ အစွမ်းပေါ်မှာ အမှီပြုအားထားပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်တွေ့ပြီးတော့ ဧရိယာကြီးကြီးကာကွယ်မှု လုပ်ထားမယ်ဆိုယင် ရှောင်တိမ်း နိုင်ပါလိမ့်မယ်။

အဆင့်တူတယ်ဆိုယင်တော့ သူ့အနေနဲ့ ဒီတိုက်ခိုက်မှုကို ကာကွယ်နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။

ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလိုက်သလဲ?

``အဟွတ် အဟွတ်``

နန်းကုန်းရှင်း က မြေကြီးပေါ်ကို လဲကျသွားပြီးတော့ သွေးတွေ အဆက်မပြတ် ယိုစိမ့် ထွက်နေခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့ တိုက်ခိုက်မှုကို ပြန်ရုပ်သိမ်းပြီးပါပြီ.. ဒါပေမဲ့ ၎င်းက သူ့ကို ဒဏ်ရာကြီးကြီးမားမား ဖြစ်စေခဲ့ပါတယ်။

ကျန်တဲ့သူတွေအားလုံး ပြောစရာစကားမရှိတော့ပါဘူး။ ဒါက တကယ်ပဲ ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့် မှ ဟုတ်ရဲ့လား? ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်က ဒီလောက် ရက်စက်ကြမ်းကြုတ် ပြင်းထန်လို့လား?

လင်းဟန်က သူ့ရဲ့ဓါးကို ဓါးအိမ်ထဲပြန်ထည့်လိုက်ပီးတော့ ပြတ်ပြတ်သားသားနဲ့ ပြောလိုက်ပါတယ်။

``သူ့ကို အပေးကို ခေါ်သွားကြ. ဒီနေရာမှာ မျက်စိစပါးမွေး

မစူးစေနဲ့``

နန်းကုန်းရှင်းက နောက်တစ်ကြိမ် ချောင်းဆိုးပြီးတော့ နောက်ထပ် ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ပါတယ်။ ဒါကြောင့် သူက လင်းဟန်ရဲ့ မျက်လုံးထဲမှာ ပြိုင်ဘက် တစ်ယောက်အဖြစ် မသတ်မှတ်ထားခဲ့ပါဘူး။

``ဒါက လွယ်လွယ်နဲ့ လုံးဂ ပြီးသွားမှာမဟုတ်ဘူး.. လုံးဂပဲ``

``သခင်လေးဟန်...``

ကျူးပုကျို့ ဘာပြောရမှန်းမသိတော့ပါဘူး။ လင်းဟန်က သူ့ကို ဒိုင်းလိုကာကွယ်ပေးခဲ့ပေမဲ့ အဓိပ္ပါယ်မရှိတဲ့ဟာကို သူမြင်ခဲ့ပါတယ်။ ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင် တစ်ယောက် က ဘယ်လိုလုပ်ပြီးတော့ ဟွာယန် အကယ်ဒမီကို ဆန့်ကျင်နိုင်မှာလဲ?

သူက အကယ်ဒမီရဲ့ စည်းမျဉ်းစည်းကမ်းကို မလိုက်နာခဲ့ပါဘူး။

``တကယ်လို့ မင်းက အကြမ်းဖက်မှု ကို လုပ်ဆောင်ဖို့ မင်းရဲ့

ခွန်အားအပြည့်အဝ ကို အသုံးပြုခဲ့မယ် ဆိုယင် .. ငါလည်းမင်းကို ကူညီနိုင်မှာမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်``

လင်းဟန်က သူ့ကို ကြည့်ပြီးတော့ သိက္ခာရှိတဲ့ လေသံနဲ့ ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါပေမဲ့ နန်းကုန်းဂျိ က အပြစ်ပေးခံရဖို့ ထိုက်တန်တယ်.. ဒါကြောင့် ဒီကိစ္စ အပေါ်မှာ ငါ မင်းကို ထောက်ခံတယ်``

ကျူးပုကျို့ အံ့ကြိတ်လိုက်ပါတယ်။ တကယ်လို့ အကယ်ဒမီက အပြစ်ဖို့ ဖို့အတွက် တစ်စုံ တစ်ယောက်ကို ရှာဖွေမယ်ဆိုယင် သူက အားလုံးကို သူ့အပေါ်ပဲ ပုံချလိုက်မှာ ဖြစ်ပီး တော့ လင်းဟန်ကိုတော့ လုံးဝ မပါဝင်စေရပါဘူး။

ကွမ်းယွမ် က အပျင်းပြေ ကြည့်ရှုနေပါတယ်။ အစောပိုင်းတုန်းက သူရဲ့ ထင်မြင်ချက် အရ လင်းဟန်က မြေနဲ့ရေ အဖွဲ့အစည်းကို သူတို့ရဲ့ ခေါင်းတွေကို ချိုးနှိမ်ဖို့အတွက် အလွန်အမင်း ငွေကြေးစိုက်ထုတ်သုံးစွဲ ခဲ့တဲ့ သူဌေးလက်သစ် တစ်ယောက်လို့ပဲ ယူဆခဲ့တာပါ. အခုတော့ ဒီကောင်ကလဲ တဖောက်ကန်း ကမူးရှူးထိုး လုပ်တတ်တဲ့သူ တစ်ယောက်ဖြစ်ပီး တော့ သတ္တိကောင်းကောင်းနဲ့

ဟွာယန်အကယ်ဒမီကို ထိပ်တိုက်ရင်ဆိုင်တွေ့နေခဲ့ပါတယ်။

မြေနဲ့ရေ အဖွဲ့အစည်းဆိုတာက ဟွာယန် အကယ်ဒမီနဲ့ နှိုင်းယှဉ်လို့ ရနိုင်လို့လား?

ဒါပေမဲ့ ဒီကောင့်ကိုကြည့်ရတာ သူ့မှာ အားကောင်းတဲ့ ကွန်ယက်တစ်ခု ရှိပုံရပြီးတော့ အင်ပါယာ အစောင့်အရှောက်တွေတောင်မှ သူ့ကို မျက်နှာသာပေးရပါတယ်။ သူက လုံးဝ မဆင်မခြင်တွေးတတ်တဲ့ သူတော့မဟုတ်ပါဘူး။

သူကပြုံးလိုက်ပါတယ်။ ဒီကောင်ကလေးက တကယ့်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ ပြီးတော့ သူက လင်းဟန်အနေနဲ့ ဒီအရာတွေကို နောက်နောင် ဘယ်လိုကိုင်တွယ် ဖြေရှင်း မလဲဆိုတာကို ကြည့်ချင်ပါတယ်။

ဟင်?

လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့ခေါင်းကို လှည့်ပြီးတော့ အပေးကို လှမ်းကြည့်လိုက်ပါတယ်။ လူငယ်တစ်ယောက်က ချဉ်းကပ်လာပြီးတော့ သူ့ရဲ့ ဘယ်ဘက်ပခုံးက အလွတ်ကြီးပါ.. သူ့မှာ လက်တစ်ဖက် မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဟွာယန် အကယ်ဒမီမှာ သူတို့ရဲ့ ဘယ်ဘက်လက် မရှိတဲ့လူက လူနှစ်ယောက်ပဲရှိပါတယ်။ ဖန်းလောင်နဲ့..... ကန်းရီ။

ဒါပေမဲ့ ဖန်းလောင်က သူ့ရဲ့ ညာဘက်လက် ကိုလည်း ဆုံးရှုံးထားခဲ့ပါတယ်။ ဒီလူက တော့ ကောင်းမွန်တဲ့ညာဘက်လက်တစ်ဖက် ရှိနေပါတယ်။ ဒါကြောင့် ဖြစ်နိုင်ချေ တစ်ခုပဲ ရှိပါတယ်။

ဟွာယန်အကယ်ဒမီ ရဲ့ အကြီးကျယ်ဆုံး အတွင်းစည်းတပည့်သုံးယောက်ထဲက တစ်ယောက် ဖြစ်တဲ့ ကန်းရီ... လိန့်ဂွမ်ဖူ ကိုယ်တိုင်သင်ကြားပေးခြင်း ခံရသူ။

ဆရာနဲ့ သခင်.. ဒီနှစ်ခုက လုံးဝ ကွဲပြားခြားနားတဲ့ အရာပဲဖြစ်ပါတယ်။

ဆရာက အကယ်ဒမီကနေ လစာယူပြီးတော့ ကျောင်းသားတွေရဲ့ ကျင့်ကြံခြင်း ကို သင်ကြားပေးပြီးတော့ အကယ်ဒမီရဲ့ လူတစ်ကာကို လက်ခံ သင်ကြားပေးပါတယ်။ ဒါဆို သခင်ဆိုတာကရော ဘာလဲ? သူတို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ အေကြီးအကျယ် ဂရုစိုက် ပြီးတော့ သင်ကြားပေးပြီ. အဖေနဲ့ သားလိုမျိုး ရင်းနှီးတဲ့

ဆက်ဆံရေးမျိုးတစ်ခုပါ ရှိပါတယ်။

လိန်ဂွမ်ဖူ မှာ တပည့်တစ်ယောက်ပဲရှိပြီးတော့ ငယ်ငယ်ကတည်းက မသန်မစွမ်း ဖြစ်နေတဲ့ ကန်းရီ ပဲဖြစ်ပါတယ်။

ကန်းရီ ကဖြေးညှင်းစွာနဲ့ ချဉ်းကပ်လာပြီး သူ့ရဲ့ နောက်ကျောဘက်မှာ ရှည်လျားတဲ့ ဆေဘာဓါးတစ်လက်ကို လွယ်ထားပါတယ်။ သူ့ရဲ့ အကြည့်တွေ စူးရှ ထက်မြက်နေပြီး တော့ သူ့ရဲ့လမ်းကြောင်းမှာ တကယ်လို့ ကြီးမားတဲ့ တောင်တစ်လုံးက ကာဆီးထားမယ်ဆိုယင် တောင်မှ သူက ၎င်းကို ခွဲပြီးတော့ လမ်းဖွင့်နိုင်စွမ်းရှိတယ် ဆိုတဲ့ ခံစားချက်ကို ပေးစွမ်း နိုင်ပါတယ်။

``သူက ဆရာသခင်တစ်ယောက်ရဲ့ အစွမ်းအစမျိုး ရှိနေတယ်``

ကွမ်းယွမ်က အံ့အားသင့်စွာနဲ့ ပြောလိုကပါတယ်။ ကန်းရီ ရဲ့ ကျင့်ကြံခြင်း အဆင့် က ဖော်ပြ ဖို့ မတန်ပါဘူး.. ဒါပေမဲ့ သူ့ရဲ့ လှုပ်ရှားမှု မှာတစ်ခုခု ရှိနေပါတယ်။

လင်းဟန်လည်း ခေါင်းငြိမ့်လိုက်ပါတယ်။ သူက

ဒီလူငယ်လေးမှာ ဆေဘာဆရာသခင် တစ်ယောက် ဖြစ်လာဖို့ အလားအလာ ရှိတယ်လို့ ယုံကြည်နေပါတယ်။ ဒီခံစားမှုက သူက ခါးကေရာဇ် နဲ့ နေဂင်ဆည်းဆာ ဆေဘာကေရာဇ် ဆီကနေ ရတဲ့ ခံစားချက် မျိုးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကန်းရီ က အတွေ့အကြုံအများကြီးမရှိသေးပါဘူး။ ဒီလိုမျိုး ဖြစ်နိုင်ချေ ရဲ့ ပထမ လက္ခဏာ မျိုးကိုပဲ ဖော်ပြနေပါသေးတယ်။

``အစောက တိုက်ခိုက်မှု... အဲဒါက အားကောင်းတယ်``

ကန်းရီ က လင်းဟန်ကို တိုက်ခိုက်ဖို့ ဆန္ဒ တွေ ထွက်ပေါ် နေတဲ့ပုံစံနဲ့ ကြည့်လိုက်ပါတယ်။

``မင်း လက်ရည်စမ်းချင်လို့လား?``

လင်းဟန်က မေးလိုက်ပါတယ်။

`ဒီကောင်က မဆိုးဘူး.. သူ့ရဲ့ အတောင်ပံအောက်မှာ သူကို ထားဖို့ တွေးလိုက်ပါတယ်။

ကန်းရီ က ချင့်ချိန်တွေးဆပြီးတော့ ပြောလိုက်ပါတယ်။

``ဒီတိုက်ကွက်ကို ရင်ဆိုင်မယ်ဆိုယင် ငါ့မှာ အဲ့ဒါကို အာနိသင်ပျက်ပြယ်စေဖို့ ဆယ်ရာခိုင် နှုန်းပဲ ယုံကြည်မှုရှိတယ်..``

သူက ခဏရပ်ပြီးတော့ ဆက်ပြောပါတယ်။

``တကယ်လို့ ငါ ဒီနည်းလမ်းကို လေ့လာပြီးတော့ သုံးရက်လောက် သေချာ စဉ်းစားမယ် ဆိုယင်..သုံးဆယ်ရာခိုင်နှုန်းလောက် ငါ့ကိုငါ ယုံကြည်မှု အပြည့်ရှိလိမ့်မယ်``

သူက တကယ့်ကို ရိုးသားတာပဲ။

``ဒါဆိုယင် နောက်သုံးရက်ကြာမှ ငါတို့တိုက်ကြမလား?``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကန်းရီက ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းကို နိမ့်တယ်.. ငါမင်းကို တစ်ချက်တည်းနဲ့ နှစ်ခြမ်း ခွဲပစ်နိုင်တယ်.. မင်းရဲ့ဓါးကို ထုတ်ဖို့တောင်မှ အခွင့်အရေးရှိမှာမဟုတ်ဘူး``

ဒါက တကယ့်ကို ရိုးသားတာပဲဖြစ်ပါတယ်။ ဒါပေမဲ့ အရမ်းကို ရိုးသားလွန်းတာကလဲ ကြားရတာ သက်တောင့်သက်သာ မဖြစ်စေပါဘူး။

လင်းဟန်က ဟက်ဟက်ပက်ပက် ရီမောလိုက်ပြီးတော့ ပြောပါတယ်။

``ငါတို့ လောင်းကြမယ်လေ``

``လောင်းမယ်.. ဘာကိုလဲ?``

ကန်းရီက မေးလိုက်ပါတယ်။

``ငါတို့ တိုက်ကြမယ်.. တကယ်လို့ မင်းငါ့ကို မနိုင်ဘူးဆိုယင် မင်းက ငါ့ရဲ့ လက်ထောက် ဖြစ်ရလိမ့်မယ်``

လင်းဟန်က ပြောလိုက်ပါတယ်။

``မင်းက ငါ့ပြိုင်ဘက် ဖြစ်ဖို့ မလုံလောက်သေးဘူး.. မင်းကို ဓါးတစ်ချက်ထဲနဲ့ ဖြတ်တောက် ပစ်လိုက်နိုင်တယ်``

ကန်းရီ က အေးစက်စွာနဲ့ ဆေဘာဓါးတစ်လက်လိုမျိုး ခံစားချက်မဲ့စွာ ပြောလိုက်ပါတယ်။

``ဟုတ်ပ့ါမလား``

လင်းဟန်က ရီမောလိုက်ပါတယ်။

``တိုက်ကြတာပေ့ါ.. တကယ်လို့ ငါ့ကို မင်းသတ်နိုင်ယင်လဲ ဒါက ငါ့ရဲ့ ကံကြမ္မာပဲ.. တကယ်လို့ ငါမသေဘူးဆိုယင် မင်းက ငါ့လက်ထောက်ဖြစ်ရလိမ့်မယ်``

ကန်းရီ က သူကို နေဂင်ဆည်းဆာ ဆေဘာဓါးကေရာဇ် နဲ့တူတယ်လို့ စဉ်းစားမိ စေပါတယ်။ ဒါကြောင့် တစ်နေ့မှာ ဒီကောင်က တကယ့်ကို ဒုတိယမြောက် ဆေဘာဓါးကေရာဇ် ဖြစ်လာ နိုင်ပါလိမ့်မယ်။

ကန်းရီက ချင့်ချိန်တွေးဆပြီးတော့ ပြောလိုက်ပါတယ်။

``ဘယ်အချိန်ပဲ ဖြစ်ဖြစ် ငါတိုက်ခိုက်လိုက်တိုင်း ဘယ်တော့မှ ပြန်မဆုတ်ဘူး.. မင်းတကယ် ပဲ သေသွားလိမ့်မယ်``

``ငါ့သေမှာကို မကြောက်ပါဘူး. မင်းကရော ကြောက်သလား?``

လင်းဟာန်က ပြုံးလိုက်ပါတယ်။

``လာခဲ့ လာခဲ့ ငါ့ရဲ့ လက်ထောက်အဖြစ် လက်ခံလိုက်ပါ``

ကန်းရီ က လင်းဟာန်ကို စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်လိုက်ပါတယ်။ သူဘယ်လိုပဲ ကြည့်ကြည့် သူ့ရဲ့ ပြိုင်ဘက်က အသက်ရှင်ဖို့ အခွင့်အရေး အစတစ်ခုတောင် မရှိပါဘူး။ သူက လုံးဝ မတူညီ ကွဲပြားပါတယ်။ သူက ဆက်ဆံမှုတွေ ကိုသာမက အသက်ကိုလည်း လစ်လျူ ရှု ထားပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာ လူတစ်ယောက်ရဲ့ အသက်က ခွေးတစ်ကောင် ရဲ့ အသက်နဲ့ လုံးဝမကွာခြားပါဘူး။

ဒီလိုဆိုမှတော့ သူက ဘာမှထပ်မပြောတော့ပဲနဲ့ သူ့ရဲ့ ဆေဘာဓါးကို ဆွဲထုတ်လိုက်ပါတယ်။

ဆေဘာဓါးရှည်ကို လက်ထဲမှာ ကိုင်ထားပြီးတော့ သူ့ရဲ့ ပင်ကိုယ်စရိုက်က ချက်ချင်းဆိုသလို မသန်မစွမ်းတဲ့ အေးစက်တဲ့ လူငယ်တစ်ယောက်က နေ

ကောက်ရိုက်သိမ်းသူ တစ်ယောက် လိုမျိုး ပြောင်းလဲသွားခဲ့ပါတယ်။ ဒီအေးစက်စက် မျက်လုံးတွေနဲ့ အံ့အားသင့်စရာ ကောင်းတဲ့ လူသတ်ဖို့ အပန်းမကြီးတဲ့ စိတ်ဂိဉာဉ် က ကွမ်းယွမ်ကိုတောင်မှ အနည်းငယ် သူ့ရဲ့ လက်ချောင်းတွေကို တဖျောက်ဖျောက်နဲ့ ချိုးလိုက်ပီးတော့ သူ့ရဲ့ အန္တရာယ်အဖြစ် ဒီလူငယ်လေးကို သတ်ချင်တဲ့ စိတ်ကူးခံစားချက်တွေ ပေါ်လာခဲ့ပါတယ်။

``လင်းဟန်``

လှီယုထန်က စိတ်ပင်ပန်းဒုက္ခရောက်နေတဲ့ ပုံစံနဲ့ ခေါ်လိုက်ပါတယ်။

ဟူးညိုရဲ့ မျက်လုံးတွေက တလက်လက် တောက်ပလာခဲ့ပါတယ်။ ကန်းရီ ရဲ့ သတ်ချင် ဖြတ်ချင်တဲ့ စိတ်ဂိဉာဉ်က သူမကို ရင်းနှီးတဲ့ အတွေးမျှင် တစ်စုကို ခံစားရအောင် လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီ သတ်ဖြတ်ချင်တဲ့ စိတ်ဂိဉာဉ်က လင်းဟန် ဆီကို တိုက်ရိုက် ကျရောက်နေတယ်ဆိုတာကို သူမ သိသွားတာနဲ့ ဒီမိန်းကလေးငယ်လေးက ချက်ချင်း ဆိုသလိုပဲ ရက်စက်ကြမ်းကြုတ်တော့မဲ့ အမူအရာတွေဖြစ်လာပြီးတော့ ကန်းရီ ကို ဟိန်းဟောက်လိုက်ပါတယ်။

``ညီးညီး... ဒီပြိုင်ဘက်က ငါ့ဟာပဲ၁၁

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့ ဓါးကို ဆွဲထုတ်ပြီး ပန်းတစ်ပွင့်လို ဆင်တူယိုးမှား လှုပ်ရှားမှု တစ်ခုကို လုပ်လိုက်ပါတယ်။ သူ့ရဲ့ အမူအရာက တကယ့်ကို တည်ကြည်လေးနက် လို့ နေပါတယ်။

ကန်းရီက တကယ့်ကို သန်မာပါတယ်. သူတောင်မှ သတိထားရပါမယ်။

အပိုင်း (၂၀၉) လက်ထောက်တစ်ယောက် ရရှိခြင်း
ကန်းရီ ဆီက ထွက်ပေါ်လာတဲ့ သတ်ဖြတ်ခြင်း စိတ်ဆန္ဒက ခိုင်မာတည်ကြည်လို့ နေပါတယ်။ စိတ်စွမ်းအားသန်မာတဲ့ လူတစ်ယောက်တောင်မှ ဒီ ခံစားချက်ကို ကျော်ချမ်း ဖွယ် ရာ ခံစားရပါလိမ့်မယ်။ ဟုတ်ပါတယ်.. သူ့ရဲ့ မျက်လုံးတွေက အရမ်းကို ကြည်လင် နေပြီးတော့ အပြစ်ကင်းတဲ့ ကလေးတစ်ယောက်ရဲ့ သန့်စင်တဲ့ မျက်လုံးလေးတွေလိုမျိုး ပါပဲ။

ဒါက ဘာဖြစ်လို့လဲ ဆိုတော့ သူက ဆေဘာဓါးကိုင်ဆွဲသူ တစ်ယောက် အနေနဲ့ မွေးဖွား လာလို့ပဲဖြစ်ပါတယ်။ သူက

သူရဲ့ ဆေးဘာဓါးကို ဆွဲထုတ်လိုက်ရုံမျှနဲ့ သူရဲ့ အရှေ့မှာရှိတဲ့ ပြိုင်ဘက်တွေ အားလုံး ရှုံးနိမ့်သွားရပါလိမ့်မယ်.. အဲဒါမှ ဆေးဘာဓါးရဲ့ လမ်းကြောင်းပေါ်က အမြင့်ဆုံး အမှတ်ကို ရောက်ရှိပါလိမ့်မယ်။

လင်းဟန်က ဒီလိုမျိုး အရှိန်အဂါ တစ်ခုကို ဒီမတိုင်ခင်က နေဂင်ဆည်းဆာ ဆေးဘာဓါး ကေရာဇ်ကြောင့်ပဲ ခံစားဖူးခဲ့တာပါ။

ဒါက ကန်းရီအနေနဲ့ ဒုတိယ နေဂင်ဆည်းဆာ ဆေးဘာဓါးကေရာဇ် လုံးဂ ဖြစ်လာလိမ့်မယ် လို့ မဆိုလိုပါဘူး... ဒါပေမဲ့ သူ့မှာ အနည်းဆုံးတော့ အဲဒီ့ အလားအလာ ရှိပါတယ်။ တကယ်လို့ သူက နေဂင်ဆည်းဆာ ဆေးဘာဓါးကေရာဇ် တိုးတက်လာခဲ့ သလိုမျိုး တိုးတက်လာခဲ့မယ်ဆိုယင်ပေ့ါ။ ဒါပေမဲ့ တကယ်လို့ သူက သူရဲ့ ဘဂတစ်လျှောက်လုံး မိုးရေနိုင်ငံမှာပဲ နေခဲ့မယ်ဆိုယင် စိတ်ဂိဉာဉ်ပုလ္လင်အဆင့်က သူရောက်နိုင်တဲ့ အမြင့်ဆုံး အမှတ်ပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က သူရဲ့ ဓါးကို ဖြေညှင်းစွာနဲ့ လှုပ်ရှားလိုက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကန်းရီဆီက ထွက်ပေါ်လာတဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ခုခံနေရတဲ့ အတွက် သူရဲ့ နဖူး

ဆီကနေပြီးတော့ ချွေးစက်ချွေးပေါက်တွေက မထိန်းနိုင်မသိမ်းနိုင်ပဲ စီးကျလာခဲ့ပါတယ်။

တကယ်လို့ သူတို့ က အဆင့်တူတူနဲ့ တိုက်ခိုက်ကြမယ်ဆိုယင် သူတို့ထဲက ဘယ်သူက နိုင်မယ်ဆိုတာကို မသိနိုင်ပါဘူး. လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့် က သူပြိုင်ဘက်ထက် နိမ့် နေတဲ့ အခါမှာတော့ .... ဒါကြောင့် ပုံမှန်အားဖြင့် သူက အရမ်းကို ဖိအားများတဲ့ အောက်မှာ ရောက်နေပါတယ်။ ဒါပေမဲ့ ဖိအားပိုပြီးတော့ ခံစားရလေ လင်းဟန်ရဲ့ မျက်လုံးက ပိုပြီးတော့ တောက်ပလာလေပါပဲ.. သူရဲ့ အကြည့်စူးစူးတွေက ကောင်းကင်ကိုတောင်ဖြတ် ပြီး ထိုးတက်သွားနိုင်ပါတယ်။

ဒီအရူးနှစ်ယောက်က မွန်းစတားတွေပဲ.. ကွမ်းယွမ်က လျှို့ပုက်စွာနဲ့ အံ့သြမှင်တက် လို နေပါတယ်။ သူရဲ့ စိတ်ထဲမှာ အတွေးတစ်ခုက မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ သူရဲ့ ကျင့်ကြံခြင်းအဆင့်က ဒီလူနှစ်ယောက်နဲ့ အဆင့်တူတူပဲဆိုယင် သူက သူတို့နှစ်ယောက် ထဲက တစ်ယောက်နဲ့မှ တိုက်ခိုက်ဖို့ သတ္တိ လုံး၀ ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူတို့ရဲ့ အရှိန်အဟုန်ကို ထုတ်ဖော်ယုံမျှ နဲ့ပဲ ဘယ်သူကိုမဆို

မျှော်လင့်ချက်တွေ ဆုံးရှုံးသွား အောင်လို့ လုပ်ဖို့အတွက် လုံလောက်ပါတယ်။

ကန်းရီ ကဘယ်တော့မှ မုသားမပြောပါဘူး။ သူက လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ ဆေဘာနဲ့ ထိုးခုတ်လိုက်ပီးတော့ ဆေဘာကနေ အေးစက်တဲ့အလင်းရောင်က လင်းဟန်ဆီကို ရေလိုမျိုးစီးမျော သွားပါတယ်။ တကယ့်ကိုပဲ သူက လင်းဟန်ကို အစောတုန်းက သူမြင်ခဲ့တဲ့ ဓါးသိုင်းဟန်ကို အသုံးပြုဖို့အတွက် စွမ်းအင်တွေကို စုစည်းဖို့ လုံးဝ အခွင့်အရေးမပေးခဲ့ ပါဘူး။

သူ့ရဲ့ မျက်လုံးထဲမှာတော့ ဘယ်သူမဆို သူ့ရဲ့ ဆေဘာဓါးကို ဆွဲထုတ်ဖို့ ဖိအားပေးနိုင်သမျှ သူ့ရဲ့ ရန်သူပါပဲ. ပြီးတော့ သူက သူ့ရဲ့ ရန်သူတွေနဲ့ရင်ဆိုင်ရာမှာ အစွမ်းရှိသလောက် အပြည့်အဝ အသုံးပြုပြီးတော့ သူတို့ကို လုံးဝ ဖျက်ဆီးပစ်တတ်တဲ့ လူစားမျိုးပဲ ဖြစ်ပါတယ်။

ပြီးတော့ အဲဒါက သေတယ်လို့ ဆိုလိုတာပါပဲ။

သူ့ရဲ့ မျက်လုံးတွေက ကြည်လင်တောက်ပနေပြီး သတ်ဖြတ်ခြင်းဆန္ဒ လက္ခဏာ တစ်စွန်းတစ်စမှ မရှိပေမဲ့ သူထိုးခုတ်လိုက်တဲ့ ဆေဘာဓါးက သေမင်းနတ်ဘုရား က

သူ့ရဲ့ တံစဉ်းကို မြှောက်ပြီးတော့ သက်ရှိလူသားရဲ့ အသက်ကို ရိတ်သိမ်းတော့မဲ့ ပုံစံအလား သဏ္ဍာန်တူပါတယ်။

တကယ်ပါပဲ.. လင်းဟန်က ဒီအကွက်ကို အသုံးပြုဖို့လို့မရတော့ပါဘူး.. ဘာဖြစ်လို့လဲ ဆိုတော့ သူမလှုပ်ရှားမိခင် သူက နှစ်ပိုင်းခွဲခံရပြီးတော့ သူ့ရဲ့ သွေးတွေက နေရာ အနှံ့အပြား ကို လွင့်စဉ်ကုန်ပါလိမ့်မယ်။ဒါပေမဲ့ ဒါက သူခန့်မှန်းပြီးသားပါပဲ။ လင်းဟန် က သူ့ရဲ့ ဘယ်ဘက်လက်ကို ဆန့်ထုတ်လိုက်တဲ့အခါမှာ အနက်ရောင်အလင်းတစ်ခုက သူ့ရဲ့ အရှေ့မှာ အကာအကွယ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ ၎င်းက သူ့ရဲ့ ခန္ဓာကိုယ် ပါတ်လည်ကို ဘောလုံးတစ်လုံးလိုမျိုး လွှမ်းခြုံထွေးပတ်လိုက်ပါတယ်။

``ထန်းးးးး``

ကန်းရီရဲ့ တိုက်ခိုက်မှုက သူ့ရဲ့ ပစ်မှတ်ကို ထိသွားပါတယ်။ ဒါပေမဲ့ အနက်ရောင်ဘောလုံး က အလွန်အမင်းကို ခိုင်မာတောင့်တင်းသန်မာပြီးတော့ ၎င်းကို ပွင့်သွားအောင် လှီးဖြတ် လို့ မရခဲ့ပါဘူး။ ဒါပေမဲ့ အစွမ်းထက်တဲ့ အားလှိုင်းကြောင့် ဘောလုံးနဲ့ ၎င်းအတွင်းမှာရှိတဲ့ လင်းဟန် တို့က အထက်ကို မြှောက်တက်သွားခဲ့ပါတယ်။

ဘောလုံးက လေထုအလယ်မှာပဲ ပုံစံပြောင်းသွားခဲ့ပါတယ်။ ၎င်းက လျှပ်မြန်စွာနဲ့ ပွင့်လာပြီး တော့ ကြီးမားတဲ့ ထီးတစ်လက်ပုံစံ ဖြစ်လာခဲ့ပီးတော့ လင်းဟန်ကို မြေကြီးပေါ်ကို ဖြေးဖြေး လေးနဲ့ ကျဆင်းလာအောင်လို့ လုပ်ပေးလိုက်ပါတယ်။

နတ်ဘုရားတစ်ပါးလိုပါပဲ.. လင်းဟန်က လေထဲကနေ ဖြေးဖြေးလေးနဲ့ ဆင်းလာပြီးတော့ မြေကြီးပေါ်ကို ခြေချရပ်လိုက်ပါတယ်။ အနက်ရောင် ဧရာမ ထီးက ချက်ချင်းဆိုသလိုပဲ ရုတ်သိမ်းသွားပြီးတော့ သူ့ရဲ့ခါးပါတ်လည်မှာ ခါးပတ်တစ်ခုလိုမျိုး ဖြစ်လာခဲ့ပါတယ်။

``အဟွတ်``

လင်းဟန်က ပါးစပ်အပြည့်သွေးတစ်လုတ် အန်ထုတ်လိုက်ပါတယ်။ သူက သွေးစုပ်ယူခြင်း မူလရွှေ ကို ဒီတိုက်ခိုက်မှုရဲ့ နောက်က အားကို ပျောက်ပျက်သွားအောင်လို့ လိမ်မာ ပါးနပ်စွာနဲ့ အသုံးပြုခဲ့ပေမဲ့ သူက ဒီပြင်းထန်တဲ့ တိုက်ချက်က သူ့အပေါ်ကို ကျလာတဲ့ အခါမှာ ပြင်းပြင်းထန်ထန် ခံစားရပီး သူ့ရဲ့ အတွင်းပိုင်း ကလီစာတွေက

ဆောင့်ပစ်လိုက်သလိုဖြစ်သွားပြီးတော့ ဒါက တကယ့်ကို ထိတ်လန့်ဖွယ်ရာကောင်းတဲ့ ခံစားချက်ပဲဖြစ်ပါတယ်။

နှိုင်းယှဉ်ရမယ်ဆိုယင်.. ကန်းရီက တကယ့်ကို ပိုပြီးတော့ အစွမ်းထက်ပါတယ်။ အစောတုန်း က လင်းဟန်ဆီက တိုက်ချက်တစ်ခုက နန်းကုန်းရှင်း ကို ရှုံးနိမ့်သွားဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ အခု သူက ကန်းရီဆီက ခုတ်ချက် တစ်ခုကိုတောင်မှ တကယ်လို့ သူ့ရဲ့ ကိုယ်ပိုင် စွမ်းအားပေါ်ကိုပဲ မှီခိုမယ်ဆိုယင် ခံယူနိုင်မှာမဟုတ်ပါဘူး။

ကန်းရီ ရဲ့ ကျင့်ကြံခြင်းအဆင့် က နွေဦးစမ်းရေ အလွှာ ၅ အဆင့် ကိုရောက်နေပြီးတော့ မြင့်မားသော်လည်း ဒီလူငယ်လေးရဲ့ ပါရမီအဆင့်က ဆေဘာဓါးလမ်းကြောင်းပေါ်မှာ ရှိနေပြီ ဆိုတာလွယ်လွယ်ကူကူနဲ့ မြင်နိုင်ပါလိမ့်မယ်။

ကွမ်းယွမ် နဲ့ လီွယုထန် တို့နှစ်ယောက်စလုံး မျက်လုံးတွေပြူးပြီးတော့ စိုက်ကြည့် နေကြပါတယ်။ သူတို့ရဲ့ စူးရှ ထက်မြက်တဲ့ မျက်လုံးတွေနဲ့တောင်မှ လင်းဟန်က ကန်းရီ ရဲ့ ဒီတိုက်ခိုက်မှုကို ကွဲထွက်သွားအောင်လို့ အသုံးပြုခဲ့တဲ့ဟာကို ကောက်ချက်ချ အဖြေမထုတ် နိုင်သေးပါဘူး။ ဒါက ဘယ်လို

စိတ်ဂိဉာဉ်ပစ္စည်းအမျိုးအစားလဲ? ၎င်းကို ကြည့်ရတာ အရမ်းကို အံ့အားသင့်စရာကောင်းလွန်းပါတယ်။

 လင်းဟန်က လျှင်မြန်စွာနဲ့ ပြန်လည်သက်သာ ကောင်းမွန်လာခဲ့ပါတယ်။ သူ့မှာ သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ် ရှိပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်က လှည့်ပတ်လို့နေပါတယ်။ ဒါကြောင့် သူက မသေသေးသရွေ့ တော့ ဘယ်လောက်ပဲ သူ့ရဲ့ဒဏ်ရာတွေက ပြင်းထန်နေပါစေ သူ့မှာ ပြန်လည်သက်သာ ကောင်းမွန်လာနိုင်စွမ်း ရှိပါလိမ့်မယ်။ သူကညင်ညင်သာသာနဲ့ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``နောက်လိုက်ကောင်လေး ကန်းရီ.. မင်းဆက်ပြီးတော့ တိုက်ချင်သေးလား?``

ကန်းရီ က သူ့ရဲ့ လက်ထဲမှာ ဆေဘာဓါးကို ကိုင်ထားဆဲဖြစ်ပါတယ်.. ဒါပေမဲ့ သူ့ရဲ့ မျက်လုံး တွေကတော့ မှိတ်ထားပါတယ်။ တစ်ခဏမျှ ချင့်ချိန်တွေးဆပြီးတော့ သူ့ရဲ့ မျက်လုံးတွေ ကို ဖွင့်ပြီးတော့ သူ့ရဲ့ ခေါင်းကို ခါပြီးပြောလိုက်ပါတယ်။

``ဟင့်အင်း... ငါ အခုတော့ မင်းရဲ့ ဒီရှားမှရှားတဲ့

တိုက်ကွက်ကို ပြိုင်နိုင်စွမ်း မရှိဘူး``

သူကိုယ်သူ ဒီအကွက်ကို ယှဥ်ပြိုင်နိုင်စွမ်းမရှိသေးဘူးလို့ ပြောလိုက်ပေမဲ့ သူ့ရဲ့ အမူအရာ ကတော့ အရမ်းကို တည်ငြိမ်နေပါတယ်။ တကယ်လို့ သူ အနိုင်ရယင်လဲ မပျော်ရွှင် သလို ရှုံးနိမ့်ယင်လဲ ဂမ်းမနည်းတဲ့ ပုံစံမျိုးနဲ့ သူမှာ အရမ်းကိုကြောက်မက်ထိတ်လန့်ဖွယ်ရာ ကောင်းတဲ့ တည်ငြိမ်မှုမျိုးကို ပိုင်ဆိုင်ထားပါတယ်။

``ဒါဆို မင်းက အခုကစပြီးတော့ ငါ့ရဲ့ နောက်လိုက်အခြွေအရံဖြစ်ရလိမ့်မယ်``

လင်းဟန်က ပြုံးပြီးတော့ပြောလိုက်ပါတယ်။ မဆိုးဘူး မဆိုးဘူး.. သူက အနာဂါတ်မှာ အဆုံးအစ အကန့်အသတ်မရှိ အောင်မြင်မှုရနိုင်မဲ့ နောက်လိုက်တစ်ယောက်ကို ရအောင် လုပ်လိုက်နိုင်တယ်.. သူတကယ်ပဲ ပိုင်အရက်တွေ သောက်ပီးတော့ အောင်ပွဲခံသင့်တယ်။

ကန်းရီ က တစ်ခဏမျှ စဥ်းစားလိုက်ပြီးတော့ ပြောပါတယ်။

``ငါ မင်းရဲ့ ဒီခုခံကာကွယ်တဲ့ အကွက်ကို ယှဥ်ပြိုင်နိုင်စွမ်းရှိတဲ့ အခါကျယင် မင်းကို နောက်တစ်ကြိမ်

ထပ်ပြီးတော့စိန်ခေါ်မယ်.. တကယ်လို့ မင်းနိုင်ယင်.. ငါ မင်းရဲ့ အမိန့်ကို ဆက်ပြီးတော့ နားထောင်မယ်.. တကယ်လို့ မင်းရှုံးယင်တော့ မင်းရဲ့ အသက် ကိုပေးရမယ်``

``ဒါက မျှတပါတယ်``

လင်းဟန်က ပြောလိုက်ပါတယ်။

ကန်းရီ က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင် ငါအယင်ဆုံး ပြန်တော့မယ်.. တကယ်လို့ တစ်ခုခုရှိယင်.. ဒီ ခရာကို မှုတ်လိုက် ပါ.. ငါ ချက်ချင်းပဲ အရောက်လာခဲ့ပါမယ်``

သူ့ရဲ့ လက်ကို ဝှေ့လိုက်ပီးတော့ လင်းဟန် ကို ခရာတစ်ခု ပစ်ပေးလိုက်ပါတယ်။

လင်းဟန် က ၎င်းကို ဖမ်းလိုက်ပီးတော့ သူ့ကို ထူးဆန်းစွာနဲ့ ကြည့်လိုက်ပါတယ်.. မင်းက ခွေးနှစ်မှာများ မွေးသလားကွာ? မင်းက ခွေးတစ်ကောင်လိုမျိုး ဒီခရာတစ်ခုနဲ့ တကယ်ပဲ ခေါ်နိုင်တာလား?

``ကောင်လေး မင်းက တကယ့်ကို မရိုးသားတာပဲ.. ဒီလိုမျိုး ဆေဘာဓါးပညာရဲ့ပါရမီ ရှင် တစ်ယောက်ကို အရှက်မရှိတဲ့ နည်းလမ်းကို အသုံးပြုပြီးတော့ လိမ်လည်လှည့်ဖျားခဲ့ တာပဲ``

ကန်းရီ ထွက်သွားပြီးတဲ့နောက်မှာ ကွမ်းယွမ်က ချက်ချင်းပဲ ခုန်ဝင်လာပြီးတော့ လင်းဟန်ကို အံ့အားသင့်စွာနဲ့ပြောလိုက်ပါတယ်။

လင်းဟန် က သူ့ကို တစ်ဖက်ကို တွန်းပစ်လိုက်ပီးတော့ ပြောပါတယ်။

``ဘာကို လိမ်လည်လှည့်ဖျားတယ်လို့ ခင်ဗျားက ဆိုလိုတာလဲ? ခင်ဗျား ညီမ ကိုပဲ သွားပြီး လှည့်စားရမယ်..ကျုပ်က ဒီကောင့်ကို ဖိနှိပ်ဖို့အတွက် တကယ့် အစွမ်းကို ထုတ်သုံးခဲ့တာပဲ.. ဒါပေမဲ့ တကယ်လို့ ခင်ဗျားက မယုံကြည်ဘူးဆိုယင်........``

ကွမ်းယွမ်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

``တကယ်လို့ ငါက မယုံဘူးဆိုယင်ရော ဘာဖြစ်မလဲ? မင်းက ငါ့ကို အညံ့ခံ လိုက်နာတဲ့ အထိ

တိုက်ခိုက်ချင်လို့လား?``

``တကယ်လို့ ခင်ဗျားက မယုံကြည်ဘူးဆိုယင် တံခါးက ဟိုနေရာမှာရှိတယ်.. လှည့်ထွက် ပြီးတော့ ပြန်သွားလိုက်တော့.. ကျုပ် ခင်ဗျားကို နောက်ထပ် မတွေ့မမြင်တော့ဘူး``

လင်းဟန်က ပျင်းရိစွာနဲ့ ပြောလိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ ကွမ်းယွမ် က သူရှက်လွှင့်နေရာကနေ လေမတိုက်တော့သလို ဖြစ်သွားပါတယ်။ သူက သူ့ရဲ့ ကျင့်ကြံခြင်းဖြစ်တဲ့ ကြီးမားသောနေကောင်းကင် နှလုံးသား စာလိပ် ကို လင်းဟန်က သင်ကြားညွှန်ကြားပေးမှုအပေါ်မှာ မူတည်နေပါသေးတယ်။ သူရရှိ ခဲ့တဲ့ ကြီးမားသောနေကောင်းကင် နှလုံးသားစာလိပ်က မပြည့်စုံတဲ့ အပိုင်းအစပဲရှိပါတယ်။ လင်းဟန်က သူ့ရဲ့ ကွက်လပ်ဖြစ်နေတဲ့ နေရာကို ဖြည့်ပေးဖို့ သူ့ကို ကူညီပေးဖို့ လိုအပ်နေ ပါသေးတယ်။တကယ်လို့ သူက လှည့်ထွက်သွားလိုက်မယ်ဆိုယင် အရာအားလုံး သွားလိုက်ပါပြီ။

``ဟော့.. ငါက စိတ်ဂိုဏ်ပြင်လယ်အဆင့် လက်ရွေးစင်

တစ်ယောက်ပါ.. မင်းငါ့ကိုတော့ ဒီထပ်ပိုပြီး နည်းနည်းလေး မလေးစားသင့်ဘူးလား?``

သူက လေသံယဲ့ယဲ့ လေးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန် က ချက်ချင်းပဲ ခံစားချက်တွေကို လွှင့်ပစ်ပြီးတော့ ပြောလိုက်ပါတယ်။

``အစ်ကိုကြီး ကွမ်း.. အဲဒီလောက်ထိ စိတ်မကောင်းမဖြစ်သွားပါနဲ့``

ကွမ်းယွမ် က ကျယ်လောင်စွာ အော်ရီလိုက်ပါတယ်။ သူက ကလန်တစ်ခုက စိတ်ဂိညာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်မဟုတ်ပါဘူး.. သူက တစ်ကိုယ်တည်း သီးသန့်ကျင့်ကြံသူဖြစ်ပါတယ်။ ဒါကြောင့် သူက ဘယ်အချိန်မှာ နောက်ဆုတ် ပြီးတော့ ဘယ်အချိန်မှာ အခွင့်အရေးယူရမလဲဆိုတာကို သိပါတယ်။ ပြီးတော့ သူက အရာအားလုံးအပေါ်မှာ ဂုဏ်သိက္ခာကို ရှေ့တန်းတင်တတ်တဲ့ လူစားမျိုးလဲ မဟုတ်ပါဘူး။ တကယ်လို့ ဒါက ကလန်တစ်ခုခုက စိတ်ဂိညာဉ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်သာဆိုယင် လင်းဟန် စောစောက ပြောလိုက်တဲ့စကားတွေကြောင့် လုံးဝ

လှည့်ထွက်သွားပါလိမ့်မယ်။

သူက သက်ပြင်းချလိုက်ပီးတော့ပြောပါတယ်။

``စောစောက ကောင်လေးက တကယ်ပဲ မဆိုးဘူး.. သူက သိုင်းပညာရပ်တွေရဲ့ သဘာဝ ပါရမီရှင်တစ်ယောက်ပဲ.. ကံမကောင်းတာ က သူက ဆေဘာဓါးကို ကိုင်တဲ့သူ ဖြစ်နေတယ်. တကယ်လို့သူက ဆေဘာဓါးကိုမကိုင်ဘူးဆိုယင် သူ့ကို ငါ့ရဲ့ တပည့်အဖြစ် ကောက်ယူဖို့ ငါစဉ်းစားရလိမ့်မယ်``

``နတ်ဘုရားတွေကို ကျေးဇူးတင်ရမှာပဲ.. သူက လက်သီးကို အသုံးပြုတဲ့ ကျွမ်းကျင်သူ တစ်ယောက်မဟုတ်တာကိုပေ့ါ.. တကယ်လို့ ခင်ဗျားက သူ့ကို တပည့်အဖြစ် တကယ် ရွေးချယ်လိုက်မယ်ဆိုယင်.. ခင်ဗျားကို လိန်ဂွမ်ဖူက ဖူးယောင်ညိုမည်းသွားတဲ့ အထိ ရိုက်နှက်တာကို ခံရလိမ့်မယ်``

လင်းဟန်က နာခေါင်းရှုံ့လိုက်ပါတယ်။

ကွမ်းယွမ် က အံ့အားသင့်သွားပြီးတော့ မေးလိုက်ပါတယ်။

``ဒီကောင်လေးက လိန်ဂွမ်ဖူရဲ့ ကိုယ်ပိုင်တပည့်လား?``

``သေချာတာပေါ့``

ကွမ်းယွမ်က ချက်ချင်းဆိုသလို ထခုန်လိုက်ပြီးတော့ လင်းဟန်ကို လည်ပင်းညှစ်တော့မလို ပုံစံနဲ့ ပြောလိုက်ပါတယ်။

``မင်းက တကယ့်ကို သတ္တိကောင်းတဲ့ ငတုံးတစ်ယောက်ပဲ.. မင်းက ဆရာသခင်လိန် ရဲ့ ကိုယ်ပိုင်တပည့်တစ်ယောက်ကို မင်းရဲ့ အမိန့်တွေကို နာခံဖို့ လိမ်လည်လှည့်ဖျားခဲ့တယ်.. တကယ်လို့ ဆရာသခင် လိန် သာသိသွားမယ်ဆိုယင် မင်းကို သူသေချာပေါက် သတ်ပစ်လိမ့်မယ်. ငါတောင်မှ ဒီကိစ္စထဲကို ဆွဲထည့်ခံရနိုင်တယ်``

လင်းဟန်က ကျယ်လောင်စွာ ရီမောလိုက်ပြီးတော့ ပြောပါတယ်။ယ

``အဲဒါအမှန်ပဲ..အဲဒီအချိန်ကျယင်. ကျုပ်က အားလုံးကို အစ်ကိုကြီး ကွမ်းယွမ်အပေါ် ကို အပြစ်လွှဲချရမှာပဲ ဘယ်သူက ကျုပ်ကို ယုံကြည်ကြမှာလဲ.. ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်က ဒီလိုမျိုး ကံကြမ္မာ မျိုးကို အောင်မြင်သွားအောင်

လုပ်နိုင်တဲ့ စွမ်းရည်ရှိတယ် ဆိုတာကို ပေါ့?``

ကွမ်းယွမ် က သူ့ရဲ့ခေါင်းကို မိုးကောင်းကင်ပေါ်ကို မော့လိုက်ပီးတော့ အော်ဟစ်ညည်းတွား ချင်တဲ့စိတ်တွေ ခံစားလိုက်ရပါတယ်။ သူက လင်းဟန်နဲ့ တွေ့လိုက်တိုင်း ဘယ်တုန်းကမှ အသာစီးမရခဲ့ဘူးလို့ ခံစားရပါတယ်။ သူက ထူးဆန်းတဲ့အမူအရာနဲ့ မေးလိုက်ပါတယ်။

``မင်းက တကယ်ပဲ ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်လား?``

``သေချာတာပေါ့``

လင်းဟန်က ပြုံးပြီးပြောလိုက်ပါတယ်။

``လဗြွတ်ပေါ့ကွာ.. တကယ်လို့ ငါက မင်းရဲ့စကားတွေကို ယုံကြည်ခဲ့မယ်ဆိုယင် ငါက ဂက်ငတုံးတစ်ကောင်ဖြစ်ပီပဲ``

ကွမ်းယွမ်က မြေကြီးပေါ်ကို ထိုင်ချလိုက်ပီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

အပိုင်း (၂၁၈) နတ်ဆိုးကောင်းကင် လျို့ဝှက်နယ်ပယ်

ဒါပေမဲ့ လင်းဟာန်ကတော့ သူရဲ့ ဒန်တန်ထဲမှာ ဘယ်လိုလုပ်ပြီးတော့ ကြီးမားတဲ့ မူလဒြပ်စင် အမှုန် တစ်ခု ရှိနေတာလဲဆိုတာကို သူဘာသာပဲ သူသိပါတယ်။ ပြီးတော့ ၎င်းက အပြင်းအထန် ရုန်းကန်လှုပ်ရှားပြီးတော့ အံ့အားသင့်စရာကောင်းလောက်အောင် လျှင်မြန်တယ်ဆိုတာကိုလဲ သိပါတယ်။ ဒြပ်စင်အမှုန်က ထောက်ပံ့ပေးတဲ့ မူလစွမ်းအင် က ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ထက် ပိုပြီးသာလွန်နေပြီးတော့ နွေဦးစမ်းရေ အလွှာ ပထမအဆင့် နဲ့တောင်မှ နှိုင်းယှဉ်လို့ရပါတယ်။

``အစောတုန်းက ကောင်လေးက သိုင်းပညာမှာ ပါရမီရှင်တစ်ယောက်ဖြစ်တယ်။ ဒါပေမဲ့ မင်းကျတော့ သိုင်းပညာရဲ့ လူထူးလူဆန်း လူကြောင် တစ်ယောက်ပဲ``

ကွမ်းယွမ် ကမှတ်ချက်ချလိုက်ပါတယ်။

လင်းဟာန်က ပခုံးတွန့်လိုက်ပါတယ်။ ဒါပေမဲ့ သူက ဒါကို မငြင်းဆန်ပါဘူး။ သူရဲ့ခန္ဓာကိုယ် ထဲမှာ ကောင်းကင်အဆင့် စိတ်ဂိဉာဉ်တစ်ခုက ဂင်ဇ်နေပြီးတော့ သူရဲ့ သူက လူထူးလူဆန်း တစ်ယောက်လို ဖြစ်နေပါတယ်။

``ဒီအရှင်မှာ ညီမလုံးဝမရှိဘူး။ ဒါကြောင့် ခင်ဗျားရဲ့ ညီမ ဆိုပြီးတော့ ခန့်တာတွေ ကို ရပ်လိုက်တော့``

ကွမ်းယွမ် က သာမာန်ကာလျှံကာနဲ့ ပြောလိုက်ပါတယ်။

ဖွီ။

လင်းဟန်က ရီမောပြီးတော့ ကွမ်းယွမ်ရဲ့ ပခုံးကို ပုတ်လိုက်ပီး ပြောလိုက်ပါတယ်။

``အစ်ကိုကြီး ကွမ်းယွမ် မှာ ဒီလိုမျိုး ဟာသနှောပြီးတော့ ပြောတတ်တဲ့ အကျင့် ရှိလိမ့်မယ် လို့ ဘယ်သူက ထင်မိမှာလဲ.. မဆိုးဘူး မဆိုးဘူး.. ခင်ဗျားမှာ အကောင်းမြင်တတ်တဲ့ စိတ်ရှိတယ်. ဒါက မြင့်မားတဲ့ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် အရမ်းကို သင့်တော်တယ်``

ကွမ်းယွမ် က ဟားတိုက်ရီမောလိုက်ပါတယ်။ သူ့ရဲ့ စိတ်က အရမ်းကို နပျိုနေတယ်လို့ ခံစားလိုက်ရပါတယ်။ဒါပေမဲ့ လင်းဟန် က သူ့ရဲ့အခန်းထဲကို ဝင်သွားတဲ့အခါမှာ သူက လင်းဟန်နဲ့ သူက အဆင့်အတန်းတွေ လုံးဝ မကွာခြားတဲ့ အတိုင်းပဲ တကယ့်ကို လိုက်လျော ညီထွေမှုရှိတယ်ဆိုတာကို သတိထားမိပါတယ်။

တစ်ခုသိရမှာက သိုင်းပညာကမ္ဘာမှာ အဆင့်တွေက တင်းတင်းကျပ်ကျပ် ခွဲထားပါတယ်။ ဒြပ်စင်စုစည်းခြင်း အလယ်အလတ်အဆင့်တစ်ခုနဲ့ ဒြပ်စင်စုစည်းခြင်း အစောပိုင်းအဆင့် တစ်ခု ကြားမှာတောင် ကြီးမားတဲ့ ကွာဟချက် တစ်ခုရှိပါတယ်။ ဒီ့အပြင် အဆင့်နှစ်ခု ကို ခွဲခြားထားပြီးတော့ သူတို့က ဘယ်လိုလုပ်ပြီးတော့ တူညီနိုင်မှာလဲ?

ဥပမာ... အစောတုန်းက လင်းဟန်က သူ့ရဲ့ပခုံးကို ပုတ်လိုက်တဲ့အခါမှာ တကယ်လို့ စိတ်ဂိဉာဉ်ပင်လယ်အစောပိုင်း အဆင့် လူတစ်ယောက်က ဒီလိုမျိုးလုပ်မယ်ဆိုယင် သူ့ကို ဒေါသထွက်စေပြီးတော့ အဲဒီလူကို လက်ဂါးတစ်ချက် ပေးလိုက်မှာပဲဖြစ်ပါတယ်.. ဒြပ်စင်စုစည်းခြင်းအဆင့်ဆိုယင် ပြောစရာတောင်မလိုတော့ပါဘူး။ ပြီးတော့ သူက ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ဖြစ်ပီးတဲ့အကြောင်းကိုတောင်မှ ဂရုစိုက်တာမဟုတ်ပါဘူး။ သေခြင်း နဲ့ ရှင်ခြင်း ဆိုတာ သူတို့ရဲ့ ကံကောင်းမှုပေါ် မှာပဲအခြေခံပါလိမ့်မယ်။

သူမမျှော်လင့်ထားတာက လင်းဟန်ကို သူ့ရဲ့ပခုံးကို ပုတ်ပြီးတော့ သူနဲ့ ကောင်းကောင်း စကားပြောစေတာက

လင်းဟန်ကို သူနဲ့အဆင့်တူတစ်ယောက်လိုမျိုး တကယ်ပဲ ဆက်ဆံ လိုက်တာပါပဲ။

``ဒီကောင်လေးက တကယ့်ကို ထူးထူးဆန်းဆန်း ထိတ်လန့်စရာကောင်းတဲ့ ဩဇာတိက္ကမ နဲ့ ပြည့်စုံပြီးတော့ ငါ့ကိုတောင်မှ သူရဲ့ အသက်နဲ့ ကျင့်ကြံခြင်းအဆင့်ကို သတိမမူမိအောင် လုပ်နိုင်တာပဲ``

ကွမ်းယွမ် က တီးတိုးရွတ်ဆိုပြီး ကောက်ချက် ချလိုက်ပါတယ်။

``ပြီးတော့ ဒီကောင်က တကယ့်ကို မွန်းစတား တစ်ကောင်ပဲ``

ဒီခံစားချက်က ကွမ်းယွမ် တစ်ယောက်တည်းမှ မဟုတ်ပါဘူး။ အကြီးဆုံးအင်ပါယာ မင်းသား နဲ့ တတိယ အင်ပါယာ မင်းသားတို့လို တော်ဂင်သွေးဆက် နဲ့ ကျင့်ကြံခြင်း အဆင့်က ပိုပြီးမြင့်မားတာတောင်မှ လင်းဟန်ကို အစ်ကိုတစ်ယော်လို ရည်ညွှန်း ပြောဆိုကြသေးတာပဲမဟုတ်လား? လင်းဟန်ရဲ့ နောက်ခံက ကစားစရာတစ်ခုသာသာ ရှိပေမဲ့ သူရဲ့ ဩဇာတိက္ကမ က မင်းသားနှစ်ယောက်ကို အကျိုးသက်ရောက်ပီးတော့ သူတို့ရဲ့

နလုံးသားအောက်ခြေကနေတောင် လေးစားကြရပါတယ်။

နန်းကုန်းရှင်းက အရိုက်နက်ခံလိုက်ရပြီးတော့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက လဲ ဒီကိစ္စကို ဟန့်တားခံလိုက်ရပါတယ်။ ဒါက တကယ့်ကိုကြီးမားတဲ့ ထိခိုက်မှု ဖြစ်ရပ်ကြီး တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စမှာ လင်းဟန်က ပါဝင်ပတ်သတ်နေပါတယ်။ ဒါကြောင့် ၎င်းက ကြီးမားတဲ့ ထိခိုက်မှုကနေ သေးငယ်တဲ့အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဘယ်သူကမှ ကျူးပူကျို့ ကို နောက်တစ်ခါ ဖမ်းဆီးဖို့ မပြောရဲသလို လင်းဟန်ကို လဲ အပြစ်ပေးဖို့ ကိစ္စကို မပြောရဲကြပါဘူး။

ဒါပေမဲ့.. ဒါက တရားမျှတမှုရဲ့ နည်းစနစ်အခြေအနေတစ်ခုပဲ ဖြစ်ပါတယ်။ ကျူးပူကျို့ က လင်းဟန် အနားမှာ ပဲဖြစ်ဖြစ် တစ်ခြားနေရာမှာပဲ ဖြစ်ဖြစ် နေတာက ကောင်းပါတယ်.. ဒါပေမဲ့ သူထွက်သွားတာတို့ ဒါမှမဟုတ် သီးခြားခွဲထုတ်လိုက်တာလည်း အဆင်ပြေ ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် သူက စည်းကမ်းထိန်းသိမ်းရေး ကော်မတီနဲ့ ရင်ဆိုင်ရပြီး အဖမ်းခံရနိုင်ပါတယ်။

ပြီးတော့ ဘာမှ ပြောစရာမလိုအောင် ပြီးသွားပါပြီ.. ဒါက လင်းဟန်ရဲ့ မျက်နှာကြောင့် ဖြစ်ပါတယ်။

ကျောင်းသားတစ်ယောက်က ဒီလို မျက်နှာသာပေးတာကို ရရှိမယ်ဆိုယင် ဘယ်လောက်တောင် အံ့အားသင့်သွားမလဲ?

ကျူးပုကျို့ နဲ့ ကွမ်းယွမ် တို့က ခြံဝန်းတစ်ခုတည်းမှာ နေကြပါတယ်။ ပထမအချက် က သူတို့က ယောက်ကျ်ားတွေချည်းး ဖြစ်ပါတယ်. ဒုတိယ အချက်ကတော့ ကွမ်းယွမ် စောင့်ကြည့်နေမယ်ဆိုယင် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက အရဲစွန့်ပြီးတော့ အလျင်စလို လုပ်ပံ့မှာမဟုတ်ပါဘူး တတိယ အချက်က ကွမ်းယွမ် က ကျူးပုကျို့ကို တစ်ချို့ အချက်တွေကို ထောက်ပြ ကူညီနိုင်ပြီးတော့ လင်းဟန်ရဲ့ အလုပ်တစ်ချို့ကို ကူညီပေးနိုင်ပါတယ်။

ဒါက ကွမ်းယွမ်ကို ဒေါသထွက်စေပါတယ်.. သူက လင်းဟန်ရဲ့ လက်အောက်ခံဖြစ်သွား ကတည်းက သူက ကိုယ်ရံတော်တစ်ယောက်အဖြစ်ပဲ သဘောတူခဲ့တာပါ.. ဒါပေမဲ့ ဘာကြောင့် သူက တစ်ခြားတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို ထောက်ပြလမ်းညွှန် သင်ကြား ပေးနေရတာလဲ?

နှစ်ရက်ကြာပြီးတဲ့နောက်မှာ လွှီယုထန် နဲ့ လီစီရှန်းတို့

အလျှင်စလိုနဲ့ ရောက်လာခဲ့ပါတယ်။

ဒီမိန်းကလေးနှစ်ယောက်ရဲ့ အမူအရာကိုကြည့်ရတာ တစ်စုံတစ်ခု ကြီးကြီးမားမား ဖြစ်နေပုံ ရပါတယ်။

``နတ်ဆိုးကောင်းကင်လျှို့ပုက်နယ်ပယ် ပွင့်လာပြီ``

မိန်းကလေးနှစ်ယောက်က တစ်ပြိုင်နက်ထဲ ပြောလိုက်ပါတယ်။ ပြီးတော့ သူမတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မကြည့်သလို ကြည့်လိုက်ကြပါတယ်။

``နတ်ဆိုးကောင်းကင်လျှို့ပုက်နယ်ပယ် က ဘာလဲ?``

လင်းဟန် က စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်လိုက်ပါတယ်။

``အစွမ်းထက်တဲ့လူ တစ်ယောက်က အရမ်းကို အစွမ်းထက်တဲ့ လျှို့ပုက်ပညာတွေ နဲ့ ငါတို့ နေတဲ့ နေရာမှာ သေးငယ်တဲ့ ကမ္ဘာလေးတစ်ခုကို ဖြစ်စေပြီးတော့ သာမာန်ကမ္ဘာကနေ သီးခြားခွဲထုတ်လိုက်တယ်.. အဲဒါကို ငါတို့က လျှို့ပုက်နယ်ပယ်လို့ ခေါ်တယ်``

လွှီယုထန် က ရှင်းပြလိုကပါတယ်။ လင်းဟန်က တိမ်မီးခိုးမြို့လို နေရာငယ်လေး တစ်ခုက လာတယ်ဆိုတာကို သူမသိပါတယ်. သူက မှော်ဆေးပညာ ပါရမီရှင် တစ်ယောက်ဆိုပေမဲ့လည်း သူက လျှို့ပှက်နယ်ပယ် အကြောင်းကို လုံးဝ နားလည်မှာမဟုတ်ပါဘူး။

လင်းဟန်က လျှို့ပှက်နယ်ပယ် က ဘာလဲဆိုတာကို ကောင်းကောင်းသိတာပေါ့.. ဒါပေမဲ့ သူက နတ်ဆိုးကောင်းကင် လျှို့ပှက်နယ်ပယ် အကြောင်းကို လုံးဝ မကြားဖူးခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ယခင်ဘဝတုန်းက စွမ်းရည်တွေဆိုယင် သူက ကမ္ဘာကြီးကနေ သေးငယ်တဲ့ ကမ္ဘာလေး တစ်ခုကို သီးခြားဆီ ခွဲထုတ်နိုင်အောင်လို့ မစွမ်းဆောင်နိုင်သေးပါဘူး။ ဒါကြောင့် ဒါက စကြာဝဠာဖျက်ဆီးခြင်း စွမ်းရည်အတွက်ပဲ ဖြစ်နိုင်ချေရှိပါတယ်။

ကံမကောင်းတာက သူက ရှေးဟောင်းသမိုင်းထဲက နေရာတော်တော်များများကို ဝင်နိုင်ခဲ့ ပေမဲ့ လျှို့ပှက်နယ်ပယ် တစ်ခု ကိုတောင်မှ ဝင်ဖို့ အခွင့်အရေးမရရှိခဲ့ပါဘူး။

ကောလဟာလ တစ်ခုရှိပါတယ်။ ဓါးကေရာဇ်ရဲ့ ကောင်းကင်ဓါးဂိုဏ်းက အဲဒီလိုမျိုး လျှို့ပှက် နယ်ပယ်

တစ်ခုမှာ တည်ရှိတယ်ဆိုတဲ့ ကောလဟာလ ပေါ့။

``နတ်ဆိုးကောင်းကင်လျှို့ပှက် နယ်ပယ် က အရမ်းကိုကြီးမားတဲ့ လျှိုပှက်နယ်ပယ် တစ်ခု ဖြစ်ပြီးတော့ မိုးရေနိုင်ငံနဲ့ မီးနိုင်ငံ တိုအပြင် မြောက်ဘက် အစွန်အဖျားက နိုင်ငံကိုးခု အတွင်းမှာလဲ ပုန်းကွယ်နေတယ်.. ဒီ လျှို့ပှက် နယ်ပယ် တစ်ခုလုံးက မိုးရေနိုင်ငံရဲ့ ပိုင်နက် တစ်ခုလုံးရဲ့ အရွယ်အစားနဲ့တောင် နှိုင်းယှဉ်လို့ ရနိုင်တယ်.. အဲဒါက ငါ့တို နေထိုင်တဲ့ ကမ္ဘာထဲက လျှို့ပှက် ဆန်းကြယ်တဲ့ နည်းလမ်းတစ်ခုထဲက အလှာတစ်ခုပဲဖြစ်တယ်``

လှီယုထန်က စတင်ပြီးတော့ ရှင်းပြလိုက်ပါတယ်။သူမရဲ့ မျက်လုံးထဲမှာ အရမ်းကို ကြည်ညို လေးစားအားကျမှုတွေနဲ့ ပြည့်နက်လိုနေခဲ့ပါတယ်။

ဒါက တကယ့်ကမ္ဘာကနေ အလှာတစ်ခု အဖြစ်ကြီးမားတဲ့ နေရာတစ်ခုကို ပိုင်းခြားဖုံးကွယ် ထားနိုင်တာက တကယ့်ကို ထူးချွန်ပြောင်မြောက်တဲ့ လက်ရာတစ်ခုဖြစ်ပါတယ်။ တွေးကြည့်လိုက်ရုံနဲ့တင်ပဲ ၎င်းက စိတ်ရှုပ်စရာကောင်းပါတယ်။

``နတ်ဆိုးကောင်းကင် လျှို့ပှက်နယ်ပယ်ရဲ့ မူလပိုင်ရှင်က

သေသွားခဲ့တာ တော်တော်ကြာ နေပြီ.. ဒါကြောင့် လှိုု့ဂှက်နယ်ပယ်ကို ဘယ်သူကမှ မထိန်းချုပ်နိုင်ဘူး.. အချိန်တစ်ခု ရောက်လာတဲ့အခါမှာ တံခါးတစ်ခုက ပေါ်လာပြီးတော့ လူတွေကို လက်ခံလိမ့်မယ်``

``တံခါးဖွင့်တဲ့အချိန်က အတိအကျမရှိဘူး.. တစ်ခါတစ်ရံ နှစ်ပေါင်းရာနဲ့ချီမှ တစ်ခါ ပေါ်လာ တတ်ပြီးတော့ တစ်ခါတစ်ရံမှာတော့ ဆယ်စုနှစ်အနည်းငယ်တိုင်းမှာ တစ်ခါ ပေါ်လာ တတ်တယ်..``

လီစီရှန်းက ပြောလိုက်ပါတယ်။

``နောက်ဆုံးအကြိမ် နတ်ဆိုးကောင်းကင် လှိုု့ဂှက်နယ်ပယ် ပွင့်တဲ့ အချိန်က လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးရာလောက်ကပဲ``

``နတ်ဆိုးကောင်းကင် လှိုု့ဂှက်နယ်ပယ်မှာ ရှေးဟောင်းပညာရပ်တွေနဲ့ နည်းစနစ်တွေ အများကြီးရှိတယ်.. ကံကောင်းတဲ့လူက အဲဒါကိုတွေကို ရှာလို့ရလိမ့်မယ်... ပြောသံ ကြားတာတော့ မြောက်ဘက် အစွန်အဖျား ကိုးနိုင်ငံက မိသားစုက နတ်ဆိုးကောင်းကင် လှိုု့ဂှက်နယ်ပယ်ကို ပထမဆုံးဝင်ခဲ့ကြပြီးတော့ သူတို့က အဲဒီပညာရပ်တွေနဲ့ နည်းစနစ် တွေ တော်တော်များများကို

ရရှိခဲ့ပြီးတော့ သူတို့က လျှင်လျှင်မြန်မြန် နဲ့ပဲ တစ်ခြားသူတွေကို ဖြတ်ကျော်သွားခဲ့ပြီးတော့ သူတို့က မွန်းစတားတွေ ပြည့်နှက်နေတဲ့ မြောက်ဘက် အစွန်း အဖျားကို လူသားတွေအတွက် နေထိုင်ဖို့ သင့်တော်တဲ့နေရာဖြစ်အောင် တည်ဆောက် ပေးနိုင်ခဲ့တယ်``

``အဲဒါပဲဟုတ်တယ်.. ငါရဲ့ မိသားစုက သမိုင်းမှတ်တမ်းတွေမှာ ဒီလိုမျိုး အဖြစ်အပျက်ကို ထည့်သွင်းရေးသားထားတာကို ငါမြင်ဖူးတယ်``

``အဲဒီထက်ပိုသေးတယ်.. လျှို့ဝှက်နယ်ပယ် အတွင်းထဲမှာ နတ်ဘုရားဆေးလုံး တွေလဲ ရှိတယ်.. တစ်စုံတစ်ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့် နဲ့ ဝင်သွားခဲ့တယ်.. ဒါပေမဲ့ ပြန်ထွက်လာတော့ အံ့အားသင့်စရာကောင်းအောင်ပဲ စိတ်ဝိဉာဉ်ပုလ္လင်အဆင့်ကို ရောက်နေပြီ``

``နတ်ဆိုးကောင်းကင်လျှို့ဝှက်နယ်ပယ် အတွင်းပိုင်းမှာ တကယ့်ကို ကြီးမားတဲ့ အခွင့်အလမ်းတွေက စောင့်နေတယ်``

မိန်းကလေးနှစ်ယောက်စလုံးက

မှတ်ချက်ချလိုက်ကြပါတယ်။

``ဒါပေမဲ့``

လွှီယုထန် က ချက်ချင်းပဲ ဆက်ပြီးပြောလိုက်ပါတယ်။

``နတ်ဆိုးကောင်းကင် လျို့ပှက်နယ်ပယ်က အခွင့်အရေးတွေတင်မကဘူး.. ကောလဟာလ တွေပြောကြတာတော့ လျို့ပှက်နယ်ပယ်ရဲ့ မူလပိုင်ရှင် ဆရာသခင် သေသွားတဲ့အခါမှာ အဲဒီ ဆရာသခင်ရဲ့ ခန္ဓာကိုယ်က မကောင်းဆိုးဂါးချီ တွေဂင်ရောက် ကျူးကျော်တာကို ခံလိုက်ရပြီးတော့ အဲဒီဆရာသခင်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ သွေးဖုတ်ကောင် အဖြစ်ကို ပြောင်းသွားခဲ့တယ်တဲ့.. အဲဒီ နေရာ ပွင့်တဲ့ အကြိမ်တိုင်း သွေး ကို အစာအဖြစ်နဲ့ ကျွေးဖို့ လိုအပ်တယ်လို့ပြောကြတယ်``

``ဟုတ်တယ်.. ဘာကြောင့်လဲဆိုတော့ အဲဒီမှာ စည်းကမ်းတွေရှိတယ်.. အထဲကို လူတွေ ဂင်သွားတဲ့အခါ သူတို့က ခန်းမအလယ်က ထိန်းချုပ် တဲ့ကျောက်တုံးဆီကို သွားပြီးတော့ အဲဒီရဲ့ ထိပ်မှာ သွေးတစ်ချို့ကို လောင်းထည့်ရတယ်. လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင် တုန်းက လူတိုင်းလူတိုင်းက သူတို့ရဲ့ သွေးတွေကို လောင်းထည့်ဖို့

ဆန္ဒရှိခဲ့ကြလိမ့်မယ်.. ရလဒ် အနေနဲ့.. သွေးယစ်ပူဇော်တာက မလုံလောက်ပဲနဲ့ သွေးဖုတ်ကောင် တစ်ကောင်က လျှို့ဝှက်နယ်ပယ် အတွင်းပိုင်းမှာ ပေါ်လာခဲ့တယ်. အဆုံးမျာတော့ ကြီးမားတဲ့ နိုင်ငံကိုးနိုင်ငံ က ပန်းဖူးအဆင့် ကျင့်ကြံသူတွေက သူတို့ရဲ့ အသက်ကို စွန့်ပြီးတော့ သွေးဖုတ်ကောင်ကို ဖျက်ဆီးဖို့ ပေါ်လာခဲ့ကြတယ်``

လီစီရှန်း ကပြောပြလိုက်ပါတယ်။

လင်းဟန် စိတ်ဝင်စားတဲ့အမူအရာနဲ့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

``သွေးဖုတ်ကောင်လား?``

သူက ဒီလိုမျိုး လူဝင်ဖို့အတွက် သွေးယစ်ပူဇော် ဖို လိုအပ်တဲ့ လျှို့ဝှက်နယ်ပယ် အကြောင်းကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ပုံမှန်အားဖြင့်တော့ သွေးယစ်ပူဇော်တာလိုအပ်တဲ့ အခါမှာ ဖြစ်နိုင်ချေက နှစ်ခုပဲရှိပါတယ်။ ပထမကတော့ သွေးစုပ်ယူခြင်းမူလရွှေ လိုမျိုး သွေးထဲမှာ ထူးကဲလွန်းတဲ့ နတ်ဆိုးခန္ဓာကိုယ်တစ်ခု ရှိနေလို့ရယ်.. ဒုတိယ အချက်က တော့ ချိတ်ပိတ်ထားတဲ့တံဆိပ်ကို ချိုးဖျက်ဖို့ ဒါမှမဟုတ် အားကောင်းလာဖို့ ပဲ ဖြစ်ပါတယ်။

`လျို့ဝှက် နယ်ပယ်ရဲ့ အတွင်းပိုင်းက မူလရွှေဘီလူးကြီးကို နှိမ်နင်းခဲ့တဲ့ နေရာများ ဖြစ်နိုင်မလား?`

သူက ချက်ချင်းပဲ ကောက်ချက်ချလိုက်ပါတယ်။

အပိုင်း(၂၁၁) ထွက်ချိန်ညှိခြင်း

လင်းဟန်က သွေးစုပ်ယူခြင်းမူလရွှေ ရဲ့ ထူးကဲတဲ့ တိုက်ပွဲရဲ့ သေးငယ်တဲ့အပိုင်းအစ တစ်ခု ကိုမြင်ခဲ့ရပီးတော့ တစ်ခုကို အတည်ပြုနိုင်တာက မူလရွှေကနေ ဖြစ်ပေါ်လာတဲ့ ဘီလူးကြီး က လုံး၀ ရှုံးနိမ့်သွားခဲ့တယ် ဆိုတာကိုပါပဲ။

သူရဲ့ ချင့်ချိန်တွေးဆချက် အရတော့ ဒီ ဘီလူးကြီးက အစိတ်စိတ်ခွဲပြီးတော့ ၎င်းရဲ့ အစိတ်အပိုင်းတွေကို နေရာအနှံ့အပြားကို ပြန့်ကျဲပစ်လိုက်ပုံရပါတယ်။ ဒါပေမဲ့ တစ်ခြား ဖြစ်နိုင်ချေတွေလည်းပဲ ရှိပါတယ်။ ဥပမာ မူလရွှေ ရဲ့ ဘီလူကြီးက ၎င်းခန္ဓာကိုယ်ရဲ့ တစ်ချို့ အစိတ်အပိုင်းတွေကိုပဲ ဆုတ်ဖြဲပစ်လိုက်ပီးတော့ ၎င်းခန္ဓာကိုယ်ရဲ့ အဓိက အစိတ်အပိုင်း တွေကိုတော့ မထိမရှ မပွန်းမပဲ့ပဲ ရှိနေပါဦးမယ်။

တကယ်လို့ ဒီလိုမျိုးသာ ဖြစ်မယ်ဆိုယင် မူလရွှေဘီလူးကြီးက လျှို့ဂှက်နယ်ပယ်အတွင်း မှာ သိုသိပ်နေပြီးတော့ ၎င်းခန္ဓာကိုယ်ရဲ့ ပျက်ဆီးနေတဲ့ အစိတ်အပိုင်းတစ်ခုက မိုးရေနိုင်ငံ ထဲမှာ ပေါ်လာခဲ့တာဆိုယင်တော့ အံ့သြစရာဖြစ်လိမ့်မယ် မဟုတ်ပါဘူး။

ဒါပေ့ါ ဒီဖြစ်နိုင်ချေ အခွင့်အရေးက အရမ်းကို နည်းပါးပါတယ်။

ဒါပေမဲ့ မူလရွှေဘီလူးကြီးက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းတယ် ဆိုတာကို သူ စဉ်းစားမိလိုက်တဲ့အခါမှာတော့ လင်းဟန်က နတ်ဆိုးကောင်းကင် လျှို့ဂှက် နယ်ပယ် ကို တစ်ချက်လောက်သွားကြည့်ပြီးတော့ စွန့်စားလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်လို့ မူလရွှေ ဘီလူးကြီးက အတွင်းမှာ တကယ်ပဲ ချိတ်ပိတ်ခံထားရတာဆိုယင် သူက အဲဒီချိတ်တံဆိပ်ကို သန်မာအားကောင်းတယ်ဆိုတာကို သေချာအောင်လုပ်ချင်ပါတယ်။

`နှစ်တွေ ဒီလောက်အများကြီး ကုန်လွန်သွားခဲ့ပီဆိုတော့ မူလရွှေ ဘီလူးလို မွန်းစတား တစ်ကောင် တောင်မှ အခုဆို သေသွားသင့်ပါပြီ ဟုတ်တယ်မလား?`

လင်းဟာန်က သူကိုယ်သူ စိတ်ချလက်ချရှိစေဖို့ ဒီလိုနည်းနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ မူလရှေ့ဘီလူးကြီးလိုမျိုး တည်ရှိနေမှုတစ်ခုက တကယ်လို့ ၎င်းက အချိန်ကြာမြင့်လို့ တကယ် သေသွားခဲ့ယင်တောင်မှ ၎င်းရဲ့ မသေမျိုးခန္ဓာကိုယ်က ဒုတိယဘဝကို ပြန်ပြီး တော့ မွေးဖွားလာနိုင်သေးပါတယ်.. လူတွေနဲ့တော့ လုံးဝ ကွာခြားပါလိမ့်မယ်။

ဘာကိစ္စပဲဖြစ်ဖြစ်.. သူ့အနေနဲ့ နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် ကို သွားဖို့တော့ လိုပါလိမ့်မယ်။

``နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ်ကို ဘယ်လိုဝင်လို့ရမလဲ?``

လင်းဟာန်က မေးခွန်းထုတ်လိုက်ပါတယ်။

``ဒါက အရမ်းကို လွယ်ပါတယ်။ လျှို့ဝှက်နယ်ပယ် ပွင့်လာတဲ့အခါ တည်နေရာရွှေ့ပြောင်း ခြင်း တံခါးတွေက လဲ နေရာအမျိုးမျိုးမှာ ပေါ်လာလိမ့်မယ်.. အဲဒီတံခါးတွေက နေ လူတစ်ယောက် ဖြတ်သွားလိုက်တာနဲ့ သူက နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် ထဲကို တန်းပြီးတော့ ဝင်သွားလိမ့်မယ်``

လှီယုထန်က ပြောလိုက်ပါတယ်။ အဲဒီနောက် သူမက တစ်ခဏမျှ ရပ်ပြီးတော့ ဆက်ပြောပါတယ်။

``လျှို့ပုက်နယ်မြေ ပွင့်လာတဲ့ အကြောင်းကို ငါတို့ တိတိကျကျ သိရတဲ့ အကြောင်းက တံခါးတွေက ပေါ်လာခဲ့လို့ပဲ``

``ဒီအကြိမ်မှာတော့ မိုးရေနိုင်ငံထဲမှာ တံခါးသုံးခု ပေါ်လာခဲ့တယ်. အနီးဆုံး တစ်ခုက အင်ပါယာမြို့ရဲ့ အရှေ့ဘက် မိုင်သုံးရာ အကွာမှာရှိတယ်``

လီစီရှန်းက ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ မေးလိုက်ပါတယ်။

``နတ်ဆိုးကောင်းကင် လျှို့ပုက်နယ်ပယ် အထဲမှာ သွေးဖုတ်ကောင် ကလွဲလို့ တစ်ခြား ဘာ အန္တရာယ်တွေ ရှိသေးလဲ?``

``အဲဒီမှာ နေဖို့ လုပ်တဲ့ လူသားတွေကတော့ အချိန်ကြာလာတော့ သေကြေပျက်စီး ပုပ်သိုး ကုန်တာပဲ.

ဒါပေမဲ့ အဲဒီမှာ မိစ္ဆာသားရဲ တစ်ချို့ လဲ ရှိနေသေးတယ်။ ဒ့ါအပြင်.. သူတို့က အထဲမှာ ထောင်ချောက်မိနေတဲ့ပုံပဲ.. သူတို့ကို အပြင်ကို ဘယ်လိုမှ ခေါ်ယူထုတ်လို့ရမဲ့ နည်းလမ်းမရှိဘူး။ နောက်ပြီးတော့ ငါတို့တွေကလဲ အဲဒီမှာ အချိန်အကြာကြီးနေမယ်လို့ မဆိုလိုဘူး.. အချိန်တစ်ချို့ပြီးတဲ့အခါမှာ ငါတို့က လျှို့ပုက်နယ်ပယ်ကနေ အလိုအလျှောက် ထုတ်ပစ်လိုက်တာကို ခံရလိမ့်မယ်``

လွှီယုထန် က ဖြေပေးလိုက်ပါတယ်။

``ကောလဟာလ တွေအရတော့.. နတ်ဆိုးကောင်းကင် လျှို့ပုက်နယ်ပယ်ရဲ့ အတွင်းပိုင်း အနက်ဆုံးနေရာမှာ ကြောက်စရာကောင်းတဲ့ သက်ရှိသတ္တဝါတစ်ကောင်လဲ ရှိတယ်တဲ့.. အဲဒီ ဧရိယာ က တားမြစ်ထားတယ်။ ငါတို့တွေက အပြင်ဘက် နယ်နမိတ် ပါတ်လည်ပဲ လေ့လာ စစ်ဆေးလို့ရမယ်. လျှို့ပုက်နယ်ပယ် က အချိန်အကြာကြီးနေမှ ပေါ်လာခဲ့တာ.. ဒါကြောင့် အဲဒီမှာ စိတ်ဝိဉာဉ်ဆေးပင်တွေ အများကြီးက ရင့်သန်အရွယ်ရောက် နေလောက်ပီ...ဒါက ငါတို့ရဲ့ အဓိက ပစ်မှတ်ပဲ``

လီစီရှန်း က ပြောလိုက်ပါတယ်။

လှိုယုထန် က ခေါင်းငြိမ့်ပြီးတော့ သဘောတူလိုက်ပါတယ်။ ကျင့်ကြံခြင်း နည်းစနစ် တွေနဲ့ သိုင်းပညာရပ်တွေကတော့ မျိုးဆက်တွေအများကြီးက ရိတ်သိမ်းရူးဆွတ် သွားခဲ့ပီ ဖြစ်တဲ့ အတွက် တစ်ချို့ ကျန်နေရစ်လိမ့်မယ်ဆိုတာက မဖြစ်နိုင်သလောက် နီးပါးပါပဲ။ ဒါပေမဲ့ စိတ်ဂိဉာဉ်ဆေးပင်တွေ ကိစ္စကတော့ မတူညီပါဘူး။ ၎င်းတို့ကို ရိတ်သိမ်းရူးဆွတ် ပီးတာနဲ့ နောက်တစ်ကြိမ် ပြန်ပေါ်လာတဲ့ အချိန်က ဆယ်စုနှစ်တော်တော်ကြာမှ ဖြစ်တဲ့အတွက် ကြောင့် နောက်တစ်ဖန် ပြန်လည် ပေါ်များရှင်သန်လာကြလို့ပဲ ဖြစ်ပါတယ်။

အထူးသဖြင့်တော့ ဒီအချိန်ပါပဲ။ နှစ်ပေါင်း သုံးရာကျော်ကြာမှ ပြန်ပြီး ပေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဂိဉာဉ်ဆေးပင်တွေ အများကြီးက ရိတ်သိမ်းရူးဆွတ် ခံရဖို့ အတွက် စောင့်နေကြမှာ သေချာပါတယ်။

``နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ်ကို ဝင်ဖို့အတွက် ဘာတွေ ကန့်သတ်ထားလဲ?``

လင်းဟန်က ဆက်ပြီးတော့ မေးလိုက်ပါတယ်။

``စကားလုံးက ရိုးရိုးလေးပါပဲ... နင့်ရဲ့ စွမ်းရည် နိမ့်ယင်

ဂင်ရောက်ဖို့ အတွက် ပိုလွယ်ကူ တယ်။ ဒါပေမဲ့.. အချိန်တိုင်းတော့ မတူဘူး။ တစ်ခါတစ်ရံမှာ စိတ်ဂိုဉာဉ်ပုလ္လင် အဆင့် လက်ရွေးစင်တွေ တောင်မှ ဂင်လို့ရနိုင်တယ်.. ဒါပေမဲ့ တစ်ခါတလေကျတော့ နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေတောင်မှ ဂင်လို့ မရတဲ့ အချိန်တွေရှိတယ်``

လွီယုထန်က သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟာန်က တစ်ခဏမျှ စဉ်းစားလိုက်ပီးတဲ့ နောက်မှာတော့ အဲဒါက ကောင်းတယ်လို့ ခံစားရပါတယ်။

ပထမအချက်က သူက စိတ်ဂိုဉာဉ်ပုလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ကိုမှ စိတ်အနှောက်အယှက် ဖြစ်အောင် မလုပ်ခဲ့ပါဘူး။ ဒုတိယ အချက်က တကယ်လို့ စိတ်ဂိုဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေ ဂင်နိုင်လို့ရှိယင် သူ့ရဲ့ဘေးမှာ ကွမ်းယွမ် ရှိနေပါသေးတယ်။ တတိယ အချက်က တစ်ကယ်လို့ နွေဦးစမ်းရေ အဆင့်နဲ့ အဲဒီအောက် အဆင့်ပဲ ဂင်လို့ရနိုင်မယ်ဆိုယင် သူက လုံးဝ မကြောက်ရွံ့ပါဘူး။ တကယ်လို့ သူက ကန်းရီ နဲ့ အကြီးဆုံးအင်ပါယာမင်းသားလိုမျိုး လက်ရွေးစင်တွေနဲ့ တွေ့ကြုံခဲ့မယ်ဆိုယင်တောင်မှ အနည်းဆုံးတော့ သူမှာ သူ့ရဲ့

အသက်ကို ထိန်းသိမ်းထားနိုင်တဲ့စွမ်းရည် ရှိပါသေးတယ်။

ဒါ့အပြင် လက်ရှိမှာ ကန်းရီက သူ့ရဲ့ လက်အောက်ခံ မဟုတ်ဘူးလား?

သိပ်မကြာခင်မှာပဲ.. ဟွာယန်အကယ်ဒမီ က ကြေညာချက်တစ်ခု ထုတ်ပြန်ပါတယ်။ ကျောင်းသားအားလုံးကို ချက်ချင်းပဲ စီစဉ်စရာရှိတာ စီစဉ်ပြီးတော့ နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ်ထဲကို ဝင်ဖို့အမိန့်ပေးလိုက်ပါတယ်။ ထိုအချိန်အတွင်းမှာ အထဲကို ဝင်သွားတဲ့ သူတွေက အလယ်ခန်းမကိုဝင်ပြီးတော့ သူတို့ရဲ့ သွေးတစ်ချို့ကို ပထမဦးစားပေး အနေနဲ့ ယစ်ပူဇော် ရပါလိမ့်မယ်။ တကယ်လို့ ယစ်ပူဇော်တဲ့ သွေးက အရမ်းကို နည်းနေယင် သွေးဖုတ်ကောင်တစ်ကောင်က ပေါ်လာပြီးတော့ အဲဒီကဗ္ဗာထဲ မှာ နေရာအနံ့ကို ပျက်စီးသွားအောင်လို့ ဖျက်ဆီးပစ်ပါလိမ့်မယ်။ ပြီးတော့ အဲဒီမှာ ဘယ်လောက်များများ သေလိမ့်မလဲဆိုတာကို ဘယ်သူက သိမှာလဲ?

သိပ်မကြာခင်မှာပဲ ချီယောင်ရီ လီဒေါင်ယွဲ့ ဂျင်ပူကျိ ပိုင်လီထန်းယွင် နဲ့ တစ်ခြားသူတွေ အားလုံးက လင်းဟန်ရဲ့ နေရာဆီကို အပြေးလာခဲ့ကြပါတယ်။ သူတို့အားလုံးက

ဒုယွန်မြို့ က လာခဲ့ကြတာပါ။ ဒါကြောင့် သူတို့က တစ်ယောက်ကို တစ်ယောက် ကူညီပေးနိုင်အောင်လို့ အုပ်စုဖွဲ့ဖို့ ဆန္ဒရှိနေကြတာပဲ ဖြစ်ပါတယ်။

``ဟင်.. အကိုလင်း ... မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က....``

ချီယောင်ရီ က ပထမဆုံး သတိပြုမိပြီးတော့ အလွန်အမင်းကို အံ့အားသင့်သွားခဲ့ ပါတယ်။

``ဘယ်လိုကြောင့် ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့်ကို ပြန်လျော့ကျ သွားခဲ့တာလဲ?``

ဂျင်ပူကျို နဲ့ တစ်ခြားသူတွေ အသီးသီးကလဲ လင်းဟန်ရဲ့ အရှိန်အဝါကို အာရုံခံ လိုက်ပီးတော့ တကယ်ပဲ အဲဒီမှာ မူလဒြပ်စင်အမှုန် တစ်ခုပဲ ရှိနေတာကို မြင်တွေ့လိုက်ကြပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံနိုင်စရာကောင်းတဲ့ အမူအရာတွေ ပေါ်လာခဲ့ပါတယ်။ သူတို့ ကြားဖူးထားတာက ကျင့်ကြံခြင်းအဆင့် ရပ်တန့်နေတဲ့ သူတွေ အကြောင်းဖြစ်ပြီးတော့ အချိန်အတော်ကြာသည့် တိုင်အောင် အဆင့်မတက်နိုင်တဲ့ လူတွေ အကြောင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက ပထမဆုံးအကြိမ်အဖြစ် လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က တကယ်ပဲ ဒီလိုမျိုး

စိုးရိမ်စရာအဆင့်ထိ ကျဆင်းသွားတာကို သူတို့ အခုမှ မြင်ဖူးကြတာပါ။

လင်းဟန်က ရီမောလိုက်ပါတယ်။ သူက ဘာကိုမှ ရှင်းပြမနေတော့ ပါဘူး။ သူက ပြောလိုက် ပါတယ်။

``အားလုံး ဒီနေရာမှာ ရှိနေပြီဆိုတော့ ငါတို့ စထွက်ကြတာပေါ့``

``အင်း``

ချီယောင်ရီ နဲ့ တစ်ခြားသူတွေအားလုံးက လင်းဟန်အနေနဲ့ မှော်ဆေးပညာနယ်ပယ်မှာ အရမ်းကို အံ့သြဖွယ်ရာကောင်းတယ် ဆိုတာကို သတိကောင်းကောင်းပြုမိကြပါတယ်။ ဒုယွန်မြို့မှာတုန်းက သူက အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင် သုံးဦးကို ထိန်းချုပ် ထားပြီးတော့ အခုဆိုယင် သူက ပိုလို့တောင် အံ့သြဖို့ ကောင်းပါတယ်။ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင်တွေကတောင်မှ သူ့ကို ကြည်ညိုလေးစား နေကြပါတယ်။

ဒီလို အကြောင်းတွေကြောင့် လင်းဟန်ရဲ့ ကိုယ်ပိုင်

ကျင့်ကြံခြင်းအဆင့်က နိမ့်တာပဲ ဖြစ်စေ ဒါမှမဟုတ် မြင့်တာပဲဖြစ်စေ ဘာမှ မကွာခြားဘူး မဟုတ်လား?

သူတို့အားလုံးပဲ ထွက်လာခဲ့ကြပါတယ်။ လင်းဟန်က ကောင်းကင်ဆေးအိမ်တော် ကို သွားပြီးတော့ လီဟောင်ကိုပါ ဖိတ်ခေါ် လာခဲ့ပါတယ်။ သူတို့အုပ်စုက နောက်ဆုံးတော့ အင်ပါယာမြို့ကနေ ထွက်လာပြီးတော့ အရှေ့ဘက်ကို ဦးတည်သွားကြပါတယ်။ လမ်းခရီးမှာ လူတွေ ပိုပိုပြီးတော့ ပေါ် လာခဲ့ကြပါတယ်။

နတ်ဆိုးကောင်းကင် လျို့ပုက်နယ်ပယ် က ကျင့်ကြံခြင်းနည်းစနစ်တွေနဲ့ စိတ်ဝိဉာဉ်ဆေးပင် တွေ လိုမျိုး ကောင်းမွန်တဲ့ ကိစ္စအကြောင်းပဲမဟုတ်ပါဘူး။ ၎င်းက လူတွေအများကြီးရဲ့ သွေးယစ်ပူဇော်မှု လုပ်ဖို့ကိုလဲ လိုအပ်ပါသေးတယ်။ အဲဒီလိုမှ မလုပ်ဖူးဆိုလို့ရှိယင် သွေးဖုတ်ကောင် က ပေါ် လာပါလိမ့်မယ်။ ဒါကြောင့် ဘယ်လောက် သန်မာသည်ဖြစ်စေ အားနည်းသည်ဖြစ်စေ သူတို့ရဲ့ သွေးတွေကို ယစ်ပူဇော်ဖို့ အတွက် လှူပေးတာက အကောင်းဆုံး ပဲ ဖြစ်ပါတယ်။

ဒါက နိုင်ငံရဲ့ အရေးကြီးတဲ့ ကိစ္စ တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အင်ပါယာ မိသားစုရဲ့ စွမ်းအားကလဲ ဒီလှုပ်ရှားမှုအပေါ် မှာ

အကျိုးသက်ရောက်မှု ရှိပြီးတော့ မြို့အသီးသီးက ပြည်သူပြည်သားတွေကို အကွက်ဆင်ပြီးတော့ နတ်ဆိုးကောင်းကင် လှျို့ပှက်နယ်ပယ် ဆီကို ဦးတည်သွားခိုင်းလိုက်ပါတယ်။

နေ့တစ်ဂက်ခန့် အကြာမှာတော့ လင်းဟန်တို့ အုပ်စုက တည်နေရာရွှေ့ပြောင်းခြင်း တံခါးတွေ ရဲ့ တည်ရှိတဲ့နေရာကို ရောက်လာခဲ့ကြပါတယ်။

တံခါးတစ်ချပ်လို့ ခေါ်ရတာထက်စာယင် ၎င်းကို ရပ်နေတဲ့ ဂဲကတော့တစ်ခုလို့ ရည်ညွှန်း ပြောဆိုတာက ပိုသင့်တော်ပါလိမ့်မယ်။ ၎င်းရဲ့ အတွင်းမှာ အနက်ရောင်ရှိတဲ့ အလင်းက တွန့်လိမ်နေပြီးတော့ ဆယ်မီတာလောက် မြင့်ပါတယ်။ ၎င်းက ခန့်ညားထယ်ဂါတဲ့ အမြင် တစ်ခုရှိပါတယ်။ ဒီ တည်နေရာရွှေ့ပြောင်းခြင်း တံခါးမှာ အရှေ့ဘက်ရော အနောက်ဘက် မှာ ပါ တံခါးအချပ် မရှိပါဘူး။ အရှေ့ကပဲ ဖြစ်ဖြစ် အနောက်ကပဲ ဖြစ်ဖြစ် လူတစ်ယောက် အထဲ ကို ခုန်ဂင်လိုက်တာနဲ့ သူ့ကို ဒီဂဲကတော့ကြီးက ဂါးမျိုလိုက်သလိုမျိုး ချက်ချင်းပျောက်ကွယ် သွားပါလိမ့်မယ်။

လင်းဟန်က ခေါင်းတစ်ဆတ်ဆတ် ငြိမ့်လိုက်ပါတယ်။ သူက ယခင်ဘဂတုန်းက ဒီလိုမျိုး အရာ တစ်ခုကို ဖန်တီးနိုင်တဲ့

စွမ်းရည် လုံးဝမရှိခဲ့ပါဘူး။ ဒါကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော်တွေရဲ့ အစွမ်းတစ်ခုနဲ့ပဲ လုပ်ဆောင်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒီနေရာမှာ တစ်ချို့က အထဲကိုဝင်ဖို့ မစောင့်နိုင်အောင်ဖြစ်နေတဲ့ လူတစ်ချို့ ရှိနေပြီး တစ်ချို့လူတွေကတော့ အပြင်ဘက်ကမှာ ဆက်ပြီးတော့ စောင့်နေကြပါတယ်။ သူတို့ကို ကြည့်ရတာ အုပ်စုတစ်ခု ဖွဲ့စည်းဖို့ ကြိုးစားနေကြတဲ့ ပုံပါပဲ။ ကြီးမားလုံလောက်တဲ့ အုပ်စု တစ်ခု ဖြစ်သွားတာနဲ့ သူတို့က အထဲကိုဝင်သွားကြပါတယ်။ သူတို့အထဲကို မဝင်ခင်မှာ သူတို့က တံဆိပ်တစ်ခုနဲ့ မြေပုံတစ်ခုကိုလဲ ပေးကြပါတယ်။

တံဆိပ်ကတော့ သူတို့က မိုးရေနိုင်ငံရဲ့ မြို့သူမြို့သားတွေ ဖြစ်တယ် ဆိုတာကို ပြသပြီးတော့ မြေပုံကတော့ အလယ်ခန်းမ တည်ရှိတဲ့နေရာကို မှတ်ထားတာပဲ ဖြစ်ပါတယ်။

မြောက်ဘက် အစွန်အဖျားက နိုင်ငံကိုးခု ရဲ့ လူတွေကလဲ နေရာအနှံ့ မှာ ပြန့်ကျဲနေတဲ့ တည်နေရာရွှေ့ပြောင်းခြင်း တံခါး ကို ဖြတ်ပီးတော့ ဝင်နိုင်ပါတယ်။ ဒါကြောင့် မိုးရေနိုင်ငံက လူတွေကိုပဲ ကန့်သတ်ထားတာ မဟုတ်ပါဘူး။ ဥပမာ

မိုးရေနိုင်ငံ နဲ့ မီးနိုင်ငံ တို့က အိမ်နီးနားချင်း နိုင်ငံတွေဖြစ်ပြီးတော့ ဒီနိုင်ငံ နှစ်ခုကြားမှာ မကြာခဏဆိုသလို ပြဿနာလေး တွေ ဖြစ်ပေါ်တတ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းအနည်းငယ် အတွင်းမှာ ဒီပြဿနာတွေကြောင့် လူဘယ်လောက်သေကုန်လဲ ဆိုတာကို မသိပါဘူး။ ဒါကြောင့် ဒီနိုင်ငံ နှစ်ခုက ကမ္ဘာ့ရန် တွေ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီနိုင်ငံနှစ်ခုက နိုင်ငံသား တွေက ဘယ်အချိန်မှာမဆို တစ်ဖွဲ့နဲ့ တစ်ဖွဲ့ တွေ့ပြီဆိုတာနဲ့ တစ်ယောက်ကို တစ်ယောက် အသေသတ်ကြပါလိမ့်မယ်။

ဒီ တံဆိပ်က ရန်သူနဲ့ မိတ်ဆွေ ခွဲခြားနိုင်ဖို့အတွက် အသုံးပြုတာဖြစ်ပါတယ်။ ဒီတစ်ကြိမ် တည်နေရာရွှေပြောင်းခြင်း တံခါးတွေအတွက် ကန့်သတ်ချက်က အရမ်းကို မနိမ့်ပါဘူး။ စိတ်ဂိဉာဉ်ပင်လယ်အဆင့် တွေတောင်မှ ဝင်နိုင်ပါတယ်။ ဒါပေမဲ့ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် သိုင်းပညာရှင်တွေကတော့ မရပါဘူး။

``လင်းဟန်``

အဆုံးမဲ့တဲ့ အမုန်းတရားတွေနဲ့ ပြည့်နက်နေတဲ့

အသံတစ်ခုက အံကြိတ်ထားတဲ့ သွားတွေက နေ ဖြတ်လာတဲ့အသံတစ်ခုကို ကြားလိုက်ရပါတယ်။
လင်းဟန်က သူ့ရဲ့ခေါင်းကို လှည့်ပြီးတော့ ဒီထူးဆန်းတဲ့ အသံပိုင်ရှင်ကို ကြည့်လိုက်ပါတယ်။
ဖန်းလောင်.....................
ဒီကောင်က တကယ်ပဲ ပိုးဟပ်တစ်ကောင် ဒါမှမဟုတ် တစ်ခုခုရဲ့ ဘဂလိုမျိုး ရှိနေတာလား? သူနောက်တစ်ကြိမ် ထပ်ပြီးတော့ တကယ်ပဲ ပေါ်လာခဲ့ပြန်ပြီ။
ဒီ့အပြင် သူ့ရဲ့ လက်မောင်းနှစ်ဖက်ကလဲ တကယ်ပဲ ပြန်ဆက်သွားခဲ့ပါပြီ။ ဒါပေမဲ့ အရမ်းကို သွက်လက် လှုပ်ရှားလို့ မရဘူးဆိုတာ သိသာထင်ရှားပါတယ်။ ၎င်းတို့ကို ကြည့်ရတာက သူ့ရဲ့ ဘေးဘက်မှာ ကော်တစ်ခုခုနဲ့ ကပ်ထားသလိုမျိုး အရမ်းကို ကြည့်ရဆိုးနေပါတယ်။ တကယ်တော့ သူ့ရဲ့ လက်မောင်းတွေကို ပြန်ပြီးတော့ ဆက်ပေးနိုင်တာကကိုပဲ အရမ်းကို အထင်ကြီးဖို့ ကောင်းနေပါပြီ။

အပိုင်း (၂၁၂) ဖန်းလောင် ကိုသတ်ခဲ့ခြင်း
``ဟေး``
လင်းဟန်က သူ့ရဲ့ လက်ကို ပွေ့ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။
ပထမတော့ ဖန်းလောင်က လင်းဟန်ကို တစ်စစီ

စုတ်ဖြဲပစ်ချင်တဲ့ ပုံစံနဲ့ ကြည့်နေခဲ့တာပါ။ ဒါပေမဲ့ လင်းဟာန် ရဲ့ နှုတ်ဆက်ပုံကို မြင်လိုက်ရတဲ့ အခါမှာတော့ သူက အခိုးအငွေ့တွေ ထွက်မတတ် ဒေါသူပုန် ထသွားခဲ့ပါတယ်။ သူက ဘာကိုမှ ဂရုမစိုက်တော့ပဲနဲ့ လင်းဟာန် ဆီကို ပြေးသွားပြီးတော့ ရိုက်နက်ဆုံးမပစ်လိုက်ချင်တဲ့ စိတ်တွေ တစ်ဖွားဖွားပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူ မလုပ်ခဲ့ပါဘူး။ ပထမအချက်က သူက အဲဒီလောက်ထိ မသန်မာပါဘူး။ပြီးတော့ ဒုတိယအချက်က သူ့ရဲ့ လက်မောင်းတွေ က မမြှောက်နိုင်သေးပါဘူး။ တကယ်လို့ သူက အားထုတ်ကြိုးပမ်း ပြီးတော့ သူ့ရဲ့ လက်မောင်းတွေကို မြှောက်လိုက်မယ် ဆိုယင်တောင် သူ့ရဲ့ လက်မောင်း တွေက အောက်ကိုပဲ ကျသွားဖို့ ဖြစ်နိုင်ချေ အများကြီးရှိပါတယ်။ ဒါကြောင့် သူက ဒေါသထွက်ရုံပဲ တတ်နိုင်ပါတယ်။

``လင်းဟာန်.. တကယ်လို့ မင်း နတ်ဆိုးကောင်းကင် လျှို့ဂှက်နယ်မြေ ထဲကို ဝင်ရဲတယ် ဆိုယင် အဲဒါက မင်း သေရမဲ့ အချိန်ပဲ ဖြစ်လိမ့်မယ်။``

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

ဖန်းလောင် ရဲ့ အနောက်က နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးယောက်က စုပေါင်းပြီးတော့

အရှေ့ကို ခြေတစ်လှမ်း လှမ်းလိုက်ပြီးတော့ လင်းဟာန်ကို သူတို့ရဲ့ မျက်လုံးထောင့်ကနေ အထင်အမြင်သေးစွာနဲ့ ကြည့်လိုက်ကြပါတယ်။

သူတို့ကို မတွေ့ရတဲ့ ဒီတစ်လအတွင်းမှာ ဒီလေးယောက်ရဲ့ ကျင့်ကြံခြင်းက နောက်တစ်ဆင့်ကို တက်သွားကြပြီးတော့ နွေဦးစမ်းရေအလွှာ ဒုတိယ အဆင့် ဖြစ်သွားကြပါပြီ။ တစ်ခုနားလည်ထားရမှာက ကျင့်ကြံခြင်းအဆင့် မြင့်လာလေ နောက်တစ်ဆင့်ကို ချိုးဖျက်ဖင်ရောက်နိုင်ဖို့ ပိုပြီးတော့ ခက်ခဲလာလေပဲ ဖြစ်ပါတယ်။

ဉပမာ.. လွှီယုထန်လိုမျိုး ယင်သုံးပါးသွေးကြောကို ပိုင်ဆိုင်ထားတဲ့ ပါရမီရှင် တစ်ယောက်တောင်မှ ကောင်းကင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တစ်ခုကို ကျင့်ကြံပြီးတော့ လင်းဟာန် ဆီကနေ မော်ဆေးလုံး အထောက်အပံ့တွေကိုလဲ ရရှိထားတဲ့ သူမတောင်မှ အဆင့်တစ်ခုကို တက်ဖို့ နှစ်လလောက် အချိန်ယူရပါလိမ့်မယ်။

ဒီလေးယောက်က တကယ်ပဲ လွှီယုထန်နဲ့တောင် အဆင့်အတန်းခြင်း ရပ်တည်နိုင် ရတာလဲ? လင်းဟာန်က ဖန်းယန်ကို သတိရသွားခဲ့ပါတယ်။ ဒီကောင်က ကျင့်ကြံခြင်း

အဆင့်တက်တာက မယုံနိုင်စရာကောင်းစွာနဲ့ပဲ လျင်မြန်လွန်းလှပါတယ်။ သူက ရှေးဟောင်း ရတနာသိုက် တစ်ခုကို ရှာဖွေတွေ့ရှိသွားခဲ့ပြီးတော့ အဲဒါက သူ့ကို ထိပ်ကို ရောက်အောင်လို့ ရရှိစေခဲ့တာများ ဖြစ်နိုင်မလား?

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ အားလုံးက လင်းဟန်ကို ရက်စက်ကြမ်းကြုတ် တဲ့ အကြည့်တွေနဲ့ စိုက်ကြည့်နေကြပါတယ်။ ယခင်တုန်းက သူတို့လေးယောက်လုံး ပေါင်းပြီးတော့ တိုက်ခိုက်ခဲ့တာတောင်မှ လင်းဟန်က ဖန်းလောင်ကို သူတို့ရဲ့ မျက်စိ အရှေ့မှာပဲ ရအောင် ဖမ်းဆီးသွားနိုင်ခဲ့သေးပါတယ်။ ဖန်းယန် ကိုယ်တိုင်ကိုယ်ကျ ပေါ်လာခဲ့တာတောင်မှ ဖန်းလောင်ရဲ့ လက်မောင်းတွေ အဖြတ်ခံရတာကို မကယ်နိုင်ပါဘူး။ အဲဒါက သူတို့ရဲ့ အပြစ်တွေကို နည်းနည်းတော့ ပေါ့သွားစေခဲ့ပါတယ်။ ဒါပေမဲ့ ဒါက သူတို့ကို အရမ်းကို အရှက်ရစေခဲ့ ပါတယ်။ သူတို့က လင်းဟန်ကို အရမ်းကို မုန်းတီးပြီးတော့ သူ့ကို အပိုင်းပိုင်းအစစ ဖြစ်အောင်လုပ်ပြီးတော့ သူတို့ရဲ့ နာမည် ဂုဏ်သတင်းမှာ အမည်းစက် စွန်းသွားခဲ့တာကို ပြန်ပြီး ဖြူစင်သွားအောင် လုပ်ချင် နေကြပါတယ်။ ပြီးတော့ လျှို့ဝှက်နယ်ပယ် ကလဲ ကိုယ်ရေးကိုယ်တာ အမုန်းတရား တွေ အတွက် လက်စားချေဖို့ အရမ်းကိုကောင်းမွန်တဲ့ နေရာတစ်ခု

ဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။ ၎င်းရဲ့ အတွင်းပိုင်းက အရမ်းကို ကြီးမားကျယ်ပြန့် ပါတယ်။ အဲဒီမှာ လူတစ်ယောက်က အမြဲတမ်းလိုလိုပဲ သူတို့ရဲ့ အုပ်စုကနေ ခွဲထွက်သွားနိုင်တဲ့ အခွင့်အရေးတွေရှိပြီးတော့ သူတို့အနေနဲ့ လင်းဟာန်နဲ့ နောက်တစ်ကြိမ် တွေ့ဆုံခဲ့ မယ်ဆိုယင်.... ဟီးဟီး။ ဒါ့အပြင် မြောက်ပိုင်းအစွန်အဖျား ကိုးနိုင်ငံက လူတွေလည်း အထဲကို ဝင်လာနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့က လင်းဟာန်ကို သတ်ပစ် လိုက်ယင်တောင်မှ သူတို့က ရှေးခြားမြေခြားက သိုင်းပညာရှင်တွေ အပေါ်ကို အပြစ်ပုံချ ပစ်လိုက်လို့ ရပါတယ်။

လင်းဟာန် ပြုံးနေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်လုံးတွေကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒ တွေက ထွက်ပေါ်လိုလာပါတယ်။

သူ ဖန်းလောင်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံတုန်းက ဒီကောင်က သတ်ချင်တဲ့ ဆန္ဒ တစ်ခုမှ မဖော်ပြခဲ့ပါဘူး။ ဒါကြောင့် သူက ဒီကိစ္စကို နှလုံးသားထဲကို မထည့်ပဲနဲ့ ဖန်းလောင်ကို သင်ခန်းစာနည်းနည်းလေး ပေးလိုက်တာပါ။ သူ လုံးဝ မထင် မှတ်ထားတာက ဒီပိုးဟပ်ကောင်က ဒီလောက်တောင် စိတ်ဒုက္ခပေးလိမ့်မယ် ဆိုတာကိုပါပဲ။

ဟူးညို က ဖန်းလောင်ကို လျှာထုတ် ပြောင်ပြပြီးတော့ သူမရဲ့ သွားသေးသေးလေး တွေကို ဖြဲပြလိုက်ပြီး ဖန်းလောင်ကို အရမ်းကို အထင်အမြင်သေးတဲ့ ပုံစံ လုပ်ပြလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာနဲ့ ရီမောပြီးတော့ ပြောလိုက်ပါတယ်။ယ

``ဖန်းလောင်… ဒီမှာကြည့်စမ်း.. ငါ့ရဲ့ ညီးညီးတောင်မှ မင်းကို မကြောက်ဘူး.. ငါတကယ်ပဲ မင်းဘာကြောင့် ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ထင်နေသလဲ ဆိုတာကို မသိဘူး``

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေ လည်းပဲ ကျယ်လောင်စွာနဲ့ ရီမောလိုက်ကြပါတယ်။

ဖန်းလောင်က ဒေါသထွက်ပြီး တုန်ယင်နေပါတယ်။ သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``လင်းဟန် ငါမင်းကို မသတ်ခင်မှာ မင်းရဲ့ အရှေ့မှာပဲ ငါမင်းရဲ့ မိသားစုတွေ အားလုံးနဲ့ မင်းရဲ့ သူငယ်ချင်းတွေကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်လို့ ကျိန်ဆိုတယ်``

ချက်ချင်းဆိုသလို လင်းဟန်ရဲ့ မျက်နှာ မည်းမှောင်သွားခဲ့ပြီးတော့ သူ့ဆီကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက စီးဆင်းပြီးတော့ ထွက်ပေါ်လာခဲ့ပါတယ်။

သူက ဒီလိုမျိုး အရေးမပါတဲ့ စရိုက်ရှိတဲ့ လူစားမျိုးတွေနဲ့ ကစားဖို့ စိတ်မဝင်စားပါဘူး။ သူက အမြဲတမ်းပဲ အဲဒီလိုလူတွေကို သူ့ရဲ့ ခြေထောက်တစ်ချက်နဲ့ ဆောင့်နင်းပြီး သတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်လူက သူ့ရဲ့ မိသားစုနဲ့ သူငယ်ချင်းတွေကို သတ်ပစ်မယ်ဆိုပြီး တကယ်ပဲ ခြိမ်းခြောက်လာတာလား? သူ့ရဲ့ အသန်မာဆုံး စရိုက် လက္ခဏာက သူ့ရဲ့ လူတွေကို ကာကွယ်ပေးချင်တာပဲ ဖြစ်ပါတယ်။

``မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာတာပဲ``

သူက ဖန်းလောင်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာလိုက်ပါတယ်။

``လင်းဟန်.. မင်းအသက်ရှင်ရတာ ငြီးငွေ့နေပြီလား?``

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးယောက်က

အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ သူတို့ရဲ့ နောက်ဆုံး ထိပ်တိုက်တွေ့ဆုံစဉ်က သူတို့က လင်းဟာန်ကို လျှော့တွက်ထားတဲ့အတွက်ကြောင့် သူက ဖန်းလောင်ကို ဖမ်းဆီးဖို့ အခွင့်အရေး ရရှိသွားပြီးတော့ သူ့ကို ဓါးစာခံ အဖြစ်အသုံးချပြီး သူတို့ကို အကူအညီ မဲ့သွားအောင်လို့ လုပ်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒါက လင်းဟာန်အနေနဲ့ သူတို့ကို တိုက်ရိုက် ထိပ်တိုက်ရင်ဆိုင် နိုင်စွမ်း ရှိတယ်လို့ မဆိုလိုပါဘူး။ ဒြပ်စင်စုစည်းခြင်း အဆင့်က ဒြပ်စင်စုစည်းခြင်းအဆင့် မျှသာ ဖြစ်ပြီးတော့ နွေဦးစမ်းရေ အဆင့်ကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။

``ငါ့လမ်းကနေ ဖယ်စမ်း.. အဖျက်ပိုးမွှားကောင်လေးတွေ``

လင်းဟာန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ဆီကနေ ထွက်ပေါ်လာတဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ကြည့်ရတာ အရမ်းကို ခိုင်မာနေပါတယ်။

နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးဦးကို ကြည့်ရတာ ဒေါသထွက်နေတဲ့ ပုံစံပါပဲ။

``ဒီတစ်ကြိမ်တော့.. မင်းရဲ့ လက်ထဲမှာ ဓါးစာခံ လုံးဝမရှိဘူး။ ဒါကြောင့် မင်းက ငါတို့ကို ဘယ်လိုလုပ်ပြီးတော့ ယှဉ်ပြိုင်နိုင်မှာလဲ?``

``သူ့ကို သတ် .. သူ့ကိုသတ်ပစ်``

ဖန်းလောင်က အော်ဟစ်လိုက်ပါတယ်။ လင်းဟာန် ချဉ်းကပ်လာတာနဲ့ အမျှ လင်းဟာန် နဲ့ သူ ထိပ်တိုက်တွေ့ဆုံမှု အနည်းငယ်ကို ပြန်စဉ်းစားမိလိုက်တော့ သူက အဝေးကို အကာန်ခံရတယ်... သူရဲ့ ပါးစပ်အပြည့် သွားတွေ ပြုတ်ထွက်ကုန်တယ်.. နောက်ဆုံး သူရဲ့ လက်မောင်းနှစ်ဖက်တောင်မှ အဖြတ်ခံလိုက်ရပါတယ်။

လင်းဟာန်ရဲ့ ပုံရိပ်က ပိုပြီးတော့ နီးကပ်လာတာကို သူကကြည့်နေရင်း ချက်ချင်းပဲ သူရဲ့ စိတ်ဓါတ်ပိုင်းဆိုင်ရာက ပျက်စီးသွားခဲ့ပါတယ်။

``သတ်.. သူ့ကို သတ်ပစ်``

သူက တစ်ရှုံ့ရှုံ့ နဲ့ ငိုကြွေးလိုက်ပီးတော့ သူရဲ့ မျက်နှာပေါ်ကနေ မျက်ရည်တွေနဲ့ နှပ်ချေးတွေ ထွက်ကျလာခဲ့ပါတယ်။

နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်က ဒီလိုမျိုး အရုပ်ဆိုး အကျည်းတန်တဲ့ အမူအရာ ပြသတာကို အထင်အမြင်သေးပါတယ်။ ဒါပေမဲ့ ဘယ်သူက ဖန်းယန်ရဲ့ ညီဖြစ်တဲ့ သူကို ပြောရဲမှာလဲ? သူတို့က လင်းဟန်ကို အေးစက်တဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒါက သူတို့ လှုပ်ရှားဖို့ အတွက် တကယ့်ကိုကောင်းမွန်တဲ့ အခွင့်အရေး တစ်ခုပဲ ဖြစ်ပါတယ်။

``ဒီနေ့ သေရမဲ့ တစ်ယောက်သော သူက မင်းပဲ``

လင်းဟန်က ပြောလိုက်ပါတယ်။ သူက လှုပ်ရှားလိုက်ပြီးတော့ နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်ဆီကို တိုက်ရိုက် တိုးဝင်သွားခဲ့ပါတယ်။

`` မိုက်ရိုင်းလိုက်တာ``

နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်က ဒေါသတကြီးနဲ့ အော်ဟစ် လိုက်ပါတယ်။ ဒီကောင်စုတ်လေးက သူတို့ရဲ့ လက်ထဲကနေ တစ်ကြိမ် အောင်အောင် မြင်မြင်နဲ့ ရှောင်တိမ်းသွားခဲ့ပါတယ်။ သူက ဒီလိုမျိုး တူညီတဲ့ အဖြစ်အပျက် နောက်တစ်ကြိမ်

လိုချင်နေတာလား? သူက တကယ်ပဲ သူတို့ကို ငတုံးငအတွေလို့ ထင်နေတာလား?

``လင်းဟန်``

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေအားလုံးက အံ့အားသင့်စွာနဲ့ အော်လိုက်ကြပါတယ်။ သူတို့က လင်းဟန်အနေနဲ့ ဒီ နွေဦးစမ်းရေ လက်ရွေးစင် လေးယောက်ကို ဒီလိုမျိုး ထိပ်တိုက်ရင်ဆိုင် လိမ့်မယ်လို့ လုံးဝမထင်ထားခဲ့ပါဘူး။

``ဘုံး ဘုံး ဘုံး ဘုံး``

တိုက်ခိုက်မှု လေးခုက တစ်ဆက်တည်းပဲ လင်းဟန်ဆီကို ဦးတည်ပြီး ပစ်လွှတ် လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးဦး ကသူတို့ရဲ့ တိုက်ပွဲအစွမ်းကို ကြယ်တစ်လုံး ထပ်ပြီး အဆင့်မြှင့်ထားခဲ့ ပြီးပါပြီ။ ပြီးတော့ တကယ်လို့ သူတို့လေးယောက် ပူးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုယင် ဘယ်လို ပါရမီရှင်ပဲ ဖြစ်နေပါစေ ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့် သိုင်းပညာရှင် ဘယ်သူကို မဆို ချက်ချင်းသတ်ပစ်နိုင်စွမ်း ရှိပါတယ်။

ဒါပေမဲ့ လင်းဟန်က ဒြပ်စင်စုစည်းခြင်း အထွတ်အထိပ် အဆင့် မဟုတ်ပါဘူး။ အဲဒီအစား သူက ဒြပ်စင်စုစည်းခြင်း အဆင့်တစ်ဆယ် ဖြစ်ပြီးတော့ နွေဦးစမ်းရေ အဆင့်နဲ့ ညီမျှပါတယ်။

လင်းဟန်က တိမ်ထွက်ခြေလှမ်းသိုင်းကို အသုံးပြုပြီး သူ့ရဲ့ ပုံရိပ်က နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက်ရဲ့ ပူးပေါင်းတိုက်စစ် အတားအဆီးကို မယုံနိုင်လောက်အောင် ဖြတ်ကျော်သွားပြီးတော့ ဖန်းလောင်ရဲ့ အရှေ့မှာ တစ္ဆေ တစ်ကောင် လျှပ်ပြက်သလို ပေါ်လာခဲ့ပါတယ်။ သူက ဖန်းလောင်ရဲ့ လည်ပင်းကို ဖမ်းဆုပ်ဖို့ လက်တစ်ဖက် ကို ဆန့်ထုတ်လိုက်ပါတယ်။

``ငါ့ကို ကယ်ပါ``

ဖန်းလောင် က နာကျင်စွာနဲ့ အော်ပြောလိုက်ပါတယ်။

နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးဦးလုံးပဲ အံ့အားသင့်ပြီးတော့ ဒေါသထွက် ကုန်ကြပါတယ်။ သူတို့က လင်းဟန်က သူတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှု ကို ဘယ်လို ချိုးဖျက် ဖြတ်ကျော်သွားတယ် ဆိုတာကို လုံးဝ စဉ်းစားလို့မရပါဘူး။ ပြီးတော့ သူတို့ရဲ့ စိတ်ထဲမှာ

အတွေးတစ်ခု ပေါ်လာခဲ့ပါတယ်။

``သမိုင်းဆိုတာ သူ့ဘာသာသူ တစ်ကျော့ ပြန်ပေါ်လာစမြဲပါပဲ``

တကယ်ပါပဲ.. သူတို့က ခြေတစ်လှမ်းနောက်ကျပြီးတော့ လင်းဟန်ကို မတားဆီး နိုင်ခဲ့ပါဘူး။ သူတို့က ဖန်းလောင်ကို လင်းဟန်က တစ်ချက်ထဲ လှုပ်ရှားပြီးတော့ ထိန်းချုပ်သွားတာကို ကြည့်ပဲကြည့်နိုင်ခဲ့ပါတယ်။

``သခင်လေး လောင် ကို လွှတ်လိုက်စမ်း``

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးဦး က အော်ဟစ်လိုက်ပေမဲ့ နည်းနည်းလေး မှ မလှုပ်ရှားဝံ့ပါဘူး။ လင်းဟန်က ဖန်းလောင်ကို နာကျင်အောင် လို့ တစ်ခုခု လုပ်လိုက်ယင် မခက်ပါလား။

ဒီမြင်ကွင်းက အရမ်းကို ရင်းနှီးနေပါတယ်.. သူတို့ရဲ့ မျက်နှာကို ရိုက်ချလိုက်သလိုမျိုး ပူစပ်ပူလောင် စပ်ဖျဉ်းဖျဉ်း အရသာကို ဖြစ်ပေါ်စေပါတယ်။ တူညီတဲ့ လှည့်စားမှု နဲ့ နစ်ကြိမ်တိုင်အောင် အလှည့်ဖျား ခံလိုက်ရတဲ့ သူတို့တွေက ငတုံးအတွေ များလား?

ဒါပေ့ါ မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အခု လင်းဟန်က သူတို့အတွက် အရမ်းကို အစွမ်းထက် နေလို့ပဲ ဖြစ်ပါတယ်။ လင်းဟန်က ဒီ နတ်ဘုရား ကာကွယ် စောင့်ရှောက်သူတွေကို ဂရုမစိုက်ပဲ ဖန်းလောင်ကိုပဲ စူးစိုက်ကြည့်ပြီးတော့ လေးလေးနက်နက်နဲ့ မေးလိုက်ပါတယ်။

``မင်းက ငါ့ရဲ့ မိသားစု တစ်ခုလုံးကို သတ်ပစ်ချင်နေတာလား?``

``လင်းဟန် မင်းငါ့ကို သတ်ရဲလိမ့်မှာ မဟုတ်ဘူး။ တကယ်လို့ မင်းမှာ လမ္ဘြတ် ရှိတယ်ဆိုယင် ငါ့ရဲ့ လက်မောင်းတွေကို နောက်ထပ် မသန်မစွမ်းဖြစ်အောင် လုပ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ အစ်ကိုက သေချာပေါက် ငါ့ကို ပြန်လာပြီးတော့ ကယ်လိမ့်မယ်။ ငါ့ အစ်ကို ပြန်လာတာတဲ့အခါကိုပဲ စောင့်လိုက်ပါ.. ငါ မင်းရဲ့ မိသားစု တစ်ခုလုံးကို အစုလိုက် အပြုံလိုက် သတ်ပြမယ်``

သူရဲ့ ကြောက်ရွံ့မှု က အရမ်းကို လွန်တဲ့ အဆင့်ကို ရောက်သွားခဲ့ပါတယ်။ ပြီးတော့ ဖန်းလောင်က ရိုးရိုးပဲ လေနဲ့ သတိပေးလိုက်ပီးတော့ လင်းဟန်ရဲ့ ရက်စက် ကြမ်းကြုတ် တဲ့

မျက်လုံးတွေကို ပြန်ပြီး စိုက်ကြည့်လိုက်ပါတယ်။

``လာခဲ့လေ.. တကယ်လို့ မင်းမှာ လပြွတ်တွေ ရှိတယ်ဆိုယင် နောက်တစ်ကြိမ် ငါ့ကို မသန်မစွမ်းဖြစ်အောင် လုပ်လိုက်လေ.. တကယ်လို့ မင်းမလုပ်ဘူးဆိုယင် မင်းက လပြွတ်မြေး တစ်ယောက်ပဲ.. လင်းဟာန်.. ငါမင်းကို မကြောက်ဘူး.. ငါ့ါအစ်ကို မှာ ဘယ်လိုမျိုးအစွမ်းတွေ ရှိတယ်ဆိုတာကို မင်းမသိပါဘူး.. မိုး...``

``ဂျွတ်``

ကြွပ်ဆတ်ဆတ် အသံတစ်ခုကို ကြားလိုက်ရပါတယ်။ ဖန်းလောင်ရဲ့ ခေါင်းက လင်းဟာန် ချိုးလိုက်တဲ့အတွက် သူ့ရဲ့ လည်းပင်ကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့ရဲ့ လည်ပင်းကနေ သွေးတွေက ပန်းထွက်လာခဲ့ပါတယ်။ ပါတ်ဂန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

လင်းဟာန်က သူ့ရဲ့ လက်ချောင်းလေးတွေကို ချိုးကစားနေပြီးတော့ ပြောလိုက်ပါတယ်။

``ကမ္ဘာကြီးက နောက်ဆုံးတော့ တိတ်ဆိတ် ငြိမ်သက်သွားခဲ့ပြီပဲ``

``သခင်လေးလောင်``

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးဦးစလုံးပဲ ငိုကြွေးလိုက်ကြပါတယ်။ ဒါပေမဲ့ လင်းဟန် က လွှတ်ချလိုက်တဲ့အခါမှာ ဖန်းလောင်ရဲ့ ခြေထောက်တွေက အကြိမ် အနည်းငယ် ဆန့်ငင် ဆန့်ငင် ဖြစ်နေပြီးတော့ မြေကြီးပေါ်ကို ကျယ်လောင် တဲ့ အသံနဲ့ လဲကျသွားခဲ့ပါတယ်။ သူရဲ့ လည်ပင်းမှာ ခေါင်းကို ပြန်ဆက်မယ် ဆိုယင် တောင်မှ ဘယ်လိုလုပ်ပြီးတော့ သူက အသက်ရှင်နိုင်ဦးမှာလဲ?

``လူသတ်သမား.. လူသတ်သမား``

ဒီမြင်ကွင်းကို မြင်လိုက်ကြတော့ ချက်ချင်းဆိုသလိုပဲ တစ်ချို့လူတွေက စတင်ပြီး ငိုကြွေးကုန်ကြပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အင်ပါယာ အစောင့်အရှောက်တွေ အများအပြားက အမိန့်ကို ထိန်းသိမ်းဖို့ အတွက် ရှိနေကြပြီး ဘေးပါတ်ဂန်းကျင် က လူတွေအများကြီးက ဆူညံစွာ အော်ဟစ်နေကြပါတယ်။ အင်ပါယာ အစောင့် တစ်ယောက်မှ အချိန်ခဏလေးအတွင်းမှာ မလာနိုင်ကြပါဘူး။

``မင်း သခင်လေးလောင် ကို သတ်ပစ်လိုက်တယ်.. အရှင်သခင် ပြန်လာတဲ့ အခါ သူက မင်းကို အစိတ်စိတ်အမွှာမွှာ လုပ်ပစ်လိမ့်မယ်``

ဆင်နတ်ဘုရားစောင့်ရှောက်သူက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

``မင်းက ဖန်းယန် နဲ့ ငါ အရမ်းကိုကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခု ရှိနေသလို ပြောနေတာပဲ``

လင်းဟန် က ပုခုံးတွန့်လိုက်ပြီးတော့ ဒီခြိမ်းခြောက်မှုကို အလေးအနက် မထားပါဘူး။

အပိုင်း(၂၁၃) ကောင်လေး ရီရီ

``ဒီနေရာမှာ ဘာတွေ ဖြစ်နေကြတာလဲ?``

အင်ပါယာ အစောင့်အရှောက် အနည်းငယ်က ဖြေးညှင်းစွာနဲ့ ရောက်လာခဲ့ ကြပါတယ်။ ဦးခေါင်းမဲ့နေတဲ့ အလောင်းတစ်လောင်းကို မြေကြီးပေါ်မှာ လဲနေတာကို မြင်လိုက်ရတဲ့အခါမှာတော့ သူတို့ရဲ့ အမူအရာတွေက ချက်ချင်းပဲ ပြောင်းလဲသွားခဲ့ ကြပါတယ်။ သူတို့က ဒီနေရာမှာ

စည်းကမ်းစနစ်တကျ ဖြစ်စေဖို့ ထိန်းသိမ်းဖို့ အတွက် လုပ်ဆောင်ရမှာ ဖြစ်ပြီးတော့ အခု တစ်စုံတစ်ယောက်က သေသွားခဲ့တာက သူတို့ကို သတင်းတင်ပို့တဲ့အခါမှာ အခက်အခဲတွေ့စေ ပါလိမ့်မယ်။

``ဆရာတို့.. ဒီကောင်က လူမြင်ကွင်းမှာ လူသတ်မှု ကျူးလွန်တဲ့ တရားခံပါ။ ဆရာတို့ကို ကျုပ်တို့တွေ အနူးအညွှန့် တောင်းပန်ပါတယ်။ သူ့ကို ဖမ်းဆီးကြပါ``

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးဦးစလုံးက လင်းဟာန်ကို ညွှန်ပြလိုက် ကြပါတယ်။

အင်ပါယာ အစောင့်အရှောက်တွေက လင်းဟာန်ကို မြင်လိုက်တဲ့အခါမှာတော့ သူတို့ရဲ့ မျက်နှာတွေ ရှုံ့မဲ့သွားကြပါတယ်။ သူတို့က လင်းဟာန် ဘယ်သူဘယ်ဂါ ဖြစ်တယ် ဆိုတာကို ကောင်းကောင်းကြီးသိတာပေ့ါ။ သူတို့ရဲ့ အထက်အကြီးအကဲတွေက ထပ်ခါ ထပ်ခါ အမိန့်ပေးထားကြပါတယ်။ ဒီလူနဲ့ လုံးဝ ပြဿနာ မဖြစ်ဖို့ ကိုပေ့ါ။ ဒါပေမဲ့ ဒီကောင်လေးက တကယ်ပဲ အရမ်းကို စိုးရိမ်ပူပန်အောင် ဖြစ်စေခဲ့ပါတယ်။ သူက လူမြင်ကွင်းမှာ ဘယ်လိုလုပ်ပြီးတော့ လူသတ်မှုကို ကျူးလွန်နိုင်ရတာလဲ?

လင်းဟန်က သရော်သလိုလိုနဲ့ ပြောလိုက်ပါတယ်။

``ပထမအချက်.. မင်းတို့ ကို မှန်မှန်ကန်ကန် ဖြစ်ဖို့ ငါ့အတွက် လိုအပ်တာ တစ်ခု ရှိတယ်။ ဒါက အင်ပါယာ မြို့ မဟုတ်ဘူး။ သိုင်းပညာရှင်တွေ အနေနဲ့ တစ်ယောက်နဲ့ တစ်ယောက် ကြမ်းကြမ်းတမ်းတမ်း ပြဿနာတွေ တက်တာက ပုံမှန်ဖြစ်နေကျ ကိစ္စ တွေပဲ.. အခုလည်း ငါက ဒီငတုံးငအေ နဲ့ ပြဿနာ တစ်ခု ဖြစ်တယ်။ ဒါပေမဲ့ အဆုံးမှာတော့ ဒီငတုံးငအေ ကောင်က တကယ့်ကို အားနည်းလွန်းတယ်။ တစ်ချက် တည်းနဲ့ ပဲ သူက သွားလိုက်ပြီလေ``

လူအုပ်ကြီးက လေးလေးနက်နက်နဲ့ စိုက်ကြည့်နေပါတယ်။ တကယ်ပဲ ဒီနေရာက အင်ပါယာမြို့ မဟုတ်ပါဘူး။ ဒါက အင်ပါယာမြို့ ကနေ မိုင်ပေါင်း ခုနှစ်ရာ ဝေးတဲ့ နေရာမှာပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပါတ်ဂန်းကျင်မှာ ရှိနေတဲ့ လူတွေတော်တော် များများ က အင်ပါယာမြို့ ကနေ လာခဲ့တာဖြစ်ပြီးတော့ စနစ်တကျ ထိန်းသိမ်းဖို့ ဒီမှာ ရှိနေတဲ့ သူတွေကလဲ အင်ပါယာ အစောင့်အရှောက်တွေ ဖြစ်တဲ့ အတွက် သူတို့ရဲ့ စိတ်ထဲမှာ ဒီနေရာကို အင်ပါယာ မြို့လို့ မှတ်ထင်ထားနေကြပါတယ်။

ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုတွေက တကယ်တော့ သာမာန် ဖြစ်ရိုးဖြစ်စဉ် ကိစ္စတွေ ပါပဲ။ မိုးရေနိုင်ငံက လူတွေအများစုက နှစ်တိုင်းနှစ်တိုင်း မရေမတွက် နိုင်အောင် သေကျေပျက်စီးကြပါတယ်။ တကယ်လို့ ကိစ္စတိုင်းကိုသာ လိုက်လံ ဆောင်ရွက်နေမယ်ဆိုယင် မိုးရေနိုင်ငံမှာ လုံးဝ ပြီးဆုံးတော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလိုမျိုး တိုက်ပွဲ အနည်းနဲ့ အများဆိုသလို အဖွဲ့အစည်းတိုင်း လိုလို ပါဂင်ပါတ်သတ်နေလို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက သဘောတရား အရ တွေး လိုက်တာဖြစ်ပြီးတော့ ဒီအသံက ဘာကြောင့် နည်းနည်းထူးဆန်း နေသလို ဖြစ်နေရတာလဲ?

`` နောက်ထပ် ပြဿနာ တွေ မဖန်တီးနဲ့.. အဲဒီလိုမှ မဟုတ်ဘူးဆိုယင် ငါတို့ မင်းကို ဖမ်းဆီးရလိမ့်မယ်.. တကယ်လို့ တစ်စုံတစ်ယောက်က ခုခံရဲယင် ဘာအကြောင်း ပြချက်မှ မရှိပဲနဲ့ ငါတို့က သတ်ပစ်ရလိမ့်မယ်``

အင်ပါယာ အစောင့်အရှောက်တစ်ယောက်က နောက်ဆုံးတော့ ဆုံးဖြတ်ချက် လိုက်ပါတယ်။ သူတို့က လင်းဟန်ရဲ့ အသက်နဲ့ ပါတ်သတ်ပြီးတော့ သူမသေမချင်း ဆုံးဖြတ်ချက် မချနိုင်ပါဘူး။

``သဘောတူပါတယ်``

လင်းဟန်က သူ့ရဲ့ လက်ကိုမြှောက်ပြီး ပြောလိုက်ပါတယ်။ သူသတ်ချင်နေတဲ့ လူတစ်ယောက်ကို သူ သတ်ပစ်လိုက်ပီးပါပြီ။ ပြီးတော့ နတ်ဘုရား ကာကွယ် စောင့်ရှောက်သူ လေးယောက် က ရှုံးသွပ်ပြီးတော့ ဘာမှမလုပ်မချင်း သူလည်း လှုပ်ရှားဖို့ ဆန္ဒမရှိပါဘူး။

နတ်ဘုရားကာကွယ် စောင့်ရှောက်သူ လေးယောက်က ကယောင်ချောက်ချား ဖြစ်ပြီး တော့ သွေးအန်လုမတတ် ဖြစ်သွားပါတယ်။ ဒါက သူတို့ ရည်ရွယ်ထားသလို ဖြစ်မလာခဲ့ဘူး မဟုတ်လား?

``သွားကြစို့... ငါတို့ လျှို့ဝှက်နယ်ပယ် ထဲကို သွားကြရအောင်.. အရာအားလုံးကို ခေါင်းဆောင် ပြန်လာတော့မှပဲ ဆွေးနွေးကြတာပေါ့``

ဂံပုလွေနတ်ဘုရားကာကွယ်စောင့်ရှောက်သူကအသံနိမ့်ပြီးေတာ့ ပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ် ခေါင်းဆောင်ပြန်လာတဲ့ အခါကြယင် သူနဲ့အတူ အထွတ်အထိပ် အခွင့်အာဏာနဲ့ လုပ်ပိုင်ခွင့်ကို ယူလာလိမ့်မယ်။ တကယ်လို့ မိုးရေဧကရာဇ်

ပေါ်လာခဲ့ပြီးတော့ သူက ဒီကောင်စုတ်လေးကို ကယ်မယ်ဆိုယင်တောင်မှ ရမှာမဟုတ်ဘူး``

ကျားနတ်ဘုရား ကာကွယ်စောင့်ရှောက်သူကလဲ ခေါင်းငြိမ့်လိုက်ပါတယ်။

``လျှို့ပှက်နယ်ပယ် ထဲကို ဂင်ကြမယ်``

ဆင်နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ က အံ့ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူတို့က ဖန်းလောင်ကို ကာကွယ်ဖို့ နောက်တစ်ကြိမ် ကျရှုံးသွားခဲ့ပါပြီ။ ဖန်းယန် ပြန်လာတဲ့ အခါကျယင် သူ့ရဲ့ ဒေါသတွေက သူတို့အပေါ်ကို ထွက်ပေါက်အဖြစ်နဲ့ ပုံချ မလားဆိုတာကို ဘယ်သူမှမသိပါဘူး။ တွေးလိုက်ယုံနဲ့ပဲ သူတို့ရဲ့ ရင်ဘက်ထဲက သူတို့ရဲ့ နှလုံးသားတွေက အေးခဲသွားဖို့ လုံလောက်ပါတယ်။

နတ်ဘုရား ကာကွယ်စောင့်ရှောက်သူ လေးဦးက လျှို့ပှက်နယ်မြေ ထဲကို တစ်ယောက် ပြီး တစ်ယောက် ဂင်သွားကြပြီးတော့ ချက်ချင်းဆိုသလို ပျောက်ကွယ် သွားကြပါတယ်။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေအားလုံးက အခုမှ သက်ပြင်းချနိုင်ပါတော့တယ်။ သူတို့ရဲ့ နဖူးပေါ်မှာ အေးစက်တဲ့ ချွေးတွေ ပျံ့နေတယ်ဆိုတာကို သူတို့ သတိထားမိ လိုက်ပါတယ်။ ပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်တွေကလဲ အေးစက်နေတာကို ခံစားသိရှိ နိုင်ပါတယ်။

``အစ်ကိုလင်း.. မင်းက တကယ့်ကို ရဲရင့်တာပဲ``

ပိုင်လီထန်းယွမ် က ပြောလိုက်ပါတယ်။ သူရဲ့ နှလုံးသားထဲမှာ ကြောက်ရွံ့ထိတ်လန့်မှု စွဲကျန်ရစ်နေပါတယ်။

``သူက အနံ့ နံတဲ့ ပိုးကောင်လေးတစ်ကောင် ပါပဲ။ တကယ်လို့ ငါက သူ့ကို သေအောင် ဆောင့်နင်းလိုက်တယ်ဆိုယင် သူသေသွားမှာပဲလေ``

လင်းဟာန်က ပြောလိုက်ပါတယ်။

``ဖန်းလောင်က ကြောက်ဖို့ကောင်းတဲ့ သူတစ်ယောက် မဟုတ်ပေမဲ့... ဖန်းယန် ကတော့............``

ချီယောင်ရီက စကားကို တပိုင်းတစ်စနဲ့ ရပ်လိုက်ပါတယ်။

ဖန်းယန် ကအခု အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိနေတယ်ဆိုတာကို ဘယ်သူက မသိပဲနေမှာလဲ? သူက အကယ်ဒမီ ထဲမှာ ဘာပဲဖြစ်ဖြစ် လုပ်နိုင်ပါတယ်။ ပြီးတော့ ဖန်းယန်နဲ့ သေလောက်အောင် ရန်ငြိုး ရန်စတစ်ခု အခြေအနေတစ်ခု ဖြစ်သွားတယ်ဆိုတဲ့ အတွေးကကိုပဲ လူတိုင်းလူတိုင်း ကို ထိတ်လန့်သွားစေဖို့ လုံလောက်ပါတယ်။

``ဟာ... ရီရီ ကလေး``

လင်းဟန်က ရုတ်တရက် သူတို့ရဲ့ နောက်က တစ်စုံတစ်ယောက်ကို လက်ပွေ့ယမ်း ပြလိုက်ပါတယ်။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေက အနောက်ကို လှည့်ပြီးတော့ ကြည့်လိုက်ကြပါတယ်။ သူတို့က လက်တစ်ဖက်ပဲရှိတဲ့ လူငယ်တစ်ယောက်ကို မြင်လိုက်ကြပါတယ်။ သူက ဆေဘာဓါးတစ်လက်နဲ့ လူတစ်ယောက်ပါပဲ.. ဒါပေမဲ့ သူက သဘာဂရဲ့ ဆရာသခင် တစ်ယောက်နဲ့ တူပြီးတော့ သူ့ရဲ့ ဂန်းကျင်တစ်ပိုက်မှာ ထူးကဲလှတဲ့ အရှိန်အဂါ တစ်ခု က လှည့်ပါတ်လို့ နေပါတယ်။ မည်သူမဆို သူ့ရဲ့ အရှေ့မှာ အရမ်းကို အရေးမပါတဲ့ သူတစ်ယောက် ဖြစ်သွားသလို ခံစားရပါလိမ့်မယ်။

ကန်းရီ...............။

ဒါပေမဲ့... ရီရီ ကလေး ဟုတ်လား?

လူတိုင်းလူတိုင်းရဲ့ အမူအရာက အနည်းငယ် ထူးဆန်းသလို ဖြစ်သွားခဲ့ပါတယ်။ ဒီ ယောက်ျား နှစ်ယောက်ရဲ့ ကြားမှာ ဟိုလိုလို ဒီလိုလို ဆက်ဆံရေးတစ်ချို့ ရှိနေတာ ဖြစ်နိုင်ပါ့မလား?

ကန်းရီ က လျှောက်လာပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာတော့ လင်းဟန်က သူ့ကို ဘယ်လို ခေါ်ခေါ် လုံးဝ အမူအရာမပြောင်းလဲသွားသလို စိတ်ကသိကအောက် ဖြစ်တဲ့ပုံမျိုးလဲ မတွေ့ရပါဘူး။ သူ့ရဲ့ နှလုံးသား နဲ့ စိတ်ဝိဉာဉ်မှာ ဆေဘာခါးတစ်ခုပဲ တည်ရှိနေခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ ကမ္ဘာတစ်ခုလုံးက သူ့ကို အသရေ ဖျက်တာပဲ ဖြစ်ဖြစ် အတင်းတုပ်ပြောဆိုတာပဲ ဖြစ်ဖြစ် ဘာဖြစ်မှာမို့လို့လဲ? သူ့ရဲ့ ဓါးခုတ်ချက် တစ်ခုကပဲ အရာအားလုံးကို တိတ်ဆိတ်သွားစေ ပါလိမ့်မယ်။

``ကောင်းပြီလေ.. ငါတို့အုပ်စုရဲ့ လူတွေအားလုံး ဒီမှာရှိနေပြီဆိုတော့ သွားကြတာပေါ့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဘယ်အချိန်တုန်းက ကန်းရီ က သူတို့အုပ်စုက လူတစ်ယောက် ဖြစ်သွားခဲ့တာလဲ?

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေ အားလုံးပဲ အံ့အားသင့်ကုန်ကြပါတယ်။ ဒါပေမဲ့ သူတို့ ဘာမှ မပြောပါဘူး။ အဲဒီအစား သူတို့က လင်းဟန် ရဲ့ နောက်ကနေ နီးကပ်စွာနဲ့ တည်နေရာရွှေ့ပြောင်းခြင်း တံခါးဆီကို သွားလိုက်ကြပါတယ်။ ဖန်းယန် ရဲ့ ပြဿနာ ကိုတော့ နောက်ပိုင်းမှ ဆွေးနွေးကြတာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

သူတို့ တစ်ယောက်ပီးတစ်ယောက် ဖြတ်သန်းဝင်ရောက် သွားခဲ့ပါတယ်။ လင်းဟန် က ဟူးညို ကိုပါ ခေါ်လာပြီးတော့ ဂဲကတော့ကို ဖြတ်လိုက်ပါတယ်။ အဲဒီအချိန် တစ်ခဏလေးမှာပဲ သူ့ရဲ့ ဂိဉာဉ်က ဆုတ်ဖြဲခံလိုက်ရသလို ခံစားရပြီးတော့ အရာအားလုံးက အမိပ္ပါယ်ကင်းမဲ့သွားပြီး အချိန်တွေအားလုံးက အမြဲတမ်း ရပ်တန့် နေသလိုတောင်မှ ခံစားလိုက်ရပါတယ်။

သူ့ရဲ့ အတွေးတွေ ခဏမျှသာ ပြီးဆုံးသွားယုံပဲ ရှိပါသေးတယ်..

သူက မရင်းနှီးတဲ့ ကမ္ဘာတစ်ခုမှာ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ စိမ်းလန်းနေတဲ့ မြက်ခင်းတွေက မွေ့ရာ တစ်ခုလို ပေါက်ရောက်နေပြီးတော့ ပင်လယ်ကြီးတစ်ခုလို ကျယ်ပြန့်ပါတယ်။ လေအေးလေး တစ်ချက်ဝှေ့သွားယင် ဒီမြက်ခင်းတွေကက ဖြေးဖြေးလေး ယိမ်းခါ သွားပြီးတော့ ဒီနေရာက မယုံနိုင်စရာကောင်းလောက်အောင် လှပတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ သူလက်မောင်းနဲ့ ပွေ့ချီလာတဲ့ ဟူးညိုကလွဲပြီးတော့ ပါတ်ဝန်းကျင်မှာ ဘယ်သူမှ လုံးဝ ရှိမနေခဲ့ပါဘူး။ တစ္ဆေသူရဲ တစ်ကောင်တောင်မှ အနားမှာမရှိပါဘူး။

ကြံ့ရာကျပန်း တည်နေရာရွှေ့ပြောင်းခြင်းပဲ။

လင်းဟန် မျက်မှောင်ကြုတ် လိုက်ပါတယ်။ ဒီမတိုင်ခင်က သူတို့အားလုံးက အုပ်စု တွေ ဖွဲ့နေခဲ့တာက နောက်ဆုံးမှာတော့ လုံးဝ အချိန်ဖြုန်းတာပါပဲ။

ကံကောင်းတာက.. ဟူးညိုက သူကို တစ်ချိန်လုံးဖက်တွယ်ထားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုယင် ဒီကလေးမလေးကို ဘယ်နေရာကို ပို့လိုက်မယ်ဆိုတာ ဘယ်သူ သိနိုင်မှာလဲ? ဒီနေရာမှာ သူမရဲ့

ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝ အမူအကျင့်ကို ထိန်းချုပ်မဲ့ သူ မရှိဘူးဆိုယင် ဒီမိန်းကလေးက ဘယ်လို ပြဿနာတွေ ရှာမလဲဆိုတာ ဘယ်သူသိမှာလဲ?

``ဂါးးး``

ဟူးညိုက လင်းဟန်ပေါ်ကနေ ခုန်ဆင်းလိုက်ပါတယ်။ သူမရဲ့ ခြေလက် အကုန်လုံး ကို အသုံးပြုပြီးတော့ အရူးတစ်ယောက်လို ပါတ်ပြေးနေပါတယ်။

သူမ က ကလေးဘဝကတည်းက တောထဲမှာ ကြီးပြင်းလာခဲ့ပြီးတော့ ဒီလို ကမ္ဘာမျိုး က သူမအတွက် တကယ့်ကို နှစ်သက်ပျော်ရွှင်စရာ နေရာတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က အရှေ့ဘက်ကို ဦးတည်ပြီး လမ်းလျှောက်သွားခဲ့ပါတယ်။ ဟူးညိုက တော့ ပျော်ရွှင်စွာနဲ့ ပါတ်ပြေးနေတုန်းပါပဲ။ တစ်ခါတစ်ရံမှာ သူမက လင်းဟန်ရဲ့ အရှေ့ မှာ ရောက်နေပြီးတော့ တစ်ခါတစ်ရံမှာ သူမက လင်းဟန်ရဲ့ နောက်မှာ ရှိနေပါတယ်။ တစ်ခါတလေ ဘယ်ဘက်ရောက်လိုက် တစ်ခါတစ်လေ ညာဘက်ရောက်လိုက် ပါပဲ။ လင်းဟန်တောင်မှ သူမဆီက ပျော်ရွှင်မှု ကို ကူးစက်လာသလို ခံစားလိုက်ရပြီးတော့

ပြုံးလိုက်ပါတယ်။

``အန္တရာယ် ရှိတယ်``

လင်းဟန်က ရုတ်တရက် သတိပေးလိုက်ပီးတော့ ချက်ချင်းပဲ ဟူးညို အနားကို လျှောက်သွားလိုက်ပါတယ်။

``ရှုပ်``

သေးငယ်တဲ့ အဖြူရောင် သက်ရှိတစ်ကောင်က ရုတ်တရက် ခုန်ဝင်လာခဲ့ပါတယ်။ အဲဒါက ယုန်တစ်ကောင် ဖြစ်ပါတယ်။ ၎င်းက မြက်တွေကို ဝါးနေပါတယ်။ ဒါပေမဲ့ ဟူးညို ပြေးလွှားနေတာက ရပ်တန့်သွားပြီးတော့ အဲဒါက လင်းဟန်ကို ရန်သူ တစ်ယောက်ရှိတယ်လို့ ထင်သွားစေခဲ့ပါတယ်။

သူက ပြုံးပြီးတော့ လမ်းလျှောက်နေတာ ရပ်လိုက်ပါတယ်။ တစ်ဖက်မှာရှိတဲ့ ဟူးညို ကတော့ ချက်ချင်းပဲ အဲဒီယုန်ကို ဖမ်းဖို့ ပြင်ဆင်လိုက်ပါတယ်။ သူမက ယုန် အနောက် ကပြေးလိုက်ပီးတော့ သူမရဲ့ ပါးစပ်ကို အကျယ်ကြီးဖွင့်ထားပြီး ၎င်းကို ကိုက်ဖို့ ကြိုးစားနေပါတယ်။

ဟူးညိုက ဒီယုန်လေးကို ချစ်စရာ ကောင်းတယ်လို့ မတွေးပဲ သူမရဲ့သားကောင် အဖြစ်ပဲ တွေးနေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

``ရှုပ်``

ယန်က အရမ်းကို လျှင်မြန်စွာနဲ့ ထွက်ပြေးပါတယ်။ ဒါပေမဲ့ ဟူးညိုကလည်း မနေးပါဘူး။ သူမက ယုန်ရဲ့ အနောက်ကနေ လျှင်မြန်စွာနဲ့ လိုက်သွားပြီး လင်းဟန် က ဟူးညို ကိုရပ်ဖို့ မတားလိုက်နိုင်ပါဘူး။ဒါကြောင့် သူက သူမရဲ့ အနောက်ကနေ လိုက်သွားပါတယ်။

တစ်ခဏမျှ အကြာမှာ ယုန် က မြက်ခင်းထဲမှာ ဂင်ပုန်းလိုက်ပီးတော့ အရိပ်အယောင် တောင် မမြင်ရတော့ပါဘူး။ ကြည့်ရတာ ၎င်းက ယုန်တွင်းထဲကို ပြေးဂင်သွားခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဟူးညိုက ချက်ချင်းပဲ မြေကြီးကို သူမရဲ့ လက်နှစ်ဖက်လုံးနဲ့ စတင် တူးနေပြီးတော့ ဘာပဲဖြစ်ဖြစ် ဒီယုန်ကို ဖမ်းဆီးဖို့ ဆန္ဒရှိနေပါတယ်။

``ထားလိုက်တော့.. ဒီကောင်သေးသေးလေးက အရမ်းကို ဂတယ် ဆိုပေမဲ့ မင်းရဲ့ အစားလောဘနဲ့ဆိုယင် အာသာပြေဖို့ အတွက်တောင် မှ လုံလောက်မှာ မဟုတ်ဘူး``

လင်းဟာန်က ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ ဒီကလေးမကို ကြည့်ရတာ အရမ်းကို မကျေမနပ်ဖြစ်နေတဲ့ပုံစံနဲ့ သူမရဲ့ နှုတ်ခမ်းကို စူပြီးတော့ သူမရဲ့ မကျေမနပ်ဖြစ်နေတာကို ဖော်ပြနေပါတယ်။

``ရှုပ် ရှုပ် ရှုပ် ရှုပ်``

အဲဒီ အချိန်မှာပဲ ယုန်တွင်းထဲကနေပြီးတော့ ယုန်တွေ အများကြီး ခုန်ထွက် လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီယုန်တွေက ချစ်စရာမကောင်းပါဘူး။ ၎င်းတို့က ခွေးတစ်ကောင်လောက်ကြီးမားပြီးတော့ နီရဲ တောက်ပနေတဲ့ မျက်လုံးတွေရှိပြီးတော့ သွေးဆာလောင်တဲ့ အရိုန်အဝါတွေ ထွက်ပေါ်နေပါတယ်။

``သေစမ်း``

လင်းဟာန်က စိတ်ထဲကနေ ကျိန်ဆဲလိုက်ပီးတော့ သတိမထားပဲ မနေလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီယုန်တွေက တကယ့်ကို ဒြပ်စင်စုစည်းခြင်းအဆင့်မှာရှိနေပြီးတော့ သူတို့ထဲက နှစ်ကောင်ဆိုယင် ငွေဦးစမ်းရေအဆင့်မှာ ရှိနေပါတယ်။

သုံးဆယ်.. လေးဆယ်.. ငါးဆယ်.. ၎င်းတို့ရဲ့ အရေအတွက်က ပိုပိုတိုးလာခဲ့ပါတယ်။ နောက်ဆုံးမှာ လူတစ်ယောက် အရွယ်အစားရှိတဲ့ ရောမ ယုန်ကြီးတစ်ကောင် ခုန်ထွက်လာခဲ့ ပြီးတော့ နောက်ဆုံးယုန်ကြီး က ထုတ်လွှတ်တဲ့ အရှိန်အဝါက နွေဦးစမ်းရေ နောက်ပိုင်းအဆင့် နဲ့ ညီမျှပါတယ်။

လင်းဟန် က ပျော့ကြည့်လိုက်ပီးတော့ စိတ်နဲ့ တွက်ချက်လိုက်ပါတယ်။ တစ်ကောင်က နွေဦးစမ်းရေ နောက်ပိုင်းအဆင့် မှာရှိပြီး ခုနစ်ကောင်က နွေဦးစမ်းရေ အလယ်အလတ်အဆင့်နဲ့ နှစ်ဆယ့် တစ်ကောင် က နွေဦးစမ်းရေ အစောပိုင်း အဆင့်မှာ ရှိပါတယ်။ ပြီးတော့ ကျန်တဲ့ အကောင် တစ်ရာကျော်က ဒြပ်စင်စုစည်းခြင်း အဆင့်မှာ ရှိကြပါတယ်။

လင်းဟန်က ချက်ချင်းပဲ အနိုင်ရဖို့ နည်းလမ်းမရှိဘူးဆိုတာ သတိပြုမိသွား ပြီးတော့ အလျင်အမြန်နဲ့ ဟူးညိုကို ကောက်ချီပြီးတော့ ထွက်ပြေးပါတော့တယ်။

နိုင်ဖို့ နည်းလမ်းမရှိမှတော့ သူလုပ်နိုင်တာက ထွက်ပြေးဖို့ပဲ ရှိပါတော့တယ်။ ဒါက အလွယ်ကူဆုံး နည်းလမ်းပဲ ဖြစ်ပါတယ်။

အပိုင်း (၂၁၄) မြက်ခင်းဖုံးနေသော လွင်ပြင်

ထွက်ပြေးဖို့ကလွဲလို့ တစ်ခြား ဘာမှ မရှိပါဘူး။ တကယ်လို့ အဲဒါက နွေဦးစမ်းရေ အစောပိုင်းအဆင့် ဆယ်ကောင်ထက် နည်းတယ်ဆိုယင် လင်းဟန်က သူတို့ကို တိုက်ခိုက်နိုင်ပါသေးတယ်။ ဒါပေမဲ့ အဲဒီမှာ အကောင် နှစ်ဆယ်က သူကို သေတောင်မှ သေသွားစေနိုင်ပါတယ်။ ဒီ့အပြင် နွေဦးစမ်းရေ အလယ်အလတ် အဆင့် တစ်ချို့ နဲ့ နောက်ပိုင်းအဆင့် တစ်ကောင်လဲ ရှိနေပါသေးတယ်။

တကယ်လို့ လင်းဟန်က အရှေ့ကို တိုးဝင်သွားတယ်ဆိုယင် ရင်ဆိုင် တိုက်ခိုက် တယ်လို့ မခေါ်ပါဘူး။ အဲဒါက သူ့ကိုယ်သူ သေတွင်းထဲကို ပို့လိုက်တယ်လို့ ခေါ်ရပါမယ်။

သူက စတင်ပြီးတော့ ထွက်ပြေးလိုက်တာနဲ့ ဒီယုန်တွေက အလျော့မပေးပဲ သူ့ရဲ့ အနောက်ကနေ လိုက်လာကြပါတယ်။ယ

အစောပိုင်းတုန်းက ဟူးညို့က ယုန်သေးသေးလေးရဲ့ အနောက်ကနေ လိုက်ပြီးတော့ အခု သူတို့ရဲ့ အခြေအနေက ပြောင်းပြန်ဖြစ်သွားပြီ ယုန်တွေက သူတို့ နှစ်ယောက် ကို

အရှုံးတွေလို ပဲ လိုက်နေကြပါတယ်။

ဟူးညိုက တော့ စိုးရိမ်ပူပန်မှု မရှိပဲနဲ့ သူမက လင်းဟန်ရဲ့ ပုခုံးတွေကို ပျော်ရွှင်စွာနဲ့ ထုရိုက်နေပြီးတော့ ပြောပါတယ်။

``ပြေး မြန်မြန်ပြေး ပြေးပြေး ဒီထက်ပိုမြန်မြန်ပြေး``

ဒီမိန်းကလေးကတော့။

လင်းဟန်က ဒီကလေးမနဲ့ ရန်ဖြစ်ငြင်းခုံနေဖို့ အချိန်ဘယ်လို လုပ်ပြီးတော့ ရှိမှာလဲ? သူရဲ့ စွမ်းအင် အကုန်လုံးကို အသုံးပြုပြီးတော့ သူတို့ရဲ့ အသက်တွေ အတွက် ပြေးနေရပါတယ်။ ဒါပေမဲ့ ယုန်မို့စ္စာသားရဲ့အုပ်ချုပ်ရေးမှူး၏ ကြက် သူတို့ရဲ့ အမြန်နှုန်းကို ကောင်းကောင်း သိထားကြပြီး သူတို့မှာ နွေဦးစမ်းရေ နောက်ပိုင်းအဆင့် ယုန်မို့စ္စာသားရဲ့ အိုကြီး တစ်ကောင်လဲ ရှိပါသေးတယ်။ ဒါကြောင့် ခဏအကြာမှာ သူတို့က လင်းဟန်ရဲ့ အနောက်ကို မှီလာပြီးတော့ သူတို့ရဲ့ပါးစပ်တွေကို ဟပြီး ကိုက်ဖို့ အဆင့်သင့်ဖြစ်နေကြပါပြီ။

ဒီယုန်မို့စ္စာသားရဲ့ အိုကြီးရဲ့ ရှေ့သွားနှစ်ချောင်းက ရှည်လျားထက်မြက်တဲ့ ပေါက်ပြား ကြီးတွေနဲ့ တူပြီးတော့

အေးစက်တဲ့ အလင်းရောင်က ရိပ်ခနဲ လက်သွားပါတယ်။

လင်းဟန်က သွေးစုပ်ယူခြင်း မူလရွှေ ကို ဒိုင်းတစ်ခုပုံစံ အဖြစ်ပြောင်းလဲလိုက်ပြီး တော့ ဒီတိုက်ခိုက်မှုကို ကာကွယ်လိုက်ပါတယ်။ အစွမ်းထက်တဲ့ အားလှိုင်းတစ်ခုက သူ့ကို ထိမှန်သွားပြီးတော့ ဆိုးဝါးတဲ့ ခံစားချက်တစ်ခုကို ခံစားလိုက်ရပြီး သွေးအန် ထုတ်ပစ် လိုက်ချင်သွားခဲ့ပါတယ်။ ပြီးတော့ ဒီလိုမျိုး တစ်ချက် တုံ့ခနဲ့ ဖြစ်သွားတာ က ယုန်မိစ္ဆာသားရဲ အမြောက်အများကို သူ့ရဲ့ အနောက်ဘက်မှာ ပိုပိုပြီးတော့ နီးကပ်လာစေခဲ့ပါတယ်။

ဒီလိုအတိုင်းသာ ဆက်ဖြစ်နေဦးမယ်ဆိုယင် သူ့အနေနဲ့ လုံးဝ လွတ်မြောက်နိုင်မှာ မဟုတ်တော့ပါဘူး။

လင်းဟန်က သက်ပြင်းချလိုက်ပြီးတော့ တိမ်မြန်အဆောင်လက်ဖွဲ့ တစ်ခုကို ဆွဲထုတ် လိုက်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်မှာ ချိတ်လိုက်ပါတယ်။ ဒီသာမာန်ပုံစံရှိတဲ့ အဆောင်လက်ဖွဲ့ က ချက်ချင်း တောက်ပလာပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်မှာ မယုံနိုင်စရာ ကောင်းတဲ့ စွမ်းအင်တွေ ပန်းထွက်လာခဲ့ပါတယ်။

``ရှုပ်``

သူက နောက်တစ်ကြိမ် ဒေါသတစ်ကြီးနဲ့ ပြေးလိုက်ပြီးတော့ သူ့ရဲ့ အမြန်နှုန်းက ချက်ချင်းပဲ ဆယ်ဆခန့် တိုးလာခဲ့ပါတယ်။

``ကျွိ ကျွိ ကျွိ``

ယုန်မြို့စွာသားရဲ တွေက တစ်ကျွိကျွိ နဲ့ ဒေါသတကြီးအော်ဟစ်နေကြပေမဲ့ လင်းဟန်က တော့ သူတို့နဲ့ ပိုပိုပြီးတော့ ဝေးကွာသွားပါတယ်။ နောက်ဆုံးတော့ လင်းဟန်က သူတို့ကို လုံးဝ အနောက်မှာ အပြတ်အသတ် ချန်ထားခဲ့ပြီး သူတို့ရဲ့ မျက်လုံးကနေ လုံးဝ မမြင်ရတော့ပါဘူး။

စိတ်ဝိဉာဉ် အဆောင်ပစ္စည်းတစ်ကို အသုံးပြုလိုက်တာနဲ့ သူ့ရဲ့ အကျိုးသက်ရောက်မှု က ဘယ်နည်းနဲ့မှ မရပ်တော့ပါဘူး။ လင်းဟန်က ၎င်းကို အကျိုးမဲ့သွားစေချင် ခဲ့ပါဘူး။ ဒါကြောင့် သူက ဆက်ပြီးတော့ အရှေ့ကို ပြေးနေပြီး တိမ်မြန် အဆောင်လက်ဖွဲ့ ရဲ့ အာနိသင်တွေအားလုံးကို ကုန်ခမ်းသွားအောင် အသုံးပြုပြီးတော့မှပဲ ရပ်လိုက်ပါတယ်။ သူက ယုန်မြို့စွာသားရဲ အိုကြီး နဲ့ ထိပ်တိုက်ရင်ဆိုင်တုန်းက ရရှိခဲ့တဲ့ အတွင်းဒဏ်ရာတွေအတွက် မှော်ဆေးလုံးတစ်လုံးကို ထုတ်ပြီးတော့ စားလိုက်ပါတယ်။

ဖျက်ဆီးလို့မရတဲ့ ကောင်းကင် မှော်စာလိပ်ကို လှည့်ပတ်လိုက်ပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေက လျှင်မြန်စွာနဲ့ ပြန်လည် သက်သာ ကောင်းမွန်လာခဲ့ပါတယ်။

``ငါ့ရဲ့ အာရုံကြောနဲ့ အရိုးတွေ အတွက် အဓိက ဒဏ်ရာမဖြစ်သေးသမျှတော့ ငါ့ရဲ့ ဒဏ်ရာတွေကို ရေနွေးတစ်အိုးချက် အကြာမှာ သက်သာအောင်လို့ လုပ်နိုင်စွမ်း ရှိတယ်``

လင်းဟန်က ပြုံးလိုက်ပါတယ်။

``ဒါပေမဲ့ တကယ်လို့ ငါက ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့မယ် ဆိုယင်တောင်မှာ ငါ့မှာ ဖျက်ဆီးလို့မရနိုင်တဲ့ အစစ်အမှန်အရည် တစ်စက်ရှိနေသေးတယ်``

``ပျော်တယ် ပျော်တယ်``

ဟူးညိုက ပျော်ရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

``ကလေးမ.. မင်း တစ်ခဏလောက် ပျော်ဖို့ လွှတ်ပေးလိုက်တာ ငါ တိမ်မြန် အဆောင်လက်ဖွဲ့ တစ်ခုကို သုံးလိုက်ရပြီကွ``

လင်းဟန်က ဟူးညို့ရဲ့ ခေါင်းကို ပုတ်ပြီးတော့ ခေါင်းခါပြီး ပြောလိုက်ပါတယ်။

``ဒီနေရာက အရမ်းကို အန္တရာယ်များတယ်.. ညီးညီးက လိမ္မာရမယ်နော်.. လျှောက် မပြေးနဲ့တော့``

``အင်း.. ညီးက တော်တယ် ညီးက လိမ်မာမယ်``

ဟူးညို့က သူမရဲ့ ခေါင်းကို ငြိမ့်ပြလိုက်ပါတယ်။

လင်းဟန်က ရီမောလိုက်ပါတယ်။ ခုလေးတင်ပဲ တကယ်လို့ ဟူးညို့က ယုန်လေး နောက်ကို ပြေးလိုက်မသွားခဲ့ဖူးဆိုယင် သူတို့က ဒီ ယုန်မျိုးစုသားရဲ တွေရဲ့ နေရာပေါ် က ဖြတ်သွားတဲ့အခါမှာ ဒီ မျိုးစုသားရဲတွေနဲ့ ပြဿနာ တက်ပဲ့မလား? အဖြေ ကိုတော့ ဘယ်သူကမှ မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယုန်တွေက မြေအောက်မှာ နေပြီးတော့ သူတို့မှာ မြေကြီးအပေါ်က အဖြစ်အပျက်တွေကို အရမ်းကို တုံ့ပြန်နိုင်တဲ့ နိုးကြားထက်မြက်မှု တွေ ရှိနေပါတယ်။ ဒါ့အပြင် ဒီ အနီရောင် မျက်လုံးတွေနဲ့ ယုန်တွေက အရမ်းကို ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။ တကယ်လို့ သူက ပြဿနာ

သွားမရှာခဲ့ယင်တောင်မှ သူတို့က ဒေါသအိုးပေါက်ကွဲနေဦးမှာပါပဲ။

``အခု ငါတို့ ဘယ်ကို သွားရမလဲ?``

သူက မြေပုံကို ထုတ်လိုက်ပါတယ်။

နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် တစ်ခုလုံး အရမ်းကိုကြီးမားပြီးတော့ ကောလဟာလ တွေအရတော့ နိုင်ငံတစ်ခုရဲ့အရွယ်အစားနဲ့တောင် နှိုင်းယှဉ်လို့ ရပါတယ်တဲ့။ ဒီမြေပုံကအပြင်ဘက် သတ်မှတ်ထားတဲ့ နယ်မြေကိုပဲ အမှတ်အသားလုပ်ထားပြီးတော့ အဲဒါက လျှို့ဝှက်နယ်မြေ တစ်ခုလုံးဧရိယာရဲ့ အကြမ်းဖျဉ်းဆိုယင် ဆယ်ပုံ တစ်ပုံခန့်ပဲရှိပါလိမ့်မယ်။

မြောက်ဘက်အစွန်းအဖျား ကိုးနိုင်ငံက ဒီလောက်ထိပဲသွားနိုင် ခဲ့တယ်လို့ဆိုလိုတာ ဖြစ်ပြီးတော့ အဲဒီဧရိယာရဲ့နောက်မှာတော့ အရမ်းကို အန္တရာယ်ကြီးမားပြီးတော့ အဲဒီကိုလုံးဝ မသွားနိုင်ခဲ့ပါဘူး။

ဒါပေမဲ့ တစ်ချို့ အင်အားကြီး အဖွဲ့အစည်းတွေက ပိုပြီး နက်တဲ့အတွင်းပိုင်းကို သွားရောက် ခဲ့ပြီးတော့ သူတို့အတွက်

အကျိုးအမြတ်တွေကို သိမ်းထားတဲ့ အနေနဲ့ တစ်ခြားသူတွေကို သတင်းအချက်အလက်တွေ မဝေမျှတာလဲ ဖြစ်နိုင်ချေရှိပါတယ်။

ဒါက အရမ်းကို ဖြစ်နိုင်ချေရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လျှို့ဝှက်နယ်ပယ် ရဲ့ အတွင်းပိုင်းကို ရောက်လေ အဆင့်မြင့်တဲ့ ကျင့်ကြံခြင်းနဲ့ သိုင်းပညာ နည်းစနစ် တွေ ကို ရရှိနိုင်ပါတယ်။ ဒါဆိုယင် ဘာကြောင့် သူတို့က အဲဒီ သတင်းအချက်အလက် တွေကို တစ်ခြားသူတွေနဲ့ မျှဝေရမှာလဲ? ဘာဖြစ်လို့ သူတို့ကိုယ်တိုင် အတွက် အပြည့်အဝ အသုံးချဖို့ မချန်ထားရမှာလဲ?

ဒါပေမဲ့ နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေ ပွင့်တာက ရှားရှားပါးပါးပါပဲ။ အနည်းဆုံး ဆယ်စုနှစ် တော်တော်များများမှ တစ်ကြိမ် ဒါမှမဟုတ် နှစ်ပေါင်း ရာဂဏန်း အနည်းငယ်မှ တစ်ကြိမ်က အများဆုံးပါပဲ။ ဒါက အရမ်းကို ကောင်းမွန်တဲ့ အစီအစဉ်တော့ မဟုတ်ပါဘူး။ ၎င်းနောက်ဆုံး အကြိမ် ပွင့်တုန်းက အလွန်အမင်း လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အချို့ အဖွဲ့အစည်းတွေ ရှိပါတယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြန်ပွင့်တဲ့ အခါကျယင် မျှော်မှန်းမထားနိုင်တဲ့ အဆင့်ကိုလဲ ကျဆင်းသွားနိုင်ပါတယ်။

``ငါ့ရဲ့ လက်ရှိ တည်နေရာက...အာ အပြင်ဘက်သတ်မှတ်နယ်မြေ က ဟာလာ ဟင်းလင်းပြင် တစ်ခုပဲ ပြီးတော့ မြက်ဖုံးလွှမ်းတဲ့ လွင်ပြင်လို့ ခေါ်တယ်။ ငါက အလယ်ကို လျှောက်သွားမယ်ဆိုယင် လက်စွပ်ပုံစံ တောင် တစ်လုံးဖြစ်ပြီး စုစုပေါင်း လှိုဏ်မြောင် လေးခုကို ဖြတ်ပြီးမှ ငါ ဝင်နိုင်လိမ့်မယ်. ပြီးတော့ အဲဒီလှိုဏ်မြောင်တွေရဲ့ အဆုံးမှာတော့ အမိကခန်းမ ကြီး တစ်ခု ရှိမယ်``

``တကယ်လို့ ငါက နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေရဲ့ အတွင်းကျကျကို ဝင်ချင်တယ်ဆိုယင် လက်စွပ်ပုံစံ တောင်ကို ကုတ်ကပ် မတက်နိုင်ယင် လှိုဏ်မြောင် လေးခုကို ဖြတ်ပြီးတော့ သွားရလိမ့်မယ်။ ဒါပေမဲ့ ဒီတောင်က ပေထောင် လောက်ပဲ မြင့်တယ်လို့ ပြောကြပေမဲ့ အရမ်းကို မတ်စောက်တယ်။ ဒါကြောင့် တောင်ကို တက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး``

``ဒါဆိုင် ငါက လှိုဏ်မြောင် တစ်ခုကို အယင်ဆုံး ရှာသင့်တယ်။ ဒီ လျှို့ဝှက်နယ်မြေ ရဲ့ အနက်ပိုင်းတွေကို အရမ်းကို သတိထားရလိမ့်မယ်။ အထဲမှာ ဘာတွေများ ပုန်းအောင်း နေမလဲ?``

လင်းဟန်က အဂေးကို ကြည့်လိုက်ပါတယ်။ တကယ်ပဲ သူက အနက်ရောင် ပုံရိပ် တစ်ခုကို မြင်လိုက်ပါတယ်။ အဲဒါက

လက်စွပ်ပုံတောင် ဖြစ်ပါလိမ့်မယ်။ ၎င်းက မြင့်မား ပြီးတော့ မိုးကောင်းကင်နဲ့ ချိတ်ဆက်ထားတာနဲ့ အလားသဏ္ဍာန် တူနေပါတယ်။

``သွားကြစို့``

လင်းဟန်က ဟူးညို့ရဲ့ လက်ကို ဆွဲပြီးတော့ အရှေ့ဘက်ဆီကို လမ်းလျှောက် သွားလိုက်ပါတယ်။

သူတို့က လက်စွပ်ပုံ တောင် ဆီကို စတင်ဦးတည် သွားကြပါတယ်။

လင်းဟန်က အရမ်းကို လျှင်မြန်စွာနဲ့ သတိထားမိလိုက်တာက ဒီနေရာမှာ ညအချိန် ဆိုတာ မရှိပါဘူး။ ပြီးတော့ ကောင်းကင်က လင်းလက်တောက်ပနေပေမဲ့ နေမင်းကြီး မရှိပါဘူး။ ဒါက ပြီးပြည့်စုံတဲ့ ကမ္ဘာတစ်ခုတော့ မဟုတ်ပါဘူး။ အဲဒီအစား အစွမ်းထက်တဲ့ လူတစ်ယောက်က ထူးကဲတဲ့ နည်းလမ်းတွေနဲ့ တကယ့်ကမ္ဘာအစစ် ကနေ ခွဲထုတ်ထားပါတယ်။ ဒါကြောင့် ၎င်းမှာ သဘာဝ အတိုင်း တကယ့်ကမ္ဘာ အစစ်နဲ့တော့ မတူညီပါဘူး။

ဒါက လျှို့ဝှက်နယ်မြေထဲကို ပထမဆုံးအကြိမ် ဝင်ရောက်လာခဲ့တာဖြစ်ပြီးတော့ အရာအားလုံးက အသစ်အဆန်းလိုမျိုး ခံစားနေရပြီးတော့ အရမ်းကို အံ့အားသင့် နေပါတယ်။

နေတစ်ဝက်လောက် ခရီးထွက်ပြီးတဲ့ အခါမှာတော့ ဟူးညိုက ဆာလောင်တဲ့ အတွက် စတင်ပြီး ဆန္ဒပြလာပါပြီ။

လင်းဟန်လည်းပဲ အနည်းငယ် ဆာသလိုတော့ ရှိပါတယ်။ ကံကောင်းတာက သူ့ဆီမှာ သိုလှောင်လက်စွပ် တစ်ကွင်းရှိပြီးတော့ အထဲမှာ အစားအစာတွေကို အဆင်သင့် သိုလှောင်ထားခဲ့ပါတယ်။ ဟူးညိုရဲ့ မကောင်းဆိုးဝါးဆန်ဆန် အစားလောဘ ကို ကျေနပ်နှစ်သိမ့်စေဖို့အတွက ် သူက မိစ္ဆာသားရဲ အသားတစ်ချို့ ကိုလဲ ပြင်ဆင်ထားခဲ့ပါတယ်။ ဒါက အသားအပိုင်းအစ ဖြစ်ပေမဲ့ အဲဒီထဲမှာ သာမာန် အသားကို စားတာကနေ ရရှိတဲ့ စွမ်းအင်ရဲ့ ဆယ်ဆ လောက်ထိ ပါဝင်ပါတယ်။

မိစ္ဆာသားရဲ့ အဆင့် ပိုပြီးမြင့်မားလေ သူတို့ရဲ့ အရိုးနဲ့ သွေးတွေ ထဲမှာ ပါဝင်တဲ့ စွမ်းအင် က ပိုများလေ ပဲဖြစ်ပါတယ်။

ဟူးညိုး ရဲ့ ခန္ဓာကိုယ်က ရောမပမာဏ ရှိတဲ့ စွမ်းအင်တွေကို

လိုအပ်သလိုမျိုး သူမက အရမ်းကို အစားစားတဲ့ ဆန္ဒက ကြီးမားပါတယ်။ သူတို့က စားလို့ ပြီးတော့ ခရီးဆက်ပြီး သိပ်မကြာခင်မှာ အနားယူဖို့ ရပ်လိုက်ကြပါတယ်။ သူတို့က မြက်ခင်း ပေါ်ကို လှဲချလိုက်ပီးတော့ အိပ်လိုက်ပီး ပြန်နိုးလာတဲ့အချိန်မှာ ဆက်ပြီးတော့ ခရီးထွက်ခဲ့ကြပါတယ်။

ဒီနေရာမှာ နိုင်ငံကိုးခုက လူတွေလည်းပဲ စုစည်းရောက်ရှိနေကြပါလိမ့်မယ်။ ပြီးတော့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် အဆင့်မြင့်ကျင့်ကြံခြင်းအဆင့် တွေလဲ ဂင်လာ နိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အခြေအနေတွက အားလုံးတော့ တည်တည်ငြိမ်ငြိမ် ရှိဖို့ မသေချာပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုယင် တကယ်လို့ သူတို့ အသက်ခံ လိုက်ရတဲ့အခါ ဘယ်သူက သူတို့အစား ငိုကြွေးပြီးတော့ လက်စားချေပေးမှာလဲ?

``ကြံ့ရာ ကျပန်း တည်နေရာ ရွှေပြောင်းခြင်းက တကယ့်ကို မုန်းစရာ ကောင်းတာပဲ``

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ အဲဒီလိုသာ မဟုတ်ဘူးဆိုယင်.. သူ့အနေနဲ့ ကွမ်းယွမ်ကို သူ့ဘေးမှာထားပြီးတော့ ကန်းရီကိုလဲ အမိန့်ပေးနိုင်ပါလိမ့်မယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီလိုမျိုး

သတိထားနေစရာ မလိုတော့ပါဘူး။ ဒါပေမဲ့ အခုတော့ သူက။

သူတို့က နေလား ညလား ဆိုတာကို မသိနိုင်တဲ့အတွက် လင်းဟန်က သူရဲ့ နှလုံးသား ထဲမှာ အချိန်တွေကို မှတ်သားထားပါတယ်။ သုံးရက်ခန့် ကြာတဲ့ အခါမှာ တော့ သူတို့က လက်စွပ်ပုံတောင် ရဲ့ အစစ်အမှန် ပုံသဏ္ဍာန်ကို မြင်လိုက်နိုင်ပါပြီ။ သူတို့အရှေ့က တောင်ကြီးက လွန်ခဲ့တဲ့ ရက်အနည်းက သူတို့ မြင်တွေ့ခဲ့ရတဲ့အတိုင်း အမည်းရောင် အတုံးအခဲကြီး မဟုတ်ပါဘူး။

အဲဒီတောင်ပေါ်မှာ သစ်ပင်ပန်းမန် တွေ တော်တော်များများ ပေါက်ရောက် နေပြီး တော့ ၎င်းရဲ့ ပါတ်ဂန်းကျင်မှာ အစိမ်းရောင်မြက်ပင်တွေ သိပ်မရှိပဲ တစ်ခြား အပင်မျိုးစိတ်တွေကပဲ လွှမ်းမိုးနေပါတယ်။ ဒီအပင်တွေက ခရမ်းရောင် ရှိပြီးတော့ အစိမ်းရောင်လွှင်ပြင် တစ်လျှောက်လုံးမှာ ပြန့်ကျဲ့နေတဲ့အတွက် သူတို့ရဲ့ မျက်လုံး နဲ့တောင်မှ တော်တော်ဝေးဝေးကနေ မြင်နိုင်ပါတယ်။ ဒါက အရမ်းကို ပြိုင်ဘက်ကင်း သဘာဝ ရှုခင်းတစ်ခုပဲ ဖြစ်ပါတယ်။

``အဲဒီနေရာမှာ ရပ်နေစမ်း``

သစ်ပင်တစ်ပင်ရဲ့ ထိပ်ပ်ကနေပြီး ရုတ်တရက် အသံတစ်ခုကို

ကြားလိုက်ရပါတယ်။

လင်းဟန်က ခေါင်းမော့ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ လူတစ်ယောက်က ထိပ်ဖျား ကနေ ဆင်းလာခဲ့ပါတယ်။ အဲဒီလူက သူ့ကို လက်တစ်ဖက် ဝှေ့ယမ်းပြနေပြီးတော့ အရှေ့ကို ဆက်ပြီးမတိုးဖို့ အချက်ပေးနေပါတယ်။ သူ့ရဲ့ မျက်လုံးတွေက စူးရှ ထက်မြက် နေတော့ တစ်ခြားလူ့ရဲ့ လက်မောင်းပေါ်က အမှတ်တံဆိပ်ကို သူ့လို ပဲ တူညီစွာနဲ့ မြင်နိုင်ပါတယ်။

``ဘာဖြစ်လို့လဲ?``

လင်းဟန်က မေးခွန်းထုတ်လိုက်ပါတယ်။

ဒီလူကို ကြည့်ရတာ ရန်လိုနေတဲ့ပုံစံရှိပြီးတော့ လင်းဟန်က တစ်ခုခုကို ဖျက်ဆီးပစ် လိုက်မှာကို ပိုပြီးတော့ ကြောက်ရွံ့တဲ့ ပုံစံရှိနေပါတယ်။ သူက ပြောလိုက်ပါတယ်။

``ငါတို့က မီးမျက်လုံး နွားသိုး တစ်ကောင် ကို သတ်ဖို့အဆင်သင့် ဖြစ်နေပြီ။ ပြီးတော့ ဒီ နယ်မြေတစ်ပိုက်ကို ငါတို့ အတားအဆီးတွေ ပိုင်းရံထားတယ်။ အဲဒါက မီးမျက်လုံး နွားသိုးကို ဆွဲဆောင်ဖြားယောင်း ဖို့ပဲ.. တကယ်လို့ မင်း

ဂင်သွားယင် ငါတို့ရဲ့ အစီအစဉ်တွေကို မင်းဖျက်ဆီးပစ်သွားနိုင်တယ်``

အပိုင်း (၂၁၅) မီးမျက်လုံး နွားသိုး

မီးမျက်လုံး နွားသိုးက အဆင့်သုံး မှော်တိရစ္ဆာသားရဲ တစ်ကောင်ဖြစ်ပါတယ်။ ၎င်းက အရမ်းကို မြင့်မားတဲ့ အဆင့်မဟုတ်ပေမဲ့လည်း သူ့ရဲ့ မျက်လုံးတွေက ရတနာတစ်ခု ဖြစ်ပါတယ်။ ၎င်းက အလွန်အမင်း အေးတဲ့ဒဏ်ကို ခံနိုင်ပြီးတော့ စွန့်စားသူတွေ အတွက်တော့ ၎င်းတို့က အရမ်းကို မြင့်မားတဲ့ တန်ကြေးရှိပါတယ်။ သူတို့အတွက် ဒီမျက်လုံးတွေက ရေခဲမတတ် အေးနေတဲ့ နေရာတွေမှာ အလွန်ကို အသုံးဝင် ပါလိမ့်မယ်။

ဒါကြောင့်လဲ မီးမျက်လုံး နွားသိုးတွေက အရေအတွက် အရမ်းကို နည်းနည်းလေးပဲ ကျန်ပါတော့တယ်။ ပြီးတော့ မီးမျက်လုံးနွားသိုးရဲ့ မျက်လုံးအိမ်တွေ အတွက် တန်ကြေး ကလဲ အရမ်းကို အံ့မခန်းဖြစ်လာပါတယ်။ ဒီလူတွေက ဒီနေရာမှာ မီးမျက်လုံး နွားသိုးတွေ ရှိတာကို ရှာတွေ့သွားတဲ့အခါမှာတော့ သူတို့က ၎င်းတို့ကို အမဲလိုက်ဖို့ ဆုံးဖြတ်လိုက်ကြတာ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ မီးမျက်လုံး နွားသိုးတွေက အုပ်စုလိုက်သွားတတ်ကြတာဖြစ်ပြီးတော့ တကယ်လို့ ၎င်းတို့က အလုအယက် အစုလိုက်အပြုံလိုက် တိုးဝင်လာမယ်ဆိုယင် စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေကို တောင်မှ ရင်ဆိုင်နိုင်ပါတယ်။ ဒီလူတွေထဲမှာ စိတ်ဂိဉာဉ်ပင်လယ်အဆင့် တစ်ယောက်မှ မပါဘူးဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် သူတို့အတွက် အုပ်စုကနေ တစ်ကောင်ကို အပေါ်ကို ရောက်အောင် ဘယ်လို ဖျားယောင်းရမလဲဆိုတာကို စဉ်းစားဖို့ လိုအပ်ပါတယ်။ ၎င်းတို့ထဲက တစ်ကောင်ကို အုပ်စုကနေ အပေါ်ကို မောင်းထုတ်နိုင်တဲ့အခါ ၎င်းကို သူတို့က အုပ်စုဖွဲ့ တိုက်ပြီးတော့ သတ်ပစ်ပါလိမ့်မယ်။

ဒီအတွေးတွေက လင်းဟန်ရဲ့ ခေါင်းထဲမှာ လျှပ်ပြက်သလို ပေါ်လာခဲ့တာပါ။ သူက ပေ့ါပါးစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒီနေရာက မင်းတို့ ပိုင်တာလဲမဟုတ်ဘူး.. ငါက ငါ့ရဲ့လမ်းကြောင်းအတိုင်းပဲ သွားနေတာ။ ဒါကြောင့် ဘာဖြစ်လို့ ငါက ဒီနေရာကို ရှောင်သွားပြီးတော့ တစ်ခြားလမ်းတစ်ခုကို ရွေးရမှာလဲ?``

``မင်း...``

ထိုလူက ပြောစရာစကား မဲ့သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

``တကယ်လို့ မင်းထွက်မသွားဖူးဆိုယင် ငါမင်းကို သတ်ပစ်ရလိမ့်မယ်။ မင်းက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့်မျှပဲ ရှိသေးတယ်။ ဒါတောင်မှ တကယ်ပဲ ဒီလိုမျိုး စိတ်ကြီးဝင်နေရဲ သေးတယ်ပေါ့လေ?``

ထိုလူက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့် ပဲရှိပါသေးတယ်။ ဒါပေမဲ့ သူရဲ့ ပြိုင်ဘက်က ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်ပဲရှိသေးတဲ့အတွက် သူက အပြတ်အသတ်ကို သာလွန်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ အခု သူမှာ မူလဒြပ်စင်အမှုန် တစ်ခုပဲ ကျန်ပါတော့တယ်။ ဒါကိုကြည့်ခြင်းဖြင့် သူက ရန်သူတွေကို အရမ်းကို ဆွဲဆောင် နိုင်စွမ်း ရှိနေပုံရပါတယ်။ သူက အဲဒီလူကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

``ခင်ဗျားက အင်အားကိုအသုံးပြုမယ်ဆိုတာ သေချာပြီလား?``

``ဗုန်း ဗုန်း ဗုန်း``

အဲဒီအချိန်မှာပဲ အနက်ရောင် ပုံသဏ္ဍာန် တစ်ခုက သူတို့ဆီကို အရမ်းကို လျှင်မြန်တဲ့ နှုန်းနဲ့ ပြေးဝင်လာခဲ့ပါတယ်။ အနီးကပ်ရောက်တော့ ကြည့်လိုက်တဲ့အခါမှာ အနက်ရောင် ရှိတဲ့ နွားသိုးကြီးတစ်ကောင်ဖြစ်ပြီးတော့ ၎င်းရဲ့ မျက်လုံးအတွင်းမှာ မီးတောက်တစ်ခု က တောက်ပပြီး လောင်ကျွမ်းနေတဲ့ ပုံစံမျိုး မြင်ရပါတယ်။

ဒီ မီးမျက်လုံး နွားသိုးရဲ့ အရှေ့မှာ ရှိနေတဲ့ သိုင်းပညာရှင်တစ်ယောက်က ဒီလူတွေနဲ့ အကြံတူနေပြီးတော့ နွားသိုင်းတစ်ကောင်ကို ၎င်းရဲ့ အုပ်စုကနေ အဝေးကို မောင်းထုတ် ကြတဲ့သူတွေပါပဲ။

``ဟင်?``

လင်းဟန်ရဲ့ နှလုံးသား လှုပ်ရှားသွားခဲ့ပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက်မှာ ရှိနေတဲ့ ထူးဆန်းတဲ့ မီးက လက်ရှိမှာ

ယိမ်းခါနေပါတယ်။ ၎င်းက လက်ရှိမှာ ရှီးရဲ့ ဆိုတဲ့ အသံတွေ ထွက်ပေါ်နေပြီးတော့ သူ့ကို မှုန်ဂါးဂါး အတွေးတစ်ခုကို ကူးပြောင်းပေးနေ ပါတယ်။

ထူးဆန်းတဲ့ မီး ကိုကြည့်ရတာ မီးမျက်လုံး နွားသိုးရဲ့ မီးတောက်နေတဲ့ မျက်လုံး နှစ်လုံး ကို အရမ်းကို စိတ်ဂင်စားနေပြီးတော့ ဂါးမျို ချင်နေတဲ့ ပုံစံပါပဲ။

လင်းဟာန်က ခေါင်းငြိမ့်လိုက်ပြီးတော့ အတွေးတစ်ခုကို ဆက်သွယ်ပြီး ပြောလိုက် ပါတယ်။

``တကယ်လို့ ငါ့မှာ အခွင့်အရေးရှိယင် မင်းအတွက် အဲဒါကို ယူပေးမယ်``

သူက အာမခံချက်တော့ မပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူအုပ်စုရဲ့ စွမ်းအင် အဆင့် ဘယ်လောက်ရှိတယ် ဆိုတာကို သူမသိပါဘူး။ သူက သူတို့အုပ်စုက လူနှစ်ယောက်ကို အဂေးကနေပဲ မြင်ရတာပါ။

လင်းဟာန်က ဘာမှမလှုပ်ရှားတာကို မြင်လိုက်ရတဲ့အခါမှာ သစ်ပင်ထိပ်ပေါ်က လူက ဘာမှဆက်မပြောတော့ပါဘူး။ အဲဒီအစား သူက မီးမျက်လုံး နွားသိုးကို စိုးရိမ်တကြီးနဲ့

စိုက်ကြည့်လိုက်ပါတယ်။

``တိုက်ကြ``

ကျယ်လောင်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ သစ်ပင်ကနေ ဆင်းလာတဲ့ သူတွေနဲ့ မြက်ရိုင်းပင်တွေကြားမှာ ပုန်းနေတဲ့ သူတွေက ဆယ်ယောက်ကျော် ထွက်ပေါ်လာပြီးတော့ နွားသိုးကို ဘက်ပေါင်းစုံကနေ ဝိုင်းထားလိုက်ကြပါတယ်။

လင်းဟန် ရဲ့ မျက်လုံးတွေက သူတို့ကို ပျော့ကြည့်လိုက်ပီးတော့ သူ့ရဲ့ နှလုံးသားထဲမှာ ဘယ်နှစ်ယောက်ရှိလဲ ဆိုတာကို ရေတွက်နေပါတယ်။ တစ်ယောက်က နွေဦးစမ်းရေ အလွှာ တတိယ အဆင့်.. တစ်ယောက်က နွေဦးစမ်းရေ အလွှာ ဒုတိယ အဆင့်.. နွေဦးစမ်းရေ အလွှာ ပထအဆင့် တစ်ယောက် နဲ့ ကျန်တဲ့ ဆယ့်နှစ်ယောက်က ဒြပ်စင်စုစည်းခြင်း အဆင့် ဖြစ်ကြပါတယ်။ အင်း.. ဒါက ပြဿနာ မရှိဘူး။

ဒီနေရာမှာ ပြဿနာ ရှိတာက မီးမျက်လုံး နွားသိုး ပဲ ဖြစ်ပါတယ်။

မီးမျက်လုံး နွားသိုး က အဆင့်သုံး မိစ္ဆာသားရဲ တစ်ကောင်ဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်သုံးခုမှာ ဘယ်အဆင့်ဆိုတာကို မသိပါဘူး။ ဒါက ဘာဖြစ်လိုလဲ ဆိုတော့ မိစ္ဆာသားရဲတွေက လူသားတွေနဲ့ ကျင့်ကြံခြင်းစနစ်က မတူညီပါဘူး။ ဒါကြောင့် သူတို့ရဲ့ အဆင့်ကို အာရုံခံဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့ လင်းဟာန် အတွက် ကတော့ သူ့ရဲ့ အာရုံတွေက တစ်ခြား ပုံမှန်လူတွေထက် သာလွန်ပြီးတော့ စိတ်ဝိဉာဉ်ပလ္လင် အဆင့် လက်ရွေးစင်တွေရဲ့ အာရုံခံနိုင်စွမ်း တောင်မှ သူ့လောက် အားမကောင်းပါဘူး။

``မီးမျက်လုံး နွားသိုးကို ကြည့်ရတာ နွေဦးစမ်းရေ နောက်ပိုင်းအဆင့်ပဲ ``

လင်းဟာန်က နှုတ်ခမ်းကို တွန့်ပြီး ပြုံးလိုက်ပါတယ်။

နွေဦးစမ်းရေ နောက်ပိုင်းအဆင့်က နွေဦးစမ်းရေ အစောပိုင်းအဆင့် ပြိုင်ဘက် အပေါ်မှာ လုံးဝ လွှမ်းမိုးနိုင်ပါတယ်။ နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်သုံးယောက် က ဒီလိုမျိုး စွမ်းအင်ကွာဟချက်ကို ဖာထေးနိုင်ဖို့ လုံးဝ မလုံလောက်ပါဘူး။ ဒို့အပြင် မိစ္ဆာသားရဲတွေက ပိုပြီးတော့ သန်မာပြီးတော့ တကယ်လို့

သိုင်းပညာရှင် တစ်ယောက်နဲ့ မိန္စာသားရဲတွေက အဆင့်တူတယ်ဆိုယင်တောင်မှ ၄င်းကို သတ်ဖို့ က အရမ်းကို ခက်ခဲနေဆဲဖြစ်ပါတယ်။ အဆင့် ကွာဟနေတယ်ဆိုယင် ဘာများ တတ်နိုင်ဦးမှာလဲ?

ဒီ သိုင်းပညာရှင်တွေမှာ လျို့ဝှက်ရတနာ တစ်ချို့ ရှိနေယင်တောင်မှ အခြေအနေကို ဘယ်လိုမှ ပြောင်းလဲနိုင်မှာမဟုတ်ပါဘူး။

သစ်ပင်ထိပ်က သိုင်းပညာရှင်ကလဲ ခုန်ဆင်းလာပြီးတော့ သူ့ရဲ့ အဖော်တွေနဲ့ ပူးပေါင်းပြီး မီးမျက်လုံး နွားသိုး ကို တိုက်ခိုက်လိုက်ပါတယ်။ လင်းဟန်ကတော့ ဘာမှ မလုပ်ပဲနဲ့ အစောကလူရဲ့ နေရာဖြစ်တဲ့ သစ်ပင်ပေါ်ကို တက်လိုက်ပြီးတော့ ဟူးညို နဲ့ အတူတူ စောင့်ကြည့်နေပါတယ်။

လူဆယ့်ငါးယောက် စလုံးပဲ သူတို့ရဲ့ လက်နက်တွေကို ဆွဲထုတ်ပြီးတော့ နွားသိုး ကို အုပ်စုဖွဲ့ပြီးတော့ စတင်တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ မီးမျက်လုံး နွားသိုး က ၄င်းရဲ့ ရှိန်လောက်တဲ့ ပုံစံကို ဖော်ပြပြီးတော့ အဲဒီလူတွေဆီကို ပြင်းပြင်းထန်ထန် ရုတ်တရက် တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။

ငင်းရဲ့ ပါးစပ်ကနေ အရမ်းကို အစွမ်းထက်လှတဲ့ မီးဘောလုံးတွေ ထွက်လာပါတယ်။ အဲဒီလူတွေထဲက တစ်ယောက်က အလေးမထားပဲနဲ့ သူရဲ့ ဓါးကို သုံးပြီးတော့ ကာကွယ် လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီ မီးဘောလုံးကို တဂက်ဖြစ်အောင် မလှီးဖြတ် နိုင်တဲ့အတွက် အဲဒီ မီးဘောလုံးက သူရဲ့ ရင်ဘက်ကို တိုက်ရိုက်ထိမှန် သွားပြီးတော့ ချက်ချင်းပဲ သူရဲ့ ခန္ဓာကိုယ်မှာ ကြီးမားတဲ့ အပေါက်ကြီးပေါ်လာပြီးတော့ တစ်ချက်ထဲ နဲ့ သူကို သတ်ပစ်လိုက်ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါမှာ ကျန်တဲ့ လူ ဆယ့်လေးယောက်စလုံးရဲ့ အမူအရာ တွေက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားခဲ့ပြီးတော့ သူတို့ရဲ့ လှုပ်ရှားမှုတွေက ပိုပြီးတော့ ဂရုတစ်စိုက်ရှိလာကြပါတယ်။

ဒါပေမဲ့ ဒီမီးမျက်လုံး နွားသိုးက အရမ်းကို အစွမ်းထက်ပါတယ်။ နွေဦးစမ်းရေ အလွှာ နောက်ပိုင်းအဆင့် စွမ်းအားရဲ့ အထောက်အပံ့နဲ့ ဆိုတော့ ငင်းကို လုံးဂ မရပ်တန့် နိုင်ပါဘူး။ ငင်းရဲ့ ဦးချိုတွေနဲ့ ခွေတယ် ခတ်ထုတ်တယ်။ လူတိုင်းလူတိုင်းအပေါ်ကို လွှမ်းမိုးထားခဲ့ပါတယ်။ သူတို့က ငင်းကို အုပ်စုဖွဲ့ တိုက်ခိုက်တာထက် သူတို့ကသာ

ရုပ်ပျက်ဆင်းပျက် ဖြစ်နေတယ်ဆိုတာက ပိုပြီးတော့ သင့်တော်ပါတယ်။

ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင်တွေက နွားသိုးကြောင့် စာခြောက်ရုပ်တွေလို အဝေးကို လွင့်ထွက်သွားကုန်ကြပါတယ်။ တကယ်လို့ သူတို့က မီးဘောလုံး တွေနဲ့ မထိမှန်ဘူးဆိုယင်တောင်မှ နွားသိုးကြီးရဲ့ ဦးချိုနဲ့ ထိုးဖောက်တာ ဒါမှမဟုတ် ဆောင့် တာ ခံရတာကလဲ ကောင်းတဲ့ ခံစားချက်မှမဟုတ်တာ။ တစ်ချို့ဆို အစာအိမ်တွေကို ထိုးဖောက်တာ ခံလိုက်ရပြီးတော့ သူတို့ရဲ့ အူတွေက ထွက်ကျလာပြီး ကြီးမားတဲ့ အပျက်အစီးမြင်ကွင်းက စိတ်ပျက်ဖွယ်ရာ ကောင်းလှပါတယ်။

``စီနီယာ အစ်ကိုကြီး မာ... ငါတို့ရဲ့ အဆုံးစွန် တိုက်ခိုက်မှုကို အသုံးပြုရလိမ့်မယ်``

နွေဦးစမ်းရေ အလွှာ ဒုတိယ အဆင့် သိုင်းပညာရှင် ကပြောလိုက်ပါတယ်။

``လဗ္ဗတ်ပေါ့``

စီနီယာ အစ်ကိုကြီး မာ လို အခေါ်ခံလိုက်ရတဲ့ နွေဦးစမ်းရေ အလှ္ဘာ တတိယအဆင့် သိုင်းပညာရှင် က ကျိန်ဆဲလိုက်ပြီးတော့ အင်တင်တင်နဲ့ သူ့ရဲ့ ဂတ်စုံထဲက စိတ်ဂိဉာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို ဆွဲထုတ်လိုက်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်ကို ပြုန်းခနဲ ချလိုက်ပါတယ်။

``မီးမျက်လုံး နွားသိုးတစ်ကောင် ကို သတ်ဖို့ ငါက ခွန်အား အဆောင်လက်ဖွဲ့ တစ်ခု ကို အသုံးပြုရတယ်။ အကျိုးအမြတ်က အများကြီး မကျန်တော့ဘူး``

တစ်ခြားသူတွေ အားလုံး တိတ်ဆိတ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီနီယာ အစ်ကို မာ က သူငွေ ဘယ်လောက်ရနိုင်မလဲဆိုတဲ့ အကြောင်းနဲ့ ပတ်သတ်ပြီးတော့ ပြောပြီးတော့ သူတို့ထဲက ဘယ်သူက ဒဏ်ရာရပြီး အသတ်ခံရသလဲ ဆိုတာနဲ့ ပတ်သတ်ပြီးတော့ မဖော်ပြခဲ့ပါဘူး။ ဒါက သူတို့ကို အရမ်းပဲ စိတ်ပျက်လက်ပျက် ဖြစ်စေခဲ့ပါတယ်။

သူတို့က ပထမတော့ အတူတူ မဟုတ်ကြပါဘူး။ အဲဒီအစား သူတို့က စီနီယာ အစ်ကို မာ နဲ့ သူ့ရဲ့ အဖော်နှစ်ယောက်ကို လမ်းမှာတွေ့ခဲ့ကြတာပါ။ ခြိမ်းခြောက်မှု နဲ့ ကတိတွေကြောင့် သူတို့က ဒီ အမဲလိုက် အဖွဲ့မှာ ပူးပေါင်းလိုက်ကြပါတယ်။

ဒါပေမဲ့ ဒါကို ကြည့်ရတာက သူတို့က ဒီ နွားသိုး အာရုံမစိုက်နိုင်အောင်လို့ လုပ်တဲ့ တည်ကြက် သာသာမျှပဲ ရှိပါတယ်။

စိတ်ဂိဉာဉ် အဆောင်လက်ဖွဲ့ က အာနိသင်ကို ချက်ချင်းပဲ ရယူလိုက်ပါတယ်။ စီနီယာ အစ်ကိုကြီး မာ က ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပီးတော့ မယုံနိုင်စရာ ကောင်းအောင်ပဲ သူရဲ့ ယခင် အရွယ်အစားကနေ နှစ်ဆထိ ဖောင်းလာခဲ့ပါတယ်။ သူရဲ့ ခန္ဓာကိုယ်ပေါ်က အဂတ်အစားတွေက ချက်ချင်းပဲ အပိုင်းပိုင်း အစိတ်စိတ် စုတ်ပြဲကုန်ပါတယ်။ ကံကောင်းတာက သူရဲ့ အတွင်းခံ က ဘယ်လိုပစ္စည်းနဲ့ လုပ်ထားသလဲဆိုတာတော့ မသိပေမဲ့ ရုတ်တရက် သူရဲ့ အရွယ်အစားကြီးလာတာ ကိုတော့ ခိုင်ခံ့အောင်တော့ လုပ်ထားနိုင်ပါတယ်။

သူရဲ့ ခန္ဓာကိုယ်ပေါ်က သွေးကြောတွေ အမြောက်အများက ထောင်ထလာပြီးတော့ သူရဲ့ ကြွက်သားတွေကလဲ ကြီးထွားသန်မာလာပြီး ခွန်အားတွေ အပြည့်အဂ ရရှိတဲ့ ပုံပေါ်နေပါတယ်။

ခွန်အား အဆောင်လက်ဖွဲ့ က တကယ့် အံ့မခန်း အောင်မြင်မှုတွေကို ခွန်အားကို အသုံးပြုပြီးတော့

ရရှိနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ခွန်အားဆိုတာက အရာ အားလုံးကို လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ လုံလောက်ပါတယ်။

မီးမျက်လုံး နွားသိုးက သူ့ကို ဒေါသတကြီးကြည့်နေပါတယ်။ ဒီလူသားက သူ့ကို အန္တရာယ်ပြုနိုင်တယ်ဆိုတဲ့ ခံစားချက်မျိုး ရနေပါတယ်။ ၎င်းက ရပ်လိုက်ပီးတော့ သူ့ရဲ့ ဦးချို ကို စီနီယာအစ်ကိုကြီး မာ ဆီကို ဦးတည်လှည့်လိုက်ပီး သူ့ရဲ့ အရှေ့ ခြေထောက်နဲ့ မြေကြီးကို ယက်ပြီး အားယူနေပါတယ်။

``သွား သေလိုက်စမ်း``

စီနီယာ အစ်ကိုကြီး မာ က ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပြီးတော့ သူ့ရဲ့ လက်ထဲက သတ္တုတုတ်ချောင်း တစ်ခု ကိုဝှေ့ပြီးတော့ မီးမျက်လုံးနွားသိုး ကို တိုက်ခိုက်လိုက်ပါတယ်။

မီးမျက်လုံး နွားသိုးရဲ့ ပင်ကိုယ်စရိုက်က ကမူးကရှူး လုပ်တတ်တဲ့ အမျိုးအစား ဖြစ်တယ် ဆိုတာ သိသာထင်ရှားပီးတော့ ရှောင်တိမ်းတာတွေ ဘာတွေ မလုပ်ပါဘူး။ ဒါကြောင့် ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ဖို့ ဆန္ဒမရှိပဲနဲ့ အဲဒီအစား ၎င်းရဲ့ ဦးချို နဲ့ ဒီတိုက်ခိုက်မှုကို

ခုခံလိုက်ပါတယ်။

သတ္တုတုတ်ချောင်း က နွားသိုးကြီးရဲ့ ဦးချို ကို ရိုက်မိသွားခဲ့ပြီးတော့ မီးပွားတွေ ထွက်လာခဲ့ပါတယ်။ မီးမျက်လုံးနွားသိုးရဲ့ အရှေ့ခြေထောက်တွေက ဖိအားကြောင့် မြေကြီးထဲကို နှစ်သွားပြီးမှ ရပ်သွားပါတယ်။ ထိုအချိန်အတွင်းမှာ သတ္တုတုတ်ချောင်း က ဒီဖြစ်ရပ်ကြောင့် လွှင့်ထွက်သွားပြီးတော့ စီနီယာ အစ်ကိုမာရဲ့ လက်မနဲ့ လက်ညှိုး နှစ်ခုကြားက အရေပြားကိုပါ ပြတ်ရှသွားစေပြီးတော့ ချက်ချင်းဆိုသလို သွေးတွေက ပန်းထွက်လာပါတယ်။

လင်းဟန်က သူ့ကို မြင်လိုက်တဲ့အခါမှာ သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ဒီ နှစ်ကောင် က တကယ့်ကို ဦးနှောက်မရှိတဲ့ နှစ်ကောင်ပဲ ဆိုတာကို တွေးနေပါတယ်။ ဒီလိုမျိုး တုံးအလွန်းတဲ့ နည်းလမ်းနဲ့ ခွန်အားကို တကယ်ပဲ အသုံးပြုကြတယ်။ ဒါပေမဲ့ တကယ်လို့ ငတုံးတစ်ယောက် က နောက်ထပ် ငတုံးတစ်ကောင်နဲ့ ရင်ဆိုင်ရမယ်ဆိုယင်တော့ ဒါက ကောင်းပါတယ်။ ဒီလိုမျိုး ထိပ်တိုက်ရင်ဆိုင်လိုက်တာက အနိုင်အရှုံးကို လျင်လျင်မြန်မြန်နဲ့ပဲ အဆုံးအဖြတ်ဖြစ်သွားစေပါလိမ့်မယ်။

မီးမျက်လုံး နွားသိုးက ၄င်းရဲ့ခြေထောက်တွေကို အားယူပြီးတော့ မြေကြီးကနေ ချက်ချင်း စပရိန်လို ခုန်ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီထိပ်တိုက်တွေ့ဆုံမှု အပြီးမှာတော့ အရမ်းကို စိုးရိမ်ပူပန်တဲ့ ခံစားချက် ဖြစ်ပေါ်သွားခဲ့ပြီးတော့ နောက်ထပ် တိုက်ခိုက်မှုကို ဂရုမစိုက်ပဲနဲ့ မလုပ်ရဲတော့ပါဘူး။ အဲဒီအစား သူက စီနီယာ အစ်ကိုမာ ကို ၄င်းရဲ့ မျက်လုံးတွေနဲ့ အရမ်းကို သတိထားပြီး စိုက်ကြည့်နေ လိုက်ပါတယ်။

မိစ္ဆာသားရဲတွေရဲ့ နားလည်နိုင်စွမ်းရဲ့ ပထမ အလုပ်က အသက်ရှင်သန် ဖို့ပဲ ဖြစ်ပါတယ်။

``ငါနဲ့အတူ တိုက်ခိုက်ကြ... ငါတို့ ဒီ တိရိစ္ဆာန် ကို သတ်ပစ်ရအောင်``

စီနီယာ အစ်ကိုကြီး မာက အားလုံးကို လှုံ့ဆော်လိုက်ပါတယ်။ သူက တစ်ခြားသူ တွေက သူ့အတွက် တိုက်ခိုက်ဖို့ အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးဖို့ လိုပါတယ်။

အပိုင်း (၂၁၆) ဖျက်ဆီးခြင်းအလင်းတန်း ဆယ်ခု

ဘယ်သူကမှ မတိုက်ခိုက်ချင်ကြ ပါဘူး။

ဘာကြောင့်လဲဆိုတော့ စီနီယာ အစ်ကိုကြီး မာက ခွန်အား အဆောင်လက်ဖွဲ့ တစ်ခုကိုတောင်မှ အသုံးပြုခဲ့ပြီးပါပြီ။ အဲဒီအရာ က အရမ်းကို ဈေးကြီးပြီးတော့ မီးမျက်လုံးနွားသိုးရဲ့ တန်ဖိုးထက် မနည်းပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့ က ဒီမီးမျက်လုံး နွားသိုးကို အမှောက်သိပ်နိုင်ယင်တောင်မှ စီနီယာ အစ်ကိုကြီး မာ က ဝေစုအများဆုံး ယူပါလိမ့်မယ်။ ပြီးတော့ ကျန်တဲ့သူတွေက ဘယ်လောက်များ ရနိုင်မှာမို့လို့လဲ?

ငွေပြားရာဂဏန်း အနည်းငယ်မျှအတွက်နဲ့ အသက်ကိုရင်းရမဲ့ဟာကိုတော့ ဘယ်သူကများ ဒီလိုအရာမျိုးကို လုပ်ချင်မှာလဲ?

ဒါပေမဲ့ သူတို့အနေနဲ့ မလုပ်ပဲနဲ့လဲ မရပါဘူး။ သူတို့ကို စီနီယာ အစ်ကိုကြီးမာ က အကြည့်စူးစူးတွေနဲ့ စိုက်ကြည့်နေပြီးတော့ ဘယ်သူမဆို မတိုက်ခိုက်ဘူးဆိုယင် စီနီယာ အစ်ကိုကြီးမာရဲ့ လက်ချက်နဲ့ အယင်ဆုံး သေရပါလိမ့်မယ်။

ဒီနေရာမှာ ဘာစည်းမျဉ်းစည်းကမ်းမှ မရှိပါဘူး။

သူတို့ကိုယ် သူတို့ အားပေးပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ အယောက်စီတိုင်းပဲ ပိုပြီးတော့

သတိထားနေကြပါတယ်။ နွားသိုးဦးချိုနဲ့ ဂင်ဆောင့်တာ ဒါမှမဟုတ် ၎င်းရဲ့ မီးဘော်လုံးနဲ့ အထိခိုက်ခံရတာမျိုးကိုပါ။ တကယ်လို့ သူ့တို့ အနေနဲ့ မသေယင်တောင်မှ သူတို့ရဲ့ အသက်တစ်ဝက်လောက် ဆုံးရှုံးသွားပါလိမ့်မယ်။

သူတို့က အားနည်းပေမဲ့လည်း မီးမျက်လုံးနွားသိုးရဲ့ အာရုံစိုက်မှု အနည်းငယ် ရအောင်လို့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။ စီနီယာ အစ်ကိုကြီးမာက အခွင့်ကောင်း ယူပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ကြီးမားတဲ့တိုက်ပွဲကြီးတစ်ခု နောက်တစ်ကြိမ် ပြန်စခဲ့ပါပြီ။

အခု စီနီယာ အစ်ကိုကြီးမာ က လူဆယ်ယောက်ရဲ့ အကူအညီနဲ့ မီးမျက်လုံး နွားသိုးကို လက်ရည်တူ တိုက်ခိုက်နိုင်ပြီးတော့ သူကတောင် အသာစီး ရယူထား နိုင်ပါတယ်။ မီးမျက်လုံးနွားသိုး က စီနီယာ အစ်ကိုကြီးမာရဲ့ တိုက်ခိုက်မှု တော်တော် များများကို ခံလိုက်ရတဲ့အခါမှာ ကြောက်ရွံ့လာခဲ့ပါတယ်။ ၎င်းက ထွက်ပြေးချင် နေပါပြီ။

ဒါပေမဲ့.. စီနီယာ အစ်ကိုကြီးမာ နဲ့ ကျန်တဲ့သူတွေ က ကြီးမားတဲ့ တန်ကြေးတစ်ခု ကို ပေးထားခဲ့ရတဲ့ အတွက် သူတို့ရဲ့ သားကောင်ကို ဘယ်လိုလုပ်ပြီးတော့ လွတ်မြောက် ခွင့်ပြုနိုင်မှာလဲ? သူတို့ရဲ့ အစွမ်းကို

အကုန်လုံးအသုံးပြုပြီးတော့ ဖြစ်နိုင်သမျှ နည်းလမ်းအကုန်သုံးတဲ့ အတွက် မကြာခင်မှာပဲ မီးမျက်လုံး နွားသိုး ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ ပေါ်လာခဲ့ပါတယ်။

မို့စ္စာသားရဲက အခု လွတ်မြောက်ဖို့ လမ်း မဖြစ်နိုင်တော့ဘူးဆိုတာ သိသွားပါတယ်။ ဒါကြောင့် အဲဒီအစား ၎င်းက ရက်စက်ကြမ်းကြုတ်စွာနဲ့ အားလုံးကို ကြည့်လိုက်ပါတယ်။ဒါက အသေအကြေ တိုက်ခိုကဖို့အတွက် ဖိအားပေးလာခဲ့ပါပြီ။

``မီးမျက်လုံး နွားမှာ မွေးရာပါ လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာတစ်ခု ရှိတယ်။ ဖျက်ဆီးခြင်းအလင်း ဆယ်ခု လိုခေါ်ပြီးတော့ အဲဒါက သူရဲ့ ခန္ဓာကိုယ်အတွင်းက မီးစွမ်းအင် အရင်းအမြစ်ကို တစ်ကြိမ်လောက် လောင်စာအဖြစ်နဲ့ ရှို့နိုင်ပြီးတော့ အဲဒ်က အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ထိခိုက်ပျက်စီးမှု ကိုဖြစ်စေတယ်။ ဒါပေမဲ့ ဒါက မီးမျက်လုံးနွားသိုးရဲ့ မီးစွမ်းအင် အရင်းအမြစ်လည်း ပျက်စီးသွားပြီး တော့ လုံးဝ ပြန်ကောင်းလာနိုင်ချေ မရှိဘူး``

လင်းဟန်က သူကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

``ဟုတ်တယ် ဟုတ်တယ် ဟုတ်တယ်``

ဟူးညို က သူမ ဘာမှ နားမလည်ပေမဲ့လည်း နားလည်သလိုလို ဟန်ဆောင်ပြီးတော့ ခေါင်းငြိမ့် ထောက်ခံလိုက်ပါတယ်။

ဒီ စီနီယာ အစ်ကိုကြီးမာ နဲ့ ကျန်တဲ့သူတွေက မီးမျက်လုံးနွားသိုးရဲ့ အဆုံးစွန် စွမ်းရည် ကိုမသိဘူးဆိုတာ အရမ်းကို သိသာထင်ရှားပါတယ်။ ဒါကြောင့် သူတို့အားလုံး ပြင်းပြင်းထန်ထန်နဲ့ နေရာပေါင်းစုံကနေ တိုက်ခိုက်နေကြပါတယ်။

``အားလုံးပဲ နည်းနည်းလောက် ပိုပြီးအားစိုက်ထည့် ကြပါ... ဒီ မိစ္ဆာသားရဲ နွားသိုး က အဆုံးသတ်တော့မယ်``

``နွားသိုးရဲ့ မျက်လုံးတွေက တန်ဖိုးအရှိဆုံး ဆိုပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ဘီးဇော့ (သည်းခြေကျောက်) တစ်ခုလည်းရှိတယ် အဲဒါကိုလည်း ငါတို့ရလိမ့်မယ်``

(ဘီးဇော့ ဆိုတာ ဟယ်ရီပေါ်တာ ဇာတ်ကားထဲမှာတော့ ဘီးဇော့ လို့ပဲရေးထားပါတယ် အစာအိမ်အတွင်းမှာ ဖြစ်ပေါ်တတ်တဲ့ ကျောက်အလုံး တစ်မျိုးပါပဲ

တစ်ချို့နိုင်ငံတွေမှာတော့ မှော်အစွမ်းရှိတယ်လို့ လက်ခံယုံကြည်တတ်ကြပြီးတော့ အဲဒီလို သည်းခြေကျောက်ကိုတော့ စားမြုံပြန်တတ်တဲ့ သတ္တဝါတွေ အမျှင်စားတတ်တဲ့သတ္တဝါ တွေမှာ ရှားရှားပါးပါး တွေ့ရတတ်ပြီးတော့ အဲဒီအမျှင် တွေက စုပြီးတော့ ကျောက်တုံးတစ်ခုလို ဖြစ်ပေါ်လာတဲ့ ကျောက်ပါ မြန်မာတွေ ဆိုယင်တော့ အမတေ အမြုတေ စသည်ဖြင့် ခေါ်ပေါ်တတ်ကြတဲ့ ကျောက်တစ်မျိုး ဖြစ်ပါတယ်။)

``အစွမ်းကုန် တိုက်ကြ.. တကယ်လို့ အပါးခိုဖို့ကြံယင် နောင်တကောင်းကောင်း ရသွားအောင်လို့ ငါလုပ်ရလိမ့်မယ်``

စီနီယာ အစ်ကိုကြီး မာနဲ့ သူ့ရဲ့ အဖော်နှစ်ယောက်ရဲ့ တင်းကျပ်တဲ့ အမိန့် အောက်မှာ လူတိုင်းလူတိုင်းပဲ သူတို့ရဲ့ တိုက်ခိုက်မှုတွေကို တိုးမြှင့်လိုက်ပြီးတော့ စီနီယာ အစ်ကိုကြီးမာ တိုက်ခိုက်ဖို့ အတွက် အခွင့်အရေးရအောင် လုပ်ပေးလိုက်ပါတယ်။

``ဟုမ်း``

မီးမျက်လုံး နွားသိုး ရဲ့ ခန္ဓာကိုယ် အတွင်းပိုင်းကနေ ပြင်းထန်

အားကောင်းတဲ့ မီးတစ်ခု ပန်းထွက်လာခဲ့ပီးတော့ မီးဘောလုံး တစ်ထောင် တစ်သောင်း လောက် အတူတကွ ပေါင်းပြီးတော့ တိုက်ခိုက်လိုက်သလိုမျိုး နေရာအနှံ့အပြားကို ပျံ့လွှင့် ထွက်သွားပါတယ်။ သိုင်းပညာရှင်တွေက နောက်ဆုတ်လိုက်ဖို့ ရှောင်တိမ်းလိုက် ကြပါတယ်။

ဒါပေမဲ့ ဒီမီးတောက်ရဲ့ အရှိန်က အရမ်းကို မြန်လွန်းပါတယ်။ ကျင့်ကြံခြင်း အဆင့် မြင့်မားတဲ့ စီနီယာ အစ်ကိုကြီးမာ နဲ့ သူ့ရဲ့ အဖော်တွေပဲ မီးတောက် လောင်ကျွမ်းတဲ့ ဧရိယာကနေ လွတ်မြောက်နိုင်ခဲ့ပြီး ကျန်တဲ့သူတွေကတော့ လောင်ကျွမ်း ပြာကျ သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း စီနီယာ အစ်ကိုကြီး မာနဲ့ သူ့ရဲ့ အဖော်တွေရဲ့ ခန္ဓာကိုယ်ပေါ်မှာလဲ မီးလောင်ကျွမ်းထားတဲ့ အမှတ်အသားတွေ အများကြီး ရှိနေပြီးတော့ ၎င်းတို့ ကိုယ်တိုင်လဲ မီးဟပ်သွားတဲ့ လက္ခဏာ တွေ့မြင်ရပါတယ်။

ဒီ အဆုံးမဲ့ နောက်ဆုံးတိုက်ကွက်ကြောင့် မီးမျက်လုံး နွားသိုးက ချက်ချင်းဆိုသလို ရပ်ဖို့တောင်ခွန်အား မကျန်တော့ပဲနဲ့ မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။

``သေစမ်း သေစမ်းကွာ``

စီနီယာ အစ်ကိုကြီးမာ က နာကျင်မှုကြောင့် ငိုကြွေးပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။

``ငါ ဆေးလုံးတွေ တော်တော်များများကို ကုသဖို့အတွက် ဖြုန်းလိုက်ရပြီ.. ဒီတစ်ကြိမ် တကယ်ပဲ အမြတ်အစွန်း လုံးဝ မရှိသလောက်ပဲ``

``ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ဒီ မိစ္ဆာသားရဲကို အလဲသိပ်လိုက်နိုင်ပြီ``

သူတို့ထဲက တစ်ယောက်က ပြုံးပြီးတော့ မီးမျက်လုံး နွားသိုးရဲ့ ဦးနှောက်ကို ဓါးနဲ့ ထိုးဖောက်ပစ်လိုက်ပါတယ်။

``ဒါပေမဲ့ ငါတို့က တစ်ယောက်ယောက်ကို သတ်ပစ်ဖို့ လိုနေသေးတယ်``

စီနီယာ အစ်ကိုကြီးမာက သူ့ရဲ့ တုတ် ကို သယ်ပြီးတော့ လင်းဟန် ထိုင်နေတဲ့ သစ်ပင်ဆီကို လျှောက်သွားလိုက်ပါတယ်။ သူက သရော်တဲ့ အပြုံးတစ်ခုကို ပြုံးပြ ပြီးတော့ ပြောလိုက်ပါတယ်။

``ကောင်လေး..... မင်းလိုမျိုး ကြွက်ကလေးတစ်ကောင်ကို ငါရှာမတွေ့ဖူးလို့ မင်းထင်နေတာလား?``

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူတို့ထဲက လူတစ်ယောက်က နွားသိုးရဲ့ ဦးနှောက်ကို ဓါးနဲ့ ဖောက်ပစ်လိုက်ကတည်းက သူရဲ့ တည်ရှိနေမှုကို ပုန်းမထားတော့တဲ့ အတွက် ပါတ်ဝန်းကျင်မှာ ရှိတဲ့လူတွေက သူ့ကို ရှာတွေ့နိုင် ကြပါတယ်။ အဲဒါကို ဂုဏ်ယူနေစရာလိုလို့လား?

``အများကြီး သေကုန်ကြပြီ.. မင်းက လွတ်မြောက်ချင်နေသေးတာလား?``

စီနီယာ အစ်ကိုကြီးမာ က နှာခေါင်းရှုံ့လိုက်ပီးတော့ သူ ရဲ့ တုတ်ကို လွှဲပြီးတော့ ရိုက်ချလိုက်ပါတယ်။

သတ္တု တုတ်ချောင်းက သစ်ပင်ကြီးကို ရိုက်မိသွားပြီးတော့ ချက်ချင်းပဲ လဲပြိုကျသွားခဲ့ပါတယ်။

လင်းဟန်က ဟူးညို ကို သယ်ပြီးတော့ အနီးမှာ ဆင်းလိုက်ပါတယ်။ သူရဲ့ မျက်လုံး တွေက အေးစက်စက်နဲ့ စူးရှ နေပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့မှာ ရန်ငြိုးရန်စနဲ့ အမုန်းတရားတွေ မရှိပဲနဲ့ ခင်ဗျားက ကျုပ်ကို သတ်ဖို့ ကြိုးစားနေ သေးတယ်ပေါ့လေ?``

``နာကျင်မှုတွေအတွက်တော့ ငါတို့ကို အပြစ်မတင်နဲ့..တကယ်လို့ ငါတို့ ဒဏ်ရာ တွေကို ကုသနေတဲ့အချိန်မှာ မင်းက ငါတို့ကို လုပ်ကြံမယ်ဆိုယင် ငါတို့က ခုခံ ကာကွယ်နိုင်မှာမဟုတ်ဘူး? ဒါကြောင့် မင်းအခု သေလို့ရပြီ``

စီနီယာ အစ်ကိုကြီးမာ က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ရီမောလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဘယ်အရာကများ ခင်ဗျား ကျုပ်ကို ရိုက်နိုက်နိုင်မယ်လို့ယုံကြည်မှုကို လုပ်ပေးနိုင် တာလဲ?``

``ဟားဟားဟား``

စီနီယာ အစ်ကိုကြီး မာနဲ့ သူ့ရဲ့ အဖော်တွေက ကျယ်လောင်စွာနဲ့ ရီမောလိုက် ကြပါတယ်။

``ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့် မျှသာ ရှိသေးတဲ့ သိုင်းပညာရှင် တစ်ယောက် ကများ.... မင်းက ငါတို့ကို ငရဲပို့ပေးနိုင်လိမ့်မယ်လို့ များ ထင်နေတာလား?

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

`` ကျုပ် က တကယ်တမ်းတော့ အေးစက်စက်နဲ့ မလုပ်ချင်ပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ဂက်ခေါင်းသုံးခေါင်း ကိုတော့ ကျုပ် က ဖြတ်ပစ်နိုင်ပါသေးတယ်``

``မိုက်ရိုင်းလိုက်တာ``

သူတို့ထဲက တစ်ယောက်က အော်ဟစ်ပြီးတော့ အေးစက်စက်နဲ့ စိုက်ကြည့်လိုက် ပြီးတော့ သူ့ရဲ့ လက်ထဲက ဓါး နဲ့ လင်းဟန်ကို ခုတ်ပိုင်းလိုက်ပါတယ်။

သူက နွေဦးစမ်းရေ အလွှာ ပထမအဆင့် ဖြစ်ပီးတော့ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရနေတာတောင်မှ ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့်မှာပဲ ရှိသေးတဲ့ တစ်စုံတစ်ယောက် ကိုတော့ ရင်ဆိုင်ဖို့ တစ်ချက်ထက် ပိုပြီးတော့ တိုက်ခိုက်စရာ မလိုပါဘူး။ ဒါကြောင့် စီနီယာ အစ်ကိုကြီးမာနဲ့ ကျန်တဲ့ တစ်ယောက်က ပျော်ရွှင်စွာ နဲ့ ပြုံးပြီးတော့

ကြည့်နေလိုက်ပါတယ်။

လင်းဟန်က လှုပ်ရှားလိုက်ပြီးတော့ သူ့ရဲ့ ဓါးနဲ့ ခုတ်လိုက်ပြီး ဓါးချီအလင်း ခြောက်ခု က ပျံသန်းထွက်ပေါ် လာခဲ့ပါတယ်။

``ဘာ?``

``ဓါးချီအလင်းခြောက်ခု တောင်လား?``

စီနီယာ အစ်ကိုကြီး မာ နဲ့ ကျန်တဲ့တစ်ယောက်က တစ်ချိန်တည်းပဲ အံ့အားသင့်စွာ နဲ့ အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့က ချက်ချင်းဆိုသလို တည်ငြိမ်ပြီး အိန္ဒြေရသွားပါတယ်။ ကိစ္စမရှိဘူး ကိစ္စမရှိဘူး ဓါးချီအလင်းခြောက်ခု က သတိပေး သလိုပဲ ရှိတယ်.. လင်းဟန်ရဲ့ အဆင့်က အရမ်းကို နိမ့်ကျပါတယ်။ တကယ်လို့ ဓါးချီအလင်း ဆယ်ခု ထုတ်ဖော်နိုင်တယ် ဆိုယင်တောင်မှ အဆင့်ကိုးဆင့် ကွာဟ ချက်ကို ဖာထေးဖို့ မဖြစ်နိုင်ပါဘူး။

မျက်စိကျိန်းမတတ် အလင်းကြီး ကွယ်ပျောက်သွားတဲ့နောက်မှာ သူတို့ က လင်းဟန်ရဲ့ ဓါးချီတွေက သူတို့ဘက်က နွေဦးစမ်းရေအလွှာ ပထမအဆင့် သိုင်းပညာရှင် ရဲ့ ခန္ဓာကိုယ်ကို ဖြတ်သွားပြီးတော့ သူ့ရဲ့

ခန္ဓာကိုယ်ကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လှီးဖြတ်သွားပြီး အသားတုံး အသားစတွေက စိတ်ပျက်ဖို့ကောင်းအောင် နေရာအနှံ့ကို ပြန့်ကျဲသွားတာကို မြင်လိုက်ရပါတယ်။

လပြွတ်ပဲပေ့ါ။

စီနီယာ အစ်ကိုကြီးမာနဲ့ တစ်ခြားလူရဲ့ မေးရိုးတွေအောက်ကိုပြုတ်ကျသွားခဲ့ ပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက ဘော်လုံးတစ်လုံး စာလောက် ကြီးမား လာခဲ့ပါတယ်။ ဒီမြင်ကွင်းက သူတို့ရဲ့ ကမ္ဘာကြီးအပေါ် အမြင်တွေအားလုံးကို လုံးဝ ဖျက်ဆီးပစ်လိုက်တာပါပဲ။

နွေဦးစမ်းရေ အလွှာ ပထမ အဆင့်နဲ့ လူက ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့် ရဲ့ ဓါးချက်တစ်ချက်ထဲနဲ့ ချက်ချင်းပဲ အသတ်ခံလိုက်ရတာလား? ဒါကိုဘယ်သူက ယုံကြည်နိုင်မှာလဲ? သူတို့ရဲ့ မျက်လုံးတွေနဲ့ သေသေချာချာကို ကိုယ်တိုင်ကြုံတွေ့ ခဲ့ရပေမဲ့ ဒါကို လုံးဝ မယုံကြည်နိုင်ပါဘူး။

``မင်း .. မင်းက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့် လုံးဝ မဟုတ်ဘူး``

စီနီယာ အစ်ကိုကြီးမာ က အံ့ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဒါဆိုယင် ကျုပ်က ဘယ်လောက် သန်မာတယ်လို့ ခင်ဗျား ထင်သလဲ?``

စီနီယာ အစ်ကိုကြီးမာ က ဘာပြောရမှန်းမသိတော့ပါဘူး။ ဒီအရှိန်အဝါက ဒြပ်စင် စုစည်းခြင်း အလွှာ ပထမ အဆင့် ဆိုတာ လုံးဝ သေချာပါတယ်။ ဒါပေမဲ့ သေသေချာချာ လေ့လာကြည့်မယ်ဆုယင် ပုံမှန်ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့် ကျင့်ကြံသူထက် ပိုပြီးတော့ သန်မာပါတယ်။ ဒါပေမဲ့ တကယ်လို့ အဲဒါက ဆယ်ဆ လောက် သန်မာယင်တောင်မှ ဒြပ်စင်စုစည်းခြင်းအလွှာ အလယ်အလတ် အဆင့်နဲ့ပဲ ညီမျှပါလိမ့်မယ်။ ဒါကြောင့် ဒီခွန်အားနဲ့ ဘယ်လိုလုပ်ပြီးတော့ နွေဦးစမ်းရေ အလွှာ ပထမ အဆင့် နဲ့ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်ရမှာလဲ?

``မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က ဘာပဲဖြစ်နေနေ မင်းအခု

သေရမယ်``

စီနီယာ အစ်ကိုကြီး မာက ဟိန်းဟောက်လိုက်ပါတယ်။ သူ့ရဲ့ ခွန်အားလက်ဖွဲ့ က အာနိသင် ရှိနေပါသေးတယ်။ ပြီးတော့ အဲဒါက နွေဦးစမ်းရေ နောက်ပိုင်းအဆင့် စွမ်းအင်ရှိပြီးတော့ သူက ယုံကြည်ချက် အပြည့်ရှိနေပါတယ်။

``ဟုမ်း``

သူရဲ့ သတ္တုတုတ်ချောင်းကို လွှဲရိုက်လိုက်ပါတယ်။ ၎င်းရဲ့ အရှိန်က အရမ်းကို မြန်ဆန် ပြီးတော့ ၎င်းရဲ့ အစွမ်းကလည်း အရမ်းကို ပြင်းထန်ပြီး သတ္တုတုတ်ချောင်း ဘယ်နေရာကိုပဲ ရောက်ရောက် လေခွင်းသံကြီးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့ခြေလှမ်းတွေကို ရွှေ့လိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ရုတ်တရက် တစ္ဆေတစ်ကောင်လိုမျိုး လှုပ်ရှားသွားပါတယ်။

တကယ်လို့ စီနီယာ အစ်ကိုကြီးမာက နွေဦးစမ်းရေ အလွှာ နောက်ပိုင်းအဆင့်မှာသာ တကယ်ရောက်ရှိနေမယ်ဆိုယင် လင်းဟန်အနေနဲ့ တစ်ကြိမ်တည်းနဲ့ ပြေးလို့ မရနိုင် ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ပြိုင်ဘက်စွမ်းအင်က ခွန်အားအဆောင်လက်ဖွဲ့

ကြောင့် ဖြစ်လို့ သူ့ရဲ့ အရှိန်နှုန်းက အရမ်းကို မမြန်ပါဘူး။

ဒ့ါအပြင် စီနီယာ အစ်ကိုကြီးမာက မီးမျက်လုံးနွားသိုးရဲ့ နောက်ဆုံး တိုက်ကွက်ကြောင့် ပြင်းပြင်းထန်ထန် ထိခိုက်ထားပြီး သူ့ရဲ့ ခွန်အားကလဲ လျော့ကျ နေပါတယ်။သူ့ရဲ့ စွမ်းရည်က ခွန်အားအဆောင်လက်ဖွဲ့ ရဲ့ အထောက်အပံ့ကြောင့်သာ အများကြီး မလျော့ကျသွားတာပါ။ ဒါပေမဲ့ သူ့ရဲ့ အမြန်နှုန်းကတော့ ပုံမှန်အခြေအနေ ထက်စာယင် အများကြီး နည်းသွားပါတယ်။

သူ့ရဲ့ တိုက်ခိုက်မှုက ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ကို ထိနိုင်မှာလဲ?

အပိုင်း (၂၁၇) ဓါးခုတ်ချက်တစ်ခုနဲ့ အမြစ်ပြုတ်သုတ်သင်ခြင်း

စီနီယာ အစ်ကိုကြီးမာ က ဒေါသတကြီးနဲ့ ဟစ်အော်လိုက်ပါတယ်။ သူ့ရဲ့ ပြိုင်ဘက် က သူ့ရဲ့လက်ထဲမှာ ကလေးတစ်ယောက်ကိုတောင် ပွေ့ချီထားပြီးတော့ သူက ဘာမှတောင် မလုပ်နိုင်ပါဘူး။ ဒါက သူ့ကို အရမ်းပဲ မကျေမနပ်ဖြစ်သွားစေခဲ့ ပါတယ်။ ဒ့ါအပြင် အချိန်ကြာလာတာနဲ့အမျှ သူက ပိုပြီးတော့ စိုးရိမ်ပူပန်လာခဲ့ ပါတယ်။

ပထမအချက်က ခွန်အားအဆောင်လက်ဖွဲ့ တစ်ခုက ဆယ်မိနစ်ကျော်ပဲ သုံးလို့ ရနိုင်ပါတယ်။ ပြီးတော့ ဒုတိယ အချက်က သူက ဒဏ်ရာ ပြင်းပြင်းထန်ထန် ခံစား နေရပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေကို ချက်ချင်း ကုသဖို့ လိုအပ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုယင် သူက အရေးတယူမလုပ် ဂရုမစိုက်ဘူးယင် သူ့ရဲ့ဒဏ်ရာတွေက ပိုပြီးတော့ ဆိုးဝါးလာပါလိမ့်မယ်။

``ဂျူနီယာ ညီလေး ယန်.. ငါနဲ့အတူ ပေါင်းပြီးတော့ ဒီကောင်လေးကို ငါတို့တွေ အမှောက်သိပ်လိုက်ကြရအောင်``

သူက အော်ခေါ်လိုက်ပါတယ်။

``ဟုတ်ကဲ့``

ကျန်တဲ့တစ်ယောက်ကလဲ သူ့ရဲ့ ဓါးကို ကိုင်ပြီးတော့ တိုက်ပွဲထဲကို ခုန်ဝင်လာခဲ့ ပါတယ်။

နွေဦးစမ်းရေ အဆင့် လက်ရွေးစင်နှစ်ယောက်က ဒြပ်စင်စုစည်းခြင်းအဆင့် သိုင်းပညာရှင် တစ်ယောက်ကို

တကယ်ပဲ အုပ်စုဖွဲ့ပြီး တိုက်ခိုက်နေပါတယ်။ တကယ်လို့ ဒီအကြောင်းကို တစ်ခြားသူတွေသာသိမယ်ဆိုယင် သူတို့ကို အထင်အမြင်တွေ သေးကုန်ကြပါလိမ့်မယ်။ ဒါပေမဲ့ ဒီလူနှစ်ယောက်က လုံးဝ အရှက် မရှိတဲ့ အကျင့်စာရိတ္တမကောင်းတဲ့ သူတွေမှန်းသိသာထင်ရှားပြီးတော့ ဒီလိုမျိုး အကြောင်းအရာကို နည်းနည်းလေးမှ ဂရုမစိုက်ပါဘူး။ သူတို့က လင်းဟန်ကို ဖြစ်နိုင်သမျှ အမြန်ဆုံးနည်းနဲ့ ရှင်းပစ်နိုင်ဖို့ပဲ လိုချင်ခဲ့တာပါ။

ဒါပေမဲ့ သူတို့အနေနဲ့ ဒါကို အောင်မြင်ဖို့ ဖြစ်နိုင်ချေ မရှိဘူးဆိုတာကို အံ့အားသင့်စွာ နဲ့ ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်က ရေကူးနေတဲ့ ငါးတစ်ကောင်လိုမျိုးဖြစ်နေပြီးတော့ သူတို့တွေက လုံးဝ ဖမ်းမမိနိုင်ပါဘူး။ သူတို့ရဲ့စွမ်းအင်တွေသာ တစ်ဖြေးဖြေးနဲ့ ကုန်ခမ်းလာခဲ့ ပါတယ်။ အချိန်တွေကြာလာတာနဲ့ အမျှ အခြေအနေက သူတို့အတွက်တော့ ပိုပြီး ဆိုးဂါးလာခဲ့ပါတယ်။

``ကောင်လေး.. မင်းက ဘာဖြစ်လို့ ရှောင်တိမ်းနေတာလဲ?

မင်းယောက်ျားမှ ဟုတ်ရဲ့လား? တကယ်လို့ မင်းမှာအစွမ်းရှိတယ်ဆိုယင် ငါတို့နဲ့ တိုက်ရိုက် ရင်ဆိုင် တိုက်ခိုက်လေ``

စီနီယာ အစ်ကိုကြီး မာ က သူ့ကို ရန်စဖို့ ကြိုးစားလိုက်ပါတယ်။

``ခင်ဗျားက ငတုံးအေ တစ်ယောက်လား?``

လင်းဟန်က နာခေါင်းရှုံ့လိုက်ပါတယ်။

``ခင်ဗျားပြောတုန်းက ကျုပ်ကို တစ်ချက်တည်းနဲ့တောင် သတ်ပစ်နိုင်တယ်ဆို.. ကျုပ်က အခု ရပ်ပြီးတော့ ခင်ဗျားနဲ့ တိုက်ရိုက်မျက်နှာချင်း ဆိုင်နေတာပဲ မဟုတ်ဘူးလား? ကျုပ်ကို ငတုံးတစ်ယောက်လို မှတ်နေတာလား ဒါမှမဟုတ် ဒီနေရာမှာ ခင်ဗျားကပဲ တကယ့် ငတုံးအေ တစ်ယောက်မဟုတ်ဘူးလား?

``လပြွတ်ပဲကွာ သေစမ်း``

စီနီယာ အစ်ကိုကြီး မာ က ဒေါသတကြီးနဲ့ ဟစ်အော်လိုက်ပါတယ်။

``ဒါပေမဲ့ ကျုပ်မှာ ခင်ဗျား ပင်ပန်းနွမ်းနယ်လာတဲ့ အထိ စောင့်ဖို့ အချိန်မရှိဘူး.. ဒါကြောင့် ကျုပ်ဆီက ခုတ်ချက် တစ်ခုကို လက်ခံလိုက်တော့``

လင်းဟန်ရဲ့ မျက်နှာက လေးနက်တည်ကြည်သွားခဲ့ပါတယ်။ သူ့ရဲ့ နလုံးသားထဲမှာ လျှို့ဝှက်ဆန်းမှု သုံးထောင် ရဲ့ ဓါးဆန္ဒ ကို လှည့်ပတ်လိုက်ပါတယ်။ သူက ဒီသိုင်းဟန် အပေါ်မှာ အချိန်ယူပြီး စဉ်းစားခဲ့ပါတယ်။

ချက်ချင်းဆိုသလိုပဲ စီနီယာ အစ်ကိုကြီးမာနဲ့ သူ့ရဲ့ အဖော်အရှေ့ကို မုန်တိုင်း တစ်ခု ရောက်လာသလိုမျိုး ခံစားလိုက်ရပါတယ်။

``ဒါက ဘယ်လို ဓါးသိုင်းနည်းစနစ်မျိုးလဲ?``

ချက်ချင်းဆိုသလိုပဲ စီနီယာအစ်ကိုကြီးမာ ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာ လင်းဟန်က စကြာဝဠာကြီးရဲ့ အလယ် မှာ ရှိနေပြီး တော့ ပါတ်ဝန်းကျင်က အရာအားလုံးက မှိန်ဖျော့ဖျော့ အရောင်တွေ ဖြစ်နေသလို ခံစားလိုက်ရပါတယ်။

``ကျုပ်ရဲ့ ခန္ဓာကိုယ်က ဘာကြောင့် လှုပ်လို့ မရတော့တာလဲ?``

ဂျူနီယာ ညီလေး ယန် က ငိုပြီးပြောလိုက်ပါတယ်။

သူ့ပြိုင်ဘက်ဖြစ်တဲ့ လူရဲ့ ဓါးက သူတို့ကို တိုက်ခိုက်လိုက်ပြီး သူတို့ရဲ့ ခန္ဓာကိုယ်က လှုပ်မရပါဘူး။ ဒါက သူတို့ရဲ့ သေခြင်းတရားကို စောင့်နေတာနဲ့ မတူဘူးလား?

လင်းဟန်က ကျိတ်ပြီး ပြုံးလိုက်ပါတယ်။ သူက သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြု ပြီးတော့ သူတို့နှစ်ယောက်ကို အေးခဲသွားအောင်လုပ်လိုက်တာဖြစ်ပြီး ပုံရိပ်ယောင် တစ်ခုကို ဖန်တီးလိုက်ပီးတော့ သူတို့ကို မလှုပ်ရှားနိုင်အောင်လို့ လုပ်လိုက်တာပါ။ ဒါက သူတို့ရဲ့ အသိအပေါ်မှာ လွှမ်းမိုးမှုတစ်ခု ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်စုံ တစ်ယောက်မှာ သန်မာတဲ့ စိတ်စွမ်းအား ရှိမယ်ဆိုယင် သူ့အနေနဲ့ လွှမ်းမိုး နိုင်မှာ မဟုတ်ပါဘူး။

ဥပမာ ကန်းရီ.. သူက ဆေဘာဓါးသိုင်းပေါ်မှာ အာရုံစူးစိုက်ပြီးတော့ မြုပ်နှံထားခဲ့တာ ကြောင့် တကယ်လို့ လင်းဟန်အနေနဲ့ ကောင်းကင်အဆင့်မှာ ရှိနေမည်ဆိုယင် သူ့အနေနဲ့ ကန်းရီရဲ့ စိတ်ကို လှုပ်ရှားသွားအောင်

လုပ်နိုင်စွမ်းရှိမှာ မဟုတ်သေး ပါဘူး။

ဒါပေမဲ့ ဒီလူနှစ်ယောက်ကတော့ သူတို့မှာ ပြင်းထန်တဲ့ ဒဏ်ရာတွေလည်းရှိနေပြီး အရမ်းကို အားနည်းတဲ့ စိတ်စွမ်းအားပဲ ရှိပါတယ်။ သူတို့က လင်းဟန်ရဲ့ ဓါးချီအလင်း ခြောက်ခု ကြောင့် အံ့အားသင့်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့် မျှသာရှိသေးတဲ့ သိုင်းပညာရှင် တစ်ယောက်က ထူးထူးဆန်းဆန်းနဲ့ စွမ်းအားတွေ အများကြီး ရှိနေတာကြောင့်လဲ အံ့သြနေကြပါတယ်။ သူတို့ရဲ့စိတ်စွမ်းအားတွေက အရမ်းကို အားကောင်းစွာနဲ့ အကျိုးသက်ရောက်မှု ရှိကြပါတယ်။ဒါကြောင့် လင်းဟန်က သူတို့မလှုပ်ရှားနိုင်အောင်ဘူးဆိုတဲ့ အတွေးတွေ ဖြစ်လာအောင်လို့ မူလအနက်ရောင်ရဲ့ သိုင်းဟန် သုံးခု ဓါးကွက်ထဲမှာ သူရဲ့ လွှမ်းမိုးမှုကို ထည့်သွင်း လိုက်တာပဲ ဖြစ်ပါတယ်။

လျို့ဝှက်ဆန်းကြယ်မှု သုံးထောင် သိုင်းဟန်။

လင်းဟန်က သူရဲ့ ဓါးနဲ့ ခုတ်ပိုင်းလိုက်ပါတယ်။ ရှပ် ရှပ် ရှပ်.... ဓါးဆီကနေပြီးတော့ အလင်းရောင် တစ်ဒါဇင်လောက် ထွက်ပေါ်သွားပြီးတော့ ထက်ရှတဲ့ ဓါးသွားပုံစံ အဖြစ်နဲ့

စီနီယာ အစ်ကိုကြီးမာနဲ့ သူ့ရဲ့ အဖော်ဆီကို ပျံသန်းထွက်ခွာသွားပါတယ်။

သေခြင်းတရားရဲ့ ဖိအားကြောင့် စီနီယာ အစ်ကိုကြီးမာနဲ့ သူ့ရဲ့ အဖော် က လင်းဟန်ရဲ့ နတ်ဘုရား အာရုံ လွှမ်းမိုးမှုအောက်ကို လုံးဝရောက်သွားခဲ့ပါတယ်။ သူတို့တွေ ထွက်ပြေးဖို့အတွက် အချိန်တောင် မရတော့ပါဘူး။ သူတို့က ဒီတိုက်ခိုက် မှုကို အတတ်နိုင်ဆုံး သူတို့ရဲ့ လက်နက်တွေနဲ့ ကာကွယ်လိုက်ပါတယ်။

မူလစွမ်းအင်ရဲ့ ဓါးသွားတိုင်းက လင်းဟန်ရဲ့ ခွန်အားအပြည့်တိုက်ခိုက်မှုနဲ့ ညီမျှပါတယ်။ တစ်မျိုးပြောရမယ်ဆိုယင် လင်းဟန် စုစုပေါင်း အယောက်နှစ်ဆယ် က အုပ်စုဖွဲ့ပြီးတော့ သူတို့ကို တိုက်ခိုက်လိုက်တာနဲ့ ညီမျှပါတယ်။ ဘယ်သူက ဒီလိုမျိုး တိုက်ခိုက်မှုကို ရပ်တည်နိုင်မှာလဲ?

သူတို့က မူလစွမ်းအင်ရဲ့ ဓါးသွားအနည်းငယ်ကို ပဲ ဖျက်ဆီးကာကွယ် နိုင်ပါတယ်။ ဒါပေမဲ့ နောက်ထပ် မူလစွမ်းအင် ဓါးသွားအများကြီးက ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ဖျက်ဆီးခြင်းအစွမ်းတွေနဲ့ သူတို့ ခန္ဓာကိုယ်ကို ထိုးဖောက်ဝင်ရောက် သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ဓါးကို လှုပ်ခါလိုက်ပီးတော့ ချက်ချင်းဆိုသလိုပဲ ကောင်းကင်ပေါ် ကို ဦးခေါင်းပြတ် နှစ်လုံးက မြောက်တက်သွားပြီးမှ မြေကြီးပေါ်ကို ဘုတ်ခနဲ မြည်အောင် ကျသွားခဲ့ပါတယ်။ အဲဒီဦးခေါင်းပြတ်တွေမှာ စီနီယာ အစ်ကိုကြီး မာ နဲ့ သူ့ရဲ့ အဖော်ဖြစ်သူတို့ရဲ့ ထိတ်လန့်ကြောက်ရွံ့နေတဲ့ မျက်နှာတွေ အထင်သား ပေါ်လွင်နေပါတယ်။

လင်းဟန်က ပုခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

``ဒီ ဓါးကေရာဇ် ဆိုတဲ့ ငနာကောင်က အရမ်းကို အံ့သြဖို့ ကောင်းနေတာ မထူးဆန်း တော့ပါဘူး။ ငါက ဒီဓါးသိုင်းဟန် တစ်ခုရဲ့ ၁ ရာခိုင်နှုန်းကိုပဲ ဖမ်းဆုပ်နိုင်သေးတာ ကိုတောင်မှ ငွေဦးစမ်းရေ အဆင့် လက်ရွေးစင် နှစ်ယောက်ကို သတ်ပစ်နိုင်တာပဲ``

သူကိုကြည့်ရတာ တကယ့်ကို စဉ်းစားခန်း နက်နက်နဲနဲ ဝင်နေပုံရပါတယ်။

``တကယ်လို့ ကောင်းကင်ဓါးဂိုဏ်းက တည်ရှိနေဦးမယ်ဆိုယင် ပြီးတော့ ငါက ဒီ အနက်ရောင်မူလ

သုံးမျိုးဟာန် ကို လေ့ကျင့်ခဲ့တယ်ဆိုတာကို သိသွားမယ်ဆို သူတို့က ငါ့ကို အလွတ်ပေးမယ်မထင်ဘူး ဟုတ်တယ်မလား? ခါးကေရာဇ် လို မွန်းစတား တစ်ကောင်ကို မွေးထုတ်ပေးနိုင်တဲ့ ဂိုဏ်းတစ်ခု အနေနဲ့ သူတို့ဆီမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက်များ ရှိလိမ့်မလား?

`ငါအယင်တုန်းက ဒီကုန်းမြေမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တစ်ယောက်မှ မရှိနိုင်ဘူးလို့ တွေးထင်ခဲ့တယ်.. ဒါပေမဲ့ အခု ငါအဲဒီအကြောင်းကို စဉ်းစားကြည့် လိုက်တော့ ဒီလိုမျိုး အစွမ်းထက်လှတဲ့ အဆုံးမဲ့ စစ်သည်တော်တွေက သူတို့ကိုယ် သူတို့ ဒီကမ္ဘာကြီးကနေ အနားယူပြီးတော့ ပုန်းကွယ်နေကြတာ ဖြစ်နိုင်တယ်။

မူလအနက်ရောင်ရဲ့ သုံးမျိုးဟာန်ပန်ကို ဖြစ်နိုင်မယ်ဆိုယင် နည်းနည်းပဲ အသုံးပြုတာ အကောင်းဆုံးပဲ.. တကယ်လို့ သေခြင်း ရှင်ခြင်းနဲ့ပါတ်သတ်တဲ့ တိုက်ပွဲတွေမှာ ဆိုယင်တော့ ဒီလျှို့ဝှက်ချက်က တစ်ခြားသူတွေဆီကနေ ပေါက်ကြားသွားမှာ မဟုတ်လောက်ဘူး။

``အသား အသား``

လင်းဟန် က အတွေးထဲမှာ နစ်နေချိန်မှာ ဟူးညို့က ခုန်ဆင်းပြီးတော့ မီးမျက်လုံး နွာသိုးရဲ့ ဘေးမှာ စတင်ပြီးတော့ ခုန်ဆွ ခုန်ဆွနဲ့ မြူးထူး ခုန်ပေါက်သွားပါတယ်။

လင်းဟန်က မိစ္ဆာသားရဲ အသားတွေကို အများကြီးကို ယူဆောင်လာခဲ့တယ် ဆိုပေမဲ့ အများစုက အဆင့် တစ်တွေပဲ ဖြစ်ပြီးတော့ အနည်းစုကသာ အဆင့်နှစ် မိစ္ဆာသားရဲ ရဲ့ အသားတွေဖြစ်ပြီး အဆင့်သုံးကတော့ မပါပါဘူး။ ဒါကြောင့် အခု ဒီမိန်းကလေးငယ်လေးက သွားရေ တမြားမြား ကျနေပါတယ်။

``မင်းက တကယ့်ကို စူဇကာပုဏ္ဏားပဲ``

လင်းဟန်က ရီပြီးတော့ နောက်ပြောင်ကျီစယ်လိုက်ပါတယ်။

``ညီးက စူဇကာပုဏ္ဏားပဲ``

ဟူးညို့က ဒါကို ချီးကျူးပြီးတော့ ပြောတယ်လို့ ထင်ပြီးတော့ သူမရဲ့ ခေါင်းကို တစ်ဆတ်ဆတ်နဲ့ ငြိမ့်ပြလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာနဲ့ ရီမောလိုက်ပီး မီးမျက်လုံး နွားသိုးကို စတင်ပြီးတော့ အမဲဖျက်လိုက်ပါတယ်။

ထူးဆန်းတဲ့ မီးက ၎င်းရဲ့ အတွေးတွေကို လင်းဟန်ဆီကို ဆက်ပြီးတော့ ကူးပြောင်းပေးနေပြီးတော့ ဒီ မျက်လုံးအိမ် နှစ်ခုကို ဂါးမျိုး သန့်စင် ချင်တဲ့စိတ်က စိတ်မရှည်နိုင်အောင် ဖြစ်နေပါတယ်။

သူက ပထမဆုံး မီးဖိုပြီးတော့ နွားသိုးရဲ့ ခြေထောက်တစ်ချောင်းကို ဖြတ်လိုက်ပြီး မီးကင်လိုက်ပါတယ်။ ထိုအချိန်အတွင်းမှာ သူက နွားသိုးရဲ့ မျက်လုံးကိုလဲ ကလော် ထုတ်လိုက်ပြီးတော့ ၎င်းတို့ကို သူ့ရဲ့ ဘယ်ဘက် လက်မှာ ကိုင်ထားလိုက်ပါတယ်။

ထူးဆန်းတဲ့ မီးက ပန်းထွက်လာပြီးတော့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ စတင်ပြီး ဂါးမျို လိုက်ပါတယ်။ တစ်ခဏမျှ အကြာမှာတော့ ၎င်း မျက်လုံးနှစ်ခုက ပြာမှုန့်တွေ အဖြစ်ကို ပြောင်းသွားပြီးတော့ ထူးဆန်းတဲ့ မီးက လင်းဟန်ရဲ့ ဘယ်ဘက်လက်ထဲကို ပြန်ဝင်သွားပြီးတော့ သူ မဂသေးတဲ့ အကြောင်းကို လင်းဟန်ဆီကို အတွေးတွေ ပို့ပေးလိုက်ပါတယ်။

``ဒီ စူဇကာပုဏ္ဏား နှစ်ကောင်ကတော့ကွာ``

လင်းဟန်က စိတ်ပျက်လက်ပျက်နဲ့ တွေးလိုက်ပြီးတော့

ထူးဆန်းတဲ့ မီးကို နှစ်သိမ့်ပြီး နောက်ပိုင်းမှာ သူ့အတွက် အစာတွေအများကြီး ရှာပေးမယ်လို့ ကတိပေး လိုက်ပါတယ်။

ခဏအကြာမှာ နွားသိုးရဲ့ ကင်ထားတဲ့ အသားက မွှေးပျံ့လာခဲ့ပါတယ်။ လင်းဟာန် က ဓါးမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်ပီးတော့ အသားအနည်းငယ်ကို လှီးဖြတ် ပြီး ပန်းကန် တစ်ခုမှာ ထားလိုက်ပါတယ်။ သိုလှောင်လက်စွပ် တစ်ခု ရှိတာက တကယ့်ကို ကောင်းမွန်တဲ့ အရာပဲဖြစ်ပီး သူ့အနေနဲ့ ပစ္စည်းတော်တော်များများကို သယ်ယူလာလို့ ရပါတယ်။

ဟူးညိုက ပျော်ရွှင်စွာနဲ့ ပဲ စတင်ပြီးတော့ စားပါတယ်။ သူမက တကယ့်ကို အစားကြီးသူတစ်ယောက် ဖြစ်ပါတယ်။ သူမက အသားရဲ့ ပထမ အပိုင်းအစကို စားလို့ မပြီးသေးဘူး သူမရဲ့ လက်တစ်ဖက်က ဒုတိယတစ်ခုကို လှမ်းယူနေပါပြီ။ သူမရဲ့ ပါးစပ်ထဲမှာလဲ ပြည့်လျှံနေပြီးတော့ ဂါးဖို့တောင်မှ တော်တော်လေးကို ခက်ခဲ နေပါတယ်။

လက်ရှိမှာ လင်းဟာန်အတွက်ကတော့ အဆင့်သုံး သားရဲမိစ္ဆာရဲ့ ခန္ဓာကိုယ်တစ်ခုလုံး က ရတနာတစ်ခုပဲ ဖြစ်ပါတယ်။

ကြမ်းတမ်းတဲ့ သားရေ ကို ခုခံကာကွယ်တဲ့ ပစ္စည်းအဖြစ်လုပ်နိုင်ပြီးတော့ မူလစွမ်းအင် ထည့်သွင်းထားတဲ့ ထက်မြက်တဲ့ လက်နက်တွေတောင်မှ ထိုးဖောက် ဖို့ ခဲယဉ်းပါလိမ့်မယ်။ ပြီးတော့ အရိုး အရွတ်တွေ အားလုံးက အာဟာရပြည့်ဝစေတဲ့ အစားအစာတွေပဲဖြစ်ပီး ခန္ဓာကိုယ်ကို အားကောင်းသန်မာပြီးတော့ လန်းဆန်းစေနိုင် ပြီး တစ်ချို့သော ရတနာပစ္စည်းတွေနဲ့ နှိုင်းယှဉ်လို့တောင် ရပါတယ်။

ဒါပေ့ါ .. တန်ဖိုးအကြီးဆုံးက မျက်လုံးနဲ့ ဦးချိုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မျက်လုံးတွေ ကတော့ ထူးဆန်းတဲ့မီး က စားသွားပြီး ဦးချို တစ်စုံပဲ ကျန်ပါတော့တယ်။အဲဒီဟာ တွေကို လက်နက်တွေအဖြစ် ပုံစံသွင်းသန့်စင်နိုင်ပြီးတော့ အစွမ်းထက်လှတဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းရည် ရှိပါတယ်။

သေသေချာချာ အနီးကပ်ပြီး ကြည့်မယ်ဆိုယင် နွားသိုးရဲ့ ဦးချိုမျက်နှာပြင် ပေါ်မှာ တံဆိပ်ပုံစံတွေကို ရေးထွင်းထားသလိုမျိုးနဲ့ တူပါတယ်။ ဒီတံဆိပ် အမှတ်အသား တွေက မီးမျက်လုံး နွားသိုးမှာရှိတဲ့ အရမ်းကိုအစွမ်းထက်လှတဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားတွေကို လက်ဆောင်အဖြစ်ပေးနိုင်တဲ့ အရာတွေပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မပါဘူးဆိုယင် ဒီ ဦးချို တစ်စုံက

သာမာန်နွားသိုးတွေရဲ့ ဦးချို လောက်ပဲ သန်မာ ပါလိမ့်မယ်။

လင်းဟန်က သူရဲ့ အသားတွေကို ဆက်ပြီးတော့ စားနေတဲ့အချိန်အတွင်းမှာပဲ ဒီ တံဆိပ်အမှတ်အသားတွေကို အသက်သွင်းဖို့ ကြိုးစားနေခဲ့ပါတယ်။

ဒါက အရမ်းကို ခက်ခဲတဲ့ အရာတစ်ခုကို လုပ်နေရသလိုပါပဲ။ တကယ်တော့ လူတိုင်းလူတိုင်းမှာ မတူညီတဲ့ သိုင်းပညာရပ်တွေ ရှိပြီးတော့ အဲဒါက မတူညီတဲ့ မျိုးကွဲတွေပဲဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ သာမာန်လူတစ်ယောက် မဟုတ်ပါဘူး။ မကြာခင်မှာ တံဆိပ်အမှတ်အသားတွေထဲက တစ်ခု တောက်ပလာပြီး နောက် ဒုတိယတစ်ခု ပြီးတော့ တတိယတစ်ခု။ အနီရောင်အလင်းတန်းတစ်ခုက ဦးချို ပေါ်မှာ တောက်ပလာပြီးတော့ နွားသိုးရဲ့ ဦးချိုတွေက မီးတောက်လောင် နေသလိုမျိုး ပုံစံဖြစ်ပေါ်နေပါတယ်။

လင်းဟန်က ၎င်းတို့ကို အသာလေးပွေ့ရမ်းလိုက်တဲ့အခါမှာ မီးတောက်လျှာတစ်ခု က နွားသိုးရဲ့ ဦးချိုကနေ အားကောင်းစွာနဲ့ ထွက်ပေါ်လာပြီးတော့ မြေကြီးပေါ်ကို သုံးလက်မ အနက်ရှိတဲ့ လိုင်းကြောင်း တစ်ခု ကို လောင်ကျွမ်းသွားစေပါတယ်။

အပိုင်း (၂၁၈) ဂူဖန်းဟွာနဲ့ ထပ်ဆုံတွေ့ခြင်း

အရမ်းကို ထက်တာပဲ.........။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ ဖျက်ဆီးခြင်းစွမ်းအား တစ်ခုပဲ စဉ်းစားမယ်ဆိုယင် လက်ရှိသူ အသုံးပြုနေတဲ့ ဓါးထက် ဒီ ဦးချို တစ်စုံက ပိုပြီးတော့ သာလွန်ကောင်းမွန်ပါတယ်။ တကယ်လို့ သူက သင့်တော်တဲ့ စိတ်ဂိဉာဉ်ပစ္စည်းကို အသုံးပြုနိုင်ခဲ့မယ်ဆိုယင်တော့ ဖျက်ဆီးခြင်းစွမ်းအား က ဒီ နွားသိုးဦးချို တစ်စုံရဲ့ အောက်ကိုတော့ နိမ့်ကျမှာမဟုတ်ပါဘူး။

``ဘတ်``

ဟူးညိုက သူမရဲ့ ဂမ်းဗိုက်စူစူလေးကို စိတ်ကျေနပ်စွာနဲ့ ပွတ်လိုက်ပါတယ်။ သူမက ဒီနေ့မှာ သူမက တကယ်ပဲ အများကြီးမစားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မီးမျက်လုံး နွားသိုးရဲ့ အသားမှာ အာဟာရတွေ အများကြီးပါဝင်လို့ဖြစ်ပြီးတော့ တကယ်လို့ သူမက အများကြီးစားလိုက်မယ်ဆိုယင်တောင်မှ အဲဒီအာဟာရတွေအားလုံး ကို ယူနိုင်စွမ်း ရှိလိမ့်မာမဟုတ်ပါဘူး။

လင်းဟန် ရော အရမ်းကို ဗိုက်တင်းနေပါပြီ။ သူက

နွေဦးစမ်းရေ အလှာ ပထမအဆင့် ထဲက သိုင်းပညာရှင်တစ်ယောက်ရဲ့ စွမ်းရည်မျိုး ရှိတယ်ဆိုပေမဲ့ အမှန်က သူက ဒြပ်စင်စုစည်းခြင်းအဆင့်ပဲ ရှိနေပါသေးတယ်။ အဆင့်သုံး မိစ္ဆာသားရဲ အသားက သူကို အလွန်အမင်း အာဟာရပြည့်ဝစေပါတယ်။ ကံမကောင်း တာက သူ့မှာ စိတ်ဂိဥာဉ်ဆေးပင်တွေ မယူလာခဲ့တာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုယင် သူက စွပ်ပြုတ်တစ်အိုး ချက်ပြီးတော့ အဆီအနှစ်အားလုံးကို ရောနှော နိုင်ပါလိမ့်မယ်။ ဒါက တကယ့်အာဟာရပြည့်ဝတဲ့ အသားက ဘယ်လိုမျိုး နဲ့ တူမလဲဆိုတာကို ဖော်ပြနိုင်ပါလိမ့်မယ်။

သူက ထိုင်ချလိုက်ပြီးတော့ သူ့ရဲ့ အသားတွေကို စတင် ချေဖျက်လိုက်တဲ့ အချိန်အတွင်းမှာ ဟူးညိုကတော့ ဘေးမှာ ပတ်ပြေးနေပါတယ်။ ဒါက သူမရဲ့ ကိုယ်ပိုင် အာဟာရ စုပ်ယူတဲ့ နည်းလမ်းတွေထဲက တစ်ခု ဖြစ်ပြီးတော့ နောက် တစ်မျိုးကတော့ အိပ်စက်တာပဲ ဖြစ်ပါတယ်။

နှစ်နာရီလောက် ကြာပြီးတဲ့နောက်မှာ လင်းဟန်က မတ်တပ်ထရပ်လိုက်ပြီးတော့ ပြုံးလိုက်ပါတယ်။

``ငါ့ရဲ့ ကြွက်သားတွေနဲ့ သွေးကြောတွေက အနည်းငယ် တိုးတက်လာခဲ့ ပြီး ငါ့ရဲ့ ကျင့်ကြံခြင်း လျင်မြန်မှုကလဲ

တိုးလာခဲ့တယ်။ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေက လူတစ်ယောက်ရဲ့ အခြေခံကို တိုးတက်အောင်ကူညီပေးနိုင်တယ် ဆိုတာ သိသာထင်ရှားတာပဲ.. ``

``တကယ်လို့ ငါက မီးမျက်လုံး နွားသိုးရဲ့ အသားတစ်ချို့ နဲ့ မှော်ဆေးလုံးတစ်ချို့ ကို နေ့တိုင်း စားမယ်ဆိုယင် ဆယ်ရက်အတွင်းမှာ ဒြပ်စင်စုစည်းခြင်း အထွတ်အထိပ် အဆင့်ကို ငါရောက်သွားနိုင်တယ်။ ဒါဆိုယင် ငါ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက် ဝင်ရောက်ပြီးတော့ အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်နိုင်လာလိမ့်မယ်``

သူက စဉ်းစားပြီးတဲ့ အခါမှာ ကျန်နေတဲ့ မီးမျက်လုံးနွားသိုးရဲ့ အသားတွေ အရိုးတွေ စတဲ့ အရာအားလုံးမှန်သမျှကို သိုလှောင်လက်စွပ်အတွင်းထဲကို ထည့်သိမ်း လိုက်ပါတယ်။

သူတို့ နှစ်ယောက်က သူတို့ရဲ့ ခရီးစဉ်ဖြစ်တဲ့ လက်စွပ်ပုံတောင် ကို ဆက်ပြီးတော့ ခရီးဆက်ခဲ့ကြပါတယ်။

လမ်းခရီးမှာ သူတို့တွေက သစ်ပင်တွေ ပိုပိုပြီးတော့ တွေ့ရပါတယ်။ ရွာတစ်ချို့ တောင် ရှိပါသေးတယ်။ ဒါပေမဲ့

အဲဒီရွာတွေအားလုံးက အစွန့်ပစ်ခံထားရပြီး သက်ရှိတွေ နေထိုင်တဲ့ လက္ခဏာ တစ်စုံတစ်ရာမှ မတွေ့ရပါဘူး။

အဲဒီရွာတွေထဲမှာ အိမ်ကြီးအိမ်ကောင်းတစ်ချို့တောင် ရှိပါတယ်။ ၎င်းအိမ်တွေ အားလုံးက တန်ဖိုးကြီး ဖိမ်ခံပစ္စည်းတွေနဲ့ အလှဆင်ထားကြပါတယ်။ ကံမကောင်း တာကတော့ ၎င်းတို့အားလုံးက ပျက်စီးနေကြပါပြီ။ ဘာကြောင့်လဲဆိုတော့ ဒီ နှစ်ပေါင်း ထောင်ဂဏန်းအနည်းငယ် အတွင်းမှာ လူတွေဘယ်လောက်များများ ရောက်လာကြပြီးတော့ လုယက်သွားတယ်ဆိုတာ ဘယ်သူသိနိုင်မှာလဲ? ဒါကြောင့် တကယ်လို့ ၎င်းတို့က တစ်ချိန်တုန်းက အကောင်းအတိုင်းရှိပေမဲ့လည်း တူးဖော် ရှာဖွေခြင်းကို ခံရပြီးတဲ့ နောက်ပိုင်းမှာတော့ အရာအားလုံး ပြောင်းလဲသွားကြ ပါလိမ့်မယ်။

ဒါက နတ်ဆိုးကောင်းကင် လျို့ဝှက်နယ်မြေထဲကို မြောက်ဘက်အစွန်ဖျားဒေသက နိုင်ငံကိုးခုက အင်အားကြီးကလန်တွေက ပထမဆုံး စတင်ဝင်ရောက် ရှာဖွေ ၁ကတဲ့ အချိန်တုန်းက ဖြစ်နိုင်ပြီးတော့ အဲဒီကနေ မှ အစွမ်းထက်တဲ့ နိုင်ငံတွေအဖြစ်ကို တည်ထောင်နိုင်ခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ အမြဲတမ်းလိုလို အလျော့မပေးပဲနဲ့ ရွာနားဂန်းကျင်တစ်ပိုက်မှာ ဆက်ပြီး အမဲလိုက်ရှာဖွေနေတဲ့ သူတွေလဲရှိခဲ့ပါလိမ့်မယ်။ ဘယ်သူသိနိုင်မလဲ သူတို့တွေက ပျောက်ဆုံးနေတဲ့ ရတနာ တစ်ချို့ကို ကံကောင်းထောက်မစွာနဲ့ ရှာဖွေတွေ့ရှိနိုင်မလား ဆိုတာကိုပေါ့။ ပြီးတော့ ဒီလူတွေထဲကမှ တစ်ချို့အရာတွေကို ရှာဖွေမဲ့ သူတွေကို ခါးပြတိုက်ဖို့ ရွာထဲမှာ ချောင်းမြောင်း ချုံခိုနေတတ်တဲ့ သူတွေလဲ ရှိနိုင်ပါတယ်။

လင်းဟန် နဲ့ ဟူးညို့ကတော့ လူငယ်တစ်ယောက်နဲ့ ကလေးလေး တစ်ယောက်တို့ ဖြစ်ပြီးတော့ သူတို့မှာ ဂန်စည်စလှယ်တွေ လုံးဝမပါပဲ ကြည့်ရတာ လုံးဝ ဆင်းရဲမွဲတေ နေတဲ့လူတွေနဲ့ တူပါတယ်။ ဒါကြောင့် သူတို့က ချုံခိုတိုက်ခိုက်တာတို့ ချောင်းမြောင်းလုပ်ကြံ ပစ္စည်းလုယက်တာမျိုးတို့ကို လုံးဝ မကြုံတွေ့ခဲ့ရပါဘူး။ သူတို့က သူတို့ရဲ့ လမ်းကို ချောချောမွေ့မွေ့နဲ့ပဲ ဆက်သွားပြီး နောက်ထပ် ရက်အနည်းငယ် အကြာမှာတော့ လက်စွပ်ပုံ တောင် ရဲ့ ခြေရင်းဆီကို ရောက်လာခဲ့ ကြပါတယ်။

ဒါက တကယ်ရော တောင်တစ်လုံးမှ ဟုတ်ရဲ့လား?

လင်းဟန်က သူရဲ့ခေါင်းကိုမော့ပြီးတော့ အပေါ်ကို ကြည့်လိုက်ပြီး သူရဲ့ မျက်နှာပေါ် မှာ သင်္ကာမကင်းဖြစ်နေတဲ့ ပုံပေါ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်းစောင်း တွေက အရမ်းကို မတ်စောက်လွန်းပါတယ်။ တောင်တစ်လုံးလို ဂူင်းကို ခေါ်ရမဲ့ အစား နံရံတစ်ခုနဲ့ ပိုပြီးတော့ တူနေပါတယ်။

ဒါပေမဲ့ ဘယ်လိုနံရံမျိုးက ပေတစ်ထောင်ကျော် ရှည်မှာလဲ?

ဒါက စကြာဂဠာ ပျက်စီးခြင်းအဆင့် စစ်သည်တော်တစ်ယောက်ရဲ့ အစွမ်းနဲ့ ဖန်းတီးထားခြင်း တစ်ခု ပဲလား?

သူ သက်ပြင်းချလိုက်ပါတယ်။ သူက ယခင်တုန်းက လျှို့ဂှက်နယ်ပယ် တစ်ခုမှကို မဂင်ဖူးခဲ့ပါဘူး။ သို့မဟုတ်လျှင် သူရဲ့ ကောင်းကင်အဆင့် ကျင့်ကြံခြင်းနဲ့ဆိုယင် ဒီ နေရာရဲ့ နောက်ကွယ်က အစစ်အမှန်ကို လေ့လာစူးစမ်းနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒီနေရာမှာ ဘယ်အရပ်မျက်နှာက ဘယ်နားမှာဆိုတာကို သိဖို့ ဘယ်လိုမှ မလွယ်ကူ ပါဘူး။ လင်းဟန်နဲ့ ဟူးညို့က တောင်ကို စက်ဂိုင်းပုံစံ ပါတ်နေပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်.. ဒီနေရာမှာ လျှိုမြောင်လေးခု ရှိပါတယ်။ ဒါကြောင့် သူတို့က အများဆုံးမှ

စက်ပိုင်းတစ်ခုရဲ့ လေးပုံတစ်ပုံကိုပဲ လမ်းလျှောက်ရပါလိမ့်မယ်။

နှစ်ရက်ခန့် ကြာတဲ့ထိတိုင်အောင်ပဲ သူတို့က လှိုဏ်မြောင်ဆီကိုတောင် မရောက် နိုင်သေးပါဘူး။ အဲဒီအစား သူတို့ရဲ့ အရှေ့မှာ ရေကန်ငယ်လေးတစ်ခု ပေါ်လာခဲ့ပြီး ဟူးညိုက ချက်ချင်းပဲ ရေချိုးချင်တဲ့ အကြောင်းပြောပါတယ်။ သူတို့က လှိုဏ်ဂူ နယ်ပယ်ထဲမှာ ငါးရက်တောင်ရှိပါပြီ။ ဟူးညိုက ညစ်ပတ်ပေရေနေပြီးတော့ ရေချိုးရတာကို မုန်းပါတယ်။ ဒါပေမဲ့ သူမက လွီယုထန် နဲ့ လီစီရှန်းတို့နဲ့ အတူ ရက်တော်တော်များများ အတူတူ နေလာခဲ့ပြီးတဲ့ နောက်မှာတော့ ရေချိုးရတာကို သဘောကျလာပါတယ်။ ငါးရက်လောက် ရေမချိုးရတဲ့ အခါမှာ နေ့တိုင်းနေ့တိုင်းပဲ သူမကိုယ် သူမ သန့်ရှင်းအောင်လို့ ဆေးကြောပါတယ်။

``အယင်ဆုံး ဒီနေရာက လုံခြုံသလား မလုံခြုံဖူးလားဆိုတာကို ကြည့်ရအောင်``

လင်းဟန်က ပြောလိုက်ပါတယ်။ ဒီနေရာမှာ တစ်ချိုသော အန္တရာယ်ရှိတဲ့ မိစ္ဆာသားရဲ တစ်ချို့ ရှိနေမှာကို သူပူပင်နေခဲ့ပါတယ်။ ဒါမှမဟုတ် ဒီရေကန်ကိုယ်တိုင်ကပဲ ကြီးမားတဲ့ အန္တရာယ်တစ်ခု ဖြစ်မှာကိုလဲ စိုးရိမ်နေပါတယ်။

ကန်ရေပြင်က လှုပ်ခတ်သွားပြီးတော့ ကျစ်လစ်သွယ်လှတဲ့ အံ့မခန်း အလှပိုင်ရှင် တစ်ယောက် ရဲ့ ပုံရိပ်တစ်ခု ပေါ်လာခဲ့ပါတယ်။

လင်းဟန်က အလျှင်အမြန်ပဲ ဟူးညိုကို ဖိပြီးတော့ ထိုင်ချပြီး သူက တိုက်တိုက် ဆိုင်ဆိုင်ပဲ အမျိုးသမီးတစ်ယောက် ရေချိုးနေတာကို မြင်ခဲ့ပြီလို့ စဉ်းစား မိလိုက်ပါတယ်။ သူက အသံကိုနှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``ညိုးညိုး.. ငါတို့ ခဏလောက် စောင့်ရအောင်``

ဟူးညိုက နားမလည်ပါဘူး။ ဒါကြောင့် သူမရဲ့ ပါးစပ်သေးသေးလေးကို မကျေမနပ်နဲ့ ချက်ချင်းပဲ စူလိုက်ပါတယ်။

ရေကန်ရဲ့ ဘေးပတ်လည်မှာ ပုန်းခိုလို့ကောင်းတဲ့ ခြုံနွယ်ပိတ်ပေါင်းတွေ အများကြီး ရှိပါတယ်။ သူတို့နှစ်ယောက် ထိုင်ချလိုက်တဲ့ အခါမှာ သူတို့ကိုရှာတွေ့သွားမဲ့ ကိစ္စ နဲ့ ပါတ်သတ်ပြီးတော့ စိုးရိမ်ပူပန်နေစရာမလိုခဲ့ပါဘူး။ ဒါပေမဲ့ တစ်ခဏအကြာမှာတော့

ခြုံပုတ်တွေ လှုပ်ယမ်းသွားပြီးတော့ လူတစ်ယောက် ပေါ်လာခဲ့ပါတယ်။

အဲဒီလူက မြေကြီးပေါ်မှာ လေးဘက်ကုန်းပြီးတော့ ရေကန်ရှိတဲ့ဘက်ကို ကြည့်နေပြီး တစ်ခါတစ်လေမှာ မတူညီတဲ့ ရှုထောင့်တွေကို ပြောင်းပြီးတော့ ကြည့်နေပါတယ်။ သူက ချောင်းကြည့် နေသလိုမျိုး ပုံစံပေါက်နေပြီးတော့ သွားရည်တွေ ကျပြီး တီးတိုး ရွတ်ဆိုလိုက်ပါတယ်။

``တကယ့်ကိုပဲ မတူညီတဲ့ ရှုထောင့်အမျိုးမျိုးကို ပြောင်းပြီးတော့ နတ်သမီးလေး တစ်ပါးကို ကြည့်ရတာ တကယ့်ကို ကျေနပ်ပျော်ရွှင်စရာ ကောင်းတာပဲ``

လင်းဟန်က တစ်ချက်ကြည့်လိုက်ပီးတော့ ထူးဆန်းတဲ့ အမူအရာတစ်ခု ဖြစ်သွားပြီး ပြောလိုက်ပါတယ်။

``အစ်ကို တဏှာရူး.. ဘာကြောင့် ငါတို့နောက်တစ်ကြိမ် ထပ်ဆုံပြန်ပြီလဲ?``

ဒီလူက သူ့ကိုယ်သူ တဏှာရူးတစ်ယောက်ပါလို့

အံ့သြစရာကောင်းအောင် ကြေညာ ခဲ့တဲ့ ဂူဖန်းဟွာ ပဲဖြစ်ပါတယ်။

လူမိသွားတဲ့ အတွက် ဂူဖန်းဟွာက သူပုန်းနေတဲ့ နေရာကနေပြီး ထခုန်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ သူက လင်းဟန်ဘက်ကို တစ်ချက်လှည့်ကြည့်ပြီးတော့ သူ့ရဲ့ မျက်နှာပေါ်မှာ ပဟေဠိဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားပြီးတော့ မေးလိုက်ပါတယ်။

``ငါက နှာဘူးတစ်ယောက်ဆိုတာ မင်းဘယ်လိုလုပ်ပြီးတော့ သိသလဲ? ငါ့ရဲ့ တဏှာရူးတဲ့ အမူအကျင့်က နေလိုလလို တောက်ပထွန်းလင်းနေလို့များ တစ်ယောက်ယောက်က ငါ့ကို တစ်ချက် ပျော့ကြည့်လိုက်တာနဲ့ တန်းပြီးတော့ သိနိုင်တဲ့ အဆင့်အထိကို ငါရောက်သွားပြီလား?``

``အစ်ကို တဏှာရူး ငါ့ကို မင်း မမှတ်မိဘူးလား?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဂူဖန်းဟွာ က လင်းဟန်ကို တစ်ခဏမျှ စိုက်ကြည့်ပြီးတော့ သူ့ရဲ့ခေါင်းကို ထပ်ခါ ထပ်ခါ ခါလိုက်ပြီးတော့ ပြောပါတယ်။

``မင်းက လှပချောမောတဲ့ သူတစ်ယောက်မှမဟုတ်တာ ဘယ်လိုလုပ်ပြီးတော့ ငါက မင်းကို မှတ်မိမှာလဲ? ငါတို့က ဒီ စိတ်ဂင်စားစရာကို မျှဝေဖို့ ဖြစ်နိုင်မှာလား?``

သူက မျက်ခုံးပင့်လိုက်ပီးတော့ ရေကန်ဘက်ကို လက်ညိုးထိုး ညွှန်ပြလိုက်ပါတယ်။

``အစ်ကို တဏှာရူး က စကားအကျယ်ကြီး ပြောနေတာပဲ မင်းက ဒီအမျိုးသမီး ငါတို့ကို သတိထားမိသွားမှာကို မကြောက်ဘူးလား?``

လင်းဟန် က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဂူဖန်းဟွာ က အလျင်အမြန်ပဲ သူရဲ့ ပါးစပ်ကို လက်နဲ့ ကာလိုက်ပြီးတော့ ပြောပါတယ်။

``မင်းက ငါ့ရဲ့ ကြီးမားတဲ့ အလုပ်ကို ဖျက်နေတာပဲ.. တကယ်လို့ ဒီမိန်းကလေးက ငါ့ကို ရှာတွေ့သွားယင် သူမကို ရေဆင်းချိုးဖို့အတွက် သူမရဲ့ ကိုယ်ပေါ် ကို ငါ့ကိုယ်စွမ်းကိုယ်စ နဲ့ ယားယံစေတဲ့ အမှုန့်လက်တစ်ဆုပ် လောက် ပြန့်ကျဲအောင် လုပ်ထားတဲ့ဟာတွေက လုံးဂ အကျိုးမရှိ ဖြစ်ကုန်တော့မှာ မဟုတ်လား?``

လင်းဟန်က ပါးစပ်ကို မဲ့ရွဲ့ပြီးတော့ ပြောလိုက်ပါတယ်။

``ငါမင်းရဲ့ ဆုံးဖြတ်နိုင်စွမ်းကို တကယ့်ကို အထင်ကြီးလေးစားမိတယ် အစ်ကို တဏှာရူးရေ... မင်းက တကယ့် တကယ့်ကို တဏှာရူး နှာဘူးထ နိုင်တာပဲ``

ဂူဖန်းဟွာ က သူ့ကိုယ်သူ အရမ်းကို ကျေနပ်နေပြီးတော့ ရီမောလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ရီသံက တစ်ဖြေးဖြေးနဲ့ ကျယ်ကျယ်လာပြီးတော့ အရမ်းကို ဟက်ဟက်ပက်ပက် ရီနေပါတယ်။

``ဘယ်သူလဲ?``

ရေကန်ထဲမှာ ရေချိုးနေတဲ့ မိန်းကလေးက ဒီ ဆူညံပွက်လောရိုက် နေတဲ့ အသံကို ကြားသွားပါတယ်။ အဖြူရောင် ပုံရိပ်အလင်းလေးတစ်ခု လက်သွားပြီးတော့ သူမက ခြုံပုတ်တွေထဲကို ဒိုင်ဗင်ပစ် ဂင်လိုက်ပါတယ်။ သူမရဲ့ လှပပြီး ကျက်သရေရှိတဲ့ လက် တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ သူမ ချွတ်ခဲ့တဲ့ အဝတ်အစားတွေကို ချက်ချင်းပဲ ဆွဲယူလိုက်ပါတယ်။

တစ်ခဏမျှ အကြာမှာ ဓါးချီအလင်းတစ်ခုက ထွက်ပေါ်လာပြီး သစ်ရွက်တွေကို အစိတ်စိတ်အပိုင်းပိုင်း ပြတ်သွားစေခဲ့ပြီးတော့ အဲဒီ နောက်မှာ မိန်းမပျိုလေး တစ်ယောက်လည်း ရဲ့ ပုံရိပ်ကိုလဲ တွေ့လိုက်ရပါတယ်။ သူမရဲ့ ဆံပင်ကနေ ရေစက် ကလေးတွေက ကျဆင်းနေတုန်းရှိပြီးတော့ သူမရဲ့ လှပတဲ့ မျက်နှာပေါ်မှာ သတ်ချင် ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

လင်းဟန်က ဟူးညို ကို ကောက်ချီလိုက်ပီးတော့ ဒီတိုက်ခိုက်မှုကို ဂူဖန်းဟွာနဲ့ အတူ အဝေးကို ရှောင်တိမ်းလိုက်ပါတယ်။

``အစ်ကို တဏှာရူး ခင်ဗျား ချောင်းကြည့်တဲ့ အကြိမ်တိုင်းပဲ ဒီလို အမြဲ ကျရှုံးတာပဲ လား?``

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

``ဟေ့ အထင်မလွဲနဲ့ ငါက တဏှာပဲရူးတာ မကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူး.. ဒီလိုမျိုး ချောင်းကြည့်တာက ငါ့အတွက်တော့ ဘာမှမဟုတ်ဘူး``

ဂူဖန်းဟွာက သူ့ရဲ့ လက်တွေကို လှုပ်ယမ်းပြီးတော့ သူ့ကို အပြစ်တင် ဂေဖန်တာ တွေကို အပေးကို တွန်းပို့လိုက်ပါတယ်။

``အိုး... တကယ်လို့ ဒီက အစ်ကိုတော် နှစ်ယောက်က ကျမ လိုမျိုးပဲဆိုယင် စောစောက ပြောမှပေ့ါ.. ဒီအစ်ကိုကြီးတွေကိုကြည့်ရတာ အရမ်းကို ခန့်ညားတာပဲ.. ကျမ က ဒီက အစ်ကိုတော် နှစ်ယောက်နဲ့ ပျော်စရာတစ်ချို့လေးတွေ ရဖို့ ဆန္ဒမရှိ တာမှမဟုတ်တာပဲ.. ဒါကြောင့် ကျမကို အစ်ကိုတော် တွေက လျှို့ဝှက်ပြီးတော့ ချောင်းကြည့်စရာ ဘာလိုလို့လဲ?``

မိန်းကလေး က သူမရဲ့ သတ်ဖြတ်ချင်တဲ့ စိတ်တွေကို ရုတ်သိမ်းလိုက်ပီးတော့ သူမရဲ့ အမူအရာက ပြုံးသွားပြီး နောက်ထပ် ဆက်ပီးတိုက်ခိုက်မဲ့ ပုံ မမြင်ပါဘူး။

သူမက ကောင်းမြတ်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး။

အပိုင်း (၂၁၉) ပါဂင် ပတ်သတ်သည်။

မိန်းကလေးရဲ့ စကားကို ကြားရတဲ့ အခါမှာ လင်းဟန်ရဲ့

ဂူဖန်းဟွာအပေါ် ထင်မြင်ချက်တွေက အကောင်းမြင်တဲ့ဘက်ကို တိုးလာခဲ့ပါတယ်။

မိန်းကလေးတစ်ယောက်ကို ရေမချိုးချိုးအောင် လှည့်ကွက်တွေ သုံးပြီးတော့ အဲဒီအပေါ်မှာ အခွင့်ရေးယူပြီး သူမကို ချောင်းကြည့်တယ်ဆိုတာက တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းတဲ့ အပြုအမူပါပဲ။ ဒါပေမဲ့ မိန်းကလေး ပြောလိုက်တဲ့ စကားကြောင့် သူ့အနေနဲ့ သေချာတာကေ ဒီမိန်းကလေးက မွန်မြတ်တဲ့ မိန်းကလေး တစ်ယောက် မဟုတ်ဘူးဆိုတာပါပဲ။ ဒါက ဂူဖန်းဟွာ က သူ့အကန့်အသတ်နဲ့ သူ ရှိနေပြီးတော့ ဒီလိုမျိုး လှည့်ကွက်တွေကို ဂုဏ်သရေရှိ မွန်မြတ်တဲ့ အမျိုးကောင်း သမီးပျိုတွေ အပေါ်မှာ အသုံးမပြုဘူးဆိုတာကို သက်သေပြလိုက်တာနဲ့ တူတူပါပဲ။

ပြောရမယ်ဆိုယင် သူခိုးတွေမှာတောင်မှ သူတို့ စည်းမျဉ်းနဲ့ ဥပဒေရှိပါတယ်။ တဏှာရူး နာဘူးမှာလဲ သူ့ရဲ့ စည်းမျဉ်းနဲ့ သူရှိတဲ့သဘောပါပဲ။

လင်းဟန်က ဟူးညိုရဲ့ နားရွက်တွေကို လက်နဲ့ ကာလိုက်ပီးတော့ ပြောပါတယ်။

``မင်းရဲ့ မိသားစုတွေက မင်းဒီလောက်တောင် ထိန်းမနိုင်သိမ်းမရ ဖြစ်နေတာကို မသိကြဘူးလား မိန်းကလေး?``

``ခစ် ခစ်``

မိန်းကလေးက သူမရဲ့ ခန္ဓာကိုယ်လေးကို လှုပ်အောင်လို့ ရီမောလိုက်ပီးတော့ လင်းဟာန်ကို အမူအပိုပိုနဲ့ ပျော့ကြည့်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``အစ်ကိုတော်... ရှင်က ကျမရဲ့ ဆရာသခင်ကို စိတ်ဂင်စားနေတာတော့ မဖြစ်နိုင် လောက်ပါဘူးနော်? ကျမရဲ့ ဆရာသခင်က အသက်ကြီးနေပြီဆိုပေမဲ့ သူမက အရမ်းကို ဆွဲဆောင်မှု ရှိနေတုန်းပဲ... ဒီလိုမျိုး အမျိုးသမီး ရဲ့ ဆွဲဆောင်မှုကို ရှင့်လို လူငယ်လေးတစ်ယောက်က ဘယ်လိုမှ ခုခံနိုင်မှာမဟုတ်ဘူးနော်``

လင်းဟာန်က ပခုံးတွန့်ပြီးတော့ ဂူဖန်းဟွာ ဘက်ကို လှည့်ပြီး ပြောလိုက်ပါတယ်။

``တကျာရှူး... ဒါက မင်းရဲ့ပြဿနာပဲ.. မင်းပဲ ဖြေရှင်းလိုက်တော့``

ဒီစကားတွေကို ပြောပြီးတဲ့အခါမှာ သူက ဟူးညိုကို ကောက်ချီပြီးတော့ ရေကန် ဆီကို လမ်းလျှောက်သွားလိုက်ပါတယ်။ အခု ရေကန်မှာ ဘယ်သူမှ မရှိတော့တဲ့ အတွက် ဟူးညို အနေနဲ့ ရေချိုးလို့ရပါပြီ။

``ရေး ရေး``

ဟူးညိုက လင်းဟန်ရဲ့ လက်မောင်းပေါ်ကနေ ခုန်ဆင်းပြီးတော့ သူမရဲ့အဝတ်အစား တွေကို ချွတ်ပြီး ရေကန်ထဲကို ပျော်ရွှင်စွာနဲ့ ခုန်ဆင်းပြီးတော့ ရေကစား နေပါတယ်။

``လင်းဟန် ညီး နဲ့လာကစားပေး``

သူမက လင်းဟန်ကို ခေါ်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ လက်တွေကို ဖျော့ပြပြီးတော့ ငြင်းလိုက်ပါတယ်။ သူ့အနေနဲ့ တစ်ခြားသူတွေရဲ့ အရှေ့မှာ သူ့ရဲ့ အဝတ်အစားတွေကို ချွတ်ပစ်ဖို့ ဆန္ဒမရှိပါဘူး။ အထူးသဖြင့်တော့ အပြုအမူဆိုးတွေရှိတဲ့ ထိန်းမနိုင်သိမ်းမရ အမျိုးသမီးရှေ့ မှာပေ့ါ။

``ဘုန်း ဘုန်း ဘုန်း``

ခြံပုတ်တွေဆီကနေ တိုက်ပွဲဖြစ်သံတွေ ကြားရပြီး ခဏအကြာမှာ ဂူဖန်းဟွာ က စပ်ဖြဲဖြဲ မျက်နှာနဲ့ ထွက်လာပြီးတော့ သူ့ရဲ့ ခေါင်းက ဂျက်တစ်ကောင်ရဲ့ ခေါင်းနဲ့ သိပ်ပြီး မခြားလှပါဘူး။ ဒါပေမဲ့ အဲဒီ မိန်းကလေး ထွက်သွားတဲ့ လက္ခဏာတော့ မရှိပါဘူး။

လင်းဟာန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

``အဲဒီ မိန်းကလေးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ပဲ ရှိသေးတယ်.. ဘာကြောင့် အစ်ကို တဏှာရူးက ဒီလိုမျိုး စုတ်ပြတ်သတ်လာခဲ့တာလဲ?``

ဂူဖန်းဟွာက လင်းဟာန် ကို အထင်အမြင်သေးစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ယောကျ်ားကောင်း တစ်ယောက်က ဘယ်တော့မှ မိန်းကလေးတစ်ယောက်နဲ့မ တိုက်ခိုက်ဘူးကွ``

လင်းဟာန် ပါးစပ် မဲ့ရွဲ့သွားခဲ့ပါတယ်။ ဒါကြောင့် သူက

ပြင်းပြင်းထန်ထန်နဲ့ အရိုက်နက်ခံ လာခဲ့ရတာပေါ့.. ဒါပေမဲ့ ဒီမိန်းကလေးက ဂူဖန်းဟွာရဲ့စွမ်းရည်က သူ့မထက် မြင့်တယ်ဆိုတာကို သိသင့်ပါတယ်။ ဒါကြောင့် သူမအနေနဲ့ ဂူဖန်းဟွာ ရဲ့ သတ်ဖြတ်ချင်း ဆန္ဒပေါ်လာမှာကနေ ရှောင်ရှားတဲ့အနေနဲ့ သူ့ကို တစ်ချက်ပဲ ရိုက်ပြီး ထွက်ပြေးသင့်ပါတယ်။

ဒီ လျှို့ဝှက်နယ်ပယ်ထဲမှာ နောက်ခံအင်အားကောင်းကောင်း ရှိတယ်ဆိုတဲ့ အကျိုးကျေးဇူးက အရမ်းကို နည်းပါတယ်။ မင်းသာ အဖမ်းမခံရမခြင်း ဘယ်သူက မင်းလူသတ်ခဲ့တယ် ဆိုတာကို သိနိုင်မှာလဲ?

``ဟားဟားဟား ဘာကြောင့်မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့်ကို ကျသွားရတာလဲ?``

ဂူဖန်းဟွာ ကရုတ်တရက် ရီမောလိုက်ပြီး နောက်မှာ သူ့ရဲ့ ခေါင်းကို ထိုးဖွလိုက်ပါတယ်။

``တစ်ခြားသူတွေက လေ့ကျင့်တဲ့အခါမှာ ပိုပိုပြီးတော့ သန်မာလာတယ်.. ဒါပေမဲ့ မင်းက လေ့ကျင့်တဲ့အခါမှာ ပိုပိုတော့ ဆုတ်ယုတ်လာပါ့လား.. အင်း မင်းမှာ တဏှာရူး

တစ်ယောက်ဖြစ်ဖို့ အလားအလာ တစ်ချို့ တကယ်ကို ရှိတာပဲ``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ ကြည့်ရတာ တကယ်လို့ သူက နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်မှု မရှိမခြင်း လက်ရှိသူ့ရဲ့ အခြေအနေက သူ့ဆီကို ရန်လိုမှုတွေ အမြောက်အများကို ဆွဲခေါ်ဆောင်နေပါလိမ့်မယ်။

``ကြောင်တောင်တောင် တော့ နိုင်တယ်.. မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်သွားတယ် ဆိုပေမဲ့ ဘာဖြစ်လို့များ အယင်ကထက် ပိုပြီးတော့ မင်းက ငါ့ကို ဖိနှိပ် ချုပ်ချယ်တဲ့ ခံစားချက်ကိုတောင် ပေးနိုင်ရတာလဲ?``

ဂူဖန်းဟွာ ကိုကြည့်ရတာ စိတ်ရှုပ်ထွေးနေပြီးတော့ သူ့ရဲ့ လက်တွေနဲ့ ခေါင်းကို ထိုးဖွ နေပါတယ်။ သူက တကယ့်ကို ပဟေဠိ ဖြစ်နေတဲ့ပုံစံပါပဲ။

``ဟာဟာ မင်းကတကယ့်ကို တဏှာရူးတစ်ယောက်ပဲ``

အဆုံးမှာတော့ သူက အရာအားလုံးကို တဏှာရူးဆိုပြီးတော့ ပုံချပစ်လိုက်ပါတယ်။ ဘယ်လိုပဲ ကြောင်တောင်တောင်

ထူးထူးဆန်းဆန်း ဖြစ်နေပါစေ အဲဒီလူကို တဏှာရူး လို့ပဲ သတ်မှတ်လိုက်တာက ရှင်းပြပြီးသား ဖြစ်သွားသလိုပဲလို့ ခံယူထားပုံ ရပါတယ်။

လင်းဟန်က ဒီကိစ္စနဲ့ ပတ်သတ်ပြီးတော့ စိတ်အနှောက်အယှက် ဖြစ်မခံချင် တော့ပါဘူး။ ဒါကြောင့်သူက မေးလိုက်ပါတယ်။

``မင်းက တောင်ပေါ်ကို ပြန်ပြီးတော့ မလေ့ကျင့်တော့ဘူးလား? ဘာဖြစ်လို့ ဒီနေရာ ကို ထပ်ပြီးတော့ ရောက်လာတာလဲ?``

``ငါပြန်တဲ့လမ်းမှာ... နတ်သမီးလေးတစ်ပါးနဲ့ ငါ အမှတ်မထင်ဆုံတွေ့ခဲ့ပြီးတော့ သူမနဲ့ နီးဖို့ ငါကြိုးစားနေတာ.. နောက်ဆုံးမှာတော့ ငါ ပြေးရင်းနဲ့ ဒီနေရာကို ဘယ်လို ရောက်လာလဲမသိပါဘူး နတ်သမီးလေးနဲ့လဲ လူစုကွဲသွားခဲ့တယ်``

ဂူဖန်းဟွာ က ရှတ်တရက် အထိတ်တလန့်နဲ့ ပြောလိုက်ပါတယ်။

`` ငါမင်းနဲ့ ဆက်ပြီးတော့ အာလာပ သလာပ ပြောဖို့

အချိန်မရှိဘူး.. ငါ့ရဲ့ အိမ်မက် မိန်းကလေးကို သွားရှာရဦးမယ်``

ဂူဖန်းဟွာ ကပြေးထွက်သွားပြီး မျက်စိ တစ်မှိတ်အတွင်းမှာပဲ သူ့က မြင်ကွင်းထဲက ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က ခေါင်းကို ခါပြီးတော့ ရေကန်ထဲက ရေတစ်ချို့ကို ခပ်ပြီးတော့ မျက်နှာ ကို ဆေးကြောသန့်စင်လိုက်ပါတယ်။

ဟူးညိုက ရေထဲမှာ တစ်ယောက်တည်း ဆော့ကစားနေရတာ တဲ့အတွက် သူမကိုယ် သူမ သန့်ရှင်းအောင် ဆေးကြောပြီးတော့ ကမ်းစပ်မှာ ပတ်ပြေးနေပါတယ်။ လင်းဟန်က သူမကို လိုက်ဖမ်းပြီးတော့ ခြောက်သွေ့သွားအောင် လုပ်ပေးပြီး သူမရဲ့ အဝတ်အစားတွေကို ကူညီဝတ်ပေးလိုက်ပါတယ်။

သူတို့နှစ်ယောက်က သူတို့ရဲ့ လမ်းခရီးအတိုင်း ဆက်သွားခဲ့ကြပြီးတော့ လမ်းတစ်လျှောက်လုံး သွေးထွက်သံယို သေကျေပျက်စီးနေမှု အများကြီးကို မြင်တွေ့ခဲ့ကြပါတယ်။

အဲဒီနေရာမှာ နိုင်ငံကိုးခုက လူတွေလဲ ပါဝင်ပါတယ်။

ဖြစ်နိုင်တာက တစ်ချို့က ကြုံရာ ပို့ဆောင်ပေးတဲ့ တည်နေရာရွှေ့ပြောင်းပေးမှုကြောင့် ရောက်လာပြီးတော့ သူတို့လဲ လက်စွပ်ပုံတောင် က လှိုမြောင်လေးခု ကိုရှာရင်းနဲ့ မတူညီတဲ့ နိုင်ငံတွေက လူတွေအများကြီးက တစ်ဖွဲ့နဲ့ တစ်ဖွဲ့ တွေ့ဆုံခဲ့ကြတာဖြစ်ပါလိမ့်မယ်။

လင်းဟန်ရဲ့ ကိုယ်ပိုင် ဥပဒေက တကယ်လို့ သူ့ကို လာပြီးမနှောက်ယှက်ဖူး မထိပါးဘူး ဆိုယင် သူကလဲ မင်းနဲ့ အချိန်ဖြုန်းဖို့ အရမ်းကို ပျင်းရိပါတယ်။ အဆုံးမဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်အနေနဲ့ သူက အရမ်းကို ကွဲပြားခြားနားပါတယ်။

``ညီအစ်ကို ငါ့ကိုကယ်ပါ``

အဝေးကနေ အကူအညီ တောင်းတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ လူငယ်တစ်ယောက်က ချုံတော ဘက်ကနေ သူ့ဆီကို မြန်မြန်ဆန်ဆန်နဲ့ ပြေးလာတာ ကိုမြင်လိုက်ရပါတယ်။ သူ့ရဲ့အနောက်မှာ သတ်လတ်ပိုင်းအရွယ် လူနှစ်ယောက်က ဓါးတွေကို ကိုင်ဆောင်ထားပြီးတော့ ရက်စက် ကြမ်းကြုတ်တဲ့ အမူအရာတွေနဲ့ လိုက်လာကြပါတယ်။

လင်းဟန် အတွက်ကတော့ တစ်ချက်ပျော့ကြည့်လိုက်တာနဲ့ ဒါက လူသတ် ဓါးပြ တိုက်နေတယ်မှု ကျူးလွန်နေတယ်ဆိုတာ သိနိုင်ပါတယ်။

သူတို့ရဲ့ က ဒီလူငယ်လေး အပေါ်မှာ မျက်စိကျနေတာကလဲ အံ့သြစရာတော့ မရှိပါဘူး။ သူက အရမ်းကို ချမ်းသာကြွယ်ဝ တဲ့ ပုံစံမျိုး ဝတ်ဆင်ထားပါတယ်။ သူရဲ့ အဝတ်အစားတွေက အဆင့်မြင့်တဲ့ အရည်အသွေးနဲ့ ချုပ်လုပ်ထားတဲ့ ပိုးဖဲကတ္တီပါစ ဖြစ်ပြီးတော့ သူရဲ့ အဝတ်အစားအပေါ်မှာ ဆင်မြန်းထားတဲ့ အဆင်တန်ဆာတွေက အရမ်းကို ဈေးကြီးပါတယ်။ အဲဒီလူငယ်လေးက ချမ်းသာတဲ့ မိသားစု အဖွဲ့ဝင် တစ်ယောက်ဆိုတာ သိသာပြီးတော့ တည်နေရာရွှေ့ပြောင်းခြင်းရဲ့ ကြံ့ရာနေရာကို ပို့ဆောင်ပေးမှုကြောင့် ဒီနေရာကို ဝင်ရောက်လာတဲ့အချိန်မှာ သူ့ကလန်ရဲ့ အကြီးအကဲတွေနဲ့ ကွဲသွားခဲ့ပုံရပါတယ်။

ပြီးတော့ သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၅ အဆင့်ပဲရှိပါသေးတယ်။ ဒါက ငတုံး ငအ တစ်ယောက်က လမ်းမပေါ် လူမြင်ကွင်းကို ရွှေတွေ သယ်လာတာနဲ့ တူပါတယ်။ တကယ်လို့ သူရဲ့ ချမ်းသာကြွယ်ဝမှုကို တစ်ခြားသူတွေက ငမ်းငမ်းတက် မလိုချင် မှုပဲ အဲဒါက ထူးဆန်းပါလိမ့်မယ်။

ဒီလူငယ်လေးက ပုံစံက ရေနစ်နေပြီးတော့ ကောက်ရိုးမျှင်တစ်ခုကို တွေ့လို့ အားကိုး တစ်ကြီးနဲ့ ဖမ်းဆုပ်လိုက်တဲ့ ပုံစံမျိုး ဖြစ်နေပြီး လင်းဟန်က ကလေးလေး တစ်ယောက်ကို သူ့ဘေးမှာ ခေါ်လာပြီးတော့ လင်းဟန်ရဲ့ အသက်အရွယ်က သူ့ထက်တောင်မှ ငယ်ရွယ်သေးတယ်ဆိုတာကိုပါ ဂရုမစိုက်အားပါဘူး။ သူက လင်းဟန်ဆီကို ပြေးလာပြီးတော့ သူ့ကို ကယ်ဖို့ အကျယ်ကြီး အော်ဟစ်နေပါတယ်။

ဒါက အသက်သေခြင်း ရှင်ခြင်းနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် သူ့ရဲ့ အမြန်နှုန်း က ကြောက်မက်ဖွယ်ရာ ကောင်းအောင်ပဲ ပုံမှန်ထက် ပိုပြီး မြန်ဆန်တဲ့ အတွက်ကြောင့် မကြာခင်မှာပဲ လင်းဟန်ရဲ့ အနောက်ကို ပြေးဝင်လာပြီးတော့ သူ့အနောက်က လိုက်လာတဲ့ လူနှစ်ယောက်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

``ညီအစ်ကို ငါ့ကို သူတို့လက်ထဲက လွတ်အောင် ကူညီပေးပါ ငါ မင်းကို ကောင်းကောင်း ကျေးဇူးပြန်ပြီးတော့ တုံ့ပြန်ပါ့မယ်``

နောက်က လိုက်နေတဲ့သူ နှစ်ယောက်က

ရပ်တန့်သွားခဲ့ပါတယ်။ တစ်ယောက်က ဆေးဘာခါး တစ်လက် ကိုင်ထားပြီး နောက်တစ်ယောက်ကတော့ ရိုးရိုး ဓါး တစ်လက် ကိုကိုင်ထားပါတယ်။ သူတို့က လင်းဟန်ကို တစ်ချက် ပြေကြည့်လိုက်ပီးတော့ ကျယ်လောင်စွာနဲ့ ရီမောလိုက်ပါတယ်။

``အစက ငါထင်တာ အရမ်းကို အစွမ်းထက်တဲ့ လူတစ်ယောက် ဖြစ်နေမလားလို့.. အခုတော့ ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ ကောင်လေး ငယ်ငယ်လေး တစ်ယောက်ပါလားကွ``

``ဘာ``

လူငယ်က အံ့အားသင့်သွားပါတယ်။ အစောပိုင်းက သူထင်တာက လင်းဟန်က မိန်းကလေးငယ်ငယ်လေး တစ်ယောက်ကိုတောင် သူနဲ့အတူ ခေါ်ပြီးတော့ ဒီလို ပါတ်ဂန်းကျင်ကို လမ်းလျှောက်ထွက်လာရဲတဲ့အတွက် သူက အရမ်းကို အစွမ်းထက် လိမ့်မယ်လို့ ထင်မှတ်ထားခဲ့တာပါ။ သူလုံးဂ မထင်ထားတာက လင်းဟန်က အခုမှ ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်ပဲရှိပြီးတော့ သူထက်တောင်မှ အားနည်း နေလိမ့်မယ် ဆိုတာကိုပေါ့။

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ ဒြပ်စင်အမှုန် ကိုးခုကို ပေါင်းစည်းပြီးတဲ့ နောက်ပိုင်းမှာ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ကြည့်ရတာ ကျဆင်းသွားသလိုပါပဲ။ သူ့ရဲ့ သူငယ်ချင်းတွေက သူ့အတွက် စိုးရိမ်ပူပန် နေယုံသာမက တစ်ခြားသူတွေကလဲ ဒီ မှာရှိတဲ့ တစ်ခြားသူတွေကလဲ သူ့ကို အထင်အမြင်သေးစွာနဲ့ ကြည့်နေကြပါတယ်။ ဒါက ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းလိုက်တဲ့အရာလဲ။

``ကိစ္စမရှိပါဘူး... ငါတို့ သူတို့နှစ်ယောက်လုံးကို သတ်လိုက်တာပေါ့``

ဆေဘာဓါးကိုင်ထားတဲ့ လူက သူတို့ကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ကြည့်လိုက်ပါတယ်။

သူ့ရဲ့ ပါးစပ်ကနေ ဒီစကားလုံးတွေ ထွက်သွားတာနဲ့ သူက လျှင်မြန်စွာနဲ့ ပဲ လင်းဟန်ဆီကို သူရဲ့ ဓါးကို မြှောက်ပြီးတော့ ဂင်ခုတ်လိုက်ပါတယ်။

လင်းဟန် က သူ့ရဲ့ လက်ကို မြှောက်ရုံမျှသာ မြှောက်လိုက်ပြီးတာနဲ့ ထိုလူရဲ့ လက်ကောက်ဂတ်က သူ့ရဲ့ လက်ထဲကို ရောက်လာခဲ့ပါတယ်။ အဲဒီလူက

ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ သူတို့က ကျင့်ကြံခြင်းအဆင့် တူညီမယ်ဆိုယင်တောင်မှ လင်းဟာန်ရဲ့ မူလဒြပ်စင်အမှုန် ငါးခု နဲ့ဆိုယင် ထိုလူထက် သူရဲ့ အစွမ်းက အဆပေါင်းများစွာ သာလွန်ပါဦးမယ်။ ခုလိုမျိုး နွေဦးစမ်းရေ အလွှာ ပထမအဆင့်နဲ့ စွမ်းအားခြင်း နှိုင်းယှဉ်လို့ ရတဲ့ ဒြပ်စင်စုစည်းခြင်းအလွှာ တစ်ဆယ် အဆင့် ကို ချိုးဖျက်ဝင်ရောက်သွားတဲ့ အခါမှာ ဆိုယင်တော့ ပြောမနေပါနဲ့တော့။

ဆေဘာဓါးကိုင်ထားတဲ့ သူက အတင်းရုန်းထွက်ဖို့ ကြိုးစားပေမဲ့လည်း သူရဲ့ လက်ကို သတ္တုကြိုးနဲ့ ချည်ထားသလိုမျိုး ခံစားရပြီးတော့ လွတ်မြောက်အောင် လုပ်နိုင်ဖို့ လမ်းမမြင်ပါဘူး။

``ဂတုတ်... မင်းဘာတွေ ဖြစ်နေတာလဲ... ဘာဖြစ်လို့ ဒီကောင်လေးငယ်ငယ်လေး နဲ့ ကစားနေတာလဲ... သူ့ကို မြန်မြန် သတ်လိုက်စမ်းပါ``

ဓါးကိုင်ထားတဲ့ ယောကျ်ားက လှုံ့ဆော်လိုက်ပါတယ်။

ဆေဘာဓါး ကိုင်ဆောင်ထားတဲ့ သူက အေးစက်စက်

ချွေးတွေ ပျံလာပါတယ်။ သူ့ရဲ့ အရှေ့ က လင်းဟန်ရဲ့ မျက်နှာကတော့ တည်ငြိမ်နေပြီး သူရဲ့ နှုတ်ခမ်းပေါ် မှာ အပြုံး တစ်စတောင်မှ ရှိနေပါတယ်။ ဒါပေမဲ့ ဒီ အပြုံးက သူ့ကို အေးစက်တဲ့ ခံစားမှု့ကို ပေးစွမ်းနိုင်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ကိုတောင် ထိုးဖောက်လုမတတ် ခံစားရပါတယ်။

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``အဘိုးကြီး ကျန်း.. မြန်မြန်လာပြီးတော့ ငါ့ကို လာကူညီစမ်း.. ဒီကောင်လေးက ထူးဆန်းတယ်``

``ဘာတွေများ ထူးဆန်းလို့လဲ.... သူက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ အမှိုက်တစ်စပဲလေ``

ဓါးသမားက အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

``ဂုတုတ်.. ဒါက ဟာသလုပ်နေရမဲ့ အချိန်မဟုတ်ဘူး... ဒီကောင်လေး နှစ်ယောက်ကို မြန်မြန်ပဲ သတ်ပစ်လိုက်စမ်းကွာ``

အပိုင်း (၂၂၀) ရက်စက်ယုတ်မာ အကြင်နာကင်းမဲ့မှု

လင်းဟန်က ရိုက်ချက်တစ်ခုကို ထုတ်လိုက်ပြီးတာနဲ့ ဆေဘာဓါးကို ကိုင်ဆောင်ထား တဲ့ ဂတုတ်က အဝေးကို လွင့်ထွက်သွားခဲ့ပါတယ်။

``ဟင်``

ဓါးသမားဖြစ်တဲ့ အဘိုးကြီးကျန်း ရဲ့ အမူအရာက ကြမ်းတမ်းခက်ထန် သွားခဲ့ပါတယ်။ သူ ထင်ထားတာက ဖက်တီးက တမင်သတ်သတ် လုပ်ပြနေတယ်လို့ ထင်ထားတာပါ။ ဒါပေမဲ့ တစ်ဖက်လူရဲ့ ရိုက်ချက်ကို ခံယူဖို့လောက်ထိတော့ လုပ်ပြနေဖို့ မလိုပါဘူး။ ဒါက ချက်ချင်းဆိုသလိုပဲ သူကို သတိဂီရိယ ရှိပြီးတော့ နိုးနိုးကြားကြား ဖြစ်သွားစေခဲ့ပါတယ်။

``ဒီကောင်လေးက ထူးဆန်းတယ်``

ဆေဘာဓါး ကိုင်ဆောင်ထားတဲ့ ဖက်တီးက ထရပ်ပြီးတော့ နာကျင်မှုကြောင့် ရှုံ့မဲ့ နေတဲ့ မျက်နှာနဲ့ ပြောလိုက်ပါတယ်။

``ထူးဆန်းတယ်… ဘယ်နေရာကလဲ?``

အဘိုးကြီးကျန်း က မေးလိုက်ပါတယ်။

``သူရဲ့ ခွန်းအားက ထူးထူးဆန်းဆန်းနဲ့ တကယ့်ကို ကြီးမားတယ်.. သူက ငါ့ရဲ့ လက်ကောက်ဝတ် ကို ကိုင်လိုက်တဲ့အခါမှာ ငါလုံးဝ လွတ်သွားအောင်လို့ ရုန်းလို့ မရခဲ့ဘူး``

ဆေဘာဓါးကို ကိုင်ဆောင်ထားတဲ့ ဖက်တီးက မျက်နှာနီရဲပြီးတော့ အမှန်အတိုင်းပဲ ပြောလိုက်ပါတယ်။ တကယ်လို့ သူ့ကိုယ်သူ အရှက်မရအောင် ကာကွယ်ဖို့ လိမ်ညာ ပြောဆိုလိုက်မယ်ဆိုယင် သူတို့နှစ်ယောက်စလုံး အသတ်ခံရနိုင်ပါလိမ့်မယ်။

``မွေးရာပါ အံ့ဩဖွယ်ကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အား တစ်ခု ဖြစ်နိုင်မလား မသိဘူး``

ဓါးကိုင်ဆောင်ထားတဲ့ အဘိုးကြီးကျန်း က သူ့ရဲ့ ထင်မြင်ချက်ကို ပြောလိုက်ပါတယ်။

``အဲဒီလိုပဲ ဖြစ်လိမ့်မယ်.. သူရဲ့ လက်ရှိ အခြေအနေက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့်ပဲ ဆိုတာ သေချာတယ်``

သူက ဆေဘာခါးကိုင်ဆောင်ထားတဲ့ ဖက်တီးကို လုံးဂ သေချာတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

ယောက်ျားကြီးနှစ်ယောက်စလုံးက လင်းဟန်ကို ပြင်းပြင်းထန်ထန်နဲ့ စိုက်ကြည့် လိုက်ကြပါတယ်။

``ကောင်လေး.. ငါတို့မှာ ရန်ငြိုးရန်စ နဲ့ အမုန်းတရားတွေ မရှိဘူး .. ဒါပေမဲ့ တကယ်လို့ မင်းက သတ္တိကောင်းဖို့ ကြိုးစားမယ်ဆိုယင်တော့ မင်းသေလမ်းကို မင်းကိုယ်တိုင်ပဲ ရှာတာပဲ``

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူက ကူညီဖို့ အကြောင်းလုံးဂ မတွေးထား ပါဘူး။ ဒီနေရာမှာ စွန်စားခရီးထွက်ရတာက အန္တရာယ်တွေနဲ့ မျက်နှာခြင်းဆိုင်ပြီး ဖြေရှင်းရမယ်လို့ ဆိုလိုတာပါပဲ။ ဒါပေမဲ့ ဘယ်သူက ဒီလူငယ်လေးက သူ့ကို တိုးဂင် ဆောင့်ပြီးတော့ သက်လတ်ပိုင်းအရွယ် ယောက်ျား နှစ်ယောက် ကို မစောင့်နိုင်ပဲနဲ့ သူ့ကို တိုက်ခိုက်ခိုင်းလို့လဲ။

အကြောင်းရင်းကတော့ သူ့ကိုကြည့်ရတာ အရမ်းကို လွယ်လွယ်ကူကူ နဲ့ ဗိုလ်ကျ အနိုင်ကျင့်လို့ ရတဲ့ ပုံစံဖြစ်နေပြီး အခုတော့ သူတို့က သင်ခန်းစာ သေးသေးလေး

ရရှိသွားခဲ့တဲ့အတွက် သူ့ကို လေးလေးနက်နက် မှတ်ယူထားလိုက်ကြပါပြီ။

``ဟူးညို ပိန်ခြောက်ခြောက် နဲ့တစ်ယောက်က မင်းတာဝန်ပဲ``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ဟူးညိုကိုလဲ ကောင်းကောင်း လေ့ကျင့်ပေးရပါမယ်။ ဒီမိန်းကလေးက ပုကလန်က နွေဦးစမ်းရေအဆင့် လူတစ်ယောက်နဲ့ တစ်ချိန်တုန်းက တောင် လှည့်ပတ်ခဲ့သေးတာပဲ... ဒါကြောင့် ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်ပဲ ရှိသေးတဲ့ ဒီလူက သူမကို အန္တရာယ် အများကြီး ပေးနိုင်လိမ့်မှာတော့ မဟုတ်ပါဘူး။

``ကောင်းပြီ``

ဟူးညို က ချက်ချင်းပဲ ခုန်ချလိုက်ပါတယ်။ အစာစားခြင်း အပြင် တိုက်ခိုက်ခြင်းကလဲ သူမရဲ့ အကြိုက်နှစ်သက်ဆုံး ဝါသနာပါပဲ။ သူတို့က အင်ပါယာမြို့ မှာ တော်တော်ကြာ နေခဲ့ရပါတယ်။ ဒါကြောင့် လင်းဟန်က သူမကို တိုက်ခိုက်ခွင့် မပေးထားပါဘူး။

``ဘာ``

ဓါးကိုင်ထားတဲ့ အဘိုးကြီးကျန်း က ဒေါသတွေထွက်ပြီးတော့ နှာခေါင်းတောင် နီရဲလို့ လာခဲ့ပါတယ်။ ဒီကောင်လေးက သူနဲ့ တိုက်ခိုက်ဖို့ ငါးနှစ် ခြောက်နှစ်လောက်ပဲ ရှိသေးတဲ့ ကလေးမလေးကို လွှတ်ပေးတယ်ပေါ့လေ… သူက ကောက်ကျစ် စဉ်းလဲတဲ့ အကြံတစ်ခုကို စိတ်ကူးလိုက်ပါတယ်။သူက ဒီမိန်းကလေးကို နှစ်ခြမ်း ပိုင်းဖြတ်လိုက်ပြီးတော့ သွေးတွေစိမ့် ထွက်နေတဲ့ အလောင်းနဲ့ လင်းဟန်ကို ဒါက သူ့ကို ဒေါသထွက်အောင် လုပ်တဲ့ ရလဒ်ပဲဆိုတဲ့ အကြောင်းကို ပြောရပါမယ်။

``ကောင်လေး.. ငါတို့ထပ်ပြီးတော့ လက်ရည်စမ်းကြတာပေါ့``

ဆေဘာဓါးကို ကိုင်ထားတဲ့ ဂတုတ်က သူ့ရဲ့ ဆေဘာကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

``ဒီတစ်ကြိမ်တော့ ငါမင်းကို လုံးဝ လျှော့တွက်မှာ မဟုတ်တော့ဘူး``

ဒီစကားလုံးတွေက အစောပိုင်းတုန်းက

သူဂရုမစိုက်တဲ့အတွက် ရှုံးနိမ့်သွားတာကို ပြန်လည် ဖာထေးပြီးတော့ ပြောလိုက်တာပါ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ခင်ဗျားရဲ့ မျက်နှာက နာနေသေးတယ် မဟုတ်လား``

``မင်း.........``

ဆေဘာဓါးကိုင်ထားတဲ့ ဂျတုတ်က ချက်ချင်းပဲ စိတ်အနှောက်အယှက် ဖြစ်ပြီးတော့ ဒေါသထွက်သွားခဲ့ပါတယ်။ သူအရိုက်ခံလိုက်ရတဲ့ အဲဒီ ထိချက်က အရမ်းကို ပြင်းထန် ပြီးတော့ အခုထိ စပ်ဖျဉ်းဖျဉ်း နာကျင်နေဆဲ ပါပဲ။

``ခင်ဗျားက နာတယ်ဆိုတာကို သိနေမှတော့ ဘာကြောင့် သင်ခန်းစာ ပေးခံရတာ မမှတ်ထားတာလဲ``

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ရီမောလိုက်ပါတယ်။

``ခင်ဗျားက သေလူဖြစ်နေပြီ ဆိုမှတော့ ခင်ဗျားရဲ့ ဆေဘာဓါးကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ကျုပ်ကို

ဘယ်လိုနည်းနဲ့မှ ခုတ်နိုင်မှာမဟုတ်ဘူး။ တကယ်လို့ ခင်ဗျား မှတ်မိသည်ဖြစ်စေ မမှတ်မိသည်ဖြစ်စေ ကိစ္စတော့ မရှိပါဘူးလေ``

``လဖြတ်ပဲ``

ဆေဘာခါးကိုင်ထားတဲ့ ဖက်တီးက အော်ပြောလိုက်ပါတယ်။ သူ့ရဲ့ လက်နှစ်ဖက်နဲ့ ဆေဘာခါးရဲ့ လက်ကိုင်ကို ဆုပ်ကိုင်ထားပြီးတော့ ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန်တဲ့ တိုက်ခိုက်မှု ကို ထုတ်ဖော်လိုက်ပါတယ်။

``နတ်ဆိုးကောင်းကင် ဆေဘာခါး.. မိုးကောင်းကင်ကို ခွဲလို့ မြေကြီးကို ပျက်စီးစေ... ငါ ကျူးချင်းခွမ် က အနိုင်မခံ အရှုံးမပေး..........``

``အဟွတ်``

သူရဲ့ ကြုံးဝါးသံကို ဆုံးအောင်တောင် မပြောလိုက်ရပါဘူး သူ့ရဲ့အစာအိမ်ကို ပြင်းထန်တဲ့ ကန်ချက်တစ်ချက်နဲ့ အကန်ခံလိုက်ရပြီးတော့ အမြောက်ဆံ တစ်ခုလိုမျိုး ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။

``ဗုန်း``

သူ့ရဲ့ ခန္ဓာကိုယ်က မြေကြီးပေါ်ကို ပြင်းထန်စွာ ကျရောက်သွားပြီးတော့ ပုဇွန်ဆိတ် တစ်ကောင်လို ကွေးကွေးလေး ဖြစ်သွားပြီးတော့ သူ့ရဲ့ မျက်နှာက အပြင်းအထန် လှုပ်ခါလို့နေပါတယ်။

လင်းဟန်က သူ့ရဲ့ ခြေထောက်ကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဒီတိုက်ခိုက်မှုမှာ သူ့ရဲ့ ခွန်အား ၂၀ ၃၀ ရာခိုင်နှုန်းလောက်ပဲ အသုံးပြုထားပါတယ်။ ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်း အလွှာ ကိုးအဆင့် ပြိုင်ဘက် တစ်ယောက် အတွက်ကတော့ ဒီစွမ်းအားက သေစေလောက်သည်အထိ လုံလောက်ပါတယ်။ ဒါပေမဲ့လည်း ဒီ ဂတုတ် က အရမ်းကို ဂတဲ့အတွက် သူ့ရဲ့ များပြားလှတဲ့ အဆီတွေကြောင့် ဒီစွမ်းအား တွေက နေရာအနှံ့ကို ပြောင်းလဲ ဖြန့်ဝေသွားခဲ့တဲ့အတွက် ဒီကန်ချက်က သူ့ရဲ့ အတွင်းပိုင်း ကလီစာ အင်္ဂါ အစိတ်အပိုင်းတွေကို မဖျက်ဆီးသွားခဲ့ပါဘူး။ ဒါပေမဲ့ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးပေါ်က အရေပြား တွေက ကွဲအက်လာပြီးတော့ ချက်ချင်းဆိုသလိုပဲ ဂမ်းနည်းဖွယ်ရာ ကောင်းတဲ့ သွေးယိုစီးနေတဲ့ ယောကျ်ားတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားခဲ့ ပါတယ်။

သူက အသက်မသေပေမဲ့လည်း ဂုတ်တ က ညည်းညူဖို့ပဲ တတ်နိုင်ပြီးတော့ ဆက်ပြီးတိုက်ပွဲ ဝင်လို့ မရတော့ပါဘူး။

တစ်ခြားတစ်ဖက်မှာတော့ ဟူးညို့က အရမ်းကို ကျေနပ်ပျော်ရွှင်စွာ နဲ့ ကစားနေပါတယ်။ သူမရဲ့ ကျင့်ကြံခြင်း ခရီးက မတော်မရားကို လျင်မြန်ပြီးတော့ အခု သူမက ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့်ကို ရောက်နေပါပြီ။ သူမက ဒီ ဓါးကို အသုံးပြုတဲ့ အဘိုးကြီးကို အကြောက်ရွံ့ကင်းကင်းနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီးတော့ သူ့ အပေါ်ကို အမြန်နှုန်းအသာစီးရယူပြီး သူမရဲ့ ပြိုင်ဘက်ကို စက်ပိုင်းပုံသဏ္ဍာန် လည်ပတ်နေပြီးတော့ အနောက်ဘက်ကနေ အံ့အားသင့်စရာ ကောင်းတဲ့ တိုက်ခိုက်မှု တွေကို လုပ်နေပါတယ်။ ဒါကြောင့်လဲ အဘိုးကြီးကျန်းက သူမကို တစ်ချက်လေးမှတောင် ထိအောင်လို့ မတိုက်ခိုက်နိုင်ပါဘူး။

``ရှပ် ရှပ် ရှပ်``

ဟူးညို့ရဲ့ လက်တွေက ကျားလက်သည်းတွေနဲ့ တူပါတယ်။ လက်သည်းကုတ်ချက် တော်တော်များများ အထိခံလိုက်ရပြီးတဲ့ နောက်မှာတော့ အဘိုးကြီးကျန်းရဲ့

နောက်ကျောဘက်မှာ သွေးတွေ ဖုံးလွှမ်းသွားခဲ့ပါတယ်။ သွေးတွေကြောင့် ဟူးညိုရဲ့ သတ်ဖြတ်ချင်တဲ့ သဘာဝက ပိုပြီးတော့ ပြင်းထန်လာပြီးတော့ သူမရဲ့ သွားတွေကို ဖြဲပြီးတော့ ပိုပြီးရက်စက်ကြမ်းကြုတ် ပြင်းထန်စွာနဲ့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်ရဲ့ အနောက်မှာတော့ လူငယ်လေးက သူ့ရဲ့ပါးစပ်ကို ဟပြီး အံ့အားသင့်စွာ နဲ့ စိုက်ကြည့်လို့နေပါတယ်။

ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့် ပဲရှိတဲ့ လူငယ်လေးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာ ရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ကန်ချက်တစ်ချက်ထဲနဲ့ အချည်းနှီး ဖြစ်သွားစေခဲ့ပြီးတော့ ငါးနှစ် ခြောက်နှစ်လောက်ပဲရှိဦးမဲ့ ကလေးမလေး က သူမရဲ့ ပြိုင်ဘက်ထက် လုံးဝ သာလွန်နေပါတယ်။ ဒီနှစ်ယောက်က ဘယ်လို မွန်းစတား အမျိုးအစားတွေလဲ။

တစ်ခဏ အကြာမှာတော့ ဟူးညိုက ဓါးအသုံးပြုတဲ့ အဘိုးကြီးကျန်း ကို ရိုက်ချ လိုက်ပီးတော့ ကျေနပ်ပျော်ရွှင်စွာနဲ့ ရီမောပြီး လင်းဟန်ရဲ့ ဘေးကို ပြန်လာခဲ့ပါတယ်။ သူမပုံစံကြည့်ရတာက အရမ်းကို ချစ်စရာကောင်းပြီး သန့်စင်တဲ့ မင်းသမီးငယ်လေး

တစ်ပါးနဲ့တူပါတယ်။

``ခွပ် ခွပ်``

အဲဒီအချိန်မှာပဲ လူငယ်လေးက ကျောက်တုံး တစ်တုံးကို သုံးပြီးတော့ ဂတုတ် နဲ့ အဘိုးကြီးကျန်းတို့ ရဲ့ ခေါင်းတွေကို ထုချလိုက်ပီးတော့ သူတို့ သေတာ သေချာအောင်လို့ လုပ်လိုက်ပါတယ်။ ကောင်းကင်အဆင့် စစ်သည်တော် တောင်မှ အသက်ရှင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က သူ့ကို နှစ်ကြိမ်လောက် ကြည့်လိုက်ပါတယ်။ ဒီ လူငယ်လေးက တကယ့်ကို ရက်စက်တာပဲ။

``ကျေးဇူးတင်ပါတယ်... ငါ့ကို ကူညီပြီးတော့ တရားမျှတတဲ့ ဘက်ကနေပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်``

လူငယ်လေးက ကျောက်တုံးကို အလျင်အမြန်ပဲ အဝေးကို လွှင့်ပစ်လိုက်ပြီးတော့ အောက်ကျို့တဲ့ အမူအရာ တွေအပြည့်နဲ့ ပြောလိုက်ပါတယ်။

``ငါ့နာမည် ယန်မင် လို့ခေါ်ပါတယ် ငါက ကျောက်တုံး

တိုင်းပြည်ကလာခဲ့တာပါ။ ကျေးဇူးပြုပြီးတော့ ငါ့ကို အပြစ်မတင်ပါနဲ့... ငါက အချိန်အတော်ကြာအောင်လို ငါ့ရဲ့ အသက်ကို ဆုံးရှုံးလုနီးပါး အမဲလိုက်တာကိုခံခဲ့ရပါတယ်။ ငါ့ရဲ့ နလုံးသားထဲက အမုန်းတရားတွေကို ဖြေဖျောက်ပစ်ဖို့ အနည်းဆုံးတော့ ငါဒီလို လုပ်မှ ဖြစ်မှာမိုလို့ပါ``

ဒီလူနှစ်ယောက်က ခါးပြသာသာ ပဲ ရှိပါတယ်။ တကယ်လို့ သူတို့သေတော့ရော ဘာဖြစ်သေးလဲ... လင်းဟာန်က သူတို့အကြောင်းကို လုံးဂ ဂရုမစိုက်ပါဘူး။ သူ့ကို ဘာက အံ့သြစေတာလဲဆိုတော့ ယန်မင် က သူတို့ကို အဆုံးသတ်လိုက်တဲ့အချိန်မှာ သူရဲ့ အမူအရာ စိတ်ခံစားချက်က နည်းနည်းလေးမှ မပြောင်းလဲပဲနဲ့ အရမ်းကို သွေးအေး ရက်စက်လွန်းတဲ့ အမူအရာနဲ့ ဖြစ်ပါတယ်။

``ကျေးဇူးရှင်.. ငါမင်းတို့နဲ့ အတူ လိုက်လို့ရမလား.... ငါ ဒီထဲကို ရောက်လာချိန် ကတည်းက ငါ့မိသားစုကနေ ကွဲထွက်လာခဲ့တယ်။ ဒါပေမဲ့ ငါ အဓိကခန်းမမှာ သူတို့နဲ့ ပြန်ပြီးတော့ ဆုံလိမ့်မယ်လို့ ယုံကြည်တယ်။ အဲဒီအချိန်ကို ရောက်တဲ့အခါ ငါ့မိသားစုရဲ့ စီနီယာ အကြီးအကဲတွေက မင်းရဲ့ သဘောထားကြီးမှု ကို ပြန်ပြီးတော့ ပေးဆပ်ပါလိမ့်မယ်။``

ယန်မင် က လင်းဟာန်ကို ကြည့်ပြီးတော့

တောင်းဆိုလိုက်ပါတယ်။

ဒီမတိုင်ခင်က နက်ရှိုင်းတဲ့ ချောက်ကမ်းပါးကြီးရဲ့ ထိပ်မှာ အန္တရာယ်တွေ အများကြီးနဲ့ ဘယ်လောက်အချိန် ကြာကြာ နေရမယ်ဆိုတာ မသေချာပါဘူး။ ဒါကြောင့် သန်မာ အားကောင်းတဲ့ တစ်စုံတစ်ယောက်နဲ့ အတူတူ သွားတာက ပိုပြီးတော့ လုံခြုံပါလိမ့်မယ်။

လင်းဟန်က ပြုံးပြီးတော့ ယန်မင် ကိုကြည့်လိုက်ပါတယ်။ ဒီကောင်က ပေါက်ကရ စကားတွေကို ပြောပြီးတော့ သူ့ကို ကိုယ်ရံတော်အဖြစ် လိုချင်နေတာပါ။ သူက လူတွေကို လိမ့်လုံး ဖိန့်လုံးတွေ သုံးတဲ့နေရာမှာတော့ မဆိုးပါဘူး။

ယန်မင် က လင်းဟန် နည်းနည်းလေးမှ မလှုပ်ရှားတာကို မြင်လိုက်တဲ့အခါမှာ ပြောပြချင်စိတ် မရှိစွာနဲ့ ပြောလိုက်ပါတယ်။

``ကျေးဇူးရှင်.. ဒီလူနှစ်ယောက်က ငါ့ကို ဘာဖြစ်လို့ လိုက်သတ်လဲ ဆိုတာကို မင်းသိလား``

``ဘာဖြစ်လို့လဲဆိုတော့ မင်းပုံစံကိုကြည့်ရတာ ဆူဖြိုးနေတဲ့ သိုးတစ်ကောင်နဲ့ တူလို့ မဟုတ်လား``

လင်းဟန်က ရီမောလိုက်ပါတယ်။

``အဲဒါက တစ်ဂက်ပဲ ရှိသေးတယ်``

ယန်မင် က သူ့ရဲ့ခေါင်းကို ခါလိုက်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

``ရွာထိပ်မှာ ငါ အရမ်းကို ကံကောင်းပြီးတော့ ရှေးဟောင်းမှတ်တမ်း တစ်ခုကို ရှာတွေ့ခဲ့တယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ဒီလူနှစ်ယောက်ရဲ့ အမဲလိုက်တာကို ငါခံလိုက်ရတာပဲ.... ငါ ရှေးဟောင်းမှတ်တမ်း ကို ခြောက်သွေ့နေတဲ့ သစ်ပင် တစ်ပင်ရဲ့ ထိပ်ဖျားမှာ ဖွက်ထားခဲ့တယ်... ကျေးဇူးရှင်က လမ်းတစ်လျှောက်လုံး ငါ့ကို ကာကွယ်ဖို့ ကတိပေးယင် အဲဒီရှေးဟောင်းမှတ်တမ်းကို ငါ မင်းကို ပေးဖို့ ဆန္ဒရှိပါတယ်။``

ရှေးဟောင်းမှတ်တမ်းလား။

လင်းဟန် က ချင့်ချိန်တွေးဆပြီးတော့ ပြောလိုက်ပါတယ်။

``ရှေးဟောင်းမှတ်တမ်းက ဘာအကြောင်းအရာတွေ

ပါလဲ``

``ငါ အဲဒါကို တစ်ချက်လောက်ပဲကြည့် လိုက်ရတယ်။ ရှေးဟောင်းမှတ်တမ်းက ဒေသခံ နေထိုင်သူ တစ်ယောက်ရဲ့ နေ့စဉ်မှတ်တမ်း တစ်ခုလိုမျိုးပဲ... လက်စွပ်ပုံ တောင်ရဲ့ အသေးစိတ်အချက်အလက် တွေကိုလည်း မှတ်တမ်းတင်ထားတယ်...``

ယန်မင် က တစ်ခဏမျှ ရပ်တန့်လိုက်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

``အဲဒီမှာ မြေပုံတစ်ခုလည်း ပါသေးတယ်``

နောက်ဆုံးစကားလုံးတွေက လင်းဟန်ကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့ပါတယ်။ သူက လက်စွပ်ပုံတောင် ရဲ့ အတွင်းပိုင်း နက်နက်နေရာကို အရမ်းကို စိတ်ဝင်စားပြီးတော့ ၎င်းရဲ့ လျှို့ဝှက်ချက်တွေကို စုံစမ်းလေ့လာချင်နေတာပါ။

``ကောင်းပြီလေ.. ဒါဆို အဲဒီ ရှေးဟောင်းမှတ်တမ်း ကိုသွားယူကြတာပေါ့``

လင်းဟန်က ခေါင်းငြိမ့်ပြလိုက်ပါတယ်။

ယန်မင် က လင်းဟာန်ရဲ့ ပြန်ဖြေတာကို ကြားလိုက်ရတဲ့အခါမှာ ပျော်ရွှင်မြူးထူး သွားခဲ့ပါတယ်။ ပုံမှန်အားဖြင့်တော့ ကျင့်ကြံသူတွေက သိုင်းပညာနည်းစနစ်တွေ ကျင့်ကြံခြင်း နဲ့ပါတ်သတ်တဲ့ စာအုပ်တွေကိုပဲ နှစ်သက်ကြတာပါ။ တစ်ခြား စာအုပ် တွေကိုတော့ဖြင့် သူတို့က တစ်ချက်ထပ် ပိုပြီးတော့ ပေ့တောင်မကြည့်ပါဘူး။ သူက အရဲစွန့်ပြီးတော့ လောင်းကြေးထပ်လိုက်တာဖြစ်ပြီး လင်းဟာန်က တကယ်ပဲ သူ့ကို ကတိပေးလိမ့်မယ်လို့ မမျှော်မှန်းထားခဲ့ပါဘူး။

အပိုင်း (၂၂၁) မှတ်တမ်းစာအုပ်

သူတို့တွေ က လက်စွပ်ပုံတောင်ရဲ့ အပြင်ဘက်စည်းဝိုင်းဘက်ကို လမ်းလျှောက် လာခဲ့ကြပါတယ်။ အဲဒီနောက်မှာ ယန်မင် က ရှေးဟောင်းမှတ်တမ်း ရေးမှတ်ထားတဲ့ စာအုပ်တစ်အုပ်ကို ခြောက်သွေ့နေတဲ့ သစ်ပင်တစ်ပင် ဆီကနေ လှမ်းယူလိုက်ပါတယ်။ အဖုံးကတော့ ပစ်ထားတာ ကြာပြီဖြစ်လို့ ဆွေးမြည့်နေပြီး စာအုပ်ရဲ့ တဂက်ကိုတောင်မှ ကောင်းကောင်း မဖုံးထားနိုင်ပါဘူး။

အဲဒီအချိန်က ယန်မင် က ကတိုက်ကရိုက်နဲ့ သစ်ပင်ရဲ့ ပင်စည်

အနောက်မှာ ပုန်းနေ ပြီးတော့ ရှေးဟောင်းမှတ်တမ်းကို ပေါ့ပေါ့တန်တန်ပဲ ထိုးသွင်းထားခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။ ပြီးတဲ့နောက်မှာ သူက ထွက်ခွာသွားခဲ့ပြီးတော့ဒင်းကို ဖြစ်ကတတ်ဆန်း ဖွက်ထားခဲ့ပုံ ရပါတယ်။

``သခင်လေးဟန် ဒီမှာပါ``

ယန်မင်က ရှေးဟောင်းမှတ်တမ်းစာအုပ်ကို ရိုရိုသေသေနဲ့ သူ့ရဲ့ခေါင်းကို နိမ့်ချပြီး ပေးလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာတော့ မပေးချင်တဲ့ဆန္ဒ တစွန်းတစ်ကိုတော့ သတိမူမိဖို့ ခက်ပါတယ်။

သာမန် လူတွေ အတွက်ကတော့ ရှေးဟောင်း မှတ်တမ်း စာအုပ်ဆိုတာ ဘာမှ တန်ဖိုး မရှိပေမဲ့ တစ်ချို့အတွက်ကတော့ ဒင်းက တန်ဖိုးမဖြတ်နိုင်ပါဘူး။

လင်းဟန်က ဒင်းကို တုံ့ဆိုင်းခြင်းမရှိပဲ ယူလိုက်ပါတယ်။ လမ်းမှာတုန်း က သူက ယန်မင် ကိုသူ့ရဲ့ နာမည်ကို ပြောပြခဲ့ပါတယ်။ ကျေးဇူးရှင်လို့ ခေါ်တာကို ကြားလိုက်ရတိုင်းပဲ သူ့အတွက် သက်တောင့်သက်သာ မဖြစ်စေခဲ့ပါဘူး။

ဒါက ယခင်လူတစ်ယောက်ရဲ့ မှတ်တမ်းစာအုပ် တစ်ခု ပဲဖြစ်ပါတယ်။ အစ ပထမပိုင်း မှာ မဖြစ်စလောက် ကိစ္စတစ်ချို့ ကို မှတ်တမ်းတင်ထားပြီးတော့ မူလစာအုပ်ပိုင်ရှင်ရဲ့ နာမည်က ရှောင်ဒင် လို့ခေါ်ပြီး ကျေးရွာတစ်ခုရဲ့ အုပ်ချုပ်သူ သူကြီးတစ်ယောက် ဖြစ်ပြီးတော့ အေးချမ်းတဲ့ဘ၀ တစ်ခုမှာ နေထိုင်ပါတယ်။

ရှောင်မိသားစု က ဒီနေရာမှာ မျိုးဆက်ပေါင်းများစွာတိုင်အောင် နေထိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ရှောင်ဒင်ရဲ့ မျိုးဆက်အရောက်မှာတော့ ပြောင်းလဲမှု တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ကျေးရွာတစ်ခုလုံးက လျှို့ဂှက်နယ်ပယ် ကနေ အဝေးကို မောင်းထုတ်ခံလိုက် ရပါတယ်။ ဒါပေမဲ့ ရှောင်ဒင်က ဒီကြီးမားတဲ့ လိမ်လည်လှည့်ဖြားခြင်းရဲ့ လှုပ်ရှားမှု နောက်ကွယ်မှာ ရှိနေခဲ့ပါတယ်။

သူက နတ်ဆိုးအရှင်သခင် လို့ခေါ်တဲ့ သူတစ်ယောက်ရဲ့ အမိန့်တွေကို အဲဒီအချိန်က မနာခံခဲ့ပါဘူး။ ပြီးတော့ လက်စွပ်ပုံ တောင်ရဲ့ အတွင်းပိုင်း နက်နက်ထဲကို ဂင်ပြီးတော့ ဘာကြောင့် သူတို့တွေ နှင်ထုတ်ခံလိုက်ရသလဲ ဆိုတာကို သိချင်ခဲ့ပါတယ်။

ဒီကုန်းမြေကို သူရဲ့နားလည်နိုင်စွမ်းကို အမှီပြု အားထားပြီးတော့ အတားအဆီး အမြောက်အများကို သူက ရှောင်ရှားပြီးတော့ အတွင်းပိုင်းထဲကို ဝင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူက အတွင်းစည်း ဇရိယာရဲ့ အနက်ထဲထိတော့ မဝင်နိုင်ပါဘူး။ အဲဒီနေရာ က လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားက သူ့ကို ကူးစက်လာပြီးတော့ သူ့ကိုယ်သူ မဟုတ်တော့သလိုမျိုး ခံစားရအောင် လုပ်နိုင်ပါတယ်။

သူက ချက်ချင်းပဲ ထွက်ပြေးလိုက်ပေမဲ့လည်း တော်တော်ကို နောက်ကျ သွားခဲ့ပါပြီ။ သူလွတ်မြောက်ပြီးတော့ သူရဲ့ရွာကို ပြန်ရောက်လာတဲ့ အချိန်ကျတော့ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ပဲ တောင်ရဲ့ အတွင်းပိုင်းမှာ သူ ဘာတွေ တွေ့ကြုံခဲ့သလဲ ဆိုတာလောက်ကိုပဲ မှတ်တမ်းတင်နိုင်ခဲ့ပြီး နေ့စဉ်မှတ်တမ်းကလဲ ဒီနေရာမှာ အဆုံးသတ် သွားခဲ့ပါတယ်။ သူသေသွားခဲ့တာ သေချာသလောက်ပါပဲ။

ရှောင်ဒင် က အမျိုးမျိုးသော ကန့်သတ်ချက်တွေ၊ အရာအားလုံးရဲ့ အလွန့်ကို ကြီးမားတဲ့ အသေးစိတ် အချက်အလက်တွေကိုပါ မှတ်တမ်းတင်ထားခဲ့ပါတယ်။ ဒါကလဲ သူ့အနေနဲ့ တစ်စုံတစ်ခုကို မေ့ပျောက်သွားမှာကို

ကြောက်ရွံ့တာကြောင့် သေချာသလောက် ရှိပါတယ်။ အဆုံးမှာတော့ နတ်ဆိုးကောင်းကင်လျှို့ပှက်နယ်ပယ် အထဲမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖိနှိပ်နေပြီး အဓိက ခန်းမကြီးကလဲ သွေးယစ်ပူဇော်ခြင်းမျိုးနဲ့ အင်အားကို တင်းကျပ်ထားတဲ့ အရန်အတားအဆီးတစ်ခု ဖြစ်နိုင်တယ်လို့ ထင်မြင်ချက်ချထားပါတယ်။ အဲဒါက အရမ်းကို ဝေးကွာလွန်းတဲ့ အချိန်တစ်ခုက ဖြစ်ခဲ့ပေမဲ့လည်း ပြဿနာက သူ့ရဲ့ မျိုးဆက် အချိန်မှာ တွေ့ရှိခဲ့ရခြင်း ဖြစ်ပါတယ်။

လျှို့ပှက်နယ်ပယ်ထဲကနေ လူတွေအားလုံးက ထွက်ခဲ့ရပေမဲ့ ကန့်သတ်ချက်တွေ က ဘယ်နေရာမှာ ဘာအတွက် ထားတာလဲ။ ဖြစ်နိုင်ချေ တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒါက မူလကတည်းက မကောင်းတဲ့အရာ တစ်စုံတစ်ခုက အတွင်းထဲမှာ ဖိနှိပ်ခံ ထားရတာ ဖြစ်ပါလိမ့်မယ်။

လင်းဟာန်က မှတ်တမ်းစာအုပ် ကို ပိတ်လိုက်ပြီးတော့ အတွေးထဲမှာ နစ်မြုပ်သွား ပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ဒီ လျှို့ပှက်နယ်ပယ်က အရမ်းကို တည်ငြိမ်ပြီးပါတယ်။ ဒါကြောင့် လျှို့ပှက်နယ်ပယ်က ၎င်းကိုယ်တိုင်ပဲ ဖြိုဖျက်ခြင်းက ပြဿနာ တစ်ခုတော့

မဖြစ်လောက်ပါဘူး။ ဒါဆိုရင် ဘာကြောင့် လူတွေကို အပေးကို နှင်ထုတ်ပစ်လိုက် ရတာလဲ။

အတိတ်ကာလတုန်းက သွေးဖုတ်ကောင် တစ်ကောင်က နတ်ဆိုးကောင်းကင် လျှို့ပုက် နယ်ပယ်ထဲမှာ ပေါ်လာခဲ့ပါတယ်။ ပြီးတော့ ရှောင်ဒင် က မူလကတည်းက မကောင်းတဲ့ အရာတစ်ခုလို့ မှတ်တမ်းစာအုပ်ထဲမှာ ရည်ညွှန်းထားခဲ့ပြီး အဲဒီအရာက ကြောက်စရာကောင်းပြီး နတ်ဆိုးဆန်တဲ့ တစ်စုံတစ်ခုက အဲဒီနေရာမှာ ပိတ်လှောင် ခံထားရတယ်လို့ ယုံကြည်နေပါတယ်။။ ဒီနှစ်ခုက ဆက်စပ်တာရော ဖြစ်နိုင်မလား။ အဲဒီအချိန်မှာ သွေးဖုတ်ကောင်ရဲ့ ရောက်ရှိလာမှု ရလဒ်ကြောင့်ပဲ အားလုံးရဲ့ နှင်ထုတ်ခြင်းကို ခံခဲ့ရတာလား။

လျှို့ပုက်နယ်ပယ်ကို စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူ က ဖန်တီးခဲ့ကြ ပါတယ်။ ဒါပေမဲ့ လျှို့ပုက်နယ်ပယ်တိုင်းမှာ ဒီလိုမျိုး အံ့မခန်းလူတစ်ယောက်က ၎င်းကို ကြီးကြပ်ကွပ်ကဲ နေတယ်လို့ မဆိုလိုပါဘူး။ တကယ်လို့ စကြာဂဠာအဆင့် ကျင့်ကြံသူတွေက စကြာဂဠာကို ခွဲပြီး နတ်ဘုရားအဆင့်ကို မဂင်ရောက်နိုင်ဘူးဆို သူတို့လည်းပဲ အသက်ကြီးလာတဲ့အခါ သေသွားပါလိမ့်မယ်။

ဒီတောင်ရဲ့ အတွင်းပိုင်းမှာ သွေးဖုတ်ကောင် ပမာဏ အများကြီး ရှိပြီးတော့ ၎င်းတို့ကို ဖိနှိပ်ဖို့ စကြာဂဠုဒ္ဓါဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတစ်ယောက်ရဲ့ အစွမ်း လိုအပ်ကောင်း လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့ နတ်ဆိုးကောင်းကင် နယ်ပယ် အတွင်းမှာ တော့ ဒီလို အံ့မခန်း ကျင့်ကြံသူတစ်ယောက် မရှိတော့ပါဘူး။ ဒါကြောင့် သူတို့ကို ထွက်ခွာသွားဖို့ ဖိအားပေးပြီးတော့ လျှို့ဟုက်နယ်ပယ်က အဲဒီအရာတွေကို ထောင်ချောက်ဆင်ဖို့ နေရာလွတ်တစ်ခု ချန်ထားခဲ့ခြင်းဖြစ်ပါတယ်။

``သခင်လေးဟန်.. ငါတို့ ထွက်တော့မလား``

ယန်မင် က မေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``သွားစို့``

သူတို့သုံးယောက် ထွက်ခွာလာကြပြီးတော့ တစ်ရက်နဲ့ နေ့တစ်ဝက်အကြာမှာ အဝေးတစ်နေရာက ကြီးမားတဲ့ လျှိုမြောင် တစ်ခုကို နောက်ဆုံးတော့ မြင်သွားကြပါတယ်။

၎င်းက ကောင်းကင်ကနေ ဆေဘာဓါးနဲ့ လက်စွပ်ပုံတောင် ကို ခွဲလိုက်သလိုမျိုး တောင်ကြောတစ်လျှောက် လမ်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်နေပြီး အဝေးကနေ ကြည့်မယ်ဆိုယင် မိုးကုတ်စက်ဝိုင်းနဲ့ ချိတ်ဆက်ထားသလို ထင်ရပါတယ်။ မိုးကောင်းကင်က နေ ကျဆင်းလာတဲ့ ဒီအက်ကွဲခြင်းက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပြီးတော့ ကြောက်မက်ဖွယ်ရာလည်းကောင်းပါတယ်။ လင်းဟာန် တောင်မှ ဆေဘာဓါးအသိ တစ်စွန်းတစ်စ ကို ခံစားနိုင်ပါတယ်။

ဟိုးယခင် နှစ်တွေတုန်းက လက်စွပ်ပုံတောင်ကို အပိုင်းလေးပိုင်း ပိုင်းဖြတ်လိုက်တဲ့ ခန့်မှန်းလို့မရနိုင်အောင် အစွမ်းထက်တဲ့ ကျင့်ကြံသူတစ်ယောက် က ဒီနေရာမှာ တည်ရှိခဲ့ပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်..... ၎င်းက သေချာပေါက် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ ယခင်ဘဝတုန်းက သူတောင်မှ ဒီလို အစွမ်းမျိုး မရှိခဲ့ပါဘူး။ ဒဏ္ဍာရီလာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တွေပဲ ဒီလိုမျိုး အသိအမှတ်ပြုရလောက်တဲ့ ဆေဘာဓါးအသိစိတ်

တစ်စွန်းတစ်စ ကို နှစ်ပေါင်း ဘယ်လောက်တောင်ကြာမှန်းမသိတဲ့ အချိန်ကနေ အခုထိ အချိန်ကြောင့် တစ်စတစ်စ ဆုတ်ယုတ်လျော့ပါးမလာပဲနဲ့ ကျန်နေအောင်လို့ လုပ်နိုင်ပါတယ်။

အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတာပဲ။ ဆေဘာအသိတစ်ခုက အဆုံးမရှိတဲ့ ကာလတစ်ခုထိ တိုင်အောင် ထာဝရ ရှိနိုင်တယ်လို့ မကြားဖူးခဲ့ပါဘူး။

လျှိုမြောင်က မြင်ကွင်းထဲမှာ ရှိနေသော်လည်း ၎င်းက အရမ်းကို ဝေးကွာတဲ့ နေရာမှာ ပေါ်နေခဲ့ပြီးတော့ အနားကို ချဉ်းကပ်ဖို့ ရှည်လျားတဲ့ လမ်းကြောင်း တစ်လျှောက်ကို ဖြတ်သန်းသွားဖို့ လိုအပ်ပါသေးတယ်။ သူတို့ရဲ့ ပန်းတိုင်က သူတို့ မြင်ကွင်းထဲမှာ ပေါ်လာခဲ့ပြီဆိုတော့ သူတို့အနေနဲ့ စိတ်အားထက်သန်ပြီး အမြန်နှုန်း ကို တိုးမြင့်လိုက်ပါတယ်။

အဝေးကနေ ငယ်သံပါအောင် အော်လိုက်တဲ့ အသံကြားလိုက်ရပါတယ်။ ကြည့်ရတာ တော့ တိုက်ပွဲတစ်ခုက ပြီးသွားပြီထင်တယ်။ ဒီနေရာမှာ ဖြစ်နေကျ အတိုင်းပါပဲ။

လျှပ်တပြက်အတွင်းမှာ ဓါးကိုယ်စီ ကိုင်ထားတဲ့

လူခြောက်ယောက်က ညာဘက် တောအုပ် အတွင်းပိုင်းကနေ သုတ်သီးသုတ်ပျာ နဲ့ ပြေးထွက်လာကြပါတယ်။ သူတို့အားလုံးက တစ္ဆေ သရဲ တစ်ကောင်ကို မြင်လိုက်ရသလိုမျိုး ကြောက်ရွံ့ ထိတ်လန့်စွာနဲ့ သူတို့ရဲ့ အသက်အတွက် အသက်လုပြီး ပြေးလာရသလိုမျိုး ဖြစ်နေတဲ့ ပုံစံ ကို မြင်လိုက်ရပါတယ်။

အနက်ရောင် အရိပ်တစ်ခုက အရမ်းကို လျင်မြန်စွာနဲ့ ဖြတ်သန်းသွားခဲ့ပါတယ်။ ပြီးတော့ တစ်ချက် ခုန်ပြီးတော့ လူတစ်ယောက်ကို ဖမ်းပြီး ၎င်းရဲ့ လက်ကို အဲဒီလူရဲ့ အနောက်ဘက်ကနေ ခေါင်းဆီကို ပွေ့ယမ်း လိုက်ပါတယ်။

အဲဒီလူကို ကြည့်ရတာ သတ္တိ တစ်စက်မှ မကျန်တော့တဲ့ ပုံစံဖြစ်နေပြီးတော့ နည်းနည်းလေးမှတောင် မခုခံတော့ပဲနဲ့ လွတ်ဖို့အတွက်ကိုပဲ အာရုံစိုက်ပြီး ပြေးနေပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ဒီ အနက်ရောင် အရိပ်ရဲ့ အမြန်နှုန်းကို မှီဖို့ လုံးဝမဖြစ်နိုင်ဘူးဆိုတာကို သူတို့ မသိပါဘူး။ ချက်ချင်းဆိုသလိုပဲ သူတို့ရဲ့ ခေါင်းတွေ ကို ထိခိုက်ခံလိုက်ရပြီးတော့ ခေါင်းတစ်ခုလုံး စိစိညက်ညက်ကြေ သွားပြီးတော့ သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။

အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီး

စက်ဆုပ်ရွံ့ရှာစရာကောင်းတဲ့ မြင်ကွင်း တစ်ခု ပေါ်လာခဲ့ပါတယ်။ အနက်ရောင် အရိပ်က အဲဒီလူရဲ့ သွေးတွေကို စုပ်ယူဖို့ ခန္ဓာကိုယ်ရဲ့ အပေါ်ဆီကို ဆတ်ခနဲ လှမ်းလိုက်ပြီးတော့ သူ့ရဲ့ အသားတွေကို ကိုက်ဝါး လိုက်ပါတယ်။

လပြွတ်။

``သွေးဖုတ်ကောင်လား``

လင်းဟန် မျက်မှောင်ကြုတ်သွားပြီးတော့ ဒီ မကောင်းဆိုးဝါး အရာ အကြောင်းကို အလိုလိုပဲ စဉ်းစားမိသွားခဲ့ပါတယ်။

``မှားတယ် မှားတယ်... ဒါက သွေးဖုတ်ကောင် တစ်ကောင် မဟုတ်ဘူး.. ဒါပေမဲ့ ဒုတိယအဆင့် ကြေးနီချပ်ဂတ် ဖုတ်ကောင် တစ်ကောင်ပဲ``

တောအုပ်ထဲက အနက်ရောင် လူငယ်လေးတစ်ယောက် လမ်းလျှောက်ပြီး ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာက လူသေလိုမျိုး သွေးမရှိတဲ့အတိုင်း ဖြူနေပြီး နေ့ခင်းဘက် အလင်းရောင်မှာတောင် တစ္ဆေခြောက်လှန့်နေသလို ခံစားချက်မျိုး ကို ပေးပါတယ်။

သူ့ရဲ့ လက်ထဲမှာ သတ္တုချိန်းကြိုး သုံးခုကို တင်းတင်းကျပ်ကျပ် ကိုင်ထားပြီး တောအုပ် အတွင်းက မြင်ကွင်းထဲမှာ မမြင်ရတဲ့ လေးလံတဲ့ တစ်စုံတစ်ခုကို ချည်နှောင် ထားသလိုမျိုး ပုံစံဖြစ်နေပါတယ်။

``အလောင်းတစ်ထောင် ဂိုဏ်းလား``

လင်းဟန်က သူ့ရဲ့ မျက်မှောင်ကြုတ် လိုက်ပါတယ်။

``ဘာ.. မင်းက တကယ်ပဲ အလောင်းတစ်ထောင် ဂိုဏ်းကို သိလို့လား``

အနက်ရောင်လူငယ်က လင်းဟန်ကို စူးစိုက်ကြည့်ပြီးတော့ အားကောင်းတဲ့ သတ်ဖြတ်ချင်တဲ့ အရှိန်အဝါတွေကို ထုတ်လွှတ်လိုနေပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ မနှစ်မြို့တဲ့ အမူအရာတွေ ဖြစ်ပေါ်လို နေပါတယ်။

အလောင်းကောင် တစ်ထောင် ဂိုဏ်းက မကောင်းတဲ့နေရာမှာတော့ ပြိုင်ဘက်ကင်း တဲ့

အဖွဲ့တစ်ခုဖြစ်ပါတယ်။ အဲဒီ ဂိုဏ်းက လူတွေက သူတို့ကိုယ်တိုင်တော့ အစွမ်းမထက်ပေမဲ့ လူတိုင်းလူတိုင်းက အစွမ်းထက်တဲ့ ကျင့်ကြံသူတွေရဲ့ အလောင်းကို ပြန်လည်သန့်စင်ပြီးတော့ အလောင်းစစ်သား လို့ သိကြတဲ့ သူတို့ရဲ့ ကိုယ်ပိုင် ခြေလက်တွေအတိုင်း အမိန့်ပေးစေခိုင်းလို့ရပြီးတော့ ၎င်းတို့ရဲ့ တိုက်ပွဲအစွမ်းက အံ့အားသင့်စရာကောင်းလောက်အောင် သာလွန်ကောင်းမွန်ပါတယ်။

အလောင်းစစ်သားတွေကို ကြေးနီချပ်ဂတ် အလောင်း၊ ငွေချပ်ဂတ် အလောင်း၊ ရွှေချပ်ဂတ် အလောင်းဆိုပြီးတော့ အဆင့်သုံးခု ခွဲထားပါတယ်။ အဆင့်တိုင်းမှာ ပထမအဆင့်၊ ဒုတိယအဆင့် ၊ တတိယအဆင့် နဲ့ သိုင်းပညာရပ်တွေမှာလိုပဲ ခန္ဓာကိုယ်ပြုပြင်ခြင်းအဆင့်ကနေ ကောင်းကင်အဆင့်ထိ စုစုပေါင်း အဆင့်ကိုးဆင့် ခွဲခြားထားပါတယ်။

အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အလောင်းစစ်သား တွေက ဘယ်ကနေ လာတာလဲ။ ဒါပေါ့ သိုင်းပညာရှင်တွေရဲ့ အလောင်းကို ခိုးယူကြတာပါ။ တကယ်လို့ သိုင်းပညာရှင် တစ်ယောက်ရဲ့ ခွန်အားက အသက်ရှိစဉ်အခါက သန်မာအားကောင်း နေတယ်ဆိုရင် သူ့ရဲ့ ခန္ဓာကိုယ်ကို အလောင်းစစ်သားအဖြစ် လုပ်လိုက်တဲ့အခါမှာ ရွှေချပ်ဂတ်

အဆင့်သုံး အလောင်းတစ်ခုက အံ့မခန်း ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ တောင်မှ နိုင်းယှဉ်လို့ ရပါလိမ့်မယ်။

သန်မာတဲ့ အလောင်းတစ်ခု ကို ခိုးယူဖို့ စီစဉ်လိုက်ပီဆိုရင် အလောင်းတစ်ထောင် ဂိုဏ်း က စိတ်ဖောက်ပြန်ပြီးတော့ ရူးနေသလိုမျိုး ရှေးဟောင်းသချိုင်းတွေကို တူးယုံသာမက သေတာမကြာသေးတဲ့ အစွမ်းထက် ကျင့်ကြံသူရဲ့ အလောင်းကို ပါ ခိုးယူတတ်ကြပါတယ်။ အဲဒါကြောင့်ပဲ ဒီဂိုဏ်းက မနစ်မြို့စရာတွေကြောင့် အဓိက အင်အားစုတွေက ပူးပေါင်းပြီးတော့ တစ်ကြိမ် တိုက်ခိုက်ခဲ့ရပါတယ်။

လင်းဟန်အနေနဲ့က အလောင်းတစ်ထောင်ဂိုဏ်းက အမြစ်ပြုတ် သုတ်သင် ခံလိုက်ရပြီလို့ ထင်ထားပေမဲ့ မျှော်လင့်မထားပဲနဲ့ အခု အဲဒီဂိုဏ်းရဲ့ တပည့် က ထွက်ပေါ် လာခဲ့ပါတယ်

အပိုင်း (၂၂၂) ငွေချပ်ဂတ် အလောင်းကောင်

အနက်ရောင် ဂတ်စုံနဲ့ လူငယ် က လင်းဟန်ကို

စိုက်ကြည့်နေခဲ့ပါတယ်။ ဒီလူငယ်က အသက် ဆယ့်ရှစ်နှစ်ကို ကျော်သေးပုံမပေါ်သေးပဲ ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်ပဲ ရှိပါသေးတယ်။ ဒါဆိုယင် ဘယ်လိုကြောင့် ကြေးနီချပ်ဂတ် အလောင်း ဆိုတဲ့ စကားကို သူက ကြားလိုက်တာနဲ့ ချက်ချင်းပဲ အလောင်းကောင် တစ်ထောင် ဂိုဏ်းအကြောင်းကို စဉ်းစားမိလိုက်တာလဲ။

ထူးဆန်းတယ်။

သူရဲ့ နာမည်က ရှံဟွမ်းရှမ် လို့ ခေါ်ပါတယ်။ ပြီးတော့ သူရဲ့ ပုခုံးတွေပေါ်မှာ သွေးရန်ငြိုး တစ်ခု ကို ထွင်းဖောက်ထားပါတယ်။ သူက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ မျိုးဆက်တွေအများကြီး ပျောက်ကွယ်သွားခဲ့တာတောင်မှ သူက အမွေဆက်ခံပြီးတော့ ဂိုဏ်းရဲ့ ဆက်ခံသူ တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ သူ လက်စားချေဖို့ သူ့ရန်သူကလန်ရဲ့ ဘိုးဘေးတွေထဲက တစ်ယောက်ရဲ့ ကျန်နေတဲ့ အရိုးစု ကို သူက တူးဖော်ပြီးတော့ သူရဲ့ အလောင်းစစ်သား ဖြစ်အောင် လုပ်ပြီး သူ့ရန်သူ ကလန်တစ်ခုလုံးကို အမြစ်ပြုတ်သုတ်သင် ပစ်ခဲ့ပါတယ်။

သူက သူရဲ့ လက်စားချေခြင်းအမှုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့

သူက စွမ်းအားရဲ့ ဆွဲဆောင်မှုကို နှစ်သက်စွဲလမ်းသွားခဲ့ပါတယ်။ သူက ဒီလမ်းစဉ်ကို အလျော့မပေးတဲ့ အပြင် အဲ့ဒီအစား နောက်ပိုင်း နောက်ပိုင်းတွေမှာ စွန့်စားခဲ့ပါတယ်။ သူက သူရဲ့ အလောင်းစစ်သည်း ကျင့်ကြံမှုကို စတင်ပြီးတော့ အလောင်းအသစ်တွေကို ရှာဖွေပြီး ၎င်းတို့ကို တိုးတက်ပြောင်းလဲလာအောင် လုပ်ခဲ့ပါတယ်။

``ကောင်ကလေး... မင်းသိထားတာတွေ အရမ်းများနေပြီ``

ရှံဟွမ်ရှမ် က ညွှန်ပြလိုက်တဲ့အခါမှာ သွေးနဲ့အသားတွေကို စုပ်ယူစားသောက်နေတဲ့ အလောင်းစစ်သားက ချက်ချင်းပဲ ထရပ်ပြီးတော့ လင်းဟန် နဲ့ ကျန်တဲ့သူတွေကို စိုက်ကြည့်လိုက်ပါတယ်။

ဒီအလောင်းက အသက်ခန့်မှန်းလို့မရတဲ့ အလောင်းကောင် တစ်ခုပဲ ဖြစ်ပါတယ်။ ၎င်းရဲ့ ရင်ဘက် ဂန်းကျင်က အသားတွေက ဆွေးမြည့်နေပြီးတော့ အထဲက အရိုးတွေကိုတောင် မြင်နေရပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ ခေါင်း၊လက် နဲ့ ခြေထောက် က အသားတွေကတော့ တစ်ဂက်လောက်ပဲ ပုတ်သိုးဆွေးမြည့်နေတာပါ။ ဒါပေမဲ့ အသားတုံးတွေကို အဲဒီနေရာမှာ ချိတ်ဆွဲထားသလိုမျိုး ဖြစ်နေတာကပဲ

ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းအောင် လုပ်နေသလိုပါပဲ။ အရိုးဖြူဖြူတွေကလဲ အဲဒီ အသားတွေရဲ့ အောက်ကနေ ထွက်ပေါ်လို့နေပါတယ်။ အဲဒါက ဘယ်လောက်ပဲ သတ္တိကောင်းပါတယ် ဆိုတဲ့ လူတွေကိုတောင်မှ သေသွားလောက်အောင် ကြောက်ရွံ့ထိတ်လန့်မှု ကို ဖြစ်သွားစေနိုင်ပါတယ်။

အလောင်းစစ်သားတွေက အာရုံခံနိုင်စွမ်း အားလုံး ဆုံးရှုံးနေပါတယ်။ ဒါပေမဲ့ မွမ်းမံပြီးသွားတဲ့ အခါမှာတော့ ဒုတိယ အသက် တစ်ခုကို ပြန်ရရှိသွားတာနဲ့ ညီမျှပြီး တစ်ခုကျန်တာက ၎င်းကိုယ်တိုင် သန်မာ အားကောင်းဖို့အတွက် အသွေး အသားတွေ ကို ဖျက်ဆီးစားသောက်ဖို့ပဲ လိုပါတယ်။ အခု ၎င်းရဲ့ အသားကို စားနေတုန်းမှာ စွက်ဖက်ခံလိုက်ရတဲ့အတွက် ဒေါသထွက်နေပြီး လင်းဟန်နဲ့ တစ်ခြား သူတွေကို တပုံးပုံးနဲ့ မြည်နေပါတယ်။ ၎င်းရဲ့ ပါးစပ်က ထပ် ထပ် ထပ် ဆိုပြီး သွားတွေ အချင်းချင်း ရိုက်ခတ်မိလို့ ထွက်လာတဲ့အသံက လဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်စေခဲ့ပါတယ်။

``သူတို့ကို သတ်ပစ်လိုက်စမ်း``

ရုံဟွမ်ရွှမ် က အမိန့်ပေးလိုက်ပါတယ်။

အလောင်းစစ်သား က ချက်ချင်းဆိုသလို လင်းဟန်နဲ့ တစ်ခြားသူတွေဆီကို ဦးတည် ပြီးတော့ ပြေးဝင်လာခဲ့ပါတယ်။

``ကြေးနီချပ်ဂတ် ဒုတိယ အဆင့် အလောင်းကောင် တစ်ကောင်လောက်များ ... ဟင့်``

လင်းဟန်က နှာခေါင်းရှုံ့ လိုက်ပါတယ်။ သူ့ရဲ့ဓါးက ဓါးအိမ်ကနေ ထွက်လာပြီးတော့ အဲဒီ အလောင်းစစ်သားဆီကို ထိုးထည့်လိုက်ပါတယ်။ ဓါးသွားက အလောင်းကောင် ရဲ့ ရင်ဘက်က အရိုးနဲ့ ထိသွားပြီးတော့ မီးပွားလေးတွေ ထွက်ပေါ်လာခဲ့ပါတယ်။

အလောင်းကောင် စစ်သား ရဲ့ အရိုးတွေက လင်းဟန် တွေးထားသလို မဖျက်ဆီးသွား ခဲ့ပါဘူး။

``ဟားဟားဟား...... ဒီ ကြေးနီချပ်ဂတ် ဒုတိယအဆင့် အလောင်းကောင် စစ်သား က အခုလေးတင်ပဲ အဆင့်သုံးကို ပြောင်းလဲဖို့ လုံလောက်တဲ့ သွေးနဲ့ အသားတွေကို စားပြီးသွားခဲ့ပြီ... ဒါကြောင့် မင်းလို ဒြပ်စင်စုစည်းခြင်းအလွှာ

ပထမအဆင့်ပဲ ရှိသေးတဲ့ အမိုက်တစ်စရဲ့ လက်ချက်နဲ့ ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ ဒဏ်ရာရသွားစေမှာလဲ``

ရုံဟွမ်ရှမ်က အေးစက်စွာနဲ့ ပြောလိုက်ပီးတော့ လုံးဝမလှုပ်ရှား မစွက်ဖက်ပဲနဲ့ ရပ်ကြည့်နေပါတယ်။

အမှန်တော့ သူက နွေဦးစမ်းရေ အဆင့် ဖြစ်ပါတယ်။ တကယ်လို့ သူက လှုပ်ရှားမယ် လို့ ဆုံးဖြတ်လိုက်ယင် သူ့အနေနဲ့ ကြေးနီချပ်ဂတ် ဒုတိယ အလောင်းကောင်ထက် ပိုပြီးတော့ သန်မာပါလိမ့်မယ်။

``ရှပ်``

အလောင်းကောင် စစ်သားက သူ့ရဲ့ အရိုးစု လက်နဲ့ လင်းဟန်ရဲ့ နှလုံးသားဆီကို ဆန့်ထုတ်လိုက်ပါတယ်။ ၎င်းရဲ့ လှုပ်ရှားမှုက ရက်စက်ပြီးတော့ အသေသတ်တဲ့ လှုပ်ရှားမှုပဲ ဖြစ်ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပြီးတော့ သူရဲ့ပုံရိပ်က ယိမ်းထိုးသွားပြီး ဒီအလောင်းကောင် ကို ရှောင်ရှားပြီးတော့ ရုံဟွမ်ရှမ်နဲ့ မျက်နှာချင်းဆိုင် သွားခဲ့ပါတယ်။

``ဒါဆိုရင် ငါ မင်းကို တိုက်ရိုက် သတ်ပစ်ရမှာပေါ့``

သူက အမြင့်ကို ခုန်ပြီးတော့သူရဲ့ ဓါးကို ခုတ်ချလိုက်တဲ့အခါမှာ ဓါးချီအလင်းခြောက်ခု က ပေါ်လာပြီးတော့ ရှုံဟွမ်ရှမ် ဆီကို ပြေးဝင်သွားပါတယ်။

ဒီခုတ်ချက်က ရှုံဟွမ်ရှမ် ခန့်မှန်းထားတာထက် လုံးဝသာလွန်ပြီးတော့ ပျော့ပျောင်း တင့်တယ်လှပလွန်း ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ကြေးနီချပ်ဝတ် ဒုတိယအဆင့် အလောင်းကောင်ကို ဘေးကပတ်လာပြီးတော့ သူ့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ရတာလဲ။ သူက ၎င်းကို ရုတ်တရက် စဉ်းစားလိုက်တဲ့အချိန်မှာပဲ သူ့ရဲ့အရှေ့မှာ အဲဒီဓါးရဲ့ ဓါးချီ အလင်းခြောက်ခုရဲ့ အစွမ်းတွေက အတူတကွ ပေါ်လာခဲ့ပါတယ်။

တစ်ခု နားလည်ထားဖို့လိုတာက လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ပထမ အဆင့်လို့ မြင်ရပေမဲ့လည်း သူ့ရဲ့ တကယ့်စွမ်းရည်က နွေဦးစမ်းရေအလွှာ ပထမ အဆင့်မှာ ရှိပါတယ်။ ဒ့ါအပြင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလဲ အဲဒီအဆင့်ထက် ပိုမိုတဲ့ တိုက်ပွဲကြယ်တောင် ရှိပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုကို ဘယ်လိုလုပ်ပြီးတော့ ကြေးနီ ချပ်ဝတ်

ဒုတိယ အဆင့်ပဲရှိတဲ့ အလောင်းကောင်က လွယ်လွယ်ကူကူနဲ့ ကာကွယ် နိုင်မှာလဲ။

ရှုံဟွမ်ရှမ် က လင်းဟန်ကို လျော့တွက်မိတဲ့အတွက် တန်ရာတန်ကြေးကို ပေးရပါပြီ။

ဒါပေမဲ့ သူလည်းပဲ အောင်မြင်ဖို့ ခက်ခဲတဲ့ အကျပ်အတည်းတွေကနေ တွားသွား ထွက်လာသူတစ်ဦးဖြစ်ပြီးတော့ သူမှာလဲ အထင်ကြီးရလောက်တဲ့ စိတ်စွမ်းအား ပိုင်ဆိုင်ထားပါတယ်။ အန္တရာယ်နဲ့ မျက်နှာခြင်းဆိုင်လာတာနဲ့ သူက အရမ်းကို တည်ငြိမ်သွားခဲ့ပါတယ်။ သူက ရုတ်တရက် သူ့ရဲ့ ပါးစပ်ကို ဟပြီးတော့ စူးရှတဲ့ လေချွန်သံ တစ်ခုကို လုပ်လိုက်ပါတယ်။

သူ့ရဲ့ပါးစပ်ကနေပြီးတော့ အနက်ရောင် မီးခိုးလုံးကြီးတစ်ခု ကို မှုတ်ထုတ်လိုက်ပြီး အဲဒီ မီးခိုးလုံးကြီးက ရှေးဟောင်း စာလုံးပုံစံ တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီးတော့ ဒိုင်းတစ်ခုလို ပုံစံမျိုးနဲ့ ဓါးခုတ်ချက်ရဲ့စွမ်းအားကို ကာကွယ်လိုက်ပါတယ်။ ဓါးရဲ့ စွမ်းအား က သူ့ရဲ့ ပစ်မှတ်ကို ရောက်သွားတဲ့အခါမှာ မသဲမကွဲ အသံတွေ ထွက်ပေါ် လာပြီးတော့ ဒီအနက်ရောင် မီးခိုးလုံးကြောင့် အရည်ပျော်သွားသလိုမျိုး ဖြစ်သွားခဲ့ပါတယ်။

ဒါပေမဲ့ ဒီရေးပောင်းစာလုံး လည်းပဲ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဓါးရှီတွေက လုံးဝ ဖျက်ဆီးခံလိုက်ရပြီးတော့ ရေးပောင်းစာလုံး ပုံစံလဲ ညင်သာစွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

ရှံဟွမ်ရှမ်က အနောက်ကို ခြေလှမ်းသုံးဆယ် အကွာလောက်ကို နောက်ဆုတ်သွားခဲ့ ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ သွေးရောင်တစ်ချက် နီရဲသွားပြီးတော့ သူ့ပုံစံကို ကြည့်ရတာ ယခင်ကထက် အနည်းငယ် ကျန်းမာလာသလို ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့သူ့ရဲ့ မျက်လုံးတွေထဲက သတ်ဖြတ်ချင်တဲ့ ဆန္ဒက လဲ အားကောင်း လာခဲ့ပြီးတော့ လင်းဟာန်ရဲ့ တစ်ကိုယ်လုံးကို အစိမ်းလိုက် ဝါးစားပစ်ချင်တဲ့ ပုံစံမျိုး ဖြစ်လာခဲ့ပါတယ်။

``အလောင်းဇစ်မြစ် ရှီလား``

လင်းဟာန်က သူရဲ့ ဓါးကို ပွေ့ယမ်းလိုက်ပီးတော့ အနည်းငယ် ဂမ်းနည်းသလိုမျိုး နဲ့ ပြောလိုက်ပါတယ်။

``မင်းလိုမျိုး နွေဦးစမ်းရေ အလွှာ ငါး အဆင့်ပဲရှိတဲ့ သိုင်းပညာရှင်တစ်ယောက်က အလောင်းရှီ ကို

ထုတ်ဖော်နိုင်လိမ့်မယ်လို့ ငါလုံးဝ မထင်ထားခဲ့ဘူး``

``မင်းက အလောင်းချီ အကြောင်းကိုတောင်မှ သိတာလား``

ရုံဟွမ်ရှမ် က အလွန်အမင်း အံ့အားသင့်နေတဲ့ပုံ ဖြစ်ပေါ်နေခဲ့ပါတယ်။

လင်းဟန်က ကြေးနီချပ်ဂတ် အလောင်းကောင် ပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် ရုံဟွမ်ရှမ်က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အမွေဆက်ခံသူ ဖြစ်လိမ့်မယ်လို့ ထင်မြင်ချက် ချပြီးသားပါ။ ဒါကို လွယ်လွယ်ကူကူနဲ့ လက်ခံနိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အလောင်းတစ်ထောင်ဂိုဏ်း ကို အတိတ်တုန်းက ကောင်းကောင်းကြီး သိထားပြီး ဒါကြောင့်လဲ သူတို့က အမွေဆက်ဆံမဲ့ သူတွေ တစ်ချို့ကို ချန်ထားရစ်ခဲ့ပါလိမ့်မယ်။

ဒါပေမဲ့ အလောင်းချီကတော့..... ဒါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက် နည်းစနစ် ပဲ ဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အလောင်းတစ်ထောင် ဂိုဏ်းနဲ့ ရင်းနှီးကျွမ်းဝင်မှုသာ မရှိဘူးဆိုယင် ဒီအကြောင်းကို သိဖို့ ဆိုတာ ဘယ်လိုမှ

မဖြစ်နိုင်ပါဘူး။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပီးတော့ ပြောပါတယ်။

``မင်းက ဘယ်လိုပဲ ဖြစ်ဖြစ် သေရတော့မှာပဲ။ ဒါကြောင့် အဓိပ္ပါယ်မရှိတဲ့ စကားတွေ ဘာလို့ အများကြီးလျှောက် ပြောနေတာလဲ``

ရှံဟွမ်ရှမ် ကို ကြည့်ရတာ ဒေါသထွက်သွားတဲ့ ပုံစံပါပဲ။ သူက နွေဦးစမ်းရေ အလွှာ ၅ အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ သူက အစောိုင်းတုန်းက လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတာကလည်း သူက လင်းဟန်ကို ဒီလောက် အစွမ်းထက် လိမ့်မယ်လို့ လုံးဝတွေးမထားခဲ့တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒုတိယအကြိမ် တူညီတဲ့ အမှားမျိုးကို လုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

``မင်းက တကယ့်ကို ထူးဆန်းတာပဲ.. မင်းက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်ပဲ ရှိသေးတယ်ဆိုတာ အရမ်းကို သိသာပေမဲ့ မင်းရဲ့ စွမ်းရည်ကတော့ နွေဦးစမ်းရေ အလွှာ ပထမအဆင့်နဲ့ နှိုင်းယှဉ်လို့ ရနေပြီပဲ``

သူက ခေါင်းငြိမ့်ဂန်ခံ ပြီးတော့ အေးစက်စွာနဲ့ သရော်ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

``ဒါပေမဲ့ ငါက နွေဦးစမ်းရေ အလွှာ ၅ အဆင့် ဆိုတော့ မင်းကို ဖိနှိပ် ထိန်းချုပ် အနိုင်ယူဖို့ ငါ့အတွက် အရမ်းကို လွယ်ကူလိမ့်မယ်``

``အဲဒီတော့...``

လင်းဟန်က ဒြပ်စင်စုစည်းခြင်းအလွှာ ၄ အဆင့်မှာရှိနေတုန်းက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်လက်ရွေးစင် တစ်ယောက်ရဲ့ ရှေ့မှာတောင်မှ အမြီးကုပ် မနေခဲ့ပါဘူး။ အခု သူက ဒြပ်စင်စုစည်းခြင်းအလွှာ ၁၀ အဆင့် မှာရှိနေမှတော့ နွေဦးစမ်းရေ အလွှာ ၅ အဆင့် ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ကို ဘာဖြစ်လို့ ကြောက်ရွံ့နေရမှာလဲ။

``ကြေးနီချပ်ဂတ် အလောင်းကောင်က မင်းကို ဘာမှ မလုပ်နိုင်မှတော့ တတိယ အဆင့် တစ်ကောင် ဆိုယင်ရော ဘယ်လိုလဲ``

ရုံဟွမ်ရှမ် က ရီမောလိုက်ပါတယ်။ သူ့ရဲ့ ညာဘက်လက်နဲ့ တစ်စုံတစ်ခုကို ဆွဲထုတ် လိုက်ပါတယ်။ လေးလံတဲ့ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သလိုမျိုး ချွင် ချွင် ချွင် ဆိုတဲ့ ချိန်းကြိုးတွေရဲ့ မြည်သံကို ကြားလိုက်ရပြီးတော့ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ ကြေးနီခေါင်းတလား သုံးခု ထွက်ပေါ်လာခဲ့ပါတယ်။

``အလောင်းကောင် သုံးခုလား``

လင်းဟန်ရဲ့ မျက်လုံးတွေက စိုးရိမ်ပူပန်တဲ့ ပုံစံကို ပြောင်းသွားပြီးတော့ မျက်မှောင်ကြုတ် လိုက်ပါတယ်။

``မင်းက တကယ်ပဲ အလောင်းကောင် သုံးခုနဲ့ ကျင့်ကြံနိုင်လိမ့်မယ်လို့ ငါလုံးဝ မထင်ထားခဲ့မိဘူး``

အလောင်းတစ်ထောင် ဂိုဏ်း ရဲ့ တပည့်တိုင်းက အလောင်းစစ်သားတွေကို သူတို့ရဲ့ အဓိက လက်နက်အဖြစ်အသုံးပြုကြပါတယ်။ သီအိုရီ အရဆိုရင်တော့ လူတစ်ယောက်မှာ အလောင်းစစ်သားတွေ အများကြီးရှိတာက ပိုကောင်းပါတယ်။ ဒါပေမဲ့ အမှန်မှာတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေ ထိန်းချုပ်နိုင်တဲ့ အလောင်းကောင် စစ်သား အရေအတွက်က

အကန့်အသတ်နဲ့ ရှိပါတယ်။

ဘာကြောင့်လဲ ဆိုတော့ အလောင်းကောင် စစ်သားကို အောင်မြင်စွာနဲ့ မွမ်းမံပြီး တဲ့အခါမှာ ၎င်းက ဒုတိယဘဝကို ရရှိသွားတာနဲ့ ညီမျှပါတယ်။ ၎င်းမှာ သွေးဆာလောင်တဲ့ ပင်ကိုယ်စရိုက် ကျန်ရှိနေပြီး ၎င်းက ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာလဲ ကောင်းပါတယ်။ ဒါကြောင့် နောက်တစ်ခုကို ထိန်းချုပ်ဖို့ ဆန္ဒရှိနေ ဦးမှာလဲ။ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ တပည့်တွေက အလောင်းစစ်သားတွေကို ထိန်းချုပ်ဖို့ သူတို့ရဲ့ အလောင်းဇစ်မြစ် ချီ ကို အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ အလောင်းဇစ်မြစ် ချီကို ဖော်ထုတ်ရတာ အလွန်အမင်းကို ခက်ခဲပါတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ ထိန်းချုပ်နိုင်တဲ့ အလောင်းစစ်သား အရေအတွက်က ကန့်သတ်ချက် တစ်ခု ဖြစ်နေတာပါပဲ။

ပုံမှန်အားဖြင့်တော့ ဒြပ်စင်စုစည်းခြင်းအဆင့်က အလောင်းတစ်ကောင်ကို ထိန်းချုပ် နိုင်ပြီးတော့ နွေဦးစမ်းရေ အဆင့်က နှစ်ကောင်ကို ထိန်းချုပ်နိုင်ပြီး စိတ်ဝိဉာဉ် ပင်လယ် အဆင့်ကို ရောက်တဲ့သူမှ သုံးကောင်ကို ထိန်းချုပ်နိုင်တာပါ။

ရှုံဟွမ်ရှမ် က နွေဦးစမ်းရေ အလွှာ ၅ အဆင့်ပဲ ရှိပါသေးတယ်။ သူက ဘယ်လိုမျိုး အလောင်းကောင် စစ်သည် သုံးကောင်နဲ့

လေ့ကျင့်ခဲ့တာလဲ။ ဒါက အရမ်းကို ထူးဆန်းပါတယ်။

လင်းဟန်က အံ့အားသင့်နေခဲ့ပါတယ်။ ပြီးတော့ ရုံပွမ်ရှမ် က ပိုပြီးတော့တောင်မှ အံ့ဩနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟန်က အလောင်းကောင် စစ်သည် ကျင့်ကြံခြင်းရဲ့ ကန့်သတ်မှုတွေကိုတောင်မှ သတိပြုမိလို့ပဲ ဖြစ်ပါတယ်။ သူ ဘာကြောင့် အလောင်းကောင် သုံးကောင်နဲ့ လေ့ကျင့်နိုင်ရတဲ့ အကြောင်းအရင်းက သူက အလောင်းတစ်ထောင် ဂိုဏ်း တစ်ခုလုံးရဲ့ အမွေဆက်ခံသူ ဖြစ်ပြီးတော့ ရတနာ တစ်ခုလည်း ပါဂင်ပါတယ်။ဒါက သူ့ကို နွေဦးစမ်းရေ အဆင့်ပဲ ရှိတာတောင်မှ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြှင့်ပေးလိုက်သလိုမျိုး အလောင်းကောင် စစ်သည် အရေအတွက်ကိုပါ တိုးပြီးတော့ ထိန်းချုပ်နိုင်အောင်လို့ လုပ်ပေးတဲ့ အတွက် နောက်ပိုင်း နောက်ပိုင်းတွေမှာပိုမို တိုးတက်လာပြီးတော့ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ သာမာန်တပည့်တွေ ထိန်းချုပ်နိုင်တဲ့ အလောင်းထက် နှစ်ဆ လောက်ကို သူက ထိန်းချုပ်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက အရမ်းကို ထူးဆန်းတာပဲ.. ငါ မင်းကို သတ်ပစ်မှ

ဖြစ်တော့မယ်``

သူ့ရဲ့ လက်နဲ့ ကြေးနီအခေါင်းရဲ့ အလယ်ကို တီးလိုက်တဲ့အခါမှာ အခေါင်းရဲ့ အဖုံးက ပွင့်သွားပြီးတော့ အခေါင်းထဲကနေ အလောင်းစစ်သား တစ်ကောင်က ချက်ချင်းဆိုသလို ခုန်ထွက်လာခဲ့ပါတယ်။

``ကြေးနီ ချပ်ဂတ် တတိယအဆင့် အလောင်းကောင်``

သူက ကျေနပ်အားရစွာနဲ့ ကြေညာလိုက်ပါတယ်။

အပိုင်း(၂၂၃) ငွေချပ်ဂတ် အလောင်းကောင်

လင်းဟန်က အနည်းငယ် မျက်မှောင်ကြုတ် ပြီးတော့ ကြေးနီချပ်ဂတ် တတိယအဆင့် အလောင်းကောင်ကို ကြည့်လိုက်ပါတယ်။

သူ့အနေနဲ့ ကြေးနီချပ်ဂတ် တတိယ အဆင့် အလောင်းကောင်ကို အနိုင်ယူနိုင်မှာ မဟုတ်သလို ၎င်းကလဲ သူ့ကို သတ်ပစ်နိုင်မှာ မဟုတ်ပါဘူး။ အဓိက သော့ချက်က သူ့ရဲ့ပြိုင်ဘက်က အခေါင်းသုံးခုကို ဆွဲထုတ်လိုက်တာပါ။ တစ်နည်းအားဖြင့်တော့ နောက်ထပ် အလောင်းကောင်

စစ်သား တစ်ကောင် က မပေါ်လာသေးပါဘူး။

နောက်ထပ် ကြေးနီချပ်ဂတ် အလောင်းကောင် ဒါမှမဟုတ် ငွေချပ်ဂတ် အလောင်းကောင်လား။

ငွေချပ်ဂတ် ပထမအဆင့် အလောင်းကောင် တောင်မှ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ ညီမျှပါတယ်။ လင်းဟန်က ထူးထူးကဲကဲ ကိုပဲ သန်မာပါတယ်။ ဒါပေမဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့်နဲ့တော့ ထိပ်တိုက် ရင်ဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒ့ါအပြင် အလောင်းကောင် စစ်သည်တွေက ဒဏ်ရာ ရမှာ တို့ သေမှာတို့ကို သူတို့ရဲ့ ခေါင်းတွေ အဖြတ်ခံရမှာတို့ကိုတောင် ကြောက်ရွံ့ထိတ်လန့် တဲ့ ခံစားမှုကို မခံစားနိုင်ပါဘူး။ သူတို့ရဲ့ တိုက်ပွဲ စွမ်းဆောင်နိုင်စွမ်းက လုံးဂ မဆုံးရှုံးသွားပဲ ၎င်းတို့ကို ရင်ဆိုင်ရတာ အရမ်းကို ခက်ခဲပါတယ်။

ပိုအရေးကြီးတာက အလောင်းကောင် စစ်သားတွေက မွမ်းမံထားပြီးသားပါ။ အဲဒီ ဖြစ်ရပ်အတွင်းမှာ အလောင်းကောင် စစ်သားတွေရဲ့ ခန္ဓာကိုယ်က အလွန်အမင်းကို ခိုင်မာတောင့်တင်းလာပြီးတော့ သတ္တုပစ္စည်းတွေနဲ့ နှိုင်းယှဉ်လို့ ရလာပါတယ်။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ၎င်းတို့ကို ချိုးဖျက်နိုင်မှာလဲ။

ဒါကြောင့် အလောင်းကောင် စစ်သား တစ်ကောင်ကို လုံးဝ သတ်ပစ်ဖို့ ဆိုယင် ၎င်းကို လုံးဝ ဖျက်ဆီးပစ်နိုင်တဲ့ စွမ်းအင် အဆင့်ရှိဖို့ လိုအပ်ပါတယ်။

အခု လင်းဟာန်ရဲ့ အစွမ်းက နွေဦးစမ်းရေ အလွှာ ပထမအဆင့်ရဲ့ အစွမ်းနဲ့ ညီမျှ ပေမဲ့ ကြေးနီချပ်ဂတ် တတိယအဆင့် အလောင်းကောင်ကိုတောင်မှ ယှဉ်ဆိုင်ဖို့ မလုံလောက်တာ ငွေချပ်ဂတ် အလောင်းကောင် တစ်ကောင်ကိုတော့ ပြောနေစရာ မလိုတော့ပါဘူး။တကယ်လို့ သူက ရုံဟွမ်ရှမ် ကို ချက်ချင်းသတ်ပစ် လိုက်နိုင်ရင် တောင်မှ အလောင်းစစ်သားတွေက သေသွားလိမ့်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ရုပ်သေးဆရာ ကသေသွားခဲ့ပေမဲ့ အဲဒါနဲ့ တစ်ခြားစီ သူတို့ရဲ့ ထိန်းချုပ်မှု ကနေ လွတ်သွားပြီးတော့ သူတို့ရဲ့ ပင်ကိုယ်စရိုက် ပေါ်ကို အခြေခံပြီးတော့ သေစေ ရပါမယ်။

ဒါပေမဲ့ ရုံဟွမ်ရှမ် က နွေဦးစမ်းရေ အလွှာ ၅ အဆင့် ဖြစ်တဲ့အတွက် ဘယ်လိုမှ လွယ်လွယ်နဲ့တော့ သတ်လို့ မရနိုင်ပါဘူး။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``မင်းရဲ့ တတိယမြောက် အခေါင်းတလားရဲ့ အထဲမှာ ငွေချပ်ဂုတ် အလောင်းကောင် တစ်ကောင် ရှိနေတယ်လို့တော့ ငါ့ကို မပြောနဲ့နော်``

ချက်ချင်းဆိုသလိုပဲ ရုံပွမ်ရွှမ် ရဲ့ အမူအရာက အနည်းငယ် ပြောင်းလဲသွားခဲ့ပြီး သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းက အလောင်းတစ်ထောင် ဂိုဏ်း အကြောင်းကို တော်တော်လေး သိထားတာပဲ``

လင်းဟန်က ဘာမှ ဆက်မပြောတော့ပဲနဲ့ ချက်ချင်းပဲ လျှပ်ပြက်သလိုမျိုးနဲ့ ဘယ်ဘက်လက် နဲ့ ဟူးညိုကို ဖမ်းဆုပ်ပြီးတော့ ယန်မင် ကို ညာဘက်လက်နဲ့ သယ် ပြီးတော့ ထွက်ပြေးပါတယ်။ ချက်ချင်းဆိုသလိုပဲ သူတို့တွေက အစက် အပြောက် ကလေးတစ်ခုပဲ မြင်ရပါတော့တယ်။

သေချာပေါက်ပဲ အဲဒါက ငွေချပ်ဂုတ် အလောင်းကောင် တစ်ကောင် ဖြစ်ပါတယ်။ ငရဲကျမှပဲ တိုက်တော့မယ်။

``ဟင်``

ရှုံဟွမ်ရှမ် က မှင်တက်သွားခဲ့ပြီးတော့ ဒေါသတစ်ကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားနဲ့ ထွက်ပြေးလိမ့်မယ်လို့ လုံးဝ မထင်ထားပါဘူး။

``မကောင်းဘူး... မကောင်းဘူး``

သူက အလောင်းစစ်သား နှစ်ကောင်ကို ဒေါသနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့ကို အမိန့်ပေးပြီးမှ အလောင်းကောင် စစ်သားတွေက စပြီးတော့ တိုက်ခိုက်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ယင် တကယ်လို့ သူတို့မှာသာ ကိုယ်ပိုင် ပြုလုပ်လိုတဲ့ ဆန္ဒသာ ရှိမယ်ဆိုရင် သူတို့က ပထမဆုံး သူ့ကို သတ်ပြီးတော့ သူရဲ့ သွေးနဲ့ အသား တွေကို စားသောက်ပစ်ပါလိမ့်မယ်။

တစ်ခဏမျှအကြာမှာ သူ့ကိုယ်သူ ပြန်ပြောလိုက်ပါတယ်။

``ကိစ္စမရှိပါဘူး ဒီကောင်က အလယ်ခန်းမ ဆီကို သေချာပေါက် သွားလိမ့်မယ်။ အဲဒီနေရာမှာ ရှိတဲ့

လူအားလုံးကို သတ်ပစ်ပြီးတော့ ငါ့ရဲ့ အလောင်းကောင် စစ်သား တွေက အဆင့်တက်လာလိမ့်မယ်``

``အဲဒီနေရာမှာ သွေးဖုတ်ကောင်တွေ ရှိတယ်လို့ ငါကြားဖူးတယ်။ သူတို့ရဲ့ တိုက်ပွဲ စွမ်းအားက ပန်းဖူးအဆင့်ကျင့်ကြံသူတွေ နဲ့တောင်မှ နှိုင်းယှဉ်လို့ ရနိုင်တယ်။ တကယ်လို့ ငါက အဲဒီထဲက သုံးကောင်လောက် ရနိုင်မယ်ဆိုရင်.... ဟီးဟီး``

``သွေးဖုတ်ကောင်တွေက သွေးယစ်ပူဇော်တာ မလုံလောက်တဲ့ အခါမှာ ပေါ်လာ တတ်တယ်။ တကယ်လို့ ငါက အလယ်ခန်းမက လူတွေကို သတ်ပစ်လိုက်မယ် ဆိုရင် သွေးဖုတ်ကောင်တွေက သေချာပေါက် ပေါ်လာလိမ့်မယ်``

``ဟားဟားဟား ဟားဟားဟား``

သူက အရူးတစ်ယောက်လိုမျိုး ထပ်ကာ ထပ်ကာ ရီမောနေပါတယ်။

လင်းဟန်က ငါးဆယ်ကီလိုမီတာ နီးပါးလောက် ပြေးပြီးတဲ့အခါမှာ သူက ရပ်တန့် လိုက်ပြီးတော့ ယန်မင်ကို လွှတ်ချလိုက်ပြီး ဟူးညိုကိုတော့ ဘေးဘက်မှာ ချထား

လိုက်ပါတယ်။

ယန်မင် က တစ်ခါမှ အခုလိုမျိုး ကြမ်းကြမ်းတမ်းတမ်း နည်းလမ်းနဲ့ ပြုမူဆက်ဆံတာ မခံရဖူးပါဘူး။ သူ့ရဲ့ လည်ပင်းပေါ်က သွေးကြောတွေက ပေါက်ထွက်တော့မတတ် ထောင်လာပြီး သူ့ရဲ့ မျက်နှာပေါ်မှာလဲ ဒေါသထွက်တဲ့ ပုံစံဖြစ်နေပါတယ်။ ဒါပေမဲ့ သူနဲ့ လင်းဟာန် ကြားက ခွန်အား ကွာခြားချက်ကို ပြန်တွေးမိတဲ့အခါမှာ သူ့ရဲ့ ဒေါသတွေကို ချက်ချင်းပဲ ချိုးနှိမ်လိုက်ပါတယ်။

``သခင်လေးဟာန်... လှိုဏ်မြောင်က ဒီအရှေ့မှာပဲ ငါတို့ သွားကြစို့``

သူက စိတ်မရှည်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်က ခေါင်းငြိမ့်ပြလိုက်ပါတယ်။ သူ့ရဲ့ ဒန်တန်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပြီး ကီလိုမီတာ ငါးဆယ်လောက်ကို မနားတမ်း ပြေးလာတာတောင်မှ သူ့ရဲ့ မူလစွမ်းအင်ကို ဆယ်ရာခိုင်နှုန်းလောက်ပဲ အသုံးပြုခဲ့ ရပါတယ်။ ဒါက ဒုတိယအဆင့် မူလပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို သုံးလိုက်တာနဲ့ လျင်မြန်စွာနဲ့ ပြန်လည်

ပြည့်လာနိုင်ပါတယ်။

တကယ်လို့ လူတွေက ဒါကို မြင်ရင် ငွေတွေကို ဗရမ်းဗတာ သုံးတဲ့အတွက် သူ့ကို ဆူပူကြိမ်းမောင်း ပါလိမ့်မယ်။ မူလပြန်လည်ဖြည့်ဆည်းတဲ့ ဆေးလုံးတွေက တိုက်ပွဲ အချိန်အတွင်းမှာ အသုံးပြုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မူလစွမ်းအင်ကို ပြန်လည် ဖြည့်ဆည်းပေးနိုင်တဲ့အတွက် တိုက်ပွဲတစ်ခု ဆင်နွှဲနေတဲ့အချိန်မှာ ဘယ်နေရာမှာ သွားပြီးတော့ ကျင့်ကြံဖို့ အချိန်ရမှာလဲ။

လင်းဟာန်က ခန့်မှန်းမရနိုင်လောက်အောင် ချမ်းသာပြီးတော့ မှော်ဆေးလုံးတွေ က သူ့အတွက်တော့ မရှားပါးပါဘူး။ ဒါကြောင့် ဆေးလုံးတွေကို ကြိုက်သလို စားလို့ ရပါတယ်။

သူတို့က လှိုမြောင်နဲ့ နီးကပ်လာပြီးတော့ မိနစ်အနည်းငယ်အကြာမှာတော့ ဂင်ပေါက်ဆီကို သူတို့တွေ လမ်းလျှောက်ရောက်သွားကြပါတယ်။

``လင်းဟာန်``

အဝေးကနေ သူတို့ကို တစ်စုံတစ်ယောက်က လက်ဝှေ့ယမ်း ပြနေပြီးတော့ လူတစ်ချို့လည်း ရှိနေပါတယ်။

အနီးကပ်ရောက်ပြီး ကြည့်လိုက်တဲ့ အခါမှာ သူတို့က ချီယောင်ရီနဲ့ တစ်ခြားသူတွေ ဖြစ်နေပါတယ်။

လင်းဟာန်က သူ့ရဲ့ ခြေလှမ်းတွေကို အရှိန်မြှင့်တင်လိုက်ပြီးတော့ တစ်ခြားသူ တွေဖို့ကျန်တာက လီစီရှန်း၊ ကွမ်းယွမ်၊ လီဟောင် နဲ့ သူ့ရဲ့ အဖော် တို့ ဖြစ်တယ်ဆိုတာကို မြင်လိုက်ရပြီး အစောပိုင်းတုန်းက ဒီနေရာကို အတူတကွ ခရီးထွက်လာခဲ့ကြတဲ့ သူတွေပါပဲ။

``သူက ဘယ်သူလဲ``

သူတို့က ယန်မင် ကိုကြည့်လိုက်ကြပါတယ်။

``ယန်မင် က အညတရ တစ်ယောက်ပါ.. အရေးမကြီးပါဘူး``

ယန်မင် က တစ်ခြားသူတွေကို အလျင်အမြန်ပဲ ဂါရဝပြုလိုက်ပီးတော့ ပြောပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်လုံးတွေက လှို့ယုထန် ဆီကို ဝေ့ဝိုက်သွားတဲ့ အခါမှာတော့ သူ့ရဲ့ မျက်နှာပေါ်မှာ အသက်ရှူရပ်သွားတဲ့ အမူအရာ တစ်ခု လက်ခနဲ ဖြတ်သွားပြီး သူ့ အနေနဲ့ နှစ်ခါမကြည့်ပဲ မနေနိုင်ပါဘူး။ နောက်ဆုံးတော့ သူ့ရဲ့

ခေါင်းကို သူနှိမ့်ချပြီး နေလိုက်ပါတယ်။

``ဒါက စကားပြောလို့ ကောင်းတဲ့ နေရာတစ်ခုမဟုတ်ဘူး.. ငါတို့ အရင်ဆုံး သွားကြရအောင်``

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။ ရှုံဟွမ်ရှမ်က အချိန်မရွေး အနောက်မှာ ပေါ်လာနိုင်ပါတယ်။ ရှုံဟွမ်ရှမ် ကိုယ်တိုင်ကတော့ ကြီးမားတဲ့ ကိစ္စ မဟုတ်ပါဘူး။ ဒါပေမဲ့ အဓိက သော့ချက်က သူယူလာတဲ့ ငွေချပ်ဂတ် အလောင်းကောင် ဖြစ်ပါတယ်။ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကျင့်ကြံသူတွေ က စည်းမျဉ်းဥပဒေ လိုဖြစ်နေတဲ့ ဒီနေရာမှာ ငွေချပ်ဂတ် အလောင်းကောင်ကလဲ မကျော်လွှားနိုင်တဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

လူတိုင်း လူတိုင်း သူ့ရဲ့ တည်ငြိမ်တဲ့ အမူအရာကို မြင်လိုက်တဲ့အခါမှာ ဘယ်သူကမှ မငြင်းဆန်ခဲ့ပါဘူး။ သူတို့အားလုံးကလဲ လင်းဟန်ကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရောက်လာဖို့ စောင့်နေကြတဲ့ သူတွေချည်းပါပဲ။ အဓိကလူ ရောက်လာမှတော့ ဘာကြောင့် သူတို့က မသွားကြမှာလဲ။

လမ်းမှာ.. လင်းဟန်က ရှုံဟွမ်ရှမ် နဲ့ အမှတ်မထင် ကြုံတွေ့ခဲ့ရတဲ့ အကြောင်းကို ရှင်းပြလိုက်ပါတယ်။ ဒါကို

ကြားလိုက်ရတော့ လူတိုင်းလူတိုင်းရဲ့ ဆံပင်တွေ ထောင်သွားခဲ့ပါတယ်။

အလောင်းကောင် စစ်သား ဟုတ်လား။

သူတို့ ဒါကို လုံးဝ မကြားဖူးပါဘူး။ ဒါက ဘယ်လို ငရဲမျိုးလဲ။

``ဒီနေရာက သွေးဖုတ်ကောင်တွေက အလောင်းကောင် စစ်သားဖြစ်နိုင်လား``

ပိုင်လိထျန်းယွင်က ချင့်ချိန်တွေးဆ လိုက်ပါတယ်။

``ဖြစ်နိုင်တယ်``

တစ်ခြားသူတွေကလဲ တစ်ယောက်ပြီး တစ်ယောက် ခေါင်းငြိမ့်လိုက်ကြပါတယ်။ ဘာကြောင့် ရှုံဟွမ်ရှမ်က ပေါ်လာခဲ့တာလဲ။ ဒီနေရာမှာ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အမွေကို ဆက်ခံခဲ့တာ ဖြစ်ပြီးတော့ ရှုံဟွမ်ရှမ် က ဒီနေရာကို ၎င်းကို ယူဆောင်လာခဲ့တာလို့ ရှင်းချက်ထုတ်တာ ဖြစ်ပါလိမ့်မယ်။

``ဒီလိုမျိုး အမွေဆက်ခံတာက.. တကယ်လို့ ၎င်းက

နတ်ဘုရားအဆင့် ဖြစ်ရင်တောင်မှ ငါလုံးဂ မလိုချင်ဘူး``

လီဒေါင်ယွဲ့ က သူရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

ကျန်တဲ့သူတွေကလဲ တစ်ယောက်ပြီးတစ်ယောက် ခေါင်းငြိမ့်ပြီး သဘောတူ ကြပါတယ်။ အလောင်းတစ်ကောင်ကို ပြုစုပျိုးထောင်ခြင်း... ဒါကို တွေးလိုက်ယုံနဲ့ သူတို့ကို ကြက်သီးမွေးညှင်း ထသွားစေခဲ့ပါတယ်။ တကယ်လို့ သူတို့က တကယ်ပဲ နေ့ရောညပါ ၎င်းကို အဖော်လုပ်ပြီးတော့ နေရမယ်ဆိုယင် သူတို့က ပျို့အန်ပြီးတော့ သေချင်စိတ်ပါ ပေါက်သွားပါလိမ့်မယ်။

``ကွမ်းယွမ် က မရောက်လာသေးဘူးလား``

လင်းဟန်က မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။ ငွေချပ်ဂတ် အလောင်းကောင်ကို ရင်ဆိုင်နိုင်တဲ့ သူရဲ့ဘေးက တစ်ဦးတည်းသောလူက ကွမ်းယွမ်ပဲ ဖြစ်ပါတယ်။ ဒီအဘိုးကြီးက အရှေ့ကနေ မကာကွယ်ထားဘူးဆိုယင် ဘယ်သူမဆို ငွေချပ်ဂတ် အလောင်းကောင်နဲ့ တွေ့ဆုံတဲ့အခါမှာ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

ငွေချပ်ဂဝတ် အလောင်းကောင်က အဆင့်တက်ပြောင်းလဲဖို့ စိတ်ဂိဉာဉ်ပင်လယ် အဆင့်ရဲ့ ခန္ဓာကိုယ်တစ်ခု လိုအပ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ အစာအစားအဖြစ်တောင်မှ အခွင့်မရပါဘူး။

``စီနီယာ ကွမ်းယွမ်က တစ်ခြား လျှို့မြောင် အနီးကို တည်နေရာ ရွှေပြောင်း သွားခဲ့တယ်``

လွီယုထန်က နောင်တအနည်းငယ်နဲ့ ပြောလိုက်ပါတယ်။ စိတ်ဂိဉာဉ်ပင်လယ် အဆင့် က ဒီနေရာမှာ အသန်မာဆုံးဖြစ်ပါတယ်။ ကွမ်းယွမ်နဲ့ ဆိုယင် သူတို့တွေ လုံခြုံပါလိမ့်မယ်။

``ထားလိုက်တော့.. ငါတို့ သွားကြစို့``

လမ်းမှာ ယန်မင် က တစ်ခြားသူတွေကို အစ်ကို လို့ ခေါ်ပြီးတော့ လူတိုင်းလူတိုင်း ရဲ့ အနေအထားကောင်းတစ်ခုကို ဖမ်းဆုပ်ပြီးတော့ စကားလက်ဆုံကျ နေပါတယ်။ ဒါပေမဲ့ သူရဲ့ အစစ်အမှန်ပုံရိပ်ကိုတော့ လုံးဝ မပေါက်ကြားစေခဲ့ပါဘူး။ ပြီးတော့ လင်းဟန်ကြောင့် ဘယ်သူမှလဲ သူ့ကို သင်္ကာမကင်း

မဖြစ်ကြပါဘူး။

ဒီ လှိုင်မြောင်ကိုကြည့်ရတာ မိုးကောင်းကင်ကနေ အပေါ်ကြီးထိ ဆွဲဆန့်ထားတာနဲ့ တူပါတယ်။ ဒါပေမဲ့ အထဲကို တကယ်တမ်း လမ်းလျှောက်သွားတဲ့အခါမှာ လှိုမြောင် ရဲ့ အတိုင်းအတာကြောင့် လုံးဝ အံ့အားသင့်ကုန်ကြပါတယ်။ ငါးဆယ်ကီလိုမီတာ ရှည်ပြီး တစ်ကီလိုမီတာလောက် ကျယ်ဝန်းပါတယ်။

ကီလိုမီတာ ရာဂဏန်း အနည်းငယ်က ဒြပ်စင်စုစည်းခြင်း အဆင့် သိုင်းပညာရှင်တွေ အတွက်ကတော့ ကြီးကြီးမားမား ပြဿနာမဟုတ်ပါဘူး။ အချိန်တော်တော်ကြာတဲ့ နောက်မှာတော့ သူတို့က ရှည်လျားတဲ့ လှိုမြောင်ကို ဖြတ်သန်းလာခဲ့ပြီး အရှေ့ဘက်မှာ ခံ့ညားထည်ဝါတဲ့ ခန်းမ တစ်ခု ပေါ်လာခဲ့ပါတယ်။

ကြီးမားတဲ့ ခန်းမကြီးရဲ့ ပထမဆုံးမြင်ကွင်းက လူတိုင်းလူတိုင်းကို အံ့အားသင့်တဲ့ အမှုအရာတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။ လေထဲမှာ မျောလွင့်နေတဲ့ ဗိမာန် တစ်ခု ရှိပြီးတော့ လှေကားထစ်တွေကလဲ လေထဲမှာ မျောလွင့်နေတဲ့ပုံစံက တကယ့်ကို အထင်ကြီးစရာကောင်းတဲ့ ရှုမြင်ကွင်းတစ်ခုပဲ ဖြစ်ပါတယ်။

``အရမ်း အရမ်း ကို မှော်ဆန်တာပဲ``

အပိုင်း(၂၂၄) အံ့မခန်း ပြောင်းလဲမှုတစ်ခု

ဘယ်လို မှော်အစီအရင် အမျိုးအစားတစ်ခုလဲ။

ကောင်းကင်အဆင့် ကျင့်ကြံသူတစ်ယောက် အနေနဲ့ လင်းဟန်ရဲ့ ပုံမှန်အားဖြင့် တစ်ခြားသူတွေထက် တစ်စုံတစ်ခုအပေါ်မှာ စိတ်ဝင်စားမှုက တစ်မျိုးဖြစ်နေပါတယ်။ တစ်ခြားသူတွေက ဒီ မျက်လှည့်ဆန်ဆန် မြင်ကွင်းတစ်ခုကြောင့် အံ့အားသင့်နေကြ ပါတယ်။ ဒါပေမဲ့ သူက နန်းတော်ခန်းမက ဘာကြောင့် မျောလွင့်နေတယ်ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။

ခန်းမညာဘက်ရဲ့ အောက်မှာ လူတွေထင်သာမြင်သာရှိတဲ့ စတုရန်းပုံ နေရာလွတ် တစ်ခု ရှိနေပါတယ်။ ဒါပေမဲ့ အဲဒီ စတုရန်းပုံနေရာလွတ်ကို ကြည့်ရတာ အရမ်းကြီး မရိုးရှင်းပါဘူး။ သွေးကြောတွေနဲ့ တူတဲ့မျဉ်းကြောင်းတွေနဲ့ စိတ်ဝင်စားဖွယ်ရာ ကောင်းတဲ့ ပုံစံရှိပြီးတော့ ၎င်းအပေါ်မှာ မသဲမကွဲရဲ့ အလင်းရောင်တွေ တောက်ပနေ ပါတယ်။

နန်းတော်ရဲ့ အောက်ဘက် နောက်တစ်နေရာကို ကြည့်ပါ။ အဲဒီမှာ သွေးကြောနဲ့ တူတဲ့ မျဉ်းတွေကလည်းပဲ ထူးဆန်းစွာနဲ့ တောက်ပ လင်းလက်နေပါတယ်။

လင်းဟန် က ၎င်းကြောင့် အံ့အားသင့်သွားခဲ့ပါတယ်။ သူက တိုက်ခိုက်ဖို့နဲ့ ခုခံကာကွယ်ဖို့အတွက် အသုံးပြုတဲ့ အစီအရင် အများကြီးကို မြင်ခဲ့ဖူးပေမဲ့လည်း မြေကမ္ဘာရဲ့ ဆွဲအားကို ဆန့်ကျင်တဲ့ အစီအရင်ဆိုတာက အရမ်းကိုနည်းပါးပါတယ်။ ဒါက တကယ့်ကို ကြီးကျယ်ခန်းနားပါတယ်။ ဒါပေမဲ့ သိုင်းပညာရှင်တွေ အတွက်တော့ ဒါကို လေ့ကျင့် အသုံးပြုလို့ မရပါဘူး။

ဒါက အလယ်ခန်းမ ပဲ ဖြစ်ပါတယ်။

ဒီခန်းမကျယ်ကြီးရဲ့ အနောက်ဘက်မှာ တောအုပ်ထူထူ တစ်ခု ရှိပါတယ်။ သူတို့ ရောက်လာတဲ့ အချိန်လေးမှာပဲ တစ်စုံတစ်ယောက်ရဲ့ ပုံရိပ်မည်းမည်း သဏ္ဍာန် က တောအုပ်ထဲကို ဂင်ရောက် ပျောက်ကွယ်သွားတာကို မြင်ရပါတယ်။

``အလယ်ခန်းမဆီကို အရင်ဆုံးသွားပြီးတော့

သွေးယစ်ပူဇော်ရအောင်``

ချီယောင်ရီ ကပြောလိုက်ပါတယ်။ သူ့ကို မိုးရေနိုင်ငံကို ပိုင်ဆိုင်တဲ့ သူတွေထဲက လို့ ထည့်သွင်းရေတွက်လို့ ရနိုင်ပြီးတော့ အနည်းဆုံးတော့ မိုးရေနိုင်ငံထဲမှာ ဘေးဒုက္ခ ကပ်ဆိုးကြီးတစ်ခု မဖြစ်ပေါ်စေဖို့အတွက် သူက ဆန္ဒရှိပါတယ်။

လူတိုင်းလူတိုင်း ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ သွေးဖုတ်ကောင် တစ်ကောင် က အမှန်တကယ် ပေါ်လာခဲ့မယ်ဆိုရင် ဘယ်သူ့အတွက်မှ အကျိုးရှိလိမ့်မှာ မဟုတ်ပါဘူး။

သူက လေ့ကားထစ်တွေ အပေါ်ကနေ လှမ်းလျှောက်လို့ လာခဲ့ပါတယ်။ အဲဒီမှာ မိုးရေနိုင်ငံက လူတွေအများကြီးပဲ ရှိတာမဟုတ်ပါဘူး။ ကျောက်တုံးတိုင်းပြည်နဲ့ မီးတိုင်းပြည်က လူတွေလည်းပဲ ရှိပါတယ်။ နိုင်ငံကိုးခုက လူတွေက အလယ်ခန်းမ ထဲမှာ တိုက်ခိုက်မှုတွေ တားမြစ်ထားတဲ့ မရေးသားထားတဲ့ စည်းမျဉ်း စည်းကမ်း တစ်ခု ရှိပါတယ်။သွေးယစ်ပူဇော်ခြင်းက ချောချောမွေ့မွေ့နဲ့ ပြီးသွားခဲ့ရင် ကြီးမားတဲ့ နိုင်ငံ ကိုးခုကို အကျိုးအမြတ် အများကြီးဖြစ်စေပါလိမ့်မယ်။ ဘယ်သူမဆို ဒီ

စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ခဲ့မယ်ဆိုရင် နိုင်ငံကိုးခု ကလူတွေရဲ့ ရန်သူ ဖြစ်လာပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ လျှို့ဝှက်နယ်ပယ် က နှစ်ပေါင်းသုံးရာကျော်မှသာ တစ်ကြိမ် ပွင့်လာတာဖြစ်ပြီး လူတိုင်းလူတိုင်းက ပထမဆုံးအတွက် ဒီနေရာကို လာရောက်ခဲ့ကြ တာပဲ ဖြစ်ပါတယ်။ ပြီးတော့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ သူတို့က အံ့ဩတကြီးနဲ့ ရေရွတ်နေကြပါတယ်။ လူအများကြီးက ခြေတစ်လှမ်း လှမ်းလိုက်တိုင်းမှာ သဘာဂကို မြေဆွဲအားကို ဆန့်ကျင်တဲ့ ဒီ တည်ဆောက်မှုကြောင့် အံ့အားသင့် နေပြီးတော့ အချိန်တော်တော်ကြာပါတယ်။

တစ်လှမ်းပြီး တစ်လှမ်းတက်လာပြီး သူတို့ရဲ့ ခြေထောက်တွေက လေပေါ်မှာ ရပ်တန့် နေသလို ဖြစ်နေပါတယ်။ သူတို့ အမြင့်ဘက်ကို ပိုပြီးတော့ ရောက်သွားတော့ သူတို့က စိုးရိမ်ပူပန်မှု ကို ခံစားရရုံသာမက စိတ်လှုပ်ရှား လာခဲ့ကြပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ပန်းဖူးအဆင့် နဲ့အထက် ကျင့်ကြံသူတွေကပဲ ကောင်းကင်နဲ့ မြေကြီးပေါ်မှာ ပျံသန်းနိုင်ကြတာ မဟုတ်လား။

သူတို့ကို အခု ပျံသန်းနေတယ်လို့ ပြောလို့မရပေမဲ့လည်း အကြမ်းအားဖြင့်တော့ တူညီတဲ့ ခံစားချက်ပဲ ဖြစ်ပါတယ်။

ကောင်းကင်ဘုံတွေရဲ့ အမြင့်ဆုံး ထိပ်ဖျားပေါ်မှာ ရပ်တည်ပြီးတော့ အရာအားလုံး အပေါ်မှာ စီရင်ချက်ချနိုင်စွမ်းရှိပါတယ်။

လင်းဟန်ကလဲ အရမ်းကို ထူးကဲတဲ့ စိတ်ခံစားမှုမျိုး ဖြစ်ပေါ်နေပါတယ်။ ဒီလိုမျိုး ကြီးမားတဲ့ အစီအရင်တစ်ခုကို စီမံဖို့ လိုအပ်တဲ့ပစ္စည်းတွေကလဲ အလွန်အမင်းကို အဖိုးထိုက်တန်ပြီး ရှားပါးပါလိမ့်မယ်။ မိုးရေနိုင်ငံနဲ့ မီးနိုင်ငံတို့လို နိုင်ငံငယ်လေးတွေ မှာတောင် တကယ်လို့ သူတို့နိုင်ငံရဲ့ စွမ်းအား အကုန်လုံးအသုံးပြုရင်တောင်မှ ဒါကို မလုပ်နိုင်ကြပါဘူး။

ဒီနေရာမှာ ခြေလှမ်းစုစုပေါင်း ၃၃၃၃ လှမ်းရှိပါတယ်။ သူတို့အနေနဲ့ အစကနေ အဆုံးထိ လျှောက်သွားဖို့ အချိန်နာရီဝက်လောက် ယူရပါတယ်။ ပထမ... သူတို့က တအံ့တဩနဲ့ လမ်းလျှောက်နေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါက တကယ့်ကို အံ့အားသင့်စရာကောင်းလွန်းပါတယ်။ ပြီးတော့ ဒုတိယ အနေနဲ့ လှေကားထစ်တွေမှာ လူတွေအများကြီးရှိပါတယ်။ ဒါကြောင့်

တိုးပျော့သွားဖို့ဆိုတာက ဘယ်လိုမှ မလွယ်ကူပါဘူး။

ခန်းမအကျယ်ကြီးက နောက်ဆုံးတော့ သူတို့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါပြီ။ ဒါက ဘေးနံရံ လေးခုမပါတဲ့ အဆောက်အဦးတစ်ခု ဖြစ်ပြီးတော့ ကြီးမားတဲ့ ကျောက်တုံး တိုင်ကြီး စုစုပေါင်း ၁၂ တိုင်က ထောက်တိုင်အဖြစ်နဲ့ လုပ်ထားတဲ့ မျက်နှာကြက် အဆောက်အဦးတစ်ခုဖြစ်ပါတယ်။ ကျောက်တုံး ထောက်တိုင် တစ်ခုစီက ၃၃၃ မီတာ နီးပါး ရှည်ပြီးတော့ ဒီ ခန်းမကျယ်ကြီးကို အလွန်အမင်း ကြီးကျယ်ခမ်းနားဖို့ လုပ်ပေးနေပါတယ်။

``သခင်လေး.... သခင်လေး``

အံ့အားသင့်မှုတွေ ပြည့်နေတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။ လူအုပ်ကြီးထဲက လူသုံးယောက်က တိုးပျော့ပြီး ထွက်လာခဲ့ပြီးတော့ အသက်ခြောက်ဆယ်အရွယ် အဘိုးကြီးက ဦးဆောင်လာခဲ့ပါတယ်။

``ဦးလေးဖူ``

ယန်မင် ရဲ့ မျက်လုံးတွေ မြင့်တက်သွားပါတယ်။ သူက

ချက်ချင်းဆိုသလို ပျော်ရွှင် မြူးထူးတဲ့ အမူအရာ ဖြစ်ပေါ်လာပြီး အလျင်အမြန်ပဲ သူတို့ကို နှုတ်ဆက် လိုက်ပါတယ်။

``သခင်လေး မင်းအဆင်ပြေရဲ့လား``

သူတို့သုံးယောက်စလုံး ကိုကြည့်ရတာ ယန်မင် ကို စိုးရိမ်ပူပန်နေကြသလိုပါပဲ။ ဒါက အောင်းမိသားစုရဲ့ သခင်လေး ဖြစ်ပါတယ်။(အောင်းမျိုးရိုးနာမည်က ဖတ်ရတာ ထောက်နိုင်ပေမဲ့ ရှန်မင်းဆက်ကနေ အခုချိန်ထိ ရှိနေသေးတဲ့ မိသားစု လို့ သိရပါတယ်)။ တကယ်လို့ တစ်ခုခုသာ ဖြစ်သွားမယ် ဆိုရင် သူတို့ရဲ့ အသက်တွေကိုတောင် ပြန်ပြီးတော့ ပေးရပါလိမ့်မယ်။

``ငါအဆင်ပြေပါတယ်။``

ယန်မင်က အနည်းငယ်ပြုံးပြီးတော့ လှည့်လိုက်ပါတယ်။သူရဲ့ ပင်ကိုယ်စရိုက်က ရုတ်တရက် ဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။

သူ က ဒီမတိုင်ခင်က တစ်ခြားသူတွေနဲ့ စကားလက်ဆုံကျ နေပေမဲ့ သူ့ကိုယ်သူ နှိမ့်ချပြီး နေခဲ့ရပါတယ်။ အခု သူက

ကျက်သရေအပြည့်နဲ့ အဆင့်အတန်းမြင့်မားတဲ့ သူတစ်ယောက် ဖြစ်သွားခဲ့ပြီး ရုပ်ဆိုးနေတဲ့ ဘဲတစ်ကောင်က လှပတဲ့ ငန်းတစ်ကောင် အဖြစ်ကို ရုတ်တရက် ပြောင်းလဲသွားတာမျိုးနဲ့ တူပါတယ်။

``ကျေးဇူးပြုပြီးတော့ အားလုံးကို ငါ့ကိုယ်ငါ နောက်တစ်ကြိမ် ပြန်ပြီးတော့ မိတ်ဆက်ပေးပါရစေ``

သူ့ရဲ့ မျက်လုံးတွေက အားလုံးအပေါ်ကို ဝေ့ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ မိသားစု မျိုးရိုးနာမည်က အောင်း ဖြစ်ပါတယ်.... ငါ့ရဲ့နာမည်က ယန်မင် လို့ခေါ်တယ်။ ငါက ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက်တပည့်တစ်ယောက် ပဲ``

ဆောင်းလဂိုဏ်း။

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ ဂိုဏ်းတွေ နိုင်ငံတွေက ကြိုရာ အဆင်ပြေသလို တည်ထောင်လို့ရနိုင်တာ မဟုတ်ပါဘူး။ စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက်ကပဲ အားလုံးကို ကွပ်ကဲနေမယ်ဆိုယင် အဲဒီ အဖွဲ့အစည်းကို

အုပ်စုတစ်ခုလိုပဲ ခေါ်ဆိုနိုင်ပါတယ်။ စိတ်ဂိုဏ်ဥပုလွင်အဆင့် ကျင့်ကြံသူတစ်ဦးက အားလုံးကို ကွပ်ကဲနေမယ်ဆိုယင် နိုင်ငံတစ်ခုကို တည်ထောင်နိုင်ပြီးတော့ ဂိုဏ်းတစ်ခုဆိုယင် ပိုပြီးတော့တောင် အဆင့်မြင့်မားဖို့ လိုအပ်ပါတယ်။

အနည်းဆုံးတော့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က စောင့်ကြည့် ကွပ်ကဲဖို့ လိုအပ်ပါတယ်။

ဆောင်းလဂိုဏ်းက မြောက်ဘက်အစွန်းအဖျား နိုင်ငံကိုးခုရဲ့ အနီးဆုံးမှာရှိတဲ့ ဂိုဏ်းတစ်ခုပဲ ဖြစ်ပါတယ်။ ကောလဟာလ တွေအရတော့ အဲဒီမှာ အံ့မခန်း အစွမ်းထက်တဲ့ စိတ်ဂိုဏ်ဥနတ်သူငယ်အဆင့် ကျင့်ကြံသူတစ်ယောက်က ကွပ်ကဲ အုပ်ချုပ်နေတယ်လို့ ဆိုကြပါတယ်။ မြောက်ဘက်အစွန်အဖျားဒေသရဲ့ နိုင်ငံကိုးခု ကတောင်မှ ၎င်းကို ရိုသေလေးစားရပါတယ်။ တကယ်လို့ ဆောင်းလဂိုဏ်း ကို မကျေမနပ် ဖြစ်စေခဲ့မယ်ဆိုရင် ကြံ့ရာကျပန်း ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို လွှတ်ပေးလိုက်ရင်ကိုပဲ နိုင်ငံတစ်ခုကို အလွယ်တကူ ဖျက်ဆီး ချေမှုန်းပစ်လို့ ရပါတယ်။ ပြီးတော့ တကယ်လို့ စိတ်ဂိုဏ်ဥနတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက် ပါဝင်လာခဲ့ပြီဆိုယင် နိုင်ငံကိုးခုရဲ့ ပန်းဖူးအဆင့်ကျင့်ကြံသူ အားလုံးစုပြီးတော့ တိုက်ခိုက်မယ်ဆိုယင်တောင်မှ

အဆုံးသတ်မှာ သူတို့အားလုံးပဲ ကျရှုံးသွားကုန်ကြပါလိမ့်မယ်။

ချီယောင်ရီ နဲ့ တစ်ခြားသူတွေ အံ့အားသင့်ကုန်ကြပါတယ်။ တိုက်ရိုက်တပည့် ဆိုတာက အောင်းယန်မင်ရဲ့ ဆောင်းလဂိုဏ်းထဲက အဆင့်အတန်းက အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားတို့ထက်တောင်မှ ပိုပြီးတော့ တော်ဝင်အဆင့်မှာရှိတယ်လို့ ဆိုလိုတာပါပဲ။ လမ်းတစ်လျှောက်လုံး သူ့ရဲ့ အစစ်အမှန် နောက်ခံအင်အားကို လျှို့ဝှက်ထားတာက အံ့သြစရာမရှိတော့ပါဘူး။ တကယ်လို့ ဒီသတင်းသာ ပေါက်ကြားသွားခဲ့မယ်ဆိုယင် သူ့ကို ခါးစာခံလုပ်ပြီးတော့ ကျင့်ကြံနည်းစနစ်နဲ့ သိုင်းပညာတွေကို အလဲအလှယ်အဖြစ်လုပ်မှာကို ကြောက်ရွံ့လို့ ဖြစ်ပါလိမ့်မယ်။

ဆောင်းလ ဂိုဏ်းကနေ ရရှိမဲ့ နည်းစနစ်တွေက ဘယ်လောက်တောင်မှ တန်ဖိုးကြီး လိမ့်မလဲ။

အခု အောင်းယန်မင် က သူ့မိသားစုရဲ့ ကာကွယ်စောင့်ရှောက်မှု ကို ရရှိသွားခဲ့ပြီ ဖြစ်လို့ သူ့အနေနဲ့ စိတ်စနိုးစနောင့် ဖြစ်နေစရာ မလိုတော့ပါဘူး။

မျိုးရိုးနာမည် က အောင်းဟုတ်လား.... ပြီးတော့ ဆောင်းလဂိုဏ်းက....။

လင်းဟန်ရဲ့ မျက်လုံးတွေထဲမှာ အေးစက်စက်အလင်းရောင်တစ်ခု လက်သွားခဲ့ ပါတယ်။ ဒီကောင်က အောင်းဖန်းနဲ့ တစ်စုံတစ်ခုများ ပါတ်သတ်နေမလား။

(အယင်က အိုက်ဖန်း လို့ရေးခဲ့ပါတယ် ခု ပြန်ပြင်လိုက်ပါပြီနော်)

လင်းဒေါင်ရှန် ပြောစကား အရဆိုယင် အောင်းဖန်း က သမာရိုးကျ မဟုတ်တဲ့ နေထိုင်မှု အကျင့်စရိုက်ရှိတယ်လို့ တရားမဝင် ကလေးတွေ မရေမတွက်နိုင်အောင် ရှိတယ်လို့ ကျော်ကြားပါတယ်။ ပြီးတော့ အဲဒါကြောင့်ပဲ သူ့ရဲ့ အမေက လက်မထပ် ချင်လို့ ထွက်ပြေးခဲ့တာဖြစ်ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်ကသာ သူ့ရဲ့ အရှေ့က လူက အောင်းဖန်း ရဲ့ ချစ်ရတဲ့ ကလေး လို့ ပြောမယ်ဆိုရင် ဒါက လုံးဝကို ဖြစ်နိုင်ချေရှိပါတယ်။

ဒါကြောင့် သူက ရိုင်းစိုင်းပြီးတော့ အောင်းယန်မင် ကို

တိုက်ရိုက် မမေးခဲ့ပါဘူး။ သူက အပြုံးတု တစ်ခုကို ပြုံးပြလိုက်ပါတယ်။

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက မဆိုင်းမတွ ဂါရဝပြုလိုက်ကြပါတယ်။ ဒါက ကြီးကျယ်လှတဲ့ ဂိုဏ်းတစ်ခုရဲ့ တိုက်ရိုက်တပည့် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့ အနေနဲ့ သူငယ်ချင်းတွေ မဖြစ်ခဲ့ဘူးဆိုရင်တောင်မှ အဆင်ပြေပါတယ်။ ဒါပေမဲ့ သူတို့က စကားများတာမျိုးလည်း လုံးဝ မဖြစ်နိုင်ပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူတို့ရဲ့ ကိုယ်ပိုင် မိသားစုတွေအတွက် ဘေးဒုက္ခဆိုး တစ်ခုကို သယ်လာသလို ဖြစ်လာပါလိမ့်မယ်။

အောင်းယန်မင် ရဲ့ အမူအရာတွေက အရမ်းကို စိတ်ကြီးဝင်နေတဲ့ပုံစံနဲ့ သူ့ကိုယ်သူ အရမ်းကို ကြီးကျယ်မြင့်မြတ်တဲ့ ပုံစံမျိုး လုပ်နေပါတယ်။ သူက လွီယုထန် ကို ကြည့်လိုက်ပြီးတော့ သူရဲ့ အကြည့်တွေက နူးညံ့သိမ်မွေ့ပြီး ပြောလိုက်ပါတယ်။

``မိန်းကလေးယုထန်.. မင်းက ဆောင်းလဂိုဏ်းကို ဝင်ဖို့အတွက် စိတ်ဝင်စားသလား``

ဆောင်းလဂိုဏ်းကို ဝင်ဖို့ ဟုတ်လား။

လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ပြီးတော့ မနာလို အားကျတဲ့ အမူအရာတွေ ထွက်ပေါ်လိုလာခဲ့ပါတယ်။ ဆောင်းလဂိုဏ်း... ဒီလိုမျိုး ဂိုဏ်းတစ်ခုက စိတ်ဂိညာဉ် ပုလ္လင်အဆင့် ဒါမှမဟုတ် ပန်းဖူးအဆင့်ကို ရောက်ဖို့ အခွင့်အရေးကိုတောင် ပေးနိုင်ပါတယ်။ စိတ်ဂိညာဉ်နတ်သူငယ် အဆင့်တောင် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

အောင်းယန်မင် က လှီယုထန်တစ်ယောက်တည်းကိုပဲ ဖိတ်ခေါ်လိုက်တာကို ကြည့်ရင် ဒီကောင် ဘာတွေ ကြံစည်နေတယ်ဆိုတာကို သိနိုင်ပါလိမ့်မယ်။

သံသယရှိစရာကို မလိုအောင် လှီယုထန်က အင်ပါယာမြို့ရဲ့ အချောမော အလှပဆုံး နှစ်ယောက်ထဲက တစ်ယောက်ဖြစ်ပီး နတ်သမီးလေး တစ်ပါးလိုမျိုး ချောမော လှပါပါတယ်။ အောင်းယန်မင်က သူမအပေါ် စိတ်ဂင်စားသွားတယ်ဆိုတာက အံ့အားသင့်စရာ မဟုတ်ပါဘူး။

``ဟင့်အင်း``

လှိုင်ယုထန်က ဘာမှမစဉ်းစားပဲနဲ့ ငြင်းဆန်လိုက်ပါတယ်။

သူမက ဒီ အောင်းယန်မင်က သူမရဲ့ အလှအပ အပေါ်မှာ စိတ်ဝင်စားနေတယ်ဆိုတာ ကို သိပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက သူမရဲ့ ပင်ကို ပါရမီကို တကယ် တန်ဖိုးထားတယ် ဆိုရင်တောင်မှ သူမအနေနဲ့ သဘောမတူနိုင်ပါဘူး။ ပထမ အချက်က သူမက ဘယ်လိုအမျိုးအစား ပညာရပ်ကို ကျင့်ကြံနေတာလဲ။ ကောင်းကင်အဆင့် မဟုတ်လား။

ဆောင်းလဂိုဏ်းက သူမကို ကောင်းကင်အဆင့် ပညာရပ်ကို ကျင့်ကြံဖို့ ပေးလိမ့်မလား။ သူတို့မှာ ရှိတယ် မရှိဘူးဆိုတာကို ဘေးဖယ်ထားဦး.. တကယ်လို့ သူတို့မှာ ရှိတယ်ဆိုရင်တောင်မှ အပြင်လူတွေကို လွယ်လွယ်ကူကူနဲ့ ပေးလိမ့်မှာ မဟုတ်ပါဘူး။

ဒုတိယ အချက်က လင်းဟန်ရဲ့ အနောက်ကို လိုက်မယ်ဆိုရင် သူမအနေနဲ့ မှော်ဆေးလုံးတွေနဲ့ ပါတ်သတ်ပြီးတော့ စိတ်ပူစရာမလိုပါဘူး။ ဒီကောင်က မြေကျွန်မှာ အဆင့် မှော်ဆေးပညာတစ်ယောက် ဖြစ်လာဖို့ မဝေးတော့ပါဘူး။

တတိယအချက် နဲ့ အရေးအကြီးဆုံးက သူမအနေနဲ့

လင်းဟာန် ကို စွန့်ခွာဖို့ လုံးဝ ဆန္ဒမရှိပါဘူး။

ဒီအခြေအနေ သုံးခုနဲ့ပဲ အရာအားလုံးကို ပြောင်းပြန်လှန်ပစ်ဖို့ လုံလောက်ပါတယ်။

မူကတော့ အောင်းယန်မင် က လွီယုထန်က သဘောတူလိမ့်မယ်လို့ ထင်ထားပါတယ်။ ဒါပေမဲ့ သူမက ရိုးရိုးတန်းတန်းပဲ ငြင်းပယ်လိမ့်မယ်လို့ လုံးဝ မမျှော်မှန်းထားပါဘူး။ ဒါကသူ့ရဲ့ အမူအရာကို ချက်ချင်းဆိုသလို နီးကြား ပြောင်းလဲစေခဲ့ပါတယ်။ သူက လင်းဟာန်ကို ကြည့်လိုက်ပြီးတော့ သူရဲ့ နှုတ်ခမ်း ထောင့်မှာ လှောင်ပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ လမ်းတစ်လျှောက်လုံး လွီယုထန်က လင်းဟာန် အတွက် ခံစားချက်ရှိနေတယ်ဆိုတာကို သိသာထင်ရှားစွာပဲ သူတွေ့မြင်ခဲ့ပါတယ်။

ဒါဆိုရင်တော့ သူက ပထမဆုံး လင်းဟာန်ကို နင်းချေပြီးမှ ဒီကောင်က တန်ဖိုးမရှိဘူး ဆိုတဲ့အကြောင်းကို သိအောင် ပြရတော့မှာပေါ့။

အပိုင်း(၂၂၅) သူငယ်ချင်းတစ်ယောက် အဖြစ်မှ ဆန့်ကျင်သည်

အောင်းယန်မင် က သူ့ရဲ့ နှုတ်ခမ်းထောင့်မှာ ထူးဆန်းတဲ့ အပြုံးတစ်ခုနဲ့ လင်းဟာန်ကို ကြည့်လိုက်ပြီးတော့ ပြောပါတယ်။

``လင်းဟာန်... အစောပိုင်းတုန်းက ငါ့ထားတဲ့ ရှေးဟောင်းမှတ်တမ်း ကို မင်းပြန် မပေးတော့ဘူးလား``

ငှားထားတယ် ဟုတ်လား။

လင်းဟာန်ကလည်း ပြုံးပြီးတော့ အံ့အားသင့်သလိုမျိုးနဲ့ မေးလိုက်ပါတယ်။

``ငှားတယ် ဟုတ်လား။ အစ်ကိုကြီး ယန်မင်.. အဲဒါက မင်းကိုကယ်တင်ပေးတဲ့ အတွက် တန်ရာတန်ကြေး ဖြစ်တယ်ဆိုတာကို မေ့သွားပြီလား။ ပြီးတော့ အဲဒီတုန်းကနဲ့ အစောလေးကတင်ပဲ ကျုပ်ကို သခင်လေးဟာန် လို့ ခေါ်ခဲ့တာ မဟုတ်လား။ အခု မင်းက ငါ့ရဲ့ နာမည်ကို တိုက်ရိုက်ခေါ်တယ်။ မင်းရဲ့ အပြုအမူ တွေက အလျင်အမြန် ပြောင်းလဲသွားပြီလား``

တစ်ချို့အရာတွေက မပြောပေမဲ့လည်း လူတိုင်းက

လျှို့ပုက်ထားရမယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒါကို ပေါ်ပေါ်ထင်ထင် မပြောသင့်ပါဘူး။ ယန်မင်က သူ့ရဲ့နောက်လိုက်အဖြစ်နဲ့ ဟန်ဆောင်ခဲ့သလိုမျိုးပေါ့။

မင်းက ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက်တပည့်လို့ ပြောခဲ့တယ်မဟုတ်လား။ ငါ့ကို သက်သေပြစမ်းပါ။

သက်သေပြဖို့အတွက် စွမ်းရည်ကို ထုတ်ဖော်ပြရမယ်လို့ မရည်ရွယ်ပါဘူး။ တကယ်လို့ ၎င်းကသာ ဖြစ်နိုင်ချေရှိတယ်ဆိုယင်တောင်မှ သူက ဆောင်းလဂိုဏ်းရဲ့ တပည့်ကို ဆန်ကျင်လိုက်မှတော့ ဘာကြောင့် သူ့ကို ချက်ချင်းဆိုသလို မသတ်သေးတာလဲ။

ဒါကြောင့် အောင်းယန်မင် က ကျိုးကျိုးနွံနွံ နဲ့ ဆက်ဆံခဲ့ပြီးတော့ လူတိုင်းလူတိုင်းပဲ ဘာကြောင့်လဲ ဆိုတာကို နားလည်သွားခဲ့ပါတယ်။ လင်းဟန်က သူ့ကို နည်းနည်းလေးမှ မျက်နှာသာမပေးပဲနဲ့ လူပုံအလယ်မှာ ထုတ်ဖော် ပြောလိုက်ပါတယ်။

အောင်းယန်မင် ရဲ့ မျက်နှာက ချက်ချင်းပဲ ဇဝေဇဝါ ဖြစ်သွားခဲ့ပြီး ဦးလေးဖူလို့ သိထားတဲ့ အဘိုးကြီးက

သတ်ဖြတ်ချင်တဲ့ စိတ်ဂိဉာဉ်တွေ လောင်ကျွမ်းလို့ နေပြီး ခြေတစ်လှမ်းတိုးပြီးတော့ ပြောလိုက်ပါတယ်။

``လူငယ်လေး မင်းက ဘာလို့ အဓိပ္ပါယ်မရှိတာတွေ ပြောနေတာလဲ။ စကားပြောတာ ဂရုစိုက်ပါ... နောက်တစ်ကြိမ် ငါတို့မိသားစုရဲ့ သခင်လေးကို ဆန့်ကျင်မယ်ဆိုရင် မင်းရဲ့သွေးတွေကို နေရာအနှံ့ကို စင်သွားအောင်လို့ ငါလုပ်ရလိမ့်မယ်``

``ဟီးဟီး``

အောင်းယန်မင်က ဦးလေးဖူကို ပြင်သာစွာနဲ့ ရပ်တန့်စေလိုက်ပီးတော့ ပြောပါတယ်။

``ဦးလေးဖူ.. လင်းဟာန်က ငါနဲ့အတူ ကပ်လျက်လျှောက်လာခဲ့တာပါ။ သူကအဓိပ္ပါယ်မဲ့ တာတွေကို ပြောနိုင်ပါတယ်။ ဒါပေမဲ့ ငါတို့ရဲ့ ခင်မင်ရင်းနှီးမှုကိုတော့ ငါမေ့ထားလို့ မရနိုင်ဘူး``

``ဟုတ်ကဲ့.. သခင်လေးက သဘောထားကြီးပါတယ်။ ဒီအစေခံ အဘိုးကြီးက သခင်လေးကို အရမ်းကို လေးစားမိပါတယ်``

ဦးလေးဖူက အစေခံတစ်ယောက်လိုမျိုး ဦးခေါင်းကိုညွှန့်ပြီးတော့ ပြောလိုက်ပါတယ်။

ဒီအဘိုးကြီးက စိတ်ဂိုဥာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်ပါတယ်။ ဒီ ကမ္ဘာသေးသေးလေးမှာသူက ထိပ်တန်းအဆင့် ကျင့်ကြံသူတွေထဲက တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူတို့က ဆောင်းလဂိုဏ်းကပါ ဆိုပြီးတော့ သူတို့ရဲ့ နောက်ခံ အင်အားကို ကြွားလုံးထုတ်တဲ့အတွက် စိတ်ဂိုဥာဉ်ပုလ္လင်အဆင့် ကျင့်ကြံသူတွေ တောင်မှ မျက်နှာသာပေးဖို့ လိုပါတယ်။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေ မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။ ဒီအဘိုးကြီးက အောင်းယန်မင် ကို လုံးဝကို နာခံပါတယ်။ တကယ်လို့ အောင်းယန်မင် က လင်းဟာန် ကို ဆန့်ကျင်ဖို့ ဆုံးဖြတ်လိုက်မယ်ဆိုရင် အခြေအနေတွေက ကောင်းတော့မှာ မဟုတ်ပါဘူး။ ဒီ အောင်းယန်မင်က တကယ့်ကို အရှက်မရှိတာပဲ။ လင်းဟာန်က သူ့ကို ကယ်ခဲ့တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိနေရဲ့သားနဲ့ အဲဒါကို မေ့လိုက်ပါတယ်။

အောင်းယန်မင် က လင်းဟန်ကို နောက်ထပ်ကြည့်ပြီးတော့ ဂရုမစိုက်စွာနဲ့ ပြောလိုက်ပါတယ်။

``လင်းဟန်.. ရှေးဟောင်းမှတ်တမ်းကို ပေးလိုက်မယ်ဆိုယင် ငါတို့က သူငယ်ချင်း တွေ ဖြစ်နေလိမ့်ဦးမယ်။
အဲဒီလိုမှမဟုတ်ဘူးဆိုရင်တော့............``

သူက ဆက်ပြီးတော့ မပြောပါဘူး။ ဒါပေမဲ့ ဦးလေးဖူ က ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်တစ်ခုကို ဖော်ပြလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရီမောလိုက်ပီးတော့ ပြောပါတယ်။

``မင်းမှာ ပြဿနာတွေ တက်နေတဲ့ အချိန်တုန်းကတော့ ငါ့ကို သခင်လေးဟန် လို့ မင်းက ခေါ်ပြီး အခု ဘာပြဿနာမှ မရှိတော့မှ မင်းက ငါ့ကို လင်းဟန်လို့ ခေါ်တယ်။ မင်းက အခြေအနေအလိုက် အရောင်ပြောင်းတတ်တဲ့ ပုတ်သင်ညို တစ်ကောင် များ ဖြစ်နေမလား။ အောင်းယန်မင်.. မင်း ဘယ်တုန်းက ငါ့သူငယ်ချင်းဖြစ်ခဲ့လို့လဲ။ မင်းဒါကိုရော သိရဲ့လား``

အောင်းယန်မင် ရဲ့ အမူအရာက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ ပြီးတော့ ဦးလေးဖူက နောက်တစ်ကြိမ် အရှေ့ကို တိုးလာပြီးတော့ တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့ အောင်းယန်မင်က သူ့ကို ဟန့်တားထားလိုက်ပါတယ်။ ဒီ လူငယ်လေးရဲ့ အမူအရာက ရေလိုမျိုး အေးစက်ပြီးတော့ ချီယောင်ရီနဲ့ တစ်ခြားလူ တွေကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``အားလုံးပဲ ... လင်းဟန် ရဲ့ စိတ်ကြီးဝင်မှု့ကို မင်းတို့မြင်ကြတယ်မဟုတ်လား။ ဒီလိုမျိုး ကလိမ်ကကျစ် လူတစ်ယောက်နဲ့ မင်းတို့တွေ ဆက်ပြီးတော့ တူတူသွားချင် နေသေးလား။ ငါ မင်းတို့အားလုံးကို အခွင့်အရေးတစ်ခု ပေးမယ်။ လင်းဟန်နဲ့ မင်းတို့ရဲ့ ပတ်သတ်ဆက်နွယ်နေမှု့ကို ဖြတ်ပြီးတော့ ငါ့ရဲ့ နောက်မှာ ရပ်တည်ဖို့ အခွင့်အရေး တစ်ခုပေးမယ်။ အဲဒီလိုမှ မဟုတ်ပဲ လင်းဟန်နဲ့ ဆက်ပြီးတော့ ဆက်နွယ်နေကြဦးမယ်ဆိုရင် မင်းတို့အားလုံးပဲ ဆောင်းလဂိုဏ်းရဲ့ ရန်သူတွေ ဖြစ်လာလိမ့်မယ်``

ဒါက အရမ်းကို ကြီးမားတဲ့ စကားတွေ ဖြစ်သွားပါပြီ။ ဆောင်းလဂိုဏ်းရဲ့ ရန်သူ ဟုတ်လား။ အင်အားစုကြီး ရှစ်ခုရဲ့ မိသားစုဝင်တွေတောင်မှ သူတို့ရဲ့ နှလုံးသားထဲမှာ

အေးစိမ့်သွားသလို ခံစားလိုက်ရပါတယ်။ ဒါက အရမ်းကို အစွမ်းထက်တဲ့ စိတ်ဂိုဉာဉ် နတ်သူငယ်အဆင့်ကျင့်ကြံသူနဲ့ ပန်းဖူးအဆင့်တွေကို စေလွှတ်လိုက်မယ်ဆိုရင် မိုးရေနိုင်ငံအတွက် ကြီးမားတဲ့ ကပ်ဘေးတစ်ခု ဖန်တီးလိုက်သလို ဖြစ်သွားပါလိမ့်မယ်။

အောင်းယန်မင်က ဆောင်းလဂိုဏ်းနဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ လှုပ်ရှားဖို့ အစစ်အမှန် ကိုယ်စားမပြုနိုင်ပေမဲ့လည်း သူ့ရဲ့အနောက်မှာ ရပ်နေတဲ့ ဦးလေးဖူ တစ်ယောက်တည်းကပဲ သူတို့အားလုံးကို ဖြတ်ကျော်သွားနိုင်ပါတယ်။

ဒါ့အပြင် အောင်းယန်မင် က လုံး၈ ထိန်းမနိုင် သိမ်းမနိုင် တိုက်ခိုက်လာ နိုင်ပါတယ်။ ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေက သူ့ကို အနာတရဖြစ်အောင်လို့ လုပ်ရဲလိမ့်မလား။ တကယ်လို့ အောင်းယန်မင် က သူ့ရဲ့ နောက်ခံအကြောင်းကို မထုတ်ဖော်ခဲ့ဖူး ဆိုယင် သူ့ကို သတ်ပစ်လိုက်မယ်ဆိုယင်တောင်မှ ကိစ္စမရှိပါဘူး။ ဘယ်သူကမှလဲ မသိသလို.. ဆောင်းလဂိုဏ်းရဲ့ လက်စားချေမဲ့အကြောင်းကိုလဲ စိတ်ပူနေစရာ မလိုပါဘူး။ဒါပေမဲ့ အခု ကြီးမားတဲ့ ခန်းမကြီးထဲမှာ လူတွေ ဘယ်လောက်တောင်များ ရှိသလဲ။

အထူးသဖြင့် မီးနိုင်ငံရဲ့ သိုင်းပညာရှင်တွေက မိုးရေနိုင်ငံက လူတွေနဲ့ ဆောင်းလ ဂိုဏ်း ပြဿနာတက်နေတာကို ပျော်ရွှင်စွာနဲ့ ကြည့်နေလိုက်ကြပါတယ်။ ဆောင်းလဂိုဏ်းရဲ့ အကြီးအကဲတွေက မိုးရေနိုင်ငံ ကို လက်တစ်ဖက်ထဲနဲ့ အမြစ်ပြတ် သုတ်သင်ပစ်လိုက်မယ်ဆိုရင် ပိုတောင် ကောင်းပါသေးတယ်။

အောင်းယန်မင် က သရော်ပြုံးပြုံးလိုက်ပါတယ်။ သူက လင်းဟန်ကို သစ္စာဖောက်ခံ ရပြီး တစ်ကိုယ်တည်း ဖြစ်တဲ့ အရသာကို မြည်းစမ်းစေချင်ခဲ့ပါတယ်။ အဲဒီနောက်မှာ သူ့ကို ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ပြီးတော့ လုံး၀ လဲသွားအောင်လို့ လုပ်ပစ်လိုက်မှာပဲ ဖြစ်ပါတယ်။

ချီယောင်ရီ နဲ့ တစ်ခြားသူတွေ မဆုံးဖြတ်ရသေးခင်မှာပဲ ဂျင်ပူကျို က ပထမဆုံး လင်းဟန်ရဲ့ ဘေးမှာ သွားရပ်လိုက်ပါတယ်။ သူရဲ့ အမူအရာက လုံး၀ကို ပြတ်သားပါတယ်။

လင်းဟန်ရဲ့ ကြီးမားတဲ့ ကူညီမှု သာမရခဲ့ယင် သူ့အနေနဲ့ ကျန်းဖေးယန်နဲ့ အတူတကွ ပျော်ရွှင်နိုင်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူက အခု လင်းဟန်ကို သစ္စာဖောက်

လိုက်မယ်ဆိုယင် သူ့ကို ယောက်ျားတစ်ယောက်လိုရော ခေါ်နိုင်ပါဦးမလား။

ကန်းရီက စိတ်ခံစားချက် မရှိတဲ့ အမူအရာနဲ့ လျှောက်လာခဲ့ပါတယ်။ သူရဲ့ စကားလုံး တွေကို သူတန်ဖိုးထားပါတယ်။ ဒါက တောင်တစ်လုံးရဲ့ အလေးချိန်လောက်ရှိတဲ့ ကတိစကားတစ်ခွန်းနဲ့ တူပါတယ်။ သူက လင်းဟန်ကို တစ်ချက်ထဲနဲ့ မသတ်နိုင်သေးတဲ့အထိ လင်းဟန်ရဲ့ နောက်လိုက် လုပ်ဖို့ သဘောတူညီခဲ့မှတော့ သူက လင်းဟန်ကို လုံးဝ သစ္စာဖောက်မှာ မဟုတ်ပါဘူး။

ဒီနစ်ယောက်ရဲ့ ဥပမာအနေနဲ့ဆိုရင် ချီယောင်ရီနဲ့ တစ်ခြားသူတွေအပေါ်မှာ အကျိုး သက်ရောက်သွားခဲ့ပါတယ်။ သူတို့အားလုံးက ကြီးမားတဲ့ အဆင့်အတန်း ထင်ပေါ် ကျော်ကြားမှု ရှိတယ်လို့ ယူဆလို့ရပါတယ်။ အောင်းယန်မင်က သူတို့အားလုံးကို သောင်းကျန်းပြီးတော့ သတ်လို့ မရလောက်ပါဘူး။ သူလုပ်လိမ့်မလား။

ဒီအတွေးတွေနဲ့အတူ သူတို့အားလုံးက လင်းဟန်ရဲ့ ဘေးမှာ ရပ်လိုက်ကြပြီးတော့ အောင်းယန်မင် ကို လုံးဝ မျက်နှာသာ မပေးခဲ့ပါဘူး။

တစ်ယောက်ပြီး တစ်ယောက် လင်းဟန်ရဲ့ ဘေးကို လျှောက်သွားတာကို ကြည့်ပြီးတော့ အောင်းယန်မင်ရဲ့ အမူအရာက ပျက်သွားပြီး သူရဲ့ မျက်လုံးတွေက မီးတောက်လုမတတ် ဖြစ်နေပါတယ်။

ဒီလူတွေက မျက်စိကန်းနေကြတာလား။ ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက်တပည့် ကို ငြင်းပယ်ပြီးတော့ လင်းဟန်ကို ဖက်တွယ်နေကြတာလား။ လင်းဟန်က အနည်းငယ် ထူးဆန်းနေပြီး အားကောင်းတဲ့ တိုက်ပွဲအစွမ်းတစ်ခုကို ပိုင်ဆိုင်ထားပေမဲ့ သူက ဒြပ်စင်စုစည်းခြင်း အဆင့်ပဲရှိသေးတဲ့ သိုင်းပညာရှင်တစ်ယောက်ပဲလေ။

``ကောင်းတယ် ကောင်းတယ် ကောင်းတယ်``

အောင်းယန်မင်က လင်းဟန်ကို သစ္စာဖောက်ခံရတဲ့ ခံစားချက်ကို ခံစားစေပြီးတော့ သူ့ကိုယ်သူ အရှုံးသမားတစ်ယောက်လို တွေးထင်သွားဖို့ ဒီလိုနည်းလမ်းသုံးပြီး လုပ်ပြီးတဲ့နောက်မှာ လွီယုထန်ရဲ့ လင်းဟန်အပေါ်မှာထားတဲ့ ကောင်းမွန်တဲ့ ခံစားချက်တွေကို လျော့ကျသွားအောင်လုပ်ဖို့ စီစဉ်ထားခဲ့တာပါ။

ဒါပေမဲ့ အခု အဲဒီအစား အရှက်ခွဲခံရတာက သူဖြစ်နေပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒီလိုခံစားချက်မျိုးနဲ့ သူက ရပ်တည်နေနိုင်မှာလဲ။

``လင်းဟန် မင်းက ငါပိုင်ထားတဲ့ အရာကို လုံးဝ လက်မလွှတ်ပေးချင်ဘူးပေါ့ ဟုတ်လား``

သူက ခြိမ်းခြောက်လိုက်ပြီးတော့ ဆောဘာဓါးတစ်လက်လိုမျိုး သတ်ဖြတ်ချင်တဲ့ အရှိန်အဂါတွေနဲ့ ပြောလိုက်ပါတယ်။

``မှားတယ်.. ဒါက မင်းရဲ့ အသက်ကို ဂယ်ဖို့ အတွက် အသုံးပြုလိုက်တဲ့ ငွေပဲ။ ဒါကို ငါက လွှတ်ချပေးစေချင်တာလား။ကောင်းပြီလေ... ဒါပေမဲ့ ဒီဟာနဲ့ အလဲအလှယ် အတွက်က မင်းရဲ့ အသက်ပဲ``

လင်းဟန်က ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။ ကောင်းကင်အဆင့် ကျင့်ကြံသူတစ်ယောက် အနေနဲ့ ဂုဏ်ကျက်သရေနဲ့ အလျှော့မပေးတတ်တဲ့ စိတ်က သူ့ရဲ့ အရိုးတွေထဲမှာ ခိုင်မာနေပြီးတော့ ဘယ်သူကမှ သူ့ထက် မသာလွန် နိုင်ပါဘူး။ ဒေါ့အပြင် အောင်းယန်မင် က

ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်ပြီး အောင်းဖန်းရဲ့ သားလည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် သူက ယဉ်ကျေးနေဖို့ အကြောင်း လုံး၀ မရှိပါဘူး။

``အတင့်ရဲလိုက်တာ``

ဦးလေးဖူ က ချက်ချင်းဆိုသလို အော်ဟစ်လိုက်ပြီးတော့ သူ့ရဲ့ မျက်လုံးတွေထဲမှာ ဒေါသတွေနဲ့ သတ်ဖြတ်ချင်တဲ့ အရှိန်အဝါတွေ ပြည့်နှက်လို့နေပါတယ်။

ဒီတစ်ကြိမ်တော့ အောင်းယန်မင် က သူ့ကို မတားတော့ပဲ လက်နစ်ဖက်ကို နောက်မှာပစ်ထားပြီး အရမ်းကို ဟန်ပါပါနဲ့ ရပ်နေလိုက်ပါတယ်။

ဦးလေးဖူ နားလည်သွားခဲ့ပြီးတော့ လင်းဟန်ဆီကို ဖြည်းဖြည်းလေး တစ်လှမ်းပြီး တစ်လှမ်း ချဉ်းကပ်လာခဲ့ပါတယ်။ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ အရှိန်အဝါက တစ်စထက် တစ်စ ရက်စက်ပြင်းထန်လာခဲ့ပါတယ်။

ချီယောင်ရီက ခြေလှမ်းအနည်းငယ် အနောက်ကို ဆုတ်သွားပါတယ်။ သူတို့က လင်းဟန်ရဲ့ ဘက်က ဆိုပေမဲ့ သူတို့ရဲ့ ဆက်ဆံရေးက စိတ်ဂိုဉာဉ်ပင်လယ် အဆင့်

ကျင့်ကြံသူတစ်ယောက်ကို တိုက်ခိုက်ဖို့ မကောင်းမွန်သေးပါဘူး။ ဒါက ကိုယ့်ကိုကိုယ် သတ်သေတာပါပဲ။

လင်းဟန်က တိမ်မြန်အဆောင်လက်ဖွဲ့ တစ်ခုကို ပြင်ဆင်ထားခဲ့ပါတယ်။ တကယ်လို့ အခြေအနေဆိုးလာခဲ့မယ်ဆိုယင် သူက ထွက်ပြေးဖို့အတွက် အဆင်သင့်ပါပဲ။

``အား``

ကြောက်ရွံ့ထိတ်လန့်တဲ့ အော်သံတစ်ခုက အောက်ကနေ ထွက်ပေါ်လိုလာခဲ့ပါတယ်။ အမည်းရောင် အရိပ်တစ်ခုက လူအုပ်ကြီးကြားထဲကို တိုးဝင်လာပြီးတော့ အနီးနားမှာ ရှိတဲ့ လူတွေကို စပါးပင်တွေ ရိတ်ခံလိုက်ရသလိုပဲ ခြေလက်တွေ နဲ့ သွေးတွေက နေရာအနှံ့ကို ပြန့်နှံ့သွားခဲ့ပါတယ်။

ရှုံဟွမ်ရှမ် ရဲ့ ပုံရိပ်က ပေါ်လာခဲ့ပါတယ်။ သူက ကြေးနီခေါင်းတလား သုံးခုကို ဆွဲယူလာပါတယ်။ ဒါပေမဲ့ အလောင်းစစ်သား သုံးကောင်ကတော့ အပြင်ကို ထွက်လာပြီးတော့ စိတ်လွတ်လက်လွတ်ကို သတ်ဖြတ်နေပါတယ်။

အပိုင်း(၂၂၆) ကြေးနီခေါင်းတလားရဲ့ စွမ်းအား

လင်းဟန် နဲ့ အောင်းယန်မင် က တစ်ခြားသူတွေထက်စာယင် ရုံဟွမ်ရှွမ် ရဲ့ နောက်ခံ အင်အားကို သိပါတယ်။ တစ်ခြားသူတွေကတော့ လုံးဝမသိကြပါဘူး။ အလယ်ခန်းမ ထဲမှာ ရုံဟွမ်ရှွမ် က လူတွေကို တစ်ကယ်ပဲ သတ်ဖြတ်နေတာကို ကြည့်ပြီးတော့ လူတွေက အံ့အားသင့်ပြီး ဒေါသထွက်နေ ကြပါတယ်။

ဒီကောင်က နိုင်ငံကိုးခုရဲ့ အများနဲ့ ဆိုင်တဲ့ ဥပဒေ ကို မလိုက်နာပဲ ဒီနေရာမှာ လူမြင်ကွင်းမှာပဲ လူသတ်ရဲတယ်။

ဒါ့အပြင် သူက လက်စားချေတာမျိုး မဟုတ်မှန်း သိသာထင်ရှားပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အလောင်းကောင် စစ်သားသုံးကောင် က လွတ်လွတ် လပ်လပ်နဲ့ မဆင်မခြင် အရမ်းကာရော လိုက်လံသတ်ဖြတ်နေတာပါ။ သူတို့က မြင်မြင်သမျှကို သတ်ပစ်ပြီး သူတို့ သတ်လိုက်တဲ့ မည်သူကို မဆို စားသောက် နေတာက လူတွေကို ကြောက်ရွံ့မှုနဲ့ စက်ဆုပ်ရွံ့ရှာမှုကို ဖြစ်စေခဲ့ပါတယ်။

``ဒါက ဘယ်လို ငရဲက အရာတွေလဲ``

ဘယ်သူကမှ လင်းဟန် လောက် အတွေ့အကြုံ မကြွယ်ဝကြပါဘူး။ ဒီအရာ သုံးခုကို ကြည့်ပြီးတော့ သူတို့ရဲ့ ကျွှာကြီးပေါ် အမြင်တွေက ပျက်ဆီးသွားခဲ့ကြပါတယ်။

``သွေးဖုတ်ကောင်တွေများ ဖြစ်နိုင်မလား``

တစ်စုံတစ်ယောက်က တုန်ယင်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

သွေးဖုတ်ကောင်တွေက ပုံမှန်အားဖြင့်တော့ ဒဏ္ဍာရီ တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ ၎င်းတို့က ပေါ်လာခဲ့မယ်ဆိုရင် လုံးဝ ဖြစ်နိုင်ချေ အကြောင်းတရား ရှိပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သွေးဖုတ်ကောင် ပေါ်လာတဲ့အချိန်တုန်းက မြောက်ဘက်အစွန်အဖျား က ကိုးနိုင်ငံက အမြစ်ပြုတ်လုနီးပါး သုတ်သင်ပစ်ခဲ့ ပါတယ်။ သွေးဖုတ်ကောင် တွေကို သတ်ဖို့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ပူးပေါင်းပြီးတော့ သူတို့ရဲ့ အသက်တွေကိုတောင် ယစ်ပူဇော်ခဲ့ရပါတယ်။

ဂုင်းကို သတ်ဖို့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင်မှ ဂုင်းနဲ့အတူ သေခဲ့ရပါတယ်။

``မဟုတ်ဘူး မဟုတ်သေးဘူး``

တစ်စုံတစ်ယောက်က ချက်ချင်းပဲ ကွာဟချက်ကို မြင်သွားခဲ့ပါတယ်။

``ဒီမကောင်းဆိုးဂါးတွေထဲက အသန်မာဆုံးက စိတ်ဂိဉာဉ်ပင်လယ်အဆင့် ပဲ ရှိသေးတယ်။ ဒါက သွေးဖုတ်ကောင် မဟုတ်ဘူး``

``မင်းပြောတာ မှန်တယ်.. အဲဒါက စိတ်ဂိဉာဉ်ပင်လယ် အဆင့် ပဲ ရှိတယ်``

လူတွေ အများကြီးက အလောင်းစစ်သား သုံးကောင်းရဲ့ ခွန်အားကို မြင်သွားခဲ့ ကြပါပြီ။

``စိတ်ဂိဉာဉ်ပင်လယ် အဆင့်က တစ်ကောင်.. နွေဦးစမ်းရေအဆင့်က တစ်ကောင်နဲ့ ဒြပ်စင်စုစည်းခြင်း က တစ်ကောင်ပဲ``

``ဘာကိုမှ ကြောက်နေဖို့ မလိုတော့ဘူးဟေ့``

လူအုပ်ကြီးက သူတို့ရဲ့စိတ်တွေ တည်ငြိမ်သွားခဲ့ပါတယ်။ လူတွေက လာပြီးတော့ သွားကြတယ် ဆိုပေမဲ့ ဒီနေရာမှာ လက်ရှိ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကျင့်ကြံသူ ဆယ်ယောက် ရှိပါတယ်။ သူတို့က ဆယ်ယောက် တစ်ယောက် တောင် မနိုင်နိုင်ဘူးလား။

ဒီ အလောင်းစစ်သားတွေက ဘာမှကြောက်နေဖို့ မလိုတော့ဘူးဆိုတာကို သိရှိလိုက် တဲ့အခါမှာ ဦးလေးဖူ လည်းပဲ တည်ငြိမ်သွားပြီးတော့ သူရဲ့ အကြည့်တွေကို လင်းဟန် ဘက်ကို ပြန်လှည့်လိုက်ပါတယ်။ သူရဲ့ နှုတ်ခမ်းထောင့်မှာ အေးစိမ့်စိမ့် အပြုံးတစ်ခုကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``ဂျူနီယာလေး.. ငါ့ရဲ့ သခင်လေးကို ဒူးထောက်ပြီးတော့ ခွင့်လွှတ်ပေးဖို့ တောင်းပန်စမ်း.. ငါ မင်းရဲ့ အပြုအမူ ပေါ်မူတည်ပြီးတော့ မင်းရဲ့ တန်ဖိုးမဲ့တဲ့ အသက်ကို ချမ်းသာပေးဖို့ အသနားခံပေးနိုင်တယ်``

``တကယ်လို့ ခင်ဗျားက တစ်ယောက်ယောက်ရဲ့ ယုယုယယ

မွေးထားတဲ့ ခွေးကလေး တစ်ကောင်နဲ့ တူနေတာပဲ... အရမ်းကို ဂင့်ကြွားပြီးတော့ ကြီးကျယ်လွန်းတာပဲ.. ငါရိုးရိုးသားသား ဝန်ခံရမယ်ဆိုယင် ခင်ဗျားက ဒီလို ဘဂင်မြင့်တဲ့ စိတ်ကို ဘယ်နေရာက ရလာခဲ့တာလဲ ဆိုတာကို တော့ ကျုပ်မသိတာ အမှန်ပဲ``

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

``ငါ ကျေးဇူးမသိတတ်တဲ့ သူတစ်ယောက်ကို ကယ်ခဲ့မိတာပဲ``

``မိုက်ရိုင်းလိုက်တာ``

ဦးလေး ဖူ ကဒေါသထွက်သွားခဲ့ပါတယ် နောက်ဆုံးမှာ လင်းဟန်နဲ့ မကာစားတော့ပဲ သူ့ကို အကြင်နာတရား ကင်းမဲ့စွာနဲ့ သတ်ပစ်လိုက်ဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။

အလောင်းကောင် သုံးကောင်က သူတို့ရဲ့ ဘက်ကို တိုက်ခိုက်လာနေပါတယ်။ ငွေချပ်ဂတ် အလောင်းကောင်ရဲ့ လမ်းညွှန်မှုအောက်မှာ သူတို့က အရာအားလုံးကို လုံးဂ လွှမ်းမိုးနိုင်ခဲ့ပါတယ်။ ရှံဟွမ်ရွှမ် က ကြေးနီခေါင်းတလား ကို သယ်လာပြီးတော့ အနောက်ကနေ လိုက်လာခဲ့ပါတယ်။

ဘာကြောင့် ဒီလောက် လေးလံတဲ့ အရာတစ်ခု ကို သယ်လာခဲ့လဲဆိုတာကိုတော့ မသိပါဘူး။

``ဟားဟားဟား... မင်းအခု ဘယ်ကို ထွက်ပြေးဦးမလဲဆိုတာ ကြည့်ရအောင်``

ရှံပွမ်ရွှမ်က လင်းဟန်ကို သတ်ဖြတ်ချင်တဲ့ အရိုန်အဝါတွေ အပြည့်နဲ့ စိုက်ကြည့် လိုက်ပါတယ်။

လပြွတ်ပဲပေါ့။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေ အေးစက်တဲ့ချွေးပြန်လာခဲ့ပါတယ်။ သူတို့အနေနဲ့ လင်းဟန်က ပြဿနာ ရှာတဲ့နေရာမှာ အရမ်းကို တော်တယ်လို့ ခံစားနေရပါတယ်။

အခုပဲကြည့် စိတ်ဂိုဏ်ဥပင်လယ်အဆင့် တစ်ယောက်နဲ့ ပြဿနာ ဖြစ်လို့မှ မဆုံးသေးဘူး နောက်တစ်ယောက်ထပ်ပြီးတော့ ရောက်လာပြန်ပါပြီ။

ရှံပွမ်ရွှမ် က ဦးလေးဖူကို ပေါ့ကြည့်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ လမ်းကနေ ထွက်သွားစမ်း``

ဦးလေးဖူ က ဒေါသထွက်ပြီး တုန်ယင်လို့ နေပါတယ်။ နွေဦးစမ်းရေ အလွှာ ၅ အဆင့် မျှသာ ရှိတဲ့ သူတစ်ယောကက် သူ့ကို ထွက်သွားစမ်းလို့ ပြောရဲတယ် ပေါ့လေ။ ဘယ်နေရာကနေ ဒီလိုမျိုး ယုံကြည်မှုမျိုး ရလာခဲ့တာလဲ။ သူက ဘာကိုမှ ဂရုမစိုက်စွာနဲ့ ပြောလိုက်ပါတယ်။

``ဂျူနီယာ... မင်း သေချာပေါက် သေရမယ်``

``ရှပ်``

ငွေချပ်ဂတ် အလောင်းကောင်ရဲ့ ပုံရိပ်က လက်ခနဲ ပေါ်လာပြီးတော့ ဦးလေးဖူကို လက်သည်းနဲ့ ကုတ်လိုက်ပါတယ်။ ဆိုးရွား နံ့စော်တဲ့ အနံ့အသက်ဆိုးတစ်ခု က လွင့်ပျံ့လို့ လာခဲ့ပါတယ်။

``အလောင်းအဆိပ်``

ဦးလေးဖူ က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

ဆောင်းလကိုဏ်းရဲ့ တပည့် တစ်ယောက် အနေနဲ့ သူရဲ့ ဗဟုသုတနဲ့ အတွေ့အကြုံက သာမာန်လူတွေထက်တော့ မြင့်မားပါတယ်။

``ဟုတ်တာပေ့ါ.. ကျုပ်ရဲ့ ငွေချပ်ဂတ် အလောင်းကောင်မှာ အဆင့်လေး အလောင်းအဆိပ် ရှိတယ်။ တကယ်လို့ ခင်ဗျားက ကုတ်ချက် တစ်ချက်ထိခဲ့မယ် ဆိုရင် ခင်ဗျား သေရလိမ့်မယ်ဆိုတာကို ငါ ကတိပေးနိုင်တယ်``

ရုံဟွမ်ရှမ် က ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။

``ဂျူနီယာ..ငါတို့ တွေရဲ့ ကြားမှာ အမုန်းတရားလည်း မရှိပါဘူး။ ဘာကြောင့် ငါတို့က သေတဲ့အထိ တိုက်ခိုက်ရမှာလဲ``

ဦးလေးဖူက ဆက်တိုက် တိုက်ခိုက်လိုက်ပါတယ်။ သူက ငွေချပ်ဂတ် အလောင်းကောင် ရဲ့ ခံစစ်ကို ဖျက်ဆီးနိုင်ဖို့ နည်းလမ်းရှာမတွေ့ခဲ့ပါဘူး။ သူက အဆက်မပြတ် တိုက်ခိုက်ခဲ့ပါတယ်။ ၎င်းက ရှောင်တိမ်းတာ ဖယ်တာမျိုး လုံးဝ မလုပ်ခဲ့ပါဘူး။ ၎င်းရဲ့ ခန္ဓာကိုယ်က တောင်ကြီးတစ်လုံးလို တည်မြဲနေပြီးတော့ ၎င်းရဲ့ အရှိန်ကိုတောင်မှ အနှောက်အယှက် ဖြစ်အောင်

မလုပ်နိုင်ပါဘူး။

``ဒီကောင်က ငါ့အတွက်ပဲ``

ရုံဟွမ်ရွှမ် က လင်းဟန်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ဘယ်လိုကြောင့် အလောင်းတစ်ထောင် ဂိုဏ်းအကြောင်းကို ဒီလိုမျိုး နက်နက်နဲနဲ နားလည်နေရတယ်ဆိုတာကို သူသိချင်နေပါတယ်။

``ဟင့်...အများသဘောနဲ့ မတူပဲ အယူဂါဒ ကွဲပြားဆန့်ကျင်နေတဲ့ သူပဲ.. လူတိုင်း လူတိုင်းက မင်းကို အပြစ်ပေးကြတော့မယ်``

တစ်ခြား စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတော်တော်များများ ပေါ်လာခဲ့ပြီး အားလုံးက မကျေမနပ်ဖြစ်နေတဲ့ အမူအရာတွေနဲ့ပါ။ သူတို့အားလုံးက နိုင်ငံကိုးခု က ဖြစ်ပြီးတော့ အခု အပြင်လူတစ်ယောက် က ရုတ်တရက် ရောက်လာပြီး သူတို့ရဲ့ တပည့်တွေကို သတ်ဖြတ်နေတာကို ဘယ်လိုလုပ်ပြီးတော့ သူတို့က တည်ငြိမ် အေးဆေးနေလို့ ရမှာလဲ။

``အမိန့်ပေးတဲ့ သူကို သတ်လိုက်ရင် ဒီ မကောင်းဆိုးဝါးတွေက အလိုအလျောက် ရှုံးနိမ့်သွားကုန်လိမ့်မယ်``

စိတ်ဂိုဏ်းပင်လယ်အဆင့် တစ်ယောက်က ပြောလိုက်ပါတယ်။

``ဟုတ်တယ်``

ကျန်တဲ့သူတွေကလဲ သဘောတူ ထောက်ခံလိုက်ပါတယ်။

ရှုံဟွမ်ရှမ် က အေးစက်စွာနဲ့ ရီမောလိုက်ပြီးတော့ ပြောပါတယ်။

``မင်းတို့မှားနေပြီ.. မင်းတို့အားလုံး က သေပြီးတော့ ငါ့ရဲ့ အလောင်းကောင် စစ်သည် တွေရဲ့ အစာ ဖြစ်ရလိမ့်မယ်.... သွားစမ်း သတ်ပစ် သတ်ပစ်``

``တိုက်ကြ``

စိတ်ဂိုဏ်းပင်လယ်အဆင့် ကျင့်ကြံသူ

တော်တော်များများက ခုန်ထွက်ပြီးတော့ ရုံဟွမ်ရှမ် ဆီကို ဦးတည်ပြီး တိုက်ခိုက်လိုက်ကြပါတယ်။

ဒီကောင်လေးရဲ့ ကျင့်ကြံခြင်းက နွေဦးစမ်းရေ အလွှာ ၅ အဆင့် မျှသာရှိတဲ့ လူတစ်ယောက် ဖြစ်ပြီး ဘယ်လိုလုပ် စိတ်ဂိဉာဉ်ပင်လယ်အဆင့် စစ်သည်တော်တွေ ရဲ့ ပြိုင်ဘက် ဖြစ်နိုင်ချေ ရှိမှာလဲ။ တစ်ကွက်ထဲနဲ့ သူက လုံး၀ သေမှာဖြစ်ပြီး ဒီအလောင်းကောင်တွေရဲ့ သခင်ဖြစ်တဲ့သူ သေတဲ့အခါမှာ ၎င်းတို့လည်းပဲ အဆုံးသတ်သွား ပါလိမ့်မယ်။

တကယ်ပဲ ဘယ်လို ငတုံး ငအ တစ်ကောင်လဲ။

``ဟားဟားဟား မင်းတို့ကောင်တွေက ငါ့ကို ငတုံးတစ်ယောက်လို့ ထင်နေကြလား``

ရုံဟွမ်ရှမ် က ဂရုမစိုက်စွာပြောလိုက်ပြီးတော့ ကြေးနီခေါင်းတလားထဲကို ခုန်၀င် လိုက်ပါတယ်။ တဂက်ပွင့်နေတဲ့ ခေါင်းတလားက ချက်ချင်းပဲ ပိတ်သွားပြီးတော့ မသဲမကွဲ အသံတစ်ခုကို ထွက်လာပါတယ်။

``ငတုံးပဲ``

စိတ်ဂိဥာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတွေက ဂရုမစိုက်စွာ ပြောလိုက်ပါတယ်။ သူက ခေါင်းတလားထဲကို ပြေးဝင်လိုက်တာနဲ့ လွတ်မြောက်လိမ့်မယ်လို့ ထင်နေတာလား။ ဘယ်လိုဟာသမျိုးလဲ..သူတို့က အခေါင်းတလားကို တိုက်ခိုက်ဖို့ပဲ လိုအပ်တာဖြစ်ပြီးတော့ အစွမ်းထက်လှတဲ့ အားလှိုင်းတွေကြောင့် ရုံပုတ္တမ်ရွှမ် က လွယ်လွယ်ကူကူနဲ့ အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

``သေစမ်းကွာ``

စိတ်ဂိဥာဉ်ပင်လယ်အဆင့် တစ်ယောက်က လက်ကိုလွှဲပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားပြီးတော့ သူက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

``ခင်ဗျား... မလုပ်နဲ့``

လုံးဝ နောက်ကျသွားခဲ့ပါပြီ။ ဒီ စိတ်ဂိဥာဉ်ပင်လယ်အဆင့်ရဲ့ ညာဘက်လက်က ကြေးနီ ခေါင်းတလားပေါ်ကို

လှမ်းရိုက်ပြီးပါပြီ။ ဒါပေမဲ့ တကယ်လို့ လင်းဟန်က အနည်းငယ် စောပြီးတော့ အော်ဟစ်လိုက်မယ်ဆိုယင်တောင်မှ အသုံးဝင်မှာ မဟုတ်ပါဘူး။ ဒြပ်စင်စုစည်းခြင်းအဆင့်မှာ ရှိတဲ့ ဂျူနီယာ တစ်ယောက်ကို ဘယ်သူက ယုံကြည်မှာလဲ။

ခေါင်းတလားပေါ်မှာ အနက်ရောင် ကြိုးမျှင်လိုမျိုး မျဉ်းကြောင်းလေးတွေ တောက်ပ လာပြီးတော့ ထူးဆန်းတဲ့ အမှတ်တံဆိပ် တစ်ခု ပုံစံဖြစ်လာခဲ့ပါတယ်။ ၎င်းကိုကြည့်ရတာ စာလုံးတစ်လုံး နဲ့တူပါတယ်။ ဒါပေမဲ့ ပုံရိပ်တစ်ခုနဲ့လည်း တူပြီး တော့ ခွဲခြမ်းစိတ်ဖြာဖို့တော့ ခက်ခဲပါတယ်။

အနက်ရောင် အလင်းက ရုတ်တရက် လင်းဖြာသွားပြီးတော့ ဒီတံဆိပ်က အံ့အားသင့် စရာကောင်းတဲ့ အမြန်နှုန်းနဲ့ စိတ်ဝိဉာဉ်ပင်လယ်အဆင့် စစ်သည်တော်ရဲ့ ရင်ဘက် ထဲကို နစ်မြုပ်သွားပါတယ်။

စိတ်ဝိဉာဉ်ပင်လယ်အဆင့် စစ်သည်တော်က မယုံနိုင်တဲ့ အမူအရာနဲ့ ဘေးကို လှည့်လိုက်ပါတယ်။ တစ်စုံတစ်ခုကို ဆွဲယူလိုက်သလိုမျိုး လုပ်လိုက်ပေမဲ့ သူ့ရဲ့ လက်မောင်းက အားနည်းသလို ချည့်ချည့်နဲ့နဲ့ အောက်ကို ကျသွားခဲ့ပါတယ်။

သူရဲ့ရင်ဘက်မှာ အံ့အားသင့်စရာကောင်းတဲ့ ကြီးမားတဲ့ အနက်ရောင် ဒဏ်ရာ တစ်ခု ရှိနေပါတယ်။ အနက်ရောင်က လျင်မြန်စွာနဲ့ ပြန့်နှံ့သွားပြီး မကြာခင်မှာ သူရဲ့ ရင်ဘက်မှာ ဖောက်ထွင်းပြီးတော့ မြင်နိုင်တဲ့ အပေါက်တစ်ခုက အက်ဆစ်နဲ့ စားလိုက်သလိုမျိုး ပျက်စီးလာခဲ့ပါတယ်။

``ဘုန်း``

စိတ်ဂိဉာဉ်ပင်လယ်အဆင့် က ကြမ်းပြင်ပေါ်ကို အားနည်းစွာနဲ့ လဲကျသွားခဲ့ ပါတယ်။ ဒါပေမဲ့ အက်ဆစ်လို စားတဲ့ဟာကတော့ မရပ်ပဲနဲ့ အပေါ်ဘက် သူရဲ့ ပုခုံးနဲ့ ခေါင်း၊ အောက်ဘက် ခြေထောက်တွေနဲ့ ခြေချောင်းတွေထိ စားသွားပါတယ်။ အသက်ရှူတဲ့ အကြိမ်ရေ အနည်းငယ်အတွင်းမှာပဲ အနက်ရောင်ရေ အကွက်လေး တစ်ခုပဲ ကျန်ခဲ့ ပြီးတော့ အားလုံး လုံးဝ သွားလိုက်ပါပြီ။

ဒီနေရာမှာ လူပေါင်း တစ်သောင်းလောက် ရှိနေသော်လည်း ဒီမြင်ကွင်းကို သူတို့ မြင်လိုက်ရတဲ့အခါမှာ ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာတွေ ထွက်ပေါ်လာပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်လာသလို ခံစားလိုက်ရပြီး သူတို့ရဲ့ မေးတွေ တောင်မှ

ဆတ်ဆတ်တုန်နေပါတယ်။

ဒါက စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ပီး ဒီလိုမျိုး လုံးဝ မမျှော်မှန်းထားတဲ့ နည်းလမ်းနဲ့ သေသွားခဲ့ရပါပြီ။

လင်းဟန်က သက်ပြင်းတစ်ချက် ရှိုက်လိုက်ပါတယ်။ သူက ဒီ ခေါင်းတလား သုံးခုက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကြီးမားဆုံး အမွေဆက်ခံတဲ့ ရတနာတွေ ဆိုတာကို သိသွားခဲ့ပါတယ်။ ဒါတွေက အဆင့်မြင့် စိတ်ဂိဉာဉ်ပစ္စည်းတွေဖြစ်ပြီးတော့ တစ်ချက် တိုက်ခိုက်လိုက်တာနဲ့ ၎င်းက အသက်ဝင်လာပြီး အနက်ရောင် အလင်းတစ်ခုကို ထုတ်ပစ်လိုက်ကာ စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကျင့်ကြံသူ တစ်ယောက်ကို ချက်ချင်းပဲ သတ်ပစ်လိုက်နိုင်ပါတယ်။ အဲဒီအရာတွေက အရမ်းကို ကြောက်မက် ဖွယ်ရာ ကောင်းလွန်းလှပါတယ်။

ရုံဟွမ်ရှမ် က ဒီ ခေါင်းတလား သုံးခုကို သူဘယ်နေရာကို သွားသွား အတူ ဆွဲယူလာတာ အံ့ဩစရာမရှိတော့ပါဘူး။

အပိုင်း (၂၂၇) လွီယုထန်ရဲ့ ရွေးချယ်မှု

``မင်းတို့ကောင်တွေ အရင်ဆုံးသွားနှင့်``

လင်းဟန်က ချီယောင်ရီနဲ့ ကျန်တဲ့သူတွေကို ပြောလိုက်ပါတယ်။

``နင်ကရော``

လို့ယုထန်က အလျင်အမြန်ပဲ မေးလိုက်ပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။

``ငါအခုတော့ မသွားနိုင်သေးဘူး။ ဒါပေမဲ့ ငါ မင်းတို့ကောင်တွေကို လျင်လျင် မြန်မြန်နဲ့ မှီလာပါလိမ့်မယ်``

``ဟားဟားဟား... မင်းထွက်သွားလို့ မရစေရဘူး``

ရုံဟွမ်ရှမ် ရဲ့ ငြီးငွေ့ဖွယ်ရာကောင်းတဲ့ အသံက ကြေးနီ ခေါင်းတလားအထဲက ထွက်လာခဲ့ပါတယ်။

``မင်းတို့အားလုံးသေပြီး ငါ့ရဲ့ အလောင်းကောင် စစ်သားတွေရဲ့ အစာ ဖြစ်စေရမယ်``

လင်းဟန်က သူ့ကို လစ်လျူရှုလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

``မင်းတို့ကောင်တွေ အရင်ဆုံးသွားနှင့်... ငါ့အတွက် စိတ်မပူကြနဲ့``

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေက ခေါင်းငြိမ့်ပြီးတော့ ထွက်သွားကြပါတယ်။ သူတို့က လင်းဟန် ကို ဘာကြောင့် ပြတ်ပြတ်သားသားနဲ့ ယုံကြည်နေကြတယ်ဆိုတာကို သူတို့မသိပါဘူး။ ဒီကောင့်မှာ ပြောမပြတတ်လောက်တဲ့ ဩဇာတိက္ကမ တစ်ခု ရှိပြီးတော့ အဲဒါက သူတို့ကို သူဘာပြောပြော လက်ခံအောင်လို့ လုပ်နိုင်တဲ့ အရာ တစ်ခု ရှိနေသလိုမျိုးပါပဲ။

``သတ်ပစ်.. တစ်ယောက်မှ ထွက်မသွားစေနဲ့``

ရုံဟွမ်ရှမ် က ကြေးနီ အခေါင်းတလားအထဲကနေ အော်ဟစ်လိုက်ပါတယ်။

ငွေချပ်ဂတ် အလောင်းကောင်က ချက်ချင်းပဲ ဦးလေးဖူကို ဘေးဖယ်ချပစ်ပြီးတော့ ထွက်ပေါက်မှာ ရပ်ပြီး စောင့်ကြပ်ပြီး

ဘယ်သူမဆို လွတ်မြောက်ဖို့ ဖြတ်တာနဲ့ သတ်ပစ်ပါတယ်။ ၎င်းက စိတ်ဂိဉာဉ်ပင်လယ်အဆင့် ရဲ့ တိုက်ပွဲ စွမ်းရည် ရှိပါတယ်။ တိုက်ပွဲစွမ်းရည်တောင်မှ ကြယ်ကိုးလုံးထက် သာလွန်ပါတယ်။ ၎င်းက နည်းစနစ် တစ်ခုမှ အသုံးမပြုနိုင်ပေမဲ့ ၎င်းမှာ အဲဒီအစား အလောင်းအဆိပ်ရှိပါတယ်။ ဒီ အလောင်းအဆိပ်က လူတွေကို ရင်ဆိုင်တဲ့အခါမှာ နည်းစနစ်တွေထက်တောင် ပိုပြီးတော့ ကောင်းပါသေးတယ်။ လူအုပ်ကြီးထဲက အဆင့်နိမ့်တဲ့ ဘယ်သူ့ကို မဆို တစ်ချက် ထိမိတာနဲ့ သတ်ပစ်လိုက်နိုင်ပါတယ်။

``ရပ်လိုက်စမ်း``

စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ တော်တော်များများက အော်ဟစ် လိုက်ပါတယ်။ သူတို့ နိုင်ငံတွေက သူတို့ရဲ့ ဂျူနီယာတွေက ဒီနေရာရှိပါတယ်။ ဒါ့အပြင် သွေးယစ်ပူဇော်တဲ့ ပြဿနာလဲ ပါဝင်နေခဲ့ပါတယ်။ တကယ်လို့ သွေးဖုတ် ကောင် က ပေါ်လာခဲ့မယ်ဆိုယင် ဒါက တကယ့်ကို ကြီးမားတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ ရှစ်ယောက် က အတူတကွ ပူးပေါင်းပြီးတော့ ငွေချပ်ဂတ် အလောင်းကောင်ကို တိုက်ခိုက် ကြပါတယ်။

``အားလုံးပဲ အခန်းကျယ်ထဲကနေ ချက်ချင်း ထွက်သွားကြ... တကယ်လို့ လမ်းမှာ တစ်ခြားလူတွေကို တွေ့ခဲ့ရင် သူတို့ကို တစ်ခြားလမ်းကြောင်းကို ပြောင်းပြီးတော့ တစ်ခြား အလယ်ခန်းမတွေကို သွားဖို့ ပြောလိုက်ကြ``

ငွေချပ်ဂတ် အလောင်းကောင် ကို လူရှစ်ယောက်က တားဆီးပေးထားမှုကြောင့် တစ်ခြားလူတွေက နောက်ဆုံးမှာ ထွက်သွားဖို့ အခွင့်အရေးရသွားပြီး အဆက်မပြတ် ခန်းမအပြင်ကို ထွက်ပြေးကုန်ကြပါတယ်။

``သွားတော့``

လင်းဟန်က လို့ယုထန် ကို ပြောလိုက်ပါတယ်။

``နင်မသွားဘူးဆိုရင်.. ငါလည်းမသွားဘူး``

လို့ယုထန်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

``ဟင့်... တကယ့်ကို ကြင်နာနေကြတာပဲ``

အောင်းယန်မင်က သရော်လိုက်ပါတယ်။

``ဦးလေးဖူ သူတို့ကို ဖမ်းလိုက်``

``ဟုတ်ကဲ့ သခင်လေး``

ဦးလေးဖူက ခေါင်းငြိမ့်ပြီးတော့ လင်းဟန်ကို အေးစက်စွာ စိုက်ကြည့်ပြီး တစ်လှမ်းခြင်း ချဉ်းကပ်လာခဲ့ပါတယ်။

``သွားဖို့ အချိန်တန်ပြီ.. ငါ့ကိုကိုင်ထား``

လင်းဟန်က ဟူးညီကို လက်တစ်ဖက်နဲ့ သယ်လိုက်ပြီး လွှိယုထန်ကို အော်ပြော လိုက်ပါတယ်။

လွှိယုထန်ရဲ့ မျက်နှာက နီရဲသွားခဲ့ပါတယ်။ ဒါပေမဲ့ သူမက တုံ့ဆိုင်းမနေပဲ လင်းဟန်ကို ဖက်တွယ်လိုက်ပါတယ်။ သူ့ရဲ့ ယောကျာ်းဆန်တဲ့ အနံ့အသက်က သူမရဲ့ နှလုံးကို ဗရမ်းဗတာ ခုန်သွားစေပြီးတော့ သူမရဲ့ လည်ချောင်းထဲကတောင် ခုန်ထွက်တော့မဲ့ အတိုင်း ခံစားလိုက်ရပါတယ်။

``သွားမယ်ဟုတ်လား။ မင်းတို့က ဘယ်ကိုသွားဖို့ စဉ်းစားနေတာလဲ``

ဦးလေးဖူ ကလျှောင်ပြောင်လိုက်ပါတယ်။ သူက သူတို့ရဲ့ လမ်းဖြစ်တဲ့ ခန်းမ ထွက်ပေါက်ကို ပိတ်ပင်တားဆီး လိုက်ပါတယ်။ လင်းဟန်က အတင်းအကျပ် တိုက်ခိုက်ပြီးတော့ သူရဲ့လမ်းကို ဖြတ်သန်းသွားတော့မှာလား။

လင်းဟန်က ခြေလှမ်းအနည်းငယ်နဲ့ မြန်မြန်ဆန်ဆန် တဟုန်ထိုးပြေးသွားပြီး ခန်းမ ရဲ့ အစွန်းကို ရောက်သွားပါတယ်။ ဒီခန်းမက ဘေးဘက်နံရံတွေ နဲ့ မကာထားပါဘူး။ ပြီးတော့ သူက ဘယ်နေရာကိုပဲဖြစ်ဖြစ် ခုန်ချလိုက်လို့ရပါတယ်။ ဂင်ပေါက်ရှိရာ ဘက်မှာပဲ လှေကားထစ်တွေရှိပြီး ကျန်တဲ့ သုံးဘက်မှာတော့ မရှိပါဘူး။ ကောင်းပြီ။ စိတ်မကောင်းပါဘူး။ ဒါက မီတာထောင်ပေါင်းများစွာ မြင့်ပါတယ်။ ဒီအမြင့်ကနေ ခုန်ချမှတော့ သေမဲ့တစ်လမ်းပဲ ရှိပါတယ်။

``ဦးလေးဖူ... သူတို့ကို ပြန်ခေါ်လာခဲ့``

အောင်းယန်မင်က အော်လိုက်ပါတယ်။ လင်းဟန် သေသွားတာက ကိစ္စမရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ လှီယုထန်လို လှပချောမောတဲ့ မိန်းကလေးက

ပြုတ်ကျသွားပြီး သွေးထွက်သံယို တွေ ဖြစ်ကုန်မယ်ဆိုယင် ဒါက ဘယ်လောက်တောင် ကံမကောင်း လိုက်သလဲ။

``ကျုပ် နားလည်ပါပြီ သခင်လေး``

ဦးလေးဖူက ခန်းမရဲ့ အစွန်းကို သုတ်သီးသုတ်ပျာ နဲ့ ပြေးသွားလိုက်ပါတယ်။ သူက ရောက်တာနဲ့ သူ့ရဲ့ လက်တစ်ဖက်နဲ့ မူလစွမ်းအင်နဲ့လုပ်ထားတဲ့ လက်တစ်ခု ဖြစ်ပေါ် စေပြီးတော့ လင်းဟာန်ကို မယုံနိုင်စရာ ကောင်းတဲ့ အမြန်နှုန်းနဲ့ ဖမ်းဆုပ် လိုက်ပါတယ်။ စိတ်ဂိဉာဉ်ပင်လယ်အဆင့်က စိတ်ဂိဉာဉ်ပင်လယ်အဆင့်ပါပဲ။ သူ့ရဲ့ လက်ကို သုံးလိုက်တာနဲ့ လင်းဟာန်ရဲ့ နောက်ကျော်ဆီကို ရောက်သွားခဲ့ပါတယ်။

ဒါကိုမြင်တဲ့အခါမှာ လို့ယုထန်က သူမရဲ့ အံကိုကြိတ်ပြီးတော့ ဆုံးဖြတ်လိုက်တဲ့ အမူအရာ တစ်ခု ပေါ်လာခဲ့ပါတယ်။ယ

လင်းဟာန်က ဒါကို သတိပြုမိသွားပြီးတော့ ပြောလိုက်ပါတယ်။

``မဆင်မခြင် မလုပ်နဲ့``

ဒါပေမဲ့ လွီယုထန် က သူ့ကို လစ်လျူရှုလိုက်ပြီး လင်းဟန်ကို သူမရဲ့ လက်နှစ်ဖက်နဲ့ တွန်းထုတ်လိုက်ပါတယ်။ လင်းဟန်က ပိုပြီးတော့ လျင်မြန်စွာနဲ့ ကျဆင်းသွားခဲ့ ပါတယ်။ ပြီးတော့ သူမက ကြီးမားတဲ့ လက်ကြီးကို ဂင်ဆောင့်လိုက်ပြီး သူမရဲ့ဓါးနဲ့ မူလစွမ်းအင်နဲ့ လုပ်ထားတဲ့ အဲဒီလက်ကို လှီးဖြတ်လိုက်ပါတယ်။

ခွန်အား ကွာခြားချက်က အရမ်းကို ကြီးမားပါတယ်။ ဒီလက်ကြီးက လွီယုထန်ကို လွယ်ကူစွာနဲ့ ဖမ်းဆီးလိုက်ပါတယ်။ ဒါပေမဲ့ သူမရဲ့ လှုပ်ရှားမှုကြောင့် လင်းဟန်က ဒီလက်ကြီးနဲ့ ပိုပြီးတော့ ဝေးတဲ့ ဆီကိုရောက်သွားခဲ့ပါတယ်။ ဒါကြောင့် ၎င်းက လွီယုထန်ကို ဆုပ်ကိုင်ပြီးတော့ ပြန်လှည့်လာခဲ့ပါတယ်။

ဦးလေးဖူ က လွီယုထန် ကို ပေါ့ပေါ့တန်တန်နဲ့ပဲ ကြမ်းပြင်ပေါ်ကို လွှတ်ချလိုက်ပြီး အောင်းယန်မင်ကို ပြောလိုက်ပါတယ်။

``ဒီအစေခံ အဘိုးကြီးက ကျရှုံးခဲ့ပါတယ်။ ကျေးဇူးပြုပြီးတော့ သခင်လေး ကျုပ်ကို အပြစ်ပေးပါ``

``ကိစ္စမရှိဘူး အဲဒီကောင်က အနေးနဲ့အမြန် သေခြင်းတရားနဲ့ ရင်ဆိုင်ရလိမ့်မယ်``

အောင်းယန်မင် က သုန်မှုန်နေတဲ့ မျက်နှာထားနဲ့ ပြောလိုက်ပါတယ်။ သူက လွီယုထန် အတွက်ပဲ ဂရုစိုက်ပါတယ်။ ဒါကြောင့် တကယ်လို့ လင်းဟန်က ပြုတ်ကျသွားတော့ရော ဘာဖြစ်သေးလဲ။ ရှေးဟောင်းမှတ်တမ်းက ပြုတ်ကျပြီးတော့ မပျက်စီး နိုင်ပါဘူး။ ဒါကြောင့် သူက နောက်ပိုင်းကျယင် လင်းဟန်ရဲ့ အလောင်းကနေ ပြန်ကောက်ယူလို့ ရတာပဲ။

ဒါပေမဲ့ သူ့ရဲ့ မျက်နှာမှာ ချက်ချင်းဆိုသလို အလွန်အံ့အားသင့်တဲ့ အမူအရာတစ်ခု ထွက်ပေါ်လိုလာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟန်က သူ့ရဲ့ ကျဆင်းနေတဲ့ အရှိန်ကို ချက်ချင်း လျှော့ကျဖို့အတွက် ကြီးမားတဲ့ ထီးတစ်လက်ကို ဖွင့်လိုက်ပါတယ်။၎င်း က လေထဲမှာ ဂါဝွမ်းလေးတစ်စ မျောလွင့်နေသလိုမျိုးနဲ့ ဝေးကွာတဲ့ တောအုပ်ထဲကို ကျသွားခဲ့ပါတယ်။

အခု ဒီလိုလမ်းလွှဲသွားတာကြောင့် တကယ်လို့ ဦးလေးဖူ က ချက်ချင်းပဲ ခန်းမ အပြင်ဘက်ကို ထွက်ပြီး

လိုက်သွားယင်တောင် လင်းဟန်က တော်အုပ်ထဲကို ကျဆင်းသွားခဲ့ပြီးပါပြီ။ ဒါက သဘာဝ အတားအဆီးတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ လင်းဟန်ကို သူ ဘယ်လိုလုပ်ပြီးတော့ ရှာရမလဲ။

``သေစမ်းကွာ``

သူက ချက်ချင်းပဲ စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ လွှီယုထန်ဆီကို သူက စိုက်ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ နှုတ်ခမ်းမှာ သရော်တဲ့အပြုံးတစ်ခု ပေါ်လာခဲ့ ပါတယ်။ သူ့ရဲ့ လက်ထဲက ဓါးစာခံ နဲ့ဆိုယင် လင်းဟန်က အမြဲတမ်းပုန်းအောင်း နေပြီးတော့ ထွက်မလာမှာကို သူ့အနေနဲ့ လုံးဝ စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

အဝေးကနေ လင်းဟန်က အောင်းယန်မင်ရဲ့ မျက်နှာပေါ်ကို ဖောက်ထွင်းလုမတတ် စိုက်ကြည့်နေပါတယ်။

အဲဒီအချိန်မှာ သူ့ရဲ့နှလုံးသားထဲမှာ ရက်စက်ပြင်းထန်တဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒ က မွေးဖွားလိုလာခဲ့ပါတယ်။

အောင်းယန်မင်က အလိုအလျောက် ကျောချမ်းသလို ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ သူ့ရဲ့

နောက်ခံအင်အားအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာ သူ့အနေနဲ့ ဒီကောင်လေးကို ကြောက်နေဖို့ မလိုပါဘူး။ ဒါကြောင့် သူက ပုံမှန် အတိုင်းပဲ ပြန်ဖြစ်သွားခဲ့ ပါတယ်။

လင်းဟန် ပါးစပ်က စကားလုံးအနည်းငယ် ထွက်လာပါတယ်။ ဒါပေမဲ့ သူက နောက်ထပ် မကြည့်တော့ပဲနဲ့ တောအုပ်ထဲကို ဝင်သွားခဲ့ပါတယ်။

``ကြည့်စမ်း.. သူ့ အတွက် မင်းရဲ့ အသက်ကိုတောင် စွန့်စားပေးတာ သူက တစ်ခါထပ် ပိုပြီးတော့တောင်မှ မကြည့်သွားဘူး``

အောင်းယန်မင်က လွီယုထန်ကို ပြောလိုက်ပါတယ်။ ဒါက သူတို့ရဲ့ ကြားမှာ ခလောက်ဆန်လို ကောင်းတဲ့ အချိန်ပဲ ဖြစ်ပါတယ်။

လွီယုထန်က မလှုပ်ရှားပဲနဲ့ အောင်းယန်မင်ကို လှောင်ပြောင်သလိုမျိုး ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

``သူက ငါ့ကို ကယ်ဖို့ ပြန်လာလိမ့်မယ်``

``အိုး.. ဘယ်လိုအကြောင်းကြောင့် မင်းကို ကယ်မှာလဲ``

အောင်းယန်မင်က သရော်လိုက်ပါတယ်။

``ဒြပ်စင်စုစည်းခြင်းအဆင့် ကျင့်ကြံခြင်း ပဲရှိတဲ့ အမိုက်တစ်ကောင် ကများ``

လှီယုထန်က ဘာမှ မပြောနေတော့ပါဘူး။

အောင်းယန်မင်က ဒေါသထွက်သွားပြီးတော့ ဒေါသအိုးပေါက်ကွဲဖို့ ပြင်လိုက်တဲ့ အချိန်မှာပဲ ဦးလေးဖူ ပြောတာကို ကြားလိုက်ရပါတယ်။

``သခင်လေး.. ဒီနေရာက အန္တရာယ်ရှိတယ်။ ငါတို့ အယင်ဆုံး ထွက်သွားပြီးမှ ဆက်ပြောကြတာပေါ့``

အောင်းယန်မင်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

``သွားမယ်``

သူတို့အဖွဲ့က ခန်းမကျယ်ကြီးကနေ ထွက်ခွာလာခဲ့ပါတယ်။ သူတို့က အဝေးက ငွေချပ်ဂဝတ် အလောင်းကောင်နဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကျင့်ကြံသူ ရှစ်ယောက် တို့ရဲ့

ပြင်းထန်တဲ့ တိုက်ပွဲသံကို ကြားရပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်တဲ့ အမူအရာတွေ ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က သွေးစုပ်ယူခြင်းမူလရွှေ ကို ပြန်သိမ်းလိုက်ပီး သူ့ရဲ့ အမူအရာက စိတ်ပျက်နေတဲ့ ပုံစံနဲ့ တစ်ယောက်တည်း လမ်းလျှောက်နေခဲ့ပါတယ်။ ဟူးညိုက လင်းဟန်ရဲ့ တည်ငြိမ်တဲ့ အမူအရာအောက်မှာ ဖုံးကွယ်ထားတဲ့ ဒေါသကို အာရုံခံ မိပြီး သူမရဲ့ သွားတွေကို တစ်စုံတစ်ယောက်ကို ကိုက်ချင်နေတဲ့ပုံစံနဲ့ သွားဖြဲ နေပါတယ်။

``ငါ့ရဲ့ အဖော်ကို ငါမကာယ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ တကယ်လို့ အခု ငါပြန်သွားမယ် ဆိုယင် ဒါက ကိုယ့်ကိုကိုယ် သေတွင်းထဲပို့တာနဲ့ အတူတူပဲ``

လင်းဟန်က လမ်းလျှောက်ရင်းနဲ့ တွေးနေပါတယ်။

``ငါ့အတွက် နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ ကောင်းချီးပေးပြီး စွမ်းအား နောက်တစ်ကြိမ် တိုးတာကို ရယူဖို့ နည်းလမ်း တစ်ခုပဲရှိတော့တယ်။ စိတ်ဝိဉာဉ်ပင်လယ်အဆင့်ရဲ့ ပထမအလွှာ ရဲ့ အစွမ်းနဲ့ သိုင်းကွက်တစ်သောင်းမှ တစ်ကွက်ထဲသို့ နည်းစနစ်ကို

အသက်သွင်းဖို့ အခွင့်အလမ်း တစ်ခု ရှာရလိမ့်မယ်။ ဒါမှ အဲဒီ ခွေးအိုကြီးကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်ရမယ်``

သိုင်းကွက်တစ်သောင်း မှ တစ်ကွက်ထဲသို့ ရဲ့ ကျင့်ကြံမှုက ဓါးတိုက်ခိုက်မှုပေါင်း တစ်သောင်း ကို တစ်ခုတည်းဖြစ်အောင်လို့ ဖန်တီးလိုက်တာဖြစ်ပြီး လင်းဟန်အနေနဲ့ သူ့ထက် အဆင့်မြင့်တဲ့ သူတစ်စုံတစ်ယောက်ကို သတ်လို့ရပါတယ်။ ဒါပေမဲ့ ဒီ တိုက်ကွက်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ မူလစွမ်းအင် ပမာဏကို လိုအပ် ပါတယ်။ ၎င်းတိုက်ကွက်ကို အခု လင်းဟန်အတွက် လုပ်ဆောင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် စွမ်းအားနဲ့ ဆိုယင် ဒါက လုံး၀ ဖြစ်နိုင်ချေရှိပါတယ်။

``ဘာဖြစ်ဖြစ် ကိစ္စမရှိပါဘူး.. . ငါ နွေဦးစမ်းရေ အဆင့်ကို အဆင့်တက်မှ ရမယ်``

လင်းဟန်က သူရဲ့ ပြဿနာကို အဖြေရှာပြီးတော့ တောအုပ်ထူထူထဲက နေရာတစ်ခု ကိုပြောင်းပြီးတော့ နောက်ဆုံး စွမ်းအင်တွေကို စုစည်းမှုကို စတင်လိုက်ပါတယ်။

သူရဲ့ ဒန်တန်ထဲမှာ မူလဒြပ်စင်အမှုန်က အကန့်အသတ်ကို

မရောက်သေးပါဘူး။ ဒါပေမဲ့ သူက အများဆုံး သုံးရက်လောက်လိုပါတယ်။ သူက အခု အားသွန် ခွန်စိုက် ကြိုးစားပြီးတော့ နှစ်ရက်အတွင်းမှာ ဒြပ်စင်စုစည်းခြင်း အဆင့်ရဲ့ အစစ်အမှန် ထူးကဲတဲ့ အဆင့်ကို သူရောက်နိုင်ပါလိမ့်မယ်။
နှစ်ရက်.... သူကအချိန် နှစ်ရက်ပဲလိုတယ်

အပိုင်း (၂၂၈) စမ်းချောင်းတစ်ခု ဖြစ်ပေါ်ခြင်း

လင်းဟာန်က သူ့ရဲ့ စွမ်းအားတွေ အကုန်လုံးကို စုစည်းပြီးတော့ နောက်ဆုံးအတား အဆီး ဆီကို အားကုန် ပို့လွှတ်လိုက်ပါတယ်။ဟူးညို့ကို ကြည့်ရတာ အံ့အားသင့် သွားပုံရပြီးတော့ သူမကလည်း ဟောင်ဖွာ ဟောင်ဖွာ လုပ်မနေတော့ပဲ စတင်ပြီးတော့ လေ့ကျင့်လိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံးက တကယ့်ကို လူထူးလူဆန်းတွေ အဆင့်ဖြစ်ပြီးတော့ လင်းဟာန်က အချိန်နှစ်ရက် သုံးပြီး ဒြပ်စင်စုစည်းခြင်း အထွတ်အထိပ်ကို ရောက်သွားချိန်မှာ ဟူးညို့ကလဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၇ အဆင့် အထွတ်အထိပ် ကိုရောက်သွားပြီးတော့ လင်းဟာန်နဲ့ သိပ်ပြီး မကွာပါဘူး။

``ချိုးဖျက်မယ်``

လင်းဟန်က မှော်ဆေးလုံး အနည်းငယ်ကို ယူပြီးတော့ သူရဲ့ ပါးစပ်ထဲကို တစ်ခါတည်းနဲ့ ပစ်ထည့်လိုက်ပါတယ်။

သူက နောက်တစ်ဆင့်အတွက် နားလည်သဘောပေါက်ဖို့ မလိုပါဘူး။ သူမှာ လုံလောက်တဲ့ စွမ်းအင် ထောက်ပံ့မှုသာရှိမယ်ဆိုယင် နွေဦးစမ်းရေ တံခါးကို ဖွင့်ပါလိမ့်မယ်။

``ချိုးဖျက်မယ်``

ဟူးညို့ရဲ့ အသံချိုချိုလေးကလဲ နောက်ကနေ တစ်ဆက်တည်း ထွက်ပေါ် လာပြီးတော့ သူမကလဲ ဒြပ်စင်စုစည်းခြင်း အလွှာ ၈ အဆင့်ကို တူညီတဲ့ အမူအရာနဲ့ အဆင့်တက်ဖို့ အားကုန် ပို့လွှတ်လိုက်ပါတယ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲမှာ မြေလျှောင်တစ်ခု ဖြစ်ပေါ် သွားခဲ့ပါတယ်။

အဆင့်သေးတစ်ခု တိုးတာက မူလဒြပ်စင်အမှုန် တစ်ခုပိုလာတာပဲ ကွာခြားတာပါ။ တကယ်လို့ သူက

ဒြပ်စင်စုစည်းခြင်းအလွှာ တစ်ဆယ် အဆင့်ကို ရောက်နေတာ တောင်မှ ကြီးမားတဲ့ မူလဒြပ်စင်အမှုန်ကိုးခု ကို အရမ်းကိုကြီးမားတဲ့ မူလဒြပ်စင် အမှုန်တစ်ခု အဖြစ်ကို ပေါင်းစပ်လိုက်တာဖြစ်လို့ မူလဒြပ်စင်အမှုန်မှာ ပြောင်းလဲမှု ဖြစ်နေပါသေးတယ်။

ဒါပေမဲ့ ဒြပ်စင်စုစည်းခြင်းကနေ နွေဦးစမ်းရေအဆင့်ကို အဆင့်တက်တာက အရည်အသွေးပိုင်းဆိုင်ရာ ပြောင်းလဲတာ ဖြစ်ပြီးတော့ လုံး၊ အသစ်စက်စက် ပြောင်းလဲသွားခြင်း တစ်ခု ဖြစ်ပါတယ်။

မူလဒြပ်စင်အမှုန်ကို မူလစွမ်းအင်ရဲ့ စမ်းချောင်းတစ်ခု အဖြစ်ကို ပြောင်းလဲပြီး မူလစွမ်းအား တစ်ခု ပန်းထွက်လာတာပါ။

ဒီအဆင့်ကို ဖြတ်ကျော်လိုက်ယင် သိုင်းပညာရှင်တစ်ယောက်ရဲ့ စွမ်းအားက ဆယ်ဆလောက် တိုးလာပါလိမ့်မယ်။

စွမ်းအားက တိုက်ပွဲစွမ်းရည်နဲ့ မညီမျှပါဘူး။ ဒါပေမဲ့ ၎င်းက တိုက်ပွဲစွမ်းရည်ရဲ့ အမြုတေ ကို လုပ်ပေးပါတယ်။ အားကောင်းတဲ့ စွမ်းအား အထောက်အပံ့ မရှိပဲနဲ့

တိုက်ပွဲစွမ်းရည်က တစ်ခြားသူတွေအပေါ်မှာ ဘယ်လိုလုပ်ပြီးတော့ လွှမ်းမိုး နိုင်မှာလဲ။

လင်းဟန်က နောက်တစ်ဆင့်ရဲ့ လုံလောက်တဲ့ ဗဟုသုတ တွေ ရှိပါတယ်။ ဒါကြောင့် နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်တာက လွယ်ကူပါလိမ့်မယ်။ ဒါပေမဲ့ အမှန်တော့ အဲလိုမဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူ့မှာက မူလဒြပ်စင်အမှုန်တစ်ခုပဲ ရှိပါတယ်။

သူရဲ့ အတွေ့အကြုံက ယခင်ဘဝတုန်းက မူလဒြပ်စင်အမှုန် ကိုးခု နဲ့ ချိုးဖျက် ဝင်ရောက်ခဲ့တာကို အခြေခံတာဖြစ်ပါတယ်။ ဒါပေမဲ့ အခု ၎င်းက တစ်ခုတည်းကို ပြောင်းသွားခဲ့ပါပြီ။ ဒီပြောင်းလဲမှုက သူရဲ့ အတွေ့အကြုံအားလုံးကို အသုံးမဝင်တော့ သလိုမျိုး ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ နောက်တစ်ဆင့်ရဲ့ ဗဟုသုတတွေက အသုံးဝင် နေဆဲပါပဲ။ ၎င်းက နည်းလမ်းကို ထိန်းညှိပေးဖို့ပဲ လိုတာပါ။

နည်းလမ်းတွေက အခြေခံအားဖြင့်တော့ တူညီကြပါတယ်။ မူလဒြပ်စင်အမှုန်တွေကို စမ်းရေတစ်ခု အဖြစ်ပြောင်းလဲရပါတယ်။ ဒါပေမဲ့ မူလဒြပ်စင်အမှုန် ကိုးခု နဲ့

ချိုးဖျက်ဝင်ရောက်တဲ့ အချိန်အတွင်းမှာ တစ်ခုကိုပဲ အသုံးပြုပြီးတော့ ကျန်တဲ့ ဒြပ်စင်အမှုန် ရှစ်ခုက စွမ်းအားကို ထောက်ပံ့ပေးသကဲ့သို့ အသုံးပြုနိုင်ပါတယ်။ ပြီးတော့ သူ့ရဲ့စွမ်းအင် အရင်းမြစ်က ပြဿနာ တစ်ခု ဖြစ်လာခဲ့ပါတယ်။

သူ့ရဲ့ခွန်အားကို အသုံးပြုလို့ မရနိုင်ပါဘူး။ ဒါကြောင့် သူက မှော်ဆေးလုံးတွေကို မျိုချတာကိုပဲ လုပ်နိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့လက်ကို အဆက်မပြတ်ပွေ့ယမ်းပြီးတော့ ဆေးလုံးတွေကို မျိုချပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်အတွင်းမှာ ဆေးလုံးအစွမ်းတွေက အာနိသင် ပြလာခဲ့ ပါတယ်။ တောင်တန်းတွေကို ဖျက်ဆီးပစ်မဲ့ ဆူနာမီ လှိုင်းလုံးတွေလိုမျိုး စွမ်းအားတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

နက်နဲလှတဲ့ စွမ်းအားလှိုင်းတွေက လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲကို တဟုန်ထိုး ပြေးဝင် လာခဲ့ပါတယ်။ ဒါကဘာကြောင့်လဲဆိုတော့ သူ့ရဲ့ အဆင့်က လုံလောက်ပြီး တော့ နောက်တစ်ဆင့်အတွက် သူ့ရဲ့ နားလည်နိုင်စွမ်းကလဲ လုံလောက်လို့ ဖြစ်ပါတယ်။ မိုးကောင်းကင်နဲ့ မြေကြီးက အသံဟိန်းထွက်လာပြီးတော့ သူ့ရဲ့ မူလဒြပ်စင်အမှုန် လေးတွေက ရေလှိုင်းလေးတွေလို အဆက်မပြတ်

ပျော့ပျောင်းနူးညံ့လာခဲ့ပါတယ်။

ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေက အာနိသင်ပြဖို့ အဆင်သင့်ဖြစ်နေပြီးတော့ အားလုံးက သူ့အပေါ်မှာပဲ သက်ဆိုင်ပါတော့တယ်။

စမ်းရေ တစ်ခု အဖြစ်ကို ပြောင်းလဲသည်။

လင်းဟန်က ဒြပ်စင်ငါးခု ကြာပန်းနဲ့ ပတ်ဂန်းကျင်က စိတ်ဂိဉာဉ်ချီတွေကို စုပ်ယူဖို့ အစပျိုးလိုက်ပြီးတော့ ဆေးလုံးတွေရဲ့စွမ်းအားတွေကိုပါ စုပ်ပြီးတော့ မူလအမှုန်တွေ ကို ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ စမ်းရေရဲ့ အမတေ ထဲကို စွမ်းအား အရင်းအမြစ်တွေကို အရည်ဖြစ်အောင် ကြိတ်ခြေပစ်လိုက်ပါတယ်။

ဒီတစ်ဆင့်က အရမ်းကို ခက်ပါတယ်။ ပုံမှန် မူလဒြပ်စင်အမှုန် ၈ ခု ရဲ့ အထောက်အပံ့ စွမ်းအားရရှိတဲ့ ဒြပ်စင်စုစည်းခြင်းနဲ့မတူပဲ အရမ်းကို ခက်ခဲပါတယ်။ အခု သူက ဆေးလုံးတွေနဲ့ စိတ်ဂိဉာဉ်အခြေခံက စုပ်ယူတဲ့ စွမ်းအားတွေ အပေါ်မှာပဲ လုံး၀ မူတည်နေပြီးတော့ တကယ်တမ်းတော့ ၎င်းက အရမ်းကို နည်းလွန်းပါတယ်။

ဒါက သူ့ကို ရောမ ခွန်အားကြီးရစေနိုင်ဖို့ ဆယ်ခုမြောက် ဒြပ်စင်အမှုန်ကို ချိုးဖျက် ဂင်ရောက်ဖို့ သူ့ရဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက် ဖြစ်တဲ့အတွက် သူ့အနေနဲ့ သက်ဆိုင်ရာ တန်ရာတန်ကြေး ကိုတော့ ပြန်ပြီး ပေးရပါလိမ့်မယ်။

လင်းဟန်က ဆေးလုံးတွေကို မျိုချနေဆဲပါပဲ။ နွေဦးစမ်းရေ အဆင့်မှပဲ အသုံးပြု နိုင်တဲ့ လေးမျိုးအသွင်ပြောင်းလဲခြင်း ဆေးလုံးကိုတောင်မှ စားပြီးတော့ ရောမ မူလ ဒြပ်စင်အမှုန်ကို စမ်းရေတစ်ခု အဖြစ်ပြောင်းလဲဖို့ လိုအပ်တဲ့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအင် ပမာဏ ရရှိအောင်လို့ပဲ ဖြစ်ပါတယ်။

ပုံမှန် လူတွေရဲ့ မူလဒြပ်စင်အမှုန်တွေက တစ်ခုပြီးတစ်ခု စမ်းရေ အဖြစ်ကို ပြောင်းသွားခဲ့တာပါ။ ပြီးတော့ နောက်ဆုံး ဒြပ်စင်အမှုန်က နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကျမှပဲ ပြောင်းလဲသွားတာပါ။ အဲဒီအချိန်မှာ မူလစွမ်းအင်ရဲ့ စမ်းရေရှစ်ခုက စွမ်းအားတွေကို ထောက်ပံ့ပေးပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ရဲ့ မူလဒြပ်စင်အမှုန်တစ်ခုတည်းက တစ်ခြား လူတွေရဲ့ မူလဒြပ်စင် အမှုန် ကိုးခု ပေါင်းထားတာထက် ပိုပြီးတော့ ကြီးမားကျယ်ပြန့်ပါတယ်။ သူ့ရဲ့ ကြီးမားတဲ့ မူလဒြပ်စင်အမှုန်က

မူလဒြပ်စင်အမှုန်ကိုးခုနဲ့ လုပ်ထားတာဖြစ်ပြီး ဒြပ်စင်အမှုန်သေးသေးလေး စုစုပေါင်း လေးဆယ့်ငါးခု နဲ့ စုဖွဲ့ထားတာပါ။

လိုအပ်တဲ့ စွမ်းအင်ကတော့ ရိုးရိုးရှင်းရှင်းနဲ့ ပင်လယ်တစ်ခုစာလောက် ကျယ်ပြန့်ပါတယ်။

စားစားစား။

လင်းဟန်က အသွင်လေးမျိုးပြောင်းလဲတဲ့ ဆေးလုံးတွေကို အဆက်မပြတ် မျိုချနေပါတယ်။ စွမ်းအင်တွေက တစ်ဟုန်ထိုး တရကြမ်း တိုးဝင်လာမှုကြောင့် သူ့ရဲ့ အသားအရေ တွေ အက်ကွဲလာပြီးတော့ သွေးကြောတွေက ဖောင်းထွက် လာခဲ့ပြီးတော့ သွေးပမာဏ အမြောက်အမြား ယိုစိမ့်လာခဲ့ပါတယ်။ အသွင်လေးမျိုး ပြောင်းလဲခြင်း ဆေးလုံးက နွေဦးစမ်းရေ အဆင့်မှာ ကျင့်ကြံခြင်း တိုးမြှင့်ဖို့ အသုံးပြုရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ အဲဒါကို စားတာက ကိုယ့်ကိုကိုယ် သတ်သေတာနဲ့ တူပါတယ်။ သေဆုံးခြင်းသစ်ပင်ရဲ့ ခန္ဓာကိုယ်တောင်မှ ဒီစွမ်းအား ကို တောင့်မခံနိုင်ပါဘူး။

အထီးကျန် ဂံပုလွေသွေး အသက်သွင်း... ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မော်စာလိပ် အသက်သွင်း။

သူ့ရဲ့ ခန္ဓာကိုယ်က အလျင်အမြန်နဲ့ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ဆေးလုံးရဲ့ အာနိသင်တွေကလဲ အဆက်မပြတ် တရကြမ်း တိုးဂင်လာပြီးတော့ ဆက်တိုက် ပျက်စီးစေတဲ့ အာနိသင်ရှိပါတယ်။ ဒီလို နာကျင်မှု မျိုးကို သာမာန်လူတွေ အနေနဲ့ လုံးဂ တောင့်ခံနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်က တော့သူ့ရဲ့ အံကို ကြိတ်ပြီးတော့ မျက်မှောင်ကြုတ်ပြီးတော့ အားတင်းပြီး တောင့်ခံလို့နေပါတယ်။

သိုင်းပညာရပ်ရဲ့ အထွတ်အထိပ် လမ်းကြောင်းက ဘယ်လိုလုပ်ပြီးတော့ ချောမွေ့နိုင်မှာလဲ။

တကယ်လို့ ဒီနာကျင်မှုဒဏ်ကို သူက တောင့်မခံနိုင်ဘူးဆိုယင် ဘယ်လိုလုပ်ပြီး တော့ သူပြောနေတဲ့ စကြာဂဠာအဆင့်ကို ဖျက်ဆီးပြီး နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်မှာလဲ။

ဒီ့အပြင် အဆင့်တက်တာ ခက်ခက်ခဲခဲနဲ့ ဖြတ်ကျော်ရပြီဆိုရင် အောင်မြင်သွားတဲ့ အခါမှာ ရရှိမဲ့ စွမ်းအားက ပိုပြီးတော့ သန်မာအားကောင်းပါလိမ့်မယ်။

ဒီအချိန်မှာ အနက်ရောင်မျှော်စင်က မကူညီခဲ့ပါဘူး။ သူရဲ့ဒန်တန်ထဲမှာ အပေါ် အောက်ကို ငြိမ်သက်စွာနဲ့ မျောလွင့်လို့ နေခဲ့ပြီးတော့ လျှို့ဝှက်ဆန်းကြယ်စွာ လင်းလက် တောက်ပနေပါတယ်။

လင်းဟန်က ပျော်ရွှင်ခြင်းလဲမရှိ ဝမ်းနည်းခြင်းလဲ မရှိပဲနဲ့ ဆက်ပြီး တိုက်ခိုက်နေ ပါတယ်။

တစ်စက်ခြင်းကျနေတဲ့ ရေတောင်မှ ကျောက်တုံးတစ်ခုကို ထွင်းဖောက်နိုင် ပါတယ်။ သူ့ရဲ့ အဆက်မပြတ် ကြိုးစားအားထုတ်မှုကြောင့် မူလဒြပ်စင်အမှုန်တွေက နောက်ဆုံးမှာ အရည်အဖြစ်ကို စတင်ကြိတ်ခြေလိုက်ပါတယ်။

ဖောက်ခနဲ မြည်သံနဲ့ အတူ မူလဒြပ်စင်အမှုန်တွေက လုံးလုံးလျားလျား ပျော်ဝင် သွားခဲ့ပြီးတော့ သေးငယ်တဲ့ စမ်းရေ လေးတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ မူလစွမ်းအင်တွေ ပန်းထွက်လာခဲ့ပါတယ်။

သူ အောင်မြင်သွားခဲ့ပါပြီ။

ဒါပေမဲ့ လင်းဟန်က မရပ်ပါဘူး။ စမ်းရေ က အခုမှ စတာပါ။ သူရဲ့ကျင့်ကြံခြင်း ကို တည်မြဲအောင်လုပ်ဖို့ လိုနေပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် စမ်းရေမျက်လုံး က မကြာခင်မှာ ခမ်းခြောက်သွားပါလိမ့်မယ်။ အဲဒါဆိုရင် မူလဒြပ်စင်အမှုန် တစ်ခု အဖြစ် ပြန်ပြောင်းသွားပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့်ကို ပြန်ပြီးတော့ ကျဆင်းသွားပါလိမ့်မယ်။

ဒီနေရာမှာ ပုံမှန် နွေဦးစမ်းရေ အဆင့် နဲ့ နှိုင်းယှဉ်မယ်ဆိုယင် ဘာမှ မကွခြားပါဘူး။ စမ်းရေမျက်လုံးကို သူရဲ့ အကန့်အသတ် ထိတိုင်အောင် ချဲ့ပြီးတော့ မူလစွမ်းအင်ရဲ့ ကျယ်ပြန့်တဲ့ ပင်လယ်တစ်ခု အဖြစ်ကို ပြောင်းလဲတာကို စိတ်ဂိဉာဉ်ပင်လယ်အဆင့် လို့ သိထားကြပါတယ်။

တစ်ခြားလူတွေက သူတို့ရဲ့ မူလဒြပ်စင်အမှုန်ကို တစ်ခုပြီးတစ်ခု စမ်းရေမျက်လုံး အဖြစ်ကို ပြောင်းလဲပစ်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ စမ်းရေမျက်လုံး ကိုးခုကို တစ်ခု တည်းဖြစ်အောင် ဆက်သွယ်ပြီးတော့ ပင်လယ်တစ်ခု အဖြစ်ကို ချဲ့ပစ်ရမှာပါ။ ဒါပေမဲ့ လင်းဟန်ကတော့ ဒြပ်စင်အမှုန် တစ်ခုပဲ ရှိပြီး စမ်းရေမျက်လုံး တစ်ခု အသွင် သဏ္ဍာန် ပဲ ပြောင်းနိုင်ပါတယ်။ ဒါကြောင့် သူရဲ့ အဆင့်ကို ဘယ်လို ရေတွက်ရမလဲ။

လင်းဟန်က ဘာမှမတတ်နိုင်ပဲ သူ့ကိုယ်သူ စဉ်းစားလိုက်ပါတယ်။ တစ်ခြားသူတွေ က သူ့ကို အမြဲတမ်းပဲ နွေဦးစမ်းရေ အလွှာ ပထမအဆင့်လို့ပဲ ထင်ပါလိမ့်မယ် ဟုတ်တယ်မလား။

ဘာပဲဖြစ်ဖြစ် သူက သန်မာဖို့ပဲ လိုတာပါ။

စမ်းရေမျက်လုံး ပွင့်လာပြီး ၎င်းရဲ့ ချဲ့ကားခြင်းကို လင်းဟန်ရဲ့ စိတ်ဂိဉာဉ်စွမ်းအား ကို အပြည့်အ၀ အသုံးပြုပြီးတော့ ချဲ့လိုက်ပါတယ်။

နွေဦးစမ်းရေအဆင့်။

``ပုန်း``

အနက်ရောင် မျှော်စင်က ငြင်သာစွာနဲ့ တစ်စုံတစ်ခုကို အချက်ပြပေးပို့သလို ပတ်ချာလည်နေပါတယ်။ မျှော်စင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ မရေမတွက်နိုင်တဲ့ အမျှင်တွေ တောက်ပလိုလာခဲ့ပြီးတော့ သူဖတ်လို့မရနိုင်တဲ့ ထူးခြားတဲ့ လက္ခဏာ ပုံစံတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန် စိတ်လှုပ်ရှားသွားခဲ့ပါတယ်။ အနက်ရောင်မျှော်စင်က နောက်ဆုံးတော့ ၎င်းရဲ့ လျှို့ဝှက်ချက်တွေ ဖော်ထုတ်ဖို့ သူ့အတွက် ပွင့်လာခဲ့ပြီလား။

သူ့အတွက်ကတော့ အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို နားလည်ဖို့ အာသီသပြင်းပြတာလောက် တစ်ခြားအရာတွေ မရှိပါဘူး။ ယခင်ဘဝတုန်းက သူ့ကို သတ်ပစ်ခဲ့တဲ့ ဒီ စိတ်ကြီးဝင်နေတဲ့ လူပျင်းအတွက် သူ့ကို နှစ်ပေါင်း တစ်သောင်း လောက် ထိန်းထားခဲ့ပါတယ်။

လင်းဟန်က သူရဲ့ စိတ်ဝိညာဉ်က အနည်းငယ် ဖျတ်ခနဲ ရှန်းလိုက်သလို ခံစားလိုက်ရ ပြီးတော့ သူ့ကိုယ်သူ မရင်းနှီးတဲ့ နေရာတစ်ခုရဲ့အထဲမှာ မြင်လိုက်ပါတယ်။

ဒီနေရာကိုကြည့်ရတာ လယ်ကွင်းတစ်ခုနဲ့ အရမ်းကို တူပါတယ်။ ဒီနေရာမှာ ရွှံ့တုံး တော်တော်များများကို မြေကြီးပေါ်မှာ မြင်နေရပါတယ်။ ဒါပေမဲ့ အပင်လုံးဝ မရှိပါဘူး။ကြည့်ရတာ မြေသြဇာ အရမ်းညံ့လို့ အပင်မဖြစ်ထွန်းတဲ့ မြေနဲ့တူပါတယ်။ ကောင်းကင် ကအရမ်းကိုမြင့်မားပါတယ်။ ဒါပေမဲ့ နေမရှိ တိမ်မရှိပဲ မြင်နေရပါတယ်။ ၎င်းက လျှို့ဝှက်နယ်ပယ် ရဲ့

ကောင်းကင်တစ်ခုနဲ့ ဆင်တူပါတယ်။

ဒါ ဘယ်နေရာလဲ။ သူကရော ဘယ်လိုဖြစ်ပြီးတော့ ဒီနေရာကို ရုတ်တရက် ရောက်လာရတာလဲ။

လင်းဟန်က အရမ်းကို အံ့အားသင့်နေပါတယ်။ သူ့ရဲ့ လက်ကို မြှောက်ပြီးတော့ သူရဲ့ မျက်နှာကို ထိကြည့်ပါတယ်။ ဒါက တကယ့် အစစ်အမှန် တစ်ခုလို ခံစားရပါတယ်။ အိပ်မက် မက်နေတာမဟုတ်ဘူးပေါ့။

တစ်ခြားစကားလုံးအနေနဲ့ ပြောရမယ်ဆိုယင် သူ့ရဲ့ စိတ်ဝိဉာဉ်ကပဲ ဒီနေရာကို လာခဲ့တာ မဟုတ်ဘူးပေါ့။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

လင်းဟန်က စိတ်ရှုပ်နေပါတယ်။ သူကို ချက်ချင်းဆိုသလိုပဲ ဒီနေရာကို အနက်ရောင် မျှော်စင်က တည်နေရာရွှေ့ပြောင်း ပေးလိုက်တာ ဖြစ်နိုင်မလား။ အနက်ရောင် မျှော်စင်မှာ တည်နေရာရွှေ့ပြောင်းခြင်း လုပ်ဆောင်ချက် တစ်ခု ရှိနေလား။

အပိုင်း(၂၂၉) အနက်ရောင်မျှော်စင် ပွင့်ပြီ

``ပုန်း``

အနက်ရောင်မျှော်စင် ပေါ်လာခဲ့ပါပြီ။ လင်းဟန်ရဲ့ အရှေ့လေထဲမှာ အပေါ် အောက် မျှောလွင့်လို့ နေပါတယ်။

အနက်ရောင်မျှော်စင်။

လင်းဟန်က လေးနက်တည်ကြည်စွာနဲ့ ရွေ့လျားလိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်း ကျော်ခန့်က အနက်ရောင်မျှော်စင်ကို မြင်ခဲ့ပြီးတဲ့နောက် ဒါက သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ အနက်ရောင်မျှော်စင်ကို ကြည့်တာ ဒုတိယအကြိမ်ပဲ ဖြစ်ပါတယ်။ သူက လူသားအဖြစ်နဲ့ နှစ်ဘဂတောင် ဖြတ်သန်းနေတယ် ဆိုတာကို သတိထားမိ ပါတယ်။

``မှားတယ်.. ငါက မင်းလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းတုန်းက မြင်ခဲ့တဲ့ အနက်ရောင် မျှော်စင် မဟုတ်ဘူး။ ငါက အနက်ရောင် မျှော်စင်ရဲ့ စိတ်ဝိဉာဉ်ပဲ ဖြစ်ပါတယ်``

မျှော်စင်သေးလေးက လင်းဟန်ရဲ့ အတွေးတွေကို

ကြားသိနေရတဲ့အတိုင်းပဲ လင်းဟန်ရဲ့ အသိဉာဏ်ထဲကို လုံးဝ မျှော်လင့်မထားတဲ့ တယ်လီပသီ (စိတ်နဲ့ တစ်ဖက်လူရဲ့ အသိစိတ်ထဲကို တိုက်ရိုက် ပြောတဲ့သဘောပါ) နည်းလမ်းနဲ့ ပြောလိုက်ပါတယ်။

ဘာ။

လင်းဟန်က အံ့အားသင့်ပြီးတော့ မေးလိုက်ပါတယ်။

``မင်းက စိတ်ဂိဉာဉ်တစ်ခုလား။ ဒါဆိုရင် ငါကရော ဘယ်မှာလဲ``

``ဒါပေါ့ မင်းက အနက်ရောင် မျှော်စင်ရဲ့ အထဲမှာပဲ``

မျှော်စင်လေး က ပြောလိုက်ပါတယ်။

လင်းဟန်က စိတ်ရှုပ်ထွေးသလိုဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``အနက်ရောင် မျှော်စင်က ငါ့ရဲ့ ဒန်တန်ထဲမှာလေ.. ငါက အနက်ရောင် မျှော်စင် အထဲမှာတဲ့.. ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ``

``မင်းရဲ့ ဒန်တန် ထဲကို တစ်ချက်ကြည့်လိုက်ဦး``

မျှော်စင်လေး က ပြောလိုက်ပါတယ်။

လင်းဟာန်က သူရဲ့ ဒန်တန် အတွင်းကို ကြည့်လိုက်ပါတယ်။

ဒန်တန်ထဲမှာ လုံးဂ နေရာလွတ်နေပြီးတော့ အနက်ရောင်မျှော်စင် လုံးဝမရှိတာကို တွေ့မြင်လိုက်ပါတယ်။

``မင်းက အနက်ရောင် မျှော်စင်ရဲ့ အတွင်းထဲကို ဝင်နေပြီးတော့ အနက်ရောင် မျှော်စင် က သဘာဝကျကျနဲ့ မင်းနေတဲ့ ကမ္ဘာပေါ်မှာ ပြန်ပြီးတော့ နေထိုင်တာပဲ``

မျှော်စင်လေးက ဂရုမစိုက်စွာနဲ့ ပြောလိုက်ပါတယ်။ အမှန်အားဖြင့်တော့ ၎င်းရဲ့ လေယူလေသိမ်းက ပျင်းရိဖွယ်ရာကောင်းပြီးတော့ ဘာခံစားချက်မှ မပါတဲ့ ပုံစံမျိုးပါပဲ။

``ဟူးညီ``

လင်းဟာန်က လန့်ဖျပ်သွားခဲ့ပါတယ်။ သူမြင်တွေ့ခဲ့ရတဲ့ အနက်ရောင် မျှော်စင်က ထူးထူးခြားခြား အစွမ်းထက်လှတဲ့

စွမ်းရည်တွေအများကြီး ရှိပါတယ်။ ၎င်းက လွှတ်လိုက်တဲ့ အလင်းတန်း တစ်ခုကပဲ သူ့ရဲ့ယခင်ဘဝက ကောင်းကင်အဆင့် တောင် ပျက်ဆီးပြီးတော့ သေစေခဲ့ပါတယ်။ ဟူးညိုက သူရဲ့ ဘေးမှာ လေ့ကျင့်နေတာဖြစ်ပြီးတော့ သေတဲ့အထိ ဖျက်ဆီးပစ်ခံလိုက်ရတာတော့ မဖြစ်နိုင် လောက်ပါဘူး ဟုတ်တယ်မလား။

တကယ်လို့ သူမက သေအောင် ဖျက်ဆီးမခံရဘူးဆိုရင်တောင်မှ ဒီမိန်းကလေးရဲ့ ရက်စက်ကြမ်းကြုတ်ပုံနဲ့ ဆိုရင် သူမက ခုန်အုပ်ပြီးတော့ ပြင်းပြင်းထန်ထန် ကိုက်ပစ်ပါလိမ့်မယ်။အဲဒီလိုဆိုရင် ဖြစ်လာမဲ့ အကျိုးဆက်က ခန့်မှန်းလို့တောင် မရနိုင်ပါဘူး။

``မစိုးရိမ်ပါနဲ့.. မင်း အနက်ရောင်မျှော်စင်ထဲကို ရောက်လာတာနဲ့ အနက်ရောင် မျှော်စင်က သူ့ကိုယ်သူ ဖုန်မှုန့်လိုမျိုး အစက်အပြောက်လေး အဖြစ်ကို ပြောင်းလိုက်တဲ့အတွက် ဘယ်သူကမှ ဒီကွာခြားချက်ကို သတိပြုမိကြမှာ မဟုတ်ပါဘူး``

မျှော်စင်လေးက လူသေတစ်ယောက်ရဲ့ လေသံလိုမျိုးနဲ့ ပြောနေတုန်းပါပဲ။

လင်းဟန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးတော့ သူ့ရဲ့ ခေါင်းထဲမှာ သရော်စွာနဲ့ ပြောလိုက်ပါတယ်။

``စိတ်ဂိဉာဉ် တစ်ခုက ရုတ်တရက် ထွက်လာပြီးတော့ ငါ့ကို စကားလာပြောတာကို ဘာကြောင့် ကြောင်တိကြောင်တောင် ဖြစ်တယ်လို့ မခံစားရတာလဲ.... နေပါဦး မင်းပြောတာက ငါက အနက်ရောင်မျှော်စင် ထဲမှာဆိုလားလို့``

လင်းဟန်က ချက်ချင်းပဲ သတိပြုမိသွားခဲ့ပါတယ်။

``ဟုတ်တယ်``

မျှော်စင်လေး က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပါတယ်။ ပြီးတော့ သူက ပြောလိုက်တယ်။

``ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အနက်ရောင်မျှော်စင်က ဖုန်မှုန့်လို အစက်အပြောက် လေးတစ်ခု အဖြစ်ကို ပြောင်းနိုင်ပြီးတော့ စိတ်ဂိဉာဉ် တစ်ခုလဲ ရှိတယ်။ ဒါက

စိတ်ဂိုဏ်ပစ္စည်းတစ်ခုလို့ ဆိုလိုတာပဲ။ ဒါဆို သူဖန်တီးလိုက်တဲ့ နေရာက စိတ်ဂိုဏ်သိုလှောင်လက်စွပ်တွေနဲ့ တူညီနေတာပဲ။ ဒါကြောင့် ဘယ်လိုဖြစ်လို့ သက်ရှိတွေက ပါဝင်နေထိုင်နိုင်တာလဲ``

``ဒီက နေရာက အနက်ရောင်မျှော်စင်ကိုယ်တိုင် ဖန်တီးထားတဲ့ သီးခြားကမ္ဘာ တစ်ခုဖြစ်တယ်။ ဒါကြောင့် သက်ရှိတွေလဲ ပါလို့ရနိုင်တာပဲ.. အဲဒါကို ဘာလို့ ဒီလောက်တောင် ထူးဆန်းနေတာလဲ``

မျှော်စင်လေးက ဂရုမစိုက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အံ့အားသင့်သွားပြီးတော့ အရမ်းကို စိတ်လှုပ်ရှားတဲ့ အမူအရာ တစ်ခု ပေါ်လာခဲ့ပါတယ်။

အနက်ရောင်မျှော်စင်က သက်ရှိတွေပါဝင်တဲ့ ဖုန်မှုန့်လို အစက်အပြောက် အရွယ်အစား ဖြစ်အောင် ပြောင်းလဲနိုင်တယ်။ ဒါက ဘာကို ဆိုလိုတာလဲ။ သူက အန္တရာယ်နဲ့ ကြုံလာတဲ့အခါ ရှုံဟွမ်ရှမ်က ကြေးနီခေါင်းတလားထဲကို ဝင်ပုန်းလိုက် သလိုမျိုး တူညီစွာနဲ့ သူက အနက်ရောင်မျှော်စင်ထဲကို ဝင်နိုင်ပါလိမ့်မယ်။

ကွာဟချက်ကတော့ ဒီ အနက်ရောင်မျှော်စင်ရဲ့ အတွင်းဘက် နေရာက ဘယ်လောက် ကျယ်လဲဆိုတာဆိုကို ဘယ်သူသိလို့လဲ။ ပြီးတော့ ၎င်းက အရမ်းကို သေးသွားနိုင်တဲ့အတွက် ရန်သူတွေက ဘာဖြစ်သွားလဲဆိုတာကို မသိနိုင်ကြပါဘူး။ သူ့ကို တည်နေရာရွှေ့ပြောင်း သွားတယ်လို့ပဲ ယူဆနိုင်ကြပါလိမ့်မယ်။

နတ်ဘုရား ပစ္စည်းပဲ... ဒါက တကယ့်ကို နတ်ဘုရားပစ္စည်းတစ်ခုပဲ။ လင်းဟန်က အရွယ်အစားပြောင်းလဲနိုင်ပြီးတော့ သက်ရှိတွေ လိုက်ပါနိုင်တဲ့ အာကာသလွန်းပျံလို အရာတစ်ခု အကြောင်းကို လုံးဝ မကြားဖူးခဲ့ပါဘူး။ ဒါ့အပြင် သူ့ရဲ့ လက်မှာလဲ သိုလှောင်လက်စွပ် တစ်ကွင်းကို ဝတ်ဆင်ထားပါတယ်။

တစ်ခုသိထားရမှာက သိုလှောင်လက်စွပ်က ပစ္စည်းထည့်လို့ရပြီးတော့ သက်ရှိတွေ ဝင်နေလို့ မရပါဘူး။ ပြီးတော့ ဒီလိုမျိုးပစ္စည်းတွေထဲမှာ နောက်ထပ် စိတ်ဂိဉာဉ်သိုလှောင်တဲ့ ပစ္စည်းမျိုးတွေ ထည့်ထားလို့ မရပါဘူး။ သူက အခု အနက်ရောင်မျှော်စင် အထဲမှာ ဖြစ်ပြီးတော့ သိုလှောင်လက်စွပ်ကလဲ သူ့ရဲ့ လက်မှာ

ရှိနေဆဲပါပဲ။

``ငါ တစ်ခြားသူတွေကို အထဲကို ခေါ်နိုင်လား``

လင်းဟန်က မေးလိုက်ပါတယ်။

``ရတယ်``

``ဘယ်လိုလုပ်ရမလဲ``

မျှော်စင်လေးက လင်းဟန်ကို တစ်ခြားသူတွေကို ဘယ်လို ခေါ်လာရမလဲဆိုတာကို သင်ပေးပါတယ်။ အဲဒီထဲမှာ သက်ရှိလူသားတွေအပြင် တစ်ခြား သက်ရှိ သတ္တဝါ တွေကိုပါ ခေါ်ပြီး ထည့်ထားနိုင်ပါတယ်။ အဓိက သော့ချက်က အဲဒီ သက်ရှိအရာက ဘယ်လိုအတွေးမျိုးကို မှ ခုခံမှုမရှိရပါဘူး။

``ရှုပ်``

လင်းဟန်ရဲ့ ခန္ဓာကိုယ်က လျှပ်ပြက်သလို အပြင်ဘက်ကမ္ဘာရဲ့ တောအုပ်ထဲမှာ ပြန်ပေါ်လာခဲ့ပါတယ်။ ဟူးညိုက အစောပိုင်းတုန်းက လင်းဟန် ပျောက်သွားလို့ အနီးပတ်ဝန်းကျင်ကို လိုက်ကြည့်နေပြီး လင်းဟန်

ပေါ်လာတာကို သူမ မြင်လိုက်ရတဲ့ အခါမှာတော့ သူ့ကို ခုန်အုပ်လိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ဘယ်လိုရောက်လာတာလဲ ညီး အစောတုန်းက လင်းဟန်ကို ရှာမတွေ့ဘူး``

လင်းဟန်က ဟက်ဟက်ပက်ပက် ရီမောလိုက်ပီးတော့ ပြောလိုက်ပါတယ်။

``ငါ မင်းကို တစ်နေရာရာကို ခေါ်သွားမယ် မခုခံနဲ့ ဘာမှမလုပ်နဲ့``

``အင်း``

ဟူးညိုက ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်တမ်းတော့ ဘာပြောတယ်ဆိုတာ နားမလည်ပါဘူး။

လင်းဟန်က ဟူးညိုကို ဖမ်းဆုပ်လိုက်ပီးတော့ အစောပိုင်းတုန်းက မျှော်စင်လေးက သင်ပေးထားတဲ့ နည်းလမ်းအတိုင်း ခေါင်းထဲမှာ တွေးလိုက်ပီးတော့ အသုံးပြုလိုက် တဲ့ အခါမှာ သူနဲ့ ဟူးညိုက အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ပေါ်လာခဲ့ပါတယ်။

``ပိုးးး``

ဟူးညို့က အံ့အားသင့်တဲ့ အမူအရာနဲ့ သူမရဲ့ လက်နှစ်ဖက်ကို ဖြန့်ပြီးတော့ ကြီးမား ကျယ်ပြန့်တဲ့ နေရာမှာ ပတ်ပြေးနေပါတယ်။သူမက အရမ်းကို ပျော်ရွှင်စွာနဲ့ တစ်ခစ်ခစ် ရီမောနေပါတယ်။

``ဒီမိန်းကလေးက ဘယ်လို ထူးဆန်းသလဲဆိုတာကို မင်းမြင်နိုင်လား``

လင်းဟန်က မျှော်စင်လေးကို မေးလိုက်ပါတယ်။

မျှော်စင်လေးက ပေါ့ပေါ့ပါးပါးနဲ့ ခေါင်းငြိမ့်လိုက်သလိုမျိုး တုန်ခါပြီး ပြောလိုက်ပါတယ်။

``ငါ က ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုကို ရခဲ့တယ်။ ဒါကြောင့် ယခင်တုန်းက မှတ်ဉာဏ် တွေ မပိုင်တော့ဘူး``

``ဘာ``

လင်းဟန် ငိုချင်စိတ်ပေါက်သွားခဲ့ပါတယ်။

အနက်ရောင်မျှော်စင် က အနည်းငယ် တုန်ခါ လိုက်ရုံနဲ့ သူကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ချိန်တုန်းက တောင်မှ သတ်ပစ်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ ဒီ နတ်ဘုရားပစ္စည်းက ပြင်းထန်တဲ့ ဒဏ်ရာ တစ်ခုရပြီးတော့ သူ့ရဲ့ အတိတ်က မှတ်ဉာဏ်တွေတောင်မှ အားလုံး ဆုံးရှုံး ကုန် ခဲ့တယ်။ ဘယ်သူက ၎င်းကို တိုက်ခိုက်ခဲ့တာလဲ။

``ငါ့ရဲ့ တည်ရှိမှုနဲ့ ပါတ်သတ်ပြီးတော့ သဲသဲကွဲကွဲမဟုတ်တဲ့ ခံစားချက်တစ်ခုရှိပြီး လူတွေအများကြီးရဲ့ မျက်စိထဲမှာ ငမ်းငမ်းတက်လိုချင်လာအောင် ဆွဲဆောင် လိမ့်မယ်။ မင်းမှာ ပြိုင်ဘက်ကင်းတဲ့ ခွန်အား မရှိသေးသရွေ့ ငါရဲ့ လျှို့ဝှက်ချက်ကို မင်း ဖော်ထုတ်နိုင်လိမ့်မှာ မဟုတ်ဘူး``

မျှော်စင်လေးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန် ခေါင်းငြိမ့်လိုက်ပါတယ်။ အနက်ရောင်မျှော်စင် ကို အသာထားလိုက်ပါဦး။ ဖျက်ဆီးလို့မရတဲ့ ကောင်းကင် မှော်စာလိပ် တစ်ခုတည်းကပဲ အရမ်းကို လေးလံနေပါပြီ။ သူ့အနေနဲ့ တကယ်လို့ သေအောင်လို့ ရိုက်နှက်ရင် တောင်မှ ဒီ လျှို့ဝှက်ချက်ရဲ့ တစ်စွန်းတစ်စကို ထုတ်ဖော်ပြောလိမ့်မှာ မဟုတ်ပါဘူး။

``ဒါပေမဲ့... တကယ်ပဲ မင်းကို အနက်ရောင် မျှော်စင်လို့ ခေါ်ခဲ့တာလား``

သူက မေးလိုက်ပါတယ်။

မျှော်စင်လေးက အနည်းငယ် တုန်ခါပြီးတော့ ပြောလိုက်ပါတယ်။

``ငါ့ရဲ့ မှတ်ဉာဏ်တွေ အားလုံးကို ဆုံးရှုံးသွားပြီ။ ငါ့ရဲ့ နာမည်ကိုတောင်မှ မသိတော့ဘူး``

လင်းဟန် စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။ သူ နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်တဲ့အခါမှာ အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို နားလည်နိုင်လိမ့်မယ်လို့ ထင်ခဲ့မိပါတယ်။ သူသယ်သွားလို့ရနိုင်တဲ့ ရဲတိုက်တစ်ခု ရရှိပြီး တစ်ခြား ဘာမှ မပြောင်းလဲတဲ့ပုံစံနဲ့ ဖြစ်နေလိမ့်မယ်လို့ သူလုံးဝ မထင်ထား ခဲ့မိပါဘူး။

ဒါပေမဲ့ ဒီ ရဲတိုက်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကိုတောင်မှ မနာလိုဖြစ်ပြီး ၎င်းကို ရယူနိုင်ဖို့အတွက် အရာအားလုံးကို အရဲစွန့်ဖို့

လုံလောက်ပါတယ်။

``အနက်ရောင် မျှော်စင်မှာ စုစုပေါင်း အထပ် ကိုးခု ရှိတယ်။ မင်းမှာ အနည်းငယ် ခွန်အား ရှိလာပြီဆိုယင် သက်ဆိုင်ရာ အထပ်ကို မင်း ဖွင့်နိုင်လိမ့်မယ်။ အထပ်တိုင်းက မတူညီတဲ့ လုပ်ဆောင်ချက်တွေရှိတယ်``

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ ကျေနပ်ပျော်ရွှင်သွားတဲ့ ပုံစံဖြစ်ပေါ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ဘယ်လို လုပ်ဆောင်ချက် အမျိုးအစားတွေလဲ``

``ငါ့ရဲ့ မှတ်ဉာဏ်တွေက ပျောက်သွားခဲ့ပြီ... ဒါကြောင့် မင်းက မျှော်စင်ရဲ့ နောက်ထပ် တစ်ဆင့်ကို ထပ်ပြီးတော့ ဖွင့်နိုင်ပြီးရင် အဲဒါနဲ့ ပတ်သက်တဲ့ သတင်းအချက် အလက် တွေကို ငါလက်ခံရရှိလာလိမ့်မယ်``

မျှော်စင်လေးက ပုံမှန်ပဲပြောလိုက်ပါတယ်။

``ဒါကြောင့် ငါ အခု မင်းကို ပထမအထပ်ရဲ့

လုပ်ဆောင်ချက်တွေကိုပဲ ပြောနိုင်မယ်``

၎င်းက တစ်ခဏမျှ ရပ်တန့်လိုက်ပီးတော့ ဆက်ပြောပါတယ်။

``ပထမ အထပ်က ဆေးဥယျာဉ်တစ်ခုရှိတယ်။ အဲဒီနေရာမှာ တကယ်လို့ စိတ်ဂိဉာဉ်မြက်ပင်ကို တစ်နှစ်လောက် စိုက်ပြီး ကြီးထွားလာမယ်ဆိုရင် နှစ်ပေါင်း တစ်ထောင်နဲ့ ညီမျှတယ်``

``အဟွတ်``

လင်းဟန် ချက်ချင်း ချောင်းဆိုးသွားခဲ့ပါတယ်။ တစ်နှစ်က နှစ်ပေါင်း တစ်ထောင်နဲ့ ညီမျှတယ် ဟုတ်လား။ တကယ်လို့ ငါက နှစ်တစ်ထောင် သက်တမ်းရှိတဲ့ ဂျင်စင်းပင် တစ်ပင်ကို လိုချင်ရင် တစ်နှစ်ပဲ စောင့်ရမယ်လို့ ပြောတာပေါ့ မဟုတ်ဘူးလား။

``ငါ့မှာ မသဲမကွဲ မှတ်ဉာဏ်တွေ ရှိတယ်။ ဒါပေမဲ့ ဘာမှန်းမသိတဲ့ အထပ်ကို ဖွင့်ပြီးတဲ့ နောက်မှာ ငါနောက်ထပ် အရှိန်မြှင့်နိုင်ပါတယ်``

မျှော်စင်လေး က ဖြည့်စွက်လိုက်ပါတယ်။

လင်းဟန်က ထခုန်လုနီးပါး ပျော်ရွှင်သွားခဲ့ပါတယ်။

မျော်ဆေးပညာရှင်တွေကို ဒုက္ခဖြစ်စေတဲ့ ပြဿနာ နှစ်ခုရှိပါတယ်။

ပထမ ဆေးလုံး သန့်စင်မှုစုံချိန်..မြေကမ္ဘာအဆင့် မျော်ဆေးပညာရှင် တစ်ယောက် က ကောင်းကင်အဆင့် မျော်ဆေးလုံးကို သန့်စင်ဖို့ ခွင့်မပြုနိုင်ပါဘူး။ ဒုတိယ ပါဂင်ပစ္စည်းတွေ ဖြစ်ပါတယ်။ ကျွမ်းကျင်လိမ္မာ ပါးနပ်တဲ့ အိမ်ထောင်ရှင်မ က အသား မပါနဲ့ အသားဟင်း ချက်လို့ မရနိုင်သလို ကောင်းကင်အဆင့် မျော်ဆေး ပညာရှင် တစ်ယောက်တောင်မှ ပါဂင်ပစ္စည်းမရှိဘူးဆိုယင် အဂါရောင် အဆင့် မျော်ဆေးလုံးကို မသန့်စင် နိုင်ပါဘူး။

ပြီးတော့ မျော်ဆေးလုံး အဆင့်မြင့်မားလာရင် စိတ်ဂိဉာဉ်မြက်တွေ အတွက် လိုအပ်ချက်ကလည်းပဲ မြင့်မားလာပါတယ်။ နှစ်ပေါင်းတစ်ရာ ဒါမှမဟုတ် နှစ်ပေါင်း တစ်ထောင် သက်တမ်းရှိတဲ့ ပါဂင်ပစ္စည်းတွေလဲ အထိုက်အလျောက် လိုအပ် ပါတယ်။တစ်ချို့ အဆင့်မြင့်ဆုံး အဆင့် စိတ်ဂိဉာဉ်အပင်တွေက နှစ်ပေါင်း တစ်သောင်းလောက်တောင် လိုအပ်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ စိတ်ဂိုဏ္ဍည်မြက်ပင် အများကြီး ရှိပါတယ်။ မျိုးဆက်တွေ တစ်ခုပြီး တစ်ခု ရိတ်သိမ်းလာခဲ့တဲ့အတွက် ဒီနေရာမှာ နှစ်ထောင်နဲ့ချီ သက်တမ်း ရှိတဲ့ အပင်တွေ ဒါမှမဟုတ် နှစ်ပေါင်းတစ်သောင်း သက်တမ်းရှိတဲ့ အပင်တွေ ကျန်ပါဦးမလား။

နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ အပင်တွေတောင်မှ ရှားပါးကြပါတယ်။

ဒါပေမဲ့... အနက်ရောင် မျှော်စင်က ဒီပြဿနာကို လွယ်ကူစွာနဲ့ ဖြေရှင်းပေးနိုင် ပါတယ်။ စိတ်ဂိုဏ္ဍည်မြက်ပင်တွေကို ဒီနေရာမှာ တစ်နှစ်လောက် စိုက်ပျိုးထားရင် အပြင်ဘက် ကမ္ဘာက နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ စိတ်ဂိုဏ္ဍည်မြက်ပင်တွေနဲ့ ညီမျှပါတယ်။ နောက်ပိုင်းမှာ အထပ်တစ်ခုကို ဖွင့်ပြီးရင် ၎င်း အရှိန်ကိုတောင်မှ မြှင့်တင်ဖို့ ဖြစ်နိုင်ချေရှိပါတယ်။

သဘာဝကို ဆန့်ကျင်ခြင်းပဲ။

ဒါက တကယ့်ကို နတ်ဘုရား ပစ္စည်းတစ်ခုဖြစ်တယ်။

အပိုင်း (၂၃၈) လူရှာခြင်း

ဒါက အနက်ရောင် မျှော်စင်ရဲ့ စွမ်းရည်တွေက ပထမအဆင့် ပဲ ရှိပါသေးတယ်။

လင်းဟာန်က အရမ်းကို အံ့အားသင့်နေပါတယ်။ မျှော်စင်လေးက အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားဖို့ စည်းကမ်း တင်းကျပ်ထားတာကို အံ့သြစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သတင်းပေါက်ကြားသွားခဲ့ရင် ဒီကမ္ဘာကြီးတစ်ခုလုံးရဲ့ အသန်မာဆုံး ကျင့်ကြံသူတွေက အနက်ရောင် မျှော်စင် အတွက်နဲ့ သူကို တိုက်ခိုက်ဖို့ လိုက်ဖမ်းကြပါလိမ့်မယ်။

``ငါတို့က ရင်းနှီးနေကြပြီဆိုတော့ စွမ်းအားမြှင့်ပေးမဲ့ အခွင့်အရေးကို တစ်ကြိမ် ထက်ပိုပြီးတော့ ထပ်ပြီး ပေးနိုင်မလား``

လင်းဟာန်က မျှော်စင်လေးကို စျေးဆစ်လိုက်ပါတယ်။

``မရဘူး``

မျှော်စင်လေးက ၎င်းရဲ့ ခေါင်းကို ခါလိုက်သလိုမျိုး

အနည်းငယ် တုန်ခါသွားပါတယ်။

``ဘာကြောင့်လဲ.. ငါတို့က အခု တစ်ဖက်တည်းပဲဟာ.. ဘာဖြစ်လို့ တစ်ခြား တစ်ယောက်လိုမျိုး သတ်မှတ်ပြီး တွေးနေသေးတာလဲ``

လင်းဟန်က စိတ်ရှည်လက်ရှည်နဲ့ သူရဲ့ စည်းရုံးရေးအတွက် ဆက်ပြော လိုက်ပါတယ်။

မျှော်စင်လေးက ခေါင်းခါပြီးတော့ ပြောလိုက်ပါတယ်။

``အဲဒီလိုမဟုတ်ဘူး... အစွမ်းမြှင့်ပေးတဲ့ လုပ်ငန်းက အမှန်တကယ်တော့ မင်းရဲ့ ခန္ဓာကိုယ်ကို တစ်ကြိမ် ပြန်ပုံသွင်းလောင်းလိုက်တာပဲ..မင်းက တစ်ဆင့်မှာတစ်ကြိမ် ပဲ တောင့်ခံနိုင်မယ်.. တစ်ကြိမ်ထက်ပိုယင် မင်းရဲ့ အခြေခံကို ထိခိုက်နာကျင် လိမ့်မယ်..တတိယ အကြိမ် က သေသွားနိုင်တယ်``

``ငါက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ် ကို လေကျင့်တယ်။ အဲဒါက ပြဿနာ တစ်ခုတော့ မရှိနိုင်ဘူးမဟုတ်လား``

``ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်က အနက်ရောင်မျှော်စင် က ဖန်တီးထားတာပဲ။ ဒါကြောင့် မင်းက အနက်ရောင်မျှော်စင် ဖန်တီးထားတဲ့ အပေါ်မှာ မူတည်ပြီးတော့ ဖြေရှင်းဖို့ လုပ်နေသေးတာလား``

မျှော်စင်လေးက ပြောလိုက်ပါတယ်။

အဆင့်မှာ သူက တစ်ကြိမ် အစွမ်းမြှင့်တင်လို့ ရနိုင်ပါလိမ့်မယ်။

``နောက်ပိုင်းမှာ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးက တိုးလာယင် အစွမ်းမြှင့်တာ က ပိုပြီးတော့ ကောင်းလိမ့်မယ်``

မျှော်စင်လေး က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ မျှော်စင်လေးက တကယ့်ကို ကျွမ်းကျင်သူ တစ်ယောက်ပါပဲ... သူ စည်းရုံးလို့ မရနိုင်ပါဘူး။ သူက စိတ်မချမ်းမသာဖြစ် သွားခဲ့ပါတယ်။ မူလတုန်းက သူက စိတ်ဂိဉာဉ်နဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက် ပြီးတဲ့အခါမှာ အနက်ရောင် မျှော်စင်ကို အပြည့်အဝ ထိန်းချုပ်နိုင်ပြီလို့ ထင်ခဲ့မိ တာပါ။ သူက ပထမ

အဆင့်ကိုပဲ ဖင်လိုရလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ မိပါဘူး။

ကံကောင်းတာက ပထမအဆင့်ရဲ့ လုပ်ဆောင်ချက်က သူ့ကို အရမ်းကို ကျေနပ် ပျော်ရွှင်သွားစေပါတယ်။ ပြီးတော့ သူက ဒုတိယနဲ့ တတိယ အဆင့်တွေက ဘယ်လိုမျိုး အံ့အားသင့်စရာ ကောင်းတဲ့ စွမ်းရည်တွေ ရှိသလဲဆိုတာကို ရှေ့ဆက်တိုးပြီးတော့ ရှာဖွေရပါလိမ့်မယ်။

ဟူးညိုက ပြေးနေတာကနေ ရပ်ပြီးတော့ လင်းဟန်ရဲ့ ဘေးမှာ နေပြီး မျှော်စင်လေး ကို ကြည့်လိုက်ပါတယ်။ သူမရဲ့ ပုံစံက အရမ်းကို သိချင်စိတ်ပြင်းပြနေတဲ့ပုံစံပါပဲ။

``ညိုး ကစားချင်တယ်``

သူမက မျှော်စင်လေးကို ခုန်အုပ်လိုက်ပါတယ်။

သူမရဲ့ ပုံရိပ်က မျှော်စင်လေးရဲ့ ပုံရိပ်ကို ဖြတ်သွားပါတယ်။ စိတ်ဂိုဏ်တစ်ခုက ဂိုဏ်တစ်ခုလိုမျိုး တည်ရှိမှုနဲ့ တူညီပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ၎င်းကို ထိတွေ့ကိုင်တွယ်လို့ ရမှာလဲ။

``အောင်းယန်မင်ကို လက်စားချေဖို့ ရှာရတော့မဲ့ အချိန်ပဲ``

လင်းဟန်က အနက်ရောင်မျှော်စင်ကို အချက်ပြလိုက်ပါတယ်။ သူ့အနေနဲ့ ဒီရတနာ ကို အပြည့်အဝ မထိန်းချုပ်နိုင်သေးသော်လည်း ဒါက ကိစ္စမရှိပါဘူး။ သူ့ရဲ့ အတွေး နဲ့ အနက်ရောင် မျှော်စင်က ချိတ်ဆက်ထားပြီးတော့ မျှော်စင်လေးက သူ့ကို ဘယ်အချိန်မှာမဆို ဆက်သွယ်နိုင်ပါတယ်။

ပထမ သူ့က အလယ်ခန်းမကို ပြန်သွားပြီးတော့ အောင်းယန်မင် တို့ အဖွဲ့ ဘယ်ဘက်ကို သွားလဲဆိုတာကို ရှာဖွေရပါမယ်။

လမ်းတစ်လျှောက်မှာ လင်းဟန်က မျှော်စင်လေးရဲ့ အနက်ရောင်မျှော်စင်နဲ့ ပတ်သတ်တဲ့ အချို့ အသေးစိတ်အချက်အလက်တွေကို နားထောင်လာခဲ့ပါတယ်။ ဥပမာ သူက အနက်ရောင်မျှော်စင်ထဲကို ဝင်လိုက်ပြီဆိုရင် လုံးဝ ပြီးပြည့်စုံတဲ့ အကာအကွယ် ရရှိထားသလိုပါပဲ။ စွမ်းအင် ပမာဏ ဘယ်လောက်ပဲ ဖြစ်ဖြစ် သူ့ကို ဒဏ်ရာ မရစေနိုင်ပါဘူး။ ပြီးတော့ ပတ်ဝန်းကျင်က ဘယ်လောက် အန္တရာယ် များနေပါစေ သူ့ကို ဒဏ်ရာ မရစေနိုင်ပါဘူး။

ဟုတ်ပါတယ်။ ဒီကမ္ဘာကြီးမှာ အကန့်အသတ်နဲ့ ရှိကြပါတယ်။

လင်းဟန်က ဒီကမ္ဘာအထက်မှာ စကြာဝဠာဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေ ဝင်နိုင်တဲ့ ကြီးမားတဲ့ ကမ္ဘာ တစ်ခု ရှိတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ကမ္ဘာ နှစ်ခုမှာ တားဆီးပိတ်ပင်ထားတဲ့ အရာ တစ်ခု ရှိပြီးတော့ ၎င်းတို့ကို ခွဲခြားပစ်လိုက်ဖို့ အရမ်းကို ခက်ခဲပါတယ်။ လင်းဟန်ရဲ့ ယခင်ဘဝတုန်းက နတ်ဘုရား ဂိဉာဉ် တစ်ခုကို ဘယ်တုန်းကမှ မမြင်ဖူးသလို စကြာဝဠာဖျက်ဆီးခြင်း အဆင့် အသက်ရှင် နေထိုင်တာကိုလဲ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါဘူး။

ဘာပဲဖြစ်ဖြစ် ဒီလိုမျိုး သန်မာတဲ့ သူတွေနဲ့ အခု တွေ့ကြုံဖို့ဆိုတာက မဖြစ်နိုင်ပါဘူး။ လုံးဝ စိုးရိမ်ပူပန်နေစရာလဲ မလိုပါဘူး။

ဒါ့အပြင် အနက်ရောင် မျှော်စင် အထဲမှာ သူက လုံးဝကို အစွမ်းရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက နတ်ဘုရားပစ္စည်းရဲ့ အရှင်သခင် ပါ။ သူပျံနိုင်တယ်။ သူတည်နေရာ ရွှေ့ပြောင်းနိုင်တယ်။ သူက အနက်ရောင် မျှော်စင်အတွင်းမှာ စည်းမျဉ်းစည်းကမ်းတွေကို ကြိုက်သလို ပြောင်းလဲနိုင်တယ်။ ဒါက သူ့ရဲ့ ယခင် ဘဝတုန်းက

ကောင်းကင်အဆင့် ကျင့်ကြံသူတစ်ယောက်ရဲ့ နေ့ရက်တွေနဲ့ တူပါတယ်။

မဟုတ်သေးဘူး ကောင်းကင်အဆင့်ထက်တောင်မှ သာလွန်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ ကောင်းကင်အဆင့်မှာ စည်းမျဉ်းစည်းကမ်းတွေကို ပြောင်းလဲတာနဲ့ တည်နေရာရွှေ့ပြောင်းဖို့ စွမ်းရည်တွေ မရှိပါဘူး။

ဒီလိုမျိုးတောင်မှ ပြောနိုင်ပါတယ်။ ဓါးကေရာဇ် ရဲ့ အသက်တောင်မှ လင်းဟန်ရဲ့ သနားကြင်နာမှ ဖြစ်ပါလိမ့်မယ်။ ဓါးကေရာဇ်ရဲ့ ခွန်အားက အနက်ရောင် မျှော်စင်ကို မကျော်လွန်နိုင်ပါဘူး။

မကြာခင်မှာပဲ လင်းဟန်က အလယ်ခန်းမ ဆီကို ရောက်လာခဲ့ပါတယ်။ အဝေးကနေ ကြည့်တာတော့ တိုးကျပ် ပြည့်နှက်နေတဲ့ လူအုပ်ကြီးလည်း မရှိတော့ပါဘူး။ ရုံဟွမ်ရွှမ် ကတော့ မထွက်သွားသေးပဲနဲ့ အခွင့်အရေးကို စောင့်နေတုန်းပဲလို့ ယူဆလို့ ရပါတယ်။

လင်းဟန်က သူ့ရဲ့ စွမ်းအားတစ်ကြိမ်မြှင့်လို့ရတဲ့ အခွင့်အရေးကို အလောင်းကောင် စစ်သားအပေါ်မှာ

အသုံးမပြုချင်ပါဘူး ပြီးတော့ အဝိကကိစ္စက လှိုယုထန်ကို ကယ်ရပါဦးမယ်။

သူက အနီးဂန်းကျင်ကို လှည့်ပတ်ကြည့်ရှုပေမဲ့ အောင်းယန်မင်းတို့ရဲ့ အရိပ်အယောင်ကို ရှာမတွေ့ခဲ့ပါဘူး။

လျို့ပုက်နယ်ပယ်ရဲ့ အရွယ်အစားက တိုင်းပြည်တစ်ခုရဲ့ အရွယ်အစားလောက် ရှိပါတယ်။ ဒီနေရာမှာ တစ်စုံတစ်ယောက်ကို ရှာဖို့ ဘယ်လောက်တောင်မှ ခက်ခဲလိမ့်မလဲ။

လင်းဟန်ရဲ့ အတွေးနဲ့ အတူ ဟူးညိုက သူ့ရဲ့ဘေးမှာပေါ်လာခဲ့ပါတယ်။ ဒီမိန်းကလေး က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီးတဲ့အခါမှာ အနက်ရောင်မျှော်စင် အထဲမှာ တစ်ယောက် တည်း ပျင်းနေပြီးတော့ အော်ဟစ်ငိုယိုနေပါတယ်။

သူက ဟူးညိုရဲ့ လက်ကို ကိုင်ပြီးတော့ တစ်စုံတစ်ယောက်ကို ရှာပြီး မေးဖို့ အစီစဉ် ဆွဲလိုက်ပါတယ်။

တစ်ခဏမျှလျှောက်ပြီးတဲ့နောက် ဒီပတ်ဂန်းကျင်မှာ ဘယ်သူမှ မရှိပါဘူး။ လင်းဟန်က စိတ်ပျက်ပြီးတော့

တီးတိုးရွတ်ဆိုလိုက်ပါတယ်။

``ဒီကောင်တွေ ဘယ်ကိုများ ထွက်သွားပါလိမ့်``

``လင်းဟန်.. ဘယ်သူ့ကို ရှာနေတာလဲ``

ဟူးညို့က မေးလိုက်ပါတယ်။

``ယုထန်နဲ့ ဟိုကောင် အောင်းယန်မင် ``

လင်းဟန်က ပြောလိုက်ပါတယ်။

ဟူးညို့က သူမရဲ့ လက်ကို ထောင်ပြီးတော့ ပြောလိုက်ပါတယ်။

``ညို့ သိတယ်``

``ညို့ညို့ သိတယ်ဟုတ်လား``

လင်းဟန်က သံသယ ဖြစ်သွားခဲ့ပါတယ်။

ဟူးညို့က နှာခေါင်းကို ရှုံ့ချည်ပွချည် လုပ်ပြီးတော့

ပြောလိုက်ပါတယ်။

``ညို့ အနံ့ခံနိုင်တယ်``

လင်းဟန် အံ့အားသင့်သွားခဲ့ပါတယ်။ သားရဲကောင်တွေက အနံ့ခံ အာရုံ ကောင်းတယ် ဆိုတာကို သူသိထားပေမဲ့လည်း ဒီမိန်းကလေးက ရက်စက် ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်နဲ့ ကြီးပြင်းလာခဲ့တာပါ။ သူမရဲ့ အနံ့ခံနိုင်စွမ်းက တကယ်ပဲ မြှင့်တင်နိုင်လိုလား။ ဘာပဲဖြစ်ဖြစ် သူက မှန်ကန်တဲ့ လမ်းကို မသိပါဘူး။ ဒါကြောင့် ဒီမိန်းကလေးပြောတာကို နားထောင်လိုက်လဲ ဘာမှတော့ မဖြစ်နိုင်ပါဘူး။

``ကောင်းပြီလေ.... မင်း ပဲ ဦးဆောင်တော့``

သူက ပြောလိုက်ပါတယ်။

ဟူးညိုက ရုတ်တရက် ပျော်သွားပြီးတော့ ချက်ချင်းပဲ တစ်နေရာရာကို ဦးတည်ပြီး လမ်းလျှောက်သွားလိုက်ပါတယ်။

လင်းဟန်က အနောက်ကနေ လိုက်ပြီး သူတို့နှစ်ယောက်က မရပ်မနား ခရီး သွားကြပါတယ်။ သူတို့ရပ်လိုက်တဲ့ အချိန်က

ဟူးညို ဗိုက်ဆာလို့ပဲဖြစ်ဖြစ် ဒါမှမဟုတ် သူမက အနံ့ခံဖို့ပဲဖြစ်ဖြစ် ရပ်လိုက်တာဖြစ်ပါတယ်။ နစ်ရက်ခန့် ကြာတဲ့အခါမှာ ဟူးညိုရဲ့ လှုပ်ရှားမှု က သိသိသာသာနဲ့ နှေးကွေးလာပါတယ်။

``သူမကို ရှာတွေ့တော့မယ်``

ဟူးညိုက ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြလိုက်ပါတယ်။ ဟူးညိုက သားရဲကောင်တွေရဲ့ သားကောင် ချောင်းတဲ့ အကျင့်စရိုက် ကို ထိန်းသိမ်းထားခဲ့ပါတယ်။ သူမရဲ့ သားကောင်နဲ့ နီးကပ်လာလေ သူမက သတိကြီးကြီးထားလေပါပဲ။ သူက ပြောလိုက်ပါတယ်။

``ဟူးညို မျှော်စင်ထဲမှာ အရင်ဆုံး သွားကစားလိုက်ဦး... ငါ ယုထန်ကို ကယ်ပြီး တော့မှ တူတူဆော့မယ်နော်``

``ဟုတ်ကဲ့ ဟုတ်ကဲ့``

ဟူးညိုက ထပ်ခါထပ်ခါ ခေါင်းငြိမ့်လိုက်ပါတယ်။ ပြီးတော့ လင်းဟန်က သူမကို အနက်ရောင်မျှော်စင်ထဲကို

ပြန်ထားလိုက်ပါတယ်။

လင်းဟန်က အရှေ့ကို ဆက်သွားပြီးတော့ တစ်ခဏမျှကြာတဲ့နောက်မှာ အရှေ့တည့်တည့်မှာ ရွက်ဖျင်တဲ ငါးခုကို သူမြင်ခဲ့ပါတယ်။သူက ကြီးမားတဲ့ သစ်ပင်ကြီးတစ်ခု အပေါ်ကို ခုန်တက်လိုက်ပြီးတော့ သေချာစောင့်ကြည့်လေ့လာ လိုက်ပါတယ်။

အချိန်နည်းနည်းကြာတော့ သူက အောင်းယန်မင်၊ ဦးလေးဖူနဲ့ တစ်ခြား အခြွေအရံ နှစ်ယောက်က ရွက်ဖျင်တဲတွေကနေ ထွက်လာပြီးတော့ အသားကင်ဖို့ မီးစမွှေး နေတာကို မြင်လိုက်ရပါတယ်။ အသားကင် အနံ့ ထွက်ပေါ်လာတဲ့ အခါမှာ အောင်းယန်မင်က ရွက်ဖျင်တဲ တစ်ခုရဲ့ အရှေ့ကို လျှောက်သွားပြီး အထဲကို တစ်စုံ တစ်ခု ပြောလိုက်ပါတယ်။ တစ်ခဏမျှအကြာမှာ မိန်းကလေးတစ်ယောက် ထွက်လာကို လင်းဟန် မြင်လိုက်ပါတယ်။ သူမကတော့ လွှီယုထန်ပါ။

``ဟင့်``

ဦးလေးဖူ က အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပြီးတော့ ကြီးမားတဲ့ ငှက်ကြီး တစ်ကောင်လိုမျိုး ခုန်ထွက်လာပြီး

လင်းဟန် ပုန်းနေတဲ့ သစ်ပင်အောက် ကို ခြေချ လိုက်ပါတယ်။

``ဦးလေးဖူ တစ်ခုခုများ တွေ့လိုက်လို့လား``

အောင်းယန်မင်က မေးလိုက်ပါတယ်။

ဦးလေးဖူက အပေါ်ကို မော့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ အစိမ်းရောင် သစ်ရွက် တွေပဲရှိပြီးတော့ တစ်ခုခု ထူးခြားနေတာမျိုး မတွေ့ရပါဘူး။ သူက ခေါင်းကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

``ကျနော် အစိုးရိမ်လွန်သွားတာ ဖြစ်ပါလိမ့်မယ်``

သူက တစ်စုံတစ်ယောက်က သူတို့ကို စောင့်ကြည့်နေတယ်လို့ ခံစားရတဲ့ အတွက် ချက်ချင်း ခုန်ထွက်လာခဲ့တာပါ။ ဒါပေမဲ့ ဘယ်သူ့ပိုမှ မတွေ့ပါဘူး။

ဒီအကွာအဝေး နည်းနည်းလေးအတွင်းမှာ အဆင့်တူတဲ့ ဘယ်သူမဆို သူ့ရဲ့ မျက်လုံး ကနေ လွတ်မြောက်သွားနိုင်မှာမဟုတ်ဘူးလို့ သူက ယုံကြည်နေပါတယ်။ စိတ်ဂိဉာဉ်ပုလ္လင်အဆင့် တွေက

ဒီလို့ပုက်နယ်ပယ်ထဲကို ဂင်လာလို့ မရပါဘူး။ ဒါကြောင့် သူက အစိုးရိမ်လွန်သွားတာဖြစ်မယ်လို့ ကောက်ချက်ချ လိုက်ပါတယ်။

အဘိုးကြီးက ပြန်လာပြီးတော့ ထိုင်ချလိုက်ပီး လွီယုထန်ကို ကြည့်ပီးတော့ မကျေမနပ် တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

``မိန်းကလေးလွီ... ငါတို့သခင်လေးက မင်းကို ကြင်ကြင်နာနာနဲ့ ဆက်ဆံနေတာ .. ဘာဖြစ်လို့ မင်းအတွက် ဘယ်ဟာက ကောင်းလဲဆိုတာကို မင်းက မသိရတာလဲ``

``ဦးလေးဖူ``

အောင်းယန်မင်က သူရဲ့ လက်ကို အလျင်အမြန်ပွေ့ယမ်းပြီးတော့ ဦးလေးဖူကို ဆက်ပြီး မပြောဖို့ တားလိုက်ပါတယ်။ အဲဒီနောက်မှာ သူက လွီယုထန်ကို လှည့်ကြည့်ပြီး ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

``ဦးလေးဖူက ငါ့အတွက် စိုးရိမ်ပူပန်နေတာပါ... သူ့ကို အပြစ်မတင်ပါနဲ့ ယုထန်``

ပိတ်ရက်အတွက်အပိုင်း (၂၃၁) အမြင်မှုန်နေတာလား

လွီယုထန်က အေးစက်စွာနဲ့ ရီမောလိုက်ပါတယ်။

သူမက ခရီးတစ်လျှောက်မှာ အစားစားတာနဲ့ အိပ်စက်တဲ့အခါမှာ အလျင်အမြန်နဲ့ လှုပ်ရှားဆောင်ရွက်ပါတယ်။ သူမက ဆာလောင်မွတ်သိပ်တာတို့ ခရီးအမြန် သွားတာတို့နဲ့ ပတ်သတ်ပြီးတော့ လုံးဝ မငြီးငြူခဲ့ပါဘူး။ ဒါပေမဲ့ သူမ ပြောစရာ မလိုတဲ့ အချိန်မှာ စကားလုံးဝကို မပြောပါဘူး။ ဒါက အောင်းယန်မင် ကို ကျားတစ်ကောင်က လိပ်တစ်ကောင်ကို ကိုက်နေသလို ဘယ်ကဘယ်လို အစ ရှာရမှန်းမသိအောင် ခံစားနေရပြီး ဘယ်လိုချဉ်းကပ်ရမလဲဆိုတာကို မသိဖြစ်ပြီးတော့ ညှိုးငယ်ထိုင်းမှိုင်းစေပါတယ်။

သူက လွီယုထန် အပေါ်မှာ သူ့ရဲ့ နောက်ခံအင်အား၊အဆင့်အတန်း နဲ့ ခွန်းအားတွေ ကို အသုံးပြုပြီးတော့ လှုပ်ရှားလာစေချင်ခဲ့ပါတယ်။ ဒါပေမဲ့ လွီယုထန်ရဲ့ မျက်လုံးထဲမှာ သူက လုံးဝရှိမနေပါဘူး။ အဲဒါက သူ့ကို ရှုံးသွပ်လုမတတ် ဖြစ်စေခဲ့ပါတယ်။

ဒီတစ်ကြိမ် အောင်းယန်မင် ရဲ့ ခံစားချက်ကလဲ

စိတ်ပျက်ညိုးငယ်မှုနဲ့ပဲ အဆုံးသတ် သွားခဲ့ပါတယ်။ လွှီယုထန်က စားလိုသောက်လို ပြီးတဲ့အခါမှာ သူမရဲ့ ရွက်ဖျင်တဲ ထဲကို ပြန်ဝင်သွားခဲ့ပါတယ်။ သူမပုံစံက ညှော်သည် တစ်ယောက်လိုမျိုး ဖြစ်နေပါတယ်။

``ဟင့်``

အောင်းယန်မင်ရဲ့ မျက်နှာပေါ်က အပြုံးက ပျောက်ကွယ်သွားခဲ့ပါတယ်။ ပြီးတော့ သူမျက်နှာက ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။

သူက အချိန်အများကြီး အသုံးပြုပြီးတာတောင်မှ အမျိုးသမီးတစ်ယောက်ကို မထိန်းချုပ်နိုင်ပါဘူး။ သူ့ရဲ့ စိတ်ရှည်သည်းခံမှုတွေ ကုန်လုနီးပါး ဖြစ်သွားပါတယ်။ ဒီမတိုင်ခင်က သူ့ရဲ့ ဆောင်းလဂိုဏ်း တိုက်ရိုက်တပည့်ဆိုတဲ့ အဆင့်အတန်းကို ကြေညာလိုက်ရင် ဘယ်အမျိုးသမီးကများ သူ့ရဲ့ လက်မောင်းထဲကို ချက်ချင်း ပြေးမဝင် လာတာ ရှိဖူးလို့လဲ။

တကယ်လို့ တစ်ချို့ အမျိုးသမီးတွေက ခပ်တန်းတန်းနေခဲ့မယ် ဆိုရင်တောင်မှ တစ်ခြားသူတွေ အတွက် သူ့ရဲ့ လက်မောင်းတွေထဲကို ချက်ချင်း

ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ပြေးဝင်လာဖို့အတွက် သူ့အနေနဲ့ အနည်းငယ် အေးစက်စက် ပြုမှုလိုက်ဖို့ပဲ ရှိပါတယ်။

ဒါပေမဲ့ လှိုင်ယုထန် က သူ့ရဲ့ နည်းလမ်းတွေ အကုန်လုံး ကုန်ခမ်းသွားခဲ့တာတောင် သူ့ကို လုံးဝ လစ်လျူရှုထားခဲ့ပါတယ်။

ဦးလေးဖူက သူ့အနားကို ကပ်ပြီးတော့ ပြောလိုက်ပါတယ်။

``သခင်လေး... သော့က သခင်လေးဆီမှာ ရှိသေးတယ်မဟုတ်လား``

အောင်းယန်မင် ခေါင်းငြိမ့်လိုက်ပါတယ်။ တကယ်လို့ လင်းဟန် မသေဘူးဆိုယင် လှိုင်ယုထန်က လင်းဟန် ကိုပဲ စဉ်းစားပြီးတော့ သူမရဲ့ နှလုံးသားထဲမှာ သူ့ကို ထည့်ထားမှာမဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်က အဝေးကို ပြေးနိုင်သမျှ ပြေးသွားပြီး သူက လင်းဟန်ကို ဘယ်လိုရှာပြီးတော့ သတ်ပစ်ရမှာလဲ။

ပိုပြီးတော့ အရေးကြီးတာက လင်းဟန်ရဲ့ လက်ထဲမှာ ရှေးဟောင်းမှတ်တမ်း ရှိနေပါသေးတယ်။

သူရဲ့ မှတ်ဉာဏ်က မဆိုးပါဘူး။ ဒါပေမဲ့ ရှေးဟောင်းမှတ်တမ်း တစ်ခုလုံးကို တစ်ကြိမ်ပဲ ဖတ်ပြီးတော့ သူရဲ့ မှတ်ဉာဏ်ထဲ ထည့်ထားနိုင်လောက်တဲ့ အဆင့်ထိတော့ မရောက်သေးပါဘူး။ မြောက်များစွာသော ပုံတွေကို အသာထားဦး.. ၎င်းကို မှတ်ဉာဏ်ထဲ ထည့်ဖို့က အရမ်းကို ခက်ပါတယ်။

ဆောင်းလကိုဏ်းကလည်းပဲ နတ်ဆိုးကောင်းကင်လျှို့ဝှက်နယ်ပယ် ကို အရမ်းကို စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ လျှို့ဝှက်နယ်ပယ် ပွင့်တဲ့ တစ်ကြိမ်နဲ့ တစ်ကြိမ် ကြားကာလ က အရမ်းကို ရှည်ပြီးတော့ သတ်မှတ်လို့မရပါဘူး။ ဒါကြောင့် ၎င်းကို ရယူနိုင်ဖို့က အရမ်းကို ခက်ပါတယ်။သူက မိုးရေနိုင်ငံကို လာတဲ့အချိန်မှာပဲ မတော်တဆ တိုက်ဆိုင်ပြီးတော့ လျှို့ဝှက်နယ်ပယ် ပွင့်တာနဲ့ ကြုံတွေ့ခဲ့ ပါတယ်။ ဒါကြောင့် သူလုပ်ရမဲ့ ကိစ္စတွေကို ခဏဘေးဖယ်ထားပြီးတော့ လျှို့ဝှက်နယ်ပယ် ထဲကို ဝင်လာခဲ့ပါတယ်။

သူက သွေးဖုတ်ကောင် တွေအကြောင်းကို နည်းနည်းလေးမှ ဂရုမစိုက်ပါဘူး။ ဘယ်လိုပဲ ဖရိုဖရဲ တွေဖြစ်နေပါစေ ဒါက မြောက်ဘက် အစွန်အဖျားဒေသက နိုင်ငံကိုးခုရဲ့

ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ဆောင်းလဂိုဏ်းမှာ ကြီးကြပ်ကွပ်ကဲ တဲ့ စိတ်ဂိုဉာဉ် နတ်သူငယ်အဆင့် ဘိုးဘေးတွေ ရှိပါတယ်။ ဒါကြောင့် တကယ်လို့ သွေးဖုတ်ကောင် တစ်ကောင်က သူတို့ရဲ့ တံခါးဆီကို ရောက်လာခဲ့မယ် ဆိုယင်တောင်မှ သူတို့က ၎င်းကို လွယ်ကူစွာနဲ့ သတ်ပစ်ပါလိမ့်မယ်။

ဒါကြောင့် သူက လျှို့ဝှက်နယ်ပယ်ရဲ့ အနက်ပိုင်းကို စူးစမ်းလေ့လာချင်နေတာ ဖြစ်ပြီးတော့ အဲဒီမှာ အလွန်ကြီးမားတဲ့ အခွင့်အရေးတစ်ခုက သူ့ကို စောင့်နေ ပါလိမ့်မယ်။

မူလကတော့ သူက အရမ်းကို ကံကောင်းပြီးတော့ ဒေသခံတစ်ယောက်ရဲ့ နေ့စဉ် မှတ်တမ်းစာအုပ်တစ်အုပ်ကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူက စာမျက်နှာ အနည်းငယ်ကို လှန်လှော ကြည့်ရှုပြီးရုံပဲ ရှိသေးတယ် အမဲလိုက်ခံရပါတယ်။ သူက ၎င်းကို သစ်ခေါင်း တစ်ခုထဲမှာ ဖွက်ထားပြီးတော့ ထွက်ပြေးရပါတယ်။ ပြီးတော့ သူလုံးဝ မမျှော်လင့်ထားတာက လင်းဟာန်ကို သူ့ရဲ့ အသက်ကိုကယ်ဖို့ အတွက် ၎င်းစာအုပ်ကို ကမ်းလှမ်းခဲ့ရမယ် ဆိုတာကိုပါပဲ။

သူက အရှက်ကွဲခဲ့ပြီးတော့ ရှေးဟောင်းမှတ်တမ်းကို

ဆုံးရှုံးခဲ့ပါတယ်။ ဒီ အကြောင်းပြချက် နှစ်ခုကပဲ သူက လင်းဟန်ကို သတ်ပစ်ချင်အောင် လုပ်ခဲ့တာပါ။

``ဒီကောင် က နောက်တစ်ကြိမ် ပြန်မပေါ်လာတော့ဘူးလား``

ရှေးဟောင်းမှတ်တမ်းရဲ့ မြေပုံကို လမ်းညွှန်မှုအဖြစ်နဲ့ မရှိပဲနဲ့ လျို့ဂှက်နယ်ပယ် က ခြေလှမ်းတိုင်းမှာ ဆူးညောင့်ခလုတ်တွေနဲ့ ပြည့်နက်လိုနေပါတယ်။ ဦးလေးဖူရဲ့ ကာကွယ်ပေးမှုနဲ့ တောင်မှ သူက အနက်နက်ရှိုင်းရှိုင်းထိ စွန့်စားပြီးတော့ မသွားရဲ ပါဘူး။

လူလေးယောက်က တစ်ခဏကြာမျှ စကားပြောကြပြီးတဲ့နောက်မှ သူတို့ရဲ့ ကိုယ်ပိုင် ရွက်ဖျင်တဲတွေဆီကို ပြန်သွားကြပါတယ်။

လင်းဟန်က ဒါတွေအားလုံးကို အနက်ရောင်မျှော်စင်အထဲကနေ စောင့်ကြည့်နေခဲ့ ပါတယ်။

မျှော်စင်လေးရဲ့ လမ်းညွှန်မှုနဲ့ သူက အခြေခံအားဖြင့်တော့ အနက်ရောင် မျှော်စင်ကို ထိန်းချုပ်နိုင်ပြီး သူက မျှော်စင်ထဲမှာကနေ တွေးလိုက်တာနဲ့ ပတ်ဂန်းကျင်ကို

ကြည့်နိုင် ကြားနိုင် လာပါတယ်။ ဒါပေမဲ့ ဒါကလဲ အကွာအဝေး ကန့်သတ်ချက် ရှိပါတယ်။

သူ့ကို အစောပိုင်းတုန်းက ဦးလေးဖူ က ရာတွေခါနီးမှာ အနက်ရောင် မျှော်စင်ထဲ ကို ဝင်လိုက်တာဖြစ်ပြီးတော့ အနက်ရောင်မျှော်စင်ထဲမှာ ရှိနေတဲ့အချိန်မှာ မျှော်စင်လေး က သူ့ကို အပြင်ဘက်က အခြေအနေတွေကို ဖန်သားပြင်ကို ကြည့်သလိုမျိုး စောင့်ကြည့်နိုင်တဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။

အနက်ရောင်မျှော်စင် ကို သူရဲ့ ကိုယ်ပွားအဖြစ် ကျိန်းသေ သတ်မှတ်ယူဆဖို့ သူ့အနေနဲ့ အပြည့်အဝ မထိန်းချုပ်နိုင်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့အတွက် အလွှာရှစ်ခုက မပွင့်သေးပါဘူး။

သူက အနက်ရောင်မျှော်စင်အတွင်းကနေ ပေါ်လာပြီးတော့ ပေါ့ပါးညင်သာစွာနဲ့ လွှိုယုထန်ရဲ့ ရွက်ဖျင်တဲဆီကို ဦးတည်ပြီး လမ်းလျှောက်သွားလိုက်ပါတယ်။ ဒါပေမဲ့ သူက ခြေနှစ်လှမ်းမျှပဲ လျှောက်ပြီးတော့ အနက်ရောင်မျှော်စင်ထဲကို ဝင်သွားလိုက် ပါတယ်။

လျှပ်ပြက်သလို ပုံရိပ်တစ်ခုက ပေါ်လာခဲ့ပြီးတော့

ဦးလေးဖူက သူရဲ့ ရွက်ဖျင်တဲ ထဲကနေ ထူးဆန်းတဲ့ အမူအရာနဲ့ ထွက်လာခဲ့တာပါ။

ယခုပဲ သူက ထူးဆန်းတဲ့ လှုပ်ရှားမှု့ အသံ တစ်ခုကို ကြားလိုက်ရပြီးတော့ တရားခံ ဘယ်မှာလဲဆိုတာကို ကြည့်ပြီး ပြေးထွက်လာတဲ့အခါမှာ ဘာကိုမှ မမြင်ခဲ့ရပါဘူး။

ဒီ တိုတောင်းလှတဲ့ အချိန်အတွင်းမှာ သူရဲ့ အသိအမြင် ဇရိယာကနေ တစ်စုံတစ်ယောက် သာရှိနေရင် လွတ်မြောက်နိုင်လိမ့်မယ်လို့ လုံးဝ မယုံကြည်ခဲ့ ပါဘူး။ ဒါကြောင့် သူက အရမ်းကို ထူးဆန်းနေသလို ခံစားရပါတယ်။ နစ်ကြိမ်တောင် သူ ကောက်ချက်ချတာ မှားယွင်းခဲ့ပြီးတော့ သူ့ကိုယ်သူ အမြင်အာရုံတွေ ဝေဝါးနေပြီ လားလို့တောင် မေးခွန်းထုတ်ချင်လာတဲ့အထိ သက်ာမကင်းဖြစ်လာပါတယ်။

အဘိုးကြီးက အကြောင်းမဲ့သက်သက်နဲ့ အချိန်ဖြုန်းပြီး မတ်တပ်ရပ်နေခဲ့ပါတယ်။ ထို့နောက်မှာတော့ သူရဲ့ ခေါင်းကို ခါပြီးတော့ ရွက်ဖျင်တဲထဲကို ပြန်ဝင်သွားခဲ့ပါတယ်။ ဒါပေမဲ့ အသက်ရှူချိန် အနည်းငယ်အတွင်းမှာပဲ သူက နောက်တစ်ကြိမ် လျှပ်ပြက်သလို တဟုန်ထိုး ပြေးထွက်လာပြီးတော့ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး ဘယ်သူမှ မရှိဘူးဆိုတာကို အတည်ပြုတဲ့အနေနဲ့

ကြည့်ပြီးတော့ ရွက်ဖျင်တဲ ထဲကို နောက်တစ်ကြိမ် ပြန်ဝင်သွားခဲ့ပါတယ်။

အဘိုးကြီးက အရမ်းကို သံသယဝင်နေပါတယ်။

လင်းဟန်က ဒါကို တွေးမိသော်လည်း တကယ်လို့ သူသာ အဲဒီနေရာမှာသာဆိုရင် တစ်ယောက်ယောက်က သူ့ရဲ့ ပန်းခြံအတွင်းကို ဝင်ရောက်ထိတွေ့ခဲ့မယ်ဆို သူ့ကိုယ်သူ သေချာပေါက် လုံးဝ သံသယ ဝင်မှာမဟုတ်ပါဘူး။ တစ်ယောက်ယောက် က တော့ ဝင်လာခဲ့တာ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ သူက ဒါကို သတိမပြု မိဘူးဆိုရင် တစ်ခြားလူတစ်ယောက်ရဲ့ ပုန်းအောင်းခြင်း နည်းလမ်းတွေက အရမ်းကို အဆင့်မြင့်မားလို့ပဲ ဖြစ်ပါလိမ့်မယ်။

သူက နောက်တစ်ကြိမ် ထပ်ပေါ်လာခဲ့ပြီး ခြေနှစ်လမ်းတောင် မလျှောက်ရသေးဘူး လျှပ်ပြက်သလို အနက်ရောင်မျှော်စင်ထဲကို ပြန်ဝင်ပြီးတော့ နောက်တစ်ကြိမ် ပျောက်ကွယ်သွားခဲ့ ပြန်ပါတယ်။

ဦးလေးဖူ က ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်က အမူအရာက အရမ်းကို ထူးဆန်းနေပါတယ်။ သူက ခေါင်းကို

ထိုးဖွပြီးတော့ သူ့ပုံစံကိုကြည့်ရတာ ရှုးသွပ် သွားသလိုပါပဲ။ ဒီတစ်ကြိမ် သူက အပြင်ဘက်မှာ အနည်းဆုံး ငါးမိနစ်လောက် အချိန်တော်တော်ကြာအောင် ထိမတ်တပ်ရပ်နေပြီးမှ ရွက်ဖျင်တဲ ထဲကို ပြန်လှည့်ဝင်သွားခဲ့ပါတယ်။

လင်းဟန် ပေါ်လာပြီးတော့ ခြေတစ်လှမ်းထဲနဲ့ လှီယုထန်ရဲ့ ရွက်ဖျင်တဲထဲကို ခုန်ဝင်လိုက်ပါတယ်။

``အား``

လှီယုထန်က အံ့အားသင့်ပြီးတော့ ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

ဒီအသံက အောင်းယန်မင် နဲ့ တစ်ခြားသူတွေကို နိုးကြားဖျတ်လက်သွားစေခဲ့ ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် သူတို့ရဲ့ ရွက်ဖျင်တဲဆီကနေ ခုန်ထွက်လာခဲ့ပြီး အောင်းယန်မင်က မေးလိုက်ပါတယ်။

``မိန်းကလေးယုထန်.. ဘာကိစ္စဖြစ်လို့လဲ``

``ဘာမှမဟုတ်ပါဘူး ... ငါအိမ်မက်ဆိုး မက်နေလို့ပါ``

လှီယုထန်က လင်းဟန်ကို မယုံနိုင်တဲ့ အကြည့်နဲ့ စူးစိုက်ကြည့်ပြီးတော့ သူမရဲ့ နှလုံးသားထဲက အံ့ဩထိတ်လန့်နေမှုကို ကြိုးစားဖိနှိပ်ပြီးတော့ သူမကိုယ်သူမ အကောင်းဆုံး ဖြစ်အောင် လုပ်ပြီး တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

အပြင်ဘက်က လူလေးယောက်ကလဲ သံသယ မရှိကြပါဘူး။ ဘယ်သူကမှ တစ်ယောက်ယောက်က တကယ်ပဲ ခိုးကြောင်ခိုးဝှက်နဲ့ ဝင်လာတယ်လို့ မတွေးကြပါဘူး။ သူတို့ရဲ့ ကိုယ်ပိုင်ရွက်ဖျင်တဲထဲကို တစ်ယောက်ပြီးတစ်ယောက် ပြန်ဝင်သွားခဲ့ကြပါတယ်။

``ဒီနေရာက အရမ်းကို အန္တရာယ်များတယ်.. နင်မြန်မြန်ထွက်သွားတော့``

လှီယုထန်က အရမ်းကို တိတ်ဆိတ်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

``မစိုးရိမ်ပါနဲ့... ငါက အထဲကို ဝင်လာနိုင်တဲ့ စွမ်းရည်ရှိနေမှတော့.. ပြန်ထွက်နိုင်တဲ့ စွမ်းရည်လဲ ရှိလို့ပေါ့``

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အန်းယောင်မင်ကို ခေါ်လိုက်``

လွီယုထန် ရဲ့ မျက်လုံးက ချက်ချင်းဆိုသလို ပင့်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ငါတို့က သူကို ဓါးစာခံအဖြစ် အသုံးပြုမလို့လား``

အမှန်တကယ်တော့ လင်းဟန်မှာ အဲဒီအစီအစဉ်မရှိပါဘူး။ အနက်ရောင်မျှော်စင် အတွင်းမှာ ပုန်းကွယ်နိုင်တဲ့ စွမ်းရည်ကို ရပြီးတဲ့နောက်မှာ သူရဲ့ စွမ်းအားကို တစ်ကြိမ်မြင့်တင်ပေးနိုင်တဲ့ အခွင့်အရေးကို ဦးလေးဖူလို ခွေးအိုကြီး တစ်ကောင် အတွက် အသုံးပြုဖို့ စိတ်ကူးလုံးဝ မရှိခဲ့ပါဘူး။ သူရဲ့ လက်ရှိစွမ်းရည်နဲ့ အငေးကို ထွက်သွားဖို့အတွက် လုံလောက်ပါတယ်။

သူက ဘာမှမရှင်းပြတော့ပဲနဲ့ ပြောလိုက်ပါတယ်။

``သူ့ကိုသာ အရင်ဆုံးခေါ်လိုက်ပါ``

လွီယုထန်က ခေါင်းငြိမ့်လိုက်ပြီးတော့ သူမရဲ့ အသံကို

မြှင့်ပြီးေ ပြောလိုက်ပါတယ်။ယ

``သခင်လေးအောင်း... စကားစမြည် ပြောဖို့ အထဲကို လာနိုင်မလား။ ယုထန် မှာ မေးစရာလေးတွေ ရှိတယ်``

သူမရဲ့ စကားတွေကို ကြားလိုက်ရတဲ့အခါမှာ အောင်းယန်မင်ရဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ ဂုဏ်ယူဂင့်ကြွားတဲ့ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။

အခြေအနေက ပြောင်းလဲသွားပါပြီ။ လှီယုထန်ရဲ့ ခုခံမှုက အဆုံးမှာတော့ အလျော့ပေးလိုက်ပါပြီ။

သူက တကယ်ပဲ ချောမောလှပတဲ့ အမျိုးသမီးကို မြင်တွေ့ခဲ့ရတာပါ။ လှီယုထန်က အချောအလှတွေ ကြားထဲမှာတောင်မှ အသိအမှတ်ပြုရ လောက်အောင် ချောမော လှပ ပါတယ်။ သူရဲ့ သိက္ခာကိုတော့ ချထားလို့ မဖြစ်ပါဘူး။ အမျိုးသမီးတွေကို သူရဲ့ ကြိုးပမ်းအားထုတ်မှု အားလုံးက အောင်မြင်ခဲ့တာချည်းပါပဲ။ ဒါပေမဲ့ လှီယုထန် နဲ့ ကျမှ နံရံကို ဂင်ဆောင့်မိပါတယ်။ ဒါက သူ့ကို မရမက ဖွဲကောင်းကောင်းနဲ့ သူမရဲ့ စိတ်နှလုံးကို သိမ်းပိုက်စိုးမိုးဖို့ ဆုံးဖြတ်ချက် ကို ဖြစ်စေခဲ့ပါတယ်။

ဒါပေမဲ့ လွီယုထန် က သူမရဲ့ ရည်ရွယ်ချက်ကို အပေးအယူညှိလိုက်ဖို့ ထုတ်ဖော်လိုက်တော့ သူ့ရဲ့ စိတ်ဝင်စားမှုက လျော့ကျသွားခဲ့ပါတယ်။ ဒါက လူတွေ ပြောနေကြသလိုပါပဲ... ကိုယ့်မှာ မရှိတဲ့အရာဆိုရင် အရမ်းကို လိုချင်ကြတယ် ဆိုတဲ့ အတိုင်းပါပဲ။ ဒါပေမဲ့ သူက သူမကို တကယ်တမ်း မရသေးပါဘူး။ ဒါကြောင့် သူက စိတ်လှုပ်ရှားနေဆဲပါပဲ။ သူ့ရဲ့ အမူအရာကို ချက်ချင်းပဲ တည်ငြိမ်အောင် ပြင်ဆင်ပြီး လွီယုထန်ရဲ့ ရွက်ဖျင်တဲဆီကို လျှောက်သွားလိုက်ပါတယ်။

ဦးလေးဖူက မလှုပ်မရှားပဲ နေနေပါတယ်။ လွီယုထန်ရဲ့ ကျင့်ကြံခြင်းကို ချိတ်ပိတ် ထားပြီးမှတော့ သူမအနေနဲ့ တစ်ခြားလှည့်စားမှုတွေကို လုပ်နိုင်မှာ မဟုတ်ပါဘူး။

အပိုင်း(၂၃၂) မှောက်ချလိုက်

``ယုထန်``

အောင်းယန်မင်က ရွက်ဖျင်တဲကို ဖွင့်လိုက်ရုံရှိသေးတယ်.. လူငယ်လေး တစ်ယောက် က သူ့ကို ပြုံးပြနေတာကို မြင်လိုက်ရပြီးတော့ အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

``လင်းဟာန်``

``ရှုပ်``

ဦးလေးဖူက ချက်ချင်းဆိုသလို တဟုန်ထိုး ပြေးဝင်လာပါတယ်။ သူ့ရဲ့ တာဝန်က အောင်းယန်မင် ကို ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

အရမ်းကို နောက်ကျသွားပါပြီ။

အောင်းယန်မင်က လူငယ်လေးရဲ့ လက်ထဲမှာ ရောက်နေတာကို မြင်လိုက်ရပြီးတော့ ဓါးတစ်လက်က အောင်းယန်မင်ရဲ့ လည်ပင်းပေါ်မှာ တင်ထားပြီး သွေးစက် အနည်းငယ်က အောင်းယန်မင်ရဲ့ အရေပြားကနေ ကျဆင်းလို့ နေပါတယ်။ သူက ရပ်လိုက်ပါတယ်။

လင်းဟာန်က အခု ကြီးမားတဲ့ မူလဒြပ်စင်အမှုန်ကိုးခုကို ရောမ မူလဒြပ်စင်အမှုန် တစ်ခုအဖြစ် စမ်းရေမျက်လုံးတစ်ခုကို ဖန်တီးထားတဲ့ ငွေဦးစမ်းရေ အစစ်အမှန် တစ်ယောက် ဖြစ်ပါတယ်။ အခုဆို သူက သာမာန် ငွေဦးစမ်းရေအဆင့် ပထမ အလွှာ

တစ်ယောက်ထက် ဘယ်လောက်တောင် သန်မာနေပြီလဲ။သူက မူလဒြပ်စင်ငါးခု အမှုန်တွေနဲ့ စတင်ခဲ့ပြီးတော့ သူ့ရဲ့ စွမ်းအားက အဆင့်တူ တွေထဲက လူတွေထက် လေးဆ ငါးဆလောက် ပိုပြီးတော့ မြင့်ပါတယ်။ ဒီသူ့ရဲ့ စွမ်းအားက အနည်းဆုံး ဆယ်ဆ မြင့်မားပါတယ်။

ဒါက ဘာကြောင့်လဲဆိုတော့ သူက အဆင့်တက်ရုံမျှရှိပါသေးတယ်။ ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ပထမအလွှာရဲ့ အထွတ်အထိပ်အချိန်ကို မရောက် သေးပါဘူး။ ဒ့ါအပြင် သူ့ရဲ့ တိုက်ပွဲအစွမ်းထဲမှာ အမျိုးမျိုးသော သိုင်းပညာနည်းစနစ် တွေကို ထည့်သွင်းပြီး ရေတွက်ထားတာမရှိသေးပါဘူး။ စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည် နဲ့ ပါတ်သက်လို့ သူက လုံးဝကိုပဲ ကြယ်ကိုးလုံးကို ကျော်သွားပါတယ်။

နွေဦးစမ်းရေ အဆင့် ကြယ်ကိုးလုံး နဲ့ဒြပ်စင်စုစည်းခြင်းအဆင့် တစ်ယောက် ကို လက်တစ်ဖက်ထဲနဲ့ တစ်အားလွှဲရိုက်ဖို့ဆိုတာ မလွယ်ကူလွန်းဘူးလား။

``လင်းဟန်``

အောင်းယန်မင်က အံကြိတ်လိုက်ပါတယ်။ သူရဲ့ မျက်နှာမှာ ရက်စက်ကြမ်းကြုတ်ပြီး စိတ်တိုတဲ့ အမူအရာတစ်ခု ရှိနေပါတယ်။ သူထင်ထားတာက လွှီယုထန်က နောက်ဆုံးတော့ အညံ့ခံလာပြီလို့ တွေးထားတာပါ။ ဒါပေမဲ့ အဲဒီအစား သူမက လင်းဟာန် ကိုပဲ ရွေးချယ်ထားဆဲ ပါပဲ။

ဒါက သူရဲ့ မျက်နှာကို ပြင်းထန်တဲ့ လက်ဝါးရိုက်ချက် တစ်ချက်နဲ့ ရိုက်လိုက်သလို ခံစားရပါတယ်။

``သခင်လေးကို လွှတ်လိုက်စမ်း``

ဦးလေးဖူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ သတ်ချင် ဖြတ်ချင်တဲ့ ဆန္ဒနဲ့ ပြည့်နှက်လို့ နေပါတယ်။ အစောပိုင်းတုန်းက သံသယဖြစ်ဖွယ်ရာ လှုပ်ရှားမှုတွေကို အမြင်အာရုံမှားယွင်းပြီးတော့ သူက မြင်ခဲ့တာလို့ ခံစားနေတာတွေ အားလုံးကို ဒီကောင်လေးက သူ့ရဲ့ မျက်စိတွေကို လှည့်ဖျားတဲ့ အဆင့်မြင့် နည်းလမ်းတွေကို သုံးသွားခဲ့တယ်ဆိုတာကို နားလည်သွားခဲ့ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

``အဘိုးကြီး.. ခင်ဗျား ကျုပ်ကိုမခြောက်ပါနဲ့... ကျုပ်က အရမ်းကို ကြောက်တတ် တယ်။ ဒါကြောင့် ခင်ဗျားတစ်ကြိမ် ခြောက်လိုက်လို့ ကျုပ်ရဲ့ လက်တွေက ချော်သွားပြီး ခင်ဗျားသခင်လေးရဲ့ လည်ပင်းက ဟက်တက်ကွဲပြီး ပွင့်သွားမယ်ဆိုရင် ကျုပ်ကို အပြစ်မတင်နဲ့နော်``

သူက တမင်တကာ သူ့လက်ကို တုန်ခါသလို လုပ်ပြလိုက်ပါတယ်။ ပြီးတော့ အောင်းယန်မင်ရဲ့ လည်ပင်းကနေ ချက်ချင်းပဲ သွေးတစ်စက်က ယိုစိမ့် လာပြီးတော့ အောက်ကို ကျသွားပါတယ်။

ဦးလေးဖူရဲ့ မျက်နှာက လန့်ဖျပ်သွားပြီးတော့ ပြောလိုက်ပါတယ်။

``ရပ်လိုက်``

"ခင်ဗျားက ကျုပ်ကို ကြောက်သွားအောင် ထပ်လုပ်နေပြီ"

လင်းဟာန်က စောဒက ထပ်တက်လိုက်ပီးတော့ သူ့ရဲ့ လက်ကို ပိုပြီးတော့ ကြမ်းကြမ်းလေး လှုပ်လိုက်ပါတယ်။

ဦးလေးဖူ မျက်လုံးပြူးသွားပြီးတော့ အနောက်ကို

ခြေလှမ်းဆုတ်ပြီးတော့ ပြောလိုက် ပါတယ်။

"လူငယ်လေး.. ငါတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဒါပေမဲ့ အောင်းယန်မင်က အရမ်းကို စိတ်ကြီးဝင်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"လင်းဟာန် ငါက ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက် တပည့် တစ်ယောက်နော်.. တကယ်လို့ မင်း ငါ့ရဲ့ ဆံပင်မွေး တစ်ချောင်းကို ထိရဲရင် ထိကြည့်... ဆောင်းလဂိုဏ်းက မင်းရဲ့ အနားမှာရှိတဲ့ လူတွေအားလုံးကို အပိုင်းအပိုင်း အစစ ဖြစ်သွားအောင်လို့ လုပ်ပစ်လိမ့်မယ်"

"ဖြန်း"

လင်းဟာန်က အောင်းယန်မင်ရဲ့ ခေါင်းကို ပြင်းပြင်းထန်ထန် ရိုက်ချလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ခွေးလေခွေးလွင့်ကောင်.. ဒီလိုမျိုး မြင့်မြတ်သလို ခံစားချက်ကို ဘယ်နေရာကနေ မင်း ရတာလဲ။ ငါမင်းကို အိပ်မက်မက် နေတာကနေ နိုးလာတဲ့အထိ ရိုက်ပေး

ရလိမ့်မယ် နဲ့တူတယ်”

“လင်းဟန်….”

အောင်းယန်မင်က စူးစူးရှရှ အော်မြည်လိုက်ပါတယ်။ ကြီးပြင်းအရွယ်ရောက်လာ ကတည်းက အခုချိန်ထိ သူ့ရဲ့ ခေါင်းကို တစ်ခါမှ အရိုက်မခံရ ပါဘူး။ ဒါက သူ့ရဲ့ မျက်လုံးတွေကို နီရဲလာစေပြီးတော့ လင်းဟန်ကို မျက်ရည်ကျတဲ့ အထိ နပ်နပ်စဥ်း ပစ်မယ်လို့ လေးလေးနက်နက် ဆန္ဒရှိနေပါတယ်။

“ဘာအတွက်နဲ့ အော်ဟစ်နေတာလဲ”

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ အန်းယောင်မင်ကို ဂျပန်လက်နက်မဲ့ တိုက်ခိုက် နည်းစနစ် တစ်ခုဖြစ်တဲ့ ကရာတေး ပညာကို အသုံးပြုပြီးတော့ လက်ဝါးစောင်းနဲ့ ခုတ် လိုက်ပါတယ်။

“သခင်လေး”

ဦးလေးဖူက အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ အန်းယောင်မင်က သတိလစ်သွားရုံပဲ ဆိုတာကို

သတိပြုမိသွားတဲ့အတွက် အနည်းငယ် တည်ငြိမ်သွားပါတယ်။ လင်းဟန်ကို ပြန်ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးကို လွှတ်လိုက်... ဒါဆိုရင် ဒီအဘိုးကြီးက မင်းကို ဘာမှမဖြစ်စေရပဲနဲ့ ထွက်သွားခွင့်ပြုမယ်"

"ခွေးအိုကြီး.. လူတိုင်းလူတိုင်းကို ငတုံးအလို ခင်ဗျားထင်နေတာလား"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

"ကျုပ် သူ့ကို လွှတ်ပေးလိုက်တာနဲ့ ခင်ဗျား ဆီကနေ သင်ခန်းစာပေးတာတွေ ကို ကျုပ် ချက်ချင်းပဲ ခံရမှာပေါ့"

"ဒီအဘိုးကြီးက ငါ့ရဲ့ ထင်ပေါ်ကျော်ကြားမှု နဲ့ ဂုဏ်သိက္ခာကို ထိန်းပါတယ်"

"အားရိုးရိုး... ခင်ဗျားလို ခေါင်းတော်ညိတ် စိတ်တောသိရ တဲ့ အဘိုးကြီး တစ်ယောက်မှာ ဘယ်လို ဖွတ်ကျားဂုဏ်သတင်းမျိုး ရှိမှာလဲ...ကိုယ့်ကိုကိုယ် အခက်တွေ့အောင် လုပ်နေတာတွေ ရပ်လိုက်ပါ"

လင်းဟန်က သရော်ပြီးတော့ ပြောလိုက်ပါတယ်။

ဦးလေးဖူ ဒေါသအကြီးအကျယ် ထွက်သွားပါတယ်။ သူက အောင်းယန်မင်ကို ကာကွယ်ဖို့ အမိန့်ပေးခံရတဲ့ အစေခံအဘိုးကြီးတစ်ယောက် လို့ သတ်မှတ်ထားပေမဲ့ သူက စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်နေဆဲပါပဲ။ ဆောင်းလဂိုဏ်းထဲမှာတောင် စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူတွေက အင်အား တစ်ခုဖြစ်ပြီးတော့ လစ်လျူရှုထားလို့ မရပါဘူး။

"ထွက်သွားကြစမ်း.. ကျုပ်အိပ်ချင်နေပြီ... ကျုပ်အိပ်ယာနိုးတော့မှ ကျုပ်ရဲ့ စိတ်အာရုံ ပြန်လန်းဆန်းလာပြီး ခင်ဗျားနဲ့ ဆွေးနွေးမယ် ခွေးအိုကြီးရေ... ခင်ဗျားရဲ့ သခင်လေးကို ဘယ်လို ပြန်ရွေးမလဲဆိုတာကိုပေါ့"

လင်းဟန်က သူ့ရဲ့ လက်ချောင်းလေးတွေကိုဆတ်ခနဲ လှုပ်ရှားပြီး ပြောလိုက်ပါတယ်။

"ဒူးထောက်ပြီးတော့ တာတာ လို့ ပြောနိုင်ပြီ"

ဦးလေးဖူက ဒူးထောက်ဖို့ ဆန္ဒမရှိပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့

ဓါးက အောင်းယန်မင် ရဲ့ လည်ပင်းနားမှာ ပေ့ပိုက်နေတာကို မြင်လိုက်ရတဲ့အခါမှာ သူက သက်ပြင်းချပြီးတော့ ရွက်ဖျင်တဲကို ပိတ်ပြီးတော့ မြေကြီးပေါ်မှာ ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပါတယ်။

သူက အခွင့်အရေးအတွက် စောင့်နေတာပါ။ တကယ်လို့ လင်းဟန်က ထွက်ပြေးချင်ပြီး သူရဲ့ ခေါင်းကို ရွက်ဖျင်တဲထဲကနေ ထွက်လာယင် သူက လင်းဟန်ရဲ့ ခေါင်းကို ပြင်းထန်တဲ့ အင်အားနဲ့ ရိုက်ပစ်ပြီးတော့ အန်းယောင်မင်ကို ဓါးစာခံ အဖြစ် အသုံးပြုဖို့ ဘာအခွင့်အရေးမှ ပေးမှာ မဟုတ်ပါဘူး။

ရွက်ဖျင်တဲထဲမှာတော့ လင်းဟန်က လွှီယုထန်ကို ပြုံးပြပြီးတော့ သူမရဲ့ နားအနားကို ကပ်ပြီး ပြောလိုက်ပါတယ်။

"ငါမင်းကို တစ်နေရာရာကို ခေါ်သွားမယ် မခုခံနဲ့"

လင်းဟန်ရဲ့ နွေးထွေးလှတဲ့ အသက်ရှူထုတ်တဲ့ လေက သူမရဲ့ လည်ပင်းပေါ်မှာ ခံစားလိုက်ရပြီး လွှီယုထန်ရဲ့ မျက်နှာကို နီရဲသွားစေခဲ့ပါတယ်။ ပြီးတော့ လင်းဟန် ဘာပြောတယ် ဆိုတာကိုတောင်မှ မကြားနိုင်ပဲ သူမရဲ့ ခေါင်းကိုပဲ ငြိမ့်လိုက်ပါတယ်။

လင်းဟန်က လွှီယုထန်ရဲ့ လှပပြီး ကျက်သရေရှိတဲ့ လက်ကလေးကို ဆုပ်ကိုင် လိုက်ပါတယ်။ အတွေးတစ်ချက်နဲ့ အတူ သူက လွှီယုထန်နဲ့ အောင်းယန်မင်ကို အနက်ရောင် မျှော်စင်ထဲကို ခေါ်လာခဲ့ပါတယ်။

လွှီယုထန် အံ့အားသင့်သွားခဲ့ပါတယ်။ သူတို့က အခုလေးတင်မှ သေးငယ်လှတဲ့ ရွှက်ဖျင်တဲလေးထဲမှာ ရှိနေပြီး ဘယ်လိုလုပ်ပြီးတော့ ချက်ချင်း ကြီးမားတဲ့ နေရာ တစ်ခုကို ရောက်လာခဲ့တာလဲ။

"ဒါက ဘယ်နေရာလဲ"

"လုံခြုံတဲ့ နေရာတစ်ခုပဲ"

လင်းဟန်က အသေးစိတ်အကြောင်းအရာကို မရှင်းပြပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒါက ရှင်းပြဖို့ ခက်ခဲသလို သူရဲ့ ယခင်ဘဝအကြောင်းအရာလဲ ပါဝင်ပါသေးတယ်။ ဒါ့အပြင် အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုက အရမ်းကို ကြီးကျယ်တဲ့ အကြောင်းအရာ ပဲ ဖြစ်ပါတယ်။ သူက လွှီယုထန်ကို မယုံကြည်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလျှို့ဝှက်ချက်ရဲ့ ကြီးမားလေးလံတဲ့ ဝန်ထုပ်ဝန်ပိုး ကို လွှီယုထန် ထိန်းသိမ်း

သယ်ဆောင်ထားဖို့ကိုတော့ သူမလိုချင်ပါဘူး။

လွီယုထန် ခေါင်းငြိမ့်လိုက်ပါတယ်။ သူမက လင်းဟန်ကို အပြည့်အဝကို ယုံကြည် ပါတယ်။

``ပိုး``

ဟူးညို က ပြေးဝင်လာခဲ့ပါတယ်။ လွီယုထန် ထင်တာက ဟူးညိုက သူမကို လွမ်းဆွတ်တဲ့အတွက် သူမရဲ့ လက်တွေကို ခွဲလိုက်ပြီးတော့ သူမကို ပွေ့ဖက်တော့ မယ်လို့ ထင်နေတာပါ။ ဒါပေမဲ့ ဟူးညိုက လင်းဟန်ကို တံတောင်နဲ့ တွတ်ပြီးတော့ သူမရဲ့ ခေါင်းသေးသေးလေးနဲ့ ပွတ်ပြီး လွီယုထန်ဘက်ကို လှည့်ပြီးတော့ ရီစရာ ကောင်းတဲ့ မျက်နှာအမူအရာ ကို လုပ်ပြလိုက်ပါတယ်။

"လင်းဟန်က ဟူးညိုအတွက်ပဲ"

သူမက ဒါကို အခိုင်အမာနဲ့ပြောလိုက်တဲ့ ပုံစံမျိုးပါပဲ။

လွီယုထန်ရဲ့ မျက်နှာ ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒီမိန်းကလေးက မနာလို သဝန်တို လိမ့်မယ်လို့ သူမ မထင်ထားခဲ့ပါဘူး။

လင်းဟန်က ဟူးညိုရဲ့ ခေါင်းကို ပွတ်ပေးပြီးတော့ လို့ဝ်ယုထန်ကို ပြောလိုက်ပါတယ်။

"ငါ မင်းကို လျင်လျင်မြန်မြန်နဲ့ ရှာတွေ့နိုင်တာ ဟူးညိုကူညီလို့ပဲ။ မင်း သူမကို ကျေးဇူးတင်ဖို့တော့ လိုလိမ့်မယ်"

ဟူးညိုက သူမကိုသူမ အရမ်းကို ကျေနပ်သွားတဲ့ ပုံစံနဲ့ လို့ဝ်ယုထန် ဘက်ကို မျက်နှာလေးမော့ပြီး ခပ်တည်တည်နေလိုက်ပါတယ်။

လို့ဝ်ယုထန် ပြောစရာ စကားကင်းမဲ့ သွားခဲ့ပါတယ်။ သူမက တကယ့်ကို သန်မာ အားကောင်းတဲ့ ပြိုင်ဘက်နဲ့ တွေ့နေရတယ်လို့ ခံစားမိနေပါတယ်။

ဒီမိန်းကလေးငယ်လေးက လင်းဟန်ကို သူမ လုပ်ချင်သလို အားလုံး အပျော်ရည်းစား ထားသလိုမျိုး လုပ်နိုင်ပါတယ်။ ဒါက သူမ နဲ့ လီစီရှန်းတောင် ဒီလိုမျိုး မရပါဘူး။

ဒ့ါအပြင် ဒီမိန်းကလေးက လင်းဟန်ကို သူမရဲ့ကိုယ်ပိုင် ပစ္စည်းတစ်ခုလိုမျိုး ပြုမူ ဆက်ဆံနေတာ သိသာပါတယ်။ သူမရဲ့ အစောတုန်းက လှုပ်ရှားမှုက သူမရဲ့ အစားအစာကို

ကာကွယ်စောင့်ရှောက်နေတဲ့ ပုံစံမျိုးဆိုတာ သိသာပြီးတော့ သူမရဲ့ မနာလို သဝန်တိုမှုကို ဖော်ပြနေပါတယ်။

"သွားပြီးတော့ အနားယူလိုက်ဦး.. ငါ ဒီကောင့်ကို မေးစရာလေးတွေရှိတယ်"

လင်းဟန်က ဘေးနားမှ ပစ်ထားတဲ့ အန်းယောင်မင်ကို ကောက်လိုက်ပါတယ်။ သူက ဆောင်းလကိုဂျ်းအကြောင်း အနည်းငယ်ကို သိချင်နေပါသေးတယ်။

အပြင်ဘက်.... ဦးလေးဖူက ရုတ်တရက် မျက်မှောင်ကြုတ်သွားခဲ့ပါတယ်။
အချိန်တော်တော်ကြာသည့်တိုင်အောင် ရွက်ဖျင်တဲ အတွင်းက လှုပ်ရှားမှု အသံ နည်းနည်းလေးမှ မကြားခဲ့ပါဘူး။ သူက အနားကိုကပ်ကာ သေချာနားထောင်ကြည့် တဲ့အခါမှာတော့ သူ့ရဲ့ အမူအရာ က ပြောင်းသွားပါတယ်။ သူက တစ်စုံတစ်ယောက် ရဲ့ အသက်ရှုသံ ဒါမှမဟုတ် နှလုံးခုန်သံကိုတောင်မှ မကြားနိုင်ပါဘူး။

သူက အလျင်အမြန်ပဲ ရွက်ဖျင်တဲထဲကို ဝင်သွားခဲ့ပါတယ်။ ဒါပေမဲ့ ရွက်ဖျင်တဲ က ဟာလာဟင်းလင်းဖြစ်နေပြီး ဘယ်သက်ရှိလူသားရဲ့ အရိပ်အယောင်ကိုမှ အထဲမှာ

မတွေ့ရပါဘူး။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဦးလေးဖူ ရဲ့ အမူအရာက ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်လေးမှာ တည်နေရာရွှေ့ပြောင်းနိုင်တဲ့ စွမ်းရည် တစ်ချို့ရှိပြီးတော့ အန်းယောင်မင် ကိုပါ အဝေးကို ခေါ်သွားတာ ဖြစ်နိုင်မလား။

အပိုင်း(၂၃၃) ဖန်းယန် ရဲ့ နောက်ခံအင်အား

"ဖြန်း ဖြန်း ဖြန်း "

ပြင်းထန်တဲ့ ရိုက်ချက်တွေ ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို အောင်းယန်မင် နိုးလာခဲ့ပါတယ်။

"ငါ ဘယ်နေရာကို ရောက်နေတာလဲ... ဦးလေးဖူရော ဘယ်မှာလဲ"

အောင်းယန်မင်က တုန်လှုပ်တဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ကို ကန်ပစ်လိုက်ပီးတော့ ပြောပါတယ်။

"ငါက မင်းကို မေးရမှာလား ဒါမှမဟုတ် မင်းက ငါ့ကို မေးမှာလား"

အောင်းယန်မင် က အံကြိတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီမရင်းနီးတဲ့ ပတ်ဝန်းကျင် တစ်ခုကို ကြည့်ပြီး သူ့ရဲ့ အမူအရာက ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ ဒါက တောအုပ်ကနေ အရမ်းကို ဝေးကွာတယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူ ဘယ်လောက်ကြာကြာ သတိမေ့နေပြီးတော့ ဒီလိုမျိုး အရမ်းဝေးတဲ့ နေရာတစ်ခု ကို ခေါ်လာတာ ခံခဲ့ရတာလဲ။ လင်းဟန်က သူ့ကို ခေါ်ပြီးတော့ အဝေးကို ထွက်ပြေးလာတာကိုတောင်မှ ဦးလေးဖူက ဘာမှမလုပ်နိုင်ဘူးလား။

"မင်း တကယ်ပဲ ဆောင်းလဂိုဏ်းကို ဆန့်ကျင်တော့မလို့လား"

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက် တပည့် တစ်ယောက်အဖြစ် သူ့ရဲ့ အဆင့်အတန်းကို ကြေညာခဲ့တဲ့အတွက် ဆောင်းလဂိုဏ်းရဲ့ ဂုဏ်သတင်းကို လျော့ပါးလာအောင်လို့

လုပ်တယ်လို့ သူမထင်ပါဘူး။

"ဘုန်း"

လင်းဟန်က နောက်တစ်ကြိမ် ကန်ထည့်လိုက်ပြီးတော့ ဒီကန်ချက်က အောင်းယန်မင် ရဲ့ သွားတော်တော်များများကို ကျွတ်သွားစေခဲ့ပါတယ်။ အောင်းယန်မင် ရဲ့ မျက်နှာက လတ်ဆတ်တဲ့ သွေးတွေနဲ့ ပြည့်နေပြီးတော့ သူ့ကိုကြည့်ရတာ အရမ်းကို ကြောက်ဖို့ကောင်းနေပါတယ်။ ဒါပေမဲ့ လုံးဝ သနားနေဖို့ မလိုပါဘူး။ လင်းဟန်က ဂရုမစိုက်စွာနဲ့ပဲ ပြောလိုက်ပါတယ်။

"မင်းဘာဖြစ်လို့ ဒီကို လာခဲ့တာလဲ"

နတ်ဆိုးကောင်းကင်လျှို့ဝှက်နယ်ပယ် ပေါ်လာတာက အမှတ်မထင် ဖြစ်ပြီးတော့ ဘယ်သူကမှ ကြိုပြီးသိမြင်ခြင်း မရှိနိုင်ပါဘူး။ ဒါကြောင့် လင်းဟန်က ဒီနေရာကို အောင်းယန်မင် လာခဲ့တာက လျှို့ဝှက်နယ်ပယ် အတွက်ကြောင့် ဆိုတာ လုံးဝ မယုံပါဘူး။

အောင်းယန်မင်က သူရဲ့ နှုတ်ခမ်းထောင့်က သွေးတွေကို သုတ်ပစ်လိုက်ပြီးတော့ သူရဲ့ မျက်လုံးထဲမှာ

ထိတ်လန့်ကြောက်ရွံ့ နေတဲ့ ပုံ ဖြစ်ပေါ်နေပါတယ်။ အခု ဦးလေးဖူကလဲ သူ့ရဲ့ဘေးမှာ မရှိဘူး။ ပြီးတော့ ဆောင်းလ ဂိုဏ်းရဲ့ ဂုဏ်သတင်း ဩဇာတိက္ကမ ကလဲ ဒီလွန်လွန်ကျူးကျူးလုပ်တဲ့ ကောင်ကို ကြောက်အောင်လို့ မလုပ်နိုင်ဘူး။ ဒါကြောင့် သူက လမ်းတစ်ခုရွေးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ လူတစ်ယောက်ကို လာရှာတာ"

"ဘုန်း"

သူက နောက်တစ်ချက် ကန်ခံလိုက်ရပါတယ်။ သူက မြေကြီးပေါ်ကနေ ကုန်းရုန်း ထပြီးတော့ လင်းဟန်ကို ဆန့်ကျင်ပြီး တိုက်ခိုက်ပစ်ချင်ပေမဲ့ လင်းဟန်ရဲ့ အေးစက်တဲ့ မျက်လုံးတွေကို မြင်ပြီး ကျောချမ်းသလို ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို သတ္တိတွေအားလုံး ပျောက်သွားပါတယ်။

"တစ်ဂက်တစ်ပျက် မပြောနဲ့.. တကယ်လို့ မင်းက ဆက်ပြောပြီးတော့ ရပ်နေဦးမယ် ဆိုရင် မင်းရဲ့ ခြေတွေလက်တွေ အကုန်လုံးကို ငါချိုးပစ်ပြီးတော့ ပါးစပ်တစ်ခုကိုပဲ စကားပြောဖို့ ချန်ထားပေးမယ်"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အောင်းယန်မင်က သူရဲ့ နလုံးသားထဲကနေ နက်နက်ရှိုင်းရှိုင်း အေးစိမ့်လာပြီးတော့ ချက်ချင်းဆိုသလို သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ရေခဲသွားသလို ခံစားလိုက်ရပါတယ်။ တကယ်လို့ တစ်ယောက်ယောက်ကသာ ဒီလိုစကားမျိုးကို ပြောလာခဲ့မယ် ဆိုရင် သူက သေချာပေါက် နာခေါင်းရှုံ့ပြီးတော့ အထင်အမြင်သေးမိမှာပါပဲ။ သူ့လို ဆောင်းလကိုဏ်းရဲ့ တပည့်တစ်ယောက်ကို ဘယ်သူက ဒီလိုမျိုးပြုမူ ဆက်ဆံရဲ မှာလဲ။

ဒါပေမဲ့ လင်းဟန်... ဒီကောင်ကတော့ တကယ့်ကို ရိုင်းစိုင်းကြမ်းတမ်းပြီးတော့ သူ့ကို အဆုံးမရှိ ရေခဲချောက်နက်ထဲကို ကျသွားသလိုမျိုးဖြစ်အောင် ခံစားစေပါတယ်။

``ငါရှာနေတဲ့ လူရဲ့ နာမည်က ဖန်းယန်လို့ခေါ်တယ်``

သူက ရိုးရိုးသားသားနဲ့ ပြောလိုက်ပါတယ်။

``ဖန်းယန်``

ဒီနာမည်ကို ကြားလိုက်ရတဲ့အခါမှာ လင်းဟန်က ချက်ချင်းဆိုသလို ဖန်းယန်ရဲ့ ယုံကြည်မှုတွေက ဘယ်နေရာကနေ လာခဲ့တယ်ဆိုတာကို နောက်ဆုံးမှာတော့ ရုတ်တရက် နားလည်သတိပြုမိသွားခဲ့ပါတယ်။

ဆောင်းလဂိုဏ်း။

"ဘာအတွက် မင်းက သူ့ကို ရှာတာလဲ။ ဖန်းယန်နဲ့ ဆောင်းလဂိုဏ်းရဲ့ ကြားမှာ ဘယ်လို ရင်းနှီးပတ်သတ်မှုတွေ ရှိနေလို့လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"လွန်ခဲ့တဲ့ လ အနည်းငယ်လောက်က ဖန်းယန် ခရီးသွားတဲ့အချိန်တုန်းက ဂိုဏ်းက အကြီးအကဲတွေထဲက တစ်ယောက်နဲ့ သူက ဆုံတွေ့ခဲ့တယ်။ အဲဒီအကြီးအကဲက သူ့ကို တပည့်အဖြစ် ရွေးချယ်ဖို့ ဆန္ဒရှိနေတယ်။ ဒါပေမဲ့ သူ့ကို တာဂန်တစ်ခု ပေးလိုက်တယ်။သူက သုံးလအတွင်းမှာ စိတ်ဂိဉာဉ်ပင်လယ်အဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်ရလိမ့်မယ်"

အောင်းယန်မင်က ဂန်ခံလိုက်ပါတယ်။

"ငါက ဖန်းယန်နဲ့ သိကျွမ်းစေချင်တယ်။ ဒါကြောင့် သူရဲ့ အောင်မြင်မှု ထင်ပေါ် မကျော်ကြားလာခင်မှာ သူငယ်ချင်းဖြစ်ဖို့အတွက်ပဲ မိုးရေနိုင်ငံကို ငါလာခဲ့တာပဲ။ လမ်းခရီးမှာ နတ်ဆိုးကောင်းကင် လျှို့ပုက်နယ်ပယ် ဖွင့်လာခဲ့တယ်။ ဒါကြောင့် ပထမဆုံး လျှို့ပုက်နယ်ပယ် ထဲကို ဝင်လာခဲ့တာပဲ"

အောင်းယန်မင် က အရမ်းကို စိတ်မချမ်းမမြေ့ ဖြစ်နေပါတယ်။ သူက ဆောင်းလ ဂိုဏ်းထဲမှာ သူရဲ့ အဆင့်အတန်းကို တိုးလာအောင်လို့ အမိန့်အရ ဖန်းယန်ကို လာရှာခဲ့တာပါ။ ဒါပေမဲ့ သူလုံးဝ မထင်ထားတာက လင်းဟာန်နဲ့ ဝင်တိုးမိမယ်ဆိုတာ ကိုပေါ့။ ဖန်းယန်နဲ့ သူမတွေ့ဆုံခင် အန္တရာယ်ဖြစ်စေနိုင်တဲ့ ကြယ်တစ်လုံးနဲ့ ဝင်ဆောင့်ခဲ့မိတာပဲ။

လင်းဟာန်က အဲဒါကို ထူးထူးဆန်းဆန်း ခံစားလိုက်ရပြီးတော့ ပြောပါတယ်။

"ဖန်းယန် မှာ အထူးခန္ဓာကိုယ် တည်ဆောက်ပုံရှိတယ် ဆိုပေမဲ့ ငွေကြေးမုံ ခန္ဓာကိုယ် တစ်ခုပဲရှိတာပါ။ အဲဒီ

အကြီးအကဲက ဘယ်အဆင့်ရှိလဲ။ ပန်းဖူး အဆင့်လား စိတ်ဂိဉာဉ် နတ်သူငယ်အဆင့်လား”

ပန်းဖူးအဆင့်နဲ့ စိတ်ဂိဉာဉ်နတ်သူငယ် အဆင့် ကို ဂရုမစိုက်စွာနဲ့ ပြောလိုက်တာကို သူကြားလိုက်ရတဲ့အခါမှာ အောင်းယန်မင် က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ ပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟာန်ရဲ့ လေသံက သူတို့ကို ကြောက်ရွံ့ပြီး ရိုသေ လေးစားတဲ့ အစအန လုံးဝ မရှိပါဘူး။ တကယ်လို့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်တောင်မှ သူရဲ့ အထူးဂရုပြုခြင်းကို ရရှိဖို့ ထိုက်တန်မှုတောင် မရှိတဲ့ ပုံစံမျိုးပါပဲ။

“စိတ်ဂိဉာဉ် နတ်သူငယ်အဆင့်ပါ”

သူရဲ့ လေသံက ထိတ်ထိတ်လန့်လန့်ဖြစ်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

“ထူးဆန်းတယ်”

လင်းဟာန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ အခု ဖန်းယန်ရဲ့ ယုံကြည်မှု ဘယ်ကနေ လာတယ်ဆိုတာကို နားလည်သွားပါပြီ။ စိတ်ဂိဉာဉ်နတ်သူငယ် အဆင့်ရဲ့

တိုက်ရိုက်တပည့် ဖြစ်လာမှတော့ သူက မိုးရေနိုင်ငံမှာ ဘာကိုပဲလုပ်ချင်ချင် လုပ်နိုင်တယ်လို့ ဆိုလိုတာပါပဲ။ မိုးရေနိုင်ငံဧကရာဇ် တောင်မှ သူ့ကို လုံးဝ မထိပါးရဲ ပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် တကယ်လို့ စိတ်ဂိဘာဉ်နတ်သူငယ်အဆင့် မွန်းစတား အဘိုးကြီးတစ်ယောက် က ထွက်လာခဲ့မယ်ဆိုရင် မိုးရေနိုင်ငံရဲ့ တစ်ကိုယ်တည်း ကျင့်ကြံနေတဲ့ ပန်းဖူးအဆင့် သိုင်းပညာရှင်တောင်မှ ရောင်တိမ်း နိုင်စွမ်း ရှိမှာမဟုတ်ပါဘူး။

မေးစရာရှိတာတစ်ခုက ငွေအလင်းကြေးမုံ ခန္ဓာကိုယ် တစ်ခုတည်းက စိတ်ဂိဘာဉ် နတ်သူငယ်အဆင့်သိုင်းပညာရှင် တစ်ယောက်ရဲ့ တပည့်ဖြစ်ဖို့ တကယ်ပဲ လုံလောက်ပြီလား။ ငွေကြေးမုံ ခန္ဓာကိုယ်ကို အသာထားဦး။ ရွှေကြေးမုံ ခန္ဓာကိုယ် တောင်မှ ကျင့်ကြံခြင်းအဆင့် ခုနစ် မှာရှိတဲ့ စိတ်ဂိဘာဉ် နတ်သူငယ် အဆင့် တစ်ယောက်လိုမျိုး ဂုဏ်ရှိရုံမျှသာ ထိုက်တန်ပါတယ်။ နတ်ဘုရား အသွင် ပြောင်းလဲ ခြင်းနဲ့ ကောင်းကင်အဆင့်ရဲ့ အထက်မှာ ဘာကျန်သေးလို့လဲ။

နောက်ပိုင်းက စကြာဂငွာဖျက်ဆီးခြင်းအဆင့်ပဲ။ အဲဒါက မိုးကောင်းကင်ကို ဖြိုခွဲပြီး နတ်ဘုရားအဆင့်ကို ဂင်ပြီးတော့

နတ်ဘုရားမျိုးဆက် ဖြစ်လာနိုင်ပါတယ်။

ဖန်းယန်မှာ စိတ်ဂိဥာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူတစ်ယောက်က တပည့် အဖြစ် သူ့ကို ရွေးချယ်ထားတာအပြင် တစ်ခြား လျှို့ဝှက်ချက် ရှိနိုင်ပါတယ်။ ဒီအချက် ကို လင်းဟန်က အာရုံရပြီးသားပါ။ ဥပမာ .. သူက အကြီးဆုံး အင်ပါယာ မင်းသားကို သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် နှစ်ဆင့်နိမ့်နေတာတောင် တိုက်ခိုက်နိုင် သော်ငြားလည်း ကောင်းကင်၏သားတော် လက်သီးသိုင်းလို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ပညာရပ်က မျိုးနွယ်စုရဲ့ စွမ်းအားကို ငှားယူနိုင်ပြီးတော့ သူ့ကို ကြံ့ကြံ့ခိုင်နိုင်စွမ်း ရှိမှာမဟုတ်ပါဘူး။

"မကြာခင်ပဲဖြစ်ဖြစ် နောက်ပိုင်းကျမှပဲဖြစ်ဖြစ် ငါတို့ တိုက်ခိုက်ကြရလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်ရောက်လာတဲ့အခါကျယင် ငါ မင်းရဲ့ လျှို့ဝှက်ချက်တွေ အားလုံးကို ဆွဲထုတ်ပြမယ်"

လင်းဟန်က တီးတိုးရွှတ်ဆိုလိုက်ပါတယ်။

"လင်းဟန်.. တကယ်လို့ မင်းငါ့ကို သွားခွင့်ပြုမယ်ဆိုရင်.. ဘာမှမဖြစ်ခဲ့သလို ငါနေပေးမယ်"

အောင်းယန်မင်ရဲ့ သူရဲ့ ကံကောင်းမှုကို စမ်းသပ်ကြည့်လိုက်ပါတယ်။

"မင်းက နောက်တစ်ကြိမ် ထပ်ပြီးတော့ အရိုက်ခံဖို့ လိုနေပြီလား"

လင်းဟန်က အေးအေးဆေးဆေးနဲ့ မေးလိုက်ပါတယ်။

အောင်းယန်မင်က သူ့ရဲ့ ပါးစပ်ကို ချက်ချင်းပဲ ထိတ်လန့်တကြားနဲ့ ကာကွယ် လိုက်ပါတယ်။ သူ့မှာတကယ့်ကို သွားတွေ အများကြီးမကျန်တော့ပါဘူး။

"အောင်းဖန် နဲ့ မင်းက ဘယ်လိုတော်စပ်သလဲ"

နောက်ဆုံးတော့ လင်းဟန်က သူ့ရဲ့ အဓိက အကြောင်းအရာကို မေးလိုက်ပါတယ်။

အောင်းယန်မင်က တုန်လှုပ်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ မိုးရေနိုင်ငံ က အစွမ်းအစသိပ်မရှိတဲ့ သိုင်းပညာရှင်တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူ့အဖေရဲ့ နာမည်ကို သိနေတာလဲ။ ဖြစ်နိုင်တာက သူလဲပဲ.... မဖြစ်နိုင်ဘူး။ သူရဲ့ အဖေမှာ တိတ်တိတ်ပုန်း

သားသမီးတွေက ရာနဲ့ချီပြီးရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံးရဲ့ မျိုးရိုးနာမည်က အောင်း ဖြစ်ပါတယ်။

"ဒါဆိုရင်"

လင်းဟန်ရဲ့ အမူအရာက အေးစက်စက် အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

"ငါ့ရဲ့ အဖေပါ"

အောင်းယန်မင် က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"လက်ရှိမှာ အောင်းဖန်း ရဲ့ အဆင့်က ဘယ်လောက်ရှိပြီလဲ"

"ငါမသေချာဘူး"

အောင်းယန်မင်က ပြောလိုက်ပါတယ်။ပြီးတော့ လင်းဟန်ရဲ့ စူးစိုက်တဲ့ အကြည့်ကို မြင်လိုက်ရတဲ့အခါမှာ အလျင်အမြန်ပဲ ရှင်းပြလိုက်ပါတယ်။

"ငါ့အဖေကို တွေ့ဖို့ အခွင့်အရေး အများကြီးမရှိပါဘူး။ ပြီးတော့ ငါက အဖေ့ရဲ့ သဘောအကျဆုံး

ကလေးလဲမဟုတ်ဘူး။ ဒါကြောင့် ငါတကယ်ပဲ မသေချာဘူး။ ဒါပေမဲ့ ဂိုဏ်းထဲက လူတွေ ပြောတာအရတော့ အဖေက လွန်ခဲ့တဲ့ ငါးနှစ်က စိတ်ဂိုဏ်ပုလ္လင်အဆင့် အထွတ်အထိပ်ကို ရောက်သွားခဲ့ပြီတဲ့”

သူက ရိုးရိုးတန်းတန်းပဲ ရှင်းပြလိုက်ပါတယ်။ အောင်းဖန်က တကယ်တမ်းတော့ သူ့ရဲ့ သိုင်းပညာပါရမီက ထူးခြားပေမဲ့လည်း ပန်းဖူးအဆင့်ကို ဖြတ်သန်းပြီးမှ ဆောင်းလဂိုဏ်းရဲ့ အစစ်အမှန် အတွင်းစည်း အမှုထမ်း ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က မပြောပဲနဲ့ သိပါတယ်။ ဆယ်နှစ်အကြာမှာ အောင်းဖန် ရဲ့ ကျင့်ကြံခြင်း က ခြေလှမ်းတော်တော်ကို ကျဲပြီး လင်းဒေါင်ရှန် အနေနဲ့ လက်စားပြန်ချေဖို့တော့ တော်တော်ကို ခက်ပါလိမ့်မယ်။

သူ့အနေနဲ့ သူရဲ့ ကျင့်ကြံခြင်းကို မြန်နိုင်သမျှ မြန်မြန် တိုးလာအောင်လုပ်ပြီးတော့ လင်းဒေါင်ရှန်ရဲ့ စိတ်ဂိုဏ်အခြေခံကို ပြန်လည် ကောင်းမွန်လာအောင်လို့ မှော်ဆေးလုံး အများကြီးကို အသုံးပြုပြီးတော့ လင်းဒေါင်ရှန်ကို ပန်းဖူးအဆင့်ကို ရောက်အောင်လို့ လုပ်ရပါလိမ့်မယ်။

ပန်းဖူးအဆင့်ဆိုတာက သိုင်းပညာလမ်းကြောင်းကို အကြီးမားဆုံး ခွဲခြားထား တာပဲ ဖြစ်ပါတယ်။ စိတ်ဂိုဏ်ပုလ္လင်အဆင့်ကျင့်ကြံသူ တွေက သေမျိုးအဆင့်ထဲမှာ အသန်မာဆုံး လို့ ပြောနိုင်ပြီးတော့ ပန်းဖူးအဆင့်က သေမျိုးအဆင့်ကို ဖြတ်ကျော် သွားတဲ့ အဆင့်တစ်ခုလို့ ပြောနိုင်ပါတယ်။

တကယ်လို့ လင်းဟန် က စိတ်ဂိုဏ်ပုလ္လင် အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်သွားပြီး သူရဲ့ ထူးဆန်းတဲ့ စွမ်းရည်တွေနဲ့ တောင်မှ ပန်းဖူးအဆင့် ရဲ့ ပထမအလွှာမှာရှိတဲ့ တစ်စုံတစ်ယောက်ကို တိုက်ခိုက်မယ်ဆိုယင် မဖြစ်နိုင် လောက်ပါဘူး။

တကယ်လို့ လင်းဒေါင်ရှန်က ပန်းဖူးအဆင့်ကို အရင်ဆုံး ရောက်သွားမယ်ဆိုရင် အောင်းဖန်ကို လက်ဖဝါးထဲမှာ မှောက်ချင်သလိုမှောက် လှန်ချင်သလို လှန် ချလို့ ရပါလိမ့်မယ်။ သူက သိုင်းပညာတွေ ကျွမ်းကျင်မှုတွေနဲ့ အတွေ့အကြုံ ကွာဟချက် တွေကို လစ်လျူရှုနိုင်ပါတယ်။

"မင်းအဖေမှာ သားသမီး ဘယ်နှစ်ယောက်ရှိလဲ"

လင်းဟန်က ရုတ်တရက် သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

အောင်းယန်မင်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ သူမသိဘူးလို့ ပြောလိုက်ချင်ပေမဲ့ လင်းဟန်က ဘယ်လောက်တောင် ကြမ်းတမ်းသလဲဆိုတာကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ သူက လျှင်မြန်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ငါသေသေချာချာတော့ မသိဘူး။ အဖေက ဘယ်တော့မှ ငါတို့ကို အတူတကွ မခေါ်လာဖူးဘူး။ ဒါပေမဲ့ အနည်းဆုံး အယောက်နှစ်ရာ သုံးရာလောက်တော့ ရှိမယ်"

"ဘယ်လောက်တောင် ဆိုးဝါးတဲ့ ဂက်တစ်ကောင်လဲ"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပြီးတော့ သူ့ရဲ့ အမူအရာက အရမ်းကို လေးနက်တဲ့ ပုံစံအဖြစ်ကို ပြောင်းသွားပြီးတော့ မေးလိုက်ပါတယ်။

"မင်း ယွဲ့ဟောင်ချန် လို့ခေါ်တဲ့သူ တစ်ယောက်ယောက်ကိုများ သိသလား"

အပိုင်း(၂၃၄) စစ်မေးခြင်း

"ယွဲ့ဟောင်ချန်လား"

အောင်းယန်မင် က ဘာမှသိပုံမပေါ်တဲ့ အမူအရာ နဲ့ သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မသိဘူး"

လင်းဟာန်ရဲ့ အမူအရာကို မြင်လိုက်တာနဲ့ သူက ချက်ချင်းပဲ သူရဲ့ လက်တွေကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ် မကြားဖူးတာပါ"

"ဒါဆိုရင်လဲ မင်းက ငါ့အတွက် အသုံးမဝင်တော့ဘူး"

လင်းဟာန်ရဲ့ ကြောက်စရာကောင်းတဲ့ အရှိန်အဝါက ပြန့်နှံ့သွားပါတယ်။

အောင်းယန်မင်က စိတ်ပျက်အားငယ်သလို ခံစားလိုက်ရပါတယ်။ ဆောင်းလဂိုဏ်း မှာ အောက်ခြေကနေ အပေါ်ထိ လူပေါင်းသောင်းဂဏန်း အချို့ ရှိပါတယ်။ ဘယ်လို လုပ်ပြီးတော့ သူက လူတိုင်းလူတိုင်းရဲ့ နာမည်ကို

သိနိုင်မှာလဲ။ ဒါပေမဲ့ လင်းဟန် လို အတွေ့အကြုံရှိတဲ့ နတ်ဘုရားတစ်ပါးနဲ့ မျက်နှာခြင်းဆိုင်ရတဲ့အခါမှာ သူရဲ့ အတွင်း စိတ်ထဲကနေ လှောင်ပြောင်သရော်ပြီးတော့ လူထုံလူအ ပုံစံမျိုးတောင် မလုပ်ပံ့ပါဘူး။

လင်းဟန်က စိတ်ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"ယွဲ့ကျန်းရှန် ကိုရောသိလား"

"အကြီးအကဲ ယွဲ့လား"

အောင်းယန်မင် နောက်တစ်ကြိမ် မှင်တက်သွားခဲ့ပါတယ်။ ယွဲ့ကျန်းရှန် ရဲ့ ဆောင်းလ ဂိုဏ်းထဲက အဆင့်အတန်းက အောင်းဖန်းရဲ့ ဒုတိယ အနေနဲ့ သတ်မှတ်စဉ်းစားလို့ ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယွဲ့မိသားစုမှာ စိတ်ဝိညာဉ်နတ်သူငယ်အဆင့် အကြီးအကဲ တစ်ယောက် ရဲ့ ခွန်အားက အောင်းမိသားစုရဲ့ အကြီးအကဲရဲ့ ခွန်အား အောက်ကို လုံးဝ မနိမ့်ကျပါဘူး။

လင်းဟန်က မိုးရေနိုင်ငံက အရေးမပါတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက ယွဲ့မိသားစု အကြောင်းနဲ့ သူက အောင်းဖန်း ရဲ့ သား ဖြစ်တယ်ဆိုတာကို သိနေဖို့

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူ့ကိုကြည့်ရတာ ဆောင်းလင်္ကာ ကို စေ့စေ့ စပ်စပ်နားလည်နေတဲ့ ပုံစံပါပဲ။

လင်းဟန်က သူ့ကို စိုက်ကြည့်နေတာကို မြင်လိုက်တဲ့အခါမှာ အောင်းယန်မင် က အလျင်အမြန် ပြောလိုက်ပါတယ်။

"အကြီးအကဲ ယွဲ့ ကလဲ အဖေနဲ့ တူတူပါပဲ.. စိတ်ဂိဉာဉ်ပုလ္လင် အထွတ်အထိပ် အဆင့်မှာပါ။ ဒါပေမဲ့ အကြီးအကဲယွဲ့ က အဖေနဲ့တော့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက လွန်ခဲ့တဲ့ နှစ်နှစ်ကမှ အဲဒီအဆင့်ကို ရောက်တာပါ"

ဒီကောင့်ကိုကြည့်ရတာ မိမိဘာသာမိမိ အနည်းငယ် အားရကျေနပ်တဲ့ ပုံစံပါပဲ။

လင်းဟန်က သရော်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ်ရော အောင်းဖန်း ရဲ့ သားလား.. ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အမှိုက်ကောင် ဖြစ်နေတာလဲ"

အောင်းယန်မင် က စိတ်ကသိ ကအောက် ဖြစ်ပြီး ဒေါသထွက်သွားပါတယ်။ ဒါပေမဲ့ သူ့မှာ ငြင်းပယ်ဖို့

ခွန်အားမရှိပါဘူး။

အောင်းမိသားစု က ဆောင်းလဂိုဏ်းအတွင်းမှာ ဩဇာတိက္ကမ ကြီးကြီးမားမား ရှိပါတယ်။ အံ့အားသင့်စရာကောင်းတဲ့ အရင်းအမြစ် ပမာဏတွေကို ထိန်းချုပ်ထား ပါတယ်။ ဒါပေမဲ့ တကယ့်ကိစ္စကတော့ အောင်းမိသားစုမှာ အောင်းဖန်း တစ်ယောက်ထဲ မှ မဟုတ်ပါဘူး။ တစ်ခြား ကလန်သူ ကလန်သားတွေ အများကြီး နဲ့ အစွမ်းထက်တဲ့ ကျင့်ကြံသူတွေလည်း အောင်းမိသားစုမှာ မှီခိုနေကြပါတယ်။

ဒ့ါအပြင် အောင်းဖန်းမှာ တိတ်တိတ်ပုန်း သားသမီး အများကြီးရှိပါတယ်။ တစ်ယောက်ချင်းစီ အတွက် လုံလောက်တဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေ ရဖို့ ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သူ့ရဲ့ တိတ်တိတ်ပုန်း သားသမီး တစ်ချို့ ဆို တစ်ခြား ဂိုဏ်းတွေဆီကိုတောင် ပြေးသွားကြပါတယ်။ သူတို့ရဲ့ နောက်ခံ အင်အား ကို အခြေခံပြီးတော့ ကျင့်ကြံခြင်း အရင်းအမြစ်တွေ ပိုပြီးတော့ ရနိုင်တယ်လေ။

ဉပမာ တစ်ခု အနေနဲ့ တကယ်လို့ အောင်းယန်မင်က ဟွာယန် အကယ်ဒမီကို လာပြီး သူက ဆောင်းလဂိုဏ်းရဲ့

တပည့်တစ်ယောက် ဖြစ်တယ်ဆိုတာကို ထင်ထင်ရှားရှား ဖော်ပြရပါမယ်။ အခု သူက မင်းရဲ့ ဟွာယန် အကယ်ဒမီ ကို ဝင်ချင်တယ်.. မင်း လက်ခံဖို့ ဆန္ဒရှိသလား ဒါမှမဟုတ် လက်မခံချင်ဘူးလား။ မင်း က သူ့ကို လုံးဝ ယူရပါမယ်။ ပြီးတော့ မင်းက လစ်လျူရှုလို့ မရနိုင်သလို ဘေးကို ဖယ်ပစ်လို့လဲ မရနိုင်ပါဘူး။ မင်းကသူ့ရဲ့ ဘောကို မထားသလို ဆက်ဆံရပါမယ်။

ဒါပေမဲ့ အောင်းဖန်းရဲ့ အဓိက တိတ်တိတ်ပုန်း သားသမီးတွေက သူတို့ကို မျက်နှာသာ ပေးဖို့ လိုချင်နေတုန်းပါပဲ။ ပြီးတော့ အကြောင်းမဲ့ ကူညီတာမျိုးကို မလိုချင်ပါဘူး။ ၎င်းက သူတို့ရဲ့ အဆင့်အတန်းကို သေးသိမ်အောင်လုပ်တယ်လို့ ခံစားစေပါတယ်။ အောင်းယန်မင် ကအကောင်းဆုံး ဥပမာတစ်ခု ပါပဲ။

ဒါကြောင့် သူရဲ့ ဆောင်းလဂိုဏ်းရဲ့ တိုက်ရိုက်တပည့် ဆိုတဲ့ နောက်ခံအင်အား ကိုပဲ အမှီပြုခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း က ဒြပ်စင်စုစည်းခြင်း အလွှာ ၅ အဆင့် မှာပဲဖြစ်နေပြီး ချီယောင်ရီနဲ့ တစ်ခြားသူတွေထက်တောင်မှ နိမ့်ကျပါသေးတယ်။

"လင်းဟန်... မင်းသိချင်တွေကို ငါအကုန်လုံး ပြောခဲ့ပြီးပြီ...

အခု မင်း ငါ့ကို ထွက်သွားဖို့ ခွင့်ပြုနိုင်မလား"

သူပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ မင်းရဲ့ အသက်ကို ကယ်ခဲ့တယ်။ ပြီးတော့ မင်းက အဲဒီအတွက် ရှေးဟောင်း မှတ်တမ်း စာအုပ် နဲ့ အလဲအလှယ် လုပ်ခဲ့တယ်။ ဒါပေမဲ့ မင်းက ငါနဲ့ပတ်သတ်ပြီး မကောင်းတဲ့ အကြံတွေရှိမနေသင့်ဘူး။ မင်း အဲဒီခြေလှမ်းကို စတင်လိုက်တာနဲ့ မင်းကိုယ်မင်း သေခြင်းရဲ့ အသူရာချောက်နက်ထဲကို တွန်းချလိုက်သလိုပဲ"

"ဘာ... မင်းက ငါ့ကို သတ်မလို့လား"

အောင်းယန်မင်က မယုံနိုင်စွာနဲ့ မေးလိုက်ပါတယ်။

"မင်းဒါကို ဖုံးကွယ်ထားလို့ မရနိုင်ဘူး။ အချိန်ကျလာတဲ့ အခါ ဆောင်းလဂိုဏ်းက မင်းကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင် လုပ်ပစ်လိမ့်မယ်"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရီမောပြီးတော့ ပြောလိုက်ပါတယ်။

"မှားတယ်... တကယ်လို့ ဆောင်းလဂိုဏ်းက ငါ့ကို လာမရှာရင်တောင်မှ သူတို့ရဲ့ တံခါးအထိ ငါ့ရဲ့ လမ်းတစ်လျှောက် သတ်ပစ်ရလိမ့်မယ်။ ပြီးတော့ သူတို့နဲ့ ရှင်းစရာ ကိစ္စတွေရှိသေးတယ်။ အထူးသဖြင့်တော့ မင်းရဲ့ လူအိုကြီးနဲ့ပဲ.. မင်းမှာ နောက်ဆုံး ပြောချင်တဲ့ စကားတွေ ရှိသေးလား"

အောင်းယန်မင် က ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်က ရူးနေတာလား။ သူက မိုးရေနိုင်ငံက သေးငယ်တဲ့ သိုင်းပညာရှင်လေး တစ်ယောက် မျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ဆောင်းလဂိုဏ်းကို သွားပြီး ကိစ္စ တစ်ချို့ ဖြေရှင်းဖို့ကို သတ်ဖြတ်သွားမယ်တဲ့။ ဆောင်းလဂိုဏ်းမှာ အစွမ်းထက်တဲ့ သိုင်းပညာရှင်တွေ အများကြီးရှိတယ်ဆိုတာကို သူမသိဘူးလား။ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် ရာဂဏန်း တွေ ပန်းဖူးအဆင့် ဆယ်ဂဏန်းတွေနဲ့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် ဆယ်ယောက် နီးပါးတောင် ပါဝင်ပါသေးတယ်။

မြောက်ဘက်ပိုင်းမှာ ဒီလိုမျိုး အင်အားစုက ထိပ်ဆုံးအဆင့်မှာ ရှိပါလိမ့်မယ်။ ပြီတော့ ဒြပ်စင်စုစည်းခြင်း

အလ္ဘာ ပထမ အဆင့်မျှသာ ရှိသေးတဲ့ မင်းလိုလူက သူတို့ကို တောင်မှ ဂရုမစိုက်ဘူးဆိုတော့ ဘာတွေဖြစ်နေတာလဲ။

'မဟုတ်သေးဘူး... နေဦး.. ဒီကောင်ရဲ့ လက်ရှိက.......'

အောင်းယန်မင် က သူ့ရဲ့ မျက်လုံးတွေကို ရုတ်တရက် ဖွင့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ.. မင်းက နွေဦးစမ်းရေ အလ္ဘာ ပထမ အဆင့် ကို ရောက်နေပြီ"

ဆောင်းလဂိုဏ်းမှာ သူက နွေဦးစမ်းရေ အဆင့် မှာ ရှိတဲ့ ကျင့်ကြံသူ သိုင်းပညာရှင် အများကြီးနဲ့လည်း အဆက်အသွယ်ရှိပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ပိုမြင့်တဲ့ ကျင့်ကြံခြင်း အရှိန်အဟုန်ကို အာရုံမခံနိုင်ပေမဲ့ သူ့အတွက် တော့ ပြဿနာ မရှိပါဘူး။ ဒါက နွေဦးစမ်းရေ အဆင့်လေးပဲလေ။

လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဒီကောင်က ဒြပ်စင်စုစည်းခြင်း အလ္ဘာ ပထမ အဆင့်မျှသာ ရှိပါသေးတယ်။ဒါပေမဲ့ အခု သူက နွေဦးစမ်းရေ အလ္ဘာ ပထမ အဆင့်ကို ရောက်နေပါပြီ။ ဘာတွေဖြစ်ကုန်ပြီလဲ။

တစ်ခြားသူတွေရဲ့ ကျင့်ကြံခြင်း ဖြစ်စဉ်က အဆင့်တစ် ကနေ အဆင့်ကိုး အထိ ပါ။ ပြီး တော့မှ နောက်ထပ် အဆင့်ကြီး တစ်ခုကို ချိုးဖျက်ဝင်ရောက်တာပါ။ ဒီကောင်က ခြေလှမ်းပဲ ယူဖို့ လိုအပ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

လင်းဟန်က သက်ပြင်းချလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ နောက်ဆုံး စကားလုံးတွေက တကယ့်ကို ထူးဆန်းတာပဲ... ဘာပဲဖြစ်ဖြစ် ငါဂရုမစိုက်ဘူး။ မင်း အခု သေနိုင်ပြီ"

"မဟုတ်ဘူး... ငါ့ကို မသတ်ပါနဲ့ ငါ့ကို မသတ်ပါနဲ့"

အောင်းယန်မင် က သူရဲ့ လက်တွေကို အလျင်အမြန်နဲ့ ပျော့ရမ်း လိုက်ပါတယ်။

"ငါ မင်းအတွက် အသုံးဝင် နိုင်ပါတယ်"

"ဒါဆို အသုံးမဝင်တော့ဘူး။ ဘာအတွက်နဲ့ မင်းကို ငါက လိုချင်ဦးမှာလဲ"

လင်းဟန်က ဂရုမစိုက်စွာ ပြောပြီးတော့ လက်ဂါးတစ်ဖက်ကို ထုတ်လိုက်ပြီးတော့ မီးတောက်တစ်ခု ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို အောင်းယန်မင်ကို ပြာကျသွား အောင် လောင်ကျွမ်းသွားခဲ့ပါတယ်။

အနက်ရောင်မျှော်စင် အထဲမှာ သူက ကောင်းကင်အဆင့်ရဲ့ ထက် ကျော်လွန်တဲ့ စွမ်းရည်တွေနဲ့ အာဏာရှင် တစ်ယောက်ဖြစ်ပါတယ်။

သူက အနက်ရောင်မျှော်စင်ရဲ့ အပြင်ဘက်ကို ကြည့်လိုက်ပါတယ်။ ဦးလေး ဖူ နဲ့ တစ်ခြားသူတွေက ထွက်ခွာသွားခဲ့ပါပြီ။ ကြည့်ရတာ သူတို့တွေက တစ်နည်းနည်းနဲ့ ထွက်ပြေးလွတ်မြောက်သွားပြီလို့ ထင်ပြီးတော့ သူတို့ကို ရှာဖို့ အတွက် ထွက်သွား ကြတာ ဖြစ်ပါလိမ့်မယ်။ သူက လွီယုထန် နဲ့ ဟူးညိုကို ခေါ်လိုက်ပါတယ်။

"အပြင်ကို ထွက်ကြစို့"

အတွေးတစ်ချက်နဲ့ အတူ သူက မိန်းကလေးနှစ်ယောက်ကို ခေါ်ပြီးတော့ အပြင်ဘက်ကို ထွက်လာခဲ့ပါတယ်။

ဟူးညို့က သူမရဲ့ ငယ်ရွယ်တဲ့ အသက်အရွယ်ကြောင့် အကြိမ် အနည်းငယ် စိတ်ကြိုက် ကစားလိုက်ပါတယ်။ သူမက ဒါကို ပျော်စရာလို့ပဲ ထင်ထားတာပါ။ ဒါပေမဲ့ လှိုင်ယုထန်ကတော့ အံ့အားသင့်ပြီးတော့ ဖြူဖတ်ဖြူလျော် ဖြစ်သွားခဲ့ပါတယ်။ ဒီမြင်ကွင်းက သူမ နားလည်နိုင်စွမ်းထက်ကို လုံးဝ ကျော်လွန်နေပါပြီ။

သူတို့က ရွက်ဖျင်တဲ ဆောက်ထားခဲ့တဲ့ နေရာမှာပဲ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ရွက်ဖျင်တဲ က မရှိတော့ပါဘူး။ မြေကြီးပေါ်မှာ ကျင်းကြီးတစ်ခု ရှိနေပါတယ်။ ဦးလေးဖူတို့က သူတို့တွေ မြေကြီးကို တူးပြီးတော့ လိုဏ်ခေါင်းတစ်ခု ကနေ ထွက်ပြေးလွတ်မြောက် သွားတယ်လို့ ထင်နေတာ ဖြစ်နိုင်ပါတယ်။

ဒီ အချိန်တစ်ခဏလေး အတွင်းမှာ သူတို့က မြေအောက်လိုဏ်ခေါင်း တစ်ခုကို တူးနိုင်ပဲ့မလား။ ဒါက လုံးဝ မဖြစ်နိုင်ဘူးဆိုတာ သိသာထင်ရှားပါတယ်။

စိတ်ဂိဉာဉ်ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက် အနေနဲ့ ဦးလေးဖူ က ဒီလို အရာမျိုးကို လုပ်နိုင်ပါတယ်။ သူက ဒီစိုးရိမ်စရာကောင်းတဲ့ အခြေအနေမှာ အယောင်ယောင် အမှားမှားတွေဖြစ်ပြီးတော့ အရာအားလုံးကို သူက ကြိုးစား

လုပ်ကိုင်ခဲ့တယ် ဆိုတာ သိသာပါတယ်။

"လင်းဟန် ငါတို့ ဒီနေရာကို ဘယ်လိုရောက်လာတာလဲ... ပြီးတော့ ငါတို့ အခု ဘယ်နေရာမှာလဲ"

လွီယုထန်က အံ့အားသင့်နေဆဲ ဖြစ်ပြီးတော့ မေးလိုက်ပါတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

"ငါ ရတနာ ပစ္စည်းတစ်ခုကို ရရှိခဲ့ပြီးတော့ အစောတုန်းက ငါတို့က အဲဒီအထဲမှာလေ"

လွီယုထန်က ပိုပြီးတော့ တောင်မှ အံ့အားသင့်သွားပါတယ်။ သူတို့နေခဲ့တဲ့ နေရာက အရမ်းကို ကြီးမားကျယ်ပြန့်တယ်လေ။ ဒါဆို သူက ၎င်းကို ဘယ်လိုလုပ်ပြီးတော့ သယ်ယူနိုင်တာလဲ။ ဒ့ါအပြင် သူတို့က တူညီတဲ့ နေရာတစ်ခုတည်းမှာပဲ ပေါ်လာခဲ့ တာဖြစ်ပြီး အဲဒါက သူတို့က အမြဲတမ်း ဒီနေရာမှာပဲလို့ ဆိုလိုလိုက်တာပါပဲ။ ၎င်းက ကြီးမားကျယ်ပြန့်တဲ့ နေရာကြီးတစ်ခု ဖြစ်ပြီးတော့ ဘယ်လိုလုပ်ပြီးတော့ ဦးလေးဖူ နဲ့ တစ်ခြားသူတွေက ၎င်းကို လွဲချော်သွားခဲ့တာလဲ။

လင်းဟန်က ရှင်းပြမနေတော့ပါဘူး။ ဘာလို့လဲဆိုတော့ အနက်ရောင်မျှော်စင်ရဲ့ တည်ရှိမှုက ကြီးမားတဲ့ လျှို့ဝှက်ချက် တစ်ခု ဖြစ်လို့ပါပဲ။

"လျှို့ဝှက်နယ်ပယ်ရဲ့ အနက်ပိုင်းထဲကို သွားကြစို့"

လင်းဟန်က တက်ကြွစွာနဲ့ ပြောလိုက်ပါတယ်။

အနက်ရောင်မျှော်စင်က လုံး၀ လုံခြုံစိတ်ချရမှုကို အာမခံပေးတာနဲ့ ညီမျှပါတယ်။ ပြီးတော့ လင်းဟန်မှာ လျှို့ဝှက်နယ်ပယ်ရဲ့ အနက်ပိုင်းထဲကို သွားပြီးတော့ ၎င်းရဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေဖို့ မိမိကိုယ်ကိုယ် ယုံကြည်ချက် အပြည့်ရှိပါတယ်။

လွီယုထန်နဲ့ ဟူးညိုက ပုံမှန်အတိုင်းပဲ မငြင်းပယ်ခဲ့ပါဘူး။ ဒါကြောင့် သူတို့ သုံးယောက်က တောအုပ်ကို ဖြတ်ပြီးတော့ ပိုပြီး နက်တဲ့ နေရာကို စွန့်စားထွက်ခွာ လာခဲ့ကြပါတယ်။

တစ်ရက်ခန့်အကြာမှာ သူတို့က ထူထပ်သိပ်သည်းနေတဲ့ တောအုပ်ထဲက ထွက်လာ ပြီးတော့ သူတို့ရဲ့ အရှေ့မှာ တောင်သေးသေးလေး တစ်လုံးကို မြင်လိုက်ရပါတယ်။

"ဒီနေရာကနေ စပြီးတော့.. ငါတို့တွေက နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် ရဲ့ အတွင်းရာယ် သတ်မှတ်နယ်မြေထဲကို ဝင်လာခဲ့ပြီ။ ဒီနေရာက သားရဲတွေက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတယ်။ ဒါပေမဲ့ ဒီနေရာမှာ စိတ်ဝိညာဉ်မြက်ပင်တွေကလဲ အလွန်ကို ပေါ်များတယ်"

လှီယုထန်က ပြောလိုက်သည်။

"တစ်ယောက်ယောက်က ဒီမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ သစ်သီးတစ်လုံးကို တစ်ကြိမ် စားပြီး ချက်ချင်းဆိုသလို ဒြပ်စင်စုစည်းခြင်းအဆင့်ကနေ စိတ်ဝိညာဉ်ပင်လယ် အဆင့်ကို မြင့်တက်သွားခဲ့တယ်"

ဒါက အံ့သြစရာကောင်းပါတယ်။ ဒါပေမဲ့ လျှို့ဝှက်နယ်ပယ်တွေက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေနဲ့ ပတ်သတ်ပါတယ်။ ဒါကြောင့် အဲဒီလိုမျိုး စိတ်ဝိညာဉ် သစ်သီး တစ်လုံး က အမှန်တကယ် တည်ရှိတယ်ဆိုတာ မထူးဆန်းပါဘူး။

"ဒါပေမဲ့ ရှေ့မှာ ကြီးမားတဲ့ မြစ်ကြီးတစ်စင်း ရှိပြီးတော့ ငါ့ရဲ့ မိသားစုက အဲဒီမြစ်ကို မဖြတ်ကူးဖို့ တင်းတင်းကြပ်ကြပ်

တားမြစ်ပိတ်ပင်ထားတယ်”

လှိုင်ယုထန်က ရပ်ပြီးတော့ ဆက်ရှင်းပြလိုက်ပါတယ်။

“ဘယ်သူမှ မြစ်တစ်ဖက်ကမ်းကနေ အသက်ရှင်ပြီးတော့ ပြန်မလာနိုင်ခဲ့ဘူး”

အပိုင်း (၂၃၅) အမြတ်အစွန်း အနည်းငယ်

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ မှတ်တမ်းစာအုပ်ကနေ ကြီးမားတဲ့ မြစ်ရဲ့ နောက်က အကြောင်းအရာကို နားလည်နိုင်ပါတယ်။ ဂင်္ဘာ တွေ ချထားပြီးတော့ တကယ်လို့ တစ်ယောက်ယောက်က ဖြတ်ချင်တယ်ဆိုရင် ဂင်္ဘာ အစီအရင်တွေ နဲ့ ပါတ်သတ်ပြီး နှံ့စပ်ကျွမ်းကျင်ဖို့ လိုအပ်ပါတယ်။ ဒါမှမဟုတ် ၎င်းတို့ကို ဖျက်ဆီး ပစ်နိုင်ဖို့ အဆင့်မြင့်တဲ့ ခွန်အား သန်မာမှု တွေ လိုအပ်ပါတယ်။

တကယ်လို့ သူက ဒီလျှို့ဂှက်နယ်ပယ် ကို နားလည်ချင်တယ်ဆိုရင် ၎င်းရဲ့ အနက်ရှိုင်းဆုံး အပိုင်းတွေထဲကို စွန့်စားသွားလာရပါလိမ့်မယ်။

တကယ်လို့ သူက ဒြပ်စင်စုစည်းခြင်း အဆင့်မှာပဲဆိုရင်

လင်းဟန်အနေနဲ့ သူရဲ့ စွမ်းရည် အပေါ်မှာ အလွန်အကျွံ့ခန့်မှန်းထားမှာ မဟုတ်သလို စပ်စုခြင်း အတွက် ကြောင့် သူရဲ့ အသက်ကိုတော့ စွန့်ပစ်ဖို့ မလိုပါဘူး။ ဒါပေမဲ့ အခု သူ့မှာ လုံး၀ ယုံကြည်မှု အပြည့်ရှိနေပါတယ်။ တကယ်လို့ သူက လျှို့ဝှက်နယ်ပယ်ရဲ့ လျှို့ဝှက်ချက် ကို ရှာမတွေ့နိုင်ခဲ့ဘူးဆိုရင်တောင်မှ အနည်းဆုံးတော့ လုံလုံခြုံခြုံ နဲ့ ပြန်ဆုတ်ခွာနိုင်လို့ ရပါလိမ့်မယ်။

"ငါ စိတ်ဂိဉာဉ် မြက်ပင် တစ်ချို့ကို ရှာနိုင်မလားဆိုတာ ကြည့်ရတာပေါ့"

လင်းဟန်က ပြောလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ ပထမ အလွှာက စိတ်ဂိဉာဉ် မြက်ပင်တွေကို လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလာနိုင်တဲ့ စွမ်းရည် ရှိပါတယ်။ သူက မှော်ဆေးဖော်ဆရာဇ် ဖြစ်ပါတယ်။ တကယ်လို့ သူက အဲဒါကို အသုံးမပြုဘူးဆိုရင် သူက တကယ့်ကို ရူးနေလို့ပဲ ဖြစ်ပါလိမ့်မယ်။

သူတို့သုံးယောက်က တောင်ကို စက်ပိုင်းပုံစံ ပတ်သွားလိုက်ကြပါတယ်။ ဒီ ဧရိယာ က အရမ်းကို အန္တရာယ်များပြီးတော့ လူတွေကို တွေ့မြင်ရဖို့ဆိုတာ

အရမ်းကို ရှားပါး လွန်းပါတယ်။ နေရာတိုင်းမှာ တောအုပ်တွေကိုပဲ ကျိုးတို့ကျဲတဲ မြင်နိုင်ပါလိမ့်မယ်။ သစ်ပင်တွေ မြက်ပင်တွေနဲ့ ပန်းပင်တွေအာလုံးကလဲ အရောင်အသွေးစုံလင်ပြီး မြင်ကွင်းကို ရှုပ်ထွေးစေပါတယ်။

မျှော်မှန်းမထားပဲနဲ့ ဟူးညို့က သူမရဲ့ စွမ်းဆောင်နိုင်စွမ်းကို နောက်တစ်ကြိမ် ထပ်ပြီး ပြသခဲ့ပါတယ်။

ဟူးညို့က စတင်ပြီး အနံ့ခံပြီးတော့ လင်းဟန်ကို အံ့အားသင့်စရာ တစ်ခုကို သယ်ယူ လာပေးပါတယ်။ အပြာရောင်ကြယ်မြက်ပင်။ ဒါက အဆင့်လေး ဒေါ်သချီ ဆေးလုံးကို သန့်စင်နိုင်တဲ့ အဆင့်လေးရှိတဲ့ စိတ်ဂိဉာဉ်မြက်ပင် တစ်ပင်ပဲ ဖြစ်ပါတယ်။ စိတ်ဂိဉာဉ် ပင်လယ်အဆင့် ကျွမ်းကျင်သူသာ အဲဒီဆေးလုံးကို သုံးလိုက်မယ်ဆိုရင် သူတို့ရဲ့ စွမ်းအင်က ၂၀ ရာခိုင်နှုန်းလောက် တိုးလာနိုင်ပါတယ်။

"ဟင် ဟူးညို့ မင်းက ဒါကို ဘယ်လိုရှာတွေ့တာလဲ"

လင်းဟန် က သိချင်စိတ်ပြင်းပြစွာနဲ့ ထုတ်မေးလိုက်ပါတယ်။

"ညိုး ကအစားသောင်းကြမ်းတဲ့ သူတစ်ယောက်လေ"

ဟူးညို့က သူမကိုယ် သူမ အရမ်းကို ကျေနပ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ရီမောလိုက်ပါတယ်။ သူက အရမ်းကြီးတော့ မအံ့သြပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဟူးညို့ရဲ့ စိတ်ဂိဉာဉ်အခြေခံက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပါတယ်။ သူမက လုံးဝကို သာမာန် မဖြစ်နိုင်ပါဘူး။ ပုံမှန်လူတွေနဲ့ မတူတဲ့ စွမ်းရည် အနည်းငယ် ရှိပြီးတော့ အဲဒီစွမ်းရည်တွေက ပုံမှန်လူတွေ ခန့်မှန်းလို့ မရနိုင်အောင်ပဲ ရှားပါးလွန်းပါတယ်။

လွီယုထန် က အရမ်းကို စိတ်ဓါတ်ကျနေပါတယ်။ သူမရဲ့ လုပ်ဆောင်ချက်တွေက တကယ့်ကို အသက် ၅ နှစ် ၆ နှစ်ခန့်ပဲ ရှိသေးတဲ့ မိန်းကလေးရဲ့ လုံးဝ လွှမ်းမိုး ခြယ်လှယ်မှု ကို ခံလိုက်ရပါတယ်။ ဒါက သူမကို ရှက်ရွံ့ပြီးတော့ မျက်နှာ နီသွားစေ ခဲ့ပါတယ်။

လင်းဟန် က အပြာရောင်ကြယ်မြက်ပင်ကို ဂရုတစိုက်နဲ့ တူးလိုက်ပါတယ်။ အပြာရောင် ကြယ်မြက်က သက်တမ်းပိုရင့်လေ ဒေါသချီဆေးလုံးကို သန့်စင်တဲ့အခါ အာနိသင် အကျိုးကျေးဇူးက ပိုပြီးတော့ ကောင်းလေပဲ

ဖြစ်ပါတယ်။ အများဆုံး ၎င်းက လူတစ်ယောက်ရဲ့ စွမ်းအားကို ဆယ်ဆ အထိတောင် မြှင့်တင်ပေးနိုင်ပါတယ်။

သူက အနက်ရောင် မျှော်စင်ထဲမှာ အပြာရောင် ကြယ်မြက်ပင်ကို စိုက်လိုက်ပါတယ်။ တစ်နှစ်က နှစ်ပေါင်းတစ်ထောင်နဲ့ ညီမျှပါတယ်။

ပုံမှန်ပြောမယ်ဆိုရင်… အပြာရောင် ကြယ်မြက်ရဲ့ သက်တမ်းက နှစ်ပေါင်း ငါးဆယ် ဆိုရင်ပဲ ကောင်းကောင်းကြီးလုံလောက်ပါပြီ။ အခု အပြာရောင် ကြယ်မြက်က သက်တမ်းသုံးဆယ်လောက်ရှိပါပြီ။ ဒါကြောင့် နှစ်ပေါင်းငါးဆယ် သက်တမ်းရှိတဲ့ အရွယ်ရောက်ဖို့အတွက် မျှော်စင်ထဲမှာ တစ်ရက်လောက် စိုက်ဖို့ပဲ လိုအပ်ပါတယ်။

ဟူးညိုက နောက်ထပ် ကူညီလုပ်ဆောင်ပေးပြီးတော့ အရမ်းကို လျှင်မြန်စွာနဲ့ပဲ ခုနှစ်ကြိုး သစ်အမျိုးအစား တစ်ခုကို ရှာတွေ့သွားပါတယ်။

ခုနှစ်ကြိုး သစ်ပင်ကို တိမ်ထူသစ်ပင်လို့လဲ ခေါ်ကြပါတယ်။ ၎င်းက ရေခဲပညာရပ် ကျင့်ကြံတဲ့သူတွေ အတွက် ကြီးမားတဲ့ အထောက်အပံ့ပေးနိုင်တဲ့ ပစ္စည်း တစ်ခုလည်း ဖြစ်ပါတယ်။ ၎င်းကို ဆေးလုံး လုပ်ပစ်ဖို့မလိုပါဘူး။ ထူးဆန်းတဲ့မီးနဲ့

ရှိုးရှိုးရှင်းရှင်းပဲ သန့်စင်လိုက်ရုံပါပဲ။ ခုနစ်ကြိုး သစ်ပင်ရဲ့ တန်ကြေးက ၎င်းရဲ့ သက်တမ်း အပေါ်မူတည်ပြီး ကွာခြားပါတယ်။ သက်တမ်းပိုရင့်လေ ပိုကောင်းလေပါ။ ဒါပေမဲ့ ပုံမှန်အားဖြင့်တော့ နှစ်ပေါင်း တစ်ထောင်သက်တမ်းရှိတဲ့ဟာ တစ်ခုကို ရှာတွေ့ဖို့ဆိုတာ ခက်ခဲပါတယ်။

ဒီ ခုနစ်ကြိုး သစ်ပင်ကတော့ နှစ်ပေါင်း တစ်ရာကျော်လောက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အနက်ရောင်မျှော်စင်ထဲမှာ လအနည်းငယ်လောက် စိုက်ထားလို့ရှိရင် နှစ်ပေါင်းတစ်ထောင် သက်တမ်းကို ရောက်သွားပါလိမ့်မယ်။

ဒါပေမဲ့ ကံကောင်းမှု က သူတို့နဲ့တော့ အမြဲတမ်းရှိမနေပါဘူး။ နှစ်ရက်လောက် ရှာဖွေတာတောင် သူတို့ ဘာမှ မရရှိခဲ့ပါဘူး။ ဟူးညို့က နောက်ထပ် စိတ်ဂိညာဉ် သစ်ပင် ကို ရှာတွေ့ခဲ့သော်လည်း ကံမကောင်းတာက ၎င်းအပေါ်က သစ်သီးတွေက ခူးဆွတ်ခံလိုက်ရ ပါပြီ။ ဒါပေမဲ့ လင်းဟန်က ဂရုမစိုက်ပါဘူး။ ၎င်းသစ်ပင်ကို အနက်ရောင် မျှော်စင်ထဲကို ပြောင်းရွှေ့ စိုက်ပျိုးလိုက်ပါတယ်။

"တစ်စုံ တစ်ယောက် အနီးနားမှာ ရှိနေတယ်"

လင်းဟန်က ရုတ်ချည်းဆိုသလို ရပ်တန့်လိုက်ပါတယ်။

"ဟုတ်တယ် ဟုတ်တယ်"

ဟူးညိုကလည်း ခေါင်းကိုငြိမ့်ပြီး တကယ့်ကို လေးလေးနက်နက် အမူအရာ ဖြစ်သွားပါတယ်။

ဆယ်ယောက်ထက် မနည်းတဲ့ လူငယ်တွေက တောင်ရှေ့တည့်တည့်ကနေ ဆင်းလာခဲ့ကြပါတယ်။ အကြီးဆုံးက အသက်သုံးဆယ်ကို မကျော်သေးပါဘူး။ သူတို့အုပ်စုမှာ အမျိုးသားရော အမျိုးသမီးရော ပါဝင်ကြပါတယ်။

"ဟင်"

လင်းဟန်က သူတို့အုပ်စုကို ငေးကြည့်လိုက်ပြီးတော့ အံ့အားသင့်သွားပါတယ်။

"လင်းဟန်"

အဲဒီအုပ်စုထဲက မိန်းကလေးတစ်ယောက်က အရင်ဆုံး

လှမ်းအော်ခေါ်ပြီးတော့ သူ့ကို လက်ပွေ့ရမ်း ပြပြီး လျှင်မြန်စွာနဲ့ လျှောက်လာခဲ့ပါတယ်။

သူမကတော့ လီစီရှန်း ပဲ ဖြစ်ပါတယ်။

သူတို့က မမျှော်လင့်ပဲ ဒီနေရာမှာ လာဆုံကြပါတယ်။

လီစီရှန်း လမ်းလျှောက်လာပြီးတော့ အဲဒီလူငယ်တွေကလဲ နောက်က လိုက်လာခဲ့ ကြပါတယ်။ သူတို့အားလုံးကိုယ်စီ ခေါင်းတွေကို မော့ထားတဲ့ပုံစံကို ကြည့်ရတာ မာနကြီးပြီးတော့ မာန်တက်နေကြတဲ့ အတိုင်းပါပဲ။

"အိုး.... မင်းက လင်းဟာန်ပေါ့ ဟုတ်လား"

ပိုးဖဲကတ္တီပါစ ဝတ်ထားတဲ့ လူငယ်က ဂရုမစိုက်စွာနဲ့ ပြောလိုက်ပါတယ်။ သူရဲ့ လေသံက တည်ငြိမ်နေပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ အဆင့်အတန်းမြင့်မားတဲ့ လူတစ်ယောက်က သာမာန်လူတစ်ယောက်ကို နှိမ့်ချကြည့်ပြီးတော့ ပြောလိုက်တဲ့ အထက်စီး ဆန်ဆန်နဲ့ ပုံစံမျိုးပါပဲ။

"လင်းဟာန် တွေ က အများကြီး ရှိနေလို့လား"

လင်းဟန်က သာမန်ကာလျှံကာ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လူငယ်တစ်ယောက် ကြားဖြတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဖန်းယန် ကို ကိုယ့်အားကိုကိုးပြီးတော့ ရင်ဆိုင်နိုင်ခဲ့တယ်လို့ ငါကြားခဲ့တယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ မယုံကြည်နိုင်ဘူး"

"မင်းက ဘယ်လို အမျိုးအစား သက်မဲ့ ပစ္စည်းတစ်ခုလဲ။ ပြီးတော့ မင်းငါ့ကို ယုံကြည်သည်ဖြစ်စေ မယုံကြည်သည် ဖြစ်စေ ငါက ဘာလုပ်ရမှာလဲ"

လင်းဟန်က ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လူငယ်က ဒေါသထွက်သွားပြီးတော့ အော်ဟစ်လိုက်သည်။

"ငါက ဟွမ်မိသားစုက ဟွမ်ပေ့ဇီ ပဲ... မင်းက ငါ့ကို စော်စော်ကားကားနဲ့ သက်မဲ့ပစ္စည်း တစ်ခု လို့ ခေါ်ရဲတယ်လား"

"အိုး... မှားပြောမိတာပဲ။ ဒါဆိုရင် မင်းက သက်မဲ့ပစ္စည်းတစ်ခု

မဟုတ်ဘူးပဲ"

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ သူ့ရဲ့ စကားလုံးတွေကို အဆင့်သင့် ပြောင်းလဲ ပစ်လိုက်ပါတယ်။

"မင်း...."

ဟွမ်ပေ့ဇီရဲ့ မျက်လုံးတွေက ဒေါသကြောင့် ပြူးထွက်လာခဲ့ပြီး သတ်ချင် ဖြတ်ချင်တဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှင့်လိုက်ပါတယ်။

ဟူးညိုက သူမရဲ့ သွားတွေကို ချက်ချင်းပဲ ဖြဲပြလိုက်ပြီးတော့ သူမရဲ့ ထက်လှတဲ့ အစွယ်တွေကို ထုတ်ဖော်လိုက်ပါတယ်။

"ပေ့ဇီ"

ကတ္တီပါ အသား ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်က သူ့ကို တားလိုက်ပြီးတော့ ရီရီမောမောနဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အပြုအမူတွေကို ထိန်းဦးမှပေါ့။ ငါတို့က ပန်းလေးနစ်ပွင့်ရဲ့ အရှေ့မှာ ဆိုတာကို မမေ့ထားလိုက်နဲ့လေ"

"အစ်ကို ချန်းဟူ မှန်တယ်"

ဟွမ်ပေ့ဇီ က သူ့ရဲ့ ဒေါသထွက်နေတဲ့ အမူအရာတွေကို အလျင်အမြန် ပြန်ရုတ်သိမ်း လိုက်ပါတယ်။ ဒီ မှင်တက်အံ့သြစရာကောင်းတဲ့ မိန်းမလှလေး နစ်ယောက်ရဲ့ အရှေ့ မှာ သူ့ရဲ့ အပြုအမူတွေ ရိုင်းစိုင်းလို့ မဖြစ်ပါဘူး။

"အစ်မ ယုထန်"

ကတ္တီပါစ ဝတ်ဆင်ထားတဲ့ လူငယ်က လှီယုထန်ကို နှုတ်ဆက် ဂါရဝ ပြုလိုက်ပါတယ်။ သူတို့က တစ်ယောက်နဲ့ တစ်ယောက် သိနေတယ်ဆိုတာ ထင်ရှားပါတယ်။

ဒီကောင်က လင်းဟန်ကို မျက်နှာသာမပေးပါဘူး။ ဒါကြောင့် လှီယုထန်ကလဲ သူ့ကို မျက်နှာသာ ပေးမှာ မဟုတ်ပါဘူး။ သူမရဲ့ ကျက်သရေရှိ တင့်တယ်လှတဲ့ မျက်နှာ လေးကို အဝေးကို လွှဲပြီးတော့ ဘာမှမကြားသယောင် ဟန်ဆောင်လိုက်ပါတယ်။

ဒါကို မြင်တဲ့အခါမှာ ဒီလူငယ်တွေက အရမ်းကို ခံစားချက်ဆိုးဝါးသွားကုန် ကြပါတယ်။ လင်းဟန်မှာ ဘယ်လို

အဆင့်အတန်းမျိုးနဲ့ စွမ်းရည်တွေရှိလို့ ဒီပါရမီရှင် မိန်းမလှလေးကို မသွေဖည်အောင်လို လုပ်နိုင်ရတာလဲ။ ဒ့်ါအပြင် တကယ်လို့ ဒါက လွှီယုထန် တစ်ယောက်တည်းဆိုရင် ကိစ္စမရှိပါဘူး။ဒါပေမဲ့ အခု လီစီရှန်းတောင်မှ သူရဲ့ မိန်းကလေး တစ်ယောက်လို ဖြစ်လာတဲ့ပုံစံ မြင်နေရပါတယ်။ အင်ပါယာမြို့ က လူငယ်တွေက ဒါကို ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ။

"ငါ့နာမည် လီချန်ဟူ"

ကတ္တီပါဂဝတ်စုံနဲ့ လူငယ်က သူရဲ့ အမူအရာကို ထိန်းသိမ်းဖို့ ကြိုးစားရင်းနဲ့ လင်းဟန်ကို ပြောလိုက်ပါတယ်။

"အစ်ကို လင်းဟန် ရဲ့ နာမည်ကို ကြားဖူးနေတာ တော်တော်ကြာပါပြီ။ ငါတို့ လက်ရည်စမ်းကြည့်လို့ ရနိုင်မလား"

"လီချန်ဟူ ဟုတ်လား။ ဘာဖြစ်လို့ မင်းကို လီချန်လုံ လို့ မခေါ်တာလဲ။ မင်းရဲ့ ရည်မှန်းချက်ကို အရမ်းနိမ့်ကျစေတယ် မဟုတ်ဘူးလား"

လင်းဟန် ကရီမောလိုက်ပါတယ်။

လီချန်ဟူ က စိတ်ဆိုးမာန်ဆိုး ဖြစ်တဲ့ အမှုအရာ ထုတ်ဖော်လိုက်ပါတယ်။ နဂါးဆိုတာက အင်ပါယာမိသားစု ရဲ့ မျိုးနွယ်စု တစ်ခုလုံးကို ကိုယ်စားပြုတဲ့ တိရိစ္ဆာန် ဖြစ်ပါတယ်။ တကယ်လို့ သူ့ကို ချန်လုံ လို့ ခေါ်လိုက်မယ်ဆိုရင် ဒါက အင်ပါယာ မိသားစုကို ဆန့်ကျင်လိုက်တာပါပဲ။ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက မိုးရေနိုင်ငံ ပထမဆုံး တည်ဆောက်ချိန်အခါတုန်းက ဒါက ကိစ္စသိပ်မရှိပါဘူး။ အဲဒီတုန်းက မိသားစုကြီးကိုးခုရဲ့ အင်အားတွေက တူညီကြပါတယ်။ ဒါပေမဲ့ အခု ချီမိသားစု ရဲ့ နောက်မှာ ပန်းဖူးအဆင့် မွန်းစတား အဘိုးကြီး တစ်ယောက် ရှိပါတယ်။ မိသားစု တစ်ခုရဲ့ စွမ်းအားကပဲ တော်ဝင် အင်အားကြီး မိသားစု ရှစ်ခုကို ဖြတ်ကျော်သွားနိုင် ပါတယ်။

"လျှာစောင်း တော်တော်ထက်တာပဲ။ ဒါပေမဲ့ မင်းရဲ့ စွမ်းရည်က ဘာလဲ"

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"လီချန်ဟူ... နင်တော်တော် အရှက်မရှိတာပဲ။ လင်းဟာန်က ဒြပ်စင်စုစည်းခြင်း အလွှာ ပထမ အဆင့်ပဲ ရှိပြီး နင်ကတော့ နွေဦးစမ်းရေ အလွှာ တတိယ အဆင့် ရှိနေတာတောင်မှ

လက်ရည်စမ်းဖို့အတွက် လုံး၊ မမေးသင့်ဘူး မဟုတ်လား”

လီစီရှန်းက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

“ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့်လား”

လီချန်ဟူ နဲ့ တစ်ခြားသူတွေက ထူးဆန်းတဲ့ အမူအရာ တွေ ဖြစ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်ရှိ လင်းဟန်က နွေဦးစမ်းရေ အလွှာ ပထမ အဆင့် တစ်ယောက်ရဲ့ ဖိအားမျိုးကို ပေးနေလို့ပါပဲ။

တတိယအလွှာ နဲ့ ပထမအလွှာ အဆင့် ရင်ဆိုင်တိုက်ခိုက်တာက မမျှတဘူး ဆိုပေမဲ့ နှစ်ခုလုံးက နွေဦးစမ်းရေ အစောပိုင်းအဆင့် တွေပဲ ဖြစ်ပါတယ်။ ဒါက လက်ခံနိုင်တဲ့ အခြေအနေ အတွင်းမှာ ရှိပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူ့ရဲ့ လက်ချောင်းကို ဆတ်ခနဲ လှုပ်ရှားပြီး တော့ ပြောလိုက်ပါတယ်။

“ငါ့မှာ မင်းတို့လို ဆန်ကုန်မြေလေးတွေနဲ့ အချိန်ဖြုန်းဖို့အတွက် အချိန်မရှိဘူး။ အားလုံး အတူတူ လာခဲ့ကြ။ ဒါမှမဟုတ်ရင်လဲ အားလုံးကို ကိုယ်စားပြုပြီး

တစ်ယောက် ထွက်လာခဲ့ပြီးတော့ ငါရိုက်နက်တာကို ခံလိုက်.. တကယ်လို့ မင်းတို့ ရှုံးရင် ထွက်သွားကြတော့"

"မိုက်ရိုင်းလိုက်တာ"

ဒီလူငယ်လေးတွေက အံကြိတ်ကုန်ကြပါတယ်။ ဒီကောင်က သူတို့ကို အထင်အမြင်သေးသလို ကြည့်နေတာပဲ။

အပိုင်း (၂၃၆) မိုးကြိုး လျှပ်စီး မြစ်

"လင်းဟန် မင်းက အရမ်းကို စိတ်ကြီးဝင်နေတာပဲ"

လီချန်ဟူ နဲ့ ကျန်တဲ့သူတွေက သူ့ကို တစ်ယောက်ပြီးတစ်ယောက် ကြိမ်းမောင်း ဆူပူလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ မင်းတို့ကို နှိမ့်ချပြီးတော့ ကြည့်တာတော့ မဟုတ်ပါဘူး။ ငါက အမှန်အတိုင်း ပြောပြရုံပါပဲ။ မင်းတို့တစ်ယောက်ချင်းစီက အမိုက်တွေပဲ"

"သောက်ရေး မပါတာတွေ လပ္ပြတ်ပဲပေါ့"

လီချန်ဟူ နဲ့ ဟွမ်ဖေ့ဇီ တို့ က သည်းမခံနိုင်တော့ပဲ တစ်ပြိုက်နက်တည်း သူ့ကို တိုက်ခိုက်လိုက်ကြပါတယ်။

အမှန်တကယ်တော့ သူတို့တွေထဲက တစ်ယောက်ပဲ အဆင့်မှီပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျန်တဲ့သူတွေက ဒြပ်စင်စုစည်းခြင်း အဆင့်ပဲ ရှိသေးတဲ့ အတွက်ဖြစ်ပါတယ်။ နွေဦးစမ်းရေ အလွှာ ပထမ အဆင့် မှာရှိတဲ့ လူတစ်ယောက် နဲ့ မျက်နှာခြင်းဆိုင် တိုက်ခိုက်ရတဲ့အခါမှာတော့ သူတို့က ရပ်ကြည့်နေလို့ပဲ ရပါတယ်။ ဒါပေမဲ့ လီ နဲ့ ဟွမ် နှစ်ယောက်စလုံးက တော်ဂင်မိသားစုတွေရဲ့ အဖွဲ့သားတွေ ဖြစ်ပြီး သူတို့ရဲ့ မိသားစုတွေကလဲ အလေးပေးထားကြပါတယ်။ ဒါကြောင့် သူတိုနှစ်ယောက် က သာမန်ထက်တော့ သန်မာကြပါတယ်။

သူတို့ နှစ်ယောက်စလုံးက ဓါးကို အသုံးပြုကြပြီး ပုံမှန် ရိုးရိုးပဲ ထုတ်ဖော် တိုက်ခိုက် လိုက်တာပဲ ဖြစ်ပါတယ်။

လီချန်ဟူ က သူရဲ့ ဓါးနဲ့ တိုက်ခိုက်လိုက်တဲ့အခါမှာ ပါးလွှာတဲ့ လေထုထဲမှာ မီးတောက် ဂဲကတော့ ဆယ်ခု ပေါ်လာခဲ့ပြီးတော့ မီးတောက်ပန်းပွင့်တွေ အဖြစ်

သိပ်သည်းပြီးတော့ လင်းဟန်ဆီကို လျှင်မြန်စွာနဲ့ မျောလွင့်သွားခဲ့ပါတယ်။ ထိုအချိန်အတွင်းမှာ ဟွမ်ပေ့ဇီ က သူ့ရဲ့ ဓါးကို ပေ့ရမ်းလိုက်တဲ့အခါမှာ မြေကြီးက အနည်းငယ် တုန်ခါသွားပြီး ကနေသလို တွန့်လိပ်သွားခဲ့ပါတယ်။

တောင်တစ်လုံးလိုမျိုး တည်ငြိမ်နေပြီး လင်းဟန်က ဘာမှမလှုပ်ရှားပါဘူး။ ပြီးတော့ သူရဲ့ အမူအရာက စိတ်အေးလက်အေးနဲ့သက်တောင့် သက်သာ ဖြစ်နေတဲ့ ပုံစံပါပဲ။

"စိတ်ကြီးဝင်လိုက်တာ"

လီနဲ့ ဟွမ် နှစ်ယောက်စလုံးက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူတို့က သူတို့ရဲ့ အဆုံးစွန် တိုက်ခိုက်မှုပတွေကို လုပ်လိုက်တာတောင် လင်းဟန်ကတော့ မောက်မာပြီး မာန်တက် နေတုန်းပါပဲ။

"သူက တကယ်ပဲ သူ့ဒုက္ခသူရှာတာပဲ။ သူ့ကို ဒဏ်ရာပြင်းပြင်းထန်ထန် ရအောင် လုပ်ပြီးတော့ ဒီသင်ခန်းစာ ကို ကောင်းကောင်း မှတ်မိနေအောင် လုပ်ရမယ်"

သူတို့ရဲ့ အကြီးအကဲတွေ ဆီကနေပြီးတော့ လင်းဟန်ရဲ့ အကြောင်းကို မသဲမကွဲ ကြားခဲ့ဖူးပါတယ်။ ပြီးတော့ သူ့ကို လုံးဝ ရန်သွားမစဖို့ကိုလဲ တင်းတင်းကျပ်ကျပ် သတိပေးထားကြပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးက ငယ်ရွယ်တဲ့ လူငယ်တွေ ဖြစ်ပြီးတော့ ပြိုင်ဘက်ကင်းအောင် လှပချောမောတဲ့ လွီယုထန်နဲ့ လီစီရှန်း တို့ကို စိတ်ဝင်စား နေခဲ့ကြပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူတို့က လွယ်လွယ်နဲ့ လွှတ်ပေးလိုက်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

ဒါကြောင့် သူတို့ အနေနဲ့ လင်းဟန်ကို လုံးဝ မသတ်ပဲ့ရင်တောင်မှ သူ့ကို သင်ခန်းစာ ကောင်းကောင်း ပေးချင်ကြတာပါ။ ပြီးတော့ ဒီကောင်ကို သိစေချင်တာက အင်ပါယာမြို့ရဲ့ အလှပဂေးနှစ်ယောက်က အင်ပါယာမြို့နဲ့ပဲ သက်ဆိုင်ပြီးတော့ ဘယ်သူကမှ ရွံ့စရာကောင်းတဲ့ တောသား တစ်ကောင်ကို ငမ်းငမ်းတက် ဖြစ်နေတာ မဟုတ်ဘူးဆိုတာကိုရောပေ့ါ။

တိုက်ခိုက်မှု နှစ်ခုက လင်းဟန်ဆီကို တဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

နောက်ဆုံးတော့ လင်းဟန် လှုပ်ရှားလိုက်ပြီးတော့ ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ လက်ဝါးနှစ်ဖက်နဲ့

ရိုက်ထုတ်လိုက်ပါတယ်။

ဒီလက်ဂါးနှစ်ဖက်က အရမ်းကိုပဲ သာမန်ကာလျှံကာနဲ့ ရိုက်ထုတ်လိုက်တဲ့ ပုံစံပါပဲ။ ပြီးတော့ လူတိုင်းလူတိုင်းက ဒီလက်ဂါးတွေက ဘာမှ မထူးခြားဘူးဆိုတာကို သေချာ ရှင်းရှင်းလင်းလင်း မြင်ကြပါတယ်။ ဒီလက်ဂါးတွေက လီနဲ့ ဟွမ် တို့ရဲ့ တိုက်ခိုက်မှု ကို လွယ်လွယ်ကူကူနဲ့ ချိုးဖျက်ပြီးတော့ သူတို့နှစ်ယောက်ရဲ့ ရင်ဘက်ကို ထိထိ မိမိ ရိုက်မိသွားခဲ့ပါတယ်။

"ဘုန်း ဘုန်း"

ကျယ်လောင်တဲ့ အသံနဲ့အတူ လီနဲ့ ဟွမ် တို့နှစ်ယောက်စလုံး လေထဲကို လွင့်သွားခဲ့ ပါတယ်။ သူတို့ က လေထဲမှာပဲ သွေးတစ်လုတ်စီ အန်လိုက်ကြပြီးတော့ မြေကြီးပေါ် တစ်ချိန်တည်း ကျလာခဲ့ကြပါတယ်။

သေစမ်း။

လူတိုင်း အံ့အားသင့်ကုန်ကြပါတယ်။ လီချန်ဟူ က နွေဦးစမ်းရေ အလွှာ တတိယ အဆင့်ဖြစ်ပြီးတော့ ဟွမ်ပေ့ဇီ ကတော့ အလွှာ တစ်ခု အားနည်းပါတယ်။ သူတို့ နှစ်ယောက်

ပူးပေါင်းတိုက်ခိုက်တာကို လင်းဟန်က တစ်ကွက်တည်းနဲ့ မျှော်လင့်မထားပဲ အနိုင်ယူလိုက်ပါတယ်။

အဓိကသော့ချက်က လင်းဟန် က နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့ သူက ဒီနှစ်ယောက်ထက် ဆယ်ဆလောက် သန်မာတဲ့ ပုံစမျိုးနဲ့ သက်တောင့်သက်သာ ရှိပြီးတော့ လွယ်လွယ်ကူကူပဲ အနိုင်ယူ လိုက်ပါတယ်။

သူတို့နားလည်လိုက်သလိုပဲ လီနဲ့ ဟောင် ကလဲ သူတို့ကိုယ်သူတို့ လုံး၀ ရှုံးနိမ့်သွား ပြီဆိုတာကို သိသွားပြီးတော့ သူတို့ရဲ့ ယုံကြည်မှု တွေလဲ ပျောက်ကုန်ပါတယ်။ အဲဒီအချိန်မှာ သူတို့ က လင်းဟန်ကို သင်ခန်းစာ ပေးမယ်ဆိုတဲ့ အကြံကို လုံး၀ စွန့်လွှတ်လိုက်ပါတယ်။

လင်းဟန် အတွက်တော့ အဆင့်မြင့်တဲ့ တစ်ဦးဦးနဲ့ မျက်နှာခြင်းဆိုင် မတိုက်ခိုက် ရသေးသရွေ့တော့ ကောင်းကင်အဆင့်တုန်းက သူရဲ့ အတွေ့အကြုံတွေကို အခြေခံ အသုံးပြုပြီးတော့ နွေဦးစမ်းရေလို သေးငယ်တဲ့ အဆင့်မျှသာရှိတဲ့ ပြိုင်ဘက်တွေ ကို သက်တောင့် သက်သာနဲ့ လွယ်လွယ်ကူကူ ပဲ ဂရုစိုက်စရာကို မလိုပါဘူး။

"ထွက်သွားကြ"

သူက ပေ့ါပေ့ါပါးပါးနဲ့ အော်ဟစ်လိုက်ပါတယ်။

တကယ်လို့ ဒီလူတွေက ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ပြီးတော့ နေဦးမယ်ဆိုရင် သူလည်းပဲ သူတို့ကို ဘယ်အချိန်မှာ ထွက်သွားမလဲလို့ မေးတဲ့အခါမှာ ယဉ်ကျေး နေရပါလိမ့်မယ်။ ဒါပေမဲ့ သူတို့က သူ့ကို စိတ်ကသိကအောက် ဖြစ်အောင် လုပ်ချင်နေ မှတော့ သူက ဘာကြောင့် မျက်နှာသာ ပေးနေရဦးမှာလဲ။

သူ့အနေနဲ့ အပြင်လူတွေကို အနက်ရောင်မျှော်စင် အကြောင်းကို လုံးဝ မသိသွား စေချင်ပါဘူး။ ဒါကြောင့် သူက ပုံမှန်အားဖြင့် တစ်ခြားသူတွေကို သူတို့နဲ့ အတူရှိ မနေစေချင်ခဲ့ပါဘူး။

လီနဲ့ ဟွမ် က ပြင်းထန်တဲ့ဒဏ်ရာတွေ မရတဲ့အတွက် မကြာခင်မှာ မတ်တပ် ထရပ်ပြီးတော့ လင်းဟန်ကို ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ ကြည့်ပြီးတော့ ထွက်ခွာသွားကြပြီး တစ်ခြားသူတွေကလဲ သူတို့ရဲ့ အနောက်ကနေ အလျင်အမြန် လိုက်သွားကြပါတယ်။

"လီစီရှန်း… နင်ဘာဖြစ်လို့ သူတို့နဲ့ အတူသွားရတာလဲ"

လွှီယုထန်က မကြည်မသာနဲ့ မေးလိုက်ပါတယ်။

"ငါ သူတို့နဲ့ လမ်းမှာ ဆုံခဲ့တာ.. ဒါကြောင့် အဖွဲ့တစ်ခု လုပ်လိုက်တာပဲ။ ငါက မှော်ဆေးပညာရှင်လေး တစ်ယောက်ပဲဖြစ်ပြီး တော်ဂင်မိသားစု ရှစ်ခုရဲ့ အဖွဲ့သား မဟုတ်ဘူးလေ။ ပြောရမယ်ဆိုရင် နင်က သူတို့နဲ့တောင် ပူးပေါင်းသင့်တယ်"

လီစီရှန်းကလဲ ပါးရိုက်ရင် နားကိုက်တဲ့ ပုံစံနဲ့ပြန်ဖြေလိုက်ပါတယ်။

"ဟင့်"

သူမတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် အလျှော့ပေးမဲ့ပုံ မမြင်ပါဘူး။

ဟူးညိုက ကျိတ်ရီလိုက်ပါတယ်။ သူမရဲ့ မျက်နှာသေးသေးလေးမှာ အပြုံးတွေ ဝေဆာလို့ နေပါတယ်။

ဒီ ရုပ်ဆိုးဆိုး နှစ်ယောက်က အရူးတွေလို ငြင်းခုံနေပါတယ်။ ဒါပေမဲ့ လင်းဟန်ကို ဟူးညို ကပိုင်ဆိုင်တယ်လေ။

မိန်းကလေးနှစ်ယောက်က သူတို့ရဲ့ ထိပ်တိုက်ရင်ဆိုင်မှုကို လျင်မြန်စွာနဲ့ အဆုံးသတ်လိုက်ပြီးတော့ စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့... လင်းဟန်။ နင် အခု တော်ဝင်မိသားစု ရှစ်ခုရဲ့ လူငယ်မျိုးဆက် တစ်ခုလုံး နီးပါးကို စိတ်အနှောက်အယှက်ဖြစ်အောင် အပြစ်လုပ်ခဲ့လိုက်ပြီ။ အင်ပါယာမြို့ကို နင်ပြန်တဲ့အခါ သူတို့က နင့်ကို ခက်ခဲတဲ့အခြေအနေတွေ ဖြစ်အောင်လို့ လုပ်ကြလိမ့်မယ်"

လင်းဟန်က ယုံကြည်မှုရှိစွာနဲ့ ပြုံးလိုက်ပါတယ်။ အခု သူက ငွေဦးစမ်းရေ အဆင့်ကို ရောက်ရှိပြီဖြစ်လို့ လူငယ်မျိုးဆက်ထဲမှာ အဓိက နေရာကို နောက်ဆုံးမှာ ဖမ်းဆုပ်ကိုင် လိုက်နိုင်ခဲ့ပါပြီ။ လူကြီးတွေ ကသာ ထွက်ပေါ်မလာဘူးဆိုရင် သူ့အနေနဲ့ ဘယ်သူ့ကို ကြောက်ရွံ့နေဖို့ လိုမှာလဲ။

"ကိစ္စမရှိပါဘူး အခြေနေနဲ့ အချိန်အခါကို လိုက်ပြီးတော့ လုပ်စရာရှိတာ လုပ်ရမှာပေါ့"

သူက ပြောလိုက်ပါတယ်။

မိန်းကလေးနစ်ယောက်ကလဲ ဒီလိုပဲ တွေးလိုက်ကြပါတယ်။ အခုစိုးရိမ်ပူပန်နေတာ က အသုံးမဝင်ဘူး။ ဒါပေမဲ့ တကယ်လို့ ကောင်းကင်ဆေးအိမ်တော်က လင်းဟန်ကို အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တံဆိပ်ပြား ပို့လာတဲ့အခါကျရင် တော်ဝင် မိသားစု ရှစ်ခုရဲ့ ခေါင်းဆောင်တွေတောင်မှ လင်းဟန်ကို တွေ့တဲ့ အခါကျရင် ယဉ်ယဉ်ကျေးကျေးနဲ့ သခင်လေးလင်းလို့ ခေါ်ရပါလိမ့်မယ်။ ဂျူနီယာ လူငယ်လေးတွေ ဘယ်လောက်ပဲ စုပေါင်းပါစေ.. ဘာများအသုံးကျဦးမှာလဲ။

နေ့တစ်ဝက်ခန့်ကြာပြီးတဲ့နောက်မှာ သူတို့က ကြီးမားတဲ့ မြစ်တစ်စင်းရဲ့ အရှေ့ကို ရောက်လာခဲ့ကြပါတယ်။

အရှေ့ဘက်တည့်တည့်မှာတော့ လျှို့ဂှက်နယ်ပယ်ရဲ့ ကြီးမားတဲ့ ဘယ်လိုမှန်းမသိတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမြစ်ကိုတော့ လွယ်လွယ်နဲ့ ဖြတ်ကူးလို့တော့ မရပါဘူး။

လင်းဟန်က အနီးကပ်ပြီး သေချာကြည့်လိုက်ပါတယ်။

အဲဒီနေရာမှာ လျှပ်စီးမိုးကြိုး အလင်းတွေ ရှိပြီးတော့ ၎င်းကို နှစ်ခါလောက်ကြည့်လိုက်ရင်ကိုပဲ သူ့ရဲ့ ဂိဉာဉ်ကို တဒုတ်ဒုတ်နဲ့ မြည်သွားအောင်လို့ လုပ်နိုင်ပါတယ်။

ဒါက မိုးကြိုးလျှပ်စီးမြစ် တစ်စင်းဖြစ်ပါတယ်။ တကယ်လို့ တစ်យောက်ယောက်က အလောတကြီးနဲ့ မြစ်ကို ဖြတ်ကူးမယ်ဆိုရင် စွမ်းအားပြင်းလှတဲ့ လျှပ်စစ်မိုးကြိုးတွေကြောင့် အပိုင်းပိုင်း ဖြစ်သွားနိုင်ပါလိမ့်မယ်။ နွေဦးစမ်းရေ အဆင့်နဲ့ စိတ်ဂိဉာဉ် ပင်လယ်အဆင့် ကို အသာ ထားပါဦး။ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက် တောင်မှ ၎င်းကို မြင်လိုက်တဲ့အခါမှာ မျက်မှောင်ကြုတ်သွားပါလိမ့်မယ်။

လင်းဟန် က ထူးဆန်းသလို ခံစားလိုက်ရပြီးတော့ ပြောလိုက်ပါတယ်။

"အရင်တုန်းက ဒီမြစ်ကို တစ်ယောက်ယောက် ဖြတ်ကူးဖူးသလား"

"အင်း.. ဘိုးဘေးတွေ ရေးသားထားချက် အရတော့ အဲဒီလို လူတွေ တစ်ချို့ ရှိတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ သူတို့ ဘယ်လိုလုပ်လဲဆိုတာ မသိသလို ဘယ်သူကမှလဲ

ပြန်မလာနိုင်ကြဘူး။ ဒါကြောင့် ငါတို့ ဘယ်လိုမှ မသိနိုင်ဘူး”

လှိုင်ယုထန်က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ရှောင်ဒင်ရဲ့ ချန်ထားတဲ့ မှတ်တမ်း စာအုပ် အရတော့ ဒီ မိုးကြိုးလျှပ်စီးမြစ်ထဲက တစ်နေရာရာမှာ ပျောက်ကွယ်နေတဲ့ သစ်ငုတ်တိုတွေ ရှိပြီးတော့ နေ့စဉ်နေ့တိုင်း အချိန်တစ်ခုခုမှာ ပေါ်လာပြီး လူတွေကို ဖြတ်သွားလို့ ရစေပါလိမ့်မယ်။ ဒါပေမဲ့ တစ်ကြိမ်နဲ့ တစ်ကြိမ် ၄င်း တို့ ပေါ်လာတဲ့ အချိန်ကာလက အရမ်းကို တိုတောင်းလွန်းပါလိမ့်မယ်။

ဒါပေမဲ့ လူတွေအများကြီးက အမြဲတမ်းလာခဲ့ကြပါတယ်။ ဒါကြောင့် သူတို့ထဲက တစ်ချို့ကတော့ တွေ့ဆုံရဖို့ အခွင့်အရေးရှိပြီးတော့ တစ်ဖက်ကမ်းကို ကူးဖြတ်ပြီး အခွင့်အရေးတွေကို ရှာဖွေဖို့ သတ္တိကောင်းတဲ့ လူတွေကတော့ ပြန်မလာနိုင်ခဲ့ ကြပါဘူး။

လင်းဟန်က အခု ပျောက်ကွယ်နေတဲ့ သစ်ငုတ်တွေ ဘယ်နေရာမှာ ရှိပြီးတော့ ပေါ်လာမလဲဆိုတာကို ရှာဖွေနေပါတယ်။

သူတို့က မြစ်ဘေးတစ်လျှောက် စိတ်ဂိုဏ်ဥ်မြင်ပင်တွေနဲ့ စိတ်ဂိုဏ်ဥ် သစ်ပင်တွေကို ဖြတ်သွားဖြတ်လာ လုပ်ရင်းနဲ့ ရှာဖွေနေပြီး အကျိုးအမြတ် ရအောင်လို့လည်း လုပ်နေကြပါတယ်။ ၎င်းတို့အားလုံးက အဆင့်နိမ့်ကြပေမဲ့လည်း အနက်ရောင် မျှော်စင် ရဲ့ နေရာလွတ်က အဆုံးအစ မရှိ ကြီးမား ကျယ်ပြန့်တဲ့အတွက် ဘာကြောင့် ၎င်းတို့ကို အလဟဿ ဖြစ်ခံတော့မှာလဲ။

လင်းဟန်က စိတ်ဂိုဏ်ဥ်မြက်ပင်တွေနဲ့ စိတ်ဂိုဏ်ဥ်သစ်ပင်တွေကို သူလမ်းလျှောက်ပြီး ပျောက်ကွယ်ကုန်တာကို မြင်လိုက်ရတာနဲ့ လီစီရှန်းတစ်ယောက် သူမအနေနဲ့ တဖွွေသရဲ တစ်ကောင်ကို မြင်နေရသလို ခံစားရပါတယ်။ လွှဲယုထန်ကို ကြည့်ရတာ တော့ တည်ငြိမ်နေပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကတော့ သူမရဲ့ အမူအရာက အရမ်းကြီး မကောင်းပါဘူး။ သူမက အခု လီစီရှန်းရဲ့ပုံစံက ဘာမှကို မသိတဲ့ တောသူမ တစ်ယောက်လိုဖြစ်နေတာကို မြင်တဲ့အခါမှာတော့ ကျိတ်ပြီးရီမော နေပါတယ်။

လင်းဟန်က သိုလှောင်လက်စွပ် ရဲ့ လျှို့ဝှက်ချက်ကို မိန်းကလေးနှစ်ယောက်ကို ထုတ်ဖော်ပြောလိုက်ပါတယ်။ ပြီးတော့ ရိုးရိုးလေးပဲ သူ့မှာ အာကာသယာဉ်ပျံ ထက်တောင်

ပိုကောင်းတဲ့ အရာတစ်ခု ရှိတယ်လို့ ပြောလိုက်ပြီး အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ရှင်းပြနေစရာမလိုတော့ပါဘူး။ ပြီးတော့ အခု သူက သိုလှောင်လက်စွပ် ကို သိပ်အသုံးပြုစရာမလိုတော့ပဲ အနက်ရောင်မျှော်စင်ကို အစားထိုးလိုက်ပြီးတော့ ၎င်းမှာ အဆုံးမရှိ ကျယ်ဝန်းတဲ့ နေရာနဲ့ လုပ်ဆောင်ချက် ရှိနေပါတယ်။

မိန်းကလေးနစ်ယောက်က သိုလှောင်လက်စွပ် ကို စိုက်ကြည့်နေ ပြီးတော့ ဆန်းသစ်တဲ့ ပစ္စည်းတစ်ခုကို ကြည့်နေရသလိုမျိုး ဖြစ်နေကြပါတယ်။

သိုလှောင်လက်စွပ်က ကောင်းတဲ့အရာ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခြား တစ်ဖက်မှာတော့ လက်စွပ်က တစ်ခြား အဓိပ္ပါယ်ကို ကိုယ်စားပြုပါတယ်။

"အဲဒါက ညီးဟာ"

မိန်းကလေးနစ်ယောက်က လင်းဟန်က ဘယ်သူ့ကို ရွေးချယ်ပြီးတော့ ပေးမလဲ ဆိုတာကို စောင့်နေဆဲပဲ ရှိပါသေးတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ စည်းမျဉ်းစည်းကမ်းနဲ့ မကစားပဲ သူတို့စောင့်ကြပ်နေတဲ့

အရာကို ဖြတ်ခနဲ လုယူ ပြီးတော့ သူမရဲ့ လက်ချောင်းမှာ စွပ်ပြီး ရီမောနေပါတယ်။

ဟူးညို့က အရွယ်နည်းနည်းရောက်နေပါပြီ။ပြီးတော့ သူမရဲ့ လက်မှာ လက်စွပ်ကို စွပ်လိုက်တဲ့အခါမှာ ဘာမှမရှိတာကို ရှာတွေ့သွားပြီး ဒေါသနဲ့ ကုန်းအော် လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရီမောပြီးတော့ အနီရောင်ကြိုးတစ်ခုကို ယူပြီး ၎င်းလက်စွပ်ကို ချည်ပြီးတော့ ဆွဲကြိုးပုံစံလုပ်လိုက်ကာ ဟူးညို့ရဲ့ လည်ပင်းမှာ ဆွဲပေးလိုက်ပါတယ်။ ဒါက ချက်ချင်းဆိုသလို ဟူးညို့ကို ဒေါသထွက်ရာကနေ ပျော်ရွှင်သွားစေပြီးတော့ လင်းဟန်ကို ဆုအဖြစ်နဲ့ နမ်းလိုက်ပါတယ်။

လွီယုထန်နဲ့ လီစီရှန်းတို့ တစ်ယောက်နဲ့ တစ်ယောက်ကြည့်လိုက်ကြပြီးတော့ ဘေးကျပ်နံကျပ် ဖြစ်သလိုမျိုး ထူးဆန်းတဲ့ အာရုံတစ်ခုက သူမတို့ စိတ်ထဲမှာ မြင့်တက်လာခဲ့ပါတယ်။

အပိုင်း(၂၃၇) ချီဟွားလန်

လင်းဟန်က သူ့အတွေးနဲ့ သိုလှောင်လက်စွပ်ကို ဟူးညို့ကို

ပေးလိုက်တာပါ။ ဟူးညို မှာ အရမ်းကို အစားကြီးတဲ့ ဂါသနာရှိပြီးတော့ တကယ်လို့ သူမ မတော်တဆ ပျောက်ဆုံးသွားခဲ့မယ်ဆိုရင် သိုလှောင်လက်စွပ်ထဲမှာ အစားအစာတွေ အပြည့် ထည့်ပေးထားမယ်ဆို သူမ ဆာလောင် မွတ်သိပ်မှာကို စိုးရိမ်ပူပန်နေစရာ အကြောင်း မရှိတော့ပါဘူး။

လှို့ယုထန် နဲ့ လီစရှန်းတို့ကလဲ ၎င်းကို လက်ခံခေါင်းငြိမ့်ကြပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာ သူမတို့က စိတ်သက်သာရာ ရပြီးတော့ ပင့်သက်ရှိုက်လိုက်ကြ ပါတယ်။ လက်စွပ်က တစ်ကွင်းထဲ ရှိပါတယ်။ ဒါကြောင့် တကယ်လို့ တစ်ယောက်ကို လက်ဆောင်ပေးမယ်ဆိုရင် ကျန်တဲ့တစ်ယောက်က မလွဲကေန် စိတ်မချမ်းမမြေ့ ဖြစ်ပါလိမ့်မယ်။

သူမတို့က ဒီမိန်းကလေးသေးသေးလေးနဲ့တောင်မှ ဖက်ပြိုင်လို့ မနိုင်တော့ဘူးလား။

နောက်ထပ် ရက်အနည်းငယ်အကြာမှာ လင်းဟန် က အမြဲတမ်းလိုလို လေထုက ထူးဆန်းနေသလို ခံစားရပါတယ်။ လှို့ယုထန် နဲ့ လီစီရှန်းတို့ ရဲ့ ငြင်းခုံမှုကလဲ တစ်စနဲ့ တစ်စ နည်းပါးလာပြီးတော့ အနောက်အရပ်က

နေထွက်လာသလိုမျိုး သူ့ကို ခံစားစေပြီးတော့ အမှန်ပြောရယင် မယုံနိုင်စရာ ဖြစ်နေပါတယ်။

နောက်တစ်ရက်အကြာမှာ နောက်ဆုံးတော့ မှတ်တမ်းစာအုပ်ထဲမှာ ပြောထားတဲ့ နေရာကို လင်းဟာန် ရှာတွေ့သွားခဲ့ပါတယ်။ မြစ်ကမ်းခြေပေါ်မှာ ကျောက်တိုင်ကြီး နှစ်ခုက မျှော်လင့်မထားလောက်အောင် မီတာ ၃၃၀ လောက် ရှည်ပြီး ၎င်းတို့ရဲ့ အင်္ဂါကို ကြည့်ခြင်းဖြင့် ပျောက်ကွယ်နေတဲ့ ၄တ်တိုင်တွေက ဒီနေရာမှာ ဆိုတာကို သိနိုင်ပါတယ်။

သူတို့ ငါးနာရီခန့်ကြာအောင် စောင့်ခဲ့ပါတယ်။ အနက်ရောင် တိုင်တွေက ရုတ်တရက် မျက်နှာပြင်ပေါ်ကို မရပ်မနား မြင့်တက်လာခဲ့ပါတယ်။ ၎င်းတို့က သေချာပေါက် မြစ်အောက်ခြေကနေ ထွက်လာတာ မဟုတ်ပါဘူး။ အလယ်ခန်းမလိုမျိုးပဲ ပါးလွှာတဲ့ လေထုမှာ ပေါ်နေတာပဲ ဖြစ်ပါတယ်။

လင်းဟာန်က နည်းနည်းလေးမှ တုံ့ဆိုင်းမနေပဲ ပြောလိုက်ပါတယ်။

"မင်းတို့တွေ အရင်ဆုံး အထဲကို သွားနှင့်ကြ"

သူက မိန်းကလေး သုံးယောက်ကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပီးတော့ ခြေလှမ်းကျယ်ကြီးတွေနဲ့ ပြေးထွက်သွားခဲ့ပါတယ်။ သူက ရေပေါ်မှာ နဂါးပျံကြီး တစ်ကောင်လိုမျိုး ပျံသန်းပြေးလွှားနေပြီး သူရဲ့ ခြေချောင်းထိပ်လေးတွေနဲ့ ငုတ်တိုင် တစ်ခုစီပေါ်ကို ပြေးလွှားနင်းဖြတ်ပြီးတော့ မြစ်ကမ်းခြေရဲ့ တစ်ဖက်ခြမ်းဆီကို ဦးတည် ပြီးတော့ သွားလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ကျက်သရေရှိတဲ့ ပုံရိပ်လေးတစ်ခုက ပျံသန်းထွက်လာပြီး လင်းဟန်ရဲ့ အနောက်ကနေ ကပ်ပြီး လိုက်လာခဲ့ပါတယ်။

လင်းဟန်က ရုတ်တရက် ခြေလှမ်းကျယ်ကြီးနဲ့ အရှေ့ကို တက်လိုက်ပြီးတော့ မြစ် တစ်ဖက်ကမ်းကို ရောက်သွားခဲ့ပါတယ်။ အနောက်ကို ပြန်လှည့်ကြည့်လိုက်တော့ မိန်းမပျိုလေး တစ်ယောက်ကလည်းပဲ မြစ်ကို ဖြတ်ကူးနေတာကို မြင်လိုက်ရပါတယ်။ သူက မိန်းမပျိုလေးကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သူမက အံ့အားသင့် စရာကောင်းလောက်အောင် စိတ်ဂိဉာဉ်ပင်လယ်အဆင့် ဖြစ်နေတာကို တွေ့လိုက်ရ ပါတယ်။

နောက်တစ်ချက် အနီးကပ်သေချာကြည့်လိုက်တဲ့အခါမှာ လင်းဟန်က မှင်တက် အံ့ဩသွားခဲ့ပါတယ်။

လှိုင်ယုထန်နဲ့ လီစီရှန်း တို့ နှစ်ယောက်စလုံးက ထူးထူးခြားခြား လှပချောမောကြပြီး သူမတို့က အင်ပါယာမြို့ကနေ အရမ်းကို ဝေးကွာလွန်းတဲ့ နေရာတွေထိအောင် ထင်ပေါ်ကျော်ကြားကြပါတယ်။ သူမတို့ နှစ်ယောက်စလုံးကို ပုလဲအမွှာ လို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။ ဒါပေမဲ့ ဒီမိန်းမပျိုလေးနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် သူမတို့ အရောင်မှိန်ဖျော့ သွားမယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒီမိန်းကလေးက လင်းဟန်ရဲ့ ဘဝတစ်လျှောက်လုံး မြင်ခဲ့ရတဲ့ လူတွေထဲမှာ ထိပ်ဆုံး ဆယ်ယောက် အဆင့်ထဲမှာ ပါဝင်နိုင်တဲ့အထိ ချောမောလှပါပတယ်။ ထိပ်ဆုံး သုံးယောက် ကိုတောင်မှ ဝင်ရောက်နိုင်ပါတယ်။

သူရဲ့ ယခင်ဘဝတုန်းက ကောင်းကင်အဆင့် တစ်ယောက် ဆိုတဲ့ အကြောင်းအရာ နဲ့ အတူ အချောအလှပေါင်း ဘယ်လောက်များများ သူ မြင်ခဲ့ဖူးသလဲ။ မရေမတွက် နိုင်အောင်ပါပဲ။ ဒီမိန်းကလေးက ထိပ်ဆုံးဆယ်ယောက် အဆင့်ထဲ ပါနိုင်တယ် ဆိုတော့ ထူးထူးခြားခြား လှပချောမောပြီးတော့ သေမျိုးကမ္ဘာက မဟုတ်ပဲ နတ်သမီးလေး တစ်ပါးလို့တောင် ပြောလို့ရပါတယ်။

အဓိကသော့ချက်က သူမက ငယ်ရွယ်ပြီး အများဆုံးမှ အသက် ၂၀ ပဲ ရှိပါဦးမယ်။

အသက်နှစ်ဆယ်နဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် ရှိတဲ့ ကျင့်ကြံသူ။ လင်းဟန် တောင်မှ အသိအမှတ်ပြုတဲ့ အနေနဲ့ ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်ပါတယ်။ သူရဲ့ ဘဝ တစ်လျှောက်လုံး တွေ့ဆုံခဲ့ရတဲ့ ပါရမီရှင်တွေ ထဲမှာ တန်းစီလိုက်မယ်ဆိုရင် သူမက အဆင့်အတန်း တစ်ခုထဲမှာ ရှိပါတယ်။

မြောက်ပိုင်းအစွန်အဖျားဒေသရဲ့ နိုင်ငံကိုးခုလို သေးငယ်တဲ့ နေရာတစ်ခုကနေ ဒီလို ပါရမီရှင် တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ထွက်ပေါ်လာခဲ့ရတာလဲ။

"နတ်သမီး ချီ........ နတ်သမီးချီ"

ဆန့်ကျင်ဘက် မြစ်ကမ်းခြေ ကနေ စူးစူးဝါးဝါးအော်သံ တစ်ခု ထွက်ပေါ်လာခဲ့ ပါတယ်။ ဂူဖန်းဟွာ ရဲ့ ပုံရိပ် ထွက်ပေါ်လာခဲ့ပြီးတော့ သူက မိန်းကလေးနောက် လိုက်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က ရုတ်ချည်းဆိုသလို ဒီကောင်က ထူးထူးကဲကဲ နတ်သမီး တစ်ယောက်နဲ့ တွေ့ဆုံခပြီး အဲဒီ နတ်သမီးက လျှို့ပုက် နယ်ပယ်ထဲကို ခြေရာခံ လိုက်နေတယ် ဆိုပြီး ပြောခဲ့တာကို ပြန်စဉ်းစားမိသွားခဲ့ပါတယ်။ ကြည့်ရတာ ဒီမိန်းကလေးက သူပြောတဲ့ လူပဲ ဖြစ်တဲ့ ပုံစံပါပဲ။

သူမက တကယ့်ကို မှင်တက် အံ့သြဖွယ်ရာကောင်းလောက်အောင် ချောမောလှပ ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ အခြေအနေတွေက ရုတ်တရက် ပြောင်းလဲသွားခဲ့ပါပြီ။

ငုတ်တိုင်တွေက ပျောက်ကွယ်သွားခဲ့ပါတယ်။ တစ်ခုပြီး တစ်ခု မဟုတ်ပဲနဲ့ ချက်ချင်းပဲ အားလုံး ပျောက်သွားခဲ့ပြီး ယခင်တုန်းက လုံးဝ တည်မရှိခဲ့တဲ့ ပုံစံမျိုးပါ။

ဂူဖန်းဟွာက ရုတ်တရက် ရပ်တန့်လိုက်ပါတယ်။ သူက တဏှာရူး တစ်ယောက် ဆိုတာ သေချာပါတယ်။ ဒါပေမဲ့ သူက ငတုံးအအ တစ်ယောက်တော့ မဟုတ်ပါဘူး။ သူက မိုးကြိုးလျှပ်စစ် မြစ်ကို မဖြတ်ကူးရဲပါဘူး။

မိန်းမပျိုလေးလည်း အံ့အားသင့်သွားခဲ့ပေမဲ့

အထိတ်တလန့်တော့ မဖြစ်သွားခဲ့ ပါဘူး။ သူမက တိုးတိုးလေး အော်လိုက်ပြီး သူမရဲ့ခန္ဓာကိုယ်ကနေ မီးတောက်တွေ ပန်းထွက် လာပြီးတော့ တွန်းကန်တဲ့ အားတစ်ခု ဖြစ်ပေါ်လာပြီးတော့ သူမရဲ့ လျင်မြန်စွာ ကျဆင်းလာတဲ့ ပုံရိပ်ကို ချက်ချင်း ရပ်တန့်သွားအောင် လုပ်လိုက်ပြီး ဆန့်ကျင်ဘက် မြစ်ကမ်းစပ်ဆီကို ညက်ညောစွာနဲ့ ရွေ့လျားသွားပါတယ်။

သူမရဲ့ အဖြူရောင် ဂတ်စုံက မျောလွင့်နေပြီး မီးတောက်တွေက ယိမ်းထိုးလှုပ်ခါ နေတဲ့ ပုံစံက သူမကို ပျံသန်းနေတဲ့ နတ်သမီးလေးတစ်ပါးနဲ့ တူသွားပါတယ်။

ဂူဖန်းဟွာ က ရုတ်တရက် စိုးရိမ်ပူပန်ကြောင့်ကျမှု ကင်းမဲ့သွားပြီးတော့ စိတ်အေး လက်အေးနဲ့ စူးစိုက်ကြည့်နေခဲ့ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ သူ့ကိုယ်သူ ပြန်ရိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အခု ဒီအချိန်က သဘောကျပြီးတော့ ကြည့်နေရမဲ့ အချိန်မဟုတ်သေးဘူး။ မိန်းမလှလေး ချီ သွားထား မိန်းမလှလေးချီ မင်းလုပ်နိုင်တယ်"

ဒီကောင်က တကယ့်ကို ရှတ်နောက်နောက်နဲ့

လူပြက်တစ်ယောက်ပဲ။

လင်းဟန် က သူရဲ့ခေါင်းကို ခါပြီးတော့ မိန်းမပျိုလေးကို မျက်စိတစ်ချက် ပေ့ကြည့် လိုက်ပါတယ်။ ဒီမိန်းကလေး ဒီဘက်မြစ်ကမ်းစပ်ကို ရောက်ဖို့ အခွင့်အရေး မရှိဘူး ဆိုတာကို သူသိပါတယ်။

မိန်းမပျိုလေးကလည်းပဲ သိတယ်ဆိုတာ ထင်ရှားပါတယ်။ ပြီးတော့ သူမရဲ့ လှပ တင့်တယ်ပြီး ကျက်သရေရှိတဲ့ မျက်နှာက စိတ်မလျှော့တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ် လာပြီး သူမအနေနဲ့ ဒီနေရာမှာ သတိမမူလိုက်တဲ့အတွက် သေရတော့မှာလား။

"ရှပ်"

အဲဒီအချိန်မှာပဲ ပိုးကောင်တစ်ကောင်ရဲ့ ပိုးချည်မျှင်နဲ့ တူတဲ့ သတ္တုချည်မျှင်တစ်ခု က ထွက်လာပြီးတော့ သူမရဲ့ ကျစ်လျစ်ပြီး ပါးလျတဲ့ ခါးကို ပတ်မိသွားခဲ့ပါတယ်။ များပြားတဲ့ အင်အားတစ်ခု ထွက်ပေါ်လာပြီးတော့ သူမကို မြစ်ကမ်းစပ်ဆီကို လျင်မြန်စွာနဲ့ ဆွဲခေါ်နေပါတယ်။

သူမက အခွင့်အရေးကို လက်လွှတ်မခံပါဘူး။ ဒီအင်အားကို

သူမက ငှားယူပြီးတော့ ချက်ချင်းဆိုသလိုပဲ အံ့အားသင့်စရာကောင်းလောက်အောင် သူမခန္ဓာကိုယ်က အပေါ်ကို မြောက်တက်သွားခဲ့ပါတယ်။

လင်းဟန်က သူရဲ့ လက်ကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ သွေးစုပ်ယူခြင်းမူလရွှေ ကလဲ လက်ကောက်ပုံစံကို ပြန်ပြောင်းသွားခဲ့ပါတယ်။

ဒီ အပြင်ဘက်က အင်အားအကူအညီနဲ့ မိန်းကလေးက မြေကြီးပေါ်ကို ညင်သာစွာ နဲ့ ကျဆင်းလိုလာခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က ပြင်းပြင်းထန်ထန် တုန်ခါလာပြီး တော့ သွေးတစ်ချို့ကို အန်ထုတ်လိုက်ပါတယ်။

သူမက မီးတောက်တွေနဲ့ ပေါက်ထွက်လိုက်တဲ့ အခါတုန်းက ပေးလိုက်ရတဲ့ တန်ရာ တန်ကြေးက အရမ်းများပါတယ်။

"ကောင်းတယ်"

မိန်းကလေးက မြေကြီးပေါ်ကို ခြေချမိသွားခဲ့တာကို ကြည့်ပြီးတော့ ဂူဖန်းဟွာက ချက်ချင်းဆိုသလို ကျေနပ်ပျော်ရွှင်စွာနဲ့ ထခုန်လိုက်ပါတယ်။ သူက လင်းဟန်ကို လက်ပွေ့ရမ်းပြပြီးတော့ ပြောလိုက်ပါတယ်။

"ငါမျှော်မှန်းထားသလိုပဲ တကယ့်ကို ကောင်းကောင်းလုပ်နိုင်တယ်"

ဒီစကားသံတွေက သက်တောင့်သက်သာ မဖြစ်စေပါဘူး။ လင်းဟာန်က ချက်ချင်းဆိုသလို ကျောချမ်းသွားခဲ့ပါတယ်။

မိန်းကလေးက ဆေးလုံးတစ်လုံးကို ထုတ်ပြီးတော့ မျိုချလိုက်ပြီး လင်းဟာန်ကို ခေါင်းငြိမ့်ပြလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်"

လင်းဟာန်က ခေါင်းငြိမ့်ပြီး ပြောလိုက်ပါတယ်။

"ဒါက ဘာမှမဟုတ်ပါဘူး.....ဟာန်ကြီးပန်ကြီး လုပ်နေဖို့ အတွက် မလိုပါဘူး"

"ငါ့ရဲ့ အသက်ကို ကယ်ခဲ့တဲ့အတွက် ချီဟွားလန် က သေချာပေါက် ပြန်ပြီး ပေးဆပ်မယ်"

မိန်းကလေး နောက်တစ်ကြိမ် ထပ်ပြီး ပြောလိုက်ပါတယ်။

သူမက ဒီလို မရမက ပြောနေမှတော့ လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ... ဒါပေမဲ့ မင်းရဲ့ ခန္ဓာကိုယ်နဲ့တော့ ပြန်ပေးဆပ်ဖို့ မလိုဘူးနော်"

ချီပွားလန် ကသူမရဲ့ အတွေးထဲမှာ ချက်ချင်းဆိုသလို ကတောက်ကဆတ် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ နင်က လိုချင်တယ် ဆိုရင်တောင်မှ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ သူမက သာမာန် ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီဟာသနဲ့အတူ သူမရဲ့ လေသံက အေးစက်စက် နဲ့ ပြောလိုက်ပါတယ်။

"ဒီကိစ္စနဲ့ ပတ်သတ်ပြီးတော့ နင်စိုးရိမ်ပူပန်နေဖို့ မလိုဘူး"

"လင်းဟန်... နတ်သမီးလေးချီ ကို ဂရုစိုက်လိုက်ပါ"

ဂူဖန်းဟွာ က တစ်ဖက်မြစ်ကမ်းစပ်ကနေ အော်ဟစ်လိုက်ပါတယ်။

"နင် အဲဒီလူ နဲ့ သိလား"

ချီဟွားလန် က သူမရဲ့ မျက်လုံးတွေထဲမှာ အထင်အမြင်သေးတဲ့ အရိပ်အယောင် တစ်စွန်းတစ်နဲ့ လင်းဟာန်ကို မေးလိုက်ပါတယ်။

လင်းဟာန် ပြောစရာ စကားကင်းမဲ့သွားခဲ့ပါတယ်။ သူနဲ့ ဒီနာဘူးကောင် က နှစ်ကြိမ် ဆုံတွေ့ခဲ့ပြီးတော့ သူတို့က သူငယ်ချင်းတွေ ဖြစ်ခဲ့လို့လား။ သူက ခေါင်းငြိမ့်ပြီး တော့ ပြောလိုက်ပါတယ်။

"သူက ငါ့ရဲ့ သူငယ်ချင်းပဲ"

ချီဟွားလန် ရဲ့ မျက်လုံးထဲက အထင်အမြင်သေးမှု တွေက ပိုပြီးတော့ ဆိုးဂါး လာခဲ့ပါတယ်။ တဏှာရူး ကောင် တစ်ယောက်ရဲ့ သူငယ်ချင်းအဖြစ် ပေါင်းတဲ့ သူက သာမာန်လူတစ်ယောက်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူမက ဘာမှ ထပ်မပြော တော့ပါဘူး။ သူမရဲ့ အသက်ကို ကယ်တင်ပေးထားတဲ့အတွက် သူ့ကို သူမက ပြန်ပြီး ပေးဆပ်ရပါလိမ့်မယ်။ ဒါပေမဲ့ သူမကိုယ်သူမကတော့ လင်းဟာန်နဲ့ လုံးဝ ပတ်သတ် ဆက်နွယ်မှု မလုပ်ချင်ပါဘူး။

လင်းဟာန်က သူမရဲ့ အမူအရာကို သတိထားမိလိုက်ပြီးတော့ အတွင်းကျိတ်ပြီး သရော်လိုက်ပါတယ်။ သူက သူမကို

စိတ်ကူးပေါက်ပေါက်နဲ့ ကယ်တင်ခဲ့တာပါ။ ကျယ်ပြန့်တဲ့ ဒီကမ္ဘာကြီးအတွင်းမှာ ပါရမီရှင် ကျင့်ကြံသူတွေက သူတို့ရဲ့ ဘဝတွေကို အမှတ်မထင်ပဲ ဆုံးရှုံးသွားခဲ့ကြပါတယ်။ ဒါကြောင့် သူမကို သူက ကယ်တင်ပေးလိုက် တာပဲ ဖြစ်ပါတယ်။

သူက သူမကို ဂရုစိုက်မနေတော့ပဲနဲ့ အရှေ့တည့်တည့်ကိုသာ ဦးတည်ပြီး ကြည့်လိုက်ပါတယ်။

အခုကစပြီးတော့ ဒီနေရာက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းတော်တော်များများ ကတည်းက လူနည်းစုပဲ ခြေချနိုင်ခဲ့တဲ့ စစ်မှန်တဲ့ လျို့ဝှက်နယ်ပယ် ဖြစ်ပါတယ်။

ဒါပေမဲ့ ဘာကိုမှ ရှင်းရှင်းလင်းလင်း မမြင်နိုင်ပါဘူး။

ဒါက အရမ်းကို ထူးဆန်းပါတယ်။ မိုးကြိုးလျှပ်စီးမြစ် နဲ့ ပိုင်းခြားထားပြီးတော့ ဒီ တောင်တွေနဲ့ တောအုပ်တွေနဲ့ မြေပြင်ကြီးကို မီတာငါးထောင် အကွာကနေ ရှင်းရှင်း လင်းလင်း နဲ့ မြင်နိုင်ရပါလိမ့်မယ်။ ဒါပေမဲ့ မြစ်ရဲ့ဒီဘက်ကမ်းမှာတော့ နေရာအနှံ့ အပြားမှာ ဖားတွေ ရှိပါတယ်။ သုံးမီတာ အဝေးမှာရှိတဲ့ အရာဝတ္ထုတွေကိုတောင် ပြတ်ပြတ်သားသားနဲ့ မမြင်နိုင်တာ... မီတာငါးထောင်ဆိုတာ

အသာထားလိုက်ပါဦး။

ထူးဆန်းတယ်။ လင်းဟန်နဲ့ ချီဟွားလန် တို့ နှစ်ယောက်စလုံး တူညီစွာနဲ့ တွေးလိုက်ကြပါတယ်။

ဒါက အစီအရင်တစ်ခုရဲ့ အကျိုးသက်ရောက်မှု ဖြစ်ပါတယ်။

"ဒီနေရာက အရမ်းကို အန္တရာယ်များတယ်။ ဒါကြောင့် နင် ဒီနေရာမှာပဲ နေဖို့ ငါအကြံပေးလိုက်မယ်။ မျောနေတဲ့ တံတားနောက်တစ်ကြိမ် ပြန်ပေါ်လာတာကို စောင့်ပြီးတော့ တစ်ဖက် မြစ်ကမ်းစပ်ကို ပြန်ကူးသွားလိုက်.. နင့်ရဲ့ အသက်ကို အလဟဿ မဆုံးရှုံးစေနဲ့"

ချီဟွားလန် က ပြောလိုက်ပါတယ်။

ဒီ မိန်းကလေးက အပြင်ဘက်မှာတော့ ခန့်မှန်းလို့မရအောင် အေးစက်ပြီးတော့ အတွင်းဘက်ကတော့ နွေးထွေးလှပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ စိုးရိမ်ပူပန်ပေးမှု အတွက် ကျေးဇူးတင်ပါတယ်"

"တချွေသရဲတွေပဲ နင့်အတွက် စိုးရိမ်ပူပန်ပေးလိမ့်မယ်"

ချီဟွားလန် ကနှာခေါင်းရှုံ့လိုက်ပါတယ်။

"ငါ့ရဲ့ အသက်ကို ကယ်ခဲ့တဲ့အတွက် နင့်ကို ပြန်ပြီးတော့ မပေးဆပ်ရသေးတဲ့ အတွက် နင့်ကို မသေစေချင်သေးတာပဲ"

အပိုင်း (၂၃၈) မကောင်းဆိုးဝါး နတ်ဆိုးသစ်ပင်

ဒီမိန်းကလေး ဘယ်လိုစကားပြောပြီးတော့ ပြင်းထတန်တဲ့ စကားလုံးတွေကို ဘယ်လို အသုံးပြုရမလဲ ဆိုတာကို တကယ် သိပါတယ်။

လင်းဟန် က ပေ့ါပေ့ါလေး ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"မစိုးရိမ်ပါနဲ့ ငါက အသက်တစ်ရာထိ သေချာပေါက် နေရမှာပါ"

ချီဟွားလန် က နှာခေါင်းရှုံ့ ထပ်ရှုံ့ လိုက်ပါတယ်။

"ဟွန့် ငါက စိုးရိမ်တယ်"

လင်းဟန်က နာခေါင်းရှုံ့ သရော်ရတာကို နှစ်သက်သဘောကျတဲ့ လွီရှုအာ အကြောင်းကို ပြန်စဉ်းစားမိသွားခဲ့ပါတယ်။

မာနကို ပြုစုပျိုးထောင် ထားကြတာပဲ။

ချီဟွားလန် ကို သူ့ရဲ့ခေါင်းထဲမှာ အမည်တပ်ပေးပြီးတဲ့ နောက်မှာတော့ သူက မှတ်တမ်းစာအုပ်ကို ဆွဲထုတ်လိုက်ပြီး ၎င်းကို နောက်တစ်ကြိမ် အားစိုက် ကြည့်လိုက်ပါတယ်။

ချီဟွားလန် ကလင်းဟန်ရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ အရာပစ္စည်းက ဘယ်လောက် တန်ဖိုးမဖြတ်နိုင်လဲ ဆိုတာကို လုံးဝ တကယ်မသိပါဘူး။ ၎င်းက အစီအရင် တစ်ခု ကိုတောင်မှ ဖြတ်သွားနိုင်တယ် ဆိုတာကိုပေါ့။ သူမက ကြက်ခြေခတ် ပုံစံ ထိုင်ချ လိုက်ပြီးတော့ ဆေးလုံး တစ်လုံးစားပြီးတွေးလိုက်ပါတယ်။ သူမရဲ့ ဒဏ်ရာတွေကို မူလစွမ်းအင်ကို လှည့်ပတ်စေခြင်း နည်းလမ်းနဲ့ ပြန်လည်ကောင်းမွန်လာအောင် ကုသဖို့ လိုအပ်နေဆဲ ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို လျင်မြန်စွာနဲ့ မှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပြီးတော့ အရှေ့ဘက် တည့်တည့်ဆီကို စတင်ပြီး လမ်းလျှောက်သွားလိုက်ပါတယ်။

ချီဟွားလန် ကသူမရဲ့ ဒဏ်ရာကနေ ပြန်လည်ကုသ ကောင်းမွန်လာသော်လည်းပဲ သူမအနေနဲ့ ဂရုမစိုက်ပဲ နေဖို့ မရဲပါဘူး။ တကယ်တော့ သူမက လင်းဟန် အပေါ်မှာ အာရုံတစ်ချို့ ထားထားပါတယ်။ သူမကို ရုတ်တရက် တိုက်ခိုက်ပြီးတော့ ဖိနှိပ် ထိန်းချုပ်ဖို့အတွက် ကြိုးစားမှာ စိုးလို့ ဖြစ်ပါတယ်။ ယောက်ျားတွေကို သူမ ဘယ်လို ပြင်းထန်စွာနဲ့ သတိထားသလဲဆိုတာကို သူမသိပါတယ်။

တကယ်တော့ ဒီကောင်က သူမရဲ့ အသက်သခင် ကျေးဇူးရှင်ပါ။ တကယ်လို့ သူက အရက်ကင်းမဲ့စွာနဲ့ သူမရဲ့ ဘေးမှာ ကပ်နေမယ်ဆိုရင်တောင်မှ သူ့ကို နှင်ထုတ်ဖို့ အတွက် သူမရဲ့ ဓါးကိုတော့ ထုတ်ပြီး အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်က ဒီလိုမျိုး ကြီးမားတဲ့ အခွင့်အရေးကို လွှတ်ချလိုက်ပြီးတော့ သူမအနေနဲ့ တမွေ့သရဲ တစ်ကောင်ကို မြင်လိုက်ရသလိုမျိုး ဖြစ်ပေါ်ခံစား လာခဲ့ပါတယ်။

တစ်ယောက်ယောက်ကို ဖမ်းဆီးဖို့ ထိန်းထားတဲ့ကြိုးကို

လွှတ်ချလိုက်တာက ပိုကောင်းနေလို့လား။

ချီဟွားလန် က စတင်တွေးလိုက်ပြီး မကြာခင်မှာပဲ ဒီကမ္ဘာကြီးထဲမှာ သူမ တစ်ယောက်တည်း ကျန်နေရစ်သလိုမျိုး ဘာကိုမှ မသိတော့ပဲနဲ့ လင်းဟန်ရဲ့ ခြေလှမ်းသံကိုတောင် မကြားနိုင်ခဲ့ပါဘူး။

သူ တကယ်ပဲ ထွက်သွားတယ်။

ချီဟွားလန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒီကမ္ဘာကြီးထဲက ယောကျ်ားတွေ အကုန်လုံးကို သူမ ဆွဲဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ လုံးဝ မတွေးထားခဲ့သော်လည်း ယောကျ်ားတွေ အများကြီးရဲ့ မျက်လုံးတွေက သူမဆီကနေ ရွေ့လျားလို့ မသွားနိုင်တဲ့ အမူအရာတွေကို မြင်ခဲ့ရပါတယ်။ အခုတော့ သူမကို ဂရု နည်းနည်းလေးမှ မစိုက်တဲ့ လူထူးလူဆန်းတစ်ယောက် ပေါ်လာခဲ့ပါပြီ။

ဒီကောင်က သူမရဲ့ ခန္ဓာကိုယ်ကို အသုံးပြုပြီးတော့ သူ့ကို ပြန်ပေးဆပ်ဖို့ မလိုဘူးလို့ ပြောခဲ့ပါတယ်။ သူက ဟာသလုပ်နေတာမဟုတ်ပါဘူး။ ဒါပေမဲ့ သူက တကယ်ရော ဒီလိုမျိုး တွေးလို့လား။

ချီဟွားလန်က ပြန်စဉ်းစားမိလိုက်ပါတယ်။ ပြီးတော့ သူမက ဒေါသအိုး ပေါက်ကွဲ ထွက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ တစ်ယောက်ယောက် က သူမရဲ့ ပုခုံးတွေကို အေးစက်စေခဲ့ပါတယ်။

မြစ်တစ်ဖက်ကမ်းမှာတော့ ဂူဖန်းဟွာက အော်ဟစ်နေပါတယ်။

"နတ်သမီးလေး ချီ... ပြန်လာခဲ့"

"ထွက်သွားစမ်း"

ချီဟွားလန် က ဒေါပွ နေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် သူမက ဂူဖန်းဟွာကို သတ်ချင် ဖြတ်ချင်တဲ့ အကြည့် တစ်ချက် ပေးလိုက်ပြီးတော့ သက်ပြင်းအကြီးကြီး ရှိုက်ပြီး မြေကြီးပေါ် ကို နောက်တစ်ကြိမ် ပြန်ထိုင်ချလိုက်ပါတယ်။

ဒါက တကယ့်ကို အရူး တစ်ယောက်လိုပါပဲ။ သူမအနေနဲ့ လုံး၀ ဂရုစိုက်နေစရာ အကြောင်းမရှိပါဘူး။ ဂရုစိုက်နေဖို့ မလိုပါဘူး။

သူမကိုယ် သူမ ဒီလိုမျိုး ပြန်ပြောနေပါတယ်။ ဒါပေမဲ့ သူမရဲ့

လက်သီးတွေကို မရည်ရွယ်ပဲနဲ့ ဆုပ်လိုက်ပါတယ်။ တကယ်လို့ လင်းဟန်က နောက်တစ်ကြိမ် ပြန်ပေါ်လာဦးမယ်ဆိုရင် သေချာပေါက် သူ့ကို ရိုက်နက်ရပါလိမ့်မယ်။

လင်းဟန်က အရှေ့ကိုပဲ တစိုက်မတ်မတ် သွားနေပါတယ်။ ဒီဘဝမှာ သူရဲ့ အာရုံတွေ ကို သိုင်းပညာလမ်းကြောင်းပေါ် မှာပဲ ထားရှိထားပါတယ်။ ချီဟွားလန် က ဘယ်လောက်ပဲ လှပချောမောနေပါစေ ကိစ္စမရှိပါဘူး။ သူမကို တစ်ခဏမျှ နစ်လို သဘောကျရင်ကိုပဲ လုံလောက်ပါပြီ။

သူက မှတ်တမ်းစာအုပ်ထဲက မှတ်တမ်းတင်ထားတဲ့ အတိုင်းလိုက်သွားပြီးတော့ လုံးဝ ခြေလှမ်းအမှားတစ်ခုတောင် မလုပ်မိအောင် အာရုံစိုက်ထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒီမြူခိုးတွေ အတွင်းမှာ ဘယ်တော့မှ ထွက်ခွာနိုင်စွမ်း မရှိပဲနဲ့ တစ်သက်လုံး ထောင်ချောက် မိသွားနိုင်ပါတယ်။ သူတစ်ခုပဲ မျှော်လင့်တာက ချီဟွားလန် အနေနဲ့ သူမရဲ့ တည်ငြိမ်မှုကို မဆုံးရှုံးစေပဲနဲ့ အလျင်စလိုနဲ့ အထဲကို မဝင်လာဖို့ကိုပါပဲ။

ဒါပေမဲ့ သူက မဆင်မခြင် လုပ်တတ်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ တကယ်လို့ မှတ်တမ်းစာအုပ်က

ကျိုးကြောင်းခိုင်လုံတယ် ဆိုပေမဲ့ ဒီကုန်ဆုံး သွားခဲ့တဲ့ နှစ်တွေမှာ အစီအရင်က ပြောင်းလဲမှုတွေ ဖြစ်နိုင်ချေ ရှိတယ်ဆိုတဲ့ အကြောင်းကို ရည်ညွှန်းပြောဆိုထားတာ မရှိပါဘူး။

ဒါက လောဘကြီးတဲ့ လူတွေ ဂင်ဖို့အတွက် ထောင်ချောက် တစ်ခု ဖြစ်နိုင်ပါတယ်။

လင်းဟန်က သွေးစုပ်ယူခြင်း မူလရွှေ ကို ပိုးမျှင်လို ပုံစံ တစ်ခုကို ပြောင်းလိုက်ပြီး ၎င်းကို မြစ်ကမ်းစပ်နားကို ပတ်ချည်လိုက်ပါတယ်။ တကယ်လို့ သူရဲ့ လမ်းကြောင်း ပျောက်သွားခဲ့ရင် သူက ဒီမျဉ်းကြောင်း အတိုင်း လိုက်ပြီးတော့ ပြန်လာနိုင် ပါလိမ့်မယ်။

အံ့သြစရာကောင်းတဲ့ ရှေးဟောင်းနယ်မြေတွေ မရေမတွက်နိုင်အောင် ဂင်ခဲ့ဖူးတဲ့ အတွက် သူရဲ့ အတွေ့အကြုံတွေက အရမ်းကို များပြားပါတယ်။

မှတ်တမ်းစာအုပ်ကို ကြည့်ရတာတော့ ဘာပြဿနာမှ ရှိတဲ့ပုံစံ မပေါ်ပါဘူး။ ဆယ်မိနစ်ခန့်ကြာ ပြီးတဲ့နောက် မြူခိုးတွေက ပြန့်သွားခဲ့ပါတယ်။ ၎င်းက ကျန်နေသေးပေမဲ့လည်း ၎င်းရဲ့ သိပ်သည်းမှုက

ယခင်ကနဲ့စာယင် ဘယ်လိုမှ နှိုင်းယှဉ်လို့ မရတော့ပါဘူး။

ဒီနေရာမှာ မှောင်ရိပ်သန်းနေပြီးတော့ လအလင်းရောင် မှိန်မှိန်လေး တစ်ခု နဲ့ သန်းခေါင်အချိန် ရောက်နေတဲ့အတိုင်းပဲ အလင်းရောင် မှိန်နေပါတယ်။ ကိုယ့်လက် ကိုယ်တောင် ပြန်ပြီးတော့ မမြင်နိုင်လောက်တဲ့ အထိတော့ မဟုတ်ပဲနဲ့ အရမ်းကို ကန့်သတ်ချုပ်ခြယ်ထားတဲ့ ပတ်ဂန်းကျင် တစ်ခု ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က သူရဲ့ လက်ချောင်းတွေကို ဆတ်ခနဲ လှုပ်ရှားလိုက်ပြီးတော့ သွေးစုပ်ယူခြင်း မူလရွှေ ကို ပြန်သိမ်းယူလိုက်ပါတယ်။ အခု သူက ပြန်သွားဖို့ အတွက် လုံး၀ ယုံကြည်ချက် ရှိနေပါတယ်။

လျို့ဝှက်နယ်ပယ် တံခါးပိတ်သွားတဲ့ အချိန်ကျရင် အတွင်းမှာရှိတဲ့ အပြင်က လူတွေအားလုံးကို ၎င်းက နှင်ထုတ်ပစ်ပါလိမ့်မယ်။ ဒါပေမဲ့ ၎င်းက ကောလာဟလ ဖြစ်ပါတယ်။ မြစ်ကို ဖြတ်ကူးသွားတဲ့ သူကတော့ ထိုအချိန်မှာ စပြီး နောင်မှာ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဘယ်သူမှ နောက်ထပ် ပြန်မပေါ်လာတော့ပဲ ဖြစ်နိုင်ချေ က နှစ်ခုပဲရှိတယ်လို့ ဆိုလိုပါတယ်။

ပထမ တစ်ခုက အဲဒီနေရာကို ရောက်တဲ့ လူတွေအနေနဲ့ သူတို့ကို နှင်ထုတ်ပစ်ခြင်း မရှိတာပါ။ ဒုတိယအချက်က ဒီနေရာကို ရောက်လာတဲ့ လူတွေအားလုံး သေသွားကြ တဲ့အတွက် ဘယ်သူကမှ အပြင်ကို ပြန်ထွက်နိုင်ခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီနေရာမှာ ပုန်းကွယ်နေတဲ့ အန္တရာယ်တွေ ကို သူမသိတဲ့ အတွက် မိန်းကလေး သုံးယောက်ကို အပြင်ထွက်ဖို့ ခွင့်မပြုပါဘူး။ သူရဲ့ စိတ်အာရုံက ဖိအားကြီးကြီး မားမား ခံနေရတာနဲ့ အချိန်မရွေး အနက်ရောင်မျှော်စင်ထဲကို ဝင်ဖို့ အဆင်သင့် ပါပဲ။

အရိပ်တစ်ခုက ရုတ်တရက်ဆိုသလို ထက်မြက်တဲ့ မြှားတစ်ချောင်းကဲ့သို့ လင်းဟာန် ဆီကို တိုးဝင် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟာန်က ချက်ချင်းဆိုသလို ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပီးတော့ အနက်ရောင် မျှော်စင်ကနေ အနက်ရောင် ဓါးတစ်လက်က ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။ သူက ၎င်းကို ဆုတ်ကိုင်လိုက်ပြီးတော့ အရိပ်ကို ခုတ်ချလိုက်ပါတယ်။

အေးစက်တဲ့ ဓါးက အနက်ရောင် ပုံရိပ်ကို ၎င်းရဲ့ အစစ်အမှန် ပုံပန်းသွင်ပြင်ကို ဖော်ပြအောင်လို့ ကြီးမားတဲ့ အလင်းရောင် ထွက်ပေါ်လာပြီး ထိုးခုတ်လိုက်ပါတယ်။

၎င်းက အမှန်တကယ်တော့ ကြိမ်ပင် တစ်ခုဖြစ်ပါတယ်။

လင်းဟန်ရဲ့ ဓါးခုတ်လိုက်တာနဲ့ ဓါးချီအလင်း ခြောက်ခုက ထွက်ပေါ်လာခဲ့ပါတယ်။

မသဲမကွဲ အသံတစ်ခုနဲ့အတူ ကြိမ်ပင်က ချက်ချင်းဆိုသလို နေရာအနှံ့အပြားကို ပြန့်ကျဲသွားပြီးတော့ အနက်ရောင် အရည်တွေ ပွင့်ထွက်လာခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ လက်မောင်းကို ဓါးတစ်ချောင်းနဲ့ ဖြတ်လိုက်သလိုမျိုးပါပဲ။

``ရှပ် ရှပ် ရှပ်``

အဲဒီအချိန်မှာပဲ ရာပေါင်းများစွာသော ကြိမ်ပင်တွေက တိုးဝင်လာခဲ့ပါတယ်။

လင်းဟန် က အာရုံစိုက်ပြီးတော့ သူရဲ့ဘယ်ဘက်လက် က သွေးစုပ်ယူခြင်း မူလရှေ့ကို ချက်ချင်းဆိုသလို အရှေ့ကလာတဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်ဖို့

အကာအကွယ် တစ်ခု ပုံစံပြောင်းလိုက်ပါတယ်။ မသဲမကွဲ အသံတွေက ပဲ့တင်ထပ် လာခဲ့ပါတယ်။ ပြီးတော့ ဒီတိုက်ခိုက်မှု နောက်ကွယ်က ခွန်အားက လင်းဟန်ကို အနောက်ဘက်ကို အဆက်မပြတ် ဆုတ်သွားစေခဲ့ပါတယ်။

သူက မာန်ပါပါနဲ့ သွေးစုပ်ယူခြင်း မူလရွှေကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဒီအချိန်မှာ သူက လျှို့ပှက်ဆန်းကြယ်မှု သုံးထောင် နည်းစနစ်ကို အဆင်သင့် ပြင်ဆင်ထားခဲ့ ပါတယ်။ သူရဲ့ဓါးကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ပိုင်းချ လိုက်ပါတယ်။ ဓါးပုံရိပ် အမြောက်အများက တစ်ကြိမ်တည်းမှာပဲ ထွက်ပေါ်လာပြီးတော့ စိတ်ဂိဉာဉ်ချီတွေက တစ်နေရာတည်းမှာ ဆုံပြီးတော့ တူညီတဲ့ ပုံသဏ္ဍာန် တစ်ခု အဖြစ်ကို မြန်မြန်ပဲ ပြောင်းသွားခဲ့ပါတယ်။ယ

"သွားစမ်း"

လင်းဟန်က ကျယ်လောင်စွာ အော်လိုက်ပြီးတော့ ဓါးအလင်းတွေကို ထိန်းချုပ်ပြီး ကြိမ်ပင်တွေကို ပြန်လည်တိုက်စစ် ဆင်လိုက်ပါတယ်။

ဒီတိုက်ခိုက်မှု က အရမ်းကို အစွမ်းထွက်ပါတယ်။ ကြိမ်ပင်

တော်တော်များများ ပြတ်ကုန်ပြီးတော့ အနက်ရောင် အရည်တွေက မိုးရွာသလို ပန်းထွက်လာခဲ့ပါတယ်။

"ပုန်း"

တုန်လှုပ်စရာကောင်းတဲ့ အသံနဲ့အတူ ထုထည်ကြီးမားတဲ့ အနက်ရောင် ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းက ကြီးမားတဲ့ သစ်ပင် တစ်ပင် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကောင် က ၎င်းကိုယ်တိုင် မြေကြီးကနေ ဆွဲထွက်လာပြီး မရေမတွက်နိုင်တဲ့ အမြစ်တွေက ၎င်းရဲ့ အောက်မှာ လိမ်ယှက်လို့နေပြီးတော့ မြေကြီးပေါ်မှာ လမ်းလျှောက်လို့ရအောင် ခြေထောက်လေးချောင်းပုံစံကို ပြောင်းသွားခဲ့ပါတယ်။

"မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်"

လင်းဟန် ရဲ့ အမူအရာက အနည်းငယ် ပြောင်းလဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်က အဆင့်သုံး မွန်းစတား စိတ်ဂိဉာဉ်ရှိတယ်။ သူကိုယ်တိုင်ပဲ ဆိုရင်တော့ စိုးရိမ်ပူပန်စရာမရှိဘူး။ ဒါပေမဲ့ အမြဲတမ်း အုပ်စုနဲ့

လာတတ်တယ်”

ဒီစကားတွေကို ပြောလို့မှ မဆုံးသေးဘူး။ နောက်ထပ် ကြီးမားတဲ့ သစ်ပင် ပေါ်လာခဲ့ ပါတယ်။ နောက် သုံးပင်.. လေးပင်နဲ့ တစ်ဖြေးဖြေး ပမာဏ က တိုးလာပြီးတော့ အုပ်စုကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

“မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်ရဲ့ နလုံးသားက အရမ်းကို ကောင်းတဲ့ အားဆေး တစ်မျိုးပဲ။ အခုလို အများကြီး ပေါ်လာတော့ သူတို့ကို တိုက်ခိုက်မယ်ဆိုရင် ခက်ခဲလိမ့်မယ်”

လင်းဟန်က တီးတိုးပြောလိုက်ပါတယ်။

မရေတွက်နိုင်အောင် များပြားတဲ့ ကြိမ်ပင်တွေ တိုက်ခိုက်သလိုမျိုးပဲ မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်တွေက အမြောက်အများက တစ်ပြိုင်နက်တည်း သူ့ကို တိုက်ခိုက် လိုက်ကြပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ရှောင်တိမ်းလိုက်ပြီးတော့ သူ့ရဲ့ ဓါးကို ဝှေ့ပြီး တန်ပြန် တိုက်စစ်ဆင်လိုက်ပါတယ်။ ဒီ မကောင်းဆိုးဂါး နတ်ဆိုး သစ်ပင်တွေက အရမ်းကို

ကြီးမားပြီး သူ့ရဲ့ သေဆုံးခြင်းသစ်ပင် ခန္ဓာကိုယ်နဲ့ တူပါတယ်။ ၎င်းတို့ရဲ့ ပင်စည်က ကြမ်းတမ်းပြီးတော့ ခိုင်မာတောင့်တင်းပါတယ်။ ဒါကြောင့် ဓါးချိုက ၎င်းတို့ကို ထိမိလိုက်တဲ့အခါမှာ သစ်ပင်ရဲ့ပင်စည်မှာ အမှတ်ကလေးတစ်ခုပဲ ဖြစ်ပေါ်စေခဲ့ပါတယ်။

သူက ၎င်းတို့ကို ရှောင်တိမ်းဖို့အတွက် အနက်ရောင်မျှော်စင်အထဲမှာ ယာယီ ပုန်းအောင်းနေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ မီးက သူ့ကို အတွေး တစ်ခု ပို့ပြီး ဒီ မကောင်းဆိုးဂါး နတ်ဆိုး သစ်ပင်တွေကို ထွက်လာပြီးတော့ တိုက်ခိုက် ချင်နေပါတယ်။

"မီးက သစ်သားကို နိုင်တာပဲ.. ဒါကို ကြိုးစားကြည့်ရမယ်"

လင်းဟန်ရဲ့ အတွေးနဲ့အတူ ဟုမ်းဆိုတဲ့အသံနဲ့ ထူးဆန်းတဲ့ မီးက ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်ယ။

ထူးဆန်းတဲ့ မီးက စကြာဂဠာဖျက်ဆီးခြင်း ကျင့်ကြံသူရဲ့ အရိုးစု အကြွင်းအကျန် ကနေ မွေးဖွားလာခဲ့တာဖြစ်ပါတယ်။ ၎င်းရဲ့ မွေးရာပါ စွမ်းရည်တွေက အံ့အားသင့်စရာကောင်းလောက်အောင် မြင့်မားပါတယ်။

ထူးဆန်းတဲ့မီး ထွက်ပေါ်လာတာနဲ့ မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်တွေက ချက်ချင်း ဆိုသလို တစ်ပင်ပြီး တစ်ပင် အဝေးကို ဆုတ်သွားပြီး ကြောက်ရွံ့တဲ့ ဆန္ဒ တစ်ခု ထွက်ပေါ်နေပါတယ်။

"ဟားဟား ငါ့ရဲ့ အခွင့်အရေးက လျင်မြန်စွာနဲ့ ရောက်လာလိမ့်မယ်လို့ လုံးဝ မထင်ထားဘူး။ မပြေးနဲ့ မင်းတိုသစ်ပင် နှလုံးသားတွေကို ချန်ထားခဲ့စမ်း"

လင်းဟန်က စတင် တိုက်ခိုက်လိုက်ပါတယ်။

အပိုင်း (၂၃၉) ရုံဟွမ်းရှမ် နဲ့ တိုက်ခိုက်ခြင်း

မကောင်းဆိုးဂါး နတ်ဆိုးသစ်ပင်ဆိုတာက သားရဲနဲ့ သစ်ပင်တို့ရဲ့ နှစ်ခုကြားက ထူးဆန်းတဲ့ သက်ရှိသတ္တဂါ တစ်မျိုးဖြစ်ပါတယ်။ သူတို့ရဲ့ အမြုတေ က သားရဲတွေ နဲ့ တူပြီးတော့ အဲဒါက သိုင်းပညာရှင် တစ်ယောက်ရဲ့ ဒန်တန်နဲ့ အလားသဏ္ဍာန် တူနိုင်ပါတယ်။ အဲဒါက သူတို့ရဲ့ စွမ်းအင် အရင်းအမြစ်ဖြစ်ပြီးတော့ သစ်ပင်ရဲ့ နှလုံးသားလို့ သိကြပါတယ်။

သူတို့ကို သစ်ပင်လို့လည်း တစ်ဂက်ခေါ်ဆို ရေတွက်နိုင်လို့

မကောင်းဆိုးဝါး နတ်ဆိုး သစ်ပင် ရဲ့ နလုံးသားက စိတ်ဂိဉာဉ်မြက်ပင်တွေနဲ့ တူပြီးတော့ သန့်စင်ရတာ အရမ်း လွယ်ကူပြီး ပိုပြီးတော့တောင် တန်ဖိုးကြီးပါတယ်။

လင်းဟန်က သူတို့အနောက်ကနေ မရပ်မနား လိုက်ပြီးတော့ မကောင်းဆိုးဝါး နတ်ဆိုးသစ်ပင် စစ်တပ်ကို ကစဥ့်ကလျား ဖြစ်အောင် တိုက်ခိုက်လိုက်ပါတယ်။ အနည်းဆုံး မကောင်းဆိုးဝါးနတ်ဆိုးသစ်ပင် ခုနစ်ပင်က သူတို့ရဲ့ သစ်ပင် နလုံးသား တွေကို တူးထုတ်လိုက်တဲ့ အချိန်အတွင်းမှာ ကျန်တဲ့ အပင်တွေက လွတ်မြောက်ဖို့ အခွင့်အရေး ရသွားခဲ့ပြီး အစအနတောင် မကျန်အောင် ပျောက်ကွယ်ကုန်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ သစ်ပင်တစ်ဂက် အရည်အသွေးကြောင့် တကယ်လို့ သူတို့ရဲ့ သစ်ပင် နလုံးသား မရှိတော့ဘူးဆိုရင်တောင်မှ သူတို့မသေနိုင်ပါဘူး။ သစ်ပင် နလုံးသားက နစ်တစ်ထောင်လောက်ကြာတဲ့ အခါမှာ ဖြေးဖြေးလေး ပြန်လည် ကြီးထွားရှင်သန် လာပါလိမ့်မယ်။

သစ်ပင်နလုံးသား ခုနစ်က သူ့ကို နွေဦးစမ်းရေအလွှာ ဒုတိယအဆင့်ကို ချိုးဖျက် ဂင်ရောက်နိုင်ဖို့ ကူညီနိုင်သင့်တယ် မဟုတ်လား။

လင်းဟန်က အရမ်းကို သိချင်စိတ်ပြင်းပြနေပါတယ်။ သူ

နွေဦးစမ်းရေ အလွှာ ပထမအဆင့် အထွတ်အထိပ်ကို ရောက်တဲ့အခါမှာ သူက စမ်းရေ ဒုတိယ မျက်လုံး တစ်ခုကို ဖြစ်ပေါ်နိုင်မလား ဒါမှမဟုတ် စမ်းရေ ပထမ မျက်လုံးကိုပဲ ဆက်ပြီးတော့ ချဲ့ရမလားဆိုတာကိုပေါ့။

သူက ဒီ သစ်ပင် နှလုံးသားတွေကို အလျင်စလိုနဲ့ သန့်စင်ဦးမှာ မဟုတ်ပါဘူး။ သူက ဆက်ပြီးတော့ မရပ်မနား အရှေ့ကို ချီတက်ပါဦးမယ်။ လျှို့ဝှက်နယ်ပယ် ပွင့်တဲ့ အချိန်တိုင်းမှာ ၎င်းက နှစ်လလောက် အချိန်ပဲ ပွင့်ပါတယ်။ သူက အခု ၎င်းအချိန်ရဲ့ တစ်ဝက်ခန့်ကို အသုံးပြုခဲ့ပြီ ဖြစ်လို့ သူရဲ့ အရှိန်ကို ဆက်ပြီးတော့ မြှင့်တင်ရပါမယ်။

ကံကောင်းတာက သူ့မှာ ယခင်လူရဲ့ မှတ်တမ်းစာအုပ် တစ်အုပ်ရှိပါတယ်။ ဒါကြောင့် သူက လမ်းမှာရှိတဲ့ မြောက်များစွာသော အန္တရာယ် အတားအဆီးတွေကို ရှောင်တိမ်း ပြီး ခြိမ်းခြောက်မှု့ အနည်းငယ်နဲ့ မျက်နှာခြင်း ဆိုင်ရပေမဲ့ တကယ့် စစ်မှန်တဲ့ အန္တရာယ်တော့ မပေးနိုင်ပါဘူး။

အတွင်းပိုင်း နက်လာလေ မြေပြင်က ပိုပြီးတော့ ကျယ်ပြန့်လာလေပါပဲ။ တောင်တန်း တွေက လှိုင်းထသလို ဒီမတိုင်ခင်က ရှိနေပေမဲ့ ဒီနေရာမှာတော့ အဆုံးအစမရှိတဲ့

မြေပြန့်တစ်ခုက ခင်းကျင်းထားသလိုပုံစံ ဖြစ်နေပါတယ်။

အဝေးတစ်နေရာက အနက်ရောင် အလင်းတစ်ခုက ကောင်းကင်ပေါ်ကို ထိုးတက် နေပြီး ကောင်းကင်ကို ချိတ်ဆက်ပေးထားတဲ့ ထောက်တိုင် တစ်ခုနဲ့ တူပါတယ်။ ထိပ်ဖျားမှာတော့ ၎င်းကို အနက်ရောင်တိမ်မည်းမည်းတွေက စက်ဝိုင်းပုံစံ ဝိုင်းပတ် ထားပါတယ်။ ဒီနေရာမှာ အစက်အပြောက် အသေးလေးတစ်ခုကို ထူးဆန်းစွာ မြင်ရပါတယ်။ ဒါက တကယ့်ကို ဝေးကွာလွန်းပြီးတော့ သတိပြုမိဖို့ ခဲယဉ်းတဲ့အတွက် လုံးဝ လျို့ဝှက်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

အနက်ရောင် အလင်းက လျို့ဝှက်နယ်ပယ်ရဲ့ အဓိက အချက်အချာ နေရာ ဖြစ်နိုင်ပါတယ်။ အဲဒီနေရာမှာ ဘယ်လို လျို့ဝှက်ချက်တွေကို များ ဖုံးကွယ်ထားမလဲ။

"ရှီးးးး"

လင်းဟာန် ဘာမှမလုပ်ရသေးပါဘူး။ ဒါပေမဲ့ ထူးဆန်းတဲ့ အသံတစ်ခုကို ကြားလိုက် ရပြီးတော့ အဝေးကနေ ကြေးနီခေါင်းတလား သုံးခု လျှောတိုက်လာတာကို မြင်လိုက်ရပါတယ်။ ဒီထူးဆန်းတဲ့အသံက

ကြေးနီခေါင်းတလားတွေက မြေကြီးကို ပွတ်တိုက်ပြီး ထွက်လာတဲ့ အသံပဲဖြစ်ပါတယ်။ ခေါင်းတလားတွေက လင်းဟန်ရဲ့ အရှေ့ဘက် ဆယ်မီတာ အကွာမှာ ရပ်သွားခဲ့ပါတယ်။

"ဟုန်း"

ခေါင်းတလားအဖုံးက ပွင့်သွားပြီးတော့ လူငယ်တစ်ယောက် ခုန်ထွက်လာခဲ့ ပါတယ်။ သူကတော့ ရှုံဟွမ်ရွှမ် ပဲဖြစ်ပါတယ်။

"မင်းက တကယ့်ကို ထူးဆန်းတဲ့ကောင်လေးပဲ။ မင်း ဒီနေရာကို လာနိုင်တာကို ငါ တော်တော်လေး အံ့အားသင့်မိတယ်"

ရှုံဟွမ်ရွှမ် ရဲ့ မျက်နှာပေါ်မှာ အထင်ကြီးပြီး ပဟေဠိ ဆန်တဲ့ အမူအရာတစ်ခု နဲ့ ပြောလိုက်ပါတယ်။

"မင်းလည်း တူတူပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ တကယ်လို့ ရှုံဟွမ်ရွှမ် သာ ငွေချပ်ဂတ် အလောင်းကောင်ကို အသုံးမပြုဖူးဆိုရင် သူက အပေါ်စီးက တိုက်ခိုက်နိုင်ပါ

လိမ့်မယ်။

"မင်း အဆင့်တက်သွားပြီလား"

ရုံဟွမ်ရှမ် က လင်းဟန်ရဲ့ ခန္ဓာကိုယ်ပေါ် အကြည့်တစ်ချက်ငေ့ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။ ချက်ချင်းဆိုသလို သူရဲ့ ပါးစပ်က ကြက်ဥတစ်လုံး ဝင်လို့ ရနိုင်တဲ့ အထိကို ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပါတယ်။

"အစောပိုင်းတုန်းက မင်းက ဒြပ်စင်စုစည်းခြင်းအလွှာ ပထမအဆင့်ပဲ ရှိပါသေးတယ်။ ဘယ်လိုလုပ်ပြီးတော့ မင်းက နွေဦးစမ်းရေအလွှာ ပထမအဆင့် နဲ့ လူတစ်ယောက် ဖြစ်လာခဲ့တာလဲ"

ဒါက တကယ့်ကို စိတ်ကူးလို့တောင် မရနိုင်တဲ့ အရာဖြစ်ပါတယ်။ ကျင့်ကြံခြင်းက ဒီလိုမျိုး ခုန်တက်လို့ ရနိုင်သလား။

"ဟုတ်ပြီ... မင်းက စိတ်ဂိဉာဉ်သစ်သီး တစ်ချို့ကို စားခဲ့တာဖြစ်ရမယ်။ ဒါကြောင့်ပဲ မင်းရဲ့ ကျင့်ကြံခြင်းအဆင့်က အခုလို ခုန်တက်သွားခဲ့တာပဲ"

သူက ချက်ချင်း ခေါင်းငြိမ့်လိုက်ပြီးတော့ သူရဲ့ မေးခွန်းကို သူကိုယ်တိုင်ပဲ ပြန်ဖြေ လိုက်ပါတယ်။ ဒါက တကယ့်ကို အကျိုးအကြောင်းသင့်လျော်တဲ့ ဖြေရှင်းချက် တစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က ပုံမှန်အတိုင်းပဲ ရှင်းပြမနေတော့ပါဘူး။ သူက ပြောလိုက်ပါတယ်။

"မင်းက ဒီ ကြေးနီခေါင်းတလား သုံးခုကြောင့် ဒီနေရာကို လာနိုင်ခဲ့တာ ဟုတ်တယ်မလား"

ရှုံဟွမ်ရှမ် က ကြေးနီခေါင်းတလားကို အစောပိုင်းတုန်းက စီးနင်းခဲ့ပါတယ်။ ဒါက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ တန်ဖိုးအရှိဆုံး ရတနာ ဖြစ်ပါတယ်။ အဆင့် တစ်ဆယ် စိတ်ဝိဉာဉ်ပစ္စည်း တစ်ခုက ဒီ အတားအဆီးတွေကို ဆန့်ကျင်ဖို့ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်။

ရှုံဟွမ်ရှမ် က ဂုဏ်ယူစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သိပ်မှန်တာပေါ့"

ထို့နောက် သူက မေးလိုက်ပါတယ်။

"ဒါဆို မင်းကရော ဘယ်လိုလုပ်ပြီးတော့ လာတာလဲ"

"ကံကောင်းလို့"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"ဒါဆိုရင် မင်းရဲ့ ကံက တကယ်ကို ဆိုးတာပဲ"

ရုံဟွမ်ရွှမ် က သတ်ဖြတ်ချင်တဲ့ ဆန္ဒတစ်စွန်းတစ်စကို ထုတ်ဖော်လိုက်ပါတယ်။

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ မင်းအခုပဲ ငါ့ရဲ့လက်နဲ့ သေရတော့မှာ မို့လို့ပဲ"

ရုံဟွမ်ရွှမ်က သူရဲ့ ညာဘက်လက်ကို လက်သီးအဖြစ်ပြောင်းပြီးတော့ တိုက်ခိုက် လိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကနေ ဆိုးဂါးတဲ့ လေထု တစ်ခုက ပြန့်နှံ့လို့လာခဲ့ ပါတယ်။ သူနဲ့ မီတာသုံးဆယ် ပတ်လည် မြေကြီးက

သေနေတဲ့ မြေပြင်တစ်ခု အဖြစ်ကို ပြောင်းသွားပါတယ်။ အလောင်းချီ က မြင့်တက်လာပြီးတော့ ဦးခေါင်းခွံ ပုံစံပြောင်းပြီး လင်းဟန်ဆီကို တိုးဝင်လာခဲ့ပါတယ်။

"ဟင့် မကောင်းဆိုးဝါးတွေက ဘယ်တော့မှ အောင်ပွဲခံနိုင်မှာ မဟုတ်ဘူး"

လင်းဟန်က သရော်တဲ့လိုက်ပြီး အတွေးတစ်ခုနဲ့တင် သူ့ရဲ့ ခန္ဓာကိုယ်ကနေ မီးတောက်တွေ ထွက်ပေါ်လာပြီးတော့ အလောင်းမြေပြင်ကို ဆန့်ကျင်ပြီး တိုက်ခိုက် လိုက်ပါတယ်။

သူရဲ့ စိတ်ဂိုဏ်းအခြေခံက ပြည့်စုံတဲ့ ဒြပ်စင်ငါးမျိုးနဲ့ ဖြစ်ပါတယ်။ မူလစွမ်းအင် က ဘယ်ဒြပ်စင်ကို မဆို ပြောင်းလဲနိုင်ပါတယ်။ ပြီးတော့ မီးတောက်တွေ ထွက်ပေါ် လာတာက တကယ်တမ်းတော့ အသေးအဖွဲ့ မဖြစ်စလောက် တစ်ခုပါပဲ။ မီးတောက် တွေက မကောင်းဆိုးဝါးချီ ကို ဆန့်ကျင်တဲ့နေရာမှာ အရမ်းကို အင်အားကောင်း ကြပါတယ်။

ဒီ ထိပ်တိုက်တွေ့ဆုံမှု က မူလစွမ်းအင် ကြားက တိုက်ရိုက် ယှဉ်ပြိုင်ပွဲ တစ်ခု ဖြစ်ပါတယ်။

ရုံဟွမ်ရှမ် က နွေဦးစမ်းရေ အလှ္ဘာ ငါး အဆင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူရဲ့ စွမ်းအားက လင်းဟန်ရဲ့ စွမ်းအားကို အံ့အားသင့်စရာ ကောင်းလောက်အောင် ကျော်ဖြတ်သွားနိုင်ခဲ့ပါတယ်။

အဆင့်ငါးရဲ့ စွမ်းအားက အဆင့်တစ်ရဲ့ စွမ်းအားထက် သန်မာအားကောင်းတယ် ဆိုတာက ဖြစ်သင့်တဲ့ ပုံမှန်အရာတစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ စိတ်ဂိဉာဉ် အခြေခံက ဒြပ်စင်ငါးခုနဲ့ လုံး၀ ပြီးပြည့်စုံနေပြီး မူလဒြပ်စင်အမှန် ကိုးခုကနေ တစ်ခုအဖြစ် ပေါင်းစည်းလိုက်တဲ့အတွက်ကြောင့် သူရဲ့ စွမ်းအားက အမှန်တကယ်တော့ သာမန် အလှ္ဘာ ငါး အဆင့်က လူတွေကို ကျော်ဖြတ်နိုင်ပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ရုံဟွမ်ရှမ် ရဲ့စွမ်းအားက သူရဲ့ ကျင့်ကြံခြင်းထက်ကို ကျော်လွန် နေပြီးတော့ သာမန်လူတစ်ယောက်တော့ မဟုတ်တန်လောက်ပါဘူး။

လင်းဟန်က သူရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူက တကယ့်ကို ပါရမီရှင် တစ်ယောက်ပါ။ ဒါပေမဲ့ တစ်ခြားပါရမီရှင်တွေရော မရှိနိုင်ဘူးလား။ အလောင်း တစ်ထောင် ဂိုဏ်းကို ကြွက်တွေလိုမျိုး

လိုက်ဖမ်းခဲ့ရတယ်ဆိုပေမဲ့ သူတို့ရဲ့ ဂုဏ်ယူစရာကောင်းတဲ့ နေ့ရက်တွေ ရှိခဲ့တယ်ဆိုတာ ငြင်းပယ်လို့ မရနိုင်ပါဘူး။ ၎င်းတို့ရဲ့ အမြစ်က အရမ်းကို နက်ရှိုင်းပါတယ်။ ဒါကြောင့် သူတို့ကရော ထူးခြားတဲ့ ပါရမီရှင် တစ်ယောက် နှစ်ယောက်ကို မမွေးထုတ်နိုင်ဘူးလား။

သူက အနည်းငယ် အံ့အားသင့်ပေမဲ့ ရုံဟွမ်ရှမ်ကတော့ အကြီးအကျယ် အံ့အားသင့် နေခဲ့တာပါ။ ရုံဟွမ်ရှမ်အနေနဲ့ သူက နွေဦးစမ်းရေအလွှာ ၅ အဆင့်မှာရှိပေမဲ့ သူ့ရဲ့ အစစ်အမှန် စွမ်းအားက နွေဦးစမ်းရေ အလွှာ ၇ အဆင့် နဲ့ လက်ရည်တူ အဆင့်ဆိုတာကို ကောင်းကောင်းကြီးသိထားပါတယ်။ ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလဲ ကြယ်ကိုးလုံးထိ ရှိပါတယ်။

ဟုတ်ပါတယ်။ မူလစွမ်းအင်သက်သက် ကို ဖယ်လိုက်ရင် သူက အမှန်တကယ်ပဲ လင်းဟန်ကို ကျော်ဖြတ်နိုင်ရုံမျှသာ ရှိတာလား။

တကယ့်ကို စိတ်ကူးမထားတဲ့ အရာပါပဲ။

"မင်းက အရမ်းကို ထူးဆန်းတယ်။ မင်းက အနာဂတ်မှာ ကြီးမားတဲ့ ပြိုင်ဘက် တစ်ယောက် ဖြစ်လာနိုင်တယ်။

ဒါကြောင့် မင်း သေကို သေရလိမ့်မယ်”

ရှုံဟွမ်ရှမ် က ခိုင်လုံတဲ့ အကြောင်းပြချက် တစ်ခုနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ရီမောပြီးတော့ ပြောလိုက်ပါတယ်။

“ဒါကို ကြားရတာ ငါက ဂုဏ်ယူရမှာလား ဒါမှမဟုတ် ကြောက်ရမှာလား”

“ဂုဏ်ယူပြီး တော့ ကြောက်ရမယ်”

ရှုံဟွမ်ရှမ်က စားတော့ဂါးတော့မလိုပုံစံနဲ့ ပြောလိုက်ပါတယ်။

“မင်းကိုကြည့်ရတာ အလောင်းတစ်ထောင်ဂိုဏ်းအကြောင်းကို တော်တော်လေး နားလည်ထားတာပဲ။ မင်းကသေချာပေါက် ငါက ဒီ အလောင်းကောင် စစ်သားတွေအပေါ်မှီခိုပြီးတော့ ကြိုက်သလို ပြေးနိုင်တယ်လို့ ထင်ထားတာပဲ။ ဒါပေမဲ့ မင်းမသိတာက ငါ့ရဲ့ အစစ်အမှန် ခွန်အားကလည်း အရမ်းကို သန်မာတယ် ဆိုတာကိုပဲ”

“ဒါဆိုရင်လည်း ငါအတွေ့အကြုံ ယူပါရစေ”

လင်းဟာန်က ဂရုလုံးဝ မစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"မင်းနောင်တ ရသွားစေရ လိမ့်မယ်"

ရုံဟွမ်ရှမ် က တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ လက်သီးကို ကြီးမားတဲ့ အရိုးခေါင်းခွံ ပုံစံ အဖြစ်ပြောင်းလိုက်ပြီးတော့ လင်းဟာန် ဆီကို တိုက်ခိုက်လိုက်တဲ့ အချိန်အတွင်း ရွတ်ဆိုလိုက်ပါတယ်။

"အလောင်းချီ မိုးကောင်းကင်ကို ဖွင့်... ငါ့ရဲ့ အရှင်သခင်က ကောင်းကင်နဲ့ မြေကြီးပဲ"

"ဒီစကားက တော်တော်ကို စိတ်ကြီးဝင်နေတဲ့ပုံစံပဲ ဒါပေမဲ့ ဒီခွန်အားကလဲ...."

လင်းဟာန်က သူ့ရဲ့ ခေါင်းကို ခါလိုက်ပြီး သူ့ရဲ့ မျက်လုံးတွေက အေးစက်စက် ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့ ညာဘက်လက်က သူ့ရဲ့ ဓါးနဲ့ အတူ တိုက်ခိုက်လိုက် ပြီးတော့ သူကပြောတယ်။

"တောက်ပ လင်းလက်တဲ့ နေ့မှာ နတ်ဆိုးနဲ့ မကောင်းဆိုးဝါးတွေ တစ်ကြိမ်တည်း နဲ့ ဖျက်ဆီးသွားစမ်း"

ဓါးအလင်းရောင်က နေမွန်းတည့်ချိန်လိုမျိုး လင်းလက်တောက်ပ လာခဲ့ပါတယ်။

"မဆိုးဘူး မင်းမှာ ခွန်းအားတစ်ချို့တော့ ရှိသားပဲ"

ရုံဟွမ်ရှမ် က သရော်လိုက်ပြီးတော့ လက်သီး တစ်လုံးပြီးတစ်လုံး ကို အလောင်းချီ ထည့်သွင်းပြီး တော့ ပစ်လွှတ်လိုက်ပါတယ်။ သူက ထက်မြက်လှတဲ့ ဓါးနဲ့ ထိပ်တိုက် ရင်ဆိုင်တွေ့ရမှာကို မကြောက်ပါဘူး။

အဓိက အကြောင်းအရာက ဒီဓါးက သာမန်ရိုးရိုး လက်နက်တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက တတိယအဆင့် စိတ်ဂိဉာဉ်ပစ္စည်းဆိုရင် ရုံဟွမ်ရှမ် အနေနဲ့ ဒီလိုမျိုး စိတ်ကြီးဝင်နိုင်ဖို့ဆိုတာ အာမ မခံနိုင်ပါဘူး။

တကယ်တော့ သူက စွမ်းအားမှာအသာစီး ရရှိထားပြီးတော့ ၎င်းက လုံးဝကို အသားစီး ရယူထားတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သူရဲ့ကျွမ်းကျင်မှု ကလဲ သာမန်မဟုတ်ပဲနဲ့ သူက အရင်ဆုံးအရမ်းကို လျင်မြန်စွာနဲ့ စတင်တိုက်ခိုက်ရတာ ဖြစ်တဲ့အတွက် လက်သီးတိုင်း လက်သီးတိုင်းမှာ အရမ်းကို ခွန်အားပြင်းထန် လာပါတယ်။

"ငါသိနေတယ်.. ငါ တွက်ဆချက် မမှားဘူးပဲ။ မင်းရဲ့တိုက်ပွဲစွမ်းအားက အရမ်းကို အားကောင်းတယ် အနည်းဆုံးတော့ ကြယ်ရှစ်လုံးနဲ့ ညီမျှလိမ့်မယ်။ ဒါပေမဲ့ မင်းက ကံမကောင်းစွာနဲ့ပဲ ငါနဲ့ လာဆုံရတယ်"

သူက စိတ်ကြီးဝင်ပြီးတော့ ဆိုးဆိုးဝါးဝါးနဲ့ ရီမောလိုက်ပါတယ်။

ဒီကောင်က တကယ့်ကို ပါရမီရှင် တစ်ယောက်ပဲ။ ပြီးတော့ သူက အလောင်း တစ်ထောင် ဂိုဏ်းရဲ့ အမွေကို ဆက်ခံထားမှတော့ သူက မသန်မာဘူးဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ မီးမျက်လုံး နွားသိုးရဲ့ ဦးချို တစ်စုံကို ထုတ်ယူလိုက်ပြီး လက်တစ်ဖက်စီမှာ ကိုင်လိုက်ပါတယ်။ မူလစွမ်းအင် နဲ့အတူ ဦးချိုပေါ်က အမှတ်အသားပုံစံတွေက ချက်ချင်းပဲ တစ်ခုပြီး တစ်ခု လင်းလက် တောက်ပလာပြီးတော့ မီးတောက်တွေ ထွက်ပေါ်လာခဲ့ပါတယ်။

"ငါ မင်းကို ဘယ်လိုလှီးဖြတ်မလဲဆိုတာ ကြည့်ထား"

လင်းဟန်က ဦးချိုတွေကို လက်ကိုင် အဖြစ်အသုံးပြုပြီးတော့ မီးတောက်တွေကို ဓါးသွားအဖြစ် အသုံးပြုပြီး ရုံဟွမ်ရွှမ်ကို တိုက်ခိုက်လိုက်ပါတယ်။

ဒီအစွမ်းက တကယ့်ကို ကောင်းမွန်ပါတယ်။

ရုံဟွမ်ရွှမ်က ယင် နဲ့ မကောင်းဆိုးဝါး နည်းလမ်းကို ကျင့်ကြံတာ ဖြစ်ပြီးတော့ သူက သဘာဝအားဖြင့် သူ့အပေါ်ကို လွှမ်းမိုးနိုင်တဲ့ မီးအမျိုးအစား ပညာတွေကို အမုန်းဆုံး နဲ့ အကြောက်ဆုံးပဲ ဖြစ်ပါတယ်။ မီးတောက်တွေ ပျံ့နှံ့ လာတဲ့အခါမှာ သူ့ရဲ့ အင်အား ကို ကြီးကြီးမားမားနဲ့ ချက်ချင်းဆိုသလို ဆုတ်ယုတ်လာအောင် လုပ်လိုက်ပြီးတော့ နှစ်ခုက မျှတတဲ့ ယှဉ်ပြိုင်မှု တွေ ဖြစ်လာခဲ့ပါတယ်။

"မင်းအသက်မရှင်စေရဘူး"

ရုံဟွမ်ရွှမ်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက အခုဆိုရင် ဟုန်းခနဲ ထတောက်လို့ လာခဲ့ပါတယ်။

အပိုင်း (၂၄၁) အလောင်းမိုး

ရုံဟွမ်ရှွမ် က တကာယ်ကို စိတ်ကြီးဝင်နေတဲ့ လူပဲ။

သူက သိုင်းပညာ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သတ်ပြီး သံသယ ရှိစရာမလိုပါဘူး။ ဒါ့အပြင် သူက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အမိက အမွေဆက်ခံနိုင်သူလည်း ဖြစ်ပါတယ်။ဒါကြောင့် သူနဲ့ သက်တူရွယ်သူ ပြိုင်ဘက် အမြောက်အများနဲ့ ရင်ဆိုင်ခဲ့ဖူးပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်က သူ့ထက်ငယ်ရွယ် ပြီးတော့ သူနဲ့ ယှဉ်ပြိုင်နိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ ဒါက သူ့ရဲ့ ခန္ဓာကိုယ် အတွင်းမှာ သတ်ဖြတ်ချင်တဲ့ စိတ်တွေ ဆူပွက်လို့ လာခဲ့ပါတယ်။

"သေစမ်း"

သူက လျှို့ဝှက်နည်းတစ်နစ် တစ်ခုကို အသုံးပြုပြီးတော့ လက်သီးနဲ့ ထိုးထည့် လိုက်ပါတယ်။ အနက်ရောင် ဦးခေါင်းခွံရဲ့ အလင်းအရိပ် တစ်ခု ဖြစ်ပေါ်လာပြီး ၎င်းအပေါ်မှာ တူညီတဲ့ အနက်ရောင် တိုက်ပွဲဝင် ချပ်ဝတ်တစ်ခု တပ်ဆင်ထားတာနဲ့ တူပါတယ်။ ကြီးမားတဲ့ အနက်ရောင် ဓါးသွားက လင်းဟာန်ဆီကို တိုးဝင်လာခဲ့ပါတယ်။

လင်းဟန် ရဲ့ အမူအရာ က အနည်းငယ် သတိထားလိုက်တဲ့ ပုံစံမျိုး ဖြစ်သွားပါတယ်။ သူက အသက်ကို ပြင်းပြင်းရှူပြီးတော့ နွားသိုးဦးချိုကို မြှောက်ပြီး တိုက်ခိုက်လိုက်ပါတယ်။

လျို့ဂှက်ဆန်းကြယ်မှုပေါင်း သုံးထောင်။

"ရှပ် ရှပ် ရှပ်"

၎င်းက ဦးခေါင်းခွံ စစ်သည်တော် က လျို့ဂှက်နည်းစနစ် တစ်ခုကြောင့် ထွက်ပေါ်လာတဲ့ အချိန်မှာပဲ ဓါးချက်ပေါင်း တစ်သီတစ်တန်းကြီးကို ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။ တကယ်လို့ သူ့ရဲ့ ဒန်တန်အထဲက နေရာကို အဆတစ်ရာလောက်သာ မချဲ့ထားဖူးဆိုရင် အများဆုံး လျို့ဂှက်ဆန်းကြယ် သုံးထောင် နည်းစနစ်ကို ဆယ်ကြိမ်ကျော်လောက်ပဲ ထုတ်သုံးလိုက်တာနဲ့ လုံးဝ အားအင် ကုန်ခမ်းသွားပါလိမ့်မယ်။ ဒီ ဓါးသိုင်းဟန်က တကယ့်ကို အစွမ်းထက်ပြီး ဧရာမ စွမ်းအင် ပမာဏ တစ်ခုလဲ သုံးစွဲဖို့ လိုအပ်ပါတယ်။

ဒ့ါအပြင် နွားသိုးရဲ့ ဦးချိုတွေက ဓါးတစ်လက် မဟုတ်ခဲ့ပါဘူး။ ဒါကြောင့် ဖျက်ဆီးနိုင်တဲ့ စွမ်းအား ကြီးကြီးမားမား ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့လည်း နွားသိုးရဲ့ ဦးချိုက အဆင့်သုံး မီးတောက်တစ်ခုကို ထုတ်ပေးနိုင်ပြီးတော့ ၎င်းက အလောင်းချီ အပေါ် မှာ ကြီးမားတဲ့ အကျိုးသက်ရောက်မှုရှိပြီး တစ်ချက်တည်းနဲ့ သူရဲ့ ပန်းတိုင်ကို အောင်မြင်အောင်လို့ လုပ်နိုင်ခဲ့ပါတယ်။

ရှုံဟွမ်ရွှမ် က မယုံနိုင်လောက်အောင် အံ့အားသင့်နေပါတယ်။ အခုထုတ်သုံးလိုက်တဲ့ အကွက်က အလောင်းတစ်ထောင် ဂိုဏ်းရဲ့ လျှို့ဝှက်နည်းစနစ် တစ်ခု ဖြစ်ပြီးတော့ အနက်ရောင် အဆင့်မြင့် နည်းစနစ် တစ်ခု အဆင့်မှာ ရှိပါတယ်။၎င်းက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ တစ်ပည့်တွေပဲ အသုံးပြုနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ၎င်းကို အသုံးပြုဖို့အတွက် အလောင်းချီကို ပိုင်ဆိုင်ထားဖို့ လိုအပ်ပါတယ်။

ဒီအကွက်က မူလစွမ်းအင်နဲ့ အလောင်းချီကို ပေါင်းစပ်ထားတာ ဖြစ်ပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပျက်စီးယိုယွင်းစေတဲ့ စွမ်းရည် တစ်ခုလည်း ပါဝင်ပါတယ်။သိုင်းပညာရှင်

တစ်ယောက်အနေနဲ့ ၎င်းကို အနည်းငယ်မျှ ထိတွေ့ကိုင်တွယ်လိုက်တာနဲ့ အဲဒီလူက လုံးဝ အရည်ပျော်သွားပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်က ဒီတိုက်ခိုက်မှုကို မျှော်မှန်းမထားပဲနဲ့ တိုက်ခိုက်မှု တစ်ခုနဲ့တင်ပဲ ပျက်ပြားသွားစေခဲ့ပါတယ်။

တကယ်လို့ သူသာ ဒီမယုံနိုင်စရာကောင်းတဲ့ ဓါးသိုင်းနည်းစနစ်က ဓါးကေရာဇ် တီထွင်ထားပြီးတော့ ကမ္ဘာကြီးထဲမှာ အဆီးအတားမဲ့ စေတဲ့ ပညာဆိုတာကို သိသွားမယ်ဆိုရင် သူ့အနေနဲ့ နည်းနည်းတော့ ဂုဏ်ယူသွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဓါးကေရာဇ်က အရမ်းကို အစွမ်းထက်တဲ့ လူတစ်ယောက် ဖြစ်လို့ပါပဲ။ သူက ကောင်းကင်အဆင့် ကို မရောက်ခင် နွေဦးစမ်းရေ အဆင့်မျှသာ ရှိသေးတဲ့ အချိန်မှာကတည်းက လူသိများထင်ရှားလာခဲ့တာပါ။ သူနဲ့ ကျင့်ကြံခြင်း အဆင့် တူတဲ့ ပြိုင်ဘက်တွေအကုန်လုံးကို အနိုင်ယူလာခဲ့ပြီးတော့ သိုင်းပညာ နယ်ပယ်မှာတော့ ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။

ဒီလိုတိုက်ခိုက်မှု နဲ့ ရင်ဆိုင်ရရင် သူ့အနေနဲ့ မသေအောင်လို့ ရှောင်တိမ်းရင် ရှောင် ဒါမှမဟုတ်ရင် အရှုံးပေးရပါလိမ့်မယ်။ ဒါက တကယ့်ကို အံ့သြလောက်အောင် အစွမ်းထက်ပါတယ်။

ဒါပေမဲ့ ရှုံပွမ်ရွှမ် ကတော့ လုံးဝမသိပါဘူး။ ဒါကြောင့် သူက အရမ်းကို မကျေမနပ် ဖြစ်သလို ခံစားလိုက်ရပါတယ်။ ပြီးတော့ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ပိုပြီးတော့ အားကောင်းလာခဲ့ပါတယ်။

"မင်းက တကယ့်ကို သန်မာတဲ့ ရန်သူပဲ။ မင်းကို သတ်ပစ်ဖို့က လွဲပြီးတော့ ငါ့မှာ ရွေးချယ်စရာ လုံးဝ မရှိတော့ဘူး"

လင်းဟန်က သက်ပြင်းချပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

"ငါတို့ နှစ်ယောက်ကြားမှာ ရန်ငြိုးရန်စလဲ မရှိပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ ငါတို့တွေ က အရက်လေးနည်းနည်း ဒါမှမဟုတ် လဘက်ရည်လေး နည်းနည်း သောက်ပြီး တော့ စကားတွေ မပြောတာလဲ"`

"မင်း ငရဲပြည်ကို သွားပြီးတော့ အဲဒီမှာ သွားသောက်တာက ပိုပြီးတော့ ကောင်းလိမ့်မယ်"

ရှုံပွမ်ရွှမ် က ကျယ်လောင်စွာ အော်လိုက်ပီး သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကနေ အနက်ရောင် ချီ တစ်ခု ပေါ်လာခဲ့ပါတယ်။

ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ ပါတယ်။ အနက်ရောင်ချီတွေက သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ တကယ့်ကို ထက်ရှတဲ့ ဓါးသွားပုံစံမျိုးတွေ စုစည်းနေခဲ့ပါတယ်။

မျက်စိနဲ့ တစ်ချက်ငေ့ကြည့်လိုက်တာနဲ့ သူက မွန်းစတား အမျိုးအစား တစ်ကောင် ဖြစ်လာသလိုမျိုး မြင်လိုက်ရပါတယ်။

လင်းဟန်ရဲ့ အမူအရာက ပိုပြီးတော့ သတိထားတဲ့ ပုံစံ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ သူက ပြောလိုက်ပါတယ်။

"မင်းက အလောင်းချီတွေကို မင်းရဲ့ ခန္ဓာကိုယ်မှာ ဖုံးလိုက်ပြီးတော့ မင်းရဲ့ ကိုယ်ပိုင် စွမ်းအားကို အတင်းအဓမ္မ တိုင်းလာအောင်လို့ လုပ်လိုက်တာ မဟုတ်လား"

"မင်းက တကယ်ပဲ အလောင်းတစ်ထောင် ဂိုဏ်း အကြောင်းကို တော်တော်လေး နားလည်ထားတာပဲ"

ရှံဟွမ်ရွှမ် က သရော်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုဆိုမှတော့ .... မင်းက ခုခံဖို့ ဆန္ဒရှိနေသေးတာလား"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးပြောလိုက်ပါတယ်။

" မင်းမှာ မင်းရဲ့ ပုက်ဖဲ ရှိတယ် ဒါပေမဲ့ ငါ့မှာလဲ အဲဒီအတိုင်းပဲ။ ပထမအချက်က အဲဒါကို ငါက ထုတ်ဖော်ဖို့ ဆန္ဒမရှိဘူး။ ပြီးတော့ ဒုတိယအချက် ငါ မင်းနဲ့ အချိန်ဖြုန်း ဖို့လည်း ဆန္ဒမရှိဘူး"

"ပိုး.... ဒါဆိုရင် ငါက အဲဒါကို တကယ်ပဲ ကြည့်ချင်သွားပြီ"

ရှုံပွှမ်ရှွမ် က လှုပ်ရှားလိုက်ပါတယ်။ အလောင်းချီက သူ့ကို ပတ်ရံထားတာနဲ့ အတူ သူရဲ့ တိုက်ပွဲ စွမ်းအင် ကလဲ မြင့်တက်လာခဲ့ပြီး သူက နောက်တစ်ကြိမ် အသာစီး ရနိုင်စွမ်း ရှိလာခဲ့ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ လိုက်ပြီးတော့ ခရမ်းရောင်ကြယ် လက်ကာ ကို ထုတ်တပ်လိုက် ပါတယ်။ သူက ဒီ စိတ်ဝိဉာဉ် ပစ္စည်းကို အသုံးပြုလို့ရမဲ့ နည်းလမ်းကို အပြည့်အဝ ဖမ်းဆုပ်ယူနိုင်ခဲ့ပါပြီ။ သူရဲ့ မူလစွမ်းအင်ကို ၎င်းထဲကို ထည့်သွင်းလိုက်တာနဲ့ ၎င်းပေါ်က လက္ခဏာတွေက ချက်ချင်းတောက်ပလာပြီး သူ့ကို စွမ်းအင် ထောက်ပံ့မှုတွေ အဆက်မပြတ် လုပ်ပေးနေပါတယ်။

"လပြွတ်ဟာ"

ရုံဟွမ်ရှမ် က အံ့အားသင့်စွာနဲ့ အော်ပြောလိုက်ပါတယ်။ သူရဲ့ တိုက်ပွဲစွမ်းအင်က အနည်းငယ် တိုးလာခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ကလည်း သူရဲ့ကိုယ်ပိုင် တိုက်ပွဲ အစွမ်းကို ထပ်တူညီစွာနဲ့ တိုးလာနိုင်စွမ်း ရှိနေပြီး နှစ်ဖက်စလုံးက အရင်က အတိုင်းပဲ တူညီစွာနဲ့ ပြန်ဖြစ်သွားခဲ့ပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ဒီကောင်လေးလည်း ရောမ ကံကောင်းမှုကြီးနဲ့ ဆုံတွေ့ခဲ့ ပုံ ပေါ်ပါတယ်။

ဒါပေမဲ့ ရုံဟွမ်ရှမ် က လုံးဝ မကြောက်ပါဘူး။ သူရဲ့ အကြီးမားဆုံး ပုက်ဖဲတွေက ကြေးနီခေါင်းတလား သုံးခုပဲ ဖြစ်ပါတယ်။ ဒါက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ လျှို့ဝှက် ရတနာ တစ်ခု ဖြစ်ပါတယ်။ သူက ၎င်းတို့ကို အပြည့်အဝ အသက်သွင်းနိုင် စွမ်းမရှိသေးပေမဲ့လည်း သူက အဲဒီအတွင်းမှာ ခိုနေလိုက်မယ်ဆိုရင် အစွမ်း ထက်လှတဲ့ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်အတွက်တောင်မှ ခေါင်းတလား ရဲ့ အဖုံးကို မပြီးတော့ သူ့ကို ဆွဲထုတ်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် သူက ယုံကြည်မှု အပြည့်ရှိနေပါတယ်။

"ဟင့်... ထွက်ခဲ့စမ်း"

သူက တီးတိုးရွတ်ဆို လိုက်ပြီးတော့ အသက်ရှူလိုက်ပါတယ်။ ဟုတ်ပါတယ်။ နောက်ထပ် ခေါင်းတလား တစ်ခု ပွင့်သွားပြီးတော့ ငွေချပ်ဂဝတ် အလောင်းကောင် တစ်ကောင်က ထွက်လာခဲ့ပါတယ်။

"ဟော့ဟော့ဟော့ ငါတို့က တစ်ယောက်ချင်း တိုက်ခိုက်ဖို့ သဘောတူထားကြတယ် မဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ မင်းက ကူညီမဲ့ သူ တစ်ယောက်ကို ဆွဲထုတ်လိုက်တာလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တော်တော်များများကို သိနေမှတော့ ငါတို့ဂိုဏ်းရဲ့ အကြီးကျယ်ဆုံး နည်းစနစ်က အလောင်းကောင်တွေကို ထိန်းချုပ်ခြင်းပဲ ဆိုတာကိုလည်း သေချာပေါက် သိသင့်တယ်။ အလောင်းကောင် စစ်သားတွေက ငါ့ရဲ့ ဓါးဒါမှမဟုတ် ဆေဘာ လို့ သတ်မှတ်လို့ရတယ်။ ဒါကြောင့် အရေအတွက် အနည်းငယ်နဲ့ အခွင့်အရေးယူပြီးတော့ အနိုင်ကျင့်တယ်လို့ ဘယ်လိုလုပ်ပြီးတော့ သတ်မှတ်လို့ရမှာလဲ"

ရုံပွမ်ရွှမ် ကလည်း ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ထို့နောက် သူက လုံး၈ တုံ့ဆိုင်း နေခြင်း မရှိပဲနဲ့ သူ့အတွက် လင်းဟန်ကို တိုက်ခိုက်ပေးဖို့ ငွေချပ်ဂတ် အလောင်းကောင် ကို အမိန့်ပေးလိုက်ပါတယ်။

စိတ်ဂိဉာဉ်ပင်လယ် အထွတ်အထိပ်အဆင့် က လင်းဟန်အနေနဲ့ ဒီအဆင့်အတန်း က ဒီအချိန်မှာ ပြိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တကယ်လို့ အနက်ရောင် မျှော်စင် က စွမ်းအားတွေကို သူ့ကို ကူးပြောင်းပေးပြီးတော့ သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို အတင်းအဓမ္မ နောက်တစ်ဆင့်ကို တိုးစေခဲ့မယ် ဆိုရင်တောင် ဒီလိုမျိုး ကြောက်မက် ဖွယ်ရာကောင်းတဲ့ လူတစ်ယောက်လိုမျိုးကို သူက ခုခံကာကွယ်နိုင်လိမ့်မယ်လို့ တရားသေ ပြောလို့မရပါဘူး။

တကယ်တော့ ပထမ အဆင့်နဲ့ အလွှာ ၉ အဆင့် ကြားက ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ ဒ့ါအပြင် ငွေချပ်ဂတ် အလောင်းကောင်ရဲ့ ခန္ဓာကိုယ်က အဆင့်လေး လက်နက်တစ်ခုကို သတ္တုကျိုတဲ့အခါမှာ အသုံးပြုတဲ့ ပါဂင်ပစ္စည်းတွေနဲ့ နှိုင်းယှဉ်လို့ရပါတယ်။ ၎င်းက မတ်တပ်ရပ်ပြီးတော့ မလှုပ်ရှားဖူး ဆိုရင်တောင်မှ သူ့အနေနဲ့

၎င်းရဲ့ ခံစစ်ကို ချိုးဖျက်ဖို့ အစွမ်းကုန် ကြိုးစားဖို့ လိုအပ်နေပါသေးတယ်။

"ပုန်း"

လင်းဟန်က ထွက်ပြေးဖို့ တွေးနေချိန်မှာပဲ အနက်ရောင် ပုံရိပ်တစ်ခုက ရုတ်တရက် အပေါ်ကနေ အောက်ကို ကျလာပြီးတော့ သူတို့ရဲ့ အနီးမှာ အရှိန်ပြင်းပြင်းနဲ့ ကျဆင်းလာခဲ့ပါတယ်။ မြေကြီးထဲမှာ ရောမ ချိုင့်ခွက်ကြီး တစ်ခု ပေါ်လာပြီးတော့ အစွမ်းထက်လှတဲ့ တုန်ခါမှု တစ်ခုနဲ့အတူ အားလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။

လင်းဟန် နဲ့ ရှုံဟွမ်ရွှမ် တို့က ချက်ချင်းဆိုသလို သူတို့ရဲ့ တိုက်ပွဲကို ရပ်တန့် လိုက်ပါတယ်။ သူတို့က တကယ်ပဲ တစ်ယောက်နဲ့ တစ်ယောက် အရမ်းကို သတ်ချင်နေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကိုယ်ပိုင် အသက်တွေကိုတော့ ဒီရည်ရွယ်ချက်ကို အောင်မြင်ဖို့ လုံးဝ ပေးဆပ်လိမ့်မှာ မဟုတ်ပါဘူး။

"ပုန်း ပုန်း ပုန်း"

အနက်ရောင် အရိပ်တွေက ပိုပိုပြီးတော့ အပေါ်ကနေ

မိုးရေစက်တွေ ကျဆင်းလာသလိုမျိုး လင်းဟာန်နဲ့ ရုံဟွမ်ရှမ် ရဲ့ အနားတစ်ပိုက်ကို ကျဆင်း လာခဲ့ပါတယ်။

လင်းဟာန် ရဲ့ သိချင်စိတ်က ပြင်းပြလာပြီးတော့ အချက်ပေးခေါင်းလောင်းသံ တွေလဲ ဆူညံလို့လာပါတယ်။ တကယ်လို့ သူက အကျပ်အတည်းထဲကို ကျရောက်မယ် ဆိုရင် ကြံမိကြံရာ လုပ်တဲ့အနေနဲ့ အနက်ရောင် မျှော်စင်ထဲကို အားလုံးရဲ့ အရှေ့မှာ ဝင်ရပါမယ်။ တကယ်လို့ အခြေအနေတွေက ပိုပိုပြီး ဆိုးလာမယ်ဆိုရင် သူက အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို သူ့ဆီကို ကူးပြောင်းပြီးတော့ သူရဲ့ လျှို့ဝှက်ချက် တွေ မပေါ်စေဖို့အတွက် အားလုံးကို နှုတ်ပိတ်တဲ့ အနေနဲ့ သတ်ပစ် ရပါလိမ့်မယ်။

သူက ပတ်ဝန်းကျင်ကို မျက်စိနဲ့ အကြည့်တစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ အံ့အားသင့်သွားပါတယ်။

မြေကြီးပေါ်က ကြီးမားတဲ့ ချိုင့်ခွက်ကနေ လက်တစ်ဖက်က အမှန်တကယ်ပဲ ဆန့် ထွက်လာပြီးတော့ လူတစ်ယောက်က တွားသွားထွက်လာတဲ့ ပုံစံမျိုးကို တွေ့လိုက်ရပါတယ်။

ဒါက အဘိုးကြီးတစ်ယောက် ဖြစ်ပြီးတော့ ပိုးဖဲကတ္တီပါ

ဂုတ်စုံကို ဆင်မြန်း ထားပါတယ်။ သူ့ကိုကြည့်ရတာ ချမ်းသာတဲ့ လူတစ်ယောက်နဲ့ တူပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်က ဘယ်အစိတ်အပိုင်းမှာမဆို အသက်ဓါတ် လှည့်ပတ်နေတဲ့ လက္ခဏာ လုံးဝ မရှိပါဘူး။

နှလုံးခုန်နှုန်း မရှိသလို အသက်ရှူတာမျိုးလဲ မရှိပါဘူး။ လင်းဟန်အနေနဲ့ သေချာပေါက် ပြောနိုင်တာက ဒီလူကြီးရဲ့ သွေးကြောတွေထဲမှာ သွေးတွေက လုံးဝ စီးဆင်းမနေဘူးဆိုတာပါပဲ။

ဒါက လုံးဝ အသက်ကင်းမဲ့နေတဲ့ လူကြီး တစ်ယောက်ပါပဲ။

ဒါပေမဲ့ သူက နက်ရှိုင်းတဲ့ တွင်းကြီးထဲကနေ အပေါ်ကို တက်လာခဲ့ပါတယ်။ ပြီးတော့ သူရဲ့ မျက်နှာ က အသက်ရှိနေသလို ထင်ထင်ရှားရှား ဖြစ်နေပါတယ်။ ဘယ်လိုပဲကြည့်ကြည့် သူ့ပုံစံက အိပ်ပျော်နေတဲ့ ပုံစံ နဲ့ တူနေပါတယ်။ ဒါက ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

သူ တစ်ယောက်တည်းမဟုတ်ပါဘူး။ ချိုင့်ခွက်တိုင်းကနေပြီး အလောင်းတစ်ကောင်စီ တွားသွားပြီး တက်လာခဲ့ပါတယ်။ သူတို့အားလုံးမှာ အသက်ဓါတ် လက္ခဏာ လုံးဝ

မတွေ့မြင်ရတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ သူတို့က လှုပ်ရှားလို့ ရနေဆဲပါပဲ။ သူတို့ကိုကြည့်ရတာ အလောင်းကောင် စစ်သားတွေနဲ့ တော်တော်လေး တူပါတယ်။ ဒါပေမဲ့ သူတို့တွေက မွမ်းမံထားခြင်းမရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒီထက်ပိုပြီးတော့ အံ့ဩစရာကောင်းတာက ဒီအလောင်းကောင်တွေက မိုးကောင်းကင် ပေါ်ကနေ ကျဆင်းလာခဲ့တဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

ရှုံဟွမ်ရှွမ် ရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို ပင့်လိုက်ပါတယ်။ ပြီးတော့ ပျော်ရွှင် စွာနဲ့ ကခုန်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမှာ အရည်အသွေး အရမ်းကို ကောင်းတဲ့ အလောင်းကောင်တွေ အများကြီး ရှိတာပဲ။ ဒီကြေးနီခေါင်းတလား သုံးခုက ဒီနေရာကို ခေါ်လာခဲ့တာ အံ့ဩစရာ မရှိတော့ဘူး။ ဒါဆိုရင် ကြည့်ရတာ ဒီနေရာက ငါ့အတွက် ကြီးမားကောင်းမွန်တဲ့ ကံကြမ္မာ အခွင့်အရေးကြီး တစ်ခုကို ရစေလိမ့်မယ်"

"ဒီလူက သူ အသက်ရှင်တဲ့အချိန်တုန်းက

စိတ်ဂိဉာဉ်ပုလ္လအဆင့် ဖြစ်တယ်။ ဒီတစ်ယောက်က ပန်းဖူးအဆင့် ပြီးတော့ နောက်တစ်ယောက်က စိတ်ဂိဉာဉ်ပုလ္လင် အဆင့် ပဲ"

"ဟားဟားဟား.... ငါက အလောင်းကောင် အချိုးကို မွမ်းမံဖို့ပဲ လိုအပ်ပြီးတော့ အဲဒါက မြောက်ဘက်မှာ ငါ့စိတ်ကြိုက် လုပ်ဖို့အတွက် လုံလောက်လိမ့်မယ်"

ရှုံဟွမ်ရှမ် ကိုကြည့်ရတာ နှိုင်းယှဉ်လို့မရအောင်ပဲ ကျေနပ်ပီတိ ဖြစ်နေပါတယ်။ သူက အလောင်းကောင်တွေထဲက တစ်ကောင်ကို သူ့ရဲ့ ညာဘက်လက်နဲ့ ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ငါ မင်းကို မွမ်းမံ ပြီးတဲ့ အခါ မင်းက ငါ့ရဲ့ အမိန့် ကို နာခံရလိမ့်မယ်"

သူက အသက်ကို ဖြေးဖြေးရှူပြီးတော့ ပွစိပွစိ နဲ့ ရွတ်လိုက်ပါတယ်။ ပြီးတော့ အနက်ရောင် ချီ က သူ့ရဲ့ ညာဘက်လက်ကနေ ထွက်လာပြီးတော့ အဲဒီ အလောင်းဆီကို လေနှင့်အတူ ပါသွားခဲ့ပါတယ်။

အလောင်းကောင်ကို ကြည့်ရတာ ဘာတစ်ခုမှ ခံစားရတဲ့

ပုံစံမျိုး မရှိပဲနဲ့ မိုးကောင်းကင် ကိုပဲ အဓိပ္ပါယ်မဲ့စွာနဲ့ ဆက်ပြီးတော့ စိုက်ကြည့်နေပါတယ်။

လင်းဟန်လည်းပဲ မိုးကောင်းကင်ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဘာအကြံဉာဏ်မှ ထွက်မလာခဲ့ပါဘူး။ ဒီအလောင်းတွေက ကောင်းကင်ပေါ်က သေးငယ်တဲ့ အမဲအစက်အပြောက်လေးတွေ ဖြစ်နိုင်မလား။ ပြီးတော့ အဲဒီမှာ အစက်အပြောက် တစ်ခုပဲ ရှိတယ်လို့ သေချာပေါက် ပြောလို့မရပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အကွာအဝေးက အရမ်းကို ဝေးကွာလွန်းပါတယ်။

အလောင်းကောင်ရဲ့ ခန္ဓာကိုယ်မှာ အနက်ရောင် အလင်းက ဂန်းရံထားပါတယ်။ ပြီးတော့ ၎င်းက အသက်ရှိနေသလိုမျိုး နဲ့ အလောင်းကောင်ရဲ့ နာခေါင်းပေါက်၊ မျက်လုံးတွေ နဲ့ နားရွက်တွေကို ဖြတ်ပြီးတော့ ခန္ဓာကိုယ်ထဲကို ဝင်သွားခဲ့ပါတယ်။

ရုံဟွမ်ရှမ် က ပြုံးလိုက်ပါတယ်။ ဒါက သူလေ့ကျင့်ထားတဲ့ အလောင်းချီ ဇစ်မြစ် ဖြစ်ပါတယ်။ အလောင်းကောင်ရဲ့ ခန္ဓာကိုယ်ထဲကို ဒီချီက ကျူးကျော် ဝင်ရောက် အချိန် ကြာလာတာနဲ့ အမျှ အလောင်းကောင်က သူ့ရဲ့ ထိန်းချုပ်မှု အောက်ကို ကျဆင်းလာရပါလိမ့်မယ်။

"ဒီကိုလာခဲ့စမ်း"

သူက အမိန့်ပေးလိုက်ပါတယ်။

အလောင်းကောင်ကို ကြည့်ရတာ တစ်ခုခုကို ခံစားလိုက်ရသလိုမျိုးနဲ့ ရုတ်တရက် ရှံဟွမ်ရှမ် ဘက်ကို လှည့်ပြီး ကြည့်လိုက်ပါတယ်။ ၎င်းရဲ့ ခန္ဓာကိုယ်က အနည်းငယ် တုန်ခါနေပါတယ်။

"ဖူး"

အနက်ရောင် ချီက ၎င်းရဲ့ ခန္ဓာကိုယ်ထဲကနေ ပြန်ထွက်လာပြီးတော့ ချက်ချင်း ဆိုသလို အငွေ့ပျံသွားခဲ့ပါတယ်။

ရှံဟွမ်ရှမ်ရဲ့ အစောပိုင်းတုန်းက ဖြူဖတ်ဖြူလျော် ဖြစ်နေတဲ့ မျက်နှာက ရုတ်တရက် နီရဲသွားခဲ့ပါတယ်။ ပြီးတော့ သူက ပါးစပ်နဲ့ အပြည့် သွေးတွေကို အန်ထုတ်လိုက်ရ ပါတယ်။ သူ့ရဲ့ အလောင်းချီ ဇစ်မြစ်က ဖျက်ဆီးခံလိုက်ရပြီး အဲဒါက သူ့ကို အစွမ်းထက်တဲ့ ပြန်ကန်အားတစ်ခု ထိခိုက်ခံလိုက်ရသလိုမျိုး ဖြစ်စေခဲ့ပါတယ်။

အပိုင်း (၂၄၁) နတ်ဆိုးချီ

နောက်ဆုံးမှာတော့... မိုးကောင်းကင်ပေါ်ကနေ အလောင်းကောင်တွေ ထပ်ပြီးတော့ ကျဆင်းလာတာမျိုး မရှိတော့ပါဘူး။ ဒါပေမဲ့ ဒီအလောင်းတွေ အကုန်လုံးက မတ်တပ် ရပ်ပြီးတော့ လင်းဟာန်နဲ့ ရှုံဟွမ်ရှမ် ကို စတင်ပြီး ဝိုင်းရံလိုက်ကြပါတယ်။

သူတို့ လုံးဂ လှုပ်ရှားမှု တစ်စုံတစ်ရာမှ မလုပ်ပါဘူး။ ကြည့်ရတာ တစ်စုံတစ်ယောက် ဆီက အမိန့် တစ်ခုကို စောင့်နေတဲ့ ပုံစံမျိုးပါ။

ဒါပေမဲ့ လင်းဟာန် နဲ့ ရှုံဟွမ်ရှမ် တို့က ကြီးကြီးမားမားနဲ့ ဝိုင်းရံထားခြင်းကို ခံထားရပေမဲ့လည်း အနည်းငယ်မျှ ကြောက်ရွံ့တဲ့ ပုံစံ မတွေ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်စလုံးမှာ အသက်ကယ်တင်နိုင်တဲ့ အစွမ်းထက်လှတဲ့ ပုက်ဖဲ ကိုယ်စီ ရှိကြလို့ပဲ ဖြစ်ပါတယ်။ လင်းဟာန်မှာ အနက်ရောင် မျှော်စင်ရှိပြီးတော့ ရှုံဟွမ်ရှမ်မှာတော့ သူရဲ့ အသက်ဂင်နေတဲ့ အလောင်းကောင်ခေါင်းတလား သုံးခု ရှိပါတယ်။

ရုတ်တရက်ဆိုသလိုပဲ ဒီအလောင်းကောင်တွေ အားလုံးက လင်းဟန်နဲ့ ရှံဟွမ်ရှွမ် ဆီကို လှည့်ပြီးတော့ ကြည့်လိုက်ကြပါတယ်။ သူတို့ရဲ့ အရေပြားပေါ်မှာ အနက်ရောင် သွေးကြော ကွန်ယက် တစ်ခု ပေါ်လာခဲ့ပြီး ဒါကသူတို့ကို ကြည့်ရတာ ထူးဆန်းနေပါတယ်။ ဒါပေမဲ့ တစ်ချိန်ထဲမှာပဲ သူတို့က တကယ့်ကို ပြန်လည် လန်းဆန်းလာသလိုမျိုး ဖြစ်လာပြီးတော့ သူတို့ကို အသက်တစ်ချောင်း ပေးလိုက်သလိုမျိုးပါပဲ။

သူတို့ လင်းဟန်နဲ့ ရှံဟွမ်ရှွမ် ဆီကို ဦးတည်ပြီးတော့ စတင်ပြီး လမ်းလျှောက်လာကြ ပါတယ်။ သူတို့ အရမ်းကို မြန်မြန် လှုပ်ရှားတာမဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့အားလုံး ကိုယ်စီကနေ အစွမ်းထက်လှတဲ့ အရှိန်အဝါ တစ်ခုစီ ထွက်ပေါ်နေပါတယ်။

ဒီလူတွေက တကယ့်ကို သေပြီးသားတွေပါ။ ပြီးတော့ သူတို့ မွမ်းမံခြင်းလဲ မလုပ်ရသေး ပါဘူး။ ဒီအလောင်းတွေမှာ အစွမ်းထက်လှတဲ့ တိုက်ပွဲဝင် စွမ်းအင်တွေ ရှိတာ ဖြစ်နိုင်ချေ ရှိနိုင်ပါ့မလား။ ဒါပေမဲ့ သူတို့ရဲ့ အရေပြားပေါ်က ပုံစံတွေက အရာအားလုံးကို လုံးဝ ပြောင်းလဲပစ်လိုက်ပြီးတော့ ၎င်းတို့ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲ စွမ်းအင် တစ်ခုကို ပိုင်ဆိုင်ခွင့်ပြုစေခဲ့ပါတယ်။

သူတို့က လူသားပုံစံ စိတ်ဂိဉာဉ်ပစ္စည်း အဖြစ်ကို ပြောင်းလဲသွားခဲ့တဲ့ ပုံစံနဲ့ တူပါတယ်။

"ရှံဟွမ်ရှမ်.... ငါတို့ရဲ့ တိုက်ပွဲကို နောက်တစ်ကြိမ်မှပဲ ဆက်ကြတာပေါ့"

လင်းဟန်က ရယ်မောပြီးတော့ တိမ်မြန်အဆောင်လက်ဖွဲ့ တစ်ခုကို ထုတ်ယူလိုက်ပြီး သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ တပ်ဆင်ပြီးတော့ ထိုးဖောက်ထွက်ပြေးလိုက်ပါတယ်။

ဒီ လူသားပုံစံ စိတ်ဂိဉာဉ်ပစ္စည်းတွေနဲ့ တိုက်ခိုက်နေလို့ ဘာအကျိုးကျေးဇူးမှ မရပါဘူး။ ဒ့ါအပြင် သူနဲ့ ရှံဟွမ်ရှမ် တို့ နှစ်ယောက်စလုံးမှာလဲ သူတို့ရဲ့ လုံခြုံရေးကို လုံး၀ အာမခံ နိုင်တဲ့ ပစ္စည်းတွေ ရှိပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်လဲ မသတ်နိုင်ကြပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ ဆက်ပြီးတော့ တိုက်ခိုက်နေဦးမှာလဲ။ ဒီနေရာမှာ ဆက်ပြီးတော့ အချိန်ဖြုန်းနေရမှာလား။ ဒ့ါအပြင် ဒီ အလောင်းကောင်တွေက သူတို့ရဲက လမ်းတွေကို ပိတ်ဆို့ဖို့အတွက် ပေါ်လာခဲ့တာဖြစ်နိုင်ပါတယ်။ ပြီးတော့ ဘယ်သူမဆို ဒီနေရာမှာ ဆက်နေပြီးတော့ ကြမ်းတမ်းပြင်းထန်တဲ့ တိုက်ပွဲ တစ်ခုကို တိုက်ခိုက်ဖို့

ရွေးချယ်လိုက်မယ် ဆိုရင် ငတုံးငအတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

အမျိုးသမီး အလောင်းတစ်ခုက သူမရဲ့ လက်ကို မြှောက်လိုက်ပြီးတော့ လက်ဂါး တိုက်ကွက် တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ အလင်းရောင် အရိပ် တစ်ခု ထွက်လာပြီးတော့ ကွန်ယက် တစ်ခု ပုံစံဖြစ်လာပြီးတော့ လင်းဟန်ဆီကို တိုးဝင်သွားခဲ့ပါတယ်။

စိတ်ဂိဉာဉ် ပုလ္လင် အဆင့် တစ်ယောက် တိုက်ခိုက်လိုက်တာပါ။

လင်းဟန် အနေနဲ့ ဒီအဆင့်ရဲ့ တိုက်ခိုက်မှု တစ်ခုကို တကယ်လို့ သူ့ရဲ့အမြန်နှုန်းကို ဆယ်ဆ လောက် တိုးပေးတာတောင်မှ ရှောင်တိမ်းဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါပေမဲ့ အလင်းရောင်ပုံရိပ်က သူ့ကို ထိခါနီးဆဲဆဲမှာ သူက အနက်ရောင်မျှော်စင်ထဲကို လျှပ်ပြက် သလို ဝင်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူက အနက်ရောင် မျှော်စင် အတွင်းကနေ ပြန်ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ အမြန်နှုန်းက အရမ်းကို မြန်ပြီးတော့ လုံးဝ ပျောက်ကွယ်သွားခြင်း မရှိခဲ့ဘူးလို့တောင် ထင်ရပါတယ်။

ဒါပေမဲ့ ဒီတိုက်ခိုက်မှု ကတော့ လုံးဝကိုပဲ ၎င်းရဲ့ ပစ်မှတ်ကို လွဲချော်သွားခဲ့ ပါတယ်။

"လပြွတ်ဟ"

ရှုံဟွမ်ရှမ် က အလွန်အမင်း အံ့အားသင့်နေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့အနေနဲ့ သေချာတာတစ်ခုက သူကိုယ်တိုင်တောင်မှာ ဒီစိတ်ဂိဉာဉ်ပုလ္လင်အဆင့် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်လိမ့်မယ်လို့ လုံးဝ မသေချာပါဘူး။ တကယ်လို့ သူရဲ့ အမြင်တွေက ထက်မြက်နေရင်တောင်မှ လင်းဟန်က ပျောက်ကွယ်သွားပြီး ချက်ချင်းပဲ ပြန်ပေါ်လာတဲ့ အကြောင်းကို ရှာတွေ့လို့ ရကောင်း ရပါလိမ့်မယ်။ ဒါပေမဲ့ နွေဦးစမ်းရေ အလွှာ အဆင့်တစ်ယောက် အတွက်ကတော့ လုံးဝ မဖြစ်နိုင်ပါဘူး။

လင်းဟန်ရဲ့ တွက်ချက်မှု က အရမ်းကို တိကျပါတယ်။ အနက်ရောင်မျှော်စင်ထဲကို ဝင်ပြီး ချက်ချင်း ပြန်ထွက်လိုက်တာက ဒီတိုက်ခိုက်မှု ရဲ့ ပစ်မှတ်ကို အချိန်တိုလေးအတွင်းမှာ ရှောင်လိုက်နိုင်ဖို့အတွက် လုံလောက်ပါတယ်။ တကယ်လို့ သူက အနည်းငယ် အစောတလျင် ပြန်ပေါ်လာခဲ့မယ်ဆိုရင် တိုက်ခိုက်မှုကို သေချာပေါက် ခံစားရပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ သူက

အနည်းငယ် နောက်ကျပြီးတော့ ပေါ်လာခဲ့မယ်ဆိုရင် သူ့ကို အကာအကွယ် မဲ့သလို ဖြစ်စေပါလိမ့်မယ်။

ဒါပေမဲ့ သူ့မှာ တွေဝေဝေးမော နေဖို့ အချိန်မရှိပါဘူး။ အလောင်းကောင် တော်တော် များများ ကသူတို့ရဲ့ ကိုယ်ပိုင်တိုက်ခိုက်မှုတွေနဲ့ သူ့ကို တိုက်ခိုက်လိုက်ကြပါတယ်။ ငွေချပ်ဂတ် အလောင်းကောင် က တစ်ဟုန်ထိုး အရှေ့ကို တိုးဝင်သွားပြီးတော့ အလောင်း တစ်ကောင်ကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင် လက်ဝါးနဲ့ ရိုက်ချလိုက်ပါတယ်။

ပန်းဖူးအဆင့် တစ်ယောက်။

ရှံဟွမ်ရွှမ် က သူ့ရဲ့ ဒေါသကို ထွက်ပေါက်ရှာဖို့အတွက် နည်းနည်းလေးမှ ခံစားချက် မဖြစ်ခဲ့ ပါဘူး။ သူက အလျင်အမြန်ပဲ သူ့ကိုယ်သူ ခေါင်းတလားတွေထဲက တစ်ခုထဲကို ဝင်ပုန်း လိုက်ပါတယ်။

"ဘုန်း ဘုန်း ဘုန်း ဘုန်း"

မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေက တရကြမ်း တိုးဝင်လာခဲ့ပါတယ်။ အလောင်းကောင် ခေါင်းတလား သုံးခု

ကို အသက်သွင်းလိုက်ပါတယ်။ ခေါင်းတလားပေါ်က အစီအရင် ပုံစံ တွေက ချက်ချင်းပဲ တောက်ပလာပြီးတော့ အနက်ရောင် အလင်းတွေကို ပြန်ပြီး ထုတ်လွှတ် လိုက်ပါတယ်။ တကယ်လို့ ဒီ အလောင်းကောင်မှာ စိတ်ဂိဉာဉ်ပုလ္လင် အဆင့် ရဲ့ တိုက်ပွဲအစွမ်းတွေ ရှိနေခဲ့မယ် ဆိုရင်တောင်မှ ဒီအနက်ရောင် အလင်းတွေကို အနည်းငယ်မျှ ခုခံကာကွယ်နိုင်ခြင်း မရှိခဲ့ပါဘူး။ ချက်ချင်းဆိုသလိုပဲ အလောင်းကောင်တွေ က အနက်ရောင် အရည်တစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ဒီနည်းလမ်းနဲ့ အလောင်းကောင်အားလုံးရဲ့ အာရုံစိုက်မှုကို ဆွဲဆောင်သွားခဲ့ ပါတယ်။ ဒီအခွင့်အရေးကို လက်လွှတ် မခံပဲနဲ့ လင်းဟာန်က သူ့ရဲ့ အမြန်နှုန်းကို တင်လိုက်ပြီးတော့ ချက်ချင်းဆိုသလို အဝေးကိုပြေးဝင် ပျောက်ကွယ်သွားခဲ့ပါတယ်။ ထိုအချိန်အတွင်းမှာတော့ ရှုံဟွမ်ရှမ် က ကြေးနီခေါင်းတလားအတွင်းကနေပဲ ကျိန်ဆဲလို့ ရနိုင်ပါတော့တယ်။ လင်းဟာန်ကို ဒီအလောင်းကောင်တွေထဲက တစ်ကောင်က သတ်ပစ်လိုက်မယ်ဆိုရင် တကယ့်ကို ကောင်းမွန်တဲ့ ဇာတ်ညွှန်းတစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒီအလောင်းကောင်တွေက အရမ်းကို အစွမ်းထက်ပါတယ်။

ဒါပေမဲ့ အမြန်နှုန်းကတော့ သူတို့ရဲ့ အားနည်းချက်ပဲ ဖြစ်ပါတယ်။ လင်းဟာန်က သူရဲ့ လမ်းကြောင်းကို တရကြမ်း ထိုးဖောက် ထွက်လာပြီးတဲ့နောက်မှာ သူရဲ့ နောက်ကို လိုက်နေတဲ့သူတွေကို မျက်ခြေပြတ် ခဲ့ပြီးတော့ အနက်ရောင် အလင်းထောက်တိုင် ဆီကို ဦးတည်ပြီးတော့ ဆက်ပြီး သွားလိုက်ပါတယ်။

သူ့မှာ ရှောင်ဒင် ချန်ရစ်ခဲ့တဲ့ မှတ်တမ်းစာအုပ် ရှိပြီးတော့ အန္တရာယ်ရှိတဲ့ ကန့်သတ် နယ်မြေတွေအားလုံးကို အဆက်မပြတ် ရှောင်ရှားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ထပ် အနည်းငယ် အကြာမှာတော့ သူက ရှောင်ဒင်ရဲ့ ကန့်သတ်ထားတဲ့ နယ်မြေဆီကို ရောက်သွားခဲ့ပါတယ်။ နောက်တစ်နည်းပြောရမယ်ဆိုရင်... သူ့မှာ ကံမကောင်း အကြောင်းမလှစွာနဲ့ ဒီနေရာနဲ့ ပတ်သတ်တဲ့ အချက်အလက်တွေ မရှိပါဘူး။

လင်းဟာန်က သူရဲ့ နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ သူကိုယ်သူ အဆက်မပြတ် ဖေ့ကြည့်လိုက်ပြီးတော့ ဘာများပြောင်းလဲသွားသလဲ ဆိုတာကို စစ်ဆေးကြည့် လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့ သွေးစီးကြောင်း ၊သူရဲ့ နှလုံးခုန်နှုန်း နဲ့ တစ်ခြား အရာအားလုံး လုံး၊ ပုံမှန်အတိုင်းပါပဲ။

သူက အနက်ရောင် အလင်းထောက်တိုင်နဲ့ ပိုပိုပြီးတော့ နီးကပ်လာအောင် ချဉ်းကပ် လာခဲ့ပြီးတော့ မကြာခင်မှာ သူက ရှေးဟောင်းလှိုဏ်ဂူ့ပုက်နေရာ တစ်ခုကို ဖြေရှင်းရ လိမ့်မယ် ဆိုတာကို အာရုံခံမိနေပြီးတော့ တော်တော်လေးကို စိတ်လှုပ်ရှားနေခဲ့ပါတယ်။

အနီးနားကို ပိုပိုပြီး တိုးကပ်လာပြီးတော့ သူ့ရဲ့ လက်ကို အမှတ်မထင် မြှောက်လိုက်တဲ့ အခါမှာ အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ သူ့ရဲ့ လက်ဖဝါးနဲ့ လက်မောင်းတွေ ပေါ်မှာ ကောင်းကင်ပေါ်ကနေ ကျဆင်းလာတဲ့ အလောင်းကောင်တွေရဲ့ မှာရှိတဲ့ အနက်ရောင် ပုံစံ အစီအရင် တစ်ခုနဲ့ တိတိကျကျ တူညီနေတာကို သတိပြုမိသွားခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူက ဘာမှ ပြောင်းလဲသွားခြင်း မရှိဘူးလို့ ခံစားနေရတယ်ဆိုတာ သိသာပါတယ်။ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်မှာ တစ်စုံတစ်ခု ဖြစ်နေခဲ့ပြီးတော့ သူ့ကို အလွန်အံ့အားသင့်စေတဲ့ ခံစားချက်ကို ဖြစ်စေခဲ့ပါတယ်။

တစ်ခုနားလည်ထားရမှာက သူက ကောင်းကင်အဆင့် သိုင်းပညာရှင်တစ်ယောက်ရဲ့ အာရုံ ခံစားမှုတွေ ရှိတဲ့ သူဖြစ်ပါတယ်။ သူက ဒါကို အာရုံမခံမိပဲနဲ့ ကျဆင်းသွားခဲ့ ရပါတယ်။

ရှောင်ဒင်က သူ့ရဲ့ မှတ်တမ်းစာအုပ်ထဲမှာ ပြောထားတာက ဒီနေရာမှာ လျို့ဝှက်ဆန်းကြယ် တဲ့ စွမ်းအင် တစ်ခု ရှိပြီး သူ့ကို ရောဂါကူးစက်သွားခဲ့ပြီး သူ့ကိုယ်သူတောင် မတူတော့ဘူး လို့ ခံစားမှုကို ဖြစ်စေခဲ့ပါတယ်။ ဒါဆို တကယ်လို့ သူက ကောင်းကင်ပေါ်ကနေ ကျဆင်းလာတဲ့ ဒီအလောင်းကောင်တွေနဲ့ တူညီသွားတာဆိုရင် ဒီ လျို့ဝှက်ဆန်းကြယ်တဲ့ အစီအရင်ရဲ့ ထိန်းချုပ်မှု အောက်မှာ စတင်လှုပ်ရှားရပါလိမ့်မယ်။ သူက ဖုတ်ကောင် တစ်ကောင်လို လှုပ်ရှားရမှာ ဖြစ်ပြီးတော့ တကယ့်ကို သူမဟုတ်တော့တဲ့ အတိုင်း ဖြစ်သွားပါလိမ့်မယ်။

အတွေးတစ်ချက်နဲ့ လင်းဟန်က အနက်ရောင်မျှော်စင် ထဲကို ဝင်သွားခဲ့ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ သူက အဆုံးမဲ့ အာဏာရှင် ဖြစ်ပါတယ်။ သူက လှီယုထန်နဲ့ တစ်ခြား မိန်းကလေးနှစ်ယောက်ကို နောက်က အပေးမှာ

ချုန်ထားရစ်ပြီးတော့ သူရောက်ရှိနေတာကို သူမတို့ကို ရှာမတွေ့စေချင်ခဲ့ပါဘူး။

"ထွက်သွားစမ်း"

လင်းဟန်က ခါးကုန်းလိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ထူးခြားတဲ့ အင်အားတစ်ခု ပေါက်ကွဲ ထွက်လာခဲ့ပါတယ်။ ပြီးတော့ သူက အရမ်းကို လင်းလက် တောက်ပတဲ့ နေ တစ်စင်း အဖြစ်ကို ပြောင်းလဲသွားခဲ့ သလိုမျိုး ဖြစ်သွားပါတယ်။ သူ့ရဲ့ အသားရေ ပေါ်က အစီအရင်တွေက ချက်ချင်းဆိုသလို ပျက်ဆီးကုန်ပြီး အနက်ရောင် အမျှင်တွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ၎င်းတို့က အတူတကွ ပေါင်းသွားပြီးတဲ့ နောက်မှာ ဆံချည်မျှင် တစ်မျှင်စာမျှ အဂ္ဂန်းအပိုင်းလောက်ပဲ ဖြစ်သွားပါတယ်။

အနက်ရောင် အမျှင်က ၎င်းကိုယ်ပိုင် အသက်ရှိနေတဲ့ ပုံစံမျိုးနဲ့ ဆက်ပြီးတော့ တွန့်လိမ် နေပြီး ရှူးဆိုပြီးတော့ စူးစူးဝါးဝါး အသံတွေ ထုတ်လွှတ်နေခဲ့ပါတယ်။

၎င်းက နတ်ဘုရား အာရုံ အဆင့်ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ စိတ်ထဲကို တိုက်ရိုက် ထိုးဖောက်သွားခဲ့ပါတယ်။

"ငါက ငါ့ရဲ့ ပိုင်နက်ထဲမှာ တာဝန်ခံပဲ။ မင်းက ဘာပဲဖြစ်နေနေ ငါ့ရဲ့ အရှေ့မှာတော့ အပြုအမူ ကောင်းကောင်းရှိဖို့လိုတယ်"

လင်းဟန်ရဲ့ ညာဘက်လက်နဲ့ ဘာမှမရှိတဲ့ လေကို ဖိနှိပ်လိုက်တဲ့အခါမှာ အနက်ရောင် အမှျင်က လေထဲမှာ အမိန့်နာခံစွာနဲ့ တွဲလောင်းကျနေခဲ့ပါတယ်။

မျှော်စင်လေး ပေါ်လာပြီးတော့ အနည်းငယ် တုန်ခါနေပါတယ်။

"ဒါက ဘာလဲ ဆိုတာကို မင်းသိလား"

လင်းဟန်က မေးလိုက်ပါတယ်။

"နတ်ဆိုးချီ....သူ့မှာ အသိဉာဏ်ရှိတယ်။ သက်ရှိအရာတွေထဲကို ဝင်သွားပြီးရင် သူတို့တွေက ကြီးဆွဲရာ ကတဲ့ ရုပ်သေးရုပ်တွေ အဖြစ်ကို ပြောင်းလဲသွားကြတယ်"

မျှော်စင်လေး ကဖြေလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူရဲ့ ကိုယ်ပိုင် မျက်လုံးတွေနဲ့ တူညီတဲ့ အစီအရင် ပုံစံက အလောင်းကောင်တွေရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရှိနေတာကို မြင်ခဲ့ရပြီးတော့ သူက ဖုတ်ကောင်တွေလိုမျိုး လှုပ်ရှားနေကြပါတယ်။။ လုံးဝ မထင်ထားမိတာက ဒီ အနက်ရောင် အမျှင်က ဒီကိစ္စရဲ့ အဓိက သော့ ဖြစ်နေတယ်ဆိုတာကိုပါပဲ။

"ဒါပေမဲ့... သန့်စင်တဲ့ နတ်ဆိုးချီမှာတော့ မကောင်းတဲ့ စွမ်းအင် မရှိဘူး.. အဲဒါကို အသုံးပြု ပြီးတော့ မင်းကိုယ်မင်း တစ်လျှောက်လုံး ပြန်ပုံသွင်းလို့ရတယ်။ ငါ အဲဒီထဲက အသိစိတ် ကို ဖျက်ဆီးပစ်နိုင်တယ်။ဒါဆိုရင် အဲဒါကို မင်းက အသုံးပြုနိုင်မယ်။ ဒါပေမဲ့ ဒီနေရာမှာက အများကြီးမရှိတဲ့ အတွက် အကျိုးကျေးဇူးကတော့ အကန့်အသတ်နဲ့ ရှိတယ်"

"တကယ်လား"

မျှော်စင်လေးက ညင်သာစွာနဲ့ ခါလိုက်ပါတယ်။

"ပြီးပြီ"

ငင်းက ဒီလိုမျိုးနဲ့ ပြီးသွားရောလား။ အနည်းဆုံးတော့

အလင်းရောင်တွေ ထွက်ပေါ် လာတာမျိုးတို့ အချိန်နည်းနည်းစောင့်ရတာမျိုးတို့ မဖြစ်သင့်ဘူးလား။

လင်းဟန်က အံ့အားသင့်နေခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် သူ့အနေနဲ့ အနက်ရောင် မျှော်စင်က ဘယ်လောက်တောင် အဆင့်မြင့်သလဲဆိုတာကို ပြောနိုင်ပါတယ်။

ကောင်းပြီလေ.. ဒါက အမှန်ပါပဲ။ သူ့ရဲ့ ယခင်ဘဂတုန်းက ဂုင်းက အနည်းငယ် တုန်ခါ လိုက်ရုံနဲ့ သူရဲ့ သေမျိုး ခန္ဓာကိုယ်က သေဆုံးသွားခဲ့ရပါတယ်။

သူက အနက်ရောင် အမျှင်ကို ဆုပ်ကိုင်လိုက်ပါတယ်။ အခု ဒီအရာက နာခံစွာနဲ့ ဘယ်လို ခုခံမှုမျိုးကိုမှ မလုပ်ပါဘူး။ သူက ဂုင်းအတွင်းမှာရှိတဲ့ စွမ်းအားကိုလဲ အာရုံခံနိုင် ပါတယ်။ ဂုင်းက စိတ်ဂိဉာဉ်ချီနဲ့ ကွဲပြားခြားနားပြီးတော့ ကြည့်ရတာ ပိုပြီးတော့တောင် ဆန်းကြယ် ပါတယ်။

အတွေးတစ်ချက်နဲ့ အတူ သူက အပြင်ဘက်ကမ္ဘာမှာ နောက်တစ်ကြိမ် ပေါ် လာခဲ့ပါတယ်။

"လပြွတ်"

သူ့ရဲ့ စိတ်ထဲမှာ ချက်ချင်းဆိုသလို အသိဉာဏ်တစ်ခုက လှုပ်ရှားသွားပါတယ်။

"ဘယ်သူလဲ"

လင်းဟန်က ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

"စိတ်ဖငင်စားစရာ ကောင်းတဲ့ ကောင်လေးတစ်ယောက်ပဲ"

အဲဒီ အသိဉာဏ်က နောက်တစ်ကြိမ် အသံထွက်လာခဲ့ပါတယ်။

"အသိဉာဏ် ရဲ့ အစ တစ်ခုက ငါနဲ့ ဆက်သွယ်မှု ပျက်သွားတာကို ငါရှာတွေ့ခဲ့တယ်။ ပြီးတော့ အဲဒီ အသိစိတ်အစက မင်းကို တွယ်တာနေတဲ့ ဖြစ်ရပ်တစ်ခုကို ဖြစ်သွားခဲ့တယ်"

အပိုင်း (၂၄၂) သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ရင့်ကျက်နေတဲ့ ယောက်ျားတစ်ယောက်က ယုံတစ်ဂက်

မယုံတစ်ဝက် စကား ပြောနေသေးတယ်။ ရယ်မောခံရမှာကို မကြောက်ဘူးလား”

“ဟီးဟီး… ကောင်ကလေး… ဒီ အရှင်သခင် က ကမ္ဘာအနှံ့ကို လျှောက်သွားနေတဲ့ အချိန်တုန်းက မင်းရဲ့ ဘိုးဘေးတွေတောင်မှ မွေးဦးမှာ မဟုတ်သေးဘူး”

ဒီအသံက ရီမောလိုက်ပြီးတော့ ၎င်း အသံပိုင်ရှင်က စဉ်းစားနေတဲ့ ပုံ ပေါ်ပြီးတော့ ဆက်ပြီး ပြောလိုက်ပါတယ်။

“ကိစ္စ မရှိပါဘူး။ ဒီ အရှင်သခင်ရဲ့ နာမည်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် လို့ခေါ်တယ်”

နတ်ဆိုး ကေရာဇ် လား။

လင်းဟန် က ရင်သပ်ရှုမော အံ့ဩသွားခဲ့ပါတယ်။ ရှောင်ဒင် ရဲ့ မှတ်တမ်း ကို အခြေခံပြီး ရေတွက်ရမယ်ဆိုရင် နတ်ဆိုးကောင်းကင်လျှို့ဂှက်နယ်ပယ်ရဲ့ အရှင်သခင် က နတ်ဆိုးသခင် လို့ ခေါ်ပါတယ်။ ၎င်းက အဲဒီလူ ဖြစ်နိုင်မလား။ သူက ပျင်းရိစရာ ကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

“ဒီ နာမည်ပြောင်က မုချ အံ့ဖွယ်ကောင်းပြီးတော့

လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ ခင်ဗျားမှာ နာမည်တစ်ခု မရှိဘူးလား”

“ဟားဟားဟား... ကောင်ကလေး... မင်းက ဒီအရှင်သခင် ဆီကနေ သတင်းအချက် အလက်တွေကို နှိုက်ထုတ်မလို့ ကြိုးစားနေတာလား”

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် လို့ ကိုယ့်ကိုကိုယ် ခေါ်ဆိုတဲ့ အသံပိုင်ရှင်က အူလှိုက် သည်းလှိုက်နဲ့ ရီမောလိုက်ပါတယ်။

“ဒီအရှင်သခင် က လူတွေနဲ့ မတွေ့ရတာ တော်တော်ကြီးကို ကြာမြင့်ခဲ့ပြီ။ ဒါကြောင့် ငါ မင်းနဲ့ တစ်ခဏတော့ စကားစမြည် ပြောပေးပါမယ်”

လင်းဟာန် က ကမ်းလှမ်းမှု ကို မလိုလားပဲနဲ့ အေးစက်စွာ ပြောလိုက်ပါတယ်။

“နတ်ဆိုးအရှင်သခင် ဧကရာဇ် က ကောင်းမွန်တဲ့ စိတ်နေသဘောထား ရှိသလို ဆန်းကြယ်တဲ့ ပညာတွေကို အသုံးပြုပြီးတော့ လူတွေကိုလည်း ချက်ချင်း ထိန်းချုပ် တတ်သေးတယ်။ ကျုပ်က နတ်ဆိုးအရှင်သခင် ဧကရာဇ် နဲ့ စကားမပြောပုံ့ဘူး။ ဘယ်အချိန်မဆို ထောင်ချောက်ထဲကို

ကျုပ် ကျဆင်းသွားတာမျိုးက ဖြစ်နိုင်စရာ အကြောင်း ရှိတယ်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ကျီစယ်တဲ့ သဘောနဲ့ ရယ်မောလိုက်ပြီးတော့ ဒေါသထွက်တာ စိတ်ကသိကအောက် ဖြစ်သွားတာမျိုး တစ်စွန်းတစ်စမှ မရှိပဲနဲ့ သူရဲ့ မကောင်းဆိုးဝါးဆန်တဲ့ လုပ်ဆောင်ချက်ကိုပဲ ဆက်ပြီးတော့ လုပ်ဆောင်လိုက်ပါတယ်။

"ဒါက လူတွေ ဝင်လာတာကို တားဆီးဖို့အတွက် မရေမတွက်နိုင်တဲ့ အတားအဆီးတွေ အသုံးပြုပြီးတော့ ပိတ်လှောင်ထားတဲ့ လျှို့ဝှက်နယ်ပယ် တစ်ခုပဲ ဖြစ်တယ်။ ဒီ အရှင်သခင် က ဒီနယ်မြေကို ချုပ်ထိန်းဖို့အတွက် တာဝန်ရှိတယ်။ ပြီးတော့ ဘယ်သူ တစ်ဦး တစ်ယောက် ကိုမှ ဖြတ်သွားခွင့် မပြုနိုင်ဘူး။ မင်းကတော့ လုံဖျားကို ဝင်တိုးမိတာပဲ"

ဒီစကားလုံးတွေကို ကြည့်ရတာ အကြောင်းပြချက် တစ်ချို့ ရှိပါမယ်။

လင်းဟန်က ဒီလိုနည်းလမ်းမျိုးတွေနဲ့ ကောင်းကောင်းကို ရင်းနှီးကျွမ်းဝင်ပါတယ်။ ဒါကြောင့် သူက ဒီ

ပြန်လည်ချေပမှုကြောင့် စိတ်အနှောက်အယှက် ဖြစ်သွားတာမျိုး မရှိပါဘူး။ သူက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာကြီး..ဒီနေရာက ပျက်စီးခြောက်ကပ်နေတဲ့ နစ်ပေါင်းက မရေမတွက် နိုင်အောင် ဖြစ်နေပြီးတော့ ပိုင်ရှင်မရှိတဲ့ အရာတစ်ခု ဖြစ်လာခဲ့ပြီလေ။ ကျုပ်တို့ သိုင်းပညာရှင်တွေက ရှေးဟောင်း အပြိုအပျက် အမျိုးအစား အကုန်လုံးကို စူးစမ်းလေ့လာကြတယ်။ ဒါက ပုံမှန် အရာဂတ္တာ တစ်ခုပါပဲ။ စီနီယာရော အရင်တုန်းက ရှေးဟောင်း အပြိုအပျက် တစ်ချို့ ကို မဝင်ခင်မှာ ဝင်ဖို့ ခွင့်ပြုချက်အတွက် လျှောက်လွှာ တစ်ခုကို ပေးပို့ခဲ့လို့လား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် က ချက်ချင်းဆိုသလို ကြောင်သွားပါတယ်။

"ကောင်လေး.. မင်းက ငြင်းခုံ ဆွေးနွေးနိုင်တာပဲ...... ကောင်းပြီလေ.... ဒီအရှင်သခင် က ဒီနေရာကို ဝင်လာတာက မှန်လား မှားလား ဆိုပြီး ပတ်သက် ရှုပ်ထွေး မနေတော့ဘူး။ ဒါပေမဲ့ မင်းက ဝင်လာခဲ့ပြီဆိုမှတော့ စွမ်းရည်ရှိပြီးတော့ ဒီအရှင်သခင်ရဲ့ ဆန္ဒ တစ်ခုကို လုံးဝ ဖြည့်စွက်ပေးနိုင်မှာပါ"

လင်းဟန်က အတွင်းမှာ ကျိတ်ပြီးတော့ သရော်ပြုံးပြုံးလိုက်ပါတယ်။ ငြင်းခုံ ဆွေးနွေး ပြောဆိုတာမှာ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် က ပိုတော်ပါတယ်။ အစောပိုင်းတုန်းက သူ့ကို ထိန်းချုပ်ဖို့ သူက ကြိုးစားတဲ့ အကြောင်းအရာကို လုံး၀ ဖုံးကွယ်ထားပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက တစ်ခြားတစ်ဖက်ကနေ သတင်းအချက်အလက်တွေကို မျှားယူချင်တယ် ဆိုရင် သူ့အနေနဲ့ ဒီအကြောင်းနဲ့ ပတ်သက်လို့ ဆက်ပြီးတော့ မငြင်းခုံနေတော့တာ အကောင်းဆုံးပဲ ဖြစ်မှာပါ။

"စီနီယာမှာ ဘယ်လိုမျိုး ဆန္ဒ ရှိနေတာလဲ"

သူက မေးလိုက်ပါတယ်။

"ဘာကြောင့် နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် တည်ရှိနေရတယ်ဆိုတာကို ဒီအရှင်သခင်က မင်းကို ပြောပြတာကို စောင့်ပါဦး"

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က သက်ပြင်းချလိုက်ပြီးတော့ လင်းဟန်ကို သူဘာကို လိုချင်သလဲဆိုတာကို သိအောင်လို့ စတင်ပြောလိုက်ပါတယ်။

"ဟိုးအရင်တုန်းကပေါ့... အနည်းဆုံး နှစ်ပေါင်း ထောင်သောင်းပေါင်း များစွာလောက်က ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုမှနှိုင်းယှဉ်ဖော်ပြလို့ မရနိုင်တဲ့ သန်မာဆုံးသူတစ်ယောက် ပေါ်ထွက်လာခဲ့ပြီး သူ့ကို ဖရိုဖရဲမူလနတ်ဘုရား လို့ ခေါ်ခဲ့တယ်"

နတ်ဘုရား ဟုတ်လား။

လင်းဟန် က အနည်းငယ် အံ့ဩသွားခဲ့ပါတယ်။ စကြာဝဠာဖျက်ဆီးခြင်း အဆင့် ရဲ့ ထူးကဲတဲ့ နေရာကို ရောက်သွားတဲ့ သူတွေက ကောင်းကင်ကို ဖျက်ဆီးပြီး ဒဏ္ဍာရီလာ နတ်ဘုရားအဆင့်ကို ဝင်သွားနိုင်ပါတယ်။ ဒီ ဖရိုဖရဲ မူလ နတ်ဘုရားက နတ်ဘုရား အဆင့် ကနေ လာခဲ့တာများ ဖြစ်နိုင်မလား။ တကယ်လို့ အဲဒီလိုမျိုး တကယ်ပဲ စစ်မှန်စွာ တည်ရှိခဲ့မယ် ဆိုရင် ၎င်းက ဒီနေရာကို မကျော်လွှားနိုင်တာ ဖြစ်ပါလိမ့်မယ်။

"ဖရိုဖရဲမူလ နတ်ဘုရားက သန်မာတယ်။ ဒါပေမဲ့ သူက အလွန်ယုတ်မာတဲ့ ပြစ်မှုတွေ အများဆုံး ကျူးလွန်ခဲ့ပြီးတော့ မရေမတွက်နိုင်တဲ့ အထင်ကြီးစရာကောင်းတဲ့ ကျင့်ကြံသူတွေကို အတူတကွ ပေါင်းစည်းပြီးတော့ သူ့ကို

ဆန့်ကျင်အောင်လို့ ဖြစ်စေခဲ့တယ်။ ကြီးမားတဲ့ တန်ကြေးကို ပေးပြီးတဲ့ နောက်မှာတော့ သူတို့က ဖရိုဖရဲ မူလ နတ်ဘုရားကို ရှုံးနိမ့်စေခဲ့တယ်။ သူရဲ့ ခန္ဓာကိုယ်က အစိတ်အပိုင်း ကိုးခု အဖြစ်ကို ပိုင်းဖြတ်လိုက်ပြီး အစိတ်အပိုင်းတွေကို မတူညီတဲ့ လျှို့ဝှက်ဆန်းကြယ် နယ်ပယ် ကိုးခုမှာ ထိန်းချုပ်ထားတယ်"

လင်းဟန် က တကယ့်ကို အံ့အားသင့်သွားပြီးတော့ မျက်မှောင်ကြုတ်ပြီး မေးလိုက်ပါတယ်။

"ဒီနေရာက ဖရိုဖရဲ မူလ နတ်ဘုရား ခန္ဓာကိုယ်ရဲ့ ကိုးခုထဲက တစ်ခုကို ချုပ်ထိန်း ထားတာလား"

"မှန်တယ်"

လင်းဟန်က အလွန်အမင်း မှင်တက်သွားခဲ့ပြီးတော့ နောက်တစ်ကြိမ် ထပ်မေးလိုက်ပါတယ်။

"ခင်ဗျားပြောတာ ခန္ဓာကိုယ်နော် အလောင်းမဟုတ်ဘူးပေါ့"

"ဖရိုဖရဲ မူလနတ်ဘုရားက အရမ်းကို အစွမ်းထက်လွန်းတယ်။ တကယ်လို့ အစိတ်စိတ် အပိုင်းပိုင်း

ဖြစ်အောင် ရိုက်ခံလိုက်ရရင်တောင်မှ သူက ချက်ချင်းပဲ ပြန်ကောင်းနိုင်တယ်။ သတ်ဖို့ဆိုတာက အခြေခံအားဖြင့်တော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ကို အစိတ်အပိုင်း ကိုးခု အဖြစ်ကို ခွဲပစ်လိုက်ပြီးတော့ သူ့ရဲ့ စွမ်းအားကို လျော့စေတဲ့ နည်းလမ်း တစ်ခုပဲ ရှိတော့တယ်။ ပြီးတော့ အစိတ်အပိုင်းတွေကို ခွဲခြားထားပြီးတော့ ချုပ်ထိန်းထား ရမယ်”

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ရှင်းပြလိုက်ပါတယ်။

လင်းဟန်က ချင့်ချိန်တွေးတောပြီးတော့ ထပ်မေးလိုက်ပါတယ်။

“ဘာကြောင့် သူ့ကို ဆယ်ပိုင်း ဒါမှမဟုတ် အစိတ်အပိုင်း တစ်ရာ အထိ မခွဲပစ်လိုက်တာလဲ”

“ဘာကြောင့်လဲဆိုတော့ ကိုးခုက အလွန်ဆုံးပဲ ဖြစ်တယ်။ တကယ်လို့ ကိုးခုထက် ကျော်သွားမယ်ဆိုရင် ဖရိုဖရဲ မူလ နတ်ဘုရားက သူ့ကိုယ်သူ ခြေလက်တစ်ခုမှ မကျန်အောင် နဂိုအတိုင်း ပြန်ဖြစ်လာမှာ ဖြစ်ပြီးတော့ ကိုးခုထက် နည်းမယ်ဆိုရင် သူ့ရဲ့ စွမ်းအင်ကို ခွဲပြီး မျှသုံးလို့ ရလိမ့်မယ်။ အဲဒါကြောင့် ကိုးခုက အလွန်ဆုံးပဲ ဖြစ်တယ်”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် က ရှင်းပြလိုက်ပါတယ်။

လင်းဟာန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ဒီဟာက သူ့ရဲ့ သံသယတွေကို ဖြေရှင်းပြီးသား ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ ထပ်ပြီးမေးလိုက်ပါတယ်။

"ဒီလောက် နှစ်တွေ အများကြီး ကြာနေတာတောင်မှ.. ဖရိုဖရဲ မူလ နတ်ဘုရားက မသေသေးဘူးလား"

"နတ်ဘုရား တစ်ပါးရဲ့ သက်တမ်းက အရမ်းကို ရှည်တယ်။ အဲဒါက မင်းရဲ့ ခန့်မှန်းနိုင်မှု ထက်ကို အဆပေါင်းများစွာ ကျော်လွန်တယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"စီနီယာရဲ့ အသက်ကလည်း ကြည့်ရတာ တော်တော်ရှည်နေပြီ ဖြစ်မယ်"

လင်းဟာန်ကလည်း ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"ဟားဟားဟား ဒါက နောက်ထပ် လျှို့ဝှက်ချက်ထဲမှာ ပါတယ်။ ဒါပေမဲ့ ဒီအရှင်သခင် အတွက် မင်းက လုပ်ပေးစေချင်တဲ့ ဆန္ဒတစ်ခုတော့ ရှိတယ်"

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဖရိုဖရဲ မူလ နတ်ဘုရားကို လျှို့ဝှက်နယ်ပယ် ကိုးခုအောက်မှာ ချုပ်ထိန်းထားတယ် ဆိုတာက ယာယီအားဖြင့်ပဲ ချုပ်ထိန်းလို့ ရနိုင်တယ်။ ခန္ဓာကိုယ် အစိတ်အပိုင်း ကိုးခုက တစ်ခုနဲ့ တစ်ခု ပေါင်းစည်းနိုင်ဖို့ နဲ့ လွတ်မြောက်ဖို့ကို အလိုလို ရှာဖွေနေဆဲပဲ ဖြစ်တယ်"

သူက တစ်ခဏမျှ ရပ်တန့်ပြီးတော့မှ ဆက်ပြီးပြောလိုက်ပါတယ်။

"ဒါကြောင့် လျှို့ဝှက်နယ်ပယ် တိုင်းမှာ အားကောင်းကောင်းနဲ့ ပိတ်လှောင်ထားဖို့ သန်မာတဲ့ အတားအဆီးတွေ ပါဝင်ကြတယ်။ ဒါပေမဲ့ အတားအဆီးရဲ့ စွမ်းအား က အချိန်နဲ့အတူ အားနည်းလာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်သိန်းကျော်လောက်က ဖြစ်မယ်ထင်တယ်။ အတားအဆီးရဲ့ စွမ်းအားက ဖရိုဖရဲ မူလ နတ်ဘုရားကို

ထိန်းချုပ်လို့ မရနိုင်လောက်တဲ့ အထိနီးပါး အားနည်းသွားခဲ့တယ်။ အဲဒါကြောင့် ဒီအရှင်သခင်က သူ့ရဲ့ ကိုယ်ပိုင် ခန္ဓာကိုယ် နဲ့ အတားအဆီးကို ပေါင်းစည်းလိုက်ပြီးတော့ အတားအဆီးကို နောက်ထပ် တောင့်တင်း ခိုင်မာလာအောင်လို့ လုပ်ခဲ့တယ်"

ဒါက နတ်ဆိုးကောင်းကင် လျို့ပုက်နယ်ပယ်ကနေ ထွက်ခွာသွားဖို့ သူတို့ကို အမိန့်ပေး လိုက်တဲ့အချိန်ပဲလို့ ရှောင်ဒင်က ပြောထားတယ် မဟုတ်လား။

လင်းဟန်က အသေအချာ စဉ်းစားလိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် ရဲ့ စကားလုံးတွေက ရှေ့နောက်မညီမညွတ် ကွဲလွဲမှုတွေ မရှိပါဘူး။ ပြီးတော့ တကယ်လို့ သူပြောသလိုသာ ဆိုရင် သူက ဖရိုဖရဲ မူလ နတ်ဘုရားကို ချုပ်ထိန်းဖို့ သူ့ကိုယ်သူ အတားအဆီးနဲ့ ပေါင်းစည်း ယစ်ပူဇော်လိုက်တာဖြစ်ပါတယ်။ သူ့ရဲ့ အပြုအမူ နဲ့ အကျင့် စရိုက်က တကယ့်ကို လေးစားဖို့အတွက် ထိုက်တန်ပါတယ်။

သူက ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ ရဲ့ သဘောထားနဲ့ ရပ်တည်ချက်ကို ဒီ

ဂျူနီယာလေးက အထင်ကြီး လေးစားမိပါတယ်”

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က သက်ပြင်းချလိုက်ပါတယ်။ သူက တစ်ခဏမျှ ရပ်တန့်လိုက်ပြီးတော့ ဆက်ပြောပါတယ်။

“ဒီအရှင်သခင်ရဲ့ အကြီးမားဆုံး ဆန္ဒက အမြဲတမ်းပဲ ဖရိုဖရဲ မူလ နတ်ဘုရားကို အမြစ်ပြတ် သုတ်သင်ပစ်လိုက်ချင်တာပဲ။ဒါက ပုံမှန်အားဖြင့်တော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဒီအရှင်သခင် က အတားအဆီးနဲ့ ပေါင်းစပ်ပြီးတော့ ဖရိုဖရဲ မူလ နတ်ဘုရားရဲ့ ခန္ဓာကိုယ်နဲ့ နှစ်ပေါင်း တစ်သောင်းလောက် ဆက်ပြီးတော့ တိုက်ခိုက်ခဲ့တယ်။ ဒါကြောင့် ဖရိုဖရဲ မူလ နတ်ဘုရား ကို နက်နက်ရှိုင်းရှိုင်း နားလည်လာခဲ့တယ်။ လူငယ်လေး ဒီအရှင်သခင်က ဖရိုဖရဲ မူလ နတ်ဘုရားကို လုံး၀ အမြစ်ပြတ်သုတ်သင်နိုင်မဲ့ နည်းလမ်း တစ်ခုရှိတယ်။ မင်း ဒီအရှင်သခင်ကို ကူညီပေးဖို့ ဆန္ဒရှိသလား”

လင်းဟန်က ပြုံးလိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ပြင်းပြင်းထန်ထန် နဲ့ ပြောတယ်ဆိုပေမဲ့လည်း ဒါတွေအားလုံးက သူ့ကို မှုမှုတတ ပြောတာပါပဲ။ လင်းဟန် မှာ လူသားတစ်ယောက် အနေနဲ့ ဘ၀ နှစ်ခုရှိခဲ့ပါတယ်။

သူ့အနေနဲ့ တစ်ဖက်လူရဲ့ ပုံပြင်ကို တော်ရုံနဲ့ ယုံကြည်လိမ့်မှာမဟုတ်ပါဘူး။ သူ့မှာလဲ သူ့ကိုယ်ပိုင် သဘောထား အမြင် ရှိပါတယ်။

သူက ပြောလိုက်ပါတယ်။

"ဘယ်လို ကူညီရမှာလဲ"

"ဒီနေရာမှာ ဖရိုဖရဲ မူလ နတ်ဘုရားရဲ့ ဘယ်ဘက် လက်မောင်းကို ချုပ်ထိန်းထားတယ်။ ပြီးတော့ ဒီအရှင်သခင်က မင်းကို အဲဒီလက်မောင်းကို မွမ်းမံဖို့ ကူညီပေးနိုင်တယ်။ အဲဒီလို လုပ်လိုက်မယ်ဆိုရင် ဖရိုဖရဲ မူလ နတ်ဘုရားက သူ့စွမ်းအားရဲ့ ကိုးပုံ တစ်ပုံကို လုံးဝ ဆုံးရှုံးသွားလိမ့်မယ်။ ပြီးတော့ မင်းကတော့ နတ်ဘုရား တစ်ပါး ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုကို ပိုင်ဆိုင်လိမ့်မယ်။ မင်း နတ်ဘုရား အဆင့်ကို ချိုးဖျက် ဝင်ရောက် မဲ့ နေ့ရက်တွေကို ရောက်လာရင် မင်းရဲ့ အောင်မြင်နိုင်တဲ့ နှုန်းက အနည်းဆုံး ၇ဝ-၈ဝ ရာခိုင်နှုန်း တောင်မဟုတ်ဘူး ၉ဝ ရာခိုင်နှုန်းအထိ အခွင့်အရေး ရလာလိမ့်မယ်"

သတ်ဖြတ်သူ နတ်ဆိုး ဇောရာဇ် က ချက်ချင်းဆိုသလို

ကြီးမားတဲ့ ပိုင်မုန့် ကို ပစ်လိုက် ပြီးတော့ ဘယ်လိုလူမျိုးကိုမဆို အဲဒီ ဖျားယောင်း သွေးဆောင်မှု နောက်ကို ပါသွားဖို့ အတွက် လုံလောက်ပါတယ်။

မိုးကောင်းကင်ကို ဖျက်ဆီးပြီး နတ်ဘုရားစိတ်ဝိညာဉ် ကို ရရှိခြင်း။ ဒါက သိုင်းပညာရှင် အားလုံးရဲ့ အိပ်မက်ပဲ ဖြစ်ပါတယ်။ လင်းဟန်အနေနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ချင်လို့ မရေမတွက်နိုင်တဲ့ ရှေးဟောင်းနယ်မြေ အပြိုအပျက်တွေကို စူးစမ်း မလေ့လာခဲ့ဘူးလား။

အခု ဒါကိုကြည့်ရတာက သူရဲ့ အရှေ့ကို ကြီးကျယ်ခမ်းနားတဲ့ လမ်းကြောင်းက ရောက်လာတဲ့ ပုံစံပါပဲ။ မိုးကောင်းကင် ကို ခြေတစ်လှမ်း လှမ်းလိုက်သလိုပါပဲ။

နတ်ဘုရားရဲ့ လက်မောင်းတစ်ဖက်ကို ပိုင်ဆိုင်ခြင်း။ ဒါက ဘယ်လိုမျိုး အယူအဆ တစ်ခုလဲ။

လင်းဟန်ရဲ့ သန်မာအားကောင်းတဲ့ စိတ်စွမ်းအင်ရှိတာတောင်မှ သူရဲ့ နလုံးခုန်နှုန်းက ပိုပြီး မြန်ဆန်လာခဲ့ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ တည်ငြိမ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်က အဲ့ဒါကို ဘယ်လိုလုပ်ရမှာလဲ"

"ဓါးတစ်လက်ကို ဆွဲထုတ်လိုက်သလိုပဲ လွယ်ပါတယ်။ ဒီအရှင်သခင်က အတားအဆီးရဲ့ စွမ်းအားတွေ အားလုံးကို ခွဲဝေးပေးနိုင်စွမ်းရှိတယ်။ ပြီးတော့ အချိန်ကျလာလို့ ရှိရင် မင်းက နတ်ဘုရားရဲ့ လက်မောင်းနဲ့ ပေါင်းတဲ့အခါ ငါက မင်းကို ကူညီပေးပြီးတော့ ဖရိုဖရဲ မူလ နတ်ဘုရားရဲ့ စိတ်စွမ်းအားကို မွမ်းမံ သန့်စင်ပေးမယ်"

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။

အပိုင်း (၂၄၃) အမှားလား အမှန်လား

လင်းဟန်က အနည်းငယ်လှုပ်ရှားသွားပြီးတော့ မေးလိုက်ပါတယ်။

"ဘာဓါးလဲ"

"အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ဓါး.... နတ်ဆိုးရှင်သန်ဓါး"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် က ပြောလိုက်ပါတယ်။

"ဒါက ပထမမျိုးဆက် နတ်ဆိုး အရှင်သခင်ရဲ့ ဓါးပဲ ဖြစ်တယ်.. နတ်ဆိုးအရှင်သခင်ရဲ့ သိုင်းဆန္ဒနဲ့ ပေါင်းစပ်ထားပြီးတော့ အစီအရင်ရဲ့ မျက်လုံး အနေနဲ့ အသုံးပြုခဲ့တယ်။ နတ်ဘုရားရဲ့ လက်မောင်းကို သန့်စင်ဖို့ အစီအရင်ကို ဖွင့်ရလိမ့်မယ်။ ဒါကြောင့် နတ်ဆိုးရှင်သန် ဓါးကို ဆွဲထုတ်ရလိမ့်မယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ...ခင်ဗျားက သေသေချာချာ ချက်ကျလက်ကျနဲ့ ပြောဆိုတာက ကျုပ်ရဲ့ နလုံးသားကို ကြမ်းကြမ်းတမ်းတမ်းနဲ့ ခုန်သွားအောင် လုပ်နိုင်ပေမဲ့လည်း ခင်ဗျားက ဖရိုဖရဲ မူလ နတ်ဘုရားက ကျုပ်ကို အတားအဆီးကို ဖွင့်ခိုင်းပြီးတော့ ထွက်သွားဖို့အတွက် ဖန်တီးထားတဲ့ အတုအယောင် တစ်ခု ဟုတ် မဟုတ် ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ"

"ဟားဟားဟားဟား"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အူလှိုက်သည်းလှိုက် ရယ်မောလိုက်ပြီးတော့ တည်ကြည်စွာနဲ့ လေးလေးနက်နက်

ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ငါ့ရဲ့ စိတ်ဝိဉာဉ်နဲ့ ကျိန်ဆိုရဲတယ်။ ဒီ အရှင်သခင် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဖရိုဖရဲ မူလ နတ်ဘုရား လုံးဝ မဟုတ်ဘူး။ တကယ်လို့ အလိမ်အညာ ပြောခဲ့မယ်ဆိုရင် ငါ့ရဲ့ စိတ်ဝိဉာဉ်က ပြန်လည်မွေးဖွားခြင်းထဲကို ထာဝရ ကျဆင်းပြီးတော့ လုံးဝ မွေးဖွားမလာပါစေနဲ့"

စိတ်ဝိဉာဉ် ကျိန်ဆိုခြင်း။

ဒါက တကယ့်ကို အလေးနက်ဆုံး ကျိန်ဆိုခြင်းဖြစ်ပြီးတော့ အဆင့်မြင့်ဆုံး သိုင်းပညာရှင် တောင်မှ ဒီလိုမျိုး ကျိန်ဆိုခြင်းမျိုးကို ပေါ့ပေါ့တန်တန် မလုပ်ဂံပါဘူး။

လင်းဟန်က သူရဲ့ ယခင်ဘဝတုန်းက ကောင်းကင်အဆင့် သိုင်းပညာရှင် တစ်ယောက် ဖြစ်တဲ့အတွက် စိတ်ဝိဉာဉ်ကျိန်ဆိုခြင်း က အတုအယောင် မဖြစ်နိုင်ဘူးဆိုတာကို ကောင်းကောင်းကြီး သိပါတယ်။

ဒါပေမဲ့ သူရဲ့ နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ စိတ်ဝိဉာဉ် ကျိန်ဆိုခြင်းက

အတုအယောင် မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ် ရဲ့ ပုံပြင်ကတော့ အတုအယောင် ဖြစ်နိုင်ပါတယ်။ ဒါဆိုရင် သူ့ရဲ့ ကျိန်ဆိုခြင်းက အဓိပ္ပါယ် လုံးဝ မရှိနိုင်တော့ပါဘူး။

လင်းဟန်က ချင့်ချိန်တွေးဆလိုက်ပြီးတော့ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ သူ့အနေနဲ့ အရဲစွန့်လိုက်ချင်ပါတယ်။

တကယ်လို့ သူက နတ်ဆိုးရှင်သန် ဓါး နဲ့ နတ်ဘုရားရဲ့ လက်မောင်း ကို အနက်ရောင် မျှော်စင်ထဲကို ယူလာနိုင်မယ်ဆိုရင် သူ့မှာ ဘယ်လိုပဲ လျှို့ဝှက် ကြံစည်ချက်တွေ ရှိနေပါစေ ကိစ္စမရှိပါဘူး။ အဆင့်တစ်ဆယ် စိတ်ဝိဉာဉ်ပစ္စည်းကတော့ မေးစရာမေးခွန်း မရှိပေမဲ့ နတ်ဘုရား လက်မောင်း ကတော့ ရှိပါတယ်။ အဲဒါက နတ်ဘုရားအဆင့် ဖြစ်ပြီး အနက်ရောင် မျှော်စင်နဲ့ တန်းတူလို့ ပြောလို့ရပါတယ်။ ဒါကြောင့် ၎င်းကို မွမ်းမံ သန့်စင် နိုင်မှာလား။

နတ်ဆိုးရှင်သန် ဓါးရဲ့ အတွင်းမှာ စိတ်ဝိဉာဉ် တစ်ခု ရှိတာနှင့်စာရင် နတ်ဘုရား လက်မောင်း မှာက ဖရိုဖရဲ မူလ နတ်ဘုရားရဲ့ ကြွင်းကျန်ရစ်တဲ့ စိတ် ရှိနေပြီးတော့

အနက်ရောင် မျှော်စင် ထဲကို ထည့်ဖို့က တစ်ဖက်က သဘောတူညီဖို့လဲ လိုအပ်ပြီး သူ့မှာ အဲလို ပင်ကိုယ် အရည်အချင်း မရှိပါဘူး။

ဒါကြောင့် လင်းဟန်က ဆုံးဖြတ်ချက်ကို အလျင်စလို မလုပ်ပုံ့ပါဘူး။

"ကောင်လေး... မင်းက ဒီအရှင်သခင်ကို မယုံကြည်ဘူးလား"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ လေသံထဲမှာ ကျေနပ်မှု မရှိတဲ့ ပုံစံ ထွက်ပေါ်နေခဲ့ ပါတယ်။

"ဘာဖြစ်ဖြစ်... ဒီအရှင်သခင်က နတ်ဆိုးရှင်သန်ဓါးကို ဆင့်ခေါ်ပြီးတဲ့ အခါကျမှပဲ ကိုယ့်ဘာသာကိုယ် အဲဒါကို မေးကြည့်နိုင်တယ်"

တစ်ခဏမျှအကြာမှာတော့ အလင်းရောင် တစ်ခုက လင်းလက်တောက်ပစွာနဲ့ အဝေး ကနေ ပျံသန်းလို့လာခဲ့ပါတယ်။ ၎င်းက တကယ့်ကို ဓါးတစ်လက်ပဲ ဖြစ်ပါတယ်။ ၎င်းကို အစိအရင်ပုံစံ အမြောက်အများနဲ့ ဖုံးအုပ်ထားပါတယ်။ အစိအရင်တိုင်းက ထူးခြားတဲ့ လက္ခဏာပုံစံတွေနဲ့ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၎င်းကို

တစ်ချက်ကြည့်လိုက်တာနဲ့ လင်းဟန်ရဲ့ ဦးနှောက်ထဲမှာ ဆူပွက်လာသလို ခံစားရပြီးတော့ အရမ်းကို နာကျင်သွား ခဲ့ပါတယ်။

ၚင်းက သေချာပေါက် အဆင့်ကိုး ထက်ကို သာလွန်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီ သိုင်းဆန္ဒက လင်းဟန် တစ်ချက်ကြည့်လိုက်တာနဲ့ သည်းမခံနိုင်လောက်အောင် နာကျင် သွားမှာ မဟုတ်ပါဘူး။

"ဒါက တကယ့်ကို စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုပဲ"

မျှော်စင်လေးရဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။ ၚင်းရဲ့ အသိဉာဏ်က လင်းဟန်နဲ့ ချိတ်ဆက်သွားခဲ့ပါတယ်။ ပြီးတော့ သူတို့ က တစ်ခြားလူ သိမှာကို မစိုးရိမ်ရပဲနဲ့ အချိန်မရွေး ဆက်သွယ်လို့ ရပါတယ်။

"ငါက နတ်ဆိုးရှင်သန် ဓါး ပဲ"

ၚင်းက သူရဲ့ နတ်ဘုရားအာရုံကို ဟိန်းနေအောင်လို့ ထုတ်လွှတ်လိုက်ပါတယ်။

ၚင်းက လုံး၀ အသေအချာပဲ အဆင့်တစ်ဆယ်

စိတ်ဂိုဏ်ပစ္စည်း တစ်ခု ဖြစ်ပါတယ်။

လင်းဟန် က ကျေနပ်သွားပါတယ်။ သူက ဓါးလမ်းကြောင်းကို ရွေးချယ်ပြီး လျှောက်လှမ်းဖို့ အစီအစဉ်ချခဲ့ပါတယ်။ ဒါကြောင့်သူ့အနေနဲ့ အဆင့်မြင့်တဲ့ စိတ်ဂိုဏ်ပစ္စည်းတစ်ခုတော့ လိုအပ်ပါတယ်။ တကယ်လို့ သူက နတ်ဆိုး ရှင်သန် ဓါးကို ရယူနိုင်ခဲ့မယ်ဆိုရင် နတ်ဘုရား အဆင့်ကို မချိုးဖျက်ခင် အထိ လက်နက်နဲ့ ပတ်သတ်ပြီးတော့ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။

"ကောင်လေး... မင်း ဒီအရှင်သခင်နဲ့ ပတ်သက်ပြီးတော့ သံသယတွေ ရှိသေးရဲ့လား"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ရဲ့ အသံ က လင်းဟန်ရဲ့ အသိစိတ်ထဲမှာ နောက် တစ်ကြိမ် ထွက်ပေါ်လာခဲ့ပါတယ်။ သူက နတ်ဘုရား အသိဉာဏ်ကိုပဲ အသုံးပြုပြီးတော့ လင်းဟန်ကို ဆက်သွယ်လို့ ရနိုင်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ မျှော်စင်လေးကို ပြောလိုက်ပါတယ်။

"ဒီစိတ်ဂိုဏ် ပစ္စည်းရဲ့ အစစ်အမှန် ထင်ထင်ရှားရှား သီးခြား

ရပ်တည်နေတဲ့ အရာ ကို ထိန်းချုပ်ဖို့ အတွက် မင်းငါ့ကို ကူညီပေးနိုင်လား"

မျှော်စင်လေးက စဉ်းစားလိုက်သလိုမျိုး တစ်ခဏတော့ တိတ်ဆိတ် ငြိမ်သက်သွားပြီးမှ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါ့ရဲ့ ခွန်အား အကုန်လုံးကို အသုံးပြုမယ်ဆိုရင် ဒီနယ်ပယ်ထဲက ဘယ်လို တည်ရှိနေတဲ့ အရာပဲဖြစ်ဖြစ် အားလုံးကို အမြစ်ပြုတ်သုတ်သင်ပစ်နိုင်တယ်။ အဆင့် တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုကို ချုပ်ထိန်းဖို့ဆိုတာ ပုံမှန်အားဖြင့်တော့ အလွယ်လေးပါ။ ဒါပေမဲ့ ငါ့မှတ်ဉာဏ်ရဲ့ ဟိုးအနက်ရှိုင်းဆုံးနေရာကနေ ငါ့ကိုယ်ငါ မြင်သာအောင်လို့ လုံးဂ ဖော်မပြဖို့ ပြောနေတဲ့ အသံတစ်ခု ရှိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက် က ငါက အရင်းအမြစ်အစွမ်း သေးသေးလေးကို မင်းနဲ့ပူးပေါင်းဖို့ ငါ့ ပြန်လည်ကောင်းမွန်လာအောင် အသုံးပြုခဲ့တယ်။ ပြီးတော့ မင်းအတွက် နောက်လူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ယူပေးဖို့ ငါ စုဆောင်းထားတဲ့ အရင်းအမြစ်အစွမ်း တွေကို လုံးဂ သုံးပစ်ခဲ့တယ်။တကယ်လို့ ငါက အခု ပုန်းအောင်းနေတဲ့ နတ်ဘုရားရဲ့ ပုံစံကို အရင်းအမြစ်အစွမ်း မရှိပဲနဲ့ တိုက်ခိုက်လိုက်မယ်ဆိုရင် အစွမ်းထက်တဲ့ လူတွေက ငါ့ရဲ့ တည်ရှိမှုကို ရာဖွေတွေ့ရှိသွားကြလိမ့်မယ်။

အဲဒီအချိန်ကျရင် မင်းလဲ သေလိမ့်မယ်။ ငါလဲ အဝေးကို ခွာပြေးရလိမ့်မယ်”

လင်းဟန်က အရမ်းအမြစ်အစွမ်းနဲ့ မူလအစွမ်း ကြားက မတူညီမှုကို သတိမပြုမိခဲ့ပါဘူး။ သူက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“ဒီလိုပြောနေတယ်ဆိုမှတော့ မင်းက လုံးဝ ကြားဖင်လို့ မရနိုင်ဘူးပေါ့”

“ငါ့အတွက် နစ်ပေါင်း တစ်သောင်းဆိုရင်တော့ အရင်းအမြစ်အစွမ်း ပြန်ပြီး ကောင်းလာပါလိမ့်မယ်... အဲ့ကျရင် ငါ တစ်ကြိမ်တော့ကြားဖင် ပေးနိုင်တယ် ”

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ အမူအရာ က ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် သူ့ကိုယ်သူ မသိတော့ပါဘူး။ လဗ္ဗြွတ်ပေ့။ နစ်ပေါင်းတစ်သောင်းအတွင်းမှာ သူက နတ်ဘုရား တစ်ပါး ဖြစ်ချင်ဖြစ် မဟုတ်ရင် အလောင်းဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မျှော်စင်လေးက ၎င်းရဲ့ အစွမ်းကို ထုတ်ပြလာတဲ့အထိ စောင့်နိုင်စွမ်း လုံးဝ ရှိမှာမဟုတ်ပါဘူး။

"ဒါပေမဲ့ တကယ်လို့ မင်းက စိတ်ဂိုဏ်ပစ္စည်းကို ငါ့ရဲ့ ခန္ဓာကိုယ်ထဲကို ယူလာနိုင်ရင် စောင့်ထိန်းနေစရာမလိုပဲနဲ့ အဲဒါကို ထိန်းချုပ်ဖို့ ကြားဂင် ပေးနိုင်တယ်"

မျှော်စင်လေးက ဖြည့်စွက်ပြောလိုက်ပါတယ်။

ကျန်နေတဲ့အချက်က သူက နတ်ဆိုးရှင်သန် ဓါးကို အနက်ရောင်မျှော်စင်ထဲကို ယူလာဖို့ လိုအပ်နေဆဲ ဖြစ်ပါတယ်။

လင်းဟာန်က ချင့်ချိန်တွေးဆပြီးတော့ မေးလိုက်ပါတယ်။

"သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ စကားတွေက ဘယ်လောက်ထိ မှန်နိုင်လဲ"

"ငါက လူသားတွေရဲ့ နှလုံးသားကို နားမလည်ဘူး။ ပြီးတော့ အဲဒါက အမှားလား အမှန်လား ဆိုတာကိုလဲ ဂေဖန်ပိုင်းခြားလို့ မရနိုင်ဘူး"

မျှော်စင်လေးက သူရဲ့ခေါင်းကို ခါလိုက်သလိုမျိုး အနည်းငယ် တုန်ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ မင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ သူချန်ထားတဲ့ နတ်ဘုရား အာရုံအသိဉာဏ် နဲ့ ဝေဖန် ပိုင်းခြားရမယ်ဆိုရင်တော့ တကယ်လို့ သူက မျှော်စင်ထဲကို ဝင်လာမယ်ဆိုရင် ငါက သူ့ကို လွယ်လွယ်ကူကူနဲ့ပဲ ထိန်းချုပ်နိုင်တယ်"

နောက်တစ်ခု... ဒါလဲ မျှော်စင်အတွင်းထဲမှာ ရှိနေရပါမယ်။

လင်းဟန် သက်ပြင်းချလိုက်ပါတယ်။ ဒါက တကယ့်ကို အခက်ခဲဆုံးပါပဲ။ ဘာကြောင့်လဲ ဆိုတော့ လက်ထဲမှာ တကယ့်ကို ကောင်းတဲ့ ကတ်တွေ ကို ကိုင်ထားပေမဲ့လည်း ၎င်းကို အသုံးပြုဖို့ အခွင့်အရေး မရှိတာမျိုးနဲ့ တူညီပါတယ်။ လက်ထဲက ဟာ ဘယ်လောက်ပဲ ကောင်းကောင်း ကိစ္စမရှိပါဘူး။ လက်ထဲမှာပဲ ၎င်းက ဆွေးသွားနိုင်ပါတယ်။ ဒါက သူ့ကို အရမ်းကို စိတ်ကသိကအောက် ဖြစ်စေခဲ့ပါတယ်။

ဟူး။

လင်းဟန်က တစ်ခဏတော့ လန့်ဖျပ်သွားပြီးတော့ သူရဲ့ အနောက်ကို ကြည့်လိုက်ပါတယ်။ မြည်သံ တစ်ခုကို ကြားလိုက်ရပါတယ်။ အသက်ရှူကျစာ အနည်းငယ် အတွင်းမှာ ခြေထောက် တွေ ပေါက်နေတဲ့ အတိုင်းနဲ့

လျှောတိုက်လာတဲ့ ခေါင်းတလား သုံးခုကို တွေ့လိုက်ရပါတယ်။

ရှုံဟွမ်ရှမ်။

သူက တကယ့်ကို မခွဲနိုင်မခွာရက်ဖြစ်နေတဲ့ တစ္ဆေသရဲ တစ်ကောင်နဲ့ တူပါတယ်။

ရှုံဟွမ်ရှမ် က ခေါင်းတလားထဲကနေ ခုန်ထွက်လာပြီးတော့ လင်းဟန်ကို မျက်စိ တစ်ချက် ပေ့ကြည့်လိုက်ပြီး ထူးဆန်းတဲ့ အမူအရာ ဖြစ်သွားခဲ့ပါတယ်။ သူက လင်းဟန်ကို ပြောလိုက်ပါတယ်။

"မင်း တကယ်ပဲ နတ်ဆိုးချီ ကူးစက်တာကို မခံစားပဲ ဒီ အခေါင်းတွေလိုပဲ လမ်းလျှောက် လာနိုင်ခဲ့တာလား"

"မင်းရော မလုပ်ခဲ့ဘူးလား။ ငါ့ကို အသာထားလိုက်ပါဦး"

လင်းဟန်က ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"မင်းဆိုလိုချင်တာက မင်းက ငါ့ထက် အစွမ်းထက်တယ်ပေါ့လေ"

ရုံဟွမ်ရှမ် က ကျဉ်းမြောင်းတဲ့ မျက်လုံးတွေနဲ့ ပြောလိုက်ပြီးတော့ အန္တရာယ်ရှိတဲ့ အရိုန်အဝါ တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

"ဒါက အရမ်းကို သိသာနေတဲ့ အကြောင်းပဲ မဟုတ်လား"

လင်းဟာန်က ရီမောလိုက်ပါတယ်။ အချိန်တွေကြာလာတဲ့ ဒီကောင်က သူရဲ့ ပြိုင်ဘက် ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် သူက မခံချင်အောင် ထိကပါး ရိကပါး ပြောဖို့ ဂန်မလေးပါဘူး။

ရုံဟွမ်ရှမ် က ဒေါသထွက်သွားပြီးတော့ တိုက်ခိုက်ဖို့ တွေးလိုက်ပါတယ်။ ဒါပေမဲ့ သူက ရုတ်တရက် ထိတ်လန့်ပျာယာ ခတ်သွားပြီးတော့ တစ်ခုခုကို အာရုံစိုက်ပြီး နားထောင် နေတဲ့ ပုံစံတွေ့လိုက်ရပါတယ်။

လင်းဟာန်က ချက်ချင်းပဲ သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်က ရုံဟွမ်ရှမ် ကို နတ်ဘုရားရဲ့ လက်မောင်း နဲ့ နတ်ဆိုးရှင်သန် ဓါး အကြောင်းကို ပြောပြလိုက်ပြီဆိုတာ ခန့်မှန်းလိုက်ပါတယ်။

"ဟားဟားဟား"

ရုံဟွမ်ရှမ် ကအရမ်းကို မြန်မြန်ပဲ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဒီနေရာမှာ လှို့ပုက်ချက် အကြီးကြီးတစ်ခု ဖုံးကွယ်ထားမယ်ဆိုတာကို ဘယ်သူက ထင်မိကြမှာလဲ.. ငါ့ရဲ့ ငွေချပ်ဂတ် အလောင်းကောင် က အချည်းနှီး သေရတာ မဟုတ်တော့ဘူး"

လင်းဟန်က သူလှုပ်ရှားရတော့မယ်ဆိုတာကို သိပါတယ်။ ပြီးတော့ ပြောလိုက်တယ်။

"ရုံဟွမ်ရှမ် သေသေချာချာ စဉ်းစားသင့်တယ်။ မင်းကိုယ်မင်း ဒီအထဲကို မဂင်ပါမိစေနဲ့"

ရုံဟွမ်ရှမ် က ဟိတ်ကြီးဟန်ကြီးနဲ့ ရယ်မောလိုက်ပါတယ်။ သူ့မှာ သက်ရှိအလောင်းကောင် ခေါင်းတလားသုံးခု ရှိပါတယ်။ ဒါက အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်း တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူက နတ်ဆိုးရှင်သန် ဓါးကို လုံးဂ မကြောက်ပါဘူး။ တကယ်လို့ ဖရိုဖရဲ မူလ နတ်ဘုရားက ဒဏ်ရာတွေမရှိပဲ ပြန်ကောင်းလာခဲ့မယ်ဆိုရင်တောင်

အစိတ်အပိုင်းက ကိုးခု တောင်ရှိတာပါ။ ဒါကြောင့် လက်ရှိမှာ စွမ်းအား ဘယ်လောက်များ ကျန်နိုင်မှာလဲ။

ဒ့ါအပြင် သူက ငတုံးအေ တစ်ယောက် မဟုတ်ပါဘူး။ သူ့အနေနဲ့ ဘယ်အရာကိုမှ သေသေချာချာ မမြင်ရသေးပဲနဲ့ လှုပ်ရှားလိမ့်မှာ မဟုတ်ပါဘူး။

"ရှပ်"

နတ်ဆိုးရှင်သန် ဓါး က စတင်ပျံသန်းသွားပါတယ်။

ရှံဟွမ်ရှမ် က ချက်ချင်းပဲ ကြေးနီ ခေါင်းတလားထဲကို ခုန်ဝင်လိုက်ပြီးတော့ အလင်းရဲ့ အမြန်နှုန်းနဲ့ နောက်ကနေ လိုက်သွားခဲ့ပါတယ်။

လင်းဟာန်က သူရဲ့ ခေါင်းကို ခါပြီးတော့ နောက်ကနေ လိုက်သွားခဲ့ပါတယ်။

သူက ကမ္ဘာတစ်ခုလုံးကို ရင်ဂယ်ပိုက်ချစ်ခင်တာမျိုး မဟုတ်သော်လည်း ကမ္ဘာထဲမှာ ဖရိုဖရဲ တွေ မဖြစ်စေဖို့ ဆန္ဒရှိပါတယ်။ သူက ရှံဟွမ်ရှမ်ကို ရှုးနမ်းတဲ့ အလုပ်တွေ မလုပ်နိုင်အောင်လို့ တားရပါလိမ့်မယ်။ ရှံဟွမ်ရှမ် က

အလောင်းတစ်ထောင် ဂိုဏ်းက တပည့်တစ်ယောက်ဖြစ်ပြီးတော့ လူသားတစ်ယောက်လို့ သတ်မှတ်လို့တောင် မရနိုင်ပါဘူး။

(၂၄၄) အစီအရင်ရဲ့ ဇဟိုချက်

တကယ်တော့ လင်းဟာန်မှာ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို မေးစရာ မေးခွန်းတွေ အများကြီး ကျန်နေပါသေးတယ်။ ဥပမာ.... ကောင်းကင်ပေါ်ကနေ ဘာဖြစ်လို့ အလောင်းကောင်တွေ အများကြီး ကျလာရတာလဲ။

နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်ပယ် က အမြဲတမ်းလိုလို တစ်ကြိမ်ဖွင့်ဖို့ ကကြာပါတယ်။ ဘာကြောင့် သူက ရှုံဟွမ်ရှမ် နဲ့ သူကိုယ်သူပဲ အခု ရှာလို့ တွေ့နေရတာလဲ။ အစောပိုင်း နှစ်တွေ အများကြီးတုန်းက မိုးကြိုးလျှပ်စီး မြစ်ကို ဘယ်သူကမှ မဖြတ်ကူးနိုင်ခဲ့ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

လင်းဟာန်က နတ်ဆိုးချီ ကို ပြန်စဉ်းစားလိုက်ပါတယ်။ နတ်ဆိုးချီ ကို မခုခံနိုင်တဲ့ သူတွေက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ် က ဆက်သွယ်ခံရဖို့ အဆင့်မမှီဘူးလို့ သတ်မှတ်လို့ ရနိုင်သလား။

သူက ရုံဟွမ်ရွှမ် ရဲ့ အနောက်ဘက်မှာ တော်တော်လေး ပြတ်ကျန်ခဲ့ပါတယ်။ သူရဲ့ အမြင်က နေ ပျောက်ကွယ်မသွားမခြင်း အားလုံးအဆင်ပြေပါတယ်။

တော်တော်ကြာအောင် သွားပြီးတဲ့နောက်မှာ နတ်ဆိုးရှင်သန် ဓါး ကနောက်ဆုံးတော့ ရပ်လိုက်ပါတယ်။ သူတို့ရဲ့ အရှေ့မှာ ကြီးမားတဲ့ ယစ်ပလ္လင် တစ်ခု ပေါ်လာခဲ့ပါတယ်။ ၎င်းက စက်ဝိုင်းပုံသဏ္ဍာန်ရှိပြီးတော့ အလယ်နေရာ အရမ်းကို မြင့်ပြီး ၎င်းရဲ့ ဘေးနားက မြေကြီးက လုံးဝကို ညီညာပြန့်ပြူးလို့နေပါတယ်။ အဲဒီနေရာမှာ လျို့ဝှက်ဆန်းကြယ်မှုပေါင်း အမြောက်အများရှိနေတာကို သူတို့ မြင်နိုင်ပြီး ဘာမှန်းမသိတဲ့ လက္ခဏာတွေက မြေပြင် တစ်လျှောက်မှာ ရေးဆွဲထားပါတယ်။

လင်းဟန် ကလည်း ၎င်းတို့ရဲ့ ပုက်စာ အနက်အဓိပ္ပါယ်ကို ဖတ်ရှုပြီး ဖော်နိုင်စွမ်း မရှိပါဘူး။

သူက ယစ်ပလ္လင်ရဲ့ အလယ်ကို ကြည့်လိုက်ပါတယ်။ အဲဒီနေရာမှာ ဓါးတလက် ရှိနေပြီး တော့ ၎င်းကို ကြည့်ရတာက နတ်ဆိုးရှင်သန် ဓါး ရဲ့ စိတ်ဂိဉာဉ်နဲ့ လုံးဝ တူနေတဲ့ စိတ်ဂိဉာဉ် ရှိနေပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ၎င်းက တကယ့်ကို ဒီဓါးရဲ့ စိတ်ဝိညာဉ်ပဲ ဖြစ်ပါတယ်။

ဒီဓါးရဲ့ ခန္ဓာကိုယ်မှာ လှည့်ပတ်နေတဲ့ အနက်ရောင် ချီ အစတွေ ရှိနေပြီးတော့ ၎င်းတို့ကို ကြည့်ရတာ နတ်ဆိုး နဂါးတစ်ကောင်ရဲ့ ပုံစံနဲ့ တူပြီးတော့ ဓါးရဲ့ တပိုက်မှာ ဂုဏ်ယူစွာနဲ့ တွန့်လိမ် ပျံသန်းနေပါတယ်။

"ရှပ်"

လေထဲက စိတ်ဝိညာဉ်က ချက်ချင်းပဲ ရတနာဓါးထဲကို ဝင်သွားပြီးတော့ ထပ်ပြီး မပေါ်လာတော့ပါဘူး။

"ကောင်လေး..ဒီမှာ ကံကောင်းတဲ့ အခွင့်အရေးက တစ်ခုတည်းပဲ ရှိတယ်။ ဒီကံကောင်းမှု အခွင့်အရေးကို နတ်ဆိုးရှင်သန် ဓါးကို ရအောင် ယူနိုင်တဲ့ ဘယ်သူ့ကိုမဆို ငါက လက်ဆောင် အဖြစ်နဲ့ ပေးမယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ အသံကို နောက်တစ်ကြိမ် ထပ်ပြီး ကြားလိုက်ရပါတယ်။

ရုံဟွမ်ရွှမ် က ကျယ်လောင်စွာ အော်ရယ်လိုက်ပြီးတော့ ကြေးနီ ခေါင်းတလားထဲကနေ ထွက်လာခဲ့ပါတယ်။ ပြီးတော့ သူက ကြေညာလိုက်ပါတယ်။

"ဒါက ငါ့အတွက်ပဲ ဖြစ်ရမယ်"

ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို အနက်ရောင် နတ်ဆိုး ပုံစံတွေက ဖုံးလွှမ်းသွားခဲ့ပါတယ်။ သူက ကြောက်ရွံ့ပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ချက်ချင်းပဲ ကြေးနီ ခေါင်းတလားထဲကို ပြန်ဝင်သွားလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ မျက်လုံးတွေ ကို ကျဉ်းပြီးတော့ ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ ရှိတဲ့ နတ်ဆိုးချီတွေက အရမ်းကို အားကောင်းပါတယ်။ ရုံဟွမ်ရွှမ် ကအခုလေးတင်မှ ပေါ်လာခဲ့ တာဖြစ်ပြီးတော့ သူက နတ်ဆိုးချီရဲ့ ပိုင်းရုံခြင်းကို လုံးဝ ခံလိုက်ရပါတယ်။ တကယ်လို့ သူက အသက်သုံးချောင်းကြေးနီခေါင်းတလားထဲမှာ ဝင်နေမယ်ဆိုရင်တော့ အကြောင်း မဟုတ်ပါဘူး။ပြီးတော့ အများဆုံး သူ့ရဲ့ စိတ်စွမ်းအားတွေ နဲ့ အတွေးတွေ အားလုံးကို လုံးဝ ပျောက်ကွယ်သွားပြီး နတ်ဆိုးချီရဲ့ ထိန်းချုပ်မှု အောက်မှာ ကြိုးဆွဲရာကရတဲ့ ရုပ်သေးရုပ်

တစ်ရုပ် အဖြစ်ကို လုံးဝ ပြောင်းလဲသွားဖို့က အချိန်တစ်ခဏဆိုရင်ပဲ လုံလောက် ပါလိမ့်မယ်။

ထူးဆန်းတယ်။ ဘာကြောင့် သူကျတော့ ဘာမှမဖြစ်သေးတာလဲ။

သူက ဒီ နတ်ဆိုးချီ ရဲ့ အစတစ်စ ကို သန့်စင်ခဲ့တာကြောင့် ဒီနေရာက နတ်ဆိုးချီ က သူ့ကို ကြောက်နေတာများ ဖြစ်နေမလား။

အသက်သုံးချောင်း ကြေးနီခေါင်းတလားက အနည်းငယ် တုန်ခါသွားပါတယ်။ ၎င်းတို့ အပေါ်မှာ များစွာသော ပုံစံတွေက တောက်ပလာပြီး ရှေးဟောင်း လက္ခဏာပုံစံ တွေ အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ ကြေးနီခေါင်းတလား အတွင်းကနေ အနက်ရောင် ချီ တွေက ထွက်လာပြီးတော့ ၎င်းတို့ကို ကြည့်ရတာ အရမ်းကို ထူးဆန်း နေပါတယ်။

၎င်းတို့က လက်ရှိမှာ ရှုံ့ဟွမ်ရွှမ်ကို နတ်ဆိုးချီတွေကို ဖြတ်တောက်နိုင်ဖို့ ကူညီပေးနေတယ် ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ၎င်းတို့ရဲ့ အဆင့်က အနက်ရောင် မျှော်စင်ရဲ့ အဆင့်ထက် အများကြီးနိမ့်ပါတယ်။ လင်းဟာန် ရဲ့

အတွေးတစ်ချက်နဲ့ကိုပဲ နတ်ဆိုးချီကို နှင်ထုတ်ပစ်ဖို့ လုံလောက်ပြီး မျှော်စင်လေးက နတ်ဆိုးချီကို အလွယ်တကူနဲ့ ထိန်းချုပ်ပေးနိုင်ပါတယ်။

အနည်းဆုံး တစ်နာရီ လောက်အကြာမှာတော့ ခေါင်းတလား ကနေ အနက်ရောင် ချီ တွေ က ထပ်ပြီးတော့ ထွက်မလာတော့ပါဘူး။ ရှုံဟွမ်ရှမ် ရဲ့ ခန္ဓာကိုယ်ကနေ နတ်ဆိုးချီ တွေက လုံးဝ ထွက်သွားပြီဆိုတာ သိသာပါတယ်။

"လင်းဟန်… ဘာကြောင့် မင်းကျတော့ ဘာမှ မဖြစ်တာလဲ"

ရှုံဟွမ်ရှမ် က သူရဲ့ ခေါင်းတလား အတွင်းကနေ အော်ပြောလိုက်ပါတယ်။ သူက အပြင်ကို ထပ်ပြီးတော့ မထွက်ရဲဘူးဆိုတာ ထင်ရှားပါတယ်။

လင်းဟန် က ပခုံးကို တွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာကြောင့် မင်းကို ပြောပြရမှာလဲ"

"ဟွင့်"

ရှုံဟွမ်ရှမ် လည်းပဲ သူပြောတာက အဓိပ္ပါယ်မရှိဘူးဆိုတာ

သိပါတယ်။ ဒါပေမဲ့ သူက တကယ့်ကို သိချင်စိတ်ပြင်းပြနေတာပါ။ သူက အသက်သုံးချောင်း အလောင်းခေါင်းတလားတွေ ကို နတ်ဆိုးချီတွေ ကူးစက်တာကို ရှောင်တိမ်းဖို့ မှီခိုခဲ့ရပါတယ်။ လင်းဟန်ကရော ဘာကိုများ မှီခိုနေလဲ။

လင်းဟန်က ယစ်ပလ္လင် အနားတစ်ပိုက်ကို စတင်ပြီးတော့ စက်ဝိုင်းပုံစံ ပတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်ပဲ... ဒါက အစီအရင် တစ်ခုရဲ့ ဗဟိုချက်ပဲ။ ပြီးတော့ နတ်ဆိုးရှင်သန် ခါး က ဒီ အစီအရင်ရဲ့ မျက်လုံးပဲ။ တကယ်လို့ တစ်ယောက်ယောက်က နတ်ဆိုးရှင်သန် ခါးကို ဆွဲထုတ်လိုက်မယ်ဆိုရင် တကယ်လို့ ဒီအစီအရင်က အားလုံးကို မဆုံးရှုံးဘူး ဆိုရင်တောင်မှ အနည်းဆုံးတော့ တစ်ဝက်လောက် ထိထိရောက်ရောက် ဆုံးရှုံးသွား လိမ့်မယ်"

"ကောင်ကလေး.. ငါတကယ်ပဲ မင်းကို လျော့တွက်ခဲ့မိတယ်။ မင်းက တကယ့်ကို ဗဟုသုတ ရှိတာပဲ"

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်ရဲ့ အသံကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြားလိုက်ရ ပါတယ်။

"မင်းက ဒီဓါကို ဆွဲထုတ်လိုက်တာနဲ့ အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုကို ရရုံတင် မကဘူး နတ်ဘုရား တစ်ပါးရဲ့ လက်မောင်း ကိုလဲ ရယူနိုင်လိမ့်မယ်"

လင်းဟန်က ဘာမှ မပြောပါဘူး။ တစ်ခဏအကြာမှာသူက ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ဒီကမ္ဘာကြီးမှာ ဘယ်သူကမှ မပေးဆပ်ပဲနဲ့ အမြတ်အစွန်း ရတယ်ဆိုတာ မရှိဘူး။ ကံမကောင်းမှုတွေ ရဲ့ တော်တော်များများအတွက် အကြောင်းပြချက်က လောဘကြီး တာကနေ စတာပဲ။ ကျုပ် ခင်ဗျားကို မယုံဘူး"

"ဘာကြောင့်လဲ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် က စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။

"တစ်ခြားသူတွေကို ထိန်းချုပ်ဖို့ နတ်ဆိုးချီ တွေကို လွတ်လွတ်လပ်လပ်နဲ့ အသုံးပြုတဲ့ မကောင်းဆိုးဂါး နတ်ဆိုး တစ်ယောက်နဲ့ သဘောတူညီမှု တစ်ခု လုပ်ရတာက အလိမ်ခံရတဲ့ လူတစ်ယောက်က လိမ်တဲ့ သူကို ကျေးဇူးတွေတင်နေသလိုမျိုး ဖြစ်မနေ ဘူးလား"

လင်းဟန်က တည်ငြိမ်စွာ နဲ့ ပြောလိုက်ပါတယ်။ သူရဲ့ကိုယ်ပိုင် လောဘ စိတ်ကို ဖိနှိပ် ထားခဲ့ပါတယ်။

"ကောင်လေး… မင်း နားလည်မှု လွဲနေပြီ။ ငါက မကောင်းဆိုးဝါးပညာကို လေ့ကျင့်တယ်။ ပြီးတော့ အစီအရင်နဲ့ ငါ ပေါင်းစည်းပြီးတဲ့နောက်မှာ နတ်ဆိုးချီ တွေက ဒီကမ္ဘာမှာ ပြည့်နှက် သွားခဲ့တယ်။ ဒ့ါအပြင် ငါရဲ့ ခန္ဓာကိုယ်ကိုလည်း ငါရှုံးဆုံးခဲ့တယ်။ ဒါကြောင့် နတ်ဆိုးချီတွေ အပေါ်မှာ ထိန်းချုပ်နိုင်မှု တစ်စုံတစ်ရာကို ပိုင်ဆိုင်ထားနေဦးမယ်ဆိုတာ ငါ့အတွက်ကတော့ မဖြစ်နိုင်ဘူး"

ယုတ်မာတဲ့ မကောင်းဆိုးဝါး ဧကရာဇ် က ရှင်းပြလိုက်ပါတယ်။

လင်းဟန်က ပခုံးကို တွန့်လိုက်ပြီးတော့ ပြောပါတယ်။

"ဒီအခြေအနေက တော်တော်လေးကို ကောင်းတယ်လို့ ကျုပ်ထင်တယ်။ ဘာကြောင့် ကျုပ်တို့ က ဒီ ဖရိုဖရဲ မူလ နတ်ဘုရားကို ဒီနေရာမှာပဲ ထပ်ပြီးတော့ ထိန်းချုပ် မထားရမှာလဲ။ ပြီးတော့ နောက်ထပ် နှစ်ပေါင်းရာဂဏန်း

အနည်းငယ်လောက်ကျရင် ကျုပ်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်လောက်ပြီ။ အဲဒီကျရင် ကျုပ်က ပြန်လာပြီးတော့ အစီအရင်ကို အတော်လေး အားကောင်းလာအောင် လုပ်ပြီး ဘယ်လို နတ်ဘုရားကိုမှ ပြန်လာနိုင်စွမ်းမရှိအောင်လို့ သေချာအောင် လုပ်ပေးမယ်”

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် က ချက်ချင်းဆိုသလို စကားလုံးတွေ ပျောက်ဆုံး ကုန်ပါတယ်။တစ်ခဏမျှ ကြာပြီးတဲ့နောက်မှာ သူက မေးလိုက်ပါတယ်။

“မင်းက ဒီလိုမျိုး ကြီးမားတဲ့ အခွင့်အရေးကို ရိုးရိုးလေးနဲ့ ပဲ ကျော်သွားတော့မယ်ပေါ့”

အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်း တစ်ခုနဲ့ နတ်ဘုရား တစ်ပါးရဲ့ လက်မောင်း။ ဒီနှစ်ခုစလုံးက တကယ်ပဲ အစွမ်းထက်လှတဲ့ ပစ္စည်းတွေပါ။ ဒါပေမဲ့ လင်းဟာန်က ဒီအရာတွေက အရမ်းကို ချောမွေ့လွန်းတယ်လို့ ခံစားနေရပါတယ်။ ဒါကြောင့် ချောမွေ့လွန်း တာကို ကြည့်ရတာ ထောင်ချောက် တစ်ခုနဲ့ တူပါတယ်။ ဒါကြောင့် သူရဲ့ အတွင်းမှာ နိုးနိုးကြားကြား နဲ့ သတိဂီရိယ ရှိနေတဲ့ ခံစားချက်မျိုး က မြင့်တက်လာခဲ့ပါတယ်။

"မဟုတ်ဘူး။ ဒီအခွင့်အရေးက ငါ့ဟာပဲ"

ခေါင်းတလား တစ်ခုက ပျံလာခဲ့ပါတယ်။ ရုံဟွမ်ရှမ် ရဲ့ အော်သံကို အတွင်းကနေ ကြားလိုက်ရပါတယ်။

"ဒါက ငါ့ရဲ့ အခွင့်အရေးပဲ။ ပြီးတော့ ဘယ်သူကမှ ငါ့ဆီကနေ လုယူသွားလို့ မရဘူး"

သူက အခက်အခဲ အကျပ်အတည်းတွေ ဖိအားတွေကြားက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အမွေအနှစ်ကို ဆက်ခံနိုင်ခဲ့ပါတယ်။ ပြီးတော့ သူရဲ့ ရန်သူတွေကို အမြစ်ပြတ် သုတ်သင် ပစ်နိုင်တဲ့အထိ စွမ်းရည်တွေကို ရရှိပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် သူရဲ့ အရှေ့မှာ တောက်ပ တဲ့ အနာဂတ်တစ်ခု ရှိနေပြီးတော့ ဒီကမ္ဘာကြီးရဲ့ အစစ်အမှန် အစွမ်းထက်လှတဲ့ လက်ရွေးစင် အနည်းငယ်ထဲက တစ်ယောက် ဖြစ်လာနိုင်တဲ့ အလားအလာကောင်းတွေ ရှိပါတယ်။

ဒါကြောင့် သူက အခွင့်အရေးကို စွဲစွဲမြဲမြဲ ယုံကြည် တန်ဖိုးထားသူ ဖြစ်ပြီး သူ့ရဲ့ ကိုယ်ပိုင် ကံကောင်းမှု အပေါ်မှာ ပိုလို့တောင် ယုံကြည်ပါတယ်။

ဒီ အဆင့်တစ်ဆယ် စိတ်ဂိဉာဉ် ပစ္စည်းနဲ့ နတ်ဘုရားတစ်ပါးရဲ့ လက်မောင်း က ကောင်းကင် က သူ့ကို ပေးတဲ့ လက်ဆောင် တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သူ့ဆီကနေ တစ်ခြားသူတွေ အပေးကို လုပြီးတော့ ထွက်ပြေးသွားခွင့် မပြုနိုင်ပါဘူး။

သူရဲ့ အမိန့်အောက်မှာ ကြေးနီခေါင်းတလားက ယစ်ပလ္လင်ဆီကို တည့်တည့် ဦးတည်ပြီး သွားလိုက်ပါတယ်။

ဒီ ယစ်ပလ္လင် က ချက်ချင်းဆိုသလို အသက်ဝင်လာခဲ့ပါတယ်။ ဒါက အစီအရင် တစ်ခုလုံးရဲ့ ဗဟိုချက် ဖြစ်ပါတယ်။ ပြီးတော့ ၎င်းရဲ့ အသန်မာဆုံး အစိတ်အပိုင်း လည်း ဖြစ်ပါတယ်။ တစ်ခု ပြီးတစ်ခု အစီအရင် ပုံစံတွေက တောက်ပလာခဲ့ပါတယ်။ ပြီးတော့ ဒီ ပုံစံတွေက ရုတ်တရက် အသက်ရှိလာသလိုမျိုး တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပါတယ်။

အံ့အားသင့်စရာကောင်းတဲ့ မြင်ကွင်း ပေါ်လာခဲ့ပါတယ်။ ဒီ ပုံစံတွေက အမျိုးမျိုးသော အဖြူရောင် လူသား ပုံစံတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီ လူသားတွေမှာ နှာခေါင်း၊ မျက်လုံး နဲ့ ပါးစပ်တွေ မရှိပါဘူး။

ဒီလူပုံစံသင်္ကေတ တွေ အားလုံးက လှုပ်ရှားလာပြီးတော့

ကြေးနီ ခေါင်းတလားကို ရိုက်ချလိုက်ကြပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဒီအစီအရင်ရဲ့ မျက်လုံးလိုမျိုး အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်း တစ်ခုက ဘာပဲ ဖြစ်ဖြစ်

ဒီအစီအရင်က ဖန်တီးလိုက်တဲ့ လူပုံစံ တွေက အနည်းဆုံး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စွမ်းရည်တွေ ရှိတယ် မဟုတ်လား။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် အဆင့်ကိုး စိတ်ဂိဉာဉ်ပစ္စည်း ဆယ်ခုကို အစားထိုးပြီးတော့ အသုံးပြုခဲ့တာက ကောင်းပါလိမ့်မယ်။ အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုက အဆင့်ကိုး စိတ်ဂိဉာဉ်ပစ္စည်း ဆယ်ခု နဲ့ နိုင်းယှဉ်နိုင်စွမ်း မရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

"ဘုန်း ဘုန်း ဘုန်း"

ဒီ တိုက်ခိုက်မှုတွေက ကြေးနီ ခေါင်းတလား အပေါ်ကို ကျသွားပြီးတာနဲ့ ၎င်း အပေါ်က ပုံစံတွေက တောက်ပလာပြီးတော့ အနက်ရောင် အလင်းတွေကို ထုတ်လွှတ်လိုက်ပါတယ်။ ဒီလူသားပုံစံတွေရဲ့ တိုက်ခိုက်မှုကို ကာကွယ်တားဆီးလိုက်ရုံသာမက

သူတို့ကိုတောင်မှ ပြန်ပြီး ဒဏ်ရာရစေခဲ့ပါတယ်။ ဒါက ကြေးနီ ခေါင်းတလားရဲ့ သဘာဂ ကို ဖော်ပြပါတယ်။

ဒီ ကြေးနီခေါင်းတလားက သေချာပေါက် အဆင့်တစ်ဆယ် စိတ်ဂိဉာဉ် ရတနာ တစ်ခု ဖြစ်ပါတယ်။ တောက်ပတဲ့ အနက်ရောင် အလင်းနဲ့ အတူ လူသားပုံစံ တွေ ကို ထိတွေ့ဖို့ အချိန်တစ်ခဏလေးပဲ လိုပါတယ်။ ပြီးတော့ အဲဒီဧရိယာ တစ်ပိုက်နားက လူပုံစံ တွေက ချက်ချင်းဆိုသလို မှိန်ဖျော့သွားခဲ့ပါတယ်။ ဒါပေမဲ့ အနက်ရောင်အလင်းတွေက အတောမသတ်နိုင်အောင် ပြန့်နှံသွားပြီးတော့ ဒီ ဧရိယာ တစ်ပိုက်မှာ ထိခိုက်ပျက်စီးမှုတွေ ကိုလည်း တိုးလာစေခဲ့ပါတယ်။

အဆင့်ကိုး မှာရှိတဲ့ အရာတွေနဲ့ ရင်ဆိုင်တဲ့အခါမှာ ကြေးနီးခေါင်းတလားက အပေါ်စီးကနေ အသာစီး ရှိနေတယ်ဆိုတာ သိသာပါတယ်။ကြေးနီခေါင်းတလားမှာ အာနိသင်က အကန့်အသတ် ရှိသော်လည်း ၎င်းက အရှေ့ကို ဆက်ပြီးတော့ တိုးနေဆဲပါပဲ။ ဒါပေမဲ့ ၎င်း ရဲ့ အမြန်နှုန်းကတော့ နှေးနှေးလို့လာပါတယ်။

လင်းဟာန် က မျက်မှောင်ကြုတ်လိုက်ပါတယ်။ တကယ်လို့ ရှုံဟွမ်ရှမ်က နတ်ဆိုး ရှင်သန် ဓါးကို ဆွဲထုတ်မယ်ဆိုရင်

ဘာတွေဖြစ်လာမယ်ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ သူက နှာခေါင်းတစ်ချက် ရှုံ့ လိုက်ပြီးတော့ သူရဲ့ ညာဘက်လက်ကို ဆန့်ထုတ်ပြီး ကြေးနီခေါင်းတလားကို သူရဲ့ သွေးစုပ်ယူခြင်း မူလရွှေ နဲ့ အတင်းပြန်ပြီးတော့ ဆွဲယူ လိုက်ဖို့ ဆန္ဒနဲ့ တိုက်ခိုက်ဖို့ ကြံစည်လိုက်ပါတယ်။

"ကောင်လေး..တကယ်လို့ မင်းက ဒီကံကြမ္မာ အခွင့်အရေးကြီးကို မလိုချင်ဘူးဆိုရင်လည်း အဆင်ပြေပါတယ်။ ဒါပေမဲ့ မင်းက တစ်ခြားတစ်ယောက် က အဲဒါကို ယူဖို့ ကြိုးစားနေတာ ကို တားဆီးဖို့ ကြိုးစားနေတာတော့ တကယ့်ကို လွန်သွားပြီ"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ရဲ့ အသံ က သူရဲ့ ခေါင်းထဲမှာ ပေါ်လာခဲ့ပြန်ပါတယ်။ ပြီးတော့ ချက်ချင်းပဲ ကြီးမားတဲ့ အနက်ရောင် နတ်ဆိုးပုံစံ အပိုင်းအစတွေက လင်းဟန်ရဲ့ လက်မှာ ပေါ်လာခဲ့ပါတယ်။ သူ့မှာရွေးချယ်စရာ မရှိတော့ပါဘူး။ ဒါပေမဲ့ သူရဲ့ လှုပ်ရှားမှု ကို ရပ်သွားစေခဲ့ပါတယ်။

အပိုင်း(၂၄၅) မကောင်းဆိုးဝါး အသက်ဝင်လာခြင်း

လင်းဟန်က သူရဲ့ လက်ကို ထိန်းချုပ်နိုင်မှု

လွတ်သွားခဲ့ပါတယ်။ ဒါကြောင့် သူက သွေးစုပ်ယူခြင်း မူလရွှေ ကို အသုံးပြုလို့ မရတော့ပါဘူး။

နတ်ဆိုးပုံစံတွေ က အလျင်အမြန်ပဲ ပြန့်နှံ့လာပြီးတော့ သူရဲ့ ဦးခေါင်းဆီကို ပါ တဖြည်းဖြည်း ရွေ့လာခဲ့ပါတယ်။တစ်ချိန်တည်းမှာပဲ ဖျက်ဆီးလို့မရတဲ့ မကောင်းဆိုးဂါး တစ်ကောင် က သူရဲ့ ခန္ဓာကိုယ် အတွင်းပိုင်းမှာ လိုမ့်နေပြီးတော့ သူ့တစ်ကိုယ်လုံးကို ဂါးမျို တော့မဲ့ပုံစံမျိုးနဲ့ ကြိုးစားနေပါတယ်။

"ဟားဟားဟား.... ဒီအရှင်သခင်ရဲ့ အစေခံဖြစ်လာမယ်။ မင်းရဲ့ ခန္ဓာကိုယ် ကိုကြည့်ရတာ လျှို့ဝှက်ချက် တစ်ခု ဖုံးကွယ်ထားတဲ့ပုံစံပဲ။ ဒီအရှင်သခင်က သိချင်စိတ်တွေနဲ့ အရမ်းကို စိတ်ဂင်စားနေမိပြီ"

သတ်ဖြတ်သူ နတ်ဆိုး ဇေရာဇ် ရဲ့ အသံကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြားလိုက်ရပါတယ်။

လင်းဟန် ကနာခေါင်းရှုံ့လိုက်ပါတယ်။ ဒါပေမဲ့ သူက ဒီအချိန်မှာ ရှုံဟွမ်ရွှမ် နဲ့ ရင်ဆိုင်လို့ မဖြစ်ပါဘူး။ တကယ်လို့ နတ်ဆိုးပုံစံတွေကို သူရဲ့ ခေါင်းဆီကို တကယ်ပဲ ရွေ့လျားသွားခွင့် ပေးလိုက်မယ်ဆိုရင် သူရဲ့ အသိဉာဏ်က

နတ်ဆိုးချီ ကြောင့် လုံးဂ ပျောက်ကွယ် သွားပါလိမ့်မယ်။ ပြီးတော့ သူ့ကိုယ်သူ သေနေတဲ့ လူတစ်ယောက်လို လမ်းလျှောက်ရမှာ ဖြစ်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ရဲ့ ထိန်းချုပ်မှု ကို ခံရပါလိမ့်မယ်။

သူရဲ့ ပုံရိပ်က လျှပ်တပြက် နဲ့ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့ပါတယ်။

"အကုန် ထွက်သွားစမ်း"

သူက အော်ပြောလိုက်ပါတယ်။ သူရဲ့ ခန္ဓာကိုယ်ကနေ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား တစ်ခုက ထွက်ပေါ်လာပြီးတော့ ၎င်းကနေ အနက်ရောင် ချီတွေရဲ့ အငွေ့အသက်တွေက ချက်ချင်းဆိုသလိုပဲ ထုတ်ပယ်လိုက်ခြင်းကို ခံလိုက်ရပြီးတော့ သူ့ကို ရှင်းရှင်းလင်းလင်း နဲ့ တောက်ပသွားတဲ့ ခံစားချက်မျိုးကို ဖြစ်စေခဲ့ပါတယ်။

"မျှော်စင်လေး"

လေထုက အနည်းငယ် တုန်ခါသွားပြီးတော့ မျှော်စင်လေးက ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းက အနည်းငယ် လှုပ်လိုက်ပြီး

အနက်ရောင် ချီတွေ အားလုံးက ချက်ချင်းဆိုသလို အတုံးအခဲ တစ်ခု အဖြစ် ပုံစံပြောင်းသွားပြီး ၎င်းရဲ့ အသိဉာဏ်တွေက ချက်ချင်း သုတ်သင် ပစ်လိုက်ခြင်းကို ခံလိုက်ရပြီးတော့ သန့်စင်တဲ့ နတ်ဆိုးချီ အတုံးအခဲ အဖြစ်ကို ပြောင်းသွား ခဲ့ပါတယ်။

လင်းဟန် ရဲ့ ခန္ဓာကိုယ်က နောက်တစ်ကြိမ် လျှပ်ပြက်သွားပြီး အပြင်ဘက် ကမ္ဘာ မှာ ပြန်ပေါ် လာခဲ့ပါတယ်။

"ဘာ.... မင်းက တကယ်ပဲ နတ်ဆိုးချီတွေကို နှင်ထုတ်ပစ်လိုက်နိုင်ပြီးတော့ ဒီ အရှင်သခင် ရဲ့ အသိဉာဏ်တွေကိုပါ သန့်စင်ပစ်လိုက်နိုင်တယ်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က အော်ဟစ်လိုက်ပါတယ်။

"ဟင့်.... နှစ်ထောင်သောင်းပေါင်းများစွာ လှို့ဝှက်ကြံစည်ခဲ့ရတဲ့ အကြံအစည် တစ်ခုကို ကလေးတစ်ယောက်ကြောင့် အပျက်စီးတော့ မခံနိုင်ဘူး။ ဒီနေ့... ဘယ်လိုကိစ္စပဲ ဖြစ်ဖြစ် ဘယ်လို အရင်းအနှီးကြီးကြီးမားမားပဲ ပေးဆပ်ရ ပေးဆပ်ရ ဒီအရှင်သခင်ရဲ့ ပန်းတိုင်ကို ရောက်အောင် သွားရလိမ့်မယ်"

"ပုန်း"

လင်းဟန်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ နောက်တစ်ကြိမ် အနက်ရောင် ချီတွေက ဖုံးသွားခဲ့ပါတယ်။ ၎င်း အမှျင်တွေက စိတ်ဂိုဉာဉ်မြွေ တွေလိုမျိုး သူရဲ့ ခန္ဓာကိုယ်ထဲကို တွန့်လိမ်ပြီး သွားနေပါတယ်။

"ရှုပ်"

လင်းဟန်က အနက်ရောင်မျှော်စင်ထဲကို ထပ်ပြီးဝင်လိုက်ပါတယ်။

မျှော်စင်လေးက ကြားဝင်လာပြီး သူရဲ့ ခန္ဓာကိုယ်ထဲက နတ်ဆိုးချီတွေကို လုံးဂ ဖျက်ပစ် လိုကပြီးတော့ ၎င်းတို့ကို သန့်စင်လိုက်ပါတယ်။

လင်းဟန်က နှိုင်းယှဉ်မှု တစ်ခု လုပ်လိုက်ပါတယ်။ အစောပိုင်း နတ်ဆိုးချီ နဲ့ အခု က တစ်ချို့ နေရာမှာ မတူညီကွဲပြား ခြားနားတဲ့ လက္ခဏာ ရှိနေပါတယ်။

အစောပိုင်းတုန်းက နတ်ဆိုးချီတွေက သတ်ဖြတ်သူ နတ်ဆိုး

ဧကရာဇ် ရဲ့ စိတ်စွမ်းအားကို သယ်ယူလာပြီးတော့ သူ့ကို ထိန်းချုပ်ချင်နေခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ သူရဲ့ စိတ်နဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ ၎င်းအထဲမှာ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ရဲ့ စိတ်စွမ်းအား တွေက မပါဝင်တော့ပါဘူး။

ဒါက အရမ်းကို ရိုးရှင်းပါတယ်။ တစ်ဖက်လူက သူရဲ့ စိတ်စွမ်းအားတွေ ဖျက်ပစ်ခံရတာကို ကြောက်ရွံ့နေပါတယ်။

လူတစ်ယောက်ရဲ့ စိတ်ဝိဉာဉ်က အကန့်အသတ် ရှိပါတယ်။ အစိတ်အပိုင်း တစ်ခု ဖျက်ခံ လိုက်ရပြီးဆိုရင် ၎င်းက ထာဝရ ပျောက်ကွယ်သွားပြီး ပြန်လည် ကုသ ကောင်းမွန်လာဖို့ လုံးဝ ဖြစ်နိုင်ချေရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ရှုံဟွမ်ရွှမ် ကို လင်းဟန်က တားဆီးတာကို တားချင်ခဲ့ပါတယ်။ ဒါပေမဲ့ သူက လင်းဟန် ဖျက်ပစ်ဖို့ သူရဲ့ စိတ်စွမ်းအား ပမာဏ အများကြီးကို လုံးဝ စေလွှတ်မှာမဟုတ်ပါဘူး။ ဒါက ကိုယ့်ကိုကိုယ် သတ်သေလိုက်တာနဲ့ တူပါတယ်။

အဲ့ဒါကြောင့် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က သူ့ကို ထိန်းချုပ်မဲ့ အတွေးကို စွန့်လွှတ် လိုက်ပြီး သူရဲ့ စိတ်ကို သူ ထိန်းလို့ မရတာကိုပဲ လိုချင်တဲ့ သဘောနဲ့ နတ်ဆိုးချီ တွေရဲ့ လွှမ်းမိုးမှုအောက်မှာ အသိဉာဏ်မရှိတဲ့ ငတုံးအေ

တစ်ယောက်လို ပြောင်းသွားစေချင် တာပဲ ဖြစ်ပါတယ်။

ဒါပေ့ါ။ နတ်ဆိုးချီ တွေကို ဒီနည်းလမ်းနဲ့ ကုန်ခမ်းစေတာကလည်း သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ရဲ့ အသက်ဓာတ်ကို ကြီးကြီးမားမား ဒဏ်ရာရစေပါတယ်။ဒါကြောင့် သူက ဒီလို ပြောတာဖြစ်ပါတယ်။ ဘယ်လိုပဲ အရင်းအနှီးကြီးကြီး ပေးဆပ်ရပါစေ ဒီအရှင်သခင်က ပန်းတိုင်ကို ရောက်အောင် သွားမယ်ဆိုတာလေ။ ဒါပေမဲ့ ၎င်းကလည်း သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ အကြံအစည် က ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားလဲ ဆိုတာကို ဖော်ပြနေပါတယ်။သူ့ကို တုံ့ဆိုင်း တွေဝေမှုမရှိပဲ လင်းဟာန်ကို တားဆီးဖို့ အတွက် ဒီလိုမျိုး လုပ်ဆောင်ချက်တွေကို ဆောင်ရွက်နေပါတယ်။

လင်းဟာန်က ထက်ပြီးတော့ ပေါ်လာခဲ့ပြန်ပါတယ်။ ဒီအကြိမ်တော့ ဂင်တာနဲ့ ထွက်လာတာ က အသက်တစ်ရှူက်စာ အချိန်ရဲ့ တစ်ဂက်ထက်တောင် နည်းပါတယ်။

သူက မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့ ကြေးနီခေါင်းတလားက နတ်ဆိုးရှင်သန် ဓါး အနီးကို ပိုပိုပြီး တိုးကပ်သွားတာကို မြင်လိုက်ရပါတယ်။ ဒါပေမဲ့ ဒီ အဆင့်

တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းက ၎င်းရဲ့ စွမ်းအားကို ဖော်ပြမဲ့ လက္ခဏာမျိုး မတွေ့ရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းကို နောက်ထပ် အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်းဖြစ်တဲ့ အသက်သုံးချောင်း အလောင်းခေါင်းတလားတွေ က ရင်ဆိုင်တဲ့ အခါမှာ အသာစီးကနေ ရယူနိုင်မှာတော့ မဟုတ်ပါဘူး။

ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ် နဲ့ နတ်ဆိုးရှင်သန် ဓါး တို့ရဲ့ ပဲ့တင်သံက တစ်ခုနဲ့ တစ်ခု ထပ်တူကျနေပါတယ်။ နတ်ဆိုးရှင်သန် ဓါး ကို သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ် က ထိန်းချုပ်ထားတယ်ဆိုတာ သိသာပါတယ်။အခု ရှုံဟွမ်ရွှမ် က သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ် အတွက် တောက်တိုမယ်ရ လုပ်ပေးဖို့ ပြေးလာနေတာနဲ့ တူတဲ့အတွက် နတ်ဆိုးရှင်သန်ဓါးက ဂင်မစွက်ဖက်တာပဲ ဖြစ်ပါတယ်။

တကယ်လို့ သူက အခု ယစ်ပလ္လင် ကို ဂင်လိုက်မယ်ဆိုရင် သူက နတ်ဆိုး ရှင်သန် ဓါး ဆီကနေ တိုက်ခိုက်မှုကို ခံစားရမှာ သေချာပါတယ်။ ဒါကြောင့် သူ့က အနက်ရောင် မျှော်စင် ထဲမှာ ပုန်းနေတာက အဓိပ္ပါယ်မရှိပါဘူး။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်အနေနဲ့ သူက နတ်ဆိုးချီ တွေကို လျှင်မြန်စွာ သန့်စင် လိုက်နိုင်တာကိုပဲ မြင်ခဲ့တာဖြစ်ပြီးတော့ သူ့မှာ ရှိတဲ့ ရတနာ က အသက်သုံးချောင်း အလောင်းခေါင်းတလားတွေထက် ပိုမိုသာလွန်တယ် ဆိုတာကိုပဲ ခန့်မှန်းလို့ရမှာပါ။ တကယ်တော့ အနက်ရောင်မျှော်စင်က အပြင်ကို ထုတ်ယူလို့ မရပါဘူး။ ဒါကြောင့် တကယ်လို့ သူက လင်းဟန်ကို ခွင့်ပြုပေးလိုက်မယ်ဆိုရင်တောင်မှ လင်းဟန် အနေနဲ့ နတ်ဆိုးရှင်သန် ဓါး က ဂင်ရောက်စွက်ဖက်နေသမျှ ကာလပတ်လုံး ရုံဟွမ်ရွှမ် ကို တားဆီး လို့ မရနိုင်ပါဘူး။

ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ဒီအကြောင်းကို ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ။

လင်းဟန် ထွက်လာတာကို မြင်လိုက်တာနဲ့ သူက ချက်ချင်းပဲ နတ်ဆိုးချီ ပမာဏ အများကြီးကို လင်းဟန်ကို တိုက်စားဖို့ စီမံလိုက်ပါတယ်။ ဒါပေမဲ့ ဘာအကြောင်းမှ မထူးပဲ အချည်းနှီးပါပဲ။

ဂင်လိုက် ထွက်လိုက်နဲ့ သူတို့ နှစ်ယောက်ကို ကြည့်ရတာ တူတူပုန်းတမ်း ကစားနေ ကြသလိုပါပဲ။ ပြီးတော့ လင်းဟန် ရရှိလာတဲ့ နတ်ဆိုးချီ ပမာဏကလဲ ပိုပိုပြီး ကြီးမား

လာခဲ့တဲ့အတွက် သူ့ကို ပျော်ရွှင် ကျေနပ်စေပါတယ်။

နတ်ဆိုးချီ တွေကို သန့်စင်ပြီးတော့ ၎င်းရဲ့ မကောင်းဆိုးဝါး စွမ်းရည်တွေကို ပယ်ထုတ် ပစ်လိုက် ပြီးတာနဲ့ ၎င်းက အဆင့်မြင့် စွမ်းအင် တစ်ခု ဖြစ်လာခဲ့ပါတယ်။ ၎င်းက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးနဲ့ ကျင့်ကြံခြင်းကို တိုးလာစေနိုင်တဲ့ ကြီးမားတဲ့ အားဆေး တစ်ခုလိုပါပဲ။

တကယ်တော်တဲ့ ကောင်လေးပဲ။

လင်းဟာန်က တကယ့်ကိုပဲ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ကို ဆုတံဆိပ် တစ်ခုတောင် ပေးချင်သွားခဲ့ပါတယ်။ဒီနှစ်တွေ အတွင်းမှာ ဒီလိုမျိုး သိတတ်တဲ့ လူတွေ အများကြီး မရှိပါဘူး။ သူက အတွင်းကျိတ်ပြီး သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ သူက ပိုပိုပြီးတော့ ရရှိအောင်လို့ ဂင်လိုက် ထွက်လိုက်နဲ့ ငါးမျှားနေသလို လုပ်နေပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရှုံးသွပ်လု နီးပါး ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူက လင်းဟာန် အနေနဲ့ ရုံ့ဟွမ်ရှမ် ကို မတားဆီးနိုင်ဘူးဆိုတာကို သိနိုင်မဲ့ နည်းလမ်းမှ မရှိတာ။ လင်းဟာန်ကို တားဆီးဖို့အတွက် နတ်ဆိုးချီတွေကို မညှာမတာ အသုံးပြုရုံကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူး။ ဒီ

သုံးစွဲမှုက အရမ်းကို ကြီးမားပြီးတော့ သူ့အနေနဲ့ သည်းမခံနိုင်အောင် ဖြစ်နေခဲ့ရပါတယ်။

ကံကောင်းစွာနဲ့ပဲ... နောက်ဆုံးတော့ ကြေးနီ ခေါင်းတလားက နတ်ဆိုးရှင်သန် ဓါး နားကို ရောက်သွားခဲ့ပါတယ်။

သူက အလိုလိုပဲ နတ်ဆိုးချီ တွေ အသက်ဝင်နေတာကို ရပ်ပစ်လိုက်ပါတယ်။ ၎င်းက နတ်ဘုရား အာရုံရဲ့ တစ်စွန်းတစ်စ မျှသာ ဆိုပေမဲ့လည်း ၎င်းက အရမ်းကို မျှော်လင့် စောင့်စားနေခဲ့ပါတယ်။ တကယ်လို့ ဒီအချိန်မှာ ကိုယ်ထင်ပြနိုင်မယ်ဆိုရင် အဲဒါက မလွဲကေန် စိတ်အားထက်သန်ပြီးတော့ စိတ်လှုပ်ရှားပြီး မျှော်လင့်နေတာ ဖြစ်ပါလိမ့်မယ်။

ရုံပွမ်ရှမ်က ခေါင်းတလား အဖုံးကို ဘေးသို့ တွန်းထုတ်လိုက်ပါတယ်။ ပြီးတော့ နတ်ဆိုး ရှင်သန် ဓါးဆီကို သွားပြီးတော့ ဆုပ်ကိုင်လိုက်တယ်။

လင်းဟန်က ချက်ချင်းပဲ ဘယ် နတ်ဆိုးချီကမှ သူ့ကို သဲကြီးမဲကြီး မတိုက်ခိုက်တော့တာကို တွေ့လိုက်ရပါတယ်။ သူရဲ့ ခေါင်းကို လှည့်လိုက်ပြီးတော့ မြင်ကွင်းကို

ကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ သူက ဂင်ရောက်စွက်ဖက်ဖို့အတွက် အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ ဒါကြောင့် သူက ထိုင်ပြီးတော့ပဲ နောက်ထပ် ဘာတွေ ဖြစ်မလဲဆိုတာကို စောင့်ကြည့် နေခဲ့ပါတယ်။

ရုံဟွမ်ရှမ် က နတ်ဆိုးရှင်သန် ဓါးကို ဆုပ်ကိုင်ခဲ့ပြီး ချက်ချင်းဆိုသလို အရမ်းကို တောက်ပတဲ့ အလင်းတွေက အပြင်ကို ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ကြေးနီ ခေါင်းတလား ကလဲ မသဲမကွဲ အလင်းတစ်ခုကို စေလွှတ်လိုက်ပြီး အနက်ရောင် ပုံစံတစ်ခု ဖြစ်ပေါ်လာပြီး အဲဒီ အလင်းအနားကို တိုးလာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ မျက်လုံးတွေ ကန်းသွားသလို ခံစားလိုက်ရပြီးတော့ ဘယ်အရာကို မှ သဲသဲကွဲကွဲ မမြင်နိုင်တော့ပါဘူး။ ဒါပေမဲ့ ဒီ အလင်းလုံးကြီးနှစ်ခုက တစ်ခဏမျှပဲ ပေါက်ကွဲ ထွက်လာပြီး တစ်ခုပြီးတစ်ခု ပျောက်ကွယ်သွားခဲ့ပါတယ်။ ရုံဟွမ်ရှမ် က အထိတ်တလန့်နဲ့ အော်ဟစ်လိုက်ပြီးတော့ သူရဲ့ ဘယ်ဘက်လက်မောင်းက ပခုံးအရင်းအနားကနေ ပြတ်သွားပြီး သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။ယ

"ရွှပ်"

သူ့ရဲ့ နတ်ဆိုးရှင်သန် ဓါးကို ကိုင်ထားဆဲဖြစ်တဲ့ လက်မောင်းက မတော်တဆ ဆိုသလို လင်းဟန် ရှိတဲ့ ဆီကို လွှင့်ထွက်သွားခဲ့ပါတယ်။

ခပ်အုပ်အုပ် မြည်သံနတဲ့အတူ ယစ်ပလ္လင်က ပြင်းပြင်းထန်ထန် တုန်ခါလာပြီးတော့ မိုးကောင်းကင် အထိရောက်နေတဲ့ အလင်းထောက်တိုင်မှာ အက်ရာတွေ ပေါ်လာပြီး မဆုံးနိုင်တဲ့ အနက်ရောင် အစက်အပြောက်တွေက မြေကြီးပေါ်ကို ကျဆင်းလာခဲ့ပါတယ်။ ဘုန်း ဆိုတဲ့ အသံနဲ့ အလင်းရောင် ထောက်တိုင် က စတင်ပြီး တစ်စတစ်တစ်နဲ့ ပြိုလဲ ပျက်စီးလာပြီးတော့ အောက်ဘက်ကို ပြန်နှံ့ကုန်ပါတယ်။ အသက် တစ်ရှိုက်စာ အတွင်းမှာပဲ လုံးဝ ပျက်စီးသွားခဲ့ပါတယ်။

အလောင်းကောင်တွေကလဲ မြေကြီးပေါ်ကို ကျဆင်းလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ တော့ သူတို့ ချိုင့်ခွက်ကြီးတွေ မလုပ်သလို အပေါ်ကိုလဲ ကုတ်ကပ် တက်မလာကြပါဘူး။ အဲဒီအစား တစ်ခုပေါ် တစ်ခု အချင်းချင်း စိစိညက်ညက်ကျေအောင် ထပ်သွားပြီး

သွေးစီးကြောင်းတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ကြပါတယ်။

နောက်ထပ် ခပ်အုပ်အုပ် အသံနဲ့အတူ ယစ်ပလ္လင်ကလဲ အလယ်ကနေ ကွဲအက်လာခဲ့ပြီး ကျိုးအက် ပေါက်ကွဲထွက်လာခဲ့ပါတယ်။ မကြာခင်မှာ အနက်ရောင် မီးခိုးတွေက အောက်ခြေ ကနေ အလုံးလိုက် ထွက်ပေါ်လာပြီးတော့ ယစ်ပလ္လင်ရဲ့ အပေါ်မှာ လူသားတစ်ယောက်ရဲ့ ပုံစံအဖြစ်ကို ပြောင်းလဲလာပါတယ်။

လင်းဟန်က လျင်မြန်စွာနဲ့ လှုပ်ရှားလိုက်ပါတယ်။ သူက ရုံဟွမ်ရွှမ်ရဲ့ လက်မောင်းပြတ် ကနေ ဆုပ်ကိုင်ထားတဲ့ နတ်ဆိုးရှင်သန် ဓါးကို ကောက်ယူလိုက်ပါတယ်။

ဒါကိုကြည့်ပြီးတော့ ရုံဟွမ်ရွှမ် က နာကျင်မှုကြောင့် အော်ဟစ်နေရာကနေ ရပ်လိုက်ပြီး ဒေါသတကြီးနဲ့ လင်းဟန်ကို အော်ဟစ်လိုက်ပါတယ်။

"ငါ့ရဲ့ လက်ကို ပြန်ပေးစမ်း ပြီးတော့ ငါ့ရဲ့ဓါးကိုလဲ ပြန်ပေး"

"ရှုပ်"

ကောင်းကင်ပေါ်က အနက်ရောင် လူသားပုံစံနဲ့တူတဲ့

မီးခိုးလုံးက လင်းဟန်ဆီကို တဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"ဒါက တစ်ချိန်လုံး လျှို့ဝှက်ကြံစည်ခဲ့တဲ့ဟာပဲ"

လင်းဟန်ရဲ့ စိတ်ထဲမှာ အတွေးတစ်ခု ဖြတ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဒီ ငတုံး ငအ ရုံဟွမ်ရှမ် က မလျော့ပဲနဲ့ ဒီဓါးကို ဆွဲထုတ်လိုက်ရတာလဲ။ အခု လျှို့ဝှက်နယ်ပယ် ထဲမှာ ထိန်းချုပ်ထားတဲ့ မကောင်းဆိုးဝါးက လွတ်သွားခဲ့ပါပြီ။ သူလည်း လျှပ်ပြက်သလို ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

အနက်ရောင် မီးခိုးလုံးကြီးက လွှဲချော်သွားပြီးတော့ ချက်ချင်းပဲ ပြန်လှည့်လိုက်ပြီး ရုံဟွမ်ရှမ် ကို ပစ်မှတ်ထားလိုက်ပါတယ်။

"လပြွတ်"

ရုံဟွမ်ရှမ် က အကြီးအကျယ်ကို ထိတ်လန့်ကြောက်ရွံ့သွားပါတယ်။

အပိုင်း (၂၄၆) ပြန်မွေးဖွားသည်

ရုံဟွမ်ရွှမ် ရဲ့ ခေါင်းမာမှုတွေက ကြက်ပျောက်ငှက်ပျောက် ဖြစ်ကုန်ပြီးတော့ အလျင်အမြန်ပဲ ကြေးနီ ခေါင်းတလားထဲကို ဝင်ပုန်းလိုက်ပါတယ်။ ဒီအရာတွေက လုံးဝ မမှန်ဘူးဆိုတာကို သိပေမဲ့လည်း နတ်ဆိုးရှင်သန် ဓါးက အတုအယောင် မဟုတ်ပါဘူး။ ပြီးတော့ သူက အဲဒီ ဓါးကို လိုချင်နေပါသေးတယ်။ ဒါပေမဲ့ အနက်ရောင် မီးခိုးလုံးရဲ့ လက္ခဏာတွေက သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပေါ်လာခဲ့တဲ့ ပုံစံတွေနဲ့ ထပ်တူညီပါတယ်။ ဒါကြောင့် သူက ၎င်းကို သူနဲ့ နီးကပ်လာတဲ့အထိ ခွင့်မပြုရဲပါဘူး။ ဒါကြောင့် ကြေးနီခေါင်းတလားထဲကို နောက်တစ်ကြိမ် ပြန်ဝင်ပြီးတော့ ပုန်းနေခဲ့တာပါ။

သူရဲ့ လက်မောင်းနဲ့ နတ်ဆိုးရှင်သန် ဓါး အတွက်ကတော့ အခြေအနေတွေ ပြန်တည်ငြိမ် သွားမှပဲ ထွက်ယူပါတော့မယ်။

သူရဲ့ အကြံကတော့ ကောင်းမွန်ပါတယ်။ ဒါပေမဲ့ တစ်ကယ့်ဖြစ်ရပ်ကတော့ အကြင်နာ ကင်းမဲ့ပါတယ်။

အနက်ရောင် မီးခိုးလုံးရဲ့ အမြန်နှုန်းက သူ ပုန်းအောင်းဖို့ လုပ်တဲ့ အမြန်နှုန်းထက် ပိုပြီးတော့ အရမ်းကို မြန်ဆန်ပါတယ်။

တကယ်တမ်းဆို လင်းဟန်လဲ ရှောင်တိမ်းဖို့အတွက် အချိန်မရှိပါဘူး။ ဒါပေမဲ့ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ဖို့ တစ်ချက်ပဲ တွေးလိုက်ရင်ရပါပြီ။ ရှံဟွမ်ရှွမ် ကတော့ မလုပ်နိုင်ပါဘူး။ သူက ကြေးနီခေါင်းတလားအတွင်းကို တွားသွားဖို့ လိုပြီးတော့ သူတို့နှစ်ခု ရဲ့ အမြန်နှုန်းကလဲ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရပါဘူး။

ဖုန်းခနဲမြည်သံနဲ့ အတူ ခေါင်းတလားက အဆက်မပြတ် လှုပ်သွားပြီး အနက်ရောင် အစီအရင် ပုံစံတွေက ခေါင်းတလားကိုယ်ထည်ကနေ တောက်ပလာခဲ့ပါတယ်။ ပေါက်ကွဲ ထွက်တော့ မတတ် ပြင်းပြင်းထန်ထန်နဲ့ကို လှုပ်ခါနေတာပါ။

ဒါပေမဲ့ ရုတ်ချည်းဆိုသလို ခေါင်းတလားက လှုပ်ရှားမှု မရှိတော့ပဲနဲ့ ငြိမ်ကျသွားခဲ့ ပါတယ်။

"ဘုန်း"

ခေါင်းတလား ပွင့်သွားခဲ့ပါတယ်။ ပြီးတော့ ရှံဟွမ်ရှွမ် က ဘာမှ မပြောင်းလဲပဲနဲ့ ထပ်ပြီး ပေါ်လာခဲ့ပါတယ်။ သူရဲ့ ပြတ်နေတဲ့ လက်မောင်းကတော့ သွေးတွေ ထွက်နေဆဲပါပဲ။

ဒါပေမဲ့ သူ့ရဲ့ အမူအရာ က အရမ်းကို တည်ငြိမ်နေပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာ အနက်ရောင် အလင်းတန်းက ထွက်ပေါ်နေပြီး သေသေချာချာ အနီးကပ်ပြီး ကြည့်လိုက်မယ် ဆိုရင် အဲဒါတွေက ကြယ်တွေနဲ့ လရဲ့ ပုံရိပ်မည်းမည်း သဏ္ဍာန် နဲ့ တူပါတယ်။

နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင် တစ်ယောက်က သူ့ရဲ့ မျက်လုံးတွေထဲမှာ လနဲ့ ကြယ် တွေရဲ့ အလင်းပြန်ခြင်းမျိုး တကယ်ပဲ ရှိနေနိုင်တယ်ပေါ့။ ဒါက ဘယ်လောက်တောင် အံ့ဩဖို့ ကောင်းလိုက်သလဲ။

"ဒီခန္ဓာကိုယ် အစွမ်းက လက်သင့်ခံနိုင်လောက်တဲ့ အခြေအနေတော့ မရှိဘူး။ ဒါပေမဲ့ အသုံးပြုလို့တော့ ရပါသေးတယ်"

ရုံပွမ်ရှမ် က မျက်မှောင်ကုတ်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။ အနက်ရောင် မီးခိုး တွေက ချက်ချင်းဆိုသလိုပဲ ဒီဧရိယာမှာ တဟုန်ထိုး ထွက်လာခဲ့ပါတယ်။

ချောက်ချားထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခု ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ ညာဘက်လက် က မျက်ဂါးထင်ထင်

ပဲ ပြန်ပြီး ထွက်လာခဲ့ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲမှာ ဆိုပေမဲ့ အပြင်ဘက်က အသံတွေနဲ့ ဖြစ်ပျက် နေတာတွေကို ကောင်းကောင်း မြင်တွေ့ကြားသိရပါတယ်။

ရုံပွှမ်ရှမ် က မူလ ရုံပွှမ်ရှမ် မဟုတ်တော့ပါဘူး။ အနက်ရောင်မီးခိုး တွေရဲ့ အတွင်းက အသိစိတ်ရဲ့ ထိန်းချုပ်ခြင်း ပိုင်ဆိုင်ခြင်းကို ခံလိုက်ရပါပြီ။

ဘယ်လောက်တောင် ကြောက်ဖို့ ကောင်းသလဲ။

အနည်းဆုံး လင်းဟန်ရဲ့ အသိပညာ ဗဟုသုတတွေအရ ကောင်းကင်အဆင့် သို့မဟုတ် စကြာဝဠာ ဖျက်ဆီးခြင်း ကျင့်ကြံသူတွေတောင်မှ တစ်ဦးတစ်ယောက်ကို မပိုင်ဆိုင် နိုင်ပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် ဒီကမ္ဘာကြီးထဲက စကြာဝဠာ ဖျက်ဆီးခြင်း စစ်သည်တော် တွေက ယင်ကောင်တွေလိုမျိုး မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် ပိုပိုများလာနိုင်တာပဲ ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဘယ်တော့မှ မသေတော့ဘူးလေ။

နတ်ဘုရား တစ်ပါး။

လင်းဟန်က ဒီနေရာမှာ နတ်ဘုရား တစ်ပါးကို ထိန်းချုပ်ထားတယ် ဆိုတဲ့ အကြောင်းကို သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ပြောခဲ့တယ်ဆိုတာကို ပြန်တွေးလိုက်ပါတယ်။ ကြည့်ရတာ အဲဒါက လိမ်တာမဟုတ်ဘူးပဲ။ ဒါပေမဲ့ နတ်ဘုရားက ဖရိုဖရဲ မူလ နတ်ဘုရား မဟုတ်ဘူး။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

သူက လင်းဟန် နဲ့ ရှံဟွမ်ရှွမ် ကို နတ်ဆိုးရှင်သန် ဓါး ကို ယူခိုင်းပြီးတော့ အတားအဆီး တွေကို ဖွင့်စေဖို့ တိုက်တွန်း ဆော်သြတာက အံ့သြစရာ မဟုတ်တော့ပါဘူး။ နောက်ပြီး ရှံဟွမ်ရှွမ် ကို လင်းဟန်က တားဆီးနေတာကို ရပ်တန့်ဖို့အတွက် နတ်ဆိုးချီတွေ ကုန်ခမ်း တာကိုတောင်မှ ဂရုမစိုက်ခဲ့ပါဘူး။

"ဒါဆိုရင် မင်းက လင်းဟန် ပေါ့"

ရှံဟွမ်ရှွမ် က တီးတိုး ရွတ်ဆိုလိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ရှံဟွမ်ရှွမ် ရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ပြီးတဲ့ နောက်မှာ သူရဲ့ မှတ်ဉာဏ်တွေကိုပါ ရရှိထားခဲ့ပါတယ်။ သူက ရယ်မောပြီးတော့

ပြောလိုက်ပါတယ်။

"ထွက်ခွဲစမ်း.... မင်းဒီနေရာမှာ ရှိနေသေးတယ်ဆိုတာကို ငါသိတယ်"

ခဏရပ်လိုက်ပြီးတော့ ဘေးပတ်ဝန်းကျင်က လုံးဝ လှုပ်ရှားမှု မရှိတာကို ကြည့်လိုက်ပြီး သူက နှာခေါင်းရှုံ့ ကာ ဆက်ပြောလိုက်ပါတယ်။

"မင်းက နတ်ဘုရား ပစ္စည်းတစ်ခုကို ရရှိထားတယ်ဆိုတာကို ငါသိတယ်။ သက်ရှိတွေကို ထည့်ထားနိုင်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခုပဲ။ ဟီးဟီး မင်းရဲ့ အတွေ့အကြုံတွေ အပေါ် အခြေခံပြီး မင်းက ကောင်းကောင်း မသိနိုင်ပါဘူး။ ဒီအရှင်သခင်က မင်းကို ဒီနေ့ တကယ့် သင်ခန်းစာ တစ်ခု ပေးပါရစေ "

"ဒီအရှင်သခင် က ဒီရက်တွေမှာ နတ်ဘုရား နယ်မြေ တွေထဲမှာ ဒေါသတကြီးနဲ့ ပတ်ရမ်း ပစ်နိုင်တယ်။ နတ်ဘုရား ပစ္စည်းတွေ နဲ့ ပတ်သက်တဲ့ ဗဟုသုတကလည်း မင်းထက် အဆုံးအစ မရှိ သာလွန်တယ်။ အဲဒါကို ဒီအရှင်သခင် ရှာတွေ့သွားတာနဲ့ ငါက မွှမ်းမံနိုင်တယ်။ ပြီးတော့ မင်းက ဒီနေရာမှာ သေရမယ်"

"ဒီအရှင်သခင်က အရင်တုန်းက မင်းနဲ့ အပေးအယူ မလုပ်နိုင်ခဲ့ဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီအရှင်သခင်ကို အစီအရင်က ထိန်းချုပ်ထားတာကို ခံခဲ့ရတယ်။ အခု ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု နဲ့ အတူ မင်းသွားရမဲ့ တစ်ခုတည်းသော လမ်းကြောင်းက သေလမ်းပဲ"

"ဟင့်.. မင်းက အချိန်တွေ ဖြုန်းနေမှတော့ ဒီအရှင်သခင်က မင်းကို ရှာရတော့မှာပေါ့"

သူက ပေါ့ပေါ့ပါးပါးနဲ့ အော်ဟစ်လိုက်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ကနေ နတ်ဆိုးချီတွေက ထွက်ပေါ်လာပြီး လေထဲမှာ မျောလွင့်လို့နေပါတယ်။ အနက်ရောင်မျှော်စင် က ဘယ်နားမှာ ရှိလဲဆိုတာကို လိုက်ပြီးရှာနေတယ်ဆိုတာ သိသာပါတယ်။

လင်းဟန်က အားလုံးကို ကြားပါတယ်။ ဒါပေမဲ့ စိတ်မလှုပ်ရှားပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ ရပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က တစ်ချိန်က နတ်ဘုရားတစ်ပါး ဖြစ်ခဲ့ပါတယ်။ အခု သူက သူ့ခန္ဓာကိုယ်ရဲ့ ကိုးပုံ တစ်ပုံ အစိတ်အပိုင်းမျှ ဆိုပေမဲ့ လင်းဟန်က ဒီအကြောင်းကို အရမ်းကို သိချင်စိတ်ပြင်းပြနေပါတယ်။

ဒီနေရာက သူရဲ့ လက်မောင်း တစ်ဖက်ကို ထိန်းချုပ်ထားတယ်လို့ သူက မပြောခဲ့ဘူးလား။ ဘယ်လိုကြောင့် အဲဒါက အနက်ရောင် မီးခိုး ဖြစ်လာတာလဲ။ ဘာဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ပိန်ချုံ့ ချည့်နဲ့ နေတဲ့ ကုလားအုတ် တစ်ကောင်က မြင်းတစ်ကောင်ထက်တော့ ကြီးပါသေးတယ်။ သူ့မှာလဲ အစွမ်းထက်တဲ့ စွမ်းရည် တစ်ချို့ ရှိကောင်း ရှိနိုင်ပါလိမ့်မယ်။

ဥပမာ လင်းဟန်ဆိုရင် ယခင်ဘဂက ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက် လို မျိုး အမွေအနှစ် တစ်စွန်းတစ်စ ရှိနေဆဲပါပဲ။ အသိအမြင်တွေနဲ့ ခန့်မှန်းချက်တွေက သူရဲ့ ယခင်ဘဂက နဲ့စာရင် အရမ်းကြီး ကွာခြားမနေခဲ့ပါဘူး။

"မစိုးရိမ်ပါနဲ့....ဒီ ကောင်က ဂံပုလွေ အယောင်ဆောင် ထားတဲ့ သိုး တစ်ကောင်ပဲ"

မျှော်စင်လေးက ရုတ်တရက် ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"သူက ထိန်းချုပ်ခံထားရတာ အရမ်းကို ကြာနေပြီ။ ပြီးတော့ သူရဲ့ ဂိဉာဉ်ကလဲ လုံးဝ မပြည့်စုံဘူး။ တကယ်လို့ သူ့ရဲ့

ခွန်အားတွေကို ပြန်ပြီးတော့ ကောင်းမွန်စေချင်တယ် ဆိုရင် သူက အရင်ဆုံး သူရဲ့ ဂိဉာဉ်ကို ကောင်းမွန်အောင် လုပ်ရမယ်။ သူရဲ့ တိုက်ပွဲစွမ်းရည်က အလွန်ဆုံးမှ ဒီ ခန္ဓာကိုယ်က အတိုင်းပဲ လှုပ်ရှားလို့ရလိမ့်မယ်။ နတ်ဆိုးချီ တွေ ဝင်နေတဲ့ ခန္ဓာကိုယ် ကတော့ သူရဲ့ တိုက်ပွဲစွမ်းရည်ကို ကြီးကြီးမားမား တိုးလာစေနိုင်လိမ့်မယ်။ ဒါပေမဲ့ အဲဒါက မဖြစ်နိုင်တဲ့ အဆင့်ကိုတော့ မရောက်နိုင်ဘူး"

"မင်းက ဘာကို ဆိုလိုတာလဲ။ ငါ သူနဲ့ ရင်ဆိုင်လို့ ရနိုင်တယ်ပေါ့"

လင်းဟန်က အလိုအလျောက်ပဲ တိုက်ပွဲဝင်ဖို့ ပူပန်နေပုံရပါတယ်။

မျှော်စင်လေး က သူ့ကို နီးကပ်စွာနဲ့ ကြည့်လိုက်ပြီးတော့ အနည်းငယ် တုန်ခါပြီး ပြောလိုက်ပါတယ်။

"မင်း ငါ့ရဲ့အစွမ်းကို မငှားဘူးဆိုရင် သူ့ရဲ့ ပြိုင်ဘက် မဖြစ်နိုင်ဘူး"

ဒါဆိုရင် သူက အနက်ရောင် မျှော်စင်ရဲ့ အစွမ်းတစ်ကြိမ် မြှင့်ပေးတဲ့ အခွင့်အရေးကို အခု အသုံးပြုရတော့မှာလား။

လင်းဟန်က ခေါင်းခါလိုက်ပါတယ်။ ဒါက မတန်ပါဘူး။ အကောင်းဆုံး သံမဏိ ကို ခါးရဲ့ အဖျားအတွက် အသုံးပြုလိုက်တာပါ။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က သူရဲက ခန္ဓာကိုယ် အစိတ်အပိုင်း ကိုးခုရဲ့ စိတ်ဝိဉာဉ်တွေကို ပေါင်းစည်းပြီးမှ နတ်ဘုရား တစ်ပါး ဖြစ်လာမှာပါ။ ဒါဆို သူက ကြီးမားတဲ့ အနှောက်အယှက် ကြီးတစ်ခုကို မဖန်တီးနိုင်ပါဘူး။ ဒီ ကြီးမားကျယ်ပြန့်တဲ့ ကုန်းပြင်မြင့်ကြီးမှာ အစွမ်းထက်လှတဲ့ ကျင့်ကြံသူတွေ သိပ်မရှိပါဘူး။

"ဘာပဲဖြစ်ဖြစ်.. မင်းက နတ်ဆိုးချီ ကို မွမ်းမံသန့်စင် နိုင်တယ်"

မျှော်စင်လေးက ရုတ်တရက် ပြောလိုက်ပါတယ်။

"ဒါက မင်းရဲ့ ကျင့်ကြံခြင်းကို အနည်းဆုံး အဆင့်သုံးဆင့်လောက် တက်သွား နိုင်ပြီးတော့ မင်းရဲ့ ခန္ဓာကိုယ်ကိုလဲ အားကောင်းသန်မာ စေနိုင်တယ်။ ဖျက်ဆီးလို့မရတဲ့ ကောင်းကင် မှော်စာလိပ်တောင် ကျောက်နံရံ အဆင့်ကို ရောက်သွားနိုင်လိမ့်မယ်"

လင်းဟန် ခေါင်းငြိမ့်လိုက်ပြီးတော့ ကြက်ခြေခတ်ပုံစံ

ထိုင်ချလိုက်ပါတယ်။ သူရဲ့ ညာဘက် လက်ကို ပွေ့ရမ်းလိုက်တဲ့အခါမှာ နတ်ဆိုးချီ အတုံးအခဲ က ပေါ်လာခဲ့ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာတော့ သူက နတ်ဘုရားတစ်ပါး ဖြစ်ပါတယ်။

"သန့်စင်မယ်"

သူက တီးတိုး ရွတ်ဆို လိုက်ပါတယ်။ ပြီးတော့ ဘန်း ဆိုတဲ့ မြည်သံနဲ့ အတူ နတ်ဆိုးချီ တွေက သူ့ကို မြူခိုးတွေလိုမျိုး လွှမ်းခြုံသွားခဲ့ပါတယ်။

ဒါက နတ်ဘုရား တစ်ပါး လေ့ကျင့်တဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဒီလို အတုံးအခဲ တစ်ခုကို လင်းဟန် အနေနဲ့ ပုံမှန်ဆိုရင် ဘယ်တော့မှ မွမ်းမံ သန့်စင် နိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် တစ်စုံတစ်ယောက် ကပဲ အောင်မြင်နိုင်ဖို့ အခွင့်အရေး ရှိပါတယ်။ နွေဦးစမ်းရေ အဆင့် တစ်စုံတစ်ယောက် ကတော့ လုံးဝ လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အနက်ရောင် မျှော်စင်ထဲမှာတော့ သူက အနန္တ တန်ခိုးရှင် ပါပဲ။ ဒါကြောင့် တကယ်လို့ ဒါက နတ်ဘုရား

တစ်ပါး လေ့ကျင့်တဲ့ စွမ်းအင်ဆိုတော့ရော ဘာဖြစ်သေးလဲ။ ၎င်းက ငြိမ်ငြိမ်သက်သက်နဲ့ သူ မွမ်းမံ သန့်စင်တာကို ငြိမ်ခံနေရပါလိမ့်မယ်။

နတ်ဆိုးချီ က သူ့ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်လာခဲ့ပါတယ်။ လင်းဟာန်က ချက်ချင်းပဲ ညည်း လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ် လေထိုးထားသလို ဖောင်းလာပြီးတော့ သူ့ကို လူဂကြီး တစ်ယောက် အဖြစ်ကို ပြောင်းသွားစေခဲ့ပါတယ်။ နတ်ဆိုးချီ အတွင်းက စွမ်းအင် တွေက အရမ်းကို ပေါများလွန်းပါတယ်။ ၎င်းက တကယ်တော့ နတ်ဘုရား အဆင့် ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက သေးသေးလေး ဆိုရင်တောင်မှ အံ့အားသင့်ဖွယ်ရာ ကောင်းတဲ့ အစွမ်းတွေ ရှိနေဆဲပါပဲ။

ထူးဆန်းတဲ့ မီးက ချက်ချင်းဆိုသလို ဂနာမငြိမ် ဖြစ်လာခဲ့ပါတယ်။ လင်းဟာန်က သူကို အစာကျွေးဖို့ အကြောင်းကို ပြောချင်နေတာပဲ ဖြစ်ပါတယ်။

လင်းဟာန် အနေနဲ့ နည်းနည်းလောက် မျှဝေပေးလိုက်ဖို့ အတွက် စိတ်ထဲမှာ ဘာမှ ဖြစ်မနေတဲ့ အတွက် ခွင့်ပြုလိုက်ပါတယ်။ ဒါကြောင့် ထူးဆန်းတဲ့ မီးက သူ့ရဲ့ ဘယ်ဘက် လက်ကနေ ထွက်လာပြီးတော့

ရုတ်တရက်ဆိုသလို ပျောက်သွားခဲ့ပါတယ်။ ထူးဆန်းတဲ့ မီးက လုံး၀ လှုပ်ရှားမှု မရှိတော့ပါဘူး။

ဒါဆိုရင် သူက ပေါက်ကွဲထွက်မတတ် ပြည့်လျှံသွားပြီလား။

လင်းဟန်က သူရဲ့ နတ်ဘုရားအာရုံကို ရုတ်သိမ်းလိုက်ပြီးတော့ စိုးရိမ် ပူပန်နေတာကို ရပ်လိုက်ပါတယ်။ ထူးဆန်းတဲ့မီးက အစွမ်းထက်တဲ့ စွမ်းအင်ကို စုပ်ယူပြီးတော့ အခု လွယ်လွယ်ကူကူနဲ့ အိပ်ပျော်သွားပြီး စုပ်ယူနေပါတယ်။ ၎င်းနိုးထလာတဲ့ အခါမှာ သေချာပေါက် မြင့်မားတဲ့ အဆင့် တစ်ခုကို ကူးပြောင်းသွားနိုင်ပါတယ်။

လင်းဟန်က စိုးရိမ်ပူပန် မနေတော့ပဲနဲ့ စွမ်းအင်တွေကို ဆက်ပြီးတော့ စုပ်ယူနေပါတယ်။

သူ့ရဲ့ စမ်းရေ မျက်လုံးက ကျယ်ပြန့်လာပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ကတိုးလာခဲ့ပါတယ်။ သူရဲ့ စိတ်ဂိဉာဉ်တောင်မှ အနည်းငယ် ကြီးထွားလာခဲ့ပါတယ်။

အပိုအပိုင်း(၂၄၇) နတ်ဆိုးချီ ကို မွမ်းမံ သန့်စင်ခြင်း

နတ်ဘုရား အဆင့် စွမ်းအားတွေက တကယ်ပဲ သိပ်ကိုကောင်းတဲ့ အားဆေး တစ်ခု ဖြစ်ပါတယ်။ နတ်ဘုရားအဆင့် ဆေး တွေထက် အနည်းငယ်ပဲ နိမ့်ကျတာပါ။

လင်းဟန် က နတ်ဘုရား အဆင့် ဆေးပင်ရဲ့ အမြစ်ကို စားတုန်းက သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုလုံးက အများကြီး တိုးတက်လာခဲ့ပါတယ်။ ကျောက်နံရံ ခန္ဓာကိုယ်တောင် ဖြစ်ပေါ်လုနီးပါး ပါပဲ။ ဒါပေမဲ့ သူရဲ့ ကျင့်ကြံခြင်းက တိုးလာတယ်ဆိုရုံ မျှပါပဲ။ ဒါက ဘာကြောင့်လဲဆိုတော့ စစ်မှန်တဲ့ ရတနာ တစ်ခုက အခြေခံကိုပဲ တိုးလာစေနိုင်ပါလိမ့်မယ်။ ကျင့်ကြံခြင်း အပေါ် တိုးလာခြင်းဖြင့် ဖြုန်းတီးခံရမှာ မဟုတ်ပါဘူး။

ခိုင်မာတဲ့ အခြေခံကို တည်ဆောက်ပြီးတဲ့နောက်မှာ သူက ကျင့်ကြံခြင်း အမြန်နှုန်း လုံလုံလောက်လောက် မတိုးလာမှာကို စိုးရိမ်ပူပန်နေဖို့ လိုဦးမှာလား။

ဒါပေမဲ့ ဒီ စွမ်းအင် ရဲ့ တစ်ရှိန်ထိုး တိုးတက်လာတာက သူရဲ့ ကျင့်ကြံခြင်း ကို လျင်မြန်စွာ တိုးလာစေခဲ့ပါတယ်။ ဒါက စွမ်းအင်ရဲ့ အစိတ်အပိုင်းတစ်ခု က တကယ်ပဲ ဖြုန်းတီး လိုက်တယ်လို့ ဆိုလိုတာပါပဲ။ ဒါပေ့ါ လင်းဟန်က မြင့်မားတဲ့

အဆင့်ကို ရောက်ဖို့ လိုအပ် ပါတယ်။ ဒါကြောင့် သူက အဲဒါနဲ့ ပတ်သက်ပြီးတော့ စိတ်ထဲမှာ မထားပါဘူး။

ဒ့်ါအပြင် သူက နတ်ဆိုးချီကို အလကား ရတာပါ။ သူက ဘယ်လိုလုပ်ပြီးတော့ ဇီဇာ ကြောင်လို့ ဖြစ်မှာလဲ။

"ရှပ်"

အရှေ့တည့်တည့်ကနေ ပုံရိပ်တစ်ခုက မြင်ကွင်းထဲကို ပြေးဝင်လာခဲ့ပါတယ်။ ခြေလက် လေးချောင်းစလုံးကို မြေကြီးပေါ်မှာ ထောက်ပြီး ပြေးလာပေမဲ့ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ ချောမွေ့ တဲ့ လှုပ်ရှားမှု တွေ ရှိနေပါတယ်။ ဟူးညိုက လွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

"လင်းဟန် လူဆိုး... ဟူးညိုလည်း စားချင်တယ်"

မိန်းကလေး သူမရဲ့က ပါးစပ်ကိုဟပြီးတော့ နတ်ဆိုးချီ အငွေ့အသက် အနည်းငယ်ကို ရှူသွင်းလိုက်ပါတယ်။

လင်းဟန်က သူမကို တားလိုက်ဖို့ တွေးလိုက်ပါသေးတယ်။ ဒါပေမဲ့ ဟူးညိုက နတ်ဘုရား ဆေးပင်ရဲ့ အမြစ်ကိုတောင်မှ စုပ်ယူခဲ့တာကို ပြန်စဉ်းစားမိတော့ ဒီ သေးငယ်တဲ့ နတ်ဘုရား

ချီ လေးက သူမအတွက်တော့ ပြဿနာ ဖြစ်လောက်မှာ မဟုတ်ပါဘူးလို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ၎င်းက သူမကို ဗိုက်ပြည့်သွားစေမဲ့ပုံစံ မမြင်ပါဘူး။ ဒါကြောင့် သူက ဒီမိန်းကလေး နဲ့ တစ်ချိုကို မျှဝေ လိုက်ပါတယ်။

ကံကောင်းတာက ဟူးညိုက အလျင်စလိုမလုပ်ပဲနဲ့ အနည်းငယ် စုပ်ယူပြီးတော့ မြေကြီးပေါ် ထိုင်ချလိုက်ပြီး စွမ်းအင်ကိုတွေ မွမ်းမံသန့်စင်လိုက်ပါတယ်။

ထူးဆန်းတဲ့ မီး ကအိပ်ပျော်နေတယ်။ ဟူးညိုက လေ့ကျင့်နေတယ်။ ပြီးတော့ လင်းဟန်လဲ လေ့ကျင့်နေခဲ့ပါတယ်။ မျှော်စင်လေး တစ်ခုပဲ အေးအေး ဆေးဆေး စိမ်ပြေ နပြေနဲ့ ဟိုယိမ်း ဒီယိမ်း နဲ့ လှုပ်ခါနေပါတယ်။

"ဟုမ်း ဟုမ်း ဟုမ်း ဟုမ်း"

လင်းဟန် ရဲ့ ဒန်တန် အတွင်းထဲမှာ ပြောင်းလဲမှုကြီး တစ်ခု ဖြစ်ပေါ်နေပါတယ်။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား အာရုံကို နှိုင်းယှဉ်ဖို့အတွက် လူသားပုံစံတစ်ခု ကို ပြောင်းလိုက်မယ် ဆိုရင် စမ်းရေ မျက်လုံး က မီတာငါးရာလောက် ရှည်လျားတဲ့ ရေကန် တစ်ခုနဲ့ တူညီနေပါတယ်။ ဒါပေမဲ့ အခု ၎င်းက ငါးဆ

တောင် ကျယ်ပြန့်လာပြီးတော့ အရမ်းကို လွန်ကဲတဲ့ အဖြစ်ကို ရောက်ရှိလို့နေပါတယ်။

လင်းဟန်က အတွေ့အကြုံရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ချက်ချင်းဆိုသလို သူက နွေဦးစမ်းရေ အလွှာ ပထမ အဆင့် ရဲ့ အထွတ်အထိပ်ကို ရောက်နေပြီ ဆိုတာကို သတိပြုမိလိုက်ပါတယ်။

ပုံမှန် နည်းလမ်း အရတော့ သူ့အနေနဲ့ ဒုတိယ မူလဒြပ်စင်အမှုန် ကို စမ်းရေ အဖြစ်ကို ပြောင်းသင့်ပါတယ်။ ပြီးတော့ အရင် နည်းလမ်းအတိုင်း ဆက်ပြီးတော့ သွားရပါမယ်။ ဒါပေမဲ့ သူ အရည်ဖွဲ့ဖို့အတွက် အခု ဒုတိယ မူလဒြပ်စင် အမှုန် က ဘယ်မှာလဲ။ သူက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ လေ့ကျင့်နိုင်တာ လား။

ဒါပေ့ါ မဟုတ်သေးပါဘူး။

သူက ချက်ချင်းပဲ ဒီ အကန့်အသတ်က အရမ်းကို တည်ငြိမ်မနေသေးဘူးဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။ သူက ၎င်းကို ချိုးဖျက်ဖို့အတွက် နည်းနည်းလောက် တိုက်ခိုက်ဖို့ လိုနေပါသေးတယ်။

အဆင့်ကို နားလည်နိုင်စွမ်းက ပြဿနာ မဟုတ်ပါဘူး။ ဒါကြောင့် သူက စွမ်းအင် တစ်ခုတည်းပဲ လိုအပ်ါတာပါ။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ထဲကို နတ်ဆိုးချီ တွေက ဝင်လာခဲ့ ပါပြီ။ ဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ စွမ်းအင် စီးဆင်းမှုတွေက အရမ်းကို များပြား နေပါတယ်။ အဲဒါက ကိစ္စ မရှိတော့ပါဘူး။

"ချိုးဖျက်မယ်"

ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအင်က ပေါ်ထွက်လာခဲ့ပါတယ်။ ပြီးတော့ စမ်းရေ မျက်လုံးက ချက်ချင်းပဲ မူလအကန့်အသတ်ကို ချိုးဖျက်သွားပါတယ်။ ချက်ချင်းဆိုသလို နောက်တစ်ဆလောက် ကျယ်ပြန့်သွားခဲ့ပြီး တစ်ဖြေးဖြေးနဲ့ နေးသွားခဲ့ပါတယ်။ ဒါပေမဲ့ ၎င်းက အများကြီး နေးမသွားပါဘူး။ ဘာကြောင့်လဲ ဆိုတော့ နတ်ဆိုးချီ ထဲက စွမ်းအင် တွေက ကုန်ခမ်းဖို့ အတွက် အဝေးကြီး လိုပါသေးတယ်။

နွေဦးစမ်းရေ အလွှာ ဒုတိယ အဆင့်။

လင်းဟန် က သူ အဆင့်တက်သွားပြီဆိုတာကို သိနားလည်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဒန်တန် ထဲမှာ က

စမ်းရေမျက်လုံး က တစ်ခုပဲ ရှိနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်လို့ ယူဆနိုင်ပါတယ်။

သူ သက်ပြင်းချလိုက်ပါတယ်။ သူက ဦးနှောက်စားရမဲ့ ပြဿနာ တွေကို မလိုချင်ပါဘူး။ ဒါပေမဲ့ သူက ဒီတစ်ခုကို တော့ တော်တော်လေး အားထုတ်ရပါမယ်။

လင်းဟန်က အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ သူ ပထမ အဆင့်ရဲ့ အထွတ်အထိပ် ကို ရောက်တဲ့ အခါ နှိုင်းယှဉ်မှု တစ်ခုကို လုပ်ခဲ့ပါတယ်။ သူရဲ့ စမ်းရေ မျက်လုံး က ယခင်ဘဝ တုန်းကထက် အဆ တစ်ရာလောက် ကြီးမားပါတယ်။

ဒါက ဘာကြောင့်လဲဆိုတော့ သူရဲ့ စမ်းရေ မျက်လုံး က မူလဒြပ်စင်အမှုန် ငါးခု ကနေ ဖြစ်ပေါ်လာလို့ပဲဖြစ်ပါတယ်။ ပြီးတော့ ၎င်းတို့က ကိုးခု ကို ပေါင်းစည်းထားခဲ့တာပါ။ တကယ်လို့ ၎င်းက ထူးထူးဆန်းဆန်း ထိတ်လန့်ဖွယ် ကောင်းတယ်လို့ ပြောမယ်ဆိုရင် တစ်စိတ်ကို တစ်အိတ်လုပ်ပြောတယ် ဆိုတာတော့ မဟုတ်ပါဘူး။

ဒါပေမဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စမ်းရေ မျက်လုံး ရဲ့ အကန့်အသတ်ကို ရောက်ဖို့ ချဲ့ပေးရန် အတွက်

စွမ်းအင်တွေကို အဆတစ်ရာလောက် ပိုသုံးစွဲရမှာ ဖြစ်ပြီးတော့ ကျင့်ကြံခြင်းကိုလဲ အဆ တစ်ရာလောက် အချိန်ယူပြီး လေ့ကျင့်ရတာနဲ့ ညီမျှပါတယ်။ တကယ်လို့ သူ့အနေနဲ့ နတ်ဆိုးချီကိုသာ မရခဲ့ဘူးဆိုရင် ဒါကို ပြီးစီးအောင် လုပ်ဖို့က နှစ်လလောက် အချိန်ယူဖို့ လိုအပ်ပါလိမ့်မယ်။

ကျန်နေတဲ့ နတ်ဆိုးချီ က သူ့ကို နောက်ထပ် နှစ်ဆင့် သို့မဟုတ် သုံးဆင့်လောက်ထိ အဆင့်တက်အောင် တွန်းအားပေးဖို့ လုံလောက်လိမ့်မယ်လို့ တွက်ဆလိုက်ပါတယ်။

အချိန်တွေက တိတ်ဆိတ်ငြိမ်သက်စွာ နဲ့ ဖြတ်သန်းသွားခဲ့ပါတယ်။ နတ်ဆိုးချီ ရဲ့ စွမ်းအင် တွေရဲ့ အာဟာရ ဖြည့်စွမ်း မှုနဲ့ စမ်းရေ မျက်လုံးက နောက်တစ်ကြိမ် ထပ်ပြီးတော့ ကျယ်ပြန့်လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က တုန်ခါသွားခဲ့ပြီးတော့ နွေဦးစမ်းရေ အလွှာ တတိယ အဆင့် တံခါးက သူ့အတွက် ထပ်ပြီးတော့ ပွင့်လာသလိုမျိုးပါ။

အမြန်နှုန်းက အံ့အားသင့်စရာကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။ တတိယ အလွှာ အလယ်အလတ် အဆင့်၊ နောက်ပိုင်း အဆင့်၊ အထွတ်အထိပ်အဆင့် ၊

ပြီးတော့ နောက်တစ်ကြိမ် အဆင့်တက်သွားခဲ့ပါတယ်။

နောက်ဆုံးမှာ နွေဦးစမ်းရေ အလွှာ ၅ အဆင့်ရဲ့ အလယ်အလတ် အဆင့် အရောက်မှာ နတ်ဆိုးချီ တွေ နောက်ဆုံး ကုန်ခမ်းသွားခဲ့ပါတယ်။ လင်းဟာန်က ထူးဆန်းစွာ ပြုံးလိုက်ပြီး သူရဲ့ မျက်လုံးကို ဖွင့်ကြည့်လိုက်ပါတယ်။

သူက အခု တကယ့်ကို ထိတ်လန့်ဖွယ်ရာ ကောင်းတဲ့ ထူးဆန်းတဲ့ အခြေအနေမှာ ဖြစ်နေပါပြီ။

သူ့ရဲ့ ကျင့်ကြံခြင်းက နွေဦးစမ်းရေ အလွှာ ၅ အဆင့်မှာရှိနေပါတယ်။ ဒါပေမဲ့ အားလုံးက သူ့ကို နွေဦးစမ်းရေ အလွှာ ပထမ အဆင့် အဖြစ်နဲ့ပဲ မြင်နိုင်ပါလိမ့်မယ်။ သူရဲ့ အစစ်အမှန် စွမ်းအားက နွေဦးစမ်းရေ အလွှာ ၉ အဆင့်ထက် သာလွန်ပြီးတော့ သူရဲ့ တိုက်ပွဲအစွမ်းက သူရဲ့ ဂှက်ဖဲကို အသုံးမပြုဘူးဆိုရင်တောင်မှ ကြယ် ဆယ့်ငါးလုံး ထိကို လွယ်လွယ်ကူကူနဲ့ မြင့်တက်သွားနိုင်ပါတယ်။

အပြင်လူတွေကသာ နွေဦးစမ်းရေ အလွှာ ပထမ အဆင့် နဲ့ တိုက်ပွဲအစွမ်း က ကြယ် ဆယ့်ငါးလုံး နဲ့ အထက်မှာ ရှိနေတာကိုပဲ မြင်တွေ့ကြပါလိမ့်မယ်။ ဒါက မိုးကောင်းကင်ကို

ဘယ်လောက်တောင် ဆန့်ကျင်လိုက်တာမျိုးလဲ။

ဒ့ါအပြင် သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း ကျောက်သားနံရံ အဆင့်ကို တက်သွား ခဲ့ပါပြီ။ သူရဲ့ ခုခံကာကွယ် နိုင်စွမ်းက အကြီးအကျယ် တိုးလာရုံတင်မကပါဘူး။ သူက ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် နှစ်စက်ကိုပါ မွမ်းမံသန့်စင်နိုင်တဲ့ စွမ်းရည်ပါ ရှိလာခဲ့ပါပြီ။

လင်းဟန်က သူရဲ့ ညာဘက်လက်ကို မြှောက်လိုက်ပြီး အနည်းငယ် လှုပ်ခါ လိုက်ပါတယ်။ အနက်ရောင် အလင်းက ပိုက်ကွန် တစ်ခုကို ဖွင့်လိုက်သလိုမျိုး ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီ အနက်ရောင် လိုင်းကြောင်း တွေက သူ့လက်ဖဝါးမှာ ကပ်နေပြီးတော့ နောက်ထပ် အပြင်ကို ထွက်မလာနိုင်တော့ပါဘူး။

သူက အထိတ်တလန့် ခံစားလိုက်ရပါတယ်။ ဒီအနက်ရောင် လိုင်းတွေက အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင်တောင်မှ ဒီဟာတွေကို နောက်ထပ် မထိချင်တော့ပါဘူး။

ဒါကနတ်ဆိုးချီ တွေကို သူ မွမ်းမံ သန့်စင်တာရဲ့

အကြွင်းအကျန် တွေပဲ ဖြစ်ပါတယ်။

"မျှော်စင်လေး... ဒါက ဘာတွေလဲ"

လင်းဟန် က မေးလိုက်ပါတယ်။

"စည်းမျဉ်းစည်းကမ်းရဲ့ ဩဇာအာဏာ"

မျှော်စင်လေးက နည်းနည်းလေးမှ တုံ့ဆိုင်းမနေပဲနဲ့ ပြန်ဖြေလိုက်ပါတယ်။

လင်းဟန် က တစ်ခဏမျှ အံ့အားသင့်သွားခဲ့ပါတယ်။ မျှော်စင်လေး က သူရဲ့ မှတ်ဉာဏ် တွေ ဆုံးရှုံးနေပါတယ်။ဒါကြောင့် သူက ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ ဒါပေမဲ့ ဘယ်လိုမှ မမျှော်လင့်ပဲနဲ့ သူက တကယ်ပဲ အဖြေတစ်ခုကို ရရှိခဲ့ပါတယ်။

"စည်းမျဉ်းစည်းကမ်းရဲ့ ဩဇာအာဏာ ဆိုတာ ဘာလဲ"

သူက ထပ်ပြီးတော့ မေးလိုက်ပါတယ်။

မျှော်စင်လေးက တွေးနေတဲ့ဟန် နဲ့ အနည်းငယ်

ငြိမ်သက်သွားပြီးမှ ပြောလိုက်ပါတယ်။

"ငါ သေချာတော့ မပြောနိုင်ဘူး။ ဒါပေမဲ့ အဲဒါက အရမ်းကို အထင်ကြီးဖို့ ကောင်းတယ်"

စိတ်ဂိဉာဉ်ပစ္စည်းတစ်ခုက တာဂန်မဲ့သလိုမျိုး ပြောနိုင်လိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။

"ယား"

ဟူးညိုက ထခုန်လိုက်ပါတယ်။ သူမက မြေပြင်ကနေ သုံးဆယ်မီတာ အကွာမှာ ပေါ်လာခဲ့ ပါတယ်။ သူမ မြေပြင်ပေါ်ကို ခြေပြန်ချမိလိုက်တဲ့ အခါမှာတော့ ဒီမိန်းကလေးက ပျော်ရွှင် ကျေနပ်စွာနဲ့ ခုန်ဆွခုန်ဆွ လုပ်မိနေပါတယ်။

"ညီး အဆင့်တက်သွားပြီ"

လင်းဟန် က မျက်စိနဲ့ တစ်ချက် ဝေ့ကြည့်လိုက်တော့ ဟူးညိုက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့် ကို ရောက်သွားခဲ့ပါပြီ။ တကယ်လို့ သူမက နောက်ထပ် အနည်းငယ်လောက် စွမ်းအင်စုပ်ယူနိုင်ခဲ့မယ်ဆိုရင်

နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တောင်မှ ဖြစ်လာနိုင်ပါတယ်။

လင်းဟန် သိထား နားလည်ထားတဲ့ အပေါ်မှာ အခြေခံပြောရမယ် ဆိုရင် ဒီမိန်းကလေးရဲ့ ကျင့်ကြံခြင်း နှုန်းက လုံးဝကို မကြုံစဖူး ဖြစ်ပြီးတော့ ကမ္ဘာကြီးထဲမှာ နောက်ထပ် ထပ်ပေါ်လာတော့မှာ မဟုတ်တော့ပါဘူး။ တကယ်လို့ သူက ကောင်းကင်အဆင့် ကနေ နတ်ဘုရားအဆင့် စိတ်ဝိဉာဉ် အခြေခံ နဲ့ ပြန်လည်မွေးဖွားလာတဲ့သူ ဖြစ်နေတာတောင်မှ ဟူးညိုရဲ့ အရှေ့ အနည်းငယ်မျှသာ ကျော်လွန်နိုင်တာပဲ ဖြစ်ပါတယ်။

"ညို့ သွားပြီး တိုက်ခိုက်တော့မယ်"

ဟူးညိုက ကျယ်လောင်စွာ ရီမောလိုက်ပါတယ်။

လင်းဟန်က ကျိတ်ရိတ်ပြီးတော့ သူ့ရဲ့ ညာဘက်လက်ကို ဆုပ်ကိုင်လိုက်ပါတယ်။ နတ်ဆိုး ရှင်သန် ဓါး က သူ့ရဲ့ လက်ထဲမှာ ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ ပြင်းပြင်းထန်ထန်နဲ့ ရှန်းကန် လှုပ်ရှားပါတော့တယ်။ ဒါပေမဲ့ အနက်ရောင် မျှော်စင် ရဲ့ အတွင်းထဲမှာတော့ အဆင့်တစ်ဆယ် စိတ်ဝိဉာဉ်ပစ္စည်း ဆိုတာက

ဘာမှမဟုတ်ပါဘူး။ အနက်ရောင် မျှော်စင် က ၎င်းကို လုံးဝ ချုပ်ကိုင်ထားနိုင်ပါတယ်။

အတွေးတစ်ချက်နဲ့တင်ပဲ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားက ချက်ချင်းဆိုသလို အသက်ဝင်လာပြီးတော့ နတ်ဆိုးရှင်သန် ဓါး အတွင်းပိုင်းက နတ်ဆိုးချီ ကို အငေးကို ဆေးကြော သန့်စင်ပစ်လိုက်ပါတယ်။

သူက ချက်ချင်းပဲ နတ်ဆိုးရှင်သန် ဓါး က နတ်ဆိုးချီ တွေနဲ့ ချိတ်ဆက်မှု ရှိနေတယ် ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။ တကယ်လို့ သူက နတ်ဆိုးချီကို မွမ်းမံ သန့်စင် လိုက်မယ် ဆိုရင် နတ်ဆိုးရှင်သန် ဓါးမှာ ရှိနေတဲ့ စိတ်ဝိဉာဉ်က သေသွားပါလိမ့်မယ်။

သူက အနည်းငယ်တော့ တုံ့ဆိုင်းသွားပြီးမှ ဆက်ပြီး လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဆင့် တစ်ဆယ် စိတ်ဝိဉာဉ် ပစ္စည်း ကို သူ အသုံးပြုလို့မရဘူးဆိုမှတော့ အသုံးမဝင်ပါဘူး။ ၎င်းက သူ အနက်ရောင်မျှော်စင် အပြင်ဘက်ကို ရောက်ရင် တုံ့ဆိုင်းခြင်းမရှိပဲ သူ့ကို သတ်ပစ် ပါလိမ့်မယ်။

ဒီလိုဆိုမှတော့ သူက စိတ်ဝိဉာဉ်ကို အမြစ်ပြတ် သုတ်သင်လိုက်ပီးမှ အသစ်တစ်ခုကို ပြန်လည်

အားဖြည့်ပြီးတော့ ထုတ်ဖော်ရပါမယ်။

အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားက ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို နတ်ဆိုး ရှင်သန် ခါး ရဲ့ စိတ်ဝိဉာဉ် နဲ့ နတ်ဆိုးချီ တွေကို ဘာတစ်ခုမှ မကျန်အောင်လို့ သုတ်သင်ပစ်လိုက်ပါတယ်။

လင်းဟာန်က ထူးခြားတဲ့ ခါးကို ကောက်ကိုင်လိုက်ပြီးတော့ ၎င်းအထဲက သိုင်းဆန္ဒကို အသက်သွင်းဖို့ ကြိုးစားလိုက်ပါတယ်။

တကယ်လို့ စိတ်ဝိဉာဉ်က မသေဘူးဆိုရင်တော့ ကူညီဖို့ ဆန္ဒရှိပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စွမ်းအား လွှင့်ထုတ်နိုင်တဲ့ အဆင့်တစ်ဆယ် စိတ်ဝိဉာဉ် ပစ္စည်း တစ်ခုဖြစ်ပြီး လင်းဟာန်ကို ဒီကျယ်ပြန့်လှတဲ့ ကုန်းပြင်ပေါ်မှာ ကြိုက်သလို လျှောက်သွားလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ စိတ်ဝိဉာဉ် က သေသွားခဲ့ပါပြီ။ ဒါကြောင့် လင်းဟာန်ရဲ့ စွမ်းအားက ခါးထဲက သိုင်းဆန္ဒကို နိုးထပြီး စိတ်ဝိဉာဉ်ပစ္စည်းရဲ့ စွမ်းအားကို အသက်သွင်းဖို့ တော့ လိုအပ်နေပါသေးတယ်။

သူရဲ့ ခွန်အားတွေ အများအပြားကို အသုံးပြုခဲ့ပြီးတော့

ဓါးသွားပေါ်က လိုင်းကြောင်းမျှင် တစ်ခုက တောက်ပလာတာကို မြင်လိုက်ရပါတယ်။

အပိုင်း (၂၄၈) နတ်ဆိုး ကေရာဇ် နဲ့ တိုက်ခိုက်ခြင်း

အရမ်းကို အားနည်းတယ်။ သူ့ရဲ့ လက်ရှိ ခွန်အားက တကယ်ပဲ အရမ်းကို အားနည်းလွန်း ပါတယ်။ သူက သိုင်းဆန္ဒရဲ့ သေးငယ်လှတဲ့ အပိုင်းသေးသေးလေး ကိုပဲ နိုးထနိုင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ကောင်းကင် အဆင့်ရဲ့ နတ်ဘုရားအာရုံ သေးသေးလေးပဲ ရှိလို့ဖြစ်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ အနည်းဆုံးတော့ ဒီဓါးက အဆင့်တစ်ဆယ် စိတ်ဝိဉာဉ် ရှေးဟောင်းပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ၎င်းရဲ့ သိုင်းဆန္ဒ ရဲ့ သေးငယ်တဲ့ အစိတ်အပိုင်းလေးပဲ အသက်သွင်းနိုင်ခဲ့ပေမဲ့ စကြာဝဠာဖျက်ဆီးခြင်း စစ်သည်တော် က အရမ်းကို အစွမ်းထက်တဲ့အတွက် ဒီသိုင်းဆန္ဒ အစိတ်အပိုင်းသေးသေးလေး ကလည်း အတူတူပဲ ဖြစ်ပါလိမ့်မယ်။

ဒေါ့အပြင် သူ ပိုပြီး အားကောင်းလာတာနဲ့ နတ်ဆိုးရှင်သန် ဓါး

ရဲ့ စွမ်းအားတွေကိုလဲ ပိုပြီး အသက်သွင်းနိုင်ပါလိမ့်မယ်။ မကြာခင် ဒါမှမဟုတ် နောက်ပိုင်းမှာ သူက ဒီ အဆင့် တစ်ဆယ် စိတ်ဂိညာဉ်ပစ္စည်းကို ၎င်းရဲ့ အောင်မြင်တဲ့ နေ့ရက်တွေ ပြန်လည် ရရှိလာအောင် လို့ လုပ်နိုင်ပါလိမ့်မယ်။

ပြဿနာ က သူရဲ့ စွမ်းအားက အရမ်းကို အားနည်းနေလို့ ဖြစ်ပါတယ်။ တကယ်လို့ သူက အဆင့်တစ်ဆယ် စိတ်ဂိညာဉ်ပစ္စည်း တစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုတဲ့သတင်းသာ ပေါက်ကြားသွားခဲ့မယ်ဆိုရင် လူဘယ်လောက်တောင်များ ငမ်းငမ်းတက် လိုချင်နေတဲ့ မျက်လုံးတွေက ၎င်းရဲ့ဆွဲဆောင်မှုကို ခံရမလဲ။

အခု သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် နဲ့ တိုက်ခိုက်ဖို့ အချိန် ရောက်ပါပြီ။

လင်းဟန်က အနက်ရောင် မျှော်စင်ကို ဖြတ်ပြီးတော့ အပြင်ဘက်ကို ကြည့်လိုက်ပါတယ်။ ရုံဟွမ်ရှမ် က သူ့ကို ငြိုးငွေ့ဖွယ်ရာ ကောင်းအောင်လို့ ရှာဖွေနေဆဲ ဖြစ်ပြီးတော့ သူရဲ့ ပန်းတိုင်ကို အောင်မြင်အောင်လို့ သူ့ကို လိုက်ရှာဖွေနေတဲ့ ပုံစံနဲ့ တူပါတယ်။

သူရဲ့ပုံရိပ် က လျှပ်ပြက်သလို ရှုပ်ရှားသွားပြီးတော့

အပြင်ဘက် ကမ္ဘာကို ပြန်ရောက် သွားခဲ့ပါတယ်။

"ဟင်"

အသံမထွက်ပဲနဲ့ လင်းဟန် ပြန်ပေါ်လာတာကို မြင်ပြီးတော့ ရှုံဟွမ်ရှွမ်က ချက်ချင်းဆိုသလို အံ့အားသင့်တဲ့ အမူအရာ တစ်ခု ထွက်ပေါ်လို့လာပါတယ်။ တကယ်လို့ လင်းဟန်က သူရဲ့ ဘေးဘက်မှာ ပေါ်လာပြီးတော့ အံ့အားသင့်စရာကောင်းအောင် တိုက်ခိုက်လိုက်မယ် ဆိုရင် လင်းဟန် အနေနဲ့ လွယ်လွယ်ကူကူနဲ့ အနိုင်ရလိမ့်မှာ မဟုတ်ဘူးလား။

လင်းဟန်က ပေ့ါပေ့ါပါးပါးနဲ့ ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားကို ရှုံဟွမ်ရှွမ် လို့ ခေါ်ရမှာလား။ ဒါမှမဟုတ် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် လို့ ခေါ်သင့်လား"

ရှုံဟွမ်ရှွမ် ရဲ့ စိတ်ဝိဉာဉ်က အသတ်ခံလိုက်ပြီးသွားတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ အခု သတ်ဖြစ်သူ နတ်ဆိုး ဧကရာဇ် ရဲ့ စိတ်ဝိဉာဉ်က ဒီ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အပိုင်စီးထားပါတယ်။

"ကောင်လေး... ဒီအရှင်သခင် မူလတုန်းက မင်းရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်ခဲ့တာပဲ။ ဒါပေမဲ့ မင်းက အပြေးမြန်လိမ့်မယ်လို့ လုံးဝ မထင်ထားမိခဲ့ဘူး"

ရှုံဟွမ်ရှွမ် က ရယ်မောလိုက်ပါတယ်။

"ဒီအရှင်သခင်ကို မင်းကြိုက်သလိုသာ ခေါ်နိုင်တယ်။ နောက်ပိုင်း ဒီအရှင်သခင် က ကမ္ဘာကြီးရဲ့ အုပ်ချုပ်သူ ဖြစ်လာတဲ့အထိစောင့်ဦး... အဲဒီအခါကျမှ ဒီအရှင်သခင်ရဲ့ နာမည်ကို သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်လို့ ကြေညာရမယ်"

လင်းဟန် ကသူရဲ့ ညာဘက်လက်ကို လှုပ်လိုက်တဲ့အခါမှာ နတ်ဆိုးရှင်သန် ဓါး က သူရဲ့ လက်ထဲမှာ ပေါ်လာခဲ့ပါတယ်။ သူက သူရဲ့ဓါးကို ပန်းပွင့်ပုံစံ ပျော့ရမ်းပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ခင်ဗျားက ဒီနေရာမှာ သေသွားမယ်ဆိုရင် ဘာမှ လုပ်စရာ မလိုတော့ဘူး"

"ဟားဟားဟားဟား"

ရှံဟွမ်ရွှမ် က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းက ဒီအရှင်သခင်ရဲက ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်နိုင်ပေမဲ့ အဲဒါက ကိစ္စမရှိပါဘူး။ ဒီအရှင်သခင်က နောက်ထပ် တစ်ခုကို ပိုင်ဆိုင်နိုင်ပါသေးတယ်။ တကယ်လို့ ဒီအရှင်သခင် ကသာ လွယ်လွယ်ကူကူနဲ့ အမြစ်ပြတ် သုတ်သင်ခံလိုက်ရမယ်ဆိုရင် ဒီအရှင်သခင်က ဘယ်လိုလုပ်ပြီးတော့ အစိတ်အပိုင်း ကိုးခု အဖြစ်ကို ပိုင်းခံရပြီးတော့ လျှို့ပုက်နယ်ပယ် တွေ အများကြီးထဲမှာ ထိန်းချုပ်ခံရမှာလဲ"

"ဒါဆိုရင် ခင်ဗျားက ဒီအပိုင်းအကြောင်းကိုတော့ မလိမ်ခဲ့ဘူးပေါ့။ ခင်ဗျားက တကယ်ပဲ အစိတ်စိတ်အပိုင်းပိုင်း ဖြတ်ခံလိုက်ရတာပဲ"

လင်းဟန် က ရယ်မောလိုက်ပါတယ်။

ရှံဟွမ်ရွှမ် ရဲ့ အမူအရာက အေးစက်စက်အဖြစ်ကို ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်ရဲ့ အရှေ့မှာ မင်းရဲ့ အပြုအမူတွေက ရိုင်းရိုင်းစိုင်းစိုင်းနဲ့ လုပ်ဂုံ့သလား"

"ဘာလဲ.. ခင်ဗျားကို ကျုပ်က အရှင်သခင် လို့ ခေါ်တာ ခံချင်တာလား"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မရေမတွက်နိုင်တဲ့ လူတွေက ဒီအရှင်သခင်ကို ဒူးထောက်ခဲ့ကြရတယ်။ မင်းထက် အစွမ်းအများကြီးထက်တဲ့ အဆုံးအစမဲ့ တဲ့ အဲဒီလူတွေ တောင်မှ ငါ့ရဲ့ အာရုံစိုက်မှုကို ရဖို့ မထိုက်တန်ဘူး။ မင်းကိုမင်း ဘယ်သူလို့ ထင်နေလဲ"

ရုံဟွမ်ရွှမ် က အထင်အမြင်သေးသလိုနဲ့ ပြောလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ တကယ့်ယောကျ်ားစစ်စစ် တစ်ယောက် အတိတ်တုန်းက သူ့ရဲ့ အောင်မြင်မှု ကို မကြွေးကြော်ဘူး။ ကျုပ်က တကယ်ပဲ နွေဦးစမ်းရေ အဆင့် တစ်ယောက် မျှသာ ဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားလဲ ဒီထက်တော့ ပိုမကောင်းပါဘူး"

လင်းဟန်က သူ့ရဲ့ လက်ကို ခါပြီးတော့ အထင်အမြင်သေး နှိမ့်ချတဲ့ပုံစံနဲ့ ပြောလိုက်ပါတယ်။

"မုန်းစရာကောင်းတဲ့ ကောင်စုတ်လေး"

ရှုံဟွမ်ရွှမ် ရဲ့ အမူအရာ က လေးလေးနက်နက် ဖြစ်လာခဲ့ပါတယ်။

"ဒီလို ဖြစ်ပျက်ခဲ့တာတွေ ကြောင့်ပဲ ဒီခန္ဓာကိုယ်ရဲ့ပိုင်ရှင် က မင်းကို အရမ်းကို သတ်ပစ် ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်နေတာပဲ.... ပြီးတော့ ဒီအရှင်သခင် ကလည်းပဲ မင်းကို သတ်ချင်နေတယ်။ ဒါကြောင့် သွားသေလိုက်တော့"

သူက အရှက်မရှိစွာနဲ့ အနက်ရောင် အလင်းတွေ ထွက်ပေါ်နေတဲ့ လက်ဖဝါးနဲ့ ရိုက်ချ လိုက်ပါတယ်။ ၎င်းပုံစံနဲ့ မြွေတွေနဲ့ တူတဲ့ ပုံစံအဖြစ်ကို ပြောင်းသွားပြီးတော့ လင်းဟန် ဆီကို ဦးတည်ပြီး ဝင်လာခဲ့ကြပါတယ်။

လင်းဟန်က လုံးဝ မကြောက်ပါဘူး။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က အကျဉ်းကျခြင်း ကနေ လွတ်မြောက်လာခဲ့ပေမဲ့ သူက ငွေဦးစမ်းရေ အဆင့် စစ်သည်တော်ရဲ့ ခန္ဓာကိုယ် တစ်ခုကိုပဲ ဝင်ပူးနိုင်ခဲ့တာဖြစ်ပြီး သူက အများကြီး

မငြိမ်းချောက်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန် က ပေါ်လာမှာတောင် မဟုတ်ပါဘူး။

သူက နတ်ဆိုးရှင်သန် ဓါးကို ရှုံဟွမ်ရှမ်ကို ခုတ်ဖို့ လွှဲလိုက်ပါတယ်။

"လပြွတ်ပဲ.... မင်းက ဓါးပေါ်က ဒီအရှင်သခင်ရဲ့ အသိစိတ်ကို တကယ်ပဲ သုတ်သင် ပစ်လိုက်တာလား"

ရှုံဟွမ်ရှမ် က မူလကတော့ သူရဲ့ နှုတ်ခမ်းထောင့်မှာ အေးစက်တဲ့ အပြုံးတစ်ခု ရှိနေပြီး ၎င်းရဲ့ စွမ်းအားကို အသက်သွင်းပြီးတော့ ဓါးရဲ့ စိတ်ဝိဉာဉ် ကို အမိန့်ပေးပြီး လင်းဟန်ကို တိုက်ရိုက်သတ်ပစ်ခိုင်းဖို့ စဉ်းစားထားတာပါ။ ဒါပေမဲ့ သူက အမိန့်ကို ပေးပို့လိုက်တဲ့ အခါမှာ ပင်လယ်အောက်ခြေကို နစ်မြုပ်နေတဲ့ ကျောက်တုံးတစ်တုံးနဲ့ တူနေတာကို ရှာဖွေ တွေ့ရှိလိုက်ပါတယ်။

သူ့ရဲ့ နတ်ဘုရား အာရုံက တော်တော်လေး လျော့ကျသွားခဲ့တယ် ဆိုတာကို ချက်ချင်းပဲ သတိပြုမိခဲ့သင့်ပါတယ်။ ဒါပေမဲ့ သူက အခုမှ ရှုံဟွမ်ရှမ် ရဲ့ ခန္ဓာကိုယ်နဲ့ ပေါင်းစပ်ခဲ့တာဖြစ် တဲ့အတွက် ဒါက သူ့ရဲ့ အာရုံခံစားမှုကို တော်တော်ကြီး နည်းစေခဲ့ပါတယ်။ ပြီးတော့

ဒါကြောင့်လဲ အခုမှ သူ့ အမိန့်က အသုံးမဝင်ဘူးဆိုတာကို သတိပြုမိလိုက်တာပါ။

'ဒီကောင်လေးက တကယ့်ကို ထူးခြားဆန်းကြယ်တာပဲ'

နတ်ဆိုးရှင်သန် ဓါးကို သူရဲ့ စွမ်းအင်နဲ့ တဖြည်းဖြည်း ထိုးဖောက်ပြီးတော့ စိတ်ဝိဉာဉ်ကို ပျက်စီးယိုယွင်းစေပြီးတော့ ၎င်းကို ဖိနှိပ်ထိန်းချုပ်ဖို့ ထောင်စုနှစ်တော်တော်များများ ယူရပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီ အစီအရင်စွမ်းအားရဲ့ အဓိက အားအနည်းဆုံး အချိန်ကြောင့် ရုံပွှမ်ရွှမ်ကို နတ်ဆိုးရှင်သန် ဓါး ကို ယူလို့ရအောင် ခွင့်ပြုနိုင်ခဲ့တာပါ။

တစ်ရက်လောက်နဲ့ လင်းဟာန်က နတ်ဆိုးရှင်သန် ဓါးထဲက သူ့ရဲ့ နတ်ဘုရား အာရုံကို လုံး၀ အမြစ်ပြတ် သုတ်သင်ပစ်လိုက်နိုင်လိမ့်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ။

'နေပါဦး... မှားနေပြီ'

သူရဲ့ နတ်ဘုရား အာရုံအစိတ်အပိုင်းက ဓါးရဲ့ စိတ်ဝိဉာဉ်နဲ့ ပေါင်းစည်းပြီးတဲ့နောက် သူတို့ကို သူတို့ရဲ့ အသက်နဲ့

သေဆုံးခြင်း ကို မျှဝေခြင်းကို ဖြစ်စေခဲ့ပါတယ်။ ဓါးအထဲမှာ ပါဝင်တဲ့ သူနတ်ဘုရားအာရုံ ရဲ့ ဖျက်ဆီးခံရခြင်းက ဓါးရဲက စိတ်ဝိဉာဉ်လဲ သေသွားခဲ့ပြီ လို့ ဆိုလိုတာပဲ။

သူက စိတ်အေးသွားပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ တကယ်လို့ အဆင့်တစ်ဆယ် စိတ်ဝိဉာဉ်ပစ္စည်းက ၎င်းရဲ့ စွမ်းအားနဲ့ ခုတ်ပိုင်းလိုက်မယ်ဆိုရင် သူရဲ့ လက်ရှိ ခန္ဓာကိုယ် က ၎င်းကို ဆန့်ကျင်နိုင်မှာ မဟုတ်ပဲနဲ့ သေချာပေါက် ရှုံးနိမ့်သွားရပါလိမ့်မယ်။

သူ့လို စိတ်ဝိဉာဉ် တစ်ခု နဲ့ ခန္ဓာကိုယ်မရှိတဲ့ ထူးခြားတဲ့ သက်ရှိ တစ်ယောက် အနေနဲ့ အခု သူပိုင်ဆိုင်ထားတဲ့ ခန္ဓာကိုယ်နဲ့ အတူတကွ သတ်ပစ်လို့ မရပါဘူး။ ဒါပေမဲ့ သူက ထောင်စုနှစ်ပေါင်းများစွာ ထိန်းချုပ်ခံခဲ့ရပြီး သူ့ရဲ့ မူလချီ တွေက ဒဏ်ရာ ရနေခဲ့တဲ့အပြင် လင်းဟန်ကို တားဆီးဖို့ အတွက် နတ်ဆိုးချီ ကို ကြီးမားတဲ့ ပမာဏ တစ်ခု သုံးစွဲ ခဲ့ရပါတယ်။ တကယ်လို့ သူက နောက်ထပ် ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ရရှိခဲ့မယ် ဆိုရင် သူက ပြင်းထန်တဲ့ ဒဏ်ရာအနာတရ တွေကို လုံးဝ ခံစားရပါလိမ့်မယ်။

ဒါကြောင့် သူက ဒီခန္ဓာကိုယ် ကို ဖျက်ဆီးခံလိုက်ရဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဒီဓါးက မင်းအတွက်တော့ ဖြုန်းတီးသလို ဖြစ်လိမ့်မယ်"

"လပြွတ်"

သတ်ဖြတ်သူ နတ်ဘုရား ဧကရာဇ် ရဲ့ စိတ်ဆတ်တဲ့ စရိုက်နဲ့တောင်မှ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပါသေးတယ်။ သူ့ရဲ့ အဆင့်အတန်းနဲ့ နောက်ခံအင်အား အရ သူက ထောင်စုနှစ်ပေါင်းများစွာ ထိန်းချုပ်ခံထားရရင်တောင်မှ လူတွေက ကြောက်ရွံ့ ထိတ်လန့် ပြီးတော့ သေလုမတတ် ဖြစ်သွားနိုင်ပါတယ်။ အခုတော့ ဒီ ဂျူနီယာ က သူ့ကို တကယ်ပဲ နှိမ့်ချ စော်ကားနေတာလား။

"ဟင့်.... မင်းက အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်း တစ်ခုကို ပိုင်ဆိုင်ထားတော့ရော ဘာဖြစ်သေးလဲ။ မင်းအတွက်တော့ သူ့ရဲ့ စွမ်းအားကို အသက်သွင်းဖို့ အတွက် မဖြစ်နိုင်ဘူး... ဒီ အရှင်သခင်က မင်းအတွက် စိုးရိမ်ပူပန်ပေးပါရစေ"

ရှုံပွှမ်ရှမ် က သရော်ပြုံးပြုံးလိုက်ပြီးတော့

သူရဲ့ပါးစပ်ကိုဟလိုက်ပြီး အနက်ရောင် ချီ မျှင် တွေကို ထွေးထုတ်လိုက်ပါတယ်။ ၎င်းက ထွက်ပေါ်လာတာနဲ့ ဆူးချွန်တွေပုံစံ ကို ပြောင်းလဲသွားခဲ့ပါတယ်။

ဒါက သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ် ရဲ့ နတ်ဆိုးချီ မဟုတ်ပါဘူး။ ရုံဟွမ်ရှမ် ရဲ့ အလောင်းချီ ပါ။

လင်းဟန်ရဲ့ အမူအရာက လေးနက်သွားပြီးတော့ နတ်ဆိုးရှင်သန် ဓါးကို သူရဲ့ အရှေ့ ဘက် ကို အနည်းငယ် နိမ့်ပြီးတော့ ကိုင်ထားလိုက်ပါတယ်။ အဆုံးမရှိတဲ့ ဓါးဆန္ဒ တွေက ဖွဲ့စည်းလာပြီးတော့ ပတ်ဂန်းကျင်မှာ အဆုံးအစမရှိတဲ့ ဓါးလှိုင်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ရုံဟွမ်ရှမ် ရဲ့ အမူအရာက ချက်ချင်းပဲပြောင်းလဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ဘယ်လို ဓါးသိုင်းနည်းစနစ်မျိုးလဲ..ဟင့် ဒီအရှင်သခင်က ဒါကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

လှို့ပှက်ဆန်းကြယ်မှု သုံးထောင်။

လင်းဟန်က သူရဲ့ ဓါးနဲ့ ခုတ်လိုက်တာနဲ့ မူလစွမ်းအင်တွေ

ထွက်ပေါ်လာပြီး အလင်းတန်း တစ်ခု အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒါက နွေဦးစမ်းရေ အဆင့် ကိုရောက်ပြီးတဲ့ နောက်မှ ပြောင်းလဲခြင်းတစ်ခု ဖြစ်ပါတယ်။ စိတ်ဝိဉာဉ်ချီ တွေက စတင် စုစည်းလာပြီး မူလစွမ်းအင်နဲ့ လုပ်ထားတဲ့ ဓါးပေါင်း တစ်ရာ အဖြစ်ကို ပြောင်းသွားပါတယ်။

အနက်ရောင် မူလ သုံးမျိုး ဟာန် က နွေဦးစမ်းရေ အဆင့်ကို ရောက်တဲ့အခါမှ လေ့ကျင့်လို့ ရနိုင်တာပဲ ဖြစ်ပါတယ်။ သူ့မှာ နွေဦးစမ်းရေ အဆင့်ရဲ့ စွမ်းအားရှိခဲ့တုန်းက သူက အနက်ရောင် မူလ သုံးမျိုးဟာန် ရဲ့ အပြည့်အဝ ကို မထုတ်ဖော်နိုင်သေးပါဘူး။

အခု သူက နွေဦးစမ်းရေ အဆင့်ကို ရောက်ခဲ့ပြီ ဖြစ်လို့ အနည်းဆုံးတော့ လျှို့ဝှက် ဆန်းကြယ်မှု သုံးထောင် ကဝင်းရဲ့ စစ်မှန်တဲ့ ဟိတ်ဟာန် ကို ဖော်ပြနိုင်ပါတယ်။

"ဒီ ဓါးဆန္ဒလှိုင်းက........ မိုးကောင်းကင် ဓါးဂိုဏ်း"

ရှုံဟွမ်ရှွမ် ရဲ့ အမူအရာ က ရုတ်တရက် ဖျစ်ညှစ်လိုက်သလိုမျိုး ဖြစ်သွားပြီး ကြောက်ရွံ့ ထိတ်လန့်နေတဲ့ ပုံစံ ထွက်ပေါ်နေတာ သိသာပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှု က သူ့ဆီကို ရောက်လာခဲ့ပါတယ်။

ဒါကြောင့် သူက လက်ဝါး နှစ်ဖက်ကို ပေ့ါပေ့ါတန်တန် သဘော မထားရဲပဲနဲ့ ပြန်တိုက်ခိုက်လိုက်ပြီးတော့ အနက်ရောင်ချီ အားလှိုင်းတွေကို ထုတ်လွှတ် လိုက်ပါတယ်။ အလောင်းချီ ပဲဖြစ်ဖြစ် နတ်ဆိုးချီပဲဖြစ်ဖြစ် ထူးခြားဆန်းကြယ်ပါတယ်။

"ဘုန်း ဘုန်း ဘုန်း ဘုန်း"

ဓါးအလက်ပေါင်း တစ်ရာ က ထိုးဖောက် ဖြတ်သန်းလာပြီးတော့ ရှုံဟွမ်ရှမ် ကို ဓါးအလင်းနဲ့ ပြင်းပြင်းထန်ထန် ထိခိုက်သွားပါတယ်။

ရှုံဟွမ်ရှမ် က သူ့ရဲ့ လက်တစ်ဖက်နဲ့ သူ့ရဲ့ခေါင်းကို ဒိုင်းလိုမျိုး ကာလိုက်ပြီးတော့ တစ်ခြား တစ်ဖက်က သူရဲ့ နှလုံးသားကို ကာလိုက်ပါတယ်။ အနက်ရောင် ရှိတဲ့ နတ်ဆိုးချီ တွေကို သူရဲ့ လက်တွေမှာ ပိုင်းရံထားခဲ့ပါတယ်။ ထိုအချိန်အတွင်းမှာ အကာအကွယ်မဲ့နေတဲ့ သူရဲ့ ခန္ဓာကိုယ်က အပေါက်ထောင်ပေါင်းများစွာ ပေါက်သွားသလိုမျိုး ဒဏ်ရာတွေ ထွက်ပေါ် လာခဲ့ပါတယ်။ သွေးတွေက ပန်းထွက်လာပြီးတော့ အဖြူရောင် အရိုးတွေက သူရဲ့ လက်မောင်း ပေါ်မှာ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ ခေါင်းနဲ့ နှလုံးသား ကိုတော့ အောင်မြင်စွာနဲ့

ကာကွယ်နိုင်ခဲ့ပါတယ်။

"မိုးကောင်းကင် ဓါးဂိုဏ်း"

ရုံဟွမ်ရှမ် က အံ့ကြိတ်ပြီးတော့ ဒီစကားတစ်ခွန်းကို ပြောလိုက်ပါတယ်။ သူရဲ့ အမူအရာက အရမ်းကို ဒေါသထွက်နေတဲ့ ပုံစံ ဖြစ်ပေါ်နေပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်မှာ အနက်ရောင် ချီ လိုင်းတွေက ရစ်ပတ်ခွေပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေကို ချက်ချင်းပဲ ကုသလိုက်ပါတယ်။

အပိုင်း (၂၄၉) လျို့ပုက်နယ်ပယ် ကို စွန့်ခွာခြင်း

လင်းဟန်က အစောပိုင်းတုန်းကတည်းက မြင်တွေ့ခဲ့ပြီးပါပြီ။ ရုံဟွမ်ရှမ် က သူ့ရဲ့ လက်မောင်း ပြတ်သွားခဲ့တုန်းက သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ၎င်းကို ပြန်ပြီး ထွက်လာအောင် လုပ်နိုင်ပါတယ်။ ဒီ ပြန်လည်ကောင်းမွန်းခြင်း စွမ်းရည်က တကယ့်ကို မယုံနိုင်စရာကောင်းလှပါတယ်။ ဒါကို ဒုတိယအကြိမ် မြင်ရတာတောင်မှ သူက မအံ့ဩပဲနဲ့ မနေနိုင်ပါဘူး။

ဒီပြန်လည်ကုသတဲ့ စွမ်းရည် က တကယ့်ကို ကောင်းမွန်ပြီးတော့ ဖျက်ဆီးလို့မရတဲ့ အစစ် အမှန် အရည်

နဲ့တောင် နိုင်းယှဉ်လို့ရပါတယ်။ ဒါပေမဲ့ အခု သူရဲ့ အဆုံးစွန်က ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည် သုံးစက်ပဲရှိပါသေးတယ်။

ဒါပေမဲ့ ဒုတိယအတွေးကတော့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ် ရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်လောက်များလဲ။ နတ်ဘုရားအဆင့်။ အဆုံးမဲ့ နတ်ဘုရား အဆင့် စစ်သည်တော် တစ်ယောက် ဆိုသော်ငြားလည်း သူက ရွှေဦးစမ်းရေ အဆင့် သိုင်းပညာရှင် တစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ ငြိနေပြီးတော့ သူရဲ့ စွမ်းရည် အပြည့်အဝကို ထုတ်ဖော်နိုင်မှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ အထူးကျွမ်းကျင်တဲ့ နည်းလမ်း တစ်ချို့ရှိနေဆဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူက ဒီနှစ်တွေအများကြီးမှာ ထိန်းချုပ်ခံနေရမှာ မဟုတ်ပဲနဲ့ ချက်ချင်းဆိုသလိုပဲ အကြိမ် တစ်ရာလောက် အသတ်ခံလိုက်ရပါလိမ့်မယ်။

"ဟင့်… မင်းက ကောင်းကင်ဓါးနန်းတော်ရဲ့ တပည့်တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ငါတကယ်ပဲ မထင်ထားမိဘူး။ မင်းကို အသက်ရှင်လျက် နဲ့ ပြန်မလွှတ်နိုင်ဘူး"

ရုံဟွမ်ရှမ်က အံကြိတ်ပြီးတော့ ကြေညာလိုက်ပါတယ်။ သူက ခြေလှမ်းကျယ်ကြီး လှမ်းလိုက်ပြီးတော့ သူရဲ့ အနောက်ကနေ အနက်ရောင် မြူခိုး တစ်ခု တကယ်ပဲ ပန်းထွက် လာခဲ့ပါတယ်။ ၎င်းပုံစံကိုကြည့်ရတာ နောက်ကျောဘက်ကနေ အတောင်ပံတွေ ထွက်လာတဲ့ အတိုင်းပါပဲ။ သူက လေထဲမှာ သူကြိုက်နှစ်သက်သလို လွယ်လွယ်ကူကူနဲ့ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်စွမ်းရှိပါတယ်။

နတ်ဘုရားအဆင့်ကတော့ နတ်ဘုရားအဆင့်ပါပဲ။ တကယ်တော့ လက်ရှိမှာ သူက နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင် တစ်ယောက်မျှသာ ရှိတဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ် ထဲမှာ ငြိတွယ်နေရပေမဲ့လည်း သူ့မှာအံ့အားသင့်စရာကောင်းတဲ့ စွမ်းရည်တွေကို ထုတ်ဖော်ပြသနိုင်ဆဲပါပဲ။

လင်းဟာန်က လုံး၀ မကြောက်ပါဘူး။ နတ်ဆိုးရှင်သန် ဓါးက နောက်တစ်ကြိမ် လှုပ်ရှား သွားပြီးတော့ တောက်ပတဲ့ အလင်းတစ်ခုက ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒါက တကယ်ပဲ အဆင့်တစ်ဆယ် စိတ်ဂိဉာဉ်ပစ္စည်း တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက သိုင်းဆန္ဒတစ်ခုမှ

အသက်မသွင်းနိုင်ခဲ့ဘူး ဆိုရင်တောင်မှ ရတနာခါးက သူ့ကိုယ်ပိုင် ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအားကို ပိုင်ဆိုင်ထားဆဲပဲ ဖြစ်ပါတယ်။ ၎င်းက အံ့သြစရာကောင်းလောက်အောင် ထက်မြက်ပြီးတော့ ဘယ်အရာကိုမဆို လှီးဖြတ် ပစ်နိုင်စွမ်း ရှိတယ်မဟုတ်လား။ ခါးချီ တွေက မြွေလိမ်မြွေကောက်ပုံစံ ပေ့ဂဲလှုပ်ရှား သွားခဲ့ပါတယ်။ ခါးဧကရာဇ် ကိုယ်တိုင် အသက်ရှင်လျက်နဲ့ ရောက်လာသလိုမျိုး အံ့သြဖွယ်ရာ အစွမ်းတွေ ပိုင်ဆိုင်ထားပါတယ်။

ရုံဟွမ်ရှမ် က အဆက်မပြတ် တိုက်ခိုက်မှုကို ခံစားနေရပါတယ်။ ပြီးတော့ သူရဲ့ သွေးတွေ အသားတွေက နေရာအနှံ့အပြားကို ပျံထွက်ကုန်ပါတယ်။ ဒါပေမဲ့ နတ်ဆိုးချီ မှာက အရမ်းကို အစွမ်းထက်တဲ့ ပြန်လည်ကုသခြင်း စွမ်းရည် တစ်ခု ပိုင်ဆိုင်ထားတဲ့ အတွက် သူက ချက်ချင်းဆိုသလို ပြန်လည်သက်သာ ကောင်းမွန်လာပြီးတော့ နောက်ထပ် တိုက်ခိုက်နိုင်ဖို့ အတွက် လုံလောက်ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ နတ်ဆိုးချီတွေက အဆုံးမရှိ တဲ့ ထောက်ပံ့နိုင်မှု မဟုတ်သေးပါဘူး။ အစောပိုင်းတုန်းကလည်း လင်းဟန်ကို ပိတ်လှောင်တားဆီးဖို့အတွက် သူရဲ့ နတ်ဆိုးချီ တစ်ဂက်ကျော်လောက်ကို သုံးခဲ့ရပါတယ်။ ပြီးတော့

ရှံဟွမ်ရှမ် ရဲ့ ခန္ဓာကိုယ်ကို ယူတဲ့အခါ မှာလည်း နတ်ဆိုးချီ တော်တော်များများကို သုံးစွဲခဲ့ရပါသေးတယ်။ တကယ်လို့ သူက ၎င်းကို အသုံးပြုပြီးတော့ သူရဲ့ မဆုံးနိုင်တဲ့ ဒဏ်ရာတွေကို ဆက်ပြီးတော့ ကုသနေဦးမယ် ဆိုရင် သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် ဖြစ်တဲ့ သူ တောင်မှ ဒါကို တာဝန်ခံနိုင်စွမ်း မရှိပါဘူး။

"သေစမ်း သေစမ်း"

ရှံဟွမ်ရှမ် က ကောင်းကင် ကနေ ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"ဒီလိုမျိုး အမှိုက်တစ်စကို ငါ့ရဲ့ အစွမ်းတွေ အပြည့်အဝ ရှိတုန်းကဆို တစ်ချက်လောက် ပေါ့ကြည့်ရုံနဲ့ အကြိမ် တစ်သောင်းလောက် သတ်ပစ်လို့ ရတယ်။ ဒါပေမဲ့ အခု ဒီလိုမျိုး လပြွတ်ကောင် က ငါ့ကို တကယ်ကြီး ဒဏ်ရာ ရစေခဲ့တယ်။ ငါ ဒေါသတွေ ထွက်လို့ သေလိမ့်မယ်"

"တကယ်လို့ ခင်ဗျားက ဒေါသထွက်ပြီးတော့ တကယ်ပဲ သေသွားမယ်ဆိုရင် ကျုပ် တကယ့်ကို ကျေနပ်ပီတိ ဖြစ်သွားရလိမ့်မယ်"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

ရုံဟွမ်ရှမ် က ပိုပြီးတော့ ဒေါသထွက်လာခဲ့ပါတယ်။ ဒီကောင်စုတ်လေးက သူ့ကို ထေ့လုံး ငေါ့လုံးတွေနဲ့ ပြောပုံ့နေဆဲ ဖြစ်နေတာကိုတော့ အသိအမှတ်ပြုရပါမယ်။

ဒါပေမဲ့ သူရဲ့ လက်ရှိ ခန္ဓာကိုယ်က တကယ်ပဲ အရမ်းကို အားနည်းပါတယ်။ ပြီးတော့ သူရဲ့ နတ်ဆိုးချီ က လင်းဟန်ကို မထိန်းချုပ်နိုင်ပါဘူး။ ဒါက သူရဲ့ အစွမ်းအထက်ဆုံး လက်နက် က လုံး၀ အကျိုးသက်ရောက်မှု မရှိဘူးလို့ ဆိုလိုတာပါပဲ။ အခု သူက ဆက်ပြီးတော့ တိုက်ခိုက်ရမှာလား။

"ဟင့်.. ငါက အခုမှ အကျဉ်းကျနေတာကနေ လွတ်လာရုံပဲရှိသေးတယ်။ ဒါကြောင့် ဒီတစ်ကြိမ်တော့ မင်းကို ချမ်းသာပေးလိုက်မယ်။ နောက်တစ်ကြိမ် ငါတို့ ထပ်တွေ့မယ် ဆိုရင်တော့ ငါ မင်းကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် ဖြတ်ပစ်မယ်"

ရုံဟွမ်ရှမ် က ချက်ချင်းဆိုသလိုပဲ အသက်သုံးချောင်း အလောင်းခေါင်းတလားထဲကို ခုန်၀င်လိုက်ပါတယ်။

အခိက အရေးကြီးတဲ့ အချက်က လင်းဟန်နဲ့ သူသေကိုယ်သေ တိုက်ခိုက်ဖို့ မဟုတ်ပါဘူး။ လှို့ဂှက်နယ်ပယ် ရှစ်ခုရဲ့ အတွင်းမှာ ထိန်းချုပ်ခံနေရတဲ့ သူ့ရဲ့ စိတ်ဂိညာဉ် အစိတ်အပိုင်း တွေကို ရှာဖွေဖို့ပဲဖြစ်ပါတယ်။သူရဲ့ စိတ်ဂိညာဉ်ကို လုံးဂ ပြန်လည်ပြီးပြည့်စုံအောင် လုပ်ပြီးတဲ့အခါကျမှ နတ်ဘုရား ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ချက်ချင်း ပြန်ပြီး ရရှိပါလိမ့်မယ်။

ကြေးနီခေါင်းတလားက ယစ်ပလ္လင် ဆီကို ရွေ့လျားသွားခဲ့ပါတယ်။ အဲဒီနေရာမှာ အစောပိုင်းတုန်းက ကြီးမားတဲ့ အက်ကွဲကြောင်းကြီးတွေက ဖြစ်ပေါ်နေခဲ့ပါတယ်။

လင်းဟန်က သူ့ကို လက်ခလယ်ထောင်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။

“လဖြွတ်ပဲ”

သူရဲ့ အမူအရာက အထင်အမြင်သေးတဲ့ ပုံစံနဲ့ပါတယ်။ ဒါပေမဲ့လည်း အသက်သုံးချောင်း အလောင်းခေါင်းတလားတွေကလည်း အဆင့်တစ်ဆယ် စိတ်ဂိညာဉ်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူ့မှာ နတ်ဆိုးရှင်သန် ဓါး ရှိနေတယ် ဆိုတာတောင်မှ ၎င်းကို

သူက မဖျက်ဆီးပစ်နိုင်ပါဘူး။ ဒါကြောင့် ဒီအတိုင်း ထွက်သွားတာကိုပဲ ခွင့်ပြုပေးလိုက်ရပါတယ်။

ဒါပေမဲ့ နောက်တစ်ခဏမျှ အကြာမှာတော့ သူရဲ့ အမူအရာက တဖြည်းဖြည်းနဲ့ ပြောင်းသွား ခဲ့ပါတယ်။ မြေကြီးက တုန်ခါလာပြီးတော့ အက်ကွဲကြောင်းကြီးတွေ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီ အက်ကွဲကြောင်းတွေက ပင့်ကူအိမ်လိုမျိုး နဲ့ တူပြီးတော့ မြေပြင် အနှံ့ ပြန့်နှံ့သွားပါတယ်။ ဒါပေမဲ့ အချိန်တော်တော်ကြာလာတဲ့ အမျှ ပင့်ကူမျှင်တွေထက် ပိုပြီး ကျယ်ပြန့်ကြီးမားလာခဲ့ပါတယ်။

မြေပြင်တစ်ခုလုံး က တကယ့်ကို မရေမတွက်နိုင်တဲ့ လျှို့မြောင် ပက်ကြားအက်တွေ ပုံစံကို ပြောင်းလဲသွားခဲ့ပါတယ်။

"လပြွတ်"

ဒီ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က ထွက်သွားခဲ့တာတောင်မှ ဒုက္ခရောက်အောင် လုပ်ခဲ့ဖို့ကို မမေ့သွားဘူးပဲ။ သူက အသက်သုံးချောင်း ကြေးနီ ခေါင်းတလားတွေကို ထိန်းချုပ် ပြီးတော့ လျှို့ပှက်နယ်ပယ်ရဲ့

ဗဟိုချက်ထဲကို ဝင်သွားခဲ့ပါတယ်။ အခု ဒီနယ်မြေ တစ်ခုလုံးက ပြိုကျ လာခဲ့ပါတယ်။ ဒီ မသေမျိုး မကောင်းဆိုးဝါး က ဒီနေရာမှာ ထောင်စုနှစ် တော်တော်များများ ထိန်းချုပ်ခံထားခဲ့ရတဲ့အတွက် ဒီ နေရာရဲ့ အခြေအနေတွေကို တစ်ခြားသူတွေထက် ပိုပြီးတော့ ရင်းနှီးကျွမ်းဝင်ပါတယ်။

"ဗုန်း ဗုန်း ဗုန်း ဗုန်း"

တစ်ခုပြီးတစ်ခု မြေပြင်ကနေ မီးတောက်ကြီးတွေက အပေါ်ကို ထိုးထွက်လာခဲ့ပြီး မီးတောင် တွေ ပေါက်ကွဲသလို ချော်ရည်တွေ ပန်းထွက်လာခဲ့ပါတယ်။ ဒီနေရာ တစ်ခုလုံးက ကမ္ဘာပေါ်က ငရဲခန်း တစ်ခု အဖြစ်ကို ချက်ချင်းပဲ ဖြစ်လာခဲ့ပါတယ်။ ကံကောင်းတာက ဒီနေရာမှာ သက်ရှိတွေ အများကြီး ရှိမနေပါဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် တကယ့်ကို ကြီးမားတဲ့ ကပ်ဘေးကြီး တစ်ခု နဲ့ ကြုံတွေ့ရတယ်လို့ ပြောရပါလိမ့်မယ်။

"ခရပ် ခရပ် ခရပ်"

နေရာတစ်ခုလုံးက လုံးဝ မတည်ငြိမ်တော့ပဲ အက်ရာတွေ အများကြီး ပေါ်လာခဲ့ပါတယ်။

ဒီလျှို့ဝှက်နယ်ပယ် တစ်ခုလုံးက တကယ့်ကို ပျက်စီးယိုယွင်းလာခဲ့ပါပြီ။

ချက်ချင်းပဲ လင်းဟာန် အနေနဲ့ ဘယ်အကြောင်းကိုမှ ဂရုစိုက်မနေတော့ပါဘူး။ လျှပ်ပြက် သလိုပဲ အနက်ရောင်မျှော်စင်ထဲကို ဝင်သွားခဲ့ပါတယ်။ လက်ရှိသူက သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့ စွမ်းရည် တစ်ခုပဲ ရှိပါတယ်။ လျှို့ဝှက်နယ်ပယ်ထဲက တစ်ခြားသူတွေ အတွက်ကတော့ သူက ထိန်းချုပ်လို့ မရနိုင်ပါဘူး။

"ဟုမ်း"

အစွမ်းထက်လှတဲ့ အားလှိုင်းတော်ါက လျှို့ဝှက်နယ်ပယ် တစ်ခုလုံးမှာ ပေါက်ကွဲထွက် လာခဲ့ပါတယ်။ အနက်ရောင်မျှော်စင် က မှုန်ညင်းစေ့ အရွယ်ပြောင်းသွားပြီးတော့ ဘယ်နေရာမှန်းကို မသိပဲ လွင့်ထွက်လာခဲ့ပါတယ်။

လင်းဟာန်က အနက်ရောင်မျှော်စင်အထဲကနေ ဆက်ပြီးတော့ စူးစမ်းလေ့လာ နေပါတယ်။ အနက်ရောင်မျှော်စင် က ဖြတ်ကျော်ပြီးတော့ တောအုပ်တစ်ခု ထဲမှာ

ခြေချလိုက်ပါတယ်။

လင်းဟန်က အနက်ရောင်မျှော်စင်ကနေ ထွက်လိုက်ပါတယ်။သူက ပတ်ဂန်းကျင်ကို မျက်စိ တစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ အံ့အားသင့်သွားပါတယ်။ သူတို့က ရောမ ကုန်းပြင်မြင့် တစ်ခုမှာ ရောက်ရှိလာခဲ့ပြီးတော့ မူလ တောအုပ်ကို မမြင်ရတော့ပါဘူး။ ၎င်းက မျက်စိ အမြင်အောက်မှာပဲ လုံးဝ ပျက်စီးပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ ဒီ ကပ်ဘေး အတွင်းမှာ သက်ရှိတွေ ဘယ်လောက်များများ သေကြေပျက်စီးသွားကြသလဲ ဆိုတာကို လုံးဝ မသိပါဘူး။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က တကယ့်ကို မကောင်းဆိုးဝါး တစ်ကောင်ပါပဲ။ သူက လျှို့ဝှက်တားမြစ်နယ်ပယ်ကနေ အေးအေးဆေးဆေး ထွက်သွားလို့ ရတာတောင်မှ လျှို့ဝှက်တားမြစ် နယ်ပယ် တစ်ခုလုံးကို ဖျက်ဆီးပစ်ဖို့ ရွေးချယ် သွားခဲ့ပါတယ်။ ဒါက ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လျှို့ဝှက်တားမြစ် နယ်ပယ် တစ်ခုလုံး ပြိုလဲသွားပြီးတော့ ဘာမှ မရှိတော့ပါဘူး။ ကြောက်စရာကောင်းလောက်အောင်ပဲ အသက်တွေ ဘယ်လောက် များများကို ဆုံးရှုံးသွားစေခဲ့ပြီလဲ မသိပါဘူး။

တောအုပ်တစ်ခုလုံးက ဘာမှ မကျန်တော့အောင်ပဲ ပြိုလဲပျက်စီးသွားခဲ့ပါပြီ။ ကံကောင်းတာ က လှိုဂုက်နယ်ပယ်ရဲ့ အကြီးမားဆုံး အစိတ်အပိုင်းဖြစ်တဲ့ ခန္ဓာကိုယ်က လေထုထဲမှာ ရှိနေပါသေးတယ်။ အဲဒီလိုမှ မဟုတ်ပဲ လှိုဂုက်နယ်ပယ် တစ်ခုလုံးသာ တကယ်ပဲ ပြိုလဲပျက်စီးကျဆင်းသွားမယ်ဆိုရင် နိုင်ငံတစ်ခုလုံးက ပြားချပ်သွားနိုင်ပါတယ်။ အဲဒါက ပိုပြီးတော့တောင်မှ ထိတ်လန့်ဖွယ်ရာ ကောင်းပါတယ်။

လင်းဟန် က သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူက တောအုပ်ကနေ တော်တော်ဝေးဝေး ကို ရောက်လာတဲ့အခါမှာ လွီယုထန်နဲ့ တစ်ခြားသူတွေကို အနက်ရောင် မျှော်စင်ကနေ ထုတ်ပေးလိုက်ပါတယ်။ သူတို့အားလုံးက လင်းဟန်ရဲ့ လက်ရှိအခြေအနေအကြောင်း စကားတွေကို ကြားလိုက်ရတဲ့အခါမှာတော့ လွီယုထန် နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး မယုံနိုင်လောက်အောင် အံ့သြသွားခဲ့ကြပါတယ်။

သူတို့တွေက အချိန်တော်တော်ကြာအောင် ခရီးထွက်ခဲ့ကြပြီးတော့ နောက်ဆုံးမှာ မြို့ငယ်လေးတစ်မြို့ဆီကို ရောက်လာခဲ့ကြပါတယ်။ သူတို့က လက်ရှိတည်နေရာကို မေးမြန်းလိုက်ကြပါတယ်။ ကံကောင်းတာက

သူတို့က မိုးရေနိုင်ငံရဲ့ နယ်နမိတ် အတွင်းမှာ ရှိနေဆဲပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမြို့ က အင်ပါယာမြို့ နဲ့ မိုင်ပေါင်း ၂ ထောင်ခန့် အကွာမှာ ရှိပါတယ်။

လင်းဟန်မှာ ပိုက်ဆံနဲ့ ပတ်သက်ပြီးတော့ စိတ်ပူစရာမလိုပါဘူး။ သံမဏိသွေး မြင်းတွေကို ဂယ်ယူပြီးတဲ့နောက်မှာတော့ သူတို့ အင်ပါယာမြို့ကို အလျင်စလိုပဲ ပြန်လာခဲ့ကြပါတယ်။

သံမဏိသွေး မြင်းတွေက အရမ်းကို ကောင်းတဲ့ စီးနင်းစရာ သတ္တဝါတွေ ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အမောခံနိုင်တဲ့ စွမ်းရည်လည်း ပိုင်ဆိုင်ပါတယ်။ သူတို့ အင်ပါယာ မြို့ ကို အလျင်စလို ပြန်လာခဲ့ကြပြီး သုံးရက်အတွင်းမှာ ပြန်ရောက်လာခဲ့ ကြပါတယ်။

တစ်ခြားသူတွေလည်းပဲ ပြန်ရောက်နေခဲ့ကြပါတယ်။

သူတို့ ပြောစကားအရတော့ သူတို့ရဲ့ ခန္ဓာကိုယ်တွေက ရုတ်တရက်ဆိုသလို တုန်ခါ လာပြီးတော့ လျှို့ဝှက်နယ်ပယ်ထဲကနေ ဖိအားပေး ထုတ်ပစ်ခြင်းကို ခံလိုက်ရကြပါတယ်။ လင်းဟန်က နောက်ဆုံးမှာတော့ နားလည်သွားခဲ့ပါပြီ။ အဲဒီအချိန်က သတ်ဖြတ်သူ နတ်ဆိုး

ကောရာဇ် က အကျဉ်းကျ ပိတ်လှောင်ခံထားရပြီး လွတ်မြောက်သွားခဲ့ပါတယ်။ ဒါကြောင့် မိုးကြိုးလျှပ်စီး မြစ်ရဲ့ တစ်ခြားတစ်ဖက်မှာ ရှိနေတဲ့ သူတို့တွေကို လျို့ဝှက်နယ်ပယ်က အပြင်ဘက်ကို ပြန်ပို့ပစ်လိုက်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကျတော့ အစီအရင်ရဲ့ အတွင်းပိုင်းမှာ ရှိနေတဲ့အတွက် တစ်ခြားသူတွေလိုမျိုး ပြန်ပို့ခြင်းကို မခံရပါဘူး။

ဒီလူတွေက တကယ့်ကိုပဲ အရမ်းကံကောင်းကြပါတယ်။

သူတို့ ထွက်လာခဲ့တာ အချိန်တော်တော်ကြာပြီ ဖြစ်တဲ့အတွက် လွီယုထန်နဲ့ လီစီရှန်းတို့က သူတို့ရဲ့ ကလန်တွေနဲ့ ဆရာသခင် တွေဆီကို သွားပြီးတော့ သူမတို့တွေ အန္တရာယ်ကင်း ဘေးကင်းလုံခြုံကြောင်းကို ပြန်ပြီး သတင်းပို့ရပါလိမ့်မယ်။ လင်းဟာန်က သူမတို့ကို မတားပါဘူး။ သူလည်းပဲ သူ့ကိုယ်ပိုင် ခြံဝင်းထဲကို ပြန်လာခဲ့ပါတယ်။ သူက ကွမ်းယွမ် နဲ့ ကျူးပူကျို့ တို့က ထွက်လာပြီးတော့ သူ့ကို ကြိုဆိုတာကို မြင်လိုက်ရပါတယ်။ သူတို့ အနေနဲ့ ပြန်ရောက်နေတာ ရက်အတော်ကြာနေပါပြီ။

"လပြွတ်"

ကွမ်းယွမ်က သူ့ကို ခဏမျှကြည့်လိုက်ပြီး ရုတ်တရက် ထခုန်လိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ တစ္ဆေသရဲ တစ်ကောင်ကို တွေ့မြင်လိုက်ရသလိုမျိုးနဲ့ တူပါတယ်။ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဘာကြောင့် မင်းက နွေဦးစမ်းရေ အဆင့်ကို ရောက်သွားရတာလဲ"

လင်းဟန်က ပြုံးပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီး ကွမ်းယွမ်.. ဘာတွေများဖြစ်နေတာလဲ.. ခင်ဗျားက စိတ်ဝိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ပဲနော်... ဘာဖြစ်လို့ ဒီလိုမျိုး ထိတ်လန့်တကြားနဲ့ လုပ်နေရတာလဲ.... ဒါက ခင်ဗျားရဲ့ အဆင့်အတန်းနဲ့ ဘယ်လိုမှ မလိုက်ဖက်ဘူးလို့ မထင်ဘူးလား"

"လဗ္ဗြတ် အဆင့်အတန်း။ ကောင်လေး မင်းက လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ဒြပ်စင်စုစည်းခြင်း အလွှာ ပထမအဆင့်ပဲရှိသေးတယ်ဆိုတာ အရမ်းကို သိသာတယ်။ ဒါပေမဲ့ အခု ဘယ်လိုလုပ်ပြီးတော့ နွေဦးစမ်းရေ အလွှာ

ပထမအဆင့် ဖြစ်နေရတာလဲ”

ကွမ်းယွမ် က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ကိုယ်သူ စိတ်ဂိုဏ်ည် ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ဆိုတဲ့ အကြောင်းအရာကိုတောင်မှ ဂရုမစိုက်ပါဘူး။

ကျူးပုကျို့လည်းပဲ အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူက အခြေအနေကို နားလည်သွားတဲ့ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

“သခင်လေးဟန်က လျို့ပှက်နယ်ပယ် အတွင်းမှာ မယုံနိုင်စရာကောင်းတဲ့ ကြီးမားတဲ့ ကံကောင်းမှု အခွင့်အရေးတစ်ရပ်နဲ့ တွေ့ကြုံခဲ့ရတာ ဖြစ်လိမ့်မယ်။ ဒါကြောင့် သူက အခုလိုမျိုး အဆင့်တွေ ခုန်တက်သွားနိုင်တာပဲ။ ဂုဏ်ယူပါတယ် သခင်လေးဟန်”

သူက စိတ်ရင်းနဲ့ အတိုင်း ပြောလိုက်ပါတယ်။

အပိုင်း(၂၅၇) ဖန်းယန်ရဲ့ နောက်ထပ် ခြေလှမ်း

ကွမ်းယွမ်၊ ကျူးပုကျို့ တို့နှင့် တစ်ခဏမျှ စကားစမြည်

ပြောဆိုပြီးတဲ့နောက်မှာ လင်းဟန် က သူရဲ့ အခန်းထဲကို ပြန်လာခဲ့ပါတယ်။ သူက ဟူးညီနဲ့ တစ်ခဏမျှ ကစားပေးလိုက် ပါသေးတယ်။ အဲဒီနောက်မှာ သူက ဈေးဝယ်ထွက်ပါတယ်။

သူက အနက်ရောင်မျှော်စင်ထဲကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါက ဒီကမ္ဘာကြီးတစ်ခုလုံးထဲမှာ အရမ်းကို အလုံခြုံဆုံး နေရာ ဖြစ်ပါတယ်။ ဒါ့အပြင်.. တကယ်လို့ သူက အန္တရာယ်တွေနဲ့ ကြုံတွေ့လာခဲ့မယ်ဆိုရင် တစ်စုံတစ်ယောက်ကြောင့် ပိတ်လှောင်ခံရတော့မယ်ဆိုရင် ဒါမှမဟုတ် အန္တရာယ်ရှိတဲ့ နေရာ တစ်ချို့မှာ ပိတ်လှောင်ခံ ရတော့မယ်ဆိုရင် သူက အနက်ရောင်မျှော်စင်ထဲကို ဝင်လိုက်ပြီးတော့ သက်တောင့် သက်သာ နဲ့ အနားယူလိုက်လို့ရပြီးတော့ အန္တရာယ်တွေ ဖြတ်သွားပြီး တည်ငြိမ်လာတဲ့ အခါထိ စောင့်နေလို့ ရပါတယ်။

အိပ်ယာ၊ ထိုင်ခုံတွေ၊ စားပွဲခုံတွေ နဲ့ အစားအစာ မျိုးစုံလည်းပါပါတယ်။ ဘာပဲဖြစ်ဖြစ် အနက်ရောင်မျှော်စင်ရဲ့ ပထမ အဆင့်က အရမ်းကို ကြီးမားကျယ်ပြန့်ပြီးတော့ ကိုယ်ပိုင် ကမ္ဘာတစ်ခုနဲ့ တူပါတယ်။

ဟင်... သူက ကြက်တွေ ဘဲတွေ ဂဏ်တွေ ဆိတ်တွေ နဲ့ နွားတွေကိုလဲ အထဲကို ယူလာ ခဲ့ပါတယ်။ သူက ရေကန်ငယ်လေး တစ်ခု ကိုတောင်မှ တူးပြီးတော့ ငါးတွေကို ထည့်ခဲ့ပီး ကိုယ်ပိုင် ကမ္ဘာတစ်ခု အဖြစ် ခွဲထားလိုက်ပါတယ်။

လင်းဟန်က မျှော်စင်လေးကို ဒီလိုမျိုးအရာတစ်ခု လုပ်လို့ ရနိုင် မရနိုင် ဖြစ်နိုင်ချေ ရှိမရှိ ကို မေးခဲ့ပါတယ်။ ပြီးတော့ မျှော်စင်လေးက ဖြစ်နိုင်တယ်လို့ အတည်ပြုခဲ့ပါတယ်။ အနက်ရောင် မျှော်စင်အတွင်းက နေရာလွတ်က တကယ်ပဲ လျှို့ဝှက်နယ်ပယ် တစ်ခု ရဲ့ လွတ်လပ်တဲ့ ကမ္ဘာငယ်လေးတစ်ခုနဲ့ တူအောင်လို့ လုပ်နိုင်စွမ်းရှိပါတယ်။

သူက သူ့ကိုယ်ပိုင် ကိစ္စတွေနဲ့ လုံးပန်းနေရတဲ့အတွက် လွှီယုထန် က သူ့ဆီကို လာမလည်တာ ရက်တော်တော်ကြာနေတဲ့ အကြောင်းကို တောင်မှ အာရုံမစိုက်ထား မိပါဘူး။ ထိုအချိန်အတွင်းမှာ အနက်ရောင်မျှော်စင်အတွင်းက မူလက ငြီးငွေ့ဖွယ်ရာ ကောင်းတဲ့ နေရာမှာ အမျိုးမျိုးသောပစ္စည်းတွေက ပေါ်လာခဲ့ပါတယ်။

လင်းဟန်က စိတ်ဂိဉာဉ် မြက်ပင်တွေကိုပဲ စိုက်ပျိုးခဲ့တာမဟုတ်ပဲ သာမန် သစ်ပင်တွေ သီးပင်စားပင်

အသီးအရွက် စိုက်ခင်းတွေကိုပါ စိုက်ပျိုးခဲ့တာပါ။ သူကအစတုန်းက ဒီအပင်တွေက အနက်ရောင်မျှော်စင်ထဲမှာ တစ်နှစ်ဆိုတဲ့အချိန်က အပြင်ဘက်က ကမ္ဘာ မှာ နှစ်ပေါင်းတစ်ထောင်နဲ့ ညီမျှတယ်ဆိုတဲ့ အချက်အပေါ်မှာ စိုးရိမ်ပူပန်ခဲ့ပါသေးတယ်။ ဒါပေမဲ့ ဒီကိစ္စရဲ့ တကယ့်လက်တွေ့အဖြစ်ကတော့ ပြဿနာ မရှိပါဘူး။

အနက်ရောင်မျှော်စင် ရဲ့ ပထမအထပ်မှာ အချိန်ကို မမြန်ထားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်နှစ်ဆိုတဲ့ အချိန်က အဲဒီမှာ နှစ်တစ်ထောင်နဲ့ ညီမျှတယ်လို့ ပြောထားပါတယ်။ ဆိုလိုတာက အချိန်ကို အမြန်ဆုံး နှစ်တစ်ထောင်အထိ မြန်ပေးလို့ရတယ်လို့ ပြောတာပါ။ နှစ်တစ်ထောင်အထိ ကြာမယ်လို့ ပြောတာမဟုတ်ပါဘူး။

ရက်နည်းနည်းလောက် ကြီးထွားလာပြီးတဲ့ နောက်မှာ ဟင်းသီးဟင်းရွက်တွေ အားလုံး က တကယ့်ကို ကောင်းကောင်းမွန်မွန် နဲ့ ကြီးထွားလာတယ်ဆိုတာ သိသာပါတယ်။ ပြီးတော့ အားလုံးကို အစားအစာအတွက် ရိတ်သိမ်းလို့ရနိုင်ပါတယ်။ ၎င်းတို့က ပိုပိုပြီးတော့ ကြီးထွား ဖွံ့ဖြိုးလာခဲ့ပြီး ရောမ အပင်ကြီးတွေ အဖြစ် မိုးထိအောင် ထောင်တက်တော့မဲ့ ပုံစံနဲ့ တူပါတယ်။

ဥပမာ.. မုန်လာဥတွေက ကြီးမားတဲ့ သစ်ပင်ကြီးတွေလိုမျိုး မြေကြီးအပေါ်ထိကိုတောင် ပေါက်ရောက် ရှင်သန် ကြီးထွားနေပါတယ်။

လင်းဟန်က တစ်ချို့ကို တူးဆွ နုတ်ယူလိုက်ပြီးတော့ ဟင်းလုပ်ပစ်လိုက်ပါတယ်။ ကွမ်းယွမ်၊ ကျူးပူကျို့ နဲ့ ဟူးညိုတို့ အားလုံးက ၎င်းက အရမ်းကို အရသာရှိတယ်လို့ အံ့သြတကြီးနဲ့ ပြောကြပါတယ်။ လင်းဟန် လည်း ကိုယ်တိုင်မြည်းကြည့်လိုက်တဲ့အခါမှာ အရသာက တကယ့်ကို ကောင်းမွန်လွန်းပါတယ်။ သူက ဟင်းချက် ကောင်းတဲ့ သူ တစ်ယောက် မဟုတ်ပါဘူး။ ၎င်း ဟင်းသီးဟင်းရွက်တွေ ကိုယ်တိုင်က အရမ်းကို ကောင်းမွန် လွန်းနေတာပါ။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲက ဧရိယာ ထဲမှာ ကြက်တွေ ဂက်တွေ ဆိတ်တွေ နွားတွေအတွက်လဲ နေရာ ချထားပါတယ်။ ဒီ တိရိစ္ဆာန်တွေကိုတော့ ဆေးဥယျာဉ်ထဲက ကြီးထွားဖွံ့ဖြိုးနေတဲ့ အပင်တွေကို ကျွေးမွေးပြီး တစ်ခါတစ်ရံမှာတော့ အဆင့်နိမ့် စိတ်ဂိဉာဉ် မြက်ပင် တစ်ချို့ကိုတောင်မှ ကျွေးပါသေးတယ်။ အချိန်တစ်ချို့ ကျွေးမွေး ပြီးတဲ့ နောက်မှာ တော့ ဒီ ကြက်တွေ၊ဆိတ်တွေ၊

ဂက်တွေ နဲ့ နွားတွေ က အရမ်းကို အရသာရှိလာ ပါလိမ့်မယ်။

အရမ်းကောင်းတဲ့ အစားအစာတွေ ရရှိနိုင်တဲ့ ကောင်းမွန်တဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။

လင်းဟန်က ဖန်းလောင် ကို သတ်ပစ်ခဲ့ပါတယ်။ အစောပိုင်း နတ်ဆိုးကောင်းကင် လျှို့ပုက် နယ်မြေ ဖွင့်ကာစတုန်းက ၎င်းက ရုတ်ရုတ်သဲသဲ ဖန်တီးဖို့ မဖြစ်ပါဘူး။ ဒါပေမဲ့ အခု သူက ပြန်ရောက်လာခဲ့ပါပြီ။ ပြီးတော့ နတ်ဆိုးကောင်းကင်လျှို့ပုက်နယ်မြေက ကိစ္စကလည်း ပြီးဆုံးသွားခဲ့ပါပြီ။ ဒါကြောင့် လူတွေအများကြီး က လာပြီးတော့ သူ့ကို ပြဿနာ ရှာဖို့ သင့်ပါတယ်။

ဒါပေမဲ့ အခုတော့ ဘာမှ မဖြစ်ပျက်ခဲ့သလိုမျိုး အံ့သြစရာကောင်းလောက်အောင် ငြိမ်းငြိမ်း ချမ်းချမ်း ရှိနေပါတယ်။

ငါးရက်မြောက်နေ့မှာတော့ အင်ပါယာမြို့ တစ်ခုလုံးကို ကြီးမားတဲ့ သတင်းတစ်ခု ပြန့်နှံ့လို့ လာခဲ့ပါတယ်။အင်အားကြီး ကလန် ရှစ်ခုထဲက တစ်ခုဖြစ်တဲ့ လွီကလန်ရဲ့ မင်းသမီး ဖြစ်သူ လွီယုထန် က လက်ထပ်တော့မယ်ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်။

အင်ပါယာမြို့ရဲ့ အချောမောဆုံး နစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ လွီယုထန်က တကယ်ပဲ လက်ထပ်တော့မှာလား။

သတို့သားက ဘယ်သူလဲ။

ချက်ချင်းဆိုသလို အင်ပါယာမြို့ တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ ကလန် အားလုံးက လူငယ်တွေ အားလုံးပဲ မနာလိုမှုတွေ သဂန်တိုမှုတွေနဲ့ ကြိတ်မနိုင်ခဲမရ ဖြစ်ကုန်ကြပါတယ်။ ဒါပေမဲ့ တစ်ချိန်ထဲမှာပဲ အဲဒီ ဖိုးကံကောင်းရဲ့ အကြောင်းကို သိချင်စိတ် ပြင်းပြလို့နေကြပါတယ်။ ဘယ်သူကများ သူတို့အားလုံးရဲ့ အိပ်မက်ထဲက မိန်းကလေးကို လက်ထပ်ခွင့်ရတဲ့ ကံကောင်းခြင်းတွေနဲ့ ပြည့်နှက်နေတဲ့ သူက ဘယ်သူလဲဆိုတာကိုပေါ့။

ဖန်းမင်။

ဖန်းမင် ဆိုတာ ဘယ်သူလဲ။ ပြီးတော့ ဖန်းလောင် နဲ့ ဘယ်လို ပတ်သက်မှု မျိုး ရှိနေလဲ။

အဖြေက အရမ်းကို လျှင်မြန်စွာနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။ ဖန်းမင် က ဖန်းယန် ရဲ့ ညီအစ်ကို တစ်ဝမ်းကွဲ ပဲ ဖြစ်ပါတယ်။ ပြီးတော့ အခုလက်ရှိမှာ အသက် ၂၀ ရှိပါပြီ။ သူက လုံးဝ စိတ်ကြီးဝင်ပြီးတော့ အရည်အချင်းမပြည့်မှီ တဲ့ လူတစ်ယောက်ဖြစ်ပြီးတော့ ဖန်းလောင် နဲ့ အတူ ဖန်းကလန်ရဲ့ အမိုက် နှစ်ယောက်လို့ လူသိများပါတယ်။ သူက ဒြပ်စင် စုစည်းခြင်း အလွှာ ကိုတောင်မှ အဆင့်မချိုးဖျက်နိုင်ပါဘူး။ ဒါပေမဲ့ မကောင်းမှု ဒုစရိုက်တွေ အားလုံးမှာ စိတ်အားထက်သန်ပါတယ်။ညှော့ခံပွဲ၊ စားသောက်ပွဲ နဲ့ အမျိုးသမီးတွေနဲ့ ပေါ့လား ဂါးလား ပျော်ပါးရတာကို ကြိုက်နှစ်သက်တဲ့ လူပေါ်ကြော့ တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒီလိုမျိုး အမိုက်ကောင်က လွီယုထန်နဲ့ လက်ထပ်ဖို့ အတွက်ကို ဘယ်လိုလုပ်ပြီးတော့ အဆင့်မှီတာလဲ။ ပြီးတော့ လွီကလန် အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လွီယုထန် လို ပါရမီရှင် တစ်ယောက်ကို ဒီလို အမိုက်ကောင်နဲ့ လက်ထပ်ဖို့ သဘောတူနိုင်ရတာလဲ။

လွီကလန်က ငတုံးအေတွေတော့ မဟုတ်ပါဘူး။ သူတို့က ငတုံးအေ တွေ မဟုတ်သလို အင်ပါယာမြို့က အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခု လည်းဖြစ်ပါတယ်။ ပြီးတော့

စွမ်းအား အနေနဲ့ ပြောရမယ်ဆိုရင် အင်ပါယာ မိသားစုအောက်ပဲ နိမ့်ကျတာဖြစ်ပါတယ်။

ဒါဆိုရင် ဘယ်လို အကျိုးအမြတ်ကို ဖန်းယန် က ကစားပွဲပေါ်ကို ပစ်တင်လိုက်လို့လဲ။ ဒါမှမဟုတ် သူက လွီကလန်ကို ဒီဆုံးဖြတ်ချက်ကို ချမှတ်ဖို့ အတင်းအကျပ် ဖိအားပေးပြီး ခြိမ်းခြောက်ပြောဆိုခဲ့တာလား။

လွီကလန် က သတင်းဖြန့်ပြီးသွားခဲ့ပါပြီ။ ဒီနေ့ကနေစပြီး နောက်သုံးရက်အကြာမှာ လွီယုထန်နဲ့ ဖန်းမင် ကြားက လက်ထပ်ပွဲကို ကျင်းပပါလိမ့်မယ်။

အင်ပါယာ မြို့ က လူငယ်အားလုံးက ဒီသတင်းကြားလိုက်ရတဲ့ အခါမှာ ရန်လိုပြီးတော့ ပုန်ကန် ထကြွ သောင်းကျန်းကုန်ကြပါတယ်။ ဖန်းမင် လို ကောင်လက်ထဲကို လွီယုထန်ကို ဘယ်လိုလုပ်ပြီးတော့ ထည့်ပေးနိုင်မှာလဲ။ ဒီလို အမှိုက်ကောင်က အလွန်အမင်း ကျက်သရေ ရှိပြီး တင့်တယ်ချောမောလှပတဲ့ သူကို လက်ထပ်နိုင်တယ်ဆိုရင် အဲဒါက လူတိုင်းလူတိုင်းရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ဖြတ်ရိုက်လိုက်တာပဲ မဟုတ်ဘူးလား။

ဒါပေမဲ့ ... လူတော်တော်များများသိထားကြတာ ရှိပါသေးတယ်။ လွီယုထန်က လင်းဟန်ရဲ့ ကောင်မလေးမဟုတ်ဘူးလား။ ဘာကြောင့် သူမက ဖန်းမင် နဲ့ ရုတ်တရက် လက်ထပ် တာလဲ။ ဘာတွေဖြစ်ကုန်ပြီလဲ။

လင်းဟန် နဲ့ ဖန်းကလန် ကြားထဲက ရန်ငြိုး ရန်စတွေက လျှို့ပုက်ချက် မဟုတ်ပါဘူး။ လင်းဟန်က ပထမဆုံး ဖန်းလောင်ရဲ့ လက်တွေကိုဖြတ်ပစ်ခဲ့ပြီး နောက်ပိုင်းမှာ ဖန်းလောင် ကို သတ်ပစ်ခဲ့ပါတယ်။ ဒါက သူသေ ကိုယ်သေ ရန်ငြိုးရန်စလို့ သတ်မှတ်လို့ရပါတယ်။ တစ်ဖက်က လုံးဝ ရှုံးနိမ့်မသွားမချင်း ပြီးဆုံးပြီလို့ သတ်မှတ်လို့ မရပါဘူး။

အခု ဖန်းမင် က လွီယုထန်ကို လူပုံအလယ်မှာ လက်ထပ်ဖို့ကြိုးစားတာက လင်းဟန်ရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်တာပဲ မဟုတ်ဘူးလား။

သေချာတာပေါ့။ လွီယုထန်ကို အမှိုက်တစ်ကောင်နဲ့ လက်ထပ်ဖို့ ခွင့်ပြုလိုက်တာက လင်းဟန် မျက်နှာကို ဖြတ်ရိုက်လိုက်ရုံတင် မကပါဘူး သူရဲ့မျက်နှာကို ယောင်ကိုင်းသွား စေတဲ့အထိ ခွန်အားပြင်းထန်တဲ့ ရိုက်ချက်နဲ့ အရိုက်ခံလိုက်ရသလိုပါပဲ။ တကယ်လို့ လင်းဟန်က ဒီကိစ္စကို သည်းခံနိုင်တယ် ဆိုရင်တောင်မှ

အနာဂတ်မှာ တစ်ခြားသူတွေကို သူဘယ်လိုမျိုး မျက်နှာပြပုံတော့မှာလဲ။

စိတ်ဝင်စားစရာပဲ။ တကယ့်ကို စိတ်ဝင်စားဖို့ ကောင်းလိုက်တာ။ သေချာတာကတော့ နောက်သုံးရက်ကြာတဲ့ အခါမှာ စိတ်လှုပ်ရှားစရာ ကောင်းတဲ့ ပွဲတစ်ခုကို တွေ့ရပါလိမ့်မယ်။

ဒီသတင်းက လင်းဟာန်ရဲ့ နားထဲကို ရောက်သွားတဲ့အခါမှာ သူက အနည်းငယ် မှင်တက် သွားပြီးတော့ လွီယုထန်က ဘာကြောင့် ဒီရက်ပိုင်းအတွင်းမှာ ဘာဖြစ်လို့ မလာတာလဲ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူမက အရမ်းကို အလုပ်များနေလို့ လာမလည် နိုင်တာ မဟုတ်လောက်ပါဘူး။ သူမကို လွီကလန်က အိမ်အကျယ်ချုပ် ချထားတာပဲ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ဘယ်လိုမှ ထွက်လို့မရတာကြောင့်လဲ ဖြစ်ပါမယ်။

သူမက သူရဲ့ အခြွေအရံ မိန်းကလေး ပါ။

လင်းဟာန်က စားပွဲခုံ ကို ခေါက်နေပါတယ်။ လက်ထပ်ပွဲက နောက်သုံးရက်အကြာမှာ ကျင်းပ မှာ ဖြစ်ပါတယ်။ ဒါက ဖန်းယန် အနေနဲ့ အင်ပါယာမြို့ကို ပြန်ရောက်နေတာ

တော်တော်ကြာပြီ ဖြစ်ပြီးတော့ ဖန်းလောင် က သူရဲ့ လက်ထဲမှာ အသတ်ခံလိုက်ရတယ် ဆိုတာကို ကောင်းကောင်းကြီး သတိပြုမိပါလိမ့်မယ်။ဒါပေမဲ့ ဒီကောင်က သူ့ဆီကို လာပြီး သူသေကိုယ်သေ တိုက်ခိုက်မှု မလုပ်ပဲနဲ့ အဲဒီအစား ဖန်းမင် ကို ဒုယွန်မြို့ကနေ ခေါ်လာခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ကို အရှက်ခွဲဖို့ အတွက် လှိုင်ယုထန် နဲ့ လက်ထပ်ပေးဖို့ ပြင်နေတာဖြစ်ပါတယ်။

တစ်ခြားသူတွေရဲ့ မျက်လုံးထဲမှာ သူက အရမ်းကို ချစ်မှုရေးရာ ကိစ္စတွေကို နှစ်သက် သဘောကျတဲ့ လူငယ် တစ်ယောက် ဖြစ်ပါလိမ့်မယ်။ သူ့ရဲ့ ဘေးမှာ အရမ်းကို ချောမော လှပတဲ့ မိန်းကလေး နှစ်ယောက် ရှိပါတယ်။ ဒါကြောင့် သူက သူမတို့ နှစ်ယောက်ကို အရမ်းကို ချစ်ခင် ကြင်နာတဲ့ ပုံစံပေါက်နေပါတယ်။ ဒါကြောင့် ဖန်းယန် က ဖန်းမင် ကို အသုံးချပြီးတော့ သူ့ကို တိုက်ခိုက်ဖို့ ကြံစည်လိုက်တာပဲ ဖြစ်ပါတယ်။

ဒါက ဖန်းယန် အနေနဲ့ သူ့ကို ဘယ်လောက်တောင် မုန်းတီးနေလဲဆိုတာ သက်သေပြ နေပါတယ်။ သူက လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်ရုံနဲ့ စိတ်မကျေနပ်နိုင်ပဲ ပထမဆုံး လင်းဟန်ကို ရှုံးသွပ်သွားအောင်လို့ လုပ်ပြီးတော့မှ သေချင်စိတ်ဆန္ဒတွေ

ပြင်းထန် လာအောင်လို့ လုပ်လိုက်တာပါပဲ။

ကိုယ်ချစ်မြတ်နိုးတဲ့ အမျိုးသမီးတစ်ယောက်ကို အမိုက်ကောင် တစ်ယောက်နဲ့ လက်ထပ် တာကို ကြည့်နေရတဲ့ အဖြစ်က ဘယ်လောက်တောင် ထိတ်လန့်ဖို့ ကောင်းလိုက်မလဲ။ လင်းဟန်က လွီယုထန်ကို သူ့ရဲ့ မိန်းကလေးလို့ မစဉ်းစားထားပေမဲ့လည်း သူရဲ့ လူတွေကို ကာကွယ်တတ်တဲ့ သူ့အမူအကျင့် ကြောင့် သူရဲ့ နောက်လိုက် အခြွေရံ မိန်းကလေးကို ဖိအားပေးပြီး လက်ထပ်ခိုင်းတာကိုတော့ ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုနိုင်မှာလဲ။

ဒါက သူ့အနေနဲ့ နောက်သုံးရက် အကြာမှာ ကျင်းပမဲ့ မင်္ဂလာ ညစာစားပွဲ မှာ ပြဿနာ ကြီးကြီးမားမား သွားရှာရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါပေမဲ့ မေးခွန်းက ဘယ်လိုမျိုး လုပ်မှာလဲ။

သူ့ရဲ့ ကျင့်ကြံခြင်းက အခု နွေဦးစမ်းရေ အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့ သူ့အနေနဲ့ လွီကလန်ကို အမိန့်ပေးလို့ မရပါဘူး။ ဒါက အင်အားကြီး ကလန် ရှစ်ခုထဲက တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူတို့က တိုက်ခိုက်လာမယ်ဆိုရင် သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို

စိတ်ဂိုဉာဉ်ပင်လယ်အဆင့်ဆီကို သူ့မှာရှိတဲ့ အနက်ရောင်မျှော်စင် က စွမ်းအားတွေကို သူ့ဆီကို သွတ်သွင်းပေးမယ်ဆိုရင်တောင်မှ လွှီကလန်မှာ အစွမ်းထက်တဲ့ စိတ်ဂိုဉာဉ် ပလ္လင် အဆင့် စစ်သည်တော် တစ်ယောက်က ရှိနေပါတယ်။ တကယ်လို့ သူက စိတ်ဂိုဉာဉ် ပင်လယ်အဆင့် ဆိုရင်တောင်မှ ဒီလိုအစွမ်းထက်တဲ့ လက်ရွေးစင် အတွက်တော့ သူ့ကို လုံး၀ ဖိနှိပ် ထိန်းချုပ်ဖို့ဆိုတာ လက်ဂါးကို မှောက်လိုက် လှန်လိုက် လုပ်တာလောက်တောင် မခက်ပါဘူး။

တကယ်လို့ သူက အနက်ရောင်မျှော်စင်ကို ထုတ်ဖော်လိုက်မယ်ဆိုရင် သူက သေချာပေါက် လုံး၀ အမြစ်ပြုတ် သုတ်သင်ခံလိုက်ရပါလိမ့်မယ်။ ဒါပေမဲ့ ဒီထဲမှာ အကြောင်းအရာတွေ အများကြီး ပါ၀င်နေပါတယ်။ မျှော်စင်လေး ပြောတာကတော့ စစ်မှန်တဲ့ အဆုံးစွန် အစွမ်းထက်တဲ့ သူတွေက ထွက်ပေါ်လာပါလိမ့်မယ်။ ပြီးတော့ နောက်ဆုံးကောက်ချက် အရတော့ သူက သေပြီးတော့ အနက်ရောင်မျှော်စင်ကလည်း အဝေးကို လုယူသွားခြင်း ခံရပြီးတော့ ပြီးဆုံးသွားပါလိမ့်မယ်။

သူ့ရဲ့ နောက်လိုက်အခြွေအရံ မိန်းကလေးကို ကယ်တင်ပြီးတော့ ဘာမှ မထိမရှုပဲ နောက်ဆုတ်လို့ရအောင်

သူက ဘာတွေ လုပ်သင့်သလဲ။

"ကောင်လေး... မင်း မင်္ဂလာပွဲကို တက်ဖို့ အစီအစဉ်ဆွဲနေတာလား"

သတင်းကြားပြီးတဲ့ နောက်မှာ ကွမ်းယွမ် နဲ့ ကျူးပူကျိ တို့နှစ်ယောက်စလုံး ရောက်လာခဲ့ ပါတယ်။

လင်းဟာန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီး ကွမ်းယွမ်က ကျနော့်ကို ကာကွယ်ပေးထားမှတော့ တကယ်လို့ နဂါးခံတွင်း ဒါမှမဟုတ် ကျားရဲ့တွင်းထဲကို သက်ဆင်းရမယ်ဆိုရင်တောင်မှ ကျနော်က ရဲရဲဝံ့ဝံ့ နဲ့ အရှေ့ကနေ သွားရမှာပေ့ါ"

ကွမ်းယွမ် ရဲ့ မျက်နှာက ချက်ချင်းဆိုသလို မည်းမှောင်သွားပါတယ်။ လွီကလန် ဆိုတာ ဘယ်လိုနေရာမျိုးများ မှတ်နေလို့လဲ။ အဲဒါက စိတ်ဂိဉာဉ်ပလ္လင် အဆင့် လက်ရွေးစင် တစ်ယောက် အဆင်သင့်စောင့်ဆိုင်းနေတဲ့ နေရာတစ်ခုပဲလေ။ ဘယ်လိုဖြစ်လို့ အဲဒီနေရာမှာ သွားပြီးတော့ သောင်းကျန်းရမှာလဲ။

အရိုက်ခံချင်နေလို့လား။ သူက သူရဲ့ လက်တွေကို လျှင်မြန်စွာနဲ့ အဆက်မပြတ် ခါလိုက်ပြီးတော့ ငြင်းဆန်ပြီး ခြေလိုက်ပါတယ်။

"ငါ မင်းနဲ့ အတူတူတော့ မသေချင်ဘူး"

ကျူးပုကျို့ က ပြောလိုက်ပါတယ်။

"သခင်လေးဟန်… ကျနော် သခင်လေးနဲ့ အတူတူ သွားမယ်"

သူက သစ္စာရှိတဲ့ ယောကျ်ား တစ်ယောက်ပါ။ လင်းဟန်က သူရဲ့ မိန်းကလေး အတွက် မင်္ဂလာပွဲကို သွားပြီးတော့ ပြဿနာ ရှာဖို့ ဆန္ဒရှိနေတာကို မြင်လိုက်ရတဲ့အခါမှာ သူရဲ့ သွေးတွေက ဆူလာပြီးတော့ စိတ်လှုပ်ရှားလာခဲ့ပါတယ်။ ထပ်ပြောရမယ်ဆိုရင် လင်းဟန်ကြောင့်သာ သူ့ကလက်စားချေနိုင်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ သူရဲ့ အသက်က လင်းဟန် အပေါ်မှာ အကြွေးတင်နေခဲ့ပါတယ်။ ဒါကြောင့် လွီကလန် ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ သူ့အတွက် လုံးဝ ပြဿနာ မရှိပါဘူး။

"မင်းတို့ အရူးနှစ်ကောင်ကတော့ကွာ…. လဖြွတ်ပဲ သွားကြ…. လွီကလန်မှာ စိတ်ဂိဉာဉ် ပလ္လင် အဆင့် လက်ရွေးစင်

တစ်ယောက်က အဆင်သင့်ရှိနေတယ်။ မင်းတို့ကို ကိုယ့်ဘာသာကို သွားပြီးတော့ သတ်သေမလို့လား”

ကွမ်းယွမ် က သူရဲ့ မျက်လုံးတွေ ပြူးပြီးတော့ ပြောလိုက်ပါတယ်။

“အချစ်အတွက် တိုက်ပွဲဝင်ရဖို့ ဆိုရင် အကြိမ်တစ်ရာလောက် သေသွားရင်တောင်မှ ကျုပ် လုံးဝ နောင်တရမှာမဟုတ်ဘူး”

ကျူးပုကျို့ က အရှုံးအမှုးကြေညာလိုက်ပါတယ်။

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ကျနော့်ကိုယ် ကျနော်တော့ အဓိပ္ပါယ်မဲ့ အကျိုးမရှိပဲ သေအောင်လို့ လုပ်ပုံမလား။ အင်း အရင်ဆုံး ကောင်းကင်ဆေးအိမ်တော် ဆီကို သွားကြတာပေါ့”

အပိုင်း (၂၅၁) အဆင့်သင့်ဖြစ်ပြီလား

လင်းဟန်က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် အဖြစ် တော်တော်ကြာ ကတည်းက

ထောက်ခံချက်ရရှိခဲ့ပြီးပါပြီ။ ဒါပေမဲ့ အကုန်လုံးက ထောက်ခံချက်ကို ရရှိအောင်လုပ်ဖို့ ကိစ္စကတော့ အရမ်းကို ကြာတဲ့ လုပ်ငန်းစဉ် တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်လ ဆိုတဲ့ အချိန်ကတော့ ကိစ္စအားလုံးကို လုံး၀ ပြီးပြည့်စုံအောင် လုပ်ဆောင်ဖို့ အတွက်က လုံလောက်ပါပြီ။

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ရဲ့ အဆင့်အတန်းက အသက်ကယ်နိုင်တဲ့ တံဆိပ်ပြားတစ်ခုကို ရရှိထားတာနဲ့ ညီမျှပါတယ်။

သူက ဟူးညိုကိုပါ ခေါ်ပြီးတော့ ကောင်းကင်ဆေးအိမ်တော်ကို သွားလိုက်ပါတယ်။

"သခင်လေးဟန်"

"သခင်လေးဟန် လာပြီ"

ရှောင်ယင်း က ရှေ့ကို ထွက်လာပြီးတော့ သူတို့ကို လက်ခံကြိုဆိုပြီး အဓိက ဟောခန်း ထဲကို ခေါ်လာခဲ့ပါတယ်။ တစ်ခြား မှော်ဆေးပညာရှင်တွေကလဲ လာပြီးတော့ ဂါရ၀ပြု နှုတ်ဆက်ကြပါတယ်။ သူတို့အားလုံးက လင်းဟန်ကို စိတ်လှုပ်ရှားစွာနဲ့ ကြည့်နေကြပါတယ်။

လင်းဟန်က ပြုံးပြ ခေါင်းငြိမ့်ပြီးတော့ ဖုယွင်ရှင်းကို မေးလိုက်ပါတယ်။

"ကျုပ်ရဲက မော်ဆေးပညာရှင် အဆင့်အတန်း သက်သေခံ အထောက်အထားက ရပြီလား"

"ဟုတ်ကဲ့ ရရှိတာ အတော်ကို ကြာနေပါပြီ။ ဒါပေမဲ့ သခင်လေးဟန်က နတ်ဆိုးကောင်းကင် လျှို့ပုက်နယ်မြေ ထဲကို ဝင်သွားခဲ့တဲ့အတွက် ဒါကို လာပေးဖို့ အခွင့်အရေး မရှိခဲ့ပါဘူး။ အခု ကျနော်ကိုယ်တိုင် အဲဒါကို ယူလာဖို့ ခွင့်ပြုပေးပါ"

ဖုယွင်ရှင်းက သူကိုယ်တိုင်ပဲ အလျင်အမြန် ယူလာပြီးတော့ လင်းဟန်ကို ရိုသေလေးစားစွာ ပေးလိုက်ပါတယ်။

လင်းဟန်က သူ့ဆီကနေ ၎င်းကို လက်ခံခဲ့ပါတယ်။ ငွေရောင် တံဆိပ်ပြား သုံးခုအပြင် ၎င်းရဲ့ အတွင်းမှာ ခရစ်စတဲလ် ပုံစံနဲ့ တူတဲ့ အရာတစ်ခုလည်း ရှိပါတယ်။မူလစွမ်းအင်ကို ၎င်းရဲ့ အတွင်းကို ထည့်သွင်းလိုက်တဲ့အခါမှာ ၎င်းက အသက်ဝင်လာပြီးတော့ မျက်နှာပြင် ပေါ်မှာ လင်းဟန်ရဲ့ နာမည်နဲ့ သူ့ကို အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင်

တစ်ယောက် အဖြစ် ထောက်ခံပေးထားတဲ့ ရက်စွဲကိုပါ ရှင်းရှင်းလင်းလင်းနဲ့ သက်သေအဖြစ် ရေးထားတာကို တွေ့လိုက်ရပါတယ်။

"သခင်လေးဟန်.. ကျုပ် အမှန်အတိုင်းပြောပါရစေ။ ကျုပ်တို့ ကောင်းကင်ဆေးအိမ်တော် က မှော်ဆေးပညာရှင် အဖွဲ့အစည်းမှာ ပါဝင်တယ်။ ပြီးတော့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ဒီကုန်းမြေရဲ့ မှော်ဆေးပညာရှင်အားလုံး ပါဝင်တဲ့ အဖွဲ့အစည်း တစ်ခု ဖြစ်ပါတယ်။ ၎င်းက မှော်ဆေးပညာရှင်တွေရဲ့ အဆင့်ကို အတည်ပြုတဲ့ တာဝန်ခံ ဖြစ်တဲ့ အပြင် မှော်ဆေးပညာရှင်တွေ အားလုံးရဲ့ အကျိုးအတွက်ကိုပါ အလုပ်လုပ်ကြပါတယ်။ သခင်လေးဟန်က အသက်နှစ်ဆယ်တောင် မပြည့်သေးပဲနဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဖြစ်နေခဲ့ပါပြီ။ ဒါက မြောက်ဘက်အစွန်အဖျား ရဲ့ နိုင်ငံကိုးခု ဌာနခွဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ပါတယ်။ ပြီးတော့ အမျိုးမျိုးသော ဂရန်းမာစတာ မှော်ဆေးပညာရှင်တွေက သခင်လေးဟန်ကို တောက်ပသောကြယ်စင် နန်းတော် ခန်းမ ကို လာလည်ဖို့ မျှော်လင့်နေကြပါတယ်"

ဖုယွင်ရှင်း က အပြုံးနဲ့ ရှင်းပြလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲက မနာလိုမှုတွေကိုတော့ သူက

မဖုံးထားနိုင်ပါဘူး။

တောက်ပသောကြယ်စင် နန်းတော် ခန်းမ က မြောက်ဘက် အစွန်အဖျားနိုင်ငံကိုးခု က မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ အဆင့်အမြင့်ဆုံး ဌာနခွဲ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ခုနစ်ယောက်က အသင့်ရှိနေပါတယ်။ သူတို့အားလုံး က အဲဒီ ဧရိယာထဲမှာ တကယ့်ကို အရေးကြီးတဲ့ လူတွေပဲ ဖြစ်ပါတယ်။ ပြီးတော့ အခု သူတို့က လင်းဟန်ကို အမှန်တကယ် တွေ့ဖူးချင်နေကြပါတယ်။ ဒါက ဘယ်လောက်တောင် ဂုဏ်ယူစရာကောင်းလိုက်သလဲ။

လင်းဟန်က ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ အလေးအနက်မထားပါဘူး။ အဲဒီအစား သူက အနည်းငယ်တောင်မှ သက်တောင့်သက်သာ မဖြစ်သလို ခံစားလိုက်ရပါတယ်။

သူ့ကို လာလည်ဖို့ပြောတယ်ဟုတ်လား။ သူတို့က ဘာများလုပ် မလို့လဲ။

"တကယ်လို့ သူတို့က ကျုပ်ကို တွေ့ချင်တယ်ဆိုရင် သူတို့ကိုယ်တိုင်ပဲ လာခဲ့ဖို့ ပြောလိုက်ပါတယ်။

ဒီအချိန်မှာတော့ မိုးရေနိုင်ငံကို စွန့်ခွာသွားဖို့ စိတ်ကူး မရှိသေးဘူး"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ယ

ထိုအချိန်မှာပဲ တစ်ချို့က သူ့ကို အပြစ်တင် ကြိမ်းမောင်း ပစ်လိုက်ချင် နေကြပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ မကောင်းဆိုးဝါး ဆန်လှတဲ့ စွမ်းရည်နဲ့ သူက အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် ဘယ်လိုဖြစ်လာသလဲဆိုတာရယ် မြေကျွမ်းအဆင့်နဲ့ နီးတဲ့ အခြေခံ တည်ဆောက်ရေးဆေးလုံးကို အမှန်တကယ် ဖော်စပ်နိုင်ခဲ့တဲ့ သူတစ်ယောက် ဖြစ်တဲ့အတွက် သူက မြေကျွမ်းအဆင့် မော်ဆေးပညာရှင် တစ်ယောက် အဆင့်ကို ရောက်ဖို့ ခြေလှမ်းတစ်ဂက်လောက် ရောက်နေပြီဆိုတာကို ပြန်စဉ်းစားမိလိုက်ကြပါတယ်။

ဒါကြောင့် ပုံမှန် မြေကျွမ်းအဆင့် မော်ဆေးပညာရှင် ဘယ်သူမဆို လင်းဟန်ကို အမိန့် ပေးလို့ မရနိုင်ပါဘူး။

"ဒါ...."

ဖုယွင်ရှင်း က သူ့ရဲ့ နဖူးပေါ်မှာ ရှိနေတဲ့ ချွေးတွေကို

သုတ်ပစ်လိုက်ပါတယ်။ သူ့ရဲ့ အမြင် အရဆိုရင်တော့ တောက်ပသောကြယ်စင် နန်းတော် ခန်းမကို အလည်အပတ် သွားခွင့် ရတယ်ဆိုတာက မှော်ဆေးပညာရှင် အားလုံးအတွက်တော့ အိပ်မက်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ လုံးဝကို စိတ်မဝင်စားတဲ့ပုံပါပဲ။အဲဒီအစား သူက တော်ဝင် ဂရန်းမာစတာ မှော်ဆေးပညာရှင်တွေကိုတောင်မှ သူ့ဆီကို ကိုယ်တိုင်ကိုယ်ကျ လာလည်စေချင် နေခဲ့ပါတယ်။

လင်းဟန်က သူရဲ့ လက်ကို ပွေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကိစ္စကို ဘေးမှာ အသာထားလိုက်ဦး... ခင်ဗျားကို အကူညီတောင်းစရာ ကိစ္စ တစ်ခု ရှိသေးတယ်"

"သခင်လေးဟန်က ပြောလိုက်ဖို့ပဲ လိုအပ်ပါတယ်"

ဖုယွင်ရှင်းက အလျင်အမြန်ပဲ ဦးညွှန့်ပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟန်က သူ့ကို ဂုဏ်ပြုချီးမြှင့်တဲ့ အနေနဲ့ သူ့ဆီကနေ အကူအညီတောင်းတဲ့ ပုံစံမျိုးပါပဲ။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပြီးတော့ မေးပါတယ်။

"လွီကာလန်က သူတို့ရဲ့ သမီးကို နောက်သုံးရက်အကြာမှာ လက်ထပ်ပေးဖို့ စီစဉ်နေတယ်။ ဒီကိစ္စကို ခင်ဗျား သတိထားမိလား"

"ဟုတ်ကဲ့"

ဖုယွင်ရှင်း က လင်းဟာန်ကို ကြည့်လိုက်ပြီး အနည်းငယ် တုံ့ဆိုင်းဆိုင်းနဲ့ ဖြေလိုက်ပါတယ်။ ဒါပေမဲ့ သူက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"လွီကာလန်ကနေ ပြန့်နှံ့လာတဲ့ သတင်းအချက်တွေ အရတော့ ဖန်းယန်က ဆောင်းလဂိုဏ်း ရဲ့ တပည့်တစ်ယောက် ဖြစ်ပြီးတော့ အတွင်းစည်းတပည့် တောင် ဖြစ်ပါတယ်။ ဒါကြောင့် လွီကာလန်က ဒီ လက်ထပ်ပွဲကို သဘောတူခဲ့တာပဲ ဖြစ်ပါတယ်"

အမိပ္ပါယ်မရှိလိုက်တာ။

လင်းဟာန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ တကယ်လို့ ဖန်းယန် ကိုယ်တိုင်က လွီယုထန် ကို လက်ထပ်ချင်တယ်ဆိုရင်တောင်မှ လွီကာလန် အနေနဲ့

လက်မခံသင့်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဆောင်းလကိုဏ်းက အစွမ်းထက်ပေမဲ့လည်း လင်းဟန်ရဲက အနောက်မှာ အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် နှစ်ယောက်က ရပ်တည် ပေးနေပါတယ်။ ဒါကြောင့် သူလည်းပဲ အစွမ်းထက်တဲ့ နောက်ခံအင်အား ရှိပါတယ်။

ဒါမှမဟုတ် ဆောင်းလကိုဏ်းရဲ့ တပည့်တစ်ယောက်နဲ့ သူတို့ရဲ့ သမီးကို လက်ထပ်ပေးခြင်း ကနေ လှီကလန် အနေနဲ့ ဘယ်လိုအကျိုးအမြတ်တွေကို ရရှိလို့လဲ။ သမီးမိန်းကလေး တစ်ယောက်က လက်ထပ်ပြီးလို့ ကလန်ကနေ ထွက်သွားခဲ့ပြီဆိုရင် အဲဒါက ရေတွေ ပွင့်အံထွက်သွားတာနဲ့ ညီမျှပါတယ်။ လက်ထပ်ခြင်းဖြင့် မဟာမိတ်ဖွဲ့ တာက အဓိပ္ပါယ်ရှိတဲ့ သကေ်တရှိပါလိမ့်မယ်။

ဥပမာ... အင်ပါယာမိသားစုရဲ့ မင်းသား မင်းသမီး ဘယ်လောက်တောင်များ ဒီနှစ်တွေမှာ လက်ထပ်ခဲ့ကြသလဲ။ သူတို့ထဲက အများစုက အင်အားကြီး ကလန် ရှစ်ခုနဲ့ လက်ထပ် ခဲ့ကြပါတယ်။ ဒါပေမဲ့ အင်အားကြီးကလန် ရှစ်ခုက အင်အားကြီးကလန် ရှစ်ခု အဖြစ်ပဲ ရှိနေဆဲပါပဲ။ ဘယ်ကလန်ကမှ အင်ပါယာမိသားစုနဲ့ ပိုမို နီးကပ်လာတာမျိုး မရှိပါဘူး။ တစ်ဖက်မှာတော့ အင်အားကြီး ကလန်ရှစ်ခုက လုံခြုံရေးအတွက် အတူတကွ ပူးပေါင်း

နေကြဆဲ ဖြစ်ပါတယ်။ အင်ပါယာမိသားစုကို ပေါ်ပေါ်ထင်ထင် နဲ့ လှိုမှုပ်ပြီးတော့ ဆန့်ကျင်နေကြဆဲ ဖြစ်ပါတယ်။

ဆောင်းလဂိုဏ်းက မြောက်ဘက်အစွန်အဖျားရဲ့ ကိုးနိုင်ငံမှာ တည်ရှိတာမဟုတ်ပါဘူး။ တကယ်လို့ သူတို့ရဲ့ လက်တွေကို အဲဒီ နယ်မြေဆီ တကယ်ပဲ ဆန့်တန်းလိုက်မယ်ဆိုရင် ပထမအနေနဲ့ အင်ပါယာ မိသားစုကို မကျေမနပ် ဒေါသထွက်စေပါလိမ့်မယ်။ အင်ပါယာ မိသားစု အနေနဲ့ လူပုံအလယ်မှာ ဆောင်းလဂိုဏ်းကို တကယ်ပဲ ဆန့်ကျင်ရဲမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့က လွီကလန် အတွက် ရှင်သန်နေထိုင်မှု ခက်ခဲအောင်လုပ ဘယ်လိုလုပ်ပြီးတော့ မလုပ်နိုင်ရမှာလဲ။

ဒါကြောင့် တကယ်လို့ လွီကလန်က လွီယုထန်ကို ဖန်းယန် နဲ့ လက်ထပ်ပေးခဲ့ရင်တောင်မှ ဒါက ပေါင်းစည်းခြင်း သင်္ကေတ တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ လက်သပ်မွေးလိုက်တဲ့ သူက ဖန်းမင် ဖြစ်နေတဲ့အခါမှာ ဘာများတတ်နိုင်ဦးမှာလဲ။

လင်းဟန်ရဲ့ အကျိုးသင့် အကြောင်းသင့် တွက်ဆချက်တွေအရတော့ ဖန်းယန်က လွီကလန်ကို အကျိုးအမြတ် တစ်ချို့ သေချာပေါက် ပေးခဲ့ပါလိမ့်မယ်။

ပြီးတော့ အဲဒီ အကျိုးအမြတ် တွေက ကြီးမားပြီးတော့ သူတို့ရဲ့ သမီးဖြစ်တဲ့ ကြောက်မက်ဖွယ်ရာ ပါရမီရှင် တစ်ယောက်ကို ပေးအပ်ဖို့အတွက် သဘောတူရန် လုံလောက်စေခဲ့ပါလိမ့်မယ်။

"သခင်လေးဟန်.... ဆောင်းလဂိုဏ်းမှာ အစွမ်းထက်တဲ့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်က သူတို့ရဲ့ အဆင့်မှာ ရှိပါတယ်။ တောက်ပသော ကြယ်စင် နန်းတော် ခန်းမရဲ့ ဂရန်းမာစတာတစ်ချို့ မပေါ်လာခဲ့ဘူးဆိုရင် ဒါကို လွယ်လွယ်ကူကူနဲ့ ဖြေရှင်းလို့ ရမှာမဟုတ်ပါဘူး"

လင်းဟန်က သူ့ကို ကူညီစေချင်တဲ့ ကိစ္စက သေချာပေါက် လွှီယုထန်ရဲ့ မင်္ဂလာပွဲနဲ့ ပတ်သက်ဆက်နွယ် နေမယ်ဆိုတာကို သူ ကောင်းကောင်းကြီး သိပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက အဲဒီလောက်ထိ ပြဿနာ မရှိပါဘူး။ ဒါက ဖန်းယန် တစ်ယောက်ပဲဟာ။ အချိန် ကျလာရင် ခင်ဗျားက ကျုပ်အတွက် လူတစ်ချို့ကို ခေါ်လာပြီးတော့ မျက်နှာ ပြပေး ဖို့ပဲလိုတယ်။ ဘာမှ လှုပ်ရှားဖို့ လိုလိမ့်မှာ မဟုတ်ဘူး"

ဖုယွင်ရှင်း က လျှင်မြန်စွာ ခေါင်းငြိမ့်လိုက်ပါတယ်။ မျက်နှာပြရုံပဲ ကူညီရတာက ဘာမဟုတ်တဲ့ ကိစ္စလေးပဲ ဖြစ်ပါတယ်။ သူက မိုးရေနိုင်ငံက မော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။လွီကလန်တောင်မှ သူ့ကို ဘာမှ ပြောပုံ့လိမ့်မှာ မဟုတ်ပါဘူး။ ဒ့ါအပြင် သူရဲ့ အနောက်မှာ ရောမ မော်ဆေးပညာရှင် အဖွဲ့အစည်းကြီးကလည်း ရှိနေဆဲ ဖြစ်ပါတယ်။ဆောင်းလဂိုဏ်းတောင်မှ သူ့ကို တကယ်ပဲ တစ်ခုခု လုပ်ပံ့မှာ မဟုတ်ပါဘူး။

လင်းဟန်ကလည်းပဲ အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်တဲ့အပြင် မြေကမ္ဘာအဆင့် ကို ရောက်ဖို့ ခြေတစ်လှမ်းမျှသာ လိုပါတယ်။ ဒီလိုမျိုး လူတစ်ယောက်ကို ဆောင်းလဂိုဏ်းရဲ့ အဆင့်မြင့်တဲ့ လူတွေကတောင်မှ ယဉ်ယဉ် ကျေးကျေးနဲ့ ဆက်ဆံရပါတယ်။ ဖန်းယန် ဆိုတာက သူတိုရဲ့ တပည့်တွေထဲက တစ်ယောက်ပဲ ဖြစ်ပြီးတော့ အဆင့်နိမ့်ပါတယ်။

ဒီအတွေးတွေနဲ့ အတူ ဖုယွင်ရှင်းရဲ့ စိုးရိမ်ပူပန်နေတာတွေက ကြွက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားကုန်ပါတယ်။

လင်းဟန်က လွှီယုထန်ကို ပြန်ပြီးတော့ ဖြတ်လုတာက နောက်ကိစ္စ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အနည်းဆုံးတော့ သူ့ကိုယ်သူ ဘယ်လို အခက်ရာယ် နဲ့မှ ရင်ဆိုင်ရမှာမဟုတ်ပါဘူး။

ဒါပေမဲ့ လင်းဟန်က တကယ်ပဲ လွှီယုထန်ကို ပြန်လုယူနိုင်စွမ်း ရှိမှာလား။

လွှီကလန်က သူတို့ရဲ့ သမီးတွေထဲက တစ်ယောက်ကို လက်ထပ်ပေးခြင်း ဖြစ်ပါတယ်။ သူမကို ဘယ်လိုပဲ အမိုက်ကောင် တစ်ယောက်နဲ့ လက်ထပ်ပေးပါစေ လွှီကလန်ရဲ့ ထင်ပေါ်ကျော်ကြားမှု နဲ့ ဂုဏ်သိက္ခာကိုတော့ သူတို့အနေနဲ့ လင်းဟန်က အဖေးကို သယ်ယူသွားတာကိုတော့ ရပ်ပြီးတော့ လက်ပိုက်ပြီး ကြည့်နေမှာမဟုတ်ပါဘူး။ သူတို့ရဲ့ အစွမ်းအထက်ဆုံးဖြစ်တဲ့ စိတ်ဂိဉာဉ်ပလ္လင် အဆင့် အဖွဲ့သားကို အသာထားဦး။ စိတ်ဂိဉာဉ်ပင်လယ် အဆင့် အနည်းငယ် ကအရှေ့ထွက်လာရင်ကိုပဲ လင်းဟန်ကို တားဆီးဖို့အတွက် လုံလောက်ပါတယ်။

လင်းဟန်က တကယ်ဆို ဘာလုပ်ဖို့ စိတ်ကူးနေတာလဲ။

ဖုယွင်ရှင်းက အရမ်းကို သိချင်စိတ် ပြင်းပြနေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က ဘာမှ ဆက်ပြီးတော့ မပြောပဲ လျှင်မြန်စွာနဲ့ ထွက်သွားခဲ့ပါတယ်။

နောက်နှစ်ရက်အတွင်းမှာ ဖန်းယန်က သူရဲ့ပုံရိပ်ကို အထူးတလည် မြှင့်တင်ခဲ့ပါတယ်။ သူက တတိယ အင်ပါယာ မင်းသား ၊ ကန်းရီ နဲ့ ကျောင်းဟွမ် တို့ကို စိန်ခေါ်ခဲ့ပါတယ်။ အတွင်းစည်း တပည့်သုံးယောက်ကို တစ်ယောက်ပြီးတစ်ယောက် အနိုင်ယူပြီးတော့ သူရဲ့ ပြိုင်ဘက်တွေအားလုံးကို လုံးဝ လွှမ်းမိုးခြယ်လှယ်ပစ်လိုက်ပါတယ်။

ဒါက နှစ်ကုန်တဲ့အခါမှာ စိန်ခေါ်တဲ့ ပြိုင်ပွဲ တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် တကယ်လို့ သူ အနိုင်ရခဲ့တာတောင်မှ သူက အတွင်းစည်း တပည့်တစ်ယောက် ဖြစ်မလာနိုင်ပါဘူး။ ဒါပေမဲ့ အခု ဖန်းယန်က ဆောင်းလဂိုဏ်းရဲ့ အစစ်အမှန် တပည့်တစ်ယောက် ဖြစ်နေခဲ့ပြီ ဆိုတာကို လူတိုင်းလူတိုင်းက သိထားကြပါတယ်။ ပြီးတော့ ဒီ အဆင့်အတန်းက ဟွာယန်အကယ်ဒမီ ရဲ့ အတွင်းစည်းတပည့် တစ်ယောက်ရဲ့ အဆင့်အတန်းထက် မြင့်ပါတယ်။

ဖန်းယန် က မိုးရေနိုင်ငံကနေ သေချာပေါက် ထွက်ခွာသွားပါလိမ့်မယ်။ ဒါကြောင့် သူက သူရဲ့ စွမ်းအားတွေကို ဖော်ပြခဲ့ပြီးတော့ သူရဲ့ နာမည်ကို သူထွက်မသွားခင်မှာ အားလုံး သိနေအောင်လို့ လုပ်ခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူ့ရဲ့ လမ်းကြောင်းမှာ ရှိတဲ့ မိုးရေနိုင်ငံရဲ့ ပါရမီရှင်အားလုံးအပေါ်မှာ နင်းဖြတ်သွားခဲ့ပါတယ်။

ဒီတိုက်ပွဲတွေကိုကြည့်ရှုခဲ့ရသူတွေရဲ့ ပြောစကားအရတော့ ဖန်းယန်က ငွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်နေပါပြီ။ သူ့ရဲ့ လက်ရှိ အသက်နဲ့ သူက နောက်ထပ် ခြေလှမ်း ဖြစ်တဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့်ကို ရောက်သွားခဲ့မယ်ဆိုရင် သူက မိုးရေနိုင်ငံရဲ့ သမိုင်းတစ်လျှောက်လုံးမှာ အသက်အငယ်ဆုံး စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းပညာရှင် တစ်ယောက် အဖြစ် သတ်မှတ်လို့ရနိုင်ပါတယ်။

ဖန်းယန်ရဲ့ မြင့်မားတဲ့ ပုံရိပ်နဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် လင်းဟန်ကတော့ အရမ်းကို သိုသို သိပ်သိပ်နဲ့ နေနေပါတယ်။ သူရဲ့ ခြံဝင်းထဲမှာ အရမ်းကို စိတ်ရှည်စွာနဲ့ တစ်နေကုန် ထိုင်နေခဲ့ပါတယ်။ယ

ချီယောင်ရီ နဲ့ တစ်ခြားသူတွေက သူ့ကို နှစ်သိမ့်ပေးချင်တဲ့အတွက် သူ့ဆီကို အလည်အပတ် လာခဲ့ကြပါတယ်။ ဒါက ဖန်းယန် အနေနဲ့ လင်းဟန်အတွက် ထောင်ချောက် ဆင်ထားမှန်း သိသာထင်ရှားပြီးတော့ လက်ထပ်မင်္ဂလာပွဲ နေ့ရက်မှာ လင်းဟန်ကို ထောင်ချောက်ထဲ ဝင်လာဖို့ စောင့်မျှော်နေတယ်ဆိုတာပါပဲ။ အဲဒီအချိန်ကျရင် လှီကလန် ရော ဖန်းယန် ကပါ လင်းဟန်ကို သတ်ပစ်ဖို့အတွက် အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရသွားခဲ့မှာပဲ ဖြစ်ပါတယ်။

"လပြွတ်... မင်းလည်း နွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားခဲ့ပြီလား"

သူတို့ လင်းဟန်ကို စတင် နှစ်သိမ့်နေတဲ့အချိန်မှာပဲ လက်ရှိ လင်းဟန်ရဲ့ ကျင့်ကြံခြင်း က ဘာလဲဆိုတာကို သူတို့ ထိတ်လန့်တုန်လှုပ်စွာနဲ့ သတိပြုမိသွားခဲ့ပါတယ်။

အပိုင်း(၂၅၂) ဖျောင်းဖျ တိုက်တွန်းခြင်း

လင်းဟန်က ပြုံးပြီးတော့ ပေါ့ပေါ့လေးနဲ့ ပြောလိုက်ပါတယ်။

"ငါက နေ့ဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်တာပါ..မင်းတို့အတွက် ဘာတွေများ အဲလောက်ထိ အံ့သြနေဖို့ လိုလို့လဲ"

သူတို့အတွက် ဘာတွေ အံ့သြနေဖို့ လိုလို့လဲ ဟုတ်လား။

မင်းက ဒီအုပ်စုကလူတွေ အကုန်လုံးကို နားလည်ထားဖို့လိုတယ်။ သူတို့အားလုံးက အစောကြီးကတည်းက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ကို ရောက်နေတာ နှစ်နှစ် လောက်ရှိနေပြီ။ အခုထက်ထိ သူတို့အားလုံးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာပဲ သောင်တင်နေတုန်း ရှိပါသေးတယ်။ ပြီးတော့ မင်းကျတော့ရော။ လွန်ခဲ့တဲ့ လ အနည်းငယ် က မင်းက ဒြပ်စင်စုစည်းခြင်း အလွှာ ၄ အဆင့်ပဲရှိပါသေးတယ်။ အခုကျတော့ သူတို့ အားလုံးကို နောက်ကောက်ကျ ချန်ထားခဲ့ပြီးတော့ နေ့ဦးစမ်းရေ အဆင့်ကို ရောက်သွားခဲ့ပြီ လေ။

ပြီးတော့ဒါက သူတို့ကို အံ့သြသွားစေဖို့ အတွက် မလုံလောက်သေးဘူးလား။ တကယ်တော့ ဒါက သေလောက်အောင်ကိုပဲ အံ့အားသင့်စရာ ကောင်းပါတယ်။

"လင်းဟန်... တစ်ချက်လောက် ကြည့်လိုက်ဦး..ဒီနေရာမှာ ဒြပ်စင်စုစည်းခြင်း အလွှာ အဆင့် ၉ မှာပဲ ရပ်တန့်နေတဲ့ လူတွေက ဘယ်လောက်တောင် စိတ်ပျက်ပြီး စိတ်မချမ်းမသာ ဖြစ်ဖို့ ကောင်းလိုက်သလဲဆိုတာကို"

ချီယောင်ရီ က အော်လိုက်ပါတယ်။ ပိုင်လိထျန်းယွမ် တောင်မှ ခေါင်းကို အထပ်ထပ် ငြိမ့်ပြီး ထောက်ခံနေပါတယ်။ သူလည်းပဲ ဒြပ်စင်စုစည်းခြင်းအလွှာ ၉ အဆင့်မှာရှိပြီးတော့ ငွေဦးစမ်းရေ အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး အဆင့်တက်ဖို့ ကြိုးပမ်းတဲ့အခါမှာ အရည်အချင်းပြည့်မှီဖို့ လိုပါတယ်။

ဒါပေမဲ့.... အဆင့်တက်ဖို့ ကြိုးပမ်းတဲ့အခါ အရည်အချင်း ရှိတာနဲ့ အမှန်တကယ် အဆင့် တက်သွားတဲ့ ကြားမှာ အရမ်းကို နက်တဲ့ ကျုံး တစ်ခုနဲ့ ပိုင်းထားသလိုပါပဲ။ အဲဒီကျုံးကို ဖြတ်ကူးဖို့ အချိန်တွေ ဘယ်လောက်တောင် လိုအပ်မလဲဆိုတာကို ဘယ်သူကမှ မသိနိုင်ပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က ကံကောင်းပြီးတော့ ဒီကျုံးကို အသက်နှစ်ဆယ် မပြည့်ခင်မှာ ကျော်နိုင်မယ်ဆိုရင်ကိုပဲ ကံကောင်းလွန်းလှပါပြီ။

ဒါပေမဲ့ လင်းဟန်က ၁၈ နှစ်တောင် မရှိသေးဘူးလေ။

သိုင်းပညာနယ်ပယ်ထဲမှာတော့ ဒီ နှစ်အနည်းငယ် ကွာဟချက်ကို လစ်လျူရှုထားလို့ မရနိုင်ပါဘူး။ တကယ်လို့ တစ်ဦးတစ်ယောက်က ပန်းဖူး အဆင့်ကို မချိုးဖျက်နိုင်ဘူးဆိုရင် သိုင်းပညာရှင်တွေ အားလုံးပဲ သေမျိုးအဆင့်မှာ ရှိနေဦးမှာ ဖြစ်ပြီးတော့ သူတို့ရဲ့ သက်တမ်းက နှစ်ပေါင်း တစ်ရာခန့်မျှသာ ရှိပါတယ်။

"ဟုတ်တယ်"

လူတိုင်းလူတိုင်းက မနာလိုဖြစ်နေကြပြီး တစ်ချိန်တည်းမှာပဲ လင်းဟန် အတွက်လည်း ပျော်ရွှင်နေကြပါတယ်။

"မင်းက အသက် ၁၈ နှစ်တောင် မရောက်သေးပဲနဲ့ ငွေဦးစမ်းရေ အဆင့်ကို ရောက်နေပြီ။ မိုးရေနိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ မင်းက ထိပ်ဆုံးဆယ်ယောက်စာရင်းထဲမှာ ထည့်သွင်းရေတွက်လို့တောင် ရနိုင်သေးတယ်"

လွီဒေါင်ယွဲ့ က မချိတင်ကဲ နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးရုံမျှသာ ပြုံးလိုက်ပါတယ်။ တကယ်လို့ ဒီလူတွေသာ ဟူးညိုက ဒြပ်စင် စုစည်းခြင်းအလွှာ ၉

အဆင့်ကို ရောက်နေတယ်ဆိုတာကို သိသွားခဲ့မယ်ဆိုရင် ပိုပြီးတော့ တောင်မှ အံ့အားသင့်ကုန်ကြပါလိမ့်မယ်။ ဒါပေမဲ့ ဟူးညိုမှာက သူမရဲ့ အရှိန်အဝါကို ဖုံးကွယ်ထားနိုင်တဲ့ စွမ်းရည်တစ်ခု ရှိပါတယ်။ တကယ်လို့ သူ့မှာ ကောင်းကင် အဆင့်ရဲ့ နတ်ဘုရားအာရုံ တစ်စိတ်တပိုင်းသာ ရှိမနေဘူးဆိုရင် သူလည်းပဲ ဟူးညိုရဲ့ အရှိန်အဝါကို အာရုံခံနိုင်စွမ်း ရှိမှာ မဟုတ်ပါဘူး။

ကွမ်းယွမ်တောင်မှ ဒီမိန်းကလေးက ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်ကို ရောက်နေမှန်း သတိမထားမိပါဘူး။ သူမက တစ်ခြား သာမန်ကလေးတွေထက် အနည်းငယ် ပိုပြီးတော့ သန်မာတယ်လို့ပဲ ထင်မှတ်နေတာဖြစ်ပါတယ်။ သူမက အရမ်းကို အစားအသောက် နဲ့ ပတ်သက်လာရင် အမြဲတမ်းလောဘကြီးတဲ့ အတွက် တစ်ခြားကလေးတွေထက် သန်မာတာပဲ ဖြစ်မယ်လို့ ထင်ထားတာပါ။

"လင်းဟာန် မင်း မနက်ဖြန် မင်္ဂလာပွဲကို သွားပြီး တက်ရောက်မှာလား"

နောက်ဆုံးတော့ သူတို့က အဓိက ခေါင်းစဉ်ကိုပြောင်းလဲလိုက်ကြပါတယ်။

"ဘာဖြစ်လို့ မသွားရမှာလဲ"

လင်းဟန်က ပြန်မေးလိုက်ပါတယ်။

"အဲဒါက လွှီကလန်လေ"

ချီယောင်ရီ က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ လွှီကလန် ဖြစ်တော့ရော ဘာဖြစ်သေးလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

လင်းဟန် ဆီကနေ တန်ပြန်မေးခွန်း နှစ်ကြိမ် ပြန်ပြီးတော့ အဆက်မပြတ် ကြားလိုက်ရတဲ့ အခါမှာ ကျန်တဲ့သူတွေက ဘာဆက်ပြောလို့ ပြောရမှန်းတောင် မသိကြတော့ပါဘူး။ လင်းဟန်က လွှီကလန် ကို လုံးဝ ခေါင်းထဲမထည့်ထားဘူးဆိုတာ သိသာပါတယ်။

"အစ်ကိုလင်း... မနက်ဖြန် ငါ မင်းနဲ့ အတူလိုက်မယ်"

လီယောင် က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန် ဆီကနေ အကူအညီတွေ အများကြီး ရယူခဲ့ပြီးတဲ့နောက်မှာ ဒီတစ်ကြိမ်တော့ သူရဲ့ အကြွေးတစ်ချို့ အတွက် ပြန်ပြီး ပေးဆပ်ရပါတော့မယ်။

"ငါရောပဲ"

ဂျင်ပူကျို က လေးလေးနက်နက် နဲ့ ပြောလိုက်ပါတယ်။

ထိုအချိန်အတွင်းမှာ ကျူးပူကျို့ က သူရဲ့ ဆေဘာဓါးလက်ကိုင်ရိုးပေါ်မှာ တင်းတင်း ဆုပ်ကိုင်ထားပြီး သူရဲ့ မျက်လုံးတွေထဲမှာ ဆုံးဖြတ်ချက်ချထားတဲ့ ပုံစံကို တွေ့မြင်နေရပါတယ်။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေက သက်ပြင်းချလိုက်ကြပါတယ်။ လွန်ခဲ့တဲ့ လ အနည်းငယ်က ဂျင်ပူကျို နဲ့ လင်းဟန် က ရန်သူတွေဖြစ်နေကြဆဲပါ။ ဒါပေမဲ့ အခုတော့ သူက လင်းဟန် အတွက် အရာအားလုံးကို အရဲစွန့်ဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ထို့အတူ လွန်ခဲ့တဲ့ လအနည်းငယ် ဖန်းကလန်နဲ့ လင်းဟန်ကလည်း ရန်သူတွေဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ရန်ငြိုးရန်စ တွေက ဖြေရှင်းလို့ မရနိုင်ပဲနဲ့ တဖြည်းဖြည်း တိုးလာပြီးတော့ တစ်ဖက်ဖက်က လုံးဝ အမြစ်ပြတ် သွားမှသာ ပြီးဆုံးမယ့်

အခြေအနေကို ရောက်သွားခဲ့ပါပြီ။ ဘဂ က တကယ့်ကို လှို့ဝှက်ဆန်းကြယ် မှု တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်က သူရဲ့ လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး မနက်ဖြန် စိတ်လှုပ်ရှားစရာ ဖျော်ဖြေပွဲကို ကြည့်ဖို့ သွားသင့်တယ်။ ဒါပေမဲ့ မင်းတို့ တစ်ယောက်ကိုမှ လှုပ်ရှားဖို့ အတွက် ငါခွင့်မပြုနိုင်ဘူး"

ချီယောင်ရီ၊ လီဒေါင်ယွဲ့ နဲ့ တစ်ခြားသူတွေက သူတို့ကို လင်းဟန်က သွားဖို့အတွက် ဖိတ်ခေါ်တာကို ကြားလိုက်ရတဲ့အခါမှာ စိုးရိမ်ပူပန်မှုတွေ ဖြစ်လာခဲ့ကြပါတယ်။ သူတို့ အနေနဲ့ လွီကလန်ကို ဆန့်ကျင်ဖို့ သတ္တိမရှိကြပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ နောက်ဆုံး စကား အနည်းငယ်ကို ထပ်ပြီးတော့ ကြားလိုက်ရတဲ့ အခါမှာတော့ မျက်နှာတွေ နီရဲကုန်ကြ ပါတယ်။

တကယ်လို့ လင်းဟန်က အကူအညီ လိုအပ်တယ် ဆိုရင်တောင်မှ ဒြပ်စင်စုစည်းခြင်း အဆင့်ပဲရှိသေးတဲ့ သူတို့ အပေါ်ကို တော့ လုံးဝ ကျရောက်မှာမဟုတ်ပါဘူး။

လင်းဟန် က ကျူးပုကျို့ နဲ့ တစ်ခြား နှစ်ယောက်ကို မျက်စိ တစ်ချက်ဝေ့ပြီးတော့ ကြည့်လိုက်ပါတယ်။ သူ့ရဲ့ စူးရဲတဲ့ အကြည့်တွေကြောင့် သူတို့သုံးယောက်က ခေါင်းငြိမ့်ပြီး ဘာမှ ထပ်ပြီးတော့ မပြောပုံကြတော့ပါဘူး။

"ဟီးဟီး.. ငါလည်း လုပ်ရှားဖို့ မလိုဘူး ဟုတ်တယ်မလား"

ကွမ်းယွမ် က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ရယ်ပြီး တော့ ပြောပါတယ်။

"တကယ်လို့ ဘယ်သူက မှ ကျနော့်ကို မတိုက်ဘူးဆိုရင် အစ်ကိုကြီး ကွမ်းယွမ်လည်း လှုပ်ရှားဖို့ မလိုပါဘူး။ ဒါပေမဲ့ တကယ်လို့ အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ချို့ က လှုပ်ရှားလာမယ်ဆိုရင်တော့ ကျနော်ရဲ့ ကိုယ်ရံတော် တစ်ယောက် အနေနဲ့ အစ်ကိုကြီး ကွမ်းယွမ် ရဲ့ အသုံးဝင်မှု ကိုတော့ ပြသင့်ပါတယ်။ ခင်ဗျားရဲ့ စွမ်းရည်နဲ့ ကျော်ကြားမှု ကြောင့် အစ်ကိုကြီး ကွမ်းယွမ်.. ခင်ဗျားက အနည်းဆုံး ပြိုင်ဘက် ဆယ်ယောက် နဲ့ ရင်ဆိုင်နိုင်လိမ့်မယ်"

"ငါပြောမယ်... ကောင်စုတ်လေး လင်း... မင်းက ငါ့ကို မင်းအတွက် ပြဿနာတွေ ဖြစ်ဖို့ ကြိုးစားနေတာလား"

ချက်ချင်းဆိုသလိုပဲ ကွမ်းယွမ် ကိုကြည့်ရတာ စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ ပုံစံပါပဲ။

လင်းဟန်က ပြုံးရုံပဲ ပြုံးလိုက်ပါတယ်။ တကယ်လို့ မနက်ဖြန် ကွမ်းယွမ်ကသာ နောက်မဆုတ်ဘူးဆိုရင် သူ့အနေနဲ့ ကွမ်းယွမ်ကို လက်တစ်ဖက်ပေးပြီး ကူညီဖို့ စိတ်ထဲရှိမှာ မဟုတ်ပါဘူး။ ဒါဆိုရင် နောက်ပိုင်းမှာ စိတ်ဂိုဏ်းပလ္လင် အဆင့်ကို အသာထားဦး ကွမ်းယွမ် အတွက် ပန်းဖူး အဆင့် ဒါမှမဟုတ် စိတ်ဂိုဏ်း နတ်သူငယ် အဆင့်ကိုတောင်မှ ရောက်ဖို့ ဆိုတာ မဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။

ဒါပေမဲ့ ... သူက ဒုက္ခရောက်နေတဲ့ သူတွေကို ကူညီတတ်တဲ့ လူကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါကြောင့် တန်ရာတန်ကြေး မပေးပဲနဲ့ ဒီလိုမျိုး မျက်နှာသာပေးမှုကို ဘယ်လိုလုပ်ပြီးတော့ အလကားပေးနိုင် မှာလဲ။

တကယ်လို့ တစ်ယောက်ယောက်က သူတို့ကို လေ့ကျင့်ပေးဖို့ သူ့ကို လိုအပ်တယ် ဆိုရင် အဲဒီလူ အနေနဲ့ သူရဲ့ သူငယ်ချင်း ဖြစ်ဖို့ ဒါမှမဟုတ် သူ့ရဲ့ ယုံကြည်မှုကို ရဖို့ အရည်အချင်း ပြည့်မှီတယ်ဆိုတဲ့ အကြောင်းကို သက်သေပြဖို့ လိုပါတယ်။

အခုဆိုရင် လီဟောင် နဲ့ ကျူးပူကျို တို့က အောင်မြင်သွားခဲ့ပါပြီ။ ဂျင်ပူကျို ကတော့ အနည်းငယ် စောင့်ကြည့်ရပါဦးမယ်။ ချီယောင်ရီ၊ ပိုင်လီထျန်းယွမ် နဲ့ တစ်ခြားသူတွေ ကတော့ သာမန် သူငယ်ချင်းတွေ အဖြစ်ပဲ ဖြစ်နိုင်ပါတယ်။

ချီယောင်ရီ နဲ့ ကျန်တဲ့သူတွေက လင်းဟာန်ကို ဆက်ပြီးတော့ အချိန်တော်တော်ကြာသည့် တိုင်အောင် ဖျောင်းဖျ နားချ နေကြပါတယ်။ ဒါပေမဲ့ လင်းဟာန်က လုံး၀ မလှုပ်ရှားတာကို သူတို့ မြင်လိုက်ရတဲ့အခါမှာတော့ အကူအညီမဲ့စွာ နဲ့ ပြန်လာခဲ့ကြပါတယ်။

သိပ်မကြာခင်မှာ တတိယ အင်ပါယာ မင်းသား က တိတ်တိတ်ဆိတ်ဆိတ် နဲ့ မဟုတ်ပဲနဲ့ ရောက်လာ ခဲ့ပါတယ်။

"ဒီ ဖန်းယန် က ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက် တကယ်ပဲ ဖြစ်လာလိမ့်မယ်လို့ ငါ တစ်ခါမှ မစဉ်းစားမိဘူး။ ပြီးတော့ သူက အစွမ်းထက်လှတဲ့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တပည့်တောင် ဖြစ်သွားခဲ့သေးတယ်"

တတိယ အင်ပါယာ မင်းသားက တံခါးဂကို ဖြတ်ပြီး ခြံဂန်းထဲကို ခြေလှမ်းဂင်ရောက် လာတာနဲ့ တန်းပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာ က မနာလိုမှုတွေနဲ့ ပြည့်နေပါတယ်။

ပထမ… သူက သက်တူရွယ်တူ တွေထဲမှာ အသန်မာဆုံး ပါရမီရှင် လူငယ် တစ်ယောက် ဖြစ်ပြီးတော့ ဟွာယန်အကယ်ဒမီရဲ့ အတွင်းစည်း တပည့်သုံးယောက်မှာ ခေါင်းဆောင် ဖြစ်ပါတယ်။ ဒါပေမဲ့ မနေ့က ဖန်းယန်က သူ့ကို စိန်ခေါ်ပြီးတော့ အနိုင်ယူသွားပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ ဖန်းယန် က ဆောင်းလဂိုဏ်းရဲ့ လျှို့ဝှက်စွာနဲ့ တပည့် အဖြစ် ဆက်ခံခွင့် ရရှိခဲ့ပြီးတဲ့နောက်မှာ ကျင့်ကြံခြင်းမှာ သူ့ကို ဖြတ်ကျော်သွားပြီးတော့ လွယ်လွယ်ကူကူနဲ့ အနိုင်ရသွားခဲ့ပါတယ်။

ဖန်းယန်က ဟွာယန် အကယ်ဒမီရဲ့ အစစ်အမှန် တပည့်တစ်ယောက်မျှသာ ဖြစ်ပြီးတော့ သူကျတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာ မင်းသား တစ်ယောက် ဖြစ်တဲ့အပြင် ဟွာယန် အကယ်ဒမီ ရဲ့ အတွင်းစည်းတပည့် တစ်ယောက်လည်းဖြစ်ပါတယ်။ ဘာဖြစ်လို့ ဆောင်းလ ဂိုဏ်း က သူ့အစား ဖန်းယန် ကို ရွေးချယ်သွားခဲ့ရတာလဲ။

ဒါက တတိယ အင်ပါယ မင်းသားကို မနာလိုမှုတွေနဲ့ အတူ အမုန်းတရားတွေကိုပါ ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ တတိယ အင်ပါယာ မင်းသားရဲ့ ပျာယာခတ်ပြီး စိတ်တိုနေတဲ့ အမူအရာ က သူ့ကို ကျိတ်ပြီးတော့ ရယ်မောချင်စိတ်တွေ ပေါက်လာခဲ့ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး စိတ်ပျက်စရာ ကောင်းတဲ့ စောဒက တက်တာ တွေကို စိတ်မဝင်စားပါဘူး။ ဒါကြောင့် သူက ဘာမှကို မကြားတဲ့ပုံစံမျိုးနဲ့ ဟန်ဆောင်ပြီး နေလိုက်ပါတယ်။

"လင်းဟန်... မနက်ဖြန်အတွက် မင်းမှာ ဘာအစီအစဉ်ရှိလဲ"

တတိယ အင်ပါယာ မင်းသားက လေးလေးနက်နက်နဲ့ မေးလိုက်ပါတယ်။ ဒါက သူဒီကို လာခဲ့ရတဲ့ အဓိက အကြောင်းရင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က တတိယ အင်ပါယာ မင်းသားကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"မနက်ဖြန်အတွက် တတိယ အင်ပါယာ မင်းသားက ကျုပ်ကို ဘယ်လို အစီအစဉ်မျိုး ရှိချင်နေတာလဲ"

တတိယ အင်ပါယာ မင်းသားက မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံး ထဲမှာတော့ လင်းဟာန်ဆိုတာက သူ့အတွက်တော့ သရဖူကို ဆက်ခံမဲ့ လမ်းကြောင်းပေါ်က နင်းဖြတ်သွားရမဲ့ ကျောက်တုံးတစ်တုံး မျှသာ ဖြစ်ပါတယ်။ ပြီးတော့ သူက လင်းဟာန်ကို သူ့ရဲ့ သူငယ်ချင်းတစ်ယောက် အဖြစ်နဲ့ ဘယ်တုန်းကမှ မသတ်မှတ်ထားခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ အကျိုးအမြတ်အတွက် ပထမဆုံး အရာအားလုံး အထိုင်ကျသွားခဲ့ဖို့ ပဲလိုပါတယ်။ သူက ပြောလိုက်ပါတယ်။

"လက်ရှိတော့ ဖန်းယန် က အရမ်းကို အစွမ်းထက်တယ်။ ဒါပေမဲ့ မကြာခင်မှာ သူက မိုးရေနိုင်ငံကနေ ထွက်ခွာသွားတော့မယ်။ ဒါကြောင့် အဲဒီအချိန်ထိ မင်း သည်းခံနေဖို့ ငါ မျှော်လင့်မိတယ်"

"ဘယ်လို... အရှင်မင်းသား ဆိုလိုချင်တာက ကျုပ်က မနက်ဖြန် ဒီနေရာမှာ ပဲ နေသင့်တယ်လို့ ပြောချင်တာလား"

လင်းဟာန်က တည်ငြိမ်စွာ နဲ့ မေးလိုက်ပါတယ်။

"လွီကလန် က အဲဒီမိန်းကလေးက အရမ်းကို

ချောမောလှပသူ တစ်ယောက်ဆိုတာ ငါသိတယ်။ ဒါပေမဲ့ ကိစ္စကြီးတွေလုပ်မဲ့ သူတွေက ဘယ်လိုလုပ်ပြီးတော ့ကိုယ်ရေး ကိုယ်တာ ကိစ္စကို ရှေ့တန်းတင်ပြီး ပြဿနာရှာနေတော့မှာလဲ။ တကယ်လို့ မင်းက ဖန်းယန် နဲ့ မျက်နှာပျက်စရာတွေ ဖြစ်လာမယ်ဆိုရင် မင်းကို သူက သတ်ပစ်လိမ့်မယ်။ ပြီးတော့ ငါ့ရဲ့ ဖခမည်းတော် တောင်မှ ဒီကိစ္စကို မမြင်ချင်ယောင်ဆောင် နေရလိမ့်မယ်။ ဒါကြောင့် အခုချိန်မှာ သည်းခံလိုက်တာက နောင် တစ်ချိန်မှာ မိုးကောင်းကင်ကို အကန့်အသတ် မရှိ ထိုးဖောက်သွားဖို့ အတွက် အပေးအယူ လုပ်လိုက်တာပဲ မဟုတ်လား”

တတိယ အင်ပါယာ မင်းသားက အကြံပေးလိုက်ပါတယ်။

သူရဲ့ ပါးစပ်ကနေ လင်းဟာန်က အင်ပါယာ မိသားစုရဲ့ သဘောထားကို သတိပြုမိသွားခဲ့ ပါတယ်။ ဖန်းယန် နဲ့ သူက ဘယ်လောက်ပဲ ပြဿနာတွေ တက်ပြီး ကိုယ်ရေးကိုယ်တာ ရန်ငြိုးရန်စတွေ ရှိရှိ အင်ပါယာ မိသားစုက လုံးဝ ဂင်ပြီးတော့ စွက်ဖက်လိမ့်မှာ မဟုတ်ပါဘူး။ အချစ်ပန်းစံအိမ်ကနေ သူပြန်လာခဲ့တုန်းက လမ်းမ ပေါ်မှာ ဖန်းယန်က သူ့ကို တိုက်ခိုက်ခံရတုန်းကလိုမျိုးပေ့ါ။ အင်ပါယာ အစောင့်အရှောက် တစ်ယောက်တစ်လေမှ

မပေါ်လာခဲ့ပါဘူး။ ပြီးတော့ သူက ဖန်းလောင် ရဲ့ လက်တွေကို ဖြတ်ပစ်လိုက်တုန်းကလည်း အင်ပါယာ မိသားစုက လုံးဝ မလှုပ်ရှားခဲ့ပါဘူး။ သူရဲ့ လက်ထဲမှာ ဖန်းလောင် သေသွားခဲ့ တာတောင်မှ သူပြန်လာတဲ့အချိန်မှာ အင်ပါယာ မိသားစုက ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဖျောင်းဖျ တိုက်တွန်းတာမျိုး မမြင်ခဲ့ရပါဘူး။

ပြောစရာမလိုအောင်ပါပဲ။ ဖန်းယန် က ဆောင်းလကိုဂျ်းထဲကို ဝင်သွားခဲ့ပြီးတော့ အင်ပါယာ မိသားစုက သူ့ကို ဆန့်ကျင်ပြီးတော့ လှုပ်ရှားမှု တစ်စုံတစ်ရာ လုပ်ပုံမှာမဟုတ်ပါဘူး။ လင်းဟာန် အတွက်ကတော့ သူ့မှာ နောက်ကနေ အကာအကွယ်ပေးထားတဲ့ မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက် ရှိပါတယ်။ ပြီးတော့ သူကိုယ်တိုင်ကလဲ အခုဆိုရင် သူတို့လိုပဲ အကြီးအကဲ တစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ဒါကြောင့် အင်ပါယာ မိသားစု က တူညီစွာနဲ့ပဲ သူ့ကို မဆန့်ကျင်ရဲပါဘူး။

လင်းဟာန် ရဲ့ လက်ရှိ အမိန့် ဩဇာအာဏာ အစွမ်းက အင်ပါယာ မိသားစုရဲ့ အမိန့်ဩဇာ အာဏာထက် အားမနည်းပါဘူး။

ဒါကြောင့် ဒီ တိုက်ပွဲက သူနဲ့ ဖန်းယန် နှစ်ယောက်တည်း

တိုက်ရတဲ့ တိုက်ပွဲလိုမျိုးနဲ့ တူပြီးတော့ ကိုယ်ရေးကိုယ်တာ ရန်ငြိုးတစ်ခုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ နှစ်ဖက်စလုံးရဲ့ နောက်ခံတွေက လျှပ်ရှားနိုင်မှာ မဟုတ်ပါဘူး။ ဖုယွင်ရှင်းက ဖန်းယန် ကို သတ်ပစ်လိုက်တာပဲ ဖြစ်ဖြစ် ဒါမှမဟုတ် ဆောင်းလဂိုဏ်းရဲက လက်ရွေးစင် တစ်ချို့ က လင်းဟန်ကို သတ်ပစ်လိုက်တာပဲ ဖြစ်ဖြစ် အင်ပါယာ မိသားစု အနေနဲ့ ကျန်တဲ့ တစ်ဖက်ကို ကောင်းမွန်တဲ့ ဖြေရှင်းချက် တစ်ခု ပေးနိုင်စွမ်းရှိမှာ မဟုတ်ပါဘူး။ တကယ်လို့ တစ်ဖက်ဖက်က လှုပ်ရှားလာခဲ့မယ်ဆိုရင် အင်ပါယာ မိသားစု အနေနဲ့လည်း အင်အားသုံးပြီးတော့ ဂင်ရောက် စွက်ဖက်လာပါလိမ့်မယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ အခု သူက အင်ပါယာမိသားစု ရဲ့ အောက်ခြေ အခြေအနေ ထိကို သတိပြုမိလိုက်တဲ့အတွက် သူ့အနေနဲ့ အခွင့်ကောင်းယူပြီး တိုက်ပွဲကို သူ့ဘက် အသာရအောင် ပြောင်းလဲနိုင်ပါတယ်။

"မနက်ဖြန် မင်္ဂလာပွဲကို ငါ သွားပြီးတော့ တက်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"မင်း.."

တတိယ အင်ပါယာ မင်းသားက ဘာမှ မတတ်နိုင်တော့ပဲ ဒေါသထွက်သွားခဲ့ပါတယ်။

အပိုင်း (၂၅၃) ခုနစ်ယောက်မြောက် အင်ပါယာ မင်းသား

ပထမတော့ တတိယ အင်ပါယာ မင်းသားက သူ့အနေနဲ့ လင်းဟန်ကို အကောင်းဆုံးနဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ အကြံဉာဏ်ကို ရိုးရိုးသားသားနဲ့ ပေးခဲ့ပြီးတော့ အောင်အောင်မြင်မြင်နဲ့ ဖျောင်းဖျ နားချနိုင်ခဲ့ပြီလို့ ထင်ထားခဲ့တာပါ။ ဒါပေမဲ့ လင်းဟန်က သူ့ရဲ့ စကားတွေကို လုံးဝ ဥပေက္ခာပြုထားခဲ့ပါတယ်။ ဒါကြောင့် သူက ဒေါသမထွက်ပဲနဲ့ နေမလား။

တကယ်လို့ တစ်ခြားသူသာဆိုရင် သူက ပြင်းပြင်းထန်ထန် ပြစ်တင်ကြိမ်းမောင်း ဝေဖန် ရပါလိမ့်မယ်။ ဒါမှမဟုတ် သူက ပြင်းပြင်းထန်ထန် တစ်ချက်လောက် ဖြတ်ရိုက်ပစ်လိုက်မှာပါ။ ဒါပေမဲ့ လင်းဟန်ရဲ့ နောက်မှာ မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက် ရှိနေတယ်ဆိုတာကို ပြန်သတိရမိလိုက်တဲ့ အခါမှာတော့ သူ့ရဲ့ ဒေါသတွေကို ဖိနှိပ်ပစ်လိုက် ပြီးတော့

ပြောလိုက်ပါတယ်။

"လင်းဟန်... မင်းမှာ ဖန်းယန် ကို ဆန့်ကျင်ဖို့ ဘယ်လို စွမ်းရည်တွေ ရှိလို့လဲ။သူ့လောက် မင်းက မသန်မာဘူးဆိုတာကို အသာထားလိုက်ဦး... လွှီကလန်က သူတို့ကလန်သား စိတ်ဂိဉာဉ်ပင်လယ် အဆင့် တစ်ယောက်ကို စေလွှတ်လိုက်မယ်ဆိုရင် သူတို့ရဲ့ တံခါးကို မင်းဖြတ်လို့ မရအောင်တားဆီးဖို့အတွက်တောင် လုံလောက်နေပြီ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သားက ကျနော်အတွက် ဒီလောက်ထိ စိုးရိမ်ပူပန်ပေးလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့မိဘူး"

တတိယအင်ပါယာ မင်းသားက ဒီစကားတွေက သူ့ကို ထေ့ငေါ့ပြောတယ်ဆိုတာ သိပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလို သူရဲ့ မျက်နှာက မည်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန်... အမျိုးသမီးတစ်ယောက်ကြောင့် မင်းရဲ့ အာရုံတွေကို မဆုံးရှုံးသွားစေနဲ့. မမေ့လိုက်နဲ့ ငါတို့က

ကြီးမားတဲ့ မျှော်လင့်ချက် ပန်းတိုင်တွေ ဆန္ဒတွေရှိတဲ့ ယောက်ျား တွေပဲ ဆိုတာကို လုံးဝ မမေ့လိုက်ပါနဲ့”

လင်းဟန်က သူ့ရဲ့ခေါင်းကို ကျိတ်ပြီးတော့ ခါလိုက်ပါတယ်။ တတိယ အင်ပါယာ မင်းသား က သူ့အနေနဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပြီ ဆိုတာကို လုံးဝ မသိရှိသေးဘူးဆိုတာကို သတိပြုမိလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင် သူ့အပေါ်မှာ ဒီထပ်ပိုပြီးတော့ ယုံကြည်မှုရှိမှာ ဖြစ်ပြီးတော့ ဒီလိုမျိုးစကားတွေကို သုံးပြီးတော့ သူ့ကို ပြောရဲလိမ့်မှာ မဟုတ်ပါဘူး။

အမှန်တော့ သူ့က ဒီကိစ္စကို ဖုံးကွယ်ထားဖို့ လုံးဝ ဆန္ဒမရှိပါဘူး။ ဒါကြောင့် သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ရဲ့ အဆင့်အတန်းကို ရရှိခဲ့ပြီ ဆိုတာကို တကယ်တမ်းဆိုရင် အရမ်းကို လွယ်ကူစွာနဲ့ သိရှိနိုင်ပါတယ်။ အနည်းဆုံးတော့ စိတ်ဂိဉာဉ်ရတနာ စံအိမ်က အစောကြီးကတည်းက သိရှိနေခဲ့ပါတယ်။ ဒါပေမဲ့ တတိယ အင်ပါယာ မင်းသား တစ်ယောက်တည်းပဲ မသိသေးတာလား။ ဘယ်လိုဖြစ်ပြီးတော့ သူရဲ့ သတင်းတွေက အရမ်းကို ခေတ်မမီတော့ပဲနဲ့ နောက်ကျနေတာလဲ။

ဒါဆိုရင် တစ်ယောက်ယောက်ကများ တစ်ခုခု လုပ်ထားတာမျိုး ဖြစ်နိုင်ပါတယ်။ တတိယ အင်ပါယာ မင်းသားကိုတောင်မှ ဒီသတင်းကို မသိအောင်လို့ ဖုံးကွယ်ထားတာ ဖြစ်နိုင်ပါတယ်။

အင်ပါယာမြို့မှာ ဒီလိုအစွမ်းမျိုးရှိတဲ့ သူက တစ်ယောက်တည်းပဲ ရှိပါတယ်။ အဲဒါကတော့ မိုးရေ ကေရာဇ် ပဲ ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းပြောကြတာကတော့ လက်ရှိ မိုးရေ ကေရာဇ်က ဥပယ်တံမျဉ် မဟာဗျူဟာ ချမှတ်တဲ့ နေရာမှာ အရမ်းကို ကျွမ်းကျင်တဲ့သူလို့ ပြောကြပါတယ်။ ဒါဆိုရင် ဘယ်လိုလုပ် မိုးရေကေရာဇ်က သူရဲ့ သားတွေက လျှို့ဝှက်လှုပ်ရှားပြီးတော့ သူတို့ ကိုယ်ပိုင် မဟာမိတ် တွေ ဖွဲ့စည်းနေတယ်ဆိုတာကို လုံးဝ သတိမမူမိပဲ နေနိုင်မှာလဲ။

တကယ်လို့ သူက သတိပြုမိတယ် ဆိုရင်တောင်မှ သူတို့ကို ဘာမှမလှုပ်ဖို့ ရပ်ခိုင်းဖို့ ဒါမှမဟုတ် သူက လုံးဝဝင်စွက်ဖက်မှာ မလုပ်ပါဘူး။ မိုးရေ ကေရာဇ်က သူရဲ့ သားတွေ ထဲက ဘယ်သူက ပိုပြီးတော့ ထူးချွန်ထက်မြက်ပြီးတော့ သူရဲ့ သရဖူကို ဆက်ခံဖို့

ထိုက်တန် သလဲဆိုတာကို တွေ့မြင်ချင်နေတယ်ဆိုတာ သိသာပါတယ်။ ဒါက အင်ပါယာ မင်းသားတွေရဲ့ အရည်အချင်းကို စမ်းသပ်တဲ့ စစ်ဆေးမှု တစ်ခုလို့ ယူဆလို့ရပါတယ်။

ကံမကောင်းတာက အကြီးဆုံးနဲ့ တတိယ အင်ပါယာမင်းသားတို့ နှစ်ယောက်စလုံးက လုံးဝ သတိမထားမိပဲနဲ့ သူတို့ရဲ့ လှုပ်ရှားမှုတွေကို အရမ်းကို လျှို့ဝှက်ထားပြီးတော့ မိုးရေ ဧကရာဇ် က သူတို့ဘာလုပ်လုပ် သတိထားမိမှာ မဟုတ်ဘူးလို့ ထင်နေကြပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ကြည့်ရတာတော့ တတိယ အင်ပါယာ မင်းသား က ဒီ စမ်းသပ်ချက်ကို လုံးဝ ကျော်နိုင်မှာမဟုတ်ပါဘူး။

တကယ်လို့ သူ့ရဲ့ လက်ထဲက အစွမ်းတွေနဲ့ တတိယ အင်ပါယာ မင်းသားကို အစွမ်းကုန် ထောက်ပံ့ကူညီဖို့ ဆုံးဖြတ်ခဲ့မယ်ဆိုရင်တော့ တတိယ အင်ပါယာ မင်းသားက ဘယ်လောက်ပဲ အားနည်းနေပါစေ ကိစ္စမရှိပါဘူး။ သူ့အနေနဲ့ သရဖူကို ဆက်ခံခွင့်ရအောင် တွန်းတင်ပေးနိုင်ပါသေးတယ်။ ဒါပေမဲ့ တတိယ အင်ပါယာ မင်းသားကို သူ့ရဲ့ လမ်းကြောင်း ကို သူကိုယ်တိုင် ဖြတ်တောက်ပစ်လိုက်ဖို့ ဘယ်သူကများ

ပြောလိုက်လို့လဲ။

"အရှင်မင်းသား.. ယုထန်က ကျုပ်ရဲ့ သူငယ်ချင်းပဲ.. ဒါကြောင့် ကျုပ်ရဲ့ သူငယ်ချင်းတွေ အတွက် ဘယ်အရာကိုမှ လက်လျော့ အရှုံးပေးမှာမဟုတ်ဘူး"

လင်းဟန်က တရားဝင် ကြေညာလိုက်ပါတယ်။

တတိယ အင်ပါယာ မင်းသား က ဒေါသတွေ ပေါက်ကွဲထွက်လု နီးနီး ဖြစ်သွားခဲ့ပါတယ်။ သူက လင်းဟန်ကို စိတ်ရှည်ရှည်နဲ့ ရိုးသားစွာ အကြံဉာဏ်ပေးခဲ့ပေမဲ့ ဘာကြောင့် လင်းဟန် က သူ့ရဲ့ စကားတွေကို အရေးမစိုက်တာလဲ။ သူက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

"မွန်မြတ်သလိုလို စိတ်ထားကြီးမြတ်သလိုမျိုး ဟန်ဆောင်မနေနဲ့.. တကယ်လို့ မင်းက မိန်းမလှလေးတွေ လိုချင်တယ်ဆိုရင် ငါ မင်းကို အယောက်တစ်ထောင် ဒါမှမဟုတ် တစ်သောင်းတောင် ပေးနိုင်တယ်။ ဇီယန်ကိုတောင်မှ မင်းကို ပေးနိုင်တယ်"

သူရဲ့ နှလုံးသားထဲမှာ ဇီယန် တောင်မှ သူကြိုးဆွဲရာကရတဲ့

ရုပ်သေးရုပ် တစ်ခုထက် မပိုပါဘူး။ သူမက သူ့ကို သရဖူဆက်ခံဖို့ ကူညီနိုင်မယ်ဆိုရင် သူမကို အချိန်မရွေး စွန့်ပစ်နိုင်ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"လမ်းကြောင်းမတူပဲ လျှောက်နေတဲ့ လူတွေက အစီအစဉ်အတူတူ လုပ်လို့ မရနိုင်ဘူး။ ကျေးဇူးပြုပြီးတော့ ပြန်ပါတော့ အရှင်မင်းသား"

တတိယ အင်ပါယာ မင်းသားရဲ့ မျက်နှာက မည်းမှောင်သွားပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန်... မင်း မှသားမဲ့ မျက်လုံး အကြောင်းကို မေ့နေပြီလား။ နိုင်ငံရဲ့ လျှို့ဝှက် ရတနာ ကို ငမ်းငမ်းတက် လိုချင်နေတဲ့ ဘယ်သူမဆို ရလာမယ့် အပြစ်ဒဏ်က လုံးဝ မပေါ့ဘူးနော်"

"အရှင်မင်းသားက ကျုပ်ကို ခြိမ်းခြောက်နေတာလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုလည်း မင်းထိုက်နဲ့ မင်းကံပဲ"

တတိယ အင်ပါယာ မင်းသားက နှာခေါင်းရှုံ့ပြီး သူ့ရဲ့က ဂုတ်စုံကို ခါပြီးတော့ ထွက်သွားလိုက်ပါတယ်။

ဘယ်လောက်တောင် စိတ်ဆတ်လိုက်သလဲ။

လင်းဟန် မပြုံးမိပဲ မနေနိုင်ဖြစ်သွားပါတယ်။ တကယ်လို့ ဒီကောင်က သူသာ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သွားပြီဆိုတာကို သိလိုက်မယ်ဆိုရင် သူရဲ့ မျက်နှာပေါ်မှာဘယ်လို အမူအရာတွေ များဖြစ်ပေါ်လာလိမ့်မလဲ။ သူကိုယ်သူ နောင်တ တွေရပြီးတော့ သူရဲ့ခေါင်းကို နံရံ နဲ့ ပြေးပြီးတော့များ ဆောင့်ပစ်ချင်တဲ့စိတ်တွေ ပေါ်လာမလား မသိဘူး။

သိပ်မကြာခင်မှာပဲ နောက်ထပ် လူတစ်ယောက် ရောက်လာခဲ့ပါတယ်။

အကြီးဆုံး အင်ပါယာ မင်းသားပါပဲ။

တတိယ အင်ပါယာ မင်းသားလိုပဲ သူလည်းပဲ လင်းဟန်ကို

မနက်ဖြန် မင်္ဂလာပွဲကို မတက်ရောက်ဖို့ လာရောက် ဖျောင်းဖျ နားချဖို့ ကြိုးစားတာပဲ ဖြစ်ပါတယ်။ သူရဲ့ သဘောထားက တတိယ အင်ပါယာ မင်းသားထက်တောင်မှ ပိုပြီး အားမာန် ပါပါသေးတယ်။ ဒါပေမဲ့ နောက်ဆုံးရလဒ်ကတော့ ထူးမခြားနားပါပဲ။ သူရဲ့ ကြိုးစား အားထုတ်မှုတွေ အကုန်လုံးက သဲထဲရေသွန်သလို ဖြစ်သွားပါတယ်။ ပြီးတော့ သူက မပြန်ခင်မှာ ဒေါသတကြီးနဲ့ စားပွဲခုံကိုတောင်မှ သူရဲ့ လက်နဲ့ ရိုက်ခဲ့ပါသေးတယ်။

လင်းဟန် သက်ပြင်းချလိုက်ပါတယ်။ ဒါက သူရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ မဟုတ်လား။ ဘာဖြစ်လို့ သူတို့တွေက သူ့တို့ရဲ့ စိတ်ဆန္ဒ အတိုင်း လိုက်လျော လုပ်ကိုင်စေဖို့ ကြိုးစားနေ ကြတာလဲ။ ပြီးတော့ သူငြင်းပယ်လိုက်တဲ့ အခါမှာ ဖြစ်ပျက်သွားတဲ့ သူတို့ရဲ့ ပုံစံကို ကြည့်ရတာ သူကပဲ မှားယွင်းနေသလိုလို ပုံစံမျိုး ဖြစ်နေတယ် မဟုတ်လား။ ဒါက ဘယ်လို အခြေအနေမျိုးကြီးလဲ။

"သခင်လေး လင်း အထဲမှာ ရှိသလား"

အဲဒီအချိန်မှာပဲ အပြင်ဘက် တံခါးဆီကနေ တံခါးခေါက်သံ တစ်ခု ထပ်ပြီးတော့ ကြားလိုက်ရပါတယ်။

ဒီနေ့မှာ သူ့ဆီကို ဧည့်သည်တွေ အများကြီး လာရောက် လည်ပတ်ကြတာပဲ။ တကယ်လို့ သူသာ ဟူးညီကို အစောကြီးကတည်းက အနက်ရောင်မျှော်စင်ထဲမှာ နားနေဖို့ ထည့်မထားဘူး ဆိုရင် ဒီမိန်းကလေးရဲ့ စိတ်ခံစားလွယ်တာနဲ့တော့ ဧည့်သည်တွေ ခဏခဏ လာလို့ စိတ်ရှုပ်ဒေါသတွေထွက်ပြီး သူမကို စိတ်အနှောက်အယှက် ဖြစ်စေတဲ့ လူတွေကို ခုန်အုပ်ပြီးတော့ ကိုက်တောင် ကိုက်ပစ်နိုင်ပါတယ်။

လင်းဟန်က တံခါးကို သွားဖွင့်ပေးလိုက်တဲ့အခါမှာ အရပ်မြင့်ပြီးတော့ ပိန်ပိန်ပါးပါးနဲ့ လူငယ် တစ်ယောက်ကို တံခါးအပြင်ဘက်မှာ မတ်တပ်ရပ်နေတာကို တွေ့လိုက်ရပါတယ်။ သူက တကယ့်ကို ခန့်ညားပြီး သူဝတ်ထားတဲ့ အဝတ်အစားတွေက သာမန် ဖြစ်နေပေမဲ့လည်း သူရဲ့ မွေးရာပါ အရှိန်အဝါက သူ့ကို အစွမ်းထက်တဲ့ သူတစ်ယောက်လိုမျိုး မြင်စေပြီး တော့ သူက လုံးဝကို တည်တည်ငြိမ်ငြိမ် ရှိလှပါတယ်။

"ကျုပ်နာမည် ချီချန်းယွဲ့ လို့ခေါ်ပါတယ်။ အခုလိုမျိုး ညဘက် နောက်ကျတဲ့အချိန်မှာ အနှောက်အယှက် လာပေးမိသလို ဖြစ်သွားတဲ့အတွက် ကျေးဇူးပြုပြီးတော့ ဒေါသမထွက် ပါနဲ့"

ဒီလူငယ်လေးကိုကြည့်ရတာက အသက်နှစ်ဆယ်ပဲရှိဦးမှာဖြစ်ပြီးတော့ ဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့် ပဲရှိပါတယ်။ အင်ပါယာ မြို့ရဲ့ လူငယ်မျိုးဆက်တွေထဲမှာတော့ သူ့ကို ထူးချွန်တယ်လို့တော့ ပြောလို့မရပါဘူး။

နောက်ထပ် ချီမျိုးရိုး တစ်ယောက်။

လင်းဟန်က ထူးထူးဆန်းဆန်း ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ဒါဆိုရင် အရှင်မင်းသားက နံပါတ်ခုနစ် အင်ပါယာ မင်းသားပေ့ါ"

ဟုတ်ပါတယ်။ သူက အတော်အသင့်တော့ လူသိများပါတယ်။ အခု သရဖူ ဆက်ခံမဲ့ ပြိုင်ပွဲအတွက် ဝင်ပြိုင်နေကြတဲ့ အင်ပါယာ မင်းသား သုံးယောက်စလုံးက သူ့ဆီကို လာလည်နေကြပါပြီ။ ဒါပေမဲ့ ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားကလည်း သူ့ကို မနက်ဖြန် ကျင်းပမဲ့ မင်္ဂလာပွဲကို မတက်ရောက်ဖို့အတွက် နားချ ဖျောင်းဖျ ဖို့ လာတာလား ဆိုတာကိုတော့ သူမသိပါဘူး။

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားကလည်း

ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေး လင်းက မနက်ဖြန် မင်္ဂလာပွဲကို သေချာပေါက် သွားပြီးတော့ တက်ရောက် လိမ့်မယ် မဟုတ်လား"

"ဒါဆိုရင် အရှင်မင်းသားကရော အဲဒီကို ကျုပ်မသွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ် လို့ ပြောမလို့လား"

"မဟုတ်ဘူး"

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက သူရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူရဲ့ မျက်နှာပေါ်မှာ ဒေါသတစ်စွန်းတစ် ပေါ်လာခဲ့ပြီးတော့ ပြောပါတယ်။

"ဒါက မိုးရေနိုင်ငံ ရဲ့ ကုန်းမြေပဲဖြစ်တယ်။ ဖန်းယန်က ဆောင်းလဂိုဏ်းနာမည်ကို အသုံးပြုပြီးတော့ ကျုပ်တို့နိုင်ငံရဲ့ အမျိုးသမီး တစ်ယောက်ကို အတင်းအကျပ် ဖိအားပေး ခြိမ်းခြောက်ပြီးတော့ လက်ထပ်ဖို့ အမိန့်ပေးတယ်။ တကယ်လို့ ကျုပ်သာ ဧကရာဇ် ဖြစ်ခဲ့မယ် ဆိုရင် သူ့ကို နိုင်ငံကနေ လွှင့်ထွက်သွားအောင်လို့ ပြင်းထန်တဲ့ လက်သီး တစ်ချက် နဲ့ ထိုးပစ်လိုက်မှာပဲ။ ဆောင်းလဂိုဏ်း က တပည့်လေး တစ်ယောက် အတွက်နဲ့ မိုးရေနိုင်ငံကို

ဆန်ကျင့်လိမ့်မယ်လို့တော့ ကျုပ် လုံး၀ မထင်ဘူး။ တကယ်လို့ သူတို့ လုပ်ရဲရင် မြောက်ပိုင်းနယ်မြေ တစ်ခုလုံးမှာ သူတို့ကို လှောင်ပြောင်ပြီး ဟာသ လုပ်တာကို ခံရလိမ့်မယ်"

ဘ၀ နှစ်ခု ရှင်သန်ခဲ့ရတဲ့ သူ့လိုလူတစ်ယောက် အနေနဲ့တော့ လင်းဟန်မှာ ထက်မြက်တဲ့ မျက်လုံးတွေ ရှိပါတယ်။ သူက ခုနစ်ယောက်မြောက် အင်ပါယာ မင်းသား ရဲ့ စကားလုံး တွေထဲမှာ ဖုံးကွယ်ထားတာ တစ်ချို့ ရှိနေမယ်လို့ သူ တကယ်ပဲ ခံစားမိနေပါတယ်။ ဒါပေမဲ့ အင်ပါယာ မင်းသား တစ်ယောက် အနေနဲ့ သူရဲ့ လှုပ်ရှားမှုနဲ့ စကားလုံးတွေက အမြဲတမ်း တော့ အနည်းငယ် ဟိတ်ဟန်တော့ ထုတ်ရပါလိမ့်မယ်။

"ဒါဆိုရင် အရှင်မင်းသားက အခု ကျုပ်ကို ထောက်ခံဖို့ လာတာပေါ့"

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက ခေါင်းငြိမ့်ပြီး ပြောလိုက်ပါတယ်။

"မနက်ဖြန် မင်းဆန္ဒရှိသလိုသာ လုပ်ပါ သခင်လေးလင်း.. ငါ မင်းရဲ့က အနောက်ကနေ မားမား မတ်မတ် ရပ်တည်ပေးဖို့

ဆန္ဒရှိပါတယ်”

လင်းဟန်က ပြုံးမိသွားခဲ့ပါတယ်။

“ဘာဖြစ်လို့ အရှင်မင်းသား က ကျုပ်ကို ဒီလောက်တောင် ယုံကြည်နေရတာလဲ။ လွှီကလန် မှာ အစွမ်းထက်တဲ့ စိတ်ဂိုဉာဉ်ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်က အဆင်သင့် ရှိနေတယ်။ ပြီးတော့ ကျုပ်ရဲ့ အကန့်အသတ်ရှိတဲ့ စွမ်းရည် နဲ့ဆိုရင် သူတို့ရဲ့ တံခါးကို ဖြတ်ပြီးတော့ အထဲကို ဂင်နိုင်စွမ်းတောင် ရှိလိမ့်မှာမဟုတ်ဘူးလေ ဟုတ်တယ်မလား”

ဒီစကားလုံးတွေက အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားက သူ့ကို ဖျောင်းဖျဖို့ ကြိုးစားတဲ့အခါမှာ အသုံးပြုခဲ့တဲ့ စကားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အခု ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားကို ဒီစကားလုံးတွေကို အသုံးပြုပြီးတော့ စမ်းသပ်လိုက်ပါတယ်။ သူ့အနေနဲ့ သရဖူ အတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လူတစ်ယောက် အနေနဲ့ ကမူးကရှူး လုပ်တတ်တဲ့ သူ တစ်ယောက်ဆိုတာ မယုံကြည်ပါဘူး။ ဒါ့အပြင် သူတို့က ယခင်က တစ်ခါမှ မဆုံတွေ့ခဲ့ဖူးပါဘူး။ ဒါကြောင့် ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက ဘာဖြစ်လို့

သူ့ဆီကိုလာပြီးတော့ သူ့ကို ကူညီထောက်ပံ့ပေးဖို့ကို ကမ်းလှမ်း ရတာပါလိမ့်။

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက လိုက်လိုက်လှဲလှဲ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"လူဖြောင့် လူမှန် တစ်ယောက်က ဘယ်တော့မှ စကားကို အဓိပ္ပါယ်မရှိ လှည့်ပတ်ပြီးတော့ မပြောဘူး။ ငါမင်းကို အမှန်အတိုင်းပြောမယ်။ သခင်လေးဟန်က ငွေရောင်တံဆိပ်ပြား သုံးခု ကို ရရှိထားတဲ့ လူတစ်ယောက်ဆိုတာကို ငါကိုယ်တိုင် စုံစမ်းသိရှိခဲ့ပြီးပြီ။ မိုးရေနိုင်ငံ မှာ ငါ့ရဲ့ အင်ပါယာ ဖခမည်းတော် တောင်မှ သခင်လေးဟန်ကို ကြမ်းကြမ်းတမ်းတမ်းနဲ့ လုပ်ရဲမှာ မဟုတ်ဘူး။ အများဆုံး သူက မင်းကို ဖမ်းပြီးတော့ ကျုပ်တို့ရဲ့ပိုင်နက်ကနေ နှင်ထုတ်လိုက်တာပဲ လုပ်နိုင်လိမ့်မယ်"

တကယ်ပဲ... သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးပြီ ဆိုတာကို ဒီကောင်က သိနေပြီးတော့ ဒါကြောင့်ပဲ သူက လာပြီးတော့ အပြည့်အဝ ထောက်ခံဖို့ လာခဲ့တာပဲ။

လင်းဟန်က တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ မေးလိုက်ပါတယ်။

"အရှင်မင်းသားက ဘယ်လိုမျိုး ထောက်ပံ့ကူညီပေးဖို့ ဆန္ဒရှိသလဲ"

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်က သူ့ကို လက်ခံလိုက်ပြီဆိုတာကို နားလည်သွားခဲ့ပါတယ်။ အဲလိုမှမဟုတ်ရင် ဒီလိုမျိုး မေးခွန်းကို သူက မေးမှာမဟုတ်ပါဘူး။ သူက လျင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါက အရမ်းကြီး အစွမ်းမရှိပေမဲ့ မင်းကို ထောက်ပံ့ကူညီပေးဖို့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် နှစ်ယောက်ကို လက်ထောက် အနေနဲ့ ပေးဖို့ ဆန္ဒရှိတယ်"

လင်းဟန် အံ့အားသင့်သွားခဲ့ပါတယ်။ မိုးရေနိုင်ငံမှာ စိတ်ဂိဉာဉ်ပလ္လင် အဆင့်က အမြင့်မားဆုံး အဆင့် ဖြစ်ပါတယ်။ မိုးရေကောရာဇ် ကိုယ်တိုင်တောင်မှ သူတို့ရဲ့ အကူအညီ အတွက် မေးနိုင်စွမ်းပဲရှိပါတယ်။ သူတို့ကို အမိန့်ပေးနိုင်စွမ်းမရှိပါဘူး။ ဒါကြောင့် ခုနစ်ယောက်မြောက်

အင်ပါယာ မင်းသားက အစွမ်းထက်တဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် ကို အမိန့်ပေးနိုင်တယ် ဆိုတော့ တကယ့်ကို အထင်ကြီးစရာ ကောင်းတာပဲ။

တစ်ခု နားလည်ထားရမှာက လင်းဟန်တောင်မှ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ကို ပဲ သူရဲ့ ကိုယ်ရံတော် ဖြစ်လာအောင် လုပ်နိုင်ခဲ့တာပါ။ ဒါ့အပြင် ဒီ ကိုယ်ရံတော်ကို မစမ်းသပ်ရသေးပါဘူး။

"ဒါဆိုရင် အရှင်မင်းသားရဲ့ အကူအညီကို ကျေးဇူးတင်စွာနဲ့ လက်ခံပါမယ်။ ကျေးဇူးတင်ပါတယ်"

သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အပိုင်း(၂၅၄) လွှီအိမ်တော်ကို သွားကြပြီ

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသား က ပရိယာယ်ကြွယ်ဝပြီး အရမ်းကို လိမ္မာ ပါးနပ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ကူညီသူ တစ်ယောက် အနေနဲ့ သူ့ဆီမှာ စိတ်ကြီးဝင် နေတဲ့ လက္ခဏာ တစ်ခုတစ်လေမှ မဖော်ပြခဲ့ပါဘူး။ ပြီးတော့ သူရဲ့ ကူညီမှု အတွက် လင်းဟန်ကို တစ်ခုခု ပြန်ပြီးတော့ လုပ်ခိုင်းပေးဖို့

တောင်းဆိုတာမျိုးလည်း မရှိပါဘူး။ သူက မနက်ဖြန် အကြောင်းကိုပဲ လင်းဟာန်နဲ့ ဆက်ပြီးတော့ စကားစမြည် ပြောနေရုံပဲ ရှိပါတယ်။ ပြီးတော့ လင်းဟာန်ရဲ့ လှုပ်ရှားမှုတွေနဲ့ ဘယ်လိုမျိုး အချိတ်အဆက် မိအောင် လုပ်ရမယ်ဆိုတဲ့ အကြောင်းကို ညှိနှိုင်းမှုတွေ လုပ်ကြပါတယ်။

လင်းဟာန်က တွန့်ဆုတ်နေမှာမဟုတ်ပါဘူး။ တကယ်လို့ သူက တစ်ဦးတစ်ယောက်ကို သူငယ်ချင်းအဖြစ် လက်ခံလိုက်ပြီးဆိုရင် သူက သူ့ရဲ့သူငယ်ချင်းကို အကူညီပေးဖို့ တောင်းဆိုတဲ့အခါမှာ လုံးဝ တွန့်ဆုတ်နေမှာမဟုတ်ပါဘူး။ နောက်ပြီး တကယ်လို့ သူ့ရဲ့ သူငယ်ချင်းက သူ့အကူအညီ လိုအပ်လာခဲ့မယ်ဆိုရင်လည်း လုံးဝ ငြင်းပယ်လိမ့်မှာ မဟုတ်ပါဘူး။

သူတို့နှစ်ယောက်က အချိန်အတော်ကြာသည့်တိုင်အောင် ဆွေးနွေးပြောဆိုခဲ့ကြပါတယ်။ ခုနစ်ယောက်မြောက် အင်ပါယာ မင်းသား က နောက်ဆုံးမှာ သူပြန်တော့မလို့ ပြင်ပါတယ်။ လင်းဟာန်က သူ့ကို တံခါးဝထိ လိုက်ပို့ဆောင်ပေးပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

"ငါ နောက်ကျရင် မင်းကိုလာရှာပြီးတော့ တစ်ခွက် တစ်ဖလားတော့ မော့ကြတာပေါ့ အရှင်မင်းသား"

"ဟားဟား ဒါဆို ပိုကောင်းတာပေါ့"

ခုနစ်ယောက်မြောက် အင်ပါယာ မင်းသားက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ လင်းဟန်က သူ့ကို နောက်ဆုံးမှာတော့ လက်ခံလိုက်ပြီဆိုတာကို သူနားလည်သွားခဲ့ပါပြီ။

အင်ပါယာ မင်းသား သုံးယောက်စလုံး ခွြင်းချက် မရှိကြပါဘူး။ သူတို့အားလုံးက ထီးနန်း ဆက်ခံဖို့ သူတို့ရဲ့ လမ်းကြောင်းပေါ်မှာ ဖန်းယန်ကို သူတို့ကို အကူအညီပေးဖို့ ပြောနေမယ့် အစား လင်းဟန် ဆီကိုသာ သွားချင်နေကြပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ နောက်လူ က လက်တွေ့မကျတဲ့ ရွေးချယ်မှု တစ်ခု ဖြစ်ပါတယ်။ မိုးရေ ကေရာဇ် အနေနဲ့ ဆောင်းလဂိုဏ်း ကို မိုးရေနိုင်ငံရဲ့ တရားမျှတမှု နဲ့ ပတ်သက်ပြီးတော့ ဂင်ရောက် စွက်ဖက်ခွင့် လုံးဝ ပြုလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ အခုအချိန်အခါကလဲ သရဖူ ကို ဆက်ခံခွင့် လိုမျိုး အရမ်းကို အရေးကြီးတဲ့ အချိန်မျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အင်ပါယာ မင်းသားကမှ မိုးရေ ကေရာဇ်ရဲ့ မျက်နှာသာ ပေးမှုကို ကျဆင်းသွားမှာ စိုးရိမ်တဲ့အတွက် ဘယ်သူကမှ ဖန်းယန်နဲ့ မဟာမိတ် မဖွဲ့ပုံကြပါဘူး။

ဒါကြောင့် အကြီးဆုံး နဲ့ တတိယ အင်ပါယာမင်းသား တို့က လင်းဟန် အပေါ်ကို ယုံကြည် မှု ရှိတယ်ဆိုပေမဲ့ သူတို့က လင်းဟန်ကို အလျင်စလိုနဲ့ မလုပ်ဖို့ လာပြီး တိုက်တွန်း ဖျောင်းဖျရုံမျှသာ ဖြစ်ပြီးတော့ ဖန်းယန် ဘက်ခြမ်းကို ကူးပြောင်းဖို့တော့ ဆန္ဒမရှိကြပါဘူး။

ဘာပဲဖြစ်ဖြစ် လင်းဟန်က မိုးရေနိုင်ငံရဲ့ နိုင်ငံသား တစ်ယောက် ဖြစ်နေဆဲပါပဲ။ ဖန်းယန် အတွက်ကရော..... ဟီးဟီး။

ညက လျင်မြန်စွာ ဖြတ်သန်းသွားပြီးတော့ လွီကလန်က မင်းသမီးလေးရဲ့ လက်ထပ်မင်္ဂလာ ပွဲ ကျင်းပမဲ့ ရက်ကို ရောက်ရှိလို့လာခဲ့ပါပြီ။

အင်ပါယာမြို့ ထဲမှာ အဆင့်အတန်းအနည်းငယ်မြင့်တဲ့ သူတွေ မှန်သမျှ သူတို့ရဲ့ မျက်လုံးတွေကို လွီကလန် ဆီကို ပြောင်းလိုက်ကြပါတယ်။ လွီကလန်က သူတို့ရဲ့ သမီး တွေထဲက တစ်ယောက်ကို လက်ထပ်ပေးတဲ့ ယနေ့က နေသာပြီးတော့ ကောင်းမွန်တဲ့ တိမ်ပြာပြာနေ့တစ်ရက် လုံးဝ မဖြစ်နိုင်ပါဘူး။ ပြောရမယ်ဆိုရင် ဒီနေ့မှာ အရမ်းကို ကြီးမားတဲ့ မုန်တိုင်းတစ်ခု ဖြစ်လာနိုင်ချေ အရမ်းကို

ရှိပါတယ်။ ပုံမှန်အားဖြင့်တော့ လင်းဟန်က သရဲဘောကြောင်တဲ့ လပြွတ်မရှိတဲ့ ယောကျ်ား တစ်ယောက်ဆိုရင်တော့ ဘာမှ ဖြစ်လာမှာမဟုတ်ပါဘူး။ အဲဒီလိုမျိုးသာဆိုရင် ဒီနေ့က နတ်သမီးလေး တစ်ပါးနဲ့ တူတဲ့ အမျိုးသမီးတစ်ယောက်က အမိုက်ကောင် တစ်ယောက်နဲ့ လက်ထပ်ရပါလိမ့်မယ်။

"ညီးညီး.... အဆင်သင့်ဖြစ်ပြီလား"

လင်းဟန်က မေးလိုက်ပါတယ်။

"ညီး အလှပြင်နေတယ်။ ခဏစောင့်"

ဟူးညို့က အခန်းအတွင်းကနေ အော်လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက အခန်းထဲကိုဝင်သွားပြီးတော့ တစ်ချက်ကြည့်လိုက်တဲ့အခါမှာ ဟူးညို့က ကြေးမုံမှန် အရှေ့မှာ မိတ်ကပ်တွေ လိမ်းနေပါတယ်။ သူမရဲ့ မျက်နှာသေးသေးလေးကို အနီတွေ အစိမ်းတွေနဲ့ ခြယ်သနေ ပြီးတော့ သူမကိုကြည့်ရတာ မွန်းစတား တစ်ကောင်နဲ့ တူပါတယ်။ သူက လျှောက်လာပြီး အဂတ်စ တစ်ခုနဲ့ သူမရဲ့ မျက်နှာသေးသေးလေးကို

ပွတ်ပေးပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး က မိတ်ကပ်ခြယ်သ စရာ မလိုပါဘူး။ မင်းက လုံးဝ သန့်ရှင်းနေရင် ပိုပြီးတော့ ကြည့်လို့ လှသေးတယ်"

ဟူးညိုက အရမ်းကို ကျေနပ်သွားပြီးတော့ သူမရဲ့ မျက်နှာပေါ်က မိတ်ကပ်တွေ ဖယ်နေတာကို ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်ပါတယ်။

လင်းဟာန် ကသူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ ဒီမိန်းကလေး က ဒါကို လီယုထန်နဲ့ လီစီရှန်း ဆီက သင်လာတာပဲ ဖြစ်ရပါမယ်။တကယ်ပဲ... အမျိုးသမီး တစ်ယောက်ရဲ့ သဘာဝက လှပချောမောချင် ကြတာချည်းပါပဲ။

"သွားကြစို့"

လင်းဟာန်က ဟူးညိုရဲ့ လက်ကို ကိုင်ပြီးတော့ ထွက်လာခဲ့ပါတယ်။ ခြံဝန်း အပြင်ဘက်ကို ရောက်တဲ့အခါမှာ ကွမ်းယွမ် ၊ ကျူးပူကျို့၊ ဂျင်ပူကျို နဲ့ လီဟောင်တို့က ချဉ်းကပ်လာခဲ့ ပါတယ်။

"ငါပြောမယ် ကောင်လေး.. မင်းတကယ်ပဲ ပြဿနာကြီး

တစ်ခုလုပ်ဖို့ စီစဉ်နေတာလား”

ကွမ်းယွမ် ကမေးလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို မပျော်မရွှင် ဖြစ်နေတဲ့ ပုံပါပဲ။

“တကယ်လို့ ခင်ဗျား ကြောက်တယ်ဆိုရင် အနောက်မှာ နေနိုင်တယ်”

လင်းဟာန်က တည်ငြိမ်စွာ နဲ့ ပြောလိုက်ပါတယ်။

“ထွီ… ငါရဲ့ စကားတွေကို ငါက ပြန်ရုတ်သိမ်းတတ်တဲ့ လူစားမျိုးလို့ ထင်နေတာလား”

ကွမ်းယွမ်က ဒေါသတကြီးနဲ့ နှာခေါင်းရှုံ့ပြီးတော့ လင်းဟာန်ကို သူရဲ့ လက်နဲ့ ညွှန်ပြီး ပြောလိုက်ပါတယ်။

“ဘာပဲဖြစ်ဖြစ် တကယ်လို့ ငါက ဒီနေ့မှာ လွီအိမ်တော်မှာ သေခဲ့မယ်ဆိုရင်တော့ တကယ်လို့ ငါ သရဲ ဖြစ်ရင် မင်းကို လုံးဝ ချမ်းသာမပေးဘူး”

“ကျုပ် မြင်ရသလောက်တော့ အစ်ကိုကြီး ကွမ်းယွမ် က အရမ်းကို ကံကောင်းတဲ့ လူတစ်ယောက်ပဲ.. ဒါကြောင့်

အသက်တိုတိုလေးနဲ့တော့ သေရမှာမဟုတ်ပါဘူး”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်း... ကောင်စုတ်လေး ... မင်းကတော့ငါ့အတွက် ကံမကောင်းတဲ့ ကြယ် ပဲ”

ကွမ်းယွမ်ကို ကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေဆဲပါပဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ကွမ်းယွမ် က သူနဲ့အတူ အရဲစွန့် ဖို့ ဆုံးဖြတ်ထား ပါတယ်။ ပြီးတော့ ဒီအတွက်ကြောင့် သူက အရမ်းကို ကျေနပ်သွားပါတယ်။ သူက တကယ့်ကိုပဲ အတွေးမမှားခဲ့ပါဘူး။ သူက အခုလိုမျိုး သူနဲ့အတူ ကြီးကြီးမားမား အရဲစွန့် ဖို့ ဆုံးဖြတ်ထားမှတော့ နောက်ဆိုရင် သူက ကွမ်းယွမ်ကို မမျှမတ ဆက်ဆံမှာ မဟုတ်ပါဘူး။

တကယ်လို့ ကွမ်းယွမ် က တကယ်ပဲ သေစေနိုင်လောက်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့ခဲ့မယ် ဆိုရင် သူက အနက်ရောင် မျှော်စင်ကို အသုံးပြုပြီးတော့ ကွမ်းယွမ်ကို အထဲကို ထည့်ရပါလိမ့်မယ်။ တကယ်လို့ သူ့ဆီမှာ သဘာဂလွန်

ရတနာ တစ်ချို့ရှိတယ်ဆိုတဲ့ အကြောင်း က ပေါက်ကြားသွားခဲ့မယ်ဆိုရင်တောင် သူက ဂရုစိုက်မှာမဟုတ်ပါဘူး။

ကျူးပုကျို့ နဲ့ တစ်ခြားသူတွေက ဘာမှမပြောကြပါဘူး။ သူတို့က လင်းဟန်ရဲ့ အနောက်ကနေပဲ ကပ်ပြီးတော့ လိုက်လာခဲ့ကြပါတယ်။ စကားကျယ်ကျယ်ပြောတာထက် အပြုအမူက ပိုပြီးတော့ လေးနက်ပါတယ်။

သူတို့ရဲ့ ဦးတည်ချက်က လွီကလန်ရဲ့ အိမ်တော်ပဲ ဖြစ်ပါတယ်။

သူတို့ခြောက်ယောက်က လျင်မြန်စွာနဲ့ လျှောက်လာကြပြီး မကြာခင်မှာ လွီကလန် ရဲ့ အိမ်တော်ဆီကို ရောက်လာခဲ့ပါတယ်။ အရှေ့ဘက်မှာရှိနေတဲ့ တံခါးနီနီတွေက ဖွင့်ထားပြီး မြေပြင်ပေါ်မှာ ကော်ဇောနီ တွေ ခင်းထားပါတယ်။ တံခါးဂမှာ အစေခံ အုပ်စု တစ်စုက ဧည့်သည်တွေကို ဆီးကြိုပြီး နေရာချထားပေးနေပါတယ်။ အခုက နေ့လည်ခင်းအချိန်ကို နီးကပ်လာပြီ ဖြစ်တဲ့အတွက် ဧည့်သည်တွေကလည်း ပိုပိုပြီးတော့ ရောက်ရှိလာကြပြီး တံခါးဂမှာတင်ပဲ ပျားပန်းခတ် စည်ကားနေပါတယ်။

ဒီနေရာမှာ ဖိတ်ကြားခံရဖို့ အရည်အချင်း မမီတဲ့ ညည့်သည်တွေလဲ ရှိပါတယ်။ ၎င်းတို့က အပြင်ဘက်မှာ ရပ်နေကြပြီးတော့ စိတ်လှုပ်ရှားစွာနဲ့ ကြည့်နေကြပါတယ်။

လင်းဟန် တို့ အုပ်စုက တံခါးဆီကို လျှောက်လာခဲ့ကြပါတယ်။ ကျူးပုကျို့နဲ့ ကျန်တဲ့ လေးယောက်က လင်းဟန်ရဲ့ အနောက် ခြေတစ်လှမ်းအကွာကနေ ထပ်ကြပ်မကွာ လိုက်လာခဲ့ကြပါတယ်။ ဒီနေ့ရဲ့ အဓိက ဇာတ်ကောင်က လင်းဟန်ပဲ ဖြစ်ပါတယ်။

"သခင်လေး.. ကျေးဇူးပြုပြီးတော့ သခင်လေးရဲ့ ဖိတ်စာကို ပြပါ"

ချက်ချင်းဆိုသလိုပဲ အစေခံ တစ်ယောက်က သူတို့ဆီကို ချဉ်းကပ်လာပြီးတော့ လင်းဟန်ကို ပြုံးပြီး ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ ငါတို့မှာ ဖိတ်စာမရှိဘူးဆိုရင်ရော "

"တကယ်လို့ သင်တို့မှာ ဖိတ်စာ မရှိဘူးဆိုရင် အထဲကို

ဂင်လို့မရပါဘူး"

အစေခံက သူ့ရဲ့ အပြုံးကို ဆက်ပြီးတော့ ပြုံးထားပါတယ်။ ဒီနေ့က လှီကလန်အတွက် ဂမ်းမြောက်ဖွယ်ရာ နေ့ထူးနေ့မြတ် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ ဒါကို ဘာမှမဖြစ်ပဲနဲ့ တားဆီးလို့ ရမယ်ဆိုရင် အကောင်းဆုံးပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် သူက လင်းဟန်ဆီက အရှိန်အဂါ ထွက်ပေါ်နေတာကို မမြင်နိုင်ပါဘူး။ ဒါကြောင့် လင်းဟန်ကသူ့ထက် သန်မာတဲ့ သူဖြစ်တယ်ဆိုတာ သိသာပါတယ်။ တကယ်လို့ သူတို့ တိုက်ခိုက်ကြမယ်ဆိုရင် သူက သေချာပေါက် ရှုံးနိမ့်ရမှာပါ။

ဒါကြောင့် သူက လင်းဟန် ကို အေးအေးဆေးဆေးနဲ့ ထွက်သွားဖို့ မျှော်လင့်နေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် လင်းဟန် လို့ ခေါ်တယ်။ ငါ့အတွက် ခွင်းချက် အနေနဲ့ ထားပြီးတော့ အထဲကို ပေးဂင်လို့ ဖြစ်မလား"

လင်းဟန်။

အစေခံက ထိတ်လန့်တကြား ဖြစ်သွားခဲ့ပါတယ်။ သူက လင်းဟာန် ရဲ့ အမည်ကို ကြားဖူးတာပေါ့။ ဒီနေ့ လှီယုထန် လက်ထပ်ရတဲ့ အကြောင်းအရင်းကလဲ လင်းဟာန်နဲ့ အကြီးအကျယ် ပတ်သက် ဆက်နွယ်နေတယ်လို့ ပြောနိုင်ပါတယ်။ တကယ်လို့ လင်းဟာန်က ဖန်းယန် ရဲ့ ရန်သူတစ်ယောက်သာ မဖြစ်ခဲ့ဘူးဆိုရင် လှီယုထန် အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဖန်းမင်လို လူစားမျိုးနဲ့ လက်ထပ်လိမ့်မှာလဲ။

"ဒါဆို.. သခင်လေး လင်း ဖြစ်တယ်ဆိုမှတော့ ကျေးဇူးပြုပြီးတော့ ကြွပါခင်ဗျာ"

အစေခံက လင်းဟာန်ကို ဖြတ်သွားခွင့်ပေးလိုက်ပါတယ်။

လပြွတ်.... သူက မတားဘူးလား။

လင်းဟာန်က အစပိုင်းတုန်းက အထဲကို ဝင်ဖို့အတွက် တိုက်ခိုက်ဖို့ အစီအစဉ် ဆွဲထားခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုမျိုး လွယ်လွယ်ကူကူနဲ့ တံခါးကို ဖြတ်ပြီးတော့ ဝင်ခွင့်ရလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါတယ်။ ကြည့်ရတာ လှီကလန်က ဒီ လက်ထပ်ပွဲ နဲ့ ပတ်သက်ပြီး မပြတ်မသား ဖြစ်နေပြီးတော့ ဖန်းယန်ရဲ့ လက်နက် တစ်ခု ဖြစ်ဖို့ကို

ဆန္ဒမရှိဘူးနဲ့ တူတယ်။ ဒါကြောင့်.. သူတို့ ရိုးရိုးရှင်းရှင်းပဲ သူတို့နှစ်ယောက်ကို တစ်ယောက်နဲ့ တစ်ယောက် တိုက်ရိုက် ရင်ဆိုင်တွေ့စေဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

သူက အမိက တံခါးမကြီးကို ဖြတ်ပြီးတော့ ဝင်သွားလိုက်ပါတယ်။ အပြင်ဘက်က လူတစ်ချို့ က လင်းဟာန် အနေနဲ့ သူရဲ့ ဖိတ်စာကို ပြဖို့ မလိုပဲနဲ့ အထဲကို ဝင်သွားတာကို မြင်လိုက်ရတဲ့ အခါမှာ မမျှတဘူးဆိုပြီးတော့ အပြင်းအထန် စောဒကတွေ တက်နေကြပါတယ်။ ဒါပေမဲ့ အစေခံက သူတို့ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"စောစောက လူက လင်းဟာန်လို့ ခေါ်တဲ့ သခင်လေး လင်းပဲ"

ချက်ချင်းဆိုသလိုပဲ ပတ်ဝန်းကျင်က လူတွေအားလုံး တိတ်ဆိတ် ငြိမ်သက်သွားကြပါတယ်။ ဒါပေမဲ့ တိတ်ဆိတ်ငြိမ်သက်မှုက တစ်ခဏပါပဲ။ သူတို့ တစ်ယောက်နဲ့ တစ်ယောက် အချင်းချင်း တီးတိုးပြောဆိုနေကြပါတော့တယ်။ လင်းဟာန်က တကယ်ပဲ လာခဲ့တယ်။ ဒါဆိုရင် ဒီနေ့တော့ ပွဲကြီးပွဲကောင်း တစ်ပွဲ သေချာပေါက် ဖြစ်လာတော့မှာပါပဲ။

"ဟေ့... ညီအစ်ကို ငါတို့ကို အထဲကို ပေးဝင်ပြီးတော့

ကြည့်ခွင့်ပေးပါ”

“အဲဒါဟုတ်တယ်… ငါတို့ ဘာအစားအသောက်မှ မစားပါဘူး။ ဒီအတိုင်းပဲ ရပ်ကြည့်ခွင့် ရရင်ပဲ အဆင်ပြေပါတယ်”

“ဒါမှ မဟုတ် ငါတို့ ဂင်ကြေးပေးဆိုလည်း ပေးပါ့မယ်”

သူတို့အားလုံး စတင်ပြီးတော့ အော်ဟစ်ဆူညံ နေကြပါတယ်။

အစေခံက သူတို့အားလုံးကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီနေရာကို ဘယ်လိုနေရာလို့ မင်းတို့ ထင်နေကြတာလဲ။ ဈေးလား ဒါမှမဟုတ် ပြိုင်ပွဲကွင်းလား။ တကယ်လို့ မင်းတို့တွေထဲက တစ်ယောက်ယောက်က အဓိပ္ပါယ်မရှိ လျှောက်အော်ဟစ်နေဦးမယ်ဆိုရင် မင်းတို့အားလုံးကို ငါ ဖမ်းဆီးပစ်ရလိမ့်မယ်”

လွှီကလန်က အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူတို့ရဲ့က တံခါးစောင့် တစ်ယောက်က ခြိမ်းခြောက်တယ်ဆိုရင်တောင်မှ ဒါက

သေးငယ်တဲ့ ကိစ္စ မဟုတ်သေးပါဘူး။ ဒါကြောင့် သူတို့အားလုံးပဲ ပါးစပ်တွေကို ချက်ချင်းပဲ ပိတ်လိုက်ပြီးတော့ ဘာမှထပ်ပြီးတော့ မပြောရဲတော့ပါဘူး။ ဒါပေမဲ့ သူတို့က သူတို့ရဲ့ နားရွက်တွေကိုတော့ သေသေချာချာ နားစွင့်ထားကြပါတယ်။ တကယ်လို့ သူတို့က အထဲကို ဝင်လို့မရပဲ ဘာမှ မမြင်နိုင်ဘူးဆိုရင် အထဲမှာ ဖြစ်ပျက်နေတဲ့ အသံတွေကို နားထောင်ရုံပဲ ရှိတော့တာပေါ့။

ပုံမှန်အတိုင်းပဲ ဒီသတင်းက လျှင်မြန်စွာနဲ့ ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါ့အပြင် လင်းဟန်က ဒီနေ့ မင်္ဂလာပွဲကို ဖြစ်စေတဲ့အကြောင်းရဲ့ ထိပ်ဆုံးက ပဲ ဖြစ်ပါတယ်။ သူက အဓိက ဇာတ်ကောင် တွေထဲက တစ်ယောက်ဖြစ်ပါတယ်။ လင်းဟန် ရောက်လာတဲ့ သတင်းက အရမ်းကို လျှင်မြန်စွာနဲ့ လွီအိမ်တော် တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ ဧည့်သည် အဖြစ်နဲ့ လာခဲ့ကြတဲ့ သူတို့ အားလုံးက ဒီနေရာမှာ ကြီးမားတဲ့ ပွဲ တစ်ခု ကြည့်ရတော့မယ့် ပုံစံပါပဲ။

"လင်းဟန်"

"သခင်လေးဟန်"

"ဆရာလေး လင်း"

လူတော်တော်များများ ချဉ်းကပ်လာခဲ့ပါတယ်။ အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားတို့လည်း မျက်နှာတွေ အနည်းငယ် မည်းမှောင်ပြီးတော့ လူအုပ်ကြားထဲမှာ မတ်တပ်ရပ်နေကြပါတယ်။ သူတို့ပုံစံက လင်းဟန် အနေနဲ့ သူတို့ရဲ့ အကြံဉာဏ်ကို အလေးမထားပဲနဲ့ ရောက်လာခဲ့တဲ့အတွက် အရမ်းကို မကျေမနပ် ဖြစ်နေတဲ့ ပုံစံ ဆိုတာ သိသာပါတယ်။

လင်းဟန်က သူ့ရဲ့ လက်ကိုဆုပ်ပြီးတော့ လူတိုင်းလူတိုင်းကို ပြန်ပြီး နှုတ်ဆက် လိုက်တဲ့ ပုံစံမျိုး လုပ်လိုက်ပါတယ်။

"အစ်ကိုကြီးလင်း"

လူငယ်တစ်ယောက် ချဉ်းကပ်လာခဲ့ပါတယ်။ သူ့က အသက် ၁၅ သို့မဟုတ် ၁၆ ပဲရှိပါသေးတယ်။ သူ့ရဲ့ မျက်လုံး အတွင်းနက်နက်ထဲမှာ မကောင်းဆိုးဝါး တစ်ကောင်ကို ဖုံးကွယ်ထားပေမဲ့လည်း သူ့ရဲ့ မျက်နှာပေါ်မှာတော့ အနည်းငယ် ရှက်ရွံ့နေတဲ့ အမူအရာ တစ်ခု ရှိနေခဲ့ပါတယ်။

ရန်ထန်းဇောင်။

လင်းဟန်က ခေါင်းတစ်ချက်ငြိမ့်ပြလိုက်ပါတယ်။ သူက လျှင်မြန်စွာနဲ့ အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူငယ်လေးကို သူ တကယ်ပဲလုံး၀ ဘယ်လိုမှ ဖြတ်သန်းပြီးတော့ မမြင်နိုင်ပါဘူး။

အပိုင်း(၂၅၅) မင်္ဂလာပွဲ စပြီ

လင်းဟန်က နွေဦးစမ်းရေ အဆင့် ဆိုပေမဲ့လည်း သူက ကောင်းကင်အဆင့်မှာရှိတဲ့ လူတစ်ယောက်ရဲ့ မျက်လုံးတွေ ရှိပါတယ်။ လူက တစ်စုံတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဲဒီလူက ကောင်းကင် အဆင့်ရဲ့ အောက်မှာ ရှိတယ်ဆိုရင် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ပြောနိုင်စွမ်းရှိပါတယ်။

ဒါပေမဲ့ အခုတော့ သူက ရန်ထန်းဖောင် ကို ဖြတ်ကျော်ပြီးတော့ မမြင်နိုင်ပါဘူး။

ဒီကောင်က ကောင်းကင်အဆင့်ကိုများ ရောက်သွားခဲ့ပြီလား။

ဒါက မဖြစ်နိုင်ပါဘူး။ ဒါက တကယ်ပဲ လုံး၀ကို မဖြစ်နိုင်ပါဘူး။ သူ့လို မှော်ဆေး ဧကရာဇ် တောင်မှ နှစ်ပေါင်း နှစ်ရာ လောက် အချိန်ကုန်ခဲ့ပြီးမှ ဒီအဆင့်ကို ရောက်ခဲ့တာပါ။ ပြီးတော့

ဘယ်သူကမှ သူ့ထက် ဒီလိုမျိုး အထင်ကြီးစရာကောင်းတဲ့ ကံကြမ္မာမျိုး မရှိခဲ့ပါဘူး။ ဘယ်သူကမှ သူ့ရဲ့ အောင်မြင်မှုမျိုးကို ထပ်ပြီး ရအောင် လုပ်နိုင်တဲ့ သူ တစ်ယောက်မှ မရှိဘူးဆိုတာ မဖြစ်နိုင်ပေမဲ့လည်း ကောင်းကင် အဆင့်ကို ရောက်အောင် လုပ်နိုင်တဲ့ လူငယ်တစ်ယောက် က တော့ ဘယ်လိုမှ ပေါ်ပေါက်လာနိုင်စရာ အကြောင်းမရှိပါဘူး။

လင်းဟန်က သူ့ကို နီးကပ်စွာနဲ့ စူးစမ်းလေ့လာလိုက်ပါတယ်။ ဒါပေမဲ့ သူက ရန်ထန်းဖောင် ဆီက ဖော်ပြလို့မရတဲ့ မကောင်းဆိုးဂါး အငွေ့အသက် တစ်ခုကိုပဲ အာရုံခံနိုင်ပြီးတော့ ၎င်းက ဘာလဲဆိုတာကို တိတိကျကျ ဂေဖန် ပိုင်းခြားလို့ မရနိုင်တဲ့အတွက် မျက်မှောင် ကြုတ်သွားခဲ့ပါတယ်။

ဘယ်လိုမျိုးအတားအဆီးမျိုး တစ်ခု ဖြစ်ပေါ်လာပြီးတော့ ရန်ထန်းဖောင်ကို သူက ဖြတ်ပြီး မြင်အောင် ကြည့်လို့မရအောင် လုပ်ထားသလဲဆိုတာကိုတော့ အတည်မပြုနိုင်ပါဘူး။

လင်းဟန်က ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ သူက ဓါးကေရာဇ် နဲ့ ဖီးနစ်ငှက် မိန်းမပျို တို့လို မွန်းစတားတွေနဲ့

ယခင်ဘဝတုန်းက ဆုံတွေ့ဖူးခဲ့ပေမယ့် အဲဒီအချိန်တုန်းက သူက ကမ္ဘာကြီးရဲ့ အထွတ်အထိပ် အဆင့်မှာ ရပ်တည်နေခဲ့ပါပြီ။ ဒါကြောင့် အဲဒီလိုမျိုး ထူးကဲတဲ့ ပါရမီရှင်တွေ အများကြီးနဲ့ ဆုံတွေ့တဲ့ အခါမှာ ထူးဆန်းတဲ့ ခံစားမှု တစ်စုံတစ်ရာကိုမှ မခံစားခဲ့ရပါဘူး။

ဒါပေမဲ့ ဒီဘဝမှာကျတော့ရော ဘယ်လိုလဲ။

ဒီမှာ ပထမဆုံးအနေနဲ့ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အမွေဆက်ခံသူ ဖြစ်တဲ့ ရှုံဟွမ်ရွှမ် ပေါ်လာခဲ့ပါတယ်။ မူလကတော့ သူက မွန်းစတား အဆင့်ကို ရောက်တယ်ဆိုပေမဲ့ နောက်ပိုင်းမှာ သူ့ရဲ့ ခန္ဓာကိုယ်ကို သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် က အပိုင်သိမ်းသွားခဲ့ တဲ့အခါမှာတော့ သူက အနာဂတ်မှာ ပိုပြီးတော့တောင် ကြောက်ဖို့ကောင်းမှာ အသေအချာ ပါပဲ။

ပြီးတော့ အခု ရန်ထန်းဖောင် တစ်ယောက်။ လင်းဟာန် က သူ့ကို ဖြတ်ပြီးတော့ ကြည့်ရှု တာကနေ ဖုံးကွယ်နိုင်စွမ်း ရှိတဲ့ သူတစ်ယောက် ဖြစ်ပြီးတော့ အဲဒါက ရှုံဟွမ်ရွှမ် အောက် မနိမ့်ကျတဲ့ မွန်းစတား တစ်ကောင်ဆိုတာ သေချာပါတယ်။

သူက နွေဦးစမ်းရေ အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့

လက်ရှိမှာ အရမ်းကို သေးငယ်လှတဲ့ မိုးရေနိုင်ငံမှာပဲ ရှိသေးပြီးတော့ အနာဂတ်မှာ သဘာဂလွန် ဖြစ်နိုင်တဲ့ မွန်းစတား နှစ်ယောက် နဲ့ ဆုံတွေ့ခဲ့ပါပြီ။ ဒါဆိုရင် မြောက်ဘက်အစွန်အဖျားက ကိုးနိုင်ငံနဲ့ မြောက်ပိုင်း နယ်မြေ တစ်ခုလုံး ဒါမှမဟုတ် ကမ္ဘာကြီးတစ်ခုလုံးမှာ ဒီလိုမျိုးမွန်းစတား တွေ ဘယ်လောက်တောင်များ ရှိနေနိုင်လိမ့်မလဲ။

ဒီဘဂမှာ ပါရမီရှင်တွေ အများကြီး ရှိနေတယ်မဟုတ်လား။ သူတို့ကို လွယ်ကူစွာနဲ့ပဲ ကြုံတွေ့နိုင်ပါလိမ့်မယ်။

"အာ... ညီလေး ရန် "

လင်းဟန်က ပြုံးပြီးတော့ ဘယ်ညာ ကို ကြည့်လိုက်ပြီးတော့ မေးပါတယ်။

"လေဒီရန် ရော ဘယ်မှာလဲ"

"အမေက နေလို့ထိုင်လို့ သိပ်မကောင်းတာနဲ့ အိမ်မှာပဲ အနားယူနေပါတယ်။ ဒါကြောင့် သူမ မလာဒီနေ့ ဒီမင်္ဂလာပွဲကို မလာပါဘူး"

ရန်ထန်းဇောင် က ယဉ်ကျေးစွာနဲ့ ပြောလိုက်ပါတယ်။ သူ့ကို ကြည့်ရတာ အရမ်းကို လိမ္မာ ယဉ်ကျေးနေပြီးတော့ မြင်ရတဲ့ သူတိုင်းက မကူညီပဲ မနေချင်အောင် ဖြစ်ပေါ်သွားစေခဲ့ ပါတယ်။

လင်းဟန်က ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်ပြီးတော့ ပြောပါတယ်။

"ညီလေး ရန် ကရော ငါ့ကို ကူညီထောက်ပံ့ပေးဖို့ အစီအစဉ် ရှိနေလား"

"ဟားဟား.. ကျနော်က အစ်မကြီး ယုထန် ရဲ့ မင်္ဂလာပွဲကို တက်ရောက်ပြီးတော့ ပျော်ပျော်ပါးပါး သောက်ဖို့စားဖို့ အတွက်လာခဲ့တာပါ။ တစ်ခြား ဘာကိုမှ မသိပါဘူး"

ရန်ထန်းဇောင်က ရယ်ပြီးတော့ တစ်ဖက်ခြမ်းမှာ သွားရပ်လိုက်ပါတယ်။ သူက လွယ်ကူစွာနဲ့ လမ်းကြောင်းပြောင်းပြီးတော့ သူရဲ့ အပြုအမူတွေက သူ့အသက်အရွယ်နဲ့ မလိုက်အောင် ပါပဲ။

တစ်ခြား လူကြီးတစ်ချို့ ကလည်း မြင်တွေ့သွားခဲ့ပြီးတော့ အရမ်းကို အံ့အားသင့်ကုန် ကြပါတယ်။ ဘယ်အချိန်တုန်းက

ဒီလိုမျိုး လူငယ်လေး တစ်ယောက်က အင်ပါယာမြို့ မှာ ပေါ်လာခဲ့တာလဲ။ သူက ရင့်ကျက်နေရုံသာမက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကိုပါ မြင်အောင်လို့ ကြည့်လို့ မရကြတဲ့အတွက် ဒါက အရမ်းကို ထူးဆန်းနေပါတယ်။

"လင်းဟန်"

ကြမ်းတမ်းတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ သူတို့ဆီကို အရပ်မြင့်မြင့်နဲ့ လူကြီး တစ်ယောက် ချဉ်းကပ်လာတာကို မြင်လိုက်ကြရပါတယ်။ သူက ပြောပါတယ်။

"မင်း ဒီနေရာမှာ ဘာလုပ်နေတာလဲ"

လွီပိုင်ချန်.... လွီယုထန်ရဲ့ ခုနစ်ယောက်မြောက် ဦးလေး ဖြစ်ပါတယ်။

လင်းဟန်ကသူ့ရဲ့ သဘောထား အပေါ်မှာ ချင့်ချိန်တွေးဆ ပြီးတော့ မေးလိုက်ပါတယ်။

"ဒါက ယုထန်ရဲ့ မင်္ဂလာပွဲမဟုတ်လား... ကျနော်က ဒီကို လာပြီးတော့ ဂုဏ်ပြု မပေးသင့်ဘူးလား"

လွှီပိုင်ချန် က လင်းဟန်ကို အဓိပ္ပါယ်အပြည့်ပါတဲ့ အကြည့်နဲ့ ကြည့်လိုက်ပြီးတော့ လင်းဟန်ရဲ့ စကားလုံးတွေကို ချင့်ချိန် တွေးလိုက်ပါတယ်။ သူက မျက်မှောင် အနည်းငယ် ကြုတ်လိုက်ပြီးတော့ ပြောပါတယ်။

"တကယ်လို့ မင်းက ဒီကို သောက်ဖို့စားဖို့ လာတာဆိုရင် ငါတို့ မင်းကို ကြိုဆိုပါတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ပြဿနာ လာရှာတာဆိုရင်တော့ လွှီအိမ်တော်က မင်းကြိုက်သလို လုပ်လို့ရတဲ့ နေရတာ မဟုတ်ဘူးဆိုတာကိုတော့ သတိပေးပါရစေ"

လင်းဟန်က ပြုံးပြီးတော့ ခေါင်းငြိမ့်လိုက်ပါတယ်။ သူက လွှီပိုင်ချန်ရဲ့ စကားနဲ့ လေသံ တွေကနေ လွှီကလန်ရဲ့ သဘောထားကို မပြောနိုင်ပါဘူး။ သူက ဒီကိစ္စကို ရိုးရိုးလေးပဲ ဆွေးနွေးလိုက်ပါတယ်။

ဒီအတိုင်းပဲ စောင့်ကြည့်ရသေးတာပေါ့။

ဧည့်သည်အားလုံး ရောက်လာခဲ့ပြီးတော့ သူတို့ရဲ့ ထိုင်ခုံ အသီးသီးမှာ ထိုင်နေကြပါတယ်။ အဓိက လူတွေကို အထူးနေရာမှာ ထိုင်ခုံတွေ စီစဉ်ထားပေးသော်လည်း

လင်းဟန် မျိုး ထူးခြားတဲ့ သူ တစ်ချို့လည်းရှိပါတယ်။ ဒါပေမဲ့ သူတို့မှာ အရေးပေါ် ထိုင်ခုံနေရာတွေ စီစဉ်ထားပြီးတော့ အနည်းဆုံးတော့ သူ့အနေနဲ့ တစ်ဖက်မှာ မတ်တပ်ရပ်နေစရာ မလိုပါဘူး။

"ဖုယွင်ရှင်း.... အကြီးအကဲ ဖု ရောက်လာပါပြီ"

အစေခံ တစ်ယောက်က ကြေညာလိုက်တဲ့အခါမှာတော့ ထိုင်နေတဲ့ သူတွေ အားလုံး ချက်ချင်းဆိုသလို အံ့အားသင့်ကုန်ကြပါတယ်။ ဒါက မိုးရေနိုင်ငံရဲ့ မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်ထဲက တစ်ယောက်ဖြစ်ပြီးတော့ မိုးရေ ဧကရာဇ် ထက် အဆင့်အတန်း အနည်းငယ်မျှသာ နိမ့်ပါတယ်။

လွီကလန်ရဲ့ ခေါင်းဆောင် ကိုယ်တိုင် ထွက်လာပြီးတော့ ဖုယွင်ရှင်း ကို ခရီးဦး ကြိုဆိုရပါတယ်။ သူတို့ နှစ်ယောက်က ဘေးချင်းယှဉ်လျှောက်လာကြပြီးတော့ ရယ်ရယ်မောမောနဲ့ စကားစမြည် ပြောဆိုလာခဲ့ကြပါတယ်။

လွီကလန်က သူတို့ရဲ့ သမီးတွေထဲက တစ်ယောက်ရဲ့ မင်္ဂလာဆောင်ပွဲမှာ ဖုယွင်ရှင်းကို အောင်အောင်မြင်မြင်နဲ့ ဖိတ်ကြားနိုင်ခဲ့တယ်။ ဒါကေဘယ်လိုတောင် ဂုဏ်ယူစရာ

ကောင်းလိုက်သလဲ။

ဒါပေမဲ့ ထိုင်နေတဲ့ သူတွေအားလုံး သတိပြုမိတာကတော့ ဖုယွင်ရှင်းက လွှဲကလန် အတွက်ကြောင့် လာခဲ့တာ ဖြစ်နိုင်ချေ မရှိပဲနဲ့ အဲဒီအစား လင်းဟန်ကြောင့်သာ ဒီနေရာကို သူက လာခဲ့တာဖြစ်ပါတယ်။

သူတို့အားလုံးက မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်က လင်းဟန် ကို အရမ်းပဲ ချစ်ခင်မြတ်နိုး လေးစားကြတယ်ဆိုတာကို ကြားဖူးပြီးပါပြီ။ ဒါကြောင့် ဖုယွင်ရှင်းက ဒီနေ့ မင်္ဂလာပွဲကို ကိုယ်တိုင်ကိုယ်ကျ တက်ရောက်လာခဲ့တာက လင်းဟန်ကို အပြည့်အဝ ထောက်ခံဖို့ဆိုတာ သိသာထင်ရှားပါတယ်။ ဒါက ချစ်ခင်မြတ်နိုးရုံတင် ဘယ်ဟုတ်မလဲ။ ဒါက သူ့ရဲ့ သားကို အလိုလိုက်သလိုမျိုး ဖြစ်နေပါတယ်။

"စိတ်ဝိဉာဉ် ရတနာ စံအိမ်ရဲ့ တတိယ အကြီးအကဲ ကျော့ပယွမ် ရောက်လာပါတယ်"

ဖုယွင်ရှင်း က သူ့ရဲ့ ထိုင်ခုံမှာ ထိုင်လိုက်ရုံပဲ ရှိပါသေးတယ်။ နောက်ထပ် အရမ်းကို အရေးပါတဲ့ လူတစ်ယောက် ရောက်လာခဲ့ပါတယ်။

ကျော့ပယ္လမ် ရဲ့ အဆင့်အတန်းက ဖုယွင်ရှင်းလို မမြင့်မားပါဘူး။ ဒါပေမဲ့ သူက စိတ်ဂိုဉာဉ် ပလ္လင် အဆင့်မှာ ရှိနေပြီးတော့ မိုးရေနိုင်ငံမှာတော့ လက်ရွေးစင် အဆင့်မှာ ရှိပါတယ်။ ခါတိုင်းဆိုရင်တော့ ဒီလိုမျိုး လက်ရွေးစင်တွေကို ရိပ်ခနဲ မြင်ရဖို့တောင်မှ ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ ဒီနေ့ မင်္ဂလာပွဲကိုတော့ တကယ်ပဲ တက်ရောက်ဖို့ လာခဲ့ကြတယ်။

လွို့ယုထန် နဲ့ ဖန်းမင် မှာ ဒီလိုမျိုး အစွမ်းမရှိပါဘူး။ ဒါဆို ကျော့ပယ္လမ် က ဒီနေ့လာခဲ့တာက လင်းဟာန် ကြောင့်လား ဒါမှမဟုတ် ဖန်းယန် ကြောင့်လား။

သူက ဘယ်သူ့ဘက်ကလဲ ဆိုတာ မသိကြပါဘူး။

အဲဒီအချိန်မှာပဲ နောက်ဆုံးတော့ ဖန်းယန် ကရောက်လာခဲ့ပါတယ်။ သူရဲက လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ သူက ခန်းမ အလယ်က ထိုင်ခုံမှာ ထိုင်လိုက်ပါတယ်။ သူ့ရဲ့ အကြည့်တွေ လင်းဟာန် အပေါ်ကို ကျရောက်သွားတဲ့ အခါမှာတော့ သူရဲ့ နှုတ်ခမ်းထောင့် မှာ သရော်တဲ့ အေးစက်စက် အပြုံးတစ်ခု ပေါ်လာခဲ့ပြီးတော့ သူ့ရဲ့ မျက်လုံးတွေမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

စကားလုံးအနေနဲ့ ထုတ်မပြောပေမဲ့ သူ့ရဲ့ အကြည့်တွေက ငါ မင်းရဲ့ အမျိုးသမီး ကို တစ်ခြား တစ်ယောက်နဲ့ လက်ထပ်နေတာကို မင်းကြည့်နေရတာကို လိုချင်တယ်။ ဒါပေမဲ့ မင်းက ဘာများ လုပ်နိုင်မှာလဲ လို့ အဓိပ္ပါယ်ရပါတယ်။

လင်းဟန်က သူဘာကိုမှ မမြင်တဲ့ ပုံစံနဲ့ ဟန်ဆောင်နေလိုက်ပါတယ်။ အခုက အချိန်မကျ သေးပါဘူး။ ဒါကြောင့် အလျင်စလို လုပ်ဖို့ မလိုအပ်ပါဘူး။

"သတို့သား နဲ့ သတို့သမီး က မိုးကောင်းကင်နဲ့ မြေကြီးကို ကန်တော့ကြမယ်"

အစီအစဉ်ကြေညာတဲ့ သူက ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။ ခန်းမရဲ့ ဘယ်ဘက် အခြမ်းကနေ လူငယ်တစ်ယောက်က လက်ထပ်ဂတ်စုံ အနီရောင်ကို ဂင်ဆင်ထားပြီးတော့ ထွက်လာခဲ့ပါတယ်။ ညာဘက်ခြမ်းမှာတော့ အမျိုးသမီးလေး တစ်ယောက်က သတို့သမီး ဂတ်စုံ အနီရောင်ကို ဂတ်ဆင်ထားပြီးတော့ မျက်နှာကို ဇာပဂါအနီရောင် တစ်ခုနဲ့ အုပ်ထားပြီးတော့ သူမရဲ့ဘေးမှာ အမျိုးသမီး အစေခံ တစ်ယောက်က လိုက်ပါလာခဲ့ပါတယ်။ သူမက ဖြည်းဖြည်းလေး

လမ်းလျှောက်လာခဲ့ပါတယ်။

မျက်လုံးပါတဲ့ လူတိုင်းက ဒီ သတို့သမီး ဂါဝန်ကို ဆင်မြန်းထားတဲ့ မိန်းကလေးက သူမရဲ့ ကျင့်ကြံခြင်းကို ပိတ်ပင်ထားခြင်း ခံရတယ်ဆိုတာကို မြင်နိုင်ပါတယ်။ ပြီးတော့ သူမရဲ့ ဘေးက အမျိုးသမီး အစေခံရဲ့က အတင်းအကြပ် ဆွဲခေါ် လာခြင်းကိုလဲ ခံရပါတယ်။

"နေဦး"

လင်းဟာန်က မတ်တပ်ရပ်လိုက်ပါတယ်။

ဒါပဲ။ ဒီလိုပဲ ဖြစ်နေရမယ်။ ပွဲကြီးပွဲကောင်း ကြည့်ရတော့မယ်။ လူတိုင်းလူတိုင်း က သူတို့ရဲ့ နှလုံးသားထဲမှာ တွေးနေကြပြီးတော့ သူတို့အားလုံးက မျှော်လင့်စောင့်စားချက်တွေ နဲ့ ပြည့်နှက်လို့နေပါတယ်။ တကယ်တော့ မင်္ဂလာ ဧည့်ခံပွဲ တက်ရောက်ရတဲ့ အကြောင်းက ဘာများ ကောင်းတာရှိလို့လဲ။ သူတို့က သတို့သားလဲ မဟုတ်သလို ဒီနေရာမှာ ရှိနေတဲ့ အမိက လူတွေ အားလုံးက လင်းဟာန်နဲ့ ဖန်းယန် အကြားက ထိပ်တိုက် ရင်ဆိုင်တွေ့တာကို ကြည့်ဖို့ အတွက် လာခဲ့ကြတာပဲ ဖြစ်ပါတယ်။

"မင်းက ဘာလုပ်ချင်လို့လဲ လင်းဟန်"

လွှီကလန် ရဲ့ ကလန်သား တစ်ယောက်က လင်းဟန်ကို မျက်နှာကြော တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"ဒီမင်္ဂလာပွဲကို ငါသဘောမတူဘူး"

လင်းဟန် က သူရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟား မင်းကိုယ်မင်း ဘယ်သူလို့များ ထင်နေလဲ။ လွှီကလန်က သူတို့ရဲ့ သမီး တစ်ယောက်ကို လက်ထပ်ပေးဖို့အတွက် မင်းဆီက ခွင့်ပြုချက်ကို ယူဖို့ လိုသေးလို့လား"

ထိုလူက ရေခဲတုံးတမျှ အေးစက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူက အသက်သုံးဆယ် ခန့်ရှိပြီးတော့ နွေဦးစမ်းရေ အလွှာ ၇ အဆင့်မှာ ဖြစ်ပါတယ်။

လင်းဟန်က လွှီပုချန် ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူမြင်လိုက်တာက လုံးဝကို ရတက် မအေးနိုင်ဖြစ်နေတဲ့ပုံစံမျိုးနဲ့ သူက ဘာအကြံမှမရှိတော့တဲ့

ပုံစံမျိုးဖြစ်နေပါတယ်။ ချက်ချင်းပဲ လင်းဟန်က နားလည်သွားခဲ့ပါတယ်။ လှီကလန်မှာ အသံနှစ်သံ ရှိပါတယ်။ တစ်ခုက လှီယုထန်နဲ့ ဖန်းမင် လက်ထပ်ဖို့ ထောက်ခံကြပြီးတော့ တစ်ခုကတော့ လုံးဝ သဘောမတူပါဘူး။

ဒါပေမဲ့ သဘောမတူတဲ့ ဘက်ခြမ်းက လုံးဝ အရေးနိမ့်တယ်ဆိုတာ သိသာပါတယ်။ ဒါကြောင့် လှီယုထန် က လက်ထပ်ပွဲ ကျင်းပလိုက်ရပါတယ်။ ဒါပေမဲ့ ဒါက လှီကလန် တစ်ခုလုံး ရဲ့ အကျိုးအမြတ် အပေါ်မှာ လုံးဝ သက်ရောက်မှု မရှိဘူးဆိုတာကို နားလည် တဲ့အတွက် အဲဒီဘက်က လင်းဟန် အတွက် နောက်ဖေးတံခါး တစ်ချပ်ကို ဖွင့်ထားပေးဖို့ ဆန္ဒရှိနေဆဲပဲဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က လင်းအိမ်တော်ထဲကို အောင်အောင်မြင်မြင်နဲ့ ဝင်လာလို့ ရခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက အထဲကို ဝင်ဖို့အတွက် တိုက်ခိုက် ရပါလိမ့်မယ်။

လင်းဟန်က အားလုံးကို နားလည်သွားခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါထပ်ပြီးတော့ပြောမယ်.... ဒီမင်္ဂလာပွဲကို ငါသဘော မတူဘူး"

"ထွက်သွားစမ်း"

လွီကလန် ရဲ့ ကလန်အဖွဲ့သားက အော်ငေါက်လိုက်ပြီးတော့ လင်းဟန် ဆီကို လက်သီး တစ်လုံး ပစ်သွင်းလိုက်ပါတယ်။

လက်သီးက အနားကို ချဉ်းကပ်လာပြီးတော့ ၎င်းရဲ့ ဘေးပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အားလှိုင်းတစ်ခု က ပါရှိနေပါတယ်။ လွီကလန်ရဲ့ ကလန်သား တစ်ယောက် အနေနဲ့ သူ့ရဲ့ တိုက်ပွဲ အစွမ်းက တစ်ခြား နွေဦးစမ်းရေ အလွှာ ၇ အဆင့်မှာရှိတဲ့ သာမန်လူတွေထက် ပိုပြီးတော့ အစွမ်းထက်ပါတယ်။ ပြီးတော့ သူက သာမန် နွေဦးစမ်းရေ အလွှာ ၈ အဆင့်မှာ ရှိတဲ့ လူတစ်ယောက် ရဲ့ အဆင့်နဲ့ ညီမျှပါတယ်။

လင်းဟန်ကလည်း သူ့ရဲ့ လက်ကိုမြှောက်ပြီးတော့ လက်သီးတစ်လုံးကို ပစ်သွင်း လိုက်ပါတယ်။

အပိုင်း (၂၅၆) အခြေအနေ တင်းမာခြင်း

"ပုန်း"

လင်းဟန် ရဲ့ လက်သီး ပျံသွားတဲ့အခါမှာ မယုံနိုင်စရာကောင်းတဲ့ သိုင်းပညာ နည်းစနစ် တစ်မျိုးမျိုးကို အသုံးပြုတာ မမြင်တွေ့ရပါဘူး။ သူက ပြိုင်ဘက်ဖြစ်တဲ့ သူ ရဲ့တိုက်ခိုက်မှု ကို ဖမ်းဆုပ်ဖို့အတွက် အနည်းငယ် ဖွင့်ဟထားလိုက်ပါတယ်။ သူတို့အားလုံးရဲ့ မျက်လုံးတွေ အရှေ့မှာပဲ လင်းဟန် ရဲ့ လက်သီးက လွီကလန် အဖွဲ့သားရဲ့ ရင်ဘက်ကို ပြင်းပြင်းထန်ထန် ထိသွားတာကို မြင်လိုက်ရပြီးတော့ အဲဒီလူက လွင့်ထွက်သွားခဲ့ပါတယ်။

ဒီလက်သီးက အရမ်းကို ပြင်းထန်တဲ့အတွက်ကြောင့် အဲဒီလူက လွင့်ထွက် မသွားခင် မသဲမကွဲ အသံတစ်ချက် ထွက်သွားခဲ့ပါတယ်။

ပတ်ဂန်းကျင်မှာ ရှိတဲ့ လူတွေအားလုံး အံ့အားသင့်ကုန်ကြပါတယ်။ တစ်ခု သိထားရမှာက လွီကလန်ရဲ့ အဖွဲ့သား ကနွေဦးစမ်းရေ အလွှာ ၇ အဆင့်မှာ ရှိပြီးတော့ လင်းဟန်ကတော့ နွေဦးစမ်းရေ အလွှာ ၁ အဆင့်မှာပဲရှိပါတယ်။ နွေဦးစမ်းရေ အလွှာ နောက်ပိုင်း အဆင့် ပြိုင်ဘက် တစ်ယောက်က အစောပိုင်းအဆင့်မှာပဲရှိသေးတဲ့ သူ တစ်ယောက်ကို လုံးဝ

လွှမ်းမိုးနိုင်သင့်တယ် မဟုတ်လား။ ဒါဆို သူက ဘာဖြစ်လို့ လင်းဟန်ဆီက လက်သီး တစ်ချက်ကိုတောင်မှ တောင့်မခံနိုင်ဘူးဆိုတာ ဘယ်လိုများဖြစ်နိုင်ချေ ရှိမှာလဲ။

အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားတို့ရဲ့ အမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။ လင်းဟန်က တကယ့်ကို အစွမ်းထက်လွန်းပါတယ်ယ။ နွေဦးစမ်းရေ အလွှာ ၇ အဆင့်မှာ ရှိတဲ့ ပြိုင်ဘက် တစ်ယောက်ကို တစ်ချက်တည်း နဲ့ အနိုင်ယူလိုက်နိုင်ပါတယ်။ ဒါက ဖန်းယန် နဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့အခါမှာ လုံး၀ အားမနည်းနေပါဘူး။

သိပ်မကြာသေးခင်က လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က သူတို့ စိတ်ထဲထည့်ထား ရလောက်အောင် မသန်မာပါသေးဘူး။ သူတို့ကိုယ် သူတို့ နှိမ့်ချပြီးတော့ လင်းဟန် နဲ့ သူငယ်ချင်း ဖြစ်ဖို့ ဆုံးဖြတ်တာက လင်းဟန်ရဲ့ အနောက်က နောက်ခံအင်အားရဲ့ တန်ဖိုး ကို မြင်တွေ့ခဲ့ရလို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ကိုယ်ပိုင်စွမ်းရည်ကိုတော့ သူတို့ စဉ်းစားရလောက်အောင် အထိ မထိုက်တန်ပါဘူး။ဒါပေမဲ့ အခု ဒါကို လုံး၀ မယုံကြည် နိုင်အောင် ဖြစ်နေပါတယ်။

အဲဒီအချိန်မှာ ခုနစ်ယောက်မြောက် အင်ပါယာမင်းသားကတော့ ပြုံးနေပါတယ်။ လင်းဟန် ပိုပြီးတော့ အားကောင်းလာလေ သူက ပိုပြီးတော့ ပျော်ရွှင်ရလေပါပဲ။ ဘာကြောင့်လဲ ဆိုတော့ သူက လင်းဟန် အကူအညီလိုအပ်တဲ့အချိန်မှာ ကူညီခဲ့ပါတယ်။ ပြီးတော့ ဒီခင်မင်ရင်းနှီးမှု က လုံးဝ အစစ်အမှန် ဖြစ်ပါတယ်။

လွှီကလန်ရဲ့ ကလန်သား တစ်ချို့ ကပျော်ရွှင်နေချိန်မှာ တစ်ချို့ကို ကြည့်ရတာ ဒေါသထွက် နေတဲ့ပုံစံ ပေါက်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်ဖက်စလုံးရဲ့ စိတ်ထဲမှာ ဒီအခြေအနေကြောင့် သူတို့ရဲ့ လုံးဝ မတူညီတဲ့ သဘောထားတွေက မြင့်တက် လာခဲ့ကြပါတယ်။

"လင်းဟန်... မင်းက တကယ့်ကို သတ္တိကောင်းပြီးတော့ လွှီကလန်ကိုတောင် လာပြီး ပြစ်မှု ကျူးလွန်ရဲတယ်"

နောက်ထပ် သက်လတ်ပိုင်းအရွယ် လူတစ်ယောက် ခုန်ဝင်လာခဲ့ပါတယ်။ လူငယ်မျိုးဆက် တွေထဲမှာ လင်းဟန်ကို တားဆီးနိုင်တဲ့ သူ တစ်ယောက်ကို ရှာတွေ့ဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒီလူက အသက်လေးဆယ် အရွယ်လောက်ရှိပြီးတော့ နွေဦးစမ်းရေ အလွှာ ၉ အဆင့် ဖြစ်ပါတယ်။ သူက နှစ်ပေါင်းတော်တော်ကြာအောင်

ကျင့်ကြံခြင်း အဆင့်မှာ ရပ်တန့်နေခဲ့ပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့စွမ်းအားကို အခြေခံတည်မြဲအောင်လို့ သန့်စင်နေလို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်က သတ္တိကောင်းတယ် ဆိုရုံလေးပါပဲ။ သူငယ်ချင်းတစ်ယောက်ကို တွေ့ဖို့ လာခဲ့တာပါ"

"အဲဒီလိုဆိုရင် မင်းရဲ့ ဂုဏ်သိက္ခာကို မင်းထိန်းပါ"

လွီကလန် က အဖွဲ့သား ကပြောလိုက်ပါတယ်။ သူ့ရဲ့ နာမည်က လွီကျန်း လို့ခေါ်ပြီး စိတ်ဝိဉာဉ် ပင်လယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အရမ်းကို နီးစပ်ပါတယ်။ ဒါကြောင့် သူက လွီကလန်ရဲ့ အတွင်းကျကျ လျှို့ဝှက်ချက်တွေကို သိဖို့အတွက် အရည်အချင်း ပြည့်မှီပါတယ်။ လွီကလန်မှာ အသံနှစ်သံ ထွက်နေတယ်ဆိုတာကို သူသိပါတယ်။ တစ်ဖက်က လင်းဟန်ကို ထောက်ခံပြီးတော့ တစ်ဖက်က ဖန်းယန် ကို ထောက်ခံပါတယ်။

သူက ဖန်းယန်ကို ထောက်ခံတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဖန်းယန် က အကျိုးအမြတ် တွေ အများကြီးကို လွီကလန်ကို

ပေးဖို့ သဘောတူ ကတိပေးထားပါတယ်။ ဒါပေမဲ့ လှီကလန်မှာ လင်းဟန်ကို ထောက်ခံနေတဲ့ ကလန်သားတွေ အများကြီး ရှိနေပါသေးတယ်။ ဒါကြောင့် သူက လင်းဟန်နဲ့လည်း ရန်သူမဖြစ်ချင်ပါဘူး။

လင်းဟန်က ပြောပါတယ်။

"တကယ်လို့ ယုထန် က လက်ထပ်ဖို့ ဆန္ဒရှိတယ်ဆိုရင် ကျုပ်က သေချာပေါက် သူမရဲ့ လက်ထပ်ပွဲကို ဂုဏ်ပြုတဲ့ အနေနဲ့ တန်ဖိုးကြီးတဲ့ လက်ဆောင် တစ်ခုကို ပို့ပေးမှာပါ။ ဒါပေမဲ့ တကယ်လို့ တစ်ယောက်ယောက်က သူမကို အတင်းအကျပ် ဖိအားပေးပြီး ခိုင်းစေတာ ဆိုရင်တော့ သူငယ်ချင်းတစ်ယောက် အနေနဲ့ ဒီကိစ္စကို ကျုပ် လုံးဝ သဘောတူမှာ မဟုတ်ဘူး"

"မင်းကိုယ်မင်း နေရာတကာ ဂင်ပါတတ်တယ်လို့ မထင်မိဘူးလား"

လှီကျန်း က နှာခေါင်းရှုံ့လိုက်ပါတယ်။

"မင်းရဲ့ သူငယ်ချင်းကို ကူညီချင်လို့ ပြုမူလုပ်ဆောင်တဲ့ အကြောင်းပြချက်ကြောင့် တကယ်လို့ အခု

မင်းနောက်ဆုတ်လိုက်မယ်ဆိုရင် ငါ မင်းရဲ့ ရိုင်းပျမှုအတွက် ခွင့်လွှတ်ပေးမယ်”

“ယုထန် ကို စကားပေးပြောလိုက်ပါတယ်။ ကျုပ်က သူမကိုယ်တိုင် ပြောတာကိုပဲ ကြားချင်တယ်”

လင်းဟန်က ရှေ့ဆက်တိုးလိုက်ပါတယ်။

“မိုက်ရိုင်းလိုက်တာ”

လှီကျန်း က အခု ဒေါသထွက်သွားခဲ့ပါတယ်။ သူက လှီကလန်ရဲ့ အဖွဲ့သား တစ်ယောက် ဖြစ်တဲ့ အပြင် လှီကလန်ရဲ့ အရေးပါတဲ့ လူတစ်ယောက် ဖြစ်လာဖို့လဲ နီးစပ်နေတဲ့ သူ ဖြစ်ပါတယ်။ ဘယ်သူကများ သူ့ကို ဂရုမစိုက်တဲ့ စကားမျိုးတွေ ပြောရဲလို့လဲ။ ဒါပေမဲ့ သူက လင်းဟန်ကို ကောင်းကောင်းမွန်မွန်နဲ့ စကားတစ်ချို့ ပြောခဲ့ပေမဲ့ လင်းဟန်ကတော့ လုံးဝ ဆန့်ကျင် ငြင်းဆန်နေဆဲပဲ ဖြစ်ပါတယ်။

ဘေးနားက ပရိသတ်တွေ အားလုံးက စောင့်ကြည့်နေကြပါတယ်။ အဲဒီ အချိန်မှာ ဘယ်သူကမှ အစားစားဖို့တွေ သောက်ဖို့တွေကို သတိမရတော့ပဲ

အရှေ့ကမြင်ကွင်းကိုပဲ မျက်တောင် မခတ်စတမ်း ကြည့်နေကြပါတယ်။

လင်းဟန်က လွီကျန်းကို ဖြတ်ပြီးတော့ အရှေ့ကို တိုးသွားခဲ့ပါတယ်။ သူက လုံးဂကို ဂရုမစိုက်တဲ့ အထာနဲ့ပါ။

"မင်း အတင့်ရဲလှချည်လား"

လွီကျန်းက ဒီလိုမျိုး အရှက်ခွဲစော်ကားတာမျိုးကို လက်မခံနိုင်ပါဘူး။ သူက ချက်ချင်းပဲ လှည့်ပြီးတော့ လင်းဟန် ရဲ့ ပုခုံးကို ဆုပ်ကိုင်ဖို့ သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။

လင်းဟန်က သူရဲ့ ခေါင်းကိုတောင် မလှည့်ပဲနဲ့ လွီကျန်းရဲ့ ခါးကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင် လိုက်ပြီးတော့ အပေးကို ကိုင်ပေါက်လိုက်ပါတယ်။ မမျှော်လင့်ထားပဲ တိုက်တိုက်ဆိုင်ဆိုင် ပဲ သူက ဖန်းယန်ရဲ့ ခြေထောက်နားကို ရောက်သွားပါတယ်။

အံ့သြစရာပဲ။ လွီကျန်းတောင်မှ သူ့ကို မရင်ဆိုင်နိုင်ဘူး။ ဒီကောင့်မှာ တိုက်ပွဲကြယ် ဘယ်လောက်တောင်များ ရှိနေလဲ။ ဒါပေမဲ့ သူက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ

ရှိသေးတယ်ဆိုတာ သိသာ နေတာပဲ။ ဒါဆို ဘာကြောင့် သူက ဒီလောက်တောင် အံ့ဩဖို့ ကောင်းနေတာလဲ။

လူအုပ်ကြီးထဲက ရန်ထန်းဇောင် ကပြုံးနေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်လုံးတွေထဲမှာ အစိမ်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။၎င်းက ခြောက်ထောင့်ပါတဲ့ ကြယ်ပုံစံကို ပြောင်းသွားပြီးတော့ လင်းဟန်ကို သေသေချာချာ စိုက်ကြည့်ပြီး သူရဲ့ နှုတ်ခမ်းက အပြုံး က ပိုပိုပြီးတော့ ကြီးမားလာခဲ့ပါတယ်။

ဖန်းယန် က သူ့ရဲက အရှေ့ကို ကျလာတဲ့ လွှီကျန်းကို တစ်ချက် ငုံ့ကြည့်လိုက်ပြီးတော့ သူ့ရဲ့ ခေါင်းကို မော့လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာက အရမ်းကို တည်ငြိမ်နေပြီးတော့ အမူအရာ ပြောင်းလဲသွားတာမျိုး လုံးဝ မရှိပါဘူး။

"လင်းဟန် မင်းအရမ်းကို လွန်နေပြီ"

အသက်ငါးဆယ်လောက်ရှိမယ့် အဘိုးကြီးတစ်ယောက်က မကျေမနပ်ဖြစ်နေတဲ့ အမူအရာနဲ့ ထွက်လာခဲ့ပါတယ်။

လွှီစီ... စိတ်ဂိုဏ်းပင်လယ် အဆင့်။

သူက နာမည်နဲ့လိုက်အောင်ပဲ သနားကြင်နာမှု ကင်းမဲ့တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူက အမြဲတမ်းပဲ ရက်စက်ကြမ်းကြုတ်တဲ့ သူလို့ လူသိများ ထင်ရှားပါတယ်။

အခု လင်းဟန်က နွေဦးစမ်းရေ အဆင့် အားလုံးထဲမှာ တကယ့်ကို ထူးကဲလွန်း နေပါတယ်။ ဒါကြောင့် နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေ ဘယ်လောက်ပဲ သူနဲ့ ရင်ဆိုင်ပါစေ သူ့တို့ကိုယ် သူတို့ ပြန်ပြီးတော့ အရှက်ခွဲနေသလိုမျိုးပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း လွီကလန်ရဲ့ စိတ်ဂိုဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်က အရှက်မရှိ ရှေ့ထွက်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို မထိန်းချုပ်နိုင်တာထက် စာရင် ဒါက နည်းနည်းလေး တော့ ကောင်းပါသေးတယ်။သူ့ကို အခုလို လူပုံအလယ်မှာ ပြဿနာရှာနေတာမျိုးကို ခွင့်ပြုလိုက်လို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် သူက ပိုပြီးတော့ သန်မာတဲ့အတွက် အနိုင်ကျင့်တယ်လို့ ပြောဆိုခံရတာက တော်ပါသေးတယ်။

"အစ်ကိုကြီးကွမ်း... ဒီအမှိုက်စ ကို ခင်ဗျားလက်ထဲကို အပ်လိုက်ပြီ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကွမ်းယွမ်က ထရပ်လိုက်ပြီးတော့ အရမ်းကို မကျေမနပ် ဖြစ်နေပြီး ပြောလိုက်ပါတယ်။

"ဒါက စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်တယ်။ အမှိုက်တစ်စ မဟုတ်ဘူးဟ.. ထွီ.. ငါတကယ်ကို ကံမကောင်းတာပဲ မင်းနဲ့ အပေါင်းအသင်းဖြစ်ရတာ မကောင်းဘူး"

သူက ဒီလိုမျိုးစကားတွေ ပြောနေပေမယ့် လွီစီရဲ့ အရှေ့ ကို ခုန်ဂင်လိုက်ပါတယ်။

"ကွမ်းယွမ်"

လွီစီ က ကွမ်းယွမ်ကို မှတ်မိသွားပါတယ်။ စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် တွေက မိုးရေနိုင်ငံရဲ့ အစစ်အမှန် လက်ရွေးစင်တွေပဲ ဖြစ်ပါတယ်။ ဥပမာ ဒုယွန်မြို့ လို ကြီးမားတဲ့ နေရာတစ်ခုမှာတောင်မှ စိတ်ဂိဉာဉ်ပင်လယ် အဆင့်က တစ်ယောက်တည်းပဲ ရှိပြီးတော့ အဲဒါက ဒီလိုမျိုး လက်ရွေးစင်တွေက ဘယ်လောက်ရှားပါးတယ်ဆိုတာကို သက်သေပြဖို့

လုံလောက်ပါတယ်။

ကွမ်းယွမ်က တစ်ကိုယ်တည်းကျင့်ကြံသူ တွေမှာ ထိပ်တန်းဆယ်ဦးထဲက တစ်ယောက် ဖြစ်ပါတယ်။ အင်အားကြီး ကလန် တစ်ခု ဖြစ်တဲ့ လွီကလန်တောင်မှ သူ့ကို အထင်မသေးပံ့ ပါဘူး။

ကွမ်းယွမ်က ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"လွီအစ်ကို.. မလှုပ်ရှားရင် ကျုပ်လဲ ဘာမှမလုပ်ဘူး။ အဆင်ပြေလား"

လွီစီ ရဲ့ မျက်နှာ အမူအရာ ပြောင်းသွားပါတယ်။ ဒီစကားတွေကိုကြည့်ရတာ သူ့ကို မျက်နှာသာ ပေးတဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။ ဒါပေမဲ့ တစ်ခု နားလည်းထားရမှာက ဒါက လွီကလန် ဖြစ်ပြီးတော့ ဒီနေ့က လွီကလန်က သူတို့ရဲ့ သမီးတစ်ယောက်ကို လက်ထပ်ပေးတဲ့ နေ့လည်းဖြစ်ပါတယ်။ မင်းတို့အားလုံးက ဒီမှာလာပြီးတော့ ပြဿနာ တွေ ဖန်တီးနေပြီးတော့ သူက တားဆီးတာကိုတောင်မှ ခွင့်မပြုတဲ့ပုံစံမျိုး ပြမှုနေတာ မဟုတ်ဘူးလား။ ဒါက ဘယ်လို သဘောတရားကြီးလဲကွာ။

"အစ်ကို ကွမ်းယွမ်.. မင်းငါ့ကို မျက်နှာသာ နည်းနည်းပေးတဲ့ အနေနဲ့ ဂင်ပြီးတော့ မစွက်ဖက်ပါနဲ့ ဟုတ်ပြီလား"

လွီကလန်ရဲ့ နောက်ထပ် လက်ရွေးစင် တစ်ယောက်က အရှေ့ကိုထွက်လာပြီးတော့ ကွမ်းယွမ် ကို ပြုံးပြလိုက်ပါတယ်။

"လွီချောင်"

ကွမ်းယွမ် ရဲ့ မျက်နှာက လေးလေးနက်နက် ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်က မျက်နှာမှာသာ ပြုံးနေတတ်ပြီးတော့ စိတ်က မကောင်းဆိုးဝါး ပုံစံရှိတဲ့ လူစားမျိုးပဲ ဖြစ်ပါတယ်။ သူက မင်းကို အစ်ကိုလို့ ခေါ်နိုင်ပြီးတော့ အဲဒီအပေါ်မှာ သာယာနေမယ်ဆိုရင် နောက်လှုပ်ရှားမှု နဲ့ အတူ တိုက်ခိုက်တာခံရပြီးတော့ ဓါးစာခံ ဖြစ်သွားပါလိမ့်မယ်။ ဒ့ါအပြင် သူက စိတ်ဝိဉာဉ် ပင်လယ် အဆင့်ရဲ့ အလွှာ ၆ ဖြစ်ပြီး ကွမ်းယွမ်ထက် တစ်ဆင့်ပိုမြင့်ပါတယ်။

"ဟီးဟီး.. ငါလည်းပဲ ပျော်ဖို့ရွှင်ဖို့အတွက် လာပြီးတော့ ပူးပေါင်းရမှာပေ့ါ"

ပိန်ပိန်ပါးပါးနဲ့ အဘိုးကြီးတစ်ယောက်က

မတ်တပ်ထရပ်လိုက်ပါတယ်။ သူ့ရဲက ခေါင်းက ထိပ်ပြောင်နေပြီးတော့ အရမ်းကို သေးငယ်တဲ့ မျက်လုံးတွေရှိပါတယ်။ ဒါပေမဲ့ သူရဲ့ မျက်လုံးတွေ မှာ အေးစက်စက် အလင်းရောင်တွေက တောက်ပလို့နေပါတယ်။

"မြက်တောင်မှ ကြီးထွားခွင့်မပေးတဲ့ ဓါးတစ်လက် လုဇောင်းထျန်း"

ဒီတစ်ကြိမ်တော့ လှီချောင် အလေးထားရတော့မဲ့ အလှည့်ဖြစ်ပါတယ်။

လုဇောင်းထျန်း ကလည်း တစ်ကိုယ်တည်း ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ ကွမ်းယွမ် ထက် မျိုးဆက်တစ်ဆက်ပိုပြီး ကြီးပါတယ်။ မြက်တောင်မှ ကြီးထွားခွင့်မပေးတဲ့ ဓါးတစ်လက် ဆိုတဲ့ နာမည်ပြောင်က သူရဲ့ ဓါးကိုရည်ညွှန်းပြောတာဖြစ်ပြီးတော့ သူလည်းပဲ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ဖြစ်ပြီးတော့ သူ့ရဲ့ ရန်သူမှန်သမျှ အရှင်မထားတဲ့ လူစားမျိုးပဲ ဖြစ်ပါတယ်။

ဒီလူရဲ့ သတင်းကို လွှန်ခဲ့တဲ့ ငါးနှစ်ကတည်းက မကြားရပါဘူး။ အများစု ထင်ထားတာက ဒီလူ က

သေသွားတာ ကြာပြီလို့ ထင်နေကြတာပါ။ ဒါပေမဲ့ လွီကလန် ကတော့ လုဇောင်းထျန်း ကို အင်ပါယာ မိသားစုက ခေါ်ယူထားတယ်ဆိုတာကို သိထားပါတယ်။ အခု ဒီလူ ပေါ်လာခဲ့ပြီးတော့ လင်းဟာန်ရဲ့ ဘက်ကဆိုတာ သိသာထင်ရှားနေပါတယ်။ ဒါက အင်ပါယာ မိသားစုက သူတို့ရဲ့ သဘောထားကို ဒီဟာန်အမှုအရာနဲ့ သိအောင်လို့ လုပ်နေတာများ ဖြစ်လိမ့်မလား။

အကြီးဆုံးနဲ့ တတိယ အင်ပါယာ မင်းသားတို့ နှစ်ယောက်စလုံးတောင်မှ အံ့အားသင့်ကုန် ကြပါတယ်။ သူတို့က လုဇောင်းထျန်းရဲ့ အကြောင်းကို ကောင်းကောင်းသိပါတယ်။ ဒါက အင်ပါယာမိသားစု ရဲ့ ထိပ်တန်းလက်ရွေးစင်တွေထဲက တစ်ယောက် ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ လက်အောက်မှာလဲ ဒီလိုမျိုး လူအသီးသီး ရှိပါတယ်။ လုဇောင်းထျန်း ကတော့ နံပါတ်ခုနစ် မင်းသားရဲ့ လူ ဖြစ်ပါတယ်။

'နံပါတ်ခုနစ် ညီငယ်က လင်းဟာန် နဲ့ ပူးပေါင်းလိုက်ပြီလား'

ဒါပေမဲ့ သူတို့ ဘယ်လိုပဲကြည့်ကြည့် ကိစ္စမရှိပါဘူး။ ဒီနေ့မှာ လင်းဟာန်အတွက်တော့ အသာစီးရဖို့ ဘာနည်းလမ်းမှ မရှိပါဘူး။ နံပါတ်ခုနစ် ညီလေး က ဘယ်လိုလုပ်ပြီးတော့

ဒီလိုမျိုး အမှားတစ်ခုကို လုပ်ရတာလဲ။ လင်းဟာန်က လုံးဝ ရှုံးနိမ့်မယ်ဆိုတာကို သိသိကြီး နဲ့ လင်းဟာန်ကို သူက ဆက်ပြီးတော့ ကူညီနေသေးတာလား။ တစ်ခု နားလည်ထားရမှာက ဖန်းယန် က သူ့အနောက်မှာ ဆောင်းလဂိုဏ်း ရှိနေပါတယ်။ ပြီးတော့ မိုးရေနိုင်ငံရဲ့ ဘယ်အဖွဲ့အစည်းကများ ဒီလိုမျိုး အစွမ်းထက်လှတဲ့ ဂိုဏ်းကို ဆန့်ကျင်နိုင်စွမ်း ရှိလို့လဲ။

'ဘယ်လောက် ထူးဆန်းဖို့ကောင်းလိုက်သလဲ။ နံပါတ်ခုနစ်ညီတော်က ဒီလိုမျိုး အရာကို လုပ်မဲ့ ငတုံးငအ တစ်ယောက်လဲ မဟုတ်လောက်ပါဘူး'

အပိုင်း(၂၅၇) ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်း

ဒီနေရာမှာ မင်္ဂလာပွဲကို လာပြီးတက်ရောက်ကြတဲ့ တစ်ခြား အင်အားကြီး ကလန် ခုနစ်ခုက လူတွေလည်း ရှိပါတယ်။ သူတို့တွေမှာ စိတ်ဝိဉာဉ်ပလ္လင်အဆင့် သိုင်းပညာရှင်တွေ ကိုယ်စီ ရှိကြပေမဲ့ သူတို့ရဲ့ မြင့်မားတဲ့ အဆင့်အတန်းတွေကြောင့် ကိုယ်တိုင်ကိုယ်ကျ မရောက် လာခဲ့ကြသော်လည်း လုဖောင်းထျန်း ရဲ့ နောက်ခံအင်အားကို သိဖို့ အရည်အချင်း ပြည့်မီတဲ့ စိတ်ဝိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင်တွေ

တော်တော်များများက လက်ရှိမှာ ရှိနေပါသေးတယ်။

အင်ပါယာ မိသားစု ကလည်း ဂင်ရောက် စွက်ဖက်နေပြီလား။ စိတ်ဂင်စားစရာပဲ။

"ဟီးဟီး... အစ်ကို ဇောင်းထျန်းနဲ့ ကျုပ်က လုပ်ဖော်ကိုင်ဖက်ပောင်းကြီး တွေပဲလေ။ အစ်ကိုကြီး ဇောင်းထျန်း က ဂင်ပါချင်နေမှတော့ ကျုပ်က ဘယ်လိုလုပ်ပြီးတော့ ဘေးမှာ ထိုင်ပြီးတော့ ကြည့်နေနိုင်မှာလဲ"

နောက်ထပ် အဘိုးကြီးတစ်ယောက်ကလဲ ပြုံးပြီးတော့ မတ်တပ်ထရပ်လိုက်ပါတယ်။

"ရှဲ့ချန် လား"

"ဒါက တကယ်ပဲ စီနီယာ ရှဲ့ လား"

"လဗ္ဗွတ်ပေ့ါ... စီနီယာ ရှဲ့ က ဆေဘာ ပါရမီရှင်တစ်ယောက်ပဲ.. ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက ဆေဘာအရှင်သခင် တစ်ယောက် လို့ ခေါ်ကြတယ်။ သူက ပွာယန် အကယ်ဒမီမှာ မိုးရေ ကောရာဇ်

နဲ့ တစ်ချိန်တည်းရှိခဲ့ကြပြီးတော့ မိုးရေကောရာဇ် က သူ့ကို နှစ်ပေါင်း နှစ်ရာအတွင်းမှာ ဆေဘာနဲ့ပတ်သက်လာရင် အတော်ဆုံး ဆေဘာဓါး ကိုင်ဆောင်သူ တစ်ဦး ပေါ်ထွက်လာခဲ့ပြီလို့တောင် ချီးကျူးခဲ့သေးတယ်"

"သူက နန်းတော်အစောင့်တွေရဲ့ အကြီးအကဲပဲ။ ပြီးတော့ တစ်ချိန်လုံး အင်ပါယာ နန်းတော် မှာပဲ စောင့်ရှောက်နေခဲ့တာ။ ဒီနေရာမှာသူ့ကို တွေ့ရလိမ့်မယ်လို့ ငါလုံးဝ မထင်ထားမိဘူး"

ပရိသတ်တွေက အံ့အားသင့်စွာ နဲ့ ပြောဆိုနေကြပါတယ်။ အဆင့်အတန်းအနေနဲ့ဆိုရင် ရှဲ့ချန် က လုဖောင်းထျန်း ထက် ပိုပြီးတော့ မြင့်မားပါတယ်။ ဒ့ါအပြင် သူက ကျင့်ကြံခြင်း အဆင့် ရော တိုက်ပွဲစွမ်းအားပါ ပိုပြီးတော့ မြင့်မားပါသေးတယ်။ သူက နန်းတော် အစောင့် အရှောက်တွေရဲ့ အကြီးအကဲချုပ် လဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒါက အင်ပါယာ မိသားစုရဲ့ ကြီးမားတဲ့ ရပ်တည်မှုကို ကိုယ်စားပြုနိုင်ပါတယ်။

အကြီးဆုံး နဲ့ တတိယ အင်ပါယာ မင်းသားတို့ နှစ်ယောက်စလုံး စိတ်ဖိစီးလာကြပါတယ်။ လုဖောင်းထျန်း ထွက်ပေါ်လာတာက နံပါတ်ခုနစ် အင်ပါယာ မင်းသား

တစ်ယောက်တည်း ကိုပဲ လင်းဟန်ကို ကူညီထောက်ပံ့ပေးတယ်ဆိုပြီးတော့ ကိုယ်စားပြုနိုင်ပါတယ်။ ဒါပေမဲ့ ရှဲ့ချန် ကတော့ မတူညီ ကွဲပြားပါတယ်။ မိုးရေကောရာဇ်က ရှဲ့ချန်ကိုအရမ်း အလေးထားပါတယ်။ ပြီးတော့ သူ့က နန်းတော် အစောင့်အရှောက်တွေရဲ့ အကြီးအကဲချုပ် ဖြစ်တဲ့အပြင် မိုးရေကောရာဇ် တစ်ယောက်တည်းကိုပဲ သစ္စာရှိတာပါ။

ဒါပေမဲ့ အခု ရှဲ့ချန် က လင်းဟန်ရဲ့ ဘက်မှာ ရပ်တည်နေပါတယ်။ ဒါက မိုးရေကောရာဇ် ကိုယ်တိုင်က လင်းဟန်ကို ထောက်ခံကူညီနေတယ်လို့ ဆိုလိုတာ မဟုတ်ဘူးလား။

သူတို့ ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ ဘာမှပင်မပါပဲနဲ့ ဘေးက ရပ်ကြည့် နေဖို့ကိုပဲ ရွေးချယ်လိုက်ပါတယ်။ နံပါတ်ခုနစ် အင်ပါယာ မင်းသားက လင်းဟန်ကို ကူညီ ထောက်ပံ့ပေးဖို့ ရွေးချယ်လိုက်ပြီး အခု ကြည့်ရတာတော့ မိုးရေ ကောရာဇ် ကလည်း သူရဲ့ ရွေးချယ်မှုကို ပြုလုပ်ခဲ့ပြီးတဲ့ပုံစံ ဖြစ်နေပါတယ်။ ဒါက သူ့ကို မအံ့သြပဲနဲ့ ဘယ်လိုလုပ်ပြီး နေနိုင်မှာလဲ။

လွီချောင် နဲ့ လွီစီ ရဲ့ အမူအရာတွေ ပြောင်းလဲသွားခဲ့ပါတယ်။

ရှဲ့ချန် က မိုးရေ ကောရာဇ် ရဲ့ ကိုယ်စားလှယ် တစ်ယောက် အဖြစ်နဲ့ သတ်မှတ်လို့ ရပါတယ်။ အချိန်အများစုမှာ မိုးရေကောရာဇ် ရဲ့ အမိန့်တွေကို အင်အားကြီး ကလန်အသီးသီးကို လာရောက် အကြောင်းကြားတဲ့ သူက ရှဲ့ချန်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို မိုးရေကောရာဇ် ထက်တောင် ပိုပြီးတော့ အကြိမ်ရေ တော်တော်များများ မြင်တွေ့ရပါသေးတယ်။

သူရဲ့ ထွက်ပေါ်လာမှုက သေချာပေါက် သူတစ်ယောက်တည်း ကို ကိုယ်စားပြုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန် က ရှဲ့ချန် ကို မသိပေမဲ့ သူ့ဘေးနားက လူတွေ ဆွေးနွေးပြောဆိုနေတာကို ကြားလိုက်ရပြီးတဲ့ နောက်မှာ သူက ဒီလူရဲ့ သရုပ်မှန် နောက်ခံအင်အားကို သတိပြုမိသွား ပြီးတော့ ကျိတ်ပြီး ခေါင်းငြိမ့်လိုက်ပါတယ်။ ဒါက ဆောင်းလဂိုဏ်း ဆီကို မိုးရေ ကောရာဇ် က သူ့ရဲ့ မကျေမနပ်မှုအတွက် လှုပ်ရှားလိုက်တာဖြစ်ပါတယ်။ ပြီးတော့ ဒါက သတိပေးခြင်း တစ်ခုလည်း ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ မိုးရေနိုင်ငံက ဆောင်းလဂိုဏ်းကို ဆန့်ကျင်ဖို့ အရည်အချင်း မရှိပါဘူး။ ဒါပေမဲ့ ဖန်းယန်က တပည့်လေး တစ်ယောက်မျှသာ ဖြစ်ပြီးတော့ သူ့ရဲ့ အပြုအမှုတွေက

အရမ်းကို စိတ်ကြီးဝင် မာန်တက်နေပါတယ်။ ပြီးတော့ အဲဒါကြောင့်ပဲ မိုးရေ ဇကေရာဇ် ရဲ့ မကျေမနပ် ဖြစ်မှုကို ခံရတာပါ။ ရှဲ့ချန်ရဲ့ ထွက်ပေါ်လာမှု က လွီကလန်ရဲ့ ကလန်သားတွေခေါင်းကို သူတို့ကိုယ်သူတို့ မမေ့လိုက်စေဖို့ ခေါင်းခေါက်ပြီး သတိပေးလိုက်သလိုပါပဲ။

ဖန်းယန် နဲ့ လင်းဟန် တို့ နှစ်ယောက်အကြားက ရန်ငြိုးရန်စ က သူတို့ နှစ်ယောက်နဲ့ပဲ သက်ဆိုင်ပါတယ်။ ပြီးတော့ တစ်ခြားသူတွေက စိတ်လှုပ်ရှားပြီးတော့ ပါဝင် ပတ်သက်တာ မျိုး မလုပ်သင့်ပါဘူး။

လွီကလန် အနေနဲ့ မိုးရေဇကေရာဇ်ရဲ့ လျှို့ဝှက်စာ ကို အမိပ္ပါယ် မဖော်နိုင်စရာ အကြောင်း မရှိပါဘူး။ ဒါကြောင့် လွီစီ နဲ့ လွီချောင် တို့က တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ပြီး အနောက်ကို အသီးသီး ဆုတ်လိုက်ကြပါတယ်။ ထိုအချိန်အတွင်းမှာ ဝင်ရောက်စွက်ဖက်ဖို့ ပြင်နေတဲ့ ကလန်သားတွေကလဲ အနောက်ကိုပြန်ဆုတ်ပြီးတော့ သူတို့ရဲ့ ထိုင်ခုံတွေမှာ ပြန်နေရာယူလိုက်ကြပါတယ်။

ရှဲ့ချန်၊ လုဇောင်းထျန်း နဲ့ ကွမ်းယွမ် တို့လည်း အပြုံးချင်း ဖလှယ်ပြီးတော့ သူတို့ရဲ့ နေရာတွေကို ပြန်သွားကြပါတယ်။

အစောပိုင်းတုန်းက ဖန်းယန် နဲ့ လင်းဟန် တို့ ကြီးမားတဲ့ ရုတ်ရုတ်သဲသဲ ဖြစ်ရပ် တစ်ခုကို ဖန်တီးခဲ့ပါတယ်။ အဲဒီတုန်းက အင်ပါယာမိသားစုက နည်းနည်းလေးမှတောင် လှုပ်ရှားမှဲ့ လက္ခဏာ မပြခဲ့ပါဘူး။ ပထမတော့ လူတိုင်းလူတိုင်းက အခုတစ်ခါလည်း ပထမ အကြိမ် တုန်းကလိုပဲ မိုးရေ ဧကရာဇ် အနေနဲ့ လှုပ်ရှားမှု လုပ်လိမ့်မယ်လို့ မမျှော်လင့်ထားကြပါဘူး။ ဒါက ဘယ်သူကမှ အရှေ့ကို ကြိုပြီးတော့ မမြင်နိုင်ဘူးလို့ ဆိုလိုတာပါပဲ။

"အရင်တုန်းက အင်ပါယာ မိသားစုက လှုပ်ရှားမှု တစ်စုံတစ်ရာမလုပ်ရတဲ့ အကြောင်း အရင်းက အဲဒါက လင်းဟန် နဲ့ ဖန်းယန် တို့ နှစ်ယောက်ကြားက သီးသန့် ရန်ငြိုးရန်စ ကြောင့်ပဲ ဖြစ်တယ်။ ဒါပေမဲ့ အခု ဒီကိစ္စထဲကို လွီကလန်ကလည်း ဝင်ပါလာခဲ့ပြီ။ ဒီ လက္ခဏာ က လုံးဝကို ကွဲပြားခြားနားတယ်။ မိုးရေဧကရာဇ် က ဘယ်လိုလုပ်ပြီးတော့ အပြင်လူတွေကို ဝင်ရောက်စွက်ဖက်ခွင့်ပေးပြီး နိုင်ငံရဲ့ အခြေခံ ကို လှုပ်ခါသွားစေ နိုင်မဲ့ ကိစ္စကို ဖြစ်စေမှာလဲ"

ထက်မြက်တဲ့ အမြင်ရှိတဲ့ လူတစ်ယောက်က လက်ရှိ

အခြေအနေကို မြင်နိုင်ပါတယ်။

ကျန်တဲ့သူတွေကလဲ ခေါင်းငြိမ့်ပြီး ထောက်ခံကြပါတယ်။ လွီကလန် က အင်အားကြီး ကလန်ရှစ်ခုထဲက တစ်ခု ဖြစ်ပြီးတော့ အင်ပါယာအတွက် ထောက်တိုင်တွေထဲက တစ်ခု ဖြစ်ပါတယ်။ အခု သူတို့က လူပုံအလယ်မှာ ဖန်းယန်နဲ့ ဆောင်းလဂိုဏ်း ဘက်ကို ပြောင်းသွားခဲ့ပါတယ်။ မင်းတို့က အင်ပါယာ မိသားစုကို ရော ဂရုစိုက်သေးရဲ့လား။ ဒါမှမဟုတ် ပုန်ကန်ဖို့အတွက် အစီအစဉ်ဆွဲနေတာလား။

မိုးရေကေရာဇ်က လင်းဟန် ရဲ့ဘက်မှာ ရပ်တည်နေတယ်လို့ မဆိုလိုပါဘူး။ ဒါက ဖန်းယန် ကြောင့်ပါ။ ဒါမှမဟုတ် ပိုပြီးတော့ ရှင်းအောင် ပြောရမယ်ဆိုရင် လွီကလန် က သူတို့ရဲ့ ကန့်သတ်ချက်ကို ကျော်လွန်ပြီးတော့ မိုးရေ ကေရာဇ် ရဲ့ အကန့်အသတ်ကို ဖြတ်ကျော် လာလို့ပဲဖြစ်ပါတယ်။

ပထမတော့ လွီကလန်မှာ အသံနှစ်ခု ရှိပါတယ်။ အခုတော့ မိုးရေ ကေရာဇ် က ဒီကိစ္စ အပေါ်မှာ သူရဲ့ သဘောထားကို ထုတ်ဖော်ပြခဲ့ပါပြီ။ ဒါကြောင့် ဘယ်သူကမှ နောက်ပိုင်း မှာ ဝင်ပြီးတော့ စွက်ဖက်ရဲမှာမဟုတ်ပါဘူး။ လင်းဟန်ကို တားနိုင်သည်ဖြစ်စေ မတားနိုင် သည်ဖြစ်စေ ဒါက ဖန်းယန်

တစ်ယောက်တည်း အပေါ်မှာပဲ မူတည်ပါတော့တယ်။ တကယ်တော့ ဒါက ဖန်းယန် နဲ့ လင်းဟာန် အကြားက သီးသန့် ရန်ငြိုးရန်စ တစ်ခုပဲ ဖြစ်ပါတယ်။

ခြေလှမ်းအနည်းငယ် ရှေ့တိုးပြီးတဲ့နောက်မှာ သတို့သား သတို့သမီး မောင်နှံရဲ့ အရှေ့ကို လင်းဟာန်က ရောက်သွားခဲ့ပါတယ်။

"လင်းဟာန်... တကယ်လို့ မင်းက ငါ့ရဲ့ မင်္ဂလာဆွေ့ခံပွဲမှာ သောက်ဖို့ လာခဲ့တာဆိုရင် ငါမင်းကို ကြိုဆိုရလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ တစ်ခြားအတွက်ဆိုရင်တော့ ငါ နားထောင်ဖို့ ဆန္ဒ မရှိဘူး"

ဖန်းမင် ကပြောလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ တကယ့်ကို လူရမ်းကား တစ်ယောက်မှန်း သိသာပေမဲ့ အခု သူပြောလိုက်တဲ့ စကားတော်က အရမ်းကို မြင့်တဲ့ အဆင့်အတန်း ရှိပါတယ်။

ဒီစကားတွေကို ဖန်းယန် က သင်ပေးထားတယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ နောက်က ထွက်ပေါ်လာတဲ့ သူ့ရဲ့စကားတွေက ပရိသတ်ကို မျက်မှောင်ကြုတ် သွားစေခဲ့ပါတယ်။

"လင်းဟန်... မင်းက ယုထန်နဲ့ အရမ်းကိုရင်းနှီးတဲ့ ဆက်ဆံရေးရှိတယ်လို့ ငါကြားဖူးတယ်.. ငါ့မိန်းမကို မင်းက ကြာခို ဖို့အစီအစဉ်ဆွဲနေတာတော့ မဟုတ်ပါဘူးနော်"

"အဟွတ် အဟွတ်"

လူတော်တော်များများ ချောင်းတွေဆိုးကုန်ပါတယ်။ ဒီလိုမေးခွန်းမျိုးကို မျက်နှာခြင်းဆိုင် ပြီးတော့ ဘယ်လိုလုပ်ပြီးမေးနိုင်ရတာလဲ။ ငတုံးပဲ... ဒီကောင်က တကယ့်ကို ငတုံးပဲ။ သူက လင်းဟန်ကို စိတ်အနှောက်အယှက်ဖြစ်အောင်လို့ လုပ်တဲ့ ဖန်းယန်ရဲ့ လက်ထဲက နယ်ရုပ်လေး တစ်ရုပ်ပဲ။ ဘယ်သူမဆိုပဲ သူတို့ရဲ့ အမျိုးသမီးကို ဒီလိုမျိုးနည်းလမ်းနဲ့ စော်ကားမော်ကား ပြောတာကို ကြားလိုက်ရမယ်ဆိုရင် မျက်နှာတွေ စိမ်းလာပါလိမ့်မယ်။

လွီကလန်ရဲ့ ကလန်သားတွေတောင်မှ စိတ်ဆိုးတဲ့ အမူအရာတွေ အဖြစ်ကို ပြောင်းသွားခဲ့ ပါတယ်။ လွီယုထန် က လွီကလန်ရဲက ပါရမီရှင် လက်ရွေးစင် သမီးတစ်ယောက် ဖြစ်ပါတယ်။ သူတို့အနေနဲ့ ဒီလိုမျိုး အရှက်ခွဲတဲ့ စကားကို ကြားရတဲ့အခါမှာ ဘာမှ မခံစားရပဲနဲ့ ဘယ်လိုလုပ်ပြီးတော့

နေနိုင်မှာလဲ။

"မြန်မြန် လက်ထပ်ပွဲကို ဆက်ပြီးတော့ ကျင်းပရအောင်။ ဒီလိုမျိုး လှပချောမောတဲ့ အမျိုးသမီး နဲ့ လင်မယား အရာရောက်ဖို့ အကြာကြီး မစောင့်နိုင်တော့ဘူး"

ဖန်းမင် က တဏှာရူးစွာ နဲ့ ပြောလိုက်ပါတယ်။ သူက လှီယုထန်ကို တစ်ကြိမ်ပဲ မြင်ခဲ့ဖူးတာပါ။ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ လှပချောမောမှုအောက်မှာ ကြွေဆင်းသွားခဲ့ ရပါတယ်။ သူရဲ့ အိပ်မက်ထဲမှာတောင်မှ ဒီလိုမျိုး အံ့ချီးလောက်တဲ့ အလှပဂေး တစ်ယောက်နဲ့ တစ်နေ့နေ့မှာ လက်ထပ်ရလိမ့်မယ်လို့ လုံးဝ အိပ်မက်မက်တောင် မမက်ရဲခဲ့ပါဘူး။

ဧည့်သည်တွေက သူတို့ရဲ့ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒီမင်္ဂလာပွဲကနေ ဘယ်လိုအကျိုးအမြတ်တွေကို လှီကလန်က ရရှိခဲ့တယ်ဆိုတာကို သူတို့ မသိပါဘူး။ ဒါပေမဲ့ ဖန်းမင် ဆီကနေ ဒီစကားတွေ ထွက်လာတဲ့နောက်မှာတော့ လှီကလန်ရဲ့ ဂုဏ်သိက္ခာနဲ့ ထင်ပေါ်ကျော်ကြားမှုတွေက လုံးဝကို ပျက်ဆီးသွားခဲ့ရပါပြီ။

တကယ့်ကိုပဲ လှီကလန်ရဲ့ ကလန်သားတွေ အားလုံးကို

ကြည့်ရတာ ဖြူဖတ်ဖြူလျော် ဖြစ်နေကြပါတယ်။ သူတို့ အနေနဲ့ ဒီ ဖန်းမင်က တကယ်ပဲ အောက်တန်းကျ စုတ်ပဲ့လိမ့်မယ် ဆိုတာကို လုံးဝ မထင်ထားခဲ့ပါဘူး။

ဖန်းယန် တစ်ယောက်တည်းပဲ ပြုံးနေတုန်း ဖြစ်ပါတယ်။ သူက ဖန်းမင်ကို လုံးဝ မကြည့်ပါဘူး။ ဖန်းမင်ရဲ့ အောက်တန်းကျကျ နဲ့ ပါးစပ် စည်းမစောင့်မှုတွေကြောင့် ပိုပြီးတော့ တောင် ပွဲက လှသွားပြီ မဟုတ်ပါလား။ ဖန်းမင်ရဲ့ အမူအရာ ကပိုပြီးတော့ အောက်ကျလေလေ လင်းဟန်ကို ပိုပြီးတော့ စော်ကားလေဖြစ်တာပါပဲ။ ကြည့်... မင်းက အဲဒီအဆင့်ပဲရှိတယ်။ အမျိုးသမီး တစ်ယောက်အတွက် ဒီလို အောက်တန်းကျတဲ့ လူတစ်ယောက်နဲ့ ပြိုင်လုနေရတဲ့ အဆင့်ပဲ။

"ငါတို့ ဘာကို ရပ်ပြီးတော့ စောင့်နေသေးတာလဲ.. လာလာ ဒူးထောက်ပြီး ကန်တော့ လိုက်ရအောင်. မင်းရဲ့ ဂုတ်လစ်စလစ် ခန္ဓာကိုယ်လေးကို မြင်ရဖို့ အတွက် ငါ့ကိုယ်ငါ အချိန်အကြာကြီး မထိန်းနိုင်တော့ဘူး"

ဖန်းမင်က လောဆော် လိုက်ပါတယ်။

"ဖျောင်း"

လင်းဟန် က လက်တစ်သီး တစ်လုံးကို ဖန်းမင် ရဲ့ ခေါင်းဆီကို ပစ်သွင်းလိုက်ပါတယ်။ အရိုးတွေ ကျိုးကြေသွားတဲ့ အသံကို ကြားလိုက်ရပြီးတော့ ဖန်းမင်ရဲ့ ခေါင်းက ရင်ဘက် ဆီကို ငိုက်စိုက်ကျသွားခဲ့ပါတယ်။ သူရဲ့ ခန္ဓာကိုယ်က အကြိမ် အနည်းငယ်မျှ ဆန့်ငင် ဆန့်ငင် ဖြစ်သွားပြီးတော့ မြေကြီးပေါ်ကို ဘုန်းဆိုတဲ့ အသံကြီးမြည်သွားပြီး လဲကျသွား ခဲ့ပါတယ်။

ကောင်းပြီလေ။ မင်္ဂလာဆောင်ကနေ အသုဘ အဖြစ်ကို ပြောင်းသွားတာပေါ့။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါမှာ လူတော်တော်များများက လက်ခုပ်တွေ တီးပြီးတော့ အားပေးကြွေးကြော် ပစ်ချင်စိတ်တွေ ပေါ်လာခဲ့ကြပါတယ်။ ဘာဖြစ်လို့ဆိုတော့ ဖန်းမင် ကတစ်ကယ့်ကို အောက်တန်းကျပြီးတော့ သူတို့ရဲ့ အဆင့်အတန်းတွေကိုပါ သူ့အဆင့် အထိ ဆွဲချနေခဲ့တာပါ။ အခု သူ့ကို လင်းဟန်က တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်ပါပြီ။ သူတို့က ချက်ချင်းဆိုသလို လူတစ်ယောက်ကို သတ်ဖြတ်ပစ်လိုက်လို့ ပျော်ရွှင်သွားတဲ့ ခံစားချက်က တောက်ပစွာနဲ့ ပျံသန်းသွားခဲ့ပါတယ်။

လွီကလန် ရဲ့ ကလန်သားတွေရဲ့ အမူအရာ တစ်ခုပဲ ရုပ်ဆိုးအကျည်းတန် နေတာပါ။ ဘာကိစ္စ ပဲ ဖြစ်ဖြစ် ဖန်းမင် က လွီကလန်ရဲ့ သမက် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ လင်းဟန်လို အပြင်လူ တစ်ယောက်ရဲ့ သတ်တာကို တကယ်ပဲ ခံလိုက်ရပါတယ်။ ဒါက သူတို့ရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်တာပဲ မဟုတ်ဘူးလား။

"လင်းဟန် မင်းက ပိုပိုပြီးတော့ အတင့်ရဲလာတာပဲ"

နောက်ဆုံးတော့ ဖန်းယန် က မတ်တပ်ထရပ်လိုက်ပါတယ်။သူရဲ့ လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ လင်းဟန် ဆီကို လျှောက်လာခဲ့ပါတယ်။

ဖန်းမင် က သေသွားခဲ့ပါပြီ။ ပြီးတော့ သူက နည်းနည်းလေးမှတောင် ဂရုမစိုက်ပါဘူး။ သူက ဘယ်တုန်းကမှ သူ့ရဲ့ ညီအစ်ကို ဟမ်းကွဲကို ဂရုမစိုက်ခဲ့ပါဘူး။ ပြီးတော့ ဖန်းကလန် က ဒီလို အမှိုက်ကောင်မျိုးကို လုံးဝ မလိုအပ်ပါဘူး။ သူက လင်းဟန်ကို အရှက်ခွဲဖို့အတွက်ပဲ ဖန်းမင် ကို အသုံးချခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အရမ်းကို ပြတ်သားပြီးတော့ ဖန်းမင် ကို တန်းပြီး သတ်ပစ်လိုက်လိမ့်မယ်လို့ လုံးဝ မတွေးထားမိခဲ့ပါဘူး။

"အဲဒီတော့ ဘာဖြစ်လဲ"

လင်းဟန် က ပြန်မေးလိုက်ပါတယ်။ သူနဲ့ ဖန်းယန် အကြားမှာ ငြိမ်းချမ်းရေး ရဖို့ ဆိုတာက ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။

"ဟီးဟီး"

ဖန်းယန်က ဒေါသ မထွက်နေပါဘူး။ အဲဒီအစား သူက လွီကလန်ရဲက ကလန်သား ကို ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ ခင်ဗျားတို့ အားလုံးက ရပ်လိုက်ကြတာလဲ။ သတို့သားက အစောတုန်းက ပြောတာကို မကြားလိုက်ဘူးလား။ မြန်မြန်ဒူးထောက်ပြီးတော့ မင်္ဂလာပွဲ အခမ်းအနားကို ပြီးသွားအောင်လုပ်လိုက်တော့လေ"

လပြွတ်... ဖန်းမင်က အခုပဲ သေသွားခဲ့ပြီမဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ သူက ဆက်ပြီး မင်္ဂလာဆောင်နိုင်တော့မှာလဲ။ ဖန်းယန် က လွီယုထန်ကို လူသေ တစ်ကောင်နဲ့ မင်္ဂလာဆောင်ဖို့ စဉ်းစားနေတာတော့ မဟုတ်လောက်ဘူး မလား။ လပြွတ်ပဲပေါ့ကွာ။

မကောင်းဆိုးဂါး.... ဒါက တကယ့်ကို မကောင်းဆိုးဂါးပဲ။

ဖန်းယန် အရမ်းကို တည်ငြိမ်နေတာ အံ့သြစရာ မရှိပါဘူး။ သူရဲ့ အဓိက ရည်ရွယ်ချက် က လင်းဟန်ကို အရှက်ခွဲဖို့ တစ်ခုတည်းပါပဲ။ ပြီးတော့ အမှိုက်ကောင် တစ်ယောက်ကို လက်ထပ်ရတာထက် လူသေ တစ်ယောက်ကို လက်ထပ်ရတာက ဘယ်လိုမှ ပိုပြီးတော့ မကောင်းနိုင်ပါဘူး။

အပိုင်း (၂၅၈) စိတ်ဂိဉာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်ရဲ့ တားမြစ်အမိန့်

"ဖန်းမင် က သေသွားပြီပဲ... ဒါကြောင့် ဒီမင်္ဂလာပွဲ ကိစ္စကို ရပ်ဆိုင်းလိုက်သင့်ပြီ"

လှီကလန်ရဲ့ အဆင့်မြင့် ကလန်အဖွဲ့သား တစ်ယောက်က ကြေညာလိုက်ပါတယ်။ သူက အစောပိုင်းတုန်းက ကိစ္စတွေကို သည်းခံခဲ့တာ တော်တော်ကြာခဲ့ပါပြီ။ အခု သူက နောက်ဆုံးမှာတော့ ဂင်ပြီးတော့ ပြောဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တကယ်လို့ လှီကလန် က လှီယုထန်ကို လူသေ တစ်ယောက်နဲ့ လက်ထပ်ပေးလိုက်မယ် ဆိုရင်

အင်ပါယာမြို့မှာ သူတို့တွေ ဘယ်လိုလုပ်ပြီးတော့ ဆက်ပြီး ရပ်တည်လို့ ရနိုင်တော့မှာလဲ။

ဖန်းယန် ကပြုံးပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"သူ သေသွားတော့ရော ဘာဖြစ်လဲ။ ကျုပ်ပြန်သွားတဲ့ အခါကျရင် ဖန်းကလန် က လူတစ်ယောက်ကို ရှာပေးမယ်။ ပြီးတော့ မိန်းကလေးလွီက တစ်ယောက်တည်းနဲ့ မလုံ လောက်ဘူးဆိုရင် နောက်ထပ် အများကြီးရှာပေးဖို့ စိတ်ကူးထားပါတယ်"

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လွီကလန်ရဲ့ အဖွဲ့သားတွေ အားလုံးကို ကြည့်ရတာ ဒေါသအကြီးအကျယ် ထွက်သွားတဲ့ ပုံစံပါပဲ။

လွီကလန်ရဲ့ မိန်းကလေးကို မင်းက ဘယ်လိုများ ထင်နေတာလဲ။ ပြည့်တန်ဆာလား။ ပြီးတော့ မင်းက ဘယ်လိုယောက်ျားကိုမဆိုရှာပေးမယ်လို့ ပြောခဲ့တယ်။ ပြီးတော့ တကယ်လို့ တစ်ယောက်တည်းနဲ့ မလုံလောက်သေးဘူးဆိုရင် ထပ်ပြီးတော့ ရှာပေးချင် သေးတယ်ဟုတ်လား။

ဖန်းယန်က တကယ့်ကို စာနာစိတ်ကင်း သူ တစ်ယောက်ပဲ။ တကယ်လို့ သူ့ကို လူအုပ်ကြီး ကဒေါသထွက်တော့ရော ဘာဖြစ်သေးလဲ။ တကယ်လို့ သိုးလေးတွေ က အုပ်စုဖွဲ့ဖို့ ဆုံးဖြတ် လိုက်ရင်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ခြင်္သေ့ တစ်ကောင်ကို ဘယ်လိုလုပ်ပြီး ဆန့်ကျင်လို့ ရနိုင်မှာလဲ။ သူ့ရဲ့ လက်ထဲမှာ စွမ်းအားအကုန် ရှိပါတယ်။ မိုးရေဇကေရာဇ် ရဲ့ အရှေ့မှာတောင်မှ သူ့ရဲ့ ခေါင်းကို ဦးညွှန့်ဖို့ မလိုပါဘူး။ လွီကလန်လို အသေးအမွှားလောက် ကို စာရင်းထဲ ထည့်စရာကိုမလိုဘူး။

"ဟင့်... မင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ပြီ... ထွက်သွားကြတော့"

လွီကလန်ရဲ့ ကလန်ခေါင်းဆောင်က ကြေညာလိုက်ပါတယ်။ စိတ်ပိဉာဉ်ပလ္လင်အဆင့် လက်ရွေးစင်ရဲ့ အရှိန်အဂါက ပင်လယ်ထဲမှာ မုန်တိုင်းတိုက်သွားသလိုမျိုး အားလှိုင်းတွေ တလိမ့်လိမ့် နဲ့ ထွက်ပေါ်လာပြီးတော့ အနီးအနား က လူတွေအားလုံးရဲ့ မျက်နှာကို ဖြူဖတ် ဖြူလျော် ဖြစ်သွားစေခဲ့ပါတယ်။

လက်ရွေးစင် တစ်ယောက်ရဲ့ အမျက်ဒေါသ က

ကောင်းကင်နဲ့ မြေကြီးကို ပြောင်းပြန် လှန်ပစ်ဖို့ အတွက် လုံလောက်ပါတယ်။

ဖန်းယန် က လုံးဝ အာရုံမစိုက်ပါဘူး။ သူရဲ့ လက်ကို ပေ့ယမ်းလိုက်ရုံမျှ ယမ်းလိုက်တာနဲ့ သူရဲ့ လက်ထဲမှာ စာရွက်လိပ် တစ်ခု ပေါ်လာခဲ့ပါတယ်။ သူက ဘယ်နေရာကနေ ဆွဲထုတ် လိုက်သလဲဆိုတာကို ဘယ်သူကမှ မမြင်ခဲ့ကြပါဘူး။ သူက ဆက်ပြီး ပြောလိုက်ပါတယ်။

"ဒါက ကျုပ်ရဲ့ ဆရာသခင်က ကျုပ်ကို လက်ဆောင် အဖြစ်ပေးလိုက်တဲ့ အမိန့်စာချွန်လွှာ ပဲ.. ဘယ်သူက မနာခံပဲနဲ့ နေရဲသလဲ"

အားလုံးရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ ဖန်းယန် က ဖုံးကွယ်ထားတဲ့ သတင်းကို ပြန့်နှံ့သွားအောင်လို့ ထုတ်ပြန် ကြေညာပြီးတဲ့ နောက်မှာ ဒီ အထက်တန်းလွှာ တွေ အားလုံးပဲ ဖန်းယန် က ဆောင်းလဂိုဏ်းရဲ့ အကြီးအကဲရဲ့ တပည့် ဖြစ်သွားခဲ့ပြီဆိုတာကို သတိထားမိသွားကြပါတယ်။ ဒါက အဆုံးစွန် အစွမ်းထက်တဲ့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်ဖြစ်ပါတယ်။

မိုးရေနိုင်ငံမှာ ပန်းဖူးအဆင့် သိုင်းပညာရှင် ဆိုတာ ဘယ်သူမှ မကျော်လွှားနိုင်တဲ့ အဆင့် တစ်ခု ဖြစ်ပြီးတော့ စိတ်ဝိဉာဉ်နတ်သူငယ် အဆင့် ဆိုတာကတော့ အသက်ရှင်နေတဲ့ နတ်ဘုရား တစ်ပါးလိုပါပဲ။

ဖန်းယန် ဆီမှာ စိတ်ဝိဉာဉ် နတ်သူငယ် အဆင့် ပညာရှင်ကြီး တစ်ယောက်ရဲ့ အမိန့်စာ ရှိနေမှတော့ ဖန်းယန် က သူ ဘာလုပ်လုပ် အဲဒါကို ထုတ်ပြလိုက်ရုံနဲ့ ပြီးသွားမှာပါပဲ။ အဲဒီ အမိန့်စာနဲ့ဆို လက်ရှိ မိုးရေကောရာဇ် တောင် သူ့ကို မျက်နှာပေးရလိမ့်မယ် မဟုတ်လား။

လွီကလန်ရဲ့ ကလန်ခေါင်းဆောင်က ချက်ချင်းဆိုသလို ချောင်းဆိုးသွားခဲ့ပါတယ်။ သူက သဘာဝ အားဖြင့်တော့ အားမာန်ပါတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်ဝိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်အာဏာ အရှေ့မှာတော့ သူက ဘယ်လိုနည်းနဲ့မှ ဆက်ပြီးတော့ အားမာန်ပါလို့ ရနိုင်မှာလဲ။

ဖန်းယန်က လူအုပ်ကြီးဆီကို မျက်စိ တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ဘယ်သူကမှ သူနဲ့ မျက်လုံးခြင်း ဆုံပြီးကြည့်ဖို့ မဝံ့ရဲကြပါဘူး။ သူတို့အားလုံးပဲ

သူတို့ရဲ့ ခေါင်းတွေကို ငုံ့ထားပါတယ်။ သူ့ပုံစံကို ကြည့်ရတာ တကယ်ပဲ စိတ်ကြီးဝင်နေတဲ့ပုံစံပါပဲ။ သူက တကယ့်ကို အာဏာရှင် တစ်ယောက်ပါပဲ။ ဒါပေမဲ့ ဘာဖြစ်မှာလဲ။

ဒီနေ့ သူက လင်းဟန်ကို သူ့ရဲ့ လက်နဲ့ သတ်မပစ်ခင် လုံးဝ အရှက်ခွဲ စော်ကားနေပါ လိမ့်မယ်။

"ဒါက စိတ်ဝိဉာဉ်နတ်သူငယ် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာလို့ မင်းက ပြောခဲ့တယ်နော်.. တစ်ခုတည်းပဲလား"

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မှာ စကြာဝဠာဖျက်ဆီးခြင်း လက်ရွေးစင် တစ်ယောက်ရဲ့ အထိမ်းအမှတ် သင်္ကေတ တစ်ခုရှိတယ်။ မင်းရော အဲဒါကို တစ်ချက်လောက်များ ကြည့်ချင်သေးလား"

"ဟားဟားဟား မင်းက တကယ့်ကို ပေကတ်ကတ် နဲ့ ခေါင်းမာ တဲ့ကောင်ပဲ"

ဖန်းယန် က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ လူတစ်ချို့ကို ကြည့်ရတာ စတင် သံသယ ဖြစ်နေတဲ့ပုံစံကို မြင်လိုက်ရတဲ့အခါမှာ သူကပြောလိုက်ပါတယ်။

"ကောင်းပြီ ဒါဆိုရင် မင်းတို့အားလုံးကို စိတ်ဂိဉာဉ်နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာကို တစ်ချက်ပေးကြည့်ရတာပေါ့"

သူက စာလိပ်ကို ဖြည်းဖြည်းလေး ဖြည်လိမ့်လိုက်ပါတယ်။ ၎င်းကို ဘာမှန်းမသိတဲ့ ပစ္စည်း နဲ့ လုပ်ထားတာ ဖြစ်ပါတယ်။ ၎င်းက ပိုးသားမျှင်လို ပျော့ပျောင်းနူးညံ့ မှု ရှိပါတယ်။ ဒါပေမဲ့ ၎င်းကို ရွှေရောင်ကြိုးမျှင်တွေ နဲ့လည်း ချုပ်ထားပါတယ်။ ၎င်းက အရမ်းကို တန်ဖိုးရှိတဲ့ ပစ္စည်း တစ်ခုပဲဖြစ်ပါတယ်။

"ပုန်း"

အမိန့်စာ ကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဂါ တစ်ခုက ပျံ့နှံ့သွားခဲ့ပါတယ်။ ၎င်းရဲ့ အတွင်းကနေ အဆုံးမဲ့ လက်ရွေးစင် စစ်သည်တော် တစ်ယောက်က ခြေလှမ်းထွက်လာသလိုမျိုးနဲ့ တူပြီးတော့ လူတိုင်းလူတိုင်းကို ကျောချမ်းသွားစေခဲ့ပါတယ်။ သူတို့ရဲ့ ခြေတွေ လက်တွေ အကုန်လုံး အေးခဲသွားသလိုမျိုး ခံစားရပြီးတော့ သူတို့ရဲ့ ရင်ဘက် ထဲက နလုံးသားတွေက အချိန်မရွေး အပြင်ကို ခုန်ထွက်သွားလုမတတ် ခံစားလိုက် ကြရပါတယ်။

ဒါက စိတ်ဂိုဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာ အစစ်အမှန်ပဲ ဖြစ်ပါတယ်။ သိုင်းဆန္ဒ အနည်းငယ်မျှ ၄င်းအထဲကို ထည့်သွင်းလိုက်ရုံနဲ့ ၄င်းက ဒီ ဧရိယာ တစ်ခုလုံးကို လွှမ်းမိုးပစ်လိုက်ဖို့ လုံလောက်ပါတယ်။ ဘယ်သူကမှ ခုခံဖို့ အနည်းငယ်မျှ ဆန္ဒရှိနိုင်ကြမှာ မဟုတ်ပါဘူး။

"ဒုန်း ဒုန်း ဒုန်း"

သူတို့အားလုံးပဲ တစ်ယောက်ပြီး တစ်ယောက် ဒူးထောက်သွားကြပါတယ်။ ပထမ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့် ပြီးတော့ အဲဒီနောက်က ဒြပ်စင်စုစည်းခြင်းအဆင့် နဲ့ နွေဦးစမ်းရေ အဆင့်တွေပဲ ဖြစ်ပါတယ်။ အမိန့်စာက ပိုပိုပြီးတော့ ပေါ်လာတာနဲ့အမျှ စိတ်ဂိုဉာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေ တောင်မှ ရပ်တည်နိုင်စွမ်း မရှိတော့ပါဘူး။ ဒါပေမဲ့ စိတ်ဂိုဉာဉ်ပင်လယ် အဆင့်ဆိုတာ စိတ်ဂိုဉာဉ်ပင်လယ် အဆင့်ပါပဲ။ သူတို့ကိုယ် သူတို့ အတင်းအကျပ်နဲ့ပ မြေကြီးပေါ်ကို ထိုင်ချဖို့ ကြိုးစားလိုက်ကြပါတယ်။

အခု စိတ်ဂိုဉာဉ်ပလ္လင် အဆင့် လက်ရွေးစင် တစ်ချို့ပဲ သူတို့ကိုယ် သူတို့ ခုခံဖို့ ဖိအား ပေးနိုင်ပါတယ်။ သူတို့အပြင်

လင်းဟာန် နဲ့ ဖန်းယန် ကလဲ ကောင်းကောင်းကြီး ရပ်တည်နေနိုင်ဆဲပဲဖြစ်ပါတယ်။ ထိုအချိန်အတွင်းမှာ ဟူးညိုက ထိုင်ပြီးတော့ သူမရဲ့ အစားအစာ တွေကို ဂါးစားနေပါတယ်။ သူမက လင်းဟာန် ရဲ့ စကားကို နာခံစွာနဲ့ ဘယ်ကိုမှ ပြေးလွှား ဆော့ကစားနေခြင်း မရှိပါဘူး။

သူတို့အပြင် နောက်တစ်ယောက်ကလည်း ကောင်းကောင်းမွန်မွန်နဲ့ ထိုင်နေဆဲပဲ ရှိပါတယ်။

သူကတော့ ရန်ထန်းဇောင် ။

ဖန်းယန် က အေးအေးဆေးဆေး နဲ့ ရပ်နေနိုင်တဲ့ အကြောင်းရင်းက သူက အမိန့်စာကို ကိုင်ဆောင်ထားလို့ဖြစ်ပြီးတော့ ဒီစာလိပ်က သူ့ကို ကာကွယ်ပေးထားလို့ပဲ ဖြစ်ပါတယ်။ လင်းဟာန်ကတော့ သူက အရင်တုန်းက အဆိုးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့ပြီးတော့ ဒီလိုမျိုး လွှမ်းမိုးနိုင်စွမ်းကို လုံးဝ မကြောက်ရွံ့တာက သဘာဝ ကျပါတယ်။ တစ်ဖက်က ဟူးညိုက အရမ်းကို ထူးထူးကဲကဲ ရှိလှပါတယ်။

ဒါပေမဲ့ သူမရဲ့ ဒန်တန်ထဲမှာရှိတဲ့ စိတ်ဂိဉာဉ်အခြေခံက

အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ လင်းဟန်ရဲ့ အသိဉာဏ်ကိုတောင်မှ ဖျက်ဆီးပစ်နိုင်တယ် ဆိုတာကို ပြန်စဉ်းစားမိရင် သူမက အစွမ်းထက်လှတဲ့ စိတ်ဂိုဏ်းဉာဉ်နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းအားကို ခုခံနိုင်စွမ်း ရှိလိမ့်မယ် ဆိုတာ တကယ့်ကို ကောင်းမွန်တဲ့ အကြောင်းပြချက် တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ ရန်ထန်းဖောင် ကရော ဘာဖြစ်လို့လဲ။ သူ့မှာ အစွမ်းထက်လှတဲ့ စိတ်ဂိုဏ်းဉာဉ် နတ်သူငယ် လက်ရွေးစင် တစ်ယောက်ရဲ့ သိုင်းဆန္ဒကို ခုခံကာကွယ်နိုင်ဖို့ ဘာများ ပိုင်ဆိုင်ထားလို့လဲ။

ရန်ထန်းဖောင်က လင်းဟန် ကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းတွေက တွန့်သွားပြီး သရော်တဲ့ အပြုံးတစ်ခု ဖြစ်လာခဲ့ပါတယ်။ သူက ဟူးညိုဘက်ကို လှည့်ပြီး တစ်ချက်ကြည့်လိုက်တဲ့အခါမှာ မျက်မှောင်ကြုတ်သွားပါတယ်။ ဟူးညိုရဲ့ တည်တည်ငြိမ်ငြိမ်ရှိတဲ့ ပုံစံကို သူ လုံးဝ နားလည်နိုင်စွမ်း မရှိတာ သေချာပါတယ်။

ဖန်းယန် လက်ထဲက အမိန့်စာ က အားလုံး ဖြည်ချလို့ ပြီးပါပြီ။

စိတ်ဂိဉာဉ် ပလ္လင် အဆင့် လူတွေပဲ ခုခံနိုင်ဆဲရှိတယ်ဆိုပေမဲ့ သူတို့အားလုံး မလှုပ်ရှားနိုင်ပဲနဲ့ သူတို့ကိုယ်သူတို့ ခုခံဖို့ အတင်းအကြပ်ဖိအားပေးပြီး အံတင်းတင်းကြိတ်ထားကြရပါတယ်။ သူရဲ့ မျက်လုံးနဲ့ ဘေးဘီဂဲယာ ကို ကြည့်လိုက်တဲ့အခါမှာ လူတိုင်းလူတိုင်းက ဖန်းယန်ကို ဦးညွှန်သလိုမျိုး ဒူးထောက်နေတာကို မြင်လိုက်ရပါတယ်။

ဒီလိုမျိုး အမိန့်စာက အချိန်အကြာကြီး မဖြစ်နိုင်ပါဘူး။ အတွင်းမှာရှိတဲ့ သိုင်းဆန္ဒက အရမ်းကို လျင်မြန်စွာနဲ့ ပျံ့နှံ့သွားပြီးတော့ ဒီလိုမျိုး အစွမ်းထက်လှတဲ့ သိုင်းဆန္ဒ တစ်ခု အဖြစ် အတည်ပြုပေးလိုက်ကြပါတယ်။ ဒီ အမိန့်စာ ကို တည်ဆောက်ဖို့ အသုံးပြုတဲ့ ပစ္စည်းတွေကိုပဲ အရမ်းကို အဖိုးတန် လှပါတယ်။ ၎င်းကို တစ်ခါပဲ ရေးထွင်းပြီးတော့ တစ်ကြိမ်ပဲ အသုံးပြုလို့ရတာပါ။ ဒါကြောင့် ဒါက အရမ်းကို ဖြုန်းတီးလွန်းရာ ရောက်ပါတယ်။

ဖန်းယန် က ဒီလိုမျိုး အမိန့်စာ တစ်ခုကို ရရှိနိုင်စွမ်းရှိတဲ့ အကြောင်းအရာကို ခန့်မှန်း ကြည့်လိုက်မယ်ဆိုရင် ဆောင်းလဂိုဏ်းရဲ့ အကြီးအကဲက သူ့ကို ဘယ်လောက်တောင် ချစ်ခင်မြတ်နိုး သဘောကျ တယ်ဆိုတာကို သက်သေပြဖို့ လုံလောက်ပါတယ်။

သူက ဆောင်းလဂိုဏ်းကို ပြန်သွားတဲ့အခါကျရင် ဖန်းလောင်ရဲ့ လက်မောင်းကို ကုသဖို့အတွက် စိတ်ဂိညာဉ်ဆေးလုံး တစ်လုံးအတွက် တောင်းဆိုဖို့အတွက် သူ့မှာ ဒီအရာက ရှိသင့်ပါတယ်။ အဲဒီလိုမှမဟုတ်ရင် အစောပိုင်းတုန်းက လင်းဟာန်ကို လုံးဝ အမြစ်ပြတ်သုတ်သင်ပစ်ဖို့ သူ့မှာ စွမ်းရည် ရှိရပါလိမ့်မယ်။

ဖန်းယန် က ကျယ်လောင်စွာ ရယ်မောလိုက်ပြီးတော့ သူ့ပုံစံက အရမ်းကို စိတ်ကြီးဝင် နေတဲ့ အမူအရာ တွေ တွေ့မြင်နေရပါတယ်။

တကယ်လို့ ဒီနေရာမှာ စိတ်ဂိညာဉ်ပလ္လင် အဆင့် တွေ ရှိနေတော့ရော ဘာဖြစ်သေးလဲ။ သူတို့တောင်မှ သူ့ရဲ့အရှေ့မှာ ကြွက်တွေလိုမျိုး တုန်ယင် နေရတာပဲ မဟုတ်လား။ တကယ်လို့ သူတို့က အင်ပါယာမင်းသားတွေ ဒါမှမဟုတ် သခင်လေးတွေ ဖြစ်တော့ ဘာဖြစ်သေးလဲ။ သူတို့က သူရဲ့ အရှေ့မှာ ဒူးထောက်နေရတာပဲ မဟုတ်လား။

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

ဒါပေမဲ့ ဖန်းယန်က လင်းဟာန် ဆီကို မျက်စိ

တစ်ချက်ငေ့ကြည့်လိုက်တဲ့အခါမှာတော့ သူက ချက်ချင်းဆိုသလို အံ့အားသင့်သွားခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီကောင်က မတ်တပ်ရပ်နေနိုင်ရတာလဲ။ ပြီးတော့ ကြည့်ရတာ လုံးဂကို အခက်အခဲမရှိပဲ လွယ်လွယ်လေး ဆိုတဲ့ပုံစံပါပဲ။

"မင်း ဘယ်လိုလုပ်ပြီးတော့ ရပ်နေနိုင်တာလဲ"

ဖန်းယန်က မမေးပဲ မနေနိုင်ပါဘူး။ သူကိုင်ဆောင်ထားတာက စိတ်ဂိဉာဉ်နတ်သူငယ် အဆင့် တစ်ယောက်ရဲ့ အမိန့်စာလွှာ ဖြစ်ပါတယ်။

"မင်းအလုပ် မဟုတ်ဘူး"

လင်းဟန်က သူ့ကို လက်ခလယ်ထောင်ပြလိုက်ပါတယ်။

လပြွတ်ပဲ။

ဖန်းယန် က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ မင်းကို လျော့တွက်မိခဲ့တာပဲ။ မင်းရဲ့ အစစ်အမှန် စွမ်းရည်တွေကို ဒီလောက် အချိန် ကြာကြာ

ဖုံးကွယ်ထားနိုင်ခဲ့တာပဲ။ ဒါပေမဲ့ ဒီနေ့တော့ မင်းသေချာပေါက်သေရလိမ့်မယ်။ ပြီးတော့ ဘယ်သူကမှ မင်းကို ကယ်နိုင်မှာ မဟုတ်ဘူး"

လင်းဟန်က ကျယ်လောင်စွာ ရယ်လိုက်ပြီးတော့ ပြောပါတယ်။

"မင်းက တကယ့်ကို လေအိုးတစ်ယောက်ပဲ။ ဒါဆိုလည်း လာခဲ့လေ... မင်းရဲ့ လည်ပင်း က တကယ်ပဲ မာလားဆိုတာကို ကြည့်ရအောင်"

"မိုက်ရိုင်းလှချည်လား"

ဖန်းယန် က ဒေါသထွက်သွားပါတယ်။ အမိန့်စာလွှာကို ထုတ်လိုက်ရတဲ့ အကြောင်းရင်းက လင်းဟန်က သူ့ကို ဒူးထောက်သွားစေချင်လို့ပဲ ဖြစ်ပါတယ်။ သူက လင်းဟန်ရဲ့ ခေါင်းပေါ်မှာ သူ့ရဲ့ ခြေထောက်ကို တင်ပြီးတော့ မင်္ဂလာပွဲကို ဆက်ပြီးတော့ ကျင်းပခိုင်း ပြီးတော့ သူ့ကို စောင့်ကြည့်ခိုင်းပြီးမှ လင်းဟန်ရဲ့ခေါင်းကို ဆောင့်နင်းပြီးတော့ သတ်ပစ်ဖို့ ရည်ရွယ်ထားတာပါ။

အခု လင်းဟန်က တကယ်ပဲ ဒီအမိန့်စာလွှာရဲ့ လွှမ်းမိုးနိုင်တဲ့

အစွမ်းကို ခုခံနိုင်စွမ်း ရှိနေပါတယ်။

"သေစမ်း"

သူက စိတ်ရှည်သည်းခံနိုင်စွမ်း ကုန်သွားခဲ့ပါပြီ။ လင်းဟန်ရဲ့ မွန်းစတား ဆန်တဲ့ စွမ်းရည် အဆင့်တွေက သူ့ကိုယ် စိုးရိမ်ပူပန်မှုတွေ တိုးလာစေပါတယ်။ လင်းဟန်က ကျင့်ကြံခြင်း အဆင့်မှာဆိုရင် သူနဲ့ တူညီတဲ့အဆင့်မှာရှိပြီး သူ့မှာလည်း အစွမ်းထက်တဲ့ နောက်ခံ ရှိပါတယ်။ အခု သူက စိတ်ဂိဉာဉ်နတ်သူငယ် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာလွှာ ကိုတောင်မှ ဆန့်ကျင်ပြီးတော့ ရပ်တည်နိုင်စွမ်းရှိနေပါတယ်။

ဒီလိုမျိုး ရန်သူတော် တစ်ယောက်ကို အမြန်ဆုံး တတ်နိုင်သမျှ ရှင်းထုတ်ပစ်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

ခြေတစ်လှမ်းထဲနဲ့ ဖန်းယန်က လင်းဟန်ဆီကို ရောက်သွားခဲ့ပါတယ်။ သူ့ရဲ့ ညာဘက်လက် နဲ့ လင်းဟန် ဆီကို ဖိနှိပ်ဖို့ ကြိုးစားလိုက်ပါတယ်။ သူရဲ့လက်က တောင်ကြီး တစ်လုံးလိုမျိုးဖိအားနဲ့ လင်းဟန် အပေါ်ကို ကျဆင်းလာခဲ့ပါတယ်။

လင်းဟန်က လက်သီးတစ်လုံးကို မြှောက်ပြီးတော့ ပစ်သွင်းလိုက်ပါတယ်။

"ဗုန်း"

တိုက်ခိုက်မှု နှစ်ခုက အတူတကွ ထိခိုက်မိသွားခဲ့ပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေ ဆီက မူလစွမ်းအင်တွေက မှန်တစ်ချပ် ကွဲကြေသလိုမျိုး အစိတ်စိတ် ကွဲကြေသွားခဲ့ပြီးတော့ နေရာ အနှံ့ကို ပြန်ကန်ထွက်ကုန်ပါတယ်။ အဲဒီအချိန်မှာ လူတွေအားလုံးက စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာလွှာ ကြောင့် ဖိနှိပ်ခံထား ရတဲ့အတွက်ကြောင့် သူတို့ကိုယ် သူတို့ ခုခံကာကွယ်နိုင်စွမ်းမရှိပါဘူး။ ဒါကြောင့် မူလစွမ်းအင်ရဲ့ အစ အနတွေ လွှင့်ထွက်လာတဲ့အခါမှာ သူတို့ကို ချက်ချင်းဆိုသလိုပဲ ဒဏ်ရာ အနာတရ ဖြစ်စေပါလိမ့်မယ်။

လူငယ်နှစ်ယောက်က နေရာချိန်းလိုက်ကြပြီးတော့ တစ်ယောက်ကို တစ်ယောက် လေးလေး နက်နက် ကြည့်နေကြပါတယ်။ သူတို့ရဲ့ ပြိုင်ဘက်တွေက တကယ့်ကို အစွမ်းထက်တာပဲ။

ဖန်းယန် က အမိန့်စာလွှာ ကို ပြန်သိမ်းလိုက်ပြီးတော့ သူ့ရဲ့ ညာဘက်လက်ကို လှုပ်လိုက် တာနဲ့ သူ့ရဲ့လက်ထဲမှာ ဆေဘာဓါးရှည် တစ်လက် ပေါ်လာခဲ့ပါတယ်။

သိုလှောင်လက်စွပ်။

ဒီကောင်က တကယ့်ကို စိတ်ကြီးဝင်နေတာပဲ။ ဒီလိုမျိုး ရတနာ တစ်ခုကို ရရှိပြီးတဲ့ အခါမှာ လူပုံအလယ်မှာ တကယ်ပဲ ဒီ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကို ထုတ်ပြရဲတယ်။ သူက တစ်ခြားသူတွေ က မနာလိုမှု တွေကို ဆွဲဆောင် လာနိုင်တာကို လုံးဝ မကြောက်ရွံ့ဖူးပဲ။

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။ ဒါပေမဲ့ နတ်ဆိုးရှင်သန် ဓါး မဟုတ်ပါဘူး။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ အဆင့်တစ်ဆယ် စိတ်ဝိဉာဉ်ပစ္စည်းကို လွယ်လွယ်ကူကူနဲ့ ထုတ်ပြရမှာလဲ။

အပိုင်း (၂၅၉) မချိုးဖျက်နိုင်တဲ့ ဓါးတရားဆန္ဒ

ကံကောင်းတာက... ဖန်းယန် ရဲ့ ဆေဘာဓါးကလဲ သာမန်ပစ္စည်းတစ်ခုမျှပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် တကယ်လို့ အဆင့်တစ် စိတ်ဂိဉာဉ်ပစ္စည်းမျှဆိုရင်တောင်မှ သိုင်းဆန္ဒသဘောတရားတွေ တစ်ခုမှ ရေးထွင်းစရာ မလိုပဲနဲ့ ၎င်းရဲ့ ထက်မြက်မှု တစ်ခုတည်းနဲ့ပဲ လင်းဟာန် ရဲ့ ဓါးကို နှစ်ပိုင်းဖြတ်ပစ်လိုက်ဖို့ လုံလောက်ပါတယ်။

"ကြီးမြတ်တဲ့ စိတ်ဆိုးသော နေ ဆေဘာဓါး...အစိတ်စိတ်ပိုင်းဖြတ်ပြီး မျိုးဖြုတ်ပစ်"

ဖန်းယန် က ကျယ်လောင်တဲ့ အသံတစ်ချက် အော်ဟစ်လိုက်ပြီးတော့ သူရဲ့ လက်ထဲက ဆေဘာဓါးနဲ့ ခုတ်ပိုင်းလိုက်ပါတယ်။ ဆေဘာ အလင်းရောင် လင်းလက်သွားခဲ့ပြီးတော့ စွမ်းအားလှိုင်းတွေ ဖန်တီးဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီ စွမ်းအားလှိုင်းတွေရဲ့ အနောက်က ခွန်အားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"ဘာ.. အရမ်းကို အစွမ်းထက်တဲ့ ဆေဘာဓါးတရား ပဲ"

ရှဲ့ချန် က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ အခု စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင်ရဲ့ အမိန့်စာ ကို ပြန်ရုတ်သိမ်းသွားတဲ့အတွက် အားလုံးပဲ သူတို့ရဲ့

ခြေထောက် ပေါ် သူတို့ မားမားမတ်မတ် ရပ်ပြီးတော့ ဒီ လူငယ် ပါရမီရှင် နှစ်ယောက်ကြားက တိုက်ပွဲကို ကြည့်ရှုနိုင်ကြပါပြီ။

ဒါပေမဲ့ တစ်ချို့က ဟူးညိုနဲ့ ရန်ထန်းဇောင်ကို လှည့်ပြီးတော့ ကြည့်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ နှစ်ယောက်က စိတ်ဝိဉာဉ်နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာရဲ့ ပျံ့နှံ့လာတဲ့ စွမ်းအားကိုတောင်မှ ခုခံနိုင်စွမ်းရှိတဲ့အတွက် အဲဒါက အံ့အားသင့်စရာ ကောင်းသလို ဘယ်လိုမှ မမျှော်လင့်ထားတာလည်း ဖြစ်ပါတယ်။

ရှဲ့ချန် ရဲ့နာမည်က ဆေးဘာအရှင်သခင် ဖြစ်တဲ့အတွက် သူ့ရဲ့ ဆေးဘာပညာရပ်နဲ့ ပတ်သက်တဲ့ နယ်ပယ်မှာ မိုးရေနိုင်ငံထဲမှာ မြင့်မားတဲ့ အဆင့်ဆိုတာ လုံးဝ သေချာပါတယ်။ သူတောင်မှ တအံ့တသြနဲ့ ပြောရတယ်ဆိုတော့ ဖန်းယန်ရဲ့ ဆေးဘာနည်းစနစ် က တကယ့်ကို ထူးထူးကဲကဲ ဖြစ်နေတယ်ဆိုတာ ပြောနေစရာတောင် မလိုတော့ပါဘူး။

“အင်း”

လူတော်တော်များများက သူတို့ရဲ့ ခေါင်းတွေကို ငြိမ့်ပြီးတော့ သဘောတူ ထောက်ခံ လိုက်ကြပါတယ်။ သူတို့ ဖန်းယန်ကို သဘောမကျတာက တစ်ခြားကိစ္စပါ။ ဒါပေမဲ့ တကယ်လို့ သူ့ရဲ့ အရည်အချင်းကိုပဲ ကြည့်မယ်ဆိုရင် ဖန်းယန်ရဲ့ ဆေဘာပညာ စွမ်းရည် က တကယ့်ကို ထူးထူးကဲကဲ ဖြစ်နေပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူက ဘယ်လိုလုပ်ပြီးတော့ တတိယ အင်ပါယာ မင်းသား... ဇောင်ဟွမ် နဲ့ ကန်းရီ တို့ကို လွယ်လွယ်ကူကူနဲ့ အနိုင်ရမှာလဲ။

လင်းဟန်လည်း အနည်းငယ် အံ့အားသင့်သွားခဲ့ပါတယ်။ ဒီဆေဘာနည်းစနစ်ရဲ့ အနောက်က စွမ်းအားက အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ်ရဲ့ အဆင့်ကို ရောက်နေပါပြီ။

ဖန်းကလန် က ဘယ်လိုမှ အနက်ရောင် အဆင့်သိုင်းပညာ တစ်ခုကို ပိုင်ဆိုင်နိုင်စွမ်း ရှိမှာ မဟုတ်ပါဘူး။ မိုးရေနိုင်ငံ တစ်ခုလုံးမှာ အင်ပါယာမိသားစု တစ်ခုတည်းကပဲ အနက်ရောင် အဆင့်မြင့် သိုင်းပညာ နည်းစနစ် တစ်ခုကို ပိုင်ဆိုင်ထားတာပါ။ ပြီးတော့ ဖန်းယန် အနေနဲ့ အင်ပါယာမိသားစု ဆီကနေ ဒီလိုမျိုး လျှို့ဝှက် နည်းစနစ် တစ်ခုကို ရရှိဖို့ဆိုတာ မဖြစ်နိုင် ပါဘူး။ ဒါကြောင့် ဒါက သူ ဆောင်းလဂိုဏ်းကို သွားတုန်းက သင်ယူခဲ့တာပဲ

ဖြစ်ပါလိမ့်မယ်။

မဆိုးဘူး။ မဆိုးဘူး။ သူက စိတ်ဂိုဉာဉ်နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သဘောကျမှုကို ရရှိခဲ့တာ အံ့ဩစရာ မဟုတ်တော့ဘူး။ ဖန်းယန်က ဒီ ဆေးဘာနည်းစနစ် ကို တစ်လ လောက်ပဲ လေ့ကျင့်ခဲ့ရပါလိမ့်မယ်။ အခု သူက ဒီ ဆေးဘာနည်းစနစ်ကို ကောင်းကောင်းကြီး အသုံးပြုနိုင်နေပါပြီ။ သူက အနည်းဆုံးတော့ ဒီ နည်းစနစ်ရဲ့ အနှစ်သာရ ၂၀ ဒါမှမဟုတ ်၃၀ ရာခိုင်နှုန်းလောက်ကို ဖမ်းဆုပ်မိနိုင်ခဲ့လောက်ပါပြီ။ ဒါကသူ့ရဲ့ သိုင်းပညာ ပါရမီ ဘယ်လောက်တောင် ကောင်းတယ်ဆိုတာကို ဖော်ပြရာ ရောက်ပါတယ်။

စူးရှတဲ့ အသံနဲ့ အတူ လင်းဟာန်က သူရဲ့ ဓါးကို ပွေ့ယမ်းလိုက်ပြီးတော့ ရာသီလေးမျိုး ဓါးသိုင်းကို ထုတ်သုံးပြီးတော့ ဖန်းယန်ဆီကို ဦးတည်လိုက်ပါတယ်။

ဒီ ဓါးသိုင်းနည်းစနစ်က လွီယုထန်ကို သူ သင်ပေးထားတဲ့ ဓါးသိုင်းဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ယခင်ဘဝတုန်းက သူအသုံးပြုခဲ့တဲ့ သိုင်းပညာ နည်းစနစ် တစ်ခုလည်း ဖြစ်ပါတယ်။ သူ့အတွက် ဒီဓါးသိုင်းနဲ့

ရင်းနီးကျွမ်းဝင်အောင်လို့ လေ့ကျင့်နေဖို့ မလိုပါဘူး။ သူက ၎င်းကို ချောမွေ့အောင် လည်ပတ်လိုက်ပြီးတော့ မြူခိုးတွေ ဆိုင်းနေသလိုမျိုး မိုးစက်မိုးပေါက်တွေ ကျလာသလို မျိုး ဖြစ်အောင် ဖန်တီးလိုက်ပါတယ်။

ဒီမိုးရေစက်တွေက လင်းဟာန်ရဲ့ မူလစွမ်းအင် ကနေ ဖြစ်ပေါ်လာခဲ့တာပါ။ ၎င်းတို့က တစ်ယောက်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်ကို ကျရောက်သွားတာနဲ့ မူလစွမ်းအင် က အထဲကို ဝင်သွားပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း အဆင့် တစ်ခုကို ဖန်တီးပါလိမ့်မယ်။

"ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားလိုက်တဲ့ ဓါးနည်းစနစ်လဲ"

လင်းဟာန်ရဲ့ ဓါးသိုင်းကို မြင်လိုက်ရတဲ့အခါမှာ လူတော်တော်များများက အံ့သြတကြီးနဲ့ ချီးကျူးလိုက်ကြပါတယ်။

သိုင်းပညာနယ်ပယ်ထဲမှာတော့ ဆေဘာဓါးနဲ့ ဓါးရှည် တို့က လူသုံးအများဆုံး လက်နက်တွေ ဖြစ်ပါတယ်။ ဖန်းယန် ရဲ့ ဆေဘာနည်းစနစ်က ဆေဘာကိုင်ဆောင် ထားတဲ့

သူတွေကို အံ့အားသင့်အောင် ဆွဲထုတ်လိုက်နိုင်ပြီးတော့ လင်းဟာန်ရဲ့ ဓါးသိုင်းကလဲ ဓါးသမားတွေဆီကနေ ချီးကျူးမှုကို ရရှိစေခဲ့ပါတယ်။

"ဒီလူငယ်လေးရဲ့ ဓါးတရားဆန္ဒက ဖန်းယန်အောက် လုံးဝ မနိမ့်ဘူး"

"ဟုတ်တယ်.. ရိုးရိုးသားသား ပြောရမယ်ဆိုရင် ငါ့ရဲ့ကျင့်ကြံခြင်းအဆင့်က နွေဦးစမ်းရေ အဆင့်ကို ဖြတ်ကျော်သွားခဲ့တာတောင်မှ ဒီလိုမျိုး အစွမ်းထက်တဲ့ ဓါးသိုင်း ကို အသုံးပြုနိုင် မှာမဟုတ်ဘူး"

"ဒါက ထူးဆန်းတယ်။ ဒီတိုက်ခိုက်မှုက အပြည့်အဝ ဖော်ထုတ်ထားတာ ပဲနဲ့ တွန့်ဆုတ်နေ မှု တစ်ချို့ ရှိနေတယ်လို့ ဘာဖြစ်လို့ ခံစားရတာလဲ"

"လပြွတ်.. မင်းနဲ့ ငါက ခံစားချက်တူတာပဲ"

စူးရှ ရှည်လျားတဲ့ လေချွန်သံ နဲ့ အတူ ဖန်းယန် ကသူရဲ့ လက်ထဲက ဆေဘာဓါးနဲ့ ခုတ်ပိုင်း လိုက်ပါတယ်။

"ဒင်"

မသဲမကွဲ အသံတစ်ခု ကြားလိုက်ရပြီးတော့ အသံလှိုင်းက နေရာ အနှံ့အပြားကို လွှင့်ပျံသွား စေခဲ့ပါတယ်။ နွေဦးစမ်းရေ အဆင့်အောက်မှာရှိတဲ့ သိုင်းပညာရှင်တွေက သူတို့ရဲ့ နားရွက်၊ နှာခေါင်း နဲ့ မျက်လုံးတွေကနေ သွေးတွေစပြီး စီးဆင်းလာခဲ့ပြီးတော့ ကြည့်ရတာ အရမ်းကို ထိတ်လန့်ဖွယ်ရာကောင်းပါတယ်။ နွေဦးစမ်းရေ အဆင့်မှာ ရှိတဲ့ သိုင်းပညာရှင် တော်တော် များများတောင်မှ သူတို့ရဲ့ နားတွေကို ပိတ်ထားရပါတယ်။

လင်းဟာန် နဲ့ ဖန်းယန် တို့နှစ်ယောက်စလုံး အနောက်ကို ဆုတ်သွားကြပါတယ်။ ဒီတိုက်ခိုက် မှု ဖလှယ်လို့အပြီးမှာ သူတို့ နှစ်ယောက်စလုံး ထပ်တူညီစွာ ထင်ရှား ရေပန်းစား လာပါတယ်။ ဘယ်သူက ပိုပြီးတော့ သန်မာသလဲဆိုတာ ဆုံးဖြတ်ရ ခက်ပါတယ်။

"ငါမင်းကို တော်တော်လေး လျော့တွက်ခဲ့မိတာပဲ"

ဖန်းယန် က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ဆေဘာဓါးရှည်ကို ဝှေ့လိုက်ပြီးတော့ ရေတံခွန်လိုမျိုး တောက်ပတဲ့ အေးစက်တဲ့ အလင်းတွေကို အဆက်မပြတ် ဖန်တီး လိုက်ပါတယ်။

"ဆေဘာက ခြေလှမ်းသုံးသောင်း လိမ့်ထွက်ပြီးတော့ ဒီကဗ္ဗာပေါ်က ရန်သူအားလုံးကို ခုန်ပိုင်းပစ်မယ်"

ရှဲ့ချန် ရဲက လက်က တုန်ခါသွားပြီးတော့ သူရဲ့ ကိုယ်ပိုင် ဆေဘာဓါးလက်ကိုင်ရိုးကို မကိုင်ပဲ မနေနိုင်ဖြစ်သွားခဲ့ပါတယ်။ သူရဲ့ မျက်လုံးထဲမှာ တိုက်ခိုက်ချင်တဲ့ စိတ်ဝိဉာဉ်က လင်းလက်တောက်ပ လို့နေပါတယ်။

ဒီလိုမျိုး ဆေဘာဓါးတရားဆန္ဒ တစ်ခုက သူ့စိတ်တွေကို တကယ်ပဲ ယားယံ လာအောင်လို့ လုပ်နိုင်ပြီးတော့ ဒီလိုအစွမ်းထက်တဲ့ ဆေဘာဓါးတရား ဆန္ဒတစ်ခုမျိုးကို ထုတ်ဖော် တိုက်ခိုက်ချင်စိတ်တွေ ဖြစ်စေခဲ့ပါတယ်။

"ဒီတိုက်ခိုက်မှု က သူ့ရဲ့ အစွမ်း အပြည့်အဝ မဟုတ်လောက်သေးဘူး"

"နတ်ဘုရားတွေ.. သူက တကယ်ပဲ အစွမ်းထက်လွန်းတယ်။ သူရဲစွမ်းအားကို သူက တကယ်ပဲ ထပ်ပြီးတော့တိုးအောင် လုပ်နိုင်တယ်။ သူက တကယ့်ကို ကြောက်ဖို့ ကောင်းတာပဲ"

"ဒီတစ်ကြိမ်တော့ သူ့ရဲ့ ကြီးမားတဲ့ ခွန်အားနဲ့ ရင်ဆိုင်ရတဲ့အတွက် လင်းဟန်က အနောက်ကို ဆုတ်လိုက်တာပဲ လုပ်နိုင်မယ်"

သူတို့တွေက အံ့အားသင့်စွာနဲ့ ဆွေးနွေးပြောဆိုနေကြတဲ့အချိန်မှာပဲ လင်းဟန်က သူရဲ့ ဓါးကို ဝှေ့လိုက်ပြီးတော့ နောက်တစ်ကြိမ် မိုးရေစက်တွေကို ပေါ်လာစေခဲ့ပါတယ်။ ဒါပေမဲ့ ၎င်းက တစ်ခဏလေးအတွင်းမှာပဲ ဓါးတရားဆန္ဒက ကြမ်းကြမ်းတမ်းတမ်း ပြောင်းလဲသွားခဲ့ ပါတယ်။ ညင်သာတဲ့ မိုးရေ စက်တွေကနေ ၎င်းက အံ့အားသင့်စရာကောင်းအောင် နွေရာသီရဲ့ လျှပ်စီးမိုးကြိုးတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒိန်း ဒိန်း ဒိန်း... လျှပ်စီး မိုးကြိုးတွေရဲ့ အသံက အဆုံးမရှိ သူတို့ရဲ့ နားတွေထဲကို နားစည်ကွဲလုမတတ် ပြင်းပြင်းထန်ထန် တိုးဝင်လာခဲ့ပါတယ်။

"ဘာ.."

လူတိုင်းလူတိုင်းပဲ မျက်လုံးပြူးသွားကြပါတယ်။

"ဓါးသိုင်းနည်းစနစ်တွေ အစဉ်လိုက် အတိုင်း တစ်ခုလား"

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ပထမ တိုက်ခိုက်မှုက အပြည့်အဝ မထုတ်ဖော် ရသေးပဲ သူက နောက်ထပ် တိုက်ခိုက်မှု တစ်ခုကို လုပ်လို့ရနိုင်တာလား"

"ထပ်ပြောရမယ်ဆိုရင် သူ့ရဲ့ ဓါးတရားဆန္ဒကို ပြောင်းလဲလိုက်တာက လူတစ်ယောက်ကို ဆောင်းရာသီက နေ နွေရာသီကို ပြောင်းသွားသလိုမျိုး ခံစားစေရပြီးတော့ ဒါက သဘာဝ တရားကြီးရဲ့ အုပ်ချုပ်သူတွေအမိန့်ကိုပဲ လိုက်နာသလိုမျိုးနဲ့တူတယ်"

"အစောတုန်းက တိုက်ခိုက်မှုမှာ အပြည့်အဝ ဖိနှိပ်ထိန်းချုပ်တာ မရှိဘူးလို့ ငါခံစားရတာက အံ့ဩစရာမဟုတ်တော့ဘူး။ ဒါဆို ဒီ ဓါးတရားဆန္ဒက မချိုးဖျက်နိုင်သလိုမျိုးနဲ့ လုံးဝ အပြည့်အဝ ဖြန့်ကျက်လို့ မရတဲ့ပုံစံ မြင်ရတာပဲ"

"ဒါက တကယ့်ကို ထိတ်လန့်ဖို့ကောင်းတယ်။ ဒီကောင်လေးက ဒီလိုမျိုး နည်းစနစ် တစ်ခုကို ဘယ်လိုလေ့ကျင့်ခဲ့တာလဲ"

ဒါပေမဲ့ အဆုံးသတ်မဟုတ်သေးဘူးလေ။

လင်းဟန် ရဲ့ ဓါးတရားဆန္ဒက နောက်တစ်ကြိမ် ပြောင်းလဲသွားခဲ့ပါတယ်။ ဆောင်းဦးတစ်ခုမှာ လေညှင်းလေးတွေ စတင်တိုက်ခတ်လာပါတယ်။၎င်း က တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းလောက်တဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်နေတဲ့ အေးစိမ့်လို့နေပါတယ်။ ၎င်းက နောက်တစ်ကြိမ် ပြောင်းလဲသွားခဲ့ပါတယ်။ ဆောင်းရာသီမှာ ပိုပြီးတော့ အေးစက်လာသလိုမျိုး ဖြစ်လာခဲ့ပါတယ်။ အဆုံးမရှိတဲ့ နှင်းတွေက နေရာအနှံ့အပြားမှာ လွင့်ပျံနေပြီးတော့ အေးစိမ့်လွန်းတဲ့ ခံစားချက်ကြောင့် သူတို့ကိုယ် သူတို့ မပွေ့ဖက်ထားပဲနဲ့ မနေနိုင်ပါဘူး။

"ဓါးသိုင်းနည်းစနစ် တစ်ခုထဲမှာ ဓါးတရားဆန္ဒ လေးခုတောင်ရှိတယ်"

"နတ်ဘုရားတွေ... ဒါက ဘယ်လို မကောင်းဆိုးဂါးတစ်ကောင်လဲ..ဒါက အရမ်းကို လွန်တဲ့ မွန်းစတား တစ်ကောင်ပဲ... ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

အားလုံးက မှင်တက်အံ့သြကုန်ကြပါတယ်။ ဒါက သူတို့နားလည်နိုင်စွမ်း အဆင့်ထက် ကျော်လွန်သွားခဲ့ပါပြီ။

ဒီလိုမျိုး ဓါးသိုင်းနည်းစနစ် တစ်ခုက သေမျိုးတွေရဲ့ နေရာမှာ ဘယ်လိုမှ ပေါ်လာနိုင်စရာ အကြောင်းမရှိပါဘူး။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူက ရာသီလေးမျိုး ဓါးသိုင်းကို တစ်ခု အဖြစ်နဲ့ ပေါင်းစည်းလိုက်တဲ့အခါမှာ ၎င်းရဲ့အစွမ်းက မြေကမ္ဘာအဆင့် သိုင်းပညာ နည်းစနစ် တစ်ခု ရဲ့ အဆင့်နဲ့ နီးကပ်သွားပါတယ်။ တကယ်လို့ သူ့မှာ ကောင်းကင် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ နတ်ဘုရား အာရုံ အကြွင်းအကျန် တစ်ခုသာမရှိဘူးဆိုရင် ဒီလိုမျိုး ဓါးသိုင်း တစ်ခုကို ချောချောမွေ့မွေ့နဲ့ အသုံးပြုနိုင်စွမ်းရှိလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ ၎င်းက ရာသီလေးခု အဖြစ်ကို ပြန်ပြီးတော့ ပျက်စီးသွားမယ်ဆိုရင် ဒီတိုက်ခိုက်မှု ရဲ့ နောက်ကွယ်က စွမ်းအားက ဓါးသိုင်းနည်းစနစ် တစ်ခုတည်းကို အသုံးပြုတာ ထက်တောင်မှ အားနည်းသွားပါလိမ့်မယ်။

မိုးရေစက်... နှင်းမိုးကြိုး... ဆောင်ဦးလေပြင်း နဲ့ ဆောင်းနှင်းမြူ ။ လင်းဟာန်က ဒီ ဓါးတရား ဆန္ဒ လေးခုကို ထိန်းချုပ်ပြီးတော့ ဖန်းယန်ကို ရဲရဲပွံ့ပွံ့ တိုက်ခိုက်လိုက်တာပါ။

ဖန်းယန်ရဲ့ အမူအရာက ပြောင်းသွားခဲ့ပါတယ်။ တကယ်လို့

လင်းဟန်က ရာသီ တစ်မျိုးတည်းရဲ့ ဓါးသိုင်းနည်းစနစ်ကိုပဲ အသုံးပြုခဲ့မယ်ဆိုရင် သူက လုံးဝ ကြောက်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူ့ရဲ့ ဆေဘာဒါကတောင်မှ လင်းဟန်ကို ဖိအားပေးပြီး ထိန်းချုပ်ထားနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ ရာသီလေးခု ဓါးသိုင်းနည်းစနစ်ကို တစ်ခုတည်း အဖြစ် ပေါင်းစည်းလိုက်ပြီးတော့ ၎င်းက ပိုပြီးတော့ အစွမ်းထက်လာခဲ့ ပါတယ်။

ဒါက ဓါးအလင်းတစ်ခု ဖြစ်ပါတယ်။၎င်းက သိုင်းပညာရှင်လေးယောက်က ပူးပေါင်းပြီး တော့ သူ့ကို တိုက်ခိုက်လိုက်တာနဲ့ တူပါတယ်။သူ ဘယ်လောက်ပဲ အစွမ်းထက်ပါစေ။ လင်းဟန် လေးယောက် က တစ်ချိန်တည်းတိုက်ခိုက်လာတာကိုတော့ သူ့အနေနဲ့ တောင့်ခံနိုင်စွမ်း ဘယ်လိုလုပ်ပြီးတော့ ရှိနိုင်မှာလဲ။

သူက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီးတော့ သူရဲ့ ဆေဘာဓါးကို မြေကြီးပေါ် ကို နှိမ့်ချပြီး ထိုးစိုက်လိုက်ပါတယ်။ သူရဲ့ ညာဘက်ခြေထောက် ကို ရုတ်တရက် မြေကြီးပေါ်ကို ဆောင့် ချလိုက်ပြီးတော့ သူရဲ့ ခန္ဓာကိုယ်ကို အနောက်ကို ဆုတ်ပြီး ပျံသန်းဖို့ အရှိန်ပေးလိုက် ပါတယ်။

ဓါးပုံရိပ်တွေက သူတို့ရဲ့ ပစ်မှတ်ကို လွဲချော်သွားခဲ့ပါတယ်။

အနားမှာရှိတဲ့ ခုံတွေ စားပွဲတော် အားလုံးကို အစိတ်စိတ်အပိုင်းပိုင်း ပျက်စီးပြီးတော့ လေပေါ်ကို မြောက်တက်သွားစေခဲ့ ပါတယ်။

ဖန်းယန်က အလျင်စလိုနဲ့ ဟောဟဲလိုက်နေပါတယ်။ အခုလေးတင်ပဲ သူက သူရဲ့ တိုက်ခိုက်မှုကို အတင်းအကျပ် ရုတ်သိမ်းခဲ့ပြီးတော့ ဒါက သူ့ကိုယ်သူ ပြန်ပြီး တိုက်ခိုက်လိုက်သလိုမျိုးပါပဲ။ ဒါကြောင့် သူက အခု ထိတ်လန့်တကြား ခံစားနေရပါတယ်။ သူက အလျင်အမြန်ပဲ ဆေးလုံးတစ်လုံးကို မြိုချလိုက်ပြီးတော့ သူရဲ့ မျက်လုံးတွေက လင်းဟာန် အပေါ်ကို စူးစူးစိုက်စိုက်နဲ့ ကြည့်နေပြီးတော့ မျက်လုံးတွေထဲမှာ စိုးရိမ်ပူပန် ထိတ်လန့်မှု တွေ ရှိနေပါတယ်။

လင်းဟာန် ရဲ့ ဒီဓါးသိုင်းက ဓါးသိုင်းနည်းစနစ် လေးခု ပါဝင်ပြီးတော့ မတူညီတဲ့ ဓါးတရား ဆန္ဒတွေ ရှိတယ်ဆိုတာကို သူက သေချာပေါက် ပြောရဲပါတယ်။ တကယ်လို့ တစ်ခုတည်း ဆိုရင် သူလုံးဝ မကြောက်ပါဘူး။ ဒါပေမဲ့ လေးခု ပေါင်းလိုက်တဲ့အခါမှာတော့ အစွမ်းက အရမ်းကို အစွမ်းထက်လွန်းပါတယ်။ သူတောင်မှ ဒီတိုက်ခိုက်မှုကို ထိပ်တိုက် ရင်ဆိုင်ဖို့ မရဲပါဘူး။

သေစမ်း သေစမ်းကွာ။

ပထမတော့ လင်းဟန် ကို သူရဲ့လက်တစ်ဖက်ကို ဖြောက်လိုက်ရုံနဲ့ လွယ်လွယ်ကူကူ နင်းခြေပစ်လိုက်လို့ရနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီတုန်းက သူက ဆောင်းလဂိုဏ်း ရဲ့ သဘောကျခြင်းကို မရရှိသေးပါဘူး။ ဒါကြောင့် သူက လင်းဟန်ကို ချက်ချင်း သတ်ပစ် ရမဲ့အစား နောက်သုံးလ အကြာမှာ သတ်ပစ်မယ်လို့ သတိပေးပြီး အစီအစဉ် ချခဲ့တာပါ။

သူ့ရဲ့ ဒီအမှားကြောင့် သူရဲ့ ညီငယ်လေးက လင်းဟန်ရဲ့ လက်ထဲမှာ သေသွားရလိမ့်မယ် လို့ လုံးဝ မထင်ထားခဲ့ပါဘူး။ ပြီးတော့ လင်းဟန်က သူနဲ့ ရင်ဆိုင်ဖို့တောင်မှ စွမ်းရည်တွေ ရရှိလာခဲ့ပါတယ်။

ဒီကောင်က တကယ်ပဲ တိုးတက်တာ မြန်တာပဲ။

သူ့ကို သတ်ပစ်မှဖြစ်မယ်။ သူ့ကို လုံးဝ သတ်ပစ်မှ ဖြစ်တော့မယ်။

ဖန်းယန် က နောက်တစ်ကြိမ် အမိန့်စာလွှာကို ဆွဲထုတ်လိုက်ပြီးတော့ ၎င်းကို ဖြည်လိုက်ပါတယ်။

အစွမ်းထက်လှတဲ့ ဖိနှိပ်မှုက နောက်တစ်ကြိမ် ထွက်ပေါ်လာပြီးတော့ ဒုန်း ဒုန်း ဒုန်း ဆိုတဲ့ အသံနဲ့ အတူ လှူတိုင်းလှူတိုင်းက ဒူးထောက်တဲ့သူက ထောက် မြေပြင်ပေါ် ထိုင်ချတဲ့ သူက ထိုင်ချနဲ့ ဖိအားဒဏ်ကို ခံနေရကြပါတယ်။

"သေစမ်း"

ဖန်းယန် က အမိန့်စာလွှာကို ကျာပွတ်တစ်ချောင်းလိုမျိုး အသုံးပြုလိုက်ပြီးတော့ လင်းဟန် ဆီကို ရိုက်ချက်လိုက်ပါတယ်။ ၎င်းရဲ့ မျက်နှာပြင်ပေါ်က သင်္ကေတတွေက လင်းလက် တောက်ပသွားပြီးတော့ အံ့သြထိတ်လန့်ဖွယ်ရာ ဖြစ်စေခဲ့ပါတယ်။

Chapter 260

စိတ်ဝိညာဉ်နတ်သူငယ် အဆင့်လက်ရွေးစင်တစ်ယောက်ရဲ့ လွှမ်းမိုးနိုင်တဲ့ အင်အားကို လင်းဟန်မကြောက်ပါဘူး..ဒါပေမဲ့ သူသာ သိုင်းဆန္ဒတွေရဲ့ ရိုက်ခက်မှု့ကို ခံရရင် ကျောက်တုံးကို ကြက်ဉနဲ့ရိုက်ခွဲသလို ဖြစ်ပြီး သူ့ပဲအစိတ်စိတ်အမွှာမွှာ ကွဲကြေသွားရလိမ့်မှာပါ..

ဒါ့ကြောင့် အမိန့်စာလွှာက သူ့ဆီကို ပျံသန်းလာတဲ့အခါ

သူနောက်ပြန်ဆုတ်ဖို့သာလျှင် ရွေးချယ်နိုင်ခဲ့ပါတယ်။

"ပြေးထား..ပြေး..မင်းဘယ်ထိပြေးမလဲ ကြည့်ရအောင်.." ဖန်းယန်ဟာ အေးစက်စွာ လှောင်ပြုံး ပြုံးလိုက်ပြီး လင်းဟန်နောက် လိုက်သွားကာ အမိန့်စာလွှာကို ကျာပွတ်တစ်ချောင်းကဲ့သို့ ဝှေ့ရမ်းလိုက်ပါတယ်..သူဝှေ့ရမ်းလိုက်တဲ့အခါမှာ စိတ်ဝိညာဉ်နတ်သူငယ်အဆင့်တစ်ယောက်ရဲ့ အင်အားက ပိုပိုပြီး ကြောင်မက်ဖွယ်ကောင်းလာပါတယ်..စိတ်ဝိညာဉ်ပလ္လင်အဆင့် လက်ရွေးစင်တွေတောင်မှ ချွေးပြန်နေကြပါတယ်..အခြားသူတွေဆိုရင်တော့ ပြောနေစရာတောင်မလိုတော့ပါဘူး..သူတို့တွေအကုန်လုံး နွံကန်ထဲနစ်နေသကဲ့သို့ မလှုပ်မယှက်နိုင်ဖြစ်နေကြပါတယ်..

လင်းဟန်ဟာ အစီအစဉ်တွေကိုအဆက်မပြတ်တွေးနေရင်း လျှင်မြန်စွာ ပြေးလွှားနေခဲ့ပါတယ်..

အကယ်၍ သူ နတ်ဆိုးငှက်ဓားကိုသာ ဆွဲထုတ်လိုက်ရင် ထိုဓားအတွင်းမှ သိုင်းဆန္ဒတွေကို အသက်ဝင်အောင် မလုပ်နိုင်ခဲ့ရင်တောင်မှ စိတ်ဝိညာဉ်လက်နက်အဆင့် တစ်ဆယ်မှာထွင်းထုထားတဲ့ သိုင်းပညာမျှနဲ့

စိတ်ဝိညာဉ်နတ်သူငယ်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ သိုင်းဆန္ဒတွေကို ဆန့်ကျင်ခုခံဖို့ လုံလောက်ပါတယ်..ဒါပေမဲ့ ပြဿနာက..သူထိုဓားကို လူမြင်ကွင်းမှာ အမှန်တကယ် ထုတ်ဖော်လိုက်ရင် ဘယ်လောက်တောင် အာရုံစိုက်ခံရလိမ့်မလဲ။

သူ တစ်ယောက်ထဲဆိုရင်တော့ ကိစ္စမရှိပါဘူး..အဆိုးဆုံးဖြစ်လာခဲ့ရင်တောင် သူထွက်ပြေးဖို့ ရွေးချယ်နိုင်ပြီး အခြားနေရာတစ်ခုမှာ ပြောင်းရွှေ့နေထိုင်ရုံပါပဲ...

ဒါပေမဲ့ အခုတော့ သူဟာ မိုးရေနိုင်ငံ၊ ဒုယွန်မြို့၊ တိမ်မီးခိုးမြို့တွေမှာ
အမြစ်တွယ်နေခဲ့ပါပြီ..။သူထွက်သွားနိုင်ပါတယ်..ဒါပေမဲ့
လင်းဒေါင်ရှန်နဲ့
အခြားသူ့ရဲ့ဆွေးမျိုးတွေကရော..?လင်းကလန်ဟာ
ကပ်ဘေးကြီးကို တစ်ကြိမ်ကြုံတွေ့ခဲ့ဖူးပြီးပါပြီ..ဒါ့ကြောင့် အထူးသဖြင့် သူ့ကြောင့်နဲ့တော့ လင်းကလန်ကို ဘေးအန္တရာယ်ဆိုးထဲ ထပ်မကျရောက်စေချင်တော့ပါဘူး..

သူသေချာပေါက် နတ်ဆိုးငှက်ဓားကို ထုတ်သုံးမှာ မဟုတ်ပါဘူး..

"ဟားဟားဟားဟား..စိတ်ဝိညာဉ်နတ်သူငယ်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ အမိန့်လွှာအရှေ့မှာ မင်းဘယ်လောက်ကြာကြာပြေးနိုင်မှာလဲ..?"

ဖန်းယန်ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်..သူ့ရဲ့ဆရာသခင်ဟာ သူ့ကို ဒီအမိန့်စာရွက်ကို ပေးခဲ့ပါတယ်..ဒါ့ကြောင့် မိုးရေနိုင်ငံအင်ပါယာကိုယ်တိုင်ရှေ့မှာတောင်မှ မကြောက်ရွံ့ခဲ့တာပါ..သူအခုရင်ဆိုင်နေရတဲ့ ဒီငွေဦးစမ်းရေအဆင့် သိုင်းပညာရှင်လောက်လေးက ဘာတွေများ ပိုဖြစ်စေနိုင်မှာလဲ..?

"နာနာခံခံနဲ့ အသေခံလိုက်စမ်းပါကွာ..လွတ်မြောက်လိမ့်မယ်လို့ တွေးတောင်မတွေးလိုက်နဲ့.."

လင်းဟန်က လေအရိပ်သိုင်းကို အသုံးပြုနေခဲ့တာပါ..ထိုသိုင်းက အနက်ရောင်အဆင့် အဆင့်မြင့် သိုင်းပညာနည်းစနစ်တစ်ခုဖြစ်ပါတယ်..ငွေးဦးစမ်းရေအဆင့်ကို သူချိုးဖောက်ဝင်ရောက်ပြီးတဲ့အခါ

အရင်ကသူအသုံးပြုခဲ့တဲ့ အဝါရောင်အဆင့်သိုင်းပညာနည်းစနစ်တွေကို စွန့်ပစ်လိုက်ပြီး သူတို့တွေအကုန်လုံးကို ပိုအဆင့်မြင့်တဲ့ အနက်ရောင်အဆင့်သိုင်းပညာနစ်စနစ်တွေနဲ့ ပြောင်းလဲအစားထိုးခဲ့ပါတယ်..

ဖန်းယန်တစ်ယောက် သူ့ကိုမဖမ်းနိုင်ခဲ့ပါဘူး..

ဖန်းယန်က အနက်ရောင်အဆင့် အဆင့်မြင့် ဆေဘာနည်းစနစ်ကို သင်ကြားခဲ့ရပါတယ်..ဒါပေမဲ့ အဲ့ဒါကို တစ်လကျော်လောက်တောင် ပြည့်ပြည့်ဝဝမသင်ကြားခဲ့ရပါဘူး ဒါ့ကြောင့် အခြားသိုင်းပညာနည်းစနစ်တွေကို သင်ယူဖို့ ဘယ်နေရာမှာ အချိန်ရှိနိုင်ခဲ့ပါ့မလဲ..?လင်းဟန်ကတော့မတူပါဘူး..သူက ဒီနည်းစနစ်တွေ အကုန်လုံးကို သူ့ရဲ့အရင်ဘဝမှာ အသုံးပြုခဲ့ဘူးပါတယ်..တကယ်လို့ သူအသုံးမပြုခဲ့ဖူးရင်တောင်မှ တစ်ချိန်က ကောင်းကင်အဆင့်မှာ ရှိနေခဲ့ဖူးတဲ့ သူ့ရဲ့ နားလည်နိုင်မှု့စွမ်းရည်နဲ့ဆိုရင် ထိုအရာတွေကို သင်ယူရတာ သူ့အတွက် ဘယ်လောက်များခက်ခဲနိုင်မှာမို့လို့လဲ..?

"မပြေးနဲ့.."ဖန်းယန်တစ်ယောက် ရှူးရှူးရှားရှားနဲ့

ဒေါသတွေဖြစ်လာခဲ့ပါတယ်..ဒါပေမဲ့လည်း သူဘာမှမတတ်နိုင်ခဲ့ပါဘူး..နောက်ပိုင်းမှာ လင်းဟန်ဟာ ငါးရှဉ့်တစ်ကောင်ကဲ့သို့ လျှင်မြန်ဖြတ်လက်လာပြီး မယုံနိုင်ဖွယ်ကောင်းလောက်အောင် ရှုပ်ထွေးသိမ်မွေ့ကာ ကိုင်တွယ်ရခက်ခဲလာခဲ့ပါတယ်..ဒါကြောင့် သူ လင်းဟန်ကို လုံးဝထိခိုက်အောင် မလုပ်နိုင်ခဲ့ပါဘူး...

လင်းဟန်က တည်ငြိမ်စွာ ပြုံးလိုက်ပါတယ်..

"အမိန့်စာလွှာကို တစ်ကြိမ်ဖွင့်လိုက်တာနဲ့ သူ့အတွင်းမှာရှိတဲ့ သိုင်းဆန္ဒတွေက စတင်ပြီး ပြန့်ကွဲလာလိမ့်မယ်..မင်းအဲ့ဒါကို ဒီလိုနည်းနဲ့အသုံးပြုနေတာက သူ့ရဲ့ပြန့်ကွဲမှုနှုန်းကို ပိုမြန်လာစေရုံပဲရှိလိမ့်မယ်..အဲ့ဒါက ဘယ်လောက်ကြာကြာထိ ထပ်ခံနိုင်ဦးမှာလဲ..?"

သိုင်းပညာရပ်တွေရဲ့ လျှို့ဝှက်ချက်တွေကို နားလည်တဲ့နေရာမှာ ကောင်းကင်အဆင့်ကို ရောက်ဖူးတဲ့သူထက် ဘယ်သူကများ ပိုပြီးနားလည်နိုင်မှာတဲ့လဲ..?

"မင်း ဘယ်လိုသိတာလဲ..?"ဖန်းယန် တစ်ကယ်ကို အံ့

အားသင့်သွားခဲ့ပါတယ်..အရင်က သူ့ရဲ့ဆရာက ထိုအကြောင်းကို အမှန်တကယ် ပြောပြခဲ့ဖူးပါတယ်..အမိန့်စာလွှာက စိတ်ဝိညာဉ်လက်နက်တစ်ခု မဟုတ်ပဲစိတ်ဝိညာဉ်အဆောင်လက်ဖွဲ့ထက် အနည်းငယ်သာလျှင် ပိုကြာရှည်ခံပါတယ်..ဒါပေမဲ့ အသုံးပြုတဲ့နေရာမှာတော့ အတော်လေးကန့်သန့်ချက်တွေ ရှိနေတုန်းပါပဲ..

ဖန်းယန်ဟာ သူ့ရဲ့ဆေဘာဓားကိုအသုံးမပြုခဲ့ပါဘူး..အမိန့်စာလွှာရဲ့ စွမ်းအင်လှိုင်းတွေနဲ့အတူ သူ့အတွင်းမှာပါတဲ့ သိုင်းဆန္ဒတွေက ဓားချီတွေကို ချိုးဖျက်ဖို့လုံလောက်ပါတယ်..ဒါပေမဲ့ သူက ပိုပိုပြီး ဒေါသထွက်လာခဲ့ပါတယ်..ဒီလိုသာဆက်သွားနေမယ်ဆိုရင် စာရွက်အပိုင်းအစတစ်ခုပဲကျန်တော့တဲ့ထိ အမိန့်စာရွက်ထဲမှာပါတဲ့ သိုင်းဆန္ဒတွေအကုန်လုံးကို အမှန်တကယ် အသုံးပြုမိသွားပါလိမ့်မယ်..

သူက မာနထောင်လွှတဲ့သူတစ်ယောက်ဖြစ်တာနဲ့အညီ ရုတ်တရက်ဆိုသလိုပဲ သူ့မျက်လုံးထဲမှာ ခရမ်းရောင်အလင်းတစ်ခု တောက်ပသွားပါတယ်..သူက

ပြန်လှည့်လိုက်ပြီး အမိန့်စာရွက်နဲ့ လူတစ်ယောက်ရဲ့ ဦးခေါင်းပေါ်ကို ရိုက်ချလိုက်ပါတယ်..သိုင်းဆန္ဒတွေဟာ ပြန့်နှံ့သွားပြီး ထိုသူရဲ့ ဦးခေါင်းဟာ ချက်ချင်းပေါက်ကွဲသွားပါတယ်..

ကံမကောင်းစွာပဲ ထိုသူဟာ စိတ်ဝိညာဉ်နတ်သူငယ်အဆင့်လက်ရွေးစင်တစ်ယောက်ရဲ့ ဖိနှိပ်မှုအောက်မှာ ရှိနေခဲ့ပါတယ်..ဒါ့ကြောင့် မြေပြင်ပေါ်လဲကျပြီး တဆတ်ဆတ်တုန်နေရုံသာလျှင် တတ်နိုင်ခဲ့ပြီး ရှောင်တိမ်းဖို့ နည်းလမ်းလုံးဝမရှိခဲ့ပါဘူး..ဒါ့ကြောင့် သူ့ခေါင်းပေါ်ကို ကံဆိုးခြင်းတစ်ခု ကျရောက်လာတာကို ဒီအတိုင်း ထိတ်လန့်တကြားနဲ့ စောင့်ကြည့်ရုံသာလျှင်တတ်နိုင်ခဲ့ပါတယ်..

"ဖန်းယန်.."

လူတိုင်း ဒေါသတကြီး ဟစ်ကြွေးလိုက်ပါတယ်..ဒီကောင် ဘာလုပ်ဖို့ စဉ်းစားနေတာလဲ...?

"လင်းဟာန် မင်းနောက်ထပ် ရှောင်တိမ်းဝံ့သေးရင် ငါဒီနေရာမှာရှိတဲ့သူတွေ အကုန်လုံးကို သတ်ပစ်လိုက်မယ်.."

ဖန်းယန်ဟာ သူ့ရဲ့သတ်ဖြတ်ချင်တဲ့ဆန္ဒတွေကို ထုတ်ဖော်လျှက် အေးစက်စွာ ကြေငြာလိုက်ပါတယ်..

ထိုစကားတွေကို ကြားလိုက်ရတဲ့အခါ..လူတိုင်းဟာ အံ့အားသင့်ကာ ဒေါသအမျက်ချောင်းချောင်းထွက်သွားပါတယ်..ဒီနေ့မင်္ဂလာပွဲကို တတ်ရောက်လာကြတဲ့ သူတို့တွေအကုန်လုံးဟာ အင်ပါယာမြို့တော်ရဲ့ အထက်တန်းလွှာတွေပဲဖြစ်ပါတယ်..အချို့ဆိုရင် စိတ်ဝိညာဉ်ပုလ္လင်အဆင့် လက်ရွေးစင်တွေတောင်မှ ရှိနေကြပါတယ်..ဒါတောင် ဖန်းယန်က လင်းဟန်ကို ခြိမ်းခြောက်ဖို့ သူတို့ရဲ့အသက်တွေကို အမှန်တကယ်အသုံးပြုဝံ့တယ်လား..ဒါကတကယ်ကို ရူးသွပ်နေတာပဲ..

"ဖန်းယန် မင်းတော်တော်လွန်နေပြီ.."တော်တော်များများက ဒေါသတကြီး စတင်အော်ဟစ်လိုက်ကြပါတယ်

"ဒါက မင်းနဲ့ လင်းဟန်ကြားထဲ့က ကိစ္စပဲ..ငါတို့နဲ့ ဘာဆိုင်လို့လဲ.."

"ငါတို့ မင်းကိုအထင်သေးအောင် မလုပ်နဲ့.."

ဖန်းယန်ဟာ ဘာမှမကြားသလိုပုံစံနဲ့ အေးစက်စွာပြောလိုက်ပါတယ်..."မင်းတို့တွေအကုန်လုံးက အမှိုက်ပုံကြီးတစ်ခုလိုပါပဲ.. ငါမင်းတို့တွေအကုန်လုံးကို သတ်ရင်ရော ဘာဖြစ်လဲ..?ငါ့ကို ဆန့်ကျင်ပြီး ဘယ်သူတွေ ဘာလုပ်ရဲလို့လဲ..?ငါ့အားကုန်စိုက်လိုက်ရင် လင်းဟန်ကို မသတ်နိုင်စရာအကြောင်းမရှိဘူး..ဒါပေမဲ့ ငါ့ရဲ့ ဝှက်ဖဲကိုတော့ ထုတ်သုံးရလိမ့်မယ်..ဒါက ငါဖြစ်ချင်တဲ့ အရာတစ်ခုမဟုတ်ဘူး..သူ့ကို သတ်ဖို့ ပိုမြန်တဲ့နည်းလမ်းတစ်ခုကို ငါအသုံးပြုနိုင်တယ်လေ..ဘာလို့ အပိုအားစိုက်ထုတ်စရာလိုနေဦးမှာလဲ..?"

လူတိုင်း ပိုပြီးတောင်မှ ဒေါသထွက်လာခဲ့ကြပြီး စတင် အော်ဟစ်ကျိန်ဆဲလိုက်ကြပါတယ်..ဒါပေမဲ့ ဖန်းယန်မှန်တဲ့အရာတစ်ခုတော့ ရှိပါတယ်..သူက သတ်ချင်တဲ့မည်သူကိုမဆို သတ်နိုင်ပြီး သူကြိုက်သလိုလုပ်နိုင်ပါတယ်..ဒါပေမဲ့ ဖန်းယန်ဟာ ဆောင်းလဂိုဏ်းရဲ့တပည့်တစ်ယောက်ဖြစ်တာကြောင့် သူတို့တွေ သူ့ကို ဘာမှလုပ်ဝံ့လိမ့်မှာမဟုတ်ပါဘူး..

ဘယ်သူကများ ဆောင်းလဂိုဏ်းရဲ့တပည့်တစ်ယောက်ကို

ဆန့်ကျင်တိုက်ခိုက်ရဲမှာလဲ..?အဖြစ်နိုင်ဆုံးတော့ သူ့ကို မိုးရေနိုင်ငံက နင်ထုတ်ရုံသာလျှင် တတ်နိုင်ပါလိမ့်မယ်..

"လင်းဟန် မင်း နာနာခံခံနဲ့ အသေခံမှာလား? ဒါမှမဟုတ် မင်းနဲ့အတူ လူတွေအများကြီးကို သေစေချင်နေတာလား..?"ဖန်းယန်ဟာ ကျယ်လောင်စွာရယ်မောလိုက်ပြီး အတော်လေး စိတ်ကြီးဝင်နေပုံရပါတယ်..သူ့ပုံက ကြောင်တစ်ကောင်က ကြွက်ကို ကစားနေသကဲ့သို့ပါ...decreeရဲ့ စွမ်းအင်လှိုင်းတွေနဲ့အတူ နောက်ထပ် လူဆယ်နှစ်ယောက်လောက် အပိုင်းအစတွေအဖြစ်သို့ အရိုက်ခံလိုက်ပါတယ်..

သူ့မှာ အမှန်တကယ်ပဲ ဂုက်ဖဲရှိနေပါတယ်..ဥပမာအနေနဲ့ သူက ကြေးမုံအလင်းကိုယ်ခန္ဓာကို အသုံးမပြုရသေးပါဘူး..လင်းဟန်ပိုပြီးသေချာလာတာက ဒီလိုအထူးတည်ဆောက်ပုံအမျိုးအစားဟာ သတိရှိရှိ အသက်သွင်းပေးဖို့လိုအပ်ပါတယ်..ထိုသို့အသက်သွင်းပေးဖို့ လိုအပ်တဲ့ အထူးတည်ဆောက်ပုံမျိုးဟာ စွမ်းအင်၊မူလစွမ်းအင်၊ ဒါမှမဟုတ် စိတ်ဝိညာဉ်စွမ်းစွမ်းအင်တွေ အသုံးပြုပေးရပြီး အဲ့ဒါတွေအကုန်လုံးမှာလဲ

ကန့်သတ်ချက်တွေရှိပါတယ်..အဲ့ဒါကို
တစ်ချိန်လုံးဆက်တိုက်အသုံးပြုနေလို့ မဖြစ်နိုင်ပါဘူး..

တခြားတစ်ဖက်မှာတော့ လင်းဟာန်ရဲ့ ကျောက်နံ့ရုံခန္ဓာမှာ အားသာတဲ့စွမ်းရည်ရှိပါတယ်..အဲ့ဒါကို အကျိုးသက်ရောက်မှု့ရှိစေဖို့အတွက် အသက်သွင်းပေးစရာ မလိုအပ်ပါဘူး..အကယ်၍ သူထိုအရာကို လှည့်ပတ်ပေးခဲ့ရင်တောင်မှ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ပိုမိုကျစ်လစ်ခိုင်မာအောင် ထပ်လုပ်နိုင်မှာမဟုတ်ပါဖူး..

လင်းဟာန်က ဖန်းယန်မှာ လျှို့ဝှက်ချက်အချို့ ရှိနေမယ်လို့ ယုံကြည်နေခဲ့ပါတယ်..မဟုတ်ရင် အကြီးဆုံးအင်ယာမင်းသားကို ခေါ်ထုတ်ဖို့ တိုက်ခိုက်လိမ့်မှာမဟုတ်သလို စိတ်ဝိညာဉ်နတ်သူငယ်အဆင့်စစ်သည်တစ်ယောက်ရဲ့ တပည့်တစ်ယောက်ဖြစ်လာဖို့ ရွေးချယ်ခံရလိမ့်မှာလဲမဟုတ်ပါဘူး..

"ငါ့ကို စိတ်မပျက်စေနဲ့.."လင်းဟာန်ကပြောလိုက်ပါတယ်..ဟုတ်ပါတယ် သူအသတ်ခံရဖို့ကိုတော့ တိတ်တဆိတ်

စောင့်မနေနိုင်ပါဘူး..

"စိတ်ပျက်မှာ?"ဖန်းယန်ဟာ ကျယ်လောင်စွာရယ်မောပြီး မောက်မာစွာပြောလိုက်ပါတယ်.."မင့်မှာ ငါ့ကိုစိတ်ပျက်ဖို့ ဘာအခွင့်အရေးရှိလို့လဲ..မင်းဒါကိုသိလား ငါ...ဟီဟီ..ဒါကို ခဏတော့ လျှို့ဝှက်ထားသင့်သေးတယ်..မင်းက အားမာန်အပြည့်နဲ့တိုက်ခိုက်ပြီး သေဆုံးချင်တာလား..မဖြစ်နိုင်ဖူး..ငါမင်းကို ညံ့ဖျင်းပြီး သူရဲဘောကြောင်တဲ့နည်းလမ်းနဲ့ပဲ သေစေချင်တာ.."

"အားလုံးပဲ...ငါမင်းတို့ကို သက်ညှာပေးနိုင်တယ်..ဒါပေမဲ့ ငါ့အတွက်တစ်ခုတော့လုပ်ပေးရမယ်..အဲ့ဒါက လင်းဟန်ကို ဖမ်းမိဖို့ပဲ..ငါမင်းတို့ကို အသက်သုံးခါရှူချိန်ပေးမယ် အဲ့ဒီအချိန်ပြည့်လို့ လင်းဟန်ငါ့အရှေ့မှာ ဒူးထောက်မနေသေးဖူးဆိုရင် ဒီdecreeကိုအသုံးပြုပြီး မင်းတို့တွေအကုန်လုံးကို ငါသတ်ရလိမ့်မယ်.."

တစ်ကယ့်ကို ဆိုးယုတ်လွန်းတယ်..

"ငါ့ရဲ့ဆုံးဖြတ်ချက်ကို
သံသယမဝင်ကြနဲ့..မင်းတို့တွေအကုန်လုံး
ငါဘယ်သူလဲဆိုတာ မမေ့နဲ့"

သူတို့ရဲ့နှလုံးသားတွေ တုန်လှုပ်သွားပါတယ်..ဖန်းယန်ဟာ ဆောင်းလဂိုဏ်းရဲ့ သာမာန်တပည့်တစ်ယောက်သာမဟုတ်ပါဘူး..အကြီးအကဲ ကြီးတစ်ယောက်ရဲ့ ကိုယ်ပိုင်တပည့်ဖြစ်ပါတယ်..အရင်က သူဟာ အကြီးဆုံးအင်ပါယာမင်းသားကို လူမြင်ကွင်းမှာ ဆန့်ကျင်ဝံ့ခဲ့ပြီး အခုတော့ ဘယ်လိုတုန့်ဆိုင်းမှုမျိုးမှ မရှိပဲ အရှက်မရှိစွာ လူသတ်နေခဲ့ပါတယ်..

ဖန်းယန်ဟာ စိတ်ရှိသလို ထင်တိုင်းကြဲနေပေမဲ့ သူ့ကို ဘယ်သူကများ အမှန်တကယ် ဆန့်ကျင်နိုင်ပါ့မလဲ..

ထိုကဲ့သို့ အတွေးနဲ့တင် ဖန်းယန်ရဲ့ခြိမ်းခြောက်မှုဟာ သူတို့ရဲ့ လည်ပင်းပေါ်တင်ထားတဲ့ ဓားသွားတစ်ခုကဲ့သို့ ဖြစ်နေပြီး သူတို့တွေကို မထိမ်းချုပ်နိုင်အောင် ကြောက်ရွံ့တုန်လှုပ်သွားစေပါတယ်..

လင်းဟာန်က ဘာမှပြန်မပြောခဲ့ပါဘူး..သူက အခွင့်အလမ်းတစ်ခုရှာဖွေဖို့ ကြိုးခဲ့ရုံမျှသာဖြစ်ပါတယ်..

"ငါမင်းတို့အကုန်လုံးကို အခွင့်အရေးတစ်ခုပေးပြီးပြီ အသက်ရှင်ချင်ရင် မင်းတို့ဒီအခွင့်အရေးကို

မြဲမြဲဆုပ်ကိုင်ထားရမယ်.."ဖန်းယန်ဟာ အမိန့်စာရွက်ကိုဆွဲထုတ်လိုက်ရင်း အပြုံးနဲ့ပြောလိုက်ပါတယ်..လူတိုင်းကို သူလက်ဝါးထဲက အရုပ်လေးတွေလို ကစားနေခဲ့ပြီး..အခြားသူတွေအပေါ်ကို ဟန်ကြီးပန်ကြီးနဲ့ ထောင်လွှားနေရတာကို သူအတော်လေးကျေနပ်နေခဲ့တာပါ..

အဲ့ဒီအချိန်ခဏမှာပဲ လင်းဟန်ဟာ မြှားတစ်စင်းကဲ့သို့ ထိုးထွက်သွားပြီး ချက်ချင်းဆိုသလို ဖန်းယန်ရဲ့ရှေ့မှာပေါ်လာခဲ့ပါတယ်..သူဖန်တီးခဲ့တဲ့ အခွင့်အလမ်းရဲ့ အားသာချက်ကို အသုံးချပြီး ဖန်းယန် decreကို ဆွဲထုတ်လိုက်တဲ့အခါ လျှပ်စီးကဲ့သို့ လျှင်မြန်စွာရွေ့လျားလိုက်ပြီး ဖန်းယန်ရဲ့ လက်ကောက်ဝတ်ကို သူ့ဓားနဲ့ ရိုက်ချလိုက်ပါတယ်..

အမိန့်စာလွှာက ဖန်းယန်ဆုပ်ကိုင်ထားရာကနေ ချက်ချင်းဆိုသလို လွင့်ထွက်သွားပါတယ်။

Chapter 261

အမိန့်စာရွက်ဟာ လေထဲလွင့်သွားပြီး ရွှေရောင်အလင်းတွေ

တောက်ပလို့နေပါတယ်..

လင်းဟန်နဲ့ဖန်းယန်တို့နှစ်ယောက်လုံးလည်း လေထဲခုန်တက်လိုက်ပြီး အမိန့်စာလွှာကို လိုက်လံဖမ်းယူလိုက်ကြပါတယ်.. အခုအချိန်မှာ အမိန့်စာလွှာကို လက်ဝယ်ရယူနိုင်တဲ့ဘယ်သူမဆို ဒီအခြေအနေမှာ သေခြင်းရှင်ခြင်းကို ဆုံးဖြတ်လို့ရနိုင်လာတဲ့ အာဏာရှင်တစ်ယောက် ဖြစ်လာပါလိမ့်မယ်..

လူနှစ်ယောက်ဟာ လေထဲမှာ အနိုင်မခံ အရှုံးမပေးပဲ သိုင်းကွက်တွေကို ဖလှယ်နေခဲ့ပါတယ်...ဒါပေမဲ့ လင်းဟန်က အားသာချက်အနည်းငယ်ရှိနေပြီး အသားစီးရယူထားနိုင်ပါတယ်..

လင်းဟန်က လက်ကိုဆန့်ထုတ်လိုက်ရာ သူ့ရဲ့လက်ချောင်းထိပ်က အမိန့်စာလွှာ ကို ထိမိတော့မဲ့အချိန်မှာပဲ ရုတ်တရက် ရပ်တန့်လိုက်ပါတယ်..အဲ့ဒီနောက်သူ့လက်ကို ဝှေ့ရမ်းလိုက်ရာ သွေးစုပ်ယူခြင်းမူလရွှေဟာ ရွှေရောင်အပ်ချည်အဖြစ်သို့ပြောင်းလဲသွားပြီး အမိန့်စာလွှာကိုလည်းရစ်ပတ်သွားပါတယ်..အဲ့ဒီနောက်မှာ အမိန့်စာလွှာကို သူ့ရဲ့အဝေးကို ပစ်ထုတ်လိုက်ပါတယ်..

အမိန့်စာလွှာက လေထဲလွင့်ပါးသွားပြီး အောက်ကိုပြုတ်ကျသွားပါတယ်..အဲ့ဒီဖက်မှာရပ်နေခဲ့တဲ့လူကတော့ လိုချင်စိတ်တွေ ငမ်းငမ်းတက်ဖြစ်လာပြီးတော့ လက်ကို
ဆန့်ထုတ်ပြီးဆက်ခနဲဖမ်းယူလိုက်ပါတယ်..ဘယ်သူသိမှာလဲ သူက အမိန့်စာလွှာကိုဖမ်းဆုပ်လိုက်တာနဲ့ တစ်ပြိုင်နက်ပဲ သူ့ရဲ့လက်တစ်ခုလုံးဟာ တစ်ချက်ထဲ သွေးတွေပန်းထွက်ကုန်ပြီးအသားစိုင်ကြီးအဖြစ်ပြောင်းလဲသွားပါတယ်။အဲ့ဒီလူကလည်း နာကျင်မှု့ဒဏ်ကြောင့် မရှိတင်ကဲ အော်ဟစ်လိုက်ရပါတယ်..

"ဟင့်."ဖန်းယန်ဟာ လှုပ်ရှားမှု့ကိုရပ်တန့်လိုက်ပြီး အေးစက်စွာပြောလိုက်ပါတယ်..

"မင်းကတော်တော်သတိရှိတာပဲ.."

သူအမှန်တကယ်ကိုပဲ
လင်းဟန်ဆင်တဲ့အကွက်ထဲဝင်သွားခဲ့တာပါ..သိုင်းကွက်တစ်တစ်ချို့ ဖလှယ်ပြီးတဲ့နောက် အမိန့်စာလွှာကိုဖမ်းဆုပ်နိုင်ဖို့ လင်းဟန်ထက် သူအနည်းငယ်နောက်ကျခဲ့ရတာက သူရှုံးနိမ့်ခဲ့လို့မဟုတ်ပါဘူး...သူရဲ့စွမ်းရည်အချို့ကို

တမင်ရည်ရွယ်ချက်ရှိရှိ ရုတ်သိမ်းလိုက်တာပါ..သူက လင်းဟန်ကို အဲ့ဒီစာရွက်ကို အမှန်တကယ်ပဲ ဆုပ်ကိုင်စေချင်ခဲ့ပြီး အဲ့ဒီအခွင့်အရေးကို အသုံးချပြီးလင်းဟန်ရဲ့ လက်ကိုကြေမွသွားစေချင်တာပါ။ဒါပေမဲ့ လင်းဟန် ဒီလောက်သတိရှိလိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး..

အဲ့ဒါက လင်းဟန် အထူးသတိထားနေခဲ့တာတော့ မဟုတ်ပါဘူး..အဆုံးမဲ့ကောင်းကင်အဆင့် လက်ရွေးစင်ဖြစ်ခဲ့ဖူးတဲ့ သူတစ်ယောက်အနေနဲ့ အမိန့်စာရွက်တစ်ခုရဲ့ တားမြစ်ချက်တွေကို သတိမပြုမိပဲ ရှိနိုင်ပါ့မလား..သူက တမင်မသိနားမလည်သလို ဟန်ဆောင်ကာ နောက်ပိုင်း သူရယူနိုင်ခါနီးကျမှ အမိန့်စာရွက်ကို စွန့်ပစ်လိုက်ပြီး အခြားသူတွေကို ထိခိုက်စေဖို့ ဖန်းယန်ရဲ့အကြံကိုပဲ ပြန်အသုံးချခဲ့တာပါ..

အခုတော့ ဖန်းယန်ဟာ ခြိမ်းခြောက်ဖို့ အမိန့်စာရွက်ကို ဆုံးရှုံးသွားခဲ့ပါပြီ..ဒါ့ကြောင့်အခြားသူတွေက သူ့ရဲ့အမိန့်တွေကို နာခံကြတော့မှာ မဟုတ်တော့ပါဘူး..

တစ်ယောက်ချင်းတိုက်ပွဲမှာတော့ လင်းဟန် လုံးဝမကြောက်ပါဘူး..

"ဖန်းယန်.."

လူတိုင်းဟာ ဒေါသမီးတွေတောက်နေပါပြီ..အညတရဘာဝကနေတက်လာတဲ့ အဆင့်နိမ့်တဲ့ သိုင်းပညာရှင်တစ်ယောက်က အမှန်တကယ်ပဲ သူတို့ရဲ့အသက်တွေကို ခြိမ်းခြောက်ဝံ့တယ်လား...ဒါက သူတို့ကို အစိမ်းလိုက်ဝါးစားချင်စိတ်တွေတောင် ပေါ်လာစေပါတယ်..

"အာခံမနေကြနဲ့.." ဖန်းယန်ဟာ မောက်မာစွာကြွေးကြော်လိုက်ပြီး သူ့ပတ်ပတ်လည်ကို သိမ်းကြုံးကြည့်လိုက်ပါတယ်.."မင်းတို့လိုအမှိုက်တွေက ဒေါသကို ပါးစပ်နဲ့ ဖော်ပြဖို့လောက်ပဲသိကြတာ..ဒါပေမဲ့ ဘယ်သူကများ ငါ့ကို အမှန်တကယ် တိုက်ခိုက်ရဲလို့လဲ..?"

"မင်း.."လူတော်တော်များများဟာ မျက်လုံးတွေနီရဲကာ ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်..အထူးသဖြင့်ဖန်းယန်အရင်က သတ်လိုက်တဲ့သူတွေရဲ့ဆွေမျိုးတွေက ပိုမို ဒေါသထွက်နေကြပြီး ချုပ်တည်းထားတဲ့ ဒေါသတွေနဲ့အတူ တစ်ကိုယ်လုံး တုန်ယင်နေကြပါတယ်..ဒါပေမဲ့လည်း

ဆောင်းလဂိုဏ်းဟာ သူတို့ရဲ့ဦးခေါင်းကို နိမ့်ချစေတဲ့ ရောမမွန်းစတားကြီးတစ်ကောင်လိုပဲဆိုတာ ငြင်းမရပါဘူး။ဖန်းယန်ဟာ ဆောင်းလဂိုဏ်းရဲ့တပည့်တစ်ယောက်ဆိုတာ သိနေရက်နဲ့ ဘယ်သူကများ သူ့ကို ဆန့်ကျင်တိုက်ခိုက်ဝံ့မှာလဲ..?

"အမှိုက်ကောင်တွေ.."ဖန်းယန်ဟာ အေးစက်စွာ လှောင်ပြုံးပြုံးလိုက်ပြီး တစ်ဆက်ထဲမှာပဲ လင်းဟန်ဖက်ကို လှည့်ပြီးပြောလိုက်ပါတယ်..
"ငါမင်းကို သေချာပေါက် သတ်ပစ်ရမယ်ဆိုပေမဲ့လည်း..မင်းက ငါ့ကိုအမှန်တကယ်တိုက်ခိုက်ဖို့ ရပ်တည်ရဲတယ်ဆိုတော့ အနည်းဆုံးတော့ ဟိုအမှိုက်တွေထက် ပိုပြီးသတ္တိရှိတာတော့ ငါဝန်ခံရလိမ့်မယ်.."

လင်းဟန်ရဲ့ ဓားဟာတုန်ခါနေပါတယ်.."မင်းက အဓိပ္ပါယ်မရှိတာတွေပဲ ပြောလွန်းနေတယ်..မင်းရဲ့လည်ပင်းကိုသာ အကောင်းဆုံးသန့်ရှင်းပြီး သေဖို့ပြင်ထား.."

"မင်းငါ့ကို တစ်ကယ်ပဲ သတ်ရဲတာလား..?"ဖန်းယန်ဟာ ရယ်မောလိုက်ပြီး"ဆောင်းလဂိုဏ်းကို မင်း

မကြောက်ဖူးလား.."

"ငါက ဂရုစိုက်နေရမှာလား..?"လင်းဟန်က တည်ငြိမ် စွာပဲ ပြန်မေးလိုက်ပါတယ်..သူက အမှန်တကယ်လည်း ဆောင်းလဂိုဏ်းကို စိတ်ထဲထည့်မထားပါဘူး..ဖန်းယန်ဘယ်လောက်ပဲ သူဦးနှောက်ကိုသုံးပြီး စဉ်းစားပါစေ လင်းဟန်က အဆုံးမဲ့ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်ခဲ့တယ်ဆိုတာ သိနိုင်ချေလုံးဝမရှိပါဘူး..လင်းဟန်ဟာ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်တွေ ကျဆင်းသွားခဲ့ပေမဲ့ သူ့ရဲ့မာနနဲ့ အမြင်ကျယ်မှု့ကတော့ လုံးဝ ကျဆင်းမသွားခဲ့ပါဘူး..

အနာဂတ်မှာ သူဟာ ကောင်းကင်အဆင့်ကို သေချာပေါက်ပြန်ရောက်နိုင်မှာပါ..အဲ့ဒါကလဲ အချိန်သိပ်ကြာလိမ့်မှာ မဟုတ်ပါဘူး..ဆောင်းလဂိုဏ်းမှာ သူသေချာပေါက် သုတ်သင်ပစ်ရမဲ့ အောင်းဖန်းရှိနေသ၍တော့ အနာဂတ်မှာ ဆောင်းလဂိုဏ်းနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံဖို့ ကံကြမ္မာရှိပြီးသားပဲ ဖြစ်ပါတယ်..

အဲ့ဒါနဲ့နှိုင်းယှဉ်ရင် ဖန်းယန်ကို အသေးအဖွဲ့ပုံရိပ်အဖြစ်သာ သတ်မှတ်ရပါလိမ့်မယ်..

"ဟားဟားဟား ဘယ်လောက်တောင် သတ္တိရှိလိုက်လဲ?ဒီလိုလူတစ်ယောက်ကို သတ်ရမှာ စိတ်ကျေနပ်စရာပဲ.."
ဖန်းယန်ဟာ ကျယ်လောင်စွာရယ်မောလိုက်ပြီး လင်းဟန်ကို လက်ညှိုးထိုးလိုက်ကာ"မင်းငါ့ညီကို သတ်ခဲ့တာကြောင့်သာမဟုတ်ရင် ဒီလောက်မြန်မြန် မင်းကို သတ်ချင်ခဲ့လိမ့်မှာမဟုတ်ဘူး.."

"အိပ်မက်ဆက်မက်လိုက်.."လင်းဟန်က တိုက်ခိုက်လိုက်ပါတယ်..သူ့ရဲ့ဓားကို ဝှေ့ရမ်းလိုက်ရာ ချက်ချင်းဆိုသလို ဓားချီအလင်းတန်းခြောက်ခုထွက်ပေါ်လာပြီး ကခုန်နေခဲ့ပါတယ်..

"ငါမင်းကို ကြောက်နေလိမ့်မယ်လို့ ထင်နေတာလား..?"ဖန်းယန်ဟာ ဟစ်ကြွေးလိုက်လိုက်ရာ သူ့ရဲ့ခန္ဓာကိုယ်မှ မှုန်ဝါးဝါးငွေရောင်အလင်တွေ ခုန်ကူးထွက်ပေါ်လာခဲ့ပြီး..သူ့ရဲ့ဆေဘာဓားရှည်ကို အားမာန်အပြည့်နဲ့ ခုတ်ချက်တစ်ခုအဖြစ်

ဖော့ရမ်းလိုက်ပါတယ်..

"ဘယ်လောက်တောင် ကောင်းလိုက်တဲ့ ဆေဘာလဲ?"ရှဲ့ချမ်ဟာ မထိန်းနိုင်စွာ ထုတ်ပြောမိလိုက်ပါတယ်..

"မင်းက အခုထိ ဒီကောင်ကို အမွှမ်းတင်နေသေးတုန်းပဲလား..?"လုကျိုးထင်တစ်ယောက် မျက်စိလှန်လိုက်မိပါတယ်..အဲ့ကောင်က စောနကလေးတင်ပဲ ငါတို့အကုန်လုံးကို သတ်လုနီးပါးလေ..(အမှတ်မရှိတာ..)

"အဲ့ဒါက တခြားကိစ္စ..ဒီကောင်စုတ်ရဲ့ ဆေဘာသိုင်းက တစ်ကယ် မဆိုးဖူး..အဲ့ဒီလိုသာမဟုတ်ရင်...အိုက်ယား..သူ့ကိုငါ့ရဲ့တပည့်အဖြစ် အလိုရှိရင်တောင်မှပဲ..."..သူ့ခေါင်းကိုခါကာ သက်ပြင်းချလိုက်ပြီး အတော်လေး စိတ်မကောင်းဖြစ်နေတဲ့ပုံပေါက်ပါတယ်..

လင်းဟန်နဲ့ ဖန်းယန်ဟာ အဆုံးမရှိတဲ့ တိုက်ခိုက်မှု့တွေကို ဖလှယ်နေခဲ့ပြီး ဆေဘာချီတွေနဲ့ ဓားချီတွေဟာ လေထဲမှာ အားမာန်အပြည့်နဲ့ ကခုန်နေခဲ့ပါတယ်..

အဲ့ဒီအချိန်မှာ ဖန်းယန်ဟာ ကြေးမုံအလင်းခန္ဓာကို အသက်သွင်းထားပြီး လင်းဟန်တိုက်ခိုက်မှု့ရဲ့ နစ်ဆယ်ရာခိုင်နှုန်းကို ပြန်ကန်ထွက်စေနိုင်ပါတယ်..ဒါက အတော်လေးကို အံ့အားသင့်ဖွယ်ကောင်းပါတယ်...သူက လင်းဟန်တိုက်ခိုက်မှု့စွမ်းအားရဲ့ နစ်ဆယ်ရာခိုင်နှုန်းကိုလျှော့ချပေးနိုင်ရုံသာမက လင်းဟန်ရဲ့တိုက်ခိုက်မှု့စွမ်းအားတွေကို လင်းဟန်ဆီသို့ ပြန်ကန်ထွက်စေနိုင်ပြီး တိုက်ပွဲမှာ သူ့ရဲ့ကိုယ်ပိုင်တိုက်ခိုက်မှု့တွေကို အားဖြည့်ပေးစေနိုင်ပါတယ်..

တိုက်ခိုက်မှု့တွေကို လက်ခံနေစဉ်မှာ ဖန်းယန်ရဲ့ ခန္ဓာကိုယ်မှာ ငွေရောင်အလင်းတွေခုန်ကူးနေပြီး ကွဲကြေတော့မဲ့ မှန်တစ်ချပ်ကဲ့သို့ပါ..

ထင်ရှားစွာပဲ သူပြန်ကန်ထွက်နိုင်တဲ့ တိုက်ခိုက်မှု့စွမ်းအားဟာ ကန့်သတ်ချက်ရှိပါတယ်..ကန့်သတ်ချက်ကို ကျော်လွန်လာတာနဲ့အမျှ တို့က်ခိုက်မှု့တွေကို ပြန်ကန်ထွက်စေနိုင်တော့မှာ မဟုတ်ပဲ အဲ့ဒီအစား အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလိမ့်မှာပါ..

လင်းဟန်ရဲ့ ကျောက်နံရံခန္ဓာကလည်းပဲ သူ့ရဲ့အကျိုးသက်ရောက်မှု့တွေကို ဖော်ပြနေပါတယ်..သူက သူ့ဆီကိုပြန်ကန်ထွက်လာတဲ့ တိုက်ခိုက်မှု့တွေရဲ့ နှစ်ဆယ်ရာခိုင်နှုန်းကို ကြံ့ကြံ့ခံနိုင်ပြီး အနည်းငယ်နာကျင်မှု့ကိုသာလျှင် ခံစားရပါတယ်..ဒါပေမဲ့လည်း သူ ဖျတ်ဆီးမရသော ကောင်းကင်မှော်စာလိပ်ကိုလှည့်ပတ်ပေးဖို့သာလျှင်လိုအပ်ပြ ပီး ထိုမသက်သာတဲ့ ခံစားချက်တွေအကုန်လုံးက အရိပ်အယောင်တောင်မကျန်ပဲ ပျောက်ကွယ်ပါလိမ့်မယ်..

ပုံရိပ်နှစ်ခုဟာ သူတို့ရဲ့ညာဖက်လက်မှာ သက်ဆိုင်ရာ လက်နတ်အသီးသီးကို ကိုင်စွဲထားပြီး သူတို့ရဲ့ဘယ်ဖက်လက်တွေကတော့ လက်ဝါးရိုက်ချက်တွေနဲ့ လက်သီးထိုးချက်တွေကို တရစက်ထုတ်ဖော်နေပါတယ်..ရံဖန်ရံခါ သူတို့ရဲ့ခြေထောက်တွေနဲ့တောင်မှ ကန်တတ်ပြီး အံ့အားသင့်ဖွယ်ကောင်းတဲ့ စွမ်းအားပြည့်ဝတဲ့တိုက်ခိုက်မှု့တွေ တစ်ခုပြီးတစ်ခု ဖန်တီးနေခဲ့ပါတယ်..

သူတို့ပတ်ပတ်လည်မှာရှိတဲ့ သူတွေကတော့

ထိုပြကွက်တွေကြောင့်
မှင်သက်နေကြပါတယ်..ဘယ်လိုလူငယ်မျိုးဆက်တွေများ
သူတို့နှစ်ယောက်လို တိုက်ခိုင်နိုင်စွမ်းရှိဦးမှာလဲ..?

တကယ့်ကို စွမ်းအားပြည့်ဝလွန်းတယ်...

ဖန်းယန်ဟာ အနည်းငယ်
ချီတုံချတုံဖြစ်နေခဲ့ပါတယ်..ဒါကသူ့ရဲ့
အင်အားအပြည့်အဝမဟုတ်သေးပါဘူး..ဒါပေမဲ့
သူလင်းဟန်ကို သတ်ချင်ရင် ပိုပြီးစွမ်းအားကြီးတဲ့
သူ့ရဲ့ဝှက်ဖဲအချို့ကို ထုတ်ဖော်ရလိမ့်မှာပါ..ဒါပေမဲ့
လင်းဟန်တစ်ယောက်ထဲအတွက်နဲ့ သူ့ရဲ့ဝှက်ဖဲတွေကို
ဖော်ထုတ်ရမှာ တန်ရဲ့လား..?

ဒ့ါအပြင် လင်းဟန်မှာလည်းပဲ အခုထိမထုတ်ဖော်ရသေးတဲ့
ဝှက်ဖဲတွေရှိလိမ့်မှာပါ..အနည်းဆုံးတော့
ဓားဆန္ဒလေးတွဲပါဝင်တဲ့ ဓားသိုင်းနည်းစနစ်ကို
သူအသုံးမပြုရသေးပါဘူး..ဒါကြောင့်
ဖန်းယန်ဟာအာမခံချက်အနေနဲ့ ဝှက်ဖဲအချို့ကို
ဆက်ထိမ်းသိန်းထားရုံအပြင် မတတ်နိုင်ခဲ့ပါဘူး..

"ငါမနောက်ကျသေးဖူးမဟုတ်လား..?"အဲ့ဒီအချိန်မှာပဲ

ဟက်ဟက်ပက်ပက်ရယ်မောလိုက်တဲ့ အသံကို ကြားလိုက်ရပြီး
အရပ်အမောင်းမြင့်မားတဲ့လူအိုကြီးတစ်ယောက်
ခြေလှမ်းကျဲကျဲနဲ့လျှောက်လာတာကိုတွေ့လိုက်ပါတယ်..ခြေလှမ်းလိုက်တိုင်းမှာ သူ့ခြေထောက်အောက်မှာ အလင်းရောင်တွေတောက်ပသွားသကဲ့သို့ထင်ရပြီး
ခြေလှမ်းတိုင်းမှာ ခရမ်းရောင်အလင်းရှိတဲ့ ပန်းပွင့်လေးတွေ ပွင့်လန်းသွားသကဲ့သို့ပါ..

ထိုအရာက သိုင်းဆန္ဒဖြစ်ပါတယ်..အနည်းဆုံး စိတ်ဝိညာဉ်ပင်လယ်အဆင့်ရောက်တဲ့သူတွေမှ
ထုတ်ဖော်နိုင်တဲ့ အရာဖြစ်ပါတယ်..ထိုလူကြီးဟာ စိတ်ဝိညာဉ်ပုလ္လင်အဆင့်ရောက်နှင့်နေပြီးဖြစ်ပါတယ်..

သူက ဘယ်သူ့ကို ပြောနေတာလဲ..?

ဖန်းယန်ဟာ လှိုက်လှိုက်လဲလဲရယ်မောလိုက်ပြီး "နောက်လိုက်ချို..ရောက်လာတာ အချိန်ကိုက်ပဲ.."

"Hehe..ငါ့ကိုယ်ငါ မိတ်ဆက်ပါရစေ..ငါက ဆောင်းလဂိုဏ်းရဲ့ နောက်လိုက်လေးချိုခူးပါ.."လူအိုကြီးဟာ ဖော်ရွေတတ်သောဟန်နေဟန်ထားနဲ့

ပြုံးပြီးပြောလိုက်ပါတယ်..

ဒါပေမဲ့ အဲ့ဒီအချိန်ခဏမှာ လူတိုင်းရဲ့ နှလုံးခုန်သံတွေဟာ ရပ်တန့်လုနီးပါးဖြစ်ပါတယ်..ဆောင်းလဂိုဏ်းရဲ့နောက်လိုက်တွဲလား

တကယ်လို့ ဖန်းယန်ကို တပည့်တစ်ယောက်မျှသာသတ်မှတ်မယ်ဆိုရင်...ချိုရူးကတော့ ဆောင်းလဂိုဏ်းရဲ့ အလွန်ကြီးမားတဲ့အဆက်အနွယ်တစ်ခုအနေနဲ့ ကိုယ်စားပြုနိုင်ပါလိမ့်မယ်..
"နောက်လိုက်ချိုရူး...ဒီကောင်စုတ်ကို ဖမ်းဖို့ ကူညီပေးပါ.."

"ကောင်းပြီ.."ချိုရူးက တွေဝေခြင်းအလျဉ်းမရှိပဲ ခေါင်းညိတ်လိုက်ပါတယ်..ဖန်းယန်ဟာ ကျင့်ကြံခြင်းအဆင့်မှာ သူ့ထက်အများကြီးအားနည်းတာတောင်မှ သူ အထက်စီးကနေမဆက်ဆံခဲ့ပါဘူး..ဒါကသဘာဝကျပါတယ်..ဘာ့ကြောင့်လဲဆိုရင် ဖန်းယန်ရဲ့နောက်မှာ ရပ်တည်နေတဲ့ စွမ်းအားပြည့် စိတ်ဝိညာဉ်နတ်သူငယ်အဆင့် အကြီးအကဲကို မျက်နှာသာပေးနေတာကြောင့်ပါ..

"မင်း လုပ်ဝံ့လား.."
ချိုရှုး ငေ့ကြည့်လိုက်ရာ သူ့မျက်ဝန်းတွေ အနည်းငယ်ကျဉ်းမြောင်းသွားပါတယ်..

"အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်..?"

"လူငယ်တွေ သူတို့ပြဿနာကို သူတို့ဘာသာဖြေရှင်းပါစေ..ငါတို့လူအိုကြီးတွေကတော့ တစ်ဖက်စီမှာ ရပ်ပဲကြည့်နေကြရအောင်.."ဖုယွင်ရှင်းက တည်ငြိမ်အေးဆေးစွာ ပြောလိုက်ပါတယ်..ဒါပေမဲ့ သူ့အသံမှာ အားမာန်အပြည့်ပါတာကိုတော့ လက်ခံရပါလိမ့်မယ်..

မှော်ဆေးပညာရှင်အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက်အနေနဲ့ ဆောင်းလဂိုဏ်းကို သူမကြောက်ခဲ့ပါဘူး..

ချိုရှုးဟာ ချီတုံချတုံဖြစ်နေပုံပေါ်ပါတယ်..ပထမဆုံးအနေနဲ့ သူ အဆင့်မြင့်မှော်ဆေးပညာရှင်တစ်ယောက်ကို မကျေမနပ်ဖြစ်စေဖို့ဆန္ဒမရှိပါဘူး..ဒုတိယအနေနဲ့ကတော့ ဖုယွင်ရှင်းဟာလည်းပဲ သူ့လို စိတ်ဝိညာဉ်ပုလ္လင်အဆင့်မှာရှိတဲ့သူတစ်ယောက်ဖြစ်ပါတယ်.

.ဒ့ါကြောင့် သူလှူပ်ရှားခဲ့ရင်တောင်မှ လင်းဟန်ကိုသတ်နိုင်လိမ့်မယ်လို့ သူမသေချာပါဘူး..

ဖန်းယန်ဟာ အေးစက်စွာ လှောင်ပြုံးပြုံးလိုက်ပြီး "လွီကလန်ခေါင်းဆောင်..ဒီလူက လွီကလန်ရဲ့သားမက်ကို သတ်ခဲ့တယ်.. လွီကလန်က ဒီလူကို လက်စားမချေပဲ ဒီအတိုင်းပဲစောင့်ကြည့်နေတော့မှာလား..?ငါမင်းတို့အတွက် ခက်ခဲအောင်မလုပ်ပါဘူး..မာစတာဖုကို ထိန်းချုပ်ထားဖို့ ကူညီပေးနေသ၍ လွီကလန်က ရရှိမဲ့အကျိုးအမြက်တွေ မနည်းစေရဖူးလို့ ကတိပေးတယ်...."

Chapter 261end
အပိုင်း(၂၆၂) မိုးရေဧကရာဇ်ရဲ့ လွှမ်းမိုးနိုင်မှု

လွီကလန်က လွီယုထန်ကို ဖန်းမင်နဲ့လက်ထပ်ဖို့သဘောတူခဲ့တဲ့ အကြောင်းပြချက်ကဖန်းယန်အနေနဲ့ အကျိုးအမြတ်အချို့ကို ပေးမယ်ဆိုပြီးတော့ မက်လုံးပေးပြီးတော့ လွီကလန်အတွက် ကတိပေးထားခဲ့တာကြောင့်ဆိုတာ လူအချို့သိကြပါတယ်..ဒါပေမဲ့လည်း အချင်းချင်းသိုသိုသိပ်သိပ်သဘောတူခဲ့ကြတဲ့ ထိုကဲ့သို့သော အပေးအယူမျိုးကို အခုလို လူအများကြီးရှေ့မှာ

ဘယ်လိုလုပ်ပြီး ထုတ်ဖော်ပြောကြားနိုင်ရတာလဲ..

လွှီကလန်ခေါင်းဆောင်ရဲ့မျက်နှာဟာ မည်းမှောင်လာခဲ့ပါတယ်..ဒါပေမဲ့ဖန်းယန်ကတော့ လုံးဝကို ထိမ်းမနိုင်သိမ်းမရပါပဲ..ဒဲ့အပြင်ဖန်းယန်ရဲ့နောက်ကွယ်မှာ ထိပ်လန့်ဖွယ်နောက်ခံရှိတဲ့အတွက် သူ့အလွန်ဒေါသထွက်ခဲ့ရင်တောင်မှ ဘာများတတ်နိုင်မှာလဲ။သူ ဘယ်လိုလုပ် ဖန်းယန်ကို အမှန်တကယ် ရိုက်နှက်နိုင်ပါ့မလဲ။

လွှီကလန်ရရှိနိုင်မဲ့ အကျိုးအမြတ်ကို သူအမှတ်ရလိုက်တဲ့အခါမှာတော့ လွှီကလန်ခေါင်းဆောင်ဟာ ခဏတာလောက်သာ တွေဝေနိုင်ခဲ့ပြီးနောက် မတ်တတ်ရပ်ကာ ဖုယွင်ရှင်းကို ပြောလိုက်ပါတယ်.."ဂရန်းမာစတာဖု..ကျွန်တော့်ကို မျက်နှာသာပေးပြီး ဝင်ရောက်မစွက်ဖက်ပါနဲ့..ဟုတ်ပြီလား..?"

ဖုယွင်ရှင်းရဲ့အမူအရာဟာ အကြီးအကျယ်ပြောင်းလဲသွားခဲ့ပါတယ်.."တစ်ကယ်လို့သာ ငါလှုပ်ရှားခဲ့ရင် မင်းက ငါ့ကိုတားဆီးဖို့ရည်ရွယ်နေတာလား..?"

"ဟုတ်တယ်.."လွှီကလန်ခေါင်းဆောင်ဟာ အံကြိတ်ရင်း အားထုတ်ပြောလိုက်ပါတယ်..

"လွှီဖေးဖန် ငါတစ်ကယ်ဒေါသမထွက်သေးဖူး..အနာဂတ်မှာ ဖြစ်နိုင်တာကတော့ ကောင်းကင်ဆေးအိမ်တော်တွေက လွှီကလန်ကို ဆေးလုံးတစ်လုံးတောင် ရောင်းချလိမ့်မှာမဟုတ်ဘူး..ငါ့ကို ဆက်ဒေါသထွက်စေချင်တာ သေချာနေပြီလား..?"ဖုယွင်ရှင်းဟာ စိန်းစိန်းဝါးဝါးကြည့်ပြီးပြောလိုက်ပါတယ်..

လွှီကလန်ခေါင်းဆောင်ရဲ့လက်ဟာ အနည်းငယ်တုန်လှုပ်သွားပါတယ်..သိသာစွာပဲ သူ့အခက်တွေ့သွားပုံပေါ်ပါတယ်..ဒါပေမဲ့လည်း သူကချက်ချင်းပြန်ဖြေလိုက်ပါတယ်.."ဂရန်းမာစတာဖု..ကျေးဇူးပြုပြီး ဝင်မစွက်ဖက်ပါနဲ့.."

သူက ဖန်းယန်နဲ့အတူရပ်တည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်..

ဖုယွင်ရှင်းဟာ ဒေါသပြင်းစွာထွက်သွားပါတယ်..ဖန်းယန်က လွှီကလန်ကို ဘယ်လိုအကျိုးအမြတ်မျိုး ကတိပေးခဲ့လို့

သူတို့ကလန်ရဲ့ ပါရမီရှင်တစ်ယောက်ကို ပေးအပ်ဖို့ သဘောတူစေရုံသာမက ကောင်းကင်ဆေး အိမ်တော်နဲ့အတူ သူတို့တွေရဲ့ ဆွေမျိုးသားချင်းတွေကိုတောင်မှ ဆက်ဆံရေးပျက်စီးစေတာလဲဆိုတာသူအမှန်တကယ်ပဲ မသိတော့ပါဘူး..နားလည်ထားရမှာတစ်ခုကတော့ လှီကလန်မှာ သူတို့ရဲ့ကိုယ်ပိုင်မှော်ဆေးပညာရှင်တွေ ပေါ်ပေါက်လာခဲ့ရင်တောင်မှ လူတိုင်းကို မှော်ဆေးလုံးတွေ လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်ဖို့ မဖြစ်နိုင်ပါဘူး..ဒါ့ကြောင့် သူတို့ရဲ့ မှော်ဆေးလုံးတွေကောင်းကင်ဆေးအိမ်တော်က ထောက်ပံ့မှုနဲ့ဖြည့်တင်းဖို့ လိုအပ်တုန်းပဲဖြစ်ပါတယ်..

ဖုယွင်ရှင်းဟာ နာခေါင်းရှုံ့လိုက်ပြီး "ဒါဆိုလဲ မင်းရဲ့ ပြောင်မြောက်တဲ့ တိုက်ပွဲစွမ်းရည်တွေကို ငါအတွေ့အကြုံယူပါရစေ.."

ဒါပေမဲ့ လှီကလန်ခေါင်းဆောင်က မတိုက်ခိုက်ခဲ့ပါဖူး..ဖုယွင်ရှင်း မလှုပ်ရှားသရွေ့ သူသေချာပေါက် တိုက်ခိုက်မှာမဟုတ်ပါဘူး..နောက်ဆုံးမှာတော့ ဖုယွင်ရှင်းကလည်းပဲ စိတ်ဝိညာဉ်ပုလ္လင်အဆင့်မှာရှိပြီး သူတို့သာ အမှန်တကယ်တိုက်ခိုက်ရင်

အပျက်အစီးတွေအများကြီးကို ဖန်တီးမိပါလိမ့်မယ်..ပြီးတော့ သူတို့က လို့ဂေဟာမှာပဲ ရှိနေတုန်းပဲဖစ်ပါတယ်..

"နောက်လိုက်ချို..အခု သင့်ကိုရပ်တန့်နိုင်တဲ့သူ ဘယ်သူမှမရှိတော့ဖူး..."ဖန်းယန်ဟာ အပြုံးနဲ့ အတိအလင်းပြောလိုက်ပြီး သူ့ရဲ့မျက်နှာထားဟာ ရက်စက်ကာ အတော်လေး စိတ်ကြီးဝင်နေပုံပေါက်ပါတယ်..

ချိုရူးဟာ ကျယ်လောက်စွာရယ်မောလိုက်ပြီး လင်းဟာန်ဆီကို ခြေလှမ်းကျဲကျဲနဲ့လျှောက်သွားလိုက်ပါတယ်..အခုအချိန် ဒီနေရာမှာ စိတ်ဝိညာဉ်ပလ္လင်အဆင့် လက်ရွေးစင် စုစုပေါင်းလေးယောက် ရှိနေခဲ့ပြီး သူတို့ထဲကနစ်ယောက်က ဖန်းယန်ဖက်မှာ ရှင်းရှင်းလင်းလင်း ရပ်တည်နေပါတယ်..လင်းဟာန်ကိုတော့ တစ်ယောက်သာလျှင်ထောက်ပံ့ပေးနေပြီး ကျန်တဲ့တစ်ယောက်ဖြစ်တဲ့ ကျှာ့ပယွန်ကတော့ ဘာမှမမြင်မကြားတဲ့သူတစ်ယောက်လိုမျိုးဒီကိစ္စမှ ဝင်မပါပဲ သက်တောင့်သက်သာနဲ့ ပွဲထိုင်ကြည့်နေမဲ့ပုံပါပဲ...

လင်းဟာန်ကို စိတ်ဝိဉာဉ်ရတနာစံအိမ်က အားပေးနေမယ်ဆိုတာက သိသာထင်ရှားပါတယ်..ဒါပေမဲ့ သူ့အတွက်နဲ့ ဆောင်းလဂိုဏ်းကို သေချာပေါက်

ဆန်ကျင်ပေးလိမ့်မှာ မဟုတ်ပါဘူး...

လင်းဟန် ဘာတွေလုပ်လိမ့်မှာလဲ...?

ကျူးဝူကျို့...ခုနစ်ယောက်မြောက်အင်ပါယာမင်းသားနဲ့ အခြားသူတွေအကုန်လုံး မျက်မှောင်ကြုတ်လိုက်ကြပြီး အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားကတော့ အေးစက်စွာ လှောင်ပြုံးပြုံးလိုက်ပါတယ်.. သူတို့ရဲ့အကြံပြုချက်တွေကို လျစ်လျူရှု့ပြီး ကိုယ့်ကိုယ်ကိုဖျက်ဆီးဖို့ ဘယ်သူကများအတင်းတောင်းဆိုခဲ့လို့လဲ..ကျောက်တုံးကို ကြက်ဥနဲ့ ခွဲနေတာလေ..ဘာတွေပဲဖြစ်ဖြစ် အဲ့ဒါက သူနဲ့ထိုက်တန်တာပဲ..

လင်းဟန် သက်ပြင်းချလိုက်ပါတယ်..အခုတော့ အလှည့်အပြောင်းက ဒီလိုဖြစ်လာခဲ့ပြီ..သူ့ရဲ့ အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်ဆိုတဲ့ အဆင့်အတန်းကို ထုတ်ဖော်ဖို့သာလျှင် ရွေးချယ်စရာရှိပါတော့တယ်..

"ဟင့်..မင်းက အမှန်တကယ်ပဲ ငါ့နယ်မြေမှာ ပမာပခန့်လုပ်ဝံ့တာလား..?"အဲ့ဒီအချိန်ခဏမှာ

ထိုနေရာမှာရှိနေတဲ့ လူတိုင်းရဲ့ နှလုံးသားကို တုန်လှုပ်စေတဲ့ အဆုံးမဲ့အင်အားတွေနဲ့ပြည့်နေတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်..သူတို့တွေအကုန်လုံး သူတို့ရဲ့စိတ်ဝိညာဉ်တွေရဲ့ နက်ရှိုင်းတဲ့နေရာကနေ ပေါက်ဖွားလာတယ်ထင်ရတဲ့ ကြောက်ရွံ့မှုတွေနဲ့ ကြည်ညိုလေးစားခြင်းတွေကို ခံစားလိုက်ရပါတယ်..

"ဧ....ကေရာဇ်"လို့ကလန်ခေါင်းဆောင်ဟာ ထိတ်လန့်အံ့အားသင့်စွာ အာမေဋိတ်သံပြုလိုက်မိပါတယ်..ထိုအသံဟာ လက်ရှိမိုးရေနိုင်ငံ ကေရာဇ်ရဲ့အသံ လုံးဝကို အတိအကျပါပဲ...

"မိုးရေနိုင်ငံ ကေရာဇ်.."ချိုကုတစ်ယောက် တောင့်တင်းသွားပါတယ်..မိုးရေနိုင်ကေရာဇ်ကလည်းပဲ စိတ်ဝိညာဉ်ပုလ္လင်အဆင့်မှာပဲဆိုပေမဲ့ သူဟာ နိုင်ငံတစ်ခုရဲ့ အုပ်ချုပ်သူတစ်ယောက်လည်း ဖြစ်တဲ့အတွက်..ခန့်ညာထည်ဝါတဲ့ဟန်ပန်အရ အခြားစိတ်ဝိညာဉ်ပလ္လင်အဆင့်မှာရှိတဲ့သူတွေအကုန်လုံးကို ဖိနှိပ်ထားနိုင်ပါတယ်..သူတောင်မှ မိုးရေနိုင်ငံ အင်ပါယာကို လျော့မတွက်ရဲပါဘူး..

"ဒါက ဆောင်းလဂိုဏ်းမဟုတ်ဘူး..ငါ့ရဲ့မိုးရေနိုင်ငံပဲ.."

မိုးကြိုးကဲ့သို့ ကျယ်လောင်ပြင်းထန်တဲ့ မိုးရေနိုင်ငံဧကရာဇ်ရဲ့အသံကို နောက်တစ်ကြိမ်ထပ်ကြားလိုက်ရပါတယ်..."လူငယ်မျိုးဆက်တွေရဲ့ရန်ငြိုးတွေကို ငါမမြင်ချင်ယောင်ဆောင်ပေးထားနိုင်တယ်..ဒါပေမဲ့ လူကြီးတွေပါဝင်စွက်ဖက်ပြီး ပါဝင်လာဖို့ ရည်ရွယ်လာရင်တော့ ဘယ်သူ့ကိုမဆို ငါသတ်ရလိမ့်မယ်.."

တကယ့်ကို သြဇာကြီးမားလွန်းတယ်...ချိုကုဟာ ဆောင်းလဂိုဏ်းရဲ့ စိတ်ဝိညာဉ်ပုလ္လင်အဆင့်လက်ရွေးစင်တစ်ယောက်ပဲဖြစ်ပါတယ်..ဒါပေမဲ့ မိုးရေနိုင်ငံဧကရာဇ်က သူ့ကို ဒီလိုမျိုးပြစ်တင်မောင်းမဲနေနိုင်တုန်းပါ.."အဲ့လိုလုပ်တဲ့ ဘယ်သူ့ကိုမဆို ငါသတ်ရလိမ့်မယ်.."အုပ်ချုပ်သူတစ်ယောက်ရဲ့ပြောစကားဟာ စကားလုံးမျှလောက်ပဲ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..?

ထိုနေရာမှာရှိတဲ့ လူငယ်တွေအကုန်လုံး အလွန့်အလွန်စိတ်လှုပ်ရှားနေကြပါတယ်..ဒါက

မိုးရေနိုင်ငံကောရာဇ်ပါ..သူကအမှန်တကယ်ကိုပဲ စွမ်းရည်ပြည့်ဝတဲ့အုပ်ချုပ်သူတစ်ယောက်ဖြစ်ပါတယ်...ဆေ ါင်းလကိုဏ်းရဲ့ စွမ်းအားပြည့်ဝတဲ့လက်ရွေးစင်တစ်ယောက်နဲ့ ရင်ဆိုင်ရတာတောင်မှ အနည်းငယ်လေးတောင် တွန့်ဆုတ်ခြင်းမရှိပါဘူး..ထိုအရာက ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲဖို့ ဆော်ဩပေးနေသကဲ့သို့ ခံစားရပြီး သူတို့ရဲ့သွေးတွေကို ဆူပွက်လာစေပါတယ်..

အဲ့ဒီအချိန်အတောအတွင်းမှာပဲ အကြီးဆုံးနဲ့တတိယအင်ပါယာမင်းသားတို့ဟာ အကြီးအကျယ်ကို အမူအယာတွေပျက်သွားခဲ့ပါတယ်..မိုးရေနိုင်ငံကောရာဇ်ကို ယ်တိုင် လင်းဟန်ကို ထောက်ပံ့ပေးနေလိမ့်မယ်ဆိုတာ သူတို့မတွေးမိခဲ့ဖူးပါဘူး..အခုတော့ သူတို့ရဲ့ရပ်တည်ချက်ဟာ မိုးရေနိုင်ငံကောရာဇ်နဲ့ လုံးဝကို ဆန့်ကျင်ဖက် ဖြစ်နေခဲ့ပါပြီ.. ဒီလိုအခြေအနေမျိုးနဲ့ ပလ္လင်ကို သူတို့ဘယ်လိုလုပ် အမွေဆက်ခံနိုင်ပါတော့မလဲ...?

ခုနစ်ယောက်မြောက် အင်ပါယာမင်းသားတစ်ယောက်သာလျှင် စိတ်လှုပ်ရှားနေတဲ့ပုံစံနဲ့ ပြုံးရယ်နေပါတယ်..သူက

မုန်ကန်တဲ့ဖက်မှာ လောင်းကြေးထပ်နိုင်ခဲ့ပါတယ်..မိုးရေးနိုင်ငံ ကောရာဇ်ဟာ မာနကြီးတဲ့သူတစ်ယောက်ဖြစ်ပါတယ်..ဒါ့ကြောင့် အပြင်လူတွေကို သူ့ရဲ့ကိုယ်ပိုင်နယ်မြေပေါ်မှာ သူ့ရဲ့သြဇာအာဏာတွေကို ထိပါးစေဖို့ ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ.?

"မိုးရေနိုင်ငံ ကောရာဇ်..ခင်ဗျားရဲ့ကိုယ်ရည်သွေးချက်တွေက အတော်လေးကို ချဲ့ကားလွန်းတယ်..ငါ့ဂိုဏ်းက ပန်းဖူးအဆင့် အဆုံးမဲ့ လက်ရွေးစင်တစ်ယောက်သာ ရောက်လာခဲ့ရင် ဒီလိုမျိုး ပြောဝံ့ဦးမှာလား..?"ချိုကုက အေးစက်စွာ မေးလိုက်ပါတယ်..သဘာဝကျစွာပဲ ဆောင်းလဂိုဏ်းဟာ မိုးရေနိုင်ငံထက် ပိုပြီးစွမ်းအားပြည့်ဝပါတယ်...သူကိုယ်တိုင်တောင်မှ မိုးရေနိုင်ငံကောရာဇ်နဲ့ ကျင့်ကြံခြင်းအဆင့်တူမှာ ရှိပါတယ်...ဒါ့ကြောင့် စောနကပြောခဲ့တာတွေကို သူမကြောက်ပါဘူး..

"အသက်သုံးခါ ရှူရှိုက်အတွင်းမှာ ချက်ချင်းထွက်သွား..မဟုတ်ရင် ငါ့နိုင်ငံကနေ ရိုက်ထုတ်ရလိမ့်မယ်.."မိုးရေနိုင်ကောရာဇ်ရဲ့ အသံဟာနောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့ပြန်ပါတယ်..

"ဟားဟားဟား ဒါဆိုရင်လည်း အဲ့လို ကြုံချင်စမ်းပါဘိ.."ချိုကုဟာ လင်းဟန်ကိုကြည့်လိုက်ပြီး သူ့ရဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ရုတ်တရက်ထွက်ပေါ်လာပါတယ်..သူတို့နှစ်ယောက်လုံးက စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာပါ..ဒ့ါအပြင် သူက ဆောင်းလဂိုဏ်းရဲ့ နောက်လိုက်တစ်ယောက်ဖြစ်ပါတယ်..ဒ့ါကြောင့် မိုးရေနိုင်ငံဧကရာဇ်ရဲ့ ရိုးရှင်းတဲ့ စကားလုံးတွေကို ဘယ်လိုလုပ်ကြောက်ရွံ့နိုင်ပါ့မလဲ..?

သူက အနည်းငယ်တော့ စိုးရိမ်နေတုန်းပါ..အဲ့ဒီအချိန်ခဏမှာ မိုးရေနိုင်ငံဧကရာဇ်ဟာ ဘယ်နေရာမှာ ရှိနေမှန်း သူမသိရှိသေးတာကြောင့်ပဲဖြစ်ပါတယ်..ထိုအသံဟာ အရပ်မျက်နှာအကုန်လုံးက လာနေသကဲ့သို့ ခပ်အုပ်အုပ်မြည်နေခဲ့ပါတယ်..ဒ့ါကြောင့် ထိုအသံ အမှန်တကယ် ဘယ်ကနေလာသလဲဆိုတာကို မခွဲခြားနိုင်ပဲဖြစ်နေပါတယ်..

အသက်တစ်ခါရှူချိန်

လူတိုင်းဟာ သူတို့ရဲ့ နှလုံးသားထဲကနေ ရေတွက်နေခဲ့ကြပြီး

ချိုကုကတော့ လင်းဟန်ဆီကို စတင်ပြီးတော့ လျှောက်လိုက်ပါတယ်..

အသက်နှစ်ခါရှုချိန်

ချိုကုဟာ လျင်လျင်မြန်မြန်နဲ့ လျှောက်မသွားခဲ့ပါဘူး...သူရဲ့နိုးကြားမှုနဲ့သတိတရားကို အကန့်အသတ်ထိရောက်အောင် မြှင့်တင်ထားခဲ့ပါတယ်..မိုးရေနိုင်ငံကေရာဇ်ဟာ သိုင်းပညာမှာ ပါရမီရှင်တစ်ယောက်ဖြစ်ပြီး ထိပ်လန့်ဖွယ် တိုက်ပွဲစွမ်းရည်တွေကို ပိုင်ဆိုင်ကြောင်းကို ဟိုအရင်ကတည်းက သူကြားဖူးခဲ့ပါတယ်..ဒ့ါကြောင့် သူဂရုမစိုက်ပဲ မနေဝံ့ပါဘူး..

အသက်သုံးခါရှုချိန်..

ချိုကု လှုပ်ရှားလိုက်ပါတယ်..သူ့ရဲ့ညာလက်ဟာ ရောမခရမ်းရောင်လက်အဖြစ်သို့ ဖြစ်ပေါ်လာခဲ့ပြီး သူ့ရဲ့လက်ဝါးပေါ်မှာ လင်းလက်ကာ တနေရာကနေ တနေရာကိုခုန်ကူးနေတဲ့ လှပတဲ့အနုစိတ်ပုံစံတွေ ရှိနေပါတယ်..သူတို့တွေဟာ ကမ္ဘာမြေကြီးကို အစိတ်စိတ်အမွှာမွှာခွဲခြေနိုင်စွမ်းရှိသကဲ့သို့ ထင်ရပါတယ်...

"ဟမ့်.."မိုးရေနိုင်ငံကောရာဇ်ရဲ့အသံဟာ နောက်တစ်ကြိမ်ထွက်ပေါ်လာခဲ့ပါတယ်..ခန်းမရဲ့ မျက်နှာကျက်ဟာ ထိုးဖောက်ခံလိုက်ရပြီး သူတို့တွေဟာ ရောမရွှေရောက်လက်သီးကြီး ကောင်းကင်ကနေ ဆင်းသက်လာကာ ချိုကုကို အညှာအတာကင်းမဲ့စွာ ထုချေလိုက်တာကိုသာ မြင်တွေ့နိုင်ခဲ့ပါတယ်..

"ကောင်းကင်ရဲ့သားတော်လက်သီးသိုင်းနည်းစနစ်.."

အင်ပါယာမင်းသားသုံးယောက်လုံး တစ်ပြိုင်ထဲ ပင့်သက်ရှိုက်လိုက်မိပါတယ်..သူတို့ကိုယ်ပိုင် ဘယ်လိုလက်နက်မျိုးကိုပဲ အသုံးပြုကြပါစေ သူတို့တွေအကုန်လုံး ကောင်းကင်ဘုံရဲ့သားတော်လက်သီးသိုင်းနည်းစနစ်ကို သင်ယူခဲ့ကြရပါတယ်...ဒါပေမဲ့လည်း ထိုရွှေရောင်လက်သီးကို သူတို့တွေ မြင်တွေလိုက်ရတဲ့အခါ အဆုံးမဲ့တဲ့ အံ့အားသင့်မှု့တွေကိုသာလျှင် ခံစားလိုက်ရပါတယ်..

ကောင်းကင်ဘုံရဲ့သားတော် လက်သီးနဲ့တိုက်ခိုက်လိုက်ရင် ကမ္ဘာကြီးတစ်ခုလုံးတောင် ပြားကပ်သွားလိမ့်မယ်...

ထိုအရာကို တားဆီးကာ ပြန်လည်တန်ပြန်နိုင်မဲ့ နည်းမရှိပါဘူး..ထိုပထမဆုံးလက်သီးချက်နဲ့အတူ လူတိုင်းဟာ သူတို့ကိုယ် သူတို့မဖြစ်စလောက် ပုရွက်ဆိတ်လေးတွေလို့ ခံစားလိုက်ရပါတယ်..ခုခံဖို့ ဘယ်လောက်ကြိုးစားပါစေ..နံကောင်က စစ်ရထားကိုရပ်တန့်ဖို့ ကြိုးစားနေသလိုမျိုး ဖြစ်နေလိမ့်မှာဖြစ်ပြီး ရပ်တန့်ဖို့တော့စွမ်းဆောင်နိုင်မယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး..အင်ပါယာအင်အားနဲ့ လုံးဝထုခြေခံရဖို့ကိုသာလျှင် သူတို့စွမ်းဆောင်နိုင်လိမ့်မှာပါ..

ချိုကုဟာ အံ့အားသင့်မှု့ကြောင့် မျက်နှာအကြီးအကျယ်ပျက်ယွင်းသွားခဲ့ပြီး သူက လျှင်လျှင်မြန်မြန်ပဲ ထိုရွှေရောင်လက်သီးကို ခုခံဖို့အတွက် သူ့ရဲ့ကိုယ်ပိုင်တိုက်ခိုက်မှု့အဖြစ် ခရမ်းရောင်အငွေ့ထုတွေကို ဖန်တီးပြီး အထက်သို့ ပို့လွှတ်လိုက်ပါတယ်...

အမှန်တကယ်တော့ ထိုအရာဟာ နံကောင်က စစ်ရထားကို ရပ်တန့်ဖို့ ကြိုးစားနေတာနဲ့တူပါတယ်..ရွှေရောင်လက်သီးရဲ့ ထုခြေတဲ့စွမ်းအားကြောင့် ထိုအငွေ့ထုဟာ ချက်ချင်းကို

မုန့်မုန့်ညက်ညက်ကြေသွားပါတယ်..ရွှေရောင်လက်သီး ဆင်းသက်လာပြီး မတွန်းလှန်နိုင်စွမ်းသောအင်အားတွေ များစွာထွက်ပေါ်လာခဲ့ပါတယ်..ပင်မခန်းမထဲမှာရှိတဲ့ လူတစ်ဦးချင်းစီတိုင်းဟာ ကောင်ရိုးမျှင်လေးတွေကို လေပြင်းတစ်ချက် ဖုံတိုက်ခတ်သွားသလိုမျိုး နောက်ပြန်ကန်ထွက်သွားပါတယ်..

ဖုန်းမှုန့်နဲ့မီးခိုးတွေဟာ လေထဲမှာ ပြည့်နေခဲ့ပြီး ပင်မခန်းမတစ်ခုလုံး လုံးဝပြားကပ်သွားတာကိုသာ သူတို့တွေ တွေ့မြင်နိုင်ခဲ့ပါတယ်..ပင်မခန်းမကနေ လွင့်ထွက်မလာတဲ့ တစ်ယောက်ထဲသောသူဆိုလို့ ချိုကုပဲရှိပါတယ်..

အဲ့ဒီလူ သေသွားပြီလား..ဒါမှမဟုတ် အသက်ရှိသေးလား..?

ဖုန်တွေနဲ့မီးခိုးတွေ အနည်းငယ်ပါးသွားပြီးတဲ့နောက်မှာတော့ ချိုကုဟာ မြေပြင်ပေါ်မှာလဲကျနေတာကို သူတို့တွေ မြင်တွေလိုက်ရပြီး သူ့ရဲ့ရင်ဖက်ဟာ အနည်းငယ် နိမ့်ချည်မြင့်ချည်ရှိနေသေးတဲ့အတွက် အသက်ရှိသေးပုံတော့ရပါတယ်...

လူတိုင်းဟာ အံ့အားသင့်စွာနဲ့ ပင့်သက်ရှိုက်လိုက်မိပါတယ်..ချိုကုဟာ

စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာရှိပါတယ်..ဒါပေမဲ့ မိုးရေနိုင်ငံဧကရာဇ်ဟာ သူ့မျက်နှာကို တစ်ကြိမ်တောင်မှ မပြသပဲနဲ့ သူ့ကို ထုခြေနိုင်ခဲ့ပါတယ်..မိုးရေနိုင်ငံဧကရာဇ်က စွမ်းအားပြည့်ဝလွန်နေခဲ့တာလား..?ဒီစွမ်းအားတွေက စိတ်ဝိညာဉ်ပလ္လင်အဆင့်တစ်ယောက်မှာ အမှန်တကယ် ရှိသင့်တဲ့ စွမ်းအားတွေလား..?

ဖန်းယန်လို စိတ်ကြီးဝင်နေတဲ့သူတောင်မှ သူ့ပါးစပ်ကို တင်းတင်းစေ့ထားခဲ့ပါတယ်..အကြွင်းမဲ့စွမ်းအားတွေရဲ့ရှေ့မှာ ၁ လူတိုင်းဟာ ကြောက်ရွံ့မှုကြောင့် တုန်လှုပ်ရုံသာတတ်နိုင်ပါလိမ့်မယ်..

"လင်းဟန် ဖန်းယန် မင်းတို့နှစ်ယောက်ကြားထဲက ရန်ငြိုးတွေကို မင်းတို့ဘာသာသီးသန့်ဖြေရှင်းဖို့ ငါခွင့်ပြုတယ်..ဒါပေမဲ့ အခြားဘယ်သူမဆို ဝင်စွက်ဖက်ခဲ့ရင်တော့ ဒီလူက သူတို့အတွက် ဥပမာဖြစ်လိမ့်မယ်..."မိုးရေနိုင်ငံဧကရာဇ်ရဲ့အသံဟာ နောက်တစ်ကြိမ်ထွက်ပေါ်လာခဲ့ပြီး မိုးခြိမ်းသံကဲ့သို့မြည်ဟီးကာ တုန်ခါနေခဲ့ပါတယ်..ထိုနေရာမှာ အခြားစိတ်ဝိညာဉ်ပလ္လင်အဆင့် သုံးယောက်ရှိနေခဲ့တာတောင်မှ သူတို့တွေဟာ ထိုအသံဘယ်ကလာလဲဆိုတာကို ခွဲခြားသက်မှတ်ဖို့

မတတ်နိုင်တုန်းပဲဖစ်ပါတယ်..

"လင်းဟန်....ငါ့ကို အင်ပါယာနန်းတော်မှာ လာတွေ့ဦး"

Chapter 262 end

Chapter 263

အစကနေအဆုံးထိ မိုးရေကောရာဇ်ဟာ သူ့ရဲ့မျက်နှာကိုတောင်မှ မပြခဲ့ပါဘူး..ဒါပေမဲ့လည်းသူ့ရဲ့ လွှမ်းမိုးနိုင်တဲ့ဟန်ပန်ကတော့ လူတိုင်းရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်ပြီးတော့ ကျန်ရစ်ခဲ့ပါတယ်...ဖုယွင်ရှင်းနဲ့ လွီကလန်ခေါင်းဆောင်တို့လို စွမ်းအားပြည့်ဝတဲ့လက်ရွေးစင်တွေတောင်မှ နက်ရှိုင်းတဲ့ကြည်ညိုလေးစားခြင်းတွေကို ခံစားခဲ့ရပြီး ခုခံဖို့ရည်ရွယ်ချက် အနည်းငယ်လေးတောင် မရှိခဲ့ပါဘူး..

ထိုအရာက စစ်မှန်တဲ့ အုပ်ချုပ်သူတစ်ယောက်ပါ..တစ်ကြိမ်အမိန့်ပေးလိုက်တာနဲ့ အဲ့ဒါကို တသဝေမတိမ်း လိုက်နာရပါလိမ့်မယ်..သူတို့တွေအကုန်လုံးဟာ သူ့ရဲ့ကြီးကျယ်ခမ်းနားမှု့အောက်က လက်အောက်ငယ်သားတွေ ဖြစ်လာခဲ့ကြပါတယ်..

လင်းဟန်ရဲ့အကြည့်က အလှမ်းဝေးကွာတဲ့ အင်ပါယာနန်းတော်ဆီရောက်သွားပါတယ်..သူ့ရဲ့ နတ်ဘုရားအာရုံက မိုးရေနိုင်ငံကေရာဇ်ရဲ့အသံဟာ ထိုနေရာကနေ အမှန်တကယ် ထွက်ပေါ်လာတယ်ဆိုတာကို ထုတ်ဖော်ခွဲခြားနိုင်ခဲ့ပါတယ်...

အခြားတစ်စုံတစ်ယောက်သာ ထိုအရာကို ရှာဖွေတွေ့နိုင်ခဲ့ရင်တော့ ထိုသူဟာ သူ့ခေါင်းကိုဆုပ်ကိုင်ပြီး အံ့အားသင့်မှုကြောင့် အာမေဋိတ်သံပြုလိုက်မိမှာပါ.. ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ..?

အင်ပါယာနန်းတော်ဟာ အနည်းဆုံး ဆယ်မိုင်အကွာအဝေးမှာရှိပါတယ်..ဒါ့ကြောင့် ကေရာဇ်ရဲ့အသံဟာ ဒီနေရာကို ဒီလောက်ရှင်းရှင်းလင်းလင်းနဲ့မြန်မြန်ဆန်ဆန် ဘယ်လိုလုပ်ကူးပြောင်းလာနိုင်မှာလဲ..?ဒါ့အပြင် စိတ်ဝိညာဉ်ပလ္လင်အဆင့် လက်ရွေးစင်တစ်ယောက်ကို အမှန်တကယ် သတိလစ်သွားစေတဲ့ ကောင်းကင်ဘုံရဲ့သားတော် လက်သီးသိုင်းနည်းစနစ်ရဲ့ ထိုးချက်တစ်ခုလည်း ရှိပါသေးတယ်...

ဒါက ဒဏ္ဍာရီတစ်ခုဖြစ်ပြီး အရမ်းကို စွမ်းအားပြည့်ဝလွန်းတယ် မဟုတ်လား..?

`စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာ ဒီလိုစွမ်းအားမျိုး သေချာပေါက်မရှိနိုင်ဘူး` ..လင်းဟန်စိတ်ထဲကနေပြီး ကောက်ချက်ချနေခဲ့ပါတယ်... `မိုးရေနိုင်ငံကေရာဇ်က ပန်းဖူးအဆင့်ကို ချိုးဖြတ်ဝင်ရောက်ပြီးနင့်နေတာများ ဖြစ်နိုင်မလား..?` စိတ်ဝိညာဉ် ပလ္လင်အဆင့်နဲ့ ပန်းဖူးအဆင့်ကြားထဲမှာ အဆင့်တစ်ခုပဲရှိပေမဲ့ ဒီတစ်ဆင်င့်ကကောင်းကင်နဲ့မြေကြီးကြားထဲက ကွာဟချက်လိုမျိုးပဲ...စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို သေမျိုးအဖြစ် သက်မှတ်ထားဆဲဖြစ်ပေမဲ့လည်း ပန်းဖူးအဆင့်ကတော့ နတ်ဘုရားအဆင့်ဆီကို ခြေလှမ်းစတင်နေပြီပဲဖြစ်ပါတယ်..

ပန်းဖူးအဆင့်မှာ ရှိတဲ့သူတစ်ယောက်သာလျှင် သူတို့တွေ ဒီနေရာမှာ ရှိနေသလိုမျိုး ဆယ်မိုင်ကျော်ကအသံကို ကူးပြောင်းနိုင်လိမ့်မှာ ဖြစ်ပါတယ်..အတွေးတစ်ချက်ထဲနဲ့တင် သူ့ရဲ့လက်သီးသိုင်းဆန္ဒက သူ့ရဲ့ပစ်မှတ်ဆီကို ရောက်ရှိနိုင်ပြီး စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာရှိတဲ့ ရန်သူတစ်ယောက်ကို လွယ်လွယ်ကူကူ ဖိနှိပ်နိုင်ပါတယ်..

`ဒဲ့လိုလည်း မဟုတ်နိုင်ဘူး..`လင်းဟန် အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်..သူက မိုးရေနိုင်ငံကေရာဇ်ရဲ့ နတ်ဘုရားစိတ်အာရုံတစ်စကို အနည်းငယ်ဖမ်းမိခဲ့ပါတယ်..ထိုအရာက ပန်းဖူးအဆင့်ကို အခုထိမရောက်ရှိခဲ့သေးပါဘူး..ဒါ့ကြောင့် အတော်လေးတော့ ထူးဆန်းပါတယ်..

"လင်းဟန်..ငါမင်းကို နောက်ထပ်ဆယ်ရက် အသက်ရှင်ခွင့်ပြုလိုက်မယ်..နောက်ဆယ်ရက်ကြာရင်တော့ ငါကိုယ်တိုင် မင်းအသက်ကို လာယူမယ်.."ဖန်းယန်ဟာ အေးစက်စွာ ရယ်မောလိုက်ပြီး ချိုကုကို တစ်ချက်ထဲနဲ့ ဆုပ်ကိုင်လိုက်ပြီးရုတ်တရက်ခုန်တက်လိုက်ကာမြင်ကွင်းက နေ ပျောက်ကွယ်သွားပါတယ်..

လွန်ခဲ့တဲ့ အချိန်တစ်ခဏလောက်က သူဒီလောက်လူအများကြီးကို သတ်ခဲ့တာတောင် မည်သူမှ သူ့ကို မတားဆီးဝံ့ကြပါဘူး..

"လင်းဟန်.."ခုနစ်ယောက်မြောက် အင်ပါယာမင်းသားဟာ ချဉ်းကပ်လာခဲ့ပြီး သူ့ရဲ့မျက်နှာမှာတော့ ဝမ်းမြောက်မှု့တွေ ပြည့်နေခဲ့ပါတယ်..သူက မိုးရေနိုင်ငံကေရာဇ်ရဲ့ ပင်ကိုယ်စရိုက်အပေါ် မှန်ကန်တဲ့

လောင်းကြေးထပ်နိုင်ခဲ့ပါတယ်..နိုင်ငံတစ်နိုင်ငံရဲ့အုပ်ချုပ်သူ ဖြစ်တဲ့ ထိုသူဟာ ကြီးစိုးခြယ်လှယ်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်..ဒါကြောင့်သူ့ရဲ့ကိုယ်ပိုင်နယ်မြေပေါ်မှာ သူ့ရဲ့ဩဇာအာဏာကို ဆောင်းလဂိုဏ်းက လာထိပါးတာကို သူဘယ်လိုလုပ်ပြီးတော့ သည်းခံနိုင်ပါ့မလဲ.?

ဒါပေမဲ့လည်း ချိုကုကို သတိမေ့တဲ့ထိ တိုက်ရိုက် ရိုက်နှက်လိုက်တဲ့ မိုးရေနိုင်ငံဧကရာဇ်ရဲ့ သဘောထားကို သူကြိုတင်မသိမြင်နိုင်ခဲ့ရင်တောင်မှ ဒီလိုပဲ အခိုင်အမာဖြစ်နေလိမ့်မှာပါ..

ဘယ်လိုပဲဖြစ်ဖြစ် သူမှန်ကန်တဲ့ ခြေလှမ်းကို လှမ်းနိုင်ခဲ့ပါတယ်..ဒါ့ကြောင့် မိုးရေနိုင်ငံဧကရာဇ်ရဲ့ မျက်နှာသာပေးခြင်းကို သူသေချာပေါက် ရရှိနိုင်လိမ့်မှာပါ..ဒါ့ကြောင့်ပဲ သူဟာ အင်ပါယာပလ္လင်ဆီသို့ ခြေတစ်လှမ်းပိုမို နီးကပ်လာခဲ့ပြီပဲဖြစ်ပါတယ်..

"ခမည်းတော်က မင်းကို ဆင့်ခေါ်ခဲ့တယ်..ဒါ့ကြောင့် မင်း အခုပဲသွားတာ ပိုကောင်းမယ်.."သူက အပြုံတွေဝေဆာစွာနဲ့ ပြောလိုက်ပါတယ်..မိုးရေနိုင်ငံဧကရာဇ်ဟာ မည်သူကိုမဆို တစ်ယောက်ချင်း တွေ့ဆုံဖို့ အရေးတယူလုပ်တာ

အတော်လေးကိုရှားပါးပါတယ်..အရင်တုန်းက ကန်းရီ နဲ့ ဇောင်ဟွမ် လောက်သာ ထိုကဲ့သို့ ဂုဏ်ပြုခြင်းမျိုးကို ရရှိခဲ့ပါတယ်..သူတို့တွေလို အင်ပါယာမင်းသားတွေတောင်မှ မိုးရေနိုင်ငံဧကရာဇ်ကို တစ်ယောက်ခြင်းတွေ့ဆုံဖို့ အခွင့်အရေးရရှိဖို့က အတော်လေး ခဲယဉ်းပါတယ်..

လင်းဟန်က သူ့ကို ခေါင်းညိတ်ပြလိုက်ပါတယ်... လိုအပ်နေတဲ့သူငယ်ချင်းတစ်ယောက်က တကယ့်သူငယ်ချင်းတစ်ယောက်ပဲဖြစ်ပါတယ်...နှင်းယုဥ်ရရင် အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားတို့ရဲ့ ဆောင်ရွက်မှုက အတော်လေးကို အဆင့်နိမ့်နေခဲ့ပါပြီ..သူက လွီယုထန်ကို ဖျက်ခနဲကြည့်လိုက်ပါတယ်..သူ့ရဲ့နောက်လိုက်မလေးဟာ လွီကလန်မျိုးနွယ်ဝင်တွေရဲ့ ထောက်ပံ့မှုကို ခံယူထားခဲ့ရတာပါ..လင်းဟန်ဟာ အသိအမှတ်ပြုခဲ့ပေမဲ့ ဘာမှတော့သွားမပြောခဲ့ပါဘူး...လွီကလန်နဲ့ပတ်သက်ပြီး သူဒေါသထွက်နေခဲ့တာကြောင့်ပါ...

မိုးရေနိုင်ငံဧကရာဇ်ဟာ သူ့ရဲ့သဘောထားကို ရှင်းရှင်းလင်းဖော်ပြခဲ့ပါတယ်..ဒါ့အပြင် လွီကလန်ရဲ့ခေါင်းပေါ်ကနေ သူ့ရဲ့လက်သီးကို တည့်တည့်ပို့ဆောင်ခဲ့တာက လွီကလန်အပေါ်

သူ့ရဲ့ဒေါသကို ထင်ရှားစွာဖော်ပြနေခဲ့တာပါ..လွီကလန်ဟာ ဖန်းယန်နဲ့ လျှို့ဝှက်သဘောတူညီချက်တွေ ဆက်ပြီး လုပ်ဝံ့လိမ့်မှာ မဟုတ်တော့ဘူးလို့ လင်းဟန် ယုံကြည်ပါတယ်..

"သခင်လေးဟန်.."အကြီးဆုံးနဲ့
တတိယအင်ပါယာမင်းသားတို့ကလည်း သူတို့နှလုံးသားတွေ မသက်မသာနဲ့ မျက်နှာပေါ်မှာ အပြုံးတုတစ်ခုဆင်ရင်း လင်းဟန်ဆီ တစ်ပြိုင်နက်ထဲ ချဉ်းကပ်လာခဲ့ပါတယ်..

သူတို့တွေဟာ နောင်တကြောင့် ကိုယ့်ကိုကိုယ် သတ်သေဖို့တောင် အဆင်သင့်
ဖြစ်နေကြပါတယ်။သူတို့ဘယ်လောက်ပဲ
တွက်ချက်ခဲ့ပါစေ..မိုးရေနိုင်ငံကေရာဇ်ဟာ
ဒီလိုလွှမ်းမိုးခြယ်လှယ်တဲ့ လှုပ်ရှားမှုကို အမှန်တကယ်
ပြုလုပ်လိမ့်မယ်ဆိုတဲ့အချက်ကို
သူတို့ကြိုတင်မသိမြင်နိုင်ခဲ့ပါဘူး..အရင်က ဖန်းယန်
မောက်မာဝံ့ကြွားစွာဟန်ရေးပြနေတာကို
သူတို့မျက်မြင်တွေ့ခဲ့ပါတယ်..ဒါပေမဲ့ အင်ပါယာမိသားစုက မည်သည့် တုန့်ပြန်မှုမျိုးမှ မမြင်တွေ့ခဲ့ရပါဘူး..ဒီတစ်ကြိမ်လဲ အတူတူပဲ ဖြစ်လိမ့်မယ်ထင်ခဲ့တာပါ..ဒါပေမဲ့ ဒီနေ့မှာ မမျှော်လင့်ထားတဲ့ မတော်တဆမှုမျိုး ရှိလိမ့်မယ်လို့

သူတို့မတွေးမိခဲ့ပါဘူး..

အကယ်၍ သူတို့သာ ကြိုတင်သိခဲ့မယ်ဆိုရင် သူတို့ လင်းဟန်နောက်မှာ ထောက်ပံ့ပေးဖို့ မယိမ်းယိုင်ပဲရှိနေလိမ့်မှာပါ…အဲ့လိုသာဆိုရင် သူတို့ရဲ့ဆက်ဆံရေးဟာ ပိုပြီးနက်ရှိုင်းလာနိုင်ပြီး မိုးရေနိုင်ငံဧကရာဇ်ရဲ့ မျက်နှာသာပေးမှု့ကိုလည်း ရနိုင်လိမ့်မှာပါ..အခုတော့ ကောင်းရောပဲ..သူတို့ နှစ်ဖက်စလုံးကို စော်ကားမိနေပါပြီ…

လင်းဟန်ဟာ တည်ငြိမ်စွာ ပြုံးရုံမျှသာပြုံးပြီး ပြောလိုက်ပါတယ်.."ကျွန်တော် ဧကရာဇ်နဲ့ တွေ့ဆုံရပါဦးမယ်..ဒါ့ကြောင့် အင်ပါယာမင်းသားတို့နဲ့ စကားလက်ဆုံပြောဖို့ ကျွန်တော့်မှာအချိန်မရှိပါဖူး.."ထိုသို့ပြောပြီးတဲ့နောက် လက်ကိုခါကာ မျက်နှာထားတင်းတင်းနဲ့ထွက်သွားပါတယ်..

အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားတို့ရဲ့မျက်လုံးတွေဟာ တစ်ပြိုင်နက်ထဲ ဒေါသတွေနဲ့ပြည့်သွားပါတယ်…သူက အောက်ခြေအရပ်သားတစ်ယောက်မျှဖြစ်ပါတယ်..အခုတော့ သူတို့လို အင်ပါယာမင်းသားနှစ်ယောက်ရဲ့မျက်နှာရှေ့မှာ

သူ့ရဲ့ဒေါသကို အမုန်တကယ်ပြသရဲတယ်လား..ဒါပေမဲ့ အခုက အဲ့ဒီအပေါ်မှာ ရေးကြီးခွင်ကျယ်လုပ်နေရမဲ့ အချိန်မဟုတ်ပါဘူး..ခုနစ်ယောက်မြောက်အင်ပါယာမင်းသာ းက ရုတ်တရက် လှုပ်ရှားလိုက်ပြီး အခုတော့ ကောရာဇ်ပလ္လင်အတွက်ပြိုင်ပွဲမှာ သူတို့ရှေ့က ဦးဆောင်နေခဲ့ပါပြီ..

ကောရာဇ်ပုလ္လင်နဲ့ယှဉ်ရင် အခြားအရာတွေကို သူတို့ ဘေးဖယ်ထားရလိမ့်မှာပါ..

သူတို့နစ်ယောက်ဟာ အကြည့်ချင်းဖလှယ်လိုက်ပြီး တစ်ချိန်ထဲမှာ ပြုံးလိုက်ကြပါတယ်..သူတို့ရဲ့ ခုနစ်ယောက်မြောက်ညီငယ်လေးဟာ အရမ်းကိုရေပန်းစားတောက်ပလွန်းနေပါတယ်..ဒ့ါကြောင့် အရင်နေရာကို နောက်တစ်ကြိမ် ပြန်ရောက်ဖို့ သူ့ကိုအနည်းငယ် ဖိနှိပ်ပေးရပါလိမ့်မယ်...

လင်းဟန်ဟာ ကွမ်းယွမ်နဲ့ ကျန်တဲ့သူတွေကို ခေါင်းညိတ်ပြလိုက်ကာ ဟူးညိုကို ခေါ်ပြီးတော့အရင်ဆုံးပြန်နင့်ဖို့ ကွမ်းယွမ်နဲ့ ကျူးဝူကျို့ကို အချက်ပြလိုက်လိုက်ပါတယ်.အဲ့ဒီနောက်မှာတော့ သူက အင်ပါယာနန်းတော်ဆီသို့

ခြေလှမ်းကျဲကျဲနဲ့လျှောက်သွားခဲ့ပါတယ်..ဆယ်မိုင်အကွာအဝေးဟာ နွေဦးစမ်းရေအဆင့်မှာရှိတဲ့သူတစ်ယောက်အတွက် ဆယ့်နှစ်မိနစ်လောက်သာ
အချိန်ယူဖို့လိုအပ်ပါတယ်..ဒါ့ကြောင့် မကြာခင်မှာပဲ သူဟာ အင်ပါယာနန်းတော်ရှေ့မှာ ရပ်နေခဲ့ပါတယ်..

"ကျေးဇူးပြုပြီး ကျွန်ုပ်နောက်က လိုက်ခဲ့ပေးပါ.."အင်ပါယာအစောင့်တစ်ယောက်က သူ့ဆီ ချဉ်းကပ်လာခဲ့ပါတယ်..ထိုသူဟာ သာမာန်ပုံပန်းရှိပြီး အသက်သုံးဆယ်လောက်သာလျှင်ရှိပုံပေါ်ပါတယ်..ဒါပေမဲ့ သူက စိတ်ဝိညာဉ်ပင်လယ်အဆင့်မှာ ရှိနှင့်နေခဲ့ပါပြီ မိုးရေနိုင်ငံမှာတော့ ဒါက အတော်လေး အံ့အားသင့်ဖွယ်ကောင်းတဲ့အချက်ပဲဖြစ်ပါတယ်..

မိုးရေနိုင်ငံဧကရာဇ်က သူ့ကို ဆင့်ခေါ်ခဲ့တာကြောင့် သူကို ကြိုဆိုဖို့ အရာအားလုံးက စီမံနှင့်ပြီး ဖြစ်မှာပါ..

လင်းဟန်ဟာ အင်ပါယာအစောင့်နောက်က လိုက်လာခဲ့ပြီး မေးလိုက်ပါတယ်.."ကျွန်တော် ခင်ဗျားကို ဘယ်လိုခေါ်ရမလဲ
"

"ကျိုင်ရှင်း"အင်ပါယာအစောင့်က အေးစက်စွာ

ပြန်ဖြေလိုက်ပါတယ်..သူကလည်း ကန်းရီ နဲ့ တူညီတဲ့ပုံစံရှိပုံရပါတယ်..

"ဝန်ကြီးချုပ်...?"လင်းဟန်ဟာ သူတွေးမိလိုက်တာကြောင့် ငေးကြောင်ကြောင်မဖြစ်မိပဲ မနေနိုင်ခဲ့ပါဘူး..`သူရဲ့မိဘတွေကတော့ ဝန်ကြီးချုပ်အစားအခုလို သိုင်းပညာရှင်အရာရှိတစ်ယောက်ဖြစ်လာတဲ့အတွက် စိတ်ပျက်နေမယ်ထင်တယ်..`

"ချင်း..ရှင်းမဟုတ်ဘူး..."

ကျိုင်ချင်း မတုန်မလှုပ်ပြောလိုက်ပါတယ်..

သူပြောတဲ့ ချင်းက ဘယ်ချင်းကိုပြောတာလဲဆိုတာ ဘယ်သူကသိမှာလဲ..ဒါပေမဲ့ သူရှင်းပြတာအရတော့ သူရဲ့အမည်ဟာ ဝန်ကြီးချုပ်လို့အမိပ္ပါယ်ရတဲ့ "ကျိုင်ရှင်း"တော့ သေချာပေါက်ဟုတ်ပုံမရပါဘူး..လင်းဟန်ဟာ ရယ်မောလိုက်ပြီး ထိုနာမည်ကိစ္စအပေါ် ဆက်ပြီး ရေးကြီးခွင်ကျယ်လုပ်မနေတော့ပါဘူး...နောက်ဆုံးမှာတော့ ထိုသူက စိတ်ဝိညာဉ်ပင်လယ်အဆင့်က

လူတစ်ယောက်ဖြစ်ပါတယ်..ဒါကြောင့် သူ့ကို ဒေါသထွက်အောင်မလုပ်တာ အကောင်းဆုံးပါပဲ မဟုတ်ရင် နောက်ပြန်လှည့်ပြီး သူ့ကို ပြားနေအောင် ရိုက်လိုက်မှ ဟုတ်ပေ့ဖြစ်နေပါဦးမယ်..

ထိုသူဟာ မိုးရေနိုင်ငံကေရာဇ်ရဲ့ လူယုံတော်ဖြစ်ပုံရပါတယ်..သူက အသက်သုံးဆယ်အရွယ်မှာ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ရောက်နင့်နေခဲ့ပြီး မိုးရေနိုင်ငံကေရာဇ်ရဲ့ အပြည့်အဝထောက်ပံ့မှု့နဲ့ဆိုရင် စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို သူ့အသက်လေးဆယ်မှာ ချိုးဖြတ်နိုင်ဖို့ ဖြစ်နိုင်ပါလိမ့်မယ်..

ကျိုင်ချင်း စကားများတဲ့သူတစ်ယောက် မဟုတ်မှန်း သိသာပါတယ်..လင်းဟန်သာ မေးခွန်းတွေ မမေးခဲ့ရင် သူ့ပါးစပ်ကို လုံးဝဖွင့်လိမ့်မှာ မဟုတ်ပါဘူး..လင်းဟန်ကို အတွင်းသို့ ဦးဆောင်သွားစဉ်မှာ သူတို့သွားရာလမ်းမှာရှိတဲ့ အင်ပါယာအစောင့်တွေအကုန်လုံး ကျိုင်ချင်းကို မြင်တာနဲ့ အရိုအသေပေးခဲ့ကြပြီး လင်းဟန်ကို မည်သူမည်ဝါဖြစ်တယ်ဆိုတာကို ဘယ်သူမှ မေးခွန်းထုတ်ချင်ပုံ မပေါ်ပါဘူး...

ကျိုင်ချင်းအဆင့်အတန်းဟာ

အင်ပါယာအစောင့်တွေအကုန်လုံးရဲ့ အထက်မှာရှိနေတဲ့ပုံစံမျိုးပဲဆိုတာ သိသာလွန်းပါတယ်။ သူတို့နှစ်ယောက်ဟာ လျင်မြန်စွာပဲ ပင်မကောင်းကင်ခန်းမကို ရောက်လာခဲ့ပါတယ်..ဒီနေရာဟာ မိုးရေနိုင်ငံကေရာဇ် နိုင်ငံရေးရာတွေကို ကိုင်တွယ်တဲ့နေရာဖြစ်ပြီး ဝန်ကြီးတွေနဲ့ အမှုထမ်းတွေ အရိုအသေပေးရတဲ့နေရာတစ်ခုလဲဖြစ်ပါတယ်..အခုတော့ ညီလာခံအချိန်ကကျော်လွန်သွားခဲ့ပြီဖြစ်ပါတယ်..ခန်းမကြီး တစ်ခုလုံးဟာ ကြီးမားကျယ်ပြန့်ကာ ဟာလာဟင်းလင်းဖြစ်နေပါတယ်...

"မင်းဘာသာ ဝင်သွားလိုက်.."
ကျိုင်ချင်း က အေးစက်စွာ ပြောလိုက်ပါတယ်..

` အေးစက်ပြီး ခံစားချက် မရှိတဲ့ကောင်..`

လင်းဟန်ဟာ ကြိတ်တွေးလိုက်ပြီး ပင်မခန်းမဆီသို့ လျှောက်လာခဲ့ပါတယ်...

ဒီနေရာဟာ အင်ပါယာခန်းမထဲမှာ အကြီးဆုံး နန်းတော်ခန်းမတစ်ခုဖြစ်ပါတယ်..ဒီရောမနန်းတော်ခန်းမကို မီတာတစ်ရာရှည်လျားတဲ့ ကျောက်တိုင်လုံးတွေနဲ့

ထောက်ပံ့ပေးထားပြီး လူတစ်ယောက်ရဲ့ နှလုံးသားကို တုန်လှုပ်စေနိုင်လောက်တဲ့ ခန့်ညားထည်ဝါပြီးကြီးကျယ်ခမ်းနားတဲ့ ခံစားမှုမျိုးကို ပေးစွမ်းနိုင်ပါတယ်..နန်းတော်ခန်းမတစ်ခုလုံးဟာ ဟာလာဟင်းလင်းဖြစ်နေခဲ့ပါတယ်..ဒါပေမဲ့လည်း ကျောက်တိုင်လုံးတစ်ခုစီရဲ့နောက်မှာ စိတ်ဝိညာဉ်ပင်လယ်အဆင့်ရှိတဲ့ အင်ပါယာအစောင့်တွေ ပုန်းကွယ်နေမယ်ဆိုတာကို လင်းဟန်သိနေခဲ့ပါတယ်..

နန်းတော်ခန်းမရဲ့အဆုံးမှာတော့ မြင့်မားတဲ့ပလ္လင်တစ်ခုတည်ရှိပြီး ၎င်းအပေါ်မှာတော့ အသက်ငါးဆယ်အရွယ်လောက်ရှိပုံရတဲ့ လူတစ်ဦးထိုင်နေခဲ့ပါတယ်..သူက အားလုံး ထင်သာမြင်သာရှိအောင် ထိုင်နေခဲ့တာပါ..ဒါပေမဲ့ သူ့ရဲ့ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အရှိန်အဝါက လူတစ်ယောက်ကို ကြောက်ရွံ့တုန်လှုပ်မှုကြောင့် ချွေးပြန်နေစေဖို့ လုံလောက်ပါတယ်..

မိုးရေနိုင်ငံ ဧကရာဇ်...

သူကမကြာခင်မှာ အသက်ခြောက်ဆယ်ပြည့်တော့မှာပါ ဒါပေမဲ့ သူက အသက်ငါးဆယ်အစောပိုင်းမှာသာလျှင်

ရှိနေတဲ့ပုံပေါ်ပါတယ်..သူက သူ့ရဲ့ ငယ်ရွယ်တဲ့ပုံပန်းကို ထိန်းသိမ်းတဲ့နေရာမှာ ကောင်းကောင်းကြိုးစားခဲ့ပုံပေါ်ပါတယ်..

မိုးရေနိုင်ငံ ကေရာဇ်ရဲ့ခြေရင်းမှာ သူ့ကိုခစားနေတယ်လို့ထင်ရတဲ့ မိန်းမတစ်ယောက်ထိုင်နေခဲ့ပါတယ်..ဒါပေမဲ့ လင်းဟန်ပြောနိုင်တာက ထိုမိန်းမဟာ အမှန်တကယ်တော့ ကျင့်ကြံခြင်းပြုလုပ်နေတာဖြစ်နိုင်ပါတယ်.. သူက ရှုခက်ရှင်းဖြစ်ပါတယ်..

ထိုမိန်းမဟာ တုန်နေအောင်အချစ်ခံရတယ်လို့ အများကပြောကြပါတယ်.. နေ့တိုင်းတောင်မှ ကေရာဇ်နဲ့အတူလိုက်ပါနေနိုင်တာကြောင့် အဲ့ဒါဟာ အမှန်တကယ်ပဲဖြစ်ပါတယ်..ဒါပေမဲ့လည်း ကေရာဇ်နှင့်အတူလိုက်ပါတာက ကေရာဇ်ရဲ့လိုအပ်ချက်တွေကို ဖြည့်တင်းပေးဖို့လို့ ဆိုလိုတာမလား..?ဘယ်လိုလုပ်ပြီး သူမက ကျင့်ကြံနေနိုင်တာလဲ..?ဒါက အမှန်တကယ်ကို ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပါဘူး..

ဒီ့အပြင် အကြည့်တစ်ချက်ထဲနဲ့တင်

လင်းဟာန်အတည်ပြုနိုင်တာက မိုးရေနိုင်ငံဧကရာဇ်ကို မိန်းမမာယာနဲ့ လွယ်လွယ်ကူကူလှွမ်းမိုးနိုင်လိမ့်မှာ မဟုတ်ပါဘူး..မဟုတ်ရင် သူ့အခုရရှိနေတဲ့ စွမ်းအားမျိုး ရရှိလာနိုင်လိမ့်မှာ မဟုတ်ပါဘူး..

သူကပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက်ရောက်နေခဲ့ပါပြီ။

မဟုတ်သေးဖူး ပန်းဖူးအဆင့်ဆီသို့ ခြေလှမ်းတစ်ဝက်ရောက်တယ်ဆိုတာက သူက ပန်းဖူးအဆင့်ကို ချိုးဖြတ်နိုင်ဖို့ နီးစပ်နေပြီလို့ပဲဆိုလိုတာပါ..ဒါပေမဲ့ အမှန်တကယ်တမ်းတော့ သူက စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာပဲ ရှိနေတုန်းပဲဖြစ်ပြီး သေမျိုးတစ်ယောက်မျှသာ ဖြစ်နေတုန်းပါ..လင်းဟာန်ရဲ့ခေါင်းထဲမှာ အတွေးတွေဟာ လျှင်မြန်စွာ ဖြစ်ပေါ်နေခဲ့ပါတယ်...မိုးရေနိုင်ငံဧကရာဇ်ဟာ ပန်းဖူးအဆင့်ဆီသို့ ခြေလှမ်းတစ်ဝက်ကို ကျော်ဖြတ်ပြီးပန်းဖူးအဆင့် အဆုံးမဲ့လက်ရွေးစင်တစ်ယောက်ရဲ့ခွန်အားမျိုးကို အမှန်တကယ် ပိုင်ဆိုင်စေခဲ့တာဟာ မျိုးနွယ်စုစွမ်းအားနဲ့ ဆက်စက်နေတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်...

"ကောင်လေး...မင်းက ငါ့ကို အတော်ခေါင်းခဲစေတာပဲ..."မိုးရေနိုင်ငံကေရာဇ်ဟာ လူရှိန်စရာကောင်းတဲ့ အရှိန်အဝါ လေသံတွေနဲ့အတူ ပြောလိုက်ပါတယ်..

Chapter 263 end

Chapter 264

လင်းဟန်ဟာ မိုးရေနိုင်ငံကေရာဇ်ကို ယဉ်ကျေးစွာ လက်သီးဆုပ်အရိုအသေပေးလိုက်ပြီး ပြောလိုက်ပါတယ်..
"ဒီဂျူနီယာငယ်လေးက ကေရာဇ်ကို အရိုအသေပေးပါတယ်.."

သူ့ကိုယ်သူ ဂျူနီယာတစ်ယောက်လို့သုံးနှုန်းလိုက်တာကြောင့် သူအရိုအသေပေးတာဟာ သိုင်းပညာရှင်တစ်ယောက်အနေနဲ့ စီနီယာကို အရိုအသေပေးသလိုမျိုး ဖြစ်ပါတယ်...ဒါ့ကြောင့် ဒူးထောက်ဖို့လည်းမလိုသလို ဦးညွှတ်ဖို့လည်းမလိုအပ်ပါဘူး..ဒီအရာနှစ်ခုက လုံးဝကို မတူညီတဲ့ ရှု့ထောင့်နှစ်ခုဖြစ်ပါတယ်..

မိုးရေနိုင်ငံကောရာဇ်ဟာ သူ့ကို ပြစ်တင်မောင်းမဲခြင်းမရှိပါဘူး..အဲ့ဒီအစား သူက ပြုံးပြီးပြောလိုက်ပါတယ်..

"ကောင်လေး..မင်းက အတော်လေး မာနကြီးတာပဲ.."

သူ့ခြေရင်းက ရှုခက်ရှင်း ဟာ ဆူညံသံကြောင့် နိုးလာခဲ့ပါတယ်...သူမ မျက်လုံးကို ဖွင့်လိုက်တဲ့အချိန် လင်းဟန်ကိုမြင်လိုက်တဲ့အခါ အံ့အားသင့်သွားခဲ့ပါတယ်..သူမဟာ အရင်က ထိုလူငယ်နဲ့တွေ့ဆုံခဲ့ဖူးပြီး တစ်ကြိမ်ကဆို သူ့ကို သတ်ဖို့ထိတောင်မှ တွေးမိခဲ့ဖူးပါတယ်..ဒါပေမဲ့လည်း အဆုံးထိရောက်အောင် သူမ မလှုပ်ရှားခဲ့ပါဘူး..

ဒီကောင်လေးက မိုးရေနိုင်ငံကောရာဇ်နဲ့ တွေ့ဆုံဖို့ထိ အဆင့်မှီနိုင်လိမ့်မယ်လို့ သူမတစ်ခါမှ မတွေးမိခဲ့ပါဘူး..ဒါက အတော်လေးကို အံ့အားသင့်စရာပါ..

"ကောရာဇ်က ဒီနေရာမှာ တကယ်ကို အစစ်အမှန် အင်အားကြီးတဲ့သူတစ်ယောက်ပါ...လက်သီးထိုးချက်တစ်ခုထဲနဲ့တောင် ဆောင်းလဂိုဏ်းရဲ့ အဲ့ဒီသေသင့်တဲ့နောက်လိုက်ကို

လုံးဝရှုံးနိမ့်စေနိုင်ခဲ့တယ်..စိတ်လှုပ်ရှားမှု့ကြောင့် ဒီဂျူနီယာလေးရဲ့ သွေးတွေကိုတောင်ဆူပွက်လာစေတယ်.."လင်းဟန်က မြှောက်ပင့်ပြောဆိုလိုက်ပါတယ်..

"ဟားဟားဟားဟား.."

မိုးရေနိုင်ငံဧကရာဇ်ဟာ ကျယ်လောင်စွာရယ်မောလိုက်ပြီး..သူ့ခေါင်းကိုခါလိုက်ကာ ပြောလိုက်ပါတယ်

"မင်းအခု ပြောလိုက်တဲ့ မြှောက်လုံးပင့်လုံးလောက်လေးနဲ့ မင်ရှာခဲ့တဲ့ ပြဿနာကို မေ့သွားလိမ့်လို့ ထင်နေတာလား..? "

ရှုခက်ရှင်း အံ့အားမသင့်ပဲ မနေနိုင်ခဲ့ပါဘူး..သူမဟာ မိုးရေနိုင်ငံဧကရာဇ်ရဲ့ ဘေးမှာ နှစ်အတော်ကြာရှိနေခဲ့တာပါ.. ဒါပေမဲ့ မိုးရေနိုင်ငံဧကရာဇ် ဒီလောက် ရယ်မောတာကို မမြင်ခဲ့ဖူးသလောက်ပါ..ဒါတင်မက ဒီလူငယ်ကို ကျီစယ်တဲ့အသံနဲ့တောင်မှ ပြောလိုက်ပါသေးတယ်..ဒါက သူမအတွက် မယုံကြည်နိုင်လောက်စရာပါပဲ..

လင်းဟန်က တည်ကြည်စွာပြောလိုက်ပါတယ်..

" ခွင့်လွှတ်ပေးပါ..ကေရာဇ် "

"ဟမ့်..ငါဘယ်လောက်ပဲ ဒေါသထွက်ပါစေဦးတော့ အနက်ရောင်
အဆင့်မြင့်မော်ဆေးပညာရှင်တစ်ယောက်ကိုတော့ ငါဘာမှ မလုပ်ဝံ့ပါဘူး.."

ရှုခက်ရှင်း တစ်ယောက် မျက်လုံးပြူးမကြည့်မိပဲ မနေနိုင်ခဲ့ပါဘူး..အနက်ရောင်အဆင့်
အဆင့်မြင့်မော်ဆေးပညာရှင်..?သူမရှေ့က
ဒီလူငယ်လေးက..?ဒါက
ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ..?ဒါပေမဲ့လည်း
မိုးရေနိုင်ငံကေရာဇ်က လိမ်လည်တဲ့ စကားလုံးတွေကိုတော့ ပြောလိမ့်မှာမဟုတ်ပါဘူး...ဒ့ါကြောင့် သူမအတွက် ဒါက ဘယ်လောက်ပဲ မယုံနိုင်စရာဖြစ်ဖြစ် အဲ့ဒါက အမှန်တရားပဲ ဖြစ်လိမ့်မှာပါ..

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်.."ကျွန်တော့်ကို ခက်ခဲတဲ့ အခြေအနေကနေ
ကူညီကယ်ထုတ်ပေးခဲ့တဲ့အတွက် အရှင့်ကို
အခုထိကျေးဇူးမတင်ရသေးဖူး..အနာဂတ်မှာ

အရှင့်ရဲ့မျက်နှာသာပေးမှု့အတွက် သေချာပေါက် ပြန်ပေးဆပ်မှာပါ.."မိုးရေနိုင်ငံကေရာဇ်ဟာ သူ့ရဲ့အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်အဖြစ် သူ့ရဲ့အဆင့်အတန်းကို ထောက်ပြပြောဆိုခဲ့တဲ့အတွက်ကြောင့် သူက မှော်ဆေးပညာရှင်တစ်ယောက်အဖြစ်နဲ့ မိုးရေနိုင်ငံကေရာဇ်ကို စကားပြန်လည်ပြောဆိုရပါလိမ့်မယ်..အဆင့်အတန်းအနေနှင့်ဆိုလျှင်တော့ စောနကထက်အနည်းသာလျှင် နိမ့်ပါတယ်..

မိုးရေနိုင်ငံကေရာဇ်ဟာ သူ့ပလ္လင်ရဲ့လက်တင်ပေါ်ကို ခပ်ဖြည်းဖြည်းခေါက်လိုက်ပြီး ပြောလိုက်ပါတယ်.."ငါ့ရဲ့ အကြီးဆုံး တတိယနဲ့ ခုနစ်ယောက်မြောက်သားတော်တွေအကုန်လုံးကို မင်းအရင်က ဆုံဖူးခဲ့တယ်မလား..ဘယ်သူက ထီးနန်းကို အမွေဆက်ခံဖို့ အသင့်တော်ဆုံးလို့ မင်းထင်လဲ..?"

ဒီလိုမေးခွန်းမျိုးက ငါ့ကိုမေးသင့်လို့လား..?လင်းဟန် တစ်ခဏလောက်တွေးပြီး ပြန်ပြောလိုက်ပါတယ်.."အရှင့်နလုံးသားထဲကအတိုင်း ဆုံးဖြတ်သင့်ပါတယ်..ကေရာဇ်..ကျွန်တော် အလိမ်အညာစကားတွေကို မပြောဝံ့ပါဘူး.."

"မင်းက အနက်ရောင်အဆင့်အဆင့်မြင့်မှော်ဆေးပညာရှင်တစ်ယောက်လေ...ဖုယွင်ရှင်းနဲ့ ဂူဆောင်လင်း တို့နှစ်ယောက်လုံးက မင်းရဲ့အမြင်ကို အတော်လေးကို ထည့်သွင်းစဉ်းစားပေးကြတယ်..တကယ်လို့ မင်းကငါနဲ့ ကွဲပြားခြားနားတဲ့အမြင်ရှိနေတယ်ဆိုရင် အနာဂတ်မှာ မိုးရေနိုင်ငံရဲ့ ပြည်သူပြည်သားတွေကို နောက်ထပ် မှော်ဆးလုံးတွေမရောင်းတော့ဖို့ မှော်ဆေးပညာရှင်တွေကို မင်းက ကြိုးကိုင်ခဲ့မယ်ဆိုရင်ရော..အဲ့ဒါက မိုးရေနိုင်ငံရဲ့ ပျက်စီးရာပျက်စီးကြောင်းတစ်ခု ဖြစ်မနေလိမ့်ဘူးလား..?"

လင်းဟန်တစ်ယောက် အေးခဲသွားပါတယ်..ထိုပြစ်မှု့က အတော်လေးကို ကြီးမားပြီး ဒီအုပ်ချုပ်သူရဲ့ စိတ်ဆတ်လေ့ရှိတဲ့ အချက်ကိုပါ ထပ်ပေါင်းလိုက်ရင်.. လင်းဟန်က သူ့ရဲ့ကောရာဇ်သြဇာအာဏာကို ခြိမ်းခြောက်လာနိုင်တဲ့ ပြဿနာတစ်ခုဖြစ်လာနိုင်တယ်လို့ သူသာ အမှန်တကယ်ပဲတွေးနေခဲ့ရင် သူဘာပဲဖြစ်နေဖြစ်နေ တိုက်ရိုက်ပဲ သုတ်သင်ဖယ်ရှားခံလိုက်ရနိုင်ပါတယ်..

လင်းဟန်ဟာ သူရဲ့သတိကို တတ်နိုင်သမျှ အဆင့်အမြင့်ဆုံးထိ

တွန်းပို့ထားလိုက်ပါတယ်...မိုးရေနိုင်ငံဧကရာဇ်ဆီမှ ဘယ်လိုလှုပ်ရှားမှု့မဆို ရှိလာပါက သူချက်ချင်း အနက်ရောင်မျှော်စင်ထဲ ဝင်လိုက်မှာပါ...အဲ့ဒါက အဖြစ်နိုင်ဆုံးတော့ မိုးရေနိုင်ငံဧကရာဇ်ဟာ သူ့ဆီမှာ ချက်ချင်းတည်နေရာ ရွှေ့ပြောင်းပေးနိုင်တဲ့ လျှို့ဝှက်နည်းစနစ်အချို့ရှိတယ်ဆိုတာလောက်ပဲ သိနိုင်ပါလိမ့်အော် အဲ့ဒီလိုမှ မဟုတ်ရင်လဲည်း ပုန်းအောင်းဖို့ လျှို့ဝှက်ထားတဲ့ ပစ္စည်းတစ်ခုရှိတယ်လို့ပဲ ထင်လိမ့်မှာပါ..တကယ်လို့ သူ့ရဲ့လျှို့ဝှက်ချက်အချို့ကို ထုတ်ဖော်ဖို့ ဖိအားပေးခံရရင်တောင်မှ အဲ့ဒါက သူ့အသက်ဆုံးရှုံးရမှာထက်တော့ ပိုကောင်းပါသေးတယ်..

"မင်းရဲ့နလုံးသားလေးကို လုံလုံခြုံခြုံရင်ဘတ်ထဲ ပြန်ထည့်သိမ်းလိုက်ပါဦး..ငါသာ မင်းကို တကယ်သတ်ချင်ရင် မင်းတစ်ချိန်လုံး ဒီနေရာမှာ ရှင်နေလိမ့်မှာ မဟုတ်ဖူး.." မိုးရေနိုင်ငံဧကရာဇ်က အေးအေးဆေးဆေး ပြောလိုက်တယ်..

လင်းဟန်ရယ်မောလိုက်ပါတယ်..အပြင်ဖက်မှာ စိတ်သက်သာရာ ရသွားပုံပေါ်ပေမဲ့ စိတ်ထဲမှာတော့ အနည်းငယ်လေးတောင်မှ စိတ်သက်သာရာရမသွားခဲ့ပါဘူး..သူက မည်သူကိုမဆို

လွယ်လွယ်ကူကူယုံတတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး..

"လင်းဟန်..ငါမင်းကို ဘယ်လိုဆက်ဆံသင့်လဲ အခြေခံတည်ဆောက်ရေး ဆေးလုံးကို ဖော်စပ်နိုင်တဲ့ မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်တဲ့ မင်းကြောင့် မိုးရေနိုင်ငံရဲ့ အခြေခံကို ကြီးကြီးမားမား အနှောက်အယှက်ဖြစ်စေနိုင်တယ်လေ.."

"အဟွတ်..ဟွတ်"

နောက်ဆုံးမှာတော့ ရှုခက်ရှင်းက သူမကိုယ်သူမ ပြန်မထိန်းနိုင်တော့လောက်အောင် ချောင်းတွေဆိုးကုန်ပါတယ်။ အင်ပါယာမြို့တော်မှာ အတော်လေးကို ပွက်လောရိုက်စေခဲ့တဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံးကို ဖော်စပ်ခဲ့တဲ့သူက လင်းဟန်တဲ့လား..?မယုံကြည်နိုင်လောက်အောင်ပါပဲ..တကယ့်ကို မယုံနိုင်စရာပါပဲ..သူက အတော်လေးကို ငယ်ပါသေးတယ်..ဒါတောင် အခြေခံတည်ဆောက်ရေးဆေးလုံးတွေ ကို ဘယ်လိုတောင် ဖော်စပ်နိုင်ရတာလဲ..?

လင်းဟန် တစ်ခဏလောက်တွေးပြီး

ပြောလိုက်ပါတယ်.."အနာဂတ်မှာ..တကယ်လို့များ အခြေခံတည်ဆောက်ရေးဆေးလုံး တွေကို ထပ်ဖော်စပ်ဖြစ်ခဲ့ရင် တစ်ဝက်ကို အင်ပါယာမိသာစုဆီ ပထမဆုံးထောက်ပံ့ဖို့ ဦးစားပေးပါ့မယ်.."

"ကောင်းတယ်..."မိုးရေနိုင်ငံ ကေရာဇ်ဟာ နောက်ဆုံးမှာတော့ ပြုံးသွားခဲ့ပြီး တင်းမာနေတဲ့ လေထုဟာလဲ ချက်ချင်း ပြေလျော့သွားပါတယ်..

ကေရာဇ်တစ်ယောက်နဲ့အတူရှိရတာ တကယ်ကို ကျားတစ်ကောင်နဲ့အတူ ရှိနေရသလိုပါပဲ..ကေရာဇ်တစ်ယောက်က အမြဲတမ်း စိတ်ဆတ်နေတတ်ပြီး မည်သူကိုမဆို မျက်စိတစ်မှိတ်အတွင်း သတ်နိုင်ပါတယ်..ဒါ့ကြောင့် မင်းတည်ငြိမ်ချင်ရင်တောင်မှ ဖြစ်မြောက်အောင်လုပ်နိုင်ဖို့ မလွယ်ကူလှပါဘူး..

လင်းဟာန် တိတ်တဆိတ် နဲ့ ဝေဖန်နေမိပါတယ်..တကယ်လို့ အရင်ဘဝက ရှိခဲ့တဲ့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်သာ ရှိနေသေးတုန်းဆိုရင် သူ့ကို အမှန်တကယ် ခြောက်လှန့်ရဲတဲ့ မိုးရေနိုင်ငံကေရာဇ်ကို ကောင်းကောင်းကြီးကို ပြန်ပြီးတော့ခြိမ်းခြောက်ပေးလိုက်ဦးမှာပါ..ဒါပေမဲ့လည်း အခုအချိန်မှာတော့ သူရှုံ့မဲ့နေရုံသာလျှင် တတ်နိုင်ပါတယ်။

"ကျွန်တော် အရှင့်ကြောင့် လန့်ပြီးသေလုမတတ်ပဲ.."

မိုးရေနိုင်ငံဧကရာဇ်ဟာ ပထမတော့ သတိအနည်းငယ်ပေးခဲ့ပြီး နောက်တော့ခြိမ်းခြောက်လာခဲ့ပါတယ်..ဒါတွေအကုန်လုံးက အခြေခံတည်ဆောက်ရေး ဆေးလုံးလောက်လေး အတွက်တဲ့လား..?

"ဟဟ..အနာဂတ်မှာ မင်းက သေချာပေါက်ကို မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်တစ်ယောက်ဖြစ်လာမှာ..အဲ့ဒီအခါကျရင် ငါတောင်မှ လိုက်လိုက်လဲ့လဲ့ကြိုဆိုရလိမ့်မှာလေ..အခုလို အတောင်မစုံသေးတဲ့အချိန်မှာ အခွင့်ကောင်းယူပြီး မင်းကို နည်းနည်းလောက်တော့ အနိုင်ကျင့်ပြီး ရိုက်နက်ပေးရမယ်..အနာဂတ်မှာဆို ငါဒီလိုလုပ်ဖို့ အခွင့်အရေးရတော့မှာ မဟုတ်ဘူး.."

မိုးရေနိုင်ငံဧကရာဇ်ဟာ အပြုံးနဲ့ ပြောလိုက်ပါတယ်..

လင်းဟန်လည်းပဲ ပြုံးလိုက်မိပါတယ်..တကယ်တမ်းတော့ မိုးရေနိုင်ငံဧကရာဇ်ဟာ ဟာသဉာဏ်ရှိတဲ့

သူတစ်ယောက်ဖြစ်ပေမဲ့လည်း အဲ့ဒါဟာ သူက စိတ်ဝင်စားစရာကောင်းပြီး ဟာသဉာဏ်ရှိတဲ့ လူတစ်ယောက်အဖြစ် ခံစားစေချင်လား မခံစားစေချင်ဖူးလားဆိုတဲ့အပေါ်မှာ မူတည်ပါတယ်..

"ငါ့ရဲ့ အကြီးဆုံးနဲ့ တတိယသားတော်တို့ဟာ ပင်ကိုယ်စရိုက်မှာ အနည်းငယ်လိုအပ်နေတုန်းပဲ..သူတို့မှာ ပြင်းပြတဲ့ဆန္ဒတွေရှိတယ် ဒါပေမဲ့ အဲ့ဒါအတွက် သင့်တင့်လျောက်ပတ်တဲ့ အပြုအမူတွေမရှိဘူး.."

မိုးရေနိုင်ငံကေရာဇ်ဟာ သူ့သားတွေအပေါ် အနည်းငယ် ဝေဖန်အကဲဖြတ်ပေးနေခဲ့ပါတယ်။

"ငါ့ရဲ့ ခုနစ်ယောက်မြောက်သားတော်ကတော့ အနည်းငယ် သတိထားလွန်းတယ်..သူက ပြီးပြည့်စုံတဲ့ ခုခံကာကွယ်တဲ့သူတစ်ယောက်ဖြစ်ပေမဲ့ လုံလုံလောက်လောက် တိုးတတ်လာလိမ့်မှာ မဟုတ်ဖူး.."

သူက ရပ်လိုက်ပြီး ဆက်ပြောပါတယ်..

"မင်း ငါ့ရဲ့ခုနစ်ယောက်မြောက်သားတော်ကို ထောက်ပံ့ပေးသင့်တယ်..အနာဂတ်ရဲ့ မြေကမ္ဘာအဆင့်

မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ထောက်ပံ့မှု့နဲ့ဆိုရင် ငါ လွယ်လွယ်ကူကူနဲ့ နန်းစွန့်ပြီး အနားယူနိုင်မယ်..ငါ့ရဲ့ အသက်ခြောက်ဆယ်ပြည့် မွေးနေ့ပြီးရင် ခုနစ်ယောက်မြောက်သားတော်ကို ထီးနန်းလွှဲပေးပြီး အဲ့ဒီနောက်မှာတော့ ငါ သိုင်းပညာပေါ်မှာပဲ အာရုံစိုက်ထားတော့မယ်.."

ရှုခက်ရင်း အကြီးအကျယ် အံ့အားသင့်သွားပြီး သူမမျက်နှာဟာ ဖြူဖျော့သွားပါတယ်..သူမက မထိမ်းနိုင်စွာပဲ အော်ခေါ်မိသွားပါတယ်။

"အရှင်မင်းကြီး....."

မိုးရေနိုင်ငံဧကရာဇ်ဟာ လက်တစ်ဖက်နဲ့ တားလိုက်ပြီး သူမနောက်ထပ်ပြောမှာကို တားဆီးလိုက်ပါတယ်..

"မင်းလည်းပဲ အခု ထွက်သွားသင့်ပြီ.."

လင်းဟန်ဟာ သူတို့နှစ်ယောက်ကြားထဲက ပဟေဋ္ဌိဆန်တဲ့ စကားလုံးတွေကို မည်သို့မျှ စိတ်အနှောက်အယှက်မဖြစ်ပဲ ပြောလိုက်ပါတယ်..

"ဂုဏ်ပြုပါတယ်..ကေရာဇ်.."

"မင်းက ငါ့ကို ဘာလို့ ဂုဏ်ပြုတာလဲ.."ကေရာဇ်က ပြုံးပြီး မေးလိုက်ပါတယ်..

"နိုင်ငံရဲ့အရေးကိစ္စတွေကို နောက်မှာချန်ထားခဲ့တဲ့အခါ ပန်းဖူးအဆင့်ကို ချိုးဖြတ်ခြင်းအပေါ်မှာပဲ အရှင်အာရုံ စူးစိုက်နိုင်လိမ့်မှာဖြစ်တယ်လေ.. အဲ့ဒါကြောင့် အရှင့်ရဲ့ သေမျိုးအနှောင်အဖွဲ့တွေကို ဖြတ်တောက်နိုင်ပြီး နတ်ဘုရားအဆင့်ကို တတ်လှမ်းနိုင်တော့မှာပါ..."

လင်းဟန်က အပြုံးနဲ့ ပြောလိုက်ပါတယ်..

မိုးရေနိုင်ငံကေရာဇ် မျက်ခုံးပင့်မိသွားပါတယ်..ချက်ချင်းပဲ သူ့ရဲ့အရှိန်အဝါတွေဟာ ပင်လယ်ရဲ့လှိုင်းလုံးတွေကဲ့သို့ တရှိန်ထိုးထွက်ပေါ်လာခဲ့ပါတယ်..

"မင်းက ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို တကယ်ပဲ ပြောနိုင်တာလား..?"

လင်းဟန်က အနည်းငယ်ပြုံးလိုက်ကာ သဘာဝကျစွာပဲ ပြောလိုက်ပါတယ်..

"ကျွန်တော်က မော်ဆေးပညာရှင် တစ်ယောက်လေ..ဒါ့ကြောင့် ကျွန်တော့်ရဲ့နတ်ဘုရားအာရုံက တခြား သာမာန်သူတွေထက် ပိုပြီးသန်မာပါတယ်..."

မိုးရေနိုင်ငံဧကရာဇ်ဟာ ခေါင်းညိတ်လိုက်ပါတယ်..ထိုလူငယ်ဟာ အမှန်တကယ်ကို သာမာန်မဟုတ်ပါဘူး..မဟုတ်ရင် စိတ်ဝိညာဉ်စမ်းရေအဆင့်မျှလောက်နဲ့ မြေကမ္ဘာအဆင့်နဲ့နီးစပ်တဲ့ မော်ဆေးလုံးတွေ ဖော်စပ်ဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး..သူဟာ ၎င်းရဲ့လက်တင်ပေါ် နောက်တစ်ကြိမ် လက်ချောင်းတွေနဲ့ ခေါက်လိုက်ရင်း ပြောလိုက်ပါတယ်။

"နောက်လဝက်ကြာရင် ငါ့ရဲ့မွေးနေ့အတွက် ညှော်ခံပွဲတစ်ခု စီစဉ်ရလိမ့်မယ်..အဲ့ဒီအချိန်ကျရင် သိုင်းပညာပြိုင်ပွဲတစ်ခုလဲ ရှိလိမ့်မယ်.."

ဒီစကားလုံးတွေက ဘာကိုဆိုလိုလဲဆိုတာ လင်းဟန်နားမလည်ခဲ့ပါဘူး..ဒါ့ကြောင့် သူခေါင်းသာညိတ်ပြီး ဘာမှပြန်မပြောခဲ့ပါဘူး..

"သိုင်းပညာပြိုင်ပွဲမှာ ပထမရတဲ့သူတစ်ယောက်အတွက် ဆုလာဘ်က နိုင်ငံတော်ဘဏ္ဍာတိုက်ရဲ့ အတွင်းခန်းထဲက ရတနာတစ်ခု ဖြစ်လိမ့်မယ်.."မိုးရေနိုင်ငံကေရာဇ်ဟာ အေးဆေးစွာ ပြောလိုက်ပါတယ်..

လင်းဟန် ချက်ချင်းလှုပ်ရှားသွားခဲ့ပါတယ်..

မုသားမဲ့မျက်လုံး...

မိုးရေနိုင်ငံကေရာဇ်ဟာ ပန်းဖူးအဆင့်ဆီသို့ ခြေလှမ်းတစ်ဝက်ရောက်နှင့်နေခဲ့ပါပြီ..မျိုးနွယ်စု စွမ်းအားကိုပါ အတူတကွထပ်ပေါင်းလိုက်ပါက မိုးရေနိုင်ငံမှာ သူကနတ်ဘုရားတစ်ပါးကဲ့သို့ပါ..ထို့ကြောင့် သူ့ရဲ့နားနဲ့မျက်လုံးတွေဟာ မိုးရေနိုင်ငံရဲ့ နေရာတိုင်းမှာ ရှိနေခဲ့ပါတယ်..အဖြစ်နိုင်ဆုံးကတော့ အကြီးဆုံးနဲ့တတိယအင်ပါယာမင်းသားတို့နဲ့အတူ သူပြုလုပ်ခဲ့တဲ့ သဘောတူညီချက်အနည်းငယ်ကလည်းမိုးရေနိုင်ငံကေရာဇ် ရဲ့မျက်စိအောက်ကနေ မလွတ်မြောက်နိုင်ခဲ့ပါဘူး..

လင်းဟန် တောင့်တင်းသွားပါတယ်..ဒီလိုဆိုရင်

လှီညီအစ်မရဲ့ ကိစ္စကရော..?အမှန်အားဖြင့်တော့ ဧကရာဇ်ရဲ့ကြင်ယာတော်တစ်ယောက်ကို လုပ်ကြံဖို့ ရည်ရွယ်ခဲ့တဲ့ ပြစ်မှုတွေအတွက် သူဖုံးကွယ်ခဲ့ပါတယ်..အဲ့ဒါဟာ နိုင်ငံတော်ကို သစ္စာဖောက်မှုကို ကျူးလွန်တာနဲ့ ဘာမှမကွာခြားပါဘူး..

အမ်း...သူမသိလောက်ပါဘူး..

မိုးရေနိုင်ငံဧကရာဇ်ဟာလည်း လူသားတစ်ယောက်ပဲဖြစ်ပါတယ်..တကယ်လို့ သူပန်းဖူးအဆင့်ကို ချိုးဖောက်ဝင်ရောက်နိုင်ခဲ့ရင်တောင်မှ သေမျိုးတစ်ယောက် မဟုတ်တော့တာပဲ ဖြစ်နိုင်ပါလိမ့်မယ်..နတ်ဘုရားဖြစ်ဖို့အတွက်တော့ အတော်လေးကိုဝေးပါသေးတယ်..သူက အရေးကြီးတဲ့လူအနည်းငယ်လောက်အပေါ်မှာပဲ အကန့်အသတ်နဲ့သာ အာရုံစူးစိုက်နိုင်ပါလိမ့်မယ်..

ဥပမာအနေနဲ့ ထီးနန်းယှဉ်ပြိုင်ပွဲအတွက် အဆင့်မှီတဲ့ စွမ်းရည်ရှိတဲ့ သူ့သားသုံးယောက်လုံးလိုမျိုးပေါ့..ထီးနန်းကို ဆက်ခံဖို့အတွက် ဘယ်သူကပိုသင့်တော်လဲဆိုတာ တိတ်တဆိတ်နှိုင်းယှဉ်ပြီး တွေးတောကောက်ချက်ချနေတဲ့အတွက်

သူတို့ရဲ့လှုပ်ရှားမှု့မှန်သမျှဟာ ကေရာဇ်ရဲ့ မျက်စိအောက်ကနေ မလွတ်မြောက်နိုင်ပါဘူး..

အခုတော့ ကေရာဇ်ဟာ ဆုလာဘ်အနေနဲ့ မုသားမဲ့ မျက်လုံးကို ထုတ်လာခဲ့ပါပြီ..ဒီနေရာမှာ ထုတ်မပြောတဲ့ စကားလုံးတွေကတော့ ရှိနေပါတယ်။

ငါမင်းရဲ့ လှုပ်ရှားမှု့တွေ အကုန်လုံးကို ကောင်းကောင်းကြီး သိနေတယ်..မင်းငါ့စကားတွေကို နားထောင်ဖို့ ဆန္ဒရှိနေသမျှ သဘာဝကျစွာပဲ အကျိုးအမြတ်အချို့ ငါမင်းကို ပေးမယ်...`

နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်သူတစ်ယောက်ဖြစ်နေတာ အံ့သြစရာမရှိတော့ပါဘူး..ထိုသူက
ကြိုးကိုင်ခြယ်လှယ်တဲ့နေရာမှာ အတော်လေးကိုပဲ ကျွမ်းကျင်လှပါတယ်..

end

Chapter 265

မုသားမဲ့မျက်လုံးနှင့်ပတ်သက်၍တော့ ထိုအရာကို အရယူဖို့ လင်းဟန်ဆုံးဖြတ်ခဲ့ပါတယ်..

လင်းဟန်ဟာ တစ်ခဏလောက်တွေးလိုက်ပြီးတဲ့နောက် ပြောလိုက်ပါတယ်

"ကေရာဇ်..မှသားမဲ့ မျက်လုံးမှာ လျှို့ဝှက်နက်နဲတဲ့စွမ်းအားတွေ ပါဝင်ပါတယ်..ဒါ့ကြောင့် အဲ့ဒီအချိန်ကျရင် မရေတွက်နိုင်တဲ့ လူတွေ သေချာပေါက် ပါဝင်ယှဥ်ပြိုင်လာလိမ့်မှာပါ..စိတ်ဝိညာဉ်ပလ္လင်အဆင့် လက်ရွေးစင်တွေတောင်မှ အရုက်ကင်းမဲ့စွာနဲ့ လုပ်ရှားကောင်း လုပ်ရှားနိုင်ပါတယ်..ကျွန်တော့်မှာ ယုံကြည်မှု အများကြီးမရှိပါဘူး.."

အနက်ရောင်မျှော်စင်ကို သူမထုတ်ဖော်ဖြစ်ခဲ့ပါဘူး.. ဒါပေမဲ့လည်း အနက်ရောင်မျှော်စင်ကို တစ်ကြိမ်ထုတ်ဖော်လိုက်တာနဲ့ ၎င်းကိုလုယူဖို့ နတ်ဘုရားအဆင့်မှ အဆုံးမဲ့လက်ရွေးစင်တွေ ရှိလာမှာပါ..အဲ့ဒါက လျှို့ဝှက်နက်နဲတဲ့စွမ်းအားဘယ်လိုမျိုးတွေထက်မဆို များစွာပိုပြီးအရေးကြီးပါတယ်..

မိုးရေနိုင်ငံကေရာဇ်ဟာ ရယ်မောလိုက်ပါတယ်..

"ငါ့အရှေ့မှာ မြေခွေးတစ်ကောင်လို

ကစားပြနေစရာမလိုပါဘူး..ဒီတစ်ကြိမ်တိုက်ပွဲမှာ..ပါဝင်ယှဉ်ပြိုင်သူတွေကို အသက်သုံးဆယ်အောက်လို့ ငါကန့်သတ်ထားတယ်.. တကယ်လို့မင်း ပထမနေရာမရခဲ့ဖူးဆိုရင်တော့ မင်းရဲ့စွမ်းရည်ကင်းမဲ့မှုအတွက် ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်သင့်တယ်.."

လင်းဟန် တစ်ခဏကြာ တွေးလိုက်ပါတယ်..အသက်သုံးဆယ်နှစ်အောက်တွေပဲဆိုရင်တော့ သူနဲ့လက်ရည်တူတိုက်ခိုက်နိုင်တဲ့သူ ဖန်းယန်တစ်ယောက်သာလျှင်ရှိပါတယ်..

"မင်းက မိုးရေနိုင်ငံရဲ့ နိုင်ငံသားပဲ..မိုးရေနိုင်ငံရဲ့အင်အားကိုပြသဖို့ အများပြည်သူရှေ့မှာ မင်း ဖန်းယန်ကို အနိုင်ရစေချင်တယ်.."

မိုးရေနိုင်ငံဧကရာဇ်ကပြောလိုက်ပါတယ်..အဲ့ဒါက လင်းဟန်ခန့်မှန်းထားတဲ့အတိုင်း အတိအကျပါပဲ..

အရင်က ဖန်းယန်ဟာ အတော်လေးကို မောက်မာဝံ့ကြွားခဲ့ပြီး ဆွေကြီးမျိုးကြီး လူချမ်းသာတွေကိုတောင်မှ ဂရုမစိုက်စွာ သတပစ်ခဲ့ပါတယ်..မိုးရေနိုင်ငံဧကရာဇ်ဟာလည်းပဲ

ဒေါသထွက်လာခဲ့ပါတယ်..ဒါပေမဲ့လည်း မိုးရေနိုင်ငံကေရာဇ်ဟာ ဘယ်လောက်ပဲ အင်အားကြီးပြီး စိုးမိုးခြယ်လှယ်တတ်ပါစေ သူဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပထမနဲ့ အဓိကအကျဆုံးဖြစ်ပါတယ်..ဒါ့ကြောင့် သူကရိုးရှင်းစွာပဲ မဆင်မခြင်ပြုလုပ်လိမ့်မှာ မဟုတ်ပါဘူး..

တကယ်လို့ သူ ဖန်းယန်ကိုသာ သတ်လိုက်ရင် အဲ့ဒါက ဆောင်းလဂိုဏ်းရဲ့ အစစ်အမှန်လက်ရွေးစင်တွေကို သေချာပေါက် ဆွဲဆောင်မိပါလိမ့်မယ်..အဲ့ဒီအခါကျရင် မိုးရေနိုင်ငံ ဖျက်ဆီးမခံရရင်တောင်မှ ဆောင်းလဂိုဏ်းရဲ့ ဒေါသမီးကို နှစ်သိမ့်ဖို့အတွက် အလွန်ကြီးမားတဲ့တန်ဖိုးကို ပြန်လည်ပေးဆပ်ရမှာပါ..ဒီအရာက ရင့်ကျက်တဲ့ကေရာဇ်တစ်ယောက်ပြုလုပ်မဲ့ အရာမျိုးမဟုတ်ပါဘူး..

ဒါပေမဲ့လည်း ဖန်းယန် ဒီလောက်စိတ်ကြီးဝင်ပြီး သူ့စိတ်ကြိုက်ပြုမူနေတာကို သူဒီအတိုင်းပဲ ခွင့်ပြုပေးနေသင့်လား..?

မိုးရေနိုင်ငံကေရာဇ်ဟာ အတော်လေးကို ချုပ်ကိုင်ခြယ်လှယ်တတ်တဲ့

သူတစ်ယောက်ဖြစ်ပါတယ်...ဒါ့ကြောင့် သဘာဝကျစွာပဲ သူ့မျက်စိရှေ့တည့်တည့်မှာ မလိုအပ်ပဲ ရေးကြီးခွင်ကျယ် ပြဿနာတွေဖန်တီးဖို့ ဒီဂြိုဟ်ကောင်ကို ဒီအတိုင်းပဲ ခွင့်ပြုထားဖို့ မဖြစ်နိုင်ပါဘူး..သူကဖန်းယန်ကို သတ်ဖို့မဖြစ်နိုင်တာကြောင့် လူအများရှေ့မှာ ဖန်းယန်ကို ရှုံးနိမ့်စေကာ သူရဲ့စိတ်ဝိညာဉ်ကို လျော့ပါစေပြီး သူ့ကို သင်ခန်းစာတစ်ခုပေးရလိမ့်မှာပါ..

လင်းဟန် ခေါင်းညိတ်လိုက်ပါတယ်..မိုးရေနိုင်ငံဧကရာဇ်ရဲ့ တောင်းဆိုချက် မပါရင်တောင်မှ ဖန်းယန်ကို ရင်ဆိုင်ဖို့ သူ့မှာ တုံ့ဆိုင်းနေလိမ့်မှာ
မဟုတ်ပါဘူး..အခွင့်အရေးသာရမယ်ဆိုရင် ဒီကောင်ကို သတ်ပစ်ဖို့ သေချာပေါက် စိတ်စနိုးစနောင့် ဖြစ်နေလိမ့်မှာ မဟုတ်ပါဘူး..

"သွားတော့.."

မိုးရေနိုင်ငံကရာဇ်ဟာ သူ့လက်ကို ဝှေ့ရမ်းလိုက်ပြီး အိပ်ပျော်သွားသလိုမျိုး သူ့မျက်လုံးတွေ ပိတ်လိုက်ပါတယ်။သူကလင်းဟန်ကို နောက်ထပ် စကားပြောချင်တဲ့ပုံ မရှိတော့ဘူးဆိုတာ ထင်ရှားပါတယ်။

လင်းဟန်တစ်ယောက် နန်းတော်ခန်းမထဲကနေ ဆုတ်ခွာလာခဲ့ပြီး ကျိုင်ချင်းရဲ့ အစောင့်အကြပ်အောက်မှာ အင်ပါယာနန်းတော်က ထွက်ခွာလာခဲ့ပါတယ်..ကျိုင်ချင်းက ခြေနှစ်လှမ်းလောက် လျှောက်ပြီးမှ ရုတ်တရက် နောက်ပြန်လှည့်ပြီး ပြောလိုက်ပါတယ်..

"လင်းဟန်...ဧကရာဇ်ရဲ့ မျှော်လင့်ချက်တွေကို စိတ်မပျက်စေနဲ့.."

လင်းဟန်ရဲ့အဖြေကို မစောင့်ပဲနဲ့ မာန်ပါပါလျှောက်ထွက်သွားပါတယ်..

လင်းဟန်ခေါင်းခါလိုက်မိပါတယ်..မိုးရေနိုင်ငံဧကရာဇ်ရဲ့ကြီးစိုးခြယ်လှယ်တတ်တဲ့ အမူအကျင့်ကို ထောက်ပံ့ပေးဖို့ သူ့မှာစွမ်းရည်တွေရှိပါတယ်။ကျိုင်ချင်းရဲ့ ပြုမူသမျှ လုပ်ရှားမှု့တိုင်းနဲ့ စကားလုံးတိုင်းဟာ မိုးရေနိုင်ငံဧကရာဇ်ကို တုပနေခဲ့တာပါ..ဒါပေမဲ့လည်း သူဟာ ပုံပန်းကိုတော့ တုပနိုင်ပေမဲ့လည်း အနှစ်သာရကိုတော့ မသင်ယူနိုင်ခဲ့ပါဘူး..

လင်းဟန်ဟာ ကျိုင်ရှင်းကို လှမ်းခေါ်ပြီး ရှင်းပြဖို့ သူကိုယ်သူ အပင်ပန်း ခံမနေတော့ပါဘူး အဲ့ဒီအစား ဟွာယန်

အကယ်ဒမီဆီသို့ ပြန်ဦးတည်လိုက်ပါတယ်..

"လင်းဟန်..ဟုတ်တယ်မလား..?"

နူးညံ့သိမ်မွေ့တဲ့အသံတစ်ခု သူနောက်က ကြားလိုက်ရပါတယ်..နှစ်သက်ကြည်နူးဖွယ်ကောင်းပြီး ကျက်သရေရှိလှပါတယ်..

လင်းဟန်နောက်လှည့်ကြည့်လိုက်ရာ ရှုခက်ရှင်း တစ်ယောက် သူ့နောက်မှာ ရပ်နေတာကို တွေ့လိုက်ရပါတယ်..သူမရဲ့ခန္ဓာကိုအချိုးအစား နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်က သူမကိုမြင်လိုက်တဲ့ လူတိုင်းရဲ့အကြည့်တွေကို လှလှပပနဲ့ ဆွဲဆောင်နေခဲ့ပါတယ်..ဒါပေမဲ့လည်း လင်းဟန်ဟာ နောက်ထပ်ကြည့်မနေတော့ပဲနဲ့ မေးလိုက်ပါတယ်..

"ကျွန်တော် ကူညီပေးနိုင်တာ ဘာများရှိလဲ..? "

သူကအခု အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင်တစ်ယောက်ဖြစ်ပါတယ်..ဒါ့ကြောင့် သူ့အတွက် ဧကရာဇ် ကြင်ယာတော်ကို တရိုတသေ ပြောနေဖို့ မလိုအပ်ပါဘူး..

"စိတ်ဝင်စားစရာမရှိတဲ့ အသေးအဖွဲ့ဇာတ်ကောင်တစ်ယောက်က အခုလို ဂရန်းမာစတာမှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဖူးဘူး.."

ရှူခက်ရှင်းက သူမခေါင်းကို ခါလိုက်ပြီး သူမကိုယ်ကို အနည်းငယ် ကွေးညွတ်လိုက်ပါတယ်..သူမရဲ့ အဖြူရောင်ဂါဝန်ဟာ ပန်းတစ်ပွင့် ပွင့်လန်းလာသကဲ့သို့ ရစ်ဝဲသွားပါတယ်..

"ခက်ရှင်းက ဂရမ်းမစတာကို နှုတ်ခွန်းဆတ် ပါတယ်.."

လင်းဟန်က အေးဆေးစွာပြုံးလိုက်ပြီး ပြန်ပြောလိုက်ပါတယ်..

"ကေရာဇ်ကြြင်ယာတော်ရှူ သင့်ရဲ့ နှုတ်ခွန်းဆတ်မှု့က ယဉ်ကျေးလွန်းပါတယ်..ကျွန်တော် လက်မခံဝံ့ပါဘူး.."

ရှူခက်ရှင်း ပြန်ပြီးမတ်မတ်ရပ်လိုက်ပြီးတော့ပြုံးလိုက်ပါတယ်..

"ဂရန်းမာစတာ..ခက်ရှင်းမှာ တောင်းဆိုစရာတစ်ခု ရှိပါတယ်.."

"ကေရာဇ်ကြင်ယာတော်ရှူ ..တောင်းဆိုရမဲ့သူများနေတယ်လို့ မထင်ဖူးလား..ကေရာဇ်က မိုးရေနိုင်ငံရဲ့ အုပ်ချုပ်သူဖြစ်ပါတယ်..ဒါ့ကြောင့် ဘာပဲ အလိုရှိရှိ သင်တောင်းဆိုသင့်တဲ့သူက ကေရာဇ်ပဲ ဖြစ်သင့်တယ် မဟုတ်လား..?"

လင်းဟန်က ပြောလိုက်ပါတယ်..

ရှူခက်ရှင်း က သက်ပြင်းချလိုက်ပြီး အနည်းငယ် ဝမ်းနည်းသွားပုံ ပေါ်ပါတယ်..မည်သူမဆို သူမကို မြင်ခဲ့လျှင် သူတို့ဟာ သူမရဲ့သနားချင်စဖွယ်ကောင်းတဲ့ ပုံပန်းကြောင့် စိတ်ထိခိုက်ပြီး သူမအတွက် ဂရုဏာသက်ပြီးစာနာထောက်ထားမှု့တွေ ဖြစ်ပေါ်လာမှာပါ..ဒါပေမဲ့လည်း ဒီအကွက်က လင်းဟန်အပေါ် အသုံးမဝင်ခဲ့ပါဘူး..

"ဂရန်းမာစတာ မသိပါဘူး..ခက်ရှင်းကကေရာဇ်ရဲ့ ကြင်ယာတော် အမည်ခံပဲ ဖြစ်ပါတယ်.."

လင်းဟန်က လုံးဝကို စိတ်မဝင်စားပဲ နဲ့ အေးအေးဆေးဆေး ကြည့်နေတာကို သူမမြင်တဲ့အခါ နေးကွေးစွာ ပြောလိုက်ပါတယ်..

"အိုး..."

လင်းဟန်ဟာ ခေါင်းညိတ်လိုက်ပြီး ထွက်ခွာဖို့ ပြန်လှည့်လိုက်ပါတယ်။

"နေပါဦး.."

ခက်ရှင်းက လျှင်မြန်စွာ သူ့ကို အမှီလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ခက်ရှင်းက
အခြေခံတည်ဆောက်ရေးဆေးလုံးဆယ်လုံးအတွက်
ကျင့်ကြံခြင်းနည်းစနစ် တစ်ခုနဲ့ လဲလှယ်ချင်ပါတယ်.."

သူမက အခု စိတ်ဝိညာဉ်ပင်လယ်အဆင့်ရဲ့ တတိယအလွှာမှာဖြစ်ပြီး အလွှာကိုးနဲ့ အဝေးကြီးလိုပါသေးတယ်..ဒါပေမဲ့လည်း
ပန်းဖူးအဆင့်အောက်က

ကျင့်ကြံခြင်းအဆင့်တွေအကုန်လုံးအတွက် နောက်တစ်ဆင့်ကို ချိုးဖောက်ဝင်ရောက်ဖို့က အဲ့လောက်ကြီး မခက်ခဲပါဘူး..ထို့ကြောင့် နှစ်အနည်းငယ်ကြာတဲ့အခါ သူမစိတ်ဝိညာဉ်ပလ္လင်အဆင့်ကို ချိုးဖောက်ဝင်ရောက်ရလိမ့်မှာပါ..ဒါကြောင့် အခြေခံ တည်ဆောက်ရေး ဆေးလုံးဆယ်လုံးသာ သူမပိုင်ဆိုင်ထားမယ်ဆိုရင် သူမအတွက် အောင်မြင်နိုင်မဲ့ အခွင့်အရေးဟာ အလွန်မြင့်မားလာမှာပါ။

လင်းဟန်က သဘောကျစွာနဲ့ ရယ်လိုက်မိပါတယ်..

"ကြင်ယာတော်ရှု မှာကြီးမားတဲ့ အလိုဆန္ဒ တစ်ခုရှိနေတာပဲ..အခုပြောနေတာက အခြေခံတည်ဆောက်ရေး ဆေးလုံးဆယ်လုံးလေ မူလစွမ်းအင်ပြန်လည် ဖြည့်ဆည်းခြင်း ဆယ်လုံးမှ မဟုတ်တာ.."

တကယ်တမ်းမှာတော့ သူ့လိုမျော်ဆေးဆရာဇ်တစ်ယောက်ရဲ့ မျက်လုံးထဲမှာ အခြေခံတည်ဆောက်ရေးဆေးလုံးနဲ့ မူလစွမ်းအင်ပြန်လည်ဖြည့်ဆည်းခြင်းဆေးလုံး ကြားထဲမှာ ကွာခြားချက် အများကြီး မရှိပါဘူး..

ရှူခက်ရှင်းဟာလည်းပဲ သူမတောင်းဆိုတာ အတော်များနေမှန်း ကောင်းကောင်းသိပါတယ်..ဒါပေမဲ့ အပေးအယူမှာတော့ ပထမဆုံးအကြိမ်မှာပဲ သူမဘယ်လောက်လက်ခံနိုင်လဲဆိုတာ အခြားသူကို ဘယ်လိုလုပ် သိခွင့်ပြုနိုင်မှာလဲ.

"လဲလှယ်ဖို့အတွက် ခက်ရှင်း ကမ်းလှမ်းတဲ့ ကျင့်ကြံခြင်းနည်းစနစ်က အဲ့ဒီတန်ဖိုးနဲ့ သေချာပေါက် ထိုက်တန်နေတာကြောင့်ပါ.."

"အိုး..ပြောပါဦး..."

လင်းဟန်က စကားကိုမယုတ်မလွန်ပြောလိုက်ပါတယ်..

"ဂရန်းမာစတာ တိတ်ဆိတ်တဲ့ နေရာတစ်ခုဆီကို ခက်ရှင်းရဲ့ နောက်က လိုက်ခဲ့ပေးပါ.."

လင်းဟန်က အနည်းငယ် သိချင်သွားပါတယ်..ဒါ့ကြောင့် သူသဘောတူလိုက်ပါတယ်..သူတို့နှစ်ယောက်ဟာ ဆိုင်တစ်ခုဆီသို့ သွားခဲ့ပြီး သီးသန့်ခန်းတစ်ခုငှါးကာ အချင်းချင်း မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ပါတယ်..

"မင်းပြောတဲ့ ကျင့်ကြံခြင်းနည်းစနစ်က ဘာလဲ..?"

လင်းဟန်က စကားကို လှည့်ပတ်ပြောနေဖို့ ရည်ရွယ်ချက်မရှိပါဘူး..

ရှူခက်ရှင်း က လင်းဟန်စိတ်မရှည်ဖြစ်နေကြောင်း ပြောနိုင်ပါတယ်..ဒါ့ကြောင့် သူ့ကို မချင့်မရဲဖြစ်ဖို့ ဆက်မလုပ်တော့ဘဲ ပြောလိုက်ပါတယ်..

"ပုံစံမဲ့ နလုံးသား ဆုဒြာကျင့်ကြံခြင်းနည်းစနစ်ရဲ့ အလွှာခြောက်ခု အပြည့်အစုံ.."

ချက်ခြင်းပဲ လင်းဟန်ခေါင်းထဲမှာ အတွေးအနည်းငယ် ဖြတ်ပြေးသွားပြီး အဖြစ်အပျက်ကို ဆက်စပ်နိုင်ခဲ့ပါတယ်..

ပုံစံမဲ့နလုံးသားဆုဒြာရဲ့ အဆင့်ကို ဘေးဘယ်ထားဦး..အရေးကြီးတဲ့အရာက ကျင့်ကြံခြင်းနည်းစနစ်မှာအလွှာခြောက်ခု အပြည့်အစုံပါတယ်ဆိုတာပါပဲ..အဲ့ဒါက ၎င်းကို ပန်းဖူးအဆင့်အထိ ရောက်အောင် ကျင့်ကြံနိုင်လိမ့်မယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်..ပြီးတော့

မြောက်ဘက်အစွန်အဖျားက နိုင်ငံကိုးခုမှာ အချို့တဲ့ဆုံးအရာလဲ ဖြစ်တယ်မဟုတ်လား။

ဒီအရာက ပန်းဖူးအဆင့်အတွက် ကျင့်ကြံခြင်းနည်းစနစ်တစ်ခုဖြစ်ပါတယ်..ဒါက ပန်းဖူးအဆင့် လက်ရွေးစင်တွေရဲ့ ပုံပန်းကို ကန့်သတ်ထားတဲ့အရာဖြစ်ပါတယ်.. လူမျိုးစုရဲ့စွမ်းအားကို အားကိုးပြီးသူတို့ဆီမှာ ထည့်သွင်းပြီးတော့ ပန်းဖူးအဆင့်ကိုချိုးဖျက်ခြင်းကို မသတ်မှတ်နိုင်ပါဘူး...သူတို့တွေက သူတို့ရဲ့ကိုယ်ပိုင် တိုင်းပြည်တွေကနေ ထွက်သွားဖို့ လုံးဝမဖြစ်နိုင်ပါဘူး..မဟုတ်ရင် မျိုးနွယ်စုစွမ်းအင်ထောက်ပံ့မှု့ကို တစ်ကြိမ်ဆုံးရှုံးလိုက်တာနဲ့ သူတို့ရဲ့ မူလပုံစံကို ချက်ချင်းပြန်ရောက်သွားလိမ့်မှာပါ..ထပ်ပြောရရင် သူတို့ရဲ့အသက်တွေဟာ သဘာဝသက်တမ်းထက် ကျော်လွန်သွားခဲ့ရင် နိုင်ငံရဲ့နယ်နမိတ်ကနေထွက်ခွာသွားတာနဲ့ အိုးမင်းခြင်းကြောင့် ချက်ချင်းတောင်မှ သေဆုံးသွားနိုင်ပါတယ်..

မိုးရေနိုင်ငံဧကရာဇ်ဟာ ရှုခက်ရှင်းနဲ့ ထူးခြားတဲ့

ဆက်ဆံရေးရှိပါတယ်..သူမမှာ မိုးရေနိုင်ငံကေရာဇ်ရဲ့ကြင်ယာတော်ဆိုတာ နာမည်ခံသာရှိကြောင်း စောနကပြောခဲ့တာကို ကြည့်ရင်..ရှုခက်ရှင်းက မိုးရေနိုင်ငံကေရာဇ်နဲ့ ဒီလိုမျိုး သဘောတူညီချက်မျိုး ပြုလုပ်ထားတာဖြစ်ရမယ်လို့ သူက အတည်ပြုနိုင်ခဲ့ပါတယ်..နှစ်အနည်းငယ်အတွင်း သူမ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ချိုးဖြတ်ဝင်ရောက်နိုင်ခဲ့တဲ့ အကြောင်းပြချက်ဟာ သူမရဲ့ကျင့်ကြံခြင်းမှာ ထောက်ပံ့ဖို့ မျိုးနွယ်စုစွမ်းအားကို အသုံးပြုနိုင်တာကြောင့် ဖြစ်ပုံရပါတယ်..

ပိုတွေးရရင် ရှုခက်ရှင်းဟာ ပန်းကြွေအဖွဲ့အစည်းနဲ့ သဘောထားကွဲလွဲတာက အမြဲတမ်းနပျိုဆေးကြောင့်ဆိုတာ အမှန်တကယ် ဖြစ်နိုင်ပါ့မလား။တကယ့်အကြောင်းပြချက်က ရှုခက်ရှင်းက ၎င်းကို သူမအတွက် တကိုယ်ကောင်းဆန်ဆန်နဲ့ရယူချင်လောက်တဲ့အထိဆန္ဒဖြစ် ပေါ်စေနိုင်လောက်တဲ့ ပုံစံမဲ့နှလုံးသားဆုဒြာကြောင့်သာ ဖြစ်သင့်ပါတယ်..မဟုတ်ရင်လဲ ပန်းကြွေအဖွဲ့အစည်းရဲ့အဆင့်မြင့်သူတွေဟာ ဒီလျှို့ဝှက်ချက်ကို ထိန်းသိမ်းဖို့ သူမကို သတ်ချင်တဲ့အတွက် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်..ဒါပေမဲ့ အဲ့ဒီအစား ရှုခက်ရှင်းကသာ ပန်းကြွေအဖွဲ့အစည်းကို ပျက်စီးစေတဲ့

ပထမဆုံးလှုပ်ရှားမှုကို ပြုလုပ်လိုက်ခြင်းနဲ့ တန်ပြန်တုံ့ပြန်လိုက်ပါတယ်..

ရှုခက်ရှင်းက မိုးရေနိုင်ငံဆီသို့ ဒီကိစ္စတွေပြီးမှ ထွက်ပြေးလာခဲ့ပြီး မိုးရေနိုင်ငံဧကရာဇ်နဲ့ သဘောတူညီချက်အချို့ ပြုလုပ်ခဲ့ပုံပေါက်ပါတယ်..ရလဒ်အနေနဲ့ မိုးရေနိုင်ငံဧကရာဇ်ဟာ ခြေတစ်လှမ်းပိုမို ရှေ့ဆက်နိုင်ခဲ့ပြီး ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက်ရောက်နေခဲ့ကာ ပန်းဖူးအဆင့်ဆီသို့ တံခါးပေါက်ဖွင့်ဝင်နိုင်ရန် အလွန်ကို နီးစပ်ခဲ့တာပါ..ပန်းဖူးအဆင့်ရဲ့ တံခါးပေါက်ကိုအမှန်တကယ်ကျော်လွှားနိုင်ဖို့ အချိန်သိပ်ကြာလိမ့်မှာ မဟုတ်ပါဘူး..

ရှုခက်ရှင်း က ကျင့်ကြံခြင်းနည်းစနစ်နာမည်လေးတစ်ခုကို ဖော်ပြလိုက်ရုံလေးနဲ့ လင်းဟန် အနေနဲ့ ဒီလောက် အကြောင်းအရာတွေ အများကြီးကို အဖြေရှာတွေ့သွားစေမိလိမ့်မယ်လို့ သူမ တစ်ခါမှ တွေးမိလိမ့်မှာ မဟုတ်ပါဘူး။တကယ်လို့ သူမသာ ရှာတွေ့သွားခဲ့ရင် လင်းဟန်ရဲ့ အကျိုးသင့်အကြောင်းသင့်တွက်ချက်တတ်တဲ့ စွမ်းရည်က သူမကို လုံးဝ အံ့အားသင့်သွားစေပါလိမ့်မယ်..

လင်းဟန်က ပုံစံမဲ့ နလုံးသားဆုဒြာကို စိတ်မဝင်စားခဲ့ပါဘူး..ကျင့်ကြံခြင်းနည်းစနစ် အလှ္ဘာခြောက်ခုကို ဘေးဖယ်ထားဦး အလှ္ဘာကိုးရှိရင်တောင်မှ အဲ့ဒါကို ဒုတိယအကြိမ် ကြည့်ပေးဖို့တောင် သူ့ကိုယ်သူ စိတ်ကသိကအောက်ဖြစ်ခံလိမ့်မှာ မဟုတ်ပါဘူး..သူက အေးအေးဆေးဆေးပဲ ပြောလိုက်ပါတယ်။

"ငါက ပန်းဖူးအဆင့်နဲ့ အဝေးကြီးလိုသေးတယ်..ဒါ့ကြောင့် အခုအချိန် စိတ်မဝင်စားသေးဖူး.."

ရှုခက်ရှင်း တစ်ယောက် မယုံနိုင်လောက်အောင် အံ့အားသင့်သွားတာကြောင့် ပါးစပ်အဟောင်းသားဖြစ်သွား ခဲ့ပါတယ်။

Chapter 266

ရှုခက်ရှင်းရဲ့အတွေးထဲမှာတော့ ကျင့်ကြံခြင်းနည်းစနစ်အလှ္ဘာခြောက်ဟာ မိုးရေနိုင်ငံ....မဟုတ်သေးဘူး မြောက်ဘက်အစွန်အဖျားနိုင်ငံကိုးခုလုံးက သိုင်းပညာရှင်တွေအကုန်လုံးကိုတောင်မှအတော်လေးကို

ဆွဲဆောင်နိုင်ပါတယ်..ဒီကျင့်ကြံခြင်းနည်းစနစ်ဟာ လူတစ်ယောက်အတွက် အရေးကြီးဆုံးအဆင့်ဖြစ်တဲ့ နတ်ဘုရားတစ်ပါးဖြစ်လာဖို့ အရည်အချင်းကို ရရှိစေပြီး သေမျိုးကိုယ်ခန္ဓာကို စွန့်ပစ်ဖို့ ခွင့်ပြုပေးနိုင်လို့ပါ..

ပန်းဖူးအဆင့်ဟာ နတ်ဘုရားတစ်ပါးဖြစ်လာဖို့နဲ့ အဝေးကြီးတော့ လိုပါသေးတယ်..ဒါပေမဲ့လည်း နတ်ဘုရားတစ်ပါးဖြစ်ဖို့အတွက် ပထမဆုံးခြေလှမ်းပဲ ဖြစ်ပါတယ်..

သူမဟာ ဒီငါးစာကို ပစ်လိုက်ပြီး လင်းဟန် သေချာပေါက် သူမငါးစာကို လာဟပ်လိမ့်မယ်လို့ ယုံကြည်နေခဲ့တာပါ..သူမဟာ အတော်လေးကို သေချာနေခဲ့ပြီး..လင်းဟန် တကယ်ပဲ ငြင်းဆန်လိမ့်မယ်လို့ သူမ တစ်ခါမှ မတွေးမိခဲ့ပါဘူး..ဒါပေမဲ့လင်းဟန်ကတော့ အနည်းငယ်လေးတောင် တုံ့ဆိုင်းခြင်းမရှိပဲ ငြင်းဆန်ခဲ့တာပါ..

ဖြစ်နိုင်တာက..

"မောင်ငယ်လေး..ကျင့်ကြံခြင်းနည်းစနစ် အလှဲ့ခြောက်ကိုများ ပိုင်ဆိုင်ပြီးနှင့်နေတာလား..?"

ရှုခက်ရှင်းက ချစ်စဖွယ် မေးလိုက်ပါတယ်..သူမဟာ အတော်လေး နူးညံ့သိမ်မွေ့စွာလှုပြီး သူမရဲ့ဆွဲဆောင်မှုဟာ ပြည့်လျှံနေတုန်းပဲ ဖြစ်ပါတယ်..

"ကြင်ယာတော်ရှု အဲ့ဒါ ဖြစ်နိုင်တယ် ထင်လို့လား..?"

ဒါပေါ့..ဒါက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး..မိုးရေနိုင်ငံမှာ ကျင့်ကြံခြင်းအလွှာခြောက်က ဘယ်လိုလုပ်ပြီး ရှိနိုင်မှာလဲ..?

ရှုခက်ရှင်း တစ်ယောက် သူမခေါင်းထဲမှာ တွေးနေခဲ့ပါတယ်..ဒါပေမဲ့ လင်းဟန်က တကယ့်ကို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့တာပါ..ဒါ့ကြောင့် သူ့မှာကျင့်ကြံခြင်းအလွှာခြောက်ခု ရှိနိုင်တယ်လို့ သူမခံစားနေရတုန်းပါ..သူမဘဝမှာ တစ်ခါမှ ဒီလောက် မတုန်လှုပ်ခဲ့ဖူးပါဘူး..ဒါ့ကြောင့် သူမ အမှန်တကယ်ပဲ ရူးသွားတော့မလို ခံစားနေခဲ့ရပါတယ်..

လင်းဟန်က သူမရဲ့ စိတ်ရှုပ်ထွေးနေမှုကို တက်တက်ကြွကြွပဲ ပြန်ဖြေပေးလိုက်ပါတယ်..

"ကျွန်တော်က

မှော်ဆေးပညာရှင်တစ်ယောက်လေ..အဲ့လောက်မြင့်တဲ့ ကျင့်ကြံခြင်းနည်းစနစ်တစ်ခု လိုအပ်ပါ့မလား..?"

ဒါက ယုတ္တိရှိပါတယ်..ဒီလို ငယ်ရွယ်စဉ်မှာတောင် သူက မြေကမ္ဘာအဆင့်နဲ့ နီးစပ်နေတဲ့ မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နေခဲ့ပါပြီ..ဒါ့ကြောင့် သူရှေ့ဆက်သွားရမယ့်အနာဂတ်တတ်လမ်းအတွက် အကန့်အသတ်ရှိရမှာ ဖြစ်တဲ့အပြင်.. လူတစ်ယောက်ဟာ စွမ်းအင်တွေကို ကန့်သတ်ထားရပါမယ်..ဒါ့ကြောင့် သူ့ရဲ့အာရုံဟာ နယ်ပယ်တွေအများကြီး အပေါ်မှာ လောဘကြီးပြီး ပြန့်နှံ့နေရင် ဘယ်နယ်ပယ်မှာမှ ဆရာတစ်ဆူအဖြစ် ရပ်တည်နိုင်လိမ့်မှာ မဟုတ်ပါဘူး..

ရှုခက်ရှင်း ဟာ အနည်းငယ်သံသယဝင်နေတုန်းပါပဲ ဒါပေမဲ့လည်း ဆက်မေးဖို့ သူမအတွက် မသင့်တော်ပါဘူး..သူမဟာ အချိန်အတော်ကြာ တွေဝေနေခဲ့ပြီးတဲ့နောက် ပြောလိုက်ပါတယ်.."အလဲအလှယ်လုပ်ဖို့ ကျွန်မဘက်က ပေးနိုင်တဲ့ ရတနာတစ်ခု ရှိသေးတယ်.."

"အိုး...ဘာများလဲ..?"

လင်းဟန် သာမာန်ကာလျှံကာ မေးလိုက်ပါတယ်..

"ကျွန်မလည်းမသိဖူး..."

ရှုခက်ရှင်းက သူမခေါင်းကို ခါလိုက်ပါတယ်..အရာအားလုံးဟာ သူမမျှော်လင့်ထားသကဲ့သို့ ဖြစ်မလာခဲ့တာကြောင့် လုံးဝကို တုန်လှုပ်နေပါတယ်..ဒါ့ကြောင့် သူမရဲ့ညို့ယူဖမ်းစားတဲ့ မာယာတွေကို ရုတ်သိမ်းလိုက်ပြီး တည်ကြည်လေးနက်လာခဲ့ပါတယ်..

လင်းဟန် မထိန်းစွာ ရယ်မိလိုက်ပါတယ်..

"နောက်နေတာလား..ကြင်ယာတော်ရှု?"

ဒီလိုမျိုး ဘယ်လိုလုပ်ရှိနိုင်မှာလဲ..?သူမက ရတနာတစ်ခုနဲ့ အလဲအလှယ်လုပ်ချင်တယ်လို့ ပြောခဲ့တယ်..ဒါပေမဲ့ အဲ့ဒါက ဘာလဲဆိုတာတောင် သူမ မသိဖူး...အဲ့ဒီအရာက ရတနာတစ်ခုဆိုတာ ဘယ်လိုလုပ် သေချာနေနိုင်ရတာလဲ..?

"လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က ကျွန်မနဲ့ ကျွန်..ကျွန်မဂိုဏ်းရဲ့ အကြီးအကဲအနည်းငယ်ဟာ ရှေးဟောင်းဂူသချိုင်းတစ်ခုကို

ရှာဖွေတွေ့ရှိခဲ့တယ်. ပုံစံမဲ့ နလုံးသား ဆုဒြာကို အဲ့ဒီကနေ ငါတို့ရရှိခဲ့တယ်..ပြီးတော့ ပုံစံမဲ့နလုံးသားဆုဒြာရဲ့ဘေးမှာ ငါတို့ဘယ်လိုမှဖွင့်လို့မရတဲ့ တင်းတင်းကြပ်ကြပ်စည်းတံဆိပ်နဲ့ ခတ်နှိပ်ထားတဲ့ သေတ္တာတစ်လုံးလည်း ရှိနေခဲ့တယ်.."

သူမ ခဏလောက်နားလိုက်ပြီး ဆက်ပြောပါတယ်..."ပုံစံမဲ့နလုံးသား ဆုဒြာရဲ့ဘေးမှာ အဲ့ဒီသေတ္တာရှိနေတာဆိုတော့ ပုံစံမဲ့နလုံးသားဆုဒြာလို တန်ဖိုးရှိတဲ့အရာ ပါဝင်မယ်ဆိုတာ သေချာသလောက်ပဲ.."

လင်းဟန် အနည်းငယ်ပြုံးလိုက်ပါတယ်.."ဒါဆို ကြင်ယာတော်ရှု က အဲ့ဒီအမည်မသိတဲ့ပစ္စည်းကို အခြေခံ တည်ဆောက်ရေးဆေးဆယ်လုံးအတွက် လဲလှယ်ဖို့ အသုံးပြုချင်တာပေ့ါ.."

"ဟုတ်တယ်.."ရှုခက်ရှင်းက ခေါင်းညိတ်လိုက်ပါတယ်.."ဂရန်းမာစတာ အဲ့ဒီအပေါ် အလောင်းအစားလုပ်ချင်လား..."

"ကောင်းပြီ.."လင်းဟန် တုံ့ဆိုင်းခြင်းမရှိပဲ ပြန်ပြောလိုက်ပါတယ်..ဘယ်လိုပဲဖြစ်ဖြစ် သူက

အခြေခံတည်ဆောက်ရေးဆေးတွေကို လွယ်လွယ်ကူကူ လျှင်လျှင်မြန်မြန်နဲ့ ဖော်စပ်နိုင်ပါတယ်..ဒါ့ကြောင့် သာမန်သေတ္တာတစ်လုံးနဲ့ ၎င်းတို့ကို လဲလှယ်လိုက်မိတယ်ဆိုရင်တောင်မှ အဲ့ဒါက သူ့အတွက် ငွေဒင်္ဂါးပြားသန်းအနည်းငယ်နဲ့ အချိန်တစ်နာရီဝန်းကျင်လောက် ဖြုန်းတီးမိရုံသာလျှင် ဖြစ်ပါလိမ့်မယ်..

ဒါပေမဲ့ တကယ်လို့သာ သေတ္တာထဲမှာ ရတနာအချို့ ပါလာခဲ့ရင်ရော..?

"မနက်ဖြန် ဒီအချိန် ငါ အခြေခံတည်ဆောက်ရေးဆေးလုံးတွေယူလာတဲ့အခါ..သေတ္တာကို ယူလာခဲ့..."လင်းဟန် ပြောလိုက်ပါတယ်...

ရှုခက်ရှင်းတစ်ယောက် ပီတိဖြာသွားပေမဲ့လည်း အမောတကော အတည်ပြုလိုက်ပါတယ်..

"အဲ့ဒါက အခြေခံတည်ဆောက်ရေးဆေးလုံးဆယ်လုံးနော်.."

"သဘောတူတယ်.."လင်းဟန် ခေါင်းညိတ်ပြလိုက်ပါတယ်...

"ဟုတ်ပြီ.."

ရှုခက်ရှင်းဟာ မမျှော်လင့်ထားတဲ့ အပြောင်းအလဲကြောင့် အပျော်လွန်သွားပါတယ်..

လင်းဟန် မတ်တပ်ရပ်လိုက်ပြီး ထွက်ခွာလာခဲ့ပါတယ်..သူဟာ ထိုအလဲအလှယ်ကို လက်ခံဖို့ ဆုံးဖြတ်ခဲ့တာကြောင့်လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေကို သွားပြီး ပြင်ဆင်ရပါလိမ့်မှာပါ..ကံဆိုးတာက အနက်ရောင်မျှော်စင်အတွင်းရှိ ဥယျာဉ်မှဆေးပင်တွေဟာ အခုထိ အဆင်သင့်မဖြစ်သေးပါဘူး..မဟုတ်ရင် သူ့ရဲ့ ကိုယ်ပိုင်ပါဝင်ပစ္စည်းတွေနဲ့ ပြင်ဆင်နိုင်ပါလိမ့်မယ်..သူက လျို့ဝှက်နယ်ပယ်ကနေ လွန်ခဲ့တဲ့ရက်အနည်းငယ်ကမှ ထွက်လာခဲ့တာပါ..ဒ့ါကြောင့် စိတ်ဝိညာဉ်ဆေးပင်တွေအကုန်လုံး ဒီလောက်မြန်မြန်နဲ့ အဆင်သင့်ဖြစ်နေဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ..?

လင်းဟန်က ကောင်းကင်ဆေးအိမ်တော်ဆီသို့ သွားလိုက်ပါတယ်..ဖုယွင်ရှင်းကို လှီကလန်က ကိစ္စအတွက် ကျေးဇူးတင်ပြီးတဲ့နောက် အခြေခံတည်ဆောက်ရေးဆေးလုံးဖော်စပ်ဖို့ လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေအကုန်လုံးကို သူ

ဝယ်ခဲ့ပါတယ်..အဲ့ဒီနောက်တော့ ဟွာယန်အကယ်ဒမီသို့ ပြန်လာခဲ့ပါတယ်..

ဟွာယန်အကယ်ဒမီရဲ့ဝင်ပေါက်မှာတော့ သူနဲ့ ဖော်ရွေတဲ့ ဆက်ဆံရေးတစ်ခု တိုးတတက်ချင်နေကြတဲ့ သူတွေအများကြီး စောင့်နေခဲ့ပါတယ်..သူက မိုးရေနိုင်ငံဧကရာဇ်နဲ့တွေ့ဆုံဖို့ အခုလေးတင် ဆင့်ခေါ်ခံထားရတာဖြစ်ပြီး သူ့အပေါ် ဧကရာဇ်ရဲ့စိတ်ဝင်စားမှုဟာလည်း ခိုင်မာနေတုန်းပဲဖြစ်ပါတယ်..ဒါပေမဲ့လည်း လင်းဟန်မှာ သူတို့နဲ့ စကားစမြည်ပြောဖို့ အချိန်ဘယ်လိုလုပ် ရှိပါ့မလဲ..သူဟာ စကားအနည်းငယ်မျှသာ ပြောခဲ့ပြီး အဲ့ဒီလူတွေကို ပြန်ခိုင်းလိုက်ပါတယ်..

သူ့ရဲ့ခြံဝန်းထဲကို ဝင်ရောက်လိုက်တဲ့အခါ ဟူးညိုဟာ သူ့အပေါ် ချက်ချင်း ဖက်တွယ်လာခဲ့ပါတယ်..လင်းဟန်က သူမကို စကားအနည်းငယ်ပြောပြီးတဲ့နောက် အနက်ရောင်မျှော်ထဲကို သူနဲ့အတူ ခေါ်လာခဲ့ပါတယ်..လင်းဟန် မှော်ဆေးလုံးတွေကို ဖော်စပ်ဖို့ စတင်နေချိန် ဒီမိန်းမငယ်လေးဟာ ပျော်ရွှင်စွာနဲ့ စတင် လှည့်ပတ်ကစားနေပါတယ်..

သူလိုအပ်တဲ့ ပါဝင်ပစ္စည်းတွေအကုန်လုံးကို စီစဉ်ပြီးတဲ့နောက် တစ်နာရီမျှလောက် ကြာပြီးတဲ့နောက်မှာ မီးဖိုထဲမှာ ပူနွေးနေတဲ့ အခြေခံတည်ဆောက်ရေးဆေးဆယ်လုံး ဖြစ်ပေါ်လာခဲ့ပါတယ်..ဒီအရာက သူ့အတွက်တော့ ကလေးကစားစရာလောက်ပါပဲ..

နောက်တစ်နေ့မှာတော့ အင်ပါယာမိသားစုဟာ အရေးကြီးတဲ့ သတင်းတစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်...

မိုးရေနိုင်ငံဧကရာဇ်ရဲ့ ခြောက်ဆယ်ပြည့်မွေးနေ့ကို မကြာခင်မှာ ကျင်းပတော့မှာဖြစ်ပြီး တစ်နိုင်ငံလုံးက သူနဲ့အတူ အခမ်းအနားမှာ ပါဝင်ဆင်နွှဲကြမှာပါ..ဒါ့အပြင် အင်ပါယာရဲ့ စစ်အင်အားကို ပြသဖို့ အထူးသိုင်းပညာ တံခွန်စိုက်ပြိုင်ပွဲတွေလည်းပဲ ရှိပါတယ်..ထိုတံခွန်စိုက်ပြိုင်ပွဲရဲ့ ဗိုလ်စွဲသူကို မိုးရေနိုင်ငံဧကရာဇ်ကိုယ်တိုင် ချီးကျူးဂုဏ်ပြုလိမ့်မှာဖြစ်ပြီး ဆုလာဘ်ကတော့ လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအား ဖြစ်ပါလိမ့်မယ်...

လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားက ဘယ်လိုအရာမျိုးလဲ..?လူအများစုက

မသိကြပါဘူး..ဒါပေမယ့်လည်းဒီစွမ်းအားရဲ့ မယုံနိုင်စရာတန်ဖိုးကို လူတိုင်းက ခန့်မှန်းနေတာ မရပ်တန့်နိုင်ခဲ့ပါဘူး..

မိုးရေနိုင်ငံ ကောရာဇ်က ဆုလာဘ်အနေနဲ့ ထုတ်ယူခဲ့တာလေ..အဲ့ဒါက ဘယ်လိုလုပ် သာမန်ဖြစ်နိုင်မှာလဲ..?

ရုတ်တရက်ပဲ စိတ်လှုပ်ရှားမှု့တွေ လေထုထဲမှာ မြင့်တတ်လာခဲ့ပါတယ်..ကလန်ကြီးရှစ်ခုရဲ့ စိတ်ဝိညာဉ်ပလ္လင်အဆင့် စွမ်းအားပြည့်စစ်သည်တွေတောင်မှ ဂနာမငြိမ်ဖြစ်နေကြပါတယ်..

ဒါပေမဲ့လည်း သိုင်းပညာတံခွန်စိုက်ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ဖို့ စည်းမျဉ်းစည်းကမ်းတွေကို သူတို့ မြင်လိုက်တဲ့အခါ ပြိုင်ပွဲဟာ အသက်သုံးဆယ်အောက်တွေသာလျှင် ပါဝင်ယှဉ်ပြိုင်ဖို့ ကန့်သတ်ထားတာကြောင့် လူတော်တော်များများ ညိုးနွမ်းသွားပါတယ်..

အင်ပါယာရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်တွေရဲ့

ပုခုံးပေါ်မှာ ကျရောက်နေတာပါ..ဒါကြောင့် သူတို့လို လူအိုကြီးတွေအနေနဲ့ စိတ်လှုပ်ရှားစရာတွေမှာ ဘယ်လိုလုပ်ပါဝင်နိုင်မှာလဲ..?

အသက်သုံးဆယ်နှစ်အောက်ဆိုရင်......လင်းဟန်နဲ့ ဖန်းယန်နှစ်ယောက်ပဲ ဗိုလ်စွဲနိုင်ချေ ရှိပါလိမ့်မယ်။

ဒါကလူတိုင်းရဲ့မျက်စိရှေ့မှာ တစ်ယောက်နဲ့တစ်ယောက်ယှဉ်ပြိုင်အနိုင်လုဖို့ မိုးရေနိုင်ငံတော်ဖော်စီမံထားတဲ့ပြိုင်ပွဲစင်မြင့် ဖြစ်ကြောင်း လူတိုင်း မြင်နိုင်ခဲ့ပါတယ်..

"လှျို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားလား.?

အချစ်ပန်းစံအိမ် အတွင်းရှိ ရန်ထန်းဖောင်ဟာ သူ့ဘာသူတီးတိုးရေရွတ်လိုက်ပါတယ်..ရန်ထန်းဖောင်က လက်ထဲမှာဝိုင်တစ်ခွက် ကိုင်ထားကာ သက်တောင့်သက်သာထိုင်နေခဲ့ပါတယ်..သူ့ဘေးမှာတော့
စိတ်ဝိညာဉ်ပျောက်ဆုံးနေသကဲ့သို့ ငေးငိုင်နေတဲ့အမျိုးသမီးကြီးတစ်ယောက်ရှိပါတယ်..

အကယ်၍ တစ်စုံတစ်ယောက်ကသာ အနီးကပ်ကြည့်ရှုလိုက်ရင် ထိုအမျိုးသမီးဟာ

လေဒီရန်နဲ့အတော်လေးတူနေကြောင်း တွေ့ရပါလိမ့်မယ်...

"ငါမိုးရေနိုင်ငံက ထွက်ခွာဖို့ ရည်ရွယ်နေခဲ့တာ..ဒါပေမဲ့ ထွက်မသွားခင်မှာ ဒီလို ကောင်းမွန်တဲ့ပြပွဲကြီးတစ်ခု ကြည့်ရလိမ့်မယ်လို့ ငါမထင်ခဲ့မိဘူး...အခုတော့ လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားတစ်ခုနဲ့တောင်မှ ပက်ပင်းကြုံနေခဲ့ရပြီ..လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားမှာ သန်မာတာနဲ့ အားနည်းတာဆိုပြီး နှစ်ခုရှိတယ်..ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အဲ့ဒါကို လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားလို့ ခေါ်နေမှတော့ အသုံးဝင်တာတော့ ရှိရမယ်.. ငါတစ်ချက်လောက်တော့ သွားကြည့်ရမယ်.."

ရန်ထန်းဇောင် ဝိုင်ခွက်ကို ပြန်ချထားလိုက်ပြီး အမျိုးသမီးကြီးကို ကြည့်လိုက်ကာ အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်..

"အမေ....ကျွန်တော့်မျက်နှာကို လူတိုင်းရဲ့ရှေ့မှာ ပြသပြီး သိုင်းပညာပြိုင်ပွဲရဲ့ ချန်ပီယံတစ်ယောက် ဖြစ်လာတော့မယ်..အမေ ဝမ်းမသာဖူးလား..?"

သူမက အမှန်တကယ်ပဲ လေဒီရန် ဖြစ်ပါတယ်..ဒါပေမဲ့ သူမက သူမရဲ့အလှအပတွေကို ဆုံးရှုံးသွားပြီး ဘယ်လိုလုပ်

အသက်ကြီးနေတဲ့ အမျိုးသမီးကြီးတစ်ယောက် ဖြစ်လာတာလဲ..?

လေဒီရန်ဟာ အသိစိတ်ကင်းမဲ့နေတဲ့အလောင်းကောင်တစ်ခု ကဲ့သို့ ဖြစ်နေပါတယ်..တစ်ခဏအကြာမှာ သူမမျက်လုံးဆီမှာ အသက်အလင်းတန်းတစ်ခု ပြန်ဖြစ်ပေါ်လာခဲ့ပါတယ်..သူမရဲ့အသံဟာ တုန်ယင်နေခဲ့ပါတယ်..

"နင်က ငါ့သားမဟုတ်ဘူး..နင်က မကောင်းဆိုးဝါးတစ်ကောင်..နင်က မကောင်းဆိုးဝါးတစ်ကောင်ပဲ.."

"မှားတယ်..ငါက တကယ်ပဲ မင်းရဲ့သား..ငါ့မှာ အပိုဆောင်း အတွေ့အကြုံတွေ ရှိရုံတင်ပါ.."

ရန်ထန်းဇောင်က သူ့ခေါင်းကိုသူ ထောက်ပြလိုက်ပြီး သူ့နှုတ်ခမ်းထောင့်စွန်းဟာ ပြိုင်ဖက်ကင်းသော နတ်ဆိုးတစ်ကောင်ရဲ့ အပြုံးကဲ့သို့ ကွေးတတ်သွားခဲ့ပါတယ်..

"အမေ့ရဲ့ ကျင့်ကြံခြင်းတွေ အကုန်လုံးကို ကျွန်တော့ဆီ ကူးပြောင်းပေးခဲ့တဲ့အတွက် အမေ့ကို ကျေးဇူးတင်နေတုန်းပဲ..အဲ့လိုမှမဟုတ်ရင် ကျွန်တော်အခု ရှိနေတဲ့ ကျင့်ကြံခြင်းအဆင့်ကို ပိုင်ဆိုင်နိုင်ဖို့ အနည်းဆုံး ရှစ်နှစ်ကနေ ဆယ်နှစ်အထိ ကြာလိမ့်မှာ.."

လေဒီရန်ဟာ သူမခေါင်းကို တွင်တွင်ခါနေခဲ့ပြီး မပြီးဆုံးနိုင်စွာ ပြောနေခဲ့ပါတယ်..

"နင်က ငါ့သားမဟုတ်ဘူး...နင် ငါ့သားမဟုတ်ဘူး.."

ရန်ထန်းဖောင်က သူမဆီမှ အကြည့်လွှဲလိုက်ပြီး ဝိုင်ခွက်ကိုယူကာ သောက်ဖို့ စတင်လိုက်ပါတယ်..သူက ကောင်းကင်ကို မော့ကြည့်ကာပြောလိုက်ပါတယ်။

"လူတိုင်းက ဒီပြိုင်ပွဲရဲ့ ချန်ပီယံက လင်းဟာန် ဒါမှမဟုတ် ဖန်းယန် ဖြစ်လိမ့်မယ်လို့ ထင်နေကြတယ်..ငါ ရန်ထန်းဖောင်ဒီမှာ ရှိသေးကြောင်းကို သိစေပြီး..လူတိုင်းရဲ့ မျက်နှာကို တစ်ချက်လောက် ဖြတ်ရိုက်ပေးရတယ်.."

နေ့လည်မှာတော့ လင်းဟာန်ဟာ ရှူခက်ရှင်းနဲ့ အလဲအလှယ်ပြုလုပ်ဖို့ မနေ့ကထွက်ခွာလာတဲ့

လက်ဖက်ရည်ဆိုင်ဆီသို့ ပြန်သွားခဲ့ပါတယ်..

"အခြေခံတည်ဆောက်ရေးဆေးဆယ်လုံး.."လင်းဟန်ဟာ ကျောက်စိမ်းပုလင်းတစ်လုံးကို သာမာန်ကာလျှံကာ ဆွဲထုတ်လိုက်ပြီး စာပွဲပေါ်မှာ ထားလိုက်ပါတယ်..

ရှုခက်ရှင်းက အတော်လေး ဝမ်းသာကြည်နူးသွားပါတယ်..ဒါ့ကြောင့် သူမရဲ့ မိန်းမမာယာအချို့ကို မထိန်းနိုင်စွာ ထုတ်ဖော်မိပါတယ်..

"မောင်ငယ်လေး..ဒီအမကြီးက မင်းရဲ့ မှော်ဆေးလုံးတွေကို လိမ်ယူသွားမှာ မကြောက်ဖူးလား..?"

"ကြိုးစားကြည့်နိုင်တယ်.."

လင်းဟန်က အေးအေးဆေးဆေး ပြောလိုက်ပါတယ်..

"အိုက်ယား...ဟာသဉာဏ် နည်းနည်းလေးတောင် မရှိဘူး.."

ရှုခက်ရှင်းဟာ သူမခေါင်းကို ခါယမ်းလိုက်လိုက်ပြီး သူမဘေးမှာ အဝတ်နီနဲ့ ထုပ်ထားတဲ့ သေတ္တာကို ယူလိုက်ကာ စားပွဲပေါ် တင်လိုက်ပါတယ်...

Chapter 267

ဒါပေမဲ့ လင်းဟန်က ရှုခက်ရှင်းကို အပြည့်အဝ မယုံကြည်ခဲ့ပါဘူး..သူက ချက်ချင်းပဲအဝတ်ကို ဖြေလိုက်ရာ အထဲမှာ အနက်ရောင်သေတ္တာတစ်လုံး ကိုတွေ့လိုက်ရပါတယ်..အဲ့ဒီအရာက သတ္တုနဲ့ပြုလုပ်ထားတာ မဟုတ်ပါဘူး..ဒါပေမဲ့ သစ်သားထက် စန္ဒကူးရနံ့ သင်းသင်းလေး ရနေခဲ့ပါတယ်..

လင်းဟန် သေတ္တာကို စစ်ဆေးနေစဉ်မှာ ရှုခက်ရှင်း ကတော့ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေကို စစ်ဆေးနေခဲ့ပြီး နှစ်ယောက်လုံး စကားတစ်ခွန်းမှမဆိုကြပါဘူး..

ဒီသေတ္တာကို ဖွင့်ဖို့ နည်းလမ်းတစ်ခုမှကိုမရှိဘူးပဲ..

အဲ့ဒီသေတ္တာက သော့ခတ်ထားတဲ့နေရာလည်းမရှိသလို ဆက်ကြောင်းမရှိအောင် တွဲဆက်ထားတာမျိုးကြောင့်တစ်ယောက်ယောက်က အင်အားသုံးပြီး ဖွင့်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။

သေတ္တာရဲ့အသွင်အပြင်အရ ပေါက်ကွဲမှုစွမ်းအားမှတစ်ဆင့်ခံပြီး ဖွင့်နိုင်ပါလိမ့်မယ်..

လင်းဟန် အံ့အားသင့်ပုံပေါက်သွားခဲ့ပါတယ်..သူက ထိုသေတ္တာရဲ့ သစ်သာအမျိုးအစားကို မှတ်မိလိုက်တာကြောင့်ပါ..

မူလချိတ်ဆက်သစ်သားနလုံးသား....

ဒါကအတော်လေးကို တန်ဖိုးကြီးတဲ့ သတ္တုတစ်မျိုးဖြစ်ပြီး..၎င်းမှာ အထူးလက္ခဏာနှစ်မျိုးရှိပါတယ်..ပထမအနေနဲ့ ထိုအရာက အတော်လေးကို မာကျောပြီး တာရှည်ခံပါတယ်..ဒုတိယအနေနဲ့ ၎င်းဟာ စိတ်ဝိညာဉ်ချီတွေလွင့်ပျယ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်..ဒါကြောင့် ၎င်းဟာ တန်ဖိုးကြီး ဆေးဖက်ဝင်ပါဝင်ပစ္စည်းအချို့ကို သိုလှောင်ဖို့ သင့်တော်တဲ့ သတ္တု အမျိုးအစားတစ်ခုလည်း ဖြစ်ပါတယ်..၎င်းကို တစ်ကြိမ်ပိတ်လိုက်တာနဲ့ ဆေးဖက်ဝင်ပါဝင်ပစ္စည်းတွေကို နှစ်တစ်ထောင် ဒါမှမဟုတ် နှစ်တစ်သောင်းတောင်မှ အပျက်အစီးမရှိပဲ သိုလှောင်ထားနိုင်ပါလိမ့်မယ်..

လင်းဟန်က သေတ္တာကို လှုပ်ကြည့်လိုက်ရာ အထဲမှာ တစ်စုံတစ်ခု ရှိနေခဲ့ပါတယ်..သူကြားရသလောက်တော့

အထဲမှာ ပစ္စည်းတစ်ခုသာလျှင်ရှိပြီး..အဲ့ဒါက အတော်လေး လေးလံတယ်လို့ ခံစားရပေမဲ့ သူ့အနေနဲ့ အထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာကို ဝေဖန်ပိုင်းခြားနိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"မောင်ငယ်လေး.. အမကြီးက ကျေးဇူးတင်ပါတယ်နော်.."

ရှုခက်ရှင်းက ကျောက်စိမ်းပုလင်းကို ဘေးမှာထားလိုက်ပြီး ကြည်နူးဝမ်းမြောက်တဲ့ အပြုံးနဲ့ လင်းဟာန်ကို ပြောလိုက်ပါတယ်..သူမဟာ သစ်သားသေတ္တာထဲမှာ ဘာပါဝင်လဲဆိုတာ အတော်လေး သိချင်ခဲ့ပြီး ၎င်းဟာ ရတနာတစ်ခုဖြစ်ကြောင်းကို ပိုပြီးတောင်မှ အတည်ပြုချင်နေပါတယ်။သူမကိုယ်တိုင်က နည်းလမ်းပေါင်းစုံနဲ့ နှစ်ပေါင်းများစွာလေ့လာခဲ့ပေမဲ့ သေတ္တာကို ဖွင့်ဖို့ လုံးဝမတတ်နိုင်ခဲ့ပါဘူး..ဒါ့ကြောင့် လင်းဟာန်ဆီသို့ လွှဲပြောင်းပေးဖို့ သူမဆုံးဖြတ်ခဲ့တာပါ...ဒါမှပဲ ၎င်းအပေါ်မှာ ထပ်ပြီး သောကရောက်နေလိမ့်မှာ မဟုတ်တော့ပါဘူး..

လင်းဟာန်က သူမကို လျစ်လျူရှုထားခဲ့တာကြောင့် သူမက အနည်းငယ် စိတ်မကျေမနပ်ဖြစ်နေခဲ့ပါတယ်..ဒါပေမဲ့လည်း သူမရဲ့စိတ်အခြေအနေက အခုလောလောဆယ်

ကောင်းကောင်းမွန်မွန် ရှိနေခဲ့တာကြောင့် လင်းဟန်ရဲ့ အပြုအမူနဲ့ပတ်သက်ပြီးတော့စိတ်ကသိကအောက် ဖြစ်မနေတော့ပါဘူး..ဒါ့ကြောင့်လည်း သူမဟာ ချက်ချင်းပဲတံခါးကို တွန်းဖွင့်လိုက်ပြီး ထွက်ခွာသွားခဲ့ပါတယ်..

သူမ ထွက်ခွာသွားပြီးတဲ့နောက်မှာ လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့လက်ကို ဖော့ရမ်းလိုက်တဲ့အခါမှာ သစ်သားသေတ္တာဟာ အနက်ရောင်မျှော်စင်ထဲသို့ ဝင်ရောက်သွားခဲ့ပါတယ်..သူက အနက်ရောင်မျှော်စင်ထဲသို့ ချက်ချင်း မဝင်ရောက်သွားသေးပဲနဲ့ ထွက်သွားလိုက်ဖို့ဆုံးဖြတ်ထားလိုက်ပါတယ်။

ဒီသေတ္တာက အနက်ရောင်မျှော်စင်ထဲ ရောက်နှင့်နေခဲ့ပြီးဖြစ်တာကြောင့် ဒီပစ္စည်းက သူနဲ့ရေစက်ပါလာခဲ့ပါပြီ...ဒါကို သူ့ဆီကနေ ဘယ်သူကမှ လုယူသွားနိုင်မှာမဟုတ်ပါဘူး။

လင်းဟန်က အကယ်ဒမီကသူ့ရဲ့ကိုယ်ပိုင်ခြံဝင်းဆီသို့ ပြန်လာခဲ့ပြီး တံခါးကို ပိတ်ကာ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်..

သူ့ရဲ့အရင်ဘဝမှာဆိုရင်တော့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့ သူ့ရဲ့ကျင့်ကြံခြင်းနဲ့ဆိုရင် မူလချိတ်ဆက်သစ်သားနလုံးသား
နဲ့ ပြုလုပ်ထားတဲ့ သေတ္တာတစ်ခုကို ဖွင့်ဖို့ဆိုတာက သူ့အတွက်တော့ ကလေးကစားစရာတစ်ခုလိုပါပဲ..ဒါပေမဲ့ နွေဦးစမ်းရေအဆင့်ကျင့်ကြံခြင်းအဆင့်နဲ့
ဒီလိုပြုလုပ်နိုင်ရန်အတွက် အတော်လေး ဝေးပါသေးတယ်..မဟုတ်ရင် ရှုခက်ရှင်း ထိုသေတ္တာကို ပိုင်ဆိုင်ပြီးနှစ်ပေါင်းများစွာကြာခဲ့တာတောင်မှ ဘာမှ မလုပ်နိုင်ပဲတော့ ရှိနေမှာလဲ။သူမက စိတ်ဝိညာဉ်ပင်လယ်အဆင့်ကိုတောင် ရောက်နေခဲ့ပြီလေ။

ဒါပေမဲ့ အနက်ရောင်မျှော်စင်ထဲမှာတော့ လင်းဟန်က နတ်ဘုရားတစ်ပါးပါပဲ။

အတွေးတစ်ချက်နဲ့တင် သစ်သားသေတ္တာကို သူ့ရဲ့လက်နဲ့ လှန်လိုက်ရုံနဲ့ လွယ်ကူ ရိုးရှင်းစွာ ဖွင့်နိုင်ခဲ့ပါတယ်..

သေတ္တာထဲမှာတော့ ရှည်သွယ်တဲ့ ပုံပန်းသဏ္ဍာန်ရှိတဲ့ ကျောက်စိမ်းအပိုင်းအစတစ်ခု ရှိနေခဲ့ပါတယ်..သေတ္တာကို ဖွင့်လျှင်ဖွင့်ပြီးချင်း စူးရှပြင်းထန်တဲ့မွှေးရနံ့တွေ ပျံ့လွင့်သွားပြီး သူ့ရဲ့ စိတ်ဝိညာဉ်ဟာ လှုံ့ဆော်ခံလိုက်ရပြီး

ခန္ဓာကိုယ်တစ်ခုလုံးပေါ်မှ မွှေးညှင်းပေါက်တွေအကုန်လုံး ပွင့်သွားသကဲ့သို့ ခံစားလိုက်ရပါတယ်..

လင်းဟန် မျက်နှာပေါ်မှာ စိတ်လှုပ်ရှားတဲ့ အရိပ်အယောက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်..ဒီအရာက ကျောက်စိမ်းအပိုင်းအစတစ်ခု မဟုတ်ပါဘူး.. ဆေးဖက်ဝင် လိမ်းဆေးတစ်ခုဖြစ်တဲ့
အဆိပ်ပေါင်းတစ်ရာကျောက်စိမ်းလိမ်းဆေးပဲ ဖြစ်ပါတယ်..

"ဒီလိုအရာမျိုး ရှိနေလိမ့်ဦးမယ်လို့ ငါတစ်ခါမှ မတွေးမိခဲ့ဘူး.."

သူက လက်တစ်ဖက်နဲ့ ဖိနှိပ်လိုက်ပြီး မွေးရန့်တွေအကုန်လုံးကို သေတ္တာထဲသို့ ပြန်လည်ဖိနှိပ်လိုက်ပါတယ်...အနက်ရောင်မျှော်စင်ထဲမှာ လင်းဟန်ဟာ နတ်ဘုရားတစ်ပါးကဲ့သို့ ဖြစ်ပြီး အရာအားလုံးကို ထိန်းချုပ်နိုင်ပါတယ်..

အဆိပ်ပေါင်းတစ်ရာကျောက်စိမ်းလိမ်းဆေးကို ခုလောလောဆယ် သိမ်းဆည်းထားရပါဦးမယ်။ဒါပေမဲ့ နောက်ပိုင်းမှာ တခြားအရာတစ်ချို့နဲ့ ရောစပ်ပေးရပါမယ်..ဒါကို လျှို့ဝှက်နည်းစနစ်နဲ့ရောနှောဖို့

ရန့်ခုနစ်ပါးကျောက်စိမ်းနဲ့အတူ
အဆိပ်ပါဝင်ပစ္စည်းတစ်ရာအထိ လိုအပ်ပါတယ်..

အဆပ်ပေါင်းတစ်ရာကျောက်စိမ်း လိမ်းဆေး က တကယ်တမ်းတော့ အဆိပ်မဟုတ်ပါဘူး..အကယ်၍ တစ်စုံတစ်ယောက်က ဒါကို တခြားသူတစ်ယောက်ကို အဆိပ်ခတ်ဖို့ အသုံးပြုခဲ့မယ်ဆိုရင်တော့ တကယ့်ကို ဖြုန်းတီးပစ်တာပဲ ဖြစ်ပါလိမ့်မယ်...

အဆိပ်ပါဝင်ပစ္စည်းတစ်ရာထဲက တစ်ခုလောက်ကိုပဲ အသုံးပြုခဲ့ရင် ပန်းဖူးအဆင့်လက်ရွေးစင်ကိုတောင်မှ အဆိပ်ကြောင့် သေဆုံးနိုင်ပါတယ်..ဒါပေမဲ့လည်း အံ့သြဖွယ်ရာကောင်းတဲ့ အချိုးအစားနဲ့ အတူတကွရောစပ်လိုက်မယ်ဆိုရင် အဆိပ်အချင်းချင်းဖိနှိပ်ပြီး သေစေနိုင်တဲ့အဆိပ်ဟာ ထူးကဲတဲ့ဆေးတစ်ခုအဖြစ်သို့ ကူးပြောင်းသွားပါလိမ့်မယ်..အဆိပ်ပိုပြင်းလေလေ ထိုစွမ်းအင်တွေက ပိုပြီး ပေါများလာလေလေ ဖြစ်လိမ့်မှာပါ...

ဒါပေမဲ့လည်း တစ်စုံတစ်ယောက်က အဲ့ဒါကို ဒီအတိုင်း တိုက်ရိုက်မျိုချမယ်ဆိုရင်တော့ သေခြင်းတရားဆီကို ဘာမှတောင် လုပ်စရာမလိုပဲ တိုက်ရိုက်

ဦးတည်သွားရပါလိမ့်မယ်…အဆိပ်ပါဝင်ပစ္စည်းတစ်ရာအရေ ၇အနောမှ ဖြစ်ပေါ်လာတဲ့စွမ်းအင်တွေဟာ အတော်လေးကို ထိတ်လန့်ဖွယ်ရာ ဖြစ်တာကြောင့်ပါ..ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်ကို ပေါက်ကွဲစေဖို့အတွက်က သူ့အတွက် ကလေးကစားစရာသာသာ လောက်ပါပဲ။

ဒါပေမဲ့လည်း ၎င်းကို ရန့်ခုနစ်ပါးကျောက်စိမ်းနဲ့အတူ ပေါင်းစပ်လိုက်ရင် ပြင်းထန်ပေါက်ကွဲနိုင်တဲ့ စွမ်းအင်တွေဟာ တည်ငြိမ်သွားပါလိမ့်မယ်…အဲ့ဒီအချိန်ကျမှပဲ ၎င်းကို စုပ်နိုင်လိမ့်မှာပါ..

အဆိပ်ပေါင်းတစ်ရာ ကျောက်စိမ်းလိမ်းဆေးကို မျိုချလို့ မဖြစ်ပေမဲ့ ခန္ဓာကိုယ်ပေါ်မှာတော့ လိမ်းလို့ရပါတယ်။၎င်းကအရေပြားကိုဖြတ်ကာ စုပ်ယူခြင်းဖြင့် ခန္ဓာကိုယ်ထဲကို ဝင်ရောက်နိုင်ပါလိမ့်မယ်..အဲ့ဒါကို စားနိုင်ပေမဲ့ အဆိပ်တစ်ရာက အစာအိမ်ထဲကို ဝင်ရောက်သွားတဲ့အခါ ခန္ဓာကိုယ်ပေါ်မှာ အကျိုးသက်ရောက်မှု့တွေ ဖြစ်ပေါ်စေပါလိမ့်မယ်…အံ့အားသင့်စရာတစ်ခုက ကျင့်ကြံခြင်းအဆင့်မြင့်လေလေ ပိုမိုပွတ်လိမ်းပေးရလေပါ…ကျင့်ကြံခြင်းအဆင့်နိမ့်ရင်တော့ အနည်းငယ်ပဲ လိမ်းသင့်ပါတယ်.. ၎င်းကို

ဘယ်လိုကျင့်ကြံခြင်းအဆင့်မှသူတွေပဲဖြစ်ဖြစ် အသုံးပြုနိုင်ပြီး လူတစ်ယောက်ရဲ့ကျင့်ကြံခြင်းအဆင့်နဲ့ ခန္ဓာကိုယ်ကို သန်မာစေပြီး အတော်လေးကို တန်ဖိုးရှိတဲ့ ရတနာတစ်ခုဖြစ်ပါတယ်..

အဆိပ်ပါဝင်ပစ္စည်းတွေကို ရှာဖွေဖို့ လွယ်ကူပေမဲ့ ရန့်ခုနစ်ပါးကျောက်စိမ်းကတော့ ရှားပါးလွန်းပါတယ်.. သူ့ရဲ့ယခင် ဘဝတုန်းက သူ့လက်ထဲမှာ အရင်းအမြစ်တွေအများကြီး ရှိနေခဲ့တာတောင်မှ ၎င်းကို တစ်ကြိမ်ပဲ ရောစပ်နိုင်ခဲ့ပါတယ်..ပြီးတော့ ထွက်လာတဲ့ ပမာဏက သူအခုရရှိထားတဲ့ အရာကို မယှဉ်နိုင်ပါဘူး..

ဒီလိုရတနာတစ်ခုကို မူလချိတ်ဆက်သစ်သားနလုံးသားနဲ့ အလုံပိတ်ထားဖို့ လိုအပ်ပါတယ်..မဟုတ်ရင် ဆေးရဲ့အကျိုးသက်ရောက်မှုတွေက လျင်လျင်မြန်မြန်ပဲ လျော့ပါးသွားပြီး တစ်လတောင် ခံလိမ့်မှာ မဟုတ်ပါဘူး..

မူလချိတ်ဆက်သစ်သားနလုံးသား နဲ့ပြုလုပ်ထားတဲ့ သေတ္တာတစ်ခုနဲ့ အဆိပ် ပေါင်းတစ်ရာကျောက်စိမ်းလိမ်းဆေးကို သူနဲ့အတူ မြေမြုပ်သင်္ဂြိုဟ်နိုင်တဲ့ သူကဘယ်လောက်ချမ်းသာနေလဲဆိုတာ

လင်းဟန်မသိတော့ပါဘူး..အဲ့ဒါက ဖြုန်းတီးတာပဲဖြစ်ပါတယ်..

"အကျိုးရှိရှိ အသုံးပြုရမဲ့အချိန်ပဲ..."လင်းဟန်က အဝတ်တွေကို ချွတ်လိုက်ပြီး သူ့ခန္ဓာကိုယ်ပေါ်သို့ အဆိပ်ပေါင်းတစ်ရာ ကျောက်စိမ်းလိမ်းဆေးကို စတင်သုတ်လိမ်းလိုက်တဲ့အခါမှာ အေးမြတဲ့ ခံစားချက်တစ်ခု စီးထွက်လာပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံး သက်တောင့်သက်သာ ဖြစ်သွားပါတယ်..

"ဖန်းယန်က သူ့ကိုယ်သူ အတော်လေး သေချာနေပုံရတယ်...နောက်ဆယ်ရက် ကြာရင် ငါ့ကို သူအနိုင်ယူနိုင်လိမ့်မယ်လို့ ယုံကြည်မှု့ရှိနေပုံရတယ်..အခု ငါတွေးမိသလောက်တော့ သူ့ယုံကြည်မှု့အတွက် အနည်းဆုံး ဒီဆယ်ရက်အတွင်းမှာ သူ အဆင့်သစ် ချိုးဖြတ်နိုင်မှ ဖြစ်နိုင်မယ်.."

ကျင့်ကြံခြင်းအဆင့်တွေက အရင်တုန်းကနဲ့ မတူညီတဲ့အဆင့်တွေ ရှိနေပါတယ်..ဒါ့ကြောင့် အဆင့်သစ်ချိုးဖောက်ဝင်ရောက်ပြီးတာနဲ့ မချိုးဖောက်နိုင်သေးတာက ကွာခြားချက် ကြီးမားပါတယ်..

လင်းဟန်က ကြက်ခြေခတ်ပုံစံထိုင်လိုက်ပြီး ကောင်းကင်အဆင့်ဒြပ်စင်ငါးခု ရဲ့ကျွမ်းကျင်မှု့ကို အသုံးပြုပြီး ဆေးရဲ့အာနိသင်တွေကို စုပ်ယူဖို့ စတင်လှည့်ပတ်လိုက်ပါတယ်...အနက်ရောင်မျှော်စင်ထဲမှာ လိမ်းဆေးရဲ့ အကျိုးသက်ရောက်မှု့တွေကိုတောင်မှ ထိန်းသိမ်းထားနိုင်ပြီး အနည်းငယ်လေးတောင်မှ အလေအလွင့်မရှိပဲ သူ့အပေါ်မှာ သေသေချာချာ အသုံးပြုနိုင်ပါတယ်..

ဒါကအတော်လေး အံ့အားသင့်ဖွယ်ကောင်းတဲ့အရာတစ်ခုဖြစ်ပါတယ်..ဆေးရဲ့ အာနိသင်တွေကို အပြည့်အဝ စုပ်ယူနိုင်ခဲ့ရင်တော့ တကယ့်ကို ထိတ်လန့်ဖွယ်ရာပါပဲ..

"သိုင်းပညာပြိုင်ပွဲရောက်ဖို့ ဆယ်ရက်ပဲ ကျန်တော့တယ်..ငါဒီလောက်အချိန်တိုလေးအတွင်းမှာ ငါ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ချိုးဖြတ်နိုင်ဝင်ရောက်နိုင်လိမ့်မှာ မဟုတ်ဘူး..ဒါပေမဲ့ ငါ့ရဲ့စွမ်းရည် အနည်းငယ်စီတိုင်းကို တိုးမြှင့်နိုင်လိမ့်မယ်..မုသားမဲ့မျက်လုံးကို ငါ သေချာပေါက် ရရမယ်.."

တစ်ခဏအကြာမှာ လင်းဟန်ခန္ဓာကိုယ်တစ်ခုလုံး ပူလာသလိုခံစားလိုက်ရပါတယ်..လိမ်းဆေးရဲ့အာနိသင်က အခု လုံးဝကို အကျိုးသက်ရောက်နေခဲ့ပါပြီ..သူ့ရဲ့ အရေပြားတွေ ဆုတ်ပြဲသွားတော့မတတ် မချိမဆန့်ဝေဒနာတစ်ခုကို ခံစားလိုက်ရပါတယ်..

`သေစမ်း..ငါ အတွေ့အကြုံမရှိလို့ အများကြီးတွေ လိမ်းမိပြီ...`

လင်းဟန် အံကြိတ်လိုက်ပါတယ်...သူ့ရဲ့အရင်ဘဝမှာလည်း အဆိပ်ပေါင်းတစ်ရာ ကျောက်စိမ်းလိမ်းဆေးကို ရောစပ်ခဲ့ဖူးပေမဲ့ သူ့တပည့်လေးယောက်အပေါ်မှာ အသုံးပြုခဲ့တာပါ..အဲ့ဒီအချိန်တုန်းက သူတို့လေးယောက်ထဲက အားအနည်းဆုံးသူတောင်မှ စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာ ရှိနေခဲ့ပါတယ်..

သူက ပမာဏကို လျှော့ထားပေမဲ့ ငွေဦးစမ်းရေအဆင့်နဲ့ စိတ်ဝိညာဉ်ပလ္လင်ကြား ကွာဟချက်က အလွန်ကြီးပါတယ်..ဒါ့ကြောင့် သူအံကြိတ် အော်ဟစ်နေရတုန်းပဲ ဖြစ်ပါတယ်...

လင်းဟန်က ကျောက်နံရံခန္ဓာကိုယ် ကျင့်ကြံထားကိုပဲ

ကျေးဇူးတင်ရမှာပါ..ငင်းက ကြောက်မက်ဖွယ်ခွန်အားတွေကို ခုခံနိုင်ရုံသာမက အရေပြားကိုကျောက်တုံးတစ်ခုအဖြစ်ကိုတောင်မှ ပြောင်းလဲနိုင်ပြီး သူ့ရဲ့ နာကျင်တဲ့ခံစားချက်တွေကို ဖြတ်တောက်ထားနိုင်ပါတယ်..သူ စတင်လှည့်ပတ်လိုက်တဲ့အခါ မရိုးမဆန့်နာကျင်မှုတွေဟာ ချက်ချင်းပျောက်ကွယ်သွားပါတယ်..ဒါပေမဲ့ သူ့အရေပြားပေါ်မှာ အက်ကြောင်းရာတွေပေါ်လာတာကို ရှင်းရှင်းလင်းလင်းမြင်နေရပြီး သူ့ဒဏ်ရာတွေကနေ သွေးတွေစီးထွက်နေခဲ့ပါတယ်..

လပြွတ်အပေါ်မှာ သူမလိမ်းမိလို့တော်ပါသေးတယ်....မဟုတ်ရင်တော့အခုချိန် ဆို မျက်ရည်တောက်တောက်ကျအောင် ငိုချင်နေမိပါလိမ့်မယ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်မှာ ပြန့်နှံ့နေတဲ့ စွမ်းအားပြည့်စွမ်းအင်တစ်ခု ရှိနေခဲ့ပါတယ်...မူလစွမ်းအင်လှိုင်းတွေဟာ စီးထွက်လာခဲ့ပြီး သူ့ရဲ့စမ်းရေကလည်း ဆက်တိုက် ကျယ်ပြန့်နေခဲ့ပါတယ်..

သုံးနာရီလောက် ကြာပြီးတဲ့နောက်မှာတော့ လင်းဟန်

ရပ်တန့်လိုက်ပါတယ်..သူ့ခန္ဓာကိုယ်ပေါ် သုတ်လိမ်းထားတဲ့ လိမ်းဆေးကို အပြည့်အဝ စုပ်ယူပြီးသွားခဲ့ပါပြီ..သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ဟာ နွေဦးစမ်းရေအလွှာ ငါးအဆင့်ရဲ့ နောက်ပိုင်းအဆင့်သို့ မြင့်တတ်သွားခဲ့ပါတယ်..သိုင်းပညာပြိုင်ပွဲကျင်းပမဲ့အချိန်ကျရင် သူ့ရဲ့ကျင့်ကြံခြင်းက နွေဦးစမ်းရေ အလွှာရှစ်အဆင့်သို့ ရောက်နေပါလိမ့်မယ်။

" အလွှာရှစ်ကိုရောက်ခဲ့ရင် စိတ်ဝိညာဉ်ပင်လယ်အဆင့်ကိုတောင် သူရင်ဆိုင်နိုင်လိမ့်မှာပါ..."

လင်းဟန် ခေါင်းညိတ်လိုက်ပါတယ်..သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကျင့်ကြံခြင်းအဆင့်ထက် အတော်လေး သာလွန်နေခဲ့တာကြောင့် လင်းဟန်ရဲ့ အခြေအနေက အတော်လေး ကောင်းမွန်နေပါတယ်..

ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်ရဲ့ လှည့်ပတ်မှု့နဲ့အတူ သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေဟာ လျင်မြန်စွာ
ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်..လင်းဟန်ဟာ
သန့်ရှင်းကြည်လင်တဲ့ရေတွေနဲ့သူ့ခန္ဓာကိုယ်ပေါ်က

ခြောက်နေတဲ့ သွေးတွေကို ဆေးကြောလိုက်ကာ အဝတ်ပြန်ဝတ်လိုက်ပါတယ်..

ဟူးညို့က ဒီနေ့ သူ့ကို တကယ်ပဲ လာပြီးတော့အပူမကပ်ခဲ့ပါဘူး..အဲ့ဒီအစား သူမဟာ အနက်ရောင်မျှော်စင်ထဲမှာ ငြိမ်သက်စွာ ထိုင်နေခဲ့ပါတယ်...လင်းဟန်ရဲ့ နတ်ဘုရားအာရုံဟာ လွင့်မျောသွားပြီးကြည့်လိုက်ရာ......ဒီမိန်းကလေးဟာ အမှန်တကယ်ကိုပဲ နွေဦးစမ်းရေအဆင့်ကို ချိုးဖောက်ဝင်ရောက်နေခဲ့တာပါ..

အသက်ငါးနှစ်နဲ့ နွေးဦးစမ်းရေအဆင့်တွေးကြည့်ရုံနဲ့တောင် ကြက်သီးထစရာကြီးပါ...
လင်းဟန်

Chapter 269

ချီယောင်ရီ ပိုင်လီထျန်းယွမ် နဲ့ အခြားသူတွေအကုန်လုံးဟာ လင်းဟန်ကို ပြတ်ပြတ်သားသားမထောက်ခံမိခဲ့တဲ့အတွက် အတော်လေး နောင်တရနေကြပါတယ်။ဒါကြောင့်လည်း ဂုဏ်ပြုထမင်းစားပွဲမှာ တစ်ချိန်လုံး မျက်နှာချိုသွေးနေကြပြီး လင်းဟန်ကို အရင်ခွက်မြောက်ပြီးဆုတောင်းမှုတွေပြုကာ

သူတို့ရဲ့ အက်ကွဲနေတဲ့ ဆက်ဆံရေးကို ပြန်လည်ဖာထေးချင်နေကြပါတယ်..ဒါပေမဲ့လည်း ကွဲနေတဲ့မှန်အပိုင်းအစတွေတောင်မှ ပြန်ဆက်နိုင်ပေမဲ့လည်း အက်ကွဲရာတွေကတော့ ကျန်နေခဲ့တုန်းပါပဲ…

သူတို့လွတ်သွားခဲ့တဲ့ အခွင့်အရေးကတော့ ဘယ်တော့မှပြန်မရနိုင်တော့မဲ့ ကံတရားတစ်ခုပဲဖြစ်ပါတယ်..

ကျူးဝူကျို့ ဂျင်ဝူကျိုနဲ့ လီဟောင် တို့ကတော့ အတော်လေးကို
ကျေနပ်နေခဲ့ကြပါတယ်..သူတို့နောက်လိုက်ခဲ့တဲ့
လင်းဟန်က အမှန်တကယ်ပဲ အနက်ရောင်အဆင့် အဆင့်မြင့်မော်ဆေးပညာရှင်တစ်ယောက်ဖြစ်နေခဲ့ပါတယ်.. ဒီအရာက သူတို့တွေ စိတ်ကူးယဉ်အိမ်မက်ထဲမှာ ရှင်သန်နေရသကဲ့သို့ ခံစားနေရစေပါတယ်…ဒီလိုမျိုး အရေးကြီးတဲ့သူတစ်ယောက်က
ကလန်ကြီးရှစ်ခုရဲ့ကလန်ခေါင်းဆောင်တွေနဲ့
တန်းတူရပ်တည်နိုင်ပြီး ညီအစ်ကိုလို့တောင် သူတို့ကို ခေါ်နိုင်ပါတယ်…ဒါကိုအခုထိ အစစ်အမှန်လို့ ယုံကြည်ဖို့တောင်မှ သူတို့အတွက် ခဲယဉ်းနေအါသေးတယ်။

ကွမ်းယွမ် ကတော့ အတော်လေးကို

သုန်မှုန်နေပါတယ်..ဒီကောင်စုတ်က အမှန်တကယ်ပဲ သူ့ကိုယ်သူအတော်လေး ဖုံးကွယ်ထားခဲ့တာပဲ.. သူ့ရဲ့နှလုံးဟာ ရှုံးသွပနေသလို တဒိန်းဒိန်းခုန်နေကာ ရက်ပေါင်းအတော်ကြာ အိပ်ရေးပျက်ခဲ့ရပါတယ်..ဒါပေမဲ့လည်း လင်းဟန်သူ့ကိုပေးတဲ့ ကျင့်ကြံခြင်းနည်းစနစ်က သူ့ရဲ့သုန်မှုန်နေမှု့အားလုံးကို အဝေးကိုသုတ်သင်ဖယ်ရှားပစ်လိုက်ပါတယ်။

ကြီးမားသော နေကောင်းကင်နှလုံးသားစာလိပ်ရဲ့အပြည့်အစုံပုံစံ ကျင့်ကြံခြင်းနည်းစနစ်အလွှာငါး ရှိပါတယ်။

သူပိုင်ဆိုင်ထားတာက အလွှာလေးသာလျှင်ဖြစ်ပြီး အချို့နေရာတွေကလည်းပဲ ပျက်စီးနေခဲ့ပါတယ်..ဒါ့ကြောင့် မြေကမ္ဘာအလယ်အလက်အဆင့် ကျင့်ကြံခြင်းနည်းစနစ်တစ်ခု ဖြစ်သော်လည်း သူ့လက်ထဲမှာတော့ အနက်ရောင်အဆင့် အဆင့်မြင့်ကျင့်ကြံခြင်းနည်းစနစ်ရဲ့ စွမ်းအားကိုသာလျှင် ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်..အဲ့ဒါတောင်မှ သူ့ကို ကျင့်ကြံသူတွေကြားထဲမှာ စိတ်ဝိညာဉ်ပင်လယ်အဆင့်ရဲ့ အသန်မာဆုံးလက်ရွေးစင် ဆယ်ယောက်ထဲက တစ်ယောက်

ဖြစ်လာစေခဲ့ပါတယ်..အဲ့ဒါက ကြီးမားသောနေကောင်းကင်နှလုံးသားစာလိပ်ရဲ့ အင်အားကို သက်သေပြဖို့အတွက် လုံလောက်ပါတယ်..

အခုတော့ သူဟာ ကြီးမားသော နေကောင်းကင်နှလုံးသားစာလိပ်ရဲ့ အပြည့်အစုံပုံစံကို ရရှိလာခဲ့ပြီဖြစ်ကာ စိတ်ဝိညာဉ်ပုလ္လင်အဆင့်သို့ ချိုးဖောက်ဝင်ရောက်ဖို့ မျှော်လင့်ချက်လဲ ရှိလာခဲ့ပြီဖြစ်ပါတယ်..ရုတ်တရက် အများကြီး စိတ်လှုပ်ရှားရခြင်းက သူ့ကို လုံးဝကြက်သေသေသွားစေပြီး...ရှိုက်ကြီးတငင်ငိုထွက်တော့မဲ့ ပုံတောင်ပေါက်နေပါတယ်....

"ကောင်စုတ်လေး...မင်းဒီလိုတော့ မကစားသင့်ဖူး.."

ကွမ်းယွမ်က အားနည်းစွာပြောလိုက်ပါတယ်..ဂုဏ်ပြုထမင်းစားပွဲပြီးလို့ အားလုံးထွက်သွားပြီးမှ ထိုကျင့်ကြံခြင်းနည်းစနစ်ကိုလင်းဟန်က ပေးခဲ့တာကြောင့် သူ့ရဲ့ စိတ်ဝိညာဉ်ပင်လယ်အဆင့်လက်ရွေးစင်တစ်ယောက်ရဲ့ စွမ်းအားပြည့်ဝတဲ့ပုံရိပ် ဆုံးရှုံးမှာကို သူမစိုးရိမ်ခဲ့ပါဘူး..

လင်းဟန်က သူ့ရဲ့လက်ကို တမင်ဆန့်ထုတ်ပြီး ပြောလိုက်ပါတယ်..."အစ်ကိုကြီးကွမ် တကယ်လို့ အဲ့ဒါကို စိတ်မကျေနပ်ဖူးဆိုရင်လည်းကျင့်ကြံခြင်းနည်းစနစ်ကို ကျွန်တော့်ကို ပြန်ပေးလို့ရပါတယ်.."

"ထွက်သွားလိုက်တော့.ငါ့အိပ်ကပ်ထဲရောက်လာမှတော့ ငါပိုင်တာပဲ..."ကွမ်းယွမ်ဟာ လျှင်မြန်စွာ ထွက်ပြေးလိုက်ပြီး အော်ပြောလိုက်ပါတယ်..

"ငါ ကျင့်ကြံဖို့သွားတော့မယ်..မင်းမှာ တိုက်ခိုက်ဖို့ အစီအစဉ်ရှိရင်
ပြောသာပြောလိုက်..ငါဆုံးဖြတ်ပြီးပြီ..ကောင်စုတ်လေး..ငါ မင်းရဲ့သူခိုးလှေပေါ်တတ်ပြီးမှတော့
ဒီမှောင်မိုက်တဲ့လမ်းကြောင်းပေါ်မှာ သွားရရုံပဲပေ့ါ..."

လင်းဟန် ရယ်မိလိုက်ပါတယ်..ထိုကွမ်းယွမ်ဟာ အတော်လေးကို စိတ်ဝင်စားစရာကောင်းတဲ့ သူတစ်ယောက်ပါ..ဒ့ါအပြင် သူက အတော်လေး သတ္တိရှိတဲ့ သူတစ်ယောက်လည်းဖြစ်ပါတယ်..ဒ့ါကြောင့်လည်း ကြီးမားသော နေကောင်းကင်နလုံးသားစာလိပ်အပေါ်မှာ အောင်မြင်မှာမို့ ပေ့ါပေ့ါပါးပါးနဲ့

သူ့ကိုယုံကြည်စိတ်ချစေခဲ့တာပါ..

တစ်စုံတစ်ယောက်က သူ့ရဲ့ ယုံကြည်မှု့ကို ရနေသမျှတော့ ဘယ်သူမှ ဆုံးရှုံးနစ်နာလိမ့်မှာ မဟုတ်ပါဘူး..အဲ့ဒီအစား ကောင်းကင်အမြင့်ထိ ပျံတတ်ဖို့ အကျိုးအမြတ်တွေ ပေးအပ်လိမ့်မှာပါ...

သူက မော်ဆေးကေရာဇ်ပါ..ပထမအနေနဲ့ မော်ဆေးလုံးတွေနဲ့ပတ်သက်ပြီး ပူပန်နေဖို့ မလိုအပ်ပါဘူး..ဒါ့အပြင် ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်ခဲ့ဖူးတာကြောင့် ကျင့်ကြံခြင်းနည်းစနစ်အမျိုးမျိုးနဲ့ သိုင်းပညာနစ်တွေ အကုန်လုံးကို သူ့ခေါင်းထဲမှာ မှတ်မိနေခဲ့ပါတယ်..သူတို့ထဲက ဘယ်တစ်ခုကိုမဆို ရိုးရိုးရှင်းရှင်းဆွဲထုတ်လိုက်တာနဲ့ စိတ်ဝိညာဉ်နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ ထသတ်ဖို့ လုံလောက်ပါတယ်..

ဒီညကျော်လွန်သွားခဲ့ပြီး နောက်တစ်နေ့မနက်မှာတော့ အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားတို့ဟာ ရှေ့ဆင့်နောက်ဆင့် လာရောက်ခဲ့ပါတယ်..သူတို့တွေက လင်းဟန်နဲ့ ဆက်ဆံရေးကို ပြုပြင်နေခဲ့ကြတာပါ..ဒါပေမဲ့လည်း လင်းဟန်က

သူတို့နဲ့အတူ ဘယ်လိုလုပ် စိတ်အနှောက်အယှက်ဖြစ်ခံမှာလဲ..သူအမုန်းဆုံးလူအမျိုးအစားက သူတို့ကိုယ်သူတို့ သူငယ်ချင်းလို့ ပြောပြီး မင်းကောင်းဖို့လို့ ထပ်တလဲလဲပြောနေပေမဲ့ သိသိသာသာ ကိုယ့်ကိုဆွဲချနေခဲ့တဲ့သူမျိုးပါပဲ..

ဒီလိုသူမျိုးကို ဘယ်တော့မှ သူ မျက်နှာသာမပေးပါဘူး..သူ ရိုးရှင်းစွာပဲ မောင်းထုတ်လိုက်ပါတယ်။

အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားနှစ်ယောက်လုံးဟာ ဒေါသထွက်စွာနဲ့ ထွက်ခွာသွားခဲ့ရပါတယ်..ဒါပေမဲ့ လင်းဟန်က မော်ဆေးပညာမှာ အကြီးအကဲကြီးတစ်ယောက်အဖြစ် သူ့ရဲ့အဆင့်အတန်းကို ထုတ်ဖော်ခဲ့ပြီးပါပြီ..ဒါ့ကြောင့် သူတို့ဘယ်လောက်ပဲ မကျေမနပ်ဖြစ်နေပါစေ ထိုကဲ့သို့သော သူတစ်တစ်ယောက်ကို ဘယ်လိုလုပ် ရိုင်းပျဝံ့မှာလဲ..သူတို့ ထီးနန်းကို ဆက်ခံခဲ့ရပြီး ဧကရာဇ် ဖြစ်လာခဲ့ရင်တောင်မှ လင်းဟန်ရှေ့မှာ ယဉ်ကျေးနေရဦးမှာပါ..အခုလို အင်ပါယာမင်းသားအဆင့်မျှနဲ့တော့ ဘာထပ်ပြောနေနိုင်ဦးမှာလဲ..

တစ်ခြားတစ်ဖက်မှာတော့

ခုနစ်ယောက်မြောက်အင်ပါယာမင်းသားဟာ မလာရောက်ခဲ့ပါဘူး..ထိုကဲ့သို့ တင်းမာနေတဲ့အခြေအနေမှာ တည်တည်ငြိမ်ငြိမ်နေဖို့ တတ်နိုင်တာ သူတစ်ယောက်သာလျှင်ရှိပါတယ်..ဒါ့ကြောင့် သူက အနည်းငယ်လေးတောင်မှ ဆန္ဒစောခြင်းမရှိပါဘူး...

နောက်တစ်နေ့သို့ ကူးပြောင်းသွားခဲ့ပြီး လင်းဟန်ဟာသူ့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ လျှင်မြန်စွာတိုးတတ်ဖို့ သူ့ရဲ့ခန္ဓာကိုယ်ပေါ် ကို အဆိပ်ပေါင်းတစ်ရာကျော်က်စိမ်း လိမ်းဆေးကို လိမ်းကျံနေခဲ့ပါတယ်..

ဆေးဖက်ဝင်လိမ်းဆေးရဲ့ အားသာချက်အနေနဲ့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် တိုးတက်မှု့နှုန်းကို တိုးမြှင့်ပေးရုံသာမက ဘေးထွက်ဆိုးကျိုး အနည်းငယ်လဲ ရှိပါတယ်..အဲ့ဒါက လေးမျိုးပြောင်းဆေးလုံးလိုမျိုး မဟုတ်ပဲ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ အဆိပ်အကြွင်းအကျန်တွေကို ချန်ထားခဲ့နိုင်ပါတယ်..အချိန်အတန်ကြာ စုပ်ယူပြီးတဲ့နောက်မှာ သူ ရပ်တန့်ရလိမ့်မှာဖြစ်ပြီး နောက်တစ်ကြိမ် ပြန်မစုပ်ယူခင်မှာ အဆိပ်အကြွင်းအကျန်တွေ ပြန့်ကွဲသွားဖို့ စောင့်ရပါသေးတယ်..

နောက်ထပ်နှစ်ရက် ကုန်ဆုံးပြီးတဲ့နောက်မှာ အနက်ရောင်မျှော်စင်မှ အတော်အတန်ကျယ်လောင်တဲ့ ဆူညံသံတစ်ခု ကြားလိုက်ရပါတယ်..

ဟူးညို အဆင့်တတ်သွားခဲ့ပါပြီ..

နွေဦးစမ်းရေအဆင့်....

အနက်ရောင်မျှော်စင်ကနေ ထွက်ခွာလာပြီးတဲ့နောက်မှာ ဟူညိုဟာ လင်းဟာန်ရဲ့လက်မောင်းဆီသို့ ခုန်ကာ မှီတွယ်လိုက်ပြီး ဂုဏ်ယူစွာပြောလိုက်ပါတယ်.. "ညိုးညိုး..လင်းဟာန်ကို အခုကူညီနိုင်ပြီ.."

"ညိုးညိုးက တကယ့်ကို အံ့အားသင့်စရာပဲ.."လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ကာ သူမခေါင်းကို ခပ်ဖွဖွပုတ်ပေးပြီးတဲ့နောက် ဆက်ပြောလိုက်ပါတယ်.."လာ..ငါတို့အစမ်းတိုက်ကြည့်ပြီး အခု ဘယ်လောက်ထိ သန်မာလာလဲဆိုတာ ကြည့်ရအောင်..."

သူတို့နှစ်ယောက်ဟာ အနက်ရောင်မျှော်စင်ထဲသို့

ပြန်ဝင်သွားခဲ့ပါတယ်...ထိုအရာက သူရဲ့ ကိုယ်ပိုင်ကမ္ဘာပါ..ဒါ့ကြောင့် သူတို့ရဲ့ တိုက်ပွဲက ဘယ်လောက်ပဲ ပြင်းထန်ပါစေ အနက်ရောင်မျှော်စင်အပြင်က အခြားမည်သူမဆို ရှာဖွေတွေ့ရှိမှာကို စိုးရိမ်ရလိမ့်မှာမဟုတ်ပါဘူး..ဒါ့အပြင် ဒီနေရာမှာရှိတဲ့ နယ်မြေက ကျယ်ပြန့်ပြီး လုံလုံလောက်လောက် ခိုင်မာပါတယ်..သူတို့တွေ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်နေခဲ့ရင်တောင်မှ အနက်ရောင်မျှော်စင် ပျက်စီးမှာနဲ့ပတ်သက်လို့ စိုးရိမ်စရာမလိုအပ်ပါဘူး..သူတို့လို နွေဦးစမ်းရေအဆင့်နစ်ယောက်နဲ့ ဘာများထပ်ဖြစ်နိုင်မှာလဲ...ဟူညိုဟာ တစ်ကြိမ်တိုက်ခိုက်လိုက်တာနဲ့ သူမရဲ့ကြမ်းကြုတ်ရက်စက်တတ်တဲ့သဘာဝကို အပြည့်အဝ ထုတ်ဖော်လိမ့်မှာပါ..သူမရဲ့ လှုပ်ရှားမှုတိုင်းနဲ့ နည်းစနစ်တိုင်းဟာ အတော်လေးကို ရက်စက်ပါတယ်..အဲ့ဒါတင်မက တိုတောင်းသောအကွာအဝေးအတွင်း သူမကို ချက်ချင်းတည်နေရာရွှေ့ပြောင်းပေးနိုင်တဲ့ စွမ်းရည်တစ်မျိုးလည်းရှိပုံရပါတယ်..သူမရွှေ့လျားနိုင်တဲ့ အကွာအဝေးက သိပ်တော့မများပါဘူး.. လက်မအနည်းမျှသာဖြစ်ပေမဲ့ တိုက်ပွဲတစ်ခုမှာတော့

လွှတ်မြောက်မှု့တစ်ခုဟာ တစ်မိုင်လိုကောင်းမွန်ပါတယ်…ဒီလိုစွမ်းရည်မျိုးက လက်တွေ့မှာ အတော်လေးကို အကျိုးသက်ရောက်မှု့ရှိပြီး တစ်ကယ့်ကို ထိတ်လန့်ဖွယ်ရာကောင်းပါတယ်..အနက်ရောင်မျှော်စင်ထဲမှာ လင်းဟန်က နတ်ဘုရားတစ်ပါးဆိုတဲ့အချက်ကြောင့်သာမဟုတ်ရင် ဟူးညို့ရဲ့ ရုတ်တရက် တည်နေရာရွှေ့ပြောင်းခြင်းတွေကို ဖမ်းဆီးနိုင်လိမ့်မှာမဟုတ်ပါဘူး..ဘာ့ကြောင့်လဲဆိုရင် ထိုမိန်းမငယ်လေးဟာ လှုပ်ရှားတာ တကယ့်ကို မြန်ဆန်လွန်းပြီး သူမဘယ်နေရာကို ရွှေ့ပြောင်းမလဲဆိုတာ အာရုံခံမိဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး..

အနက်ရောင်မျှော်စင်ထဲမှာ လင်းဟန်နဲ့အတူတိုက်ခိုက်ဖို့ဆိုရင် စကြာဝဠာဖျက်ဆီးခြင်းအဆင့်မှ အဆုံးမဲ့လက်ရွေးစင်တစ်ယောက်ဆိုရင်တောင်မှ ဒူးထောက်ရမှာပါ.ဒါကတော့ အတော်လေးကို မမျှတတာပဲဖြစ်ပါတယ်..လင်းဟန်က ခုခံရုံမျှသာခုခံပြီး ထိုမိန်းကလေးရဲ့ လက်ရှိ တိုက်ပွဲစွမ်းရည်ကို အကဲဖြတ်ဖို့ စိတ်ရှိသလို တိုက်ခိုက်ခွင့်ပြုထားခဲ့ပါတယ်..

လင်းဟန်နွေဦးစမ်းရေအဆင့်ပထမအလွှာမှာ

တိုက်ပွဲဝင်ကြယ် ကိုးလုံးကနေ ဆယ်လုံးဝန်ကျင်လောက်ရှိပြီး ဟူးညီးက သူ့ကို အမှန်တကယ်ပဲ ယှဉ်နိုင်ခဲ့ပါတယ်..

ဒီမိန်းကလေးရဲ့ တိုက်ပွဲစွမ်းရည် ဘာ့ကြောင့် ဒီလောက်ကြောက်ဖို့ကောင်းရလဲဆိုတဲ့ အကြောင်းပြချက်နစ်ခုရှိပါတယ်..အမြန်နှုန်းနဲ့ ရုတ်တရက်တည်နေရာရွှေ့ပြောင်းခြင်းပါ...ဟုတ်ပါတယ်.. သူမရဲ့လက်သည်းတွေကလည်းပဲ ထူးခြားစွာ ထက်မြက်လွန်းတာကြောင့် နွေဦးစမ်းရေအဆင့်ရဲ့ အလွှာကိုးမှာရှိတဲ့ ရန်သူတစ်ယောက်ရဲ့ ခုခံကာကွယ်မှုတွေကိုတောင် စုတ်ဖြဲနိုင်ပါတယ်..မဟုတ်ရင် သူမရဲ့ပစ်မှတ်ကို ထိုးနက်ရုံသာ တတ်နိုင်ပြီး ဒဏ်ရာမရစေဖူးဆိုရင်တော့ အရာအားလုံးက အဓိပ္ပါယ်မရှိ ဖြစ်သွားလိမ့်မှာပါ..

ဒါတွေအကုန်လုံးရဲ့ အရင်းအမြစ်က ဟူးညီရဲ့ ဒန်တန်ထဲမှာရှိတဲ့ လူသားပုံစံ စိတ်ဝိဉာဉ်အခြေခံကြောင့်ပဲ ဖြစ်ပါတယ်..အဲ့ဒါက အတော်လေးကို ကိုးရိုးကားယားနိုင်ပြီး တွေးကြည့်ရုံနဲ့တောင် လင်းဟန်ရဲ့သွေးတွေအေးခဲလာပါတယ်..အခုဆို ဟူးညီက နွေဦးစမ်းရေအဆင့်မှာ ရှိနေခဲ့ပါပြီ...လင်းဟန်က

ဒီမိန်းကလေးရဲ့အရှိန်အဝါကို
အနည်းငယ်သာလျှင်အာရုံခံနိုင်ခဲ့တာကနေ အခုဆို ပိုပိုပြီး အာရုံခံနိုင်ဖို့ ခက်ခဲလာခဲ့ပါပြီ..

နားလည်ထားရမှာက သူ့မှာ ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံရှိပြီး သူရဲ့စိတ်အာရုံက အမှန်တကယ် ကောင်းကင်အဆင့်လက်ရွေးစင်တစ်ယောက်ရဲ့နတ်ဘုရား အာရုံအောက် မနိမ့်ပါဘူး..အဲ့ဒါတောင်မှ သူဟာ ဟူးညိုကို ဖြတ်သန်းပြီးမြင်နိုင်ဖို့ မဖြစ်နိုင်သလောက်ဖြစ်နေခဲ့ပါပြီ...

သူယုံကြည်မိတာက ဟူးညို စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ချိုးဖောက်ဝင်ရောက်တာနဲ့ ထိုမိန်းကလေးရဲ့ ကျင့်ကြံခြင်းအဆင့်ကို သေချာပေါက် တွေ့ရှိနိုင်တော့မှာ မဟုတ်ပါဘူး...

"ဒီဘဝမှာ တကယ့်ကို မွန်းစတားတွေ များလွန်းတယ်.."

လင်းဟန်
ကောက်ချက်ချလိုက်ပါတယ်..သူပြန်ရှင်သန်လာခဲ့တာ တစ်နှစ်တောင်မရှိသေးပါဘူး..ဒါပေမဲ့ ပထမဆုံးအနေနဲ့ စကြာဝဠာဖျက်ဆီးခြင်းအဆင့်
အဆုံးမဲ့လက်ရွေးစင်တစ်ယောက်ရဲ့ ရုပ်အလောင်းကို

မြင်တွေ့ခဲ့ရပြီး ပျက်စီးနေသော နတ်ဘုရားတစ်ပါးရဲ့ပုံပန်းသွင်ပြင်လက္ခဏာမျိုး ရှိပါတယ်..

အလောင်းတစ်ထောင်ဂိုဏ်း နောက်တစ်ကြိမ်ထွက်ပေါ်လာဖို့အတွက် ရေတွက်လို့မရတဲ့ နှစ်ပေါင်းများစွာကြာသည့် တိုင်အောင် ဘာခြေရာလက်ရာမှ မရှိပဲ ပျောက်ကွယ်နေခဲ့ပြီးတော့ နောက်ပိုင်းမှာ ရုတ်တရက် ထွက်ပေါ်လာပြီး မကောင်းဆိုးဝါးဆန်တဲ့ ရုံပတွမ်ရှွမ် တစ်ယောက်လည်း ပေါ်လာခဲ့ပါတယ်။ပြီးတော့ သူ့ကို ရွံ့ရှာမှု့နဲ့ စိတ်မအေးမှု့ကိုတောင်မှ ခံစားရစေတဲ့ မကောင်းဆိုးဝါးအရှိန်အဝါနဲ့ ရန်ထန်းဖောင်လည်း ရှိပါတယ်...

သူတို့နဲ့ နှိုင်းယှဉ်ရရင် ဖန်းယန်က အသေးအမွှားပြဿနာတစ်ခုဖြစ်လာပြီး ပိုပြီး သာမည လူတစ်ယောက် ဖြစ်နေခဲ့ပါတယ်..

`မေ့လိုက်တော့..ထပ်တွေးတော့ဘူး..သူတို့ဘယ်လောက်ပဲ စွမ်းအားရှိပါစေ အနက်ရောင်မျှော်စင်လောက်တော့ အံ့ဩဖို့မကောင်းဘူး..ငါ့ကို ဒေါသဖြစ်လာစေခဲ့ရင် သူတို့အကုန်လုံးကို ငါကြီးစိုးခြယ်လှယ်ပစ်လိုက်မယ်` လင်းဟန်ထိုအကြောင်းကို မတွေးတော့ပဲ

ဆက်ပြီးကျင့်ကြံနေခဲ့ပါတယ်..သိုင်းပညာယှဉ်ပြိုင်ပွဲနေ့ လူမြင်ကွင်းမှာ သူဖန်းယန်ကို လုံးဝရိုက်နှက်ချင်နေခဲ့ပါတယ်..

နေ့ရက်တွေ တစ်ရက်ပြီးတစ်ရက်ကုန်ဆုံးသွားခဲ့ပြီး မိုးရေနိုင်ငံဧကရာဇ်ရဲ့ ခြောက်ဆယ်နှစ်ပြည့်မွေးနေ့ဟာလည်း တဖြည်းဖြည်းနီးကပ်လာခဲ့ပါပြီ..တခြားနယ်မြေတွေမှ ဘုရင်တွေကိုယ်တိုင်သာမက ဆုမွန်ကောင်းတောင်ပေးရန် သူတို့ရဲ့အမွေဆက်ခံသူတွေပါ လာရောက်ခဲ့ကြပြီး အခြားအင်အားကြီးနိုင်ငံ ၈ နိုင်ငံက သူတို့ရဲ့ အရေးကြီးအဆင့်မြင့်တဲ့သူတွေကို မွေးနေ့လက်ဆောင် ပို့ဆောင်ပေးရန် သံတမန်အနေနဲ့ စေလွှတ်ခဲ့ပါတယ်..

အင်ပါယာမြို့တော်ဟာ လုံးဝကို အသက်ဝင်နေခဲ့ပါတယ်..အဲ့ဒါက မြို့တော်တစ်ခုလုံး နှစ်သစ်ကူးပွဲတော်ကျင်းပနေသကဲ့သို့ဖြစ်နေပြီး အိမ်တိုင်းဟာ မီးပုံးတွေ စာတန်းတွေနဲ့ အလှဆင်ထားကြပါတယ်...

အဲ့ဒီအချိန်မှာ ချန်ကလန်ဟာ နောက်ထပ်မခုခံနိုင်တော့ပဲ အရှုံးပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်...

မြေနဲ့ရေ အဖွဲ့အသည်းက ချန်ကလန်ရဲ့ပိုင်ဆိုင်မှု့အောက်မှာရှိတဲ့ ဆိုင်ခန်းတွေ ပြုလဲဖို့ နေ့တိုင်းလာရောက်ခဲ့ပြီးတော့ လင်းဟန်နဲ့အတူ ပေါင်းစည်းလိုက်တဲ့အခါ ဘယ်သူကများ ပိုက်ဆံတွေအဆုံးရှုံးခံပြီး ဆက်တိုက်နိုင်လိမ့်မှာလဲ..ချန်ကလန်ရဲ့ ဝင်ငွေအရင်းအမြစ်ဟာ တစ်ခဏမှာပဲ လုံးဝကို ပြတ်တောက်သွားခဲ့တာပါ..သူတို့တွေ တစ်လကျော်လောက် ပြုမူပြီးတဲ့နောက်မှာ ချန်ကလန်ဟာ အတော်လေး ဘေးကျပ်နံကြပ်ဖြစ်လာခဲ့ပါတယ်.

ပထမကတော့ ချန်ကလန်ဟာ စွန်းဇီယန်ရဲ့ အဆင့်အတန်း အကူအညီနဲ့ ခိုင်ခိုင်မာမာဆက်ရပ်တည်ချင်ခဲ့တာပါ..ဒါပေမဲ့ လင်းဟန်က အနက်ရောင်အဆင့် အဆင့်မြင့်မော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာခဲ့တယ်ဆိုတဲ့ သတင်းစကားတွေ ပြန့်နှံ့ပြီးတဲ့နောက်မှာ စွန်းကလန်ရဲ့ အဆင့်မြင့် သူတွေထဲကတစ်ယောက်က တိုက်ရိုက် ထွက်လာခဲ့ပြီး စွန်းဇီယန်ကို ချန်ကလန်မှ မိန်းကလေးနဲ့ ကွာရှင်းစေခဲ့ပါတယ်..

အဲ့ဒီလိုနဲ့ ချန်ဟာ သူတို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကို ဆုံးရှုံးခဲ့ရပါတယ်..

ချန်းယွင်ရှင်းကတော့ နောင်တ အကြီးအကျယ် ရပြီးတော့ စိတ်နလုံးမချမ်းမမြေ့ဖြစ်ကာ သေသွားခဲ့ပြီဖြစ်ပြီး သူ့ရဲ့ရွှံရှာစက်ဆုပ်ဖွယ်ဘဝကြီးက အဆုံးသတ်သွားခဲ့ပါပြီ...

လင်းဟန်က သူ့ရဲ့တိုက်ခိုက်မှုကို ဆက်မချဲ့တော့ပဲ ထိုကိစ္စကို အဆုံးသတ်လိုက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်....
လင်းဟန်

Chapter 270

လင်းဟန်က
မကြာခင်မှာကျရောက်လာတော့မဲ့တိုက်ပွဲအတွက်
အကောင်းဆုံးဖြစ်အောင် ဆက်လက်ပြင်ဆင်နေခဲ့ပြီး သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကို မြှင့်တင်ဖို့ အကောင်းဆုံးကြိုးစားနေခဲ့ပါတယ်..သူ့ရဲ့
ငွေဦးစမ်းရေအဆင့်နဲ့
စိတ်ဝိညာဉ်ပင်လယ်အဆင့်ရန်သူတစ်ယောက်ကို
တိုက်ခိုက်ချင်ရင် ကိုယ့်ကိုယ်ကို အထင်မကြီးဖို့ သတိထားနေရမှာပါ..ဖန်းယန်က အမှန်တကယ်ပဲ

ထူးခြားပါတယ်...မဟုတ်ရင် စိတ်ဝိညာဉ်နတ်သူငယ်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့တပည့်အဖြစ် ရွေးချယ်ခံရလိမ့်မှာ မဟုတ်ပါဘူး..

သူက ယုံကြည်မှုရှိပါတယ်..ဒါပေမဲ့ သေချာပေါက် နိုင်ရလိမ့်မယ်လို့တော့ မာနထောင်လွှားနေလိမ့်မှာတော့ မဟုတ်ပါဘူး..

နောက်ဆုံးတော့ မိုးရေနိုင်ငံကေရာဇ်ရဲ့ နှစ်ခြောက်ဆယ်ပြည့် မွေးနေ့ကျရောက်လာခဲ့ပါပြီ..

ကြီးကျယ်တဲ့ ဂုဏ်ပြုစားပွဲကို သုံးရက်တိုင်တိုင်ကျင်းပမှာဖြစ်ပြီး သိုင်းပညာယှဉ်ပြိုင်ပွဲကတော့ အခမ်းအနားရဲ့ အထွတ်အထိပ်ဖြစ်တာကြောင့် နောက်ဆုံးရက်မှ ကျင်းပမှာပါ။

မြေကမ္ဘာအဆင့်ကိုနီးစပ်နေတဲ့ မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ နာမည်ကတော့ အတော်လေးကို ရေပန်းစားနေပါတယ်..မိုးရေနိုင်ငံကေရာဇ်လက်အောက်က ဘုရင်အသီးသီးသာမက အခြားနိုင်ငံရှစ်ခုမှ

သံတမန်တွေတောင် လင်းဟန်ကို တွေ့ဆုံဖို့ ကြိုးစားခဲ့ကြပါတယ်..သူတို့တွေဟာ လင်းဟန် သူတို့ရဲ့နိုင်ငံတွေဆီသို့ လာရောက်ဖို့ ဆန္ဒရှိနေသမျှ သူ့အတွက် ဘုရင်တစ်ပါးလိုမျိုး သူ့ရဲ့နာမည်ကို ထွင်းထုဖို့ ပိုင်နက်နယ်မြေတစ်ခု ရှိလိမ့်မည်ဖြစ်တဲ့ ကောလာဟလတွေတောင်မှ ပြန့်နှံ့နေခဲ့ပါတယ်...

လင်းဟန်က ကွမ်းယွမ်ကို အစောင့်အနေနဲ့ထားပြီး သူ့ဆီလာတဲ့ ထိုလူတွေအကုန်လုံးကို ရင်ဆိုင်ဖြေရှင်းဖို့တာဝန်ကို ပေးထားခဲ့ပါတယ်...ဒါပေမဲ့လည်း ဒုယွန်ဘုရင်ကိုတော့ ခြွင်းချက်အနေနဲ့ သူကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့ပါတယ်..လင်းဟန်က ဒုယွန်မြို့မှာ ရှိနေခဲ့တုန်းက ဒုယွန်ဘုရင်ဟာ သူကို အတော်လေး ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့ပြီး လင်ဂေဟာကလည်း ဒုယွန်မြို့ရဲ့ စီရင်ပိုင်ခွင့်နဲ့ အမိန့်အာဏာအောက်မှာ ရှိနေတုန်းပါ..ဒါ့ကြောင့် သူ ဒုယွန်ဘုရင်ကို မျက်နှာသာပေးဖို့ ဆန္ဒရှိခဲ့တာပါ..

တကယ်တမ်းမှာတော့ ဒုယွန်ဘုရင်ဟာ သူရင်ဘတ်ကိုပုတ်လိုက်ပြီး သူရဲ့နေရာကို သူ့သား၊ မြေးတွေထိလွှဲပေးခဲ့ပြီးရင်တောင်မှ တိမ်မီးခိုးမြို့မှာ

လင်ကလန် ခိုင်မာစွာ ဆက်လက်ရပ်တည်နိုင်စေရမယ်လို့ အခိုင်အမာပြောခဲ့ပါတယ်...

ဟုတ်တာပေါ့ အပြန်အလှန် လေးစားမှု့တော့ရှိရမှာပေါ့..လင်းဟန်က တစ်ခဏလောက်တွေးလိုက်ပြီး ဒုယွန်ဘုရင်ကို အခြေခံတည်ဆောက်ရေး ဆေးလုံးနှစ်လုံး ပေးလိုက်ပါတယ်..ဒုယွန်ဘုရင်ရဲ့ စွမ်းအားပိုသန်မာလေလေ လင်ကလန်ကို သူ ပိုဂရုစိုက်ပေးနိုင်ပါလိမ့်မယ်...

ဒါက ဒုယွန်ဘုရင်ကို စိတ်လှုပ်ရှား ခံစားသွားစေခဲ့ပါတယ်..အရင်က စိတ်ဝိညာဉ်ပင်လယ်အဆင့်ဟာ သူရရှိနိုင်တဲ့ အမြင့်ဆုံးအဆင့်လို့ ထင်ခဲ့တာပါ..အခုတော့ စိတ်ဝိညာဉ်ပလ္လင်အဆင့်သို့ ချိုးဖောက်ဝင်ရောက်နိုင်ဖို့ မျှော်လင့်ချက် ရှိလာနိုင်ခဲ့ပါပြီ..အဲ့ဒါကြောင့်လည်း လင်ကလန်ကို ကာကွယ်ပေးမဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကို ပိုပြီးတောင်မှ ခိုင်မာသွားစေပါတယ်..

.လင်းဟန်က အခုတောက် အခြေခံတည်ဆောက်ရေး ဆေးလုံးတွေပေးနိုင်နေခဲ့တာပါ။ နောက်ဆယ်နှစ် ဒါမှမဟုတ် နှစ်နှစ်ဆယ်လောက်ဆိုရင်ရော..?လူတစ်ယောက်ကို

ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဝိညာဉ်နတ်သူငယ်အဆင့်ထိ ချိုးဖြတ်ဝင်ရောက်ဖို့ ကူညီနိုင်တဲ့ မှော်ဆေးလုံးတွေများ ပေးနိုင်မလား..

နစ်ရက်ကြာပြီးတဲ့နောက်မှာတော့ မိုးရေနိုင်ငံဧကရာဇ်ရဲ့ မွေးနေ့အခမ်းအနားနောက်ဆုံးရက်ကို ရောက်ရှိလာခဲ့ပါပြီ..တစ်နည်းအားဖြင့် သိုင်းပညာပြိုင်ပွဲနေ့ ရောက်လာပြီ ဖြစ်ပါတယ်..

လင်းဟန်ဟာ သူနဲ့အတူ ဟူးညိုကို ခေါ်ဆောင်လာခဲ့ပြီး ကွမ်းယွမ်၊ ကျူးဝူကျို့နဲ့ လီဟောင်တို့ကတော့ သူ့ဘေးမှ လိုက်ပါလာခဲ့ပါတယ်...ပြီးတော့ ချီယောင်ရီ လီဒေါင်ယွဲ့ နဲ့ ဂျင်ဝူကျို အစရှိတဲ့ အခြားသူတွေနဲ့လည်း သူတို့သွားရာလမ်းမှာ ပူးပေါင်းခဲ့ပါတယ်..သူတို့တွေဟာ အင်ပါယာမြို့တော်ရဲ့ မြို့စွန်မြို့ဖျားက အမဲလိုက်နယ်မြေသို့ မကြာခင်မှာ ရောက်ရှိလာခဲ့ကြပါတယ်..

ဒီနေရာက ဒီနေ့သိုင်းပညာပြိုင်ပွဲ ကျင်းပမဲ့ တည်နေရာလည်းဖြစ်ပါတယ်..ဒီနေရာမှာ တည်ဆောက်ထားတဲ့ ပွဲကြည့်စင်အမျိုးမျိုး ရှိနေခဲ့ပြီး..ကလန်ကြီးရှစ်ခုနဲ့ အခြားနိုင်ငံတွေမှ သံတမန်တွေကတော့ မြင်ကွင်းအကောင်းဆုံးနေရာတွေမှာ

ထိုင်နေခဲ့ကြပြီး မိုးရေနိုင်ငံရဲ့ ဘုရင်အသီးသီးကတော့ သူတို့နောက်မှာပါ..အဲ့ဒီနောက်မှာ
စိတ်ဝိညာဉ်ပင်လယ်အဆင့်ရှိတဲ့ အလယ်အလတ်တန်းစားကလန်တွေဖြစ်ပြီး နောက်ဆုံးမှာတော့ ဂိုဏ်းတွေနဲ့ အဖွဲ့အစည်းအသီးသီး ဖြစ်ပါတယ်..

ဒီနေ့သိုင်းပညာပြိုင်ပွဲအတွက် စင်မြင့်ကို ပွဲကြည့်စင်တွေ ဝန်းရံထားပါတယ်...

အမှန်တကယ်တော့ အဲ့ဒါက စင်မြင့်တစ်ခုမဟုတ်ပဲ တောင်ကုန်းလေးတစ်ခုဖြစ်ပါတယ်..ထိုတောင်ကုန်းက
ပေတစ်ထောင်ရှည်ပြီး မကြာသေးခင်ကမှ
တည်ဆောက်ပြီးခဲ့တာ
ဖြစ်ပါတယ်..တောင်ကုန်းရဲ့အောက်ခြေမှာ
လမ်းကြောင်းသုံးဆယ့်နှစ်ခုရှိပေမဲ့ ထိုလမ်းကြောင်းတွေက အစုံလိုက် တွဲသွားလိမ့်မှာဖြစ်ပြီး နောက်တစ်ဆင့်မှာ လမ်းကြောင်းဆယ့်ခြောက်ခု ဖြစ်လာခဲ့ပါတယ်..ထို့နောက် တစ်ဆင့်စီတိုင်းမှာ အစုံလိုက်တွဲသွားပြီး နောက်ဆုံးလမ်းကြောင်းတစ်ခုကတော့ တောင်ကုန်းထိပ်သို့ တိုက်ရိုက်ဦးတည်သွားပါတယ်..

တောင်ကုန်းထိပ်မှာတော့ ပလ္လင်တစ်ခုရှိပြီး

အခုအချိန်မှာတော့ ထိုင်နေတဲ့သူရှိမနေပါဘူး..

"လင်းဟန်.."

လို့ယုထန်နဲ့ လီစီချန်းတို့နှစ်ယောက် သူ့ဆီ ချဉ်းကပ်လာခဲ့ပါတယ်..လို့ယုထန်က သူ့ကလန်နဲ့ လာခဲ့ကာ လီစီချန်းက သူ့ဆရာနဲ့အတူ လာခဲ့တာကြောင့် သူတို့နှစ်ယောက်လုံးက လင်းဟန်ထက် အနည်းငယ်စောပြီး ရောက်နေခဲ့တာပါ..

လင်းဟန်က ပြုံးပြလိုက်ပြီးတော့ သူ့ပတ်ပတ်လည်က သူတွေနဲ့ စတင်စကားပြောဆိုနေကာ သိုင်းပညာပြိုင်ပွဲစတင်တာကို စောင့်နေလိုက်ပါတယ်..

အကြီးဆုံးအင်ပါယာမင်းသားနဲ့ အခြားအင်ပါယာမင်းသားတွေကတော့ ဒီနေရာမှာ ရောက်နှင့်နေခဲ့ပါပြီ..အခုအချိန်မှာတော့ အကြီးဆုံးနဲ့ တတိယအင်ပါယာမင်းသားတို့ဟာ လင်းဟန်ကို တစ်ချက်တောင်မှ မကြည့်တော့ပါဘူး..ခုနစ်ယောက်အင်ပါယာမင်းသားကသာ ရင်းနှီးဖော်ရွေတဲ့အပြုံးတစ်ခုနဲ့ ပြုံးပြနေခဲ့တာပါ..ထိုအချိန်အတော်အတွင်းမှာ

အခြားအင်ပါယာမင်းသားနဲ့ မင်းသမီးတွေအကုန်လုံး လင်းဟန်ကို သိချင်စိတ်ပြင်းစွာနဲ့ ကြည့်နေခဲ့ကြပါတယ်..ထိုလူငယ်လေးဟာ တကယ့်ကို ငယ်ရွယ်တဲ့ပုံပေါက်ပါတယ်..သူက မှော်ဆေးပညာရဲ့ အကြီးအကဲကြီးတစ်ယောက် ဘယ်လိုလုပ်ပြီး ဖြစ်လာနိုင်ခဲ့တာလဲ..?အခုတော့ သူတို့ကတောင်မှ သူကို ဂရုန်းမာစတာအဖြစ် ရိုသေလေးစားစွာ ခေါ်ရလိမ့်မှာပါ..

နေ့လည်မှာတော့ လူတစ်ယောက်က ကျယ်လောင်တဲ့အသံနဲ့ ကြော်ငြာလိုက်ပါတယ်.."ဧကရာဇ် ကြွလာပါပြီ...."

လူတိုင်းဟာ ဧကရာဇ်ရောက်လာတာကို ကြိုဆိုဖို့ မတ်တက်ရပ်လိုက်ကြပါတယ်...

မိုးရေနိုင်ငံဧကရာဇ်ဟာ ခြေလှမ်းကျဲကြီးနဲ့အတူ ချဉ်းကပ်လာခဲ့ပါတယ်..ပန်းဖူးအဆင့်သို့ ခြေလှမ်းတစ်ဝက်ရောက်နေတဲ့ သူတစ်ယောက်ရဲ့ အရှိန်အဝါကို ထုတ်လွှတ်မထားတာကြောင့် သူက တကယ့်ကို သာမန်ပုံပေါက်နေခဲ့ပါတယ်...ဒါပေမဲ့လည်း ဧကရာဇ်တစ်ပါးအနေနဲ့သူ့ရဲ့လှုပ်ရှားမှု့တိုင်းက ကျက်သရေနဲ့ လွှမ်းမိုးနိုင်စွမ်းတွေ ရှိနေခဲ့တာကြောင့် ပွဲသို့ တတ်ရောက်သူတွေကို

သူတို့ကိုယ်ကိုယ်သူတို့တောင်မသိလိုက်ပဲ အလွန်အမင်း ရှိသေလေးစားခြင်းတွေကို ခံစားလိုက်ရပါတယ်..

မိုးရေနိုင်ငံဧကရာဇ်ရဲ့ နောက်မှာတော့ အင်ပါယာအစောင့်ဆယ်နှစ်ယောက် ရှိနေခဲ့ပါတယ်..ကျိုင်ရှင်းနဲ့ ရှဲ့ချန်က ပထမအတန်းမှာရှိပြီး မိုးရေနိုင်ငံဧကရာဇ်ရဲ့နောက်က ပေသုံးဆယ်ခန့်အကွာမှာ တည်ကြည်လေးနက်စွာ ရပ်နေခဲ့ကြပါတယ်..

မိုးရေနိုင်ငံဧကရာဇ်ဟာ တောင်ကုန်းအောက်ခြေသို့ တိုက်ရိုက်လျှောက်သွားခဲ့ပါတယ်..သူက တစ်ချက်ခုန်ပြီးတော့ တောင်ကုန်းထိပ်ကို ပျံတတ်သွားခဲ့ပြီး ပလ္လင်ပေါ်မှာ ထိုင်လိုက်ပါတယ်..မိုးရေနိုင်ငံဧကရာဇ်ဟာ သူ့လက်ကို သူ့လက်ကို ရှေ့ထုတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ထကြပါ...ထကြပါ..."

"ကျေးဇူးကြီးလှပါတယ်...ဧကရာဇ်"

အခုမှပဲ လူတိုင်းက သူတို့ရဲ့ ထိုင်စရာနေရာအသီးသီးကို ပြန်သွားခဲ့ပါတယ်..

"ဒီနေ့ သိုင်းပညာပြိုင်ပွဲရဲ့ စည်းမျဉ်းက ပါဝင်ယှဉ်ပြိုင်သူတွေက တောင်ကုန်းအောက်ခြေကနေ တောင်ကုန်းပေါ်အထိ တက်ရမယ်..ငါ့ရှေ့ကို ပထမဆုံးရောက်ရှိတဲ့သူကို ငါဆုချီးမြှင့်မယ်.."

မိုးရေနိုင်ငံဧကရာဇ်ဟာ အလွန်ကျယ်လောင်စွာ မပြောခဲ့ပေမဲ့ သူ့ရဲ့အသံက လူတိုင်းရဲ့ နားထဲသို့ ရှင်းလင်းစွာ ရောက်ရှိလာခဲ့ပါတယ်..

မိုးရေနိုင်ငံဧကရာဇ်က ချီးမြှင့်မဲ့ဆုက ဘာဖြစ်မယ်ဆိုတာ သေသေချာချာမပြောခဲ့ပေမဲ့ အင်ပါယာမိသားစုက လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားတစ်ခု ဖြစ်လိမ့်မယ်ဆိုတဲ့ သတင်းကို ထုတ်ပြန်ခဲ့ပြီးပါပြီ..

ချက်ချင်းပဲ ပါဝင်ယှဉ်ပြိုင်မဲ့သူတွေဟာ စိတ်လှုပ်ရှားပုံပေါ်လာခဲ့ပါတယ်..ထိပ်ဆုံးဆီသို့ ဦးတည်သွားဖို့ စုစုပေါင်း လမ်းကြောင်းသုံးဆယ့်နှစ်ခုရှိပါတယ်...တကယ်လို့ သူတို့သာ လုံလုံလောက်လောက် မြန်နိုင်ခဲ့ရင် အားကောင်းတဲ့ရန်သူတွေကို ရှောင်နိုင်လိမ့်မှာဖြစ်ပြီး မိုးရေနိုင်ငံဧကရာဇ်ကို ထိပ်ဆုံးမှာ အရိုအသေပေးနိုင်တဲ့

ပထမဆုံးသူဖြစ်နိုင်ပါလိမ့်မယ်..

လင်းဟန်နဲ့ ဖန်းယန်ရှိရင်ရော ဘာဖြစ်လဲ..ငါ သူတို့နဲ့ မယှဉ်နိုင်ရင်တောင်မှ သူတို့ထက်မြန်အောင် ပြေးနိုင်နေသမျှ အဆင်ပြေသေးတယ်....

အခြားနိုင်ငံတွေမှ သံတမန်တွေတောင်မှ ပါဝင်ယှဉ်ပြိုင်ဖို့ ဆန္ဒပြင်းပြနေခဲ့ကြပါတယ်..ဒါပေမဲ့လည်း ဘယ်သံတမန်ကများ အသက်မကြီးပဲနေလိမ့်မလဲ။ဒီနေရာမှာ ရှိနေတဲ့သူတွေဟာ သူတို့နိုင်ငံအသီးသီးရဲ့ ပုံရိပ်ကို ကိုယ်စားပြုနေခဲ့တာပါ..သံတမန်တွေဟာ လုံလောက်တဲ့စွမ်းရည်တွေ ရှိဖို့လိုအပ်ရုံသာမက ကောင်းမွန်တဲ့နာမည်ဂုဏ်သတင်းနဲ့ အရွယ်ရောက်ပြီး ရင့်ကျက်ဖို့လည်း လိုအပ်ပါတယ်..ဒါ့ကြောင့် တိုင်းတပါးသံတမန်တွေထဲမှာ အငယ်ဆုံးတောင်မှ အသက်ငါးဆယ်ထက် ကြီးပါတယ်..

ပထမဆုံးအနေနဲ့ အသက်သုံးဆယ်ထက်ကျော်တဲ့သူတွေ ပါဝင်ယှဉ်ပြိုင်တာကို ရှောင်ကျဉ်နိုင်ဖို့ ပါဝင်ယှဉ်ပြိုင်သူတွေကို စစ်ဆေးပါတယ်..တကယ်လို့ ပထမရတဲ့သူကသာ သုံးဆယ်ကျော်နေခဲ့ရင်

မိုးရေနိုင်ငံကရောဇ်ကို လုံးဝအရှက်ခွဲလိုက်သကဲ့သို့ ဖြစ်နေလိမ့်မှာပါ.. ဒုတိယလိုအပ်ချက်ကတော့ နွေဦးစမ်းရေအဆင့်သာ ပါဝင်နိုင်လိမ့်မှာဖြစ်ပြီး ဒြပ်စင်စုဆောင်းခြင်းအဆင့်နဲ့ သူ့အောက်က သူတွေကတော့ လာရောက် မပူးပေါင်းသင့်ပါဘူး..

ထိုကန့်သတ်ချက်နှစ်ခုနဲ့အတူ ပါဝင်ယှဉ်ပြိုင်ဖို့ အရည်အချင်းပြည့်မှီတဲ့သူအများစုဟာ အထူးသဖြင့် ဟွာယန်အကယ်ဒမီရဲ့ စွမ်းအားပြည့်တပည့်တွေသာလျှင် ဖြစ်ပါတယ်..

ကျိုင်ရှင်းနဲ့ ရှဲ့ချန်တို့ကိုယ်တိုင် စစ်ဆေးပေးနေခဲ့ပါတယ်..

လင်းဟန်က သူ့ရဲ့ယှဉ်ပြိုင်ခြင်းအတွက် စာရင်းသွင်းဖို့ ထွက်လာခဲ့ရာ ချက်ချင်းပဲ သူ့ကို အတည်ပြုပေးခဲ့ပါတယ်..သူ့ရဲ့မျက်နှာတစ်ခုထဲနဲ့တောင် သူ အခုထိ အသက်နှစ်ဆယ်မပြည့်သေးတာ ထင်ရှားပါတယ်..အသက်သုံးဆယ်ပြည့်ဖို့ဆို အဝေးကြီးပါ..ထပ်ပြောရရင် သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က နွေဦးစမ်းရေအဆင့် ပထမအလွှာမှာ ရှိတာကြောင့် ပါဝင်ယှဉ်ပြိုင်ဖို့ လုံလုံလောက်လောက် အရည်အချင်းပြည့်မှီပါတယ်...

"ညီးညီးလဲ စာရင်းသွင်းချင်တယ်.." ဟူးညိုက အော်ပြောလိုက်ပါတယ်..

ရှဲ့ချန် နဲ့ ကျိုင်ရှင်းက သူမကို တစ်ချက်ဝေ့ကြည့်ကြည့်လိုက်ပါတယ်..သူတို့က ထိုင်နေခဲ့တာဖြစ်ပြီး သူတိုရဲ့ရှေ့မှာတော့ စားပွဲခင်းတစ်ခုတွဲကျနေတဲ့ စားပွဲရှည်တစ်ခု ရှိနေခဲ့ပါတယ်..ဟူးညိုရဲ့ ခေါင်းဟာ စားပွဲပေါ်ကနေကျော်မြင်နိုင်ဖို့တောင် လုံလုံလောက်လောက်မရှည်တဲ့အပြင် သူတို့ထိုက်နေတဲ့ရှု့ထောင့်ကြောင့် ရှဲ့ချန်နဲ့ကျိုင်ရှင်းတို့နှစ်ယောက်လုံး သူမကို မမြင်ခဲ့ပါဘူး..ဒ့ါကြောင့် ထိုအသံကို ကြားထဲအခါ အနည်းငယ် အံ့အားသင့်သွားကြပါတယ်.

သူတို့နှစ်ယောက် မြင်လိုက်တဲ့အခါမှာတော့ မထိန်းနိုင်ပဲ ရယ်မိလိုက်ပါတယ်...ဒါက တကယ့်ကို ရယ်စရာကောင်းလွန်းပါတယ်...အသက်ငါးနှစ် ခြောက်နှစ်ဝန်းကျင်လောက်ပဲ ရှိပုံပေါ်တဲ့ ကလေးတစ်ယောက်က ပြိုင်ပွဲဝင်ချင်တယ်လို့ အမှန်တကယ်ပဲ ပြောနေခဲ့တာလား..

"ကလေးမ..ဒါက နင်ကစားဖို့အတွက် နေရာမဟုတ်ဘူး..အခြားနေရာကို မြန်မြန်သွားသင့်တယ်.."

ရှဲ့ချန်က အပြုံတစ်ခုနဲ့ ပြောလိုက်ပါတယ်...

ဟူးညို အလွန်ဒေါသထွက်သွားခဲ့ပါတယ်..အစကတည်းက သူမမှာ ကောင်းမွန်တဲ့စိတ် ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး..သူမဒေါသတွေ ပေါက်ကွဲထွက်တော့မှာပါ..

"သူမကို ပါဝင်ယှဉ်ပြိုင်ခိုင်းလိုက်.."

တောင်ကုန်းထိပ်မှ မိုးရေနိုင်ငံကေရာဇ်ရဲ့အသံကို ကြားလိုက်ရပါတယ်..သူ့ရဲ့အသံမှာ ထိတ်လန့်နေတဲ့ အရိပ်အယောင်တွေတောင် ပါနေခဲ့ပါတယ်..သူက တိုင်းပြည်နဲ့အစိုးရအဖွဲ့အစည်းတစ်ခုလုံးကို ထိန်းချုပ်ထားပြီး မျိုးနွယ်စုစွမ်းအားကိုလည်း အသုံးပြုနိုင်ပါတယ်..မိုးရေနိုင်ငံရဲ့ နယ်နမိတ်အတွင်းမှာတော့ သူက နတ်ဘုရားတစ်ပါးကဲ့သို့ အဆုံးမဲ့ စွမ်းရည်တွေရှိနေခဲ့ပါတယ်..

ဒါ့ကြောင့် သူကဟူးညိုရဲ့ အရှိန်အဝါအနည်းငယ်ကို

အာရုံခံနိုင်ခဲ့ပြီး သူမဟာ စစ်မှန်တဲ့ နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်တစ်ယောက် ဖြစ်ကြောင်းကို ပြောနိုင်ခဲ့ပါတယ်..

ထိုအရာက အကြီးအကျယ် သူ့ကို တုန်လှုပ်သွားစေပါတယ်..ငါးနှစ် ခြောက်နှစ်အရွယ်လေးနဲ့ နွေဦးစမ်းရေအဆင့်တဲ့လား....

မိုးရေနိုင်ငံဧကရာဇ်ဟာ သူ့ကိုယ်သူ မထိန်းနိုင်ပဲ လင်းဟန်ကို တစ်ချက် ဝေ့ကြည့်မိလိုက်ပါတယ်..ထိုကောင်စုတ်က တကယ့်ကို
လူထူးဆန်းတစ်ကောင်ပါ..သူဘေးနားကလူတွေကလည်း အမှန်တကယ်ကို လူထူးဆန်းတွေချည်းပါပဲ..

ဘာ...

မိုးရေနိုင်ငံဧကရာဇ်ရဲ့ စကားလုံတွေဟာ လူတိုင်းကို အလွန်အံ့အားသင့်သွားစေပါတယ်..

ဒီလောက် သေးငယ်တဲ့ကောင်မလေးက အမှန်တကယ်ပဲ နွေဦးစမ်းရေအဆင့် ဖြစ်နိုင်ပါ့မလား..လူတိုင်းဟာ ဟူးညိုရဲ့အရှိန်အဝါကို အာရုံခံနိုင်ဖို့ ဘယ်လောက်ပဲ

ကြိုးစားပါစေ သူတို့တွေအကုန်လုံး သာမန်မိန်းကလေးတစ်ယောက်အနေနဲ့သာ မြင်နိုင်ခဲ့ပြီး သူမနဲ့ပတ်သက်လို့ ထူးခြားတာ ဘာမှ ရှိမနေခဲ့ပါဘူး..

ဟူးညိုက လင်းဟန်အင်္ကျီရဲ့ ထောင့်စွန်းတစ်ခုကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားတာကို သူတို့တွေ မြင်တဲ့အခါမှာတော့ လူတော်တော်များများက နားလည်သွားခဲ့ပါတယ်...အဲ့ဒါက မိုးရေနိုင်ငံဧကရာဇ်က လင်းဟန်ကို မျက်နှာသာအနည်းငယ်ပေးကာ ဟူးညိုကို ပြိုင်ပွဲမှာ နောက်ယှက်စေဖို့ ခွင့်ပြုခဲ့တာ ဖြစ်ရပါမယ်...

အဲ့ဒါက အဆင်ပြေပါတယ်..ဘာပြဿနာမှ မရှိပါဘူး.. ထိုကလေးမလေးတစ်ယောက်လောက်က အများဆုံးတော့ သူတို့ကို ရယ်မောစေနိုင်ပါလိမ့်မယ်..

ကျန်တဲ့သူတွေက လျှင်မြန်စွာပဲ လက်ရှိအခြေအနေကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်..
လင်းဟန်

အပိုင်း (၂၇၁) စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် နှစ်ယောက်

လီွယုထန် က အရှေ့ကို တိုးလိုက်ပြီးတော့ စာရင်းသွင်းလိုက်ပါတယ်။ သူမပြီးတဲ့နောက်မှာ ကန်းရီ နဲ့ ဇောင်ဟွမ် လည်းပဲ အရှေ့ကို တိုးသွားခဲ့ပါတယ်။ တကယ်တော့ ဟွာယန် အကယ်ဒမီမှာ နွေဦးစမ်းရေ အဆင့် တပည့်တွေ အများကြီးရှိပါသေးတယ်။

လျှို့ပုက်ဆန်းကြယ်တဲ့ စွမ်းအားကို ပိုင်ဆိုင်ရရှိစေမယ့် ဆွဲဆောင်မှု က တကယ့်ကို ထူးခြား ပါတယ်။ မျှော်လင့်ချက်ကလေး အနည်းငယ်ရှိရုံရင်တောင်မှ သူတို့က ကြိုးစား ကြည့်ချင်ကြပါတယ်။ တကယ်လို့ သူတို့က တိုက်ပွဲစွမ်းအင်မှာ အနည်းငယ်သာ အားနည်း နေခဲ့မယ်ဆိုရင်တောင်မှ သူတို့က အရမ်းကို လျင်မြန်နေမယ်ဆိုရင် သူတို့နဲ့ ယှဉ်ပြိုင်သူတွေ ကို ဖုန်မှုန့်တွေ သဲမှုန့်တွေနောက်မှာ ထားခဲ့နိုင်ပါလိမ့်မယ်။

လင်းဟာန် က စွန်းဇီယန် ကို မြင်လိုက်တဲ့ အခါမှာ သူက လင်းဟာန်ကို အားတင်းပြီးတော့ ပြုံးပြလိုက်ပြီး ချက်ချင်း လှည့်ထွက်သွားတာကို မြင်လိုက်ရပါတယ်။

ကြည့်ရတာ လွန်ခဲ့တဲ့ တစ်လ နှစ်လ ခန့်က သူ့အနေနဲ့ လင်းဟာန်ကို ခေါင်းထဲမှာ ထည့်ထား ဖို့အတွက် ထိုက်တန်မှုမရှိတဲ့ ပမွှားတစ်ယောက်လို့

သတိမှတ်ထားပေမဲ့လည်း အခု သူက လင်းဟန်ကို ရှိသေလေးစားစွာနဲ့ ဂရန်းမာစတာ လို့ခေါ်ရမယ်ဆိုတာကို တွေးမိသွားခဲ့ပုံ ရပါတယ်။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန်နဲ့ မျက်နှာဆိုင်ပြီး စကားပြောဖို့ အတွက် ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကွာဟချက်ကြီး တစ်ခု ဖြစ်လာခဲ့ပါပြီ။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ သူ့ကိုယ်သူ စွန်းဇီယန် ရဲ့ အဆင့် အထိကို နှိမ့်ချ စရာမလိုပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက မျက်ကန်းတစ်ယောက်လို့ ဆက်ပြီး ပြုမူနေ ဦးမယ်ဆိုရင် မြေကြီးပေါ်မှာ ပြားပြားဝပ်သွားအောင်လို့ ဆောင့်နင်းပစ်ဖို့ ဝန်လေးနေမှာ မဟုတ်ပါဘူး။

“ဒီမှာ ဖန်းယန် ဟေ့”

တစ်ယောက်ယောက်က အော်ဟစ်လိုက်တာနဲ့ လူတွေက အဲဒီနေရာကို လှည့်ပြီးတော့ ကြည့်လိုက်ကြပါတယ်။

တကယ်ပဲ…. ဖန်းယန် က ကြီးကျယ်တဲ့ ဟန်အမူအရာနဲ့ ချဉ်းကပ်လာခဲ့ပါတယ်။ သူ့ရဲ့ ခြေလှမ်းတိုင်းအောက်မှာ အဖြူရောင် မှိန်ဖျော့ဖျော့ အလင်းရောင် တစ်ခုက တကယ်ပဲ ဖြစ်ပေါ်နေပါတယ်။ ဒါကိုကြည့်ရတာက သူ့ကို နတ်ဘုရား

တစ်ပါးအလားလို့တောင် ထင်မှတ် စေနိုင်ပါတယ်။

"စိတ်ဂိုဏ်း ပင်လယ် အဆင့်"

တစ်စုံတစ်ယောက် က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

စိတ်ဂိုဏ်း ပင်လယ် အဆင့် လက်ရွေးစင်တွေက သူတို့ရဲ့ ခန္ဓာကိုယ် အပြင်ဘက်မှာ သူတို့ရဲ့ သိုင်းဆန္ဒသဘောတရားတွေကို ထုတ်လွှတ်နိုင်စွမ်း ရှိကြပါတယ်။ ဒါမှမဟုတ် သူတို့ရဲ့ လက်နက်တွေ အပေါ်မှာ ရေးထွင်းနိုင်သလို စိတ်ဂိုဏ်းအဆောင်လက်ဖွဲ့ တွေကို အပေါ်မှာလည်း ရေးဆွဲနိုင်ပါတယ်။ သိုင်းပညာရှင်တွေ အတွက်ကတော့ ဒါက အရမ်းကို အရေးပါတဲ့ အဆင့် တစ်ခုပဲ ဖြစ်ပါတယ်။

မိုးရေနိုင်ငံမှာ နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေက အမြောက်အများ ရှိကြပါတယ်။ အင်အားကြီး ကလန် အားလုံးမှာတော့ ဒီလိုမျိုးအဆင့်သိုင်းပညာရှင်တွေက ပြတ်လပ်မှု မရှိပါဘူး။ ဒါပေမဲ့ စိတ်ဂိုဏ်းပင်လယ်အဆင့် သိုင်းပညာရှင် အရေအတွက်ကတော့ သနားစရာကောင်းလောက်အောင်ကိုပဲ နည်းပါးလွန်းပါတယ်။ စိတ်ဂိုဏ်း ပလ္လင် အဆင့် သိုင်းပညာရှင်ဆိုရင်တော့

ပိုပြီးတော့တောင် ရှားပါးလွန်းလှပါတယ်။

ဒါကြောင့် မိုးရေနိုင်ငံ သို့မဟုတ် မြောက်ဘက်အစွန်အဖျား နေရာက နိုင်ငံကိုးခု မှာတောင်မှ စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင်တွေကို အလယ်အဆင့် ထောက်တိုင်တွေ အဖြစ် သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ ဒီလိုမျိုး ကျင့်ကြံခြင်းအဆင့်မှာရှိတဲ့ ဘယ်သူ့ကိုမဆို အစွမ်းထက်တဲ့ စစ်သည်တော် တစ်ယောက်အဖြစ် သတ်မှတ်လို့ ရပါတယ်။

ဖန်းယန် က ၂၄ နှစ်ခန့်ပဲ ရှိပါသေးတယ်။ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ စိတ်ဂိဉာဉ်ပင်လယ် အဆင့်ကို ရောက်နေခဲ့ပါပြီ။ ဒါက မိုးရေနိုင်ငံရဲ့ သမိုင်းကြောင်း တစ်လျှောက်မှာ အလွန်အမင်း အံ့အားသင့်စရာ ကောင်းပါတယ်။ သူက ထိပ်တန်း အဆင့် တစ်ဆယ် ဒါမှမဟုတ် ပိုပြီးတော့တောင်မှ အဆင့်မြင့်မြင့်ထဲမှာ ပါနိုင်ပါတယ်။

ဒါပေမဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင်တွေက သူတို့ရဲ့ သိုင်းဆန္ဒ သဘောတရား တွေကို သူတို့ရဲ့ ခန္ဓာကိုယ်အပြင်ဘက်ကို ထုတ်လွှတ်နိုင်တယ် ဆိုပေမဲ့လည်း ဒါက စွမ်းအင်ကို အသုံးပြုရပါတယ်။ ဒါကြောင့် ဖန်းယန် က ဘာအကြောင်း ပြချက်မှ မရှိပဲနဲ့ ဘာလို့

ဒီလိုမျိုးလုပ်ရတာပါလိမ့်။ ဖန်းယန် က တမင်သတ်သတ် နောက်ကျမှလည်း လာပြီးတော့ ဒီလိုမျိုး အပြုအမူနဲ့ အားလုံးကို ဖိနှိပ်ချင်နေတယ်ဆိုတာ သိသာပါတယ်။ သူက မိုးရေ ကျောက်ဖွဲကို နည်းနည်းလေးမှ ရှိသေလေးစားခြင်းမရှိသလို သူ့ရောက်လာတာနဲ့ သူ့ရဲ့ သိုင်းဆန္ဒကို စတင် ထုတ်ဖော်လိုက်ပြီးတော့ လင်းဟန်ကို အရှက်ခွဲ စော်ကားဖို့ အတွက် သူ့ရဲ့ စွမ်းရည်ကို ထုတ်ဖော်လိုက်တာပဲ ဖြစ်ပါတယ်။

စိတ်ဝိဉာဉ်ပင်လယ် အဆင့် နဲ့ နွေဦးစမ်းရေ အဆင့်တွေ ရင်ဆိုင်တာက တစ်ဖက်သတ် နိုင်ထက်စီးနင်း လုပ်တာပဲ မဟုတ်ဘူးလား။

လျို့ဝှက်ဆန်းကြယ်တဲ့စွမ်းအင်က သူ့ရဲ့ ဟာ ဖြစ်သွားတော့မှာလား။ ပြီးတော့ ဒီတစ်ကြိမ် သူ့ရဲ့ ခံစားချက်အပေါ် မူတည်ပြီးတော့ လင်းဟန် အနေနဲ့ ကြီးကြီးမားမား ဒဏ်ရာ ရမလား ဒါမှမဟုတ် အသတ်ခံရမလား။

တကယ်ပါပဲ။ လင်းဟန် နဲ့ ဟူးညို့က လွဲရင် ကျန်တဲ့ ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်သူတွေရဲ့ အမူအရာ က ကြီးကြီးမားမားကို ပြောင်းလဲသွားခဲ့ပါတယ်။ စိတ်ဝိဉာဉ်ပင်လယ် အဆင့်

လက်ရွေးစင် တစ်ယောက် နဲ့ ရင်ဆိုင်ဖို့ ဘယ်နှေဦးစမ်းရေ အဆင့် သိုင်းပညာရှင်တွေက သူ့ကို တိုက်ခိုက်ဖို့ သတ္တိတွေ ရှိမှာလဲ။

“ဟော့ကောင်…လင်းဟာန်”

ဖန်းယန် က သူ့ဆီကို နိုင်လိုမင်းထက် ပြုလိုတဲ့ အကြည့်နဲ့ စိုက်ကြည့်လိုက်ပါတယ်။

“မင်းက တကယ်ပဲ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါလုံးဝ မထင်ထားမိဘူး။ ငါ မှော်ဆေးပညာရှင် အဖွဲ့အစည်းကို မျက်နှာသာ အချို့ ပေးတဲ့ အနေနဲ့ မင်းကို မသတ်ဘူး။ မင်းရဲ့က ခြေထောက်နှစ်ချောင်း ကို ဖြတ်ပစ်ရလိမ့်မယ်။ တကယ်တော့ မင်းက ဆေးဖော်စပ်ဖို့ အတွက် မင်းရဲ့က လက်နှစ်ဖက်ပဲ လိုတာပါ”

ဒီစကားလုံးတွေကို ကြားလိုက်ရတဲ့ အခါမှာ ပရိသတ်တွေရဲ့ စိတ်ထဲမှာ မုန်တိုင်းတစ်ခု တိုက်ခိုက်တော့မဲ့ အတိုင်း ခံစားလိုက်ရပါတယ်။

မိုးရေနိုင်ငံမှာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ကို

အခုလိုမျိုး ခြိမ်းခြောက် ပြောဆိုရဲတဲ့ တစ်ယောက်တည်းသော သူကတော့ ဖန်းယန်ပဲ ဖြစ်ပါလိမ့်မယ်။ မိုးရေ ဧကရာဇ် တောင်မှ ဒီလိုမျိုး မော်ဆေးပညာရှင် အကြီးအကဲ တစ်ယောက်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံ ရပါတယ်။

ရှုးနေပြီ။ သူတကယ်ပဲ ရှုးသွားပြီ။

လင်းဟာန် က တည်ငြိမ်စွာ နဲ့ ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

“ ငါ မင်းရဲ့ ညီလေး လက်မောင်းတွေကို တစ်ခါ ဖြတ်ခဲ့ဖူးတယ်။ ဒါကြောင့် အစ်ကိုတစ်ယောက် အတွက်လည်း ခြွင်းချက် မထားပဲနဲ့ လုပ်ပေးနိုင်တယ်။ ငါ မင်းရဲ့က ခြေထောက်နဲ့ လက်တွေ ကို ဖြတ်ပေးရမှာပေါ့”

“ဟူး”

ကျန်တဲ့သူတွေ အားလုံးက သူတို့ရဲ့ နဖူးပေါ်က အေးစက်နေတဲ့ ချွေးတွေကို သုတ်ပစ်လိုက် ကြပါတယ်။ ဒီလူနှစ်ယောက်က လုံး၀ ဆတ်ဆတ်ထိ မခံတဲ့သူတွေ ဖြစ်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် တွေ့လိုက်တာနဲ့ တစ်ဖက်ကို တစ်ဖက် မသန်မစွမ်း ဖြစ်အောင် လို့

လုပ်ပစ်မယ်ဆိုတဲ့ ဆန္ဒတွေကို ကြမ်းကြမ်းတမ်းတမ်း နဲ့ ထုတ်ဖော် ကြေညာခဲ့ ကြပါတယ်။

"ဟားဟားဟားဟား"

ဖန်းယန် က ကျယ်လောင်စွာနဲ့ အော်ရယ်လိုက်ပါတယ်။ပြီးတော့ သူက လေးလေး နက်နက်နဲ့ ပြောလိုက်ပါတယ်။

"မင်းက နွေဦးစမ်းရေ အဆင့်ပဲ ရှိသေးတယ်။ ဒါဆို ငါ့ကို တိုက်ဖို့ ဘယ်လို အစီအစဉ် တွေများ ဆွဲထားသလဲ။ ကောင်းပြီ.. ဒီနေ့ ငါ မင်းကို လုံးဝ မသန်မစွမ်း ဖြစ်အောင် လုပ်ပစ်မယ်"

"ဒီလိုမျိုး အဓိပ္ပါယ် မရှိတဲ့ စကားတွေကို ဘယ်နေရာကနေ ရှာလာတာလဲ။ မင်းက လေကြွား တစ်ယောက်ပဲလား"

လင်းဟန်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

တစ်ဖက်မှာရှိတဲ့ ဖန်းယန် က ဒေါသမထွက်သွားခဲ့ပါဘူး။ သူရဲ့ သိုင်းဆန္ဒသဘောတရား ကို ရုပ်သိမ်းလိုက်ပါတယ်။ သူက ဒီအခြေအနေကို ဆက်ပြီးတော့ ထိန်းသိမ်းထားဖို့

မလိုတော့ ပါဘူး။ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ အေးစက်စက်နဲ့ သရော်တဲ့ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ ဒီနေ့မှာ သူက လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုကို ရယူနိုင်ပါလိမ့်မယ်။ ပြီးတော့ စိတ်ဂင်စားစရာ တစ်ခု အနေနဲ့ လင်းဟန်ရဲက ခြေထောက်တွေ ကို ဖြတ်ပစ်ရပါဦးမယ်။

နောက်မှ သူက လင်းဟန် ကို သတ်ပစ်ရပါလိမ့်မယ်။ ဘယ်သူမှ ဒါကို မသိလေ ပိုပြီးတော့ ကောင်းပါတယ်။ တခြားသူတွေ ကို မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက လင်းဟန်ကို လူပုံအလယ်မှာ မသတ်ပုံအောင် ဖြစ်စေပါတယ်။

သူက ဒါကို ကောင်းကောင်း နားလည်ပါတယ်။ ပြီးတော့ လင်းဟန်ကို ခါးသီးတဲ့ ရလဒ်တစ်ခု ကို ခံစားစေရုံသာမက သူ့အနေနဲ့ လင်းဟန်ရဲ့ ခြေထောက်တွေကိုပါ ဖြတ်ပစ်ရပါလိမ့်မယ်။ တကယ်လို့ သူ့က ခြေထောက်တွေကို ပြန်ပြီး ဆက်နိုင်ခဲ့မယ်ဆိုရင်တောင်မှ သူ့ရဲ့ ခြေထောက်တွေက အရင်ကထက်စာရင် သွက်သွက်လက်လက်နဲ့ ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါက သူ့ရဲ့ သိုင်းပညာလမ်းကြောင်းမှာ အမှောင်မိုက်ဆုံးတစ်ခု ဖြစ်တယ်လို့ ဆိုလိုတာပါပဲ။

ဖန်းယန် ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ဘယ်သူကမှ စာရင်းပေးသွင်းခြင်း မရှိတော့ပါဘူး။ သူတို့အားလုံးက ဖန်းယန် ရဲ့ အစွမ်းကို မျက်မြင်ထင်ရှား တွေ့မြင်ခဲ့ရပြီးတော့ ကြောက်ရွံ့နေကြပါတယ်။

သူက အခု စိတ်ဂိုဏ်းပင်လယ် အဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ကျော်လွှားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ အဲဒီအချိန်အတွင်းလေးမှာပဲ လူငယ်လေးတစ်ယောက်က လျှောက်လာခဲ့ ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ ရက်ရွံ့တဲ့ အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"ကျနော် စာရင်းသွင်းချင်ပါတယ်"

လင်းဟာန် ရဲ့ မျက်လုံးတွေက ကျဉ်းမြောင်းသွားခဲ့ပါတယ်။

ရန်ထန်းဇောင်။

ရန်ထန်းဇောင် ကို ပထမဆုံး သူတွေ့မြင်ခဲ့ရတုန်းက ဒီကောင်လေးက သူ့ကို မယုံနိုင်စရာ ကောင်းတဲ့ မကောင်းဆိုးဂါး အငွေ့အသက် တစ်ခုကို ပေးခဲ့ပါတယ်။ ဒုတိယ အကြိမ် သူတို့ တွေ့ဆုံခဲ့တုန်းကလည်း သူ့ရဲ့

မကောင်းဆိုးဂါး အငွေ့အသက် က ရှိနေဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကို ဖြတ်ပြီးတော့ ဘယ်လိုမှ ကြည့်နိုင်စွမ်းမရှိပါဘူး။ ဒါက တတိယ အကြိမ်ဖြစ်ပြီးတော့ လင်းဟန် က သူ့ကို ဖြတ်ပြီးတော့ ကြည့်လို့ မရသေးပါဘူး။ ဒီကောင်လေး ကို အခိုးအငွေ့ အလွှာ တစ်ခုက ဖုံးလွှမ်းထားနေသလိုမျိုးပါပဲ။ ဟူးညီနဲ့ တူတူပါပဲ။

နေပါဦး။

လင်းဟန် ရဲ့ ခေါင်းထဲမှာ အတွေးတစ်ခု လင်းလက်သွားခဲ့ပါတယ်။ ဖြစ်နိုင်တာ ကတော့……။

“မင်းဘယ်သူလဲ… မင်းရဲ့ နာမည်ကို ပြောပါ။ ပြီးတော့ အသက်၊ ကျင့်ကြံခြင်းအဆင့်လည်း ငါ့ကို ပြပါ”

ကျိုင်ရှင်း က စည်းကမ်း တင်းကြပ်တဲ့ သူတစ်ယောက်ဖြစ်ပြီးတော့ သူ့ရဲ့ လေသံက အေးစက်စက်နိုင်လွန်းလှပါတယ်။

“ရန်ထန်းဇောင်၊ အသက် ဆယ့်ငါးနှစ်”

လူငယ်လေးကို ကြည့်ရတာ အနည်းငယ် စိတ်ကသိ

ကအောက် ဖြစ်သွားတဲ့ပုံစံ ရပါတယ်။

"ကျင့်ကြံခြင်းအဆင့် အတွက်ကတော့……"

သူ့ရဲ့ ညာဘက်လက်ကို ဆန့်ထုတ်လိုက်တာနဲ့ ဟုမ်းဆိုတဲ့ အသံကြီး မြည်သွားပြီးတော့ အစိမ်းရောင် မှိန်ဖျော့ဖျော့ အလင်းတစ်ခု တောက်ပသွားပြီးတော့ သူ့ရဲ့လက်ဖဝါးရဲ့ အောက်ဘက်မှာ အနုစိတ်တဲ့ ပုံစံတစ်ခု ဖြစ်ပေါ်လာပါတယ်။

"ဒါက……."

လူတိုင်းလူတိုင်းပဲ ရုတ်တရက်ဆိုသလို ထရပ်လိုက်ကြပါတယ်။ ဒါက သိုင်းဆန္ဒ သဘောတရား ပါ။

စိတ်ဂိဉာဉ်ပင်လယ် အဆင့်။

"လပြွတ်… လပြွတ်…. လပြွတ်"

"နတ်ဘုရားများ… . ဒါက နောက်ထပ် စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက် ပါလား။ ပြီးတော့ သူက အခုမှ အသက် ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်"

"လပြွတ်… . အသက် နှစ်ဆယ့်လေးနှစ် တစ်ယောက်က စိတ်ဂိုဏ်ပင်လယ် အဆင့် ရောက်နေတာ က တကယ့်ကို ထူးခြားဆန်းကြယ်လွန်းလှ ပြီလို့ ငါထင်ထားခဲ့မိတယ်။ အနည်းဆုံး မိုးရေနိုင်ငံမှာ နောက်ထပ် နှစ်ပေါင်း သုံးရာ အတွင်းမှာ နောက်တစ်ယောက် ဘယ်တော့မှ ထပ်ပေါ်လာမှာမဟုတ်ဘူး။ ငါ့ရဲ့ အံ့သြမှုက ခဏလေးအတွင်းမှာ မပြီးဆုံး သေးဘူးလို့ ဘယ်သူက ထင်ထားမှာလဲ။ နောက်ထပ် အသက် ဆယ့်ငါးနှစ်နဲ့ စိတ်ဂိုဏ် ပင်လယ်အဆင့် တစ်ယောက် ပေါ်လာခဲ့ပြန်ပြီ"

"ဒီလူငယ်လေးကို ကြည့်ရတာ ဘယ်လိုမှ အသက် နှစ်ဆယ် မကျော်သေးဘူး။ တကယ်လို့ သူက အသက်နှစ်ဆယ် ဆိုရင်တောင်မှ ဒီအသက်အရွယ်နဲ့ စိတ်ဂိုဏ်ပင်လယ် အဆင့်ကို ရောက်နေတယ်ဆိုတာက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းဖို့ လုံလောက်နေပြီ"

" ဒါက မိုးရေနိုင်ငံရဲ့ နိုင်ငံသား တစ်ယောက်ရော ဟုတ်ရဲ့လား"

" ရန်ထန်းဖောင်… သူက ဘယ်ကလန်ရဲ့ ပါရမီရှင်လဲ ဆိုတာကို ဘယ်သူတွေများ သိကြသလဲ"

ပရိသတ်က အံ့အားသင့်ပြီးတော့ သူတို့ရဲ့ မေးရိုးတွေက အောက်ကို ကျသွားရုံသာမက မိုးရေကေရာဇ် တောင်မှ အနည်းငယ် တုန်ယင်သွားပြီးတော့ သူ့ရဲ့ သရဖူတောင် နည်းနည်း ယိုင်သွားပါတယ်။ မိုးရေနိုင်ငံမှာ ဒီလိုမျိုး ပါရမီရှင် သိုင်းပညာရှင်တစ်ယောက် တကယ်ပဲ ရှိနေတာလား။

တခြားနိုင်ငံ ကိုးခုရဲ့ သံတမန်တွေလည်းပဲ အံ့အားသင့်ပြီးတော့ မှင်တက်သွားကြပါတယ်။ ပြီးတော့ တစ်ချိန်တည်းမှာပဲ မယုံနိုင်စရာကောင်းလောက်အောင် စိုးရိမ်ပူပန် ကြောက်လန့် သွားကြပါတယ်။ မိုးရေနိုင်ငံရဲ့ ဒီမျိုးဆက်က တကယ့်ကို အံ့သြဖို့ ကောင်းတာပဲ။ မဟုတ်လို့လား။ မှော်ဆေးပညာမှာပဲ ကြည့်ဦးမလား။ အသက် ဆယ့်ခုနစ်နှစ်နဲ့ လူငယ်လေး တစ်ယောက်က အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်နေပြီး သိုင်းပညာမှာတော့ စိတ်ဂိဥာဉ်ပင်လယ်အဆင့် နှစ်ယောက်တောင် ရှိပါတယ်။ ဒါက မိုးရေ နိုင်ငံ အနေနဲ့ ကျန်တဲ့ နိုင်ငံ ရှစ်ခုကို နောက်ကောက်ချ ချန်ထားရစ်ခဲ့ပြီလို့ ဆိုလိုလိုက်တာပဲ မဟုတ်ဘူးလား။

ရန်ထန်းဇောင် က ပြန်လှည့်လိုက်ပြီးတော့ လင်းဟန် နဲ့

ဖန်းယန်ကို မျက်စိ တစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ကလေးဆန်ပြီးတော့ ရုက်ကိုးရုက်ကန်း ဖြစ်နေတဲ့ အမူအရာတွေက သူ့ရဲ့ မျက်နှာပေါ်ကနေ ဘာသဲလွန်စမှ မကျန်အောင် ပျောက်သွားခဲ့ပါတယ်။ ပြီးတော့ သူက မကောင်းဆိုးဝါး တစ်ကောင်လိုမျိုး အစွမ်းထက်လှတဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ အရှိန်အဝါ တစ်ခုကိုပဲ ထုတ်လွှတ်လို့ နေပါတယ်။

ဖန်းယန် က ချက်ချင်းဆိုသလိုပဲ လေးလေးနက်နက်နဲ့ ကြည့်လိုက်ပါတယ်။ သူက ဂုဏ်ယူနေပေမဲ့ အရူးတစ်ယောက် မဟုတ်ပါဘူး။တကယ်လို့ ရန်ထန်းဇောင် က စိတ်ဂိဉာဉ် ပင်လယ် အဆင့်ကို အခုမှ ချိုးဖျက်ဝင်ရောက်လာတာဆိုရင်တောင်မှ ကျင့်ကြံခြင်း အဆင့်အားလုံးနဲ့ ပတ်သက်လာရင် သူက အသာစီးတစ်ခုမှ မရပါဘူး။ ဒါ့အပြင် ရန်ထန်းဇောင် က ဆယ့်ငါးနှစ်ပဲ ရှိပါသေးတယ်။

အသက် ဆယ့်ငါးနှစ်နဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ဆိုတာ အဲဒီလိုလူမျိုးကို သူ တစ်ခါမှ မကြားဖူးတဲ့ အပြင် ဒီလိုလူ တစ်ယောက် တကယ်ပဲ ရှိလိမ့်မယ်လို့လည်း လုံးဝ မစဉ်းစားမိခဲ့ပါဘူး။

ထိုအချိန်အတွင်းမှာ လင်းဟန် ကတော့ ကျိတ်ပြီးတော့ သက်ပြင်း ချလိုက်ပါတယ်။ တကယ်ပဲ သူ့အနားမှာ နောက်ထပ် မွန်းစတား တစ်ကောင် ပေါ်လာခဲ့ပြန်ပါပြီ။ သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ် နဲ့ နှိုင်းယှဉ်လိုက်မယ် ဆိုရင် ရန်ထန်းဇောင် က သူ လေးလေးနက်နက် နဲ့ သတိထားပြီးတော့ အရေးကြီးတဲ့ လူတစ်ယောက် မဟုတ်သေးပါဘူး။ အခုအချိန်မှာ သူ မျက်နှာခြင်းဆိုင်ဖို့အတွက် စိုးရိမ်ပူပန်နေတဲ့ တကယ့် လူကတော့ ရုံဟွမ်ရွှမ် ပဲ ဖြစ်ပါတယ်။

အရမ်းကို လျှင်မြန်စွာနဲ့ပဲ ရန်ထန်းဇောင် ရဲ့ သတင်းအချက်လက်တွေကို ရှာဖွေ သိရှိကုန် ကြပါတယ်။ သူက အချစ်ပန်းစံအိမ်က လေဒီရန်ရဲ့ တစ်ဦးတည်းသော သား ဖြစ်ပြီးတော့ ဆယ်နှစ်လောက် သတိလစ် မေ့မျောနေခဲ့သူ တစ်ယောက်လည်း ဖြစ်ပါတယ်။

"လစ္ဆတ်ပေါ့… ငါလည်း ဒီလိုမျိုးသာ ဖြစ်မယ်ဆိုရင် ဆယ်နှစ်လောက် သတိလစ် မေ့မျော ချင်လိုက်တာ"

ဒီနေ့တော့ တကယ့် ကြီးကျယ် ခမ်းနားတဲ့ ဖျော်ဖြေပွဲတစ်ခုကို ကြည့်ရတော့မှာပဲ။

ပထမတော့ ဖန်းယန် က အထူးချွန်ဆုံးသော တစ်ယောက်တည်းသော သူ ဖြစ်ပါတယ်။ အခုတော့ အစွမ်းထက်တဲ့ ပြိုင်ပွဲဝင် နှစ်ယောက်ကြားက ကြောက်စရာကောင်းတဲ့ တိုက်ပွဲ တစ်ခု ဖြစ်လာပါတော့မယ်။

လင်းဟန် က စကားတစ်ခွန်းမှ မဆိုပဲနဲ့ ပြုံးလိုက်ပါတယ်။ ဒီနေရာမှာ သူနဲ့ ဟူးညို့ကိုလည်း ထည့်သွင်း စဉ်းစားဖို့ လိုပါသေးတယ်။

Chapter 271 end

အပိုင်း(၂၇၂) ဟူးညို့ ဖောက်တဲ့ လမ်း

ပထမ … ဖန်းယန် က စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ ထွက်ပေါ်လာခဲ့တဲ့အခါမှာ သူက ပြိုင်ဘက်ကင်းတဲ့ စစ်ပွဲနတ်ဘုရား တစ်ပါးနဲ့ တူပါတယ်။ ပြီးတော့ ဒီပြိုင်ပွဲမှာ ပြိုင်ဘက်တွေ အားလုံးကို ဖိနှိပ်ထိန်းချုပ်ထားပြီးတော့ ချန်ပီယံ ဖြစ်မဲ့ တစ်ဦးတည်းသော သူတစ်ယောက် လိုမျိုးပါပဲ။ လင်းဟန် ကတော့ ကြီးကျယ်ခမ်းနားပြီး တောက်ပတဲ့ အနာဂတ် ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မှော်ဆေးပညာနယ်ပယ် ထဲမှာ ကြီးမားတဲ့ အောင်မြင်မှုကြီး ရရှိထားပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က နွေဦးစမ်းရေ

အလွှာ ပထမ အဆင့်ပဲရှိတဲ့အတွက်ကြောင့် မိုးရေနိုင်ငံရဲ့ လူငယ် မျိုးဆက်သစ်တွေကြားမှာတော့ လုံးဝ အသိအမှတ်ပြုလောက်စရာ မဟုတ်ပါဘူး။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ရန်ထန်းဖောင် က ပေါ်လာခဲ့ပြီးတော့ ဖန်းယန်ရဲ့ တောက်ပ လင်းလက်မှုတွေကို အပေးကို လွှင့်သွားစေခဲ့ပါတယ်။

အသက်ဆယ့်ငါးနှစ်နဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ဆိုတာက ပိုပြီးတော့တောင်မှ အံ့ဩစရာ ကောင်းမနေဘူးလား။

ဒါပေမဲ့ ဒါကလည်း တကယ်ဆိုရင် ကောင်းတာပဲ မဟုတ်လား။ မဟုတ်လို့ရှိရင် ဖန်းယန် ရဲ့ တစ်ကိုယ်တော် အစွမ်းပြတာကိုပဲ ကြည့်နေရမှာပါ။ အခုဆိုရင် တကယ့်ကို ကောင်းမွန်တဲ့ ပွဲကြီးပွဲကောင်း ကို စိတ်လှုပ်ရှားစွာနဲ့ ကြည့်ရတော့မယ်လေ။

ဖန်းယန်က ရန်ထန်းဖောင်ကို စိုက်ကြည့်လိုက်ပါတယ်။ သူက အနည်းငယ် ပြဿနာ ဖြစ်သလို ခံစားခဲ့ရပါတယ်။ သူက ရန်ထန်းဖောင်ကို အကြီးမားဆုံး ပြိုင်ဘက် နံပတ်တစ် အဖြစ်ကို လင်းဟာန်ရဲ့ ခြေထောက်တွေကို ဖျက်ဆီးပစ်ဖို့ကိုရော တစ်ချိန်တည်းမှာပဲ ထားလိုက်ပါတယ်။

သူ့ရဲ့ ရင်ထဲမှာတော့ ခက်ခဲလေးလံမှုတွေက တိုးလာခဲ့ပါတယ်။

ရန်ထန်းဇောင်က နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခုကို ပြုံးလိုက်ရင်းနဲ့ တစ်ဖက်မှာ ရပ်လိုက် ပါတယ်။ သူ့ရဲ့ အမူအရာက အသက်ဆယ့်ငါးနှစ်ပဲ ရှိသေးတဲ့ လူငယ်တစ်ယောက်နဲ့ လုံးဝ မတူညီပါဘူး။

လွီယုထန် လည်းပဲ မှင်တက် အံ့ဩနေပါတယ်။ သူမက ရန်ထန်းဇောင်ရဲ့ နူးညံ့သိမ်မွေ့ပြီး ရှက်တက်တက် ဖြစ်နေတဲ့ အမူအရာကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရသူ ဖြစ်ပါတယ်။ သူမ အနေနဲ့ ဒီလူငယ်လေးက လအနည်းငယ်အတွင်းမှာ စိတ်ဂိုဏ်းပြင်လယ် အဆင့်ကို ရောက်သွားလိမ့်မယ်လို့ လုံးဝ ထင်မထားမိခဲ့ပါဘူး။ ဒါ့အပြင် ဒီ မကောင်းဆိုးဝါး အရှိန်အဝါ က သူမရဲ့ ဆံပင်တွေကိုတောင်မှ ထောင်သွားစေခဲ့ပါတယ်။

လူတိုင်းလူတိုင်းက နောက်ဆုံးပြင်ဆင်မှုတွေကို ပြုလုပ်လိုက်ကြပြီးတော့ ပြိုင်ပွဲစတင်ဖို့ ကို စောင့်မျှော်နေကြပါတယ်။

နောက်ထပ်တစ်နာရီခွဲ လောက်ကျော်သွားတဲ့အခါမှာတော့ မိုးရေ ကေရာဇ်က ခေါင်းကို ငြိမ့်ပြီးတော့

ကြေညာလိုက်ပါတယ်။

"ပြိုင်ပွဲစဖို့ အဆင့်သင့် ဖြစ်ပြီ"

ရှဲ့ချန် က ထရပ်လိုက်ပြီးတော့ ပြောပါတယ်။

"စာရင်းသွင်းတဲ့အချိန် ကုန်သွားပြီ။ ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြောပြမယ်။ ဘယ်သူကိုမှ စိတ်ဂိဉာဉ်ပစ္စည်းတွေနဲ့ မှော်ဆေးလုံးတွေ အသုံးပြုတာကို ခွင့်မပြုဘူး။ စိတ်ဂိဉာဉ်အဆောင်လက်ဖွဲ့ ဒါမှမဟုတ် အမိန့်လွှာတွေကိုလည်း အသုံးပြုလို့မရဘူး။ မင်းတို့ရဲ့ ကိုယ်ပိုင် စွမ်းရည်ကိုပဲ အသုံးပြုလို့ရမယ်"

ယေဘုယျ အားဖြင့်တော့ ဘယ်သူ့ကိုမှ ဒဏ်ရာ အနာတရ မဖြစ်စေပါဘူး။ ဒါပေမဲ့ လက်နက် တွေဆိုတာက မျက်စိမပါဘူးလေ။ ဒါကြောင့် တကယ်လို့ တစ်စုံတစ်ခု ဖြစ်သွားမယ်ဆိုရင် ဒါကို ရှောင်လွဲလို့ မရပါဘူး။ တကယ်လို့ မင်းက ဒဏ်ရာအနာတရ မရစေချင်ဘူးဆိုရင်တော့ အခုကတည်းက ပြိုင်ပွဲမဝင်ပဲနဲ့ နောက်ဆုတ်လိုက်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

"ဒါနဲ့ ပတ်သက်လို့ တစ်ခုခု နားမလည်တဲ့သူတွေ

ရှိသေးလား။ မင်းတို့အခုချက်ချင်း မရှင်းတာရှိရင် မေးနိုင်တယ်”

သူက ဒီစကားတွေကို ပြောလိုက်ပေမဲ့လည်း ဘယ်သူ တစ်ဦးတစ်ယောက်ကမှ ပြောဆိုတာ မတွေ့ရပါဘူး။

“ဒါဆိုရင်.. ငါ တစ် နှစ် သုံး ရေမယ်။ မင်းတို့အားလုံး တစ်ချိန်တည်းမှာ စလို့ရပြီ”

“တစ်”

“နှစ်”

“သုံး”

သုံးဆိုတဲ့ အသံအဆုံးမှာတော့ ရှုပ် ရှုပ် ရှုပ် ဆိုပြီးတော့ အသံကို ကြားလိုက်ရပြီး ပြိုင်ပွဲဝင်သူ အားလုံးက အရှေ့ကို တဟုန်ထိုး ပြေးထွက်လာကြပါတယ်။

လူတစ်ရာကျော်က တောင်ရဲ့ အခြေ ကို ဝိုင်းရံလိုက်ကြပါတယ်။ လမ်းကြောင်း က သုံးဆယ့်နှစ်ခု ရှိပြီးတော့ သူတို့တွေက အရမ်းကို အစွမ်းထက်တဲ့

ပြိုင်ဘက်တွေကို တတ်နိုင်သလောက် ရှောင်နေကြပါတယ်။ ဒီ့အပြင် လမ်းကြောင်းတိုင်းက အရမ်းကို ကျဉ်းမြောင်းပြီးတော့ တစ်ခါမှာ လူတစ်ယောက်ပဲ ဖြတ်သန်းနိုင်ပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ တစ်ယောက်ယောက်က အရှေ့ကနေ သွားချင်တယ်ဆိုရင်တော့ သူ့ရဲ့ အရှေ့မှာ ရှိနေတဲ့ လူကို ဖယ်ရှားပစ်လိုက်ဖို့ကိုပဲ ရွေးချယ်လို့ ရပါလိမ့်မယ်။

အချိန်တစ်ခဏလေးအတွင်းမှာပဲ သူတို့တွေက ဆာလောင်နေတဲ့ မြင်းတွေက စမ်းရေ တစ်ခုက ရေကို သောက်ဖို့အတွက် အပြေးအလွှားနဲ့ လုယက် တိုက်ခိုက်နေသလိုမျိုး ပုံစံ ပေါက်နေကြပါတယ်။ ဒါက တကယ့်ကို ပြင်းထန်တဲ့ မြင်ကွင်းတစ်ခုလည်း ဖြစ်ပါတယ်။

"ရှပ်"

သေးငယ်လှတဲ့ ပုံရိပ်ကလေး တစ်ခုက သူ့ကို အံ့သြမှင်တက်သွားစေနိုင်တဲ့ အမြန်နှုန်းနဲ့ အရှေ့ကို ပြေးထွက်သွားပြီးတော့ တောင်ခြေကို ပထမဆုံး ရောက်သွားတာကိုပဲ မြင်လိုက် ရပါတယ်။ ဒီပုံရိပ်က က ဒုတိယ နေရာက လူကိုတောင်မှ အကွာအဝေး တစ်ဂက်လောက် ချန်ထားခဲ့ပြီးတော့ တောင်ခြေကို

ရောက်သွားခဲ့ပါတယ်။

ဟူးညို ဖြစ်ပါတယ်။

“အဟွတ်”

လူတိုင်းလူတိုင်း ချောင်းတွေဆိုးကုန်ပါတယ်။ သူတို့ရဲက ခေါင်းတွေထဲမှာ ကျိန်ဆဲခြင်း တစ်သောင်း တစ်သိန်းမက ပေါ်လာခဲ့ပါတယ်။

ဖန်းယန်က စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ မြင်ကွင်းထဲမှာ ပေါ်လာခဲ့တုန်းက သူတို့ အရမ်းကို အံ့အားသင့်ခဲ့ကြပြီးတော့ ဖန်းယန်ကပဲ ပထမ နေရာကို ရယူနိုင်လိမ့်မယ်လို့ ရိုးရိုးလေးတွေးခဲ့ကြပါတယ်။ ရန်ထန်းဖောင် ကလည်း စိတ်ဂိဉာဉ် ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ ပေါ်လာခဲ့ပြန်တော့ သူတို့ အားလုံးက ပထမနေရာက ဖန်းယန် နဲ့ ရန်ထန်းဖောင် တို့ နှစ်ယောက်ကြားက ပြိုင်ပွဲ တစ်ခုပဲလို့ သုံးသပ် ထားခဲ့ကြပါတယ်။

ဒါပေမဲ့ ပြိုင်ပွဲစလိုက်တဲ့အခါမှာတော့ မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုက အမှတ်မထင် ထပ်ပြီးတော့

ဖြစ်ပေါ်လာခဲ့မယ်လို့ ဘယ်သူကမှ သံသယ မရှိခဲ့ကြပါဘူး။

လူတိုင်းလူတိုင်းက ဘေးနားမှာ ကစားနေတဲ့ ဒီမိန်းကလေးငယ်လေးမှာ အားလုံးက အထင်ကြီး အားကျရတဲ့ အမြန်နှုန်း တစ်ခု နဲ့ တကယ်ပဲ တဟုန်ထိုး ပြေးထွက်လာလိမ့်မယ် ဆိုတာကို မတွေးထားခဲ့ပါဘူး။ သူမက အရမ်းကို မြန်ဆန်ပြီးတော့ သူမကို တားဆီးဖို့ သူတို့မှာ အခွင့်အရေး နည်းနည်းလေးမှတောင် မရခဲ့ပါဘူး။

မိုးရေ ကောရာဇ် က ဟူးညိုကို ပြိုင်ပွဲပေးဝင်တာ အံ့သြစရာမဟုတ်တော့ပါဘူး။ ဒီမိန်းကလေးက နွေဦးစမ်းရေ အဆင့်မှာ ရှိနေပါတယ်။

သေစမ်း လပြွတ်ပဲ… အသက်ငါးနှစ် ခြောက်နှစ်နဲ့ နွေဦးစမ်းရေ အဆင့် ဟုတ်လား။

လူတိုင်းလူတိုင်း အံ့အားသင့်စွာနဲ့ သူတို့ရဲ့ မျက်နှာပေါ်က ကြွက်သားတွေကို မထိန်းချုပ် နိုင်တော့ပဲ တွန့်လိမ် ရှုံ့မဲ့ ကုန်ကြပါတယ်။ ဒါက ဘယ်လိုကြီးလဲကွာ။

ငါးနှစ်ခြောက်နှစ် အရွယ်ပဲ ရှိသေးတဲ့ ကလေးအများစုက ရှုးရှုးမှုးမှုးနဲ့ ဆော့ကစားနေကြ တုန်းပဲ မဟုတ်လား။

ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် စိတ်ဂိဉာဉ်အခြေခံ နိုးထတာက အသက် ဆယ်နှစ် နောက်ပိုင်းမှာမှ ဖြစ်ပေါ်လာခဲ့တာပါ။ ဒါပေမဲ့ ဒီမိန်းကလေးက အံ့အား သင့်စရာ ကောင်းလောက်အောင်ကိုပဲ နွေဦးစမ်းရေ အဆင့်ကိုတောင် ရောက်နေခဲ့ပါပြီ။

ဒါ့အပြင် သူမရဲ့ အမြန်နှုန်းကလည်း ဖန်းယန် နဲ့ ရန်ထန်းဇောင်တောင်မှ သူတို့ကို ဖြတ်ကျော်သွားတာကို ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

နိုင်ငံရှစ်ခုက သံတမန် တွေအားလုံးက တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ကြပြီး သူတို့ရဲ့ ပါးစပ်တွေက ကြက်ဥ သုံးလုံးလောက် ဂင်ဆန့်နိုင်တဲ့အထိ အဟောင်းသား ဖြစ်နေကြတယ်ဆိုတာကို တွေ့လိုက်ကြရပါတယ်။

မိုးရေနိုင်ငံ က မွန်းစတားတွေကို မွေးထုတ်တဲ့ အထူးနေရာ တစ်ခုများလား။

ဖန်းယန် နဲ့ ရန်ထန်းဇောင် တို့ နှစ်ယောက်စလုံး လှုပ်ရှားလိုက်ပါတယ်။ တစ်ယောက်က ငွေဓါးသွား တစ်ခုကို ဆွဲထုတ်လိုက်တဲ့အချိန်မှာ နောက်တစ်ယောက်ကတော့ အစိမ်းရောင် မြူခိုး တစ်ခုကို လွှင့်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့

ဘယ်တိုက်ခိုက်မှုကမှ ဟူးညိုကို မဖမ်း နိုင်ပါဘူး။ တောင်ခြေကို အားလုံး ရောက်သွားတဲ့အခါမှာတော့ ဟူးညိုက တောင်ထိပ်ကို ရောက်နေခဲ့ပါပြီ။

လပြွတ်ပဲ။ ဒါဆိုရင် ဘာဖြစ်လို့ ဆက်ပြီးတော့ ပြိုင်နေကြရဦးမှာလဲ။ သူတို့တွေက ဘာမှတောင် မပြိုင်ရသေးပဲနဲ့ ပြိုင်ပွဲက ပြီးသွားခဲ့ပြီ မဟုတ်ပါလား။

"ဂါးဟားဟားဟား"

ဟူးညိုက ရုတ်တရက် ရပ်တန့်လိုက်ပြီးတော့ လှည့်လိုက်ပြီး ခါးထောက်လိုက်ပါတယ်။ သူမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဂကို အပြည့်အဂ ထုတ်ဖော်ပြီးတော့ ကျယ်လောင်စွာနဲ့ ကြေညာလိုက်ပါတယ်။

"ညိုးညိုး က ဒီလမ်းကို ဖောက်ထားတယ်။ လင်းဟန်က လွဲပြီးတော့ ဘယ်သူကမှ ဖြတ်လို့ မရဘူး"

"အဟွတ် အဟွတ် အဟွတ်"

လူတိုင်းလူတိုင်းပဲ နောက်တစ်ကြိမ် ချောင်းတွေ ထပ်ဆိုးကုန်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် က တော့ အံ့ဩလို့

မဟုတ်ပဲ ရယ်စရာ ကောင်းတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

ဖန်းယန် နဲ့ တစ်ခြားသူတွေက အနည်းငယ်မျှ အံ့အားသင့်သွားပြီးတော့ ပြေးနေတာကနေ အလျင်အမြန်ပဲ တန့်သွားခဲ့ပါတယ်။ ဟူးညိုက ပထမ လူ အဖြစ်နဲ့ တောင်ထိပ်ကို ရောက်ဖို့ အစီအစဉ် မရှိပဲနဲ့ ဒီအခွင့်အရေးကို လင်းဟန် အတွက်ကိုပဲ ပေးချင်နေခဲ့တာ ဖြစ်လို့ သူတို့အနေနဲ့ ဘာကို စိုးရိမ်ပူပန်နေစရာ လိုဦးမှာလဲ။

ကျန်တဲ့ သူတွေ အားလုံးက လမ်းကြောင်း သုံးဆယ့်နှစ်ခု ကို ဝင်ဖို့အတွက် တိုက်ခိုက် နေကြပြီးတော့ ပထမ အချီ တိုက်ပွဲကို စတင်လိုက်ကြပါတယ်။

"ဖန်း ဖန်း ဖန်း"

လူတိုင်းလူတိုင်းက တောင်ခြေကို အရင်ဆုံး ရောက်ချင်တဲ့ ဆန္ဒ နဲ့ လှုပ်ရှားနေကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ အရှေ့ က လူတွေကိုပဲ ရင်ဆိုင်ရပါလိမ့်မယ်။ လမ်းကြောင်းတိုင်းက အရမ်းကို ကျဉ်းမြောင်းပြီးတော့ လူတစ်ယောက်ထပ် ပိုပြီးတော့ မစုဝေးနိုင်ပါဘူး။

တစ်ခဏ အကြာမှာတော့ လူတော်တော်များများက

ရှုံးနိမ့်သွားပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ် တွေက အဝေးကို လွှင့်စင်သွားကုန်ပါတယ်။ လူသုံးဆယ့် နှစ်ယောက်ပဲ နောက်တစ်ဆင့် အတွက် ကျန်ပါတော့တယ်။ ဒါပေမဲ့ ဒီလမ်းကြောင်းလေးတွေက မကြာခင်မှာ တစ်ခုနဲ့ တစ်ခု ပေါင်းစည်းသွားပြီးတော့ လမ်းကြောင်း သုံးဆယ့်နှစ်ခုကနေ ဆယ့်ခြောက်ခုပဲ ကျန်ပါတော့တယ်။

နောက်ထပ် ဆယ့်ခြောက်ယောက်လည်း အညာအတာ ကင်းမဲ့စွာနဲ့ အရှုံးပေးလိုက် ရပါတယ်။ သူတို့က အဝေးကို လွှင့်ထွက်သွားပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်တွေက လေထဲကနေ ပြုတ်ကျကုန်ပါတယ်။

ကျန်နေတဲ့ ဆယ့်ခြောက်ယောက်ကနေ နောက်ထပ် ပြိုင်ပွဲဝင် ရှစ်ယောက်ပဲ ထွက်ပေါ်လာ ပါတော့တယ်။ ဒီမှာ လူရှစ်ယောက်ပဲ ကျန်နေပါတော့တယ်။ ဖန်းယန် နဲ့ ရန်ထန်းဖောင် လို ပြိုင်ပွဲရဲ့ ချန်ပီယံ ဖြစ်ဖို့ ရေပန်းစားနေတဲ့ လူနှစ်ယောက်ကလွဲရင် လင်းဟာန်.. ဖောင်ဟွမ်.. ကန်းရီ.. လို့ယုထန်…ဟွမ်ဇီထောင် နဲ့ ချီဂူယောင် တို့ကျန်နေပါသေးတယ်။ တတိယ အင်ပါယာ မင်းသားက သူ့ရဲ့ အခြေအနေကြောင့် ပြိုင်ပွဲမှာ မပါဝင်ခဲ့ပါဘူး။ အကြီးဆုံး အင်ပါယာ မင်းသားလည်း မပါဝင်နိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အသက်အရွယ်

ကန့်သတ်ထားတဲ့အတွက် ဖြစ်ပါတယ်။

လင်းဟာန် တကယ်ပဲ ဖြတ်သွားနိုင်ခဲ့တာလား။ ဒါက လူတော်တော်များများကို စိတ်ရှုပ်ထွေး သွားစေခဲ့ပါတယ်။ ဒီကောင်လေးက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတာ မဟုတ်ဘူးလား။ ဒီအကြောင်းအရာကြောင့်ပဲ သူက ဖန်းယန်နဲ့ ရန်ထန်းဇောင် တို့ရဲ့ ပြိုင်ဘက် ဖြစ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ နွေဦးစမ်းရေ အဆင့်မှာဆိုရင် သူက အရမ်းကို အားအနည်းဆုံးအဖြစ် သတ်မှတ်ထားရမှာပါ။ ဒါဆိုရင် ဘယ်လိုဖြစ်လို့ သူက ဒီလောက်တောင် အစွမ်းထက်နေရတာလဲ။

တကယ်တော့ ဒီနေရာမှာ လွှီကလန်မှာ လင်းဟာန်နဲ့ ဖန်းယန် တို့ တိုက်ခိုက်ခဲ့ကြတာကို မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတဲ့သူတွေက အများကြီး မရှိလှပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အနေနဲ့ အံ့အားသင့်နေစရာ အကြောင်းလုံးဝ မရှိပါဘူး။ လင်းဟာန်လည်းပဲ အရမ်းကို အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်ပဲ မဟုတ်ပါလား။

ဖန်းယန် နဲ့ ရန်ထန်းဇောင် တို့က တော့ အရမ်းကို အပေးအယူမျှတကြပါတယ်။ သူတို့က နောက်ဆုံး ဖိုင်နယ်မှာတွေ့ဆုံကြမဲ့ လမ်းကြောင်းကိုယ်စီကိုပဲ

ရွေးချယ်ရယူထားခဲ့ ကြပါတယ်။ ဒါက သူတို့နှစ်ယောက်ကို တစ်ယောက်နဲ့ တစ်ယောက် အစောကြီး ဆုံတွေ့မဲ့ အခြေအနေ ကနေ ရှောင်ရှားစေနိုင်ခဲ့ ပါတယ်။ ဖန်းယန် ရဲ့ နောက်ထပ် ပြိုင်ဘက်က ဟွမ်ဇီထောင် ဖြစ်ပြီးတော့ အံ့သြစရာမရှိအောင်ပဲ သူက ဟွမ်ဇီထောင်ကို တစ်ချက်တည်းနဲ့ ပြိုင်ပွဲကနေ လွှင့်ထွက်သွားအောင်လို့ လုပ်ပစ်လိုက်ပြီးတော့ နံပါတ်လေးခုမြောက် လမ်းကြောင်းကို ဝင်လိုက်ပါတယ်။

ရန်ထန်းဇောင် ရဲ့ ပြိုင်ဘက်ကတော့ လှီယုထန်ပဲ ဖြစ်ပါတယ်။ သူက လက်ကို အသာလေး ဝှေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"တောင်းပန်ပါတယ် အစ်မကြီး ယုထန်"

ပြီးတော့ သူက လှီယုထန်ကို ပြိုင်ပွဲကနေ ဆွဲချလိုက်ပါတယ်။

ကန်းရီက ချီပူယောင်နဲ့ ရင်ဆိုင်ရတာဖြစ်ပြီးတော့ သူ့ရဲ့ ဆေဘာ တစ်ချက်ဝှေ့လိုက်တာနဲ့ ဆေဘာချီငါးခုက ကြမ်းတမ်းစွာနဲ့ ခုန်ပေါက်ထွက်ပေါ်လာခဲ့ပါတယ်။ ချီပူယောင်က မသဲမကွဲ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ သူ့ရဲ့ ရင်ဘက်ကနေ သွေးတချက်ပန်းထွက် လာပြီးတော့

သူလည်းပဲ ပြိုင်ပွဲကနေ နှုတ်ဆက်ထွက်ခွာလိုက်ရပါတယ်။

နောက်ဆုံး လင်းဟာန် နဲ့ ဇောင်ဟွမ် တို့ ရင်ဆိုင်မိကြပါတယ်။

ဇောင်ဟွမ်က ဟွာယန် အကယ်ဒမီရဲ့ အတွင်းစည်း တပည့်သုံးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။ သူက ဒုတိယနေရာမှာ ဖြစ်ပြီးတော့ ကန်းရီထက်တောင်မှ သန်မာအားကောင်းပါသေးတယ်။ ကောလာဟာလတွေအရတော့ သူမွေးဖွားလာတဲ့ အချိန်တုန်းက သဘာဝမဟုတ်တဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ပြီးတော့ အင်ပါယာမြို့ တစ်ဂက်လောက်ကို ရွှေရောင် အလင်းတွေ တောက်ပနေခဲ့ပါတယ်။ ဒီကိစ္စ ဖြစ်ခဲ့လား မဖြစ်ခဲ့ဘူးလားဆိုတာကို အသာထားဦး။ လက်ရှိ ဇောင်ဟွမ်ရဲ့ အရှိန်အဝါက တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ သူရဲ့ မျက်လုံးတွေကလည်း နဂါးတစ်ကောင် လိုမျိုး စူးရှထက်မြက်နေပြီးတော့ လေထုတစ်ခုလုံးကို လွှမ်းမိုးနိုင်တဲ့ အစွမ်းတွေနဲ့ ပြည့်နက်လို့နေပါတယ်။

သူက ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“တောင်းပန်ပါတယ် ဂရန်းမာစတာ လင်း”

သူက လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ သူရဲ့ လက်သီးက ရွှေရောင်အလင်း နဲ့ လွှမ်းခြုံထားပြီးတော့ လင်းဟာန်ဆီကို ကြယ်တစ်လုံး ပစ်ထည့်လိုက်သလိုမျိုး ပြေးဝင်လာပြီး လင်းဟာန်ကို လေးခုမြောက် လမ်းကြောင်းကနေ ရှုံးနိမ့်သွားစေဖို့ အစီအစဉ် ရှိနေပါတယ်။

“မဖြစ်နိုင်လောက်ပါဘူး”

လင်းဟာန်လည်းပဲ တူညီစွာနဲ့ တခြား ဘာမှမလှုပ်ရှားပဲနဲ့ ဇောင်ဟွမ် ဆီကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။

“ဂုန်း”

ကျယ်လောင်တဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ တောင်တစ်ခုလုံး လှုပ်လာသလို ခံစားလိုက်ရပြီး ဇောင်ဟွမ်က အဝေးကို လွင့်ထွက်သွားတာကို မြင်လိုက်ကြရပါတယ်။

“အရမ်းကို ဝေးတာပဲ”

တစ်စုံတစ်ယောက်က အက္ခာအဂေးကို စူးစိုက်ကြည့်နေပြီးတော့ ပြောလိုက်ပါတယ်။ ဇောင်ဟွမ်က တကယ်ပဲ အဂေးကြီးမှာ သေးငယ်တဲ့ အနက်ရောင် အစက်အပြောက်လေး တစ်ခု ဖြစ်သွားတာကို မြင်လိုက်ရပါတယ်။ ချက်ချင်းဆိုသလိုပဲ သူက ပေ တစ်ထောင် အက္ခာအဂေးကို ရောက်သွားခဲ့ပါတယ်။

လင်းဟန်က နောက်ဆုံးနေရာကနေ နံပတ်လေးခုမြောက် လမ်းကြောင်းကို ရယူနိုင်ခဲ့ ပါတယ်။

Chapter 272 end

အပိုင်း(၂၇၃) လူငယ်မျိုးဆက်ထဲမှာ ဘယ်သူက အသန်မာဆုံးလဲ

အခုဆိုရင် လမ်းကြောင်း အနည်းငယ်ပဲ ကျန်ပါတော့တယ်။ လမ်းကြောင်းလေးခုကနေ နှစ်ခု အဖြစ်ကို ပေါင်းသွားပြီး လမ်းကြောင်းနှစ်ခုက တစ်ခုတည်းအဖြစ်ကို ပေါင်းစည်းသွား ခဲ့ပါတယ်။ ဒါကြောင့် နောက်ဆုံးမှာ လူနှစ်ယောက်ပဲ တိုက်ခိုက်ကြပြီးတော့မှ တောင်ရဲ့ ထိပ်ကို တစ်ယောက်တည်းကပဲ ရောက်နိုင်ပါလိမ့်မယ်။

ဒါပေါ့ ကစားပွဲရဲ့ စည်းမျဉ်းစည်းကမ်း အတိုင်း

ကစားရတာကို မကြိုက်နှစ်သက်တဲ့ ဟူးညို တစ်ယောက်လည်းပဲ လက်ရှိမှာ အမြင့်ဆုံးနေရာမှာ ရပ်နေပြီးတော့ တိုက်ခိုက်မှုကို စောင့်မျှော်နေပါသေးတယ်။ ဒါပေမဲ့ အမြန်နှုန်းက တိုက်ပွဲအစွမ်းကို ကိုယ်စားမပြုနိုင်ပါဘူး။

သူတို့ငါးယောက်တည်းက ဘယ်သူက နောက်ဆုံးကျန်ရစ်တဲ့သူ ဖြစ်လာမလဲ။

ရန်ထန်းဇောင် က ကန်းရီ နဲ့ ရင်ဆိုင်နေရပြီးတော့ ဖန်းယန် ကတော့ လင်းဟန် နဲ့ ရင်ဆိုင်နေရပါတယ်။

"သွားစမ်း"

ရန်ထန်းဇောင် က လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ ဂုတ်ရိုးကို ခါလိုက်တာနဲ့ တိုက်ပွဲဝင်လုံ ခုနစ်ချောင်းက ထွက်ပေါ်လာခဲ့ပါတယ်။ ဒီလုံတွေက မူလစွမ်းအင်ကနေ ဖန်တီးထားတာ ဖြစ်ပြီးတော့ အကုန်လုံးက အနက်ရောင်ရှိကြပါတယ်။ ဒီလုံတွေရဲ့ အပေါ်မှာ သူ့ရဲ့ သိုင်းဆန္ဒသဘောတရားကို ရေးထွင်းထားတဲ့ ပုံစံတွေလည်း ရှိနေပါတယ်။

ကန်းရီက ဂရုမစိုက်ပဲနဲ့ မနေပုံပါဘူး။ သူတို့နှစ်ယောက်ကြားမှာ အဆင့်ကြီးတစ်ခုတောင် ကွာဟနေပါတယ်။ ပြီးတော့ သူ့ရဲ့ပြိုင်ဘက်က သူ့အပေါ်မှာ လုံးဂ စိုးမိုးခြယ်လှယ် နိုင်လိမ့်မယ်လို့ ဆိုလိုတာပါပဲ။ သူရဲ့ ဆေဘာဓါးကို ဆွဲထုတ်ပြီးတော့ သူ့ရဲ့ စွမ်းရည် အပြည့်အဂကို ထုတ်ဖော်ပြီးတော့ ခုတ်ပိုင်းလိုက်ပါတယ်။

ဆေဘာဓါးအရောင်က လင်းလက်သွားပြီးတော့ ဆေဘာချီ ငါးခုက လင်းလက် တောက်ပ လာခဲ့ပါတယ်။

ရိုးရိုးသားသားပြောရမယ်ဆိုရင် ဆေဘာဓါးချီ အလင်းငါးခုက အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။ လင်းဟန်က မို့ကောင်းနဲ့ ဓါးသိုင်းပညာတွေကို ထုတ်ဖော် ဆွေးနွေးမှု မလုပ်ခင်အချိန်ထိ သူ့ ဓါးချီအလင်း ငါးခု ကိုပဲ ဖန်တီးနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ဒါက သူ့ရဲ့ ယခင်ဘဂတုန်းက သိုင်းပညာတွေအပေါ်မှာ နားလည်သဘော ပေါက်နိုင်စွမ်းကို အခြေခံပြီးတော့ ရရှိခဲ့တာပါ။

ဒါပေမဲ့လည်း စိတ်ဂိဉာဉ်ပင်လယ် အဆင့်က အရမ်းကို အစွမ်းထက်ပါတယ်။ ဒ့ါအပြင် ရန်ထန်းဇောင်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက်ကို ကျော်လွန်တဲ့ တိုက်ပွဲဂင်

အစွမ်းကို ပိုင်ဆိုင်ထားတဲ့ ပါရမီရှင် တစ်ယောက်ဆိုတာလည်း သိသာထင်ရှားပါတယ်။ ကန်းရီက သူ့ အစွမ်းအကုန် ထုတ်သုံးလိုက်ပြီးတော့ တိုက်ပွဲဝင်လုံသုံးချောင်းကိုပဲ ဖျက်ဆီးသွားအောင်လို့ လုပ်လိုက်နိုင်ပါတယ်။ ဒါပေမဲ့ နောက်ထပ် လုံလေးချောင်း ကျန်နေပါသေးတယ်။ ဘယ်လိုပဲ သူကြိုးစား ကြိုးစား ဒါတွေကို သူ မဖျက်ဆီးနိုင်တော့ပါဘူး။

"ဖူး ဖူး ဖူး ဖူး"

သူက ချက်ချင်းဆိုသလိုပဲ တိုက်ပွဲဝင် လုံလေးချောင်းရဲ့ ထိုးစိုက်ခြင်းကို ခံလိုက်ရပြီး အဲဒီ အားလှိုင်းကြောင့် အဝေးကို လွင့်ထွက်သွားခဲ့ပါတယ်။

ကံကောင်းတာက ရန်ထန်းဇောင်က ဒီတိုက်ခိုက်မှုမှာ သူ့ရဲ့ ခွန်အားကို အလွန်အကျွံ အသုံးမပြုပဲ သေချာ ဂရုစိုက်ထားတယ်ဆိုတာ သိသာပါတယ်။ ဒီ လုံလေးချောင်းက သူ့ရဲ့ ပခုံးနှစ်ဖက်နဲ့ ခြေထောက် နှစ်ဖက် အသီးသီးကို ထိုးစိုက်သွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင် မိုးရေဇကရာဇ် က တောင်ထိပ်မှာ ထိုင်နေပါတယ်။ ပြီးတော့ တကယ်လို့ သူက လှုပ်ရှားလိုက်မယ်ဆိုရင် ဒီ ပြိုင်ပွဲရဲ့ အသွင်ပုံစံက ပြောင်းလဲသွားပါလိမ့်မယ်။

တိုက်ပွဲဝင်လုံလေးချောင်းမှာ ရန်ထန်းဇောင်ရဲ့ သိုင်းဆန္ဒသဘောတရားတွေ ပါဝင်နေခဲ့ ပါတယ်။ ဒါကြောင့် ဒီ တိုက်ပွဲဝင်လုံတွေ ပျောက်ကွယ်သွားပြီးတော့ တစ်ယောက်ယောက် ခန္ဓာကိုယ်ထဲကို ဝင်သွားခဲ့တာနဲ့ မူလစွမ်းအင်ကနေ ဖြစ်ပေါ်လာတဲ့ သိုင်းဆန္ဒသဘော တရားတွေက ဆက်ပြီးတော့ ဖိနှိပ်နေဆဲပဲ ဖြစ်ပါတယ်။ ကန်းရီက နည်းနည်းလေးမှတောင် လှုပ်လို့မရပဲနဲ့ မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန်နဲ့ လဲကျသွားခဲ့ပါတယ်။

“ဟင့်”

ပုံရိပ်တစ်ခုက ထွက်ပေါ်လာပြီးတော့ ကန်းရီ ကို ကောက်ချီလိုက်ပါတယ်။ လိန်ဂွမ်ဆူ ပဲ ဖြစ်ပါတယ်။

သူက လင်းဟာန်.. ဖန်းယန် နဲ့ ရန်ထန်းဇောင် တို့က တောင်ထိပ်နဲ့ နီးကပ်နေတာကို မြင်လိုက်ရတဲ့ အခါမှာတော့ သူ့ရဲ့ မျက်လုံးထဲမှာ ရှုပ်ထွေးတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက သက်ပြင်းတစ်ချက်ပဲ ချလိုက်နိုင်ပြီးတော့ သူ့ရဲ့ အကြည့်တွေကို ပြန်ရုတ်သိမ်းလိုက်ပြီးတော့ ကန်းရီရဲ့ ဒဏ်ရာတွေကို စတင် ကုသပေး လိုက်ပါတယ်။

ကန်းရီ ရဲ့ ခန္ဓာကိုယ်က အနည်းငယ် တုန်ခါနေပြီးတော့ သူ့ရဲ့ လက်တစ်ဖက်က တင်းကျပ်စွာနဲ့ လက်သီးဆုပ်ထားပါတယ်။ သူ့နှုတ်ခမ်းကို သွားနဲ့ တင်းတင်းကိုက်ထားတဲ့ အတွက်ကြောင့် သွေးတွေတောင် စပြီးတော့ ကျလာခဲ့ပါတယ်။

"အရမ်းကြီး စိတ်ပျက်မနေနဲ့။ စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ထဲမှာ ရှုံးနိမ့်ရတာက အရှက်ကွဲတာ မဟုတ်ဘူး"

လိန်ဂွမ်ဆူ က သူ့ရဲ့ တစ်ဦးတည်းသော တပည့်ကို နှစ်သိမ့်လိုက်ပါတယ်။

ကန်းရီ က ဒီအတွက်ကြောင့် ကျေနပ် နှစ်သိမ့်မသွားပါဘူး။ အဲဒီအစား သူက လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"သူက ကျနော့်ထက် ပိုပြီးတော့ သန်မာတယ်"

တောင်ရဲ့ ထိပ်နားမှာတော့ လက်ရှိမှာ လင်းဟန်က ဖန်းယန် နဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက် ယှဉ်ပြိုင်နေပါတယ်။

“ဟားဟားဟား… မင်းပြင်ဆင်ပြီးပြီလား”

ဖန်းယန် က လှောင်ပြောင်လိုက်ပါတယ်။

“အခု ငါက စိတ်ဂိညာဉ်ပင်လယ် အဆင့်ကို ရောက်နေပြီ။ မင်းက ငါ့ကို ဘယ်လိုမျိုး တားဆီး ဖို့ စီစဉ်ထားသလဲ”

သူက လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပါတယ်။ ရှည်လျားတဲ့ ဆေဘာဓါး ကိုးလက် ထွက်ပေါ်လာပြီးတော့ သူ့ရဲ့ လက်သီးနဲ့ အတူ လင်းဟန် ဆီကို ပြေးဂင်လာခဲ့ကြပါတယ်။

ဒီ ရှည်လျားတဲ့ ဆေဘာဓါးကိုးလက် က မူလစွမ်းအင်နဲ့ ဖန်တီးထားတာပဲ ဖြစ်ပါတယ်။ ၎င်းတို့မှာ သိုင်းဆန္ဒသဘောတရားတွေ ပါဂင်ပြီးတော့ ဒီဆေဘာဓါးတွေရဲ့ ခန္ဓာကိုယ်က တောက်ပလင်းလက်နေပြီး နတ်ဘုရား ဆေဘာဓါးတွေနဲ့ အလားတူ ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူရဲ့ ဓါးကို တစ်ချက် ဂှေ့လိုက်ပြီး တော့ ရာသီလေးမျိုး ဓါးသိုင်းနည်းစနစ်ကို အသုံးပြုလိုက်ပါတယ်။ ဓါးဟန် လေးမျိုး

လှုပ်ရှားသွားပြီးတော့ ဆောင်း ဆောင်းဦး နွေ နွေဦး ပုံရိပ်တွေက လှည့်ပတ်လို့ နေပြီးတော့ ဖျက်ဆီးလို့မရတဲ့ ဓါးဆန္ဒ သဘောတရားတစ်ခု ဖြစ်ပေါ်လာပြီး အရမ်းကို အံ့ဩဖို့ကောင်းတဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

ချက်ချင်းဆိုသလိုပဲ ရှည်လားတဲ့ ဆေဘာဓါးကိုးချောင်းစလုံး ပျက်ဆီးသွားစေခဲ့ ပါတယ်။ ပြီးတော့ တစ်ချိန်တည်းမှာပဲ လင်းဟန်ရဲ့ ရာသီလေးမျိုး ဓါးသိုင်းနည်းစနစ်ကလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါမှာတော့ ကန်းရီ အနေနဲ့ လုံးဝကို လက်မခံနိုင် လောက်အောင် ဖြစ်သွားခဲ့ပါတယ်။

သိပ်မကြာခင် အချိန်တုန်းက သူ့အနေနဲ့ လင်းဟန်ကို သူ့ရဲ့ ဆေဘာဓါးလှိုင်း တစ်ချက် တည်းနဲ့ မသန်မစွမ်း ဖြစ်သွားအောင်လို့ လုပ်နိုင်နေဆဲ ဖြစ်ပါတယ်။ လင်းဟန်က လှည့်စားမှု တစ်ခုကို အသုံးပြုပြီးတော့ပဲ လွတ်မြောက်သွားအောင်လို့ လုပ်နိုင်ခဲ့တာပါ။ ဒါပေမဲ့ အခု အချိန်ဘယ်လောက် ကြာသွားသေးလို့လဲ။ လင်းဟန် က သူကိုယ်တိုင်တောင်မှ တစ်ချက်တည်းနဲ့ ရှုံးနိမ့်ခဲ့ရတဲ့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ပြိုင်ဘက်တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပျက်စီးသွားအောင်လို့ လုပ်နိုင်နေပါတယ်။

သူတို့နှစ်ယောက်ရဲ့ ကြားက ကွာဟချက် က မယုံနိုင်စရာ ကောင်းလောက်အောင် ကျယ်ပြန့်လွန်းပါတယ်။

"ဒီ သုံးယောက်က တကယ့်ကို စစ်မှန်တဲ့ မွန်းစတား တွေပဲ။ မင်းက သူတို့ လမ်းကြောင်း အနောက်ကို လိုက်ဖို့မလိုဘူး မင်းရဲ့ကိုယ်ပိုင်လမ်းကြောင်းအတိုင်းပဲ လျှောက်လှမ်းပါ"

လိန်ဝွမ်ဖူ က အကြံပေးခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့ကိုယ်သူ သနားစရာ ကောင်းတယ်လို့ ခံစားလိုက်ရပါတယ်။ ပထမတော့ သူက လင်းဟန်ကို သူ့ရဲ့ တပည့်အဖြစ် ကောက်ယူဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ဖန်းယန်ရဲ့ ကိစ္စကြောင့်ပဲ ပြဿနာတွေ လျင်မြန်စွာ ဖြစ်လာခဲ့ပြီးတော့ သူ့ကိုယ်သူ လင်းဟန်ရဲ့ တခြားဘက်ခြမ်းကို လုံးဝ တွန်းပို့လိုက်ခြင်းကို ခံလိုက်ရပါတယ်။

လိန်ဝွမ်ဖူ က ဆောင်းလဂိုဏ်းမှာ တစ်ချိန်တုန်းက နေခဲ့ဖူးတယ်ဆိုတာကို ဘယ်သူကမှ မသိကြပါဘူး။ ပြီးတော့ သူ့ရဲ့ လက်ရှိ အဆင့်အောင်မြင်မှုကို ရရှိနိုင်အောင်လို့ ဂိုဏ်းထဲက အစွမ်းထက်လှတဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ လမ်းညွှန်ပြသမှုကို ရရှိခဲ့ပါတယ်။ အဲဒီ အစွမ်းထက်တဲ့

လက်ရွေးစင်က ဖန်းယန်ရဲ့ ဆရာပဲ ဖြစ်ပါတယ်။

ဒါကြောင့် လိန်ဂွမ်ဖူ က ပြန်ပြီးတော့ ပေးဆပ်တဲ့ အနေနဲ့ ဖန်းယန်ရဲ့ တောင်းဆိုချက်တွေ ကို ပြည့်ဝစေဖို့ အကောင်းဆုံး ကြိုးစားပေးခဲ့ရတာပါ။

ဒါပေမဲ့ ကန်းရီရဲ့ မျက်လုံးထဲမှာ သန်မာအားကောင်းတဲ့ တိုက်ပွဲဂိုဥာဉ်တစ်ခု လင်းလက် တောက်ပပြီး ဖြတ်သန်းသွားခဲ့ပါတယ်။ သူက ဒီရှုံးနိမ့်မှုကို လုံးဝ လက်ခံမှာ မဟုတ်ပါဘူး။ သူက ဆေဘာဓါးလမ်းကြောင်းရဲ့ အဆုံးစွန် ကို လျှောက်လှမ်းသွားဖို့ ဆန္ဒရှိနေခဲ့ ပါတယ်။ မိုးရေနိုင်ငံမှာ သူ့ရဲ့ အောင်မြင်မှုက အကန့်အသတ်နဲ့ ရှိပါလိမ့်မယ်။ ဒါကြောင့် သူက ဒီ နိုင်ငံကနေ ထွက်ခွာပြီးတော့ ကြီးမား ကျယ်ပြန့်တဲ့ ကမ္ဘာကြီးထဲမှာ လျှောက်သွားပြီး သူ့ရဲ့ ဆေဘာဓါးသိုင်းကို အရောင်တင် မွမ်းမံချင်ခဲ့တာပါ။

သူက ကြီးကျယ်မြင့်မြတ်တဲ့ ဆေဘာအရှင်သခင် ဖြစ်ချင်ဖြစ် မဟုတ်လို့ရှိရင်လည်း အဲဒီလမ်းကြောင်းမှာပဲ သေသွားပါလိမ့်မယ်။

“ဟင့်”

ဖန်းယန်ရဲ့ ပထမ တိုက်ခိုက်မှု က မအောင်မြင်ခဲ့ပါဘူး။ ပြီးတော့ ရန်ထန်းဇောင်က သူ့ရဲ့ ပြိုင်ဘက်ကို အနိုင်ယူပြီးတော့ တောင်ပေါ်ကို ဆက်ပြီး သွားတာကို မြင်လိုက်ရတဲ့အတွက် သူက စတင်ပြီးတော့ တိုက်ခိုက်လိုက်တာပါ။ဒါကြောင့် သူက လင်းဟန်ကို တစ်ခဏတာ အတွက်ပဲ တိုက်ခိုက်နိုင်တာဖြစ်ပြီးတော့ ရန်ထန်းဇောင်နဲ့ ယှဉ်ပြိုင်ဖို့ လုပ်လိုက်တာပါ။ သူ့ရဲ့ လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီးတော့ နောက်ထပ် ရှည်လျားတဲ့ ဆေဘာဓါး ကိုးချောင်းက နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့ပါတယ်။

ရန်ထန်းဇောင်က ဖန်းယန် ရဲ့ တိုက်ခိုက်မှုကို လျော့မတွက်ပံ့ပါဘူး။ ဒါကြောင့် သူက အနောက်ကို ပြန်လှည့်ပြီးတော့ သူ့ရဲ့ ဂုတ်ရိုးကို ခါလိုက်ပြီးတော့ တူညီစွာနဲ့ပဲ တိုက်ပွဲဝင်လှံ ကိုးခုကို ထုတ်လိုက်ပါတယ်။

"ဖန်း ဖန်း ဖန်း"

တိုက်ပွဲဝင်လှံတွေနဲ့ ရှည်လျားတဲ့ ဆေဘာဓါးကိုးခုက တစ်ခုနဲ့ တစ်ခု ထိမိသွားတာနဲ့ တစ်ပြိုင်နက် နှစ်ခုစလုံး ပျက်ဆီးသွားခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီးတော့ ဖန်းယန် က ရန်ထန်းဇောင် ကို အရှေ့ကို ဆက်ပြီးတော့

သွားနေတာကနေ တားဆီးလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဟူးညီကို လစ်လျူရှုထားခဲ့ပါတယ်။ တကယ်လို့ သူမက ပထမနေရာကို တကယ်ပဲ လိုချင်ခဲ့တာဆိုရင်တော့ သူတို့အနေနဲ့ အလျော့ပေးပြီးတော့ အိမ်ပြန်သွားခဲ့သင့်ပါတယ်။

စူးရှတဲ့ လေချွန်သံနဲ့ အတူ လင်းဟန်ကလဲ သူ့ရဲ့လက်ထဲမှာ ဓါးကို ကိုင်ထားပြီးတော့ တိုက်ပွဲထဲကို ဝင်လာခဲ့ပါတယ်။

ဒါက သူတို့ သုံးယောက်ကြားထဲက အံ့မခန်း တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

ဒီလူငယ် သုံးယောက်စလုံးက သူတို့ရဲ့ ကိုယ်ပိုင်လမ်းက အရာတွေ အားလုံးကို လုပ်ဆောင်တတ်ကြတဲ့ အမျိုးအစားတွေပဲ ဖြစ်ပါတယ်။ သူတို့ သုံးယောက်စလုံးက ဘယ်သူ့ ဘယ်သူကမှ နှစ်ယောက်ပေါင်းပြီးတော့ တစ်ခြားတစ်ယောက်ကို တိုက်ခိုက်ဖို့ အခွင့်အရေးလုံးဝ မရှိပါဘူး။ ဒါကြောင့် သူတို့ရဲ့ တိုက်ခိုက်မှု တိုင်းက ကျန်တဲ့ သူနှစ်ယောက် ကို ရည်ရွယ်ပြီးတော့ တိုက်ခိုက်ရပြီး ဒီမြင်ကွင်းကို မြင်ရတာက အရမ်းကို ဗရမ်းဗတာ ဆန်လွန်းလှပါတယ်။

ဖန်းယန် နဲ့ ရန်ထန်းဖောင် တို့ နှစ်ယောက်စလုံးက စိတ်ဂိဉာဉ်ပင်လယ် အဆင့်မှာ ဖြစ်ပါတယ်။ သူတို့ ထုတ်လိုက်တဲ့ တိုက်ခိုက်မှုတိုင်းရဲ့ ပတ်ဂန်းကျင်မှာ သိုင်းဆန္ဒသဘော တရားတွေ ပါဂင်နေပြီးတော့ အံ့ဩစရာကောင်းတဲ့ အစွမ်းတွေ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲရှိသေးတော သိသာတဲ့ လင်းဟန် ကတော့ သူတို့နှစ်ယောက်ထက် အနည်းငယ်မျှပဲ အားနည်းနေခဲ့တာပါ။ ဒါကြောင့် ဖန်းယန်ရော ရန်ထန်းဖောင်ပါ သူ့ကို လျော့မတွက်ပံ့ပါဘူး။

ဒါက ပရိသတ်တွေကိုလည်းပဲ အံ့အားသင့်သွားစေခဲ့ပါတယ်။ သူတို့အားလုံး ကြည့်နေတဲ့ ဒီကဗ္ဗာကြီးက ချာချာလည်နေသလိုမျိုး ခံစားလိုက်ရပါတယ်။

အသက် ၂၇ နှစ် စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက် ပေါ်လာခဲ့ပြီး အသက်ဆယ့်ငါးနှစ်ပဲရှိသေးတဲ့ စိတ်ဂိဉာဉ်ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက် ထပ်ပြီးတော့ ပေါ်လာခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ အသက်ငါးနှစ် ခြောက်နှစ် ခန့်ပဲ ရှိသေးတဲ့ နွေဦးစမ်းရေ အဆင့် မိန်းကလေးတစ်ယောက်ပေါ်လာခဲ့ပြီးတော့ အကြိမ်တိုင်းလိုလိုပဲ သူတို့ရဲ့ နှလုံးသားတွေကို အားနည်းသွားအောင်လို့ တိုက်ခိုက်ခံနေရပါတယ်။

ပြီးတဲ့နောက်မှာ ဒီ အသက် ငါးနှစ် ခြောက်နှစ်ခန့်ပဲရှိသေးတဲ့ နွှေဦးစမ်းရေ အဆင့် မိန်းကလေး က စိတ်ဂိဉာဉ်ပင်လယ် အဆင့် တွေကိုတောင် အံ့သြ မှင်တက်သွားစေနိုင်တဲ့ အမြန်နှုန်းကို ထုတ်ပြသွားခဲ့ပါတယ်။ ဒါက သူတို့ကို အံ့အားသင့်ပြီးတော့ သေလုမတတ် ဖြစ်သွားစေခဲ့ပါတယ်။

ပြီးတော့ အခုဆိုရင် စိတ်ဂိဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် ပြိုင်ဘက်တွေကို နွှေဦးစမ်းရေ အလွှာ ပထမအဆင့်နဲ့တင် ယှဉ်ပြိုင်နိုင်တဲ့ နောက်ထပ် မွန်းစတား တစ်ကောင် ထွက်ပေါ်လာခဲ့ပါပြီ။ ဒါက သူတို့ကိုယ် သူတို့ အိပ်မက်များ မက်နေသလားလို့ ထင်မိစေခဲ့ပါတယ်။

ဒါက သူတို့သိထားတဲ့ သိုင်းပညာကမ္ဘာကြီးရော ဟုတ်သေးရဲ့လား။

သူတို့ သုံးယောက်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ထိပ်တိုက်ရင်ဆိုင် ယှဉ်ပြိုင် နေကြပါတယ်။ ပြီးတော့ သူတို့ က တစ်ယောက်နဲ့ တစ်ယောက် အဆက်မပြတ် ဟန့်တား နေကြပါတယ်။ ဒီအချိန်မှာ ဘယ်သူက အနိုင်ရရှိသူ ဖြစ်လိမ့်မလဲဆိုတာကို ဆုံးဖြတ်ဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။

လက်ရှိ တိုက်ပွဲစွမ်းရည် အဆင့်မှာဆိုရင် ရန်ထန်းဖောင် က အသန်မာဆုံး ဖြစ်သင့်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အမြင့်ဆုံးဖြစ်ပြီးတော့ စိတ်ဂိဉာဉ် ပင်လယ်အဆင့် အလွှာ သုံးကို ရောက်နေခဲ့ပါပြီ။ ဒုတိယကတော့ ဖန်းယန် ဖြစ်ပါ လိမ့်မယ်။ ပြီးတော့ လင်းဟန် ကတော့ နောက်ဆုံးပေ့ါ။ အပေါ်ယံ ကြည့်လိုက်မယ် ဆိုရင်တော့ သူက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ အမှန်တကယ်တော့ သူက နွေဦးစမ်းရေ အလွှာ ၈ အဆင့်ဖြစ်နေပြီးတော့ သူ့ရဲ့ တကယ့် တိုက်ပွဲဂင်စွမ်းရည် က စိတ်ဂိဉာဉ်ပင်လယ် အဆင့်နဲ့ တကယ်ပဲ အရမ်းကို နီးကပ်ပါတယ်။

ဒါပေမဲ့ တကယ်လို့ အနည်းငယ်မျှ သန်မာတယ်ဆိုရင်တောင်မှ အဲဒီလူက တစ်ခြား နှစ်ယောက် ဆီက ပြင်းထန်တဲ့ တိုက်ခိုက်မှုကို လက်ခံရတဲ့အတွက် အပေါ်စီးကနေ တိုက်ခိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ဒါက ကျိုးလွယ် ပျက်လွယ်တဲ့ မျှခြေ တစ်ခုပဲ ဖြစ်ပြီးတော့ ချက်ချင်းဆိုသလို ပျက်စီးသွားနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မှာ တိုက်ခိုက်နေတဲ့သူ သုံးယောက် လုံးက သူတို့ရဲ့ အသန်မာဆုံးသော

တိုက်ပွဲစွမ်းရည်တွေကို မဖော်ထုတ်ကြသေးပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က ချက်ချင်းဆိုသလို ပေါက်ကွဲလာပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ တိုက်ခိုက်မှု တစ်ခုကို လုပ်လိုက်မယ်ဆိုရင် ၎င်းရဲ့ အစွမ်းနဲ့ တခြား ကျန်တဲ့ နှစ်ယောက်ကို တစ်ချက်တည်းနဲ့ လွှင့်ထွက်သွားစေပြီးတော့ အနိုင်ရတဲ့သူ တစ်ယောက် ထွက်ပေါ်လာနိုင်ပါတယ်။ မိုးရေ ကောရာဇ်ရဲ့ အရှေ့ကို ပထမဆုံး ရောက်အောင် သွားနိုင်တဲ့ သူက အနိုင်ရရှိသူ ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အရာအားလုံးက ပြောင်းလဲတိုးတက်လာပြီးတော့ သူတို့သုံးယောက် ရဲ့ အစီအစဉ်တွေကလည်း ပြောင်းလဲကုန်ပါတယ်။

သူတို့က တခြားနှစ်ယောက်ကို အနိုင်ယူပြီးတော့ ချန်ပီယံ ဖြစ်လာရပါမယ်။

သူတို့အားလုံးက မာနကြီးတဲ့ လူငယ်တွေ ဖြစ်ပြီးတော့ အစွမ်းထက်တဲ့ ပြိုင်ဘက် တစ်ယောက်အဖြစ်နဲ့ ရင်ဆိုင်နေကြရတာပါ။သူတို့ရဲ့ ပထမ အတွေးက ပြိုင်ဘက်ကို အနိုင်ယူရလိမ့်မယ် ဒါမှမဟုတ် ပြိုင်ဘက်ကို နောက်ဆုတ်သွားအောင်နဲ့ ရှောင်တိမ်းသွားဖို့ ဖြစ်ပါတယ်။

အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူတို့ရဲ့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓါတ်တွေ ဆုံးရှုံးသွားခဲ့မယ်ဆိုရင် တခြား သာမန် ပါရမီရှင်တွေနဲ့ ဘာများကွာခြားဦးမှာလဲ။

“ဟင့်”

ဖန်းယန်က သူ့ရဲ့ ပုက်ဖဲကို ပထမဆုံး ထုတ်ဖော်လိုက်တဲ့ သူ ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကနေ ငွေရောင်အလင်းတစ်ခုက တောက်ပလို့လာခဲ့ပါတယ်။

သူရဲ့ ရုပ်ပိုင်းဆိုင်ရာ အထူးနည်းစနစ်တစ်ခု ဖြစ်တဲ့ ငွေကြေးမုံခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံကို အသက်သွင်းလိုက်ပါတယ်။

Chapter 273 end

အပိုင်း (၂၇၄) ရက်စက်ကြမ်းကြုတ်ပြီး ဒေါသအိုးပေါက်ကွဲတဲ့ လူပုံသေွးမျိုးဆက်

ငွေကြေးမုံ ခန္ဓာကိုယ်ကို အသက်သွင်းလိုက်တဲ့ အခိုက်အတန့်မှာပဲ ဖန်းယန်ရဲ့ တိုက်ပွဲစွမ်းအားက မိုးထိအောင် တိုးလာခဲ့ပါတယ်။

သူ့အနေနဲ့ ထိခိုက်မှုကို ၂၈ရာခိုင်နှုန်းလျော့ပြီးတော့ ခံစားရပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ပြိုင်ဘက်တွေကို တိုက်ခိုက်မှုစွမ်းအားရဲ့ ၂၈ ရာခိုင်နှုန်းကို ပြန်ပြီး ခံစားစေပါလိမ့်မယ်။ ဒါက အရမ်းကို ထိတ်လန့်ဖွယ်ရာကောင်းတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။ ဒီ့ါအပြင် တိုက်ခိုက်မှုတွေကို ပိုခံစားရလေ ကြေးမုံအလင်းခန္ဓာကိုယ်ရဲ့ အာနိသင် က ပိုပြီးတော့ ကြီးမားလာလေပါပဲ။ အနည်းငယ် တိုက်ခိုက်ပြီးတဲ့အခါမှာတော့ လင်းဟန်နဲ့ ရန်ထန်းဇောင် တို့ နှစ်ယောက်စလုံး သူတို့ရဲ့ တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်မှုတွေကို ရပ်စဲလိုက် ကြပြီးတော့ သူတို့ရဲ့ အားတွေကို ပူးပေါင်းပြီးတော့ ဖန်းယန် ကို ရင်ဆိုင်လိုက်ကြပါတယ်။

ဖန်းယန်က ချက်ချင်းဆိုသလို ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ အစွမ်းထက်တဲ့ လူငယ်နှစ်ယောက်ရဲ့ တစ်ပြိုင်နက်တည်း တိုက်ခိုက်လာတာတဲ့ ဖိအားက အရမ်းကို ကြီးမားစွာနဲ့ တိုးလာခဲ့ပေမဲ့လည်း သူ့အနေနဲ့ ဒီစွမ်းအားကို ခွန်အားအပြည့်နဲ့ ရင်ဆိုင်နိုင်တဲ့ အကြောင်းအရာက ရှိနေပါတယ်။

ဒီနေ့ တိုက်ပွဲက ကိုယ်ရေးကိုယ်တာ ရန်ငြိုးရန်စ ဒါမှမဟုတ် လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား တွေအတွက် မပါဝင်ပါဘူး။ ဒါက မိုးရေနိုင်ငံရဲ့ လူငယ်မျိုးဆက်ထဲက အသန်မာဆုံးဆိုတဲ့ နေရာအတွက် ယှဉ်ပြိုင်တာပဲ ဖြစ်ပါတယ်။ ဒါမှမဟုတ် မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခု လုံးရဲ့ အသန်မာဆုံး နေရာတောင်မှ ဖြစ်နိုင်ပါတယ်။

သူတို့က ဘာမှ မတတ်နိုင်ပဲနဲ့ တိုက်ခိုက်နေကြရပါတော့တယ်။

ရန်ထန်းဇောင်က တစ်ချက် အော်ဟစ်လိုက်ပြီးတော့ သူ့ရဲ့ မျက်လုံးထဲမှာ ခြောက်ထောင့် ကြယ်စိမ်းတစ်ခု လက်ခနဲ တောက်ပသွားခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ တိုက်ပွဲ စွမ်းအား က မြင့်တက်လာပြီးတော့ အရေးနိမ့်နေတဲ့ အခြေအနေကို ပြောင်းပြန် လှန်ပစ်လိုက် ပြီးတော့ အခုဆိုရင် ဖန်းယန်ကို သူကိုယ်တိုင် ရင်ဆိုင်ယှဉ်ပြိုင် နိုင်စွမ်း ရှိလာခဲ့ပါပြီ။

သူတို့သုံးယောက်က ကြီးကျယ်လှတဲ့ တိုက်ပွဲတစ်ခုကို ထိပ်တိုက်ရင်ဆိုင်နေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ရန်ထန်းဇောင်ရဲ့ စွမ်းအားက ရုတ်တရက် တိုးလာခဲ့တဲ့အတွက် သူက ချက်ချင်းဆိုသလိုပဲ ဖန်းယန်ရဲ့

တိုက်ခိုက်မှု ကို အဓိက ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒါက ယေဘုယျအားဖြင့်တော့ သူနဲ့ ဖန်းယန်ရဲ့ ကြားက ပြင်းထန်ရက်စက်တဲ့ တိုက်ပွဲတစ်ခု ဖြစ်လာခဲ့ပါတယ်။

လင်းဟာန် ရဲ့ အပေါ်က ဖိအားက လျော့ကျသွားခဲ့ပါတယ်။ ဖန်းယန် ဒါမှမဟုတ် ရန်ထန်းဇောင် က လင်းဟာန်ကို အလေးအနက် မထားကြတော့ပါဘူး။ ဘယ်လိုပဲ ကြည့်ကြည့် လင်းဟာန်က နွေဦးစမ်းရေ အဆင့်ပဲ ရှိပါသေးတယ်။ဒါကြောင့် သူက စိတ်ဂိဉာဉ် ပင်လယ် အဆင့်ကိုတောင်မှ ခြေမလှမ်းနိုင်သေးတာ ဘယ်လိုလုပ်ပြီးတော့ သူတို့ရဲ့ တကယ့်ပြိုင်ဘက် တစ်ယောက်အဖြစ် ယူဆလို့ ရနိုင်မှာလဲ။

သူ့ကို လျော့တွက်တယ်ပေါ့လေ။ အဲဒီအတွက် တန်ရာတန်ကြေးကို ပြန်ပြီးတော့ ပေးစေရမယ်။

လင်းဟာန်က ခြေလှမ်းအနည်းငယ် နောက်ကို ဆုတ်လိုက်ပြီးတော့ သူ့ရဲ့ စွမ်းအားတွေကို စတင်စုစည်းလိုက်ပါတယ်။ လုံလောက်တဲ့ စွမ်းအားတွေကို စုစည်းပြီးတဲ့ အခါကျရင် လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် သိုင်းက သူအသုံးပြုဖို့ စောင့်ကြိုနေပါတယ်။

ဒီဓါးသိုင်း နည်းစနစ်က အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ပြီးတော့ ၎င်းအတွက် လုံလောက်တဲ့ စွမ်းအားကို စုစည်းနိုင်ဖို့အတွက် အချိန်တစ်ခု လိုအပ်ပါသေးတယ်။ ဒါပေမဲ့ ဒီအချိန်ကလည်း အသက် တစ်ရှူကစား သို့မဟုတ် နှစ်ရှူကစား အချိန်ပဲ လိုအပ်ပါလိမ့်မယ်။ ချက်ချင်းဆိုသလိုပဲ လင်းဟာန် ဆီကနေ အရှိန်အဂါ တစ်ခုက ထွက်ပေါ်လို့လာခဲ့ပါတယ်။ ပြီးတော့ ဒီပေါ်ထွက်လာတဲ့ စွမ်းအားက အရမ်းကို အံ့အားသင့်စရာကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဖန်းယန် နဲ့ ရန်ထန်းဖောင်တို့ တိုက်ခိုက်နေတဲ့ ပြင်းထန်လှတဲ့ တိုက်ပွဲက ချက်ချင်းဆိုသလို လှုပ်ရှားမှုတွေ အားလုံး ရပ်စဲလိုက်ပြီးတော့ လင်းဟာန်ဘက်ကို လှည့်ပြီး စိုက်ကြည့်ခဲ့ ကြပါတယ်။ လင်းဟာန် ဆီကနေ ထွက်ပေါ်လာတဲ့ ဓါးတရားဆန္ဒ ကြောင့် သူတို့တွေ အံ့အားသင့်ကုန်ကြပါတယ်။ ဒီဓါးချက်ကို ထုတ်လိုက်တဲ့အခါမှာ ၎င်းက မြေကမ္ဘာကြီး တစ်ခုလုံးကို တုန်ခါသွားပြီးတော့ လုံးဝ ပျက်စီးသွားစေပါလိမ့်မယ်။

လင်းဟာန်က သူ့ရဲ့ ဓါးကို ဆွဲချလိုက်ပြီးတော့ ချက်ချင်းဆိုသလိုပဲ ဓါးပုံရိပ်တွေက ကောင်းကင်ထက်မှာ ပုံရိပ်ယောင် တွေ အဖြစ်နဲ့ ပေါ်လာခဲ့ပြီး ဖန်းယန် နဲ့

ရန်ထန်းဇောင် ဆီကို ထိတ်လန့်ဖွယ်ရာ ကောင်းတဲ့ လိုင်းတစ်ခု အနေနဲ့ ဦးတည်ပြီးတော့ ပြေးဝင်လာခဲ့ကြပါတယ်။

ဖန်းယန် ရဲ့ အမူအရာက ချက်ချင်းဆိုသလို နီမြန်းသွားခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုရဲ့ နောက်က စွမ်းအားက လေးရာသီ ဓါးသိုင်းနည်းစနစ်ထက် ဘယ်နစ်ဆလောက်တောင် ပိုပြီးတော့ များပြားသလဲဆိုတာကို မသိနိုင်ပါဘူး။ အစတုန်းက သူထင်ထားတာက လင်းဟန် ရဲ့ လေးရာသီ ဓါးသိုင်း က လုံး အကျပ်အတည်းထဲ ကျရောက်နေတဲ့ အချိန်မှာ သူ့ရဲ့ နောက်ဆုံး ဖှက်ဖဲ အနေနဲ့ အသုံးပြုတာပဲ ဖြစ်မယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ သူ့လုံးဝ ထင်မှတ်မထားမိတာက လင်းဟန်က ပိုပြီးတော့တောင်မှ အစွမ်းထက်လှတဲ့ ဓါးသိုင်းနည်းစနစ်တစ်ခုကို ဖော်ထုတ်နိုင်တယ်ဆိုတာကိုပါပဲ။ ဒါက သူ့အတွက်တော့ လုံးဝကို မယုံကြည်နိုင်စရာ ကောင်းလှပါတယ်။

ဓါးကို မြှောက်လိုက်တာနဲ့ လေနဲ့ တိမ်တွေက ဌင်းနဲ့ အတူ မွေးဖွားလာသလိုမျိုး မြင်ယောင် မိစေခဲ့ပါတယ်။

ဖန်းယန်က အလျင်အမြန်နဲ့ ကျယ်လောင်စွာ

မာန်သွင်းလိုက်ပါတယ်။ ဒီခုတ်ချက်က အရမ်းကို အစွမ်းထက်ပါတယ်။ သူ့အနေနဲ့ ကြေးမုံအလင်း ခန္ဓာကိုယ်အပေါ်မှာ မူတည်ပြီး ပြီးတော့ ဒီတိုက်ခိုက်မှုကို လက်ခံနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် သူရဲ့ အသန်မာဆုံး ပုက်ဖဲ ကို အသုံးပြုရပါလိမ့်မယ်။ သူက ဂရုန်းသုန်းကား နဲ့ အော်ဟစ်လိုက်တာနဲ့ သူ့ရဲ့ ခန္ဓာကိုယ်က လေတွေ ထိုးထည့်လိုက်သလိုမျိုး ဖောင်းကားလာခဲ့ပါတယ်။

မယုံကြည်နိုင်လောက်စရာ ကောင်းတဲ့ အရာတစ်ခုကတော့ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အနက်ရောင် ရှိတဲ့ အမွေးတွေ ပေါက်လာခဲ့ပြီးတော့ ဖန်းယန် ကို လူဂံကြီး တစ်ကောင်လို ဖြစ်လာစေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အရှိန်အဂါကလည်းပဲ မြင့်တက်လာခဲ့ပြီးတော့ စိတ်ဂိဉာဉ် ပင်လယ် အဆင့် ပထမအလွှာကနေ အားလုံးကို တိုးမြင့်လာခဲ့ပါတယ်။

ပထမအလွှာရဲ့ အလယ်အလတ် အဆင့်၊ နောက်ပိုင်းအဆင့်၊ အထွတ်အထိပ် အဆင့် စသည်ဖြင့် လုံးဂ တုံ့ဆိုင်းခြင်း ရပ်တန့်ခြင်းမျိုး အနည်းငယ်မျှတောင် မရှိပဲနဲ့ စိတ်ဂိဉာဉ် ပင်လယ်အဆင့်ရဲ့ ဒုတိယ အလွှာ ဆီကို တိုက်ရိုက် ဂင်ရောက်သွားခဲ့ပါတယ်။

ဧင်းက ဆက်ပြီးတော့ တိုးနေဆဲ ဖြစ်ပါတယ်။

စိတ်ဂိဉာဉ်ပင်လယ် အဆင့် ဒုတိယအလွှာ၊ တတိယ အလွှာ ၊ ပြီးတော့ နောက်ဆုံးမှာတော့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် စတုတ္ထအလွှာမှာ ရပ်သွားခဲ့ပါတယ်။

သူက နောက်တစ်ကြိမ် လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီးတဲ့အခါမှာ ဆေးဘာဓါးရှည် ကိုးချောင်းက လက်သီးနဲ့ အတူ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါထက်ပိုပြီးတော့ အံ့သြစရာ ကောင်းတာက ၎င်းမှာပါဂင်တဲ့ သိုင်းဆန္ဒသဘောတရား က ပိုပြီးတော့တောင်မှ အစွမ်းထက်ပါတယ်။

တစ်ဖက်မှာရှိတဲ့ ရန်ထန်းဖောင် ရဲ့ မျက်လုံးတွေကလည်းပဲ ကျဉ်းမြောင်းလို့ လာခဲ့ပါတယ်။ ပြီးတော့ အစိမ်းရောင် မြူခိုးတစ်ခုက သူ့ရဲ့ ခန္ဓာကိုယ်အပေါ် တစ်ခုလုံးကို ပန်းထွက်လာပြီး သူ့ရဲ့ အရှေ့မှာ ဒိုင်းကာ တစ်ခုလိုပုံစံမျိုး ဖြစ်ပေါ်လာခဲ့ပြီးတော့ သူ့ကို ကာကွယ်ပေးထား ပါတယ်။

"ရှပ် ရှပ် ရှပ်"

ဓါးပုံရိပ်တွေက အရှေ့ကို တိုးလာခဲ့ပြီးတော့ ဒါက တကယ့်ကို ကမ္ဘာမြေကြီး ကို ပျက်စီးသွားစေ နိုင်တဲ့ တိုက်ခိုက်မှု တစ်ခုပဲ

ဖြစ်ပါတယ်။

တောင်ထိပ်ပေါ်က မိုးရေ ကေရာဇ်လည်းပဲ မတ်တပ်ထရပ်လိုက် ပါတယ်။ ပုံမှန်အားဖြင့် တည်တည်ငြိမ်ငြိမ် ရှိနေတတ်တဲ့ သူ့ရဲ့ မျက်နှာ အမူအရာက အခုဆိုရင် အံ့အားသင့်နေတဲ့ ပုံစံပေါက်နေပါတယ်။ ဒါက လင်းဟန်ရဲ့ တိုက်ခိုက်မှုနောက်ကွယ်က စွမ်းအားက သူမျှော်မှန်းထားတာထက် ပိုမိုသာလွန်နေတာကြောင့် ဆိုတာ သိသာထင်ရှားပါတယ်။

ဓါးတွေက သူတို့ရဲ့ ပစ်မှတ်ဆီကို ရောက်သွားခဲ့ပါတယ်။

“ပုန်း ပုန်း ပုန်း ပုန်း ပုန်း ပုန်း”

မိုးခြိမ်းသံလိုမျိုး ကျယ်လောင်လှတဲ့ အသံတွေ တစ်ခုပြီး တစ်ခု ကြားလိုက်ရပြီးတော့ အလင်းရောင်စဉ်တန်းတွေ တစ်ခုနဲ့တစ်ခု အရှိန်ပြင်းပြင်းနဲ့ ဂင်တိုက်မိခဲ့ကြပြီးတော့ မဆုံးနိုင်တဲ့ ရောင်စဉ်တန်းတစ်ခု ကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

တောင်ခြေမှာ ရှိနေတဲ့ လူတွေ အားလုံးက အံ့သြတကြီးနဲ့ သူတို့ရဲ့ မျက်လုံးတွေကို ပြူးထားပြီးတော့

စိုက်ကြည့်နေခဲ့ကြပါတယ်။ယ ဒီလူငယ်လေးတွေက စိတ်ဂိဉာဉ်ပင်လယ် အဆင့် အစောပိုင်းမျှသာ ရှိသေးတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဟုတ်ပါတယ်။ သူတို့ ထုတ်ဖော်ပြသတဲ့ တိုက်ပွဲစွမ်းအားက အလယ်အလတ် အဆင့် သို့မဟုတ် စိတ်ဂိဉာဉ် ပင်လယ် အဆင့်ရဲ့ နောက်ပိုင်းအဆင့် ထဲမှာတောင်မှ ပါဝင်သင့်ပါတယ်။

မဟုတ်သေးဘူး။ ဒီနေရာမှာ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ ကောင်လေး တစ်ယောက်တောင် ရှိသေးတာပဲ။

ဒါက အရမ်းကို အဓိပ္ပါယ်မဲ့လွန်းသွားပြီ။ လဗ္ဗွတ်ပဲ။ သိုင်းပညာအဆင့်တွေက ဟန်ပြသက်သက်ပဲ လို့ ဆိုလိုချင်တာလား။

ဒီ တိုက်ခိုက်မှု တစ်ခု ပြီးတဲ့နောက်မှာ လင်းဟန်၊ ဖန်းယန် နဲ့ ရန်ထန်းဇောင်တို့က တစ်ယောက်နဲ့ တစ်ယောက် တော်တော်ဝေးဝေးဆီကို ကွဲပြားသွားခဲ့ပါတယ်။ အဲဒီအချိန် အခိုက်အတန့်လေးမှာ သူတို့ထဲက ဘယ်သူကမှ မလှုပ်ရှားပဲနဲ့ ဒီအတိုင်း မတ်တပ်ရပ် နေခဲ့ကြပါတယ်။

"ငါတကယ်ပဲ မင်းကို လျော့တွက်လို့ မဖြစ်တော့ဘူး"

ဖန်းယန် က လေးလေးနက်နက် နဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အနက်ရောင် အမွေးတွေနဲ့ ဖုံးအုပ်ထားပြီးတော့ သူ့ရဲ့ ကြွက်သားတွေ အကုန်လုံးကလည်း ဖူးယောင်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ မူလပုံပန်းသွင်ပြင် နည်းနည်းလေးမှတောင် မကျန်တော့ပဲနဲ့ ကြွက်သားအမြောင်းမြောင်းထနေတဲ့ လူတစ်ယောက် အဖြစ်ကို လုံးဝ ပြောင်းလဲသွားခဲ့ပါတယ်။ဒါက ရောမ လူဂံကြီး တစ်ကောင် ရုတ်တရက် ထွက်ပေါ်လာပြီးတော့ ပုံရိပ်တွေ အားလုံးကို ဖျက်ဆီးပစ်လိုက်သလိုမျိုးနဲ့ တူပါတယ်။

"ဒါပေမဲ့ အခု ငါ့ရဲ့ ပုက်ဖဲကို အသုံးပြုဖို့ ဖိအားပေးခံလာရပြီဆိုတော့ မင်းတို့ နှစ်ယောက် စလုံးက ငါ့ရဲ့ ခြေထောက်နဲ့ နင်းခြေ ဖျက်ဆီးပစ်တာကို ခံရဖို့ အဆင့်မှီတယ်လို့ ပြောရမှာပဲ"

ဖန်းယန် က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

လင်းဟန်က အနည်းငယ် မျက်မှောင်ကြုတ်ပြီးတော့ ပြောပါတယ်။

"ရှိုင်းစိုင်းပြီး ဒေါသပေါက်ကွဲတဲ့ လူဂံသွေးမျိုးဆက်လား"

နောက်ဆုံးမှာတော့ လင်းဟန်က ဖန်းယန်ကို ဆောင်းလဂိုဏ်းရဲ့ အစွမ်းထက်လှတဲ့ စိတ်ဝိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် တစ်ယောက်က တပည့် အဖြစ် ကောက်ယူ လိုက်တဲ့ အကြောင်းကို နားလည်သွားခဲ့ပါတယ်။ ရှိုင်းစိုင်းပြီး ဒေါသပေါက်ကွဲတဲ့ လူဂံက ရှေးဟောင်း မိစ္ဆာသားရဲ တစ်မျိုး ဖြစ်ပြီးတော့ ကောလာဟလ တွေအရတော့ ဒီ မိစ္ဆာသားရဲ တွေက စကြာဂဋ္ဌာဖျက်ဆီးခြင်း အဆင့်မှာ ရှိကြပါတယ်။ ဒ့ါအပြင် သူတို့တွေက စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မှာတောင်မှ အရမ်းကို အစွမ်းထက်လှတဲ့ မျိုးနွယ်စု တစ်ခုလည်း ဖြစ်ပါတယ်။ ဖန်းယန်က ဒီလိုမျိုး သွေးမျိုးဆက်ကို အမွေဆက်ခံထားမှတော့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်နိုင်ဖို့ဆိုတာက ဖြစ်နိုင်ချေ ရှိပါတယ်။

ဘယ်လိုလူကများ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ တပည့်တစ်ယောက် ရှိနေတဲ့ ဂိုဏ်းကို အာခံနိုင်စွမ်း ရှိနိုင်မှာလဲ။ လူတစ်ယောက်ရဲ့ စွမ်းရည်က ပိုပြီးသန်မာလာလေ သူတို့ရဲ့ လေးစားကြည်ညိုခြင်းတွေက ပိုပြီး အားကောင်းလာလေပါပဲ။ ဒီဘဂ သက်တမ်းမှာ

သူတို့အနေနဲ့ စကြာဂဠာဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပေမဲ့လည်း အဲဒီအဆင့်ကို ရောက်နိုင်တဲ့ တပည့်တစ်ယောက် ရှိထားတာက သူတို့ရဲ့ စိတ်ဆန္ဒကို ပြည့်ဝစေပြီးတော့ ကျေနပ်အားရမှုကို ဖြစ်စေတာနဲ့ အတူတူပါပဲ။

ဖန်းယန်က မာမာထန်ထန် နဲ့ပြောလိုက်ပါတယ်။

“မင်းက ရိုင်းစိုင်းဒေါသထွက်တဲ့ လူဂံအကြောင်းကိုတောင်မှ သိနေတာလား”

အမှန်တကယ်တော့ အရင်တုန်းက သူက ဘယ်လိုမျိုး သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသလဲ ဆိုတာကိုတောင်မှ မသိခဲ့ပါဘူး။ဒါက ဆောင်းလကိုဏ်းရဲ့ အစွမ်းထက်လှတဲ့ စစ်သည်တော် တစ်ဦးက ရှာဖွေတွေ့ရှိခဲ့ပြီးတော့ ဒီသွေးမျိုးဆက်ကို သတိပြုမိသွားခဲ့တာပါ။

လင်းဟာန် ကတော့ တစ်ချက်ကလေး ကြည့်လိုက်ရုံနဲ့ ဒါကို သတိပြုမိသွားခဲ့ပါတယ်။ ဒီကောင်က တကယ့်ကို ဗဟုသုတတွေ အများကြီးရှိတာပဲ မဟုတ်လား။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ဒါက ရိုင်းစိုင်းပြီး ဒေါသထွက်တဲ့ လူ့ဂုံ သွေးမျိုးဆက် ဖြစ်တော့ရော ဘာဖြစ်သေးလဲ။ မင်းရဲ့ သွေးမျိုးဆက်က အရမ်းကို ပါးလွှာနေပြီးတော့ ဒီအခိုက်အတန့်မှာ မင်းရဲ့ ကျင့်ကြံခြင်းအဆင့်ကို သုံးဆင့်ပဲ တိုးလာစေနိုင်တယ်။ ဒါကြောင့် ဒါက စိုးရိမ် ပူပန်နေစရာ မလိုပါဘူး"

"ဒါဆိုရင်လည်း ဘယ်လောက်တောင် စိုးရိမ်ပူပန်စရာ မလိုဘူးဆိုတာကို မင်းကို မြင်အောင်လို့ ငါပြရသေးတာပေါ့"

ဖန်းယန် က ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ သူ့ရဲ့ ညီငယ်လေးကို သတ်ပစ်ခဲ့တဲ့ လင်းဟန်ကို မုန်းတီးနေတဲ့ သူ့ရဲ့ ခံစားချက်တွေက နှလုံးသားထဲမှာ ပြင်းပြင်းထန်ထန် နဲ့ လောင်ကျွမ်းလို့ နေပါတယ်။ ပြီးတော့ သူက မိသ္စာသားရဲ တစ်ကောင်ရဲ့ သွေးမျိုးဆက်ကို နှိုးဆွခဲ့တာဖြစ်လို့ သူ့ရဲ့ စိတ်ခံစားချက်ကိုလည်း အကြီးအကျယ် အကျိုးသက်ရောက် စေခဲ့ပါတယ်။သူက မယုံနိုင်စရာ ကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ် လာပြီးတော့ လင်းဟန် ဆီကို ချက်ချင်းဆိုသလို ခုန်ဝင်သွားခဲ့ပါတယ်။

သူ့ရဲ့ လက်ချောင်းဆယ်ချောင်းလုံးကို လက်သည်းတွေ ပုံစံ

အဖြစ်ကို ပြောင်းလဲလိုက်ပြီး ၎င်းတို့ကို ကြည့်ရတာ ဓါးတွေရဲ့ အသွားတွေနဲ့ တူညီနေပါတယ်။

ဖန်းယန်က သူ့ရဲ့ လက်ကို ထပ်ခါ ထပ်ခါ ဝှေ့လိုက်ပြီးတော့ သူရဲ့ လက်သည်းတွေနဲ့ လေထဲကို ကုတ်ခြစ် လိုက်တဲ့အခါမှာ လေထဲမှာ ဓါးသွားလိုအရာတွေ အများကြီး ဖြစ်ပေါ် လာခဲ့ပါတယ်။ ၎င်းတို့က လင်းဟန်ဆီကို ပထမဆုံး ပျံသန်းလာခဲ့ပြီး အဲဒီနောက်မှာတော့ ဖန်းယန်ကပါ ကပ်လိုက်လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အံ့အားသင့်စရာ ကောင်းတဲ့ ပြင်းထန်တဲ့ လေထု တစ်ခု ထွက်ပေါ်လို့နေပြီး သူ့ကိုကြည့်ရတာ ရှေးဟောင်း မိစ္ဆာသားရဲ တစ်ကောင် အသက်ပြန်ဝင်လာတဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။

လင်းဟန်က အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်။ ရှေးဟောင်း မိစ္ဆာသားရဲ တစ်ခုရဲ့ သွေးမျိုးဆက်က တကယ့်ကို ခေါင်းကိုက်စရာ တစ်ခုပဲ ဖြစ်ပါတယ်။

သူက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူ့အနေနဲ့ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် နည်းစနစ်ကို အသုံးပြုဖို့အတွက် အချိန်မရှိပါဘူး။ ဒါကြောင့် သူက လေးရာသီ ဓါးသိုင်းကို အသုံးပြုပြီး သူ့ရဲ့ လက်ထဲက ဓါးကို ဝှေ့ယမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ဆောင်း

ဆောင်းဦး နွေ နွေဦး ပုံရိပ် လေးခု ထွက်ပေါ်လာခဲ့ပြီးတော့ လူတွေအားလုံးကို ချက်ချင်းဆိုသလို ရာသီဥတု လေးခုကို တစ်ပြိုင်နက်တည်း ခံစားသွားစေခဲ့ပါတယ်။

"ဖူး ဖူး ဖူး ဖူး"

လေဓါးသွားတွေ ထွက်ပေါ်လာပြီးတော့ လေးရာသီ ဓါးသိုင်းနည်းစနစ်ရဲ့ ဓါးလှုပ်ရှားမှုက ရပ်တန့်သွားခဲ့ပါတယ်။ ဖန်းယန်က အခွင့်အရေးကို အသုံးချပြီးတော့ လက်သီး တစ်လုံးကို ပစ်သွင်းလိုက်ပါတယ်။ ဆေဘာဓါးရှည် ကိုးခု ထွက်ပေါ်လာပြီးတော့ လင်းဟာန်ရဲ့ ရင်ဘတ် ဆီကို ကြမ်းကြမ်းတမ်းတမ်း ဝင်လာခဲ့ပါတယ်။

လင်းဟာန်က လေအရိပ် နည်းစနစ်ကို အသုံးပြုပြီးတော့ လျင်မြန်စွာနဲ့ နောက်ဆုတ်လိုက် ပါတယ်။

ဒါပေမဲ့ သူက ဒီတိုက်ခိုက်မှုအနည်းငယ်ကို ခံလိုက်ရပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်က ပေသုံးဆယ် အကွာအဝေးကို လွင့်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစီးကြောင်း တစ်ခု စီးကျလာခဲ့ပါတယ်။ တကယ်လို့ သူက ကျောက်သားနံရံ ခန္ဓာကိုယ် ကို ထုတ်ဖော်လိုက်ခဲ့မယ် ဆိုရင်တောင်မှ သူ့အနေနဲ့ ဖန်းယန်ရဲ့ တိုက်ခိုက်မှုကို လုံးဝ

ခုခံကာကွယ်နိုင်စွမ်း မရှိသေးပါဘူး။ အမှန်တကယ်တော့ စိတ်ဂိဉာဉ်ပင်လယ်အလွှာ ၄ အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုမှာ ရိုင်းစိုင်းပြီး ဒေါသထွက်တဲ့ လူဂံ သွေးမျိုးဆက်ရဲ့ ခွန်အားကိုပါ ပေါင်းထည့်လိုက်ခြင်းအားဖြင့် အရမ်းကို အစွမ်းထက်လှတဲ့ တိုက်ပွဲ စွမ်းအား တစ်ခု ဖြစ်လာပါတယ်။

ဖန်းယန်က စိတ်ကြီးဝင်သလိုမျိုး ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဟိုးရှေးဟောင်းနေ့ရက်တွေတုန်းက ရိုင်းစိုင်းပြီး ဒေါသထွက်တဲ့ လူဂံတွေက တကယ့်ကို မယုံနိုင်စရာ ကောင်းမှာပဲ။ သူတို့ရဲ့ လက်သည်းတွေက ကမ္ဘာကြီးရဲ့ ကိုယ်ပိုင် စည်းမျဉ်း စည်းကမ်းတွေကို သယ်ဆောင်လာခဲ့ပြီးတော့ ခုခံကာကွယ်မှု အားလုံးကို မျက်ရည် ကျသွားစေနိုင်တဲ့ အစွမ်းရှိတာပဲ။လင်းဟန် ဒီနေ့တော့ ငါ မင်းရဲ့ ခြေထောက် နှစ်ချောင်း စလုံးကို မသန်မစွမ်း ဖြစ်သွားအောင်လို့ လုပ်ပစ်ရလိမ့်မယ်”

Chapter 274 end

အပိုင်း(၂၇၅) အံ့အားသင့်စရာ ဟူးညို

ရန်ထန်းဇောင်က သူ့ရဲ့ နာခေါင်းကို ပွတ်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

“ဒါဆိုရင် ဒီနေရာမှာ ငါ့ဘာမှဆက်လုပ်နေဖို့ မလိုတော့ဘူးလား”

သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“မေ့ထားလိုက်တော့။ မိုးရေနိုင်ငံက ငါ့ရဲ့ ခရီးမှာ ခဏတဖြုတ်နားခိုတဲ့ နေရာတစ်ခုပဲ။ လျှို့ပှက်ဆန်းကြယ် စွမ်းအားကို ငါရတဲ့အခါကျရင် မြောက်ပိုင်းတစ်ခွင်ကို လည်ပတ်ကြည့်ရှုဖို့ ငါလျှောက်သွားရမယ်။ ဒီနေရာက သိုင်းပညာအဆင့်အတန်း တစ်ခုလုံးက တကယ်ပဲ အရမ်းကို နိမ့်ကျတယ်။ ပြီးတော့ ဒီနေရာမှာ ပါရမီရှင်တွေက အရမ်းကို နည်းပါးလွန်းတယ်။ ဒါကြောင့် ငါတိုးတက်လာဖို့ အကျိုးအမြတ်က သိပ်ပြီး ရှိမှာ မဟုတ်ဘူး”

သူရဲ့ လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ တောင်ရဲ့ ထိပ်ဆီကို ဦးတည် သွားလိုက်ပါတော့တယ်။

“ညီုးညီုးက ဒီလမ်းကို ဖောက်ထားတယ်။ ဘယ်သူ့ကိုမှ ဖြတ်သန်းဖို့ ခွင့်မပြုဘူး”

ဟူးညိုက ချက်ချင်းဆိုသလိုပဲ သူမရဲ့ လက်တွေကို ဆန့်ထုတ်ပြီးတော့ ရန်ထန်းဇောင် ကို ဖြတ်သန်းခွင့်မပြုဖို့အတွက် တားဆီးပိတ်ပင်ဖို့ ကြိုးစားလိုက်ပါတယ်။

“မိန်းကလေး မင်းက တကယ့်ကို ထူးဆန်းတယ်။ ဒါပေမဲ့ မင်းက ငါ့ကို ဆန့်ကျင်နိုင် လောက်တဲ့ အထိတော့ မသန်မာသေးဘူး။ ဘေးမှာ ရပ်နေစမ်း။ ငါ မင်းကို ဒဏ်ရာ အနာတရ မဖြစ်စေချင်ဘူး”

ရန်ထန်းဇောင်က အေးအေးဆေးဆေးပဲ ပြောလိုက်ပါတယ်။ ဒါက သူ့အနေနဲ့ ဟူးညိုကို သနားညှာတာလား ဒါမှမဟုတ် ဟူးညိုရဲ့ ထူးဆန်းမှုကို သတိထားနေတာလားဆိုတာ ကို မသိရပါဘူး။

“ဟင့်… လင်းဟန်က လွဲပြီး ဘယ်သူ့ကိုမှ ဖြတ်သွားခွင့် မပြုဘူး”

ဟူးညိုက ဒေါသဖြင့် ကြိမ်းဝါးပြီးတော့ အရင်ဆုံး စတင် တိုက်ခိုက်လိုက်ပါတယ်။

"ရှုပ်"

သူမက လေလိုပဲ လျင်မြန်လှပြီးတော့ သူမရဲ့ လှုပ်ရှားမှု ကို စိတ်ဂိုဉာဉ်ပင်လယ် အဆင့် လက်ရွေးစင် အများစုတောင်မှ မဖမ်းဆီးနိုင်ပါဘူး။ လျပ်ပြက်သလိုပဲ ဟူးညိုက ရန်ထန်းဇောင်ရဲ့ အနောက်ဘက်မှာ ပေါ်လာခဲ့ပါတယ်။ သူမရဲ့ လက်သေးသေးလေးကို အမြင့်ကို မြှောက်လိုက်ပြီးတော့ ကြောက်စရာကောင်းတဲ့ လက်သည်းတိုက်ခိုက်မှု တွေနဲ့ အဆက်မပြတ် တိုက်ခိုက်လိုက်ပါတယ်။

ရန်ထန်းဇောင်က ရုတ်တရက်ဆိုသလိုပဲ ဒီတိုက်ခိုက်မှုကြောင့် အနောက်ဘက်ကို ခြေလှမ်း အနည်းငယ် ဆုတ်ပေးလိုက်ရပြီး သူ့ရဲ့ နောက်ကျောဘက်မှာ သွေးစီးကြောင်း တစ်ချို့က လက်သည်း ကုတ်ခြစ်မှုကြောင့် ပေါ်လာခဲ့ပါတယ်။ ဒါက ဟူးညိုရဲ့ လက်သည်း တိုက်ခိုက်မှုက ဘယ်လောက်တောင် ဖျက်ဆီးနိုင်စွမ်းရှိပြီးတော့ ကြောက်စရာ ကောင်းသလဲ ဆိုတာကို ဖော်ပြရာ ရောက်ပါတယ်။

နောက်ထပ်တစ်ကြိမ် နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ နောက်တစ်ယောက် က စိတ်ဂိုဉာဉ်ပင်လယ်

အဆင့် လက်ရွေးစင် ပြိုင်ဘက် တစ်ယောက်ကို ဒဏ်ရာ အနာတရ ဖြစ်အောင်လို့ လုပ်နိုင်စွမ်း ရှိနေပါတယ်။

တောင်ခြေမှာ ရပ်ကြည့်နေတဲ့ သူတွေအားလုံးက သူတို့ကို သူတို့ အိပ်မက်ကမ္ဘာထဲမှာ လွင့်မျောနေတယ်လို့ ခံစားနေကြရပါတယ်။ဒါက တကယ့်ကို လွန်လွန်းသွားပါပြီ။ ဘယ်အချိန်တုန်းက နွေဦးစမ်းရေ အဆင့်က ဒီလောက်တောင် အံ့သြစရာ ကောင်းသွားခဲ့ တာလဲ။ ပြီးတော့ ဒါက နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲလေ။

အစောပိုင်းတုန်းက သူတို့အားလုံးစိတ်ထဲမှာ ဟူးညိုက အပြစ်ကင်းစွာနဲ့ ချစ်စရာကောင်းပြီး ဆော့ကစားနေတယ်လို့ ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ပြိုင်ပွဲစတင်လိုက်တာနဲ့ ဒီမိန်းကလေးက သူတို့တွေကို အကြီးအကျယ် အံ့အားသင့်သွားစေခဲ့မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ မိကြပါဘူး။ သူမက အံ့အားသင့်စရာ ကောင်းလွန်းတဲ့ အမြန်နှုန်းတစ်ခုကို ထုတ်ဖော် ပြသခဲ့ပါတယ်။

ဒါပေမဲ့ အမြန်နှုန်းဆိုတာက အမြန်နှုန်းသာသာပါပဲ။ ဒါပေမဲ့ အခုကရော ဘယ်လိုမျိုးလဲ။

နွေဦးစမ်းရေ အလွှာ ပထမ အဆင့် က စိတ်ဂိဉာဉ်ပင်လယ်

အဆင့် ရဲ့ ခုခံကာကွယ်မှုကို ဖြတ်ပြီးတော့ စုတ်ဖြဲပစ်နိုင်တယ်ပေါ့လေ။ ဒီဖျက်ဆီးခြင်း အစွမ်းက တကယ့်ကို ကြောက်ဖို့ ကောင်းတာပဲ။

ပရိသတ်တွေက ဖန်းယန် ဆီကို တစ်ချက် ပြန်လှည့်ပြီး ကြည့်လိုက်ကြပါတယ်။ သူတို့ပြော တာကို ကြားသိရသလောက်ကတော့ ရိုင်းစိုင်းပြီး ဒေါသထွက်တဲ့ လူ့ပုံရဲ့ ဖျက်ဆီးခြင်း ခွန်အားက အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုက လင်းဟာန် အပေါ်မှာ သူ့ရဲ့ နှုတ်ခမ်းထောင့်မှာ သွေးအနည်းငယ်ကိုပဲ စီးကျလာအောင်လို့ တတ်နိုင်ပါတယ်။ ဒါပေမဲ့ ဟူးညိုကတော့ ရန်ထန်းဇောင်ရဲ့ နောက်ကျောဘက်မှာ သွေးစီးကြောင်းတွေ ထွက်ပေါ်လာအောင်လို့ လုပ်နိုင်စွမ်းရှိပါတယ်။ ဒါကို နှိုင်းယှဉ်ရမယ် ဆိုရင်တော့ ဟူးညိုကပဲ ရိုင်းစိုင်းပြီးဒေါသထွက်တဲ့ လူ့ပုံရဲ့ သွေးမျိုးဆက်ပိုင်ရှင် ပိုပြီးတော့ ဖြစ်သင့်ပါတယ်။

တဖက်မှာတော့ စိတ်ဂိဉာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် တစ်ယောက်က နွေဦးစမ်းရေ အဆင့် ပြိုင်ဘက် တစ်ယောက်ကို တိုက်ခိုက်နေချိန်အတွင်းမှာ ကျန်တဲ့ တခြားဖက်မှာ နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင်က

စိတ်ဂိဉာဉ်ပင်လယ်အဆင့် သိုင်းပညာရှင် ပြိုင်ဘက်တစ်ယောက်ကို တိုက်ခိုက်နေပါတယ်။ ဟုတ်ပါတယ်။ ဟူးညို့ရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားက အရမ်းကို သန်မာတာကို ဘယ်လိုလုပ်ပြီးတော့ မသိသာရမှာလဲ။

ဟူးညို့က နောက်ထပ် တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ အမြန်နှုန်းက သူမ အတွက် အကြီးမားဆုံးသော အသာစီးရယူမှု တစ်ခု ဖြစ်ပြီးတော့ သူမရဲ့ လှုပ်ရှားမှုက လေတိုက်ခတ်သလို မြန်ဆန်လွန်းပါတယ်။ တစ်ယောက်ယောက်က သူမရဲ့ ပုံရိပ်ကို သူတို့ရဲ့ မျက်စိထဲမှာ ဖမ်းမိလိုက်တဲ့အခါမှာတော့ အမှန်တကယ်က ဒီမိန်းကလေးက နောက်တစ်နေရာမှာ ပေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အမြင်တွေက ဒီမိန်းကလေးရဲ့ နောက်ပုံရိပ်တစ်ခုကို မြင်လိုက်ရတာပဲ ဖြစ်ပါတယ်။

ဟူးညို့ က သနားညှာတာမှု ကင်းမဲ့ပါတယ်။ သတ်ဖြတ်ခြင်းက သူမရဲ့ ဗီဇပဲ ဖြစ်ပါတယ်။ ပြီးတော့ အခု သူမရဲ့ ဗီဇ စရိုက်သဘာဝ က အသက်ဝင်လို့ လာခဲ့ပါပြီ။ သူမက ရန်ထန်းဇောင် ကို မရပ်မနား တိုက်ခိုက်နေပါတော့တယ်။

ရန်ထန်းဇောင်ရဲ့ လက်မောင်းတွေ ခြေထောက်တွေမှာ သွေးတွေ အဆက်မပြတ် စီးကျလို့ လာခဲ့ပါတယ်။ တကယ်လို့ သူ့မှာ စိတ်ဂိဉာဉ်ပင်လယ် အဆင့် ကျင့်ကြံခြင်း ရှိနေတာကို တောင်မှ ဟူးညိုကို လုံးဝ မပြိုင်နိုင်ပဲ အကျိုးမရှိပါဘူး။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်းက အဆင့်မြင့်နေသည့်တိုင်အောင်ပဲ သူ့အတွက်တော့ သုံးလို့ မရပါဘူး။

လူတိုင်းလူတိုင်း မျက်လုံးပြူးကုန်ကြပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ အမြန်နှုန်းက ပျံသန်းဖို့ တစ်ခုတည်းအတွက်ပဲ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်စိအရှေ့ က ဒီမြင်ကွင်းက သူတို့ရဲ့ အတွေးတွေကို လုံးဝ မြေလှန်ပြောင်းလဲပစ်လိုက်ပါတယ်။ ဒီအကြံမျိုး မရှိရတဲ့ အကြောင်းအရင်းက သူတို့ရဲ့ အမြန်နှုန်းက အရမ်းကို အလွန်အကျွံ့ အဆင့် တစ်ခုကို မရောက်ရတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ဟူးညို ပိုင်ဆိုင်ထားတဲ့ အမြန်နှုန်းမျိုးကို ပိုင်ဆိုင်ထားတဲ့ မည်သူမဆို သူတို့ရဲ့ တိုက်ပွဲစွမ်းအား ဇစ်မြစ်က အကြီးအကျယ်ကို ပြောင်းလဲသွားပါလိမ့်မယ်။

ရန်ထန်းဇောင်ရဲ့ အမူအရာက မည်းသထက်

မည်းလာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နှုတ်ခမ်းထောင့်မှာ ခန့်မှန်းလို့မရတဲ့ မကောင်းဆိုးဝါး အပြုံးတစ်ခုက တွဲခိုနေဆဲ ဖြစ်ပါတယ်။ ဟုမ်း ဆိုတဲ့ မြည်သံနဲ့ အတူ သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကနေ အစိမ်းရောင် မြူခိုး တစ်ခုက ဖြန်းထွက်လို့ လာခဲ့ပြီးတော့ အမျှင်တန်းတွေ ပုံစံအဖြစ်ကို ပြောင်းသွားပြီးတော့ သူ့ရဲ့ဘေးပတ်လည် ပေသုံးဆယ် လောက်ကို ပင့်ကူမျှင်အိမ်တွေ ပုံစံမျိုး တင်းတင်းကျပ်ကျပ်နဲ့ ရက်ထားလိုက်ပါတယ်။ ၎င်းပုံစံက ပင့်ကူမျှင် အသိုက်အအုံ တစ်ခုနဲ့ ဆင်တူပါတယ်။

ဟူးညိုက ချက်ချင်းဆိုသလိုပဲ အစိမ်းရောင်အမျှင် အသိုက်နဲ့ အရှိန်ပြင်းပြင်း တိုက်မိသွားခဲ့ ပါတယ်။ သူမက အပြင်းအထန် ရုန်းကန်နေပေမဲ့ ဒီ အစိမ်းရောင် အမျှင်တွေကို ကြည့်ရတာ အရမ်းကို ပါးလွှာနေပေမဲ့ တော်တော်လေးကို ကြံ့ခိုင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူမက ဘယ်လိုပဲ အစွမ်းကုန် ကြိုးစားကြိုးစား လွတ်မြောက်အောင်တော့ မရုန်းကန် နိုင်ပါဘူး။

"ဟင့်… ငါ့ရဲ့ ကောင်းကင်နဲ့ မြေကြီး ပင့်ကူမျှင်ထဲကနေ မင်းက လွတ်မြောက်ချင်နေ သေးတာလား"

ရန်ထန်းဇောင်က အေးစက်စွာနဲ့

သရော်လှောင်ပြောင်လိုက်ပါတယ်။ ဒီပင့်ကူမျှင်တွေက အသက်ရှိနေတဲ့ပုံစံ အတိုင်း သူတို့ဘာသာ သူတို့ ဟူးညိုကို ရန်ထန်းဇော် အနားကို တိုးသထက် တိုးလာအောင် လို့ သယ်ပို့ပေးပါတယ်။

ဟူးညိုက စိုးရိမ်တကြီး ဖြစ်လာခဲ့ပါတယ်။ သူမရဲ့ ခေါင်းကို လှည့်ပြီး သူမရဲ့ ပါးစပ်ကို ဟ ပြီးတော့ ကိုက်လိုက်ပါတယ်။ အစိမ်းရောင် အမျှင်တစ်ခုက သူမရဲ့ ကိုက်ဖို့ စုတ်ဖြဲမှုကို တကယ်ပဲ ခံလိုက်ရပါတယ်။

“အဟွတ် အဟွတ်”

ရန်ထန်းဇော်က အရမ်းကို အံ့အားသင့်သွားပြီးတော့ သူ့ရဲ့ မျက်လုံးတွေ က မျက်လုံးအိမ် ထဲကနေ ထွက်ကျလာလုမတတ် ပြူးသွားခဲ့ပါတယ်။ ဒါက ကောင်းကင်နဲ့ မြေကြီး ပင့်ကူမျှင် ပါ။ သူရဲ့ ပုက်ဖဲ ဖြစ်ပါတယ်။ သူနဲ့ ကျင့်ကြံခြင်းအဆင့် တူတဲ့ ဘယ်သူမဆို ဒီ ပင့်ကူအိမ် ထဲမှာ ဖမ်းခံလိုက်ရပြီဆိုရင် လွတ်မြောက်သွားဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီပင့်ကူအိမ် တွေက စိတ်ဝိဉာဉ်လက်နက်တွေကို သန့်စင်ပြုလုပ်တဲ့ ပါဂင်ပစ္စည်းတွေရဲ့ ကြံ့ခိုင်မှုနဲ့တောင်မှ တူညီတဲ့ အဆင့်မှာ ရှိပါတယ်။

ဒီမိန်းကလေးကတော့ တစ်ချက်ကိုက်ထည့်လိုက်တာနဲ့ ၎င်းကို စုတ်ဖြဲပစ်လိုက်နိုင်ပါတယ်။ ဘယ်လို သွားအမျိုးအစားကို သူမ ပိုင်ဆိုင်ထားတာလဲ။ လပြွတ်ပဲပေ့ါကွာ။

ဟူးညို့ရဲ့ လက်သည်းတိုက်ခိုက်မှု အများကြီးကို ခံစားလိုက်ရတာကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာတော့ တကယ်လို့ ဒီမိန်းကလေးကသာ သူ့ကို လက်သည်းနဲ့ ကုတ်ခြစ်မဲ့အစား ကိုက်ဖို့ ဆုံးဖြတ်လိုက်မယ်ဆိုရင်… . ရန်ထန်းဇောင် တစ်ယောက် စဉ်းစားရင်းနဲ့ ကြက်သီး ထပြီးတော့ ချွေးတွေပြန်ပြီး သူ့ရဲ့ လည်ချောင်းတွေတောင်မှ ယားလာခဲ့ပါတယ်။ တကယ်လို့ ဟူးညို့ကသာ သူ့ရဲ့ လည်ပင်းကို ကိုက်ဖြဲပစ်လိုက်မယ်ဆိုရင် ချက်ချင်းဆိုသလို သူက သေသွားရပါလိမ့်မယ်။

သူက အရမ်းကို ကံကောင်းတယ်လို့ ခံစားလိုက်ရပြီးတော့ သူ့ရဲ့ မျက်လုံးထဲမှာ သတ်ဖြတ် ချင်တဲ့ ဆန္ဒတွေက တဟုန်ထိုး ကြီးထွားလာခဲ့ပါတယ်။ သူက ဟူးညို့ရဲ့ ရင်ဘတ် ဆီကို လက်ဝါးတစ်ချက် ရိုက်ထုတ်ပစ်လိုက်ပါတယ်။

"ဟင့်"

မိုးရေကောရာဇ် က နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ အင်ပါယာ ဩဇာ အာဏာ လွှမ်းမိုးမှုက အစွမ်းထက်မြက်စွာနဲ့ ပြန့်နှံ့သွားခဲ့ပါတယ်။

ရန်ထန်းဖောင်က ချက်ချင်းဆိုသလို သူ့ရဲ့ ရင်ဘက်ဆီက နာကျင်မှု တစ်ခုကို ခံစားလိုက်ရ ပါတယ်။ ပြီးတော့ သူ့ရဲ့ အသိစိတ်က တဆတ်ဆတ် တုန်ယင်လို့ လာခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ သူ့ရဲ့ စွမ်းအားတစ်ချို့ကို ပြန်ရုတ်သိမ်းလိုက်ပြီးတော့ ဟူးညို့ကို အဝေးကို လွင့်ထွက်သွားအောင် ရိုက်ထုတ်လိုက်ပါတယ်။ ဘုန်းဆိုတဲ့ မြည်သံနဲ့ အတူ ဟူးညို့က တောင်ခြေဆီကို ကျဆင်းသွားခဲ့ပြီးတော့ သူမရဲ့ သေးငယ်တဲ့ ပုံရိပ်ကလေးက မြေကြီးပေါ် မလှုပ်မရှားပဲနဲ့ လဲလျောင်းလျက်ရှိပါတယ်။

ဟူးညို့က ပြင်းထန်တဲ့ ဒဏ်ရာ ပဲ ရရှိခံစားခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးရေ ကောရာဇ် ရဲ့ နာခေါင်းရှုံ့သံကြောင့် ရန်ထန်းဖောင်က သူ့ရဲ့ စွမ်းအားတစ်ချို့ကို ပြန်ရုပ်သိမ်းလိုက်တဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

မိုးရေကောရာဇ် က အစကတည်းက ပြောခဲ့ပါတယ်။

ဒီပြိုင်ပွဲက လက်ရည်စမ်းတဲ့ ပြိုင်ပွဲ တစ်ခုပဲ ဖြစ်ပြီးတော့ ဒဏ်ရာအနာတရ ဖြစ်တာကနေ ရှောင်လွဲလို့တော့ မရနိုင်ပါဘူး။ ဒါပေမဲ့ တစ်ယောက်ယောက်ကို သတ်ဖြတ်တာကိုတော့ လုံးဝ ခွင့်မပြုထားပါဘူး။ မိုးရေကောရာဇ်ရဲ့ ရှေ့မှောက်မှာ ဘယ်သူကများ လူသတ်မှုကို ကျူးလွန်ပုံ့သလဲ။

လင်းဟာန်က လက်ရှိမှာ ဖန်းယန် ရဲ့ ကြီးမားတဲ့ တိုက်ပွဲ တစ်ခုကို ထိပ်တိုက်ရင်ဆိုင် နေခဲ့ပါတယ်။ ပြီးတော့ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာတော့ ဒေါသ အကြီးအကျယ် ထွက်သွားခဲ့ပါတယ်။

"ထွက်သွားစမ်း"

သူက အဆုံးမရှိ ဒေါသမီးလျှံတွေ တောက်လောင်နေမှု တစ်ခု ပါဝင်တဲ့ အစွမ်းထက်လှတဲ့ ခုတ်ချက် တစ်ခုကို ပျေ့ယမ်းလိုက်ပါတယ်။ ဖန်းယန်က ဒီတိုက်ခိုက်မှုကို အမှန်တကယ် ထိပ်တိုက်ရင်ဆိုင်ဖို့ မပံ့ရဲပါဘူး။ ဒါကြောင့် သူက ဗျူဟာကျကျပဲ နောက်ဆုတ် ရှောင်တိမ်းမှု ပြုလုပ်လိုက်ပါတယ်။

သူ့ရဲ့ နတ်ဘုရားအာရုံ နဲ့ တစ်ချက် ပျေ့ကြည့်လိုက်တဲ့အခါမှာ

ဟူးညို့ရဲ့ အသက်အန္တရာယ် ကို ခြိမ်းခြောက်နိုင်တဲ့ ဒဏ်ရာကြီးကြီးမားမား မဟုတ်တာကို လင်းဟန်က နားလည်သဘောပေါက်သွားခဲ့ပါတယ်။ မိုးရေဇကေရာဇ်လည်း အဲဒီမှာရှိနေတယ်ဆိုတာကို သူသိပါတယ်။ဒါကြောင့် တစ်ယောက်ယောက် အသက်ဆုံးရှုံးဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဟူးညို့ရဲ့ ပုံရိပ်သေးသေးလေးက လှုပ်ရှားမှု တစ်စုံတစ်ရာမျှ မရှိပဲ သူမရဲ့ နှုတ်ခမ်းထောင့်မှာ သွေးအနည်းငယ် စီးကျနေတာကို မြင်လိုက်ရတဲ့အခါမှာ သူက အရမ်းကို ဒေါသထွက်သွားပြီးတော့ ကောင်းကင်နဲ့ မြေကြီး စတဲ့ အရာတွေ အားလုံးကို ဖျက်ဆီးပစ်ချင်လောက်တဲ့အထိ အကြီးအကျယ်ကို ဒေါသပေါက်ကွဲထွက်သွားခဲ့ပါတယ်။

ဟူးညို့က သူ့အတွက်ကြောင့် ရန်ထန်းဇောင်ကို တားဆီးဖို့ ကြိုးစားတဲ့အတွက် ဒဏ်ရာ ရသွားခဲ့ရတာပါ။

သူပြန်လည်မွေးဖွားလာတဲ့ အချိန်ကစပြီး ဒါက ဒုတိယ အကြိမ်မြောက် အကြီးအကျယ် ဒေါသထွက်တာပဲ ဖြစ်ပါတယ်။ ပထမ အကြိမ်တုန်းက ချန်ကလန်က လင်းဒေါင်ရှန်ကို ဖမ်းဆီးပြီးတော့ လူပုံအလယ်မှာ ခေါင်းဖြတ်ကွပ်မျက်ဖို့ ကြံစည်တဲ့အတွက် အကြီးအကျယ် ဒေါသထွက်ခဲ့ရပါတယ်။

“ရန်ထန်းဖောင်….”

လင်းဟာန် က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ ဖန်းယန်ကို ထားခဲ့ပြီး ရန်ထန်းဖောင် ဆီကို ပြေးဝင်သွားခဲ့ပါတယ်။

ရန်ထန်းဖောင် လည်းပဲ အရမ်းကို မပျော်မရွှင် ဖြစ်နေခဲ့ပါတယ်။ သူက စိတ်ဂိဉာဉ် ပင်လယ် အဆင့် လက်ရွေးစင် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ မိန်းကလေး ငယ်ငယ်လေး တစ်ယောက်ကြောင့် စိတ်မရွှင်မပျ ဖြစ်စေပြီး တကယ် တိုက်ခိုက်တာ ခံခဲ့ရပါတယ်။ အခု သူက ဟူးညီကို သတိလစ်ပြီးတော့ ဒဏ်ရာ အနည်ငယ် ရအောင်ပဲ လုပ်ခဲ့တာပါ။ ဒါကြောင့် ဘယ်အရာကများ လင်းဟာန်ကို ဒီလောက်တောင် ဒေါသ အကြီးအကျယ် ထွက်စေခဲ့တာလဲ။

ဖန်းယန် က ပိုပြီးတော့တောင်မှ ဒေါသထွက်သွားခဲ့ ပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟာန်က သူ့ကို လုံးဝ ဥပက္ခောပြုပြီး လစ်လျူရှုလိုက်လို့ ဖြစ်ပါတယ်။ ဒ့ါအပြင် သူ့အနေနဲ့ လင်းဟာန် ဒေါသထွက်တာကို ပထမဆုံးအကြိမ် မြင်တွေ့ရတာလည်း ဖြစ်ပါတယ်။ လွှီယုထန် ကို တခြားတစ်ယောက်နဲ့ အတင်းအကျပ် ဖိအားပေး လက်ထပ်

ခိုင်းစေခဲ့တာတောင်မှ လင်းဟန်က ဒီလောက် ဒေါသမထွက်ခဲ့ပါဘူး။

ဒါက ဘာကို ဆိုလိုတာလဲဆိုတော့ လင်းဟန် က သူ့ကို ဘယ်တုန်းကမှ ပြိုင်ဘက် တစ်ယောက် အနေနဲ့ အလေးထားပြီးတော့ မသတ်မှတ်ထားပဲ သူ့ကို ရည်ရွယ်ချက် ရှိရှိနဲ့ ကစားနေတယ်လို့ ပြောချင်လိုက်တာပါပဲ။

လပြွတ် လပြွတ်.. ဒီကောင်က တကယ့်ကို မုန်းတီးရွံရှာစရာ ကောင်းလိုက်တာ။

လင်းဟန်က ဒေါသထွက်ခဲ့ပါတယ်။ လွီယုထန်က သူ့ရဲ့ နောက်လိုက်မိန်းကလေး တစ်ယောက် မျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ဟူးညို့ကိုတော့ သူ့ရဲ့ မိသားစု အနေနဲ့ ယူဆထားခဲ့တာပါ။ ဒို့အပြင် ဟူးညို့က အရမ်းကို ငယ်ရွယ်သေးတဲ့ ကလေးတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်လည်း လင်းဟန်က သူမကို ပိုပြီးတော့ ချစ်ခင် မြတ်နိုးပါတယ်။ သူမကို သူကတောင်မှ ပြင်းပြင်းထန်ထန်နဲ့ အပြစ်ပေး မဆုံးမခဲ့ပါဘူး။ အခုတော့ သူမက ရန်ထန်းဇောင်ကြောင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီးတော့ မြေကြီးပေါ်မှာ မလှုပ်မရှားနဲ့ လဲလျောင်းလို့ နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒေါသ

အကြီးအကျယ် မထွက်ပဲ နေနိုင်မှာလဲ။

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပြီးတော့ တစ်ချိန်တည်းမှာပဲ သူက အရာအားလုံး ကို မေ့လျော့သွားပြီး သူ့ရဲ့ တစ်ခုတည်းသော အတွေးက ရန်ထန်းဇောင် ဆီကို ပဲ ဦးတည် ပြေးဝင်သွားပြီးတိုက်ခိုက်ဖို့ပဲ ဖြစ်ပါတယ်။

"ရှပ်"

ဓါးချီ အလင်း ခုနစ်ခုက တောက်ပလို့ လာခဲ့ပါတယ်။

Chapter 275 end

အပိုင်း (၂၇၆) ဓါးချီ အလင်း ခုနစ်ခု

ဒေါသအလွန်အမင်း ထွက်လာမှုကြောင့် လင်းဟန်က နောက်ဆုံးမှာ အဆင့်တက်ပြီး ဓါးချီ အလင်း ခုနစ်ခုကို ဖန်တီးနိုင်ခဲ့ပါတယ်။

ဂုန်း ဂုန်း ဂုန်း။ တောင်ခြေမှာ ရှိနေတဲ့ လူတွေ အားလုံး မတ်တပ် ထရပ်ကုန်ကြ ပါတယ်။

တကယ်လို့ ဒါက ဓါးချီ ဒါမှမဟုတ် ဆေဘာချီ ပဲ ဖြစ်ဖြစ်

ကိစ္စမရှိပါဘူး။ တစ်စုံ တစ်ယောက် က ချီကို ဖော်ထုတ်နိုင်လိုက်တာနဲ့ ဘုရင်တစ်ပါးလို အလားအလာ တစ်ခု ရရှိလာပါ လိမ့်မယ်။ ဒါပေမဲ့ ချီအလင်း သုံးခုကို အသေးစား အောင်မြင်မှုလို့ ရေတွက်ပြီး ချီအလင်း ခြောက်ခုကိုတော့ အဓိက အောင်မြင်မှုလို့ ရေတွက်ထားကြပါတယ်။ ဒါပေမဲ့ ချီအလင်း ခုနစ်ခု ကတော့ တကယ့်စစ်မှန်တဲ့ သရဖူဆောင်းတဲ့ ဘုရင် တစ်ပါးလိုပါပဲ။

မိုးရေနိုင်ငံရဲ့ သမိုင်းကြောင်းထဲမှာ ပြန်ပြီး ရှာကြည့်လိုက်မယ်ဆိုရင် ချီအလင်းခြောက်ခု ကို ပိုင်ဆိုင်တဲ့သူတွေ သိပ်တော့လည်း မနည်းလှပါဘူး။ သူတို့အားလုံးက အဲဒီ အောင်မြင်မှု ကို ရရှိတဲ့အချိန်မှာတော့ အသက် ခြောက်ဆယ် သို့ ခုနစ်ဆယ် ဖြစ်နေပါပြီ။ အနည်းဆုံးတော့ ဒီလိုမျိုး ပါရမီရှင်တွေ ရှိနေပါသေးတယ်။

ဒါပေမဲ့ အလင်းခုနစ်ခုကတော့။

တစ်ယောက်တည်းပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်း ခုနစ်ရာကျော်လောက်က မြောက်ဘက်အစွန်အဖျား နိုင်ငံ ကိုးခု တစ်ခုလုံးမှာ ဆန်းစစ်ကြည့်လိုက်မယ်ဆိုရင် ဓါးချီအလင်း ခုနစ်ခုမှာ

ဆရာကျတဲ့ ဓါးအသုံးပြုသူ စိတ်ဂိဉာဉ်ပလ္လင် အဆင့်မှာရှိတဲ့ ပါရမီရှင် တစ်ယောက် ပေါ်လာခဲ့ဖူး ပါတယ်။ ဒါပေမဲ့ ဓါးချီအလင်း ခုနစ်ခုကို သူ ထုတ်ဖော်နိုင်တဲ့ အချိန်တုန်းက သူ့အသက် က ခြောက်ဆယ့်နစ်နှစ်ရှိနေခဲ့ပါပြီ။

သူတို့ရဲ့ မျက်လုံးထဲက ဒီလူငယ်လေးကရော အသက်ဘယ်လောက်များ ရှိသေးလို့လဲ။

တကယ့်ကို လူထူးလူဆန်း တစ်ယောက်ပဲ။

ဒီနေ့ လူထူးလူဆန်းတွေက တကယ့်ကို အဆုံးမရှိ ထွက်ပေါ်လာခဲ့ကြတာပဲ။

ဓါးချီအလင်း ခုနစ်ခုက လင်းဟန်ရဲ့ အဆင့်တက်မှု အားလုံးမဟုတ်သေးပါဘူး။

သူ့ရဲ့ ဒေါသအောက်မှာ လင်းဟန်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို အသုံးပြု လိုက်ပါတယ်။ ဒါက သူ့ရဲ့ အကောင်းဆုံး ဓါးသိုင်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အခုက ကြီးမားတဲ့ ဒေါသရဲ့ အောက်မှာ အသုံးပြုတာဖြစ်ပြီးတော့ ဓါးအချီ အလင်းတွေ အားလုံးက ပြောင်းလဲသွားခဲ့ပါတယ်။

လှို့ဟုက်ဆန်းကြယ်မှု သုံးထောင် က ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်မှုပေါင်း သုံးထောင် ကနေ တစ်ခုဖြစ်သွားခဲ့ပါတယ်။ ဒါက အဆုံးစွန် တိုက်ခိုက်မှု တစ်ခု ဖြစ်ပြီးတော့ ကမ္ဘာ တစ်ခုလုံးမှာ အမြင့်ဆုံး အဆင့်တစ်ခု အဖြစ် မှတ်ယူနိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အဲဒီ အဆင့်ကို ရောက်ဖို့တော့ အဝေးကြီးလိုပါသေးတယ်။ ဒါကြောင့် သူက တိုက်ခိုက်မှုပေါင်း တစ်ရာလောက်ကိုပဲ လုပ်နိုင်ခဲ့ပါတယ်။

အခု ဓါးအလင်းရှစ်ရာလောက် ပေါ်လာခဲ့ပါတယ်။

ထူးဆန်းတဲ့ အရာ တစ်ခုကတော့ လင်းဟန်က ဓါးအလင်း အခုတစ်ရာကိုပဲ လုပ်နိုင် ပါသေးတယ်။ဒါက ဘာကြောင့်လဲ ဆိုတော့ ဓါးချီ အလင်းခုနစ်ခုက ကွဲထွက်သွားပြီးတော့ တစ်ခုကနေ နှစ်ခုပြီးတော့ နှစ်ခုကနေ သုံးခု စသည်ဖြင့် ဓါးချီအလင်း တိုင်းက ဓါးအလင်း တစ်ရာစီ အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

ဓါး အလင်း ရှစ်ရာက ကောင်းကင်နဲ့ မြေကြီးကို ဖြတ်ပြီးတော့ ရောင်ခြည်ဖြာထွက်လာခဲ့ ပါတယ်။

ဒါက ဘယ်လိုမျိုးကြီးလဲ။ ဒီတိုက်ခိုက်မှု တစ်ခုက လင်းဟန်

စုစုပေါင်း ရှစ်ရာတိတိ တပြိုင်နက်တည်း တိုက်ခိုက်မှုနဲ့ တူညီပါတယ်။ ဒီတိုက်ခိုက်မှုက နည်းစနစ်တစ်ခုမှ အသုံးပြုထားခြင်း မရှိတဲ့ သာမန်တိုက်ခိုက်မှုတစ်ခု ဆိုပေမဲ့ ခွန်အားပြည့် တိုက်ခိုက်ထားခြင်း ဖြစ်ပါတယ်။ အယောက်ရှစ်ရာ စုပေါင်းတိုက်ခိုက်တာက တစ်ဦးတစ်ယောက်ကို သေလောက်အောင် ကြောက်ရွံ့သွားစေနိုင်ပါတယ်။

အနောက်က ဖန်းယန် ကလည်း ရုတ်ချည်းဆိုသလို ရပ်သွားခဲ့ပါတယ်။ ဒီရောင်စဉ်ဖြာ တိုက်ခိုက်မှု့က သူ့ကိုတောင် ကြောက်ရွံ့သွားစေခဲ့ပြီး ဒီတိုက်ခိုက်မှုကို ဖယ်ထုတ်ပစ် ဖို့ သူ့ကို ခိုင်းမယ်ဆိုရင်တောင်မှ ဆန္ဒ မရှိပါဘူး။ ဒါက သူ့အတွက်တော့ အရမ်းကို ပြဿနာ ဖြစ်စေပါလိမ့်မယ်။

ရန်ထန်းဇောင် ရဲ့ အမူအရာ က ပြောင်းလဲသွားပြီးတော့ သူက လျင်မြန်စွာနဲ့ အော်ဟစ် လိုက်ပြီး အစိမ်းရောင် မြူခိုးလိုင်းတွေကို ထုတ်လွှတ်လိုက်ပါတယ်။ အဲဒါတွေက သူနဲ့ လင်းဟန် ကြားက ဧရိယာ ကို အတားအဆီးတစ်ခု အနေနဲ့ ကာကွယ်ပေးတဲ့ ပုံစံ အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

ဓါးအလင်း ရှစ်ရာ တိုက်ခိုက်လို့ လာပါပြီ။

အစိမ်းရောင် အတားအဆီးက ချက်ချင်းဆိုသလို အစိတ်စိတ်အမွှာမွှာ အဖြစ်ကို ပြောင်းသွားပြီးတော့ ဓါးအလင်းတွေက ၎င်းတို့ရဲ့ လမ်းကြောင်းအတိုင်းပဲ ဆက်လက်သွားပြီတော့ ရန်ထန်းဇောင်ကို မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် မကျခင် ကောင်းကင်ကို ဖြတ်ပျံသွားစေခဲ့ပါတယ်။

သူက အသက်ရှင်နေဆဲပါပဲ။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကတော့ သွေးတွေနဲ့ ဖုံးလွှမ်းလို့ နေခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က အရိုးတွေကို မြင်ရတဲ့အထိ ဆုတ်ပြဲသွားခဲ့ပါတယ်။ အံ့သြစရာကောင်းတာတစ်ခုက သူ့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ထဲက ကြွက်သားတွေက တွန့်လိမ်ပြီးတော့ အံ့အားသင့်စရာ ကောင်းတဲ့ အမြန်နှုန်းနဲ့ ပြန်ပြီးတော့ ကုသနေခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါတောင်မှ သူ့ကို မသတ်နိုင်သေးဘူးလား။

မိုးရေဧကရာဇ် ဂင်ပြီးတော့ မစွက်ဖက်တာ အံ့သြစရာမဟုတ်ပါဘူး။

လင်းဟန်က မြေကြီးပေါ်မှာ ထိုင်ချလိုက်ပါတယ်။ ဓါးအလင်းရှစ်ရာ က အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ ဒါပေမဲ့လည်း ၎င်းကို အသုံးပြုတဲ့အခါမှာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ မူလစွမ်းအင် ပမာဏ ကို အသုံးပြုခဲ့ရပါတယ်။
ဒါက ဓါးအလင်း ရှစ်ရာမျှသာ ရှိပါသေးတယ်။ ၎င်းရဲ့ အကန့်အသတ်ဖြစ်တဲ့ သုံးထောင် မဟုတ်သေးပါဘူး။ သူ့အနေနဲ့ အနက်ရောင်မူလ သိုင်းဟန် သုံးခုရဲ့ ဒုတိယ အဆင့် ကနေ တတိယ အဆင့်ကို မလေ့ကျင့်နိုင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူ့မှာ မူလစွမ်းအင် လုံးဝ မကျန်တော့ပါဘူး။

ကောင်းကင် ဓါးဂိုဏ်းက လူတွေက ပုံမှန်မှ ဟုတ်ရဲ့လား။

လင်းဟန် ကအပြင်းအထန် အမောဆို့နေပါတယ်။ ဟူးညိုကတော့ သတိလစ်နေပြီး ရန်ထန်းဇောင်လည်း သတိလစ်နေပါတယ်။ ဖန်းယန် တစ်ယောက်တည်းပဲ ကောင်းကောင်း မွန်မွန် ရှိနေပါတော့တယ်။

"ဟားဟားဟားဟား"

ဖန်းယန် က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လို့ လာခဲ့ပါတယ်။

"ဒီလိုမျိုး နည်းလမ်းနဲ့ ငါက အနိုင်ရလိမ့်မယ်လို့ ဘယ်သူကမှ ထင်ထားကြမှာ မဟုတ်ဘူး"

သူ့ရဲ့ ရိုင်းစိုင်းဒေါသထွက်တဲ့ ခွန်အားကြီး လူဂံ သွေးမျိုးဆက် အစွမ်းကို ချုပ်ထိန်းလိုက်ပါတယ်။ သူ့ရဲ့ ကြေးမုံအလင်း ခန္ဓာကိုယ်ကိုလည်း ပြန်ပြီး ချုပ်တည်း ထားလိုက်ပါတယ်။ အခု တစ်ခြားသုံးယောက်က သူတို့ရဲ့ တိုက်ပွဲဂင် အစွမ်းတွေ ဆုံးရှုံးနေပြီး တကယ်လို့ သူ့ရဲ့ ကျင့်ကြံခြင်းက အကြိမ် တစ်ရာလောက် အားနည်းနေခဲ့ မယ်ဆိုရင်တောင်မှ သူက အနိုင်ရနိုင်ပါလိမ့်မယ်။

လင်းဟာန်က ခါးခါးသီးသီး ပြုံးလိုက်ပါတယ်။သူ့အနေနဲ့ ဒီလိုမျိုး အခြေအနေမှာ ဓါးအလင်း ရှစ်ရာကို တစ်ကြိမ်တည်းနဲ့ ထုတ်ဖော်ပြီးတော့ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် နည်းစနစ်မှာ အဆင့်တက်ပြီး သူ့ရဲ့ မူလစွမ်းအင်တွေ လုံးဂ ခမ်းခြောက်သွားလိမ့်မယ် ဆိုတာကို လုံးဂ မထင်ထားခဲ့မိပါဘူး။

ဒီပြိုင်ပွဲအတွင်းမှာ မှော်ဆေးလုံးတွေကို အသုံးပြုလို့

မရပါဘူး။ ဆေးအသုံးပြုလိုက်တာက အရှုံးပေးလိုက်ပြီလို့ အဓိပ္ပါယ်ရပါတယ်။ ဒါကြောင့် သူ ဘာလုပ်သင့်သလဲ။ ဖန်းယန် က ထိပ်ဆုံးကို ရောက်သွားတာကို အကူအညီမဲ့စွာနဲ့ ကြည့်နေရမှာလား။

“မင်းက ငါ့ကို တကယ်ပဲ စိတ်ပျက်စေခဲ့တာပဲ။ မင်းရဲ့ တိုက်ပွဲ စွမ်းအား အပြည့်အဂ ထုတ်ဖော် နိုင်တဲ့အချိန်မှာ ငါက မင်းကို အနိုင်ယူဖို့ တွေးထားခဲ့တာ။ပြီးတော့ မင်းရဲ့ ခြေထောက် နှစ်ချောင်းစလုံးကို မသန်မစွမ်း ဖြစ်သွားအောင် လုပ်ပြီးတော့ မင်းရဲ့ ဘဂ တစ်လျှောက်လုံး သိမ်သိမ်ငယ်ငယ်နဲ့ ဖြတ်သန်းသွားစေရမယ်”

ဖန်းယန်က စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ လှောင်ပြောင်ပြီး ပြောလိုက်ပါတယ်။

“အစောတုန်းက ငါ့ရဲ့ ဓါးချက်ကို မင်း ခံယူရဲလို့လား”

ဖန်းယန် ရဲ့ အမူအရာက တင်းမာသွားခဲ့ပါတယ်။ တကယ်လို့ သူ့မှာ ကိုယ်ခန္ဓာနှစ်ခု ရှိရင်တောင်မှ နှစ်ခုစလုံး

ကန်ထုတ်ပစ်ခံရပါလိမ့်မယ်။ သူ့အနေနဲ့ ဒီ ဓါးအလင်း ရှစ်ရာရဲ့ ရောင်စဉ်ဖြာထွက်လာမှုကို ကြောက်နေဆဲ ဖြစ်ပါတယ်။သူက ၎င်းကို ခုခံကာကွယ်လိုက်မယ် ဆိုရင် အဆုံးသတ်မှာတော့ သူလည်း ရန်ထန်းဇောင်လို ပြင်းပြင်း ထန်ထန် ဒဏ်ရာ ရသွားပါလိမ့်မယ်။

"ဟင့်.. အခု မင်းက ငါ့ကို ကြည့်နေရုံပဲ တတ်နိုင်တော့တယ်လေ"

သူက မေးခွန်းကို ပြန်ပြီးတော့ တုံ့ပြန်ပြီး မဖြေပုံ့ပါဘူး။

ဖန်းယန် က အေးစက်စက် အမူအရာ တစ်ခုနဲ့အတူ သူ့ရဲ့ ခြေထောက်ကို မြှောက်ပြီး တော့ လင်းဟန်ကို ဆောင့်နင်းလိုက်ပါတယ်။ သူက လင်းဟန်ကို ကမ္ဘာကြီး တစ်ခုလုံးရဲ့ ရှေ့မှောက်မှာ မျက်နှာပျက်အောင် လုပ်ဖို့ ကြံရွယ်နေတာပဲ ဖြစ်ပါတယ်။

လင်းဟန် က ခုခံကာကွယ်ဖို့ ပြင်လိုက်ပါတယ်။ဒါကိုတွေ့တဲ့ လူတိုင်းလူတိုင်းက ဒါက ဘယ်လောက်တောင် အချည်းနှီးဖြစ်သလဲဆိုတာ မြင်လိုက်ရပါတယ်။

မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်

ဖြစ်လုနီးပါး ဖြစ်နေတဲ့ မှော်ဆေးပညာရှင် တစ်ယောက်…. ဓါးအချိုး အလင်း ခုနစ်ခုကို ထုတ်ဖော်နိုင်တဲ့ သူတစ်ယောက်က ဒီလိုမျိုး အရှက်ခွဲစော်ကားတာကို ခံရတော့မှာလား။

တောင်ခြေမှာကြည့်နေကြတဲ့ လူတွေအားလုံးက မပျော်မရွှင် ဖြစ်နေသလိုမျိုး ခံစားလိုက်ရ ပါတယ်။ လွီယုထန် နဲ့ လီစီရှန်း တို့ ကပိုပြီးတော့တောင်မှ တုန်လှုပ်သွားခဲ့ပါတယ်။ သူမတို့ နှစ်ယောက်စလုံးပဲ လင်းဟာန် လုံး၀ ရှုံးနိမ့်တာကို မလိုချင်ပါဘူး။

ဖန်းယန် က နာခေါင်းရှုံ့လိုက်ပြီးတော့ တုံ့ဆိုင်းမှု မရှိပဲနဲ့ ဆောင့်နင်းလိုက်ပါတယ်။

သူ့ရဲ့ ဘယ်ဘက်ခြေထောက်က လင်းဟာန်ရဲ့ ညာဘက်လက်ကို ပြင်းပြင်းထန် တောင်ကြီး တစ်လုံး ကျလာသလိုမျိုး ပြင်းပြင်းထန်ထန်နဲ့ နင်းထားပြီးတော့ ကျန်တဲ့တစ်ဖက်နဲ့ လင်းဟာန်ရဲ့ မျက်နှာဆီကို နင်းခြေဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ဖန်းယန် ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပြီးတော့ ကောင်းကင်နဲ့ မြေကြီးကိုတောင်မှ တုန်ခါသွား စေလောက်တဲ့ အထိ ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။

ဘယ်လိုကောင်လည်းဟ။ သူက ဘာဖြစ်လို့ အော်ရတာလဲ။ သူက ကြီးများတဲ့ အသာစီး ရထားတယ်ဆိုတာ သိသာနေတယ် မဟုတ်လား။ သူက လူတွေကို ထပ်ပြီးတော့ လှည့်စားချင် နေသေးတာလား။

မဟုတ်ပါဘူး။

လူတိုင်းလူတိုင်း ရှင်းရှင်းလင်းလင်းနဲ့ မြင်လိုက်ရပါတယ်။ ဖန်းယန် ရဲ့ ဘယ်ဘက် ခြေထောက်က လေတစ်ချက် အပေ့မှာ လွင့်ပါးသွားတဲ့ မြူခိုးတစ်ခုလိုမျိုး တဖြည်းဖြည်းနဲ့ တိုက်စားခံလိုက်ရပါတယ်။

ဘာတွေဖြစ်ကုန်တာလဲ။

လင်းဟန်က ဂုဏ်ယူတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ သူက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ရဲ့ နတ်ဆိုးချီ ကို မွမ်းမံသန့်စင်ခဲ့ပြီးတော့ သူ့ရဲ့ လက်ဂါးပေါ်မှာ အနက်ရောင် နတ်ဆိုးတံဆိပ် တစ်ခု ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအားရဲ့ ဥပဒေသ တစ်ခုပဲ ဖြစ်ပါတယ်။

ဒီအစွမ်းက အရမ်းကို သန်မာပေမဲ့လည်း လက်ဂါးပေါ်မှာပဲ ကပ်နေပြီးတော့ လုံးဂကို အသုံးမပြုတဲ့ ပုံစံအတိုင်း ဖြစ်နေပါတယ်။ ဒါပေမဲ့ ဖန်းယန်က အမှန်တကယ်ပဲ ၎င်းကို တက်နင်းခဲ့ပြီးတော့ သူ့ကိုယ်သူ နာကျင်ခံစားရအောင် သူပဲ ရှာခဲ့တာပါ။

"အား"

ဖန်းယန်က နာကျင်စွာနဲ့အော်ဟစ်လိုက်ပြီးတော့ သူ့ရဲ့ ဘယ်ဘက်ခြေထောက်ကို ဖြတ်ပစ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီ တိုက်စားမှုက ဖြည်းဖြည်းခြင်း ပျံ့နှံ့လာပြီးတော့ သူ့တစ်ကိုယ်လုံးကို ပြာမှုန့်တွေ အဖြစ်ကို ပြောင်းလဲ ပစ်သွား ပါလိမ့်မယ်။

သူက မြေကြီးပေါ်ကို ထိုင်ချလိုက်ပါတယ်။ အခု ပြဿနာက ခြေထောက် တစ်ချောင်းထဲ မဟုတ်ပါဘူး။ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအားလှိုင်းတစ်ခုက သူ့ရဲ့က ခန္ဓာကိုယ် အထဲမှာ ထိုးဖောက်ဂင်ရောက်လို့ နေပါတယ်။ ၎င်းအားလှိုင်းက လှည့်လည်နေပြီးတော့ ဒါက သူ့ကို မသက်မသာ ဖြစ်အောင်လို့ ခံစားစေပါတယ်။ မအော်မိအောင်လို့ ကြိတ်ကြိတ်ခံ သည်းခံရတာတောင်မှ အရမ်းကို ခက်ခဲပါတယ်။

အခု သူတို့လေးယောက်စလုံး ဘယ်သူကမှ မတ်တပ်မရပ်နိုင်ကြတော့ ပါဘူး။

ဒီလိုပုံစံအတိုင်း ဖြစ်လာလိမ့်မယ်လို့ ဘယ်သူက ထင်ထားကြမှာလဲ။ အခုဆိုရင် အားလုံးက ဒီအဖြစ်အပျက်ကို လုံး၀ လက်မခံနိုင်အောင် ဖြစ်နေပြီးတော့ လေးလေးနက်နက်နဲ့ စိုက်ကြည့်နေကြပါတယ်။

"ရှပ် ရှပ် ရှပ် ရှပ်"

မူလတုန်းက တောင်အောက်ကို ကျသွားတဲ့ သူတွေ အားလုံးက တစ်ယောက်ပြီး တစ်ယောက် ပြန်ပြီးတော့ ပြေးတက်လာခဲ့ကြပါတယ်။ အံ့မခန်းအစွမ်းထက်လှတဲ့ သူတွေက ဒဏ်ရာ ရတဲ့သူက ရ သတိမေ့ပြီး လဲနေတဲ့သူက လဲနေတဲ့အတွက် ဒီလိုမျိုး အခွင့်ရေးကောင်းကို သူတို့ အနေနဲ့ ဘယ်လိုလုပ်ပြီး လက်လွှတ်ခံနိုင်မှာလဲ။

လင်းဟာန်က မတ်တပ်ထရပ်လိုက်ပါတယ်။ သူက ဒဏ်ရာ မရပါဘူး။ သူ့ရဲ့ မူလစွမ်းအင် တွေ ကုန်ခမ်းသွားခဲ့တာပါပဲ။ အခု သူက အနည်းငယ် ပြန်လည် ဖြည့်ဆည်းပြီးတဲ့ အတွက် မတ်တပ်ထရပ်ပြီးတော့ ဘာပြဿနာမှ မရှိပဲ ပြေးနိုင်စွမ်း

ရှိနေပါပြီ။

သူက ခြေလှမ်းကျဲကြီးတွေလှမ်းပြီးတော့ မိုးရေ ကေရာဇ် ရဲ့ ရှေ့မှောက် ကို ရောက်အောင် သွားလိုက်ပါတယ်။

"ဒီတစ်ကြိမ် ပြိုင်ပွဲရဲ့ အနိုင်ရတဲ့သူကတော့ လင်းဟန် ပဲ ဖြစ်တယ်"

မိုးရေ ကေရာဇ် ရဲ့ အသံက ကောင်းကင် တစ်ခုလုံးကို တုန်ခါသွားလုမတတ် ပဲ့တင်သံ ထပ်သွားခဲ့ပါတယ်။

Chapter 276 end

အပိုင်း (၂၇၇) လူရှိန်လောက်တဲ့ ပန်းဖူးအဆင့် တစ်ယောက် ထွက်ပေါ်လာခြင်း

ဒါက အဆုံးသတ်သွားခဲ့ပါပြီ။ လင်းဟန်က နောက်ဆုံး ပိုလ်စွဲသူ ဖြစ်သွားခဲ့ပါတယ်။

ဘယ်သူကမှ ဟူးညိုမှာ အံ့အားသင့်စရာ ကောင်းတဲ့ အမြန်နှုန်းတစ်ခု ရှိလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ ကြပါဘူး။ တကယ်လို့ သူမကသာ ပထမနေရာကို အနိုင်ရခဲ့မယ် ဆိုရင် လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ကြပါလိမ့်မယ်။ ဒါပေမဲ့

၎င်းကို လက်ခံနိုင်ပါသေးတယ်။ အခု လင်းဟန် ကတော့… … … ။ သူက တကယ်ပဲ ဖန်းယန် နဲ့ ရန်ထန်းဇောင်ကို အနိုင်ယူခဲ့တယ်။ ဒါကိုတော့ ဖြစ်နိုင်လိမ့်မယ်လို့ ဘယ်သူကမှ မတွေးထားမိခဲ့ပါဘူး။

တိုက်ခိုက်မှု တစ်ခုနဲ့ ရန်ထန်းဇောင်ကို ရှုံးနိမ့်သွားစေခဲ့ပြီးတော့ လက်ဝါးတစ်ဖက်နဲ့ ဖန်းယန် ကို မသန်မစွမ်း ဖြစ်အောင်လုပ်လိုက်တာက တကယ့်ကို အိပ်မက် တစ်ခုနဲ့ တူပါတယ်။

မိုးရေကေရာဇ် က လင်းဟန်ကို တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး အမူအရာနဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ နလုံးသားထဲမှာတော့ ထိန်းမရနိုင်အောင် လှိုင်းထနေတာကိုတော့ ဘယ်သူကမှ သိနားလည်မှာ မဟုတ်ပါဘူး။

ဒီနေ့ ဒီလူငယ်လေးယောက် ရဲ့ စွမ်းဆောင်ရည်တွေက သူခန့်မှန်းထားတာထက်တောင်
ပိုမိုသာလွန်နေပါသေးတယ်။ ၎င်းကို လုံးဝ စဉ်းစားထားခြင်း မရှိပါဘူး။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် လေးယောက်ထဲမှာ ဖန်းယန်က သာမန်လောက်ပဲ ရှိပြီး တခြား သုံးယောက် ကတော့ လူထူးလူဆန်းတွေ

ဖြစ်ကြပါတယ်။

ရန်ထန်းဇောင် ရဲ့ အစိမ်းရောင် မြူခိုးနဲ့ ပြန်လည်ကုသနိုင်တဲ့ အမြန်နှုန်းရယ် ဟူးညိုရဲ့ အမြန်နှုန်းရယ် ပြီးတော့ လင်းဟာန်ရဲ့ နောက်ဆုံး ဓါးသိုင်းနဲ့ အံ့သြ ထိတ်လန့်စရာ ကောင်းတဲ့ လက်ဂါး က အဆုံးသတ်မှာတော့ မိုးရေ ကောရာဇ် ကိုတောင်မှ ခေါင်းခြောက် စေခဲ့ပါတယ်။

"ဒါကို ယူလိုက်"

မိုးရေကောရာဇ် က လေထဲမှာ လက်ကို ရမ်းလိုက်ပြီးတော့ သေတ္တာလေး တစ်လုံးကို ယူပြီး လင်းဟာန် ကို လွှဲပြောင်းပေးအပ်လိုက်ပါတယ်။

သိုလှောင်လက်စွပ်။

လင်းဟာန်က အနည်းငယ် အံ့အားသင့်သွားခဲ့ပါတယ်။ မူလတုန်းက သူထင်ထားတာက မိုးရေနိုင်ငံ အနေနဲ့ သိုလှောင်လက်စွပ်တွေ ရှိဖို့ဆိုတာ လုံးဝ ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါပေမဲ့ မမျှော်လင့်ပဲနဲ့ မိုးရေကောရာဇ်မှာ ဒီလိုမျိုး ရတနာ တစ်ခု ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ ပြန်စဉ်းစား ကြည့်လိုက်မယ်ဆိုရင် မှသားမဲ့ မျက်လုံးလိုမျိုး

လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုက နိုင်ငံရတနာသိုက်ထဲမှာ ပေါ်လာမှတော့ သိုလှောင်လက်စွပ် တစ်ကွင်းကို ပိုင်ဆိုင်ထားဖို့ ဆိုတာ သိပ်ပြီးတော့ မထူးဆန်းတော့ပါဘူး။

လင်းဟန်က သေတ္တာကို ယူလိုက်ပါတယ်။ ဒီအရာက အရမ်းကြီး မကြီးပေမဲ့ အိပ်ကပ်ထဲ ကို ထည့်ဖို့တော့ မလွယ်ပါဘူး။ ဒါကြောင့် သူ့ရဲ့ လက်နဲ့ပဲ ကိုင်ထားလိုက်ပါတယ်။

မိုးရေ ကေရာဇ် က သိုလှောင်လက်စွပ် တစ်ကွင်း ပိုင်ဆိုင်ထားတယ်ဆိုတာကို ထုတ်ဖော် နိုင်ပေမဲ့ လင်းဟန်ကတော့ မလုပ်ပံ့ပါဘူး။ သူက အခုအချိန်မှာ အရမ်းကို အားနည်းနေ သေးတုန်းပဲ မဟုတ်လား။ ဒါ့အပြင် သူက လက်မှာ သိုလှောင်လက်စွပ်ကို မဝတ်ဆင်ထား ပါဘူး။

“ဟာင်”

ထိုအချိန် တစ်ခဏ အတွင်းမှာ မိုးရေ ကေရာဇ်က အပေးဆီကို စူးစိုက်ပြီး ကြည့်လိုက်ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ မိုးရေ ကေရာဇ် ရဲ့

အကြည့်နောက်ကို လိုက်ကြည့် လိုက်တဲ့အခါမှာ အရမ်းကို အားကောင်းတဲ့ အရာတစ်ခုကို ခံစားလိုက်ရပါတယ်။

တော်တော်ဝေးဝေး နေရာက ထူးခြားဆန်းကြယ်စွာနဲ့ ပန်းရောင် တိမ်တိုက် တစ်ခုက အရမ်းကို လျင်မြန်စွာနဲ့ မျောလွင့်လို့ လာခဲ့ပါတယ်။ ဒါပေမဲ့ အနားကို နီးကပ်လာတဲ့ အခါမှာတော့ အဲဒီ တိမ်တိုက်ပေါ်မှာ လူကြီးတစ်ယောက် ကို တွေ့လိုက်ကြရပါတယ်။

အဲဒီလူကြီးက အသက် ၇၀ ခန့်ရှိပြီး ပိန်ပိန်ပါးပါးနဲ့ အနက်ရောင် ဆံပင်တွေ ရှိပြီးတော့ ရှည်လျားတဲ့ ဂတ်ရုံရှည်တစ်ထည်ကို ဂတ်ဆင်ထားပြီးတော့ အမျှော်အမြင်ကြီးမားတဲ့ ပညာရှိ တစ်ယောက်ရဲ့ ဟန်ပန် အမူအရာမျိုး ရှိပါတယ်။

လူတစ်ယောက်….. ကောင်းကင်မှာ ပျံသန်းနေတယ်။

"လဖြွတ်"

တစ်ခြားလူတွေ အားလုံး မြင်လိုက်တဲ့အခါမှာတော့ တစ်ယောက်ပြီး တစ်ယောက် အံ့အားသင့်တဲ့ အမူအရာတွေ ပေါ်လာခဲ့ကြပါတယ်။

သေမျိုးတစ်ယောက်က ဘယ်လိုလပ်ပြီးတော့ ကောင်းကင်ပေါ်မှာ ပျံသန်းနိုင်မှာလဲ။

ဒါက ပန်းဖူးအဆင့်ပဲ။

ဒီအဘိုးကြီးက ပန်းဖူးအဆင့်ဖြစ်တဲ့အတွက် သူ့ရဲ့ ခန္ဓာကိုယ်က ကောင်းကင်ပေါ်မှာ ပျံသန်းနိုင်ရတာပဲ ဖြစ်ပါတယ်။ ဒါက သေမျိုးအဆင့်ကို ကျော်လွန်သွားခဲ့ပါပြီ။

အဘိုးကြီး ရောက်လာတဲ့အခါမှာတော့ အဆုံးမရှိတဲ့ ဖိအားတွေက လှည့်ပတ်သွားပြီး အားလုံးကို သူတို့ရဲ့ နလုံးသားထဲကနေ ဒူးထောက်ပြီး ရှစ်ခိုးပစ်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့ ကြပါတယ်။

အဘိုးကြီးက ဖန်းယန် ရဲ့ ခန္ဓာကိုယ်ပေါ်ကို မျက်စိနဲ့ တစ်ချက် ပေ့ကြည့်လိုက်ပြီးတော့ သူ့ရဲ့ အမူအရာက ချက်ချင်းဆိုသလို သုန်မှုန်သွားပြီးတော့ ပြောလိုက်ပါတယ်။

"သတ္တိတော်တော်ကောင်းတာပဲ… ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက်ကို ဒဏ်ရာ ရအောင်လို့ လုပ်ပံ့တယ်။ မိုးရေဧကရာဇ် ငါ အဘိုးကြီးကို ဖြေရှင်းချက် တစ်ခု

ပေးစမ်းပါ”

သူက မိုးရေကောရာဇ်ကို စိုက်ကြည့်လိုက်ပြီးတော့ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အရှိန်အဝါကို ထုတ်ဖော်ပြလိုက်ပါတယ်။

ပန်းဖူးအဆင့် သိုင်းပညာရှင်တွေက မာန်တက်စွာနဲ့ ပြုမှုလုပ်ဆောင်ဖို့ အတွက် အဆင့်မှီပါတယ်။

မိုးရေကောရာဇ်က ဒီအပြုအမူကို လုံးဝ စိတ်ထဲမှာ မထားပဲနဲ့ သူ့ရဲ့ ခေါင်းကို အံ့သြဖွယ်ရာ ကောင်းစွာနဲ့ မော့လိုက်ပြီးတော့ လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့ရဲ့ အရှေ့မှာတောင်မှ မင်းက ခုလိုပြုမှုရဲသလား”

ရွှေရောင် လက်သီး တစ်လုံးက ကောင်းကင်ကနေ ဆင်းသက်လာပြီးတော့ ပန်းဖူးအဆင့် အဘိုးကြီးဆီကို တအားရိုက်နက်လိုက်ပါတယ်။

“မိုက်ရိုင်းလိုက်တာ”

အဘိုးကြီးက ထိပ်ကနေ လွင့်သွားခဲ့ပါတယ်။ စိတ်ဂိဉာဉ်ပလ္လင်အဆင့်မျှသာ ရှိတဲ့ ကျင့်ကြံသူ က သူ့ကို စပြီးတော့ တိုက်ခိုက်ပုံတယ်။ ဒါက ရယ်စရာ ကောင်းသလို တကယ့်ကို အဓိပ္ပါယ်မရှိတာပဲ။ ဒါပေမဲ့ လက်သီးထိုးချက်ရောက်လာတဲ့ အခါမှာတော့ သူ့အနေနဲ့ လက်သီးထိုးချက်ကို အထိမှန်ခံလိုက်ဖို့ မပုံ့ရဲပါဘူး။ သူက လက်တစ်ဖက်ကို ကောင်းကင်ပေါ်ကို မြှောက်ပြီးတော့ တွန်းထည့်လိုက်ပါတယ်။

ပန်းရောင်ရှိတဲ့ မြူခိုးတစ်ခုက ပျံ့နှံ့သွားပြီးတော့ သန်းပေါင်းများစွာသော ငှက်တွေ အဖြစ်ကို ပြောင်းလဲသွားပြီး ရွှေရောင်လက်သီးကို ထိုးဆိတ်နေကြပါတယ်။

"ဟင်"

အဘိုးကြီးက ချက်ချင်းဆိုသလိုပဲ အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။ ဒီ ရွှေရောင် လက်သီး က အရမ်းကို သန်မာအားကောင်းပြီးတော့ ငှက်တွေကို တစ်ကောင်ချင်းစီ ပျက်စီးသွားစေခဲ့ပြီးတော့ ရပ်တန့်လို့မရအောင် ဆက်ပြီးတော့ ထိုးဆင်းလာခဲ့ပါတယ်။

"ဘုန်း"

အဘိုးကြီးက နောက်ထပ် လက်ဂါးတစ်ဖက်ကို တွန်းထုတ်ပြီးတော့ ရွှေရောင်လက်သီးကို ပုတ်ထုတ်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကတော့ ချက်ချင်းဆိုသလို မြေကြီးပေါ် ကို လဲကျသွားအောင်လို့ ရိုက်ပုတ်ခြင်းကို ခံလိုက်ရပါတယ်။

ရွှေရောင်လက်သီးက နောက်ဆုံးမှာတော့ ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့ အဘိုးကြီးလည်းပဲ မြေကြီးပေါ်ကို ကျသွားခဲ့ပါတယ်။ ဆန့်ကျင်ဘက် အနေနဲ့ မိုးရေကေရာဇ်က တောင်ကုန်း လေးရဲ့ ထိပ်မှာ ဆက်ပြီးတော့ ထိုင်နေခဲ့ပါတယ်။

ပထမအချီ ထိပ်တိုက်တွေ့ဆုံမှုက ပြီးသွားခဲ့ပြီးတော့ မိုးရေ ကေရာဇ် က ထိပ်မှာ ရပ်တည် နေပါတယ်။

"လျှပ်"

လူတိုင်းလူတိုင်းက အံ့သြတကြီးနဲ့ အော်ဟစ်လိုက်ကြပါတယ်။ အံ့အားသင့်စရာ ကောင်းတဲ့ အရာတွေက တစ်ခုပြီး တစ်ခု ဖြစ်ပျက်နေခဲ့ပါတယ်။ မိုးရေ

ကောရာဇ်က စိတ်ဂိဉာဉ်ပလ္လင် အဆင့်မှာ မဟုတ်ဘူးလား။ ဘယ်လိုလုပ်ပြီးတော့ ပန်းဖူးအဆင့် က လူတစ်ယောက်ကို ထိန်းချုပ်ထားနိုင်ရတာလဲ။ နိုင်ငံရှစ်ခုက သံတမန်တွေလည်းပဲ အထိတ်တလန့်ဖြစ်သွား ခဲ့ကြပါတယ်။ မိုးရေ ကောရာဇ်က ခန့်ညားစရာကောင်းလွန်းတဲ့ ပန်းဖူးအဆင့် နောက်ထပ် တစ်ယောက်များ ဖြစ်နေမလား။

ပန်းဖူးအဆင့် အဘိုးကြီးက မကြောက်မရွံ့နဲ့ မတ်တပ်ထရပ်လိုက်ပါတယ်။ သူက အားနည်း တဲ့အတွက်ကြောင့် အခုလို ဖြစ်သွားတာမဟုတ်ပါဘူး။ သူက မိုးရေ ကောရာဇ်ကို လျော့တွက်ထားခဲ့ မိပါတယ်။ ဒါကြောင့် သူ့က လက်သီးတစ်ချက်ကြောင့် ခုလို လဲကျသွားခဲ့ ရတာပါ။ ဘယ်လောက်ပဲ ဂရုမစိုက်သည်ဖြစ်စေ ကိစ္စမရှိပါဘူး။ သူက ပန်းဖူး အဆင့် သိုင်းပညာရှင် တစ်ယောက်ပဲဖြစ်ပြီးတော့ သေမျိုးအဆင့် တစ်ယောက်ကြောင့် လွင့်ထွက်သွားခဲ့ရပါတယ်။ သူ့အနေနဲ့ စိတ်ဂိဉာဉ်ပလ္လင် အဆင့် စစ်သည်တော် တစ်ယောက်ကို ပေါ့ပေါ့တန်တန် သဘောထားပြီးတော့ သတ်ပစ်လို့ ရနိုင်ပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ သူကအခုလိုမျိုး ခံလိုက်ရတာလဲ။

သူ့ရဲ့ နာမည်က ဟဲကျန်းချူ လို့ခေါ်ပြီးတော့ ဆောင်းလဂိုဏ်းရဲက စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်

လက်ရွေးစင် စစ်သည်တော် က ဖန်းယန်ကို မျက်နှာသာ ပေးတဲ့ အနေနဲ့ ဂုဏ်သတင်းကြီးမားအောင် လုပ်ပြီးတဲ့အခါမှာ သူ့ကို ပြန်ပြီးတော့ ခေါ်လာဖို့ စေလွှတ်လိုက်တာပဲ ဖြစ်ပါတယ်။ဒါကြောင့် သူ့အနေနဲ့ ဖန်းယန် က ပြိုင်ပွဲမှာ ချန်ပီယံ ဖြစ်တဲ့အခါမှ ထွက်လာဖို့ အစီအစဉ်ဆွဲထားပြီးတော့ ဖန်းယန်ကို လူငယ်မျိုးဆက်တွေကြားမှာ ထိပ်ဆုံးက ရပ်တည်နေတာကို ကြည့်ရတာ က ပိုပြီးတော့တောင်မှ အထင်ကြီးစရာကောင်းအောင်လို့ လုပ်ဖို့ ကြံရွယ်ထားခဲ့တာပါ။

ဒါပေမဲ့ သူမျှော်လင့်ထားသလို ဖြစ်မလာပဲနဲ့ မိုးရေကေရာဇ်က တခြားတစ်ယောက်ကို ဒီပြိုင်ပွဲရဲ့ ချန်ပီယံအဖြစ် ကြေညာခဲ့ပါတယ်။ သူက စိတ်ရှုပ်ထွေးသွားပြီးတော့ လာပြီးတော့ စုံစမ်းစစ်ဆေးတာဖြစ်ပြီး ဖန်းယန်က အမှန်တကယ်ပဲ ခြေထောက်တစ်ဖက် ဆုံးရှုံးသွားပြီး မသန်မစွမ်း ဖြစ်နေတာကို မြင်လိုက်ရပါတယ်။

ဒါက သူ့ကို လက်သီးထိုးချက်ကြောင့် မြေကြီးပေါ်ကို ကျဆင်းသွားခဲ့တာထက်တောင် ပိုပြီးတော့ ဒေါသထွက်စေခဲ့ပြီးတော့ သူ့ကို စိတ်ရှုပ်သွားစေခဲ့ပါတယ်။

ဟဲကျန်းချူ က သူ့ရဲ့ ခေါင်းကိုမော့ပြီးတော့ မိုးရေ ကောရာဇ်ကို ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်ကာ ပြောလိုက်ပါတယ်။

“မင်းက ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက်ပဲ ဝင်သေးတာ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး တိုက်ပွဲအစွမ်း ရှိနေတာက ဖြစ်နိုင်ပါ့မလား”

“ဒါက မင်း သိစရာမလိုပါဘူး”

မိုးရေ ကောရာဇ် မှာ လှွမ်းမိုးနိုင်စွမ်း ကျန်နေပါသေးတယ်။

ဟဲကျန်းချူ လုံးဝ နားမလည်နိုင် ဖြစ်နေပါတယ်။ သူ သိနားလည်ထားတာက မျိုးနွယ်စုရဲ့ စွမ်းအားက လူတစ်ယောက်ရဲ့ ခွန်အားကို မြှင့်တင်ပေးနိုင်တယ် ဆိုတာပါပဲ။ ဒါပေမဲ့ ၎င်းက အခုလိုမျိုး ကြီးမားကျယ်ပြန့်နိုင်သလား။ သူငယ်ရွယ်တဲ့ အချိန်တုန်းက မြောက်ဘက် အစွန်အဖျားက နိုင်ငံကိုးခုကို စွန့်စားပြီး ခရီးထွက်ပြီးတော့ ကောရာဇ် အနည်းငယ်နဲ့ လက်ရည်စမ်း ခဲ့ပါသေးတယ်။ ၎င်းက သူတို့ရဲ့ တိုက်ပွဲဝင် စွမ်းရည်ကို အနည်းငယ် မြှင့်တင်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒါကလည်း ကြယ်ပွင့် အနည်းငယ်မျှသာ ဖြစ်ပြီးတော့

သေမျိုးလူတစ်ယောက်ထက် ကျော်လွန်ပြီးတော့ ဆွဲဆန့်နိုင်တာမျိုး မတွေ့ခဲ့ဖူးပါဘူး။

ဒီမျိုးဆက်ရဲ့ မိုးရေ ကေရာဇ်ကို ကြည့်ရတာ တော်တော်လေး အစွမ်းထက်ပုံ ရပါတယ်။

ဟဲကျန်းချူက ဖန်းယန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်လေးက ဂိုဏ်းရဲ့ အကြီးအကဲ ရှိရဲ့ တိုက်ရိုက်တပည့်ပဲ။ အခု သူ့က မသန်မစွမ်း ဖြစ်သွားခဲ့ပြီ။ ဒီအရှင်သခင်က ဖြေရှင်းချက် တစ်ခု လိုတယ်"

"ဘာဖြေရှင်းချက်ကို မင်းလိုလို့လဲ"

မိုးရေ ကေရာဇ် က နှာခေါင်းရှုံ့လိုက်ပါတယ်။

"သူက တရားမျှတတဲ့ တိုက်ပွဲ တစ်ခုမှာ ဒဏ်ရာရခဲ့တယ်ဆိုတာကို အားလုံးပဲ မျက်မြင် သက်သေရှိတယ်။ ဒီကေရာဇ်က မင်းကို ဘာဖြေရှင်းချက် ပေးရဦးမှာလဲ။ မင်းသူ့ကို ခေါ်ပြီးတော့ ထွက်သွားနိုင်တယ်။ တကယ်လို့ မင်းက လက်စားချေချင်တယ်ဆိုရင် သူကိုယ်တိုင် သူ့ရဲ့ ဂုဏ်သိက္ခာကို ပြန်ပြီးတော့

အဖတ်ဆယ်နိုင်လောက်တဲ့အထိ
သန်မာအားကောင်းလာအောင်လို့ ကျင့်ကြံပါစေ”

ဟဲကျန်းချူက အနည်းငယ် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအရှင်သခင်က အခုလို ဖြစ်အောင် ကျူးလွန်တဲ့ တရားခံကိုလည်း ခေါ်သွားရလိမ့်မယ်”

ဒီလိုမျိုး ပြောလိုက်တာက ဟဲကျန်းချူ အနေနဲ့ မိုးရေကေရာဇ် ကို မျက်နှာသာ ပေးလိုက်တယ်လို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆောင်းလကိုဏ်းရဲ့ တပည့်က မိုးရေနိုင်ငံထဲမှာပဲ မိုးရေကေရာဇ်ရဲ့ ရှေ့မှောက်မှာ မသန်မစွမ်း ဖြစ်သွားခဲ့တာပါ။ ဟုတ်ပါတယ်။ သူက မိုးရေကေရာဇ်ကို တာဝန် မခံခိုင်းခဲ့ပါဘူး။

မိုးရေ ကေရာဇ်ကတော့ လုံးဝ မျက်နှာသာမပေးပဲနဲ့ ပြောလိုက်ပါတယ်။

“မင်းရဲ့ နားမှာ ပြဿနာများ ရှိနေလား။ ဒီကေရာဇ် ပြောနေတယ်။ ဒါက တရားမျှတတဲ့ တိုက်ပွဲတစ်ခု

ဖြစ်ပြီးတော့ ဖန်းယန်က သူ့ရဲ့ ကျော်ကြားမှုကို သူကိုယ်တိုင်ပဲ ပြန်ပြီးတော့ ရယူနိုင်တယ်”

ဟဲကျန်းချူ က စိတ်ဆိုးသွားပြီးတော့ ပြောလိုက်ပါတယ်။

“မိုးရေကောရာဇ်… . မင်းက ဒီအရှင်သခင်ကို နည်းနည်းလေးမှတောင် မျက်နှာသာ မပေးဘူးပေါ့”

“ငါ့ရဲ့ ပိုင်နက်ထဲမှာ ဘာဖြစ်လို့ မင်းကို မျက်နှာသာ ပေးသင့်သလဲ။ မင်းကိုယ်မင်း ဘယ်သူလို့များ ထင်နေတာလဲ။ ငါ့ကိုယ်တောင်မှ ခြိမ်းခြောက်ရဲတယ်လား”

မိုးရေကောရာဇ်က နှိုင်းယှဉ်လို့မရတဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ကောရာဇ် တစ်ယောက်လိုမျိုး ပြင်းပြင်းထန်ထန်နဲ့ ခြိမ်းခြောက်ပြီး ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်းရဲ့ သွေးတွေက ပွက်ပွက်ဆူလာခဲ့ပါတယ်။ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်က ခွေးတစ်ကောင်လိုမျိုး သတိပေးခံလိုက်ရပါတယ်။ မိုးရေကောရာဇ်က တကယ့်ကို လွှမ်းမိုးနိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ ဒီလိုမျိုး ကောရာဇ် တစ်ယောက်ကပဲ သူတို့အားလုံးရဲ့ နှလုံးသားအောက်ခြေကနေ စပြီးတော့ သူ့ကို

လေးစားကြည်ညို လာအောင်လို့ လုပ်နိုင်စွမ်းရှိပါတယ်။ တကယ်လို့ သူတို့ရဲ့ အသက်တွေကို သူ့အတွက် စွန့်လွှတ်ရမယ်ဆိုရင်တောင်မှ သူတို့တွေက ဒါကို ပြုလုပ်မှာပါ။

ဟဲကျန်းချူ က စိတ်တိုသွားပြီးတော့ မျက်ခုံးမွေးတွေနဲ့ မုတ်ဆိတ်မွေးတွေတောင်မှ ဆတ်ခနဲ တောင့်သွားခဲ့ပါတယ်။ သူက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

"ဒီလောက်တောင် သတ္တိကောင်းနေတယ်ဆိုတော့ ကြည့်ရတာ မိုးရေနိုင်ငံက ဧကရာဇ် တစ်ယောက် ပြောင်းလဲရတော့မယ်နဲ့တူတယ်"

သူက အရှက်မရှိပဲ တိုက်ခိုက်လိုက်ပါတယ်။

Chapter 277 end

အပိုင်း(၂၇၈) မိုးရေဧကရာဇ် ရဲ့ နောက်တစ်ကြိမ် တိုက်ခိုက်မှု

ပန်းဖူးအဆင့် စစ်သည်တော်တွေက သေမျိုး ခန္ဓာကိုယ်ကို အဝေးကို ဖြတ်တောက် ပစ်လိုက်ပြီးတော့ သူတို့ရဲ့ လုပ်ရှားမှုတိုင်းက တောင်တွေနဲ့ မြစ်တွေကို ပေါက်ကွဲထွက်အောင် လုပ်ပစ်နိုင်စွမ်းရှိပြီးတော့ အရမ်းကို

ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဟဲကျန်းချူက ဒေါသထွက်သွားပြီးတော့ တိုက်ခိုက်လိုက်တာ ဖြစ်တဲ့အတွက် သူ့ရဲ့ လက်သီးတစ်ချက်က အလွန်မြင့်မားတဲ့ တောင်ကြီး တစ်လုံးနဲ့ တူပါတယ်။ ၎င်းက တောင်ကုန်းပေါ်ကို ပျံသန်းသွားပြီးတော့ သန်မာအားကောင်းပြီး ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ လေ တွေက ဓါးတွေ ဆေဘာတွေလိုပုံစံမျိုးနဲ့ တိုက်ခိုက်လိုက် ပါတယ်။ ခရပ် ခရပ် ခရပ် ဆိုတဲ့ မြည်သံတွေနဲ့ အတူ တောင်ကုန်းက ချက်ချင်းဆိုသလိုပဲ တစ်စ တစ်စနဲ့ ပြိုလဲ ပျက်စီးလို့ လာခဲ့ပါတယ်။

မိုးရေကေရာဇ် က သူ့ရဲ့ ဂတ်ရုံကို ယမ်းလိုက်ပါတယ်။ လင်းဟန် နဲ့ တစ်ခြားသုံးယောက်ကို ညင်သာသိမ်မွေ့တဲ့ စွမ်းအား တစ်ခုက တောင်အောက်ကို ရောက်အောင်လို့ သယ်သွားပါတယ်။ သူတို့ မြေကြီးပေါ်ကို ကျသွားခဲ့ပေမဲ့လည်း ဘာဒဏ်ရာမှ မရပါဘူး။

"မင်းက တိုက်ခိုက်ချင်နေတာလား။ ဒီကေရာဇ်က မင်းကျေနပ်သွားစေဖို့ မင်းနဲ့အတူ တိုက်ခိုက်ပေးရမှာပေ့ါ"

တောင်ကုန်းက တစ်စ တစ်စနဲ့ ပြိုလဲ ပျက်စီးလို့

လာခဲ့ပါတယ်။ ဒါပေမဲ့ မိုးရေကေရာဇ် က မူလတောင်ထိပ်ရဲ့ နေရာမှာပဲ ဂုဏ်ယူဂင့်ကြွားစွာနဲ့မာန်ပါပါနဲ့ မတွန့်မဆုတ်ပဲ လေထုထဲမှာ ရပ်နေခဲ့ပါတယ်။

မျိုးနွယ်စုရဲ့ စွမ်းအင်နဲ့ သူက ပန်းဖူးအဆင့် တစ်ဂက်ကို ခြေလှမ်းဂင်ရောက်နေခဲ့ပါတယ်။ ဒါပေမဲ့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ စွမ်းရည်တွေ အပြည့်အဂလည်း ရှိနေခဲ့ပါတယ်။

"ဒီကေရာဇ် နောက်ကနေ လိုက်စမ်း"

မိုးရေကေရာဇ်က မိုးကောင်းကင်ပေါ်ကို ပျံတက်သွားခဲ့ပါတယ်။

ဟဲကျန်းချူလည်းပဲ မကြောက်မလန့်နဲ့ မိုးကောင်းကင်ပေါ်ကို ပျံသန်းလိုက်ပါတယ်။ တစ်ခဏမျှ အကြာမှာတော့ တောက်ပတဲ့ အလင်းတွေက ကောင်းကင်ကြီး တစ်ခုလုံး ပြည့်နက်သွားခဲ့ပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအင်တွေက ပင်လယ် လှိုင်းလုံးကြီးတွေလိုမျိုး ထွက်ပေါ်လိုလာခဲ့ပါတယ်။ အဲဒီက ထွက်ပေါ်လာတဲ့ ဖိအားတွေက တောင်ကြီး တစ်လုံးနဲ့ တူပြီးတော့ လူတိုင်းလူတိုင်းရဲ့ နှလုံးသားကို အံ့အားသင့်

သွားစေခဲ့ပါတယ်။

ဒီတိုက်ပွဲက မရေမတွက်နိုင်တဲ့ သူတွေကို စိတ်ဓါတ်ကျသွားစေပြီးတော့ သိုင်းပညာတွေ ကို လေ့လာလိုက်စားလိုတဲ့ သူတို့ရဲ့ စိတ်တွေကို ဆုံးရှုံးသွားစေခဲ့ပါတယ်။ ကျန်နေတဲ့ သူတို့ရဲ့ နေ့ရက်တွေအားလုံးမှာ ဒီ ဖိအားက မှတ်ဉာဏ်ထဲမှာ စွဲမြဲနေပြီးတော့ စိုးရိမ်ပူပန် ပြီး တုန်လှုပ်ချောက်ချား ကျန်နေရစ်စေပါလိမ့်မယ်။ဒါပေမဲ့ တစ်ချို့ ပါရမီရှင်တွေ ကတော့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးကို ဖြတ်သွားဖို့ သူတို့ရဲ့ နှလုံးသားထဲမှာ ကြောက်ရွံ့မှုတွေ ကိန်းအောင်းလို့ လာနေမှာပါ။

ကောင်းကင်ပေါ်မှာတော့ ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲကြီးက ဆက်လက်ဖြစ်နေပြီးတော့ ဘယ်သူကမှ အခြေအနေကို တိတိကျကျ မမြင်နိုင်ပါဘူး။ လင်းဟာန်တောင်မှ အကွာအဝေး အရမ်းဝေးလွန်းတဲ့အတွက် မမြင်နိုင်ခဲ့ပဲ သူခံစားရတဲ့ ထွက်ပေါ်လာတဲ့ စွမ်းအင်တွေ အပေါ် မူတည်ပြီးတော့ပဲ ခန့်မှန်းလို့ပဲ ရပါတယ်။

သီအိုရီ အရဆိုရင်တော့ ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက်ပဲ ရောက်သေးတဲ့ မိုးရေ ကေရာဇ်က ဟဲကျန်းချူရဲ့ ပြိုင်ဘက်

လုံး၊ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီ မျိုးဆက်ရဲ့ မိုးရေ ကေရာဇ်က အောင်မြင်ကျော်ကြားတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ မျိုးနွယ်စုရဲ့ စွမ်းအင်နဲ့ အတူ သူက ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ စွမ်းအင် အပြည့်အ၀ ရှိနေခဲ့ပါတယ်။ ဒါကြောင့် တိုက်ပွဲရဲ့ အဖြေက ဘယ်လိုထွက်ပေါ်လာမလဲ ဆိုတာက လွယ်လွယ်နဲ့ ခန့်မှန်းလို့ မရပါဘူး။

ဒ့ါအပြင် မိုးရေကေရာဇ် ရဲ့ ပြိုင်ဘက်ကင်းပြီး ရန်လိုတတ်တဲ့ အကျင့်ကလည်း မျိုးနွယ်စုရဲ့ စွမ်းအားကို အကျိုးရှိရှိနဲ့ အသုံးချနိုင်ခဲ့ပါတယ်။ သူအခုလေးတင် ဖန်တီးလိုက်တဲ့ ကောင်းကင်၏သားတော် လက်သီးနည်းစနစ်ကို ကြည့်ခြင်းအားဖြင့် မိုးရေကေရာဇ်ရဲ့ မွေးရာပါ ပါရမီက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းသလဲဆိုတာကို မြင်နိုင်ပါတယ်။

မိုးရေကေရာဇ် က အလျင်အမြန်ပဲ နန်းစွန့်ဖို့ ဆုံးဖြတ်ခဲ့တာက အံ့သြစရာ မဟုတ်တော့ ပါဘူး။ သူ့ရဲ့ ပစ်မှတ်က ပန်းဖူးအဆင့်သာသာ မဟုတ်ပါဘူး။ စိတ်ဝိဉာဉ် နတ်သူငယ် ဒါမှမဟုတ် နတ်ဘုရားအသွင်ပြောင်းလဲခြင်းနဲ့ ကောင်းကင် အဆင့်တောင်မှ ဖြစ်နိုင်ပါတယ်။ မိုးရေနိုင်ငံရဲ့ ထီးနန်းမှာ နေတာက သူ့အတွက်တော့ အရမ်းကို သေးငယ် ပါလိမ့်မယ်။

နာရီဝက်လောက်ကြာတဲ့အခါမှာတော့ ဟဲကျန်းချူနဲ့ မိုးရေ ကေရာဇ် တို့နှစ်ယောက် စလုံး ကောင်းကင်ပေါ်ကနေ အောက်ကို တပြိုင်နက်တည်း ကျလာခဲ့ကြပါတယ်။ သူတို့ နှစ်ယောက်စလုံးက ဂုဏ်ယူ ဂင့်ကြွားစွာနဲ့ ရပ်နေကြပြီးတော့ ဘယ်သူက ရှုံးနိမ့်ပြီး ဘယ်သူက အနိုင်ရတယ်ဆိုတာ မသဲကွဲပါဘူး။

ဟဲကျန်းချူ က မိုးရေကေရာဇ်ကို အေးစက်စွာနဲ့ အချိန်တော်တော်ကြာအောင် စိုက်ကြည့်လိုက်ပြီးတော့ ပြောပါတယ်။

“ဒီပြဿနာက ဒီလောက်နဲ့ အဆုံးသတ်သွားမှာမဟုတ်ဘူး”

သူက ဖန်းယန် ကိုကောက်ချီပြီးတော့ လှည့်ထွက်သွားလိုက်ပါတယ်။ ခြေလှမ်း အနည်းငယ် အတွင်းမှာပဲ သူက အစအနတောင် မကျန်အောင် ပျောက်ကွယ်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်းက အခုမှ အကြီးအကျယ်ကို စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ဒါက ပန်းဖူး အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့

ဖျက်ဆီးနိုင်တဲ့ စွမ်းအားနဲ့ ဖိအားက အရမ်းကို ကြီးမားပြီးတော့ လူတိုင်းလူတိုင်းကို အသက်ရှုကြပ်အောင် လုပ်နိုင်ပါတယ်။

ပြီးတဲ့နောက်မှာတော့ လူတိုင်းလူတိုင်းက မိုးရေကောရာဇ်ကို စိတ်အားထက်သန်စွာနဲ့ ကြည့်လိုက်ကြပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။ မိုးရေကောရာဇ်က ပန်းဖူးအဆင့် ကျင့်ကြံသူကို တကယ်ပဲ ထွက်သွားအောင်လို့ ဖိအားပေးနိုင်ခဲ့ပါတယ်။

ဆောင်းလဂိုဏ်းဆိုတာက မြောက်ဘက်ပိုင်းမှာ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ရောမ သတ္တဝါဆိုးကြီး တစ်ကောင်နဲ့ တူပါတယ်။ တကယ်လို့များ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ကို မြောက်ဘက် အစွန်အဖျားက နိုင်ငံကိုးခုဆီကို စေလွှတ်လိုက်မယ် ဆိုရင် ကောရာဇ်တွေတောင်မှ သူတို့ရဲ့ ဂုဏ်သိက္ခာတွေနဲ့ နာမည်ကျော်ကြား ထင်ပေါ်မှုတွေကို လစ်လျူရှုပြီးတော့တောင်မှ ကြောက်ရွံ့ထိတ်လန့် တုန်လုပ်သွားရပါလိမ့်မယ်။

ဒါပေမဲ့ မိုးရေ ကောရာဇ် ကတော့ လုံး၀ တုံ့ဆိုင်းခြင်းမရှိပဲနဲ့

ဟဲကျန်းချူကို အဝေးကို တိုက်ခိုက် နှင်ထုတ်ပစ်လိုက်ပါတယ်။

သူက နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင် တစ်ယောက် ဖြစ်ဖို့ ထိုက်တန်လွန်းပါတယ်။

"အရှင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ"

အားလုံးက ပင်လယ်လှိုင်းလုံးကြီးတွေလိုမျိုး စတင်ပြီးတော့ အော်ဟစ်လိုက်ကြပါတယ်။ အင်အားကြီး ကလန်ရှစ်ခုရဲ့ ခေါင်းဆောင်တွေတောင် ပါဝင်ပါတယ်။ ဒီလိုမျိုး အစွမ်းထက်လှတဲ့ ကျင့်ကြံသူ တစ်ယောက်ကို သူတို့ရဲ့ အသက်တွေကိုတောင် ပေးအပ်နိုင်ဖို့ ဆန္ဒတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

မိုးရေ ကေရာဇ် က ခေါင်းငြိမ့်ပြီးတော့ အင်ပါယာ နန်းတော်ဆီကို တိုက်ရိုက် ပျံသန်းသွားခဲ့ ပါတယ်။ အဲဒီနောက်မှာ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"လင်းဟန် နန်းတော်ထဲကို လာပြီးတော့ ဒီ ကေရာဇ် ကို လာတွေ့လှည့်"

နောက်တစ်ကြိမ်လား။

လူတိုင်းလူတိုင်းက လင်းဟန်ကို မနာလိုစွာနဲ့ လှည့်ကြည့်လိုက်ကြပါတယ်။ မိုးရေ ဇေကရာဇ် က တစ်ယောက်ယောက်ကို ကိုယ်တိုင်ကိုယ်ကျ ခေါ်ယူ တွေ့ဆုံတယ်ဆိုတာက အရမ်းကို ရှားပါးလွန်းပါတယ်။ ဒါပေမဲ့ လဂက်အချိန်လောက်အတွင်းမှာ လင်းဟန်ကို သူက နှစ်ကြိမ် တိုင်အောင် ခေါ်ယူတွေ့ဆုံတာကတော့ လူတိုင်းအတွက် မနာလိုမှုတွေ ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က ဟူးညိုကို သယ်ပြီးတော့ ကွမ်းယွမ်၊ ကျူးဝူကျို နဲ့ တစ်ခြားသူတွေကို ခေါင်းငြိမ့်ပြလိုက်ပြီး စကားအနည်းငယ်ပြောဆိုပြီးတဲ့ နောက်မှာ သူ့ရဲ့ နေရာကို ဦးတည်ပြီး ပြန်လာခဲ့ပါတယ်။

သူ့အနေနဲ့ တစ်ခြားသူတွေနဲ့ ပြောဆိုဖို့ ကောင်းမွန်တဲ့ စိတ်ခံစားချက် မရှိသေးပါဘူး။ သူက လမ်းလျှောက်လာရင်းနဲ့ ဟူးညို့ရဲ့ အခြေအနေကို စစ်ဆေးလိုက်ပါတယ်။ ကံကောင်းတာက ဟူးညိုက ဒဏ်ရာ အနည်းငယ်သာ ရခဲ့တာဖြစ်ပြီးတော့ သူမ ပြန်လည်ကောင်းမွန်ဖို့ အချိန်နည်းနည်းတော့ ယူရပါလိမ့်မယ်။

ဒီမိန်းကလေးကလည်းတကယ့်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပဲ။

လင်းဟန်က စိုးရိမ်ပူပန်နေတာတွေကို ရပ်တန့်လိုက်ပြီးတော့ ဟွာယန် အကယ်ဒမီက သူ့ရဲ့ နေရာကို ပြန်လာခဲ့ပါတယ်။ သူက ဟူးညီကို အနက်ရောင် မျှော်စင်ထဲကို ခေါ်ယူသွားပြီးတော့ မှသားမဲ့မျက်လုံးပါဝင်တဲ့ သေတ္တာကို ဖွင့်လိုက်ပါတယ်။ သေတ္တာထဲမှာ တကယ်ပဲ မျက်လုံးအိမ် တစ်ခု ရှိနေခဲ့ပါတယ်။

၎င်းကို ကြည့်ရတာ လူသားတစ်ယောက်ရဲ့ မျက်လုံးအိမ် တစ်ခုနဲ့ တူပါတယ်။ ဒါပေမဲ့ ထူးဆန်းတာက ၎င်းက ကျောက်တုံး ဒါမှမဟုတ် သံတုံးတစ်ခုလို မာကျော နေပါတယ်။ ဒ့ါအပြင် မျက်လုံးအိမ်ထဲမှာ နက်ရှိုင်းတဲ့ ဟက်တက်ကွဲနေတဲ့ အရာတစ်ခု ရှိနေပါတယ်။ ပုံစံကိုကြည့်ရတာ မြှားတစ်စင်းကြောင့် ဖြစ်တာမျိုးနဲ့ တူပါတယ်။ ဒီမျက်လုံးအိမ်ရဲ့ ပိုင်ရှင်က မြှားတစ်ချောင်းနဲ့ ပစ်ခံရပြီးတော့ ဒဏ်ရာ ရခဲ့ပုံပါပဲ။ ပြီးတော့ မြှားကို ဆွဲထုတ်လိုက်တဲ့ အခါမှာ ဒီမျက်လုံးအိမ်လည်းပဲ မြှားနဲ့အတူ ထွက်လာခဲ့တာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က သေသေချာချာ အနီးကပ်ပြီးလေ့လာ

ကြည့်လိုက်တဲ့အခါမှာ မျက်လုံးအိမ်ပေါ် အနက်ရောင်သွေးတစ်ချို့ ကိုတွေ့လိုက်ရပြီးတော့ လူတွေကို ကြောက်ရွံ့စေနိုင်တဲ့ မပီမပြင် ပိုးတိုးဝါးတား အရိုန်အဝါ တစ်ခု ထွက်ပေါ်နေပါတယ်။ ဒါပေမဲ့ ဒါက အရမ်းကို အချိန်ကြာခဲ့ပြီဖြစ်လို့ လက်ရှိမှာတော့ ဘာမှ မကျန်ရစ်တော့ပဲ ၎င်းရဲ့ စွမ်းအင်က အရမ်းကို သိမ်မွေ့နေပါတယ်။

"ဒီမျက်လုံးအိမ်ရဲ့ ပိုင်ရှင်က အသက်ရှင်နေတဲ့ အချိန်တုန်းက အနည်းဆုံးတော့ ကောင်းကင် အဆင့်ပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က ကောက်ချက် ချလိုက်ပါတယ်။

"တကယ်လို့ မဟုတ်ဘူးဆိုရင် ဒီဒဏ်ရာအတွင်းက ဖျက်ဆီးခံလိုက်ရတဲ့ သိုင်းဆန္ဒ သဘောတရားက အဲဒီလောက်ထိ နက်ရှိုင်းမှာမဟုတ်ပဲ အခုထိတောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအားတွေ ရှိနေသင့်တယ်"

မှသားမဲ့မျက်လုံးကို လေ့ကျင့်ထားတဲ့ လူတစ်ယောက်က မျက်လုံးကိုလည်းပဲ ထိန်းချုပ် နိုင်ပါတယ်။ တကယ်လို့ အဆင့်တူတဲ့ သိုင်းပညာရှင်တစ်ယောက်က မျက်လုံးကို

တိုက်ခိုက်လာခဲ့မယ်ဆိုရင် မျက်လုံးအိမ်တစ်ခုလုံးက ပေါက်ကွဲထွက်သွားခဲ့ သင့်တယ်။ ဒီလိုမျိုး အပေါက်တစ်ခုနဲ့ အဆုံးသတ်စရာ အကြောင်းမရှိပါဘူး။

လင်းဟန်က တစ်ချိန်တုန်းက အံ့မခန်း အစွမ်းထက်တဲ့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အဲ့ဒီ အဆင့်ရဲ့ စွမ်းအား အကန့်အသတ် ကို ကောင်းကောင်း နားလည်သဘောပေါက်ထားပါတယ်။မျက်စိဆိုတာက အရမ်းကို နူးညံ့ သိမ်မွေ့လွန်းတဲ့ အစိတ်အပိုင်းပဲ ဖြစ်ပါတယ်။ မူလစွမ်းအင် နဲ့ ကာကွယ်ထားမယ်ဆိုရင် ကောင်းပါတယ်။ ဒါပေမဲ့ မူလစွမ်းအင် ဖျက်ဆီးသွားမယ်ဆိုရင်တော့ ရန်သူရဲ့ တိုက်ခိုက်မှုက ဦးနှောက်ထဲထိကို တိုက်ရိုက် ဝင်ရောက်လာပါလိမ့်မယ်။

လျှို့ဝှက်ဆန်းကြယ် တဲ့ စွမ်းအားတစ်ခုကို အမွေဆက်ခံခွင့်ရတာက အရမ်းကို ကြီးကျယ် ခမ်းနားပါတယ်။ ဒါက စကားလုံးနဲ့တောင်ဖော်ပြလို့ မရပါဘူး။ ပုံမှန်အားဖြင့်တော့ ၎င်းက သွေးမျိုးဆက်ကနေ မိဘကနေ သားသမီးဆီကို ဆင်းသက်ပြီး ဆက်ခံရတာပါ။ တကယ်လို့ အပြင်လူက ၎င်းကို သင်ကြားချင်တယ်ဆိုရင် နည်းလမ်းတစ်ခုပဲ အသုံးပြုနိုင်ပါလိမ့်မယ်။ ဥပမာ မုသားမဲ့

မျက်လုံးက မျက်လုံးကနေ တိုက်ရိုက် ဆွဲထုတ်ထားတယ်ဆိုတာကို နားလည်သဘောပေါက်ရပါမယ်။ ပြီးတော့ အနက်ရောင်နတ်ဆိုးရဲ့ လက်ကလည်း လက်ဝါးကနေ သင်ယူထားခြင်း ဖြစ်ပါတယ်။

လင်းဟန်က ၎င်းကို သင်ယူဖို့ အလျင်စလို မလုပ်သေးပါဘူး။ သူက မှသားမဲ့မျက်လုံးကို အနက်ရောင်မျှော်စင်ထဲမှာ ထည့်သိမ်းထားလိုက်ပါတယ်။ ပထမဆုံး သူက အင်ပါယာ နန်းတော်ကို သွားရပါဦးမယ်။

မိုးရေကောရာဇ်က သူ့ကို တွေ့ဆုံဖို့ ဖိတ်ခေါ်ထားပါတယ်။ သူက အနည်းငယ် မျက်နှာသာ ပေးရမှာပေါ့။ တကယ်တော့ မိုးရေကောရာဇ်က သူ့အတွက် ဟဲကျန်းချူးကို တားဆီးဖို့ အတင်းဂင်ရောက် စွက်ဖက်ပေးခဲ့တာပါ။ သူ့ရဲ့ အဆင့်အတန်းဖြစ်တဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဆိုတာကို ထုတ်ဖော်ပြခဲ့မယ်ဆိုရင် ဟဲကျန်းချူ ကအရမ်းကြီး လုပ်ဝံ့မှာတော့ မဟုတ်ပါဘူး။

လင်းဟန်က အင်ပါယာ နန်းတော်ဆီကို ဦးတည်ပြီး သွားလိုက်ပါတယ်။ လမ်းတစ်ဝက်မှာ သူ့ရဲ့ လက်က တုန်ခါလာသလိုမျိုး ခံစားရပြီးတော့ အတွေးတစ်ခု

ဂင်လာခဲ့ပါတယ်။

ဒါက ထူးဆန်းတဲ့မီး ဖြစ်ပါတယ်။

ငင်းက နတ်ဆိုးချီ အစိတ်အပိုင်းတစ်ခုကို စားသုံးခဲ့ပြီးတော့ လုံး၀ အိပ်ပျော်နေခဲ့တာ ရက်တော်တော်ကြာနေခဲ့ပါပြီ။ ဒါပေမဲ့ အခု နောက်ဆုံးတော့ နိုးထလာခဲ့ပါပြီ။

"ရှီး ရှဲ ရှဲ"

ထူးဆန်းတဲ့မီးက သူ့ကို ငင်းက ပျော်ရွှင်နေတယ်ဆိုတဲ့ အတွေးတစ်ခုကို ပို့ပေးပါတယ်။ လင်းဟန်က ဒီ ထူးဆန်းတဲ့မီးက အခုဆိုရင် အတော်လေး သန်မာ အားကောင်းလာတယ် ဆိုတာကို ခံစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ငင်းက ချက်ချင်းဆိုသလိုပဲ ဆာလောင်မှုကို ထုတ်ဖော်ပြသလာပြီးတော့ နတ်ဆိုးချီတွေကို ပိုပြီးတော့ စားသုံးဖျက်ဆီးပစ်ချင်နေပါတယ်။

"မရဘူး မရဘူး"

လင်းဟန်က တားလိုက်ပါတယ်။ အဲဒီအတွေးကို သူ့ရဲ့ နတ်ဘုရားအာရုံကို အသုံးပြုပြီးတော့ ပို့လိုက်ပါတယ်။

အဲဒီလိုမှမဟုတ်ရင် တကယ်လို သူ့ကိုယ်သူသာ ပြောနေတာမျိုးဆိုရင် တစ်ခြားသူတွေက သူ့ကို ရူးနေပြီလားလို့ ထင်နေပါလိမ့်မယ်။

“နောက်ကျရင် မင်းအတွက် ငါအများကြီး ယူပေးမယ် အခုတော့ မင်းအလုပ်နည်းနည်း လုပ်ရဦးမယ်”

“ရှီး ရှဲ ရှဲ ”

“အဲဒါကို အနက်ရောင်မျှော်စင်ထဲမှာ ထားလိုက်… ငါ့မှာ ဒီမီးရဲ့ စွမ်းအားကို တိုးလာစေမဲ့ နည်းလမ်း တစ်ခု ရှိတယ်”

မျှော်စင်လေးက ရုတ်တရက်ဆိုသလို လင်းဟန်ကို ပြောလိုက်ပါတယ်။

“တကယ်လား”

လင်းဟန်က မယုံနိုင်စွာနဲ့ ပြောလိုက်ပါတယ်။ အမှန်တကယ်တော့ စိတ်ဝိဉာဉ်ပစ္စည်းက မလိမ်ညာတတ်ဘူး ဆိုတာကို သူသိပါတယ်။ စိတ်ဝိဉာဉ်ပစ္စည်းတွေမှာ သူတို့ရဲ့ နာမည်ထဲမှာ ဝိဉာဉ်စကားရှိပါတယ်။ ဒါပေမဲ့ သူတို့ သက်ရှိ

အရာတစ်ခုတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့မှာ လိမ်ညာဖို့ စွမ်းရည် မပိုင်ဆိုင်ထားပါဘူး။

ဒါပေမဲ့ မျှော်စင်လေး ပြောလိုက်တဲ့ စကားက သူ့ကို အံ့သြသွားစေခဲ့ပါတယ်။

"တကယ်ပြောတာ"

မျှော်စင်လေးက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

Chapter 278 end

အပိုင်း (၂၇၉) အစီအစဉ်ဆွဲထားတဲ့ နေ့ရက်တွေ ရောက်လာပြီ

လင်းဟန်က ချက်ချင်းဆိုသလိုပဲ ထူးဆန်းတဲ့မီးကို အနက်ရောင်မျှော်စင်ထဲမှာ ထားလိုက်ပါ တယ်။ ပြီးတဲ့နောက်မှာတော့ ထူးဆန်းတဲ့ မီး က အထဲမှာ ပျော်ရွှင်ကျေနပ်စွာနဲ့ မြူးထူး ခုန်ပေါက်နေတာကို တွေ့မြင်လိုက်ရပါတယ်။ ဒီကမ္ဘာကြီးက သူ သတိလစ် အိပ်ပျော်နေခဲ့တဲ့ လက်ဖဝါးထက် အများကြီး ကြီးမားလွန်းနေတယ် မဟုတ်ပါလား။

မျှော်စင်လေး ပေါ်လာပြီးတော့ ဟုမ်း ဆိုတဲ့ အသံတဲ့ အတူ အလင်းရောင် တစ်ချက် လက်သွားပြီး ထူးဆန်းတဲ့ မီး ကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။

“ရှီးရှဲ ရှဲ”

ထူးဆန်းတဲ့မီး က ထွက်ပြေးချင်နေတာတောင်မှ ကြောက်လန့်တကြားနဲ့ ဟိုယိမ်း ဒီရမ်း နဲ့ လုပ်လို့ပဲ ရပါတယ်။

“အင်း မျှော်စင်လေးက ဒါကို သေသွားအောင်လို့ မလုပ်ပစ်ဖို့ပဲ မျှော်လင့်ရမှာပဲ”

လင်းဟန်က သူ့ကိုယ်သူ ပြန်တွေးလိုက်ပါတယ်။ သူက ထူးဆန်းတဲ့ မီး အကြောင်း အာရုံစိုက်နေတာကို ရပ်လိုက်ပြီးတော့ အင်ပါယာ နန်းတော် ဆီကို ဆက်ပြီးတော့ လျှောက်သွားခဲ့ပါတယ်။

အင်ပါယာ နန်းတော်ရဲ့ ကြီးမားတဲ့ ဂင်ပေါက်အရှေ့မှာ ကျိုင်ရှင်း က စောင့်နေခဲ့ပါတယ်။ လင်းဟန် ဖြည်းဖြည်းခြင်း လျှောက်လှမ်းလာတာကို ကြည့်ပြီးတော့ သူက မကျေမချမ်း ဖြစ်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"မင်းက တကယ့်ကို ရိုင်းပျတာပြီး သတ္တိတော်တော်ကောင်းတာပဲ။ အရှင်သခင် ကေရာဇ် ကိုတောင်မှ အချိန်အကြာကြီး စောင့်နေစေခဲ့တယ်"

လင်းဟန်က သူ့ကိုစိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်ကို ပြစ်တင်ကြိမ်းမောင်းတာကို ကေရာဇ်ကပဲ လုပ်ပါစေပေါ့။ ခင်ဗျားက ဘာမို့လို့လဲ"

"မင်း…"

ကျိုင်ရှင်း က ပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပါတယ်။

"မဟုတ်လို့လား… ကျုပ်က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်.. ကေရာဇ်တောင်မှ ကျုပ်ကို ကျိုးကျိုးနွံနွံနဲ့ ဂရန်းမာစတာလင်း လို့ ခေါ်တယ်။ ခင်ဗျားက အရမ်းကို စိတ်ကြီးဝင်နေတာပဲ။ ခင်ဗျားကိုယ် ခင်ဗျား ကေရာဇ်ထက်တောင် သာလွန်တယ်လို့ ထင်နေတာလား။ ဟီးဟီး ခင်ဗျားကမှ တကယ့်ကို သတ္တိကောင်းတဲ့ သူတစ်ယောက်ပဲ ခေါင်းဆောင်ကျိုင်"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

ကျိုင်ရှင်းက ခဏတဖြုတ်တော့ ထိတ်လန့်သွားခဲ့ပါတယ်။ လင်းဟန် ပြောတာမှန်ပါတယ်။ သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ မိုးရေနိုင်ငံရဲ့ မှော်ဆေးပညာ အကြီးအကဲ တစ်ယောက်ဖြစ်ပြီး မိုးရေကောရာဇ် ကတောင်မှ လင်းဟန်ကို ဂုဏ်သရေရှိ ဧည့်သည်တော်တစ်ယောက်လိုမျိုး ရှိသေလေးစားရပါတယ်။သူက လင်းဟန် ကို မိုးရေကောရာဇ် အတွက်ကြောင့် ဒေါသနဲ့ ဝေဖန်ပြောဆိုခဲ့တာပါ။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး သူက မိုးရေ ကောရာဇ် ကို ပမာမခန့် ဖြစ်တဲ့ပုံစံမျိုး အဖြစ်ကို ပြောင်းလဲသွားရတာလဲ။ တစ်ခုခုတော့ မှားနေပြီ။

သူက သိုင်းပညာမှာ အရမ်းကို ထူးချွန်ထက်မြက်ပေမဲ့ စဉ်းစားတွေးခေါ်တဲ့ နေရာမှာတော့ တော်တော်လေး ချာ ပါတယ်။ လင်းဟန်ကြောင့် သူက ချက်ချင်းဆိုသလိုပဲ စိတ်ရှုပ်ထွေး သွားခဲ့ရပါတယ်။

"ခင်ဗျားက ကျုပ်ကို ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ဆက်ဆံမှတော့ ကျုပ်က မျက်နှာသာ ပေးလို့ မဖြစ်တော့ဘူး။ ကျုပ်ပြန်တော့မယ်"

လင်းဟန်က လှည့်ထွက်လိုက်ပါတယ်။

“နေပါဦး”

ကျိုင်ရှင်းက အလျင်အမြန်ပဲ တားပြီးတော့ ပြောလိုက်ပါတယ်။

“ကေရာဖ် က မင်းကို တွေ့ချင်နေတယ်။ မင်း ပြန်သွားလို့ မဖြစ်ဘူး”

လင်းဟန်က သူ့ကို စိုက်ကြည့်ပြီးတော့ ဘာမှ မကြားသလိုမျိုး ဟန်ဆောင်နေလိုက် ပါတယ်။

နောက်ဆုံးမှာတော့ ကျိုင်ရှင်းက ပြန်လည်တုံ့ပြန်ပြီးတော့ ပြောလိုက်ပါတယ်။

“ဂရန်းမာစတာ လင်း… ကေရာဖ် က မင်းကို တွေ့ချင်နေပါတယ်။ ကျေးဇူးပြုပြီးတော့ ကျုပ်နောက်ကနေ လိုက်ခဲ့ပေးပါ”

“အနာဂတ်မှာ ဒီထက်ပိုပြီးတော့ ဉာဏ်ကောင်းစမ်းပါ။

သိုင်းပညာအပေါ်မှာပဲ အရာအားလုံး ပုံအပ်ထားတာက မမှားပါဘူး။ ဒါပေမဲ့ တစ်နေ့လုံး ခင်ဗျားမလေ့ကျင့်နိုင်ဘူး။ ငတုံး ငအ တစ်ယောက်လိုမျိုး ကိုယ့်ကိုကိုယ် လေ့ကျင့်မနေနဲ့”

လင်းဟန်က သမာန်ကာလျှံကာ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

ကျိုင်ရှင်းက ဒေါသထွက်ပြီးတော့ သူ့ရဲ့ ပါးစပ်တောင် မဲ့ရွဲ့သွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဘာမှမလုပ်နိုင်ပါဘူး။ လင်းဟန်က နောက်တစ်ကြိမ် လှည့်ထွက်သွားမှာကို ကြောက်ရွံ့လို့နေပါတယ်။

လင်းဟန်က မရယ်ပဲနဲ့ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဒါက သူ့ရဲ့ ဒုတိယ ဘဝဖြစ် ပါတယ်။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ တဖောက်ကန်းသမားတွေကို မထိန်းချုပ်နိုင် ရမှာလဲ။

သူတို့နှစ်ယောက်က နောက်တစ်ကြိမ် အဓိက ကောင်းကင်ခန်းမကို ရောက်လာခဲ့ ပါတယ်။ ကျိုင်ရှင်းက လင်းဟန် အထဲကို ဝင်သွားတဲ့အခါမှာ နန်းတော် တံခါးကို သွားပြီးတော့ စောင့်ကြပ်နေခဲ့ပါတယ်။

မိုးရေကောရာဇ် က ပလ္လင်ပေါ်မှာ ထိုင်နေခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူ့ရဲ့ ခြေရင်းနားမှာ ရှခက်ရှင်း တစ်ယောက် ရှိမနေတော့ပါဘူး။ သူမနဲ့ မိုးရေကောရာဇ် သဘောတူညီမှုက ပျက်ပြယ်သွားခဲ့ပြီးတော့ အခြေခံ တည်ဆောက်ရေး ဆေးလုံး ဆယ်လုံး ကိုလည်း ရယူနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် သူမက အင်ပါယာ နန်းတော်ကနေ ထွက်သွားခဲ့ပြီး တံခါးပိတ် ကျင့်ကြံဖို့အတွက် နေရာကောင်းတစ်ချို့ကို သွားရောက်ရှာဖွေ နေခဲ့ပါပြီ။ သူမက စိတ်ဝိဉာဉ် ပလ္လင် အဆင့်ကို ချိုးဖျက်ဖင်ရောက် ပြီးတဲ့အခါမှသာ နောက်တစ်ကြိမ် ပြန်လည်ထွက်ပေါ်လာပါလိမ့်မယ်။

“မျှော်လင့်ထားတဲ့ နေ့တွေတော့ ရောက်လာပြီ။ မင်းရဲ့ အစီအစဉ်က ဘယ်လိုရှိသလဲ”

မိုးရေ ကောရာဇ် က တဲ့တိုးပဲ မေးလိုက်ပါတယ်။

လင်းဟာန်က ချင့်ချိန်တွေးဆပြီးတော့ ပြောလိုက်ပါတယ်။

“ကျနော် မိုးရေနိုင်ငံကနေ ထွက်သွားသင့်ပြီ”

“ဟုတ်တယ်.. တကယ်တမ်းတော့ ဆောင်းလဂိုဏ်းက အရမ်းကိုကြီးမားတဲ့ ဂိုဏ်းတစ်ခု ဖြစ်တယ်။ ဒီ ကေရာဇ် က ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ကို ဖိအားပေးပြီး ထွက်သွားစေနိုင်ခဲ့တယ်။ ဒါပေမဲ့ နောက်တစ်ကြိမ်မှာ တကယ်လို့များ စိတ်ဝိဉာဉ် နတ်သူငယ် အဆင့်မှာ ရှိတဲ့ တစ်စုံတစ်ယောက် ရောက်လာခဲ့မယ်ဆိုရင် ဒီ ကေရာဇ် က သူ့ကို ဆန့်ကျင်နိုင်စွမ်း ရှိမှာမဟုတ်ဘူး”

မိုးရေကေရာဇ်က အနည်းငယ်မျှတောင် ကိုယ်ရည်သွေးမှုမရှိပဲ ပြောလိုက်ပါတယ်။ တကယ်လို့ စိတ်ဝိဉာဉ်နတ်သူငယ် အဆင့် စစ်သည်တော် တစ်ယောက် ရောက်လာမယ်ဆို သူ့အနေနဲ့ လုံး၀ ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ဘူးဆိုတဲ့ အကြောင်းကို ရိုးရိုးသားသားနဲ့ ၀န်ခံလိုက်ပါတယ်။

မိုးရေ ကေရာဇ်က တစ်ခဏမျှ ရပ်တန့်ပြီးမှ ဆက်ပြီး ပြောပါတယ်။

“ဒီကေရာဇ်လည်း မကြာခင်မှာ နန်းစွန့်တော့မယ်။ ခုနစ်ယောက်မြောက် မင်းသားက သမာဓိရှိပြီးတော့ တည်ကြည်တယ်။ ဒါပေမဲ့ သူ့ရဲ့ ခွန်အားက တော်တော်လေးကို အားနည်းနေသေးတယ်”

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ခုနစ်ယောက်မြောက် မင်းသားက ဘယ်လောက်ပဲ ကြိုးစားလေ့ကျင့်ပါစေဦးတော့ သူ့ရဲ့ ဒြပ်စင် စုစည်းခြင်း အဆင့် ကနေ အချိန်တိုလေး အတွင်းမှာ အဆင့်တက်ဖို့က ခက်ခဲပါတယ်။ မျိုးနွယ်စုရဲ့ စွမ်းအားကို ဖမ်းဆုပ်နိုင်ခဲ့ရင် တောင်မှ သူက စိတ်ဝိဉာဉ်ပင်လယ် အဆင့်ကို ရောက်ဖို့ တော်တော်လေး လိုပါသေးတယ်။ မိုးရေနိုင်ငံက ကိစ္စ အရပ်ရပ်ကို စောင့်ကြည့်ဖို့အတွက် ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက် ရှိနေသေးတယ်ဆိုရင်တောင်မှ သူတို့အနေနဲ့ ဒီလိုမျိုး အသေးအမွှားကိစ္စလေးတစ်ခုကို ဝင်ရောက်စွက်ဖက်မှာမဟုတ်လောက်ပါဘူး။ တကယ်လို့ ဒါက တိုင်းပြည် ပျက်စီးသွားမဲ့ ကိစ္စသာ မဟုတ်ဘူးဆိုရင် ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေ မဲ့ ပုံစံပါပဲ။

တကယ်လို့ မိုးရေဧကရာဇ် က ထီးနန်းစွန့်သွားပြီးတော့ ဆောင်းလဂိုဏ်းက နောက်တစ်ကြိမ် ရောက်လာပြီး တရားခံကို လက်လွှဲပေးဖို့ တောင်းဆိုမယ်ဆိုရင် နံပါတ် ခုနစ် မင်းသား အနေနဲ့ ဒီဖိအားကို ဆန့်ကျင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"ကျနော် တောက်ပသောကြယ်နန်းတော် ခန်းမ

ဆီကိုသွားပြီးတော့ မြေကျွှာ အဆင့် မော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက်တစ်ခုကို သွားယူဖို့ စီစဉ်ထားတယ်”

လင်းဟန်က ပြောလိုက်ပါတယ်။

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးကို ဖြတ်ပြီးတော့ လင်းဟန်ပြောတဲ့ အတိုင်း မြေကျွှာ အဆင့် မော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက်ကို ကလေးကစားစရာလိုမျိုး ယူဖို့ဆိုတာ သူ့တစ်ယောက်တည်း အတွက်ကတော့ အဆင့်မှီနိုင်ပါလိမ့်မယ်။ မြောက်ပိုင်း လို နေရာမျိုးမှာတောင်မှ မြေကျွှာအဆင့် မော်ဆေးပညာရှင်တွေက အရမ်းကို ဂုဏ်သတင်း ကြီးမားလွန်းပါတယ်။ သူတို့တွေကို လူတိုင်းလူတိုင်းက ဆရာသခင်လို့တောင် ခေါ်ကြရပါတယ်။

ဒါပေမဲ့ မော်ဆေးပညာရဲ့ ကြီးမြတ်တဲ့ အရှင်သခင်တစ်ယောက် အတွက်ကတော့ မြေကျွှာ အဆင့် မော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက်ဆိုတာက အရမ်းကို လွယ်ကူလွန်းပြီးတော့ ကလေးကစားစရာ သာသာပါပဲ။

သူက အစဆိုရင် နွေဦးစမ်းရေ အဆင့်ကို ဖြတ်ပြီးတော့ စိတ်ဝိဉာဉ်ပင်လယ် အဆင့်နဲ့ သိပ်မဝေးတော့ပါဘူး။ ထူးဆန်းတဲ့ မီးရဲ့ စွမ်းအားကလည်း တော်တော်လေးကို တိုးလာခဲ့ပြီးတော့ မြေကျွမ်းအဆင့် မှော်ဆေးလုံးတွေကို သန့်စင်နိုင်စွမ်း ပိုပြီးရှိလာ ပါပြီ။ မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက် ကို အကာအကွယ် အဆောင်လက်ဖွဲ့ အနေနဲ့ သုံးမယ်ဆိုရင် ဘယ်သူကများ သူ့ကို ဆန့်ကျင်ရဲဦးမှာလဲ။ တကယ်လို့ ရှိခဲ့မယ်ဆိုရင်တောင်မှ လူနည်းစုခန့်သာ ဖြစ်မှာပါ။

ခိုးကြောင်ခိုးဝှက် နဲ့ ဆိုရင်တော့ ပြောရခက်တာပေါ့။ တကယ်လို့ တစ်ယောက်ယောက် ကို လုပ်ကြံသတ်ဖြတ်ချင်တယ်ဆိုရင် နောက်ခံအင်အားက အရေးမကြီးပါဘူး။တကယ်လို့ မင်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် တစ်ယောက်ယောက်ရဲ့ သားဖြစ်နေရင်တောင်မှ ဘာဖြစ်သေးလဲ။

မိုးရေဇကေရာဇ် က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်း အေးအေးဆေးဆေးနဲ့ သွားနိုင်ပါတယ်။ ဒီ အရှင်သခင်က မင်းအစား လင်း မိသားစု ကို ကာကွယ်စောင့်ရှောက်ဖို့ ဒုယွန် ဘုရင်ကို သေသေချာချာ

မှာထားလိုက်ပါမယ်။ မင်းက အမြတ်မင်း မိုးရေနိုင်ငံသားပဲ။ ဒီကောရာဇ် က မင်းမိသားစု နဲ့ ပတ်သက်ပြီးတော့ မင်းအနေနဲ့ လုံးဂ စိုးရိမ်ပူပန် ကြောင့်ကြနေခြင်း မရှိအောင် သေသေချာချာ လုပ်ပေးပါမယ်”

“ကျေးဇူးအများကြီး တင်ပါတယ် အရှင်မင်းမြတ်”

လင်းဟန်က သူ့ရဲ့လက်တွေ ကို ဆုပ်ပြီးတော့ ကျေးဇူးတင်လိုက်ပါတယ်။ ဒီကိုယ်ရေးကိုယ်တာ မျက်နှာသာပေးခြင်းမျိုးက သူလိုအပ်နေတဲ့ အရာပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ လင်းဒေါင်ရှန်နဲ့ တခြား လင်းမိသားစုဂင်တွေကို အနက်ရောင် မျှော်စင်ထဲကို ရွှေ့ပြောင်းပေးရပါလိမ့်မယ်။

မိုးရေကောရာဇ် အနေနဲ့ သူ့ကို မျက်နှာသာ ပေးတာမျိုးတော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ကောရာဇ် တစ်ယောက် အနေနဲ့ သူက မိုးရေနိုင်ငံ တစ်ခုလုံးအတွက် စဉ်းစားပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်သူ့အနေနဲ့ မဖြစ်မနေ လုပ်ပေးရပါလိမ့်မယ်။ မြေကျွှာ အဆင့် မှော်ဆေးပညာရှင် ဆရာသခင် တစ်ယောက် ကို အသာထားဦး လင်းဟန်က မိုးရေနိုင်ငံ အတွက် မှော်ဆေးလုံးတွေကို ဖော်စပ်ပေးသည်ဖြစ်စေ မဖော်စပ်ပေးသည်ဖြစ်စေ မြေကျွှာ

အဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ ထင်ပေါ်ကျော်ကြားမှု ဂုဏ်သတင်း တစ်ခုတည်းကပဲ မရေမတွက်နိုင်တဲ့ နိုင်ငံတွေကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။

ကြည့်ရတာတော့ ဒီနောက်ပိုင်းကျရင် မိုးရေနိုင်ငံရဲ့ အင်အားက မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခုမှာ အကောင်းဆုံး ဖြစ်လာနိုင်ချေ ရှိပါတယ်။

"တကယ်လို့ ဆောင်းလဂိုဏ်းက တစ်ယောက်ယောက်ကို စေလွှတ်ခဲ့မယ်ဆိုရင် သူတို့အနေနဲ့ ဒီကို အမြန်ဆုံး ရောက်ဖို့ဆိုရင်တောင်မှ ဆယ်ရက်လောက် အချိန်ယူရမယ်"

မိုးရေကောရာဇ် က ခန့်မှန်းပြောဆိုလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါးရက်အတွင်းမှာ ကျနော် ထွက်ခွာရလိမ့်မယ်"

"အရမ်းကောင်းတယ်"

မိုးရေကောရာဇ် က လင်းဟန်ကို ပြုံးပြပြီးတော့

ပြောလိုက်ပါတယ်။

“မင်းရဲ့ မှော်ဆေးပညာမှာ အောင်မြင်မှုက ဒီ ကောရာဇ် ကို အံ့အားသင့်စေခဲ့တယ်။ ပြီးတော့ မင်းရဲ့ သိုင်းပညာ ပါရမီက ပိုပြီးတော့တောင်မှ အံ့အားသင့်စေခဲ့တယ်။ ကောင်းကောင်း အသက်ရှင် နေထိုင်ပါ။ နောက်ဆယ်နှစ်ကြာတဲ့အခါမှာ ကြီးမားကျယ်ပြန့် တဲ့ ဒီ ကုန်းပြင်မြင့်ထက်မှာ အရမ်းကို တောက်ပလင်းလက်နေတဲ့ ကြယ်တစ်ပွင့်ကို မြင်ရလိမ့်မယ်လို့ ဒီကောရာဇ် က ယုံကြည်တယ်”

လင်းဟန် က ကျိတ်ပြီးတော့ ရယ်လိုက်ပါတယ်။ ဒါက အထူးပြောနေစရာကို မလိုပါဘူး။ တကယ်လို့ သူက သိုင်းပညာမှာ ဝတုံးဒေအ တစ်ယောက် ဖြစ်နေပါဦးတော့ သူ့ရဲ့ ယခင် ဘဝတုန်းက ကြီးမြတ်တဲ့ မှော်ဆေးပညာကောရာဇ် တစ်ယောက် လိုမျိုး အဆင့်အတန်း ကို အခြေခံပြီး မှော်ဆေးပညာ လမ်းကြောင်းကိုပဲ လျှောက်လှမ်းမယ်ဆိုရင်တောင်မှ တောက်ပတဲ့ ကြယ်တစ်ပွင့် ဖြစ်နိုင်ပါသေးတယ်။ သူက သရဖူကို စွန့်သွားတော့မဲ့ မိုးရေကောရာဇ်ကိုလည်း မြင့်မြင့်မားမား တွေးထားပါသေးတယ်။ သူက မျိုးနွယ်စုရဲ့ စွမ်းအားကို ဆုံးရှုံးသွားရပါလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ အတွေးတွေ အားလုံးကို သိုင်းပညာ လမ်းကြောင်းအပေါ်မှာ အပြည့်အဝ

အာရုံစိုက်ထားလို့ ရသွားမှာပါ။

သူက သိုင်းပညာမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ အနာဂတ် သူ့ရဲ့ အောင်မြင်မှုကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းနိုင်ပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူ့အနေနဲ့ မိုးရေကေရာဇ်ကိုတောင် သူ့ရဲ့ တပည့် အဖြစ် ကောက်ယူဖို့ စဉ်းစားထားခဲ့ပါသေးတယ်။ ဒါပေမဲ့ တကယ်လို့ သူက ဒါကို ထုတ်ဖော် ပြောလိုက်မယ်ဆိုရင် သူ့ကို သေလောက်အောင် ရိုက်နှက်ခြင်းကို ခံရပါလိမ့်မယ်။

"သွားတော့"

မိုးရေ ကေရာဇ် အနေနဲ့ လင်းဟာန်မှာ ဒီလိုမျိုး အကြံအစည် ရှိနေမှတော့ ဘာမှ ထပ်ပြီးတော့ ပြောနေစရာ မလိုတော့ပါဘူး။

လင်းဟာန်က အင်ပါယာ နန်းတော်ကနေ ထွက်လာခဲ့ပြီးတော့ ဟွာယန် အကယ်ဒမီကို ပြန်လာခဲ့ပါတယ်။ သူ့မှာ စီစဉ်စရာရှိတာတွေကို စီစဉ်ဖို့အတွက် အချိန် ငါးရက်

ရှိပါသေးတယ်။ယ သူက ကွမ်းယွမ်၊ ကျူးဝူကျို နဲ့ တစ်ခြားသူတွေကို သူ့နဲ့ အတူ သွားဖို့ ပြောရပါဦးမယ်။

ကျူးဝူကျို နဲ့ ကွမ်းယွမ် ကတော့ လင်းဟန် နဲ့ အတူ မိုးရေနိုင်ငံကနေ ထွက်ခွာ သွားဖို့ ကိစ္စ မရှိပါဘူး။ သူ့တို့အနေနဲ့ ထွက်ခွာသွားဖို့အတွက်လည်း နောက်ဆံတင်းစရာ ကိစ္စ တစ်ခုမှ မရှိပါဘူး။ ဒါပေမဲ့ ဂျင်ဝူကျို နဲ့ လီဟောင် ကတော့ သူတို့ရဲ့ မိသားစုနဲ့ ချစ်ခင်ရတဲ့သူတွေ ရှိနေပြီးတော့ ဒီအတိုင်းထားခဲ့လို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူတို့က လင်းဟန်ရဲ့ ကမ်းလှမ်းမှုကို ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်ခဲ့ပါတယ်။

လင်းဟန်က သူတို့ကို ဖိအားမပေးပါဘူး။ လူတိုင်းလူတိုင်းမှာ သူတို့ရဲ့ ကိုယ်ပိုင် ရည်မှန်းချက် ဆိုတာ ရှိပါတယ်။

သူတို့နဲ့ ဆန့်ကျင်စွာပဲ လွီယုထန် နဲ့ လီစီရှန်းတို့ကတော့ သူ့အနောက်ကို လိုက်ဖို့ကို လုံး၀ တုံ့ဆိုင်းခြင်း မရှိခဲ့ပါဘူး။

Chapter 279 end

အပိုင်း(၂၈၀) တိမ်မီးခိုးမြို့ ကို ပြန်လာခြင်း

မိုးရေ ဧကရာဇ် က သူ့ရဲ့ ဆုံးဖြတ်ချက်ကို

ပြတ်ပြတ်သားသားနဲ့ ချမှတ်လိုက်ပါတယ်။ အင်ပါယာရဲ့ အမိန့်ဩဇာ အာဏာနဲ့ ခုနစ်ယောက်မြောက် မင်းသားကို သရဖူ လွှဲပြောင်း ပေးလိုက်ပါတယ်။ အကြီးဆုံး မင်းသားနဲ့ ဒုတိယ မင်းသားအတွက်ကတော့ သူတို့ကို နယ်စပ်ဒေသကို ကာကွယ်ဖို့အတွက် တပ်စွဲစခန်းချ စေခဲ့ပြီးတော့ သူတို့ရဲ့ နယ်မြေတွေကို ပြန်လည်သိမ်းယူထားလိုက်ပါတယ်။
ဒါကသူတို့နှစ်ယောက်ကို ဘဝတစ်လျှောက်လုံး အင်ပါယာ မြို့တော်ကို ပြန်လာလို့ မရအောင် လုပ်လိုက်ပြီးတော့ အပြင်ဘက်မှာပဲ အသက်ကြီးပြီးတော့ သေဆုံးသွားအောင်လို့ လုပ်လိုက်တယ်ဆိုတာ သိသာ ထင်ရှားပါတယ်။

မိုးရေကောရာဇ် ရဲ့ အစီအမံက တကယ့်ကို သင့်တော်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင် သားတွေ ကိုတောင်မှ သူက ဂင်ရောက် စွက်ဖက်လို့ မရအောင် သေချာ စီမံထားတာပါ။

အကြီးဆုံးအင်ပါယာ မင်းသားနဲ့ ဒုတိယ အင်ပါယာ မင်းသားကို မိုးရေနိုင်ငံရဲ့ နိုင်ငံရေး ထဲပါဂင်နေမှုကို ရုတ်သိမ်းလိုက်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အရင်တုန်းက သူတို့က ဘယ်လောက်ပဲ လွှမ်းမိုးခြယ်လှယ်ပြီး ဩဇာတိက္ကာမ ကြီးမားပါစေ ကိစ္စမရှိတော့ပါဘူး။

မိုးရေကရောဇ်ရဲ့ စွမ်းအား အရှေ့မှာ သူတို့က ဘာအစွမ်းမှမရှိတဲ့ သူတွေပါပဲ။ သူတို့အနေနဲ့ အသက်ကြီးလာတဲ့အထိ ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ဖို့ နေရာတစ်ခုကို ရှာဖို့ အတွက်တောင် အပေးအယူ လုပ်လိုက်မရနိုင်ပါဘူး။

အကြီးဆုံး အင်ပါယာ မင်းသားနဲ့ တတိယ အင်ပါယာ မင်းသားတို့ ပြဿနာ ရှာလို့ မရတော့တဲ့အတွက်ကြောင့် ခုနစ်ယောက်မြောက် မင်းသားရဲ့ ထီးနန်းက တည်ငြိမ်သွားခဲ့ရပါပြီ။ ဒါ့အပြင် မိုးရေကရောဇ်ရဲ့ အစောပိုင်းတုန်းက အစွမ်းပြပြီး ဂင်ရောက် စွက်ဖက်ခဲ့မှု တွေကြောင့် ခုနစ်ယောက်မြောက် မင်းသား အပေါ်မှာ အင်အားကြီးကလန် ရှစ်ခု အနေနဲ့ မကောင်းတဲ့ အတွေးတွေ မထားပံ့ကြပါဘူး။ သူတို့ရဲ့စိတ်ထဲမှာ ခုနစ်ယောက်မြောက် မင်းသားက ငယ်ရွယ်ပြီးတော့ ဒြပ်စင်စုစည်းခြင်းအဆင့် ကျင့်ကြံခြင်း ရှိနေတာကိုတောင်မှ ဘယ်သူကများ သူ့ကို နှိမ့်ချပြီးတော့ ကြည့်ရဲမှာလဲ။

မိုးရေကရောဇ် က ဆောင်းလကိုဏ်းရဲ့ စိတ်ဂိုဉာဉ်ပလ္လင် အဆင့် ကျင့်ကြံသူကို လက်သီးနဲ့ သတိလစ်မေ့သွားအောင် ထိုးချပြီးတော့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ကို တောင်မှ ယှဉ်ပြိုင်ပြီးတော့ ထွက်သွားအောင် လုပ်နိုင်တဲ့

ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

အမှန်တကယ်တော့ လူအများစုက မိုးရေကောရာဇ် ကို ထီးနန်းမစွန့်သွားစေချင်ကြပါဘူး။ မိုးရေကောရာဇ် က သူ့ရဲ့ လွှမ်းမိုးနိုင်တဲ့ စွမ်းအားကို ထင်ထင်ရှားရှားနဲ့ လက်တွေ့ပြခဲ့ပါတယ်။ လူတိုင်းလူတိုင်းရဲ့ စိတ်ထဲမှာ သူက နတ်ဘုရားတစ်ပါးနဲ့ တူပါတယ်။ ဒါပေမဲ့ ဘယ်လိုလူကများ ဒီလို နတ်ဘုရားတစ်ပါးရဲ့ အတွေးတွေကို ယိမ်းယိုင်သွားအောင်လို့ လုပ်နိုင်မှာလဲ။

ကောရာဇ် အသစ် တင်မြှောက်ပွဲကို နောက်ဆယ်ရက်အကြာမှာ ကျင်းပမှာဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ အဲဒီ နေ့အထိ မစောင့်နိုင်တော့ပါဘူး။ သူက အင်ပါယာမြို့မှာ လုပ်စရာရှိတဲ့ ကိစ္စတွေကို ပြီးပြည့်စုံအောင် ပြင်ဆင်ဆောင်ရွက်ပြီးတာနဲ့ တိမ်မီးခိုးမြို့ဆီ ပြန်လာခဲ့ပါတယ်။

တောက်ပသောကြယ်နန်းတော် ခန်းမ ဆီကို သွားဖို့က သူသေသေချာချာ ဂရုတစိုက် စဉ်းစားပြီးတော့မှ ဆုံးဖြတ်ချက်ခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ လင်းဒေါင်ရှန်ရဲ့ စိတ်ဝိဉာဉ် အခြေခံကို ပြန်လည် ကုသဖို့အတွက် အဓိက ပါဂင်ပစ္စည်းသုံးမျိုးက မိုးရေနိုင်ငံမှာ

ရှိမနေခဲ့ပါဘူး။

ကြီးမားကျယ်ပြန့်လှတဲ့ မြောက်ပိုင်းနယ်မြေတစ်ခုလုံးမှာပဲ သူ့အနေနဲ့ ကျန်နေသေးတဲ့ ပါဂင်ပစ္စည်းသုံးမျိုးကို ရယူနိုင်ပါလိမ့်မယ်။ ဒီ ပါဂင်ပစ္စည်းသုံးခုက မြေကျွှာ အလယ်အလတ် အဆင့် မှော်ဆေးလုံးကို ဖော်စပ်ရာမှာ အသုံးပြုရတာဖြစ်ပြီး ဆောင်းလကိုဏ်းလိုမျိုး အရင်းအမြစ် ကြွယ်ဝတဲ့ ဂိုဏ်းမှာတောင်မှ ၎င်းတို့ကို ရတနာတွေ အဖြစ် သတ်မှတ်ထားကြပါတယ်။

သူနဲ့ အတူ ပါလာတဲ့သူတွေကတော့ ကွမ်းယွမ်၊ ကျူးပုကျို့၊ ကန်းရီ၊ လွီယုထန် ၊ လီစီချန်း၊ ဖူဟဲချင်နဲ့ ချီကျန်းထန်းတို့ ဖြစ်ကြပြီးတော့ ဟူးညိုလည်းပဲ ကောင်းကောင်းမွန်မွန်နဲ့ နိုးထ လာခဲ့ပါပြီ။ မျှော်လင့်ထားတဲ့ အတိုင်းပဲ သူမက စားနိုင်တယ် အိပ်နိုင်တယ် ပြီးတော့ သေးငယ်တဲ့ သားရဲကောင်လေးလို့ပဲ ရေချိုးနိုင်တယ်။ အရာအားလုံးကို တက်တက်ကြွကြွ နဲ့ နေနိုင်ပါတယ်။

"ညီးညီးက သားရဲပေါက်စလေး မဟုတ်ဘူးနော်။ ညီးညီးက နတ်သမီးသေးသေးလေး"

ဟူးညိုက လင်းဟန်ရဲ့ မေးစေ့ကို နမ်းပြီးတော့

ငြင်းခုံလိုက်ပါတယ်။ ဒါက လီစီရှန်းနဲ့ လွီယုထန်တို့ရဲ့ လုပရျောမောတဲ့ မျက်နှာတွေကို အစိမ်းရောင် ပြောင်းသွားစေခဲ့ ပါတယ်။

အတင်းအကျပ် လက်ထပ်စေခိုင်းခြင်းကို ခံရပြီးတဲ့နောက်မှာတော့ လွီယုထန်က သူမရဲ့ မိသားစုကို လုံး၀ စိတ်ပျက်သွားခဲ့ပြီးတော့ သူမကိုယ်ပိုင် အတွေးနဲ့ပဲ လင်းဟန်ရဲ့ နောက်ကို လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်။ လီစီရှန်း ရဲ့ အကြောင်းပြချက်ကတော့ လင်းဟန် ဆီကနေပြီးတော့ သူမက မှော်ဆေးပညာကို သင်ယူချင်လို့ပဲ ဖြစ်ပါတယ်။ သူမရဲ့ မှော်ဆေးပညာ နားလည်နိုင်စွမ်းက မနိမ့်ကျပါဘူး။ ဒါကြောင့် လင်းဟန် အနေနဲ့ သူမက သူ့အနောက်ကို လိုက်လာတာကို မကန့်ကွက်ပါဘူး။

ကန်းရီရဲ့ အကြောင်းပြန်ချက်ကတော့ အရမ်းကို ရိုးပါတယ်။ သူက လင်းဟန်ကို ကတိပေးထားခဲ့တဲ့ အတိုင်းပဲ လင်းဟန် အနောက်ကို လိုက်လာတာဖြစ်ပြီးတော့ လင်းဟန်ကို သူ အနိုင်ယူနိုင်တဲ့ နေ့ရောက်တဲ့အထိ ဆက်ပြီးတော့ လိုက်နေဦးမှာပါ။

ဖူဟဲချင် က လင်းဟန် အနေနဲ့ တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို ဦးတည်သွားမယ်ဆိုတာကို

ကြားလိုက်ရတဲ့အတွက် သူလည်းပဲ နိမ့်ချပြီးတော့ လိုက်ပါလာတာပဲ ဖြစ်ပါတယ်။ မှော်ဆေးပညာရှင် အရှင်သခင် အများကြီးနဲ့လည်း စကားပြောရမယ်။ လင်းဟန်နဲ့ သူ့ကြားက ဆက်ဆံရေးကလည်း အရမ်းကို ကောင်းမွန် နေဆဲဖြစ်ပါတယ်။ သူတို့နှစ်ယောက် ရဲ့ ဆက်ဆံရေးက လင်းဟန် အားအနည်းဆုံး ဖြစ်နေတဲ့ အချိန်ကတည်းက နှောင်ဖွဲ့လာခဲ့တာ ဖြစ်လို့ တစ်ခြားသူတွေထက် ပိုပြီးတော့ နက်ရှိုင်းပါသေးတယ်။

ဒါကြောင့် လင်းဟန်က ဒီ အဘိုးကြီးကို ထောက်ပြလမ်းညွှန် မပေးနိုင်စရာ အကြောင်း မရှိပါဘူး။ ဇူဟဲချင်ရဲ့ ပါရမီအရတော့ သူ့အနေနဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ဖို့အထိပဲ အကန့်အသတ် ရှိနေခဲ့ပါတယ်။ ဒီအချက်ကြောင့်နဲ့တောင်မှ ဇူဟဲချင်က အရမ်းကို စိတ်လှုပ်ရှားနေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဆိုတာက မိုးရေနိုင်ငံမှာ မှော်ဆေးပညာ အကြီးအကဲ အဆင့်အတန်းတစ်ခု မဟုတ်ပါလား။

ချီကျန်းထျန် ကတော့ တစ်ခြားသူတွေကို လက်လန် သွားစေခဲ့ပါတယ်။ သူမက ပြောတာက လင်းဟန် ဆီက မှော်ဆေးပညာသင်ယူချင် လို့ ဖြစ်ပါတယ်။ ပြီးတော့

နောက်တစ်ခုပြောတာက သူမက ဒုယွန်မြို့က ဆွေမျိုးတွေဆီကို အလည်အပတ် သွားရောက်ချင်တယ်လို့ ပြောပါတယ်။ ဘာပဲဖြစ်ဖြစ် သူမက လင်းဟန် အနောက်ကို ကော်နဲ့ ကပ်သလို လိုက်နေတာပါ။ ဒါပေမဲ့ လင်းဟန်ကတော့ သူတို့ ဒုယွန်မြို့ကို ရောက်တဲ့ အခါမှာ ဒီမိန်းကလေးကို နောက်မှာ ချန်ထားခဲ့ဖို့ ဆုံးဖြတ်ထားပါတယ်။ သူတို့က တကယ်တမ်းတော့ သိပ်မရင်းနှီးကြပါဘူး။

ငါးရက်ကြာပြီးတဲ့နောက်မှာ သူတို့ ဒုယွန်မြို့ကို ရောက်လာခဲ့ပါတယ်။ ပထမ သူတို့က ချီကျန်းထျန်ကို ဒုယွန်ဘုရင်နဲ့ ချန်ထားခဲ့ပြီးတော့ တိမ်မီးခိုးမြို့ဆီကို ဦးတည်ပြီး ပြန်လာခဲ့ကြပါတယ်။

လင်း မိသားစုက ပြန်လည် တည်ဆောက်ပြီးပါပြီ။ အခုဆိုရင် တိမ်မီးခိုးမြို့ရဲ့ တစ်ခုတည်းသော အင်အားကြီး လွှမ်းမိုးနိုင်တဲ့ ကလန် တစ်ခုဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ လင်းဒေါင်ရှန် ကတော့ သူ့ရဲ့ အာဏာတွေကို မက်မောတဲ့ သူတစ်ယောက် မဟုတ်ပါဘူး။ လင်းကလန် က တိမ်မီးခိုးမြို့ တစ်ခုလုံးက စီးပွားရေးလုပ်ငန်းတွေကို လက်ဂါးကြီးအုပ် ထိန်းချုပ်လို့ ရနိုင်ပေမဲ့လည်း လင်းမိသားစုက တခြား မိသားစုငယ်တွေ အတွက်ကို ချန်ထားပေးပါတယ်။ ဒါကြောင့်လဲ လူတိုင်းလူတိုင်းက ကျေကျေနပ်နပ်နဲ့ ပျော်ရွှင်နေကြ

ပါတယ်။

လင်းဟာန် ပြန်တာကို ကြည့်ပြီးတော့ လင်းဒေါင်ရှန် က အရမ်းကို ဂမ်းသာပီတိ ဖြစ်နေပါတယ်။ အစောပိုင်းတုန်းက ဒုယွန်ဘုရင် ပြန်လာတုန်းက လင်းဟာန် က အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် ဖြစ်သွားပြီဆိုတဲ့ သတင်းကို သယ်လာခဲ့ ပါတယ်။ ဒါကြောင့် လင်းမိသားစု တစ်ခုပဲ ကျေနပ်ပျော်ရွှင်နေကြတာမဟုတ်ပဲ တိမ်မီးခိုး မြို့ပြ တစ်ခုလုံးက တစ်ယောက်ပြီး တစ်ယောက် လာရောက် ဂုဏ်ပြုခဲ့ကြပါတယ်။

အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင်… မိုးရေနိုင်ငံတစ်ခုလုံးမှာတောင်မှ ဒီလို အဆင့် အတန်းနဲ့ သူက နှစ်ယောက်ပဲရှိခဲ့တာပါ။ ဒုယွန်ဘုရင်တောင်မှ လင်းဟာန်ကို အရိုအသေပေးရပြီးတော့ ဂရန်းမာစတာ ဆိုပြီး ရိုရိုသေသေနဲ့ ခေါ်ရပါတယ်။

"ကောင်းတယ် ကောင်းတယ် ကောင်းတယ်"

လင်းဒေါင်ရှန် က အရမ်းကို စိတ်လှုပ်ရှားပြီးတော့ မျက်ရည်တွေပါ ကျလာခဲ့ပါတယ်။ သူ့ရဲ့ သားက ရေကန်ထဲက ငါးတစ်ကောင် မဟုတ်ဘူးဆိုတာ

သူကောင်းကောင်းသိပါတယ်။ တစ်နေ့မှာ အင်ပါယာမြို့တော်ကို သွားပြီးတော့ ဟိုးအမြင့်ကို ထိုးတက်သွားမဲ့ နဂါးတစ်ကောင် ဖြစ်လိမ့်မယ်လို့တော့ သူလုံးဝ မထင်ထားခဲ့မိပါဘူး။

သူက လင်းဟန်ကို တင်းတင်းကျပ်ကျပ်နဲ့ ပွေ့ဖက်လိုက်ပြီးတော့ လင်းဟန်ရဲ့ နောက်ကျော ကို အဆက်မပြတ် ပုတ်နေခဲ့ပါတယ်။ အရမ်းကို စိတ်လှုပ်ရှားလွန်းလို့လည်း ဘာစကားမှ မပြောနိုင်ခဲ့ပါဘူး။

နှစ်ပေါင်းများစွာပဲ သူရဲ့ သားက အမိုက်တစ်ယောက် လို့ အတွေးရောက်စေခဲ့ပြီးတော့ သူ့ကို အရမ်းကို အရှက်ရစေခဲ့ပြီး သူ့ရဲ့ ဇနီးကိုလည်း ဆုံးရှုံးခဲ့ရပါတယ်။ အခု သူ့ရဲ့သားက နောက်ဆုံးတော့ အမြင့်ကြီးကို ပျံသန်းနေတဲ့ လူတွေကြားက နတ်နဂါးတစ်ကောင် ဖြစ်နေခဲ့ပြီး အခုအချိန်မှာ သူ သေသွားခဲ့မယ်ဆိုရင်တောင်မှ တမလွန်မှာ သူ့ရဲ့ ဇနီးကို မျက်နှာခြင်းဆိုင်ရဲ သွားပါပြီ။

လင်းဟန်က အနက်ရောင်မျှော်စင်ထဲက အစားအစာတွေကို ထုတ်ယူလိုက်ပါတယ်။ အသီးအရွက်တွေ သစ်သီးတွေတင်မကပဲ နွားနဲ့ သိုးတွေကိုလည်း ထုတ်ယူလိုက်ပါတယ်။ စားဖို့မှူးတွေ ချက်ပြုတ်ပြီးလို့

စားပွဲပေါ်ကို တင်လိုက်တဲ့အခါမှာတော့ ဟင်းပွဲတွေကနေ ထွက်လာတဲ့ ရနံ့တွေကြောင့် လူတိုင်းလူတိုင်းက သွားရည်ကျလုမတတ် ဖြစ်သွားပြီး အကြည့်တွေက ဟင်းပွဲတွေ အပေါ်ကို ကျရောက်လို့ နေပါတယ်။

"အဲဒါ ညီးညီး ရဲ့ အစားအစာတွေပဲ"

ဟူးညိုက နမြောစွာနဲ့ အတွန့်တက်လိုက် ပါတယ်။ ဒါပေမဲ့ သူမက လင်းဟန်ကိုတော့ မဆန့်ကျင်ခဲ့ပါဘူး။ ဒါကြောင့် သူမက အသည်းအသန်ပဲ စတင်ပြီးတော့ စားလိုက်ပါတယ်။ သူမရဲ့ အကြံက ရိုးရိုးလေးပါ။ သူမရဲ့ ဗိုက်ထဲကို အကုန် ထည့်ပစ်လိုက်မယ်ဆိုရင် သူမအနေနဲ့ ဆုံးရှုံးစရာ အကြောင်း မရှိတော့ဘူးလေ။

ဒီမိန်းကလေးက လေဆင်နှာမောင်း တစ်ခုလိုမျိုးနဲ့ တူပါတယ်။ သူမရဲ့ စားပွဲ ပေါ်က အစားအသောက်မှန်သမျှ အားလုံးကို လျင်မြန်တဲ့ အရှိန်နဲ့ ဝါးမျို ဖျက်ဆီးပစ်လိုက်ပါတယ်။ ပြီးတော့ နောက်ထပ် စားပွဲတစ်ခုကို ဆက်ပြီးတော့ ပြေးသွားပြီး ထပ်မံ စားသောက်လိုက် ပါတယ်။ သူမရဲ့ အပြုအမူကြောင့် တခြား ဧည့်သည်တွေလည်း ဟန်ဆောင်ပြီး မနေနိုင်ကြတော့ပဲနဲ့ အစားအတွက်နဲ့ လုယက် စားသောက်ကြပါတော့တယ်။

ခြံဝန်းတစ်ခုလုံး တူတွေ ဇွန်းခရင်း အသံတွေနဲ့ ဆူညံလို့နေပါတယ်။ ဒီအစားအသောက်တွေက အရမ်းကို အရသာရှိတဲ့အတွက် ဘယ်သူကမှ စကားမပြောနိုင် ကြပဲနဲ့ သူတို့အတွက် နည်းနည်းလေးပဲ ကျန်မှာကို စိုးရိမ်တကြီးနဲ့ စားသောက် နေကြပါတော့တယ်။

သူတို့တွေ အားလုံးပဲ သုံးရက်နဲ့ သုံးညတိုင်တိုင် အစားမစားရသေးတဲ့ လူတွေလိုမျိုး ဆာလောင်မွတ်သိပ်စွာနဲ့ အစားအစာတွေကို စားသောက်နေကြပြီးတော့ သူတို့ရဲ့ မျက်လုံးတွေကလည်း လောဘကြီးစွာနဲ့ နီရဲလို့နေပါတယ်။ တခြားသူတွေကို စားပွဲမှာ ရှိမနေစေချင်ပဲ သူတို့ တစ်ယောက်တည်းကပဲ ဒီအစားအသောက်တွေကို သူတို့ကိုယ်ပိုင် အဖြစ် စားသောက်ချင်တဲ့ စိတ်တွေ ပေါ်နေကြပါတယ်။

သွားပြီ… သွားလိုက်ပြီ။ ဒီလိုမျိုး အရသာရှိတဲ့ အစားအသောက်ကို တစ်ကြိမ်ပဲ စားရုံနဲ့ တစ်သက်လုံး မေ့နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကို နောက်ထပ် မစားရတော့ပဲနဲ့ သူတို့တွေ ဘယ်လိုလုပ်ပြီးတော့ အသက်ဆက်ရှင်နိုင်တော့မှာလဲ။

လင်းဟာန်က လင်းမိသားစု အတွက် အစားအသောက်တွေ အများကြီး ချန်ထားပေးခဲ့ ပါတယ်။ အနက်ရောင် မျှော်စင်ရဲက နေရာက မယုံနိုင်စရာကောင်းလောက်အောင် ကြီးမား ကျယ်ပြန့်ပြီး ကိုယ်ပိုင် ကမ္ဘာ တစ်ခုလိုမျိုးပါပဲ။ လင်းမိသားစု ကို မပြောနဲ့ တကယ်လို့များ မိုးရေနိုင်ငံ တစ်ခုလုံးက လူတွေ အားလုံးကို နေထိုင်စေပြီးတော့ ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးပြီး ထားရှိမယ်ဆိုရင်တောင်မှ အဲဒီလူတွေ အသက်ကြီးပြီးတော့ သေသွားမယ်ဆိုရင် တောင်မှ နေရာတွေ အများကြီး ကျန်နေပါဦးမယ်။

ဒီရက်ပိုင်းအတွင်းမှာ အနက်ရောင်မျှော်စင်ထဲက ဟင်းသီးဟင်းရွက် အစုလိုက်အပြုံလိုက် ရိတ်သိမ်းပြီးတော့ မျိုးစေ့ အသစ်တွေကိုတောင်မှ ကြဲပြီးတော့ လယ်ကွက်တွေ တစ်ခု ပြီး တစ်ခု ကြီးထွားလာခဲ့ပါတယ်။ ဒါ့အပြင် အနက်ရောင် မျှော်စင်ထဲမှာတော့ လင်းဟာန်က နတ်ဘုရား တစ်ပါးလို ဖြစ်နေတဲ့အတွက် ရိတ်သိမ်းခြင်းနဲ့ စိုက်ပျိုးခြင်းတို့ ကို သူ့အနေနဲ့ တစ်ချက်လေးပဲ တွေးလိုက်ဖို့ လိုအပ်ပြီးတော့ ၎င်းအလုပ်တွေကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဖို့ မလိုအပ်ပါဘူး။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲမှာ နေချင်လား မနေချင်ဘူးလားဆိုတာကို လင်းဒေါင်ရှန်ရဲ့ သဘောထားကို မေးခဲ့ပါတယ်။ ဒီနည်းနဲ့ဆိုရင် သူ့အနေနဲ့ လင်းမိသားစုရဲ့

လုံခြုံရေးကို လုံးဝ အာမခံနိုင်ပါတယ်။ ဒါပေမဲ့ လင်းဒေါင်ရှန်က သေသေချာချာ စဉ်းစားပြီးတဲ့ နောက်မှာတော့ တိမ်မီးခိုးမြို့မှာပဲ ဆက်ပြီးတော့ နေဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။

ဒီနေရာက လင်းမိသားစုရဲ့ ခြေကုပ်နေရာ ပဲ ဖြစ်ပါတယ်။ ဒါကြောင့် လင်းမိသားစုက လူတွေက ဒီနေရာကို ခင်တွယ်ကြပါတယ်။ လင်းဒေါင်ရှန် အနေနဲ့ ပိုပြီးတော့တောင်မှ ထွက်သွားဖို့ ဆန္ဒ မရှိပဲ လင်းမိသားစုကို ပိုပြီး ကြီးမားကောင်းမွန်လာအောင် တည်ဆောက် ဖို့ ဆန္ဒရှိနေပါတယ်။

လင်းဟန်က သူ့အဖေကို ဖိအားမပေးခဲ့ပါဘူး။ သူရဲ့ ငွေလွှဲစာရွက် အကုန်လုံးနီးပါးကို ချန်ထားပေးခဲ့ပြီးတော့ အဆင့်နိမ့် မှော်ဆေးလုံး အများကြီးကိုလည်း ဖော်စပ်ပေးခဲ့ပါတယ်။ ဒီအရာနှစ်ခုနဲ့ဆိုရင် လင်းမိသားစု အနေနဲ့ အင်အားမကြီးချင်ဘူးဆိုရင်တောင်မှ အရမ်းကို ခက်ခဲပါလိမ့်မယ်။

ငွေကြေးဌာနတွေက မိုးရေနိုင်ငံရဲ့ အင်ပါယာ မိသားစု က တည်ထောင်ထားတာပါ။ ဒီ ငွေလွှဲစာရွက်တွေက မိုးရေနိုင်ငံရဲ့ အပြင်ဘက်မှာဆိုရင် သုံးစားမရတဲ့

စာရွက်တွေပါပဲ။ ဒါကြောင့် လင်းဟန် က သူနဲ့အတူ ရွှေပြားတစ်ချို့ကို လဲယူလာခဲ့ပါတယ်။

ဒီ့အပြင် ဒီ ကြီးမားကျယ်ပြန့်လှတဲ့ ကုန်းမြေကြီးမှာ အသုံးပြုကြတာက ငွေပြား ရွှေပြားတွေ ပဲ မဟုတ်ပါဘူး။ မူလစွမ်းအင် ခရစ်စတယ် တုံးတွေ ဖြစ်ပါတယ်။

Chapter 280 end

အပိုင်း(၂၈၁) လျှို့ဝှက်ဆန်းကြယ် စွမ်းအား တစ်ခု ထုတ်ယူခြင်း

တိမ်မီးခိုးမြို့မှာ သုံးရက်ခန့် နေပြီးတဲ့ နောက်မှာ လင်းဟန် က ခရီးစတင် ထွက်ခွာလာ ခဲ့ပါတယ်။

လင်းဟန် က အနက်ရောင်မျှော်စင် ကို မြင်သာအောင် ပြဖို့ အစီအစဉ်မရှိပါဘူး။ ဒါကြောင့် သူတို့အဖွဲ့က မြင်းလှည်းနှစ်စီး ငှားပြီးတော့ မိုးရေနိုင်ငံရဲ့ နယ်စပ်ဒေသဆီကို ဦးတည်ပြီးတော့ လှုပ်လှီ လှုပ်လှဲ့ နဲ့ သွားခဲ့ကြပါတယ်။ အရှိန်က အရမ်းကြီး မမြန်ပါဘူး။ ဒါပေမဲ့ လင်းဟန်က အလျင်စလို သွားဖို့ မလိုတဲ့အတွက် အရေးမကြီးပါဘူး။

လင်းဟန်၊ လွှီယုထန် ၊ လီစီရှန်း နဲ့ ဟူးညိုတို့က

မြင်းလှည်းတစ်စီးမှာ အတူတူ စီးကြပြီး ကျန်တဲ့ မြင်းလှည်းမှာတော့ ကွမ်းယွမ်၊ ကျူးပုကျို၊ ကန်းရီ နဲ့ ဖူဟဲချင် တို့ က စီးကြပါတယ်။ လင်းဟန် နဲ့ မိန်းမလှလေး နှစ်ယောက် မြင်းလှည်း တစ်စီးထဲမှာ ဘာကြောင့် အတူတကွ စီးနင်းလိုက်ပါလာသလဲဆိုတာကို ကွမ်းယွမ်နဲ့ ကျန်တဲ့ သူတွေက နားလည်သဘောပေါက် ကြပါတယ်။

အမှန်တကယ်တော့ သူတို့က အားလုံး နားလည်ထားခြင်း မရှိပါဘူး။ လင်းဟန် နဲ့ ကျန်တဲ့ သူတွေက အမှန်တစ်ကယ်တော့ သူတို့ရဲ့ အချိန်တွေ အများစုကို အနက်ရောင် မျှော်စင် ထဲမှာပဲ အသုံးပြုခဲ့ကြပါတယ်။ မျှော်စင်ရဲ့ အထဲပိုင်းမှာက မြင်းလှည်းထက် အဆပေါင်း တစ်သောင်းလောက် သက်တောင့် သက်သာ ရှိပါတယ်။

လင်းဟန် က အနက်ရောင် မျှော်စင် ထဲမှာ ခမ်းနားထည်ဝါတဲ့ စံအိမ် တစ်လုံးကို တည်ဆောက် ထားခဲ့ပါတယ်။ နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေ ထဲက မျောလွင့်နေတဲ့ နန်းတော် တစ်ခုနဲ့ တူညီစွာပဲ ဒီစံအိမ်ကလည်း လေထဲမှာ မျောလွင့်လို့ နေပါတယ်။ ဒါပေမဲ့ အစီအရင်တွေနဲ့တော့ မလုပ်ထားပါဘူး။ ဒါကြောင့် လင်းဟန်က ဒီ သတ်မှတ်ထားတဲ့ ဧရိယာ ကို ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားကို ဆန့်ကျင်ပြီးတော့ တိုက်ရိုက် ထိန်းချုပ်ဖို့ အတွက် လုံး၀

ပြဿနာ မရှိပါဘူး။

လီယုထန် နဲ့ လီစီရှန်း တို့က ဒီထဲမှာ နေရတာကို အရမ်းနှစ်သက် သဘောကျကြပါတယ်။ သူမတို့ကို သူမတို့ လျှို့ဝှက်စွာနဲ့ စံအိမ်သခင်မ တွေလို့ ခံစားစေရပြီးတော့ ကျေနပ် ပီတိ ဂွမ်းဆီ ထိနေကြပါတယ်။ ဒါပေမဲ့လည်း ဟူးညိုက အမြဲတမ်းလိုလိုပဲ အချိန်ကိုက် ရောက်လာတတ်ပြီးတော့ အရေးကောင်း ဒိန်းဒေါင်း ဖျက်သလိုမျိုး သူတို့ကို သတိပေးလေ့ ရှိပါတယ်။

“လင်းဟန်က ညိုးညိုး ပိုင်တာ”

မူလက ဒီနေရာက အရမ်းကို ပျင်းရိ ငြီးငွေ့ဖွယ်ရာ ကောင်းတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က ပြန်လည်ပြီးတော့ စီစဉ်ထားပြီးတော့ တောင်တွေ မြစ်တွေ ကိုပါ ဖန်တီးထားပါတယ်။

လင်းဟန်က ရေကန် တစ်ခုရဲ့ ဘေးမှာ မျက်လုံးအိမ် တစ်ခုကို ကိုင်ထားပြီးတော့ ထိုင်နေပါတယ်။

အသေးအဖွဲ့ ကိစ္စတွေ အားလုံးကို ဖြေရှင်းလို့ ပြီးသွားခဲ့ပါပြီ။ သူ့အနေနဲ့ မုသားမဲ့ မျက်လုံးကို စတင် လေ့ကျင့်သင့်ပါပြီ။

သူ့ရဲ့ ဘယ်ဘက်မျက်လုံးကို မျက်လုံးအိမ်နဲ့ ဖိထားပြီးတော့ မျက်လုံးအိမ်ထဲကို ဝင်လိုက်ပြီး အသိဉာဏ် ရဲ့ အစတစ်ခုကို လေ့ကျင့်လိုက်ပါတယ်။ ရုတ်တရက်ဆိုသလိုပဲ သူ့ရဲ့ အသိဉာဏ် ထဲမှာ ဘန်းဆိုတဲ့ မြည်သံနဲ့ အတူ အသံတစ်ခု မြည်သွားပြီးတော့ ထူးဆန်း အံ့သြဖွယ်ရာ ကောင်းတဲ့ မြင်ကွင်းတွေ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါက မှသားမဲ့ မျက်လုံးရဲ့ မှော်စွမ်းအင် အကျိုးသက်ရောက်မှု ဖြစ်ပါတယ်။

ဒီ မှသားမဲ့ မျက်လုံးက ရန်သူ့ရဲ့ အားနည်းချက်တွေကို ဖြတ်ပြီးတော့ မြင်နိုင်တာကို သူက တွေ့ရှိခဲ့ရပါတယ်။ ကိုယ်ပိုင် ပျော့ကွက် အားနည်းချက်တွေ၊ ရှုပ်ထွေးပွေလီတဲ့ ဂင်္ကပါတွေ၊ ထူထဲလှတဲ့ ကျောက်တုံးကြီးတွေ နဲ့ နောက်ဆုံး မြင်ကွင်းတစ်ခုက သိုင်းပညာရှင် တစ်ယောက်ရဲ့ မျက်လုံးတစ်လုံး တောက်ပပြီးတော့ ကောင်းကင်ပေါ်မှာ ကြယ်တစ်လုံးက ပျက်သုန်း နေတာကို တောင်မှ မြင်တွေ့ခဲ့ရပါတယ်။

သူက ရုတ်တရက် ထိတ်လန့်သွားပြီးတော့ သူ့ရဲ့ အသိဉာဏ်က မျက်လုံးအိမ်ထဲကနေ ဒီရေ လှိုင်းတွေလို

ရုတ်တရက် ပြန်ဆုတ်လာပြီး အရာအားလုံး ပြန်စတင်လာခဲ့ပါတယ်။

ဒီမျက်လုံးအိမ်က သေချာပေါက် ကောင်းကင် အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ မုသားမဲ့မျက်လုံးက ကြယ်တစ်လုံး ကိုတောင်မှ ဖျက်ဆီးပစ်နိုင်တယ်ဆိုတာက ကောင်းကင် အဆင့်ရဲ့ အကန့်အသတ် ကို ကျော်လွန်သွားခဲ့ပါပြီ။

တစ်နည်းပြောရမယ်ဆိုရင် စကြာဝဠာဖျက်ဆီးခြင်း အဆင့် စစ်သည်တော် တစ်ယောက် ဒါမှမဟုတ် တန်ခိုးစွမ်းအားပြည့်ဝတဲ့ နတ်ဘုရား အဆင့်တောင်မှ မုသားမဲ့ မျက်လုံးကို အကြည့်တစ်ချက်နဲ့တင်ပဲ ကြယ်တွေလိုမျိုး ပေါက်ကွဲထွက်သွားစေနိုင် ပါတယ်။

ဒါက မုသားမဲ့မျက်လုံးရဲ့ စစ်မှန်တဲ့ အလားအလာကောင်းပဲ ဖြစ်ပါတယ်။

လင်းဟာန် က သက်ပြင်းချလိုက်ပါတယ်။ သူ့ရဲ့ ယခင်ဘဝတုန်းက သူရဲ့ ကိုယ်ပိုင် ကမ္ဘာမှာ သူနေထိုင်ခဲ့ပြီးတော့ ဆေးလုံးဖော်စပ်ဖို့လောက်ပဲ နားလည်ခဲ့ပါတယ်။ ကမ္ဘာကြီးက အရမ်းကို

ကျယ်ပြန့်ပြီးတော့ သူခန့်မှန်းလို့တောင် မရနိုင်ဘူးဆိုတာကို လုံးဝ နားလည် သဘောပေါက်ထားခဲ့ခြင်း မရှိခဲ့ပါဘူး။

ကောင်းကင် အဆင့်ဆိုတာ တကယ်တော့ အများကြီး မဟုတ်သေးဘူးပဲ။

ကံကောင်းတာက သူ့ရဲ့ ခန္ဓာကိုယ်က အနက်ရောင်မျှော်စင်ကြောင့် ပျက်သုန်းခဲ့ရပြီးတော့ နှစ်ပေါင်း တစ်သောင်းကျော်ကို ဖြတ်သန်းပြီး နောက်တစ်ကြိမ် အသက်ပြန်ရှင်သန် လာခဲ့ရပါတယ်။ ဒီတစ်ကြိမ်တော့ သူက အရမ်းကို စိတ်လှုပ်ရှားစရာ ကောင်းတဲ့ ဘဝ တစ်ခုမှာ ရှင်သန်ရပြီးတော့ ဒီကမ္ဘာကြီးရဲ့ အံ့မခန်း ကျင့်ကြံသူတွေနဲ့ ရင်ဆိုင် ယှဉ်ပြိုင်ရပြီး ပါရမီရှင်တွေ အားလုံးကို နင်းခြေ ပစ်ရပါလိမ့်မယ်။

သူက မျက်လုံးအိမ်ကို နောက်တစ်ကြိမ် အနီးကပ် ဖိကြည့်လိုက်ပြီးတော့ အတွင်းက သိုင်းဆန္ဒသဘောတရားကို စတင်ပြီး ဆွဲထုတ်ယူလိုက်ပါတယ်။

ဒါက အရင် မိသားစုရဲ့ သွေးမျိုးဆက်ကို အမွေဆက်ခံခြင်းမရှိပဲနဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား ကို

ရယူနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပဲ ဖြစ်ပါတယ်။

အင်ပါယာမိသားစုမှာ ဒီမျက်လုံးအိမ်က နှစ်ပေါင်း မရေမတွက်နိုင်လောက်အောင် ရှိနေခဲ့ပြီး သူတို့က ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ အစွမ်းကို သင်ယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူတို့အနေနဲ့ ဒီထဲက သိုင်းဆန္ဒသဘောတရား အပိုင်းအစကို လေ့ကျင့်နိုင်တဲ့ စွမ်းရည် လုံးဝ မရှိခဲ့လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန် ကတော့ လုံးဝ မတူညီပါဘူး။ သူ့မှာ ကောင်းကင်အဆင့် နတ်ဘုရားအာရုံ ရဲ့ အစတစ်ခု ရှိနေခဲ့ပါတယ်။

ပြောရမယ်ဆိုရင် သူ့မှာ အနက်ရောင် မျှော်စင်လည်းရှိပါတယ်။ ပြီးတော့ ဒီနေရာမှာဆိုရင် သူက နတ်ဘုရားတစ်ပါး ပဲ ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ အသိစိတ်ထဲမှာ မရေမတွက်နိုင်တဲ့ မျဉ်းကြောင်းလို လိုင်းတွေက တောက်ပပြီး သင်္ကေတ ပုံစံတွေ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ ၎င်းတို့က စာလုံးတွေ အညွှန်းတွေ တစ်ခုမှ မရေးထားတဲ့ အတွက် အဓိပ္ပါယ်လည်း မရှိပါဘူး။

ဒါက သိုင်းဆန္ဒသဘောတရားရဲ့ သရုပ်ကို ကိုယ်ထင်ပြခြင်း

ဖြစ်ပြီးတော့ စကားလုံးတွေ ဘာသာစကားတွေနဲ့ ဖော်ပြဖို့ မလိုပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူသား တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သားရဲ တစ်ကောင်ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား တစ်ခုကို ရယူပိုင်ဆိုင်နိုင်မှာလဲ။

လင်းဟာန် က ရာဘာ ရေမြုပ်တစ်ခုလိုမျိုး ဒီ သိုင်းဆန္ဒသဘောတရား တွေကို အဆက်မပြတ် စုပ်ယူပြီးတော့ သူ့ရဲ့ ကောင်းကင်အဆင့် နားလည် သဘောပေါက်နိုင်စွမ်းနဲ့ အတူ စိမ့်ဝင်နားလည်လာခဲ့ပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ်မှာ ကျောက်မျက်ရတနာလိုမျိုး အလင်းရောင်တွေက လင်းလက် တောက်ပလာခဲ့ပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အဆင့်က မြင့်မားပြီး ကောင်းကင်နဲ့ မြေကြီးကိုတောင်မှ ဟိန်းထွက်သွားအောင် လုပ်နိုင်ပါတယ်။

အခုဆိုရင် လင်းဟာန် ကို ကြည့်ရတာက နေ့ခင်းဘက် အလင်းလို တောက်ပလာလိုက် ညဘက် အမှောင်လို မည်းမှောင်သွားလိုက် ဖြစ်နေပါတယ်။ ရက်တော်တော်ကြာတဲ့အထိ ၎င်းကို စုပ်ယူနေပါတယ်။

ကံကောင်းတာက သူ့ကို ဘယ်သူကမှ လာပြီးတော့ မခေါ်ဖို့ ပြောထားတဲ့အတွက် မြင်းလှည်း ကို ဘယ်သူကမှ လာပြီးတော့ နှောင့်ယှက်ခြင်းမရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကွမ်းယွမ် တို့ မြင်းလှည်းမောင်းသမားတို့ကလာပြီးတော့ တံခါးခေါက် ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒါက ကွမ်းယွမ် နဲ့ တစ်ခြားသူတွေကို စရိုက်ကြမ်းတမ်းလာစေခဲ့ ပါတယ်။ သူတို့တွေက လင်းဟာန် အရင်နေ့တွေက ပြင်ဆင်ပေးတဲ့ ဟင်းပွဲတွေ ကို နှစ်သက် စွဲလမ်း နေကြတာပါ။ အခု လင်းဟာန်က အပြင်ကို ထွက်မလာခဲ့ပါဘူး။ ဒါကြောင့် သူတို့ အနေနဲ့ လမ်းဘေး အစားအစာတွေကိုပဲ စားသောက်ရပြီးတော့ အရသာက လုံးဝကို မတူညီ ကွဲပြားလွန်းပါတယ်။ ချည်မျှင်တွေကို ဝါးစားနေရသလိုမျိုး အရသာကင်းမဲ့ပြီးတော့ သူတို့ကို ဒေါသတွေ ထွက်စေပြီး ဆိုင်တွေကို ရိုက်ဖျက်ဆီးလုနီးပါး ဖြစ်စေခဲ့ပါတယ်။

လင်းဟာန်က မိန်းကလေး သုံးယောက်က သံသယတွေကနေ ကင်းဝေးဖို့အတွက် မျှော်စင် အပြင်ဘက်ကို ထုတ်ထားပြီးတော့ သူကတော့ အထဲမှာ ဆက်နေပြီး မုသားမဲ့ မျက်လုံးကို ဆက်ပြီး နားလည်သဘောပေါက်အောင်

ဆင်ခြင်လေ့လာနေခဲ့ပါတယ်။

ဆယ့်သုံးရက် ကြာပြီးတဲ့နောက်မှာတော့ ဒီ မျက်လုံးအိမ်က ရုတ်တရက်ဆိုသလို အမှုန့်အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

လင်းဟန်က မုသားမဲ့မျက်လုံးရဲ့ အမွေအနှစ်ကို ရရှိသွားခဲ့ပြီး အတွင်းမှာရှိတဲ့ သိုင်းဆန္ဒ သဘောတရား အကုန်လုံးကို ဆွဲထုတ်ယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီ မျက်လုံးအိမ်က ဆက်ပြီးတော့ တည်ရှိနေနိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ လျို့ဝှက်ဆန်းကြယ် စွမ်းအား တွေ အကုန်လုံးက ဒီလိုပုံစံတွေချည်းပါပဲ။ တစ်ယောက်ပြီး တစ်ယောက် အမွေဆက်ခံတာ မဟုတ်ရင် တစ်ခုပြီးတစ်ခု ပြန်လည် မွေးဖွားလာမျိုးတွေချည်းပါပဲ။

"ကံမကောင်း အကြောင်းမလှတာက ဒီမျက်လုံးအိမ်က မြားတစ်ချောင်းကြောင့် အတွင်းမှာ ရှိတဲ့ သိုင်းဆန္ဒသဘောတရား တော်တော်များများ ပျက်စီးသွားခဲ့တယ်။ ငါက အမွေအနှစ်ကို အပြည့်အဝနဲ့ မဆက်ခံနိုင်ခဲ့ဘူး"

လင်းဟန်က အရမ်းကို နောင်တရစွာနဲ့

သက်ပြင်းချလိုက်ပါတယ်။

"ကောင်းတဲ့ အရာ တစ်ခုက ဒီအစိတ်အပိုင်းက အမွေအနှစ်ရဲက အမြင့်ဆုံး အဆင့်ပဲ ဖြစ်တယ်။ ပြီးတော့ ငါက အခု ဒါကို အပြည့်အဝ မထုတ်ဖော်နိုင်သေးဘူး။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ဒါမှမဟုတ် နတ်ဘုရားအဆင့် ရောက်တဲ့အခါကျရင် မုသားမဲ့ မျက်လုံး အပြည့်အစုံကို ရရှိပိုင်ဆိုင်ဖို့အတွက် အခွင့်အရေး ရကောင်းရ နိုင်လိမ့်မယ်"

လင်းဟန်က သူ့ရဲ့ ညာဘက်မျက်လုံးကို ဖွင့်ကြည့်လိုက်တဲ့ အခါမှာ ကြီးမားတဲ့ ကြယ်ကြီး တွေက တဟုန်ထိုးပြေးဝင်လာပြီးတော့ တစ်ခုပြီး တစ်ခု ပေါက်ကွဲကုန်ကြပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းတာပဲ။ သူက သူ့ရဲ့မျက်လုံးတွေနဲ့ အဝေးကြီးကို အာရုံစိုက်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ အမြင်အာရုံက တစ်ခုလုံးကို တိုးပြီးတော့ မြင်လာတာကို တွေ့လိုက်ရပါတယ်။ သူ့အနေနဲ့ အရွယ်အစားကို မေ့ထားပြီးတော့ အဝေးကြီးကို မြင်နိုင်ရုံသာမက ပြတ်ပြတ်သားသားနဲ့ အရာဝတ္ထုတွေကိုလည်း မြင်နိုင်ပါသေးတယ်။ သူ့ရဲ့ အသိစိတ်ထဲမှာ ဒီနေရာ တစ်ခုလုံးရဲ့ မြင်ကွင်းက ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ ကောင်းကင်အဆင့် နတ်ဘုရားအာရုံနဲ့ ပေါင်းပြီးတော့ အချက်အလက်တွေ အသုံးမဂင်ရင်တောင်မှ သူ့ရဲ့ အသိဉာဏ်ထဲကို အသုံးဂင်တဲ့ အသေးစိတ် အချက်အလက်တွေ ကို အလိုအလျောက် ပို့ထားပြီးသားပါပဲ။

သူ့ရဲ့ လက်တွေကို မြှောက်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ သူ့ရဲ့ အရေးပြားအသေးစိတ် ကို ချဲ့ကားပြီးတော့ မြင်နိုင်ခဲ့ပါတယ်။ သူက သူ့ရဲ့ အရေပြားပေါ်က မွေးညှင်းပေါက် ကလေးတွေကိုတောင်မှ ရှင်းရှင်းလင်းလင်း မြင်နိုင်ရုံသာမက အဲဒီ အောက်ခြေမှာ ရှိတဲ့ သွေးစီးကြောင်းတွေကိုပါ မြင်နိုင်ပါတယ်။

ဒါပေမဲ့ တစ်ခဏမျှကြာတဲ့ နောက်မှာ သူ့ရဲ့ မျက်လုံးတွေ ကိုက်ခဲလာသလို ခံစားရပြီး အလျင်အမြန်ပဲ မုသားမဲ့ မျက်လုံးကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ သူ့ရဲ့ ညာဘက် မျက်လုံးက ချက်ချင်းဆိုသလိုပုံမှန် အတိုင်း ပြန်ဖြစ်သွားပြီးတော့ အရင်ကထက် အမြင်အာရုံက တိုးလာခဲ့ပေမဲ့ တစ်ခြား ဘာမှတော့ မထူးသွားပါဘူး။

သူက ထူးဆန်းတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ မုသားမဲ့ မျက်လုံးကို သန့်စင်မွမ်းမံ လိုက်မယ်ဆိုရင် ၎င်းရဲ့

သန်မာမှုက နောက်ပိုင်းမျာ ပိုပြီးတော့ အားကောင်းလာပါလိမ့်မယ်။

"ဒါပေမဲ့ မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်မယ်ဆိုရင် မူလစွမ်းအင် မကုန်ပဲနဲ့ စိတ်ဂိဉာဉ်ရဲ့ စွမ်းအားပဲ ကုန်ဆုံးသွားတာက ထူးဆန်းတယ်"

လင်းဟန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။ အရင်ဘဝတုန်းက သူက လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေ အကြောင်းကို ကြားပဲ ကြားဖူးခဲ့တာပါ။ တစ်ခုလေးမှ မလေ့ကျင့်ခဲ့ရပါဘူး။ ဒါကြောင့် ဒီ ပြိုင်ဘက်ကင်းတဲ့ မုသားမဲ့ မျက်လုံးမှ မဟုတ်ဘူး တစ်ခြား လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ အကုန်လုံးကို အသက်သွင်းလိုက်မယ်ဆိုရင် စိတ်ဂိဉာဉ်စွမ်းအားကို အသုံးပြုရသလားဆိုတာကို သူမသိနားမလည်ခဲ့ပါဘူး။

လင်းဟန် က စဉ်းစားနေတာကို ရပ်တန့်လိုက်ပြီး အနက်ရောင် မျှော်စင်ရဲ့ အပြင်ဘက်ကို ထွက်လာလိုက်ပါတယ်။

သူတို့တွေက တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို ရောက်လုနေပါပြီ။

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးကို အရှေ့ပိုင်း အနောက်ပိုင်း တောင်ပိုင်း မြောက်ပိုင်း နဲ့ အလယ်ပိုင်းဆိုပြီးတော့ အပိုင်းငါးပိုင်း ခွဲခြားထားပါတယ်။

အလယ်ပိုင်းဒေသက ကျယ်ပြန့်လှတဲ့ ကုန်းပြင်မြင့်ကြီးရဲ့ အလယ်မှာ တည်ရှိပြီးတော့ သိုင်းပညာရှင်တွေ ပိုပြီးတော့ များပြားပြီး ကြွယ်ဝချမ်းသာ စည်ပင်ဖွံ့ဖြိုးတဲ့နေရာ လည်း ဖြစ်ပါတယ်။ကျန်တဲ့ ဒေသကြီးလေးခုမှာ မြောက်ဘက်အပိုင်းက သိုင်းပညာအဆင့်က အားအနည်းဆုံး ဖြစ်ပါတယ်။ တစ်ခြား အပိုင်းသုံးပိုင်းမှာတော့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်က နိုင်ငံရဲ့ အုပ်ချုပ်သူ တစ်ယောက် ဖြစ်ပြီး အနည်းဆုံး ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်က စောင့်ကြပ် ကြည့်ရှုနေပါတယ်။

မြောက်ဘက် အစွန်အဖျားက နိုင်ငံကိုးခုက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးရဲ့ မြောက်ဘက် အကျဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ မိုးရေနိုင်ငံက မြောက်ဘက်မှာ တည်ရှိပြီးတော့ တောက်ပသော ကြယ်နန်းတော်ခန်းမက မြောက်ဘက်အစွန်အဖျား နိုင်ငံ ကိုးခုနဲ့ မြောက်ပိုင်းဒေသကြားမှာ ဆက်သွယ်ထားတာပဲ ဖြစ်ပါတယ်။

Chapter 281 end

အပိုင်း (၂၈၂) လမင်းကျဆင်း ချောက်နက်

အမှန်တကယ်တော့ တောက်ပသော ကြယ်နန်းတော် ခန်းမက ချောက်နက်တစ်ခုရဲ့ အတွင်းမှာ တည်ရှိတာ ဖြစ်ပါတယ်။ ဒီချောက်က မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခု ကနေ မြောက်ဘက်ပိုင်းဆီကို သွားလို့ရတဲ့ လမ်းပေါ်မှာ ရှိပါတယ်။

ဒီချောက်နက်ကို လမင်းကျဆင်း ချောက်နက်လို့ ခေါ်ပါတယ်။ ဒဏ္ဍာရီ အရတော့ မူလတုန်းက ဒါက ရှည်လျားတဲ့ တောင်ကြီး တစ်လုံး ဖြစ်ပါတယ်။ ပြီးတော့ မြောက်ပိုင်း ဒေသက ဒီနေရာမှာ အဆုံးသတ်ပါတယ်။ ၎င်းကို ဖြတ်သွားဖို့ နည်းလမ်းတစ်ခုမှ မရှိပဲ တောင်ရဲ့ ထိပ်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခုက လည်ပတ်နေပြီးတော့ စိတ်ဂိဉာဉ်နတ်သူငယ် အဆင့် ကျင့်ကြံသူတွေတောင်မှ ၎င်းရဲ့ သားကောင် အဖြစ်ကို ကျရောက်သွားခဲ့ရပါတယ်။

ဒါပေမဲ့ နှစ်ပေါင်းဘယ်လောက်မှန်းမသိအောင် ကြာသွားပြီးတဲ့နောက် ညတစ်ညမှာ ကောင်းကင်ထက်က

လမင်းကြီးက ရုတ်တရက် ကျဆင်းလာပြီးတော့ တောင်ရဲ့ထိပ်ကို ပိုင်းဖြတ်သွားပြီးတော့ ချောက်နက်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ၎င်းက လမင်းကျဆင်း ချောက်နက် လို့ နာမည်ရသွားခဲ့တာပါ။

ဒီချောက်ကြီးက လမ်းတစ်ခုလိုမျိုး ဖြစ်သွားပြီးတော့ သတ္တိကောင်းတဲ့ သိုင်းပညာရှင် တစ်ချို့ က ချောက်နက်ကို ဖြတ်သန်းပြီး ရေးကျတဲ့ နေရာကို ဝင်ရောက်သွားခဲ့ ကြပါတယ်။ မိစ္ဆာသားရဲတွေနဲ့ အဆက်မပြတ် တိုက်ပွဲတွေ ဆင်နွဲပြီးတဲ့ နောက်မှာတော့ မြောက်ဘက် အစွန်အဖျားဒေသကို တည်ဆောက်နိုင်ခဲ့ပြီးတော့ မြောက်ပိုင်းဒေသရဲ့ နယ်နမိတ်ကိုလည်း ချဲ့ထွင်နိုင်ခဲ့ပါတယ်။

အခု ရှည်လျားတဲ့ တောင်ကြီးကို မကျော်လွှားနိုင်ကြသေးပါဘူး။ ဒါကြောင့် လမင်းကျဆင်း ချောက်နက်ကို လမ်းလျှောက်ပြီးတော့ပဲ ဖြတ်လို့ ရနိုင်ပါတယ်။ ဒါကြောင့် ဒီနေရာက အရမ်းကို သက်ဝင်လှုပ်ရှားနေပါတယ်။ နေ့တိုင်းဆိုသလိုပဲ နိုင်ငံကိုးခုက သိုင်းပညာရှင်တွေ ရောက်လာခဲ့ကြပြီးတော့ သူတို့ရဲ့ အမြင်တွေ ကျယ်စေချင် ကြပါတယ်။ တစ်ချို့ သိုင်းပညာရှင်တွေကတော့ သူတို့ရဲ့ အိမ်ကို မြောက်ပိုင်းကနေ ပြန်လာခဲ့ကြ တာပါ။

ဒ့ါအပြင် ဒီနေရာမှာ ဈေးဆိုင်တွေအများကြီး ရှိပြီး မြောက်ဘက်အစွန်အဖျားနေရာကနေ မြောက်ပိုင်းဒေသ ရဲ့အထူးကုန်ပစ္စည်းတွေကိုပါ သယ်ယူရောင်းချကြပါတယ်။ အမြတ် အစွန်း က အရမ်းကို ကြီးများပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကလည်း အရမ်းကို အန္တရာယ်ကြီးမားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြောက်ဘက်အစွန်အဖျားက နိုင်ငံကိုးခုရဲ့ အပြင်ဘက် ကုန်းမြေ က ဥပဒေကင်းမဲ့တဲ့ နေရာတွေ ဖြစ်ပြီးတော့ သူခိုးဓါးပြတွေ ပေါများပြီးတော့ အချိန်တိုင်းလိုလို သတ်ဖြတ် လုယူမှုတွေ ဖြစ်ပွားနေ ကြပါတယ်။

ဒီနေရာကနေ တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို နေ့တဂက် ခရီးပဲ ရှိပါတယ်။ ဒါပေမဲ့ လမ်းခရီးမှာ အရမ်းကို အန္တရာယ်များတဲ့ နေရာလည်း ရှိပါတယ်။

ကံကောင်းတာက မြင်းလှည်းနှစ်စီးမှာ လေပြင်းကြေးစားအဖွဲ့သားတွေ ပါဂင်ပြီးတော့ လမင်းကျဆင်း ချောက်နက်ရဲ့ အသန်မာဆုံးအင်အားကြီး အဖွဲ့လည်း ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် ဘယ်သူကမှ လေပြင်းကြေးစားအဖွဲ့ အမှတ်အသား အလံပါတဲ့ ကုန်စည်ပစ္စည်းတွေကို တိုက်ခိုက်လုယက်ဖို့

စိတ်မကူးပုံ့ကြပါဘူး။

လင်းဟန် က ဟူးညို့ကို ချီပြီးတော့ မြင်းလှည်းရဲ့ ထိပ်မှာ ထိုင်လိုက်ပါတယ်။ သူ့ရဲ့ အရင်ဘဝတုန်းက ဆေးဖော်စပ်တဲ့ အခန်းထဲမှာပဲ သူ့ရဲ့ အချိန်အများစု ကို အသုံးချခဲ့တာ ဖြစ်ပြီးတော့ နောက်ပိုင်းနှစ်တွေမှသာ ရှေးဟောင်းနေရာတွေကို သွားပြီးတော့ စွန့်စား ခရီးထွက်ခဲ့ပြီး သူ့ရဲ့ ဗဟုသုတလည်း တိုးလာခဲ့ပါတယ်။

ဒီဘဝမှာတော့ သူ့အနေနဲ့ အရမ်းကို လှပတင့်တယ်တဲ့ မြင်ကွင်းတွေကို လွဲချော်သွားဖို့ အစီအစဉ်မရှိပါဘူး။

အဲဒီအချိန်မှာပဲ သူတို့က လမင်းကျဆင်းချောက်နက်ရဲ့ ဂိတ်ကို ဝင်လာခဲ့ပါတယ်။ နှစ်ဖက်စလုံးက ကျောက်သားနံရံကြီးတွေက မျှော်စင်ကြီးတွေအလား ဆင်တူပါတယ်။ လင်းဟန်က မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ တောင်ရဲ့ ထိပ်ကို မမြင်နိုင်ခဲ့ပါဘူး။ သူက တောင်ရဲ့ နံရံတွေကနေ ချီ အမျိုးမျိုး ထုတ်လွှတ်နေတာကို မြင်နိုင်ခဲ့ပါတယ်။

ဒါက သူ့ကို စိတ်လှုပ်ရှားသွားစေခဲ့ပါတယ်။ တကယ်လို့ သူက ကောင်းကင်အဆင့် ခွန်အားနဲ့ ဒီနေရာကို

လာခဲ့မယ်ဆိုရင်တောင်မှ သူ့အနေနဲ့ အရမ်းကို ဂရုစိုက်ရပါလိမ့်မယ်။ ကြည့်ရတာတော့ ဒဏ္ဍာရီ ဆိုတာက ဒဏ္ဍာရီ သပ်သပ်ပဲ ဟုတ်ပုံမပေါ်ပါဘူး။ ဒါကလည်း မှန်ကန်မှုလည်း ရှိနေပုံရပါတယ်။

ဒါပေမဲ့ လင်းဟန်ကို ပိုပြီးတော့ အံ့အားသင့်သွားစေတဲ့ အရာက ဒီချောက်နက်ရဲ့ အောက်ဘက်မှာ ဆေးပင်တွေ အများကြီးက ကောင်းကောင်း ရှင်သန် ဖွံ့ဖြိုးနေတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

"ဒီနေရာမှာ စိုက်ထားတဲ့ ဆေးပင်တွေက အခိုးမခံရဘူးလား"

လင်းဟန်က အရမ်းကို ထူးဆန်းနေသလိုမျိုး မေးလိုက်ပါတယ်။

ကွမ်းယွမ် က ဒါကိုကြားလိုက်တော့ ပြန်ဖြေလိုက်ပါတယ်။

"ဘယ်သူကမှ မခိုးရဲကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက ဆေးပင်စိုက်ခင်းတွေ က ဆေးစိုက်သူတွေကို အပင်တွေစိုက်ဖို့ တောက်ပသော ကြယ်နန်းတော် ခန်းမက ခွဲဝေ သတ်မှတ်ပေးခဲ့တာပဲ။ တကယ်လို့

တစ်ယောက်ယောက်က ဆေးပင်တွေကို ခိုးမယ်ဆိုရင် သူတို့ကို တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ အမိန့်နဲ့ ဖမ်းဆီးခံရလိမ့်မယ်။ ဓါးပြတွေလည်း မခိုးရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လည်း ဆေးလုံးတွေကို လိုအပ်တယ်လေ။ တကယ်လို့ သူတို့ကို မရောင်းတော့ဘူးဆိုရင် သူတို့ ဘယ်လိုလုပ် ရတော့မှာလဲ”

လင်းဟန်က မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ မှော်ဆေးပညာရှင် က တကယ့်ကို သာမန်ထက် ပိုလွန်တဲ့ အုပ်စု တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မှော်ဆေးပညာရှင်တွေ အားလုံးက ဂုဏ်ယူဂင့်ကြွားနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သိုင်းပညာရှင်တွေ ဘယ်လောက်ပဲ သန်မာပါစေ ကိစ္စမရှိပါဘူး။ သူတို့ အနေနဲ့ မှော်ဆေးလုံးတွေ မရှိပဲ ဘာမှ လုပ်လို့မရပါဘူး။ ဒါကြောင့်လဲ မှော်ဆေးပညာရှင် အရှင်သခင်တွေက အရမ်းကို မာနထောင်လွှားနေ တတ်ကြပါတယ်။

မြင်းလှည်းက ပိုပြီးတော့ ဖြည်းသွားခဲ့ပါတယ်။ အဲဒီအချိန်အတွင်းမှာ ရုတ်တရက် ဆိုသလို အရှေ့တည့်တည့်ဆီကနေ ငြင်းခုံနေတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။

လင်းဟန် က တစ်ခြားလူတွေရဲ့ လုပ်ငန်းကိစ္စတွေကို ဝင်ရောက် စွက်ဖက်တာမျိုး ကြိုက်နှစ်သက်တဲ့ သူ တစ်ယောက် မဟုတ်တဲ့ အတွက် သူက ဘာမှမလုပ်ပဲနဲ့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးလာတာနဲ့တောင်မှ သူ့ရဲ့ အကြားအာရုံ က အားကောင်းပြီး ကြားနေရတာပါ။ တကယ်လို့ သူ့အနေနဲ့ ဒီအသံတွေကို မကြားချင်ဘူးဆိုရင် ဒီ နေရာကနေ အရှေ့တည့်တည့်ကို ထွက်သွားမှပဲ ရပါလိမ့်မယ်။

"ဒီ တန်ကြေးက တကယ်ပဲ အရမ်းကို နိမ့်လွန်းတယ်။ ဒါဆိုရင် ကျုပ်တို့ အမြတ်အစွန်းမရ နိုင်တဲ့အပြင် ကျုပ်တို့ အရှုံးလည်းပေါ် လိမ့်မယ် "

"သခင်လေး ဖူ… နည်းနည်းလောက် သနားပါဦး ပြီးခဲ့တဲ့နှစ်က တန်ကြေးအတိုင်းတော့ လုပ်ပါဗျာ "

"ဟင့်.. ငါတို့ ခေါင်းဆောင် လောင် နဲ့ တွေ့ချင်တယ်။ ဘယ်လိုဖြစ်လို့ ဈေးနှုန်းက တစ်နှစ်ပြီး တစ်နှစ် နည်းနည်းလာရတာလဲ။ ဒီလိုပုံစံအတိုင်းဆိုရင် ငါတို့ လယ်သမားတွေ ဘယ်လို အသက်ရှင်နေထိုင်လို့ ရတော့မှာလဲ "

လင်းဟန်က သူ့ရဲ့ အကြည့်တွေကို အာရုံစိုက်လိုက်ပါတယ်။ မုသားမဲ့ မျက်လုံးက သစ်ရွက် အလွှာတွေကိုတောင်မှ ဖောက်ထွင်းပြီးတော့ မြင်နိုင်ပါတယ်။ ဒါကြောင့် သူက လူသုံးယောက် ကို ဒေါသထွက်နေတဲ့ လယ်သမား အယောက်တစ်ရာ လောက်က ပိုင်းထားတာကို တွေ့လိုက်ရပါတယ်။ ဒီလူသုံးယောက်က အရေးပါတဲ့ သူတွေဆိုတာ သိသာပါတယ်။ သခင်လေးဖူ ဆိုတဲ့ လူက အသက်နှစ်ဆယ်ခန့်သာ ရှိသေးတဲ့ လူငယ်လေး တစ်ယောက် ဖြစ်ပြီးတော့ ဂဝတ်ကောင်းစားလှတွေကို ဂဝတ်ဆင်ထားပြီး အရမ်းကို မောက်မာ တဲ့ပုံစံ ရှိပါတယ်။ ကျန်တဲ့ နှစ်ယောက်ကတော့ အသက်သုံးဆယ် အရွယ်ခန့်ရှိပြီးတော့ သခင်လေးဖူရဲ့ လူတွေမှန်းသိသာပြီး အဲဒီလူငယ်ကို ဘေးတစ်ဖက် တစ်ချက်စီကနေ စောင့်ကြပ်ပေးနေပါတယ်။

“မင်းတို့ဘာသာ ဘယ်လိုပဲ နေနေ ဒီက သခင်လေးနဲ့ ဘာဆိုင်လို့လဲ”

လူငယ်က နှာခေါင်းရှုံ့လိုက်ပါတယ်။

“ဒီဈေးနှုန်းနဲ့ပဲ တောက်ပသောကြယ်နန်းတော် ခန်းမ ဆီကို ဆေးပင်တွေ အမြန်ဆုံး ပို့ပေးပါ။ သုံးရက်အတွင်းမှာ

တကယ်လို့ ဆေးစိုက်ခင်းတွေမှာ ဆေးပင် ရိုးတံ နည်းနည်းလေး ကျန်နေခဲ့မယ်ဆိုရင် ဒီသခင်လေးက မင်းတို့ရဲ့ ခွေးခေါင်းတွေကို ဖြတ်ပစ် ရလိမ့်မယ်”

“ဒါက အရမ်းကို တရားမမျှတ တာပဲ”

“ဒီ မဖြစ်စလောက် ငွေကြေးလေးနဲ့ဆိုရင် ဒီနှစ် ငါတို့ ဘယ်လိုလုပ်ပြီးတော့ အလုပ် ဆက်လုပ်လို့ရမှာလဲ။ ငါတို့အသက်ရှင်ဖို့ အတွက် သားတွေ သမီးတွေကို ထုတ်ရောင်း ရလိမ့်မယ်”

“အခု ငါတို့ ဘာများ လုပ်နိုင်ဦးမှာလဲ။ ငါတို့ကို ခွေးသေ ဂက်သေ သေသလိုမျိုး ဖြစ်အောင် လုပ်နေကြတာလား”

တောင်သူလယ်သမားတွေက စိုးရိမ်ပူပန်ကြီးစွာနဲ့ ငိုကြွေးနေခဲ့ကြပါတယ်။ အားလုံးရဲ့ လက်တစ်ဖက်ဆီမှာ ဆေးပင်တွေကို တူးဆွတဲ့ တူရွင်းလေးတွေ ကို ပွေ့ယမ်းပြီး သူတို့ကို ကြည့်ရတာ အရမ်းကို ပင်ပန်းဆင်းရဲစွာနဲ့ အလုပ်လုပ်နေရတဲ့ ပုံစံ ပေါက်နေပါတယ်။

ဂတ်ကောင်းစားလှတွေ ဂတ်ဆင်ထားတဲ့ လူငယ်လေးက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့ကောင်တွေက တကယ်ပဲ သတ္တိကောင်းပြီးတော့ ဒီသခင်လေးရဲ့ အရှေ့မှာတောင်မှ အခုလိုမျိုး မိုက်မိုက်ရိုင်းရိုင်းတွေ ပြုမူလုပ်ဆောင်ရဲကြတယ်။ ဒီသခင်လေးက ကြယ်စင် ကာကွယ်ရေး အဖွဲ့ဆီကို သွားပြောပြီးတော့ မင်းတို့အားလုံးကို ဖမ်းဆီးဖို့ ပြောပေးတာကို လိုချင်နေကြတာလား”

ဒီနေရာက လယ်သမားတွေ အားလုံးက သာမန် လူတွေပါပဲ။ ဒီလူငယ်လေးကတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် နွေဦးစမ်းရေ အလွှာ ငါး အဆင့် ဖြစ်ပါတယ်။ သူတို့ပုံစံက ဆင်တစ်ကောင်ကို ပုရွတ်ဆိတ်အုပ်စုက ဝိုင်းရံထားတာနဲ့ တူညီနေပြီးတော့ လုံးဝ အကျိုးသက်ရောက်မှု မရှိပါဘူး။

မမျှော်လင့်စွာနဲ့ပဲ ဒီလယ်သမားတွေက ကြယ်စင်ကာကွယ်ရေးတပ် ဆိုတဲ့ စကားလုံး ကို ကြားလိုက်ရတဲ့ အခါမှာ သူတို့တွေက ထိတ်လန့်ပြီးတော့ တုန်လှုပ်သွားခဲ့ကြ ပါတယ်။ တစ်ချို့ က ဒူးထောက်ပြီးတော့ ပြောလိုက်ပါတယ်။

“သခင်လေးဖူ… ငါတို့ မင်းကို တောင်းပန်ပါတယ်။

ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ”

“သခင်လေးဖူ… ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ”

မီးခိုးရောင် ဆံပင်တွေနဲ့ သက်ကြီးရွယ်အိုတွေပါ မကျန် သခင်လေးဖူ ကို ဒူးထောက်ပြီး တောင်းပန်နေကြပါတယ်။

“ထွက်သွားစမ်း”

လူငယ်က အရှေ့မှာ လမ်းပိတ်နေတဲ့ လူတွေကို လှည့်ပြီးတော့ ကန်ထုတ်ပစ်လိုက်ပါတယ်။

“ဒီသခင်လေးအတွက် ဆေးပင်တွေကို ရိတ်သိမ်းစမ်း။ တကယ်လို့ ဒီ ဆေးပင်တွေကို သုံးရက် အတွင်းမှာ တောက်ပသော ကြယ်နန်းတော် ခန်းမ ဆီကို မပို့ပေးသေးဘူး ဆိုရင် ကြယ်စင်ကာကွယ်တပ်ကို ဒီသခင်လေးကပြောပြီးတော့ စက်ဆုပ်ရွံ့ရှာစရာ ကောင်းတဲ့ မင်းတို့လူတွေ အားလုံးကို ဖမ်းရလိမ့်မယ်”

“သခင်လေးဖူ… မင်းက တကယ်ပဲ ငါတို့ကို ခွေးသေဂက်သေ သလိုဖြစ်အောင် လုပ်နေတာလား”

ဒူးမထောက်သေးတဲ့ လူတွေ တော်တော်များများ ကျန်နေပါသေးတယ်။ သူတို့ရဲ့ မျက်လုံးတွေ က ရဲရဲနီနေပြီးတော့ ဂုတ်ကောင်းစားလှ ဂုတ်ဆင်ထားတဲ့ လူငယ်ကို ပြင်းပြင်းထန်ထန်နဲ့ စိုက်ကြည့်နေပါတယ်။

လူငယ်က သူ့ရဲ့ နှာခေါင်းကို ပွတ်လိုက်ပြီးတော့ အေးစက်စွာနဲ့ ပြောပါတယ်။

“လဖြွတ်ပဲ… မင်းတို့ကောင်တွေ သေသေရှင်ရှင် ဒီသခင်လေးနဲ့ ဘာဆိုင်လို့လဲ။ တကယ်လို့ မင်းတို့ ငါ့အတွက် အလုပ်ကောင်းကောင်းမလုပ်ပေးဘူးဆိုရင်တော့ ဟင့် ဒီသခင်လေးက မင်းတို့ သေချင်နေတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရလိမ့်မယ်”

“မှတ်ထားကြ.. သုံးရက်ပဲ… သုံးရက်ပဲ အချိန်ရမယ်”

သူ့ရဲ့ အမူအရာက လုံးကို မနှစ်မြို့ ဖြစ်နေတဲ့ပုံစံပါပဲ။ သူ့ရဲ့ မျက်လုံးထဲမှာတော့ ဒီ ခန္ဓာကိုယ် ပြုပြင်ခြင်း အဆင့်မှာတောင် မရှိတဲ့ သာမန်လူတွေက သူ့အတွက် ပိုက်ဆံရှာ ပေးတဲ့ ပစ္စည်းတွေ သာသာပါပဲ။

တကယ်လို့ အုပ်စုတစ်ခု သေသွားခဲ့ရင် နောက်ထပ် အုပ်စုနဲ့

ပြောင်းလဲလိုက်မှာပေါ့။ ပိုက်ဆံရှာတာနဲ့ ပိုက်ဆံတွေ ဆုံးရှုံးတာ ဘယ်ဟာက ပိုပြီးတော့ အရေးကြီးတဲ့ အရာလဲ။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ တောက်ပသော ကြယ်နန်းတော် ခန်းမက ဒီ လယ်သမားတွေကို ဆေးပင်တွေ စိုက်ပျိုးဖို့ ခန့်ထားတယ် ဆိုတာ နားလည်သွားခဲ့ ပါတယ်။ ဒီလူငယ်လေးက ဒီဆေးပင်တွေကို စုဆောင်းရတဲ့ ကြီးကြပ်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ထုတ်လုပ်မှု ပစ္စည်းတွေရဲ့ တန်ဖိုးထက် တန်ရာတန်ကြေးကို လျှော့ချပြီး ဂယ်ယူခဲ့တာက ဒီလယ်သမားတွေကို ဒေါသ ထွက်စေခဲ့ပါတယ်။

ဒီကောင်က တကယ့်ကို နိုင်လိုမင်းထက် ပြုမှုတတ်တဲ့ အာဏာရှင် ဆန်ဆန်နဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ လယ်သမားတွေကို ခွေးသေဂက်သေ ဖြစ်အောင်လို့ တန်ရာတန်ကြေး မပေးပဲ အများကြီး စျေးနှိမ်ပေးနေပါတယ်။ ဒါက ရွှေဥ ဥပေးတဲ့ ဘဲကို သတ်ပစ်လိုက်တာနဲ့ တူပြီးတော့ ဒီလူတွေကို ခါပြတိုက်ဖို့ ဖိအားပေးနေတာ မဟုတ်လား။

“ဘယ်လောက်တောင် မထိန်းနိုင် မသိမ်းနိုင် ဆိုးဂါးလိုက်တဲ့ လူငယ်လဲ”

ကွမ်းယွမ် က နှာခေါင်းရှုံ့လိုက်ပါတယ်။ စိတ်ဂိဉာဉ် ပင်လယ် အဆင့် တစ်ယောက် ဖြစ်တဲ့ အတွက် သူလည်း အားလုံးကို ပြတ်ပြတ်သားသားနဲ့ ကြားသိခဲ့ရပါတယ်။ သူ့အနေနဲ့ လယ်သမားတွေကို သနားချင်မှ သနားမည် ဖြစ်သော်လည်း ဒီလူငယ်ရဲ့ နည်းလမ်းက သူ့ စိတ်ထဲမှာ မကျေမနပ်မှုတွေ မြင့်တက်လာစေခဲ့ပါတယ်။ တကယ်တော့ နွေဦးစမ်းရေ အဆင့်နဲ့ လူတစ်ယောက်က ငွေကြေးနည်းနည်းအတွက်နဲ့ သာမန်လူတွေကို အနိုင်ကျင့် စော်ကားတာက တကယ့်ကို ကြည့်လို့မကောင်းတဲ့ အရှက်ရဖွယ်ရာ ကိစ္စ တစ်ခုပဲ ဖြစ်ပါတယ်။

“ဒီအရှင်သခင်က ဒီကောင် ဘယ်လောက် အံ့အားသင့်ဖို့ ကောင်းသလဲဆိုတာကို ကြည့်ဦးမယ်”

သူက မြင်းလှည်းပေါ်ကနေ ခုန်ချလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ လက်တွေကို ကြက်ခြေခတ်ပုံစံနဲ့ အနောက်ဘက်ကို ပစ်ထားပြီးတော့ အနောက်ကနေ လိုက်လာခဲ့ပြီး လွှီယုထန်နဲ့ လီစီရှန်းတို့ကတော့ မြင်းလှည်းပေါ်မှာပဲ နေခဲ့ပါတယ်။ လင်းဟန် က ကိုယ်တိုင်ကိုယ်ကျ ရှေ့ကို တိုးသွားမှတော့ ဘယ်လိုပြဿနာ ကို မဖြေရှင်းနိုင်ပဲ နေမှာလဲ။

Chapter 282 end
လင်းဟန်

အပိုင်း(၂၈၃) သေတဲ့တိုင်အောင်

ဟူးညိုက ခုန်ချလိုက်ပြီးတော့ လင်းဟန်ရဲ့ နောက်ကျောကို ဖက်တွယ်လိုက်ပါတယ်။ သူမရဲ့ မျက်နှာသေးသေးလေးမှာ စိတ်လှုပ်ရှားမှုတွေ ပြည့်နေပါတယ်။ သူမအနေနဲ့ အချိန် အတော်ကြာအောင် မတိုက်ခိုက်ခဲ့ရပါဘူး။ ဒါက သူမကို သက်တောင့် သက်သာ မဖြစ်စေပါဘူး။

“သခင်လေး ဖူ… သခင်လေးဖူ… နေပါဦး ကျနော်တို့ကို သနားပါဦး”

ဂုတ်ကောင်းစားလှနဲ့ လူငယ်က ထွက်သွားဖို့ ပြင်နေတာကို မြင်လိုက်တော့ လယ်သမားတွေက ဒူးထောက်နေရင်းနဲ့ တစ်ယောက်ပြီး တစ်ယောက် တွားသွားလာပြီး တချို့ က သူ့ရဲ့ အရှေ့ က ပိတ်ဆို့ထားပြီး တော့ နှစ်ယောက်က သူ့ရဲ့ ခြေထောက် တွေကို ဖက်ထားကြပါတယ်။

လူငယ်က ချက်ချင်းဆိုသလိုပဲ အရမ်းကို

အထင်အမြင်သေးတဲ့ အမူအရာတစ်ခုကို ထုတ်ဖော်လိုက်ပြီးတော့ သူ့ရဲ့ ခြေထောက်ကို ဖက်ထားတဲ့ လူနှစ်ယောက်ကို လွင့်ထွက်သွားအောင်လို့ ကန်ထုတ်ပစ်လိုက်ပါတယ်။ အထင်အမြင်သေးပြီး စက်ဆုပ်ရွံရှာ တဲ့ မျက်နှာနဲ့ သူက ပြောလိုက်ပါတယ်။

"သောက်သုံးမကျတဲ့ဟာတွေ.. မင်းတို့ရဲ့ ညစ်ပတ်တဲ့ လက်တွေနဲ့ ဒီသခင်လေးကို ထိကိုင်ပံ့တယ်ပေါ့လေ ဟုတ်လား။ သူတို့ကို ရိုက်ပစ်လိုက်စမ်း"

အစေခံ နှစ်ယောက်က ချက်ချင်းဆိုသလို လှုပ်ရှားလာပြီးတော့ သူတို့ရဲ့ အကျီ လက်မောင်းတွေကို လိပ်တင်လိုက်ပါတယ်။ သူတို့က လေပေါ်လွင့်ပျံလာတဲ့ လူနှစ်ယောက် ကို လှမ်းဖမ်းလိုက်ပါတယ်။

"ဖြန်း ဖြန်း"

ကလေးငယ်လေး တစ်ယောက်က ပြေးလာပြီးတော့ လယ်သမား တစ်ယောက်ရဲ့ ခန္ဓာကိုယ် ပေါ်ကို မှောက်ချလိုက်ပြီး အနောက်ကိုလှည့်ကာ ပြောလိုက်ပါတယ်။

"ဖေဖေ ကို ရိုက်ဖို့ ခွင့်ပြုမှာ မဟုတ်ဘူး"

အစေခံ နှစ်ယောက်က အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ ဒါပေမဲ့ လူငယ်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“ဘာလဲ. မင်းတို့ နှစ်ယောက်က ကလေး တစ်ယောက်ကိုတောင်မှ မနိုင်ဘူးလား”

ဒီစကားကြောင့် အစေခံ နှစ်ယောက်ကို ချက်ချင်းဆိုသလို တုန်လှုပ်သွားစေခဲ့ပြီးတော့ အလျင်အမြန်နဲ့ပဲ နောက်တစ်ကြိမ် ရိုက်ဖို့ ပြင်လိုက်ပါတယ်။

“တိရစ္ဆာန်တွေ ကလေးကိုတောင် အလွတ်မပေးဘူး”

“ငါနဲ့ လာပြီးတော့ တိုက်ခိုက်စမ်းပါ”

“ဘာလိုပဲ ဖြစ်ဖြစ် ငါတို့တွေ အစာငတ်ပြတ်ပြီး သေရမှာပဲ ဘာဖြစ်လို့ သူ့ကို မသတ်ရမှာလဲ။ အသက် တစ်ချောင်းအတွက် အသက်တစ်ချောင်း ပေါ့”

လူငယ်ပြောလိုက်တဲ့ စကားကို ကြားပြီးတဲ့ နောက်မှာ လယ်သမားတွေက လုံးဂကို ဒေါသထွက်ပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း သဘာဂအမူအကျင့်တွေ

ပေါက်ကွဲထွက်လာခဲ့ ပါတယ်။ သူတို့အတွက် လမ်းကြောင်းတစ်ခုမှ မရှိမှတော့ သူတို့ ဘာဆက်လုပ်နိုင်မှာလဲ။ သေတဲ့ အထိ တိုက်ခိုက်ရုံပဲ ရှိတော့တာပေါ့။

ဒါပေမဲ့ နွေဦးစမ်းရေ အဆင့် သိုင်းပညာရှင် တစ်ယောက်ရဲ့ အရှေ့မှာတော့ သူတို့ရဲ့ စိတ်ဓါတ်တွေက အသက်သေရင်သေပါစေ တိုက်ခိုက်မယ်ဆိုတဲ့ စိတ်တွေ ဘယ်လောက်ပဲ သန်မာအားကောင်းနေပါစေဦးတော့ အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။

“မောက်မာတဲ့ ကောင်လေး တစ်ကောင်”

ကွမ်းယွမ် က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ဂတ်ကောင်းစားလုနဲ့ လူငယ်က လှည့်ကြည့်လိုက်တဲ့အခါမှာတော့ ကွမ်းယွမ်ကို မြင်သွား ပါတယ်။ ဒေါသတွေ ပြည့်နှက်နေပြီးတော့ သူဂတ်စားထားတဲ့ အဂတ်အစားတွေက ကြောင်တောင်တောင်နဲ့ တောက်ပလွန်းပြီး အင်အားကြီး ဂိုဏ်း ဒါမှမဟုတ် မိသားစု တစ်ခုရဲ့ အဖွဲ့သား တစ်ယောက် ပုံစံမျိုး မရှိတဲ့ သူတစ်ယောက်ကို မြင်လိုက်ရပါတယ်။ တဖက်လူက

သေချာပေါက် တစ်ကိုယ်တော် ကျင့်ကြံအားထုတ်သူ သိုင်းပညာရှင် တစ်ယောက် ဖြစ်ပါတယ်။

သူက ဘေးပတ်ဝန်းကျင်ကို လည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအရူးတွေက အတင့်ရဲပြီးတော့ ဒီသခင်လေးကို တကယ်ပဲ စော်ကားပွံ့တယ်။ မြောက်ဘက် အစွန်အဖျား ကိုးနိုင်ငံက အရူးတစ်ယောက်က သူ့ကိုယ်သူ သန်မာ အားကောင်းလှပြီလို့ သွေးနထင်ရောက်ပြီး ကျွှမ်ာကြီးထဲမှာ လျှောက်သွားပြီး ရမ်းကားနေတယ်။ အဲဒီခွေးရူးကို မှတ်လောက်သားလောက် ဖြစ်အောင်လို့ ဒီသခင်လေး က သေသေချာချာ သင်ပေးရမှာပေ့ါ။ မင်းရဲ့ အမြီးကို ကုပ်သွားလိုက်စမ်း”

“ဒီလိုမျိုး အပေါစားဆန်တဲ့ ပါးစပ်ကို ရိုက်နက်ပေးရမှာပေ့ါ”

ကွမ်းယွမ် က နာခေါင်းရှုံ့လိုက်ပြီးတော့ ကြီးမားတဲ့ ခြေလှမ်းကျဲကြီးတွေနဲ့ ရှေ့ကိုတိုးလာခဲ့ ပါတယ်။

“ဒီသခင်လေးက ချန်ခိုင်ဖူ ပဲ.. မင်း တစ်ချက်ကလေး ထိရဲရင်…. အား”

ဂတ်ကောင်းစားလှတွေ ဆင်မြန်းထားတဲ့ လူငယ်က ကွမ်းယွမ် ကို အနည်းငယ် ခြိမ်းခြောက် လိုက်ပေမဲ့ ကွမ်းယွမ် က သူ့ကို လဲကျသွားအောင်လို့ ရိုက်ပစ်လိမ့်မယ်လို့ လုံးဂ မမျှော်လင့် ထားခဲ့ပါဘူး။ ဒါက အရမ်းကို နာကျင်ပြီးတော့ သူ့အနေနဲ့ နောက်ထပ် စကားတောင် ထပ်ပြီးတော့ မပြောနိုင်တော့ပါဘူး။

ဒီလူငယ်က လင်းဟန်လို စွမ်းရည်မှ မရှိတာပဲ။ ဒါကြောင့် စိတ်ဂိဉာဉ် ပင်လယ် အဆင့် ပြိုင်ဘက်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ နွေဦးစမ်းရေအဆင့် ပဲရှိသေးတဲ့ သူတွေက ဒီလိုပဲ အဆုံးသတ် သွားရပါလိမ့်မယ်။

ချန်ခိုင်ဖူ လို့ခေါ်တဲ့ လူငယ်လေး အရိုက်ခံရပြီးတော့ မြေကြီးပေါ်ကို လဲကျသွားတာကို မြင်လိုက်ရတော့ လယ်သမားတွေ တော်တော်များများက ချက်ချင်းဆိုသလို အထိတ်တလန့်နဲ့ အော်ဟစ်ကုန်ကြပြီးတော့ ကွမ်းယွမ် ဆီကို ထောက်ခံ အားပေးတဲ့ အမူအရာနဲ့ ကြည့်လိုက်ကြပါတယ်။

"မင်းတကယ်ပဲ ဒီသခင်လေးကို ရိုက်ပုံ့တယ်ပေ့ါလေ"

ချန်ခိုင်ဖူ က ညစ်ပတ်ပေရေနေတဲ့ မျက်နှာနဲ့

တွားသွားလာခဲ့ပြီး အရမ်းကို ဖရိုဖရဲ ဖြစ်နေတဲ့ ပုံစံ ဖြစ်နေပါတယ်။ သူ့ရဲ့ အမူအရာကို ကြည့်ရတာ ဇာတ်တူသားစားတဲ့ ဘီလူးလိုမျိုး အရမ်းကို ဆိုးယုတ်တဲ့ ပုံစံ နဲ့ တူနေပါတယ်။

"ဖြန်း"

ကွမ်းယွမ် က ချန်ခိုင်ဖူ ကို နောက်တစ်ချက် ထပ်ရိုက်လိုက်ပြီးတော့ မြေကြီးပေါ်ကို နောက်တစ်ကြိမ် ခြေကားရား လက်ကားရား ကျသွားစေခဲ့ပါတယ်။ ဒါက ကွမ်းယွမ် အနေနဲ့ သူ့ကိုသူ ထိန်းထားတာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဂိုဏ်းဉ်ပင်လယ်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ တိုက်ခိုက်မှုနဲ့ ချန်ခိုင်ဖူ ကို တစ်ချက်တည်း အသေသတ် လို့ ရပါတယ်။

"ဒီက အရှင်သခင်ခင်ဗျား ကျေးဇူးပြုပြီးတော့ ညှာတာ သနားပါဦး"

သက်လတ်ပိုင်းအရွယ် လယ်သမား တစ်ယောက်က ကွမ်းယွမ် ကို တောင်းပန် လိုက်ပါတယ်။

ကွမ်းယွမ်က အဲဒီလူကို စိုက်ကြည့်ပြီးတော့

ပြောလိုက်ပါတယ်။

“သူက မင်းတို့တွေ အားလုံးကို ခွေးသေ ဂက်သေ သေအောင်လို့ လုပ်နေတာကို မင်းက သူ့အတွက် တကယ်ပဲ တောင်းပန်ပေးနေတာလား”

“သခင်လေးဖူ က ကျုပ်တို့တွေ ဆန့်ကျင်လို့ မရတဲ့ အရေးကြီးတဲ့ လူတစ်ယောက် ဖြစ်ပါတယ်”

လယ်သမား က ပြောလိုက်ပါတယ်။

“ဒီက အရှင်သခင်.. ကျေးဇူးပြုပြီးတော့ သခင်လေးဖူ ကို လွှတ်ပေးလိုက်ပါတယ်။ ကျုပ်တို့တွေ သခင်လေးဖူကို နောက်တစ်ကြိမ် တောင်းပန်လိုက်ပါမယ်။ သခင်လေးဖူက အရေးပါတဲ့ လူတစ်ယောက်ရဲ့ သဘောထားကြီးခြင်းကို ဖော်ပြပါလိမ့်မယ်။ ကျုပ်တို့ အတွက် လမ်းတစ်ခုတော့ ပေးမှာပါ”

ဒါက တကယ့် အစေခံ လူတန်းစား တွေရဲ့ အဆင့်အတန်း အပြုအမူတွေပဲ ဖြစ်ပါတယ်။ သူ့တို့ကို ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်အောင်လို့ ဖိအားပေးနေတာကိုတောင်မှ သူတို့က အခြေအနေအမှန်ကို မခန့်မှန်းနိုင်ကြသေးပါဘူး။

ဒီနေရာမှာ စျေးကြီးတစ်ခု ရှိပြီးတော့ ချက်ချင်းဆိုသလိုပဲ လူတွေအများကြီး အုံလာခဲ့ ပါတယ်။ သူတို့တွေက စစ်သည်တော် မဟုတ်ကြပါဘူး။ ဒါကြောင့်လည်း တကယ်တမ်း တိုက်ခိုက်ကြမယ်ဆိုရင် သူတို့မှာ သတ္တိ မရှိတော့ပါဘူး။ အခုလိုမျိုး လူတွေ အုံကြည့်နေ ကြတာကို မြင်လိုက်ရတော့ လေအေးတစ်ချက် တိုက်ခတ်သွားသလိုပဲ သူတို့ရဲ့ သတ္တိတွေက ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါတယ်။

"ဒီက အရှင်သခင် ကျေးဇူးပြုပြီးတော့ သခင်လေး ဖူ ကို လွှတ်ပေးလိုက်ပါခင်ဗျာ"

လယ်သမား တော်တော်များများ ဒူးထောက်ပြီးတော့ ချန်ခိုင်ဖူ အတွက် တောင်းပန်နေကြပါတယ်။

ကွမ်းယွမ် ကသူ့ရဲ့ ရင်ဘက်ကြီး ပေါက်ထွက်သွားလုမတတ် ခံစားလိုက်ရပြီး ဒီလူတွေက တိုက်ခိုက်ဖို့ ဆန္ဒ မရှိတဲ့အတွက်လည်း ဒေါသတွေ အကြီးအကျယ် ထွက်သွားသလို ခံစားရပါတယ်။ သူက ဒီလူတွေကို ဂရုမစိုက်တော့ပဲနဲ့ လှည့်ထွက်လာခဲ့လိုက်ပါတယ်။ ဒီမြင်ကွင်းကိုလည်း သူ့ရဲ့ ခေါင်းထဲကနေ

ထုတ်ပစ်လိုက်ပါတယ်။

"ဟားဟားဟား အခုတော့ သူများတွေရဲ့ ကိစ္စမှာ ဝင်ပြီးတော့ ဖျန်ဖြေပေးဖို့ မလိုဘူးဆိုတာကို နားလည်သွားပြီမဟုတ်လား"

ချန်နိုင်ဖူ က ကွမ်းယွမ်ရဲ့ နောက်ကျောကို စိုက်ကြည့်ပြီးတော့ ခြိမ်းခြောက်သလို ပြောလိုက်ပါတယ်။

"ဒီသခင်လေးကို ရိုက်ပြီးတော့ ထွက်သွားချင်သေးတယ် ဟုတ်လား။ ဒီလောက် မလွယ်ဘူး"

သူက လင်းဟန်နဲ့ ကျန်တဲ့သူတွေကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက သူနဲ့ အတူတူ လာခဲ့တာ မဟုတ်လား။ ဟီးဟီး ဒီအရှင်သခင်က မင်းတို့ အားလုံးကို သေချာ မှတ်ထားမယ်"

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ရယ်လိုက်ပါတယ်။

"မင်းကိုယ်မင်း ဘယ်သူများထင်နေလို့လဲ။ မင်းရဲ့

ဦးနှောက်ထဲမှာ ရေတွေဝင်သွား ပြီလား ”

ဟူးညို့က သူမရဲ့ သွားတွေကို ဖြဲပြီး မာန်ဖီလိုက်ပါတယ်။ သူမအနေနဲ့ လင်းဟန်ကို မကောင်းတဲ့ အတွေးရှိတဲ့ ဘယ်သူ့ကိုမဆို အလွတ်ပေးမှာ မဟုတ်ပါဘူး။

“ဟားဟား ဒီသခင်လေးက ဘယ်သူလဲ ဆိုတာ မင်းသိလို့လား… အား”

ချန်ခိုင်ဖူ က နည်းနည်းလောက် မောက်မာ ဝင့်ကြွားစွာနဲ့ ပြုံးမှုချင်နေခဲ့တာပါ။ ဒါပေမဲ့ သူလုံးဝ မမျှော်လင့်ထားတာက ဟူးညို့က သူ့ရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန်နဲ့ ရိုက်ပစ်လိမ့်မယ် ဆိုတာကိုပေါ့။ ချန်ခိုင်ဖူ နောက်တစ်ကြိမ် မြေကြီးပေါ်ကို လဲကျသွားခဲ့ ပြန်ပါတယ်။

သူက တစ်ကြိမ်မက မြေကြီးပေါ်ကို လဲကျနေခဲ့ ရပါတယ်။ ဒီတစ်ကြိမ်တော့ မိန်းကလေး ငယ်လေး တစ်ယောက်ကြောင့်ပါ။

“သေစမ်း သေစမ်း”

ချန်ခိုင်ဖူ က လက်သီး တစ်လုံး ပစ်သွင်းလိုက်ပါတယ်။ သူ့ရဲ့

မျက်လုံးတွေမှာ ရက်စက် ကြမ်းကြုတ်စွာ နီရဲနေပြီးတော့ တကယ်ပဲ သူ လူသတ်ချင်နေပါတယ်။

"ဖြန်း"

ဟူးညို က နောက်ထပ် တစ်ချက် ရိုက်လိုက်တဲ့အခါမှာ ချန်နိုင်ဖူ က မြေကြီးပေါ်ကို နောက်တစ်ကြိမ် လဲသွားခဲ့ပါတယ်။ ဟူးညိုရဲ့ အရှေ့မှာတော့ ချန်နိုင်ဖူ ဆိုတာက ဟင်းပွဲ တစ်ပွဲ သာသာပါပဲ။ ဒီမြင်ကွင်းက ကန်းရီနဲ့ ကွမ်းယွမ် တို့ကို ပြောစရာ စကားကင်းမဲ့ သွားစေခဲ့ပါတယ်။ ဒီမိန်းကလေးက တကယ့်ကို အသည်းမာပြီး အကြင်နာမဲ့တာပဲ။

တော်တော်များများ အရိုက်ခံပြီးတဲ့အခါမှာတော့ ချန်နိုင်ဖူ က ဒီလူတွေကို ပုံမှန် နည်းလမ်းတွေနဲ့ ဆက်ဆံလို့ မဖြစ်ဖူးဆိုတာကို နားလည်သွားခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာ မုန်းတရားတွေ ပြည့်နှက်နေပြီးတော့ နောက်တစ်ကြိမ် ထပ်ပြီး မောက်မာ ဂင့်ကြွားတဲ့ ပုံစံမျိုး မလုပ်ပံ့တော့ပါဘူး။

လင်းဟန်က သူ့ရဲ့ ဓါးကို ဆွဲထုတ်လိုက်ပါတယ်။

ချန်နိုင်ဖူ က နောက်ဆုံးတော့ ထိတ်လန့်တုန်လှုပ်သွားပြီးတော့ တုန်တုန်ရင်ရင် နဲ့ ပြောလိုက်ပါတယ်။

“မင်း ဘာလုပ်ချင်လို့လဲ.. တကယ်လို့ ဒီနေရာမှာ ငါသေသွားခဲ့မယ်ဆိုရင် အမှားကြီး မှားလိမ့်မယ်နော်”

“ဒီက အရှင်သခင်”

လယ်သမားတွေက တစ်ကိုယ်လုံး ခေါင်းအစ ခြေအဆုံး တုန်ခါလို့နေပါတယ်။ တကယ်လို့ လင်းဟာန်က ချန်နိုင်ဖူ ကို သာ သတ်ပစ်လိုက်မယ်ဆိုရင် သူတို့အနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး တာဝန်ယူမှု တာဝန်ခံမှု ကနေ ဘယ်လိုလုပ် လွတ်မြောက်နိုင်မှာလဲ။

“ငါမင်းကို သတိပေးလိုက်မယ်။ ငါ့ရဲ့ အစ်ကိုက ယန်ဖေး….”

“ဖူး”

လင်းဟာန် ရဲ့ လက်ကမြောက်တက်သွားပြီးတော့ ဓါးက အောက်ကို ကျဆင်းလာခဲ့ ပါတယ်။ သွေးတွေ

ပန်းထွက်လာပြီးတော့ ချန်နိုင်ဖူရဲ့ လက်မောင်း ပြုတ်သွားခဲ့ပါတယ်။

“အား”

ချန်နိုင်ဖူ က ချက်ချင်းဆိုသလို အသည်းခိုက်မတတ် နာကျင်တဲ့ အသံကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

“ပါးစပ် ပိတ်ထားစမ်း”

လင်းဟန် က အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ အသံက ဓါးတစ်ချောင်းနဲ့တူပါတယ်။ ချန်နိုင်ဖူ ကို အော်ဟစ်နေရာကနေ ရပ်တန့်သွားစေခဲ့ပြီးတော့ လင်းဟန်ကို ကြောက်လန့်တကြားနဲ့ အမုန်းတရားတွေ အပြည့်နဲ့ စိုက်ကြည့်နေပါတယ်။

“ ငါ မင်းကို မသတ်ပစ်ရတဲ့ အကြောင်းရင်းက ဒီလူတွေကြောင့်ပဲ”

လင်းဟန် က လယ်သမားတွေကို ညွှန်ပြလိုက်ပါတယ်။

“မနှစ်က ဈေးနှုန်းအတိုင်းပဲ ပေးပြီးတော့ ဆေးပင်တွေကို

ဂယ်လိုက်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင် ငါ မင်းကို ရှာပြီးတော့ မင်းရဲ့ ခွေးခေါင်းကို ဖြတ်ပစ်ရလိမ့်မယ်”

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ချန်ခိုင်ဖူက အရမ်းကို နာကျင်နေတဲ့အတွက် သူ့ရဲ့ မျက်နှာက တွန့်လိမ် ရှုံ့မဲ့ နေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ကိုယ်ပိုင် အသက်နဲ့ ပတ်သက်လာရင်တော့ သူ့ရဲ့ခေါင်းကို နှိမ့်ချထားဖို့ ရွေးချယ်လိုက်ပြီးတော့ ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်ပါတယ်။

“ကြားလား မကြားဘူးလား ငါ့ကို အသံကျယ်ကျယ်နဲ့ ဖြေစမ်း”

လင်းဟန်က သူ့ရဲ့ ဓါးကို ပွေ့ရမ်းပြီးတော့ ပြောလိုက်ပါတယ်။

“ဟုတ်ဟုတ် ကျုပ် ကြားပါတယ်”

ချန်ခိုင်ဖူ က မျက်ရည်တွေ စီးကျလာပြီးတော့ အကျယ်ကြီး အော်ဟစ်လိုက်ပါတယ်။

“ထွက်သွားစမ်း”

လင်းဟန်က သူ့ရဲ့ ခါးကို ပွေ့ပြီး ပြောလိုက်ပါတယ်။

ချန်ခိုင်ဖူ က အလျင်အမြန်ပဲ လှည့်ပြီးတော့ ပြေးထွက်သွားလိုက်ပါတယ်။ သူ့ရဲ့ အစေခံ နှစ်ယောက်က ပြတ်နေတဲ့ လက်ကို မြေကြီးပေါ်ကနေ ကောက်ယူပြီးတော့ ချန်ခိုင်ဖူ ရဲ့ အနောက်ကို လိုက်သွားလိုက်ပါတယ်။ တကယ်လို့ လက်မောင်းကို ချက်ချင်း ပြန်ပြီးတော့ ဆက်နိုင်လိမ့်မယ်ဆိုရင် အလုပ်လုပ်လို့ ရနိုင်ပါသေးတယ်။

လယ်သမားတွေက လင်းဟန် ကို ကြည်ညိုလေးစားစွာနဲ့ ကြည့်လိုက်ကြပါတယ်။ ဘယ်သူ မှ အမိန့်မပေးရပဲနဲ့ သူတို့ က ရုတ်တရက် လူစုခွဲလိုက်ကြပြီးတော့ အနည်းငယ်မျှသာ ကျန်နေခဲ့ပါတယ်။

"ကျုပ်တို့ကို ကူညီပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် သခင်လေး"

ဒီလူတွေက လင်းဟန်ကို ဒူးထောက်ပြီး ဂါရဝ ပြုလိုက်ကြပါတယ်။

Chapter 283 end

အပိုင်း(၂၈၄) မြို့ထဲကို ဝင်လာပြီ

လင်းဟန် က ထွက်ပြေးသွားကြတဲ့ သူတွေကို အပြစ်တင်ခြင်း မရှိပါဘူး။ ဒီလူတွေက တကယ်ပဲ အဆင့်အတန်းအနိမ့်ဆုံး သာမန်လူတွေ ဖြစ်ပြီးတော့ ပြန်တိုက်ခိုက်ဖို့ ဘာစွမ်းရည်မှ မရှိကြပဲ အမြဲလိုလို သူတစ်ပါးရဲ့ အနိုင်ကျင့် စိုးမိုးခြယ်လှယ်မှုကို ခံနေရတဲ့ သူတွေပဲ ဖြစ်ပါတယ်။ လင်းဟန် က သူ့ရဲ့ လက်တွေနဲ့ သူတို့ကို ဆွဲထူပြီးတော့ ပြောလိုက်ပါတယ်။

“အဲဒီ မျိုးရိုးနာမည် ချန် ဆိုတဲ့ ကောင်ကို အားလုံးအတွက် ကျနော် သေချာ ဂရုစိုက်လိုက် ပါမယ်”

“သခင်လေးခင်ဗျား…. သခင်လေးဖူ က တောက်ပသော ကြယ်နန်းတော် ခန်းမ က ဖြစ်ပါတယ်။ ဒါကြောင့် သူ့မှာ မြင့်မားတဲ့ အဆင့်အတန်း တစ်ခုရှိတယ်လို့ ပြောလို့ရပါတယ်။ သခင်လေး ချက်ချင်းပဲ ထွက်သွားသင့်ပါတယ်”

လယ်သမား တစ်ယောက်က တိုက်တွန်းလိုက်ပါတယ်။

“ဟုတ်တယ် ဟုတ်တယ်။ တစ်ခါတုန်းက အရမ်းကို

သန့်မာတယ်လို့ ပြောလို့ရတဲ့ သူတစ်ယောက်က သခင်လေး ဖူ နဲ့ ပြဿနာ တက်ဖူးတယ်။ ဒါပေမဲ့ အဆုံးမှာတော့ သူ့ရဲ့ ခြေထောက်နှစ်ချောင်းလုံး ချိုးခံလိုက်ရပြီးတော့ သခင်လေးဖူကို ခွင့်လွှတ်ပေးဖို့ ပြေးတောင်းပန်ရတယ်တဲ့"

"ငါလည်း တစ်ယောက်ယောက်က သခင်လေးဖူ ကို ဆန့်ကျင်ခဲ့တာကို ကြားခဲ့ဖူးတယ်။ ဒါပေမဲ့ နောက်ဆုံး သူ့အသက်ရှင်ဖို့အတွက် သူ့ရဲ့ ဇနီးနဲ့ သမီးကို သခင်လေးဖူ ကို ပျော်တော်ဆက်ဖို့ ရက်တော်တော်ကြာအောင် ပို့ပေးလိုက်ရပြီးတော့မှ နောက်ဆုံးမှာ လွတ်မြောက်သွားခဲ့တယ်တဲ့"

လင်းဟန် က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

" ငါ တကယ်ပဲ ဒီကောင့်ကို လျှော့တွက်လိုက်မိတာပဲ။ ဒီကောင်က တကယ့်ကို မကောင်းတဲ့ အရာတွေ တော်တော်များများ လုပ်ခဲ့တာပဲ"

လယ်သမား အများစုက လင်းဟန်ကို သူလာခဲ့တဲ့ လမ်းအတိုင်း လှည့်ပြန်ဖို့ အတင်း တိုက်တွန်းခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ အဆင့်အတန်းက အရမ်းကို နိမ့်ကျတယ်ပြီးတော့ သူတို့သိတာက ချန်ခိုင်ဖူ က

တောက်ပသောကြယ်နန်းတော် ခန်းမ မှာ ကောင်းကောင်း နေထိုင်နိုင်တဲ့အတွက် သူမှာ နောက်ခံအင်အားကောင်းကောင်း ရှိတယ် ဆိုတာကို သေချာပေါက် သိထားပြီးတော့ လင်းဟန် တို့ အကြောင်းကိုတော့ လုံးဝ မသိကြပါဘူး။

လင်းဟန် ကတော့ မကြောက်ပါဘူး။ သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ ဒီနေရာကို မြေကျွန်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် အဖြစ် ထောက်ခံချက် ယူဖို့ လာခဲ့တာပါ။ သူ့အနေနဲ့ ဒီဘာမဟုတ်တဲ့ လူငယ် မျိုးဆက်သစ် တစ်ယောက်ကို ကြောက်နေဖို့ မလိုပါဘူး။

လယ်သမားတွေနဲ့ စကားအနည်းငယ် ပြောပြီးတဲ့နောက်မှာ သူက မြင်းလှည်းဆီကို ပြန်လာခဲ့ပါတယ်ယ။ ဒါပေမဲ့ ဘာအကြောင်းကြောင့်နဲ့မှ သူတို့ကို သယ်မသွားတော့ဘူး ဆိုပြီးတော့ မြင်းလှည်းမောင်းသူ နှစ်ယောက်က ငြင်းဆန်ခဲ့ကပါတယ်။ သူတို့က လင်းဟန် နဲ့ တစ်ခြားသူတွေကို မြင်းလှည်းပေါ်ကနေ ဆင်းခိုင်းပြီးတော့ သူတို့ရဲ့ ဖင်ကို မီးလောင်နေ သလိုမျိုး အနောက်ကို လှည့်မကြည့်ပဲနဲ့ မြင်းလှည်းကို ဒုန်းစိုင်းမောင်းနှင်ပြီး ထွက်သွား ကြပါတယ်။

“ကြည့်ရတာ အဲဒီကောင်က အဆက်အသွယ် တစ်ချို့ ရှိပုံရတယ်”

ကွမ်းယွမ် က ရယ်လိုက်ပါတယ်။

“သာမန် လူတွေကို လာပြီးတော့ ဖိနှိပ်ချုပ်တဲ့ သူ့ရဲ့ အဆက်အသွယ် က အကန့်အသတ်ပဲ ရှိမှာပဲ ဟုတ်တယ်မလား ”

ကျူးပုကျို့ က ကြားဖြတ်ပြီး ပြောလိုက်ပါတယ်။ ပုံမှန်အားဖြင့်တော့ သူ့အနေနဲ့ ကွမ်းယွမ်လို စိတ်ဂိုဏ်ပင်လယ် အဆင့် မှာရှိနေတဲ့ သူတစ်ယောက်ကို စကားပြောဖို့ အဆင့်မမှီပါဘူး။ ဒါပေမဲ့ သူတို့အားလုံးက အတူတကွ နေထိုင်လာခဲ့ကြတာ အချိန် တော်တော်လေး ကြာနေပြီ ဖြစ်သလို ကွမ်းယွမ် ကလည်း သီးသန့် တစ်ကိုယ်တည်း ကျင့်ကြံသူ တစ်ယောက်ဖြစ်တဲ့အတွက် တခြားကလန်က စိတ်ဂိုဏ်ပင်လယ် အဆင့် ကျင့်ကြံသူတွေလိုမျိုး အဆင့်အတန်းနဲ့ မောက်မာတဲ့ စိတ်မရှိပါဘူး။

လင်းဟန် က ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

“သွားစို့ အခု ငါတို့ ခြေကျင်ပဲ လျှောက်သွားမှပဲ ရတော့မယ်”

အခု သူတို့အနေနဲ့ တောက်ပသောကြယ်နန်းတော် ခန်းမဆီကို နေ့တဂက်လောက်ပဲ သွားရပါတော့မယ်။ မြင်းလှည်းက အစတုန်းကလောက် မမြန်တော့ပါဘူး။ သူတို့ရဲ့ စွမ်းအင် တွေကိုပဲ သက်သာစေနိုင်တာပါ။ ဒါကြောင့် မြင်းလှည်း မရှိတော့လို့လည်း ပြဿနာ မရှိတော့ပါဘူး။

သူတို့ အဖွဲ့ စထွက်တာနဲ့ ဟူးညိုက လင်းဟန် အလိုလိုက်ခံထားရတဲ့ ကလေးတစ်ယောက် လိုမျိုး လင်းဟန် ရဲ့ ကျောကို ကုန်းပိုးတက်ပြီးတော့ လွီယုထန် နဲ့ လီစီရှန်း တို့ နှစ်ယောက် ဆီကို လှည့်ပြီး ပြောင်ပြပါတယ်။ သူမက လင်းဟန် ရဲ့ လည်ပင်းကို သူမရဲ့ လက်တွေနဲ့ သိုင်းဖက်ထားပြီးတော့ သူမရဲ့ ပိုင်ဆိုင်မှု ဆိုတဲ့ပုံစံနဲ့ ဖော်ပြနေပါတော့တယ်။

သူတို့ အနည်းငယ်မျှ လမ်းလျှောက်လာပြီးတဲ့ နောက်မှာတော့ ဓါးပြအုပ်စု တစ်ခုရဲ့ တိုက်ခိုက်မှုကို ခံရပါသေးတယ်။ ဒါပေမဲ့ သူတို့အားလုံးကို ကန်းရီ တစ်ယောက်တည်းက အနိုင်ယူလိုက်ပါတယ်။ နောက်ထပ်

တစ်နာရီ အတွင်းမှာ သူတို့က ဓါးပြအုပ်စု ခုနစ်ခုနဲ့ ဆုံတွေ့ခဲ့ပါသေးတယ်။ ဒါက ဒီနေရာက ဘယ်လောက်တောင် ဖရိုဖရဲ ဖြစ်နေသလဲဆိုတာ ဖော်ပြနေပါတယ်။

ဒါကြောင့်လည်း လေပြင်းကြေးစားစစ်သားတွေက ဒီနေရာမှာ အရမ်းကို အသုံးဝင်တယ် ဆိုတာ ဖော်ပြနေခဲ့ပါတယ်။ အရင် သူတို့ မြင်းလှည်းနဲ့ စီးနင်းလိုက်ပါလာတုန်းက လေပြင်း ကြေးစားအဖွဲ့ရဲ့ အလံ ရှိနေတဲ့ အတွက် ဓါးပြအုပ်တစ်ခုနဲ့တောင်မှ မတွေ့ခဲ့ရပါဘူး။ ဒါပေမဲ့ အခုတော့ ဓါးပြတွေက ပင်လယ်လှိုင်းလုံးတွေလို တစ်ဖွဲ့ပြီး တစ်ဖွဲ့ ရောက်လာခဲ့ ကြပါတယ်။

ကန်းရီ ကတော့ ဘယ်အချိန်မှာ တိုက်ခိုက်တာကို ရပ်ရမလဲဆိုတာ မသိပါဘူး။ ဟွာယန် အကယ်ဒမီမှာ ဆိုရင် ဘယ်အချိန်ပဲဖြစ်ဖြစ် သူနဲ့ လက်ရည်စမ်းမဲ့ သူတစ်ယောက် ကို စိတ်ဂိဘာဉ်ပင်လယ် အဆင့် တစ်ယောက်က စောင့်ကြည့်နေဖို့ လိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက ဘယ်အချိန်မှာ ဒဏ်ရာ အနာတရ ပြင်းပြင်းထန်ထန် ရသွားမလဲ။ ဒါမှ မဟုတ် ကန်းရီ ရဲ့ သတ်ဖြတ်ခြင်းကို ခံရမလားဆိုတာကိုပေါ့။ ဒါပေမဲ့ ဒီနေရာမှာတော့ ကန်းရီ ကို ဘယ်သူက ရပ်တန့်နိုင်လိမ့်မှာလဲ။

လင်းဟန်က ကန်းရီ ကို နောက်ဆုတ်ခိုင်းဖို့ ဆန္ဒ မရှိပါဘူး။ ဒီလူငယ်က ထက်မြက်တဲ့ ဆေဘာ ဓါးတစ်လက်နဲ့ တူပါတယ်။ သူ့ရဲ့ရက်စက်ကြမ်းကြုတ်မှုကို ဖိနှိပ်တားဆီးတာက သူ့ရဲ့ သိုင်းပညာလမ်းကြောင်းကို ဖျက်ဆီးပစ်တာနဲ့ တူပါတယ်။ သူ့ကို စိတ်လွတ် ကိုယ်လွတ် ထားပေးတာက ရက်စက်ပြီး စွမ်းအားကြီးတဲ့ ဆေဘာဓါးကိုင်ဆောင်သူ တစ်ယောက် အဖြစ်နဲ့ ကြီးထွားလာစေနိုင်ပါလိမ့်မယ်။

ဒ့ါအပြင် ဓါးပြတွေဆိုတာက သူတို့ရဲ့ ခိုးဆိုးလုယက် မှုတွေ အတွက် အပြစ်ပေးခံရသင့် ပါတယ်။ ဒါကြောင့် သေခြင်းက သူတို့အတွက်တော့ စစ်မှန် ထိုက်တန်တဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။

နောက်ထပ် ဓါးပြအုပ်စု သုံးခုကို သတ်ဖြတ်ပြီးတဲ့နောက်မှာတော့ သူတို့ကို ကြောက်လန့်သွားကြပြီးတော့ ဘယ်သူကမှ ထွက်လာပြီး ပြဿနာ မရှာကြပါဘူး။ မကြာခင် သူတို့ရဲ့ အရှေ့ မှာ နန်းတော်ကြီးတမျှ ကြီးမားတဲ့ နေရာ တစ်ခု ပေါ်လာခဲ့ပါတယ်။

ခန်းမတစ်ခုထက်စာရင် မျှော်စင် တစ်ခုနဲ့ ပိုပြီးတော့ တူပါတယ်။၎င်းရဲ့ အမြင့်နဲ့ အကျယ်က အချိုးအစားကျနခြင်း မရှိပါဘူး။ ဒါပေမဲ့ ဗိသုကာ သဘောတရား အရ ပြောရမယ်ဆိုရင် ၎င်းက ခန်းမ တစ်ခု လို့ ခေါ်နိုင်ပါတယ်။ လှေကားတွေက နန်းတော် ခန်းမရဲ့ အပြင်ဘက် မှာ ကြောင်လိမ်လှေကားလိုမျိုး ရစ်ထပ်ထားပြီးတော့ အရမ်းကို လက်ရာမြောက် လှပပါတယ်။

နန်းတော်တစ်ခုလုံးမှာ ကြယ်စင်ပန်းကျောက်တုံးတွေနဲ့ စုပုံထားပါတယ်။ ၎င်းက နေ့ခင်းဘက် အချိန်မှာတော့ မထူးခြားပေမဲ့ ညရောက်တဲ့အခါကျရင် နန်းတော် ခန်းမ တစ်ခုလုံးကို ကြယ်တွေလိုမျိုး တလက်လက် တောက်ပစေပါလိမ့်မယ်။ တောက်ပသော ကြယ်နန်းတော် ခန်းမ ဆိုတဲ့ အမည်က အဲဒီကနေ ရရှိလာခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုက နေ့ခင်း အချိန်အခါ ဖြစ်တဲ့အတွက်ကြောင့် နန်းတော်ခန်းမ အနေနဲ့ ၎င်းရဲ့ ထူးခြားဆန်းကြယ် လှပမှုကို ဖော်ပြလို့ မရနိုင်ပါဘူး။ အဝေးကနေကြည့်မယ်ဆိုရင် ၎င်းရဲ့ရှည်လျားတဲ့ အရိပ်ကြီး တစ်ခုကို မြင်ရမှာပဲ ဖြစ်ပါတယ်။

ဒါက လမင်းကျဆင်းချောက်နက်ရဲ့ ဗိမာန် တစ်ခုဖြစ်ရုံ မကပါဘူး ရှည်လျားတဲ့ နန်းတော် ကို လမ်းမတွေ အများကြီးဂန်းရံထားပြီးတော့ လှပတင့်တယ်တဲ့ မြို့တစ်မြို့ ပုံစံလည်း ဖြစ်ပါတယ်။

၎င်းက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခု ကနေ မြောက်ပိုင်းဒေသကို ချိန်ဆက်ထားတဲ့ ဗဟိုချက်မလည်း ဖြစ်ပါတယ်ယ။ နိုင်ငံကိုးခုက လူတွေက ဒီနေရာမှာ လာဆုံပြီးတော့ သိုင်းပညာရှင်တွေ ဈေးသည်တွေနဲ့ စွန့်စားရှာဖွေသူတွေ ပါဂင်ပြီးတော့ ပြစ်မှုတွေလည်း ကျူးလွန်တတ်ကြပါတယ်။

ဒီနေရာမှာ အရာအားလုံးကို တောက်ပသော ကြယ်နန်းတော် ခန်းမ က ထိန်းချုပ် ထားပါတယ်။ တောက်ပသော ကြယ်နန်းတော် ခန်းမက ဒီနေရာရဲ့ ဥပဒေ လည်း ဖြစ်သလို အာဏာရှိတဲ့ သူလည်း ဖြစ်ပါတယ်။ ဘယ်သူမဆို ဆန့်ကျင်ရင် သတ်။

မြို့ထဲကို ဂင်တာပဲ ဖြစ်ဖြစ် ထွက်ခွာတာပဲ ဖြစ်ဖြစ် အခကြေးငွေ ပေးရပါတယ်။ စည်းမျဉ်း စည်းကမ်းတွေ အရ ဒီမြို့လေးထဲမှာနေတဲ့ မည်သူမဆို တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ ကာကွယ်ပေးမှုကို ရရှိကြပြီးတော့

သုံးရက်မြောက်တိုင်း သူတို့အနေနဲ့ အခကြေးငွေ ထပ်ပေးရင်ပေး ဒါမှမဟုတ်ရင် မြို့ကနေ ထွက်ခွာသွားရပါတယ်။

ဒါကြောင့် လုပ်ငန်းရှင်တွေက လာပြီးတော့ ခဏတဖြုတ်ပဲ နားရပါတယ်။ ပြီးတော့ မြို့ထဲက တည်းခိုခန်းတွေက အခကြေးငွေ မြင့်မားတဲ့အတွက်လည်း တည်းခိုသူတွေ အနေနဲ့ အကြာကြီး မတည်းကြပါဘူး။

လင်းဟန်က မြို့ရဲ့ ဂင်ပေါက်ကိုရောက်တဲ့ အခါမှာ လူအရေအတွက်အပေါ် မူတည်ပြီးတော့ ဂင်ကြေးပေးရပါတယ်။ ဟူးညို့ကိုပါ ကလေးဆိုပြီးတော့ အလွတ်မပေးပဲ ထည့်တွက်ပြီးတော့ ပေးရပါတယ်။ လူတစ်ယောက်ကို သုံးရက်တာ အတွက် ငွေပြား တစ်ရာ ပေးရပါတယ်။ ပြီးတော့ နောက်သုံးရက်အကြာမှာ တကယ်လို့ သူတို့ကို နောက်တစ်ကြိမ် အခကြေးငွေ မပေးရသေးပဲနဲ့ ဆက်နေတာကို တွေ့ရမယ်ဆိုရင်တော့ သနားကြင်နာမှု မရှိပဲနဲ့ အသတ်ခံရပါလိမ့်မယ်။

ပြောကြတာတော့ အရင်တုန်းက လူတစ်ယောက်ရဲ့ ဂင်ကြေးကလည်း ဒီလောက်ထိ မများပြားသလို တည်းခိုစားရိတ်တွေကလည်း မများပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့

နစ်ဂက်လောက်က စပြီးတော့ စည်းမျဉ်းစည်းကမ်းတွေက ပြောင်းလဲသွားခဲ့ပါတယ်။ အခုဆိုရင် နေရာအနှံ့အပြားမှာ စောဒက တက်သံတွေ ကြားရပြီးတော့ တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ ဦးဆောင်မှုတွေကို နောင်တရပြီး မကျေမနပ်မှုတွေ ပြည့်နှက် နေကြပါတယ်။

ဒါပေမဲ့ တောက်ပသောကြယ်နန်းတော် ခန်းမက ကောင်းကင်ဆေးအိမ်တော်က ထိန်းချုပ်ထားတဲ့ မှော်ဆေးပညာ အဖွဲ့အစည်းကို ကိုယ်စားပြုပါတယ်။ ပြီးတော့ အနည်းဆုံး သူတို့ဆီကနေပြီး မြောက်ဘက်အစွန်အဖျားနိုင်ငံ ကိုးခုကို မှော်ဆေးလုံး ထက်ဂက်ခန့် ဖြန့်ဖြူးတာပါ။ တကယ်လို့ သူတို့က အနိုင်ကျင့်တယ်ဆိုရင်တောင်မှ ဘယ်သူက သူတို့ကို ပြောင်ပြောင်တင်းတင်းနဲ့ ဆန့်ကျင်ပွဲမှာလဲ။

လင်းဟန် တို့ အုပ်စုက တည်းခိုခန်းကို သွားပြီးတော့ အနားယူ ရေမိုးချိုးလိုက်ကြ ပါတယ်။ အဲဒီနောက်မှာတော့ လင်းဟန်က ဇူဟဲချင်နဲ့ ဟူးညို့ကို ခေါ်ပြီးတော့ တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို ဦးတည်ပြီး သွားကြပါတယ်။

မြို့က အရမ်းကြီး မကြီးပါဘူး။ ဒါကြောင့် ဆယ်မိနစ်လောက်

သွားပြီးတဲ့နောက်မှာ သူတို့က တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို ရောက်သွားကြပါတယ်။

တခြားအရာတွေထက် ရှည်တာကလွဲလို့ တောက်ပသောနန်းတော် ခန်းမရဲ့ ဗိသုကာ ပုံစံက ပုံမှန်ပါပဲ။ တခြားနေရာတွေနဲ့ မတူညီတာက လှေကားထစ်ပေါင်း ရာဂဏန်းလောက် ရှိပြီးတော့ ထိပ်ထိရောက်အောင် တော်တော်လေး တက်ရပါတယ်။

"ဒုန်း ဒုန်း ဒုန်း ဒုန်း ဒုန်း"

လူတစ်အုပ် က ခန်းမကျယ်ကြီးကနေ ပြေးထွက်လာခဲ့ပါတယ်။ အားလုံးရဲက မျက်နှာက ရက်စက်တဲ့ ပုံစံပေါက်နေပြီးတော့ ဂင်ပေါက်နားက လူတွေကို အထိတ်တလန့် ဖြစ်သွားစေပြီး တစ်ဖက်ခြမ်းကို အလျင်အမြန်နဲ့ ရှောင်တိမ်းပေးလိုက်ကြပါတယ်။

တောက်ပသောကြယ်နန်းတော် ခန်းမက မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခု က မှော်ဆေးပညာ အစည်းအရုံးမှာ ဩဇာအာဏာ အမြင့်ဆုံး အဖွဲ့အစည်း ဖြစ်ပါတယ်။ မြေကျွှမှာ အဆင့် မှော်ဆေးပညာ ဆရာသခင်တွေပဲ ဒီနေရာမှာ ရှိတာမဟုတ်ပဲ အဆင့်မြင့်တဲ့ ကျင့်ကြံသူတွေလည်းပဲ

ရှိပါတယ်။ သူတို့အားလုံးက မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ ကိုယ်ပိုင် အင်အားစုတွေပဲ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ကိစ္စသေးသေးလေး အတွက်နဲ့ သူတို့တွေကို တစ်ချိန်တည်း အားလုံး စေလွှတ်မှာ မဟုတ်ပါဘူး။ ဒါ့အပြင် မှော်ဆေးပညာရှင်တွေက ဆေးလုံးဖော်စပ်ဖို့ပဲ အာရုံစိုက်ကြပြီးတော့ တိုက်ခိုက်ဖို့ မဟုတ်ပါဘူး။

မှော်ဆေးပညာရှင် အဖွဲ့အစည်းအနေနဲ့ တစ်ခြား ဘာကိုမှ လုပ်နေစရာမလိုပါဘူး။ သူတို့မှာ ငွေမရှားဘူးလေ။

ဒီလူစု က တောက်ပသော ကြယ်နန်းတော် ခန်းမက ငှားထားတဲ့ လူရမ်းကားတွေ ဖြစ်ပြီး သူတို့ကို ကြယ်စင်ခုခံကာကွယ်ရေးတပ်ဖွဲ့ လို့ ခေါ်ကြပါတယ်။ ကြယ်စင် ခုခံ ကာကွယ်ရေး တပ်ဖွဲ့ ရဲ့ အဖွဲ့ဝင်တွေ အဆင့်အတန်းက နိမ့်ကျပါတယ်။ ဒါကြောင့် သူတို့က လူရမ်းကား တွေလိုမျိုးပဲ သူတို့ရဲ့ လမ်းကြောင်းက ပိတ်ဆို့နေတဲ့ အရာတွေကို ရမ်းကားစွာနဲ့ လုပ်ဆောင်တတ်တဲ့ သူတွေ ဖြစ်ပါတယ်။

လင်းဟန် က မျက်စိ တစ်ချက် ပျော့ကြည့်လိုက်တဲ့အခါမှာ အံ့ဩသွားခဲ့ပါတယ်။ ၎င်းတို့ကို ခေါင်းဆောင်လာတဲ့သူက မြို့ကို ဝင်လာတုန်းက သူလက်ဖြတ်ပစ်လိုက်တဲ့ ချန်ခိုင်ဖူ

ဖြစ်နေ ပါတယ်။ သူ့ရဲ့ လက်မောင်းက အခု ပြန်ပြီးဆက်ပြီးတော့ အဖြူရောင် ပတ်တီး စည်းထား ပါတယ်။ သူ့ရဲ့ မျက်နှာတစ်ခုလုံး အငြိုးတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒီကောင်က သူ့ရဲ့ လက်ကို ဆက်ပြီးတဲ့ နောက်မှာ လက်စားချေဖို့အတွက် မစောင့်နိုင်ပဲ သူ့ရဲ့လူတွေကို စုပြီးတော့ ခေါ်လာမှန်း သိသာပါတယ်။

ကြည့်ရတာတော့ စောစောတုန်းက သင်ခန်းစာပေးထားတာက မလုံလောက်သေးဘူး ထင်တယ်။

Chapter 284 end
အပိုင်း (၂၈၅) သတ်

လင်းဟာန် က ပုံမှန် အတိုင်းပဲ လုံးဝ ဂရုမစိုက်ပါဘူး။ ဂုဏ်သိက္ခာရှိတဲ့ အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် အဖြစ်နဲ့ တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို လာခဲ့တာ ဖြစ်လို့ သူ့အနေနဲ့ ဘယ်သူ့ကို ကြောက်နေဖို့ လိုသေးလို့လဲ။

"မင်း…"

ချန်ခိုင်ဖူ က လင်းဟန်ကို မြင်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ နှလုံးသားထဲမှာ အမုန်းတရားတွေ ပြည့်နှက်လို့နေပါတယ်။ သူက လင်းဟန်ကို ညွှန်ပြချင်နေပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ညာဘက်လက်က ပြန်ချိတ်ဆက်ထားကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ လက်ကို မြှောက်လို့ မရနိုင်ပါဘူး။ သူက နာကျင်မှုကြောင့် မျက်မှောင်ကြုတ် သွားခဲ့ပြီးတော့သူ့ရဲ့ ဘယ်ဘက်လက်ကို မြှောက်ပြီး လင်းဟန်ကို ညွှန်ပြလိုက်ပါတယ်။

"သတ္တိကောင်းလှချည်လား.. ဒီသခင်လေးက မင်းကို အခုလေးတင်ပဲ ရှာနေတာကို မင်းကိုယ်မင်း ငါ့ရဲ့ တံခါးဂကို ပို့လိုက်တာပဲ။ အဲဒါပြောတာ ကျားရှေ့မှောက်လျက် လဲတယ်ဆိုတာပေါ့"

လင်းဟန် က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ လက်ကို ရွှေလိုက်စမ်း… ငါ့ကို လက်ညှိုးထိုးပြီး ညွှန်ပြတဲ့ သူတွေကို အမုန်းဆုံးပဲ"

"ဟားဟားဟား… မကြာခင်မှာ မင်းရဲ့ သက်တမ်းက

ကုန်ဆုံးတော့မယ်။ ဘာဖြစ်လို့ တခြား ကိစ္စတွေကို လိုက်ပြီးတော့ စိုးရိမ်ပူပန်နေတာလဲ”

ချန်ခိုင်ဖူ က သရော်ပြီးတော့ သူ့ရဲ့ လက်ချောင်းတွေကို တဖျစ်ဖျစ်နဲ့မြည်အောင် ချိုးနေပါတယ်။ ချက်ချင်းဆိုသလိုပဲ လင်းဟန် ကို ကြယ်စင်ခုနစ်ကာကွယ်ရေးတပ်ဖွဲ့ က လူဆယ်ယောက်က ဝိုင်းထားလိုက်ပါတယ်။

ဇူဟဲချင် က ချက်ချင်းဆိုသလို စိတ်တိုသွားပြီးတော့ အရှေ့ကို ခြေလှမ်းအနည်းငယ် တိုးပြီး ပြောလိုက်ပါတယ်။

“မင်းတို့ကောင်တွေ ဘာလုပ်ဖို့ ကြိုးစားနေတာလဲ”

“အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင်လား”

ချန်ခိုင်ဖူ က ဇူဟဲချင်ရဲ့ ရင်ဘက်က ငွေရောင် တံဆိပ်ပြားကို ကြည့်လိုက်ပြီးတော့ ရုတ်တရက် သတိပြုမိသွားတဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

“ဒီသခင်လေးကို မင်းက ဆန့်ကျင်ရဲတာ အံ့သြစရာ မဟုတ်တော့ဘူး။ မင်းမှာ အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်က နောက်ခံရှိနေတာကိုး…

ဖို့ ဒါပေမဲ့ ဒီသခင်လေး က ဘယ်သူလဲဆိုတာကို မင်းသိရဲ့လား"

လင်းဟန် က ရှုဟဲချင်ရဲ့ ပုခုံးကို ပုတ်လိုက်ပြီးတော့ သူ့ကို စကားပေးပြောဖို့ အချက်ပြ လိုက်ပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ မင်းဘယ်သူလဲ ဆိုတာကို မသိဘူး"

"ဟင့်.. အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် နောက်ခံလေးနဲ့များ ဒီသခင်လေးရဲ့ လက်မောင်း တစ်ဖက်ကို ဖြတ်ရဲတယ်။ ဒီသခင်လေးက မင်းကို သတ်ပစ်ရလိမ့်မယ်"

ချန်ခိုင်ဖူ က ခက်ထန်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး ကြီးမားတဲ့ အရှက်ခွဲ စော်ကားမှုကို တစ်ခါမှ မခံခဲ့ရပါဘူး။ သူ့ရဲ့ အသက်ကို ခြိမ်းခြောက်ရုံသာမက သူ့ရဲ့ လက်တစ်ဖက်ကိုလည်း ဖြတ်ခံခဲ့ရပါတယ်။

ကံကောင်းတာတစ်ခုက..သူ့ရဲ့ လက်မောင်းကို ပြန်ဆက်အောင် ကူညီပေးနိုင်တဲ့ အဆင့်မြင့် ဆေးလုံးတွေ

မရေမတွက်နိုင်အောင် ပိုင်ဆိုင်ထားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ လင်းဟန်ရဲ့ ဆွေစဉ်မျိုးဆက် ကိုးဆက်တိုင်အောင် အမုန်းတရားတွေ ပြည့်နှက်နေမှာ သေချာပါပဲ။

“သတ်ပစ်.. ဒီနှစ်ယောက်ကို သတ်ပစ်လိုက်”

သူက လင်းဟန် နဲ့ ဇူဟဲချင်ကို ညွှန်ပြလိုက်ပါတယ်။ ပြီးတော့ လင်းဟန်ရဲ့ နောက်ကျောမှာ ဟူးညိုကို ကုန်းပိုးထားတာကို မြင်လိုက်တော့ ချက်ချင်းပဲ ထည့်ပြီး ပြောလိုက်ပါတယ်။

“ဒီ မိန်းကလေးကိုပါသတ်”

“သခင်လေးဖူ”

ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့ က အဖွဲ့သား တစ်ချို့ က တုံ့ဆိုင်းဆိုင်း ဖြစ်နေခဲ့ပါတယ်။ ဒါက အနက်ရောင်အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီးတော့ သူတို့အနေနဲ့ မဆင်မခြင် မလုပ်ပံ့ပါဘူး။

“ဟင့်… ငါ့ရဲ့ အစ်ကိုကြီး က အနက်ရောင် အဆင့်မြင့်မှော်ဆေးပညာရှင် တစ်ယောက်ပဲ..

ဘာကိုကြောက်နေရမှာလဲ”

ချန်ခိုင်ဖူ က သူ့ရဲ့ခေါင်းကို မော့ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန် နဲ့ ဖူဟဲချင် တို့ နှစ်ယောက်စလုံး နားလည်သွားခဲ့ကြပါတယ်။ ဒီကောင်က အရမ်းကို ဆိုးသွမ်းရမ်းကားနေတာ အံ့ဩစရာတော့ မဟုတ်တော့ပါဘူး။ သူ့မှာ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် အစ်ကို တစ်ယောက် ရှိနေပါတယ်။

မြောက်ဘက် အစွန်အဖျား ကိုးနိုင်ငံမှာတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် က မှော်ဆေးပညာအကြီးအကဲ အဆင့် ဖြစ်ပါတယ်။

ဒါပေမဲ့ ဒါက သူ့အစ်ကိုပဲလေ သူမှ မဟုတ်တာ။

“သူ့ရဲ့ အသက်ကိုကြည့်ရတာတော့ သူ့ရဲ့ အစ်ကို က အသက်သုံးဆယ်ဝန်းကျင်ပဲ ဖြစ်လိမ့်မယ်။ ဒါက အတော်လေး ပါရမီရှိတယ်လို့ ပြောရမယ်”

လင်းဟန် က ဖူဟဲချင် ကိုပြောလိုက်ပါတယ်။ မှော်ဆေးပညာ က လည်း သိုင်းပညာရပ်တွေ လိုပါပဲ။ အစောပိုင်း

အဆင့်တွေမှာ တိုးတက်မှုနှုန်းက အရမ်းကို မြန်ပါတယ်။ ဒါပေမဲ့ အသက်သုံးဆယ်နဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်တယ် ဆိုတာက အံ့အားသင့်စရာ ကောင်းပါတယ်။

ဇူဟဲချင် က တစ်ချက်စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မျိုးရိုးနာမည်က ချန် ဆိုတော့ ချန်ဖေးဂျန် များ ဖြစ်နေမလား။ သူဆိုရင်တော့ မှော်ဆေးပညာ ပါရမီရှင် တစ်ယောက်ပဲ။ ကျုပ်သိရသလောက်တော့ သူက လွန်ခဲ့တဲ့ ၇ နှစ်လောက်တုန်းက အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့တယ်။ အဲဒီအချိန်မှာ သူက ၂၃ ၂၂ နှစ်လောက်ပဲ ရှိသေးတယ်။ သူက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် အဖြစ်ကို အဆင့်တက် သွားခဲ့တယ်။ သူက လူသိထင်ရှား အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်ခဲ့တယ် ဆိုပေမဲ့ ဒီအဆင့်ကို သူက ၂ နှစ်အတွင်းမှာ မြင့်တက်လာခဲ့တာပဲ။ ဒါက တကယ့်ကို မှန်းဆလို့ မရဘူး"

"အသက်သုံးဆယ် အနက်ရောင် အဆင့်မြင့်

မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာက အရမ်းကို အံ့အားသင့်စရာ ကောင်းတယ်”

သူက လေးလေးနက်နက်နဲ့ သက်ပြင်းချလိုက်ပါတယ်။ ပြီးတဲ့နောက်မှာ လင်းဟာန် ကို ကြည့်လိုက်ပြီးတော့ မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ နိုင်းယှဉ်ရမယ်ဆိုရင် ဒီကောင်ကမှ ပိုပြီးတော့တောင် လူထူးလူဆန်း တစ်ယောက် ဖြစ်ပါတယ်။

“သခင်လေးဟာန် မှန်တယ်”

ဖူဟဲချင်က သဘောတူတဲ့ အနေနဲ့ ခေါင်းငြိမ့်လိုက်ပါတယ်။

“မင်းတို့ကောင်တွေ….”

ချန်ခိုင်ဖူ က ဒေါသတကြီးနဲ့ သူ့ရဲ့ ခြေထောက်ကို ဆောင့်နင်းလိုက်ပါတယ်။ ဒီလူနှစ်ယောက်က တကယ်ပဲ သူ့တို့ကို လစ်လျူရှုပြီးတော့ စကားဆက်ပြောနေကြပါတယ်။ ဒါက သူ့ကို အလွန်အမင်းကို ဒေါသထွက်စေခဲ့ပါတယ်။

“သတ်.. သတ်ပစ် သူတို့အားလုံးကို သတ်ပစ်”

ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့ ကလူတွေက လှုပ်ရှားဖို့ အဆင်သင့် ဖြစ်နေတာ မြင်လိုက်ရတော့ လင်းဟန်က ရယ်မောလိုက်ပါတယ်။

"ပြောစမ်း… မင်းက ဘယ်လိုကောင်လဲ… မင်းက ဘာဖြစ်လို့ ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့ ကို အမိန့်ပေးရတာလဲ။ မင်းက အဆင့်နိမ့် အနက်ရောင် မှော်ဆေးပညာရှင်လား ဒါမှမဟုတ် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လား။ အဘိုးကြီး ဇူ.. မင်းက အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ။ ဒါကြောင့် ဒီ ကြယ်စင် ခုခံကာကွယ်ရေး တပ်ဖွဲ့ က မင်းရဲ့ စကားကို နားထောင်သင့်တယ် မဟုတ်လား"

ဇူဟဲချင် က ပြောလိုက်ပါတယ်။

" ငါက ဇူဟဲချင်ပဲ.. မင်းတို့တွေ ချက်ချင်း အနောက်ကို ဆုတ်ဖို့ အမိန့်ပေးတယ်"

သူက တကယ့်ကို အဟန့် ကောင်းပါတယ်။ ပြီးတော့ သူက မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ အော်ဟစ်လိုက်တဲ့အတွက် ကြယ်စင် ခုခံကာကွယ်ရေး

တပ်ဖွဲ့ က လူတွေက အမှတ်မထင် ခြေလှမ်းအနည်းငယ် နောက်ဆုတ်သွားခဲ့ပါတယ်။ တကယ်တော့ သူတို့ စားဖို့သောက်ဖို့အတွက် ငွေတွေကို မှော်ဆေးပညာရှင်တွေက ပေးနေတာပါ။ ဒါကြောင့် သူတို့ရဲ့ အရှင်သခင် တွေကို ပြန်ပြီးတော့ မကိုက်သင့်ဘူးလေ ဟုတ်တယ်မလား။

"ဘာများ ဂုဏ်ယူစရာ ကောင်းနေလို့လဲ။ ငါ့ရဲ့ အစ်ကိုက ချန်ဖေးဂျန် ပဲ။ တကယ်လို့ သူက ငါ့အစ်ကို ကို မြင်လို့ရှိရင် ဘေးမှာရပ်ပြီးတော့တောင်မှ ဆရာသခင် လို့ ခေါ်ရမှာပဲ"

ချန်ခိုင်ဖူ က အောင်ဟစ်လိုက်တဲ့အခါမှာတော့ ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့ က အရှေ့ကို တိုးလာပြီးတော့ တိုက်ခိုက်လုနီးနီး ပုံစံ ဖြစ်လာပါတယ်။

လင်းဟန် က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"အစတုန်းကတော့ ငါက မင်းကို အခွင့်အရေး တစ်ခု ပေးချင်ခဲ့တယ်။ ဒါပေမဲ့ ဒါကို ဘယ်လို အသုံးချရမလဲဆိုတာ မင်းက မသိဘူးပဲ။ ငါ မင်းကို သတ်ပစ်ရလိမ့်မယ်"

သူ သက်ပြင်းချလိုက်ပါတယ်။ အမှန်တကယ်တော့ သူက

ဒီဆိုးယုတ်တဲ့ သခင်လေး ဆို အစောပိုင်းကတည်းက သတ်ပစ်ချင်နေခဲ့တာပါ။ ဒါပေမဲ့ သူ့ကို အနှုးအညွှန့်တောင်းပန် နေကြတဲ့ လယ်သမားတွေ အတွက် ပြန်စဉ်းစားလိုက်တဲ့အခါမှာတော့ သူက ဒီလယ်သမားတွေကို ထပ်ပြီးတော့ မခံစားစေချင်တော့ပါဘူး။

အခု ဒီ ချန်ခိုင်ဖူ က သူ့ရဲ့ သေလမ်းကို သူရှာနေတာပါ။ သူ့အနေနဲ့ သက်ညှာလို့ မဖြစ်နိုင်ပါဘူး။

"သတ် သတ် သတ်ပစ်"

ချန်ခိုင်ဖူ က မျက်နှာတင်းတင်းနဲ့ အော်ဟစ်လိုက်ပါတယ်။

နောက်ဆုံးမှာတော့ ကြယ်စင် ခုခံကာကွယ်ရေး တပ်ဖွဲ့က လူဆယ်ယောက်က ဇူဟဲချင် နဲ့ လင်းဟန ်ကို တိုက်ခိုက်လိုက်ပါတယ်။ဒါပေမဲ့ ဇူဟဲချင် က အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် ဖြစ်နေတဲ့ အတွက် တိုက်ခိုက်မှု အများစုက လင်းဟန် ဆီကိုပဲ ဦးတည်လိုက်ကြပါတယ်။

ဟူးညီုလား။ သူမရဲ့ တိုက်ခိုက်မှုကို သူတို့တွေက တစ်ခါမှ မမြင်ခဲ့ပါဘူး။ ဒါကြောင့် သူတိုရဲ့ မျက်လုံးထဲမှာ ဒီ

ကလေးငယ်လေး ကို ဘယ်လိုလုပ်ပြီးတော့ ထည့်ထားမှာလဲ။

သူတို့ တကယ့်ကို မှားသွားပါပြီ။

သူတို့က လင်းဟန်ကို တိုက်ခိုက်လိုက်တာကို မြင်လိုက်ရတဲ့အခါမှာ ဟူးညိုက ချက်ချင်းဆိုသလိုပဲ အကြောင်နာတရား ကင်းမဲ့မှုတွေက ပေါက်ကွဲထွက်လာခဲ့ပါတယ်။ သူမက အလင်းရောင်တန်းအဖြစ်ကို ပြောင်းလဲသွားသလိုမျိုး လျှပ်တပြက် ခုန်အုပ်လိုက်ပြီး သူမရဲ့ လက်သည်းတွေကို အဆက်မပြတ် ပွေ့ရမ်းလိုက်တဲ့အခါမှာတော့ သွေးတန်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ထိတ်လန့် ကြောက်မက်ဖွယ်ရာကောင်းတဲ့ အော်သံတွေက အဆက်မပြတ် ထွက်ပေါ် လာပြီးတော့ ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့က အဖွဲ့သားတွေ က မြေကြီးပေါ်ကို တစ်ယောက်ပြီး တစ်ယောက် ဟူးညိုကြောင့် ပြင်းပြင်းထန်ထန် ဒဏ်ရာ ရကုန်ပြီးတော့ လဲကျသွားကုန်ပါတယ်။ ကံကောင်းတာက ဒီမိန်းကလေးရဲ့ ညှာတာထောက်ထား ကင်းမဲ့မှု က အရမ်းကို ပြင်းထန်နေသေးပေမဲ့ သူမရဲ့ သတ်ချင် ဖြတ်ချင်တဲ့ စိတ်တွေက တော်တော်လေးတော့ လျော့ပါးသွားခဲ့ပါတယ်။

ဒါကြောင့် သူမက သူတို့ကို မသတ်ပဲနဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရရုံလောက်ပဲ တိုက်ခိုက်ခဲ့တာပါ။ ဒါကြောင့်လည်း ကြယ်စင် ခုခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေ အသက်ရှင်နေဆဲ ဖြစ်ပါတယ်။

"ဘာ..ဘာ"

ချန်ခိုင်ဖူ ရဲ့ အမူအရာက မယုံကြည်နိုင်မှုတွေ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ဟူးညို က အတော်လေး သန်မာတယ်ဆိုတာ သူသိပါတယ်။ ဒါပေမဲ့ အခုက ဆယ်ယောက် တစ်ယောက် တိုက်ခိုက်နိုင်လောက်အောင် အထိ သန်မာလိမ့်မယ်လို့ သူ့အနေနဲ့ လုံးဝ မမျှော်လင့်ထားခဲ့ပါဘူး။

သူက အလျင်အမြန်ပဲ ဖနောင့်နဲ့ တင်ပါး တစ်ထပ်တည်းကျအောင် ပြေးလိုက်ပါတယ်။ သူ့ရဲ့ အနောက်မှာ တောက်ပသော ကြယ်စင် နန်းတော်ခန်းမ ရှိနေပြီးတော့ အထဲမှာ အားကောင်းတဲ့ ကျင့်ကြံသူတွေ အများကြီး စောင့်ကြည့်နေကြပါတယ်။ သူတို့ထဲက အနည်းငယ်လောက် ဆိုရင်ပဲ လူတိုင်းလူတိုင်းကို လွယ်ကူစွာနဲ့ ဖိနှိပ်ထိန်းချုပ် နိုင်ပါတယ်။ သူက အဆင်ပြေတဲ့ သူတစ်ယောက်ယောက်ကို ပြောလိုက်ရုံပါပဲ။

ပုံမှန်အားဖြင့်တော့ သူ့အနေနဲ့ အဲဒီလူတွေကို အမိန့်မပေးနိုင်ပါဘူး။ ဒါပေမဲ့ အခု လင်းဟန် က တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ တံခါးဝမှာ တိုက်ခိုက်နေပါတယ်။ ဒါကြောင့် ဒီ အစွမ်းထက်တဲ့ ကျင့်ကြံသူတွေက ထိုင်ပြီးတော့ ကြည့်နေနိုင်ကြမှာ မဟုတ်ပါဘူး။

ဒါပေမဲ့… သူစပြီး လှုပ်ရှားလိုက်တာနဲ့ သူ့ကို လူတစ်ယောက်က တားဆီးလိုက်တာကို မြင်လိုက်ရပါတယ်။

အဲဒါက လင်းဟန် ပဲ ဖြစ်ပါတယ်။

“မင်းလိုလူ တစ်ယောက် ကမ္ဘာကြီးပေါ်မှာ အသက်ရှင်နေထိုင်တာက အစားအစာ ဖြုန်းတီးတာပဲ။ ငရဲကို သွားစမ်း”

လင်းဟန်ရဲ့ အသံထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပွက်ပွက်ဆူလို့နေပါတယ်။

“ဟီးဟီး.. လူငယ်လေး.. အချိန်တိုတိုလေးအတွင်းမှာ ဆုံးဖြတ်ချက်တွေ မလောလိုက်ပါနဲ့။ ငါတို့ စကားပြောရအောင်”

ရှိန်လောက်စရာကောင်းတဲ့ အသံတစ်ခု ထွက်ပေါ်လို့လာခဲ့ပါတယ်။ လူဘောလုံးကြီးနဲ့ တူတဲ့ သက်လတ်ပိုင်းအရွယ် လူကြီးတစ်ယောက်က ကြီးမားတဲ့ နန်းတော် ခန်းမ ကနေ လမ်းလျှောက်ပြီးတော့ ထွက်လာခဲ့ပါတယ်။

"ခေါင်းဆောင် မန်.. ကျနော့်ကို ကူညီပြီးတော့ သူ့ကို မြန်မြန် သတ်ပစ်လိုက်ပါ"

ချန်ခိုင်ဖူ က အလျင်အမြန်နဲ့ အော်ဟစ်လိုက်ပါတယ်။

"မန်မို့ကိုင်…."

ဇူဟဲချင် က မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီးတော့ ဂင်ပြီးပြောလိုက်ပါတယ်။

"ဒီကောင်လေးက တောက်ပသောကြယ်နန်းတော် ခန်းမက လူ တစ်ယောက် မဟုတ်ဘူး။ ဘယ်တုန်းက သူက ကြယ်စင်ခုခံကာကွယ်ရေး တပ်ဖွဲ့ ကို အမိန့်ပေးနိုင်သွားတာလဲ"

"ဆရာရူ"

လူဂကြီးက ဇူဟဲချင်ကို အနည်းငယ် ခေါင်းငြိမ့်ပြလိုက်ပြီးတော့ ထူးဆန်းတဲ့ အပြုံးနဲ့ ပြောလိုက်ပါတယ်။

"သူက ဆရာ ချန်းရဲ့ သွေးသားအရင်း ညီလေး ဖြစ်ပါတယ်။ ကျုပ်တောင်မှ မျက်နှာသာ တစ်ချို့ ပေးရပါတယ်။ ဒါပေမဲ့ ကျုပ်က ဆရာဇူ ကိုလည်းပဲ မျက်နှာသာ ပေးမှာပါ။ ဒီလိုဆိုရင် ဘယ်လိုလဲ… အားလုံးပဲ သူတို့ရဲ့ ဓါးတွေကို ချထားပြီးတော့ ထိုင်ပြီး အေးဆေး စကားပြောကြမယ်လေ။ ငြိမ်းငြိမ်းချမ်းချမ်းဆိုရင် ကောင်းတာပေါ့"

Chapter 285 end

ပိတ်ရက်အပိုအပိုင်း(၂၈၆) မင်းက ငါ့ကို အမိန့်ပေးစရာ မလိုဘူး

မန်မိုကိုင် အနေနဲ့ ဇူဟဲချင် ကို ဆန့်ကျင်မှု မပြုလုပ်ချင်ခဲ့ပါဘူး။ ဒါပေမဲ့ ချန်ဖေးကျွင်ရဲ့ ညီငယ်ကို သူ့ရဲ့ အရှေ့မှာ သေသွားတာကို မြင်ရဖို့ကိုတော့ ပိုပြီးတော့ မဖြစ်စေချင်ပါဘူး။ ချန်ဖေးကျွင် က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ မြေကျွန်မှာ အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အခွင့်အရေးရှိပါတယ်။ ဒါက

တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ စစ်မှန်တဲ့ အကြီးအကဲ တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ ချန်ဖေးကျွင်က သူ့ကို အသက်ရှင်သန်နေထိုင်ဖို့ ခက်ခဲအောင် လုပ်လိုက်မယ်ဆိုရင် သူက ဘယ်သူ့ကို စောဒက တက်လို့ရနိုင်မှာလဲ။

ဒါကြောင့် အကောင်းဆုံးကတော့ နှစ်ဖက်စလုံး တည်ငြိမ်ဖို့ပဖြစ်ပြီးတော့ ဆွေးနွေးညှိနှိုင်း ကြတာက အကောင်းဆုံးဖြစ်ပြီးတော့ သူ့အလုပ်မဟုတ်ပါဘူး။

သူ့အနေနဲ့ ကြားနေရတဲ့ လှုပ်ရှားမှု အသံတွေကြောင့် သူ့ရဲ့ စိတ်ကို မရိုးမယွ ဖြစ်စေပြီးတော့ အပြင်ဘက်က အခြေအနေကို ကြည့်ဖို့ ထွက်လာခဲ့တာပါ။ သူ့အနေနဲ့ မှော်ဆေးပညာရှင် နှစ်ယောက်ကြားက ပြဿနာထဲမှာ ဝင်ပါမိလိမ့်မယ်လို့ လုံးဝ မထင်ထားမိပါဘူး။

ချန်ခိုင်ဖူ က တစ်ကိုယ်ကောင်းဆန်စွာနဲ့ ပြောလိုက်ပါတယ်။

“ကောင်းပြီလေ.. အားလုံးပဲ ထိုင်ပြီးတော့ ပြောကြတာပေါ့”

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တဲ့ သူ့အစ်ကိုရဲ့ အကူအညီနဲ့ ဆိုရင်

ဒီနှောင့်ယှက်မှုကနေ ဆွဲထုတ်နိုင်ပါလိမ့်မယ်။ သူ့အနေနဲ့ တစ်ဖက်က ဇူဟဲချင် က တခြား ဘာလှည့်စားမှုတွေကို ဆွဲထုတ်နိုင်ဦးမလဲဆိုတာကို မြင်ချင်တယ်လို့ပဲ ပြောရပါလိမ့်မယ်။

ဇူဟဲချင်ရဲ့ ကာကွယ်မှုသာ မရှိတော့ဘူးဆိုရင် သူ့အနေနဲ့ လင်းဟာန်ကို ဘာပဲ လုပ်ချင်ချင် လုပ်ပစ်လို့ ရနိုင်ပါတယ်။

သူက လင်းဟာန်ကို အမျိုးမျိုးသော နှိပ်စက်နည်းပေါင်းစုံကို အသုံးပြုပြီးတော့ နှိပ်စက်ပစ်မယ်လို့ ကျိန်ဆိုပါတယ်။

“သခင်လေးဟာန်”

ဇူဟဲချင် က လင်းဟာန်ကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ လင်းဟာန် ရှိနေမှတော့ သူ့အနေနဲ့ ဆုံးဖြတ်ချက် ချလို့ မဖြစ်ပါဘူး။

“လဖြွတ်”

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ လူတိုင်းလူတိုင်း အံ့အားသင့်သွားကြပါတယ်။ လင်းဟာန်က ဘယ်သူမို့လို့ အနက်ရောင် အဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက်က ဒီလိုမျိုး ပြုမှု

ဆက်ဆံရတာလဲ။ တစ်ခုသိထားရမှာ မော်ဆေးပညာရှင်တွေက မာနကြီးကြပါတယ်။ ဒီလိုမျိုး နှိမ့်ချပြီး ကျိုးနွံတာကို မြင်ရတာ အရမ်းကို ရှားပါးလွန်းပါတယ်။

လင်းဟန်က သူ့ရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဘာမှ ပြောနေစရာမလိုဘူး။ သူ့ကိုပဲ သတ်ပစ်လိုက်ရုံပဲ"

ချန်နိုင်ဖူ က ထိတ်လန့် တုန်လှုပ်သွားခဲ့ပါတယ်။ သူက ဂက်တစ်ကောင် မဟုတ်သလို သိုးတစ်ကောင်လည်း မဟုတ်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ ပြောနိုင်ရတာလဲ။

"ဟီးဟီး… ဒီက သူငယ်ချင်းလေး ငါ့ကို နည်းနည်းလောက် မျက်နှာသာ မပေးနိုင်ဘူးလား"

နောက်ထပ် အသံတစ်ခု ထွက်ပေါ်လာပြီးတော့ ကြားရတဲ့သူတိုင်းကို ရှင်းလင်းပြတ်သား စေပြီးတော့ သူတို့ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးသလိုမျိုး ခံစားချက်ကိုပါ ဖြစ်ပေါ်စေပါတယ်။

လူတိုင်းလူတိုင်းက လေ့ကားထစ်တွေရဲ့ အဆုံးကို လှည့်ကြည့်လိုက်ကြပါတယ်။

အသက်သုံးဆယ် ဝန်းကျင် အရွယ်ရှိတဲ့ ခန့်ညားပြီး သိက္ခာရှိတဲ့ လူတစ်ယောက် ပေါ်လာခဲ့ ပါတယ်။ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ပုံသဏ္ဍာန် ရှိပြီးတော့ သူ့ရဲ့ ပုံရိပ်က မြင်ရတဲ့ သူတွေကို သိမ်မွေ့တဲ့ သူတစ်ယောက်လိုမျိုး အထင်ရောက်စေပါတယ်။

ဒါပေမဲ့ ဘယ်သူကမှ သူ့ကို နှိမ့်ချပြီးတော့ မကြည့်ရဲပါဘူး။

ဘာဖြစ်လို့လည်းဆိုတော့ သူ့ရဲ့ ရင်ဘက်မှာ အံ့ဖွယ်ကောင်းလောက်တဲ့ ငွေရောင် တံဆိပ် သုံးခု ရှိနေပါတယ်။

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်။

“ဆရာချန် ကို ဂါရဝပြုပါတယ်”

တစ်ယောက်ပြီး တစ်ယောက် ဂါရဝပြုလိုက်ကြပြီးတော့ စိတ်ဂိုဏ်ဉာဉ်ပင်လယ် အဆင့်မှာ ရှိနေတဲ့ မန်မို့ကိုင် တောင်မှ ဒူးတစ်ဖက် ထောက်ပြီးတော့ ဂါရဝပြုရပါတယ်။ သူ့အနေနဲ့

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အရှေ့မှာ ယုံကြည်မှု လုံးဝ မရှိပါဘူး။

ဇူဟဲချင် က အနည်းငယ် တုံ့ဆိုင်းသွားပြီးတော့ သူ့ရဲ့က လက်တွေကို ဆုပ်ပြီး တစ်ဖက်လူ ကို ဂါရဝပြုလိုက်ပါတယ်။

လင်းဟာန် နဲ့ ဟူးညို တို့ကတော့ နည်းနည်းလေးမှ ဂါရဝ ပြုဖို့ ဆန္ဒ မရှိပဲနဲ့ မတ်တပ်ရပ်နေ ကြဆဲ ဖြစ်ပါတယ်။

"မိုက်ရိုင်းလိုက်တာ"

အခြေအနေကို ကြည့်ပြီးတော့ တစ်စုံတစ်ယောက်က ချန်ဖေးကျွင် ကို မျက်နှာလို မျက်နှာရ လုပ်ချင်စိတ်နဲ့ ချက်ချင်းဆိုသလို လင်းဟာန်ကို အော်ဟစ်လိုက်ပါတယ်။

"မြန်မြန် ဒူးထောက်လိုက်စမ်း။ သခင်လေးချန် ရဲ့ အရှေ့မှာ မင်းရဲ့ ရှိသေလေးစားမှု ကင်းမဲ့တာနဲ့ ပတ်သက်ပြီးတော့ သည်းခံနိုင်မှာမဟုတ်ဘူး"

လင်းဟာန် က လှည့်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ အဂါရောင် အလယ်အလတ် အဆင့်မျှပဲ ရှိသေးတဲ့ မှော်ဆေးပညာရှင် တစ်ယောက်ကို မြင်လိုက်ရပါတယ်။

သူက လုံး၊ ဂရုစိုက်မနေတော့ပဲနဲ့ ချန်ဖေးကျွင် ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ဘာဖြစ်လို့ မင်းကို မျက်နှာသာ ပေးသင့်တာလဲ"

"ဒီမိုးကောင်းကင်ရဲ့ အောက်မှာ ငါ့ကို မျက်နှာသာ မပေးတဲ့သူ တစ်ယောက်မှ မရှိသေးဘူး"

ချန်ဖေးကျွင် က အလေးမထားစွာနဲ့ ပြောလိုက်ပါတယ်။

အဟွတ် အဟွတ် ။

လင်းဟန် က ရယ်မောလုနီးပါး ဖြစ်သွားပြီးမှ ချက်ချင်းဆိုသလို အဆက်မပြတ် ချောင်းဆိုး လိုက်ပါတယ်။ လေကြီးလေကျယ်နိုင်လိုက်တာ မိုးကောင်းကင်တွေကိုတောင် လွင့်ထွက် သွားအောင် မှုတ်ထုတ်နေတော့တာပဲ။ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် အဆင့်လောက်နဲ့များ…. ကောင်းကင်အဆင့် ဒါမှမဟုတ် မြေကျွှာ အဆင့် မှော်ဆေးပညာရှင်အဆင့်ဆိုရင် မပြောတော့ပါဘူး။ ကောင်းကင်အဆင့် နဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့် သိုင်းပညာရှင်တွေတောင်မှ သူ့ကို မျက်နှာသာ ပေးစရာကို

မလိုဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆောင်းလဂိုဏ်းက သူ့ကို မျက်နှာသာ ပေးမယ်ဆိုရင် သူ့အနေနဲ့ ဖန်းယန် သတ်ပစ်လို့ ရနိုင်တယ် မဟုတ်လား။

လင်းဟန်ရဲ့ အသံတိတ် လျှောင်ပြောင်မှုကို ကြည့်ပြီးတော့ လူတိုင်း အံ့သြနေကြပါတယ်။ ချန်ဖေးကျွန် က ချန်နိုင်ဖူ ကို ဘယ်လောက်တောင် ချစ်ခင်သလဲ ဆိုတာကို ဘယ်သူမှ မသိပဲ နေမှာလဲ။ ချန်နိုင်ဖူ ဘာပဲလုပ်လုပ် သူ့ညီကို ချန်ဖေးကျွင်က ထောက်ပံ့ပေးခဲ့ပါတယ်။

ဥပမာ အနေနဲ့… မြို့ဂင်ကြေး တိုးလာခဲ့တာက ချန်နိုင်ဖူ ရဲ့ လိုအပ်နေတဲ့ ငွေကြေး အတွက် ရရှိဖို့ ချန်ဖေးကျွင် ရဲ့ မရမက တောင်းဆိုမှုကြောင့် ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ချန်နိုင်ဖူ က တန်ရာတန်ကြေးကို ဘယ်လောက်တောင်မှ အနိုင်ကျင့်ပြီး နှိမ့်ပေးသလဲ ဆိုတာကို လူတွေ က မသိကြပါဘူး။ ဒါပေမဲ့ နိုင်းယှဉ်ရမယ်ဆိုရင် သာမန်လူတွေရဲက သေခြင်း ရှင်ခြင်းထက် အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ကို မဆန့်ကျင်မိဖို့ကိုပဲ လူတွေက လိုချင်တာပါ။

ဒါက ချန်ခိုင်ဖူ ကို ပိုမိုပြီးတော့ အတင့်ရဲလာစေပါတယ်။ ဒါပေမဲ့ ဒီနေ့မျာ တော့ သူ့ကိုကြည့်ရတာ သံတိုင်တစ်ခုကို ခြေထောက်နဲ့ ကန်လိုက်မိတဲ့ ပုံစံပါပဲ။

"ငါ့ရဲ့ ညီလေးကို ချက်ချင်း လွှတ်လိုက် အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့………"

ချန်ဖေးကျွင် က သူ့ရဲ့စိတ်ရှည်သည်းခံမှု ကုန်ဆုံးသွားခဲ့ပြီးတော့ ခြိမ်းခြောက်တဲ့ အမူအရာ ကို ထုတ်ဖော်လိုက်ပါတယ်။ စိတ်ဂိဉာဉ်ပလ္လင် အဆင့် ကျင့်ကြံသူ နှစ်ယောက်က အရှေ့ကို တိုးလာပြီးတော့ သူတို့မျက်နှာအမူအရာတွေက တင်းမာ ခက်ထန်နေတဲ့ပုံစံ ပေါက်နေပါတယ်။

ဒါက တောက်ပသောကြယ်နန်းတော် ခန်းမရဲ့ အသန်မာဆုံး အင်အားစုပဲ ဖြစ်ပါတယ်။ မြောက်ဘက်အစွန်အဖျားက နိုင်ငံကိုးခု က ပြဿနာသေးသေးလေးတွေကို ကိုင်တွယ် ဖြေရှင်းဖို့ အတွက်က ပိုတောင်ပိုနေပါသေးတယ်။

"အဲလိုမှ မဟုတ်ရင် ဘာဖြစ်မှာလဲ။ ငါ့ကို သတ်မလို့လား"

လင်းဟန်က သူ့ရဲ့ လက်ချောင်းလေးတွေကို

ဘယ်ပြန်ညာပြန် ရမ်းပြီးတော့ ပေါ့ပေါ့လေး ပြုံးလိုက်ပါတယ်။

"မင်းမှာ ငါ့ကို အမိန့်ပေးပိုင်ခွင့်မရှိဘူး။ ငါ့ကို ခြိမ်းခြောက်ဖို့ အတွက်လည်း မင်းမှာ လုပ်ပိုင်ခွင့် မရှိဘူး"

"အဓိပ္ပါယ် မရှိတာတွေ ပြောနေတာ ရပ်လိုက်..သူ့ကို အခုလွှတ်ပေးစမ်း.. ဒါဆိုရင် ငါ မင်းကို သက်ညှာပေးတဲ့အနေနဲ့ မင်းကို အသက်ချမ်းသာပေးမယ်"

ချန်ဖေးကျွင် က သူ့ရဲ့ ဒေါသကို ပြန်ထိန်းပြီးတော့ ပြောလိုက်ပါတယ်။ သူ့မှာ ငယ်ငယ်လေးကတည်းက မိဘ နှစ်ပါး မရှိတော့ပါဘူး။ သူ့ရဲ့ ညီလေး ချန်ခိုင်ဖူ နဲ့ပဲ တစ်ယောက်ကို တစ်ယောက် မှီခိုပြီး နေထိုင်လာခဲ့ကြရတာပါ။ ဒါကြောင့် သူ့ရဲ့ ညီလေးက သူ့ဘဝမှာ တစ်ဦးတည်းသော ခင်တွယ်စရာ သွေးသားရင်းချာ တစ်ယောက်ပဲ ဖြစ်ပါတယ်။

ချန်ခိုင်ဖူ အတွက် သူ့အနေနဲ့ လင်းဟာန်ရဲ့ အသက်ကို ချမ်းသာပေးဖို့ ဂရုမစိုက်... ဝန်မလေးပါဘူး။ ဒါပေမဲ့ ပြင်းထန်တဲ့ ပြစ်ဒဏ်တော့ ပေးရပါလိမ့်မယ်။

လင်းဟာန် က ကျီစယ်တဲ့သဘောနဲ့ ရယ်မောလိုက်ပြီးတော့

ပြောလိုက်တယ်။

“ငါပြောသလိုပဲ…မင်းမှာ ငါ့ကို အမိန့်ပေးပိုင်ခွင့်မ ရှိဘူး”

သူက လက်တစ်ဖက်ကို ဖော့ရမ်းလိုက်ပြီးတော့ ငွေရောင် တံဆိပ်တစ်ခုကို ထုတ်ပြီး ရင်ဘက်မှာ တပ်လိုက်ပါတယ်။

“ဘာ…”

လူတိုင်းလူတိုင်း အားလုံး အံ့အားသင့်ကုန်ကြပါတယ်။ ဒါက မှော်ဆေးပညာရှင်တွေ အများဆုံး ရှိတဲ့ တောက်ပသော ကြယ်နန်းတော် ခန်းမပဲ ဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်က မှော်ဆေးပညာရှင်တွေ မဟုတ်ရင်တောင်မှ မကြာခဏဆိုသလို မှော်ဆေးပညာရှင်တွေနဲ့ အဆက်အဆံ ရှိကြတဲ့အတွက် ကြေးတံဆိပ် ၊ ငွေတံဆိပ် နဲ့ ရွှေတံဆိပ်တွေက ဘာကို ကိုယ်စားပြုတယ်ဆိုတာကို သူတို့တွေ သိပါတယ်။

ငွေရောင်တံဆိပ်တစ်ခုက အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ကို ကိုယ်စားပြုပါတယ်။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဒီလူငယ်လေးကို ကြည့်ရတာ အသက်နှစ်ဆယ်တောင် မရှိသေးပါဘူး။ ဒါပေမဲ့ အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်နေခဲ့ပါပြီ။ ဒါက ဟာသ တစ်ခု မဟုတ်ဘူးလား။ မဟုတ်ဘူး မဟုတ်ဘူး။ ဒါကြောင့်မို့လို့လည်း သူက ချန်ဖေးကျွင် ကို မျက်နှာသာ လုံးဂ မပေးပွဲ့တာပေါ့။

ပါရမီရှင်တစ်ယောက်… တကယ့်ကို စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။ ဆယ်ကျော်သက် အရွယ် အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာဂှင် တစ်ယောက်ကို ရှားရှားပါးပါး မြင်ရခဲ ပါတယ်။

ချန်ဖေးကျွင်လည်းပဲ ထိတ်လန့်သွားခဲ့ပါတယ်။ တဖက်လူက ဒီလိုမျိုး ပုက်ဖဲ တစ်ခုကို ထုတ်ဖော်နိုင်လိမ့်မယ်လို့ သူလုံးဂ မတွေးထားခဲ့မိပါဘူး။ ဒါက သူ့ကိုတောင်မှ အနည်းငယ် အံ့အားသင့်သွားစေခဲ့ပါတယ်။ယ ဒါပေမဲ့ သူက ချက်ချင်းဆိုသလိုပဲ အေးစက်တဲ့ အပြုံးတစ်ခု ကို ပြုံးလိုက်ပါတယ်။ တကယ်လို့ လင်းဟန်က မှော်ဆေးပညာရှင် တစ်ယောက် မဟုတ်ဘူးဆိုရင် အားလုံး အဆင်မပြေသေးပါဘူး။ဒါပေမဲ့ မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကို

ထုတ်ဖော်ပြလိုက်တဲ့အတွက် လင်းဟန်က သူ့ရဲ့ အမိန့်ကို နားထောင်ရပါလိမ့်မယ်။

“အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတော့ ပုံမှန်ထက်တော့ နည်းနည်းသာတာပေါ့။ ဒါပေမဲ့ ငါ့ရဲ့ အရှေ့မှာတော့ မင်းကရိုရိုကျိုးကျိုးနဲ့ အမိန့်နာခံ လို့ပဲ ရမယ်။ ငါ့ရဲ့ညီလေးကို ချက်ချင်းလွှတ်ပေးလိုက်ဖို့ ငါမင်းကို အမိန့်ပေးတယ်။ ဟင့် မင်းက အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမိန့်ကိုတောင်မှ မရိုမသေ မလေးမစား လုပ်ဖို့ စိတ်မကူးထားပါဘူး ဟုတ်တယ်မလား။”

ချန်ဖေးကျွင် ကအေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

မှော်ဆေးပညာကမ္ဘာကလည်းက စည်းကမ်းတင်းကျပ်ပါတယ်။ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမိန့်က အဆင့်နိမ့်မှော်ဆေးပညာရှင် တစ်ယောက် အတွက်တော့ အင်ပါယာရဲ့ ဩဇာအာဏာ တစ်ခုနဲ့ တူပါတယ်။ လုံးဝကို မနာခံလို့ မရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တစ်ခြား မှော်ဆေးပညာရှင်တွေရဲ့ ပစ်ပယ်ခြင်းနဲ့ အထင်အမြင်သေးခြင်းကို ခံရပါလိမ့်မယ်။

"ငါပြောခဲ့သလိုပဲ… မင်းမှာ ငါ့ကို အမိန့်ပေးပိုင်ခွင့်မရှိဘူး… ဘာဖြစ်လို့ အော်ဟစ်နေရတာလဲ"

လင်းဟန်က သူ့ရဲ့လက်ကို အထင်အမြင်သေးစွာနဲ့ ဝှေ့ရမ်းလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ စိတ်သိပ်မရှည်တော့တဲ့ ပုံပါပဲ။

"အရှင်သခင် ချင်.. အရှင်သခင် ယန် ဒီ ပမာမခန့်နဲ့ မိုက်ရိုင်းတဲ့ ကောင် ကို ထိန်းထားလိုက်ပါ"

ချန်ဖေးကျွင် က လူရှိန်လောက်တဲ့ စိတ်ဂိဉာဉ် ပလ္လင် အဆင့် ကျင့်ကြံသူ နှစ်ယောက်ကို ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့"

စိတ်ဂိဉာဉ် ပလ္လင် အဆင့် နှစ်ယောက်က ရှိသေလေးစားတဲ့ အမူအရာနဲ့ ခေါင်းငြိမ့် လိုက်ပါတယ်။ သူတို့အနေနဲ့ ချန်ဖေးကျွင် ရဲ့စကားကို မလွန်ဆန်ပံ့ပါဘူး။ သူတို့ကို တောက်ပသော ကြယ်နန်းတော် ခန်းမက ခန့်အပ်ထားမှတော့ သူတို့ အနေနဲ့ တောက်ပသော ကြယ်နန်းတော် ခန်းမ အတွက် အလုပ်လုပ်ပေးဖို့ လိုပါတယ်။

လင်းဟန်က အနက်ရောင် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် မျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့သူက ချန်ဖေးကျွင်ရဲ့ အမိန့်ကို မနာခံတဲ့အတွက် သူတို့ ဂင်ရောက် စွက်ဖက် ဖို့ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိပါတယ်။

စိတ်ဂိုဏ်းဥပလွှင် အဆင့် လူနှစ်ယောက်က ဂင်ရောက်စွက်ဖက်တော့မဲ့ ပုံကို မြင်လိုက်ရတော့ လင်းဟန်က ကျီစယ်တဲ့သဘောနဲ့ ရယ်မောလိုက်ပြီးတော့ သူ့ရဲ့ လက်ကို ပျော့ရမ်းလိုက်ပြီး နောက်ထပ် ငွေရောင်တံဆိပ်ပြား တစ်ခုကို သူ့ရဲ့ ရင်ဘတ်မှာ တပ်လိုက်ပါတယ်။

အဟွတ် အဟွတ် အဟွတ်။

လူတော်တော်များများ ချက်ချင်းဆိုသလိုပဲ သွေးအန်လုမတတ် ဖြစ်ကုန်ကြပါတယ်။ နှစ်ခုတောင်လား။ အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်လား။ မင်းက ထူးထူးဆန်းဆန်း ဟာသတွေ လုပ်နေတာ မဟုတ်ဘူးလား။

အသက် ဆယ့်ခြောက် ဆယ့်ခုနစ်နှစ် အရွယ် အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်လား။

“လဖြွတ်ပဲ.. ဒါက တကယ့်ကို လူထူးလူဆန်း ဖြစ်သွားပြီ”

Chapter 286 end

အပိုင်း (၂၈၇) ငွါနာမည် လင်းဟန်

သိုင်းပညာ နဲ့ မှော်ဆေးပညာ တွေက တူညီကြပါတယ်။ သူတို့က အထွတ်အထိပ်ကို ရောက်ဖို့အတွက် အချိန်အကြာကြီးနေမှ အဆင့်တက်ကြ ပါတယ်။

ဒ့ါအပြင် မှော်ဆေးပညာ ကတော့ လုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ဖို့ နည်းလမ်းမရှိပါဘူး။

ဒီကမ္ဘာကြီးထဲမှာတော့ စိတ်ဂိညာဉ် ဆေးပင်တွေနဲ့ စိတ်ဂိညာဉ် သစ်သီးတွေ ရှိကြပါတယ်။ အသီးတစ်လုံး ဒါမှမဟုတ် အပင်အစိတ်အပိုင်း တစ်ခုကို စားခြင်းက တစ်ညလွန်မြောက်တဲ့ အခါမှာ အံ့မခန်း ကျင့်ကြံသူ တစ်ယောက် အဖြစ်ကို ကျင့်ကြံခြင်းအဆင့် တိုးသွားနိုင်ပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ နည်းစနစ် တွေကို အကြီးအကျယ် တိုးတက်သွားစေနိုင်မဲ့ ကောင်းမွန်တဲ့ အရာမျိုးက မရှိပါဘူး။

ထူးဆန်းတဲ့ မီး တည်ရှိမှု တစ်ခုတည်းတောင်မှ ဒါက မှော်ဆေးပညာရှင်တွေကို အဆင့်နိမ့် ကနေ အဆင့်မြင့်တဲ့ မှော်ဆေးလုံးတွေကို သန့်စင်ပြုလုပ်နိုင်ဖို့ပဲ ရပါတယ်။ ဒါတောင်မှ မှော်ဆေးပညာရပ်မှာ လုံလောက်တဲ့ နားလည်မှု ရှိဖို့ လိုအပ်နေပါသေးတယ်။ သူတို့က မိုးကောင်းကင်ပေါ်ကို တစ်ခါတည်းနဲ့ မရောက်သွားနိုင်ပါဘူး။

လင်းဟန်က အသက်နှစ်ဆယ်တောင် မရှိသေးပါဘူး။ ဒါပေမဲ့ သူက အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပြီလား။

ဒါက တကယ့်ကို ဟာသတစ်ခုပဲ။ တကယ်လို့ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်ရဲ့ နာမည်က ကမ္ဘာကြီးကို ဘာဖြစ်လို့ မပြန့်နှံ့ရပဲနဲ့ သူတို့ ဘယ်လိုကြောင့် မကြားဖူးရတာလဲ။

“ဟင့်… ငါ မင်းရဲ့ လှည့်ဖျားမှုကို ခံရလုနီးနီးတောင်မှ ဖြစ်သွားတယ်။ မင်းက တကယ်ပဲ မှော်ဆေးပညာရှင် တစ်ယောက်လို ဟန်ဆောင်ရဲသေးတယ်။ ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ”

ချန်ဖေးကျွင် က ခြိမ်းခြောက်ပြောဆိုလိုက်ပါတယ်။ သူ့ရဲ့ ညီငယ်က အဖမ်းခံထား ရပြီးတော့ အစောပိုင်းတုန်းကဆိုရင်

လက်မောင်း တစ်ဖက်တောင် ဖြတ်ခံထားရပါတယ်။ ဒါက သူ့ကို အရမ်းကို ဒေါသထွက်သွားစေခဲ့ပါတယ်။

လင်းဟန် က ဂရုမစိုက်ပဲ ရယ်မောလိုက်ပြီးတော့ သူ့ရဲ့ ရင်ဘက်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

“မင်းရဲ့ ညစ်ပတ်ပေရေနေတဲ့ မျက်လုံးကို ဖွင့်ပြီးတော့ သေသေချာချာ ကြည့်လိုက်စမ်း။ ဒါက အတုလား”

ညစ်ပတ်နေတဲ့ မျက်လုံးတွေ ဟုတ်လား။

လူတိုင်းလူတိုင်းရဲ့ ပါးစပ်တွေ ရွဲ့သွားခဲ့ပါတယ်။ သူက တကယ့်ကို အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ဂေဖန်ပြောဆိုရဲတယ်။ ဒီကောင်လေးက တကယ်ပဲ အရမ်းကို သတ္တိကောင်းတာပဲ။

“ကောင်ကလေး မင်းရဲ့ မှော်ဆေးပညာ အရှင်သခင် ထောက်ခံချက် ကို စစ်ဆေးဖို့ အတွက် ပြစမ်း”

စိတ်ဂိဉာဉ်ပလ္လင် အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်တဲ့ ချင်ရှန်း က လင်းဟန်ကို ပြောလိုက်ပါတယ်။

တံဆိပ်တွေက အတုအယောင် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာ အရှင်သခင် ထောက်ခံချက်ကတော့ အတုလုပ်လို့ မရပါဘူး။ ၎င်းအပေါ်မှာ ပြည့်စုံတဲ့ အစီအရင် တစ်ခု ရှိပြီးတော့ ချက်ချင်းဆိုသလို စုံစမ်းလေ့လာ လို့ ရနိုင်ပါတယ်။

ချန်ဖေးကျွင် က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တော့ရော ဘာဖြစ်သေးလဲ။ မင်းက ငါ့ရဲ့ အမိန့်ကို နားထောင်နေရဦး မှာပဲ"

လင်းဟန်က သူ့ရဲ့ လက်ချောင်းလေးတွေကို ခါယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နားတွေနဲ့ ကြားရတာတော့ ငါ့ကို အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် လို့ ပြောလိုက်တာလား။ မင်းက တကယ့်ကို ငတုံးတစ်ယောက် ဆိုတာ မထင်ရက်စရာပဲ"

ဒေါသတွေပေါက်ကွဲနေတဲ့ ချန်ဖေးကျွင်ကို

လစ်လျူချန်ရှူပြီးတော့ သူက တတိယမြောက် ငွေ တံဆိပ် ကို ထုတ်ယူလိုက်ပြီးတော့ သူ့ရဲ့ ရင်ဘက်မှာ တပ်ဆင်လိုက်ပါတယ်။

ငွေတံဆိပ်သုံးခု…. ချန်ဖေးကျွင် နဲ့ တူတူပဲ။

“မဖြစ်နိုင်ဘူး”

လူတိုင်းလူတိုင်းရဲ့ စိတ်ထဲမှာ ဒီ စကားလုံး သုံးခုက တစ်ချိန်တည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအသက်အရွယ်နဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် လုံး၊ လုံး၊ လုံး၊ ကို မရှိဘူး။

“ဟက်”

ချန်ဖေးကျွင် က နှာခေါင်းရှုံ့လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က ဒုတိယ ငွေတံဆိပ်ကို ဆွဲထုတ်လိုက်ကတည်းက မယုံကြည်တော့တာပဲ ဖြစ်ပါတယ်။

“ဟူး”

အံ့မခန်း စိတ်ဂိုဉာဉ် ပလ္လင် အဆင့် ကျင့်ကြံသူ နှစ်ယောက် ဖြစ်တဲ့ ချင် နဲ့ ယန် တို့ တစ်စုံတစ်ယောက်ကို ရုတ်တရက် သတိရသွားပြီးတော့ ထိတ်လန့်သွားခဲ့ပါတယ်။

"လဖြွတ်ကောင်.. ငွေတံဆိပ် သုံးခုကို ဂတ်လိုက်တာနဲ့ပဲ မင်းကိုယ်မင်း အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သွားပြီလို့ ထင်နေတာလား"

ချန်ဖေးကျွင် ကို အစောပိုင်းတုန်းက ကပ်ဖားရပ်ဖား လုပ်ခဲ့တဲ့ သူက ချက်ချင်းဆိုသလို ခုန်ထွက်လာပြီးတော့ လင်းဟာန်ကို လက်ညှိုးထိုးပြီး အော်ဟစ်လိုက်ပါတယ်။

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"တစ်ယောက်ယောက်က ကျုပ်ကို လက်ညှိုးထိုးရင် အမုန်းဆုံးပဲ ဆိုတာကို ကျုပ်မပြောခဲ့ဘူးလား"

"လူငယ်လေး.. မင်းရဲ့ မျိုးရိုးနာမည်က လင်း လား"

စိတ်ဂိုဉာဉ် ပလ္လင် အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်တဲ့ ချင် က ရုတ်တရက် ကြားဖြတ်ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"လင်း"

ချန်ဖေးကျွင်ရဲ့အမူအရာက ချက်ချင်းဆိုသလိုပဲ တစ်စုံတစ်ယောက်ကို တွေးမိသွား သလိုမျိုး ပြောင်းလဲသွားခဲ့ပါတယ်။

"လင်းဟန်…. မင်းက လင်းဟန် ပေါ့"

သူ့ရဲ့ အမူအရာ က ဒေါသတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

လွန်ခဲ့တဲ့ နှစ်ဂက် သူ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် အဖြစ်ကို အဆင့်တက် သွားခဲ့တုန်းက မြောက်ဘက် အစွန်အဖျားမှာ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ကြီးမားတဲ့ နေရာ တစ်ခုဖြစ်တဲ့ မြောက်ပိုင်းဒေသမှာတောင်မှ အသက်သုံးဆယ် အရွယ် အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာက အရမ်းကို ထူးချွန်ပြောင်မြောက် တဲ့ စာရင်းထဲမှာ ပါပြီးတော့ အရမ်းကိုနည်းတဲ့ လူနည်းစုကသာ သူ့ထက် သာလွန်တာပါ။

ဒါပေမဲ့လည်း သူ့ရဲ့ အားရကျေနပ်မှုတွေက လ အနည်းငယ်လောက်ပဲ ခံပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ပဲ

လူငယ် ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာခဲ့ပြီးတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် အဲဒီ ပါရမီရှင်က သူ့ထက် ငယ်ပါတယ်။ အရမ်းကို ငယ်ပြီးတော့ သူတောင်မှ ဒါကို မယုံကြည်နိုင်အောင် ဖြစ်နေရပါတယ်။

ဆယ့်ခုနစ်နှစ်။

ပထမတော့ သူတစ်ယောက်တည်းမှ မဟုတ်ဘူး တောက်ပသော ကြယ်နန်းတော် ခန်းမက လူတွေ တော်တော်များများတောင်မှ ဒီကိစ္စက မှန်ရဲ့လားဆိုတာကို သင်္ကာမကင်း ဖြစ်နေကြပါတယ်။ ဒါပေမဲ့ ဖူယွမ်ရှင်း ရဲ့ ကိုယ်တိုင်ရေး စာ နဲ့ အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးပညာရှင်အများကြီးရဲက ပူးပေါင်းထောက်ခံချက်ကြောင့် ဒါကို ယုံကြည်သွားခဲ့ကြပါတယ်။

ဒါကြောင့်လည်း ချန်ဖေးကျွင် က သူ့ရဲ့ ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုကို လင်းဟန်က ခိုးယူသွားခဲ့တဲ့အတွက် မုန်းတီးနေခဲ့ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူ့အနေနဲ့ အငယ်ဆုံး အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ရဲ့

အောင်မြင်မှုမျိုး ရရှိလာပါလိမ့်မယ်။ ဒါက ဘယ်လောက်တောင် ထူးချွန်ပြောင်မြောက်လိုက်သလဲ။

ဒီ မုန်းစရာကောင်းတဲ့ ကောင်က သူ့ရဲ့ ရေပန်းစားမှုကို ခိုးယူသွားခဲ့ပြီးတော့ ဒီနေ့မှာ သူ့ရဲ့ ပိုင်နက် ထဲကို ပြေးဝင်လာခဲ့ပြီး သူ့ရဲ့ ညီငယ်ကို ဒဏ်ရာ ရအောင်လုပ်ပြီးတော့ သူ့ကိုလည်း လူပုံအလယ်မှာ မျက်နှာပျက်အောင် လုပ်ခဲ့ပါတယ်။

သူ့အနေနဲ့ ဒါကို လုံးဝ ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

"ငါ့နာမည် လင်းဟန်"

လင်းဟန် က မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကို သက်သေပြနိုင်တဲ့ ခရစ်စတယ်တုံး ကို ထုတ်ယူလိုက်ပါတယ်။ ၎င်းခရစ်စတယ်တုံးထဲကို မူလစွမ်းအင် ထည့်သွင်းလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ တောက်ပတဲ့ အလင်းတစ်ခု ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ မှော်ဆေးပညာ အရှင်သခင် အဆင့်ကို ရှင်းရှင်းလင်းလင်းနဲ့ ရေးထားပြီးတော့ တစ်ချိန်တည်းမှာပဲ အားလုံးကို မျက်မြင်ကိုယ်တွေ့ ဖြစ်သွားစေခဲ့ပါတယ်။

လူတိုင်းလူတိုင်း အော်ဟစ်ငိုကြွေးကုန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက လွန်ခဲ့တဲ့ တစ်လ နှစ်လလောက်က ဖြစ်သွားခဲ့တာဖြစ်ပြီးတော့ လူအများစုက လင်းဟန် ရဲ့ ကိစ္စကို မသိကြသေးပါဘူး။ သူတို့က လင်းဟန်ကို ကြောင်တိကြောင်တောင် နဲ့ စိုက်ကြည့်နေကြပါတယ်။

အရမ်းကို ငယ်လွန်းတယ်။ ဒါကြောင့် ဒီလူတွေက ဒါကို လုံးဝ လက်မခံနိုင်ကြပါဘူး။

ချန်ဖေးကျွင် တောင်မှ အသက်သုံးဆယ်နဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့တဲ့အတွက် သူ့ကို မြင်တဲ့သူတိုင်းက အံ့အားသင့်နေကြတာပါ။ ဒါပေမဲ့ အခု လင်းဟန်က ဘယ်လောက်တောင် ငယ်ရွယ်ပြီးတော့ အသက် ဘယ်လောက်ပဲ ရှိသေးလို့လဲ။

ဆယ့်ခုနစ်နှစ်လား ဆယ့်ရှစ်နှစ်လား။

နတ်ဘုရားတွေ ကယ်ကြပါ။

“အရင်ဆုံး ငါ့ရဲ့ ညီလေးကို လွှတ်ပေးလိုက်ပါ”

ချန်ဖေးကျွင်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန် က ပေါ့ပေါ့ပါးပါးနဲ့ ရယ်မောလိုက်ပြီးတော့ ပြောပါတယ်။

"မင်းပြောသလို ငါက လွှတ်ပေးလိုက်မယ်ဆိုရင် ငါ့မျက်နှာကို ဘယ်မှာ သွားထားရမှာလဲ"

"လင်းဟန်"

ချန်ဖေးကျွင် ရဲ့ မျက်လုံးတွေထဲမှာ မီးဂင်းဂင်းတောက်နေခဲ့ပါတယ်။

"မင်းဘာလိုချင်တာလဲ"

ဒီအခိုက်အတန့်မှာတော့ ချင် နဲ့ ယန် ဆိုတဲ့ စိတ်ဝိဉာဉ် ပလ္လင် အဆင့် စစ်သည်တော် နှစ်ယောက်က ထိုင်ပြီးတော့ စောင့်ကြည့်နေကြပါတယ်။ လင်းဟန် ပဲ ဖြစ်ဖြစ် ချန်ဖေးကျွင် ပဲ ဖြစ်ဖြစ် နှစ်ယောက်စလုံးက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်တွေ ဖြစ်ပြီးတော့ သူတို့နှစ်ယောက်စလုံးက အကန့်အသတ် မရှိ

အောင်မြင်မှုတွေ ရှိကြပြီး အဆင့်အတန်း ကလည်း တူတူပါပဲ။ဒါကြောင့် သူတို့ အနေနဲ့ ဘယ်သူ့ကိုမှ ဆန့်ကျင်လို့ မဖြစ်ပါဘူး။

လင်းဟန် က ရယ်မောလိုက်ပါတယ်။

"နောက်ဆုံးတော့ မင်းက အဓိက အချက်ကို မေးလာခဲ့တာပဲ။ ကောင်းပြီလေ…ဒီကောင်က မရေမတွက် နိုင်တဲ့ ဆိုးဆိုးရွားရွား အရာတွေကို လုပ်ခဲ့တယ်ဆိုတာ သိသာထင်ရှားတယ်။ ဒါပေမဲ့ ငါက ရောက်လာကာစပဲ ရှိသေးတဲ့ အတွက် ဘယ်လောက် ဆိုးဝါးတဲ့ အရာတွေလည်း ဆိုတာကို မရှင်းလင်းသလို စုံစမ်းစစ်ဆေးမှုလည်း မလုပ်ရသေးဘူး။ ဒါပေမဲ့ ဒီကောင်က ငါ့ကို သတ်ဖို့ ကြိုးစားခဲ့တာတော့ အမှန်ပဲ။ ဟုတ်တယ်. မော်ဆေးပညာရှင် တစ်ယောက်ကို သတ်ဖို့ စဉ်းစားထားတယ်။ ဒါက တကယ့်ကို သေဒဏ်ပဲ.. ငါမမှားဘူး ဟုတ်တယ်မလား"

"ဟင့်.. ငါ့ရဲ့ ညီငယ်လေးက မင်းရဲ့ အဆင့်အတန်းကို မသိခဲ့ဘူး။ ဒီပြစ်မှုကို ခွင့်လွှတ် ပေးလို့ရတယ်"

ချန်ဖေးကျွင်က ချက်ချင်းဆိုသလို ပြောလိုက်ပါတယ်။

“မင်းက ဒါကို ခွင့်လွှတ်လို့ ရတယ်လို့ ပြောတာနဲ့ပဲ ခွင့်လွှတ်ပေးရမှာလား။ ဒီ ဆန်ကုန်မြေလေး ရဲ့ ခြိမ်းခြောက်တာကို ခံရတာက မင်းမှ မဟုတ်တာ”

လင်းဟန်က လှောင်ပြောင် သရော်လိုက်ပါတယ်။

“ကြယ်စင်ခုခံ ကာကွယ်ရေး တပ်ဖွဲ့ကို ဒုက္ခပေးဖို့ မလိုပါဘူး။ ဒီကောင် က မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ဖို့ လျှို့ပုက်ကြံစည်ခဲ့တယ်။ ချက်ချင်းပဲ သူ့ကို ကွပ်မျက်ဖို့ ငါ ကြေညာတယ်”

“မင်းလုပ်ရဲလား။ မင်းလုပ်ရဲသလား”

ချန်ဖေးကျွင် က သူ့ရဲ့ ခြေထောက်ကို ဆောင့်ပြီး မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

“လင်းဟန်.. မင်းက ငါနဲ့ ဘယ်တော့မှ မပြေနိုင်တဲ့ ရန်ငြိုးရန်စ တစ်ခု ဖြစ်အောင် လုပ်နေတာလား”

“မင်းက ဘယ်သူမို့လို့လဲ”

လင်းဟန် က လုံးဝကို အရေးမစိုက်ပါဘူး။ သူ့ရဲ့ အမူအရာ

က အထင်သေးခြင်းတွေ ပြည့်နှက်လို့ နေပါတယ်။

"မင်း… မင်း ငါ့ကို စော်ကားပုံ့တယ်"

ချန်ဖေးကျွင် က ဒေါသတကြီးနဲ့ ခြေထောက်ကို ဆောင့်ချလိုက်ပါတယ်။ သူ့ရဲ့ လည်ပင်းက သွေးကြောတွေတောင်ထောင်လို့ လာခဲ့ပါတယ်။

"ငါ့ကိုယ်ငါ မင်းရဲ့ အဆင့်ထိ မနှိမ့်ချနိုင်ဘူး။ မြန်မြန် ငါ့ရဲ့ ညီလေးကို လွှတ်လိုက်"

လင်းဟန် က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဇဂနညာဏ်တော့ ရှင်သားပဲ ။ ဒါပေမဲ့ ကံမကောင်းတာက ငါက ဒါကို စိတ်မဝင်စားဘူး"

လင်းဟန် ကသူ့ရဲ့ လက်ကို လှုပ်ရမ်းလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ လက်ထဲမှာ ဓါးရှည်တစ်ချောင်း ပေါ်လာခဲ့ပါတယ်။ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် အနေနဲ့ သူ့မှာ သိုလှောင်လက်စွပ် တစ်ကွင်းရှိတာကို လူတွေသိသွားမှာကို

မကြောက်ရွံ့ပါဘူး။

“အစ်ကို ငါ့ကို ကယ်ပါဦး ငါ့ကိုကယ်ပါ”

ချန်ခိုင်ဖူ က ချက်ချင်းဆိုသလိုပဲ လင်းဟန်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ခံစားမိလိုက်ပြီး သူ့ရဲ့ လက်တွေကို ထိတ်လန့်တကြားနဲ့ ခါလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လက်မောင်းက ပြန်ဆက်ထားတာ မကြာသေးတဲ့အတွက် ဒီလိုမျိုး ခပ်ကြမ်းကြမ်းလှုပ်လို့မရပါဘူး။ ဒါကြောင့် သူ့ရဲ့လက်မောင်းက ချက်ချင်းဆိုသလို သူ့ရဲ့ ပခုံးကနေ မြေကြီးပေါ်ကို ကျသွားပြီးတော့ မြင်မကောင်း ရှုမကောင်းအောင် သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။ယ

“ဖူး”

သူ့ရဲ့ နာကျင်အော်ဟစ် ငိုကြွေးလိုက်တဲ့ အသံကို မကြားလိုက်ရပဲ လင်းဟန်က သူ့ရဲ့ လည်ပင်းကို ဖြတ်ပစ်လိုက်ပါတယ်။

ချန်ခိုင်ဖူရဲ့ ပါးစပ်ကနေ သွေးတွေ မြင်မကောင်းအောင် ယိုစိမ့်ကျလာပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်က ချန်ဖေးကျွင် ဆီကို ရောက်သွားခဲ့ပေမဲ့ သူ့ရဲ့လက်တွေက လမ်းတဝက်မှာပဲ

အောက်ကို ကျသွားပြီးတော့ မြေကြီးပေါ်ကို အားနည်းစွာနဲ့ လဲကျသွားခဲ့ပါတယ်။

“ညီလေး”

ချန်ဖေးကျွင် က ဂမ်းနည်းကြေကွဲစွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲမှာ မီးတောက်တွေ တောက်လောင်နေပြီးတော့ လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

“လင်းဟန်… ဒီနေ့မှာ ငါတို့ နှစ်ယောက်တည်းက တစ်ယောက် သေရလိမ့်မယ်လို့ ငါကျိန်ဆိုတယ်”

လင်းဟန်က ပခုံးတွန့်ပြီးတော့ ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

“မင်းက ငါ့ကို ဒူးထောက်ပြီးတော့ နောက်ကျရင် ဆရာသခင်လင်း လို့ ခေါ်ရလိမ့်မယ် ဆိုတာကို ငါလောင်းကြေးထပ်ရဲတယ်”

“လပြွတ်ပဲ”

ချန်ဖေးကျွင် က ကျိန်ဆဲလိုက်ပါတယ်။ သူ့ရဲ့ ညီကို သတ်ခဲ့တဲ့ သူကို သူက ဒူးထောက်ရမယ်ဆိုတာက သူ့ကို အရှက်ခွဲလိုက်တာနဲ့ အတူတူပဲ မဟုတ်လား။ မဖြစ်နိုင်တာ။

"ဒီလို လောင်းကြေးရော ထပ်ချင်လား။ တကယ်လို့ မင်းနိုင်ရင် ငါ့ရဲ့ ထူးဆန်းတဲ့ မီး ကို မင်းကို ပေးမယ်။ ပြီးတော့ တကယ်လို့ ငါနိုင်မယ်ဆိုရင် ဆန့်ကျင်ဘက် အနေနဲ့ မင်းရဲ့ ထူးဆန်းတဲ့မီး ကို ငါ့ကို ပေးရမယ်"

နောက်ဆုံးတော့ လင်းဟန် က သူ့ရဲ့ အဓိက ရည်ရွယ်ချက်ကို ထုတ်ပြောလိုက်ပါတယ်။

Chapter 287 end

ပိတ်ရက်အပိုင်း (၂၈၈) လောင်းကြေး

ချန်ဖေးကျွင့် က ငွေဦးစမ်းရေ အလွှာ ၇ အဆင့် ပဲ ရှိပါတယ်။ ပုံမှန်အားဖြင့်တော့ သူပ အလွန်ဆုံး အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးလုံးကိုပဲ ဖော်စပ်နိုင်စွမ်း ရှိရမှာပါ။ ဒါပေမဲ့ သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်ခဲ့တယ် ဆိုမှတော့ သူက ထူးဆန်းတဲ့မီး အမျှင်ပါးပါးတစ်ခုနဲ့ ပေါင်းစည်းနိုင်ခဲ့ပြီး အဆင့်တက်လာခဲ့တယ်ဆိုတာ

သေချာပါတယ်။

လင်းဟန် က ထူးဆန်းတဲ့ မီးလုံး တစ်ခု ရှိပေမဲ့ ပိုပြီးတော့ အစွမ်းထက်လာအောင်လို့ ဒီ ထူးဆန်းတဲ့ မီး အမျှင်ပါးပါးကိုပါ ပေါင်းစည်းဖို့ အတွက် လုပ်ရပါလိမ့်မယ်။

ချန်ဖေးကျွင့် က စိုက်ကြည့်လိုက်ပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားတဲ့ အမူအရာ တစ်ခု ပေါ်လာခဲ့ပါတယ်။

လင်းဟန် ခန့်မှန်းထားတဲ့ အတိုင်းပဲ သူက ထူးဆန်းတဲ့ မီးကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် ချန်ဖေးကျွင့် က ဒီလောင်းကြေးကို လုပ်နိုင်ပါတယ်။ လင်းဟန် ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတယ် မဟုတ်လား။

တကယ်လို့ လင်းဟန်မှာ ထူးဆန်းတဲ့ မီး မရှိဘူးဆိုရင် သူ့ကို ဘယ်လိုလုပ်ပြီးတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လို့ ခေါ်ဆိုဖို့ အဆင့်မှီနိုင်မှာလဲ။ အဲဒီအချိန်ကျရင် သူက ပြန်လည်စစ်ဆေးဖို့ တောင်းဆိုမှု တစ်ခုလုပ်လိုက်မှာပေါ့။ တကယ်လို့ လင်းဟန် က အနက်ရောင် အဆင့်မြင့် မှော်ဆေးတစ်မျိုးမျိုးကို မဖော်စပ် နိုင်ဘူးဆိုရင် သူရဲ့ လက်ရှိ

မှော်ဆေးပညာရှင် အဆင့်ကနေ လျော့ကျသွားပါလိမ့်မယ်။

တကယ်လို့ လင်းဟန်ရဲ့ မှော်ဆေးပညာအဆင့် နိမ့်ကျသွားရင် သူက နည်းလမ်းရှာပြီး လင်းဟန်ကို ဖြည်းဖြည်းခြင်း သတ်ဖို့ စဉ်းစားနိုင်ပါလိမ့်မယ်။

သူ့ရဲ့ ညီငယ်ကို သတ်ထားတဲ့ အမုန်းတရားက လင်းဟန်နဲ့ သူ့ကို မိုးကောင်းကင်အောက် တစ်ခုတည်းမှာ အတူတူ နေထိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ လင်းဟန် က သေကို သေရပါလိမ့်မယ်။

“ကောင်းပြီ… ဒီလောင်းကြေးကို သဘောတူတယ်”

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟန် လို ကမ္ဘာမကြေတဲ့ ရန်သူတော် တစ်ယောက်ကို သူက ဒူးထောက်ပြီးတော့ အရိုအသေပြုရမယ်ဆိုတဲ့ အဖြစ်အပျက် က ဖြစ်လာလိမ့်မယ်လို့ ဘယ်လိုနည်းနဲ့မှ ယုံကြည်နိုင်စရာအကြောင်း မရှိပါဘူး။ တစ်ခုပဲ ဖြစ်နိုင်ချေရှိပါလိမ့်မယ်။ အဲဒါက လင်းဟန် အနေနဲ့ မြေကမ္ဘာ အဆင့် ကို အဆင့်တက် သွားခဲ့မှပဲ ဖြစ်နိုင်မှာပါ။

မေးခွန်းကတော့ အဲဒါက ဖြစ်နိုင်ပါ့မလား။

“ ငါ ဆရာသခင် တစ်ချို့ ကို ဒိုင်လူကြီး လုပ်ပေးဖို့ ပြောလိုက်ဦးမယ် ”

ချန်ဖေးကျွင့် က ပြောလိုက်ပါတယ်။ သူ့အနေနဲ့ပ လင်းဟန်က ရှုံးနိမ့်သွားတဲ့အခါကျရင် မရိုးမသား ပြုလုပ်မှာကို စိုးရိမ် ထိတ်လန့်နေတာပဲ ဖြစ်ပါတယ်။

“ဟားဟားဟား… ငါလည်းပဲ မင်း မရိုးမသား လုပ်မှာကို ကြောက်နေတာ… သွားသွား သူတို့ကို သွားပြောလိုက် ”

လင်းဟန် က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

လင်းဟန် ရဲ့ သေချာနေတဲ့ ပုံစံကို မြင်လိုက်ရတဲ့အခါမှာ ချန်ဖေးကျွင့် က အနည်းငယ် ထိတ်လန့်သွားခဲ့ပါတယ်။ ဒီကောင်က မြေကျွှမ်း အဆင့်ကို တကယ်ကြီး အဆင့်တက်သွား ခဲ့ပြီလား။ မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ အသက် ဆယ့်ခုနစ်နှစ်နဲ့ မြေကျွှမ်းအဆင့် မှော်ဆေးပညာရှင် ဆိုတာ အိပ်မက်ပဲ ဖြစ်လိမ့်မယ်။

ဒါ့အပြင် အရေးကြီးဆုံး အချက်က အနက်ရောင် အဆင့်အထက်က မှော်ဆေးပညာရှင် တွေ အတွက်က

ပါဂင်ပစ္စည်းတွေကို သူတို့ကိုယ်တိုင်ကိုယ်ကျ ပြင်ဆင်ရတာ ဖြစ်ပါတယ်။ မြေကျွှာ အဆင့် ဆေးအတွက် ပါဂင်ပစ္စည်းတွေက ဘယ်လောက်တောင် တန်ဖိုးကြီး မားလိုက်သလဲ။ သူ့အနေနဲ့ လင်းဟန်က ပါဂင်ပစ္စည်းတွေကို ပြင်ဆင်ခဲ့တယ်ဆိုတာ လုံးဂ မယုံကြည်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အမှတ်မထင် ကိစ္စမှ မဟုတ်တာ။

ဒါကြောင့် တကယ်လို့ လင်းဟန်မှာ မြေကျွှာ အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ဖို့ စွမ်းရည် တကယ်ပဲ ရှိခဲ့တယ်ဆိုရင်တောင်မှ သက်ဆိုင်ရာ ပါဂင်ပစ္စည်းတွေ မရှိပဲနဲ့ သူက ဘာများလုပ်နိုင်ဦးမှာလဲ။

ဒီအတွေးကြောင့် ချန်ဖေးကျွင့် က သူ့ရဲ့ ယုံကြည်မှုကို ပြန်လည် တည်ဆောက်ပြီးတော့ အလျင် အမြန်ပဲ စိတ်ဂိဉာဉ်ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်တဲ့ ချင်ရှန်း ကို မြေကျွှာ အဆင့် မော်ဆေးပညာရှင် တစ်ချို့ကို ဒီကိစ္စအတွက် ဒိုင်လူကြီး လုပ်ပေးဖို့အတွက် သွားခေါ် ခိုင်းလိုက်ပါတယ်။

ပုံမှန်အားဖြင့်တော့ အနက်ရောင် အဆင့် မော်ဆေးပညာရှင် နှစ်ယောက်ရဲ့ လောင်းကြေး စားကြေးပွဲက မြေကျွှာအဆင့် မော်ဆေးပညာရှင်တွေကို ထိတ်လန့်ပြာယာခတ်

သွားစေနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ နှစ်ယောက်စလုံးက ငယ်ရွယ်ပြီးတော့ အဆုံးမဲ့ အောင်မြင်မှုတွေရရှိနိုင်ပြီး မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်တွေလည်း ဖြစ်လာနိုင်ချေ အရှိဆုံးသူတွေ ဖြစ်ပါတယ်။

ဒါကြောင့် မြေကမ္ဘာ အဆင့် မော်ဆေးပညာရှင်တွေက ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ သူတို့ကို မျက်နှာသာအချို့ပေးပြီးတော့ လာရောက်ကြည့်ရှုကြပါလိမ့်မယ်။

တောက်ပသော ကြယ်နန်းတော် ခန်းမ မှာ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် သုံးယောက် ရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံးက အဆင့်နိမ့် မြေကမ္ဘာ အဆင့် ဖြစ်ပြီးတော့ ဒီလိုမျိုး မြောက်ဘက်အစွန်အဖျား ကိုးနိုင်ငံလို သေးငယ်လှတဲ့ နေရာတစ်ခုမှာ အလယ်အလတ် အဆင့်နဲ့ အဆင့်မြင့် မြေကမ္ဘာ မော်ဆေးပညာရှင်တွေ ပေါ်လာဖို့ ဆိုတာ ဖြစ်နိုင်ချေ လုံးဝ မရှိပါဘူး။ မြောက်ပိုင်းဒေသ တစ်ခုလုံးမှာတောင်မှ ကောင်းကင် အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို ရှာမတွေ့နိုင်ပါဘူး။

ဒီမြေကမ္ဘာ အဆင့် မော်ဆေးပညာရှင် သုံးယောက်ကတော့ လုံယုံကျန်း၊ လီစီယွမ် နဲ့ ယွင်ရှန်းရှင်း တို့ဖြစ်ကြပြီးတော့

သူတို့အားလုံးက စိတ်ဂိဥာဉ် ပလ္လင်အဆင့် ဖြစ်ကြပါတယ်။ အငယ်ဆုံးက အသက်ခြောက်ဆယ် အရွယ် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက မှော်ဆေးပညာမှာ အရွယ်နဲ့ မလိုက်အောင် ထူးချွန်ပြောင်မြောက်သူ တစ်ယောက် ဖြစ်နေဆဲပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့အနေနဲ့ မြေကမ္ဘာအဆင့်ကို အသက်ငါးဆယ်အရွယ်မှာ ရောက်ရှိလာခဲ့တာ ဖြစ်ပြီးတော့ ဒါက အရမ်းကို ခက်ခဲပါတယ်။

ကံမကောင်းတာက ပန်းဖူးအဆင့်ကို မချိုးဖျက် နိုင်ရင် သူ့ရဲ့ သက်တမ်းက အကန့်အသတ် ရှိပါတယ်။ ဒါကြောင့် သူ့အတွက်တော့ ဒီဘဝမှာ အလယ်အလတ် အဆင့်ကို ရောက်ရှိနိုင်ဖို့ မျှော်လင့်ချက် မရှိတော့ဘူးပြောရပါလိမ့်မယ်။

"ဆရာသခင် သုံးယောက် ကို အရိုအသေပေးပါတယ်"

ဒီသုံးယောက်ကို မြင်လိုက်တာနဲ့ ချန်ဖေးကျွင့်တောင် မကျန်ပဲ တစ်ယောက်ပြီးတစ်ယောက် လူတိုင်းလူတိုင်း ဦးညွှန် ဂါရဝပြုလိုက်ကြပါတယ်။

မှော်ဆေးပညာရှင်ကမ္ဘာမှာ တကယ်လို့ မှော်ဆေးပညာရှင်တွေက အဆင့်တူကြတယ် ဆိုရင်တောင်မှ အဆင့်နိမ့်တဲ့ အဆင့်ကလူက

တူညီတဲ့အဆင့်မှာရှိတဲ့ အဆင့်မြင့်တဲ့ သူကို မြင်လိုက်တဲ့အခါမှာ လက်သီးဆုပ်ပြီး ဂါရဂပြုဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ အဆင့်တစ်ခုကွာခြားတယ်ဆိုရင် အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက်က မြေကျွှာအဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက်နဲ့ ကြုံတွေ့ခဲ့တဲ့အခါ အရမ်းကို ရှိသေလေးစားရပါတယ်။ ဒါက အခြေခံ လောကဂတ် တစ်ခု ဖြစ်ပါတယ်။

မြေကျွှာ အဆင့်ကို မချိုးဖျက်ရသေးတဲ့ အရမ်းကို မာနကြီးပြီး မောက်မာတတ်တဲ့ ချန်ဖေးကျွင့်တောင်မှ ဒီ ကြီးကျယ်တဲ့ မော်ဆေးပညာရှင် သုံးယောက်ကို မြင်လိုက်ရတဲ့အခါ အရှိအသေ မပြုပဲ မနေရဲပါဘူး။

မော်ဆေးပညာရှင် သုံးယောက်က မူလကတော့ အနည်းငယ် စိတ်အနှောက်အယှက် ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်က အရမ်းကို မထိန်းနိုင်မသိမ်းနိုင်လောက်အောင် စိတ်ကြီးဝင် နေတယ်လို့ စဉ်းစားနေကြပါတယ်။ ချန်ဖေးကျွင့်ရဲ့ စကားတော်ကို ကြားပြီးတော့ သူတို့က ပိုပြီးတော့တောင်မှ လင်းဟန်ကို သဘောမကျ ဖြစ်သွားခဲ့ကြပါတယ်။ သူတို့ရဲ့ အမူအရာတွေက ချက်ချင်းဆိုသလိုပဲ မှုန်မှိုင်းသွားခဲ့ကြပါတယ်။

လင်းဟန် က ချန်ဖေးကျွင့်ကို အထင်အမြင်သေးစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းကိုယ်မင်း ဘာထင်နေလဲ။ ငါ့ဘာသာ အရှိအသေ ပြုပြု မပြုပြု မင်းနဲ့ ဘာဆိုင်လို့လဲ။ မင်းက ဒီလောက်တောင် စည်းမျဉ်းစည်းကမ်းတွေကို ကောင်းကောင်းလိုက်နာမှတော့ ကောင်းပြီလေ.. ငါ့ကိုလည်း အရှိအသေပေးနိုင်တယ်”

သူက ခဏ နားပြီးတော့ သူ့ရဲ့ လက်ကို ဆုပ်ပြီး မော်ဆေးပညာရှင် သုံးယောက်ကို ပြောလိုက်ပါတယ်။

“မော်ဆေးပညာရှင် အစ်ကိုတော် သုံးယောက်ခင်ဗျား… . ကျနော် မြေကျွှမ်းအဆင့် အတွက် အစစ်ဆေးခံချင်ပါတယ်”

ကျောက်တုံးတစ်တုံးထဲနဲ့ ပူပေါင်းတစ်ထောင်ကို ပေါက်သွားစေခဲ့ပါတယ်။

လူတိုင်းက ချန်ဖေးကျွင့်ကို လင်းဟန် က ဒူးထောက်စေချင်တယ်ဆိုတာ သိထားကြပါတယ်။ ပြီးတော့ ဒီလိုမျိုးအနိုင်ရဖို့ တစ်ခုတည်းသော နည်းလမ်းက မြေကျွှမ်းအဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ရပါလိမ့်မယ်။

ဒါပေမဲ့ သူတို့ရဲ့ ကိုယ်ပိုင် နားရွက်တွေနဲ့ အသက်ဆယ့်ခုနစ်နှစ် လူငယ်လေးတစ်ယောက်က မြေကျွမ်း အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ချင်တယ်ဆိုတာကို ကြားလိုက်ရတဲ့အခါမှာ ဒါက သူတို့ရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ရိုက်လိုက်သလိုမျိုး ခံစားလိုက်ရပါတယ်။

တကယ့်ကို စစ်မှန်တဲ့ မွန်းစတား တစ်ကောင်ပဲ။

ဖူဟဲချင် ကတော့ ယုံကြည်ချက် အပြည့်ရှိနေပါတယ်။ လင်းဟန် က မြေကျွမ်းအဆင့်နီးနီး ရှိတဲ့ အခြေခံတည်ဆောက်ရေး ဆေးလုံးတွေကို ဒြပ်စင်စုစည်းခြင်း အဆင့်မှာ ရှိကတည်းက ဖော်စပ်နိုင်ခဲ့ပါတယ်။ ပြီးတော့ အခုဆိုရင် နွေဦးစမ်းရေ အဆင့်ကို တက်သွားခဲ့ပြီ ဖြစ်လို့ မြေကျွမ်းအဆင့် စစ်စစ်ဖြစ်တဲ့ မှော်ဆေးလုံးကို ဖော်စပ်ဖို့ဆိုတာ လင်းဟန် အတွက်တော့ ခက်ခဲတဲ့အရာတစ်ခုတော့ မဟုတ်ပါဘူး။ တကယ်တော့ လင်းဟန်က အဲဒီအချိန်တုန်းက အရမ်းကို သက်သာလွယ်ကူစွာနဲ့ အခြေခံ တည်ဆောက်ရေး ဆေးလုံးတွေကို ဖော်စပ်ခဲ့တာပါ။ အနည်းငယ်မျှတောင် တိမ်းစောင်း မှားယွင်းခြင်း မရှိတဲ့အပြင် ၎င်းဆေးလုံးတွေရဲ့ အရည်အသွေးက ကြယ် ဆယ့်သုံးလုံးအဆင့် ကို

ရောက်နေခဲ့တာပါ။

ဒါက မြေကန္တာအဆင့် ဒါမှမဟုတ် မြေကန္တာ အလယ်အလတ် အဆင့် မှော်ဆေးပညာရှင် တွေပဲ လုပ်နိုင်ပေလိမ့်မည်။

ဟူးညိုကတော့ သူမသဘာဝအတိုင်းပဲ ဘေးနားက လူတွေကို သူမရဲ့ သွားတွေ ဖြဲပြီး မာန်ဖီနေပါတယ်။ သူမပုံစံက ဒေါသထွက်နေပုံ ရပါတယ်။ ဒီလူတွေက လင်းဟန်ကို ရန်သူလိုမျိုး ကြည့်ပုံကြပါတယ်။ အရမ်းကို မုန်းစရာကောင်းတာပဲ။

မြေကန္တာအဆင့် မှော်ဆေးပညာရှင် သုံးယောက်စလုံး အကြီးအကျယ် အံ့အားသင့် ကုန်ကြပါတယ်။ အသက်ဆယ့်ခုနစ်နှစ် က မြေကန္တာ မှော်ဆေးပညာရှင် အဆင့်အတွက် စမ်းသပ်မှု ခံယူချင်တယ်။ လဖြွတ်ပဲ.. သူတို့ကို သူတို ချက်ချင်းဆိုသလို အသက်တွေ ကြီးကုန်ပြီလို့ ခံစားရပါတယ်။

သူတို့ အထင်မကြီးပဲ မနေနိုင်ကြပါဘူး။ လင်းဟန်က ဘယ်လောက်တောင်မှ အသက်ငယ် သေးတယ်ဆိုတာကို သိကြပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင် မျက်စိတွေနဲ့ မျက်မြင်ကိုယ်တွေ့ ဖြစ်နေတာတောင်မှ တအံ့တသြ

ဖြစ်ရပါတယ်။ ဒီလူငယ်လေးက သူ့ရဲ့ လူပျိုပေါက် အရွယ် တောင်မှ မကျော်လွန်သေးပဲ သူ့ရဲ့ ခန္ဓာကိုယ်ကလည်း လုံးဝ မကြီးထွား မဖွံ့ဖြိုးသေးပါဘူး။ သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ မှော်ဆေးပညာ အကြီးအကဲတွေရဲ့က စစ်မှန်တဲ့ လမ်းကြောင်းပေါ်ကို ဖြတ်သန်းဖို့ ခြေတစ်လှမ်း ပဲ လိုပါတော့တယ်။

ဒီကောင်လေးက တစ်ကယ်ပဲ သူပြောသလိုမျိုး အံ့အားသင့်စရာ ကောင်းအောင် မြေကျွှမှာ အဆင့် မှော်ဆေးပညာဂုရ် တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကများ တွေးထင်မိ ကြလိမ့်မလဲ။

သူက အဆင့်တူသလိုမျိုး အရိုအသေပေးတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူက အောင်မြင်လိမ့်မယ်လို့ လုံးဝ သေချာနေတယ် မဟုတ်လား။

ဒါပေမဲ့ … အဆင့်မြင့် မှော်ဆေးပညာရှင် အတွက် စမ်းသပ်မှု ခံယူတာက မှော်ဆေးပညာရှင် တွေ အားလုံးရဲ့ အခြေခံ ပဲ ဖြစ်ပါတယ်။ ဘယ်သူကမှ တားဆီး လို့ မရပါဘူး။ ဒါကြောင့် မှော်ဆေးပညာ ဆရာသခင် သုံးယောက် က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီးတော့ လုံယုံကျန်း ကပြောလိုက်ပါတယ်။

"လက်ခံတယ်။ ဒါပေမဲ့ မင်းကိုယ်တိုင်ပဲ ပါဂင်ပစ္စည်းတွေကို ပြင်ဆင်ရမယ်"

မြေကျွှာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် အဖြစ် စမ်းသပ်မှုကို ခံယူမယ် ဆိုရင် ပါဂင်ပစ္စည်းတွေကို ကိုယ်တိုင်ကိုယ်ကျပဲ ပြင်ဆင်လာခဲ့ရပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ဆေးကျိုအိုးပေါက်ကွဲသွားတဲ့ အခါကျရင် ဘယ်သူက ဒီဆုံးရှုံးမှုကို တာဝန်ယူမှာလဲ။

"ပြင်ဆင်ပြီးပါပြီ"

လင်းဟန် က ပြုံးလိုက်ပါတယ်။ ဒါက မလိုလားတဲ့ စကားလုံးတွေပဲ။ တကယ်လို့ သူက ကိုယ်ပိုင် ပါဂင်ပစ္စည်းတွေက မရှိဘူးဆိုရင် သန့်စင်ဖော်စပ်ထားတဲ့ ဆေးလုံးကို တောက်ပသော ကြယ်နန်းတော် ခန်းမကို ပေးရပါလိမ့်မယ်။ ပြီးတော့ သူ့အတွက် အများဆုံး လျော်ကြေးအနည်းငယ်ပဲ ရနိုင်ပါလိမ့်မယ်။ ဒါကမှ သူ့ကို အကြီးမားဆုံး ဆုံးရှုံး စေပါလိမ့်မယ်။

"ဒါဆိုရင် ဆေးဖော်စပ်တဲ့ အခန်းကို သွားကြစို့"

လီစီယွင် က ခေါင်းငြိမ့်ပြီး ပြောလိုက်ပါတယ်။

မြေကန္တာ အဆင့် မှော်ဆေးပညာရှင် သုံးယောက်က ဦးဆောင် သွားပြီးတော့ ကျန်တဲ့ သူတွေကတော့ နောက်ကနေ လိုက်လာခဲ့ကြပါတယ်။

ချန်ဖေးကျွင့် ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ သရော်တဲ့ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်မှာ ပါဂင်ပစ္စည်း လုံလုံလောက်လောက်ကို ပြင်ဆင်လာခဲ့လိမ့်မယ်လို့ လုံးဝ မယုံကြည်ထားပါဘူး။ ပြီးတော့ အရမ်းကို ငယ်ရွယ်တဲ့ သူတစ်ယောက်က မြေကန္တာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာက ပိုပြီးတော့တောင်မှ မယုံကြည်ပါဘူး။ သူက လုံးဝ မကြောက်ပါဘူး။

မကြာခင်မှာပဲ သူတို့က ဆေးဖော်စပ်တဲ့ အခန်းရဲ့ အပြင်ဘက်ကို ရောက်လာခဲ့ ကြပါတယ်။ ၎င်းက ရိုးရိုးအခန်းတွေနဲ့ မတူပါဘူး။ ဖောက်ထွင်းပြီးတော့ မြင်နိုင်တဲ့ နံရံတွေ ရှိပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က အထဲကို ဝင်သွားခဲ့ပြီဆိုရင် အပြင်ဘက်က အခြေအနေကို လုံးဝ မမြင်နိုင်ပါဘူး။ ဒါကြောင့်မို့ ဆေးလုံးဖော်စပ်ခြင်း အပေါ်မှာ အကျိုးအာနိသင် သက်ရောက်ခြင်း မရှိပဲ အဲဒီအကြောင်းနဲ့

ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်နေစရာ အကြောင်း မရှိတော့ပါဘူး။

ဒီ ဆေးလုံးဖော်စပ်တဲ့ အခန်းကို တည်ဆောက်ရတဲ့ ကုန်ကျစားရိတ်က အရမ်းကို မြင့်မားပါတယ်။ ပထမ ဒီအခန်းကို မှော်ဆေးပညာရှင်တွေ ရဲ့ စမ်းသပ်စစ်ဆေးဖို့ အသုံးပြုပြီးတော့ တစ်ခြားသူတွေကို အပြင်ဘက်ကနေ မျက်မြင်ကိုယ်တွေ့ ဖြစ်စေပါတယ်။ ပြီးတော့ ဒုတိယအနေနဲ့ အဆင့်မြင့် မှော်ဆေးပညာရှင်တွေ အတွက် ဆေးလုံး ဖော်စပ်ဖို့ စင်မြင့်ဖြစ်ပြီး သရုပ်ပြလို့ ရပါတယ်။

လင်းဟာန်က အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ ဆေးလုံးဖော်စပ်တဲ့ အခန်းထဲကို ဝင်သွားခဲ့ပါတယ်။

Chapter 288 end

အပိုင်း(၂၈၉) အံ့သြတုန်လှုပ် ကြောင်အမ်းအမ်း ဖြစ်သွားခြင်း

ဟူးညိုက အပြင်မှာ တစ်ယောက်တည်း မနေခဲ့ပါပဲနဲ့ ဆေးလုံးဖော်စပ်တဲ့ အခန်းထဲကို လိုက်ပြီးတော့ ဝင်လာခဲ့ပါတယ်။ လင်းဟာန် က သူမ အထဲကို ဝင်လာတာနဲ့ ပတ်သက်ပြီး စိတ်အနှောက်အယှက် မဖြစ်ပါဘူး။ သူမ အနေနဲ့ ဆေးလုံးဖော်စပ်ဖို့ မကူညီပေးသရွေ့

စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်တယ်လို့ ထည့်တွက်လို့ မရပါဘူး။

လူတော်တော်များများက သူတို့ရဲ့ ခေါင်းတွေကို ချက်ချင်းဆိုသလို ခါလိုက်ကြပါတယ်။ ဆေးလုံးဖော်စပ်ခြင်းမှာ သံယောဇဉ် တစ်ခုပဲ ရှိသင့်တာ ဖြစ်ပြီးတော့ အခုလိုမျိုး မိန်းကလေး ငယ်လေး တစ်ယောက်ကို အထဲကို ပေးဝင်တာက နောက်ပိုင်းမှာ အော်ဟစ် ဆူညံသံ ဖြစ်လာနိုင်ပြီးတော့ အနည်းငယ် စိတ်ယိမ်းယိုင်သွားခဲ့မယ်ဆိုရင် ဆေးကျိုအိုး ပေါက်ကွဲသွားစေ ပါလိမ့်မယ်။

မြေကြမှာ အဆင့် မှော်ဆေးလုံးကို သန့်စင်ဖော်စပ်တာ တစ်ကြိမ်တည်းနဲ့ ရှုံးနိမ့်သွားမယ် ဆိုရင် ဒီလိုမျိုး ရှုံးဆုံးနစ်နာမှုဆိုတဲ့ ဒီအတွေးက လူတွေအားလုံးရဲ့ နှလုံးသွေးကို ယိုစိမ့်ထွက်အောင်လို့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဆေးဖော်စပ်တဲ့ သူက လင်းဟန်ပဲ ဖြစ်ပြီး သူတောင်မှ ဂရုမစိုက်တာ တစ်ခြားသူတွေကရော သူတို့ရဲ့ အလုပ်မှ မဟုတ်တာ။

ချန်ဖေးကျွင့် တစ်ယောက်ပဲလျောင်ပြောင် သရော်လိုက်ပြီး သူ့ရဲ့ ယုံကြည်မှုက ပိုပြီးတော့ မြင့်တက်လာခဲ့ပါတယ်။

“စည်းမျဉ်းအရတော့ ဆေးလုံးဖော်စပ်တာကို တစ်ရက်နဲ့ တစ်ည ကန့်သတ်ထားတယ်။ ဒါပေမဲ့ နှစ်ရက် အထိ အချိန်ဆွဲဆန့်နိုင်တယ်”

ယွင်ရှန်းရှင်း က ပြောလိုက်ပါတယ်။

“ဘယ်လို ဆေးလုံး အမျိုးအစားကို သန့်စင် ဖော်စပ်မယ်လို့ စိတ်ကူးထားသလဲ”

“ကပ်ဘေးခုနှစ်ခု ချိုးဖျက်ခြင်း ဆေးလုံး”

လင်းဟန်က ပြောပြီးတော့ သူ့ရဲ့ လက်ကို ဝှေ့လိုက်တဲ့အခါ များပြားတဲ့ ပါဂင်ဆေးပစ္စည်း အမယ် တွေက ကြမ်းပြင်ပေါ်မှာ စုပုံကျလာခဲ့ပါတယ်။

ဒီနေရာကို လာပြီးတော့ မြေကျွှမ်ာ အဆင့် အတွက် စမ်းသပ်စစ်ဆေးမှု ပြုလုပ်တော့မယ် ဆိုကတည်းက သူက ပါဂင်ပစ္စည်းတွေ အားလုံးကို ပြင်ဆင်ထားခဲ့ပါတယ်။ မိုးရေနိုင်ငံရဲ့ အရင်းအမြစ်က အကန့်အသတ် ရှိလို့ ပုံမှန်အားဖြင့်တော့ ၎င်းတို့အားလုံးကို စုစည်းနိုင်ဖို့ က မဖြစ်နိုင်ပါဘူး။ဒါပေမဲ့ အစောပိုင်းတုန်းက

နတ်ဆိုးကောင်းကင် လှို့ဂှက်နယ်မြေ ထဲကို ခရီးထွက်ခဲ့တုန်းက သူက စိတ်ဂိဉာဉ် ဆေးပင်တော်တော်များများကို ရရှိခဲ့ပြီးတော့ အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထားခဲ့ပါတယ်။

ရက်တော်တော်ကြာပြီးတဲ့နောက်မှာတော့ ဒီအပင်တွေက လိုအပ်တဲ့ သက်တမ်းရှိတဲ့ ပါဂင်ပစ္စည်းအမယ်တွေ အဖြစ်ကို ရောက်ရှိလို့ သွားခဲ့ပါပြီ။ ဒါကြောင့် လင်းဟန် က ဒီ စိတ်ဂိဉာဉ်ဆေးပင်တွေနဲ့ တွဲဖက်ဖို့ ဒုတိယတန်းစား ပစ္စည်းတွေကို ရှာဖွေခဲ့ပြီး နောက်ဆုံးမှာ ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို ဖော်စပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါက မြေကမ္ဘာ အဆင့် မှော်ဆေးလုံး အမျိုးအစားဖြစ်ပြီးတော့ သူ့ရဲ့လက်ထဲမှာ ရှိတဲ့ ပစ္စည်းတွေနဲ့ ဖော်စပ်နိုင်ပါတယ်။

"ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံး"

မှော်ဆေးပညာရှင် သုံးယောက်က အော်ဟစ်ငိုကြွေးလိုက်ကြပါတယ်။

" ဒါက ပန်းဖူးအဆင့် ကျင့်ကြံသူတွေကို ကျင့်ကြံခြင်း ဖောက်လွဲဖောက်ပြန် ဖြစ်တာကနေ လွတ်မြောက်အောင်လို့ လုပ်နိုင်ပြီးတော့ ပန်းဖူးအဆင့်ရဲ့

နားလည်နိုင်စွမ်းကိုတောင်မှ တိုးမြင့်လာစေနိုင်တဲ့ အခြေအနေကို ပြောင်းလဲ ပေးနိုင်တယ်”

အခြားသော မှော်ဆေးပညာရှင်တွေကလည်း ဒါကို ကြားဖူးကြပြီးတော့ သူတို့ရဲ့ ခေါင်းကို ငြိမ့်လိုက်ကြပါတယ်။ ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးက မြေကြီးမှာ အဆင့်နိမ့် ဆေးလုံးအမျိုးအစား ဖြစ်ပြီးတော့ အဲဒီအဆင့်မှာ အဖိုးတန်မှု အဆင့်က တခြားဆေးတွေရဲ့ ထိပ်မှာ ရှိပါတယ်။

အကြီးအကဲ သုံးယောက်တောင်မှ ဒီလိုမျိုး မှော်ဆေးလုံး အမျိုးအစား ကို သန့်စင် ဖော်စပ်နိုင်တဲ့ စွမ်းရည် မရှိဘူး မဟုတ်လား။

ချန်ဖေးကျွင့်ရဲ့ သရော်လှောင်ပြောင်မှု က ပိုပြီးတော့တောင်မှ တက်ကြွ မြူးထူးလာခဲ့ ပါတယ်ယ။ အစောပိုင်းတုန်းက လင်းဟန် က ပါဂင်ပစ္စည်းတွေကို တကယ်ပဲ ပြင်ဆင်ထားခဲ့ တာကို မြင်လိုက်ရတော့ သူက အနည်းငယ် တုန်လှုပ်အံ့အားသင့် သွားခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို ဖော်စပ်ဖို့ ဆိုတဲ့ စကားကို ကြားလိုက်ရတော့ သူက လုံးဝ ပျော်ရွှင်သွားခဲ့ပါတယ်။

ဒါက ဖြစ်နိုင်ပါ့မလား။

တကယ်လို့ ဒီ အကြီးအကဲ သုံးယောက်တောင်မှ ၎င်းဆေးလုံးကို သန့်စင်ဖော်စပ်မယ်ဆိုရင် အောင်မြင်နိုင်ချေ ၁၀ ရာခိုင်နှုန်းဆိုရင်ပဲ ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်နေပါပြီ။ ဒီလို အဆင့်မြင့်တဲ့ ဆေးမျိုးကို ဖော်စပ်မယ်ဆိုရင် ပါဝင်ပစ္စည်းတွေ အမြောက်အများကို ထုတ်ပိုး ထားရမှာ ဖြစ်ပြီးတော့ အောင်မြင်မှု သာ မရရှိခဲ့ဘူးဆိုရင် မရေမတွက်နိုင်လောက်တဲ့ ပစ္စည်းတွေကို ဖြုန်းတီးပစ်လိုက်တာပါပဲ။

လူငယ်လေး တစ်ယောက်ပဲ ရှိသေးတဲ့ သူက ကပ်ဘေးခုနစ်ခု ဖျက်ဆီးခြင်း ဆေးလုံးကို ဖော်စပ်မယ်လို့ ပြောရဲတယ်ပေ့ါလေ။ ဟင့်။

ပြီးတော့ ဆေးဖော်စပ်တဲ့ အခန်းထဲမှာ မိန်းကလေးငယ်လေး တစ်ယောက် ရှိနေတာကို မပြောသေးဘူး။ မျက်စိတစ်ချက်ပျေ့ကြည့်လိုက်ရုံနဲ့ပဲ ဒီမိန်းကလေးက ငြိမ်ငြိမ်လေး နေတတ်တဲ့ သူတစ်ယောက် မဟုတ်ဘူးဆိုတာ ပြောနိုင်ပါတယ်။ တစ်ချိန်လုံး လင်းဟာန်ရဲက လက်မောင်းတွေကို ဖက်တွယ်ထားလိုက် ပြီးတော့ သူ့ရဲ့ နောက်ကျော ကို ကုပ်တက်လိုက် လင်းဟာန်ရဲ့ ပေါင်ပေါ်မှာ

တက်ထိုင်လိုက်နဲ့ ဘယ်လိုလုပ်ပြီးတော့ ဆေးလုံး ဖော်စပ်နိုင်မှာလဲ။

မင်းကိုယ် မင်း မှော်ဆေးပညာ နတ်ဘုရား တစ်ပါးလို့ တွေးနေတာလား။ ဟမ့်။

"ဒါဆိုရင် မင်း အခု စတော့မလား"

လုံယုံကျန်းက လင်းဟာန် ကို မေးလိုက်ပါတယ်။

"ကျုပ် အခု စတော့မယ်"

လင်းဟာန် က ခေါင်းငြိမ့်လိုက်ပြီးတော့ ဆေးဖော်စပ်တဲ့ အခန်းရဲ့ တံခါးကို ပိတ်လိုက်ပါတယ်။

လုံယုံကျန်း က တစ်ယောက်ယောက်ကို ခေါင်းငြိမ့်ပြလိုက်ပြီးတော့ ချက်ချင်းဆိုသလိုပဲ အဲဒီလူက သဲနာရီကို အသုံးပြုပြီးတော့ အချိန်စတင် မှတ်လိုက်ပါတယ်။

သူက ပါဝင်ပစ္စည်းတွေကို စတင်ပြီးတော့ ခွဲခြားလိုက်ပါတယ်။

လင်းဟန် က ချက်ချင်းပဲ စတင် လှုပ်ရှားလိုက်ပါတယ်။ သူရဲ့ လှုပ်ရှားမှုတွေက တိမ်တွေလို ပျောလွင့်ပြီးတော့ ရေတွေလိုမျိုး စီးဆင်းနေတဲ့ ပုံစံနဲ့ တူပြီး မသန့်စင်တဲ့ အရာတွေကို အငေးကို ဖယ်ရှားပစ်ပါတယ်။ ဒီ အလိုက်သင့် လှုပ်ရှားမှုက ကြည့်နေတဲ့ လူတွေ အားလုံးကို လှပတင့်တယ်တဲ့ မြင်ကွင်း တစ်ခုကို ဖြစ်ပေါ်စေပြီးတော့ မှော်ဆေးပညာရှင်တွေကို မူးယစ်စေခဲ့ပါတယ်။

“နတ်ဘုရားတွေ… ပါဂင်ပစ္စည်းတွေကို ဒီလိုမျိုး ခွဲခြမ်းလို့ ရတယ်ပေါ့လေ”

“ငါတကယ်ပဲ ရေတွင်းထဲက ဖားသူငယ်လို နှစ်ပေါင်းများစွာ ဖြစ်နေခဲ့တာပဲ”

“ဒီလိုမျိုး ချောမွေ့မှုကို ဒီအရှင်သခင် သုံးယောက် ဆေးဖော်စပ်တဲ့အခါမှာတောင် မမြင်နိုင်ဘူး ဟုတ်တယ်မလား”

“ရှူးတိုးတိုး”

“ ဒါက အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတဲ့ လူငယ် တစ်ယောက်က လုပ်နေတယ် ဆိုတာကို ယုံကြည်ဖို့ဆိုတာ

လုံးဂ မဖြစ်နိုင်ဘူးကွာ ”

လူတိုင်းလူတိုင်း လင်းဟန်က ဒီလိုမျိုး လုပ်ဆောင်မှုကြောင့် အော်ဟစ် ငိုကြွေး ကုန်ပါတယ်။

ဒါက သဘာဂပါပဲ။ မှော်ဆေးပညာရဲ့ ဂရန်းမာစတာတစ်ယောက် လက်လှုပ်ရှားမှုတွေ က ထူးခြားဆန်းကြယ်မှု မရှိပဲနဲ့ ဘယ်လိုလုပ်ပြီးနေမှာလဲ။

မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် သုံးယောက်တောင်မှ မသိစိတ်ရဲ့ လှုံ့ဆော်မှုကြောင့် နိုးကြား တက်ကြွလာခဲ့ပါတယ်။ သူတို့က တကယ်လို့ လင်းဟန်က မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ဖို့ ကျဆုံးခဲ့မယ်ဆိုရင်တောင်မှ သူ့ကို သေချာ ဂရုစိုက် စောင့်ရှောက်ဖို့ကို လျှို့ဂှက်စွာ ဆုံးဖြတ်လိုက်ကြပါတယ်။ ဒီလူငယ်လေးက အရမ်းကို အံ့သြဖို့ ကောင်းပြီး သူတို့အနေနဲ့ ဒီလူငယ်လေးနဲ့ ပါဂင်ပစ္စည်းတွေကို ပြလုပ်သွားတဲ့ နည်းလမ်းတွေကို ဆွေးနွေးမှုတွေ လုပ်ချင်နေခဲ့ပါတယ်။

ဇူဟဲချင် တစ်ယောက်ပဲ ဂုဏ်ယူတဲ့ အမူအရာနဲ့ ဖြစ်နေပါတယ်။ နိုင်ငံငယ်လေးတစ်ခုက တောသားတွေ ဟုတ်လား အဆုံးထိ စောင့်ကြည့်ဦး။ မင်းတို့အားလုံး

ဆရာသခင်လေး ဟန် ရဲ့ ဆေးဖက်ဝင် ပစ္စည်းတွေက အဆီအနှစ်ကို ထုတ်ယူတာကို မြင်လိုက်တဲ့ အခါကျရင် အံ့ဩလွန်းလို့ မင်းတို့ရဲ့ လျှာတွေတောင်မှ ထွက်ကုန်မယ်။

လင်းဟန် က အရမ်းကို လျင်မြန်စွာနဲ့ပဲ သန့်စင်ခြင်း ကို လုပ်ဆောင်လိုက်ပါတယ်။

အဟွတ် အဟွတ်။

ရုတ်တရက် ဆိုသလို ပါးစပ်အဟောင်းသားနဲ့ စူးစိုက်ကြည့်နေတဲ့ သူတွေ အားလုံး တံတွေး သီးကုန်ကြပါတယ်။

“ငါ့ရဲ့ အမြင်တွေ ဝေဝါးနေတာလား။ ဘယ်လိုဖြစ်ပြီးတော့ ဒီကောင်လေးက ပါဝင်ပစ္စည်း ကိုးခုကို တစ်ပြိုင်နက်တည်း သန့်စင်တာကို မြင်နေရတာလဲ”

“ငါလည်း အမြင်တွေ ဝေဝါးနေပြီထင်တယ်”

“ ဒါ အမြင်မှားတာမဟုတ်ဘူး။ ဒါက တကယ်ပဲ။ သူက ပါဝင်ပစ္စည်း ကိုးခုကို ပေါင်းပြီးတော့ သန့်စင်နေတာပဲ။ အိုး နတ်ဘုရားတွေ.. ဘာဖြစ်လို့ ဆေးပင်တွေရဲ့

ဂုဏ်သတ္တိတွေကို ဖျက်ဆီးပစ်နေတာပါလိမ့်။ ခရစ်စတယ်နံ့ရဲ ခြားထားတာတောင်မှ ငါ တစ်ရာ ရာခိုင်နှုန်း သေချာပေါက် ပြောနိုင်တယ်။ ဒီ ဆေးပစ္စည်းတွေရဲ့ ဂုဏ်သတ္တိ တွေက တစ်ချက်တည်းနဲ့ ပျောက်ကွယ်သွားလိမ့်မယ်”

“ထူးဆန်းတယ် ထူးဆန်းတယ်”

မှော်ဆေးပညာရှင် သုံးယောက် ရဲ့ မျက်နှာ က တွန့်လိမ် ရှုံ့မဲ့ကုန်ပါတယ်။ တကယ်လို့ ပါဝင်ပစ္စည်းတွေကို သေသပ်လှပတဲ့ နည်းစနစ်တစ်ခုနဲ့ ခွဲခြားနိုင်တာတစ်ခုတည်းနဲ့တောင်မှ သူတို့အားလုံးကို တကယ်ပဲ အံ့အားသင့်စေပါတယ်။

ဒါဆို သန့်စင်ခြင်းကိုလည်း ဒီလိုမျိုး လုပ်လို့ ရနိုင်သလား။

သူတို့အားလုံးက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေဖြစ်ကြပြီးတော့ သူတို့ကိုယ် သူတို့ အရမ်းကို မြင့်မားစွာနဲ့ မြင်နေကြပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့ကိုယ် သူတို့ မှော်ဆေးပညာရပ်ကို ခြေလှမ်းဝင်ရောက်လာကာစ ကျောင်းသား အသစ်လေးတွေလိုမျိုး ခံစားနေရပြီးတော့ အခြေခံလှုပ်ရှားမှုအကြောင်းတွေကိုတောင်မှ

စိတ်ဂင်စားနေကြ ပါတယ်။

သူတို့က ရေတွင်းထဲမှာပဲ နှစ်ပေါင်းများစွာ နေခဲ့တာပါလား။

လင်းဟန်က တခြားသူတွေ အံ့သြနေတာကို လုံးဂ အာရုံမစိုက်ပါဘူး။ သူက ပါဂင်ပစ္စည်း တစ်ခုခြင်းဆီကို လုံးဂ သန့်စင်ပြီးတဲ့နောက်မှာတော့ ထူးဆန်းတဲ့မီးကို အနက်ရောင် မျှော်စင်ကနေ ထုတ်လိုက်သလိုမျိုး သူ့ရဲ့ ဘယ်ဘက်လက်ကို ခါလိုက်ပြီးတော့ သူ့ရဲ့ လက်ပေါ်မှာ အံ့အားသင့်စရာကောင်းတဲ့ မီးတောက်တစ်ခုက တောက်လောင် လို့ လာခဲ့ပါတယ်။

ဆေးလုံးဖော်စပ်တဲ့ ပုံမှန် လုပ်ငန်းစဉ်က စတင်လာခဲ့ပါပြီ။

သူက နွေဦးစမ်းရေ အဆင့်ကို ရောက်ရှိခဲ့ပြီးတော့ ရက်တွေ တော်တော်ကြာအောင် ဖြတ်သန်းလာခဲ့ပြီးတဲ့ နောက်မျာတော့ သူက နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်ခဲ့ပါပြီ။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ အပူကို ထိန်းချုပ်မှု က အကြီးအကျယ် တိုးလာခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ အပူဒဏ် ခံနိုင်ရည်ကလည်း အများကြီးတိုးလာခဲ့ပါတယ်။

"ထူးဆန်းတဲ့မီး"

"တကယ်ပဲ ကောင်းကင်ဘုံက ချစ်ခင်မြတ်နိုးရတဲ့ သူတစ်ယောက်ပဲ"

"ဟုတ်တယ်.. အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ ဘယ်လောက်ပဲ ပါရမီရှိရှိ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့် ကန့်သတ်မှုနဲ့ဆိုရင် နွေဦးစမ်းရေ အဆင့်တစ်ယောက်က အများဆုံး အနက်ရောင် အလယ်အလတ် အဆင့် မှော်ဆေးလုံးကိုပဲ ဖော်စပ်နိုင်လိမ့်မယ်"

ထူးဆန်းတဲ့ မီးကို မြင်လိုက်ရတဲ့အခါမှာ လူတော်တော်များများက ချန်ဖေးကျွင့်ကို လှည့်ပြီးတော့ မျက်စိတစ်ချက် ပျော့ကြည့်လိုက်ပါတယ်။ ဒီကောင်ကလည်း ထူးဆန်းတဲ့ မီး တစ်ခုရှိပြီးတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးလုံး ကို နွေဦးစမ်းရေ အဆင့်နဲ့ ဖော်စပ်နိုင်တယ်။ ပြီးတော့ ဒါက မှော်ဆေးပညာ ပါရမီရှင် တစ်ယောက် ရဲ့ ထင်ပေါ်ကျော်ကြားမှု ကို သရဖူ ဆောင်းစေခဲ့ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟန် က မြေကျွန်မှာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် အောင်အောင်မြင်မြင်နဲ့ ဖြစ်လာခဲ့မယ်ဆိုရင် သူတို့ သဘောတူညီထားချက်အရ

ချန်ဖေးကျွင့် က သူ့ရဲ့ ထူးဆန်းတဲ့ မီး ကို လင်းဟန် ကို ပေးရပါလိမ့်မယ်။ ဒါဆိုရင် သူ့ရဲ့ မှော်ဆေးပညာ အဆင့်လည်းပဲ အဆင့်တစ်ဆင့် ကျသွားပါလိမ့်မယ်။

ဒီနေ့ တော့ ဒီ လူငယ် မှော်ဆေးပညာရှင် အရှင်သခင် နှစ်ယောက်ထဲက တစ်ယောက်ကတော့ နတ်ဘုရားတွေရဲ့ ယစ်ပလ္လင်ပေါ်ကို ကျရောက် သွားပါလိမ့်မယ်။ မတူညီတာက တကယ်လို့ လင်းဟန် ကျဆုံးသွားခဲ့မယ်ဆိုရင် ချန်ဖေးကျွင့်က ဘာမှ ပြောင်းလဲသွားလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ လင်းဟန် သာ အောင်မြင် သွားခဲ့မယ်ဆိုရင် ဒဏ္ဍာရီ တစ်ပုဒ် ဖန်တီးလိုက်တာပါပဲ။

အသက်ဆယ့်ခုနစ်နှစ် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်။

ဒီအကြောင်းကို တွေးလိုက်တာနဲ့ပဲ လူတွေကို ကျောက်ရုပ်လို ငြိမ်သက်သွား စေပါတယ်။

ဟူးညိုက တစ်ခဏတော့ ငြိမ်သက်နေပါသေးတယ်။ ဒါပေမဲ့ လင်းဟန်က သူမကို လုံးဝ အာရုံ မထားတာကို မြင်ရတော့ ချက်ချင်းဆိုသလိုပဲ မပျော်မရွှင် ဖြစ်လာခဲ့ပြီးတော့ သူမရဲ့ ဗိုက်ကို ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

“ညှိုးညှိုး မိုက်ဆာတယ်”

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက်နဲ့ ဆက်ပြီးတော့ သန့်စင်နေပြီး သူ့ရဲ့ ညာဘက်လက်နဲ့ အနက်ရောင် မျှော်စင်ထဲက ပြင်ဆင်ထားတဲ့ အစားအစာ တွေကို ပေါ့ပေါ့ပါးပါးနဲ့ ထုတ်ယူလိုက်ပြီးတော့ မီးတောက် တစ်ခုကို မြင့်တင်လိုက်ပြီးတော့ ကင်ပေးလိုက်ပါတယ်။

“အဟွတ် အဟွတ် အဟွတ်”

လူတိုင်းလူတိုင်းပဲ တံတွေးတွေ သီးကုန်ကြပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက ပုစွန်တွေလိုမျိုး မျက်လုံးတွေ ပြူးထွက်လာခဲ့ပါတယ်။

မင်းက ဆေးလုံး သန့်စင် ဖော်စပ်နေတာရော ဟုတ်ရဲ့လား။ ဘယ်လိုလုပ်ပြီးတော့ ဆေးဖော်စပ်နေတဲ့အချိန်အတွင်းမှာ အသားကင်နိုင်ရတာလဲ။

Chapter 289 end

လင်းဟန်

အပိုင်း (၂၉၇) ဆေးလုံး ဖြစ်ပြီ

ဘယ်သူကများ ဆေးလုံး ဖော်စပ်နေတဲ့ အချိန်အတွင်းမှာ ရုတ်တရက် အသားကင် နိုင်လို့လဲ။

လူတိုင်းလူတိုင်းပဲ သူတို့ရဲ့ ခေါင်းတွေထဲမှာ ဘာမှ မရှိတော့သလို ခံစားလိုက်ရပြီးတော့ သူတို့ရဲ့ မျက်နှာကို ဆယ့်ခုနစ်ချက် ဆယ့်ရှစ်ချက်လောက် ရိုက်ခံလိုက်ရသလိုမျိုး တိတ်ဆိတ်ငြိမ်သက်ကုန်ပါတယ်။ အခုလိုမျိုး အခြေအနေက တကယ့်ကို ဗရမ်းဗတာ အခြေအနေ တစ်ခု ဖြစ်ပြီးတော့ ဒီကမ္ဘာကြီး တစ်ခုလုံး ပျက်စီးသေဆုံးသွားသလိုမျိုး မြင်နေရတယ်လို့ ခံစားနေကြပါတယ်။

ပိုပြီးတော့ ထိတ်လန့်စရာ အကောင်းဆုံးအရာက ဆေးကျိုအိုးက လုံး၇ မပေါက်ကွဲပဲ ရှိနေသေးတာပါပဲ။

ဒါက မြေကမ္ဘာ အဆင့် မှော်ဆေးလုံး ဖြစ်ပါတယ်။

ပုံမှန်အားဖြင့်တော့ အဆင့်မြင့်တဲ့ မှော်ဆေးလုံးတွေမှာ ထိတ်လန့်စရာ ကောင်းတဲ့ စွမ်းအား တွေ ပါဝင်နေပါတယ်။ တကယ်လို့ အပူကို ထိန်းချုပ်တဲ့အခါမှာ အနည်းငယ်လောက်

ဂရုမထားမိလိုက်ရင်ပဲ ဆေးကျိုအိုးကို ချက်ချင်းပဲ ပေါက်ကွဲထွက်စေပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်လာနိုင်ပါတယ်။

လုံယုံကျန်း လိုမျိုး မှော်ဆေးပညာ အကြီးအကဲ တစ်ယောက်တောင်မှ မြေကျွှာ အဆင့် မှော်ဆေးလုံး တစ်မျိုးကို မဖော်စပ်ခင် သုံးရက်အတွင်းမှာ ဘာကိုမှ မလုပ်ပဲ သူ့ရဲ့ စိတ်ကို တည်ငြိမ်အောင်လို့ နေ့တိုင်း တရားထိုင်ပြီးတော့ သူ့ရဲ့ အဆင့်အတန်းကို တတ်နိုင်သလောက် အဆင်သင့်ဖြစ်အောင် ထိန်းညှိထားပါတယ်။ ဒါမှ ဆေးဖော်စပ်တဲ့ အခါမှာ အောင်မြင်မှုနှုန်းက တိုးလာနိုင်မှာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ လင်းဟန်ကတော့။

အလိုလိုက်ခံထားရတဲ့ ကလေးတစ်ယောက်လိုမျိုး မိန်းကလေးတစ်ယောက်က သူ့ကို စိတ်အနှောက်အယှက် ပေးနေရုံတင်မကပါဘူး။ သူ့ရဲ့ လက်တစ်ဖက်ကို အသုံးပြုပြီးတော့ အသားပါ ကင်ပြီးတော့ ကျွေးနေပါသေးတယ်။ လူတွေက ဆေးကျိုအိုး မပေါက်ကွဲသေးတဲ့ အချက်ကို လုံးဝ လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

ဒါက တကယ်မှ ဟုတ်ရဲ့လား။

ဖြစ်နိုင်တာကတော့… . သူတို့အားလုံးရဲ့ ခေါင်းထဲမှာ ဖြစ်နိုင်ချေ အရှိဆုံး အတွေးတစ်ခု ဝင်လာပြီးတော့ မထင်မှတ်ထားပဲ တုန်လှုပ်စွာနဲ့ မှော်ဆေးပညာရှင် အကြီးအကဲ သုံးယောက် ကို လှည့်ကြည့်လိုက်ကြပါတယ်။ ဖြစ်နိုင်တာက လင်းဟန်ရဲ့ မှော်ဆေးပညာ စွမ်းရည်က ဒီ သုံးယောက်ရဲ့ အထက်မှာ ရှိနေတာလား။

သူတို့သုံးယောက်ရဲ့ အထက်မှာတင်မကပါဘူး။ သူတို့ သုံးယောက်ကိုပါ အဝေးကြီးမှာ ချန်ထားရစ်ခဲ့ပါပြီ။ ဒါကြောင့်လည်း သူက သူ့စိတ်တိုင်းကျ လုပ်နိုင်သလို ဘာကိုမှ ဂရုမထားပဲ လုပ်နေနိုင်တာလည်း ဖြစ်ပါတယ်။

သူတို့ရဲ့ အတွေးထဲမှာတော့ ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကြီးမားတဲ့ စမ်းသပ်မှုကြီး တစ်ခု ဖြစ်ပြီးတော့ လင်းဟန်ရဲ့ စိတ်ထဲမှာတော့ ဒါက သူ့ရဲ့ လက်တွေ ခြေထောက်တွေကို မြှောက်လိုက် လှုပ်လိုက် လုပ်ရုံလေးပါပဲ။

လူတိုင်းလူတိုင်းက ကျောက်ရုပ်တွေကို ငြိမ်သက်တိတ်ဆိတ်ကုန်ပြီးတော့ သူတို့က

အံ့အားသင့်လွန်းတဲ့အတွက် အော်ဟာစ်ငိုချင်စိတ် ပေါက်သွားကြပါတယ်။

ဒီနေ့..ဒီမြင်ကွင်းက သူတို့ရဲ့ တစ်ဘဝလုံးအတွက် ဂုဏ်ယူစရာ မြင်ကွင်းတစ်ခု ဖြစ်သွားပါပြီ။ ဟော့ဟော့ဟော့.. တစ်ယောက်ယောက်က မြေကျွှာ အဆင့် မှော်ဆေးလုံးကို ဖော်စပ်နေတဲ့အချိန်အတွင်းမှာ အသားကင်နေတာကို မင်းမြင်ဖူးလား။ ငါမြင်ဖူးတယ်ကွ။ ဒါကို မင်းမယုံကြည်ပဲ အတုအယောင်လို့ပဲ ထင်ထင် ဒီမြင်ကွင်းကို ငါမြင်လိုက်တဲ့ အခါ ငါ့ကိုယ်ငါ ဒေါင်ချာစိုင်းအောင်လို့ မူးသွားမတတ် ဖြစ်သွားတယ်။

အသက် ဆယ့်ခုနစ်နှစ် အရွယ် လူငယ်လေးက မှော်ဆေးလုံးတွေကို အထင်ကြီးလောက် အောင် သရုပ်ပြဖော်စပ်သွားခဲ့တယ်။ လင်းဟန် ရဲ့ အသက်အရွယ်ကို စဉ်းစားကြည့်လိုက် ဒီအဘိုးကြီးတွေက လူတွေကို မျက်နှာခြင်းတောင် ဆိုင်ရဲပါဦးမလား။ သူတို့ ထွက်ပြေးပြီး သေသွားတာကမှ ကောင်းဦးမယ်။

ချန်ဖေးကျွင့်ရဲ့ လက်တွေ ခြေထောက်တွေက အေးစက်လာပြီးတော့ သူ့တစ်ကိုယ်လုံး တုန်ခါလို့ နေပါတယ်။ နတ်ဘုရားတွေ.. ဘယ်လိုမျိုး မှော်ဆေးပညာရှင်

လူထူးလူဆန်း နဲ့ သူ ကြုံတွေ့နေခဲ့ရတာလဲ။

သူက အနာဂတ်မှာ မြေကဗ္ဗာ အဆင့် ကို ရောက်ဖို့အတွက် ယုံကြည်ချက် ရှိပါတယ်။ ဒါပေမဲ့ အဆင့်မြင့် မြေကဗ္ဗာ အဆင့် မှော်ဆေးပညာရှင် ဆိုတာက သူ့ရဲ့ အများဆုံး အကန့်အသတ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ဂရုမစိုက်တဲ့ အပြုအမူတွေနဲ့ သက်တောင့်သက်သာ ဖြစ်နေတာကို မြင်လိုက်တော့ မှော်ဆေးပညာရှင် တစ်ယောက် အနေနဲ့ အပူချိန်က အကန့်အသတ်ရှိတယ်ဆိုတာက လင်းဟန် အတွက် အခက်အခဲ တစ်ခု ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားဆိုတာ ပိုပြီးတော့ ရှုပ်ထွေးလာခဲ့ပါတယ်။

အပူချိန် အကန့်အသတ် က လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်အပေါ်မှာ မူတည်နေတဲ့ အတွင်းမှာ လင်းဟန် က စိတ်ဝိညာဉ် ပင်လယ် အဆင့် သို့မဟုတ် စိတ်ဝိညာဉ် ပလ္လင် အဆင့်ကို အဆင့်တက်နိုင်သရွေ့တော့ ဒီ ပြဿနာကို သူက ဖြေရှင်း နိုင်ပါလိမ့်မယ်။ ဒီလိုမျိုး မှော်ဆေးပညာ ပါရမီရှင် တစ်ယောက်က တစ်ယောက်ယောက်ကို မျက်နှာသာ ပေးဖို့ သိုင်းပညာအဆင့်ကို ချိုးဖျက်နိုင်တဲ့ ဆေးလုံးတစ်ချို့ကို လွယ်လွယ်ကူကူနဲ့ ဖော်စပ် နိုင်ပါလိမ့်မယ်။

ဒါ့အပြင် တကယ်လို့ သူ့ရဲ့လက်ထဲက ထူးဆန်းတဲ့ မီး ကို ပေါင်းစည်းလိုက်မယ်ဆိုရင် လင်းဟန်က မြေကျွှမှာ အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

သူက ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်နဲ့ တကယ်ကြီး လောင်းကြေးစားကြေး လုပ်ခဲ့တာလား။

ဆေးဖော်စပ်တဲ့ အခန်းထဲမှာတော့ အသားကင်က မကြာခင်မှာ အဆင်သင့် ဖြစ်နေခဲ့ပါပြီ။ လင်းဟန်က ဟူးညိုကို တစ်ချို့ပေးလိုက်ပြီး သူလည်း အသားတစ်တုံးကို ယူပြီးတော့ စားလိုက်ပါတယ်။

"အရသာရှိလိုက်တာ"

"ဟုတ်တယ် မဆိုးဘူး"

လူငယ် တစ်ယောက်နဲ့ ကလေးတစ်ယောက်က ပျော်ရွှင်စွာနဲ့ စားနေကြပါတယ်။ ဒီအရသာ က ကျွှမှာအဆင့်မှီ အသားကင် ဖြစ်ပြီးတော့ ခရစ်စတယ် နံ့ရံအလွှာနဲ့ ပိုင်းခြား ထားတာတောင်မှ အပြင်ဘက်က လူတွေက မွှေးပျံ့တဲ့ ရနံ့ကို ရပြီးတော့ သူတို့တောင် မသိပဲ သွားရည် တမြားမြား

ကျလာခဲ့ပါတယ်။

သူတို့ရဲ့ အပြုအမူတွေက မသင့်လျော်မှုန်း သိသွားတဲ့နောက်မှာ လူတိုင်းလူတိုင်း ရှက်ကိုးရှက်ကန်း ဖြစ်ကုန်ကြပါတယ်။ ဒီနေရာက တကယ်တော့ လူတစ်ယောက်က ဆေးလုံးတွေကို ဖော်စပ်တဲ့ ဆေးဖော်စပ်ခန်း ဖြစ်ပြီးတော့ အပြင်ဘက်က လူတွေက အေးအေးဆေးဆေးနဲ့ စားသောက်ပြီး ကြည့်လို့ ရပါတယ်။

အခု ဘယ်လိုဖြစ်ပြီးတော့ ဆန့်ကျင်ဘက် ဖြစ်သွားရတာလဲ။

ပြဿနာကတော့ လင်းဟန် အနေနဲ့ စားပြီးတော့ ဆေးလုံးကို သန့်စင်နေပြီး ဆေးကျိုအိုးက မပေါက်ကွဲပဲ ရှိနေသေးလို့ ဖြစ်ပါတယ်။

ဆေးလုံးတွေ သန့်စင် ဖော်စပ်တာက ဒီလောက်တောင် သက်တောင့် သက်သာအဖြစ်ကို ပြောင်းလဲသွားခဲ့ပြီလား။ ဒါက မြေကမ္ဘာအဆင့် ဆေးလုံးကို ဖော်စပ်သန့်စင်တာမှ ဟုတ်ရဲ့လား။

လူတော်တော်များများက သူတို့တွေ ရူးသွပ်သွားသလို ခံစားရပြီးတော့ သူတို့ရဲ့ ခေါင်းကို လက်နှစ်ဖက်နဲ့

ဆုပ်ကိုင်ထားကြပါတယ်။ အခု သူတို့ရဲ့ ကျွမ်းကြီးအပေါ်မှာ မြင်ကွင်းက လုံးဝ ပျက်စီးသွားခဲ့ပါပြီ။

ခုနစ်နာရီလောက် ကြာပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ အမူအရာက တည်ကြည်လေးနက် တဲ့ပုံစံကို ပြောင်းသွားပါတယ်။ သူ့ရဲ့ လက်ဖဝါးပေါ်မှာ မတူညီတဲ့ မီးအရောင် သုံးမျိုး ပြင်းထန်စွာ ထွက်ပေါ်လာခဲ့ပြီး တစ်ချိန်တည်းမှာပဲ သူ့ရဲ့ လက်ချောင်းတွေက လျင်မြန်ပြီး ရှုပ်ထွေးတဲ့ လက်ချောင်းပုံစံ ဖြစ်ပေါ်လာပြီးတော့ ဆေးကျိုအိုးကို ညွှန်ပြပြီး ဖိနှိပ် ထိန်းချုပ် လိုက်ပါတယ်။

"မီးသုံးမျိုး နတ်လမ်းညွှန်"

မော်ဆေးပညာရှင် သုံးဦးရဲ့ ဗဟုသုတ က မျှော်မှန်းထားသလိုပဲ ကျယ်ပြန့်ပြီးတော့ ၎င်းကို ချက်ချင်းဆိုသလိုပဲ သတိပြုမိသွားခဲ့ပါတယ်။ သူတို့က အရမ်းကို အံ့အားသင့်သွားပြီးတော့ သူတို့ရဲ့ အိုမင်းနေတဲ့ မျက်နှာတွေမှာ တည်ငြိမ်မှုတွေ ပျောက်ကွယ်ပြီး မျက်ခုံးတွေ တွန့်ကုန်ကြပါတယ်။

လင်းဟာန်က သူ့ရဲ့ လက်ကို ပြန်ရုတ်သိမ်းပြီးတော့ ဆေးကျိုအိုးကို ပေါ့ပေါ့ပါးပါးနဲ့ ပုတ်လိုက်ပါတယ်။ ခွမ်းဆိုတဲ့

အသံနဲ့အတူ ဆေးကျိုးအိုး အဖုံးက ရုတ်တရက် လွင့်ထွက်သွားခဲ့ပါတယ်။နီမြန်းတဲ့ ဆေးလုံးက ကိုယ်ပိုင်အသက်ရှိနေသလိုမျိုး အပြင်ဘက်ကို ပျံထွက်လာပြီးတော့ လေထဲမှာ လွင့်မျောနေပါတယ်။ ဒါပေမဲ့ ဆေးဖော်စပ်တဲ့ အခန်းက အလုံပိတ်ထားတာဖြစ်လို့ လွတ်မြောက်ဖို့ လုံးဝ လမ်းကြောင်း မရှိပါဘူး။

“မြေကမ္ဘာအဆင့် မော်ဆေးလုံး တစ်ခု က သဘာဝ စိတ်ဂိဉာဉ်နဲ့ ကူးလူးဆက်နွယ် နေပြီးတော့ သူ ဖြစ်ပေါ် လာပြီးနောက် မကြာခင် လွတ်မြောက်ဖို့ ကြိုးစားနေတယ်”

“ဆိုလိုတာက…….”

“ဆေးလုံး ဖြစ်သွားခဲ့ပြီ”

လူတိုင်းလူတိုင်း အော်ဟစ်ငိုကြွေးကုန်ကြပါတယ်။ မြေကမ္ဘာအဆင့် မော်ဆေးလုံး က ဆေးကျိုးအိုးကနေ ထွက်လာတာနဲ့ ပျံသန်းသွားတယ်ဆိုတာက လုံးဝကို သက်သေပြစရာ မလိုတဲ့ ရှင်းလင်းပြတ်သားတဲ့ သက်သေ အထောက်အထားပဲ ဖြစ်ပါတယ်။ မေးစရာ မေးခွန်းက ဒီ ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးက ကြယ် ဘယ်နှစ်လုံး ရှိမလဲ ဆိုတာပါပဲ။

ဟူးညို့က ဆေးလုံးကို ချစ်ခင်မြတ်နိုးစွာနဲ့ လိုက်ဖမ်းနေပြီးတော့ သူမရဲ့ ဆီတွေပေနေတဲ့ လက်သေးသေးလေးနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။ ဒါကို ကြည့်ပြီးတော့ လူတိုင်းလူတိုင်းက သူမကို ကျိန်ဆဲလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ဒါက ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးပါ။ မင်းရဲ့ ညစ်ပတ်ပေရေနေတဲ့ လက်နဲ့ ဖမ်းလိုက်မယ်ဆိုရင် ဆေးလုံးအာနိသင် ကို ဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားမှာပေါ့။

"ခစ်ခစ် ခစ်ခစ်"

ဟူးညို့ က မရပ်မနားနဲ့ ရယ်မောနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ဆေးလုံးက သူမရဲ့ လက်ထဲကနေ လွတ်မြောက်ချင်နေတုန်းပဲ ဖြစ်ပြီးတော့ သူမရဲ့ လက်သေးသေးလေးထဲက အဆက်မပြတ် ရုန်းကန်လှုပ်ရှားနေတာက သူမကို အရမ်းကို ပျော်ရွှင် ရယ်မောစေပါတယ်။

လင်းဟန်က ကျောက်စိမ်းပုလင်း တစ်လုံးကို

ထုတ်ယူလိုက်ပြီးတော့ ဆေးလုံးရဲ့ အပူချိန် အေးသွားတဲ့အထိ စောင့်လိုက်ပြီးတော့ ဟူးညီကို ပုလင်းထဲကို ဆေးလုံးထည့်စေ လိုက်ပါတယ်။ ဆေးကျိုအိုးရဲ့ အပူချိန်က လျော့ကျသွားခဲ့ပြီးတော့ ဆေးလုံးက ပုံမှန်အတိုင်း ပြောင်းလဲသွားခဲ့ပါတယ်။

တကယ်တော့ ၎င်းက သက်ရှိ အရာ တစ်ခုမှ မဟုတ်တာ။

လင်းဟန်က ကျောက်စိမ်းပုလင်းကို ယူပြီးတော့ ဆေးဖော်စပ်တဲ့ အခန်းထဲကနေ အပြင်ကို ထွက်ပြီး လုံယုံကျန်းကို ဆေးပုလင်းပေးပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ စစ်ဆေးကြည့်လိုက်ပါဦး"

လူအများစုရဲ့ အကြည့်တွေက ဆေးပုလင်းနောက်ကို လိုက်ပါသွားခဲ့ပါတယ်။ ဒါပေမဲ့ လူအနည်းစုကတော့ ဆေးဖော်စပ်တဲ့ အခန်းထဲကို ကြည့်နေကြပါတယ်။ အခန်းထဲမှာ အသားကင် အနည်းငယ် ကျန်နေပါသေးတယ်။ ဒါပေမဲ့ သူတို့ မျက်စိတစ်ချက် ပေ့ကြည့်လိုက်တဲ့ အခါမှာ ချက်ချင်ဆိုသလိုပဲ သွေးပွက်ပွက်အန်လုမတတ် ဒေါသတွေ ထွက်သလို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဟူးညီအတွက်တော့ အစားအစာ တွေကို ဖြုန်းတီးသလို

ထားခဲ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူမက လက်တစ်ဖက်စီမှာ အသားတွေကို ကိုင်ပြီးတော့ ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင်နဲ့ စားနေပါတော့တယ်။

ဒီမိန်းကလေးက ဘာလို့ အများကြီးစားနိုင်ရတာလဲ။

လုံယုံကျန်းနဲ့ တခြား မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်က ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို စတင် လေ့လာစစ်ဆေးနေပါတယ်။ သိပ်မကြာခင်မှာပဲ သူတို့က အံ့အားသင့်ကုန်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပြီးတော့ သူတို့ရဲ့ မျက်ခုံးတွေ တွန့်ကုန်ပြီး အချိန်တော်တော်ကြာသည့်တိုင်အောင် တိတ်ဆိတ်နေကြပါတယ်။

ဒါကိုကြည့်ပြီးတော့ လူတိုင်းလူတိုင်း ထူးဆန်းသလို ခံစားလိုက်ရပါတယ်။

“ဆရာသခင်သုံးယောက်ခင်ဗျား… ဒီ ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးက မအောင်မြင်လို့လား”

တစ်ယောက်ယောက်က မေးလိုက်ပါတယ်။

လုံယုံကျန်း က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“ဒါက မအောင်မြင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီဆေးလုံးရဲ့ အရည်အသွေးက အရမ်းကို မြင့်မားလွန်းတယ်”

“ကြယ် ဆယ့်သုံးလုံး… ကြယ်ဆယ့်လေးလုံးတောင်မှ ဖြစ်မယ်”

ယွင်ရှန်းရှင်းက တဆက်တည်း ပြောလိုက်ပါတယ်။

“အဟွတ် အဟွတ်”

အားလုံး တံတွေးသီးကုန်ပါတယ်။

ဘာ ကြယ် ဆယ့်သုံးလုံး၊ ဆယ့်လေးလုံးတောင်မှ ဖြစ်နိုင်တယ် ဟုတ်လား။ နောက်နေတာ မဟုတ်ပါဘူးနော်။

တကယ်လို့ တစ်ယောက်ယောက်က ကြယ်ဆယ်လုံး အဆင့်ကို ကျော်တဲ့ ဆေးလုံးကို သန့်စင် ဖော်စပ်ချင်တယ်ဆိုရင် အဆင့်မြင့်မော်ဆေးပညာရှင် တစ်ယောက်က အဆင့်နိမ့် ဆေးလုံးကို ဖော်စပ်မှ ရပါမယ်။ လင်းဟန်က အခု မြေကျွှာ အဆင့်နိမ့် အတွက် စမ်းသပ်

စစ်ဆေးမှု ရယူနေတာပဲ ဖြစ်ပေမဲ့ သူဖော်စပ်တဲ့ ဆေးလုံးက ကြယ်ဆယ်လုံး ကျော်သွားခဲ့ ပါတယ်။ ဒါက ဘယ်လိုမျိုးကြီးလဲ။

သူ့ရဲ့ အစစ်အမှန် စွမ်းရည်တွေက မြေကျွမ်း အဆင့်နိမ့် အဆင့်ကို ကျော်လွန် သွားခဲ့ပြီ။

နောက်တစ်မျိုး ပြောရမယ်ဆိုရင် တကယ်လို့ အပူချိန် အကန့်အသတ်သာ မရှိဘူးဆိုရင် သူ့အနေနဲ့ မြေကျွမ်း အလယ်အလတ် အဆင့် မှော်ဆေးလုံးကိုတောင် ချောချောမွေ့မွေ့နဲ့ သန့်စင်ဖော်စပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လပြွတ်ပေါ့။

ဒါပေမဲ့လည်း လုံယုံကျန်း နဲ့ တခြား မှော်ဆေးပညာရှင်တွေက ပိုပြီးတော့တောင်မှ တွေးနေကြ ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ဆေးလုံး ဖော်စပ်တာရော အသားကင်တာကိုပါ တစ်ချိန်တည်း လုပ်ခဲ့ပြီးတော့ ဆေးလုံးက ကြယ် ဆယ့်သုံးလုံး အဆင့် ဒါမှမဟုတ် ဆယ့်လေးလုံး အဆင့်တောင်မှ ရှိနေဆဲ ဖြစ်တဲ့အတွက် အလယ်အလတ် မြေကျွမ်း မှော်ဆေးပညာရှင် တစ်ယောက် ကရော လုပ်နိုင်ပါ့မလား။

အနည်းဆုံး မြေကမ္ဘာအဆင့်မြင့် မှော်ဆေးပညာရှင်… … မဟုတ်ဘူး။ မဟုတ်ဘူး။ ဖြစ်နိုင်တာက ကောင်းကင်အဆင့်ပဲ ဖြစ်မယ်။

လပြွတ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဆရာသခင် ဆိုတာ မြောက်ပိုင်းနယ်မြေ တစ်ခုလုံးမှာ တစ်ယောက်တလေ ကိုတောင်မှ ရှာမတွေ့နိုင်ပါဘူး။

Chapter 290 end

အပိုင်း(၂၉၁) ထူးဆန်းသောမီး ဆွဲထုတ်ခြင်း

လူတိုင်းက လင်းဟန်ကို နောက်တစ်ကြိမ် ကြည့်လိုက်ကြတဲ့အခါမှာ သူတို့ရဲ့ အကြည့်တွေ က အရှုးအမူးဖြစ်နေကြပြီးတော့ မှော်ဆေးပညာရှင် အကြီးအကဲ သုံးယောက်တောင်မှ ခြွင်းချက်မရှိပါဘူး။ သူတို့က ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို ကျောက်စိမ်းပုလင်း ထဲ ပြန်ထည့်လိုက်ပြီးတော့ လင်းဟန် ဆီကို လေးလေးစားစားနဲ့ ပြန်ပေးလိုက်ပြီး နတ်ဘုရား တစ်ပါးကို တွေ့မြင်လိုက်ရသလိုမျိုး ဖြစ်နေပါတယ်။

ဒါက မှော်ဆေးပညာရှင် အားလုံးရဲ့ ကြည်ညိုလေးစားမှုကို ခံထိုက်တဲ့ အနာဂတ် မှော်ဆေးဘုရင် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန် ကပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ကျုပ် အခု မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီ ဟုတ်တယ်မလား"

"ဟာဟုတ်တာပေါ့ အသေအချာပါပဲ"

လုံယုံကျန်း နဲ့ တခြား မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်က ခေါင်းကို ထပ်ခါ ထပ်ခါ ငြိမ့်လိုက်ကြပါတယ်။ သူက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် အဆင့်ပဲ ဖြစ်ရုံမက ချက်ချင်းကြီး အလယ်အလတ် ဒါမှမဟုတ် အဆင့်မြင့် မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်နိုင်တဲ့သူ ဖြစ်ပါတယ်။

လင်းဟန် က မျက်နှာ ဖြူဖပ်ဖြူရော် အမူအရာ ဖြစ်နေတဲ့ ချန်ဖေးကျွင့် ကို လှည့်ကြည့်ပြီး ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“ကောင်လေးချန်… ဘာဖြစ်လို့ ဒီ ဆရာသခင်ကို ဂါရဝ မပြုသေးတာလဲ”

ချန်ဖေးကျွင့် က သူ့ရဲ့ နှုတ်ခမ်းတွေကို သွေးတွေစီးကျလာတဲ့အထိ ကိုက်ပစ်လိုက်ပါတယ်။ အခု မြေကဗ္ဗာ အဆင့် မှော်ဆေးပညာရှင် သုံးယောက်က လင်းဟန်ရဲ့ အဆင့်အတန်းကို အတည်ပြုလိုက်ပြီး လူတိုင်းလူတိုင်းရဲ့ စောင့်ကြည့်မှုအောက်မှာ သူ့အနေနဲ့ သူ့ရဲ့ လောင်းကြေး မရှုံးဘူးလို့ ဘယ်လိုမျိုး ငြင်းပယ်လို့ ရမှာလဲ။

တကယ်လို့ သူ ဒူးထောက်လိုက်မယ်ဆိုရင် သူ့ရဲ့ ဘဝ က သွားပါပြီ။

“ဟင့်… မင်းက ထောက်ခံချက် မရသေးဘူး။ ဒါကြောင့် တကယ်လို့ မင်းက မြေကဗ္ဗာ အဆင့် မှော်ဆေးပညာရှင် လို့ မင်းကိုယ်မင်း ပြောလိုက်တာနဲ့ပဲ ဖြစ်သွားရောလား”

သူက တကယ့်ကို မျှော်လင့်ထားတဲ့အတိုင်း အရှက်ကင်းမဲ့စွာနဲ့ ပြုမှုနေပါတယ်။

လုံယုံကျန်း က ချက်ချင်းပဲ မကျေမနပ်ဖြစ်သွားတဲ့ အမူအရာ ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ချန်ဖေးကျွင့်.. ဆရာသခင်လင်း က ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို အခုပဲ ဖော်စပ်ပြီးတယ်။ ဒါကို မင်းကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ပဲ မဟုတ်လား။ ပြီးတော့ ငါတို့သုံးယောက်ကလည်း သက်သေခံထားသေးတယ်။ ဒါကို မင်းက ဆရာသခင် လင်းရဲ့ အဆင့်အတန်းကို သံသယ ဝင်နေသေးတာလား။ မင်းက ဘယ်လိုကောင်လဲ"

ချန်ဖေးကျွင့်က အံကြိတ်ပြီး ပြောလိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ်… သူက မြေကျွန်းမှာအဆင့် မှော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက် မရသေးသရွေ့ နှစ်ပေါင်း တစ်သန်းကြာလည်း မယုံကြည်နိုင်သေးဘူး"

တောက်ပသောကြယ်နန်းတော် ခန်းမက မြေကျွန်းမှာ အဆင့် မှော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက် ကို မပေးနိုင်ပါဘူး။ ဒါက မြောက်ပိုင်းဒေသ မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ဌာနချုပ်ကို သတင်းပို့ရပြီးတော့ အချက်အလက်တွေ စစ်ဆေးပြီးမှသာ မှော်ဆေးပညာရှင်

အသိအမှတ်ပြု ထောက်ခံချက် ထုတ်ပေးလို့ ရတာပါ။

ဒါကို အားလုံးပြီးစီးအောင် ဆောင်ရွက်ဖို့ တစ်လဂန်းကျင်လောက် အချိန်ပေးရပါတယ်။

ချန်ဖေးကျွင့် က ဒီအချက်အလက် အပေါ်ကို အခွင့်ကောင်းယူပြီးတော့ သူ ရှုံးနိမ့်တယ် ဆိုတာကို ဂန်ခံဖို့ ငြင်းဆိုနေတာပါ။

လင်းဟန်က ပေါ့ပါးစွာ ရယ်မောလိုက်ပြီးတော့ ပြောပါတယ်။

"မင်းက ခါးသီးတဲ့ အရှုံးကို မကြုံရမချင်း လက်မခံနိုင်သေးဘူးပေါ့ ဟုတ်လား"

ရှုံးနိမ့်တဲ့အကြောင်းကို ဂန်မခံပဲ ငြင်းဆန်ပုံ့တာက ချန်ဖေးကျွင့် က သေလမ်း ရှာနေတာလား။

လင်းဟန် က ချန်ဖေးကျွင့် ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားလိုက်ပါတယ်။

"ဘာလဲ.. မင်းက ငါ့ကို ကြမ်းကြမ်းတမ်းတမ်း လုပ်တော့မလို့လား"

ချန်ဖေးကျွင့် က နာခေါင်းရှုံ့လိုက်ပါတယ်။ သူ့ရဲ့ မှော်ဆေးပညာ စွမ်းရည်က လင်းဟန် ထက် နိမ့်ကျပါတယ်ယ။ ဒါပေမဲ့ တိုက်ပွဲစွမ်းအားဆိုရင်တော့ သူက နွေဦးစမ်းရေ အလွှာ ၇ အဆင့်မှာ ရှိတဲ့အတွက် သူက အသာစီးရပါမယ်။

လင်းဟန်က ချန်ဖေးကျွင့် ဆီကို ရောက်သွားတဲ့အခါ ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။

“မိုက်ရိုင်းလိုက်တာ”

ချန်ဖေးကျွင့် က သူ့ရဲ့ လက်ကိုမြှောက်ပြီးတော့ တန်ပြန် တိုက်စစ် ဆင်လိုက်ပါတယ်။

“ဖြန်း”

နွေဦးစမ်းရေ အလွှာ ၇ အဆင့်မျှပဲ ရှိသေးတဲ့ သူတစ်ယောက်က လင်းဟန်ရဲ့ ပြိုင်ဘက် ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ ဟုတ်တယ်မလား။ ချန်ဖေးကျွင့်ရဲ့ လက်ကို မြှောက်လိုက်တာနဲ့ လင်းဟန်က ထိန်းချုပ်ပြီးသားပါပဲ။ ချန်ဖေးကျွင့်က လုံး၀ မယုံနိုင်တဲ့

အမူအရာတွေနဲ့ မျက်လုံးကြီး ပြူးပြီးတော့ စိုက်ကြည့်နေခဲ့ပါတယ်။

“ငါ့ရဲ့ အရှေ့မှာ အရှက်မရှိ လုပ်ရဲတယ်။ ဘယ်နေရာကနေ ဒီလိုမျိုး ယုံကြည်မှုတွေ ရတာလဲ”

“ဖြန်း ဖြန်း ဖြန်း ဖြန်း ဖြန်း”

လင်းဟန် က အဆက်မပြတ် ရိုက်နေပြီး ဒါက ချန်ဖေးကျွင့်ကို ထပ်ခါ ထပ်ခါ အော်ဟစ် စေခဲ့ပါတယ်။

လူတိုင်းလူတိုင်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပါတယ်။ ဘယ်သူက မှ ဒီတိုက်ခိုက်မှုကို ဂင်မတားရဲကြပါဘူး။

လင်းဟန် က လုံယုံကျန်းနဲ့ တခြား မြေကျွှာအဆင့် မှော်ဆေးပညာရှင် နှစ်ယောက် ထက်တောင် သာလွန်တဲ့ပ မြေကျွှာအဆင့်မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီး အလယ်အလတ် အဆင့် ဒါမှမဟုတ် အဆင့်မြင့် အဆင့် မြေကျွှာ မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်လာမှာပါ။ ဘယ်သူက သူ့ကို ဆန့်ကျင်ရဲမှာလဲ။ ဒါ့အပြင် ချန်ဖေးကျွင့် က ဆိုးဂါးတဲ့ အပြုအမူ

ရှိတဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ သူက အောက်စီးကနေ ရှုံးနိမ့်နေပြီးတော့ နံရံနဲ့ နောက်ကျော ကပ်နေတာတောင်မှ ဆက်ပြီးတော့ တိုက်ခိုက်ဖို့ လုပ်နေပြီး သူ့ကိုယ်သူ လုံး၀ အရိုက်နှက်ခံရဖို့ ဖိတ်ခေါ်နေသလိုမျိုး ဖြစ်နေပါတယ်။

ချန်ဖေးကျွင့်ကို ခွေးသေကောင် တစ်ကောင်လိုမျိုး ရိုက်နှက်ပြီးတဲ့နောက်မှာ လင်းဟန် က သူ့ကိုယ် သယ်လာပြီးတော့ အားလုံးကို ပြုံးပြီး ပြောလိုက်ပါတယ်။

"ကျုပ် ဒီကောင့်ဆီကနေ အကြွေးတစ်ချို့ ယူပြီးရင် ပြန်လာခဲ့ပါမယ်"

လူတိုင်းလူတိုင်း က လင်းဟန် အနေနဲ့ ချန်ဖေးကျွင့်ကို တင့်တိမ်ရောင့်ရဲသွားတဲ့အထိ ရိုက်နှက်ချင်နေသေးတယ်လို့ တွေးလိုက်မိကြပြီးတော့ သူတို့ရဲ့ခေါင်းတွေကို အလျင်အမြန်ပဲ ငြိမ့်လိုက်ပါတယ်။ ဒါက ချန်ဖေးကျွင့် အနေနဲ့ ကြီးကျယ်ခမ်းနားတဲ့ မော်ဆေးပညာရှင် တစ်ယောက်ကို ဆန့်ကျင်မိတဲ့အတွက် ထိုက်ထိုက်တန်တန် ပြန်ရတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ဖောက်ထွင်းပြီးတော့ မြင်တဲ့ နံရံ မကာထားတဲ့

ဆေးဖော်စပ်တဲ့ အခန်း တစ်ခုထဲကို ချန်ဖေးကျွင့်ကို သယ်ပြီးတော့ ဝင်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ပုံရိပ်က ချက်ချင်းဆိုသလို လျှပ်ပြက်သလိုမျိုး ချန်ဖေးကျွင့်ကို သယ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားလိုက်ပါတယ်။ ဒီထဲမှာဆိုရင် သူက နတ်ဘုရားတစ်ပါးလိုပါပဲ။ ချန်ဖေးကျွင့်ရဲ့ ထူးဆန်းတဲ့မီးကို အဝေးကို ဆွဲထုတ်ပစ်လိုက်ဖို့ဆိုတာက ထမင်းစား ရေသောက်တာထက်တောင် လွယ်ပါလိမ့်မယ်။

မျှော်လင့်ထားသလိုပဲ ချန်ဖေးကျွင့်ရဲက ခန္ဓာကိုယ် အတွင်းကနေ ပြာလဲ့လဲ့ မီးတောက် တစ်လုံးက အပေါ်ယံကို ထွက်ပေါ်လာခဲ့ပါတယ်။ ပြီးတော့ လင်းဟာန်ရဲ့ ထူးဆန်းတဲ့ မီးက ချက်ချင်းဆိုသလိုပဲ စိတ်လှုပ်ရှားမှုတွေ ထွက်ပေါ်လာပြီးတော့ လင်းဟာန် ကို ဒီ ပြာလဲ့လဲ့ မီးတောက်ကို သူ ဖျက်ဆီးဝါးမျို ပစ်ချင်တယ်ဆိုတဲ့ အတွေးတစ်ခုကို ပို့လိုက်ပါတယ်။

လင်းဟာန် က သူ့ရဲ့ လက်ကို လှုပ်ခါလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ နီမြန်းတဲ့ အရောင် ရှိတဲ့ ထူးဆန်းတဲ့မီး က ထွက်ပေါ်လာပြီးတော့ နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ပြာလဲ့လဲ့ မီးတောက်ဆီကို ပြေးဝင်သွားခဲ့ပါတယ်။

မီးတောက်နှစ်ခုက ချက်ချင်းဆိုသလိုပဲ စတင် တိုက်ခိုက်လိုက်ကြပါတယ်။

ဒါက ထူးဆန်းတဲ့မီး နှစ်ခုကြားက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဘယ်တစ်ခုကပဲ တခြား တစ်ခုကို ဖျက်ဆီးဝါးမျိုနိုင်သည်ဖြစ်စေ ၎င်းကိုယ်တိုင်က ကြီးထွားလာမှာ ဖြစ်ပြီးတော့ ပြိုင်ဘက်ကတော့ လုံးဝ ပျောက်ကွယ်သွားပါလိမ့်မယ်။ ဒီလိုတိုက်ပွဲမျိုးမှာ လင်းဟန်က ဒီနေရာရဲ့ စီစဉ်ညွှန်ကြားသူ ဖြစ်နေရင်တောင်မှ ဝင်ပြီး စွက်ဖက်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ လင်းဟန် ရဲ့ ထူးဆန်းတဲ့ မီးက စကြာဝဠာဖျက်ဆီးခြင်း စစ်သည်တော် ရဲ့ ခန္ဓာကိုယ်ကနေ မွေးဖွားလာတာ ဖြစ်လို့ ၎င်းရဲ့ အဆင့်က အရမ်းကို မြင့်မားပါတယ်။ ဒါ့အပြင် အနက်ရောင် မျှော်စင်ကလည်း ၎င်းကို အားကောင်းလာအောင် လုပ်ပေးခဲ့တဲ့ အတွက် ၎င်းရဲ့ စွမ်းအားက တိုးလာခဲ့ပြီး မကြာခင်မှာ အပေါ်စီးကနေ ရယူနိုင်ခဲ့ပါတယ်။

ထူးဆန်းတဲ့ မီးတောက်လုံး နှစ်ခုက စတင်ပေါင်းစည်းလိုက်ပြီးတော့ ပြာလဲ့လဲ့ မီးတောက်က စတင်ပြီး တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

နီမြန်းတဲ့ မီးတောက်ကတော့ ပိုပိုပြီး တောက်ပလာခဲ့ပါတယ်။

လင်းဟန် က အားလုံး လုပ်လို့ပြီးသွားပါပြီ။ သူက ချန်ဖေးကျွင့်ကို အနက်ရောင် မျှော်စင် အပြင်ဘက်ကို ပြန်ထုတ်လာပြီးတော့ သူ့ကို ဆွဲလွှင့်ထုတ်လိုက်ပါတယ်။ တကယ်လို့ ထူးဆန်းတဲ့ မီးအတွက်ကြောင့် မဟုတ်ဘူးဆိုရင် ဒီလိုကောင်မျိုးနဲ့ သူက ဘာကိစ္စ ငြင်းခုံ အချိန်ဖြုန်းနေမှာလဲ။ ဒီတစ်ကြိမ် သူက မြေကျွှမ်းအဆင့် အတွက် စမ်းသပ်စစ်ဆေးမှုကို လုပ်ခဲ့ပြီးတော့ ထူးဆန်းတဲ့ မီးတစ်ခုကိုလည်း ရရှိခဲ့တာကတော့ ကြီးမားတဲ့ အပိုဆု တစ်ခုပဲ ဖြစ်ပါတယ်။

ကြီးမားတဲ့ ခန်းမကြီးထဲကို သူရောက်လာတာနဲ့ လုံယုံကျန်းနဲ့ အခြားသူတွေက သူ့ကို စောင့်မျှော်နေကြပြီးတော့ သူတို့အားလုံးက လင်းဟန် ကို ရိုသေလေးစားမှုတွေ ထုတ်ဖော် ပြသနေကြပါတယ်။

လင်းဟန် က တစ်ယောက်ပြီး တစ်ယောက်ကို ကျေးဇူးတင်ကြောင်း ပြောပြီးတဲ့နောက်မှာ ဟူးညို ကို ကောက်ချီပြီးတော့ သူတို့ တည်းခိုတဲ့နေရာကို ပြန်လာခဲ့ကြပါတယ်။ မကြာခင် ရက်အနည်းငယ်မှာ ပြန်လာပြီးတော့ နှုတ်ဆက်ဦးမှာပါ။

သူထွက်မသွားခင်မှာ မြေကျွှာအဆင့် အသိအမှတ်ပြု ထောက်ခံချက် ကို ရဖို့ ရှိပါတယ်။ ဒါကြောင့် သူက ဒီနေရာမှာ တစ်ခဏတော့ နေရဦးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လုံယုံကျွန်း နဲ့ တခြား မြေကျွှာအဆင့် မှော်ဆေးပညာရှင် နှစ်ယောက်က သူတို့အနေနဲ့ လင်းဟန်ရဲ့ အသိအမှတ်ပြု ထောက်ခံချက်ကို အချိန်အကြာကြီး မစောင့်စေရပဲနဲ့ ဖြစ်နိုင်သမျှ အမြန်ဆုံး ရအောင် လုပ်ပေးမယ်ဆိုတဲ့အကြောင်းကို ကတိပေးခဲ့ပါတယ်။

ဇူဟဲချင် က တခြားသူတွေကို လင်းဟန်က မြေကျွှာ အဆင့် မှော်ဆေးပညာရှင် အဖြစ်ကို အဆင့်တက်သွားခဲ့ပြီဆိုတဲ့ အကြောင်းကို ပြောပြလိုက်တဲ့အခါမှာ ကွမ်းယွမ် နဲ့ တခြားသူ အားလုံး ကျောက်ရုပ်တွေလို မှင်တက်အံ့သြကုန်ကြပါတယ်။ ဒါက ရက်အနည်းငယ်ပဲ ရှိသေးပြီးတော့ လင်းဟန် က အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် အဆင့်ကနေ မြေကျွှာအဆင့် မှော်ဆေးပညာရှင် အဖြစ်ကို အဆင့်တက်သွားခဲ့တဲ့အတွက် ဘယ်သူက ဒါကို ယုံကြည်နိုင်မှာလဲ။

ဒါပေမဲ့ သူတို့က ချက်ချင်းဆိုသလိုပဲ စိတ်လှုပ်ရှားလာခဲ့ကြပါတယ်။ မြေကျွှာအဆင့်

မှော်ဆေးပညာရှင် တစ်ယောက် အနောက်ကို လိုက်ရတာက သူတို့အနေနဲ့ မှော်ဆေးလုံး နဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်နေစရာ မလိုတော့ဘူး မဟုတ်လား။

သူတို့က ချက်ချင်းပဲ လင်းဟန် အတွက် ဂုဏ်ပြုညစာ စားပွဲတစ်ခုကို လုပ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ တကယ့် ရည်ရွယ်ချက်ကတော့ လင်းဟန် ရဲ့ သစ်သီးတွေ အသီးအရွက် နဲ့ အသားငါးတွေကို ရည်ရွယ်တာပဲ ဖြစ်ပါတယ်။ ဒါတွေက တကယ်တမ်းလည်း အရမ်းကို အရသာ ရှိပြီး သူတို့ကို ဒီအကြောင်းကိုပဲ အမြဲလိုလို စဉ်းစားစေမိစေခဲ့ပါတယ်။

အမှန်တကယ်တော့ သူတို့အနေနဲ့ လင်းဟန် ရဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းက မိုးရေ နိုင်ငံ တစ်ခုလုံးကိုတောင်မှ ထောက်ပံ့ပေးလို့ ရတယ်ဆိုတာကို မသိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင် သူတို့က အသည်းအသန် တောင်းဆိုနေကြမှာ မဟုတ်ပါဘူး။ သူတို့ထင်တာက ဒီအရာတွေက အရမ်းကို ရှားပါးလွန်းတယ်လို့ ထင်နေကြတာပဲ ဖြစ်ပါတယ်။

ည…။

မြို့ရဲ့ မြောက်ဘက် အပိုင်း တိတ်ဆိတ်ငြိမ်သက်တဲ့ ခြံဝင်း တစ်ခု။

ချန်ဖေးကျွင့် က သူခိုးတစ်ယောက်လိုမျိုး တစ်ကိုယ်လုံး အနက်ရောင် ဝတ်ထားပြီးတော့ တံခါးကို အသံရှည် သုံးချက်နဲ့ အသံတို နှစ်ချက် ခေါက်လိုက်ပါတယ်။ ခဏအကြာမှာ တံခါး က ပွင့်သွားပြီးတော့ အသက် ဆယ့်လေးနှစ် ဆယ့်ငါးနှစ် အရွယ် လူငယ်တစ်ယောက်က အမူအရာ ကင်းမဲ့စွာနဲ့ ပေါ်လာခဲ့ပြီးတော့ စကားတစ်ခွန်းမှ မပြောပဲ လမ်းဖယ်ပေးလိုက် ပါတယ်။

ချန်ဖေးကျွင့်ရဲက ပုံရိပ် က ခြံဝင်းအတွင်းကို ခြေလှမ်းမြန်မြန်သွက်သွက်နဲ့ ဝင်လိုက်ပါတယ်။ အနည်းငယ်လျှောက်ပြီးတော့ သူက အဓိက ခန်းမဆီကို ရောက်သွားပြီး အဘိုးကြီး တစ်ယောက်က ရေနွေးကြမ်း သောက်နေပါတယ်။ အနီးကပ်သေချာကြည့်လိုက်မယ်ဆိုရင် သူ့ရဲ့ အသားအရေ က ထူးထူးဆန်းဆန်း ဖြူဖပ်ဖြူရော် ဖြစ်နေတာကို မြင်နိုင်ပါလိမ့်မယ်။

"အရှင်သခင် လောင် ကို ဂါရဝပြုပါတယ်"

ချန်ဖေးကျွင့် က အလျင်အမြန် ဒူးထောက်ပြီးတော့ ဦးညွှန်

ဂါရဝ ပြုလိုက်ပါတယ်။ သူ့ရဲ့ စိတ်ကြီးဝင်မှုတွေ ရမ်းကားတတ်တဲ့ အပြုအမူတွေက မြူမှုန်တစ်စတောင် မကျန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

“ဆယ်ရက် တစ်ကြိမ် သတင်းပို့။ ဘာဖြစ်လို့ မင်း အစောကြီး ရောက်လာတာလဲ”

အဘိုးကြီးလောင် က ပြောလိုက်ပါတယ်။ သူ့ရဲ့ အသံက အက်ကွဲခြောက်ကပ်နေပြီး ကြားရတဲ့ သူ အပေါင်းကို အရိုးထဲထိအောင် စိမ့်ဝင်သွားစေပါတယ်။

အဲဒီအချိန်မှာပဲ လူငယ်ကလည်း အခန်းထဲကို လမ်းလျှောက်ဝင်လာပြီးတော့ အဘိုးကြီး ရဲ့ အနောက်မှာ ရပ်လိုက်ပါတယ်။ အလင်းရောင်ရဲ့ အောက်မှာ လူငယ်ရဲ့ပုံပန်းသွင်ပြင် ကို သေသေချာချာမြင်တွေ့နိုင်ပါတယ်။ ပါးနီတွေနဲ့ ပြောပြလို့ မရနိုင်အောင် ကြောင်တိကြောင်တောင် နဲ့ ပေါင်ဒါမှုန့်တွေ လိမ်းထားသလို ဖြူဖွေးနေတဲ့ မျက်နှာ ရှိပါတယ်။

ဘာဖြစ်လို့ ယောကျ်ားလေး တစ်ယောက် က သူ့ရဲ့ မျက်နှာပေါ်မှာ ပေါင်ဒါမှုန့် ပါးနီတွေ လိမ်းခြယ် ထားရတာလဲ။

Chapter 291 end

အပိုင်း(၂၉၂) အလောင်းတစ်ထောင်ဂိုဏ်း ပြန်ပေါ်လာပြီ။

ချန်ဖေးကျွင့်က ဒုတိယတကြိမ် ထပ်ပြီး မကြည့်တော့ပဲနဲ့ ကြမ်းပြင်ပေါ်မှာ ဒူးထောက်နေရင်း ပြောလိုက်ပါတယ်။

“ဒီတပည့်က အရေးကြီးတဲ့ အမှားကြီး တစ်ခုကို လုပ်မိခဲ့ပါတယ်။ ကျေးဇူးပြုပြီးတော့ အရှင်သခင်လောင် ကျုပ်ကို အပြစ်ပေးပါ”

“ဘယ်လိုအမှားမျိုးကို မင်းလုပ်ခဲ့လို့လဲ”

အဘိုးကြီးလောင် က ရေနွေးကြမ်းကို ဆက်ပြီးတော့ သောက်နေရင်းနဲ့ မေးလိုက်ပါတယ်။

ချန်ဖေးကျွင့် က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီတပည့်ရဲ့ ထူးဆန်းတဲ့မီးကို ယူသွားတာ ခံလိုက်ရပါတယ်”

“ဖူး”

အဘိုးကြီးလောင် က ပါးစပ်အပြည့် ရေနွေးကြမ်းတွေကို ပန်းထုတ်လုမတတ် ဖြစ်သွားခဲ့ ပါတယ်။ သူက မတ်တပ်ထရပ်လိုက်ပြီးတော့ မျက်နှာထားတင်းတင်းနဲ့ မာမာထန်ထန် ပြောလိုက်ပါတယ်။

"ငါတို့ဂိုဏ်းက မင်းကိုပေးတဲ့ ဒီထူးဆန်းတဲ့ မီး အတွက် အရင်းအမြစ်တွေနဲ့ လူတွေ ဘယ်လောက်တောင် ကုန်ကျခဲ့သလဲဆိုတာကို မင်းသိရဲ့လား။ အကြီးအကဲ ဘယ်နှစ်ယောက်တောင်မှ ဒီထူးဆန်းတဲ့မီး ကို မင်းဆီကို ထည့်သွင်းပေးဖို့ ဆုံးရှုံးကုန်ခဲ့ သလဲဆိုတာကို မင်းသိရဲ့လား"

"ဒီ တပည့် သိပါတယ်။ ဒါပေမဲ့ တပည့်လည်း ဘာမှ မတတ်နိုင်လို့ပါ"

ချန်ဖေးကျွင့် က ဂမ်းနည်းပူဆွေးတဲ့ အမူအရာ နဲ့ပြောလိုက်ပါတယ်။

"ဘာတွေဖြစ်ခဲ့တာလဲ။ ငါ့ကို အစကနေ အဆုံး တစ်ခုမှ မချွင်းမချန်ပဲ အကုန်လုံး ပြောပြစမ်း"

အဘိုးကြီးလောင် က တည်ငြိမ်သွားခဲ့ပါတယ်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ချန်ဖေးကျွင့် က အလျှင်အမြန်ပဲ လင်းဟန် နဲ့ သူ အလောင်းအစားလုပ်ခဲ့တဲ့ အကြောင်းကို ပြောပြခဲ့ပါတယ်။ ဒါပေမဲ့ သူက ချန်ခိုင်ဖူရဲ့ စိတ်ကြီးဝင်နေမှုတွေ အစား လင်းဟန် က သူ့ရဲ့ ထူးဆန်းတဲ့မီးကို မျက်စိကျနေပြီးတော့ ချန်ခိုင်ဖူနဲ့ ပြဿနာ ဖြစ်အောင်လုပ်ပြီး သူ့ကို အလောင်းအစား လုပ်အောင်လို့ လှည့်ဖျားခဲ့တယ်ဆိုပြီး ပြောလိုက်ပါတယ်။

အဘိုးကြီးလောင် က ချန်ဖေးကျွင့် ပြောပြီးတဲ့အထိ စကားတစ်ခွန်းမှ မပြောပဲ တိတ်ဆိတ် ငြိမ်သက်စွာနဲ့ နားထောင်နေပါတယ်။ ပြီးတဲ့နောက်မှ သူက ပြောလိုက်ပါတယ်။

"မင်းပြောတာက မင်းသတိလစ်မေ့မျောနေတဲ့ အချိန်တိုတိုလေး အတွင်းမှာ မင်းရဲ့ ထူးဆန်းတဲ့ မီး ကို သူက ယူသွားတာလား"

"ဟုတ်ပါတယ်"

ချန်ဖေးကျွင့် က အလျင်အမြန် ခေါင်းငြိမ့်လိုက်ပါတယ်။

“တပည့်က ထူးဆန်းတဲ့ မီးရဲ့ အရေးပါမှုကို သိပါတယ်။ ဒါက ဂိုဏ်းခေါင်းဆောင် အရှင်သခင်ရဲ့ ဒီကုန်းမြေပေါ်က တောက်ပသော ကြယ်နန်းတော် ခန်းမကို သိမ်းပိုက်ဖို့ ကြီးမားတဲ့ အကြံအစည်နဲ့ ချိတ်ဆက်နေတယ်။ တကယ်လို့ ဒီတပည့်က မြင်းငါးကောင်နဲ့ ခြေတွေလက်တွေ တရွတ်တိုက်ဆွဲပြီးတော့ ဆွဲဖြဲမယ်ဆိုရင်တောင်မှ ထူးဆန်းတဲ့ မီး ကို ဘယ်တော့မှ လက်လွှတ်ခံမှာ မဟုတ်ပါဘူး”

အဘိုးကြီးလောင် က အဆုံးမှာတော့ ပြင်းထန်တဲ့ အမူအရာ မဖြစ်တော့ပဲနဲ့ သေချာ စဉ်းစား တဲ့ အမူအရာ တစ်ခု ဖြစ်လာပြီးတော့ ပြောလိုက်ပါတယ်။

“သူလည်း မင်းလိုမျိုးပဲ နွေဦးစမ်းရေ အဆင့်လား”

“သူက နွေဦးစမ်းရေ အဆင့်တင်မကဘူး ပထမအလွှာပဲ ရှိပါသေးတယ်”

ချန်ဖေးကျွင့် က အလျင်အမြန်နဲ့ ပြောလိုက်ပါတယ်။

"မင်းက အသုံးတစ်စက်မှ မကျတော့ဘူးလား။ မင်းက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ဖြစ်ပြီးတော့ ပထမ အလွှာ ပဲ ရှိသေးတဲ့ လူတစ်ယောက်ကို မရိုက်နှက်နိုင်ဘူး ဟွန့်"

အဘိုးကြီးလောင် က ချန်ဖေးကျွင့် ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပြီးတော့ သူ့ရဲ့ မျက်လုံးကို တစ်ခဏမျှ ပိတ်လိုက်ပြီး ပြောပါတယ်။

"မင်းပြောပုံ အရဆိုရင်တော့ ဒီလူငယ်လေးက အရမ်းကိုထူးဆန်းတာပဲ။ ဒီအသက်အရွယ် နဲ့ မြေကျွှမ်ာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာအောင် လုပ်နိုင်တယ်"

ချန်ဖေးကျွင့်ရဲ့ အမူအရာ အနည်းငယ် တစ်မျိုးဖြစ်သွားပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူက လင်းဟန် က မြေကျွှမ်ာ အဆင့် ကို အဆင့်တက်သွားခဲ့တယ်လိုပဲ ပြောခဲ့တာပါ။ ဒါပေမဲ့ လင်းဟန် က ဆေးလုံးတွေကို လွယ်လွယ်ကူကူနဲ့ သန့်စင် ဖော်စပ်တာကို မပြောပြပါဘူး။ မိန်းကလေးငယ်လေး တစ်ယောက်ရဲ့ နောက်ယှက်မှု့ တစ်ခုတည်းပဲ မဟုတ်ပဲနဲ့ သူက အထဲမှာ အသားလည်းကင်နေပါသေးတယ်။ ဒါက မိုးကောင်းကင် ကိုတောင် ဆန့်ကျင်တဲ့ အရာတွေ

ဖြစ်ပါတယ်။

လင်းဟန်က သာမန် မြေကျွှာမှာ အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် လုံးဝ မဟုတ်ပါဘူး။ သူ့ရဲ့ စစ်မှန်တဲ့ အဆင့်က မြေကျွှာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နိုင်ချေရှိပါတယ်။ ဒါကြောင့်လည်း မြေကျွှာ အဆင့် မှော်ဆေးပညာရှင် သုံးယောက်က လင်းဟန်ကို နတ်ဘုရား တစ်ယောက်လို ရိုသေလေးစားနေကြတာပါ။

မှော်ဆေးပညာ ကျွှာမှာတော့ တစ်ယောက်ယောက်ရဲ့ ကျွမ်းကျင်မှုက အဆင့်မြင့်မားလွန်း နေတယ်ဆိုရင် တခြားလူတွေအားလုံးရဲ့ ရိုသေလေးစား ဆည်းပူးလေ့လာခြင်းကို ခံရပါတယ်။

ဒါပေမဲ့ တကယ်လို့ သူက ဒီအကြောင်းကိုသာ ပြောလိုက်မယ်ဆိုရင် အဘိုးကြီးလောင်က လင်းဟန်ကို သူ့အဖွဲ့ထဲကို ပါဝင်အောင်လုပ်ဖို့ စဉ်းစားနေပါလိမ့်မယ်။ ဒါဆိုရင် သူ့အနေနဲ့ လင်းဟန်ကို သူ့ရဲ့ ညီငယ်လေးအတွက် ဘယ်လိုလုပ်ပြီးတော့ ပြန်လက်စားချေ လို့ ရတော့မှာလဲ။

သူက တစ်ကိုယ်ကောင်း ဆန်ပါတယ်။

အဘိုးကြီးလောင် က စားပွဲခုံကို လက်ချောင်းလေးတွေနဲ့ အသာခေါက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီကောင်လေးက မော်ဆေးပညာမှာပဲ အံ့အားသင့်စရာ ကောင်းတဲ့ ပါရမီ ရှိရုံ သာမကဘူး သူ့ရဲ့ ကိုယ်ပိုင်အဆင့်ထက် အများကြီး သာလွန်တဲ့ တိုက်ပွဲ အစွမ်းလည်း ရှိတယ်။ ငါအဘိုးကြီး ကိုယ်တိုင်ကိုယ်ကျပဲ ဒီကောင်လေးကို ဖမ်းဆီးဖို့ လှုပ်ရှားရလိမ့်မယ်။ ထူးဆန်းတဲ့ မီး မရှိပဲနဲ့တော့ တောက်ပသောကြယ်နန်းတော် ခန်းမ ကို ထိန်းချုပ်ဖို့ အခွင့်အရေး ရှိမှာမဟုတ်ဘူး။ ပြီးတော့ ဂိုဏ်းခေါင်းဆောင်ရဲ့ အစီအစဉ်ကလည်း ဂျူနီယာ လေးတစ်ယောက်ရဲ့ လက်ထဲမှာ ကျဆုံးသွားလို့ မဖြစ်ဘူး”

ချန်ဖေးကျွင့် က ပျော်ရွှင်မြူးထူးသွားခဲ့ပါတယ်။ လင်းဟန်မှာလည်း ထူးဆန်းတဲ့ မီး ရှိပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ရက်အနည်းငယ်အတွင်းမှာ ထူးဆန်းတဲ့ မီး နှစ်ခုကို ရနိုင်လိမ့်မယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ သူ့ရဲ့ မော်ဆေးပညာ အဆင့်ကလည်း သေချာပေါက် တိုးလာပါလိမ့်မယ်။ ဒီနန်းနဲ့ဆိုရင် သူ့ရဲ့ ညီ အတွက် လက်စားပြန်ချေ နိုင်ရုံသာမက သူကိုယ်တိုင်အတွက်လည်း အကျိုးအမြတ် ရရှိပြီးတော့ ဒါက အရမ်းကို ကောင်းမွန်တဲ့ ကမ္ဘာကြီး ဖြစ်လာပါလိမ့်မယ်။

“ကျေးဇူးတင်ပါတယ် အရှင်သခင်”

သူက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

“ထေတာ့”

အဘိုးကြီးလောင် က သူ့ရဲ့ လက်ကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီရက်ပိုင်းအတွင်းတော့ အဲဒီ ကောင်လေးနဲ့ ပြဿနာ မဖြစ်အောင် လို့နေလိုက်။ အဲဒါဆိုရင် သူ့ကို နီးနီးကြားကြားနဲ့ သတိဂီရိယ မရှိပဲ ဖြစ်သွားမယ်။ ငါအဘိုးကြီးလည်း နောက်ပိုင်းမှာ အဟန့်အတားဖြစ်လာနိုင်တဲ့ ဒီကိစ္စကို အမြန်ဆုံး ကိုင်တွယ် ဖြေရှင်းရလိမ့်မယ်”

ချန်ဖေးကျွင့်လည်း နောက်ဆုံးတော့ မတ်တပ်ရပ်ပုံ့သွားပြီးတော့ ပြောလိုက်ပါတယ်။

“တပည့် ဆရာသခင် ပြောသလို လုပ်ပါ့မယ်”

“ပြီးတော့ ငါ အဘိုးကြီးက မြောက်ဘက်အစွန်အဖျား

နိုင်ငံကိုးခုက လူငယ်မျိုးဆက်တွေရဲ့ သတင်းအချက်အလက်တွေကိုလည်း လက်ခံရရှိခဲ့တယ်။ သူတို့က ဆောင်းလဂိုဏ်းရဲ့ ငါးနှစ်တစ်ကြိမ် တပည့်ရွေးချယ်တဲ့ အစည်းအဝေးကို သွားပြီးတက်ရောက်ဖို့ စီစဉ်လှုပ်ရှားနေကြတယ်။ ဒီလူငယ်တွေကနေ မျိုးပင်ကောင်းကောင်းတွေ အများကြီး ရနိုင်လိမ့်မယ်။ ဒီအဘိုးကြီးက မင်းကို သူတို့အတွက် လှုပ်ရှားဖို့ ဆန္ဒရှိတယ်။ မင်းတတ်နိုင်သလောက် စုံစမ်းလေ့လာပြီးတော့ အရည်အချင်းအရှိဆုံး သူတွေကို ရွေးလာခဲ့။ ဒီအဘိုးကြီးက သူတို့ကို ဂိုဏ်းထဲကို ခေါ်လာဖို့ ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားရလိမ့်မယ်”

အဘိုးကြီးလောင် က အမိန့်ပေးလိုက်ပါတယ်။

“ဟုတ်ကဲ့.. တပည့် အကောင်းဆုံး စီစဉ်လုပ်ဆောင်ပေးပါ့မယ်။”

ချန်ဖေးကျွင့် က ရိုသေလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

“သွားတော့”

အဘိုးကြီးလောင်က သူ့ရဲ့ လက်ကို ပွေ့ရမ်းလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာ ကတော့ မပျော်မရွှင် ဖြစ်နေတယ်ဆိုတာ ထင်ရှားပါတယ်။

ချန်ဖေးကျွင့်က ဘာမှထပ်ပြီးတော့ မပြောရဲတော့ပဲ အလျင်အမြန်နဲ့ လှည့်ထွက် သွားလိုက်ပါတယ်။ ကောင်လေးက သူထွက်သွားပြီးတဲ့နောက်မှာ အဓိက တံခါးကြီးကို ပိတ်လိုက်ပါတယ်။

"အကြံအစည်ကြီး အောင်မြင်ဖို့အတွက် လုံယုံကျန်းနဲ့ တခြားအဘိုးကြီး နှစ်ယောက်ကို လုပ်ကြံသတ်ဖြတ်ပြီးတဲ့အထိ စောင့်ရမယ်။ ချန်ဖေးကျွင့်ရဲ့ တက်လမ်း အလားအလာနဲ့ ဆိုရင်တော့ သူက တောက်ပသောကြယ်နန်းတော် ခန်းမကို ကောင်းကောင်းကြီး ထိန်းချုပ် နိုင်လိမ့်မယ်။ ပြီးတော့ ဂိုဏ်းခေါင်းဆောင်ရဲ့ အစီအစဉ်ကလည်း အကောင်အထည် ပေါ်လာလိမ့်မယ်။ မှော်ဆေးလုံးတွေထဲမှာ အလောင်းချီ တွေကို ထည့်သွင်းပြီးတော့ ဖြန့်ဖြူးလိုက်မယ်ဆိုရင် နိုင်ငံကိုးခုက သိုင်းပညာရှင်တွေက သူတို့ကိုယ်တိုင်ပဲ အလောင်းစစ်သားတွေ အဖြစ်ကို မွမ်းမံသန့်စင် ကုန်လိမ့်မယ်"

ဒီအလောင်းစစ်သားတွေက ပထမတော့ မရေတွက်နိုင်တဲ့ သေမျိုး သာမန်လူတွေရဲ့ အသွေးတွေအသားတွေကို ဝါးမျို ဖျက်ဆီးပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ဖျက်ဆီး တိုက်ခိုက်ကြပါလိမ့်မယ်။ သွေးချောင်းစီးတဲ့ ပြင်းထန်လှတဲ့တိုက်ပွဲကြီး အပြီးမှာတော့ နောက်ဆုံး ကျန်ခဲ့တဲ့ တစ်ကောင်က အလောင်းဘုရင် ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ အလောင်းတစ်ထောင် ဂိုဏ်းအတွက် အားအကောင်းဆုံး ထောက်ပံ့ပေးနိုင်တဲ့ စွမ်းအား ရှိတဲ့ အလောင်းစစ်သား တစ်ယောက် ဖြစ်လာမှာပါ။

လပြွတ်ပဲ။ ဒီအချိန်ကျမှ ဂိုဏ်းခေါင်းဆောင်ရဲ့ အစီအစဉ်တွေကို နောက်ယှက်မဲ့ ဂျူနီယာ တစ်ယောက်က ပေါ်လာရတယ်လို့။

ဟမ့် .. ဒီကောင်လေး မလွတ်ပါဘူး။ ဒီအဘိုးကြီးက မနက်ဖြန်ကျရင် ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားပြီးတော့ သူ့ကို ထူးဆန်းတဲ့ မီးကို အတင်း ဖိအားပေး ထုတ်ခိုင်းရမယ်။ ချန်ဖေးကျွင့်ဆိုတဲ့ကောင်က တကယ်ပဲ အသုံးမကျဘူး။ တောက်ပတဲ့ ကြယ်နန်းတော် ခန်းမှာ ထဲမှာရှိနေတာတောင်မှ သူ့ရဲ့ ထူးဆန်းတဲ့မီး ကို ယူသွားတာခံရတယ်။ တကယ့်ကို ငတုံးတစ်ယောက်ပဲ။

ဘာပဲဖြစ်ဖြစ် လင်းဟန် လို့ခေါ်တဲ့ ဒီကောင်လေးက မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပြီ။ ဒါကြောင့် သူ့ကို အမြစ်ပြတ် ရှင်းလင်းပစ်ဖို့ လိုလာပြီ။ အဲဒီလိုမှ မလုပ်ရင် ဒါက ဂိုဏ်းခေါင်းဆောင် အရှင်သခင်ရဲ့ အကြံအစည်တွေကို အကျိုး သက်ရောက်မှု ရှိလာလိမ့်မယ်။

အဘိုးကြီးလောင် က သူ့ကိုယ်သူတီးတိုး ရွတ်ဆိုလို့ပြီးတဲ့ နောက်မှာ တစ်ဖက်မှာ ရှိတဲ့ လူငယ် ကို စူးစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူ့ရဲ့ အကြည့်တွေမှာ ထူးဆန်းတဲ့ အရောင် တစ်ခု လက်သွားပြီးတော့ သူ့ရဲ့ နှုတ်ခမ်းတွေကို လျှာနဲ့ သပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"အချစ်ရေ… ညလည်းနက်နေပြီ ငါတို့ အိပ်ခန်းထဲသွားသင့်ပြီ"

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ယောကျ်ားလေးက ချက်ချင်းဆိုသလို ကြောက်စရာ ကောင်းတဲ့ အမူအရာ တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ သူက အဘိုးကြီးလောင် ကို ကောက်ချီပြီးတော့ စားပွဲပေါ်ကို ဖိထားပြီး လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ခွေးတိရစ္ဆာန်ကြီး.. ငါ မင်းကို ဘယ်လို ဆက်ဆံမလဲဆိုတာကို ကြည့်နေ"

အဘိုးကြီးလောင် ရဲ့ မျက်နှာ ကစိတ်လှုပ်ရှားမှုတွေ နဲ့ ပြည့်နေပြီးတော့ အနည်းငယ်မျှတောင် ဆန့်ကျင်မှု မလုပ်ပဲနဲ့ ဖင်ကုန်းပေးလိုက်ပါတယ်။ ဒီမြင်ကွင်းကို ဘယ်သူကမှ ကြည့်ပုံကြလိမ့်မှာ မဟုတ်ပါဘူး။

တစ်ရက်ကြာပြီးတဲ့နောက်မှာ လင်းဟန် က တောက်ပသောကြယ်နန်းတော် ခန်းမ ဆီကို ပြန်သွားခဲ့ပါတယ်။ သူက သတင်းအချို့ကို ရှာဖွေချင်နေပါတယ်။

သိုင်းပညာနဲ့ ပတ်သက်ပြီးတော့ သူ့အနေနဲ့ လုံးဝ မသေချာပေမဲ့ ဒီနေရာက မှော်ဆေးပညာ အမွေ အနှစ်ကတော့ မပြည့်စုံပါဘူး။ တောက်ပသော ကြယ်နန်းတော် ခန်းမ မှာ မှော်ဆေးပညာ သမိုင်းတစ်ချို့ ကို မှတ်တမ်းတင်ထားတာ ရှိပါတယ်။ လင်းဟန်က ဒီ အမွေအနှစ်က ဘာကြောင့် မပြည့်စုံပြီးတော့ ဘာတွေ ဘယ်လို ဖြစ်ပျက်ခဲ့သလဲ ဆိုတာကို စုံစမ်းသိရှိချင်နေခဲ့ပါတယ်။

ဒ့ါအပြင် သူက စကြာဂဠုဖျက်ဆီးခြင်း အဆင့် စစ်သည်တော် အကြောင်းကိုလည်း သိချင်နေခဲ့ပါတယ်။ ပြီးတော့ ကျန်းယွဲ့ဖုန်း အပါအဝင် ကောင်းကင်အဆင့် စစ်သည်တော် ရာပေါင်းများစွာက ပိုင်းဂန်းလုပ်ကြံတာ ဘာအတွက်လဲ။ ဒီ အဖြစ်အပျက်ရဲ့ နောက်ကွယ်က ဖုံးကွယ်ထားတဲ့ အရာက ဘာများ ဖြစ်မလဲ။

သူက မြေကဏ္ဍမှာ အဆင့် မှော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက် မရသေးပေမဲ့လည်း တောက်ပသော ကြယ်နန်းတော် ခန်းမက လူတွေက သူ့ကို မြေကဏ္ဍမှာ အဆင့်မှော်ဆေးပညာရှင် တစ်ယောက်လိုမျိုး ပြုမူဆက်ဆံကြပါတယ်။ သူက သမိုင်းမှတ်တမ်း အထောက်အထားတွေကို ရှာဖွေလေ့လာချင်နေတာကို ဘယ်သူက သူ့ကို တားဆီးဦးမှာလဲ။

လင်းဟန် က စာကြည့်တိုက်ထဲကို ဝင်လာခဲ့ပြီးတော့ သတင်းအချက်အလက်ပေါင်း များစွာကို ခွဲခြားထားတဲ့ စာအုပ်စင် ခုနစ်ခု ကို တွေ့လိုက်ရပါတယ်။

လင်းဟန်က စာအုပ်တွေကို စတင်လှန်ပြီးတော့ ဖတ်လိုက်ပြီး သူလိုချင်တဲ့ အကြောင်းအရာ ကို ရှာဖွေလိုက်ပါတယ်။

အရမ်းကို လျှင်မြန်စွာနဲ့ပဲ သူက မျက်မှောင်ကြုတ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီသမိုင်းဝင် အချက်အလက် အသေးစိတ် မှတ်တမ်းတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ထောင် ကျော်လောက်က စတင်ထားခဲ့လို့ပါပဲ။

ထူးဆန်းတယ်။

Chapter 292 end

အပိုင်း(၂၉၃) သမိုင်းမှတ်တမ်းများ

သမိုင်းမှတ်တမ်း စာအုပ်တွေ အရ လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင် ကျော်က ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးပေါ်မှာ ကပ်ဘေးဒုက္ခကြီး တစ်ခု ပေါ်ပေါက်လာခဲ့ ပါတယ်။ အစွမ်းထက်တဲ့ ကျင့်ကြံသူ အများကြီး သတ်ဖြတ်ခံရပြီးတော့ ဒါကြောင့်လည်း သိုင်းပညာတွေနဲ့ မှော်ဆေးပညာ အမွေအနှစ်တွေက ပျက်ဆီးလာခဲ့ရပါတယ်။ နှစ်ပေါင်းရာဂဏန်း အနည်းငယ်လောက် ဖရိုဖရဲ ဖြစ်ပြီးတဲ့နောက်မှာတော့ ကျယ်ပြန့်တဲ့ ကုန်းမြေကြီးကို နောက်ဆုံးတော့ ပြန်လည် တည်ဆောက်ခဲ့ကြပါတယ်။

လင်းဟန် က သူ့ရဲ့ နာမည်ကို မှတ်တမ်းထဲမှာ မြင်လိုက်ရပါတယ်။ သူ့ရဲ့ ယခင်ဘဝ တန်းက သူ့ကို

မှော်ဆေးပညာရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင် အဖြစ် လူသိများကြပြီး မီးသုံးမျိုး နတ်လမ်းညွှန် နည်းစနစ်ကို တီထွင်ခဲ့ပါတယ်။ ဂမ်းနည်းစရာ ကောင်းတာက ဒီနည်းစနစ်က ကွယ်ပျောက်သွားခဲ့ ပုံ ရပါတယ်။

ဒါပေမဲ့ သူ့ဆီကနေ မှော်ဆေးပညာ သင်ယူခဲ့တဲ့ သူ့ရဲ့ တပည့် နှစ်ယောက် နာမည်တွေက မှတ်တမ်းထဲမှာ မပါပါဘူး။

သူတို့တင်မကပါဘူး။ ကျန်းယွဲ့ဖုန်း နဲ့ ချန်းရှုဂျန်း လို့ခေါ်တဲ့ သူ့ရဲ့ သိုင်းပညာ တပည့် နှစ်ယောက် နာမည်တွေလည်း မပါခဲ့ပါဘူး။ မသိလို့ရှိရင် သူတို့တွေက ဒီကမ္ဘာကြီးမှာ ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့တဲ့ အတိုင်းပါပဲ။ ဒါ့အပြင် လင်းဟန်က ဓါးကေရာဇ် နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ ကိုယ်ရေးအချက်အလက်တွေကိုလည်း မတွေ့မြင်ခဲ့ပါဘူး။

ဒီအတိုင်ခင်က ဓါးကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့က အစွမ်းထက် သန်မာတယ်လို့ တွေးထားခဲ့ပါတယ်။ ဒါပေမဲ့ အခုက ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာ သူတို့ရဲ့ ဂိုဏ်းဆရာသခင်တွေက အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။ သတ်ဖြတ်သူ

နတ်ဆိုး ကေရာဇ်တောင်မှ မူလအနက်ရောင် သိုင်းဟန် သုံးခုကို သတိပြုမိသွားခဲ့ပြီးတော့ ကောင်းကင် ဓါးဂိုဏ်းကို အော်ဟစ်နေပါသေးတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် က နတ်ဘုရားအဆင့်ကနေ လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းကင် ဓါးနန်းတော်ကလည်း နတ်ဘုရား အဆင့်မှာ ရှိတဲ့ အင်အားစု တစ်ခု ဖြစ်ပါလိမ့်မယ်။ ကောင်းကင်ဓါးဂိုဏ်းရဲ့ မူလ အနက်ရောင် သိုင်းဟန် သုံးမျိုး ဓါးပညာ တစ်ခုနဲ့ဆိုရင်ပဲ ကောင်းကင် ဓါးဂိုဏ်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းပြင်မြင့်ထဲက ကောင်းကင်ဓါးနန်းတော်ရဲ့ ဌာနခွဲ တစ်ခုအဖြစ် သတ်မှတ်ယူဆလို့ ရနိုင်တယ် မဟုတ်လား။

တကယ်လို့ ဒီယူဆချက်သာ မှန်ကန်မယ်ဆိုရင် ဓါးကေရာဇ်လည်း အနည်းဆုံးတော့ စကြာဝဠာအဆင့်ကို ချိုးဖျက်နိုင်တဲ့ နည်းလမ်းကို ရှာတွေ့သွား နိုင်လောက်ပါတယ်။ နောက်ပိုင်းမှာ အဆင့်တက်ပြီးတော့ နတ်ဘုရား အဆင့်ကိုတောင်မှ ရောက်သွားနိုင်ပါတယ်။

အဲဒီနောက်မှာ ဓါးကေရာဇ်ရဲ့ ထူးချွန်ပြောင်မြောက်တဲ့ ပုံရိပ်က မျိုးဆက်တစ်ခုလုံးမှာ တောက်ပထွန်းလင်း နေပြီးတော့ ရှိနေသင့်ပါတယ်။ ဒါဆိုရင် ဘယ်လိုကြောင့်

မှတ်တမ်း တဂက်တလေတောင် မရှိရတာလဲ။

ဒါက သူ့ကို တကယ်ပဲ နားမလည်နိုင်အောင် ဖြစ်သွားစေခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကျော်က ကြီးမားတဲ့ ဖရိုဖရဲ ဖြစ်ရပ်ကြီးက ကျန်းယွဲ့ဖုန်းနဲ့ တခြားလူတွေက စကြာဂဠာအဆင့် စစ်သည်တော်ကို ပိုင်းအုံတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့တာ မဟုတ်လား။ ဒါပေမဲ့ တကယ်လို့ ကောင်းကင် ဓါးဂိုဏ်းက နတ်ဘုရား အဆင့်နဲ့ အဆက်အသွယ် ရှိတယ်ဆိုရင် ကောင်းကင်အဆင့် စစ်သည်တော် ရာပေါင်းများစွာရဲ့ အသက်ကို အသုံးပြုပြီးတော့ ဖိနှိပ်ထိန်းချုပ်တယ်ဆိုရင် ဒါက အရမ်းကို ဂမ်းနည်းစရာ ကောင်းတယ်မဟုတ်လား။

လင်းဟန်က ရှေးဟောင်းမှတ်တမ်း စာအုပ်ကို ပြန်ချထားလိုက်ပြီး ပထဂီဂင် အပိုင်း ကို လှန်လှော မွှေနှောက် ရှာဖွေလိုက်ပါတယ်။

မြောက်ပိုင်းဒေသရဲ့ အသန်မာဆုံးက စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်ပဲ ဖြစ်ပါတယ်။ တစ်ခြား ဒေသ သုံးခုဖြစ်တဲ့ တောင်ပိုင်း အရှေ့ပိုင်းနဲ့ အနောက်ပိုင်း ဒေသတွေကတော့

အနည်းငယ် အားကောင်းပြီး ကောင်းကင်အဆင့် ကျင့်ကြံသူတွေ ရှိပါတယ်။ ပမာဏလည်း တော်တော်လေး များပါတယ်။ အနည်းဆုံးတော့ မြို့တိုင်းမှာ အဲဒီလိုမျိုး အစွမ်းထက်တဲ့ ကျင့်ကြံသူ ဆယ်ယောက်လောက် ရှိပြီးတော့ လင်းဟန်ရဲ့ ယခင်ဘဝက စွမ်းအားထက် ပိုမိုသာလွန်ပါတယ်။

"ငါ့ရဲ့ ယခင်ဘဝတုန်းက သိုင်းပညာတွေရဲ့ နေဝင်ဆည်းဆာ အချိန်မှာ ငါမွေးဖွားခဲ့တာများ ဖြစ်နေမလား။ ဒါကြောင့် တကမ္ဘာလုံးမှာမှ ကောင်းကင်အဆင့် စစ်သည်တော် ခုနစ်ယောက်ပဲ ရှိခဲ့တယ်။ ပြီးတော့ ကောင်းကင်ဓါးဂိုဏ်းလို အင်အားစုကို ထည့်သွင်းမယ် ဆိုရင်တောင်မှ ကောင်းကင်အဆင့် စစ်သည်တော် ပမာဏက ဒီလောက်အများကြီး မဖြစ်နိုင်ဘူး ဟုတ်တယ်မလား"

ဒါပေမဲ့ နှစ်ပေါင်း ရာဂဏန်း အနည်းငယ် ကြာပြီးတဲ့နောက်မှာ သိုင်းပညာရပ်တွေ နေလိုလလို တောက်ပထွန်းလင်းတဲ့ ခေတ်ကို ပြန်ရောက်လာခဲ့ပြီး ကောင်းကင်အဆင့် စစ်သည်တော် ရာဂဏန်း တော်တော်များများ ဖြစ်လာခဲ့ကြပြီး စကြာဝဠာဖျက်ဆီးခြင်း အဆင့် ပြိုင်ဘက်နဲ့ သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြတာ ဖြစ်နိုင်ပါတယ်။

အခုက ကောင်းကင်အဆင့် စစ်သည်တော်တွေ အများကြီး ပေါ်လာပြီးတော့ သိုင်းပညာရဲ့ ရွှေခေတ်ကို ရောက်လာပါပြီ။ နောက်ထပ် ကြီးမားတဲ့ ဘေးဒုက္ခ ကပ်ဆိုးကြီးများ ထပ်ပြီးတော့ ပေါ်လာဦးမှာလား။

လင်းဟန် က သူ့ရဲ့ နှာခေါင်းကို ပွတ်ပြီးတော့ ဆက်ပြီး ဖတ်လိုက်ပါတယ်။

အလယ်ပိုင်းခေတ် က သိုင်းပညာစွမ်းရည်ရဲ့ အားအကောင်းဆုံး ဖြစ်ပါတယ်။ ပြီးတော့ အဲဒီတုန်းက ပြောထားကြတာတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေက ကာကွယ်ပေးထားပါတယ်။

လင်းဟန် က အခုမှ ပြန်လည်မွေးဖွား လာခဲ့တာပါ။ သူက အော်ဟစ် ငိုယိုချင်စိတ် ပေါက်သွား ခဲ့ပါတယ်။ လပြွတ်ပဲ သက်ရှိထင်ရှား စကြာဂဠာအဆင့် စစ်သည်တော် တစ်ယောက် တကယ်ပဲ ပေါ်ထွက်လာတယ် ပေါ့လေ။ ဒါပေမဲ့လည်း သူက အသက်ရှိတဲ့ နတ်ဘုရားဆေးပင် တစ်ပင်ကိုတောင် မြင်ခဲ့ပါတယ်။ ဒါကြောင့် ကြည့်ရတာ စကြာဂဠာ အဆင့် က အရမ်းကြီးလည်း မဟုတ်ပါဘူး။

ဒါဆိုရင် အလယ်ပိုင်းဒေသမှာ စကြာဂဠာအဆင့် စစ်သည်တော်တွေ ဘယ်လောက်များ ရှိသလဲ။ ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့ လင်းဟန် က ကောင်းကင်ဓါးဂိုဏ်းရဲ့ မှတ်တမ်းတွေကို တွေ့သွားခဲ့ပါတယ်။

ဒီအင်အားစုက အလယ်ပိုင်းမှာ အားအကောင်းဆုံး ဂိုဏ်းတွေထဲက တစ်ခု ဖြစ်ခဲ့ပြီး စကြာဂဠာအဆင့် စစ်သည်တော်တွေ ထွက်ပေါ်ခဲ့ပါတယ်။

ဒီ ကောင်းကင်ဓါးဂိုဏ်းက သူ့ရဲ့ ယခင်ဘဝက ကောင်းကင်ဓါးဂိုဏ်း ဟုတ်ရဲ့လား။

ဖြစ်နိုင်တယ်လို့တော့ လင်းဟန်က ခံစားလိုက် ရပါတယ်။ ဒါကြောင့် တကယ်လို့ သူက ကောင်းကင်ဓါးဂိုဏ်းကို သွားနိုင်မယ် ဆိုရင်တော့ ရှေးဟောင်းမှတ်တမ်းတွေကို ဖတ်ဖို့လို နိုင်ပါတယ်။ အဲဒီနောက် သူက လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကျော်က ကပ်ဘေးကြီးရဲ့ အစကနေ အဆုံးကို ရှာဖွေသိရှိ နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီဂိုဏ်းကို ကြည့်ရတာတော့ တပည့်တွေ လက်ခံမဲ့ပုံ မပြင်ဘူး။ အဲဒီလိုမှ မဟုတ်ရင်တော့ ငါက အနက်ရောင်မျှော်စင်ရဲ့ အကာအကွယ်နဲ့ ရောနှောနေပြီး

သွေးစုပ်ယူခြင်း မူလရွှေနဲ့ ရတနာသိုက်တွေထဲ ဝင်နိုင်ပြီးတော့ ဘယ်လိုသော့ကို မဆို ငါဖွင့်နိုင်လိမ့်မယ်။

ပြီးတော့ ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ တိမ်ဖီးနစ်ဂိုဏ်းနဲ့ နေဖျက်စီးခြင်း ဆေဘာဓါး ဧကရာဇ်ရဲက ဆေဘာဓါးဂိုဏ်းလည်း အလယ်ပိုင်းမှာ ရှင်သန်ခဲ့ပုံ ရပါတယ်။

အင်း.. ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်ပြီးရင်တော့ အလယ်ပိုင်းကို သွားပြီးတော့ စုံစမ်းကြည့်ဦးမယ်။

လင်းဟာန်က တစ်ခဏမျှ တွေးပြီးတဲ့နောက် ပြန်ဖို့အတွက် ပြင်လိုက်ပါတယ်။

သူ့ရဲ့ သံသယ တစ်ချို့ကို ဖြေရှင်းလို့ ပြီးပါပြီ။ ဒါပေမဲ့ မဖြေရှင်းနိုင်တဲ့ လျှို့ဝှက် ဆန်းပြားတဲ့ အရာတွေ တိုးလာခဲ့ပြီးတော့ သူ့ကို စိတ်ဓာတ်ကျ သွားစေခဲ့ပါတယ်။

လင်းဟာန် က စိတ်ဂိဉာဉ်ပြန်လည် သိုလှောင်ဆေးလုံးရဲ့ ကျန်နေတဲ့ ပါဂင်ပစ္စည်း သုံးခုရဲ့ သတင်းအချက်အလက်ကို စုံစမ်းမေးမြန်း ကြည့်လိုက်ပါတယ်။ ဒါပေမဲ့လည်း မျှော်လင့်ထား သလိုပဲ တောက်ပသော ကြယ်နန်းတော်

ခန်းမမှာ မရှိပါဘူး။ ဒီ ပါဂင်ပစ္စည်း သုံးမျိုးက မြေကွက်မှာအဆင့် ပါဂင်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် တောက်ပသော ကြယ်နန်းတော် ခန်းမမှာ ၎င်းပစ္စည်းတွေ မရှိတာ သဘာဂကျ ပါတယ်။တကယ်တော့ ဒါက မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခုက ကောင်းကင်ဆေးအိမ်တော်ရဲ့ ဌာနချုပ်မှုသာ ဖြစ်ပါတယ်။

တကယ်လို့ သူက မြောက်ပိုင်းဒေသရဲ့ နလုံးသားလို့ ခေါ်ဆိုရမဲ့ မြို့ကြီးတစ်ခုကို သွားခဲ့မယ်ဆိုရင် အဲဒီနေရာက ကောင်းကင်ဆေးအိမ်တော်မှာ ဒီပါဂင်ပစ္စည်း သုံးမျိုးက ရှိနိုင်ပါတယ်။

လင်းဟာန်က တောက်ပသော ကြယ်နန်းတော် ခန်းမကနေ တည်းခိုရာဆီကို လမ်းလျှောက် ပြန်လာခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူက ဘဂင်မကျတဲ့ ခံစားမှု တစ်ခုကို ခံစားလိုက် ရပါတယ်။

တစ်ယောက်ယောက်က သူ့ကို နောက်ယောင်ခံ လိုက်နေတယ်။

လင်းဟာန်က ချက်ချင်းဆိုသလို သတိထားမိ ပါတယ်။ သူ့မှာ ကောင်းကင်အဆင့် နတ်ဘုရား အာရုံတစ်ခု ရှိပြီးတော့

အရမ်းကို အစွမ်းထက်ပါတယ်။ အကြိမ်အနည်းငယ်မျှ ဝေးကြည့်လို့ ပြီးတဲ့နောက်မှာ သူတကယ်ပဲ တုံ့ပြန်မှု တစ်ခုကို ခံစားလိုက် ရပါတယ်။

ဒါပေမဲ့လည်း သူ့အနောက်ကို ဘယ်သူက လိုက်နေတယ် ဆိုတာကို မသိပါဘူး။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ စိတ်ကို ပြန်လည်စုစည်းပြီး လူအနည်းငယ်သာ ရှိတဲ့ လမ်းသွယ်လေးတစ်ခုဆီကို လျှောက်သွားခဲ့ပါတယ်။ နာရီဝက်လောက် လမ်းလျှောက်ပြီးတဲ့ နောက်မှာတော့ လမ်းကွေ့ချိုး တစ်ခုကို ရောက်သွားခဲ့ပြီး သူရဲ့ ပုံရိပ်က လျပ်ပြက်သလို အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက် သွားခဲ့ပါတယ်။

သိပ်မကြာခင်မှာ အဘိုးကြီး တစ်ယောက်ရဲ့ ပုံရိပ်က ပေါ်လာခဲ့ပါတယ်။ သူက လမ်းကွေ့ရဲ့ ထောင့်မှာ ရပ်လိုက်ပြီးတော့ သံသယတွေ ဖြစ်နေတဲ့ အမူအရာနဲ့ အဝေးကို လှမ်းပြီး ကြည့်လိုက်ပါတယ်။

သူက မနေ့တုန်းက ချန်ဖေးကျွင့် သွားရောက် တွေ့ဆုံခဲ့တဲ့ လောင်မျိုးရိုး အဘိုးကြီး ဆိုတာ သေချာပါတယ်။ ထူးဆန်းတဲ့မီးရဲ့ အရေးပါမှုကြောင့် သူက

နောက်တစ်ရက်မှာ စတင်လှုပ်ရှားပြီး လင်းဟန်ရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ပြီးတော့ လှုပ်ရှားဖို့ အခွင့်အရေး တစ်ခုကို ရှာဖွေနေခဲ့တာပါ။

မူလတုန်းကတော့ လင်းဟန်က လူအနည်းငယ်ပဲ ရှိတဲ့ နေရာတစ်ခုကို လမ်းလျှောက် သွားတာက သူ့အတွက် အခွင့်အရေးကောင်း တစ်ခုကို ဖန်တီးပေးတာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ ဒီကောင်လေးက လမ်းကွေ့အချိုးလေးမှာပဲ ပျောက်ကွယ် သွားလိမ့်မယ်လို့ သူ လုံးဝ မထင်ခဲ့မိပါဘူး။

သူ ဘယ်နေရာကို ထွက်ပြေးသွားတာလဲ။

လောင်မျိုးရိုး အဘိုးကြီးက သက်ာမကင်း ဖြစ်နေတဲ့ အမူအရာ ဖြစ်ပေါ်လို့ နေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ စိတ်ဂိဉာဉ် ပလ္လင် အဆင့် ကျင့်ကြံခြင်းနဲ့ဆိုရင် လင်းဟန်ကို ရှာဖွေ တွေ့ရှိဖို့အတွက် မဖြစ်နိုင်စရာ အကြောင်း လုံးဝ မရှိဘူးလို့ ယုံကြည်နေပါတယ်။ယ ဒါပေမဲ့လည်း တစ်ဖက်လူက သဲလွန်စတောင် မကျန်ပဲ ပျောက်သွားခဲ့ပါပြီ။ ဒါက သူနောက်ယောင်ခံ လိုက်လာတယ်ဆိုတာ တစ်ဖက်လူ ရိပ်မိသွားတယ်လို့ ဆိုလိုတာနဲ့ အတူတူပါပဲ။

ဒီကောင်လေးက မျှော်လင့်ထားသလို ထူးဆန်းပြီးတော့ လျော့တွက်လို့ မရဘူး။

သူက ဒီနေရာ ပတ်ပတ်လည်ပြီး တော်တော်ကြာအောင် ရှာနေခဲ့ပါတယ်။ သူက လင်းဟာန် ရုတ်တရက် ပျောက်ကွယ်သွားရတဲ့ နောက်ကွယ်က လျှို့ဝှက်ချက်ကို ရှာချင်နေတာပါ။ ဒါပေမဲ့ အဆုံးသတ်မှာတော့ သူ့ရဲ့ ခေါင်းကို ခါပြီးတော့ အဝေးကို ထွက်သွားလိုက်ပါတယ်။

လင်းဟာန်က လုံးဝ မပေါ်လာခဲ့ပါဘူး။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ထဲမှာ ထူးဆန်းတဲ့မီးကို ကြည့်နေခဲ့ပါတယ်။ အခုဆိုရင် ထူးဆန်းတဲ့မီးလုံး နှစ်ခု ပေါင်းစည်းခြင်းက အဆုံးသတ်ခါနီး ပါပြီ။ နောက်ထပ် နာရီဝက်လောက်ဆိုရင် အပြီးသတ် ဖြစ်ပါလိမ့်မယ်။

သူက စိတ်ရှည်ရှည်နဲ့ စောင့်နေပါတယ်။ မျှော်လင့်ထားသလိုပါပဲ။ နာရီဝက်လောက် ကြာတဲ့နောက်မှာ နီမြန်းတဲ့ မီးတောက်တစ်ခုက ပုန်းဆိုပြီး သူ့ဘေးမှာ ပန်းထွက်လာပြီး အတွေးတစ်ခု ပို့လာပါတယ်။

“လင်း… လင်းဟာန်”

ဒါပေမဲ့လည်း သိပ်မကြာခင်မှာပဲ ထူးဆန်းတဲ့မီးက ရုတ်တရက် နောက်ထပ် စိတ်ဂိုဉာဉ် အတွေး ထပ်ပို့ခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ထူးဆန်းတဲ့မီး တကယ်ပဲ စကားပြော နိုင်တာလား။

ထူးဆန်းတဲ့ မီး က တစ်ခြား ထူးဆန်းတဲ့ မီးတွေကို ဂါးမျိုပြီး ပေါင်းစည်းချင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ အဲဒါက သူ့ကိုပိုပြီး သန်မာစေတဲ့ နည်းလမ်းတစ်ခု ဖြစ်တဲ့အပြင် ဉာဏ်ရည်ကိုပါ တိုးလာစေပါတယ်။

“ဟီးဟီး… မင်းက တကယ်ပဲ စကားပြောနိုင်တာပဲ။ ဒါဆိုရင် နောက်ပိုင်း မင်း ငါ့ရဲ့ လက်မှာ အခုကစပြီး နေစရာ မလိုတော့ဘူး။ အဲဒီလိုမှ မဟုတ်ရင် ငါ့ရဲ့ လျှို့ဝှက်ချက်တွေ မင်းကြောင့် ပေါ်ကုန်လိမ့်မယ်”

လင်းဟန် ကရယ်မောလိုက်ပါတယ်။

ထူးဆန်းတဲ့ မီးက သူ့ရဲ့ ပခုံးပေါ်ကို ခုန်တက်လိုက်ပါတယ်။ သူ့ရဲ့ အဂတ်အစားတွေ မီးမလောင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ထူးဆန်းတဲ့မီး က ကောင်းကောင်း

ထိန်းချုပ်နိုင်ပြီး ဒုတိယအချက်က အနက်ရောင်မျှော်စင်နေရာထဲမှာ ဖြစ်တဲ့အတွက် လင်းဟန်က အရာအားလုံးကို ထိန်းချုပ်နိုင်ပါတယ်။ ထူးဆန်းတဲ့မီးက ပြောပါတယ်။

"ငါလည်း နာမည်တစ်ခု လိုချင်တယ်"

"မင်းက နာမည်တစ်ခု လိုချင်တယ် ဟုတ်လား"

လင်းဟန်က သူရဲ့ ခေါင်းကို ထိုးဖွလိုက်ပြီး ပြောပါတယ်။

"နာမည်ပေးတဲ့ နေရာမှာ ငါက မထူးချွန်ဘူး။ ဒါပေမဲ့ မျှော်စင်လေးလည်း ရှိတဲ့အတွက် မင်းကို မီးအသေးလေး လို့ ခေါ်နိုင်တယ်"

"မီးအသေးလေး.. ငါက မီးအသေးလေး"

ထူးဆန်းတဲ့ မီး က နာမည်တစ်ခု ရသွားတဲ့နောက် အရမ်းကို ပျော်ရွှင်ကျေနပ် ဖြစ်သွားပုံ ရပါတယ်။ သူက လင်းဟန်ရဲ့ ပခုံးပေါ်မှာ ခုန်ပေါက်နေပါတော့တယ်။

Chapter 293 end

အပိုင်း(၂၉၄) မျက်စိကန်းခြင်း

အဲဒီအချိန်မှာပဲ လောင်မျိုးရိုး အဘိုးကြီးက နောက်ဖေးလမ်းကြားထဲမှာ ပြန်ထွက်ပေါ် လာခဲ့ပါတယ်။ မူလတုန်းကတော့ သူက ထွက်သွားဖို့ စိတ်ကူးရှိပါတယ်။ ဒါပေမဲ့ အမှန်တကယ် ချောင်းမြောင်းလုပ်ကြံဖို့ တစ်ဖက်လူက သိသွားမယ်ဆိုရင် တကယ်လို့ လင်းဟန်က ထူးခြားတဲ့ နည်းလမ်းတစ်ချို့ကို အသုံးပြုပြီးတော့ ယာယီ ပုန်းကွယ်နေတာ ဆိုရင်တော့ စိတ်ဂိဉာဉ်ပလ္လင် အဆင့်ရဲ့ မျက်စိအောက်ကနေ လွတ်မြောက်စရာ အကြောင်း လုံးဝ မရှိနိုင်ပါဘူး။ သူ့အနေနဲ့ ဒါကို လုံးဝ မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

ဒါပေမဲ့ သူက အချိန်တော်တော်ကြာအောင် စောင့်နေပြီးတော့ နောက်ဆုံးမှာ စိတ်မရှည်တော့ပဲ လင်းဟန်က တကယ်ပဲ ထွက်ပြေးသွားပြီလို့ စဉ်းစားမိလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုနည်းလမ်းပဲ သုံးသုံး အချိန်အကြာကြီး ပုန်းနေလို့ မရနိုင်ဘူးလေ ဟုတ်တယ်မလား။

သူက အချိန်တော်တော် ကြာအောင် ဒီနေရာ တစ်ပိုက်မှာ လှည့်ပတ်ရှာပြီး နောက်ဆုံးတော့ ထွက်သွားလိုက်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ ဒီအဘိုးကြီးက ဒီတစ်ကြိမ်တော့ တကယ်ပဲ ထွက်သွားခဲ့ပါပြီ။

"ညိုးညိုး ငါ့ကိုကူပြီးတော့ ဒီအဘိုးကြီးကို မျက်ခြည်မပြတ် ကြည့်နေပြီး ဘယ်နေရာမှာ သူနေလဲ ဆိုတာကို ကြည့်ထား"

လင်းဟန် က ဟူးညို့ကို ပြောလိုက်ပါတယ်။ ဟူးညို့က အနက်ရောင် မျှော်စင်ထဲမှာ နေပြီးတော့ ဘာမှ လုပ်စရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမ ဗိုက်ဆာတဲ့အချိန် သူမစားနိုင်ပါတယ်။ သူမကစားချင်တဲ့အချိန် ကစားနိုင်ပါတယ်။ သူမက လင်းဟန်ရဲ့ အလိုလိုက်မှုကို ခံထားရတာပါ။ ပြီးတော့ ဒီနေရာက သူမ ကြိုက်သလို ကစားလို့ ရနိုင်တဲ့အထိ ကျယ်ပြန့်ပြီး ကြီးမားလွန်းပါတယ်။

ဒ့ါအပြင် ဟူးညို့က ပံပုလွေ တစ်ချိုနဲ့ ဂက်တစ်ချို့ အကောင်အရေကို တိုးလာစေခဲ့ပါတယ်။ ဒါပေမဲ့ ဒီအကောင်တွေက သူမရဲ့ သူငယ်ချင်းတွေ မဟုတ်ပဲနဲ့ သူမရဲ့ သားကောင်တွေ ဖြစ်ပါတယ်။

ဟူးညို့က ချက်ချင်းဆိုသလို စိတ်ဂင်စားသွားပြီးတော့ သူမရဲ့

ရင်ဘတ် သေးသေးလေးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး တာဂန်ထားလိုက်"

ဟူးညိုက အနက်ရောင် မျှော်စင်ရဲ့ အပြင်ဘက်ကို ထွက်သွားပြီးတော့ အဘိုးကြီးကို နောက်ယောင်ခံလိုက်ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်က တည်းခိုခန်းဆီကို ပြန်သွားခဲ့ ပါတယ်။

စိတ်ဂိဉာဉ်ပင်လယ် အဆင့်မှာ ရှိတဲ့ သူတွေတောင်မှ ဟူးညိုရဲ့ အမြန်နှုန်းကို ပါးစပ် အဟောင်းသားနဲ့ အံ့သြတကြီး ဖြစ်နေကြပါတယ်။ ဒါကြောင့် သူမအနေနဲ့ စိတ်ဂိဉာဉ် ပလ္လင် အဆင့်ရှိတဲ့ လူတစ်ယောက်ကို နောက်ယောင်ခံ လိုက်ရမယ်ဆိုရင် မျက်ခြေပြတ်မှာ မဟုတ်လောက်ပါဘူး။ ဒါကြောင့်လည်း သူမရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန် နေစရာ အကြောင်းလုံးဝ မရှိပါဘူး။ ဒါ့အပြင် ဘယ်သူကရော အသက် ငါးနှစ် ခြောက်နှစ် ကလေးငယ်ကို သံသယ ရှိနေမှာလဲ။

လင်းဟန် အနေနဲ့ နောက်ယောင်ခံ လိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်ပါဘူး။ ဒါကြောင့် ဟူးညိုရဲ့ အစွမ်းကို

အသုံးချလိုက်ရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက တည်းခိုခန်းကို ပြန်ရောက်တဲ့အခါမှာ အေးအေးဆေးဆေးနဲ့ အနားယူနေပြီးတော့ နောက်ယောင်ခံတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဟူးညိုကို အပြည့်အဝ တာဝန် ပေးအပ်ထားလိုက်ပါတယ်။

အချိန်တစ်ခဏ အကြာမှာတော့ ဟူးညိုက ပြန်ရောက်လာခဲ့ပါတယ်။ သူမက အခန်းထဲကို ကျွမ်းထိုးဝင်လာပြီးတော့ လင်းဟန်ကို ပွေ့ဖက်ပြီး ရှက်ကိုးရှက်ကန်းနဲ့ ပြောလိုက်ပါတယ်။

“ညီးညီးက လင်းဟန်ကို ကူပြီးတော့ အဲဒီ အဘိုးကြီး ဘယ်နေရာမှာ နေလဲဆိုတာ ရှာတွေ့ခဲ့ပြီ”

“တော်လိုက်တာ”

လင်းဟန်က ဟူးညိုရဲ့ ခေါင်းကို ပွတ်သပ်ပေးလိုက်ပါတယ်။

လှိုဝ်ယုထန်နဲ့ လီစီရှန်း တို့နှစ်ယောက်သား တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် စိုးရိမ်တဲ့ ပုံစံနဲ့ ကြည့်လိုက်ကြပါတယ်။ ဟူးညိုရဲ့ ပိုင်ဆိုင်ချင်စိတ်က တစ်နေ့တစ်ခြား ပိုပိုလာခဲ့ပြီးတော့ အခုဆိုရင် သူမတို့

လင်းဟန် အနားကို ချဉ်းကပ်လိုက်တာနဲ့ ဟူးညို့က လင်းဟန်ရဲ့ ကိုယ်ပေါ်ကို တက်ထိုင်လိုက်ပြီးတော့ အလိုလိုက်ခံရတဲ့ ကလေးလေး တစ်ယောက်လိုမျိုး ပြုမှုနေပါတယ်။ ဘယ်နည်းနဲ့မှ ဟူးညို့က သူမတို့တွေကို အနားကို ကပ်ဖို့ အခွင့်အရေး မပေးပါဘူး။

ဘယ်သူက ထင်ထားမိမှာလဲ။ ဒီမိန်းကလေး သေးသေးလေးက သူမတို့ရဲ့ အကြီးမားဆုံး ပြိုင်ဘက်ကြီး ဖြစ်လာလိမ့်မယ် ဆိုတာကိုပေါ့။

ညရောက်တော့ လင်းဟန်က ဟူးညို့ ဦးဆောင်တဲ့ လမ်းကြောင်းအတိုင်း လိုက်ပြီးတော့ လောင်မျိုးရိုး အဘိုးကြီးနေထိုင်တဲ့ မြို့ငယ်လေးရဲ့ မြောက်ပိုင်း အစွန်အဖျားက ခြံဝင်းရဲ့ အပြင်ဘက်ကို ရောက်လာခဲ့ပါတယ်။ သူတို့က အဝေးမှာပဲ ရပ်နေပါတယ်။ ဒီအဘိုးကြီးက စိတ်ဂိဉာဉ်ပလ္လင် အဆင့် ကျင့်ကြံသူတစ်ယောက် မဟုတ်လား။

“ ငါ စဉ်းစားကြည့်ဦးမယ်။ ဒီအဘိုးကြီး ဆီကနေ တော်တော်လေး ရင်းနှီးတဲ့ အငွေ့အသက် တစ်ခုကို ရတယ် ”

လင်းဟန်က သူ့ရဲ့ မေးစေ့ကို လက်နဲ့ ပွတ်ပြီးတော့

စဉ်းစားခန်းဝင်နေပါတယ်။ အနက်ရောင် မျှော်စင်ထဲကို သူမဝင်ခင်တုန်းက လောင်မျိုးရှိုး အဘိုးကြီးကို သူ လေ့လာခဲ့ပါသေးတယ်။ သူက အဲဒီတုန်းက စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ အခု အဲဒီအကြောင်းကို ပြန်စဉ်းစားလိုက်တဲ့ အခါမှာ တစ်ဖက်လူက အရမ်းကို ထူးဆန်းနေပါတယ်။

"ဒီမတိုင်ခင်တုန်းက ငါ အာရုံခံမိတဲ့သူက ဘယ်သူများ ဖြစ်မလဲ"

သူက အချိန်တစ်ခုမျှ စဉ်းစားလိုက်ပေမဲ့လည်း မမှတ်မိပါဘူး။ အဲဒီနောက်မှာ သူ့ရဲ့ခေါင်းကို သူ့ဘာသာသူ ပြန်ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်သားပဲ… ငါ့မှာ မုသားမဲ့ မျက်လုံး ရှိနေသေးတာပဲ"

ညာဘက်မျက်လုံးထဲမှာ စိတ်ဂိဉာဉ် စွမ်းအားက ဖွဲ့စည်းလာခဲ့ပြီး ချက်ချင်းဆိုသလို မျက်လုံးအိမ်ပေါ်မှာ အမျှင်ကြောင်းလေးတွေ ပေါ်လာခဲ့ပါတယ်။ လင်းဟာန်ရဲ့ မျက်လုံးထဲမှာ ခြံဝင်းရဲ့ နံရံတွေက တဖြည်းဖြည်းနဲ့ ဖောက်ထွင်းမြင်လို့ ရလာပြီးတော့ သူ့ရဲ့ အကြည့်တွေက နံရံတွေကို ဖြတ်သွားခဲ့ပါတယ်။

တစ်လှှာပြီး တစ်လှှာ ဖြတ်သွားပြီး ခြံဂင်းတစ်ခုလုံးကို မိနစ်အနည်းငယ်အတွင်း အသေးစိတ် ဖောက်ထွင်းမြင်လို့ ရခဲ့ပါတယ်။

"ဟဲ့ လပ္ပြတ်"

ဒါပေမဲ့လည်း အထဲက မြင်ကွင်းကို သူမြင်လိုက်ရတဲ့ အခါမှာတော့ လင်းဟန်က ချက်ချင်းဆိုသလို မနှစ်မြို့သလို ဖြစ်သွားပြီးတော့ စားထားတဲ့ ညစာတွေတောင် အန်ထွက်မတတ် ဖြစ်သွားခဲ့ပါတယ်။ သူက မုသားမဲ့ မျက်လုံးကို အလျင်အမြန်ပဲ ရုပ်သိမ်းလိုက်ပြီးတော့ သူ့ရဲ့ နှုတ်ခမ်းကလည်း တွန့်လိမ် ရှုံ့မဲ့သွားခဲ့ပါတယ်။ သူ့ရဲ့ လောကကြီးအပေါ် ရှုမြင်ထားမှုတွေ အကုန်လုံး ပျက်စီးပြိုလဲသွားသလို ဖြစ်သွားခဲ့ပါတယ်။

လောင်မျိုးရိုး အဘိုးကြီးက မြေကြီးပေါ်မှာ ဖင်ဘူးထောင်း ထောင်နေပြီးတော့ သူ့ရဲ့ အနောက်ကနေ လူငယ်က အားကြိုးမာန်တက်နဲ့ ဆောင့်နေပါတယ်။ မဟုတ်ဘူး။ ဒီအကြောင်းကို ထပ်ပြီး စဉ်းစားလိုက်တာနဲ့ သူ့ကို ပျို့အန်ချင်စိတ် ပေါက်သွားခဲ့ ပါတယ်။

ရွှံရှာစက်ဆုပ်စရာ ကောင်းလိုက်တာ။ တကယ့်ကို

ရွံ့စရာကြီး။

“ရွှပ်”

ခြုံပင်းအထဲကနေ ပုံရိပ်တစ်ခုက ထွက်လာခဲ့ပါတယ်။ လောင်မျိုးရိုး အဘိုးကြီးပဲ ဖြစ်ပါတယ်။

သူက အထဲမှာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူက ရုတ်တရက်ဆိုသလို အကြည့်စူးစူး တစ်ခုက သူ့ကို စိုက်ပြီးတော့ ကြည့်နေသလိုမျိုး ခံစားလိုက်ရပြီး သူ့ကို အရမ်းပဲ အံ့ဩသွား စေခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ သူ့ရဲ့ ဘောင်းဘီကို ဆွဲတင်လိုက်ပြီး နံရံပေါ်ကနေ ခုန်ကျော်ထွက် လာပြီးတော့ ပတ်ဂန်းကျင်ကို ဝေ့ဝဲကြည့် လိုက်ပါတယ်။

လင်းဟန်က ဟူးညို့ကို ခေါ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။ ဒါကြောင့် လောင်အဘိုးကြီးက ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ သူ့ရဲ့ အမြင်တွေ ဝေဝါးနေတာများလားလို့ စဉ်းစားနေပါတယ်။ သူက ခြုံပင်းအထဲကို ပြန်ပြီး ခုန်ဝင်သွားခဲ့ပါတယ်။ အထဲမှာ သူ့ကို ကြီးကျယ်တဲ့ တိုက်ပွဲ တစ်ခုက စောင့်ကြိုနေပါတယ်။

"ငါ့ရဲ့ မျက်လုံးတွေကပဲ အမြင်တွေ မှားနေတာလား"

လင်းဟန်က လှောင်ပြောင် သရော်လိုက်ပါတယ်။

"မဟုတ်ဘူး။ ငါ့မျက်လုံးတွေကို ရေနဲ့ ဆေးပစ်ရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ရဲ့ လက်ကျန် ဘဝတစ်လျှောက် စိတ်ဒဏ်ရာ ရသွားနိုင်တယ်။ ဒီနေရာမှာ ဘယ်လိုလုပ်ပြီး ဒီလောက်တောင် စက်ဆုပ်ရွံရှာစရာ ကောင်းနေရတာလဲ"

"အခုချိန်ကစပြီး မုသားမဲ့ မျက်လုံးကို သတိထားပြီးတော့ အသုံးပြုရလိမ့်မယ်။ ဒီလိုမျိုး မြင်ကွင်းကို တကယ်လို့ အကြိမ်အများကြီး မြင်ရမယ်ဆိုရင် ငါငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားလိမ့်မယ်"

တစ်ခဏမျှ မနှစ်မြို့သလို ဖြစ်သွားပြီးတဲ့နောက်မှာ လင်းဟန်က တည်ငြိမ်သွားပြီး စဉ်းစားလိုက်ပါတယ်။

"ထူးဆန်းတယ်… စိတ်ဝိဉာဉ် ပလ္လင် အဆင့် လူတစ်ယောက်က ဒီနေရာမှာ ခိုအောင်းပြီး နေတာလား။ ဘာဖြစ်လို့ ငါနောက်ကို နောက်ယောင်ခံ လိုက်နေတာလဲ။ ငါက ဒီနေရာကို ရောက်တာ မကြာသေးဘူး။ ဒါကြောင့် တစ်ယောက်ယောက်ကို ဆန့်ကျင်မိတယ်ဆိုတာ ဘယ်လိုမှ

မဖြစ်နိုင်ဘူး။ ချန်ဖေးကျွင့် တစ်ယောက်ပဲ ရှိတယ်”

ဒီနှစ်ယောက်က တစ်နည်းနည်းနဲ့ ပတ်သက်နေတာလား။ ချန်ဖေးကျွင့်ကလည်း ဒီအဘိုးကြီးရဲ့ အပျော်လင် တစ်ယောက် ဖြစ်နေမလား။

ဖွဟဲ့ ဖွဟဲ့ ဖွဟဲ့…. ဒီ အဘိုးကြီးကတော့ကွာ… မဟုတ်ဘူး။ ငါဒီအဘိုးကြီးကို သတ်ပစ်ရမယ်။ မဟုတ်လို့ရှိရင် ဒီမြင်ကွင်းက ငါ့ကို အမြဲတမ်း စက်ဆုပ် ရွံ့ရှာစရာ ကောင်းတဲ့ မြင်ကွင်းကို မြင်နေရဦးမယ်။

လင်းဟန်က တည်းခိုခန်းကို ပြန်လာပြီးတော့ ကျူးပူကျို့ကို ချန်ဖေးကျွင့်ကို စောင့်ကြည့်ဖို့ တာဝန်တစ်ခု ပေးလိုက်ပါတယ်။

ကျူးပူကျို့က လင်းဟန်ရဲ့ အကူအညီနဲ့ သူ့ရဲ့ အကြီးမားဆုံး ရန်သူကို လက်စားချေ နိုင်ခဲ့ပြီး လင်းဟန်ရဲ့ ဆေးလုံးတွေ အရသာရှိတဲ့ အစားအစာတွေကို စားသောက်ခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်အတွက် တာဝန်ကို ထမ်းဆောင်ချင်ခဲ့ပါတယ်။ လင်းဟန်က သူ့အတွက် တာဝန်တစ်ခု စီစဉ်ပေးလိုက်တဲ့အခါမှာ သူက အရမ်းကို ဝမ်းသာသွားပါတယ်။

"လင်းဟန်… နင့်ရဲ့ အမူအရာကို ကြည့်ရတာ သိပ်မကောင်းဘူး"

လှိုင်ယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်။ အခု လင်းဟန်ရဲ့ အမူအရာက ကုန်းပေါ်ကို အကြိမ်ပေါင်းများစွာ ပြေးလွှားလာခဲ့ရ သလိုမျိုး ဖြစ်နေပါတယ်။

လင်းဟန်က သူ့ရဲ့ လက်ကို အထင်အမြင်သေးသလိုမျိုး ခါလိုက်ပြီး ပြောပါတယ်။

"ငါ့ကို အဲ့ဒီအကြောင်း ပြန်သတိရအောင် မလုပ်နဲ့"

လှိုင်ယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံး ခေါင်းခြောက်သွားခဲ့ပါတယ်။ သူမတို့အနေနဲ့ လင်းဟန်ကို ကြောက်ရွံ့ထိတ်လန့်စေတဲ့ အရာတစ်ခုခုကို စဉ်းစားလို့ မရနိုင်ပါဘူး။

တည်းခိုခန်းထဲမှာ ရက်တော်တော်ကြာတဲ့အထိ လင်းဟန်က အပြင်ကို မထွက်ပဲနဲ့ သူ့ရဲ့ အခြေခံကို ခိုင်မြဲအောင် ကြိုးစားနေပါတယ်။

သူကအခု နွေဦးစမ်းရေအလွှာ ကိုးရဲ့ အထွတ်အထိပ်အဆင့်မှာ ရှိပြီးတော့ စိတ်ဂိုဏ်ဥ ပင်လယ်အဆင့် ကို ရောက်ဖို့ အဆင့်မှီနေပါပြီ။ ဒါပေမဲ့ ပြဿနာက နွေဦးစမ်းရေအဆင့်မှာ သူ့ရဲ့ အချိန်က အရမ်းကို တိုတောင်းပါတယ်။ ပြီးတော့ နတ်ဆိုးချီတွေကို သန့်စင်ခြင်းနဲ့ အဆိပ်ပေါင်းတစ်ရာ ကျောက်စိမ်း လိမ်းဆေးက သူ့ရဲ့ ကျင့်ကြံခြင်းကို အလျင်အမြန် တိုးလာစေခဲ့ပါတယ်။

သူ့ရဲ့ အခြေခံက အပြည့်အဝ မတည်ငြိမ်သေးပါဘူး။ တကယ်လို့ သူက အခု အဆင့်ချိုးဖျက် တက်လိုက်မယ်ဆိုရင် ဒီနေရာကနေ နောက်ပိုင်း မြင့်မားတဲ့ အဆင့်ကို သူတက်တဲ့အခါမှာ အကျိုးမဲ့ သွားပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်က အဆင့်တက်ဖို့ အလောသုံးဆယ် မလုပ်ပါဘူး။ အဲဒီအစား ဆက်ပြီးတော့ ကျင့်ကြံခြင်းကို အခြေခံခိုင်အောင် လုပ်ပြီးတော့မှ နှစ်လဂန်းကျင် နောက်ပိုင်းမှာ အဆင့်တက်ဖို့ ကြံစည်ထားပါတယ်။

အသက်ဆယ့်ခုနစ် စိတ်ဂိုဏ်ဥ ပင်လယ်အဆင့် စစ်သည်တော်ဆိုတာ အရမ်းကို အံ့အားသင့်ဖို့ ကောင်းနေတုန်းပါပဲ။

ဒါပေါ့။ ဒါက ရန်ထန်းဇောင်နဲ့ မယုဉ်သာသလို အနာဂတ် ဟူးညိုနဲ့လည်း မယှဉ်သာ ပါဘူး။ ဒီမိန်းကလေးရဲ့ အလားအလာကလည်း တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း ရန်ထန်းဇောင် က စိတ်ဂိဉာဉ်ပင်လယ်အဆင့်ရဲ့ ကျင့်ကြံခြင်းကို ပိုင်ဆိုင်နိုင်တဲ့ အကြောင်းရင်းကလည်း သူလေ့ကျင့်ထားတဲ့ ဂါးမျိုးခြင်း ကျင့်စဉ်နဲ့ ပတ်သက် ဆက်နွယ်ပါလိမ့်မယ်။ လေဒီရန် က ယွမ်ရှမ်ရှမ်ကို ဒီကျင့်စဉ်ရဲ့ နောက်လိုက်မန္တန်ကို သင်ကြားပေးခဲ့ပြီး သူမလည်းပဲ ၎င်းကို ကျင့်ကြံခဲ့တာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းကို ရန်ထန်းဇောင်က ဂါးမျိုသွားခဲ့တာ ဖြစ်နေမလား။

အဲဒီလိုမှ မဟုတ်ရင် လင်းဟန် အနေနဲ့ တိုတောင်းလှတဲ့ ရက်အနည်းငယ် အတွင်းမှာ ရန်ထန်းဇောင်က စိတ်ဂိဉာဉ် ပင်လယ်အဆင့်ကို ရောက်နိုင်တဲ့ တခြား ဖြစ်နိုင်ချေကို စဉ်းစားလို့ မရနိုင်ပါဘူး။

ဒါပေမဲ့လည်း ရန်ထန်းဇောင်ရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက ပုံမှန်ပဲဆိုရင် သူက ရက်အနည်းငယ်နဲ့ စိတ်ဂိဉာဉ်ပလ္လင်

အဆင့်ကို တက်သွားပြီး နောက်ထပ် ရက်အနည်းငယ် အတွင်းမှာ စိတ်ဂိဉာဉ် နတ်သူငယ်အဆင့်ကို အဆင့်တက်ပြီး နောက်ပိုင်းသိပ်မကြာခင်မှာ စကြာဂဠာ ချိုးဖျက်ခြင်းအဆင့်ကို ချက်ချင်း ဝင်သွားပါလိမ့်မယ်။

ဒီကမ္ဘာကြီးက လင်းဟန် ထင်ထားတာထက် ပိုပြီးတော့တောင် ရှုပ်ထွေးပွေလီ ပါသေးတယ်။

အခုက သိုင်းပညာရဲ့ အထွတ်အထိပ် ကာလဖြစ်ပြီး ပါရမီရှင် တော်တော်များများ ထွက်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က ထိပ်ဆုံးကို ရောက်ချင်ရင် မရေမတွက်နိုင်တဲ့ ပြိုင်ဘက်တွေနဲ့ အတွေ့အကြုံတွေ ရယူပြီးတော့ ထောင်ပေါင်း များစွာသော ပါရမီရှင်တွေနဲ့ တင်းတိမ်ရောင့်ရဲလို့ မဖြစ်ပါဘူး။

နောက်ထပ် ရက်အနည်းငယ် အကြာမှာတော့ ကျူးပူကျို့က သတင်းတစ်ချို့ကို သယ်ယူလာခဲ့ပါတယ်။ သူပြောတာတော့ လင်းဟန် မျှော်မှန်းထားတဲ့အတိုင်းပဲ ချန်ဖေးကျွင့်က လောင်မျိုးရိုး အဘိုးကြီးနဲ့ အဆက်အသွယ် ရှိပါတယ်။

Chapter 294 end

အပိုင်း(၂၉၅) သတင်းအပိုင်းအစ နှစ်ခု

လင်းဟန်က တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ အစွမ်းကို အကျိုးရှိရှိ အသုံးချပြီးတော့ လောင်အဘိုးကြီးရဲ့ အကြောင်းကို စုံစမ်းလိုက်တဲ့ အခါမှာတော့ အဲဒီ အဘိုးကြီးရဲ့ နာမည်က လောင်ကျိဖန်းလို့ ခေါ်ပြီးတော့ သူက ဒီမြို့ကို လွှန်ခဲ့တဲ့ သုံးနှစ်ခန့်က ရောက်လာခဲ့ပြီး သူ့ကိုယ်သူ နှိမ့်ချပြီးတော့ အမြဲလိုလို သိုသိုဝှက်ဝှက်နဲ့ နေထိုင်ပါတယ်။

ဒီအဘိုးကြီးက ပြဿနာ တစ်စုံတစ်ရာ မလုပ်တဲ့အတွက်လည်း တောက်ပသော ကြယ်နန်းတော် ခန်းမက သူ့ကို နှင်မထုတ်ခဲ့ပါဘူး။ ပထမတော့ သူတို့က စောင့်ကြည့် လေ့လာခဲ့ ကြပါတယ်။ ဒါပေမဲ့ အချိန်အတော် ကြာတဲ့တိုင်အောင် သူတို့အနေနဲ့ သူနဲ့ ပတ်သက်ပြီးတော့ ထွေထွေထူးထူး မတွေ့ခဲ့ရပါဘူး။

ဒီတစ်ကြိမ်မှာတော့ လောင်ကျိဖန်း က လင်းဟန်ရဲ့ တည်းခိုခန်းအနားမှာ ရစ်သီရစ်သီနဲ့ ပြေးလွှားနေပါတယ်။ သူ့ကိုယ်သူတော့ ပုန်းကွယ်နေတာ ဟုတ်လှပြီလို့ ထင်နေပေမဲ့ လင်းဟန်ရဲ့ နတ်ဘုရား အာရုံကနေ လွတ်မြောက်ခြင်း မရှိပါဘူး။ ဒါကြောင့်လည်း လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ သတင်းစုနေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ရက်ပေါင်းများစွာ တည်တည်ငြိမ်ငြိမ်နဲ့ အပြင်မထွက်ပဲ အထဲမှာပဲ နေထိုင်နေပြီး လောင်ကျိဖန်းကို တိုက်ခိုက်ဖို့အတွက် အခွင့်အရေး လုံးဝ မပေးခဲ့ပါဘူး။

တကယ်လို့ သူက တည်းခိုခန်းမှာ လူသိထင်ရှား တိုက်ခိုက်မယ်ဆိုရင် ဒါက တောက်ပသော ကြယ်နန်းတော်ခန်းမကို ဆန့်ကျင်တာနဲ့ အတူတူပါပဲ။ လင်းဟန်က အခုဆို မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပါတယ်။ လင်းဟန်ကို လူမြင်ကွင်းမှာ တိုက်ခိုက်တာက မှော်ဆေးပညာရှင် အစည်းအရုံးရဲ့ အမျက်ဒေါသ မုန်တိုင်း တိုက်ခတ်ခြင်းကို ခံရပါလိမ့်မယ်။

အဲဒီအချိန်မှာပဲ ကြီးမားတဲ့ အဖြစ်အပျက်ကြီး နှစ်ခုက ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ပါတယ်။

ပထမတစ်ခုက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူငယ်မျိုးဆက်သစ် အရေအတွက် အများကြီးက နိုင်ငံရဲ့ ဂိတ်ပေါက်တွေကနေ ဆောင်းလဂိုဏ်းဆီကို ဦးတည်ပြီး ထွက်လာခဲ့ကြပါတယ်။

လင်းဟန်က စုံစမ်းမှု အနည်းငယ် လုပ်ပြီးတဲ့ အခါမှာတော့ ဆောင်းလဂိုဏ်းက ငါးနှစ်ပြည့်တိုင်း သူတို့ရဲ့ တံခါးတွေကို

ဖွင့်ပြီးတော့ တပည့်အသစ် လက်ခံတယ် ဆိုတာကို သိရှိသွားခဲ့ပါတယ်။ လူငယ်မျိုးဆက်သစ်တွေ အတွက်ကတော့ ဆောင်းလဂိုဏ်းကို ဝင်ရောက်နိုင်ခြင်းက သူတို့အနေနဲ့ အနာဂတ်မှာ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်မဲ့ အခွင့်အရေးတစ်ခု ရရှိတယ်လို့ ဆိုလိုတာပါပဲ။ လူငယ် မျိုးဆက်သစ်တွေ ဘဲအုပ်ကြီး တအုပ်လိုမျိုး သွားနေတယ် ဆိုတာကို အသာထားဦး လူကြီး မျိုးဆက်တွေတောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ ကြပါတယ်။ ဒါပေမဲ့ ဆောင်းလဂိုဏ်းက အသက်သုံးဆယ်အောက်ပဲ တပည့်လက်ခံ ရွေးချယ်တာပါ။

ပြောရမယ်ဆိုရင် သူတို့အနေနဲ့ အနည်းဆုံးတော့ ဆောင်းလဂိုဏ်းကို မဝင်နိုင်ရင်တောင်မှ သူတို့ရဲ့ ဗဟုသုတတွေကို ကျယ်ပြန့်လာအောင် လုပ်နိုင်ပါသေးတယ်။ သူတို့အနေနဲ့ သူတို့ရဲ့ နိုင်ငံတွေထဲမှာ အရူးတစ်ယောက်လို ကိုယ့်ကိုကိုယ် အထင်ကြီးနေလို့ မရပါဘူး။

လမင်းကျဆင်း ချောက်နက်က မြောက်ပိုင်းဒေသကို သွားတဲ့ တစ်ခုတည်းသော လမ်းဖြစ်လို့ အခုဆိုရင် မြောက်ပိုင်းအစွန်အဖျားက လူငယ်မျိုးဆက်သစ် သိုင်းပညာရှင်တွေ အများကြီး စုစည်းနေ ကြပါတယ်။

ချန်ဖေးကျွင့် က သူတို့အားလုံးကို ကိုယ်တိုင်ကိုယ်ကျ ဖိတ်ကြားပြီးတော့ သိုင်းပညာရပ် ဆွေးနွေးခြင်းနဲ့ သိုင်းပညာရပ် လဘက်ရည် ဧည့်ခံပွဲ တစ်ခုကို ဦးဆောင်ပြီး ကျင်းပပေးမယ်လို့ ပြောကြပါတယ်။

လူငယ် မျိုးဆက်သစ်တွေ အတွက်ကတော့ ကိုယ်စီကိုယ်င စိတ်ကြီးဝင်နေ ကြပြီးတော့ ဒီကမ္ဘာကြီးမှာ နံပါတ်တစ်လို့ တွေးနေကြပါတယ်။ ပြီးတော့ ဒီအကြောင်းကို ကြားလိုက်ရတဲ့ အခါမှာတော့ သူတို့က ဒီပွဲကို တက်ရောက်ချင် ကြတာက သဘာဝပါပဲ။ တကယ်တော့ သူတို့အားလုံးက နိုင်ငံကိုးခုက လူငယ်မျိုးဆက်သစ်တွေ ဖြစ်ကြပြီးတော့ ဘယ်သူကများ မြောက်ပိုင်းအစွန်အဖျားမှာ နံပါတ်တစ် မဖြစ်ချင်ကြတဲ့သူ ရှိနိုင်မှာလဲ။

ဒါက သူတို့ကို အရမ်းကို မျက်နှာကြီး ထင်ပေါ် ကျော်ကြားလာ စေပါလိမ့်မယ်။

တစ်ဖက်က ချန်ဖေးကျွင့်က နလုံးသားပြန်လည်သိမ်းဆည်း ဆေးလုံးကို ထုတ်ယူလိုက်ပြီး ဒီပြိုင်ပွဲရဲ့ ပထမနေရာ ရတဲ့သူကို ဆုအဖြစ်နဲ့ ပေးမယ်လို့ ကြေညာခဲ့တဲ့ အတွက်ကြောင့်လည်း လူငယ်တွေကို ပိုပြီးတော့တောင်မှ တက်ကြွ လှုပ်ရှား လာစေခဲ့ပါတယ်။

နလုံးသားပြန်လည်သိမ်းဆည်း ဆေးလုံးက အရမ်းကို ကောင်းမွန်တဲ့ ပြန်လည်ကုသခြင်း ဆေးမျိုးတစ်ခု ဖြစ်ပါတယ်။ ပြောကြတာတော့ အသက်တစ်ချက် ရှူဖို့ပဲကျန်တော့တဲ့ သူတစ်ယောက်ကို ဘယ်လောက်ပဲ ဒဏ်ရာတွေ ကြီးမား ပြင်းထန်နေပါစေ ချက်ချင်းပဲ ပြန်လည် ကုသနိုင်စွမ်း ရှိပါတယ်။ အနည်းဆုံးတော့ အသက်တစ်ချောင်းကို ထိန်းသိမ်းထား ပေးနိုင်တယ်လို့ ပြောရပါမယ်။ သိုင်းပညာရှင် တစ်ယောက် အတွက်ကတော့ အသက်တစ်ချောင်း ကယ်တင်နိုင်တဲ့ ဆေးလုံးတစ်လုံးထက် ဘယ်အရာက ပိုပြီးတော့ တန်ဖိုးရှိနိုင် လိမ့်မှာလဲ။

ဒါကြောင့် ထင်ပေါ်ကျော်ကြားမှုနဲ့ အကျိုးအမြတ်အတွက် လူတွေအများကြီးကို ဆွဲဆောင်ခံရတာ သဘာဝပါပဲ။

ဒုတိယ တစ်ခုကတော့ ရုတ်တရက်ဆိုသလို အပြာရောင်ကြေးခွံ မြွေစွာသားရဲ သစ်သီးရဲ့ သတင်းပဲ ဖြစ်ပါတယ်။ ဒါက စိတ်ဝိဉာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို သန့်စင် ဖော်စပ်ဖို့ လိုအပ်တဲ့ အဓိက ပါဝင်ပစ္စည်းတစ်မျိုး ဖြစ်ပြီးတော့ လင်းဟန် လိုက်လံ ရှာဖွေနေတဲ့ အရာလည်း ဖြစ်ပါတယ်။

စိတ်ဂိဘာဉ် ရတနာစံအိမ်က တရားပင် ကြေညာချက် ထုတ်ပြန်ထားပါတယ်။ သူတို့က ကြီးမားတဲ့ လေလံပွဲ တစ်ခုကို စီစဉ်မှာဖြစ်ပြီးတော့ အဲဒီလေလံပွဲ အတွင်းမှာ အပြာရောင် ကြေးခွံ မြွေစွာသားရဲ သစ်သီးကို လေလံတင် ရောင်းချမှာပါ။ နိုင်ငံကိုးခုက ပါရမီရှင် လူငယ်တွေ စုစည်းနေလို့ သူတို့မှာလဲ ငွေကြေးတွေ အမြောက်အများ ပါလာနိုင်ပါတယ်။

ဒဏ္ဍာရီ အရတော့ ဒီ စိတ်ဂိဘာဉ် ဆေးပင်က အပြာရောင် ကြေးခွံ မြွေစွာသားရဲနဲ့ အတူတကွ ကြီးထွားလာပါတယ်။ အဲဒီသားရဲက အဆင့် ၇ သားရဲတစ်ကောင် ဖြစ်ပြီးတော့ စိတ်ဂိဘာဉ် နတ်သူငယ် အဆင့်နဲ့ ညီမျှပါတယ်။ ၎င်းကို ခူးဆွတ် ရိတ်သိမ်းဖို့က အရမ်းကို ခက်ခဲပါတယ်။ အပြာရောင် ကြေးခွံ မြွေစွာသားရဲ အသီးက သဘာဝ စိတ်ဂိဘာဉ်ဆေးလုံးကို ဖော်စပ်ရာမှာ အဓိက ပါဝင်ပစ္စည်း ဖြစ်ပါတယ်။ ၎င်းဆေးလုံးက သိုင်းပညာရှင်တွေရဲ့ ပျက်စီးနေတဲ့ နတ်ဘုရားအာရုံကို ကုသနိုင်ပြီး ၎င်းရဲ့ အာနိသင် သက်ရောက်မှုက အရမ်းကို ကြီးမားပါတယ်။

ပန်းဖူးအဆင့်မှာ သိုင်းပညာရှင်တွေက စတင်ပြီးတော့ ကောင်းကင်နဲ့ မြေကြီးကို နားလည်နိုင်စွမ်း ရှိလာပြီး စကြာဝဠာအဆင့်ဆီကို ခရီးထွက်တာ ဖြစ်ပါတယ်။

မကြာခဏ ဆိုသလိုပဲ အန္တရာယ် အရမ်းကိုများတဲ့ သေခြင်းရှင်ခြင်း အစွန်းနှစ်ဖက်မှာ ရပ်နေရတာ ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ယှဉ်ပြိုင်တာမျိုး ကြုံတွေ့ရပါလိမ့်မယ်။ ဒါက သူတို့ကိုယ် သူတို့ အိပ်မက်နဲ့ လက်တွေ့ကြားမှာ ခွဲခြားလို့ မရနိုင်ပဲ သိုင်းပညာရှင်တွေက ဆုံးရှုံးသွားအောင် လုပ်နိုင်ကြပါလိမ့်မယ်။

အိပ်မက်ထဲမှာ ဒဏ်ရာ အနာတရ ရရှိခြင်းက သိုင်းပညာရှင်တွေရဲ့ နတ်ဘုရား အာရုံကို ပြင်းပြင်းထန်ထန် ထိခိုက်စေပါလိမ့်မယ်။ သိုင်းပညာရှင် တစ်ယောက် အတွက် အနစ်သာရ၊ ချီ နဲ့ စိတ်ဂိဉာဉ်တွေကလည်း တူညီစွာ အရေးကြီးပါတယ်။ တကယ်လို့ နတ်ဘုရား အာရုံ ထိခိုက်ဒဏ်ရာ ရခဲ့မယ်ဆိုရင် ဒါက စိတ်ဂိဉာဉ်ချီတွေကို သန့်စင်ပြီး စိတ်ဂိဉာဉ်အခြေခံရဲ့ ကျင့်ကြံခြင်းကို အကျိုးသက်ရောက် ပါလိမ့်မယ်။ပြီးတော့ ကျင့်ကြံခြင်း အဆင့်ကလည်း ရပ်တန့်သွားခြင်း ဖြစ်လာနိုင်ပါတယ်။

အခြားသော ကိစ္စတွေ အပါအဝင် ဒီရလဒ်ကြောင့်လည်း လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့် လျော့ကျသွားတာမျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သဘာဝစိတ်ဂိဉာဉ်ဆေးလုံးက နတ်ဘုရားအာရုံကို ပြန်လည်ထိန်းသိမ်းနိုင်ပြီး အရမ်းကို

တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒီနေရာက စိတ်ဂိုဉာဉ် ရတနာ စံအိမ်က မိုးရေနိုင်ငံမှာ ရှိတဲ့ တစ်ခုနဲ့ အတူတူပါပဲ။ ကောင်းကင်ဆေး အိမ်တော်လိုမျိုး သူတို့ရဲ့ ဆိုင်တွေကို နေရာအနှံ့မှာ ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ ကောင်းကင် ဆေးအိမ်တော်က ဆေးတွေရောင်းချပြီး စိတ်ဂိုဉာဉ် ရတနာ စံအိမ်ကတော့ လေလံပွဲတွေကို ကျင်းပပြုလုပ်ပါတယ်။

လင်းဟန်က ဒီသတင်းတွေကို ကြားသိရတဲ့ အခါမှာတော့ သူက ချက်ချင်းပဲ စိတ်ဂိုဉာဉ် ရတနာ စံအိမ်ကို ထွက်လာခဲ့ပြီးတော့ တစ်ဖက်အဖွဲ့အစည်းကို အပြာရောင် ကြေးခွံ သားရဲသစ်သီးကို တိုက်ရိုက်ရောင်းချပေးဖို့ ဈေးနှုန်းကို တောင်းဆိုနိုင်လိမ့်မယ်လို့ မျှော်လင့်နေပါတယ်။ တကယ်တော့ သူ့ရဲ့ ငွေကြေးအများစုကို လင်းမိသားစု အတွက် ချန်ထားခဲ့ပြီး ဒီနေရာကို သယ်ယူလာမယ်ဆို တကယ့်ကို အသုံးမဝင်ပါဘူး။ အဲဒီ ငွေကြေးတွေက မိုးရေနိုင်ငံရဲ့ ငွေအလဲအလှယ်တွေ ဖြစ်ပြီးတော့ လက်ခံကြမှာ မဟုတ်ပါဘူး။

ဒါကြောင့် သူက အကြွေး ဒါမှမဟုတ် တစ်စုံတစ်ခုနဲ့ ဖလှယ်ဖို့ မျှော်လင့်နေပါတယ်။ သူ့ရဲ့ အဆင့်အတန်းက

မြေကွန်မှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့အတွက် ပိုက်ဆံကို ပြန်ပေးနိုင်ဖို့ ယုံကြည်ချက်အပြည့်ရှိနေပြီး ဒါက ပြဿနာ တစ်ခု မဟုတ်ပါဘူး။

ဒါပေမဲ့လည်း စိတ်ဂိဥာဉ် ရတနာ စံအိမ်ရဲ့ ကြီးကြပ်ရေးမှူးခေါင်းဆောင်က သူတို့အနေနဲ့ လျှို့ဝှက်စွာ ရောင်းချခြင်းမျိုးထုံတမ်းစဉ်လာ မရှိတဲ့အတွက် ဂမ်းနည်းသွားခဲ့ ရပါတယ်။ လင်းဟန် အတွက် အကောင်းဆုံး နည်းလမ်းကတော့လေလံပွဲ မစခင်မှာ ပိုက်ဆံအများကြီး ပြင်ဆင်ထားဖို့နည်းလမ်းပဲ ရှိပါတယ်။

အဆင့်ငါး အထက်မှာရှိတဲ့ စိတ်ဂိဥာဉ်ဆေး တစ်မျိုးကိုဂယ်ချင်တာဆိုရင်တော့ ပိုက်ဆံကို အသုံးမပြုပါဘူး။ သူတို့ခေါ်ကြတဲ့ မူလစွမ်းအင် ခရစ်စတယ် တွေကိုပဲအသုံးပြုကြပါတယ်။

မူလစွမ်းအင် ခရစ်စတယ်တုံးကို မူလခရစ်စတယ်လို့လည်းခေါ်ဆိုကြပါတယ်။၎င်းက သဘာဂ ဖြစ်လာတဲ့ ပစ္စည်းတော့မဟုတ်ပါဘူး။ စိတ်ဂိဥာဉ်ပင်လယ် အဆင့် သိုင်းပညာရှင် ကသူတို့ရဲ့ ကိုယ်ပိုင် မူလစွမ်းအင်ကို ခရစ်စတယ်တုံးတစ်ခုထဲကို ထည့်သွင်းပြီး သူတို့ရဲ့ သိုင်းဆန္ဒသဘောတစ်ရားကို တံဆိပ်ပိတ်ထားတဲ့ ပစ္စည်းတစ်မျိုး

ဖြစ်ပါတယ်။ မူလခရစ်စတယ် တွေကို တစ်ခြားသိုင်းပညာရှင်တွေက စုပ်ယူသန့်စင်ပြီး ကျင့်ကြံခြင်း အမြန်နှုန်း မြှင့်တာတို့ ၎င်းအထဲက သိုင်းဆန္ဒသဘောတရားကို ဆင်ခြင်လေ့လာတာတို့ ပြုလုပ်လို့ ရပါတယ်။

ဒါက ကျင့်ကြံခြင်းအတွက် အရမ်းကို အထောက်အကူပြု ပေးနိုင်တဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အများစုသော ဆေးလုံးတွေထက်တောင်မှ ပိုပြီး သာလွန်ပါတယ်။ သိုင်းပညာရှင်တွေ အကြားမှာ ရေပန်းအစားဆုံး ပစ္စည်း ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ၎င်းပစ္စည်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေမှာ အသုံးပြုတဲ့ ငွေကြေးသဖွယ် ဖြစ်လာခဲ့ပါတယ်။

သိုင်းပညာရှင်တွေ အဆင့်မတူညီတဲ့အတွက် သူတို့တွေ သန့်စင်တဲ့ မူလစွမ်းအင် ခရစ်စတယ်တွေရဲ့ တန်ဖိုးကလည်း ကွဲပြားခြားနား ပါတယ်။ စိတ်ဂိဉာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေ သန့်စင်တဲ့ ခရစ်စတယ်ကို ကြယ်တစ်လုံး မူလစွမ်းအင် ခရစ်စတယ်လို့ လူသိများပြီး အဆင့်အနိမ့်ဆုံး ဖြစ်ပါတယ်။ ပြီးတော့ စကြာဂဋ္ဌာဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက် လုပ်တဲ့ ခရစ်စတယ်တုံး တစ်ခုကိုတော့ အဆင့်အမြင့်ဆုံး ကြယ်ခုနစ်လုံး အဆင့်လို့

သတိမှတ်ထား ကြပါတယ်။

ကြယ်တစ်လုံး မူလခရစ်စတယ်တွေက ဈေးကွက်ထဲမှာ စီးဆင်းနေပြီး ကြယ်ခုနစ်လုံး အဆင့်ကတော့ အိပ်မက်တစ်ခုနဲ့ တူပြီးတော့ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပဲ ကောလာဟလ အဖြစ်ပဲ ပေါ်ထွက်လာဖူးပါတယ်။

တကယ်တမ်းတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေက ပိုက်ဆံပြုလုပ်ဖို့ မူလ ခရစ်စတယ်တွေ သန့်စင်ဖို့ လိုလို့လား။

လင်းဟန်က အပြာရောင် ကြေးခွံသားရဲ သစ်သီးကို အရယူဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ ပြဿနာက သူ့မှာ ငွေမရှိပါဘူး။

ဒီလိုမျိုး စိတ်ဂိဉာဉ်သစ်သီး တစ်လုံးကို လေလံပွဲမှာ ရယူနိုင်ဖို့ သူ့အနေနဲ့ မူလ ခရစ်စတယ် ပမာဏ တော်တော်များများ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်မှာ မူလခရစ်စတယ် တစ်တုံးမှ မရှိပါဘူး။ တကယ်လို့ သူက ကွမ်းယွမ်ကို သူ့အတွက် မြင်းတစ်ကောင်လိုမျိုး ကြိုးစားပြီး သန့်စင်ပေးဖို့ ဖိအားပေးမယ် ဆိုရင်တောင်မှ လေလံပွဲက သုံးရက်ဆိုရင် စပါပြီ။ ဒီအချိန်အတွင်းမှာ ဘယ်လောက်များများ

ထုတ်လုပ်နိုင်မှာလဲ။

“ဟုတ်ပြီ… ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို လေလံတင်နိုင်တာပဲ။ ဒါပေမဲ့ မူလ ခရစ်စတယ် ဘယ်လောက်နဲ့ ရောင်းထွက်မလဲ ဘယ်သူက သိနိုင်မှာလဲ။ တကယ်လို့ အပြာရောင် ကြေးခွံသားရဲ သစ်သီးကို ဂယ်ဖို့ မလုံလောက်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ”

လင်းဟန်က စဉ်းစားချင့်ချိန်ပြီး နောက်ဆုံးတော့ မတူညီတဲ့ ရှုထောင့်တွေကနေ တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကပ်ဘေးခုနစ်ခု ချိုးဖျက်ခြင်း ဆေးလုံးကို လေလံမှာ တင်ပြီး အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထားတဲ့ ဆေးပင်တွေကိုလည်း ရောင်းချပါမယ်။

အများစုက ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် တွေပဲ ဖြစ်ပါတယ်။

ဒီပစ္စည်းတွေက မူလချီ ကို အာဟာရဖြစ်ဖို့ အတွက် အရမ်းကို ကောင်းမွန်တဲ့ အရာတွေ ဖြစ်ပြီးတော့ သူတို့ရဲ့ သက်တမ်းအလိုက် ဈေးနှုန်းကလည်း တိုးလာပါတယ်။ အနက်ရောင် မျှော်စင်ထဲမှာ တစ်နှစ်လောက် စိုက်ထားရင် ၎င်းရဲ့ သက်တမ်းက နှစ်ပေါင်း တစ်ထောင်နဲ့ ညီမျှပါတယ်။

နှစ်တစ်ထောင် သက်တမ်းရှိတဲ့ ဂျင်စင်းနဲ့ မှိုမျိုးစိတ် တွေကို လုပ်ရတာ အရမ်းကို လွယ်ကူပါတယ်။

လင်းဟန်က အနက်ရောင်မျှော်စင်မှာ စိုက်ပျိုးထားတာက နှစ်လကျော်ကျော်ပဲ ရှိပါသေးတယ်။ ဒါကြောင့် နှစ်ပေါင်းတစ်ထောင် သက်တမ်းတော့ မရှိသေးပါဘူး။ ဒါပေမဲ့လည်း နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့ ဂျင်စင်းနဲ့ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်တွေက ဝယ်ယူသူတွေကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေနိုင်တဲ့အတွက် သူပအနေနဲ့ ရောင်းမထွက်မှာကို စိတ်ပူနေစရာ အကြောင်းလုံးဝ မရှိပါဘူး။

ဂျင်စင်းနဲ့ ဆေးဖက်ဝင် မှိုတွေကို ဘယ်နှစ်ကေလောက် သူစိုက်ပျိုးထားလည်း ဆိုတာကို လင်းဟန် မသိပါဘူး။ ဒါကြောင့် ကေအနည်းငယ် ရောင်းချဖို့အတွက်တော့ စိတ်မကူးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူက အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို မပေါက်ကြား စေချင်ခဲ့ပါဘူး။ လင်းဟန်က ဂျင်စင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် ကို တူးဆွပြီး ထုတ်ယူလာခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ကို ပိုင်ဆိုင်ထားတဲ့

အကြောင်းကို ထုတ်ဖော် လိုက်မယ်ဆိုရင် တကယ်လို့ ဒါကို လတ်ဆတ်တဲ့ ရွှံထဲကို ပစ်ထုတ် လိုက်မယ်ဆိုရင်တောင် လူတွေရဲ့ သံသယ ဂင်ခြင်းကို တကယ်ပဲ ခံရပါလိမ့်မယ်။

သက်ရှိတွေကို ထည့်သွင်းနိုင်တဲ့ စိတ်ဂိုဉာဉ် ပစ္စည်းတစ်ခုလား။ လပြွတ်ပဲပေါ့။ စကြာဂဠာ အဆင့် စစ်သည်တော်တောင်မှ စိတ်ဂင်စား ပါလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်ကျရင် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ဆိုတဲ့ အဆင့်အတန်းကလည်း အကာအကွယ် ပေးနိုင်မှာ မဟုတ်တော့ပါဘူး။

Chapter 295 end

အပိုင်း(၂၉၆) မြို့သေးသေးလေးမှာ အတူတကွ စုမိကြပြီ

ဒါပေမဲ့လည်း လင်းဟန်က တည်းခိုခန်းကို ပြန်ရောက်တဲ့အခါမှာ သူငယ်ချင်းဟောင်း တစ်ချို့နဲ့ ပြန်ဆုံခဲ့ပါတယ်။

ချီယောင်ရီ၊ ပိုင်လိထျန်းယွင်၊ လီဒေါင်ယွဲ့နဲ့ အင်ပါယာမြို့ရဲ့ အင်အားကြီး ကလန်ရှစ်ခုက နောက်ပိုင်း မျိုးဆက်သစ်တွေ ဖြစ်ကြတဲ့ ဇောင်ဟွမ်၊ ချင်ပူယောင် ၊ ဟွမ်ပေဇီ နဲ့ တစ်ခြား သူတွေကို တွေ့လိုက်ရပါတယ်။ ဒီလူငယ်တွေက

မိုးရေနိုင်ငံရဲ့ နောက်လာမဲ့ နှစ်ပေါင်း သုံးဆယ်မှာ အနာဂတ်ရဲ့ ဦးဆောင်သူတွေ ဖြစ်ကြပါတယ်။

သူတို့အားလုံးပဲ လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သွားခဲ့တဲ့ အကြောင်းကို ကြားခဲ့ရပါတယ်။ ပြီးတော့ စုံစမ်းမှုတစ်ချို့ လုပ်ခဲ့ကြပြီးတဲ့ နောက်မှာတော့ လင်းဟန်က ဒီနေရာမှာ တည်းခိုနေတယ် ဆိုတာကို သိရှိသွားပြီး လာရောက် လည်ပတ်ကြတာပဲ ဖြစ်ပါတယ်။

မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်.. တကယ့်ကို လွန်လွန်းတာပဲ။ ဒါက မိုးရေနိုင်ငံ အတွက်တော့ ပထမဆုံးပဲ ဖြစ်ပါတယ်။

တကယ်လို့ မိုးရေကောရာဇ် ကိုယ်တိုင်ကိုယ်ကျ လာခဲ့မယ်ဆိုရင်တောင် သူ့အနေနဲ့ လင်းဟန်ရဲက ခြေဖျားလောက်ပဲ အဆင့်မှီပါလိမ့်မယ်ယ။ အနည်းငယ် အားနည်းတဲ့ ဧကရာဇ်တွေ ဆိုရင်တော့ လင်းဟန်ရဲ့ ဖိနပ်ကို လျှာနဲ့ယက်မတတ် အလေးပေး ဆက်ဆံကြ ရပါလိမ့်မယ်။

ဒီလူငယ်တွေက လင်းဟန်က ဒီနေရာမှာ ရှိနေတယ်ဆိုတာကို ကြားသိရတဲ့ အခါမှာတော့

သူတို့အနေနဲ့ လာရောက် မတွေ့ဆုံပဲ မနေပွဲကြပါဘူး။ ဒ့ါအပြင် ဒီလိုမျိုး အံ့မခန်း မှော်ဆေးပညာရှင် တစ်ယောက်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုကို တည်ဆောက်ထားခြင်းက အကျိုးအမြတ် ရှိပါတယ်။

"ဆရာသခင်လင်း"

ချီယောင်ရီနဲ့ တစ်ခြားသူတွေ ပြုံးလိုက်ကြပါတယ်။ သူတို့အနေနဲ့ လင်းဟန်ရဲ့ နာမည်ကို တိုက်ရိုက် ခေါ်ဖို့ဆိုတာ မပွံ့ရဲကြပါဘူး။

လင်းဟန်က ဒါတွေကို ဂရုမစိုက်ပါဘူး။ သူ့ရဲ့ သူငယ်ချင်းတွေက ယေဘုယျ အားဖြင့်တော့ သူစိမ်းတွေလို ဆက်ဆံဖို့ မလိုပါဘူး။ ဒါပေမဲ့ ချီယောင်ရီနဲ့ ပိုင်လီထျန်းယွမ်တို့က သူ့ရဲ့ စမ်းသပ်စစ်ဆေးမှုကို မကျော်နိုင်ခဲ့ပါဘူး။ သူတို့က သိက္ခမ်းခင်မင်ရုံ ဖြစ်ပြီးတော့ လင်းဟန် အနေနဲ့ သူတို့က ဘယ်လိုပဲခေါ်ခေါ် ဂရုမစိုက်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က သဘောထား မသေးပါဘူး။ သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲက သစ်သီးတွေ ဟင်းသီးဟင်းရွက်တွေနဲ့ အသားတွေကို ထုတ်ပြီးတော့

သူတို့ကို ညွှေ့ခံပါတယ်။ အထဲမှာ အဆင့်နိမ့် မိစ္ဆာသားရဲ တော်တော်များများ ရှိပါတယ်။ ဒါပေမဲ့ သာမန် သိကျွမ်းခင်မှုသူတွေ အတွက်ကတော့ ရိုးရိုးအသားတွေက လုံလောက်ပါတယ်။

တစ်ခဏအတွင်းမှာ လူတိုင်းလူတိုင်းက တစ်ပန်းကန်ပြီး တစ်ပန်းကန် စားကြပါတယ်။ ဒီမြင်ကွင်းက ထိန်းချုပ်မှုအောက်က လွတ်သွားပြီး လူတွေက တည်းခိုခန်းအတွင်းမှာ တိုက်ခိုက်နေ ကြတယ်လို့တောင် တွေးထင်သွားပြီးတော့ တောက်ပသော ကြယ်နန်းတော် ခန်းမက လူတွေကို ပြေးပြီး ခေါ်လုနီးပါး ဖြစ်ကုန်ပါတယ်။

ငွေကုန်ကြေးကျ အလွန်များမဲ့ အသားတွေကို စားလို့အပြီးမှာ သိုင်းပညာရှင်တွေ အားလုံးက သိချင်စိတ် ပြင်းပြလို့ နေခဲ့ပါတယ်။

"ကန်းရီ… မင်းတကယ်ပဲ နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်သွားခဲ့ပြီပေါ့"

ဖောင်ဟွမ် က ကန်းရီကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒီမတိုင်ခင်က ကျင့်ကြံခြင်းမှာ သူက တခြားသူတွေရဲ့ ထိပ်မှာ ခိုင်ခိုင်မာမာနဲ့ အမြဲတမ်း

ရပ်တည်နေပါတယ်။ အခု သူက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ရုံပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ကန်းရီကတော့ ဒုံပုံလိုမျိုး နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်သွားခဲ့ပြီး ဖြစ်တဲ့အတွက် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ အကြီးအကျယ် မအံ့သြပဲ နေနိုင်မှာလဲ။

"ဟင်"

"ဟမ်"

"ဟာ"

ချင်ပူယောင်နဲ့ တခြားသူတွေက တစ်ယောက်ပြီး တစ်ယောက် အော်ဟစ်ငိုကြွေး လိုက်ကြပါတယ်။ သိုင်းပညာရဲ့ လမ်းကြောင်းက အမြဲတစေ ခက်ခဲကြမ်းတမ်းပြီး တလှမ်းခြင်းနဲ့ ခြေရာထင်အောင် လျှောက်ရတာပါ။ ကျင့်ကြံခြင်း အဆင့်နိမ့်ရင် ဒုံးပုံလို ခုန်တက်သွားဖို့က ဖြစ်နိုင်ချေရှိပါတယ်။ ဒါပေမဲ့ ကျင့်ကြံခြင်း အဆင့်မြင့်လာရင် ဒီအားသာချက်က တဖြည်းဖြည်း နှေးကွေးလာပြီး မြင့်မားမတ်စောက်တဲ့ တောင်တစ်လုံးကို တက်နေရသလို ဖြစ်လာပါလိမ့်မယ်။ ပထမတစ်ချက် လွယ်ကူပြီးတော့ လမ်းတဝက်ကို ရောက်တဲ့အခါမှာ

အသက်ရှုသံတွေ ပြင်းထန်လာပြီး ခြေလှမ်းအနည်းငယ်ကို လှမ်းဖို့အတွက် အနားယူဖို့ လိုအပ်သလို ဖြစ်လာပါတယ်။

ကန်းရီရဲ့ တိုးတက်မှုနှုန်းက သူတို့ မျှော်မှန်းထားခြင်းကို အပြတ်အသတ် သာလွန်သွား ပါတယ်။

ကန်းရီကတော့ ထုံးစံအတိုင်း ရေခဲတုံးလို အေးစက်စက်နဲ့ တိတ်ဆိတ်နေပြီး သူ့ဓါးရဲ့ လက်ကိုင်ကိုပဲ ပေ့ါပေ့ါလေး ပွတ်သပ်နေပါတယ်။ သူ့ရဲ့ မျက်လုံးထဲမှာ သူ့ရဲ့ ဆေဘာဓါးလောက် ဘယ်သူကမှ အရေးမပါပါဘူး။

လူတိုင်းက ယာယီအားဖြင့် အံ့အားသင့် သွားခဲ့တာ ဖြစ်ပြီးတော့ ချက်ချင်းပဲ သတိပြုမိ သွားခဲ့ကြပါတယ်။

မမေ့ထားနဲ့ … ကန်းရီ က မြေကျွှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် အနောက်ကို လိုက်နေတာ ဖြစ်ပါတယ်။

မြေကျွှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ပေးတဲ့ ဆေးလုံးတွေနဲ့ဆိုရင် ကျင့်ကြံခြင်းနှုန်းက မမြန်ပဲ နေမလား။ တကယ်တော့ ကန်းရီက စိတ်ဂိဉာဉ် ပင်လယ် အဆင့်ကို တက်ဖို့အတွက် အဆင့်မှီနေပါပြီ။ ဒါပေမဲ့ သူနဲ့ လင်းဟာန်က

တူညီကြပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်းက ဆေးလုံးတွေနဲ့ တိုးလာခဲ့တဲ့ အတွက်ကြောင့် ပထမဆုံး သူတို့ရဲ့ အဆင့်တွေကို ခိုင်မြဲအောင် လုပ်ဖို့ လိုပါသေးတယ်။

မြင့်မားတဲ့အဆင့်ကို မျက်စိမှိတ်ပြီး ခုန်တက်လိုက်မယ် ဆိုရင်တော့ အပင်ပေါက်လေး တစ်ပင်ကို မြန်မြန်ကြီးလို့တဲ့ စိတ်နဲ့ ဆွဲနုတ်လိုက်သလို ဆိုးကျိုးတွေပဲ ဖြစ်ပေါ်လာနိုင် ပါလိမ့်မယ်။ ဒါဆိုရင် ဒုက္ခိတ တစ်ယောက်နဲ့ ဘာခြားနေ ဦးမှာလဲ။

"ကန်းရီ.. ငါနဲ့ တိုက်ရအောင်"

ဇောင်ပွမ် က ကန်းရီကို စိန်ခေါ် လိုက်ပါတယ်။ ဒီမတိုင်ခင်က သူက ကန်းရီကို အမြဲတမ်းလိုလို အသာစီး ရယူထားနိုင်ပါတယ်။ ဒါပေမဲ့ အခုတော့ ကန်းရီရဲ့ အဆင့်က သူ့ထက် သာလွန် သွားခဲ့ပါပြီ။ သူက တိုက်ခိုက်ချင်တာထက် အင်ပါယာမြို့မှာ သူက တကယ့်စစ်မှန်တဲ့ အသန်မာဆုံး ပါရမီရှင် ဆိုတာကို သက်သေပြဖို့ ဖြစ်ပါတယ်။

ကန်းရီ.. ရန်ထန်းဇောင် နဲ့ ဖန်းယန် တို့ကို လူထူးလူဆန်းတွေလို့ သတ်မှတ်လို့ ရပါတယ်။

ကန်းရီက မတိုက်ခိုက်ပဲ သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက ငါ့ပြိုင်ဘက် မဟုတ်ဘူး။ တစ်ချက်တည်းနဲ့ မင်း ရှုံးနိမ့်သွား ရလိမ့်မယ်”

ဇောင်ဟွမ် ဒေါသထွက် သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က မြင်ကွင်းထဲမှာ ရှိနေတဲ့ အတွက်ကြောင့် သူ့ရဲ့ ဒေါသတွေကို လျှော့ထားလိုက်ပါတယ်။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

“နောက်နစ်ရက်အကြာမှာ သိုင်းပညာ လက်ဘက်ရည် ဧည့်ခံပွဲ ကျင်းပလိမ့်မယ်။ အဲဒီ အချိန်ရောက်လာရင် တစ်ပွဲလောက် တိုက်ခိုက်ဖို့ကို မင်းမငြင်းပယ်ဖို့ ငါမျှော်လင့်တယ်”

ကန်းရီက တစ်ခဏမျှ တိတ်ဆိတ် ငြိမ်သက်သွားပြီး လင်းဟန်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ငါတစ်ယောက်ပဲ မင်းကို ကျော်လွန်သွားတာ မဟုတ်ဘူး။ သူလည်း ပါတယ်”

အားလုံးက ချက်ချင်းဆိုသလို ပြောစရာ စကားမရှိ ဖြစ်သွားကြပါတယ်။

လင်းဟာန်က ဘယ်လောက် ထူးဆန်းတယ် ဆိုတာကို မသိတဲ့သူ ဘယ်သူများ ရှိလို့လဲ။ သူက ရန်ထန်းဖောင်ကို တစ်ချက်တည်းနဲ့ အနိုင်ယူခဲ့ပြီးတော့ ဖန်းရန်ကို လက်ဂါး တစ်ဖက်နဲ့ မသန်မစွမ်းဖြစ်အောင် လုပ်ခဲ့တာ မဟုတ်ဘူးလား။ သူက တကယ့်ကို မွန်းစတား တစ်ကောင်ပါပဲ။ ဒ့ါအပြင် မှော်ဆေးပညာမှာလည်း တကယ့်ကို ကြီးမားတဲ့ မွန်းစတား တစ်ကောင် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူက သူ့ကို စိန်ခေါ်ပုံ့မှာလဲ။ ရှုံးတာပဲ ဖြစ်ဖြစ် နိုင်တာပဲ ဖြစ်ဖြစ် ဘယ်အရာမှ မကောင်းပါဘူး။

“ဆရာသခင်လင်း… နောက်သုံးရက်အကြာ သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲကို တက်ရောက်မှာလား”

ချီယောင်ရီက မေးလိုက်ပါတယ်။

လင်းဟာန်က စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“တစ်ချက်လောက်တော့ သွားကြည့်ဖြစ် နိုင်လောက်တယ်”

"တကယ်လို့ ဆရာသခင်လင်းက တက်ရောက်မယ်ဆိုရင် ငါတို့တွေ ဘေးကနေ ရပ်လို့ ရပြီ"

ချင်ပုယောင်က ရယ်မောပြီးတော့ လင်းဟန်ကို အနည်းငယ်မြှောက်ပင့် ပြောဆိုလိုက် ပါတယ်။

"ဒါပေမဲ့လည်း… ဆရာသခင်လင်းရဲ့ အဆင့်ကို အမြန်မြှင့်တင်ပါ။ ကျုပ်တို့တွေက အမြဲပဲ ဆရာသခင်လင်းလို ငွေဦးစမ်းရေအလွှာ ပထမအဆင့်နဲ့ လူတစ်ယောက်က အမြဲတမ်း ဖိနှိပ်ထိန်းချုပ်တာ ခံရတော့လည်း မျက်နှာတောင် မထားတတ်တော့ဘူး"

ဟွမ်ဇီထောင်းကလည်း ဟာသဂင်နှောပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ငယ်ပါသေးတယ်။ တကယ်လို့ ဒါက ဖုယွင်ရှင်း ဆိုရင်တော့ သူ့အနေနဲ့ ဒီလိုမျိုး ပြောပုံမှာ မဟုတ်ပါဘူး။

လင်းဟန်က ရယ်မောလိုက်ပါတယ်။ သူ့ရဲ့ စမ်းရေမျက်လုံးက အစောကြီးကတည်းက ပေါင်းစည်းထား ပါတယ်။ တကယ်လို့ သူက ငွေဦးစမ်းရေ အလွှာ ၃ အဆင့်ပဲ ဖြစ်ဖြစ် အလွှာ ၉ အဆင့်ပဲ ဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ သူ့ကို အားလုံးက ငွေဦးစမ်းရေ အလွှာ ၁ အဆင့်မှာပဲ

ရှိသေးတယ်လို့ မြင်ကြရမှာပါ။ လင်းဟန်က ပြောလိုက်ပါတယ်။

“မင်းတို့အားလုံး မစိုးရိမ်ကြပါနဲ့။ အဲဒီနေ့ကျရင် ငါမတိုက်ခိုက်ပါဘူး။”

ဒီလိုမျိုး အခွင့်ကောင်းတစ်ခုနဲ့ သူက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူတွေကို အနက်ရောင်မျှော်စင်က ဂျင်စင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် တွေကို ရောင်းချဖို့ စိတ်ကူးနေတာပါ။ ဒီနည်းလမ်းနဲ့ သူရဲ့ အပြာရောင် ကြေးခွံသားရဲ သစ်သီးအတွက် အားနည်းနေတဲ့ ဘဏ္ဍာရေးကို ဖြည့်ဆည်းနိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့ကိုယ့်သူ အခွင့်ကောင်း တစ်ချို့ ရယူနိုင်မှာဖြစ်ပြီး ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင်ကို တပြိုင်နက် သတ်ပစ်တဲ့ နည်းလမ်းပါ။

“ဆရာသခင်လင်း မင်းပြောတာက..”

အားလုံးရဲ့ မျက်လုံးတွေ ပင့်သွားခဲ့ပါတယ်။

မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက အသန်မာဆုံး။

ဒီလိုမျိုး ထင်ပေါ်ကျော်ကြားမှုကို ဘယ်သူကများ မလိုချင်ရတာလဲ။ ဒါပေမဲ့ တကယ်လို့ လင်းဟန်က ပါဝင်လာမယ်ဆိုရင် တခြားသူတွေအတွက် နည်းနည်းလေးမှ မျှော်လင့်ချက် ရှိမှာမဟုတ်ပါဘူး။ သူတို့က စိတ်ဝိဉာဉ် ပင်လယ်အဆင့် မရောက်သေးပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ အသက်သုံးဆယ်အောက် စိတ်ဝိဉာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေ ဘယ်လောက်များ ရှိနိုင်မှာလဲ။

ဖန်းယန်နဲ့ ရန်ထန်းဇောင် တို့နှစ်ယောက်ပဲ လူထူးလူဆန်းတွေ ဖြစ်ကြပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။

"ငါပြောတာက မင်းတို့တွေ စိုးရိမ်ပူပန်နေဖို့ မလိုဘူး။ ငါက တစ်ချို့ပစ္စည်းတွေကို ရောင်းဖို့ပဲ စိတ်ကူးထားတာပါ"

"ဘယ်လို မှော်ဆေးလုံးမျိုးကို ဆရာသခင်လင်းက ရောင်းချဖို့ စိတ်ကူးထားတာလဲ"

လူတိုင်းလူတိုင်း သိချင်စိတ် ပြင်းပြန်နေပါတယ်။ ဒီလူငယ်လေးက မြေကမ္ဘာအဆင့်ကို ရောက်နေပြီးတော့ သူထုတ်လိုက်တဲ့ မှော်ဆေးလုံးက အံ့အားသင့်စရာ

ကောင်းပါလိမ့်မယ်။

"မင်းတို့တွေ အဲဒီနေ့ကျရင် သိရမှာပေါ့"

လင်းဟန်က လျှို့ဝှက်ချက်ကို ထိန်းသိမ်းထား လိုက်ပါတယ်။

လူတိုင်းလူတိုင်း သိချင်စိတ်ပြင်းပြ နေပေမဲ့လည်း လင်းဟန်ကို မေးခွန်း မထုတ်ပံ့ ကြပါဘူး။ သူတို့ရဲ့ နှလုံးသားထဲမှာ အသည်းတယားယား ဖြစ်ကျန်လို့ နေပါတယ်။ ဘာပဲဖြစ်ဖြစ် သိုင်းပညာ လက်ဖက်ရည် ဆွေ့ခံပွဲရောက်ရင် အဖြေက ထွက်ပေါ်လာပါလိမ့်မယ်။

အရမ်းကို ညနက်တဲ့အထိ သူတို့တွေ သောက်စား ပျော်ပါးကြပြီးမှ လူစုခွဲလိုက် ကြပါတယ်။

တစ်ရက်.. နှစ်ရက်။ အချိန်က လျှင်မြန်စွာပဲ ဖြတ်သန်းသွားခဲ့ပါတယ်။ သိုင်းပညာ လက်ဖက်ရည် ဆွေ့ခံပွဲနေ့ကို ရောက်ရှိလို့ လာခဲ့ပါပြီ။

ဒီပွဲကို မြို့ရဲ့ အရှေ့ဘက် အစွန်ဆုံးမှာ ရှိတဲ့ မြေကွက်လပ်တစ်ခုမှာ ကျင်းပပြုလုပ်ပါတယ်။ လူပေါင်း ထောင်ဂဏန်းအတွက် အမိုးအကာကြီး ပြုလုပ်ထားပါတယ်။

မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခုက လူငယ်မျိုးဆက်သစ် အဖွဲ့ဝင်တွေအားလုံး စုစည်းရောက်လာပြီး အနည်းဆုံး သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က ဒြပ်စင်စုစည်းခြင်း အဆင့်မှာ ရှိပြီးတော့ နိုင်ငံတစ်ခုဆီက လူပေါင်းရာနဲ့ချီပြီး ရောက်လာကြပါတယ်။

သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲကို နေ့လည်ခင်းမှာ စတင်ပြီးတော့ ညနေစောင်းမှာ အဆုံးသတ်မှာ ဖြစ်ပါတယ်။

လင်းဟန်၊ လှီယုထန် နဲ့ တခြားသူတွေက ပြိုင်ပွဲကျင်းပရာ နေရာကို ရောက်လာခဲ့ပြီး စိတ်ကူးပေါက်သလို ထိုင်ချလိုက်ပါတယ်။ သူတို့အုပ်စုက လူတော်တော်များများ ပါဝင်ပြီး စားပွဲတစ်လုံးကို ရယူထားလိုက်ပါတယ်။ ဟူးညိုကတော့ မထိုင်သေးပဲနဲ့ ချက်ချင်းဆိုသလို သိုလှောင်လက်စွပ်ထဲက အဆာပြေ မုန့်တွေကို ထုတ်ယူပြီး အရမ်းကို ကျေကျေနပ်နပ်နဲ့ စားသောက်လိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ လူတွေ တဖွဲဖွဲ ရောက်လာခဲ့ပါတယ်။ ကြယ်စင်ခုနံ ကာကွယ်ရေး တပ်ဖွဲ့လည်းပဲ စည်းမျဉ်းစည်းကမ်းကို လိုက်နာဖို့အတွက် ဆော်သြစည်းရုံး နေကြပါတယ်။ လူငယ်တွေက စိတ်မြန်လက်မြန်

လုပ်တတ်ကြတဲ့ သူတွေဖြစ်ကြပြီး တကယ်လို့ တိုက်ခိုက်နေရင်း တစ်ယောက်ယောက် သေသွားခဲ့မယ်ဆိုရင် ဘယ်လိုမှ မကောင်းပါဘူး။

ချန်ဖေးကျွင့် ထွက်ပေါ်လာပြီးတော့ ကျယ်လောင် ရှင်းလင်းတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"အားလုံးပဲ ဒီနေ့ပွဲကို တက်ရောက် ပေးကြတဲ့အတွက် သူငယ်ချင်းတွေကို ကျေးဇူး အထူးတင်ပါတယ်"

လူအများစုက ချက်ချင်းဆိုသလို မတ်တပ်ထ ရပ်လိုက်ပါတယ်။ ဒါက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ သူတို့ရဲ့ နိုင်ငံတွေမှာ ဆိုရင်တော့ မှော်ဆေးပညာ အကြီးအကဲအဖြစ် သတ်မှတ်နိုင်ပါတယ်။ သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီး မရိုမသေ မလေးမစား ပြုလုပ်ပံ့မှာလဲ။

Chapter 296 end

အပိုင်း(၂၉၇) ပါရမီရှင်တွေရဲ့ တိုက်ပွဲ

လင်းဟန်က ထုံးစံအတိုင်း ဘာမှ မတုံ့ပြန်ပါဘူး။ ပြီးတော့ တကယ်လို့ သူက လှီယုထန်နဲ့ တခြားသူတွေကို တံတောင်နဲ့

အသာလေးတွန်းပြီး ချန်ဖေးကျွင့်ကို မျက်နှာသာ မပေးဖို့ သတိပေးခဲ့လို့ သူတို့က ဒီအတိုင်း ထိုင်မြဲအတိုင်း ထိုင်နေကြပါတယ်။

“ဟေး… ဆရာသခင် ချန် ကိုယ်တိုင် စကားပြောနေတာ မင်းတို့ကောင်တွေက မျက်နှာသာ မပေးတဲ့အပြင် ဒီအတိုင်း ဆက်ပြီးတော့ ထိုင်နေဝံ့တယ်”

လူတစ်ယောက်က တစ်ဖက်ကနေ လှောင်ပြောင် သရော်လိုက်ပါတယ်။ သူက ချန်ဖေးကျွင့်ကို ဖားနေတယ်ဆိုတာ သိသာပါတယ်။

“ငါက သူ့ကို မျက်နှာသာပေးဖို့ လိုလို့လား”

ကျူးဝူကျို့က ချက်ချင်းပဲ မေးလိုက်ပါတယ်။ သူက ချန်ဖေးကျွင့်နဲ့ လင်းဟန်တို့ရဲ့ ပြဿနာကို ကောင်းကောင်းကြီး သိထားပါတယ်။ သူက မျက်စိနဲ့ အားလုံးကို ဝေ့ကြည့်လိုက်ပါတယ်။

“အရမ်းကောင်းတယ်။ မင်းက ဆရာသခင်ချန်ကို မျက်နှာသာ မပေးရုံတင် မကဘူး လူပုံအလယ်မှာ သူ့ကို အရှက်ခွဲသေးတယ်။ ကြည့်ရတာ မင်းတို့ကောင်တွေ

သေချာပေါက် သေတော့မှာပဲ”

အဲဒီလူက သူတို့ရဲ့ မျက်နှာတွေကို တစ်ယောက်ချင်းကို စူးစိုက် ကြည့်လိုက်ပါတယ်။ သူက လွှိယုထန်နဲ့ လီစီရှန်းတို့ရဲ့ အံ့မခန်း အလှအပကို မြင်လိုက်ရတဲ့ အခါမှာတော့ အသက်ရှူ မှားသွားသလို ဖြစ်သွားပြီးတော့ သူ့ရဲ့မျက်လုံးတွေက နေမထိ ထိုင်မထိလို ဖြစ်သွားခဲ့ပါတယ်။

“မင်းပါးစပ်ကို ပိတ်ထားလိုက်”

တစ်ဖက်မှာရှိတဲ့ လူက သူ့ရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ရိုက်ပစ်လိုက်ပါတယ်။

“ငတုံးအကောင်… . သူဘယ်သူလဲ ဆိုတာကို မင်းသိရဲ့လား။ မြေကျွန်းမှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အဆင့်တက်လာခဲ့တဲ့ လင်းဟာန်ပဲ။ တကယ်လို့ မင်းသေချင်တယ်ဆိုရင် မင်းဘာသာမင်း သွားသေလိုက်။ ငါတို့ကို ဆွဲမထည့်နဲ့”

အဲဒီလူက ချက်ချင်းဆိုသလို တံတွေးသီး သွားခဲ့ပါတယ်။ သူ့ရဲ့ အမူအရာက လူသေ တစ်ယောက်လိုမျိုး တစ်ခါတည်းနဲ့ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။

သူနဲ့ ချန်ဖေးကျွင့်က တကယ်တော့ သူစိမ်းတွေပါပဲ။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူက ချန်ဖေးကျွင့်နဲ့ သိကျွမ်းခင်မင် ရင်းနှီးချင်တဲ့ အတွက်ကြောင့်သာ လုပ်ရတာပါ။ ဒါပေမဲ့ ချန်ဖေးကျွင့်ကတော့ သူ့ကို နည်းနည်းလေးမှ အာရုံထဲ မထည့်ထားပါဘူး။ ဒါကြောင့်လည်း သူက ဒီအခွင့်အရေးကို အသုံးချပြီးတော့ ချန်ဖေးကျွင့်ကို မြှောက်ပင့်ပြောဆိုပြီး သူနဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ချင်တာပါ။

အရမ်းကောင်းတယ်။ ကပ်ပါးရပ်ပါး လုပ်တာက အလုပ်မဖြစ်ခဲ့ဘူး။ အဲဒီအစား သူက မြေကျွှာအဆင့် မော်ဆေးပညာရှင်ကို အပြစ်ပြုမိခဲ့တယ်။ ဒါက ကိုယ့်သေလမ်း ကိုယ်ရှာတာ မဟုတ်လား။

"လင်း… . ဆရာသခင်လင်း။ ကျနော် ငကြောင်တစ်ယောက်လို အမြင်မှားခဲ့ပါတယ်။ ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ"

သူက တုန်လုပ်နေတဲ့ အသံနဲ့ အလျင်အမြန် ပြောလိုက်ပါတယ်။

လင်းဟန်က ဂရုမစိုက်ပဲ သူ့ရဲ့ လက်ကို ခါပြလိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး လူတွေကို ဂရုလုံးဝ မစိုက်ပါဘူး။

အဲဒီလူက ချက်ချင်းပဲ ကြီးမားတဲ့ လွတ်ငြိမ်းချမ်းသာခွင့် ရတဲ့သူ တစ်ယောက်လိုမျိုး လင်းဟန်ကို အလျင်အမြန်နဲ့ ခေါင်းငြိမ့်ပြလိုက်ပီး နောက်ထပ် ဘာမှဆက်ပြီး မပြောဝံ့တော့ပါဘူး။ ဒါပေမဲ့ သူက ဒီနေရာမှာ ဆက်ပြီး မထိုင်ဝံ့တော့ဘူး ထွက်ခွာ သွားခဲ့ပါတယ်။ လင်းဟန်က ရုတ်တရက် သူ့ကို ပြန်ပြီးတော့ သူ့ရဲ့ ရိုင်းစိုင်းမှုအတွက် ပြန်ပြီးတော့ လက်စားချေမှာကို ကြောက်ရွံ့လို့ ဖြစ်ပါတယ်။

“အားလုံးပဲ..ဒီနေ့ရဲ့ အဓိက အကြောင်းအရာက လက်ဖက်ရည်သောက်ရင်း သိုင်းပညာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ အရင်ဆုံး လက်ဖက်ရည်သောက်ပြီး စိတ်သဘောထား ညီညွတ်ကြပြီးမှ လက်ရည်စမ်း ကြတာပေါ့။ အဓိပ္ပါယ် မရှိတာတွေ ပြောမနေတော့ဘူး။”

ချန်ဖေးကျွင့်က ပြုံးပြီးတော့ ပြောလိုက်ပြီး ဆေးပုလင်းတစ်ခုကို ထုတ်ယူလိုက်ပါတယ်။ ပြီးတော့ အားလုံးကို ပြလိုက်ပါတယ်။

“ ဒါက နလုံးသားပြန်လည် ထိန်းသိမ်းခြင်း

ဆေးလုံးဖြစ်တယ်။ ဒီနေ့ ပထမ ရတဲ့သူကို ဆုလာဘ်ဆောင်အဖြစ် ပေးအပ်ပါမယ်”

နှလုံးသားပြန်လည် ထိန်းသိမ်းခြင်း ဆေးလုံးကိုတောင် ထုတ်ယူလိုက်ပါပြီ။ ဘယ်သူက အကောင်းဆုံး မစွမ်းဆောင်ပဲ နေမှာလဲ။

“ဟားဟားဟား… ဒီက အညတရ နာမည်က ဟုန်ဖေးလို့ ခေါ်ပါတယ်။ ကျောက်တုံး နိုင်ငံက လာခဲ့တာပါ။ ကျုပ်က လက်သီးသိုင်းမှာ ပိုပြီးတော့ အကျွမ်းတဝင် ရှိပါတယ်။ ဘယ်သူကများ ကျုပ်နဲ့ လက်ရည်စမ်းချင်မလဲ”

အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်နဲ့ လူငယ်တစ်ယောက်က အရင်ဆုံး ခုန်ထွက်လာခဲ့ပါတယ်။ ဒီနေရာမှာ တိုက်ပွဲ ကျင်းပပြုလုပ်ဖို့ မြေကွက်လပ် တစ်ခု ရှိပါတယ်။

“မင်းက လက်သီးကို အသုံးပြုဖို့ သင့်တော်ပါ့မလား”

လူငယ်တစ်ယောက် ထွက်လာခဲ့ပါတယ်။ သူ့ဆီကနေ အံ့အားသင့်စရာ ကောင်းတဲ့ အေးစက်မှုတစ်ခု ထွက်ပေါ်လို့ နေပါတယ်။

“ငါ့ လျန်ရှိကျူးရဲ့ အရှေ့မှာ လက်သီးသိုင်း ပြချင်သေးတယ် ဟုတ်လား.. မင်းကိုယ်မင်း သေချင်နေတာပဲ”

“ဟမ့်… မင်းတစ်ယောက်တည်းပဲ ဒီကဗ္ဘာပေါ်မှာ လက်သီးအသုံးပြုလို့ ရနိုင်တယ် ထင်နေတာလား”

ဟုန်ဖေးက ဂရုမစိုက်ပဲ ပြန်ပြောလိုက်ပါတယ်။

“ဒီကမ္ဘာကြီးနဲ့ နံပါတ်တစ်က ငါဖြစ်လာတဲ့အခါ လက်သီးကို အသုံးပြုဖို့ သင့်တော်တဲ့ တစ်ယောက်တည်းသောလူ ဖြစ်လာလိမ့်မယ်။ ပြီးတော့ တခြားသူတွေရဲ့ လက်သီးသိုင်းက အရောင်မှိန် သွားလိမ့်မယ်”

လျန်ရှိကျူး က မာန်ပါပါနဲ့ ပြောလိုက်ပါတယ်။

“ဘယ်လိုမျိုး ယုံကြည်ချက် လွန်ကဲနေတဲ့ ကောင်လဲ”

“သူက ကမ္ဘာ့နံပါတ်တစ် ဖြစ်လာလိမ့်မယ်လို့ တကယ်ပဲ ပြောတယ်ပေါ့”

“လျန်ရှိကျူး ဟုတ်လား။ ဟင့်.. မီးနိုင်ငံက လာတဲ့

လျှန်ရှိကျူး ဖြစ်နေမလား”

“မင်း သူ့အကြောင်းကို ကြားဖူးလို့လား”

“အဲဒီကောင်ကို လက်သီးသိုင်း အရူးတစ်ယောက်လို့ လူသိများကြတယ်။ ကောလာဟလ တွေအရတော့ သူက လက်သီးသိုင်းနည်းစနစ်ရဲ့ သိုင်းဟန်တစ်ခုပဲ နားလည် သဘောပေါက်ပြီး သာမန်ဖြစ်တဲ့ အနက်ရောင်ကျား နှလုံးသား ဆုတ်ဖြဲခြင်း လို့ခေါ်တဲ့ သိုင်းဟန်ကို သူက နှစ်ပေါင်းတော်တော်များများ လေ့ကျင့်ခဲ့တယ်တဲ့”

“ထွီ… မင်းက ဟာသလုပ်နေတာလား။ အနက်ရောင်ကျား နှလုံးသား ဆုတ်ဖြဲတာပဲ လေ့ကျင့်ထားတယ်လား။ ဒါက အဝါရောင်အဆင့် သိုင်းနည်းစနစ် တစ်ခုလို့တောင် မခေါ်နိုင်ဘူး”

“အဲဒီလို ဖြစ်သွားတာပဲ။ ဒါပေမဲ့ ကောလာဟလတွေ အရတော့ ဒီလူက မီးနိုင်ငံရဲ့ လူငယ် မျိုးဆက်သစ်တွေ ထဲမှာတော့ နံပါတ်တစ်လို့ ပြောကြတယ်။ မီးနိုင်ငံရဲ့ လက်ရွေးစင် အားလုံးကို အနိုင်ယူခဲ့ပြီး လက်ရှိ မီးနိုင်ငံဧကရာဇ် ကိုယ်တိုင်ကတောင် သူ့ကို အဆုံးမရှိ ချီးကျူး ပြောဆိုခဲ့ပြီး သူ့ကို လက်သီးဗိုလ်ဘွဲ့ကို ပေးအပ်

ချီးမြင့်ခဲ့တယ်”

“သူက တကယ်ပဲ သန်မာလို့လား”

အားလုံးက အော်ဟစ် လိုက်ပါတယ်။ မီးနိုင်ငံရဲ့ ကေရာဇ်က ချီးကျူး မြှောက်စားခြင်းကို ခံရပြီး အသိအမှတ်ပြု ခံရနိုင်စွမ်း ရှိပြီးတော့ လက်သီးဗိုလ်ဘွဲ့တောင် ရရှိခဲ့တဲ့ အတွက်ကြောင့် လျန်ရှီကျူးရဲ့ ခွန်အားက ပျမ်းမျှထက် သာလွန်ပါလိမ့်မယ်။

ဟုန်ဖေးကလည်း ပြောနေတာကို ကြားရပါတယ်။ ဒါကြောင့် သူ့ရဲ့ အတွင်းစိတ်ထဲက ကြောက်ရွံ့စိတ်က မြင့်တက်လာပါတယ်။

သူက လူငယ် မျိုးဆက်သစ်ထဲမှာ အတော်လေး သန်မာတယ် ဆိုပေမဲ့လည်း သူ့အနေနဲ့ ကျောက်တုံး ကေရာဇ်ရဲ့ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ဖို့နဲ့ တခြားဘွဲ့ထူး ဂုဏ်ထူးတွေရရှိဖို့ အဆင့်မမီပါဘူး။

“မင်းက လက်သီးကို အသုံးပြုဖို့ မသင့်တော်ဘူး”

လျန်ရှီကျူးက အနက်ရောင်ကျား နှလုံးသား ဆုတ်ဖြဲခြင်းကို လိုက်လျောညီထွေစွာ အသုံးပြုပြီးတော့ တိုက်ခိုက်လိုက်တဲ့

အခါမှာ ထူးထူးခြားခြား ချီအားလိုင်းတစ်ခု ထွက်ပေါ်လာပြီးတော့ လက်သီးသိုင်း နည်းစနစ်ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင် တစ်ယောက်က သရုပ်ပြသလိုမျိုး ပုံစံ ထွက်ပေါ်လာခဲ့ပါတယ်။

"ဝုန်း"

ဟုန်ဖေးက သူ့ရဲ့ နည်းစနစ်ကို အစွမ်းကုန် ထုတ်သုံးလိုက်ပေမဲ့ ဒီလက်သီးအတွက်တော့ ပြိုင်ဘက်လုံးဝ မဟုတ်ပါဘူး။ ဟုန်းဖေးက ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီး မြေကြီးပေါ်ကို ပြုတ်ကျသွားတာနဲ့ ချောင်းဆိုးပြီးတော့ သွေးတစ်ပွက် အန်ထုတ်လိုက်ပါတယ်။

အရမ်းကို အထင်ကြီး လေးစားစရာ ကောင်းတာပဲ။ ဟုန်ဖေးက နွှေဦးစမ်းရေ အလွှာ ငါး အဆင့် ဖြစ်ပါတယ်။ သူ့အနေနဲ့ လက်သီးတစ်ချက်ကိုတောင် မခံနိုင်ခဲ့ပါဘူး။ လျန်ရှိကျူးက တကယ့်ကို သန်မာပြီးတော့ မီးနိုင်ငံဧကရာဇ်ရဲ့ တန်ဖိုးထားခံရတာနဲ့ ထိုက်တန်ပါတယ်။

"အစ်ကိုလျန်က မျှော်မှန်းထားသလို အစွမ်းထက်တာပဲ။ ဒီအသုံးမကျတဲ့ ကျနော်က အစ်ကိုလျန်ရဲ့ သင်ပြပေးမှုကို လိုချင်ပါတယ်"

ချက်ချင်းဆိုသလိုပဲ လူတစ်ယောက်က ပြိုင်ကွင်း မြေကွက်လပ်ထဲကို ဝင်လာခဲ့ပါတယ်။ ၎င်းက အသက် ၂၃ ၂၄ နှစ်လောက်ပဲ ရှိဦးမယ့် လူငယ်တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်က ပိန်ပိန်ပါးပါးပုံစံ ရှိပြီးတော့ သူ့ရဲ့ခါးမှာ ကြီးမားရှည်လျားတဲ့ ဆေဘာဓါးရှည် တစ်လက်ကို ချိတ်ဆွဲထားပြီး အံ့အားမှင်တက်စရာ ကောင်းလောက်တဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်ထားပါတယ်။

လျန်ရှိကျူးက သူ့ရဲ့ မျက်လုံးကို ပင့်လိုက်ပြီးတော့ ပြောပါတယ်။

"မင်းက လက်သီးသိုင်းကို အသုံးမပြုပေမဲ့ ငါ မင်းနဲ့ လက်ရည်စမ်းပေး နိုင်ပါတယ်။"

ဒီကောင်က တကယ့်ကို လက်သီးသိုင်း အရူးတစ်ယောက်ပဲ။ တကယ်လို့ တခြားလူက လက်သီးအသုံးပြုမယ်ဆိုရင် သူက အဲဒီလူတွေကို လွင့်ထွက်သွားအောင် လုပ်ပါလိမ့်မယ်။ ဒါပေမဲ့ လက်သီးသိုင်းကို အသုံးမပြုတဲ့ သူတွေကိုတော့ နည်းနည်းလောက် သူနဲ့ လက်ရည် စမ်းပေးနိုင်ပါတယ်။

"ဒီအသုံးမကျတဲ့ ကျုပ်နာမည်က ဟွာကောင်းရီ

လိုခေါ်တယ်။ မီးနိုင်ငံက လာခဲ့တာပဲ”

ဆေဘာခါးကိုင်ထားတဲ့ လူငယ်က ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်းက ဝိုး ဆိုပြီးတော့ တီးတိုးရွတ်ဆို လိုက်ကြပါတယ်။ ဒါဆိုရင် သူလည်းပဲ မီးနိုင်ငံက လာခဲ့တာပေါ့။ သူက လျန်ရှိကျူးနဲ့ လက်ရည်စမ်းဖို့ ထွက်လာခဲ့တာ အံ့သြစရာ မရှိတော့ပါဘူး။ အခုက နိုင်ငံကိုးခုက သိုင်းပညာရှင်တွေက သိုင်းပညာနဲ့ ပတ်သက်ပြီး ဆွေးနွေးနေကြတာ ဖြစ်ပြီးတော့ ဘယ်သူကမှ သူတို့ရဲ့ ကိုယ်ပိုင်နိုင်ငံသားကို ရှုံးနိမ့်သွားဖို့ မလိုချင်ကြပါဘူး။

ဒါက ဘယ်လိုမှ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားမှု ရှိမှာ မဟုတ်ဘူးလေ။ ဟုတ်တယ်မလား။

“ကျေးဇူးပြုပြီး စပါ”

“ကျေးဇူးပြုပြီးတော့….”

လျန်ရှိကျူးနဲ့ ဟွာကောင်းရီတို့က ချက်ချင်းဆိုသလို ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု စတင်လိုက်ပါတယ်။ လက်သီးချီနဲ့

ဆေဘာဓါးချီ အချင်းချင်း ထိပြီးတော့ တိုက်ပွဲစလို့ မကြာခင်မှာပဲ အထွတ်အထိပ်ကို ရောက်သွားခဲ့ပါတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ လျန်ရှိကျူးက အနက်ရောင်ကျား နှလုံးသား ဆုတ်ဖြဲခြင်းကို ပြန်ပြီး အသုံးပြုလိုက်ပါတယ်။ ဒါပေမဲ့ အခုသူက ဆွဲဆောင်မှုရှိပြီး ညက်ညောမှု ပိုမိုရှိလာပြီး လက်သီးချက်တိုင်းက မတူညီပဲ ၎င်းရဲ့ စွမ်းအားက အံ့အားသင့်စရာ အလွန်ကို ကောင်းပါတယ်။

"စိတ်ဂင်စားစရာပဲ"

လင်းဟန်က ထူးဆန်းတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။

"ဘယ်လောက် စိတ်ဂင်စားဖို့ ကောင်းလို့လဲ"

လွီယုထန်နဲ့ တခြားသူတွေက တစ်ယောက်ကို တစ်ယောက် မေးလိုက်ကြပါတယ်။ ကွမ်းယွမ်တောင်မှ ခန့်မှန်းလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတောင်မှ ဘယ်အရာက စိတ်ဂင်စားဖို့ ကောင်းတယ်ဆိုတာကို မမြင်နိုင်ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ လျန်ရှိကျူးကို

လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"သူက တိုက်ပွဲစွမ်းအားကို တိုးတက်စေနိုင်တဲ့ အကျိုးသက်ရောက်မှုရှိတဲ့ တစ်မူထူးခြားတဲ့ ပညာရပ်တစ်ခုကို လေ့ကျင့်ထားတာပဲ။ ပြီးတော့ မကောင်းတဲ့ အကျိုးသက်ရောက်မှုက သူက တခြားနည်းစနစ်တွေကို အကြာကြီး လေ့ကျင့်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာနဲ့ ပြဿနာတက်လာလိမ့်မယ်။ ဒါကြောင့် သူက အနက်ရောင်ကျား နလုံးသား ဆုတ်ဖြဲခြင်းကိုပဲ အရှေ့အနောက် ပြန်ပြီး အသုံးပြုနေခဲ့တာပဲ။ ဒါက အရမ်းကို အံ့သြစရာကောင်းတယ်"

"ဒီလိုမျိုး ပညာရပ်လည်း ရှိသေးတာပဲလား"

အားလုံးပဲ ခေါင်းခြောက်သွားခဲ့ ကြပါတယ်။

"ကြီးမားကျယ်ပြန့်တဲ့ ကမ္ဘာကြီးထဲမှာ ရှားပါးပြီးတော့ တစ်မူထူးခြားတဲ့ ပညာရပ်အမျိုးအစား အားလုံး ရှိတယ်။ ဒါ့အပြင် သူ့ရဲ့ ကျွမ်းကျင်မှုက လက်သီးတစ်မျိုးပဲ။ ဒါကြောင့်လည်း ဒီအားနည်းချက်ကို ကုစားဖို့ တစ်ခြားနည်းစနစ်တွေကို လေ့ကျင်ဖို့ မရနိုင်ဘူး။

တစ်ခါတရံမှာ လွယ်သယောင်လိုလို လုပ်ထားတဲ့ အရာတွေက သာမန်ပဲလို့ ဆိုလိုတာ မဟုတ်ဘူး”

လင်းဟန်က အေးအေးဆေးဆေး ပြောလိုက်ပါတယ်။

မိုကောင်းလို ဓါးတစ်မျိုးတည်းကိုပဲ အရမ်းကို အာရုံစိုက်ပြီး လေ့ကျင့်တာက တစ်ခြား ဓါးသိုင်းနည်းစနစ်တွေကို လုံးဝ ကျင့်ကြံအားထုတ်ခြင်း မရှိခဲ့ပါဘူး။ ဒါက ဓါးနလုံးသားကို သတိပြုမိလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

လွယ်သယောင်ယောင် အရာမှန်သမျှက သာမန်ကာလျှံကာလို့ ပြောလို့ မရပါဘူး။

ဒီမတိုင်ခင်က ဒီလူငယ်က သူတို့ရဲ့ မျက်လုံးထဲမှာ မတူညီတဲ့ လမ်းကြောင်းတစ်ခု ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ သူက လက်သီးနလုံးသားကို အာရုံခံနိုင်ဖို့က အရမ်းကို ဝေးကွာလွန်းနေဆဲ ဖြစ်ပြီးတော့ အခုမှ အဲဒီလမ်းပေါ်ကို ခြေချရုံပဲ ရှိပါသေးတယ်။

ကန်းရီက သူ့ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်တွေကို ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါတယ်။

“ခဏကြာရင် ဟွာကောင်းရီကို ငါစိန်ခေါ်ချင်တယ်”

သူလည်းပဲ ဆေဘာဓါး အသုံးပြုတဲ့ သူပါပဲ။ ပြီးတော့ ဟွာကောင်းရီရဲ့ တကယ့်ကို ကောင်းမွန်တဲ့ ဆေဘာကျွမ်းကျင်မှုကို မြင်လိုက်ပြီးတော့ သူ့ရဲ့ နှလုံးသားထဲက ယားကျိယားကျိ ဖြစ်လာပြီး တိုက်ပွဲကို ရင်ဆိုင်နွှဲချင်လာပါတယ်။

လင်းဟန်က ခဏလောက် လေ့လာစူးစမ်းပြီးတော့ ပြောလိုက်ပါတယ်။

“မင်း အခွင့်အရေးတစ်ခု ရလာလိမ့်မယ်။ ဟွာကောင်းရီရဲ့ ခွန်အားက လျှန်ရှိကျူးအောက် လုံးဝ မနိမ့်ဘူး။ ပြီးတော့ ဒီတိုက်ပွဲက သရေရလဒ်နဲ့ အဆုံးသတ်သွားလိမ့်မယ်။”

သူလည်းပဲ အံ့သြစွာနဲ့ လျှာကို သပ်လိုက်ပါတယ်။ ဒီလူငယ်မျိုးဆက် ပါရမီရှင်တွေက သူ့ကို အံ့အားသင့်သွားအောင် တချို့တဝက် လုပ်နိုင်ပါတယ်။

Chapter 297 end

အပိုင်း(၂၉၈) ဂျင်ဆင်းနဲ့ ဆေးဖက်ဝင်မှိုမျိုးစိတ်တွေ ရောင်းချခြင်း

လျန်ရှို့ကျူးနဲ့ ဟွာကောင်းရီရဲ့ တိုက်ပွဲက ပြင်းထန်လို့နေပါတယ်။

သူတို့နှစ်ယောက်လုံး အရမ်းကို အစွမ်းထက်ကြပါတယ်။ တစ်ယောက်က လက်သီးမှာ ကျွမ်းကျင်သူ ဖြစ်ပြီးတော့ လက်သီးတစ်မျိုးထဲကိုပဲ အစကနေ အဆုံး အသုံးပြုနေပြီး တခြားတစ်ယောက်ကတော့ ဆေဘာဓါးသိုင်းမှာ အံ့ချီးစရာကောင်းလောက်အောင် တော်တဲ့သူ တစ်ယောက်ဖြစ်ပြီးတော့ မဆုံးနိုင်တဲ့ တိုက်ကွက်တွေနဲ့ တိုက်ခိုက်နေပါတယ်။ သူက ဆေဘာဓါးသိုင်း ဘယ်လောက်များများ သင်ယူလေ့လာခဲ့သလဲ ဆိုတာကိုတော့ ဘယ်သူက သိနိုင်မှာလဲ။

တစ်ယောက်က အရမ်းကို ရိုးရှင်းပြီးတော့ ကျန်တဲ့ တစ်ယောက်ကတော့ အရမ်းကို ရှုပ်ထွေးပါတယ်။ သူတို့နှစ်ယောက်စလုံးက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည် ကိုယ်စီကို ထုတ်နိုင်ကြပါတယ်။

သူတို့နှစ်ယောက်စလုံးက နွေဦးစမ်းရေ အလွှာ ၉ အဆင့်မှာ ဖြစ်ပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က စိတ်ဂိဉာဉ်ပင်လယ် အဆင့်အထိ ချဲ့ကားနိုင်တဲ့ အဆင့်တစ်ခုကို

မရောက်သေးပေမဲ့လည်း အနည်းဆုံး ကြယ်ဆယ့်ငါးလုံး ရှိပါတယ်။တကယ်လို့ တစ်ယောက်ယောက်ရဲ့ တိုက်ပွဲစွမ်းအားက သူ့ရဲ့ကိုယ်ပိုင် အဆင့်ထက် ကြယ်နှစ်လုံးလောက် သာလွန်တယ်ဆိုတာက မဆိုးပါဘူး။ ကြယ်သုံးလုံး ဒါမှမဟုတ် လေးလုံးရှိရင် ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုနိုင်ပြီးတော့ ကြယ်ငါးလုံး ခြောက်လုံးရှိရင်တော့ အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်ရဲ့ ယခင်ဘဝတုန်းက ကြယ်ငါးလုံးသာလွန်တဲ့ ပါရမီရှင်တွေက အရမ်းကို ရှားပါးလွန်းပါတယ်။ ဒါပေမဲ့ ခါးကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့လို လူထူးလူဆန်းတွေက ကြယ်ဆယ်လုံးတောင် ကျော်လွန်ပါတယ်။ ဒါပေမဲ့ ဒီဘဝမှာတော့ လင်းဟန်က ကြယ်ငါးလုံးသာလွန်တဲ့ ပါရမီရှင် တော်တော်များများကို တွေ့မြင်ခဲ့ရပါတယ်။ ပြီးတော့ ကြယ်ဆယ်လုံးသာလွန်တဲ့ သူတွေကိုတော့ တစ်ယောက်မှ မမြင်ရပါဘူး။ ဒါပေမဲ့လည်း ဒါက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုရဲ့ အကန့်အသတ်ပဲ ရှိပါသေးတယ်။ ပြီးတော့ ဒီနေရာက သိုင်းပညာမှာ အားအနည်းဆုံးလည်း ဖြစ်ပြီးတော့ မြောက်ပိုင်းဒေသမှာ ပါရမီရှင်တွေ ဘယ်လောက်တောင် ကျန်နေဦးမလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ။

မဟုတ်ဘူး။ ဒီနေရာမှာ ကြယ်ဆယ်လုံး သာလွန်တဲ့ လူထူးလူဆန်းတစ်ယောက် ရှိပါတယ်။ ဟူးညို။

သူက ဒီမိန်းကလေးကို မေ့နေခဲ့ပါတယ်။ သူမက သူ့ရဲ့ ဘေးမှာ အမြဲတမ်းရှိနေပြီး သူက သူမကို မေ့နေပါတယ်။

ဆယ်မိနစ်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ ချန်ဖေးကျွင့်က တိုက်ပွဲကို ရပ်လိုက်ပါတယ်။ သူက ဒီနေ့ရဲ့ အတောက်ပဆုံး သူတစ်ယောက်ကို ရှာဖွေဖို့ တာဝန်တစ်ခု ရှိနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီနှစ်ယောက်ကို မှောင်တဲ့အထိ တိုက်ခိုက်နေတာကို မကြည့်နိုင်ပါဘူး။

သူ့ရဲ့ ညွှန်ကြားမှုအောက်မှာ လူတိုင်းလူတိုင်းက တခြားသူတွေကို ရွေးကိုထွက်ပြီး စိန်ခေါ်ကြပါတယ်။ ပြိုင်ပွဲကွင်း မြေကွက်လပ်က လူတော်တော်များများကို တချိန်တည်းမှာ တိုက်ခိုက်ဖို့အတွက် ကျယ်ကျယ်လွတ်လွတ် ရှိပါတယ်။ လူတိုင်းလူတိုင်းက ဘယ်တိုက်ပွဲက ပိုပြီးတော့ ကြည့်လို့ကောင်းတယ် ဆိုတာကို မြင်နိုင်ပါတယ်။

ဒီနေရာမှာ တကယ်ပဲ တောက်ပတဲ့ ကြယ်စင်သစ် အနည်းစု ရှိပါတယ်။ ဒါပေမဲ့လည်း ဒါက မြောက်ဘက်အစွန်အဖျား

နိုင်ငံကိုးခုက လူငယ်တွေ စုပေါင်းထားတာဖြစ်ပါတယ်။ မိုးရေနိုင်ငံမှာ ဇောင်ဟွမ်နဲ့ ကန်းရီတို့လို ပါရမီရှင်တွေရှိပြီး တစ်ခြားနိုင်ငံတွေမှာရော ဘာဖြစ်လို့ ပါရမီရှင်တွေ မရှိနိုင်ရမှာလဲ။ ဒါက ရန်ထန်းဇောင်၊ ဟူးညိုနဲ့ ဖန်းယန်တို့ကို ထည့်ပြီးတော့ မရေတွက်ထားပါဘူး။

လင်းဟန်ရဲ့ စိတ်ထဲမှာ စုစုပေါင်း လူခုနစ်ယောက်က လေးနက်တဲ့ ထင်မြင်ချက်တစ်ခု ကျန်နေရစ်ခဲ့ပါတယ်။ တခြားသူတွေထက် လျန်ရှို့ကျူးနဲ့ ဟွာကောင်းရီ အပြင် နောက်ထပ် ယောကျ်ားလေး သုံးယောက်နဲ့ မိန်းကလေးနှစ်ယောက်လည်း ရှိပါသေးတယ်။ သူတို့တွေ နာမည်ကတော့ ပိုင်ယုချွမ်၊ ယုရှင်းဟွာ၊ ကျုံးဟဲကွမ်၊ ရှီရွှေယွမ်နဲ့ ယွမ်လျန်ရှန်တို့ ဖြစ်ကြပါတယ်။

သူတို့အထဲမှာမှ ပိုင်ယုချွမ်နဲ့ ရှီရွှေယွမ်တို့က အသန်မာဆုံးဖြစ်ကြပါတယ်။ သူတို့က နွေဦးစမ်းရေ အလွှာ ၉ အဆင့်တွေ ဖြစ်ကြပေမဲ့လည်း သူတို့ရဲ့ တိုက်ပွဲစွမ်းအားက ကြယ်ဆယ့်ခြောက်လုံးကို ရောက်နေခဲ့ပြီးတော့ ငယ်ရွယ်တဲ့ ဓါးကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့အဖြစ် လင်းဟန်ကို မြင်တွေ့ ခံစားစေမိပါတယ်။

ဒါပေါ့။ သူတို့နှစ်ယောက်က အရမ်းကို အတွေ့အကြုံ

နနယ်ပါသေးတယ်။ ပြီးတော့ ဓါးကရော်ဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ထက် ပိုပြီးတော့ ထူးဆန်းဖို့ အခွင့်အရေး နည်းပါတယ်။ ဒါ့အပြင် အဆင့်နိမ့်တာက လူတစ်ယောက်ရဲ့ တိုက်ပွဲအဆင့်ကို အထက်ကို ရောက်ဖို့ ပိုပြီးတော့ လွယ်ကူပါတယ်။ တကယ်လို့ ပန်းဖူးအဆင့်ကို သူတို့ ရောက်သွားရင် တိုက်ပွဲစွမ်းအားကို ကြယ်ငါးလုံးသာလွန်ဦးမယ်ဆိုရင် တကယ့်ကို အံ့မခန်းစရာ ဖြစ်ပါလိမ့်မယ်။

အဆုံးမှာ ကန်းရီနဲ့ ဟွာကောင်းရီတို့ လက်ရည်စမ်း တိုက်ခိုက်ကြပါတယ်။ ကန်းရီက အနည်းငယ် အပေါ်စီးမှာ ရှိပြီးတော့ တကယ်လို့ ဒါက သေခြင်းရှင်ခြင်း တိုက်ပွဲတစ်ခု ဖြစ်မယ်ဆိုရင် နောက်ဆုံးရလဒ်က ဘာဖြစ်မလဲဆိုတာကိုတော့ ပြောရခက်ပါလိမ့်မယ်။ လက်ရည်စမ်း တိုက်ပွဲဆိုမှတော့ လက်ရည်စမ်းတာပဲပေါ့။ ဘယ်သူကမှ သူတို့ရဲ့ စစ်မှန်တဲ့ စွမ်းရည်နဲ့ အဆုံးစွန် တိုက်ကွက်တွေကို အသုံးပြုကြလိမ့်မှာ မဟုတ်ပါဘူး။

“ဟားဟား… အားလုံးပဲ ခဏလောက် ရပ်ကြတာပေါ့။ လက်ဖက်ရည် နည်းနည်းလောက် သောက်ပြီးတော့ အချိုပွဲနည်းနည်းလောက် စားကြပြီးမှပဲ ဆက်ပြီးတော့ လက်ရည်စမ်း ကြတာပေါ့”

ချန်ဖေးကျောင့်က မတ်တတ်ထရပ်ပြီးတော့ ပြိုင်ပွဲကို ယာယီ ရပ်တန့်စေလိုက်ပါတယ်။ ပြီးတော့ အားလုံးက သူတို့ကြိုက်သလို အချိုပွဲတွေ စားသောက်နေကြပါတယ်။

လင်းဟန်က ကျူးပူကျို့ကို အချက်ပြလိုက်ပါတယ်။ ကျူးပူကျို့က ချက်ချင်းပဲ မတ်တတ်ရပ် ပြီးတော့ သူ့ရဲ့ နောက်ကျောမှာ ကြီးမားတဲ့ ခြင်းကြီးတစ်လုံးကို သယ်ထားပြီးတော့ စတင် အော်ဟစ်လိုက်ပါတယ်။

"ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုတွေ ရောင်းတယ်။ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုတွေရောင်းတယ်"

"ဖူး"

လူတော်တော်များများက ချက်ချင်းဆိုသလို တံတွေးသီးလုမတတ် ရယ်မောလိုက်ပါတယ်။ ဒါက သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲ တစ်ခု ဖြစ်ပါတယ်။ ဒါကို မင်းက တကယ်ပဲ ပစ္စည်းတွေရောင်းဖို့ အော်ဟစ်နေတယ်ပေါ့။ ဒါက ဈေးတစ်ခုလို့များ မင်းထင်နေတာလား။

ချန်ဖေးကျွင့်က လင်းဟန်ကို မြင်ကွင်းထဲမှာ မြင်လိုက်ပါတယ်။ ပြီးတော့ ကျူးပုကျို့က လင်းဟန်နဲ့ စားပွဲတစ်ခုတည်းမှာ ဖြစ်ပါတယ်။ ဒါကြောင့် ချန်ဖေးကျွင့်ရဲ့ အသိဉာဏ်ထဲမှာ လင်းဟန်က တစ်ယောက်ယောက်ကို လျှို့ဝှက်စွာနဲ့ ပြဿနာ ရှာနိုင်းနေတယ်လို့ ယူဆနေခဲ့ပါတယ်။ ချန်ဖေးကျွင့်က စိတ်တိုသွားခဲ့ပါတယ်။ လင်းဟန်က အရမ်းကို မုန်းစရာ ကောင်းပြီးတော့ သူ့ကို အမြဲတမ်း ဆန့်ကျင်နေခဲ့ပါတယ်။

“ဟင့်.. ဒါက သိုင်းပညာတွေရဲ့ ခြားနားချက်ကို ပြတဲ့ တွေ့ဆုံပွဲတစ်ခုပဲ။ ဘယ်သူက ပြဿနာ ရှာပုံသလဲ”

ချန်ဖေးကျွင့်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

“ဂျင်းဆင်းနဲ့ ဆေးဖက်ဝင် မှိုတွေ ရမယ်။ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုတွေရမယ်”

ကျူးပုကျို့က သူ့ကို လုံးဝ အာရုံမထည့်ပဲ ရိုးရိုးပဲ ကျယ်လောင်စွာ အော်ဟစ်နေပါတယ်။

“ဒီကောင်က ဘယ်သူလဲ။ ဆရာသခင် ချန်ဖေးကျွင့်ကိုတောင် လူပုံအလယ်မှာ မျက်နှာပျက်အောင်

လုပ်ပုံတယ်”

လူတော်တော်များများက ကျူးပုကျို့ကို သတိမပြုမိပဲနဲ့ ချက်ချင်းဆိုသလို တစ်ယောက်နဲ့ တစ်ယောက် စပြီးတော့ မေးလိုက်ကြပါတယ်။

“ဟီးဟီး… သူက ငါတို့ မိုးရေနိုင်ငံသား တစ်ယောက်ဖြစ်တဲ့ ကျူးပုကျို့ပဲ”

“ကျူးပုကျို့၊ သူက သန်မာလို့လား”

“သူက မသန်မာဘူး။ ဒါပေမဲ့ သူနောက်လိုက်အဖြစ်နဲ့ လိုက်နေတဲ့ လူတစ်ယောက်က အရမ်းကို အထင်ကြီးစရာကောင်းတယ်။ လင်းဟန်… . ဆရာသခင်လင်း”

“ဆရာသခင်လင်း”

“မင်းမသိဘူးလား။ ဆရာသခင်လင်းက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ”

လူတော်တော်များများ ချက်ချင်းဆိုသလိုပဲ

ကြက်သေသေသွားခဲ့ပြီး ကျောက်ရုပ်တွေလို ဖြစ်ကုန်ကြပါတယ်။ မြေကန္တာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ် တခြားနာမည်ကြီးတဲ့ သူတွေထက် ပိုပြီးတော့ သာလွန်ပါတယ်။ ကျုံးပုကျို့က ချန်ဖေးကျွင့်ကို မျက်နှာသာ မပေးတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူ့ရဲ့အနောက်မှာ မြေကန္တာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရှိနေပြီး သူ့မှာ ဒီလိုမျိုး ပြုမှုလုပ်ဆောင်ဖို့ စွမ်းရည် ရှိနေပါတယ်။

ဒါပေမဲ့လည်း ဒါက လူတိုင်းလူတိုင်းရဲ့ သိချင်စိတ်ကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။ ဒီကောင် ရောင်းနေတဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်က ဘယ်လိုအရည်အသွေး ရှိမလဲ။ အရမ်းကြီး ဆိုးဝါးနေတာတော့ မဖြစ်သင့်ပါဘူး။ ဟုတ်တယ်မလား။

"လာပါဦး။ ငါတချက်လောက် ကြည့်ဦးမယ်"

လူတစ်ယောက်က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

ကျုံးပုကျို့က အလျင်အမြန်ပဲ ပြုံးပြီးတော့ နှုတ်လိုက်ပြီး သူ့ရဲ့ နောက်ကျောက ခြင်းကို ဖွင့်ပြီးတော့ ဂျင်းဆင်းတစ်ပင်နဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် တစ်ပင်ကို

လက်ထဲ ထည့်ပေးလိုက်ပါတယ်။

"ဒီလိုမျိုး သန့်စင်တဲ့ ဆေးဖက်ဝင် စွမ်းအားမျိုး"

ဒီနေရာမှာ ထိုင်နေကြတဲ့ လူတွေအားလုံးက မိသားစုကြီးတွေနဲ့ အင်အားကြီးအဖွဲ့တွေက လာခဲ့ကြတာ ဖြစ်ပြီးတော့ သူတို့ရဲ့ ခန့်မှန်းချက်တွေကလည်း မနိမ့်ကျပါဘူး။ သူတို့အနေနဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင်မှိုမျိုးစိတ်လို အဆိပ်အတောက်ပါတဲ့ အစားအစာတွေကို စားဖူးပါတယ်။

ဒီဆေးဖက်ဝင်တဲ့ အပင်ရဲ့ အနံ့ကနေ သူတို့အနေနဲ့ သိနားလည်လိုက်တာက ဒီဂျင်ဆင်းပင်နဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်က အရမ်းကို သက်တမ်းရင့်နေပါပြီ။

"အနည်းဆုံး နှစ်ပေါင်း ဆယ်စုနှစ်တော်တော်လေး ရှိနေပြီပဲ"

သူက ခန့်မှန်းလိုက်ပါတယ်။

ဒီစကားကို ကြားလိုက်ရတော့ လူတော်တော်များများက ချက်ချင်းဆိုသလို ပိုင်းရုံလို့ လာခဲ့ကြပါတယ်။ သူတို့အနေနဲ့

သာမန် ဂျင်ဆင်းပင်နဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်တွေကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ဒါက နှစ်ပေါင်း ဆယ်စုနှစ်ကျော်လွန်နေပြီးတော့ သူတို့ကို အံ့အားသင့်သွားစေပါတယ်။ ၎င်းက မူလချီတွေ အများကြီးကို စုစည်းနိုင်ပြီးတော့ ကြီးမားစွာ အသုံးဝင်တဲ့ အရာပဲ ဖြစ်ပါတယ်။

"မဟုတ်ဘူး မဟုတ်ဘူး"

တစ်ယောက်ယောက်က ချက်ချင်းပဲ သူ့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

" ဒါက နှစ်ပေါင်းဆယ်ဂဏန်း သက်တမ်းမဟုတ်ဘူး။ နှစ်ပေါင်းရာဂဏန်း အဆင့်ကိုတောင် ရှိနေပြီ"

"ဟုတ်တယ်"

လူတော်တော်များများက ထောက်ခံလိုက်ကြပါတယ်။

နှစ်ပေါင်းတရာကျော် သက်တမ်းရှိတဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် အပင်လား။

အားလုံးပဲ ချက်ချင်းဆိုသလို ပျော်ရွှင်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားပြီးတော့ ဆေးပင် တချို့ကို ဂယ်ယူရရှိနိုင်ဖို့အတွက် အရှေ့ကို ပိုပိုပြီးတော့ တိုးလာခဲ့ကြပါတယ်။

"တစ်ပင်ကို မူလခရစ်စတယ် ဆယ်ခု"

ကျူးပူကျို့က တန်ဖိုးကို ပြောလိုက်ပါတယ်။

ပုံမှန်အားဖြင့်တော့ တန်ဖိုးက တော်တော်လေးများပါတယ်။ ဒါပေမဲ့လည်း မူလခရစ်စတယ် ဆိုတာက ဒီမှာအသုံးပြုတဲ့ အစဉ်အလာပါပဲ။ မူလခရစ်စတယ် ဆယ်ခုဆိုတဲ့ တန်ကြေးက အရမ်းကို မြင့်မားပြီး စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်က တစ်လမှာ မူလခရစ်စတယ် တစ်ခုကို ထုတ်ဖော်နိုင်ပါတယ်။

"ငါဆယ်ခုပေးမယ်.. ငါ့ကို ပေးပါ"

"မဟုတ်ဘူး.. ငါက ဆယ့်နှစ်ခုပေးမယ်… ဒါက ငါ့ဟာပဲ"

"ငါ ဆယ့်သုံးခု ပေးမယ်"

လူတိုင်းလူတိုင်း ချက်ချင်းဆိုသလို ဒီကောင်းမွန်တဲ့ ပစ္စည်းတွေကို ရရှိဖို့အတွက် အပြိုင်အဆိုင် လုယက်ပြီး ဈေးပေးကြပါတယ်။ ဒီပစ္စည်းကောင်းတွေက ခန္ဓာကိုယ်နဲ့ မူလစွမ်းအင်ကို အာဟာရ ဖြည့်ဆည်းပေးနိုင်ရုံတင်မက ဒဏ်ရာတွေကိုလည်း ပြန်လည်သက်သာ ကောင်းမွန်လာစေနိုင်တဲ့ ပစ္စည်းကောင်းတွေဖြစ်ပါတယ်ယ။ ဒါက သိုင်းပညာရှင်တွေအတွက် လိုအပ်တဲ့ ပစ္စည်းကောင်းတွေပဲ ဖြစ်ပါတယ်။

“ဈေးအပြိုင်ပေးစရာ မလိုဘူး။ ဈေးအပြိုင်ပေးဖို့ မလိုဘူး။ ဒီမှာ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ် ဆေးပင်တွေ အများကြီးရှိတယ်။ မင်းတို့တွေ မူလခရစ်စတယ်တွေ ရှိရင်ပဲ အားလုံး လိုချင်သလောက် ရမယ်”

ကျူးပုကျို့က အပြုံးတွေ ဝေဆာပြီးတော့ ပြောလိုက်ပါတယ်။

ဘယ်လိုလဲဟ။ အများကြီး ရှိတယ်ဟုတ်လား။

ဒါက ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်တွေလေ။ ဂေါ်ဖီထုပ်တွေ မဟုတ်ဘူး။

“ဟေး.. ငါက နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့

ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် မှိုမျိုးစိတ်ကို လိုချင်တာ။ ငါးနှစ် ခြောက်နှစ် ဆယ်နှစ်လောက်ပဲ သက်တမ်းရှိတဲ့ အပင်ကို ယူပြီးတော့ ငါကို မလှည့်စားနဲ့”

လူတစ်ယောက်က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

“ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ဆရာသခင်လင်းရဲ့ ထင်ပေါ်ကျော်ကြားမှုက အာမခံဖို့ မလုံလောက်သေးဘူးလား”

ကျူးပူကျို့က ချက်ချင်းပဲ လင်းဟန်ကို ဆွဲထည့်လိုက်ပါတယ်။ အဓိကအားဖြင့် အတင်းအကျပ် လုယူဖို့ ကြိုးစားမဲ့ သူတွေကို အချိန်ကုန်ခံပြီးတော့ သတိပေးဖို့ မလုပ်တော့ပဲ အရိပ်အမြွက်ပြောလိုက်တာပါပဲ။

မျှော်လင့်ထားသလိုပါပဲ။ ဆရာသခင်လင်း ဆိုတဲ့ အသံကို ကြားလိုက်တာနဲ့ အားလုံးက ချက်ချင်းဆိုသလိုပဲ သူတို့ရဲ့ အတွေးဆိုးတွေကို ရုတ်သိမ်းလိုက်ပါတယ်။ ဒါက မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့ရဲ့ နိုင်ငံကိုသွားပြီးတော့ မကျေမနပ်နဲ့ ဖိနှိပ်ထိန်းချုပ်လိုက်မယ်ဆိုရင် လက်ရှိကေရာဇ်ကို ချက်ချင်းပဲ သူတို့ရဲ့

လုပ်ဆောင်မှုကြောင့် ဒေါသထွက်သွားဖို့ အာမခံပါတယ်။

"ဒီနေရာက လူတွေအားလုံးပဲ… မင်းတို့မှာ တန်ရာတန်ကြေးပေးဖို့ မူလခရစ်စတယ် ရှိရင်ပဲ မင်းတို့ကိုယ်တိုင် စစ်ဆေးနိုင်တယ်။ တကယ်လို့ ဒီဆေးပင်တွေရဲ့ သက်တမ်းက ပြောထားသလို နှစ်ပေါင်းတစ်ရာ သက်တမ်းမရှိဘူးဆိုရင် မင်းတို့ရဲ့ ခရစ်စတယ်တွေကို ချက်ချင်းပြန်ပေးမဲ့အပြင် ဒီဆေးပင်တွေကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်ဦးမယ်။ ဒါပေမဲ့လည်း မင်းတို့ တစ်ခု သတိထားရမှာက တချို့လူတွေက ငါ့ကို လှည့်ဖျားဖို့ ကြိုးစားနေတယ်လို့ စွပ်စွဲမယ်ဆိုရင် ငါလုံးဝ ဂရုမစိုက်ဘူး။ ဒါပေမဲ့ ဆရာသခင်လင်းရဲ့ ထင်ပေါ်ကျော်ကြားမှုက တခြားသူတွေကြောင့် အရောင်မှေးမှိန်သွားမှာ မဟုတ်ဘူး"

ကျူးပုကျို့က မှန်မှန်ကန်ကန် အမူအရာနဲ့ ပြောလိုက်ပြီးတော့ မကောင်းတဲ့ စိတ်တွေ တွေးနေဆဲ ဖြစ်နေတဲ့ သူတွေအားလုံးကို ခြိမ်းခြောက်ပြီး ပြောလိုက်ပါတယ်။

Chapter 298 end

အပိုင်း(၂၉၉) အားလုံးရောင်းထွက်သွားပြီး

အများကြီးရှိနေတယ်

တကယ်လို့ ကျူးပုကျို့က ပစ္စည်းတွေကို စစ်ဆေးဖို့ မပြောဘူး ဆိုရင်တောင်မှ လူတိုင်းလူတိုင်းက ၎င်းတို့ကို မကြည့်ပဲနဲ့ နေနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါက မူလစွမ်းအင် ခရစ်စတယ် ဆယ်ခုတောင် တန်တယ်လေ။

ဒီထူးခြားတဲ့ ခရစ်စတယ်တွေမှာ မူလစွမ်းအင်တွေ ပါဝင်ပြီးတော့ အရမ်းကိုများပြားတဲ့ ပမာဏနဲ့ ထုတ်လုပ်နေကြပါတယ်။ ဈေးကွက်ရဲ့ ဝယ်လိုအားနဲ့အတူ သူတို့တွေက အသုံးပြုလို့ပြီးတာနဲ့ နောက်ထပ် ပမာဏအများကြီးကို ဝယ်ယူဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။

စံချိန်မီတဲ့ မူလခရစ်စတယ်တွေရဲ့ အရွယ်အစားလည်းရှိပါတယ်။ အဲဒီအရွယ်အစားက လက်တစ်ချောင်း အရွယ်ရှိပါတယ်။ ဒါကြောင့် ၎င်းတို့ပုံစံက အပိုင်းအစတွေထက် တုတ်ချောင်းတွေနဲ့ ပိုပြီးတော့ တူညီပါတယ်။

ဒါပေမဲ့ ဒီသေးငယ်တဲ့ မူလစွမ်းအင် ခရစ်စတယ်ကို ဖြည့်ဆည်းဖို့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ

တစ်ယောက်က တစ်လအချိန် အသုံးပြုရပါတယ်။ ဒါက ပုံမှန်နှုန်းတစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက်က သူတို့ရဲ့ မူလစွမ်းအင် အားလုံးကို သုံးစွဲလိုက်ပြီးတော့ ပြန်လည်ပြည့်ဂ ကောင်းမွန်လာအောင်လို့ ကျင့်ကြံရသလို မှော်ဆေးလုံးတွေကိုလည်း စားသုံးခြင်းဖြင့် ပြန်လည်ဖြည့်ဆည်း နိုင်ပါတယ်။ အဲဒီလိုမှမဟုတ်ရင် မိသားစုရဲ့ ကံကြမ္မာကို အချည်းနှီး ဖြစ်သွားပါလိမ့်မယ်။ မှော်ဆေးလုံးတွေကလည်းပဲ အရမ်းကို ဈေးကြီးပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူတောင်မှ တစ်နှစ်ကို ဆယ့်နှစ်ခုပဲ သန့်စင်နိုင်ပါတယ်။ ဒါကြောင့် ဒီအရာတွေက အရမ်းကို တန်ဖိုးကြီးမားပြီးတော့ နှစ်တစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်နဲ့ ဆေးဖက်ဂင် မှိုမျိုးစိတ်အတွက် အလဲအလှယ် လုပ်နိုင်ပါတယ်။

တစ်ယောက်ပြီး တစ်ယောက် လူတွေအားလုံးက မူလစွမ်းအင် ခရစ်စတယ်တွေကို ပေးပြီးတော့ ဂျင်ဆင်းပင် ဒါမှမဟုတ် ဆေးဖက်ဂင် မှိုမျိုးစိတ်ပင်ကို ရယူပြီး အလျင်အမြန် အနီးကပ်ပြီး လေ့လာနေကြပါတယ်။ တကယ်လို့ သူတို့ကိုယ်တိုင်ကိုယ်ကျ နားမလည်ဘူးဆိုရင် တခြားသူတစ်ချို့ကို မေးမြန်းခဲ့ပြီးတော့ သူတို့အားလုံးက

ပျော်ရွှင်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ကြပါတယ်။

ဒါက တကယ်ပဲ သက်တမ်းနှစ်ပေါင်း တစ်ရာကျော်ရှိတာပဲ။

“ငါနောက်ထပ် တစ်ပင်ဂယ်ချင်သေးတယ်”

“ငါ့မှာငွေရှိတယ်။ ငါလည်း နောက်ထပ် သုံးပင် ဂယ်ချင်တယ်”

ကျူးပုကျို့ ရောင်းချနေတဲ့ ဒီဂျင်ဆင်းပင်နဲ့ ဆေးဖက်ဝင် အပင်တွေက အစစ်အမှန် ဖြစ်တယ်ဆိုတာကို အတည်ပြုပြီးတဲ့နောက်မှာ လူတိုင်းလူတိုင်းက အရမ်းကို စိတ်လှုပ်ရှား လာခဲ့ကြပြီးတော့ သူတို့ရဲ့ မူလစွမ်းအင် ခရစ်စတယ်တွေ ထုပ်ထားတဲ့ အိတ်တွေကို ပေ့ယမ်းပြလိုက်ကြပါတယ်။ ဒီမူလစွမ်းအင် ခရစ်စတယ်တွေက သူတို့ရဲ့ မိသားစုတွေ ဒါမှမဟုတ် အဖွဲ့အစည်းတွေက အရေးပေါ်အခြေအနေမှာ အသုံးပြုနိုင်ဖို့ ပေးလိုက်တာ ဖြစ်ပြီးတော့ ဒီနေရာမှာရှိတဲ့ ငွေကြေးစီးဆင်းမှုကလည်း မူလစွမ်းအင် ခရစ်စတယ်တွေပဲ ဖြစ်ပါတယ်။ ငွေပြားတွေကတော့ သာမန်လူတန်းစားတွေ အကြားမှာပဲ အသုံးပြုကြတာပါ။

မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်များက အထွတ်အထိပ်မှာ ရှိကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ တစ်နေ့လုံး မူလစွမ်းအင် ခရစ်စတယ်တွေကို သန့်စင်မွမ်းမံပြီး ဖွဲ့စည်းနိုင်မှာလဲ။ ဒါကြောင့် အင်အားကြီး ကလန်ရှစ်ခုမှာတောင် မူလစွမ်းအင် ခရစ်စတယ်တွေ ဒီလောက်အများကြီး မထုတ် ပေးနိုင်ပါဘူး။ သာမန်မိသားစုဆိုရင် ပြောမနေနဲ့တော့။

ဒါကြောင့်လည်း ဒီလူတွေ ထုတ်ပေးတဲ့ မူလစွမ်းအင် ခရစ်စတယ် ဆယ်ခုဆိုတာ အရမ်းကို ချမ်းသာ ကြွယ်ဝလွန်းပါတယ်။

ကွမ်းယွမ်က ဒီမြင်ကွင်းကို ကြည့်ပြီးတော့ သူ့ရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်ပြီး ပြောပါတယ်။

"တကယ်လို့ တစ်ယောက်ယောက်က ဒီအရှင်သခင်ရဲ့ မူလခရစ်စတယ်တွေကို ဒီလိုမျိုး အချည်းနှီး ကုန်စေမယ်ဆိုရင် ဒီအရှင်သခင်က ကိုယ်တိုင်ကိုယ်ကျ သူတို့ကို သေတဲ့အထိ ရိုက်နက်ပစ်ရလိမ့်မယ်"

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။

“ခင်ဗျားပြောပုံအရဆို အရင်တုန်းက မူလစွမ်းအင် ခရစ်စတယ်တွေကို သန့်စင်ခဲ့ဖူး သလိုမျိုးပဲ”

“ဘယ်ကလာ.. ဒီအရင်သခင်က ကျင့်ကြံဖို့တောင် အချိန်က ရှိတာမဟုတ်ဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မူလစွမ်းအင်တွေကို ဒီလိုမျိုး အရာတစ်ခုကို လုပ်ဖို့အတွက် အချိန်ဖြုန်းနိုင်မှာလဲ”

ကွမ်းယွမ်က သူ့ရဲ့ ပုံရိပ်ကိုတောင် ဂရုမစိုက်ပဲ အရှက်မရှိ ချက်ချင်းပဲ ပြောလိုက်ပါတယ်။

အခုဆိုရင် လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပါပြီ။ ကွမ်းယွမ်ရဲ့ အဆင့်အတန်းက လင်းဟန်ထက် အများကြီး မရေမတွက်နိုင်အောင် နိမ့်ကျပါတယ်။ ဒါကြောင့် ကွမ်းယွမ်က အစွမ်းထက်တဲ့ စီနီယာ တစ်ယောက်လိုမျိုး လုပ်နေစရာ မလိုပဲနဲ့ သူ့ရဲ့ ဇရုတ်သုတ်ခ ပုံစံအတိုင်းပဲ ပြောလိုက်ပါတယ်။

အားလုံးက အသက်ပြင်းပြင်းရှူပြီး ရယ်မောလိုက်ကြပါတယ်။ ကွမ်းယွမ်က ကြမ်းတမ်း ရိုင်းစိုင်းကောင်း ရိုင်းစိုင်းပေမဲ့လည်း သူက စိတ်ဝင်စားစရာ ကောင်းတဲ့

လူတစ်ယောက်လည်း ဖြစ်ပါတယ်။

လူတိုင်းလူတိုင်း ကျူးပုကျို့အနားမှာ ဝိုင်းပြီးတော့ အလုအယက်နဲ့ ဆေးပင်တွေကို မှာယူနေကြပါတယ်။ ပြီးတော့ ဒီမြင်ကွင်းက တကယ့်ကို ဆူဆူညံညံနဲ့ ပျားပန်းခပ် လှုပ်ရှားနေကြပါတယ်။ တချို့လူတွေက မူလစွမ်းအင် ခရစ်စတယ် ဆယ်ခု မရှိတဲ့အတွက် ကျူးပုကျို့နဲ့ အပေးအယူ လုပ်ပြီးတော့ ဈေးဆစ်နေကြပါတယ်။ တချို့လူတွေကတော့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်တွေ အားလုံး ရောင်းကုန်သွားမှာကို စိုးရိမ်ကြောက်လန့် နေကြသလိုမျိုး သူတို့ကို ဦးစားပေးပြီး ရောင်းပေးဖို့အတွက် တန်ကြေးကို ထပ်တိုးပေးဖို့ ဆန္ဒရှိတယ် ဆိုတဲ့အကြောင်းကို ပြောနေကြပါတယ်။

ချန်ဖေးကျွင့်ရဲ့ အမူအရာက မည်းသထက် မည်းလာခဲ့ပါတယ်။ ဒီသိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲက သူကျင်းပပြုလုပ်တာ ဖြစ်ပြီးတော့ လောင်ကျိဖန်းအတွက် အလားအလာ ကောင်းတွေရှိတဲ့ ပါရမီရှင်တွေကို ရွေးထုတ်ယူဖို့ အတွက်ဖြစ်ပါတယ်။ လင်းဟာန်ရဲ့ ကုန်ပစ္စည်းတွေ ရောင်းချဖို့အတွက် မဟုတ်ပါဘူး။

သူက ဘယ်လိုမှ မနေနိုင်တော့တဲ့အတွက်

မတ်တတ်ရပ်ပြီးတော့ အားလုံးကို လက်ရည်စမ်းယှဉ်ပြိုင်ပွဲကို ဆက်ပြီးတော့ ကျင်းပဖို့ အချိန်ရောက်ပြီ ဆိုတဲ့အကြောင်းကို ပြောလိုက်ပါတယ်။

ဒါပေမဲ့လည်း ဘယ်သူကမှ သူ့ကို အာရုံမစိုက်ကြပါဘူး။

လူတွေက အစောပိုင်းတုန်းက တခြားလူတော်တော်များများရဲ့ စွမ်းရည်ကို မြင်တွေ့ခဲ့ကြပြီး သူတို့အနေနဲ့ ပထမနေရာကို ရယူဖို့ ဘယ်လိုမှ အခွင့်အရေးမရှိဘူး ဆိုတာကို နားလည် သဘောပေါက်ထားကြပါတယ်။ ဒါကြောင့် နံပါတ်တစ်တစ်ယောက်အတွက်ပဲ ဆုတစ်ခု ရှိနေမှတော့ အဲဒီအစား ဘာကြောင့် သူတို့ရဲ့ မျက်စိအရှေ့က ရတနာကို အာရုံမစိုက်ပဲ နေမှာလဲ။

ချန်ဖေးကျွင့်က သူ့ရဲ့ ပါးစပ်ကနေ ကျိန်ဆဲတဲ့ စကားတွေ ထွက်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ ဒီလက်ဖက်ရည်ဧည့်ခံပွဲက သူကျင်းပတာဖြစ်ပြီး သူက အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ငွေဦးစမ်းရေ အဆင့်မျှပဲ ရှိသေးတဲ့ ဒီသိုင်းပညာရှင် အုပ်စုတစ်ခုက သူ့ကို မျက်နှာသာတောင် မပေးပဲ နေပုံ့တာလား။

ဒါပေမဲ့ ဒီမြင်ကွင်းထဲမှာ လင်းဟန်လည်း ရှိနေပါတယ်။ ဒါကြောင့် အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ သူက ဘာမှ ကြီးကျယ်ခြင်း မရှိတော့ပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မျက်နှာသာပေးရမှာလဲ။ ဒီမှာ ဆရာသခင်လင်း ရှိနေတယ်လေ ဟုတ်တယ်မလား။

ဒီလပြွတ်ကောင် လင်းဟန်ကတော့ ငါ့ကို ဆန့်ကျင်ဖို့ မွေးလာတာလား။

ချန်ဖေးကျွင့်က သူ့ရဲ့ ထိုင်ခုံပေါ်ကို ပုံလျက်သား ထိုင်ချလိုက်ပြီး သူ့ရဲ့ အကြည့်တွေမှာ ဒေါသတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ အခုဆို သူက လောင်ကျိဖန်းကိုတောင် မုန်းတီးနေတဲ့ ခံစားချက်တွေ ရှိနေပါတယ်။ ဒီအဘိုးကြီးက လင်းဟန်ကို အမြစ်ပြတ် သုတ်သင်ပစ်မယ်လို့ ပြောတုန်းက ပြောခဲ့ပြီး ဒီလောက် ရက်တွေကြာနေတာတောင် သူက ဘာမှ မလုပ်သေးဘူး။ လင်းဟန်ကို ဘာမှမဖြစ်စေပဲ လျှောက်သွားဖို့ ခွင့်ပြုထားပါတယ်။

နာရီတော်တော် ကြာပြီးတဲ့နောက် ကျူးပူကျို့က ခြင်းတစ်ခုလုံးမှာရှိတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေ အားလုံးကို

ရောင်းချလို့ ပြီးသွားပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ လူတော်တော် များများက သူတို့ရဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ပျော့ရမ်းပြီးတော့ နောက်ထပ် ဂယ်ယူချင် နေကြပါသေးတယ်။ ကျူးပူကျို့က လင်းဟန်ကို ကြည့်လိုက်ပြီး လင်းဟန်က ခေါင်းငြိမ့်ပြတာကို မြင်လိုက်ရတဲ့ အခါမှာ ပရိသတ်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီက တစ်ခုမှ မဂယ်လိုက်ရတဲ့ သူငယ်ချင်းတွေ မစိုးရိမ်ကြပါနဲ့။ နောက်ကျရင် မင်းတို့တွေ ငါ့ကို တည်းခိုခန်းရဲ့ ခုနစ်ခုမြောက် ခြံဂန်းထဲမှာ လာရှာနိုင်တယ်။ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်တွေ အများကြီးရှိသေးတယ်။ အားလုံးက နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိတယ်။ အားလုံးကို စိတ်ကျေနပ်စေလိမ့်မယ်လို့ ငါ ကတိပေးပါတယ်"

ဒီစကားကို ကြားလိုက်ရတာတောင်မှ ဘယ်သူကမှ ထွက်ခွာသွားဖို့ ဆန္ဒ မရှိကြပါဘူး။

ဒါပေမဲ့လည်း လူတိုင်းလူတိုင်း အံ့အားသင့် သွားခဲ့ပါတယ်။ ခြင်းကြီးတစ်ခုလုံး အပြည့် စိတ်ဂိညာဉ် ဆေးပင်တွေ ရောင်းပြီးတာတောင်မှ အများကြီး ရှိနေသေးတာလား။ အခု

သူတို့ပြောနေတာက နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်တွေအကြောင်း ဖြစ်ပါတယ်။ ကြံ့ရာကျပန်း လမ်းဘေးက ဝေါ်ဗီထုပ်တွေ မဟုတ်ပါဘူး။

ပုံမှန်လူတွေရဲ့ သက်တမ်းက နှစ်ပေါင်း တစ်ရာမျှသာ ရှိပါတယ်။ ပြီးတော့ ယခုအခါမှာ တောတောင်တွေရဲ့ နက်ရှိုင်းတဲ့ နေရာတွေမှာ ဆေးပင်ခူးဆွတ်တဲ့ သူတွေ ပြည့်နေကြပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ဆေးပင်တွေက ပိုပိုပြီး နည်းသထက် နည်းလာကြပါတယ်။ သက်တမ်း နှစ်ပေါင်းတစ်ရာ ရှိတဲ့ ဂျင်ဆင်းတစ်ပင်ကို ရှာတွေ့ပြီး ခူးဆွတ်နိုင်ခဲ့မယ်ဆိုရင် အရမ်းကို ဂုဏ်ယူစရာ ကောင်းနေပါပြီ။ ဒါပေမဲ့ အခု သူတို့ကို ခြင်းကြီးတစ်ခု အပြည့် ရောင်းချခဲ့ပြီးတာတောင်မှ နောက်ထပ် အများကြီး ကျန်နေပါသေးတယ်။ သူတို့တွေ ရှေးဟောင်း ဆေးဥယျာဉ်တစ်ခုကို တူးဆွခဲ့နိုင်တာလား။

ချန်ဖေးကျွင့်ရဲ့ အမူအရာက ရာသီဥတုလိုမျိုး အတက်အကျနဲ့ မတည်မငြိမ် ဖြစ်နေပြီး ငမ်းငမ်းတက် လိုချင်နေတဲ့ လောဘဆန္ဒတွေနဲ့ ပြည့်လို့နေပါတယ်။ လင်းဟန်က ရှေးဟောင်း ဆေးဥယျာဉ်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ပြီး ဂရန်းမာစတာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမွေအနှစ်ကိုပါ ရယူနိုင်ခဲ့ပြီး စိတ်ဂိညာဉ်

ဆေးပင်တွေရဲ့ အထောက်အပံ့ တွေနဲ့အတူ သူရဲ့စွမ်းရည်က ငယ်ငယ်ရွယ်ရွယ်နဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့တယ်လို့ သူတွေးလိုက်မိပါတယ်။

တကယ်လို့သူက အဲဒါကို ရယူနိုင်ခဲ့မယ်ဆိုရင်… .. ချက်ချင်းဆိုသလိုပဲ သူ့ရဲ့ နှလုံးသားက မကုန်ခန်းနိုင်တဲ့ လိုအင်ဆန္ဒတွေနဲ့ တောက်လောင်နေပြီးတော့ ကြံရာမရ ဖြစ်နေပြီးတော့ အရဲစွန့်ပြီး ယူလိုက်ချင်တဲ့ ဆန္ဒတွေ ဖြစ်စေပါတယ်။

ကွမ်းယွမ်က ဒါတွေအားလုံးကို ကြည့်ပြီးတော့ လင်းဟန်ကို ပြောလိုက်ပါတယ်။

“လင်းဟန်… ဒီကောင်က မင်းကို သတ်ချင်တဲ့ ရည်ရွယ်ချက် ရှိနေတယ်”

လင်းဟန်က ပေ့ါပေ့ါပါးပါးနဲ့ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“ကိစ္စမရှိပါဘူး။ လူပြက်တစ်ယောက် သာသာပါပဲ။ ကျုပ်က အစကတည်းက ဂရုကို မစိုက်တာ။ ဒါပေမဲ့ သူက သူ့သေလမ်းကို သူရှာမှတော့ ကျုပ်က သူသွားချင်တဲ့ လမ်းကြောင်းကို ပို့ပေးရတော့မှာပေ့ါ။ ကျုပ်သူ့ကို အစ်ကိုကြီး

ကွမ် အတွက် ချန်ထားပေးလိုက်မယ်”

“ဖူး”

ကွမ်းယွမ်က ချက်ချင်းဆိုသလိုပဲ တံတွေးသီးသွားပြီး ယဲ့ယဲ့လေး ပြောလိုက်ပါတယ်။

“ဒီကောင်က အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေဆဲပဲလေ။ တကယ်လို့ သူ့ကို ငါသတ်လိုက်မယ်ဆိုရင် မော်ဆေးပညာရှင် ကမ္ဘာတစ်ခုလုံးက ငါ့ကို သူတို့ရဲ့ အမုန်းဆုံးလူတစ်ယောက်လို မြင်ကြလိမ့်မယ်”

“လွယ်လွယ်ကူကူ ချောမွေ့အောင် လုပ်လိုက်ရုံပါပဲ။သူက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ပဲ ရှိပါတယ်။ အစ်ကိုကြီးကွမ်ရဲ့ စိတ်ဂိညာဉ်ပင်လယ် ၈ အဆင့်နဲ့ဆိုရင် သူ့ကို တစ်ချက်ထဲနဲ့ ထိန်းချုပ်နိုင်ပါတယ်။ ဘယ်နတ်ဘုရား တစ္ဆေသရဲကမှ ရှာလို့ရမှာ မဟုတ်ပါဘူး”

ကွမ်းယွမ်က ကြီးမားသောနေ ကောင်းကင်နလုံးသား စာလိပ် အပြည့်အစုံကို ရရှိခဲ့ပြီး လင်းဟန်ရဲ့ မော်ဆေးလုံးတွေနဲ့အတူ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကလည်း တစ်ရှိန်ထိုး

တိုးတက်လာခဲ့ပြီး စိတ်ဂိညာဉ်ပင်လယ် ၇ အထွတ်အထိပ် အဆင့်ကိုတောင် ရောက်လာပြီး သူ့ကိုယ်သူတောင်မှ လုံးဝ မယုံကြည်နိုင်လောက်အောင် ဖြစ်စေခဲ့ပါတယ်။

"ကောင်းပြီလေ။ ဒီကောင့်ကို ငါတာဝန်ယူလိုက်မယ်"

ကွမ်းယွမ်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ဆီကနေ အကျိုးအမြတ် အများကြီး ရရှိခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်အတွက် ဘာကိုမှ ဟုတ်တိပတ်တိ မလုပ်ရသေးပါဘူး။

လင်းဟန်က ခေါင်းငြိမ့်လိုက်ပါတယ်။ သူ့က တကယ်ပဲ ချန်ဖေးကျွင့်ကို ဂရုမစိုက်ပါဘူး။ လောင်ကျိဖန်းအတွက်ကတော့ သူ့ရဲ့ကမျက်လုံးတွေ ကန်းလုနီးပါး ဖြစ်သွားခဲ့ပြီးတော့ သူက နောက်တစ်ကြိမ် ထပ်ပြီးတော့ မသွားချင်ပါဘူး။ ဒါကြောင့် သူက အဲဒီလူကို အရမ်းကြီး နားမလည်သေးပါဘူး။

ဒီအဘိုးကြီးက သူ့ကို ရင်းနှီးတဲ့ ခံစားချက်ကို ပေးစွမ်းနိုင်ပါတယ်။ ဒါပေမဲ့ သူက ဘာလည်းဆိုတာကို တိတိကျကျ မသိပါဘူး။

Chapter 299 end

ထပ်မလာတော့ဘူးနော်ဒါပြီး

အပိုင်း(၃၀၀) လက်ရွေးစင် ကျင့်ကြံသူတစ်ယောက် ရုတ်တရက် ပေါ်လာပြီ

ဂျင်ဆင်းတွေ ရောင်းချခြင်းက အဆုံးသတ်သွားခဲ့ပါပြီ။ သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲက ဆက်ပြီးတော့ ကျင်းပနေပေမဲ့ လူတော်တော်များများက နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိတဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်အကြောင်းကို ဆက်ပြီးတော့ စဉ်းစားတွေးတော နေဆဲပဲ ဖြစ်ပါတယ်။ သူတို့ပုံစံက ဒီအရေးက တိုက်ပွဲမြင်ကွင်း တစ်ခုလုံးမှာ အာရုံတွေမရှိပဲ တခြားနေရာကို ရောက်နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

ကံကောင်းတာက လျန်ရှို့ကျူး၊ ပိုင်ယုချွမ်နဲ့ တခြားသူတွေက ပြိုင်ပွဲမြေကွက်လပ်ထဲမှာ နောက်တစ်ကြိမ် လက်ရည်စမ်းနေကြပါတယ်။ သူတို့ရဲ့ ရှုမောဖွယ်ရာ ခမ်းနားတဲ့ လှုပ်ရှားမှုတွေက တော်တော်လေး စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ လူအများအပြားက မကြာခဏဆိုသလို အော်ဟစ်အားပေးနေကြပါတယ်။ အထူးသဖြင့်တော့ သူတို့ရဲ့ နိုင်ငံက သိုင်းပညာရှင်တွေက သူတို့ကိုယ်ပိုင် နိုင်ငံက ပါရမီရှင်က တခြားနိုင်ငံတွေက

ပါရမီရှင်ကို ရိုက်နှက်ဆုံးမနိုင်တဲ့ စွမ်းရည်ရှိတာကို မြင်တွေ့လိုက်ရတိုင်း သူတို့တွေက အရမ်းကို စိတ်လှုပ်ရှားသွား ကြပါတယ်။

အနည်းဆုံးတော့ နိုင်ငံတစ်နိုင်ငံဆီက စုစုပေါင်းအသန်မာဆုံး ရှစ်ယောက်က ပေါ်ထွက်လာခဲ့ပါတယ်။ လျန်ရှို့ကျူး၊ ဟွာကောင်းရီ၊ ပိုင်ယုချွမ်၊ ယုရှင်းဟွာ၊ ကျုံးဟဲကွမ်၊ ယုချွေယွမ်၊ ယွမ်လျန်ရှန် နဲ့ ကန်းရီ တို့ဖြစ်ပါတယ်။

ကျူးပုကျို့က နွေဦးစမ်းရေ အလွှာ ၅ အဆင့်ပဲ ရှိသေးတာ ဖြစ်ပြီးတော့ ကျွမ်းကျင်မှု သိပ်မရှိသေးပါဘူး။ သူက ငွေလခန္ဓာကိုယ် တစ်ခုတည်းအပေါ်မှာ မှီခိုနိုင်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင် သိုင်းပညာ ပါရမီက အဆင့်မီတယ်ဆိုရုံမျှသာ ရှိပါတယ်။ သူကအခု ဓါးချီအလင်း နှစ်ခုကို ထုတ်ဖော်နိုင်ပြီ ဖြစ်ပါတယ်။

အခုလို ဖြစ်သွားပြီတော့ မြောက်ဘက်အစွန်အဖျား ကိုးနိုင်ငံမှာ အသန်မာဆုံးတွေထဲမှာ တစ်ယောက်စီတော့ ရှိတဲ့ပုံစံပါပဲ။ တိမ်နိုင်ငံက လွဲရင်ပေါ့။ တိမ်နိုင်ငံက သိုင်းပညာရှင်တွေ အားလုံးအနေနဲ့ စိတ်ကသိကအောက် ဖြစ်ပြီးတော့ ရှက်သလိုလို ခံစားနေကြ ရပါတယ်။ တခြားနည်းလမ်းလည်း မရှိတော့ပါဘူး။ သူတို့ရဲ့

ကျွမ်းကျင်မှုနဲ့ ခွန်အားကို အခြေခံပြီးတော့ ပြောရမယ်ဆိုရင် တခြားသူတွေထက် နိမ့်ကျနေမှတော့ ဘာများ တတ်နိုင်ဦးမှာလဲ။

“လင်းဟန်… တကယ်လို့ နင်ပါဂင် ယှဉ်ပြိုင်မယ်ဆိုရင် နင်တစ်ယောက်တည်းနဲ့ သူတို့ ရှစ်ယောက်လုံးကို ရိုက်နက်ပစ်နိုင်တယ်”

လွီယုထန်က စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်ပါတယ်။ မြောက်ဘက် အစွန်အဖျား နိုင်ငံ ကိုးခုရဲ့ နံပါတ်တစ်က သူမရဲ့ စိတ်ကူးထဲက မင်းသားလေးပဲ ဖြစ်သင့်ပါတယ်။

“အဲဒါ အမှန်ပဲ”

တစ်ဖက်က လီစီရှန်းကလည်း လွီယုထန်နဲ့ တူညီတဲ့ အမြင် ရှိပါတယ်။

ဟူးညိုက သူမရဲ့ ရင်ဘတ်ကို ပုတ်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ညိုးညိုးက လင်းဟန်အတွက် တိုက်ခိုက်ပေးပြီးတော့ ပထမနေရာ ယူပေးမယ်”

သူမက ပြောပြီးတာနဲ့ သိုင်းပြိုင်ပွဲကွင်းထဲကို ခုန်ဝင်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ ကန်းရီရဲ့ အမူအရာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ သူက ဒီမိန်းကလေးရဲ့ လက်ချက်ကို ခံစားဖူးခဲ့ပါတယ်။ နွေဦးစမ်းရေ အဆင့်က ဘယ်သူကမှ သူမရဲ့ အမြန်နှုန်းကို နိုင်နိုင်နင်းနင်းနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်မှာ မဟုတ်ကြပါဘူး။

အဲဒီအချိန်တုန်းက ရန်ထန်းဇောင်တောင်မှ အကြီးအကျယ် ခံစားသွားခဲ့ ရပါတယ်။ နောက်ဆုံးမှာ ဒီမိန်းကလေးကို ထိန်းချုပ်ဖို့အတွက် သူ့ရဲ့ ထူးဆန်းတဲ့ ပိုးချည်မျှင်တွေကို ထုတ်သုံးဖို့တောင် ဖိအားပေးခြင်း ခံခဲ့ရပါတယ်။

ဒါပေမဲ့လည်း အဲဒီအချိန်တုန်းက သူက ဒီမိန်းကလေးကို ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ ဟူးညိုရဲ့ ခွန်အားက အဲဒီအဖြစ်အပျက် ပြီးတဲ့နောက်မှာ တိုးလာခဲ့ပြီးတော့ အခုဆိုရင် နွေဦးစမ်းရေ အလွှာ ၅ အဆင့်မှာရှိပါတယ်။ တကယ်လို့ သူတို့တွေက နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်ကြမယ်ဆိုရင် ဘယ်သူက အနိုင်ရမလဲဆိုတာ ခန့်မှန်းက ခက်ခဲပါလိမ့်မယ်။

လင်းဟန်ပဲ ဖြစ်ဖြစ် ဟူးညိုပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။

တကယ်လို့ ဒီမွန်းစတားနှစ်ယောက်သာ ပြိုင်ပွဲကွင်းထဲကို ဝင်လာခဲ့မယ်ဆိုရင် သူတို့က နေ့ဦးစမ်းရေအဆင့် စစ်သည်တော်တွေ ဖြစ်နေတာကို အသာထားဦး။ စိတ်ဂိညာဉ်ပင်လယ် အဆင့်နိမ့် ပြိုင်ဘက်တွေတောင် လွင့်ထွက်သွား ပါလိမ့်မယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုး… ကောင်လေးကန်းရီကို သိပ်ပြီးတော့ မခြောက်လှန့်ပါနဲ့။ သူ့ရဲ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေတာကို မမြင်ဘူးလား"

လူတိုင်းလူတိုင်းက ကန်းရီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ အတည်ပြုလိုက်ပြီး တစ်ယောက်ပြီး တစ်ယောက် ရယ်လိုက်ကြပါတယ်။ ဒီလူငယ်က အမြဲတမ်းလိုလို တခြား လူတွေနဲ့ မတူညီပဲနဲ့ သူ့ရဲ့ တည်ငြိမ်မှု ဆုံးရှုံးသွားတာမျိုးက တကယ့်ကို ရှားပါးလွန်းပါတယ်။

ဟူးညိုက အရမ်းကို သေးငယ်ပြီးတော့ သူမရဲ့ လှုပ်ရှားမှုက စိတ်စနိုးစနောင့် ဖြစ်စရာ လုံးဝ မရှိပါဘူး။ ကန်းရီတောင်မှ

ခေါင်းကိုက်သွားတာလား။

ချန်ဖေးကျွင့်က ကန်းရီနဲ့ ကျန်တဲ့ ခုနစ်ယောက်ကို ဖိတ်ခေါ်လိုက်ပြီးတော့ သူတို့ရဲ့ ပြိုင်ဘက်တွေကို သူက စီစဉ်ပေးလိုက်ပါတယ်။ ဒါကြောင့် ရှစ်ယောက်ထဲကနေ လေးယောက်က အဆင့်တက်သွားပြီး လေးယောက်ကနေ နှစ်ယောက်က အဆင့်တက် ပါလိမ့်မယ်။ နောက်ဆုံးမှာ ကျန်ခဲ့တဲ့သူကိုပဲ အသန်မာဆုံးအဖြစ် သတ်မှတ်မှာ ဖြစ်ပြီးတော့ ဒီနေ့ သိုင်းပညာ လက်ဖက်ရည် ညှော့ခံပွဲကို အထမြောက်စေပါလိမ့်မယ်။

“ပထမနေရာက ငါတို့ မီးနိုင်ငံက လျန်ရှို့ကျူးပဲ သေချာပေါက် ဖြစ်လိမ့်မယ်”

“သွားစမ်းပါ။ ငါတို့ ကျောက်တုံးနိုင်ငံက ဟွာကောင်းရီရဲ့ အရှေ့မှာဆို အားလုံးက အမှိုက်တွေပဲ”

“ရှူး ရှူး ရှူး… ငါတို့ လေနိုင်ငံက ပိုင်ယုချွမ်က ဒီမှာရှိနေတာ ဘယ်သူက သူနဲ့ သိုင်းတစ်ကွက် ပြိုင်ရဲမှာလဲ”

လူတိုင်းလူတိုင်းက သူတို့နိုင်ငံရဲ့ ပါရမီရှင်တွေကို စိတ်ခါတ်တက်ကြွအောင်လို့ အားပေးလှံ့ဆော်

နေကြပါတယ်။ ခြွင်းချက်အနေနဲ့တော့ တိမ်နိုင်ငံက ဘယ်သူကမှ ထိပ်ဆုံးနေရာထဲ မပါဝင်နိုင်ခဲ့ပါဘူး။ ဒါက သူတို့ရဲ့ အမူအရာတွေကို ကြည့်ရတာ စိတ်ပျက်အားလျော့တဲ့ ပုံစံမျိုး ဖြစ်စေပါတယ်။

လွှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံးက လုံးဝကို မကျေနပ်ကြပါဘူး။ ဒီပြိုင်ပွဲမှာ ထင်ပေါ်ကျော်ကြားရမဲ့ တစ်ဦးတည်းသောသူက လင်းဟန်ပဲ ဖြစ်သင့်ပါတယ်။ တကယ်လို့ သူသာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင် ဘယ်သူကများ သူ့ရဲ့ ပြိုင်ဘက် ဖြစ်နိုင်လိမ့်မှာလဲ။

ကွာတားဖိုင်နယ်ပွဲစဉ်တွေကို မူလတုန်းကတော့ တစ်ပွဲပြီး တစ်ပွဲ ကျင်းပဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့လည်း ကျူးပုကျို့က ညှိခံပွဲရဲ့ အလယ်လောက်မှာ ဈေးစပြီး ရောင်းခဲ့ပါတယ်။ ဒါက အရာအားလုံးကို နှောင့်နှေးသွားစေခဲ့ပါတယ်။ ဒါကြောင့် အခုဆို ပြိုင်ပွဲလေးခုကို အတူတကွ ကျင်းပပေးပါလိမ့်မယ်။

“ထန် ထန် ပုန်း ပုန်း”

လူရှစ်ယောက်ကို အုပ်စုလေးခု ခွဲပြီးတော့ စတင်ယှဉ်ပြိုင် တိုက်ခိုက်ကြပါတယ်။ ဒီမြင်ကွင်းက အရမ်းကို

အကြိတ်အနယ် ရှိပြီးတော့ ချက်ချင်းဆိုသလို အားလုံးရဲ့ အာရုံကို ဆွဲဆောင်သွားခဲ့ပါတယ်။ ပြိုင်ပွဲဝင်တွေရဲ့ ယှဉ်ပြိုင်မှုတွေအတွက် ချီးကျူးဂုဏ်ပြုတဲ့ အမူအရာတွေလည်း ဖြစ်ပေါ်နေကြပါတယ်။

ဒီခရီးက တကယ်ပဲ အကျိုးမယုတ်ဘူးပဲ။ ကြီးကျယ်ခမ်းနားတဲ့ ဒီလိုမျိုး တိုက်ခိုက် ယှဉ်ပြိုင်မှုကိုလည်း မြင်ရတယ်။ တချို့ စိတ်ကြီးဝင်ပြီးတော့ မာနကြီးတဲ့ လူငယ်တွေက သူတို့ရဲ့ မောက်မာနေမှုတွေ ပျောက်ကွယ်ကောင်း ပျောက်ကွယ်သွားနိုင်ပါတယ်။ သူတိုရဲ့ နိုင်ငံမှာပဲ အားလုံးက မော့ကြည့်ရတဲ့ ပါရမီရှင်တွေပဲ ရှိတာမဟုတ်ပဲ တခြားနိုင်ငံတွေလည်း သူတို့လိုပဲ ပါရမီရှင်တွေ ရှိတယ်ဆိုတာကို သတိပြုမိသွားခဲ့ပါလိမ့်မယ်။

"ဟားဟားဟား မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက သောက်သုံးမကျတဲ့ လပြွတ်ကောင်တွေက သိုင်းပညာတွေကို မတော်မတရား ဆွေးနွေးဖို့ သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲတစ်ခုကို ကျင်းပရဲတယ်ပေါ့။ တကယ့်ကို ဟာသပဲ"

ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာတဲ့ လူငယ်တစ်ယောက်ကို တွေ့လိုက်ရပြီးတော့ သူ့ရဲ့

အမူအရာက အားလုံးကို အထင်သေးအမြင်သေးနေတဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

“အဲဒါ ဘယ်သူလဲ”

လူတိုင်းပဲ သူတို့ရဲ့ ခေါင်းတွေကို လှည့်ကြည့်လိုက်ပါတယ်။ ကန်းရီနဲ့ ကျန်တဲ့ ခုနစ်ယောက်တောင်မှ သူတို့ရဲ့ တိုက်ပွဲတွေကို ရပ်တန့်လိုက်ကြပါတယ်။

ဒီလူက မြောက်ဘက်အစွန်အဖျား ဒေသကို သရော်လှော်ပြောင်ပြီး နိုင်ငံကိုးခုက လူတွေ အကုန်လုံးကို တစ်ချက်ထဲနဲ့ တိုက်ခိုက်လိုက်တာပါပဲ။

အဖြူရောင်ဂဝတ်စုံနဲ့ လူငယ်က အရမ်းကို ခန့်ညားပြီး သူ့ရဲ့ သွင်ပြင်လက္ခဏာကလည်း အရမ်းကို တင့်တယ်ပါတယ်။ သူက ဆွဲဆောင်မှုရှိပြီး မာနကြီး စိတ်ကြီးဝင်နေတဲ့ ပုံစံလည်း ရှိပါတယ်။ သူ့ရဲ့ ခါးမှာတော့ ဓါးမြောင်နှစ်လက်ကို ချိတ်ဆွဲထားပြီး အရမ်းကို ရှားပါးတဲ့ ပုံစံပါပဲ။

သူက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

"မြောက်ဘက် အစွန်အဖျားက အသုံးမကျတဲ့ လပြွတ်ကောင်တွေ မင်းတို့လာခဲ့တဲ့ နေရာကို ပြန်သွားကြစမ်း။ မြောက်ပိုင်းဒေသက မင်းတို့သွားလို့ မရနိုင်တဲ့ နေရာတစ်ခုပဲ"

"မင်းက ဘယ်သူလဲ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

တစ်ယောက်ယောက်က အော်ဟစ်လိုက်ပါတယ်။

အဖြူရောင်ဂဝတ်စုံနဲ့ လူငယ်က ဂုဏ်ယူဂင့်ကြွားစွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကိုယ်ငါ မိတ်ဆက်ပေးဖို့ကို ငါမေ့နေတာပဲ။ ဟင့်… . မင်းတို့လို အသုံးမကျတဲ့ လပြွတ်ကောင်တွေရဲ့ အရှေ့မှာ ငါ့ရဲ့နာမည်ကို ကြေညာလိုက်မယ်ဆိုရင် ငါ ပေါင်ရှင်းရန် အတွက်တော့ အရှက်ခွဲသလို ဖြစ်နေတော့မှာပေါ့။ ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ နာမည်ကို ငါ မကြေညာသင့်ဘူးလို့ ငါထင်တယ်"

"ခွိ ခွိ ခစ်ခစ် "

လူတော်တော်များများပဲ ချက်ချင်းဆိုသလို

တံတွေးသီးလုမတတ် ရယ်မောလိုက် ကြပါတယ်။မင်းရဲ့ နာမည်ကို မင်းက မကြေညာဘူးလို့ မင်းပြောခဲ့တယ်။ ဒါပေမဲ့ မင်းရဲ့ နာမည်ကို မင်းဘာသာမင်း ထုတ်ပြောလို့ ပြီးပြီလေ။ မင်းခေါင်းရော ကောင်းသေးရဲ့လား။

"ပေါင်မျိုးရိုးနာမည်နဲ့ကောင် မင်းထွက်သွားစမ်း"

လူတစ်ယောက် နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။ ပေါင်ရှင်းရန်ရဲ့ လေသံကို အကဲဖြတ်ရတာတော့ သူက မြောက်ပိုင်းဒေသက အဖွဲ့အစည်းတစ်ခုက ဖြစ်ပါလိမ့်မယ်။ မြောက်ဘက် အစွန်အဖျားအတွက်တော့ မြောက်ပိုင်းဒေသ ဆိုတာက တကယ့် သိုင်းပညာ အစစ်အမှန်တွေ ထွန်းကားရာ ကုန်းမြေကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်.. တကယ်လို့ ပေါင်ရှင်းရန်က ကြမ်းတမ်းရိုင်းစိုင်းစွာနဲ့ ပြောခဲ့ရင်တောင်မှ လူတိုင်းလူတိုင်းက သည်းခံဖို့ ရွေးချယ်ထားပါတယ်။

ပေါင်ရှင်းရန် က သူ့ရဲ့ နားရွက်ကို ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို ထွက်သွားစမ်းလို့ ဘယ်သူက ပြောတာလဲ။ အခု ဒီနေရာကနေ ထွက်သွားစမ်း။ ငါကြည့်လိုက်ဦးမယ်။ တကယ်လို့ ငါက မင်းရဲ့သွားတွေ အကုန်လုံးကို ကျိုးအောင်

လုပ်နိုင်မလားဆိုတာကို ကြည့်ရတာပေါ့”

“တကယ်လို့ ငါပြောတာဆိုရင်ရော ဘာလုပ်ချင်လဲ”

အရပ်မြင့်မြင့် ခန္ဓာကိုယ်တောင့်တောင့်နဲ့ လူငယ်တစ်ယောက်က မတ်တတ်ထရပ် လိုက်ပါတယ်။ သူရဲ့ နောက်ကျောက ကျားတစ်ကောင်နဲ့တူပြီး ခါးက ဂက်ဂံတစ်ကောင်နဲ့ တူပါတယ်။ သူရဲ့ အမြင့်က ၂ မီတာနီးပါးလောက်ရှိပြီး အသားအရေက မည်းပြီးတော့ သူ့ကိုကြည့်ရတာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ ဂက်ဂံကြီး တစ်ကောင်နဲ့ တူပါတယ်။

“ပုန်း”

အားလုံးရဲ့ မျက်စိအမြင်တွေက ပြာသွားခဲ့ပါတယ်။ သူတို့က ပေါင်းရှင်းရန်က လက်သီးတစ်ချက်ကို ရိုင်းစိုင်းတဲ့ ဂက်ဂံကြီးရဲ့ မျက်နှာကို ထိုးလိုက်သလိုမျိုးပဲ မြင်တွေ့လိုက်ရပြီး ဂက်ဂံကြီးနဲ့တူတဲ့ လူကို ပျံသန်းလွင့်ထွက်သွားစေခဲ့ပါတယ်။ အဲဒီ အရပ်မြင့်မြင့်နဲ့ ခန္ဓာကိုယ် တောင့်တင်းတဲ့ လူငယ်က ထပြီးရပ်ဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ လမ်းတဝက်မှာပဲ သူရဲ့ ခေါင်းတစ်ခုလုံးက အမှန်တကယ်ပဲ ပေါက်ကွဲထွက် သွားခဲ့ပါတယ်။ ခေါင်းမရှိတဲ့

ခန္ဓာကိုယ်က ချက်ချင်းပဲ နောက်တစ်ကြိမ် လဲကျသွားပြီး မြေပြင်အနှံ့ သွေးတွေ စွန်းထင်းသွားခဲ့ပါတယ်။

အဲဒီအချိန်အတောအတွင်း နေရာတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါက တစ်ခဏတာမျှသာ ဖြစ်ပြီးတော့ ချက်ချင်းဆိုသလို ပရိသတ်တွေ အားလုံးပဲ ဒေါသတွေ ထွက်ကုန်ကြပြီးတော့ ပေါင်ရှင်းရန်ကို အစိမ်းလိုက် ဝါးစားပစ်ချင်တဲ့ စိတ်တွေ ပေါက်ကုန်ကြပါတယ်။ မင်းကသန်မာတဲ့အတွက် မင်းအနိုင်ရတယ်။ ဒါပေမဲ့ သတ်ပစ်လိုက်ဖို့ လိုလို့လား။

"အိုး… . ငါ့ရဲ့ ထိချက်က အရမ်းပြင်းထန် သွားတာပဲ။ မူလတုန်းက ငါစီစဉ်ထားတာက သူ့ရဲ့ သွားတွေ အားလုံးကို ချိုးပစ်ဖို့ပါပဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဘယ်သူကပဲ ငါ့ကို စော်ကား စော်ကား သေခြင်းတရားနဲ့ ထိုက်တန်တယ်"

ပေါင်ရှင်းရန်က အလေးအနက်မထားပဲ ပြောလိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ နားရွက်ကို နောက်တစ်ကြိမ် ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်ဆန်ကုန်မြေလေးက ငါနဲ့ ထပ်ပြီးတော့ တိုက်ချင်သေးလဲ"

အားလုံးတိတ်ဆိတ် ကုန်ကြပါတယ်။ အဲဒီလူက ဒြပ်စင်စုစည်းခြင်း အဆင့်ပဲ ရှိသေးပေမဲ့ ပေါင်ရှင်းရန်ရဲ့ လုပ်ကြံသတ်ဖြတ်မှုက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ အများစုသော နွေဦးစမ်းရေအဆင့် စစ်သည်တော်တွေ ရှိနေတာတောင်မှ သူရဲ့ တိုက်ခိုက်မှုကို သူတို့ရဲ့ မျက်လုံးတွေနဲ့ သဲသဲကွဲကွဲ မြင်နိုင်စွမ်း မရှိပါဘူး။တကယ်လို့ သူတို့ကိုယ်တိုင်ကိုယ်ကျ ရင်ဆိုင်ရမယ်ဆိုရင် ကောင်းမွန်တဲ့ နိမိတ်လက္ခဏာတော့ ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

ဒါ့အပြင် ဒီလူရဲ့ တိုက်ခိုက်မှုက ကြမ်းတမ်းပြီးတော့ ဒီလိုအခြေအနေမှာ အောင်မြင်ဖို့ မသေချာဘူးဆိုရင် ဘယ်သူကမှ ပြိုင်ပွဲကွင်းထဲကို ဝင်ပြီးတော့ သူ့ကို တိုက်ခိုက်ပုံ့မှာ မဟုတ်ပါဘူး။

"ပေါင်အစ်ကို.. ဒီအသုံးမကျတဲ့သူက အတွေ့အကြုံ ယူပါရစေ"

ကျုံးဟဲကွမ်က ခြေလှမ်းကျဲကြီးတွေနဲ့ ပြိုင်ပွဲ

မြေကွက်လပ်ထဲကို ဝင်လာခဲ့ပါတယ်။

“အိုး… . မင်းတို့ ရှစ်ယောက်က လူငယ်မျိုးဆက်ရဲ့ အစွမ်းအထက်ဆုံး ပါရမီရှင် ဆိုတဲ့ ဂုဏ်သတင်း ထင်ပေါ်ကျော်ကြားမှုကို ရယူဖို့အတွက် ယှဉ်ပြိုင်နေကြတာလား။ ငါရယ်လို့ သေလိမ့်မယ်။ နံပါတ်တစ် ဆိုတာက ဘာကို ခေါ်တာလဲ ဆိုတာကို တကယ်ပဲ မသိတဲ့ အသုံးမကျတဲ့ကောင်တွေက ပထမနေရာအတွက် တိုက်ခိုက်ယှဉ်ပြိုင်ပြီး အနိုင်ရတဲ့သူက ပထမဆုရှင်အဖြစ် ခေါ်ကြဦးမယ်ပေါ့”

ပေါင်ရှင်းရန်က အေးစက်စွာနဲ့ လုံးဝ တုံ့ဆိုင်းခြင်းမရှိပဲ လှောင်ပြောင် သရော်လိုက်ပါတယ်။

“လူကြီးမင်း… မင်းပြောလို့ ပြီးပြီလား”

ကျုံးဟဲကွမ်က အကြီးအကျယ် ဒေါသထွက်နေပြီးတော့ သူ့ရဲ့ခါးမှာ ချိတ်ထားတဲ့ ကျာပွတ်ကို ဖြုတ်ယူလိုက်ပါတယ်။

ပေါင်ရှင်းရန်က သူ့ရဲ့ နားကိုပြန်ကိုင်ပြီးတော့ ပြောလိုက်ပြန်ပါတယ်။

"ဒီလိုဆိုရင် ဘယ်လိုသဘောရလဲ။ ငါက လက်ချောင်းတစ်ချောင်းပဲ အသုံးပြုမယ်။ တကယ်လို့ မင်းကို ငါက သုံးကွက်အတွင်းမှာ မသတ်နိုင်ဘူးဆိုရင် မြေကြီးပေါ်ကို ဒူးထောက်ပြီးတော့ မင်းကို အဘိုးလို့တောင် ခေါ်သေးမယ်"

မောက်မာလွန်းတယ်။ တကယ့်ကို မောက်မာဂင့်ကြွားလွန်းတယ်။

မြောက်ပိုင်းအစွန်အဖျားရဲ့ ပါရမီအရှိဆုံး ရှစ်ယောက်ထဲက တစ်ယောက်ကို ရင်ဆိုင်ဖို့ လက်ချောင်းလေး တစ်ချောင်းကိုပဲ အသုံးပြုမလို့လား။ ဒါ့အပြင် သုံးကွက်အတွင်းမှာ သတ်ပစ်ဦးမယ် ဟုတ်လား။ သူကတကယ်ပဲ အားလုံးကို အထင်သေးပြီး နှိမ့်ချပြီး ကြည့်တာပဲ။ တကယ်လို့ သူနိုင်မလား ရှုံးမလားဆိုတာက အသာထားဦး။ အလှည့်တိုင်းမှာ လူတွေကို သတ်ပစ်မယ်လို့ပဲ ပြောနေတာက မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခုကို လုံးဝ အလေးအနက် မထားဘူးဆိုတဲ့ သဘောပဲ မဟုတ်လား။

အပိုင်း(၃၀၁) ဘယ်သူက ဆန့်ကျင်ပွဲ့လဲ

"အစ်ကိုကျိုး သူ့ကိုသတ်"

"ဟုတ်တယ် သူ့ကိုသတ်ပစ်"

"ငါတို့ မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူတွေက အားမနည်းဘူးကွ"

လူအုပ်ကြီးက ဒေါသထွက်တွေ ထွက်နေကြပါတယ်။ ဒါပေမဲ့ ချန်ဖေးကျွင့်ကတော့ အသံလုံးဝ မထွက်ပဲ နှုတ်ဆိတ်နေခဲ့ပါတယ်။သူက ပေါင်ရှင်းရန်ရဲ့ အကျီလက်မောင်းပေါ်က အမှတ်အသားကို သတိပြုမိ သွားခဲ့ပါတယ်။ ဒါက ဂိုဏ်းကြီးတစ်ခုက တပည့်တစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ပေါင်ရှင်းရန်ကို စိတ်အနှောင့်အယှက် ဖြစ်စေတာက သူ့အတွက် အကျိုးမရှိနိုင်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒါက ကျိုးဟယ်ကွမ်း တစ်ယောက်ပဲလေ။ သူသေတော့ရော ဘာဖြစ်သေးလဲ။ တခြား အရည်အချင်းရှိတဲ့ သူတွေအများကြီး ကျန်သေးတာပဲ။ တစ်ယောက် နှစ်ယောက်လောက် ဆုံးရှုံးသွားတာက ကိစ္စမရှိပါဘူး။

လင်းဟန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်ပါတယ်။

"ကျုံးဟယ်ကွမ်း ခံရလိမ့်မယ်"

"ဘာလို့လဲ"

လွှီယုထန်နဲ့ လီစီချန်းတို ့နှစ်ယောက်က အံ့အားသင့်စွာ မေးလိုက်ပါတယ်။

"ဘာလို့လဲဆိုတော့ အဲ့ဒီကောင်စုတ်လေးက စိတ်ဝိညာဉ် ပင်လယ်အဆင့်အလွှာ ၅ မှာရှိနေတာလေ"

"ဘယ်လို"

လွှီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်လုံး တပြိုင်နက်တည်း အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ်သွားပါတယ်။ အသက်နှစ်ဆယ်မှာ စိတ်ဝိညာဉ် ပင်လယ်အဆင့် ဟုတ်လား။ မဖြစ်နိုင်တာ။ မိုးရေနိုင်ငံမှာတောင် အဲ့လိုလူမျိုး မတွေ့နိုင်ပါဘူး။ အင်း… မကြာသေးခင်တုန်းကတော့ ရန်ထန်းဖောင်နဲ့ ဖန်းယန်တို့ ထွက်ပေါ်လာခဲ့ပါသေးတယ်။ ရန်ထန်းဖောင်ဆိုရင် ပိုတောင်ငယ်ပြီး ဆယ့်ငါးနှစ်သာ ရှိပါသေးတယ်။

ဒါပေမဲ့လည်း ပုံမှန်အားဖြင့်တော့ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို မဝင်ရောက်ခင်မှာ အများစုက အသက် သုံးဆယ်ကျော်တွေ ဖြစ်ကြပြီး အသက်သုံးဆယ်နဲ့ နေ့ဦးစမ်းရေအဆင့် စစ်သည်တွေ ဆိုရင်တောင်မှ မဆိုးဖူးလို့ ပြောလို့ရပါတယ်။

"ဒီတိုက်ပွဲ တိုက်လို့မဖြစ်ဘူး"

ကျူးဂူကျို့က မတ်တတ်ထရပ် လိုက်ပါတယ်။ဒါက တစ်ကယ့်ကို မမျှတတဲ့ တိုက်ပွဲတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"မင်း သွားတားလိုက်..ကန်းရီ ပြန်လာခဲ့"

"ဟုတ်ကဲ့.."

ကျူးဂူကျို့က အမိန့်ကို လိုက်နာပြီး ချက်ချင်းထွက်သွားလိုက်ပေမဲ့ နောက်ကျလွန်း သွားခဲ့ပါပြီ။

ကျုံးဟဲကွမ်က သူ့ဒေါသကို မမျိုသိပ်ထားနိုင်တော့ပဲ ပေါင်ရှင်းရန်ကို သူရဲ့ကြာပွတ်နဲ့ ရိုက်လိုက်ပါတယ်။

"ရှပ်"

ရှည်လျားတဲ့ ကြာပွတ်က မူလစွမ်းအင်တွေ တလိပ်လိပ်တက်နေတဲ့ စိတ်ဝိညာဉ် မြွေတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး လေထုထဲမှာ စွမ်းအင်လှိုင်းတွေကလည်း လှိုင်းဂယက်တွေ ထနေခဲ့ပါတယ်။ အတော်လေးကို ထိတ်လန့်စရာ ကောင်းပါတယ်။

ပေါင်ရှင်းရန်ဟာ အေးစက်စွာနဲ့ တစ်ချက်ပြုံးလိုက်ပြီး သူ့ရဲ့ဘယ်လက် လက်ချောင်းနဲ့ အရှေ့ကို တည့်တည့်ညွှန်လိုက်ပါတယ်။ အဲ့ဒါက ထူးထူးဆန်းဆန်းနဲ့ တိတိကျကျကို ကြာပွတ်ရဲ့အလယ်ကို ထိသွားခဲ့ပါတယ်။ ပေါင်ရှင်းရန်ရဲ့ လက်ချောင်းဆီကနေ ပိုသန်မာတဲ့ မူလစွမ်းအင်တွေတောင်မှ တရှိန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။ ကြာပွတ်ဟာ သူ့ရဲ့အားအနည်းဆုံးနေရာကို ထိခံလိုက်ရ သလိုမျိုး ချက်ချင်းပဲ ပျော့ပြောင်းသွားခဲ့ပါတယ်။

ကျုံးဟဲကွမ် ကြောင်အသွားခဲ့ပါတယ်။ သူက နောက်ထပ်တိုက်ခိုက်ဖို့ ကြာပွတ်ကို ရိုက်လိုက်ပေမဲ့

ပေါင်ရှင်းရန်က ပျံထွက်သွားခဲ့ပါပြီ။ သူ့ရဲ့အမြန်နှုန်းက တစ်မူထူးဆန်းပြီး မြန်ဆန်လွန်းလှပြီး ခြေထောက်တစ်ချက် လှုပ်ရှားလိုက်တာနဲ့ ကျုံးဟဲကွမ်းရဲ့ အရှေ့မှာ အေးစက်စက် အပြုံးတစ်ခုနဲ့ အတူ ပေါ်လာခဲ့ပါတယ်။

ကျုံးဟဲကွမ်းတစ်ယောက် အတော်လေး ထိတ်လန့်ပျာယာ ဖြစ်သွားပြီး သူ့ရဲ့ကြာပွတ်ကို အသုံးမပြုပဲ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ ပေါင်ရှင်းရန်က သူ့ရဲ့နဖူးကို လက်ညှိုးလေးနဲ့ အသာလေး ဆတ်ခနဲ တောက်လိုက်တာနဲ့ ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။ လေထဲမှာ ရှိနေတုန်းမှာပဲ ကျုံးဟဲကွမ်ရဲ့ခေါင်းက ပြင်းထန်စွာ ပေါက်ကွဲထွက်သွားပြီး သွေးတွေနဲ့အတူ ဦးနှောက်အပိုင်းအစတွေက နေရာအနှံ့ကို ပြန့်ကျဲသွားပါတယ်။

ကြည့်နေတဲ့ ပရိသတ်တွေ အားလုံးက သူတို့မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူတို့ရဲ့ ခန္ဓာကိုယ်တွေ တုန်ယင်သွားကြပါတယ်။ ဒါက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုရဲ့ အသန်မာဆုံး ပါရမီရှင်တွေထဲက တစ်ယောက်လေ။ အခုလို ပုရွက်ဆိတ် တစ်ကောင်ကို သတ်သလိုမျိုး အလွယ်တကူ သတ်ဖြတ်ခံလိုက် ရတာကို သူတို့အနေနဲ့ ဘယ်လိုလုပ် လက်ခံနိုင်ကြမှာလဲ။

သူတို့ဟာ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်မှုတွေနဲ့အတူ တစ်စုံတစ်ခုကို တွေးမိလာကြပါတယ်။ မြောက်ပိုင်းဒေသမှာတောင် ဒီလိုမျိုး မွန်းစတားတွေနဲ့ ပြည့်နေခဲ့မယ်ဆိုရင် သူတို့သွားနေတဲ့ ဆောင်းလဂိုဏ်းမှာဆိုရင်ရော ဘယ်လောက်တောင်များ ရှိနေလိမ့်မလဲ။ တောင်တံခါးဝကို ဝင်နိုင်ဖို့အတွက် သူတို့က သေချာပေါက် ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေကို ကြုံတွေ့ရလိမ့်မှာဖြစ်ပြီး တခြားသူတွေက သူတို့ကို သာမန်ကာလျှံကာနဲ့ သတ်သွားနိုင်ပါတယ်။

သူတို့က ပိုမိုမြင့်မားတဲ့ သိုင်းပညာအဆင့်တွေကို ရှာဖွေဖို့ လာရောက်ခဲ့တာပါ။သူတို့အသက်တွေ ပေးဖို့ မဟုတ်ပါဘူး။

အဲ့ဒီခဏမှာပဲ လူအနည်းငယ်က နောက်ပြန်ဆုတ်ဖို့ အတွေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"လူတစ်ယောက်ရဲ့ ဦးနှောက်တွေ ပေါက်ကွဲပြီး ထွက်သွားတဲ့အချိန်က အလှဆုံးပဲလို့ မင်းတို့ကောင်တွေ မထင်မိဖူးလား"

ပေါင်ရှင်းရန်က မိမိကိုယ်ကို စိတ်ကျေနပ် နေတဲ့ဟန်နဲ့

ပြောပြီးတဲ့နောက် ချက်ချင်းပဲ အေးတိအေးစက် ပုံစံကို ပြောင်းလဲသွားပါတယ်။

"မင်းတို့မြောက်ဘက်အစွန်အဖျားက ပုရွက်ဆိတ်တွေက သေတဲ့အချိန်တော့ အတော်လေးကို လှတာပဲ...ငါ တကယ်ကို
မျှော်လင့်မထားဘူး..မယုံကြည်နိုင်လောက်အောင်ပဲ
ဖြစ်မိတယ်"

ဒီစကားက လူတိုင်းကို ဒေါသထွက်သွား စေခဲ့ပါတယ်။ဒါပေမဲ့လည်း တခြားအဖွဲ့ရဲ့ အင်အားအကြောင်းကို တွေးမိတဲ့အခါ ကျွတ်စိကျွတ်စိ မလုပ်ဝံ့ကြပါဘူး။

"မင်းက နွေဦးစမ်းရေအဆင့်မှာ မဟုတ်ဘူး"

ယုချွေယွမ်က ရုတ်တရက် ပြောလိုက်ပါတယ်။

ကျုံးဟဲကွမ်က နွေဦးစမ်းရေအဆင့် အလွှာကိုးမှာ ဖြစ်ပါတယ်။ဒါ့ကြောင့် နွေဦးစမ်းရေအဆင့်က ဘယ်သူမဆို နှစ်ကွက်ထဲနဲ့ သူ့ကိုသတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ စိတ်ဝိညာဉ် ပင်လယ်အဆင့်က လူတစ်ယောက်ကပဲ

ဒီလိုစွမ်းရည်မျိုး ပိုင်ဆိုင်ထား နိုင်ပါလိမ့်မယ်။

"ဖြောင်း ဖြောင်း ဖြောင်း "

ပေါင်ရှင်းရန်က လက်ခုပ်တီးလိုက်ပြီး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ဆုံးတော့ ပါးနပ်တဲ့သူ တစ်ယောက်ပေါ်လာခဲ့ပြီပဲ။ ဒါပေမဲ့ ငါကဘယ်လိုလုပ်ပြီးတော့ ငွေဦးစမ်းရေအဆင့် စစ်သည်တစ်ယောက် ဖြစ်မှာလဲ။ ငါ့လိုမျိုး ပါရမီရှင်တစ်ယောက်က အသက် နှစ်ဆယ့်ငါးနှစ်နဲ့ ဒီအသုံးမကျတဲ့ ငွေဦးစမ်းရေအဆင့်မှာပဲ ဘယ်လိုလုပ်ပြီး ရှိနေမှာလဲ"

"စိတ်ဝိညာဉ် ပင်လယ်အဆင့်"

လူတိုင်း အော်ဟစ်လိုက်ကြပြီး ဒေါသတွေ အပြင်းအထန် ထွက်လာခဲ့ကြပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျွမ်းကျင်သူ တစ်ယောက်က ငွေဦးစမ်းရေအဆင့် စစ်သည်တွေကို ရက်စက်စွာ သတ်ဖြတ်ဖို့ ဒီနေရာကို ဘာဖြစ်လို့ ရောက်လာခဲ့တာလဲ။

ပေါင်ရှင်းရန် ခြေလှမ်းလိုက်ရာ မျဉ်းကြောင်းပုံစံ လိုင်းကြောင်းတွေ ကျယ်ပြန့်လာခဲ့ပြီး အစိမ်းရောင် အမှတ်အသားတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သိုင်းဆန္ဒတွေကို အပြင်ဘက်ကို ထုတ်ဖော်ခြင်း။၎င်းက စိတ်ဝိညာဉ်ပင်လယ် အဆင့်ရဲ့ အမှတ်အသား တစ်ခုပဲဖြစ်ပါတယ်။

"ဒီကလူကြီးမင်း တော်တော်လွန်နေပြီ ထင်တယ်။သိက္ခာရှိတဲ့ စိတ်ဝိညာဉ်ပင်လယ် အဆင့်တစ်ယောက်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ဖုံးကွယ်ပြီး အလှည့်တိုင်းမှာ လူတွေကို သတ်နေတာကတော့ ကျွန်တော်တို့ကို သည်းမခံနိုင်လောက်အောင် အနိုင်ကျင့်နေတယ်လို့ မထင်မိဘူးလား"

ပိုင်ယွီချွမ်က အသံသြဇာ အပြည့်နဲ့ ပြောလိုက်ပါတယ်။

"ကောင်းတယ်။ ပြောတာ ကောင်းတယ်"

လူတိုင်းက သူ့ကို ဩဘာပေး လိုက်ကြပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်က ဒီလိုမျိုး လူတွေကို အနိုင်မကျင့်သင့်ပါဘူး။ အဲဒါက မြောက်ဘက်အစွန်အဖျား

နိုင်ငံကိုးခုမှာ စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေ တစ်ယောက်မှ မရှိသလိုမျိုး အနိုင်ကျင့်နေတာနဲ့ တူနေပါတယ်။

"တရားလွန်နေပြီ ဟုတ်လား။ ငါက မင်းတို့လို အသုံးမကျတဲ့ ကောင်တွေနဲ့ အသက်က တူတူပဲနော်။ငါ့ရဲ့ကျင့်ကြံခြင်း အဆင့်က ပိုမြင့်ပြီး ငါ့ခွန်အားကလည်း မင်းတို့ကောင်တွေထက် သာလွန်နေတယ် ဆိုတာက ငါ့ရဲ့ပါရမီက ပိုပြီးမြင့်မားနေလို့ပဲ။ မင်းတို့တွေ အကုန်လုံးက သောက်သုံးမကျတဲ့ ဆန်ကုန်မြေလေးတွေပဲ။ သောက်သုံးမကျတဲ့ သူတွေအနေနဲ့ မင်းတို့တွေ ငါ့ခြေထောက်အောက်က ခြေနင်းခံရမဲ့ လှေကားထစ်တွေပဲ ဖြစ်သင့်တယ်"

"လုံးဝကို စက်ဆုပ်ရွံရှာဖို့ ကောင်းတယ်"

"ငါတို့ အကုန်စုပြီး တိုက်ကြစို့။အဆိုးဆုံးတော့ ဆယ်ဂဏန်း ကျော်ကျော်လောက်ပဲ သေလိမ့်မယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို သတ်ကို သတ်ပစ်ရမယ်"

"ဟုတ်တယ်ငါတို့ မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူတွေက ဒီလောက်နဲ့ စာမဖွဲ့ဘူး"

ပေါင်ရှင်းရန်ရဲ့ ရန်စခြင်းဟာ နောက်ဆုံးမှာတော့ လူတိုင်းပဲ သူတို့တွေရဲ့ ကြောက်ရွံ့မှုတွေကို ကျော်လွန်ပြီး အဆုံးမဲ့ ဒေါသတွေပဲ ကျန်နေစေခဲ့ပါတယ်။ သူတို့ရဲ့ ဒေါသတွေ ပေါက်ကွဲဖို့အတွက် ဒီစိတ်ကြီးဝင် နေတဲ့ကောင်ကို သူတို့ သတ်ရပါလိမ့်မယ်။

"အိုး...ငါ့ကို သတ်မလို့လား"

ပေါင်ရှင်းရန်က သရော်ပြုံး ပြုံးလိုက်ပြီး သူ့ရဲ့ဘယ်လက်ကို မြှောက်လိုက်ပြီးတော့ လူတိုင်းကို လှည့်ပတ်ပြပြီး ပြောလိုက်ပါတယ်။

"ဆန်ကုန်မြေလေးတွေ...ဒီအမှတ်အသားကို မြင်ကြရဲ့လား။ ဒါက အေးစက်စက်ရေဂိုဏ်းရဲ့ အကြီးလက် အမှတ်အသားပဲ။ငါက အေးစက်စက်ရေဂိုဏ်းရဲ့ တပည့်တစ်ယောက်ပဲ။ ငါ့ကို သတ်နိုင်သည်ဖြစ်စေ မသတ်နိုင်သည်ဖြစ်စေ ကိစ္စမရှိဘူး။ တစ်ကယ်လို့ သတ်နိုင်ခဲ့ရင်တောင်မှ မင်းတို့ကောင်တွေ အကုန်လုံးတင်မက မင်းတို့မိသားစုတွေပါ သေကုန်လိမ့်မယ်။ မင်းတို့ရဲ့ တိုင်းပြည်တွေတောင် ဖျတ်စီးခံရလိမ့်မယ်"

"ဘာ့ကြောင့်လဲဆို ငါဆိုတဲ့ကောင်က အေးစက်စက်ရေဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်နေလို့ပဲ။ နားလည်လား ဆန်ကုန်မြေလေးတွေ"

ပေါင်ရှင်းရန်က သူ့ရဲ့ဘယ်လက်ကို ဟိတ်ကြီးဟန်ကြီးနဲ့ ပြန်ချလိုက်ပါလိုက်တယ်။

"အခု ဘယ်ဆန်ကုန်မြေလေးတွေ လက်မခံချင်သေးဖူးလဲ"

အဲ့ဒီခဏမှာ လူအုပ်ကြီးတစ်ခုလုံးဟာ အသံတွေ ပျောက်ရှသွားပြီး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

ဒါပေ့ါ စိတ်ဝိညာဉ် ပင်လယ်အဆင့်က ဘာမှမဟုတ်ပါဘူး။ သူတို့သာ စည်းလုံးပြီး ထင်ရာစိုင်းတဲ့ တိုက်ခိုက်မှုနဲ့ဆိုရင် သူ့ကိုသတ်နိုင်မှာပါ။ ဒါပေမဲ့ အေးစက်စက်ရေဂိုဏ်းကတော့ မတူပါဘူး။ ဂိုဏ်းတစ်ခုလို့ ဆိုလိုက်တာနဲ့ အနည်းဆုံး အဲ့ဒီဂိုဏ်းကို စောင့်ကြပ်ပေးနေတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတစ်ယောက် ရှိတယ်လို့ ဆိုလိုလိုက်တာပဲ ဖြစ်ပါတယ်။ ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက စိတ်ကူးလို့တောင် မရတဲ့ စွမ်းအားတွေ ရှိပါတယ်။

သူတို့မှာ ရဲစွမ်းသတ္တိတွေ ရှိနေခဲ့ရင်တောင်မှ သူတို့နောက်ကွယ်မှ မိသားစုနဲ့ တိုင်းပြည်တွေကို စဉ်းစားရပါဦးမယ်။ တကယ်လို့ အေးစက်စက်ရေဂိုဏ်းလို တကယ့်အကောင်ကြီးကြီး အမြီးရှည်ရှည်ကိုသာ သူတို့သွားပြီး ဆွဲမိလိုက်ရင် ဘယ်လောက်တောင် ကံဆိုးမိုးမှောင် ကျသွားလိမ့်မလဲ။ ကျားမြီးကို သွားဆွဲလိုက်သလို ဖြစ်သွားပါလိမ့်မယ်။

"အခု မင်းတို့ရဲ့ ခွေးအိမ်တွေကို ပြန်သွားကြတော့။ လမင်းကျဆင်း ချောက်နက်က နေပြီးတော့ မြောက်ပိုင်းဒေသကို ထွက်ခွာဝံ့တဲ့ ဘယ်သူကိုမဆို ငါက သူတို့ရဲ့ သောက်ရေးမပါတဲ့ ခေါင်းတွေကို ဖြတ်ပစ်ရလိမ့်မယ်"

ပေါင်ရှင်းရန်က အေးစက်စွာနဲ့ ခြိမ်းခြောက် ပြောဆိုလိုက်ပါတယ်။

အဲဒီအချိန်ကျမှ မြောက်ပိုင်းဒေသကို ဝင်ရောက်တာကို တားဆီးဖို့ အခြားအဖွဲ့တစ်ခု ရှိသေးတယ် ဆိုတာကို သိလိုက်ရပါတယ်။ ဒီလိုသေရေးရှင်ရေး အခြေအနေမှာ ဖြစ်နိုင်ချေ နှစ်ခုရှိပါတယ်။

ပထမအနေနဲ့ ပေါင်ရှင်းရန်က မနက်ဖြန်မှာ ကျင်းပမဲ့ လေလံပွဲကို သူတို့တွေ အားလုံးကို မတက်ရောက်စေချင်တာပါ။ ဒုတိယ အနေနဲ့ကတော့ ဆောင်းလဂိုဏ်းရဲ့ ဝင်ခွင့်စာမေးပွဲကို သူတို့တွေ မတက်နိုင်အောင်လို့ တားဆီးတာ ဖြစ်ပါလိမ့်မယ်။

ဒါမှမဟုတ် နှစ်ခုစလုံးလည်း ဖြစ်နိုင်ပါတယ်။

"မင်းတို့တွေ အကုန်လုံး ဘာဖြစ်လို့ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေကြသေးတာလဲ"

ပေါင်ရှင်းရန်က စိန်းစိန်းဝါးဝါး ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင်ခွန်အားနဲ့တောင် သူတို့တွေကို နှိပ်စက်နိုင်ရုံသာမက သူ့နောက်မှာ ရပ်တည်နေတဲ့ တကယ့်မွန်းစတားကြီးတွေထဲမှာ ထိပ်ဆုံးကပါဝင်တဲ့ အေးစက်စက်ရေဂိုဏ်း ရှိနေတဲ့အတွက် ပေါင်ရှင်းရန်မှာ တကယ့်ကို ပြင်းပြတဲ့ ယုံကြည်မှုတွေ ရှိနေခဲ့တာ ဖြစ်ပါတယ်။

သေစမ်းကွာ။

လူတိုင်းဟာ သူတို့ရဲ့ လက်သီးတွေကို ကျစ်ကျစ်ပါအောင်

ဆုပ်လိုက်ကြပါတယ်။ တင်းတင်းကျပ်ကျပ် ဆုပ်ထားလွန်းလို့ သူတို့အရိုးတွေတောင် တဖျစ်ဖျစ်နဲ့ မြည်နေပါတယ်။ ဒီလိုချာတိတ် တစ်ယောက်ကြောင့် သူတို့တွေ အမုန်တကယ်ပဲ အမြီးကုပ်ပြီးတော့ သူတို့ရဲ့ လာရာလမ်းဖြစ်တဲ့ အိမ်ပြန်ရတော့မှာလား။

"အိုး...ဟုတ်သားပဲ။စောစောတုန်းက နှစ်ရာနဲ့ချီပြီးတော့ သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေ ရှိတယ်လို့ ငါကြားလိုက်မိတယ် ထင်တယ်"

ပေါင်ရှင်းရန်က အပြုံးတစ်ခုကို ထုတ်ဖော်လိုက်ပြီး သူ့ရဲ့အကြည့်ထဲမှာ လောဘကြီးတဲ့ အရိပ်အယောင်တွေ ဖြတ်ပြေးသွားခဲ့ပါတယ်။

"မင်းတို့အားလုံး ထွက်မသွားခင် အဲဒီဂျင်ဆင်းတွေ ဆေးဖက်ဝင် အပင်တွေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေ အကုန်လုံးကို ချန်ထားခဲ့ကြ။ ချန်မထားပဲနဲ့ အဲဒါကို ဝှက်ထားရဲတဲ့ လူတွေကို အကုန်သတ်ပစ်မယ်"

လူအုပ်ကြီးဟာ ချက်ချင်း အုတ်အော်သောင်းနင်း ဖြစ်သွားခဲ့ပါတယ်။
ပိတ်ရက်အပိုင်း(၃၈၂) ဂရန်းမာစတာလင်းကို လှုပ်ရှားဖို့

ပြောခြင်း

ပေါင်ချင်းရန်က တော်တော်လေးကို လွန်နေခဲ့ပါပြီ။ သူတို့တွေကို မြောက်ဘက်အစွန်အဖျားကို ပြန်မောင်းထုတ်ရုံသာမက လုယက်ဖို့ပါ စီစဉ်ထားပါတယ်။

"ဂရမ်းမာစတာချန် တစ်ခုခုပြောဖို့ အစီအစဉ် မရှိဘူးလား"

လူတစ်ယောက်က ထပြီးတော့ ချန်ဖေးကျွင့်ကို မေးလိုက်ပါတယ်။ ချန်ဖေးကျွင့်က ဒီသိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲရဲ့ စီစဉ်သူတစ်ယောက် အနေနဲ့ အခုလိုမျိုး ဖြစ်ပျက်နေတာကို ဘယ်လိုလုပ်ပြီးတော့ ဒီအတိုင်း ဘေးမှာရပ်ပြီး ကြည့်နေနိုင်တာလဲ။

ချန်ဖေးကျွင့်က အခုလိုမျိုး ထောက်ပြပြောဆို ခံလိုက်ရတာကြောင့် မတ်တတ်ရပ်ပြီး ပြောဆိုလိုက်ပါတယ်။

"ပေါင်ရှင်းရန်..ဒါက လမင်းကျဆင်း ချောက်နက် ဖြစ်တယ်။ ဒီနေရာက ငါတို့ တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ ပိုင်နက်နယ်မြေပဲ။ ဒီနေရာက မင်းအတွက် ဟန်ရေးပြဖို့ တစ်ကယ်ပဲ သင့်တော်ရဲ့လား"

"အားရှိရှိ… .အနက်ရောင်အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင်ပါလား"

ပေါင်ရှင်းရန်ရဲ့ အကြည့်က သူ့ဆီကို ရောက်လာပါတယ်။သူအာရုံမစိုက်ပဲ မနေနိုင်ခဲ့ပါဘူး။

"ခင်ဗျားက အယောင်ဆောင် တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား။ ခင်ဗျားနဲ့ ကျုပ်နဲ့က အသက်အများကြီး မကွာပဲနဲ့ ဘယ်လိုများ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်တာလဲ"

သူက ချန်ဖေးကျွင့်ရဲ့ ရင်ဘက်မှာ ငွေရောင်တံဆိပ် သုံးခု ရှိတယ်ဆိုတာကို သိနေခဲ့ပါတယ်။

ချန်ဖေးကျွင့်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို မည်းမှောင်သွားပါတယ်။ အခုဆို လူတိုင်းက သူကို တော်တော်ချဉ်နေပါပြီ။ ချန်ဖေးကျွင့်က ပြတ်ပြတ်သားသားပဲ ပြောလိုက်ပါတယ်။

"ဟမ့်....ငါက ချန်ဖေးကျွင့်ပဲ။ ဒီမြို့ကနေ အခုချက်ချင်း ထွက်သွားလိုက်။ မဟုတ်ရင် ကြယ်စင်

ခုခံကာကွယ်ရေးတပ်ဖွဲ့က မင်းကို မောင်းထုတ်လိမ့်မယ်"

ကျန်တဲ့သူတွေ ဒီစကားကို ကြားတဲ့အခါ လူတိုင်းက စိတ်စနိုးစနောင့် ဖြစ်သွားပါတယ်။ သူ့ရဲ့ခေါင်းကို တခြားလူတစ်ယောက်က နင်းထားပေမဲ့ သူလုပ်နိုင်တာက အခြားသူတွေ ထွက်ခွာစေဖို့ပါပဲ။ဘယ်လောက်တောင် မုန်းစရာ ကောင်းလိုက်လဲ။

"အဲ့လိုလား"

ပေါင်ရှင်းရန်က အေးအေးဆေးဆေး ပြုံးလိုက်ပြီး အလံလေး တစ်ခုကို သာမန်ကာလျှံကာ ဆွဲထုတ်ပြီးတော့ မြေကြီးပေါ်ကို ချလိုက်ပါတယ်။

အလံက ရုတ်တရက် ကြီးလာပြီး ဆယ်မီတာခန့် ရှည်လျားတဲ့ အလံကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

အလံပေါ်မှာ မြစ်တစ်ခုကို ဆွဲထားပြီး အဲဒီမြစ်ရဲ့ ပတ်ဝန်းကျင်မှာ ဖြူဖွေးနေတဲ့ နှင်းတွေနဲ့ ပိုင်းထားပါတယ်။ အကြည့်တစ်ချက်နဲ့တင် လူတစ်ယောက်ကို ရေခဲနဲ့ နှင်းကမ္ဘာကြီးထဲကို ရောက်သွားသလိုမျိုး တစ်ကိုယ်လုံး အေးစိမ့်သွားမတတ် ဖြစ်သွားစေနိုင်ပါတယ်။

မဟုတ်ဘူး။မဟုတ်သေးဘူး။

ဒါက ခံစားချက်ပဲ မဟုတ်ပါဘူး။ အတော်လေးကို စစ်မှန်ပါတယ်။ သူတို့ရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ အပူချိန်တွေက သိသိသာသာနဲ့ကို ကျဆင်းလာတာကို ရှင်းရှင်းလင်းလင်းနဲ့ ခံစားလိုက် ရပါတယ်။ အပူချိန်က ဒီအတိုင်း ရပ်တန့်မနေပဲ ဆက်လက်ပြီးတော့ ကျဆင်းနေဆဲ ဖြစ်ပါတယ်။

"အေးစက်စက်ရေဂိုဏ်းရဲ့ အလံတော်"

ချန်ဖေးကျွင့်က အံ့အားသင့်စွာ ပြောလိုက်ပြီး သူ့ရဲ့မျက်နှာအမူအရာကလည်း အတော်လေးကို ပျက်ယွင်းသွားခဲ့ပါတယ်။

ပေါင်ရှင်းရန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ ကျုပ်တို့ဂိုဏ်းက ဒီနယ်မြေမှာ တစ်ခုခုလုပ်ဖို့ အစီအစဉ်ရှိတယ်။ ဂရမ်းမာစတာချန် ကျုပ်တို့ကို မျက်နှာသာပေးဖို့ မျှော်လင့်ပါတယ်။ မဟုတ်ရင် ခင်ဗျားကို မျက်နှာသာ မပေးတဲ့အတွက် ကျုပ်တို့ဂိုဏ်းကို အပြစ်မတင်ပါနဲ့"

ချန်ဖေးကျွင့်ရဲ့ ရင်ဘက်က နိမ့်လိုက်မြင့်လိုက် ဖြစ်နေပြီးတော့ သူ့စိတ်ထဲမှာ အပြင်းအထန်ကို ရုန်းကန်နေရပုံ ပေါ်ပါတယ်။ ဒါပေမဲ့လည်း အဆုံးမှာတော့ သူမြေကြီးပေါ်ကို ခြေပစ်လက်ပစ် ထိုင်ချလိုက်ရပါတယ်။

ချန်ဖေးကျွင့်က သူ့ရဲ့ကိုယ်ပိုင်နာမည်နဲ့ ဒီသိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲကို စီစဉ်ခဲ့တာပါ။ ဒါ့ကြောင့် တောက်ပသော ကြယ်နန်းတော် ခန်းမနဲ့ ပက်သက်စရာ အကြောင်းမရှိပါဘူး။

ဒါကြောင့် မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ နာမည်ကို အသုံးပြုပြီး တဖက်လူကို နောက်ဆုတ်သွားစေဖို့ နည်းလမ်းမရှိခဲ့ပါဘူး။ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမည်က အတော်လေး လေးစားဖွယ်ကောင်းပြီး အင်အားကြီးမားတဲ့ ဂိုဏ်းတွေတောင်မှ သူ့ကိုအန္တရာယ် မပြုဝံ့ပါဘူး။ ဒါပေမဲ့လည်း ဂိုဏ်းကြီးတွေက သူ့ကို သေချာပေါက် မျက်နှာသာပေးရမယ်လို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။

ပေါင်ရှင်းရန်က သူ့ကိုတစ်ဖက်မှာထားပြီး လုံးဝကို လျစ်လျူရှု ထားပါတယ်။ ချန်ဖေးကျွင့်က သူ့ရဲ့လုပ်ဆောင်ချက်တွေကို

ကန့်ကွက်ပြောဆိုဖို့ သူ့ရဲ့ ဂိုဏ်းဆီ ဘယ်လိုလုပ် ပြေးရဲမှာလဲ။

ချန်ဖေးကျွင့်တောင်မှ အမြီးကုပ်နေတာကို တွေ့လိုက်ရတဲ့အခါ လူတိုင်းက မျှော်လင့်ချက်တွေ မဲ့သွားသလို ခံစားလိုက်ရပါတယ်။

သူတို့လို လူထောင်ပေါင်း အနည်းငယ်က လူတစ်ယောက်ရဲ့ လုယက်တာကို ခံရတော့မှာလား။ အဲ့ဒီလုယက်တဲ့သူက စိတ်ဝိညာဉ်ပင်လယ်အဆင့်ပဲ ရှိသေးတယ် ဆိုရင်တောင်မှ သူတို့တွေ ထွက်ပြေးရပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီကောင်က တစ်ယောက်ထဲပါ။ အားလုံးက တစ်ချိန်ထဲ ထွက်ပြေးရင် သူတို့တွေ အကုန်လုံးကို တစ်ယောက်တည်းက ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။

"မင်းတို့ထွက်ပြေးဖို့ စိတ်ကူးထားရင်တောင်မှ နည်းလမ်းမရှိဘူး"

ပေါင်ရှင်းရန်က ပြုံးလိုက်ပါတယ်။

"ဒါက ငါတို့ဂိုဏ်းရဲ့အလံပဲ။ ဒီအလံကို

တစ်ကြိမ်ဖွင့်လိုက်တာနဲ့ တစ်မိုင်အတွင်းမှာရှိတဲ့ နယ်မြေအကုန်လုံးကို ပိတ်ဆို့ထားလိမ့်မယ်။ ငါ့ခွင့်မပြုပဲနဲ့ ဘယ်သူမှ မိုးပေါ်ကိုတောင် ပျံပြီးတော့ မပြေးနိုင်ဘူး။ ကဲကဲ အခု မင်းတို့အားလုံး လိမ်လိမ်မာမာနဲ့ ပစ္စည်းတွေကို ငါ့ဆီလွှဲပြောင်း ပေးလိုက်တော့"

သူက အေးစက်စွာ အမိန့်ပေးလိုက်ပါတယ်။

ဆောင်းလဂိုဏ်းနဲ့ အေးစက်စက်ရေဂိုဏ်းတို့က တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း မသင့်မြတ်ကြပါဘူး။ ဒါ့ကြောင့် ဒီနေရာက လူတွေကို ဆောင်းလဂိုဏ်းရဲ့ ဝင်ခွင့်စာမေးပွဲမှာ မပါဝင်နိုင်ဖို့နဲ့ မြောက်ပိုင်းဒေသထဲကို ဂင်လာတာကို တားဆီးဖို့ သူ့ဆရာရဲ့ အမိန့်အရ ဒီနေရာကို သူလာရောက်ခဲ့တာပါ။ အခြားဂိုဏ်းကို အားနည်းစေနိုင်မယ်ဆိုရင် သူတို့ကို အနည်းငယ် အရှက်ရစေမယ် ဆိုရင်တောင်မှ အဆင်ပြေပါတယ်။

ဒါပေမဲ့လည်း သူရောက်လာတဲ့ အခါမှာတော့ နှစ်ရာချီသက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဂင် အပင်တွေ အများကြီး ပေါ်ပေါက်လာတာကို သိရှိလိုက်ရတဲ့ အတွက်ကြောင့် အတော်လေး ပျော်ရွှင်သွားစေပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူတကယ့်ကို ငွေထုပ်အကြီးကြီး

ပိုက်မိတာပဲ။

"ဂရမ်းမာစတာလင်း...အဲ့ဒီကောင်ကို သေအောင် ရိုက်ပစ်လိုက်စမ်းပါဗျာ"

"ဟုတ်တယ်..အဲ့ဒီကောင်က တကယ်ပဲ စက်ဆုပ်ရွံရှာဖို့ကောင်းတယ်"

ဒီနေရာမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ရှိနေပါတယ်။တကယ်လို့ အေးစက်စက်ရေဂိုဏ်းရဲ့ ဂိုဏ်းအကြီးအကဲကိုယ်တိုင် ရောက်ခဲ့ရင်တောင်မှ လင်းဟန်ကို မျက်နှာသာ ပေးရလိမ့်မှာပါ။

ဘာနဲ့တူသလဲဆိုရင် ပန်ဖူးအဆင့်တွေဟာ မသေမျိုးတွေလိုမျိုး ဖြစ်လာချိန်မှာ စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တွေကတော့ သေမျိုးတွေအဖြစ် ရှိနေတုန်းပဲ ဆိုတာနဲ့ အလားသဏ္ဍာန် တူညီပါတယ်။

မှော်ဆေးပညာရှင် တစ်ယောက်က မြေကမ္ဘာအဆင့်သို့ တက်လှမ်းသွားတာနဲ့ အဆင့်အတန်းက ဆူးချွန်တစ်ခုလို ထက်မြက်ပြီးတော့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်တွေ နှိုင်းယှဉ်နိုင်တဲ့ အရာတစ်ခု

မဟုတ်တော့ပါဘူး။

ဒါအပြင် လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကို လူသိရှင်ကြား အသိအမှတ်ပြု လက်ခံထား ကြပါတယ်။ သူက ဖန်းယန်နဲ့ ရန်ထန်းဇောင်တို့ နှစ်ယောက်ကို ဆက်တိုက် အနိုင်ယူခဲ့သူ ဖြစ်ပါတယ်။ သူက တစ်ကယ့်ကို မွန်းစတားတစ်ကောင်ပါ။

လင်းဟန်က ပြုံးသွားပါတယ်။

"မင်းတို့ကောင်တွေ ငါ့ကို ဂင်မပါစေချင်ခဲ့တာ မဟုတ်ဘူးလား။ မင်းတို့ရဲ့ အပြောင်းအလဲတွေက မြန်လိုက်တာ"

သူတို့တွေ အကုန်လုံး ရှက်ကိုးရှက်ကန်း ဖြစ်သွားကုန် ကြပါတယ်။ အရင်တုန်းက သူတို့တွေ လင်းဟန်ကို နည်းနည်းလေးမှ မလှုပ်ရှားစေချင်ခဲ့ပါဘူး။ သူတို့တွေက ဒီသိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲမှာ ပထမနေရာကို ရယူချင်ခဲ့တာပါ။ ဒါပေမဲ့ အခုတော့ အပြင်လူ တစ်ယောက် ရောက်ရှိလာခဲ့ပြီး သူ့ရဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့် စွမ်းရည်တွေနဲ့ သူတို့တွေ အကုန်လုံးကို အနိုင်ကျင့်နေပါတယ်။ ဒါကြောင့် သူ့ကို နှိမ်နင်းဖို့ လင်းဟန်ကို အကူအညီတောင်းဖို့ပဲ သူတို့တွေ

ရွေးချယ်နိုင်ပါတော့တယ်။

လွှီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်လည်း လင်းဟန်ကို တိုက်တွန်းခဲ့ပါတယ်။ ဒီအချိန်မှာ လင်းဟန်သာ အရှေ့ထွက်ပြီး ပေါင်ရှင်းရန်ကို အပြတ်အသတ် အနိုင်ယူပြလိုက်မယ်ဆိုရင် မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုရဲ့ လူငယ်မျိုးဆက်တွေထဲမှာ အသန်မာဆုံးအဖြစ် သူ့အဆင့်အတန်းကို အတည်ပြုလိုက်တာနဲ့ အတူတူပဲ ဖြစ်သွားပါလိမ့်မယ်။

သူတို့ချစ်ခင် မြတ်နိုးရတဲ့ ယောကျာ်းက ဒီလိုမျိုး နာမည်ကောင်းမျိုး ရယူနိုင်ဖို့ မျှော်လင့်နေ ခဲ့ကြတာက သဘာဝကျပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ထရပ်လိုက်ပါတယ်။ သူ့မှာ တခြားရွေးချယ်စရာ မရှိပါဘူး။ ပေါင်ရှင်းရန်က သူတို့တွေ အကုန်လုံးကို လုယက်ချင် နေခဲ့တာပါ။ ဒါက လင်းဟန်ရဲ့ အကျိုးအမြတ်နဲ့ စီးပွားရေးကို ထိခိုက်စေပါတယ်။

သူ့ရဲ့ ပစ္စည်းတွေကို လုယက်ချင်တာလား။

တခြားဘာမှ ပြောနေစရာ မလိုပါဘူး။ အဲဒီလုယက်ချင်တဲ့

သူကိုပဲ သတ်ပေးလိုက်တာပေါ့။

လင်းဟန်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လို့ လာခဲ့ပါတယ်။ ဒီနေရာမှာ သူရဲ့ လှုပ်ရှားမှုတွေကို ထိန်းချုပ်မဲ့ မိုးရေဧကရာဇ်ရှိတဲ့ မိုးရေနိုင်ငံလည်း မဟုတ်တော့ပါဘူး။ ဒါအပြင် သူက အခုဆို မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်လာခဲ့ပါပြီ။ အဆင့်အတန်းအရဆိုရင် သူက မိုးရေဧကရာဇ်ရဲ့ အထက်မှာ ရှိပါတယ်။ ဒါကြောင့် သူ့အနေနဲ့ တယောက်ယောက်ကို သတ်ချင်ရင် ဘယ်သူကများ လာပြီးတော့ တားနိုင်မှာလဲ။

"မင်းက ငါ့ပစ္စည်းတွေကို လုယက်ချင်နေတာလား"

သူက လမ်းလျှောက်ရင်း မေးလာခဲ့တာကြောင့် အခုဆိုရင် လင်းဟန်က ပေါင်ရှင်းရန်ရှေ့မှာ မတ်တတ်ရပ် နေခဲ့ပါပြီ။

အဲ့ဒီအချိန်မှာ ဟူးညိုက လင်းဟန်ရဲ့ အင်္ကျီအစွန်း တစ်ဖက်ကို ဆုပ်ကိုင်ထားပြီး ဘေးမှာရပ် နေပါတယ်။ သူမက အံကြိတ်နေပါတယ်။ ဘယ်သူကများ လင်းဟန်ရဲ့ ပစ္စည်းကို လုယက်ချင် ရတာလဲ။လင်းဟန်က ညီုးညီုးရဲ့ အပိုင်ပဲ။ဒါ့ကြောင့် လင်းဟန်ရဲ့ ပစ္စည်းတွေကလည်း ညီုးညီုးရဲ့ ပစ္စည်းတွေပဲ။

နင်အခု လုယက်ချင်နေတာက ငှါပစ္စည်းတွေပဲ။

ဟူးညိုက အတော်လေးကို ဒေါသထွက် နေပါတယ်။

"နွေဦးစမ်းရေ ပထမအလွှာ အဆင့်ပဲ ရှိသေးတဲ့ အမှိုက်တွေလား"

ပေါင်ရှင်းရန်က သရော်လိုက်ပါတယ်။

"ဟွန့်.. နွေဦးစမ်းရေအဆင့် ပထမအလွှာက အမှိုက်တွေက ငှါ့အရှေ့မှာ ရပ်ပြီးတော့ စကားပြော ရဲတယ်ပေါ့လေ။ ဒူးထောက်စမ်း"

သူက ပေါ့ပေါ့တန်တန်ပဲ ပြောလိုက်ပေမဲ့ သူ့ရဲ့အသံက လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ ဩဇာရှိတဲ့ အသံက လင်းဟန်ဆီကို တိုက်ရိုက်သွားခဲ့တာပါ။

သူက အသံတိုက်ခိုက်မှု အပေါ်မှာပဲ အထူးအာရုံထားပြီး သိုင်းပညာနည်းစနစ် တစ်ခုမှ အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျင့်ကြံခြင်းနဲ့ဆိုရင် ဒီအော်သံက ခြင်္သေ့တစ်ကောင်ရဲ့ ဟိန်းဟောက်သံလိုမျိုး

ဖြစ်ပြီးတော့ နေ့ဦးစမ်းရေ အဆင့်မှာရှိတဲ့ သူတစ်ယောက်ရဲ့ အရိုး၊ အသွေး၊ အသားနဲ့ အရေပြားတွေကို လုံး၀ စုတ်ဖြဲနိုင်စွမ်း ရှိပါတယ်။

"ရွှစ်"

လင်းဟန်တောင်မှ ဘာမှမလှုပ်ရှားရသေးခင် ဟူးညိုက အရင်ဆုံး စပြီးတော့ လှုပ်ရှားလိုက် ပါတယ်။သူမရဲ့ သေးငယ်တဲ့ ခန္ဓာကိုယ်လေးဟာ လျှပ်စီးလက် သွားသလိုမျိုး ပေါင်ရှင်းရန်ရဲ့ ခေါင်းပေါ်မှာ ချက်ချင်းပဲ ပေါ်လာခဲ့ပါတယ်။

"ဖြန်း ဖြန်း ဖြန်း ဖြန်း"

ဒီမိန်းကလေးက ပေါင်ရှင်းရန်ရဲ့ မျက်နှာကို အကြိမ်ကြိမ် ရိုက်နေခဲ့ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်တဲ့အခါ လူတိုင်းပဲ နင်သွားကြပါတယ်။ ငါးနှစ် ခြောက်နှစ် အရွယ်လောက်ပဲရှိတဲ့ မိန်းကလေးက ပေါင်ရှင်းရန်ကို အရူးအမူးကို ရိုက်နက်နေတာတဲ့လား။ အိုးခိုင်မော့စ် ဘယ်လို အိပ်မက်ကြီးလဲ။

မိုးရေနိုင်ငံမှ သိုင်းပညာရှင်တွေကတော့ တခြားသူတွေနဲ့ မတူပဲ ဂုဏ်ယူနေကြ ပုံပေါက်နေပါတယ်။ အရင်တုန်းက ရန်ထန်းဖောင်လို သန်မာတဲ့ လူမျိုးကတောင်မှ ဟူးညို့ရဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကို ခံခဲ့ရပြီး အစွမ်းထက်တဲ့ လှုပ်ရှားမှု တစ်ခုကို အသုံးပြုလိုက်မှ သူက အနိုင်ရသွားခဲ့တာပါ။ ဒါပေမဲ့လည်း အဆုံးမှာတော့ လင်းဟန်ရဲ့ ရိုက်ချက်တစ်ချက်ကြောင့် ကျိုးကြေလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ဒီဆယ်ကျော်သက် ကောင်လေးနဲ့ ကလေးမလေးက မွန်းစတားတွေထဲကမှ တကယ်ထိပ်တန်း မွန်းစတားတွေပဲ ဖြစ်ပါတယ်။ အခု လင်းဟန်က မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်လာခဲ့ပြီဆိုမှတော့ ဘာပြောကောင်းဦးမလဲ။ သူ့ရဲ့စွမ်းရည်တွေကြောင့် သူတို့မှာ ချွေးပြန်ရုံပဲ တတ်နိုင်ပါတော့တယ်။ လင်းဟန်က တကယ်ကို အကန့်အသတ် မရှိတဲ့ မွန်းစတား တစ်ကောင်ပါပဲ။

"အား"

ပေါင်ရှင်းရန်က ဟူးညို့ရဲ့ လျပ်တပြက် တိုက်ခိုက်မှုကြောင့် ကြောင်သွားပေမဲ့ ချက်ချင်းပြန်ပြီး အသိဝင်လာခဲ့ပါတယ်။

သူက နေ့တစ်ဝက်လောက် ဟန်ကြီးပန်ကြီးနဲ့ ဗိုလ်ကျနေခဲ့တာပါ။ အခုတော့ လူတိုင်းရဲ့ မျက်စိရှေ့မှာ အရိုက်ခံလိုက်ရတယ်တဲ့လား။ ဘယ်လောက်တောင် သောက်ကျိုးနည်း အရှက်တကွဲ ဖြစ်ရတာလဲ။

ပေါင်ရှင်းရန်က ဟူးညိုကို သူရဲ့လက်သီးနဲ့ လျှင်မြန်စွာ ထိုးလိုက်ပေမဲ့ ဟူးညိုက လျှင်မြန်လွန်း လှပါတယ်။ ရှစ်ခနဲဆို သူ့နောက်မှာ ပေါ်လာပြီး အတွဲလိုက် တိုက်ခိုက်မှုကြီးကို ထပ်ပြီးတော့ ပစ်သွင်းလိုက်ပါတယ်။

ချက်ချင်းပဲ ပေါင်ရှင်းရန်ရဲ့ နောက်ကျောဟာ စုတ်ပြဲထွက်သွားပြီး အရပ်မျက်နှာအနှံ့ သွေးတွေ လွင့်စဉ်သွားပါတယ်။

"သေစမ်း..သေစမ်း"

ဟူးညိုကို ဖမ်းဆီးဖို့အတွက် သူ့ရဲ့ ကြိုးစားမှုတချို့က မအောင်မြင်တဲ့ အခါမှာတော့ သူမက သူ့ထက် အတော်လေး မြန်ဆန်တာကို ပေါင်ရှင်းရန် သိသွားခဲ့ပါတယ်။

သူက လျှင်မြန်စွာပဲ အလံရဲ့ဘေးကို ခုန်လွှားသွားပြီးတော့ အလံကို ကောက်ကိုင်လိုက်ပြီး ကျယ်လောင်စွာနဲ့

ဟစ်ကြွေးလိုက်ပါတယ်။

"အေးစက်စက်ရေဂိုဏ်းကို ဘယ်သူကမှ မကျော်လွှားနိုင်ဘူး။ မိုင်ပေါင်း တစ်ထောင်ထိ အေးခဲလိုက်စမ်း"

“ဟူးဟူးဟူး”

အပြာရောင် အေးစက်တဲ့ လေတွေက အလံကနေ တဟုန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။ အလံရဲ့ ပေတစ်ရာ ပတ်လည်အတွင်းက ခဲသွားပြီးတော့ ချက်ချင်းဆိုသလို အရာအားလုံးက ရေခဲတုံးတွေ ဖြစ်လာခဲ့ပါတယ်။

လင်းဟန်နဲ့ ဟူးညီတို့လည်း ခြွင်းချက်မဟုတ်ပါဘူး။ သူတို့နှစ်ယောက်လည်း ရေခဲတုံးတွေ အဖြစ်ကို အေးခဲသွားခဲ့ပါတယ်။

Chapter 302 end
လင်းဟန်

အပိုင်း(၃၀၃)မွန်းစတား နှစ်ကောင်

ဘယ်လိုတောင် ကြီးကျယ်ခမ်းနားလိုက်တဲ့ လှူပ်ရှားမှုလဲ။ လူနှစ်ယောက်ရဲ့ ခြေလှမ်းတွေကို ချက်ချင်းကိုပဲ ရပ်တန့်သွားစေခဲ့ပါတယ်။

အစတုန်းကတော့ လူတိုင်းက ချီးမွှန်းခန်းတွေ ဖွင့်ပြီးတော့ ကြွေးကြော်နေခဲ့ကြပေမဲ့ အခုမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာတော့ သူတို့ရဲ့ မျှော်လင့်ချက်တွေ ပျောက်ဆုံးသွားသလို ခံစားလိုက်ရပါတယ်။

ပေါင်ရှင်းရန်ကိုယ်တိုင်က စိတ်ဝိညာဉ်ပင်လယ် အဆင့်ဖြစ်တဲ့အတွက် စွမ်းအားကြီး နေခဲ့ပါပြီ။ အခုဆို ပိုပြီးတော့ စွမ်းအားကြီးမားတဲ့ စိတ်ဝိညာဉ်လက်နက် တစ်ခုကို ပိုင်ဆိုင်ထားတယ်ဆိုတော့ သူ့ကို ဘယ်သူကများ ဆန့်ကျင်နိုင်ဦးမှာလဲ။

အဲဒီအလံက စိတ်ဝိညာဉ်လက်နက် တစ်ခုဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ သူ့မှာပါဝင်တဲ့ သိုင်းဆန္ဒတွေကို တစ်ကြိမ်လောက်ပဲ နှိုးထလိုက်တာနဲ့ အေးစက်တဲ့ လေတွေက ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုတွေကို အေးခဲသွားစေ နိုင်ပါတယ်။ဘယ်သူကများ အဲဒီအလံနား ကပ်နိုင်ပါ့မလဲ။

ကောလာဟာလတွေ အရဆိုရင်တော့ အေးစက်စက်ရေဂိုဏ်းရဲ့ တန်ဖိုးအရှိဆုံး ရတနာက အေးစက်စက်ရေဂိုဏ်းရဲ့ အလံတော် ဖြစ်ပါတယ်။ အဲဒီအလံကို တစ်ကြိမ်လွှင့် လိုက်တာနဲ့ မိုင်တစ်ထောင် အတွင်းမှာရှိတဲ့ အရာရာတိုင်းကို အေးခဲသွားစေပါတယ်။ ဒါကအတော်လေး ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ အခုဒီအလံက မူရင်းအလံတော်ကို တုပထားတဲ့ အလံတစ်ခုပဲဖြစ်ပြီး ၎င်းရဲ့စွမ်းအား တကယ့်အစစ်အမှန် အလံတော်နဲ့ နှိုင်းယှဉ်နိုင်စရာ အကြောင်း လုံးဝမရှိပါဘူး။ ဒါပေမဲ့လည်း နွေဦးစမ်းရေအဆင့် သိုင်းပညာရှင် နှစ်ယောက်ကို ထိန်းချုပ်ဖို့ အတွက်ကတော့ လုံလောက်တာထက်ကို ပိုပါသေးတယ်။

ပေါင်ရှင်းရန်က မြေပြင်ပေါ်ကို တံတွေးထွေး ထုတ်လိုက်ပါတယ်။ ကလေးမလေး တစ်ယောက်ကို ဟန့်တားဖို့အတွက် သူ့ရဲ့အလံကို အသက်သွင်း လိုက်ရတာလား။ အတော်လေးကို ရှက်စရာ ကောင်းပါတယ်။

အဲဒီအချိန်မှာ ချန်ဖေးကျွင့်က အေးစက်စွာနဲ့ လှောင်ပြုံးပြုံးနေခဲ့ပါတယ်။ အစတုန်းက လင်းဟန်ကို သတ်ဖို့ လောင်ကျိဖန်း အပေါ်မှာ မှီခိုနေခဲ့တာပါ။ ဒါပေမဲ့

ရက်တွေအများကြီး ကြာလာတာတောင် လောင်ကျိဖန်းက မအောင်မြင်ပါဘူး။ သူကလည်း ဘာမှမတတ်နိုင်ပဲ တိတ်တဆိတ်နဲ့ စိတ်ပျက်နေခဲ့ရတာပါ။

ဒါပေမဲ့ အခုတော့ ပေါင်ရှင်းရန်က သူ့ရဲ့နှလုံးသား အလိုဆန္ဒတွေ ပြည့်ဝဖို့အတွက် ကူညီပေးနေပါပြီ။ သူက ကျေးဇူးတင်လွန်းလို့ ပေါင်ရှင်းရန်ဆီ တဟုန်ထိုးပြေးပြီး ပွေ့ဖက် နမ်းရှုပ်ချင်တဲ့ စိတ်တွေတောင် ပေါ်လာခဲ့ပါတယ်။ ဘယ်လောက်တောင် ချစ်ဖို့ကောင်းလိုက်တဲ့ ကောင်လေးလည်းကွာ။

"ခရက် ခရက် ခရက်"

အဲ့ဒီအချိန်မှာပဲ ပြောင်းလဲမှုတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်ကို လွှမ်းခြုံထားတဲ့ ရေခဲတွေပေါ်မှာ ပင့်ကူမျှင်လို အက်ကွဲကြောင်းတွေ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ လင်းဟန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ကြက်သွေးရောင် မီးတောက်တစ်ခုက လှည့်ပတ်နေတာကို မြင်နေရပြီး အဲ့ဒီမီးတောက်က ရေခဲတွေကို အခေါင်းပေါက် တစ်ခုလိုမျိုး ဖြစ်သွားအောင်လို့ အရည်ပျော်အောင် လုပ်နေပါတယ်။

ထူးဆန်းတဲ့မီး။

ချန်ဖေးကျှင့်ရဲ့ မျက်လုံးတွေ ချက်ချင်းကို နီရဲလာခဲ့ပါတယ်။ သူ့ဆီမှာ အရင်တုန်းက ထူးဆန်းတဲ့မီး တစ်ခု ရှိခဲ့ဖူးပါတယ်။ ဒါကြောင့် အရမ်းဝေးကွာ နေရင်တောင်မှ ထူးဆန်းတဲ့မီးနဲ့ ပက်သက်တဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ခံစားမှုတစ်စကို အာရုံခံနိုင်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ လုံးဝကို ကွဲပြားခြားနား သွားခဲ့ပါပြီ။

သူပိုင်ဆိုင်ဖူးတဲ့ ထူးဆန်းတဲ့မီးကို လင်းဟန်ရဲ့ ထူးဆန်းတဲ့မီးက ဝါးမျိုတာကို ခံလိုက်ရပါပြီ။ အခုဒီ ထူးဆန်းတဲ့မီးက ပိုပြီးတောင်မှ စွမ်းအာကြီးလာတယ်ဆိုတာ ထင်ရှားပါတယ်။ ထူးဆန်းတဲ့ မီးနှစ်ခုကို ပေါင်းစပ်ထားတာ ဆိုတော့လည်း စွမ်းအားပိုကြီးလာတာက သဘာဝကျပါတယ်။

"ငါ လိုချင်တယ်..လိုချင်တယ်..လိုချင်တယ်"

ချန်ဖေးကျှင့် တစ်ယောက် စိတ်ထဲကနေ အရူးအမူးကို အော်ဟစ်နေပါတယ်။

အခုဆို အလံက ထွက်ပေါ်လာတဲ့ ရေခဲတွေတောင် အရည်ပျော် စေနိုင်နေပြီလေ။ အဲဒါကြောင့် ထူးဆန်းတဲ့မီးရဲ့ စွမ်းအားက ခြွင်းချက်မရှိ အစွမ်းပြည့်ဝတယ်ဆိုတာ သိသာပါတယ်။

ဒါပေမဲ့ စောနက ကွဲအက်နေတဲ့ အသံတွေက လင်းဟန်ကို လွှမ်းခြုံထားတဲ့ ရေခဲတွေဆီက ထွက်ပေါ်လာတာ မဟုတ်ပါဘူး။သူ့ဘေးတစ်ဖက်က ဟူးညိုလေးဆီက ဖြစ်ပါတယ်။

လူအုပ်ကြီးက ရေခဲတွေကို ဟူးညိုက သူမရဲ့ ပါးစပ်ကိုဟပြီး ဆက်တိုက် ကိုက်ဝါးနေတာကို မြင်လိုက်ကြပါတယ်။ သူမက ရေခဲတွေကို အဆက်မပြတ် ကိုက်ဖြတ်နေပြီး လျင်မြန်စွာနဲ့ ဝါးပြီးမျို ချနေခဲ့ပါတယ်။

အချိန်ခဏလေး အတွင်းမှာပဲ သူမရဲ့ခေါင်းလေး ထွက်ပေါ်လာခဲ့ပြီး သူမရဲ့ တခြားခန္ဓာကိုယ် အစိတ်အပိုင်းတွေပါ ရေခဲထဲကနေ လွတ်မြောက်လာဖို့ ဆက်ပြီးတော့ ကိုက်ဖြတ်စား နေပါတယ်။

"လပြွတ်ပဲ"

ဒီလိုမျိုး ရေခဲတွေကိုတောင် ဂါးစားပြီး ဖျက်ဆီးပစ်နိုင်တဲ့ သူမက ဘယ်လောက်တောင် အစားအသောက် လောဘကြီး လိုက်သလဲ။

ပေါင်ရှင်းရန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။ သောက်ကျိုးနည်း မွန်းစတား နှစ်ကောင်ပဲ။ အထူးသဖြင့် ဟူးညိုပေ့ါ။ သူမရဲ့ သွားတွေက တကယ်ကို ထက်လွန်းပါတယ်။

ချက်ချင်းပဲ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက မြင့်တက်လာခဲ့ပြီး သူ့ရဲ့အကြည့်တွေက ဟူးညိုတစ်ယောက်ထဲ အပေါ်မှာပဲ ကျရောက်လို့ နေပါတယ်။ အဲဒီအချိန်ခဏမှာ ဟူးညိုက သူမကိုယ်သူမ လွတ်မြောက်အောင် မလုပ်နိုင်သေးတာကြောင့် သူ့အနေနဲ့ သူမကို လွယ်လွယ်ကူကူပဲ သတ်နိုင်ပါလိမ့်မယ်။

ပေါင်ရှင်းရန်က သူ့ရဲ့ခါးမှာ ချိတ်ထားတဲ့ ဓားအိမ်ထဲက ဓါးမြှောင်ကို ဆွဲထုတ်လိုက်ပါတယ်။ ဓါးမြှောင်ဆီကနေ အေးစက်စက် အလင်းတန်းတစ်ခု တောက်ပနေပါတယ်။

"ဟေး မင်းငါ့ကို မေ့နေတာလား"

လင်းဟန်က အေးအေးဆေးဆေးပဲ ပြုံးလိုက်ပါတယ်။

"မင်းက နေ့ဦးစမ်းရေအဆင့် အမိုက်ကလေး တစ်စပဲဟာ။ မင်းကိုအရင်ဆုံး သတ်ပြီးမှ ဟိုကလေးမကို သတ်ရမယ်"

ပေါင်ရှင်းရန်က အရှေ့ကို ခုန်ဝင်လိုက်ပြီး လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။ ပေါင်ရှင်းရန်က နှင်းပွင့်တွေ ရေခဲတွေနဲ့ ဝန်းရံနေတဲ့ သိုင်းဆန္ဒတွေကို လှည့်ပတ်လိုက်ပြီး သူ့ရဲ့ ဓါးမြှောင်ကို မြှောက်ပြီးတော့ ခုတ်ချလိုက်ပါတယ်။

ဒါတွေက ပုံရိပ်ယောင်တွေ မဟုတ်ပါဘူး။ အစစ်အမှန် နှင်းပွင့်တွေနဲ့ ရေခဲတွေ ဖြစ်ပါတယ်။ လူတစ်ယောက်က စိတ်ဝိညာဉ်ပင်လယ် အဆင့်ကို ချိုးဖောက်ဝင်ရောက် လိုက်တာနဲ့ သူတို့ရဲ့ သိုင်ဆန္ဒတွေကို ခန္ဓာကိုယ် အပြင်ဘက်ကို ထုတ်ဖော်ပြီး တိုက်ခိုက်မှု တစ်ခုပုံစံအဖြစ် အကျိုးသက်ရောက် စေနိုင်ပါတယ်။ ရေခဲနဲ့ နှင်းပွင့်တွေရဲ့ သေးငယ်တဲ့ ပမာဏတိုင်းက ကြောက်မက်ဖွယ်ရာ အဖျက်စွမ်းအားတွေကို ပိုင်ဆိုင်ထားပါတယ်။

ပထမတုန်းက ပေါင်ရှင်းရန်က လင်းဟန်ကို လျော့တွက်ထားခဲ့ပါတယ်။ အခုတော့ အလံကနေ ထုတ်လွှတ်တဲ့ ရေခဲတွေရဲ့ လွှမ်းခြုံထားရာကနေ

လွတ်မြောက်အောင် လုပ်နိုင်တယ်ဆိုမှတော့ သူ့လက်နဲ့ အသတ်ခံရဖို့ ထိုက်တန်သွားပါပြီ။

လင်းဟန်က သူ့ရဲ့ဓားကို ဆွဲထုတ်လိုက်ပြီး လေးရာသီဓားသိုင်း နည်းစနစ်ကို စတင်ပြီး အသုံးပြု လိုက်ပါတယ်။ နွေဦး၊ နွေ၊ ဆောင်းဦး၊ ဆောင်းရဲ့ ပုံရိပ်တွေက တစ်လှည့်စီ ဖြစ်ပေါ်လည်ပတ် လာခဲ့ပြီး သဘာဝ ရာသီစက်ဝန်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သိုင်းဆန္ဒကို အခြေခံရင် ပေါင်ရှင်းရန်ရဲ့ တိုက်ခိုက်မှုက သိသာစွာ ပိုပြီးသန်မာပေမဲ့ လင်းဟန်ရဲ့ စွမ်းအားကလည်း ပေါင်ရှင်းရန်ရဲ့စွမ်းအားထက် အများကြီး အားနည်းနေခဲ့တာ မဟုတ်ပါဘူး။ အနက်ရောင် အဆင့်မြင့် သိုင်းပညာနည်းစနစ် တစ်ခုဖြစ်တဲ့ လေးရာသီ ဓားသိုင်းကိုပါ ထပ်ပေါင်းလိုက်ရင် သူ့ရဲ့သိုင်းဆန္ဒ ကင်းမဲ့မှုကို ဖာထေးဖို့အတွက်တော့ လုံလောက်ခဲ့ပါတယ်။

သူတို့နှစ်ယောက်က သိုင်းကွက်တွေ ဆက်တိုက် ဖလှယ်နေပြီး အချိန်တိုတိုလေး အတွင်းမှာ အနိုင်ရရှိသူကို ဆုံးဖြတ်နိုင်ဖို့ကတော့ အတော်လေးကို ခဲယဥ်းပါတယ်။

"ငါ့ကို မြန်မြန်လေး တစ်ချက်လောက် ထိုးလိုက်စမ်းပါ။

ငါအိပ်မက်တွေများ မက်နေတာလား။
နွေဦးစမ်းရေအဆင့် ပထမအလွှာမှာရှိတဲ့ လူငယ်တစ်ယောက်က စိတ်ဝိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ယှဉ်တိုက်နေတာကို ငါမြင်နေရတယ်ဆိုတာက ဖြစ်ရော ဖြစ်နိုင်ပါ့မလား”

တစ်စုံတစ်ယောက်က မယုံကြည်နိုင်စွာ ရေရွတ်မိလိုက်ပါတယ်။

"ငါ့မျက်လုံးတွေ မှုန်ဝါးနေတာပဲ ဖြစ်ရမယ်..ဟားဟား.ဒါကြီးက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"လပြွတ်ပဲ။ ငါတော့ရူးတော့မှာပဲ။ နွေဦးစမ်းရေအဆင့်တဲ့ ဟုတ်ရောဟုတ်လို့လားကွာ"

ဒီမြင်ကွင်းကို မြင်လိုက်တဲ့အခါ မိုးရေနိုင်ငံက သိုင်းပညာရှင်တွေက လွဲပြီးတော့ ကျန်တဲ့သူတွေ အကုန်လုံး ရူးသွပ်သွားသလို ဖြစ်ပြီးတော့ သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ပြီး အော်ဟစ်နေကြပါတယ်။ဒါက တစ်ကယ့်ကို အိပ်မက်ဆန်လွန်း နေတယ်လေ။ ဟုတ်တယ်မလား။

နွေဦးစမ်းရေအဆင့် ပထမအလွှာပဲ ရှိသေးတဲ့ သိုင်းပညာရှင်

တစ်ယောက်က စိတ်ဝိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို အားနည်းချက် မရှိပဲနဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေနိုင်တာက အမှန်တစ်ကယ်ကိုပဲ စိတ်ကူးယဉ် ဆန်လွန်းပါတယ်။

ဟူးညိုလည်းပဲ နွေဦးစမ်းရေ အဆင့်ဆိုပေမဲ့ အနည်းဆုံးတော့ သူမက ပေါင်ရှင်းရန်နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး မတိုက်ခိုက်ခဲ့ပါဘူး။ သူမရဲ့ တခြားသူတွေထက် သာလွန်တဲ့ အမြန်နှုန်းကြောင့်သာ အောင်မြင်မှု ရရှိခဲ့တာပါ။ အနည်းဆုံးတော့ သူတို့က အဲ့ဒါကို လက်ခံနိုင် ပါသေးတယ်။

ဒါပေမဲ့ လင်းဟန်ကတော့။

သူမှာက သေချာပေါက် နွေဦးစမ်းရေအဆင့် ပထမအလွှာ တစ်ယောက်ရဲ့ အရှိန်အဝါမျိုးပဲ ရှိနေခဲ့တာပါ။ ဒါပေမဲ့လည်း စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာငါးမှာရှိတဲ့ ရန်သူတစ်ယောက်ကို ရင်ဆိုင်နေနိုင်ပြီး သူတင်ကိုယ်တင် သိုင်းကွက်တွေ ဖလှယ်နိုင် နေပါတယ်။ ဒါက သူတို့တွေရဲ့ မျက်လုံးတွေ ကန်းများကန်း နေသလားဆိုပြီး သံသယတွေ ဝင်လာစေခဲ့ပါတယ်။

နွေဦးစမ်းရေအဆင့် လူတစ်ယောက်က ဒီလောက်တောင်

စွမ်းအားကြီးနိုင်တာလား။

လင်းဟန်ပဲ မဟုတ်ပါဘူး။ ဟူးညိုလေးရော။ သူတို့နှစ်ယောက်လုံးက ပေါင်ရှင်းရန်နဲ့ ရင်ဆိုင်တဲ့အခါမှာ အရေးနိမ့်တာမျိုး မရှိပဲနဲ့ နှစ်ယောက်စလုံးက ထူးဆန်းတဲ့ မွန်းစတားဆိုတာ ဘယ်လိုမျိုးလဲ ဆိုတာကို ပြီးပြည့်စုံစွာနဲ့ ဖော်ပြနေခဲ့ပါတယ်။

"မင်းတို့ကောင်တွေ အခုထိ မသိသေးဘူးလား။ သူက ငါတို့ရဲ့ မိုးရေနိုင်ငံက လင်းဟန်ပဲ"

မိုးရေနိုင်ငံမှ လူတစ်ယောက်က ကြေငြာလိုက်ပါတယ်။

"ဘ..ဘာ ဘာပြောတယ်။ သူက ဂရန်းမာစတာလင်း ဟုတ်လား။ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဆိုတာလေ"

"အမှန်ပဲ..."

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ သူ့ပုံစံ ကြည့်ရတာ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိဦးမှာလေ။ အား… . ငါတကယ်ပဲ ရူးချင်လာပြီ။ ဆယ့်ခြောက်နှစ်

ဆယ့်ခုနစ်နှစ်ပဲ ရှိဦးမဲ့ လူငယ်လေး တစ်ယောက်က စိတ်ဂိုညာဉ် ပင်လယ်အဆင့် ပြိုင်ဘက်တစ်ယောက်ကို ရင်ဆိုင်နိုင်စွမ်း ရှိရုံသာမက မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်နေသေးတယ်``

"ငါ့ကိုယ်ငါ ပါရမီရှင်တစ်ယောက်လို့ အမြဲတမ်း ဂုဏ်မောက်နေခဲ့တာ။ အခုတော့ သူနဲ့ နှိုင်းယှဉ်လိုက်ရင် ငါ့ကိုယ်ငါ သောက်သုံးမကျတဲ့ အရှုံးတစ်ကောင်လိုမျိုး ခံစားလိုက်ရတယ်"

"ငါလဲ သောက်ရှုးပဲ..."

"ငါရောပဲ”

လူတိုင်း သက်ပြင်းချ လိုက်ကြပါတယ်။ အရင်တုန်းက သူတို့တွေ အကုန်လုံးက ဘယ်လိုမျိုး အခြေအနေမှာပဲဖြစ်ဖြစ် အတော်လေးကို စွမ်းဆောင်နိုင်စွမ်း ရှိကြပြီးတော့ လူငယ်မျိုးဆက် ကြားထဲမှာတော့ အစွမ်းထက်တဲ့ သူတွေလို့ အမြဲတမ်း ခံစားနေခဲ့ရတာပါ။ ဒါပေမဲ့ အခုတော့ သူတို့ကိုယ်သူတို့ အရမ်းကို အထင်ကြီးနေကြပြီး စိတ်ကြီးဝင်နေတဲ့ သူတွေပဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ကြပါတယ်။

တခြားတစ်ဖက်မှာတော့ ဟူးညိုက သူမကို ချုပ်နှောင်ထားတဲ့ ရေခဲတွေကို ဆက်ပြီးတော့ ကိုက်ဖြတ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ပေါင်ရှင်းရန်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဆင်နွှဲနေတာကို သူမမြင်လိုက်တဲ့အခါ တိုက်ပွဲထဲကို အလျင်စလိုနဲ့ ဂင်ပြီးတော့ မပါဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။

သူမမှာ တိုက်ပွဲနဲ့ ပတ်သက်ပြီးတော့ ထက်မြက်တဲ့ တုံ့ပြန်နိုင်စွမ်းရှိပြီး လင်းဟန်က အခုထိ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ မထုတ်ဖော် ရသေးတာကို သူမက သိနေခဲ့ပါတယ်။ လင်းဟန်က အနိုင်ရမှာ သေချာတာကြောင့် ဝင်ပြီးတော့ မစွက်ဖက်ဖို့ကို သူမက ရွေးချယ်ခဲ့တာပါ။

ပေါင်ရှင်းယန်ကတော့ အရမ်းကို အံ့အားသင့်နေခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာ ၅ ဖြစ်ပြီးတော့ သူ့ရဲ့ ပြိုင်ဘက်ကတော့ နွေဦးစမ်းရေအဆင့် ပထမ အလွှာပဲ ရှိသေးတယ်ဆိုတာ ရှင်းလင်းပါတယ်။ ဒါပေမဲ့ လင်းဟန် ပိုင်ဆိုင်ထားတဲ့ တိုက်ပွဲစွမ်းရည်က သူ့အောက်ကို နည်းနည်းလေးတောင် မနိမ့်ကျပါဘူး။ အဲဒါကို အမှန်တရားအဖြစ် သူ့အနေနဲ့ ဘယ်လိုလုပ်

လက်ခံနိုင်ပါ့မလဲ။

တကယ်လို့ လင်းဟန်က စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ရောက်နေပြီးသား ဆိုရင်ရော။ သူ့ကို တစ်ချက်ထဲနဲ့ ပွဲသိမ်းသွားလိမ့်မယ်လို့ ဆိုလိုတာပဲ မဟုတ်ဘူးလား။

မဖြစ်ဘူး...ဒီလိုမျိုး ပါရမီရှင်တစ်ယောက်ကို ဆက်ပြီးတော့ ရှင်သန်ခွင့်ပြုလို့ မဖြစ်ဘူး။

ပေါင်ရှင်းရန်က ရုတ်တရက် အလံရဲ့ဘေးဆီကို ရောက်သွားအောင် ခုန်ကျော်လိုက်ပါတယ်။ လင်ဟန်ကို အေးခဲစေပြီး လွယ်လွယ်ကူကူ သတ်ပြစ်နိုင်ဖို့ အလံကို နောက်တစ်ကြိမ် အသက်သွင်းဖို့ ဟန်ပြင်လိုက်ပါတယ်။

"မင်းက လှည့်ကွက်တစ်ခုထဲကို နှစ်ခါတောင် သုံးချင်နေတာလား"

လင်းဟန်က အေးစက်စွာ လှောင်ပြုံးပြုံး လိုက်ပါတယ်။သူက လျှို့ဝှက်ဆန်းကြယ် သုံးထောင် သိုင်းဟန်အတွက် စွမ်းအားတွေကို လုံလုံလောက်လောက် စုစည်းခဲ့ပြီးပါပြီ။ အချိန်မရွေး တိုက်ခိုက်ဖို့ အဆင်သင့် ရှိနေပါတယ်။

အဲဒီစွမ်းအားပြည့်ဝတဲ့ ရိုက်ချက်အတွက် အသက်သုံးခါ ရှူချိန်လောက်ပဲ ပြင်ဆင်ဖို့ လိုအပ်တာကြောင့် လျင်လျင်မြန်မြန်နဲ့ အဆင်သင့် ဖြစ်နေခဲ့တာပါ။

ပေါင်ရှင်းရန်ရဲ့လက်ကအလံကို ထိသွားပြီးတော့ အလံကိုဆွဲထုတ်ပြီး လင်းဟန်ကို လွှဲရိုက်ပစ်ချင် နေခဲ့တာပါ။ တကယ်လို့ လင်းဟန်က ဒီနည်းလမ်းနဲ့ အရိုက်ခံလိုက်ရမယ်ဆိုရင် ပထမအနေနဲ့ သူက ရေခဲတုံးလို ခဲသွားမှာဖြစ်ပြီးတော့ အဲဒီနောက်မှာ စွမ်းအားပြည့်ဝတဲ့ တိုက်ခိုက်မှုကြောင့် အစိတ်စိတ် အပိုင်းပိုင်း ကွဲထွက်သွားပါလိမ့်မယ်။

ဒါဆိုရင် သေသွားတာပဲပေါ့။

တစ်ချိန်ထဲမှာပဲ လင်းဟန်ရဲ့ ဓားဆီကနေ အလင်းတန်းလေးခု တောက်ပသွားခဲ့ပါတယ်။ အလင်းတန်း တစ်ခုက အစစ်အမှန်ဓားဖြစ်ပြီး တခြားသုံးခုကတော့ ဓားရိပ်တွေပဲ ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာတော့ ဓားအလင်းတန်း စုစုပေါင်း လေးရာအဖြစ် အဆင့်ဆင့် ပွားများလာပြီးတော့ ပေါင်ရှင်းရန်ဆီကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ဦးတည်ပြီးတော့ ဝင်လာခဲ့ပါတယ်။

ပေါင်ရှင်းရန်ရဲ့ မျက်လုံးထဲမှာ အံ့အားသင့်မှုတွေ ထိတ်လန့်မှုတွေ အထင်းသား ပေါ်လာခဲ့ပြီးတော့ ဒီတိုက်ခိုက်မှုကို ရိုက်ထုတ်ဖို့ အလံကို ကမန်းကတမ်း ဆွဲထုတ်လိုက်ပါတယ်။

ဓားအလင်းတန်းတွေက အဟန့်အတားမရှိ စီးဆင်းလာခဲ့ပြီး ကမ္ဘာကြီးကိုတောင် တုန်လှုပ်စေတဲ့ စွမ်းအားတွေ ထုတ်လွှတ်လို့ နေပါတယ်။

ပေါင်ရှင်းရန်က ဒယီးဒယိုင်နဲ့ နောက်ဆုတ်လိုက် ရပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး ဓားဒဏ်ရာတွေနဲ့ ဖုံးလွှမ်းနေခဲ့ပြီး ဒဏ်ရာ တော်တော်များများက အရိုးထိအောင် နက်ရှိုင်းပြီးတော့ အရိုးဖြူဖြူတွေကိုတောင်မှ မြင်နေရပါတယ်။ အခုတော့ သူ့ရဲ့ အရင်က မောက်မာဂုဏ်ကြွားတဲ့ ဟန်ပန်တွေ လုံးဝပျောက်ဆုံး သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် သိုင်းကွက်ဟန်ကို ခုခံနိုင်ပြီး မသေသေးပုံ ထောက်ရင်တော့ ပေါင်ရှင်းရန်က အတော်လေး အစွမ်းထက်တယ်လို့ ပြောရပါမယ်။

အေးစက်စက်ရေဂိုဏ်းရဲ့ အလံတော်က လင်းဟန်ရဲ့ တိုက်ခိုက်မှုကို တော်တော်များများ တားဆီးနိုင်ခဲ့ပါတယ်။ မဟုတ်ရင် သူ့အလောင်းပဲ ကောက်ရလိမ့်မှာပါ။

Chapter 303 end

အပိုင်း(၃၀၄) စံပြပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခြင်း

လူတိုင်း အံ့အားသင့်သွားကြပြီး လျန်ရှို့ကျူး၊ ပိုင်ယွီချန်နဲ့ အခြားသူတွေကတော့ ရက်ရွံ့မှုတွေ အပြည့်နဲ့ ဖြစ်နေခဲ့ပါတယ်။

မရှက်ပဲ ဘယ်နေပဲ့မလဲ။

သူတို့ရဲ့ အသက်အရွယ်ဝန်းကျင်မှာ သူတို့ကို ယှဉ်နိုင်တဲ့သူ အနည်းငယ်လောက်ပဲ ရှိပါတယ်။ သူတို့ကိုယ်သူတို့ ဒီလူငယ်မျိုးဆက်ရဲ့ ပါရမီရှင်တွေလို့ တွေးထင်နေခဲ့ကြတာပါ။ တိုက်ပွဲတစ်ခုမှာ သူတို့သာ အားကုန်စိုက်လိုက်ရင် အောင်မြင်မှုတွေကို သေချာပေါက် ဆွတ်ခူးနိုင်လိမ့်မယ်လို့ အပြည့်အဝကို ယုံကြည်နေခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ပေါင်ရှင်းရန်ရဲ့ဟန်ပန်က

သူတို့ရဲ့ယုံကြည်မှုတွေကို ရိုက်ချိုးပစ်ခဲ့ပါတယ်။

သူတို့တွေအားလုံးက အသက်နှစ်ဆယ်ဂန်းကျင် အတူတူဆိုပေမဲ့ ပေါင်ရှင်းရန်က စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာငါးမှာ ရှိနေခဲ့ပြီး သူတို့ကြား အကွာအဝေးက တကယ့်ကို ကြီးမားလွန်းပါတယ်။ ဒါပေမဲ့ ပေါင်ရှင်းရန်က အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ အေးစက်စက်ရေ ဂိုဏ်းကနေ လာတာဆိုတော့ သူ့ကိုမယှဉ်နိုင်တာက အကျိုးအကြောင်းဆီလျော်ပါသေးတယ်။

လင်းဟန်ကတော့ သူတို့ကို ပါးစပ်အဟောင်းသားဖြစ်သွားစေတဲ့ တိုက်ခိုက်မှုတွေကို ပေါင်ရှင်းယန်နဲ့ ထိပ်တိုက်ရင်ဆိုင် နိုင်ခဲ့ပြီးတော့ အခုဆို ဓားချက်တစ်ချက်ထဲနဲ့ ပေါင်ရှင်းရန်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေခဲ့ပါတယ်။အဲ့ဒါကြောင့် အရင်တုန်းက သူတို့တွေ အားလုံးပဲ အတော်လေး ညဏ်နည်းခဲ့တယ်ဆိုတဲ့ အချက်ကို ချွင်းချက်မရှိ လက်ခံလိုက်ရပါတယ်။

တစ်ကယ်လို့ အဲ့ဒီဓားချက်က လင်းဟန်ရဲ့ စွမ်းအားအပြည့်အဝ မဟုတ်ပဲ ဓားအလင်းတန်း လေးရာကိုသာ ထုတ်ဖော်ရသေးတယ်ဆိုတဲ့ အကြောင်းကိုသာ သိသွားလို့ကတော့ သူတို့ရဲ့

မျက်နှာအမူအရာတွေ ပိုပြီးတောင်မှ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်ပါတယ်။

ထိတ်လန့်ဖွယ် အကောင်းဆုံး အချက်ကတော့ လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပါ ဖြစ်နေခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။

ဘယ်သူကများ အမှန်တကယ်လို့ ယုံကြည်ရဲပါ့မလဲ။

လင်းဟန်က အေးအေးဆေးဆေး ပြုံးလိုက်ပါတယ်။ စောစောကရိုက်ချက်မှာ အားကုန် သူထုတ်မသုံးခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ အဲ့ဒီတိုက်ခိုက်မှု ပြီးတဲ့နောက်မှာ သူအားနည်းသွားမှာကို မလိုချင်လို့ပါ။ အဲ့ဒီခံစားချက်ကြီးက တကယ်ကို ဆိုးရွားလွန်းပါတယ်။

ဒီ့အပြင် ပေါင်ရှင်းရန်က အဲ့ဒီလောက်ကြီး စွမ်းအားမကြီးပါဘူး။ ဒါကြောင့် သူနဲ့ရင်ဆိုင်ဖို့ ဓားအလင်းတန်း ရှစ်ရာကို အသုံးပြုဖို့ မလိုအပ်ပါဘူး။

ပေါင်ရှင်းရန်က မတ်တတ်ရပ်နေတုန်းပဲ ဖြစ်ပေမဲ့ သွေးတွေ အဆက်မပြတ် အန်ထုတ်နေခဲ့ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက တုန်ယင်နေပြီး သူ့ရဲ့ခြေလက်ပေါ်မှာရှိတဲ့

အသွေးအသားတွေရဲ့ အဓိက အစိတ်အပိုင်းတွေက လင်းဟန်ရဲ့ တိုက်ခိုက်မှုကြောင့် စုတ်ပြဲသွားပြီးတော့ မတ်တတ်ဆက်ရပ်နေဖို့တောင် မစွမ်းနိုင်လောက်အောင် ဖြစ်သွားပါတယ်။ သူက အလံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး အလံရဲ့ အကူအညီကြောင့်သာ သူမတ်တတ် ဆက်ပြီးရပ်နေနိုင်ခဲ့တာပါ။

"မင်း.. မင်း….မင်းက ဘယ်သူလဲ"

ပေါင်ရှင်းရန်က အထိတ်တလန့်နဲ့ မေးလိုက်ပါတယ်။ နွေဦးစမ်းရေအဆင့် ပထမအလွှာ လူတစ်ယောက်က ဘယ်လိုလုပ် ဒီလောက် သန်မာနေနိုင်ရတာလဲ။

"သေတော့မဲ့ လူတစ်ယောက်အတွက် အများကြီး သိနေတော့ရော ဘာအဓိပ္ပါယ်ရှိမှာလဲ"

လင်းဟန်က အေးစက်စွာ ပြောလိုက်ပါတယ်။

"မင်း ငါ့ကို သတ်ရဲတယ်လား"

ပေါင်ရှင်းရန်က ရယ်မောလိုက်ပါတယ်။

"ငါက အေးစက်စက်ရေဂိုဏ်းရဲ့ တပည့်တစ်ယောက်လေ။ မင်းက ငါ့ကို သတ်ဝံ့ရင် ငါ့ဂိုဏ်းရဲ့ အစွမ်းထက်တဲ့ လက်ရွေးစင်တွေက မင်းရဲ့နိုင်ငံတစ်ခုလုံးကို မြေခတဲ့ထိ သေချာပေါက် ဖျက်ဆီးပစ်လိမ့်မယ်။ ကြီးမြတ်တဲ့ ဂိုဏ်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို လာထိပါးလို့မရဘူးကွ"

"ငါကတော့ မင်းစိတ်ပျက်သွားမှာကိုတော့ စိုးရွံ့မိပါတယ်။ ဘာလို့လဲဆိုတော့ ငါကလည်း မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်လေ။ အေးစက်စက်ရေဂိုဏ်းရဲ့ အဖွဲ့ဝင်တွေက ငါ့ကိုစိတ်အနှောင့်အယှက် ဖြစ်စေလိမ့်မယ်လို့ မင်းထင်လား။ မင်းလို တပည့်လေး တစ်ယောက်အတွက်နဲ့ ငါ့လိုမျိုး မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူတို့က စိတ်ကသိကအောက် ဖြစ်အောင်လို့ လုပ်ပံ့မလား"

လင်းဟန်က အေးအေးဆေးဆေးပဲ မေးလိုက်ပါတယ်။

စောနကတုန်းက သူတို့တွေအကုန်လုံး အဲ့ဒီအကြောင်းကို ပြောနေခဲ့ကြတယ် ဆိုပေမဲ့ အဲ့ဒီချိန်တုန်းက ပေါင်ရှင်းရန်က လင်းဟန်နဲ့ ပြင်ထန်တဲ့ တိုက်ပွဲတစ်ခု ဆင်နွှဲနေခဲ့တာပါ။ သူ့ရဲ့အာရုံစူးစိုက်မှုတွေ အကုန်လုံးက တိုက်ပွဲပေါ်မှာပဲ ရှိနေတဲ့အချိန်မှာ အဲ့ဒီစကားတွေကို ဘယ်လိုလုပ်

ကြားနိုင်ပါ့မလဲ။

အခု သူကြားလိုက်ရတဲ့အခါ သူ့ရဲ့ပထမဆုံး တုန့်ပြန်မှုကတော့ သူ့စိတ်ထဲမှာ `ဒီကောင်နောက်နေတာပဲ ဖြစ်ရမယ်။ ဒီကမ္ဘာကြီးမှာ ဒီလောက်ငယ်ရွယ်တဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ´တစ်ယောက် ဘယ်လိုလုပ် ရှိနိုင်မှာလဲ` ဆိုပြီးတော့ စဉ်းစားမိလိုက်တာပါပဲ။

"မဖြစ်နိုင်ဘူး"

ပေါင်ရှင်းရန်က ချက်ချင်းပဲတုန့်ပြန် လိုက်ပါတယ်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်နေဖို့ မလိုတော့ပါဘူး။ လိမ်လိမ်မာမာနဲ့သာ မြေကြီးအောက်မှာ အိပ်နေလိုက်တော့။ နောက်ဘဝမှာတော့ မင်းဒီလောက်ထိ ဗိုလ်ကျမနေနဲ့။ အထူးသဖြင့် ငါ့ရှေ့မှာပေါ့"

ပြောပြီးတာနဲ့ လင်းဟန်ရဲ့ဓားက ပေါင်းရှင်းရန်ရဲ့ ရင်ဘက်ကို ထိုးဖောက်ထွက်သွားပါတယ်။ နောက်ပိုင်းမှာ သူ့အတွက် ပြဿနာဖြစ်စေနိုင်တဲ့ ပေါင်ရှင်းရန်ကို အသက်ရှင်လျက်နဲ့ လွှတ်ပေးဖို့ သူ့မှာ အစီအစဉ် မရှိပါဘူး။

"သေစမ်း"

ပေါင်ရှင်းရန်က ဒဏ်ရာရနေခဲ့ပေမဲ့ သူ့ရဲ့အတွင်းပိုင်းနဲ့ အရေးကြီးတဲ့ ကိုယ်တွင်းက ကလီစာတွေကိုတော့ မထိခိုက်ခဲ့ပါဘူး။ သူက အလံကိုအသက်သွင်းဖို့ အားကုန်ထုတ်သုံးလိုက်ပြီး လင်းဟန်ကို အလံနဲ့ လွှဲရိုက်လိုက်ပါတယ်။

အလံက ဝှေ့ရမ်းသွားခဲ့ပြီး လူတစ်ယောက်ကို သေစေနိုင်တဲ့ထိ အေးခဲနေတဲ့ လေတွေကို လွှင့်ထုတ်လိုက်ပါတယ်။

ထူးဆန်းတဲ့မီးတောက်က လင်းဟန်ရဲ့ဘေးမှာ လှည့်ပတ်နေခဲ့ပြီးတော့ သူ့ဆီကို လွှမ်းခြုံလာတဲ့ လေအေးတွေဆီကနေ ကာကွယ်ပေးဖို့ မီးအလွှာတစ်ခုကို ပံ့ပိုးပေး နေခဲ့ပါတယ်။ အဲ့ဒါက အလံရဲ့အကြီးမားဆုံးသော အကျိုးသက်ရောက်မှုကို အသုံးမကျ ဖြစ်သွားစေခဲ့ပါတယ်။

လင်းဟန်က ဓားရိုက်ချက်တွေကို အကြိမ်ကြိမ် ထုတ်ဖော်နေခဲ့ပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က ပေါင်ရှင်းရန်ထက် ပိုမိုမြင့်မားပါတယ်။ ပေါင်ရှင်းရန်က

သူ့ရဲ့အလံကို အသုံးပြုခဲ့တာတောင် လင်းဟန်ကို မဆန့်ကျင်နိုင်ခဲ့တာ အခုသူ့ရဲ့ ဆက်တိုက် တိုက်ခိုက်မှုတွေကို ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။ သိုင်းကွက်အနည်းငယ် အတွင်းမှာပဲ သူ့ရဲ့လည်မျိုက လင်းဟန်ရဲ့ ဓားချက်ကြောင့် ဟက်တက်ကြီး ပြတ်ရှဒဏ်ရာ ရသွားခဲ့ပါတယ်။ သူ့ရဲ့လည်ပင်းကနေ သွေးတွေက ပန်းထွက်လာခဲ့ပြီး မြေပြင်ပေါ်ကို လဲကျသွားခဲ့ပါတယ်။

သူရဲ့မျက်လုံးထဲမှာတော့ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နေခဲ့ပါတယ်။ မကြာသေးခင် အချိန်တုန်းကတော့ သေမျိုးတွေကို အပေါ်ကနေမိုးပြီး ကြည့်ရှုနေတဲ့ နတ်ဘုရားတစ်ပါးလို မတူမတန်သလို ပြုမူနေခဲ့ပြီး သူတို့တွေရဲ့ အသက်ကို မြက်ပင်လေးတွေလို ဂရုမစိုက်ပဲ သတ်ဖြတ်ပစ်ခဲ့ပါတယ်။ အခုလိုမျိုး တူညီတဲ့ကံတရားမျိုးကို ခံစားရမဲ့အချိန်က မြန်မြန်ဆန်ဆန်နဲ့ ရောက်လာလိမ့်မယ်လို့ ဘယ်သူက ထင်ထားမိမှာလဲ။

အထင်နဲ့အမြင်နဲ့ တစ်ခြားစီပါပဲ…တကယ့်ကို တစ်ခြားစီပါပဲ။

ပေါင်ရှင်းရန်က သူရဲ့မျက်လုံးကို အားစိုက်ကာ ဖွင့်နေခဲ့ပြီး သူ့ရဲ့အမြင်အာရုံထဲက ကောင်းကင်ပြာကို ဆက်ထိန်းသိမ်းထားဖို့ အကောင်းဆုံး ကြိုးစားနေခဲ့ပါတယ်။

ဒါပေမဲ့ သူ့အတွက် ကြွင်းကျန်ရစ်တဲ့ တစ်ခုတည်းသော ရှုခင်းကတော့ တိတ်ဆိတ်ငြိမ်သက်ပြီး ကြောက်ရွံ့ထိတ်လန့်စရာကောင်းတဲ့ အေးစက်စက်အမှောင်ထုတစ်ခု ပါပဲ။

"ငါ့ဆရာက ငါ့အတွက် သေချာပေါက် လက်စားချေပေးလိမ့်မယ်"

ပေါင်ရှင်းရန်က ထိုစကားတစ်ခွန်းကို နောက်ဆုံးအနေနဲ့ ချန်ထားရစ်ခဲ့ပြီး အသက်ဆက်ရှင်သန်ဖို့ ဆန္ဒတွေအပြည့်နဲ့ နောက်ဆုံးထွက်သက်ကို ရှူထုတ်သွားခဲ့ပါတယ်။

"လင်းဟန်ကွ"

"ဒါမှ ဂရန်းမာစတာလင်းကွ ”

"ဂရန်းမာစတာလင်းက အနိုင်းမဲ့ ပြိုင်ဘက်ကင်းပဲ"

"ဂရန်းမာစတာလင်း အသက်ရှည်ပါစေ"

တစ်ကွင်းလုံး လင်းဟန်ကို ဩဘာပေးသံတွေ ဆူညံသွားပါတယ်။ လူငယ်တွေမှာ စိုးရိမ်မှုတွေနဲ့

အတွေးတွေ အများကြီးရှိနေလိမ့်မှာ မဟုတ်ပါဘူး။ သူတို့သိတာက အပြင်လူတစ်ယောက် ရုတ်တရက် ရောက်လာပြီး သူတို့တွေ အကုန်လုံးကို ခေါင်းမဖော်ဝံ့အောင် ဖိအားပေးခဲ့တယ် ဆိုတာပဲဖြစ်ပြီး အဲ့ဒီအချိန်မှာ လင်းဟန်က ရှေ့ထွက်ပြီး အပြင်လူကို အနိုင်ယူနိုင်ခဲ့ပါတယ်။

အဲ့ဒီအပြင်လူက သူတို့တွေကို နည်းနည်းလေးတောင် မတုံ့ဆိုင်းပဲ သတ်ပစ်ခဲ့ပြီး အဆုံးမှာတော့ လင်းဟန်က သက်ညှာမှုမရှိ ပြန်ပြီးတော့ သတ်ပစ်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် သွားတစ်ချောင်း အတွက် သွားတစ်ချောင်း၊ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး ပြန်ပေးဆပ်ရတာ ဖြစ်ပါတယ်။ သူတို့တွေ အကုန်လုံး အပျော်လွန်နေကြပါတယ်။

နှိုင်းယှဉ်ရရင် ချန်ဖေးကျွင့်က ဘာများအားကိုးရလို့လဲ။ အနက်ရောင်အဆင့် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်က သိုင်းပညာရှင် တစ်ယောက်ကိုတောင် မထိန်းချုပ်နိုင်ပါဘူး။ ဒါက တကယ့်ကို ဟာသတစ်ခုလိုပါပဲ။

ချန်ဖေးကျွင့် အတွက်ကတော့ အနည်းငယ် မမျှတပါဘူး။ ဂိုဏ်းကြီးတွေမှာ သူတို့ရဲ့ ကိုယ်ပိုင်မှော်ဆေးပညာရှင်တွေ

ရှိလေ့ရှိပြီး အခြေခံအားဖြင့် သူတို့တပည့်တွေရဲ့ မှော်ဆေးလုံး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေး နိုင်ကြပါတယ်။ အချို့အထူးဆေးလုံးတွေ အတွက်သာလျှင် မှော်ဆေးပညာရှင် အဖွဲ့အစည်းဆီကို တောင်းဆိုဖို့ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း သာမန်အခြေအနေတွေမှာ ဆိုရင်တော့ စိတ်ဂိညာဉ် ရတနာစံအိမ်ကို သွားပြီးတော့ လေလံပွဲမှာ ပါဝင်ဆင်နွှဲခြင်းဖြင့် အဲ့ဒီပြဿနာကို ရိုးရိုးရှင်းရှင်း ဖြေရှင်းနိုင်ပါလိမ့်မယ်။

ဒါ့ကြောင့် ဂိုဏ်းကြီးတွေက မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ပေါင်းစည်းအင်အားကို သတိထားရုံပဲ ဖြစ်ပါတယ်။ သူတို့တွေက ပြင်ပက မှော်ဆေးပညာရှင်တွေရဲ့ အကူအညီကို တိုက်ရိုက်ကြီး မလိုအပ်တာကြောင့် မှော်ဆေးပညာရှင်တွေကို တရားလွန် အလေးထားမှာ မဟုတ်ပါဘူး။ ဥပမာအနေနဲ့ ဖန်းယန်က လင်းဟန်ရဲ့ ခြေထောက်ကို မသန်မစွမ်းဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ချက် ရှိတယ်ဆိုတာကို ဘာကိုမှဂရုမစိုက်ပဲ ကြေညာခဲ့ရင်တောင်မှ လင်းဟန်ကို မသတ်သရွေ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ကာကွယ်ဖို့အတွက် ရှေ့ထွက်လာလိမ့်မှာ မဟုတ်ပါဘူး။

ဂိုဏ်းကြီးတွေ အနေနဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကို

သတိထားမှာ ဖြစ်ပေမဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကလည်း ဂိုဏ်းကြီးတွေကို လွယ်လွယ်ကူကူ ဆန့်ကျင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကတော့ များစွာ ပိုမိုမြင့်မားပြီး မည်သည့်ဂိုဏ်းကမဆို ဂုဏ်သရေရှိ ဧည့်သည်အနေနဲ့ ဝမ်းမြောက်စွာနဲ့ ကြိုဆိုဧည့်ခံ ကြမှာပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ ဒီလိုမျိုး မှော်ဆေးပညာရှင် တစ်ယောက်ကို လေးစားရတဲ့ အကြီးအကဲတစ်ယောက် အနေနဲ့သာ အမှန်တစ်ကယ် ဖိတ်ကြားနိုင်ခဲ့မယ်ဆိုရင် ဂိုဏ်းရဲ့ကိုယ်ပိုင်စွမ်းရည်တွေကို ကြီးကြီးမားမား မြှင့်တင်နိုင်လိမ့်မယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

ချန်ဖေးကျွင့်ရဲ့မျက်နှာက လုံးဝကို ဖြူဖပ်ဖြူရော် ဖြစ်နေခဲ့ပါတယ်။ သူကဒီသိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲကို စီစဉ်ခဲ့တဲ့ သူတစ်ယောက်ဖြစ်ပြီး ခက်ခက်ခဲခဲ ရရှိခဲ့တဲ့ ငွေတွေကိုတောင် ဂရုမစိုက်ပဲ နှလုံးသား ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ထုတ်ယူခဲ့ပါတယ်။ အခုတော့ ကောင်းရော။ လင်းဟာန်က အတောက်ပဆုံး ကြယ်တစ်ပွင့် ဖြစ်လာခဲ့ပြီး စီစဉ်ခဲ့တဲ့ သူကတော့ ဘေးတစ်ဖက်မှာ လျစ်လျူရှု ခံနေခဲ့ရပါတယ်။

အဲ့ဒီကောင်က အခုထိ မသေနိုင်သေးဖူးလားကွာ...ငါ့ကို ဒုက္ခပေးလို့ရော ပြီးဦးမှာလား။

မဖြစ်သေးဖူး...ငါဒီည လောင်ကျိဖန်းဆီ ထပ်သွားပြီး ဘယ်လိုပဲဖြစ်ဖြစ် လက်ခံလာအောင် စည်းရုံးရမယ်။

လင်းဟာန်က ပြုံးရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

"လူတိုင်းပဲ ပျော်ရွှင်ခြင်း တည်းခိုခန်းကို လာဖို့ မမေ့ကြနဲ့နော်။ အဲ့ဒီမှာ နှစ်ပေါင်းရာချီ သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေ အများကြီး ရှိနေတုန်းပဲ။ မင်းတို့မှာသာ မူလစွမ်းအင် ခရစ်စတယ်တွေ လုံလုံလောက်လောက် ရှိနေရင် လူတိုင်းအတွက် ဆေးပင်တွေ လုံလုံလောက်လောက် ရစေလိမ့်မယ်"

လူတိုင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ အရင်တုန်းကတော့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်က အဆင့်အတန်း မြင့်မားတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ လူတစ်ယောက်ပါ။ နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်သူထက်တောင် အဆင့်အတန်း ပိုမိုမြင့်မားတဲ့ အကြီးအကဲကြီးတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ အဲ့ဒီလို လူတစ်ယောက်က အမှန်တစ်ကယ်ပဲ သူ့ရဲ့အဆင့်ကို လျော့ချပြီး ပစ္စည်းတွေဝယ်ဖို့ မဲဆွယ်နေခဲ့ပါတယ်။ အဲ့ဒါက သူ့လိုအထင်ကြီး လေးစားရတဲ့ လူတစ်ယောက်နဲ့ သူတို့လို သာမန်လူတွေကြားထဲက ကွာခြားချက်ကို အမှန်တစ်ကယ်ပဲ ကျဉ်းမြောင်းသွားစေခဲ့ပါတယ်။

"ဟုတ်တာပေါ့။ ဂရန်းမာစတာလင်းရဲ့ စီးပွားရေးကို ကူညီပေးဖို့ ကျွန်တော်တို့ သေချာပေါက် လာရမှာပေါ့"

"ရိုးရိုးသားသားပြောရရင် နှစ်ရာချီသက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေကို အမှန်တကယ် ဝယ်ယူနိုင်တာကြောင့် အကျိုးအမြတ်ကြီးတစ်ခု ရတဲ့သူက ကျွန်တော်တို့ ကိုယ်တိုင်ပါပဲ"

"ကျေးဇူးတင်ပါတယ် ဂရန်းမာစတာလင်း"

လူတိုင်းက သူတို့ရဲ့ကျေးဇူးတင်မှုတွေကို ရိုးသားစွာ ဖော်ပြနေခဲ့ ကြပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တစ်ယောက် ဖြစ်နေသရွေ့ သူတို့ကို သန့်စင်ဖို့ ဆန္ဒရှိနေသရွေ့ မူလစွမ်းအင် ခရစ်စတယ်တွေကို

အချိန်မရွေး ထုတ်လုပ်နိုင်ပေမဲ့ နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေကိုတော့ ဒီလောက်လွယ်လွယ်နဲ့ ဘယ်လိုလုပ် ရရှိနိုင်မှာလဲ။ သူတို့ရဲ့ကလန်တွေက အဲ့ဒီအပင်တွေကို စိုက်ပျိုးဖို့ စိတ်ဝိညာဉ် မြေကွက်တစ်ခု တည်ဆောက်ဖို့ ဆန္ဒရှိနေတယ် ဆိုရင်တောင်မှ အဆင်သင့်ဖြစ်ပြီး ရိတ်သိမ်းနိုင်ဖို့ အတွက် အချိန်အတော်ကြီး ကြာလိမ့်ဦးမှာဖြစ်ပြီး သူတို့ရဲ့ သားစဉ်မြေးဆက်တွေ လက်ထက်ကျတော့မှပဲ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါလိမ့်မယ်။

ဒါ့အပြင် ဒီလိုမျိုး စိတ်ဝိညာဉ်အပင်မျိုးက ပတ်ဝန်းကျင်လိုအပ်ချက်တွေ အတော်လေး တိကျတိကျ တင်းကြပ်ပါတယ်။ နှစ်ရာချီတဲ့ သက်တမ်းကို ရောက်ရှိဖို့ဆိုရင် ဘယ်လောက်တောင် အားစိုက်ထုတ်ရပြီး ကျင့်ကြံခြင်းတွေကို စတေးရမလဲဆိုတာ ဘယ်သူသိနိုင်ပါ့မလဲ။ အဲ့ဒါက နှစ်ရာချီတဲ့ အချိန်ကို ဖြတ်သန်းနိုင်ရုံမျှနဲ့ မလုံလောက်ပါဘူး။ အားစိုက်ထုတ်မှုတွေလည်း အတော်လေးကို လိုအပ်ပါတယ်။

ဒါ့ကြောင့် အင်ပါယာ မိသားစုကဲ့သို့ အလွန်ကြီးမားတဲ့ အဖွဲ့အစည်းကြီးတောင်မှ တစ်ကယ်လို့ သူတို့မှာ

ကိုယ်ပိုင်ဉယျာဉ်ရှိလို့ အနှစ်သုံးဆယ်ငါးဆယ်သက်တမ်းရှိတဲ့ ဂျင်ဆင်းကဲ့သို့ ဆေးဖက်ဝင်အပင်တွေ ရရှိနိုင်ခဲ့ရင်တောင် တကယ်ကိုအံ့အားသင့်ဖွယ်ရာဖြစ်ဖို့ လုံလောက်နေပါပြီ။ နှစ်ရာချီသက်တမ်းရှိတဲ့ ဂျင်ဆင်းဆို ဘယ်နေရာကများရရှိဖို့ဖြစ်နိုင်ပါ့မလဲ။

လင်းဟန်ရဲ့လှုပ်ရှားမှုက မူလစွမ်းအင် ခရစ်စတယ်တွေ ပမာဏ အများကြီးရရှိဖို့ ကူညီပေးနိုင်ရုံ သာမက နိုင်ငံကိုးခုမှ လူငယ်မျိုးဆက်တွေရဲ့ တန်ဖိုးထား ကျေးဇူးတင်ခြင်းကိုပါ ရယူနိုင်ခဲ့ပါတယ်။

အဲ့ဒါက မြေကြီးထဲ တုတ်ချောင်းတစ်ချောင်းကို ရည်ရွယ်ချက်မရှိ ထိုးစိုက်လိုက်ရာက အရိပ်တစ်ခု ထောက်ပံ့ပေးနိုင်တဲ့ သစ်ပင်တစ်ပင်အဖြစ် ကြီးထွားလာတာမျိုးနဲ့ ဆင်တူပါတယ်။ မတော်တဆ အပြုအမူတစ်ခုက ချန်ဖေးကျွင့်ကို မနာလိုမှုကြောင့် လဲသေစေဖို့လုံလောက်တဲ့ မမျှော်လင့်ထားတဲ့ အောင်မြင်မှု တစ်ခုကိုလင်းဟန်ဆီသို့ ဆောင်ယူလာခဲ့ပါတယ်။

Chapter 304 end

အပိုင်း(၃၀၅) နောက်ထပ်ခြေလှမ်း

ပထမအနေနဲ့ ချန်ဖေးကျွင့်က ထူးချွန်တဲ့ လူငယ်ပါရမီရှင် အချို့ကို ရွေးချယ်ဖို့ သိုင်းပညာ လက်ဖက်ရည် ညှော်ခံပွဲကို စီစဉ်ခဲ့တာဖြစ်ပြီး လောင်ကျိဖန်းက သူတို့တွေထဲက ပါရမီရှင်တွေကို အဖွဲ့သားသစ် စုဆောင်းမှာ ဖြစ်ပါတယ်။ ဒုတိယကတော့ သူ့ရဲ့နာမည် ဂုဏ်သတင်းကို တည်ဆောက်ချင်ခဲ့တာပါ။ သူတို့တွေကို စည်းရုံးဖို့ သူကိုယ်တိုင် ရှေ့ထွက်ခဲ့တာက သူ့ရဲ့အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် ဆိုတဲ့ပုံရိပ်က သူတို့တွေကို ဆက်သွယ်ဖို့ စည်းရုံးတဲ့ နေရာမှာ ပိုပြီးလွယ်ကူ စေနိုင်တာကြောင့်လည်း ဖြစ်ပါတယ်။

ဒါပေမဲ့ အခုဆို လင်းဟာန်တစ်ယောက် လူတိုင်းရဲ့ အသိအမှတ်ပြု ကျေးဇူးတင်ခြင်းကို ရရှိနေတဲ့အချိန်မှာ ချန်ဖေးကျွင့်ကတော့ လုံးဝကို နောက်မှာ ကျန်ရစ်ဖြစ်နေခဲ့ပြီး ထောင့်တစ်ခုမှာ ချောင်ကုပ်နေခဲ့ရပါတယ်။

သေရေးရှင်ရေး အခြေအနေမှာ နောက်ပြန်ဆုတ်ဖို့ ဘယ်သူကများ သူ့ကို အတင်းတောင်းဆို နေခဲ့လို့လဲ။

သိုင်းပညာကမ္ဘာကြီးမှာ မင်းရဲ့စွမ်းရည်က အားနည်းနေခဲ့ရင်တောင်မှ သေတဲ့ထိ အားကုန်ထုတ်

တိုက်ခိုက်နေခဲ့မယ်ဆိုရင် အခြားသူတွေက လက်မထောင်ပြပြီးတော့ စစ်မှန်တဲ့သူ တစ်ယောက်အဖြစ် ထုတ်ဖော်ချီးကျူးမှာ ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က လူအများရှေ့က တိုက်ပွဲတစ်ခုမှာ တိုက်ခိုက်ဖို့တောင် သတ္တိမရှိပဲ ထွက်ပြေးမယ် ဒါမှမဟုတ် အမြီးကုပ်နေမယ် ဆိုရင်တော့ အထင်သေးဖို့ အကောင်းဆုံး အပြုအမူတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က လက်သီးဆုပ် အရိုအသေပေးလိုက်ပြီး လွီယုထန်တို့နဲ့အတူ ပြန်သွားခဲ့ပါတယ်။ အခြားသူတွေကတော့ သူတို့ရဲ့ တည်းခိုခန်းတွေဆီသို့ ပြန်သွားခဲ့ပါတယ်။ ပြန်တဲ့လမ်းမှာတော့ လွီယုထန်နဲ့လီစီချန်းတို့ နှစ်ယောက်စလုံးက ခေါင်းမာနေတုန်းပဲ ဖြစ်ပါတယ်။ သူမတို့ နှစ်ယောက်က လင်းဟန်အနေနဲ့ ပထမနေရာကို ရရှိခဲ့တာကြောင့် နလုံးသားပြန်လည် ထိန်းသိမ်းခြင်း ဆေးလုံးကို ချန်ဖေးကျွင့်ဆီက တောင်းသင့်တယ်လို့ တဖွဖွ ပြောနေခဲ့ကြပါတယ်။

အဲ့ဒါက လင်းဟန်ကို ကျယ်လောင်စွာ ရယ်မောမိစေပြီး သူ့ကိုအထင်သေးတယ်လို့ ခံစားရစေပါတယ်။ ဟုတ်တယ်လေ သူကဘယ်သူလဲ။ သမိုင်းတလျှောက်

တစ်ဦးတည်းသော မျော်ဆေးပညာရှင်ကောရာဇ်တစ်ယောက်လေ။ အနက်ရောင့် အဆင့်မြင့်မျော်ဆေးပညာရှင် တစ်ယောက်က ဖော်စပ်ထားတဲ့ အရည်အသွေးနိမ့်တဲ့ အမှိုက်သာသာ ဆေးလုံးတွေကို ဘယ်လိုလုပ်ပြီးတော့ လိုအပ်နေဦးမှာလဲ။

တကယ်ပဲ ရယ်စရာကောင်းလွန်းပါတယ်။

သူတို့ တည်ခိုခန်းဆီသို့ရောက်ပြီး မကြာခင်မှာပဲ ဝယ်ယူသူတွေက တိမ်စိုင်တွေလိုမျိုး စုပြုံကာ တိုးဝှေ့နေကြပါတယ်။

ကျူးဝူကျို့က အတော်လေး အလုပ်များသွားပါတယ်။ ကွမ်းယွမ်နဲ့ ကန်းရီတို့ နှစ်ယောက်လည်း သူ့ကို ကူညီပေးကြပါတယ်။ နောက်ပိုင်းမှာ မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူငယ်မျိုးဆက်တွေတင် မကပါဘူး။ အဲဒီသတင်းကိုကြားတဲ့ တောက်ပသော ကြယ်နန်းတော် ခန်းမက မျော်ဆေးပညာရှင်တော်တော်များများတောင်မှ ရောက်လာခဲ့ကြပါတယ်။

လူတိုင်းက ပန်းဖူးအဆင့်ကို မချိုးဖောက်နိုင်သေးသမျှ သေမျိုးတွေပဲ ဖြစ်ပါတယ်။ သေမျိုးတွေရဲ့သက်တမ်းက

နှစ်တစ်ရာလောက်ပဲ ရှည်လျားပါတယ်။ ဒါကြောင့် နှစ်အနည်းငယ်လောက် သက်တမ်းပိုရှည်မှာကို ဘယ်သူကမျှား မလိုချင်ပဲ နေပါ့မလဲ။ အဲဒီအကြီးအကဲတွေက ပိုင်ဆိုင်ထားတဲ့ စွမ်းအားတွေ ပိုများလေလေ နှစ်အနည်းငယ်လောက် ပိုမိုပြီး အသက်ရှင်သန် နေနိုင်ဖို့အတွက် ဘယ်လိုစွန့်စားမှုကိုမဆို လုပ်ဆောင်ဖို့ အသင့်ရှိ နေပါတယ်။

နှစ်ရာချီသက်တမ်းရှိတဲ့ ဂျင်ဆင်းနဲ့ ဆေးဖက်ဝင်အပင်တွေက သူတို့အနေနဲ့ ယုတ္တိရှိရှိ ငြင်းဆန်နိုင်တဲ့ အရာတစ်ခု မဟုတ်ပါဘူး။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့ သက်တမ်းကိုတော့ အနည်းငယ် ဆွဲဆန့်နိုင်အောင်လို့ ကူညီပေးနိုင်တာကြောင့် လူတစ်ယောက်အတွက် နောက်ထပ်သုံးနှစ် ဒါမှမဟုတ် ငါးနှစ်လောက် ဆက်ပြီးတော့ ရှင်သန်နေထိုင် စေဖို့အတွက် ပြဿနာ လုံးဝမရှိနိုင်ပါဘူး။ ဒါအပြင် အဲ့ဒီဂျင်ဆင်းတွေက အတော်လေး အာဟာရဖြစ်စေပြီး လူတစ်ယောက်ရဲ့ သက်တမ်းကို ဆွဲဆန့်ပေးနိုင်သလို ပြင်းထန်တဲ့ လျှို့ဝှက်ဒဏ်ရာတွေကို ကုသပေးနိုင်ပါတယ်။

လွီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်က

အိမ်ရှင်မရာထူးကိုယူထားပြီး နှစ်ယောက်လုံး ဘေးချင်းယှဉ်ရပ်ပြီးတော့ ဟူးညို့အထင်အမြင်သေးတဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ရှင်လန်းတက်ကြွစွာ ရေတွက်နေခဲ့ပါတယ်။ ဟူးညို့ကတော့ တိတ်ဆိတ်စွာ တွေးမိနေခဲ့ပါတယ်။

`ဒီရယ်စရာကောင်းတဲ့ မိန်းကလေးနှစ်ယောက်က မူလစွမ်းအင် ခရစ်စတယ်တွေကို ကြည့်ရတာ ဘာတွေများ ဒီလောက်တောင် စိတ်ဝင်စားဖို့ ကောင်းနေလို့လဲ။ အဲဒါတွေကို ထိုင်ပြီးတော့ ရေတွက်နေမဲ့အစား လင်းဟန်အနား ကပ်နေတာမှ ဟုတ်ဦးမယ်`

တစ်နေ့လုံး အလုပ်များပြီးတဲ့ နောက်မှာတော့ လင်းဟန်က ကြောက်မက်ဖွယ်ပမာဏဖြစ်တဲ့ မူလစွမ်းအင် ခရစ်စတယ် တစ်သိန်းကို စုဆောင်းမိ ခဲ့ပါတယ်။ အဲဒီပမာဏက ဘယ်သူ့ကိုမဆို မနာလိုဖြစ်နိုင်တဲ့ ချမ်းသာကြွယ်ဝမှု တစ်ခုပါပဲ။ မိုးရေနိုင်ငံရဲ့ အင်ပါယာ မိသားစုတောင်မှ အများဆုံး အနေနဲ့ အဲဒီပမာဏရဲ့ အစအနလောက်ကိုသာ အာမခံပေးနိုင်ပါလိမ့်မယ်။

လေလံပွဲက မကြာခင်မှာ ကျင်းပတော့မှာဖြစ်ပြီး နောက်နှစ်ရက်ကြာရင် စတင်တော့မှာပါ။

တခြားတစ်ဖက်မှာတော့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် သုံးယောက်ဆီရဲ့ အားကြိုးမာန်တက် အကူအညီပေးမှုကြောင့် လင်းဟန်ရဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု စီစစ်ခြင်းကလည်း မကြာခင်မှာပဲ ပြီးဆုံးပါတော့မယ်။ အလွန်ဆုံး နောက်ငါးရက် အတွင်းမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ကြောင်း အတည်ပြုချက်ကို ပို့ဆောင်ပေးပါလိမ့်မယ်။

လင်းဟန်က အတော်လေး စိတ်ကျေနပ်နေခဲ့ပြီး နောက်ထပ် ဘယ်ကိုသွားရမလဲ ဆိုတာကို စတင်ပြီး စဉ်းစားလိုက်ပါတယ်။

တောက်ပသော ကြယ်နန်းတော်က မြောက်ဘက်အစွန်အဖျားနေရာက ထွက်မဲ့သူတွေအတွက် ခေတ္တနားခိုစရာ နေရာတစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ အကြာကြီး သူနေလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူဒီနေရာကို ရောက်လာခဲ့တာကြောင့် သူ့စိတ်ထဲရှိသလို လုပ်နိုင်ဖို့ သေချာစေတဲ့ သူ့ရဲ့မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းကို အတည်ပြုဖို့ သီးသန့်ပဲ ဆုံးဖြတ်ခဲ့တာပါ။

အခု ထိုက်ကိစ္စနှစ်ခုက ဖြေရှင်းပြီးလုနီးပါး ဖြစ်နေပါပြီ။ ဒါကြောင့် နောက်ထပ်သူ ရပ်နားမဲ့နေရာကို စဉ်းစားပြီးတော့ အစီအစဉ်ချရပါလိမ့်မယ်။

ဆောင်းလဂိုဏ်းက တပည့်သစ်တွေ စုဆောင်းဖို့ သူတို့ရဲ့တံခါးကိုဖွင့်ဖို့ အစီအစဉ်ရှိနေခဲ့ပါတယ်။

လင်းဟန် အခြားသူတွေဆီက အဲ့ဒီသတင်းကို ကြားခဲ့ပြီးတဲ့နောက်မှာ ဆောင်းလဂိုဏ်းကို ဦးတည်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ပထမအနေနဲ့ သူ့ရဲ့အမေ ဘယ်နေရာမှာလဲ ဆိုတာကို စုံစမ်းစစ်ဆေးရပါမယ်။ ဒုတိယ အနေနဲ့ကတော့ အဲဒီနေရာမှာ စိတ်ဝင်စားစရာ တချို့စုဆောင်းဖို့ ဆန္ဒရှိနေခဲ့တာ ဖြစ်ပါတယ်။ ဆောင်းလဂိုဏ်းလို ဂိုဏ်းကြီးတစ်ခု အနေနဲ့ သေချာပေါက် သူတို့ရဲ့ ကိုယ်ပိုင်စိုက်ခင်းတွေ ရှိမှာဖြစ်ပြီး လင်းဟန်က အနက်ရောင်မျှော်စင်ထဲက နယ်မြေကို ကြွယ်ဝစေဖို့ ဆောင်းလဂိုဏ်းရဲ့ စိုက်ခင်းတွေကို ပြောင်သွားအောင် လုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်။

သူ့အမေကိုဖမ်းပြီး သူ့အဖေကို ဒဏ်ရာရစေဖို့ ဘယ်သူကများ အဲ့ဒီဂိုဏ်းကို အတင်းအဓမ္မ တောင်းဆိုခဲ့လို့လဲ။ သူကိုယ်တိုင် လက်စားမချေနိုင်ရင် သူ့ကိုယ်သူ လူသားတစ်ယောက်လို့ သတ်မှတ်နိုင်တော့မှာ မဟုတ်ပါဘူး။

သူ့မှာသာ လုံလောက်တဲ့ စွမ်းရည်ရှိတဲ့ အချိန်ကျရင် အောင်းဖန်ကို သွားသတ်ပြီး အဲဒီရန်ကြွေးကို အဆုံးသတ်လိုက်တော့မှာပါ။

သူတို့ဆောင်းလဂိုဏ်းကို သွားပါလိမ့်မယ်။

ဒါပေမဲ့ သူ့ရဲ့ဘဝအမှန်ကိုတော့ ဖုံးကွယ်ထားရပါလိမ့်မယ်။ မဟုတ်ရင် သူနဲ့ဖန်းယန်က ကမ္ဘာရန်သူတွေ ဖြစ်တဲ့အချက်ကို ကြည့်ရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အကြီးအကဲက မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် ဖြစ်တာတစ်ခုတည်းကြောင့် သူ့ကိုမသတ်ရင်တောင်မှ လင်းဟန်ကို မောင်းထုတ်နိုင် ပါသေးတယ်။ အဲဒီအခါကျရင် ဆောင်းလဂိုဏ်းရဲ့ စိုက်ခင်းကို ဘယ်လိုလုပ်ပြီးတော့ သူကယူလို့ ရမှာလဲ။

လူတော်တော်များများက သူတို့ရဲ့ မူလစွမ်းအင်

ခရစ်စတယ်တွေကို အသုံးပြုခဲ့တာကြောင့် သိုင်းပညာ လက်ဖက်ရည် ညှော်ခံပွဲပြီးတဲ့နောက် လေလံပွဲကို မစောင့်တော့ပဲနဲ့ ဆောင်းလဂိုဏ်းဆီ တိုက်ရိုက်ဦးတည်ဖို့ ရွေးချယ်လိုက်ကြပါတယ်။ ဒါပေမဲ့ ထွက်သွားတဲ့သူတွေက ခရီးတော်တော် ရောက်ပြီးတော့ မကြာခင်မှာပဲ လှည့်ပြန်လာခဲ့ပါတယ်။ သူတို့တွေက လင်ဟန်ကို တွေ့ဖို့အတွက် တမင်တကာ ပြန်လာခဲ့ပြီး သတင်းတစ်ခုပြောပြခဲ့ပါတယ်။

သူတို့သွားတဲ့လမ်းမှာ မြောက်ပိုင်းနယ်မြေကနေ လူငယ်အချို့ လာနေတာကို သူတို့မြင်ခဲ့ပါတယ်။

သူတို့တွေက ပေါင်ရှင်းရန်လိုမျိုး ဖြစ်နေနိုင်တယ်မလား။

လင်းဟန်က သူတို့တွေကို ကျေးဇူးတင် စကားပြောခဲ့ပြီးတဲ့နောက်မှာ အဲဒီလူတွေက သူတို့ရဲ့ ခရီးစဉ်ကို နောက်တစ်ကြိမ် ပြန်စတင်လိုက် ကြပါတယ်။ လင်းဟန် နောင်တရ သလိုတောင် ခံစားလိုက်ရပါတယ်။ လင်းဟန်က ပေါင်ရှင်းရန်ကို သတ်ရတဲ့အကြောင်းအရင်းက သူ့ရဲ့အကျိုးစီးပွားနဲ့ တုတ်နဲ့ထိုးလို့ ဖြစ်ပါတယ်။ တခြားအရာ ဘာကိုမှ ထည့်သွင်းစဉ်းစားခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရလဒ်အနေနဲ့ လူတွေအများကြီးရဲ့ နှလုံးသားကို

အမှန်တကယ်ပဲ ရရှိခဲ့ပါတယ်။

မဟုတ်ရင် သူတို့ ထွက်သွားခဲ့ပြီးမှ သတင်းပေးဖို့အတွက် ဘာဖြစ်လို့ တမင်ပြန်လာခဲ့မှာလဲ။

ဒါပေမဲ့ သူတို့တွေကို လွတ်လွတ်လပ်လပ် ထွက်ခွာသွားစေခဲ့ပုံ ထောက်ရင် အသစ်လာတဲ့သူတွေက ပေါင်ရှင်းရန်နဲ့ မတူဘူးဆိုတာ သူသိခဲ့ပါတယ်။ မဟုတ်ရင် သူတို့တွေကို ထွက်သွားစေတာထက် လုယက်ပြီး သတ်ပစ်လိမ့်မှာ ဖြစ်ပါတယ်။ သူတို့တွေက လေလံပွဲမှာ ပါဝင်ဖို့ ဒီနေရာကို လာတာများ ဖြစ်နိုင်မလား။

အဲ့ဒါက အတော်လေးဖြစ်နိုင်ပါတယ်။ အနည်းဆုံးတော့ လေလံပွဲမှာ အပြာရောင်ကြေးခွံ မို့စ္စာသားရဲ သစ်သီးတစ်လုံး လေလံတင်ပါလိမ့်မယ်။ ဒါကြောင့် အနီးနားဝန်းကျင်က လူတွေကိုလာရောက်ဖို့ ဆွဲဆောင်နိုင်တာ သဘာဝကျပါတယ်။

ညနက်ပိုင်းမှာတော့..စောင့်ကြည့်ခံရတဲ့ ခံစားမှုတွေ နောက်တစ်ကြိမ် ဖြစ်ပေါ်လာခဲ့ပြန်ပါတယ်။

အဲ့တာလောင်ကျိဖန်း ဆိုတာကို လင်းဟန်သေချာပေါက်

သိနေခဲ့ပါတယ်။ အဲဒီလူအိုကြီးက ဒီလိုအရာမျိုးလုပ်တာ ပထမဆုံးအကြိမ် မဟုတ်တော့ပေမဲ့ လင်းဟန်ရဲ့ မှသားမဲ့မျက်လုံးနဲ့ဆိုရင် သူဘယ်နေရာမှာမှ ပုန်းကွယ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ မကြာခင်မှာပဲ လင်းဟန်ရဲ့ အမူအရာက တည်ကြည်လေးနက် လာပါတယ်။ဘာလို့လဲဆို ဒီနေ့ လောင်ကျိဖန်းက သူ့မျက်နှာကိုဖုံးကွယ်ဖို့ မျက်နှာတုတစ်ခု အမှန်တကယ်ပဲ ဝတ်ဆင်လာခဲ့လို့ပါ။

သူ့ကိုယ်သူ ဖုံးကွယ်ဖို့ ကြိုးစားခဲ့တာကြောင့် ဆိုးရွားတဲ့အစီအစဉ် တစ်ခုခု ရှိနေတာ ထင်ရှားပါတယ်။

လင်းဟန်က အရင်တုန်းက သူ့ကို ဘာအခွင့်အရေးမှ မပေးခဲ့ပါဘူး။ နောက်ဆုံးတော့ အဲ့ဒီလူအိုကြီးရဲ့ စိတ်ရှည်မှုတွေ ကုန်ဆုံးသွားခဲ့တာပါ။

လင်းဟန် တွေဝေနေပါတယ်..အနက်ရောင်မျှော်စင်ထဲကို ချက်ချင်းဝင်နေသင့်လား။

အနက်ရောင် မျှော်စင်ထဲကို ပြန်ဝင်နေခဲ့ရင် သေချာပေါက် လုံခြုံမှာပါ။ ဒါပေမဲ့ သူ့ဆီကို စွမ်းအင်တွေ ထည့်ပေးဖို့

အနက်ရောင်မျှော်စင်ဆီကနေ အခွင့်အရေးတစ်ခု ရှိနေဆဲဖြစ်ပါတယ်။ သူက အခု နွေဦးစမ်းရေ အလွှာကိုး အဆင့်မှာ ရှိနေတာကြောင့် သူ့ရဲ့အခြေခံကို ကျစ်လစ် ခိုင်မာအောင် လုပ်နိုင်တာနဲ့ တပြိုင်နက် စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ချိုးဖောက်ဖို့ သူ့အားထုတ်နိုင်တော့မှာပါ။

ဒီအခွင့်အရေးကို အသုံးမပြုသေးဘူးဆိုရင် လုံးဝဖြုန်းတီးတာပဲ ဖြစ်ပါလိမ့်မယ်။

အရေးကြီးဆုံးကတော့ အနက်ရောင်မျှော်စင်က ထည့်သွင်းပေးတဲ့ စွမ်းအားတွေက သူ့ရဲ့ခန္ဓာကိုယ် သန့်စင်ခြင်းနဲ့ ကျစ်လစ်ခိုင်မာအောင် လုပ်ပေးတဲ့ လုပ်ငန်းစဉ် တစ်ခုဖြစ်ပါတယ်။

မျှော်စင်လေးက စွမ်းအားတွေ ထည့်သွင်းဖို့အတွက် ဒီအခွင့်အရေးကို အသုံးပြုရင် ပိုကောင်းလိမ့်မယ်လို့လည်း ပြောခဲ့ပါတယ်။ သူက အခု နွေဦးစမ်းရေ အလွှာကိုး အဆင့်မှာ ဖြစ်ပါတယ်။ ဒါမျိုး နောင်အခါ ရှိတော့မှာ မဟုတ်ပါဘူး။

စွမ်းအားတွေ ထည့်သွင်းလိုက်တာနဲ့ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာ ၉ အဆင့်ကို

ယာယီအားဖြင့် ပိုင်ဆိုင်နိုင်လိမ့်မှာ ဖြစ်ပြီးတော့ သူ့ရဲ့မွန်စတားဆန်တဲ့ တိုက်ပွဲစွမ်းရည်နဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာကိုးရဲ့ စွမ်းအားနဲ့ဆိုရင် စိတ်ဝိညာဉ် ပလ္လင်အဆင့် ရန်သူတစ်ယောက်ကို တိုက်ခိုက်လို့ ရပါတယ်။ လူတစ်ယောက်ရဲ့ကျင့်ကြံခြင်းက ပိုမြင့်လာလေလေ ကျင့်ကြံခြင်းအဆင့် ပိုသန်မာတဲ့ ရန်သူတစ်ယောက်ကို တိုက်ခိုက်ဖို့ ပိုခက်ခဲလေလေပါ။ ဒါပေမဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ ဒုတိယအလွှာနဲ့ တတိယအလွှာက ရန်သူတစ်ယောက်ကို တိုက်ခိုက်ဖို့ကတော့ ပြဿနာမရှိပါဘူး။ လောင်ကျိဖန်းက စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ တတိယအလွှာမှာပဲ ရှိပါသေးတယ်။

တကယ်လို့ လျို့ပှက်ဆန်းကြယ်မှု သုံးထောင်ရဲ့ သိုင်းဟန်ကို အပြည့်အဝ သူအသုံးပြုခဲ့ရင် တစ်ချက်ထဲနဲ့ သူကိုသတ်ပစ်နိုင်ဖို့ အခွင့်အရေး ရှိနိုင်ပါတယ်။

ဆုံးဖြတ်ချက် ချပြီးတဲ့နောက်မှာ လင်းဟန်က ချက်ချင်း လျင်မြန်စွာ လှုပ်ရှားလိုက်ပါတယ်။ သူက တည်းခိုခန်းက ထွက်ခွာလိုက်ပြီး တော်တော်ဝေးဝေးမှာ ရှိနေတဲ့ အမှောင်တောထဲသို့ ဦးတည်ပြီး သွားလိုက်ပါတယ်။

စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာရှိတဲ့ သူတစ်ယောက်ဖြစ်တဲ့

လောင်ကျိဖန်းရဲ့စိတ်အာရုံနဲ့ နတ်ဘုရားအာရုံ အစွမ်းနဲ့ဆို လင်းဟန် ထွက်သွားတာကို ချက်ချင်းကို သိရှိစေပါတယ်။ လူအိုကြီးက အနည်းငယ် ကြောင်သွားပါတယ်။ ဒီလောက်ထိ တိုက်ဆိုင်တာမျိုး ရှိနိုင်လို့လား။ ကောင်စုတ်လေးက တည်းခိုခန်းကနေ တစ်ယောက်ထဲ ထွက်သွားတဲ့ အချိန်ကျရင် သူ့ရဲ့ မျက်နှာအစစ်အမှန်ကို ထုတ်ဖော်ရမယ် ဆိုရင်တောင်မှ လင်းဟန်ကို သတ်ဖို့အစီစဉ် ရှိနေခဲ့တာဖြစ်ပြီး သူ့အတွက်အခွင့်အရေးတစ်ခုကို စောင့်မျှော်နေခဲ့တာပါ။

ထူးဆန်းတယ်။

ဒါပေမဲ့လည်း သူက ဒီရှားပါးတဲ့ အခွင့်အရေးရဲ့ ဆွဲဆောင်မှုဒဏ်ကို ခုခံနိုင်ဖို့ နည်းလမ်းမရှိခဲ့ပါဘူး။ သူ့စိတ်ထဲမှာတော့ နွေဦးစမ်းရေအလွှာ ပထမအဆင့်လောက်လေးက သူ့ကို ခြိမ်းခြောက်လာနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

လူအိုကြီးဟာ ရှေ့ကို ရှေ့ကိုခုန်ထွက်သွားခဲ့ပြီး လင်းဟန်နောက်ကနေ နီးကပ်စွာနဲ့ တကောက်ကောက် လိုက်သွားခဲ့ပါတယ်။ ဝေးလံတဲ့နေရာ တစ်ခုကိုရောက်မှ သူ့ကိုဖမ်းပြီး သတ်ဖို့စီစဉ်နေခဲ့တာပါ။ ပထမအနေနဲ့ အဲဒါက

ချန်ဖေးကျွင့်အတွက် ပြဿနာတစ်ခုကို ဖြေရှင်းပေးပြီးသား ဖြစ်သွားပါလိမ့်မယ်။ ဒုတိယအနေနဲ့ကတော့ ထူးဆန်းသောမီးကို သူထုတ်ယူဖို့ ရှိပါသေးတယ်။ မဟုတ်ရင် တောက်ပသော ကြယ်နန်းတော် ခန်းမမှာ ခေါင်းဆောင်ရာထူးကို လွှဲပြောင်းယူဖို့ မလုပ်နိုင်ပဲ ဖြစ်နေပါလိမ့်မယ်။

ဆယ်မိနစ်ကျော်လောက် ကြာပြီးတဲ့နောက်မှာ လင်းဟာန် ရုတ်တရက် ရပ်လိုက်ပါတယ်။ ဒီနေရာက အရင်နေ့တုန်းက သိုင်းပညာ လက်ဖက်ရည် ညှော့ခံပွဲကို အိမ်ရှင်အဖြစ် လက်ခံပြီးတော့ ကျင်းပခဲ့တဲ့ နေရာပဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာ အခုထိ မဖျက်သိမ်းရသေးတဲ့ နေရောင်ကာ အမိုးတွေ ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်နေပြီးတော့ တစ္ဆေမြို့တော် တစ်ခုလို ခြောက်ခြားဖွယ်ရာ ကောင်းနေပါတယ်။

ဒီနေရာက အတော်လေး ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်ကြံသတ်ဖြတ်ဖို့ တကယ်ကို ကောင်းမွန်တဲ့ နေရာပါပဲ။

Chapter 305 end

အပိုင်း(၃၀၆) စိတ်ဂိညာဉ် ပင်လယ်အဆင့်နဲ့ တိုက်ခိုက်ခြင်း

"အဘိုးကြီး ခင်ဗျား ထွက်လာခဲ့။ ခင်ဗျား ကျွန်တော့်နောက်ကို ဒီလောက်အကြာကြီး လိုက်နေခဲ့တာပဲ။ သန့်ရှင်းအေးမြပြီး လတ်ဆတ်တဲ့လေကို ရှူဖို့အတွက် ထွက်လာသင့်ပြီမလား"

လင်းဟန်က လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

လောင်ကျိဖန်းက ချက်ချင်းထွက်မလာသေးပဲနဲ့ ဆက်ပြီးတော့ ပုန်းနေခဲ့ပါတယ်။ လင်းဟန်က သူ့နောက်ကနေ လိုက်လာတာကို မသိပဲနဲ့ ဖိနပ်လုံးတွေနဲ့ တမင်သတ်သတ် ဂွင်ဆင်နေတယ်လို့ ထင်နေခဲ့တာပါ။ နွေဦးစွမ်းရေအဆင့် ပထမအလွှာက ကောင်စုတ်လေး တစ်ယောက်က သူ့နောက်ယောင်ခံ လိုက်လာတာကို ရှာဖွေတွေ့ရှိတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"ခင်ဗျားရဲ့ မျက်နှာကို ဖုံးကွယ်ထားတာနဲ့ အရှက်မရှိပဲ ထင်သလို လုပ်လို့ရပြီလို့ ထင်နေတယ်ပေါ့လေ"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

လောင်ကျိဖန်းက ချက်ချင်းပဲ ဒေါသထွက်သွားပါတယ်။ တစ်ချိန်ထဲမှာပဲ လင်းဟန်က သူ့နောက်ယောင်ခံ

လိုက်လာတာကို သိသွားပြီဆိုတာ နားလည်သွားခဲ့ပါတယ်။ သူက ပုန်းကွယ်နေတဲ့ အမှောင်ထုထဲကနေ ထွက်လာပြီးတော့ မေးလိုက်ပါတယ်။

"ကောင်စုတ်လေး ငါ့ကို ဘယ်လိုလုပ် ရှာတွေ့သွားတာလဲ"

"ခန့်မှန်းလိုက်တာပါ။ ကျုပ်ရဲ့နောက်မှာ အိမ်ခြေယာမဲ့ လေလွင့်တဲ့လူတစ်ယောက် ရှိနေတာကို ဝိုးတိုးဝါးတား ခံစားမိနေတယ်။ စဉ်းစားကြည့်လိုက်တော့ ညနက်ကြီးမှာ တခြားလူတစ်ယောက်ရဲ့ အနောက်ကနေ ပုန်းကွယ်ပြီးတော့ လိုက်နေတဲ့လူက ရက်စရာကောင်းတဲ့ လူယုတ်မာကြီး တစ်ယောက်ပဲ ဖြစ်ရမယ်လို့ ခန့်မှန်းမိလိုက်တာပါ"

လောင်ကျိဖန်းက လင်းဟန်က သူ့ကိုကျိန်ဆဲတဲ့ စကားတွေကို ပြောလိုက်တဲ့အတွက် စိတ်ဆိုးဒေါသ ထွက်သွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"မင်းက ငါ့ကို မထီမဲ့မြင်လုပ်ပြီး စိန်ခေါ်ရဲတယ်ပေါ့"

"ဟီးဟီး...ကျုပ်က အမြဲ စိန်ခေါ်တတ်လေ့ ရှိတယ်"

လောင်ကျိဖန်းက ချက်ချင်းပဲ စိတ်တည်ငြိမ်သွားပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ ဒီလိုမျိုး စိတ်တည်ငြိမ်အေးဆေးမှုကို လွယ်လွယ်ကူကူနဲ့ မဆုံးရှုံးနိုင်ပါဘူး။ လောကျီဖုန်းက သူ့လက်ကို အနောက်ဘက်ကို ပစ်လိုက်ပြီး မေးလိုက်ပါတယ်။

"ကောင်စုတ်လေး မင်းငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို အခုထိ မသိသေးဘူး မဟုတ်လား။ ငါက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကွ"

သူက လင်းဟန်ရဲ့ ခန့်မှန်းချက်ကိုတောင် မစောင့်ပဲနဲ့ အဖြေကို ထုတ်ပြောလိုက်ပါတယ်။

"မင်းက စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်က လူတစ်ယောက်ကိုတောင် သတ်ဝံ့တယ်လို့ ငါကြားခဲ့တယ်။ အဲဒါကြောင့်လည်း ကိုယ့်ကိုယ်ကို ဟုတ်လှပြီဆိုပြီး အထင်ကြီးနေတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အခုလည်း ငါ့ကို မင်းသတ်ခဲ့တဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်က လူလိုမျိုးလို့ မင်းတွေးနေခဲ့တာ မဟုတ်လား"

"မင်းမှားနေပြီ။ လုံးဝကို မှားနေပြီ။ စိတ်ဂိညာဉ်ပင်လယ် အဆင့်ပဲဖြစ်ဖြစ် စိတ်ဂိညာဉ် ပလ္လင်အဆင့်ပဲဖြစ်ဖြစ် ကျင့်ကြံခြင်းအဆင့်တွေရဲ့ ကြားထဲက မတူညီမှုကို

မင်းအနေနဲ့ ပြောပြနိုင်စရာ အကြောင်းလုံးဝ မရှိဘူး။ ဒါက မင်းရဲ့ သေခြင်းတရားအတွက် တစ်ခုတည်းသော အကြောင်းပြချက်ပဲ”

"ပြီးတော့ အပြစ်ကျူးလွန်လို့ မရတဲ့ လူတချို့လည်း ရှိသေးတယ်။ သူတို့ကို မင်းတစ်ကြိမ် ဆန့်ကျင်မိတာနဲ့ မင်းရဲ့တစ်ခုထဲသော ကံကြမ္မာက သေခြင်းတရားပဲ ဖြစ်လိမ့်မယ်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဒါဆို စိတ်ဝိညာဉ် ပလ္လင်အဆင့်က လူယုတ်မာကြီး တစ်ယောက်ပေါ့လေ။ မသိခဲ့မိလို့ တောင်းပန်ပါတယ်ဗျာ။ ကျုပ် တော်တော် သိချင်မိတာ တစ်ခုရှိတယ်။ ချန်ဖေးကျွင့်က ခင်ဗျားလို လူယုတ်မာကြီးကို အမှန်တကယ်ပဲ အမိန့်ပေးနိုင်တာလား။ အဲဒါဆိုရင်တော့ ခင်ဗျားက ဒီလောက်လည်း ဂုဏ်ယူစရာ မကောင်းပါဘူးဗျာ"

"အဓိပ္ပါယ် မရှိလိုက်တာ။ ချန်ဖေးကျွင့်က ငါ့အမိန့်ကို နာခံရတဲ့သူကွ"

လောင်ကျိဖန်းက လင်းဟာန်ကို ချက်ချင်းပဲ

ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီစကားတွေ သူ့ပါးစပ်က ထွက်သွားတာနဲ့ ချက်ချင်းတောင့်တင်းသွားပြီး လင်းဟန်ကို ငေါက်ငမ်းလိုက်ပါတယ်။

"သေသင့်တဲ့ကောင်။ ငါ့ကို စကားလုံးတွေနဲ့ လှည့်စားရဲတယ်ပေါ့"

လင်းဟန်က ပခုံးတွန့်လိုက်ပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားက ကျုပ်ကို သတ်ဖို့ ဒီနေရာကို ရောက်နေခဲ့ပြီပဲလေ။ ပြီးတော့ စိတ်ဝိညာဉ် ပလ္လင်အဆင့်နဲ့ နွေဦးစမ်းရေ အဆင့်ကြားက တိုက်ပွဲတစ်ခုက သေချာပေါက် တဖက်တည်းကပဲ အပြတ်အသတ် အသာစီး ရသွားမှာပဲလေ။ ကျုပ်က သေချာပေါက် သေရတော့မဲ့ သူပဲလေ။ မသေခင်မှာ လျှို့ဝှက်ချက်လေး နည်းနည်းလောက် သိသွားတော့ရော ဘာဖြစ်မှာမို့လဲ။ လူယုတ်မာကြီး ကျုပ်မေးပါဦးမယ်။ ခင်ဗျားက ဘယ်အဖွဲ့အစည်းကလဲ ”

လောင်ကျိဖန်းက လင်းဟန်ရဲ့ စကားတွေကို နားထောင်နေရာက မှင်တက်အံ့သြ သွားခဲ့ပါတယ်။ လင်းဟန်ပြောခဲ့တဲ့ ပထမဆုံး စကားလုံးတွေက အမှန်တရား

ဖြစ်နေတယ်လို့ ယူဆလို့ရပေမဲ့ ဘာကြောင့်များ လင်းဟန်ရဲ့ ပါးစပ်ကနေ ဒီစကားတွေ ထွက်လာတဲ့အချိန်မှာ သူ့ကို အတော်လေး စိတ်မသက်မသာ ဖြစ်သလိုမျိုး ခံစားစေရတာလဲ။

သေတော့မယ်ဆိုတာ သိနေတဲ့သူတစ်ယောက်က ဒီလောက်ထိ တည်ငြိမ်နေနိုင်လို့လား။

ဒါပေမဲ့ လင်းဟန်ရဲ့ နောက်ဆုံးစကား အနည်းငယ်ကို ကြားလိုက်ရတဲ့ အခါမှာတော့ လောင်အဘိုးကြီးက နောက်တစ်ကြိမ် ဒေါသထွက်လာပြန်ပါတယ်။ ဒီကောင်စုတ်က ငါ့ကို လူယုတ်မာကြီးလို့ ခေါ်ရဲတုန်းပဲလား။

"သေတော့မဲ့ လူတစ်ယောက်အတွက် အများကြီးသိနေတော့ရော ဘာအဓိပ္ပါယ်ရှိမှာမို့လို့လဲ"

လောင်ကျိဖန်းက အေးစက်စွာ မေးလိုက်ပါတယ်။ လင်းဟန်က သူ့ကိုလူယုတ်မာကြီးလို့ ထပ်ခါထပ်ခါ ခေါ်နေခဲ့တာကြောင့် လင်းဟန်ကို ချက်ချင်း သတ်ပစ်လိုက်ဖို့ သည်းမခံနိုင်လောက်အောင် ဖြစ်နေခဲ့ပါတယ်။ သူက လင်းဟန်ကို မသတ်ခင်မှာ သူနဲ့အတူ တစ်ခဏလောက် ကစားချင်နေခဲ့တာပါ။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"လူယုတ်မာကတော့ လူယုတ်မာပဲ ဖြစ်နေဦးမှာပဲ။ ကောင်းမွန်တဲ့ စကားဆိုရင် ဘယ်တော့မှ နားမထောင်ဖူး။ တိရစ္ဆာန်တွေလို ခွန်အားပဲ သုံးတတ်ကြတယ်"

"သေသင့်တဲ့ကောင်"

လောင်ကျိဖန်းက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။ သူ့ကို လင်းဟန်က လူယုတ်မာကြီးလို့ ထပ်ခါထပ်ခါ ခေါ်နေတာကို သူအမှန်တကယ်ပဲ သည်းမခံနိုင်တော့ပါဘူး။ ဒါကြောင့် ပထမဆုံး အနေနဲ့ ဒီကောင်စုတ်ကို ထိန်းချုပ်ပြီး အဲဒီနောက်မှ သူ့ကို ဖြည်းဖြည်းချင်း နှိပ်စက်ဖို့ စီစဉ်နေခဲ့တာပါ။ တချိန်ထဲမှာပဲ ထူးဆန်းသောမီးတောက်ကို ပြန်လည်ရယူဖို့က အတော်လေး ဒုက္ခပေးမဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ ချန်ဖေးကျွင့်လည်း ရယူမဲ့နေရာမှာ ရှိရမှာဖြစ်တာကြောင့် ပထမဆုံး လင်းဟန်ကို ထိန်းချုပ်တာက ပိုကောင်းမှာပါ။

"မျှော်စင်လေး"

လင်းဟန်က ခပ်တိုးတိုး ရေရွတ်လိုက်ပါတယ်။ ရုတ်တရက်ပဲ သူ့ရဲ့ဒန်တန်ကနေ ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခု စီးဆင်းထွက်လာခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးကို ဖြတ်ပြီးတော့ ချက်ချင်းပဲ လှည့်ပတ်သွားခဲ့ပါတယ်။

စိတ်ဝိညာဉ် ပင်လယ်အဆင့် ပထမအလွှာ၊ ဒုတိယအလွှာ၊ တတိယအလွှာ၊ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်တွေက ရုတ်ချည်းဆိုသလို ထိုးတက်သွားခဲ့ပြီး တခဏလေး အတွင်းမှာပဲ စိတ်ဝိညာဉ် ပင်လယ်အလွှာ ကိုး အဆင့်ကို ရောက်သွားခဲ့ပါတယ်။

"လပြွတ်ပဲလေ”

လောင်ကျိဖန်းက လှုပ်ရှားမယ်ကြံမှ ချက်ချင်းတန့် သွားခဲ့ရပြီး အံ့သြတကြီး ပြောလိုက်ပါတယ်။

"မ..မဖြစ်နိုင်တာ။ မင်းရဲ့အရှိန်အဝါတွေက စိတ်ဝိညာဉ် ပင်လယ် အလွှာကိုး အဆင့်ကို ဘယ်လိုလုပ် ရုတ်တရက်ကြီး ထိုးတက်သွားတာလဲ"

နွေဦးစမ်းရေအဆင့် ပထမအလွှာကနေ စိတ်ဝိညာဉ် ပင်လယ် အလွှာကိုး အဆင့်ကို အဓိကကြီးကို

ဖြုတ်သွားခဲ့တာပါ။ အဲ့တာက အံ့အားသင့်ဖွယ် ဆိုတာထက် ထိတ်လန့်ဖွယ် အခြေအနေတစ်ခု ဖြစ်နေခဲ့ပါပြီ။ ဘယ်သူကများ အဲ့ဒါလို့ လက်ခံနိုင်ပါ့မလဲ။

"သေတော့မဲ့ လူတစ်ယောက်အတွက် အများကြီးသိနေတော့ရော ဘာအဓိပ္ပါယ် ရှိမှာမို့လို့လဲ"

ဒီစကားက လောင်ကျိဖန်း အရင်က ပြောခဲ့တဲ့ စကားအတိုင်း တိတိကျကျပါပဲ။

လောကျိဖုန်းက အစောပိုင်းတုန်းက လုံးဝအံ့သြတကြီး ဖြစ်သွားတာကနေ အခု သူ့ရဲ့အာရုံတွေ ပြန်ရလာခဲ့ပါပြီ။

"စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာကိုးမှာ ရှိနေတော့ရော ဘာဖြစ်လဲ။ အဓိက အဆင့်တစ်ခု ကွာဟနေတုန်းပဲလေ။ မင်းကိုထိန်းချုပ်ဖို့က ငါ့အတွက်တော့ ကလေးကစားစရာ သာသာလောက်ပဲ ဖြစ်နေလိမ့်မှာ။ မြောက်ဘက်အစွန်အဖျားလို နေရာလေး တစ်ခုမှာ အသက်ဆယ့်ခုနစ်နှစ်နဲ့ စိတ်ဝိညာဉ် ပင်လယ် အလွှာကိုး အဆင့်မှာရှိနေတဲ့အပြင် မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ပါ ဖြစ်နေတဲ့ လူစားမျိုး ရှိလိမ့်မယ်ဆိုတာ ငါမယုံဘူး။ မင်းရဲ့ ကျင့်ကြံခြင်းအဆင့်ကို

ယာယီမြှင့်တင်ပေးနိုင်တဲ့ မော်ဆေးလုံး တချို့ကို မင်းယူလာတာပဲ ဖြစ်ရမယ်”

"ဒီလိုမျိုး အဆင့်မြှင့်တင်တာနဲ့ ဆိုရင်တော့ စွမ်းအားတွေကိုပဲ မင်းပိုင်ဆိုင်လိမ့်မယ်။ မင်းရဲ့ သိုင်းပညာနားလည်မှုတွေ တိုးတက်ဖို့အတွက်ကတော့ မဖြစ်နိုင်ဘူး။ အများဆုံး တတိယအလွှာ ဒါမှမဟုတ် စတုတ္ထအလွှာရဲ့ တိုက်ပွဲစွမ်းအားတွေလောက်ပဲ ဖော်ထုတ်နိုင်လိမ့်မယ်။ ငါ့ရဲ့ အရှေ့မှာတော့ ဒီလိုတိုက်ပွဲစွမ်းအင်လောက်လေးက လုံးဝ အမှိုက်ပဲ"

သူက အထင်သေးစွာပြောလိုက်ပါတယ်။

အဲ့ဒီအချိန်မှာ လင်းဟာန်ရဲ့ ညာလက်ကလှုပ်ရှားသွားခဲ့ပြီး ဓားတစ်ချောင်းက လေထုထဲ ထွက်ပေါ်လာခဲ့ပါတယ်။ အဲ့ဒါက သာမန်ဓားတစ်ချောင်း မဟုတ်ပဲ နတ်ဆိုးရှင်သန်ဓားပဲ ဖြစ်ပါတယ်။

ဒီနေ့တော့ လင်းဟာန်အနေနဲ့ လောင်ကျိဖန်းကို သေချာပေါက် အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။

"ဒါ.. ဒါ… ဒါက ဘယ်လိုစိတ်ဝိညာဉ် လက်နက်မျိုးလဲဟ"

လောင်ကျိဖန်းရဲ့ အမူအရာဟာ ရုပ်ချည်းပြောင်းလဲသွားပါတယ်။ နတ်ဆိုးရှင်သန်ခြားထဲမှာ သိုင်းဆန္ဒတွေ မထည့်သွင်းထား ရသေးတာတောင်မှ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်ကတော့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်ဖြစ်နေတုန်းပါပဲ။ လူတစ်ယောက်က ဓားပေါ်မှာ ထွင်းထုထားတဲ့ ပုံစံတွေကို ကြည့်ရုံမျှနဲ့ အထွတ်အထိပ်ရှိတဲ့ အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်နဲ့ ရင်ဆိုင်နေရသလိုမျိုး ပြင်းထန်တဲ့ မျှော်လင့်ချက်မဲ့တဲ့ ခံစားမှုတွေ နိုးထလာမှာ ဖြစ်ပါတယ်။

"အဆင့်တစ်ဆယ်
စိတ်ဝိညာဉ်လက်နက် .နတ်ဆိုးရှင်သန်ဓား"

လင်းဟန်က အေးအေးဆေးဆေးပဲ ပြောလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူဘာကိုမှ မဖုံးကွယ်ထားခဲ့ပါဘူး။

"အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်တဲ့လား"

လောင်ကျိဖန်းက တီးတိုး ရေရွတ်နေခဲ့ပြီး သူ့မျက်နှာပေါ်မှာ လောဘအရိပ်အယောင် အထင်းသား ပေါ်လာခဲ့ပါတယ်။

"ငါနားလည်သွားပြီ။ မင်းရဲ့ယုံကြည်မှုတွေက နတ်ဆိုးရှင်သန်ဓား အပေါ်မှာ အခြေခံနေတာပဲ။ ဟားဟားဟား အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်က အမှန်တကယ်ပဲ စွမ်းအားကြီးပါတယ်။ ဒါပေမဲ့ ဓားထဲက သိုင်းဆန္ဒတွေကို အသက်သွင်းဖို့တော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အများဆုံးတော့ အဲ့ဒီဓားက ဘယ်လောက်ထက်လဲ ဆိုတာကပဲ ငါ့ကို ခြိမ်းခြောက်နိုင်လိမ့်မယ်"

"ဒီလိုအဆုံးမဲ့ စိတ်ဝိညာဉ် လက်နက်တစ်ခုကို ငါ့ကိုလက်ဆောင် ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ရမှာပဲ။ ဟားဟားဟား ဒီလိုမျိုး စိတ်ဝိညာဉ်လက်နက်ကို ရရှိဖို့ ငါပဲ ထိုက်တန်တယ်"

"အဲ့ဒီလိုလား"

လင်းဟန်က သူ့ရဲ့ဘယ်လက်ကို စိတ်ထဲက အမိန့်ပေးရင်း ဆန့်ထုတ်လိုက်ရာ သူ့ရဲ့လက်ပေါ်မှာ ရောင်စုံအလင်းတွေနဲ့ တောက်ပနေတဲ့ သွေးကြောတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

လောင်ကျိဖန်း အသက်ရှူ မှားသွားပါတယ်။ ဒါက သိုင်းဆန္ဒ အစစ်အမှန်ပဲ ဖြစ်ပါတယ်။

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

လောင်ကျိဖန်း ရှူးသွပ်လုမတတ် ဖြစ်သွားပါတယ်။ လူတစ်ယောက်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ဖိအားပေးပြီး မြှင့်တင်ဖို့ မှော်ဆေးလုံးတွေကို အသုံးပြုခဲ့ရင် ခွန်အားတစ်ခုပဲ တိုးမြှင့်နိုင်လိမ့်မယ်လို့ ဆိုလိုတာပါ။ သိုင်းပညာ ကျင့်ကြံခြင်းတွေပါ တိုးမြှင့်ဖို့ အတွက်ကတော့ မဖြစ်နိုင်ပါဘူး။

လင်းဟန်က စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ အမှန်တကယ်ပဲ ရှိနေခဲ့ပြီး အရင်တုန်းက သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကို ဖိအားပေးပြီး ဖိနှိပ်ထားခဲ့တာများ ဖြစ်နေမလား။

ဒါပေမဲ့ အသက်ဆယ့်ခုနစ်နှစ် စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်ပြီး မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပါ ဖြစ်နေတယ် ဆိုတာကတော့ ဘယ်လိုပဲ ကြည့်ကြည့် အဓိပ္ပါယ် လုံးဝမရှိပါဘူး။ ဒီကမ္ဘာကြီးမှာ အဲ့ဒီလို မွန်းစတားမျိုး ဘယ်လိုလုပ် ရှိနိုင်မှာလဲ။

သူဘယ်လောက်ပဲ စဉ်းစားနေပါစေ လင်းဟန်ရဲ့ စိတ်ဝိညာဉ်က မှော်ဆေးဧကရာဇ် တစ်ယောက်ဖြစ်တဲ့ ကောင်းကင်အဆင့် အဆုံးမဲ့လက်ရွေးစင် တစ်ယောက်က ပိုင်ဆိုင်ထားတယ်ဆိုတဲ့ အကြောင်းကိုတော့ သူဘယ်တော့မှ စိတ်ကူးနိုင်လိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တင် မဟုတ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ်တောင် ချက်ချင်းပြောင်းလဲနိုင်စွမ်းရှိပါတယ်။

စွမ်းအင်တွေ အလုံအလောက်ရှိနေရင် သူ့ရဲ့နတ်ဘုရား စိတ်အာရုံနဲ့ သိုင်းဆန္ဒတွေကို ဘာဖြစ်လို့ ဖွဲ့စည်းလို့ မရနိုင်ရမှာလဲ။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို အနည်းငယ် လှုပ်လိုက်ပါတယ်။ အဖိုးတန်ဓားက တောက်ပလာခဲ့ပြီး ပုံစံနှစ်ခုက အလင်းရောင် ခပ်မှိန်မှိန်ထွက်ပေါ် လာခဲ့ပါတယ်။ အဲဒါက နတ်ဆိုးရှင်သန်ဓားရဲ့ သိုင်းဆန္ဒ အစိတ်အပိုင်းတစ်ခုကို ပြန်လည်အသက်သွင်းနိုင်ခဲ့ပြီလို့ ဆိုတာပဲ ဖြစ်ပါတယ်။

ပြန်လည်အသက် သွင်းနိုင်ခဲ့တာက အနည်းငယ်လေး

ဆိုရင်တောင်မှ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်တစ်ခုက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်မလဲ။ ကြောက်မက်ဖွယ်ရာ အင်အားတွေက သူ့ဆီကို စီးဝင်လာခဲ့ပြီး လောင်ကျိဖန်းရဲ့ နလုံးသားကို ရှုံးသွပ်နေတဲ့ ပုံစံမျိုးနဲ့ တုန်လှုပ်သွားစေပါတယ်။ သူ့ရဲ့ခြေထောက်တွေဟာ အားနည်းလာခဲ့ပြီး မြေကြီးပေါ် ဒူးထောက်ကျလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

အရင်တုန်းက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမိန့်စာလွှာနဲ့ ဖုယွင်ရှင်းနဲ့ တခြား စိတ်ဝိညာဉ်အဆင့် လက်ရွေးစင်တွေက ခုခံဖို့ပဲ တတ်နိုင်ခဲ့ပြီး လှုပ်ရှားလို့ မရအောင် ဖြစ်သွားစေခဲ့ပါတယ်။အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်ကတော့ ပိုပြီးတောင်မှ အံ့အားသင့်စရာ ကောင်းပါတယ်။ ကံမကောင်းတာက ပုံစံနှစ်ခုကိုပဲ အသက်သွင်း နိုင်ပါသေးတယ်။ ဒါ့အပြင် သူတို့တွေက ခပ်မှိန်မှိန်ပဲ တောက်ပနေခဲ့တာကြောင့် သူတို့ကနေ ထုတ်လွှတ်တဲ့ သိုင်းဆန္ဒတွေက အကန့်အသတ် ရှိပါတယ်။ ရလဒ်အနေနဲ့ လောင်ကျိဖန်းက သူ့ရဲ့တိုက်ပွဲစွမ်းအင် တော်တော်များများကို ထိန်းသိမ်းထားနိုင်တုန်းပဲ ဖြစ်ပါတယ်။

"ဒီလို တန်ဖိုးကြီးမားတဲ့ ဓားတစ်ချောင်းကို ငါ့ကိုယ်ပိုင်

အနေနဲ့ လက်ခံထားသင့်တယ်"

လောင်ကျိဖန်းတစ်ယောက် အတော်လေးကို အံ့အားသင့်နေခဲ့ပေမဲ့ တချိန်ထဲမှာပဲ ပိုပြီးတော့ စိတ်လှုပ်ရှား လာခဲ့ပါတယ်။

Chapter 306 end

အပိုင်း(၃၀၇) တူညီစွာ သတ်ဖြတ်ခြင်း

လင်းဟန်က အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်ကို အမှန်တကယ်ပဲ ပြန်ပြီးတော့ အသက်သွင်း နိုင်ခဲ့တဲ့အတွက် လောင်ကျိဖန်းက အတော်လေး အံ့အားသင့်နေခဲ့ပါတယ်။ နည်းနည်းလေးပဲ ဆိုပေမဲ့ သူ့ကိုအံ့အားသင့်စေဖို့ အတွက်တော့ လုံလောက်ပါတယ်။ ဒါပေမဲ့ လင်းဟန်တောင်မှ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်ကို ပြန်ပြီးတော့ အသက်သွင်းနိုင်ခဲ့ရင် သူဆိုရင်ရော ဘယ်လောက်လုပ်နိုင်မလဲ ဆိုတာကိုလည်း တွေးနေမိခဲ့ပါတယ်။၏

နတ်ဆိုးရှင်သန်စားသာ သူ့လက်ထဲရောက်လာခဲ့ရင် ပိုပြီးတော့ စွမ်းအားကြီးမားတဲ့ ခွန်အားကိုတောင် သူ့အနေနဲ့ သေချာပေါက် ထုတ်ဖော်နိုင် ပါလိမ့်မယ်။

ဒါက အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်ပါ။

"ဟားဟားဟား ဒီလိုမျိုး အဖိုးတန်လက်နက်ကို ငါ့ကိုယ်ပိုင် ပစ္စည်းအဖြစ် သိမ်းရမယ်"

သူက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး လင်းဟန်ကို ဖမ်းဆုပ်ဖို့ ကြီးမားတဲ့ လက်တစ်ဖက် ဆန့်ထုတ်လိုက်ပါတယ်။ အနက်ရောင်တိမ်တွေ ကျယ်ပြန့်လာခဲ့ပြီး တိမ်ထုထဲက မရေတွက်နိုင်တဲ့ အရိုးခေါင်းတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲ့ဒါက ငရဲတံခါးပေါက်ကို ဖွင့်လိုက်သလိုမျိုး မရေမတွက်နိုင်တဲ့ ဝိညာဉ်တွေက ထွက်လာခဲ့ပါတယ်။

လင်းဟန် ရုတ်တရက် နားလည်သွားခဲ့ပြီးတော့ အောက်ပြောလိုက်ပါတယ်။

"ဒါဆို ခင်ဗျားက အလောင်းတစ်ထောင် ဂိုဏ်းကပေါ့လေ။ ဒါကြောင့် ကျုပ်က ခင်ဗျားရဲ့ အရှိန်အဝါကို ရင်းနှီးနေသလို ခံစားရတာပဲ။ မထူးဆန်းတော့ပါဘူး"

"ဘာ."

လောင်ကျိဖန်း မျက်လုံးပြူး သွားပါတယ်။

"ငါတို့ဂိုဏ်းရဲ့ အကြောင်းကို မင်းဘယ်လိုလုပ်ပြီး သိနေတာလဲ"

"အဓိပ္ပါယ်မရှိလိုက်တာ။ ခင်ဗျား အခုလေးတင် ကျုပ်ရဲ့မျက်စိရှေ့မှာ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းတွေကို အသုံးပြုခဲ့တာလေ။ အဲဒါမှ မသိနိုင်သေးဖူး ဆိုရင်လည်း ကျုပ်ရဲ့ မျက်စိနှစ်လုံးကို ဘာအတွက် သွားသုံးရတော့မှာလဲ"

လင်းဟန်က ထေ့ငေါ့ပြီးတော့ ပြောလိုက်ပါတယ်။

လောင်ကျိဖန်း အတော်လေး စိတ်မချမ်းမသာ ဖြစ်သွားပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်သောင်းအတွင်း အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ပက်သက်ပြီး ဘာအရိပ်လက္ခဏာမှ မရှိခဲ့တဲ့အပြင် သူတို့ရဲ့ သိုင်းပညာတွေက ကြီးမားစွာ ထိုးနှက်ခံခဲ့ရပြီး သူတို့ရဲ့ အမွေအနှစ်တွေဟာ ပျက်စီးယိုယွင်း သွားခဲ့ပါတယ်။ ဒီနယ်မြေမှာ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းတွေကို အမှတ်ရ နိုင်တဲ့သူ ဘယ်သူမှ

မရှိနိုင်တော့ပါဘူး။ ဒါပေမဲ့ ဒီကောင်စုတ်လေးက တစ်ချက်ထဲ ကြည့်ရုံနဲ့ ဘယ်လိုလုပ် သိသွားရတာလဲ။

"ကောင်စုတ်လေး မင်းကို ကြည့်ရတာ မင်းမှာဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေ တော်တော်များများ ရှိတဲ့ပုံပဲ"

လောင်ကျိဖန်းရဲ့ မျက်လုံးထဲမှာ ထူးဆန်းတဲ့ အလင်းရောင်တွေ တောက်ပသွားခဲ့ပါတယ်။ အသက်ဆယ့်ခုနစ်နှစ် အရွယ်ရှိတဲ့ကောင်လေး တစ်ယောက်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်နေပြီး တဆက်ထဲမှာပဲ စိတ်ဝိညာဉ် ပင်လယ်အလွှာ ကိုး အဆင့်ကို ရောက်နေပါတယ်။ ဒါကို အံ့သြဖွယ်ရာ တစ်ခုလို့ ဖော်ပြရုံလောက်နဲ့ မလုံလောက်တော့ ပါဘူး။ လင်းဟာန်က အစောပိုင်းတုန်းက နတ်ဆိုးရှင်သန်ဓာကို ဆွဲထုတ်လာရုံတင်မကပဲ တစ်ချက်ကြည့်ရုံနဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းတွေကို သတိပြုမိသွားခဲ့ပါတယ်။ သူ့မှာ ရောမ လျှို့ဝှက်ချက်ကြီး တစ်ခုကို ဖုံးကွယ်ထားတာ ဖြစ်နိုင်ပါတယ်။

သူ့ရဲ့နှလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဒုတ်ဒုတ် ခုန်နေခဲ့ပါတယ်။ သူသာ လင်းဟာန်ကိုသာ ဖမ်းမိနိုင်ခဲ့ရင် သူ့ဘဝတစ်ခုလုံးမှာ အကြီးမားဆုံး အခွင့်အရေးကြီးတစ်ခု

ရရှိသွားနိုင်မလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

"စိတ်ကူးယဉ် အိပ်မက်တွေ မက်မနေစမ်းပါနဲ့။ အဲဒါက မဖြစ်နိုင်ဘူး"

လင်းဟန် ခေါင်းကို ခါယမ်းလိုက်ပါတယ်။

"မင်းက ငါဘာတွေးနေလဲဆိုတာ သိလို့လား"

"အဓိပ္ပါယ် မရှိလိုက်တာ။ ခင်ဗျားတံတွေးတွေ မျိုချနေတာ ကြည့်ရုံနဲ့တင် ဘယ်လိုမျိုး မရိုးသားတဲ့ အတွေးမျိုးတွေ စဉ်းစားနေလဲဆိုတာ သိသာနေတာပဲ မဟုတ်ဘူးလား"

လင်းဟန်က လျှောင်ပြောင်လိုက်ပါတယ်။

လောင်ကျိဖန်းက တံတွေးမျိုချလိုက် ပေမဲ့လည်း အရမ်းကြီး စိတ်လှုပ်ရှားလို့ မသွားပါဘူး။ သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ အဲဒီနောက်မှာ ပတ်ဝန်းကျင် တစ်ခုလုံးကို အနက်ရောင်ချီတွေနဲ့ ဖုံးလွှမ်းသွားပါတယ်။ အရိုးခေါင်းတွေဟာ တစ်ခုပြီးတစ်ခု လူးလိမ့်နေပြီး လောင်ကျိဖန်းက သူ့ကိုယ်သူ အတော်လေးကို ယုံကြည်မှုတွေ ရှိလာစေပါတယ်။

"ကောင်စုတ်လေး။ ငါမင်းကို ဖြုတ်ချတဲ့ အခါကျရင် မင်းရဲ့ ကံကောင်းတဲ့ အခွင့်အရေးကိုလည်း ငါရရှိဦးမယ်။ ပြီးတော့ ငါ့လက်ထဲမှာ မချိမဆန့် အနိုပ်စက်ခံရပြီး လုံဝ စိတ်မချမ်းမသာ ဖြစ်စေရမယ်လို့ ငါအာမခံနိုင်တယ်"

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ သရော်လိုက်ပါတယ်။

"ခင်ဗျားရဲ့ ပေါင်ကြားက သင်းကွပ်ထားတဲ့ မိန်းမစိုးတွေလိုမျိုး လဗြွတ်မရှိလို့များလား။ ခင်ဗျား လိင်တူဆက်ဆံတာ အံ့ဩစရာ မရှိတော့ပါဘူး။ ခင်ဗျားက အလောင်းတစ်ထောင် ဂိုဏ်းရဲ့ မကောင်းဆိုးဂါး ပညာရပ်တွေကို လေ့ကျင့်နေမှတော့ ခင်ဗျားရဲ့ ခန္ဓာကိုယ်က မံမီအလောင်းနဲ့ တူနေမှာပေ့ါ။ ဒါကြောင့်လည်း ခင်ဗျားရဲ့ လဗြွတ်က ပုပ်သိုးဆွေးမြေ့နေလို့ ဖင်ကုန်းပေးဖို့ တတ်နိုင်တော့မှာပေ့ါ"

"မင်း..မင်း..."

လောင်ကျိဖန်းက သူ့ရဲ့နှလုံးသားကို လက်သီးနဲ့ ပြင်းပြင်းထန်ထန် ထိုးကြိတ်ခံ လိုက်ရသလို ခံစားလိုက်ရပါတယ်။ သူ့ရဲ့မျက်နှာဟာ မဲ့ရွဲ့သွားပြီး တစ္ဆေတကောင်လို

ကြောက်စရာ ကောင်းအောင် ရုပ်ဆိုးသွားပြီး ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်ပါတယ်။ ချက်ချင်းပဲ အရိုးခေါင်း အသေချော် ပေါ်ပေါက်လာပြီး လင်းဟန်ဆီသို့ ခုန်အုပ်လိုက်ပါတယ်။

ဒါက သူ့ရဲ့အကြီးမားဆုံးသော ဒဏ်ရာတစ်ခုပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ လဗ္ဗွတ်ကို ဆုံးရှုံးခဲ့ရပြီးတော့ အခု လင်းဟန်က သူ့ရဲ့မျက်နှာ ရှေ့တည့်တည့်မှာ အားနည်းချက်ကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဒါကြောင့် သူ့ရဲ့ဒေါသတွေက ပုံမှန်မဟုတ်တဲ့ အဆင့်ထိကို မြင့်တက်သွားခဲ့ပါတယ်။

"သေသင့်တဲ့ အယုတ်တမာ အဘိုးကြီး။ ဒီအတွက် စာရင်းရှင်းဖို့ အခုထိ မကြေငြာ ရသေးဖူးလေ။ ခင်ဗျားက ကျွန်တော့်ကို အငိုက်ဖမ်းနိုင်လုနီးပါးပဲ"

လင်းဟန်က စူးရှကျယ်လောင်တဲ့ လေချွန်သံတစ်ခု ထုတ်ဖော်လိုက်ပြီး လျှို့ပုက်ဆန်းကြယ် သုံးထောင်ရဲ့ ဓားသိုင်းကို အသုံးပြုပြီး နတ်ဆိုးရှင်သန်ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။

ဓားအလင်းတန်း ခုနစ်ရာက တစ်ချိန်ထဲမှာ

ရွှေ့လျားသွားခဲ့ပါတယ်။ နတ်ဆိုးရှင်သန်ဓားက ထွက်ပေါ်လာတဲ့ စွမ်းအားတွေနဲ့အတူ ဓားအလင်းတိုင်းက နတ်ဆိုးချီတွေကနေ တစ်ဆင့် အနက်ရောင် မြင်းစီးသူရဲကောင်းတွေ ပုံစံအဖြစ်ကို အမှန်တကယ်ပဲ ပြောင်းလဲသွားခဲ့ပြီး လောင်ကျိဖန်းဆီကို တဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

"လပြွတ်ပဲဟ"

လင်းဟန်က ချက်ချင်းပဲ မှင်တက်သွားခဲ့ပါတယ်။ ဒီအနက်ရောင် မြင်းစီးသူရဲကောင်း ပုံစံတစ်ခုစီက စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုးမှာ ရှိနေခဲ့ပါတယ်။ အခု ဒီအနက်ရောင် မြင်းစီးသူရဲကောင်း ပုံစံ ခုနစ်ရာက တပြိုင်နက်ထဲ ရွှေ့လျားသွားတယ်ဆိုတော့ ဒါက ဘယ်လိုကြီးလဲကွာ။

သူကိုယ်တိုင်တောင်မှ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်းသိုင်းကွက်က နတ်ဆိုးရှင်သန်ဓားနဲ့ ပေါင်းစည်းပြီးတော့ ဒီလိုကြောက်မက်ဖွယ်ရာ အင်အားမျိုး အမှန်တကယ်ပဲ ဖန်တီးနိုင်လိမ့်မယ်လို့ နည်းနည်းလေးမှ စိတ်မကူးထားမိခဲ့ပါဘူး။ မှန်ပါတယ်။ အဲဒါက အနက်ရောင်မျှော်စင်က ထည့်သွင်းပေးလိုက်တဲ့

စွမ်းအားတွေကြောင့် လင်းဟန်ရဲ့ စွမ်းအားတွေက စိတ်ဝိညာဉ် ပင်လယ့် အလွှာကိုး အဆင့်ကို ထိုးတက်မြင့်မား သွားတာကြောင့်လည်း ဖြစ်ပါတယ်။

သူက လောင်ကျိဖန်းရဲ့ အသက်ကို တစ်ခါထဲ မခြွေမိစေဖို့အတွက် ဓားအလင်းတန်း တစ်ရာကိုတောင်မှ တမင် ချန်ထားခဲ့ပါသေးတယ်။ မဟုတ်ရင် လောင်ကျိဖန်းကို သူက စစ်ဆေးမေးမြန်း နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒီဓားချက်ရဲ့အင်အားက ယုတ္တိမရှိပဲ သဘာဂနဲ့ ဆန့်ကျင်နေ လိမ့်မယ်လို့ ဘယ်သူက ထင်ထားမိမှာလဲ။

အနက်ရောင် မြင်းစီးသူရဲကောင်း ခုနစ်ရာက တစ်ဟုန်ထိုး ပြေးဂင်ထွက်လာတဲ့ အတွက်ကြောင့် ပတ်ဂန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းနေတဲ့ အနက်ရောင်ချီတွေသာမက အရိုးခေါင်းတွေပါ အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားခဲ့ပါတယ်။ လောင်ကျိဖန်းကတော့ အရိုးရော အသားပါ ရှာလို့မရတော့အောင် ပျောက်ကွယ်သွားခဲ့ပါတယ်။

လောကျိဖန်းက စိတ်ဝိညာဉ်ပင်လယ် အဆင့်အလွှာကိုးရဲ့ အနက်ရောင် မြင်းစီးသူရဲကောင်း ဓါးအလင်း တစ်ချောင်းကိုတောင် မခုခံနိုင်ပါဘူး။ ဒီလိုမျိုး

စွမ်းအားပြည့်တဲ့ ဓားအလင်းတန်း ခုနစ်ရာက တစ်ချိန်ထဲမှာ သူ့ကိုသဲကြီးမဲကြီး တိုက်ခိုက်မှတော့ သူဘာများ တတ်နိုင်ဦးမှာလဲ။ တစ်ချက်ထဲနဲ့ အစပါမကျန်အောင် ပျောက်ကွယ်သွားပါတယ်။

လင်းဟန်က သက်ပြင်းချ လိုက်မိပါတယ်။ကောင်းရောပဲ။ သူ လောင်ကျိဖန်းကို တစ်ခါတည်း သတ်လိုက်မိတာကြောင့် လမ်းကြောင်းတွေ အကုန်လုံး ပျက်သွားခဲ့ပါပြီ။ လင်းဟန်ရဲ့ အတွေးတွေ ရုတ်တရက် ပြောင်းသွားပါတယ်။

"ငါ ကျောင်းတော်သား ပုံစံနဲ့ ကောင်လေးကို သွားကြည့်ရလိမ့်မယ်ထင်တယ်"

သူက လျှင်မြန်စွာ ပြန်လှည့်လိုက်ပြီး လောင်ကျိဖန်းရဲ့ ခြံဝင်းကို ရောက်တဲ့အခါ သူက ကျောင်းတော်သား ပုံစံနဲ့ ကောင်လေးကို ဖမ်းဆုပ်လိုက်ပါတယ်။ သူက ကောင်လေးကို သတိမေ့ သွားအောင်လုပ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲမှာ ထည့်လိုက်ပါတယ်။ အဲဒီနောက် သူလည်း အနက်ရောင် မျှော်စင်ထဲကို လှစ်ခနဲဝင်လိုက်ပြီး ကောင်လေးကို သတိရအောင် ပြန်လုပ်ပြီးတော့ စတင်စစ်ဆေး မေးမြန်းလိုက်ပါတယ်။

"ကျွန်တော်က ဖိအားပေးခံရတာပါ။ ဖိအားပေးခံရတာပါ"

အဲဒီကောင်လေးက သေလုမတတ် ထိတ်လန့်ကြောက်ရွံ့နေခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ထဲက နယ်မြေနဲ့ ပက်သက်ပြီး နားမလည်တဲ့အတွက်လည်း ကြောက်ရွံ့မှုတွေနဲ့ ပြည့်နက်လာခဲ့ပါတယ်။

လင်းဟန်က ဘယ်လိုပဲမေးမေး သူက ဘာမှမသိဘူး ဆိုတာချည်းပဲ ဖြေနေခဲ့ပါတယ်။ လောင်ကျိဖန်းက ဒီမြို့ကို ရောက်လာပြီးတဲ့နောက်မှာ သူ့ကိုခေါ်ယူထားခဲ့ပါတယ်။ ပထမတော့ သူ့ရဲ့ကျေးဇူးရှင်နဲ့ တွေ့ဆုံခဲ့ရတယ်လို့ ထင်ခဲ့တာပါ။ ဒါပေမဲ့ သူ့အထင်နဲ့ အမြင်က တက်တက်စင်အောင်ကို လွဲနေခဲ့ပါတယ်။ လောင်ကျိဖန်းက သူ့ကိုခိုင်းတဲ့ အလုပ်ကို
သူကိုယ်တိုင်လည်း အမုန်တကယ်ကို စက်ဆုပ်ရွံရှာခဲ့ပါတယ်။ သူက အမြဲတမ်း လိင်တူဆက်ဆံတဲ့ အခါမှာ အကြမ်းပတမ်း အင်အားသုံးခဲ့ပေမဲ့ အဲဒါက လူယုတ်မာကြီးကို ပိုပြီးတောင်မှ ကျေနပ်အားရစေပါတယ်။

လင်းဟန်က ကောင်လေးကို နောက်တစ်ကြိမ် သတိလစ်အောင် ပြုလုပ်လိုက်ပြီး အနက်ရောင် မျှော်စင်ကနေ ကန်ထုတ်လိုက်ပါတယ်။

ချန်ဖေးကျွင့် အသက်ရှင်နေတုန်း ဖြစ်တဲ့အတွက် လမ်းစက အခုထိတော့မပျောက်သေးပါဘူး။

သူက ကျောင်းတော်သား ကောင်လေးကို လောင်ကျိဖန်းရဲ့ ခြံဝင်းကို လာခဲ့ဖို့ ချန်ဖေးကျွင့်ဆီကို သွားပြီးတော့ ပြောခိုင်းလိုက်ပါတယ်။ ကောင်လေးကိုလည်း သူ့အမိန့်ကို နာခံစေဖို့ အတွက် ပါးစပ်ထဲကို မှော်ဆေးလုံး တစ်လုံးကို ထည့်ပေးပြီးတော့ ဖိအားပေး မြိုချခိုင်းလိုက်ပါတယ်။ လင်းဟာန်က အဲဒီကောင်လေးကို ဒီဆေးက အဆိပ်ဆေးလုံးဖြစ်ပြီး သုံးရက်အတွင်း ဖြေဆေးသာ မရဘူးဆိုရင် အူပြတ်ပြီး သေလိမ့်မယ်ဆိုပြီး ဖိန့်လုံးနဲ့ ခြောက်လိုက်ပါတယ်။

ကောင်လေးက နည်းနည်းလေးမှ သံသယ မဂင်ခဲ့ပါဘူး။ လောင်ကျိဖန်းက အခုချိန်ထိ ပြန်မရောက် လာသေးတဲ့အတွက် လင်းဟာန်က သတ်လိုက်ပြီလို့ သူခံစားနေခဲ့ ရပါတယ်။ လောင်ကျိဖန်းလို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ကိုတောင် လင်းဟာန်က သတ်ပစ်လိုက် နိုင်တယ်ဆိုတာ တွေးမိတဲ့အခါ သူဘယ်လိုလုပ်ပြီး ဆန့်ကျင်ရဲမှာလဲ။

သိပ်မကြာခင်မှာ ခြံဂင်းတံခါးကနေ ဂင်လာတဲ့ ခြေသံနှစ်ခုကို ကြားလိုက်ရပါတယ်။

"ဘာဖြစ်လို့ မင်းဖြစ်နေရတာလဲ"

ချန်ဖေးကျွင့်တစ်ယောက် လင်းဟာန်ကိုမြင်လိုက်ရတဲ့အခါ အံ့အားမသင့်ဘဲ မနေနိုင်ခဲ့ပါဘူး။ သူဘယ်သူကိုမဆို မြင်ရပါစေ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လင်းဟာန်ကို ဒီခြံဂင်းထဲမှာ မြင်ရတာက သူ့အဖို့ လက်ခံနိုင်စရာ အကြောင်းလုံးဝ မရှိပါဘူး။

လင်းဟာန်က နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ငါက စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ တစ်ယောက်လေ။ ငါ့ကိုမြင်နေတာတောင် ဘာဖြစ်လို့ ဒူးမထောက်သေးတာလဲ ”

ချန်ဖေးကျွင့်က လင်းဟာန်ရဲ့ ဖြီးလုံးကြောင့် မှင်တက်သွားပါတယ်။ ခဏလောက် တွေဝေသွားပြီး ချက်ချင်းပဲ ကောက်ကျစ်ယုတ်မာတဲ့ ပုံစံဖြစ်လာပြီး အော်ဟစ် ပြောလိုက်ပါတယ်။

"မင်းငဲ့ါကို လိမ်ညာပြောနေတာပဲ။ ဆရာလောင်ဘယ်မှာလဲ။ ဆရာလောင်"

သူက အံ့ဩတကြီးနဲ့ အော်ဟစ်နေခဲ့ပါတယ်။

"ပြဿနာ တော်တော်ရှာတာပဲ"

လင်းဟန်က လက်ဖါးရိုက်ချက် တစ်ချက်တည်းနဲ့ ချန်ဖေးကျွင့်ကို သတိလစ်အောင် လုပ်ပလိုက်ပါတယ်။ ပြီးတဲ့နောက်မှာ လင်းဟန်က လူငယ်လေးဘက်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

"ကျွန်တော့ဘာသာ လုပ်ပါမယ်"

ကျောင်းတော်သား ပုံစံနဲ့ ကောင်လေးက လျှင်မြန်စွာ ပြောလိုက်ပြီး ဘုန်းဆိုတဲ့ အသံကို ကြားလိုက်ရပြီး သူ့ကိုယ်သူ ခေါင်းကို လက်ဖါးနဲ့ ရိုက်ပြီးတော့ သတိလစ်သွားခဲ့ပါတယ်။

မဆိုးဘူး ဘယ်လိုလုပ်ရမလဲဆိုတာ ကောင်းကောင်းသိတာပဲ။

လင်းဟန် ရယ်မောမိလိုက်ပြီး သူတို့နှစ်ယောက်ကို အနက်ရောင် မျှော်စင်ထဲသို့ တစ်ပြိုင်ထည်း ထည့်လိုက်လိုက်ပါတယ်။

အဲဒီနောက်မှာ လင်းဟန်က တည်ခိုခန်းကို ပြန်သွားပြီးတော့ နောက်တစ်ကြိမ် အနက်ရောင် မျှော်စင်ထဲသို့ ပြန်ဝင်လိုက်ပါတယ်။ ပြီးတော့ ချန်ဖေးကျွင့်ကို စတင်စစ်ဆေး မေးမြန်းပါတယ်။

"လင်းဟန်.. မင်းကတကယ့်ကို သတ္တိကောင်းနေပါ့လား။ မင်းက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုရင်တောင်မှ တခြားမှော်ဆေး ပညာရှင် တစ်ယောက်ကို အခုလိုမျိုး သီးသန့် အကျဉ်းချထားတာက ပြစ်မှုကြီးတစ်ခုပဲ"

ချန်ဖေးကျွင့်က သတိပြန်ရလာတာနဲ့ မျက်နှာထားတင်းတင်းနဲ့ အော်ပြောလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆန်ကုန်မြေလေး တစ်ယောက်ကတောင်မှ ဒီလောက် မောက်မာနေတာလား"

လင်းဟန်က သူ့ခေါင်းကို ခါယမ်းလိုက်ပါတယ်။

"ဘယ်လိုတောင် အဓိပ္ပါယ်မရှိတာတွေကို မင်းပြောနေတာလဲ။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆန်ကုန်မြေလေး ဆိုတာဘယ်သူလဲ"

ချန်ဖေးကျွင့်ရဲ့အမူအယာက အကြီးအကျယ် ပြောင်းလဲသွားခဲ့ပေမဲ့ သူက လင်းဟန်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့။ ငါ့ကို မြန်မြန်ပြန် လွှတ်ပေးစမ်း"

"အခု မင်းက ငါ့ရဲ့ပိုင်နက်ထဲ ရောက်နေပြီလေ။ အဲဒါတောင် ထွက်သွားချင် နေတုန်းလား"

လင်းဟန်က အေးအေးဆေးဆေး ပြုံးလိုက်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ဟာ လေထဲကို မြင့်တက်သွားပြီး သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်တဲ့အခါမှာ တောင်ကုန်းကြီးတွေက မြေပြင်ပေါ်မှာ ထွက်ပေါ်လာခဲ့ပြီး သူတို့ရဲ့ ပတ်ဝန်းကျင်မှာ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်/

ချန်ဖေးကျွင့်အသက်ရှူ မှားသွားပါတယ်။ သူက အရူးတစ်ယောက်လို မျက်လုံးတွေက ပြူးကြောင်ကြောင် ဖြစ်နေပါတယ်။

"ဒါက ပုံရိပ်ယောင်တစ်ခုပဲ။ ငါအမြင်တွေ မှားနေတာပဲ ဖြစ်ရမယ်။ ဒါက အစစ်အမှန် မဟုတ်ဘူး။ ပုံရိပ်ယောင်တွေပဲ"

ချန်ဖေးကျွင့်က သူကိုယ်သူရေရွတ်နေရင်း သူ့ခန္ဓာကိုယ်တစ်ခုလုံးက တုန်ယင်လို့ နေပါတယ်။

လင်းဟန်က ချန်ဖေးကျွင့်ကို ပြင်းပြင်းထန်ထန်နဲ့ ပါးကို ရိုက်ပစ်လိုက်ပါတယ်။ နာကျင်မှုဒဏ်ကြောင့် ချန်ဖေးကျွင့်က အော်ဟစ်လိုက်ပြီးတော့ ဒါက အတုအယောင်တွေ အိပ်မက်မက်နေတာတွေ ထင်ယောင်ထင်မှား ဖြစ်နေတာတွေ မဟုတ်ဘူးဆိုတာကို သိလိုက်ရပါတယ်။

Chapter 307 end

အပိုင်း(၃၀၈) အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကြံအစည်

လင်းဟန်ရဲ့ ရိုက်ချက်ကြောင့် ချန်ဖေးကျွင့်က ကြောင်တောင်တောင် ဖြစ်နေရာကနေ ရုတ်တရက် ပြန်နိုးလာပြီး လင်းဟန်ကို ကြောက်ရွံ့မှု အပြည့်နဲ့

ကြည့်နေပါတယ်။

ကိုယ်ခန္ဓာကို ကောင်းကင်မှာ ပျံဝဲနိုင်တာက ပန်းဖူးအဆင့်တွေသာ ဖြစ်ပါတယ်။

ပန်းဖူးအဆင့်မှာရှိတဲ့ လူတစ်ယောက်က သေမျိုးကမ္ဘာကို ကျော်လွန်သွားပြီး ယုတ္တိကျကျ နားမလည်နိုင်တဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် လင်းဟန်က နှစ်တစ်ရာ ဒါမှမဟုတ် နှစ်နှစ်ရာခန့် ရှင်သန်ခဲ့တဲ့ မွန်းစတားအိုကြီးပဲ ဖြစ်ရပါမယ်။ အဲဒါဆိုရင် လင်းဟန်က ပန်းဖူးအဆင့် စွမ်းအားတွေကို ပိုင်ဆိုင်ထားရုံမက မြေကမ္ဘာ အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပါ ဖြစ်နေခဲ့တာက မထူးဆန်းတော့ပါဘူး။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာထဲက ဒီလိုအဆင့်တွေကို ရောက်ခဲ့ပြီးတာ ဖြစ်နိုင်ပါတယ်။

အဲ့ဒီလို မွန်းစတာအိုကြီး တစ်ယောက်အတွက် လူငယ်လေး တစ်ယောက်အဖြစ် တမင်တကာ ရုပ်ဖျက်ထားတာဆိုရင် သူ့ရဲ့ရည်ရွယ်ချက်က ဘာများဖြစ်နိုင်မလဲ။

"မင်း လိမ်လိမ်မာမာနဲ့ရှင်းပြတာ အကောင်းဆုံးပဲ"

လင်းဟာန်က လက်တစ်ဖက်ကို အသာလေး လှုပ်လိုက်တာနဲ့ ချန်ဖေးကျွင့်ရဲ့ ခန္ဓာကိုယ်ပေါ်ကို ဖိအားတစ်ခု အသုံးပြုလိုက်ရာ မချိမဆံ့နာကျင်တဲ့ ဝေဒနာတစ်ခုကို ချက်ချင်းပဲ ခံစားလိုက်ရပါတယ်။ ဒီနယ်မြေမှာတော့ လင်းဟာန်က နတ်ဘုရားပဲ ဖြစ်ပါတယ်။

ချန်ဖေးကျွင့်က အတော်လေးကို ခေါင်းမာပါတယ်။ ကံမကောင်းတာက အနက်ရောင် မျှော်စင်ထဲမှာ နှိပ်စက်မှုပေါင်းများစွာကို လင်းဟာန်က ကြိုက်သလို လုပ်ဆောင်နိုင်ပါတယ်။ သိပ်မကြာခင်မှာပဲ ချန်ဖေးကျွင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ ပျက်ပြားလာခဲ့ပါတယ်။ သူက နတ်ဘုရားတစ်ပါးရဲ့ အလိုဆန္ဒကို ဆန့်ကျင်ဖို့ ကြိုးစားနေခဲ့တာလေ။ ဘယ်လိုလုပ် သူက အနိုင်ရနိုင်ပါ့မလဲ။

သူလိုချင်တဲ့ သတင်းအချက်အလက်တွေ ရရှိဖို့အတွက် လောင်ကျိဖန်းရဲ့ စိတ်ဝိညာဉ်ကို တိုက်ရိုက်ရှာဖွေတာလိုမျိုး တခြားနည်းလမ်းတွေ လင်းဟာန်ဆီမှာ ရှိပါတယ်။ ကောင်းကင်အဆင့် နတ်ဘုရားအာရုံ အပိုင်းအစရှိတဲ့ သူ့အတွက်တော့ အနက်မျှော်စင်ရဲ့ အထဲမှာဆိုတဲ့ အချက်ကိုပါ ပေါင်းထည့်လိုက်မယ်ဆိုရင် စိတ်ဝိညာဉ်ရှာဖွေဖို့က အတော်လေး လွယ်ကူပါလိမ့်မယ်။

ဒါပေမဲ့ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ရှာဖွေတဲ့ နည်းစနစ်က အဲဒီလူရဲ့ သမိုင်းကြောင်း တစ်ခုလုံးနဲ့ အတွေ့အကြုံ တစ်ခုစီတိုင်းကို ဖတ်ရှုရတာနဲ့ တူညီပါတယ်။ ချက်ချင်းရှာဖွေချင်တဲ့ သတင်းအချက်အလက်မျိုး မဟုတ်ရင် အဲဒီနည်းစနစ်ကို အသုံးမပြုပါဘူး။ တခြားလူ တစ်ယောက်ရဲ့ မှတ်ဉာဏ်တွေ အကုန်လုံးကို ပြန်လှန်ကြည့်ရှု ရတာဖြစ်တဲ့ အတွက် အဲဒီလူရဲ့ အတွေ့အကြုံတွေ အများကြီးကို မြင်တွေ့ရတာကြောင့် အဲဒီမြင်ကွင်းက သူ့ကိုလည်း သေချာပေါက် အကျိုးသက်ရောက်ပါလိမ့်မယ်။ သူ့ဘဝနဲ့ ကိုယ့်ဘဝတောင် ခွဲခြားဖို့ ခက်ခဲသွားနိုင်ပါတယ်။

အဲဒါကြောင့် လုံးဝလိုအပ်နေတာမျိုး မဟုတ်ခဲ့ရင် စိတ်ဝိညာဉ်ရှာဖွေခြင်း နည်းစနစ်ကို လင်းဟန်က အသုံးမပြုချင်ခဲ့ပါဘူး။ ဒါအပြင် စိတ်ဝိညာဉ် ရှာဖွေပြီးတဲ့ နောက်မှာတော့ စိတ်ဝိညာဉ် ရှာဖွေခံရတဲ့သူက သေချာပေါက် သေဆုံးသွားပါလိမ့်မယ်။ အရှာဖွေခံရတဲ့သူရဲ့စိတ်ဝိညာဉ်က ခန္ဓာကိုယ်ကနေ ဆွဲထုတ်ခံလိုက်ရပြီး မှတ်ဉာဏ်တွေ နည်းနည်းချင်းစီကို ပြန်လှန်တာကြောင့် သဘာဝကျစွာနဲ့ပဲ စိတ်ဝိညာဉ်က လုံးဝကို ပျက်စီးသွားလိမ့်မှာပါ။

မှန်ပါတယ်။ အရေးကြီးဆုံး အချက်ကတော့ သူ့ရဲ့မျက်စိကိုအမြင်ကို မညစ်ပေအောင် ချန်ဖေးကျွင့်ရဲ့ ဘဝတစ်ခုလုံးကို မကြည့်ချင်ခဲ့တာပါ။ လောင်ကျိဖန်းကိုတော့ ထည့်တောင် ပြောမနေပါနဲ့ အဲ့ဒီရှုံစရာ အဘိုးကြီးကြောင့် သူ့ရဲ့ကမ္ဘာကြီးအပေါ် ရှုမြင်ပုံတောင်မှ လုံးဝပြောင်းလဲသွားနိုင်ပါတယ်။ ချန်ဖေးကျွင့် သေတာမသေတာ သူဂရုမစိုက်ပါဘူး။ သူ အခုချိန်မှာ မသတ်ခဲ့ဘူး ဆိုရင်တောင်မှ နောက်နောင် ဘယ်အချိန်မှာမဆို ချန်ဖေးကျွင့်ကို သူသတ်ပစ်နိုင်ပါတယ်။

လင်းဟန်ရဲ့ မေးခွန်းတိုင်းကို ချန်ဖေးကျွင့်က ပြန်ဖြေခဲ့ပါတယ်။ လင်းဟန်က သူ့ကို ချန်ဖေးကျွင့်က လိမ်နေတာလား မလိမ်ဘူးလားဆိုတာ ခွဲခြားပြီးတော့ သိပါတယ်။

တိတိကျကျပြောရရင် ချန်ဖေးကျွင့်က အလောင်းချီတွေကို ဘယ်တုန်းကမှ မကျင့်ကြံခဲ့ဖူးတာကြောင့် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖွဲ့ဝင်တစ်ယောက် မဟုတ်ပါဘူး။

လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ချန်ဖေးကျွင့်က မှော်ဆေးပညာနယ်ပယ်မှာ အတော်လေး အရည်အချင်းရှိတဲ့

လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲအချိန်မှာပဲ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ စွမ်းအားပြည့် လက်ရွေးစင် တစ်ယောက်က သူ့ကိုတွေ့ဆုံခဲ့ပြီး ကြီးမာတဲ့ဆုလာဘ်တွေ ရရှိစေရမယ်ဆိုပြီး ကတိတွေပေးပြီးတော့ အလောင်းတစ်ထောင် ဂိုဏ်းဆီကို ဆွဲခေါ်လာခဲ့ပါတယ်။

စမ်းသပ်ကာလ သုံးနှစ်ပြီးတဲ့နောက်မှာ လုံလောက်တဲ့ ယုံကြည်မှုကိုရရှိခဲ့ပြီး ရှေးဟောင်း မှော်ဆေးလုံး ဖော်စပ်နည်း အရေအတွက် တော်တော်များများ လက်ခံရရှိခဲ့ပါတယ်။ သူ့ရဲ့မှော်ဆေးပညာဆိုင်ရာကျွမ်းကျင်မှုကို တစ်ဟုန်ထိုး ချက်ချင်းတိုးတက် သွားစေတဲ့ ကြီးမြတ်တဲ့ ရှေးဟောင်းမှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ကိုယ်ပိုင်မှတ်စု စာအုပ်ကိုတောင်မှ ရရှိခဲ့ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက သူ့ကိုထူးထူးခြားခြား ဘာမှမလုပ်ခိုင်း ခဲ့ပါဘူး။ အနာဂတ်မှာ စီးပွားရေး လုပ်ငန်းကြီး အတွက်ပြင်ဆင်ဖို့ တတ်နိုင်သမျှ သူ့ရဲ့ မှော်ဆေးပညာဆိုင်ရာ ကျွမ်းကျင်မှုတွေကို တိုးတတ်အောင်ပဲ လုပ်ဖို့အတွက် လိုအပ်ခဲ့ပါတယ်။ သူ့ရဲ့ကိုယ်ပိုင် မှော်ဆေးပညာဆိုင်ရာ ကျွမ်းကျင်မှုတွေကို တိုးတတ်အောင် လုပ်ဆောင်တာက သူ့ရဲ့ဂါသနာတွေထဲမှာ နံပါတ်တစ်ပဲ ဖြစ်တာတာကြောင့် ချန်ဖေးကျွင့်က

မငြင်းဆန်ခဲ့ပါဘူး။ ဒါကြောင့် သူက မှော်ဆေးပညာ လမ်းကြောင်းပေါ်မှာ ဝေးနိုင်သမျှဝေးဝေး လျှောက်လှမ်းခဲ့ပြီး ပိုပိုပြီးတော့လည်း အောင်မြင်လာခဲ့ပါတယ်။

လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက အလောင်းတစ်ထောင်ဂိုဏ်းက သူ့ကို ထူးဆန်းသော မီးတောက်တစ်ခုကို ပေးခဲ့ပြီး အဲဒီမီးတောက်ကို သူပေါင်းစပ်နိုင်ဖို့အတွက် ကူညီပေးရင်းနဲ့ မတန်တဆ တန်ကြေးတစ်ခု ပေးဆပ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း သူကနွေဦးစမ်းရေ အဆင့်ပဲ ရှိသေးတဲ့အချိန်မှာ အနက်ရောင်အဆင့် အဆင့်မြင့်မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာပြီး ထင်ပေါ်ကျော်ကြားပြီး တခမ်းတနားနဲ့ နေနိုင်ခဲ့ပါတယ်။

ပြီးတော့ တစ်ချိန်ထဲမှာပဲ အလောင်းတစ်ထောင်ဂိုဏ်းဆီမှ တာဝန်တစ်ခုကို လက်ခံရရှိခဲ့ပါတယ်။ လုံယုံချန်းနဲ့ တခြားမြေကျွန်မှာအဆင့် မှော်ဆေးပညာရှင် နှစ်ယောက် သေဆုံးသွားတဲ့ အခါမှာ သူက တောက်ပသော ကြယ်နန်းတော် ခန်းမကို ထိန်းချုပ်ဖို့ဖြစ်ပါတယ်။ အဲဒီနောက် သူပိုင်ဆိုင်တဲ့ အခွင့်အာဏာကတဆင့် မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုကို ဝင်ရောက်တဲ့ ဆေးဝါးတွေထဲကို အလောင်းချီ ထည့်သွင်းဖို့ဖြစ်ပြီး

မြောက်ဖက်အစွန်အဖျား နိုင်ငံကိုးခုလုံးကို သေခြင်းနယ်မြေ အဖြစ်ကို ပြောင်းလဲဖို့ ဖြစ်ပါတယ်။

လူတစ်ယောက်က အလောင်းချီနဲ့ ထိတွေ့မှု များပြားလာခဲ့ရင် အသက်ရှိနေတဲ့ လူတစ်ယောက်က သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို မြှင့်တင်နိုင်ဖို့အတွက် တခြားအလောင်းကောင် စစ်သည်တွေကို ဂါးမျိုပြီးတော့ ပိုမိုသန်မာ အားကောင်းတဲ့ အလောင်းကောင် စစ်သည်အမျိုးအစား အဖြစ်ကို တဖြည်းဖြည်းနဲ့ ပြောင်းလဲလာပါလိမ့်မယ်။ ဒီနည်းလမ်းက ပိုးကောင်တွေ မွေးမြူခြင်းနဲ့ တူညီပြီး နောက်ဆုံးမှာတော့ အလောင်းကောင်ဘုရင် ထွက်ပေါ်လာနိုင်ပါတယ်။

မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုရဲ့ ကြီးမားတဲ့လူနေမှု ပတ်ဝန်းကျင်နဲ့ဆိုရင် အလောင်းဘုရင်က ရွှေချပ်ဝတ် အလောင်းကောင်စစ်သည် ဒါမှမဟုတ် ဒုတိယအဆင့် ရွှေချပ်ဝတ် အလောင်းကောင် စစ်သည်တောင်မှ ဖြစ်နိုင်ချေရှိပါတယ်။

လုံယုံချန်းနဲ့ တခြားမြေကျွှမာ အဆင့် မှော်ဆေးပညာရှင်နှစ်ယောက် တစ်ချိန်ထဲမှာ သေဆုံးဖို့ အတွက်ကိုတော့ အလောင်းတစ်ထောင်ဂိုဏ်းက

အဲဒီတာဝန်ကို ပြီးမြောက်အောင် လုပ်ဆောင်ဖို့ သူတို့ရဲ့ လက်ရွေးစင်တွေထဲက တစ်ယောက်ကို စေလွှတ်လိုက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ချန်ဖေးကျွင့် အဲဒီကိစ္စနဲ့ ပတ်သက်ပြီး စိုးရိမ်ဖို့ ပူပန်နေစရာတော့ မလိုအပ်ခဲ့ပါဘူး။ သူလုပ်ရမဲ့အရာကတော့ တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ အကြီးအကဲ ရာထူးကို လွှဲပြောင်းရယူပြီးတဲ့နောက်မှာ မြောက်ဘက်အစွန်အဖျား နယ်မြေကို သေခြင်းနယ်မြေ တစ်ခုအဖြစ် ပြောင်းလဲဖို့ပဲ ဖြစ်ပါတယ်။

ဇာတ်လမ်းတစ်ခုလုံးကို ဇာတ်ရည်လည်သွားတဲ့ နောက်မှာတော့ လင်းဟန်က သူ့ရဲ့လက်ကို ဝှေ့လိုက်ပြီး ချန်ဖေးကျွင့်ကို အကျဉ်းချ ထားလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူကအခု အနက်ရောင် မျှော်စင်ထဲကို ရောက်နေခဲ့ပါပြီ။ သူ့ရဲ့သေခြင်း ရှင်ခြင်းက လင်းဟန်ရဲ့ အတွေးတစ်ချက်နဲ့ပဲ ဆုံးဖြတ်နိုင်ပါတယ်။ အဲဒါကြောင့် လင်းဟန်က ပထမဆုံး အနေနဲ့ သူ့ကို အကျဉ်းချထားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပြီး ကျောင်းတော်သား ကောင်လေးကိုပါ အကျဉ်းချ ထားလိုက်ပါတယ်။ အနည်းဆုံးတော့ လင်းဟန် လမင်းကျဆင်း ချောက်နက်က ထွက်ခွာတဲ့ အချိန်ကျမှ ကျောင်းတော်သား ကောင်လေးကို သူ လွှတ်ပေးလိုက်မှာပါ။

ဒီအလောင်းတစ်ထောင်ဂိုဏ်းက ရှုံပွမ်ရှမ်နဲ့ စပ်လျဉ်းမှု

အများကြီး မရှိခဲ့ပါဘူး။

အဲဒီရေးပောင်းဂိုဏ်းရဲ့ အမွေဆက်ခံခြင်းမှာ အုပ်စုကွဲမှုတွေ ရှိနေခဲ့ပုံပေါ်ပါတယ်။ တစ်ပိုင်းကို ရုံဟွမ်ရှမ်က အမွေဆက်ခံပြီး တခြားတစ်ပိုင်းကိုတော့ နောက်တစ်ယောက်က အမွေဆက်ဆံခဲ့ပုံ ရပါတယ်။ ဒါ့အပြင် အဲဒီလူက လျင်လျင်မြန်မြန်နဲ့ သူ့ရဲ့ရည်မှန်းချက်ကို ကြီးမားအောင်မြင်မှု ရရှိဖို့အတွက် လျို့ဝှက်စွာ ကြံစည်လုပ်ဆောင် နေခဲ့ပါတယ်။သူက အတော်လေးကို ရည်မှန်းချက်ကြီးပြီး မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုမှ လူသန်းပေါင်း များစွာကို သတ်ဖို့တောင် အစီစဉ်ဆွဲနေခဲ့ပြီး အဲဒီအဖြစ်အပျက်ကနေပြီးတော့ အလောင်းကောင် ဘုရင်တစ်ပါး ပေါ်ထွက်လာအောင်လို့ ကြံစည်နေခဲ့ပါတယ်။

ဒါက တကယ်ကို ရူးသွပ်တာပါ။

ကံကောင်းထောက်မပြီး အမှတ်မထင် သူက ယုတ်မာတဲ့ အကြံအစည်ဆိုးကြီး တစ်ခုကို ဖြေရှင်းခဲ့ပါတယ်။ ဒါက တကယ်ကို တိုက်ဆိုင်တာဖြစ်ပြီး အတော်လေး ကံကောင်းခဲ့တာပါ။

လင်းဟန်က အနည်းငယ်တော့ ထိတ်လန့်သွားပါတယ်။

ဘာကြောင့်လဲဆိုရင် သူက နည်းနည်းလေးမှ မစဉ်းစားပဲ ထွက်သွားလိုက်မယ်ဆိုရင် လုံယုံကျန်းနဲ့ တခြားမြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် နစ်ယောက်တို့ လုပ်ကြံခံရပြီး သေသွားခဲ့တာနဲ့ ချန်ဖေးကျွင့်က ထိုင်နေရာက ထပြီးတော့ အလွယ်တကူနဲ့ အာဏာကို ယူလိုက်ရုံပါပဲ။

မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုလို နေရာလေး တစ်ခုအတွက် ဒီနေရာမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် သုံးယောက်ရှိနေဖို့ မလိုအပ်ပါဘူး။ တကယ်တော့ သူတို့သုံးယောက်က ဒီနေရာကနေ အဆင့်တက် သွားခဲ့ကြလို့ ဖြစ်ပါတယ်။ သူတို့ကို ဒီနေရာမှာ တာဝန်ပေးခဲ့တဲ့ အချိန်တုန်းက အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင်တွေပဲ ရှိပါသေးတယ်။

ဒါကြောင့် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပြဿနာ လုံးဝမရှိခဲ့တာပါ။ ချန်ဖေးကျွင့်ရဲ့ လက်ရှိနာမည် ဂုဏ်သတင်း၊ စွမ်းအားနဲ့ဆိုရင် လင်းဟန်သာ ရှေ့မထွက်လာခဲ့ရင် ဘယ်သူကများ သူ့ကို ယှဉ်ပြိုင်နိုင်ပါ့မလဲ။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဲ့ဒီအစီအစဉ်သာ အမှန်တကယ်ပဲ အသက်ဝင်ခဲ့ရင်

မြောက်ဘက်အစွန်အဖျားနိုင်ငံ ကိုးခုလုံးက ဘယ်သူမှ ရှင်သန်နိုင်ဖို့ အခွင့်အရေး ရှိလိမ့်မှာ မဟုတ်ပါဘူး။ မိုးရေနိုင်ငံ ဧကရာဇ်အသစ်နဲ့ ဒုယွန်ဘုရင်ရဲ့ ကာကွယ်ပေးမှုနဲ့ ဆိုရင်တောင်မှ လင်းဒေါင်ရှန်နဲ့ တခြားမိသားစုဝင်တွေ ရှောင်ရှားနိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် လင်းဟန်က ကြောက်ရွံ့မှုကို ခံစားလိုက်ရတာပါ။ ဒီအကြံအစည်သာ အမှန်တကယ်ပဲ ဖြစ်သွားခဲ့ရင် အလောင်းတစ်ထောင်ဂိုဏ်ကို အကြိမ်တစ်သောင်းလောက် ဖျက်ဆီးခဲ့ရင်တောင်မှ ဘာများ အသုံးဝင် နိုင်တော့မှာလဲ။

အလောင်းတစ်ထောင်ဂိုဏ်းကို သူသေချာပေါက် ဖျက်ဆီးရမှာပါ။

မဟုတ်ရင် အလောင်းတစ်ထောင်ဂိုဏ်းက ဒီတစ်ကြိမ် ကျရှုံးခဲ့ရင်တောင်မှ နောက်ထပ် တစ်ကြိမ်ပြီး တစ်ကြိမ် ထပ်ပြီးတော့ လှုပ်ရှားလာပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူကိုယ်တိုင် စောင့်ရှောက်ဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

မိသားစုက လင်းဟန်အတွက် အစားထိုး မရနိုင်တဲ့ အရာတစ်ခုပါ။ သူနဲ့ရင်းနှီးတဲ့ မိတ်ဆွေ သူငယ်ချင်း မည်သူကိုမဆို အလောင်းတစ်ထောင် ဂိုဏ်းက

အခွန့်ရာယ်ပေးမှာကို လုံးဝခွင့်ပြုမှာ မဟုတ်ပါဘူး။

အလောင်းတစ်ထောင်ဂိုဏ်းရေ။ မင်းတို့ရဲ့ ဖုန်တက်နေတဲ့ သမိုင်းကြောင်းကို ဆက်ပြီး မြေမြုပ်ထားသင့်တယ်။

ဒါပေမဲ့လည်း လက်ရှိမှာ အလောင်းတစ်ထောင်ဂိုဏ်းက အင်အားကြီးမားတဲ့ ဂိုဏ်းတစ်ခု ဖြစ်နေခဲ့ပြီး သူတို့ကို အောင်မြင်စွာ ဖျက်ဆီးပစ်နိုင်ဖို့ ရဲရင့်တဲ့ စကားလုံးတွေ ပြောရုံလောက်နဲ့တော့ မဖြစ်နိုင်ပါဘူး။ လောင်ကျိဖန်းက စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာ ရှိနေခဲ့ပေမဲ့ အလောင်းတစ်ထောင်ဂိုဏ်းမှာ သူ့ရဲ့အဆင့်အတန်းက မမြင့်မားပါဘူး။ ပြီးတော့ ချန်ဖေးကျွင့်က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အသေးစိတ်ကျတဲ့ အင်အားတွေ စွမ်းအားအဆင့်တွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းရှင်းလင်းလင်း မသိရှိထားပါဘူး။

ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပြန်လည်ရှင်သန်ခဲ့တာဆိုရင် စကြာဝဠာအဆင့် အဆုံးမဲ့ လက်ရွေးစင် အနည်းငယ် ရှိနေခဲ့ရင်တောင်မှ သူတို့အတွက် ဘာမှထူးဆန်းနေလိမ့်မှာ မဟုတ်ပါဘူး။ နောက်ဆုံးတော့လည်း လက်ရှိအချိန်က သိုင်းပညာ

တိုးတက်ဖွံ့ဖြိုးနေတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။ ဒါ့အပြင် သမိုင်းမှာ အလောင်းတစ်ထောင်ဂိုဏ်းက အဆင့်တစ်ဆယ် အဆုံးမဲ့ လက်ရွေးစင်တွေကိုလည်းပဲ ပိုင်ဆိုင်ခဲ့ပါတယ်။

လင်းဟန် ခေါင်းကို ကုတ်လိုက်ပါတယ်။ ဒီဘဝမှာ တကယ့်ပါရမီရှင်တွေနဲ့ နတ်ဆိုးတွေ အကုန်လုံး ပေါ်ထွက်လာခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ လေလံပွဲကို အစီအစဉ်အတိုင်း ကျင်းပခဲ့ပါတယ်။

လမင်းကျဆင်းချောက်နက်ရဲ့ စိတ်ဂိညာဉ်ရတနာ စံအိမ်အဆင့်အတန်းက တောက်ပသော ကြယ်နန်းတော် ခန်းမကို ယှဉ်နိုင်တဲ့အရာ မဟုတ်ပေမဲ့ စိတ်ဂိညာဉ်ရတနာ စံအိမ်ကို ရိုးရာဆန်ဆန် လေလံအိမ်တစ်ခုအဖြစ် တည်ဆောက်ထားပြီး အဆောက်အအုံက အတော်လေး ကြီးမားပါတယ်။ စုစုပေါင်း အထပ်ငါးထပ်ရှိပြီး အလယ်ပိုင်းကို လေလံပစ္စည်းတွေကို ပြသနိုင်တဲ့ နေရာဖြစ်အောင်လို့ ပုံဖော်ပြီး ဒီဇိုင်းဆွဲထားပါတယ်။

ဒီနေရာက တပြိုက်နက်တည်း လူတစ်ထောင်လောက် ဝင်ဆန့်နိုင်တာကြောင့် သေးငယ်တယ်လို့

မသတ်မှတ်နိုင်ပါဘူး။

လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ကြောင်း အတည်ပြုချက် မရရှိသေးပေမဲ့လည်း လုပ်ထုံးလုပ်နည်းအရ မရရှိသေးတာပဲ ဖြစ်ပါတယ်။ သူက စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ အဆင့်အမြင့်ဆုံး ဧည့်ခံမှုကို ရရှိခဲ့ပြီး ငါးထပ်မြောက်အလွှာက သီးသန့်ခန်း တစ်ခုမှာ နေရာချထားပေးခြင်း ခံခဲ့ရပါတယ်။

လုံယုံကျန်းနဲ့ တခြားအကြီးအကဲ နှစ်ယောက်လည်းပဲ ရောက်ရှိလာခဲ့ပါတယ်။ အပြာရောင် ကြေးခွံမြွေစွာသားရဲ့ သစ်သီးက သူတို့ကိုလည်း အတော်လေးကို ဆွဲဆောင်ထားနိုင်ပါတယ်။ ဒါကြောင့် လင်းဟန်က သူတို့နဲ့ ဆွေးနွေးပြီး အပြာရောင် ကြေးခွံမြွေစွာသားရဲ့ သစ်သီးကို သူ့အတွက် လက်ရှောင်ပေးဖို့ သူတို့ကို တောင်းဆိုသင့်တယ်လို့ အရင်ဆုံး စဉ်းစားမိလိုက်ပါတယ်။

ဒါပေမဲ့ လင်းဟန်ကို အံ့အားသင့် သွားစေတဲ့အချက်က ငါးထပ်မြောက်အလွှာပေါ်က သီးသန့်ခန်းတွေမှာ တခြားဧည့်သည့်တွေလည်း ရှိနေတာကို တွေ့လိုက်ရပါတယ်။

လင်းဟန်က မျက်နှာကို ဇာပဝါနဲ့ ဖုံးကွယ်ထားတဲ့ အမျိုးသမီးတစ်ယောက်က အခန်းထဲကို ဂင်သွားတာကို သူ့မျက်စိနဲ့ တပ်အက်မြင်လိုက်ရပါတယ်။ သူမက ဘာဖြစ်လို့ အမျိုးသမီး တစ်ယောက်ဆိုတာ သူက ဘာဖြစ်လို့ သေချာနေရတာလဲ ဆိုရင်တော့ သူမလှုပ်ရှားသွားတဲ့ အခါမှာ သူမရဲ့ သေးကျင်တဲ့ခါးနဲ့ ခါးရဲ့အောက်ပိုင်းက လုံးဂန်းစွင့်ကားနေတဲ့ တင်သားတွေက သူမလမ်းလျှောက်လိုက်တိုင်း စည်းချက်ညီညီနဲ့ တုန်ခါသွားပြီးတော့ သူမရဲ့ ပေါက်စီနှစ်လုံးကလည်း သိသိသာသာနဲ့ကို တောင်ပူစာ နှစ်လုံးလို မြင့်တက်နေတာကို တွေ့မြင်လိုက်ရလို့ပဲ ဖြစ်ပါတယ်။

Chapter 308 end

အပိုင်း (၃၀၉) ဘဂနှစ်ခုနဲ့ လင်းဟန်

အဲဒီနောက် သာမန်ပုံပန်း သွင်ပြင်ရှိတဲ့ အကြီးအကဲတစ်ယောက် ပေါ်လာခဲ့ပြီး တခြားသီးသန့်ခန်း တစ်ခုထဲကို ဝင်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အရေးအကြီးဆုံးအရာက သူတို့ရဲ့ စီးပွားရေးမှာ သေချာပြီး မျှတတဲ့ လုပ်ဆောင်မှုရှိဖို့ပဲ

ဖြစ်ပါတယ်။ ဒါကြောင့် ငါးထပ်မြောက်အလွှာက သီးသန့်အခန်း တစ်ခုထဲကို ဝင်ရောက်နိုင်တယ် ဆိုတာက သူတို့ကိုယ်တိုင် ဒါမှမဟုတ် သူတို့ကိုယ်စားပြုတဲ့ အဖွဲ့အစည်းက အနည်းဆုံး မြေကမ္ဘာအဆင့် အဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းထက် မနိမ့်တာက သိသာထင်ရှားပါတယ်။

စောစောတုန်းက သာမန်ပုံပန်း သွင်ပြင်ရှိတဲ့ အကြီးအကဲက ပန်းဖူးအဆင့်မှာ ဖြစ်ပါတယ်။

လင်းဟန် အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီနေ့ လေလံပွဲက အတော်လေး အထင်ကြီး လောက်စရာဖြစ်ပြီး ပန်းဖူးအဆင့် စွမ်းအားပြည့် လက်ရွေးစင် တစ်ယောက်ကိုတောင် ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖို့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။

လူပင်လယ် လှိုင်းလုံးကြီးက ဆက်ပြီးတော့ ဝင်ရောက်လာခဲ့ပြီး မကြာခင်မှာပဲ လင်းဟန်က အတော်လေးကို ထူးခြားတဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။

"နတ်သမီးချီ နောက်တစ်ခါ ထပ်တွေ့ရတာ

ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ။ ကျွန်တော်တို့က ရေစက်ပါမှတော့ ဘာလို့ အတူတူမထိုင်နိုင်ရမှာလဲ"

"ဟီးဟီး… မနေ့ကအချိန်အထိ ကျွန်တော်တို့တွေ ဆယ့်ခုနစ်ကြိမ်လောက် ဆုံခဲ့တယ်လေ"

"တကယ်ပဲ ဆယ့်ခုနစ်ကြိမ်တောင် ရှိခဲ့တာလေ။ ကျွန်တော်တို့ တကယ်ကို ရေစက်ပါတယ်ထင်တယ်။ နတ်သမီးလေးချီ ဒီနေ့ ကျွန်တော့်ကို ကြည့်နေတာ နည်းနည်းများ ပိုပြီးတော့ နှာဘူးကျလာတယ်လို့ မထင်ဘူးမဟုတ်လား"

"ထွက်သွား.."

လင်းဟန်က ပြတင်းပေါက်ကနေ အောက်ကိုတစ်ချက် ငုံ့ကြည့်လိုက်တဲ့အခါ ချီပတ္တာလန်ကို အရင်ဦးဆုံး လှမ်းမြင်လိုက်ရပြီး သူမရဲ့ အနောက်ဘက်ကနေ ကပ်လိုက်နေတဲ့ ဂူဖန်းဟွာကိုလည်း တွေ့မြင်လိုက်ရပါတယ်။ အဲဒီနှာဘူးကောင်က စပ်ဖြီးဖြီးနဲ့ သူမနောက်ကနေ တက်တက်ကြွကြွ လိုက်နေခဲ့ပါတယ်။

သူတို့နှစ်ယောက်လုံးကလည်းပဲ အပေါ်ထပ်ကို

တတ်လာခဲ့ပေမဲ့ ငါးထပ်မြောက်ကိုတော့ မလာခဲ့ပါဘူး။ ပြောရရင် သူတို့နှစ်ယောက်က ဒီနေရာက ကိုယ်ပိုင်အခန်းတွေမှာ ထိုင်နိုင်ဖို့ အခုထိ အဆင့်မမီသေးပါဘူး။ သူတို့တွေ နှစ်ထပ်၊ သုံးထပ် ဒါမှမဟုတ် လေးထပ်မြောက် ဘယ်အထပ်မှာ ထိုင်တာပဲဖြစ်ဖြစ် အဲဒါကို သိရဖို့အတွက်တော့ မှသားမဲ့မျက်လုံးကို သုံးရအောင်ထိတော့ လင်းဟန်မှာ အချိန်တွေ ပိုမနေပါဘူး။

ဒါဆို မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုရဲ့ လူငယ်သိုင်းပညာရှင်တွေ မြင်ခဲ့တဲ့ အပြင်လူတွေက အဲ့ဒီနှစ်ယောက်ပေ့ါ။

သီးသန့်ခန်းထဲမှာ လင်းဟန်နဲ့ အတူတူ ရှိနေတဲ့ ကွမ်းယွမ်နဲ့ တခြားသူတွေက သူတို့အတွက် အထူးအဆန်း တစ်ခုလိုမျိုး ခံစားနေခဲ့ရပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် သူတို့တွေက ဒီလိုမျိုး သီးသန့်ခန်းမျိုးကို ဝင်ရောက်ဖို့ အဆင့်မမီပါဘူး။ သူတို့ ပတ်ပတ်လည်က အလှပြင် တန်ဆာဆင်ထားတာတွေတောင်မှ အံ့အားသင့်ဖွယ်ကောင်းလွန်းပါတယ်။ သူတို့တွေက အခန်းပတ်ပတ်လည်ကို လှည့်လည်လေ့လာ နေတုန်းပဲဖြစ်ပြီး ဟိုဟာဒီဟာကို လိုက်ပြီး ထိတွေ့ ကိုင်တွယ်နေကြပြီးတော့ အရာရာတိုင်းက သူတို့အတွက် အသစ်အဆန်းတွေ ဖြစ်နေပါတယ်။

လွှီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်က မိန်းကလေးတွေ ဖြစ်နေတာကြောင့် သူတို့ရဲ့ပုံရိပ်ကို မကျဆင်းအောင် ဂရုတစိုက် နေခဲ့ကြပါတယ်။ သူမတို့ကို ကြည့်ပြီးတော့ သူတိုတွေ အကုန်လုံး သိက္ခာထိန်းပြီးတော့ သင့်တင့်လျောက်ပတ်စွာ ထိုင်လိုက်ကြပါတယ်။ ဟူးညိုကတော့ အများကြီး စိတ်အနှောင့်အယှက် ဖြစ်မနေပဲ လင်းဟန်ရဲ့ လက်တွေကိုသာ ရယ်မောရင်း တောက်တဲ့လို ကပ်တွယ်နေခဲ့ပါတယ်။

ခဏကြာပြီးတဲ့နောက်မှာတော့ လေလံပွဲကြီး စတင်ခဲ့ပါပြီ။

လင်းဟန်က ပျင်းရိစွာနဲ့ မှီချလိုက်ပါတယ်။ အဲဒီအချိန်မှာ ဟူးညိုက သူမရဲ့ လက်ကလေးတွေနဲ့ လင်းဟန်ကို စနောက်ကျီစယ် လိုက်ပါတယ်။ အရွယ်ရောက်နေတဲ့ လူတစ်ယောက်နဲ့ ကလေးတစ်ယောက်တို့ ပျော်ရွှင်စွာနဲ့ အတွဲညီစွာ ကစားနေတာကို စောင့်ကြည့်နေတဲ့ လွှီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်ကတော့ အတော်လေး မနာလို ဖြစ်နေကြပါတယ်။ ဟူးညိုရဲ့ နေရာကို ရယူဖို့ထက် ကျန်တာကို ဘာကိုမှ ဂရုမစိုက်ချင်တော့အောင် ဖြစ်နေပြီလို့ သူမတို့ နှစ်ယောက် ခံစားလိုက်ရပါတယ်။

မိန်းကလေး နှစ်ယောက်က အကြည့်ချင်း ဖလှယ်လိုက်ပြီး တပြိုင်နက်တည်း ခေါင်းညိတ်လိုက် ကြပါတယ်။ သူမတို့နှစ်ယောက်လုံးက ဟူးညိုကို ငယ်သေးတာပဲဆိုပြီး ဂရုမစိုက်ပဲ ပစ်ထားလို့ မရတော့ပါဘူး။ ဒီကလေးမလေးကို အထင်သေးလို့ မရပါဘူး။ ဒါ့အပြင် နောက်ဆယ်နှစ်လောက်ဆို ကလေးမလေးက မိန်းမငယ်လေး တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ အဲဒီအချိန်မှ သူမကို သတိထားဖို့ဆိုရင် နောက်ကျလွန်းသွားပါပြီ။

မီးဘေးရန်ကို သတိထားရမယ်။ သူခိုးရန်ကို သတိထားရမယ်။ ဟူးညိုရဲ့ ရန်ကိုလည်း သတိထားရမယ်။

"လူကြီးမင်းတို့....အခု လူကြီးမင်းတို့ အကုန်လုံးကို ပြသသွားမဲ့ ပစ္စည်းက ရှေးဟောင်းခေတ်က ရတနာတစ်ခုဖြစ်ပြီး မြင့်မားတဲ့ သင်္ကေတ အဓိပ္ပါယ်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်"

လေလံပစ်သူက ပြောလိုက်ရာ နေရာတိုင်းမှာ သူတံတွေးတွေက လွင့်စဉ်လို့ နေပါတယ်။

"အဲ့ဒီပစ္စည်းက မီးသုံးမျိုး နတ်လမ်းညွှန် တီထွင်သူက

တစ်ခါတုန်းက အသုံးပြုခဲ့တဲ့ မှော်ဆေးပြင်း မီးဖိုဖြစ်ပြီးတော့ မှော်ဆေးဧကရာဇ်လို့ ချီးကျူးဂုဏ်ပြုခံခဲ့ရတဲ့ ဂရန်းမာစတာ လင်း...လင်းဟန်ရဲ့ ပစ္စည်းပါ"

ဟင်….လင်းဟန်။

ကွမ်းယွမ်၊ လှီယုထန်နဲ့ တခြားသူတွေ အကုန်လုံးက လင်းဟန်ကို လှည့်ကြည့်လိုက်ပါတယ်။ သူတို့ပြောတဲ့ လင်းဟန်က ဒီလင်းဟန် မဟုတ်ဘူးဆိုတာကိုတော့ သူတို့ပြောနိုင်ပေမဲ့ သူတို့ နှစ်ယောက်စလုံးရဲ့ နာမည်တွေက တူနေခဲ့ပြီးတော့ နှစ်ယောက်လုံးကလည်း မှော်ဆေးပညာမှာ ပါရမီရှင်တွေ ဖြစ်နေတာကြောင့် သူတို့မအံ့သြပဲ မနေနိုင်ခဲ့ပါဘူး။

"ဟဟ..ဒီနေရာမှာ လင်းဟန်လို့ခေါ်တဲ့ လူတစ်ယောက်လည်း ရှိတယ်လို့ ငါကြားတယ်"

သီးသန့်ခန်းတွေထဲက တစ်ခုအထဲကနေ အတော်လေး အိုမင်းပြီး အေးစက်တဲ့ အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရပါတယ်။

"မှော်ဆေးဧကရာဇ် တစ်ပါးရဲ့ နာမည်နဲ့ တူအောင်လို့

ပေးရဲတယ်ဆိုတော့ သူက အမှန်တကယ်ပဲ ကောင်းကင်နဲ့ မြေကြီးရဲ့ ကြီးမားတဲ့ ကွာခြားချက်ကို မသိဘူးပဲ"

"ဟဟ..သူ့ရဲ့စွမ်းရည်တွေကို တကယ်ပဲ အထင်ကြီးနေခဲ့တာပဲ။ နာမည်တူ နေတာက ဘာမှ သိပ်ပြီးတော့ မထူးဆန်းပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်သောင်းကျော်လောက်က လင်းဟန်... ဂရန်းမာစတာ လင်းကတော့ ဘယ်လောက်တောင် ထူးချွန်ပြောင်မြောက် လိုက်သလဲ။ သူ့လိုနာမည်တူဖို့ မှည့်ထားတာလား။ သူက တကယ်ပဲ သေဖို့ထိုက်တန်တယ်"

အဲ့ဒီအသံက မိန်းကလေး တစ်ယောက်ရဲ့အသံ ဖြစ်ပါတယ်။ သူမမှာ နူးညံ့သိမ်မွေ့တဲ့ အသံတစ်ခု ရှိပေမဲ့လည်း သူမရဲ့အသံက ထေ့ငေါ့လှောင်ပြောင်ခြင်းတွေနဲ့ ပြည့်နေခဲ့ပါတယ်။

အဲဒီအသံနစ်ခုက ဘယ်သီးသန့်ခန်းထဲကနေ ထွက်ပေါ်လာသလဲ ဆိုတာကိုတော့ သူမပြောနိုင်ပေမဲ့ ငါးထပ်မြောက် အလွှာကနေ လာတယ်ဆိုတာတော့ ကျိန်းသေပါတယ်။ လင်းဟန်က စောစောတုန်းက မြင်တွေ့ခဲ့တဲ့ ခြုံထည်နဲ့ အမျိုးသမီးတစ်ယောက်ရယ် ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ကို ချက်ချင်း

ပြန်စဉ်းစားမိလိုက်ပါတယ်။

လင်းဟန်က ရယ်ရမလား ဒေါသထွက် ရမလားတောင် မသိတော့ပါဘူး။ သူတို့နှစ်ယောက်လုံး ပြောနေတာက သူ့အကြောင်းပဲ ဖြစ်ပေမဲ့ လင်းဟန်တစ်ယောက်က ကောင်းကင်ဘုံသို့တိုင်အောင် ချီးကျူးအမွှမ်းတင် ခံနေရချိန်မှာ တခြားတစ်ယောက်ကတော့ ကြမ်းတမ်းစွာ လှောက်လှမ်း နေရပြီး အတိုက်အခိုက်တွေကလည်း ပေါ်များလွန်း လှပါတယ်။ အဲဒီကွာခြားမှုကြီးက သူ့ကို ရယ်ရခက် ငိုရခက် ဖြစ်စေခဲ့ပါတယ်။

ဒါက တကယ်ကို တိုက်ဆိုင်တာဖြစ်ပေမဲ့ သူတို့နှစ်ယောက် နာမည်အတူတူ ရှိရမယ်လို့ ဘယ်သူတွေကများ အတင်းတောင်းဆိုခဲ့လို့လဲ။

မျှော်စင်လေးက တမင်တကာ လုပ်တာများ ဖြစ်နေမလား။

"လွန်ခဲ့တဲ့နှစ်ပေါင်း တစ်သောင်းလောက်တုန်းက ဂရန်းမာစတာလင်းကို ငါမသိခဲ့ပေမဲ့ လက်ရှိလင်းဟန်ကတော့ အသက်ဆယ့်ခုနစ်နှစ်နဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေခဲ့ပြီ။ ဘယ်နေရာမှာပဲဖြစ်ဖြစ် မှော်ဆေးပညာ

ပါရမီရှင်တစ်ယောက်ဆိုတဲ့ နာမည်နဲ့ ထိုက်တန်တယ်။ ဒါတောင် သူ့ရဲ့စွမ်းရည်အပေါ် အထင်ကြီးနေတုန်းပဲလို့ ပြောနိုင်နေတုန်းပဲလား"

လွှီယုထန်က မကျေမနပ်နဲ့ လင်းဟန်ဘက်က စတင်ခုခံပေးလိုက်ပါတယ်။

လီစီချန်းလည်း ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"ငါလည်းပဲ မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တာကြောင့် လွန်ခဲ့တဲ့ နှစ်တစ်သောင်း လောက်တုန်းက ဂရန်းမာစတာ လင်းအကြောင်းကို နည်းနည်းသိပါတယ်။ ဂရန်းမာစတာလင်းက အသက်သုံးဆယ်မှာ မြေကမ္ဘာအဆင့် အဆင့်နိမ့် မှော်ဆေးညာရှင် တစ်ယောက် ဖြစ်လာခဲ့တာ။ အဲဒီနောက် ဆယ်နှစ်ကြာပြီးတဲ့နောက်မှာ မြေကမ္ဘာအဆင့် အလယ်အလတ်အဆင့်၊ နောက်နှစ်နှစ်ဆယ် ကြာပြီးတဲ့နောက်မှာ အဆင့်မြင့်နဲ့ နောက်ထပ်နှစ်သုံးဆယ် ကြာပြီးတဲ့ နောက်မှာတော့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့တယ်။ သူက သမိုင်းမှာ အငယ်ဆုံး ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လည်းပဲ ဖြစ်တယ်။ နောက်ထပ်နှစ်ငါးဆယ် ကြာပြီးတဲ့ နောက်မှာတော့ ကောင်းကင်အဆင့်ရဲ့

ကန့်သတ်မှုကို ချိုးဖောက်ခဲ့ပြီးတဲ့နောက် မှော်ဆေးပညာရှင် ကေရာဇ်လို့ ရှိသေလေးစားစွာ ချီးကျူးထောပနာ ပြုခဲ့ကြတယ်"

လီစီချန်းရဲ့ စကားလုံးတွေက အဖြစ်မှန်ပဲ ဖြစ်ပြီးတော့ ချဲ့ကားပြောတာ တစ်ခုမှ မပါခဲ့ဘဲ ရှေးဟောင်း မှတ်တမ်းတွေထဲမှာ မှတ်တမ်းတင်ထားတဲ့ အတိုင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လွီယုထန် ပြောခဲ့တဲ့ စကားတွေနဲ့ စုပေါင်းလိုက်တဲ့ အခါမှာတော့ ဆိုလိုချင်တာက ထင်ရှားလွန်းပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်တုန်းက လင်းဟန်က အသက်သုံးဆယ် ကျတော့မှသာ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့တာ ဆိုပေမဲ့ လက်ရှိ လင်းဟန်ကရော။ သူက အခုမှ ဆယ်ခုနစ်နှစ်ပဲ ရှိသေးတာလေ။

သူ့ရဲ့အနာဂတ်မှာ ဘယ်လောက်ထိ အောင်မြင်နိုင်မလဲဆိုတာ ဘေးဖယ်ထားဦး သူရဲ့လက်ရှိ အောင်မြင်မှုနဲ့ နှိုင်းယှဉ်ရုံနဲ့တင် လက်ရှိလင်းဟန်က အနည်းငယ် ပိုမိုသာလွန်ပါတယ်။

အဲဒီစကားတွေကြောင့် သီးသန့်ခန်းနှစ်ခုထဲက အကြီးအကဲနဲ့

မိန်းကလေးက ချက်ချင်း တိတ်ဆိတ်သွားပါတယ်။ လက်ရှိလင်းဟန်က အရင်လင်းဟန်ထက် အမှန်တကယ်ပဲ ပိုပြီးတော့ ငယ်နေတာပဲလေ။သူတို့တွေ ဆက်ပြီးတော့ စောဒက မတက်နိုင်တော့ပါဘူး။

ဒါပေမဲ့ လင်းဟန်က သူ့ဘာသာသူ ပြုံးလိုက်ရင်း ခေါင်းခါလိုက်ပါတယ်။ သူ့ရဲ့ အရင်ဘဝက မှတ်ဉာဏ်တွေ အကုန်လုံး သူ့မှာရှိနေပါတယ်။ အဲဒါက သူ့ရဲ့အရင်ဘဝမှာ ပြီးမြောက်ခဲ့တဲ့ အခြေခံ အုတ်မြစ်တွေ အပေါ်ကနေ ဆက်လက် လျှောက်လှမ်းခဲ့တာလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့အရင်ဘဝကထက် သာလွန်နေတာက သဘာဝကျပါတယ်။ အဲဒီဘဝနှစ်ခုကို ဘယ်လိုလုပ် အတူတူထားပြီး နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။

သူအနည်းငယ် သိချင်နေတုန်းပါပဲ။ သူ့ရဲ့ အတိတ်ဘဝ လင်းဟန်က မှော်ဆေးဂေရာဇ် တစ်ယောက်အဖြစ် ချီးကျူးဂုဏ်ပြုခံခဲ့ ရတယ်ဆိုပေမဲ့ သူသေသွားခဲ့တာ နှစ်တွေအများကြီး ရှိနေခဲ့ပါပြီ။ ဒီလူနှစ်ယောက်က သူနဲ့ပတ်သက်ပြီး ဘာလို့ ဒီလောက်တောင် ကြည်ညိုလေးစား နေရတာလဲ။ မှော်ဆေးပညာရှင် တော်တော်များများက နာမည်တူတဲ့ လင်းဟန်နှစ်ယောက် ရှိတာကို သိကြပေမဲ့ လင်းဟန်ကို ပြစ်တင်မောင်းမဲဖို့

ဘယ်သူမှထွက်မလာခဲ့ကြပါဘူး။

ဘယ်လောက်တောင် ခေါင်းခြောက်စရာကောင်းလိုက်လဲ။ အဲဒါကလည်း နှစ်ယောက်တောင်မှ။

"ဟီဟီ.. လူကြီးမင်းတို့ကြားက ငြိမ်းချမ်းရေးကို ကျေးဇူးပြုပြီး မထိခိုက်ပါစေနဲ့။ ရှိသေလေးစားရတဲ့ ဧည့်သည်တော်များ ခင်ဗျာ။ ဒီမှော်ဆေးပြင်း မီးဖိုကို လေလံတင် ရောင်းချမဲ့ ကိစ္စကို ဆက်ပြီးတော့ သွားကြရအောင်။ စောစောတုန်းက ကျွန်တော်ပြောခဲ့သလိုပဲ။ ဒါက ရှေးဟောင်းခေတ်က ဂရန်းမာစတာလင်းဟန် အသုံးပြုခဲ့တဲ့ မှော်ဆေးပြင်း မီးဖိုဖြစ်ပြီး အဲ့ဒီမီးဖိုကို တည်ဆောက်ရာမှာ အသုံးပြုခဲ့တဲ့ ပစ္စည်းတွေက အထူးကောင်းမွန်ပါတယ်။ ကံမကောင်းတာက ဒါက ပျက်စီးနေခဲ့ပါပြီ။ ဒါကြောင့် အဆင်တန်ဆာနဲ့ အမှတ်တရ သင်္ကေတတစ်ခု အနေနဲ့ပဲ အသုံးပြုနိုင်ပါတယ်"

လေလံအစီအစဉ် တင်ဆက်သူက အေးစက်နေတဲ့ လေထုကို နွေးထွေးသွားအောင် လျင်လျင်မြန်မြန်ပဲ ချော့မြှူပေးလိုက်ပါတယ်။

သူက ခဏရပ်လိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"ရှေးဟောင်းဂရန်းမာစတာလင်း တစ်ခါက အသုံးပြုခဲ့တဲ့ အရာက တကယ်ကိုပဲ အဓိပ္ပါယ် ရှိလှပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သေချာပေါက် ဈေးပေါပေါနဲ့တော့ ရောင်းမှာမဟုတ်ပါဘူး။ မဟုတ်ရင် ဂရန်းမာစတာလင်းကို အရိုအသေမဲ့ရာ ကျသွားပါလိမ့်မယ်။ အဲဒီအတွက် မော်ဆေးပြင်းမီးဖို့အတွက် စတင်မဲ့ လေလံဈေးနှုန်းကတော့ မူလစွမ်းအင် ခရစ်စတယ် တစ်ထောင် ဖြစ်ပါတယ်"

"နှစ်ထောင်"

"သုံးထောင်"

"ငါးထောင်"

လေလံတင်ဆက်သူရဲ့ စကားသံ ပြီးရုံပဲ ရှိပါသေးတယ်။ လေလံဆွဲသူတွေက အလုအယက် ဈေးပြိုင်ပေးမှုကို စတင်နေခဲ့ ကြပါပြီ။ အသံကို နားထောင်ကြည့်ရင် လုံယုံကျန်းနဲ့ တခြား မြေကျွန်းမှာအဆင့် မော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက် ဖြစ်ပုံရပါတယ်။

ဒါက အမှန်တရားပါပဲ။ ရှေးခေတ်က လင်းဟာန်ရဲ့နာမည်က ဂုဏ်သတင်းကြီး လွန်းလှပါတယ်။ သူ တစ်ခါက

အသုံးပြုခဲ့တဲ့ ပစ္စည်းတွေက မျိုးနွယ်စုတွေကို ကိုယ်စားပြုနိုင်တဲ့ အရုပ်ပုံတွေ၊ စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှု မှတ်တိုင်တွေနဲ့ လက်ရှိခေတ် မှော်ဆေးပညာရှင်တွေ အတွက် မြင့်မားတဲ့ သင်္ကေတ အဓိပ္ပါယ်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

တစ်ခဏအတွင်းမှာပဲ လေလံဈေးက တစ်သောင်းအထိ တဟုန်ထိုးမြင့်တက် သွားခဲ့ပြီး ဆက်ပြီးတော့ မြင့်တတ်နေဆဲ ဖြစ်ပါတယ်။ လျင်မြန်စွာပဲ လေလံဈေးက မြင့်မားစွာနဲ့ မူလစွမ်းအင် ခရစ်စတယ် ငါးသောင်းကို ကျော်လွန်သွားခဲ့ပါတယ်။

လင်းဟန်က အတော်လေး အံ့အားသင့်သွားခဲ့ပါတယ်။ လုံယုံကျန်းနဲ့ အခြားသူတွေက သူအရင်က အသုံးပြုခဲ့တဲ့ မှော်ဆေးပြင်း မီးဖိုအတွက် ဒီကို လာခဲ့တာများ ဖြစ်နေမလား။ ရိုးရိုးသားသားပြောရရင် မှော်ဆေးပြင်းမီးဖိုက အမှန်တကယ်ပဲ ကောင်းမွန်တဲ့ အရာတစ်ခုပါ။ ခရမ်းရောင် လမင်းနဲ့ ကြယ်စင် သံတုံးကနေ ထုလုပ်ထားတာ ဖြစ်တာကြောင့် ၎င်းရဲ့ အပူစီးကူးမှုနဲ့ ဖိအားခုခံမှုက တကယ်ပဲ ကောင်းမွန်ပါတယ်။ ဒါပေမဲ့ မှော်ဆေးပြင်းမီးဖိုက ပျက်စီးနေတာဆိုတော့ ဆေးလုံးဖော်စပ်ခြင်းအတွက် ထပ်မံအသုံးပြုဖို့ မဖြစ်နိုင်တော့ပါဘူး။ ကြည့်ရတာတော့

အတော်လေး ပြင်းပြင်းထန်ထန် ထိခိုက်ထားတဲ့ပုံပါ။ တကယ်လို့ တစ်ယောက်ယောက်က ဒီမှော်ဆေးပြင်းမီးဖိုကို ပြုလုပ်ဖို့ သတ္တုတွေကို ပြန်ပြီးတော့ အသုံးပြုချင်ရင်တောင်မှ အများကြီးကျန်တော့မှာ မဟုတ်ပါဘူး။

အဲဒီမှော်ဆေးပြင်းမီးဖိုရဲ့ အမှန်တကယ်တန်ဖိုးက မူလပုံဆောင်ခဲ တစ်သောင်းဝန်းကျင်လောက်ပဲ ဖြစ်ပေမဲ့ လက်ရှိလေလံ ဈေးနှုန်းကတော့ အဆပေါင်း အနည်းငယ်တောင် ကျော်လွန်နေခဲ့ပါပြီ။

Chapter 309 end

အပိုင်း(၃၁၀) ပြင်းထန်သော ယှဉ်ပြိုင်မှု

ဒီဆေးကျိုအိုး မီးဖိုက တစ်ခါတုန်းက လင်းဟန် အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုး တစ်ခုပဲ ဖြစ်ပါတယ်။ အခုဆို အမှတ်တရ ပစ္စည်းတစ်ခုအဖြစ် သိမ်းဆည်းထားဖို့ပဲ တန်ဖိုးရှိတဲ့ ဒီဆေးကျိုအိုးရဲ့ ဈေးနှုန်းက ဆက်ပြီးတော့ တဟုန်ထိုး မြင့်တက်နေတုန်းပဲ ဖြစ်ပါတယ်။ မကြာခင်မှာပဲ အမြင့်ဆုံး ကန့်သတ်ချက် မူလစွမ်းအင် ခရစ်စတယ် တစ်သောင်းကို ချိုးဖြတ်သွားခဲ့ပေမဲ့ အကြီးအကဲကြီး သုံးယောက်လုံး တစ်ယောက်မှ လက်လျော့ဖို့ ရည်ရွယ်ချက် ရှိပုံမရသေးပဲ ဆက်လက်ပြီး ဈေးပြိုင်ပေးနေကြတုန်းပဲ

ဖြစ်ပါတယ်။ သူတို့ကို ကြည့်ရတာ စုဆောင်းထားသမျှတွေ အကုန်လုံး မကုန်မချင်း လက်လျှော့မဲ့ပုံ မပေါ်ပါဘူး။

"ဒီမှော်ဆေးပညာရှင် သုံးယောက်က လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်တုန်းက ဂရန်းမာစတာ လင်းကို တကယ်ပဲ ချစ်ခင် ကြည်ညို လေးစားပုံရတယ်"

ကွမ်းယွမ်က မရှိတင်ကဲနဲ့ ပြောလိုက်ပါတယ်။

"အမှန်ပဲ အခုဆို မူလစွမ်းအင် ခရစ်စတယ် တစ်သောင်းကျော်နေပြီ။ သူရဲ့အစစ်အမှန် တန်ဖိုးထက် ဘယ်နှစ်ဆလောက် ဈေးနှုန်းကျော်လွန် သွားဦးမလဲမသိဘူး"

လင်းဟန်ရဲ့မျက်နှာ ချက်ချင်း ရှုံ့မဲ့သွားပါတယ်။ ဒီလို အချစ်မျိုးကြီးတော့ သူ မလိုချင်လှပါဘူး။

လို့ယုထန်နဲ့ လီစီချန်းတို့ကတော့ လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်တုန်းက လင်းဟန်နဲ့ မယှဉ်နိုင်လို့ မပျော်မရွှင် ဖြစ်နေတယ်လို့ ထင်နေခဲ့ကြပြီးတော့ လျင်မြန်စွာနဲ့ပဲ လင်းဟန်ကို နှစ်သိမ့်ပေး လိုက်ကြပါတယ်။ ဟူးညိုကတော့ ပိုပြီး မြန်ဆန်ပါတယ်။သူမက

လင်းဟန်ရဲ့ပါးကို တစ်ချက်နမ်းလိုက်ပြီး တခစ်ခစ်နဲ့ ရယ်မောနေခဲ့ပါတယ်။

လုံယုံကျန်းနဲ့ တခြားသူတွေက အခုထိ လက်လျော့မဲ့ ရည်ရွယ်ချက်ရှိပုံ မရသေးပါဘူး။ လေလံဈေးက နှစ်သိန်းထိ မြင့်တက်လာခဲ့ပြီး သုံးသိန်းနား တဖြည်းဖြည်း ကပ်လာခဲ့ရာ လူတိုင်း အံ့အားသင့်မှုကြောင့် ဆွံ့အကုန်ပါတယ်။ သူတို့အားလုံးက မှော်ဆေးပညာရှင် သုံးယောက်ရဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကြောင့် မှော်ဆေးပညာရှင်တွေ ဘယ်လောက်တောင် ချမ်းသာနေလဲဆိုတာ တွေးရင်း မှင်တက်နေမိကြပါတယ်။

မူလစွမ်းအင် ခရစ်စတယ် သုံးသိန်း။ ဒါက ဘယ်လို သဘောတရားကြီးလဲ။

အဲဒီမှော်ဆေးပညာရဲ့ အကြီးအကဲကြီး သုံးယောက်အတွက်တောင်မှ မူလစွမ်းအင် ခရစ်စတယ် သုံးသိန်းက ကြီးမားတဲ့ ကုန်ကျစရိတ်ကြီး တစ်ခုပါပဲ။ နောက်ဆုံးတော့လည်း သူတို့က အနက်ရောင်အဆင့် မှော်ဆေးလုံးတွေကိုသာ ဖော်စပ်လေ့ရှိပြီး အနက်ရောင်အဆင့် မှော်ဆေးလုံးတွေကို ငွေနဲ့ ရွှေဒင်္ဂါးတွေ အတွက်ပဲ ရောင်းချလေ့ရှိပါတယ်။

ဒါအပြင် မှော်ဆေးပညာရှင် သုံးယောက်က မြေကမ္ဘာအဆင့် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်တွေ ဖြစ်လာရန် ချိုးဖောက်ဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကြိုးစားမှုတွေ ကျရှုံးတိုင်း သူတို့အသုံးပြုခဲ့တဲ့ ပါဝင်ပစ္စည်းတွေအတွက် ဘယ်လောက်တောင် ကြီးမားတဲ့ တန်ဖိုးကို သူတို့ပေးဆောင် ရလိုက်မလဲ။ အဲဒီပါဝင်ပစ္စည်းတွေကို သူတို့တွေ သေချာပေါက် မူလစွမ်းအင် ခရစ်စတယ်တွေနဲ့ ဝယ်ခဲ့ရမှာပါ။

ဒါကြောင့် မူလစွမ်းအင် ခရစ်စတယ် သုံးသိန်းစုဆောင်းနိုင်တဲ့ ထိုမှော်ဆေးပညာရှင် သုံးယောက်က အမှန်တကယ်ပဲ အထင်ကြီးလောက်စရာပဲ ဖြစ်ပေမဲ့ သူတို့ရဲ့ ကန့်သတ်ချက်ကို ရောက်နေတာတော့ သေချာသလောက်ရှိပါပြီ။

အမှန်တကယ်တော့ လေလံကြေး သုံးသိန်းထိ ရောက်ပြီးတဲ့ နောက်မှာ အကြီးအကဲ သုံးယောက်ရဲ့ ယုံကြည်မှုတွေ လျော့နည်းလာတာ ထင်ရှားပါတယ်။ နောက်ဆုံးမှာတော့ မူလစွမ်းအင် ခရစ်စတယ် သုံးသိန်းသုံးသောင်း နှစ်ထောင်ရှစ်ရာ ငါးဆယ့်သုံးမှာ အဆုံးသတ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် လုံယုံကျန်းနဲ့ သူ့ရဲ့ပြိုင်ဘက်တွေက

သူတို့မှာ ရှိသမျှ မူလစွမ်းအင် ခရစ်စတယ်တွေ အကုန်လုံးကို ထုတ်ပြီး လေလံတင်ခဲ့တာကြောင့်ပါ။

အမြင့်ဆုံးလေလံကြေး တင်ခဲ့တာက လီစီယွမ် ဖြစ်ပြီးတော့ သူက မဖုံးနိုင် မဖိနိုင် ပျော်ရွှင်နေခဲ့ပါတယ်။ မှော်ဆေးကေရာဇ်တစ်ယောက် တစ်ချိန်တုန်းက အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုးကို နောက်ဆုံးမှာ သူကိုင်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။ အဲဒါက အမြတ်တနိုးနဲ့ လေးစားတန်ဖိုး ထားရခြင်းရဲ့ သင်္ကေတတစ်ခုလည်း ဖြစ်ပါတယ်။

"လေလံကြေး ထပ်တင်ဖို့ စိတ်ဝင်စားတဲ့သူ ဘယ်သူများ ရှိပါသေးလဲ"

လေလံအစီစဉ် တင်ဆက်သူက မေးလိုက်ပါတယ်။ လေလံကြေးက ဒီလောက်ထိ မြင့်တက်သွားခဲ့တဲ့အတွက် အတော်လေး အံ့အားသင့်နေခဲ့ပေမဲ့ တစ်ချိန်ထဲမှာပဲ သူ့အတွက် အဓိပ္ပါယ် ရှိနေခဲ့ ပြန်ပါတယ်။

သူအံ့အားသင့်ရတာက ဒီပစ္စည်းက ပျက်စီးနေတဲ့ မှော်ဆေးပြင်းမီးဖိုလေးမျှသာ ဖြစ်နေတာကြောင့်ဖြစ်ပေမဲ့ အဲဒါက မှော်ဆေးကေရာဇ် တစ်ခါက အသုံးပြုခဲ့ဖူးတဲ့

ဆေးကျိုးအိုးလည်း ဖြစ်နေခဲ့တယ်လေ။ လင်းဟန်ရဲ့ ပရိသတ်တွေ မျက်စိထဲမှာတော့ အဲဒါက သုံးသိန်းတင်မက တစ်သန်းဆိုရင်တောင် ထိုက်တန်ပါတယ်။

"လေးသိန်း"

အဲဒီအချိန်မှာပဲ ငယ်ရွယ်ပြီး သာယာကြည်နူးဖွယ်ကောင်းတဲ့ မိန်းကလေး တစ်ယောက်ရဲ့ အသံကို ကြားလိုက်ရပါတယ်။ သူမက တကယ်ကို အေးအေးဆေးဆေးနဲ့ လောင်းကြေးတင်လိုက်တာ ဖြစ်ပေမဲ့ လူတိုင်းကို အံ့အားသင့်သွားစေခဲ့ပါတယ်။

အဲဒါက မူလစွမ်းအင် ခရစ်စတယ် လေးသိန်းလေ။ ရွှေနဲ့ ငွေဒင်္ဂါးလေးသိန်းမှ မဟုတ်တာ။

လင်းဟန်က အဲဒါကို အတော်လေး ရှင်းရှင်းလင်းလင်း ကြားလိုက်ရပါတယ်။ အဲဒီမိန်းကလေးက သူ့ကို အခုလေးတင် ထွေငေါ့သရော်သွားတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်တုန်းက သူ့ကို ဒီလူနှစ်ယောက်က တကယ်ကို လေးစားသဘောကျ နေခဲ့တာကြောင့် လေလံတင်နေတုန်းက ဘာလို့ တစ်လုံးတောင်မှ

ဝင်မပြောခဲ့လဲဆိုတာ လင်းဟန် သိချင်နေခဲ့တာပါ။ ဒါဆို သူတို့ ရလဒ်နဲ့ပတ်သက်ပြီး ယုံကြည်မှုရှိနေတာ မဆန်းတော့ပါဘူး။ တခြားပြိုင်ဘက်တွေကို တစ်ခါတည်းနဲ့ တိုက်ရိုက် သတ်ချဖို့ ကစားနေခဲ့တာပဲ ဖြစ်ပါတယ်။

အမှန်ပါပဲ။ လေလံကြေးတွေ တော်တော်များများ တင်ပြီးတဲ့နောက်မှာ လုံယုံကျန်းနဲ့ တခြားသူတွေရဲ့ အကန့်အသတ်ကို သူမက သတိပြုမိခဲ့ပါတယ်။ ဒါကြောင့် သူမ ပထမဆုံးတင်တဲ့ လေလံကြေးက တစ်ဖက်ပြိုင်ဘက်တွေ မတတ်နိုင်တဲ့ ပမာဏကို တန်းပြီးတော့ ခေါ်ဆိုလိုက်တာ ဖြစ်ပြီးတော့ ပိုက်ဆံကို တတ်နိုင်သမျှ ချွေတာနိုင်လိမ့်မှာ ဖြစ်ပါတယ်။

"ငါးသိန်း"

နောက်ထပ် အသံတစ်ခုက ထပ်မံထွက်ပေါ်လာခဲ့ပါတယ်..ဒီတစ်ယောက်ရဲ့အသံကတော့ ကြမ်းတမ်းခက်ထန်ပြီး အိုမင်းပါတယ်။ အရင်က လင်းဟန်ကို ထေ့ငေါ့သရော်ခဲ့တဲ့ အကြီးအကဲရဲ့ အသံပဲ ဖြစ်ပါတယ်။

"ခြောက်သိန်း"

မိန်းကလေးက မူလစွမ်းအင် ခရစ်စတယ် ခြောက်သိန်းက စက္ကူရွက်လောက်ပဲ တန်ဖိုးရှိသလိုမျိုး နည်းနည်းလေးမှ တုန့်ဆိုင်းခြင်းမရှိပဲ လေလံကြေးကို မြှင့်လိုက်ပါတယ်။

"ခုနစ်သိန်း.."

အကြီးအကဲကလည်း လုံးဝ အမြီးကုပ်မနေခဲ့ပါဘူး။

"ကိုးသိန်း"

ဒီတစ်ကြိမ်ကတော့ လုံယုံကျန်းရဲ့ အသံပဲ ဖြစ်ပါတယ်။ မှော်ဆေးပညာရှင် အကြီးအကဲ သုံးယောက်က သူတို့ရဲ့ မူလစွမ်းအင် ခရစ်စတယ် အသီးသီးကို စုပေါင်းလိုက်တာ ဖြစ်ရပါမယ်။

"တစ်သန်း.."

မိန်းကလေးနဲ့ အကြီးအကဲက တစ်ချိန်ထဲ အော်ပြောလိုက်ပါတယ်။

"တစ်သန်းခွဲ.."

မိန်းကလေးက တစ်ခဏတာ ရပ်နားလိုက်ပြီး တကယ်ကို များပြားတဲ့ လေလံကြေးကို တိုက်ရိုက် ခေါ်လိုက်ပါတယ်။ ကြည့်ရတာ သူမက စိတ်မရှည်တဲ့ စရိုက်လက္ခဏာရှိတဲ့ လူတစ်ယောက် ဖြစ်ပုံရပြီး နောက်ထပ် နည်းနည်းချင်းစီ တိုးနေတာကို စိတ်မရှည်တော့တဲ့ပုံပါပဲ။

"နှစ်သန်း..."

အကြီးအကဲကလည်း လုံးဝ ကြောက်ရွံ့မနေပါဘူး။

ဒီနှစ်ယောက်က တကယ်ကို ထိပ်တန်းကြွယ်ဝသူတွေပါပဲ။

အစပိုင်းတုန်းက မော်ဆေးကျိုးအိုးအတွက် အမှန်တကယ် ယှဉ်ပြိုင်သူ နှစ်ယောက်က သူတို့နှစ်ယောက် ဖြစ်လိမ့်မယ်လို့ ဘယ်သူတွေက ထင်ထားမိမှာလဲ။

သူတို့ရဲ့ ဘဝအမှန်ကို ဘေးဖယ်ထားဦး။ မူလစွမ်းအင် ခရစ်စတယ် နှစ်သန်းကို ထုတ်နိုင်တယ်ဆိုတဲ့ အချက်နဲ့တင် ငါးထပ်မြောက် အလွှာက သီးသန့်ခန်းမှာ ထိုင်နိုင်ဖို့ လုံလုံလောက်လောက် အရည်အချင်းမီပါတယ်။ စီးပွားရေးအတွက် တည်ဆောက်ထားတဲ့ စိတ်ဂိညာဉ်

ရတနာစံအိမ် အတွက်ကတော့ ပိုက်ဆံလုံလုံလောက်လောက်ရှိတဲ့ ဘယ်သူမဆို သူတို့ရဲ့ အဖေတွေပဲ ဖြစ်ပါတယ်။

လင်းဟာန် မချီတင်ကဲနဲ့ တီးတိုးရေရွတ် လိုက်မိပါတယ်။

"အခု ငါ မှော်ဆေးကျိုအိုး အရေအတွက် တော်တော်များများ အသုံးပြုခဲ့ရတယ်။ ငါလည်း အဲဒါတွေကို ရောင်းထုတ်လိုက်ရင် ကောင်းမလား"

အဲဒါက လွှီယုထန်နဲ့ လီစီချန်းတို့ နှစ်ယောက်ကို ရယ်မောသွားစေပါတယ်။ သူမတို့က လင်းဟာနက် သူ့ကိုယ်သူ ရယ်မောနေတယ်လို့ ထင်နေခဲ့ကြတာပါ။ အခု လင်းဟာန်နှစ်ယောက်က တစ်ယောက်တည်း ဆိုတာကိုတော့ သူမတို့ အဖြေရှာတွေ့နိုင်ဖို့ နည်းလမ်းမရှိပါဘူး။

လေလံကြေးက အဲဒီလောက် မြင့်တဲ့အဆင့်ထိ ရောက်သွားခဲ့ပြီးတဲ့နောက် လုံယုံကျန်းနဲ့ သူ့ရဲ့အဖော်တွေတောင်မှ ဘေးကနေ စောင့်ကြည့်နေရတဲ့ သူတွေဖြစ်လာခဲ့ပါတယ်။ သူတို့က အတော်လေး စိတ်မကောင်းသလို ခံစားလိုက်ရပါတယ်။ အဲဒါက မှော်ဆေးကေရာဇ် တစ်ခါက အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုး

တစ်ခုပဲ ဖြစ်ပါတယ်။ ဒီမှော်ဆေးကျိုးအိုးကို တောက်ပသော ကြယ်နန်းတော် ခန်းမမှာ ပြသထားနိုင်ခဲ့ရင် အဲဒီနေရာကို မှော်ဆေးပညာရှင်တွေ အကုန်လုံးအတွက် မြင့်မြတ်တဲ့ နယ်မြေတစ်ခု သေချာပေါက် ဖြစ်လာပါစေလိမ့်မယ်။

သူတို့မသိခဲ့တာက အနာဂတ်မှာ လင်းဟန် အထွတ်အထိပ်ကို နောက်တစ်ကြိမ် ပြန်ရောက်တဲ့အခါ ဒီနေရာက လင်းဟန် မြေကမ္ဘာအဆင့်ကို ချိုးဖြတ်ခဲ့ရာမှာ အရေးပါခဲ့တဲ့ နေရာတစ်ခု ဖြစ်တဲ့အတွက် မှော်ဆေးပညာရှင်တွေအတွက် သေချာပေါက် မြင့်မြတ်တဲ့ နယ်မြေတစ်ခု ဖြစ်လာလိမ့်မှာပါ။

"ကြယ်နှစ်လုံးအဆင့် မူလခရစ်စတယ် သုံးသိန်း"

မိန်းကလေးက နောက်တစ်ကြိမ် လေလံကြေးတင်လိုက်ပြန်ရာ လူတိုင်းကို ချက်ချင်း ထိတ်လန့်သွားစေခဲ့ပါတယ်။

သီအိုရီအရဆိုရင် မူလခရစ်စတယ်တွေရဲ့ အဆင့်က မြင့်မားလာခဲ့ရင် သူတို့ရဲ့ တန်ဖိုးက ဆယ်ဆလောက် မြင့်လာမှာ ဖြစ်ပေမဲ့ တကယ်တော့ အဆင့်မြင့် မူလခရစ်စတယ်တွေကို ရှေလိုသုံးဖို့တော့ ဘယ်သူမှ

ဆန္ဒရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒါကို အသာထားလိုက်ပါဦး။ တကယ်လို့ ကြယ်တစ်လုံးအဆင့် မူလခရစ်စတယ်တွေ ဒီလောက်အရေအတွက်နဲ့ဆိုရင် လူတစ်ယောက်ကို သုံးနှစ်ဆိုတဲ့ အချိန်အတွင်းမှာ အဆင့်တက်အောင် လုပ်ပေးနိုင်ပါတယ်။ ကြယ်နှစ်လုံး မူလခရစ်စတယ် တူညီတဲ့ ပမာဏနဲ့ ဆိုရင်တော့ တစ်နှစ်ပဲ ကြာပါလိမ့်မယ်။

မှန်ပါတယ် အချိန်က အရေးကြီးဆုံး အချက်ပါပဲ။

အထူးသဖြင့် ပန်းဖူးအဆင့်ထက်နိမ့်တဲ့ သိုင်းပညာရှင်တွေအတွက် သက်တမ်းက နှစ်တစ်ရာလောက်ပဲ ရှိတာဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို သူတို့ချိုးဖြတ်တဲ့ အချိန်က ပိုမိုငယ်ရွယ်ပြီး ပိုစောလေလေ သူတို့ ပန်ဖူးအဆင့်ကို ချိုးဖြတ်ဖို့အတွက် အချိန်ပိုပြီး ရလေပဲ ဖြစ်ပါတယ်။ သူတို့ တစ်ကြိမ် ချိုးဖြတ်လိုက်နိုင်တာနဲ့ သူတို့ရဲ့ သေမျိုးခန္ဓာကိုယ်ကို စွန့်ပစ်နိုင်လိမ့်မှာ ဖြစ်ပါတယ်။

ကြယ်တစ်လုံး မူလခရစ်စတယ်က စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင်တွေက ပြုလုပ်ထားတာ

ဖြစ်ပြီးတော့ မူလစွမ်းအင်တွေကို လုံလုံလောက်လောက် ထောက်ပံ့ပေး နိုင်တာကြောင့် ကိုယ်ခန္ဓာ ပြုပြင်မွမ်းမံခြင်း၊ ဒြပ်စင်စုစည်းခြင်း၊ နွေဦးစမ်းရေအဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်က လူတွေအတွက် ကျင့်ကြံခြင်း အဆင့်တွေကို အတော်လေး အကူအညီ ဖြစ်စေပါတယ်။ ဒါပေမဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်က လူတွေအတွက်ကတော့ ကြယ်တစ်လုံး မူလခရစ်စတယ်ရဲ့ အကျိုးသက်ရောက်မှုက ကြီးမားစွာ လျော့နည်းနေမှာဖြစ်ပြီး ကြယ်နှစ်လုံး မူလခရစ်စတယ်နဲ့မှသာ လုံလောက်တဲ့ အကျိုးသက်ရောက်မှုကို ရရှိလိမ့်မှာ ဖြစ်ပါတယ်။

ပန်းဖူးအဆင့်တွေ အတွက်ကတော့ မူလခရစ်စတယ်တွေကို ရေလိုသုံးနိုင်တယ်ဆိုတဲ့ အချက်ကလွဲရင် သူတို့အတွက် အဲဒါတွေက လုံး၀ အမှိုက်တွေပါ။

ဒါကြောင့် မူလခရစ်စတယ်တွေရဲ့ အဆင့်မြင့်လေလေ ပိုပြီး အကျိုးသက်ရောက်မှုတွေ ရှိရုံသာမက အသုံးဝင်မှုတွေလည်း ပိုပြီးတော့ ရှိလာပါတယ်။ မူလခရစ်စတယ်တွေနဲ့ ပေးချေဖို့ လိုအပ်တဲ့ အရမ်းကိုတန်ဖိုးရှိတဲ့ စိတ်ဝိညာဉ်ဆေးဝါးတွေ ရှိရုံသာမက အချို့ဆိုရင် ကြယ်လေးလုံး၊ ကြယ်ငါးလုံး ဒါမှမဟုတ် ကြယ်ခြောက်လုံး မူလခရစ်စတယ်တွေကိုတောင်မှ လိုအပ်ကောင်း

လိုအပ်နိုင်ပါတယ်။

ဒါကြောင့် ကြယ်နှစ်လုံး မူလခရစ်စတယ် သုံးသိန်းရဲ့ အမှန်တကယ် တန်ဖိုးက ကြယ်တစ်လုံး မူလခရစ်စတယ် သုံးသိန်းရဲ့ တန်ဖိုးထက် အတော်လေး ကျော်လွန်ပါတယ်။

"ကြယ်နှစ်လုံး မူလခရစ်စတယ် လေးသိန်း"

အကြီးအကဲ အတွက်ကလည်း ဒီပမာဏကို သက်တောင့်သက်သာ ထုတ်နိုင်ပါတယ်။

လူတိုင်းက သူတို့ရဲ့ မျက်လုံးတွေ ကျွတ်ထွက်မတတ် အံ့အားသင့် နေခဲ့ကြပါတယ်။ ကြယ်နှစ်လုံး မူလခရစ်စတယ် လေးသိန်းတဲ့။ ဒါက ဘယ်လိုမျိုးကြီးလဲကွာ။ အဲဒီပမာဏကို မွမ်းမံသန့်စင်ဖို့ တစ်နှစ်လုံးစာအတွက် စိတ်ဝိညာဉ် ပလ္လင်အဆင့် သိုင်းပညာရှင် လေးသောင်းလောက် လိုအပ်ပါလိမ့်မယ်။ မြောက်ပိုင်းနယ်မြေ တစ်ခုလုံးမှာဆိုရင် စိတ်ဝိညာဉ် ပလ္လင်အဆင့် တစ်သောင်းတောင်မှ ရှိလို့လား။

အရေးအကြီးဆုံးက သူတို့နှစ်ယောက်အတွက် အဲဒီပမာဏက ဘာမှတန်ဖိုး သိပ်မရှိသလိုပဲ သက်တောင့်သက်သာနဲ့ လုံးဝဂရုမစိုက်ပုံ ပေါက်နေပါတယ်။

သူတို့က မြောက်ပိုင်းနယ်မြေကရော ဟုတ်ရဲ့လား။

လင်းဟန်လည်း အတော်လေး သိချင်နေခဲ့ပါတယ်။ လုံယုံကျန်းနဲ့ သူ့ရဲ့အပေါင်းအဖော်တွေ မော်ဆေးကျိုးအိုးအတွက် အပြိုင်အဆိုင် ဈေးလုပေးနေတာကို နားလည်ပေးနိုင်ပေမဲ့ အဲဒီလူနှစ်ယောက်ကရော ဘာအတွက် တိုက်ခိုက်နေကြတာလဲ။ သူက မထိန်းနိုင်စွာပဲ မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပြီး သူတို့ကို တစ်ချက်ကြည့်လိုက်မိပါတယ်။ ပထမတော့ သူက အကြီးအကဲကို တွေလိုက်ရပေမဲ့ ချက်ချင်းပဲ သူ့ရဲ့တည်ရှိမှုကို အကြီးအကဲက အာရုံခံမိ သွားခဲ့ပါတယ်။ သူက ပြင်းထန်တဲ့ မကျေမနပ်သံ တစ်ချက်ပြုလိုက်ရာ အသံလှိုင်းက ပျံ့နှံ့သွားခဲ့ပါတယ်။

လင်းဟန် တစ်ချက် ညည်းညူလိုက်ရပြီး သူ့ရဲ့ ညာဖက်မျက်လုံးကနေ သွေးတွေ ချက်ချင်းပဲ စီးထွက်လာခဲ့ပါတယ်။ အဲဒီ တိုက်ခိုက်မှု တစ်ချက်ထဲကနေ သူအတော်လေး အထိနာ သွားခဲ့ပါတယ်။

ပန်းဖူးအဆင့်က သေမျိုးလောကကို ကျော်လွန်သွားတဲ့

စွမ်းအားပဲ ဖြစ်ပါတယ်။

"လင်းဟန်.."

လွီယုထန်နဲ့ အခြားသူတွေ အတော်လေး အံ့သြထိတ်လန့်သွားကြပါတယ်။ ဘာလို့ ရုတ်တရက်ကြီး လင်းဟန်က ဒီလိုမျိုး အပြာရောင်သွေး မျက်ရည်တွေ ကျလာတာလဲ။

ဟူးညိုတစ်ယောက်ပဲ သတိအပြည့်နဲ့ တစ်နေရာထဲကို စူးစိုက်ကြည့်နေခဲ့ပါတယ်။ အဲဒီနေရာက အကြီးအကဲ ရှိနေတဲ့နေရာ အတိအကျပဲ ဖြစ်ပါတယ်။ ဒီကလေးမလေးက ထင်ရာမြင်ရာကို စိုက်ကြည့်နေခဲ့တာ မဟုတ်ပါဘူး။ သူမက အမှန်တကယ်ပဲ သာမန်မဟုတ်တဲ့ အရာတစ်ခုကို အာရုံခံမိခဲ့တာ ဖြစ်ပြီးတော့ ချက်ချင်းပဲ ရိုင်းစိုင်းရက်စက်တဲ့ ပုံပေါက်လာခဲ့ပါတယ်။

Chapter 310 end

အပိုင်း(၃၁၁) အံ့အားသင့်စရာ ရှာဖွေတွေ့ရှိမှု

လင်းဟန်က ဟူးညိုကို ဆွဲထားပါတယ်။ ဒီအဘိုးကြီးက အရမ်းကို အစွမ်းထက်ပါတယ်။ ဟူးညိုက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်းတစ်ခုကို

ပိုင်ဆိုင်ထားပေမဲ့လည်း ပန်းဖူးအဆင့် လူတစ်ယောက်ရဲ့ အရှေ့မှာတော့ ဒါကလုံးဝ အကျိုးသက်ရောက်မှု မရှိပါဘူး။ ဒီအဘိုးကြီးက သူ့ရဲ့ အရိုန်အဝါလှိုင်းတစ်ခုကို ထုတ်ဖော်လိုက်ရင်ပဲ ဒီမိန်းကလေးကို အဲဒီ အားလှိုင်းနဲ့ သတ်ပစ်ဖို့အတွက် လုံလောက်ပါလိမ့်မယ်။

"ကောင်းပြီလေ"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပဂါတစ်ထည်ကို ယူပြီးတော့ သွေးတွေကို သုတ်ပစ်လိုက် ပါတယ်။ သူ့ရဲ့ ညာဘက်မျက်လုံးက ထူးထူးဆန်းဆန်းနဲ့ နာကျင်ကိုက်ခဲနေဆဲပဲ ဆိုတာကို ခံစားနိုင်ပါတယ်။ ဒါပေမဲ့ ကောင်းကင်ဘုံဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို တစ်ကြိမ်မျှ လည်ပတ်လိုက်ခြင်းဖြင့် ဒီနာကျင်မှုက ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့ပါတယ်။ မိနစ် အနည်းငယ်မျှ ကြာပြီးတဲ့နောက်မှာ သူ့ရဲ့ ညာဘက်မျက်လုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားပါတယ်။

ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ် ဆိုတဲ့နာမည်နဲ့ တကယ်လည်း ထိုက်တန်ပါတယ်။ ခန္ဓာကိုယ်ရဲ့ အနူးညံ့ဆုံးနဲ့ အထိခိုက်မခံဆုံးဖြစ်တဲ့ မျက်စိလို အစိတ်အပိုင်း တစ်ခုကိုတောင်မှ လွယ်လွယ်ကူကူနဲ့

သက်သာ ပျောက်ကင်းစေနိုင်ပါတယ်။

နောက်ထပ်မိနစ် အနည်းငယ် ကြာပြီးတဲ့နောက်မှာ လေလံတိုက်ပွဲလည်း ပြီးဆုံးသွားခဲ့ ပါတယ်။ မှော်ဆေးကျိုအိုးကို မျက်နှာကို ဖုံးထားတဲ့ အမျိုးသမီးက အောင်အောင်မြင်မြင်နဲ့ ဝယ်ယူသွားခဲ့ ပါတယ်။ သူမက အံ့အားသင့်စရာ ကောင်းလောက်တဲ့ ပမာဏဖြစ်တဲ့ ကြယ်နှစ်ပွင့်အဆင့် မူလ ခရစ်စတယ် တစ်သန်းအထိ ပေးချေခဲ့ပါတယ်။

"ဒီလောက်များပြားတဲ့ မူလစွမ်းအင် ခရစ်စတယ်တွေနဲ့သာဆိုရင် စိတ်ဝိညာဉ်ပင်လယ် အဆင့်ကိုတောင် ငါချိုးဖျက်နိုင်လိမ့်မယ်။ တစ်လအတွင်းမှာပဲ အလွှာ ၉ အဆင့်ထိ ချိုးဖျက် နိုင်လိမ့်မယ်။ ဟုတ်တယ်မလား"

လင်းဟန်က တွေးလိုက်မိပါတယ်။ မူလစွမ်းအင် ခရစ်စတယ်တွေကို ပတ်ဂန်းကျင်က မူလစွမ်းအင် တွေကို ဖြည့်ပြီးတော့ ပြုလုပ်ဖန်တီးရတာ ဖြစ်ပြီးတော့ ကျင့်ကြံခြင်းနှုန်းကိုလည်း မြန်စေပါတယ်။

လင်းဟန်က နောက်တစ်ကြိမ် သူ့ရဲ့ အမြင်အာရုံနဲ့ ခြုံထည်နဲ့

ကာကွယ်ထားတဲ့ အမျိုးသမီးကို ရှာဖွေဖို့ အသုံးပြုလိုက်ပါတယ်။ သူမကို ရှာတွေ့လိုက်တဲ့ အချိန်ခဏလေး အတွင်းမှာပဲ သူ့ကို အံ့အားသင့်သွားစေခဲ့တာက သူမရဲ့ လက်ထဲမှာ ဂယ်ယူထားတဲ့ ဆေးကျိုအိုးကို ကိုင်ထားပြီးတော့ မတ်တတ်ထရပ်လိုက်တာပဲ ဖြစ်ပါတယ်။ ပြီးတော့ သူမက ပြန်ထွက်သွားဖို့ စီစဉ်နေပါတယ်။

ပြောရမယ်ဆိုရင် သူမက ဒီနေရာကို အဲဒီမှော်ဆေးကျိုအိုး အတွက် လာခဲ့တာဖြစ်ပါတယ်။ အခု ဆေးကျိုအိုးကို သူမပိုင်ဆိုင်ထားပြီ ဆိုမှတော့ ပြန်တော့မှာပေ့ါ။

မှသားမဲ့မျက်လုံးကြောင့် လင်းဟန်က သူမရဲ့ မျက်နှာ တစ်စွန်းတစ်စကို မြင်တွေ့သွားခဲ့ပြီး မရှိုးကျူးပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

ဒီမိန်းကလေးက တကယ်ပဲ အရမ်းကို ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ အလှက ချီဟွာလန်အောက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။

ဒါပေမဲ့လည်း ဒီမိန်းကလေးပဲ ဖြစ်ဖြစ် ဟိုအကြီးအကဲပဲ ဖြစ်ဖြစ် သူတို့တွေက မှော်ဆေးပညာရှင် မဟုတ်ကြပါဘူး။

လင်းဟန်က သူတို့တွေဆီမှာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အငွေ့အသက်ကို လုံးဝ မခံစားရပါဘူး။ ဒါက လုံးဝ သံသယရှိနေဖို့ မလိုပါဘူး။ မော်ဆေးဇကေရာဇ် တစ်ယောက် အနေနဲ့ တစ်စုံတစ်ယောက်ကို မော်ဆေးပညာရှင် ဟုတ်မဟုတ် ဆိုတာကို တောင် မခွဲခြားနိုင်ဘူးဆိုရင် သူက တိုဖူးတွေ ဝယ်ပြီးတော့ အဲဒီတို့ဖူးတွေနဲ့ သူ့ကိုသူ သတ်သေလိုက် သင့်ပါတယ်။

မော်ဆေးပညာရှင်တွေ မဟုတ်ဘူးဆိုတာ သိသာတဲ့ လူနှစ်ယောက်က ပျက်စီးနေတဲ့ မော်ဆေးကျိုးအိုး တစ်လုံးအတွက် ကြယ်နှစ်လုံးအဆင့် မူလစွမ်းအင် ခရစ်စတယ် တစ်သန်းလောက် သုံးဖို့ ဆန္ဒရှိနေတယ်။ ဒါက ဘာကြောင့်များလဲ။

အစောပိုင်းတုန်းက သူတို့နှစ်ယောက်က ယခင်ဘဝက သူ့ကို အရမ်းကို ရိုသေလေးစားမှုတွေ ရှိနေကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ လေးစားမှုအတွက်ကြောင့် အခုလိုမျိုး မြင့်မားတဲ့ တန်ကြေးကို ပေးပြီး ဖော်ပြဖို့တာဆိုရင်တော့ နည်းနည်းတော့ နားမလည်နိုင်အောင် ဖြစ်ရပါလိမ့်မယ်။

ခြုံထည်နဲ့ အမျိုးသမီး ထွက်ခွာသွားသလို ပန်းဖူးအဆင့် အကြီးအကဲလည်း ထွက်ခွာသွားပါတယ်။

သူတို့နှစ်ယောက်ရဲ့ ပစ်မှတ်က မော်ဆေးကျိုးအိုး တစ်ခုတည်းပဲ ဖြစ်ပါတယ်။ အခု မော်ဆေးကျိုးအိုးက သူ့ရဲ့အိမ်ကို ရှာတွေ့သွားခဲ့ပြီ ဖြစ်တဲ့အတွက် သူတို့အနေနဲ့ ဆက်ပြီးနေဖို့ အကြောင်းပြချက် မရှိတော့ပါဘူး။

ဒါက တကယ့်ကို ခေါင်းခြောက်စေတာပဲ။

သူကတော့ သူတို့တွေကို သူ့ရဲ့ ယခင်ဘဝတုန်းက လင်းဟန်ကို တကယ်ပဲ ချစ်ခင် မြတ်နိုးတဲ့ လူချမ်းသာတွေလို့ပဲ မှတ်ယူနိုင်ပါလိမ့်မယ်။

လေလံပွဲရဲ့ အထွတ်အထိပ် ပစ္စည်းတစ်ခု ရောင်းထွက်သွားပြီးတဲ့ နောက်မှာတော့ ဆက်ပြီးတော့ လေလံတင်တဲ့ ပစ္စည်းတွေက လင်းဟန်ကို အိပ်ငိုက်ချင်စိတ် ပေါက်သွားရုံသာမက အောက်ထပ်က လူတော်တော်များများကိုလည်း သူတို့ရဲ့ ထိုင်ခုံတွေပေါ်မှာ ငိုက်မျဉ်းသွား စေပါတယ်။ တချို့ဆိုရင် ဟောက်ပါဟောက်နေကြပါတယ်။

“အဟွတ် အဟွတ်”

လေလံအစီအစဉ် တင်ဆက်သူက လျင်မြန်စွာပဲ လေလံတင်

ပစ္စည်းတွေကို ပြန်ပြီး ထိန်းညှိခဲ့ပါတယ်။ အဲဒီအတွက် လေလံပွဲမှာ နောက်ထပ် တန်ဖိုးရှိတဲ့ ပစ္စည်းတော်တော်များများ ထွက်ပေါ်လာခဲ့ပြီး ပတ်ဂန်းကျင်ကို နောက်တစ်ကြိမ် အသက်ဂင် လှုပ်ရှား လာစေခဲ့ပါတယ်။

နောက်ထပ် နာရီဂက်အကြာမှာ လေလံပစ္စည်းတစ်ခုက လင်းဟန်ကို စိတ်ဂင်စားအောင် ဆွဲဆောင်ခဲ့ပါတယ်။

အဲဒါက ကင်းမြီးကောက် တစ်ကောင်နဲ့ ဆင်တူတဲ့ ကြေးရုပ်တစ်ရုပ်ပဲ ဖြစ်ပါတယ်။ ၎င်းက တစ်ခုလုံး မည်းနက်နေပြီးတော့ အေးစက်တဲ့ သတ္တုအလင်းရောင် တစ်ခု ထွက်ပေါ်နေပါတယ်။

"ကျုပ်တို့ရဲ့ အတွေ့အကြုံရှိတဲ့ ရာဖြတ်သမားတွေရဲ့ လေ့လာစမ်းသပ်ချက်အရ ဒီပစ္စည်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးထောင်ကျော် ခြောက်ထောင်လောက်က ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒီအပေါ်မှာ အခုကျုပ်တို့ အသုံးပြုနေတဲ့ စကားလုံးတွေနဲ့ အနည်းငယ် ကွဲပြားတဲ့ ရှေးဟောင်း စကားလုံးတွေ ပါရှိပါတယ်။ ဒီစာလုံးတွေရဲ့ အဓိပ္ပါယ်ကို သူတို့တွေက အကြမ်းဖျင်းတော့ ဖော်နိုင်ခဲ့ပါတယ်။ အဲဒါတွေက ကင်းမြီးကောက် နန်းတော်ခန်းမ၊ သေခြင်းနဲ့

ရှင်ခြင်း၊ အသက်ပေါင်း တစ်သောင်း အတွက် ပြန်လည်မွေးဖွားခြင်း ဆိုပြီးတော့ အဓိပ္ပါယ်ရပါတယ်”

လေလံအစီအစဉ် တင်ဆက်သူက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါက သော့တစ်ချောင်း ဒါမှမဟုတ် တံဆိပ်ပြားတစ်ခု ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒါက ကောင်းကင် လျှို့ဝှက်ဆန်းကြယ် နယ်မြေ ဆယ့်နှစ်ခုထဲက တစ်ခုဖြစ်တဲ့ ဗြို့စ္စာရာသီ နန်းတော် ခန်းမကို ဖွင့်တဲ့ ပစ္စည်းတစ်ခုလည်း ဖြစ်နိုင်ပါတယ်”

“ဟုန်း”

ဒီစကားတွေကို ကြားလိုက်ရတာနဲ့ အိပ်ချင်မူးတူးဖြစ်နေတဲ့ လူတွေတောင်မှ စိတ်လှုပ်ရှားပြီးတော့ ထရပ်ကုန်ကြပါတယ်။

ကောင်းကင်လျှို့ဝှက်ဆန်းကြယ် နယ်မြေ ဆယ့်နှစ်ခုက ကြီးကျယ်မြင့်မြတ်တဲ့ လျှို့ဝှက်ဆန်းကြယ် နယ်မြေများထဲက တစ်ခု ဖြစ်ပြီးတော့ ကောလာဟလတွေ အပြည့်နဲ့ တည်ရှိလို့ နေပါတယ်။ ၎င်းတို့က နှစ်ပေါင်းတစ်ရာတိုင်းမှာ အမြဲတမ်း

ပွင့်ပြီးတော့ ၎င်းအတွင်းက စိတ်ဂိညာဉ်ချီ အလျှံပယ်ဖြစ်နေတာကြောင့် အံ့အားမှင်တက်သွားစေပါလိမ့်မယ်။ အဲဒီအထဲမှာ တစ်ရက်လေ့ကျင့်တာက အပြင်ဘက်ကမ္ဘာမှာ ဆယ်ရက် သို့မဟုတ် ရက်တစ်ရာခန့် လေ့ကျင့်တာနဲ့ ညီမျှနိုင်ပါလိမ့်မယ်။

ဒါကြောင့်လည်း အဲဒီအထဲမှာ မရေမတွက်နိုင်တဲ့ စိတ်ဂိညာဉ်ဆေးပင်တွေ ကြီးထွားရှင်သန် နေပါတယ်။ လျို့ဂှက်ဆန်းကြယ် နယ်မြေက နှစ်ပေါင်းတစ်ရာတိုင်းမှာ တစ်ကြိမ်ပဲ ဖွင့်ပေမဲ့လည်း ၎င်းအတွင်းက စိတ်ဂိညာဉ်ချီတွေကြောင့် ၎င်းဆေးပင်တွေက အရွယ်ရောက်ပြီး ကြီးထွားရှင်သန် ရုံတင်မက ဒီစိတ်ဂိညာဉ်ဆေးပင်တွေရဲ့ အရည်အသွေးကလည်း အံ့အားသင့်စရာကောင်းလောက်အောင် မြင့်မားပါတယ်။

ဒါပေမဲ့ ဒါက အဓိကအချက် မဟုတ်ပါဘူး။ အဓိကအချက်က လျို့ဂှက်ဆန်းကြယ် နယ်မြေ ဆယ့်နှစ်ခုမှာ လျို့ဂှက်ဆန်းကြယ်တဲ့ နန်းတော်ခန်းမ ဆယ့်နှစ်ခုရှိပါတယ်။ ကောလာဟလတွေ အရတော့ လျို့ဂှက်ဆန်းကြယ် နယ်မြေရဲ့ တန်ဖိုးအကြီးဆုံး ရတနာတွေက ၎င်းအတွင်းမှာ ဂှက်ထားပါတယ်။ ကျင့်ကြံခြင်း နည်းစနစ်တွေ စိတ်ဂိညာဉ်ပစ္စည်းတွေ သိုင်းပညာ နည်းစနစ်တွေနဲ့

မျော်ဆေးလုံးတွေပေါ့။

တစ်ခါတုန်းက ကံအရမ်းကောင်းတဲ့ လူတစ်ယောက်က မိဿရာသီ နန်းတော် ခန်းမထဲကို ဝင်သွားခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ပုံရိပ်က အကြီးအကျယ်ကို မြင့်တက်သွားခဲ့ပါတယ်။ နောက်ဆုံး သူက အဆုံးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဒါက အရမ်းကို အစွမ်းထက်တဲ့ အဆင့်ထဲက တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူမွေးဖွားလာတဲ့ အချိန်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တစ်ယောက်မှ မပေါ်ထွက်နိုင်တဲ့ ခေတ်ကာလသာ မဟုတ်ခဲ့ဘူး ဆိုရင် သူ့ရဲ့ အောင်မြင်မှုက ကောင်းကင်အဆင့်မှာပဲ အကန့်အသတ် ဖြစ်သွားနိုင်လိမ့်မှာ မဟုတ်ပါဘူး။ သူက စကြာဝဠာဖျက်ဆီးခြင်း အဆင့် ဒါမှမဟုတ် စကြာဝဠာကို ဖျက်ဆီးပြီး နတ်ဘုရား တစ်ပါးအဖြစ်တောင် အောင်အောင်မြင်မြင်နဲ့ ဖြစ်သွားနိုင်ပါတယ်။

ပြီးတော့ ရာသီခွင် ဆယ့်နှစ်ခု နန်းတော်ခန်းမတွေကို ဝင်ဖို့အတွက် သက်ဆိုင်ရာ သော့အသီးသီး လိုအပ်ပါသေးတယ်။

“ဟီးဟီး.. ကျုပ်တို့ စံအိမ်ရဲ့ လေ့လာစမ်းစစ်မှုတွေအရ ဒါက မြို့စွာရာသီ နန်းတော် ခန်းမကို ဖွင့်တဲ့ သော့တစ်ချောင်း ဖြစ်နိုင်ချေရှိတယ်။ ဒါပေမဲ့ ဒါက အတုလည်း ဖြစ်နိုင်တယ်။ ကျုပ်တို့ စံအိမ် အနေနဲ့တော့ ဒါကို အာမမခံနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအရုပ်ပေါ်မှာ ကျုပ်တို့တွေ အတည်မပြုနိုင်တဲ့ အရာတစ်ချို့ ရှိနေတယ်”

လေလံစီစဉ် တင်ဆက်သူက အမိက ခေါင်းစဉ်ဆီကို ပြန်ပြောင်းလဲလိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ လူတော်တော်များများကို ကြည့်ရတာ စိတ်ဓာတ်ကျပြီး အားပြတ်သွားပုံ ရပါတယ်။ ဒါပေမဲ့ သေချာပြန်စဉ်းစားလိုက်ရင် ဒါက ယုတ္တိရှိပါတယ်။

တကယ်လို့ သော့က အစစ်အမှန်သာဆိုရင် ဒီနေရာမှာ ဘာကြောင့် လေလံတင်နေတော့မှာလဲ။ တကယ်လို့ ၎င်းကို အလယ်ပိုင်ဒေသကို ယူသွားနိုင်မယ်ဆိုရင် အဲဒီနေရာမှာ အရမ်းကို ချမ်းသာတဲ့ လူတွေ ပိုပြီးတော့တောင် အများကြီးရှိပြီးတော့ ပိုမိုမြင့်မားတဲ့ ဈေးနှုန်းကို ရရှိနိုင် ပါလိမ့်မယ်။

ဒါတောင်မှ လူအများကြီးက ဒီပစ္စည်းကို ဆက်ပြီးတော့

စိတ်ဂင်စားနေဆဲ ဖြစ်ပါတယ်။ တကယ်လို့ ဒီပစ္စည်းက တကယ်ပဲ အစစ်အမှန် ဖြစ်ခဲ့မယ်ဆိုရင်ရော….။

“လင်းဟန်… ဒါက အစစ်လား အတုလား။ နင်ဘယ်လိုထင်လဲ”

လွီယုထန်က သိချင်စိတ် ပြင်းပြစွာနဲ့ မနေနိုင်ပဲ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့မျက်လုံးတွေနဲ့ အာရုံစူးစိုက်ကြည့်လိုက်ပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်း လိုက်ပါတယ်။ ကင်းမြီးကောက်ရုပ်ပုံစံက ချက်ချင်းဆိုသလို သူ့ရဲ့ အရှေ့မှာ ထင်းခနဲ ပေါ်လာခဲ့ ပါတယ်။ အလွှာတိုင်း အလွှာတိုင်းက ပျောက်ကွယ်သွားခဲ့ပြီး သူက ဒီကြေးရုပ်ရဲ့ အတွင်းပိုင်း နက်နက်အထဲမှာ ပုက်ထားတဲ့ အရာတစ်ခုကို တွေ့လိုက်ရပါတယ်။ သူက အံကိုကြိတ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတော့ လှည့်ကွက်ထဲကို ရောက်သွားပြီ ဒါက အတုကြီးပဲ ဟားဟားဟား ဆိုတဲ့ စကားလုံးတွေ ရေးထားတဲ့ စာရွက်အပိုင်းအစကို တွေ့မြင်လိုက်ရလို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ နောက်ဆုံးမှာ ရေးထားတဲ့ နာမည်ကို

မြင်လိုက်ရတဲ့အခါမှာ သူက တုန်လှုပ်သွားပြီး မယုံကြည်နိုင်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

“အဲဒါက ဘာဖြစ်တာလဲ”

လှီယုထန်နဲ့ လီစီရှန်းတို့ လျင်မြန်စွာနဲ့ မေးလိုက်ပါတယ်။

“ဘာမှမဟုတ်ပါဘူး”

လင်းဟန်က သူရဲ့လက်ကို ခါပြလိုက်တယ်။ ဒါပေမဲ့ သူရဲ့အမူအရာက တစ်ခုခု ဖြစ်နေတဲ့ ပုံစံပဲ ဆိုတာကို လူတိုင်းက မြင်နိုင်ပါတယ်။

လင်းဟန်က သူရဲ့ တည်ငြိမ်အေးဆေးမှုကို ဘယ်လိုကြောင့် ဆုံးရှုံးပြီး ဆောက်တည်ရာမရ ဖြစ်သွားရတာလဲ။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီစာရွက်အပေါ်မှာ ဂုတ်လစ်စလစ်နဲ့ အမျိုးသမီး တစ်ယောက်ရဲ့ ပုံကို ရေးဆွဲထားလို့ပဲ ဖြစ်ပါတယ်။

သူက မျက်စိနဲ့ တစ်ချက်ငေးကြည့် လိုက်တာနဲ့ စာရေးသူကို သတိပြုမိသွားခဲ့ပါတယ်။ ဒါက သူရဲ့ အစွမ်းပြလွန်းတဲ့ တပည့်ကျော် ကျန်းယွဲ့ဖုန်း ပဲဖြစ်ပါတယ်။

သူက ကျန်းယွဲ့ဖုန်းက အခုလိုမျိုး အကျိုးမရှိ အဓိပ္ပါယ်မရှိတဲ့ အရာတစ်ခုကို လုပ်လိမ့်မယ်ဆိုတာ အနည်းငယ်မျှ မအံ့ဩပါဘူး။ ဒါပေမဲ့ သူ့ကို အံ့အားသင့်သွားစေတဲ့ အကြောင်းအရာက ကောလာဟာလတွေအရ ဒီအရုပ်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၅ ထောင်ကျော် ၆ ထောင်လောက်က အရာတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ ကျန်းယွဲ့ဖုန်းက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်က လူတစ်ယောက်ပါ။

တကယ်လို့ ကျန်းယွဲ့ဖုန်းက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်ဝင်ရောက် သွားခဲ့ရင်တောင်မှ သူရဲ့ သက်တမ်းက နှစ်ပေါင်းတစ်ထောင်ကျော်ပဲ ရှိပါလိမ့်မယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅ ထောင်ကျော် ၆ ထောင်လောက်အထိ အသက်ရှင်သန်နိုင်မှာလဲ။ ကျန်းယွဲ့ဖုန်းက နောက်ထပ်အဆင့်တစ်ခုကို တက်သွားခဲ့ပြီး သူ့ကိုယ်သူ နတ်ဘုရားအဆင့်ကို ခြေချသွားခဲ့တာ မဟုတ်ဘူးဆိုရင်တော့ လုံးဝမဖြစ်နိုင်ပါဘူး။

သူအနေနဲ့ နတ်ဘုရားတွေက မသေနိုင်ဘူးလား

ဆိုတာကိုတော့ နားမလည်နိုင်ပါဘူး။ ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကိုပဲ ကြည့်လိုက်ပါ။ သူဆိုရင် နစ်ပေါင်း သောင်းနဲ့ချီအောင် အစိတ်အပိုင်း ကိုးခုအဖြစ်နဲ့ ခွဲထားခံခဲ့ရပါတယ်။ ဒါပေမဲ့ သူက အသက်ရှင်နေဆဲ ဖြစ်နေသေးတယ် မဟုတ်ပါလား။

ကျန်းယွဲ့ဖုန်းရော အသက်ရှင်နေသေးတာလား။ သူက နတ်ဘုရားတစ်ပါး ဖြစ်သွားခဲ့ပြီလား။

ဒါဆိုရင် သူရဲ့တခြား တပည့်သုံးယောက် အကြောင်းကရော ဘယ်လိုလဲ။ သူတို့တွေက အသက်ရှင်နေတုန်းပဲလား။ တစ်ခုသိထားရမှာက လင်းဟန်က သူတို့လေးယောက်ကို တပည့်အဖြစ် ရွေးချယ်ထားရတဲ့ အကြောင်းအရင်းက သူတို့တွေမှာ အရမ်းကို အံ့သြစရာကောင်းတဲ့ မှော်ဆေးပညာ ဒါမှမဟုတ် သိုင်းပညာမှာတွေမှာ သဘာဂကိုတောင် ဆန့်ကျင်တဲ့ နားလည်သဘောပေါက် နိုင်စွမ်းရှိတဲ့ ပါရမီရှိလို့ပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူလိုမျိုး မှော်ဆေးပညာအပေါ်မှာပဲ အာရုံတစ်ခုလုံး စူးစိုက်ထားတဲ့ သူက တပည့်တွေကို သင်ကြားပေးဖို့ အချိန်အများကြီး မပေးနိုင်ပါဘူး။

တကယ်လို့ ကျန်းယွဲ့ဖုန်းက နတ်ဘုရားတစ်ပါး

ဖြစ်လာနိုင်တယ်ဆိုရင် သူရဲ့ တခြား တပည့်သုံးယောက်ကလည်း အဆင့်မီပါတယ်။

ဒါဆိုရင် သူရဲ့ တပည့်လေးယောက်နဲ့ ပြန်ပြီးတော့ ပေါင်းစည်းနိုင်မဲ့ အခွင့်အရေးတစ်ခု ရှိနေဆဲပဲ မဟုတ်ဘူးလား။

ဟားဟား.. အဲဒီအချိန်ကျရင် သူတိုရဲ့ မျက်နှာပေါ်က အမူအရာတွေကို သူတကယ်ပဲ မြင်ချင်မိပါတယ်။ ဒါက အရမ်းကို စိတ်ဝင်စားစရာ ကောင်းမှာ အသေချာပါပဲ။

Chapter 311 end

အပိုင်း(၃၁၂) ဆက်တိုက် အောင်မြင်မှုများ

ဒီကြေးရုပ်က အတုဆိုတာကို သူသိသွားတဲ့ နောက်မှာတော့ ဒီအတွက် လေလံဆွဲဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့ပါဘူး။ ဒါအပြင် သူမှာက မူလစွမ်းအင် ခရစ်စတယ် တစ်သိန်းလောက်ပဲ ရှိတာဖြစ်ပြီး အပြာရောင်ကြေးခွံ မိစ္ဆာသားရဲ သစ်သီးအတွက် လေလံဆွဲဖို့ ချန်ထားရပါဦးမယ်။

သူက အခွင့်အရေးယူပြီးတော့ လုံယုံကျန်းနဲ့ တခြားသူတွေဆီကို သွားရောက်လည်ပတ်ပြီး သူကို

ချေးငှားပေးဖို့ အကြောင်းကို ဆွေးနွေးခဲ့ပါတယ်။ ခြုံထည်ဂုဏ်ထားတဲ့ အမျိုးသမီးနဲ့ ပန်းဖူးအဆင့် အကြီးအကဲရဲ့ အံ့မခန်းနိုင်လောက်တဲ့ ချမ်းသာကြွယ်ဝမှုကို မြင်တွေ့ခဲ့ပြီးတဲ့ နောက်မှာတော့ မူလစွမ်းအင် ခရစ်စတယ် တစ်သိန်းဆိုတဲ့ ပမာဏကို အရမ်းကြီး များပြားတဲ့ ငွေပမာဏလို့ သူတကယ်ပဲ မစဉ်းစားတော့ပါဘူး။

လုံယုံကျန်းနဲ့ တခြားနှစ်ယောက်က အပြာရောင် ကြေးခွံမျိုးနွယ်စုသားရဲ့ သစ်သီးကို လင်းဟန်က ဘာကြောင့် လိုအပ်နေလဲဆိုတဲ့ အကြောင်းကို ကြားပြီးရတဲ့ နောက်မှာ လင်းဟန်ကို သူတို့ရဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ဂမ်းမြောက်ဂမ်းသာနဲ့ ချေးငှားပေးဖို့ မှော်ဆေးပညာ အကြီးအကဲ သုံးယောက်က သဘောတူခဲ့ပါတယ်။ သူတို့တွေက အပေးအယူအဖြစ် တောင်းဆိုမှု တစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ အဲဒါကတော့ လင်းဟန်က စိတ်ဝိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်တဲ့ အချိန်ကျရင် သူတို့အနေနဲ့ လေ့လာစောင့်ကြည့်ချင်တယ် ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

ဒီဆေးလုံးက မြေကြီးမှာ အလယ်အလတ်အဆင့် မှော်ဆေးလုံး အမျိုးအစားတစ်ခု ဖြစ်ပါတယ်။

အဲဒီအတွက် လင်းဟန်က စိတ်မရှိပါဘူး။ ဒါကြောင့် သူက အရမ်းကို လွယ်ကူစွာနဲ့ သဘောတူခဲ့ ပါတယ်။ ဒီသဘောတူညီချက်က လူတိုင်းလူတိုင်းကို စိတ်ကျေနပ် နှစ်သိမ့်ပြီး အားရစေခဲ့ပါတယ်။

ကင်းမြီးကောက်အရုပ်ကတော့ လူအများကြီးကြားမှာ ထင်ပေါ်ကျော်ကြား နေခဲ့ပါတယ်။ ဂူဖန်းဟွာနဲ့ ချီဟွာလန်တို့တောင်မှ ဒီအရုပ်အတွက် အသီးသီး လေလံဆွဲကြပါတယ်။ ဒီနေရာမှာ မြောက်ပိုင်းဒေသက အင်အားကြီးကလန် အမျိုးမျိုးက တပည့်တချို့လည်း ရှိပါတယ်။ ဒါကြောင့် လေလံဈေးနှုန်းက ပိုပိုပြီး မြင့်တက်လာခဲ့ပါတယ်။ အဆုံးမှာတော့ အဲဒီကြေးရုပ်ကို ရှုဂမ်ထျန်းလို့ ခေါ်တဲ့ ယောကျ်ားတစ်ယောက်က ဝယ်ယူသွားခဲ့ပါတယ်။

ပထမတော့ လေလံဆွဲသူတွေက အမည်မသိတဲ့သူတွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းဒေသက ဒီလည်ပတ်သူတွေက တစ်ယောက်နဲ့ တစ်ယောက် အတော်လေးကို သိနေကြပါတယ်။ သူတို့တွေ လေလံဆွဲလိုက်တဲ့အခါမှာ သူတိုရဲ့ ပြိုင်ဘက်တွေကို စိန်ခေါ်မှုတွေ ခြောက်လန့်မှုတွေလုပ်ဖို့ မမေ့ကြပါဘူး။ ဒါကြောင့် သူတိုရဲ့ နောက်ခံအကြောင်းတွေက

လူသိရှင်ကြား ဖြစ်ကုန်ကြပါတယ်။

ရှုပမ်ထျန်းက ကောင်းကင်မူလဂိုဏ်းကနေ လာခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ သူကိုကြည့်ရတာ လူငယ်မျိုးဆက်သစ်တွေရဲ့ ကြားမှာတော့ အတော်လေး ရေပန်းစားပြီး ထင်ပေါ်ကျော်ကြားပုံ ရပါတယ်။

ဆက်တိုက်ဆိုသလို နောက်ထပ် စိတ်ဂိညာဉ်ပစ္စည်း ပေါ်လာခဲ့ပါတယ်။

အဲဒါက ဆေဘာဏ်ား တစ်လက် ဖြစ်ပြီးတော့ အဲဒီဆေဘာဏ်ားသွားရဲ့ အပေါ်မှာ ကွင်းကိုးခု ပါရှိပါတယ်။ အနီးကပ်ပြီး လေ့လာကြည့်လိုက်မယ် ဆိုရင်တော့ ၎င်းတို့က ကွင်းအစစ်တွေ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှုပ်ထွေးတဲ့ ပုံစံတွေ ဖြစ်ပြီးတော့ ၎င်းတို့ရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ရတာ ကွင်းတွေနဲ့ အရမ်းကို တူညီပါတယ်။

"ကွင်းကိုးခု ကောင်းကင် သူရဲကောင်းဓားသွား"

လေလံအစီအစဉ် တင်ဆက်သူက လေလံပစ္စည်း အကြောင်းကို စတင်မိတ်ဆက်လိုက်ပါတယ်။

"ဒီဆေဘာဓားက အဆင့်ငါး စိတ်ဂိညာဉ်ပစ္စည်း တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ အရည်အချင်းက ဒီကွင်းကိုးခုပေါ်မှာ မူတည်နေပြီး ဒီကွင်းတွေကတော့ ဒီစိတ်ဂိညာဉ်ပစ္စည်းရဲ့ တံဆိပ်တွေပဲ ဖြစ်ပါတယ်။ တစ်ယောက်ယောက် ဒီတံဆိပ်တွေကို တစ်ခုပြီး တစ်ခု အသက်သွင်း နိုင်မယ်ဆိုရင် အဆင့်သုံး စိတ်ဂိညာဉ်ပစ္စည်းတစ်ခုကို အသက်သွင်းရတာနဲ့ ညီမျှပါတယ်။ ဒ့ါအပြင် ဒီစိတ်ဂိညာဉ်ပစ္စည်းရဲ့ အစွမ်းက ပိုပြီးတော့ အစွမ်းထက်လာမှာ ဖြစ်ပြီးတော့ အဆင့်ငါးအထိ ရောက်နိုင်ပါတယ်"

ဒီစကားလုံးတွေကို ကြားလိုက်ရတဲ့အခါမှာ လူတိုင်းလူတိုင်း အံ့အားသင့်ကုန်တယ်ဆိုတာ အတည်ပြုနိုင်ပါတယ်။

ပထမအချက်က အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုက အရမ်းကို ထူးခြားပါတယ်။ ပြီးတော့ ၎င်းပိုင်ဆိုင်ထားတဲ့ အစွမ်းက စိတ်ဂိညာဉ် ပလ္လအဆင့် စစ်သည်တော် တစ်ယောက်ကိုတောင် ဆန့်ကျင်နိုင်ပါတယ်။ ဒါပေမဲ့ ပြဿနာက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သိုင်းဆန္ဒကို စိတ်ဂိညာဉ် ပင်လယ်အဆင့် ဒါမှမဟုတ် နွေဦးစမ်းရေ အဆင့်မျှပဲ ရှိသေးတဲ့ လူတစ်ယောက်က ဘယ်လိုမျိုး အသက်သွင်းနိုင်မှာလဲ။

ဒါကြောင့်လည်း တကယ်လို့ အဆင့်မြင့်တဲ့ စိတ်ဂိုညာဉ်ပစ္စည်း တစ်ခုက ကျင့်ကြံခြင်း အဆင့်နိမ့်တဲ့ လူတစ်ယောက်ရဲ့ လက်ထဲမှာဆိုရင် အဲဒီသိုင်းပညာရှင်ရဲ့ နိမ့်ကျတဲ့ ကျင့်ကြံခြင်း အဆင့်ကြောင့် ၎င်းပစ္စည်းရဲ့ အစွမ်းကို ဖော်ထုတ်နိုင်ခြင်း ရှိမှာတောင် မဟုတ်ပါဘူး။

ဒါပေမဲ့ စိတ်ဂိုညာဉ် ပစ္စည်းက ကွဲပြားတဲ့ အခြေအနေ တစ်ခုဖြစ်ပါတယ်။

၎င်းရဲ့ စွမ်းအား ဖြည်းညင်းစွာနဲ့ ဖြေပြီး အစိတ်အပိုင်း အကန့်တွေထဲမှာ ပျံ့နှံ့စေပြီး ထုတ်ဖေါ်နိုင်ပါတယ်။ ဆိုလိုတာက စိတ်ဂိုညာဉ်ပစ္စည်းက ငွေဦးစမ်းရေအဆင့် စိတ်ဂိုညာဉ် ပင်လယ်အဆင့် ဒါမှမဟုတ် စိတ်ဂိုညာဉ် ပလ္လင်အဆင့် သိုင်းပညာရှင် တစ်ယောက်ရဲ့ လက်ထဲမှာ ၎င်းရဲ့ အကြီးမားဆုံး စွမ်းရည်ကို ဖော်ထုတ်ပြသနိုင်စွမ်း ရှိနေဆဲ ဖြစ်ပါလိမ့်မယ်။ ဒါက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

“ကြမ်းခင်းဈေးက ငါးထောင်ပဲ ဖြစ်ပါတယ်”

လေလံအစီအစဉ် တင်ဆက်သူက ကြေညာလိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ နေရာအနှံ့အပြားကနေ လေလံဆွဲတဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက သိုင်းပညာရှင်တွေက ပြိုင်ပွဲကနေ ထွက်ခွာသွားကြပါတယ်။ တကယ်လို့ သူတို့ရဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ပေါင်းလိုက်မယ် ဆိုရင်တောင်မှ အများကြီး မကျန်တော့ပါဘူး။ တကယ်တော့ အစောပိုင်းတုန်းက သူတို့တွေဆီကနေ လင်းဟာန်က မူလစွမ်းအင် ခရစ်စတယ်ပေါင်း တစ်သိန်းလောက် ရယူထား နိုင်ခဲ့တာပဲလေ။

ဂူဖန်းဟွာနဲ့ တခြားသူတွေက ထပ်ပြီးတော့ ယှဉ်ပြိုင်နေကြဆဲ ဖြစ်ပါတယ်။ သူတို့အားလုံးက တည်တည်ငြိမ်ငြိမ်နဲ့ လေလံဆွဲနေကြတုန်းပဲ ဖြစ်ပါတယ်။ မူလစွမ်းအင် ခရစ်စတယ် ထောင်ဂဏန်းက သူတို့ကို တုန်လှုပ်သွားစေဖို့ မလုံလောက်ပါဘူး။

လင်းဟာန်က သူရဲ့ မျက်စိနဲ့ ဖွေ့ကြည့်လိုက်တဲ့ အခါမှာ ကန်းရီက မနာလိုမှုတွေနဲ့ စိတ်ပျက် အားငယ်မှုတွေနဲ့အတူ ကြည့်နေတာကို မြင်လိုက်ရပါတယ်။ လင်းဟာန်က ရယ်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။

"တစ်သိန်း"

ချက်ချင်းဆိုသလိုပဲ အားလုံး တိတ်ဆိတ်ငြိမ်သက်သွားကြပါတယ်။

တန်ကြေးက အခုမှ ၇ သောင်းကိုပဲ ရောက်ပါသေးတယ်။ မင်းက ချက်ချင်းပဲ တစ်သိန်းဆိုပြီး အော်လိုက်တယ်။ ဒါက စည်းမျဉ်းစည်းကမ်းကို လုံးဝ ဆန့်ကျင်လိုက်တာပဲ။ ဘာကြောင့် အခုလိုမျိုး လူတစ်ယောက်က လေလံတန်ကြေးကို တိုးမြင့်နိုင်ရတာလဲ။

အဲဒီအချိန်မှာ ကန်းရီက လင်းဟန်ကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ လင်းဟန်က ဓားကို အသုံးပြုတဲ့ သူတစ်ယောက်ဆိုတာကို သူကောင်းကောင်းကြီး သိထားပါတယ်။ ဒီရတနာဆေဘာဓား လေလံပွဲကို လင်းဟန် ဝင်ရောက်ပြီး လေလံဆွဲရတဲ့ အကြောင်းရင်းက လင်းဟန်က သူ့ကို ဒီဓားကို ရရှိစေချင်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ကန်းရီက သူ့ကိုယ်သူ အရမ်းကို ကောင်းမွန်တဲ့ အမူအရာရှိတဲ့သူ တစ်ယောက်မဟုတ်ပါဘူး။ ဒါကြောင့် သူရဲ့ ကျေးဇူးတင်တဲ့ အပြုအမူကို ဖော်ပြဖို့က လင်းဟန်ကို

ကျေးဇူးတင်တဲ့ အကြည့်နဲ့ စိုက်ကြည့်နေရုံပဲ လုပ်နိုင်ပါတယ်။

“အိုး.. မဟုတ်သေးပါဘူး။ ငါတို့ရဲ့ ကန်းရီလေးက ဓားကို ရဖို့ အလဲအလှယ် အနေနဲ့ သူ့ကိုယ်သူ မင်္ဂလာဆောင်ဖို့ ကတိပေးရလိမ့်မယ်”

ကွမ်းယွမ်က အံ့ဩကြီးစွာနဲ့ ပြောလိုက်ပါတယ်။

“ရှုပ်”

လှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်က တပြိုင်နက်တည်း ကွမ်းယွမ်ကို တစ်ချက်စီ တိုက်ခိုက်လိုက်ပါတယ်။ ဓါးချီတွေက ကွမ်းယွမ်ဆီကို ခုန်ပေါက်ဝင်ရောက်သွားပြီး ကွမ်းယွမ်က အလျင်အမြန်ပဲ မူလနေရာကနေ အဝေးကို ခုန်ရှောင်လိုက်ပါတယ်။ သူထိုင်ခဲ့တဲ့ သစ်သားထိုင်ခုံက ချက်ချင်းဆိုသလို ဓါးချီကြောင့် အစိတ်စိတ် အပိုင်းပိုင်း ပြောင်းလဲသွားခဲ့ပါတယ်။

ဘုန်း။

ကွမ်းယွမ်က လှီယုထန်နဲ့ လီစီရှန်းရဲ့ တိုက်ခိုက်မှုကနေ လွတ်မြောက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ

နောက်ထပ်တစ်ယောက်ကိုတော့ မေ့နေခဲ့ပါတယ်။ ဟူးညို။

ဒီမိန်းကလေးက သူရဲ့ နောက်ကျောကို ပြင်းထန်တဲ့ ကန်ချက်တစ်ချက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ သူမက အရမ်းကို လျင်မြန်ပါတယ်။ ကွမ်းယွမ်က သူရဲ့ ခံစစ်ကို မပြင်ထားနိုင်ခဲ့ပါဘူး။ ချက်ချင်းဆိုသလိုပဲ သူရဲ့နောက်ကျောပေါ်ကို ပြင်းထန်တဲ့ ကန်ချက်က ကျရောက်လာခဲ့ပြီး သူက လွင့်စဉ်ထွက်သွားပြီးတော့ နံရံနဲ့ ဆောင့်မိသွားခဲ့ပါတယ်။

သူက နောက်ကို ပြန်လှည့်ကြည့်လိုက်တဲ့ အခါမှာတော့ သူမရဲ့ ထက်မြက်လှတဲ့ သွားဖြူဖြူလေးနဲ့ သူ့ကို မာန်ဖီနေတဲ့ ဟူးညိုကို တွေ့လိုက်ရပါတယ်။ သူရဲ့ နှလုံးသားထဲမှာ တုန်လှုပ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟူးညိုက အရမ်းကို သေးငယ်ပြီးတော့ သူမရဲ့ မျက်လုံးတွေ ဖြတ်သန်းသွားတဲ့ နေရာတွေက သူကို ကြောက်ရွံ့မှုနဲ့အတူ တုန်လှုပ်စေခဲ့ပါတယ်။

"ရှင်ရဲ့ ပါးစပ်က စည်းကမ်းမရှိ လျှောက်မပြောနဲ့"

လှိုယုထန်နဲ့ လီစီရှန်းတို့က ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

ကွမ်းယွမ်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူက ဒီမိန်းကလေးနှစ်ယောက်က အရမ်းကြီး ခေါင်းထဲထည့်မထားပါဘူး။ ဒါပေမဲ့ သူက ဟူးညီနဲ့ ရင်ဆိုင်တဲ့အခါမှာတော့ မကာကွယ်နိုင်ပါဘူး။ ဒါ့အပြင် သူမက နေ့စဉ်ပဲ ပိုပိုပြီးတော့ အစွမ်းထက်လာခဲ့ပါတယ်။ ပြီးတော့ ဘယ်လို စည်းမျဉ်း စည်းကမ်းကိုမှ နားမလည်နိုင်စွမ်း မရှိပါဘူး။ သူမအတွက်တော့ မြွေတွေလိုမျိုး တိုက်ခိုက်တာက ပုံမှန်လိုလိုပဲ ဖြစ်နေပါပြီ။ ဒါကြောင့် သူမက တကယ့်ကို ဥပဒေချိုးဖောက်တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူ့အနေနဲ့ သူမကို စိတ်အနှောင့်အယှက် ဖြစ်စေချင်တဲ့ အကြောင်းလုံးဝ မရှိပါဘူး။

သူက ကန်းရီကိုပဲ စနောက်ခဲ့တာ ဖြစ်ပြီးတော့ ဒါက လွီယုထန်နဲ့ တခြား မိန်းကလေး နှစ်ယောက်ကို ဆန့်ကျင်သလို ဖြစ်သွားလိမ့်မယ်လို့ မတွေးမိခဲ့ပါဘူး။ သူက တကယ်ပဲ ပြဿနာ ရှာနေတာပဲ။

လင်းဟန်က ကျယ်လောင်စွာနဲ့ပဲ ရယ်မောလိုက်ပါတယ်။ ဒီအချိန်အတွင်းမှာ အောက်ထပ်မှာ အချိန်အနည်းငယ်အတွင်း အံ့အားသင့်စရာ

ကောင်းလောက်အောင် လေလံပွဲက အရှိန်မြင့်တက်လာခဲ့ပါတယ်။ လေလံတန်ကြေးက စုစုပေါင်း တစ်သိန်းခွဲ ပမာဏကို ရောက်သွားခဲ့ပါတယ်။ အစောတုန်းက မှော်ဆေးကျိုးအိုးအတွက် လေလံတန်ကြေးနဲ့ အများကြီး ဝေးကွာနေဆဲ ဆိုပေမဲ့လည်း အခုဆို အရမ်းကို ချမ်းသာလွန်းတဲ့ အဲဒီလူနှစ်ယောက်က ထွက်သွားခဲ့ပါပြီ။ ဒီပမာဏက လူတိုင်းလူတိုင်းရဲ့ အကန့်အသတ်ကို ရောက်ရှိခဲ့ပါပြီ။

"နှစ်သိန်း"

လင်းဟန်က နောက်တစ်ကြိမ် ဈေးနှုန်းကို ထပ်ပြီးမြှင့်လိုက်ပါတယ်။ သူက ဒီစိတ်ဂိညာဉ် ပစ္စည်းကို အောင်အောင်မြင်မြင်နဲ့ ကိုင်ဆောင်ရရှိနိုင်ဖို့ ယုံကြည်ချက် လုံလုံလောက်လောက် ရှိပါတယ်။ ပြီးတော့ နောက်ထပ်လာမဲ့ အပြာရောင် ကြေးခွံ မိစ္ဆာသားရဲ သစ်သီးကိုလည်း ရယူနိုင်ဖို့ ယုံကြည်နေပါတယ်။ သူမှာက လုံယုံကျုန်းနဲ့ တခြား မှော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်ဆီက မူလစွမ်းအင် ခရစ်စတယ်တွေ ရရှိထားတဲ့အတွက် ဒါက ပြဿနာ လုံးဝ မရှိပါဘူး။

နှစ်သိန်းဆိုတဲ့ လေလံဆွဲလိုက်တဲ့ အသံကို

ကြားလိုက်ရတဲ့အခါမှာ ပတ်ဂန်းကျင် တစ်ခုလုံး ချက်ချင်းဆိုသလို လုံးဝ တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

"လပြွတ်… ဒီအသံကို ဘာကြောင့်များ ရင်းနှီးနေရတာလဲ"

ဂူဖန်းဟွာက သူကိုယ်သူ ပြန်ပြောလိုက်ပါတယ်။

"ဘယ်လို တဏှာရူးကောင်လဲ မသိဘူး။ သူက အရမ်းကို ချမ်းသာတာပဲ။ ငါသူနဲ့ သူငယ်ချင်း ဖြစ်ဖို့နဲ့ တွယ်ဖက်ထားဖို့ လိုနေပြီ"

ဒီကောင်က သူကိုယ်သူ ပြောတယ်ဆိုပေမဲ့ သူရဲ့အသံက တိုးမနေပါဘူး။ ဒါကြောင့် လူတော်တော်များများက သူ့အသံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရပါတယ်။

လင်းဟာန်က သူနဖူးကို သူပြန်ပြီးတော့ ရိုက်လိုက်ပါတယ်။ သူက တကယ်ပဲ ဒီတဏှာရူး နာဘူးကောင်နဲ့ ဒီအချိန်မှာ တကယ်ပဲ သူငယ်ချင်း မဖြစ်ချင်ပါဘူး။

ကျေးဖူးတင်ရမှာက ဒီကွင်းကိုးခု ဆေဘာဓားက လင်းဟာန်ရဲ့ ပိုင်ဆိုင်မှု တစ်ခု ဖြစ်လာခဲ့ပါတယ်။ သူရဲ့ အဆင့်အတန်းနဲ့ သူက ဒီပစ္စည်းတွေကို အရင်ဆုံး ရယူထားပြီးမှ

နောက်ရက်အနည်းငယ် အတွင်းမှာ မူလစွမ်းအင် ခရစ်စတယ်တွေကို ပြန်ပြီး ပေးချေလို့ ရနိုင်ပါတယ်။ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက တကယ်ပဲ အရမ်းကို အသုံးဝင်နေဆဲ ဖြစ်ပါတယ်။

နောက်ထပ် ပစ္စည်းသေးသေးလေး တချို့ကို လေလံတင်ပြီးတဲ့နောက်မှာ လေလံပွဲကလည်း အဆုံးသတ်ခါနီးပါပြီ။ နောက်ဆုံးမှာတော့ အပြာရောင် ကြေးခွံ မိစ္ဆာသားရဲ သစ်သီး အလှည့်ကို ရောက်လာခဲ့ပြီးတော့ နောက်တစ်ကြိမ် လေလံပွဲရဲ့ အထွတ်အထိပ်ကို ရောက်ရှိ မြင့်တက်လာပါ လိမ့်မယ်။

“ကြမ်းခင်းဈေးက တစ်သောင်း ဖြစ်ပါတယ်”

“တစ်သောင်းတစ်ထောင်”

“တစ်သောင်း နှစ်ထောင်”

လေလံဆွဲတဲ့ အသံတွေက တစ်နေရာကနေ တစ်နေရာ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်က လှုပ်ရှားမှုမရှိပဲ တည်တည်ငြိမ်ငြိမ်နဲ့ ထိုင်နေခဲ့ပါတယ်။

အခုအချိန်က လေလံဆွဲဖို့ အချိန်မရောက်သေးပါဘူး။ ပြီးတော့ တန်ကြေးကလည်း အပြာရောင် ကြေးခွံ မိစ္ဆာသားရဲ သစ်သီးရဲ့ နောက်ဆုံးတန်ကြေးနဲ့ အရမ်းကို အလှမ်းကွာဝေး ပါသေးတယ်။ ဒါကြောင့် အလျင်စလို လုပ်နေစရာ မလိုပါဘူး။

ဒါပေမဲ့လည်း ဈေးနှုန်းက ငါးသောင်းကို ရောက်သွားခဲ့တဲ့ အချိန်မှာ လေလံဆွဲတဲ့ အသံတွေက တော်တော်လေး နေးကွေးလာခဲ့ပါတယ်။ တကယ်တော့ ဒီနေရာက မှော်ဆေးပညာရှင်တွေရဲ့ အများဆုံး ကြွယ်ဝချမ်းသာမှုက ငွေနဲ့ ရွှေတွေပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ဘဏ္ဍာတိုက်ထဲ့ မူလစွမ်းအင် ခရစ်စတယ် အများကြီးကို လောင်းကြေးစားကြေးကနေ တစ်ဆင့် ရရှိခဲ့ကြတာပါ။

“ခြောက်သောင်း”

မြောက်ပိုင်းဒေသက လူငယ်သိုင်းပညာရှင်တွေက သူတို့ရဲ့ လေလံကို စတင်ပြီး ဆွဲလိုက်ကြ ပါတယ်။

သူတို့တွေက ဒီနေ့ရဲ့ မြင့်မားတဲ့ လေလံပစ္စည်းတွေအတွက် တကယ့်ကို ဂင်ရောက် ပြိုင်ဆိုင်သူတွေ ဖြစ်ပါတယ်။ မြောက်ဘက်ကအစွန်အဖျား နိုင်ငံကိုးခုက လူငယ်တွေကတော့ ပစ္စည်းသေးသေးတွေကိုပဲ

ဂယ်နိုင်ပါလိမ့်မယ်။ တကယ့်ရတနာတွေ အတွက် ပြိုင်ပွဲမှာတော့ သူတို့တွေက မြောက်ပိုင်းဒေသက သိုင်းပညာရှင် လူငယ်တွေကို လုံးဝ မယှဉ်ပြိုင်နိုင်ပါဘူး။

လေလံတန်ကြေးက တစ်သိန်းခွဲအထိ အရမ်းကို လျင်မြန်စွာနဲ့ နောက်တစ်ကြိမ် ထပ်ပြီးတော့ ရောက်သွားခဲ့ပြီး ဒါက မြောက်ဘက်ဒေသက သိုင်းပညာရှင်တွေရဲ့ အကန့်အသတ် ဖြစ်ပါတယ်။

"နှစ်သိန်း"

လင်းဟန်က နောက်ဆုံးတော့ လေလံစပြီး ဆွဲလိုက်ပါပြီ။

"လဗ္ဗြတ်ပဲ.. ဘာလို့ သူပဲ ဖြစ်နေတာလဲ"

"ဒီအသံက တော်တော်လေး ငယ်သေးတဲ့ ပုံပါပဲ။ သူက ဘယ်နေရာကနေ ဒီလောက် များပြားတဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ရရှိတာလဲ"

"လဗ္ဗြတ်… မင်းတို့ကောင်တွေ မသိဘူးလား။ သူက လင်းဟန် လို့ခေါ်တယ်။ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် အဖြစ်ကို အဆင့်တက်ကာစပဲ ရှိသေးတယ်"

“မဖြစ်နိုင်ဘူး… သူက အဲဒီတစ်ယောက်လား”

“ငါကြားဖူးတာက သူက အသက် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်တဲ့”

“ဒါက တကယ်ကို ဟာသတစ်ခုပဲ”

“ဟီးဟီး… မင်းတို့ကောင်တွေက ဂရန်းမာစတာ လင်းက သိုင်းပညာရော မှော်ဆေးပညာမှာပါ နှစ်ခုစလုံး ထူးချွန်ထက်မြက်တာကို မသိကြသေးဘူးလား။ သိပ်မကြာခင်က သူက သိုင်းပညာ လက်ဖက်ရည် ဧည့်ခံပွဲမှာ ပေါင်ရှင်းရန်လို့ ခေါ်တဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင် တစ်ယောက်ကိုတောင်မှ သတ်ပစ်ခဲ့သေးတယ်”

အဲဒီအချိန်မှာ မြောက်ပိုင်းဒေသက လူငယ်တွေ အားလုံးကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါက်နေကြပါတယ်။

Chapter 312 end

အပိုင်း(၃၁၃) ဆောင်းလဂိုဏ်းကို အမြစ်ဖြတ်သုတ်သင်ဖို့

ငါ့ကိုကူညီပါ

မြောက်ပိုင်းဒေသက သိုင်းပညာရှင်တွေရဲ့ မျက်လုံးတွေထဲမှာတော့ မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခုက ကုန်းမြေကြီးတစ်ခုလုံးရဲ့ ခေတ်အနောက်ကျဆုံး နေရာတစ်ခုပဲ ဖြစ်ပါတယ်။ သူတို့မှာ တကယ့်ကို စစ်မှန်တဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေတောင်မှ မရှိပါဘူး။ မျိုးနွယ်စုရဲ့ စွမ်းအားအထောက်အပံ့နဲ့ သူတို့က ပန်းဖူးအဆင့်လို အစွမ်းထက်တဲ့ တည်ရှိမှုအဆင့်တစ်ခုကို အတင်းအကျပ် ဖိအားပေး ပိုင်ဆိုင်ထားနိုင်ကြတာပါ။

ပန်းဖူးအဆင့်အောက်မှာရှိတဲ့ အဆင့်တွေအားလုံးကို အစွမ်းမဲ့တဲ့ သေမျိုးတွေလို့ သတ်မှတ်ထားခဲ့ ကြပါတယ်။

ဒီလိုမျိုး ဝေးလံခေါင်သီတဲ့ နယ်စွန်နယ်ဖျားဒေသလို နေရာတစ်ခုက သူတိုရဲ့ မျက်လုံးထဲမှာတော့ လူကြမ်းလူရိုင်းတွေနဲ့ တောသားတွေပဲလို့ ထင်ထားခဲ့ကြပါတယ်။

အခုတော့ အသက်ဆယ့်ခုနစ်နှစ်နဲ့ ဂရန်းမာစတာ မော်ဆေးပညာရှင် တစ်ယောက်က ဒီနေရာက

အမှန်တကယ် ထွက်ပေါ်လာခဲ့ပါတယ်။ ဒါ့အပြင် အဲဒီလူက ပေါင်ရှင်းရန်ကိုလည်း အမှန်တကယ် သတ်ပစ်နိုင်စွမ်း ရှိနေပါတယ်။

ပေါင်ရှင်းရန်က မြောက်ပိုင်းဒေသက လူငယ်မျိုးဆက်သစ်တွေရဲ့ အကြားမှာ စစ်မှန်ပြီး သန့်မာတဲ့ လူတစ်ယောက်အဖြစ် မသတ်မှတ်နိုင်ပေမဲ့လည်း သူ့အနေနဲ့ မြောက်ပိုင်းအစွန်အဖျားကလာတဲ့ တောသားတစ်ယောက်ရဲ့ သတ်ဖြတ်ခြင်းခံရလောက်အောင်ထိ မဖြစ်သင့်ပါဘူး။ ဒါ့အပြင် ဒီတောသားကလည်း အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးပြီးတော့ မှော်ဆေးပညာအဆင့်ကလည်း မြေကမ္ဘာအဆင့်ကို ရောက်နေခဲ့ပါသေးတယ်။

ဒီလိုမျိုး ပါရမီရှင် တစ်ယောက်က ဒီကမ္ဘာကြီးထဲမှာ တကယ်ပဲ ရှိနေတာလား။

“ဟားဟားဟား… ဒါဆိုရင် ဂရန်းမာစတာ လင်းပေ့ါ။ မနက်ဖြန်ကျရင် ငါသူကို သွားပြီးတော့ တွေ့ရလိမ့်မယ်။ ပြီးတော့ ဂရန်းမာစတာ လင်းကို ညွှန်ကြားမှုတချို့အတွက် မေးရမယ်”

တစ်ယောက်ယောက်က ရုတ်တရက် ပြောလိုက်ပါတယ်။

"ငါလည်းပဲ အရှက်မရှိပဲ ဂရန်းမာစတာ လင်းဆီကို သွားလည်ပတ်ရမယ်"

"ဒါဆိုရင် ငါရောပဲ"

မြောက်ပိုင်းဒေသက လူငယ်တွေ အသီးသီးပဲ အတည်ပြုခဲ့ကြပါတယ်။ သူတိုက လင်းဟာန်ရဲ့ သဘောတူညီမှုကိုတောင် မေးမနေတော့ပဲနဲ့ သူတိုရဲ့ စိတ်ဆန္ဒတွေကို တရားဝင် ကြေညာခဲ့ ပါတယ်။

နောက်ဆုံး တန်ဖိုးကြီးတဲ့ လေလံပစ္စည်းက ၄င်းရဲ့ပိုင်ရှင်ကို ရှာတွေ့သွားမှတော့ လူတိုင်းလူတိုင်းက ပွဲကျင်းပရာ နေရာကနေ ထွက်ခွာလာခဲ့ ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီကမ္ဘာကြီးထဲမှာ တန်ဖိုးကြီးမားတဲ့ ရတနာတွေ အများကြီးရှိနေပါတယ်။ ပြီးတော့ ဒါက သာမန် လေလံပွဲ တစ်ခုပဲ ဖြစ်ပါတယ်။ ဘယ်သူကမှ သူတို့ရဲ့ မျက်လုံးထဲက ဘာပစ္စည်းကိုမဆို ရယူနိုင်ခြင်း မရှိတဲ့ အပေါ်မှာ ဂမ်းနည်းညှိုးငယ် နေကြလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က အပြာရောင် ကြေးခွံမိစ္ဆာသားရဲ သစ်သီးနဲ့ ကွင်းကိုးခု ကောင်းကင် သူရဲကောင်း ဓားသွားကို

ရရှိပြီးတဲ့နောက်မှာ သူက ကျသင့်တဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို စုထားလိုက်ပါ တယ်။ အကြွေးအတွက်ကတော့ သူအနေနဲ့ လုံယုံကျန်းနဲ့ တခြား မော်ဆေးပညာရှင် အကြီးအကဲ နှစ်ယောက်အပေါ် အကြွေးတင်ခဲ့တာပါ။ သူက ဒါကိုတော့ ဖြည်းဖြည်းခြင်း ပြန်ဆပ်လို့ ရပါတယ်။ သူမှာက နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေ အများကြီး ရှိနေပါသေးတယ်။ သူက ဒီပစ္စည်းတွေကို ဂူဖန်းဟွာနဲ့ တခြားသူတွေကို ရောင်းချလို့ ရနိုင်ပါတယ်။ သူတို့က ငွေနည်းနည်းလေး ရှိကြတာမှ မဟုတ်တာ။

ကနဦးတုန်းက သူတို့ကိုယ်သူတို့ စိတ်ကူးပေါက်ရာ အနေနဲ့ မနက်ဖြန်ကျရင် သူဆီကို လာရောက် လည်ပတ်ကြမယ်လို့ ဆုံးဖြတ်ထားတဲ့ အကြောင်းကို ပြောနေကြတာက သူကို အနည်းငယ် စိတ်မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုတော့ ဒီလူတွေက သူရဲ့ ဖောက်သည်တွေ ဖြစ်လာပါလိမ့်မယ်။ လင်းဟန်ရဲ့ အပြုအမူတွေက ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့နဲ့ နည်းနည်းလောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားပြီးတဲ့ နောက်မှာ သူရဲ့ အကြွေးတွေကို ပထမဆုံး ဖြေရှင်းနိုင်ပါလိမ့်မယ်။

လုံယုံကျန်းရဲ့ ပြောစကားအရဆိုရင် သူရဲ့ မြေကွက်မှာအဆင့်

မှော်ဆေးပညာရှင် အသိအမှတ်ပြု ထောက်ခံချက်က ဒီရက်အနည်းငယ် အတွင်းမှာ ရောက်ရှိလာပါလိမ့်မယ်။ ပြီးတော့ သူထွက်ခွာဖို့ အချိန်ကလည်း နီးကပ်လာခဲ့ပါပြီ။

လင်းဟန်က ကွင်းကိုးခု ကောင်းကင် သူရဲကောင်း ဓားသွားကို ကန်းရီဆီကို ပစ်ပေးလိုက်ပါတယ်။ ပြီးတော့ သူက တည်းခိုခန်းဆီ ပြန်လာခဲ့ကြပြီး အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက် သွားပြီးတော့ ဂျင်းဆင်းပင်တွေနဲ့ ဆေးဖက်ဝင် အပင်တွေကို စတင်တူးဆွ လိုက်ပါတယ်။ အမှန်တကယ်တော့ ဒီမှာက တခြား စိတ်ဂိညာဉ်ဆေးပင်တွေ အများကြီး ရှိနေပါသေးတယ်။ ဒါပေမဲ့ မှော်ဆေးပညာရှင် မဟုတ်တဲ့ သူတွေအတွက်က ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်တွေက အကောင်းဆုံးပဲ ဖြစ်ပါတယ်။ ဒီအပင်တွေကို ဒီအတိုင်းပဲ စားလိုက်ရင်ပဲ အကောင်းဆုံး အာဟာရ ဖြည့်ဆည်းပေး ပါလိမ့်မယ်။

ဒုတိယမြောက်နေ့မှာတော့ ဂူဖန်းဟွာနဲ့ တခြားသူတွေက တကယ်ပဲ ရောက်ရှိလို့ လာခဲ့ပါတယ်။

“ဂရန်းမာစတာလင်း… . မင်းက ဒီလောက်တောင် ငယ်ရွယ်နေလိမ့်မယ်လို့ ငါတကယ်ပဲ စိတ်မကူးမိခဲ့ဘူး”

ဒီကိုရောက်လာတဲ့ လူတွေအားလုံးပဲ ဒီစကားကို ပြောနေကြတာကို ကြားရတဲ့ အတွက်ကြောင့် လင်းဟန်ရဲ့ နားတွေက အသားမာ တက်နေပါပြီ။

“ဟားဟားဟား.. လင်းဟန်။ မင်းက တကယ့်ကို တဏှာရူး တစ်ယောက်ပဲ။ ပြီးတော့ လွန်ခဲ့တဲ့ နှစ်တချို့က ငါအသုံးပြုခဲ့တဲ့ နည်းလမ်းတချို့လည်း မင်းမှာရှိနေတာပဲ”

ဂူဖန်းဟွာရဲ့ အသံကို ကြားလိုက်ရပါတယ်။ သူက အထဲကို ဝင်လာပြီးတော့ လင်းဟန်ကို စိတ်ပါလက်ပါနဲ့ ပွေ့ဖက်လိုက်ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းဆိုသလို လင်းဟန်ရဲ့ နားရွက်အနားကို တိုးသွားပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

“ဘယ်လိုပဲဖြစ်ဖြစ် နတ်သမီးချီက ငါ့အတွက်ပဲနော်။ တကယ်လို့ မင်းက သူ့ကို ဖြတ်လုရဲတယ် ဆိုရင်တော့ ကောင်းကောင်းကြီး သတိထားနေ။ ငါမင်းရဲ့ အတွင်းခံထဲကို ယားယံစေတဲ့ အမှုန့်တွေ ဖြူးထည့်ပြီးတော့ မင်းရဲ့ လပြွတ်ကို နေ့တိုင်း ကုတ်ဖဲ့နေရအောင် လုပ်ရလိမ့်မယ်”

ဒီကောင်က သူ့ကို လွှတ်လိုက်ပြီး သူရဲ့ အမူအရာက အရမ်းကို နွေးထွေးပျူငှာပြီး လိုက်လျောနေဆဲ ဖြစ်ပါတယ်။

လင်းဟန်က အထင်သေးတဲ့ အကြည့်တစ်ချက် ပစ်လွှတ်လိုက်ပြီးတော့ ပြောပါတယ်။

“မင်းက မင်းရဲ့ သူငယ်ချင်းထက် မင်းရဲ့ ရည်းစားကို ပိုပြီးတော့ ဂရုစိုက်တယ်ပေါ့”

“ဒါက ကိုယ့်ကိုကိုယ်အတွက် ကြည့်တယ်လို့ ခေါ်တယ်ဟ။ ဒါမှမဟုတ်ရင် ကောင်းကင်နဲ့ မြေကြီးက ပူးပေါင်းပြီးတော့ မင်းကို ဖျက်ဆီးလိမ့်မယ်။ ငါ့ရဲ့ ပျော်ရွှင်မှုအတွက် ငါမင်းကို စွန့်လွှတ် နိုင်ပါတယ်”

ဂူဖန်းဟွာက နည်းနည်းလေးမှ သတိမပေးပဲ ကြေညာလိုက်ပါတယ်။

“အစ်ကိုလင်း”

ချီဟွာလန်က လှပတင့်တယ်စွာနဲ့ ရောက်လာပြီးတော့ လင်းဟန်ဆီကို သူမရဲ့ လက်တွေကို ဆုပ်ပြီးတော့ ဂါရဝ ပြုလိုက်ပါတယ်။

“နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေထဲမှာ ငါ့ရဲ့

အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ပြန်ပြီးတော့ နင့်ကို မပေးဆပ်ရသေးဘူး။ ပြီးတော့ မထင်မှတ်ပဲနဲ့ နင်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်လာခဲ့တယ်။ ဟွာလန် တကယ်ပဲ ဘယ်အချိန်ကျမှ နင့်ကို ပြန်ပြီးတော့ အကြွေးဆပ်နိုင်တဲ့ နေ့ရောက်လာမလဲဆိုတာကို တကယ်ပဲ မသိတော့ဘူး"

"ဒါပေါ့ ရတာပေါ့"

ဂူဖန်းဟွာက ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"သူနဲ့ ငါက သူငယ်ချင်းကောင်းတွေပဲ။ သူရဲ့ ပစ္စည်းတွေက ငါ့ပစ္စည်းတွေပဲ ပြီးတော့ ငါ့ပစ္စည်းတွေကလည်း ငါ့ပစ္စည်းတွေပဲ။ ဒါကြောင့် မင်းကိုယ်မင်း ငါနဲ့ လက်ထပ်ဖို့ ကတိပေးမယ် ဆိုရင်တော့ လင်းဟန် အပေါ်မှာ တင်နေတဲ့ မင်းရဲ့ အကြွေးကို ဆပ်လိုက်တာနဲ့ ညီမျှတယ်"

ချီဟွာလန်က သူမဘာမှကို မကြားသလို ဟန်ဆောင်ပြီးတော့ လင်းဟန်ကို လှပစွာနဲ့ ပြုံးပြလိုက်ပြီး ပြောပါတယ်။

"အစ်ကိုလင်း… နင် ခရမ်းရောင်ကြယ် ဂိုဏ်းမှာ

ညွှဲ့သည်တစ်ယောက် အဖြစ်နဲ့ နေဖို့ စိတ်ဝင်စားလိမ့်မလား”

သူမက ခရမ်းရောင်ကြယ်ဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက လင်းဟန်ကို သူမတို့ရဲ့ ဂိုဏ်းထဲကို ဆွဲသွင်းနိုင်မယ်ဆိုရင် ထူးထူးခြားခြားကို တန်ဖိုးမြင့်တက် သွားပါလိမ့်မယ်။

ပြီးတော့ ဂိုဏ်းကိုလည်း လင်းဟန်က ပန်းဖူးအဆင့်ကို တက်သွားအောင်လို့ ကူညီပေးနိုင် ပါလိမ့်မယ်။ စိတ်ဂိညာဉ် ဆေးပင်တွေကို အသုံးပြုပြီးတော့လည်း လင်းဟန်ရဲ့ သက်တမ်းကို ဆွဲဆန့်လို့ ရပြီးတော့ နောက်ထပ် နှစ်ပေါင်း လေးရာလောက် ထပ်ပြီးတော့ နေနိုင်ပါလိမ့်မယ်။

တကယ်လို့ သူက နှစ်ပေါင်းလေးရာလုံး မြေကျွှာအဆင့် မှော်ဆေးလုံးတွေကို ထပ်ပြီးတော့ ဖော်စပ်နေမယ်ဆိုရင် ခရမ်းရောင် ကြယ်ဂိုဏ်းထဲမှာ ပန်းဖူးအဆင့် လက်ရွေးစင်တွေ ဘယ်လောက်တောင်များ ပေါ်ထွက်လာလိမ့်မလဲ။

အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်က ဂိုဏ်းတစ်ခုရဲ့ ကံကြမ္မာကို လုံးဝ ပြောင်းလဲပစ် နိုင်ပါတယ်။

“ပိုး.. ဒါက ဖျက်ဆီးလို့ မရနိုင်ဘူးလို့ လူသိများတဲ့ ညီမငယ်လေး ချီ မဟုတ်လား။ ဘာဖြစ်လို့ မင်းက အခု ပျားရည်ထောက်ချောက် တစ်ခုကို အသုံးပြုနေရတာလဲ”

ပေါ့ပေါ့ပါးပါးရယ်သံ တစ်ခုနဲ့အတူ တင့်တယ်လှပတဲ့ မိန်းကလေးတစ်ယောက် ရောက်လာခဲ့ ပါတယ်။ သူမရဲ့ လှုပ်ရှားမှုတွေက ကလက်တက်တက်နဲ့ ညုတုတု လုပ်တတ်တဲ့ ပုံစံ ဖြစ်နေပါတယ်။ သူမက ပျော့ပျောင်းတဲ့ ပုံစံရှိပြီးတော့ အရမ်းကို ကိုယ်လုံးကိုယ်ပေါက် လှပါတယ်။ သူမရဲ့ ပြူးထွက်နေတဲ့ ရင်သားတွေက မြင်ရတဲ့သူတွေကို သွားရည်တမြားမြား ဖြစ်အောင် လုပ်နိုင်ပါတယ်။

သူမရဲ့ နှုတ်ခမ်းတွေက မီးလို နီရဲပြီးတော့ သူမရဲ့ ဆံပင်တွေက ရေတံခွန်တွေ စီဆင်းနေသလို ပခုံးပေါ်မှာ ကျနေပါတယ်။ ဒါက အရမ်းကို လှပတဲ့ အမျိုးသမီး တစ်ယောက် ဖြစ်ပါတယ်။ ဒါအပြင် သူမက ငွားငွားစွင့်စွင့်နဲ့ အစွမ်းကုန် ပွင့်နေတဲ့ ပန်းပွင့် တစ်ပွင့်နဲ့ တူပြီးတော့ သူမရဲ့ အလှအပက မီးနဲ့တူပြီး မြင်ရတဲ့သူတွေရဲ့ ရင်ထဲမှာ ပူလောင်ပြင်းပြတဲ့ စိတ်တွေ ဖြစ်ပေါ်လာစေပါတယ်။ တခြားသူတွေကို ဘာကိုမှ ဂရုမစိုက်စေပဲနဲ့ အရှေ့ကိုတိုးပြီး ခူးဆွတ်ချင်တဲ့ စိတ်တွေ ပေါ်လာအောင်လို့ လုပ်နိုင်ပါတယ်။

"လင်းရှန်းချင်"

ချီဟွာလန်က ညင်ညင်သာသာနဲ့ ပြောလိုက်ပါတယ်။

ဒီမီးနဲ့တူတဲ့ မိန်းမလှလေးက လင်းရှန်းချင်ပဲ ဖြစ်ပါတယ်။ သူမက လင်းဟန်ဘက်ကို အနည်းငယ် နိမ့်ပြီးတော့ ဂါရဝပြုလိုက်ပါတယ်။ သူမရဲ့ ခေါင်းက အနည်းငယ် နိမ့်လိုက်တဲ့အခါမှာ ကျောက်စိမ်းလိုချောမွေ့ ကြည်လင်တဲ့ ကုပ်ပိုးရဲ့ အပိုင်းနည်းနည်း ပေါ်လွင်သွားခဲ့ပါတယ်။ အသားအရည်က ဖြူဖွေးနေပြီးတော့ အရမ်းကို ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။

သူမက အခွင့်ကောင်းယူတဲ့ နေရာမှာတော့ တကယ့်ကို ဆရာတစ်ဆူပဲ ဆိုတာ သေချာပါတယ်။ သူမအရမ်းကို ထင်းခနဲ ပြတ်ပြတ်သားသား လှုပ်ရှားမှုမျိုး နည်းနည်းလေးမှ မလုပ်ဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဒါက သူမရဲ့ တင့်တယ်လှပမှုကို တခြားသူတွေကို အပြည့်အဝ မြင်ဖို့အတွက် လုံလောက်ပြီးတော့ သူတို့ရဲ့ နှလုံးသားထဲမှာ ကလိကလိ ဖြစ်အောင်လို့ လုပ်နိုင်စွမ်း ရှိပါတယ်။

"အဆုံးမဲ့ အင်ပါယာဂိုဏ်းရဲ့ လင်းရှန်းချင်က ဂရန်းမာစတာ

လင်းကို ဒီနေရာကနေ ဂါရဝပြုပါတယ်ရှင်”

သူမက ချက်ချင်းဆိုသလို ပြန်ပြီးမထပဲနဲ့ ကြည့်ရတဲ့ပုံစံက လင်းဟန်က အရှေ့ကိုတိုးပြီး သူမကို ပြန်ပြီးထအောင်လို့ ကူညီပေးမှာကို စောင့်နေတဲ့ ပုံစံပါပဲ။ ဘယ်ယောက်ျားမှ ဒီလိုမျိုး အခွင့်အရေးကို လွဲချော်စေလိမ့်မှာ မဟုတ်ဘူးဆိုတာကို သူမက ယုံကြည်နေပါတယ်။

သူတို့ရဲ့ဘေးမှာတော့ ဂူဖန်ဟွာ၊ ရှုဂမ်ထျန်းနဲ့ တခြားသူတွေ အားလုံးကို ကြည့်ရတာ ဆွဲဆောင်ခံ ထားရသလိုပါပဲ။ အလှအပနဲ့ ပတ်သက်လို့ရှိရင် သူမနဲ့ ချီဟွာလန်ကြားမှာ ဘယ်သူက ပိုပြီးတော့ ချောမောကြည့်ကောင်းသလဲ ဆိုတာကို ဆုံးဖြတ်ဖို့က တော်တော်လေးကို ခက်ခဲပါတယ်။ ဒါပေမဲ့ ကိုယ်ဟန်အမူအရာနဲ့ တင့်တယ်မှုအကြောင်းကို ပြောမယ်ဆိုရင်တော့ သူမက ချီဟွာလန်ထက် အများကြီး သာလွန်ပါတယ်။

ချီဟွာလန်လိုမျိုး ဖြူစင်တဲ့ ပုံစံသွင်ပြင်ကို နှစ်သက်သဘောကျတဲ့ လူတွေလည်း အများကြီး ရှိတယ်ဆိုတာ သေချာပါတယ်။ လင်းရှန်းချင်က အသက် နှစ်ဆယ်လောက်ပဲ ရှိသေးပေမဲ့လည်း သူမရဲ့ မီးလိုပူပြင်းတဲ့ စွဲမက်ဖွယ်ရာ အလှအပက အရွယ်ရောက် ရင့်ကျက်နေတဲ့

မိန်းကလေး တစ်ယောက်ရဲ့ ဟန်ပန် အမူအရာနဲ့ ပြည့်နှက်လို့ နေပါတယ်။

ချီဟွာလန်က စကားကို တဲ့တိုးပြောတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူမက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မြေခွေးမ"

လင်းဟန်က သူမကို ပြန်ပြီးတော့ မတ်သွားအောင်လို့ သူရဲ့လက်တွေကို ဆန့်ပြီးတော့ မကူညီ ခဲ့ပါဘူး။ သူရဲ့ ယခင်ဘဝတုန်းက သူကို အလှအပတွေနဲ့ ဆွဲဆောင် ဖျားယောင်းမဲ့ ကိစ္စတွေ အများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲ့ဒီအချိန်က သူက မှော်ဆေးပညာမှာရော သိုင်းပညာမှာပါ အထွတ်အထိပ်ကို ရောက်နေတဲ့ အချိန်ဖြစ်ပြီးတော့ မိန်းမလှလေးတွေက သူမတို့ကိုယ် သူမ မြင့်မားတဲ့ အဆင့်အတန်းရရှိဖို့ သူရဲ့ လက်နှစ်ဖက်ကြားထဲကို ဝင်ရောက်ချင်တဲ့ ဆန္ဒတွေ ရှိနေကြပါတယ်။ နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ နတ်သမီးလို ချောမောလှပတဲ့ သူတွေတောင်မှ ပါဝင်ပါတယ်။

လင်းရှန်းချင်က မျက်နှာပျက်စရာ တစ်ခုကို ဖိတ်ခေါ်လိုက်သလိုပါပဲ။ သူမက အံ့အားသင့် သွားခဲ့ပါတယ်။

လင်းဟာန်က သူမကို လာပြီးတော့ မကူညီတဲ့အတွက် သူမကိုယ်တိုင်ပဲ ပြန်ပြီး မတ်ခဲ့ရပါတယ်။ သူမရဲ့ နှာခေါင်းကို ပွတ်လိုက်ပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ ရန်လိုတဲ့ အမူအရာ တစ်ခု ပေါ်လာခဲ့ပါတယ်။

လွီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်က အပြုံးချင်း ဖလှယ်လိုက်ပါတယ်။ သူမတို့ရဲ့ လင်းဟာန်က လေးလေးနက်နက် မရှိတဲ့ လူစားမျိုးမှ မဟုတ်တာ။ သူရဲ့ အာရုံစိုက်မှုကို ရဖို့ဆိုရင် လှပနေရုံနဲ့ အလုပ်မဖြစ်ပါဘူး။ သူ့ရဲ့ ယုံကြည်မှုကိုပါ ရယူနိုင်ဖို့ စိတ်ရင်းအတိုင်း ရှိဖို့ လိုပါလိမ့်မယ်။

"ဂရန်းမာစတာလင်း.. ကျမနဲ့အတူ အဆုံးမဲ့ အင်ပါယာဂိုဏ်းရဲ့ ပတ်ဂန်းကျင် ရှုခင်းအလှတွေကို လိုက်ပြီးတော့ ကြည့်ချင်မလား"

လင်းရှန်းချင်က ချက်ချင်းပဲ သူကို ပြန်ဖမ်းပြီးတော့ နူးညံ့သိမ်မွေ့စွာနဲ့ မေးလိုက်ပါတယ်။ သူမအနေနဲ့ ရှုံးနိမ့်သွားတယ်ဆိုတာကို ဂန်မခံချင်ပါဘူး။

"ကောင်းပြီလေ… မင်းက ငါ့တောင်းဆိုမှု တစ်ခုကို သဘောတူမယ်ဆိုရင်ပေါ့"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

ဒီစကားတွေကို ကြားလိုက်ရတော့ လူတိုင်းလူတိုင်းကို ကြည့်ရတာ အနည်းငယ် အထင်သေး သွားတဲ့ ပုံစံပါပဲ။ သူကအကြာကြီး ဟန်ဆောင်နေပြီး အဆုံးမှာတော့ သူလည်းပဲ တဏှာရူး တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်သူကများ အနာဂတ်မှာ အကန့်အသတ်မရှိ အောင်မြင်မှု ရနိုင်တဲ့ ဒီမြေကျွန်းမှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို တဏှာရူး နာဘူးကောင်လားလို့ မေးမှာလဲ။ သူအနေနဲ့ လင်းရှန်းချင်လိုမျိုး အရမ်းကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ကို ပိုင်ဆိုင်ဖို့ ထိုက်တန်ပါတယ်။

လင်းရှန်းချင်က သူမရဲ့ နှလုံးသားထဲကနေ အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ လင်းဟန်အတွက် သူမရဲ့ အထင်အမြင်သေး စက်ဆုပ်ရွံရှာမှုက မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မျက်နှာပေါ်က အပြုံးကတော့ လုံးဝမပြောင်းလဲပဲနဲ့ ယဉ်ကျေးသိမ်မွေ့စွာနဲ့ မေးလိုက်ပါတယ်။

"ဂရန်းမာစတာလင်းက ဘယ်လိုအခြေအနေမျိုးကို ပြောတာလဲဆိုတာကို ကျွမသိပါရစေ"

"ငါ့ကိုကူညီပြီးတော့ ဆောင်းလဂိုဏ်းကို အမြစ်ဖြတ်သုတ်သင်ပေး"

Chapter 313 end

အပိုင်း(၃၁၄) သူ့ရဲကောင်းတွေ အကြောင်းကို ဆွေးနွေးခြင်းနဲ့ ဂျင်ဆင်းပင်များ ရောင်းခြင်း

ငါ့ကိုကူညီပြီး ဆောင်းလဂိုဏ်းကို အမြစ်ပြတ် သုတ်သင်ပေး။

ဒီစကားတွေကို ပြောလိုက်တဲ့အခါမှာ လူတိုင်းလူတိုင်း ကြောက်ရွံ့ထိတ်လန့်ပြီး တိတ်ဆိတ် ငြိမ်သက်ကုန်ပါတယ်။

ဆောင်းလဂိုဏ်းဆိုတာက ဘယ်လိုမျိုးလဲ။ မြောက်ပိုင်းဒေသမှာ ဂိုဏ်းလို့ အတည်ပြု ခေါ်ဆိုထားတဲ့ အဖွဲ့အစည်းတွေ အများကြီး ရှိတယ်ဆိုပေမဲ့ အစွမ်းအထက်ဆုံး အင်အား အကောင်းဆုံးလို့ လူသိထင်ရှား သတ်မှတ်ထားတဲ့ ဂိုဏ်းကြီး ငါးဂိုဏ်းပဲ ရှိပါတယ်။ ၎င်းတို့ကို မြောက်ပိုင်းဒေသရဲ့ ဂိုဏ်းငါးဂိုဏ်းလို့ လူသိများကြပါတယ်။ ဆောင်းလဂိုဏ်းဆိုတာလည်း အဲဒီ ဂိုဏ်းငါးဂိုဏ်းထဲက တစ်ခု အပါအဝင်ပဲ ဖြစ်ပါတယ်။

အဆုံးမဲ့ အင်ပါယာဂိုဏ်းနဲ့ ကောင်းကင်မူလဂိုဏ်းတို့က အရမ်းကို အံ့ဩဖွယ်ရာ ကောင်းတယ် ဆိုပေမဲ့ စွမ်းအင်အဆင့်နဲ့ ပတ်သက်ရင် သူတို့တွေထဲက ဘယ်ဂိုဏ်းကမှ ဆောင်းလဂိုဏ်းကို မယှဉ်နိုင်ပါဘူး။ တကယ်လို့ သူတို့သုံးဂိုဏ်းက သူတို့ရဲ့ အင်အားတွေကို စုပေါင်းလိုက်မယ် ဆိုရင်တောင်မှ ဆောင်းလဂိုဏ်းနဲ့ ညီတူညီမျှလောက်ပဲ ရပ်တည်နိုင်လို့ ရနိုင်ပါလိမ့်မယ်။ ဆောင်းလဂိုဏ်းလို တောင်တစ်ခုလုံးကို ကာကွယ်ပေးနိုင်တဲ့ အလင်းတန်းကို ပိုင်ဆိုင်ထားတဲ့ ခုခံကာကွယ်ရေး စနစ်ကို အသုံးပြုထားတဲ့ဂိုဏ်းကို အနိုင်ယူဖို့ဆိုရင် အစွမ်းတော်တော် ရှိမှ ရပါလိမ့်မယ်။

ပြောရမယ်ဆိုရင် အနည်းဆုံး အဆုံးမဲ့ အင်ပါယာဂိုဏ်းလိုမျိုး အဖွဲ့အစည်း ဆယ်ခုလောက် ပူးပေါင်းမှသာ ဖြစ်နိုင်ချေ ရှိပါလိမ့်မယ်။ ဒါအပြင် တိုက်ပွဲမှာ တကယ်လို့ အနိုင်ရခဲ့မယ် ဆိုရင်တောင်မှ ပေးဆပ်မှုကလည်း ကြီးမားပါလိမ့်မယ်။

မြေကြွှမှာအဆင့် မော်ဆေးပညာရှင် တစ်ယောက် အတွက်နဲ့ ဘယ်အဖွဲ့အစည်းက ဒီလိုမျိုး အရာတစ်ခုကို လုပ်ပေးဖို့ ဆန္ဒရှိမှာလဲ။

“ဟိုးဟိုးဟိုး… ဂရန်းမာစတာလင်းက တကယ့်ကို

နောက်ပြောင်တတ်တာပဲ ”

အားလုံးက ခြောက်ကပ်ကပ်နဲ့ ရယ်မောလိုက်ပါတယ်။ ရုတ်တရက် ဆိုသလိုပဲ အားလုံးက သူတို့ရဲ့ စိတ်ကြီးဝင်နေမှုတွေ ပျောက်ကွယ်သွားခဲ့ကြပြီး အပြုအမူတွေက ကောင်းမွန်လာခဲ့ ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဘယ်လောက်ပဲ ရိုင်းစိုင်းပါစေ ဆောင်းလဂိုဏ်းကို အမြစ်ဖြတ် သုတ်သင်ပစ်မယ် ဆိုတဲ့ စကားမျိုးကိုတော့ မပြောပုံကြပါဘူး။

လင်းဟာန်ကတော့ ဂရုမစိုက်ပါဘူး။ သူနဲ့ ဖန်းယန်အကြားက ရန်စက မိုးရေနိုင်ငံက လူတိုင်း သိထားကြတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒီအကြောင်းကို နည်းနည်းလောက် စုံစမ်းလိုက်ရင်ပဲ သိနားလည် သွားပါလိမ့်မယ်။ ဒါကြောင့် သူရဲ့ စကားတွေက ဘယ်လောက်ပဲ ပြင်းထန်နေပါစေ ကိစ္စမရှိပါဘူး။ လူတိုင်းလူတိုင်းက ဒါက ဖန်းယန်ကြောင့်ပဲ ဆိုပြီးတော့ စဉ်းစား မိကြမှာ ဖြစ်ပြီးတော့ ဘယ်သူကမှ အရင်မျိုးဆက်က ဒီရန်စတွေထဲမှာ ပါဝင်ပတ်သက်နေတယ် ဆိုတာကိုတော့ သိလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ သာမန်လူတစ်ယောက်က ဒီလိုမျိုး စကားတွေကို ပြောတယ်ဆိုရင် ဆောင်းလဂိုဏ်း ကိုယ်တိုင် လှုပ်ရှားဖို့တောင် မလိုပါဘူး။ တခြားအဖွဲ့အစည်းတွေ တော်တော်များများက ဆောင်းလဂိုဏ်းကို မျက်နှာလို မျက်နှာရ လုပ်ဖို့အတွက် လင်းဟန်ကို သတ်ပစ်ဖို့ အမိန့်ပေးကြမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုလင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ ပန်းဖူးအဆင့် လူတစ်ယောက်ရဲ့ အဆင့်အတန်းမျိုး ရှိပါတယ်။ ဒါကြောင့် သာမန် အဖွဲ့အစည်းက ဘယ်လိုလုပ်ပြီးတော့ လှုပ်ရှားပွဲမှာလဲ။

အစွမ်းထက်လှတဲ့ အဖွဲ့အစည်းဖြစ်တဲ့ ဆောင်းလဂိုဏ်းအတွက်တောင်မှ သူတို့အနေနဲ့ လင်းဟန်ရဲ့ အနောက်က မှော်ဆေးပညာ အဖွဲ့အစည်းနဲ့ ပတ်သက်ပြီးတော့ တော်တော်လေး စိုးရိမ်ပူပန် ရပါလိမ့်မယ်။ အများဆုံး လင်းဟန်ရဲ့ မစဉ်းစား မဆင်ခြင်ပဲ ပြောတဲ့ စကားတွေ အတွက်ကြောင့် ရိုက်နှက်လို့ပဲ ရပါလိမ့်မယ်။ သူတို့အနေနဲ့ လင်းဟန်ကို လူသိရှင်ကြား သတ်ပွဲမှာတော့ မဟုတ်ပါဘူး။

စကားတစ်ခွန်းက အရမ်းကို မာနကြီးပြီး စိတ်ကြီးဝင်နေတဲ့ လူငယ် ပါရမီရှင်တွေကို ဖိနှိပ် ထိန်းချုပ်ဖို့ အတွက်

လုံလောက်ပါတယ်။ လင်းဟန်က လက်ရှိ မြောက်ပိုင်းဒေသ အခြေအနေတွေ အကြောင်းကို ဆက်ပြီးတော့ မေးလိုက်ပါတယ်။ မကြာခင်မှာ ကျူးပူကျို့က နောက်ထပ် ခြင်းအပြည့် ဂျင်ဆင်းနဲ့ ဆေးဖက်ဝင် အပင်တွေကို ထုတ်လာခဲ့ပါတယ်။

ဒီလူငယ်တွေက တကယ်ပဲ ပိုက်ဆံမရှားကြပါဘူး။ သူတို့တွေက လေလံပွဲတုန်းက မူလစွမ်းအင် ခရစ်စတယ် တစ်သိန်းကိုတောင် လွယ်လွယ်ကူကူနဲ့ ထုတ်နိုင်ကြပါတယ်။

တကယ်လို့ ဒီပါရမီရှင်တွေက ဂိုဏ်းကြီးတွေဆီကနေ လာခဲ့ကြပြီး နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေကို မြင်တွေ့ စားခဲ့ဖူးတယ် ဆိုရင်တောင်မှ ခြင်းကြီးတစ်ခြင်းနဲ့ အပြည့်ဖြစ်နေတဲ့ များပြားလှတဲ့ ဂျင်ဆင်းတွေကို မြင်လိုက်ရတဲ့အခါမှာ သူတို့ရဲ့ ပါးစပ်တွေက အမှတ်မထင်ပဲ တွန့်လိမ်သွားသလို ခံစားလိုက်ရပါတယ်။

“ဟူး… ဂရန်းမာစတာ လင်းနဲ့ နှိုင်းယှဉ်လိုက်ရင် ငါတို့တွေက ရေတွင်းအောက်ခြေက ဖားသူငယ်လေးတွေပဲ”

“ဒီမှာ နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေနဲ့

ဆေးဖက်ဝင် အပင်တွေ အများကြီးပဲ။ ဂရန်းမာစတာ လင်းက ရှေးဟောင်း အပင်ဥယျာဉ်တစ်ခုကို ရရှိထားတာပဲ ဖြစ်ရမယ်”

“အဲဒါက ရှေးဟောင်းအပင် ဥယျာဉ်တစ်ခု မဖြစ်နိုင်ဘူး။ ဒီဆေးဘက်ဝင် အပင်တွေ အားလုံးက နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ အပင်တွေချည်းပဲ”

“ဟုတ်တယ် ဟုတ်တယ်။ အများဆုံး ဖြစ်နိုင်တာက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာလောက်က အဖွဲ့အစည်းတစ်ခုရဲ့ ပျိုးစိုက်ထားတဲ့ ဂျင်ဆင်းပင်နဲ့ ဆေးဖက်ဝင် အပင်တွေ အစုအဝေးကြီး တစ်ခုပဲ ဖြစ်မယ်။ ဒါပေမဲ့ ဘာမှန်းမသိတဲ့ အကြောင်းပြချက်နဲ့ အဲဒီအဖွဲ့က ပျက်စီးသွားခဲ့တယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ ဆေးပင်ဥယျာဉ်ကတော့ မပျက်စီးခဲ့ဘူး။ အဲဒီအစား အပင်တွေက ကောင်းကောင်းကြီး ရှင်သန်ပြီးတော့ ဂရန်းမာစတာလင်းက အမှတ်မထင် ရှာတွေ့သွားခဲ့တာ ဖြစ်မယ်”

အားလုံးက မရှိတင်ကဲ ဖြစ်နေကြပါတယ်။ ဒါကတကယ့်ကို ကံကောင်းတာပါပဲ။ ဒါအပြင် မြေကျွှမ်းအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက ထောက်ပံ့ပေးထားတာနဲ့ ဘယ်သူကများ လင်းဟန်ဆီက

နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေနဲ့ ဆေးဖက်ဝင် အပင်တွေကို လုယူပုံမှာလဲ။

လင်းဟန်က သူပစ်မှတ်ထားသလိုပဲ စိုးရိမ်ပူပန်စရာ မရှိပဲနဲ့ သူကြိုက်နှစ်သက်သလောက် ငွေအများကြီးကို ရှာဖွေနိုင်ပါတယ်။ တကယ်တော့ ကြီးမားတဲ့ အဖွဲ့အစည်းတွေအတွက် ဒါက သာမန် သုံးစွဲမှုပဲ ရှိပါတယ်။

ကျူးပုကျို့ကတော့ ငွေတွေကို သိမ်းဆည်းနေပြီးတော့ လင်းဟန်က တစ်ချက်တစ်ချက်မှာ သူတို့တွေကို မြောက်ပိုင်းဒေသရဲ့ အခြေအနေတွေကို အော်ဟစ်ပြီးတော့ မေးမြန်းပြောဆို နေပါတယ်။ တကယ်ဆို စာအုပ်တွေထဲမှာ ဖော်ပြထားတဲ့ အကြောင်းအရာတွေက အနည်းဆုံး လွန်ခဲ့တဲ့ နှစ်ပေါင်း ဆယ်နှစ်ကျော် ဒါမှမဟုတ် ဆယ်နှစ်အတွင်းက အရာတွေပဲ ဖြစ်ပါတယ်။

မြောက်ပိုင်းဒေသရဲ့ စွမ်းအင် အခြေခံတည်ဆောက်မှုက လုံးဝ ပြောင်းလဲခြင်း မရှိပါဘူး။ အစွမ်းအထက်ဆုံးက အဖွဲ့ကြီး ငါးခုပဲ ဖြစ်ပြီးတော့ ချိုင့်ဝှမ်းတစ်ခုနဲ့ ဂိုဏ်းလေးဂိုဏ်းလို့ လူသိများ ထင်ကြားကြပါတယ်။ သွေးမီးတောက် ချိုင့်ဝှမ်း၊ ဆောင်းလဂိုဏ်း၊ ချင်းရဂိုဏ်း၊ တောကောင် ကေရာဇ်ဂိုဏ်း နဲ့ တဂက်တပြက်လမင်း

ဂိုဏ်းတို့ ဖြစ်ပါတယ်။ သွေးမီးတောက် ချိုင့်ဂှမ်းက ဂိုဏ်းတစ်ခုရဲ့ နာမည်လိုမျိုး မရှိတဲ့ တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကို မြောက်ပိုင်းဒေသရဲ့ အစွမ်းအထက်ဆုံးဆိုတာ သတိပြုမိရပါလိမ့်မယ်။ ကောလာဟလတွေအရ အဲဒီမှာ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်တောင် ရှိနေတယ်လို့ ပြောကြပြီးတော့ ဒါက မြောက်ပိုင်းဒေသတစ်ခုလုံးက တခြားသူတွေကို သေချာပေါက် လွှမ်းမိုး ခြယ်လှယ်နိုင်ပြီးပါတယ်။

ကမ္ဘာကြီးက နယ်မြေလေးခုနဲ့ စီရင်စု တစ်ခုရှိတယ် ဆိုပေမဲ့လည်း တစ်ခုကနေ တစ်ခုဆီကို သွားဖို့က မလွယ်ကူပါဘူး။ ကောလာဟလတွေအရ ရှေးဟောင်း အချိန်တွေတုန်းက ကြီးမားတဲ့ တိုက်ပွဲကြီးတစ်ခုကနေ ချန်ထားရစ်ခဲ့တဲ့ ကျုံးကြီးတစ်ခု ရှိပြီးတော့ အဲဒါက တခြားနယ်မြေတွေကို ပိုင်းခြားထားတာပဲ ဖြစ်ပါတယ်။ အဆင့်မြင့်တဲ့ လူတစ်ယောက်ရဲ့ စွမ်းရည်နဲ့တောင် ဒီပက်ကြား အက်ကြောင်းကြီးကို ဖြတ်ကူးဖို့ ခက်ခဲပါတယ်။

ဒါကြောင့်လည်း မြောက်ပိုင်းဒေသက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေပဲ ရှိနေတာတောင်မှ ရပ်တည်နေနိုင်တာပဲ ဖြစ်ပါတယ်။ သူတို့အနေနဲ့ တခြားသော

နယ်မြေတွေက လက်ရွေးစင်တွေ ကျူးကျော်လာမှာကို စိုးရိမ်စရာ မလိုပါဘူး။

"တကယ်လို့ ငါတို့တွေက လူငယ်မျိုးဆက်ရဲ့ ပါရမီရှင်တွေ အကြောင်းကို ပြောမယ်ဆိုရင် သွေးချိုင့်ပှမ်းက ကျိုးယွီတကိုတော့ သေချာပေါက် ပြောသင့်တယ်။ သူက အသက် ၂၃ နှစ်နဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်သွားခဲ့ပြီ"

ရှဂမ်ထျန်းက မနာလိုတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

ကောင်းကင်မူလဂိုဏ်းမှာ သူက လူငယ်မျိုးဆက်ရဲ့ အစွမ်းထက်ဆုံး တစ်ယောက် ဖြစ်ပါတယ်။ လက်ရှိမှာ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၄ အဆင့်မှာ ရှိနေပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်ရဲ့ အထွတ်အထိပ် အဆင့်နဲ့ အရမ်းကို ဝေးကွာနေဆဲ ဖြစ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို ချိုးဖျက်ဖို့ အကြောင်းကိုတော့ ပြောမနေပါနဲ့။ ဒီခြေလှမ်းက တကယ့်ကို ခက်ခဲလှပါတယ်။

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က ပိုပြီးတော့ မြင့်လာလေ နောက်တစ်ဆင့်ကို အဆင့်တက်ဖို့က ပိုပြီးတော့ ခက်ခဲလာပါလိမ့်မယ်။ သမိုင်းထဲမှာတော့

အသက်အငယ်ဆုံးနဲ့ ပန်းဖူးအဆင့်ကို ရောက်လာတဲ့ အသက် ၃၂ နှစ်အရွယ် ပန်းဖူးအဆင့် လူငယ်တစ်ယောက် ရှိပါတယ်။ သူက ပန်းဖူး အဆင့်ကနေ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို တက်ဖို့အတွက် နှစ်ပေါင်း ၁၂၂ နှစ်တောင် အချိန်ယူခဲ့ရပါတယ်။ အဆုံးမှာတော့ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာပဲ သေဆုံးသွားခဲ့ရပြီး နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကိုတောင် မတက်နိုင်ခဲ့ ပါဘူး။

"သူက ငါ့ထက်တောင်မှ တဏှာရူးသေးတာပဲ"

တစ်ဖက်ခြမ်းမှာရှိတဲ့ ဂူဖန်းဟွာက သူ့ကိုယ်သူ တီးတိုးရွတ်ဆို ခဲ့ပါတယ်။

"ကျိုးယွီတ"

လင်းဟန်က ဒီနာမည်ကို တီးတိုးရွတ်ဆိုပြီး မှတ်ထားလိုက်ပါတယ်။ အသက် ၂၃ နှစ်နဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်ဆိုတာ တကယ့်ကို အံ့အားသင့်စရာ ကောင်းပါတယ်။ သူသတိထားမိသလောက် ဓားကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တောင်မှ အစပိုင်းမှာ ဒီလောက် အံ့သြစရာ မကောင်းပါဘူး။

သူရမ်းသမ်းပြီးတော့ ထင်ရမယ်ဆိုရင်တော့ ပတ်ဂန်းကျင်က ပြောင်းလဲသွားတာကြောင့် ဖြစ်ပါလိမ့်မယ်။ ဒီနေ့မှာ လူတွေက ကျင့်ကြံခြင်းတွေကို လွယ်လွယ်ကူကူနဲ့ လုပ်နိုင်နေခဲ့ပါပြီ။

"တောကောင်ကေရာဇ်ဂိုဏ်းမှာလဲ လုရန်လို့ ခေါ်တဲ့ လူထူးလူဆန်း တစ်ယောက်လည်း ရှိသေးတယ်။ အသက် ၂၄ နှစ်နဲ့ စိတ်ဂိညာဉ် ပလ္လင် အဆင့်ပဲ။ ဒါ့အပြင် တောကောင်ကေရာဇ်ဂိုဏ်းက မိစ္ဆာသားရဲတွေကို အိမ်မွေးတိရစ္ဆာန်လိုမျိုး မွေးမြူတဲ့ အလေ့အထတစ်ခု ရှိတယ်။ လူတစ်ယောက်နဲ့ သားရဲတစ်ကောင် ပေါင်းပြီးတော့ တိုက်ပွဲအစွမ်းကို အဆင့်မြှင့် ထားကြတယ်"

လင်းရှန်းချင်လည်း နောက်ထပ် ပါရမီရှင် တစ်ယောက်ကို ညွှန်းဆို လိုက်ပါတယ်။

"တစ်ဖက်က ရှင်းရဂိုဏ်းမှာ တောက်ပတဲ့ ကြယ်အသစ်တော့ မရှိဘူး။ ဒါပေမဲ့လည်း သူတို့မှာ သုံးခုတစ်စုံ တစ်ခုတော့ရှိတယ်။ သူတို့တွေက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာ ရှိနေပေမဲ့ သူတို့သုံးယောက် ပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင် စိတ်ဂိညာဉ် ပလ္လင်

အစောပိုင်း အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို သတ်ပစ်နိုင်စွမ်းရှိတယ်။ ဒါကြောင့် သူတို့ကို လျော့မတွက်ထားသင့်ဘူး”

ချီဟွာလန်က ပြောလိုက်ပါတယ်။

“တဂက်တပျက် လဂိုဏ်းရဲ့ လူငယ်ပါရမီရှင်တွေ အထဲမှာတော့ ပန်းပွင့်လေးလို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ရှိတယ်လို့ ကောလာဟလတွေ ထွက်နေတယ်။ ကျိုးယွီတတောင်မှ သူမကို မြင်မြင်ချင်း ချစ်သွားခဲ့တယ်။ သူရဲ့ ဆရာသခင်ကို လက်ထပ်ပေးဖို့ တောင်းဆိုမှုတစ်ခု လုပ်ခဲ့ပေမဲ့ အေးစက်စွာနဲ့ ငြင်းပယ်ခြင်းကို ခံခဲ့ရတယ်”

ရှဂမ်ထျန်းက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“ငါလည်း ဒီအကြောင်းကို ကြားဖူးတယ်။ အဲဒီ မိန်းကလေးရဲ့ နာမည်က ကျူးရှမ်အာ လို့ခေါ်တယ်။ သူမက အသက် ၂၂ နှစ်ပဲ ရှိသေးပေမဲ့ စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို ရောက်နေပြီဆိုတာ တကယ့်ကို လေးစားအားကျ စရာကောင်းတယ်”

လင်းရှန်းချင်က ခေါင်းညိတ်လိုက်ပါတယ်။ သူမက အဆုံးမရှိ

မနာလိုမှုတွေကို ခံစားလိုက် ရပါတယ်။ သူမတို့ နှစ်ယောက်စလုံးက အမျိုးသမီးတွေပါ။ ဒါပေမဲ့ ဘာဖြစ်လို့ တစ်ဖက်လူက သူမထက် အပုံကြီး သာလွန်နေရတာလဲ။

“ဒါတင် ဘယ်ကဦးမလဲ။ သူမရဲ့ အလှအပကလည်း မယုံနိုင်လောက်အောင် အံ့အားသင့်ဖို့ ကောင်းတယ်။ ရေသောက်ဖို့အတွက် သူမရဲ့ ဇာပဝါထောင့်စွန်းကို မတင်လိုက်တုန်းက ငါတစ်ခါ မြင်ခဲ့ဖူးတယ်။ သူမရဲ့ မေးစေ့နည်းနည်းလောက်ပဲ ပေါ်သွားတယ် ဆိုပေမဲ့ သူမအတွက်နဲ့ အသက်ကို သေမယ်ဆိုရင်တောင် အသေခံပေးချင်လောက်တဲ့အထိ လှပမ်းမိုးဖို့ လုံလောက်တယ်”

လူတစ်ယောက်ကလည်း ခေါင်းညိတ်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ စွဲလမ်းတဲ့ အမူအရာ တစ်ခု ပေါ်နေပါတယ်။

ကျူးရှမ်အာကို အရင်က တစ်ခါမှ မမြင်ဖူးတဲ့ လူတွေက အရမ်းကို အံ့အားသင့်နေကြပါတယ်။ သူမက ငယ်ရွယ်တဲ့ ပါရမီရှင် တစ်ယောက်လည်း ဖြစ်သလို အရမ်းကို ဆွဲဆောင်နိုင်တဲ့ အရည်အချင်းလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါအပြင် သူမရဲ့ မျက်နှာကိုတောင်မှ မဖော်ပြပဲ သူမရဲ့ မေးစေ့လေးကို တစ်စွန်းတစ်စ ဖော်ပြလိုက်ရင်ပဲ

တစ်ယောက်ယောက်ကို ဆွဲဆောင်ဖို့ လုံလောက် နေပြီလား။

တကယ့်ကို မယုံနိုင်စရာ ကောင်းလှပါတယ်။

"ငါလည်း ဒါကို ကြားဖူးတယ်။ ကောလာဟာလတွေ အရတော့ အလယ်ပိုင်းဒေသက ပါရမီရှင် တစ်ယောက်က လေ့ကျင့်ဖို့အတွက် ရောက်လာခဲ့ပြီး အမှတ်မထင် ကျူးရှမ်အာနဲ့ တွေ့ဆုံခဲ့တယ်။ သူမကို ကောင်းကင်ဘုံက နတ်သမီးလေး တစ်ပါးလို့တောင် ထင်ခဲ့ပြီးတော့ သူမကို သူနဲ့ လက်ထပ်ပေး နိုင်မလားဆိုပြီး တစ်ဂက်တပျက် လဂိုဏ်းဆီကို သွားမေးခဲ့တယ်။ သူပြောတာက ကျူးရှမ်အာကို အလယ်ပိုင်းဒေသကို ပြန်ပြီးတော့ ခေါ်သွားချင်တယ်တဲ့။ စဉ်းစားကြည့်စမ်း။ အဲဒီလူငယ် ပါရမီရှင်က အလယ်ပိုင်းဒေသက ဘယ်အဖွဲ့အစည်းကနေ လာသလဲဆိုတာ"

တခြားသူတွေ ဆွေးနွေး ဖြေကြားမှာကိုတောင် မစောင့်ပဲနဲ့ သူက အဖြေကို ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ကောင်းကင်ဓားဂိုဏ်း"

Chapter 314 end

အပိုင်း (၃၁၅) မင်းမှာ မျှော်လင့်ချက် အများကြီး ရှိတာပဲ

ကောင်းကင်ဓားဂိုဏ်း။

ဒီစကားလုံး သုံးခုက သူတို့ရဲ့ ကိုယ်ပိုင် မော်အစွမ်းတွေ ပိုင်ဆိုင်ထားသလိုပဲ ဖြစ်နေပါတယ်။ လူငယ်တွေရော မိန်းမပျိုလေးတွေအားလုံးကပါ လေးလေးနက်နက်ကို ရှိသေလေးစားနေတဲ့ မြင်ကွင်းကို တွေ့မြင်ရပါမယ်။ သူတို့အားလုံးရဲ့ အမူအရာတွေက အဆုံးမရှိတဲ့ တမ်းတခြင်းတွေ အလွမ်းတွေနဲ့ ဖြစ်လို့နေပါတယ်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းနီးပါးက ငါတို့ရဲ့ ကမ္ဘာကြီးမှာ ကြီးမားတဲ့ ရန်စတစ်ခု ဖြစ်ပျက်ခဲ့တယ်။ ပြီးတော့ ဒါက စီနီယာတွေနဲ့ ကောင်းကင်ဓားဂိုဏ်း၊ ဆေဘာဓား သီးသန့်ဂိုဏ်း၊တိမ်ဖီးနစ်ဂိုဏ်းတို့လို အစွမ်းထက်တဲ့ အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲကြပြီး နောက်ဆုံးမှာ ကြီးမားတဲ့ ရန်စကြီးတစ်ခု ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ အခုတော့ မျိုးဆက်တွေ အများကြီး ပြီးတဲ့နောက်မှာ ငါတို့တွေ ငြိမ်းချမ်းရေး ရခဲ့ကြတယ်"

"ဒါအပြင် ကောင်းကင်ဓားဂိုဏ်းမှာ စကြာဂဠုဏ် ဖျက်ဆီးခြင်း

အဆင့် လက်ရွေးစင် တစ်ယောက် ရှိခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ သိုင်းပညာတွေက ခုမျက်မှောက်ကာလမှာတော့ အရမ်းကို အဆင့်မြင့်တယ်လို့ ပြောရမယ်”

“တကယ်လို့ ငါသာဆိုရင် ပြောနေစရာကို မလိုဘူး။ ချက်ချင်းပဲ တက်တက်ကြွကြွနဲ့ ပြေးသွားလိုက်မယ်”

“ဟားဟား။ တကယ်လို့ မင်းရဲက ခြေထောက်တွေကြားထဲမှာ ရှိတဲ့ လဗ္ဗွတ်ကို ဖြတ်ပြီးတော့ မင်းရဲ့ မျက်နှာကို ပြင်လိုက်မယ်ဆိုရင်တော့ အခွင့်ရေးကောင်း တစ်ခု ရပါလိမ့်မယ်”

“ထွက်သွားစမ်း”

အားလုံးက ရယ်မောလိုက်ကြပါတယ်။ ဟုတ်ပါတယ် သူတို့အားလုံးက ကောင်းကင်ဓားဂိုဏ်း အတွက်ကို လွမ်းမော တမ်းတနေကြတာပါ။ ဒါက တကယ့်ကို စစ်မှန်တဲ့ သိုင်းပညာ ကုန်းမြေကြီး ဖြစ်ပြီးတော့ မသေနိုင်တဲ့ တန်ခိုးရှင် တစ်ယောက်ကို ပိုင်ဆိုင် အမွေဆက်ခံထားတာပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ စကြာဂဠာဖျက်ဆီးခြင်း အဆင့်ကို အောင်အောင်မြင်မြင်နဲ့ ရောက်သွားပြီး နတ်ဘုရားအဆင့်ကို ဂင်နိုင်တဲ့ သူတစ်ယောက်တော့

ပေါ်လာနိုင်ပါလိမ့်မယ်။

“ဒါဆိုရင် နောက်ဆုံးမှာ ကျူးရွှမ်အာက အလယ်ပိုင်းဒေသကို သွားခဲ့တာလား”

လွှီယုထန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

“မဟုတ်ဘူး”

လူတစ်ယောက်က ပြောလိုက်ပါတယ်။

“ ဒါက ကျူးရွှမ်အာရဲ့ အရမ်းကို တာဂန်သိတတ်တဲ့ စိတ်ကြောင့်လို့ ပြောရမယ်။ သူမရဲ့ ဆရာက လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျင့်ကြံရင်းနဲ့ ရူးသွားခဲ့တယ်။ ပြီးတော့ သူမရဲ့ ဆရာကို ပြန်ပြီးတော့ သက်သာကောင်းမွန်လာအောင် ကူညီမယ်လို့ သူမက ကျိန်ဆိုခဲ့တယ်။ ဘယ်သူမဆို သူမရဲ့ ဆရာသခင်ကို ပြန်ကောင်းအောင် လုပ်ပေးနိုင်မယ်ဆိုရင် သူမက ကျင့်ကြံခြင်းအတွက် အဲဒီလူ တောင်းဆိုသမျှ အရင်းအမြစ်တွေ ဘယ်လောက်များများ ပေးဖို့ဆန္ဒရှိတယ်။ ဒါမှမဟုတ် သူမကိုတောင်မှ လက်ထပ်နိုင်တယ်။ ဒါပေမဲ့လည်း အံ့မခန်းအစွမ်းထက်တဲ့ ကုသတဲ့သူ

တစ်ယောက်ရဲ့ ပြောစကားအရတော့ ဒီလိုမျိုး လူတစ်ယောက်ရဲ့ တာအိုကို ထိခိုက်သွားတဲ့ ဒဏ်ရာအမျိုးအစားကို ကောင်းကင်အဆင့် မှော်ဆေးလုံးကပဲ ကုသပေးနိုင်မယ်။ ဒါကြောင့်လည်း ငါတို့ရဲ့ နတ်သမီးလေးက အလယ်ပိုင်းဒေသကို သွားဖို့ကို မရွေးချယ်ခဲ့ဘူး။ ပြီးတော့ ဘယ်သူက သိနိုင်မှာလဲ သူမကို ဘယ်လိုမျိုး အယုတ်တမာကောင်က ရယူနိုင်မလဲဆိုတာကို”

နောက်ဆုံး စကားလုံးအနည်းငယ်ကို ပြောလိုက်တဲ့အခါမှာ အဲဒီလူက တကယ်လို့ သူရဲ့ အိပ်မက်ထဲက နတ်မိမယ်လေးကိုသာ အယုတ်တမာကောင်က ပွေ့ဖက်နေတာကို မြင်လိုက်ရသလိုမျိုး အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဒါကို တွေးကြည့်လိုက်ရုံနဲ့တင် သူရဲ့ နှလုံးသားက တစ်ဆစ်ဆစ်နဲ့ နာကျင်ခံစားရပါတယ်။

“ရှစ်”

ရုတ်တရက် ဆိုသလိုပဲ အားလုံးရဲ့ အကြည့်တွေက လင်းဟာန် အပေါ်ကို ကျရောက်လို့ လာခဲ့ပါတယ်။

“မင်းတို့ အားလုံးက ဘာအတွက်နဲ့ ငါ့ကို ဒီလိုမျိုး ကြည့်နေကြတာလဲ”

လင်းဟန်က အရမ်းကို ရိုးသားစွာနဲ့ မေးလိုက်ပါတယ်။

“တကယ်လို့ မြောက်ပိုင်းဒေသမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်တဲ့ သူဆိုရင် အဲဒါက သေချာပေါက် မင်းပဲ”

ဂူဖန်းဟွာက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

“မင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့အတွက် အချိန်ပဲ လိုအပ်တဲ့ တဏှာရူးကောင် တစ်ယောက်လိုပဲ။ အဲဒီအချိန်ကျရင် မင်းက အလှအပလေးကို ခေါ်ပြီးတော့ အိမ်ကို ပြန်လို့ရပြီ။ အဟဲ နည်းနည်းလောက် ဆွေးနွေးရအောင်… မင်းငါ့ကို နတ်သမီး ကျူးရဲက အတွင်းခံတစ်ခုလောက် ပေးနိုင်မလား”

“ဘုန်း ဖုန်း ပုန်း ဘုန်း ဒိုင်း”

လင်းဟန်ရဲ့ အဖြေစကားအတွက် စောင့်နေဖို့ အချိန်တောင် မရှိပါဘူး။ ဒီ တဏှာရူးကောင်ရဲ့ ဘေးပတ်လည်က ကျူးရှွမ်အာကို လေးစားနေတဲ့ လူဆယ်ယောက်ကျော်က ချက်ချင်းဆိုသလို ဂူဖန်းဟွာကို ရိုက်နက်ဆုံးမလိုက်ပါတယ်။

အရိုက်နက် ခံထားရတဲ့ သူ့ပုံစံကိုကြည့်ရတာ လူတစ်ယောက်နဲ့တောင် မတူတော့ပါဘူး။

“ဟုတ်တယ်.. အဲဒါ ဒီနေရာမှာ ငါတို့ပြောနေတာက နတ်သမီး ကျူးရဲ့ အကြောင်းပဲ”

လွှီယုထန်က အရမ်းကို သဂန်တိုတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

“ဟင့်”

လီစီရှန်းလည်း အတူတူပါပဲ။

ဟူးညိုတစ်ယောက်ပဲ ဂရုမစိုက်ပဲ သူမရဲ့ ခေါင်းထဲမှာ တွေးနေခဲ့ပါတယ်။

“လင်းဟန်က ညီးညီး အတွက်ပဲ။ သနားစရာကောင်းတဲ့ အစ်မကြီးတွေ အုပ်စုပဲ”

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပဲ ပြုံးလိုက်ပါတယ်။ သူ့ရဲ့ ယခင်ဘဝတုန်းက သူမမြင်ဖူးတဲ့ အလှအပမျိုး ရှိဦးမှာလဲ။ ကောင်းကင်ဖီးနစ် နတ်မိမယ်ဆိုရင် သမိုင်းထဲမှာ

အချောမောဆုံး အမျိုးသမီးအဖြစ်တောင်မှ အတည်ပြုထားခဲ့ပါတယ်။ ပြီးတော့ သူက လုံးဝ မလှုပ်ရှားခဲ့ပါဘူး။ သူမက သူ့ကို သူမအတွက် မော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ ပြောတဲ့အခါမှာ သူက ကောင်းကင် ဗီးနစ် နတ်မိမယ်ကို သူမရဲ့ နာမည်အစစ်ကို သူကို ပြောပြနိုင်းခဲ့ပါတယ်။

ပြီးတော့ ဒီအမျိုးသမီးမှာ ဘယ်လိုပြဿနာတွေ ရှိနေလဲဆိုတာ သူမသိပါဘူး။ သူမရဲ့ နာမည်ကို ပြောနိုင်းတာက သူမကို သတ်လိုက်တာနဲ့ တူပါတယ်။ နောက်ပိုင်းမှာ သူမက မကြာခဏ ဆိုသလို အလည်လာပြီးတော့ ဘာစကားမှ မပြောပဲ သူ့ဆီက မော်ဆေးလုံးတွေကို သူမကြိုက်သလောက် ယူယူသွားခဲ့ပါတယ်။ သူမကိုယ်သူမ သူ့ရဲ့ ဆရာလို့ ထင်နေသလိုမျိုးပါပဲ။

တကယ်လို့ သူက သူမကို ရပ်တန့်စေချင်တယ်ဆိုရင် သူမနဲ့ တိုက်ခိုက်ရပါတယ်။ ဒါက သူ့ကိုယ်သူ ညှင်းပန်း နှိပ်စက်သလိုမျိုးပါပဲ။

ဘာကြောင့် လင်းဟန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်ချင်ရတဲ့ အကြောင်းက ကောင်းကင်ဗီးနစ်

နတ်မိမယ်ရဲ့ အနိုင်ကျင့် စော်ကားမှုတွေက သူ့အတွက် လုံလောက်သွားခဲ့ပါပြီ။ ပြီးတော့ စားပွဲခုံကို ပြောင်းထိုင်ပြီး သူက ခေါင်းဆောင်နေရာကို ပြန်ယူချင်နေပါပြီ။ ရလဒ်ကတော့ အရမ်းကို ကောင်းမွန်ပါတယ်။ သိပ်မကြာခင်မှာပဲ သူက အနက်ရောင်မျှော်စင်ရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။

တကယ်လို့ ကောင်းကင်ဖီးနစ် နတ်မိမယ်က နတ်ဘုရားအဆင့်ကို ဂင်ရောက်သွားခဲ့ရင် သူမရဲ့ အလှအပက လူတွေကို ပျာယာခတ်သွားစေဖို့ လုံလောက်ပါတယ်။

ရုတ်တရက်ဆိုသလိုပဲ လင်းဟန်က ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ အတိတ်က အကြောင်းကို တသသဖြစ်နေပြီး ဓားကောရာဇ်နဲ့ နေသတ်ဖြတ်သူ ကောရာဇ်တို့လည်း ပါဂင်ပါတယ်။ ဒီကောင်တွေ သေသွားခဲ့တာ တော်တော်ကို ကြာနေပြီလား။ ဒါမှမဟုတ် သူတို့တွေက နတ်ဘုရား အဆင့်ကို အဆင့်တက် သွားခဲ့ပြီလား။ သီအိုရီအရ ကျန်းယွဲ့ဖုန်းတောင် နတ်ဘုရား အဆင့်ကို ဂင်ရောက်သွား နိုင်တယ်ဆိုရင် ဒီကောင်တွေ အတွက်က ပြဿနာ နည်းနည်းလေးမှ ရှိလိမ့်မှာ မဟုတ်ပါဘူး။

"နင်က အတွေးနယ်တောင် ချဲ့နေပြီလား"

လှိုင်ယုထန်က သဂၤန်တိုပြီးတော့ လင်းဟာန်ရဲ့ ခါးကို ဆွဲဆိတ်လိုက်ပါတယ်။ သူမက နောက်တစ်ဖက်မှာ လီစီရှန်းကလည်း ဆွဲဆိတ်လိုက်တာကို မြင်လိုက်ရတဲ့အခါ သူမက မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

လင်းဟာန်က မေးလိုက်ပါတယ်။

"ဒါဆိုရင် ဆောင်းလဂိုဏ်း အကြောင်းကရော ဘယ်လိုရှိလဲ။ သူတို့မှာရော အံ့အားသင့်စရာ ကောင်းတဲ့ ပါရမီရှင်တွေ မရှိဘူးလား"

"ဆောင်းလဂိုဏ်းမှာ ဆိုရင်တော့ အောင်းကလန်ရဲ့ သားခုနှစ်ယောက်က အစွမ်းထက်ဆုံး ဖြစ်လိမ့်မယ် "

လင်းရှန်းချင်က နည်းနည်းလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"အောင်းဖန်ရဲ့ ခုနစ်ယောက်မြောက် သားလား"

လင်းဟာန်က မေးလိုက်ပါတယ်။

"မဟုတ်ဘူး။ အောင်းဖန်မှာ သားခုနစ်ယောက် ရှိပြီးတော့ သူတို့အားလုံးက ပါရမီရှင်တွေပဲ။ သူတို့ကို အောင်းကလန်ရဲ့ သားခုနစ်ယောက်လို့ လူသိများကြတယ်"

ရှဂမ်ထျန်းက ရှင်းပြလိုက်ပါတယ်။

"ဒီလူခုနစ်ယောက်လုံးက စိတ်ဂိညာဉ်ပင်လယ် အထွတ်အထိပ်အဆင့်တွေပဲ။ ပြီးတော့ သူတို့ တစ်ယောက်ဆီတိုင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို အချိန်မရွေး အဆင့်တက်ဖို့ အရမ်းကို ဖြစ်နိုင်ချေ ရှိကြတယ်"

နဂါးတစ်ကောင်မှာ သားကိုးယောက်ရှိတယ်။ ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက်က တကယ်ပဲ မတူညီကြဘူး။ အောင်းယန်မင်းက ဒြပ်စင်စုစည်းခြင်း အဆင့်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ ညီအစ်ကိုတွေကတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ပါတော့မယ်။ ဒါပေမဲ့လည်း ပိုပြီးတော့ သနားစရာကောင်းတဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်း အဆင့်မှာပဲ ရှိနေသေးတဲ့ လူတချို့ ရှိပါသေးတယ်။

လင်းဟန်က သူ့ရဲ့ မေးစေ့ကို ပွတ်ပြီးတော့

မေးလိုက်ပါတယ်။

"ဒီလူခုနစ်ယောက် ဘယ်သူတွေလဲ"

ဂူဖန်းဟွာက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"အောင်းဖန်မှာ တိတ်တိတ်ပုန်း သားသမီးတွေ အများကြီးရှိတယ်။ ဘယ်သူက သူတို့အားလုံးကို မှတ်မိနိုင်မှာလဲ။ ဒီအုပ်စုထဲမှာ ဒီလူခုနစ်ယောက်က အထူးချွန်ဆုံးပဲ ဒါကြောင့် သူတို့ကို အောင်းအကြီးဆုံး အောင်းဒုတိယ အောင်းတတိယ ဆိုပြီးတော့ အောင်းခုနစ် အထိ နာမည်တွေကို ခွဲပြီးတော့ ပေးထားတယ်"

လင်းဟန်က သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ အေးစက်တဲ့ ချွေးတွေ စုလာသလို ခံစားလိုက်ရပါတယ်။ အောင်းဖန်မှာ သားသမီးတွေ အများကြီး ရှိတဲ့အတွက် အပြင်လူတွေက ဘယ်လိုလုပ်ပြီးတော့ သူတို့ရဲ့ နာမည်တွေကို ရှင်းရှင်းလင်းလင်းနဲ့ မှတ်မိနိုင်မှာ မဟုတ်ပါဘူး။

တကယ်လို့ သူက ဒီခုနစ်ယောက်ကို မသန်မစွမ်း ဖြစ်အောင် လုပ်လိုက်မယ်ဆိုရင် အောင်းဖန်က အသည်းတွေကျိုးပဲ့ ကုန်ပါလိမ့်မယ်။

လင်းဒေါင်ရှန် ခံစားခဲ့ရတာကို ပြန်ပြီးတော့ သတိရသွားတဲ့မှာ လင်းဟာန်က အမုန်းတွေ အပြည့်နဲ့ အံကို ကြိတ်ထားလိုက်ပါတယ်။ အောင်းဖန်ကို သေချာပေါက် ချန်ထားပြီးတော့ နောက်ဆုံးကျမှ သတ်ပစ်ရပါမယ်။ သူ့ကို မသေခင်မှာ လူတစ်ယောက်ရဲ့ နှလုံးသားထဲက မရှိတင်ကဲ ပူပန်သောက ဒဏ်ကို ခံစားရတဲ့ အရသာကို မြည်းစမ်းခိုင်းပြီးတော့မှ သေခွင့်ပေးရပါလိမ့်မယ်။

သူရဲ့ အကြံတွေက အရမ်းကို အောင်မြင်ပါတယ်။ သူက နှစ်ပေါင်း တစ်ရာကျော် သက်တမ်းရှိ ဂျင်ဆင်းပင်နဲ့ ဆေးဖက်ဝင် အပင်တွေ အများကြီး ရောင်းချနိုင်ခဲ့ပြီးတော့ ရှုးလောက်စရာ ပမာဏ ဖြစ်တဲ့ မူလစွမ်းအင် ခရစ်စတယ် လေးသိန်းနီးပါး ရရှိခဲ့ပါတယ်။ တစ်ခုနားလည်ထားရမှာက မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုက လူတွေအများကြီးတောင်မှ သူတို့က မူလစွမ်းအင် ခရစ်စတယ် တစ်သိန်းကျော်လောက်ပဲ သုံးစွဲနိုင်ခဲ့တာပါ။ ဒါပေမဲ့ ဒီနေရာမှာ လူဆယ်ယောက်ထက်မနည်း ရှိပြီးတော့ ဂျင်ဆင်းပင်တွေနဲ့ ဆေးဖက်ဝင် အပင်တွေကို မူလစွမ်းအင် ခရစ်စတယ် လေးသိန်းနီးပါးထိ ဝယ်ယူနိုင်ခဲ့ပါတယ်။ ဒါက မြောက်ပိုင်းဒေသက လူတွေက ဘယ်လောက်တောင် ချမ်းသာကြွယ်ဝ သလဲဆိုတာ သက်သေပြနေခဲ့ပါတယ်။

တကယ်လို့ တစ်ယောက်ယောက်က သူ့ကိုယ်သူ တခြားသူနဲ့ နှိုင်းယှဉ်မယ်ဆိုရင် သူက ဒေါသတွေထွက်ပြီး သေသွားနိုင်ပါတယ်။

လူတိုင်းလူတိုင်းက တစ်ယောက်နဲ့ တစ်ယောက် စကားစမြည်ပြောပြီး သူတို့ရဲ့ လက်ရှိ အခြေအနေ သတင်းအချက်အလက်တွေကို ဖလှယ်နေကြပါတယ်။ မကြာခင်မှာပဲ သူတို့က ထွက်ခွာသွားကြပါတယ်။ လင်းဟန်ကလည်း တောက်ပသော ကြယ်နန်းတော် ခန်းမဆီကို အလည်အပတ်သွားခဲ့ပြီး လုံယုံကျန်းနဲ့ တခြားသူတွေဆီက ချေးငှားထားတဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ပြန်ပြီးတော့ ပေးဆပ်ခဲ့ပါတယ်။ အစပိုင်းတုန်းက တကယ်လို့ မလုံလောက်ရင် သူက ကပ်ဘေးခုနစ်ခု ချိုးဖြတ်ခြင်း ဆေးလုံးကို သုံးပြီးတော့ ကျန်နေတဲ့ ပမာဏကို ဖာထေးဖို့ စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ မြောက်ပိုင်းဒေသက လူတွေက အထင်ကြီးစရာ ကောင်းလောက်အောင် ချမ်းသာလိမ့်မယ်လို့ မထင်ထားမိခဲ့ပါဘူး။

ချန်ဖေးကျွင့် ပျောက်သွားပြီး နှစ်ရက်အကြာမှာတော့ တောက်ပသော ကြယ်နန်းတော် ခန်းမရဲ့ အာရုံကို

ဆွဲဆောင်မှု ဖြစ်စေခဲ့ပြီး ဒီလူငယ် မော်ဆေးပညာရှင်ကို ရှာဖွေဖို့အတွက် သူတို့ရဲ့ လူတွေကို စေလွှတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက ချန်ဖေးကျွင့်ကို ရှာတွေ့နိုင်မှာလဲ။ အစပိုင်းမှာ တချို့က ချန်ဖေးကျွင့် ပျောက်ဆုံးသွားတာက လင်းဟန်နဲ့ ဆက်နွယ် ပတ်သက်လိမ့်မယ်လို့ ယူဆထားကြပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ချန်ဖေးကျွင့်ကို လောင်ကျိဖန်းရဲ့ ကျောင်းတော်သားပုံစံ လူငယ်က ခေါ်ထုတ်သွားတယ် ဆိုတာကို ရှင်းရှင်းလင်းလင်း ရှာတွေ့သွားခဲ့ပါတယ်။

ဟုတ်ပါတယ်။ အခုဆိုရင် ချန်ဖေးကျွင့် တစ်ယောက်တည်း ပျောက်သွားခဲ့တာ မဟုတ်ပါဘူး။ လောင်ကျိဖန်းနဲ့ သူရဲ့ ကျောင်းတော်သား လူငယ်လည်း အစအနရှာမရပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီကိစ္စက လင်းဟန်နဲ့ မပတ်သက်တော့ပါဘူး။

လင်းဟန်က မီးပုံထဲကို နောက်ထပ် မီးစာတွေ ထပ်ထည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လောင်ကျိဖန်းက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ထုတ်ဖော်လိုက်ပြီး ဒီမကောင်းဆိုးဝါး ဂိုဏ်းနဲ့ ရင်ဆိုင်ဖို့ ကမ္ဘာကြီးကို နိုးကြား တက်ကြွနေအောင်လို့ လုပ်ရပါလိမ့်မယ်။

အလောင်းတစ်ထောင်ဂိုဏ်းက မြောက်ပိုင်း အစွန်အဖျားကို ဖျက်ဆီးဖို့တောင် လုပ်နိုင်ခဲ့ပြီးတော့ သူတို့အနေနဲ့ မြောက်ပိုင်းဒေသ တစ်ခုလုံး ဒါမှမဟုတ် ကမ္ဘာကြီး တစ်ခုလုံးကိုတောင်မှ ဖျက်ဆီးဖို့ စဉ်းစားနေတယ်ဆိုတာ မဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။

သူက ကွမ်းယွမ်၊ ကျူးပူကျို့နဲ့ တခြားသူတွေကို ကောလာဟလတွေ ဖြန့်ခိုင်းခဲ့ပါတယ်။ သူတို့က စားသောက်ဆိုင်တွေ တည်းခိုခန်းတွေမှာ ဒီအကြောင်းအရာတွေကို ဘေးပတ်ဝန်းကျင်ကို ဂရုမထားပဲ ပြောဆိုခဲ့ပါတယ်။ ဒီလိုမျိုး ကောလာဟာဆိုတာက အတောင်ပံ ပါသလိုမျိုး ကမ္ဘာကြီး တစ်ခုလုံးကို လျင်မြန်စွာနဲ့ ပြန့်နှံ့သွားနိုင်ပါတယ်။

တကယ်ပါပဲ။ ရက်အနည်းငယ်အတွင်းမှာ မြို့ငယ်လေးရဲ့ နေရာအနှံ့အပြားမှာ အလောင်းတစ်ထောင် ဂိုဏ်းရဲ့အကြောင်းကို အတင်းအဖျင်း ကောလာဟလတွေ ပြောနေကြပါတယ်။ ဒီအဖွဲ့အစည်းက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတဲ့ အကြောင်းနဲ့ သူတို့တွေက ကမ္ဘာကြီး တစ်ခုလုံးကို အလောင်းကောင် နယ်မြေတစ်ခု အဖြစ်ကို ပြောင်းလဲပစ်ဖို့ ကြံစည်နေတယ်ဆိုတဲ့ အကြောင်းတွေကို

ပြောနေကြပါတယ်။

အတင်းအဖျင်းတွေရဲ့ ထုံးစံအတိုင်းပါပဲ။ ကောလာဟလတွေ အပေါ်မှာ လူတွေက ပိုပိုပြီးတော့ ချဲ့ကားပြောဆိုလာတဲ့ အတွက် အလောင်းတစ်ထောင် ဂိုဏ်းကို ပိုပိုပြီးတော့ မကောင်းဆိုးဂါးဆန်တဲ့ အကြောင်းကို ပိုမိုချဲ့ကား ပြောဆိုပြီးတော့ ကောလာဟလတွေက ပြန့်နှံ့လို့နေပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ဒီဟာက အရမ်းကို ကောင်းတဲ့ အရာတစ်ခုပဲလို့ တွေးထားပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ဆန့်ကျင်ရင်ဆိုင်ဖို့ သတိဂီရိယရှိနေဖို့ တကယ်ပဲ လိုအပ်ပါတယ်။ ဒီအဖွဲ့အစည်းက တကယ့်ကို မကောင်းဆိုးဂါးဆန်ပါတယ်။

Chapter 315 end

အပိုင်း(၃၁၆) ခြုံထည်နဲ့ အမျိုးသမီး ပြန်ပေါ်လာခြင်း

နောက်ထပ် ရက်အနည်းငယ် အကြာမှာတော့ လင်းဟာန်က သူ့ရဲ့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်တဲ့အကြောင်း အသိအမှတ်ပြု ထောက်ခံချက်ကို ရရှိခဲ့ပါတယ်။ ဘယ်လိုရှုထောင့်ကပဲ ကြည့်ကြည့်ပါ။ သူက တစ်ရာ ရာခိုင်နှုန်း မြေကမ္ဘာအဆင့် မော်ဆေးပညာ ပါရမီရှင်

တစ်ယောက်ပါပဲ။

"ငါတို့ ထွက်ခွာသင့်ပြီ"

လင်းဟန်က လက်ဖျောက်တီးပြီးတော့ တခြားသူတွေကို ဦးဆောင်ပြီး လမင်းကျဆင်း ချောက်နက်ကနေ ဆောင်းလဂိုဏ်းဆီကို ဦးတည်ပြီးတော့ ထွက်လာခဲ့ကြပါတယ်။

မြောက်ပိုင်းဒေသရဲ့ ကြီးမားကျယ်ပြန့်တဲ့ မိုးကုပ်စက်ပိုင်းကြီးက သူတို့ရဲ့အရှေ့မှာ လှပစွာနဲ့ ပေါ်ထွက်လို့ လာခဲ့ပါတယ်။ ဒီပတ်ဂန်းကျင်ကို မြင့်မားတဲ့ တောင်ကြီးတစ်လုံးက ပိုင်းခြားထားပါတယ်။ အမှန်တကယ်တော့ ဒီပတ်ဂန်းကျင် နှစ်ခုရဲ့ ရာသီဥတုက သိသိသာသာ မကွဲပြားပါဘူး။

မြောက်ဘက်အစွန်အဖျားက အရမ်းကို ချောက်သွေ့ပြီး အရမ်းကို အေးပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းဒေသကတော့ အရမ်းကို နွေးထွေးပြီး ရာသီဥတုက မျှတပါတယ်။ ဒီနေရာမှာ မြင့်မားတဲ့ သစ်ပင်ကြီးတွေက သစ်ရွက်တွေ ဝေဝေဆာဆာနဲ့ ရှင်သန်နေပါတယ်။ ဒါက မြောက်ဘက်အစွန်အဖျားနဲ့ မတူပါဘူး။ မြောက်ဘက်အစွန်အဖျားဒေသက မြက်ခင်းစိမ်း

လွင်ပြင်တွေနဲ့ အရမ်းကို အေးစိမ့်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ စိတ်ဂိညာဉ်ချီတွေက ပိုပြီးတော့ သိပ်သည်းပါတယ်။

“နောက်ဆုံးအကြိမ် ငါဒီနေရာကို လာခဲ့တာက လွန်ခဲ့တဲ့ ဆယ့်ခုနစ်နှစ်တုန်းကပဲ”

ကွမ်းယွမ်က တမ်းတမ်းတတနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေထဲက နာကျင်မှုနဲ့ ဒေါသတွေကိုတောင် သတိပြုမိစေနိုင်ပါတယ်။

“အစ်ကိုကြီးကွမ်း… ဒီနေရာမှာ ကျင့်ကြံခြင်းအတွက် အခြေအနေက မိုးရေနိုင်ငံထက် သိသိသာသာ ကောင်းမွန်နေတာကို ဘာဖြစ်လို့ ပြန်လာခဲ့တာလဲ”

လှီယုထန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။သူမက လင်းဟာန်ကြောင့် ကွမ်းယွမ်ကို စီနီယာလို့ ခေါ်ဆိုဖို့ မဖြစ်နိုင်ပါဘူး။

ကွမ်းယွမ်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"မြောက်ပိုင်းဒေသမှာ မင်းကိုယ်မင်း ရပ်တည်ဖို့က အရမ်းကို ခက်ခဲတယ်"

သူက ခေါင်းကို ခါလိုက်ပါတယ်။

"ဒီနေရာက စိတ်ဂိညာဉ်ချီတွေက ပိုပြီးတော့ သိပ်သည်းတယ် ဆိုတာက သေချာတာပေါ့။ ဒါပေမဲ့ မော်ဆေးလုံး အထောက်အပံ့ မရှိပဲနဲ့ စိတ်ဂိညာဉ်ချီ သိပ်သည်းရုံနဲ့ ဘာလုပ်လို့ရနိုင်မှာလဲ။ မြောက်ပိုင်းဒေသမှ သိုင်းပညာရှင်တွေ အများကြီး ရှိကြတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် လက်ရွေးစင်တွေတောင် ငွေအများကြီး မရှာနိုင်ဘူးဆိုရင် သူတို့က မူလစွမ်းအင် ခရစ်စတယ်တွေကို လိမ်လိမ်မာမာနဲ့ သန့်စင်ရလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ မူလစွမ်းအင် ခရစ်စတယ်ကို သန့်စင်နေမယ်ဆိုရင် ကျင့်ကြံဖို့အတွက် ဘယ်လိုလုပ် အချိန်အများကြီး ရနိုင်တော့မှာလဲ"

"ဒီနေရာမှာ အစွမ်းထက်တဲ့ သူတွေ အများကြီးရှိတယ်ယ။ တကယ်လို့ လူတစ်ယောက်က ကောင်းမွန်တဲ့ ဘဂတစ်ခုကို လိုချင်တယ်ဆိုရင် အဲဒီလူက အနည်းဆုံး စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိရလိမ့်မယ်"

လှိုင်ယုထန်နဲ့ တခြားသူတွေက ချက်ချင်းဆိုသလို တိတ်ဆိတ်သွားကြပါတယ်။ အခုပြောနေတာက စိတ်ဂိညာဉ်ပလ္လင် အဆင့်ဖြစ်ပါတယ်။ မိုးရေနိုင်ငံမှာဆိုရင် အင်အားကြီး ကလန် ရှစ်ခုလိုမျိုး အစွမ်းထက်ဆုံး အဖွဲ့အစည်းတွေမှာပဲ ရှိပါတယ်။ ဘယ်သူကများ သက်တောင့်သက်သာရှိတဲ့ ဘဂနေထိုင်မှုကို ချန်ထားရစ်ပြီးတော့ မြောက်ပိုင်းဒေသကို ပြေးလာပြီး သူတို့ရဲ့ ကိုယ်ပိုင်နေရာ အတွက် နောက်တစ်ကြိမ် စတင် တိုက်ခိုက်နေတော့မှာလဲ။

ဒါ့အပြင် မိုးရေနိုင်ငံမှာ စိတ်ဂိညာဉ်ပလ္လင် အဆင့်ဆိုတာက သိုင်းပညာလမ်းကြောင်းကို လျှောက်လမ်းတဲ့ သူတစ်ယောက် အဝေးဆုံး သွားနိုင်တဲ့ နေရာတစ်ခုလို့ သတ်မှတ်ပြီး ယူဆထားကြပါတယ်။ ပြီးတော့ နောက်ပိုင်းမှာ နောက်တစ်လှမ်းတက်ပြီး အဆင့်တက်ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိနိုင်ပါဘူး။ ဒါကြောင့်လည်း မြောက်ပိုင်းဒေသကို လာရတဲ့ အဓိက အချက်တစ်ခု ဖြစ်နေရတာပဲ မဟုတ်လား။ ပန်းဖူးအဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ရရှိဖို့လား။ ဒါက မိုးကောင်းကင်ပေါ်ကို တက်ရတာထက်တောင် ပိုပြီးတော့ ခက်ခဲပါတယ်။

ဒီလိုမျိုး ကျင့်ကြံခြင်း နည်းစနစ်ကို အဖွဲ့အစည်းတိုင်းက

ကောင်းကောင်း သိုပှက်ထိန်းသိမ်း ထားပြီးတော့ ကြီးကြီးမားမား ကာကွယ်ထားကြ ပါလိမ့်မယ်။ ပြီးတော့ တခြားအဖွဲ့ကနေ ထူးချွန်ထက်မြက်တဲ့ အစွမ်းထက်တဲ့သူ တစ်ယောက် လွယ်လွယ်နဲ့ ထွက်ပေါ်လာမှာကိုလည်း ခွင့်ပြုမှာ မဟုတ်ပါဘူး။

မြောက်ပိုင်းဒေသက ဂိုဏ်းပေါင်းများစွာထဲမှာမှ ဆောင်းလဂိုဏ်းက မြောက်ဘက် အစွန်အဖျား နိုင်ငံကိုးခုနဲ့ အနီးစပ်ဆုံး ဂိုဏ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လမင်းကျဆင်း ချောက်နက်ကနေ ထွက်လာခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ဆောင်းလဂိုဏ်း တည်ရှိရာ နေရာဖြစ်တဲ့ ယုလောင်တောင်တန်းဆီကို ရောက်ဖို့အတွက် အချိန်လဂက်လောက် ခရီးဆက်ဖို့ ရပါဦးမယ်။

ယုလောင်တောင်တွေက အရမ်းကို ကြီးမားကျယ်ပြန့်တဲ့ တောင်စဉ်တစ်ခု ဖြစ်ပါတယ်။ တောင်ဘက်ကနေ မြောက်ဘက်ကို မိုင်ပေါင်း တစ်သောင်းကျော် ရှည်လျားပြီး အရှေ့ဘက်ကနေ အနောက်ဘက်ကိုတော့ မိုင်ပေါင်း ၂ဂဂဂ ကျော် ကျယ်ပြန့်ပါတယ်။ မြောက်ပိုင်းဒေသမှာတော့ ဒီယုလောင်တောင်တန်းကို အကြီးမားဆုံး တောင်စဉ်တွေထဲက တစ်ခုလို့ သတ်မှတ်ထားပါတယ်။ တောင်တွေပေါ်မှာ အမျိုးမျိုးသော စိတ်ဂိညာဉ်

ဆေးပင်အရင်းအမြစ်တွေရှိသလို ဆေးဖက်ဝင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုတဲ့ တန်ဖိုးကြီးတဲ့ မှိစ္စာသားရဲ တော်တော်များများလည်း ရှိပါတယ်။

ပြီးတော့ ဒီလိုမျိုး ကြီးမားပြီး တန်ဖိုးရှိတဲ့ တောင်စဉ်ကြီးက ဆောင်းလဂိုဏ်းရဲ့ ကိုယ်ပိုင်ပစ္စည်းဥစ္စာ ဖြစ်ပါတယ်။ တကယ်လို့ သူတို့ဂိုဏ်းက မဟုတ်တဲ့ သိုင်းပညာရှင်တွေ ဘယ်သူမဆို တောင်တွေထဲကို ကျူးကျော်ဝင်ရောက်ပြီးတော့ အတွင်းမှာရှိတဲ့ စိတ်ဂိညာဉ်ဆေးပင်တွေနဲ့ မှိစ္စာသားရဲတွေကို ခိုးယူရဲတယ်ဆိုရင် တစ်ကြိမ်ဖမ်းမိတာနဲ့ သူရဲ့ကံကြမ္မာက သေခြင်းတရား တစ်ခုတည်းပဲ ဖြစ်ပါလိမ့်မယ်။ လုံးဝကို မျှော်လင့်ချက် မရှိပါဘူး။ ဒါပေမဲ့လည်း ဆောင်းလဂိုဏ်းက ဒီကြီးမားကျယ်ပြန့်တဲ့ တောင်တန်းကြီးကို ကာကွယ်ဖို့ အကာအကွယ် အစီအရင်တွေကို ပုံစံချထားပါတယ်။ ဒါကြောင့် အားနည်းတဲ့ သိုင်းပညာရှင်တွေက ဘယ်လိုနည်းလမ်းနဲ့မှ ခိုးဝင်ဖို့ နည်းလမ်း လုံးဝ မရှိပါဘူး။

လင်းဟန်က လမ်းမှာ အသွင်ပြောင်းလဲတဲ့ ဆေးလုံးတွေ တော်တော်များများကို ဖော်စပ်ခဲ့ပါတယ်။ ဒီဆေးလုံးတွေက စားရတာမဟုတ်ပါဘူး။ မျက်နှာကို ပွတ်သပ်ပေးရတာပဲ ဖြစ်ပါတယ်။ ဒီဆေးလုံးတွေက လူတစ်ယောက်ရဲ့ မျက်နှာကို

ဆန္ဒရှိသလို ပြောင်းလဲပေးနိုင်ပါတယ်။ ပြီးတော့ ဆေးအာနိသင်တွေ ခဲလာတဲ့အခါကျရင် အဲဒီလူက လုံးဝကို မတူညီတဲ့ လူတစ်ယောက်အဖြစ် ပြောင်းလဲသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း အသွင်ပြောင်းလဲခြင်း ဆေးလုံးက ဆယ်ရက်လောက်ပဲ ခံနိုင်ပါတယ်။ ဒါအပြင် အသုံးပြုတဲ့သူ အနေနဲ့ သူရဲ့ မျက်နှာကို ဒီဆယ်ရက်အတွင်းမှာ မသစ်ရပါဘူး။ ဆေးလုံးရဲ့ အာနိသင်တွေက ရေနဲ့ထိမိလိုက်တဲ့ အခါကျရင် ပျက်ပြယ်သွားပြီး သိပ်မကြာခင်မှာ သူရဲ့ ရုပ်ရည် အစစ်အမှန် ထွက်ပေါ်လာပါလိမ့်မယ်။

လင်းဟန်က ဆောင်းလဂိုဏ်းထဲကို ဝင်ဖို့ အစီအစဉ်ရှိပါတယ်။ ကြီးကြီးမားမား ပျက်စီးအောင်လို့ သူက ဆေးပင်တွေကို ခိုးယူရပါလိမ့်မယ်။ ပြီးတော့ သူ့အမေရဲ့ သတင်းတွေကိုလည်း စုံစမ်း စစ်ဆေးရပါမယ်။ အကောင်းဆုံး ဖြစ်လာမဲ့ ဇာတ်ညွှန်းက သူအနေနဲ့ စိတ်ဂိညာဉ် ပြန်လည် ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်ဖို့ လိုအပ်နေတဲ့ စိတ်ဂိညာဉ် ဆေးပင် နှစ်မျိုးကို ဆောင်းလဂိုဏ်းထဲမှာ ရှာဖွေရပါလိမ့်မယ်။ ပြီးတဲ့နောက်မှာ တိမ်မီးခိုးမြို့ကို ချက်ချင်း ပြန်သွားပြီး သူ့အဖေရဲ့ စိတ်ဂိညာဉ်အခြေခံကို ပြန်ကုသပေးရပါလိမ့်မယ်။ အဲဒါတွေ ပြီးတဲ့နောက်မှာတော့

သူက လင်းဒေါင်ရှန်ကို မော်ဆေးလုံးတွေ တိုက်ကျွေးပြီးတော့ လင်းဒေါင်ရှန်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို လျင်မြန်စွာနဲ့ တွန်းတင်ပေးရပါမယ်။

ကန်းရီရဲ့ မျက်နှာပုံစံက အရမ်းကို ထင်ရှားပြီး ပြတ်သားပါတယ်။ ကွမ်းယွမ်ကတော့ လက်ခံနိုင်တဲ့ အသက်အရွယ်ကို ကျော်လွန်သွားခဲ့ပါပြီ။ ပြီးတော့ လို့ယုထန်နဲ့ လီစီရှန်းတို့က သူမတို့ရဲ့ မျက်နှာတွေကို ဆယ်ရက်တောင် မသန့်ရှင်း မဆေးကြောပဲနဲ့ လုံးဂမနေနိုင်ပါဘူး။ ကျူးပူကျို့ကျတော့ သူ့ရဲ့ ပါရမီကို ကြည့်ရတာ အတော်လေးနိမ့်ပါးနေပါတယ်။ ဒါကြောင့် ဆောင်းလဂိုဏ်းက သူ့ကို တပည့်အဖြစ်ရွေးချယ်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်က သူတို့အားလုံးကို အပြင်မှာထားခဲ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူတစ်ယောက်တည်းပဲ လှုပ်ရှား ရပါလိမ့်မယ်။

ဟူးညိုက အရမ်းကို ငယ်ပါသေးတယ်။ ဘယ်ဂိုဏ်းကမှ ဒီလိုမျိုး မိန်းကလေးကို ခေါ်လိမ့်မှာ မဟုတ်ပါဘူး။ ဘယ်သူကများ ဒီမိန်းကလေးငယ်လေးကို ဂရုစိုက်ချင်မှာလဲ။ ပြီးတော့ ဟူးညိုရဲ့ ကျင့်ကြံခြင်းသာ ပေါက်ကြားသွားမယ်ဆိုရင် ကြီးမားတဲ့ ဆူညံပွက်လောရိုက်မှုကြီး တစ်ခုကို

ဖန်တီးသွားစေပါလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်ကျရင် ဖန်းယန်က သူတို့ကို သတိပြုမိ သွားပါလိမ့်မယ်။

ဒါအပြင် ဟူးညိုက ဒီနေရာမှာ ရှိနေတဲ့အတွက် လင်းဟန်နဲ့ ဘယ်လိုလုပ်ပြီးတော့ ဂေးနေမှာလဲ။

ဒါကြောင့် ဒီမိန်းကလေးကို ကျန်တဲ့သူတွေနဲ့ အတူပေးနေရပါမယ်။

မြင်းလှည်းက လမ်းတစ်လျှောက်လုံး ကျောက်ခဲလမ်းကြောင့် ယိမ်းထိုးလှုပ်ခါနေပါတယ်။ သူတို့တွေ ဆောင်းလဂိုဏ်းရဲ့ အနီးနားကို ရောက်တဲ့အခါမှာ ပတ်ဂန်းကျင်က တိုက်ခိုက်သံတွေကို ကြားရပါတယ်။ သိပ်မကြာခင်မှာ ခြုံထည်တစ်ခုနဲ့ တစ်ကိုယ်လုံးကို ဖုံးကွယ်ထားတဲ့ အမျိုးသမီးတစ်ယောက်က သူတို့ရဲ့ မြင်းလှည်းအရှေ့မှာ ပေါ်လာပါတယ်။

သူမက မြင်းရထား ဖြည်းညင်းစွာ သွားနေတာကို မြင်လိုက်ရတဲ့အခါမှာ သူမရဲ့ မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်မှု တစ်စွန်းတစ်စ ပေါ်လာခဲ့ပါတယ်။ သူမက ခြေလှမ်းကျဲကြီးတွေနဲ့ အတူ မြင်းလှည်းရဲ့ အနောက်ဘက်ကနေ အထဲကို ဂင်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က အသွင်ပြောင်းလဲခြင်း ဆေးလုံးကို အသုံးပြုထားပြီး သူရဲ့ မျက်နှာက ပြောင်းလဲနေပါပြီ။ ပြီးတော့ မှန်ရဲ့ အရှေ့မှာ သူ့ကိုယ်သူ အဂတ်လဲနေပါတယ်။ လွှိယုထန်နဲ့ ကျန်တဲ့ မိန်းကလေးနှစ်ယောက်က အနက်ရောင် မျှော်စင်ထဲမှာပါ။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ သူရဲ့အရှေ့မှာ မျက်နှာစိမ်းတစ်ယောက် ပေါ်လာခဲ့တာကို မြင်လိုက်ရပြီးတော့ အံ့အားသင့်သွား ခဲ့ပါတယ်။

သူ အံ့အားသင့်သွားသလိုပဲ အမျိုးသမီးက ပိုပြီးတော့တောင် အံ့အားသင့်သွားပါတယ်။

ကြီးကျယ်မြင့်မြတ်တဲ့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်က မှန်အရှေ့မှာ အခုလိုမျိုး ရှက်ကိုးရှက်ကန်းနဲ့ ပြုမှုနေတယ်။ ဘယ်လိုအမျိုးအစား တဏှာရူးများလဲ။

“အာ… မင်းကိုကြည့်ရတာ အထင်လွဲနေတဲ့ ပုံစံပဲ”

လင်းဟန်က အားနည်းစွာနဲ့ ပြောလိုက်ပါတယ်။

“တိတ်တိတ်နေ”

သူမက ခက်ထန်စွာနဲ့ ပြောလိုက်ပါတယ်။ သူမက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟန်ရဲ့ လည်ပင်းကို ဖမ်းဆုပ်ထားခဲ့ပြီး ပြောလိုက်ပါတယ်။

"ငါ့အတွက် ကာကွယ်ပေးစမ်း။ အဲလိုမှမဟုတ်ရင် ငါနင့်ကို လည်ပင်းညှစ်ပြီး သတ်ပစ်ရလိမ့်မယ်"

လင်းဟန်က မကြောက်ပါဘူး။ သူမလှုပ်ရှားတဲ့ အချိန်ကျရင် သူက ချက်ချင်းဆိုသလို အနက်ရောင် မျှော်စင်ထဲကို ဝင်သွားနိုင်ပါတယ်။ သူလိုမျိုး ကောင်းကင်အဆင့်ရဲ့ နတ်ဘုရား အာရုံရှိတဲ့ လူတစ်ယောက်က စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိတဲ့ လူတစ်ယောက်ထက် အလိုအလျောက် တုံ့ပြန်မှုမှာ နှေးကွေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သူက သိချင်စိတ် ပြင်းပြနေတာ တစ်ခုတည်းပါပဲ။ ခြုံထည်တွေ ဝတ်ထားတတ်တဲ့ အမျိုးသမီးတွေ အများကြီး ရှိကြတယ် ဆိုပေမဲ့လည်း သူမရဲ့ အသံကြောင့် သူ့အနေနဲ့ လုံးဝမှားစရာ အကြောင်းလုံးဝ မရှိပါဘူး။ ဒီအမျိုးသမီးက လွန်ခဲ့တဲ့ ရက်အနည်းငယ်က လမင်းကျဆင်း ချောက်နက်မှာ လေလံပွဲ ပါဝင်ဆင်နွှဲသွားတဲ့ သူပဲ ဖြစ်ပါတယ်။

သူမက ဒီနေရာမှာ ဘာကြောင့် ရှိနေတာလဲ။ ပြီးတော့

သူမကို ဘယ်သူက တိုက်ခိုက်တာလဲ။

မြင်းလှည်းက ရုတ်တရက် ရပ်သွားခဲ့ပါတယ်။

"ခြံုထည်နဲ့ အမျိုးသမီးတစ်ယောက် ဖြတ်သွားတာကို မင်းမြင်လိုက်လား"

အကြီးအကဲ တစ်ယောက်ရဲ့ အသံကို ကြားလိုက်ရပါတယ်။ သူက လမင်းကျဆင်း ချောက်နက်က လေလံပွဲမှာ ခြုံထည်နဲ့ အမျိုးသမီးကို ပြိုင်ပြီးတော့ လေလံဆွဲခဲ့တဲ့ ပန်းဖူးအဆင့် အကြီးအကဲပဲ ဖြစ်ပါတယ်။

ခြုံထည်ဂဝတ်ထားတဲ့ အမျိုးသမီးရဲ့ ခန္ဓာကိုယ်က သိသိသာသာ တုန်ယင်လို့ နေပါတယ်။ သူမက အားနဲ့ ဖိနှိပ်ခံထားရပါတယ်။ ပန်းဖူးအဆင့်ရဲ့ နတ်ဘုရားအာရုံက အရမ်းကို အစွမ်းထက်ပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပြီးတော့ သူရဲ့ နတ်ဘုရား အာရုံကို အသက်သွင်းပြီး အမျိုးသမီးကို ပိုင်းရံထားလိုက်ပါတယ်။

ဒါက ကောင်းကင်အဆင့်ရဲ့ နတ်ဘုရား အာရုံ ဖြစ်ပါတယ်။

အမျိုးသမီးက နည်းနည်းလေးမှ သတိမထားမိပါဘူး။ ပြီးတော့ ပန်းဖူးအဆင့် အကြီးအကဲလည်း အတူတူပါပဲ။

“ဟင့်အင်”

မြင်းလှည်းမောင်းသမားက ချက်ချင်းပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

ပန်းဖူးအဆင့် အကြီးအကဲက နတ်ဘုရားအာရုံကို အသုံးပြုပြီးတော့ မြင်းလှည်းနစ်စီးကို အကြိမ် အနည်းငယ် စစ်ဆေးလိုက်ပါတယ်။ ဒါပေမဲ့ သူနဲ့ ရင်းနှီးနေတဲ့ အရှိန်အဝါကိုတော့ ရှာမတွေ့ပါဘူး။ သူရဲ့ ခြေထောက်ကို တစ်ချက်ဆောင့်ပြီး လေတွေနဲ့အတူ ထွက်ခွာသွားပါတယ်။ မြင်းလှည်း မောင်းသူက အရမ်းကို ကြောက်လန့်ပြီးတော့ မြေကြီးပေါ်ကို ဒူးထောက်ပြီး ရှစ်ခိုးနေပါတယ်။

လင်းဟန်က သူရဲ့ နတ်ဘုရား အာရုံကို ပြန်ရုပ်သိမ်းပြီးတော့ မေးလိုက်ပါတယ်။

“သူကဘာဖြစ်လို့ မင်းအနောက် လိုက်နေတာလဲ”

“ဟင့်.. နင်က ဘာဖြစ်လို့ ဒီလောက် အများကြီး

ဂရုစိုက်နေတာလဲ”

အမျိုးသမီးက အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

“ဒါက မင်းရဲ့ ကယ်တင်ရှင်ကို အကောင်းဆုံးနည်းလမ်းနဲ့ ပြောလိုက်တာပဲလား”

လင်းဟာန်က ရယ်မောလိုက်ပါတယ်။

“ငါဒီအကြွေးကို ပြန်ပြီးတော့ ပေးလိမ့်မယ်”

အမျိုးသမီးကတော့ အရမ်းကို အေးစက်စက်နိုင်နေဆဲ ဖြစ်ပါတယ်။

လင်းဟာန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

“ ငါက မင်းရဲ့ ပုံစံက ဘယ်လိုရှိတယ် မင်းနာမည်က ဘယ်လိုခေါ်လဲ ဆိုတာကိုတောင် မသိဘူး။ မင်းငါ့ကို ပြန်ပြီးတော့ ပေးဆပ်ဖို့ မင်းကိုရှာချင်တယ် ဆိုရင်တောင်မှ ဘယ်နေရာကို သွားရမှာလဲ”

အမျိုးသမီးက စိတ်မရှည်ပဲ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ ဒဏ်ရာတွေကို ပြန်ကုလို့ ပြီးတဲ့အခါ နင့်ကို ငါလာပြီးတော့ ရှာမယ်"

"မင်းက စကားကို လွယ်လွယ်ပဲ ပြောလိုက်တာ ဟုတ်မဟုတ် ဆိုတာကို ငါက ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ"

လင်းဟန်က တခြား အကြောင်းပြချက်တွေကို နားထောင်ဖို့ ဆန္ဒမရှိပါဘူး။ သူက ဒီအမျိုးသမီးနဲ့ ပန်းဖူးအဆင့် အကြီးအကဲကိုလည်း စိတ်ဝင်စားနေပါတယ်။ သူတို့က ယခင်ဘဝတုန်းက သူအသုံးပြုခဲ့တဲ့ မှော်ဆေးကျိုးအိုးကို ဘာကြောင့် ငွေတွေအများကြီး အသုံးပြုပြီးတော့ ဝယ်ခဲ့တာလဲ။

ဒါပေမဲ့လည်း အဓိကအချက်က သူ့အနေနဲ့ ပန်းဖူးအဆင့် အကြီးအကဲကို အနိုင်မယူနိုင်ပါဘူး။ ခြုံထည်နဲ့ အမျိုးသမီးကတော့ လက်ရှိမှာ အပြင်းအထန် ဒဏ်ရာရနေပါတယ်။ ဒါက တကယ့်ကို ရှာပါးတဲ့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

Chapter 316 end

အပိုင်း(၃၁၇) အေးမြသောလုံ အဖွဲ့

အမျိုးသမီးက ဒေါသတွေထွက်ပြီး အံကိုကြိတ်ကာ ပြောလိုက်ပါတယ်။

“ငါ့နာမည် မုဖေးယောင်။ မင်းငါ့ကို အလယ်ပိုင်းဒေသမှာ ရှာနိုင်တယ်”

လင်းဟန်က ပြုံးဖြဲဖြဲ ဖြစ်သွားပါတယ်။ ဒီအမျိုးသမီးက စိတ်ဆွပေးတဲ့ ဒဏ်ကို ခံနိုင်ရည် မရှိဘူးပဲ။ သူမက အရမ်းကြီး အသက်မကြီးသေးဘူး။ လင်းဟန်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းကိုယ်တိုင်တောင် အခုလိုမျိုး ဖုံးကွယ်ထားသေးတာပဲ။ ငါက မင်းကို ဆက်ပြီးတော့ ယုံကြည်နေရဦးမှာလား”

မုဖေးယောင်က သူမရဲ့ ခြုံထည်ကို ဖယ်ရှားဖို့အတွက် လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူမက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

“ငါ မင်းရဲ့ စကားလုံး ထောင်ချောက်တွေထဲကို ကျလုနီးပါး

ဖြစ်သွားတယ်။ မင်းက ဉာဏ်နီ ဉာဏ်နက်များတဲ့ ကောင်ပဲ”

သူမရဲ့ မျက်လုံးတွေက အေးစက်သွားပြီး ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ မင်းက ငါ့စိတ်ကို ဆက်ပြီးတော့ ဆွနေဦးမယ် ဆိုရင် ငါမင်းရဲ့ လည်ပင်းကို ချိုးဖြစ်မှာကို သတိထားပါ”

“အဲဒါက မင်းမှာ အဲဒီလို အစွမ်းအစ ရှိမရှိ အပေါ်မှာ မူတည်တယ်”

လင်းဟာန်က ရုတ်တရက် လှုပ်ရှားလိုက်ပြီး မုဖေးယောင်ရဲ့ လည်ပင်းကို ဆုပ်ကိုင်ပြီးတော့ သူမကို မြင်းလှည်းရဲ့ နံရံနဲ့ ကပ်လိုက်ပါတယ်။

မုဖေးယောင်က မျက်လုံးပြူးသွားပါတယ်။ သူမက စိတ်ဂိုဉာဉ် ပလ္လင်အဆင့် ဖြစ်ပြီးတော့ သူမက ဒဏ်ရာပြင်းပြင်းထန်ထန် ရထားတယ် ဆိုပေမဲ့လည်း သူမရဲ့ တိုက်ပွဲအစွမ်းက စိတ်ဂိုဉာဉ် ပင်လယ်အဆင့်ကို ကျဆင်းသွားခဲ့ပါတယ်။ ဒါပေမဲ့ သူမက နွေဦးစမ်းရေအဆင့် ပထမအလွှာက လူတစ်ယောက်ထက်တော့ အဆပေါင်းများစွာ သန်မာပါသေးတယ်။ အခုတော့ သူမက

လင်းဟန်ရဲ့ လှုပ်ရှားမှု တစ်ခုတည်းနဲ့ ထိန်းချုပ်ခံလိုက်ရပါတယ်။ ဒီလိုမျိုး အရာတစ်ခုကို သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။

လင်းဟန်က အုံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ စိတ်ဂိညာဉ် ပင်လယ် အလွှာ ငါး အဆင့်နဲ့ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။

"မင်းက ဘယ်အဖွဲ့အစည်းက လာခဲ့တာလဲ။ ဘာဖြစ်လို့ မှော်ဆေးကျိုအိုးကို အပြင်းအထန် သည်းကြီးမည်းကြီး ဂယ်ရတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။ မူလစွမ်းအင် ခရစ်စတယ် အများကြီးကို အသုံးပြုပြီးတော့ အသုံးမဂင်တော့ပဲ ပျက်စီးနေတဲ့ ဆေးကျိုအိုးကို ဂယ်ခဲ့တာကို သူ့အနေနဲ့ မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ ပိုက်ဆံတွေက မီးလောင်သလိုမျိုး အကျိုးမရှိ ဖြစ်သွားခဲ့ပါတယ်။ ဒါ့အပြင် ဒီဆေးကျိုအိုးအတွက် လူနှစ်ယောက်ကလည်း တိုက်ခိုက်နေ ကြပါသေးတယ်။

"နင့်လို လူလိမ်လူညာ တစ်ယောက်ကို ငါက ဘာဖြစ်လို့

ပြောပြရမှာလဲ”

မုဖေးယောင်က ပြောင်ပြောင်တင်းတင်းကို အာခံတဲ့ပုံစံနဲ့ မေးလိုက်ပါတယ်။

“ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ မင်းငါ့ကို မပြောဘူးဆိုရင် ငါမင်းရဲ့ ဖင်ကို လက်ဖဝါးနဲ့ အနောက်ကနေ ရိုက်ပစ်ရမယ်”

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

မုဖေးယောင်က ရုတ်တရက် ဆိုသလို ကြောက်ရွံ့တုန်လှုပ်သွားခဲ့ပါတယ်။ သူမက သန့်စင်ပြီး ယောကျ်ားနဲ့ ထိတွေ့မှုမရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက လုံးဝမသိတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ဖဝါးနဲ့ သူမရဲ့ ဖင်ကို တကယ်ပဲ အရိုက်ခံရမယ်ဆိုရင် ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးတော့ နေလို့ရတော့မှာလဲ။ အထူးသဖြင့် ဒီယောကျ်ားရဲ့ နာမည်က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်လောက်က မော်ဆေးကေရာဇ်ရဲ့ နာမည်နဲ့ ဆင်တူပါတယ်။ ဒါက သူမတို့ရဲ့ အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံးသော အရာတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူမအနေနဲ့ ပိုပြီးတော့တောင် အလျှော့မပေးချင်ပါဘူး။ သူမရဲ့ ဂုဏ်သိက္ခာက သူမကို အညံ့ခံဖို့ ခွင့်မပြုပါဘူး။ သူမက အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ နင် ရမ်းကားပြီးတော့ လုပ်ပုံတယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ငါနင့်ကို သတ်ပစ်ရလိမ့်မယ်”

“ဟာ”

လင်းဟန်က သူမရဲ့ ခြိမ်းခြောက်မှုကို ဂရုမစိုက်ပါဘူး။

“ငါအခု စိတ်ပြောင်းသွားပြီ။ မင်းကို လူစည်တဲ့နေရာ တချို့ကို ခေါ်သွားပြီးတော့မှ အားလုံးရဲ့ အရှေ့မှာ မင်းဖင်ကို လက်ဝါးနဲ့ နာနာလေး ရိုက်ရမယ်”

မှဖေးယောင်က အသက်ကို ပြင်းပြင်းရှူပြီး တုန်ရီနေတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

“နင် မလုပ်နိုင်ဘူး။ နင်မလုပ်နိုင်ဘူး”

“မင်းငါ့ကို စမ်းသပ်ကြည့်လို့ ရတယ်”

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

မုဖေးယောင်က လင်းဟန်ရဲ့ မျက်လုံးတွေထဲကို စိုက်ကြည့်လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ မျက်လုံးတွေက ကြည်လင်နေတာကို မြင်လိုက်ရပြီး ရိုင်းစိုင်းကြမ်းတမ်းတဲ့ သဘာဝ စရိုက်တွေနဲ့ ပြည့်နှက်နေတာကို တွေ့လိုက်ရပါတယ်။ ဒီလိုမျိုး လူစားမျိုးက စိတ်ထဲမှာ စနိုးစနောင့် ဖြစ်တာမျိုး လုံးဝ ရှိတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ သူရဲ့ စကားတွေအတိုင်း သူက သေချာပေါက် ပြုမူ ဆောင်ရွက်တတ်ပါတယ်။ ဒီလိုမျိုး ယောကျ်ားတစ်ယောက်ကို ဒေါသထွက်အောင် လုံးဝ မလုပ်သင့်ပါဘူး။

"ငါက အေးမြသောလုံ အဖွဲ့က တပည့်တစ်ယောက်ပဲ"

သူမက နည်းနည်းလေး ဂုန်ခံလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါက လျှို့ဂှက်ချက်မဟုတ်ပါဘူး။

လင်းဟန်က ချက်ချင်းဆိုသလို လန့်ဖျပ်သွားခဲ့ပါတယ်။ အေးမြသောလုံ အဖွဲ့။

အေးမြသောလုံ အဖွဲ့က သူရယ် သူ့တပည့်လေးယောက်ရယ်နဲ့ လျှို့ဝှက်ချက် နည်းနည်းလေး တစ်ခု ပါဝင်ပတ်သက်နေပါတယ်။ သူတို့က အဖွဲ့တစ်ခုကို ဖွဲ့ဖို့ စဉ်းစားခဲ့ပြီး အေးမြသော လုံအဖွဲ့ ဆိုတဲ့ နာမည်နဲ့ပဲ ထွက်ပေါ်လာခဲ့ပုံ ရပါတယ်။ ဒီအဖွဲ့ကို တရားဝင် စတင်ပြီးတော့ မဖွဲ့စည်းမီ လင်းဟန်က ရှေးဟောင်း သမိုင်းဝင် နယ်မြေတွေထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီအေးမြသော လုံအဖွဲ့က သူသေသွားပြီးတဲ့ နောက်ပိုင်းမှာ သူရဲ့ တပည့်လေးယောက်က ဖွဲ့စည်းခဲ့တာများ ဖြစ်နိုင်မလား။ အဲဒီလိုဆိုရင်တော့ မုဖေးယောင်က သူတစ်ချိန်က အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုးအတွက် လေလံဆွဲတာက တကယ့်ကို ခိုင်လုံတဲ့ အကြောင်းပြချက် ဖြစ်ပါတယ်။

ဒါပေမဲ့ ဘာဖြစ်လို့ ပန်းဖူးအဆင့် အကြီးအကဲ တစ်ယောက်ကလည်း ဒီမှော်ဆေးကျိုအိုး အတွက် ယှဉ်ပြိုင်ရတာလဲ။ ဒါအပြင် ဒီလူနှစ်ယောက်က တိုက်ခိုက်နေ ကြပါတယ်။ ဘာအကြောင်း ပြချက်များ ရှိနေမလဲ။ မှော်ဆေးကျိုအိုးကြောင့် ဆိုတဲ့အချက်ထပ် ဘယ်ဟာမှ ပိုပြီးတော့ မဖြစ်နိုင်ပါဘူး။

“ဒါဆိုရင် စောစောက အဘိုးကြီးက ဘယ်ကလဲ”

လင်းဟန်က မေးလိုက်ပါတယ်။

“သူက အေးမြသော လုံအဖွဲ့ အတုကပဲ”

မုဖေးယောင်ရဲ့ မျက်နှာမှာ ချက်ချင်းဆိုသလို ဒေါသတွေနဲ့ ပြည့်နက်သွားပါတယ်။

“ဒီလူလိမ်…. ငါတို့တွေက သူတို့အားလုံးကို အမြစ်ဖြတ် သုတ်သင်ပစ်ရ လိမ့်မယ်။ သူတို့ကို ဂရန်းမာစတာ လင်းရဲ့ နာမည်ကို အသုံးပြုပြီးတော့ ကမ္ဘာအနှံ့ လျှောက်သွားဖို့ ခွင့်မပြုနိုင်ဘူး”

လင်းဟန်က ပိုပြီးတော့တောင် အံ့အားသင့် သွားခဲ့ပါတယ်။ အေးမြသော လုံအဖွဲ့က တကယ်ပဲ နှစ်ခုတောင် ရှိတာလား။

မုဖေးယောင်က သူ့ကို အတုအယောင်လို့ စဉ်းစားတယ်ဆို သူကလည်း သူမကို ဒီလိုပဲ တွေးတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် နှစ်ဖက်စလုံးက သူတစ်ချိန်က အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုး အတွက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက

သူက လွှန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းက သေသွားခဲ့ပါပြီ။ ဒါကြောင့် သူတို့တွေက ဘာဖြစ်လို့များ သူတစ်ချိန်က အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုးကို မြင့်မားတဲ့ တန်ကြေးပေးပြီး သူ့ကို ရှိသေကိုင်းရှိုင်းနေတုန်း ဖြစ်နေရတာလဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။

အေးမြသော လုံအဖွဲ့ နှစ်ခုစလုံးကို သူ့ရဲ့ တပည့်တွေက ဖွဲ့စည်းခဲ့တာ ဖြစ်နိုင်မလား။ သူတို့ကြားမှာ ပြဿနာ တချို့တက်ပြီးတော့ မကျေမချမ်းမှုတွေ မြင့်တက်လာပြီး တစ်ဖက်နဲ့ တစ်ဖက် ဖျက်ဆီးပစ်ဖို့ ဆန္ဒတွေ ဖြစ်ပေါ်နေတာများလား။

ဒီအချက်နဲ့တော့ သူတစ်ချိန်က အသုံးပြုခဲ့တဲ့ မှော်ဆေးကျိုအိုးကို ဂယ်ဖို့အတွက် အပိုကုန်ကျဖို့ ဆန္ဒရှိနေတာ ဖြစ်ပါလိမ့်မယ်။ ဒီ အေးမြသော လုံအဖွဲ့ နှစ်ခုက သူ့ကို အရမ်းပဲ ကြည်ညိုလေးစား နေတယ်ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ ဘာကြောင့် သူတို့က တစ်ဖွဲ့နဲ့ တစ်ဖွဲ့ အရမ်းကို မုန်းတီးနေကြ ရတာလဲ။

လင်းဟန်က ခေါင်းကိုက်လာသလိုတောင် ခံစားလိုက် ရပါတယ်။ သူသေပြီးတဲ့ နောက်မှာ ဘာတွေများ

ဖြစ်ပျက်ခဲ့ပြီးတော့ သူ့ရဲ့ တပည့်တွေကြားမှာ ပြဿနာတွေ မြင့်တက်လာခဲ့ ရတာလဲ။ နောက်ဆုံး သူတို့က အေးမြသော လုံအဖွဲ့ နှစ်ခုကို ဖွဲ့စည်းခဲ့ပြီး ဘာကြောင့် တစ်ဖက်နဲ့ တစ်ဖက် ပျက်သုန်းအောင် လုပ်ဖို့ ဆုံးဖြတ်ထားကြတာလဲ။

ဒါပေမဲ့လည်း နှစ်ဖက်စလုံးက တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်နေရတာက ဘာကြောင့်လဲဆိုတော့ တစ်ဖက်အဖွဲ့ကို အေးမြသော လုံအတုအဖွဲ့လို့ တွေးထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘာကိုမှ မလိုချင်တော့ပဲ တစ်ဖက်အဖွဲ့ကို ဖျက်ဆီးပစ်ချင်ရတာပဲ ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ ယခင်ဘဝ အကြောင်းကို ဖန်ခံလိုက်မယ်ဆိုရင် အဖွဲ့နှစ်ခုလုံးက သူ့ကို အကြီးစား လူလိမ်လို့ သတ်မှတ်ပြီးတော့ အမှုန်တောင် မကျန်အောင် ဖျက်ဆီးပစ်ဖို့ ကြိုးစားလာ ပါလိမ့်မယ်။

မုဖေးယောင်ကိုပဲ ကြည့်ပါ။ သူမက ဘာကိုမှ နားမလည်နိုင်ပဲ အရူးတစ်ယောက်လို ဘာကိုပဲ ဖြစ်ဖြစ် လုပ်နိုင်ပါတယ်။ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ဆိုတဲ့ သူ့ရဲ့ အဆင့်အတန်းကို သူမက စိတ်စနိုးစနောင့် ဘယ်မှာ ဖြစ်နေလို့လဲ။

"မင်းထွက်သွားနိုင်ပြီ"

လင်းဟန်က မုဖေးယောင်ကို မြင်းရထား အပြင်ဘက်ကို လွှင့်ပစ်လိုက်ပါတယ်။ သူမက အမျိုးသမီး ဆိုပြီးတော့ နည်းနည်းလေးမှတောင် ကြင်နာယုယဖို့ စိတ်ကူး လုံးဝမရှိပါဘူး။

မုဖေးယောင်က မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျသွားခဲ့ပြီး သူမရဲ့ မျက်နှာက မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူမကို လင်းဟန်က ဒီလိုမျိုးပဲ ပစ်ထုတ်လိုက်တယ်ပေါ့။ ဒီမုန်းစရာ ကောင်ကတော့ သူမနဲ့ နောက်တစ်ကြိမ် မကြုံမိစေနဲ့။ အဲဒီလိုမှ မဟုတ်ရင် သူ့ကို ခံစားသွားအောင် သေချာပေါက် လုပ်ပစ်မယ်။

ခေါင်းထဲမှာ မေးခွန်းတွေ အများကြီးနဲ့အတူ နောက်ဆုံးတော့ လင်းဟန်က ဆောင်းလဂိုဏ်းကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်က ဆောင်းလဂိုဏ်းရဲ့ တပည့်လက်ခံ ရွေးချယ်ခြင်းအတွက် နှစ်ရက်ပဲ ကျန်ပါတော့တယ်။

ဆောင်းလဂိုဏ်းလို ဂိုဏ်းကြီးတစ်ခု အတွက်ကတော့ သူတို့ရဲ့ အဓိက ဂင်ပေါက်တံခါးတွေကို ပုံမှန်အချိန်မှာ

ပိတ်ထားတတ်ပါတယ်။ တစ်ယောက်ယောက်က ဂိုဏ်းထဲကနေ ထွက်မယ် ဝင်မယ်ဆိုရင် ဘေးဘက် တံခါးတွေကို အသုံးပြုရပါတယ်။ ပွဲကြီးကြီးမားမား တစ်ခု ရှိတဲ့အခါမျိုး ဘိုးဘေးတွေကို ကန်တော့တဲ့ အခမ်းအနားမျိုးတွေ အရမ်းကို အရေးကြီးတဲ့ ဧည့်သည်တော်တွေ လာရောက်လည်ပတ်တာမျိုးနဲ့ ငါးနှစ်တကြိမ် တပည့်ရွေးချယ် လက်ခံတဲ့ အချိန်မျိုးတွေမှာပဲ သူတို့ရဲ့ အဓိကပင်မ တံခါးကြီးကို ဖွင့်တာပါ။

အပေါ်ကနေ အင်မတန်ကြီးမားတဲ့ ကျောက်တံခါးကြီး တစ်စုံက တောင်တက်လမ်းကို ပိတ်ပြီး တားဆီးထားပါတယ်။ ပြီးတော့ ၎င်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ သေးငယ်တဲ့ တံခါးနှစ်ချပ် ရှိပါတယ်။ တစ်ခုက ဝင်ဖို့အတွက်ဖြစ်ပြီး နောက်တစ်ခုက ထွက်ဖို့ ဖြစ်ပါတယ်။ အဲဒီမှာ လူတွေ တစ်သီကြီး နားနေကြပြီးတော့ ဒါက ဆောင်းလဂိုဏ်းရဲ့ ချမ်းသာကြွယ်ဝ ထင်ပေါ်ကျော်ကြားမှုကို ပြသနေသလိုပါပဲ။

ဒါအပြင် တောင်တွေရဲ့ ပတ်ဝန်းကျင်မှာလည်း မြူခိုးတွေ အုံ့ဆိုင်းနေပြီးတော့ တိမ်တွေကလည်း ထူထပ်လို့နေပါတယ်။

ဆောင်းလဂိုဏ်းရဲ့ အနီးနားမှာ ပင်လယ်လေညှင်းလို့ ခေါ်တဲ့ မြို့ကြီးတစ်မြို့ ရှိတယ် ဆိုပေမဲ့ တော်တော်ဝေးဝေး

သွားရပါသေးတယ်။ ဒါအပြင် အခုချိန်က တပည့်အသစ် ရွေးချယ်ဖို့ အတွက် အမိကပင်မ တံခါးတွေကို ဖွင့်ပေးတဲ့ အချိန်ဖြစ်ပါတယ်။ ဒါကြောင့် လူတော်တော်များများက အဲဒီနေ့ မရောက်ခင်ကတည်းက တောင်ခြေမှာ တဲတွေထိုးပြီးတော့ စောင့်နေခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်တော့ ဒီရှားပါးတဲ့ အခွင့်အရေးက ငါးနှစ်မှ တစ်ကြိမ်သာ ရရှိနိုင်တာပဲ ဖြစ်ပါတယ်။

ဒီနေရာက လူငယ်တွေက မြောက်ဘက် အစွန်အဖျားက လူငယ်တွေတင် မကပါဘူး မြောက်ပိုင်း ဒေသ တစ်ခုလုံးက လူတွေပါ လာခဲ့ကြတာပါ။ ဆောင်းလဂိုဏ်းက မြောက်ပိုင်းဒေသရဲ့ အကြီးမားဆုံး ဂိုဏ်းကြီး ငါးခုထဲက တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ ဂိုဏ်းထဲကိုသာ ဝင်ခွင့်ရမယ်ဆိုရင် အဲဒါက တောက်ပတဲ့ အနာဂတ်တံခါးကို ဖွင့်လိုက်တာနဲ့ ညီမျှပါတယ်။ ဒါကြောင့်လည်း ဒါက မရေမတွက်နိုင်တဲ့ လူငယ်တွေရဲ့ စိတ်ကူးယဉ် အိပ်မက်ဖြစ်ပြီးတော့ ဆွဲဆောင်မှုကို ခံရပါတယ်။

မြင့်တဲ့နေရာကနေ ကြည့်လိုက်မယ်ဆိုရင် ဘယ်နေရာကို ကြည့်ကြည့် လူအုပ်ကြီးပဲ မြင်ရပါတယ်။ ဒီနေရာမှာ အနည်းဆုံး လူတစ်သိန်းလောက် ရှိပါတယ်။ ပထမအချက်က

ဒီပမာဏက အရမ်းကို များပြားတဲ့ ပုံစံတစ်ခုအဖြစ် မြင်ရပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းဒေသရဲ့ နေထိုင်သူတွေ အရေအတွက်အကြောင်းကို စဉ်းစားလိုက်ရင် ဒီတစ်သိန်းဆိုတဲ့ လူပမာဏက သာမန်ပါပဲ။

မြောက်ပိုင်းဒေသရဲ့ နောက်ဘက်နယ်မြေဖြစ်တဲ့ မြောက်ဘက် အစွန်အဖျားကို အရမ်း သေးငယ်တယ်လို့ ယူဆလို့ရပါတယ်။ ဒါပေမဲ့ မြောက်ဘက်အစွန်အဖျား နိုင်ငံကိုးခုမှာ နေထိုင်သူ လူဦးရေ သန်းတစ်ထောင်ခန့် ရှိပါတယ်။

လင်းဟန်က ဆောင်းလဂိုဏ်းရဲ့ တောင်ခြေမှာ စောင့်နေတဲ့ ပင်လယ်လေညှင်းမြို့က တခြားသူတွေရဲ့ အနောက်မှာ တစ်ယောက်တည်း ရှိနေပါတယ်။

ဒီနေရာမှာ ကောလာဟလတွေလည်း တော်တော်များများ ကြားရပါတယ်။ သဘက်ခါကျရင် စမ်းသပ် စစ်ဆေးမှုကို ပြုလုပ်ပါလိမ့်မယ်။ ပထမက ဆုအကြောင်းပဲ ဖြစ်ပါတယ်။ ပြိုင်ပွဲရဲ့ ထိပ်ဆုံး ဆယ်နေရာထဲကို ဝင်တဲ့သူတွေက ဆုကောင်းကောင်း ချီးမြှင့်ခံရမည် ဖြစ်ပါတယ်။ ပြီးတော့ ပြိုင်ပွဲရဲ့ ချန်ပီယံကတော့ မိုးကြိုးလျှပ်စီး တိုက်ပွဲ ချပ်ဝတ်တန်ဆာလို့ ခေါ်တဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို

ဆုအဖြစ် ရရှိပါမယ်။

ဒီစိတ်ဂိညာဉ်ပစ္စည်းက ရှေးဟောင်း အချိန်တော်တော်ကြာကတည်းက ရှိခဲ့တာဖြစ်ပြီး သမိုင်းထဲမှာ အချိန်တော်တော်ကြာအောင် ပျောက်ဆုံးနေခဲ့ပါတယ်။ ပြီးတော့ ၎င်းက တော်တော်လေးကို ပျက်ဆီးလို့နေပါတယ်။ ဒါကြောင့် ၎င်းရဲ့အစွမ်းက သူ့ရဲ့ ခေတ်ကာလကလို အစွမ်းသိပ် မထက်တော့ ပေမဲ့လည်း အရမ်းကို တန်ဖိုးကြီးတဲ့ ရတနာ တစ်ခုအဖြစ် ရှိနေဆဲ ဖြစ်ပါတယ်။

"ဒါက တကယ်ပဲ မိုးကြိုးလျှပ်စီးချပ်ဂတ်လား"

လင်းဟန်က အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။

Chapter 317 end

အပိုင်း (၃၁၈) မိုးကြိုးလျှပ်စီး ချပ်ဂတ်

ဆောင်းလဂိုဏ်းက ဒီလိုမျိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ဆုအဖြစ်နဲ့ ပေးဖို့ ဆန္ဒရှိနေတာက သိပ်ပြီးတော့ အံ့သြစရာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီစမ်းသပ်မှုရဲ့ ချန်ပီယံက ဆောင်းလဂိုဏ်းမှာ အကြီးအကျယ် တိုးတက်လာနိုင်ပြီးတော့ နောက်ပိုင်းမှာ ဂိုဏ်းရဲ့

အတွင်းစည်း တပည့်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် ဒီစိတ်ဂိညာဉ် ပစ္စည်းက ဆောင်းလဂိုဏ်းရဲ့ လက်ထဲကိုပဲ ပြန်ပြီးတော့ ရောက်လာပါလိမ့်မယ်။

"ဒါက တကယ်ပဲ မိုးကြိုးလျှပ်စီး ချပ်ဂတ်ပဲ"

လင်းဟန်က အရမ်းကို အံ့အားသင့် နေခဲ့ပါတယ်။ သူက ဒီနာမည်ကို ကြားဖူးတာ ပထမဆုံး အကြိမ်မဟုတ်ပါဘူး။

သူ့ယခင်ဘဝတုန်းက မိုးကြိုးလျှပ်စီး ချပ်ဂတ်က ပေါ်လာဖူးပါတယ်။ ပြီးတော့ အဲဒီအချိန်က ဒီချပ်ဂတ်ရဲ့ ပိုင်ရှင်က နာမည်ကျော် ထင်ရှားတဲ့ လျှပ်စီးကေရီ ဇီရှူရှန် ပဲဖြစ်ပြီးတော့ သူမက အဆုံးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်ထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်။

သူရဲ့ ယခင်ဘဝတုန်းက ဇီရှူရှန်က နံပါတ်လေးအဆင့်မှာ ချိတ်တယ်ဆိုပေမဲ့လည်း သူမထက် သာလွန်တဲ့ သုံးယောက်က အကြီးမားဆုံး မွန်းစတားတွေဖြစ်တဲ့ ဓားကေရာဇ်၊ ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓား ကေရာဇ်ပဲ ဖြစ်ပါတယ်။ အဆင့်လေးမှာ ချိတ်တယ် ဆိုတာနဲ့ သူမက

အားနည်းတဲ့သူလို့ ဆိုလိုတာ မဟုတ်ပါဘူး။ လင်းဟန်ကလွဲလို့ ကျန်တဲ့ ခြောက်ယောက်က အရမ်းကို အစွမ်းထက်မြက်တဲ့ သူတွေပဲ ဖြစ်ပါတယ်။

ပြီးတော့ ဇီရှုရန် အရမ်းကို အစွမ်းထက်ရတဲ့ အကြောင်းရင်းက သူမဂုဏ်ဆင်ထားတဲ့ မိုးကြိုးလျှပ်စီး ချပ်ဂုဏ်နဲ့လည်း ဆက်နွယ်နေပါတယ်။ ဒီတိုက်ပွဲချပ်ဂုဏ်က အံ့အားသင့်စရာ ကောင်းလောက်အောင် မြင့်မားတဲ့ ခုခံကာကွယ်နိုင်စွမ်း ရှိရုံသာမက လျှပ်စီးအစွမ်းတွေကိုပါ ထုတ်ဖော်နိုင်တဲ့အတွက် သူမက နံပါတ်လေးအဆင့်မှာ ချိတ်နိုင်ခဲ့တာပါ။

နှစ်ပေါင်းတစ်သောင်း ကျော်လွန်ပြီးတဲ့နောက် မိုးကြိုးလျှပ်စီး ချပ်ဂုဏ်က နောက်တစ်ကြိမ် ထပ်ပြီးတော့ ပေါ်လာဦးမယ်လို့ သူလုံးဝ မတွေးထားခဲ့ပါဘူး။ ပြီးတော့ ၎င်းက ဆောင်းလဂိုဏ်းလို အဖွဲ့သေးသေးလေး တစ်ခုရဲ့ လက်ထဲကို ရောက်လို့ နေခဲ့ပါတယ်။

ဇီရှုရန်ရော ကျဆုံးသွားတာ ဖြစ်နိုင်ပါ့မလား။ ဒါကသိပ်တော့ မဖြစ်နိုင်ပါဘူး။ တကယ်လို့ ဇူရှုရန်က စကြာဂုဏ်ဘွာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်ပြီး နတ်ဘုရား တစ်ပါး မဖြစ်လာနိုင်ဘူး ဆိုရင်တောင်မှ သူမရဲ့ အနောက်မှာ

အပြာရောင်မိုးကြိုး ဂိုဏ်းက ရှိနေပါသေးတယ်။ ဒီဂိုဏ်းက ယနေ့ခေတ်မှာတောင် ဂိုဏ်းကြီးတစ်ခုအဖြစ် ခိုင်ခိုင်မာမာနဲ့ ရှိနေဆဲ ဖြစ်ပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုကို အပြင်ဘက်ကို စွန့်ပစ်နိုင် ရတာလဲ။

မဟုတ်ဘူး။ တကယ်လို့ ဒီ မိုးကြိုးလျှပ်စီး ချပ်ဂတ်က အရင်တုန်းကလို အစွမ်းရှိနေဦးမယ် ဆိုရင် ဆောင်းလဂိုဏ်းက ဒီပစ္စည်းကို လက်ဆောင်တစ်ခု အဖြစ်နဲ့ အသုံးပြု ပါဦးမလား။ ဆောင်းလဂိုဏ်းရဲ့ အစွမ်းအထက်ဆုံး ရတနာ တစ်ခု အဖြစ်တောင်မှ ပြောင်းလဲပစ်ပါလိမ့်မယ်။

ဒီပစ္စည်းက အရမ်းကို ကြီးကြီးမားမား ထိခိုက်ထားခဲ့ပြီး အပြာရောင် မိုးကြိုးဂိုဏ်းက လက်လျှော့လိုက်တာဖြစ်ပြီး ဆောင်းလဂိုဏ်းရဲ့ အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ယောက်မှ ဒီပစ္စည်းကို နည်းနည်းမှ စိတ်ဝင်စားမှု မရှိတော့တဲ့ အတွက်ကြောင့် ဒီပစ္စည်းကို ဆုအဖြစ်ပေးအပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ ဖြစ်ပါမယ်။နောက်ပြီးတော့ ဒီပစ္စည်းကလည်း ဘာပဲဖြစ်ဖြစ် ဆောင်းလဂိုဏ်းထဲမှာ ဆက်ပြီးတော့ ရှိနေဦးမယ်လေ။

“ကိစ္စမရှိပါဘူး။ ငါက ဒါကို အရင်ဆုံး ရအောင်

လုပ်ရလိမ့်မယ်”

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူက ဒီတစ်ကြိမ်တော့ တကယ်ပဲ စိတ်ဝင်စားနေပါတယ်။ ဘာကြောင့်လဲဆိုတော့ တကယ်လို့ မိုးကြိုးလျှပ်စီးချပ်ဂတ်က ထိခိုက် ပျက်စီးထားတယ် ဆိုရင်တောင် အဆင့်ကိုး စိတ်ဂိညာဉ်ပစ္စည်း တစ်ခု ဖြစ်နေဆဲပါ။ ဒါကြောင့် ဒီပစ္စည်းအတွက် သူက လှုပ်ရှားဖို့ ထိုက်တန်ပါတယ်။

ဒီတစ်ကြိမ်မှာ ဆောင်းလဂိုဏ်းက စုစုပေါင်း တပည့် တစ်သောင်းကို ရွေးချယ်ပါလိမ့်မယ်။ ပြီးတော့ မြောက်ပိုင်းဒေသက မရေမတွက်နိုင်တဲ့ လူငယ်ပါရမီရှင် တစ်သောင်းထဲမှာ ပါဝင်နိုင်ဖို့အတွက် စမ်းသပ်မှုကို ကျော်လွှားဖို့ကလည်း လွယ်ကူတဲ့ အရာတော့မဟုတ်ပါဘူး။ ဒါအပြင် ဒီအောင်မြင်သွားတဲ့ လူငယ် တစ်သောင်းထဲက ချန်ပီယံ ဖြစ်ဖို့က ပိုပြီးတော့တောင်မှ ခက်ခဲပါသေးတယ်။

နောက်ပြီးတော့ အဓိက အချက်က ဆောင်းလဂိုဏ်းရဲ့ ဒီတပည့်ရွေးချယ်တဲ့ စမ်းသပ်မှုမှာ ပါဝင်သူ အားလုံးက အသက်သုံးဆယ်နှစ် အောက်မှာပဲ ဖြစ်ရပါမယ်။

ဒီလူတွေက ပုံမှန်အားဖြင့် ဆုတွေအတွက် ယှဉ်ပြိုင်ရခြင်း

ဖြစ်ပါတယ်။ ချန်ပီယံအတွက် ဆုဖြစ်တဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသာထားဦး တခြားစိတ်ဂိညာဉ် ပစ္စည်းတွေလည်း ရှိနေပါသေးတယ်။ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ အနည်းငယ်နဲ့ မှော်ဆေးလုံး တချို့လည်း ရှိပါတယ်။ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေ အတွက်တောင်မှ သူတို့ကို အရမ်းကို ဆွဲဆောင်နိုင်တဲ့ ဆုတွေပဲ ဖြစ်ပါတယ်။

ကံကောင်းတာက လူတိုင်းလူတိုင်းက ဒီအခြေအနေတစ်ခုတော့ ကိုက်ညီရပါတယ်။ ဂင်ရောက် ယှဉ်ပြိုင်မယ်ဆိုရင် အသက်သုံးဆယ်အောက် ဖြစ်ရပါမယ်။

စမ်းသပ်စစ်ဆေးမှုမှာ ပါဂင်တဲ့ အရာတွေက အရမ်းကို ရိုးရှင်းပါတယ်။ ယှလောင်တောင်ကို ဂင်လာတဲ့ လူတိုင်းကို သေးငယ်တဲ့ တံဆိပ်တစ်ခု ပေးပါတယ်။ သုံးရက်နောက်ပိုင်းမှာ တခြားလူတွေရဲ့ တံဆိပ်တွေကို လုယူရပါလိမ့်မယ်။

သုံးရက်ပြီးတဲ့နောက်မှာ လူတိုင်းလူတိုင်း ပိုင်ဆိုင်ထားတဲ့ တံဆိပ်ပြား အရေအတွက်ကို ရေတွက်ကြပါလိမ့်မယ်။ ပြီးတော့ တံဆိပ်ပြားတွေရှိတဲ့ လူတစ်သောင်းက ဆောင်းလဂိုဏ်းကို ဂင်ခွင့်ရပါလိမ့်မယ်။ ပြီးတော့ အဆင့်တစ်ရာ အတွင်းမှာ ဂင်တဲ့သူတွေက ဒုတိယ

စစ်ဆေးမှုကို ဖြတ်ကျော်နိုင်မဲ့ အခွင့်အရေးကို ရရှိပါမယ်။ အဲဒီ ဒုတိယအလှည့်မှာ ထိပ်ဆုံး ဆယ်ယောက် ထွက်ပေါ်လာပါလိမ့်မယ်။ ဒီဆယ်ယောက်က ဆုတွေရမှာ ဖြစ်ပြီးတော့ ချန်ပီယံအတွက်လည်း မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဆုအဖြစ် ရရှိမှာပါ။

ဒါကြောင့် ဒီကိစ္စက ဗျူဟာနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။

ဒီနေရာတစ်ခုတည်းမှာပဲ လူပေါင်း သောင်းဂဏန်း အနည်းငယ် ရှိပြီးတော့ ဒါက ပင်လယ် လေညှင်းမြို့ရဲ့ လူဦးရေ ပမာဏလောက်ရှိပါတယ်။ ပါဝင်ယှဉ်ပြိုင်တဲ့ လူအရေအတွက်က တစ်သိန်းကျော်ရင်တောင်မှ လုံးဝ ပြဿနာ မရှိပါဘူး။ ဆိုလိုတာက လူတော်တော်များများက အဆင့်မမီကြပါဘူး။ သူတို့ရဲ့ အရမ်းကို အားနည်းတဲ့ စွမ်းရည်ကြောင့် ပြုတ်သွားမှာပါ။ တကယ်လို့ သူတို့ရဲ့ တံဆိပ်တွေကို ရောင်းမယ်ဆိုရင် အလုပ်ကို ပင်ပင်ပန်းပန်းနဲ့ လုပ်နေစရာ မလိုပဲ ပိုပြီးတော့ ကောင်းပါလိမ့်မယ်။

ပိုပြီးတော့ အရေးကြီးတာက ပြိုင်ပွဲစစ်ဆေးမှုက အရမ်းကို အန္တရာယ်များတဲ့ အရာပဲ ဖြစ်ပါတယ်။ ဆောင်းလဂိုဏ်းက ပြိုင်ပွဲအတွင်းမှာ တစ်ယောက်နဲ့ တစ်ယောက် မသတ်ရဘူး။ ဒါမှမဟုတ် ဒဏ်ရာရအောင် မလုပ်ရဘူးလို့တောင်

မပြောပါဘူး။

ဒီသတင်းကို သိကုန်ကြတော့ လူတော်တော်များများက လက်လျှော့လိုက်ဖို့ ဆုံးဖြတ်လိုက် ကြပါတယ်။ ဒီလိုမျိုး ဆိုမှတော့ သူတို့က အကျိုးအမြတ် နည်းနည်းလေး ရရှိဖို့အတွက် အခွင့်အရေးကို အသုံးချဖို့ ဘယ်လိုလုပ် သင့်တော်မှာလဲ။ စမ်းသပ်ပွဲကို ဂင်ပြိုင်၊ တံဆိပ်ပြား တစ်ခုကိုယူ ပြီးတော့ ပြိုင်ပွဲစတာနဲ့ သူတို့ရဲ့ တံဆိပ်ပြားကို ဂယ်သူတွေကို ချက်ချင်း လက်လွှဲပြောင်းပေးပြီး ပြန်လာလိုက်ရုံပေ့ါ။

ဒါကြောင့် အဲဒီ ဂယ်သူတွေကို သီးသန့်ဆက်သွယ်ပြီး ရောင်းချမဲ့ ဈေးနှုန်းကို ဆွေးနွေးရပါမယ်။

"ဟိုင်း ဟိုက အသားညိုညိုနဲ့ အစ်ကိုတော်"

လင်းဟန်က လူတော်တော်များများကြောင့် စိတ်ရှုပ်ထွေးနေခဲ့ပါတယ်။ သူက လာပြီးတော့ ဂယ်တဲ့သူ တော်တော်များများကို ပြန်လွှတ်ခဲ့ရပါတယ်။ ဒီတစ်ကြိမ်တော့ ရွှေတွေ ငွေတွေနဲ့ ကျောက်မျက်ရတနာတွေ ဂတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူ့ပုံစံက သူရဲ့

ချမ်းသာကြွယ်ဝမှုကို တခြားသူတွေ မသိမှာကို ကြောက်နေတဲ့ပုံစံမျိုးနဲ့ ဟန်ရေးပြနေပါတယ်။

လင်းဟန်က သူတစ်ကိုယ်လုံးကို ဖေ့ကြည့်လိုက်ပါတယ်။ ဒီလူငယ်က တကယ့်ကို ချမ်းသာ ကြွယ်ဝတာပဲ။ ဒီရွှေတွေ ငွေတွေ ကျောက်မျက် ရတနာ အဆင်တန်ဆာတွေက သိုင်းပညာရှင်တွေရဲ့ မျက်စိထဲမှာ အမှိုက်သာသာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူဝတ်ဆင်ထားတဲ့ ဆံထိုးက အနက်ရောင် သစ်စေး သစ်သားနဲ့ ပြုလုပ်ထားပြီး သူ့ရဲ့ခါးပတ်က အနက်ရောင် ရွှေချည်ထိုးတွေနဲ့ ပြုလုပ်ထားပြီး သူရဲ့ခါးမှာ ချိတ်ထားတဲ့ ဓါးအိမ်ကိုတော့ ကြယ်သံတုံး ရတနာ ရှစ်မျိုးကနေ ပုံသွင်းထားတာ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေက အံ့အားသင့်စရာ ကောင်းအောင် အဖိုးတန်ပြီးတော့ ဒီပစ္စည်းတွေကို ရဖို့အတွက် မူလခရစ်စတယ် ပမာဏ ကြီးကြီးမားမား လိုအပ်ပါတယ်။

ဆောင်းလဂိုဏ်းရဲ့ အစစ်အမှန် တပည့်တစ်ယောက် အတွက်တောင်မှ ဒီပစ္စည်းတွေထဲက တစ်ခုကို ရရှိမယ်ဆိုရင် အရမ်းကို အံ့အားသင့်သွားလိမ့်မယ် ဆိုတာ သူယုံကြည်နေပါတယ်။ ဘယ်လိုဖြစ်လို့ လူတစ်ယောက်တည်းမှာ ရတနာပစ္စည်းတွေ အများကြီး

ရှိနေတာလဲ။

လင်းဟန်က သူ့ရဲ့ ပုံစံကို အသားညိုညိုနဲ့ လူငယ်တစ်ယောက် ပုံစံကို ပြောင်းလဲထားခဲ့ပါတယ်။ သူ့ရဲ့မျက်နှာကလည်း တော်တော်လေး ပြောင်းလဲသွားခဲ့ပြီး တကယ်လို့ သူက လူအုပ်ထဲမှာ ရှိနေရင်တောင် တော်ရုံတန်ရုံနဲ့ ဘယ်သူကမှ သတိပြုမိမှာ မဟုတ်ပါဘူး။

“ဒီက ညီအစ်ကိုက ဘာကိစ္စများ ရှိလို့လဲ”

လင်းဟန်က ယဉ်ကျေးစွာနဲ့ မေးလိုက်ပါတယ်။

လူငယ်လေးက ရိုးသားမှုတွေ ပြည့်နေတဲ့ အပြုံးတစ်ခုနဲ့ စပ်ဖြဲဖြဲ ရယ်ပြပါတယ်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“အစ်ကိုတော် စမ်းသပ်မှုက မနက်ဖြန်ဆိုရင် စလိမ့်မယ်။ ဒါကြောင့် မင်းက ထိပ်ဆုံး တစ်သောင်း ထဲမှာ ပါဝင်ချင်တာလား ဒါမှမဟုတ် ထိပ်ဆုံး ၁၀၀ ထဲမှာ ရောက်အောင် လုပ်ချင်တာလား”

"လိုချင်တယ်ဆိုရင် ဘာများလုပ်ရမှာလဲ"

လင်းဟာန်က သက်ပြင်းချလိုက်ပါတယ်။ သူက အနည်းငယ် အံ့အားသင့် နေခဲ့ပါတယ်။ ဒီကောင်က သူရဲ့ တံဆိပ်ကို ဝယ်ဖို့ ဒီနေရာကို လာခဲ့တာ မဟုတ်ပါဘူး။

"ဟီးဟီး ငါ့မှာ နည်းလမ်းတစ်ခု ရှိတယ်။ တကယ်လို့ မင်းက တန်ရာတန်ကြေး ပေးနိုင်မယ် ဆိုရင်ပေါ့"

လူငယ်က အနားကို တိုးလာပြီးတော့ အသံကို နှိမ့်ပြီး ပြောလိုက်ပါတယ်။

"ငါ့မှာ ရွှေဦးစမ်းရေ အဆင့် သိုင်းပညာရှင် တစ်ယောက် အသုံးပြုနိုင်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိတယ်။ ပြီးတော့ အဲဒီ စိတ်ဂိညာဉ်ပစ္စည်းရဲ့ အစွမ်းက စိတ်ဂိညာဉ် ပင်လယ်အဆင့်နဲ့ နှိုင်းယှဉ်လို့ ရတယ်။ အဲဒီစိတ်ဂိညာဉ် ပစ္စည်းကို မင်းပိုင်ဆိုင်မယ်ဆိုရင် နောက်ထပ် သုံးရက်ပဲ စောင့်ပြီး မင်းရဲ့ လမ်းကြောင်းမှာ ရှိသမျှအရာ အားလုံးကို ဖျက်ဆီးပြီးတော့ တံဆိပ်ပြားတွေကို မင်းက အသာအယာပဲ ကောက်ယူနိုင်လိမ့်မယ်"

"အိုး… ငါကြည့်ပါရစေ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"လာ..လာ.. လာ ငါနဲ့လိုက်ခဲ့ လူနည်းတဲ့နေရာကို သွားရအောင်။ ဒီလိုမျိုး ရတနာ တစ်ခုကို တခြားသူတွေ မြင်သွားမှာကို မင်း ခွင့်မပြုသင့်ဘူး"

သူတို့နှစ်ယောက်က အစွန်ကျကျ နေရာတစ်ခုကို သွားလိုက်ပါတယ်။ လူငယ်က အနီရောင် ဘောလုံးတစ်လုံးကို ထုတ်ယူလိုက်ပါတယ်။

"ဒါကို ကမ္ဘာကို ဖျက်ဆီးမဲ့ ကောင်းကင်တောင်ကြောက်ရွံ့ရတဲ့ မိုးကြိုးလုံးလို့ ခေါ်တယ်။ တစ်ချက်ကြည့်လိုက်"

သူက ဘောလုံးကို မြေကြီးပေါ်ကို ပစ်လိုက်တဲ့အခါမှာ ပုန်းဆိုပြီး ချက်ချင်းဆိုသလို ပေါက်ကွဲမှုကြီး တစ်ခုကို ဖြစ်စေခဲ့ပါတယ်။ ဒီပေါက်ကွဲမှုအားက အံ့အားသင့်စရာ ကောင်းလောက်အောင် ပြင်းထန်ပါတယ်။

ဖုန်မှုန်တွေ ပျောက်ကွယ်သွားတဲ့အခါမှာ လူငယ်က ဘောလုံးကို ကောက်ကိုင်ပြီးတော့ အစောတုန်းက အတိုင်းပဲ

မြေကြီးပေါ်ကို ပြန်ပစ်လိုက်ပြီးတော့ လင်းဟန်ကို ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

“ဘယ်လိုနေလဲ။ ဒီပစ္စည်းက ဆယ်ကြိမ်ပဲ အသုံးပြုလို့ရမယ်။ ဒါကြောင့် မင်းဒါကို ယူသွားတဲ့ အခါကျရင် ဂရုမပြုပဲ လျှောက်ပြီးတော့ အသုံးမပြုနဲ့”

လင်းဟန်က စပ်ဖြဲဖြဲ ဖြစ်သွားပါတယ်။ ဒီလူငယ်က လက်စွပ်တစ်ကွင်း ဝတ်ဆင်ထားပါတယ်။ ဒီလက်စွပ်က သာမန်လက်စွပ်မဟုတ်ပဲ စိတ်ဂိညာဉ်ပစ္စည်း တစ်ခု ဖြစ်ပါတယ်။ သူက ဘောလုံးကို ကောက်လိုက်တဲ့အခါမှာ လက်စွပ်ထဲကို ဘောလုံးကို ပြန်သိမ်းလိုက်ပြီးတော့ အထဲကနေ နောက်ထပ် ဘောလုံး တစ်လုံးကို ဆွဲထုတ်ယူလိုက်တာပဲ ဖြစ်ပါတယ်။ ၎င်းတို့ပုံစံက တူညီပေမဲ့ ဒါက အတုပဲဖြစ်ပါတယ်။

ဒီကောင်က တကယ့်ကို လူလိမ်တစ်ယောက်ပဲ။

Chapter 318 end

အပိုင်း (၃၁၉) အရှင်သခင် ပေါင်

ဖိုင့်ဖိုင့်နဲ့ လူငယ်ရဲ့ လှုပ်ရှားမှုက အရမ်းကို

လျှင်မြန်ပါတယ်။ တကယ်လို့ လင်းဟန်မှာသာ ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ ရှိမနေဘူးဆိုရင်တောင်မှ ဒီလူငယ်လေးရဲ့ လှည့်ကွက်ကို သေချာပေါက် ရှာဖွေတွေ့ရှိ ပါလိမ့်မယ်။ သူရဲ့ ထက်လှတဲ့ မျက်လုံးတွေနဲ့ ဒီအတုအယောင် စက်လုံး ဘယ်ဟာမဆို သူ့ကို လှည့်ဖြားလို့ မရနိုင်ပါဘူး။

"လာခဲ့ လာခဲ့။ မင်းကိုကြည့်ရတာ ငါ့မျက်လုံးထဲမှာ နှစ်လိုဖွယ်ရာ ကောင်းတဲ့အတွက် မူလစွမ်းအင် ခရစ်စတယ် ဆယ်ခုပဲ ပေးတော့"

ဂဖိုင့်ဖိုင့် လူငယ်က အနားကို တိုးလာပြီးတော့ လင်းဟန်ဆီကို ဘောလုံးကို လက်ကိုဆန့်ပြီး ပေးလိုက်ပါတယ်။

လင်းဟန်က ဘောလုံးကို လက်ခံရယူ လိုက်ပါတယ်။ ပြီးတော့ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ တကယ်လို့ ငါက မင်းကို ဖောက်ခွဲပစ်လိုက်မယ် ဆိုရင် မူလစွမ်းအင် ခရစ်စတယ် တစ်ခုတောင် ပေးစရာမလိုတော့ဘူး။ ငါအသုံးပြုလို့ ရနိုင်တဲ့ အကြိမ်ရေထဲက တစ်ကြိမ်ပဲ နည်းသွားမှာလေ။ ဒါက

ပိုပြီးတော့တောင်မှ အကျိုးအမြတ် ရှိသေးတယ်”

ဂဖိုင့်ဖိုင့် လူငယ်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“အသားညှိုတဲ့ ကျုပ်ရဲ့ အစ်ကိုတော် ခင်ဗျားက တကယ့်ကို ဟာသပညာရှင်ပဲ”

လင်းဟာန်က သူ့ရဲ့ လက်ချောင်းလေးတွေကို ဆတ်ခနဲ လှုပ်ရှားလိုက်ပြီးတော့ ဘောလုံးကို ကောင်းကင်ပေါ်ကို လျှင်မြန်စွာနဲ့ ပစ်ထည့်လိုက်ပါတယ်။

ဂဖိုင့်ဖိုင့် လူငယ်ရဲ့ မျက်လုံးတွေက မနေနိုင်ပဲ သူ့ရဲ့ခေါင်းကို မော့ပြီးတော့ ကောင်းကင်ပေါ်ကို လိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။

လင်းဟာန်က သူ့ရဲ့ ခေါင်းပေါ်က ဆံထိုးကို ဖမ်းဆုပ်ဖို့ လှုပ်ရှားလိုက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“ငါ ဘယ်လို စက်လုံးကိုမှ မလိုချင်ဘူး။ မင်းရဲ့ ခေါင်းပေါ်က ဆံထိုးကိုပဲ ငါလိုချင်တယ်”

ဂဖိုင့်ဖိုင့်လူငယ်က အံ့အားသင့်သွားပြီး အလျင်အမြန်ပဲ သူ့ရဲ့

ညာဘက်လက်ကို မြှောက်လိုက်ပါတယ်။ ချက်ချင်ဆိုသလိုပဲ သူရဲ့ ဂုတ်ရိုးပေါ်က ရှုပ်ထွေးပွေလီတဲ့ ပုံစံတစ်ခု တောက်ပလာပြီး သိမ်မွေ့ညင်သာတဲ့ အဖြူရောင် အလင်းတစ်ခု ဖြစ်ပေါ်လာပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ကာကွယ်လိုက်ပါတယ်။

သူက အနည်းငယ် စိုးရိမ်ထိတ်လန့်ပြီး တစ်ချက် တုန်သွားပါတယ်။ ပြီးတော့ လင်းဟန်က အနောက်ကို ခြေနှစ်လှမ်း ဆုတ်လိုက်ရပါတယ်။ သူရဲ့ ညာဘက်လက်က မလှုပ်မရှားနိုင်အောင် ဖြစ်သွားပြီးတော့ ထုံသွားသလို ခံစားလိုက်ရပါတယ်။ သူရဲ့လက်ဂါးပေါ်မှာ ပင့်ကူအိမ်နဲ့တူတဲ့ အက်ကွဲကြောင်းတွေက ပေါ်လာခဲ့ပြီးတော့ အဲဒီကနေ သွေးတွေ စိမ့်ထွက်လာပြီးတော့ သူရဲ့ လက်ပေါ်မှာ သွေးစက်သွေးပေါက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့ သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မော်စာလိပ်ကို လည်ပတ်လိုက်တဲ့အခါ ဒဏ်ရာတွေက ချက်ချင်းဆိုသလို ပြန်လည်ကောင်းမွန်လာပြီး သူက နောက်ထပ် မထိခိုက်တော့ ပါဘူး။

"ပိုး…. ဒါဆိုရင် မင်းက ကျွမ်းကျင်သူ တစ်ယောက်ပဲ"

ဂဖိုင့်ဖိုင့် လူငယ်က သူရဲ့အမြင်တွေ ပြန်ရှင်းသွားတဲ့ အခါမှာ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟန် စောစောတုန်းက ပစ်လွှတ်လိုက်တဲ့ ဘောလုံးကို ဖမ်းဖို့ပြင်လိုက်ပါတယ်။ ဗုန်း။ ကံမကောင်းတာက သူက ကောင်းကင်ပေါ်ကို မော့မကြည့်ပဲနဲ့ စတိုင်မိမိနဲ့ ဟန်ပါပါ ဖမ်းဖို့ပြင်လိုက်တာပါ။ ဒါပေမဲ့ သူရဲ့ တွက်ဆချက်က မှားယွင်းပြီးတော့ ဘောလုံးက သူရဲ့ခေါင်းပေါ်ကို ပြင်းထန်စွာနဲ့ ကျလာခဲ့ပါတယ်။

"အားရှီး"

သူက လျင်မြန်စွာနဲ့ သူရဲ့လက်တွေနဲ့ ခေါင်းကို ကာလိုက်ပြီး သူရဲ့ ဟန်ပါပါ စတိုင်ကျကျနဲ့ ပုံရိပ်က ချက်ချင်းဆိုသလို ပျက်စီးသွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အဂတ်အစားပုံစံတွေကို ကြည့်ရတာ သာမန်ဂိုဏ်းသေးသေးလေးတွေက မင်းကို ဒီလိုမျိုး အကုန်အကျခံပြီး ဆင်ပေးနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဘာဖြစ်လို့ မင်းက ဒီနေရာကို လာပြီးတော့ ကလေးတွေကို

လှည့်ဖျားရတာလဲ”

“အား… ငါမင်းကို လိမ်လည်လှည့်ဖြားလို့ မရနိုင်ဘူး။ ငါ့ပုံစံက ကြည့်ရင်တော့ သန်မာအားကောင်း ပေမဲ့လည်း တကယ်တန်း ငါက အားနည်းပါတယ်ကွာ။ တကယ်လို့ ဒီလိုမျိုး အပြင်ပန်း အဂ္ဂတ်အစားတွေကို အထောက်အပံ့ မရှိဘူးဆိုရင် မင်းလိုမျိုး ကျွမ်းကျင်သူနဲ့ ဆုံတွေ့တဲ့အခါ ငါ့ကို ပြန်ပြီးတော့ ခါးပြတိုက်မသွားဘူးလို့ ပြောလို့မရဘူး။ ဆိုရိုးစကားအရတော့ လူတစ်ယောက်က တိုင်းပြည်အနှံ့ ခရီးထွက်တဲ့အခါမှာ အရေးပါတာခြင်း တူတဲ့ အလုပ်နှစ်ခုကို တစ်ကြိမ်တည်း လုပ်ရတယ်”

ဂဖိုင့်ဖိုင့် လူငယ်က မရပ်မနားကို စကားတွေပြောနေပြီး သွေးတွေရဲနေတဲ့ လက်နဲ့ ဖမ်းခံထား ရတာတောင်မှ နည်းနည်းလေးမှ စိတ်ကသိကအောက် ဖြစ်တဲ့ပုံ မတွေ့ရပါဘူး။

“ဟီးဟီး… ငါမင်းကို ဘယ်လိုခေါ်သင့်လဲ”

လင်းဟန်က သူရဲ့ ပခုံးကို ပုတ်လိုက်ပါတယ်။

“ဆိုရိုးစကား ရှိတာတော့ တကယ်လို့

တစ်ယောက်ယောက်က အပြင်ဘက်ကို ခရီးထွက်မယ် ဆိုရင်တော့ သူငယ်ချင်းတွေ အပေါ်မှာ မှီခိုရမယ်တဲ့။ ငါရဲ့မျိုးရိုးနာမည်က မာ လို့ခေါ်တယ်။ ငါ့နာမည်က ထိုပေါင်။ တခြားသူတွေက အရှင်သခင် ပေါင် လို့ ခေါ်ကြတယ်။ ဒါပေမဲ့ မင်းက ငါ့ကို အစ်ကိုကြီး ပေါင်လို့ ခေါ်နိုင်တယ်”

ဂဖိုင့်ဖိုင့် လူငယ်က ပြောလိုက်ပါတယ်။

“ငါပြောမယ် ညီငယ်လေးပေါင်။ ငါတို့က သူငယ်ချင်းတွေလို့ သတ်မှတ်လို့ရတယ်။ ပြီးတော့ ပြောကြတာတော့ မင်းက သူငယ်ချင်း တစ်ယောက်အတွက် နှစ်ဖက်လုံးကို ဓားနဲ့ ထိုးနိုင်တယ်။ ဒါပေမဲ့ မင်းကိုယ်မင်း ဓားတစ်ချောင်းနဲ့ ထိုးမှာကို ငါတကယ်ပဲ မလိုချင်ပါဘူး။ ဒါပေမဲ့လည်း ဒီခါးပတ်ကိုကြည့်ရတာ သိပ်မဆိုးဘူး။ ဒါဆို ဘာဖြစ်လို့ ငါ့ကို မပေးတာလဲ”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“အော့ ထွီ”

မာထိုပေါင်က ချက်ချင်းဆိုသလို ခုန်လိုက်ပါတယ်။

"မင်းက တကယ်ပဲ လောဘကြီးလိုက်တာ။ ဒီအနက်ရောင် ကျောက်စိမ်းခါးပတ်ကို ရဖို့အတွက် ငါဘယ်လောက် ပေးခဲ့ရသလဲ။ နောက်ပြီးတော့ ငါက အရှင်သခင်ပေါင် ဒါမှမဟုတ် အစ်ကိုကြီး ပေါင်။ ညီငယ်လေး ပေါင် မဟုတ်ဘူး"

"မင်းရဲ့ မျိုးရိုးနာမည်က မာ ပဲလေ။ ဒါကြောင့် ဘာဖြစ်လို့ ငါက မင်းကို ပေါင်မာ လို့ မခေါ်ရမှာလဲ"

လင်းဟန်က သူ့ရဲ့ ပခုံးကို ပုတ်လိုက်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ဒီဖိနပ် တစ်စုံကလည်း သိပ်ပြီးတော့ မဆိုးပါဘူး။ ငါကြည့်ရသလောက်တော့ ငါတို့ရဲ့ ခြေထောက် အရွယ်အစားတွေက တူကြပါတယ်။ ဘာဖြစ်လို့ ငါတို့တွေ ဖိနပ်မလဲ ရမှာလဲ"

"မရဘူး"

မာထိုပေါင်ရဲ့ မျက်လုံးတွေ ပိုင်းသွားပါတယ်။

"ငါပြောမယ်။ မင်းက ဘယ်လိုလုပ်ပြီးတော့ ငါ့ထက်တောင် မျက်နှာများနေရတာလဲ"

“ငါ့ကို အထင်မမှားပါနဲ့။ ငါက အရမ်းကို ဖြူစင်ပါတယ်”

လင်းဟန်က စိတ်လှုပ်ရှားမှု ကင်းတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

“မင်းညီမပဲ ဖြူစင်လိုက်”

မာထိုပေါင်က အလျင်အမြန်ပဲ ထွက်ပြေးလိုက်ပါတယ်။ သူက ပြေးလည်းပြေး စကားလည်း ပြောလိုက်ပါတယ်။

“တန်ဖိုးရှိတဲ့ အချိန်တွေ ဖြုန်းမနေတော့ဘူး။ ငါ ပိုက်ဆံရှာရဦးမယ်။ ငတုံးငအေ နည်းနည်းလောက်ကို သွားပြီးတော့ လှည့်ဖြားလိုက်ဦးမယ်”

သူရဲ့ နောက်ဆုံးစကားလုံးတွေကို ပြောပြီးတဲ့ အချိန်မှာ သူက မြင်ကွင်းထဲကနေ ပျောက်သွားပါတော့တယ်။

လင်းဟန်ရဲ့ အမူအရာက အနည်းငယ် နေမထိ ထိုင်မထိ ဖြစ်သွားပါတယ်။ ဒီလူငယ်က အရမ်းကို ထူးခြားပါတယ်။ ခေါင်းအစ ခြေအဆုံး သူဂုတ်ဆင်ထားသမျှ အရာအားလုံးက စိတ်ဂိညာဉ် ပစ္စည်းတွေပဲ ဖြစ်ပြီးတော့ သူက ဒီလူငယ်ကို

ဖြတ်ပြီးတော့ မမြင်နိုင်တဲ့ ခံစားချက်မျိုးကို ပေးသွားခဲ့ပါတယ်။ လက်ရှိ သိုင်းပညာရပ်တွေရဲ့ ကမ္ဘာကြီးက အရမ်းကို တိုးတက် ဖွံ့ဖြိုးနေပြီး ကောင်းကင်ပေါ်ကနေ ကျဆင်းလာတဲ့ ဆီနှင်းပွင့်ဖတ်တွေလို အဆုံးမရှိ ပါရမီရှင် အများကြီး ပေါ်ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီလို မွန်းစတားတွေနဲ့ လူထူးလူဆန်းတွေက ဆက်တိုက် ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က သူတစ်ယောက်တည်းပဲ မာထိုပေါင်ရဲ့ တစ်ကိုယ်လုံးမှာ စိတ်ဂိညာဉ် ပစ္စည်းတွေ ဂတ်ဆင်ထားတာကို သတိပြုမိတဲ့သူလို့ မယုံကြည်ထားပါဘူး။ ဒါပေမဲ့ ဒီကောင်က ရေထဲမှာနေတဲ့ ငါးတစ်ကောင်လိုပဲ ချောချောမွေ့မွေ့နဲ့ နေထိုင်နေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက လှည့်ဖြားမှု တချို့ကို ဆက်ပြီးတော့ လုပ်နေပြီး လူကြီးပိုင်းက လူတွေတောင်မှ လှုပ်ရှားမှု တစ်စုံတစ်ရာ မလုပ်ခဲ့ပါဘူး။

လင်းဟန်ရဲ့ နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ သူကအခုဆိုရင် ရုပ်ဖျက် ထားပါတယ်။ တကယ်လို့ သူက လူမြင်ကွင်းမှာ အနက်ရောင် မျှော်စင်အထဲကို ဂင်တာပဲ ဖြစ်ဖြစ် နတ်ဆိုးရှင်သန်ဓားကို အသုံးပြုတာပဲ ဖြစ်ဖြစ် ဘယ်သူကမှ သူဘယ်သူလဲ

ဆိုတာကို သိကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက ဒါတွေကို အသုံးပြုတာကနေ ရှောင်ရှားနိုင်ရင် အကောင်းဆုံးပဲပေါ့။ အခုချိန်မှာ အရေးကြီးဆုံး အရာက ပထမနေရာကို ရအောင်ယူပြီးတော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ရအောင်ယူပြီးတော့ ဆောင်းလဂိုဏ်းကို ပြဿနာတွေ ဖန်တီးပေးရပါမယ်။

လင်းဟန်က သူရဲ့ မူလနေရာကို ပြန်လာခဲ့ပြီးတော့ အစီအစဉ်တွေ ဆွဲနေတုန်းမှာပဲ ခရမ်းရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူငယ်တစ်ယောက် လာနေတာကို မြင်လိုက်ရပါတယ်။ သူရဲ့ အနောက်မှာ လူဆယ်ယောက်ကျော် လိုက်ပါလာပြီးတော့ သူရဲ့ပုံစံက အရမ်းကို မာနကြီးပြီး ဘဂမြင့်နေတဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

“ဟေ့.. ကောင်စုတ်လေး။ မနက်ဖြန် စမ်းသပ်ပွဲ အချိန်မှာ ငါတို့ရဲ့ ကျောက်မဟာမိတ် အဖွဲ့ကို ဂင်လိုက်တာနဲ့ ငါရဲ့ လက်အောက်ခံ ဖြစ်လာမယ်”

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်က ပြောလိုက်ပါတယ်။

“မြန်မြန်လာပြီးတော့ ငါတို့ရဲ့ အရှင်သခင် ကျောက် ကို

ကျေးဇူးတင်လိုက်။ အဲဒီလိုမှ မဟုတ်ဘူးဆို မင်းလိုမျိုး တစ်ယောက်တည်းသွားမဲ့ သူ့အတွက် ငါတို့က သေချာပေါက် သေခြင်းတရားကို သယ်ယူလာပေးရလိမ့်မယ်”

သူရဲ့ နောက်လိုက်တစ်ယောက်က ချက်ချင်းဆိုသလို စတင်ပြီးတော့ ခြောက်လှန့်လိုက်ပါတယ်။

“ကောင်စုတ်လေး ဒီတစ်ကြိမ် ပြိုင်ပွဲမှာ ထင်ရှားကျော်ကြားတဲ့ ပါရမီရှင်တွေ ဘယ်လောက်တောင် ထွက်ပေါ်လာသလဲ ဆိုတာကို မင်းသိရဲ့လား။ မင်း လုံသခင်လေး ရန်ချောင်ကို သိလား။ သူလည်း မနက်ဖြန် ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်လိမ့်မယ်။ ဓားတရားရှင် ဘိုင်မင်းလည်း ပြိုင်ပွဲ ဝင်လိမ့်မယ်။ သူ့ကို လူတွေက ဓားတစ်ချက်တည်းနဲ့ တောင်တစ်လုံးကို ခွဲပစ်နိုင်တယ်လို့ ချီးကျူး ပြောဆိုကြတယ်”

တခြားသူက ထပ်ပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ မင်းက အဲဒီလူတွေနဲ့ ကြုံတွေ့ခဲ့မယ် ဆိုရင် မင်းရဲ့ တစ်ခုတည်းသော ကံတရားက သေခြင်းပဲ။ ဒါကြောင့် ငါတို့က အခုလိုမျိုး အုပ်စုတစ်ခု ဖွဲ့နေတာ ဖြစ်တယ်။ တကယ်လို့ ငါတို့တွေ အရှင်သခင် ကျောက်ရဲ့ဘက်ခြမ်းမှာ

စုစည်းပြီးတော့ နေခဲ့မယ်ဆိုရင် ငါတို့တွေ အသက်ရှင်သန်နိုင်လိမ့်မယ်”

“ထိပ်ဆုံး အယောက်တစ်ရာ စာရင်းအကြောင်းကိုတော့ မင်းလုံးဂ စဉ်းစားမနေနဲ့။ ဆောင်းလဂိုဏ်းတောင်မှ သူတို့ရဲ့ လူငယ်လက်ရွေးစင်တွေကို ပြိုင်ပွဲဝင်ဖို့ ပို့လိမ့်မယ်။ ဒါကြောင့် ထိပ်ဆုံး အယောက် တစ်သောင်းထဲမှာ ဝင်နိုင်ရင်ပဲ အရမ်းကို ကောင်းမွန်နေပြီ။ နောက်ထပ် ငါးနှစ်ကြာပြီးရင် ငါတို့ထဲက လူတွေက အသက်သုံးဆယ်ကို ရောက်ဦးမှာ မဟုတ်သေးဘူး။ အဲဒီအခါကျရင် နောက်တစ်ကြိမ် စမ်းသပ်စစ်ဆေးမှုကို ဝင်ပြိုင်နိုင်လိမ့်မယ်။ ပြီးတော့ အဲဒီအခါ ငါတို့က အဆင့်ကောင်းကောင်းတောင် ရနိုင်တယ်”

လင်းဟန်က အေးစက်စွာနဲ့ ရယ်မောလိုက်ပြီးတော့ ပြောပါတယ်။

“မင်းတို့ရဲ့ အကြံအစည်တွေက တော်တော်လေး ကောင်းပါတယ်။ ဒါပေမဲ့လည်း အမှိုက်တွေ စုနေတာက အမှိုက်ပဲ ဖြစ်နေဦးမှာပဲ။ ငါတောင်းပန်ပါတယ်။ ဒါပေမဲ့ ငါက အမှိုက်တွေနဲ့ အတူတူ အလုပ်လုပ်ဖို့ အစီအစဉ်မရှိဘူး။ ဒါက ငါ့ရဲ့ ရပ်တည်မှုကို နိမ့်ပါးစေတယ်”

"မိုက်ရိုင်းလိုက်တာ"

ထိုလူတွေက ဒေါသတကြီးနဲ့ အော်လိုက်ပြီးတော့ လင်းဟန်ကို ထိုးနက် ရိုက်နက်ဖို့ ပြင်ဆင်လိုက် ကြပါတယ်။ ဒါပေမဲ့ သူတို့ကို ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က တားလိုက်ပါတယ်။

"ဒီအချိန်မှာ ပြဿနာ ဖြစ်အောင် လုပ်တာတွေကို တင်းတင်းကြပ်ကြပ် တားမြစ်ထားတယ်။ ဘယ်သူမဆို ပြဿနာ ဖန်တီးလို့ရှိရင် ပြိုင်ပွဲကနေ ပယ်ခံရလိမ့်မယ်။ ပိုပြီးတော့ ဆိုးတာက သူတို့က ဒီနေရာမှာတင် ငါတို့ကို သတ်တောင် သတ်ပစ်လိမ့်မယ်"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ သူက လှည့်ပြီးတော့ လင်းဟန်ကို ကြည့်လိုက်ပြီး သရော်ပြီးတော့ ပြောလိုက်ပါတယ်။

"အသားညိုညိုနဲ့ ကောင်စုတ်လေး မင်းက ငါတို့ရဲ့ ကမ်းလှမ်းမှုကိုတောင်မှ ငြင်းပယ်ရဲတယ်။ ဟင့် မနက်ဖြန်ကျရင် ငါတို့တွေ မဆုံအောင်လို့ သေချာလုပ်ထား။ တကယ်လို့ မင်းရဲ့ ခန္ဓာကိုယ်က အရိုးတွေ အားလုံးကို မချိုးနိုင်ဘူးဆိုရင် ငါ့နာမည် ကျောင်းရီ မဟုတ်တော့ဘူး"

လင်းဟန်ရဲ့ မျက်လုံးထဲမှာလည်း သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခု လက်သွားခဲ့ပါတယ်။ ပြီးတော့ သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာတယ်ဆိုမှတော့ မင်းတို့လို အမှိုက် နည်းနည်းလောက်ကို သတ်ဖို့ဆိုတာ ငါ့အတွက် အပန်းမကြီးပါဘူး"

"ဟင့်.. သွားကြစို့"

ကျောင်းရီက တခြားသူတွေကို ဦးဆောင်ပြီးတော့ ထွက်သွားပါတယ်။ သူက တခြားနေရာကနေ နောက်လိုက်တွေ စုစည်းဖို့ သွားခဲ့ပါတယ်။

လူတော်တော်များများက အခုလိုမျိုးပဲ စွမ်းရည်တွေနဲ့ ပိုက်ဆံတွေကို အသုံးပြုပြီးတော့ သူတို့ရဲ့ နေရာတွေအတွက် အာမခံချက်ရှိအောင် လုပ်နေကြပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ တံဆိပ်ပြားတွေ ဂယ်ရင်တောင်မှ လုံလောက်တဲ့ လုံခြုံမှုအပြည့် မရှိပါဘူး။ စမ်းသပ်စစ်ဆေးမှုက သုံးရက်တောင် ကြာမှာဖြစ်ပြီးတော့ တကယ်လို့ သူတို့တွေက အစွမ်းထက်တဲ့ လက်ရွေးစင်

တစ်ယောက်ရဲ့ ပစ်မှတ်ထားခြင်းကို ခံရပြီးတော့ ဆက်တိုက်ဆိုသလို လုယက်ခြင်းကို ခံရမယ်ဆိုရင် ဒါက သူတို့တွေရဲ့ ပိုက်ဆံတွေကို အလဟဿ ဖြုန်းတီးတာပဲ မဟုတ်လား။

ဒါကြောင့်လည်း ဉာဏ်နည်းနည်း ရှိတဲ့သူတွေက နောက်လိုက်အခြွေအရံတွေကို စတင်ပြီးတော့ စုစည်းနေတာပဲ ဖြစ်ပါတယ်။ တကယ်တော့ အရေအတွက် အင်အားသာ ရှိမယ်ဆိုရင် သူတို့တွေကို တခြားသူတွေက လွယ်လွယ်ကူကူနဲ့ လုယက်ပုံမှာ မဟုတ်ပါဘူး။

လင်းဟာန်ကတော့ တစ်ယောက်တည်းပါပဲ။ ဒါကြောင့် လူတော်တော်များများက သူတို့ရဲ့ အဖွဲ့ထဲကို ဆွဲထည့်ချင်တဲ့အတွက် ပစ်မှတ်ထားခြင်းကို ဆက်တိုက်ခံ နေရပါတယ်။ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ဆိုတာ အားနည်းတယ်လို့တော့ သတ်မှတ်လို့ မရပါဘူး။ ပြီးတော့ လူငယ်မျိုးဆက်သစ်တွေထဲမှာတော့ အတော်လေး အစွမ်းထက်တယ်လို့ ယူဆနိုင်ပါတယ်။

Chapter 319 end

အပိုင်း(၃၂၀) လျှို့ဝှက်စွာ နှောင့်ယှက်ခြင်း

အခုလိုမျိုး စိတ်ပျက်စရာ လူလိုက်စုတာကို ရှောင်ရှားဖို့အတွက် လင်းဟန်က လူတွေနည်းတဲ့ နေရာကို သွားဖို့ အစီအစဉ်ချ လိုက်ပါတယ်။

သူက လူအုပ်ကြားထဲကို အတင်းဖြတ်ပြီးတော့ သွားလိုက်ပါတယ်။ ခြေလှမ်းအနည်းငယ် သွားပြီးတဲ့နောက်မှာ သူကရုတ်တရက် ရပ်တန့်လိုက်ပါတယ်။ မျှော်လင့်မထားပဲနဲ့ မိုးရေနိုင်ငံက သူငယ်ချင်းဟောင်းတွေ ဖြစ်ကြတဲ့ ချီယောင်ရီ၊ ဇောင်ဟွမ်နဲ့ တခြားသူတွေကို မြင်လိုက်ရပါတယ်။ သူမသိတဲ့ လူတော်တော်များများလည်း ရှိနေပါသေးတယ်။ ဖြစ်နိုင်တာက မိုးရေနိုင်ငံရဲ့ ဒီလူငယ်တွေက အတူတူလျှောက်လာကြရင်းနဲ့ လမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းခင်မင် ကုန်တာပဲ ဖြစ်ပါလိမ့်မယ်။

ဒါက တကယ့်ကို အတော်လေး တိုက်ဆိုင်တာပဲ။ ဒီမတိုင်ခင်က သူတို့တွေက လမင်းကျဆင်း ချောက်နက်က မြို့ငယ်လေးမှာ တွေ့ဆုံခဲ့ကြပြီး အခုတော့ ဒီနေရာမှာ ထပ်ပြီးတွေ့ကြပါတယ်။ ဒါက လင်းဟန်ကို မိုးရေနိုင်ငံရဲ့ အင်ပါယာမြို့မှာပဲ ရှိနေသေးလို့ ခံစားချက်ကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဘာဖြစ်လို့ သူက ဒီလူတွေကို နေရာတိုင်းမှာ တွေ့နေရတာလဲ။

"ကံမကောင်းလိုက်တာ။ လင်းဟန်က မပါလာဘူး။ သူသာ ပါလာမယ်ဆိုရင် သူရဲ့ အစွမ်းနဲ့ ထိပ်ဆုံး အယောက်တစ်ရာထဲကို ဝင်နိုင်ရုံသာမကဘူး ဒုတိယ စမ်းသပ် စစ်ဆေးမှုမှာ ပထမနေရာကို ရဖို့အတွက် အခွင့်အရေးလည်း သူမှာ ရှိလိမ့်မယ်"

ချီယောင်ရီက ခံစားချက် အပြည့်နဲ့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ သူက အရမ်းကို ထူးဆန်းတယ်။ သူက နွေဦးစမ်းရေ ပထမအလွှာပဲ ဆိုတာက သိသာထင်ရှားတယ်။ ဒါပေမဲ့ သူရဲ့ အစွမ်းက ကောင်းကင်ဘုံကိုတောင် ဆန့်ကျင်နေပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်ကိုတောင်မှ သတ်ပစ်နိုင်တယ်"

ဇောင်ဟွမ်က ခေါင်းညိတ်လိုက်ပါတယ်။ အစတုန်းက သူကိုယ်သူ အရမ်းကို မြင့်မြင့်မားမားနဲ့ တွေးထားတာ ဖြစ်ပြီးတော့ တတိယ အင်ပါယာ မင်းသားကိုတောင် မျက်လုံးထဲ မထည့်ပါဘူး။ သူထင်တာက တတိယ အင်ပါယာ မင်းသားရဲ့ ကျင့်ကြံခြင်း အဆင့်ကသာ သူထက် မဆိုသလောက် မြင့်တာဖြစ်ပြီးတော့ အဲဒါကြောင့်ပဲ တတိယ အင်ပါယာ မင်းသားရဲ့ အဆင့်က သူ့အပေါ်မှာ ရှိတာ

ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ကြည့်ပြီးတော့ သူကလုံးဝကို လက်ခံယုံကြည် သွားခဲ့ပါတယ်။

လင်းဟန်ကို အသာထားဦး။ သူက ဖန်းယန်၊ ရန်ထန်းဇောင်နဲ့ ဟူးညိုကိုတောင်မှ လုံးဝ မယှဉ်သာ ပါဘူး။

သူရဲ့ မာနတွေ စိတ်ကြီးဝင်နေမှုတွေ အားလုံးကို လုံးဝ စွန့်ပစ်လိုက်ပြီးတော့ ပုံမှန် နလုံးသား တစ်ခုကို ပိုင်ဆိုင်ပြီးတဲ့နောက်မှာ သူက ကြီးမားတဲ့ တိုးတက်မှုတွေ ရလာပြီးတော့ စိတ်ဂိညာဉ် ပင်လယ် အဆင့်ကို ဝင်ရောက်တော့မဲ့ ခံစားချက်တောင် ရရှိစေခဲ့ပါတယ်။

ချင်ပူယောင်က သူရဲ့ခေါင်းကို ခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါကို ဘယ်လိုမှ မကူညီနိုင်ဘူး။ လင်းဟန်နဲ့ ဆောင်းလဂိုဏ်းက သေမှပဲ ပြေလည်မဲ့ အမုန်းတရားတွေ ရှိနေတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဒီနေရာကို လာပြီး ဆရာတစ်ယောက်ကို ရှာဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ နောက်ပြီးတော့ သူက မြေကမ္ဘာအဆင့်

မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး ဒီလိုမျိုး လုပ်ထုံးလုပ်နည်းတွေအတိုင်း ဖြတ်သန်းသွားဖို့ လိုအပ်လို့လား။ သူရဲ့ အဆင့်အတန်းက ဂိုဏ်းဆရာသခင် တစ်ယောက်နဲ့တောင် အပြိုင်ဖြစ်နေပြီး ဘယ်ဂိုဏ်းကြီးကများ လင်းဟန်နဲ့ မရိုတ်ဆက်ချင်တာ ရှိလို့လဲ ”

“ဟူး… ဒါက မိုးကြိုးလျှပ်စီး ချပ်ဂျတ်ပဲ။ ပြီးတော့ ပြောကြတာက ဒီပစ္စည်းက ဟိုးရှေးဟောင်း ခေတ်ကတည်းက ဆင်းသက်လာခဲ့တာတဲ့။ အဲဒီမှာ မိုးကြိုးအစွမ်းကိုတောင် ထုတ်ဖော်နိုင်တဲ့ အစွမ်းရှိတယ်။ ကံမကောင်းတာက တကယ်လို့ လင်းဟန်သာ မလာခဲ့ဘူးဆိုရင် ငါတို့ဆီက ဘယ်သူကမှ ဒါကို ရယူနိုင်မှာ မဟုတ်ဘူး”

ချီယောင်ရီက သူရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်ပါတယ်။

“အင်း”

လူတိုင်းလူတိုင်း ခေါင်းညိတ်လိုက် ကြပါတယ်။ သူတို့အားလုံး လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ပြီးတော့ အခိုင်အမာ ယုံကြည်နေကြပါတယ်။

လင်းဟန်က လျှို့ဝှက်စွာနဲ့ ကျိတ်ပြီးတော့ ရယ်လိုက်ပါတယ်။ တကယ်လို့ သူက ပထမနေရာကို ရယူပြီးတော့ နောက်ပိုင်းမှာ ဒီလူတွေက အဖြစ်မှန်ကို ရှာတွေ့သွားမယ်ဆိုရင် သူတို့ရဲ့ မျက်နှာပေါ်မှာ ဘယ်လိုမျိုး အမူအရာတွေကို တွေ့ရလိမ့်မလဲ။

“ဟားဟားဟား… တကယ်ကို ဟာသပဲ”

ရတ်တရက် မီးခိုးရောင် ဂတ်စုံရှည်ကို ဂတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်က လှောင်ပြောင် ရယ်မောပြီးတော့ သူတို့ဆီကို လျှောက်လာခဲ့ပါတယ်။ အဲဒီလူငယ်က သူ့နှာခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါရဲ့ နားရွက်တွေကပဲ အကြားအာရုံ ပြဿနာ ရှိနေတာလား။ ဒါမှမဟုတ် မင်းတို့တွေကပဲ ရေတွင်းအောက်ခြေက ဖားသူငယ်တွေကပဲ ထွက်လာခဲ့တာလား။ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ လူတစ်ယောက်က ဒီတစ်ကြိမ် စစ်ဆေးမှုမှာ ပထမနေရာကို ရယူနိုင်မယ် ဟုတ်လား”

“ငါတို့ဘာသာ ငါတို့ ဆွေးနွေးပြောဆိုနေတာက မင်းနဲ့

ဘာဆိုင်လို့လဲ”

ဇောင်ဟွမ်က အရှေ့ကို ထွက်လာခဲ့ပါတယ်။

သူက အခုဆိုရင် မိုးရေနိုင်ငံကနေ ထွက်လာတဲ့ လူငယ်တွေထဲမှာ အသန်မာဆုံး အစွမ်းထက်ဆုံး တစ်ယောက်ဖြစ်နေပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေတွေနဲ့ ကြုံတွေ့တဲ့အခါ သူက တခြားသူတွေကို တာဝန်လွှဲပြောင်းပေးဖို့ ဆန္ဒမရှိပဲ အရင်ဆုံး ရှေ့ကိုထွက်ပြီး ရပ်လိုက်ပါတယ်။

“တကယ်လို့ မင်းတို့တွေက အမှန်ကို ပြောနေရင်တော့ အဲဒါက ပြဿနာမရှိဘူး။ အဓိက သော့ချက်က မင်းတို့တွေက အရမ်းကို လေကြီးတာပဲ။ ဒါကြောင့် ငါနောက်မဆုတ်နိုင်ဘူး”

မီးခိုးရောင် ဂတ်စုံနဲ့ လူငယ်က သူရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်ပါတယ်။

“ဒီလိုဆိုရင်ရော… . မင်းတို့တွေပြောနေတဲ့ လင်းဟာန်ကို ငါတစ်ချက်လောက် စမ်းကြည့်လို့ ရမလား။ ငါ ကျောက်ပောင်ချန်က သူ့ကို လက်တစ်ဖက်နဲ့

ထိန်းချုပ်နိုင်တယ်”

“မင်းက တိုက်ခိုက်ချင်တယ်ဆိုရင် ငါမင်းနဲ့ အတူ တိုက်ပေးမယ်”

ဖောင်ဟွမ်က နည်းနည်းလေးမှ ကြောက်ရွံ့ခြင်း မရှိပဲ ပြောလိုက်ပါတယ်။

“နွေဦးစမ်းရေ အလွှာ ၉ အဆင့်လေးကများ”

ကျောက်ပောင်ချန်က အထင်အမြင် သေးတဲ့ ပုံစံနဲ့ သရော်လိုက်ပါတယ်။

“ ငါက စိတ်ဂိညာဉ် ပင်လယ်အဆင့် ပထမအလွှာပဲ။ စိတ်ဂိညာဉ် ပင်လယ်အဆင့်နဲ့ နွေဦးစမ်းရေ အဆင့်ကြားက ဘယ်လောက်တောင် မတူညီဘူးလဲ ဆိုတာကို မင်းတို့ကောင်တွေ သိကြရဲ့လား။ နွေဦးစမ်းရေ အလွှာ ၉ အဆင့်အတွက်တောင်မှ စိတ်ဂိညာဉ် ပင်လယ် ပထမ အလွှာ အဆင့်နဲ့ အကွာအဝေးကို ကြီးမားတဲ့ ချောက်နက်ကြီးတစ်ခု ခြားထားတယ်။ ငါမင်းကို အနိုင်မကျင့်ချင်ဘူး”

ချီယောင်ရီနဲ့ပ တခြားသူတွေရဲ့ အမူအရာက

တောင့်တင်းသွားခဲ့ပါတယ်။ သိုင်းပညာအဆင့်က မြင့်လာလေ အဆင့်ကိုကျော်ပြီး တိုက်ခိုက်ဖို့က ခက်လာလေပါပဲ။ သူတို့တွေက လင်းဟန်လိုမျိုး နွေဦးစမ်းရေ ပထမ အလွှာအဆင့်နဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်က လူတစ်ယောက်ကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူထူးလူဆန်းတွေ မဟုတ်ကြပါဘူး။

“အိုး.. ဒါဆိုရင် မင်းတို့ကောင်တွေက မြောက်ပိုင်း အစွန်အဖျားကနေ လာခဲ့ကြတာပေါ့”

ကျောက်ပေါင်ချန်က အမှတ်မထင် သူရဲ့ လက်တွေကို ပွတ်ပြီးတော့ ကျယ်လောင်စွာနဲ့ ရယ်လိုက်ပါတယ်။

“အတွေ့အကြုံ မရှိတာလည်း အံ့သြစရာ မဟုတ်တော့ပါဘူး။ မင်းတို့တွေက တောသားတွေပဲ။ ဟူး… ငါ့ကိုငါ နိမ့်ချပြီးတော့ တောသားတွေနဲ့ အချိန်ဖြုန်းမိတာ တကယ့်ကို ပျင်းစရာ ကောင်းလိုက်တာ။ တကယ်လို့ တစ်ယောက်ယောက်ကသာ သိသွားမယ်ဆိုရင် သူတို့တွေက ငါ့ကို သေချာပေါက် လှောင်ပြောင်ကြတော့မှာပဲ”

“ဘာပဲဖြစ်ဖြစ် မင်းတို့ကောင်တွေ

ရေတွင်းအောက်ခြေကနေ ကောင်းကင်ကို ဆက်ပြီးတော့ ကြည့်နေလိုက်ဦး။ မနက်ဖြန် ငါနဲ့ ဆုံဖို့အချိန်ကို စောင့်လိုက်ကြဦး။ ဟီးဟီး မင်းတို့ကောင်တွေကို ငါ တစ်ယောက်ပြီး တစ်ယောက် သတ်ပြမယ်”

နောက်ဆုံး စကားလုံးတွေကို ပြောလိုက်တဲ့ အခါမှာ သူရဲ့ အမူအရာက ခက်ထန်ပြီးတော့ ခြိမ်းခြောက်မှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

ချီယောင်ရီနဲ့ တခြားသူတွေရဲ့ အမူအရာက ဒေါသတွေကြောင့် အပြောင်ရောင် သန်းသွားခဲ့ပါတယ်။ ဒါပေမဲ့ ခွန်အားကွာခြားမှုက အရမ်းကို ရှင်းလင်းပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ အမြဲတမ်း စိတ်အနှောင့်အယှက် ဖြစ်ခံနေတော့မှာလား။ ဒါအပြင် ဆောင်းလဂိုဏ်းရဲ့ တောင်တံခါး အောက်ခြေမှာ ရန်ပွဲကို သည်းခံကြမှာမဟုတ်ပါဘူး။ တကယ်လို့ သူတို့က တိုက်ခိုက်ပွဲတယ် ဆိုရင် ဆောင်းလဂိုဏ်းရဲ့ ထုတ်ပယ်ပစ်ခြင်းကို ခံရဖို့ ဖိတ်ခေါ်နေသလို ဖြစ်သွားပြီး မနက်ဖြန် စမ်းသပ် စစ်ဆေးမှုကို ပါဝင်ဖို့ အခွင့်အရေး မရှိပဲ ဖြစ်သွားပါလိမ့်မယ်။ ဒါက အဆုံးအရှုံး ပိုပြီးတော့ ကြီးမားပါတယ်။

"ဂမ်းနည်းစွာနဲ့ပဲ လင်းဟန်က ဒီနေရာမှာ ရှိမနေဘူး။ အဲလိုမှ မဟုတ်ရင် ဒီကောင်က ဒီလိုမျိုး မာနကြီး စိတ်ကြီးဂင် ရဲလိမ့်မှာ မဟုတ်ဘူး"

လူတိုင်းလူတိုင်းက မရှိတင်ကဲ ဖြစ်သွားကြပါတယ်။

လင်းဟန်ကို အသာထားဦး ဖန်းယန် ဒါမှမဟုတ် ရန်ထန်းဇောင်တို့ ဆိုရင်ပဲ ကျောက်ပောင်ချန်ကို လွယ်လွယ်ကူကူနဲ့ ဖိနှိပ်ပစ်နိုင်ပါတယ်။ ဟူးညိုတောင်မှ ဒါကို လုပ်နိုင်ပါတယ်။

ကံမကောင်းလိုက်တာ။ ဘယ်လောက်တောင် ကံဆိုးလိုက်သလဲ။

လင်းဟန်က အားလုံးကို ကြားပါတယ်။ သူက အနည်းငယ် ပြုံးပြီးတော့ ကျောက်ခဲလေး တချို့ကို မြေကြီးပေါ်ကနေ ကောက်ယူပြီးတော့ သူရဲ့ လက်ချောင်းကို ဆတ်ခနဲ လှုပ်လိုက်ပါတယ်။

"အားရိုး"

ကျောက်ပောင်ချန်က သူရဲ့ ခြေထောက်နှစ်ချောင်းလုံးကို

ခလုတ်တိုက်သလို ဖြစ်သွားပြီးတော့ မြေကြီးပေါ်ကို ဒူးထောက်ကျသွားပါတယ်။ သူက ချက်ချင်းပဲ ပြန်ထလိုက်ပြီးတော့ ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

"ဘယ်သူလဲ.. ဘယ်သူက ငါ့ကို ပုန်းလျှိုးကွယ်လျှိုးနဲ့ လုပ်ကြံပုံတာလဲ"

ချီယောင်ရီနဲ့ တခြားသူတွေက တခဏမျှ ထိတ်လန့်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေက ကျောက်ဟောင်ချန်ရဲ့ စကားတွေကို ကြားလိုက်တဲ့ အခါမှာ ရယ်မောကုန်ပါတယ်။

"ကြီးကျယ်မြင့်မြတ်တဲ့ ကျွမ်းကျင်သူ ကျောက်၊ ခင်ဗျားက အရမ်းကို တော်တဲ့ ကျွမ်းကျင်သူ မဟုတ်ဘူးလား။ ဘယ်လိုကြောင့် ခင်ဗျားကို တိုက်ခိုက်လိုက်တဲ့ သူကိုတောင်မှ မသိရတာလဲ"

"အား ငါသိပြီ။ ဒီကောင်က သူရဲ့ ခြေထောက်တွေက အားနည်းပြီးတော့ ဒူးထောက်ရတာကို ကြိုက်နှစ်သက်ပုံရတယ်။ ဒါကြောင့် သူက ဆင်ခြေတစ်ခု ရှာပြီးတော့ တစ်ယောက်ယောက်က တိုက်ခိုက်လိုက်သလိုမျိုး ဟန်ဆောင်ပြီး

ဒူးထောက်လိုက်တာပဲ ဖြစ်ရမယ်”

“ဟီးဟီး… ကြီးကျယ်မြင့်မြတ်တဲ့ ကျွမ်းကျင်သူ ကျောက်… မင်းရဲ့ ဆရာသခင် ဒီမှာရှိတယ်။ နောက်တစ်ကြိမ် ဒူးထောက်လိုက်ပါဦး”

ကျောက်ဟောင်ချန်က ဒေါသတွေထွက်ပြီး သူ့ရဲ့ မျက်လုံးတွေက မီးဝင်းဝင်း တောက်လောင်လို့ နေပါတယ်။ သူက ပြန်လှည့်လိုက်ပြီးတော့ ချီယောင်ရီနဲ့ တခြားသူတွေကို လေးလေးနက်နက်နဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဒီလူတွေထဲမှာ သူကို ခိုးကြောင်ခိုးဝှက်နဲ့ တိုက်ခိုက်နိုင်တဲ့ ကျွမ်းကျင်သူ တစ်ယောက်ရှိမယ်ဆိုတာ သူတောင်မှ မယုံကြည်ပါဘူး။

သူက ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့သူ အများစုက ဒြပ်စင်စုစည်းခြင်း အဆင့်မှာပဲ ဖြစ်ပြီးတော့ အနည်းငယ်သော ယှဉ်ပြိုင်သူတွေက ငွေဦးစမ်းရေ အဆင့်မှာပဲ ဖြစ်ပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့်က ပိုတောင်မှ နည်းပါသေးတယ်။ သူတစ်ယောက်တည်းပဲ ရှိပါတယ်။

သူတကယ်ပဲ ရုတ်တရက် ကြွက်တက်ပြီးတော့ ဒူးထောက်

ကျသွားတာ ဖြစ်နိုင်ပါ့မလား။

သူက ပြန်လှည့်ပြီးတော့ လမ်းလျှောက်ဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့ ညာဘက် ခြေထောက်ကို မြှောက်လိုက်တဲ့ အခါမှာ သူရဲ့ ဘယ်ဘက်ခြေထောက်က ပြင်းထန်တဲ့ နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး နောက်တစ်ကြိမ် ဒူးထောက်လဲကျ သွားခဲ့ပါတယ်။

"ဂါး ဟားဟားဟားဟား"

ချီယောင်ရီနဲ့ တခြားသူတွေက ဂါးလုံးကွဲအောင် အော်ရယ်လိုက် ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်နှာပေါ်မှာလဲ ထူးဆန်းတဲ့ အမူအရာတွေ ဖြစ်လို့နေပါတယ်။

တစ်ကြိမ်တည်းဆိုရင် ဒါက တိုက်ဆိုင်မှုလို့ ပြောလို့ ရပါတယ်။ ဒါပေမဲ့ စိတ်ဂိုညာဉ် ပင်လယ်အဆင့် တစ်ယောက်က နှစ်ကြိမ်တိုင်တိုင် မတော်တဆတစ်ခု ဖြစ်နိုင်ပါ့မလား။ ဒါဆိုရင် တစ်ယောက်ယောက်က ကျောက်ပေါင်ချန်ကို မြွေတွေလိုမျိုး လျပ်တပြက်နဲ့ တိုက်ခိုက်လိုက်တာ ဖြစ်ပြီးတော့ အဲဒီလူက

မယုံနိုင်စရာကောင်းတဲ့ အစွမ်းတစ်ခုကို ပိုင်ဆိုင်ပြီးတော့ ပုန်းခိုပြီး တိုက်ခိုက်တဲ့နေရာမှာလည်း အရမ်းကို တော်ပါလိမ့်မယ်။

"တပည့်လေး ကျောက်… မင်းထလို့ ရပြီ"

လူတိုင်းလူတိုင်းက ကျောက်ဟောင်ချန်ကို လှောင်ပြောင်သရော်လို့ ရမဲ့ အခွင့်အရေးကို လုံးဝ လက်လွှတ်မခံပါဘူး။

ကျောက်ဟောင်ချန်က မတ်တတ်ထရပ် လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက တကယ်ပဲ ပြင်းပြင်းထန်ထန် နာကျင်ရပါတယ်။ သူတစ်ကြိမ် ထရပ်လိုက်တာနဲ့ နောက်တစ်ကြိမ် ခလုတ်တိုက်ပြီး ဒူးထောက်သွားပါတယ်။ သူရဲ့ခေါင်းကို ငုံ့လိုက်ပြီး ထိတ်လန့်တုန်လှုပ်ဖွယ် အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။

အံ့အားသင့်စရာ ကောင်းပါတယ်။ သူရဲ့ ဒူးဆစ်ပေါ်မှာ သွေးတွေ ယိုစီးကျနေတဲ့ အပေါက်တစ်ပေါက် ရှိနေပါတယ်။ သူရဲ့ ညာဘက် ဂုံညင်းကို ဖောက်ထွက် သွားခဲ့တာ ဖြစ်ပါတယ်။

တကယ်လို့ အဲဒီလူက သူ့ကို လှို့ပက်ပြီးတော့ သတ်ပစ်ချင်တယ်ဆိုရင် သူရဲ့ ခေါင်းကို လွယ်လွယ်ကူကူနဲ့ ပေါက်ထွက်သွားအောင် တိုက်ခိုက်လိုက်မှာပေါ့ မဟုတ်ဘူးလား။ ဒီနေရာမှာ လူသောင်းနဲ့ချီအောင် ရှိပြီးတော့ ဆောင်းလဂိုဏ်းတောင်မှ အရာအားလုံးကို ထိန်းချုပ်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။ ဟုတ်တယ်မလား။ မျက်မြင်သက်သေ မရှိပဲ တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်မယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ လုပ်ကြံသတ်ဖြတ်သူကို ရှာနိုင်မှာလဲ။

ဒါအပြင် သူကသေသွားခဲ့ရင် ဘယ်လိုလုပ်ပြီးတော့ လက်စားချေလို့ ရနိုင်မှာလဲ။

ကျောက်ဟောင်ချန်က ငတုံးတော့ မဟုတ်ပါဘူး။ သူက အလျင်အမြန်ပဲ ခြေထောက်တစ်ဖက်နဲ့ ထရပ်ပြီးတော့ ပတ်ဂန်းကျင်ကို ဂါရဝပြုပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာခင်ဗျာ… ဒီဂျူနီယာလေးက ဘယ်နေရာမှာ အပြစ်ကျူးလွန်ခဲ့မိလဲ ဆိုတာကို မသိပါဘူး။ ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ။ ဒီဂျူနီယာလေး ဘာပဲလုပ်ပေးရ လုပ်ပေးရ ကိစ္စမရှိပါဘူး။ လုံးဝလည်း မလိုတမာစိတ် အငြိုးတွေ မထားပါဘူးခင်ဗျာ”

သူက တစ်ခဏမျှ ရပ်လိုက်ပါတယ်။ ပြီးတော့ ပတ်ဂန်းကျင်က ဘာလှုပ်ရှားမှုမှ မရှိတာကို မြင်လိုက်ရတဲ့ အခါမှာ သူရဲ့ မသန်မစွမ်း ဖြစ်နေတဲ့ ခြေထောက်နဲ့ ထွက်ခွာသွားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူက နောက်ထပ် တိုက်ခိုက်မှုကို မခံရတော့ပဲ နောက်ဆုံးမှာ အေးအေးဆေးဆေးနဲ့ အနားယူလို့ ရသွားခဲ့ပါတယ်။ သူတစ်ကိုယ်လုံး အေးစက်တဲ့ ချွေးတွေနဲ့ ဖြစ်နေပြီးတော့ အဂတ်အစားတစ်ခုလုံးလည်း ချွေးတွေနစ်နေတယ်လို့ ခံစားလိုက်ရပါတယ်။

လင်းဟန်က အသာလေး ပြုံးလိုက်ပါတယ်။ သူက ကျောက်ပောင်ချန်ကို မသန်မစွမ်း ဖြစ်အောင်လို့ တိုက်ခိုက်လိုက်တာဖြစ်ပြီး အနည်းဆုံးတော့ မနက်ဖြန် ကျောက်ပောင်ချန်က စမ်းသပ်စစ်ဆေးမှုကို ဂင်ပြိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျောက်ပောင်ချန်းက ချီယောင်ရီနဲ့ တခြားသူတွေကို တွေ့ဆုံဖို့ မဖြစ်နိုင်ပဲ စောစောတုန်းက သူခြိမ်းခြောက်ခဲ့သလို သူတို့ကို သတ်ပစ်ဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ပါဘူး။

Chapter 320 end

အပိုင်း(၃၂၁) စမ်းသပ် စစ်ဆေးမှု စတင်ပြီ

တစ်ရက်ဆိုတဲ့ အချိန်က လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပြီးတော့ ဆောင်းလဂိုဏ်းရဲ့ ငါးနှစ်တစ်ကြိမ် တပည့်ရွေးချယ် လက်ခံပွဲကြီးက နောက်ဆုံးမှာတော့ စတင်လာခဲ့ပါပြီ။

ပုန်း ပုန်း ပုန်း

တောင်ရဲ့ ဂိတ်တံခါးကြီးက ဘယ်နှစ်ကြိမ်မြောက် ဖွင့်သလဲ ဆိုတာကို မသိပါဘူး။ ဖြည်းညှင်းစွာနဲ့ ပွင့်လာခဲ့ပါတယ်။ ၎င်းကို ဖွင့်ရတာ အရမ်းကို ကြီးမားပြီး လေးလံတာကြောင့် ငလျင်တစ်ခု လှုပ်သလိုမျိုး ဖြစ်သွားပါတယ်။ တောင်နံရံရဲ့ အနီးနားက ကျောက်တုံးသေးသေးလေး တချို့ မြေကြီးပေါ်ကို အရှုးအမူး ကျလာခဲ့ပြီး ကျောက်တုံးကော်ဇောလမ်း ခင်းသလို ဖြစ်သွားပါတယ်။

လူတိုင်းလူတိုင်း ကျောက်ရုပ်တွေလို တောင့်တင်း သွားခဲ့ပါတယ်။ ဒါက တကယ့်ကို မှင်တက် အံ့သြစရာ ကောင်းပါတယ်။ တောင်ရဲ့ ဂိတ်တံခါးတွေကို ဖွင့်လိုက်ရုံနဲ့ပဲ ဒီလိုမျိုး ဆူညံပွက်လောရိုက်မှုကြီး တစ်ခုကို ဖြစ်ပေါ်စေနိုင်တယ်။

တောင်ရဲ့ တံခါးအတွင်းကနေ တောက်ပလင်းလက်တဲ့ အလင်းရောင် စူးစူးတွေ ထွက်ပေါ်လာပြီး လူတိုင်းလူတိုင်းက သူတို့ရဲ့ မျက်လုံးတွေကို ချက်ချင်းပဲ ပိတ်ထားလိုက်ပြီးတော့ မကြည့်ပံ့ကြပါဘူး။ ဒီအလင်းတန်းတွေက တဖြည်းဖြည်းနဲ့ မှိန်ဖျော့လာမှပဲ လူတွေက နောက်တစ်ကြိမ် ထပ်ကြည့်လိုက်ပါတယ်။

အဲဒီအချိန်မှာ အဘိုးကြီး တစ်ယောက်က တောင်ရဲ့ ဂိတ်တံခါးကို ဖြတ်ပြီးတော့ လေထဲကနေ လမ်းလျှောက်လာခဲ့ပါတယ်။ ပန်းဖူးအဆင့် လူတစ်ယောက်ရဲ့ ခြေလှမ်းတိုင်းက အရမ်းကို တောက်ပတဲ့ ချည်မျှင်လို အလင်းတန်းတွေ ဖြစ်ပေါ်လာပြီးတော့ အချိန်တော်တော် ကြာတဲ့အထိ ပျောက်မသွားခဲ့ပါဘူး။

လေထဲကနေ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဖြတ်လျှောက်လာတယ်။ ဒါက ပန်းဖူးအဆင့်ပါ။

လူတိုင်းလူတိုင်း ဆက်တိုက်ဆိုသလို လေးလေးနက်နက်နဲ့ ကြည်ညိုလေးစားမှုတွေကို ခံစားလိုက်ရ ပါတယ်။ ဒါက သေမျိုးတွေရဲ့ နောက်က တည်ရှိမှု တစ်ခုဖြစ်ပါတယ်။ ပြီးတော့ သာမန်လူတွေရဲ့ မျက်လုံးတွေမှာ နတ်ဘုရား တစ်ပါးနဲ့ အတူတူပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်

တကယ်လို့ သေမျိုးတွေက ပျံသန်းနိုင်ရင်တောင်မှ သူတို့ရဲ့ သက်တမ်းက နှစ်ပေါင်း နှစ်ရာ သို့မဟုတ် သုံးရာထိ ရှည်လျားနိုင်ပါ့မလား။

“ဆောင်းလဂိုဏ်းက သူတိုရဲ့ ဂိတ်တံခါးကို ဖွင့်ပြီးတော့ တပည့်ရွေးချယ် လက်ခံဖို့ တရားဝင် စတင်လိုက်ပြီ”

အဘိုးကြီးက ပုံမှန်အတိုင်းပဲ ပြောလိုက်ပါတယ်။ သူရဲ့ အသံက အရမ်းကို ညင်သာပါတယ်။ ဒါပေမဲ့ လူတိုင်းလူတိုင်းရဲ့ နားထဲကို အရမ်းကို ရှင်းလင်း ကြည်လင်စွာနဲ့ ဖြတ်သွားခဲ့ပါတယ်။ တချိန်တည်းမှာပဲ ဒီနေရာမှာရှိနေတဲ့ လူပေါင်း တစ်သိန်းရဲ့ အသံတွေကို ဖုံးလွှမ်းသွားပါတယ်။

လူတွေအများကြီးရဲ့ ပါးစပ်ပေါက်တွေကို တချိန်တည်းမှာ ပိတ်လိုက်ဖို့ ဆိုတာက အရမ်းကို ခက်ခဲပါတယ်။ ဒီမြင်ကွင်းက အခုဆို အရမ်းကို တိတ်ဆိတ်ငြိမ်သက်ပြီး အပ်တစ်ချောင်း ကျသွားရင်တောင်မှ အသံကို ကြားနိုင်ပါတယ်။ ပြီးတော့ တကယ်လို့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ အသံက သာမန်လူပေါင်း တစ်သိန်းလောက်ရဲ့ အသံကို မဖိနှိပ်နိုင်ဘူးဆိုရင် သူတို့ကို သေမျိုးတွေကို ကျော်လွန်တဲ့ အဆင့်လို့ ခေါ်ဆိုဖို့

ထိုက်တန်လိမ့်မှာ မဟုတ်ပါဘူး။

"စည်းမျဉ်း စည်းကမ်းတွေက မင်းတို့တွေ အားလုံးသိပြီးသားပဲ။ ဒါကြောင့် ဒီအဘိုးကြီးက အချုပ်လောက်ပဲ ပြောတော့မယ်။ တောင်ရဲ့ ဂိတ်တွေထဲကို ဝင်ပြီးတော့ တံဆိပ်တစ်ခုကို ယူလိုက် ပြီးတော့ ဘေးမှာရှိနေတဲ့ တောထဲကို သွားကြတော့။ အဲဒီနေရာမှာ မင်းတို့တွေ တိုက်ခိုက်လို့ ရတယ်"

"ဒီဂိုဏ်းက တပည့်တွေက အသက်သုံးဆယ် အောက်တွေပဲ ပါဝင်လို့ ရနိုင်တယ်။ ဒါပေမဲ့ သူတို့တွေက တတိယမြောက်နေ့ကျမှပဲ ပါဝင်လို့ရမယ်"

"တိုက်ခိုက်ပြီး တံဆိပ်ပြားတွေကို သိမ်းဆည်းတာက မင်းတို့ရဲ့ ဦးစားပေး ကိစ္စပဲ ဖြစ်တယ်။ မင်းတို့တွေ ယုလောင်တောင်ရဲ့ အနောက်မြောက်အစွန်ဆုံး နေရာကို သုံးရက်အတွင်းမှာ အရောက်သွားဖို့ လိုတယ်။ အဲဒီမှာ ဘဲငန်းကျ တောင်ကြားလို့ ခေါ်တဲ့ လျှိုတစ်ခု ရှိတယ်။ တတိယမြောက်ရက် လမင်းက ခေါင်းတည့်တည့်ကို မြင့်တက်လာတဲ့ အချိန်ထိ ဘဲငန်းကျ တောင်ကြားကို မရောက်လာနိုင်တဲ့ သူတွေကို အဆင့်မမီဘူးလို့ သတ်မှတ်မယ်"

"ဒါကြောင့် တကယ်လို့ မင်းတို့မှာ တံဆိပ်ပြား လုံလုံလောက်လောက် ရပြီလို့ ထင်ရင် ဘဲငန်းကျ တောင်ကြားကို စောစောလေး ဦးတည်ပြီးတော့ သွားနိုင်တယ်။ မင်းတို့တွေက သုံးရက်ပြည့်တဲ့ အထိ စောင့်နေဖို့ မလိုဘူး"

"ဒီနေရာကနေ ဘဲငန်းကျ တောင်ကြားကို ဦးတည်သွားဖို့ စုစုပေါင်း လမ်းကြောင်း ၂၆ လမ်းရှိတယ်။ မင်းတို့ကြိုက်တဲ့လမ်းကို မင်းတို့ကိုယ်တိုင် ရွေးပြီးတော့ သွားနိုင်တယ်"

"မင်းတို့တွေ စမ်းသပ်ပွဲကို ဂင်ပြိုင်ပြီဆိုတော့ သေခြင်း ရှင်ခြင်းက မင်းတို့ကိုယ်ပိုင် တာဝန်ယူရမဲ့ ကိစ္စပဲ။ စလို့ရပြီ"

အဘိုးကြီးက ကောင်းကင်ပေါ်မှာ ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပါတယ်။ ဒါပေမဲ့ သူရှိနေတာက လူတိုင်းလူတိုင်း သူတို့ရဲ့ နလုံးသားကို ကျောက်တုံးတစ်တုံးနဲ့ ဖိထားသလိုမျိုး ခံစားရပြီးတော့ အသက်ကို ပြင်းပြင်းမရှူ ပုံ့ကြပါဘူး။

လူတိုင်းလူတိုင်းပဲ တစ်ယောက်ပြီး တစ်ယောက် အရှေ့ကို တိုးလာပြီးတော့ သူတို့ရဲ့ တံဆိပ်ပြားကို

လက်ခံရယူလိုက်ပါတယ်။ အဲဒီလူတွေ အားလုံးက ချက်ချင်းဆိုသလိုပဲ တောအုပ်ရဲ့ အနက်ပိုင်းထဲကို ပြေးဝင်သွားပါတယ်။ ပြီးတော့ အဖွဲ့တစ်ခုက အဲဒီနေရာကနေ စတင်ပြီးတော့ စောင့်နေတာကို မြင်လိုက်ရပါတယ်။ သိပ်မကြာခင်မှာ အဖွဲ့လေးတွေ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က မျက်စိနဲ့ ဝေ့ပြီးကြည့်လိုက်ပါတယ်။ သူက လူတော်တော်များများ မတ်တတ်တွေ ထရပ်တာကို မြင်လိုက်ရပါတယ်။ အနီရောင် ဝတ်စုံနဲ့ လူတငယ်တစ်ယောက်က ခြောက်မီတာခန့် ရှည်လျားတဲ့ လှံတစ်ချောင်းကို သယ်ပြီးတော့ သွေးဆာလောင်တဲ့ အရှိန်အဝါတစ်ခုကို ထုတ်ဖော်နေတာကို တွေ့လိုက်ရပါတယ်။ သူရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပင်လယ် အလွှာ ၇ အဆင့်မှာ ဖြစ်ပြီးတော့ ပုံမှန်ထက် အများကြီး သာလွန်ပါတယ်။

လင်းဟန်က ဒီလူငယ်က လှံအရှင်သခင်လေး ရန်ချောင် ဖြစ်မယ်လို့ ခန့်မှန်းလိုက်ပါတယ်။ အသက် ၂၄ နှစ်အရွယ်လောက်နဲ့ စိတ်ဂိညာဉ် ပင်လယ် အလွှာ ၇ အဆင့်ကို ရောက်နေတာက တကယ့်ကို မျှော်မှန်းထားသလို ထူးချွန်ထက်မြက်ပါတယ်။ ကွမ်းယွမ်က စိတ်ဂိညာဉ်

ပင်လယ် အလွှာ ၅ အဆင့်ကနေ အခုဆို အဆင့်ရှစ်ကို ဖြတ်ကျော်ရောက်ရှိလို့ နေပါတယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်က အသက် ၂၀ လောက် ကွာပါတယ်။

ရန်ချောင်က ချက်ချင်းဆိုသလို လင်းဟန်ရဲ့ အကြည့်တွေကို ခံစားသိရှိပြီးတော့ အနောက်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ ပြီးတော့ သူက ခြေလှမ်းကျဲကြီးတွေနဲ့ အရှေ့ကို ဆက်သွား လိုက်ပါတော့တယ်။ သူပုံစံကြည့်ရတာ လင်းဟန်ကို လုံးဝဂရုစိုက်စရာ မလိုတဲ့ ပုံစံပါ။

"အင်း ဒီကောင်တော့ ကောင်းကောင်းလေး ဆုံးမပေးဖို့ လိုနေပြီ"

လင်းဟန်က သူကိုယ်သူ ပြန်ပြီးတော့ တွေးလိုက်ပါတယ်။ အဲဒီနောက် သူက ခါးမှာ ဓားတစ်လက် ချိတ်ဆွဲထားတဲ့ လူငယ်တစ်ယောက်ဆီကို ကြည့်လိုက်ပါတယ်။ ဘေးနားက လူတွေရဲ့ ဆွေးနွေးပြောဆိုတာကို ကြားရပြီးတော့ ဒီလူငယ်က ဓားတရားရှင် ဘိုင်မင်း ဖြစ်ပြီး စိတ်ဂိညာဉ် ပင်လယ် အလွှာ ၇ အဆင့် ဖြစ်ပါတယ်။ သူရဲ့ တိုက်ပွဲစွမ်းရည်က ဉာဏ်မမီအောင် ခက်ခဲနက်နဲ ပါတယ်။ ကောလာဟလတွေအရ သူက တခါတုန်းက စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်က လူတစ်ယောက်ကို

တစ်ချက်တည်းနဲ့ သတ်ဖြတ်ပစ်ခဲ့ပြီး အဲဒီအကြောင်းကြောင့်ပဲ သူရဲ့ ထင်ပေါ်ကျော်ကြားမှုက အရမ်းကို ပြန့်နှံ့လို့ လာခဲ့ပါတယ်။

နောက်ပြီးတော့ မက်မွန်သီးနဲ့ တူတဲ့ အသက်ရှူမှားလောက်အောင် လှပချောမောတဲ့ အနီရောင် ဂုတ်စုံနဲ့ မိန်းမပျိုလေး တစ်ယောက်လည်း ရှိပါတယ်။ သူမရဲ့ ခေါင်းပေါ်မှာ ကြီးမားတဲ့ အနီရောင် ပန်းကြီးတစ်ပွင့်ကို ပန်ထားပြီးတော့ သူမရဲ့ လှပတင့်တယ်မှု ကျက်သရေရှိမှုနဲ့ ဖြူဖွေးနေတဲ့ မျက်နှာလေးက အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။ သူမရဲ့ ခါးမှာ အနက်ရောင် ကျာပွတ် တစ်ချောင်းကို ပတ်ထားပါတယ်။ သူမရဲ့ သေးကျင်တဲ့ခါးလေးက လက်တစ်ဖက်နဲ့တောင် ပွေ့ဖက်လို့ ရနိုင်တဲ့အထိ သေးပါတယ်။ သူမရဲ့ ပုံစံက အစွမ်းကုန် ပွင့်ဖူးနေတဲ့ ပန်းလေးတစ်ပွင့်လို လှပတင့်တယ်ပြီး အရမ်းကို ထည်ဝါလွန်းပါတယ်။ သူမရဲ့ တင်သားတွေကလည်း ကားစွင့်ပြီးတော့ မြင်တဲ့သူတွေကို သွားရေကျလောက်အောင် ရင်သပ်ရှုမော်ဖွယ် လှပလွန်းပါတယ်။

သိုင်းပညာကမ္ဘာကြီးမှာတော့ အမျိုးသမီး အရေအတွက်က အမျိုးသားတွေထက် သိသိသာသာ နည်းပါးပါတယ်။

ပြီးတော့ အရမ်းကို ချောမောလှပတဲ့ အမျိုးသမီးဆိုတာက ပိုပြီးတော့တောင် ရှားပါးလွန်းပါတယ်။ ဒီမိန်းမပျိုလေးကလည်း စိတ်ဂိုညာဉ် ပင်လယ်အဆင့် ဖြစ်ပါတယ်။ ဒါကြောင့် သူမက သံလိုက်တုံးလိုမျိုး မရေမတွက်နိုင်တဲ့ ဘေးပတ်ဂန်းကျင်က အမျိုးသားထုကြီးရဲ့ အကြည့်တွေကို ဆွဲငင်ရယူနိုင်ပြီးတော့ ယောကျ်ားတွေက စိတ်အားထက်သန်စွာ ကြည့်ပြီး အမျိုးသမီးတွေက မနာလို အားကျစွာနဲ့ ကြည့်နေကြပါတယ်။

ဘေးပတ်ဂန်းကျင် လူတွေရဲ့ စကားတွေအရ ဒီမိန်းကလေးကို စီချင်မန်လို့ ခေါ်ကြောင်း လင်းဟန် သိသွားခဲ့ပါတယ်။ သူမက အစွမ်းထက်လား အစွမ်းမထက်ဘူးလား ဆိုတာကိုတော့ ဘယ်သူကမှ သူမတိုက်ခိုက်တာကို မမြင်ဖူးတဲ့အတွက် မသိကြပါဘူး။

လင်းဟန်က ယာယီအားဖြင့်တော့ အနည်းငယ် အစွမ်းထက်တဲ့ လူသုံးယောက်ကို တွေ့လိုက်ရပါတယ်။ ဒီနေရာမှာ လူတွေက အများကြီး ရှိပါတယ်။ ပြီးတော့ သူက အားလုံးကို မြင်တွေ့ရဖို့ မဖြစ်နိုင်ပါဘူး။ သူ့ရဲ့အနီးနားမှာ ရှိနေတဲ့ လူတချို့ကိုပဲ မြင်နိုင်ခဲ့ပါတယ်။

လူအုပ်ကြီးက ငါးပိငါးချဉ်တွေ သိပ်သလိုမျိုး

ပြွတ်သိပ်ပြည့်ကျပ်လို့ နေပါတယ်။ ဒါကြောင့် တစ်နာရီကြာပြီးမှ လင်းဟန်က တောင်ရဲ့တံခါးဆီကို ဝင်ပြီးတော့ တံဆိပ်ပြား တစ်ခုကို လက်ခံရရှိခဲ့ပါတယ်။ သူက တောင်ရဲ့တောအုပ်ထဲကို ဖြည်းဖြည်းလေး လျှောက်သွားပြီးတော့ ချက်ချင်းဆိုသလို အုပ်စုတစ်စုက လူတွေရဲ့ အကြည့်တွေက သူ့အပေါ် ကို ကျရောက်နေတာကို မြင်တွေ့လိုက် ရပါတယ်။

ဒါပေမဲ့လည်း ပိုပြီးတော့ တည်ငြိမ်ပြီး သူ့ရဲ့အမူအရာတွေကို ထိန်းထားရင် ဒီလူတွေက အလျင်စလိုနဲ့ လှုပ်ရှားပုံမှာ မဟုတ်ပါဘူး။ ဂက်တစ်ကောင်လို ဟန်ဆောင်ပြီးတော့ သားကောင် ရှာနေတဲ့ ကျားတစ်ကောင်လား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ ပြီးတော့ ဆောင်းလဂိုဏ်းက စိတ်ဂိညာဉ် ပစ္စည်းတွေကို အသုံးမပြုရဘူးလို့ မပြောခဲ့တဲ့အတွက် တိုက်ပွဲစွမ်းအင်ကို လုံးဝ ခန့်မှန်းလို့ မရနိုင်ပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ သူတို့က မတိုက်ခိုက်ဘူး ဆိုရင်တောင်မှ တခြားသူတွေက မတိုက်ဘူးလို့ မဆိုလိုပါဘူး။

"တံဆိပ်ပြားကို ထားခဲ့ပြီးတော့ ထွက်သွားကြ"

ရန်ချောင်က ခြေလှမ်းကျဲကြီးတွေနဲ့ အဖွဲ့လေးတစ်ခုဆီကို သွားပြီးတော့ အော်လိုက်ပါတယ်။ အဲဒီအဖွဲ့က သူတို့ရဲ့ လူတွေကို စောင့်နေတာဖြစ်လို့ ထွက်မသွားကြသေးပါဘူး။

"ရန်ချောင်.. စစ်ဆေးပွဲက အခုမှ စတာလေ။ ဘာကြောင့် မင်းက ဒေါသတွေ ကြီးနေရတာလဲ။ ငါ မြောင်ထိုင်နင် ကို မျက်နှာသာပေးပြီးတော့ တခြားသူတွေ သူတို့ရဲ့ အလုပ်တွေကို ပေးလုပ်လိုက် ပါဦး။ အဲဒါဆို ဘယ်လိုလဲ"

အဖွဲ့ခေါင်းဆောင်က အရှေ့ကို ထွက်လာပြီးတော့ ရန်ချောင်ကို နဖူးပေါ် လက်ပြီး အလေးပြုလိုက်ပါတယ်။

"သွားသေ လိုက်တော့"

ရန်ချောင်က အထင်အမြင်သေးစွာနဲ့ သရော်လိုက်ပြီးတော့ လက်ဝါးနှစ်ဖက်နဲ့ စတင် တိုက်ခိုက်လိုက်ပါတယ်။

"ဘယ်လောက်တောင် အရှက်မရှိသလဲ"

မြောင်ထိုင်နင်က ဒေါသတကြီးနဲ့ အော်လိုက်ပြီး သူ့ရဲ့လက်အောက်က လူတွေကို ခေါ်ပြီးတော့

တိုက်ပွဲစလိုက်ပါတယ်။

ဒါပေမဲ့လည်း အသုံးမဝင်တဲ့သူ ဘယ်လောက်များများပဲ စုနေပါစေ ကိစ္စမရှိပါဘူး။ သူတို့က အသုံးမဝင်တာပါပဲ။ ဒီလူတွေက ရန်ချောင်ကို သူရဲ့ လှံကို ဆွဲထုတ်ရအောင်ထိ ဖိအားပေးဖို့ အဆင့်မမီပါဘူး။ ပြီးတော့ ချက်ချင်းဆိုသလို လူသုံးယောက်က သံလက်သီးတွေကြောင့် သွေးမိုးတွေက နေရာအနှံ့ကို ပြန့်နှံ့သွားပါတယ်။ မြောင်ထိုင်နင်လည်း သူတို့ထဲက တစ်ယောက် ဖြစ်ပြီးတော့ ဒါက တခြားသူတွေကို ချက်ချင်းဆိုသလို ကြောက်လန့်သွားစေပြီး သူတို့ရဲ့ တိုက်ပွဲဝင်လိုတဲ့ စိတ်တွေက ကြက်ပျောက်ငှက်ပျောက်နဲ့ ပျောက်သွားပြီး လှည့်ပြေးကြပါတယ်။

“မင်းတို့အားလုံး ရပ်လိုက်စမ်း”

ရန်ချောင်က ခုန်ထွက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် လက်သီးနဲ့ ထိုးလိုက်ပြီး ချက်ချင်းဆို သလိုပဲ အဖွဲ့ငယ်လေးက အမြစ်ပြတ် သုတ်သင်ခြင်းကို ခံလိုက်ရပါတယ်။ သူက လူငယ်လေး တစ်ယောက်ကို ပြောလိုက်ပါတယ်။

“မင်း သူတို့ရဲ့ ခန္ဓာကိုယ်ပေါ်က တံဆိပ်ပြားတွေကို

ငါ့အတွက် ရှာပေးစမ်း”

လူငယ်လေးက ကြောက်ရွံ့ထိတ်လန့်ပြီး မျက်နှာဖြူဖွေး သွားပါတယ်။ ဒါပေမဲ့ သူက နည်းနည်းလေးမှ မခုခံပဲ့ပဲ အလျင်အမြန်နဲ့ အလောင်းတွေပေါ်က တံဆိပ်တွေကို ရှာပြီးတော့ ရန်ချောင်ဆီကို တုန်တုန်ရီရီနဲ့ သယ်လာခဲ့ပါတယ်။

ရန်ချောင်က အိတ်တလုံးကို ထုတ်ယူပြီးတော့ တံဆိပ်တွေကို ထည့်လိုက်ပြီး သူ့လက်ကို ဝှေ့ပြီး ပြောလိုက်ပါတယ်။

“ထွက်သွားစမ်း။ တကယ်လို့ ငါ မင်းကို တစ်ရက်အတွင်းမှာ ထပ်ပြီးတော့ တွေ့မယ်ဆိုရင် မင်းအတွက် ခက်ခဲအောင်လို့ ငါမလုပ်ဘူး”

“ကျေး… ကျေးဇူးအများကြီး တင်ပါတယ် သခင်လေးရန်”

လူငယ်လေးက အလေးပြုပြီးတော့ သူရဲ့ခေါင်းကို အလျင်အမြန် ဦးညွှန်ပြီးတော့ ကျေးဇူးတင်ကြောင်း ပြောလိုက်ပါတယ်။

ရန်ချောင်က နည်းနည်းလေးမှ ဂရုမထားပဲ သူရဲ့

အကြည့်တွေကို နောက်ထပ် အဖွဲ့လေးဆီကို ပြောင်းလိုက်ပါတယ်။ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒကို အနည်းငယ် ခံစားလို့ ရနိုင်ပါတယ်။

"ပြေးဟေ့ ပြေးကြ"

အဖွဲ့ငယ်လေး တချို့က ချက်ချင်းဆိုသလို တောအုပ်ထဲကို အလျင်အမြန်နဲ့ ထွက်ပြေးကြပါတယ်။ သူတို့အားလုံးက သေမှာကို ကြောက်ကြပါတယ်။

ရန်ချောင်က အထင်အမြင်သေးတဲ့ အမူအရာတစ်ခုကို ဖြစ်သွားပြီး သူက မျက်စိတချက် ဝေ့ကြည့်လိုက်ပြီးတော့ တိုက်ပွဲအတွက် တပ်မက်မှုတွေ အပြည့်နဲ့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက် ငါနဲ့ တိုက်ချင်သလား"

ဘိုင်မင်နဲ့ စီချင်မန်တို့လည်း သူတို့ရဲ့ တံဆိပ်ပြားတွေကို လက်ခံရယူပြီးတော့ တောင်ရဲ့ ဂိတ်တံခါးတွေဆီကို လျှောက်လာခဲ့ကြပါတယ်။

Chapter 321 end

အပိုင်း(၃၂၂) ရည်ရွယ်ချက်တူ လူများ

ဒီအစွမ်းထက်တဲ့ ပါရမီရှင် သုံးယောက်လုံးရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဝိညာဉ် ပင်လယ် အဆင့် ၇ အလွှာမှာ ရှိကြပါတယ်။ ဒါက အတော်ကို အံ့အားသင့်စရာကောင်းပါတယ်။

ဘိုင်မင်ကို ကြည့်ရတာ အားနည်းမှု လက္ခဏာ မရှိပဲ ရန်ချောင်ကို ကြည့်လိုက်ပါတယ်။ ပြီးတော့ ရန်ချောင်ကလည်း တူတူပါပဲ။ တစ်ယောက်က ဓားလက်ကိုင်ဆီ ရောက်သွားခဲ့ပြီး တခြားတစ်ယောက်က လှံရိုးဆီကို ရောက်သွားခဲ့ပါတယ်။ သူတို့ကိုယ်သူတို မီးတောက်တော့မဲ့ အတိုင်းပဲ တိုက်ပွဲဝင်စိတ်တွေက တောက်လောင်လို့ နေပါတယ်။

ဒါပေမဲ့ နောက်ဆုံးတော့ သူတို့က တစ်ချက်မှ မလှုပ်ရှားပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် လေးလေးနက်နက် စိုက်ကြည့်ပြီးတော့ သူတို့ဘာသာသူတို တောအုပ်ထဲကို ဝင်သွားခဲ့ပါတယ်။

စမ်းသပ်စစ်ဆေးမှုက စရုံပဲ ရှိပါသေးတယ်။ တိုက်ခိုက်ဖို့က အရမ်းကို စောနေပါသေးတယ်။ တကယ်လို့ သူတို့

နိုင်တယ်ဆိုရင်တောင်မှ တံဆိပ်ပြား အများကြီး မရနိုင်ပါဘူး။ ပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင် ပုက်ဖဲတွေလည်း ပေးသွားပါလိမ့်မယ်။ ဒီနေရာမှာ သူတို့ချည်းပဲ ပါရမီရှင် မဟုတ်ပါဘူး။ တခြားသူတွေလည်း ရှိပါသေးတယ်။

“အသားညိုနဲ့ အစ်ကိုတော် ”

အော်သံနဲ့အတူ ဂျပြီးလုံးနေတဲ့ လူငယ်တစ်ယောက်က ဒလိမ့်တုံး လိမ့်လာသလိုမျိုး ပြေးလာပြီး လင်းဟန်ရဲ့ အရှေ့မှာ ရပ်လိုက်ပါတယ်။

“မင်းက တကယ်ပဲ သူငယ်ချင်းကောင်း မပီသတာပဲ။ ရတနာသခင် အတွက်ကိုတောင် မစောင့်ဘူး”

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက မျက်နှာပြောင် သေးတယ်ပေါ့။ မင်းရဲ့ ကလိမ်ကကျစ် စီးပွားရေး လုပ်ငန်းက ဖော်ထုတ်ခံရပြီး တခြားသူတွေက နှင်ထုတ်ပစ်မှာကို မကြောက်ဘူးလား”

“ဖွီ…. ငါဘယ်နေရာမှာ လိမ်ခဲ့လို့လဲ”

မာထိုပေါင်က လျှောင်ပြောင်လိုက်ပါတယ်။

"ရတနာဆရာသခင်က သူရဲ့ အရောင်းအဝယ်မှာ ဘယ်တော့မှ မလှည့်ဖြားဘူး။ ရတနာ ဆရာသခင်ရဲ့ ထင်ပေါ်ကျော်ကြားမှုကို မင်းမဖျက်ဆီးပါနဲ့"

"နေပါဦး။ မင်းမှာ ထင်ပေါ်ကျော်ကြားမှုတောင် ရှိလို့လား"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"အစ်ကိုငမဲ ငါတို့ရဲ့ လက်တွေကို တွဲလိုက်မယ်ဆိုရင် ဘယ်လိုလဲ"

မာထိုပေါင်က အနီးကို ကပ်လာခဲ့ပါတယ်။

"ဘာကြောင့်လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မင်းက ခေါင်းအစ ခြေအဆုံး ကျောက်မျက်ရတနာတွေ ပုလဲတွေနဲ့ ဖုံးအုပ်ထားတာကို မင်းက လက်တွဲချင်သေးတယ် ဟုတ်လား"

တကယ်လို့ သူက နတ်ဆိုးရှင်သန်စားနဲ့ မခုတ်ဘူးဆိုရင် သူတောင်မှ မာထိုပေါင်ရဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေအားလုံးကို ရင်ဆိုင်လို့ မရနိုင်ပါဘူး။

"ဟီးဟီ… အစ်ကိုငမဲ။ မင်းက ကြီးမားတဲ့ လုပ်ငန်း သဘောတူညီချက်ကြီး တစ်ခုကို မလုပ်ချင်ဘူးလား"

မာထိုပေါင်က ဆိုးယုတ်တဲ့ အပြုံးကို ပြုံးပြီးတော့ သူရဲ့ခေါင်းက အနားကို ကပ်လာခဲ့ပြီး အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာရှိတဲ့ ဆေးဥယျာဉ်ကို မင်းလုံးဝ စိတ်မဝင်စားဘူးလို့တော့ ငါ့ကို မပြောနဲ့နော်"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

"မင်းက ဒီနေရာမှာရှိတဲ့ ဆေးဥယျာဉ်ကနေ ခိုးယူချင်နေတာလား။ တော်တော်ကို ရဲတင်းတာပဲ"

"ဟီးဟီး ငါတို့တွေက ရည်ရွယ်ချက်တူတဲ့ လူတွေပဲ။ ဒုတိယအချက်ကိုတော့ ခေါင်းဆောင်က မပြောဘူး"

မာထိုပေါင်က သူရဲ့လက်တွေကို လက်ခုပ်ပုံစံ လုပ်ပြီးတော့ လင်းဟာန်ကို ဂုဏ်ပြုပြီး ပြောလိုက်ပါတယ်။

"ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ ရတနာ ဆရာသခင်က ကန့်သတ်ချက်တွေကို ပျောက်ပြယ်အောင် လုပ်တဲ့နေရာမှာ အကျွမ်းကျင်ဆုံးပဲ။ မင်းရော ဘာလုပ်နိုင်လဲ"

လင်းဟာန်က သူရဲ့ခေါင်းကို ထိုးဖွလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်နေရာကို ကြည့်လို့ ငါက သူခိုးတစ်ယောက်နဲ့ တူနေတာလဲ။ ပြီးတော့ ငါကရော မင်းနဲ့အတူ အလုပ်တွဲလုပ်မယ်လို့ ဘယ်တုန်းက ဂန်ခံဖူးလို့လဲ"

မာထိုပေါင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ ရတနာ အရှင်သခင်က နှစ်ပေါင်းများစွာ စီးပွားရေး လုပ်လာခဲ့တာ။ ဒါကြောင့် မင်းဖင်ကို မြောက်လိုက်တာနဲ့ ဘယ်လိုမျိုး မစင်အမျိုးအစားကို မင်းစွန့်မလဲဆိုတာကို ရတနာ

အရှင်သခင်က သိနေတယ်။ ငါပြောသလိုပဲ ငါတို့က ဦးတည်ချက် တူတဲ့ လူတွေပဲ။ မင်းက ဒါကို ဖုံးကွယ်ဖို့ ကြိုးစားနေတယ်။ မင်းက ရတနာ အရှင်သခင်ကို မင်းရဲ့ သူငယ်ချင်း တစ်ယောက် အဖြစ် မသတ်မှတ်ထားဘူးလား”

လင်းဟာန်ရဲ့ မျက်လုံးတွေ ပိုင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

“ငါတို့တွေက ဘယ်တုန်းကမှ သူငယ်ချင်းတွေ မဟုတ်ဘူး”

“ပထမတော့ မရင်းနှီးဘူးပေါ့။ ဒါပေမဲ့ သိပ်မကြာခင်မှာ ကောင်းကောင်းကြီး နေသားကျသွားမယ်။ ငါတို့တွေက သူငယ်ချင်းတွေ မဟုတ်ဘူးလား”

မာထိုပေါင်က လင်းဟာန်ကို နှစ်ကြိမ်တိုင် ကြည့်လိုက်ပါတယ်။

“မင်းရဲ့ ဒီရုပ်ဖျက်ပညာ နည်းစနစ်က တကယ်ပဲ မဆိုးဘူး။ ဒီရတနာ အရှင်သခင်ကိုတောင်မှ လှည့်ဖြားနိုင်လုနီးနီး ဖြစ်သွားတယ်”

ဒီတစ်ကြိမ်တော့ လင်းဟာန်က တကယ်ပဲ အံ့အားသင့်သွားခဲ့ပါတယ်။ တစ်ဖက်ကလူက သူရုပ်ဖျက်ထားတယ်

ဆိုတာကို အမှန်တကယ်ပဲ မြင်နိုင်တယ်ပေ့ါလေ။

သူက မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ မာထိုပေါင်ကို ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ မာထိုပေါင်က သူရဲ့ မျက်နှာကို ဖုံးကွယ်ထားပါတယ်။ သူရဲ့ ဂုတ်စုံကနေ ထွက်ပေါ်လာတဲ့ လိုင်းကြောင်းမျှင်တွေက ထူးဆန်းတဲ့ အလင်းရောင် တစ်ခု ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ မှသားမဲ့ မျက်လုံးတောင်မှ ၎င်းကို မထိုးဖောက်နိုင်ခဲ့ပါဘူး။

"ပိုး.. ဘယ်လောက်တောင် ကံကောင်းလိုက်သလဲ။ မင်းက တကယ်ပဲ မှသားမဲ့ မျက်လုံးကို ရယူနိုင်ခဲ့တယ်။ ဟားဟားဟား အခု ရတနာ အရှင်သခင်က လုံးဝ ကောန်မလွဲပဲ။ မင်းရဲ့ တာဂန်က မင်းရဲ့ မျက်လုံးတွေကို အသုံးပြုရလိမ့်မယ်။ ပြီးတော့ ရတနာ အရှင်သခင်ရဲ့ တာဂန်က သူရဲ့ လက်တွေကို အသုံးပြုရလိမ့်မယ်။ ငါတို့တွေ ဆေးဥယျာဉ်ကို အကျိုးမရှိတဲ့ မြေဖြစ်အောင် ခိုးယူနိုင်လိမ့်မယ်လို့ ကတိပေးတယ်"

မာထိုပေါင်က စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ နှလုံးသား အတွင်းက အေးစက်မှုတစ်ခု မြင့်တက်လာခဲ့ပါတယ်။ ဒီကောင်က မှသားမဲ့ မျက်လုံးကို

မျက်စိနဲ့ တစ်ချက်ငေ့ကြည့်တာနဲ့ သတိပြုမိသွားနိုင်တယ်။ သူကတကယ်ပဲ လူငယ်တစ်ယောက်မှ ဟုတ်ရဲ့လား။ တကယ်လို့ သူ့ကိုယ်သူ ရုပ်ဖျက်နိုင်တယ်ဆိုရင် တစ်ဖက်လူလည်း ဘာကြောင့် မလုပ်နိုင်ရမှာလဲ။ ဒါပေမဲ့လည်း သူတို့တွေ တောင်ရဲ့ဂိတ်တံခါးကို ဖြတ်လာတဲ့အခါမှာ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူ့အစွမ်းက ကြည့်ရတာ အရမ်းကို ထိတ်လန့် တုန်လှုပ်စရာ ကောင်းပါတယ်။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက်က လူအုပ်ကြားထဲမှာ အသက်အရွယ် ကန့်သတ်ထားတာကို ထိန်းချုပ်ပြီးတော့ ပုန်းအောင်းနေမယ်ဆိုရင် သူက သေချာပေါက် တစ်ခါတည်းနဲ့ ရှာတွေ့သွားပါလိမ့်မယ်။

အသက်ငယ်လား အသက်ကြီးလားဆိုတာကို လူတစ်ယောက်ရဲ့ အသက်ဓာတ်ကို ကြည့်ပြီးတော့ မြင်နိုင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ လုပ်ဆောင်ချက် အမျိုးမျိုးက အသက်သုံးဆယ်ကို ကျော်လွန်တာနဲ့ စတင်ပြီးတော့ ဆင်ခြေလျှောလို ဆင်းသွားမှာ ဖြစ်ပြီးတော့ သူတို့ရဲ့ အသက်ဓာတ်ကလည်း ပန်းဖူးအဆင့်ကို မရောက်သေးသရွေ့ ပေါ်လာပါလိမ့်မယ်။ ဒါက လူငယ်တစ်ယောက်ရဲ့ အားမာန်နဲ့ လုံးဝ ကွာခြားပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ မာထိုပေါင်က ရုပ်ဖျက်တဲ့နေရာမှာ အရမ်းကို မွန်းစတားဆန်တဲ့ သူတစ်ယောက် ဖြစ်ရင် ပန်းဖူးအဆင့်ရဲ့ အမြင်အာရုံကိုတောင်မှ ဖုံးကွယ်နိုင်တယ်ဆိုတော့ သူ့ရဲ့ ကျင့်ကြံခြင်းက ဘယ်အဆင့်မှာလဲ။

လင်းဟန်က သူ့ကိုယ်သူ ပြန်တွေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုလည်း လက်တွဲကြတာပေါ့"

သူက ဆောင်းလဂိုဏ်းရဲ့ ဆေးဉယျာဉ် ဘာမှမရှိတော့မှာကို အရမ်းပဲ စိတ်ဝင်စားပါတယ်။

ယုလောင်တောင်တွေက ဆောင်းလဂိုဏ်းရဲ့ ကိုယ်ပိုင်ပိုင်ဆိုင်မှု ဖြစ်ပြီးတော့ လူတွေကို တောင်ထဲကို ခိုးဝင်ပြီးတော့ ဆေးပင်ဆေးမြစ်တွေ တူးပြီး မိသွားသားရဲတွေကို အမဲလိုက်ခြင်းကို ရှောင်ရှားဖို့ အမိန့်ထုတ်ထားပြီး တောင်တစ်ခုလုံးကိုလည်း ကာကွယ်တဲ့ အစီအရင် တစ်ခု ချထားပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က အပြင်ဘက် စွမ်းအားနဲ့ ချိုးဖျက်ဖို့ ကြိုးစားမယ်ဆိုရင် ဆောင်းလဂိုဏ်းကို သတိပေးလိုက်သလို

ဖြစ်သွားပါမယ်။

ဒါပေမဲ့လည်း သူတို့က ဆောင်းလဂိုဏ်းထဲကို ဝင်ခဲ့ပါပြီ။ ဒါကြောင့် သူတို့က အစီအရင်ရဲ့ ခလုတ်ပွင့်မှာကို ကြောက်မနေပါဘူး။ ဆေးဥယျာဉ်ရဲ့ အတားအဆီးကို ဖွင့်နိုင်တဲ့ စွမ်းရည်သာ သူတို့မှာရှိရင် ဆေးဥယျာဉ်ကို ဘာမှမကျန်အောင် လွယ်လွယ်ကူကူနဲ့ လုပ်ပစ်နိုင်ပါတယ်။

သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး စတင်ရယ်မော လိုက်ကြပါတယ်။

သူတို့အရှေ့ကို ထွက်လာပြီး မာထိုပေါင်က မြေပေါ်ကင်းထောက်တဲ့ ရှင်းလင်းတဲ့ အလုပ်ကို လုပ်ပြီးတော့ အရှေ့ကနေ ဦးဆောင်ပြီး မှန်ကန်တဲ့ ဦးတည်ချက်ကို လျှောက်လာခဲ့ ကြပါတယ်။

"အဲဒီမှာ ရပ်ပြီး မင်းတို့ရဲ့ တံဆိပ်ပြားတွေကို လွှဲပြောင်းပေးလိုက်။ ဒါဆိုရင် ငါမင်းတို့ရဲ့ အသက်တွေကို ချမ်းသာပေးနိုင်တယ်"

ဒါပေမဲ့လည်း သူတို့တွေ လျှောက်လာပြီး တခဏမျှ အကြာမှာတော့ အဖွဲ့ငယ်လေး တစ်ဖွဲ့ရဲ့

ချောင်းမြောင်းလုပ်ကြံခြင်းနဲ့ ကြုံတွေ့လိုက်ရပါတယ်။ စုစုပေါင်း သုံးဆယ်လေးယောက် ပါဝင်တဲ့ အဖွဲ့က သူတို့နှစ်ယောက်ကို ဝိုင်းထားလိုက်ပါတယ်။

“မင်းသွားမလား ငါသွားရမလား”

လင်းဟန်က ပြုံးပြီးတော့ မာထိုပေါင်ကို မေးလိုက်ပါတယ်။

“ရတနာ အရှင်သခင်က ရတနာတွေကိုပဲ စိတ်ဝင်စားတယ်။ တံဆိပ်ပြားကို မင်းအတွက်ပဲ ထိန်းသိမ်းလိုက်ပါ”

မာထိုပေါင်က ပခုံးတွန့်ပြလိုက်ပါတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ ဒီကောင်က ဆောင်းလဂိုဏ်းရဲ့ ဆေးဥယျာဉ်အတွက် လာခဲ့တာပဲ ဖြစ်ပါတယ်။ အစောပိုင်းတုန်းက သူက တခြားလူတွေရဲ့ မူလစွမ်းအင် ခရစ်စတယ်တွေကို ပေါက်ပေါက်ရှာရှာ ရိုက်စားလုပ်ခဲ့ပါတယ်။

လင်းဟန်က အဲဒီလူတွေကို ကြည့်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“အခု ဒါက ဓားပြတိုက်နေတာပဲ။ မင်းတို့အားလုံးရဲ့ တံဆိပ်ပြားတွေကို လက်လွှဲပြောင်းပေးလိုက် ”

အဲဒီလူတွေက ဒေါသတွေထွက်ကုန်ပါတယ်။ သူတို့တွေကို လူတစ်ယောက်က ဓားပြတိုက် နေတယ်ဆိုတာ ဟုတ်ရဲ့လား။

“မင်းက ခက်ခဲတဲ့ လမ်းကို သွားဖို့ရွေးလိုက်မှတော့… . ညီအစ်ကိုတို့ သူ့ကို သတ်ပစ်”

လူအုပ်ကြီးက သူတို့ရဲ့ ဆေဘာဓားတွေနဲ့ ဓားရှည်တွေကို ဝှေ့ယမ်းပြီး ဂင်လာကြပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ တကယ်လို့ ဒီလူတွေက ဓားပြပဲ တိုက်ဖို့ဆိုရင် သူကလည်း ပြန်ပြီးတော့ ဓားပြတိုက်ပြီး အသက်ကို ချမ်းသာပေးလိုက်မှာပါ။ ဒါပေမဲ့လည်း ဒီလူတွေက အခု သူတို့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒကို ထုတ်ဖော်လာမှတော့ ကောင်းပြီလေ သူတို့ရဲ့ ထိုက်တန်တဲ့ ဆုလာဘ်ကို ပြန်ပြီးတော့ ပေးရမှာပေါ့။

သူက နှာခေါင်းရှုံ့ပြီးတော့ သူရဲ့ ဘယ်ဘက်လက်နဲ့ ဓားအိမ်ကို ဆွဲထုတ်ယူလိုက်ပြီး ချက်ချင်းဆိုသလို

ဓားရှည်က ခုန်ထွက်လာပြီး သူရဲ့လက်နဲ့ ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။ ပြီးတော့ ဓါးအလင်းရောင်တွေက လင်းလက်တောက်ပပြီး ဖြတ်သန်းသွားပါတယ်။

ဖူး ဖူး ဖူး ဖူး

နေရာအနှံ့ကို လတ်ဆတ်တဲ့ သွေးတွေက ပြန့်ကုန်ပါတယ်။ သူတို့ရဲ့ ညာဘက်လက်မောင်းကနေ သွေးစီးကြောင်းတွေ ထွက်ပေါ်လာပြီးတော့ ချက်ချင်းဆိုသလို အားမရှိသလိုမျိုး တွဲလျောင်းကျလို့ နေပါတယ်။ သူတို့ရဲ့ လက်ထဲက လက်နက်တွေက မြေကြီးပေါ်ကို ကျသွားပြီးတော့ တစ်ယောက်ပြီး တစ်ယောက် အော်ဟာစ်သံတွေကို ကြားလိုက်ရပါတယ်။

မာထိုပေါင်က လက်ခုပ်တီးပြီးတော့ ပြောလိုက်ပါတယ်။

"အေးစက်စက်နဲ့ အမူအရာ အရမ်းကောင်းတယ်။ ငါမင်းကို ဆယ်မှတ် ပေးလိုက်ပြီ"

လင်းဟာန်က သူတို့ကို လုံးဝ မသတ်ပါဘူး။ ဒါကြောင့် သူတို့ရဲ့ ညာဘက်လက်တွေကို မသန်မစွမ်း ဖြစ်အောင်လို့ပဲ လုပ်လိုက်တာပါ။ ဒါက သူတို့ရဲ့ လှုပ်ရှားမှုတွေကို

ဒီနောက်ပိုင်းမှာ လုံးဂ မထိခိုက်ပါဘူး။ ဒါပေမဲ့ သူတို့အနေနဲ့ ပြင်းပြင်းထန်ထန် အသုံးပြုလို့ မရတော့ပါဘူး။ လင်းဟန်က မျက်နှာသေကြီးနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့ရဲ့ တံဆိပ်ပြားတွေကို ထားပြီးတော့ ထွက်သွားကြတော့"

ဒီလူတွေက ကျွမ်းကျင်သူတစ်ယောက်နဲ့ သူတို့တွေ ကြုံတွေ့ခဲ့လိုက်ရပြီ ဆိုတာကို သိနားလည် သွားကြပါတယ်။ မျက်နှာတွေ ဖြူဖပ်ဖြူရော်နဲ့ သူတို့က အလျင်အမြန်ပဲ တံဆိပ်ပြားတွေကို ထားပြီးတော့ စကားတစ်ခွန်းမှ မဆိုပဲ ထွက်ပြေးသွားကြပါတယ်။

အခု သူတို့က ဒဏ်ရာရှိုးရှိုးပဲ ရခဲ့တာပါ။ တကယ်လို့ သူတို့သာ ဆက်ပြီးတော့ မစဉ်းစား မဆင်ခြင်ပဲ လုပ်နေဦးမယ်ဆိုရင် သူတို့ရဲ့ အသက်တွေတောင်မှ ဆုံးရှုံးသွားနိုင်ပါတယ်။

လင်းဟန်က တံဆိပ်ပြားတွေကို ကောက်ယူလိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ပစ်ထည့်လိုက်ပါတယ်။ ကျောက်မျက် ရတနာနဲ့ ပုလဲတွေကို ဂင်ဆင်ထားတဲ့ မာထိုပေါင်ရဲ့ အရှေ့မှာတော့ စိတ်ဂိညာဉ်ပစ္စည်းတစ်ခုကို

ပိုင်ဆိုင်ထားတဲ့ ဆိုတဲ့အကြောင်းကို ထုတ်ဖော်ဖို့က ကိစ္စမရှိပါဘူး။ မာထိုပေါင်က အနက်ရောင်မျှော်စင်က ၎င်းကိုယ်ပိုင် ကမ္ဘာကို ဖွဲ့စည်းနိုင်တယ် ဆိုတာကို လုံးဝ စဉ်းစားမိမှာ မဟုတ်ပါဘူး။

လမ်းတစ်လျှောက် သူတို့က လုယက်တိုက်ခိုက်သူ တော်တော်များများနဲ့ ကြုံတွေ့ခဲ့ ရပါတယ်။ လင်းဟန်က ပုံမှန်အားဖြင့်တော့ တစ်ဖက်က အဖွဲ့က လွန်လွန်ကျူးကျူး မလုပ်ဘူးဆိုရင် အဲဒီလူတွေကို မသတ်ခဲ့ပါဘူး။ ဥပမာ တကယ်လို့ တခြားသူတွေက သေစေနိုင်လောက်တဲ့ လုပ်ကြံသတ်ဖြတ်မှုမျိုး လုပ်လာခဲ့ရင် သူ့အနေနဲ့ တစ်ဖက်အဖွဲ့ကို တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်ဖို့ ဂန်မလေးပါဘူး။

နေ့ဂက်ခန့် ကြာပြီးတဲ့နောက်မှာ နောက်ဆုံးတော့ သူတို့က ကြီးမားတဲ့ ဆေးဉယျာဉ် တစ်ခုကို ရောက်လာခဲ့ပါတယ်။

Chapter 322 end

အပိုင်း(၃၂၃) ဆေးဉယျာဉ်ကို လုယက်မှု

၎င်းက ဆေးဉယျာဉ်ဆိုပေမဲ့ အရမ်းကို ကျယ်ပြန့်တဲ့ ဆေးစိုက်ခင်းတစ်ခုနဲ့ ပိုပြီးတော့ တူပါတယ်။ နောက်ပြီးတော့

ဘေးပတ်ပတ်လည်မှာ သစ်ပင်ကြီး တချို့ကို အဂတ်စနဲ့ ပတ်ပြီးတော့ နံရံတစ်ခု လုပ်ထားပြီး ဘာကိုမှတော့ မကာကွယ်ထား နိုင်ပါဘူး။

ဒါပေမဲ့လည်း လင်းဟာန်နဲ့ မာထိုပေါင်တို့ နှစ်ယောက်စလုံးက သတိကြီးစွာနဲ့ ကြည့်နေကြပါတယ်။

ဒီဆေးဥယျာဉ်မှာ ၎င်းကို ကာကွယ်ထားတဲ့ အတားအဆီး တစ်ခု ရှိပါတယ်။

၎င်းကိုကြည့်ရင်တော့ ဘာအစွမ်းမှ မရှိသလိုမျိုး ပေါ့ပေါ့ဆဆနဲ့ နေလို့ရပါတယ်။ ဒါပေမဲ့ တကယ်တမ်းတော့ အဲဒီလိုမျိုး မဟုတ်ပါဘူး။ ၎င်းက ကြီးမားတဲ့ အန္တရာယ်တွေနဲ့ ပြည့်လို့ နေပါတယ်။

"ညီငယ်လေး ရတနာ… ငါတို့တွေ အုတ်အော်သောင်းနင်း မဖြစ်စေပဲနဲ့ ခိုးကြောင်ခိုးဝှက် ဘယ်လိုလုပ်နိုင်မလဲ ဆိုတာကို မင်းဘာဖြစ်လို့ မရှင်းပြသေးတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။ ဒီဆေးဥယျာဉ်က အရမ်းကိုကြီးမားပြီး တောင်ထိပ်ရဲ့ နေရာတဂက်ခန့်ကို ယူထားပြီးတော့ ၎င်းရဲ့အတွင်းမှာ စိတ်ဂိညာဉ်

ဆေးပင်စိုက်ခင်းတွေ ပြည့်နှက်နေတာက ၎င်းစိုက်ခင်းတွေကို မြင်လိုက်ရတဲ့ သူတို့တွေကို သွားရည်ယိုစေပါတယ်။

အဲဒီမှာ အဆင့်မြင့် စိတ်ဂိညာဉ် ဆေးပင်တချို့လည်း ရှိပါတယ်။ တချို့အပင်တွေကိုဆိုရင် သူရဲ့ ယခင်ဘဝတုန်းကတောင် မမြင်တွေ့ခဲ့ဖူးပါဘူး။

တကယ်တော့ ဆောင်းလဂိုဏ်းက မြောက်ပိုင်းဒေသရဲ့ အရမ်းကို အစွမ်းထက်တဲ့ ဂိုဏ်းကြီးတစ်ခုပဲလေ။

"ငါက ရတနာ အရှင်သခင်။ အစ်ကိုကြီး ရတနာ"

မာထိုပေါင်က နာမည်အခေါ်အဝေါ်ကိုတောင် အလေးပေးပြောဆိုပြီး သူရဲ့ လက်တွေကို ပွတ်ပြီးတော့ ဆေးဥယျာဉ်ကို စိုက်ကြည့်နေပါတယ်။

"အခု မင်းရဲ့ မုသားမဲ့ မျက်လုံးကို အသုံးပြုပြီးတော့ အကာအကွယ်ရဲ့ အားအနည်းဆုံး နေရာကို ရှာရမယ်။ ရတနာ အရှင်သခင်က တံခါးကို ဖွင့်ဖို့ လမ်းတစ်ခုရှိတယ်။ အဲဒါက တစ်ရက်အချိန်ပဲ ထိန်းထားနိုင်မယ်။ ဒါပေမဲ့လည်း တစ်ရက်တည်းနဲ့ ငါတို့တွေ သေချာပေါက် ကိစ္စပြီးမှာပါ"

"အင်း လုံလောက်ပြီ"

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပါတယ်။ သူက မှသားမဲ့ မျက်လုံးကို အသုံးပြုပြီးတော့ စတင် ရှာဖွေလိုက်ပါတယ်။

၎င်းက အရာအားလုံးကို ဖြတ်ပြီးတော့ မြင်နိုင်ပြီး အစီအရင်တွေကို ပျက်ပြားအောင် လုပ်တဲ့အခါမှာ အသုံးပြုတာက အကောင်းဆုံးသော နည်းလမ်းပဲ ဖြစ်ပါတယ်။

ရွှေရောင်အလင်းမျှင်တွေက သူရဲ့ မျက်လုံးထဲမှာ လင်းလက်တောက်ပ သွားခဲ့ပြီး ကမ္ဘာကြီးက ချက်ချင်းဆိုသလို မတူညီတဲ့ ပုံစံနဲ့ ပေါ်လာခဲ့ပါတယ်။ ဒီကမ္ဘာကြီးက မတူညီတဲ့ မူလအရင်းအမြစ် ဒြပ်စင်ခြောက်ခုနဲ့ ပြုလုပ်ထားတာဖြစ်ပြီး ရွှေ၊ သစ်သား၊ ရေ၊ မီး၊ မြေနဲ့ လျှပ်စီး ဒြပ်စင်တို့ဖြစ်ပါတယ်။ ၎င်းက အရာအားလုံး ပါဝင်တဲ့ ကမ္ဘာထောက်တိုင် အောက်ခြေကျောက် ပုံစံမျိုး ဖွဲ့စည်းထားပါတယ်။

ဆေးဥယျာဉ်ရဲ့ အတားအဆီး အစီအရင်က သူရဲ့အရှေ့မှာ လုံးဝ ထွက်ပေါ်လာခဲ့ပါတယ်။ အစီအရင်ရဲ့

စနစ်တွေတိုင်းက လှို့ဝှက်အမျှင်တစ်ခုမှ မပါပဲ ချိတ်ဆက်ထားပါတယ်။

ကံမကောင်းတာက ဒီအစီအရင်က အရမ်းကို အားကောင်းလွန်းပါတယ်။ တကယ်လို့ လင်းဟန်က ၎င်းကို ပျက်ပြယ်သွားအောင် မလုပ်နိုင်ဘူးဆိုရင် သူက ချက်ချင်းဆိုသလို အလောင်းကောင် ဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း အားအနည်းဆုံး နေရာကို ရှာဖွေဖို့ဆိုတာက လွယ်ကူနေ ပါသေးတယ်။ သိပ်မကြာခင်မှာပဲ သူက နေရာတစ်ခုကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာပဲ"

သူတို့နှစ်ယောက် အဲဒီနေရာကို လျှောက်လာပြီးတော့ မာထိုပေါင်က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ သုံးခုကို ထုတ်ယူလိုက်ပြီး ဂါထာမန္တန်ရားကို တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ပုန်း ပုန်း ပုန်း အဆောင်လက်ဖွဲ့သုံးခုက ချက်ချင်းဆိုသလို တောက်ပလာခဲ့ပါတယ်။ ပြီးတော့ သူက အလျင်အမြန်ပဲ လေထဲကို ပစ်လွှတ်လိုက်ပါတယ်။ အဆောင်လက်ဖွဲ့ သုံးခုက နံရံတစ်ခုကို တိုက်မိသွားသလိုမျိုး လေထဲမှာ မျောလွင့်လို့ နေပါတယ်။

အဆောင်လက်ဖွဲ့ သုံးခုက ထောင့်သုံးခုမှာ နေရာယူထားပြီး လက်ဖွဲ့တစ်ခုဆီကနေ အလင်းတန်း နှစ်ခုဆီ ထွက်ပေါ်နေပြီးတော့ တခြားအဆောင်လက်ဖွဲ့ နှစ်ခုနဲ့ ချိတ်ဆက်ထားပြီး တြိဂံပုံစံ ဖြစ်ပေါ်လို့ နေပါတယ်။

"သွားစို့"

မာထိုပေါင်က ခြေလှမ်းလှမ်း လိုက်ပြီးတော့ တြိဂံအထဲကို ဖြတ်သွားပြီး ဆေးဥယျာဉ်အထဲကို ဂင်သွားခဲ့ပါတယ်။

ဒီတြိဂံပုံစံက အရမ်းကို သေးပါတယ်။ ပုံမှန်စကားနဲ့ ပြောရမယ်ဆိုရင် မာထိုပေါင်ရဲ့ ခန္ဓာကိုယ် ဖြတ်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူရဲ့ ကြီးမားတဲ့ အစာအိမ်နဲ့ ဗိုက်ဂဂကြီးက အမှန်တကယ်ပဲ တစ်ကြိမ်တည်းနဲ့ ပျောက်ကွယ်သွားပြီး လွယ်လွယ်ကူကူနဲ့ ဖြတ်သွားနိုင်ခဲ့ ပါတယ်။

လင်းဟာန်က ရယ်မောလိုက်ပြီးတော့ ပြောပါတယ်။

"ညီလေး ရတနာ။ တကယ်လို့ မင်းရဲ့ ကိုယ်အလေးချိန် လျော့ချလိုက်မယ်ဆိုရင် မင်းတချို့ ဂိမ်းတွေကို

ကစားနိုင်လိမ့်မယ်”

“ထွီ… ဒီခန္ဓာကိုယ်က ရတနာ အရှင်သခင်ရဲ့ အသားတွေနဲ့ ပြည့်နေတဲ့ ခန္ဓာကိုယ်ပဲ။ တန်ဖိုးဖြတ်လို့ မရဘူး”

မာထိုပေါင်က အသက်ကိုရှိုက်ပြီး ရှူလိုက်တဲ့အခါမှာ သူရဲ့ ဂမ်းပိုက်ကြွက်သားက ချက်ချင်းဆိုသလို ပိန်ကျသွားပြီး မကြာခင်မှာပဲ မူလအခြေအနေကို ပြန်ရောက်သွားခဲ့ပါတယ်။

လင်းဟန်လည်း ဆေးဥယျာဉ်အထဲကို ဂင်လာခဲ့ပါတယ်။

“စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေကို ယူမသွားဖို့ မျှော်လင့်ရတာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါတို့တွေက ဖန်ခွက်ထဲက လိပ်တစ်ကောင်လို ကားယား ကားယား ဖြစ်နေတော့မှာပဲ”

မာထိုပေါင်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

“ဟော့ဟော့ဟော့… မင်းမှာ ဒီစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ သုံးခုပဲ ရှိတာလား”

လင်းဟန်က သူ့ကို ဖမ်းဆွဲထားလိုက်ပါတယ်။

“ရတနာ အရှင်သခင်က အလုပ်များတယ်။ ဘယ်လိုလုပ်ပြီးတော့ ရတနာ အရှင်သခင်မှာ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေ ကျန်တော့မှာလဲ”

မာထိုပေါင်က မျက်နှာပြောင်ပြောင်နဲ့ ပြောလိုက်ပါတယ်။

ဆိုလိုတာက သူ့အနေနဲ့ တရားမဝင်တဲ့ အရာတွေ အများကြီးကို လုပ်နေရတဲ့အတွက် ဒီလိုမျိုး စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေကို ပြန်လည်ဖြည့်ဆည်းဖို့ အချိန်မရှိဘူးလို့ ပြောချင်တာပါ။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက တကယ်ကို စိတ်မချရတာပဲ”

“မင်းသိလို့လား”

မာထိုပေါင်က စိန်းစိန်းဂါးဂါးနဲ့ ကြည့်လိုက်ပါတယ်။

“မြန်မြန် မြန်မြန်လေးလုပ်။ ဆေးပင်တွေကို မြန်မြန်ရှူးပြီး

လုံလောက်ပြီဆိုရင် ပြန်ရအောင်။ တကယ်လို့ မင်းက လောဘကြီးပြီးတော့ ထောင်ချောက်ထဲကို ကျပြီး အဖမ်းခံရရင် ရတနာ အရှင်သခင်နဲ့ မဆိုင်ဘူးနော်”

“ဒီခံစားချက်က အရမ်းကိုကောင်းတယ်”

လင်းဟန်က ပြုံးလိုက်ပါတယ်။

မာထိုပေါင်က လှည့်ထွက်ပြီးတော့ အဆင့်မြင့် တန်ဖိုးရှိတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေကို ခူးဆွတ်ဖို့ ရှာဖွေလိုက်ပါတယ်။ တကယ်လို့ သူတို့က ဒီနေရာ တစ်ခုလုံးကိုသာ ခိုးယူနိုင်မယ်ဆိုရင် ဆောင်းလဂိုဏ်းကို အလန့်တကြားနဲ့ ချောက်ချားသွားစေနိုင်ပါလိမ့်မယ်။ ဒါကြောင့် သူတို့က ဆက်တိုက်ပဲ ခူးဆွတ်နေပါတယ်။

လင်းဟန်လည်း ချက်ချင်းပဲ စတင်ပြီးတော့ လှုပ်ရှားလိုက်ပါတယ်။ ဒီနေရာမှာ တန်ဖိုးရှိတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေ တော်တော်များများ ရှိပါတယ်။ တကယ်တော့ ဒါက မြောက်ပိုင်းဒေသရဲ့ အင်အားအကြီးဆုံး အဖွဲ့ကြီး ငါးခုထဲက တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဆင့်ရှစ်နဲ့ အထက် စိတ်ဂိညာဉ် ဆေးပင်တွေကို မြင်တွေ့ရဖို့ ဆိုတာကတော့ ဖြစ်နိုင်ချေ မရှိပါဘူး။

ဘာဖြစ်လို့လည်းဆိုတော့ မြောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က နိမ့်ကျလို့ပဲ ဖြစ်ပါတယ်။ အဆင့်မြင့် စိတ်ဂိညာဉ် ဆေးပင်တွေ ကြီးထွားရှင်သန်ဖို့က ပတ်ဝန်းကျင်နဲ့လည်း ပတ်သက်ဆက်နွယ် နေပါတယ်။ ဒီနေရာမှာ အဆင့်တစ်ဆယ် ဆေးပင်ကို ပေါ်ပေါက်လာစေနိုင်မဲ့ မြေသြဇာလုံလုံလောက်လောက် ပါဝင်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်း စစ်သည်တော်ရဲ့ အလောင်းလိုမျိုး ထူးခြားတဲ့ အခြေအနေမျိုး မရှိဘူးဆိုရင် အဆင့်မြင့် စိတ်ဂိညာဉ် ဆေးပင်တွေ ကြီးထွားရှင်သန်ဖို့ မဖြစ်နိုင်ပါဘူး။

လင်းဟန်က အမျိုးအစားအလိုက် ရွေးချယ်ပြီးတော့ အမြစ်ကနေ တူးဆွပြီး အနက်ရောင် မျှော်စင်ထဲကို ပို့ထည့်လိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်ထဲမှာ တစ်နှစ်အချိန်က အပြင်ဘက် ကမ္ဘာမှာ နှစ်ပေါင်း တစ်ထောင်နဲ့ ညီမျှပါတယ်။ သူ့အနေနဲ့ စိတ်ဂိညာဉ် ဆေးပင်တစ်ပင်ရဲ့ ရိုးတံတစ်ခုကနေ ဆယ်ခု အဲဒီကနေ အခုတစ်ရာထိ မကြာခင်မှာ ပြောင်းလဲနိုင်ပါလိမ့်မယ်။

သူက အလွန်ကို ပျော်ရွှင်စွာနဲ့ စုစည်းနေပါတယ်။ ဒါပေမဲ့ အချိန်တခဏမျှ အကြာမှာတော့ ကျယ်လောင်တဲ့ အသံတစ်ခုကို ကြားလိုက်ရပြီး အဲဒီကနေ ပြင်းထားတဲ့ မူလစွမ်းအင် လှိုင်းတွေ ထွက်ပေါ်လာတာကို ခံစားလိုက်ရပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေတောင် လှုပ်ယမ်းသွားပါတယ်။

"အသားညို အစ်ကိုတော်… လစ်ဖို့အချိန်တန်ပြီ"

သူက ဂက်တစ်ကောင် အသတ်ခံလိုက်ရသလိုမျိုး မာထိုပေါင်ရဲ့ ဂမ်းနည်းဖွယ်ရာ အော်ဟစ်သံကို ကြားလိုက်ရပါတယ်။ သူရဲ့ အလွန်အမင်းကို ဂတုတ်နေတဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ပေါ်လာခဲ့ပြီး သူရဲ့အနောက်မှာတော့ ခံစားချက်ကင်းမဲ့နေတဲ့ အမူအရာနဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ အဘိုးကြီးတစ်ယောက်လည်း ချက်ချင်းဆိုသလို ပေါ်လာခဲ့ပါတယ်။

"လပြွတ်… . မင်းသူ့ကို ဘာဖြစ်လို့ ဒီနေရာကို ခေါ်လာခဲ့တာလဲ"

လင်းဟန်က အလျင်အမြန်ပဲ ထွက်ပြေးပြီးတော့

ပြောလိုက်ပါတယ်။

“ရတနာ အရှင်သခင်က မင်းဒီနေရာမှာ ရှိနေတယ်ဆိုတာ ဘယ်လိုလုပ် သိမှာလဲ”

မာထိုပေါင်က အရမ်းကို မှားယွင်းတဲ့ ခံစားချက်နဲ့ ပြောလိုက်ပါတယ်။

“ဒါပေမဲ့ ကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် အခုကစပြီးတော့ မင်းက ရတနာ အရှင်သခင်ရဲ့ ညီအစ်ကို ဖြစ်သွားပြီ”

“မရဘူး။ မင်းရဲ့ တစ်ချိန်လုံး လှည့်ဖြားမှာကို ငါကြောက်တယ်”

လင်းဟာန်က ပြတ်ပြတ်သားသားပဲ ငြင်းပယ်လိုက်ပါတယ်။ ဒီဖက်တီးက အရမ်းကို ကောက်ကျစ်တာပဲ။

“ထွီ။ မင်းက ရတနာ အရှင်သခင်ကို အေးစက်တဲ့ လက်ကို အမှန်တကယ်ပဲ ပေးပွဲ့တယ်ပေါ့”

မာထိုပေါင်က အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့်က အနောက်ကနေပြီးတော့ ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

"အရှုးနှစ်ကောင် မင်းတို့တွေ ငါတို့ဂိုဏ်းရဲ့ ဆေးဥယျာဉ်ကနေ ဆေးပင်တွေကို တကယ်ပဲ ခိုးယူငုံ့တယ်။ လိမ်လိမ်မာမာနဲ့ အဖမ်းခံစမ်း။ အဲဒီလိုမှ မဟုတ်ရင် မင်းတို့ကို ဒီအဘိုးကြီးရဲ့ လက်နဲ့ ဖမ်းမိတဲ့အခါ မင်းတို့ရဲ့ အရေပြားတွေကို စုတ်ခွာပြီးတော့ မင်းတို့ရဲ့ အကြောတွေကို ဆွဲထုတ်ပစ်မယ်လို့ ငါကတိပေးတယ်"

"ဖွီ… ရတနာ အရှင်သခင်က ခြိမ်းခြောက်တိုင်း ကြောက်မယ်လို့များ မင်းထင်နေတာလား"

မာထိုပေါင်က သူ့ရဲ့ ဖင်ကို လှုပ်ခါပြလိုက်ပြီး ခပ်ကြမ်းကြမ်းလေး ရိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ရတနာ အရှင်သခင်ကို လာပြီးတော့ ဖမ်းစမ်းပါ။ အသားညို အစ်ကိုတော် ဒီအဘိုးကြီးကို မင်းလက်ထဲ လွှဲပေးလိုက်ပြီ။ ရတနာ အရှင်သခင်မှာ လုပ်စရာလေး နည်းနည်းရှိသေးတယ်။ ဒါကြောင့် ငါအရင်ဆုံးပဲ သွားပြီ"

သူရဲ့ ပုံရိပ်က တစ်ဟုန်ထိုး ပြေးထွက်သွားပါတယ်။

ဘာမှမသိပဲ မပြောပါနဲ့။ တကယ်လို့ လူတစ်ယောက်က အသက်မသေအောင် ပြေးရပြီဟေ့ ဆိုရင် မင်းက အမြန်ဆုံးဖြစ်မှာ မဟုတ်ပါဘူး။ မင်းရဲ့ဘေးမှာ အမြန်ဆုံးအနေနဲ့ အဲဒီလူက ပြေးထွက်သွားပါလိမ့်မယ်။

ဒီစကားတွေက အရမ်းကို မှန်ပါတယ်။

အခု စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးက နီးသထက် နီးလာပြီး လင်းဟန်နဲ့ မီတာ အနည်းငယ်မျှပဲ ကွာပါတော့တယ်။

"သေသင့်တဲ့ ဖက်တီးကောင်"

လင်းဟန်က ကျိန်ဆဲလိုက်ပါတယ်။ သူက အလျင်အမြန်ပဲ သူရဲ့ဓားကို ထောင့်ဖြတ်အတိုင်း လှီးဖြတ်လိုက်ပြီး ချက်ချင်းဆိုသလို စိတ်ဂိညာဉ် မြက်ပင်ရဲ့ ရိုးတံတစ်ခုကို လှီးဖြတ်ပြီးတော့ သူရဲ့လက်ဂါးနဲ့ အဘိုးကြီးဆီကို စိတ်ဂိညာဉ် ဆေးပင်နဲ့ ပစ်လိုက်ပါတယ်။

"အဘိုးကြီးယုတ်… တကယ်လို့ မင်းဒီထက်ပိုပြီး

ကပ်လာရဲ့ရင် ဒီဆရာသခင်က ဒီနေရာမှာ ရှိနေတဲ့ အရာမှန်သမျှကို ဖျက်ဆီးပစ်ရလိမ့်မယ်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အဘိုးကြီးက သူရဲ့လက်နဲ့ စိတ်ဂိညာဉ် ဆေးပင်ကို ဖမ်းဆုပ်ပြီးတော့ ဘေးကိုပစ်လိုက်ပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ ပိုပြီးတော့ ဖျက်ဆီးပစ်မှာကို ကြောက်ရွံ့ထိတ်လန့်ပြီး သတိထားတဲ့ အမူအရာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ သူက ဒီဆေးဥယျာဉ်ကို စောင့်ကြပ်ဖို့ တာဝန်ပေး ခံထားရတာပါ။ တကယ်လို့ ဒီနေရာကို အကြီးအကျယ် ထိခိုက်ပျက်စီး သွားစေမယ်ဆိုရင် တကယ်လို့ သူက ဒီသူခိုးနှစ်ယောက်ကို ဖမ်းမိခဲ့ရင်တောင်မှ အပြစ်ဒဏ် ကြီးကြီးမားမားကို ခံစားရပါဦးမယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလူနှစ်ယောက်ရဲ့ ကျင့်ကြံခြင်းက နိမ့်ပေမဲ့ တကယ်လို့ သူတို့က ဆေးဥယျာဉ်ထဲမှာ ပတ်ပြီးတော့ ပြေးနေဦးမယ်ဆိုရင် သူအနေနဲ့ သည်းခံပြီးတော့ တိုက်ခိုက်ဖို့ အခွင့်အရေး တစ်ခု ရှိလာပါလိမ့်မယ်။

ဒီဆုံးဖြတ်ချက်နဲ့အတူ သူရဲ့ခြေလှမ်းတွေကို

လျှော့ချပစ်လိုက်ပြီး လင်းဟန်နဲ့ သုံးဆယ်မီတာ အကွာအဝေးကို ထိန်းပြီးတော့ ထပ်ပြီးချဉ်းကပ် မလာတော့ပါဘူး။

သူတို့သုံးယောက်က မျဉ်းကြောင်းတစ်ခုနဲ့ တူပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ ပြေးလွှားနေ ကြပါတယ်။

အစောတုန်းက ဖွင့်ထားတဲ့ တံခါးက မြင်ကွင်းထဲကို ပေါ်လာခဲ့ပါတယ်။ ပြီးတော့ မာထိုပေါင်က ၎င်းကို ပထမဆုံး ဖြတ်ပြီး လွတ်မြောက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ထွက်မသွားသေးပဲ တံခါးမှာ စောင့်နေပြီးတော့ လင်းဟန်က တံခါးကို ဖြတ်ပြီးတော့ လွတ်မြောက်လာတာနဲ့ ချက်ချင်းဆိုသလို သူရဲ့ လက်တွေကို ထပ်ခါထပ်ခါ လှုပ်ရှားလိုက်ပြီးတော့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ သုံးခုကို ဆုတ်ဖြဲပစ်လိုက်ပါတယ်။

ပုန်း

စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးက အတားအဆီးကို ဖင်ဆောင့်မိသွားပြီး ချက်ချင်းဆိုသလို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စွမ်းအင်ကြီးတစ်ခုက ထွက်လာပြီး သူရဲ့လာရာ လမ်းကြောင်း အတိုင်းပဲ လွင့်ထွက်သွားစေခဲ့ပါတယ်။

အပင်တွေနဲ့ မြက်ပင်တွေ ဘယ်လောက်တောင်များ သူဖျက်ဆီးပစ်လိုက်သလဲ ဆိုတာကိုတော့ ဘယ်သူက သိနိုင်မှာလဲ။

“မင်းရဲ့ စိတ်မကောင်း ဖြစ်နေတာကို ထိန်းထားလိုက်”

လင်းဟန်နဲ့ မာထိုပေါင်တို့ နှစ်ယောက်စလုံး တပြိုင်နက်တည်း ပြောလိုက်ပါတယ်။

Chapter 323 end

အပိုင်း(၃၂၄) အဂါရောင် နဂါးသစ်သီး

စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးက ပြင်းပြင်းထန်ထန် လဲကျသွားပေမဲ့လည်း သူရဲ့ခွန်အားက တကယ်ဆို သာမန်တော့ မဟုတ်ပါဘူး။ သူရဲ့ ခန္ဓာကိုယ်က သွေးတွေနဲ့ ဖုံးနေပေမဲ့လည်း နောက်တစ်ကြိမ် ခုန်ထလိုက်ပါတယ်။ သူက ချက်ချင်းဆိုသလို အတားအဆီးကို ပြန်ပြေးသွားပြီး လင်းဟန်နဲ့ မာထိုပေါင်တို့ နှစ်ယောက်ကို ပြင်းပြင်းထန်ထန်နဲ့ စူးစိုက်ကြည့်လိုက်ပါတယ်။

“မင်းတို့ကောင်တွေ ဂေးဂေးပြေးလို့ မရနိုင်ပါဘူး”

သူရဲ့ အသံကို ထိန်းချုပ်ပြီးတော့ အော်လိုက်ပါတယ်။

ခံ့ညားတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်က သူရဲ့နှာခေါင်းအောက်ကနေ ဂျူနီယာလေး နှစ်ယောက်ကို တကယ်ပဲ ထွက်ပြေးသွားခွင့် ပြုလိုက်ရတယ်။ ဒါကို သူက ဘယ်လိုလုပ်ပြီးတော့ သည်းခံနိုင်မှာလဲ။ ဒါက မျက်နှာပျက်ရုံတင် မကပါဘူး။ သူရဲ့ အစောင့်တာဝန်ကိုပါ တာဝန်မကျေ ဖြစ်စေပြီးတော့ ဂိုဏ်းရဲ့ အပြစ်ဒဏ်က သေချာပေါက် သူ့ကို စောင့်မျှော်နေပါလိမ့်မယ်။

“ထွီ… ရတနာ အရှင်သခင်က သူထွက်သွားချင်ရင် ဘယ်နေရာ ဘယ်အချိန်ပဲဖြစ်ဖြစ် ထွက်သွားနိုင်တယ်။ မင်းက ငါ့ကို ယှဉ်နိုင်လို့လား”

မာထိုပေါင်က ဖင်လှည့်ပြပြီးတော့ လက်နဲ့ပုတ်ပြပြီး အဘိုးကြီးကို ပြောလိုက်ပါတယ်။

“တကယ်လို့ မင်းမှာ စွမ်းရည်ရှိတယ်ဆိုရင် ရတနာ အရှင်သခင်ရဲ့က ဖင်ကို လာကိုက်စမ်းပါ”

“အသားညှို အစ်ကိုတော် ငါ့ကို ရုပ်ဖျက်ဆေးလုံး တစ်လုံး

မြန်မြန်ပေးစမ်းပါ”

သူရဲ့ခေါင်းကို လှည့်လိုက်ပြီး ချက်ချင်းဆိုသလို သူရဲ့ အမူအရာကလည်း ပြောင်းလဲသွားပါတယ်။ သူက လင်းဟန်ကို မျက်နှာလို မျက်နှာရနဲ့ မျက်နှာချိုသွေးလိုက်ပါတယ်။

လင်းဟန်က ကျီစယ်သလိုမျိုး ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

“ငါတို့က ညီအစ်ကိုတွေပဲ။ ငါမင်းကို သေချာပေါက် ရုပ်ဖျက်ဆေးလုံး တစ်လုံးကို ပေးနိုင်တာပေါ့။ ဒါပေမဲ့ မင်းရဲ့ခေါင်းပေါ်က ဆံထိုးက မဆိုးဘူးနော်”

“မရဘူး”

မာထိုပေါင်က လျင်မြန်စွာပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

“ဒီခါးစည်းက”

“မရဘူး”

"ဖိနပ်တွေရော"

"မရဘူး"

"ဒါဆိုလည်း တာတာ။ မင်းကံကောင်းဖို့ ငါဆုတောင်းပေးပါတယ်"

လင်းဟန်က လက်တွေကို ယှက်ပြီးတော့ ထောင်ထောင် ထောင်ထောင်နဲ့ လျှောက်သွား လိုက်ပါတယ်။

"အသားညို အစ်ကိုတော် မင်းတစ်ချို့ အွန္တရာယ် ကြီးတွေနဲ့ ကြုံရင် ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး"

မာထိုပေါင်က အလျင်အမြန်ပဲ လင်းဟန်ကို ဖမ်းဆွဲထားပြီးတော့ အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ရတနာ အရှင်သခင်က စည်းကမ်းကို ချိုးဖောက်လိုက်ပြီ။ ငါမင်းနဲ့ နှစ်ရက် အိပ်ပေးမယ်"

"အဟွတ် အဟွတ်"

လင်းဟန်က ချက်ချင်းဆိုသလို တံတွေးသီးသွားပြီးတော့

အလျှင်အမြန်ပဲ ရုပ်ဖျက်ဆေးလုံး တစ်လုံးကို မာထိုပေါင်ကို ပစ်ပေးလိုက်ပြီးတော့ ထွက်သွားလိုက်ပါတယ်။

"သေသင့်တဲ့ ဖက်တီးကောင်။ ငါနဲ့ ဝေးဝေးမှာနေစမ်း။ အဲဒီလိုမှ မဟုတ်ရင် မင်းရဲ့ အဆီတွေ အားလုံးကို ခုတ်ဖြတ်ပစ်မယ်"

လင်းဟန်က တောအုပ်ထဲကို ပျောက်ကွယ်သွားတာကို ကြည့်ပြီးတော့ မာထိုပေါင်က ကျေနပ်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"စိတ်ဂင်စားစရာပဲ စိတ်ဂင်စားစရာ တကယ်ကောင်းတယ်"

သူက ရုပ်ဖျက်ဆေးလုံးကို ကောက်ယူပြီးတော့ အနံ့ခံကြည့်ပြီး တခဏမျှ ကြည့်ပြီးတော့ မှင်တက်အံ့သြတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ဒီနည်းစနစ်က အတော်လေးကို ကောင်းတယ်။ အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတဲ့ လူငယ်လေး တစ်ယောက်က ဒါကို ဖော်စပ်နိုင်သလား။ နောက်ပြီးတော့ ရတနာ အရှင်သခင် ကြည့်ရတာ သူရဲ့ စိတ်ဝိညာဉ်က တစ်ခုခုတော့ ထူးဆန်းနေတယ်"

သူက ပခုံးတွန့်ပြီးတော့ ရှေ့တည့်တည့်ကို ထွက်ခွာလာခဲ့ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးက ဒေါသတွေ ထွက်ပြီးတော့ အံကြိတ်နေရုံကလွဲပြီး ဘာမှမလုပ်နိုင်တာကို အခွင့်ကောင်း ယူပြီးတော့ ချန်ထားခဲ့ပါတယ်။ ဒီအတားအဆီးက လူတွေကို ဆေးဉယျာဉ်ထဲကို လွယ်လွယ်ကူကူနဲ့ ဂင်လို့မရအောင် လုပ်ထားတယ် ဆိုတာက သံသယ ရှိစရာကို မလိုပါဘူး။ တချိန်တည်းမှာပဲ ဆေးဉယျာဉ်ထဲက လူတွေကို အပြင်ဘက်ကို လွယ်လွယ်ကူကူနဲ့ ထွက်လို့မရအောင်လည်း လုပ်ထားပါတယ်။

လင်းဟာန်က ကြီးမားတဲ့ သစ်ပင်ကြီး တစ်ပင်အပေါ်ကို ခုန်တက်လိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဂင်လာခဲ့ပါတယ်။ သူက တည်ငြိမ်စွာနဲ့ပဲ သူရဲ့ ရုပ်ဖျက်ခြင်းကို အသစ်ပြန်ပြီးတော့ လုပ်လိုက်ပြီး အဂတ်အစား အသစ်တွေကိုပါ လဲလှယ်လိုက်ပါတယ်။ ခဏလေးအတွင်းမှာပဲ သူက မျက်နှာဖြူဖွေးတဲ့ ကျောင်းတော်သား တစ်ယောက်အဖြစ်ကို ပြောင်းသွားပါတယ်။

တကယ်လို့ သူကသာ ဆန္ဒရှိတယ် ဆိုရင် မူလစွမ်းကို

အသုံးပြုပြီးတော့ သူရဲ့ အရပ်ကိုပါ ယာယီအားဖြင့် ပြောင်းလဲအောင်လို့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ပထမအနေနဲ့ ၎င်းက သက်တောင့်သက်သာ မရှိပါဘူး။ ပြီးတော့ ဒုတိယအချက်က ကုန်ခမ်းသွားတဲ့ မူလစွမ်းအင်ကို ထိန်းသိမ်းထားရပါမယ်။

သူက အနက်ရောင် မျှော်စင်ထဲကနေ ချက်ချင်းထွက်မသွားသေးပဲ အစောတုန်းက သူထည့်သွင်းထားတဲ့ စိတ်ဂိညာဉ် မြက်ပင်တွေကို စိုက်ပျိုးလိုက်ပါတယ်။ အစောတုန်းက အချိန်ကုန် သက်သာစေဖို့ သူက စိတ်ဂိညာဉ် မြက်ပင်တွေကို အထဲကိုပဲ ပစ်သွင်းထည့်ခဲ့တာပါ။

သူ့အနေနဲ့ အဲဒီနေရာမှာ အချိန်တွေ အများကြီး မရခဲ့ပါဘူး။ ဒါပေမဲ့ သူက စိတ်ဂိညာဉ် ဆေးပင် ဒါဇင်နဲ့ချီ တူးဆွနိုင်ခဲ့ပြီး အဲဒီထဲက ခုနစ်ပင်က အဆင့်ငါး စိတ်ဂိညာဉ် ဆေးပင်တွေ ဖြစ်ပြီးတော့ တန်ဖိုးကလည်း အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။

ကံမကောင်းတာက ဆေးဥယျာဉ်ရဲ့ အတွင်းပိုင်းကို သွားဖို့အတွက် အချိန်မရှိတာ ဖြစ်ပြီးတော့ သူလည်း အများကြီး မရယူနိုင်ခဲ့ပါဘူး။

စိတ်ဂိညာဉ် ဆေးပင် ဒါဇင်နဲ့ချီတဲ့ အရေအတွက်က ဆောင်းလဂိုဏ်းကို အတော်လေး ထိခိုက်နာကျင် ဂမ်းနည်းမှုကို ဖြစ်စေနိုင်ပါတယ်။

စိတ်ဂိညာသ်ဆေးပင်တွေကို သေချာဂရုစိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က အနက်ရောင် မျှော်စင်ကနေ ထွက်လာခဲ့ပါတယ်။ အခုဆိုရင် သူကအားလုံးပြီးပါပြီ။ သူက တံဆိပ်ပြား တချို့ကိုလည်း ရယူနိုင်ခဲ့ပြီး နောက်တစ်လှည့် စမ်းသပ်စစ်ဆေးခြင်းကို လုပ်ဆောင်မဲ့ အယောက်တစ်ရာ စာရင်းထဲကို အဆင့်မီပါရင် ပိုကောင်းပါတယ်။ သူက မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ရအောင်လို့ ဘယ်လိုလုပ်ရမလဲ။

လမ်းမှာ သူရဲ့ တံဆိပ်ပြားတွေကို ခိုးယူလုယက်ချင်တဲ့ လူတချို့ရဲ့ အံ့အားသင့်စရာ ကောင်းတဲ့ တိုက်ခိုက်မှု တချို့ကို ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ သူတို့အားလုံးပဲ လင်းဟန်ရဲ့ ရိုက်နှက်ခြင်းကို ခံလိုက်ရပြီးတော့ သူတို့ရဲ့ တံဆိပ်ပြားတွေကိုပဲ ပေးလိုက်ရပါတယ်။ ညဘက်ရောက်တဲ့ အခါမှာတော့ လင်းဟန်က တံဆိပ်ပြား ခုနစ်ရာကျော် ရရှိနေပါပြီ။

"ထန် ထန် ထန် ထန်"

လက်နက်အချင်းချင်း ထိခိုက်မိတဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟန်က သူရဲ့ခြေလှမ်းတွေကို အရှိန်မြှင့်လိုက်ပါတယ်။ သူ့အနေနဲ့ နောက်ထပ် တံဆိပ်ပြား တချို့ကို စုဆောင်းဖို့အတွက် အပန်းမကြီးပါဘူး။

အရမ်းကို လျင်မြန်စွာနဲ့ လူနှစ်ရာလောက်ရှိတဲ့ အုပ်စုလိုက် တိုက်ပွဲတစ်ခုက သူရဲ့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ လူတချို့ကတော့ ဘေးမှာ လဲကျနေပြီး မြေပြင်အနှံ့ သွေးစီးကြောင်းတွေ ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က အံ့အားသင့်လို့ နေပါတယ်။ ဒီကအမှာက အရမ်းကို သေးငယ်ပါတယ်။ အဲဒီအထဲက လူတစ်ရာ အုပ်စုက မိုးရေနိုင်ငံက လူတွေပဲ ဖြစ်နေပါတယ်။

ချီယောင်ရီ၊ ဇောင်ဟွမ်နဲ့ တခြားသူတွေက အံ့အားသင့်စရာ ကောင်းအောင်ပဲ အဲဒီအထဲမှာ ရှိနေကြပြီး ပြင်းပြင်းထန်ထန်နဲ့ တိုက်ပွဲဆင်နွှဲ နေပါတယ်။ အဆက်မပြတ် အော်ဟစ်သံတွေ သူတို့ရဲ့ ဆေဘာအားတွေ ဓားရှည်တွေ လှံတွေနဲ့ လက်နက်မျိုးစုံကို ပွေ့ယမ်းပြီးတော့ သူတို့ရဲ့ ပြိုင်ဘက်တွေကို ထိုးခုတ် တိုက်ခိုက်နေပါတယ်။

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ ဆောင်းလဂိုဏ်းကို ဂင်ဖို့အတွက် သူတို့ရဲ့ အသက်တွေ သွေးတွေကို စွန့်လွှတ်ဖို့ဆိုတာ ထိုက်တန်ရဲ့လား။ အဓိက သော့ချက်က တကယ်လို့ သူတို့ရဲ့ အမာရွတ်တွေက ဆန်ကာပေါက်တွေလို များပြားနေရင်တောင်မှ ဆောင်းလဂိုဏ်းကို အောင်အောင်မြင်မြင်နဲ့ ဂင်နိုင်ဦးမှာ မဟုတ်သေးပါဘူး။

သိုင်းပညာရှင်တွေ အတွက်ကတော့ မြောက်ပိုင်းဒေသက သိုင်းပညာတွေရဲ့ သန့်စင်မွန်မြတ်တဲ့ နေရာကို ဂင်ရောက်နိုင်တယ်ဆိုတာက အရမ်းကို တောက်ပတဲ့ ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။ သူတိုရဲ့ ဘဂတစ်လျှောက်လုံး ပြောင်းလဲသွားနိုင်ပါတယ်။ ဒါကြောင့် သူတို့က ဘာဖြစ်လို့ အသည်းအသန် မတိုက်ခိုက်ပဲ နေရမှာလဲ။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ခုန်ဂင်လိုက်ပါတယ်။ တိုက်ပွဲရဲ့ အကျိုးသက်ရောက်မှုကို ခံစားလိုက်ရသလိုမျိုး ဒယိမ်းဒယိုင်ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း သူကယက်ကန် ယက်ကန်လို ဖြစ်နေပြီးတော့ လူအနည်းငယ်ကိုပါ အဂေးကို လွှင့်ထွက်သွားအောင် လုပ်ပစ်လိုက် နိုင်ပါတယ်။ အဲဒီလူတွေက မိုးရေနိုင်ငံရဲ့ ပြိုင်ဘက်တွေပဲ ဖြစ်ပါတယ်။

ဒီနောင့်ယှက်မှုကြောင့် ပြိုင်ဘက်တွေက ချက်ချင်းဆိုသလို ထိခိုက်မိပြီး သိပ်မကြာခင်မှာပဲ ကျန်နေတဲ့ လူတွေက သူတို့ရဲ့ လက်နက်တွေကို ပစ်ထုတ်ပြီးတော့ ထွက်ပြေးကုန်ကြပါတယ်။

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက လင်းဟန်ကို ဒီကောင်က အရမ်းကို ကံကောင်းတာပဲ ဆိုတဲ့ ခံစားချက်နဲ့ ကြည့်နေကြပါတယ်။ တိုက်ပွဲမှာ ဒယိမ်းဒယိုင် ဖြစ်နေပြီး ဒါပေမဲ့ ချက်ချင်းဆိုသလို တိုက်ပွဲရဲ့ အဖြေက ပြောင်းလဲသွားခဲ့တာပါ။ သူကိုကြည့်ရတာ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိပါသေးတယ်။ ဒီလိုမျိုး လူတစ်ယောက်ကို အစောပိုင်းတုန်းက ဘယ်သူကမှ စိတ်ဝင်တစား မရှိခဲ့ပါဘူး။ နွေဦးစမ်းရေ အလွှာ ပထမအဆင့်က လူတိုင်းက လင်းဟန်လိုမျိုး ပုံမှန်မဟုတ်တဲ့ သူတွေချည်းပဲ ဖြစ်နိုင်မလား။

"ဒီကတစ်ယောက်.. မင်းကို ဘယ်လိုခေါ်လဲ။ အစောတုန်းက မင်းရဲ့ အကူအညီအတွက် အားလုံးကိုယ်စား ကျေးဇူးတင်ပါတယ်"

ဇောင်ဟွမ်က အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။ သူက အခုဆိုရင် မိုးရေနိုင်ငံရဲ့ သိုင်းပညာရှင်တွေ ခေါင်းဆောင်

ဖြစ်နေပါပြီ။

“ငါ့ကို ဟုရန်လို့ ခေါ်ကြတယ်”

လင်းဟန်က ပြောလိုက်ပါတယ်။ ဟုရန်ဆိုတာက ဒီအတိုင်းပဲ ပါးစပ်ထဲ တွေ့ကရာ နာမည်တစ်ခုကို ပေးလိုက်တာပဲ ဖြစ်ပါတယ်။

ချီယောင်ရီနဲ့ တခြားသူတွေက ဒီစကားလုံးရဲ့ အဓိပ္ပါယ်မရှိတာကို တကယ်ပဲ သတိမပြုမိပါဘူး။ လင်းဟန်က အစောတုန်းက မစဉ်းစား မဆင်ခြင်ပဲ လုပ်ရှားခဲ့ပေမဲ့လည်း ၎င်းက တိုက်ပွဲရဲ့ အဖြေကို ပြောင်းလဲပေးနိုင်ခဲ့ပါတယ်။ ဒါက လူတိုင်းလူတိုင်းရဲ့ ကြည်ညိုလေးစားခြင်းကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။ သူတို့က လင်းဟန်ကို ဘယ်ကနေ လာခဲ့သလဲ ဆိုတာကို မမေးပဲနဲ့ သူ့ကို စိတ်ပါလက်ပါနဲ့ ပြုစုဆက်ဆံခဲ့ ကြပါတယ်။

ချီယောင်ရီနဲ့ တခြားသူတွေက တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ပြီးတဲ့ နောက်မှာ ချီယောင်ရီက ရုတ်တရက် မေးလိုက်ပါတယ်။

“အစ်ကိုဟု… အစောကလူတွေနဲ့ ငါတို့တွေ ဘာဖြစ်လို့

ပြဿနာတွေ တက်နေကြလဲ ဆိုတာကို မင်းသိလား”

“တံဆိပ်ပြားတွေ အတွက်ပဲ မဟုတ်ဘူးလား”

လင်းဟန်က မေးခွန်းတစ်ခုနဲ့အတူ ဖြေလိုက်ပါတယ်။

“အပေါ်ယံ ကြည့်ရင်တော့ တံဆိပ်ပြားအတွက်ပဲ။ ဒါပေမဲ့ ပိုပြီးတော့ အရေးကြီးတာက ငါတို့ နှစ်ဖွဲ့စလုံးက အဂါရောင် နဂါးသစ်သီးလို့ ခေါ်တဲ့ အဆင့်လေး စိတ်ဂိညာဉ် ဆေးပင်ရိုးတံ တစ်ခုကို တွေ့ခဲ့ကြတယ်”

ဇောင်ဟွမ်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က မထင်မှတ်ထားပဲ အံ့အားသင့်သွားတဲ့ အမူအရာ တစ်ခု ဖြစ်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

“အဂါရောင် နဂါးသစ်သီးက မွမ်းမံ သန့်စင်ဖို့ မလိုတဲ့ လက်ဖျားခါရလောက်တဲ့ စိတ်ဂိညာဉ် ဆေးပင် တစ်မျိုးပဲ။ အဲဒါကို ဒီအတိုင်းပဲ စားလိုက်ရင် စိတ်ဂိညာဉ် ပင်လယ်အဆင့်အောက်မှာ ရှိတဲ့ သိုင်းပညာရှင်တွေအတွက် ခန္ဓာကိုယ်ရဲ့ အလားအလာက မြင့်သွားပြီးတော့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အားကောင်းလာနိုင်တယ်။ ဒါက

အရမ်းကို ကောင်းတဲ့ စိတ်ဝိညာဉ် ဆေးပင်ပဲ။ ဒီဆေးပင်ရဲ့ ရိုးတံအတွက် မင်းတို့ကောင်တွေက မင်းတို့ရဲ့ အသက်နဲ့ ထပ်တူ တိုက်ခိုက်နေတာ အံ့ဩစရာ မဟုတ်တော့ဘူး”

သူက ခေါင်းညိတ်လိုက်ပါတယ်။ အဂါရောင် နဂါးသစ်သီးက ကျင့်ကြံခြင်းအဆင့်ကို တိုက်ရိုက် မတိုးစေနိုင်ပါဘူး။ ဒါပေမဲ့ ၎င်းက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ပြောင်းလဲနိုင်ပြီး တကယ့်ကို စစ်မှန်တဲ့ စိတ်ဝိညာဉ် ဆေးတစ်မျိုး ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဂါရောင် နဂါးသစ်သီးက အဆင့်လေး စိတ်ဝိညာဉ် ဆေးအမျိုးအစား ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့် အထက်မှာရှိတဲ့ သိုင်းပညာရှင်တွေ အတွက် အသုံးမဝင်ပါဘူး။ တကယ်လို့ အသုံးပြုမယ်ဆိုရင်လည်း ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အပေါ်မှာ တိုးတက်မှုက အသေးအဖွဲ့တစ်ခု အဖြစ်ပဲ သတ်မှတ်နိုင်ပါတယ်။

လင်းဟာန်ရဲ့ ခန္ဓာကိုယ်က နတ်ဘုရား ဆေးပင်အမြစ် နှစ်ခုကနေ တိုးတက်မှုကို လက်ခံရရှိခဲ့ပြီး သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ အကန့်အသတ်ကို အများကြီး သာလွန်ပြီး အံ့အားသင့်စရာ ကောင်းတဲ့ အဆင့်ကို ရောက်သွားခဲ့ပါပြီ။ ဒါကြောင့် အဂါရောင် နဂါးသစ်သီးရဲ့ သူ့အပေါ်

အကျိုးသက်ရောက်မှုက သနားစရာ ကောင်းလောက်အောင် နည်းလွန်းပါတယ်။

လင်းဟန်က အနည်းငယ် အံ့သြသွားသည်ကလွဲလို့ လောဘကြီးတဲ့ ပုံစံမျိုး မဖြစ်သွားတာကို မြင်လိုက်ရတော့ ချီယောင်ရီနဲ့ တခြားသူတွေက အံ့အားသင့် သွားခဲ့ပါတယ်။ သူတို့တွေ အငါရောင် နဂါးသစ်သီးကို ရှာတွေ့လိုက်တဲ့ အခါတုန်းက လူတိုင်းလူတိုင်းရဲ့ မျက်လုံးတွေက လိုချင်တပ်မက်မှုကြောင့် နီရဲလာပါတယ်။

“ဒါပေမဲ့လည်း အငါရောင် နဂါးသစ်သီးကို မိစ္ဆာသားရဲ တစ်ကောင်က စောင့်ကြပ်နေပြီးတော့ အဲဒီအပေါ်ကို လက်တင်ဖို့တောင် အချိန်မရပဲ ရန်သူတွေနဲ့ တွေ့ပြီးတော့ တိုက်ခိုက်ခဲ့ရတယ်”

ဇောင်ဟွမ်က ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့ကောင်တွေက အဲဒီသားရဲကို တိုက်ခိုက်ဖို့အတွက် ငါ့ကို ဖိတ်ခေါ်ချင်နေတာလား”

Chapter 324 end
အပိုင်း(၃၂၅) မျက်လုံးကိုးလုံး ဂံပုလွေသားရဲ

ဇောင်းဟွမ်က သူရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ ဒါက စိတ်ဂိညာဉ် ပင်လယ်အဆင့် သားရဲ တစ်ကောင်ဖြစ်တယ်။ ဒါကြောင့် ငါတို့ကို ဒီသားရဲကို တိုက်ခိုက်နိုင်ဖို့ အခွင့်အရေး လုံးဂမရှိဘူး။ ငါတွေးထားတာက လူငါးယောက် အုပ်စုတွေ ခွဲထုတ်ပြီး ဘက်ပေါင်းစုံကနေ တိုက်ခိုက်ပြီး ဒီသားရဲကို သူရဲ့သားရဲတွင်းကနေ ထွက်လာအောင် မြူဆွယ်ရမယ်။ အဲဒီသားရဲ ထွက်လာတာနဲ့ ကျန်တဲ့သူတွေက ချက်ချင်းပဲ အဂါရောင် နဂါးသစ်သီးကို အမြစ်ကနေ တူးဆွရမယ်။ ဒါဆိုရင် သားရဲ အပေးကြီးထိ လိုက်ဖမ်းလို့ မိနိုင်မှာ မဟုတ်ဘူး။ သူက ပြန်လှည့်ပြီးတော့ လိုက်ဖမ်းရင်လည်း ငါတို့အားလုံးက လွတ်မြောက် သွားကြလိမ့်မယ် ”

အတော်ကို ကောင်းတဲ့ အကြံအစည်ပဲ။

လင်းဟန်က အဂါရောင် နဂါးသစ်သီးကို စိတ်မဂင်စားပါဘူး။ ဒါပေမဲ့ ချီယောင်ရီက သူရဲ့ သူငယ်ချင်းဟောင်း

တစ်ယောက်အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် သူက လက်တစ်ဖက် ငှားပေးဖို့ ဆန္ဒရှိပါတယ်။ ဒါအပြင် သူက အဂါရောင် နဂါးသစ်သီးကို မလိုအပ်ပါဘူး။ ဒါပေမဲ့ အဲဒီအသီးကို လွိုယုထန်၊ လီစီရှန်း၊ ကန်းရီနဲ့ တခြားသူတွေကို ပေးနိုင်ပါတယ်။

ဟူးညီလည်း နတ်ဘုရား ဆေးပင် အမြစ်ကို စားခဲ့ပါတယ်။ ပြီးတော့ အဲဒါက အမြစ်တစ်ခုတည်း ဆိုပေမဲ့လည်း ပြောင်းလဲခြင်းက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ အဂါရောင် နဂါးသစ်သီးက အဲဒီထက် သာလွန်တဲ့ အကျိုးသက်ရောက်မှု နည်းနည်းလေးမှ ရှိမှာ မဟုတ်နိုင်ပါဘူး။

ဒါအပြင် အဂါရောင် နဂါးသစ်သီးက စိတ်ဂိညာဉ် ပင်လယ်အဆင့် အောက်မှာရှိတဲ့ သိုင်းပညာရှင်တွေရဲ့ စိတ်ဂိညာဉ် ထိန်းသိမ်းတဲ့ ဆေးလုံးကို မွမ်းမံသန့်စင်နိုင်ဖို့ အရမ်းကို အသုံးဝင်ပါတယ်။

"အရင်ဆုံး သွားပြီးတော့ အခြေအနေကို သွားစစ်ဆေးရအောင်"

လင်းဟန်က ချက်ချင်းကြီးတော့ ပြတ်ပြတ်သားသား

မဆုံးဖြတ်ခဲ့ပါဘူး။

"ကောင်းပြီ"

လူတိုင်းလူတိုင်း ခေါင်းညိတ်လိုက်ပါတယ်။

သူတို့တွေ ထွက်ခွာလာပြီး လမ်းပေါ်မှာ လင်းဟန်က ပြောလိုက်ပါတယ်။

"ဒီအဂါရောင် နဂါးသစ်သီးက ယုလောင်တောင်ထဲမှာ ရှိနေတယ်။ ဒါကြောင့် ဆောင်းလဂိုဏ်းက ဘာဖြစ်လို့ လာပြီးတော့ မယူတာလဲ"

"ဟီးဟီး ဒီနေရာက အရမ်းကို အစွန်အဖျားကျတယ်လေ"

ဒီလိုပဲ ဖြစ်ပါလိမ့်မယ်။ ယုလောင်တောင်တွေက ဆောင်းလဂိုဏ်းရဲ့ ကိုယ်ပိုင် ပစ္စည်းဥစ္စာ ဆိုပေမဲ့လည်း တောင်တွေက အရမ်းကို ကြီးမားကျယ်ပြန့်ပြီး ဆောင်းလဂိုဏ်းအနေနဲ့ အဲဒီအထဲက ဧရိယာ သေးသေးလေးကို ဖမ်းဆုပ်နိုင်ဖို့က ခက်ခဲပါတယ်။ တောင်ရဲ့ အနက်ပိုင်းမှာ ရှေးဦးခေတ်က မွေ့စွာသားရဲတွေတောင် ရှိနေပြီးတော့ သူတို့တွေ ပြောကြတာတော့ အရမ်းကို

ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တောင် ရှိပါတယ်တဲ့။

ဒါကြောင့် ဆောင်းလဂိုဏ်းကတောင်မှ သူတို့ရဲ့ တပည့်တွေကို ယုလောင်တောင်ရဲ့ အနက်ပိုင်းထဲ မဝင်ရောက်ဖို့ အမိန့်ထုတ်ထားပါတယ်။ ဒါပေမဲ့ တကယ်လို့ တစ်ယောက်ယောက်က ချမ်းသာချင်တယ် ဆိုရင်တော့ အဲဒီနေရာကို သွားပြီးတော့ အဆင့်မြင့် စိတ်ဂိညာဉ် ဆေးပင်တွေကို သွားပြီးတော့ ရှာဖွေနိုင်ပါတယ်။ အဲဒီနေရာမှာ နတ်ဘုရား လက်နက်တစ်ခု အဖြစ်ကို သန့်စင်ပြုလုပ်နိုင်တဲ့ ရှားပါးတဲ့ ရွှေသတ္တုတွေတောင် ရှိပါတယ်။

စွန့်စားခြင်းက အမြဲတမ်း အခွင့်အရေးတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒါက ယုလောင်တောင်ရဲ့ အနက်ပိုင်း မဟုတ်ဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေ ရှာမတွေ့သေးတဲ့ နေရာပဲ ဖြစ်ပါတယ်။

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက တခြားသာမန် လူတွေလမ်းလျှောက် သွားတဲ့ လမ်းကြောင်းကို ဖြတ်ပြီးတော့

အရမ်းကို ကျောက်ဆောင် ကျောက်ကမ်းပါးတွေ ပေါများတဲ့ လမ်းကနေ ဖြတ်လာခဲ့ ကြပါတယ်။ သူတို့က ချောက်ကမ်းပါးဆီကို ရောက်လာခဲ့ပြီးတော့ ထူးဆန်းတဲ့ သားရဲကြီး တစ်ကောင်က အဲဒီနေရာမှာ လဲလျောင်းပြီးတော့ အိပ်ပျော်ပြီး ဟောက်သံတောင် အကျယ်ကြီး ထွက်ပေးနေတာကို တွေ့လိုက်ရပါတယ်။

ဒီသားရဲကောင်က တစ်မီတာလောက် ရှည်ပြီးတော့ ပုံစံက ခွေးနဲ့တူပါတယ်။ ပြီးတော့ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက နီမြန်းနေပြီး သူရဲ့ခေါင်းပေါ်မှာ ဦးချိုတစ်ချောင်းလည်း ရှိပြီးတော့ ၎င်းရဲ့ မျက်နှာပတ်လည်မှာ မျက်လုံးတွေက စက်ဝိုင်းပုံစံ ရှိနေပြီး သေသေချာချာ ရေတွက်လိုက်ရင် မျက်လုံးတွေက စုစုပေါင်း ၉ လုံးတောင် ရှိပါတယ်။

၎င်းရဲ့ဘေးမှာ လူတစ်ယောက်ရဲ့ အမြင့်တစ်ဝက်လောက်ရှိတဲ့ အပင်တစ်ပင် ရှိနေပြီးတော့ သစ်သီးတွေ အများကြီး သီးနေပြီးတော့ အရွယ်အစားက မြေပဲစေ့ထက် မကြီးပါဘူး။ စုစုပေါင်း အသီးအရေအတွက်က အရမ်းကို အံ့အားသင့်စရာ ကောင်းလှပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီးတော့ အံ့အားသင့် သွားပါတယ်။

ဒါက မျက်လုံးကိုးခု ဂံပုလွေသားရဲ တစ်ကောင် ဖြစ်နေပါတယ်။

၎င်းကသာမန် သားရဲတစ်ကောင် မဟုတ်ပါဘူး။ သားရဲတွေ အထဲမှာ ဘုရင်တစ်ပါး ဖြစ်ပါတယ်။ ဒီမျက်လုံးကိုးခု သားရဲက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ဆိုတာက မေးခွန်းထုတ်စရာ မလိုအောင်ပါပဲ။ ဒါပေမဲ့ ဘုရင်တစ်ပါး ဖြစ်တာနဲ့အညီ ၎င်းရဲ့ တိုက်ပွဲအစွမ်းက သာမန် စိတ်ဂိညာဉ် ပင်လယ်အဆင့် သားရဲကောင်တွေရဲ့ ပြိုင်ဘက်လုံးဝ မဖြစ်နိုင်ပါဘူး။

ဒီမျက်လုံးကိုးခု သားရဲကောင်က ဘာဖြစ်လို့ အဝါရောင် နဂါးသစ်သီးတွေကို မစားပစ်တာလဲ ဆိုတာကို လင်းဟာန်က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ၎င်းက စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ငါးမှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်ရဲ့ အထွတ်အထိပ်အထိကို စောင့်နေပြီးတော့ အဲဒီနောက်ကျမှသာ အဝါရောင် နဂါးသစ်သီးတွေကို တစ်ခါတည်းနဲ့ စားပြီးတော့ စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို အဆင့်တက် သွားပါလိမ့်မယ်။

လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တိုးတက်စေမဲ့

အခွင့်အရေးက အဆင့်တစ်ခု တက်သလိုမျိုးပဲ အတော်လေးကို ကောင်းမွန်ပါတယ်။ သားရဲတွေ အတွက်ကလည်း ဒီလိုပါပဲ။ တကယ်လို့ ၎င်းက ဆေးအစွမ်းတွေကို အဆင့်မတက်မီ အချိန်မှာ စုပ်ယူခဲ့မယ်ဆိုရင် ၎င်းရဲ့ ခန္ဓာကိုယ် အထဲမှာ ပြောင်းလဲမှုတွေ ဖြစ်လာမှာဖြစ်ပြီးတော့ ၎င်းရဲ့ အာနိသင်က တစ်ခုနဲ့ တစ်ခု ပေါင်းပြီးတော့ နှစ်ခု ဖြစ်တာထက် ပိုပြီးတော့ အကျိုးအမြတ် ကြီးကြီးမားမား ရှိပါလိမ့်မယ်။

သားရဲတွေက အစကတည်းက သွေးမျိုးဆက်ကြောင့် မွေးလာတာနဲ့ စွမ်းရည်တွေကို အမွေဆက်ခံ နိုင်ကြပြီးတော့ ဉာဏ်ရည်ဉာဏ်သွေးလည်း အတော်လေး ကောင်းမွန်ပါတယ်။ သူတို့က ဆေးလုံးတွေကို ဘယ်လိုမျိုး ဖော်စပ်ရမလဲ ဆိုတာကို မသိပေမဲ့လည်း စိတ်ဂိညာဉ် ဆေးပင်တွေကို အသုံးပြုခြင်းမှာတော့ လူသားတွေထက်တောင် သာလွန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းတို့က အမြဲတမ်းလိုလို စားနေကြတာလေ။

"မင်းတို့ကောင်တွေ စိတ်ပျက်သွားမှာကို ငါကြောက်ရွံ့မိတယ်"

လင်းဟန်က ခေါင်းကို ခါလိုက်ပါတယ်။ သူက မျက်လုံးကိုးခု ဂံပုလွေကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက မျက်လုံးကိုးလုံး ဂံပုလွေသားရဲ တစ်ကောင်ပဲ။ သူ့မှာ စိတ်ဂိညာဉ် ပင်လယ် အလွှာ ငါးအဆင့် ကျင့်ကြံခြင်း ရှိတယ်။ ပြီးတော့ သားရဲတွေထဲမှာ ဘုရင်တစ်ပါးပဲ"

ဘုရင်တစ်ပါး။ လူသားတွေအတွက် ချီအလင်းသုံးခု ထုတ်ဖော်နိုင်တာက သာမန်အောင်မြင်မှု တစ်ခုဖြစ်ပါလိမ့်မယ်။ ချီအလင်း ခြောက်ခုကတော့ အဓိက အောင်မြင်မှု တစ်ခုဖြစ်ပြီးတော့ ချီအလင်း ခုနစ်ခုနဲ့ အထက်ကိုတော့ ဘုရင်တစ်ပါး အဖြစ် သတ်မှတ်နိုင်ပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် ဒီသားရဲကောင်က စိတ်ဂိညာဉ် ပင်လယ် အလွှာ ၅ အဆင့်မှာရှိပြီး ချီအလင်း ခုနစ်ခုကို ထုတ်ဖော်နိုင်တဲ့ စစ်သည်တော် တစ်ယောက်နဲ့ ညီမျှပါတယ်။

သူတို့အခု ဘာများလုပ်နိုင်ဦးမှာလဲ။

ဧင်းကို အဖေးကို ဆွဲခေါင်ဖြားယောင်းဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဧင်းက အဖေးကနေပဲ ပေါ့ပေါ့တန်တန်နဲ့ သူတို့တွေကို သတ်ဖြတ်ပစ်လိုက်

နိုင်ပါတယ်။

ဟူး ကံကောင်းတာက သူတို့က ချက်ချင်းဆိုသလို တခြားအဖွဲ့နဲ့ တွေ့ဆုံပြီးတော့ တိုက်ပွဲ ဖြစ်ခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အလျင်စလို လှုပ်ရှားလိုက်တာနဲ့ တစ်ဖွဲ့လုံး အမြစ်ဖြတ် သုတ်သင်ခြင်းကို ခံရပါလိမ့်မယ်။

“ဒါဆိုရင် ငါတို့ဘာလုပ်ကြမလဲ။ အလျော့ပေးလိုက်ရတော့မှာလား”

တစ်စုံတစ်ယောက်က ပြောလိုက်ပါတယ်။ သူ့ပုံစံကြည့်ရတာ သိပ်ပြီးတော့ လက်မခံချင်တဲ့ ပုံစံပါပဲ။

ဒါက အဂါရောင် နဂါးသစ်သီးဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တိုးတက်စေနိုင်ပြီး သူတို့ရဲ့ အနှစ်သာရကို ပြောင်းလဲပေးနိုင်ပါတယ်။

လင်းဟာန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“အကြံအစည်တွေကို တစ်ခုလောက် ပြောင်းလိုက်တာပေါ့။ မျက်လုံးကိုးခု ဂံပုလွေသားရဲ့ကို အပေးကို ဆွဲဆောင်ဖြားယောင်းဖို့ တာဝန်ကို ငါ့အတွက်ထားလိုက်။

မင်းတို့ကောင်တွေက ဆေးပင်ကိုပဲ ရူးဆွတ်ဖို့လုပ်ကြ”

သူရဲ့အကြည့်တွေက မီးဂင်းဂင်းတောက်လောင် နေပါတယ်။ ဘုရင်တစ်ပါးရဲ့ သွေးမျိုးဆက်ရှိတဲ့ သားရဲတစ်ကောင်က သူရဲ့ချီနဲ့ သွေးတွေကို ပြန်လည်အားဖြည့် ပေးနိုင်တဲ့ ကြီးမားတဲ့ အားဆေး အမျိုးအစား အသားပဲဖြစ်ပြီးတော့ သူအနေနဲ့ ငွေဦးစမ်းရေအဆင့်ကနေ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ပြီးပြည့်စုံအောင် အဆင့်တက်ဖို့ လေ့ကျင့်လို့ ရနိုင်လောက်ပါတယ်။

“မဟုတ်ဘူး”

ချီယောင်ရီနဲ့ တခြားသူတွေက ချက်ချင်းဆိုသလို သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒါပေမဲ့ လူတချို့ကတော့ ခေါင်းညိတ်လိုက်ကြပါတယ်။ လင်းဟန်က သူရဲကောင်းတစ်ယောက် ဖြစ်ချင်မှတော့ ဘာကြောင့် သူတို့က သွားနေတော့မှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့နဲ့ လင်းဟန်က ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေး မရှိကြဘူးလေ။

“ဒါက အကြံအစည်ပဲ”

လင်းဟန်က ပြောလိုက်ပါတယ်။ သူက

သူရဲကောင်းတစ်ယောက် ဖြစ်ချင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ မျက်လုံးကိုးခု ဂံပုလွေသားရဲလို ဘုရင်တစ်ပါးနဲ့ တိုက်ခိုက်ဖို့ဆိုရင် သူရဲ့ ပုက်ဖဲကို ထုတ်မပြချင်ပါဘူး။ ဒါကြောင့် သူက တစ်ယောက်တည်းပဲ လှုပ်ရှားချင်နေတာပါ။

လူတွေ သဘောတူတာ မတူတာကို စောင့်ပြီးတော့ ကြည့်မနေပဲ လင်းဟန်က သူရဲ့လက်ထဲမှာ ဓားကို ဆုပ်ကိုင်ပြီးတော့ ထွက်လာလိုက်ပါတယ်။ မူလစွမ်းအင်တွေ အုံကြွလာပြီး သူအသုံးပြုတဲ့ သူရဲ့ ဓားရှည်ကို မျက်လုံးကိုးခု ဂံပုလွေသားရဲဆီကို ပစ်လွှတ်လိုက်ပါတယ်။

ပူး

ဓားရှည်မရောက်လာခင်မှာပဲ ဂံပုလွေသားရဲက မတ်တတ်ထရပ်လိုက်ပါတယ်။ ၎င်းရဲ့ မျက်လုံးတွေထဲက တစ်လုံးဆီကနေ လျှပ်စီးအလင်းတစ်ခု လက်သွားပြီး ဓားရှည်ကို ဖျက်ဆီးပစ်လိုက်ပါတယ်။ ၎င်းက လင်းဟန်ကို စိန်းစိန်းဂါးဂါးနဲ့ မာန်ဖီလိုက်ပါတယ်။ ဒါပေမဲ့ လိုက်ပြီးတော့ မဖမ်းသေးပါဘူး။

၎င်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက လုံးဝမနိမ့်ဘူးဆိုတာ သိသာပါတယ်။ ပြီးတော့ ၎င်းက ထောက်ချောက်ထဲကို

မကျသွားခဲ့ပါဘူး။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ သူရဲ့လက်ထဲမှာ နောက်ထပ်ဓားတစ်လက် ပေးလာခဲ့ပါတယ်။ သူက မျက်လုံးကိုးခု ဂံပုလွေဆီကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ပစ်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်အထဲက နေရာက မရေမတွက်နိုင်အောင် ကျယ်ပြန့်ပြီး သတ္တုများတွေက တန်ဖိုးမရှိပါဘူး။ သူက အနည်းဆုံး ထောင်နဲ့ချီပြီးတော့ ပြင်ဆင်ထားခဲ့ပါတယ်။

၎င်းရဲ့မျက်လုံးကနေ လျှပ်စီးအလင်း နောက်တစ်ခု ပေါ်လာပြီးတော့ ဓားပျံကို ဖျက်ဆီးပစ် လိုက်ပါတယ်။

လင်းဟန်က ဂရုမစိုက်ပါဘူး။ သူက ဆက်ပြီးတော့ တစ်ချောင်းပြီး တစ်ချောင်း ပစ်လွှတ်နေပါတယ်။ ဓားပျံတွေက သားရဲဆီကို အတူတကွ ပျံသန်းထွက်သွားပါတယ်။

"ပူးအူး"

သားရဲကောင်တွေရဲ့ ဘုရင်ကြီးက နောက်ဆုံးမှာတော့ ဒေါသထွက်လာပြီး လင်းဟန်ဆီကို ဒိုင်ဗင်ပစ်

ခုန်ဝင်လာခဲ့ပါတယ်။

“သေသင့်တဲ့ ခွေးစုတ်ခွေးနာ။ ငါ့ကိုလာဖမ်းစမ်း”

လင်းဟန်က ထွက်ပြေးပြီးတော့ လေအရိပ်လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုလိုက်ပါတယ်။ သူက လေပြင်းတစ်ချက် တိုက်ခတ်လိုက်သလိုမျိုး အတော်ကိုဝေးတဲ့ နေရာဆီကို ရောက်သွားခဲ့ပါတယ်။

မျက်လုံးကိုးခု ဂံပုလွေသားရဲ့ မြင့်မားတဲ့ ဉာဏ်ရည်ဉာဏ်သွေးရှိတယ် ဆိုပေမဲ့လည်း တကယ်တော့ သားရဲကောင် တစ်ကောင်ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ သဘာဝက ရက်စက်ကြမ်းကြုတ် ပြီးတော့ နည်းနည်းလေးမှ တုံ့ဆိုင်းနေခြင်း မရှိပဲ လိုက်ပြီးတော့ ဖမ်းပါတော့တယ်။

လူတစ်ယောက်နဲ့ ဂံပုလွေ တစ်ကောင်က ချက်ချင်းဆိုသလို အဝေးမှာ ပျောက်ကွယ်သွားပါတယ်။

“မြန်မြန် မြန်မြန်လေး သွားပြီးတော့ အဝါရောင် နဂါးသစ်သီးကို ခူးရအောင်”

အားလုံးက အလျင်အမြန် ပြောလိုက်ပါတယ်။

ဇောင်ဟွမ်က လင်းဟန်ရဲ့ ပုံရိပ်မည်းမည်းကို ပျောက်ကွယ်သွားတဲ့အထိ အနောက်ကနေ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့ကောင်တွေ ဒီကောင်က တစ်ယောက်ယောက်နဲ့ တူတယ်လို့ မခံစားရဘူးလား”

“ဘာ.. မင်းလည်း အဲဒီလိုပဲ စဉ်းစားမိသလား”

ချင်ပူယောင်က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

“အင်းဟုတ်တယ်”

ချီယောင်ရီ၊ ပိုင်လီထန်းယွမ်နဲ့ တခြားသူတွေကလည်း ဆက်တိုက်ပဲ ခေါင်းတွေညိတ်လိုက် ကြပါတယ်။

“အခု အဲဒီအကြောင်းကို ပြောနေဖို့ အချိန်မရှိဘူး။ အဂ်ါရောင် နဂါးသစ်သီးက လက်ထဲကို ရောက်လာပြီ။ နောက်ဆုတ်ကြစို့”

သူတို့က လျင်မြန်စွာနဲ့ နောက်ကိုလှည့်ပြီးတော့ လင်းဟန်နဲ့

တွေ့ဆုံဖို့ ကတိပြုထားတဲ့ နေရာဆီကို ဆုတ်ခွာလာခဲ့ကြပါတယ်။

“စောင့်နေစရာ မလိုဘူး။ မျက်လုံးကိုးခု ဂံပုလွေ သားရဲ့က ပစ်မှတ်ထားခြင်းကို ခံနေရမှတော့ သူက သေချာပေါက် သေလိမ့်မယ်”

“အဲဒါဟုတ်တယ်။ မြန်မြန်လေး ငါတို့တွေ အဝါရောင် နဂါးသစ်သီးကို ဝေစုခွဲရအောင်”

တချို့လူတွေက ချက်ချင်းပဲ စတင်အော်ဟစ်လိုက်ပါတယ်။

“မင်းတို့ကောင်တွေက အရှက်မရှိတာပဲ။ သူက သူရဲ့အသက်ကို စွန့်ပြီးတော့ မျက်လုံးကိုးလုံး ဂံပုလွေကို ဆွဲဆောင်လှည့်ဖြားပြီး အဝေးကို ခေါ်သွားတယ်။ ဒါကို မင်းတို့ကောင်တွေက ဒီလိုမျိုး ပြောနေကြတယ်။ မင်းတို့တွေမှာ လူသားဆန်မှုတွေ ရှိကြသေးရဲ့လား”

အဲဒီအချိန်မှာ လူတိုင်းလူတိုင်း တိတ်ဆိတ်ငြိမ်သက်သွားကြပါတယ်။

“ဟီးဟီး ပြောတာကောင်းတယ်။ မင်းတို့ကောင်တွေမှာ

အရှက်ရှိလို့လား”

လူခုနှစ်ယောက် အဖွဲ့က ရုတ်တရက် ပေါ်လာခဲ့ပါတယ်။

Chapter 325 end

အပိုင်း(၃၂၆) သားရဲဘုရင်နဲ့ ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်း

“မင်းဘယ်သူလဲ”

ဖောင်ဟွမ်က ချက်ချင်းပဲ အသံကို မြှင့်ပြီးတော့ မေးလိုက်ပါတယ်။

“ငါတို့က ဘယ်သူတွေလဲ”

ဒီလူခုနစ်ယောက်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူတို့ရဲ့ လက်တွေကို မြှောက်ပြီး ပြလိုက်ပါတယ်။

“မင်းတို့ကောင်တွေ မျက်စိကန်းနေလား။ မင်းတို့ ဂင်ရောက်မဲ့ ဂိုဏ်းကိုတောင်မှ သတိမပြုမိ နိုင်ဘူးလား”

“မင်းတို့က ဆောင်းလဂိုဏ်းရဲ့ တပည့်တွေလား”

လူတိုင်းလူတိုင်းပဲ ရုတ်တရက် သတိပြုမိ သွားခဲ့ကြပါတယ်။

"သူတို့တွေ ပြောတာတော့ မင်းတို့ကောင်တွေက စမ်းသပ်စစ်ဆေးမှုရဲ့ သုံးရက်မြောက်နေ့ကျမှ ဂင်နိုင်မယ်ဆို။ ဘယ်လိုလုပ်ပြီးတော့ မင်းတို့ကောင်တွေက အခု ဒီနေရာကို ရောက်နေတာလဲ"

ချင်ပူယောင်က မေးလိုက်ပါတယ်။

"မင်းတို့ကောင်တွေက တော်တော်များများကို ဂရုစိုက်နေကြတာပဲ"

ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက်က ပြောလိုက်ပါတယ်။

"ဟင့်။ ဒီအဝါရောင် နဂါးသစ်သီးတွေက ငါတို့ဂိုဏ်းက ပိုင်တာပဲ။ ပြီးတော့ ငါတို့က ဒါကို စောင့်ကြပ်ရမဲ့ တာဝန်ရှိတယ်။ မင်းတို့ကောင်တွေ ချက်ချင်းပဲ လက်လွှဲပြောင်းပေးစမ်း။ ငါတို့တွေ ဒီအပေါ်မှာ ပြဿနာ မရှာတော့ဘူး"

"လပြွတ်ပဲ"

ပိုင်လီထန်းယွမ်က လူငယ်ပီပီ သွေးဆူလွယ်ပြီးတော့ ချက်ချင်းပဲ ထိန်းချုပ်နိုင်မှု လွတ်သွားပါတယ်။

"ဒါကို သားရဲတစ်ကောင်က စောင့်ရှောက်နေတယ်ဆိုတာ အသိသာကြီးပဲ။ ဒါကြောင့် မင်းတို့ကောင်တွေက ဘာများလုပ်စရာ ရှိလို့လဲ။ ငါသိပြီ။ မင်းတို့ကောင်တွေက ဒါကို အမှတ်မထင် တွေ့ခဲ့ပြီးတော့ ငါတို့တွေ စိတ်ဂိညာဉ် ဆေးပင်ကို ယူလာတဲ့အထိ စောင့်ပြီးတော့မှ အခုလိုမျိုး ထွက်လာပြီးတော့ ယူဖို့စောင့်နေကြတာပဲ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

ဆောင်းလဂိုဏ်းရဲ့ တပည့်က စပြီးတော့ လက်ခုပ်တီးပြီး ရယ်မောလိုက်ပါတယ်။

"ဟားဟား၊ မင်းပြောသလို အတိအကျပဲ။ ဒါပေမဲ့ တကယ်လို့ မင်းတို့ကောင်တွေ သိသွားတော့ရော ဘာဖြစ်လို့လဲ။ ငါ ကျန်းယွင်က စိတ်ဂိညာဉ် ပင်လယ် အလွှာ ပထမ အဆင့်ပဲ။ မင်းတို့ကောင်တွေ အားလုံးပေါင်းရင်တောင်မှ ငါရဲ့ပြိုင်ဘက် မဖြစ်နိုင်ဘူး"

တစ်ဖက်က တခြားတပည့်က ဆွေးနွေးလိုက်ပါတယ်။

“စီနီယာ အစ်ကိုကြီးကျန်း။ အဂါရောင် နဂါးသစ်သီးက အရမ်းကို အရေးကြီးတယ်။ ဒါကြောင့် ဒီသတင်းကို မပေါက်ကြားအောင်လို့ သူတို့တွေကို သတ်ပစ်သင့်တယ်”

ကျန်းယွင်က စဉ်းစားလိုက်ပြီးတော့ ပြောပါတယ်။

“မင်းပြောတာ ဟုတ်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ လူတွေက စမ်းသပ် စစ်ဆေးမှု ပြီးတဲ့နောက်မှာ ငါတို့တွေ လုပ်ခဲ့တာကို သိသွားမယ်ဆိုရင် လုံးဝကို မကောင်းဘူး”

“သတ်.. သူတို့အားလုံးကို သတ်ပစ်”

ဖောင်ဟွမ်က ချက်ချင်းဆိုသလို သူရဲ့ ဓားကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ပူယောင်၊ ဇီယန်၊ ဖန်းယွဲ့ မင်းတို့ကောင်တွေက ငါနဲ့အတူတူ ဒီစိတ်ဂိညာဉ် ပင်လယ်အဆင့်ကို တိုက်ခိုက်မယ်။ သူတို့ထဲက ကျန်တဲ့သူတွေ အားလုံးက

နွေဦးစမ်းရေ အဆင့်ပဲ ငါတို့မှာ မျှော်လင့်ချက် နည်းနည်းရှိသေးတယ်”

“ကောင်းပြီ”

လူတိုင်းပဲ သူတို့ရဲ့ လက်နက်တွေကို ဆွဲထုတ်လိုက်ကြပါတယ်။ အဂါရောင် နဂါးသစ်သီးက အရမ်းကို အရေးကြီးပြီးတော့ ဘယ်သူကမှ လက်လျော့ အရှုံးမပေးချင်ကြပါဘူး။

ကျန်းယွင်က သရော်ပြီးတော့ ပြောလိုက်ပါတယ်။

“အသုံးမကျတဲ့ လူတစ်အုပ်က သူတို့ရဲ့ အကန့်အသတ်ကို မသိကြဘူးပဲ”

တိုက်ပွဲက ချက်ချင်းဆိုသလို စတင်ပြီးတော့ လတ်ဆတ်တဲ့ သွေးတွေက နောက်တစ်ကြိမ် ပြင်းထန်တဲ့ သွေးညှီနံ့တွေ ဖုံးလွှမ်းကုန်ပါတယ်။

****

******

လင်းဟန်က မြန်မြန်ဆန်ဆန်နဲ့ ခုန်ပေါက် ကျော်လွှားလို့ နေပါတယ်။ သူ့ရဲ့ အနောက်မှာ မျက်လုံးကိုးခု ဂံပုလွေသားရဲက နီးသထက် နီးကပ်လို့ လာပါတယ်။

သားရဲက လှုပ်ရှားမှု နည်းစနစ် တစ်ခုမှကို နားလည်ခြင်း မရှိပါဘူး။ ဒါပေမဲ့ တချို့သော လျင်မြန်တဲ့ အမျိုးအစား သားရဲကောင်တွေက သဘာဝအတိုင်းပဲ အံ့အားသင့်စရာ ကောင်းလောက်အောင်ကို မြန်ဆန်ပြီးတော့ တချို့ ထိပ်တန်းအဆင့် လှုပ်ရှားမှု နည်းစနစ်တွေကို အသုံးပြုတဲ့ သိုင်းပညာရှင်တွေနဲ့တောင်မှ နှိုင်းယှဉ်လို့ ရပါတယ်။ တချို့ပညာရပ် အမျိုးအစားတွေက သူတို့ရဲ့ သွေးတွေထဲမှာ ဖြတ်သန်းစီးဆင်းနေသလိုမျိုး သူတို့က လေ့ကျင့်ဖို့ လုံးဝမလိုအပ်ပါဘူး။ သူတို့ရဲ့ ပင်ကိုယ်စရိုက်အတိုင်းပဲ ထွက်ပေါ် လာပါတယ်။

သားရဲက ၎င်းရဲ့ မျက်လုံးတွေကနေ လျှပ်စီးတန်းကို ပစ်လွှတ်နိုင်တဲ့အခါမှာ ဒါကို သိုင်းပညာရှင် တစ်ယောက်ရဲ့ ပညာရပ်တစ်ခုလိုမျိုး ရေတွက်လို့ ရပါတယ်။ ဒါပေမဲ့ သားရဲတွေ အတွက်ကတော့ ဒါက သာမန်အသုံးပြုခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် သားရဲကောင်တွေက အဆင့်တူတဲ့

သိုင်းပညာရှင်တွေနဲ့ ကြုံတွေ့တဲ့ အခါမှာ ဘယ်တော့မှ နောက်မဆုတ်ကြပါဘူး။ ပြီးတော့ ဘုရင်အဆင့်မှာ သားရဲကောင်တွေက ကျင့်ကြံခြင်း အဆင့်မှာရှိတဲ့ အရာအားလုံးကို အမြစ်ဖြတ် သုတ်သင်ပစ်နိုင်ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

တကယ်လို့ လင်းဟန်က အနက်ရောင် အဆင့်မြင့် ပညာရပ်ဖြစ်တဲ့ အရိပ်လေ လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုတာတောင်မှ သူက မျက်လုံးကိုးခု ဂုံပုလွေရဲ့ တစ်လှမ်းပြီး တစ်လှမ်း နီးကပ်ပြီး မီခါလုနီးနီး ဖြစ်နေပါတယ်။ ၎င်းရဲ့ မျက်လုံးကနေ ပြင်းထန်တဲ့ လျှပ်စီးကြောင်း တစ်ခုက လင်းဟန်ဆီကို ခုန်ပေါက် ဝင်ရောက်လာခဲ့ပါတယ်။

လျှပ်စီးကြောင်းက ဘယ်လောက်တောင် မြန်ဆန်လိုက်သလဲ။

လင်းဟန်က သူရဲ့ ဓားနဲ့ ခုတ်ထုတ်ပစ်ဖို့ လုံလောက်တဲ့ အချိန်ရှိပါတယ်။ ဇီ ဆိုတဲ့ အသံနဲ့ အတူ သူရဲ့ ညာဘက်လက်က ထုံသွားသလို ခံစားလိုက်ရပြီး ဓားတစ်ချောင်းလုံး သတ္တုရေတွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူရဲ့ လက်မနဲ့ လက်ညှိုးကြားက ခွကြားတောင် ပြတ်ရပြီး လတ်ဆတ်တဲ့ သွေးတွေ

ပန်းထွက်လာခဲ့ပါတယ်။

"လပြွတ်"

သူကအခုဆို ကျောက်သားနံ့ရဲ့ ခန္ဓာကိုယ်ရှိနေပြီး သူရဲ့ ခုခံကာကွယ်တဲ့ စွမ်းရည်က အရမ်းကို ထူးကဲကောင်းမွန်နေပါပြီ။ ဒါတောင်မှ သူက ဒီတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသွားခဲ့ပါတယ်။

ဘုရင်အဆင့် မိစ္ဆာသားရဲ တစ်ကောင်လည်း ဖြစ်တယ်။ ၎င်းရဲ့ ကျင့်ကြံခြင်းအဆင့်ကလည်း သူ့ထက် တစ်ဆင့်လုံးတောင် မြင့်မားတယ်။ သူက ၎င်းကို မဆင်မခြင်နဲ့တောင် သတ်ပစ်ချင် နေသေးတာလား။ ဒါပေမဲ့လည်း ဒီသားရဲကောင်က ဘုရင်အဆင့်မှာ ရှိပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို သူအဆင့်တက်ဖို့အတွက် ချနင်းသွားရမဲ့ ခြေနင်းကျောက်တုံးလိုမျိုး ဖြစ်နေပါတယ်။

"ဘာကိစ္စပဲ ဖြစ်ဖြစ်။ ငါကြိုးစားကြည့်ရမယ်။ ငါ့မှာ အနက်ရောင် မျှော်စင်ရှိတာပဲလေ။ တကယ်လို့ ငါက မသတ်နိုင်ဘူးဆိုရင် ပုန်းနိုင်သေးတာပဲ"

လင်းဟန်က အရှက်မရှိစွာ တွေးလိုက်ပါတယ်။ ဒါပေမဲ့ သူက

အခွင့်အရေး ပါးပါးလေးပဲ ရှိတယ်ဆိုရင်တောင်မှ သေချာပေါက် လုံးဝအလျော့ပေးမှာ မဟုတ်ပါဘူး။

သူက စွန့်စားလိုတဲ့ စိတ်က လုံးဝမဆုံးရှုံး သွားခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အနက်ရောင် မျှော်စင်ကြောင့် ဖြစ်ပါတယ်။ ၎င်းက သူ့ကို သတ္တိတွေ ပိုကောင်းအောင်လို့ လုပ်ပေးနိုင်ပါတယ်။

"ဂျစ်"

မျက်လုံးကိုးခု ဂံပုလွေသားရဲက နောက်ထပ် လျှပ်စီးကြောင်းကို ပစ်လွှတ်လိုက်ပါတယ်။ လင်းဟန်က နောက်ထပ် ဓားတွေကို ဖြန်းတီးပစ်ဖို့ အရမ်းကို ပျင်းရိနေပါတယ်။ ဒါကြောင့် သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို အသက်သွင်းပြီးတော့ လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ ထူးဆန်းတဲ့ ရွှေရောင်အလင်းတစ်ခုက သူရဲ့လက်ကနေ စီးဆင်းလာပြီး လျှပ်စီးတန်းကလည်း ရောက်လာခဲ့ပါပြီ။

"ဟုမ်း"

လင်းဟန်က သူရဲ့ညာဘက်လက် ပြင်းထန်စွာ

ဒဏ်ရာအနာတရ ရသွားသလိုမျိုး အော်ဟစ်ညည်းတွား လိုက်ပါတယ်။

"လဖြွတ်ပဲလေ။ ငါက စမ်းရေမျက်လုံး ကိုးခုကို ပေါင်းစပ်ပြီးတော့ နွေဦးစမ်းရေအလွှာ ကိုးအဆင့် ကိုလည်း ရောက်နေတာ ကြာပြီ။ ပြီးတော့ မူလဒြပ်စင်အမှုန်ငါးခုလည်း ရှိတယ်။ ဒီလိုမျိုး အစွမ်းက ပုံမှန် စိတ်ဂိညာဉ် ပင်လယ် အလွှာ ၄ အဆင့်ရဲ့ အစွမ်းကို သေချာပေါက် ယှဉ်နိုင်တယ်။ အဆင့်ငါးကိုတောင်မှ ယှဉ်လို့ရတယ်။ ဒါပေမဲ့ ဒီခွေးကြီးက စိတ်ဂိညာဉ် ပင်လယ် အလွှာ ၅ အဆင့်ပဲ ရှိသေးတယ်။ ဘာကြောင့် သူရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ပြင်းထန်နေရတာလဲ"

တကယ်လို့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ် အစွမ်းရယ် ကျင့်ကြံခြင်း အတွက်သာ မဟုတ်ရင် ငါ့ရဲ့လက်မောင်းတစ်ခုလုံး ဒီတိုက်ခိုက်မှုကြောင့် ပေါက်ကွဲသွား လိမ့်မယ်။ လင်းဟန်က သူ့ကိုယ်သူ တွေးနေတဲ့အချိန်မှာ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ်ကို အသက်သွင်းလိုက်ပါတယ်။ သူရဲ့ ဘယ်ဘက်လက်က အရမ်းကို လျင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန်လာပါတယ်။ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ်က သူရဲ့

ခုခံကာကွယ်နိုင်စွမ်းကို အနည်းဆုံး ကျောက်သားနံရံ ခန္ဓာကိုယ်ထိအောင် တိုးလာနိုင်တယ်ဆိုတာ မကာပါ ပြန်လည်ကုသခြင်းမှာလည်း အစွမ်းထက်ဆုံး အပိုင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း စိန်အဆင့်နဲ့တော့ ကွာခြားပါလိမ့်မယ်။ အဲဒီအချိန် ရောက်လာရင် သူရဲ့ ခန္ဓာကိုယ်က ဖျက်ဆီးလို့မရတဲ့ စိန်တုံးနဲ့ တူပြီးတော့ သူရဲ့ခန္ဓာကိုယ်က ထာဝရ ရာသက်ပန်နီးပါး ဖြစ်လာပါလိမ့်မယ်။

“ဂျစ်”

မျက်လုံးကိုးခု ဂံပုလွေ သားရဲက နောက်တစ်ကြိမ် သူရဲ့ လျှပ်စီးအလင်းတန်းကို ပစ်လွှတ်လိုက် ပါတယ်။

“မင်းတော့ သွားပြီ”

လင်းဟာန်က ပြေးနေတာကနေ ရပ်လိုက်ပြီးတော့ ပြန်လှည့်လိုက်ပါတယ်။ ဒီနေရာက အတော်လေးကို ဝေးလံခေါင်သီပြီး သူကလည်း ရပ်ဖျက်ထားပါတယ်။ ဒါကြောင့် တကယ်လို့ တခြားလူတွေက လျှို့ဝှက်ချက် သေးသေးလေး တချို့ကို တွေ့သွားရင်တောင်မှ

ကိစ္စမရှိပါဘူး။

နတ်ဆိုးရှင်သန်ဓားကို ထုတ်ပြီးတော့ လျှပ်စီးကြောင်းကို ထိပ်တိုက်ရင်ဆိုင်ပြီး ခုတ်ပိုင်းလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းနဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတွေက မျှော်လင့်ထားသလို ဖင်ကိုဆောင့်ကန် လိုက်သလိုပါပဲ။ တကယ်လို့ ၎င်းက အပြည့်အဝ ပြန်လည် အသက်မသွင်းနိုင်သေးတောင်မှ ၎င်းဓားတစ်ခုတည်းနဲ့တင် လျှပ်စီးကြောင်းကို ဖျက်ဆီးပစ်လိုက်နိုင်ပါတယ်။ မျှော်လင့်ထားသလိုပဲ။ တကယ်လို့ လျှပ်စီးကြောင်းက သူရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်ဝင်ရောက် နိုင်မယ်ဆိုရင် နတ်ဆိုးရှင်သန်ဓားက အသုံးမဝင်သလို ဖြစ်သွားပါလိမ့်မယ်။

ပုန်းပုန်း

ဓားရဲ့ ခန္ဓာကိုယ်ပေါ်မှာ သွေးကြောပုံစံ အစီအရင် နစ်ခုက လင်းလက် တောက်ပလာပြီး စိတ်ဂိညာဉ် ပစ္စည်းက သူ့အကန့်အသတ် ပမာဏအထိ ပြန်လည်ကောင်းမွန် လာပါတယ်။

မျက်လုံးကိုးခု ဂံပုလွေသားရဲ မျက်လုံးထဲမှာ ချက်ချင်းဆိုသလို သတိဂီရိယ နိုးကြားလာတဲ့ ပုံစံ ဖြစ်လာပါတယ်။ ၎င်းက သားရဲတွေထဲမှာ ဘုရင်တစ်ပါး ဖြစ်ပါတယ်။ ပြီးတော့ အန္တရာယ် အငွေ့အသက်ကို အာရုံခံနိုင်စွမ်း အရမ်းကို ကောင်းမွန်ပါတယ်။ ဒါပေမဲ့လည်း ၎င်းက လျင်မြန်စွာနဲ့ ပျက်ပြယ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နတ်ဆိုးရှင်သန်ဓာတ်က ပေးတဲ့ အန္တရာယ် အငွေ့အသက်က အစွမ်းမထက်တဲ့အတွက် ကြောက်ရွံ့မှုကင်းနေခဲ့ပါတယ်။

“ဝေါင်း”

ဂံပုလွေသားရဲက ချက်ချင်းပဲ ခုန်အုပ်လိုက်ပီး သူရဲ့ ညာဘက်လက်သည်းကို ဖွေ့လိုက်တဲ့ အခါမှာ တချိန်တည်းလိုပဲ သွေးကြောနဲ့တူတဲ့ ပုံစံဆယ်ခုက ထောက်ပလာခဲ့ပါတယ်။

ပုန်းပုန်းပုန်း

သိုင်းဆန္ဒတွေ တုန်ခါသွားပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားတစ်ခု ဖြစ်ပေါ်လာ ခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်နဲ့ ရင်ဆိုင်တဲ့ အခါမှာ အသုံးမဝင်ပါဘူး။ ကောင်းကင်အဆင့် နတ်ဘုရား အာရုံစ တစ်ခုက ဖိအားတွေရဲ့ အဓိကတွေကို သူ့အတွက် ခံနိုင်ရည်ရှိဖို့ လုံလောက်ပါတယ်။ သူက ဓားကိုမြှောက်လိုက်ပြီးတော့ လေးရာသီ ဓားသိုင်းနည်းစနစ်ကို အသုံးပြုပြီး ဂံပုလွေ သားရဲနဲ့ ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။ ရာသီစက်ဝန်း အမျိုးအစားလေးခုက အတူတကွ ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို ရာသီလေးမျိုးကို တစ်ခုပြီးတစ်ခု အချိန်က တိုက်စားသွားသလို ပြောင်းလဲသွားပါတယ်။

“ဖူး”

ဂံပုလွေသားရဲရဲ့ လက်သည်းက အောက်ကိုကျလာပြီး ဓားအလင်းက ချက်ချင်းဆိုသလို ဖျက်ဆီးပစ်လိုက်ပါတယ်။။ လက်သည်းတွေက လင်းဟာန်ရဲ့ ဘယ်ဘက်ပခုံးပေါ်က အဝတ်အစားကို အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပြီး ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ချန်ထားရစ် ခဲ့ပါတယ်။ သွေးတွေက ချက်ချင်းဆိုသလို ပန်းထွက်လာခဲ့ပြီးတော့ ဂံပုလွေသားရဲ လက်သည်းက ပြတ်သွားပြီး သွေးတွေက နေရာအနံ့ကို ပန်းထွက်ကုန်ပါတယ်။

နတ်ဆိုးရှင်သန်စားက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက အပြည့်အဝ အသက်မသွင်းထားဘူး ဆိုရင်တောင်မှ ၎င်းရဲ့ ထက်မြက်မှုက ပြောင်းလဲမသွားပါဘူး။

"ငှါရဲ့ ဂံပုလွေသွေးတွေ"

လင်းဟာန်က နောင်တရစွာနဲ့ အော်ဟာစ်လိုက်ပါတယ်။ သားရဲဘုရင်ရဲ့ ခေါင်းအစ ခြေအဆုံး ရတနာတွေပဲ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ၎င်းရဲ့ သွေးတွေနဲ့ အရိုးခြင်ဆီက နစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းအပင်နဲ့ နှိုင်းယှဉ်နိုင်တဲ့အထိ ကြီးကြီးမားမားနဲ့ ခွန်အားပေးနိုင်တဲ့ အားဆေးမျိုးပဲ ဖြစ်ပါတယ်။

မျက်လုံးကိုးခု ဂံပုလွေသားရဲ့ မျက်လုံးတွေက ပင်ကိုယ်ဗီဇအရ အလိုအလျောက် စားတော့ဂါးတော့မဲ့ ပုံစံနဲ့ စိန်းစိန်းဂါးဂါး ကြည့်လိုက်ပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ သန်မာအားကောင်းတဲ့ ဉာဏ်ပညာကို ပိုင်ဆိုင်ထားပေမဲ့လည်း သားရဲတွေရဲ့ သွေးဆာလောင်မှု တပ်မက်ခြင်းကို သူတို့တွေက ဆက်ပြီးတော့ ထိန်းသိမ်းထားခဲ့ပါတယ်။ ၎င်းက လင်းဟာန်ရဲ့

စကားလုံးတွေကို နားလည်နိုင်ပြီးတော့ အရမ်းကို စိတ်ကသိကအောက် ဖြစ်နေပါတယ်။

သူတကယ်ပဲ အခုလို အော်ဟစ်ရဲတယ်။ ဒါဆို ဒီလူသားက သူ့ကို သူရဲ့အစာအဖြစ်နဲ့ ကြည့်နေတာပေါ့။

Chapter 326 end

အပိုင်း(၃၂၇) အဆုံးစွန် တိုက်ခိုက်မှုကို နှစ်ဖက်လုံး ထုတ်ဖော်ခြင်း

မျက်လုံးကိုးခု ဂံပုလွေသားရဲက သူရဲ့ခန္ဓာကိုယ်ကို ငမ်းငမ်းတက် လိုချင်နေတဲ့ ဒီနွေဦးစမ်းရေ အဆင့်မျှသာ ရှိသေးတဲ့ လူသားကို သည်းခံနိုင်စွမ်း မရှိတော့ပါဘူး။

သေစမ်း။

၎င်းက နောက်တစ်ကြိမ် ခုန်အုပ်ပြီးတော့ လက်သည်းတွေနဲ့ လင်းဟန်ကို ထပ်ပြီးတော့ ကုတ်ခြစ် ပစ်လိုက်ပါတယ်။

လင်းဟန်က ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်မဆိုင်ပုံ့ပါဘူး။ အဲဒီအစား သူက ချက်ချင်းဆိုသလို နေရာရွှေ့ပြောင်းလိုက်ပြီး ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို

အသက်သွင်းပြီး သူရဲ့ဒဏ်ရာတွေကို ကုသလိုက်ပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာရှိတဲ့ သူတစ်ယောက်က သူတို့ရဲ့ သိုင်းဆန္ဒကို ထုတ်ဖော်ပြသ နိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ သူက အရိုက်ခံလိုက်ရမယ် ဆိုရင် ပြိုင်ဘက်ရဲ့ သိုင်းဆန္ဒက သူရဲ့ဒဏ်ရာကို ဖြတ်ပြီးတော့ ဝင်လာပြီး ပြန်လည်သက်သာနိုင်စွမ်းကို နှေးကွေးလာစေပါလိမ့်မယ်။ ပြီးတော့ အသိဉာဏ် အထဲထိကိုတောင်မှ ဝင်လာပြီးတော့ စိတ်ဝိညာဉ်ကို ဖျက်ဆီးပစ်ပါလိမ့်မယ်။

မျက်လုံးကိုးခု ဂံပုလွေက ဘုရင်တစ်ပါး ဖြစ်ပါတယ်။ ပြီးတော့ ၎င်းရဲ့ သိုင်းဆန္ဒက ပိုလို့တောင် သန်မာအားကောင်းပါတယ်။ လင်းဟန်က ချက်ချင်းဆိုသလိုပဲ မရေမတွက်နိုင်တဲ့ ဂံပုလွေတွေက သူ့ကို မညှာမတာနဲ့ ဝိုင်းပြီးတော့ ကိုက်နေသလိုမျိုး ခံစားလိုက်ရပါတယ်။

ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ်ကို အသက်သွင်းထားတာဖြစ်လို့ မျက်လုံးကိုးခု ဂံပုလွေရဲ့ သိုင်းဆန္ဒက ချက်ချင်းဆိုသလို ဆီးနှင်းအပေါ်ကို ရေနွေးဆူဆူနဲ့ လောင်းချလိုက်သလိုမျိုး အငွေ့ပျံပြီး ပျောက်ကွယ်သွားပါတယ်။

လင်းဟန်က အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။

ဒါကဘာကြောင့်လဲဆိုတော့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မော်စာလိပ်ရဲ့ အဆင့်က အရမ်းကို မြင့်မားပါတယ်။ ဒါကြောင့် ၎င်းကို တစ်ကြိမ် အသက်သွင်းလိုက်တာနဲ့ မျက်လုံးကိုးခု ဂုံပုလွေရဲ့ သိုင်းဆန္ဒက အပေါ်ကို ပျောက်ကွယ်သွားပြီး ၎င်းမှာ နှိမ်နင်းနိုင်တဲ့အစွမ်း အရမ်းကို မြင့်မားပါတယ်။

၎င်းက တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ပညာရပ်တစ်ခု ဖြစ်ပြီးတော့ သူတောင်မှ နှစ်ပေါင်း တစ်သောင်းလောက် လေ့လာသင်ယူခဲ့ ရပါတယ်။

"ခွေးပေါက်လေး… . လိမ်လိမ်မာမာနဲ့ ငါ့ရဲ့ ရိက္ခာဖြစ်လာစမ်း"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ရဲ့ဓားကို ဝှေ့လိုက်ပါတယ်။ ဒါပေမဲ့ မျက်လုံးကိုးခု ဂုံပုလွေကြောင့် နည်းနည်းလေးမှ မရိုက်မိပဲ သူက လွင့်ထွက်သွားပါတယ်။ လင်းဟန်က မရပ်မနား သွေးတွေယိုကျလာပါတယ်။ ဒါပေမဲ့ နတ်ဆိုးရှင်သန်ဓားက အရမ်းကို ထက်မြက်တဲ့အတွက် မျက်လုံးကိုးခု ဂုံပုလွေလည်းပဲ ပွန်းရှတဲ့နေရာလေးကနေ သွေးတွေယိုစီး ကျလာခဲ့ပါတယ်။

သီအိုရီအရတော့ သူတို့တွေ အသီးသီး ရရှိတဲ့ ဒဏ်ရာတွေရဲ့ အဆင့်တွေကလုံးဝကို မတူညီပါဘူး။ လင်းဟန်က သေချာပေါက် သေလောက်တဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာကို ရရှိတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့မှာ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်က လက်ထဲမှာ ရှိပါတယ်။ ပြီးတော့ သူရဲ့ ဒဏ်ရာတွေက ချက်ချင်းပဲ ပြန်ပြီးတော့ ကုသနိုင်ပါတယ်။ ဒါအပြင် နတ်ဆိုးရှင်သန်ဓားက သိုင်းဆန္ဒပါဝင်တဲ့ အဆင့်တစ်ဆယ် လက်နက်တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ ၎င်းကို အပြည့်အဝ အသက်မသွင်းနိုင်ရင်တောင်မှ စိတ်ဝိညာဉ် ပင်လယ်အဆင့် သားရဲတစ်ကောင်ကိုတော့ ခြိမ်းခြောက်နိုင်စွမ်း ရှိနေပါသေးတယ်။

ဒါကြောင့် မျက်လုံးကိုးခု ဂံပုလွေက ဆက်ပြီးတော့ သွေးတွေယိုကျနေပါတယ်။ အများကြီး မဟုတ်ပေမဲ့လည်း အချိန်ကြာလာတာနဲ့အမျှ ဒဏ်ရာကနေ သွေးယိုစီးကျလာတာက ပိုပြီးတော့ ပြင်းထန်လာပါတယ်။

လင်းဟန်က ဒီလိုမျိုး ဖြစ်လာဖို့ကိုပဲ ကွက်တိ ရည်ရွယ်ထားတာ ဖြစ်ပါတယ်။

သူက နတ်ဆိုးရှင်သန်ဓားကို ပွေ့ရမ်းပြီး ဂျင်ဆင်းတစ်ပင်ကို

ဆွဲထုတ်ယူကာ နည်းနည်းလေးမှ ဂရုမစိုက်ဘဲ မုန်လာဥနီ တစ်လုံးကို မြုံပြီးတော့ စားနေသလိုမျိုး ဂါးစားလိုက်ပါတယ်။

တကယ်လို့ တစ်ယောက်ယောက်ကသာ ဒါကိုမြင်သွားမယ်ဆိုရင် သူတို့တွေက လင်းဟန်ကို သေချာပေါက် ဆူပူကြိမ်းမောင်း ကြပါလိမ့်မယ်။

ဒါက နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင် ဖြစ်ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ဖြုန်းတီးပစ်နိုင်ရတာလဲ။

လင်းဟန်ကတော့ လုံးဝ ဂရုမစိုက်ပါဘူး။ တခြားသူတွေ အတွက်ကတော့ ဒါက နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူ့အတွက်ကတော့ ဒါက မုန်လာဥနီ တစ်လုံးနဲ့ လုံးဝ မကွာခြားပါဘူး။ သူက လမင်းကျဆင်း ချောက်နက်ကနေ ထွက်လာတာ ရက်နည်းငယ်ပဲ ရှိပါသေးတယ်။ ဒီဂျင်ဆင်းပင်တွေက ပိုပြီးတော့တောင် ကောင်းမွန်တဲ့ အာနိသင်တွေ ရှိပါတယ်။

ဂျင်ဆင်းပင်တွေက အရမ်းကို အားပြည့်စေတဲ့ ဆေးတစ်မျိုးလည်း ဖြစ်ပါတယ်။ ဒါကြောင့် သူက အလွန်အမင်း သွေးတွေ ထွက်နေတာကို ထောက်ပံ့ကူညီ

ပေးနိုင်ပါတယ်။ အနည်းဆုံးတော့ သူက မျက်လုံးကိုးခု ဂံပုလွေနဲ့စာရင် ပိုပြီးတော့တောင် သက်သာကောင်းမွန်နေပါပြီ။

မျက်လုံးကိုးခု ဂံပုလွေကလည်း ဒါကို ကောင်းကောင်းကြီး သတိပြုမိပါတယ်။ ပြီးတော့ ချက်ချင်းပဲ ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ၎င်းရဲ့ တိုက်ခိုက်မှုက ပိုပြီးတော့တောင်မှ ပြင်းထန် ရက်စက်ပြီး လင်းဟန်ကို တစ်ချက်ထိမိတာနဲ့ သတ်ပစ်နိုင်တယ် ဆိုတာက တွေ့နိုင်ပါတယ်။

“ဟားဟား.. မင်းက ဘုရင်တစ်ပါး ဆိုပေမဲ့လည်း ငါက အရမ်းကြီး အနုပ်စုတ်ကုပ်စုတ်မှ မဟုတ်တာ”

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို အသက်သွင်းပြီးတော့ သူလည်းပဲ လူသားတွေ ကြားထဲက ဘုရင်တစ်ပါး ဆိုတဲ့အကြောင်းကို ပြသတဲ့ အနေနဲ့ ဓားချီအလင်း ခုနစ်ခုကို ထုတ်ဖော် ပြသလိုက်ပါတယ်။

ဒါပေမဲ့လည်း တကယ်တော့ သူတို့တွေရဲ့ အကြားမှာ အဆင့်ကွာခြားချက်က ကြီးကြီးမားမား ရှိနေပါသေးတယ်။ မျက်လုံးကိုးခု ဂံပုလွေက လုံးဝကို အသာစီးရှိနေပြီးတော့

လင်းဟန်က သူရဲ့ သားကောင်လို ဖြစ်နေပြီး တိုက်ခိုက်ခံနေရပါတယ်။

"လပြွတ် ငါရဲ့မျက်နှာကို အရိုက်ခံ ရတော့မယ်"

လင်းဟန်က သူ့ကိုယ်သူ သရော်လိုက်ပါတယ်။ ဒါပေမဲ့ ဒီစကားကို ကြားရင်တောင်မှ ဘယ်သူကမှ လင်းဟန်ကို ဒီအတွက် ရယ်မောကြမှာ မဟုတ်ပဲ အဲဒီအစား အကြီးအကျယ်ကို လေးစားကြည်ညို အားကျပါလိမ့်မယ်။

မျက်လုံးကိုးခု ဂံပုလွေက သားရဲတွေအကြားမှာ ဘုရင်တစ်ဆူ ဖြစ်ပါတယ်။ ပြီးတော့ ၎င်းက အဆင့်ကြီး တစ်ဆင့်မြင့်တဲ့ အသာစီးလည်း ရှိနေပြီး သူ့အပေါ်ကို လုံးဝ လွှမ်းမိုးခြယ်လှယ် နိုင်သင့်ပါတယ်။ ရလဒ်ကတော့ လုံးဝကို မမျှော်မှန်းထားတဲ့ ရလဒ်တစ်ခု ဖြစ်နေပါတယ်။

လင်းဟန်က သူရဲ့ ကိုယ်ပိုင် အကန့်အသတ်ကို သူသိပါတယ်။ သူက လုံလုံလောက်လောက် မသန်မာသေးပါဘူး။ ဒါပေမဲ့ သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ကို ပိုင်ဆိုင်ထားပြီး ဒီအစွမ်းနဲ့ လူမိုက်ကြီး လုပ်နေတာပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ မျက်လုံးကိုးခု ဂံပုလွေသားရဲက

သတ်ဖြတ်ခြင်းကို ခံလိုက်ရပါလိမ့်မယ်။ နှစ်ပေါင်းတစ်သောင်းတောင် လေ့လာထားရတဲ့ ပညာတစ်ခုက ဘာကြောင့် အစွမ်းမထက်ရမှာလဲ။

သူမှာ နတ်ဆိုးရှင်သန်ဓားနဲ့ နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေ အရေအတွက် အများကြီးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် သူ့မှာ ယုံကြည်ချက် အပြည့်ရှိနေပါတယ်။ ဒီအခြေအနေတွေသာ မရှိဘူးဆိုရင် သူ့အနေနဲ့ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ မျက်လုံးကိုးခု ဂံပုလွေကို ဒဏ်ရာအနာတရ ဖြစ်အောင်လို့တော့ စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။

သူက လျှို့ပှက်ဆန်းကြယ် သုံးထောင်ကို အသုံးမပြုရသေးပါဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီတိုက်ခိုက်မှုနဲ့ မျက်လုံးကိုးခု ဂံပုလွေကို အမြစ်ဖြတ် သုတ်သင်ပစ်နိုင်မယ်လို့ သူမထင်ထားပါဘူး။ တကယ်လို့ ဒီဂံပုလွေသာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားမယ်ဆိုရင် ဆုံးရှုံးမှု အရမ်းကိုကြီးပါမယ်။ ၎င်းက သေချာပေါက် နောက်ဆုတ်သွားမှာ ဖြစ်ပြီးတော့ သူရဲ့ အမြန်နှုန်းနဲ့ဆိုရင် လင်းဟန်က လုံးဝဖမ်းမိနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သူက လျှို့ပှက်ဆန်းကြယ် သုံးထောင်ကို

ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်မဲ့ အကောင်းဆုံး အခွင့်အလမ်း အတွက် သေချာပေါက် စောင့်ဆိုင်းရပါမယ်။

အချိန်အတော်ကြာ တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ မျက်လုံးကိုးခု ဂံပုလွေက နောက်ဆုံးမှာ ငြီးငွေ့လာတဲ့ အရိပ်အယောင်ကို ထုတ်ဖော်လာခဲ့ပါတယ်။ ပြီးတော့ ၎င်းရဲ့ မျက်လုံးတွေကနေ ရက်စက်မှု အလင်းရောင်တွေ လက်သွားပြီးတော့ ၎င်းရဲ့ အမွေးတွေအားလုံး ထောင်လာပါတယ်။

ဂျစ် ဂျစ် ဂျစ်

၎င်းရဲ့ မျက်လုံးကိုးခုကနေ လျှပ်စီးကြောင်းတွေကို တပြိုင်နက်တည်း ပစ်ထုတ်တိုက်ခိုက် လိုက်ပါတယ်။

"သူရဲ့ အဆုံးစွန် တိုက်ခိုက်မှုကို ထုတ်ဖော် လှုပ်ရှားလိုက်ပြီ"

လင်းဟာန်က ချက်ချင်းဆိုသလို ခက်ထန်စွာနဲ့ ကြည့်လိုက်ပါတယ်။ လျှပ်စီးကြောင်း ကိုးခုက မတူညီတဲ့ ဘက်ပေါင်းစုံကနေ တပြိုင်နက်တည်း တိုက်ခိုက်လာပြီးတော့ သူရဲ့ လွတ်လမ်း အားလုံးကို ပိတ်ဆို့ထားပါတယ်။

ဒါပေမဲ့လည်း သူကအများဆုံး လျှပ်စီးကြောင်း အလင်းနှစ်ခုကိုပဲ ခုခံကာကွယ် နိုင်ပါတယ်။

ဒါကေ စိတ်ဂိညာဉ် ပင်လယ်အဆင့် သားရဲ ဘုရင်တစ်ဆူရဲ့ အဆုံးစွန် တိုက်ခိုက်မှု ဖြစ်ပြီးတော့ ဘယ်လိုလုပ်ပြီး လွယ်လွယ်ကူကူနဲ့ ခုခံကာကွယ်လို့ ရနိုင်မှာလဲ။

"ဒါကို ခုခံလို့ မရနိုင်ဘူး။ ငါ ရှောင်လို့ပဲ ရမယ်"

လျှပ်စီးကြောင်းတွေ သူရဲ့ ခန္ဓာကိုယ်ကို ထိခါနီး အချိန်ကို စောင့်ပြီးတော့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဂင်လိုက်ပြီး ချက်ချင်းပဲ ပြန်ထွက်လာခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ထဲကို ဂင်ပြီး ပြန်ထွက်တာက အရမ်းကို လျင်မြန်လွန်းတဲ့ အတွက် လျှပ်စီးကြောင်းတွေက သူကို ဖြတ်သွားတယ်လို့တောင် ထင်ရပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ သူ့မှာက မမျှတတဲ့ အသားစီး တစ်ခု ရှိတယ်ဆိုပေမဲ့ သူ့အနေနဲ့ အပြင်ဘက်က ကြွပ်ဆတ်ပြီး အတွင်းပိုင်းက နူးညံ့ပျော့ပျောင်းတဲ့ အသားကင် အဖြစ်ကိုတော့ မလိုချင်ပါဘူး။ ဒါအပြင် သူနဲ့ မျက်လုံးကိုးခု ဂံပုလွေရဲ့ ကျင့်ကြံခြင်း အဆင့်ကြားမှာ ကြီးမားတဲ့

ကွာဟာချက်ကြီးတစ်ခု ရှိနေပြီး ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာက သူ့အတွက် မမျှတပါဘူး။

မျက်လုံးကိုးခု ဂံပုလွေရဲ့ မျက်လုံးတွေထဲမှာ စိတ်ရှုပ်ထွေး နေပါတယ်။ ဒီလူသားက သူရဲ့ အဆုံးစွန် တိုက်ခိုက်မှုကို ဘယ်လိုများ ရှောင်တိမ်းသွားတာလဲ။ ဒါကလုံးဝကို ဖြစ်နိုင်ချေ မရှိသင့်ပါဘူး။ သူက လင်းဟာန်ရဲ့ အမြန်နှုန်းနဲ့ ဓားကိုင်ပြီး တိုက်ခိုက်တဲ့ စွမ်းရည်ကို သေချာ တွက်ချက်ထား ပါတယ်။ ဒါကြောင့် ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာကြီးပါ။

တကယ်လို့ ၎င်းက ပါးစပ်ကနေ စကားပြောလို့ ရမယ်ဆိုရင် သေချာပေါက်ကို ဒီလိုမျိုး ပြောလိုက်မှာ ဖြစ်ပါတယ်။

“ဂံပုလွေ သေးသေးလေး။ မင်းလုံးဝ နားမလည်ပါဘူး။ ဒါကြောင့် မတိုက်ခိုက်တော့ပဲနဲ့ လိမ်လိမ်မာမာနဲ့ အညံ့ခံလိုက်တော့”

လင်းဟာန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ အနက်ရောင် မျှော်စင်က သူရဲ့ စစ်မှန်တဲ့ ပှက်ဖဲပဲ ဖြစ်ပါတယ်။

မျက်လုံးကိုးခု ဂံပုလွေရဲ့ အမွေးတွေက နောက်တစ်ကြိမ်

ထောင်လာခဲ့ပါတယ်။ လျှပ်စီးကြောင်း ကိုးခုက နောက်တစ်ကြိမ် ပြင်းထန် ရက်စက်စွာနဲ့ တိုက်ခိုက်လာပါတယ်။

လင်းဟန်က တူညီတဲ့ လှည့်ကွက်ကိုပဲ ထပ်ပြီးတော့ ကစားလိုက်ပါတယ်။ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်ထွက်လာပြီး ဂံပုလွေသားရဲကောင်ရဲ့ အဆုံးစွန် တိုက်ခိုက်မှုကို လွယ်လွယ်ကူကူနဲ့ ရှောင်ရှားလိုက်ပါတယ်။ သူက ပျော်ရွှင်မြူးထူးတဲ့ အမူအရာ တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ အဆုံးစွန် တိုက်ခိုက်မှုမျိုးကို ရှံဖန်ရံခါ အသုံးပြုမယ်ဆိုရင် မျက်လုံးကိုးခု ဂံပုလွေအတွက် ကြီးကြီးမားမား ဂန်ထုပ်ဂန်ပိုး ဖြစ်စေပါလိမ့်မယ်။ လျှို့ဝှက်ဆန်းကြယ် သုံးထောင်ကို အသုံးပြုပြီးတော့ တိုက်ပွဲကို အဆုံးသတ်ရမဲ့ အချိန်က နီးကပ်လာခဲ့ပါပြီ။

ဒါပေမဲ့လည်း ဘုရင်တစ်ဆူ အနေနဲ့ မျက်လုံးကိုးခု ဂံပုလွေက မတုံးအပါဘူး။ ၎င်းရဲ့ အဆုံးစွန် တိုက်ခိုက်မှုက အသုံးမဝင်တာကို ကြည့်ပြီးတော့ ၎င်းကို ထပ်ပြီးတော့ အသုံးမပြုတော့ပါဘူး။ အဲဒီအစား သူက လင်းဟန်ကို ဆက်ပြီးတော့ လုံးထွေးသတ်ပုတ် နေပါတယ်။ တိုက်ပွဲက ဆက်ဖြစ်နေပြီး ၎င်းရဲ့ တက်ကြွအားမာန်ပါတဲ့

သဘောထားက အားနည်းလာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းရဲ့ ခန္ဓာကိုယ်က ဒါကို ဆက်ပြီးတော့ မထိန်းနိုင်တော့ပါဘူး။ ၎င်းရဲ့ သည်းခံနိုင်စွမ်းက ပျောက်ဆုံးနေပါပြီ။

သားရဲကောင် တစ်ကောင်အနေနဲ့ ရက်စက်ကြမ်းကြုတ်သွေးဆာလောင်ပြီး ဂုဏ်ယူ ဝင့်ကြွားပါတယ်။ တစ်ချိန်တည်းမှာပဲ စိတ်ရှည်သည်းခံနိုင်မှုလည်း ကင်းမဲ့ပါတယ်။ တိုက်ပွဲရှည် လာတာနဲ့ အမျှ သူ့ရဲ့သားကောင်ကို အဆုံးမသတ်နိုင်ပဲ သူ့ရဲ့ဒဏ်ရာတွေကလည်း မသေးပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ နောက်ဆုတ်ဖို့ဆိုတဲ့ အတွေးတွေ ဝင်လာခဲ့ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ သူက ဒါကို သေချာပေါက် ပြောနိုင်ပါတယ်။ ဒါကြောင့် သူက အံကိုကြိတ်ပြီးတော့ သူ့ရဲ့အဆုံးစွန် တိုက်ခိုက်မှုကို ထုတ်ဖော်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီသားရဲဘုရင်က တကယ်ပဲ အဝေးကို ထွက်ပြေးသွားပါလိမ့်မယ်။

လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်။

သူက ဒီဓားသိုင်းကို အသုံးမပြုခင်ကတည်းက လုံလောက်တဲ့ စွမ်းအားတွေကို စုစည်းထားခဲ့ပါတယ်။ ဒါကြောင့် သူက အသုံးပြုဖို့ တွေးလိုက်တာနဲ့ ချက်ချင်းပဲ သူ့ရဲ့ အဆုံးစွန် တိုက်ခိုက်မှုကို အသုံးချလိုက်ပါတယ်။

သံသယကို မရှိအောင်ပဲ ဓားအလင်း ရှစ်ရာက ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးအကြိမ် အသုံးပြုခဲ့တုန်းကလို အနက်ရောင် ချပ်ဂတ် စစ်သည်တော်တွေ အဖြစ်ကို မပြောင်းလဲ သွားပါဘူး။ ကြည့်ရတာ လင်းဟန်က စိတ်ဂိညာဉ် ပင်လယ် အဆင့်ကို ရောက်ဖို့လိုအပ်ပါတယ်။ ဒီလိုအစွမ်းမျိုး လိုချင်တယ်ဆိုရင် လင်းဟန်အနေနဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ရောက်ဖို့ လိုအပ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးတာကို ခံယူပြီး စိတ်ဂိညာဉ် ပလ္လင် အဆင့်အထိ ဖြတ်သွားပြီးမှ ဒီလိုအစွမ်းကို နောက်တစ်ကြိမ် အသုံးပြုနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဓားအလင်း ရှစ်ရာက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ နေနဲ့ ကောင်းကင်ကြီးကို ဖုံးလွှမ်းသွားပြီး ဓါးအလင်းရောင် ငါးခုပဲ ကမ္ဘာကြီးပေါ်မှာ တောက်ပနေသလို ဖြစ်နေပါတယ်။

မျက်လုံးကိုးခု ဂံပုလွေသားရဲက ထိတ်လန့်ကြောက်ရွံ့မှုကို ထုတ်ဖော်လိုက်ပါတယ်။ ဒီဓားသိုင်း နည်းစနစ်ရဲ့ စွမ်းအားက အရမ်းကို အစွမ်းထက်ပြီး သူ့ကိုတောင်မှ စိုးရိမ်ပူပန်မှုကို ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာတော့ သူ့အနေနဲ့ ဒါကို ထိပ်တိုက်ရင်ဆိုင် ရပါတော့မယ်။

Chapter 327 end

အပိုင်း(၃၂၈) လေ့လာသုံးသပ်ခြင်း

ဓါးအလင်းတွေက ကောင်းကင်တစ်ခုလုံး ပြည့်လို့ နေပါတယ်။

ဒီအဆုံးမဲ့ တိုက်ခိုက်မှုရဲ့ စွမ်းအားက လင်းဟန်ရဲ့ အဆင့်ထက် အများကြီး ကွာဝေးလွန်းပါတယ်။ မျက်လုံးကိုးခု ဂံပုလွေလို ဘုရင်တစ်ဆူတောင်မှ ဂရုမစိုက်ပဲ မနေပံ့ပါဘူး။ ၎င်းရဲ့ အမွေးတွေ ထောင်လာပြီးတော့ တစ်ချိန်တည်းမှာပဲ ၎င်းရဲ့မျက်လုံး ကိုးခုကနေ လျှပ်စီးကိုးခုရဲ့ အလင်းတွေ ထွက်လာပြီးတော့ တစ်ခုတည်းအဖြစ်ကို ပေါင်းသွားပြီး အရမ်းကို ထုထည်ကြီးမားတဲ့ မိုးကြိုးကြီး တစ်ခုအဖြစ်ကို လင်းဟန်ဆီကို ပြင်းပြင်းထန်ထန် ပစ်လွှတ်လိုက်ပါတယ်။

ဓားပြတွေကို ဖမ်းဆီးဖို့အတွက် ခေါင်းဆောင်လုပ်တဲ့သူကို အရင်ဆုံး ဖမ်းရပါမယ်။ တကယ်လို့ လင်းဟန်သာ အမြစ်ဖြတ် သုတ်သင်ပစ်ခြင်းကို ခံလိုက်ရမယ်ဆိုရင် ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက သူ့ဘာသာသူ ပျောက်ကွယ်သွားပါလိမ့်မယ်။

ဒီလျှပ်စီးက မျက်လုံးကိုးခု ဂံပုလွေရဲ့ အဆုံးစွန် တိုက်ခိုက်မှုလည်း ဖြစ်ပါတယ်။

“ရှပ် ရှပ် ရှပ်”

ဓါးအလင်းတွေက အရွယ်အစား လျော့ကျလာခဲ့ပြီး လျှပ်စီးအလင်းတန်းနဲ့ မိတ်ဆက် သွားခဲ့ပါတယ်။ ထန် ထန် ထန် ထန် ။ ဓားအလင်းတွေက တစ်ခုပြီး တစ်ခု ဖျက်ဆီးသွားပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ လျှပ်စီးကြောင်းလည်း လျင်မြန်တဲ့ အရှိန်နဲ့ အရွယ်ပမာဏ သေးသေး သွားခဲ့ပါတယ်။

ဓားအလင်းတစ်ခုစီက လင်းဟန်ရဲ့ အစွမ်းအပြည့်အဝ တိုက်ခိုက်မှုနဲ့ တူညီပါတယ်။ ၎င်းရဲ့ အစွမ်းက မျက်လုံးကိုးခု ဂံပုလွေရဲ့ စွမ်းအားပြည့် တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့ မလုံလောက်ပေမဲ့လည်း ဓားအလင်းတွေ အများကြီး

ကျန်နေပါသေးတယ်။ ဓားအလင်းတွေရဲ့ ထိခိုက်မှုကြောင့် လျှပ်စီးကြောင်းက နောက်ဆုံးမှာတော့ ပင့်ကူမျှင်လေး တစ်မျှင်လို ပါးလွှာပြီး အဆုံးသတ်မှာ လုံးဝ ပျောက်ကွယ်သွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ဓားအလင်းက သုံးရာလောက်ပဲ ကျန်ပါတော့တယ်။

ဟုန်း

မျက်လုံးကိုးခု ဂံပုလွေက သူရဲ့ အဆုံးမဲ့ တိုက်ခိုက်မှုကို ပစ်လွှတ်လို့ ပြီးပါပြီ။ ဒါကြောင့် နောက်ထပ် တစ်ခု ထပ်ပြီးတော့ နောက်ကနေ ကပ်ပါလာဖို့ ဖြစ်နိုင်ချေ မရှိပါဘူး။ ၎င်းက သူ့ရဲ့ခေါင်းကို လက်သည်းတွေနဲ့ ကာကွယ်ထားလိုက်ပါတယ်။ ဓားအလင်းသုံးရာက ထိမှန်သွားပြီး ချက်ချင်းဆိုသလို မျက်စိကန်းလုမတတ် အလင်းရောင်တွေ ထွက်ပေါ်လာခဲ့ ပါတယ်။

လင်းဟာန်က မြေကြီးပေါ်ကို ပစ်လှဲချလိုက်ပါတယ်။ သူရဲ့ အစွမ်းအကုန်လုံးကို ဒီတိုက်ခိုက်မှုမှာ ထည့်ပြီးတော့ အသုံးပြုလိုက်တာ ဖြစ်ပါတယ်။ အခုသူ့ရဲ့ ခန္ဓာကိုယ် အတွင်းထဲက မူလစွမ်းအင် အားလုံး

ဆွဲထုတ်ခံလိုက်ရပါတယ်။ တကယ်လို့ ဒီတိုက်ခိုက်မှုက မျက်လုံးကိုးခု ဂံပုလွေကို မသတ်နိုင်ဘူးဆိုရင် သူက အနက်ရောင် မျှော်စင်ထဲကို ဂင်ပုန်းနေပြီးတော့ မူလစွမ်းအင်တွေ ပြန်လည်ပြည့်တာကို စောင့်ပြီးမှ ဒီသားရဲဘုရင်ကို နောက်တစ်ကြိမ် ရှာရပါမယ်။

ကံကောင်းတာက မျက်လုံးကိုးခု ဂံပုလွေက သွေးတွေ အဆက်မပြတ် ပန်းထွက်နေပြီးတော့ မြေကြီးပေါ်ကို လဲနေပါတယ်။ ၄င်းရဲ့ ဂမ်းဗိုက်က အနည်းငယ် လှုပ်ရှားနေပြီးတော့ အသက်မျှဉ်းမျှဉ်းလေး ကျန်နေသေးတဲ့ လက္ခဏာကို ပြနေပါတယ်။

ဖင်ကိုဆောင့်ကန်ပစ်လိုက်စမ်း။ ၄င်းက လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို ထိပ်တိုက်ရင်ဆိုင်ခဲ့တာတောင်မှ ပြင်းပြင်းထန်ထန် ဒဏ်ရာပဲ ရခဲ့တယ်။

လင်းဟန်က အရမ်းကို လေးနက်တည်ကြည် သွားခဲ့ပါတယ်။ သူရဲ့ရင်ထဲကနေ ကောင်းကင်ဓားဂိုဏ်းကို ကြောက်ရွံ့မိတဲ့ ဆန္ဒတွေက မြင့်တက်လာခဲ့ပါတယ်။ ဒီလောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တိုက်ခိုက်နည်းစနစ်ကို ပိုင်ဆိုင်ထားတဲ့အတွက် ဘယ်လို အဖွဲ့အစည်းမျိုး ဖြစ်မလဲ။ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းလှပါတယ်။ သူရဲ့

ကောင်းကင်အဆင့် အတွေ့အကြုံနဲ့တောင်မှ ဒီဓားသိုင်းကို အသုံးပြုဖို့က အရမ်းကို ခက်ခဲနေဆဲ ဖြစ်ပါတယ်။ ဒါအပြင် ဒီဓားသိုင်းရဲ့ အစွမ်းက ဓားချီနဲ့ ချိတ်ဆက်ထားပြီး လူတိုင်းလူတိုင်းက ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အဆင့်တစ်ခုကို လေ့ကျင့်နိုင်ခြင်း မရှိပါဘူး။

အစောပိုင်း လင်းဟာန်က ဓားအလင်း ခုနစ်ရာကို ထုတ်ဖော်ခဲ့တုန်းက ဒီလျို့ပှက် ဆန်းကြယ်မှု သုံးထောင်က ဓားချီသုံးစွဲမှု အရမ်းကို များလွန်းတယ်လို့ ခန့်မှန်းခဲ့ဖူးပါတယ်။ သီအိုရီအရတော့ သိုင်းပညာရှင် တစ်ယောက်က ဓားချီအလင်း ဆယ်ခုကို လေ့ကျင့်နိုင်ပါတယ်။ ဒါပေမဲ့ ပါရမီရှင်တွေကတော့ ဆယ့်တစ်ခု ဒါမှမဟုတ် ဆယ့်နှစ်ခုထိ လေ့ကျင့်နိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ ဓားချီအလင်းတစ်ခုပဲ ဆိုရင် ဓားအလင်းတစ်ရာ အဖြစ်ကိုပဲ ဆင့်ကဲပြောင်းလဲ နိုင်ပါလိမ့်မယ်။ အဲဒီနောက်မှာ သီအိုရီအရတော့ ဓားချီအလင်း နှစ်ဆယ့်ကိုးခုကို လေ့ကျင့်နိုင်မှ ဓားအလင်း သုံးထောင်ကို လုပ်ဆောင်နိုင်ပါလိမ့်မယ်။

ပထမဆုံးက ဓားချီ ဖြစ်တည်လာပြီး ဓားအလင်းတန်းကတော့ ဒုတိယမှ ဖြစ်တည်လာတာပါ။

ဓားအလင်းတန်းက ဓားရိုးအပေါ်မှာ အခြေခံပြီးတော့ တတိယအဆင့် ချိုးဖျက်ပြီး အဆင့်တက်မယ် ဆိုရင် ဓားနလုံးသားကို အသုံးပြုနိုင်တဲ့အထိ ဖမ်းဆုပ်လာနိုင်ပါလိမ့်မယ်။

ဓားပညာလမ်းကြောင်းမှာ မတူညီတဲ့ အဆင့်သုံးခုတောင်ရှိပါတယ်။

ဒီကောင်းကင်ဓားဂိုဏ်းက နှစ်ပေါင်းတစ်သောင်းတိုင်အောင် လုံးဝပျက်စီးခြင်း မရှိပဲနဲ့ ရပ်တည်နိုင်တာလည်း ဒီလိုအစွမ်းထက်တဲ့ ဓားသိုင်းနည်းစနစ်တွေ ရှိနေလို့ ဘယ်သူကမှ မဖျက်ဆီးနိုင်တဲ့ အတွက်ကြောင့်လည်း ဖြစ်ပါလိမ့်မယ်။

“စီနီယာ အစ်ကိုကြီး ကျန့်ချန်။ အရှေ့နားက တိုက်ပွဲက ရုတ်တရက် ရပ်သွားပြီ။ တိုက်ပွဲက ပြီးသွားတာများလား”

ခပ်လှမ်းလှမ်းကနေ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

“ဟီးဟီး… တိုက်ပွဲအသံက အရမ်းကို ပြင်းထန်တယ်။ ဘယ်သူတွေများ တိုက်နေကြလဲ ဆိုတာကို သွားကြည့်သင့်တယ်”

နောက်ထပ် အသံတစ်ခု ထပ်ပြီးတော့ ကြားလိုက်ရပါတယ်။

“လဖြွတ်ပဲ”

လင်းဟန်က အလျင်အမြန်ပဲ သူရဲ့အတွေးတွေကို ပြန်စုစည်းပြီးတော့ မတ်တတ်ထရပ်ဖို့ အပြင်းအထန် ကြိုးစားလိုက်ပါတယ်။ သူရဲ့မူလစွမ်းအင်တွေ အားလုံးပဲ ဆုံးရှုံးသွားတာ ဖြစ်ပြီးတော့ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်က ကျန်နေပါသေးတယ်။ သူက မျက်လုံးကိုးခု ဂံပုလွေ သားရဲဘေးကို ဒယိမ်းဒယိုင်နဲ့ လျှောက်သွားပြီးတော့ ကောက်ယူပြီး အတွေးတစ်ချက်နဲ့ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ ပုံရိပ်နှစ်ခုက တပြိုင်နက်တည်း ရောက်လာခဲ့ပါတယ်။

အသက် နှစ်ဆယ့်လေး နှစ်ဆယ့်ငါးနှစ်ခန့် ရှိတဲ့ လူငယ်လေး နှစ်ယောက်ပဲ ဖြစ်ပါတယ်။ နှစ်ယောက်စလုံးက တည်ကြည်ခန့်ညားပြီး ယုံကြည်ချက် ရှိတဲ့ပုံစံနဲ့ ဖြစ်ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကတော့ တစ်ယောက်က စိတ်ဝိညာဉ် ပင်လယ် အလွှာ ၇ အဆင့်မှာ ဖြစ်ပြီးတော့

ကျန်တဲ့တစ်ယောက်က အုံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်မှာ ဖြစ်ပါတယ်။

"ဟူး ဘယ်လိုဖြစ်လို့ လူရှိတဲ့ လက္ခဏာတွေ မတွေ့ရတော့တာလဲ"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ပြောလိုက်ပါတယ်။

နောက်ထပ် လူငယ်က အပြာရောင် ဂုတ်စုံကို ဂုတ်ဆင်ထားပြီးတော့ တိုက်ပွဲမှာ ကျန်နေခဲ့တဲ့ သဲလွန်စတွေကို စူးစိုက်ပြီးတော့ ကြည့်နေပါတယ်။

"အခုတိုက်ပွဲက လူနှစ်ယောက်ကြားက တိုက်ပွဲမဟုတ်ဘူး။ လူတစ်ယောက်နဲ့ သားရဲတစ်ကောင် တိုက်ပွဲပဲ"

"စီနီယာ အစ်ကိုကြီး ကျန့်ချန်။ ဒါဆိုရင် ဘယ်လိုမျိုးလဲ"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က မေးလိုက်ပါတယ်။

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီနေရာမှာ လက်သည်းကုတ်ခြစ်ရာတွေ နေရာအနှံ့ ရှိနေတယ်။ ဂျူနီယာ ညီလေး ယွဲ့က မပြောနိုင်ဘူးလား”

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်ကလည်း ရယ်မောပြီးတော့ ပြန်လည်ချေပ ပြောဆိုလိုက်ပါတယ်။

“လက်သည်းအမျိုးအစား လက်နက်ကို အသုံးပြုတဲ့ လူတစ်ယောက်ရော မဖြစ်နိုင်ဘူးလား”

“ဖြစ်တော့ ဖြစ်နိုင်ပါတယ်”

အပြာရောင်နဲ့ လူငယ်က ခေါင်းညိတ်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူက မြေကြီးပေါ်ကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ဒါပေမဲ့လည်း ဒီနေရာမှာ ခြေရာတွေ တော်တော်များများ ရှိနေသေးတယ်။ ဒါကြောင့် တစ်ဖက်က သားရဲတစ်ကောင်ဆိုတာကို သက်သေပြဖို့ လုံလောက်တယ်”

“ဒါက လူနှစ်ဦး တိုက်ပွဲဖြစ်ပြီးတော့ တစ်ယောက်က သူရဲ့

အိမ်မွေးသားရဲ့ တစ်ကောင်ကို ခေါ်လာတာရော မဖြစ်နိုင်ဘူးလား”

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က အရှုံးပေးမဲ့ပုံစံ မရှိပဲ ထပ်ပြီးတော့ ငြင်းခုံလိုက်ပါတယ်။

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က ရယ်ပြီးတော့ ပြောပါတယ်။

“ဒီခြေရာတွေက လူတစ်ယောက်တည်းရဲ့ ခြေရာတွေဆိုတာ လုံးဝသေချာတယ်။ လူနှစ်ယောက်က ဖိနပ်ဆင်တူ စီးပြီးတော့ နှစ်ယောက်စလုံးက အရွယ်အစားတူတယ်လို့တော့ မင်းငါ့ကို မပြောနဲ့နော်”

ဒီဆူပူကြိမ်းမောင်းလိုက်မှုကြောင့် ခရမ်းရောင် ဂုတ်ဆင်ထားတဲ့ လူငယ်က တန့်သွားပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

“အဲဒါရော မဖြစ်နိုင်လို့လား”

ကြည့်ရတာ ဒီပုံစံက သူရဲ့ အနှစ်သက်ဆုံး အမူအကျင့်ပဲ ဖြစ်ပါလိမ့်မယ်။

“ဒီအဖျက်အဆီး သဲလွန်စတွေ အရတော့ အဲဒီလူနဲ့ သားရဲကောင်တို့ရဲ့ တိုက်ပွဲအစွမ်းက အတော်လေးကို အံ့အားသင့်စရာ ကောင်းတယ်”

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က တိုက်ပွဲမှာ ကျန်ခဲ့တဲ့ ခြေရာလက်ရာ သဲလွန်စတွေကို ကြည့်ပြီးတော့ သူ့ရဲ့အဖော် ဖြစ်တဲ့သူကို ထွေ့ငေါ့ပြီးတော့ ပြောမနေတော့ပဲ အံ့အားတကြီးနဲ့ ပြောပြလိုက်ပါတယ်။ သူကတင်းမာခက်ထန်တဲ့ အမူအရာတစ်ခု ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ဒီတိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်ကိုးလုံးအဆင့် ရှိတယ်”

“ကြယ်ကိုးလုံး ဟုတ်လား”

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က အနည်းငယ် အံ့အားသင့်သွားခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာ အစ်ကိုကြီး ကျန့်ချန်… လက်ရှိ စမ်းသပ်စစ်ဆေးမှုက လူတွေကို အသာထားဦး။ ကျနော်တို့ ဆောင်းလဂိုဏ်းထဲမှာတောင် တိုက်ပွဲအစွမ်း ကြယ်ကိုးလုံး

ပိုင်ဆိုင်ထားတဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ပွဲဝင်တွေက အများကြီး မရှိပါဘူး”

အပြာရောင် ဂတ်စုံနဲ့ လူငယ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“အများကြီး မဟုတ်ပေမဲ့ သိပ်လည်း မနည်းဘူး။ အနည်းဆုံး ရာဂဏန်း တော်တော်များများ ရှိတယ်။ ဘယ်သူကများ ဒီနေရာကို ရောက်လာပြီးတော့ သားရဲတစ်ကောင်နဲ့ တိုက်ခိုက်တာလဲ မသိဘူး။ ဟင် ဒီသွေးတွေ”

သူက အံ့အားသင့်သွားတဲ့ အမူအရာ တစ်ခု ဖြစ်သွားပါတယ်။ ဒီနေရာမှာ မျက်လုံးကိုးခု ဂံပုလွေရဲ့ သွေးတွေ အများကြီး ကျန်နေပါတယ်။ ၎င်းသွေးတွေက နီမြန်းတဲ့ အရောင်ရှိပြီးတော့ သွေးကြောမျှင်လို လိုင်းကြောင်းလေးတွေ ပါဝင်ပါတယ်။

သူက ဖြစ်နိုင်ချေကို စဉ်းစားလိုက်ပြီးတော့ ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။

“မျက်လုံးကိုးခု ဂံပုလွေ သားရဲကောင်”

“ဘာ”

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်လည်း အံ့အားသင့်သွားတဲ့ အမူအရာ ဖြစ်သွားပါတယ်။

“မျက်လုံးကိုးခု ဂံပုလွေ သားရဲတစ်ကောင်က ဒီအနားပတ်ဝန်းကျင်မှာ ကျင်လည် ကျက်စားနေတယ်လို့ ငါကြားသိနေတာ ကြာပြီ။ ဒါပေမဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျွမ်းကျင်သူတွေက အဲဒီသားရဲကို ရှာဖွေခဲ့တယ်။ ပြီးတော့ ပန်းဖူးအဆင့် ပညာရှင်တွေတောင် တက်တက်ကြွကြွနဲ့ လိုက်ရှာသေးတယ်။ ဒါပေမဲ့ သူတို့တွေ ဘာကိုမှ ရှာမတွေ့သွားခဲ့ကြဘူး”

“ဒါဖြစ်နိုင်တယ်။ ဒီသွေးတွေက ငါ့ကို မလှည့်စားနိုင်ဘူး”

အပြာရောင် ဂတ်စုံနဲ့ လူငယ်က နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခုကို တွဲခိုရင်းနဲ့ ပြောလိုက်ပါတယ်။

“စိတ်ဝင်စားစရာပဲ။ တကယ်ကို စိတ်ဝင်စားဖို့ကောင်းတယ်။ ဘယ်သူကများ မျက်လုံးကိုးခု ဂံပုလွေသားရဲကောင်နဲ့ ပြင်းပြင်းထန်ထန်

ရင်ဆိုင်တိုက်ခိုက်နိုင်တာလဲ။ ဒီလိုမျိုးလူက ပြိုင်ဘက်တစ်ယောက်ဖြစ်ဖို့ ထိုက်တန်တယ်”

“ဟားဟားဟား။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ မင်းတောင်မှ တိုက်ပွဲရဲ့ လှုံ့ဆော်မှုကို ခံစားနေရပြီလား”

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

အပြာရောင် ဂုတ်စုံနဲ့ လူငယ်ရဲ့ နာမည်အပြည့်အစုံက အောင်းကျန့်ချန် ဖြစ်ပြီးတော့ သူက မာနကြီးပြီး စိတ်ကြီးဝင်နေတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

“အားနည်းတဲ့ သူတစ်ယောက်ကို အနိုင်ကျင့် စော်ကားမဲ့ အကြောင်းက ဘာများ စိတ်ဝင်စားစရာ ကောင်းလို့လဲ။ တကယ်လို့ ငါတိုက်ခိုက်ရမယ်ဆိုရင် ပါရမီရှင်တွေနဲ့ပဲ တိုက်ခိုက်မယ်။ ပါရမီရှင်တွေ အပေါ်ကို ခြေနင်းဖြတ်ပြီး သွားရတာက အရမ်းကို ပျော်ရွှင်ကျေနပ်ဖို့ ကောင်းတယ်”

“ဟားဟား။ စီနီယာ အစ်ကိုကြီး ကျန့်ချန်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲမှာ ငါ

အလေးစားဆုံးလူက မင်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ တိုက်ပွဲအတွက် အရမ်းကို အစွမ်းထက်တဲ့ ကျင့်ကြံသူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တွေကို ပိုင်ဆိုင်ထားတယ်”

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်က ပြောလိုက်ပါတယ်။

အောင်းကျန့်ချန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့ စိတ်ကြီးဝင်ပြီး ဂင့်ကြွားတဲ့ အမူအရာကတော့ ပျောက်ကွယ်မသွားပဲနဲ့ ပြောလိုက်ပါတယ်။

“သွားကြစို့။ ဒီနေရာမှာ ဘာမှကြည့်စရာ မကျန်တော့ဘူး”

သူတို့နှစ်ယောက်က မြန်မြန်ဆန်ဆန်နဲ့ လာပြီးတော့ မြန်မြန်ဆန်ဆန်ပဲ ထွက်ခွာသွားခဲ့ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ လင်းဟာန်က ရန်လိုတဲ့ အမူအရာတစ်ခု ဖြစ်လို့ နေပါတယ်။ ဒီကောင်က တကယ်ပဲ အောင်းဖန်ရဲ့ သားဖြစ်နေပါတယ်။

Chapter 328 end

အပိုင်း(၃၂၉) အပြတ်အသတ် အနိုင်ယူသည်

လင်းဟန်က အစောပိုင်းတုန်းက အောင်းမိသားစုရဲ့ သားခုနစ်ယောက် ဆိုတဲ့ ခေါင်းစဉ်ကို ကြားခဲ့ပါတယ်။ ပြီးတော့ သူကအခုဆို တစ်ယောက်ကို မြင်ခဲ့ပြီးတော့ တကယ့်ကို လူသိများ ထင်ပေါ် ကျော်ကြားသင့်ပါတယ်။

အောင်းကျန့်ချန်က စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်မှာ ရှိပြီးတော့ အဆင့်တူတဲ့ လူပေါင်း ရာနဲ့ချီတဲ့ လူတွေရဲ့ အထက်မှာ ရပ်တည်နိုင်စွမ်းရှိပါတယ်။ ပြီးတော့သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်ကိုးလုံးကို ကျော်လွန်နေခဲ့ပါတယ်။

လင်းဟန်က သူ့ကိုယ်သူ ဘယ်တုန်းကမှ လျော့မတွက်ခဲ့ပါဘူး။ ဒါပေမဲ့ သူရဲ့ တိုက်ပွဲအစွမ်းက အခုမှ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ကြယ်ကိုးလုံးပဲ ရှိပါသေးတယ်။ နတ်ဆိုးရှင်သန်ဓားကို အသုံးမပြုဘူးဆိုရင် သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်အနည်းငယ် ကျသွားနိုင်ပါတယ်။ တကယ်တော့ ဒီဓားက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ နတ်ဆိုးရှင်သန်ဓားကို ဆောင်းလဂိုဏ်းရဲ့ တပည့်တွေ အများကြီးရှေ့မှာ အသုံးပြုရမှာလား။ သူသာ

အနက်ရောင် မျှော်စင်ထဲမှာ ပုန်းမနေဘူးဆိုရင် မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို မရတဲ့အပြင် နတ်ဆိုးရှင်သန်ဓာတ်ကိုပါ ယူသွားတာ ခံလိုက်ရပါလိမ့်မယ်။

ဘယ်လိုပဲ ဖြစ်ဖြစ် သူ့အနေနဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို မရလို့ကို မဖြစ်ပါဘူး။

ဒါက သူ့ရဲ့ အကြံအစည် တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။

ကံကောင်းတာက သူက မျက်လုံးကိုးခု ဂံပုလွေသားရဲကိုပါ ရရှိခဲ့ပြီးတော့ ဒီအကျိုးအမြတ်က သူ့ကို ကျေနပ်အားရ စေခဲ့ပါတယ်။ သူ့ရဲ့ နောက်ဆုံးအခြေခံ တည်ဆောက်မှုကို သိပ်သည်းကျစ်လစ်အောင် လုပ်ပြီးတဲ့နောက်မှာ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ဝင်ရောက်နိုင် ပါလိမ့်မယ်။ တခြားသူတွေက တကယ်လို့ သူတို့မှာ လအနည်းငယ် အချိန်မရဘူးဆိုရင် စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ရောက်ချင်တာက အိပ်မက်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်အတွက်တော့ တစ်နာရီ နှစ်နာရီက လုံလောက်ပါတယ်။

ဖန်းယန်တောင်မှ ဆယ်ရက်ထက် နည်းတဲ့အချိန်ပဲ အသုံးပြုခဲ့သေးတာပဲ။ သူက ဖန်းယန်နဲ့ အရမ်းကို

အလှမ်းကွာခြားနေလို့လား။

ဖန်းယန်အကြောင်းကို ပြောရမယ်ဆိုရင် ဒီကောင်က ဆောင်းလဂိုဏ်းကို ပြန်သွားလောက်ပါပြီ။ ပြီးတော့ ဆောင်းလဂိုဏ်းရဲ့ စွမ်းရည်နဲ့ဆိုရင် သူတို့က သူ့အတွက် ခြေအတုတောင် ရအောင် လုပ်ပေးနိုင်ပါတယ်။ သူလည်းပဲ ဒီစမ်းသပ် စစ်ဆေးမှုမှာ ပါဝင်နေမလား။ တခြားသူတွေကို အသာထားဦး။ ဒီမိုးကြိုးချပ်ဂတ်က သူ့ကိုလည်း လှုပ်ရှားစေပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက သေချာပေါက် စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက် တက်ရောက်မှ ဖြစ်ပါတော့မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ဘက်တွေကို နွေဦးစမ်းရေ အလွှာ ပထမအဆင့် ကျင့်ကြံခြင်းနဲ့ တိုက်ခိုက်အနိုင်ယူနေဦးမယ် ဆိုရင်တော့ သံသယတွေကို ဖြစ်ပေါ်လာစေပါလိမ့်မယ်။

ဒါပေမဲ့လည်း ပထမဆုံးအနေနဲ့ သူ့ရဲ့ အစွမ်းတွေကို ပြန်လည်ကုသရပါဦးမယ်။

ခရက် ခရက် ခရက်

အတွေးတစ်ချက်နဲ့ မူလစွမ်းအင် ခရစ်စတယ် အပိုင်းအစတွေက ချက်ချင်းဆိုသလို ပျက်စီးသွားပြီး လင်းဟန်ရဲ့ ဘေးပတ်လည်မှာ မူလစွမ်းအင်တွေ ထွက်ပေါ်လာပါတယ်။

အနက်ရောင် မျှော်စင်အထဲမှာတော့ လင်းဟန်က သူလိုချင်တာ ဘာမဆို လုပ်နိုင်ပါတယ်။

ချက်ချင်းဆိုသလိုပဲ မူလစွမ်းအင်တွေက သူရဲ့ အရေပြားထဲကို စိမ့်ဝင်လာပြီး စိတ်ဝိညာဉ် အခြေခံရဲ့ လုပ်ဆောင်မှု အနည်းငယ်ပြီးတဲ့ နောက်မှာတော့ ဒီမူလစွမ်းအင်တွေက သူအသုံးပြုဖို့ အတွက် ဖြစ်သွားပါတယ်။ ဒီဟာက ဘာကြောင့် မူလစွမ်းအင် ခရစ်စတယ်တွေက ကျင့်ကြံခြင်းအတွက် ကြီးကျယ်မြင့်မြတ်တဲ့ ပစ္စည်းတွေ ဖြစ်လာရတယ် ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ၎င်းတို့ကို လွယ်ကူစွာနဲ့ စုပ်ယူနိုင်ပါတယ်။

ကံမကောင်းတာက ၎င်းကို မွမ်းမံသန့်စင်ဖို့ လူတစ်ယောက်ရဲ့ အာရုံစူးစိုက်မှုကို လိုအပ်ပြီးတော့ တိုက်ပွဲအတွင်းမျာ အသုံးပြုလို့ မရနိုင်ပါဘူး။ ဒါကြောင့် တိုက်ပွဲမှာ ပြန်လည်ကုသတယ်လို့ ပြောတယ်ဆိုရင်

မှော်ဆေးလုံးတွေ အပေါ်မှာ မှီခိုရပါတယ်။ ဒါပေမဲ့ ကျင့်ကြံခြင်းအတွက်တော့ မူလစွမ်းအင် ခရစ်စတယ်နဲ့ မှော်ဆေးလုံးတွေက အတူတူပဲ အလုပ်လုပ်ပါတယ်။

မူလစွမ်းအင် ခရစ်စတယ်တစ်ခုက ၄င်းကို မွမ်းမံသန့်စင်ဖို့ စိတ်ဂိညာဉ် ပင်လယ် စစ်သည်တော် တစ်ယောက်က တစ်လလုံး အချိန်ပေးပြီးတော့ သန့်စင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် အတွင်းက မူလစွမ်းအင်က လုံလောက်အောင် အလျှံပယ် ပေါများပါတယ်။ ဒီမူလစွမ်းအင် အပိုင်းစတစ်ခုကို သန့်စင်ပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ ခွန်အားတစ်ခုလုံး ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက သွေးတော်တော်များများလည်း ဆုံးရှုံးထားပါတယ်။ တကယ်လို့ သူက နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင် တော်တော်များများကို စားမယ်ဆိုရင်တောင်မှ ချက်ချင်းကြီးတော့ ပြန်လည်ကောင်းမွန် လာနိုင်မှာ မဟုတ်ပါဘူး။ သူရဲ့အမူအရာက ဖြူဖွေးနေပြီး ရုပ်ဖျက်ထားတဲ့အတွက်လည်း ပြောဖို့ ခက်ပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ကနေ ထွက်လာခဲ့ပါတယ်။ မျက်လုံးကိုးခု ဂံပုလွေက

သူရဲ့အိတ်ကပ်ထဲမှာ ရှိနေပါပြီ။ ပြီးတော့ သူ့လက်ထဲရောက်တဲ့ ပစ္စည်းတွေက ဘယ်လောက်ပဲ ရှန်းကန်လှုပ်ရှားနေပါစေ ထွက်သွားလို့ မရနိုင်ပါဘူး။ သူကအခု ချီယောင်ရီနဲ့ တခြားသူတွေကို ရှာရပါဦးမယ်။

သူက အဝါရောင် နဂါးသစ်သီးကို ဂရုမစိုက်ပေမဲ့လည်း သူနဲ့သက်ဆိုင်တဲ့ အရာကိုတော့ အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဒါ့အပြင် သူက ချီယောင်ရီနဲ့ တခြားသူတွေကို သူအသက်ရှင် နေသေးတဲ့ အကြောင်းကို ပြောပြီးတော့ စိတ်သက်သာရာ ရသွားစေချင်ပါတယ်။

အဝါရောင် နဂါးသစ်သီးကို သူရရှိပြီးတာနဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို တက်ဖို့အတွက် နေရာတစ်ခုကို ရှာရပါလိမ့်မယ်။ ပြီးတော့ တံဆိပ်ပြားတွေကို စုဆောင်းဖို့အတွက်လည်း လုံလောက်တဲ့ အချိန်ရှိရပါဦးမယ်။ တကယ်လို့ သူက ထိပ်ဆုံးအယောက် တစ်ရာထဲကို ဝင်အောင် မလုပ်နိုင်ဘူးဆိုရင် တကယ်ပဲ ရယ်ချင်စရာ ကောင်းပါလိမ့်မယ်။

သူတို့တွေ ကတိပြုထားတဲ့ နေရာဆီကို ဦးတည်ပြီးတော့ လျှောက်လာခဲ့ပါတယ်။ မကြာခင်မှာ အဲဒီနေရာကို ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူအနားကို

မရောက်ခင်မှာ လက်နက် အချင်းချင်း ထိခိုက်တဲ့ အသံတွေကို ကြားရပြီးတော့ ဒေါသတွေ ပေါက်ကွဲထွက်ပြီး အော်ဟစ်နေတဲ့ အသံတွေကိုပါ ကြားရပါတယ်။

အဝါရောင် နဂါးသစ်သီးကြောင့် စိတ်ဂမ်းကွဲ နေကြတာများ ဖြစ်နေမလား။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မြင့်မားတဲ့ သစ်ပင်တစ်ပင် အပေါ်ကို တက်ပြီးတော့ အောက်ကိုငုံ့ကြည့်လိုက်ပါတယ်။

မြေကြီးပေါ်မှာ အနည်းဆုံး အလောင်းဆယ်လောင်းနဲ့ ခေါင်းတော်တော်များများ၊ အူအပိုင်းပိုင်း အပြတ်ပြတ်နဲ့ ဂမ်းဗိုက်ပေါက်နေတာတွေနဲ့ မြင်တွေ့ရတာ အရမ်းကို ထိတ်လန့်ကြောက်မက်စရာ ကောင်းလှပါတယ်။ ပြီးတော့ ဒီလူတွေက မိုးရေနိုင်ငံက လူတွေချည်းပဲ ဖြစ်ပါတယ်။ လူအနည်းငယ်ပဲ အသက်ရှင် ကျန်နေပါသေးတယ်။ သူတို့အားလုံးက အသက်မျှဉ်းမျှဉ်းပဲ ကျန်တော့ပြီး လူခုနစ်ယောက်က ဘက်ပေါင်းစုံကနေ တိုက်ခိုက်နေတာကို ခံနေရပါတယ်။ သူတို့က အချိန်မရွေး သေသွားနိုင်ပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

သူသိတဲ့လူ တော်တော်များများ သေသွားခဲ့ပါပြီ။ လှိုဒေါင်ယွဲ့၊ ရှဖောင်ကွမ်၊ ဟွမ်ပေဇီ တို့သေသွားပါပြီ။ ချီယောင်ရီ၊ ပိုင်လီထန်းယွမ်နဲ့ တခြားလူနည်းနည်းက မသေသေးပါဘူး။ သူတို့ရဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေ အပေါ်ကို မှီခိုပြီးတော့ အသက်ရှင်ဖို့ အပြင်းအထန် ရုန်းကန်နေကြရပါတယ်။

တစ်ဖက်အဖွဲ့မှာ လူခုနစ်ယောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ခြောက်ယောက်က နွေဦးစမ်းရေ နောက်ပိုင်း အဆင့်တွေ ဖြစ်ပြီးတော့ တစ်ယောက်ကတော့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ပဲ ဖြစ်ပါတယ်။ သူ့ကိုတော့ အတော်ဆုံးသုံးယောက် ဖြစ်တဲ့ ဖောင်ဟွမ်၊ ချင်ပူယောင်နဲ့ ဟုဖန်းယွဲ့ တို့က ထိုးဖောက်တိုက်ခိုက်နေပြီး လုံးဂကို အလွှမ်းမိုးခံနေရပြီး တစ်ဖက်သတ် တိုက်ပွဲလို ဖြစ်နေပါတယ်။

"မင်းတို့တွေ အရှုံးပေး အညံ့ခံဖို့ ငြင်းပယ်နေမှတော့ အားလုံးပဲ ငရဲကို သွားလိုက်ကြတော့"

ကျန်းယွင်က အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူက အလုပ်နှစ်ခု ရှိပါတယ်။ နွေဦးစမ်းရေ အလွှာ ၉ အဆင့်မှာရှိတဲ့ ဒီလူသုံးယောက်ကို ထိန်းချုပ်ထားရုံမက တိုက်ပွဲကနေ လွတ်မြောက်ပြီး ထွက်ပြေးမသွားအောင်လည်း

တားဆီးထားရပါသေးတယ်။

“မင်းတို့ကောင်တွေ နာကျင်ခံစားပြီး သနားစရာ အပြည့်နဲ့ သေရလိမ့်မယ်”

ချီယောင်ရီက သူရဲ့မျက်လုံးကနေ သွေးတွေ စီးကျလာသလိုမျိုး အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဟင့် အားနည်းတဲ့ သူတွေကပဲ ကျိန်ဆဲတတ်ကြတယ်။ အသုံးမဝင်တဲ့ ပြောစကားတွေပဲ။ မင်းတို့ကောင်တွေက ငါရဲ့ ပထမဆုံး အမြစ်ဖြတ် သုတ်သင်တာကို ခံရတဲ့သူတွေ မဟုတ်သလို နောက်ဆုံးလည်း မဖြစ်နိုင်ဘူး”

ကျန်းယွင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ လက်ညိုးလေးက လှုပ်သွားပါတယ်။ အဲဒါက သူ့အနေနဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ဖြစ်နေတယ်ဆိုတဲ့ အချက်ပြနေတာပါ။

“ငါကြားဖူးတာတော့ မိုးရေနိုင်ငံမှာ လင်းဟန်လို့ ခေါ်တဲ့ လူတစ်ယောက် ရှိပြီးတော့ အရမ်းကို မာနကြီးပြီး စိတ်ကြီးဝင်နေတယ်ဆို။ သူက ငါတို့ဂိုဏ်းက အကြီးဆုံး

ခေါင်းဆောင်ရဲ့ တပည့်ကိုတောင်မှ ဒဏ်ရာရအောင် လုပ်ပံ့တာလား”

ကျန်းယွင်က ကြွက်တစ်ကောင်ကို ကစားနေတဲ့ ကြောင်နဲ့ တူပါတယ်။ အမှန်တကယ်တော့ သူရဲ့လက်နဲ့ သေတဲ့သူက အများကြီး မရှိသေးပါဘူး။

“ဟင့်.. တကယ်လို့ လင်းဟန်က ဒီနေရာမှာသာ ရှိနေမယ်ဆိုရင် မင်းတို့ကောင်တွေကို အကြွင်းနာမဲ့စွာနဲ့ သတ်ပစ်လိမ့်မယ်”

“ဟားဟားဟား…. ရေတွင်းအောက်ခြေက ဖားအုပ်စုက အမိပ္ပါယ် မရှိတာတွေကို လျှောက်ပြီး ပြောပံ့တယ်။ မြောက်ဘက်အစွန်အဖျားက နိုင်ငံငယ်လေး တစ်ခုက ဘယ်လို ပါရမီရှင် ထွက်ပေါ်လာနိုင်မှာလဲ”

ကျန်းယွင်က မာန်တက်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

“သိပ်မကြာခင် ငါမြောက်ပိုင်း အစွန်အဖျားကို သွားရလိမ့်မယ်။ အဲဒီလင်းဟန်ဆိုတဲ့ လူယုတ်မာကို ဘယ်လိုပဲဖြစ်ဖြစ် သူရဲ့ခေါင်းကို ဖြတ်ပြီးတော့ သယ်ယူလာခဲ့မယ်”

“စီနီယာ အစ်ကိုကြီး ကျန်းက အရမ်းကို ခန့်ညားထယ်ဂါတာပဲ”

“ဟီးဟီး။ အကြီးအကဲ ခေါင်းဆောင်ရှိက စိတ်ကောင်းဝင်လာပြီး စီနီယာအစ်ကိုကြီး ကျန်းကို တပည့်အဖြစ်တောင်မှ ရွေးချယ်ကောင်း ရွေးချယ်လိမ့်မယ်”

“ဒါဆိုရင် ငါတို့ပတွေက စီနီယာ အစ်ကိုကြီး ကျန်းရဲ့ ဦးဆောင်လမ်းပြမှုနဲ့ အကူအညီကို မှီခိုရတော့မှာပဲ”

ကျန်တဲ့ ခြောက်ယောက်က တစ်ယောက်ပြီး တစ်ယောက် မြှောက်ပင့် ပြောဆိုလိုက်ကြပါတယ်။

ကျန်းယွင်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီးတော့ သူ့ကို ကြည့်ရတာတော့ အရမ်းကို ကျေနပ်အားရနေတဲ့ ပုံပေါက်နေပါတယ်။

“လပ္ပြတ်ပဲ။ လင်းဟာန်က မြေကျွန်မှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်နေပြီ။ ဆောင်းလဂိုဏ်းရဲ့ ဂိုဏ်းအရှင်သခင်တောင်မှ သူ့ကို ထိပါးပွဲမှာ မဟုတ်ဘူး။ မင်းတစ်ယောက်တည်းလား။ ဟင့်

လင်းဟန်ရဲ့ အစွမ်းနဲ့ဆိုင် မင်းကို ခွေးသတ် နွားသတ်သလို လွယ်လွယ်လေး သတ်ပစ်လိမ့်မယ်”

ချင်ပူယောင်က အော်ဟစ်လိုက်ပါတယ်။

“မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင်လား”

ကျန်းယွင်က တခဏမျှ ထိတ်လန့်သွားပြီးတော့မှ ဟားတိုက်ရယ်မောလိုက်ပါတယ်။ ဘယ်လို ဟာသလဲကွာ။ မြောက်ပိုင်းအစွန်အဖျားက နိုင်ငံကိုးခုလို သေးငယ်တဲ့ နေရာလေး တစ်ခုကနေ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ထွက်ပေါ်လာနိုင်လို့လား။ ဒီတောသားတွေက တကယ့်ကို တုံးအလွန်းတာပဲ။ မသေခင်မှာတောင် အိပ်မက်တွေ မက်နေကြတယ်။

“ဘယ်လောက်တောင် ရယ်စရာကောင်းလို့လဲ။ ငါ့ကိုလည်း ပေးရယ်ပါဦး”

အေးစက်တဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ မြေကွက်လပ်ပေါ်မှာ လင်းဟန်က ပေါ်လာခဲ့ပါတယ်။ သူက လက်နှစ်ဖက်ကို အနောက်ကို ပစ်ထားပြီးတော့ သူရဲ့အကြည့်တွေက အတ္တရာယ်များလွန်းပါတယ်။

“ဟုရန်”

ချီယောင်ရီနဲ့ ကျန်တဲ့သူတွေက တစ်ယောက်ပြီး တစ်ယောက် အော်ဟစ်ခေါ်လိုက်ကြပါတယ်။ ပထမ အနေနဲ့ ဒီကောင်က မျက်လုံးကိုးခု ဂံပုလွေကို အဝေးကို သွေးဆောင် ဖြားယောင်းပြီး ခေါ်သွားတဲ့နောက်မှာ အမှန်တကယ်ပဲ အသက်ရှင်နေသေးတယ် ဆိုတာကို မြင်လိုက်ရတဲ့ အတွက် ဝမ်းသာပီတိ ဖြစ်ကုန်ကြပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာ သူတို့တွေက စိုးရိမ်ပူပန်ပြီး သူတို့ရဲ့ အမူအရာတွေက ပြောင်းလဲကုန်ပါတယ်။ နွေဦးစမ်းရေ အဆင့် ပထမအလွှာနဲ့ လူငယ်လေးတစ်ယောက်က အများကြီး လုပ်နိုင်မှာ မဟုတ်ပါဘူး။ သူတို့တွေက အတူတူ အသတ်ခံရဖို့ ကံဇာတာများ ပါလာတာလား။

ဘယ်သူကမှ လင်းဟန်လောက် မထူးဆန်းနိုင်ပါဘူး။

“အိုး နောက်ထပ်လူတစ်ယောက်က အသေလာခံတာလား”

ကျန်းယွင်က လောင်ပြောင် သရော်လိုက်ပြီးတော့ သူရဲ့ လက်ချောင်းတွေကို ချိုးနေပါတယ်။

"ဂျူနီယာ ညီလေးတုု သူ့ကိုသတ်လိုက်။ ဒါက နွေဦးစမ်းရေ ပထမ အလွှာပဲ ရှိသေးတဲ့ ငါးသားပေါက်လေး တစ်ကောင်ပဲ ရှိပါတယ်"

"ဟုတ်ကဲ့"

လူငယ်တစ်ယောက်က ခုန်ထွက်လာပြီးတော့ ဆိုးယုတ်တဲ့ အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"မှတ်ထားလိုက်။ မင်းကိုသတ်တဲ့ လူရဲ့နာမည်က တုဂျန်းလိန် လို့ခေါ်တယ်"

"အသုံးမကျတဲ့ ဆန်ကုန်မြေလေး အမိုက်သာသာ ကောင်ကများ"

လင်းဟန်က သူရဲ့ခြေထောက်ကို မြှောက်ပြီးတော့ တစ်ဖက်လူရဲ့ ရင်ဘတ်ကို ကန်ပစ်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ တစ်ဖက်လူက လေပေါ်ကို လွင့်ထွက်သွားပြီးတော့ သူရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက လေထဲမှာပဲ ပေါက်ကွဲသွားပါတယ်။

"လဖြတ်"

ချက်ချင်းဆိုသလိုပဲ နေရာတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။ အားလုံးက တိုက်ခိုက်နေတာကိုတောင်မှ ရပ်တန့်လိုက်ကြပါတယ်။

Chapter 329 end

အပိုင်း(၃၃၀) အမြစ်ပြတ် သုတ်သင်ပစ်ခြင်း

ရိုးရိုးသားသား ပြောရမယ်ဆိုရင် တုဂျန်းလိန် လို့ခေါ်တဲ့ သူက နွေဦးစမ်းရေ အလွှာ ၇ အဆင့်ပဲ ရှိပြီးတော့ အရမ်းကြီး မသန်မာပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက မသန်မာဘူးဆိုရင်တောင်မှ နွေဦးစမ်းရေ အလွှာ ၇ အဆင့်ရဲ့ တိုက်ပွဲအစွမ်းက နွေဦးစမ်းရေ အဆင့် ပထမ အလွှာကို အနိုင်ယူဖို့ ဆယ်ဆတောင် လုံလောက်ပါတယ်။ ဒါပေမဲ့လည်း သူက ကန်ချက်တစ်ချက်ကြောင့် ပေါက်ကွဲထွက်သွားပါတယ်။ ဘယ်သူက ဒါကို လက်ခံနိုင်မှာလဲ။

"အဲဒါကို လေနတ်ဘုရား ကန်ချက်လို့ ခေါ်တယ်"

လင်းဟန်က ဖြစ်သလိုပဲ နာမည်ပေးလိုက်ပါတယ်။ သူက

သူရဲ့ဓား ၊ လက်သီး ၊ လက်ဂါး တစ်ခုမှ အသုံးမပြုခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ချီယောင်ရီနဲ့ တခြားသူတွေက သူ့ရဲ့ အစစ်အမှန် နောက်ခံအကြောင်းကို သံသယဝင်သွားမှာကို မလိုချင်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အစွမ်းရှိတဲ့ နွေဦးစမ်းရေအဆင့် စစ်သည်တော်တွေက ဘယ်လောက်များများ ရှိနေလို့လဲ။ ချီယောင်ရီနဲ့ တခြားသူတွေ သံသယ မဝင်ဖို့ဆိုတာ ဖြစ်နိုင်ချေ သိပ်ပြီးတော့ မရှိပါဘူး။ သူတို့ရဲ့ မျက်လုံးတွေက ပင့်သွားကြပါတယ်။

"သေ..သေချင်နေပြီလား"

ကျန်းယွင်က ဒေါသထွက်သွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"အားလုံးသွားကြစမ်း။ သူ့ကို သတ်ပစ်။ ဒီကောင့်ကို အသေသတ်ပစ်"

သူရဲ့အဖွဲ့က လူတစ်ယောက် အသတ်ခံလိုက် ရပါပြီ။ ဘယ်လိုလုပ်ပြီးတော့ သူက ဒေါသမထွက်ပဲ နေနိုင်မှာလဲ။

ကျန်တဲ့ ငါးယောက်က တပြိုင်နက်တည်း ပြေးဝင်တိုက်ခိုက်

လိုက်ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က တုဂျန်းလိန်ထက် ပိုပြီးတော့ မြင့်မားပါတယ်။ တကယ်လို့ သူတို့က လင်းဟန်ကို ငါးယောက် တစ်ယောက် တိုက်ခိုက်ပြီးတော့ အမြစ်ဖြတ် မသုတ်သင်နိုင်ခဲ့ဘူး ဆိုရင်တောင်မှ အသာစီး ရယူဖို့ ပြဿနာ မရှိနိုင်ပါဘူး။

ဒါပေမဲ့လည်း သူတို့နဲ့ ရင်ဆိုင်နေရတဲ့သူက လင်းဟန်ပဲ ဖြစ်ပါတယ်။

"လေနတ်ဘုရား ကန်ချက်"

လင်းဟန်က မာန်သွင်းအော်ဟစ်လိုက်ပြီးတော့ ခြေထောက်နဲ့ အဆက်မပြတ် ကန်ထုတ် ပစ်လိုက်ပါတယ်။

သိုင်းပညာရပ်တွေမှာ ဥပဒေသ တစ်ခုကို နားလည်သဘောပေါက်ခြင်းက တခြားဥပဒေသ အားလုံးမှာပါ နားလည်သဘောက်ပေါက်တယ်လို့ ဆိုလိုပါတယ်။ သူက ဓားလမ်းကြောင်းပေါ်က ဓားချီအလင်း ခုနှစ်ကို လေ့ကျင့်ခဲ့ပါတယ်။ ဒါကြောင့် သူရဲ့ခြေထောက်တွေကို ဆတ်ခနဲ လှုပ်ရှား လိုက်သလိုမျိုး ချီအလင်းတစ်ခုကို ပစ်ထုတ်လိုက်သလိုမျိုး ထက်မြက်တဲ့ ဓားတစ်လက်အဖြစ်ကို ပြောင်းသွားပြီး လူငါးယောက်ဆီကို

ပြေးဝင်သွားပါတယ်။

လှုပ်ရှားမှုတိုင်းက ဓားတစ်လက်လိုပါပဲ။

သူရဲ့ တိုက်ပွဲအစွမ်းက အခုဆိုရင် စိတ်ဝိညာဉ်ပင်လယ် အလွှာ၅ အဆင့် သာမန်ပြိုင်ဘက် တစ်ယောက်ကို အမြစ်ဖြတ် သုတ်သင်ပစ်နိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် ဒီလူငါးယောက်က ဘယ်လိုလုပ်ပြီးတော့ သူရဲ့ ပြိုင်ဘက်ဖြစ်နိုင်မှာလဲ။ သူရဲ့ခြေထောက်ကန်ချက် သူတို့တွေထဲက တစ်ယောက်ရဲ့ ခြေထောက်တွေ ကြားထဲကို ကန်လိုက်မိတဲ့အခါမှာ အစွမ်းထက်တဲ့ ချီက ထွက်ပေါ်လာပြီး ထက်မြက်တဲ့ ဓားတစ်လက် အဖြစ်ကို ပြောင်းသွားပြီးတော့ အဲဒီလူကို တစ်ဝက်တိတိ ပိုင်းဖြတ်ပစ်လိုက်ပါတယ်။

အူအပိုင်းအစတွေ အသည်း နလုံးနဲ့ ဦးနှောက်အစတွေက နေရာအနှံ့အပြားကို ပြန့်ကျဲသွားပြီး အရမ်းကို မသတီစရာ ကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်လာပါတယ်။

လင်းဟန်တောင်မှ ဒီသူရဲ့ကန်ချက်က ဓားချီကို ပစ်ထုတ်နိုင်လိမ့်မယ်လို့ မမျှော်မှန်းထားပါဘူး။ ဒါပေမဲ့ ရှင်းပြရမယ်ဆိုရင် သူက ဓားလမ်းကြောင်းပေါ်မှာ အောင်မြင်မှု တချို့ကို ရရှိထားပြီး သူရဲ့ ခန္ဓာကိုယ်ကို

ဓားတစ်လက်အဖြစ် ပြောင်းလဲနိုင်ပြီး နည်းလမ်းအားလုံးကို ဓားတွေအဖြစ် ပြောင်းလဲနိုင်ပါတယ်။

လင်းဟန်က ကန်ချက်လေးခုကို ဆက်တိုက် ကန်ပစ်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ရုပ်ပျက်ဆင်းပျက်နဲ့ ဘယ်သူဘယ်ဂါရဲ့ အစိတ်အပိုင်းတွေမှန်း မခွဲခြားနိုင်တဲ့ အလောင်းလေးခုက မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း သူတို့ရဲ့ ကျောရိုးတွေ အေးစိမ့်လာသလို ခံစားလိုက် ရပါတယ်။ သူတို့တွေက နွေဦးစမ်းရေ နောက်ပိုင်းအဆင့် ကျွမ်းကျင်သူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့တွေက တချိန်တည်း ချက်ချင်းဆိုသလို အားလုံးသတ်ပစ်ခံလိုက်ရပါတယ်။ ဒါကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။

ဇောင်ဟွမ်နဲ့ တခြားသူတွေ တွေးနေကြတာက ဒီကောင်က တကယ်ပဲ လင်းဟန် ဖြစ်နိုင်မလား။ သူမျက်နှာကို ကြည့်ရတာက လုံး၀ မတူညီပေမဲ့ ဒီကမ္ဘာကြီးထဲမှာ နွေဦးစမ်းရေ ပထမ အလွှာနဲ့ လူထူးလူဆန်းတွေ အများကြီး မရှိနိုင်ပါဘူး။

လင်းဟန်က ခြိမ်းခြောက်တဲ့ အကြည့်နဲ့ ကျန်းယွင်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အခု မင်းအလှည့်ပဲ"

ကျန်းယွင်က လင်းဟန်ရဲ့ စူးစိုက်ပြီး ကြည့်တဲ့ အကြည့်ကြောင့် အေးစိမ့်သွားသလို ခံစားလိုက် ရပါတယ်။ ဘယ်လိုမျိုး အကြည့်မိုလို့ သူ့ရဲ့ နလုံးသား အောက်ခြေကနေတောင် တုန်လှုပ်သွားတဲ့ ခံစားချက်ကို လုပ်နိုင်တာလဲ။ သူရဲ့ စိတ်ဂိညာဉ်က အထိတ်တလန့်ဖြစ်ပြီးတော့ ကြောက်ရွံ့သွား သလိုမျိုး ခံစားလိုက်ရတာလား။ သူ့ကိုယ်သူ အလျှင်အမြန်ပဲ သတ္တိမွေးပြီးလိုက်ပါတယ်။ ဒါက နွေဦးစမ်းရေ အလွှာ ပထမအဆင့်ရဲ့ ဒေါသသေးသေးလေး တစ်ခုပဲ ဖြစ်ပါတယ်။ သူရဲ့ တိုက်ပွဲအစွမ်းက သဘာဂကို ဆန့်ကျင်နေတယ် ဆိုပေမဲ့လည်း စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ အတိုင်းအတာကို ရောက်ဖို့အတွက် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီလိုမှ မဟုတ်ဘူးဆိုရင် သိုင်းပညာ အဆင့်တွေဆိုတာက အလှကြည့်ဖို့ပဲ ထားထားတာလား။

"ဆောင်းလဂိုဏ်းရဲ့ တပည့်တွေကို သတ်ရဲတယ်ပေါ့။ မင်းက မင်းရဲ့သေလမ်းကို မင်းကိုယ်တိုင် ရှာနေတာပဲ"

သူက အော်ဟစ်လိုက်ပြီးတော့ အရင်ဦးဆုံး တိုက်ခိုက်လိုက်ပါတယ်။

"လူသတ်သမားတွေဆိုတာလည်း တခြားသူတွေရဲ့ သတ်ဖြတ်တာကို ခံရလိမ့်မယ်။ မင်းတို့ကောင်တွေကို ဘယ်လိုလုပ်ပြီးတော့ ခြွင်းချက်အဖြစ် ထားရမှာလဲ"

လင်းဟန်က နောက်ထပ် ပြင်းထန်တဲ့ ကန်ချက် တစ်ခုကို ကန်ထုတ်လိုက်ပါတယ်။ ဒီကန်ချက်က သံသယ ရှိစရာကို မလိုအောင်ပဲ ကျန်းယွင်ရဲ့ ခံစစ်ကို ချိုးဖျက်ပြီးတော့ သူရဲ့မျက်နှာပေါ်ကို ပြင်းပြင်းထန်ထန် ကျရောက်သွားခဲ့ပါတယ်။

ကျန်းယွင်က ချက်ချင်းဆိုသလို အနောက်ဘက်ကို ဒယိမ်းဒယိုင်နဲ့ ဆုတ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ခြေလှမ်း အနည်းငယ်အတွင်းမှာပဲ သူရဲ့ခေါင်းက ချက်ချင်းဆိုသလို ပေါက်ကွဲထွက်သွားပြီး ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်က ဆန့်ငင် ဆန့်ငင်နဲ့ တခဏမျှ အကြောတွေဆွဲနေပြီး နောက်ဆုံးမှာ မြေကြီးပေါ်ကို ကျယ်လောင်စွာနဲ့ လဲကျသွားခဲ့ပါတယ်။

ချီယောင်ရှီနဲ့ တခြားသူတွေ အားလုံးက မှင်တက်အံ့သြသွားပါတယ်။ ကျန်းယွင်နဲ့ သူရဲ့အဖွဲ့က လူခြောက်ယောက်က သူတို့လူ အယောက်တစ်ရာကို သတ်ဖြတ်ပြီး အယောက်နှစ်ဆယ်ပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ လင်းဟန်က တစ်ခါတည်း တိုက်ခိုက်လိုက်ပြီး ခုနစ်ယောက်လုံးကို အမြစ်ဖြတ် သုတ်သင်ပစ်လိုက်ပါတယ်။ အဖွဲ့နှစ်ခုကြားက ကွာခြားချက်က ဘယ်လောက်တောင်မှ ကြီးမားလိုက်သလဲ။

"လင်း… ဆရာသခင်လင်းလား"

ဇောင်ဟွမ်က မယုံမရဲနဲ့ အစမ်းသဘောနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ကို စိန်းစိန်းဝါးဝါး ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဆရာသခင် လင်းလဲ။ ဘယ်မှာလဲ ငါ့ရဲ့ အဂါရောင် နဂါးသစ်သီး။ မင်းတို့ကောင်တွေ ငါ့ရဲ့ ဂေစုကိုတော့ စားပစ်ဖို့ တွေးနေတာတော့ မဖြစ်နိုင်လောက်ပါဘူးနော် ဟုတ်တယ်မလား"

ဇောင်ဟွမ်က အလျင်အမြန်ပဲ အဂါရောင် နဂါးသစ်သီးကို

ထုတ်ပြီးတော့ အပင်တစ်ခုလုံးကို လက်ပြောင်းလွှဲအပ်လိုက်ပါတယ်။

“ကျေးဇူးပြုပြီးတော့ ဒါကို ယူပါ ဆရာ”

ကြည့်ရတာ လင်းဟန်က သူရဲ့ ပုံရိပ်အစစ်အမှန်ကို ဂန်မခံချင်ပါဘူး။ သူက ဒါကို အလေးမထားပဲ အသိအမှတ်မပြုပဲ မနေရဲပါဘူး။ သူက ရိုသေလေးစားမှု အပြည့်နဲ့ပဲ ခေါ် လိုက်ပါတယ်။

လင်းဟန်က အဂါရောင် နဂါးသစ်သီး တစ်ဂက်ကို ယူလိုက်ပါတယ်။ သူရဲ့ ကူညီဆောင်ရွက် ပေးမှုနဲ့ဆိုရင် တကယ်လို့ ကိုးဆယ်ရာခိုင်နှုန်း ယူမယ်ဆိုရင်တောင်မှ ကိစ္စမရှိပါဘူး။ နောက်ပြီးတော့ သူက ဒီလူတွေကို ကယ်တင်ခဲ့ပြီး သူရဲ့ သိုင်းပညာ စွမ်းရည်ကလည်း ဘယ်သူမှ မယှဉ်နိုင်ပါဘူး။ ဒါကြောင့် တကယ်လို့ သူက အားလုံးကို ယူမယ်ဆိုရင်တောင်မှ ချီယောင်ရီနဲ့ တခြားသူတွေက ခေါင်းညိတ်ကြပါလိမ့်မယ်။

လင်းဟန်ကတော့ အကျိုးအမြတ် အကုန်လုံးကို မယူသွားပါဘူး။ သူတို့အတွက် တစ်ဂက်ကို ချန်ပေးခဲ့ပြီးတော့ သူကပြောလိုက်ပါတယ်။

“ငါတစ်ဂက်ယူသွားပြီ။ မင်းတို့ကောင်တွေ ဘာများပြောစရာ ရှိသေးလဲ”

“မရှိပါဘူး”

သူတို့တွေက ဒရမ်ခေါက်သလိုမျိုး ခေါင်းတွေကို အလျင်အမြန်ပဲ ခါလိုက်ပါတယ်။

လင်းဟန်က အဂါရောင် နဂါးသစ်သီး တစ်ဂက်ကို ချန်ပြီးတော့ ကျန်တာတွေကို အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုကပါတယ်။ သူက စိတ်ဝိညာဉ် ပင်လယ် အဆင့်ကို တက်ဖို့အတွက် ထွက်ခွာသွားရပါတော့မယ်။ ဒါပေမဲ့ မျက်မှောင်ကြုတ်ပြီးတော့ ဘယ်ဘက်ခြမ်းကို လှည့်ပြီး ကြည့်လိုက်ပါတယ်။

“ရှပ် ရှပ်”

ပုံရိပ်နှစ်ခုက တစ်ယောက်နဲ့ တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူတို့တွေက အောင်းကျန့်ချန်နဲ့ ခရမ်းရောင်ဂတ် လူငယ်တို့ ဖြစ်ပါတယ်။

"စိတ်ဂင်စားစရာပဲ"

အောင်းကျန့်ချန်က သူရဲ့လက်နှစ်ဖက်ကို အနောက်ဘက်ကို ပစ်ထားပါတယ်။ သူက အဂါရောင် နဂါးသစ်သီးတွေကို မသိမ်းရသေးတဲ့ ဇောင်ဟွမ်ကို မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟူး။ ဒါကတကယ်ပဲ အဂါရောင် နဂါးသစ်သီးပဲ။ တိုက်ပွဲတစ်ခုကို အစပျိုးဖို့ အတွက် မီးမွှေးနိုင်တာ မထူးဆန်းတော့ဘူး။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် ငါတောင်မှ စိတ်နည်းနည်း လှုပ်ရှားသွားခဲ့တယ်"

"ဘာ.. စီနီယာ အစ်ကိုကြီး ကျန့်ချန် ။ ဒါက ကျနော်တို့ ဂိုဏ်းက တပည့်တွေပဲ"

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်က မြေကြီးပေါ်ကို တစ်ချက်ကြည့်ပြီးတော့ သူရဲ့ အကြည့်တွေက အင်္ကျီလက်ပေါ်မှာ ကျရောက်လို့နေပါတယ်။ ၎င်းက သွေးတွေနဲ့ စွန်းထင်းနေပေမဲ့လည်း လမင်းတစ်ခုကို ပုံဖော်ထားတာကို မြင်နိုင်ပါသေးတယ်။

အောင်းကျန့်ချန်က ချက်ချင်းဆိုသလိုပဲ သတ်ချင်ဖြတ်ချင်တဲ့

ဆန္ဒကို ထုတ်ဖော်ပြီးတော့ ခြိမ်းခြောက်ပြောဆိုလိုက်ပါတယ်။

“မင်းတို့ကောင်တွေက တကယ့်ကို သတ္တိကောင်းတာပဲ။ ငါတို့ရဲ့ ဂိုဏ်းက တပည့်တွေကိုတောင် သတ်ပစ်ရဲတယ်”

“ဟင့်. သူတို့က ငါတို့ပစ္စည်းကို ခိုးကြောင်ခိုးဝှက်နဲ့ လုယူဖို့လည်းလုပ်တယ် ငါတို့တွေကိုလည်း သတ်ချင်နေတယ်။ ဒါကြောင့် ငါတို့တွေက ထောက်ခံအားပေးပြီးတော့ ငါတို့ရဲ့ လည်ပင်းတွေကို ထိုးပေးပြီးတော့ သေခြင်းတရားကို စောင့်နေရမှာလား”

ဇောင်ဟွမ်က အရှုံးမပေးချင်တဲ့ စိတ်နဲ့ ပြောလိုက်ပါတယ်။ မိုးရေနိုင်ငံမှာ သူက အင်အားကြီး တော်ဝင်မိသားစု ရှစ်ခုထဲက တစ်ခုရဲ့ ပါရမီရှင်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာတော့ သူရဲ့အသက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်တာကို ခံနေရပြီးတော့ ဒါက တကယ့်ကို အကြီးအကျယ် စိတ်ပျက်စရာ ကောင်းပါတယ်။

“လူတွေအားလုံးက သေကုန်ပြီ။ ဒီတော့ မင်းတို့ကောင်တွေက မင်းတို့ကြိုက်သလို ဘာပဲဖြစ်ဖြစ် ပြောနိုင်တာပေါ့”

ခရမ်းရောင် ဂဝတ်စုံနဲ့ လူငယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေက ဒီဂိုဏ်းရဲ့ တပည့်တွေကို သတ်ပြီးတော့ ဓားပြတိုက်တယ်လို့ ငါပြောနိုင်တယ်။ သူတို့အပေါ်မှာ မင်းတို့တွေက အပြစ်ပုံချဖို့ ကြိုးစားနေကြတာပဲ"

"အဂါရောင် နဂါးသစ်သီးကို ချထားလိုက်ပြီးတော့ မင်းတို့ကိုယ်ပိုင် အသက်ကို ယူသွား"

သူက မောက်မာစွာနဲ့ ပြောလိုက်ပါတယ်။

ချိုယောင်ရှီနဲ့ပ တခြားသူတွေက သေလုမတတ် ဒေါသတွေ ထွက်ကုန်ကြပါတယ်။ သူတို့ ဒီထပ်ပိုပြီး အကြောင်းပြချက် ပေးနိုင်လား။

"အားလုံးပြောလို့ ပြီးပြီ။ မင်းတို့တွေရဲ့ အဂါရောင် နဂါးသစ်သီးကို ဒီကောင်တွေ မျက်စိကျနေတာပဲ"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့ကောင်တွေ အရင်ဆုံး သွားနှင့်ကြ။ ဒီကိစ္စကို ငါ့အတွက် ချန်ထားလိုက်”

“မင်း…”

ချီယောင်ရီနဲ့ တခြားသူတွေက တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်သွားကြပါတယ်။

“မင်းတို့ကောင်တွေက အခုထိ ငါ့ကို မယုံကြသေးဘူးလား”

လင်းဟန်က မျက်ခုံးကို ပင့်ပြီးတော့ ယုံကြည်ချက် အပြည့်နဲ့ နေလိုက်ပါတယ်။

“သွားမယ်”

ချီယောင်ရီနဲ့ တခြားသူတွေက အစတုန်းက သူက လင်းဟန်ဆိုတာကို သံသယ ဝင်နေခဲ့ကြပါတယ်။ အခုတော့ သူတို့က ဒါကို သံသယ မရှိတော့ပါဘူး။ တစ်ယောက်ပြီး တစ်ယောက် လှည့်ပြီးတော့ ထွက်သွားကြပါတယ်။ သူတို့သာ ဒီနေရာမှာ ဆက်ပြီးတော့ နေမယ်ဆိုရင် လင်းဟန်ကို အကူအညီ မပေးနိုင်ရုံသာမက

အနှောင့်အယှက်ပါ ဖြစ်စေပါလိမ့်မယ်။

"မင်းကတော်တော် လေကြီးတာပဲ"

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်က မျက်နှာထား တင်းတင်းနဲ့ ရယ်လိုက်ပါတယ်။ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်ပဲ ရှိသေးတဲ့ ငါးပေါက်ကလေးက သူတို့ကို တားဆီးဖို့ ပြောရဲတယ်။ ဘယ်နေရာကနေ ဒီလိုမျိုး သတ္တိတွေ ရနေတာလဲ။ သူက ချီယောင်ရီနဲ့ တခြားသူတွေကို တားဆီးဖို့အတွက် ချက်ချင်းပဲ ခုန်ထွက်လာခဲ့ပါတယ်။

လင်းဟန်လည်းပဲ လှုပ်ရှားလိုက်ပါတယ်။ သတ္တုဓားတစ်လက်နဲ့ ထိုးခုတ်လိုက်ပါတယ်။ ရှွပ်ဆိုတဲ့ အသံနဲ့အတူ ဓားချီက ပျံထွက်သွားပါတယ်။

ခရမ်းရောင် ဂတ်စုံနဲ့ လူငယ်က ဖိအားကြောင့် ရပ်သွားပြီးတော့ သူရဲ့ ရင်ဘက်မှာ ဓားချီရဲ့ လှီးဖြတ်သွားမှုကြောင့် ဒဏ်ရာရသွားခဲ့ပါတယ်။ သူက ဒေါသထွက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"သေသင့်တဲ့ကောင် မင်းက ငါ့ကို ဒဏ်ရာရအောင် လုပ်ဝံ့တယ်ပေါ့"

"သေစမ်းကွာ"

ခရမ်းရောင် ဂျတ်စုံနဲ့ လူငယ်က နောက်တစ်ကြိမ် ခုန်ဝင်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူရဲ့ ပစ်မှတ်က လင်းဟန်ဖြစ်ပါတယ်။ သူရဲ့ လက်တွေနဲ့ ခြေထောက်တွေကို ဆန့်ထုတ်လိုက် သလိုမျိုး သိုင်းဆန္ဒတွေက စီးဆင်းလာပြီးတော့ သူရဲ့ တိုက်ပွဲအစွမ်းကလည်း အံ့အားသင့်စရာ ကောင်းပြီး အနည်းဆုံး ကြယ်ဆယ်လုံး ရှိပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ လူတစ်ယောက်ရဲ့ အဆင့်ကို ကြယ်သုံးလုံးထက် သာလွန်တဲ့ တိုက်ပွဲဝင် အစွမ်းကို ပိုင်ဆိုင်ထားရင်ကိုပဲ အရမ်းကို အသိအမှတ်ပြုဖို့ ကောင်းပါတယ်။

လင်းဟန်က ဂရုမစိုက်ပဲ မနေပုံ့ပါဘူး။ ထန် ထန် ထန် ထန်။ ဓားရှည်က လျှင်မြန်စွာနဲ့ လှုပ်ရှားသွားပြီး ကောင်းကင်ကို ဖြတ်ပြီးတော့ ဓားချီတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ပြီးတော့ လေးရာသီ ဓါးသိုင်းနည်းစနစ်ကလည်း သူရဲ့ စိတ်ဆန္ဒအတိုက်း ချောမွေ့ပြီးတော့ ခရမ်းရောင် ဂျတ်စုံဂျတ်ထားတဲ့ လူငယ်နဲ့အတူ သူရဲ့တိုက်ပွဲ

အစွမ်းကလည်း ပြင်းထန်လို့ လာပါတယ်။

Chapter 330 end

အပိုင်း(၃၃၁) အဆင့်တက်ဖို့ ပြင်ဆင်ခြင်း

လင်းဟန်က အရမ်းကို ထူးဆန်းပါတယ်။ ဒါပေမဲ့ တကယ်တော့ နွေဦးစမ်းရေ အလွှာ ၉ အဆင့်က သိပ်တော့ အဆိုးကြီး မဟုတ်ပါဘူး။ သူရဲ့တိုက်ပွဲ အစွမ်းက စိတ်ဝိညာဉ် ပင်လယ်အဆင့်နှင့် ကြယ်ကိုးလုံး ပြိုင်ဘက်ကို ယှဉ်ပြိုင်တိုက်ခိုက် နိုင်စွမ်းရှိပါတယ်။ ဒါပေမဲ့လည်း ခရမ်းရောင် ဂုတ်စုံနှင့် လူငယ်လို ကြယ်ဆယ်လုံး အဆင့်ရှိ လူတစ်ယောက်နဲ့ ယှဉ်ပြိုင်တဲ့ အခါမှာ လင်းဟန်က အဆင့်တစ်ဆင့် နိမ့်ပြီးအားနည်းနေပါသေးတယ်။

သိုင်းကွက် အနည်းငယ် အတွင်းမှာ သူကအောက်စီးကို ကျရောက်သွားပြီး ခုခံကာကွယ်ရုံပဲ တတ်နိုင်ပါတော့သည်။

သို့သော်လည်း အောင်းကျန့်ချန်နဲ့ ခရမ်းရောင်ဂုတ် လူငယ်ကို အံ့ဩသွားစေခဲ့ပါသည်။

ဘယ်အချိန်တုန်းကများ နွေဦးစမ်းရေအလွှာ ပထမအဆင့်က ဒီလောက်တောင် အံ့အားသင့်စရာ ကောင်းသွားတာလဲ။

အောင်းကျန့်ချန်ရဲ့ မျက်လုံးတွေထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက လောင်ကျွမ်းလို့ နေပါတယ်။ တကယ်လို့ ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က စိတ်ဂိုဉာဉ် ပင်လယ်အဆင့် အလွှာ ၉ ကို ရောက်လာခဲ့လျှင် သူက လင်းဟန်ကို ချက်ချင်းဆိုသလို သတ်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်တော့ဘူးလေ။ မဟုတ်ဘူး။ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်ကို လျင်မြန်စွာနဲ့ အဆုံးသတ်ပေးရမယ်။

သူက ပါရမီရှင်တွေနဲ့ တိုက်ခိုက်ရတာကို ကြိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါရမီရှင်တွေကို နင်းချေပစ်ရသည့် ခံစားချက်က သူ့အတွက် အရမ်းကို ကျေနပ်ပျော်ရွှင်စေလို့ပဲ ဖြစ်ပါတယ်။ ကျိန်းသေပေါက်တော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက တစ်ခါမှ မရှုံးနိုင်ခဲ့လို့လည်း ဖြစ်ပါတယ်။

ခရမ်းရောင် ဂဝတ်စုံနဲ့ လူငယ်က ထပ်ခါထပ်ခါ ဟစ်အော်လိုက်သည်။ အစောပိုင်းတုန်းကထက် ကြောက်စရာကောင်းတဲ့ တိုက်ခိုက်မှုတွေနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ တိုက်ပွဲအစွမ်းက သူ့ထက် ကြယ်တစ်လုံးပဲ နိမ့်ကျတာ ဖြစ်တဲ့အတွက် ခွန်အားလေး နည်းနည်းသာရှုံနဲ့ လင်းဟန်ကို

သူက ဘယ်လိုလုပ်ပြီးတော့ အနိုင်ယူနိုင်မှာလဲ။ ထို့အပြင် လင်းဟန်မှာက ထုတ်မပြရသေးတဲ့ ပုက်ဖဲတွေ အများကြီး ကျန်နေပါသေးတယ်။

အကယ်၍ ဖြစ်နိုင်မည် ဆိုပါက လင်းဟန်က အောင်းကျန့်ချန်ကို သတ်ပစ်ချင် နေခဲ့တာပါ။ သူက အောင်းဖန်ရဲ့ အချစ်ဆုံး သားတစ်ယောက် ဖြစ်ပြီးတော့ သူ့ကိုသာ သတ်လိုက်မယ်ဆိုရင် အောင်းဖန်က အချိန်တစ်ခုလောက်ထိ သောကဝေဒနာကို ခံစားရနေရမှာ အသေအချာပါပဲ။

ဆောင်းလဂိုဏ်းရဲ့ ဒီအဲ့မခန်း ကျင့်ကြံသူက အောင်းကျန့်ချန်နဲ့ အမြဲတမ်းလိုလို အနီးနားမှာ ရှိနေပါတယ်။ လင်းဟန်က ချက်ချင်းပဲ နတ်ဆိုးရှင်သန်ဓားကို ထုတ်ပြီးတော့ ဒီလူကို ဆွဲထုတ်ပစ် ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့အနေနဲ့ သူ့ကိုယ်ပိုင် ခွန်အားအပေါ်မှာ မူတည်ပြီး ယှဉ်ပြိုင်တာ တစ်ခုပဲ လုပ်နိုင်ပါတယ်။

"ငါမင်းကို လျှော့တွက်မိခဲ့တယ်"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ရပ်လိုက်သည်။ ဒါပေမဲ့ သူက တိုက်ပွဲကို ရပ်တန့်လိုက်တာ မဟုတ်ချေ။ သူ့ရဲ့နောက်ကျောဆီက ရေကဲ့သို့ ကြည်လင်တောက်ပနေသော ဓားတစ်လက်ကို ဆွဲထုတ်လိုက်ပါတယ်။ ဓားသွားပေါ်တွင် မျဉ်းကြောင်းပုံစံ လိုင်းကြောင်း စုစုပေါင်း ကိုးခုရှိပြီး ၎င်းက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

"အသက်ဝင်စမ်း"

သူက ပေါ့ပေါ့ပါးပါးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဓားသွားပေါ်က မျဉ်းကြောင်းတွေက တစ်ခုပြီးတစ်ခု အသက်ဝင်လာခဲ့ပြီး တောက်ပလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ရှစ်ခုပဲ တောက်ပလာပြီးတော့ ကိုးခုမြောက် လိုင်းကြောင်းကတော့ အလုပ်မလုပ်ပါဘူး။

"ငါ့ရဲ့ ဓားရှည်ကို အသုံးပြုအောင်လို့ လုပ်နိုင်တဲ့အတွက် မင်းသေသွားတဲ့ အခါကျရင်တောင်မှ မင်းကိုယ်မင်း ဂုဏ်ယူလို့ ရပြီ"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က စိတ်ကြီးဝင်နေတဲ့ အပြုံးနဲ့ အရှေ့ကို ခုန်ပြီးတော့ သူ့ရဲ့ဓားနဲ့ လင်းဟန်ကို

ခုတ်ပိုင်းလိုက်သည်။ စိတ်ဂိညာဉ် ပစ္စည်းက လေထုကို ထိုးခွဲသွားပြီး ဓားအလင်း လေးခုက အတူတကွနဲ့ လင်းဟန်ဆီကို ပြေးဝင်လာခဲ့တဲ့ မြင်ကွင်းက အရမ်းကို ထိတ်လန့်ဖွယ် ကောင်းလွန်းလှပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပြီး စကားတစ်ခွန်းမှ မဆိုပဲနဲ့ အနောက်ကို ချာခနဲလှည့်ပြီး ထွက်ပြေးသွားပါသည်။

အကယ်၍ သူက ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်ကို အနိုင်ယူဖို့ဆိုရင် နတ်ဆိုးရှင်သန်ဓားနဲ့ လျို့ဝှက်ဆန်းကြယ်မှု သုံးထောင် သိုင်းဟန်ကို အသုံးပြုရပါမယ်။ သို့ပေမဲ့လည်း နတ်ဆိုးရှင်သန်ဓားကို တစ်ကြိမ် အသုံးပြုလိုက်တာနဲ့ ချီရဲ့တုံ့ပြန်လွယ်မှုအောက်မှာ အောင်းကျန့်ချန်ရဲ့ နတ်ဘုရားအာရုံအပေါ် သေချာပေါက် သတိပြုမိ သွားပါမည်။

ဒီလိုဖြစ်လို့ ဘယ်ဖြစ်မလဲ။

သူသာ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ရောက်တဲ့အခါ သူရဲ့ခွန်အားက အံ့သြရလောက်အောင် ပေါ်ထွက်လာပါလိမ့်မည်။ ဒီနေရာမှာ ဘာကြောင့် သူသေကိုယ်သေ တိုက်ခိုက်ဖို့ လိုနေဦးမှာလဲ။

"မင်းက ထွက်ပြေးချင်တယ်ပေါ့"

ခရမ်းရောင် ဂုတ်စုံနဲ့ လူငယ်က သရော်လိုက်ပြီးတော့ အလျင်အမြန်ပဲ အနောက်ကနေ ပြေးလိုက်သွားပါတယ်။

အောင်းကျန့်ချန်ကလည်း သူရဲ့ လှုပ်ရှားမှု နည်းစနစ်ကို ဖော်ထုတ်ပြီး အနောက်ကနေ ထပ်လိုက်သွား ပါတယ်။ လင်းဟန်က အရမ်းကို ထူးဆန်းနေသည်။ အကယ်၍များ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်ကို မြန်မြန်မသတ်ပစ်နိုင်ရင် သူ့အနေနဲ့ ကောင်းကောင်းအိပ် ကောင်းကောင်းစား နိုင်လိမ့်မည် မဟုတ်ချေ။

သို့သော်လည်း အရိပ်လေလှုပ်ရှားမှု နည်းစနစ်ကို အသက်သွင်းပြီး အသုံးပြုတဲ့ လင်းဟန်ကို ဘယ်သူကများ ဖမ်းဆီးနိုင်ပါအံ့။

ဟူးညိုကတော့ ခြွင်းချက်ပေါ့။ ဒါပေမဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူတွေ အတွက်က အရမ်းကို အစွမ်းထက်မြက်တဲ့ လှုပ်ရှားမှု နည်းစနစ်တစ်ခု ရှိလျှင်ရှိ ဒါမှမဟုတ် လှုပ်ရှားမှုနဲ့ သက်ဆိုင်သော သွေးမျိုးဆက် စွမ်းရည်တွေ ရှိရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုလျှင်

သူတို့က အရိပ်လေ လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုတဲ့ လင်းဟန်ကို ဖမ်းချင်တယ်လို့ ပြောဆိုနေမယ် ဆိုရင်တော့ အိပ်မက်ထဲပဲ မက်လို့ရပါလိမ့်မယ်။

သို့ပေမဲ့လည်း မိနစ်အနည်းငယ် ပြေးလွှားပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက် အကြားက အကွာအဝေးက တော်တော်များများ ပြတ်ကျန်ခဲ့ပါပြီ။ အောင်းကျန့်ချန်က ခရမ်းရောင် ဂဝတ်စုံနဲ့ လူငယ်ကို ကျော်တက်လာခဲ့သော်လည်း သူတို့နဲ့ လင်းဟန်ကြားက အကွာအဝေးက အရမ်းကို ကွာဟနေဆဲပါပဲ။

မိနစ်အနည်းငယ်မျှ အနောက်ကနေ ထပ်လိုက်လို့ ကြာပြီးတဲ့ နောက်မှာတော့ အောင်းကျန့်ချန်က စိတ်ပျက်လက်ပျက်နဲ့ ရပ်တန့်လိုက်ပါတယ်။ လင်းဟန်ကတော့ သူရဲ့ မြင်ကွင်းကနေ ပျောက်ကွယ် သွားခဲ့ပါပြီ။

သူ့အနေနဲ့ မကျေမချမ်းနဲ့ ဒေါသတွေ ထွက်နေပါတယ်။ အကယ်၍များ သူကိုယ်တိုင်သာ အစောပိုင်းက လှုပ်ရှားခဲ့မယ်ဆိုရင် လင်းဟန်အနေနဲ့ လွတ်မြောက်ဖို့ အခွင့်အလမ်း ရှိလိမ့်မည် မဟုတ်ချေ။ သို့သော်လည်း ဘယ်သူကများ နွေဦးစမ်းရေ အလွှာ ပထမ အဆင့်နဲ့ လူတစ်ယောက်က သဘာဂကို ဆန့်ကျင်တဲ့

တိုက်ပွဲအစွမ်းတွေတင်မက တခြားသူတွေတောင် မမီနိုင်တဲ့ အမြန်နှုန်းလည်း ရှိနေလိမ့်မည်ဆိုတာကို သိနိုင်မှာလဲ။

အောင်းကျန့်ဖန်က ဟူးညို့ရဲ့ အမြန်နှုန်းကို မြင်တွေ့ဖူးချင်း မရှိပါဘူး။ အကယ်၍များ သူသာ ဟူးညို့ရဲ့ အမြန်နှုန်းကို မြင်တွေ့ခဲ့မယ် ဆိုရင်တော့ သူ့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာက သေချာပေါက် ပျက်ပြားသွားနိုင်ပေလိမ့်မည်။

“စီနီယာ အစ်ကိုကြီး ကျန့်ချန်… မင်းသူ့ကို သတ်”

ခရမ်းရောင် ဂဝတ်စုံနဲ့ လူငယ်က အနားကို ရောက်လာခဲ့ပါပြီ။ အောင်းကျန့်ချန်က လင်းဟာန်ကို သတ်ပစ်လိုက်ပြီလို့ သူကတွေးထင်ထားပြီး မေးလိုက်တာ ဖြစ်ပေသည်။ ဒါပေမဲ့ သူစကားစရုံ အချိန်မှာပဲ တစ်စုံတစ်ခုကို နားလည်သွားပြီး အောင်းကျန့်ချန်ရဲ့ အမူအရာကလည်း အတော်လေးကို မြင်မကောင်း ရှုမကောင်းအောင် အရုပ်ဆိုး အကျည်းတန်နေသည်ကို တွေ့မြင်လိုက်ရပေသည်။

“ဟင့်”

အောင်းကျန့်ချန်ရဲ့ အမူအရာက သတ်ချင်ဖြတ်ချင်စိတ်တွေ ပြည့်နှက်လို့နေသည်။ နောက်တစ်ကြိမ် လင်းဟာန်နဲ့

တွေ့ခဲ့မည် ဆိုပါက သေချာပေါက် သတ်ပစ်ရလိမ့်မည်လို့ စိတ်ထဲကနေ ကျိန်ဆိုလိုက်သည်။

အချိန်တော်တော်ကြာ ပြေးပြီးတဲ့ နောက်မှာတော့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို လျပ်ပြက်သလို ဝင်သွားပါတယ်။

အခုတော့ အဆင့်တက်ဖို့ အချိန်ကျရောက်လို့ လာပါပြီ။

စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို သူခြေချမိလိုက်သည်နှင့် မြောက်ဘက်အစွန်းအဖျား ကုန်းမြေကို ဖြတ်ပြီးတော့ ဖယ်ရှားပစ်နိုင်ပေမည်။ ဒါကြောင့်လည်း အကယ်၍များ စိတ်ဝိညာဉ် ပင်လယ် အလွှာ ၉ အဆင့်မှာ ရှိနေတဲ့ လူဆိုရင်ရော ဘာများတတ်နိုင်မှာလဲ။ နတ်ဆိုးရှင်သန်စားကိုတောင် အသုံးမပြုဘဲနဲ့ သူတို့တွေကို ဖျက်ဆီးပစ်နိုင်ပေလိမ့်မည်။

မျက်လုံးကိုးခု ပံပုလွေက အသက်ရှင်နေဆဲပါ။ ဒါပေမဲ့ ၎င်းက ပြင်းပြင်းထန်ထန် ဒဏ်ရာရထားပြီး နီးထလာတာနဲ့ ချက်ချင်းဆိုသလို သွားတွေကို ဖြဲပြီးတော့ ဒေါသတကြီးနဲ့ ၎င်းရဲ့ ရက်စက် ကြမ်းကြုတ်တဲ့ သဘာဝကို ထုတ်ဖော်ပြီးတော့ မာန်ဖီပြနေသည်။

"နောက်ထပ် ဆိုးချင်သေးတာလား"

လင်းဟန်က လက်ဝါးတစ်ချက်နဲ့ အားကုန်ရိုက်ပစ်လိုက်ပြီး ချက်ချင်းဆိုသလို မျက်လုံးကိုးခု ဂံပုလွေကို သေလုမတတ် အံ့အားသင့်စေခဲ့သည်။ လင်းဟန်က သူ့ရဲ့လက်ကို ပွေ့လိုက်ပြီးတော့ မျက်လုံးကိုးခု ဂံပုလွေရဲ့ သွေးတွေကို ဆွဲထုတ်ယူလိုက်သည်။

သွေးစက်တွေက မာကျူရီအရည်တွေ ဖွဲ့စည်းသလိုမျိုး ဘောလုံးတစ်လုံး အဖြစ်ကို ဖွဲ့စည်းလာသည်။

ဒီအရာက မျက်လုံးကိုးခု ဂံပုလွေရဲ့ သွေးအဆီအနှစ် ဖြစ်ပေသည်။ ပြီးတော့ ဘုရင်တစ်ပါးရဲ့ အမှတ်လက္ခဏာလည်း ပါရှိပြီး သွေးစက်အနည်းငယ်ပဲ ပါရှိသည်။ ပမာဏ နည်းပါးသည့် အတွက်တော့ စိတ်မပျက်သင့်ပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်သွားတဲ့ အခါမှာ ထိုလူရဲ့ သွေးတစ်စက်က ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကိုတောင်မှ သတ်ပစ်နိုင်သည်။

လင်းဟန်က သွေးအဆီအနှစ်ကို စုပ်ယူပြီးတော့ သူ့ရဲ့

ခန္ဓာကိုယ်ကို အားဖြည့်ဆည်း လိုက်သည်။

သွေးတွေက မြန်ဆန်တဲ့ နှုန်းနဲ့ ခြောက်ကပ်သွားခဲ့ပြီး သူရဲ့ အရေပြားပေါ်မှာ အနာဖေး တစ်ခုပုံစံ ပြောင်းသွားခဲ့သည်။ ၎င်းရဲ့ အရောင်က အရမ်းကို တောက်ပပြီးတော့ အတွင်းမှာရှိတဲ့ အဆီအနှစ်တွေ အားလုံးက စုပ်ယူခံလိုက်ရသလိုမျိုး ဖြစ်သွားခဲ့သည်။

လင်းဟန်က သူရဲ့ခန္ဓာကိုယ်ကြီး ပေါက်ထွက်တော့မဲ့အတိုင်း ခံစားလိုက်ရသည်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် သားရဲဘုရင်တစ်ဆူရဲ့ သွေးအဆီအနှစ်ကို စုပ်ယူလိုက်တာက သူ့အတွက်တော့ အကြီးအကျယ် အကျိုးအမြတ် ရသွားခဲ့သည်။

သို့ပေမဲ့လည်း မလုံလောက်သေးပါဘူး။

လင်းဟန်က သူရဲ့လက်ကို နောက်တစ်ကြိမ် ဝှေ့လိုက်ပါသည်။ မျက်လုံးကိုးခု ဂံပုလွေ သားရဲက ချက်ချင်းဆိုသလို အပိုင်းပိုင်းပြတ်သွားပြီး အရိုးတွေက လေထဲမှာကွဲထွက်ပြီး လွင့်မျောလို့ နေသည်။ အရိုးကနေ အဖြူရောင် ရိုးတွင်းခြင်ဆီတစ်စက်က ချက်ချင်းဆိုသလို ထွက်လာခဲ့သည်။

သွေးနဲ့ ရိုးတွင်းခြင်ဆီတွေက မျက်လုံးကိုးခု ဂံပုလွေသားရဲ၏ စစ်မှန်တဲ့ အဆီအနှစ်တွေပဲ ဖြစ်ပါတယ်။

ပုံမှန်အားဖြင့်တော့ အရိုးတွေကို အဆက်မပြတ် ပွက်ပွက်ဆူအောင် လုပ်ဖို့လိုအပ်ပြီး အနည်းဆုံး တစ်ရက်နဲ့ တစ်ညတိတိ မီးအေးအေးနဲ့ နပ်ထားပြီးမှ ရိုးတွင်းခြင်ဆီ စွပ်ပြုတ် ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ ဒီအသေးအဖွဲ့လေးက ပြဿနာ မဟုတ်ပါဘူး။ လင်းဟန်က သူရဲ့လက်ကို မြှောက်လိုက်ရုံနဲ့ပဲ လုပ်ဆောင်နိုင်ပါတယ်။

လင်းဟန်က သူရဲ့ပါးစပ်ကို ဟလိုက်တာနဲ့ ရိုးတွင်းခြင်ဆီ အဆီအနှစ်တွေက ပါးစပ်ထဲကို ပြေးဝင်လာပြီးတော့ မျိုချပစ်လိုက်ပါတယ်။

ဒြပ်စင်ငါးခု ကြာပန်းက ဖြည်းဖြည်းလေး တုန်ခါသွားပြီး မူလစွမ်းအင်တွေက တစ်ဟုန်ထိုး အထဲမှာ စီးဆင်းလာခဲ့သလိုမျိုး ရိုးတွင်းခြင်ဆီရဲ့ အနှစ်သာရတွေကို သူ့ခန္ဓာကိုယ်ရဲ့ ထောင့်တိုင်းကို ပို့ပေးပြီး သူရဲ့ကြွက်သားနဲ့ အရိုးတွေကို သန်မာအားကောင်း လာစေခဲ့ပါတယ်။

"စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီးလာစမ်း"

လင်းဟန်က သူရဲ့လက်ကို ဖွေ့ယမ်းလိုက်တာနဲ့ မြေကြီးပေါ်ကနေ စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီးကို ဆွဲနှုန်ယူလိုက်ပြီး သူရဲ့အရှေ့မှာ နေရာတကျ စီထားလိုက်ပါတယ်။

သူက စိတ်ဂိညာဉ် ဆေးပင် တချို့ကို ရွေးချယ်လိုက်ပါတယ်။ ဒီဆေးပင်တွေက ဆောင်းလဂိုဏ်းရဲ့ ဆေးဥယျာဉ်နဲ့ နတ်ဆိုးကောင်းကင် လျို့ပှက်နယ်မြေကနေ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ မူလစွမ်းအင်တွေကို သိပ်သည်းကျစ်လစ်စေမဲ့ ဆေးပင်တွေကို ခူးယူလာခဲ့တဲ့ အပင်တွေပဲ ဖြစ်ပါတယ်။ လင်းဟန်က သူရဲ့ညာဘက်လက်နဲ့ ဆေးပင်တွေကို အရည်ဖြစ်အောင် လုပ်ပြီးတော့ ဆေးအနှစ်တွေကို ဆွဲထုတ်ယူလိုက်ပါတယ်။ ပြီးတော့ ဂေလင်ါးကြီး တစ်ကောင်လိုမျိုး ပါးစပ်ကို ဟပြီးတော့ မျိုချပစ်ပါတယ်။

သူရဲ့ တစ်ကိုယ်လုံးက ဆေးကျိုအိုးတစ်လုံးလိုမျိုးနဲ့ တူသွားအောင်လို့ ပြောင်းလဲသွားပါတယ်။ သူရဲ့ ခန္ဓာကိုယ်အထဲမှာ စိတ်ဂိညာဉ် ဆေးပင်အမျိုးအစား တော်တော်များများနဲ့ မျက်လုံးကိုးခု ဂံပုလွေရဲ့ သွေးနဲ့

ရိုးတွင်းခြင်ဆီတွေ ရှိနေပါတယ်။ သူရဲ့ ခန္ဓာကိုယ်က ဆေးကျိုအိုးလိုမျိုး ဒီအနှစ်သာရတွေကို မွမ်းမံသန့်စင်ပြီးတော့ သူရဲ့ခန္ဓာကိုယ်ကို အာဟာရ ဖြည့်ဆည်းပေး နေပါတယ်။

လင်းဟန်က မကြာခင်မှာ သူတစ်ကိုယ်လုံး ပေါက်ကွဲထွက်တော့မယ်လို့ ခံစားနေရပါတယ်။

“ဒါမလုံလောက်သေးဘူး။ ဒီပမာဏက အကန့်အသတ်ကို မရောက်သေးဘူး”

လင်းဟန်က သူ့ကိုယ်သူ တွေးလိုက်ပါတယ်။ သူက ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်ရဲ့ အကန့်အသတ်ကို ရောက်ပြီးတော့ အဆင့်တက်ပြီး သူရဲ့ အခြေခံကို သိပ်သည်းကျစ်လစ်ပြီး ခိုင်မာတဲ့ ပမာဏ တစ်ခု ဖြစ်လာပါလိမ့်မယ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲမှာ စွမ်းအင်လှိုင်းတွေက တစ်ခုပြီးတစ်ခု ပေါက်ကွဲထွက်နေပါတယ်။ သူရဲ့ အရေပြားတွေက ကွဲအက်လာပြီးတော့ သွေးစီးကြောင်းတွေ ထွက်လာပါတယ်။ ဒါပေမဲ့ သူရဲ့ မျက်လုံးတွေကတော့ တောက်ပနေဆဲပါပဲ။

သူရဲ့ အရေပြားက ဆက်ပြီးတော့ အက်ကွဲနေဆဲဖြစ်ပါတယ်။ ကျောက်သားနံ့ရဲ ခန္ဓာကိုယ်တောင် သူရဲ့ ခန္ဓာကိုယ်ထဲက စွမ်းအင်လှိုင်းတွေရဲ့ ပြင်းပြင်းထန်ထန် ပေါက်ကွဲနေမှုကို ကြံ့ကြံ့မခံနိုင်ပါဘူး။

အဲဒီအချိန်မှာ…………။

Chapter 331 end

အပိုင်း (၃၃၂) စိတ်ဂိညာဉ် ပင်လယ်နှစ်ခု

"ဟုမ်း"

လင်းဟန်ရဲ့ ခန္ဓာကိုယ် အတွင်းပိုင်းမှာ မြေငလျင်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သူရဲ့ကြွက်သားတွေ အရိုးတွေနဲ့ သွေးကြောတွေက ပိုပိုပြီးတော့ သန်မာအားကောင်းလာပြီး ကျောက်သားနံ့ရဲ ခန္ဓာကိုယ်ရဲ့ အကန့်အသတ်ကို ချိုးဖျက်သွားပြီးတော့ နောက်ထပ် အဆင့်တစ်ခုဆီကို သယ်ဆောင်သွားပါတယ်။ ဒါက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ရဲ့ အထောက်အကူပြုမှုကြောင့် မဟုတ်ပါဘူး။

ဒါပေမဲ့ သူ့ရဲ့ကိုယ်ပိုင် ခန္ဓာကိုယ်က သူ့ကို အတင်းဖိအားပေးပြီးတော့ အဆင့်တက်သွားခဲ့တာပါ။

ဒီလိုမျိုး ကြီးကြီးမားမား ပြောင်းလဲခြင်းက သူရဲ့ ခန္ဓာကိုယ်တစ်ခုတည်းမဟုတ်ပါဘူး။ သူရဲ့ ဒန်တန်အထဲမှာပါ ပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။

သူက အမှုန်ကိုးခုကို ပေါင်းစပ်ထားတာ ကြာပါပြီ။ ပြီးတော့ စမ်းရေမျက်လုံးကိုးခုကို တစ်ခုတည်း အဖြစ်ကို ပြောင်းလဲခဲ့ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်တက်ရောက်ဖို့ အရေးအကြီးဆုံး ခြေလှမ်းလည်း ဖြစ်ပါတယ်။ သူရဲ့ စမ်းရေမျက်လုံးက အံ့သြစရာ ကောင်းလောက်အောင် ကြီးမားကျယ်ပြန့်ပါတယ်။ အရမ်းကိုကြီးမားတဲ့ ရေကန်ကြီး တစ်ခုလိုမျိုးနဲ့ တူပါတယ်။ ပြီးတော့ အခုဆိုရင် အဲဒီထိပ်တန်းစမ်းရေမျက်လုံးက ဆူနာမီလှိုင်းလုံးကြီးရဲ့ အရှိန်နှုန်းနဲ့ ကြီးမားကျယ်ပြန့်လာခဲ့ပါတယ်။

ပင်လယ်တစ်ခု ဖြစ်ပေါ်လာခြင်း။

ဟုမ်း ပုန်းပုန်း။ စမ်းရေမျက်လုံးကနေ အံ့အားသင့်စရာကောင်းတဲ့ မူလစွမ်းအင် ပမာဏတစ်ခုက

ဆည်တာတမံ ကျိုးပေါက်သလိုမျိုး ပေါက်ကွဲထွက်လာခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က သူရဲ့ နတ်ဘုရားအာရုံကို နှိုင်းယှဉ်ကြည့်ဖို့အတွက် လူသားတစ်ယောက်အဖြစ်ကို ပြောင်းလဲလိုက်မယ် ဆိုရင် စမ်းရေမျက်လုံးက အရမ်းကို ကြီးမားကျယ်ပြန့်တဲ့ ရေပြင်ကြီး တစ်ခုအဖြစ် ဖြစ်လာပြီးတော့ မျက်လုံးနဲ့တောင် အဆုံးကို မမြင်နိုင်တဲ့အထိ ကျယ်ပြန့်နေတာကို တွေ့မြင်ရပါလိမ့်မယ်။

လပြွတ်။

ဒါက သူ့ရဲ့ယခင်ဘဝတုန်းက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိတဲ့အချိန်တုန်းက စိတ်ဝိညာဉ် ပင်လယ်နဲ့တောင် ယှဉ်ပြိုင်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့ သူကအခုမှ အဆင့်တက်တာဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်ကလည်း အရမ်းကို လျင်မြန်တဲ့ အရှိန်နှုန်းနဲ့ ဆက်ပြီးတော့ ကြီးမားကျယ်ပြန့်နေဆဲ ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့် ပထမအလွှာရဲ့ အစောပိုင်း အဆင့်ထက် အဝေးကြီးကို ရောက်သွားခဲ့ပါပြီ။

တကယ်ပဲ အလွန်အံ့အားသင့်ဖွယ် ကောင်းလွန်းပါတယ်။

ဒီလုပ်ငန်းစဉ်က လင်းဟန်အတွက်

ဆက်တိုက်ထုရိုက်နှက်ခံရတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ ပင်လယ်လှိုင်းလုံးတွေက တစ်လုံးပြီးတစ်လုံး ရိုက်ခတ်နေပြီးတော့ စိတ်ဂိညာဉ် စမ်းရေက ပင်လယ်တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီးတော့ အကန့်အသတ်မဲ့စွာနဲ့ ထူးထူးခြားခြား ကြီးမားလာခဲ့ပါတယ်။

သုံးနာရီ ကြာပြီးတဲ့နောက်မှာ စိတ်ဂိညာဉ်ပင်လယ်ရဲ့ ကျယ်ပြန့်ခြင်းက နောက်ဆုံးမှာတော့ ရပ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူ့အနေနဲ့ အဆင်ပြေ ချောမွေ့စွာနဲ့ အဆင့်တက်သွားပြီလို့ တွေးမိရုံပဲ ရှိပါသေးတယ်။ လှိုင်းလုံးတစ်ခုက ရုတ်တရက် မြင့်တက်လာပြီး စိတ်ဂိညာဉ် ပင်လယ်က နောက်တစ်ကြိမ် ပြောင်းလဲလာပြီး စတင်ကွဲအက် လာခဲ့ပါတယ်။

“လဖြွတ်ပဲ။ ဒါက ဘယ်လို အခြေအနေမျိုးလဲ”

နွှေဦးစမ်းရေ အဆင့်မှာ သူက ကြီးမားတဲ့ စမ်းရေမျက်လုံး တစ်ခုပဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ တခြားသူတွေက ကိုးခုရှိကြပါတယ်။ အခု တခြားသူတွေက စမ်းရေကိုးခုကို တစ်ခုအဖြစ် ပေါင်းစည်းကြပြီး စိတ်ဂိညာဉ် ပင်လယ်တစ်ခု အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူကတော့ ဆန့်ကျင်ဘက်အနေနဲ့ စိတ်ဂိညာဉ် ပင်လယ်ကိုးခုကို

ပိုင်ဆိုင်နိုင်မလား။

ကံကောင်းတာက သူ့ရဲ့ စိတ်ဂိညာဉ် ပင်လယ်က နှစ်ခုအဖြစ်ပဲ ကွဲသွားပြီးတော့ နောက်ထပ်ဆက်ပြီး မကွဲတော့ပါဘူး။

စိတ်ဂိညာဉ် ပင်လယ်နှစ်ခု။

မိုးကောင်းကင်နဲ့ မြေကြီးလိုမျိုး တစ်ခုက အပေါ်မှာရှိပြီး နောက်တစ်ခုကတော့ အောက်ခြေမှာပါ။ ဒါ့အပြင် စိတ်ဂိညာဉ် ပင်လယ်တစ်ခုက နာရီလက်တံအတိုင်း လှည့်ပတ်နေပြီး တခြားတစ်ခုက နာရီလက်တံပြောင်းပြန်အတိုင်း လည်ပတ်နေပါတယ်။ ၎င်းတို့ရဲ့ ပုံစံက ယင်နဲ့ယန်တို့ရဲ့ စက်ဝိုင်းခြမ်း ပုံစံထဲကလိုမျိုး သဘောတရားနဲ့ ဆင်တူပါတယ်။

လင်းဟာန်က ရှုးသွပ်သွားပါတယ်။ ဒီဘဂမှာဆိုရင် ဒြပ်စင်စုစည်းခြင်း အဆင့်ကို ကျော်ဖြတ်ပြီးတဲ့ အချိန်ကစပြီးတော့ အရာအားလုံးက မတူညီတော့ပါဘူး။

တခြားသူတွေမှာ မူလအမှုန်က တစ်ခုပဲ ရှိပြီး သူကတော့ သေးငယ်တဲ့ မူလအမှုန် ငါးခုကို ပေါင်းစည်းခဲ့ပါတယ်။

တခြားသူတွေက စမ်းရေမျက်လုံး ကိုးခုရှိတဲ့အချိန်မှာ သူမှာက တစ်ခုပဲ ရှိပါတယ်။ တခြားသူတွေက စိတ်ဝိညာဉ် ပင်လယ်တစ်ခု ရှိတဲ့အခါ သူမှာတော့ နှစ်ခုတောင် ရှိပါတယ်။

တကယ့်ကို ပေါက်တတ်ကရပါပဲ။

ဒါပေမဲ့လည်း သူဒြပ်စင်စုစည်းခြင်း အလွှာ ၉ အဆင့်မှာ ရှိတဲ့အချိန်တုန်းကတည်းက တကယ့်ပြောင်းလဲမှုက ဖြစ်ပေါ်ခဲ့တာပါ။ သူက မူလဒြပ်စင်အမှုန် ကိုးခုကို ပေါင်းစည်းပြီးတော့ မူလပြောင်းလဲမှု တစ်ခုအဖြစ် ယခုဆိုရင် ထွက်ပေါ်လာခဲ့ပါတယ်။ တကယ်တော့ လူတစ်ယောက်မှာ ဒြပ်စင်နှစ်ခု စိတ်ဝိညာဉ် အခြေခံရှိနေသရွေ့ မူလဒြပ်စင်အမှုန် တစ်ခုပဲရှိရင် အားလုံးပြီးသွားနိုင်ပါတယ်။

ဒြပ်စင်အမှုန်ကိုးခုကို တစ်ခုအဖြစ် ပေါင်းစည်းခဲ့တယ်။ အနည်းဆုံး လင်းဟန်ရဲ့ ဘဝနှစ်ခု အတွေ့အကြုံတွေအရ ဒီလိုမျိုး အဖြစ်က လုံးဝကို မကြုံဖူးဘူးဆိုတာ သေချာသလောက်ပါပဲ။ ဒီကမ္ဘာထဲမှာ နောက်တစ်မျိုး ထွက်ပေါ်လာသလိုမျိုးပါပဲ။ ဒါကြောင့် သူရဲ့ ကျင့်ကြံခြင်း လမ်းကြောင်းက သူ့ကို အံ့သြစရာတွေ အများကြီးကို သယ်ယူလာခဲ့ပါတယ်။

သိပ်မကြာခင်မှာ စိတ်ဂိညာဉ် ပင်လယ်နှစ်ခု ကျယ်ပြန့်ခြင်းက ပြီးဆုံးသွားခဲ့ပြီး လုံးဝကို တည်မြဲသွားခဲ့ပါတယ်။ ဆိုလိုတာက သူက စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ဖြတ်သန်းခဲ့ပြီလို့ ပြောတာပါပဲ။

လင်းဟန်က အံ့အားသင့် နေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူရဲ့ ယခုစိတ်ဂိညာဉ် ပင်လယ်က သူ့ယခင်ဘဝတုန်းက စိတ်ဂိညာဉ် ပင်လယ်ထက် ဆယ်ဆလောက် ကြီးမားပါတယ်။

အတွေးတစ်ချက်နဲ့ စိတ်ဂိညာဉ် ပင်လယ်က မှုလစွမ်းအင်တွေက လှိုင်းလုံးကြီးတစ်ခုကို လှဲထုတ်ပစ်လိုက်သလိုမျိုး ပြင်းပြင်းထန်ထန်နဲ့ တဟုန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။

သူက သာမန်လက်သီး တစ်လုံးကို ပစ်ထည့်လိုက်ပြီး အတွင်းက စွမ်းအင်တွေကို အာရုံခံ လိုက်ပါတယ်။ သူရဲ့စွမ်းအင်က အခုဆိုရင် စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၇ က ပြိုင်ဘက် တစ်ယောက်ကို ယှဉ်ပြိုင်နိုင်ပါပြီ။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ခြေချကာစပဲ ရှိပါသေးတယ်။

သူရဲ့ အစွမ်းက စိတ်ဂိညာဉ် ပင်လယ် နောက်ပိုင်းအဆင့် စစ်သည်တော်တွေကို ယှဉ်ပြိုင်နိုင်နေပါပြီ။ ဒါကြောင့် သူသာ စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်က လူတွေနဲ့ တိုက်ခိုက်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိလိမ့်မလား။

သူရဲ့ ကိုယ်ပိုင်စွမ်းအားပေါ်မှာပဲ မှီခိုပြီးတော့ နတ်ဆိုးရှင်သန်စားရဲ့ အထောက်အပံ့ကို မယူပါဘူး။

ဒါက အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။ သိုင်းပညာမှာ အဆင့်မြင့်ပြီး ခြေလှမ်းတိုင်းက ကြီးမားတယ်လို့ ထင်ရပေမဲ့လည်း သူရဲ့အခြေခံက အရမ်းကို သိပ်သည်းကျစ်လျစ်ပြီး တည်တံ့ခိုင်မြဲပါတယ်။ ဒါက သူ့ကိုထူးကဲတဲ့ တိုက်ပွဲစွမ်းရည်တွေကို ပိုင်ဆိုင်စေပါတယ်။

"ဒီတစ်ခါတော့ အောင်းကျန့်ဖန်ကို ထပ်ပြီးတော့ တိုက်ခိုက်နိုင်ပြီ။ ငါသူ့ကို ကောင်းကောင်းကြီး ရိုက်နှက်ပစ်ပြီးတော့ သူ့ရဲ့ ဘိုးဘေးတွေကိုပါ အော်ဟစ်အကူညီတောင်းအောင် ဆော်ပစ်လိုက်ဦးမယ်"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။

"ဒါပေမဲ့လည်း ငါရဲ့ အစစ်အမှန်ပုံရိပ်ကိုတော့ လူသိသွားတာမျိုး မလိုချင်သေးဘူး။ ဆောင်းလဂိုဏ်းထဲကို ငါထိုးဖောက် ဝင်ရောက်ပြီးတော့ ငါ့အမေအကြောင်းကို ရှာရဦးမယ်။ ဒါကြောင့် ဓားကို အသုံးမပြုတာ အကောင်းဆုံးပဲ"

လက်သီးသိုင်း နည်းစနစ်လား။ လက်ဝါးသိုင်း နည်းစနစ်လား။ ဒါမှမဟုတ် ခြေထောက်သိုင်း နည်းစနစ်လား။

အာ တစ်ခုရပြီ။ ဒါက နလန်တုရဲ့ တိုက်ပွဲဆင်လက်သီးပဲ။ သူတစ်ခါတုန်းက ငါ့ကို ဆေးလုံးဖော်စပ် ပေးဖို့အတွက် ပြောတုန်းက ငါတောင်းဆိုလိုက်တဲ့ လက်သီးသိုင်းပဲ။ ပြောရမယ်ဆိုရင် ဒါက နွေဦးစမ်းရေ အဆင့်ကျင့်ကြံသူတွေတောင်မှ လေ့ကျင့်လို့ မရတဲ့ ထူးခြားတဲ့ အနက်ရောင် အဆင့်မြင့် နည်းစနစ် တစ်ခုပဲ။ နွေဦးစမ်းရေ အဆင့်တွေက ဒီသိုင်းပညာရဲ့ သိုင်းဆန္ဒကို ပေါ်လွင်အောင်ပြဖို့ အရမ်းကို နိမ့်ပါတယ်။

တကယ်လို့ ဒီလက်သီးသိုင်း နည်းစနစ်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်သိုင်းဟန်နဲ့ တူညီမယ်ဆိုရင် အရမ်းကို ကောင်းပါလိမ့်မယ်။

ဒါပေမဲ့လည်း နလန်တုက ဓားကေရာဇ်လိုမျိုး ဒီသိုင်းနည်းစနစ်ကို လွှဲပြောင်းပေးတုန်းက သူရဲ့ မိဘတွေ သေသလိုမျိုး မျက်နှာကြီး ရှုံ့မဲ့နေတာမျိုး မရှိပါဘူး။

“ငွေ့ကို စိတ်ပျက်လက်ပျက် ဖြစ်စေလိမ့်မယ်လို့ မှန်းဆရတာပဲ”

လင်းဟန်က သူရဲ့ အသိဉာဏ်ထဲက တိုက်ပွဲဆင်လက်သီး အကြောင်းကို ပြန်တွေးပြီးတော့ ပြောလိုက်ပါတယ်။

“မျှော်စင်လေး ငါအခု ဒုတိယ အလွှာကို ဖွင့်လို့ ရနိုင်ပြီလား”

မျှော်စင်လေးရဲ့ ပုံရိပ်က လေထဲမှာ မျောလွင့်လာပြီးတော့ စဉ်းစားနေသလိုမျိုး တခဏမျှ ရပ်လိုက်ပြီးတော့ ချက်ချင်းဆိုသလိုပဲ သူရဲ့ခေါင်းကို ခါလိုက်သလိုမျိုး ဘယ်ပြန်ညာပြန် ယိမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“မရသေးဘူး။ မင်းအခု လုံလုံလောက်လောက် မသန်မာသေးဘူး”

"ဟော့ဟော့ဟော့ ငါကအခု စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ရှိနေပြီလေ။ အပေါ်ကို ဆက်ပြီးတော့ ရေတွက်ရမယ်ဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့်၊ ပန်းဖူးအဆင့်၊ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်၊ နတ်အသွင်ပြောင်းလဲခြင်း အဆင့်၊ ကောင်းကင်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ဆိုပြီး စုစုပေါင်း ခြောက်ဆင့်ပဲ ကျန်တော့တယ်လေ။ တကယ်လို့ တစ်ဆင့်စီတိုင်းကို အလွှာတစ်ခုပဲ ဖွင့်နိုင်တာကို ရေတွက်မယ်ဆိုရင် ငါနတ်ဘုရား ဖြစ်လာတဲ့အချိန်ကျရင် အလွှာ ၈ အထိပဲ ဖွင့်နိုင်သေးတယ်လေ။ နတ်ဘုရားအဆင့်မှာလည်း အဆင့်တွေက မတူညီဘူးလို့ ဆိုလိုတာလား"

လင်းဟန်က မေးလိုက်ပါတယ်။

ဒါက အနီးစပ်ဆုံး ရေတွက်ထားတာ ဖြစ်ပါတယ်။ တကယ်လို့ သူက အနက်ရောင် မျှော်စင်ရဲ့ အလွှာတစ်ခုကို ဖွင့်နိုင်ဖို့အတွက် နှစ်ဆင့် သို့မဟုတ် သုံးဆင့်လောက် လိုအပ်မယ်ဆိုရင် နတ်ဘုရားအဆင့်မှာ အဆင့်တွေ ဘယ်လောက်များ ခွဲထားတာလဲ။

မျှော်စင်လေးက တိတ်ဆိတ်နေပါတယ်။ ၎င်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အကန့်အသတ် ရှိပါတယ်။ ၎င်းက

အရမ်းကို ပြင်းပြင်းထန်ထန်နဲ့ ဒဏ်ရာရခဲ့တာက ၎င်းဉာဏ်ရည်ဉာဏ်သွေးကို အကျိုးသက်ရောက် သွားခဲ့တာလား။ ၎င်းသိထားတဲ့ အကျယ်အဝန်း အပြင်ဘက်က မေးခွန်းမျိုးဆိုရင် လုံးဝတုံ့ပြန်နိုင်စွမ်း မရှိပါဘူး။

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ ဒီပုံစံကို ကြည့်ရတာတော့ အနက်ရောင် မျှော်စင်က လုံးဝကို သံသယ ရှိစရာမလိုတဲ့ နတ်ဘုရား နယ်မြေက ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ၎င်းရဲ့ မူလပိုင်ရှင်ဖြစ်သူက သေသွားခဲ့သလို ပစ္စည်းရဲ့ စိတ်ဝိညာဉ်လည်း အမြစ်ဖြတ် သုတ်သင်ခံ လိုက်ရပြီး နောက်တစ်ခုအဖြစ် ပြန်လည်မွေးဖွား လာခဲ့ပုံပါပဲ။ ဒီဖြေရှင်းချက်အရ နတ်ဘုရားတွေတောင်မှ အားနည်းတာနဲ့ သန်မာတာဆိုပြီး ခွဲခြားထားပါတယ်။ သူတို့ကို အဆင့်တွေ ခွဲထားတယ်ဆိုတာ သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

စိတ်ဝင်စားစရာပဲ စိတ်ဝင်စားစရာ အရမ်းကောင်းတယ်။ ဒီလမ်းကြောင်းအတိုင်းသာ တွေးကြည့်လိုက်ရင် မှော်ဆေးပညာကလည်း ကောင်းကင်အဆင့်မှာ အဆုံးသတ်မှာ မဟုတ်ပါဘူး။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက မှော်ဆေးပညာရပ်ကြောင့် နစ်သက်ကြည်နူး ခဲ့ပြီး ဒီဘဝမှာ သိုင်းပညာမှာ အာရုံစိုက်ထားခဲ့ပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာမှာ စိတ်မဝင်စားတော့ဘူးလို့ မဆိုလိုပါဘူး။ သူက မှော်ဆေးပညာမှာ အရမ်းကို ဝေးကွာတဲ့ နေရာတစ်ခုကို သွားခဲ့ပြီးတော့ နောက်ထပ် အဆင့်မတက်နိုင်တော့တာပါ။

ဒါပေမဲ့ အမှန်တကယ်တော့ မှော်ဆေးပညာရပ်လည်း သိုင်းပညာရပ်တွေနဲ့ အတူတူပါပဲ။ နတ်ဘုရားအဆင့်က အဆုံးသတ် မဟုတ်သေးပါဘူး။ ၎င်းက နီးကပ်တယ် ဆိုပေမဲ့လည်း အဆုံးသတ်တော့ လုံးဝ မဟုတ်ပါဘူး။

သူက မှော်ဆေးပညာရပ်မှာ နောက်တစ်ကြိမ် စူးစမ်းလေ့လာ ဖော်ထုတ်နိုင်ပါတယ်။ ဒါက လင်းဟန်ကို အရမ်းပျော်ရွှင် သွားစေပြီးတော့ ဒီလိုမျိုး စိတ်လှုပ်ရှားမှုကို မခံစားရတာ အရမ်းကို ကြာနေပါပြီ။

ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ ပထမဆုံး ဒီလက်သီးသိုင်း နည်းစနစ်ကို လေ့ကျင့်ရပါမယ်။ အချိန်အများကြီး မရှိတော့ပါဘူး။

အနက်ရောင် မျှော်စင်ရဲ့ အတွင်းပိုင်းမှာတော့ သူ့အနေနဲ့ အပြောင်းအလဲ အနည်းငယ်ကို ဖမ်းဆုပ်မိတာနဲ့ သူရဲ့ စွမ်းရည်တွေကို အပြည့်အဝ အသုံးပြုနိုင်ပါတယ်။ ဒါက နည်းစနစ်တွေကို လေ့ကျင့်တဲ့အခါမှာ အရမ်းကို အကူအညီဖြစ်စေတယ်ဆိုတာ သိသာပါတယ်။

ဒါပေမဲ့လည်း သူက အရမ်းကြီး အလျင်စလို လုပ်ဖို့မလိုပါဘူး။

စမ်းသပ်စစ်ဆေးမှုမှာ ထိပ်ဆုံး အယောက်တစ်ရာထဲကို ဝင်ဖို့ဆိုရင် လူအများကြီးကို အနိုင်ယူဖို့ လိုအပ်တာ မဟုတ်ပါဘူး။ တံဆိပ်ပြားတွေကို လုံလုံလောက်လောက် စုထားတဲ့ လူတွေကိုပဲ အနိုင်ယူလိုက်ရင် လုံလောက်ပါပြီ။ တကယ်လို့ မင်းက လူတစ်သောင်းကို အနိုင်ယူခဲ့ရင် တံဆိပ်ပြား တစ်သောင်းကိုပဲ မင်းရရှိနိုင်မှာပါ။ ဒါပေမဲ့ တကယ်လို့ မင်းက လူတစ်သောင်းကို အနိုင်ယူခဲ့တဲ့ ပြိုင်ဘက်ကို အနိုင်ယူနိုင်မယ်ဆိုရင် မင်းက တံဆိပ်ပြား တစ်သောင်းနဲ့ တစ်ခုကို ရရှိနိုင်ပါတယ်။

ဒါကြောင့် ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက တတိယမြောက်နေ့မှ စမ်းသပ်စစ်ဆေးမှုကို ပါဝင်ခွင့် ရတယ်ဆိုရင်တောင် တကယ်တော့ အကျိုးမယုတ်သွားခဲ့ပါဘူး။

လင်းဟန်က တစ်ရက်လုံး လေ့ကျင့်နေခဲ့ပြီးတော့ တိုက်ပွဲဆင်လက်သီးရဲ့ အခြေခံတွေကို ဖမ်းဆုပ်နိုင်ပြီးတဲ့နောက်မှာတော့ အနက်ရောင်မျှော်စင်ကနေ ထွက်လာခဲ့ပါတယ်။ အခု သူရဲ့ စွမ်းဆောင်နိုင်မှုတွေကို အပြည့်အဝ ထုတ်ဖော်ပြသရမဲ့ အချိန်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူကိုယ်သူ နောက်တစ်ကြိမ် ထပ်ပြီးတော့ ရုပ်ဖျက်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ချီယောင်ရီနဲ့ တခြားသူတွေက သူရဲ့ အစစ်အမှန်ကို အစောပိုင်းကတည်းက မြင်တွေ့သွားခဲ့ လောက်ပါပြီ။ သူရဲ့အစစ်အမှန် အကြောင်းကို သိထားတာက သူတို့အတွက်တော့ အမှန်တကယ် ကောင်းမွန်တဲ့ အရာတော့ မဟုတ်ပါဘူး။

သူက တောင်တွေတစ်လျှောက် ဖြတ်လာပြီးတော့ တံဆိပ်ပြား တော်တော်များများ ရရှိခဲ့ပါတယ်။ ညဘက်အချိန်မှာတော့ မီးပုံတစ်ခုကို ဖိုပြီးတော့ မျက်လုံးကိုးခု ဂံပုလွေရဲ့ အသားကို ကင်လိုက်ပါတယ်။

"အင်း… အနံ့က အရမ်းမွေးတာပဲ"

"ဟုတ်တယ် ဒီအနံ့က အရမ်းကို ကောင်းတယ်"

တောအုပ်ထဲကနေ လူတစ်အုပ်ထွက်လာခဲ့ပြီး အနည်းဆုံး လူအယောက် နှစ်ရာခန့် ရှိပါတယ်။

“ရှီ… အစ်ကိုကျောက်… ဒါက ယောက်ျားလေး တစ်ယောက်ပဲ”

ဒီလူတွေက လင်းဟာန်ကို သူတို့ရဲ့ စားပွဲပေါ်က ဟင်းပွဲတစ်ပွဲလိုမျိုး ကြည့်နေကြပါတယ်။

Chapter 332 end

အပိုင်း(၃၃၃) တိုက်ပွဲဆင် လက်သီးသိုင်း

စမ်းသပ်စစ်ဆေးမှု မစခင်တုန်းက ချမ်းသာကြွယ်ဝတဲ့ လူတော်တော်များများက တံဆိပ်ပြားတွေကို ဝယ်ယူစုဆောင်းကြသလို လူအုပ်စုတွေကိုလည်း ဖွဲ့စည်းကြပါတယ်။ လင်းဟာန်လည်း ဆွဲဆောင်စည်းရုံးခြင်းကို ခံခဲ့ရပြီးတော့ အားလုံးကိုငြင်းပယ်ခဲ့တဲ့အတွက် သူတို့တွေက တခြားသူတွေကို ဆက်ပြီးတော့ ရှာဖွေခဲ့ကြပါတယ်။ ဒါကြောင့် ဒီနေရာမှာ အမြဲလိုလို လူတွေအများကြီး ရှိနေကြပါတယ်။

ဒါပေမဲ့လည်း ကမ္ဘာကြီးက လုံးဝန်းပြီးတော့ လူတွေက တစ်ကွေ့မဟုတ် တစ်ကွေ့မှာ ပြန်ဆုံရတတ်ပါတယ်။ ငြင်းပယ်ခံလိုက်ရပြီး သူတို့တွေက သုန်သုန်မှုန်မှုန်နဲ့ ကြည့်သွားတတ် ကြသလို သူ့ကိုသတ်ပစ်မယ်လို့တောင် ခြိမ်းခြောက်သွားတဲ့ သူတွေလည်း ရှိပါတယ်။ ဒီလူငယ်လေးက အဲဒီလို လူတွေထဲက တစ်ယောက်ဖြစ်ပြီးတော့ သူ့ရဲ့နာမည်က ကျောက်ရီ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က နှစ်ကြိမ်တောင် ရုပ်ဖျက်ခဲ့တာဖြစ်လို့ ကျောက်ရီအနေနဲ့ လင်းဟန်ကို သတိမထားမိပါဘူး။ ကျောက်ရီက သူရဲ့နှာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်ပြီးတော့ သူရဲ့မျက်လုံးတွေက လင်းဟန်ရဲ့ အသားကင်ပေါ်ကို ကျရောက်နေပြီး အတော်လေးကို ဆာလောင်နေတဲ့ ပုံစံဖြစ်နေပါတယ်။

“အစ်ကိုကျောက်။ ဒါကိုကြည့်ရတာ အရမ်းကို အရည်အသွေး မြင့်မားတဲ့ သားရဲကောင်ရဲ့ အသားပဲ”

ကျောက်ရီရဲ့ အဖော်တစ်ယောက်က ပြောလိုက်ပါတယ်။

“ငါ့အတွက် သွားယူပေးစမ်း”

ကျောက်ရီက ပြောလိုက်ပါတယ်။ အဆင့်မြင့်သားရဲကောင်ရဲ့ အသားက သိုင်းပညာရှင်တွေအတွက်တော့ ကြီးကြီးမားမားကို အားဖြစ်စေပြီး မှော်ဆေးလုံးတွေနဲ့ သိပ်ပြီးတော့ မကွာပါဘူး။

အဖော်တစ်ယောက်က ချက်ချင်းဆိုသလို ထွက်လာပြီးတော့ လင်းဟန်ကို အော်လိုက်ပါတယ်။

"သေသင့်တဲ့ ကောင်စုတ်လေး။ မင်းရဲ့ တံဆိပ်ပြားကို ထားခဲ့ပြီးတော့ မင်းထွက်သွားနိုင်ပြီ"

လင်းဟန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းမသေချင်ဘူးဆိုရင် ထွက်သွားလိုက်တော့"

"ဟားဟား။ ငါတို့မှာ လူတွေအများကြီးပဲ ဆိုတာကို မင်းမမြင်ဘူးလား"

အဲဒီလူက မျက်နှာတင်းတင်းနဲ့ ရယ်မောလိုက်ပါတယ်။ သူတို့ရဲ့ အစွမ်းတွေက အားမနည်းပါဘူး။ သူတို့တွေက

ရန်သူတွေကို အရေအတွက်နဲ့ ဒုက္ခပေးနိုင်ရုံသာမက နွေဦးစမ်းရေ အလှ္ဘာ နောက်ပိုင်းအဆင့် ကျွမ်းကျင်သူတွေ အများကြီးလည်း ရှိပါတယ်။ ယုံကြည်မှု အပြည့်နဲ့ သူတို့ရဲ့ လမ်းကြောင်းပေါ်မှာ သောင်းကျန်းပြီး သွားလို့ရပါတယ်။

“မြန်မြန်လုပ်စမ်း။ ဒီအရှင်သခင်က ဗိုက်ဆာနေပြီ”

ကျောက်ရီက အနောက်ကနေ လောဆော်လိုက်ပါတယ်။

“ဟင့်.. ငါ့ကို ပြင်းဆန်တဲ့အတွက် မင်းနောင်တရ စေရမယ်”

ကျောက်ရီရဲ့ အဖော်က ချက်ချင်းဆိုသလို လင်းဟန်ကို ပြင်းထန်တဲ့ အင်အားနဲ့ ကန်ထည့်လိုက်ပါတယ်။ ဒီကန်ချက်က လင်းဟန်ရဲ့ ဘေးဘက်ကို ကန်လိုက်တာမဟုတ်ပဲ ဦးနောက်ဆီကို ကန်ထည့်လိုက်တာပဲ ဖြစ်ပါတယ်။

ဒီစမ်းသပ် စစ်ဆေးမှုမှာ သူတို့တွေကို သတ်ဖြတ်ခြင်းကနေ မတားမြစ်ထားပါဘူး။ ဒါကြောင့်လည်း လူတော်တော်များများက ရက်စက်ကြမ်းကြုတ်မှုတွေကို မြင်တွေ့ရပါတယ်။

လင်းဟန်ရဲ့ အကြည့်တွေက အေးစက်သွားခဲ့ပါတယ်။ လက်ညှိုးတစ်ချောင်းကို လှုပ်လိုက်တာနဲ့ တောက်ပတဲ့ ဓားချီတစ်ခုက လေထုပါးပါးလေးကို ဖြတ်ပြီးတော့ ထွက်ပေါ်လာခဲ့ပြီး ပူပူနွေးနွေး လတ်ဆတ်တဲ့ သွေးတွေက စဉ်ထွက်ကုန်ပါတယ်။ အဲဒီလူရဲ့ ခြေထောက်က ပြတ်ထွက်ပြီးတော့ လေထဲကို လွင့်ထွက်သွားပြီး ကျောက်ရီရဲ့ အရှေ့က မြေပြင်ပေါ်ကို ဖျပ်ခနဲမြည်သံနဲ့အတူ ကျသွားခဲ့ပါတယ်။

"အား"

အဲဒီအချိန်မှာပဲ ကျောက်ရီရဲ့ နောက်လိုက်က ဘာတွေဖြစ်သွားလဲ ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ ထိတ်လန့်ကြောက်ရွံ့ သွားပြီးတဲ့နောက်မှာ သူရဲ့မျက်နှာပေါ်မှာ မျက်ရည်တွေ နှပ်ချေးတွေနဲ့ ထိတ်လန့်တကြား အော်ဟစ်လိုက်ပါတယ်။ ဒဏ်ရာကိုတောင်မှ မေ့နေပြီးတော့ ဒါက သူ့ကို သွေးထွက်လွန်ပြီးတော့ သေစေနိုင်ပါတယ်။

"မိုက်ရိုင်းလိုက်တာ"

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

"မင်းသေချင်နေပြီလား"

လူတစ်ရာလောက်က ဒေါသတကြီးနဲ့ စုပေါင်းပြီးတော့ အော်ဟစ်လိုက်ကြပါတယ်။ သူတို့ရဲ့ အရှေ့မှာ အခုလိုမျိုး ပြုမူရဲတယ်ပေါ့လေ။

"ကြည့်ရတာ မင်းမှာ အစွမ်းတချို့တော့ ရှိပုံရတယ်"

ကျောက်ရီက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"အစ်ကိုကျန်း၊ အစ်ကိုလီနဲ့ အစ်ကိုမာ မင်းတို့ထဲက ဘယ်သူကများ ဒီကောင်စုတ်လေးကို အမှောက်သိပ်ပစ်ဖို့ ဆန္ဒရှိသလဲ"

ကျောက်ရီက သူရဲ့ လက်အောက်က လူငယ်သုံးယောက်ကို ပြောလိုက်ပါတယ်။

ဒီလူသုံးယောက်စလုံးက နွေဦးစမ်းရေ အလွှာ ၉ အဆင့်မှာ ဖြစ်ပြီးတော့ သူတို့ရဲ့ မျက်နှာတွေက မာနတွေ စိတ်ကြီးဝင်နေမှုတွေက မိုးကောင်းကင်ကိုတောင်

ထိုးတက်နေပါတယ်။

တကယ်တမ်းတော့ မိသားစုကြီးတွေကနေ ဆင်းသက်လာတဲ့ သူတွေကို ဖယ်ထားပြီး မြောက်ပိုင်းဒေသမှာ အသက်သုံးဆယ်အောက်နဲ့ နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်ရှိတာက အရမ်းကို အထင်ကြီးစရာ ကောင်းပြီးတော့ ထိပ်တန်းကျတယ်လို့တောင် ပြောနိုင်ပါတယ်။ တကယ်တော့ ဒီနေရာမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ဖြတ်ကျော်ခဲ့တဲ့ ပါရမီရှင်တွေ အများကြီး ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကံကောင်းမှု တစ်ခုနဲ့ ကြုံတွေ့ခဲ့ပြီး မိုးကောင်းကင်အဆင့် စိတ်ဂိညာဉ် သစ်သီးတစ်လုံးကို စားမိတာမျိုး ဒါမှမဟုတ် ရှေးဟောင်း အချိန်တုန်းက စိတ်ဂိညာဉ် ဆေးလုံးတစ်လုံးကို ရရှိခဲ့တာမျိုးကြောင့်ပေါ့။

ကျန်းမျိုးရိုးနာမည်နဲ့ လူငယ်က ခြေလှမ်းကျဲကြီးတွေနဲ့ အရှေ့ကို ထွက်လာပြီးတော့ အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

“ဒီလိုမျိုး လူတစ်ယောက်ကို ငါ့အတွက် ထားလိုက်ပါ။ အစ်ကိုလီနဲ့ အစ်ကိုမာတို့ရဲ့ လက်တွေကို မညစ်ပတ်တော့ဘူးပေါ့”

တခြားနှစ်ယောက်က အူလိုက်သည်းလိုက် ရယ်မောလိုက်ပါတယ်။ သူတို့သုံးယောက်ရဲ့ ခွန်းအားက သူမသာ ကိုယ်အသုဘပါပဲ။ ဒါကြောင့် သူတို့အားလုံးက တစ်ယောက်နဲ့ တစ်ယောက် အယုံအကြည် သိပ်မရှိကြပါဘူး။ အားလုံးကိုယ်စီက ပထမနေရာကို ရယူချင်နေကြပါတယ်။ ဒါကြောင့် ဒီလိုမျိုး အခြေအနေနဲ့ ကြုံတွေ့တဲ့ အခါမှာတော့ သူတို့ရဲ့ စွမ်းရည်တွေကို ထုတ်ဖော်ပြသဖို့ အလှည့်ကျ တာဝန်ယူထား ကြပါတယ်။

"ကောင်စုတ်လေး။ မင်းရဲ့နာမည်ကိုလည်း ငါ့ကိုပြောဖို့ မလိုဘူး။ မင်းရဲ့ နောက်ခံက ဘယ်သူလည်း ဆိုတာလည်း ငါ့ကို ပြောဖို့ မလိုဘူး။ ငါလုံးဂ ဂရုမစိုက်ဘူး။ ဒီနေရာမှာ ငါနဲ့တွေ့တာ မင်းအတွက်တော့ အကြီးမားဆုံး ကံဆိုးမှုပဲ။ ဒါကြောင့် မင်းရဲ့ မကောင်းတဲ့ ကံကြမ္မာကိုပဲ မင်းအပြစ်တင်တော့"

ကျွန်းမျိုးရိုးနဲ့ လူငယ်က မာနကြီးစွာနဲ့ လင်းဟန်ဆီကို လက်သီးတစ်ချက် ပစ်သွင်းလိုက်ပါတယ်။

လီနဲ့မာရဲ့ အရှေ့မှာ သူရဲ့စွမ်းရည်တွေကို ဖော်ထုတ်ပြဖို့အတွက် ဒီလက်သီးမှာ လင်းဟန်ကို

သတ်ဖြတ်ဖို့အတွက် သူရဲ့ အစွမ်းအကုန်လုံးကို ထည့်ပြီးတော့ တိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။ သူတို့ရဲ့ ပြိုင်ဘက်ကို အလျင်မြန်ဆုံး အမှောက်သိပ်နိုင်တဲ့သူ ဘယ်သူ့ကိုမဆို အသန်မာဆုံးလို့ ယူဆထားကြမှန်း သိသာပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလူငယ်တွေက ဒီကမ္ဘာမှာ သူတို့ကိုယ်သူတို ဘုရင်တွေလို့ တကယ်ပဲ တွေးထင်နေကြပြီး သူတို့ဖြစ်ချင်တာတွေကို ဇွတ်အတင်း လုပ်နေကြတာပဲ။ သူက နှာခေါင်းရှုံ့ပြီးတော့ လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပါတယ်။ တိုက်ပွဲဆင်လက်သီးက အသက်ဝင်လာပြီး သွေးကြောနဲ့ တူတဲ့ လိုင်းကြောင်းတွေက ဖြန့်လာပြီး တောက်ပတဲ့ အလင်းရောင် တစ်ခုရဲ့ အထဲကနေ ဆင်နဂါးတစ်ကောင် ထွက်လာပြီးတော့ ကျန်းမျိုးရိုး လူငယ်ဆီကို ပြေးဝင်သွားခဲ့ပါတယ်။

"အဟွတ် အဟွတ်"

လူတိုင်းလူတိုင်းပဲ တပြိုင်နက်တည်း ချောင်းဆိုးကုန်ပါတယ်။ သိုင်းဆန္ဒ၊ ဒါက သိုင်းဆန္ဒပဲ။ သိုင်းဆန္ဒဆိုတာ စိတ်ဝိညာဉ် ပင်လယ်အဆင့်ပဲဆိုတာ သိသာထင်ရှားတယ်။

"လပြွတ်"

လူတိုင်းရဲ့ မျက်လုံးတွေက ရုတ်တရက် ဆိုသလို ပြူးထွက်လာခဲ့ပါတယ်။ အသက် ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်အရွယ် လူငယ်လေးက အမှန်တကယ်ပဲ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျွမ်းကျင်သူ တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ဘယ်သူက တွေးထင်ထားမိမှာလဲ။ အခု သူတို့အားလုံး သွားပြီ။ သံမဏိတုံးကိုမှ ခြေထောက်နဲ့ သွားကန်မိလိုက်ပါပြီ။

ဆင်နဂါးက ကျန်းမိုးရိုး လူငယ်ဆီကို ပြေးဝင်လာပြီးတော့ ရှံ့ကို ခြေထောက်နဲ့ နင်းချေ ဖျက်ဆီးပစ်လိုက်သလိုမျိုး နင်းခြေပစ်သွားပါတယ်။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက တိုက်ပွဲဆင် လက်သီးကို ပထမဆုံးအကြိမ် အသုံးပြုတာ ဖြစ်ပါတယ်။ ၎င်းရဲ့ အစွမ်းကို သူလုံးဝ မသိပါဘူး။ ရလဒ်ကတော့ ဒီလက်သီးသိုင်း အစွမ်းက နွေဦးစမ်းရေ အလွှာ ကိုးအဆင့်က ပြိုင်ဘက်တစ်ယောက်ကို ပေါင်မုန့်အစအနတွေ အဖြစ်ကို နင်းခြေပစ်လိုက်ပါတယ်။ နောက်ပြီးတော့ သူက ဒီလက်သီး သိုင်းနည်းစနစ်ကို တစ်ရက်ပဲ လေ့ကျင့်ရင်ပါသေးတယ်။

ၡင်းသိုင်းရဲ့ စစ်မှန်တဲ့ အနှစ်သာရကို မဖမ်းဆုပ်မိ သေးပါဘူး။

စစ်မှန်တဲ့ တိုက်ပွဲဆင်လက်သီးက ထွက်လာတဲ့ အခါမှာ ငွေရောင် အလင်းတန်းမျိုး မဖြစ်ရပါဘူး။ ရွှေရောင်ပဲ ဖြစ်သင့်ပါတယ်။

ဒါပေမဲ့လည်း တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ လေ့ကျင့်ခဲ့ပြီးတော့ ဒီအဆင့်ကို ရောက်လာတာက တကယ်တမ်းဆို မဆိုးပါဘူး။

လင်းဟာန်က ရယ်မောလိုက်ပါတယ်။ သူ့ကိုယ်သူ အပြစ်ရှာ ဝေဖန်လို့ မရပါဘူး။ သူက ပါရမီရှင် တစ်ယောက်ပါ။ ဒါပေမဲ့ သဘာဂကို ဆန့်ကျင်တဲ့ ပါရမီရှင် တစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါက သူရဲ့ ကံကောင်းမှုနဲ့ ပတ်သက်ဆက်နွယ်နေတာပါ။

“ဆ.ဆ..ဆရာလေး”

ကျောက်ရီက တုန်တုန်ရီရီနဲ့ ပြောလိုက်ပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေက နွေဦးစမ်းရေ အဆင့်ကို တစ်ချက်တည်းနဲ့ အသေသတ်နိုင်ပါတယ်။ တကယ်လို့ သူတို့မှာ လူပေါင်းတစ်ရာ ရှိတယ်ဆိုရင်တောင်မှ

လုံးဂမလုံလောက်ပါဘူး။ နေ့ဦးစမ်းရေ အဆင့် ဆယ်ဂဏန်းလောက်ကို စကားထဲတောင် ထည့်ပြောဖို့ မလိုပါဘူး။

"အသားတွေ လိုချင်နေသေးလား"

လင်းဟန်က နူးညံ့သိမ်မွေ့စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ ကျန်းမျိုးရှိုး လူငယ်ကို အသားစတွေ ဖြစ်သွားအောင်လို့ လက်သီးတစ်ချက်နဲ့ နင်းခြေဖျက်ဆီး ပစ်လိုက်တာကို မြင်ပြီးတော့ ဘယ်သူကမှ လင်းဟန်ကို နူးညံ့သိမ်မွေ့ပြီး ဖော်ရွေတတ်တဲ့ လူတစ်ယောက်လို့ ဘယ်လိုလုပ်ပြီးတော့ ခံစားလို့ ရမှာလဲ။

လူအုပ်ကြီးက သူတို့ရဲ့ ခေါင်းတွေကို အရမ်းကို စနစ်တကျ ပုံစံမျိုးနဲ့ အတူတကွ ခါလိုက် ကြပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ရဲ့ တံဆိပ်ပြားတွေ အားလုံးကို ထားခဲ့ပြီးတော့ ကျောက်ရိုကလွဲပြီး ကျန်တဲ့သူတွေ အားလုံး ထွက်သွားနိုင်တယ်"

လူတိုင်းက သူတို့အနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့် ရလိုက်သလိုမျိုးပဲ သူတို့ရဲ့ တံဆိပ်ပြားတွေကို အလျင်အမြန် ဆွဲထုတ်ပြီးတော့ မြေကြီးပေါ်မှာထားပြီး ဖနောင့်နဲ့ တင်ပါး တသားတည်း ကျအောင် ထွက်ပြေးသွားကြပါတယ်။ တကယ်လို့ သူတို့ရဲ့ တံဆိပ်ပြားတွေ ဆုံးရှုံးကုန်ရင်တောင် သူတို့အနေနဲ့ ထပ်ပြီးတော့ လုယက်တိုက်ခိုက်လို့ ရနိုင်ပါသေးတယ်။ ဒါပေမဲ့ သူတို့ရဲ့ အသက်တွေ ဆုံးရှုံးကုန်ရင် ဘယ်နေရာမှာ သွားပြီးတော့ ရှာလို့ရမှာလဲ။

ကျောက်ရီက အံကိုကြိတ်ပြီးတော့ ရုတ်တရက် လှည့်ပြီးတော့ ထွက်ပြေးလိုက်ပါတယ်။ သူ့အနေနဲ့ သေခြင်းတရားကို အကူအညီမဲ့စွာနဲ့ စောင့်မနေချင်ပါဘူး။

သူကနောက်ကို လှည့်ပြီးတော့ ညာဘက်ခြေထောက်ကို စပြီးခြေနင်းလိုက်တယ် ဆိုရင်ပဲ ဘာကိုမှ မနင်းမိပဲနဲ့ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက မြေကြီးပေါ်ကို ချက်ချင်းဆိုသလိုပဲ လဲကျသွားခဲ့ပါတယ်။ မြေကြီးပေါ်မှာ ချိုင့်ကြီးတစ်ခု ရုတ်တရက် ပေါ်လာတာ မဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူရဲ့ ညာဘက် ခြေထောက်ကို ဓားချီက ဖြတ်သွားတာ ဖြစ်ပြီးတော့ သူ့အနေနဲ့ ဘာကိုမှ ခြေမချမိပဲ ဖြစ်သွားတာပါ။

"အား…"

ကျောက်ရီက ချက်ချင်းဆိုသလို ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်လိုက်ပါတယ်။ သူရဲ့ ခန္ဓာကိုယ်က အပြင်းအထန်ကို ရုန်းကန်လှုပ်ရှား နေပါတယ်။ သူရဲ့ အဖွဲ့သားတွေကို အကူအညီ တောင်းဖို့ တွေးလိုက်ပေမဲ့ ဘယ်သူကမှ နှစ်ခါပြန် ကြည့်မသွားကြပါဘူး။ သူတို့ရဲ့ ခေါင်းတွေကို ငုံ့ပြီးတော့ အလျင်အမြန်ပဲ အဝေးကို ပြေးထွက်သွားကြတာက သူ့ကို ချက်ချင်းဆိုသလို အရိုးခိုက်မတတ် အေးစိမ့်မှုကို ခံစားစေပါတယ်။

"ငါ့ကို မသတ်ပါနဲ့။ ငါက ကျောက်မိသားစုကပဲ။ ငါ့အဖေက အံမခန်း အစွမ်းထက်တဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်တဲ့ ကျောက်ရီချန်းပဲ။ တကယ်လို့ မင်းက ငါ့ကို သတ်လိုက်တာကို သူသိသွားမယ်ဆိုရင် မင်းကို သေချာပေါက် ရှာပြီးတော့ သတ်ပစ်လိမ့်မယ်"

ကျောက်ရီက သူရဲ့ခေါင်းကို လှည့်ပြီးတော့ လင်းဟန်ကို ခြိမ်းခြောက်လိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါမှတ်ထားပါမယ်"

လင်းဟန်က သူရဲ့လက်ကို ဖွေ့လိုက်တာနဲ့ ကျောက်ရီရဲ့ ခေါင်းက ပြတ်ထွက်သွားပြီးတော့ ခေါင်းပြတ်ကြီးက မြေကြီးပေါ်မှာ အနည်းငယ် လိမ့်သွားပြီး သူရဲ့မျက်လုံးတွေမှာတော့ နောင်တတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

"ငါ့ရဲ့ ဓားဆန္ဒက အခုဆို အရမ်းကို သန်မာအားကောင်းနေပြီ။ လက်သီး ဒါမှမဟုတ် လက်ဝါးကို ထုတ်လိုက်ရင် ဒါက ဓားချီအဖြစ်ကို ပြောင်းသွားတယ်။ တကယ်လို့ ငါက တိုက်ပွဲဆင် လက်သီးကို အသုံးပြုရင်တောင်မှ လူတွေက ငါဓားတလက်ကို အသုံးပြုတယ်လို့ပဲ ခန့်မှန်းနေကြ လိမ့်မယ်။ ငါက နည်းနည်းလေးပဲ ထိန်းညှိဖို့ လိုတယ်"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ ကျောက်ရီလို အမှိုက်မျိုးအတွက် အကြိမ်ပေါင်း တစ်ထောင်လောက် သတ်ရမယ် ဆိုရင်တောင်မှ ဘာကိုမှ ဂရုမစိုက်ပဲ သတ်ပစ်မှာပါ။ သူ့ရဲ့ ယခင်ဘဝမှာ ဒီလိုမျိုး စိတ်ကြီးဝင်နေတဲ့ ဒုတိယမျိုးဆက်က လူတွေကို

ဘယ်လောက်တောင်များ သတ်ပစ်ခဲ့သလဲ ဆိုတာကို သူလုံးဝမသိပါဘူး။

Chapter 333 end
အပိုင်း(၃၃၄) တံဆိပ်ပြားတွေကို ပေးအပ်သည်။

လင်းဟန်က တောင်တွေကို ဖြတ်ပြီးတော့ ကျဉ်းမြောင်းတဲ့ တောင်ကြားလမ်းတစ်ခုကနေ ဘဲငန်းချိုင့်ပုမ်းဆီကို လမ်းလျှောက်လာခဲ့ပါတယ်။ လမ်းမှာ သူက တိုက်ပွဲအများကြီးနဲ့ ကြုံခဲ့ရပါတယ်။ ဒါပေမဲ့ သူရဲ့အစွမ်းနဲ့ အဲဒီလူတွေကို လွယ်လွယ်ကူကူနဲ့ နှိမ်နင်းပစ်လိုက်ပါတယ်။

တကယ်လို့ သူရဲ့ပြိုင်ဘက်က သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ထုတ်ဖော်ရင် သူက နည်းနည်းလေးမှ တုံ့ဆိုင်းနေခြင်း မရှိဘဲနဲ့ သူတို့ကို သတ်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ တစ်ဖက်အဖွဲ့ လုယက်ဖို့ ရိုးရိုးလေးပဲ လိုချင်တာဆိုရင်တော့ သူတို့တွေအတွက် လမ်းကြောင်းတစ်ခု ဖွင့်ပေးလိုက်ပါတယ်။ တကယ်တော့ ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းက တံဆိပ်ပြားတွေအတွက် ယှဉ်ပြိုင်ရတာ ဖြစ်ပြီးတော့ ကိုယ်ရေးကိုယ်တာ မကျေနပ်ချက်တွေ မပါဝင်ပါဘူး။

တိုက်ပွဲတွေ တစ်ခုပြီး တစ်ခု တိုက်ခိုက်လို့ အပြီးမှာတော့

လင်းဟန်က နောက်ဆုံးမှာ ဓားချီကို ချုပ်ထိန်းပြီးတော့ လက်သီးချီကို နောက်တစ်ကြိမ် ထုတ်ဖော်နိုင်ခဲ့ပါတယ်။

စည်းမျဉ်းဥပဒေ တစ်ခုကို နားလည်သဘောပေါက် သွားမယ်ဆိုရင် စည်းမျဉ်းတွေ အားလုံးကို နားလည်သဘောပေါက်ဖို့ မခက်ပါဘူး။ သိုင်းပညာကျွမ်းကျင်သူကြီးက မူလအရင်းအမြစ်ကနေ ပုံမှန်အားဖြင့် စတင်ပေါက်ဖွား လာခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ နားလည်နိုင်မှုကို နှိုင်းယှဉ်ပြီးတော့ စဉ်းစားလိုက်ပါတယ်။

"ငါ့ရဲ့ ဓားချီ ကျင့်ကြံခြင်းမှာ ဓားချီငါးခုမြောက်က စပြီးတော့ တစ်ဆို့နေမှု တစ်ခုနဲ့ ကြုံတွေ့ခဲ့တယ်။ အဲဒါက သိပ်ပြီးတော့ ချောမွေ့မှု မရှိဘူး။ အမှန်တကယ်တော့ ငါးခုမြောက် ဓားချီ ထွက်ပေါ်လာတာက ငါ့ရဲ့အဖေ အဖမ်းခံလိုက်ရပြီး ဒေါသတွေ ပေါက်ကွဲပြီးတော့ အဆင့်တက်သွားခဲ့တာပဲ။ ခြောက်ခုမြောက် ဓားချီကတော့ ဆရာမို့နဲ့ ဓားလမ်းကြောင်းမှာ ဆွေးနွေးရင်းနဲ့ အဆင့်တက်ပြီး ဖြစ်ပေါ်ခဲ့တယ်။ ခုနစ်ခုမြောက်ကလည်း စိတ်ခံစားချက် ပေါက်ကွဲမှု တစ်ခုကြောင့် ဖြစ်တယ်"

"ဒါပေမဲ့ ဒီလိုမျိုး စိတ်လှုပ်ရှား ခံစားနေမှုရဲ့ အနောက်ကို လိုက်ပြီးတော့ ငါ့ရဲ့ ဓားဆန္ဒကို တိုးလာအောင်လို့ မလုပ်ချင်တော့ဘူး။ ငါက အမြဲတမ်း ကံမကောင်းနိုင်သလို ငါ့ဘေးက လူတွေကလည်း အမြဲတမ်း ဒဏ်ရာရပြီးတော့ ဘယ်တော့မှ မသေနိုင်တာလည်း မဟုတ်ဘူး"

"ဓားချီ ကျင့်ကြံခြင်းမှာ တစ်ဆို့ခြင်းနဲ့ ကြုံတွေ့နေရပေမဲ့လည်း ဒါက တခြား ပညာရပ်တွေနဲ့ ကျွမ်းကျင်မှုတွေကို ကြိုးစားကြည့်ဖို့ မထိခိုက်နိုင်ဘူး။ လက်သီးချီကို အချိန်တိုတိုလေး အတွင်းမှာ လေ့ကျင့်နိုင်တာက ဓားလမ်းကြောင်းက တချို့အရာတွေကို မပီမသနဲ့ ခံစားနိုင်ခဲ့လို့ပဲ။ တိုက်ပွဲဆင်လက်သီးကို အဆင့်မြင့်ဆုံးအထိ တိုးတက်အောင်လို့ လုပ်ပြီးတော့ ဓားချီအလင်း ၈ ခုမြောက်ကို ဖန်တီးနိုင်အောင် လုပ်ရမယ်"

တတိယမြောက်နေ့မှာတော့ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက စမ်းသပ်စစ်ဆေးမှုမှာ တရားဝင် ပါဝင်လာခဲ့ကြပါတယ်။ အများကြီးတော့ မဟုတ်ပါဘူး။ သုံးရာလောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ ဒီလူတွေ အားလုံးက အသက် ၂၅ နှစ်ဝန်းကျင်ပဲ ရှိပြီးတော့ အားအနည်းဆုံးက နွေဦးစမ်းရေ အဆင့်ပဲ ဖြစ်ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ စမ်းသပ်စစ်ဆေးမှုက

နောက်တစ်ကြိမ် အနှောင့်အယှက်တွေ ဖြစ်လာပါပြီ။

လင်းဟန်က တံဆိပ်ပြား တစ်သောင်းအထိ ရယူထားနိုင်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ လုံးဝ မကြုံတွေ့ရသေးပါဘူး။ ပြိုင်ဘက်တွေကို သူအနိုင်ယူခဲ့ပေမဲ့လည်း ခုနစ်ရာလောက်ပဲ ရှိပါသေးတယ်။ အကျိုးအမြတ် အများကြီး ရနိုင်မဲ့ လူတစ်ယောက်ကို လုယက်တာက မှန်ကန် ပါလိမ့်မယ်။

ဒါမှ သူ့ကို ထိပ်ဆုံး အယောက်တစ်ရာ စာရင်းထဲကို ဝင်ဖို့အတွက် အာမခံချက် ရှိမှာပါ။ လင်းဟန်က ပထမနေရာကို ရယူဖို့အတွက် ရည်မှန်းချက် မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါကဒုတိယအချီ စမ်းသပ်စစ်ဆေးမှုကို ပါဝင်နိုင်ဖို့ အယောက်တစ်ရာကို ရွေးချယ်တာပဲ ဖြစ်လို့ အဓိပ္ပါယ် သိပ်မရှိပါဘူး။

ဘဲငန်းကျချိုင့်ပှမ်းက အရှေ့မှာ ပေါ်လာခဲ့ပါပြီ။ ဒါက သဘာဝ အတိုင်းဖြစ်နေတဲ့ ချိုင့်ပှမ်းကြီး တစ်ခု ဖြစ်ပါတယ်။ ငှက်တွေတောင်မှ ဖြတ်ပြီးတော့ မပြန်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ချိုင့်ပှမ်းရဲ့ အောက်ခြေကနေ အပေါ်ဘက်ကို ပန်းဖူးအဆင့် စစ်သည်တော်တွေတောင်မှ ကြောက်ရွံ့ရတဲ့ ပြင်းထန်တဲ့ချီတွေက မကြာခဏ ထွက်ပေါ်လာတတ်ပါတယ်။ ပြောကြတာတော့

တစ်ချိန်တုန်းက ဆောင်းလဂိုဏ်းရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ သုံးယောက်က လေ့လာစူးစမ်းဖို့ ထွက်လာခဲ့ကြပါတယ်တဲ့။ ဒါပေမဲ့ နှစ်ယောက်ပဲ ပြန်ထွက်လာနိုင်ခဲ့ပြီး သိပ်မကြာခင်မှာပဲ နှစ်ယောက်စလုံး သေဆုံးသွားခဲ့ပါတယ်။

အဲဒီကတည်းက စပြီးတော့ ဘဲငန်းကျ ချိုင့်ဝှမ်းက တားမြစ်ဇရိယာ တစ်ခုဖြစ်သွားပြီး ဘယ်သူကမှ မဂင်ရဲကြတော့ပါဘူး။

လင်းဟန်နဲ့ တခြားပြိုင်ပွဲဝင်တွေလည်း ဘဲငန်းကျဆင်း ချိုင့်ဝှမ်းထဲကို မဂင်ခဲ့ကြပါဘူး။ သူတို့တွေ အားလုံးက ချိုင့်ဝှမ်းရဲ့ အပြင်ဘက်နယ်တစ်ခမ်းပေါ်မှာပဲ စုနေကြပါတယ်။ လူတွေအများကြီး ရောက်လာပြီးတဲ့နောက်မှာ သူတို့ရဲ့ တံဆိပ်ပြားတွေကို ပေးအပ်ပြီးတော့ သူတို့ရဲ့ အထောက်အထားတွေကို စာရင်းပေးသွင်းခဲ့ကြပါတယ်။

"အစ်ကို အစ်ကို။ မေးစရာတစ်ခု ရှိတယ်။ တံဆိပ်ပြား ဘယ်လောက်တောင် မင်းရလာခဲ့လဲ"

လုံခြုံတဲ့ နေရာထဲကို လင်းဟန် လမ်းလျှောက်လာတဲ့ အချိန်မှာ အသက်နှစ်ဆယ်ခန့် လူငယ်လေး တစ်ယောက်က

ချဉ်းကပ်လာခဲ့ပါတယ်။

“မင်းကို ဘာကြောင့် ငါကပြောပြရမှာလဲ”

လင်းဟန်က မေးခွန်းတစ်ခုနဲ့ ပြန်ပြီးဖြေလိုက်ပါတယ်။

“ဟီးဟီး အမှန်ဆိုရင် ဒီနေရာကို ရောက်လာကြတဲ့ ထိပ်ဆုံးအယောက် တစ်ရာစာရင်းက လူတွေအနေနဲ့ အနည်းဆုံး တံဆိပ်ပြား ကိုးရာလောက် ရှိကြတယ်။ ဒါကြောင့် တကယ်လို့ မင်းမှာ နည်းနေတယ်ဆိုရင် တံဆိပ်ပြားတွေကို ဘာဖြစ်လို့ ငါ့ကို မရောင်းတာလဲ။ တကယ်လို့ မင်းမှာ အဲဒီပမာဏထက် ပိုနေတယ်ဆိုရင် ငါ့ကို ဘာကြောင့် နည်းနည်းလောက် မပေးတာလဲ”

လူငယ်က စပ်ဖြီးဖြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“လုံးဝ စိတ်မဝင်စားဘူး”

“ဟော့ဟော့ဟော့ ငါတို့ ဈေးနှုန်းကို ဆွေးနွေးနိုင်ပါတယ်။ မသွားပါနဲ့”

လူငယ်လေး လင်းဟန်ကို တားလိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ သူ့ကို လုံးဝ လျစ်လျူရှု ပြီးတော့ သူရဲ့ခေါင်းကိုခါပြီး သူ့အလှည့်ကို ရောက်လာမဲ့အချိန်ကို စောင့်လိုက်ပါတယ်။

လင်းဟန်က တံဆိပ်ပြား ပေးအပ်ရတဲ့ နေရာကို လမ်းလျှောက်ပြီး သွားလိုက်ပါတယ်။ အနည်းဆုံး လူဆယ်ဂဏန်းကျော်က သူ့ဆီကနေ တံဆိပ်ပြားတွေ ဝယ်ယူဖို့အတွက် ဆွေးနွေးဖို့ ကြိုးစားကြ ပါသေးတယ်။ ဒါပေမဲ့ သူတို့တွေကို လုံးဝကို လျစ်လျူရှုခဲ့လိုက်ပါတယ်။

အဆုံးကို ရောက်တဲ့အခါမှာ အဲဒီနေရာမှာ ရှည်းလျားတဲ့ စင်မြင့်တစ်ခု ထားရှိထားပါတယ်။ ပြီးတော့ တချို့တွေက သူတို့ရဲ့ တံဆိပ်ပြားတွေကို ပေးအပ်ခဲ့ပြီးတော့ ပြန်လာနေကြပါတယ်။ စင်မြင့်ရဲ့ဘေးမှာတော့ စာရွက်ဖြူကြီး တစ်ခုကို ကပ်ထားပြီးတော့ အဲဒီအပေါ်မှာ နံပတ်စဉ်နဲ့ နာမည်တစ်ရာလောက် ရှိပါတယ်။

ဒီစာရွက်က ထိပ်ဆုံးအယောက် တစ်ရာရဲ့ အမှတ်တွေကို ဖော်ပြထားတယ်ဆိုတာ သိသာပါတယ်။

လင်းဟန်က မျက်စိတစ်ချက်ဝေ့ပြီး ကြည့်လိုက်တဲ့အခါမှာ မျှော်လင့်ထားသလိုပဲ နောက်ဆုံးနေရာရဲ့ အမှတ်က ကိုးရာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလူက သေချာပေါက် ပြုတ်မှာပါ။ ဘာကြောင့်လဲဆိုတော့ စမ်းသပ်စစ်ဆေးမှု ပြီးဖို့အတွက် နေ့တဝက်ခန့် အချိန်ကျန်ပါသေးတယ်။ ပြန်မလာသေးတဲ့ လူတွေ အများကြီး ကျန်ပါသေးတယ်။ ဒါကြောင့် နောက်ဆုံးအမှတ်က တစ်ထောင်ကိုတောင် ချိုးဖြတ်သွားနိုင်ပါလိမ့်မယ်။

သူမျက်စိ တစ်ချက် ဝေ့ကြည့်လိုက်တဲ့အခါ ဇောင်ဟွမ်နဲ့ မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခုက တခြားလူငယ်တွေရဲ့ နာမည်ကို ရှာမတွေ့ခဲ့ပါဘူး။ ဒါမှမဟုတ် သူတို့က အယောက်တစ်သောင်း စာရင်းထဲကို ဝင်ရောက်နိုင်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ထိပ်ဆုံး အယောက်တစ်ရာထဲကို ဝင်ဖို့ဆိုတာက အရမ်းကို ခက်ခဲပါတယ်။ သူတို့ရဲ့ ကံတွေက အထူးသဖြင့် ကောင်းမွန်မှု ရှိဖို့လည်း လိုအပ်ပါတယ်။

တကယ်လို့ သူတို့က ထိပ်ဆုံးအယောက် တစ်သောင်းစာရင်းထဲကို ့ မဝင်နိုင်ဘူး ဆိုရင်တောင်မှ သူတို့မှာ အဝါရောင် နဂါးသစ်သီး အများကြီး ရရှိခဲ့ပါသေးတယ်။ ဒါကြောင့် ဒီခရီးက အလဟဿတော့

မဖြစ်ပါဘူး။

သူက ရင်းနှီးနေတဲ့ လူတစ်ယောက်ကို ရှာတွေ့သွားခဲ့ပါတယ်။ ဓားတရားရှင် ဘိုင်မင် ဖြစ်ပါတယ်။ သူက အမှတ်ပေါင်း ၁၁၈၈ မှတ်နဲ့ ဒုတိယအဆင့်မှာ ရှိနေပါတယ်။ အမှတ်ပေါင်း တစ်သောင်း ရှိနေသရွေ့ ထိပ်ဆုံးတစ်ရာကို ဝင်နိုင်ပါမယ်။

"သူက တကယ့်ကို လူတော်တစ်ယောက်ပဲ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

လင်းဟန်က သူရဲ့ တံဆိပ်ပြားတွေကို ပေးအပ်ဖို့ လျှောက်လာခဲ့ပါတယ်။ သူရဲ့လက်ကို ဝှေ့ယမ်းလိုက်တဲ့ အခါမှာ စားပွဲပေါ်မှာ တံဆိပ်ပြား အရေအတွက် အများကြီး ပေါ်လာပြီးတော့ တံဆိပ်ပြား ရေတွက်တဲ့လူကိုတောင် မှင်တက် အံ့သြသွား စေပါတယ်။ အသက် ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ် အရွယ် လူငယ်လေးက တကယ်ပဲ ကြောက်စရာ ကောင်းလိမ့်မယ်လို့ ဘယ်သူက ထင်ထားလိမ့်မှာလဲ။

လင်းဟန်က သူ့ကိုယ်သူ အနည်းငယ်အသက်ကြီးအောင်

ရုပ်ဖျက်ထားလို့သာ တော်သေးတယ်။ မဟုတ်လို့ရှိရင် အသက်ဆယ့်ခုနစ်နှစ် မျက်နှာနဲ့ဆို ပိုပြီးတော့တောင်မှ အံ့အားသင့် သွားပါလိမ့်မယ်။

"မင်းရဲ့ အမှတ်က ၁၀၀၈၆ မှတ်ပဲ"

တံဆိပ်ပြားကို ရေတွက်တဲ့ သူတွေက နွေဦးစမ်းရေအဆင့် လေးယောက် ဖြစ်ပြီးတော့ သူတို့ရဲ့ အရှိန်ကလည်း အတော်လေးကို မြန်ပါတယ်။ စင်မြင့်ရဲ့ အထက်မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတစ်ယောက်က သူရဲ့မျက်လုံးတွေကို မှိတ်ပြီး အနားယူနေတဲ့ ပုံစံမျိုးနဲ့ ဘာကိုမှ အလေးမထားပဲ ထိုင်နေပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး ကျွမ်းကျင်သူ တစ်ယောက် ရှိနေမှတော့ ဘယ်သူက ဒီအနားမှာ ပြဿနာ လုပ်ရဲမှာလဲ။

"နာမည်၊ အသက်၊ မွေးဖွားရာဒေသနဲ့ ကျင့်ကြံခြင်းအဆင့်"

လက်ထဲမှာ စာအုပ်တစ်အုပ် ကိုင်ထားတဲ့ တပည့်တစ်ယောက်က မေးလိုက်ပါတယ်။ အဲဒီစာအုပ်ထဲမှာတော့ နာမည်တော်တော်များများကို ရေးမှတ်ထားပါတယ်။

သူရဲ့အလုပ်က ထိပ်ဆုံးအယောက် တစ်ရာရဲ့ အမှတ်တွေကို ရေတွက်ပြီး မှတ်တမ်းတင်ရတဲ့ အလုပ်ဖြစ်ပါတယ်။ ပထမအချီ စမ်းသပ်စစ်ဆေးမှုက မပြီးသေးပေမဲ့လည်း အမှတ်တစ်သောင်းကို ကျော်ဖြတ်ပြီး ရရှိတဲ့သူတွေက ထိပ်ဆုံး အယောက်တစ်ရာထဲကို ဝင်ဖို့ အာမခံချက် ရှိပါတယ်။ မေးခွန်းကတော့ ဘယ်အဆင့်မှာ ချိတ်မလဲဆိုတာပဲ ရှိပါလိမ့်မယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

"ဟန်လင်း၊ အသက် ဆယ့်ကိုးနှစ်၊ ဖုယွန်တောင်။ စိတ်ဂိညာဉ် ပင်လယ် ပထမ အလွှာအဆင့်"

ဟန်လင်းဆိုတာ လင်းဟန်ရဲ့ နာမည်ကို ပြောင်းပြန်ခေါ်ထားတာပါ။ အသက်ဆယ့်ကိုးနှစ် စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူက အံ့အားသင့်စရာ ကောင်းနေဆဲပါပဲ။ ဒါပေမဲ့ အသက်နှစ်နှစ်လောက် ပိုပြီးတော့ ကြီးထားတာက တော်တော်လေး ကောင်းပါတယ်။ ဖုယွန်တောင်က မြောက်ပိုင်းဒေသက တောင်ငယ်လေး တစ်လုံးဖြစ်ပါတယ်။ လင်းဟန်က တောက်ပသော ကြယ်နန်းတော် ခန်းမတုန်းက မြေမျက်နှာသွင်ပြင် မှတ်တမ်းတွေကို ဖတ်ရှုခဲ့ပါတယ်။ ကြီးမားကျယ်ပြန့်တဲ့

ကုန်းမြေကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်တုန်းက ကပ်ဘေးကြီး တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပြီး နေရာတော်တော်များများရဲ့ နာမည်တွေက ပြောင်းလဲသွားခဲ့ပါတယ်။ ဒါကြောင့် သူရဲ့ ယခင်ဘဝတုန်းက နေရာတစ်ခုရဲ့ နာမည်ကို လက်လွတ်စပယ် ပြောလိုက်လို့ မဖြစ်ပါဘူး။

တပည့်လေးယောက်က အံ့အားသင့်ကုန်ကြပါတယ်။ အမှတ်ပေါင်း တစ်သောင်းဆိုတာက အထင်ကြီးစရာဆိုပေမဲ့လည်း အဖွဲ့လိုက် အစွမ်းနဲ့ ကံကောင်းပြီးတော့ ရနိုင်ပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်ဆိုတာကတော့ အတော်လေးကို အံ့အားသင့်စရာကောင်းပြီးတော့ မျက်စိမှိတ်ပြီးတော့ အနားယူနေတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျွမ်းကျင်သူတောင်မှ သူရဲ့မျက်လုံးကို ဖွင့်ပြီးတော့ လင်းဟာန်ကို စူးစမ်းကြည့်လိုက်ပြီး ခေါင်းကို တဆတ်ဆတ်နဲ့ ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"လူငယ်လေး။ မဆိုးဘူး။ အတော်ကို အထင်ကြီးစရာပဲ"

လင်းဟာန်က သူ့ကိုယ်သူ အရမ်းကြီး အသက်ကြီးအောင်လို့ ရုပ်ဖျက်လို့ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူရဲ့

အသက်ဓာတ်က အရမ်းကို မာန်ပါတက်ကြွနေပါတယ်။ တကယ်လို့ သူက အသက် ၂၄ ၂၅ နှစ်အရွယ် ရုပ်ဖျက်လိုက်မယ်ဆိုရင် ပန်းဖူးအဆင့်က အဘိုးကြီးတွေက မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သိသွားပါလိမ့်မယ်။ တကယ်လို့ သူက သူခိုးကြီးတွေထဲက တစ်ယောက်ဆိုတာကို ဆက်စပ်ကြည့်မိသွားရင် သေချာပေါက် သရက်သီး ဆားရည်စိမ်လို ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာရဲ့အသိအမှတ် ပြုမှုအတွက် ကျေးဇူးတင်ပါတယ်”

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျွမ်းကျင်သူက ရင်းနှီးဖော်ရွေစွာနဲ့ ပြုံးပြလိုက်ပါတယ်။ သူက စိတ်ကြီးမဝင်ရဲပါဘူး။ အသက်ဆယ့်ကိုးနှစ် စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူက အစစ်အမှန်ကို အံ့အားသင့်စရာ ကောင်းပါတယ်။ နောက်ပိုင်းဆိုရင် လင်းဟန်က ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဝိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ ဖြစ်လာနိုင်စွမ်း ရှိပါတယ်။ တကယ်လို့ သူက လင်းဟန်နဲ့ သူငယ်ချင်းတစ်ယောက် မဖြစ်နိုင်ရင်တောင်မှ သူ့ကိုလုံးဝ

အပြစ်ပြုလို့ မဖြစ်နိုင်ပါဘူး။

“ဒါကမင်းရဲ့ တံဆိပ်ပြား အသစ်ပဲ။ ဒါကို လုံးဝ ပျောက်လို့ မဖြစ်ဘူးနော်”

တပည့်တစ်ယောက်က လေးလံတဲ့ အနက်ရောင် တံဆိပ်ပြား တစ်ခုကို ပေးလိုက်ပြီးတော့ အဲဒီတံဆိပ်ပြားပေါ်မှာ ဟန်လင်းဆိုပြီးတော့ ရေးထွင်းထားပါတယ်။

Chapter 334 end

အပိုင်း(၃၃၅) အောင်းမိသားစုရဲ့ သားခုနစ်ယောက်

လင်းဟန်ရဲ့ အမှတ်က အခုဆိုရင် အဆင့်ခုနစ်မှာ ချိတ်ပါတယ်။ အခုတော့ ကြည့်ရတာ မြင့်တယ်ဆိုပေမဲ့ အရာအားလုံး ပြီးသွားတဲ့အခါမှာ အဆင့် လေးဆယ် သို့မဟုတ် ငါးဆယ်အထိ ကျဆင်းသွားနိုင်ပါတယ်။

ထိပ်ဆုံးဆယ်ယောက် အမှတ်တွေက အရမ်းကို နီးကပ်ပြီးတော့ ရာဂဏန်း အနည်းငယ်မျှသာ ကွာခြားပါတယ်။ ဒီလူတွေက တကယ့်ကို လူတော်တွေပဲ ဆိုတာ သိသာပါတယ်။ တံဆိပ်ပြား တစ်သောင်းကို ရရှိတယ်ဆိုတာက ထိပ်ဆုံးအယောက် တစ်ရာထဲကို

သေချာပေါက် ဂင်နိုင်တယ်လို့ ဆိုလိုတာပါ။ ဒါကြောင့် အဆင့်က အနည်းငယ် နိမ့်တာပဲဖြစ်ဖြစ် အနည်းငယ် မြင့်တာပဲဖြစ်ဖြစ် ဘာဖြစ်မှာမို့လဲ။

ဒုတိယအချီ စမ်းသပ်စစ်ဆေးမှုက အဓိကသော့ချက်ဖြစ်ပါတယ်။ ပြီးတော့ အဲဒါက လူတစ်ယောက်ရဲ့ အစွမ်းကို သေချာပေါက် စစ်ဆေးတာဖြစ်ပြီး သူတို့အားလုံး ဒီစင်မြင့်ထက်မှာ အစွမ်းကုန် ကြိုးစားရပါလိမ့်မယ်။

လင်းဟန်က ကျောက်တုံးကြီး တစ်တုံးဆီကို သွားပြီးတော့ ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပါတယ်။ သူရဲ့ ညာဘက်လက်သီးက အနည်းငယ် တုန်ခါနေပြီး လင်းဟန်က တိုက်ပွဲဆင် လက်သီးကို မှန်းကြည့်နေသလိုမျိုး လက်သီးတစ်လုံးပြီး တစ်လုံးကို ထိုးကြည့်လိုက်ပါတယ်။ သူရဲ့ လက်သီးတွေ အပေါ်မှာ သိုင်းဆန္ဒဆီကနေ ဖြစ်ပေါ်လာတဲ့ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းပုံစံ မပီမသ ပေါ်လာခဲ့ပါတယ်။

အချိန်ကို မဖြုန်းတီးပဲ သူ့အနေနဲ့ ကောင်းကောင်းလေ့ကျင့်ရပါမယ်။ သူက ဘာကြောင့် အချိန်တွေကို ဖြုန်းနေဦးမှာလဲ။

"ဟင့် စိတ်ဂိညာဉ် ပင်လယ်အဆင့် ပထမ အလွှာပဲ ရှိသေးတဲ့ ငါးသားပေါက်လေး တစ်ကောင်က ဒီနေရာမှာ သရုပ်ပြပွဲတယ်"

လင်းဟန်ရဲ့ နားရွက် အနီးမှာ အသံတစ်ခုက ဟိန်းထွက်လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို လှည့်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ အရပ်ကလန်ကလားနဲ့ လူတစ်ယောက်က လက်ပိုက်ပြီးတော့ သူ့ကိုကြည့်နေတာကို တွေ့လိုက်ရပါတယ်။ သူ့အသက်နဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၄ ကို ရောက်နေတာက အတော်လေး အထင်ကြီးစရာ ကောင်းပါတယ်။

တကယ်တော့ မြောက်ပိုင်းဒေသမှာ အသက်သုံးဆယ်အောက် စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေ ရှိတယ်လို့ မကြားဖူးသေးပါဘူး။

"မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ"

လင်းဟန်က စူပုပ်ပုပ်နဲ့ ပြောလိုက်ပါတယ်။ သူက

ရုပ်ဖျက်ထားပါတယ်။ ပြီးတော့ သူရဲ့ ပုက်ဖဲကို ထုတ်ဖော်စရာ မလိုတဲ့ အခြေအနေမှာ သူက နည်းနည်းလေးမှ သည်းခံလိုစိတ် မရှိပါဘူး။ ဒါကြောင့် လုံးဂကို စိတ်ကြီးဝင်ပြီးတော့ လှွမ်းမိုးခြယ်လှယ်တဲ့ ပုံစံမျိုး ပြုမှုဆောင်ရွက် လိုက်ပါတယ်။

လူငယ်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်လေးက ရန်ကျွင်းလို့ခေါ်တယ်"

"အိုး"

လင်းဟန်က ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ ရန်ကျွင်းက အစတုန်းက အဆင့်ခုနစ်မှာ ချိတ်တာဖြစ်ပြီး အခုတော့ လင်းဟန်ကြောင့် အဆင့်ကျသွားခဲ့ပြီး အဆင့် ၈ ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ပထမအလှည့်မှာ အဆင့်အတွက် ဖက်ပြိုင်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် အဆင့်နဲ့ ပတ်သက်ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်နေစရာ မလိုပါဘူး။

"နောက်ထပ် စစ်ဆေးမှုမှာ ငါ မင်းရဲ့ လပ္ပြတ်ကို ရိုက်ပစ်ရမယ်"

ရန်ကျွင်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက ပထမအချီရဲ့ အဆင့်ကို အစောပိုင်းတုန်းက ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ လင်းဟန်က အရမ်းကို ငယ်ရွယ်ပြီးတော့ သူ့ကို အလွန်အမင်း မနာလို ဖြစ်စေပါတယ်။ ဒ့ါအပြင် လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အဆင့် ပထမအလွှာပဲ ရှိပြီးတော့ ဒီလိုမျိုး လူတစ်ယောက်ကြောင့် သူက အောက်ကို ကျသွားတယ်ဆိုတဲ့ ခံစားချက်က သူ့ကို သက်တောင့်သက်သာ မဖြစ်စေပါဘူး။

"သေသင့်တဲ့ ငနံကောင်"

လင်းဟန်က နည်းနည်းလေးမှ ဂရုမစိုက်ပဲနဲ့ သရော်လှောင်ပြောင် လိုက်ပါတယ်။

ရန်ကျွင်းရဲ့ မျက်လုံးတွေက ဒေါသကြောင့် မီးဟင်းဟင်းတောက် နေပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ အတင်းအကျပ် ထိန်းချုပ်ထားလိုက်ပါတယ်။ သူက နှာခေါင်းရှုံ့လိုက်ပါတယ်။ ဒုတိယ စမ်းသပ် စစ်ဆေးမှု စတဲ့အခါကျရင် သူက သေချာပေါက် လင်းဟန်ကို ဒီကမ္ဘာကြီးက အရမ်းကို ကြီးမားတယ် ဆိုတဲ့အကြောင်းကို သိအောင်လို့ သေချာပေါက် လုပ်ပေးရပါလိမ့်မယ်။

ဒီရန်စက အတော်လေးကို ခေါင်းခြောက်စေပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ လက်သီးနည်းစနစ်ကို ဆက်ပြီးတော့ လေ့ကျင့်နေပါတယ်။ သူကအခုဆို လက်သီးချီ သုံးခုကို ထုတ်ဖော်ခဲ့ပါပြီ။ ပြီးတော့ တကယ်လို့ သူက လေးခုမြောက်ကို ချိုးဖျက်နိုင်မယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲအစွမ်းက နည်းနေသေးပေမဲ့လည်း အခြေခံကတော့ ပြောင်းလဲသွားပါမယ်။

အခုဆိုရင် ညကတဖြည်းဖြည်း မှောင်လာခဲ့ပြီး ညဦးယံကို မရောက်ခင် လေးနာရီ ကျော်လောက် လိုပါသေးတယ်။

လူတော်တော်များများ ပြန်လာကုန်ပါပြီ။ ရန်ချန်၊ စီချင်မန်၊ ဇောင်ဟွမ်၊ ချီယောင်ရီနဲ့ လင်းဟန် အနည်းငယ် ရင်းနီးတဲ့ လူတွေက တစ်ယောက်ပြီး တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက မျက်စိ တစ်ချက်ပေ့ကြည့် လိုက်တဲ့အခါမှာ ဇောင်းဟွမ်နဲ့ တခြားသူတွေက ကျေနပ်ပီတိ ဖြစ်နေတဲ့ အမူအရာတွေနဲ့ ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ကြည့်ရတာ သူတို့က ထိပ်ဆုံးအယောက် တစ်သောင်း စာရင်းထဲကို ဝင်ဖို့အတွက် အခွင့်အရေးကောင်းတွေ ရှိနေတဲ့ ပုံစံပါပဲ။

လင်းဟန်ရဲ့ အဆင့်က မျှော်မှန်းထားသလိုပဲ ပြုတ်ကျလာခဲ့ပါတယ်။ ပြီးတော့ ပထမနေရာရဲ့ အမှတ်က အမြင့်ဆုံးဖြစ်တဲ့ နှစ်သောင်းဆိုပြီး ပေါ်လာခဲ့ပါတယ်။ ဒါက ရန်ချောင်က လွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း သိပ်တောင်မကြာလိုက်ပဲ သူက အောက်ကိုကျသွားပြီးတော့ ပထမနေရာကို အောင်းဖန်းဟန့် ဖြစ်လာခဲ့ပါတယ်။

သူက အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက တစ်ယောက် ဖြစ်ထိုက်ပါတယ်။ လင်းဟန်က ရယ်မောလိုက်ပါတယ်။ အောင်းဖန်းက တရားမဝင် ကလေးတွေ အများကြီး ရှိနေပြီးတော့ သူကိုယ်တိုင်တောင်မှ သူတို့ကို မမှတ်မိပါဘူး။ အပြင်လူတွေဆိုရင် အသာထားလိုက်ပါတော့။

"ဟင်"

သူက အာရုံစူးစိုက် လိုက်ပါတယ်။ လူအုပ်ကြီးထဲမှာ အသက် ၂၂ နှစ် ၂၃ နှစ်ခန့်ရှိတဲ့ ဖက်တီး တစ်ယောက်ကို မြင်လိုက်ရပါတယ်။ သူ့ပုံစံကို လင်းဟန်က အရမ်းကြီး

မရင်းနှီးပါဘူး။ ဒါပေမဲ့ သူရဲ့ ဂတုတ်နေတဲ့ ခန္ဓာကိုယ်ကို ကျေးဇူးတင်ရပါတယ်။ ဒီကောင်က သေချာပေါက် မာထိုပေါင် ဆိုတာကို လင်းဟန်က ပြောနိုင်ပါတယ်။

သူ့ရဲ့ အရပ်အမောင်းက အတော်လေးကို ချို့ယွင်းချက် တစ်ခုလို ဖြစ်နေပါတယ်။ ဘယ်လောက်ပဲ ရုပ်ဖျက်ဆေးလုံးနဲ့ ပြောင်းလဲထားပေမဲ့ ဒါကိုတော့ သူက ရုပ်မဖျက်နိုင်ပါဘူး။ သူ့ပုံစံက ကြက်တွေရဲ့ ကြားထဲမှာ ကြိုးကြာငှက်တစ်ကောင် ရပ်နေတာမျိုးနဲ့ တူပါတယ်။

"သူ့ကို ဖမ်းစမ်း"

မျှော်လင့်ထားသလိုပါပဲ။ တကယ်လို့ လင်းဟန်က မာထိုပေါင်ကို ရှာတွေ့နိုင်တယ်ဆိုရင် ဆောင်းလဂိုဏ်းရဲ့ ကျင့်ကြံသူတွေလည်း လုပ်နိုင်ပါတယ်။ ချက်ချင်းဆိုသလိုပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေက ထောင့်တွေကို ပိတ်ပြီးတော့ မာထိုပေါင်ကို အရယူဖို့ သဲသဲမဲမဲ ကြိုးပမ်းကြပါတယ်။

"အသားညှိုတဲ့ အစ်ကိုတော်၊ မင်းနဲ့ ထပ်တွေ့ဖို့ မျှော်လင့်နေတာ"

မာထိုပေါင်က ချက်ချင်းဆိုသလို ထွက်မသွားခင် လင်းဟန်ရဲ့ တည်နေရာကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီးတော့ ပြေးသွားလိုက်ပါတယ်။

အကွာအဝေးက အတော်လေးကို ကျယ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို မာထိုပေါင်က ရှာတွေ့ သွားခဲ့ပါတယ်။

ထူးဆန်းတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူရဲ့ အရပ်အမောင်းက သိပ်ပြီးတော့ မထူးခြားပါဘူး။ ပြီးတော့ ရုပ်ဖျက်ထားတာကလည်း ထိပ်တန်းအဆင့်ပါပဲ။ မာထိုပေါင်က ဘယ်လိုလုပ် သူ့ကို သတိပြုမိ သွားခဲ့တာလဲ။ သူခိုးတွေမှာ လူတွေကို ရုပ်ဖျက်တဲ့ အထူးနည်းလမ်းတစ်ခု ရှိနေတာ ဖြစ်နိုင်ပါ့မလား။

မာထိုပေါင်က ဂနေပေမဲ့လည်း သူရဲ့ လှုပ်ရှားမှု နည်းစနစ်က အရမ်းကို လျင်မြန်ပါတယ်။ သူက လူအုပ်ကြီးထဲကို ငါးတစ်ကောင်လိုမျိုး ဖြတ်ကူးလာပြီးတော့ စိတ်ဂိညာဉ် ပလွှင်အဆင့် နောက်က လိုက်တဲ့သူတွေတောင်မှ သူ့ကို ဘယ်လိုဖမ်းရမလဲ မသိကြပါဘူး။ သူတို့တွေက

ပိုပိုဝေးလာပြီး တခဏအတွင်းမှာပဲ မာထိုပေါင်က တောအုပ်ထူထူအထဲကို ပြေးဝင်သွားခဲ့ပါတယ်။

လင်းဟန်က ဒီကောင်အကြောင်းကို စိုးရိမ်ပူပန်ခြင်း မရှိပါဘူး။ သူရဲ့ ခန္ဓာကိုယ်မှာ ရတနာတွေ ပြည့်လို့နေပါတယ်။ သူ့အနေနဲ့ မာထိုပေါင်ရဲက ခွန်းအားကို ဖြတ်ပြီးတော့ မမြင်နိုင်တာတောင်မှ မာထိုပေါင်မှာ သူ့ကိုယ်သူ အသက်ရှင်အောင်လို့ လုပ်နိုင်တဲ့ စွမ်းရည်တွေ လုံလုံလောက်လောက် ရှိပါတယ်။

ဟူးညိုနဲ့ ရန်ထန်းဇောင် ပြီးတဲ့နောက်မှာ နောက်ထပ် မွန်းစတား တစ်ကောင် ပေါ်လာပါပြီ။ ရုံဟွမ်ရှမ်ကတော့ မွန်းစတားအိုကြီး တစ်ကောင် ဖြစ်သွားခဲ့လို့ ထည့်ပြီးတော့ မရေတွက် သင့်ပါဘူး။

အဆင့်တွေက ဆက်ပြီးတော့ ပြောင်းလဲနေပါတယ်။ ထိပ်ဆုံးဆယ်ယောက် နာမည်တွေကို အောင်းမျိုးရိုးတွေက ပိုပိုပြီးတော့ ဦးဆောင်လာခဲ့ပါတယ်။ မေးနေစရာကို မလိုအောင်ပဲ သူတို့တွေက အောင်းမိသားစုရဲ့ သားခုနစ်ယောက် သေချာပါတယ်။ ဒီလူခုနစ်ယောက်ရဲ့ အစွမ်းက သာမန်မဟုတ်တဲ့အတွက် သူတို့တွေအများကြီးက ထိပ်ဆုံးဆယ်ယောက်ကို ရောက်ရှိပြီး ဘယ်သူကမှ

အသက်သုံးဆယ်မကျော်ကြပါဘူး။

ဒီအချက်ကြောင့် အောင်းဖန်းရဲ့ ပါရမီကလည်း ထူးချွန်ထက်မြက်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီလိုမျိုး ပါရမီရှင် အများကြီးရဲ့ အဖေတစ်ယောက် ဖြစ်နိုင်မှာလဲ။ ယွဲ့မိသားစုက အောင်းမိသားစုနဲ့ လက်ထပ်ထိမ်းမြားပေးဖို့ စီစဉ်ချင်နေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

ညလယ်ကို ရောက်တဲ့အခါမှာ ပထမအချီ စမ်းသပ်စစ်ဆေးမှုက ပြီးဆုံးသွားခဲ့ပါတယ်။ တကယ်လို့ ပြန်မလာတဲ့ လူတွေရှိနေရင်တောင်မှ သူတို့ရဲ့ အမှတ်တွေကို ထည့်ပြီးတော့ ရေတွက်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ရဲ့ အဆင့်က လေးဆယ့်နှစ်ကို ကျဆင်းသွားပြီးတော့ ပထမနေရာကို ရရှိသွားတဲ့ အောင်းချင်းလိုင် ဖြစ်ပြီးတော့ သူရရှိခဲ့တဲ့ အံ့အားသင့်စရာ အမှတ်ကတော့ သုံးသောင်း ဖြစ်ပါတယ်။

“အနက်ရောင် သတ္တု တံဆိပ်ပြား လက်ခံရရှိတဲ့ ထိပ်ဆုံးအယောက်တစ်ရာ ငါ့နောက်က လိုက်ခဲ့ပါ”

တပည့်တစ်ယောက်က ပြောလိုက်ပါတယ်။

"ထိပ်ဆုံးအယောက် တစ်သောင်းက စာရင်းမှတ်နေဆဲမို့ အားလုံးပဲ စိတ်ရှည်ကြပါ"

နောက်ထပ် တပည့်တစ်ယောက်က ပြောလိုက်ပါတယ်။

လင်းဟန်က ထရပ်ပြီးတော့ ဘဲနန်းကျ ချိုင့်ပုမ်းကို ချန်ခဲ့ပြီးတော့ ဓါးရဲ့ထိပ်ဖျားလို့ ခေါ်တဲ့ တောင်ရဲ့ထိပ်ကို နောက်ကနေ လိုက်သွားပါတယ်။

ယုလောင်တောင်တွေက အရမ်းကို ကြီးမားကျယ်ပြန့်ပါတယ်။ ဒါကြောင့် ဆောင်းလဂိုဏ်းမှာ လူပေါင်း နှစ်သောင်းကျော် ရှိတာတောင်မှ တောင်ထိပ် ခုနစ်ခုကိုပဲ ရယူထားနိုင်ပါတယ်။ မျက်နှာပြင် ဧရိယာက စတုရန်းပေ တစ်သောင်းကျော် ရှိပါတယ်။

ဒါပေမဲ့လည်း ဒီတောင်ထိပ် ခုနစ်ခုက စိတ်ဝိညာဉ်ချီတွေ သိပ်သည်းနေပြီးတော့ ကျင့်ကြံခြင်း အတွက် မြင့်မြတ်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ နှိုင်းယှဉ်ရမယ်ဆိုရင် ဓားထိပ်ဖျား တောင်ထိပ်ရဲ့ စိတ်ဝိညာဉ်ချီ အရည်အသွေးက နောက်ဆုံးအဆင့်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဆင့်နိမ့်ဆုံး တပည့်တွေ နေထိုင်ကြပါတယ်။

လင်းဟန်နဲ့ တခြားသူတွေက ဆောင်းလဂိုဏ်းကို တရားဝင် မဝင်ရောက်ရသေးပါဘူး။ ဒါကြောင့် သူတို့က ဒီနေရာမှာ ယာယီအားဖြင့် နေထိုင်ရပါလိမ့်မယ်။

ထိပ်ဆုံးအယောက် တစ်ရာထဲမှာ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက သုံးဆယ်နေရာကို ယူထားပါတယ်။ ဒါကြောင့် အဖွဲ့နှစ်ခု ဖွဲ့လိုက်ပါတယ်။ ပထမညမှာ ရန်ပွဲတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ဒါပေမဲ့ ကံကောင်းတာက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေက စောင့်ကြည့်နေကြပြီး အဆုံးမှာ ကြီးကြီးမားမား ထိခိုက်တာမျိုး မဖြစ်ခဲ့ပါဘူး။

လင်းဟန်က ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပါတယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်စလုံး စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၉ ကို အကုန်လုံး ရောက်နေကြပါပြီ။ သူတို့ခုနစ်ယောက်က လွဲလို့ နောက်ထပ် ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် အနည်းငယ်လည်း ရှိပါသေးတယ်။ သူတို့တွေလည်း အောင်းမိသားစုရဲ့ သားခုနစ်ယောက်နဲ့ အရမ်းကြီး မကွာကြပါဘူး။

ဒါပေမဲ့လည်း အစွမ်းထက်ဆုံးသူကို မနက်ဖြန် စမ်းသပ်စစ်ဆေးမှုမှာ ဆုံးဖြတ်ပါလိမ့်မယ်။

ဆောင်းလဂိုဏ်းရဲ့ တပည့်တွေ အားလုံးတောင်မှ သူတို့တွေထဲကနေ ထိပ်ဆုံးသုံးယောက် ထွက်ပေါ်လာစေချင်ပေမဲ့လည်း သိပ်ပြီးတော့ ယုံကြည်ချက် မထားနိုင်ကြပါဘူး။

ဒီညက အရမ်းကို တိတ်ဆိတ်ငြိမ်သက်ပြီး ပြဿနာတွေလည်း မဖြစ်ပဲနဲ့ ငြိမ်သက်လို့ နေပါတယ်။ ဒါပေမဲ့ ဒုတိယနေ့မှာ နေမင်းကြီးက မြင့်တက်လို့လာခဲ့ပါတယ်။ လင်းဟာန်က ညလယ်လောက်မှာ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ အဝါရောင် နဂါးသစ်သီးကို စိတ်ဂိညာဉ် ပြန်လည်သစ်သီး အဖြစ်ကို မွမ်းမံသန့်စင်လိုက်ပါတယ်။ သူ့အနေနဲ့ အချိန်တွေကို အလကား မဖြုန်းတီးပစ်ပါဘူး။

သိပ်မကြာခင်မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျွမ်းကျင်သူ တစ်ယောက် ပေါ်လာခဲ့ပါတယ်။ လူတိုင်းလူတိုင်းကလည်း အိပ်ယာထကုန်ကြပါပြီ။ သူတို့ကို မနက်စာတောင် ပေးမစားတော့ပဲ တောင်ရဲ့ဘေးဘက်က စင်မြင့်ကြီး တစ်ခုဆီကို ခေါ်သွားပါတယ်။ အဖြူရောင်ကျောက်တုံးတွေနဲ့ ခင်းထားပြီးတော့ ၎င်းကျောက်တုံးတွေရဲ့ မာကျောမှုက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်ရဲ့ ခွန်အားအပြည့်နဲ့ တိုက်ခိုက်မှုတောင်မှ လွယ်လွယ်ကူကူနဲ့ မကျိုးပဲ

သွားနိုင်ပါဘူး။ ၎င်းက တိုက်ပွဲကွင်းပြင် တစ်ခုလုပ်ဖို့အတွက် အသင့်တော်ဆုံး ဖြစ်ပါတယ်။

အစစ်အမှန် အဆင့်တိုက်ပွဲက စတင်ပါပြီ။

Chapter 335 end

အပိုင်း(၃၃၆) ပြန်လည်စမ်းသပ် စစ်ဆေးခြင်း

"အချိန်ကို ကန့်သတ်ထားတယ်။ ပြီးတော့ မင်းတို့တွေက အခုကစပြီးတော့ ဒီဂိုဏ်းရဲ့ တပည့်တွေနဲ့ လက်ရည်စမ်းဖို့ အခွင့်အရေးတွေ အများကြီးရှိလိမ့်မယ်။ ဒါကြောင့် ဒီနေ့ စမ်းသပ်စစ်ဆေးခြင်းကို မြန်မြန်ဆန်ဆန်ပဲ ပြီးသွားလိမ့်မယ်"

စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက ပြောလိုက်ပါတယ်။ သူက လက်ညိုးထိုး ညွှန်ပြလိုက်ပြီး ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"မနေ့က အဆင့်ကိုးဆယ့်တစ်ကနေ တစ်ရာအထိက အရှေ့ကိုသွားပြီးတော့ ပြိုင်ပွဲကွင်းပေါ်မှာ နေရာယူပါ"

ချက်ချင်းဆိုသလိုပဲ လူဆယ်ယောက်က အရှေ့ကို ထွက်လာပြီးတော့ ပြိုင်ပွဲကွင်းပေါ်မှာ ခွဲပြီးတော့

ရပ်လိုက်ကြပါတယ်။

“ရှစ်ဆယ့်တစ်ကနေ ကိုးဆယ်အထိ ရှေ့ကိုတိုးလာမယ်”

နောက်ထပ် လူဆယ်ယောက် ရှေ့ကိုတိုးထွက်လာတာကို စောင့်ပြီးတော့ ဆက်ပြီး ပြောလိုက်ပါတယ်။

“မင်းတို့တွေက တစ်ယောက်ကို ရွေးပြီးတော့ စိန်ခေါ်နိုင်တယ်။ အနိုင်ရတဲ့သူက နေပြီးတော့ ရှုံးတဲ့သူက ထုတ်ပယ်ခံရမယ်။ တိုက်ပွဲကို အခုစမယ်။ ဒါပေမဲ့ တိုက်ပွဲက ပြီးပြီး မပြီးပြီး ဒုတိယ အချီကို နောက်တစ်နာရီ အကြာမှာ စတင်မယ်။ ပြီးတော့ တကယ်လို့ လူနှစ်ယောက်က ပြိုင်ပွဲကွင်းထဲမှာ ဆက်ပြီးတော့ တိုက်ခိုက်နေသေးတယ်ဆိုရင် နှစ်ယောက်စလုံး ထုတ်ပယ်ခံရမယ်”

“ကဲ စမယ်”

အသံဆုံးတာနဲ့ တပြိုင်နက် အနည်းဆုံး လူငါးယောက်က စတင်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

တိုက်ပွဲအချိန်ထဲမှာ အနားယူတာကိုပါ ထည့်သွင်း

ရေတွက်ထားပါတယ်။ စုစုပေါင်း တစ်နာရီ အချိန်ရရင် ပြိုင်ဘက်ကို အမြန်ဆုံး အနိုင်ယူနိုင်တဲ့သူက အနားယူဖို့အတွက် အချိန်ပိုရှိတာပေါ့။ ဒါအပြင် ပြိုင်ပွဲကွင်းထဲက ဒီလူတွေက မနေ့တုန်းက အမှတ်ကောင်းကောင်း ရထားကြတဲ့ သူတွေဖြစ်ပါတယ်။ ထိပ်ဆုံးဆယ်ယောက်ကတော့ နောက်ဆုံးအချီကျရင် အစွမ်းကုန် ထုတ်ပြီးတော့ ယှဉ်ပြိုင်တိုက်ခိုက်ပါလိမ့်မယ်။

သေချာတာပေါ့။ စစ်မှန်တဲ့ ကျွမ်းကျင်သူ တစ်ယောက်ကတော့ ဘာကိုမှ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ ပြိုင်ဘက်တွေကို လွယ်လွယ်ကူကူနဲ့ နှိမ်နင်းနိုင်လိမ့်မယ်လို့ ယုံကြည်ချက် ရှိနေကြပါတယ်။

တိုက်ပွဲက မကြာခင်မှာ အရှိန်မြင့်လို့ လာပါတယ်။ တကယ်လို့ သူတို့က ဒီအချီမှာ ရှုံးနိမ့်သွားရင် သူတို့က ထုတ်ပယ်ခံရ ပါလိမ့်မယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက အစွမ်းကို တိုက်ခိုက်ကြ ပါတယ်။ ဟုတ်တယ်ပေါ့။ တကယ်လို့ သူတို့ရဲ့ ပုက်ဖဲတွေကို အသုံးပြုဖို့ မလိုဘူးဆိုရင် သူတို့ အသုံးမပြုပါဘူး။ အမှန်တော့ တကယ်လို့ သူတို့အနေနဲ့ ထိပ်ဆုံးဆယ်ယောက်ကို အဆင့်တက်ချင်တယ် ဆိုရင်တော့ ရှေ့မှာ အရမ်းကိုကြမ်းတမ်းတဲ့ တိုက်ပွဲတွေ အများကြီး

ရှိနေပါသေးတယ်။

ဆယ်မိနစ် ကြာပြီးတဲ့နောက်မှာ ပထမဆုံး တိုက်ပွဲက ပြီးသွားပါပြီ။ ပြီးတော့ နောက်ထပ် တစ်တွဲကတော့ အောင်နိုင်သူ မရှိဘဲနဲ့ တစ်နာရီ ကြာသွားပြီး နှစ်ယောက်စလုံး ထုတ်ပယ်ခံ လိုက်ရပါတယ်။

နံပါတ် ခုနစ်ဆယ်တစ်ကနေ ရှစ်ဆယ်အထိက ပြိုင်ပွဲကွင်းထဲမှာ နေရာယူလိုက်ပါတယ်။ ပြီးတော့ ဒုတိယအချီ တိုက်ပွဲက စတင်ခဲ့ပါတယ်။ တစ်ချီပြီး တစ်ချီ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တစ်နာရီစီ တိုက်ခိုက်ကြပါတယ်။ ဒီအရှိန်က အရမ်းကို မြန်ပြီးတော့ လေးနာရီ ကြာပြီးတဲ့နောက်မှာ လင်းဟန်ရဲ့ အလှည့်ကို ရောက်လိုလာပါတယ်။

“ဟင်”

လင်းဟန်က အံ့အားသင့်သွားတဲ့ အမူအရာ ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ သူရဲ့ ပြိုင်ဘက်က စမ်းသပ်စစ်ဆေးမှု မစခင်တုန်းက ချီယောင်ရီနဲ့ တခြားသူတွေကိုပါ စိတ်ဓာတ် ညှို့ဖျင်းစွာနဲ့ သရော်လှောင်ပြောင်ခဲ့တဲ့ ကျောက်ဟုန်ချန်ပဲ ဖြစ်ပါတယ်။ သူက လင်းဟန်ကိုလည်း နှိမ့်ချစွာနဲ့ ကြည့်နေခဲ့ပါတယ်။

ဘယ်လောက်တောင် တိုက်ဆိုင်လိုက်သလဲ။ လင်းဟန်က သူနဲ့မှ တည့်တည့်တိုး နေပါတယ်။

"ကိုယ့်ဘာသာကိုယ် အရှုံးပေးမလား။ ဒါမှမဟုတ် မင်းရဲ့ အရှုံးကို ဂန်ခံလာတဲ့အထိ ငါမင်းကို ရိုက်နှက်ရမလား"

ကျောက်ဟုန်ချန်က မာနကြီးစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့နှစ်ယောက်စလုံးက စိတ်ဝိညာဉ် ပင်လယ်အဆင့် ပထမ အလွှာပဲလေ။ မင်းက ဘယ်နေရာကနေ ယုံကြည်ချက်တွေ ရနေရတာလဲ"

"ဟားဟား။ ဒီကောနေပဲ့ကြာ"

ကျောက်ဟုန်ချန်က သူရဲ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ သူရဲ့ဓားက ထူးခြားတဲ့ ပုံစံရှိပါတယ်။ ဓားရဲ့ ထိပ်ဖျားက မြွေတစ်ကောင်ရဲ့ လျှာလိုမျိုး ကွဲနေပြီးတော့ အရမ်းကို ပါးလွှာပြီး ၎င်းရဲ့ထိပ်ဖျားပေါ်မှာ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်း ခုနစ်ခုကို မြင်နိုင်ပါတယ်။

"ငွေမြွေနဂါးဓား၊ အဆင့်လေး စိတ်ဂိညာဉ် ပစ္စည်း၊ အပြည့်အဝ အသက်သွင်းလိုက်ရင် စိတ်ဂိညာဉ် ပင်လယ်အဆင့် ၅အလွှာမှာ ရှိတဲ့ လူတစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းကို ယှဉ်ပြိုင်နိုင်တယ်"

ကျောက်ဟုန်ချန်က သူရဲ့ စိတ်ဂိညာဉ်ချီကို လည်ပတ်ပြီးတော့ စိတ်ဂိညာဉ် ပစ္စည်းရဲ့ သိုင်းဆန္ဒကို စတင်အသက်သွင်းလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက တောက်ပလာပြီးတော့ စိတ်ဂိညာဉ် ပစ္စည်းက အားကောင်းတဲ့ အစွမ်းကို ထုတ်ပြနေပါတယ်။

အာရုံအရတော့ ဒီစိတ်ဂိညာဉ် ပစ္စည်းက အဆင့်တူ ကျင့်ကြံသူတစ်ယောက်နဲ့ ညီမျှပြီးတော့ ကျောက်ဟုန်ချန် ကိုယ်တိုင်က စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်ပါတယ်။ သူက ငွေမြွေနဂါးဓားရဲ့ အစွမ်းကို အပြည့်အဝ အသက်သွင်းဖို့ လုံလောက်ပါတယ်။ ဒါကြောင့် အခုဆို စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ နှစ်ယောက်နဲ့ ညီမျှပြီးတော့ ပြိုင်ဘက် နှစ်ယောက်က လင်းဟန်ကို တပြိုင်နက်တည်း တိုက်ခိုက်တာနဲ့ ညီမျှပါတယ်။ ဒ့ါအပြင် ငွေမြွေနဂါးဓားရဲ့ အစွမ်းက

စိတ်ဂိုညာဉ် ပင်လယ်အဆင့် အလွှာ ငါး ပြိုင်ဘက်တစ်ယောက်နဲ့ နိုင်းယှဉ်နိုင်ပါတယ်။ ဒါကြောင့်လည်း ကျောက်ဟုန်ချန်က ယုံကြည်မှု အပြည့်ရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

တစ်ယောက်က စိတ်ဂိုညာဉ် ပင်လယ်အလွှာ ပထမအဆင့်နဲ့ တစ်ယောက်က စိတ်ဂိုညာဉ် ပင်လယ်အလွှာ ငါးအဆင့်မှာရှိပါတယ်။ တကယ်လို့ စိတ်ဂိုညာဉ် ပင်လယ်အလွှာ ငါးအဆင့်က ပြိုင်ဘက်တစ်ယောက်နဲ့ ဆုံတွေ့ခဲ့မယ် ဆိုရင်တောင်မှ အနိုင်ရဖို့ အခွင့်အရေး အချို့ရှိလိမ့်မယ်လို့ ဆိုလိုတာပါ။

ကျောက်ဟုန်ချန်က နောက်စမ်းသပ်စစ်ဆေးမှုမှာ လူတွေကို အံ့အားသင့်စေဖို့ အစောပိုင်း စမ်းသပ်စစ်ဆေးမှုမှာ ငွေမြွေနဂါးဓားကို အသုံးမပြုခဲ့ပါဘူး။

ဒါပေမဲ့လည်း ပြိုင်ပွဲမှာ စိတ်ဂိုညာဉ် ပစ္စည်းတွေကို အသုံးပြုလို့ မရဘူးဆိုတဲ့ စည်းမျဉ်းစည်းကမ်း မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူက ငွေမြွေနဂါးဓားအစွမ်း အပေါ်မှာ မှီခိုပြီးတော့ အနိုင်ရခဲ့မယ် ဆိုရင်တောင်မှ သူ့ရဲ့ ကိုယ်ပိုင်အစွမ်းနဲ့ အနိုင်ရတာ မဟုတ်တဲ့အတွက် အများဆုံး လူတွေက နိမ့်ချပြီး ကြည့်ရုံပဲ ရပါမယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ့အနေနဲ့ မင်းကို ကြောက်ရွံ့ထိတ်လန့်တဲ့ ပုံစံမျိုး ထုတ်ပြသင့်သလား"

"ဟန်ဆောင်နေဖို့ မလိုပါဘူး။ မင်းက ကြောက်ရွံ့ထိတ်လန့် ခံစားနေတာပဲ"

ကျောက်ဟုန်ချန်က သူရဲ့ဓားနဲ့ ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ကို စိတ်ဝိညာဉ် ပင်လယ်အလွှာ ငါးအဆင့်ကို အပြည့်အဝ အသက်သွင်းထားတဲ့ စိတ်ဝိညာဉ်ပစ္စည်းတစ်ခုကပဲ သူ့အတွက်တော့ ဂန်လေးပါလိမ့်မယ်။ ဒါကြောင့် သူက လင်းဟန်ကို ဖြစ်နိုင်သရွေ့ အမြန်ဆုံး အနိုင်ယူပြီးတော့ အနားယူဖို့ အချိန်တချို့ကို ရယူရပါလိမ့်မယ်။

လင်းဟန်က လက်သီးဆုပ်ပြီးတော့ လှုပ်ရှားလိုက်ပါတယ်။ သိုင်းဆန္ဒက လည်ပတ်လာပြီး သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက ပြန့်ထွက်လာပြီး ငွေရောင်ရှိတဲ့ ဆင်နဂါးတစ်ကောင်က လေထုကိုဖြတ်ပြီးတော့

ကျောက်ဟုန်ချန်ဆီကို တဟုန်ထိုး ဝင်လာပါတယ်။

ပုန်း

ပြင်းပြင်းထန်ထန် ထိခိုက်မိပြီး ကျောက်ဟုန်ချန်က ထပ်ခါထပ်ခါ အနောက်ဘက်ကို ဆုတ်သွားရပြီး သူရဲ့အမူအရာက အရမ်းကို ဖြူဖပ်ဖြူရော် ဖြစ်သွားပါတယ်။ ဒီတိုက်ခိုက်မှုထဲက အစွမ်းက အရမ်းကို ကြီးမားပြီး သူရဲ့ အတွင်းပိုင်း ကလီစာတွေကိုတောင် တုန်ခါသွားပြီးတော့ အရမ်းကို မခံမရပ်နိုင်အောင် ခံစားလိုက်ရပြီး သွေးတွေ အန်ထွက်လုမတတ် ဖြစ်သွားပါတယ်။

"ဟာင်"

"ဘာ"

"လပြွတ်"

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အစတုန်းက သတိမေ့နေကြတဲ့ လူတွေအားလုံးက အံ့အားသင့်တဲ့ အမူအရာကိုယ်စီ ဖြစ်ပေါ်လာခဲ့ကြပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်နဲ့ ဒီလက်သီးက ကျောက်ဟုန်ချန်ကို အနောက်ကို ဆုတ်သွားစေတာက ပြဿနာကြီး တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ သူက စိတ်ဂိညာဉ် ပစ္စည်းကို အပြည့်အဝ အသက်သွင်းထားပါတယ်။ ထူးထူးဆန်းဆန်းနဲ့ ထိတ်လန့်ဖွယ်ရာ ကောင်းပါတယ်။

"သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်ခြောက်လုံး ရှိရမယ်"

လူတော်တော်များများက တွက်ချက်လိုက်ပါတယ်။

ဒါကအရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ စိတ်ဂိညာဉ်ပင်လယ်အဆင့် ပထမအလွှာ လူငယ်လေးက တိုက်ပွဲအစွမ်း ကြယ်ခြောက်လုံး ရှိတယ်ဆိုတာက အရမ်းကို ယုံကြည်ဖို့ ခက်ခဲပါတယ်။

"သူက အသက်သွင်းထားတဲ့ စိတ်ဂိညာဉ် ပစ္စည်းအမျိုးအစား တချို့ကို ဂင်ဆင်ထားတာ ဖြစ်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဟီးဟီး သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်ငါးလုံးကို ကျော်လွန်ပါ့မလား။ ငါတို့ထဲက လူတော်တော်များများတောင်မှ ဒီလိုမျိုး လုပ်နိုင်ပါတယ်။ ဟုတ်တယ်မလား"

တစ်စုံတစ်ယောက်က ချက်ချင်းဆိုသလို အကျိုးသင့် အကြောင်းသင့် ဖြေရှင်းချက် တစ်ခုကို တွေးလိုက်ပါတယ်။

"ဒီမှာ တိုက်ပွဲအစွမ်း ကြယ်ငါးလုံး ရှိတဲ့လူအနည်းငယ် ရှိနေသေးတယ်။ ဒါပေမဲ့ အောင်းတက ကြယ်ခြောက်လုံးရှိတယ်"

လူတစ်ယောက်ရဲ့ အကြည့်က အသက် ၂၂နှစ် ၂၃ နှစ်ခန့်ရှိတဲ့ လူငယ်လေး တစ်ယောက်ဆီကို အကြည့်ရွှေလိုက်ပါတယ်။ အဲဒီလူက အောင်းတ ဖြစ်ပြီးတော့ တကယ့်နာမည်အရင်းက အောင်းချင်းလိုင်လို့ ခေါ်ပါတယ်။

အောင်းမိသားစုရဲ့ သားခုနစ်ယောက် အဆင့်က အသက်အရွယ်ပေါ် အခြေခံတာမဟုတ်ပဲ စွမ်းရည်အပေါ်မှာပဲ အခြေခံတာပါ။

အောင်းချင်းလိုင်က အောင်းဖန်းရဲ့ အသိအမှတ် အပြုဆုံး သားပဲ ဖြစ်ပါတယ်။ သူရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပင်လယ် အလွှာကိုး အဆင့်မှာ ရှိပါတယ်။ ပြောကြတာတော့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ခြေတစ်လှမ်း ရောက်နေပြီလို့ ပြောကြပါတယ်။ ပြီးတော့ ဒီလိုမျိုး ပါရမီကို အလယ်ပိုင်း ဒေသမှာတောင်မှ ပါရမီရှင် တစ်ယောက်လို့

ခေါ်နိုင်ပါတယ်။ ထိပ်တန်းအဆင့်တော့ မဟုတ်ပါဘူး။ အနည်းဆုံးတော့ မြောက်ပိုင်းဒေသမှာ ဒီအသက်အရွယ် အကန့်ထဲမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ပါရမီရှင်တွေ ရှိပါတယ်။

အောင်းချင်းလိုင်ရဲ့ နှုတ်ခမ်းထောင့်က အနည်းငယ် တွန့်သွားခဲ့ပါတယ်။ သူကတော့ လင်းဟန်က တိုက်ပွဲအစွမ်း ကြယ်ငါးလုံးထက် သာလွန်ပြီး ပိုင်ဆိုင်ထားတယ် ဆိုတာကို မယုံကြည်ပါဘူး။ ပြီးတော့ ဒီလိုဆိုမှတော့ သူရဲ့ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။ သူရဲ့တိုက်ပွဲအစွမ်းက အပြည့်အဝ ထုတ်ဖော်လိုက်မယ်ဆိုရင် ကြယ်ခုနစ်လုံးကို ကျော်လွန်သွားနိုင်ပါတယ်။

သူရဲ့ယုံကြည်မှုက အောင်းမိသားစုရဲ့ သားခုနစ်ယောက် ခေါင်းဆောင်ဖြစ်ဖို့နဲ့ ဆောင်းလဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင် ဖြစ်ဖို့တင်မဟုတ်ပါဘူး။ မြောက်ပိုင်းဒေသရဲ့ နံပါတ်တစ် ပါရမီရှင်လည်း ဖြစ်ရပါမယ်။ တစ်နေ့မှာ သူက အလယ်ပိုင်းဒေသကို ဂင်ရောက်ပြီးတော့ အဲဒီက ပါရမီရှင်တွေကို နင်းချေဖြတ်သန်း ပစ်ပြီးတော့ သူရဲ့ ဒဏ္ဍာရီ ထင်ပေါ်ကျော်ကြားမှုကို ပုံစံသွင်းပြီးတော့ သမိုင်းမှတ်တမ်း တင်ရပါလိမ့်မယ်။

“ငါမယုံနိုင်ဘူး”

ကျောက်ဟုန်ချန်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ ငါက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မှာ ရှိပြီးတော့ မင်းလည်းအတူတူပဲ။ ငါတို့မှာ စိတ်ဝိညာဉ် ပစ္စည်းကိုယ်စီ ရှိကြတယ်။ ငါကမင်းထက် အားနည်းနိုင်ပါ့မလား”

သူက ဓားရှည်ကို ပွေ့ရမ်းပြီးတော့ ဓားချီအလင်း လေးခုက ထွက်ပေါ်လာပါတယ်။

“ဓားချီအလင်း လေးခု၊ မဆိုးဘူး၊ မဆိုးဘူး။ သူက ဓားလမ်းကြောင်းမှာ ပါရမီတော့ ရှိသားပဲ”

လင်းဟန်က လက်သီးတစ်ချက် ထိုးသွင်းလိုက်ပြီး လက်သီးချီလေးခုနဲ့အတူ ရွှေရောင် လက်သီးလေးခု ဖြစ်ပေါ်လာပြီးတော့ ကျောက်ဟုန်ချန်ဆီကို ပြေးဝင်သွားပါတယ်။

“ထန် ထန် ထန် ထန်”

ဓားချိန်နဲ့ လက်သီးချီတွေက လုံးထွေးသွားပြီးတော့ တစ်ခုနဲ့တစ်ခု ဖျက်ဆီးပစ်လိုက် ကြပါတယ်။

ကျောက်ဟုန်ချန်က အော်ဟစ်လိုက်ပြီးတော့ သူရဲ့ဓားကို အဆက်မပြတ် ဝှေ့ရမ်းလိုက်ပါတယ်။ သူတို့နှစ်ယောက်လုံးက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မှာ ရှိပြီးတော့ လက်ထဲမှာ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုတောင်ရှိပြီးတော့ သူတို့ရဲ့ စွမ်းအင်သုံးစွဲခြင်းက အရမ်းကို ကြီးမားပါတယ်။ သူက လင်းဟန်ကို အနိုင်ရဖို့ အချိန် အနည်းငယ်ပဲ ရှိပါတော့တယ်။

လင်းဟန်ရဲ့ ဒန်တန်က ပုံမှန် စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့် လူတစ်ယောက်ထက် အဆပေါင်း တစ်ရာ ကြီးမားကျယ်ပြန့်ပြီးတော့ သူရဲ့ စိတ်ဝိညာဉ် ပင်လယ်ကလည်း ဆယ်ဆတောင် ပိုပြီးတော့ ကျယ်ပြန့်ပါတယ်။ ဒါ့အပြင် သူ့မှာ ယင်နဲ့ယန်ပုံစံ နှစ်ခုလည်း ရှိပါတယ်။

ဒါကြောင့် သူက အလောတကြီး လုပ်စရာမလိုပဲ သူရဲ့ပြိုင်ဘက်ကို အသုံးချပြီးတော့ တိုက်ပွဲဆင် လက်သီးသိုင်းကို လေ့ကျင့်နေတာ ဖြစ်ပါတယ်။

Chapter 336 end

အပိုင်း(၃၃၇) လက်သီးသိုင်း နည်းစနစ်ကို အရောင်တင်ခြင်း

လင်းဟန်ရဲ့ ခန္ဓာကိုယ်အတွင်းက စိတ်ဂိညာဉ် ပင်လယ်နှစ်ခုက တစ်ခုက အောက်ခြေမှာ ရှိပြီးတော့ မြေကြီးလိုမျိုးနဲ့ နောက်တစ်ခုက အပေါ်မှာရှိပြီး မိုးကောင်းကင်လိုမျိုး တည်ရှိပြီးတော့ ယင်နဲ့ ယန်ကို ကိုယ်စားပြုကြပါတယ်။

သူရဲ့ မူလစွမ်းအင်ကို သတ်မှတ်လိုက်တဲ့ အခါမှာ စိတ်ဂိညာဉ် ပင်လယ်နှစ်ခုထဲက တစ်ခုကို ရွေးချယ်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ လိုအပ်လာမယ်ဆိုရင် ကျယ်ပြန့်တဲ့ စိတ်ဂိညာဉ် ပင်လယ် နှစ်ခုကို တပြိုင်နက်တည်း လည်ပတ်စေနိုင်ပါတယ်။ တစ်ခုက ယင်ဖြစ်ပြီး တစ်ခုက ယန်ဖြစ်ပါတယ်။ ၎င်းတို့က ဆန့်ကျင်ဘက်တွေ ဆိုပေမဲ့လည်း ၎င်းက ကြောက်မက်ဖွယ်ရာ စိတ်ဂိညာဉ် စွမ်းအားကို ပေါက်ကွဲထွက်လာအောင် လုပ်ပေးနိုင်ပြီးတော့ သူရဲ့အစွမ်းကို စိတ်ဂိညာဉ် ပင်လယ်အလွှာ ၇ အဆင့်ထိအောင် မြင့်တက်သွားအောင် လုပ်နိုင်ပါတယ်။

ကျောင်းဟုန်ချန်လို ဘာမဟုတ်တဲ့ လူနဲ့ယှဉ်ပြိုင်တဲ့

အခါမှာတော့ သူရဲ့အစွမ်း အပြည့်အဝကို အသုံးပြုစရာ မလိုအပ်ပါဘူး။ စွမ်းအင်ကို ထောက်ပံ့ပေးဖို့အတွက် မြေစိတ်ဂိညာဉ် ပင်လယ်ကို လည်ပတ်ခြင်းနဲ့ပဲ လုံလောက်ပါပြီ။

တိုက်ပွဲဆင်လက်သီးရဲ့ အဓိကအတွေ့အကြုံမှာ သိမ်မွေ့နက်နဲမှုတွေ ပြောင်းလဲလာပြီးတော့ သူရဲ့လက်သီးသိုင်း လမ်းကြောင်းပေါ်မှာ တိုးတက်လာခဲ့ပါတယ်။

ကမ္ဘာကြီးထဲက ပညာရပ်တွေ အားလုံးက တူညီတဲ့ အဆုံးသတ်အတွက် ရည်မှန်းထားပါတယ်။ ဒါကြောင့် တကယ်လို့ သူက ဓားချီအလင်း ခုနစ်ခုကို ထုတ်ဖော်နိုင်တယ်ဆိုရင် လက်သီးချီ အလင်းခုနစ်ခုကိုလည်း ရောက်ရှိနိုင်တယ်လို့ ဆိုလိုတာပါ။ ဒါပေမဲ့လည်း အခုသူက ကျောက်ဟုန်ချန်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေပြီး ဒီလုပ်ငန်းစဉ်ကို လျော့ချနေခဲ့ပါတယ်။

“သေစမ်း သေစမ်းကွာ”

ကျောက်ဟုန်ချန်က မွှန်ထူပြီးတော့ သွေးရူးသွေးတန်းနဲ့

တိုက်ခိုက်နေပါတယ်။ ဒါကိုကြည့်ရတာ သူက တစ်နာရီဆိုတဲ့ အချိန်အကန့်အသတ်အထိ လင်းဟန်နဲ့ သတ်ပုတ်သွားမဲ့ ပုံစံပါပဲ။ သူထင်ထားတာက သူနဲ့ လင်းဟန်တို့ နှစ်ယောက်စလုံး ထုတ်ပယ်ခံရပါလိမ့်မယ်။

လင်းဟန်က အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပြီးတော့ အရမ်းကို မုန်းဖို့ကောင်းတဲ့ လူတစ်ယောက်အဖြစ် ခံစားနေရပြီး ဒေါသအကြီးအကျယ်တွေ ထွက်ပြီးတော့ သူ့အနေနဲ့ ထိန်းချုပ်မှု လွတ်သွားပါတယ်။ လင်းဟန်က သူ့ကို ထိအောင် မတိုက်ခိုက်နိုင်ဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဘာကြောင့် သူနဲ့ဆက်ပြီးတော့ လုံးလားထွေးလားနဲ့ သတ်ပုတ်နေရတာလဲ။

"မင်းညီမပဲ သေစမ်းကွာ"

လင်းဟန်က ပေါက်ကွဲထွက်စွာနဲ့ အော်ဟစ်လိုက်ပြီးတော့ လက်သီးတစ်ချက် ပြင်းပြင်းထန်ထန် ထိုးထည့်လိုက်ပါတယ်။ လက်သီးချီလေးခု ထွက်ပေါ်လာပြီးတော့ ငွေရောင်လက်သီး လေးခုအဖြစ်ကို ပြောင်းလဲသွားပြီး ဆင်နဂါးလေးကောင်က ကျောက်ဟုန်ချန်ဆီကို တဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

“ဘာ”

လူအားလုံးပဲ အော်ဟစ်လိုက် ကြပါတယ်။ တိုက်ခိုက်နေချိန် အတွင်းမှာပဲ အဆင့်တက်သွား ခဲ့တာလား။

တကယ်လို့ အမှန်သာဆိုရင် ဒီကောင်က တကယ်ကို ကြောက်စရာ ကောင်းတာပဲ။ တိုက်ခိုက်နေချိန် အတွင်းမှာ စိတ်ခံစားချက် ဖိအားကို ပြောင်းလဲပြီးတော့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အကန့်အသတ်ကို ချိုးဖျက်နိုင်တာက ပါရမီရှင်တွေ ကြားထဲကမှ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

“မဖြစ်နိုင်ဘူး။ ဒီကောင်က လက်သီးချီ အလင်းလေးခုကို ဟိုးအရင်ကတည်းက ထုတ်ဖော်နိုင်ပြီး အသုံးပြုတာကို ရှောင်နေတာပဲ ဖြစ်ရမယ်။ ပြီးတော့ အခုဒါကို ထုတ်ဖော်ပြီးတော့ လူတွေကို ထိတ်လန့်ကြောက်ရွံ့ သွားစေဖို့ လျှို့ဝှက်ကြံစည်ထားတာ ဖြစ်ရမယ်”

“ဟီးဟီး သူက တိုက်ပွဲအချိန်အတွင်းမှာ အဆင့်တက်သွားတယ်လို့ လူတွေကို တွေးထင်စေပြီး ဂိုဏ်းရဲ့အာရုံစိုက်မှုကို ဆွဲဆောင်ချင်နေတာပဲ။ တကယ်ကို ရှက်စရာကောင်းတာပဲ”

"တကယ်ကို နံ့အတာပဲ"

သူတို့အားလုံးက ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒီလူငယ်တွေက သူတို့ကိုယ် သူတို့အထင်ကြီး ဘဝင်မြင့်နေကြပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အဆင့်တက်တာမျိုးက သူတို့အတွက်တောင်မှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူတို့အသိဉာဏ်ထဲမှာ ဒါက အတုအယောင်ပဲလို့ ထင်ထားကြပါတယ်။

ဒါပေမဲ့လည်း လူတချို့ကတော့ လေးလေးနက်နက် စဉ်းစားနေကြပါတယ်။ တကယ်လို့ ဒါက အစစ်အမှန်ဆိုရင် ဘာဖြစ်မလဲ။

ကံကောင်းတာက ဒါက လက်သီးချီ အလင်းလေးခုပဲ ဖြစ်ပါတယ်။ အောင်မြင်မှု အသေးအဆင့်ပဲ ရှိပြီး ဘုရင်တစ်ပါးလို့ ခေါ်ဖို့ အဆင့်မမီသေးပါဘူး။

ဟုန်း

လက်သီးချီ အလင်းလေးခုနဲ့ အလင်းသုံးခု ယှဉ်ပြိုင်တာက အလွှာလေးမှာ ရှိတဲ့ လူတစ်ယောက်က အလွှာသုံးက

လူတစ်ယောက်ကို ဖိနှိပ်ထိန်းချုပ်တာမျိုးနဲ့ တူညီပါတယ်။ အလယ်ပိုင်းအဆင့်နဲ့ အစောပိုင်းအဆင့်ကြားက ကွာခြားမှုက ကြီးမားနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလက်သီးချက်က ကျောက်ဟုန်ချန်ကို သူ့ရဲ့ဓားနဲ့အတူ လွင့်ထွက်သွားစေပါတယ်။

အဲဒီအချိန်မှာပဲ တိုက်ပွဲစတင်တာက တစ်နာရီခန့် အကြမ်းအားဖြင့် ရှိနေပါပြီ။

အဆင့်သုံးဆယ်က လူဆယ်ယောက်က သူတို့ရဲ့ အမြင်ထဲမှာ လင်းဟန်ရှိနေပါတယ်။ ဒီကောင်က သူမသာကိုယ်အသုဘ တိုက်ပွဲတစ်ခုကို တိုက်ခိုက်ပြီးတော့ အနားယူဖို့အချိန် လုံးဝ မရှိခဲ့ပါဘူး။ တကယ်လို့ သူတို့က လင်းဟန်ကို စိန်ခေါ်နိုင်မယ်ဆိုရင် သူတို့အနေနဲ့ အရမ်းကို လွယ်ကူတဲ့ ပြိုင်ဘက် တစ်ယောက်ကို တိုက်ခိုက်ရတာနဲ့ ညီမျှပါတယ်။

ကျောက်ဟုန်ချန်က မြေကြီးပေါ်မှာ လဲကျနေပြီးတော့ မျက်နှာပေါ်မှာတော့ မယုံကြည်နိုင်မှုတွေ ပြည့်နှက်လို့ နေပါတယ်။ သူကတကယ်ပဲ တိုက်ပွဲအချိန်အတွင်းမှာ အဆင့်တက်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ တွေ့ဆုံခဲ့ပါတယ်။

“ထိပ်ဆုံးအယောက် သုံးဆယ် ရှေ့ကိုထွက်”

စိတ်ဂိညာဥ် ပလ္လင်အဆင့် ကျင့်ကြံသူက ပြောလိုက်ပါတယ်။

“နောက်ထပ် အချီစမယ်”

“ရှစ်”

ပျော့ပျောင်းနူးညံ့ပြီး လှပကျက်သရေရှိတဲ့ မိန်းကလေးတစ်ယောက်က လင်းဟန်ဆီကို အမြန်ဆုံး ရောက်ခဲ့ပါတယ်။ သူမက နှစ်သက်ကြည်နူးဖွယ်ရာကောင်းတဲ့ အပြုံးတစ်ခုနဲ့ ဘေးပတ်ဝန်းကျင်က လူတွေကို ပြုံးပြလိုက်ပြီးတော့ ပြောပါတယ်။

“ညီမလေးက အစ်ကိုတော်တွေ အားလုံးကို လမ်းဖယ်ပေးတဲ့ အတွက်ကြောင့် ကျေးဇူးတင် ပါတယ်ရှင်”

ဒါက အရမ်းကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ ပုံရိပ်က ထိပ်တန်းအဆင့် ဖြစ်ပြီးတော့ လူတွေကို အမှတ်မထင် နှစ်ကြိမ်တောင် ပြန်လှည့်ကြည့်ရတဲ့အထိ

ဆွဲဆောင်နိုင်ပါတယ်။ သူမထွက်လာတဲ့ အချိန်မှာ သူမရဲ့ တင်သားတွေနဲ့ ရင်သားတွေကို ရည်ရွယ်ချက် ရှိရှိနဲ့ လုပ်ခါပြီးတော့ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းအလှကို အပြည့်အဝ ထုတ်ဖော်ပြနေပါတယ်။ ကျန်တဲ့ကိုးယောက်က သူမဆီကို အလိုအလျောက် ကြည့်လိုက်ကြပါတယ်။ သူမက လင်းဟန်လို လွယ်ကူတဲ့ ပြိုင်ဘက် တစ်ယောက်ကို အမိအရ ရွေးချယ်လိုက်ပါတယ်။

ကျန်တဲ့ ကိုးယောက်က ကံမကောင်းဘူးလို့ အတွင်းကျိတ် ပြောလိုက်ပါတယ်။ သူတို့က ဘာကြောင့်များ ငမ်းငမ်းတက် လိုချင်စိတ်တွေ ဖြစ်နေရတာလဲ။

"အရှုံးကို ဝန်ခံလိုက်တော့"

မိန်းကလေးက လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။

သူမက ကျောက်ဟုန်ချန်ထက် သန်မာပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အလွှာ ၃ အဆင့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူမက ကောင်းတယ်ဆိုရင်တောင်မှ လင်းဟန်လို တိုက်ပွဲကြယ် ခြောက်လုံးကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်ရဲ့ ပြိုင်ဘက်ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူမက လင်းဟန်ကို စိန်ခေါ်ရဲတယ် ဆိုမှတော့ သူမက

တစ်ခုခုအပေါ်မှာ အမှီပြုပြီး စိတ်ချနေပုံ ရပါတယ်။

သူမက တိုက်ခိုက်လိုက်တယ် ဆိုရင်ပဲ ကျောက်စိမ်းနဲ့ လက်ရာမြောက်အောင် ထုလုပ်ထားတဲ့ ဆန်းကျယ်လှတဲ့ စေတီတစ်ဆူကို ထုတ်ယူပြီးလိုက်ပါတယ်။ အဲဒီမှာ သွေးကြောတွေနဲ့တူတဲ့ လိုင်းကြောင်းတွေက ပြိုးပြိုးပြက်ပြက်နဲ့ တောက်ပလာပြီးတော့ အားလှိုင်းတွေက တုန်ခါပြီး လင်းဟန်ဆီကို ပြေးဝင်လာခဲ့ပါတယ်။

လင်းဟန်က ချက်ချင်းပဲ မျှော်စင်လေးက အရမ်းကို မနှစ်သက်တဲ့ အတွေးတစ်ခုကို ထုတ်လွှတ်တယ် ဆိုပြီးတော့ ခံစားလိုက်ရပါတယ်။ ဒီအတွေးက သူ့ကို မဟုတ်တာတော့ သေချာပါတယ်။ ဒါပေမဲ့ လက်ရာမြောက်တဲ့ ရုပ်ပွားတော် ပုံစံကို မနှစ်မြို့တာပဲ ဖြစ်ပါတယ်။

"ဟီး ဒီစိတ်ဝိညာဉ် ပစ္စည်းက အတော်လေးကို စိတ်ဝင်စားစရာ ကောင်းတာပဲ။ တခြား မျှော်စင်ပုံစံ စိတ်ဝိညာဉ် ပစ္စည်းတွေကို ရှိတာ မကြိုက်ဘူးလား"

ဟုမ်း

အားလှိုင်းက ပင်လယ်လှိုင်းကြီး တစ်ခုနဲ့ တူပြီးတော့

အရမ်းကို ပြင်းထန်ပါတယ်။

လင်းဟန်က လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီးတော့ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက လျှင်မြန်စွာနဲ့ ပြန့်ကားလာပြီးတော့ သူ့ကို ဒိုင်းတစ်ခုလိုမျိုး ကာကွယ်ပေးလိုက်ပါတယ်။ ဆန်းကျယ်လှတဲ့ စေတီကနေ ထုတ်လွှတ်တဲ့ အားလှိုင်းက ဖြတ်သန်းဝင်ရောက်လာပြီးတော့ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းအလွှာတွေကို ချက်ချင်းဆိုသလို အက်ရာတွေ တော်တော်လေး ဖြစ်စေခဲ့ပါတယ်။

ဒိုင်းကာ ပျက်စီးသွားတဲ့ အချိန်မှာ ဆန်းကျယ်တဲ့ စေတီရဲ့ တိုက်ခိုက်မှုကလည်း အဆုံးသတ် သွားခဲ့ပါတယ်။

မိန်းကလေးက အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ လက်သီးမှာ ပါဝင်တဲ့ အစွမ်းက နည်းနည်းလေးမှ မများသလို အတိအကျနဲ့ အမှားကင်းနေပါတယ်။ ဒါပေမဲ့လည်း ဒီအချိန်က သူမအတွက် အံ့အားသင့်နေဖို့ အချိန်မဟုတ်ပါဘူး။ သူမက ချက်ချင်းဆိုသလို စေတီကို လှုပ်ခါလိုက်ပြီး အားလှိုင်းတစ်ခုကို ထုတ်ပြီးတော့ သူမရဲ့ဓားကို ဆွဲထုတ်ပြီးတော့ ရှေ့ကိုပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

"ရှပ် ရှပ် ရှပ် ရှပ်"

ဓားချီအလင်း လေးခုက ထွက်ပေါ်လာပြီးတော့ ၎င်းရဲ့ အစွမ်းက အရမ်းကို ထူးထူးကဲကဲ အစွမ်းထက်လှပါတယ်။

မျှော်လင့်ထားသလိုပဲ သူမက စိတ်ဂိညာဉ် ပစ္စည်းရဲ့ အစွမ်းကိုပဲ အားမကိုးပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူမကိုယ်တိုင်ကလည်း အံ့အားသင့်စရာကောင်းတဲ့ အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။

လင်းဟန်က သူမရဲ့ တိုက်ခိုက်မှုကို လက်ခံရယူပြီးတော့ သူရဲ့ ပြိုင်ဘက်အဖြစ် အသုံးချပြီး တိုက်ပွဲဆင်လက်သီးကို ဆက်ပြီးတော့ လေ့ကျင့်နေပါတယ်။

"ဟင်"

လူတချို့က လင်းဟန်ကို သတိပြုမိသွားပြီးတော့ အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ်လို့ နေပါတယ်။ ဒီမိန်းကလေးရဲ့ အစွမ်းက ကျောက်ဟုန်ချန်ထက် သာလွန်တယ် ဆိုတာက အသိသာကြီးပါ။ ဒါပေမဲ့ လင်းဟန်ကတော့ နည်းနည်းလေးမှ အရေးမနိမ့်ပဲ

ပြန်ပြီးတော့တောင် တိုက်ခိုက်နိုင်စွမ်း ရှိနေဆဲ ဖြစ်ပါတယ်။

ဒါက လင်းဟန်မှာလဲ သူရဲ့ အစွမ်းတွေကို လျှို့ဝှက်ထားတယ်လို့ ဆိုလိုတာပါပဲ။ ဒါဆိုရင် လင်းဟန်က သူရဲ့အစွမ်းကို အခုထိ အပြည့်အဝ အသုံးမပြုသေးဘူးဆိုတာ ဖြစ်နိုင်မလား။

"တကယ်လို့ သူက နောက်တစ်ချီကို အဆင့်တက်နိုင်မယ်ဆိုရင် ငါ့ရဲ့ ပြိုင်ဘက်အဖြစ် သူ့ကို ရွေးချယ်မယ်"

ခန့်ညားထယ်ဝါတဲ့ အသွင်ရှိတဲ့ လူတစ်ယောက်က ပြောလိုက်ပါတယ်။ သူရဲ့ ကျင့်ကြံခြင်းက စိတ်ဝိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ဖြစ်ပြီးတော့ သာမန်ထက် ထူးထူးခြားခြား ဖြစ်နေပါတယ်။

"ဟားဟား။ စီနီယာ အစ်ကိုယွဲ့က စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ပဲ ရှိသေးတဲ့ ငါးသားပေါက်လေး တစ်ကောင်နဲ့ တကယ်ပဲ တိုက်ခိုက်ဖို့အတွက် ဆန္ဒတွေ ပြင်းထန်နေတာလား"

တစ်စုံတစ်ယောက်က ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့

ချက်ချင်းဆိုသလိုပဲ သင်္ကာမကင်းတဲ့ အမူအရာ ဖြစ်ပေါ်လာပြီးတော့ မေးလိုက်ပါတယ်။

“စီနီယာ အစ်ကိုယွဲ့။ မင်းက သူ့ကို အရမ်းကို မြင့်မြင့်မားမား စဉ်းစားထားတာတော့ မဟုတ်ပါဘူးနော်”

စီနီယာ အစ်ကိုယွဲ့က ပြုံးလိုက်ပါတယ်။ ပြီးတော့ သူရဲ့မျက်လုံးထဲမှာ တိုက်ပွဲဝင်ချင်စိတ် ဖျတ်ခနဲ လက်သွားခဲ့ပါတယ်။

“မဟုတ်ဘူး မဟုတ်သေးဘူး။ ငါ့ရဲ့ အာရုံက လုံးဝ မမှားနိုင်ဘူး။ ဒီကောင်လေးက တိုက်ပွဲတစ်ခု ယှဉ်ပြိုင်ဖို့ ထိုက်တန်တယ်”

“ဟွန်း”

အောင်းမိသားစုရဲ့ သားခုနစ်ယောက်က တပြိုင်နက်တည်း သရော်လိုက်ပါတယ်။ တစ်ဖက်လူကို အရမ်းကို စဉ်းစားပြီးတော့ ချီးမြှောက်လွန်းတယ်လို့ ယူဆနေကြပါတယ်။

“အောင်းမိသားစုက သားခုနစ်ယောက်။ မင်းတို့တွေက

ဘာလို့ နာခေါင်းရှုံ့နေတာလဲ။ အရိုက်ခံချင်နေပြီလား”

စီနီယာ အစ်ကိုယွဲ့က သူရဲ့ အထင်သေးတဲ့ အမူအရာကို သိုဝှက်မထားပဲနဲ့ ကြည့်လိုက်ပါတယ်။

“မင်းလား။အရှုံးနဲ့ ပြိုင်ဘက်တစ်ယောက်”

အောင်းဂျန်းချန်က သူရဲ့လက်ခလည်ကို ထောင်ပြီးတော့ ပွေ့ပြလိုက်ပါတယ်။

“ဟားဟား ယွဲ့ခိုင်ယု မင်းက နံပါတ်ခုနစ်ကို အနိုင်ယူနိုင်တဲ့ အချိန်ကျရင် ကျန်တဲ့ငါတို့ကို စိန်ခေါ်နိုင်တယ်”

အောင်းချင်းလိုင်က ပြောလိုက်ပါတယ်။

အောင်းဂျန်းချန်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်မှာ အငယ်ဆုံးမဟုတ်ပါဘူး။ ဒါပေမဲ့ သူရဲ့ အစွမ်းက အားအနည်းဆုံး ဖြစ်ပြီး သူ့ရဲ့အဆင့်က နောက်ဆုံးမှာ ရှိတ်ပါတယ်။ အောင်းချင်းလိုင်ရဲ့ စကားတွေကို ကြားပြီးတော့ အောင်းဂျန်းချန်က ဒေါသနည်းနည်း ထွက်သွားပါတယ်။ အောင်းမိသားစုထဲမှာ ယှဉ်ပြိုင်ပွဲက ပြင်းထန်ပါတယ်။ ပြီးတော့ သူက နံပါတ်ခုနစ် နေရာမှာ

ကြိတ်မှိတ်လက်ခံပြီးတော့ ထိုင်နေရပါတယ်။

ယွဲ့ခိုင်ယုက ပြောလိုက်တယ်။

“ ငါ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်တက်တဲ့အချိန်ထိ စောင့်ပြီးတော့မှ ငါမင်းတို့ တစ်ယောက်စီကို စိန်ခေါ်မယ် ”

“မင်းကိုယ်မင်း အရမ်းကို အထင်ကြီးစရာကောင်းနေသလိုမျိုး ပြောလိုက်တာပဲ ”

အောင်းဖန်းဟန်က သူ့ရဲ့နားတွေကို ထောင်ပြပြီးတော့ အထင်အမြင်သေးတဲ့ ပုံစံနဲ့ သူ့ရဲ့ လက်ခလယ်ကို ပျှော့ပြလိုက်ပါတယ်။

Chapter 337 end

အပိုင်း (၃၃၈) ဂမ်းကွဲညီအစ်ကို

အောင်းမိသားစုနဲ့ ယွဲ့မိသားစုက ဘယ်တော့မှ မတည့်ကြပါဘူး။ ပြီးတော့ လူကြီးတွေက ဘာကြောင့်လဲ ဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက်ထားကြပေမဲ့ နောက်ပေါက် လူငယ်လေးတွေကတော့

နားမလည်ကြပါဘူး။ အောင်းမိသားစုနဲ့ ယွဲ့မိသားစု အကြီးအကဲတွေက အမြင်မတူကြလို့ ဖြစ်မယ်လို့ပဲ သူတို့တွေက တွေးထင်ထားကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ဂျူနီယာတွေကတော့ တစ်ယောက်နဲ့ တစ်ယောက် အပြင်းအထန် ရန်စောင်နေကြပါတယ်။ ဒါပေမဲ့လည်း ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်က သူတို့ရဲ့ ကလေးတွေအကြားက အမုန်းတရားတွေကြောင့် ဆိုတာကို လုံးဝနားမလည်နိုင်အောင် ဖြစ်ခဲ့ပြီးတော့ ဒါကြောင့်ပဲ မိသားစု နှစ်ခုက အပြန်အလှန် အထောက်အပံ့ပေးပြီး ရင်းနှီးတဲ့ ဆက်ဆံရေးကနေ ဆန့်ကျင်ဘက် တစ်ဖက်စီမှာ ရပ်တည်ကုန်ကြတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဘယ်လောက်ပဲ မတည့်ကြပါစေ ကိစ္စမရှိပါဘူး။ သူတို့တွေက မတိုးသာ မဆုတ်သာတဲ့ အခြေအနေ တစ်ခုတည်းမှာတော့ လူသိရှင်ကြား အဆုံးမသတ်စေလိုပါဘူး။ တကယ်တော့ မိသားစု နှစ်ခုမှာ အကြီးအကဲခေါင်းဆောင် တစ်ယောက်စီ ရှိပါတယ်။ ဒါပေမဲ့ မိသားစု နှစ်ခုကနေ ဆင်းသက်လာတဲ့ သူတွေကို ထပ်ပြီးတော့ ကြည့်မယ်ဆိုရင် အောင်းမိသားစုမှာက အရည်အချင်း မပြည့်မီတဲ့ လူတော်တော်များများ ရှိပြီးတော့ ပါရမီရှင်တွေက လူနည်းစုပဲ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အောင်းမိသားစုက သူတို့ရဲ့

မျိုးစေ့တွေကို နေရာတိုင်းမှာ ချန်ထားရစ်ပြီး ကလေးတွေ အများကြီး ရှိလို့ဖြစ်ပါတယ်။

ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ဖြစ်နိုင်ချေ တချို့လည်း ရှိပါတယ်။ အောင်းမိသားစုမှာ အမှန်တကယ်ပဲ လူခုနစ်ယောက် ရှိပြီးတော့ အယောက်တိုင်းက ယွဲ့ခိုင်ယုထက် အစွမ်းထက်ပါတယ်။ ပုံစံကြည့်ရတာ မိသားစု နှစ်ခုရဲ့ ဆင်းသက်လာသူတွေ အကြားက တိုက်ပွဲမှာ အောင်းမိသားစုက အနိုင်ရပြီးတော့ အတော်လေးကို အသာစီးရယူပြီး လွှမ်းမိုးခြယ်လှယ်နိုင်ပုံ ရပါတယ်။

တကယ်လို့ လင်းဟန်သာ သိမယ်ဆိုရင် သူက သေချာပေါက် လှောင်ပြောင် သရော်ပါလိမ့်မယ်။

"တကယ်လား။ တကယ်လို့ အောင်းဖန်းရဲ့ သားတွေ အကုန်လုံး သေသွားမယ်ဆိုဂှင် သူတို့မှာ ဘယ်လောက်ပဲ ထူးချွန်ထက်မြက်တဲ့ ပါရမီတွေ ရှိရှိ အသုံးဂင်မှာ မဟုတ်ဘူး"

တိုက်ပွဲကွင်းပြင်မှာ လင်းဟန်က လက်သီးတွေကို မိုးသီးမိုးပေါက်တွေလို ပစ်သွင်းနေပါတယ်။ သူ့ရဲ့ကလက်သီးတွေက ပိုပြီးတော့ မြန်သထက် မြန်လာပြီး လက်သီးချီ အလင်းငါးခုမြောက်ကို လေ့ကျင့်နိုင်လုနီးပါး

ဖြစ်နေပါတယ်။ ပေါက်ကွဲထွက်ဖို့ပဲ လိုပါတယ်။

ဒါက မိန်းကလေးကို မခန့်မှန်းနိုင်လောက်တဲ့ ဖိအားတွေ ပေးပါတယ်။ သူမက ဆန်းကျယ်တဲ့ စေတီကို ထုတ်ပြီးတော့ အကောင်းဆုံး အစွမ်းကုန် ကြိုးစားလုပ်ဆောင်ပါတယ်။ ဒါပေမဲ့ ဒါက စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ၎င်းရဲ့ အသန်မာဆုံး အစွမ်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၇ အဆင့်နဲ့ပဲ နှိုင်းယှဉ်လို့ ရပါတယ်။ ဒါကြောင့် ဘယ်လိုလုပ် လင်းဟာန်ကို ခြိမ်းခြောက်နိုင်မယ်ဆိုတာ ဖြစ်နိုင်မှာလဲ။

တစ်နာရီက ကုန်ခါနီး ဖြစ်နေတဲ့ အချိန်မှာ လင်းဟာန်က ကြီးမားတဲ့ လက်သီးတစ်ချက်ကို ပစ်သွင်းလိုက်တဲ့ အခါမှာ လက်သီးချီ အလင်းငါးခုက မိန်းကလေးဆီကို ပျံသန်းသွားပါတယ်။

"လပြွတ်ပဲ"

ဒီတစ်ကြိမ်မှာတော့ လူတော်တော်များများက တကယ့်ကို အံ့အားသင့် သွားခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်က လက်သီးချီ အလင်းငါးခုကို ဖမ်းဆုပ်နိုင်ခဲ့တယ် ဆိုရင်တောင် အစောပိုင်းကတည်းက ထုတ်ဖော်ပြခဲ့မှာပါ။ ဒါဆိုရင်ပဲ သူက အရမ်းကို ထူးချွန်ထက်မြက်တယ်လို့ ဆိုလိုတာပါပဲ။

လင်းဟန်က အစောပိုင်းတုန်းက တစ်နာရီ ဆက်ပြီးတော့ တိုက်ခိုက်ခဲ့တာလည်း အသိသာကြီးပါ။ ပြီးတော့ နောက်ထပ် တစ်နာရီ တိုက်ပွဲကို ပြင်းပြင်းထန်ထန်နဲ့ ဆက်ပြီးတော့ တိုက်ခိုက်နေ ပါသေးတယ်။ ဒီလိုမျိုး ဒဏ်ခံနိုင်မှုက တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"ဒီတစ်ယောက်ကိုတော့ လျှော့တွက်ထားလို့ မသင့်ဘူး"

လင်းဟန်က တဆက်တည်း နှစ်နာရီကြာအောင် တိုက်ခိုက်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ဒန်တန်ထဲက စိတ်ဝိညာဉ် ပင်လယ်တွေက ထူးထူးခြားခြား ထုထည်ကြီးမားပြီး ဒီလိုမျိုး စွမ်းအင် သုံးစွဲခြင်းက သူရဲ့ စွမ်းအင်အားလုံးရဲ့ အပုံတစ်ရာပုံ တစ်ပုံတောင် မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဒီနည်းလမ်းအတိုင်း တိုက်ပွဲဝင်နိုင်မှာ မဟုတ်ပါဘူး။ လပြွတ်ပဲ သူက ငတုံးငအ မဟုတ်ပါဘူး။

"နှစ်ဆယ့်တစ်ကနေ သုံးဆယ်အထိ အရှေ့ကိုတက်မယ်"

စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော်ရဲ့ လေသံက ဘာခံစားချက်မှ မရှိသလိုမျိုး တည်ငြိမ်ပါတယ်။

ယွဲ့ခိုင်ယုက အရှေ့ကို ရုတ်တရက် ထွက်ပြီးတော့ လင်းဟန်ရဲ့

အရှေ့မှာ ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းအခု အနားယူနိုင်တယ်။ မင်းပြန်ပြီးတော့ ကောင်းမွန်လာတဲ့အခါကျမှ ငါတို့တိုက်ကြတာပေါ့”

သူကဒီလို ပြောလိုက်တဲ့အခါမှာ လူတချို့က သူ့ကို ငတုံးငအလို့ ခေါ်ပြီးတော့ စော်ကားကြပါတယ်။

အခွင့်အရေးမယူတဲ့ ဘယ်သူမဆို တကယ့်ကို မိမစစ်ဖမစစ် တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။ အခုက ထိပ်ဆုံးဆယ်ယောက်နေရာနဲ့ သက်ဆိုင်ပြီးတော့ တကယ်လို့ သူတို့ နံပါတ်တစ်ကို အရမယူနိုင်ရင်တောင်မှ ဆုလာဘ်ဆောင်အဖြစ် မှော်ဆေးလုံးတွေကို လက်ခံရရှိနိုင်ပါသေးတယ်။ ဘာဖြစ်လို့ သူတို့က အစွမ်းကုန် အသုံးမချရမှာလဲ။

ဒါမှမဟုတ် သူက အရမ်းကို သန်မာအားကောင်းပြီး ဒီလိုမျိုး ယုံကြည်ချက်တွေ ရှိနေတာလား။

“ဟားဟား။ သူက အောင်းမိသားစုရဲ့ သားခုနစ်ယောက်ကို မပြိုင်နိုင်မှန်းသိတော့ သူ့ကိုယ်သူ သဘောထားကြီးသလိုမျိုး ဟန်ဆောင်နေတာပဲ။ ငါတို့ခုနစ်ယောက် ဒီနေရာမှာ

ရှိနေမှတော့ သူက အလွန်ဆုံး အဆင့်ရ လောက်ပဲ ချိတ်မှာပေါ့”

အောင်းဂျန်းချန်က အရမ်းကို အထင်အမြင်သေးတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် တိုက်ပွဲတွေရဲ့ ဖျက်ဆီးနိုင်စွမ်းက အရမ်းကို ကြီးမားတဲ့အတွက် လူတိုင်းလူတိုင်းက တော်တော်ဝေးဝေးကနေ စောင့်ကြည့်ရပါတယ်။ ဒီအကွာအဝေးနဲ့ တိုက်ပွဲတွေရဲ့ ဆူညံသံတွေကြောင့် သူတို့ဘာတွေ ပြောတယ်ဆိုတာကို ကြားရဖို့ အရမ်းကို ခက်ခဲပါတယ်။

ဒါကြောင့် လင်းဟန်က သူ့အရှေ့ကလူကို ယွဲ့ခိုင်ယုလို့ ခေါ်တဲ့အကြောင်းကို လုံးဝမသိပါဘူး။ ပြီးတော့ ယွဲ့ခိုင်ယုက အောင်းဂျန်းချန်ရဲ့ အသေရေပျက်အောင် လုပ်ကြံပြောဆိုတာကိုလည်း မကြားနိုင်ပါဘူး။

ယွဲ့ခိုင်ယုရဲ့ စကားတွေကို ကြားပြီးတော့ လင်းဟန်က ယွဲ့ခိုင်ယု အပေါ်မှာ ကောင်းမွန်တဲ့ သဘောထား ရှိသွားပြီးတော့ သူရဲ့လက်တွေကို ဆုပ်ပြီးတော့

ပြောလိုက်ပါတယ်။

“စီနီယာ အစ်ကို့ကို ကျနော် ဘယ်လိုခေါ်ရမလဲ”

“ယွဲ့ခိုင်ယု”

လင်းဟန်က မထင်မှတ်ပဲ ထိတ်လန့်သွားပါတယ်။ မျိုးရိုးနာမည်က ယွဲ့။ သူက ယွဲ့ကျန်းရှန်းရဲ့ သားများ ဖြစ်နိုင်မလား။ လင်းဟန်က အစ်အောက်ပြီး မေးလိုက်ပါတယ်။

“တကယ်လို့ မင်းက ငါ့ကို ခေါင်းဆောင် ယွဲ့ကျန်းရှန်းက ဘယ်သူလဲ ဆိုတာကို ပြောနိုင်မယ်ဆို အံ့အားသင့်မိမှာပဲ။ အဲဒါက အစ်ကိုတော် ယွဲ့လား”

“သူက ငါ့အဖေပါ”

ယွဲ့ခိုင်ယုက ထူးဆန်းတာကို ရှာမတွေ့ခဲ့ပါဘူး။ သူက ယွဲ့ကျန်းရှန်းရဲ့ သားဖြစ်ပါတယ်။ ပြီးတော့ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက ဒီကိစ္စကို သိထားကြပါတယ်။ ဒါက လျှို့ဝှက်ချက် တစ်ခု မဟုတ်ပါဘူး။

မျှော်လင့်ထားတဲ့ အတိုင်းပဲ ဒါက သူရဲ့ ဂမ်းကွဲအစ်ကိုပါ။

လင်းဟန်က ကျိတ်ရယ်ပြီးတော့ စိတ်ထဲကနေ ပြောလိုက်ပါတယ်။

“အိုး။ ဂမ်းကွဲအစ်ကို ဂမ်းကွဲအစ်ကို အရင်တုန်းက မင်းရဲ့အဘိုးကြီးက အောင်းဖန်းကို ရပ်ဖို့အတွက် မတားခဲ့တာက သူရဲ့အမှားပဲ။ ဒါကြောင့် ငါတို့မိသားစုကို တကွဲတပြား ဖြစ်သွားစေခဲ့တယ်။ ဒီနေ့မှာတော့ ဒီဂမ်းကွဲအစ်ကိုဖြစ်တဲ့သူကို ဆုံးမပြီးတော့ ဦးလေးကို သူက ထပ်ပြီးတော့ ဆုံးမအောင် လုပ်ရလိမ့်မယ်။ ဒါဆိုရင် ဒီသဘောထား ကွဲလွဲတာကို ပြီးသွားပြီလို့ ရေတွက်နိုင်ပြီ”

မိသားစုက အမြဲတမ်း အမုန်းတရားဆိုတာ မရှိကြပါဘူး။

လူအများစု အတွက်တော့ သေမျိုးတွေအနေနဲ့ပဲ ဖောက်ဖျက်ကြတာ ဖြစ်ပုံရပါတယ်။ တူဖြစ်သူက သူရဲ့ဦးလေးကို ဘယ်လိုလုပ် ဆုံးမနိုင်မှာလဲ။ ဒါပေမဲ့ ဒီခန္ဓာကိုယ်ရဲ့ စိတ်ဝိညာဉ်က လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်က ဂရန်းမာစတာ မော်ဆေးပညာရှင်ရဲ့ လွှမ်းမိုးခြယ်လှယ်မှု ရှိနေပြီးတော့ လက်ရှိအခြေအနေကို လက်ခံထားတယ် ဆိုပေမဲ့လည်း သူရဲ့စကားလုံးတိုင်းနဲ့

လှုပ်ရှားမှုတိုင်းက အကန့်အသတ်နဲ့ ရှိပါတယ်။

"အနားယူဖို့ မလိုပါဘူး။ တိုက်ကြစို့"

"ငါ့ရဲ့ ကျင့်ကြံခြင်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်မှာရှိတယ်။ ပြီးတော့ အလွှာ၉ ကို ခြေတစ်လှမ်းဝင်နေပြီ။ ဒါ့အပြင် ငါက အနက်ရောင် အဆင့်မြင့် ပညာရပ်သုံးခုကို လေ့ကျင့်ထားတယ်။ တကယ်လို့ မင်းရဲ့ အဆင့်အတန်းကို သင့်မြတ်အောင် ထိန်းညှိမနိုင်ဘူးဆိုရင် တိုက်ကွက် တစ်ကွက်ထပ်ပိုပြီးတော့ မင်းက ရပ်တည်နိုင်မှာ မဟုတ်ဘူး"

ယွဲ့ခိုင်ယုက စိတ်တိုတိုနဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အကောင်းဆုံး အခြေအနေမှာပဲ ငါက မင်းကို အနိုင်ယူချင်တာ။ အနိုင်ယူချင်ရုံပဲ မဟုတ်ဘူး"

"ဟီးဟီး။ မင်းကို ဘာကြောင့် ငါက စိတ်ကျေနပ်စေရမှာလဲ။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ တဟုန်ထိုး ပြေးဝင်ပြီး အရင်ဆုံး တိုက်ခိုက် လိုက်ပါတယ်။

ယွဲ့ခိုင်ယုက နှာခေါင်းရှုံ့ပြီးတော့ လက်သီးတစ်လုံးကို သာမန်ကာလျှံကာ ပစ်သွင်းလိုက်ပါတယ်။ သူက လင်းဟန်ကို ကွာဟချက်က ဘာကိုဆိုလိုသလဲ ဆိုတာကို သိသွားစေချင်ပါတယ်။ ပြီးတဲ့နောက်မှာ သူက လင်းဟန်ကို သူက အနားယူခိုင်းပြီးမှ မျှတတဲ့ တိုက်ပွဲတစ်ခုကို တိုက်ခိုက်နိုင်ပါလိမ့်မယ်။

လင်းဟန်က နည်းနည်းလေးမှ အားနည်းတဲ့ လက္ခဏာ မရှိပဲနဲ့ လက်သီးတိုက်ခိုက်မှုတွေက မိတ်ဆက်သွားခဲ့ပါတယ်။

“ဘုန်း”

လက်သီးနှစ်လုံးက ထိသွားတာနဲ့ ချက်ချင်းဆိုသလိုပဲ အားလှိုင်းတစ်ခုက အပြင်ဘက်ကို ထွက်ပေါ်လာခဲ့ပါတယ်။ ဘေးဘက်က အတွဲတွေက တကယ်ဆိုရင် အတော်လေးကို ဝေးပါတယ်။ ဒါပေမဲ့ သူတို့တွေက ဒီအံ့အားသင့်စရာ အားလှိုင်းကြောင့် အဆက်မပြတ် နောက်ကို ဆုတ်သွားရပြီး သူတို့ရဲ့ ကိုယ်ပိုင်တိုက်ပွဲကိုတောင် ဆက်မတိုက်ဖြစ်ပဲ သူတို့တွေကို စိုက်ကြည့်လိုက်ပါတယ်။

"ဟင်"

ယွဲ့ခိုင်ယုက အံ့အားသင့်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ လက်သီးမှာပါတဲ့ စွမ်းအားက သူ့ထက် နည်းနည်းလေးမှ အားမနည်းပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်းက စိတ်ဝိညာဉ် ပင်လယ်အလွှာ ရှစ် အဆင့်မှာ ရှိပြီးတော့ စွမ်းအားကလည်း ဗိုလ်ကျသလိုပါပဲ။ ဒါပေမဲ့ သူက စိတ်ဝိညာဉ် ပင်လယ်အဆင့် ပထမအလွှာမှာ ရှိနေတဲ့ ကောင်လေးတစ်ယောက်ကို မထိန်းချုပ်နိုင်ပါဘူး။ သူရဲ့ပြိုင်ဘက်ပေါ်က စိတ်ဝိညာဉ် ပစ္စည်းက တကယ့်ကို အစွမ်းထက်တာပဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ အစ်ကိုယွဲ့။ ငါမင်းကို ရိုက်နက်ပြီးမှ ငါတို့တွေက နောက်ပိုင်းမှာ သူငယ်ချင်းတွေ ဖြစ်နိုင်တယ်"

သူ့ရဲ့ စကားတွေက ထူးဆန်းနေပါတယ်။ ငါတို့တိုက်ခိုက်ပြီးရင် ငါတို့တွေက တူညီတဲ့ ဘက်မှာ ရှိကြလိမ့်မယ်။

ဒါပေမဲ့လည်း ယွဲ့ခိုင်ယုက လင်းဟန်က ဘယ်သူလဲဆိုတာကို မသိပါဘူး။ ပြီးတော့ ဒေါသတွေ ထွက်သွားပါတယ်။

ဒီကောင်က သူ့ကို အမှန်တကယ်ပဲ ဆုံးမချင်နေတာလား။ အရမ်းကို အထင်သေးရာ ကျသွားပြီ။ ဘယ်နေရာကနေ ဒီလိုမျိုး သတ္တိနဲ့ ယုံကြည်ချက်တွေ ရလာတာလဲ။

သူက အော်သံရှည်ကြီးတစ်ခု အော်ဟစ်လိုက်ပြီးတော့ လင်းဟန်ကို စတင်ပြီး တိုက်ခိုက်လိုက် ပါတယ်။ ဒီတစ်ကြိမ် သူက ဒေါသထွက်သွားပြီး သိုင်းပညာကို အသုံးပြုခဲ့ပါတယ်။ သူ့ရဲ့ လက်သီးတွေက ချက်ချင်းဆိုသလို သံမဏိလို မည်းနက်သွားပြီး အဲဒီအပေါ်ယံမှာ သတ္တုရောင် တောက်တောက် အလင်းတွေ တောက်ပနေပါတယ်။

လက်သီးကို ထိုးထည့်လိုက်တာနဲ့ သိုင်းဆန္ဒကလည်း ပွင့်ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ ညာဘက်လက်သီးမှာ သွေးကြောနဲ့တူတဲ့ လိုင်းကြောင်းတွေက ချက်ချင်းပဲ တောက်ပလာခဲ့ပြီး သူ့ရဲ့ လက်မောင်းတစ်ခုလုံးကို ချက်ချင်းဆိုလို ပြန်နှံ့သွားပါတယ်။ သူ့ရဲ့ ညာဘက်လက် တစ်ခုလုံးက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားသလိုမျိုးနဲ့ တူပါတယ်။

လက်သီးတစ်လုံး ပစ်သွင်းလိုက်တာနဲ့ လေထုတောင်မှ လင်းဟန်ကို ဖိအားပေးပြီးတော့ ဟာရီကိန်း မုန်တိုင်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

“ဟင့်။ ယွဲ့မျိုးရိုးကောင်ကို ကြည့်ရတာ သူရဲ့လက်သီး နည်းစနစ်မှာ တော်တော်လေး တိုးတက်လာပုံ ရတယ်”

အောင်းဂျန်းချန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်ပါတယ်။

အောင်းဖန်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ သူရဲ့အစွမ်းသာ နောက်တစ်ဆင့်ကို တိုးသွားမယ်ဆိုရင် ငါတို့ကိုတောင်မှ ခြိမ်းခြောက်နိုင်လိမ့်မယ်”

အောင်းချင်းလိုင်ကတော့ မာနကြီးစွာနဲ့ပဲ ရယ်မောလိုက်ပါတယ်။ သူရဲ့ အစွမ်းက ကျန်တဲ့ လူတွေ အားလုံးထက် အများကြီး သာလွန်ပါတယ်။ ဒီခြောက်ယောက်က တကယ့်ကို အမြင်ကျဉ်းပြီး သူတို့ရဲ့ ကိုယ်ပိုင်ခွန်အားတွေကို လုံး၊ သတိမပြုမိပဲ ကိုယ့်ကိုကိုယ် စိတ်ကြီးဝင်နေပြီးတော့ ဆွေးနွေးနေကြပါတယ်။

Chapter 338 end

အပိုင်း(၃၃၉) သူငယ်ချင်း ဖြစ်ကြစို့

လင်းဟန်က အရှေ့ကို တိုးပြီးတော့ ယွဲ့ခိုင်ယုနဲ့ ရင်ဆိုင်တိုက်ခိုက် လိုက်ပါတယ်။

သူကလည်း တိုက်ပွဲဆင် လက်သီးသိုင်းကို ထိန်းထားဖို့ ဆန္ဒ နည်းနည်းလေးမှ မရှိပဲ အသုံးပြု လိုက်ပါတယ်။ လက်သီးချို ငါးခုက တဟုန်ထိုး ထွက်ပေါ်လာပြီး လက်သီးတစ်ချက်ကနေ ငွေရောင်ဆင်နဂါး လေးကောင်က ရှေးဟောင်းအရှိန်အဟပါကို ထုတ်လွှတ်ပြီးတော့ ယွဲ့ခိုင်ယုကို ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

ဆင်နဂါးတွေက ရှေးဟောင်းခေတ်ကတည်းက ဒဏ္ဍာရီလာ သားရဲကောင်တွေ ဖြစ်ပြီးတော့ နှစ်သန်းပေါင်း များစွာကတည်းက လုံးဝ ပျောက်ကွယ်သွားခဲ့ပြီး ဒဏ္ဍာရီ တစ်ပုဒ်အဖြစ်ပဲ ကျန်ရစ်ပါတော့တယ်။ ဒီဆင်နဂါးတွေက အရမ်းကို သန်မာအစွမ်းထက်ပြီး တောင်တွေကို ဖျက်ဆီးပြီး ပင်လယ်တွေကို မှောက်ကာ မိုးကောင်းကင်နဲ့ မြေကြီးကိုတောင် ထက်ခြမ်းခွဲ ပစ်နိုင်တယ်ဆိုတာ သံသယ ရှိစရာမလိုပါဘူး။

ဒါပေမဲ့လည်း စစ်မှန်တဲ့ ဆင်နဂါးက တစ်ကိုယ်လုံး ရွှေရောင်တောက်ပ နေပါတယ်။ ပြီးတော့ တကယ့်ဆင်တစ်ကောင်ရဲ့

ကြီးမားရက်စက်ကြမ်းကြုတ်မှုလည်း ရှိပါတယ်။ ၎င်းကိုယ်လုံးကနေ ထွက်ပေါ်လာတဲ့ အစွမ်းကပဲ စစ်မှန်တဲ့ နဂါးတစ်ကောင်ကိုတောင် သေစေနိုင်ပါတယ်။ ၎င်းရဲ့ ခေါင်းပေါ်မှာလဲ နဂါးဦးချိုတွေ ပေါက်နေပြီးတော့ မိုးကောင်းကင်ကိုတောင် ထောက်ပံ့နိုင်ပါတယ်။ ပြီးတော့ ၎င်းရဲ့ ခြေလက်တွေကလည်း ကမ္ဘာမြေကြီးရဲ့ ထောက်တိုင်တွေလိုမျိုး မြေကြီးပေါ်မှာ မားမားမတ်မတ်နဲ့ ရပ်တည်နိုင်ပါတယ်။

လင်းဟာန် ထုတ်လွှတ်လိုက်တဲ့ ဆင်နဂါးက ငွေရောင်အဆင်းပဲ ရှိပါသေးတယ်။ ပြီးတော့ ဦးချိုတွေ မပါသေးပဲ ကြမ်းတမ်းတဲ့ ဆင်တစ်ကောင်ရဲ့ ပုံသဏ္ဍာန်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ၎င်းရဲ့ အစွမ်းက တကယ့်စစ်မှန်တဲ့ ဆင်နဂါးရဲ့ အစွမ်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အရမ်းကို ဝေးကွာပါသေးတယ်။

ဒါပေမဲ့လည်း ဒီအရာက လင်းဟာန်ကို အတော်လေး အံ့အားသင့်အောင် လုပ်နိုင်ပါတယ်။ တကယ်လို့ ဒီလက်သီးသိုင်း နည်းစနစ်က ၎င်းရဲ့ အကန့်အသတ်ထိ တိုးတက်လာပြီး စစ်မှန်တဲ့ ဆင်နဂါးတစ်ကောင်ကို ထုတ်ဖော်နိုင်မယ်ဆိုရင် လက်သီးတစ်ချက်က ဘယ်လောက်တောင်မှ အစွမ်းတွေ ပြည့်ဝနေလိမ့်မလဲ။

ထင်မှတ်ထားသလိုပဲ သူ့ရဲ့ယခင်ဘဝတုန်းက ဒီကောင်းကင်အဆင့် စစ်သည်တော် ခြောက်ယောက်စလုံးက အံ့အားသင့်စရာကောင်းတဲ့ နောက်ခံတွေ ရှိကြပါတယ်။ ဒီလက်သီးသိုင်း နည်းစနစ်က သေချာပေါက် လုံးဝကို မရိုးရှင်းပါဘူး။

ဒါပေမဲ့လည်း လင်းဟန်မှာ ဒီလက်သီးနည်းစနစ်နဲ့ ပတ်သက်ပြီးတော့ မပီမပြင် မသဲကွဲတဲ့ ခံစားချက် တစ်ခုရှိနေပါတယ်။ သူက အပြည့်အစုံ မရရှိသေးပါဘူး။ တကယ်လို့ သူကဆက်ပြီး တိုးတက်လာနေဦးမယ်ဆိုရင် ၎င်းက မြေကမ္ဘာအဆင့်ကို ရောက်နိုင်ပြီးတော့ ကောင်းကင်အဆင့် သိုင်းပညာတစ်ခု ဖြစ်လာနိုင်စွမ်း ရှိလိမ့်မှာမဟုတ်ပါဘူး။ နတ်ဘုရားအဆင့်ကိုတော့ အသာထားလိုက်ပါဦး။

ဓားကျေရာဇ်က ပိုပြီးတော့ လက်တွေ့အကျဆုံး ဖြစ်ပါတယ်။ အနက်ရောင် မူလသိုင်းဟန် သုံးမျိုးက လူတစ်ယောက်က ဓားချီ ဓားအလင်းနဲ့ ဓားနှလုံးသားကို ဖမ်းဆုပ်နိုင်သရွေ့ အသက်သွင်းနိုင်ပါလိမ့်မယ်။

တကယ်လို့ နလန်တုက မသေဘဲနဲ့

နတ်ဘုရားနယ်ပယ်ထဲကို ဝင်သွားခဲ့မယ်ဆိုရင် နောက်ပိုင်းမှာ အခွင့်အရေးသာ ရရှိခဲ့မယ်ဆို သူ့ကိုသေချာပေါက် ရိုက်နက်ပါလိမ့်မယ်။

ဟုမ်း

လင်းဟန်က တွေးတောနေသလို သူနဲ့ ယွဲ့ခိုင်ယုရဲ့ တိုက်ပွဲကလည်း ပိုပြီးတော့ ပြင်းထန်လာခဲ့ပါတယ်။

ယွဲ့ခိုင်ယုက သူရဲ့ကျင့်ကြံခြင်းဖြစ်တဲ့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ရဲ့ သတ်မှတ်ချက် အနောက်ကို အတော်လေး ကျော်လွန်နေပါတယ်။ ဒါပေမဲ့ သူရဲ့ စစ်မှန်တဲ့ တိုက်ပွဲအစွမ်းက ကြယ်ဆယ့်လေးလုံးကို ရောက်နေခဲ့ပါတယ်။ တိုက်ပွဲအစွမ်း ကြယ်ခြောက်လုံးကို အပြတ်အသတ် သာလွန်နေပါတယ်။ ဒါက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပြီးတော့ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ရဲ့ အမူအရာတောင်မှ အနည်းငယ် ပြောင်းလဲသွားခဲ့ပါတယ်။

ယွဲ့ခိုင်ယုက အခုဆိုရင် သူတို့ခြောက်ယောက်နဲ့ လက်ရည်တူ တိုက်ခိုက်နိုင်ပြီးတော့ အောင်းချင်းလိုင် တစ်ယောက်ကပဲ လွယ်လွယ်ကူကူနဲ့ အနိုင်ရနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့

ယွဲ့ခိုင်ယုက အလှဲ့ဗ၉ကို အဆင့်တက်သွားခဲ့ရင် အောင်းချင်းလိုင်တောင် ထင်ပေါ်ကျော်ကြားမှုကို သူနဲ့အတူ ခွဲဝေယူရနိုင်ပါတယ်။

“မှားတယ်။ ငါ့ရဲ့တိုက်ပွဲအစွမ်းက ကြယ်ခုနစ်လုံးကို ကျော်လွန်တယ်”

အောင်းချင်းလိုင်က ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူက မျက်စိတစ်ချက် ဝေ့ကြည့်ပြီး သူ့ပုံစံကို ကြည့်ရတာ အထင်သေးမှုတချို့ကို မြင်တွေ့နိုင်ပါတယ်။ ဒီညီအစ်ကိုတွေနဲ့ တစ်ဖက်တည်း ဆိုပေမဲ့လည်း သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်နစ်လုံးတောင် သန်မာပါတယ်။

သူတို့ခုနစ်ယောက်ကို နဂါးတစ်ကောင်နဲ့ ကျားခြောက်ကောင်လို့ ခေါ်သင့်ပါတယ်။ သူရဲ့ ခွန်အားက ပိုပြီးတော့ သန်မာပါတယ်။ တခြားညီအစ်ကို ခြောက်ယောက်က သူနဲ့ ဘေးချင်းယှဉ်ပြီး ရပ်ဖို့ မသင့်တော်ပါဘူး။

ဒါပေမဲ့ လင်းဟန်က ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းပါတယ်။

တကယ်လို့ သူ့ရဲ့ပြိုင်ဘက်က အားနည်းနေမယ်ဆိုရင် သူရဲ့ လုပ်ဆောင်မှုကလည်း သာမန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူရဲ့ပြိုင်ဘက်က သန်မာတယ်ဆိုရင် သူရဲ့တိုက်ပွဲအစွမ်းက အခြေအနေပေါ်လိုက်ပြီးတော့ ပြောင်းလဲသွားပါတယ်။ ယွဲ့ခိုင်ယုရဲ့ တိုက်ပွဲအစွမ်းက ကြယ်ဆယ့်လေးလုံး ရောက်နေပါတယ်။ ဒါပေမဲ့ လင်းဟန်က လုံး၀ ထိန်းထားနိုင်ပြီး နည်းနည်းလေးမှ အောက်စည်းကို ကျရောက်နေတဲ့ပုံစံ မတွေ့ရပါဘူး။ ဘယ်သူက ဒါကို ယုံကြည်နိုင်မှာလဲ။

ဒီကောင်က ဘယ်လောက်တောင် သန်မာနေလို့လဲ။

သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မှာပဲ ဆိုတာက သိသာပါတယ်။ ဒါပေမဲ့ ကြယ်ခြောက်လုံးကို သာလွန်တဲ့ တိုက်ပွဲအစွမ်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်ခုနစ်လုံး ဖြစ်သင့်ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ ယွဲ့ခိုင်ယုရဲ့ တိုက်ပွဲအစွမ်း ကြယ်၁၄လုံးကို ယှဉ်ပြိုင်နိုင်ရတာလဲ။ သူ့ဆီက စိတ်ဂိညာဉ်ပစ္စည်းက တိုက်ပွဲအစွမ်း ကြယ်ခုနစ်လုံးကို တိုးပေးနိုင်တာများလား။

ယွဲ့ခိုင်ယုက ထပ်ခါထပ်ခါ အော်လိုက်ပါတယ်။ လင်းဟန်က

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသုံးပြုပြု မပြုပြု သူက ခန့်ညားလောက်တဲ့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့် ပြိုင်ပွဲဝင်သူ တစ်ယောက်ဖြစ်ပြီး လင်းဟန်လို စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မှာရှိတဲ့ သူတစ်ယောက်ကို အနိုင်မရသေးပါဘူး။ ဒါကို ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေရပါတယ်။

သူ့မှာလည်း တိုက်ပွဲအစွမ်းကို အချိန်တခဏမျှ တိုးလာစေနိုင်တဲ့ စိတ်ဂိညာဉ်ပစ္စည်း စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့နဲ့ မှော်ဆေးလုံးတွေ ရှိပါတယ်။ ဒါပေမဲ့ သူက အရမ်းကို ဂုဏ်ယူပြီး ကျင့်ကြံခြင်း အဆင့်မှာ အရမ်းကြီး အသာစီးရနေပြီးတော့ အခုလိုမျိုး အပြင်ဘက် အကူပစ္စည်းအဖြစ် စိတ်ဂိညာဉ် ပစ္စည်းတွေကို အသုံးပြုဖို့ လိုအပ်နေသေးလို့လား။

ဒါဆိုရင် အနိုင်ရခဲ့ရင် ဘာအဓိပ္ပါယ် ရှိတော့မှာလဲ။ သူက အနိုင်ရော ရသင့်သလား။ သူက မျက်နှာပဲ ပျက်ရမှာပါ။

သူက အသက်ကို ပြင်းပြင်းရှူပြီးတော့ လင်းဟန်ကို ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

"ဟော့ဟော့ဟော့။ ဒီနှစ်ရဲ့ ဒီလူသစ်က အတော်လေးကို

အားကောင်းတာပဲ ဟုတ်တယ်မလား။ စီနီယာ အစ်ကိုယွဲ့တောင်မှ သူ့ကို မထိန်းချုပ်နိုင်ဘူး။ တကယ်လို့ သူတို့နှစ်ယောက်သာ ထုတ်ပယ်ခံလိုက်ရမယ်ဆိုရင် အရမ်းကို ရယ်စရာကောင်းလိမ့်မယ်”

ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက်က ပြောလိုက်ပါတယ်။

“ဒါကကောင်းတဲ့ အရာတော့ မဟုတ်ဘူး။ နောက်ထပ်နေရာ ပွင့်သွားလိမ့်မယ်”

“အမှန်ပဲ။ အသက်သုံးဆယ်နှစ်အောက်မှာ စီနီယာ အစ်ကိုယွဲ့ကို အောင်းမိသားစုရဲ့ သားခုနှစ်ယောက်ကပဲ ဖိနှိပ်နိုင်တယ်”

“ဒီမှာရှိတဲ့ ဓားတရားရှင်လို့ ခေါ်တဲ့ ကောင်ကလည်း အတော်လေးကို သန်မာတယ်။ သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ၇ အဆင့်မှာပဲ ရှိသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ တိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်ဆယ့်နှစ်လုံးလောက်ရှိတယ်။ တကယ်ကို အံ့အားသင့်စရာပဲ”

“မင်းတို့ကောင်တွေ အကြီးအကဲခေါင်းဆောင် ရှီ ပြောတာကို မကြားဘူးလား။ အခု သိုင်းပညာတွေရဲ့ ထူးခြားတဲ့ ရွှေခေတ်ကာလကို ရောက်နေပြီးတော့ ပါရမီရှင်တွေကလည်း အဆုံးမရှိ ပေါ်ထွက်လာပြီး အနာဂတ်မှာ တိုက်ပွဲအစွမ်း ကြယ်ဆယ်လုံးကို ကျော်လွန်တဲ့ လူထူးလူဆန်းတွေတောင်
ပေါ်ထွက်လာလိမ့်မယ်ဆိုတာလေ”

ဘေးပတ်ဝန်းကျင်က လူတော်တော်များများက ဆွေးနွေးနေကြပါတယ်။ ပြီးတော့ လူတွေလည်း တစ်ယောက်ပြီး တစ်ယောက် ထုတ်ပယ်ခံနေရပြီး ကျန်နေတဲ့ လူတွေက ပိုပြီးတော့ တောက်ပလာခဲ့ပါတယ်။

“စီနီယာ အစ်ကိုယွဲ့ ကျေးဇူးတင်ပါတယ်”

လင်းဟန်က အကြောင်းပြချက် မရှိပဲနဲ့ ရုတ်တရက် ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုက လင်းဟန် ဘာကိုပြောနေတာလဲ ဆိုတာကို လုံးဝမသိပါဘူး။ ပြီးတော့ သူပြန်ပြီးတော့ သတိပြုမိတဲ့ အချိန်မှာပဲ လင်းဟန်က အဆင့်တက်ပြီးတော့ လက်သီးချီ အလင်းခြောက်ခုနဲ့ လက်သီးတစ်ချက်ကို

ပစ်သွင်းလိုက်ပြီးတော့ ဆင်နဂါးခုနစ်ကောင် အဖြစ်ကို ပြောင်းလဲပြီး သူ့ဆီကို ပြေးဝင်တိုက်ခိုက်လာပါတယ်။

“ဘာကြီးလဲ”

သူက အကြီးအကျယ်ကို အံ့သြသွားပါတယ်။ ဒါက လက်သီးချီ ခြောက်ခုဆိုတာ အမှန်ပါပဲ။ ဒါက ကြီးကျယ်မြင့်မြတ်တဲ့ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှု တစ်ခုပြီးတော့ ဘုရင်တွေရဲ့ အဆင့်ကို ရောက်လုနီးပါး ဖြစ်နေပါပြီ။

ဒါက အရမ်းကို ကြောက်ဖို့ ကောင်းပါတယ်။ သူလည်းပဲ လက်သီးချီ အလင်းခြောက်ခုကို ဖမ်းဆုပ် နိုင်ပါတယ်။ ခုနစ်ခုမြောက်အလင်းကတော့ ချောက်နက်ကြီး တစ်ခုနဲ့ တူပါတယ်။ သူက လေးနှစ်ကျော်လောက် ကြိုးစားနေပေမဲ့လည်း ဘုရင်နယ်ပယ်ဖြစ်တဲ့ အလင်းခုနစ်ခုနဲ့ အထက်ကို မဖြတ်သန်းနိုင်သေးပါဘူး။

ဒီ ကျေးဇူးတင်ပါတယ် ဆိုတာက ဘာကြောင့်လဲဆိုတော့ လင်းဟန်က ယွဲ့ခိုင်ယုရဲ့ ဖိအားအောက်မှာ အဆင့်တက်ပြီးတော့ လျင်မြန်စွာနဲ့ အောင်မြင်သွားခဲ့လို့ ဖြစ်ပါတယ်။

ဒါပေ့ါ။ အဓိကအကြောင်းကတော့ လင်းဟန်က မူလတုန်းကတည်းက ဓားချီအလင်း ခုနစ်ခုကို ဖမ်းဆုပ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ အဲလိုမှ မဟုတ်ရင် သူက ဘယ်လောက်ပဲ ပါရမီရှိနေပါစေ လွယ်လွယ်ကူကူနဲ့ အဆက်တက်ပြီးတော့ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။

ဒီလက်သီးချီ အလင်းခြောက်ခု ထွက်ပေါ်လာပြီး တိုက်ပွဲဆင် လက်သီးကြောင့် လင်းဟန်က အပေါ်စီးကနေ ရယူနိုင်ခဲ့ပါတယ်။

သူရဲ့ အစွမ်းက မူလတုန်းက ယွဲ့ခိုင်ယုရဲ့ အစွမ်းထက် အားမနည်းခဲ့ပါဘူး။ အခုဆို သူက လက်သီးချီမှာလည်း အရေးမနိမ့်တော့ပါဘူး။ နောက်ပြီးတော့ သူရဲ့ လက်သီးသိုင်း နည်းစနစ်ကလည်း ယွဲ့ခိုင်ယုထက် အစွမ်းထက်ပါတယ်။ ပြီးတော့ ကောင်းကင်အဆင့်ရဲ့ အမြော်အမြင် ထိုးထွင်းသိမြင်မှုတွေကိုပါ ပေါင်းစပ်လိုက်မယ်ဆိုရင် သူက အသာစီးမှာပဲ ရှိပါတယ်။ တကယ်လို့ သူက အသာစီး မရယူနိုင်သေးဘူးဆိုရင် တို့ဖူးအပိုင်းအစတွေကို ရှာပြီးတော့ သူ့ကိုယ်သူ သေတဲ့အထိ ရိုက်နှက်ပစ်လိုက်သင့်ပါတယ်။

"ဂုန်း ဂုန်း ဂုန်း"

လင်းဟန်က ကန္တာရထဲက လာတဲ့ အရိုင်းအစိုင်း တစ်ယောက်လိုမျိုး လက်သီးတွေ တစ်ချက်ပြီး တစ်ချက် ပစ်သွင်းနေပြီးတော့ သူရဲ့လက်သီးတွေက အရာအားလုံးကို ဖျက်ဆီးနိုင်တဲ့ သံလက်သီးတွေလိုမျိုးပါပဲ။

သိုင်းဆန္ဒရဲ့ အလင်းတွေက တစ်ခုပြီးတစ်ခု ပေါက်ကွဲထွက်လာပြီး ၎င်းအလင်းတွေက အရမ်းကို တောက်ပထွန်းလင်းလို့ နေပါတယ်။

ယွဲ့ခိုင်ယုက ဆက်တိုက်ကို နောက်ဆုတ်ပေးရပြီးတော့ လက်ရှိသူရဲ့ တိုက်ပွဲအစွမ်းနဲ့ သူက လင်းဟန်အတွက် ပြိုင်ဘက်က တစ်ယောက်လုံး၊ မဖြစ်နိုင်တော့ပါဘူး။

သူရဲ့ စိတ်ဂိညာဉ် ပစ္စည်းကို ထုတ်သုံးသင့် မသုံးသင့်ကို တခဏမျှ တုံ့ဆိုင်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟန်ပုံစံက စိတ်ဂိညာဉ် ပစ္စည်းတွေကို အသုံးပြုနေပုံ ရပါတယ်။ ဒါပေမဲ့လည်း သူတွေးထားသလိုပဲ သူ့မှာက ကျင့်ကြံခြင်း အဆင့် အားသာချက် ကြီးကြီးမားမား ရှိပါတယ်။ ဒါက ဒီစိတ်ဂိညာဉ် ပစ္စည်းအတွက် ဖာထေးဖို့ လုံလောက်ပါတယ်။ သူတို့နှစ်ယောက်က တရားမျှတစွာနဲ့ တိုက်ခိုက်နေကြပါတယ်။ တကယ်လို့ သူက စိတ်ဂိညာဉ်

ပစ္စည်းတစ်ခုကို အသုံးပြုလိုက်ရင် သူကြိုးစားထားတဲ့ တရားမျှတတဲ့ တိုက်ပွဲ ဖြစ်လာတော့မှာ မဟုတ်ပါဘူး။

“ခွပ်”

သူရဲ့အတွေးတွေ မဆုံးသေးခင်မှာပဲ သူရဲ့မျက်နှာပေါ်ကို ပြင်းထန်တဲ့ လက်သီးတစ်ချက် ကျရောက်လာခဲ့ပြီး ချက်ချင်းဆိုသလို လွင့်ထွက်သွားပါတယ်။ သူရဲ့မျက်နှာပေါ်က အစိတ်အပိုင်း တစ်ခုက ထုံနေသလို ခံစားလိုက်ရပြီးတော့ သူရဲ့လည်ချောင်းထဲက ပျစ်ပျစ်နှစ်နှစ် အရသာ တစ်ခုကို မြည်းစမ်းလိုက်ရပါတယ်။ သူရဲ့ပါးစပ်ကို ဟပြီးတော့ သွေးတွေကို ထွေးထုတ်လိုက်ပြီး သွားသုံးချောင်းလည်း ကျိုးသွားပါတယ်။

လင်းဟန်က ခုန်လိုက်ပြီးတော့ ယွဲ့ခိုင်ယု အနားကို ရောက်သွားတဲ့အခါမှာ သူရဲကလက်တွေကို ဆုပ်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“ကျနော်တို့အခု ပုံမှန်ပြန်ဖြစ်သွားပြီ။ အခုကစပြီးတော့ ကျနော်တို့က အပေါင်းအသင်း ညီအစ်ကိုတွေပဲ”

ယွဲ့ခိုင်ယုက အပေါင်းအသစ်ညီအစ်ကိုဆိုတဲ့ အကြောင်းကို

တွေးလိုက်ပါတယ်။ ဒါက စီနီယာ ဒါမှမဟုတ် ဂျူနီယာ အလုပ်သင်အဖြစ် ဆိုလိုပါတယ်။ သူက အမှတ်မထင် မေးစေ့ကို ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို လက်သီးနဲ့ ပြင်းပြင်းထန်ထန် ထိုးလိုက်ပြီးတော့ ငါနဲ့ ညီအစ်ကိုတွေ ဖြစ်ဖို့ကို စဉ်းစားနေသေးတာလား"

လင်းဟန်က ကျီစယ်တဲ့ သဘောနဲ့ ပြုံးပြီးတော့ ဆေးပုလင်း တစ်လုံးကို ထုတ်ယူလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါက မူလပြန်လည်ထိန်းသိမ်း ဆေးလုံးပါ"

ယွဲ့ခိုင်ယုရဲ့ အကြည့်တွေက ချက်ချင်းဆိုသလို နစ်သက်ကြည်နူးမှုတွေနဲ့ တောက်ပသွားခဲ့ ပါတယ်။ မူလပြန်လည်ထိန်းသိမ်း ဆေးလုံးက အဆင့်လေး မော်ဆေးလုံးထဲမှာ အရည်အသွေး အမြင့်ဆုံး ဖြစ်ပါတယ်။ ဒီဆေးလုံးက ကျင့်ကြံခြင်းကိုလည်း မတိုးလာနိုင်ပါဘူး။ ပြီးတော့ မူလစွမ်းအင်ကိုလည်း ပြန်ပြီး အားမဖြည့်ပေးနိုင်ပါဘူး။ ၎င်းမှာ လုပ်ဆောင်ချက် တစ်ခုပဲ ရှိပါတယ်။ အဲဒါက ကျင့်ကြံခြင်း အဆင့်ကို သိပ်သည်းကျစ်လျစ်စေပါတယ်။

Chapter 339 end

အပိုင်း(၃၄၀)   စစ်မှန်တဲ့ ဩဇာကြီးမားသူ တစ်ယောက်

ယွဲ့နိုင်ယုလို့ ပါရမီရှင် တစ်ယောက်အတွက်တော့ သူရဲ့ အခြေခံကို ပိုမို ကျစ်လျစ်သိပ်သည်း ပြီးတော့ ခိုင်မာမယ်ဆိုရင် အနာဂတ်မှာ မြင့်မားတဲ့ အဆင့်ကို ရောက်လာရင် သူရဲ့တိုက်ပွဲ အစွမ်းက အဆင့်တူထဲမှာ သန်မာတဲ့သူ ဖြစ်လာပါလိမ့်မယ်။ ပုံမှန်လူတွေကတော့ မတူညီပါဘူး။ အဆင့်တက်တာက သူတို့အတွက် အရမ်းကို ကျေနပ်ပျော်ရွှင်စရာ ဖြစ်ပါတယ်။ သူတို့က အခြေခံက ဘယ်လိုပဲ ဖြစ်နေပါစေ ဂရုမစိုက်ကြပဲနဲ့ သူတို့ရဲ့ အဆင့်တက်ဖို့ကိုပဲ ဦးစားပေး ကြပါတယ်။

တကယ်လို့ အခြေခံက လုံလောက်အောင် ခိုင်မာမှု မရှိဘူးဆိုရင် အဆောက်အဦး အမြင့်ကြီး တစ်ခုကို ဘယ်လိုလုပ်ပြီးတော့ ဆောက်နိုင်မှာလဲ။ သတ်မှတ်ထားတဲ့ အမြင့်ကို ကျော်သွားမယ် ဆိုရင် ပြိုလဲပျက်စီး သွားပါလိမ့်မယ်။

ဒါကြောင့် ပိုမိုပြီး ထူးချွန်တဲ့ သူတစ်ယောက်က အဆင့်တွေ တိုးဖို့အတွက်ကိုပဲ မျက်စိစုံမှိတ်ပြီး လိုက်နေတဲ့သူ

တစ်ယောက်လိုတော့ လုပ်လို့မရပါဘူး။

လင်းဟန်ရဲ့ ယခင်ဘဝတုန်းက ကောင်းကင်အဆင့် စစ်သည်တော် ခုနစ်ယောက်ထဲမှာ မာဝေယန်က စံနမူနာ ယူရလောက်တဲ့ တဖြည်းဖြည်းနဲ့ အဆင့်မြှင့်တင်သွားတဲ့ ပါရမီရှင်မျိုး ဖြစ်ပါတယ်။ သူရဲ့ ပင်ကိုယ်စွမ်းရည်က ခုနစ်ယောက်ထဲမှာတော့ အညံ့ဆုံး ဖြစ်ပြီးတော့ သူရဲ့ ခြေလှမ်းတိုင်းက တခြားသူတွေထက် နှေးကွေးပါတယ်။ ဒါပေမဲ့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ သူရဲ့ အခြေခံကို သိပ်သည်းကျစ်လျစ်အောင် လုပ်ခဲ့ပြီး အရမ်းကို ခိုင်မာတောင့်တင်းပါတယ်။ ဘယ်လိုပဲ အဆင့်ကွာဟချက်က ကြီးမားနေပါစေ သူ့အတွက်က ပြဿနာ မရှိပါဘူး။ အနည်းဆုံးတော့ သူက ကောင်းကင်အဆင့်ကို ဓားကေရာဇ်နဲ့ တခြားသူတွေထက် ဆယ်နှစ်လောက် နောက်ကျပြီးမှ ရောက်လာခဲ့တာ ဖြစ်ပါတယ်။

ဒါက အခြေခံကို သိပ်သည်းကျစ်လျစ်အောင်လုပ်ဖို့ ဘယ်လောက် အရေးပါသလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိစေပါတယ်။

ပြဿနာက လူအားလုံးက အဆင့်တိုင်းမှာ သိပ်သည်းကျစ်လျစ်အောင် လုပ်ဖို့က အရမ်းကို

အရေးကြီးမှန်း သိနားလည်ကြရင်တောင်မှ သူတို့အနေနဲ့ ဘယ်လိုမျိုး လုပ်သင့်သလဲ။ လူတစ်ယောက်ရဲ့ ကိုယ်ပိုင် အစွမ်းအစတွေ အပေါ်မှာ မူတည်ပြီးတော့ အဆင့်တစ်ခုကို ခိုင်မာအောင် လုပ်ပြီးတော့ နောက်တစ်ဆင့်ကို ချိုးဖျက်ဖို့ဆိုရင် အနည်းဆုံး နှစ်ပေါင်း ဆယ်နှစ် ဒါမှမဟုတ် အဲထက်ပိုပြီးတော့ လိုအပ်ပါတယ်။

ဒါပေမဲ့လည်း ပန်းဖူးအဆင့်အောက်ဆိုရင် သူတို့အနေနဲ့ နှစ်ပေါင်း တစ်ရာလောက်ပဲ သက်တမ်း ရှိပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူတို့မှာ အချိန်တွေ လုံလုံလောက်လောက် ရှိနိုင်မှာလဲ။

ဒါကြောင့် လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို သိပ်သည်းကျစ်လျစ်စေတဲ့ မှော်ဆေးလုံးတွေက ဘယ်လောက်တောင် တန်ဖိုးမဖြတ်နိုင်သလဲဆိုတာ သိသာထင်ရှားစေပါတယ်။

ပထမအချက်က ဒီလိုမျိုး မှော်ဆေးလုံးတွေကို ဖော်စပ်ဖို့က အရမ်းကို ခက်ပါတယ်။ ပြီးတော့ ဒုတိယအချက်က ပါဝင်ပစ္စည်းတွေက အရမ်းကို ရှားပါးပြီးတော့ တော်ရုံနဲ့ ထောက်ပံ့လို့ မရနိုင်ပါဘူး။ တကယ်လို့ လူတစ်ယောက်က ရွှေတွေငွေတွေကို တောင်တစ်လုံးစာလောက်

သယ်ယူလာခဲ့မယ် ဆိုရင်တောင်မှ ဒီလိုမျိုး ပစ္စည်းတွေကို ဂယ်ယူနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ တကယ်လို့ တစ်ယောက်ယောက်က လုပ်နိုင်စွမ်း ရှိတယ်ဆိုရင်တောင်မှ လုံလုံလောက်လောက် ဂယ်ယူနိုင်စွမ်း မရှိပါဘူး။

ယွဲ့ခိုင်ယုက အခု စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်မှာ ရှိပါတယ်။ ပြီးတော့ သူက အနည်းဆုံး သူရဲ့ ကျင့်ကြံခြင်းကို အပြည့်အဂ သိပ်သည်းကျစ်လျစ်စေဖို့ မူလထိန်းသိမ်းခြင်း ဆေးလုံး တစ်ရာ ဒါမှမဟုတ် အဲထက်ပိုပြီးတော့ လိုအပ်ပါတယ်။ ဒါမှ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ မယိမ်းမယိုင် အခြေအနေကို ရောက်မှာဖြစ်ပါတယ်။

လင်းဟန်က ဒီလိုမျိုး ဆေးလုံးကို ထုတ်ယူလိုက်တာကို မြင်လိုက်ရတဲ့အခါမှာ ယွဲ့ခိုင်ယုရဲ့ အကြည့်တွေက လိုချင်တပ်မက်မှုတွေနဲ့ တောက်လောက်နေရုံသာမက အောင်းမိသားစုရဲ့ သားခုနစ်ယောက်ကလည်း လောဘတက်နေတဲ့ အမူအရာတွေ ဖြစ်ပေါ်လို့ နေပါတယ်။ အောင်းမိသားစုမှာ ဆင်းသက်လာတဲ့ လူတွေက အများကြီးရှိပါတယ်။ တကယ်လို့ သူတို့ရဲ့ မိသားစုက ချမ်းသာကြွယ်ဂပြီး အလျှံပယ် ဖြစ်နေရင်တောင်မှ ဂေစုကို ထပ်ခါထပ်ခါ ခွဲဂေပြီးတဲ့ နောက်မှာတော့ ဘယ်လောက်များ ကျန်နိုင်မှာမိုလို့လဲ။

ကံကောင်းတာက အောင်းမိသားစုရဲ့ သားခုနစ်ယောက်က အံ့အားသင့်စရာ ပါရမီ ရှိကြပြီး ဂိုဏ်းရဲ့ အလေးထား မြှင့်တင်ပေးခြင်းကို ရရှိပါတယ်။ အဲလိုမှမဟုတ်ပဲ အောင်းမိသားစု တစ်ခုတည်း အပေါ်မှာပဲ မှီခိုပြီးတော့ ကြီးပြင်းရမယ်ဆိုရင် သူတို့ထဲက တစ်ယောက် ဒါမှမဟုတ် နှစ်ယောက်တောင်မှ သနားစရာကောင်းတဲ့ ဆင်းသက်လာသူတွေ ဖြစ်ပြီးတော့ မိသားစုကနေ နှင်ထုတ်ပယ်ခြင်းကို ခံရပါလိမ့်မယ်။

နောက်ပြီးတော့ ဆောင်းလဂိုဏ်းဆိုတာက အောင်းမိသားစုရဲ့ ကိုယ်ပိုင်မှမဟုတ်တာ။

"ဒါဆိုရင်ရော"

လင်းဟန်က ဆေးပုလင်းကို လှုပ်ပြလိုက်ပါတယ်။ အထဲမှာ စုစုပေါင်း မူလထိန်းသိမ်းခြင်း ဆေးလုံး နှစ်ဆယ်ရှိပါတယ်။ ဒီဆေးလုံးတွေက အဝါရောင် နဂါးသစ်သီးတွေကို ရရှိပြီးတဲ့ နောက်မှာ သန့်စင်ဖော်စပ်ထားတာ ဖြစ်ပါတယ်။ မူလတုန်းကတော့ သူက လှို့ယုထန်နဲ့ တခြားသူတွေကို ပေးဖို့ အစီအစဉ်ဆွဲထားတာပါ။ ဒါပေမဲ့ သူက မမျှော်လင့်ဘဲနဲ့ ယွဲ့ခိုင်ယုနဲ့ ပထမဆုံး ဆုံတွေ့ခဲ့ပါတယ်။

"ငါနဲ့ သူငယ်ချင်း ဖြစ်ဖို့ အစီအစဉ်တွေ လုပ်နေတယ်ပေါ့ ဟုတ်လား"

"ဟင့်။ ငါကိုခြိမ်းခြောက်ပြီးမှ တံစိုးလာဘ်ဆောင်ပေးပြီး ဆွဲဆောင်တယ်ပေါ့"

ယွဲ့ခိုင်ယုက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ နောက်ထပ် ဆေးပုလင်းတစ်လုံးကို ထုတ်ယူလိုက်ပြီး လှုပ်ပြလိုက်ပါတယ်။ အထဲမှာ မူလထိန်းသိမ်းခြင်း ဆေးလုံးနှစ်ဆယ် ရှိပါတယ်။

"လဗ္ဗြတ်"

မူလထိန်းသိမ်းခြင်း ဆေးလုံး တစ်ပုလင်းရဲ့ ဆွဲဆောင်မှုကို သူက ခုခံနိုင်ပါသေးတယ်။ ဒါပေမဲ့ နှစ်ပုလင်းကတော့……။ တကယ်လို့ ဒါက သူရဲ့ သိပ်သည်းကျစ်လျစ်မှုကို ပြီးပြည့်စုံအောင် မလုပ်နိုင်ရင်တောင်မှ တစ်ဂက်လောက်တော့ ပြီးဆုံးစေပါတယ်။ ဒါအပြင် ယွဲ့မိသားစုလည်းပဲ ကြီးမားတဲ့ မိသားစု တစ်ခုဖြစ်ပါတယ်။

ပြီးတော့ မူလထိန်းသိမ်းခြင်း ဆေးလုံးလေးဆယ်က သူရဲ့ အလုပ်ကို တစ်ဝက်လောက် ပြီးစေပြီးတော့ ပိုပြီးတော့ သေချာဖို့အတွက် ရှစ်ဆယ်လောက်ပဲ ရယူဖို့ လိုအပ်ပါတယ်။ သူက အရင်တုံးက ဆယ်လုံးစားခဲ့ပြီးပါပြီ။ ဒါကြောင့် သူက စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ပြီးပြည့်စုံအောင် ကျင့်ကြံဖို့ သေချာသလောက် ရှိပါတယ်။

ဒီအရှိန်နှုန်းနဲ့ဆိုရင် သူက စိတ်ဂိညာဉ် ပင်လယ် အဆင့်မှာ ပြိုင်ဘက်ကင်း တစ်ယောက် ဖြစ်သင့်ပါတယ်။ ပြီးတော့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်တဲ့အခါမှာ အနည်းဆုံး တိုက်ပွဲအစွမ်း ကြယ်ငါးလုံးကို ပိုင်ဆိုင်ပါလိမ့်မယ်။

လင်းဟန်က ကျိစယ်တဲ့ပုံစံနဲ့ ရယ်မောပြီးတော့ တတိယ ဆေးပုလင်းကို ထုတ်ယူပြီးတော့ လှုပ်ပြလိုက်ပါတယ်။ ပြီးတဲ့နောက်မှာ တခြားဆေးပုလင်း နှစ်ခုနဲ့ အတူတူ ထားလိုက်ပါတယ်။

ယွဲ့ခိုင်ယုက သူရဲ့နှုတ်ခမ်းတွေကို လျှာနဲ့သပ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီပုလင်းမှာလည်း မူလထိန်းသိမ်းခြင်း ဆေးလုံးတွေ

ရှိတယ်လို့တော့ မင်းပြောမှာ မဟုတ်ပါဘူးနော်”

လင်းဟန်က ဆေးပုလင်း သုံးခုကို ပစ်ပေးလိုက်ပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

“မင်းက ရက်လွန်နေတဲ့ ဒီဆေးလုံးတွေကို စားခဲ့တယ်ဆိုတာ သေချာသလောက်ပဲ။ ကိုယ့်ဘာသာကိုယ် စစ်ဆေးကြည့်လိုက်တော့”

ရက်လွန်နေတယ် ဟုတ်လား။

ဒီစကားကို ကြားလိုက်ရတော့ လူတိုင်းလူတိုင်းက ဒေါသတွေ ထွက်ပြီးတော့ လင်းဟန်ကို သေတဲ့အထိ ရိုက်ပစ်ချင်စိတ်တွေ ပေါက်ကုန်ပါတယ်။ တကယ်လို့ မူလထိန်းသိမ်းခြင်း ဆေးလုံးတွေက ရက်လွန်နေတယ်ဆိုရင် ဘယ်သူက ထည့်ပြီးတော့ ရေတွက်နေတော့မှာလဲ။

ယွဲ့ခိုင်ယုက ဆေးပုလင်း တစ်ခုကို ဖွင့်လိုက်ပြီးတော့ သူရဲ့ လက်ပေါ်ကို မှော်ဆေးလုံးတွေကို သွန်ချလိုက်ပါတယ်။ ဆေးလုံးတွေက အပြာရောင်ရှိပြီးတော့ ပဲကြီးစေ့အရွယ် ရှိပြီး နစ်သက်ဖွယ်ရာ အနံ့တွေက ပျံ့လွင့်လို့နေပြီးတော့ သူ့အနေနဲ့ အရမ်းကို ရင်းနှီးနေပါတယ်။

“ဒါက မူလထိန်းသိမ်းခြင်း ဆေးလုံးဆိုတာ သေချာတယ်။ ပြီးတော့ အရည်အသွေးကလည်း အရမ်းကို မြင့်တယ်”

သူက အော်လိုက်ပြီးတော့ အလျင်အမြန်ပဲ တခြားဆေးပုလင်း နှစ်လုံးထဲက ဆေးလုံးတွေကို စစ်ဆေးလိုက်ပါတယ်။ ရလဒ်ကတော့ အတူတူပါပဲ။ ဒါက သူရဲ့နှလုံးသားကို တဆတ်ဆတ်တုန် စေပါတယ်။

ယွဲ့မိသားစုကနေ ဆင်းသက်လာသူ အနည်းငယ် ရှိပါတယ်။ ပြီးတော့ သူက လူငယ်မျိုးဆက်ထဲက တစ်ယောက်တည်းသော သူဖြစ်ပါတယ်။ အရင်းအမြစ်တွေ အားလုံးကို သူ့အပေါ်မှာ အသုံးပြုထားတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ သူက မူလထိန်းသိမ်းခြင်း ဆေးလုံးကို ဆယ်ဂဏန်းကျော်ကျော်ပဲ စားခဲ့ပြီးတော့ ယွဲ့မိသားစုရဲ့ မရေမတွက်နိုင်တဲ့ ဘဏ္ဍာရေး အရင်းအမြစ်နဲ့ အကျိုးအမြတ်တွေ ကုန်ကျစေခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကတော့ မူလထိန်းသိမ်းခြင်း ဆေးလုံးခြောက်ဆယ်ကို သာမန်ကာလျှံကာ ထုတ်ပေးနိုင်ပါတယ်။ ဒါကဘာကိုဆိုလိုတာလဲ။

ဩဇာကြီးမားတဲ့သူ။ တကယ့်ကို ထူးထူးခြားခြားနဲ့ ဩဇာကြီးမားတဲ့သူတစ်ယောက်ပဲ။

"ဘယ်လိုလုပ်ပြီးတော့ မင်းဆီမှာ မူလထိန်းသိမ်းခြင်း ဆေးလုံးတွေ အများကြီး ရှိနေတာလဲ"

သူက တုန်ယင်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။ ဒီလိုမျိုး ကြီးမားတဲ့ ကံကောင်းမှုကြီး တစ်ခုကို မြင်တွေ့ရတာက သူရဲ့အဘိုးကြီးကိုတောင်မှ ဒူးထောက်ကျ သွားအောင်လို့ လုပ်နိုင်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းက ပြီးပြည့်စုံတဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော် တစ်ယောက်ကို မြှင့်တင်ပေးနိုင်ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အရာပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလက်သီးကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေပြီးတော့ ငါနဲ့ သူငယ်ချင်း မဖြစ်ချင်ဘူးလား"

"ထွီ.. တကယ်လို့ မင်းက ငါ့ကို မူလထိန်းသိမ်းခြင်း ဆေးလုံး နှစ်ပုလင်းပိုပြီးတော့ ပေးမယ်ဆိုရင် ငါ့ကိုနောက်ထပ် လက်သီးနှစ်ချက်တောင် ပေးထိုးဦးမယ်"

ယွဲ့ခိုင်ယုက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

ဒီအတွက်နဲ့ သူ့ကို လူတွေက နှိမ့်ချပြီးတော့ ကြည့်ကြလိမ့်မှာ မဟုတ်ပါဘူး။ ဒါက မူလထိန်းသိမ်းခြင်း ဆေးလုံးတွေ ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ လက်သီးတစ်ချက်နဲ့ ဆေးတစ်လုံးကို လဲလှယ်လို့ ရနိုင်မယ်ဆိုရင်တောင်မှ မရေမတွက်နိုင်တဲ့ လူတွေက သူတို့ရဲ့ မျက်နှာတွေကို ထိုးခံဖို့အတွက် ကျေကျေနပ်နပ်နဲ့ ပေးဖို့တောင်မှ ဆန္ဒရှိကြပါလိမ့်မယ်။ ဒါပေမဲ့ ဘယ်သူကများ မှော်ဆေးလုံးကို ဖြုန်းတီးပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ခံမှာလဲ။

ယွဲ့ခိုင်ယုက သံသယမရှိ ဂုဏ်ယူနေပါတယ်။ ဒါပေမဲ့ သူကလည်း ငတုံးဒအတော့ မဟုတ်ပါဘူး။ သူက ချက်ချင်းပဲ အကျိုးအမြတ်ကို ပထမနေရာမှာ ထားပြီးတော့ သူရဲ့ အပြုအမူတွေကို နှိမ့်ချပစ်လိုက်ပါတယ်။

သူက လင်းဟာန်ရဲ့ လက်ကို ဖမ်းဆုပ်ပြီးတော့ မတ်တတ်ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့ မျက်နှာကို ထိပြီးတော့ ပြောလိုက်ပါတယ်။

“ဒါပေမဲ့ ရိုးရိုးသားသား ဂန်ခံရမယ်ဆိုရင် မင်းရဲ့ ဒီလက်သီးက တကယ့်ကို ပြင်းတာပဲ”

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့အဘိုးကြီးရဲ့ နာကျင်ခံစားမှုကို စဉ်းစားပြီးတော့ ဘယ်လိုလုပ် အားနည်းတဲ့ လက်သီးကို ထိုးပစ်နိုင်ရမှာလဲ။ တကယ်လို့ ဒီလက်သီးက အောင်းမိသားစုရဲ့ သားခုနစ်ယောက် ဒါမှမဟုတ် အောင်းဖန် အပေါ်ကိုသာ ကျရောက်သွားမယ်ဆိုရင် သူတို့ကို နာကျင်သွားစေလိမ့်မှာ မဟုတ်ပဲနဲ့ သူတို့ရဲ့ အသက်တွေကို ခြွေယူလိုက်မှာပဲ ဖြစ်ပါတယ်။

“ငါ့ရဲ့ ဆရာသခင်က မှော်ဆေးပညာရှင် တစ်ယောက်ပဲ။ ပြီးတော့ နေ့တိုင်းပဲ ဆေးဖော်စပ်တာနဲ့ အလုပ်တွေ ရှုပ်နေတယ်။ ဒါကြောင့် မင်းလိုချင်တဲ့ မှော်ဆေးလုံး ဘာပဲဖြစ်ဖြစ် ငါ့ကိုပြောပါ။ ငါ့မှာ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲမွဲတေနေမယ် ဆိုရင်တောင်မှ တစ်ခုတည်းသော ကျန်နေမဲ့ အရာက မှော်ဆေးလုံးတွေပဲရှိတယ်”

လင်းဟန်က ရှင်းပြလိုက်ပါတယ်။

လူတိုင်းလူတိုင်းက ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ ဒီကောင်ရဲ့ အနောက်မှာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ရှိပါတယ်။ သူက မူလထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို ထုတ်နိုင်တာက အံ့ဩစရာ မရှိတော့ပါဘူး။ သူတို့အားလုံးက မနာလိုဖြစ်ကုန်ကြပါတယ်။ သူတို့လည်း အဲဒီလိုမျိုး ဆင်းရဲမွဲတေချင်ပါတယ်။

သူတို့က လင်းဟန်ကို အခုကြည့်တဲ့ အကြည့်တွေက လုံးဝ အမြင်မတူတော့ပါဘူး။

ဒါက ဂိုဏ်းရဲ့ အဖွဲ့သားအသစ် မဟုတ်ပါဘူး။ ဒါပေမဲ့ အဆုံးအစမရှိ မှော်ဆေးလုံးတွေနဲ့ ပြည့်နှက်နေတဲ့ ရတနာသိုက်ကြီး တစ်ခုပဲ ဖြစ်ပါတယ်။ ယောကျ်ားတွေ အားလုံးပဲ ယွဲ့ခိုင်ယုကို မနာလိုစွာနဲ့ ကြည့်လိုက်ပါတယ်။ ယွဲ့ခိုင်ယုက လွယ်လွယ်ကူကူနဲ့ မူလထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို ရသွားခဲ့ပါတယ်။ ပြီးတော့ သူတို့က လင်းဟန်နဲ့ ပိုပြီးတော့တောင်မှ သူငယ်ချင်းတွေ ဖြစ်ချင်ကြပါတယ်။ ဒါမှ စိတ်ကျေနပ်သလောက် မှော်ဆေးလုံးတွေကို ယူဆောင်နိုင်မှာ ဖြစ်ပါတယ်။

အမျိုးသမီးတွေက လင်းဟန်ကို တောက်ပပြီးတော့ ညို့ချက်တွေ ပြည့်နေတဲ့ အကြည့်တွေနဲ့

ကြည့်နေကြပါတယ်။ သူမတို့ရဲ့ အတွင်းစိတ်သဘောထားကို ပြောနေစရာတောင် မလိုတော့ ပါဘူး။

ဒီကောင်လေးမှာ အဆင့်လေး အရည်အသွေးမြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ အဲဒါက သူရဲ့တိုက်ပွဲအစွမ်းကို ကြယ်ဆယ့်လေးလုံးကို ချိုးဖျက်အောင် လုပ်ပေးနိုင်ပါတယ်။ မူလထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို သာမန်ကာလျှံကာနဲ့ ထုတ်ပေးနိုင်တဲ့ လူတစ်ယောက်က ငွေတွေမရှိတာ ဖြစ်နိုင်ပါ့မလား။ နောက်ပြီးတော့ သူက မူလထိန်းသိမ်းခြင်း ဆေးလုံးတွေကို လဲလှယ်ဖို့ ဆန္ဒရှိနေသရွေ့ အဆင့်လေး အရည်အသွေးမြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို သူက ဘယ်လိုလုပ်ပြီးတော့ မရနိုင်ပဲ ရှိမှာလဲ။

ဒီအချီ တိုက်ပွဲပြီးသွားတဲ့ အခါမှာ ဆက်ပြီးတော့ နေဖို့အတွက် လူပေါင်းသုံးဆယ်ပဲ အဆင့်မီပါတော့တယ်။

“ဆယ့်တစ်ကနေ နှစ်ဆယ်နေရာအထိ အရှေ့ကို ထွက်လာပါ”

စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူလည်းပဲ လင်းဟန်ရဲ့

ယုံကြည်မှုကို အံ့အားသင့်နေပါတယ်။ ဒါပေမဲ့ သူရဲ့လက်ထဲမှာ တာဂန်တစ်ခု ရှိနေဆဲပါပဲ။ သူက ရှစ်ကြိမ်မြောက် တိုက်ပွဲကို စတင်ဖို့ ကြေညာလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ လူတိုင်းလူတိုင်းက သူတို့တတ်နိုင်သမျှ အကောင်းဆုံး အနေနဲ့ လင်းဟန်ကို ရှောင်တိမ်းကြပါတယ်။

Chapter 340 end

အပိုင်း(၃၄၁) အောင်းမိသားစုရဲ့ ခုနစ်ယောက်မြောက် သားနဲ့ တိုက်ခိုက်ခြင်း

အစောပိုင်းတုန်းက လူတွေက လင်းဟန်ကို ကြက်ကလေး တစ်ကောင်လို့ ထင်ထားကြပါတယ်။ ဒါပေမဲ့ အခုတော့ ဒီကောင်က ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင် အဖြစ်ကို ပြောင်းလဲသွား ရှုံသာမက ချမ်းသာခြင်း နတ်ဘုရား တစ်ပါးပါ ဖြစ်သွားပါတယ်။ ဒီလိုမျိုး လူတစ်ယောက်ကို ဘယ်သူကများ တိုက်ခိုက်ချင် လိမ့်မှာလဲ။

ပထမအချက်က သူတို့က အနိုင်ယူဖို့ အစွမ်းတောင် မရှိပါဘူး။

ထိပ်ဆုံးအယောက် တစ်ရာက လူတွေအားလုံးရဲ့

အစွမ်းတွေက သိပ်ပြီးတော့ မကွာပါဘူး။ ယွဲ့နိုင်ယုရဲ့ အစွမ်းက သေချာပေါက် ထိပ်ဆုံးဆယ်ယောက်ထဲ ပါဝင်ပါတယ်။ ဒါပေမဲ့ ပထမအချီ စမ်းသပ်စစ်ဆေးပွဲမှာ သူက အဆင့်နှစ်ဆယ်မှာပဲ ချိတ်ခဲ့ပါတယ်။

ဒါကြောင့်လည်း ယွဲ့နိုင်ယုတောင်မှ လင်းဟန်ရဲ့ လက်ထဲမှာ ရှုံးနိမ့်ခဲ့ရ ပါသေးတယ်။ ဘယ်သူကများ လင်းဟန်ကို ဆန့်ကျင်ပြီး တိုက်ခိုက်နိုင်စွမ်း ရှိမှာလဲ။

ဒါအပြင် တကယ်လို့ သူတို့သာ အနိုင်ရခဲ့မယ်ဆိုရင် ဒါကကောင်းမွန်တဲ့ အရာတော့ မဟုတ်ပါဘူး။ ဘယ်သူကများ လင်းဟန်ရဲ့ မှတ်ထားခြင်းကို ခံရတဲ့ လူတစ်ယောက်ကို သူတို့ရဲ့ သူငယ်ချင်း အဖြစ် လက်ခံချင်မှာလဲ။

ဒါကြောင့် လင်းဟန်ကို တတ်နိုင်သမျှ ရှောင်ပြီးတော့ ကျန်တဲ့ လူကိုးယောက်ကို စိန်ခေါ်နေကြ ပါတယ်။

ဒါပေမဲ့လည်း အရမ်းကို ကံဆိုးတဲ့ လူတစ်ယောက်ကတော့ လင်းဟန်နဲ့ မျက်နှာချင်း ဆိုင်ရပါတယ်။ သူက ခါးသီးစွာနဲ့ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအသုံးမကျတဲ့ ကျနော်ရဲ့ နာမည်က ကျန်းယင် လို့ခေါ်ပါတယ်။ စီနီယာ အစ်ကိုဟန်ကို တွေ့ရတာ အရမ်းကို ဂုဏ်ယူစရာပါပဲ။ ဒီတိုက်ပွဲကို မတိုက်ချင်ပါဘူး။ ကျနော် အရှုံးပေးပါတယ်"

ပထမအချက်က သူက လင်းဟန်ရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး။ ဒုတိယအချက်က သူက လင်းဟန်ရဲ့ မျက်နှာသာ ပေးမှုကို ပိုပြီးတော့ လိုချင်ပါတယ်။

လင်းဟန်က ပေ့ါပေ့ါပါးပါး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းငဲ့ါကို အနိုင်ပေးတယ်ပေ့ါ"

ကျန်းယင်က အံ့အားမှင်တက် သွားခဲ့ပါတယ်။ ဘယ်လိုလဲဟ။ သူက လင်းဟန်နဲ့ သူငယ်ချင်း ဖြစ်ချင်ခဲ့ပါတယ်။ ဒီကောင်က ချမ်းသာသလို ခံ့ညားထည်ဝါပြီးတော့ မူလထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို တပြိုင်နက်တည်း ထုတ်ယူပေးနိုင်ပြီးတော့ လုံးဝကို အံ့အားသင့်စရာ ကောင်းပါတယ်။

အားလုံးရဲ့ မျက်လုံးထဲမှာ လင်းဟန်က သေချာပေါက်ကို တုံးအတဲ့ လူချမ်းသာ တစ်ယောက် ဖြစ်ပါတယ်။

မဟုတ်လို့လား။ အခုမှ တွေ့ဖူးတဲ့ လူတစ်ယောက်ကို ကြီးမားတဲ့ လက်ဆောင်ကြီး တစ်ခုကို တကယ်လို့ သူက လူချမ်းသာ ငတုံးငအ တစ်ယောက် မဟုတ်ဘူးဆိုရင် ပေးပါ့မလား။

အဲဒီလိုဆိုမှတော့ ဘာကြောင့် သူ့ကို ဆေးပုလင်းနည်းနည်း မပေးရတာလဲ။

ကျန်းယင်က အရမ်းကို ကိုးရိုးကားရား ဖြစ်ပြီးတော့ အနောက်ကို လှည့်ပြီးတော့ လူအုပ်ကြားထဲ ပြန်လာခဲ့ရပါတယ်။

ဒါကိုကြည့်ရတာ လူတိုင်းလူတိုင်းက သူတို့ကိုယ် သူတို့ တွေးလိုက်ကြပါတယ်။

"ဒါဆိုရင် ဒီကောင်က ငတုံးတစ်ယောက် မဟုတ်ဘူးပဲ"

ဒီအချီ ပြီးတဲ့နောက်မှာ နောက်ထပ် တစ်ချီပဲ ကျန်ပါတော့တယ်။ အနိုင်ရတဲ့ သူတွေက ထိပ်ဆုံး ဆယ်ယောက်ထဲကို အဆင့်တက်ပြီးတော့ ဆုလာဘ်ဆောင် ရရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့က ပထမကို လိုချင်တယ်ဆိုရင် နောက်ထပ် တိုက်ပွဲတွေ အများကြီး

ဆက်ပြီးတော့ တိုက်ခိုက်ရပါလိမ့်မယ်။

တစ်နာရီ ကြာပြီးတဲ့နောက်မှာ ဒုတိယ နောက်ဆုံးအချီက လုံး၈ ပြီးဆုံးသွားခဲ့ပါတယ်။ တိုက်ပွဲ ကွင်းပြင်မှာ လူနှစ်ဆယ်ပဲ ကျန်ပါတော့တယ်။ သူတို့အထဲမှာ ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက ဆယ့်လေးနေရာကို ရယူထားပါတယ်။ ဂိုဏ်းကြီးတစ်ဂိုဏ်း ဆိုတဲ့အတိုင်းပဲ ဂိုဏ်းကြီးပီသပါတယ်။ ဂိုဏ်းရဲ့ အမြစ်တွေက အရမ်းကို နက်ရှိုင်းပါတယ်။

ဒါပေမဲ့လည်း အပြင်လူခြောက်ယောက်လည်း ကျန်နေပါသေးတယ်။ ဆိုလိုတာက ဒီအပြင်လူ ခြောက်ယောက်ရဲ့ အစွမ်းက သာမန်တော့ မဟုတ်ပါဘူး။

တချို့အင်အားစုတွေက ဂိုဏ်းတွေ ဒါမှမဟုတ် အဖွဲ့အစည်းတွေ အဖြစ် မတည်ထောင် ကြပါဘူး။ အဲဒီအစား မိသားစု တစ်ခုအဖြစ်နဲ့ပဲ တိုးတက်အောင် လုပ်ကြပါတယ်။ သူတို့ရဲ့ ခွန်အားတွေက ဂိုဏ်းတစ်ခုနဲ့ နှိုင်းယှဉ်လို့ မရနိုင်ပေမဲ့လည်း မျိုးဆက်ပေါင်းများစွာရဲ့ စုစည်းမှုတွေကြောင့် သူတို့က အံ့အားသင့်စရာကောင်းတဲ့ ကျင့်ကြံခြင်း အရင်းအမြစ် ပမာဏတစ်ခုကို ပိုင်ဆိုင်ခဲ့ ကြပါတယ်။ ပြီးတဲ့နောက်မှာ အဲဒီအရာတွေကို မျိုးနွယ်စုက

ဆင်းသက်လာတဲ့ လူတစ်ယောက် အပေါ်မှာ အကုန်လုံးကို အသုံးချပြီး ပါရမီရှင် တစ်ယောက်ဖြစ်အောင် ဖန်တီးကြပါတယ်။

ရန်ချောင်၊ ဘိုင်မင်နဲ့ စီချင်မန်တို့တွေလည်း ဒီလူခြောက်ယောက် အထဲမှာ ပါဝင်ကြပါတယ်။ ကျန်တဲ့ နှစ်ယောက်ကတော့ ဖမ်ပင်းနဲ့ ဇီရှီယွင်လို့ခေါ်တဲ့ လူငယ်နှစ်ယောက် ဖြစ်ပါတယ်။ သူတို့တွေက စိတ်ဝိညာဉ် ပင်လယ်အလွှာ ၇ အဆင့်မှာ ဖြစ်ပြီးတော့ ယှဲ့ခိုင်ယုနဲ့ အနည်းငယ်ပဲ အဆင့်ကွာပြီး တကယ့်ကို အံ့အားသင့်စရာ ကောင်းကြပါတယ်။

“နောက်ဆုံးအချီ စတင်ပြီ”

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကြီးကြပ်ရေးမှူးက ပြောလိုက်ပါတယ်။

“ဟီးဟီး။ မင်းတို့ထဲက ဘယ်သူက ဒီကောင်လေးကို ရွေးမလဲ”

အောင်းမိသားစုရဲ့ သားခုနစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက် ကြပါတယ်။ သူတို့က လင်းဟန်

အပေါ်မှာ အာရုံစိုက်ထား ကြပါတယ်။

“ဒီကောင်က လုံးဝ လျှော့တွက်လို့ မရနိုင်ဘူး။ ယွဲ့ခိုင်ယုတောင်မှ သူရဲ့ လက်မှာ ရှုံးနိမ့်သွားခဲ့ ရတယ်”

အောင်းဂျန်းချန်က ပြောလိုက်ပါတယ်။

“ဒါက ယွဲ့ခိုင်ယုက တုံးအပြီးတော့ သူ့မှာရှိတဲ့ စိတ်ဂိညာဉ် ပစ္စည်းကို အသုံးမပြုခဲ့လို့ပဲလေ။ လက်ဗလာနဲ့ ခေါင်းမာပြီးတော့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေတာပဲ။ သူက တုံးအလွန်းလို့ ရှုံးနိမ့်ရတာလေ”

အောင်းဖန်းဟန်က ပြောလိုက်ပါတယ်။

“ ဒါက အကြောင်းမဟုတ်သေးဘူး။ သူက မူလထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို ရသွားပြီ။ ဒီတန်ကြေးက မိုးကြိုးလျှပ်စီးချပ်ဂတ်ထက်တောင်မှ ပိုပြီးတော့ သာလွန်သေးတယ်”

“ပထမနေရာ မဟုတ်ပေမဲ့ သူရသွားတဲ့ ဆေးလုံးတွေက ပထမနေရာထက်တောင် ကျော်လွန်သွားပြီး။ တကယ်ကို တွက်ချေကိုက်သွားတာပဲ”

“ဘာပဲဖြစ်ဖြစ်။ တကယ်လို့ ငါတို့က သူ့ကိုရှောင်နိုင်တယ် ဆိုရင်တောင်မှ နောက်ဆုံး အဆင့်သတ်မှတ်တဲ့ တိုက်ပွဲမှာ သူနဲ့တိုက်ရဦးမှာပဲ”

“ဟုတ်တယ်”

သူတို့က အများဆန္ဒသဘော ရရှိခဲ့ပါပြီ။ ဒါပေမဲ့ ပြဿနာက သူတို့ကလည်း လင်းဟန်ကို ရှောင်ချင်ပါတယ်။ ဒါပေမဲ့ တခြားသူတွေကရော။ ယှဉ်နိုင်ယှတောင်မှ သူတို့အတွက် ပြိုင်ဘက် မဟုတ်ဘူးဆိုလို့ ယူဆထားတဲ့ လူတွေဖြစ်တဲ့အတွက် တခြားလူသုံးယောက်က သူတို့ရဲ့ ပြိုင်ဘက်တွေကို ရှာဖွေပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ဘယ်သူကမှ လင်းဟန်ကို မရွေးချယ် ချင်ကြဘူးဆိုတာ သိသာပါတယ်။

ပြောရမယ်ဆိုရင် သူတို့ခုနစ်ယောက်ထဲက တစ်ယောက်ကတော့ လင်းဟန်နဲ့ မျက်နှာချင်း ဆိုင်ရပါမယ်။

“ငါသွားမယ်”

အောင်းဂျန်းချန်က အရှေ့ကို ထွက်လာလိုက်ပါတယ်။

“ကောင်းပြီလေ။ ဒါဆိုရင် မင်းအပေါ်မှာပဲ မူတည်သွားပြီး။ ခုနစ်ယောက်မြောက် ညီလေး”

“ကိစ္စမရှိပါဘူး။ သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ပဲ ရှိသေးတယ်။ တကယ်လို့ ငါတို့ထဲက တစ်ယောက်ကမှ သူ့ကို ထုတ်မပစ်နိုင်ဘူးဆိုရင် သူ့ကို အရမ်းကြီး စဉ်းစားထားရာ ရောက်ကုန်မှာပေ့ါ”

ကျန်တဲ့ ခြောက်ယောက်က တစ်ယောက်ပြီး တစ်ယောက် ခေါင်းတွေကို ညိတ်လိုက်ကြပြီး သူတို့ရဲ့ ပြိုင်ဘက်တွေကို ရှာဖွေလိုက်ကြပါတယ်။

“အရှုံးကို ဂန်ခံပြီးတော့ နောက်ဆုတ်လိုက်စမ်း”

အောင်းဂျန်းချန်က လင်းဟာန်ရဲ့ အရှေ့မှာ သူ့ရဲ့လက်တွေကို အနောက်ကို ပစ်ထားပြီးတော့ ခေါင်းကို မော့ပြီး စိတ်ကြီးဝင်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

“မင်းရဲ့ပါးစပ်က ပုတ်စော်နံတယ်လို့ ဘယ်သူကမှ မပြောခဲ့ဖူးဘူးလား”

လင်းဟန်က သရော်လိုက်ပါတယ်။

“ဒီပုတ်စော်နံတဲ့ ပါးစပ်နဲ့ စကားနည်းနည်းပဲ ပြောပါ။ တကယ်လို့ မင်းက လေကို ညစ်ညမ်းအောင် လုပ်မယ်ဆိုရင် ငါက မင်းကို နည်းနည်းလောက် ရိုက်နှက်ပစ်မှပဲ မင်းက အိပ်ယာက နိုးထလာနဲ့ တူတယ်”

“ဘယ်လောက်တောင် စိတ်ကြီးဝင်လိုက်တဲ့ ကောင်လဲ”

အောင်းဂျန်းဖန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။

“ဒီလိုမျိုး သတ္တိတွေ ဘယ်နေရာက ရလာတာလဲ”

“ငါ့ရဲ့ အစွမ်းကနေဆိုတာ သိသာနေတာပဲ”

လင်းဟန်က သူ့ရဲက လက်ချောင်းကို ကွေးလိုက်ဆန့်လိုက်နဲ့ ကရော်ကရော် လုပ်ပြီးတော့ ရန်စလိုက်ပါတယ်။

“ငါ့ဆီကိုလာခဲ့။ တကယ်လို့ မင်းကို ဂက်ခေါင်းဖြစ်အောင်လို့ မရိုက်နိုင်ဘူးဆိုရင် ငါ့ရဲ့ မျိုးရိုးနာမည်က ဟန် မဟုတ်တော့ဘူး”

"ဟားဟား ငါ့ကို ဂက်ခေါင်းဖြစ်အောင် ဘယ်လိုမျိုးရိုက်မလဲဆိုတာကို ငါတကယ်ပဲ မြင်ချင်မိတယ်"

အောင်းဂျုန်းချန်က အေးစက်စွာနဲ့ ရယ်မောလိုက်ပြီး ခြိမ်းခြောက်တဲ့ အမူအရာ တစ်ခုကို ထုတ်ဖော်ပြလိုက်ပါတယ်။ သူက တကယ့်ကို ဒေါသထွက်နေပါတယ်။

လင်းဟန်က တိုက်ခိုက်လိုက်ပါတယ်။ ဒါက အောင်းဖန်းရဲ့ သားတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူက နတ်ဆိုးရှင်သန်ခြားကို မထုတ်ချင်တဲ့အတွက် တကယ်လို့ သူ့ကို သတ်ပစ်ချင်တယ် ဆိုရင်တောင်မှ အစွမ်းထက်တဲ့ ကျင့်ကြံသူ တစ်ယောက်က လျှို့ဝှက်စွာ စောင့်ကြည့်နေတဲ့ အတွက် ခက်ခဲပါတယ်။

အခုဆို သူက စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။ အပြင်ဘက် အင်အားကို မှီခိုမှု မရှိပဲနဲ့ သူ့ကိုထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်ဖို့ အဆင့်မီနေပါပြီ။

သူက လက်သီးတစ်ချက် ထိုးလိုက်ပြီး မြေစိတ်ဂိညာဉ် ပင်လယ်အစွမ်းက ပြင်းပြင်းထန်ထန်နဲ့ ပေါက်ကွဲထွက်လာပြီး

သူရဲ့ လက်သီးတွေမှာ သိုင်းဆန္ဒတွေကို ထည့်သွင်းထားတယ် ဆိုတာက ပေါ်လွင်ပါတယ်။ သွေးကြောနဲ့တူတဲ့ လိုင်းကြောင်းတွေ ဖြစ်ပေါ်လာပြီးတော့ အောင်းဂျန်းချန် ဆီကို ပစ်လွှတ်လိုက်ပါတယ်။

အောင်းဂျန်းချန်ရဲ့ အမူအရာက တင်းမာသွားပါတယ်။ သူက ဂရုမစိုက်ပဲ မနေပုံ့ပါဘူး။ သူရဲ့ ပြိုင်ဘက်က ယွဲ့ခိုင်ယကို အနိုင်ယူနိုင်ခဲ့တယ် ဆိုမှတော့ သူရဲ့ တိုက်ပွဲအစွမ်းက အနည်းဆုံးတော့ အံ့အားသင့်စရာကောင်းတဲ့ ကြယ်ဆယ့်လေးလုံး ရှိပါလိမ့်မယ်။ သူက ဓားကို ဆွဲထုတ်ပြီးတော့ လင်းဟာန်ဆီကို ဓားချီအလင်း ခြောက်ခုက ဆောင်းရာသီက ရေခဲရေရဲ့ အေးစိမ့်စိမ့်နဲ့ တူတဲ့ အလင်းရောင် တစ်ခုဖြစ်ပေါ်သွားပြီး ပစ်လွှတ်လိုက်ပါတယ်။

ဓားချီအလင်းခြောက်ခု။

အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲမှာ နောက်ဆုံးအဆင့်မှာ ချိတ်တယ်ဆိုပေမဲ့လည်း အောင်းဂျန်းချန်ရဲ့ ခွန်အားက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

သူရဲ့တိုက်ပွဲအစွမ်းကို ကြယ်နှစ်လုံး မြှင့်တင်ပေးနိုင်တဲ့

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်။

အဆင့်မြင့်လာလေ စိတ်ဂိညာဉ် ပစ္စည်းတွေရဲ့ အကောင်းဆုံး အကျိုးသက်ရောက်မှု၊ မှော်ဆေးလုံးတွေနဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေကနေ ရရှိပါတယ်။ တိုက်ပွဲအစွမ်းကို ကြယ်နှစ်လုံး တိုးလာစေတယ် ဆိုတာက အတော်လေးကို များတယ်လို့ ပြောလို့ရပါတယ်။

အခု အောင်းဂျန်းချန်ရဲ့ တိုက်ပွဲအစွမ်းက ကြယ်ဆယ့်ခြောက်လုံးအထိ မြင့်တက်သွားခဲ့ ပါတယ်။ ဓားချီအလင်း ခြောက်ခုက အတားအဆီးမဲ့စွာနဲ့ လေထုကို ဖြတ်ပြီးတော့ လေပွေတစ်ခုလိုမျိုး လေထဲမှာ ဝေ့လည်ပြီးတော့ ဖြတ်သန်း ရောက်ရှိလာခဲ့ပါတယ်။

လင်းဟန်ရဲ့ ကျင့်ကြံခြင်းက အတော်လေး နိမ့်ပါသေးတယ်။ ပြီးတော့ ပြောရမယ်ဆိုရင် သူရဲ့ အစွမ်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၇ အဆင့်ကိုပဲ ယှဉ်ပြိုင်နိုင်တာ ဖြစ်ပါတယ်။ အောင်းဂျန်းချန်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ဖြစ်ပြီးတော့ သူရဲ့ အစွမ်းက ပုံမှန်လူတစ်ယောက်ထက် သန်မာပါသေးတယ်။

ပိုပြီတော့ အရေးကြီးတာက လင်းဟန်ရဲ့ အားသန်မှုက

လက်သီးသိုင်း နည်းစနစ် ဖြစ်ပါတယ်။ ဒီအချိန်မှာတော့ သူရဲ့ အကန့်အသတ်က ကြယ်ဆယ့်လေးလုံးနဲ့ ကြယ်ဆယ့်ငါးလုံး နီးနီးပဲ ရှိပြီးတော့ တိုးလာဖို့က မဖြစ်နိုင်ပါဘူး။

ကိစ္စမရှိပါဘူး။ သူ့မှာလည်း စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိပါတယ်။

ခရမ်းကြယ် လက်ကာ။

သူက ချက်ချင်းဆိုသလို ဒီစိတ်ဂိညာဉ် ပစ္စည်းကို အသက်သွင်းလိုက်ပါတယ်။ ပုန်း။ အစွမ်းကို မြှင့်တင်လိုက်မှုကြောင့် သူရဲ့တိုက်ပွဲအစွမ်းက ချက်ချင်းဆိုသလို မြင့်တက်သွားခဲ့ပါတယ်။ စွမ်းအားက တိုက်ပွဲအစွမ်းရဲ့ အဓိက အနှစ်သာရပဲ ဖြစ်ပါတယ်။ အစွမ်းတိုးလာတာနဲ့ သူရဲ့ တိုက်ပွဲအစွမ်းကလည်း တိုးလာခဲ့ပါတယ်။

ဒါပေမဲ့လည်း ကြယ်ဆယ့်ခြောက်လုံး နီးနီးပဲရှိတဲ့ ကြယ်ဆယ့်ငါးလုံး အဆင့်က အောင်းဂျန်းချန် အဆင့်ထက်တော့ နိမ့်ကျပါတယ်။

လင်းဟန်က ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ကောင်းကင်အဆင့် အတွေ့အကြုံက ဒီနေရာမှာ အသုံးဝင်ပါတယ်။ အောင်းဂျန်းချန်ရဲ့ လှုပ်ရှားမှုတိုင်းကို ချက်ချင်းဆိုသလို မြင်နိုင်ပြီးတော့ နောက်ထပ် တိုက်ခိုက်မှုက ဘယ်နေရာကို ဦးတည်သလဲ ဆိုတာကိုပါ မြင်နိုင်ခဲ့ပါတယ်။ ဒီလိုမျိုး အမြင်အာရုံက တိုက်ပွဲအစွမ်း ကြယ်တစ်လုံး ကွာဟချက်ကို ဖာထေး ပေးနိုင်ရုံသာမက လင်းဟန်ကိုလည်း အသာစီးရအောင် လုပ်ပေးနိုင်ပါတယ်။

လပြွတ်။ ရပ်ပြီးတော့ ကြည့်နေကြတဲ့ လူအုပ်ကြီးက အော်ဟစ်လိုက်ကြပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းပါတယ်။

“ကြည့်ရတာ ဒီသူငယ်ချင်း အသစ်က တကယ်ပဲ လူထူးလူးဆန်း တစ်ယောက်ပဲ”

ယွဲ့ခိုင်ယုက တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ပြီးတော့ သူရဲ့ အိပ်ကပ်ထဲက မူလစွမ်းအင် ဆေးပုလင်းတွေ ရောက်ရှိနေတာကို တကယ် အစစ်အမှန် မဟုတ်သေးဘူးလို့ ခံစားနေရပါတယ်။

Chapter 341 end

အပိုင်း(၃၄၂) ခုနစ်ယောက်မြောက် အကြီးဆုံးကို မျက်နှာကို

စပြီးရိုက်ခြင်း

လင်းဟန်က လုံးဂကို ပင်ကိုယ် အရည်အချင်း ရှိပါတယ်။ သူက မုသားမဲ့ မျက်လုံးကို အသက်မသွင်း သေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အောင်းဂျန်းချန်ရဲ့ အားနည်းချက်ကို သူ့အတွက် ပေါ်ပေါ်ထင်ထင် မြင်ရပါမယ်။ သူတို့ရဲ့ တိုက်ပွဲအစါမ်းက အရမ်းကြီး မကွာခြားသရွေ့ တိုက်ကွက်အနည်းငယ်မှာ သူ့အနိုင်ရ စေပါလိမ့်မယ်။

နောက်ပြီးတော့ အဲဒါက လျှို့ဝှက်ဆန်းကြယ် အစွမ်းတစ်ခု ဖြစ်ပါတယ်။

“မဖြစ်နိုင်ဘူး”

အောင်းဂျန်းချန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူကအခုဆိုရင် သူ့ရဲ့ တိုက်ပွဲအစွမ်း အပြည့်အဝနီးနီး ဖြစ်နေပါပြီ။ ဒါပေမဲ့ လင်းဟန်ကို မနိုင်သေးတဲ့အပြင် သူက အသားစီးရနေမှုကို ဆုံးရှုံးသွားခဲ့ပါတယ်။ ဒါကိုဘယ်လိုလုပ်ပြီးတော့ သူက လက်ခံနိုင်မှာလဲ။

လင်းဟန်က ပေါ့ပေါ့ပါးပါးနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ အဆင်ပြေပြေနဲ့ အရိုက်ခံလိုက်"

"လပြွတ်ပဲ"

အောင်းဂျန်းချန်က အရမ်းကို စိတ်ကြီးဝင်တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲမှာ နောက်ဆုံးအဆင့်ချိတ်တာက သူ့အတွက်တော့ ယာယီပဲလို့ တွေးထင်ထားပြီး သိပ်မကြာခင် ဒါမှမဟုတ် နောက်ပိုင်းကျရင် သူက ကောင်းကင်ထိအောင် မြင့်မားထိုးတက်သွားပါလိမ့်မယ်။ သူကအခု မိုးပေါ်ထိုးမတက်သေးပဲ ပြင်းပြင်းထန်ထန်နဲ့ ခေါင်းကို ရိုက်ခံလိုက်ရတာက အရာအားလုံးကို ဖရိုဖရဲ ဖြစ်သွားသလို ခံစားလိုက် ရပါတယ်။

သူတကယ်ပဲ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်က လူတစ်ယောက်ကို မရိုက်ပစ် နိုင်ဘူးပေါ့။

သူတကယ်ပဲ ဒါကို မယုံကြည်နိုင်သလို လက်မခံနိုင်ပါဘူး။

"ယား"

သူက ဒေါသတကြီးနဲ့ အော်လိုက်ပြီးတော့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို ထုတ်ယူလိုက်ပြီး သူရဲ့ ရင်ဘတ်မှာ ချိတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ပြင်းထန်တဲ့ မူလစွမ်းအားတွေက ပင်လယ်ကြီး တစ်ခုလိုမျိုး စီးဆင်းလာပြီးတော့ သူရဲ့အစွမ်းတွေက တိုးလာပါတယ်။သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်နှစ်လုံး ထိုးတက်လာပါတယ်။

ဒါကသူ့အနေနဲ့ လင်းဟန်ကို ကျော်လွန်ပြီးတော့ အသာစီး ပြန်ရယူနိုင်စေခဲ့ပါတယ်။

သူအသုံးပြုခဲ့တဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို သေးငယ်သော နတ်ဆိုးကောင်းကင် အဆောင်လက်ဖွဲ့လို့ ခေါ်ပါတယ်။ ၎င်းက စွမ်းအားကို ယာယီအားဖြင့် တိုးပေးနိုင်ပါတယ်။ ပြီးတော့ ၎င်းရဲ့ အကျိုးသက်ရောက်မှုက အနည်းဆုံး ဆယ်မိနစ်ခန့် ရှိပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို ဒီအချိန်အတွင်းမှာ သေချာပေါက် အနိုင်ယူရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တန်ဖိုးမဖြတ်နိုင်တဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို ဖြုန်းတီးလိုက်သလို ဖြစ်သွားပါမယ်။

“မဖြစ်နိုင်ဘူး။ ခုနစ်ယောက်မြောက် အောင်းအစ်ကိုကြီးကို

စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို အသုံးပြုဖို့ ဖိအားပေးခဲ့တယ်”

“ဒါတကယ့်ကို မယုံနိုင်စရာပဲ။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်က အရမ်းကို သန်မာနေတယ်”

“မြောက်ဘက်အစွန်အဖျား ဒေသမှာ လင်းဟာန်လို့ခေါ်တဲ့ ပါရမီရှင် တစ်ယောက် အကြောင်းကို ငါကြားဖူးတယ်။ နွေဦးစမ်းရေ အလွှာ ပထမအဆင့်နဲ့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့် ဖန်းယန်ကို အနိုင်ယူခဲ့တယ်။ ဒါက ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ငါအမြဲတမ်း တွေးနေခဲ့တယ်။ ဒါပေမဲ့ ဒီအခြေအနေကို မြင်လိုက်မှပဲ အခုအဲဒါကို ငါယုံကြည်သွားတော့တယ်”

“ ဒါက အရမ်းကို အံ့သြဖို့ ကောင်းတာပဲ။ နွေဦးစမ်းရေ အလွှာ ပထမအဆင့်က လူတစ်ယောက်က ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲအစွမ်းကို ဘယ်လိုလုပ် ပိုင်ဆိုင်ထားရတာလဲ”

“အဲဒီကောင်မှာ တိုက်ပွဲအစွမ်း ကြယ်ဘယ်နစ်လုံးတောင် ရှိမလဲမသိဘူး”

လူတိုင်းလူတိုင်းက ကြည့်ပြီးတော့ ကြောက်ရွံ့မှုနဲ့ ပခုံးတွန့်ကုန်ပါတယ်။ ဒါက အရမ်းကို လက်မခံနိုင်လောက်အောင်ပဲ အဲဒီလူက သန်မာလွန်းပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးတောင်မှ မျက်ခုံးတွန့်သွားခဲ့ပါတယ်။ သူတို့တကယ်ပဲ ရတနာတစ်ခုကို ကောက်ရခဲ့ပါပြီ။ ဒီလိုမျိုး ပါရမီရှင်တစ်ယောက်ကို အလယ်ပိုင်း ဒေသမှာတောင် ထိပ်တန်းအဆင့်အဖြစ် သတ်မှတ်နိုင်ပါတယ်။

"ဘာကြောင့် မင်းက မရှုံးနိမ့် ရတာလဲ။ ရှုံးစမ်း ရှုံးစမ်း"

အောင်းဂျန်းချန်က အောင်ဟစ်လိုက်ပါတယ်။ တကယ်လို့ သူက စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို အသက်သွင်းပြီးတာတောင်မှ အနိုင်မရသေးဘူးဆိုရင် သူရဲ့ သိက္ခာတွေ အကုန်လုံး မြောင်းထဲ ကျသွားပါပြီ။

လင်းဟာန်က သရော်ပြီးတော့ ပြောလိုက်ပါတယ်။

"နေ့ခင်းဘက် အိပ်မက်မက်နေတာ တော်လိုက်တော့"

သူကနောက်ဆုံးမှာ မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ သူရဲ့ မျက်လုံးထဲမှာ

သွေးကြောနဲ့တူတဲ့ ရွှေရောင်မျဉ်းကြောင်းတွေ လက်သွားပြီး အောင်းဂျန်းချန်ရဲ့ လှုပ်ရှားမှုတိုင်းကို သူရဲ့မျက်လုံးတွေကနေ အနေးပြကွက်လိုမျိုး မြင်လိုက်ရပါတယ်။

ဒီနေရာ ဒီနေရာနဲ့ ဒီမှာ။ အားနည်းချက်တွေက အပြည့်ပါပဲ။

လင်းဟန်က အံ့အားသင့်သွားပါတယ်။ သူရဲ့ ကောင်းကင်အဆင့် အတွေ့အကြုံနဲ့ အောင်းဂျန်းချန်ရဲ့ အားနည်းချက် ခုနစ်ခုကိုပဲ ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ စွမ်းအားနဲ့ တိုက်ခိုက်မှု အမြန်နှုန်းကြောင့် ဒီအားနည်းချက် ခုနစ်ခုကို အသုံးမချနိုင်ခဲ့ပါဘူး။ တကယ်လို့ သူက ဒီအားနည်းချက် ခုနစ်ခုကို တိုက်ခိုက်မယ်ဆိုရင် နှစ်ဖက်စလုံး အထိနာပါလိမ့်မယ်။

သူ့မှာက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ် ရှိပါတယ်။ ဒါက အောင်းဂျန်းချန်ထက် ပိုပြီးတော့ အာမခံချက် ရှိပါတယ်။ ဒါပေမဲ့ သူက ဒီလိုနည်းနဲ့ အနိုင်ယူဖို့ကို ငြင်းပယ်ပါတယ်။

ဒါက အောင်းဖန်းရဲ့ သားဖြစ်ပါတယ်။ ဒါကြောင့် သူက လွယ်လွယ်ကူကူ မာန်ပါပါနဲ့ အနိုင် ယူရပါမယ်။

မှသားမဲ့ မျက်လုံးရဲ့ အောက်မှာ အောင်းဂျန်းချန်ရဲ့ အားနည်းချက်တွေက ဆယ့်ကိုးခုထိအောင် တိုးလာခဲ့ပါတယ်။ သူက ချက်ချင်းပဲ သူရဲ့ စိတ်ထဲမှာ တွက်ချက်လိုက်ပြီးတော့ အားနည်းချက် တစ်ခုစီအပေါ်မှာ တိုက်ခိုက်လိုက်ရင် ရလာမဲ့ ရလဒ်ကို တွက်ချက်လိုက်ပါတယ်။ နောက်တော့ ချက်ချင်းပဲ သူက အဖြေတစ်ခုကို ရှာတွေ့သွားပါတယ်။

ဟီးဟီး။

သူက အောင်းဂျန်းချန်ဆီကို တဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

"ဘာ"

"မဖြစ်နိုင်ဘူး"

"ငါ့ရဲ့ အမြင်တွေ ဂါးနေတာလား"

လူအုပ်ကြီးအလယ်က လူတွေက အော်ဟစ်လိုက်ကြပါတယ်။ လင်းဟာန်က အောင်းဂျန်းချန်ရဲ့

တိုက်ခိုက်မှု အားလုံးကို ရှောင်တိမ်းသွားခဲ့ပါတယ်။ သူရဲ့ ခန္ဓာကိုယ်က အဆက်မပြတ် ယိမ်းထိုး နေပါတယ်။ ဒါကိုကြည့်ရတာ လုံးဝကို ယုံနိုင်စရာ အကြောင်း လုံးဝမရှိပါဘူး။ ဒါပေမဲ့ လုံးဝ ပြီးပြည့်စုံတဲ့ ရှောင်တိမ်းခြင်း ဖြစ်ပြီးတော့ လင်းဟန်ကို အောင်းဂျန်းချန်ရဲ့ အရှေ့ကို လွယ်လွယ်ကူကူနဲ့ ရောက်သွားစေခဲ့ပါတယ်။

"ဖြန်း"

လင်းဟန်က သူရဲ့လက်ကို မြှောက်ပြီးတော့ ရိုက်ချလိုက်ပါတယ်။ ဒီလက်ဝါး ရိုက်ချက်က အောင်းဂျန်းချန်ရဲ့ မျက်နှာကို ထိထိမိမိ ကျရောက်သွားပြီး ရှင်းလင်းပြတ်သားတဲ့ အသံကြီး တစ်ခု ကြားလိုက်ရပါတယ်။

အောင်းဂျန်းဖန်းရဲ့ မျက်လုံးတွေက နီရဲသွားပြီးတော့ သူက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်တယ်။

"ငါမင်းကို သတ်ပစ်မယ်"

သူက ဒေါသတွေ အစွမ်းကုန် ထွက်နေပါပြီ။ အောင်းမိသားစုရဲ့ ခံ့ညားတဲ့ သားခုနစ်ယောက်ထဲက တစ်ယောက်က လူပုံအလယ်မှာ အရိုက်နက်ခံရတာက

ဘယ်လောက်တောင် အရှက်ကွဲ စော်ကားခံလိုက်ရတာလဲ။

သူက သွေးရူးသွေးတန်း သဲသဲမဲမဲကို တိုက်ခိုက်နေပါတယ်။

ဒါပေမဲ့လည်း မုသားမဲ့ မျက်လုံးကို လင်းဟန်က အသက်မသွင်းခင်တုန်းကတော့ ဆိုရင်တော့ ဒီလိုမျိုး တန်ပြန် တိုက်ခိုက်မှုတွေက ဘယ်လောက်တောင် အဓိပ္ပါယ်ရှိလိမ့်မလဲ။ သူတို့ရဲ့ အဆင့်တွေက တူညီသလို မုသားမဲ့ မျက်လုံးရဲ့ အာနိသင်ကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

“ဖြန်း ဖြန်း ဖြန်း”

လင်းဟန်က အဆက်မပြတ် ရိုက်ချပြီးတော့ အောင်းဂျန်းချန်လည်း ဆက်တိုက် ရိုက်ခံနေ ရပါတယ်။ သွားတစ်ချောင်းပြီး တစ်ချောင်းက ကျိုးကုန်ပြီးတော့ သူက ပြန်ပြီးတော့တောင် မခုခံနိုင်ပါဘူး။ သူက ဒေါသတကြီးနဲ့ အော်ဟစ်လို့ပဲ ရပါတယ်။

“လုံလောက်ပြီ”

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက ဆက်ပြီးတော့

မကြည့်နိုင်တော့ပါဘူး။ ဒါက တိုက်ပွဲလို့ မခေါ်နိုင်တော့ပါဘူး။ တစ်ဖက်သတ်ကြီး နှိပ်စက်ညှဉ်းပန်းနေတာပါ။ တကယ်လို့ တခြားသူဆိုရင် ပြဿနာ သိပ်မရှိပေမဲ့ အောင်းဂျန်းချန်က အောင်းဖန်းရဲ့ သားဖြစ်ပါတယ်။ ဒါကြောင့် သူက အောင်းဂျန်းချန် အရှက်ကွဲ စော်ကားခံနေရတာကို မမြင်ချင်ယောင် ဆောင်နေလို့ မဖြစ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အောင်းဖန်က သူ့ကို သေချာပေါက် ခက်ခဲအောင် လုပ်ပါလိမ့်မယ်။

အောင်းဖန်က အနည်းဆုံး ပန်းဖူးအဆင့်ကို အဆင့်တက်နိုင်မဲ့ နေ့ရက်တွေ ရောက်လာနိုင်ပြီး သူ့အနေနဲ့ အောင်းဖန်းက သူ့ကို မကျေမနပ်နဲ့ မလိုမုန်းတီးမှုတွေ ဖြစ်နေမှာကို မလိုချင်ပါဘူး။

"ဖြန်း ဖြန်း ဖြန်း ဖြန်း"

လင်းဟန်က သူရဲ့လက်တွေ ပြန်မရုပ်သိမ်းခင် အောင်းဂျန်းချန်းရဲ့ သွားတွေ အကုန်လုံး ကျွတ်ထွက်သွားအောင် အများကြီး ရိုက်ပစ်လိုက်ပါတယ်။

"အား"

အောင်းဂျန်းချန်ရဲ့ နလုံးသားက ဒီလိုမျိုး စော်ကားတာကို လက်ခံနိုင်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူက လင်းဟာန်ဆီကို နောက်တစ်ကြိမ် ခုန်ဝင်လိုက်ပါတယ်။

"ကြီးကြပ်ရေးမှူးက ဆက်ပြီးတော့ မတိုက်ခိုက်ပဲ ရပ်လိုက်ဖို့ ပြောနေပြီ။ မင်းက ကြီးကြပ်ရေးမှူးကိုတောင် စော်ကားချင်တာလား"

လင်းဟာန်က အောင်းဂျန်းချန်ကို ထိကပါးရိကပါးနဲ့ ပြောလိုက်ပါတယ်။

အောင်းဂျန်းချန်က ရှူးသွပ်လုမတတ် ဖြစ်သွားပါတယ်။

"အစောပိုင်း စိတ်ဂိညာဉ် ပလ္လင်အဆင့် ကြီးကြပ်ရေးမှူးက ရပ်ဖို့ပြောတာကို မင်းက ငါ့ကို လေးကြိမ်တောင် ပါးဆက်ရိုက်နေသေးတယ်။ အခု မင်းက ငါ့ကို လှောင်ပြောင်နေတာလား။ ဘယ်လောက်တောင်မှ အရှက်မရှိတဲ့ ကောင်လဲ"

စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်ရဲ့ အမူအရာက သုန်မှုန်နေပြီးတော့ လင်းဟာန်ရော အောင်းဂျန်းချန်ကိုပါ စိတ်တိုသွားပါတယ်။ ဒီကောင်နှစ်ယောက်က သူ့ကို

တကယ်ပဲ အလေးအနက် မထားကြပါဘူး။ တစ်ယောက်က အောင်းဖန်းရဲ့ သား၊ နောက်တစ်ယောက်က ထူးဆန်းတဲ့ တိုက်ပွဲအစွမ်းရှိပြီး အကန့်အသတ်မရှိ အောင်မြင်နိုင်တဲ့ လူတစ်ယောက် သူ့အနေနဲ့ ဘယ်သူ့ကိုမှ ဘာမှမလုပ်နိုင်ပါဘူး။

ဒါက သူ့ကို အတော်လေး သုန်သုန်မှုန်မှုန် ဖြစ်စေပါတယ်။

“လုံလောက်ပြီ”

သူကအေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

“ဒီတိုက်ပွဲမှာ ခုနစ်ယောက်မြောက်သား ရှုံးပြီး လင်းဟန် နိုင်တယ်”

ယွဲ့ခိုင်ယုက သူရဲ့မျက်နှာကို ထိပြီးတော့ ပြောလိုက်ပါတယ်။

“ခုနစ်ယောက်မြောက် သားနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ငါက သွားသုံးချောင်းပဲ ဆုံးရှုံးခဲ့တာ။ဒါက ငါ့ကို ဦးစားပေး ဆက်ဆံတာလို့ ပြောရမှာပဲ။ ဒီကောင်က ဘယ်လိုမျိုး ဆေးတွေစားပြီးတော့ သူ့ကို ဒီလောက်တောင် ရက်စက်ကြမ်းကြုတ်အောင် ဖြစ်စေရတာလဲ”

တခြားတိုက်ပွဲတွေက တစ်ခုပြီး တစ်ခု ပြီးဆုံးသွားခဲ့ပြီး အောင်းမိသားစုရဲ့ တခြားသား ခြောက်ယောက် အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ အမူအရာက အတော်လေးကို ဆိုးဆိုးဝါးဝါးနဲ့ မအီမသာ ဖြစ်နေတဲ့ ပုံစံမျိုးပါပဲ။

အောင်းမိသားစုအတွင်းမှာ ပြိုင်ဆိုင်မှုက ဘယ်လိုပဲ ဖြစ်နေပါစေ ကိစ္စမရှိပါဘူး။ သူတို့တွေက အပြင်လူတွေက ဘယ်လိုပဲ ပတ်သက်နေကြပါစေ အောင်းမိသားစုဝင်တွေပဲ ဖြစ်ပါတယ်။ အခု ခုနစ်ယောက်မြောက် သားက လူပုံအလယ်မှာ သွားတွေအကုန်လုံး ကျွတ်ထွက်သွားအောင် အရိုက်ခံလိုက်ရပြီး သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲ နေနိုင်မှာလဲ။

"ဒီကောင်က အောင်းမိသားစုက လူကို လူပုံအလယ်မှာ အရှက်ခွဲပုံ့တယ်။ ငါတို့ ဒီကောင်ကို လုံးဝ မမေ့နိုင်ဘူး"

အောင်းကျန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း သူက နံပါတ်ခုနစ်ကို လွယ်လွယ်ကူကူနဲ့ အနိုင်ယူနိုင်တယ်။ ငါကြောက်မိတာ တစ်ခုက

အကြီးဆုံးထက် တခြားသားတွေက သူ့ရဲ့ ပြိုင်ဘက် မဟုတ်မှာကိုပဲ”

“ပိုပြီးတော့ အရေးကြီးတာက ဒီကောင်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ပဲ ရှိသေးတယ်။ သူအသုံးပြုတဲ့ စိတ်ဂိညာဉ် ပစ္စည်း၊ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ ဒါမှမဟုတ် မှော်ဆေးလုံးတွေက ဒီလိုမျိုး တိုက်ပွဲအစွမ်းကို ပေးနိုင်တာက ကိစ္စမရှိဘူး။ ဒါက အတော်လေးကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အံ့အားသင့်ဖို့ ကောင်းနေပြီ”

အောင်းမိသားစုရဲ့ သားခြောက်ယောက်က တချိန်တည်းလိုလို မျက်မှောင်တွေ ကြုတ်လိုက် ကြပါတယ်။ သူတို့ကို ကြည့်ရတာ အခွန့်ရာယ် အငွေ့အသက်တွေ မြင့်တက်လာတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

Chapter 343 end

အပိုင်း(၃၄၃) အကြီးဆုံး ငါးယောက်မြောက်

လင်းဟာန်က တစ်ဖက်မှာ ရပ်လိုက်ပါတယ်။ သူရဲ့ညာဘက်မျက်လုံးက အနည်းငယ် နာကျင်တဲ့ ဒဏ်ကို ခံစားလိုက်ရပါတယ်။ ဒါက ဘာကြောင့်လဲဆိုတော့ သူရဲ့

ကျင့်ကြံခြင်းက မလုံလောက်တဲ့ အတွက်ကြောင့် မှသားမဲ့မျက်လုံးကို တစ်ခဏမျှ အသုံးပြုပြီးတဲ့ နောက်မှာတော့ မသက်မသာ ခံစားချက်ကို ဖြစ်စေခဲ့ပါတယ်။ သူက ချက်ချင်းပဲ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို အသက်သွင်း လည်ပတ်စေလိုက်ပြီးတော့ သိပ်မကြာခင်မှာ သူရဲ့ ညာဘက် မျက်လုံးက ပြန်လည်ကောင်းမွန် သက်သာလာခဲ့ပါတယ်။

တကယ်တော့ သူက အချိန်အနည်းငယ် အတွက်ပဲ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ သူက အချိန်အတော်ကြာအောင် အသုံးပြုလိုက်မယ်ဆိုရင် လွယ်လွယ်ကူကူနဲ့ သက်သာ ကောင်းမွန်လာလိမ့်မှာ မဟုတ်ပါဘူး။

အောင်းဂျန်းချန်က ဆက်ပြီးနေစရာ အကြောင်းမရှိတော့ပါဘူး။ သူ့က ထိပ်ဆုံးဆယ်ယောက် စာရင်းထဲကို ဝင်ဖို့ အခွင့်အရေး မရှိတော့ပါဘူး။ ဒါကြောင့် သူက လှည့်ထွက်သွားလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တခြားသူတွေအတွက် ရယ်စရာ ဖြစ်သွားပါလိမ့်မယ်။

အားလုံးက လင်းဟန်ကို အံ့အားသင့်နေတဲ့ မျက်လုံးတွေနဲ့

ကြည့်လိုက်ပါတယ်။ ဒီကောင်က ဒီအနိုင်ပွဲနဲ့ သူ့ကိုယ်သူ အသိအမှတ်ပြုအောင် လုပ်နိုင်ခဲ့ပါတယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်က လူငယ်မျိုးဆက်ထဲမှာတော့ သေချာပေါက် ပါရမီရှင်တွေ ဖြစ်ကြပါတယ်။ သူတို့ရဲ့အထက်မှာ အသက်သုံးဆယ်ကျော်တဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေပဲ ရှိပါတော့တယ်။

သိုင်းပညာကမ္ဘာကြီးထဲမှာ အသက်သုံးဆယ်ဆိုတာက လူငယ်နဲ့ အရွယ်ရောက်သူတွေ ကြားထဲမှာလို့ သတ်မှတ်ထားကြပါတယ်။ သင်က သုံးဆယ်နှစ်အောက်ဆိုရင် လူငယ်ဖြစ်ပြီး သုံးဆယ်ကျော်ရင်တော့ အရွယ်ရောက်သူ ဖြစ်ပါတယ်။ ဒီကန့်သတ်ထားချက်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတဲ့ နောက်မှာတော့ ပြန်ပြီးတော့ အသစ်တစ်ဖန် ဖြစ်သွားပါတယ်။ ပန်းဖူးအဆင့်မှာ သိုင်းပညာရှင်တွေရဲ့ သက်တမ်းက အကြီးအကျယ်ကို တိုးလာခဲ့လို့ ဖြစ်ပါတယ်။

ဒီနေ့ စမ်းသပ်စစ်ဆေးပွဲ ပြီးတဲ့နောက်မှာ စိတ်ကူးကြည့်လို့ ရနိုင်ပါတယ်။ ဆောင်းလကိုဏ်း တစ်ခုလုံးက ရုတ်ရုတ်သဲသဲ ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ အချိန်အတော်ကြာအောင် ပုန်းကွယ်နေတဲ့ မွန်းစတား အဘိုးကြီးတွေတောင်

ပေါ်လာနိုင်ပါတယ်။ ဒီထူးချွန်ထက်မြက်တဲ့ ပါရမီကောင်လေးကို သူတို့ရဲ့ တိုက်ရိုက်တပည့် ဖြစ်လာဖို့အတွက် အချင်းချင်း တိုက်ခိုက်ကြ ပါလိမ့်မယ်။

"အခု ထိပ်ဆုံးဆယ်ယောက် အတွက် တိုက်ပွဲကို ကျင်းပတော့မယ်"

ခန့်ညားတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အဘိုးကြီးက ပြောလိုက်ပါတယ်။

"မင်းတို့ ဆယ်ယောက်ပဲ ကျန်တော့တယ်။ လူတစ်ယောက်ကို တခြားကိုးယောက်နဲ့ တစ်ကြိမ်စီ တိုက်ခိုက်ဖို့ အခွင့်အရေးရှိတယ်။ အနိုင်ရတဲ့သူက သုံးမှတ်ရမယ်။ သရေဆိုရင် တစ်မှတ်နဲ့ ရှုံးတဲ့သူက အမှတ်မရဘူး။ တိုက်ပွဲတစ်ခုကို အများဆုံး နာရီဝက်ပဲ တိုက်ရမယ်။ တကယ်လို့ အချိန်ကုန်သွားလို့ အနိုင်မရဘူးဆိုရင် သရေလို့ သတ်မှတ်မယ်"

"စေတာ့"

သူက လင်းဟန်ကို အနည်းငယ် စိတ်ဆိုးနေတဲ့ ပုံစံနဲ့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့

ပါရမီက အရမ်းကို ထူးဆန်းပါတယ်။ တကယ်လို့ သူက စိတ်ဆိုးနေမယ် ဆိုရင်တောင်မှ ဘာမှလုပ်လို့ မရပါဘူး။ နှစ်အနည်းငယ်အတွင်းမှာ လင်းဟန်ရဲ့ ကျင့်ကြံခြင်းက သူ့ကိုကျော်ဖြတ်သွားနိုင် ပါလိမ့်မယ်။ ဒီအချက်ကြောင့် သူ့အနေနဲ့ လင်းဟန်ကို ကြည့်ရုံပဲ တတ်နိုင်ပါတယ်။

သိုင်းပညာကမ္ဘာကြီးမှာ ကျင့်ကြံခြင်း အဆင့်နဲ့ ခွန်အားကပဲ အဓိကကျပါတယ်။ ဘယ်သူက အသက်အရွယ်နဲ့ အတွေ့အကြုံကို ကြည့်ကြလို့လဲ။

လူတိုင်းလူတိုင်းက သူတို့ရဲ့ ပြိုင်ဘက်တွေကို သတိကြီးကြီးထားပြီး ရွေးချယ်ကြပါတယ်။

ဒီနေရာမှာ ဗျူဟာက အဓိကကျပါတယ်။ ဥပမာ တကယ်လို့ အစတုန်းက အလယ်လောက်မှာ အဆင့်ချိတ်တဲ့သူက ရှိန်လောက်တဲ့ ရန်သူနဲ့ ကြုံတွေ့ခဲ့မယ်ဆိုရင် ဖယ်ရှားခံလိုက်ရပြီး ပြင်းပြင်းထန်ထန် ဒဏ်ရာပါ ရသွားနိုင်ပါတယ်။ ဒါဆိုရင် အဲဒီလူရဲ့အဆင့်က ဟိုးအောက်ထိကို ကျသွားပြီး အဆုံးသတ် သွားပါလိမ့်မယ်။ ထိပ်ဆုံး ဆယ်ယောက်ထဲကို ဝင်ပြီးတဲ့နောက်မှာ တခြားအဆင့်တွေထက် သူတို့ရမဲ့ ဆုလာဘ်က ပိုပြီးတော့ ကောင်းမွန်ပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက

ဖြစ်နိုင်မယ်ဆိုရင် အမှတ်များများ ပိုပြီးတော့ လိုချင်ကြပါတယ်။

လင်းဟန်က အရမ်းကို သန်မာပါတယ်။ ပြီးတော့ အောင်းချင်းလိုင်ပဲ သူရဲ့ပြိုင်ဘက်ဖြစ်ဖို့ အဆင့်မီတဲ့ တစ်ယောက်တည်းသော သူဖြစ်ပါတယ်။ ဒါကြောင့် လူအများစုက လင်းဟန်နဲ့ မျက်နှာချင်းဆိုင်ဖို့ကို ရှောင်ချင်ကြပါတယ်။ ပြီးတော့ အောင်းချင်းလိုင်နဲ့ လင်းဟန်ကို နောက်ဆုံး ပြိုင်ဘက်နှစ်ယောက် အဖြစ်ကို သတ်မှတ်ထားလိုက်ပါတယ်။

ဒါပေမဲ့ ဒါကဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အောင်းချင်းလိုင်ကလည်း လင်းဟန်ကို ပထမဆုံး စိန်ခေါ်ဖို့ မဆုံးဖြတ်ထားပါဘူး။ အဲဒီအစား သူရဲ့ ပြိုင်ဘက်အဖြစ် တခြားတစ်ယောက်ကို ရွေးချယ်လိုက်ပါတယ်။

ထိပ်ဆုံးဆယ်ယောက်ထဲမှာ အောင်းမိသားစုက ခြောက်နေရာ ပါဝင်ပါတယ်။ ဒါကြောင့် လင်းဟန်က အလျဉ်းသင့်သလို တစ်ယောက်ကို ရွေးချယ်လိုက်ပါတယ်။ အောင်းမိသားစုက လူတွေနဲ့ ကြုံတွေ့ဖို့ အခွင့်အရေးက သုံးပုံနှစ်ပုံ ရှိပါတယ်။

သူရဲ့ပြိုင်ဘက်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက နံပါတ်ငါးချိတ်တဲ့ အောင်းကျန့် ဖြစ်ပြီးတော့ အားလုံးက သူ့ကို အောင်းနံပါတ်ငါး ဒါမှမဟုတ် ငါးယောက်မြောက် အကြီးဆုံး အောင်းလို့လည်း ခေါ်ကြပါတယ်။

အောင်းကျန့်က ဂရုမထားပဲ မနေပုံပါဘူး။ သတိဂီရိယ ကြီးကြီးထားတဲ့ အမူအရာနဲ့ သူရဲ့လက်ထဲမှာ ဓားကိုကိုင်ထားပြီး အရှေ့ကို တိုးလာခဲ့ပါတယ်။

လင်းဟန်က အသာလေးပြုံးလိုက်ပြီး သူရဲ့ မျက်လုံးတွေထဲမှာ ခြိမ်းခြောက်မှုတွေပါဝင်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူ့က အောင်းမိသားစုက ဘယ်သူ့ကိုမဆို အကောင်းမထင်ပါဘူး။ ဒါကြောင့် တကယ်လို့ တစ်ယောက်ကို ဖမ်းမိရင် သူ့အနေနဲ့ ပြင်းပြင်းထန်ထန် ရိုက်နက်ပစ်ပါမယ်။ တကယ်လို့ သူက ဆောင်းလကိုဏ်းမှာ မဟုတ်ဘူးဆိုရင် ငါးယောက်မြောက် အကြီးဆုံး အောင်းကျန့်ကို အနက်ရောင် မျှော်စင်ထဲကို သေချာပေါက် ထည့်ပြီးတော့ ချုပ်နှောင်ထားချင် ချုပ်နှောင်ထားမယ်။ ဒါမှမဟုတ် သူ့ကို သတ်ပစ်မယ်။ ဒါတွေက သူရဲ့ စိတ်အခြေအနေ အပေါ်မှာ မူတည်ပါတယ်။

အောင်းကျန့်က မလိုလားအပ်တဲ့ စကားတွေကို တစ်ခွန်းမှ မဆိုပဲနဲ့ အဆုံးစွန် တိုက်ခိုက်မှု တစ်ခုနဲ့ပဲ တိုက်ခိုက်လိုက်ပါတယ်။ ဓားကိုဝှေ့လိုက်တာနဲ့ အံ့အားသင့်စရာကောင်းတဲ့ ဓားချီအလင်း ခြောက်ခုလုံးက အတားအဆီးမဲ့ စီးမျောလာခဲ့ပါတယ်။

အောင်းမိသားစုရဲ့ သားခုနစ်ယောက်က ဆောင်းလဂိုဏ်းရဲ့ လူငယ်မျိုးဆက်ထဲမှာ ထိပ်ဆုံးက လူတွေဖြစ်ပြီး သူတို့ကို လျော့တွက်လို့ မသင့်ပါဘူး။ ဓားချီအလင်း ခြောက်ခုကို ကြည့်လိုက်ရင်ပဲ သိပါလိမ့်မယ်။ မိုးရေနိုင်ငံမှာ ဓားကိုအသုံးပြုတဲ့ လူကြီးပိုင်းတွေတောင်မှ ဒီလိုမျိုး အစွမ်း မရှိပါဘူး။

ဓားချီပမာဏက လူတစ်ယောက်ရဲ့ ဓားလမ်းကြောင်းပေါ်မှာ နားလည်နိုင်စွမ်းကို ကိုယ်စားပြု ပါတယ်။

လင်းဟာန်က မုသားမဲ့ မျက်လုံးကို ဖွင့်လိုက်ပြီး အောင်းဖန်းရဲ့ တိုက်ခိုက်မှုတွေ အကြားက နေရာလွတ်တွေကို ယိမ်းထိုးဝှေ့ဂိုက် ဖြတ်သန်းပြီးတော့ အောင်းကျန့်ဆီကို လွယ်လွယ်ကူကူနဲ့ ရောက်သွားခဲ့ပါတယ်။ အောင်းကျန့်က မယုံကြည်နိုင်မှုတွေ ပြည့်နှက်နေတဲ့ အကြည့်နဲ့

စိုက်ကြည့်လိုက်တဲ့ အချိန်မှာပဲ ဘုန်းဘုန်းဘုန်းဘုန်း ဆိုပြီးတော့ သူရဲ့မျက်နှာကို တိုက်ခိုက် ခံလိုက်ရပါတယ်။

ဒီလက်သီးချက် တစ်ချက်စီကြောင့် အောင်းကျန့်က ပါးစပ်နဲ့အပြည့် သွေးတွေ အန်ထုတ်လိုက်ပြီး သွားတစ်ချောင်းစီ ကျွတ်ထွက်ကုန်ပါတယ်။ လင်းဟန်က စုစုပေါင်း လက်သီးချက် သုံးဆယ်နှစ်ချက် ထိုးလိုက်တာဖြစ်ပြီး အောင်းကျန့်က ပါးစပ်အပြည့် သွေးအလုတ်ပေါင်း သုံးဆယ့်နှစ်ခါနဲ့ သွားသုံးဆယ့် နှစ်ချောင်း ကျွတ်ထွက်ကုန်ပါတယ်။

ဘုန်း

လင်းဟန်က နောက်ဆုံး လက်သီးချက်ကို ထိုးထည့်လိုက်တဲ့ အခါမှာတော့ အောင်းကျန့်က လေထဲကို လွင့်ထွက်သွားပြီး မြေကြီးအပေါ်ကို ပြင်းပြင်းထန်ထန်နဲ့ ပြုတ်ကျသွားခဲ့ပါတယ်။

"ဘာ"

လူတိုင်းပဲ အံ့အားသင့်ကုန်ပါတယ်။ ပြောကြတာတော့ တစ်စုံတစ်ယောက်ကို ရိုက်နက်ပါ။ ဒါပေမဲ့ သူတို့ရဲ့

မျက်နှာကိုတော့ မရိုက်ပါနဲ့တဲ့။ ဒါပေမဲ့ လင်းဟန်တော့ မျက်နှာကို ရှယ်သမတာ ဖြစ်ပါတယ်။ ဒါက အရမ်းကို ရက်စက်တယ် မဟုတ်ဘူးလား။ သိုင်းပညာရှင်တွေက သူတို့ရဲ့ မျက်နှာကို အလေးထားကြပါတယ်။ အရမ်းကို ဂုဏ်ယူဝင့်ကြွားတဲ့ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ဆိုရင် ပြောနေစရာတောင် မလိုလောက်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်နဲ့ တိုက်ခိုက်ခဲ့တဲ့ လူနှစ်ယောက်က သူတို့ရဲ့ သွားတွေအားလုံး ကျွတ်ထွက်ကုန်ပါတယ်။ ဒါက သေလောက်တဲ့ ရန်စတစ်ခုဆီကို ဦးတည်နေတာ မဟုတ်ဘူးလား။

သူက အရမ်းကို ရက်စက်ကြမ်းကြုတ်ပါတယ်။

ယွဲ့ခိုင်ယုက သူ့ရဲ့မျက်နှာကို အမှတ်မထင် ပွတ်သပ်လိုက်ပါတယ်။ သွားသုံးချောင်းပဲ ကျွတ်ခဲ့တဲ့ အတွက်ကြောင့် သူ့ကိုယ်သူ အရမ်းကို ကံကောင်းတဲ့ လူတစ်ယောက် ဖြစ်တယ်လို့ ခံစားလိုက် ရပါတယ်။ လင်းဟန်က သူ့ကို သူငယ်ချင်းဖြစ်ချင်တယ်လို့ ပြောခဲ့ပါတယ်။ ဒါကတကယ့်ကို မှန်ပါတယ်။ ဒါကြောင့်လည်း လင်းဟန်က သူ့ကို ပြင်းပြင်းထန်ထန် မရိုက်နှက်ခဲ့တာ

မဟုတ်လား။

ဒီတိုက်ခိုက်မှုက အရမ်းကို လျင်မြန်စွာနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ တိုက်ပွဲအစကတည်းက လင်းဟန်က အောင်းကျန့်ကို အရမ်းကို လွှမ်းမိုးနိုင်ပြီးတော့ သုံးဆယ့်နှစ်ကြိမ် ဆက်တိုက်ပဲ ရိုက်နှက်ခဲ့ပါတယ်။ ဒါက လေပြင်းတစ်ချက် ဖေ့ပြီးတော့ တိုက်ခတ်သွားသလို အရမ်းကို လျင်မြန်ပါတယ်။ လေပြင်းတစ်ချက် တိုက်ပြီးတဲ့နောက်မှာ တိုက်ပွဲရဲ့ အဖြေက ဆုံးဖြတ်ပြီးသား ဖြစ်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် ကြီးကြပ်ရေးမှူးရဲ့ အမူအရာက အတော်လေးကို စိတ်ပျက်သွားပုံ ရပါတယ်။ ဒါက သွားတွေအကုန်လုံး ကျွတ်ထွက်တဲ့ အောင်းမိသားစုရဲ့ နှစ်ယောက်မြောက် သားဖြစ်ပါတယ်။ သူက ဒီနေရာရဲ့ ကြီးကြပ်သူ ဖြစ်တာကြောင့် အောင်းဖန်းက သေချာပေါက် သူ့ကို မကျေမနပ် ဖြစ်ပါလိမ့်မယ်။ ဒါက တကယ့်ကို မထင်မှတ်ထားတဲ့ ကပ်ဘေးတစ်ခု ဖြစ်ပြီးတော့ သူ့အနေနဲ့ လင်းဟန်ကိုတောင် အတော်လေး မကျေမနပ် ဖြစ်သွားစေပါတယ်။

လင်းဟန်က ဒီအကြောင်းအရာ ကိစ္စလေးတွေကို ဂရုကို

မစိုက်ပါဘူး။ သူသုံးစွဲလိုက်တဲ့ မူလစွမ်းအင်တွေကို ပြန်ပြီးတော့ ဖြည့်ဆည်းဖို့ ထိုင်ချလိုက်ပါတယ်။

အမှန်တကယ်တော့ သူက မူလစွမ်းအင် အများကြီး မသုံးစွဲခဲ့ပါဘူး။ သူက ပုံမှန်ပဲဆိုတဲ့ သဘောကို ဖော်ပြဖို့အတွက် လုပ်လိုက်တာ ဖြစ်ပါတယ်။ အဓိကကတော့ သူရဲ့ မျက်လုံးထဲက နာကျင်မှုတွေကို သက်သာရာ ရစေခဲ့ပါတယ်။ မှသားမဲ့ မျက်လုံးကို နှစ်ကြိမ်ဆက်တိုက် အသက်သွင်းခဲ့တာက သူ့အတွက် ဖိအားတချို့ ဖြစ်စေခဲ့ပါတယ်။

ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူမျက်လုံးတွေရဲ့ မသက်မသာ ဖြစ်မှုတွေက အလျင်အမြန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ ပထမအကြိမ်ကထက် သက်သာပျောက်ကင်းတာက နှေးကွေးလာပါတယ်။

နာရီဝက်ခန့် ကြာပြီးတဲ့နောက်မှာ တိုက်ပွဲအားလုံးက ပြီးဆုံးသွားခဲ့ပြီး လူတိုင်းလူတိုင်းက သူတို့ရဲ့ ပြိုင်ဘက်တွေကို ဖယ်ရှားပြီးတော့ နောက်တစ်ကြိမ် တိုက်ခိုက်ကြပါတယ်။

ဒီတစ်ကြိမ်မှာ လင်းဟန်ရဲ့ ပြိုင်ဘက်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက မဟုတ်ပါဘူး။ ဆောင်းလဂိုဏ်းက တပည့်တစ်ယောက်လည်း မဟုတ်ပဲနဲ့ ရန်ချောင်ပဲ ဖြစ်ပါတယ်။

လုံသိုင်းပညာ ကျွမ်းကျင်သူ လူငယ်။

“အစ်ကိုဟန်။ ဒီနေ့မှာ ဘယ်လိုလုပ်ပြီး မင်းလိုမျိုး အရမ်းကို အစွမ်းထက်တဲ့ လူတစ်ယောက်က ထင်ပေါ်ကျော်ကြားမှု မရှိပဲနဲ့ ရုတ်တရက် ထွက်ပေါ်လာရတာလဲ”

ရန်ချောင်က သူရဲ့ ခြောက်မီတာခန့် ရှည်လျားတဲ့ လုံကို ပွေ့ယမ်းလိုက်ပါတယ်။ လုံရဲ့ ခန္ဓာကိုယ်က ကြည်လင်တောက်ပနေပြီး အွန္တရာယ်ရှိတဲ့ ကြောက်မက်ဖွယ်ရာ အရှိန်အဂါ တစ်ခုက ထွက်ပေါ်နေပြီးတော့ လင်းဟန်ကို လုံနဲ့ညွှန်ပြလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ငါက ကိုယ့်ဘာသာကို စိတ်နှစ်ပြီးတော့ ကျင့်ကြံနေလို့ရော မရဘူးလား”

"အစ်ကိုဟန်ရဲ့ ထိန်းချုပ်နိုင်မှုက တကယ့်ကို လေးစားအားကျမှုနဲ့ ထိုက်တန်ပါတယ်"

ရန်ချောင်က ရုတ်တရက် ခြေလှမ်းကျဲကျဲကြီးတွေနဲ့ လင်းဟန်ဆီကို ခုန်ဝင်ပြီးတော့ သူ့ရဲ့လှံရှည်နဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။ ငွေရောင် နဂါးတစ်ကောင်က စူးရှတဲ့ လေချွန်သံကို ပေးပြီးတော့ လေလှိုင်းတွေကို ဖြစ်ပေါ်လာသလိုမျိုး ရန်ချောင်ရဲ့ လှံရှည်က ပြေးဝင်လာခဲ့ပါတယ်။ ပုန်းပုန်းပုန်း လေထဲမှာ ပေါက်ကွဲသံတွေက ဆက်တိုက် ထွက်ပေါ်လာခဲ့ပါတယ်။

ဒီလှံရဲ့ အမြန်နှုန်းက အသံရဲ့ အမြန်နှုန်းကို ချိုးဖျက်ပြီးတော့ ပြေးဝင်လာခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ လက်သီးနဲ့ လှံရဲ့ ခန္ဓာကိုယ်ကို ပြေးဝင်ပြီးတော့ ထိုးလိုက်ပါတယ်။

ပုန်း

လင်းဟန်ရဲ့ လက်သီးက လှံရဲ့ ခန္ဓာကိုယ်ပေါ်ကို ကျရောက်သွားတာနဲ့ ချက်ချင်းဆိုသလို သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ပြင်းပြင်းထန်ထန်နဲ့ တုန်ခါသွားပါတယ်။

ဒီလှံရှည်ကို အလျားလိုက် လွှဲရိုက်လာတဲ့အတွက် လှံရှည်မှာ ရန်ချောင်ရဲ့ ခွန်အား အပြည့်အဝ စုစည်းထားရုံတင်မက လှုပ်ရှားမှုရဲ့ အရှိန်စွမ်းအင်လည်း ပါရှိပါတယ်။ လင်းဟန်ရဲ့ အစွမ်းက ရန်ချောင်ရဲ့ အစွမ်းထက် အများကြီး မသာဘူးဆိုရင် ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့က လွယ်လိမ့်မှာ မဟုတ်ပါဘူး။

တကယ်တမ်း ဖြစ်ရပ်အမှန်မှာတော့ ရန်ချောင်ရဲ့ လှံကိုင်ထားတဲ့ လက်ခွကြားက ကွဲအက်လာပြီးတော့ သွေးတွေယိုထွက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်မှု ပုံစံကို ပြောင်းပြီးတော့ လင်းဟန်ရဲ့ ရင်ဘတ်ဆီကို ထိုးသွင်းလိုက်ပါတယ်။

လှံရှည်ကို နောက်တစ်ကြိမ် မြှောက်ပြီးတော့ ထိုးလိုက်ပေမဲ့လည်း တကယ်လို့ သူက နောက်တစ်ကြိမ် လွှဲရိုက်လိုက်မယ်ဆိုရင် လင်းဟန်အတွက်က ပြန်လည်ကောင်းမွန် သက်သာလာဖို့ အချိန်အတော်လေးကို ရသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အခုသူ့ရဲ့ တိုက်ခိုက်မှုက အရမ်းကို သပ်ရပ်ပြီး ကြော့မော့တဲ့ လှုပ်ရှားမှုတစ်ခုပဲ မဟုတ်လား။

ဒါကြောင့် သူက လှံကို ယုံကြည်စိတ်ချပါတယ်။

ဒီတိုက်ခိုက်မှုက ဧကရာဇ် လုံသိုင်းရဲ့ အသန်မာဆုံး သိုင်းကွက်ထဲက တစ်ခုပဲ ဖြစ်ပါတယ်။

Chapter 343 end

အပိုင်း(၃၄၄) လုံမင်းသားလေး

လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို သန်မာပါတယ်။ သူရဲ့ ကျောက်သားနံရံ ခန္ဓာကိုယ်ကြောင့် ခန္ဓာကိုယ်က ကျောက်တုံးတစ်တုံးနဲ့ တူပြီးတော့ ထက်မြက်တဲ့ လက်နက်တွေနဲ့ ထိခိုက်ဒဏ်ရာရအောင် လုပ်ဖို့က ခက်ပါတယ်။ ဒါပေမဲ့လည်း ရန်ချောင်ရဲ့ တိုက်ခိုက်မှုကနေ ပါလာတဲ့ အဓိက စွမ်းအားက အံ့အားသင့်ဖို့ ကောင်းပါတယ်။ လင်းဟန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို အပိုင်းပိုင်းအစစ လုပ်ပစ်နိုင်လောက်တဲ့ အထိကို အံ့အားသင့်ဖို့ ကောင်းပါတယ်။

ဥပမာ ဓားတစ်လက်နဲ့ ကျောက်တုံးတစ်ခုကို ခုတ်လိုက်မယ်ဆိုရင် မီးပွားတွေ ထွက်လာပြီး ကျောက်တုံးကတော့ ထိခိုက်မှုမရှိပဲ ရှိနေပြီးတော့ ဓားသွားရဲ့ အဖျားကတော့ ပဲ့သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ တူတစ်ချောင်းကို အသုံးပြုလိုက်မယ် ဆိုရင်ရော။

ဒါဆိုရင် ကျောက်တုံးကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင်လို့ ထုချေပစ်လိုက်နိုင်ပါလိမ့်မယ်။

အခုလည်း ဒီလိုပါပဲ။ လင်းဟန်ရဲ့ လက်ပေါ်မှာ ဒဏ်ရာတစ်ခုက ချက်ချင်းပေါ်လာခဲ့ပါတယ်။ ပြီးတော့ သူရဲ့ ညာဘက်လက်မောင်း တစ်ခုလုံး နီရဲသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ သွေးတွေက အဂတ်အစားတွေကို စွန်းထင်းသွားအောင် ယိုစိမ့်ထွက်လာလို့ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။ သူက အတော်လေးကို ကိုယ့်ကိုကိုယ် အထင်ကြီး ခဲ့တာပဲ။ ကျောက်သားနံရံ ခန္ဓာကိုယ် ဖြစ်လာတဲ့ အချိန်မှာ အဆင့်တူက လူတွေကို သူက နှိမ့်ချပြီးတော့ ကြည့်ခဲ့မိပါတယ်။ ဒီတိုက်ခိုက်မှုက တကယ်ပဲ သူ့ကို သင်ခန်းစာ အကြီးကြီးတစ်ခု သင်ပေးလိုက်တာနဲ့ တူတူပါပဲ။

လင်းဟန်က သူရဲ့ ဘယ်ဘက်လက်နဲ့ လုံရဲ့ထိပ်ဖျားကို ဆုပ်ကိုင်လိုက်ပါတယ်။

“ဟင့် မထိလေးစားနဲ့”

ရန်ချောင်က နှာခေါင်းရှုံ့လိုက်ပါတယ်။

သူရဲ့နာမည်ပြောင်က လုံမင်းသားလေး ဖြစ်ပြီးတော့ ဘယ်သူကများ သူရဲ့လုံကို ဖမ်းကိုင်နိုင်လို့လဲ။

သူက လုံကို အပြည့်အဝ ယုံကြည်ပါတယ်။ ရန်ချောင်က လုံကို ပွေ့ယမ်းလိုက်တဲ့ အခါမှာ လုံရိပ် အလင်းခြောက်ခု ထွက်ပေါ်လာပြီးတော့ ငွေရောင်လုံခေါင်း ခြောက်ခုအဖြစ်ကို ပြောင်းသွားပြီး လင်းဟာန်ရဲ့ ပခုံးနှစ်ဖက်၊ လည်ပင်း၊ ရင်ဘတ်နဲ့ မျက်နှာဆီကို ပြေးဝင်လာခဲ့ပါတယ်။

လင်းဟာန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ ဒုတိယအကြိမ် သူ့ကို နာကျင်ခံစားစေဖို့လား။

လက်သီးရိပ်တွေ ထွက်ပေါ်လာပြီးတော့ အဖြူရောင် လက်သီးခြောက်ခု ပေါ်လာခဲ့ပြီး လုံရိပ်တွေဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

“ဘုန်း ဘုန်း ဘုန်း ဘုန်း”

မသဲမကွဲ အသံတွေ ထွက်ပေါ်လာပြီးတော့ လက်သီးရိပ်နဲ့ လုံရိပ်တွေက ထိတွေ့သွားကြပါတယ်။ လုံခေါင်းတွေက လုံးဝကို ဖျက်ဆီးခံလိုက်ရတယ် ဆိုတာကို မျက်စိနဲ့ ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။ ဒါပေမဲ့

ငွေရောင်လက်သီးတွေက အစွမ်းအနည်းငယ် ကျန်နေသေးပြီးတော့ အရှေ့ကို အကွာအဝေးတစ်ခု ဆက်တိုးသွားပြီးတော့ ပျောက်ကွယ်သွားပါတယ်။

လပြွတ်။

လူတိုင်း အံ့အားသင့် ကုန်ကြပါတယ်။ ချီဆိုတာ ဘာလဲ။ ချီဆိုတာက စွမ်းအင်နဲ့ သိုင်းဆန္ဒကို ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။ သိုင်းပညာရပ်တွေကို လိုက်လျောတူညီပြီးတော့ နားလည်နိုင်စွမ်း မရှိဘူးဆိုရင် ချီကသန်မာ အားကောင်းလိမ့်မှာ မဟုတ်ပါဘူး။ သိုင်းပညာရပ် တစ်ခုတည်းပဲ နားလည်သဘောပေါက်ရင်လည်း ချီက သန်မာလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်ရဲ့ချီက ရန်ချောင်ရဲ့ လုံချီကို အပြတ်အသတ် သာလွန်နေတယ်။ ဒါက ဘာကို သက်သေပြတာလဲ။

ဖင်ကိုသာ ကုန်းနမ်းလိုက်တော့။

"ဒီလုံကနေ ထုတ်လွှတ်လိုက်တဲ့ ရန်ချောင်ရဲ့ လုံချီက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။ ပြီးတော့ ဒီလုံက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဟုတ်လား။

လင်းဟန်ရဲ့ လက်သီးချည်းပဲ လက်နက်မဲ့ တိုက်ခိုက်ပြီးတော့ လုံ့ချီထက်တောင် သာလွန်တဲ့ လက်သီးချီကို ထုတ်ဖော်သွားတယ်။ ဒါက လင်းဟန်ရဲ့ သိုင်းဆန္ဒက ရန်ချောင်ရဲ့ သိုင်းဆန္ဒထက် အများကြီး သာလွန်တယ်လို့ သက်သေပြလိုက်တာပဲ”

တစ်စုံတစ်ယောက်က ပိုပြီးတော့တောင်မှ လေးလေးနက်နက် မြင်လိုက်ပါတယ်။ ဒီလိုမျိုး အကဲဖြတ်နိုင်တဲ့ မျက်လုံးတွေရှိတဲ့ သူကတော့ သေချာပေါက် ဆောင်းလဂိုဏ်းရဲ့ လူငယ်မျိုးဆက်တွေထဲက လက်ရွေးစင်တွေ ဖြစ်ကြတယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။

“ဒါက ထူးဆန်းတယ်”

“သူက ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ သူ့အသက် နှစ်ဆယ့်ကိုးနှစ်ရောက်တာကို စောင့်လိုက်ဦး။ ဘယ်လောက်အမြင့်ထိကို သူရောက်လိမ့်မလဲ”

“သူက ဖူရှွမ်အာလိုပဲ အလယ်ပိုင်းဒေသက ဂိုဏ်းကြီးတစ်ခုက တပည့်အဖြစ် ရွေးချယ်ခံရဖို့ အစွမ်းအစ သေချာပေါက် ရှိတယ်”

"ဖွိ။ သူက မှော်ဆေးလုံးတွေ အပေါ်မှီခိုပြီးတော့ တိုးတက်လာတာ ဖြစ်ရမယ်"

လူအများစုက အံ့အားသင့် ကုန်ကြပါတယ်။ ဒါပေမဲ့ တချို့ကတော့ အထင်အမြင်သေးစွာနဲ့ လင်းဟန်က မှော်ဆေးလုံးတွေကြောင့် ဒီအရာတွေကို အောင်မြင်မှု ရရှိခဲ့တယ်လို့ ထင်နေကြပါတယ်။ တကယ်လို့ သူတို့လည်း မှော်ဆေးလုံးတွေ အကန့်အသတ်မရှိ ရရှိနိုင်ခဲ့မယ် ဆိုရင် သေချာပေါက် လင်းဟန်ထက်တောင် သန်မာအားကောင်း ပါလိမ့်မယ်။

ဒီလူတွေက မနာလို ဂန်တိုနေကြတာ အသိသာကြီးပါ။

လင်းဟန်က လှံရဲ့ထိပ်ဖျားကို ဆုပ်ကိုင်လိုက်ပြီး ကျောက်သားနံရံ ခန္ဓာကိုယ်ရယ် မူလစွမ်းအင်ကို အသုံးပြုပြီး သူရဲ့လက်ကိုပါ ကာကွယ်ထားပြီး သွေးကြောနဲ့တူတဲ့ လိုင်းကြောင်းတွေက ပျံ့နှံ့လာပြီးတော့ တောက်ပစွာနဲ့ အရောင်တွေ လင်းလက်လာခဲ့ပါတယ်။

ရန်ချောင်က သူရဲ့လှံကို ဆွဲလိုက်ပေမဲ့လည်း သူရဲ့လှံက လင်းဟန်ရဲ့လက်မှာ အမြစ်တွယ် နေသလိုမျိုး ဖြစ်နေတာကို

တွေ့လိုက်ရပြီး လုံးဂကို မလှုပ်ရှားနိုင်အောင် ဖြစ်နေပါတယ်။ သူရဲကမျက်လုံးထဲမှာ အန္တရာယ်ရှိတဲ့ အကြည့်တစ်ချက် လက်သွားပြီးတော့ ဆွဲယူနေတာကို ရပ်လိုက်ပြီးတော့ သူရဲ့ ခွန်အားအကုန်လုံးကို လှံပေါ်မှာ ထည့်သွင်းပြီးတော့ လင်းဟန်ဆီကို အားစိုက်ပြီး ထိုးသွင်းလိုက်ပါတယ်။

ဒီလိုမျိုး ထိုးထည့်လိုက်တာကို လင်းဟန်က သူရဲ့ လက်ဗလာနဲ့ လှံကို ကိုင်ဆွဲထားနိုင်ပြီး ဘာမှဖြစ်မသွားတာကို သူ့အနေနဲ့ လုံးဂကို မယုံကြည်နိုင်အောင် ဖြစ်နေရပါတယ်။

တစ်ခုသိထားရမှာက သူရဲ့လှံက အဆင့်လေး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ သူရဲ့ ညာဘက်လက်မောင်းကို ခါလိုက်ပြီးတော့ လှံကို ဘေးဘက်ကို အတင်းတွန်းလိုက်ပါတယ်။ ရန်ချောင်က သူရဲ့ခွန်အား အကုန်လုံးကို ထည့်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ခုခံတဲ့အား ပျောက်ကွယ်သွားတဲ့ အခါမှာ သူက ချက်ချင်းဆိုသလို မထိန်းနိုင်ပဲ အရှေ့ကို ဟက်ထိုးလဲ သွားပါတယ်။

လင်းဟန်က သူ့ရဲ့ညာဘက်လက်သီးကို မြှောက်ပြီးတော့ ဘယ်ဘက်ကို တစ်ဖြောင့်တည်း ရွှေ့ပြီးတော့ ရန်ချောင်ဂင်လာတဲ့ ဘက်ခြမ်းကို ထားလိုက်ပါတယ်။

ရန်ချောင်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ တကယ်လို့ သူက ဒီလက်သီးကို ဂင်ဆောင့်မိသွားရင် သူ့ရဲ့မျက်နှာက လင်းဟန်ရဲ့လက်သီးဆီကို ပြေးဂင်ဆောင့်သလို ပုံစံမျိုး မြင်ရပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက ခွန်အားအပြည့်အဂကို သုံးပြီးတော့ အရှေ့ကိုတိုးဂင် တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒီအခြေအနေမှာ ရပ်တန့်လို့ ရနိုင်မှာလဲ။

ဖုန်း ဖုန်း ဖုန်း ဖုန်း။ လျင်မြန်တဲ့ ခြေလှမ်းတွေနဲ့ သူက လင်းဟန်ရဲ့ လက်သီးတွေကို ဂင်ဆောင့်မိသွားပါတယ်။

အားလုံးမျက်မြင် ကိုယ်တွေ့ ကြုံလိုက်ရပြီး ထင်ထားတာနဲ့ ဆန့်ကျင်စွာပဲ ဒီမြင်ကွင်းက အရမ်းကို ထူးဆန်းနေပါတယ်။ လင်းဟန်က သူ့ရဲ့ လက်သီးကို မြှောက်ထားတာ ကြာပါပြီ။ ပြီးတော့ ရန်ချောင်က သူ့ရဲ့မျက်နှာကို အဲဒီလက်သီးဆီကို ပြေးဂင်ပြီးတော့ ဆောင့်လိုက်သလိုပါပဲ။ တမင်သတ်သတ်များ ပြေးဂင်သလားဆိုပြီး

ယုန်ထောင်ကြောင်ထင်တောင် ဖြစ်သွားစေပါတယ်။

မေးစေ့နဲ့ လက်သီးက မိတ်ဆက်သွားတဲ့ အချိန်မှာ လူတိုင်းလူတိုင်းက မကြည့်ပွံ့တဲ့ ပုံစံမျိုးနဲ့ သူတို့ရဲ့ မျက်လုံးတွေကို မှိတ်လိုက်ပါတယ်။ ဒါက တကယ်ကို ကံဆိုးမိုးမှောင်ကျတယ်ဆိုတာ သိသာလွန်းပါတယ်။

ရန်ချောင်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူတကယ်ပဲ ဒီလိုမျိုး ဖြစ်ဖို့ကို မလိုချင်ခဲ့ပေမဲ့လည်း သူတကယ်ပဲ ရပ်တန့်ပစ်လို့ မရနိုင်ပါဘူး။

"ခွပ်"

သူရဲ့မျက်နှာက လင်းဟန်ရဲ့ လက်သီးနဲ့ ပြင်းပြင်းထန်ထန် မိတ်ဆက်သွားခဲ့ပြီး ပြင်းထန်လှတဲ့ အားကြောင့် ချက်ချင်းဆိုသလို တစ်ဖက်ခြမ်းဆီကို လျင်မြန်စွာနဲ့ ပတ်ချာလည်သွားပြီး သူရဲ့ လည်ပင်းတောင်မှ ကျိုးလုနီးပါး ဖြစ်သွားပါတယ်။

ကံကောင်းတာက ဒီအပြင်ဘက်က အားနဲ့ သူရဲ့ခန္ဓာကိုယ်ကို ထိန်းနိုင်သွားပါတယ်။ သူက အလျင်အမြန်ပဲ နောက်ကိုဆုတ်သွားပြီးတော့ ရပ်တန့်လိုက်ပါတယ်။

ဒါပေမဲ့ မျက်နှာတစ်ခုက ဘယ်လိုလုပ်ပြီးတော့ လက်သီးတစ်လုံးကို ယှဉ်နိုင်မှာလဲ။ လင်းဟန်ရဲ့ လက်သီးက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်နဲ့ သန့်စင်မွမ်းမံထားပြီး ကျောက်တုံးတစ်တုံးလို မာကျောနေတာပါ။ ဒီထိပ်တိုက်တွေ့ဆုံ ဖလှယ်မှုမှာ သူ့ရဲ့မေးစေ့ ညာဘက်ခြမ်းက ကြီးကြီးမားမား ဖူးယောင်သွားပြီး ဂက်ခေါင်းတစ်ခုနဲ့တောင် တူသွားပါတယ်။

တစ်ဖက်က ဂက်ခေါင်းနဲ့ တူပြီးတော့ တစ်ဖက်ကတော့ ပုံမှန်အတိုင်းပါပဲ။ အခုလိုမျိုး ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေတဲ့ ပုံစံကို မြင်လိုက်ရတဲ့ လူတွေအနေနဲ့ မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားကြပြီးတော့ လူတော်တော်များများတောင်မှ အသံထွက်ပြီး ရယ်လိုက်ကြပါတယ်။

လင်းဟန်လည်းပဲ ရယ်မောလိုက်ပါတယ်။

“ဂျူနီယာညီလေးရန်က အတော်ကို သတ္တိကောင်းပြီး ပြတ်သားတာပဲ။ မင်းရဲ့မျက်နှာကို အသုံးပြုပြီးတော့ ငါ့ရဲ့လက်သီးကို တိုက်ခိုက်တာပဲ။ လေးစားပါတယ်။ လေးစားပါတယ်။ ဂျူနီယာ ညီလေးရန်က လုံကို

စွန့်ပစ်ပြီးတော့ ဒဏ္ဍာရီလာ သံမဏိမျက်နှာ ပညာကိုများ လေ့ကျင့်ဖို့ စိတ်ကူးနေတာလား”

အခုလို လှောင်ပြောင်ခံရတော့ ရန်ချောင်က အတော်လေးကို ဒေါသထွက်သွားပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲကြည့်ကြည့် အဲဒီလူတွေ မြင်တာက သူ့ရဲ့မျက်နှာက လင်းဟန်ရဲ့ လက်သီးကို ပြေးဂင်ဆောင့်လိုက်တာလို့ပဲ မြင်ကြတာ ဖြစ်ပါတယ်။ လင်းဟန်ကတော့ မားမားမတ်မတ် ရပ်နေပြီး သူကတော့ သူကိုယ်တိုင်ပဲ ချဉ်းကပ်သွားခဲ့တာ ဖြစ်ပါတယ်။

“သေစမ်း သေသင့်တဲ့ ကောင်စုတ်ပဲ”

ရန်ချောင်က သူ့ကိုယ်သူ ကျိန်ဆဲပြီးတော့ ငွေရောင်လှံကို ဝှေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ရလဒ်က မဆုံးဖြတ်ရသေးဘူး။ မင်းရဲ့အပျော်တွေက ကြာကြာခံမှာ မဟုတ်ဘူး”

“ဟင့် မင်းကို ကြည့်ရတာ ဂက်ဦးခေါင်းနဲ့ တူနေတဲ့ အချိန်အတွင်းမှာ တော်တော်လေးကို တရားမျှမျှတတ ပြောနိုင်တာကို ကြည့်ရင်တော့ ဂျူနီယာညီလေးရန်ရဲ့ သံမဏိမျက်နှာ ပညာက အတော်လေးကို

အောင်မြင်နေပြီပဲ”

လင်းဟန်က ဆက်ပြီးတော့ လျှောင်ပြောင် သရော်လိုက်ပါတယ်။

“သေစမ်း”

ရန်ချောင်က ဆက်ပြီးတော့ သည်းမခံနိုင်တော့ပါဘူး။ သူက လှံရှည်ကို လွှဲပြီးတော့ လင်းဟန်ဆီ တူညီတဲ့ လှည့်ကွက်အဟောင်းနဲ့ သွေးရူးတန်းရူးနဲ့ မွန်ထူပြီး တဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

လင်းဟန်က တစ်ကြိမ်ခံစားခဲ့ပြီးပါပြီ။ ဒါကြောင့် သူ့အနေနဲ့ သံမဏိခန္ဓာကိုယ်ကို မထုတ်ဖော်နိုင် သေးသရွေ့ ထိပ်တိုက်ရင်ဆိုင်ပြီး လက်ခံလိမ့်မှာ မဟုတ်ပါဘူး။ သတ္တုလို မာကျောတဲ့ ခန္ဓာကိုယ်မျိုးနဲ့ဆိုရင် သူ့အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ လုံးဝ ကြောက်ရွံ့နေလိမ့်မှာ မဟုတ်ပါဘူး။ သူက ကျယ်လောင်စွာနဲ့ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“တိုက်ကွက်သုံးကွက် အတွင်းမှာပဲ မင်းကိုဒူးထောက်အောင် လုပ်ပြီးတော့ အောင်နိုင်တဲ့

သီချင်းကို ဆိုရလိမ့်မယ်”

“လပြွတ်ပဲ”

ရန်ချောင်က နာကျင်တဲ့ ခံစားမှုကို ရရှိခဲ့ပြီးတော့ သူ့အနေနဲ့ လင်းဟန်ကို နောက်တစ်ကြိမ် သူရဲ့လှံကို ဆုပ်ကိုင်ဖို့ အခွင့်အရေး ပေးလိမ့်မှာ မဟုတ်ပါဘူး။ သူကလှံကို စက်ပိုင်းပုံစံမျိုး လျင်လျင်မြန်မြန် ချောချောမွေ့မွေ့နဲ့ ဂွေ့ယမ်းလိုက်ပါတယ်။

မှသားမဲ့ မျက်လုံးရဲ့ အောက်မှာ စိတ်ဝိညာဉ် ပင်လယ်အလွှာ ၇ အဆင့်မျှသာရှိတဲ့ လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုက ဘယ်လိုလုပ်ပြီး ခြောက်ပစ်ကင်း သဲလည်းစင် ဖြစ်နိုင်မှာလဲ။ သူက ရန်ချောင်ရဲ့ အရှေ့ကို မယုံကြည်နိုင်လောက်အောင် တစ်ဟုန်ထိုး ပြေးဝင်သွားပြီးတော့ လက်သီးတစ်ချက် ပစ်သွင်းလိုက်ပြီး ပြောလိုက်ပါတယ်။

“လှံတစ်ချောင်းရဲ့ အားသာချက်က အဝေးကနေ အရမ်းကိုကြီးမားတဲ့ အစွမ်းနဲ့ ရိုက်ပြီးတော့ တိုက်ခိုက်ရမယ်။ ဒါပေမဲ့ အနီးကပ်ဆိုရင်တော့ လှံရှည်တစ်ချောင်းရဲ့ အသုံးဝင်မှုက သိပ်မရှိဘူး။ စွန့်ပစ်လိုက် ရမှာပဲ”

ရန်ချောင်က အံကိုကြိတ်ပြီးတော့ သူရဲ့ ဘယ်ဘက်လက်နဲ့ လင်းဟန်ရဲ့ လက်သီးကို ခံယူလိုက်ပါတယ်။

ပုန်း

သူကချက်ချင်းဆိုသလို ဒယိမ်းဒယိုင်နဲ့ နောက်ဆုတ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက တကယ်တော်ပါတယ်။ ဒီနောက်ကို ဆုတ်လိုက်ရတဲ့ အရှိန်အဟုန်ကို အားယူပြီးတော့ တန်ပြန်တိုက်စစ် ပြန်မခံရအောင် သူနဲ့ လင်းဟန်အကြားက အကွာအဝေးကို ပိုတိုးလာအောင် လုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ အရှေ့မှာတော့ ဒီလိုမျိုး လှည့်ကွက်အသေးလေးက ဘယ်လိုလုပ်ပြီး သုံးစားလို့ ရနိုင်မှာလဲ။

လင်းဟန်က သူရဲ့ အရိပ်တစ်ခုလိုမျိုး နောက်ကနေ လိုက်လာပြီးတော့ လက်သီးနှစ်ချက်ကို ဆက်တိုက် ပစ်သွင်းလိုက်ပြီးတော့ ရန်ချောင်ကို လွင့်ထွက်သွားစေခဲ့ပါတယ်။

ခန့်မှန်းထားတဲ့ အတိုင်းပဲ သူက တိုက်ကွက်သုံးခုကိုပဲ အသုံးပြုခဲ့ပါတယ်။

Chapter 344 end
အပိုင်း(၃၄၅) နောက်ဆုံးတိုက်ပွဲ

လင်းဟန်က နိုင်ပွဲနှစ်ခု ဆက်တိုက် ရရှိခဲ့ပါတယ်။ ဒါ့အပြင် နိုင်ပွဲတိုင်းမှာ သူက အရမ်းကို ကျွမ်းကျင်မှုတွေနဲ့ သူ့ရဲ့ အရှိန်အဟုန်ကလည်း ပိုပြီးတော့ သန်မာအားကောင်း လာပါတယ်။

တတိယအချီ စိန်ခေါ်ပွဲ စတင်လာပါပြီ။ လင်းဟန်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက နောက်ထပ် တစ်ယောက်နဲ့ ထပ်ပြီးတော့ ရင်ဆိုင်ရပါတယ်။ သူကတော့ ခြောက်ယောက်မြောက် ဖြစ်ပြီးတော့ အောင်းမင်းကျီလို့ ခေါ်ပါတယ်။ လင်းဟန်က ညာတာသနားစရာ အကြောင်းရင်း လုံးဝမရှိပါဘူး။ သူက မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ပြိုင်ဘက်ရဲ့ မျက်နှာကို စိတ်ရှိလက်ရှိ ရိုက်နက်ပစ်လိုက်ပါတယ်။

ပြင်းထန်တဲ့ လက်သီးသုံးဆယ့်နှစ်ချက် အပြီးမှာတော့ အောင်းမင်းကျီလည်း သွားမရှိတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဒီတစ်ကြိမ်မှာတော့ လူတိုင်းလူတိုင်းက အမြင်တွေ ရှင်းသွားကြပါပြီ။ လင်းဟန်က အောင်းမိသားစုနဲ့ ရင်ဆိုင်တဲ့အခါမှာ မလိုမုန်းတီးမှုတွေနဲ့ တိုက်ခိုက်ပါတယ်။ တခြားသူတွေ ရင်ဆိုင်ရတဲ့ အခါမှာတော့ သူရဲ့ပြိုင်ဘက်ကို ရှုံးနိမ့်သွားတယ် ဆိုရုံပဲ တိုက်ခိုက်ပါလိမ့်မယ်။ လင်းဟန်ရဲ့ ပြိုင်ဘက်က ပြင်းထန်တဲ့ ဒဏ်ရာရတယ် ဆိုပေမဲ့လည်း ဘယ်သူကမှ အောင်းမိသားစုရဲ့ သားခုနစ်ယောက်က သူတွေလိုမျိုး သွားတွေအကုန် ကျွတ်ထွက်သွားတဲ့ အဖြစ်မျိုး မကြုံတွေ့ခဲ့ ကြပါဘူး။

ဒါပေမဲ့လည်း ဆောင်းလဂိုဏ်းမှာ အောင်းကလန်က ဘယ်လိုမျိုး တည်ရှိမှုမျိုးလဲ။ ဩဇာအာဏာ ကြီးမားတဲ့ အကြီးအကဲ တစ်ယောက်နဲ့တူပါတယ်။ အောင်းမိသားစုရဲ့ ဘိုးဘေးက ဆောင်းလဂိုဏ်းရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အကြီးအကဲတွေထဲက တစ်ယောက်ဖြစ်ပြီးတော့ အဲဒီမွန်းစတား အဘိုးကြီးက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ရှိပါတယ်။ သူကဘာဖြစ်လို့ အောင်းမိသားစုနဲ့ တင်းမာတဲ့ ဆက်ဆံရေး တစ်ခုဖြစ်အောင်လို့ လုပ်ရတာလဲ။

တကယ်လို့ သူက ငယ်ရွယ်ပြီးတော့ သွေးဆူလွယ်တဲ့ လူငယ်တစ်ယောက် ဖြစ်နေရင်တောင်မှ ဒီလိုမျိုး စိတ်ကြီးဝင်ပြီး လုပ်ဆောင်နေတာမျိုး မပြုလုပ်သင့်ပါဘူး။

လင်းဟန်ကတော့ သူလုပ်နေတဲ့ အရာတွေကို တခြားသူတွေအတွက် နားလည်သဘောပေါက်ဖို့ လုပ်ပြနေစရာ မလိုပါဘူး။ နောက်တစ်ချီအတွက် သူရဲ့ပြိုင်ဘက်ကလည်း အောင်းကလန်ရဲ့ သားခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ အောင်းရှင်းဟန် ဖြစ်ပြီးတော့ သုံးယောက်မြောက် အကြီးဖြစ်ပါတယ်။ ရလဒ်ကတော့ ပြောနေစရာကို မလိုအောင်ပဲ လင်းဟန်က အောင်းရှင်းဟန်ကို သွားတွေမရှိတဲ့ လူတစ်ယောက် ဖြစ်သွားအောင်လို့ ပြင်းပြင်းထန်ထန် ရိုက်နက်ဆုံးမ ပစ်လိုက်ပါတယ်။

နောက်တစ်ချီမှာတော့ လင်းဟန်က စီချင်မန်နဲ့ ရင်ဆိုင်ရပါတယ်။

ဒီမိန်းကလေးက တကယ်ပဲ အရမ်းကို သန်မာလွန်းပါတယ်။ သူမရဲ့ လက်ရှိရလဒ်က တစ်ပွဲနိုင် သုံးပွဲရှုံး ဖြစ်ပါတယ်။ သူမရဲ့ တစ်ပွဲတည်းသော နိုင်ပွဲက ဘိုင်မင်နဲ့ သူမရဲ့ တိုက်ပွဲအချိန်တုန်းက ရရှိခဲ့တာ ဖြစ်ပါတယ်။ သူမက အတော်လေးကို ဖြောင့်မတ်တဲ့ လူတစ်ယောက်လည်း ဖြစ်ပြီးတော့ အရှုံးကို တန်းပြီးတော့ ဂန်ခံခဲ့ပါတယ်။

သူမအနေနဲ့ လုပ်နိုင်တဲ့ အရာဆိုတာ ဘာမှမရှိပါဘူး။ သူမရဲ့ အရှုံးသုံးပွဲစလုံးက အောင်းကလန်က သားခုနစ်ယောက်ရဲ့ လက်ထဲမှာ ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။ လင်းဟာန်က အောင်းကလန်ရဲ့ သားခုနစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ ဆုံးမနိုင်နေမှတော့ သူမနဲ့ လင်းဟာန်အကြားက ကွာဟချက် အရမ်းကို ထင်သာမြင်သာ ရှိပြီးတော့ ဘာများ ဆက်လုပ်ဖို့ လိုအပ်မှာလဲ။

သူမက နူးညံ့သိမ်မွေ့ပြီး ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက တကယ်ပဲ တခြားလူတွေရဲ့ အရှေ့မှာ ကြယ်မြင်လမြင် ဖြစ်သွားအောင် ရိုက်ခံရမယ်ဆိုရင် ဘယ်လောက်တောင်မှ ကသိကအောက် ဖြစ်စရာ ကောင်းလိမ့်မလဲ။

လက်ရှိမှာ လင်းဟာန်က ငါးပွဲနိုင်ထားပြီး တစ်ပွဲမှ မရှုံးသေးပါဘူး။ ပြီးတော့ ဒီအချိန်မှာ သူက ပထမနေရာကို အောင်းချင်းလိုင်၊ အောင်းယွမ်ဝေတို့နဲ့ အတူတကွ ရယူထားပါတယ်။

ဆဌမအချီမှာတော့ သူက ဘိုင်မင်နဲ့ ရင်ဆိုင်ရပါတယ်။

ဘိုင်မင်က အရှုံးပေးသွားခဲ့ပါတယ်။

သတ္တမအချီမှာတော့ သူက အောင်းဖန်းရှင်းနဲ့ ရင်ဆိုင်ခဲ့ရပြီးတော့ အောင်းဖန်းရှင်းက ပြတ်ပြတ်သားသားနဲ့ အရှုံးပေးဖို့ ဆုံးဖြတ်လိုက်ပြီးတော့ သွားမရှိတဲ့ လူတစ်ယောက်အဖြစ် သူရဲ့မျက်နှာကို ပြင်းပြင်းထန်ထန် ရိုက်နက်ခံရမဲ့ ကံကြမ္မာကနေ လွတ်မြောက်သွားခဲ့ပါတယ်။ ဒါက လင်းဟန်ကို အရမ်းကို စိတ်မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ သူရဲ့အမူအရာက လုံးဝကို မည်းမှောင်သွားခဲ့ပါတယ်။ ဘယ်သူကပဲ သူ့ကိုကြည့်ကြည့် သူရဲ့မျက်လုံးတွေမှာ မကျေမနပ် ဖြစ်နေမှုတွေကို မြင်တွေ့ရပါလိမ့်မယ်။

လူတိုင်းလူတိုင်းပဲ သူတို့ရဲ့ မျက်နှာတွေ ရှုံ့မဲ့တွန့်လိမ်ကုန်တယ်လို့ ခံစားလိုက်ရပါတယ်။ လင်းဟန်က တကယ်ပဲ အောင်းကလန်ရဲ့ ရင်ဆိုင်တဲ့အခါမှာ ပြင်းပြင်းထန်ထန် မလိုမုန်းတီးခြင်း ရှိနေပါတယ်။ တကယ်လို့ သူ့ရဲ့ ပြိုင်ဘက်က အရှုံးကို ဝန်ခံတာတောင်မှ သူကတော့ လက်မခံနိုင် ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့်လဲ သူက အမုန်တကယ်ကို ရူးသွပ်သလိုတောင် ဖြစ်နေပါတယ်။

အဌမအချီမှာတော့ လင်းဟန်က အောင်းယွမ်ဂေနဲ့ ရင်ဆိုင်လိုက်ရပါတယ်။

ဒါပေမဲ့လည်း ဒီကောင်က အရှုံးမပေးပဲနဲ့ လင်းဟန်နဲ့ တိုက်ခိုက်ချင်နေခဲ့ပါတယ်။

သူ့ရဲ့စွမ်းရည်က အောင်းကလန်က အခြားသော သားငါးယောက်ထက် အနည်းငယ် သန်မာအားကောင်းတာ သေချာပါတယ်။ ဒါပေမဲ့ ဒါကလည်း နည်းနည်းလေးပါပဲ။ သူစတင် လှုပ်ရှားလိုက်တာနဲ့ လင်းဟန်က မုသားမဲ့ မျက်လုံးကို ချက်ချင်းပဲ အသက်သွင်းလိုက်ပြီး အောင်းယွမ်ဝေရဲ့ တိုက်ခိုက်မှုတွေကို အသေးစိတ် အနှေးပြကွက်ပုံစံနဲ့ မြင်လိုက်ရပါတယ်။ လင်းဟန်က တစ်ဟုန်ထိုး ပြေးဝင်သွားပြီးတော့ သူ့ကို ပြင်းပြင်းထန်ထန် ရိုက်နက် ဆုံးမလိုက်ပါတယ်။ ချက်ချင်ဆိုသလို သူလည်းပဲ တခြားသော အောင်းကလန်က ညီအစ်ကို လေးယောက်ရဲ့ တူညီတဲ့ ကံကြမ္မာနဲ့ ထပ်တူကျပြီး သွားမရှိတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့မျက်လုံးတွေကို ကာလိုက်ပါတယ်။ သူက မုသားမဲ့ မျက်လုံးကို ဆက်တိုက် အသက်သွင်းခဲ့ပြီးတော့ ဒီအကျိုးဆက်က သူ့ကို အရမ်းပြင်းထန်စွာ ခံစားစေခဲ့ပါတယ်။ ဒီဒဏ်ရာမျိုးက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ကို လည်ပတ်လိုက်ရုံနဲ့

ကုသလို့ ရနိုင်တဲ့ ဒဏ်ရာအမျိုးအစား မဟုတ်ပါဘူး။ ဒါပေမဲ့ အစွမ်းထက်တဲ့ စိတ်ပျက်ငြီးငွေ့စရာ တစ်ခုက သူရဲ့စိတ်ဝိညာဉ်ထဲမှာ မြင့်တက်လို့ လာခဲ့ပါတယ်။ သူက ပြန်လည်သက်သာ ကောင်းမွန်ဖို့ အချိန်အတော်ကြာ အနားယူဖို့ လိုအပ်ပါလိမ့်မယ်။

အောင်းချင်းလိုင်နဲ့ နောက်ဆုံးတိုက်ပွဲကို ရင်ဆိုင်တဲ့အခါမှာ ကြည့်ရတာတော့ သူ့အနေနဲ့ မုသားမဲ့ မျက်လုံးကို ထပ်ပြီးတော့ အသုံးပြုနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ပြင်းထန်တဲ့ ဆိုးကျိုးတွေကို ပြန်ခံစားရပြီးတော့ သေချာပေါက် ကျေနပ်ပျော်ရွှင်စရာ ကောင်းလိမ့်မှာ မဟုတ်ပါဘူး။

မုသားမဲ့မျက်လုံးက သူရဲ့ ဖဲဖက်တွေထဲက တစ်ခုပဲ ဖြစ်ပါတယ်။ သူ့မှာ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်လိုမျိုး တခြားဖဲဖက်တွေ ကျန်ပါသေးတယ်။ သူ့အနေနဲ့ သူ့ကိုယ်သူ ဒဏ်ရာရစေသလို အောင်းချင်းလိုင်ကိုလည်း ဒဏ်ရာရအောင် လုပ်နိုင်ပါတယ်။ ဘယ်သူက ဘယ်သူကို သတ်ပစ်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာပေါ့။

ဒါကိုတွေးပြီးတော့ လင်းဟန်က အစွမ်းထက်ပြီး

ကြောက်စရာကောင်းတဲ့ အရှိန်အဟုန် တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။ မိသားစုဆိုတာ သူတန်ဖိုးထားရတဲ့ အရာပဲ ဖြစ်ပါတယ်။ ပြီးတော့ အောင်းဖန်းက သူရဲ့အဖေကို ဒဏ်ရာရအောင် လုပ်ခဲ့ပြီးတော့ အမေကိုတော့ အကျဉ်းချထား ခဲ့ပါတယ်။ ဒီလိုမျိုး ရန်စက သူရဲ့သွေးတွေထဲမှာ နတ်ဆိုးဆန်တဲ့ အမုန်းအကျင့် စရိုက်သဘာဝတွေ စီးဆင်းလာစေခဲ့ပါတယ်။

"ဒါက နောက်ဆုံးအချီပဲ စမယ်"

စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူရဲ့ မျက်လုံးတွေက လင်းဟန်နဲ့ အောင်းချင်းလိုင်အပေါ်မှာ ကျရောက်လို့ နေပါတယ်။ သူရဲ့ အမြင်ကတော့ အောင်းချင်းလိုင်က ချန်ပီယံဖြစ်ဖို့ အခွင့်အရေး အများဆုံးပဲ ဖြစ်ပါတယ်။ အသင့်တော်ဆုံး လူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တစ်ပွဲမှ မရှုံးပဲ ရှစ်ပွဲတိတိ အနိုင်ယူထားတဲ့ နောက်ထပ်တစ်ယောက်လည်း ရှိနေပါသေးတယ်။ ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ သူ့အနေနဲ့ ဘယ်တုန်းကမှ ထင်မှတ် မထားခဲ့ပါဘူး။

ဒီလူငယ်နှစ်ယောက် ကြားထဲက အနိုင်ရတဲ့သူက ဒီတစ်ကြိမ်

တပည့်ရွေးချယ် စမ်းသပ် စစ်ဆေးမှုရဲ့ ချန်ပီယံ ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟာန်က ချန်ပီယံ ဖြစ်သွားမယ်ဆိုရင် ဒါက အောင်းကလန်ရဲ့ ဘိုးဘေးကို အရမ်းကို မပျော်ရွှင်အောင် ဖြစ်သွားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ချန်ပီယံ ဆုအတွက် ဆုလာဘ်အဖြစ်နဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ပေးအပ်ဖို့ အပြင်းအထန် အကြံပြုတဲ့သူက အောင်းကလန်ရဲ့ ဘိုးဘေးဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ သူရဲ့ ရည်ရွယ်ချက်က အရမ်းကို ရှင်းပါတယ်။ ဒီမိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အောင်းကလန်ရဲ့ ပိုင်ဆိုင်မှုတစ်ခု ဖြစ်အောင်လို့ လုပ်ဖို့ပဲ ဖြစ်ပါတယ်။

ပထမတော့ ဒါက အရမ်းကို အာမခံချက် ရှိပါတယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်လုံးက အရှေ့ကို ထွက်လာခဲ့ကြပါတယ်။ ဒါပေမဲ့ ရလဒ်ကတော့ မျှော်မှန်းထားသလို ဖြစ်မလာပါဘူး။

လင်းဟာန်နဲ့ အောင်းချင်းလိုင်တို့ နှစ်ယောက်မှာ ဘယ်သူက ပိုပြီးတော့ အစွမ်းထက်မလဲ။

ဒီမတိုင်ခင်ကတော့ ဘယ်သူကမှ သံသယမရှိကြပါဘူး။ ဆောင်းလကိုဏ်းထဲမှာ စိတ်ဂိုညာဉ် ပင်လယ်အဆင့်ထဲက အသန်မာဆုံး အစွမ်းထက်ဆုံးက အောင်းချင်းလိုင်ပဲ ဆိုတာက လုံးဝကို အတည်ပြု ရပါမယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အံ့မခန်း တိုက်ပွဲအစွမ်းကို မြင်လိုက်ရပြီးတဲ့ နောက်မှာတော့ ဘယ်သူကမှ ဒီတိုက်ပွဲအတွက် သေချာပေါက် မပြောပံ့ကြတော့ပါဘူး။

ဒီလူငယ်လေးက တကယ်ပဲ အရမ်းကို ထူးခြားလွန်းပါတယ်။

လင်းဟန်က အောင်းချင်းလိုင်နဲ့ မျက်နှာချင်း ဆိုင်လိုက်ပါတယ်။ ဒါက အောင်းဖန်းရဲ့ ထူးချွန် ပြောင်မြောက်ဆုံး သားပဲဖြစ်ပါတယ်။ တကယ်လို့ သူကသာ ပြင်းပြင်းထန်ထန်နဲ့ ဆုံးမလိုက်မယ် ဆိုရင် အောင်းဖန်းက သေချာပေါက် အရမ်းကို မကျေမနပ် ဖြစ်သွားပါလိမ့်မယ်။ လင်းဟန်က ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

“မင်းအရှုံးမပေးလိုက်ဖို့ ငါမျှော်လင့်တယ်”

“ဟားဟားဟား ငါက ဒီလိုအမိုက်တွေထဲက တစ်ခုလို့ မင်းကငါ့ကို ထင်နေတာလား”

အောင်းချင်းလိုင်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ သူရဲ့မျက်နှာမှာ အထင်သေးမှုတွေ ပြည့်နှက်လို့နေပါတယ်။

ဒီစကားလုံးတွေက အောင်းကလန်ရဲ့ တခြားသား ခြောက်ယောက်ကို ဆန့်ကျင် တိုက်ခတ် လိုက်သလို ဖြစ်သွားပြီးတော့ ဒီနေရာမှာ ရှိနေတဲ့ ကျန်တဲ့ ငါးယောက်ကို ကြည့်ရတာ ဒေါသထွက်သွားပုံ ရပါတယ်။ သူတို့ရဲ့ မျက်နှာတွေက လင်းဟန်ရဲ့ ရိုက်နှက်မှုကြောင့် ဖူးယောင်နေပြီးတော့ သူတို့ရဲ့ အမူအရာတွေက ဘယ်လိုမျိုး ပြောင်းလဲသွားသလဲ ဆိုတာကိုတော့ သေချာပေါက် မပြောနိုင်ပါဘူး။

"အရမ်းကောင်းတယ်။ ဒါဆိုရင်တော့ ငါစိတ်ပူနေစရာ မလိုတော့ဘူး"

လင်းဟန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းရဲ့ မျက်နှာကို သေချာပေါက် ဖြတ်ရိုက်ပစ်မယ်"

အောင်းချင်းလိုင်က ဒေါသတွေ ထွက်သွားပြီးတော့ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက လှုပ်လာပါတယ်။ ဒါက သူ့ကို

အရမ်းပဲ လျှော့တွက်လွန်းရာ ရောက်သွားပါပြီ။

“ကောင်းကလေး လျှာစောင်းထက်တယ် ဆိုတာက တကယ်တော့ ပြဿနာ အများကြီး ဖြစ်စေနိုင်တယ်။ မင်းမှာ တော်တော်ဆိုးတဲ့ ပါးစပ်တစ်ပေါက် ရှိနေတာပဲ။ ပြီးတော့ အတော်ဆိုးတဲ့ လက်တွေလဲ ရှိနေတယ်။ ငါမင်းရဲ့ လက်မောင်းတွေကို မသန်မစွမ်း ဖြစ်အောင် လုပ်ပြီးတော့ အောင်းမိသားစုရဲ့ ထင်ပေါ်ကျော်ကြားမှုကို ဘယ်သူကမှ စွန်းထင်းသွားအောင် လုပ်လို့ မရဘူးဆိုတာကို မင်းသိအောင် လုပ်ပေးရမှာပေါ့”

“ဒါတွေက တော်တော်လေးကို ကောင်းတဲ့ စကားတွေပဲ။ ဒါပေမဲ့ ဒီစကားတွေ တည်အောင် လုပ်ဖို့ မင်းမှာ စစ်မှန်တဲ့ စွမ်းရည်ရှိဖို့တော့ လိုတယ်”

လင်းဟန်က သူရဲ့ လက်ချောင်းတွေကို ကွေးချည်ဆန့်ချည်လုပ်ပြီးတော့ စိန်ခေါ်လိုက်ပါတယ်။

“လာလာ ငါ့ရဲ့လက်သီးက မင်းရဲ့ မျက်နှာမှာ အမှတ်အသား လုပ်ပေးဖို့ အကြာကြီး မစောင့်နိုင်တော့ဘူး”

“မိုက်ရိုင်းလိုက်တာ”

အောင်းချင်းလိုင်က နောက်ဆုံးမှာ လှုပ်ရှားလာခဲ့ပါတယ်။ ဓားရှည်တစ်လက် ပေါ်လာပြီးတော့ ၎င်းက အနက်ရောင် မှင်လိုမျိုး အရောင်ရှိပြီးတော့ ကောင်းကင်ကြီးတစ်ခုလုံးက အမှောင်ကျ သွားသလိုမျိုး ဖြစ်လာပြီးတော့ ပုံမှန်အခြေအနေကနေ အနက်ရောင် အဖြစ်ကို ပြောင်းလဲ သွားပါတယ်။

"အနက်ရောင်… ကြယ်နက်ဓား"

ဆောင်းလဂိုဏ်းရဲ့ တပည့်တွေက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ အောင်းကလန်ရဲ့ အခြားသော သားငါးယောက်ရဲ့ အမူအရာတွေတောင်မှ ရုပ်ဆိုးအကျည်းတန် ဖြစ်သွားပြီးတော့ သူတို့ရဲ့ မျက်လုံးတွေထဲမှာ မနာလိုမှုတွေနဲ့ ပြည့်နက်နေပါတယ်။

ကြယ်နက်ဓားက အောင်းဖန်းရဲ့ အမှတ်လက္ခဏာ လက်နက်ဖြစ်ပါတယ်။ ဒါက အဆင့်ငါး စိတ်ဝိညာဉ် လက်နက်တစ်ခု ဖြစ်ပြီးတော့ အောင်အောင်မြင်မြင်နဲ့ အသက်သွင်းနိုင်ပါလိမ့်မယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်ရဲ့ လက်ထဲမှာတောင်မှ စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ ကြီးမားတဲ့ တိုက်ပွဲအစွမ်းကို

ဖော်ပြနိုင်စွမ်း ရှိပါလိမ့်မယ်။

အခုဆို ဒီကြယ်နက် ဓားက အောင်းချင်းလိုင်ရဲ့ လက်ထဲမှာ ပေါ်လာခဲ့ပါပြီ။ ဒါက အချက်နှစ်ခုကို ထင်ထင်ရှားရှား မြင်နိုင်ပါတယ်။

ပထမအချက်က အောင်းဖန်းက အောင်းချင်းလိုင်ကို သူရဲ့ အမွေကို ဆက်ခံမဲ့သူလို့ မြင်တာ ဖြစ်ပြီးတော့ သူ့ကိုယ်ပိုင် လက်နက်ကို လွှဲပြောင်း ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ဒုတိယအချက်က အောင်းဖန်းက ပန်းဖူးအဆင့်ကို တကယ်ပဲ ခြေချနေတာနဲ့ တူပါတယ်။ ဒါကြောင့် သူရဲ့ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းကို တစ်ယောက်ယောက်ကို ပေးခဲ့တာ ဖြစ်နိုင်ပါတယ်။

"ဟုတ်တယ်။ ဒါက ကြယ်နက်ဓားပဲ"

အောင်းချင်းလိုင်ရဲ့ မျက်နှာမှာ စိတ်ကြီးဝင်မှုတွေ မာနကြီးမှုတွေနဲ့ ပြည့်လို့နေပါတယ်။ ပြီးတော့ တခြားသားငါးယောက်ရဲ့ မျက်လုံးထဲမှာ မနာလိုမှုတွေကို မြင်လိုက်ရတဲ့အခါမှာ သူက အရမ်းကို ကျေနပ်သွားပါတယ်။ သူက နှစ်ပေါင်း နှစ်ဆယ်လောက် အရမ်းကိုကြိုးစားပြီး ကျင့်ကြံခဲ့ပြီး နည်းနည်းလေးမှတောင် အနားယူတာမျိုး

မလုပ်ခဲ့ပါဘူး။ ပြီးတော့ အခု နောက်ဆုံးမှာတော့ သူကဒါကို လုပ်နိုင်ခဲ့ပါပြီ။

သူကအခုဆိုရင် အောင်းမိသားစုရဲ့ လူငယ်မျိုးဆက်ကို ကိုယ်စားပြုတဲ့ တစ်ဦးတည်းသော လူတစ်ယောက်ပဲ ဖြစ်ပါတယ်။

“ဟန်လင်း။ အောင်းကလန်ကို ကိုယ်စားပြုပြီးတော့ ငါမင်းကို အပြစ်ပေးရမယ်”

အောင်းချင်းလိုင်က ကြယ်နက်ဓားကို အသက်သွင်းလိုက်ပါတယ်။ ဓားပေါ်က ပုံစံတွေက တစ်ခုပြီးတစ်ခု တောက်ပလာပြီးတော့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါကို ထုတ်လွှတ်လို့ နေပါတယ်။

“မင်းညီမကိုပဲ အပြစ်ပေးပေါ့”

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

“ဒီလိုမျိုး အခွင့်အာဏာ လုပ်ပိုင်ခွင့်ရှိတဲ့ အမှတ်အသားကို ကြက်မွေးလေးတစ်ချောင်းလို ပျော့ယမ်းနေရအောင် မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ”

သူက အရင်ဆုံး တိုက်ခိုက်လိုက်ပါတယ်။ လက်သီးအရောင် တစ်ချက်လက်သွားပြီးတော့ နဂါးခုနစ်ကောင် ပုံရိပ်ထွက်လာပြီး အောင်းချင်းလိုင်ဆီကို တဟုန်ထိုး ပြေးဝင်သွားပါတယ်။

Chapter 345 end.

အပိုင်း(၃၄၆) ပါးနပ်မှု

အောင်းချင်းလိုင်က အေးစက်စက်နဲ့ နှာခေါင်းရှုံ့လိုက်ပြီး ကြယ်နက်ဓားကို ဝှေ့လိုက်ပါတယ်။ အနက်ရောင် အလင်းတစ်ခု ပေါ်လာပြီတော့ ကြယ်ရောင်တွေလို ပြိုးပြိုးပျက်ပျက် လင်းလက် တောက်ပနေပြီး ဒီအလင်းက နဂါးခုနစ်ယောက် ပုံရိပ်ကို လွယ်ကူစွာနဲ့ ဖျက်ဆီးပစ်လိုက် ပါတယ်။

ဒါက အဆင့်ငါး စိတ်ဝိညာဉ် ပစ္စည်း တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက အပြည့်အဝ အသက်မသွင်းထားဘူး ဆိုရင်တောင်မှ စိတ်ဝိညာဉ် ပလ္လင်အဆင့် စွမ်းအားရှိနေဆဲ ဖြစ်ပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်နဲ့

တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံး ပိုင်ဆိုင်ထားတဲ့ တကယ့်မွန်းစတား တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံးက ဘယ်လိုလုပ်ပြီးတော့ စိတ်ဂိုဏ်ဉ် ပလ္လင်အဆင့်ကို ယှဉ်ပြိုင်လို့ ရမှာလဲ။ ဒါက နွေဦးစမ်းရေအလွှာ ကိုးအဆင့်မှာတုန်းက နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်တုန်းက စိတ်ဂိုဏ်ဉ် ပင်လယ်အဆင့်က ဘုရင်အဆင့် မိစ္ဆာသားရဲတောင်မှ ထိတ်လန့်မှုကို ခံစားလိုက်ရတဲ့ သဘောတရားနဲ့ ဆင်တူပါတယ်။

“ဟားဟား အခုဆိုရင် ကြယ်နက်ဓားထွက်လာပြီဆိုတော့ ဒီကောင်လေးတော့ ခေါင်းငုံ့ ရတော့မှာပဲ”

“ဒါကသဘာဂပဲလေ။ အောင်းချင်းလိုင်ရဲ့ လက်ထဲမှာဆိုရင် တကယ်လို့ ကြယ်နက်ဓားက စိတ်ဂိုဏ်ဉ် ပလ္လင်အဆင့်ရဲ့ အစွမ်းကို အကုန်ထုတ်မဖော်နိုင်ဘူး ဆိုရင်တောင်မှ စိတ်ဂိုဏ်ဉ် ပစ္စည်းရဲ့ အဆင့်က စစ်မှန်တယ်။ အောင်းချင်းလိုင်ရဲ့ အစွမ်းနဲ့ဆိုရင် သူက ဒီအစွမ်းရဲ့ တစ်ရာခိုင်နှုန်းကို ထုတ်ဖော်နိုင်စွမ်း ရှိသင့်တယ်”

“ဒီလိုအစွမ်းမျိုးက စိတ်ဂိုဏ်ဉ်ပလ္လင်အဆင့် အောက်မှာရှိတဲ့ ဘယ်လိုပြိုင်ဘက်နဲ့မဆို ယှဉ်ပြိုင်ပြီး

ရပ်တည်နိုင်ဖို့ အဆင့်မီလိမ့်မယ်။ ဘယ်လောက်ပဲ မွန်းစတားဆန်ဆန် ဒါက အသုံးဝင်မှာ မဟုတ်ဘူး”

ပရိသတ်တွေ အသီးသီးက မှတ်ချက်ပေးကြပါတယ်။ ဒီအခြေအနေကို ကြည့်ရတာတော့ တိုက်ပွဲက မစရသေးဘူး အားလုံးရဲ့ စိတ်ထဲမှာ လင်းဟာန်က အရမ်းကို လျင်မြန်စွာနဲ့ ရှုံးနိမ့်သွားလိမ့်မယ်လို့ တွေးထင်နေကြပါတယ်။

လင်းဟာန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ ကြယ်နက်ဓားက တကယ်ပဲ အစွမ်းထက်ပါတယ်။ တကယ်လို့ သူက လက်ဗလာနဲ့ ၎င်းကို ရင်ဆိုင်ယှဉ်ပြိုင်ရမယ်ဆိုရင် ရလဒ်ကတော့ တကယ့်ကို မသေချာပါဘူး။ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သံမဏိခန္ဓာကိုယ်အဆင့်ကို အဆင့်မြှင့်တင် နိုင်မှပဲ အလယ်အလတ်အဆင့် စိတ်ဂိညာဉ် ပစ္စည်းတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ အကောင်းဆုံး ရပ်တည်နိုင်ဖို့ လုံလောက်ပါလိမ့်မယ်။

သူက နတ်ဆိုးရှင်သန်ဓားကို အသုံးပြုရတော့မှာလား။

အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုက ကြယ်နက်ဓားကို လွယ်လွယ်ကူကူနဲ့ လွှမ်းမိုးနိုင်စွမ်း

ရှိပါတယ်။ ပြီးတော့ တကယ်လို့ ဒီဓားနှစ်လက်က တစ်ခုနဲ့တစ်ခု ရိုက်ခတ်မိမယ်ဆို ကြယ်နက်ဓားက သေချာပေါက် ပျက်ဆီးသွား ပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက နတ်ဆိုးရှင်သန်ဓားကို အခုတစ်ကြိမ် အသုံးပြုလိုက်မယ်ဆိုရင် ဒီမွန်းစတား အဘိုးကြီးတွေရဲ့ လောဘတက်နေတဲ့ အကြည့်တွေ ဘယ်လောက်တောင်များ ရှိလိမ့်မလဲ မသိရဘူး။ ဒါက အရမ်းကို ထူးကဲတဲ့ ရတနာတစ်ခုရဲ့ ဆွဲဆောင်မှုပဲလေ။

အောင်းဖန်းရဲ့ သားတစ်ယောက်ကို နတ်ဆိုးရှင်သန်ဓားကို မှီခိုမှု မရှိပဲနဲ့ သူက ယှဉ်ပြိုင်လို့ မရဘူးဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

လင်းဟန်ရဲ့ ဂုဏ်သိက္ခာက ချက်ချင်းဆိုသလို စိန်ခေါ်ခံလိုက်ရပါတယ်။ သူရဲ့ ပုက်ဖဲအစစ်က နတ်ဆိုးရှင်သန်ဓားရော ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ရော တစ်ခုမှ မဟုတ်ပါဘူး။ သူရဲ့ခန္ဓာကိုယ် အတွင်းမှာရှိတဲ့ အနက်ရောင် မျှော်စင်ကပဲ ပုက်ဖဲအစစ် ဖြစ်ပါတယ်။

ကောင်းပြီ ဒါဆိုရင်လည်း အခုကစပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ဖက်ပြိုင်ကြတာပေါ့။

“ကောင်လေး။ မင်းက ငါ့ဆီက တိုက်ခိုက်မှုကို လက်ခံသင့်တယ်”

အောင်းချင်းလိုင်က လက်ထဲမှာ ဓားကိုင်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ သူက ကြယ်နက်ဓားကို ဝှေ့လိုက်ပြီးတော့ ချက်ချင်းဆိုသလိုပဲ ဓားချီအလင်း ခြောက်ခုက အရှိန်အဟုန် ပြင်းပြင်းနဲ့ အရှေ့ကို ထွက်လာပါတယ်။ ဓားချီအလင်းတိုင်းက မှင်ရည်တွေလို အနက်ရောင် ရှိပါတယ်။ ဒီဓားချီအလင်းတွေက ကြယ်နက်ဓားနဲ့ ပေါင်းစပ်ထားတာဖြစ်ပြီးတော့ ကြယ်နက်ဓားရဲ့ ဖျက်ဆီးခြင်း သဘာဝကို ပိုင်ဆိုင်ထားပါတယ်။

လင်းဟန်ရဲ့ လက်သီးက အရှေ့ကို တိုးဝင်လာပြီးတော့ လက်သီးချီ အလင်းခြောက်ခုကနေ နဂါးခြောက်ကောင် ပုံရိပ်ဖြစ်လာပြီး ဓားချီအလင်းတွေနဲ့ ထိသွားပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း

ဓားချီအလင်းတိုင်းက နဂါးပုံရိပ်တွေကို နှစ်ပိုင်းထက်ခြမ်း ခွဲလိုက်ပါတယ်။ ကြည့်ရတာ ဓားချီ အလင်းခြောက်ခုက

လုံးဂကို မထိမရှတဲ့ ပုံစံမျိုးနဲ့ လင်းဟန်ဆီကို ဆက်ပြီးတော့ တိုးဝင်လာခဲ့ ပါတယ်။

ပရိသတ်တွေဆီကနေ အာမေဋိတ်အသံတွေ မြင့်တက်လာခဲ့ပါတယ်။ လင်းဟန်က ရန်ချောင်နဲ့ တိုက်ခိုက်ခဲ့တဲ့ ပွဲစဉ်မှာ ရန်ချောင်ရဲ့ လှံချီကလည်း သူရဲ့ စိတ်ဂိညာဉ် ပစ္စည်းနဲ့ ပေါင်းစည်းထား ပြီးတော့ လင်းဟန်ရဲ့ လက်ဖလာနဲ့ ထုတ်လွှတ်လိုက်တဲ့ လက်သီးချီနဲ့ ရင်ဆိုင်တဲ့ အခါမှာတော့ လုံးဂကို မယှဉ်နိုင်ပါဘူး။ ဒါပေမဲ့ အခုတော့ လုံးဂပျောက်ကွယ် သွားခဲ့ရပါတယ်။

သူတို့ပြောနိုင်တာက ဒီကြယ်နက်ဓားရဲ့ အစွမ်းက တကယ်ပဲ အရမ်းကို အားကောင်းသန်မာ ပါတယ်။

အဆင့်လေးနဲ့ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းက အဆင့်လေး တစ်ခုပဲ ကွာခြားတာပဲလို့ မထင်လိုက်ပါနဲ့။ သိုင်းအဆင့်လေး တစ်ဆင့်လောက် ကွာခြားလိုက်ရုံနဲ့ ခွဲခြားခံရတဲ့ သိုင်းပညာရှင်တွေ ဘယ်လောက်တောင် များပြားလိုက်သလဲ။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်ရဲ့ မျက်လုံးထဲမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် အားလုံးကို ပုရွက်ဆိတ် သာသာပဲလို့ သတ်မှတ်ထားကြပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်က ယိမ်းထိုးလှုပ်ရှား နေပါတယ်။ သူက လေအရိပ်လှုပ်ရှားမှုကို အသုံးပြုပြီး တရွေ့သရဲတစ်ကောင်လိုမျိုး ဓားချီအလင်း ခြောက်ခုလုံးကို ရှောင်တိမ်းလိုက်ပါတယ်။

“ဟားဟားဟား မင်းက ငါ့ဆီက ဓားချီအလင်းတစ်ခုကိုတောင်မှ လက်ခံနိုင်တာ မဟုတ်ဘူး။ ငါနဲ့ တိုက်ခိုက်ဖို့ကို အိပ်မက်မက်နေသေးတာလား”

အောင်းချင်းလိုင်က သရော်လိုက်ပါတယ်။ သူကိုယ်တိုင်က တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံး ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ ကြယ်နက်ဓားပါ ရှိနေတာကြောင့် သူရဲ့တိုက်ပွဲအစွမ်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲကြယ် တစ်လုံးနဲ့ အရမ်းကို နီးကပ်နေပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အဆင့်က ပြိုင်ဘက်အားလုံးကို ဘယ်လိုလုပ်ပြီး အမှောက်မသိပ်နိုင်ပဲ နေမှာလဲ။

“ဒီကောင်ရဲ့ လက်ထဲမှာ ကြယ်နက်ဓား ရှိတယ်။ သူက ဟန်လင်းကို လက်တစ်ဖက်တည်းနဲ့ လုံးဝကို လွှမ်းမိုးနိုင်တယ်။ သူက စွမ်းအင်တွေ ဖြုန်းတီးမှာကို

စိုးရိမ်ပူပန်စရာ မလိုဘူး။ အစောပိုင်းတုန်းက သူက ဟန်လင်းကို စိန်မခေါ်ခဲ့တာကငါတို့တွေကို အရှက်ကွဲ အကျိုးနည်း ဖြစ်အောင်လို့ ခွင့်ပြုထားတာပဲ”

အောင်းဖန်းရှင်းက တခြားညီအစ်ကို လေးယောက်ကို အသံနိမ့်ပြီးတော့ ပြောလိုက်ပါတယ်။ သူရဲ့ မျက်လုံးထဲမှာ အေးစက်စက် အလင်းတွေ ဖျတ်ခနဲ လက်သွားပါတယ်။

“ရှုံ့ဖို့ကောင်းလိုက်တာ”

အောင်းကျန့်က သူရဲ့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။

“သူက ဟန်လင်းကို အသုံးပြုပြီးတော့ ငါတို့တွေကို နင်းချေပစ်ဖို့ စီစဉ်ထားတာပဲ။ ပြီးတော့မှ သူက ထွက်ပေါ်လာပြီးတော့ အနိုင်ယူလိမ့်မယ်။ ဒီနည်းလမ်းနဲ့ ကမ္ဘာကြီးထဲမှာရှိတဲ့ လူတွေအားလုံးက အောင်းကလန်မှာ အောင်းချင်းလိုင် တစ်ယောက်ပဲ ရှိတယ်ဆိုပြီးတော့ သတိရနေကြလိမ့်မယ်”

“ငါတို့တွေ ပူးပေါင်းလိုက်ကြစို့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူနဲ့ အပေးကြီးမှာ လုံးဝ ပြတ်ကျန်ခဲ့ လိမ့်မယ်”

အောင်းမင်းကြီးက အကြံပြုလိုက်ပါတယ်။

"ကောင်းပြီလေ"

"သဘောတူတယ်"

ကျန်တဲ့ အောင်းကလန်ရဲ့ သားငါးယောက်က အသီးသီး ခေါင်းညိတ်လိုက်ကြပါတယ်။ နောက်ကျရင် သူတို့တွေက အောင်းကျန့်ချန်ကိုပါ သွားရှာရပါလိမ့်မယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက ခြောက်ယောက်ရဲ့ ပူးပေါင်းအင်အားက အောင်းချင်းလိုင်ကို အနိုင်မယူနိုင်ဘူး ဆိုတာကိုတော့ သူတို့တွေက မယုံကြည်နိုင်ကြပါဘူး။

ဟူးဟူး

ကြယ်နက်ဓားကို ပွေ့ယမ်းပြီးတော့ ထိုးခုတ်လိုက်ပါတယ်။ ဓားချီအလင်း ခြောက်ခုက အနက်ရောင် နဂါးတွေလိုမျိုး အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ ဖျက်ဆီးလို့ မရနိုင်သလို အံ့အားသင့်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဒီအဖြစ်ကို

ကြည့်ခြင်းအားဖြင့် အောင်းချင်းလိုင်က လက်တစ်ဖက်နဲ့ တိုက်ပွဲကို တကယ်ပဲ လှမ်းမိုးနိုင်စွမ်း ရှိပြီးတော့ ဘယ်လိုမှ မကျော်လွှားနိုင်တဲ့ ပုံရိပ်တစ်ခုအလား ထင်မှတ်စေပါတယ်။ ဘယ်လိုပဲ ကြည့်ကြည့် လင်းဟာန်အနိုင်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

အဲဒီအချိန်မှာ လင်းဟာန်က အရမ်းကို ပြဿနာ တက်နေပါတယ်။ သူ့မှာ တိုက်ပွဲအခြေအနေကို ပြောင်းလဲပစ်နိုင်တဲ့ နည်းလမ်းက အနည်းဆုံး လေးခုရှိပါတယ်။

ပထမနည်းလမ်းက အနက်ရောင်မျှော်စင်က ၎င်းရဲ့အစွမ်းကို ထုတ်ဖော်ပြသလိုက်ဖို့ ဖြစ်ပြီးတော့ မျှော်စင်လေးရဲ့ ပြောစကားအရတော့ ၎င်းက ကမ္ဘာကြီး တစ်ခုလုံးကိုတောင် ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း အဆင့်မြင့်နယ်ပယ်က အရမ်းကို ထူးခြားတဲ့ လူတွေရဲ့ အာရုံကို ဆွဲဆောင်သွား ပါလိမ့်မယ်။ အဲဒီလိုသာ ဖြစ်လာမယ် ဆိုရင် အနက်ရောင်မျှော်စင်ကလည်း အပေးကို လုယူသွားခြင်းကို ခံရမှာဖြစ်ပြီးတော့ သူလည်းပဲ ပုရွက်ဆိတ်လေး တစ်ကောင်လိုမျိုး အသတ်ခံလိုက် ရပါလိမ့်မယ်။

ဒီရွေးချယ်စရာကို စဉ်းစားဖို့တောင် မလိုပါဘူး။

ဒုတိယနည်းလမ်းကတော့ အနက်ရောင်မျှော်စင်က စွမ်းအားတွေကို သူ့ဆီ ထည့်ပေးပြီး သူရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ထိုးတက်သွားစေတာမျိုးပါ။ အဲဒီနောက် သူက အောင်းချင်းလိုင်ကို လက်ကလေး တစ်ချက်ပွေ့လိုက်တာနဲ့ သေတဲ့အထိ ဖြစ်သွားအောင် တိုက်ခိုက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ကနေ စွမ်းအင်တွေကို ထည့်သွင်းခြင်းကို နောက်ပိုင်းကျမှ ရယူမယ်ဆိုရင် သူ့အတွက် ပိုပြီးတော့ ကောင်းမွန် ပါလိမ့်မယ်။ ဒီအခွင့်အရေးက သူ့ရဲ့ မသန့်စင်မှု အပြစ်အနာဆာတွေကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပေးနိုင်တဲ့ အတွက် ဒီလိုမျိုး အသေးအမွှားလေးအတွက် ဖြုန်းတီးပစ်လိုက်ဖို့ကို မလိုချင်ခဲ့ပါဘူး။

ဒီတစ်ကြိမ်မှာတော့ တတိယ ရွေးချယ်စရာကို သူလုံးဝ မစဉ်းစားနိုင်ပါဘူး။

တတိယနည်းလမ်းက နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အစောပိုင်းကတည်းက

ဒီလှုပ်ရှားမှုရဲ့ ဖြစ်လာနိုင်မဲ့ အကျိုးဆက်တွေကို သေချာစဉ်းစားပြီးတဲ့ အတွက်ကြောင့် ဒီရွေးချယ်မှုကိုလည်း ဘေးဖယ်ထားဖို့ ရွေးချယ်လိုက်ပါတယ်။

ဒါဆို ရွေးချယ်စရာက လေးခုမြောက်ပဲ ကျန်ပါတော့တယ်။ အဲဒါက မုသားမဲ့ မျက်လုံးကို ထပ်ပြီး အသက်သွင်းပြီးတော့ သူပြိုင်ဘက်ရဲ့ အားနည်းချက်တွေကို ရှာဖွေပြီးတော့ ပြန်လည်တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။

တကယ်လို့ အောင်းချင်းလိုင်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ တကယ်ပဲ ရောက်နေခဲ့မယ် ဆိုရင်တော့ မုသားမဲ့မျက်လုံးက အသုံးမဝင် ဖြစ်ပါလိမ့်မယ်။ လျို့ဝှက်ဆန်းကြယ် အစွမ်းတစ်ခုက သက်ရှိနတ်ဘုရား တစ်ပါးတော့ မဟုတ်ပါဘူး။ ပြီးတော့ သူရဲ့တိုက်ပွဲအစွမ်းကို အဆင့်မြှင့်တင် ပေးနိုင်တာကလည်း အကန့်အသတ်နဲ့ပါ။ ဒါပေမဲ့လည်း အောင်းချင်းလိုင်က ကြယ်နက်ဓားကြောင့် စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲအစွမ်း တစ်စွန်းတစ်စ ရရှိနိုင်စွမ်း ရှိတာပါ။ ဒါက လင်းဟာန်အတွက် အခွင့်အရေး အနည်းငယ် ဖြစ်စေပါတယ်။

လင်းဟာန်က ဘေးထွက်ဆိုးကျိုးကို ခံစားဖို့ တစ်ခုတည်းကိုပဲ ရွေးချယ်နိုင်ပါတယ်။ တခြား ရွေးချယ်စရာ သုံးခုနဲ့

ယှဉ်ကြည့်ရမယ်ဆိုရင် မှသားမဲ့ မျက်လုံးကို အသုံးပြုတာက အလုံခြုံဆုံး ရွေးချယ်မှု ဖြစ်ပါတယ်။

ဂှမ်း

ချက်ချင်းဆိုသလို လင်းဟာန်ရဲ့ ညာဘက်မျက်လုံးမှာ ရွှေရောင်ပုံစံတစ်ခု လင်းလက် တောက်ပ သွားခဲ့ပါတယ်။ သူ့မျက်လုံးအရှေ့က ကမ္ဘာကြီးရဲ့ ပုံစံက အမြင်တွေ ပြောင်းလဲသွားပါတယ်။ အချိန်တွေက တဖြည်းဖြည်းနဲ့ နှေးကွေးလာပြီးတော့ လှုပ်ရှားနေမှုတွေက ရပ်တန့်နေသလို ခံစားရပါတယ်။ တချိန်တည်းမှာပဲ လင်းဟာန်ရဲ့ မျက်လုံးကနေ သွေးမျက်ရည် စီးကြောင်း တစ်ခုက ကျဆင်းလာခဲ့ပါတယ်။

သူက မှသားမဲ့ မျက်လုံးကို အလွန်အကျွံ့သုံးစွဲမှုတော့ ဘေးထွက်ဆိုးကျိုးကိုလည်း အဆုံးစွန် ခံစားရပါလိမ့်မယ်။

သတ်။

လင်းဟာန်က ရုတ်တရက် အောင်းချင်းလိုင်ဆီကို တဟုန်ထိုး ပြေးဝင်သွားလိုက်ပါတယ်။

သူက ကြယ်နက်ဓားနဲ့ ဓားချီအလင်း ခြောက်ခုကို ရှောင်တိမ်းပြီးတော့ အောင်းချင်းလိုင်နဲ့ တည့်တည့် မျက်နှာချင်းဆိုင် လိုက်ပါတယ်။

လပြွတ်။

လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ပါတယ်။ လင်းဟန်က အမှန်တကယ်ပဲ အောင်မြင်စွာနဲ့ အဆင့်တက်သွားခဲ့တာလား။ တိုက်ပွဲရေစီးကြောင်းက အခုပြောင်းလဲ သွားတာ ဖြစ်နိုင်ပါ့မလား။

အောင်းချင်းလိုင်က နည်းနည်းလေးမှ စိုးရိမ်ပူပန်တဲ့ ပုံစံမျိုး မတွေ့ရပါဘူး။ သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့ လှုပ်ရှားမှုတွေက အတော်လေး ထူးဆန်းတယ်ဆိုတာကို ငါသိထားပြီးပြီ။ ဒါကြောင့် ငါကရော ပြင်ဆင်မှုတွေ မလုပ်ထားဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

သူရဲ့ဓားက တုန်ခါလာပြီးတော့ ဓားချီအလင်း နောက်တစ်ခုက အရှေ့ကို ပြေးဝင်လာခဲ့ပါတယ်။

ခုနစ်ခုမြောက် ဓားချီ။

အောင်းချင်းလိုင်က သူရဲ့အစွမ်းတစ်ချို့ကို သိမ်းထားလိမ့်ဦးမယ်လို့ ဘယ်သူကမှ မထင်ထား ခဲ့ပါဘူး။ သူရဲ့အကန့်အသတ်က ဓားချီအလင်း ခြောက်ခု မဟုတ်ပဲနဲ့ ခုနစ်ခု ဖြစ်နေပါတယ်။

အုပ်ချုပ်သူ။ သိုင်းပညာရပ်တွေရဲ့ အုပ်ချုပ်သူ တစ်ယောက်ပဲ။

ဘယ်လောက်တောင် ပါးနပ်လိမ်မာတဲ့ ကောင်လဲ။

ခုနစ်ခုမြောက် ဓားချီအလင်းက မှင်ရည်လို မည်းနက်ပြီး လင်းဟန်ရဲ့ ရင်ဘတ်ဆီကို အရှိန်နဲ့ ပြေးဝင်လာပါတယ်။

လင်းဟန်တောင်မှ ဒီလိုမျိုး ဖြစ်ပျက်လိမ့်မယ်လို့ တွေးမထားမိပါဘူး။ ဒါပေမဲ့လည်း သူက ယခင်ဘဝတုန်းက နှစ်ပေါင်း နှစ်ရာတောင် အသက်ရှင်သန်ခဲ့တာ ဖြစ်ပြီးတော့ သူရဲ့သက်တမ်း နောက်ဆုံး အချိန်တွေမှာ အမျိုးမျိုးသော ခန့်မှန်းလို့ မရနိုင်တဲ့ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတဲ့ ရှေးဟောင်းနေရာတွေကို သွားခဲ့ပါတယ်။ ဒါကြောင့် သူရဲ့ စွမ်းရည်က ရုတ်တရက် ပြောင်းလဲမှု လုပ်ရတဲ့ နေရာမျိုးမှာတော့ ထိပ်တန်းအဆင့်ပါပဲ။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် သေနေလောက်ပါပြီ။

သူရဲ့ပုံရိပ်က မယုံနိုင်စရာ ကောင်းလောက်အောင် လှည့်ထွက်သွားပြီးတော့ သူရဲ့ရင်ဘတ် ဒဏ်ရာ ရမဲ့အရေးကနေ လွတ်အောင် ရှောင်တိမ်းလိုက်ပါတယ်။ တစ်ချိန်တည်းလိုလိုပဲ သူရဲ့ ညာဘက်လက်သီးက အောင်းချင်းလိုင်ရဲ့ မျက်နှာဆီကို ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ဘုန်း

တိုက်ခိုက်မှု တစ်ခုက ချက်ချင်းဆိုသလိုပဲ လင်းဟန်ရဲ့ ညာဘက် နံရိုးအောက်ဘက်ကို ထိသွားပါတယ်။ ဓားချီက ဘယ်လောက်တောင် အစွမ်းထက်လိုက်သလဲ။ ၎င်းက ကျောက်သားနံရံ ခန္ဓာကိုယ်ရဲ့ ခံစစ်ကို ပွင့်ထွက်သွားအောင် ထိုးဖောက်သွားပါတယ်။ သွေးတွေက ရေပန်းတစ်ခုလို ထွက်လာပြီးတော့ အောင်းချင်းလိုင်ကလည်း ဒီလက်သီးကြောင့် အပေးကို လွင့်ထွက်သွားပါတယ်။

အောင်းချင်းလိုင်က မြေကြီးပေါ်ကို ကျွမ်းပစ်ပြီး ခြေချလိုက်ပါတယ်။ သူက ပါးစပ်ထဲကနေ သွေးတလုတ်

အန်ထုတ်လိုက်ပြီးတော့ အဲဒီထဲမှာ သူရဲ့ ပျက်စီးသွားတဲ့ သွားနှစ်ချောင်းလည်း ပါဂင်ပါတယ်။

သူက အံ့အားသင့်သွားသလို ဒေါသလည်း ထွက်သွားပါတယ်။ လင်းဟန်ရဲ့ ဒဏ်ရာက သူ့ထက်စာရင် ပိုပြီးတော့ ပြင်းထန်တယ် ဆိုပေမဲ့လည်း သူက ကြယ်နက်ဓားကို အသုံးပြုခဲ့တာပါ။

Chapter 346 end

အပိုင်း(၃၄၇) အောင်းချင်းလိုင် ရှုံးနိမ့်ခြင်း

ပရိသတ်တွေရဲ့ အံ့အားသင့်မှုတွေက မြင့်တက်လာခဲ့ပါတယ်။ အောင်းမိသားရဲ့ သားခုနစ်ယောက်လုံးက လူသိများ ထင်ရှားကျော်ကြားကြပြီး ဆောင်းလဂိုဏ်းက သူတို့ကို အရမ်းကို မျှော်လင့်ထားကြပါတယ်။ ဒါ့အပြင် ဂိုဏ်းတစ်ခုလုံးရဲ့ သမိုင်းထဲမှာ တစ်ချိန်တည်းမှာ အခုလိုမျိုး အဆင့်မြင့်တဲ့ ညီအစ်ကို ခုနစ်ယောက် ပေါ်ထွက်လာတယ်ဆိုတာက အရမ်းကို ရှားပါးလွန်းပါတယ်။

ဒါပေမဲ့လည်း သူတို့ထဲက ငါးယောက်ကတော့ ရှုံးနိမ့်သွားခဲ့ပြီး တစ်ယောက်ကတော့ သူ့ကိုယ်တိုင်

အရှုံးပေးခဲ့ပါတယ်။ ပြီးတော့ တကယ်လို့ အောင်းချင်းလိုင်တောင် လင်းဟန်ကို အနိုင်မယူနိုင်ဘူး ဆိုရင်တော့ အောင်းမိသားစုရဲ့ သားခုနစ်ယောက်က လုံးဝကို လူရယ်စရာ ဖြစ်လာပါလိမ့်မယ်။

ပြီးတော့ သူတို့တွေ အားလုံးက လူတစ်ယောက်တည်းကိုပဲ တစ်ရက်တည်းမှာ ရှုံးနိမ့်ကြတာ ဖြစ်ပါတယ်။

လင်းဟန်နဲ့ အောင်းချင်းလိုင်တို့ နှစ်ယောက်စလုံး ခြေလှမ်း အနည်းငယ် နောက်ဆုတ်လိုက် ကြပါတယ်။ တစ်ယောက်ရဲ့ လက်ကတော့ သူရဲ့ နံရိုးပေါ် ဖိထားပြီး နောက်တစ်ယောက်ကတော့ သူရဲ့ မျက်နှာကို လက်တစ်ဖက်နဲ့ ဖိထားပါတယ်။

အထီးကျန် ဂံပုလွေသွေးကို အဆက်မပြတ် လည်ပတ်လိုက်ပြီးတော့ လင်းဟန်က နောက်တစ်ကြိမ် တဟုန်ထိုး ပြေးဝင်လိုက်ပါတယ်။ သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို ဆက်လက်လည်ပတ်ပြီးတော့ သူရဲ့ဒဏ်ရာတွေကို ကုသလိုက်ပြီး အောင်းချင်းလိုင်ကို တစ်ခါတည်း ရှုံးနိမ့်သွားစေဖို့ ဆန္ဒရှိနေပါတယ်။

သူရဲ့ကျင့်ကြံခြင်း အဆင့်က မြင့်တက်လာသလို အထီးကျန်ဂံပုလွေသွေးရဲ့ အဆင့်မြှင့်တင် ပေးမှုကြောင့် အခုဆိုရင် သူရဲ့တိုက်ပွဲအစွမ်းက တိုက်ပွဲကြယ် တစ်လုံးနီးပါးအထိ အဆင့်မြှင့်တင် လာနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နည်းတော့နည်းပါသေးတယ်။ အစွမ်းအနည်းငယ် အဆင့်မြှင်တင် နိုင်တာကလည်း တချို့တလေတော့ အသုံးဝင်နေဆဲပဲ ဖြစ်ပါတယ်။

အောင်းချင်းလိုင်ရဲ့ အမူအရာက အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။ သူက ဓားချီ အလင်းတစ်ခုကို တမင်တကာ ဆုပ်ကိုင်ထားပြီး လင်းဟန်က သူ့အနားကို ရောက်လာတဲ့ အခါကျမှ တိုက်ခိုက်လိုက်တာပါ။ ဒါပေမဲ့ သူကတကယ်ပဲ သူ့ပြိုင်ဘက်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် လုပ်နိုင်ခဲ့ပါတယ်။ မဟုတ်သေးဘူး။ ဒါကို ပြင်းပြင်းထန်ထန် ဒဏ်ရာရတယ်လို့ သတ်မှတ်လို့ မရဘူး။ တကယ်တော့ ပြင်းထန်ပြီး ပေါ့ပေါ့ပါးပါး ဒဏ်ရာတစ်ခုပါပဲ။

အဲဒီအချိန်မှာ လင်းဟန်က သူ့ကို တန်ပြန်တိုက်စစ် ဆင်ခဲ့ပြီးတော့ ပြင်းထန်တဲ့ လက်သီးတစ်လုံး ပစ်သွင်းပြီး သွားနှစ်ချောင်းကို ကျွတ်ထွက်သွားစေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူ့အနေနဲ့ ဒီအချိန်မှာ အံ့အားသင့်နေဖို့

အချိန်မရှိပါဘူး။ လင်းဟန်က အရမ်းကို လျင်မြန်စွာနဲ့ နောက်ထပ် လက်သီးတစ်လုံးက အနောက်ကနေ ဆက်တိုက် လိုက်လာပါတယ်။ သူ့အနေနဲ့ ပြန်ပြီးတော့ တုံ့ပြန်ရပါမယ်။ သူရဲ့ဓားကို ဝှေ့လိုက်ပြီး ဓားချီအလင်း ခုနစ်ခုက ရုတ်တရက် ခုန်ပေါက်ထွက်လာခဲ့ပါတယ်။ သူရဲ့ပုက်ဖဲကို ထုတ်ဖော်ခဲ့ပြီးပြီ ဆိုမှတော့ နောက်ထပ် လျှို့ပုက်ထားဖို့ မလိုတော့ဘူးလေ။

ကြယ်နက်ဓားရဲ့ အထောက်အပံ့နဲ့ အဆင့်မြှင့်တင်မှုကြောင့် ဓားချီအလင်း ခုနစ်ခုက အံ့အားသင့်စရာကောင်းတဲ့ ရက်စက်ပြင်းထန်တဲ့ အစွမ်းကို ပိုင်ဆိုင်လာခဲ့ပါတယ်။

လင်းဟန်က မုသားမဲ့ မျက်လုံးရဲ့ အကူအညီနဲ့ အစွမ်းကုန် အသုံးချပြီး ဓားချီအလင်း ခြောက်ခုကို အောင်အောင်မြင်မြင်နဲ့ ရှောင်တိမ်းနိုင်ပေမဲ့ ခုနစ်ခုမြောက်ကိုတော့ လုံးဝကြီး လွတ်အောင် မရှောင်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သူရဲ့ခြေထောက်မှာ နောက်ထပ် ဒဏ်ရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ ဘာကိုမှ မခံစားရတဲ့ ပုံစံမျိုးနဲ့ နောက်ထပ်လက်သီး တစ်ချက်ကို အောင်းချင်းလိုင်ရဲ့ မျက်နှာဆီကို ပစ်သွင်းလိုက်ပါတယ်။

ခွပ်

ဒါက ကိုယ့်ကိုကိုယ် ဒဏ်ရာဖြစ်စေပြီး ပြိုင်ဘက်ကိုလည်း ဒဏ်ရာပြန်ရစေတဲ့ နည်းကို အသုံးပြုခဲ့တာပါ။

အားလုံးရဲ့ အမြင်မှာတော့ ကြယ်နက်ဓားက အရမ်းကို ထက်မြက်ပါတယ်။ ပြီးတော့ အဆင့်ငါး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုလည်း ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို လုံးဝကို လွှမ်းမိုးနိုင်တဲ့ သိုင်းဆန္ဒကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ ဆုံးဖြတ်ချက်က ဘယ်လောက်ပဲ ခိုင်မာအားကောင်းနေပါစေ ကိစ္စမရှိပါဘူး။ သူ့အနေနဲ့ ဘယ်နစ်ကြိမ်များ သူ့ကိုယ်သူ ဒဏ်ရာအရခံပြီးတော့ သူရဲ့ပြိုင်ဘက်ကို ဒဏ်ရာရအောင် ဘယ်လောက်များ လုပ်နိုင်မှာလဲ။

တကယ်လို့ လင်းဟန်က သူရဲ့ ဗျူဟာကို မပြောင်းလဲဘူးဆိုရင် အောင်းချင်းလိုင်ကြောင့် သူကအဆက်မပြတ် ဒဏ်ရာတွေ ရပြီး နောက်ပိုင်းမှာ သူရဲ့တိုက်ပွဲဝင်နိုင်တဲ့ စွမ်းရည်တွေ ကုန်ဆုံးသွားပါလိမ့်မယ်။

ဟုတ်ပါတယ်။ သူတို့တွေက လင်းဟန်မှာ

ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ် ရှိနေတယ်ဆိုတာကို မသိထားကြပါဘူး။ ဒီမှော်စာလိပ်နဲ့ဆို ဒဏ်ရာတွေကို ချက်ချင်း ကုသနိုင်ပါတယ်။ ပြီးတော့ လင်းဟန်မှာ ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက် သုံးစက် ရှိပါသေးတယ်။ ဒါက အရမ်းကို ပြင်းထန်တဲ့ ဒဏ်ရာအခြေအနေကို သုံးကြိမ်တိုင်တိုင် ပြန်လည်ကုသ ကောင်းမွန်အောင် လုပ်ပေးနိုင်ပါတယ်။

ဒါက ဘယ်လိုမျိုးကြီးလဲ။ ဒါက သူ့အနေနဲ့ သတ်လို့မရနိုင်တဲ့ မွန်းစတား တစ်ကောင်လို့ ဆိုလိုတာပါပဲ။

ဒါအပြင် လင်းဟန်မှာက ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ တစ်စွန်းတစ်စလည်း ရှိနေပါတယ်။ သူ့အတွက် အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုက သယ်လာတဲ့ သိုင်းဆန္ဒက သူ့ကို လွယ်လွယ်ကူကူနဲ့ လွင့်ထွက်သွားအောင်လို့ ဘယ်လိုလုပ်ပြီးတော့ လုပ်နိုင်မှာလဲ။ တကယ်လို့ တခြားလူတွေက ကြယ်နက်ဓားကြောင့် တစ်ကြိမ်လောက်ပဲ ဒဏ်ရာရခဲ့ပြီး ဓားချီအလင်း တစ်ခုတည်းကြောင့် ဆိုရင်တောင်မှ သူတို့တွေက အဆုံးမရှိ သွေးတွေထွက်ပြီးတော့ သူတို့မှာ ရှိနေတဲ့ စိတ်ဂိညာဉ်တောင်မှ လုံးဝဖျက်ဆီး ခံလိုက်ရနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဂိညာဉ်

ပစ္စည်းတွေကို ဘာကြောင့် ကြောက်ရွံ့နေကြမှာလဲ။

လင်းဟန်အတွက်ကတော့ ကြယ်နက်ဓားက သာမန်ထက် ပိုပြီးတော့ ထက်မြက်တာကလွဲရင် တခြားဘာမှ မကွာပါဘူး။ အင်း… ဒါက အရမ်းကို ထက်တယ်။ သူ့ရဲ့ ကျောက်သားနံရံ ခန္ဓာကိုယ်တောင်မှ မခုခံနိုင်ဘူး။

"ထန်း ထန်း ထန်း ထန်း"

သူတို့နှစ်ယောက်က သူတို့ရဲ့ ပြိုင်ဘက်တွေ ဒဏ်ရာရစေဖို့ အတွက် ကိုယ်တိုင်ဒဏ်ရာ အရခံပြီးတော့ ဆက်ပြီးတိုက်ခိုက်နေကြပါတယ်။ လင်းဟန်က ဒဏ်ရာတွေ ပြည့်နက်ပြီး သွေးတွေအများကြီး ဆုံးရှုံးမှုကြောင့် မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေတယ် ဆိုပေမဲ့ အောင်းချင်းလိုင်လည်း ကြည့်ရတာ ပိုပြီးတော့ ကောင်းမွန်တဲ့ပုံစံ မဟုတ်ပါဘူး။ သူ့ရဲ့မျက်နှာနဲ့ ဂက်တစ်ကောင်ရဲ့ခေါင်း အကြားမှာ ဘာမှသိပ်ပြီးတော့ မကွာခြားတော့ပါဘူး။

ပြောရမယ်ဆိုရင် တကယ်လို့ အောင်းချင်းလိုင် အနေနဲ့ ဒီတိုက်ပွဲမှာ အနိုင်ရသွားမယ် ဆိုရင်တောင်မှ သူ့အနေနဲ့ ဂုဏ်ယူစရာအကြောင်း မရှိပါဘူး။ သူက စိတ်ဝိညာဉ် ပစ္စည်းတစ်ခုရဲ့ အစွမ်းကို အားပြုပြီး မှီခိုရုံတင်မက

သူရဲ့မျက်နှာတစ်ခုလုံးကလည်း ဂဏ်တစ်ကောင်ရဲ့ ခေါင်းလို ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမ ခံထားရတဲ့ အတွက်ကြောင့် လုံးဂ မျက်နှာပျက်စရာ ပါပဲ။

အရေးအကြီးဆုံးက အောင်းချင်းလိုင်က အနိုင်တောင် မရသေးပါဘူး။

သူတို့မြင်တာတော့ လင်းဟန်က မှော်ဆေးလုံးတွေကို ဆက်ပြီးတော့ အသုံးပြုပြီး သူရဲ့ခန္ဓာကိုယ် အပေါ်က ဒဏ်ရာတွေကို အတင်းဖိနှိပ် ထိန်းချုပ်ထားပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် လင်းဟန်က အချိန်အရမ်းကို ကြာတဲ့အထိ လျင်လျင်မြန်မြန်နဲ့ ဆက်ပြီးတော့ ရပ်တည်နေနိုင် ပါသေးတယ်။

လင်းဟန်က တကယ်တော့ မှော်ဆေးလုံးတွေကို အသုံးပြုပြီးတော့ ဟန်ဆောင်နေတာ ဖြစ်ပါတယ်။ တခြားသူတွေက သူရဲ့ အရမ်းကို သန်မာအားကောင်းတဲ့ ပြန်လည်ကုသခြင်း စွမ်းရည်ကို သိသွားမှာကို မလိုလားပါဘူး။ ဒါကြောင့်လည်း သူ့မှာ မှော်ဆေးပညာရှင် ဆရာတစ်ယောက် ရှိတယ်လို့ ပြောခဲ့တာဖြစ်ပါတယ်။ ပြီးတော့ သူက စိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကြွယ်ဂမှုကို ပုလင်းတွေကိုတောင်

ထုတ်ပေးခဲ့ပါတယ်။ ဒါကြောင့် သူ့အတွက် ပြန်လည်ကုသတဲ့ မှော်ဆေးလုံး ပမာဏ အများကြီး သုံးစွဲနိုင်တာက ထူးဆန်းနေကြတော့မှာ မဟုတ်ပါဘူး။

ဒီမြင်ကွင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် အဘိုးကြီးကိုတောင် ဒီတိုက်ပွဲကို ဂင်စွက်ဖက်ရမလား ဂင်မစွက်ဖက်ရဘူးဆိုပြီးတော့ တုံ့ဆိုင်းတုံ့ဆိုင်းတောင် ဖြစ်စေပါတယ်။ တကယ်လို့ ဒီအတိုင်းသာ ဆက်ဖြစ်နေဦးမယ်ဆိုရင် သူတို့နှစ်ယောက်လုံးက ဒီနေ့ကုန်လွန်ရင် မသန်မစွမ်းတွေ ဖြစ်ဖို့ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။ တကယ်လို့ အဲဒီလိုမျိုးသာ ဖြစ်လာမယ် ဆိုရင်တော့ သူကိုယ်သူ အပြစ်တင် ကြိမ်းမောင်းမိမှာ ပါပဲ။

သူအခုလို တုံ့ဆိုင်းနေတဲ့ အချိန်အတွင်းမှာ လင်းဟာန်နဲ့ အောင်းချင်းလိုင်တို့က နောက်ထပ် တိုက်ခိုက်မှု တချို့ကို ဖလှယ်လို့ ပြီးခဲ့ပါပြီ။

အောင်းချင်းလိုင်က သွေးတွေပေကျံပြီး သူရဲ့ခန္ဓာကိုယ်က ဒယိမ်းဒယိုင် ဖြစ်နေပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့် ဆိုပေမဲ့လည်း သူ့မှာက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်လိုမျိုး ထူးကဲတဲ့ ပြန်လည်ကောင်းမွန် ကုသတဲ့

စွမ်းရည်မျိုး မရှိပါဘူး။ ပြီးတော့ သူက လင်းဟန်ရဲ့ လက်သီးတွေကို အချက်ပေါင်းများစွာ ခံထားရတာ ဖြစ်လို့ မထိမရှ မပွန်းမပဲ့ပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ရှိနေနိုင်မှာလဲ။

သူကအခုဆိုရင် စိတ်ဓာတ်ခွန်အားနဲ့ သူ့ကိုယ်သူ မားမားမတ်မတ် ရပ်တည်နိုင်အောင်လို့ နေနေရပါတယ်။ သူရှုံးလို့မဖြစ်ပါဘူး။ သေချာပေါက် ရှုံးလို့ကို မဖြစ်ပါဘူး။ သူက အောင်းကလန် သားခုနစ်ယောက်ရဲ့ ခေါင်းဆောင်ဖြစ်ပြီးတော့ ကြယ်နက်ဓားကိုလည်း အမွေဆက်ခံထားသူ ဖြစ်ပါတယ်။ ဒါကြောင့် သူရဲ့ ဘဝတစ်ခုလုံးအတွက် ကြီးကျယ်ခမ်းနား တင့်တယ်မှု တစ်ခုပဲ ရှိနိုင်ရပါမယ်။

ဟုတ်ပါတယ်။ ဘာကြောင့် သူရဲ့ အမြင်တွေက ဝေဝါးနေရတာလဲ။

အောင်းချင်းလိုင်ရဲ့ မျက်နှာတစ်ခုလုံးက သွေးတွေဖုံးနေပြီးတော့ သူရဲ့မျက်စိတွေကို အမြင်ဝေဝါး သွားစေပါတယ်။ ပြီးတော့ သူရဲ့စိတ်ဓာတ်ကြံ့ခိုင်ခြင်းကလည်း ယိမ်းယိုင်လာခဲ့ပါတယ်။ တကယ်လို့ လူတစ်ယောက်ယောက်က ပြိုင်ဘက်ဆီကနေ လက်သီးတွေ အတွဲလိုက် ထိုးခံရမယ်ဆိုရင် အမြင်တွေ

ပေဂါးပြီး မူးနောက်လာတာမျိုး မဖြစ်ပဲနဲ့ နေနိုင်မှာလဲ။

အားလုံးက သူ့ရဲ့ လက်ရှိ အခြေအနေကို နားလည်သဘော ပေါက်ကြပါတယ်။ တကယ်လို့ အောင်းချင်းလိုင်လည်း မှော်ဆေးလုံးတွေကို သုံးစွဲမယ် ဆိုရင်တောင်မှ ဆေးရဲ့ အာနိသင်ကို ရရှိဖို့အတွက် အချိန်အနည်းငယ်တော့ ယူဖို့လိုပါလိမ့်မယ်။ သို့ပေမဲ့လည်း ဆေးဆိုတာက ဆေးပါပဲ။ နတ်ဘုရားဆေးလုံး မဟုတ်ပါဘူး။

ဒါကလူတွေကို ပိုပြီးတော့ ခေါင်းခြောက်စေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လင်းဟာန်က ဒဏ်ရာတွေ ပိုပြီးတော့ များပြားတာကို မြင်တွေ့ရပြီး အရမ်းကို တက်ကြွနေဆဲ ရှိနေပါတယ်။ သူ့တစ်ကိုယ်လုံးက သွေးတွေနဲ့ ရေချိုးထားသလိုမျိုး ဖြစ်နေပေမဲ့လည်း သူရဲ့အခြေအနေက အောင်းချင်းလိုင်ထက် ပိုပြီးတော့ ကောင်းမွန်နေပါတယ်။

ဒါမှမဟုတ် ဒီကောင်လေး အသုံးပြုတဲ့ ဆေးလုံးတွေက တကယ်ပဲ နတ်ဘုရားဆေးလုံးတွေ ဖြစ်နေမလား။

"ငါရှုံးလို့ မဖြစ်ဘူး။ ရှုံးလို့ မဖြစ်ဘူး"

အောင်းချင်းလိုင်ရဲ့ ခြေထောက်တွေက ဒယိမ်းဒယိုင်

ဖြစ်နေပြီးတော့ စိတ်ဓာတ်ကြံ့ခိုင်ခြင်းကို အမြင့်ဆုံးထိ ထိန်းထားလိုက်ပါတယ်။ ဒီပြိုင်ပွဲကနေ ထွက်သွားဖို့ သူ့ကိုယ်သူ ခွင့်မပြုနိုင်ပါဘူး။ သူက အောင်းချင်းလိုင် ဖြစ်ပါတယ်။ ကျင့်ကြံခြင်းအဆင့်တူတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရင် လုံးဝကို ရှုံးနိမ့်လို့ မဖြစ်နိုင်ပါဘူး။

ဒီလိုမျိုး ယှဉ်ပြိုင်တိုက်ခိုက်လိုစိတ်က လူတွေကို ရူးသွပ်သွားစေအောင် ထိန်းချုပ်နိုင်ပါတယ်။ အောင်းချင်းလိုင်က နှစ်သက်သဘောကျစရာ လူတစ်ယောက် ဟုတ်ဟုတ် မဟုတ်ဟုတ် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ဒီကောင့်ရဲ့ စိတ်ဓာတ်ခွန်အားကတော့ ချီးကျူးစရာ ကောင်းပါတယ်။ လင်းဟန်တောင်မှ ခေါင်းတဆတ်ဆတ် ညိတ်ပြီးတော့ ကျိတ်ပြီး အသိအမှတ် ပြုရပါတယ်။

ဒါပေမဲ့လည်း သူတို့နှစ်ယောက်က မတူညီတဲ့ဘက်က ဖြစ်ပါတယ်။ ဒါအပြင် မိုးကြိုးလျှပ်စီး ချပ်ဂတ်လည်း ပါဝင်နေပြီးတော့ သူ့အနေနဲ့ ရပ်တန့်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"မင်းရဲ့ တိုက်ခိုက်လိုတဲ့ စိတ်အတွက်"

လင်းဟန်က နောက်တစ်ကြိမ် လက်သီးတစ်ချက်

ပစ်သွင်းလိုက်ပါတယ်။ အောင်းချင်းလိုင်က ရပ်ဖို့တောင် အခက်အခဲရှိနေတာ ဘယ်လိုလုပ်ပြီးတော့ ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းတာ ဒါမှမဟုတ် ခုခံတာမျိုးကို လုပ်နိုင်မှာလဲ။ လင်းဟန်ရဲ့လက်သီးက သူရဲ့ ရင်ဘတ်ကို ထိသွားခဲ့ပါတယ်။

“မင်းကို သိက္ခာရှိရှိနဲ့ ရှုံးနိမ့်မှုကို လက်ဆောင်တစ်ခု အနေနဲ့ ငါပေးမယ်”

ဘုန်း

အောင်းချင်းလိုင်က မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် လဲကျသွားပြီးတော့ လုံးဝကို နောက်တစ်ကြိမ် ပြန်ပြီးတော့ မထနိုင်တော့ပါဘူး။

သူရဲ့ စိတ်ဓါတ်ခွန်အားက ဘယ်လောက်ပဲ သန်မာအားကောင်း နေပါစေ။ ၎င်းမှာလည်း အကန့်အသတ်နဲ့ ရှိပါတယ်။

တိုက်ပွဲကိုးခုက ဆက်တိုက်ပြီးသွားခဲ့ပါပြီ။ လင်းဟန်ရဲ့ ရလဒ်ကတော့ ကိုးပွဲနိုင်ပြီးတော့ တစ်ပွဲမှ မရှုံးနိမ့်ထားတဲ့အတွက် သံသယ ရှိစရာ မလိုအောင်ပဲ သူက ချန်ပီယံ ဖြစ်သွားပါတယ်။

"အရမ်းကောင်းတယ်။ အခု မင်းတို့အားလုံး ပြန်ပြီးတော့ အနားယူနိုင်ပြီ။ မနက်ဖြန်ကျရင် ငါတို့က ဆုတွေကို ပေးအပ်ချီးမြှင့်မယ်"

စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် ကြီးကြပ်သူက ကြေညာလိုက်ပါတယ်။ သူလည်းပဲ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ အောင်းချင်းလိုင်က အတော်လေးကို ရိုက်နှက်ခံထားရတယ် ဆိုပေမဲ့လည်း ပြန်ပြီးတော့ ကုသလို့ မရလောက်တဲ့အထိ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားတာ မဟုတ်ပါဘူး။

"ဟားဟား။ ဂျူနီယာညီလေးဟန်… လာခဲ့ လာခဲ့ ငါ့ရဲ့ နေရာကို လိုက်ခဲ့ပါ"

ယွဲ့ခိုင်ယုက ချက်ချင်းပဲ ချဉ်းကပ်လာပြီးတော့ လင်းဟန်ကို ဖိတ်ခေါ်လိုက်ပါတယ်။

လင်းဟန်က သူ့ကို မူလပြန်လည် ထိန်းသိမ်းခြင်း ဆေးပုလင်း သုံးခုကို ပေးတာကို အသာလေး ဘေးဖယ်ထားဦး။ လင်းဟန်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမခဲ့တာကြောင့် ယွဲ့ခိုင်ယုက

သူ့ကို သူငယ်ချင်းတစ်ယောက်လို ဆက်ဆံဖို့အတွက် လုံလောက်ပါပြီ။

လင်းဟန်က ပြောလိုက်ပါတယ်။

"ကျနော်ခန္ဓာကိုယ်ကို ဆေးကြောသုတ်သင်ပြီးရင် စီနီယာအစ်ကိုယွဲ့နေရာကို လာခဲ့ပါမယ်"

"ဒါပေ့ါ ဒါပေ့ါ"

ယွဲ့ခိုင်ယုက အလျင်အမြန် ခေါင်းညိတ်လိုက်ပါတယ်။ လင်းဟန်က သွေးတွေနဲ့ ပေကျံညစ်ပတ် နေပြီးတော့ သူ့အနေနဲ့ ရေမိုးချိုး သန့်စင်ပြီးတော့ အဝတ်အစားအသစ်တွေကို လဲလှယ် ဝတ်ဆင်ဖို့ လိုအပ်ပါတယ်။

လင်းဟန်က ဓားဖျားတောင်ထိပ်မှာရှိတဲ့ သူရဲ့နေရာကို ပြန်သွားပြီးတော့ အနက်ရောင် မျှော်စင်ထဲကို တန်းပြီး ဝင်သွားခဲ့ပါတယ်။ သူ့ကိုယ်သူ သန့်စင်ဆေးကြောပြီး နှစ်ပေါင်း တစ်ရာသက်တမ်းရှိတဲ့ ဂျင်ဆင်းတွေကို စားပြီးတော့ သူရဲ့ခန္ဓာကိုယ်ကို အားဖြည့်ပြီးတော့ ယွဲ့ခိုင်ယုရဲ့ နေရာဆီကို သွားလိုက်ပါတယ်။ သူ့အမေရဲ့ သတင်းတချို့ကို စုံစမ်းလေ့လာ ချင်ပါသေးတယ်။

Chapter 347 end

အပိုင်း(၃၄၈) အယုံသွင်းခြင်း

ယွဲ့ခိုင်ယုက အရမ်းကို စိတ်ပါဝင်စားပြီးတော့ သူရဲ့ ကိုယ်ပိုင်ခြံဝင်းအတွင်းမှာ အစောကြီးကတည်းက သောက်ဖို့အတွက် ပြင်ဆင်ထားသည်။ လင်းဟာန်ကို သူတွေ့လိုက်တာနဲ့ သူကပြောသည်။

“ဂျူနီယာ ညီလေးဟာန် မြန်မြန် လာလာလာ ဒီနေ့ မင်းမမူးမချင်း အိမ်ပေးမပြန်ဘူး”

လင်းဟာန်က ရယ်မောပြီး ပြောသည်။

“တကယ်လို့ ကျနော်မူးပြီးတော့ အိမ်ပြန်မဲ့လမ်းကို မမှတ်မိတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ”

“ဒါဆိုရင်လည်း ဒီမှာ တစ်ညလုံး နေလိုက်ပေါ့”

ယွဲ့ခိုင်ယုက အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမရှိပဲ ပြောသည်။

“ဒီနေရာက အစ်ကိုယွဲ့နေတဲ့ နေရာပေါ့”

လင်းဟန်ပုံစံကို ကြည့်ရတာ အရမ်းကို မနာလို အားကျနေပုံ ရပေသည်။ ဒီနေရာက ဓားဖျားတောင်ထိပ် မဟုတ်ချေ။ တောင်ခုနစ်လုံးထဲမှာ စိတ်ဂိညာဉ်ချီတွေ အသိပ်သည်းဆုံး နေရာမှာ နံပါတ်နှစ် ချိတ်တဲ့ နေရာတစ်ခု ဖြစ်သည်။

ပုံမှန်အားဖြင့်တော့ ဆောင်းလဂိုဏ်းရဲ့ လူငယ်မျိုးဆက်တွေထဲမှာ အရမ်းကို ထူးချွန်ထက်မြက်ပြီး ပါရမီရှိတဲ့ ယွဲ့ခိုင်ယုနဲ့ အောင်းမိသားစုရဲ့ သားခုနစ်ယောက်တို့က ဒီလိုနေရာမှာ နေခွင့်ရဖို့ အဆင့်မီကြ၏။ စိတ်ဂိညာဉ် ပလ္လင်အဆင့်၊ ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက အဖြူရောင်တိမ်ထိပ် ပေါ်မှာနေနိုင်ကြသည်။ ထိုနေရာကား စိတ်ဂိညာဉ်ချီ အသိပ်သည်းဆုံး အထူထပ်ဆုံး နေရာတစ်ခု ဖြစ်ချေသည်။

"ဂျူနီယာ ညီလေးဟန်ရဲ့ ပါရမီနဲ့ဆိုရင် ဒီတောင်ထိပ်မှာ ကိုယ်ပိုင်ခြံဂင်းတစ်ခု ရရှိဖို့ဆိုတာက ကိတ်မုန့်ကို လှီးရသလိုမျိုးပဲ ဖြစ်နေလိမ့်မယ်"

ယွဲ့ခိုင်ယုက လင်းဟန်ရဲ့ ပခုံကို ပုတ်လိုက်သည်။

"လာလာ သောက်ကြရအောင်"

ယွဲ့ခိုင်ယုရဲ့ ခြံဝင်းကား အရမ်းကို တိတ်ဆိတ်ငြိမ်သက် လွန်းလှချေသည်။ ကျောင်းသားတော် လူငယ်တစ်ယောက်က လွဲလို့ ဘယ်သူမှ မရှိပါဘူး။ ဤသည်ကား ယွဲ့ခိုင်ယုအနေနဲ့ တခြား မလိုအပ်တဲ့ အတွေးတွေ မရှိဘဲ သိုင်းပညာအပေါ်မှာပဲ အပြည့်အဝ အာရုံစူးစိုက်နေသည်ကို သက်သေပြဖို့ လုံလောက်ပေသည်။

ဤပုံပန်းသွင်ပြင်အရ အောင်းဖန်းက တကယ်ပဲ ပါရမီရှင် တစ်ယောက် ဖြစ်ပေမည်။ သူကား အရမ်းကို မြှာပွေ့ပြီး မိန်းမလိုက်စားသူ တစ်ယောက် ဖြစ်ပေသည်။ သူရဲ့ ကျင့်ကြံခြင်းကား စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ထိတိုင်အောင် မြင့်တက်သွားနိုင်တဲ့ ပါရမီရှိသူ တစ်ဦးဖြစ်ပေသည်။ ယခု ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေခြင်းက အရမ်းကို အထင်ကြီးစရာ ကောင်းတဲ့အချက် ဖြစ်ပေ၏။

လင်းဟန်ကား သူ့အမေ၏ သတင်းကို ယွဲ့ခိုင်ယုထံမှ စုံစမ်းဖို့ ဆန္ဒရှိနေပေသည်။ ထို့ကြောင့် သူက အရက်သောက် ပြိုင်ပွဲတစ်ခုကို ယွဲ့ခိုင်ယုနဲ့ စတင်လိုက်သည်။ အကယ်၍ ယွဲ့ခိုင်ယုကို အရက်များများ သောက်ခိုင်းပြီး သူမူးလာသည့်

အချိန်ကျရင် လွယ်လွယ်ကူကူနဲ့ မေးခွန်းတွေ မေးလို့ ရပေလိမ့်မည်။

“လာလာ ငါမှာ အရက်တစ်ခွက် ရှိသလို အစ်ကိုယွဲ့မှာလည်း တစ်ခွက်ရှိတယ်။ ဘယ်သူပဲဖြစ်ဖြစ် ခွက်ထဲမှာ ကျန်နေသေးရင် အဲဒီလူက အယုတ်တမာကောင်ပဲ”

လင်းဟန်က ကြေညာပြီးတော့ အရက်ခွက်ကို မြှောက်လိုက်သည်။

“မင်းတစ်ခွက်ဆို ငါနှစ်ခွက်ပဲ”

ယွဲ့ခိုင်ယုက အရမ်းကို သဘောထားကြီးစွာနဲ့ ပြောလိုက်သည်။

သို့ပေမဲ့လည်း သိပ်မကြာခင်မှာ သူကခေါင်းကိုက်လာပြီး ခန္ဓာကိုယ်ကလည်း ဒယိမ်းဒယိုင် ဖြစ်လာသည်။ သူကပုလင်းတဂက်လောက်ကို သောက်ခဲ့ပြီး လင်းဟန်အနေနှင့် သူ့လိုမျိုး သတ္တိကောင်းကောင်း သောက်ဖို့အတွက် မလိုအပ်ပဲ ယွဲ့ခိုင်ယု၏ အရက်ခွက်ထဲကို အရက်တွေ အဆက်မပြတ် ဖြည့်ပေးနေခဲ့သည်။

`ဂမ်းကွဲအစ်ကို တောင်းပန်ပါတယ်`

လင်းဟန်က ကိုယ့်ဘာသာကိုယ် တွေးလိုက်သည်။ သူသောက်လိုက်တဲ့ အရက်တွေက အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့ ဝင်သွားတာပါ။ ဒါကြောင့် ဘယ်လောက်ပဲ သောက်သောက် သူကတော့ သောက်နိုင်ပေသည်။ ယွဲ့ခိုင်ယုက အရက်တော်တော်များများ သောက်ပြီးတဲ့နောက်မှာ မျက်လုံးတွေက မူးယစ်ရီဝေတဲ့ ပုံစံကို ပြောင်းလဲသွားတာ မြင်လိုက်ရတဲ့ အခါမှာ သူကမေးလိုက်သည်။

“စီနီယာ အစ်ကိုယွဲ့မှာ ညီအစ်ကို မောင်နမတွေ မရှိဘူးလား”

“မ..မရှိဘူး။ ငါက တစ်ဦးတည်းသော သားပဲ”

ယွဲ့ခိုင်ယုက အာလေးလျှာလေး အသံနဲ့ ပြောလိုက်သည်။

“မင်းရဲ့အဘိုးမှာလည်း မင်းရဲ့အဖေက တစ်ဦးတည်းသော သားများ ဖြစ်နေမလား”

လင်းဟန်က စကားနိုက်လိုက်သည်။

"ငါ့မှာ အဒေါ်တစ်ယောက် ရှိသေးတယ်"

လင်းဟန်ရဲ့ မျက်လုံးထဲမှာ အလင်းရောင် တစ်ချက် လင်းလက်သွားပြီး ဆက်မေးလိုက်သည်။

"ဒါဆိုရင် မင်းရဲ့ အဒေါ်မှာရော သားသမီး တစ်ယောက်မှ မရှိဘူးလား"

"ငါ့အဒေါ်.. ငါ့အဒေါ်က ခွင့်မလွှတ်နိုင်တဲ့ အပြစ်ကြီး တစ်ခုကို ကျူးလွန်ခဲ့လို့ ငါ့အဘိုးက ဖမ်းဆီးချုပ်နှောင်ထားတယ်။ အဲဒီနေရာက…….."

ယွဲ့ခိုင်ယုက မှတ်မိဖို့ အပြင်းအထန် စဉ်းစားနေရတဲ့ ပုံစံမျိုးနှင့် ခေါင်းကိုခါလိုက်သည်။

"ဘယ်နေရာမှာ ဖမ်းဆီးချုပ်နှောင်ထားတာလဲ"

လင်းဟန်က ယွဲ့ခိုင်ယုအတွက် အရက်နောက်တစ်ခွက်ကို ငှဲ့ပေးပြီး မေးလိုက်သည်။

အရက်ခွက် အနည်းငယ်ကို သောက်ပြီးတဲ့ နောက်မှာတော့

ယွဲ့ခိုင်ယုက မှုးဝေပြီးတော့ စပ်ဖြဲဖြဲနဲ့ လင်းဟန်ကို မေးလိုက်သည်။

"ဂျူနီယာ ညီလေးလင်း၊ မင်းက ဘယ်လို ကျင့်ကြံခြင်း နည်းစနစ်ကို လေ့ကျင့်တာလဲ။ ဘာဖြစ်လို့ ရုတ်တရက်ကြီး မင်းက သုံးယောက်ဖြစ်သွားလိုက် နှစ်ယောက်ဖြစ်သွားလိုက် ဖြစ်နေရတာလဲ။ ဟားဟား ဘာဖြစ်လို့ တစ်ယောက်တည်း မဖြစ်သေးတာလဲ"

လင်းဟန်က သက်ပြင်းချလိုက်သည်။ အရက်မူးနေတဲ့ လူတစ်ယောက်ကြောင့်တော့ စိတ်အနှောင့်အယှက် ဖြစ်သွားတယ်လို့ မခံစားရပါဘူး။ သူကကောင်းကင်အဆင့်ရဲ့ နတ်ဘုရား အာရုံအစကို အသုံးပြုပြီးတော့ မျက်နှာထား တင်းတင်းနဲ့ မေးလိုက်သည်။

"မင်းရဲ့အဒေါ်က အခုဘယ်မှာလဲ"

ယွဲ့ခိုင်ယုက ချက်ချင်းဆိုသလို သူရဲ့ခန္ဓာကိုယ်က ခဲသွားသလို တောင့်တင်းသွားပြီး မျက်လုံးတွေထဲမှာ ရောထွေးနေမှုတွေ ပေါ်လာပြီး ပြောလိုက်သည်။

"ငါ့အဒေါ်က လက်ရှိ အဖမ်းခံထားရတဲ့ နေရာက…."

ပုန်း

တကယ်အချိန်ကောင်းကျမှ ကျယ်လောင်သံ အသံနဲ့အတူ အမိက တံခါးကြီးက ပြင်းထန်တဲ့ ကန်ချက်တစ်ခုကြောင့် ပွင့်သွားတဲ့ အသံကို ကြားလိုက်ရသည်။ ကျစ်လျစ်သွယ်လျတဲ့ မိန်းကလေးငယ် တစ်ယောက်က ခြေလှမ်းကျဲကြီးတွေ လှမ်းပြီးတော့ ဝင်လာတာကို မြင်လိုက်ရသည်။

"ဟန်လင်းက ဘယ်မှာလဲ။ ဒီကိုထွက်လာခဲ့စမ်း"

ဒီလိုဆူညံပွက်လောရိုက်မှုကြောင့် ယွဲ့ခိုင်ယုရဲ့ မူးရစ်ရီဝေနေတဲ့ အခြေအနေကို ချက်ချင်းပဲ ပိုးသတ်ပေးလိုက်သလို ဖြစ်သွားပါတယ်။ သူက ကျူးကျော်ဝင်ရောက်လာတဲ့ သူကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်သွားကာ မေးလိုက်သည်။

"အောင်းကျီထိုက် မင်းဒီနေရာကို ဘာလာလုပ်တာလဲ"

နောက်ထပ် မျိုးရိုးနာမည်အောင်းနဲ့ သူတစ်ယောက်ဆိုတော့

သေချာပေါက် အောင်းဖန်းရဲ့ သမီးဖြစ်ပါလိမ့်မယ်။

လင်းဟန်လည်း မိန်းကလေးကို လှည့်ကြည့်လိုက်သည်။ သူမက အသက်နှစ်ဆယ်ခန့် ရှိပြီးတော့ အရမ်းကို လှပချောမောပြီး လွှီယုထန်နဲ့ လီစီရှန်းတို့အောက် မကျပါဘူး။ ဒါပေမဲ့လည်း သူမက မိုးကောင်းကင်ပေါ်ကို ပျံတက်တော့မဲ့ ပုံစံမျိုးနဲ့ အရမ်းကို စိတ်ကြီးဝင်နေတဲ့ အမူအရာ ရှိနေတာကို တွေ့မြင်ရသည်။ ဤကဲသို့သော အမျိုးသမီးတစ်ယောက်က ဘယ်လောက်ပင် လှပချောမော နေစေကာမူ လင်းဟန်အနေနှင့် သူမ၏အလှအပကြောင့် လှုပ်ရှားသွားလိမ့်မည် မဟုတ်။ ဒီ့အပြင် သူမက ရန်သူရဲ့ သမီးတစ်ယောက်လည်း ဖြစ်နေသည်။

ဒါပေမဲ့လည်း အောင်းကျီထိုက်ရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပင်လယ်အဆင့် ဖြစ်ပြီးတော့ သူမ၏အသက်အရွယ်နဲ့ဆိုလျှင် အရမ်းကို အံ့အားသင့်စရာ ကောင်းတယ်လို့ ယူဆလို့ ရသည်။ သူမကလှပသလို သိုင်းပညာမှာလည်း မြင့်မားတဲ့ ပါရမီရှိပြီးတော့ အရမ်းကို မာနကြီး စိတ်ကြီးဝင်နေတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။

"ယွဲ့ခိုင်ယု… ဒါဆိုရင် သူက ဟန်လင်းလား"

အောင်းကျီထိုက်ကို ကြည့်ရတာ အခုလိုမျိုး ကျူးကျော်ဝင်ရောက် လာတဲ့အတွက် နည်းနည်းလေးမှ အပြစ်ရှိတဲ့ပုံစံမျိုး စိတ်ထဲခံစားနေရပုံ မပေါ်တာကို တွေ့လိုက်ရ၏။ အဲဒီအစား သူမလေသံက အရမ်းကို ဗိုလ်ကျတဲ့ ပုံစံနဲ့ လင်းဟန်ကို လက်ညှိုးထိုး ညွှန်ပြလိုက်သည်။

"သူက ဂျူနီယာ ညီလေးဟန်ပဲ။ ဒါပေမဲ့ မင်းကို မဖိတ်ခေါ်ပဲနဲ့ အခုလို ဝင်လာတာက ဘာအဓိပ္ပါယ်လဲ"

ယွဲ့ခိုင်ယုရဲ့ အမူအရာက ဒေါသတွေ ပြင်းပြင်းထန်ထန် တောက်လောက်နေပုံမျိုး ဖြစ်နေသည်။

ဘယ်သူမဆို မိမိတို့၏အိမ်ကို တစ်စုံတစ်ယောက်က အတင်းအကျပ် ကျူးကျော်ဝင်ရောက် လာမယ်ဆိုရင် အိမ်ပိုင်ရှင်အနေနဲ့ ဒေါသထွက်တယ်ဆိုတာ သဘာဝကျပါသည်။

"ဘာအဓိပ္ပါယ်လဲ ဟုတ်လား"

အောင်းကျီထိုက်က နှာခေါင်းရှုံ့ပြီး ပြောသည်။

"ဒီကောင်စုတ်က ငါ့ရဲ့ အစ်ကိုတွေကို ဒဏ်ရာရအောင် လုပ်ခဲ့တယ်။ ငါက သူ့ကို ငါ့အစ်ကိုတွေ အရှေ့မှာ ဒူးထောက်ပြီး တောင်းပန်တာကို လိုချင်လို့ပဲ"

"အဓိပ္ပါယ် မရှိတာ"

ယွဲ့ခိုင်ယုက စားပွဲခုံကို လက်တစ်ဖက်နှင့် ပြင်းပြင်းထန်ထန် ရိုက်ချလိုက်ပြီး ပြစ်တင် ကြိမ်းမောင်း လိုက်သည်။

"ဂျူနီယာ ညီလေးဟန်က မင်းရဲ့ အစ်ကိုတွေကို မျှမျှတတ တိုက်ခိုက်ပြီးတော့ အနိုင်ယူခဲ့တာပဲ။ ဒါကိုလည်း လူတွေအကုန်လုံး သိကြတယ်။ ဒါကို မင်းကအခု ဒီနေရာကို လာပြီးတော့ ပြဿနာ လာရှာနေတာပဲ။ ဒါက မင်းတို့ အောင်းမိသားစုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေလိမ့်မယ်"

"ငါဂရုမစိုက်ဘူး"

အောင်းကျီထိုက်က သူမရဲ့ ခေါင်းကိုခါလိုက်ပြီး ဒေါသထွက်နေတဲ့ အမူအရာနဲ့ ပြောလိုက်သည်။

"ငါကတော့ ဒီကောင်က ငါ့ရဲ့ အစ်ကိုခြောက်ယောက်ကို ဒဏ်ရာအနာတရ ဖြစ်အောင် လုပ်ပြီးတော့ သူတို့ကို

အရှက်ရစေတယ် ဆိုတာကိုပဲ သိတယ်။ ငါကသူ့ကို ငါ့ရဲ့အစ်ကို ခုနစ်ယောက် နေထိုင်တဲ့ နေရာတွေကို တွားသွားပြီးတော့ သူတို့ရဲ့ တံခါးအရှေ့မှာ ကျေနပ်လောက်တဲ့အထိကို ဒူးထောက်တောင်းပန်ပြီး ငါ့အစ်ကို ခုနစ်ယောက်ရဲ့ သနားကြင်နာမှုကို ရရှိဖို့အတွက် တောင်းဆိုစေချင်တာ”

ယွဲ့ခိုင်ယုက ဒေါသလည်းထွက်ပြီး တစ်ချိန်တည်းမှာပဲ ရယ်မောလိုက်သည်။

“ဒီလိုမျိုး ကလေးကလား စကားတွေကို ပြောရအောင် မင်းက ကလေးတစ်ယောက်မိုလို့လား။ မြန်မြန် ပြန်သွားပြီးတော့ တခြားသူတွေက မင်းကို လှောင်ရယ်တာမျိုး မခံရစေနဲ့။ မဟုတ်ရင် ကိုယ့်ဘာသာကိုယ် အရှက်ပြန်ခွဲနေသလို ဖြစ်နေလိမ့်မယ်”

“ယွဲ့ခိုင်ယု… နင်ငါ့ကို ကူညီမှာမလား မကူညီဘူးလား”

အောင်းကျီထိုက် အေးစက်စွာနဲ့ မေးလိုက်သည်။

“ဟင့်… မင်းလိုမျိုး တဖွတ်ထိုး လျှောက်လုပ်နေတာကို ပူပေါင်းဆောင်ရွက်ဖို့ ငါ့မှာ ဆန္ဒမရှိဘူး”

ယွဲ့ခိုင်ယုက ပြတ်ပြတ်သားသားနဲ့ ငြင်းပယ်လိုက်သည်။

အောင်းကျီထိုက်က လင်းဟန်ဘက်ကို နောက်တစ်ကြိမ် လှည့်ပြီးတော့ ပြောလိုက်သည်။

"ဟန်.. ငါနင့်ကို နောက်ဆုံးအခွင့်အရေး တစ်ခုကို ပေးမယ်။ ချက်ချင်းပဲ ငါ့အစ်ကို ခုနစ်ယောက်ရဲ့ အရှေ့ကို တွားသွားပြီးတော့ တောင်းပန်လိုက်ပါ"

"အောင်းကလန်က တကယ်ပဲ ခေါင်းမကောင်းတဲ့ အမျိုးသမီးတွေကို မွေးထုတ်နေတာပဲလား"

လင်းဟန်က ယွဲ့ခိုင်ယုကို လှည့်ပြီးတော့ မေးလိုက်သည်။

"နင်.. နင် ငါ့ကို စော်ကားရဲတယ်ပေါ့လေ"

အောင်းကျီထိုက်က မှင်တက်အံ့သြ သွားသည်။ ဒီလိုမျိုး မဖွယ်မရာ သတ္တိကောင်းကောင်းနဲ့ ပြစ်မှုကျူးလွန် ပြောဆိုတာက တကယ်ပဲ အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်း၏။

"ညီလေးဟန်… သူမကို မဆန့်ကျင်တာက အကောင်းပဲဖြစ်လိမ့်မယ်"

ယွဲ့ခိုင်ယုက လင်းဟန်အနားကို ကပ်လာပြီးတော့ အသံကိုနှိမ့်ချပြီး ပြောလိုက်သည်။

"သူမက အောင်းဖန်အချစ်ဆုံး သမီးတစ်ယောက်ပဲ။ ပြီးတော့ သူမကိုယ်တိုင်က အရမ်းကို လှပချောမောပြီး သိုင်းပညာမှာ အရမ်းကို မြင့်မားတဲ့ ပါရမီကလည်း ရှိတယ်။ ဒါကြောင့် ငါတို့ဂိုဏ်းထဲက လူငယ်တော်တော်များများက သူမကို နှစ်သက်သဘောကျပြီး ပိုးပန်းနေ ကြတယ်လေ"

နောက်တစ်နည်း ပြောရမယ်ဆိုလျှင် သူမကို ဆန့်ကျင်လိုက်တာက ဆောင်းလဂိုဏ်းထဲက လူငယ်တွေ အများစုကို ဆန့်ကျင်လိုက်တာနဲ့ ညီမျှသည်။ ဤသို့ဆိုလျှင် ဘယ်နေရာကို သွားသွား ရန်သူတွေ ပြည့်နှက်နေတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ရပါလိမ့်မည်။

သူမက အရမ်းကို မာနကြီးပြီးတော့ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထက်တောင် အတ္တကြီး နေတယ်ဆိုတာ အံ့သြစရာ မရှိတော့ပေ။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်သည်။

“ဒီနေရာကနေ အခုချက်ချင်း ထွက်သွားစမ်း။ အဲဒီလိုမှ မဟုတ်ရင် ငါကမင်းကို စော်ကားမှာ မဟုတ်ဘူး။ မင်းရဲ့ မျက်နှာကိုပဲ ရိုက်ပစ်ရလိမ့်မယ်။ မင်းရဲ့ အစ်ကိုတွေ ပုံစံကို ကြည့်ရတာ ဘယ်လိုမျိုး ဖြစ်သွားလဲ ဆိုတာကို မင်းသေသေချာချာ မှတ်မိတယ်မလား။ ဒါဆိုရင် မင်းလည်း သူတို့လိုမျိုး ပုံစံတူချင်နေလို့ ဒီကိုလာခဲ့တာ မဟုတ်လား”

“နင်တို့နှစ်ယောက်လုံး ဒီအတွက် နောင်တမရနဲ့”

အောင်းကျီထိုက်က အေးစက်စွာနဲ့ ပြောသည်။ အဲဒီနောက်မှာတော့ သူမရဲ့ အဝတ်အစားတွေကို စုတ်ဖြဲလိုက်သည်။ မျက်ရည်စ အနည်းငယ်နဲ့ သူမရဲ့ ဂုတ်ရိုးနဲ့ အတွင်းဘောင်းဘီမှာ အပေါက်အနည်းငယ် ဖြစ်ပေါ်လာသည်။ သူမရဲ့ နူးညံ့ချောမွေ့တဲ့ အသားအရည်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

သူမရဲ့ ဆံပင်တွေကို ထိုးဖွလိုက်ပြီးတော့ ရုတ်တရက် ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်သည်။

“မဟားတရား လုပ်နေပါတယ်။ မတော်မရား

ကြံ့စည်နေပါတယ်”

စိတ်ဂိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် တစ်ယောက်က သာမန်လူတစ်ယောက်ထက် အများကြီး သန်မာအားကောင်းပြီး အသံက မိုးကြိုးပစ်သံလို ဆူညံကျယ်လောင်ပြီး အရမ်းကို ဂေးကွာတဲ့ နေရာကနေ ကြားရပါတယ်။ ချက်ချင်းဆိုသလိုပဲ သူမရဲ့ အသံက တောင်ထိပ် တစ်ခုလုံးကို ပျံ့နှံ့သွားပြီးတော့ တခြားအနီးအနား တောင်ထိပ်က လူတချို့တောင်မှ သူမရဲ့ အသံကို ကြားရပေမည်။

ယွဲ့ခိုင်ယုက ချက်ချင်းဆိုသလိုပဲ သူမရဲ့ လှည့်ကွက်ကို နားလည်သဘောပေါက် သွားခဲ့သည်။ ပြီးတော့ အရမ်းကို ဒေါသထွက်သွားပြီး မျက်နှာအမူအရာကလည်း မည်းမှောင်သွား၏။

Chapter 348 end

အပိုင်း(၃၄၉) မမှန်ကန်သော စွပ်စွဲချက်

သိပ်မကြာခင်မှာ လူတော်တော်များများ ပြေးလာကြပြီးတော့ ခြံ့ဝင်းထဲကို ရောက်လာကြပါတယ်။

“ဂျူနီယာ ညီမလေး ကျီထိုက် မင်းအဆင်ပြေရဲ့လား”

“ဘယ်သူက မင်းကို မတော်မတရား ကြံစည်တာလဲ။ ငါ့ကိုပြောစမ်း။ အဲဒီကောင်ကို အစိတ်စိတ် အပိုင်းပိုင်း လုပ်ပစ်မယ်”

“ဂျူနီယာ ညီမလေး ကျီထိုက်ကိုတောင် မတော်မတရား ကြံစည်ရဲတယ်။ အဲဒီကောင် အသက်ရှင်ရတာ ငြီးငွေ့နေပြီထင်တယ်”

သူတို့တွေက တစ်ယောက်တစ်ပေါက် ပြောနေကြပါတယ်။ ဒီတောင်ထိပ်ပေါ်မှာ နေထိုင်ဖို့ အဆင့်မီတဲ့ လူတွေအားလုံးက အနည်းဆုံးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ရှိကြပါတယ်။ ပြီးတော့ ဒီနေရာက လူသုံးလေးဆယ် အထဲမှာတောင် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကိုတောင် ချိုးဖျက်ဂင်ရောက်ပြီးတဲ့ တပည့်တချို့ ရှိပါတယ်။ သူတို့အထဲမှာ တချို့က ပန်းဖူးအဆင့် သို့မဟုတ် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကိုတောင်မှ ချိုးဖျက်တက်ရောက်နိုင်ချေ ရှိတဲ့ လူတချို့ ရှိပါတယ်။

အောင်းကျီထိုက်က တကယ်ပဲ အရမ်းကို

လူကြိုက်များပါတယ်။ သူမရဲ့ အော်သံ တစ်ချက်နဲ့ပဲ လူတွေအများကြီးကို ချက်ချင်းပဲ အပြေးရောက်လာစေခဲ့ပါတယ်။ သူတို့ထဲက တချို့ဆို အရမ်းကို ဝေးတဲ့နေရာကနေ ဘာကိုမှ ဂရုမစိုက်ပဲ ပြေးလာခဲ့တာပါ။။

လုပချောမောတဲ့ အမျိုးသမီးဆိုတာက ရှားပါးတဲ့ စာရင်းမှာ နံပါတ်တစ် ဖြစ်ပါတယ်။ ပြီးတော့ ကျင့်ကြံခြင်းအဆင့် မြင့်မားတဲ့ အလှအပပိုင်ရှင်တွေဆို ပိုလို့တောင် နည်းပါးကြပါတယ်။ အောင်းကျီထိုက် ထူးထူးခြားခြားနဲ့ ချောမောလှပနေတဲ့ အခါမှာတော့ ဘာများလိုဦးမှာလဲ။

အောင်းကျီထိုက်က တကယ့်ကို ဟန်အမူအရာပိုတဲ့ သရုပ်ဆောင် တစ်ယောက်ပါပဲ။ သူမရဲ့ အစောပိုင်းတုန်းက စိတ်ကြီးဝင် မာနကြီး အေးစက်စက်နဲ့ အကြင်နာတရား ကင်းမဲ့တဲ့ အမူအရာက သူမရဲ့မျက်နှာကနေ လုံးဝကို ပျောက်ကွယ်သွားပါပြီ။ သူမက မြေကြီးပေါ်ကို ထိုင်ချလိုက်ပြီး မျက်ရည်တွေ စီးကျလာပြီးတော့ ရှိုက်ရှိုက်ပြီး ငိုကြွေးပါတယ်။

“သူတို့တွေက ငါ့ကို မတော်မရား ကြံချင်နေကြတာ။ ပြီးတော့ ငါ့ကို အတင်းပဲ အဟင့် ဟင့် ဟင့်

ငါ့အသက်ဆက်ပြီး မရှင်ချင်တော့ဘူး”

ဟုမ်း

ချက်ချင်းဆိုသလို လူတိုင်းလူတိုင်းရဲ့ ဒေါသမီးတွေက တောက်လောင်လို့ လာပါတယ်။ ပြီးတော့ သူတို့က လင်းဟာန်နဲ့ ယွဲ့ခိုင်ယုကို ဒေါသတကြီးနဲ့ စိုက်ကြည့်နေ သူတို့နှစ်ယောက်ကို အရိုးရော အသားပါမကျန်အောင် ဝါးစားပစ်ချင်တာကလွဲလို့ ဘာမှမရှိတော့တဲ့ ပုံစံမျိုး ဖြစ်နေကြပါတယ်။

ဒါပေမဲ့လည်း သူတို့တွေက အောင်းကျိုထိုက်ရဲ့ လှည့်စားမှုမှာ သူတို့အားလုံးရဲ့ အာရုံတွေ အကုန်လုံး ဆုံးရှုံးကုန်တာ မဟုတ်ပဲ တချို့တော့ ကျန်ပါသေးတယ်။ တစ်ယောက်က မေးလိုက်ပါတယ်။

“ဒါက ဖြစ်နိုင်ချေတော့ မရှိဘူးနော်။ ဒီလိုမျိုး နေရာမျိုးမှာ ကြံစည်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

ဒီနေရာက ဆောင်းလဂိုဏ်းရဲ့ ကြီးကြပ်မှုအောက်မှာ ရှိနေတဲ့ အနီးဆုံး နေရာတွေထဲက တစ်ခု ဖြစ်ပါတယ်။ ပြဿနာတစ်ခုခု ဖြစ်လိုက်တာနဲ့ ဆောင်းလဂိုဏ်းက

လက်ရွေးစင်တွေရဲ့ အာရုံစိုက်မှုကို ချက်ချင်းကြီး အာရုံခံမိသွားပါလိမ့်မယ်။

"မဖြစ်နိုင်တော့ရော ဘာဖြစ်သေးလဲ။ ဒါမှမဟုတ် မင်းက ဂျူနီယာ ညီမလေး ကျီထိုက်ရဲ့ စကားတွေနဲ့ သူမရဲ့ ဆွဲဆောင်နိုင်မှု အပေါ်မှာ သံသယ ဝင်နေတာလား"

ဒါပေမဲ့လည်း ဒီသံသယတွေက ချက်ချင်းဆိုသလို နှစ်မြုပ်ပျောက်ကွယ်သွား ကြပါတယ်။

"ဒီလူနှစ်ယောက် အတွေးတွေ အတူတူ ရှိကောင်း ရှိနေကြလိမ့်မယ်။ ပြီးတော့ ဒီနေရာမှာ သတ္တိကောင်းပြီး မဖွယ်မရာတွေကို လုပ်ပံ့ကြတယ်"

"သူတို့ကို သတ်ပစ်"

လူတော်တော်များများရဲ့ မျက်လုံးတွေက နီရဲပြီး ဒေါသတွေ ထွက်နေကြပါတယ်။

ယွဲ့ခိုင်ယုက မတ်တတ်ထရပ်ပြီး ချောင်းတစ်ချက်ဟန့်ကာ ပြောလိုက်ပါတယ်။

"စီနီယာနဲ့ ဂျူနီယာ ညီအစ်ကိုတို့ မင်းတို့အားလုံး အရမ်းကို ထင်ရာမြင်ရာတွေ မဖြစ်ကြပါနဲ့။ သူမဆီက စကားလေးတစ်ခွန်းကြောင့် ဘယ်ဟာက အမှန်ဆိုတာကိုတောင် မင်းတို့တွေ ဂရုမစိုက်ကြတော့ဘူးလား"

"ဟီးဟီး။ တခြားသူတွေက မလုပ်ပုံ့ကောင်း မလုပ်ပုံ့တာ ဖြစ်မယ်။ ဒါပေမဲ့ တကယ်လို့ ဒါက စီနီယာ အစ်ကိုယွဲ့ဆိုရင်တော့………"

တစ်ယောက်ယောက်က ပြောလိုက်ပါတယ်။

တခြားသူတွေက ဒီစကားကို ကြားလိုက်ရတဲ့အခါမှာ သူတို့တွေက ခေါင်းညိတ်ကုန်ကြပါတယ်။ ယွဲ့ခိုင်ယုက အကြီးအကဲယွဲ့ရဲ့ အချစ်ဆုံးမြေး ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူက အောင်းကျီထိုက်ကို မတော်မရား ကြံစည်မယ်ဆိုရင် ယွဲ့ကလန်ရဲ့ အကြီးအကဲ ခေါင်းဆောင်က အပေးအယူ တချို့ကို လုပ်ဖို့ဆန္ဒရှိနေသရွေ့ ယွဲ့ခိုင်ယုအတွက် အောင်းကျီထိုက်နဲ့ လက်ထပ်ထိမ်းမြားဖို့ဆိုတာ မဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။

ဒီအကြောင်းကို တွေးမိလိုက်တာနဲ့ လူတော်တော်များများ သူတို့ရဲ့ ခန္ဓာကိုယ်မှာ အေးစက်တဲ့ ချွေးတွေ ထွက်လာတယ်လို့တောင် ခံစားလိုက်ရပါတယ်။ နတ်ဘုရားတွေရဲ့ ကျေးဇူးကြောင့် သူတို့တွေက ဒီနေရာကို အချိန်မီ ရောက်လာနိုင်ခဲ့ကြပါတယ်။

အခုဆို အများစုက သူတို့ရဲ့ ဒေါသတွေကြောင့် ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးကုန်ပါတယ်။ ပြီးတော့ တကယ်လို့ တချို့မှာ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း ရှိနေသေးပေမဲ့ အဲဒါက လူနည်းစုမျှသာ ဖြစ်ပါတယ်။

"သူတို့နှစ်ယောက်ကို ဖမ်းဆီးပြီးတော့ ငါတို့ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေ အတိုင်း ရင်ဆိုင် ဖြေရှင်းရမယ်"

သူတို့တွေက တစ်ယောက်ပြီး တစ်ယောက် လှုပ်ရှားဖို့အတွက် အရှေ့ကို တိုးလာခဲ့ပါတယ်။

"ငါတို့တွေ ယွဲ့ခိုင်ယုကို ချမ်းသာပေးလို့ရတယ်ယ။ ဒါပေမဲ့ ဟန်လင်းကိုတော့ သေချာပေါက် ကွပ်မျက်ရမယ်။ ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်သလဲ။ ဒီကောင်က ဂျူနီယာ ညီမလေး အောင်းကျီထိုက်ကို မတော်မတရား ကြံစည်ရဲတယ်"

"ဒါအမှန်ပဲ။ သူ့ကို သတ်ပစ်"

သူတို့အားလုံးက အရမ်းကို ဒေါသထွက်နေကြပါတယ်။ ယွဲ့နိုင်ယုက ယွဲ့ကလန်က လူတစ်ယောက် ဖြစ်ပါတယ်။ ဘယ်သူကမှ သူ့ကို မသတ်ပံ့ကြပါဘူး။ ဒါပေမဲ့ လင်းဟန်ကတော့ မတူညီပါဘူး။ သူက အခုမှ လူသစ်တစ်ယောက် ဖြစ်ပြီးတော့ ဂိုဏ်းထဲကို စောစောတုန်းကမှ ရောက်လာတာပါ။ ပြီးတော့ တကယ်လို့ သူ့ကိုသတ်ပစ် လိုက်မယ်ဆိုရင်တောင်မှ ပြဿနာကြီးတစ်ခု မဟုတ်ပါဘူး။ လူတစ်ယောက် အတွက်နဲ့ သူတို့အားလုံးကို ဂိုဏ်းက ဘယ်လိုလုပ်ပြီးတော့ အပြစ်ပေးလိမ့်မှာလဲ။

အောင်းကျီထိုက်က ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာပါ။ ဒီလိုမျိုး ဖြစ်လာမယ်ဆိုတာကို သူမအနေနဲ့ ကြိုမြင်နေပါတယ်။ ဒါကြောင့်လည်း အခုလိုမျိုး လက်သီးပုန်းထိုးတဲ့ လုပ်ရပ်ကို လုပ်ရခြင်း ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူတို့လို လူငယ်တွေကို ရင်ဆိုင်ရဖို့ အလုအပ ဆိုတာက အရမ်းကို အစွမ်းထက်တဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒီလိုမျိုး လှည့်ဖျားမှု အသေးအဖွဲ့လေးက ပါရမီရှင်လို့ ခေါ်နေကြတဲ့

ဒီလူတွေကို အမိုက်တွေအဖြစ် ပြောင်းလဲသွား နိုင်ပါတယ်။ သွေးဆူလွယ်တဲ့ အရူးတွေပဲ။

အမှန်တော့လည်း သူတို့ကို အပြစ်တင် ကြိမ်းမောင်းဖို့က ခက်ပါတယ်။ ဒီလူတွေက အောင်းကျီထိုက်ကို အမြဲတမ်း နှစ်သက်သဘောကျခဲ့တဲ့ လူတွေဖြစ်ပါတယ်။ ပြီးတော့ သူတို့အားလုံးပဲ ရုတ်တရက်ဆိုသလို သူတို့ရဲ့ နတ်ဘုရားမလေးက မုဒိန်းကျင့်ပြီး ညစ်ပေသွားလုနီးနီး ဖြစ်သွားတယ် ဆိုတာကို ကြားလိုက်ရတဲ့အခါမှာ သူတို့တွေက ဒေါသတွေ ထွက်ကုန်တာ ဖြစ်ပါတယ်။ ဒီလိုမျိုး ဒေါသတွေကြောင့် သူတို့ရဲ့ ပုံမှန်စိတ်တွေ ပျောက်ဆုံးလု မတတ်ဖြစ်သွားတာက သဘာဂကျပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငတုံးဒေအ အုပ်စုပဲ"

သူက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ နတ်ဘုရားအာရုံ စိတ်ဆန္ဒ တစ်စွန်းတစ်စ ထည့်သွင်းပြီးတော့ ပြောလိုက်တာ ဖြစ်ပါတယ်။ ဒီအနောက်မှာ စွမ်းအားအများကြီး မပါဂင်ပေမဲ့ တစ်ယောက်ချင်းစီရဲ့ စိတ်ထဲကို တိုက်ရိုက် ဂင်ရောက်သွားဖို့အတွက်တော့

လုံလောက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူတို့အားလုံးက ထိတ်လန့်မှုကြောင့် မှင်တက်တွေဝေသွားပြီး သူတို့ရဲ့ ဒေါသတွေလည်း မီးကိုရေနဲ့ ငြိမ်းလိုက်သလိုမျိုး လျော့ကျလာခဲ့ပါတယ်။

ဒီကိစ္စမှ တစ်ခုခု မှားယွင်းနေသလိုမျိုး မြင်လိုက်ကြပါတယ်။ တကယ်လို့ ယွဲ့ခိုင်ယုက အောင်းကျီထိုက်ကို မတော်မရား ကျင့်ကြံမယ်ဆိုရင် ဘာဖြစ်လို့ သူက လင်းဟန်ကိုပါ ဆွဲထည့်သင့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ယွဲ့ခိုင်ယုကို လက်ယပ်ခေါ်လိုက်ပြီးတော့ သူနဲ့အတူ ပူးပေါင်းဆောင်ရွက် စေပါတယ်။ လင်းဟန်က ပြောလိုက်တယ်။

"ဒီအမျိုးသမီးရဲ့ ကိုယ်ပေါ်က အဂတ်အစားတွေကို တစ်ချက်ကြည့်လိုက်ပါ"

ပြီးဆိုတဲ့အသံနဲ့ သူက ယွဲ့ခိုင်ယုရဲ့ အကျီလက်ကို ဆွဲဖြဲလိုက်ပါတယ်။ ဒါက ယွဲ့ခိုင်ယုကိုတောင် ထိတ်လန့်အံ့သြသွားပါတယ်။

"တကယ်လို့ ဒီအဂတ်အစားတွေကို

တစ်ယောက်ယောက်က ဆွဲဖြဲမယ်ဆိုရင် ဒီလိုပုံစံမျိုးပဲ ဖြစ်နေရမယ်”

လင်းဟန်က ယွဲ့ခိုင်ယုရဲ့ လက်မောင်းကို မြှောက်ပြလိုက်ပါတယ်။

“ဒါပေမဲ့ ဒီအမျိုးသမီးရဲ့ အဝတ်အစားကတော့ ဟီးဟီး”

လင်းဟန်က တစ်ခဏမျှ ရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

“စီနီယာ အစ်ကိုယွဲ့ မင်းကိုယ်တိုင် အဝတ်အစားကို ဆုတ်ဖြဲလိုက်ပါ”

နောက်ဆုံးတော့ လင်းဟန်က ဘာကိုလုပ်ချင်လဲ ဆိုတာကို ယွဲ့ခိုင်ယုက နားလည်သဘောပေါက် သွားခဲ့ပြီး အလျင်အမြန်ပဲ ခေါင်းငြိမ့်လိုက်ပါတယ်။ နောက်ထပ် ဗြိဆိုတဲ့ အသံနဲ့ပ သူရဲ့ တခြားအကျီလက်ကို ဆွဲဖြဲလိုက်ပါတယ်။ တကယ်ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူအသုံးပြုလိုက်တဲ့ အားရဲ့ ရှုထောင့်က မတူညီတဲ့အတွက် ဆုတ်ဖြဲခြင်း ရလဒ်ကလည်း ကြည့်ရတာ လုံးဝကို ကွဲပြားနေပါတယ်။

အားလုံးရဲ့ အကြည့်တွေက ချက်ချင်းဆိုသလို အောင်းကျီထိုက်ဆီကို ကျရောက်လို့ သွားပါတယ်။

သူတို့အားလုံးက အနည်းဆုံး စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ရှိတဲ့သူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက ငတုံးငအတွေ ဖြစ်ကြမှာလဲ။ အခုက သူတို့အားလုံးက အောင်းကျီထိုက်ရဲ့ အလှအပကြောင့် အရူးလုပ်တာ ခံလိုက်ရတာဖြစ်ပြီးတော့ ဒေါသကြောင့် အရေးပါတဲ့ အကြောင်းအရာတွေကို ဘေးချိတ်ထားခဲ့မိပါတယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ သတိပေးချက်ကြောင့် သူတို့အားလုံးက တည်ငြိမ်သွားပြီးတော့ ဒီကိစ္စကို အပြင်းအထန် စတင်ပြီး စဉ်းစားနေကြပါတယ်။

အဓမ္မကျင့်ဖို့ ကြံစည်တာက ပထမအချက် ဖြစ်ပါတယ်။ ယုတ္တိမရှိတဲ့ အချက်တစ်ခုက ဒါကယ္ဖွဲ့ခိုင်ယုရဲ့ ကိုယ်ပိုင်ခြံဝင်း ဖြစ်ပါတယ်။ ဒါကြောင့် ဘာကြောင့် အောင်းကျီထိုက်က ဒီနေရာမှာ ရှိနေရတာလဲ။ တစ်ဖက်က ကြည့်မယ်ဆိုရင် တကယ်လို့ အောင်းကျီထိုက်က သူတို့ကို အမှုဆင်ဖို့ ကြိုးစားတယ်ဆိုရင် အရာအားလုံးက ယုတ္တိရှိလာပါလိမ့်မယ်။

"မင်းတို့အားလုံး သူတို့ပြောတာကို မယုံနဲ့။ အပြစ်ပေးတာကနေ လွတ်အောင်လို့ သူတို့တွေက လိမ်ပြီးတော့ လျှောက်ပြောနေတာ ဖြစ်လိမ့်မယ်"

လူအုပ်ထဲကနေ တစ်စုံတစ်ယောက်က ရုတ်တရက် ထအော်လိုက်ပါတယ်။ ဒါကြောင့် လူတချို့က ယွဲ့နိုင်ယုနဲ့ လင်းဟန်ကို ပြန်ပြီးတော့ ဒေါသတွေနဲ့ စိုက်ကြည့်လိုက်ကြပါတယ်။

လင်းဟန်က အရှေ့ကိုထွက်ပြီးတော့ လူအုပ်ထဲကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ခေါင်းကိုဖွက်ပြီး အမြီးကို ထုတ်ဖော်လိုက်ရုံနဲ့ မင်းဘယ်နေရာမှာ ပုန်းနေတယ်ဆိုတာကို ငါမသိတော့ဘူးလို့ မင်းထင်နေတာလား"

လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။လူတချို့က သူ့ကိုတားဆီးဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူတို့တွေကို လက်ဝါးတစ်ချက်စီ ရိုက်ပြီးတော့ အဝေးကို လွင့်ထွက်သွားအောင် လုပ်လိုက်ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို လူတစ်ယောက်ကို

ဖမ်းဆုပ်ကိုင်လာပြီးတော့ ယွဲ့ခိုင်ယုကို မေးလိုက်ပါတယ်။

“စီနီယာအစ်ကိုယွဲ့ ဒီလူကို သိသလား”

“သူက အောင်းကလန်က သားတွေထဲက တစ်ယောက် ဖြစ်လိမ့်မယ်။ ဒါပေမဲ့ သူရဲ့ နာမည်ကိုတော့ ဟီးဟီး”

ယွဲ့ခိုင်ယုက ပြောပြီးတော့ တစ်ခဏမျှ စဉ်းစားလိုက်ပါတယ်။

အောင်းဖန်းမှာ တကယ်ပဲ တိတ်တိတ်ပုန်း သားသမီးတွေက အများကြီး ရှိပါတယ်။

လင်းဟန်က အဲဒီလူကို မြေကြီးပေါ်ကို ပစ်ချပြီးတော့ ပြောလိုက်ပါတယ်။

“အားလုံးပဲ အခုဆိုရင် သဲသဲကွဲကွဲ သိသင့်ပြီ။ ဒီလူနှစ်ယောက်က အောင်းကလန်ကပဲ။ သူတို့က တစ်ယောက်ရဲ့ လှည့်ကွက်ကို နောက်တစ်ယောက်က ဖုံးကွယ်ပေးဖို့အတွက် လူအုပ်ကြား အထဲကနေ တစ်ယောက်က အော်ပေးကြတာပဲ”

ဒါက အရမ်းကို သိသာပါတယ်။ ဒီကောင်က မီးလောင်ရာ

လေပင့်ပေးတဲ့ သူဖြစ်ပါတယ်။

လူအုပ်ကြီးက တိတ်ဆိတ်ငြိမ်သက် ကုန်ပါတယ်။ သူတို့တွေက အရူးတွေ မဟုတ်ပါဘူး။ အောင်းကျီထိုက်က သူမကို သူတို့ရဲ့ ချစ်ခင်နှစ်သက်မှုကို အသုံးချခဲ့တာပါ။ ဒါပေမဲ့ အဆုံးမှာတော့ သူမက အမြဲတမ်းတော့ သူတို့ကို ဆက်ပြီး လိမ်လည်လှည့်ဖြားလို့ မရနိုင်ပါဘူး။

အောင်းကျီထိုက်က စူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။

"သူတို့ရဲ့ အဓိပ္ပာယ် မရှိတဲ့ စကားတွေကို နားမထောင်ကြနဲ့။ သူတို့က ငါ့ကို အဓမ္မကြံလုနီးပါး လုပ်ခဲ့ပြီးတော့ ငါ့နာမည်ကို လုပ်ကြံပြီး အသရေဖျက်ဖို့ ကြိုးစားနေကြသေးတယ်။ သူတို့တွေ အရမ်းကို လွန်နေပြီ"

လင်းဟန်က နာခေါင်းရှုံ့ပြီးတော့ အောင်းကျီထိုက်ဆီကို နောက်တစ်ကြိမ် လမ်းလျှောက် လာခဲ့ပါတယ်။

"နင်..နင် ဘာလုပ်မလို့လဲ"

သူမက တုန်ယင်နေတဲ့ အသံနဲ့ မေးလိုက်ပါတယ်။

“မင်းက ငါနဲ့ စီနီယာ အစ်ကိုယ့်ကို အမူဆင်ခဲ့တယ်။ ဒါကြောင့် မင်းက အပြစ်ဒဏ်တချို့ကို မခံယူသင့်ဘူးလား”

လင်းဟန်က အေးစက်စွာ မေးလိုက်ပြီးတော့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး အောင်းကျီထိုက်ကို ထိန်းချုပ်လိုက်ပါတယ်။

“ရပ်စမ်း”

ချက်ချင်းဆိုသလိုပဲ လူတော်တော်များများက လင်းဟန်ကို တပြိုင်နက်တည်း တိုက်ခိုက်လိုက် ကြပါတယ်။

အောင်းကျီထိုက်အတွက် သူတို့ရဲ့ ခံစားချက်တွေကို အသုံးပြုသွားတာက တစ်ခုပါပဲ။ ဒါပေမဲ့ တကယ်လို့ သူမက လိမ်လည်လှည့်ဖျားခဲ့တယ် ဆိုတာကို သူတို့တွေ သိနားလည်ရင်တောင်မှ ဘယ်လိုလုပ်ပြီးတော့ သူမကို ချစ်ခင်နှစ်သက်တဲ့ ခံစားချက်ကို လွယ်လွယ်နဲ့ လွှင့်ပစ်နိုင်မှာလဲ။ သူတို့အနေနဲ့ လင်းဟန်က အောင်းကျီထိုက်ကို တစ်ခုခု လုပ်ဖို့ကြံနေတာကို ဒီအတိုင်း လက်ပိုက်ပြီးတော့ ရပ်ကြည့်မနေနိုင်ပါဘူး။

“ငါ့ကို တားဖို့ ကြိုးစားတဲ့သူ မှန်သမျှ ကံကောင်းဖို့အတွက်

ဆုတောင်းရလိမ့်မယ်”

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပြီးတော့ သူရဲ့ တိုက်ပွဲဝင် အစွမ်းကို အပြည့်အဝ အသုံးပြုလိုက်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း

လက်သီးချီ အလင်းခြောက်ခုက အတားအဆီးမဲ့စွာနဲ့ ခုန်ပေါက်ထွက်ပေါ်လာပြီး ငွေရောင် နဂါးပုံရိပ်တွေက ထွက်ပေါ်လာပြီးတော့ သူရဲ့လမ်းကြောင်းတစ်လျှောက်မှာ ရှိသမျှ အရာအားလုံး ရပ်တည်နိုင်စွမ်း မရှိအောင် အစွမ်းကုန် ဆန့်ကျင်ပစ်ပါတယ်။ သူတို့တွေက လင်းဟန်ဆီက လက်သီးချက်ကြောင့် အပေးကို လွင့်ထွက်ကုန်ပြီးတော့ လေထဲမှာ လွင့်ပျံနေတဲ့ ကောက်ရိုး အပိုင်းအစလေးတွေလိုမျိုး ဖြစ်နေပါတယ်။

အောင်းကျိုထိုက်က အံ့အားသင့်သွားခဲ့ပါတယ်။ ပြီးတော့ သူမအနေနဲ့ပ မြေကြီးပေါ်မှာ ဟန်ဆောင်ပြီးတော့ ရှုံက်ငိုနေလို့ မဖြစ်တော့ပါဘူး။ သူမက အလျင်အမြန်နဲ့ ခုန်ထွက်ပြီးတော့ လူအုပ်ကြီး အားကိုးနဲ့ သူမလွတ်မြောက်ဖို့ ကြံစည်နေပါတယ်။ ဒီနေရာမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် သိုင်းပညာရှင်တွေ အယောက်တစ်ရာကျော်

ရှိပါတယ်။ လင်းဟန်က သူတို့အားလုံးကို တစ်ချက်တည်းနဲ့ အနိုင်ယူနိုင်လိမ့်မယ်လို့ သူမအနေနဲ့ မယုံကြည်ပါဘူး။

"မင်းရဲ့ ခြေထောက်တွေက အတော်လေးကို မြန်တာပဲ"

လင်းဟန်က အေးစက်စွာနဲ့ သရော်လှောင်ပြောင်လိုက်ပါတယ်။ သူက အရိပ်လေ လှုပ်ရှားမှုကို အသုံးပြုပြီးတော့ ချက်ချင်းဆိုသလိုပဲ အောင်းကျီထိုက်ရဲ့ အနောက်ဘက်မှာ ပေါ်လာခဲ့ပါတယ်။ သူရဲ့ညာဘက်လက်ကို ချိတ်တစ်ချောင်းလို အသုံးပြုပြီးတော့ ဒီအမျိုးသမီးကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။

Chapter 349 end

အပိုင်း(၃၅၀) ဓားတစ်ချက်နဲ့ သတ်လိုက်ပြီ

"ဒီကောင်ကဘယ်သူလဲ။ ဘယ်လိုလုပ်ပြီးတော့ သူ့မှာ ဒီလိုမျိုး လွှမ်းမိုးနိုင်တဲ့ အစွမ်းရှိနေတာလဲ"

"လက်သီးတစ်ချက်က စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင် ခုနစ်ယောက်ကို အဝေးလွင့်ထွက်သွားစေတယ်။ ပြီးတော့ စီနီယာအစ်ကိုလျိုက စိတ်ဝိညာဉ်

ပင်လယ်အလွှာ ၆ အဆင့်မှာ ရှိတယ်”

“လဖြွတ်ပဲ။ ဘယ်အချိန်တုန်းက ငါတို့ရဲ့ ဂိုဏ်းထဲမှာ ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်က ထွက်ပေါ်လာတာလဲ”

“ဟီးဟီး။ မင်းတို့ကောင်တွေ မသိဘူးလား။ သူက ဒီနှစ် တပည့်ရွေးချယ် လက်ခံပွဲကနေ လက်ခံထားတဲ့ လူသစ်တွေထဲက တစ်ယောက်ပဲ။ ပြီးတော့ သူက ငါတို့ဂိုဏ်းထဲကို ဝင်လာကာစပဲ ရှိသေးတယ်။ ဒီနေ့ ဝင်ခွင့်စာမေးပွဲရဲ့ ပထမနေရာကို သူက ရရှိခဲ့တယ်လေ”

“ဘာ”

“အောင်းမိသားစုရဲ့ သားခုနစ်ယောက် ပါဝင်ယှဉ်ပြိုင်တာကို သူက ပထမနေရာ ရအောင် ယူနိုင်သေးတယ် ဟုတ်လား”

“မင်းတို့ကောင်တွေ ဘယ်လိုသတင်းတွေကို ရနေတာလဲ။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်၊ စီနီယာအစ်ကိုယွဲ့ရောပဲ အားလုံးသူရဲ့ လက်ထဲမှာ ရှုံးနိမ့်ကုန်တာပဲ”

“ငါအခု သိသွားပြီ။ အောင်းကျီထိုက်က ဒီလိုမျိုးဟန်ဆောင်တာ မထူးဆန်းတော့ဘူး”

သူတို့တွေက ငတုံးငအတွေ မဟုတ်ကြပါဘူး။ သူတို့တည်ငြိမ်လာတာနဲ့ ပုံပြင်တစ်ခုလုံးရဲ့ အတွင်းရော အပြင်ရောကို အရမ်းကို လွယ်ကူစွာနဲ့ နားလည်သဘောပေါက် နိုင်ကြပါတယ်။

“ဟန်လင်း… ဂျူနီယာ ညီမလေး ကျီထိုက်ကို အရင်လွှတ်ပေးပါ။ ငါတို့တွေ အေးအေးဆေးဆေး ဆွေးနွေးနိုင်ပါတယ်”

တစ်စုံတစ်ယောက်က လင်းဟန်ကို ငဲ့ညှာဖို့ ပြောလိုက်ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့တွေ အခုလေးတင် ပေါက်ကွဲတုန်းက အားလုံးကို ကြည့်ရတာ အရမ်းကို ရက်စက် ကြမ်းကြုတ်တဲ့ ပုံစံတွေချည်းပဲ။ အချိန်မရွေး ငါ့ကိုတောင်မှ သေတဲ့အထိ ရိုက်နှက်သတ်ပုတ် ချင်နေကြတာပဲလေ။ ငါတကယ်ပဲ

အရမ်းကို ထိတ်လန့်ကြောက်ရွံ့မိတယ်”

“အာ”

အားလုံးပဲ ပြောစရာ စကားတွေ ကင်းမဲ့ကုန်ပါတယ်။ မင်းကမှ အောင်းမိသားစုရဲ့ သားခုနစ်ယောက်စလုံးကိုတောင်မှ အနိုင်ယူပြီး ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်ဦးမယ်။ ဒီနေရာမှာ စုနေတဲ့ လူတွေထဲက ဘယ်သူကများ မင်းကို ခြိမ်းခြောက်နိုင်စွမ်း ရှိလိမ့်မှာလဲ။ ဒါပေမဲ့ အခု အောင်းကျီထိုက်ကို သူကဖမ်းထားဆဲပါပဲ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် သူကြိုက်သလို ပြောနိုင်ပါတယ်။

“ဂျူနီယာ ညီလေးဟန်၊ မင်းရဲ့နှလုံးသားထဲမှာ မကျေမနပ်တွေ ဖြစ်နေတယ် ဆိုတာကို ငါနားလည်ပါတယ်။ ဒါပေမဲ့ ဂျူနီယာ ညီမလေး အောင်းကျီထိုက်က ဂိုဏ်းစောင့်ကြီး အောင်းရဲ့ အချစ်ဆုံး သမီးပဲ။ ပြီးတော့ ကြီးကျယ်မြင့်မြတ်တဲ့ အကြီးအကဲ အောင်းရဲ့ မြေးမကြီးပဲ”

တစ်စုံတစ်ယောက်က သတိပေးလိုက်ပါတယ်။

လင်းဟန်က ပေါ့ပေါ့ပါးပါး ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ အစ်ကိုယွဲ့လည်း ဂိုဏ်းစောင့်ကြီး ယွဲ့ကျန်းရှန်းရဲ့ သားဖြစ်သလို ကြီးကျယ်မြင့်မြတ်တဲ့ အကြီးအကဲ ယွဲ့ရဲ့ မြေးပဲလေ။ ဒါပေမဲ့ ဒီရုပ်ဆိုးဆိုး အမျိုးသမီးက သူ့ကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ အမူဆင်ခဲ့သေးတာပဲ။ သူမက အစ်ကိုယွဲ့ကို နည်းနည်းမှ မျက်နှာသာ မပေးမှတော့ စီနီယာ အစ်ကိုယွဲ့လည်း သူမကို မျက်နှာသာ ပေးစရာ မလိုဘူးလေ"

ယွဲ့ခိုင်ယုက ရုတ်တရက် ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်လိုက်ပါတယ်။ ဒီကိစ္စထဲကို သူက ဘယ်လိုလုပ်ပြီးတော့ ရုတ်တရက်ကြီး ဆွဲထည့်ခံလိုက်ရတာလဲ။ ဒါပေမဲ့ သူက တစ်ခဏမျှ စဉ်းစားမိတဲ့ နောက်မှာ လင်းဟန်ရဲ့ စကားတွေကို ငြင်းပယ်တဲ့ အရာမျိုး လုံးဝ မပြောခဲ့ပါဘူး။ အောင်းကျီထိုက်ရဲ့ လုပ်ဆောင်မှုက သူ့ကို အရမ်းပဲ မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ ပြီးတော့ သူ့အနေနဲ့ သူမကို ဒီလိုမျိုး အနည်းငယ်တော့ ခံစားသွားအောင် လုပ်ဖို့ ဆန္ဒရှိနေပါတယ်။

တကယ်လို့ သူက ဘာကိုမှ ပြန်မလုပ်ပဲနဲ့ သည်းခံနေမယ်ဆိုရင် ယွဲ့ကလန်က အောင်းကလန်ထက် နိမ့်ကျတယ်လို့ ဆိုလိုလိုက်တာနဲ့ တူမနေဘူးလား။

ဒါကြောင့် ဒီကိစ္စက လွယ်လွယ်ကူကူနဲ့ ပြီးဆုံးနိုင်မဲ့ ကိစ္စဆိုရင်တောင် သူ့အနေနဲ့ ဒီအတိုင်းပဲ လွှတ်ပေးလိုက်ရမဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအကျိုးသက်ရောက်မှုက မတူညီတဲ့ အုပ်စုနှစ်ခုကြားက ယှဉ်ပြိုင်မှု ဖြစ်ပါတယ်။

"ဂျူနီယာ ညီလေးဟန်၊ မင်းကတကယ်ပဲ ထူးထူးခြားခြား သန်မာတယ်။ ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ မင်းနဲ့ ဆန့်ကျင်နိုင်တဲ့လူ ဘယ်သူမှ မရှိဘူး။ ဒါပေမဲ့ ဒီနေရာမှာ ငါတို့တွေက အများကြီး ရှိတယ်။ ဒါကြောင့် ငါတို့က အရေအတွက်မှာ အသာစီးရတယ်။ ဘာဖြစ်လို့ မင်းက ဂျူနီယာ ညီမလေး ကျီထိုက်ကို အရင်ဆုံး လွှတ်မပေးတာလဲ။ ဂိုဏ်းအနေနဲ့ မင်းနဲ့ စီနီယာ အစ်ကိုယွဲ့အတွက် တရားမျှတမှုကို ရှာပေးပါလိမ့်မယ်"

လင်းဟန်က ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ သူက ယွဲ့ခိုင်ယုဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"စီနီယာ အစ်ကိုယွဲ့…. တကယ်လို့ ငါတိုက မတော်မတရား ကြံစည်ပြီးတော့ အဓမ္မကျင့်တာ အောင်မြင်ခဲ့မယ်ဆိုရင် ငါတို့ဘာတွေ ဖြစ်သွားလိမ့်မလဲ"

“သိုင်းပညာမှာ ရှောင်ကြဉ်ဖို့ လူအများက သဘောတူညီမှု သုံးခုရှိတယ်။ လူတစ်ယောက်က သူ့ရဲ့ မိဘကို ဆန့်ကျင်တာ၊ ဆရာသခင်ကို သစ္စာဖောက်တာနဲ့ လိင်ကိစ္စကို အကြမ်းဖက်တာပဲ။ ငါတို့ ဆောင်းလဂိုဏ်းက အမြဲတမ်း ဒီတားမြစ်ချက် သုံးခုကို စည်းကမ်းတင်းတင်းကြပ်ကြပ်နဲ့ စောင့်ကြည့်နေတယ်။ ဒါကြောင့် တကယ်လို့ အစ်မွကျင့်ကြံတာ တကယ်ပဲ အောင်မြင်သွားမယ်ဆိုရင် အပြစ်ဒဏ်ကတော့ ကွပ်မျက်ခံရလိမ့်မယ်”

ယွဲ့ခိုင်ယုက ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက အေးစက်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ ငါက အမှန်တကယ်ပဲ ကောင်းတဲ့လူ တစ်ယောက်ဖြစ်တယ်။ တကယ်လို့ ငါ့ကို လေးစားတယ် ဆိုရင် ငါကလည်း ပြန်လေးစားတယ်။ ဒါပေမဲ့ ငါ့ရဲ့ အာဃာတ အမုန်းကိုလည်း ကောင်းကောင်း မှတ်ထားတတ်တယ်။ ဘယ်သူမဆို ငါ့ကို ဆိုးဆိုးဂါးဂါး ဆက်ဆံရင် သေချာပေါက် ပြန်ပြီးတော့ လက်စား

ပြန်ချေတတ်တယ်”

“မင်းက ငါ့ကို သေစေချင်နေမှတော့ ဘာဖြစ်လို့ ငါက မင်းကို အသက်ဆက်ပြီး ရှင်ခွင့် ပေးရဦးမှာလဲ”

ဒီစကားလုံးတွေက အောင်းကျီထိုက်ကို တိုက်ရိုက် ပြောလိုက်တာပဲ ဖြစ်ပါတယ်။

အောင်းကျီထိုက်က တုန်တုန်ယင်ယင် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

“နင် ငါ့ကို တကယ်ပဲ သတ်ရဲတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

“ဂျူနီယာ ညီလေးဟန်။ အလျင်စလို မလုပ်ပါနဲ့ တကယ်တော့ ဒါက ထင်ကြေးသက်သက် ပါပဲ”

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

ဖူး

ဟုတ်ပါတယ်။ လင်းဟန်က တစ်စုံတစ်ယောက်ဆီက ဓားကို ဖြတ်လုပြီးတော့ အလင်းရောင် တစ်ချက် လက်သွားပြီး

သွေးတွေက ပန်းထွက်လာသလို အောင်းကျိုထိုက်ရဲ့ လည်ပင်မှာလည်း ဓားဒဏ်ရာ ပြတ်ရှပြီး ပွင့်ထွက်လာပါတယ်။သူမက လက်တစ်ဖက်က သူမရဲ့ လည်ပင်းကို ကိုင်ပြီးတော့ လင်းဟာန်ကို မယုံကြည်နိုင်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူမအနေနဲ့ သွေးတွေမထွက်အောင် တားဆီးနိုင်စွမ်း မရှိပါဘူး။

သူမက ဒီလိုပုံစံနဲ့ပဲ သေသွားရတော့မှာလား။

သူမရဲ့ အစ်ကိုတွေ အတွက် ရပ်တည်ပေးဖို့ပဲ လာခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ လူငယ်မျိုးဆက်တွေ အထဲမှာ လွှမ်းမိုးနိုင်စွမ်းကို အသုံးပြုဖို့ အစီအစဉ်ဆွဲထားပြီး လင်းဟာန်က အမျိုးသမီးတစ်ယောက်ကို အတင်းအဓမ္မ မတော်မရား ကြံစည်တတ်တဲ့ မနှစ်မြို့ဖွယ်ရာ အကျင့်စရိုက် ရှိတဲ့သူ တစ်ယောက်ဖြစ်အောင် လုပ်ဖို့ ကြံစည်ခဲ့တာပါ။ ပြီးတော့ အဲဒီအချိန်ကျရင် လူအုပ်ကြီးက အမှန်တရားကို စူးစမ်းရှာဖွေပေးဖို့ ပွက်လောညံအောင် တောင်းဆိုကြပါလိမ့်မယ်။ လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ ဆောင်းလဂိုဏ်းမှာ ဆက်ပြီးနေလို့ ရတော့မှာလဲ။

သူရဲ့ ကျင့်ကြံခြင်းကို ဖျက်ဆီးပစ်လိုက်ပြီးတော့

ဂိုဏ်းထဲကနေ သေချာပေါက် နှင်ထုတ်ခံရ ပါလိမ့်မယ်။

တကယ်လို့ အဖြစ်အပျက်တွေက သူမမျှော်လင့်ထားတာထက် နောက်ပိုင်းမှာ ပိုပြီးတော့ လွန်နေမယ်ဆိုရင်တောင် သူမအနေနဲ့ နည်းနည်းလေးမှ စိုးရိမ်ပူပန်နေမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ အကြံတစ်ခုက အလုပ်မဖြစ်ဘူးဆိုရင် နောက်ထပ်အကြံတစ်ခုက အမြဲလိုလို ရှိနေတတ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အရမ်းကို ပြတ်သားတဲ့ အကျင့်စရိုက် ရှိလိမ့်မယ်လို့ သူမအနေနဲ့ ဘယ်တုန်းကမှ မတွေးထားပါဘူး။ သူကအမှန်တကယ်ပဲ သူမကို ဓားတစ်ချက်ထဲနဲ့ သတ်ပစ်ခဲ့ပါတယ်။

သူမက အောင်းကလန်က ဖြစ်ပါတယ်။ ဘာကြောင့် လင်းဟန်က ဒီလိုမျိုး လုပ်ရဲရတာလဲ။

သူမအနေနဲ့ အကြောင်းပြချက်ကို ဘယ်တော့မှ သိမှာမဟုတ်ပါဘူး။ နောက်ဆုံးထွက်သက်ကို ရှူပြီးတော့ သူမရဲ့ခန္ဓာကိုယ်က မြေကြီးပေါ်ကို ဘုန်းခနဲ လဲကျသွားခဲ့ပါတယ်။ သူမရဲ့ ချောမောလှပတဲ့ မျက်နှာလေးက အခုလိုမျိုး ညစ်ပတ်ပေရေ သွားပါတယ်။

"ရှူး ရှဲ "

ဘေးနားကနေ အသက်ရှူသံ ပြင်းပြင်းတွေ အဆက်မပြတ် ကြားလိုက်ရပါတယ်။ အဲဒီနောက်မှာ လူတော်တော်များများက လင်းဟန်ကို မျက်လုံးနီနီတွေနဲ့ လှည့်ပြီးတော့ စိုက်ကြည့်နေ ကြပါတယ်။

"တိုက်ခိုက်ချင်တာလား။ ငါကလည်း ဆန္ဒရှိတယ် "

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

သူက အထူးသဖြင့် ဒေါသတွေ ထွက်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အမေရဲ့ သတင်းအချက်လက် တချို့ကို ရယူဖို့အတွက် လာခဲ့တာပါ။ ဒါပေမဲ့ အောင်းကျီထိုက်က အတင်းအဓမ္မ ဂင်ရောက် စွက်ဖက်ခဲ့ပါတယ်။ ဒါ့အပြင် သူ့ရဲ့အမေက လက်ရှိမှာ ဖမ်းဆီးချုပ်နှောင် ထားခြင်းကို ခံထားရတာဖြစ်ပါတယ်။ ပြီးတော့ ဘာဖြစ်လို့ ဒီလိုမျိုး ဖြစ်သွားရတာလဲဆိုတော့ အောင်းကလန်ရဲ့ ပါဂင်ပတ်သက်မှုကြောင့် ဖြစ်ပါတယ်။ အခု အောင်းကျီထိုက်က သူ့ကိုပါ အကွက်ချ ကြံစည်ဖို့ စီစဉ်နေမှတော့ သူ့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေကလည်း စီးဆင်းလာခဲ့ပါတယ်။

သူက ဆောင်းလဂိုဏ်းကို ဂင်လာတယ်ဆိုတာက သူ့အမေရဲ့ တည်နေရာကို ရှာဖွေချင်လို့ ဖြစ်ပါတယ်။ ပြီးတော့ သူက မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ရယူချင်ပါတယ်။ ဒါပေမဲ့ သူကအရှက်ခွဲဖို့ ဆန္ဒရှိတယ်ဆိုပြီးတော့ သွယ်ဝိုက်ပြောဆိုတာမှ မဟုတ်တာ။

သူက အရင်ဘဂတုန်းက ကောင်းကင်အဆင့်နဲ့ မှော်ဆေးပညာ ဧကရာဇ် ဖြစ်ခဲ့တဲ့သူပါ။ ဘယ်လိုလုပ်ပြီး သူရဲ့ကျောရိုးတွေက ပျော့ပျောင်းနူးညံ့နိုင်မှာလဲ။

တကယ်လို့ အခြေအနေတွေက အဆိုးဆုံး ဖြစ်လာမယ်ဆိုရင် သူ့အနေနဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို စွန့်လွှတ်နိုင်ပါတယ်။ ဒါအပြင် သူ့အစွမ်းထက်တဲ့ လူတစ်ယောက် ဖြစ်လာနိုင်သရွေ့ ဆောင်းလဂိုဏ်းကို ဖျက်ဆီးပစ်ပြီးတော့ သူ့အမေကို ပြန်ပြီးတော့ မကယ်တင်နိုင်ဘူးလား။ ဒီအကြံအစည်က အချိန်တော့ အတော်လေးကြာနိုင်ပါတယ်။ ပြီးတော့ သူကတော့ သူ့အမေကို ဖြစ်နိုင်သမျှ အမြန်ဆုံး ကယ်တင်ချင်တာပါ။

"ဟန်လင်း"

အနည်းဆုံး လူဆယ်ယောက်ကျော်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက နီရဲပြီးတော့ သူတို့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက မိုးထိအောင် ထိုးတက်နေ ပါတယ်။

အောင်းကျိုထိုက်က ဘာအမှားပဲ လုပ်ခဲ့လုပ်ခဲ့ ကိစ္စမရှိပါဘူး။ သူမက သေဖို့ လုံးဝ မထိုက်တန်ပါဘူး။ အခု သူတို့ရဲ့ နတ်ဘုရားမလေးက မရှိတော့ပါဘူး။ ဒါက သူတို့ကို ဒေါသတွေ အကြီးအကျယ် ထွက်သွားစေပြီးတော့ လင်းဟန်ကို အမှုန့်ဖြစ်သွားအောင် လုပ်ပစ်ချင်တဲ့ စိတ်တွေပေါက်လာခဲ့ပါတယ်။

ယွဲ့ခိုင်ယုလည်း အံ့အားသင့်နေရာကနေ သတိပြန်ဝင်လာခဲ့ပါတယ်။ သူ့ရဲ့နဖူးပေါ်က ချွေးတွေကို သုတ်ပစ်လိုက်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေပါတယ်။ ဒီကောင်က တကယ်ပဲ ဘိုးဘေးအငယ်လေးနဲ့ တူပါတယ်။ သူက အောင်းကျိုထိုက်ကို အခုလိုမျိုး အမှန်တကယ်ပဲ သတ်ပစ်လိုက်ပါတယ်။

အခုဘာဆက်လုပ်ကြမလဲ။ အောင်းကလန်က ဒီကိစ္စကို ဒီအတိုင်းလွှတ်ထားမှာ မဟုတ်ဘူး။

ဒါပေမဲ့ တစ်ခဏမျှ ကြာပြီးတဲ့နောက်မှာ လင်းဟန်ကို သူတတ်စွမ်းသမျှနဲ့ အကာအကွယ် ပေးဖို့ကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ယွဲ့ကလန်နဲ့ အောင်းကလန်က လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်တုန်းက မျှမျှတတ ရှိကြပါတယ်။ ပြီးတော့ သူတို့ရဲ့ ကလန်တွေ အချင်းချင်း လက်ထပ်ထိမ်းမြားပေးပြီးတော့ အဆင့်တက်အောင် လုပ်ဖို့ ဆန္ဒတောင် ရှိကြပါတယ်။ ဒါပေမဲ့ ယွဲ့ဟောင်ချန်ရဲ့ ကိစ္စတွေ ဖြစ်ပျက်လို့ အပြီးမှာတော့ ကလန်နှစ်ခုအကြားက ဆက်ဆံရေးက လုံးဂကို ပျက်စီးသွားခဲ့ပါတယ်။

လက်ရှိမှာ ကလန်နှစ်ခုက တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေပြီးတော့ အရာအားလုံးကို ယှဉ်ပြိုင်နေ ကြပါတယ်။ ပြီးတော့ အခုဆို ယွဲ့ကလန်က သိသိသာသာကို အောက်စည်းမှာ ကျရောက်လို့ နေပါတယ်။

တကယ်လို့ သူတို့တွေက မျိုးဆက်ဟောင်းအချင်းချင်း နိုင်ငံယှဉ်မယ်ဆိုရင် အောင်းဖန်းက ယွဲ့ကျန်းရှန်း အပေါ်မှာ လွှမ်းမိုးနိုင်ပြီးတော့ လူငယ်မျိုးဆက်မှာဆိုရင် အောင်းမိသားစုရဲ့ သားခုနစ်ယောက်က ယွဲ့ခိုင်ယုထက်

အားလုံးသန်မာကြပါတယ်။ ကလန်နှစ်ခု အကြားက ကွာဟချက်က ဘယ်လိုနည်းနဲ့မှ မသေးငယ်ပါဘူး။

သူတို့ရဲ့ အကြီးအကဲတွေက သရေကျနေတဲ့ အချက်ကိုပဲ ကျေးဇူးတင်ရမှာဖြစ်ပြီး စွမ်းရည်တွေကို အဓိက ဆုံးဖြတ်ကြတဲ့အတွက် နှစ်ဖက်စလုံးက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ရှိကြပါတယ်။ ဒါကြောင့် တကယ်လို့ ယွဲ့ကလန်ရဲ့ လူငယ်မျိုးဆက်က မသန်မာဘူး ဆိုရင်တောင်မှ သူတို့တွေက အောင်းကလန်နဲ့ ညီတူမျှတူ ရပ်တည်နိုင်စွမ်း ရှိနေဆဲ ဖြစ်ပါတယ်။ အနည်းဆုံးတော့ ယွဲ့ကလန်ရဲ့ အကြီးအကဲ အသက်ရှင်နေချိန် အတွင်းမှာ ဒီကိစ္စက မှန်ကန်ပါတယ်။

ဒါပေမဲ့ ပြဿနာက တကယ်လို့ ယွဲ့ကလန်က ဒီအတိုင်းသာ ဆက်ပြီးတော့ ရစရာ မရှိအောင် စုတ်ပြတ်သတ်ပြီး အောင်းကလန်ရဲ့ လူငယ်မျိုးဆက်က လုံးဂကို တိုးတက်နေမယ်ဆိုရင် ယွဲ့ကလန်က ကလန်နှစ်ခု အကြားယှဉ်ပြိုင်မှုမှာ သေချာပေါက် ရှုံးနိမ့်သွားပါလိမ့်မယ်။

ယွဲ့ကလန်ကလည်း အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားပါတယ်။ ဥပမာ ယွဲ့ခိုင်ယုက အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထက် ကျင့်ကြံခြင်း အရင်းအမြစ်တွေကို

ပိုပြီးတော့ ရရှိတာ သိသာပါတယ်။ ဒါပေမဲ့ ဘာကြောင့် သူရဲ့ ကျင့်ကြံခြင်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်မှာပဲ ရှိနေသေးတာလဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ယွဲ့ခိုင်ယုက သူရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ထားပြီး အခြေခံကို ခိုင်မာကျစ်လျစ်အောင် တည်ဆောက်ဖို့ အကောင်းဆုံး ကြိုးစားနေပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ သူရဲ့ကျင့်ကြံခြင်းကို ပြီးပြည့်စုံအောင် ကြိုးစားနေလို့ ဖြစ်ပါတယ်။

ယွဲ့ခိုင်ယုရဲ့ ပါရမီကလည်း မဆိုးပါဘူး။ ဒါပေမဲ့ သူက သဘာဂကို ဆန့်ကျင်လောက်တဲ့ အထိတော့ ပါရမီ မရှိပါဘူး။ ဒါ့အပြင် သူတစ်ယောက်တည်းက ပြိုင်ဘက် ခုနစ်ယောက်နဲ့ ဆန့်ကျင်ပြီး ရပ်တည်နေရတာ ဖြစ်တဲ့အတွက် သူရဲ့ အနိုင်ရနိုင်ချေက တကယ့်ကို မပြောပ လောက်ပါဘူး။

အဲဒီအချိန်မှာပဲ လင်းဟန်က ပေါ်လာခဲ့ပါတယ်။

သူရဲ့ ပါရမီက သဘာဂကို ဆန့်ကျင်နေသလို သူ့မှာ မှော်ဆေးပညာရှင် ဆိုတဲ့ နောက်ခံလည်း ရှိပါတယ်။ ပိုပြီးတော့ အရေးကြီးတာက အစကနေ အဆုံးထိ သူက အောင်းကလန်နဲ့ ဆန့်ကျင်ဘက်မှာ ရှိနေပါတယ်။ ဒါကြောင့် ယွဲ့ခိုင်ယုက လင်းဟန်နဲ့ သူငယ်ချင်း ဖြစ်ချင်ခဲ့ပါတယ်။

ဘယ်သူသိနိုင်မှာလဲ။ သူက အနာဂတ်မှာ အောင်းကလန်ကို ဆန့်ကျင်မဲ့ အကြီးမားဆုံး အစွမ်းထက်တဲ့ လူတစ်ယောက် ဖြစ်လာမလား ဆိုတာကိုပေါ့။

အခု လင်းဟန်က အောင်းကျီထိုက်ကို သတ်ပစ်ခဲ့ပါပြီ။ အပေါ်ယံကြည့်ရင် သူက အောင်းကလန်နဲ့ ကမ္ဘာမကြေတဲ့ ရန်စတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အမှန်တော့ ဒါက ယွဲ့ကလန်အတွက် အခွင့်အရေး တစ်ခုပဲ မဟုတ်လား။ ယွဲ့ကလန်အတွက် အခွင့်အရေးတစ်ခုနဲ့ပ လင်းဟန်က တကယ့်ကို စစ်မှန်တဲ့ မဟာမိတ် ဖြစ်လာပါပြီ။

Chapter 350 end

အပိုင်း(၃၅၁) အောင်းဖန်း ပေါ်လာပြီ။

“မင်းဘာဆက်လုပ်မလဲ”

ယွဲ့ခိုင်ယုက စိုးရိမ်မကင်း ဖြစ်ပြီးတော့ မေးလိုက်ပါတယ်။ သူက ဆုံးဖြတ်ချက် ချပြီးပြီ ဆိုမှတော့ ပြတ်ပြတ်သားသား ဆောင်ရွက်ရပါမယ်။ ဒါက ကလန်ကြီးတစ်ခုက အဖွဲ့သား တစ်ယောက်ရဲ့ စရိုက်သဘာဝ ဖြစ်ပါတယ်။

“သူက ဂျူနီယာ ညီမလေး ကျီထိုက်ကို သတ်ပစ်ခဲ့တယ်။

ငါတို့သူမအတွက် လက်စားချေတဲ့ အနေနဲ့ သူ့ကို သတ်ပစ်ရလိမ့်မယ်”

လူအုပ်ကြီးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

“အဓိပ္ပာယ်မရှိတာ”

ယွဲ့ခိုင်ယုက အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

“ဂိုဏ်းရဲ့ ဒီလိုနေရာမျိုးမှာ မင်းတို့အားလုံးကို သီးသန့် တိုက်ခိုက်ဖို့ ခွင့်ပြုထားလို့လား။ ဂျူနီယာ ညီလေးဟန်ရဲ့ ပြစ်မှုကို ဂိုဏ်းကပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ ဒါကြောင့် မင်းတို့တွေက ဘယ်လိုလုပ်ပြီးတော့ ပြဿနာရှာနေကြတာလဲ”

“အဲဒါအမှန်ပဲ။ ဒီကိစ္စကို ဂိုဏ်းကပဲ ကိုင်တွယ်ဖြေရှင်းလိမ့်မယ်”

ကြည်လင်တဲ့ အသံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။ ခြံဝင်းထဲကို နောက်ထပ် လူတစ်ယောက်က ရောက်လာခဲ့ပါတယ်။ ဘယ်သူကမှ အဲဒီလူ ရုတ်တရက် ထွက်ပေါ်လာတာကို

မမြင်တွေ့ခဲ့ကြပါဘူး။

ဒါပေါ့။ လင်းဟန်ကတော့ ခြွင်းချက်ပါပဲ။

"ဂိုဏ်းစောင့်အောင်းကို နှုတ်ဆက်ပါတယ်"

ထပ်ရောက်လာတဲ့ လူကို တွေ့လိုက်ရတဲ့ အခါမှာ လူအုပ်ကြီးက သူတို့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ ဂါရဝ ပြုလိုက်ကြပါတယ်။

လင်းဟန်က အနည်းငယ် အံ့အားသင့်သွားပါတယ်။ ဒါဆိုရင် သူက အောင်းဖန်းပေါ့။

လင်းဟန်က သူ့ရဲ့မျက်လုံးတွေကို အသစ်ထပ်ရောက်လာတဲ့ သူကို လှည့်ပြီး ကြည့်လိုက်ပါတယ်။ ပြီးတော့ အသက်လေးဆယ်ခန့် ရှိတဲ့ ယောကျ်ားတစ်ယောက်ကို မြင်လိုက်ရပါတယ်။ သူ့ပုံစံက ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်နဲ့ အသားအရည်က ကျောက်စိမ်းလို ကြည်လင် တောက်ပပြီး ကြည့်ရတာ အရမ်းကို ခန့်ညားပါတယ်။ ဒါအပြင် သူ့မှာ ဆွဲဆောင်ညှို့ယူနိုင်မှု တစ်ခုလည်း ရှိပါတယ်။ ဒါက အမျိုးသမီးတွေကို လွယ်လွယ်ကူကူနဲ့ သူ့ကို နှစ်သက် သဘောကျအောင် လုပ်နိုင်ပါတယ်။ သူ့မှာ မိန်းမတွေ

များတာ သိပ်ပြီးတော့ မထူးဆန်းတော့ပါဘူး။ သူ့ရဲ့ ပုံပန်းသွင်ပြင်နဲ့ ညို့ယူဖမ်းစားနိုင်မှု နှစ်ခုလုံးက သာမန်ထက် အများကြီး သာလွန်နေပါတယ်။

ဒါ့အပြင် အောင်းဖန်းက သိုင်းပညာမှာလည်း ထူးထူးခြားခြား ပါရမီရှိပြီးတော့ အခုဆိုရင် ပန်းဖူးအဆင့်ကို ခြေတစ်လှမ်းတောင် ဝင်ရောက်နေပါပြီ။ နှစ်ပေါင်း ဆယ်ဂဏန်း အနည်းငယ် အတွင်းမှာ ရောက်ရှိခဲ့တာ ဖြစ်ပြီးတော့ မိုးရေကြေရာဇ်ထက်တောင်မှ သူရဲ့ စွမ်းရည်က ထူးချွန်ထက်မြက်တယ် ဆိုတာသက်သေပြဖို့ လုံလောက်ပါတယ်။

ဟုတ်ပါတယ်။ မျိုးဆက်တိုင်းမှာ ပါရမီရှင်တွေ ရှိကြပါတယ်။ အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲမှာ အနည်းဆုံးတော့ အောင်းချင်းလိုင်က အောင်းဖန်းထက် သာလွန်ပါတယ်။ နောက်ပိုင်း အောင်းဖန်းရဲ့ အသက်အရွယ်ကို ရောက်လာတဲ့ အခါကျရင် မြောက်ပိုင်းဒေသ တစ်ခုလုံးက လုယန်၊ ဖူရွှမ်အာနဲ့ ကျိုးယွီတ တို့ထက်တောင် ပိုပြီးတော့ လွှမ်းမိုးနိုင်စွမ်း ရှိမှာပါ။

အောင်းဖန်းရဲ့ အကြည့်တွေက အောင်းကျီထိုက်ရဲ့ ခန္ဓာကိုယ်အပေါ်မှာ အချိန်တစ်ခဏကြာမျှ

ရပ်တန့်နေပါတယ်။ သူရဲ့ဘဂတစ်လျှောက်လုံး သူကအရမ်းကို မြှာပွေခဲ့ပြီးတော့ တိတ်တိတ်ပုန်း သားသမီးတွေ အများကြီး ရရှိခဲ့ပါတယ်။ ပြီးတော့ ဒီနှစ်တွေအတွင်းမှာ သူ့ကိုယ်သူ အတော်လေး ထိန်းချုပ်ခဲ့ပါတယ်။ အမှန်ဆို သူကိုယ်တိုင်တောင်မှ သူကလေးတွေအားလုံးကို တစ်ယောက်ချင်းစီရဲ့ နာမည်ကို မမှတ်မိနိုင်ပါဘူး။

ဒါပေမဲ့လည်း သူရဲ့သားသမီးတွေထဲမှာ တချို့က ပါရမီထူးချွန်တဲ့ လူအနည်းငယ် ရှိပြီးတော့ အဲဒီကလေးတွေကိုတော့ သူက အတော်လေးကို ချစ်မြတ်နိုးပါတယ်။

ဥပမာ အောင်းချင်းလိုင်နဲ့ နောက်တစ်ယောက်က အောင်းကျီထိုက် ဖြစ်ပါတယ်။

ဂိုဏ်းထဲကို အခုမှ ဝင်ကာစပဲ ရှိသေးတဲ့ တပည့်တစ်ယောက်က သူရဲ့ အချစ်ဆုံး သမီးကို တကယ်ပဲ သတ်ရဲတာလား။

ဒေါသတွေ ပိုပြီးတော့ ထွက်လေ အောင်းဖန်းရဲ့ အမူအရာက ပိုပြီးတော့ တည်ငြိမ်လာလေပါပဲ။ သူက တည်တည်ငြိမ်ငြိမ်နဲ့

ပြောလိုက်ပါတယ်။

“ဂိုဏ်းအတွင်းမှာ တိုက်ပွဲတစ်ခုကို တိုက်ခိုက်ဖို့ စည်းမျဉ်းစည်းကမ်းက အကြီးအကျယ်ကို တားမြစ်ထားတယ်။ ဒါပေမဲ့လည်း ဂိုဏ်းစောင့်တစ်ယောက် အနေနဲ့ ဒီကိစ္စကို ငါသေချာပေါက် ကိုင်တွယ်ဖြေရှင်းသင့်တာပေါ့ ဟုတ်တယ်မလား တူလေး ယွဲ့ခိုင်”

စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အရှိန်အဂါက အပြင်ကို ထွက်ပေါ်လာခဲ့ပြီး ယွဲ့ခိုင်ယုရဲ့ အေးစက်တဲ့ ချွေးတွေက ထိန်းမနိုင်သိမ်းမရ ထွက်လာခဲ့ပါတယ်။ အောင်းဖန်းက ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဂင်ရောက်နေခဲ့ပြီးတော့ တန်ခိုးရှင်တစ်ယောက်ရဲ့ အရှိန်အဂါတစ်စွန်းတစ်စကို ပိုင်ဆိုင်နေပါပြီ။ အဲဒါက ယွဲ့ခိုင်ယုရဲ့ ကိုယ်ပေါ်ကို တောင်ကြီးတစ်လုံး ကျဆင်းလာသလိုမျိုး ခံစားလိုက်ရပါတယ်။ သူ့အတွက် ဖိအားနဲ့ စိတ်ဓာတ်စွမ်းအားကို ရပ်တည်နိုင်အောင် လေ့ကျင့်ခန်းတစ်ခု လုပ်ပြီးတော့ လေ့ကျင့်ထားတာတောင်မှ သူရဲ့ခြေထောက်တွေက ထိန်းမနိုင်သိမ်းမရ တုန်ခါနေပါတယ်။ စကားကို ဘယ်လိုလုပ်ပြီးတော့ ပြောနိုင်မှာလဲ။

ဒါပေမဲ့လည်း အဲဒီအချိန်မှာပဲ လင်းဟန်က အရှေ့ကိုထွက်လာပြီးတော့ ယွဲ့ခိုင်ယုရဲ့ အရှေ့မှာ ရပ်လိုက်ပြီး ဒီဖိအားဒဏ်ကို သူ့ရဲ့ပခုံးပေါ်ကို ယူလိုက်ပါတယ်။

ယွဲ့ခိုင်ယုက ချက်ချင်းဆိုသလို ပေါ့ပါးသွားသလို ခံစားလိုက်ရပါတယ်။ သူက စိုးရိမ်ပူပန်တာရော ကျေးဇူးတင်တာပါ နှစ်ခုလုံးကို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ဘယ်လောက်ပဲ မွန်းစတား ဆန်နေပါစေ သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ပဲ ရှိပါသေးတယ်။ သူ့အတွက်ကတော့ ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေတဲ့ လူတစ်ယောက်က ထုတ်လွှတ်တဲ့ အရှိန်အဝါကို တောင့်ခံနိုင်ဖို့ဆိုတာက ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။

လင်းဟန်ရဲ့ ပုံစံကတော့ အရမ်းကို တည်ငြိမ်နေပါတယ်။ အောင်းဖန်းက သူရဲ့ အရှိန်အဝါကို အသုံးပြုပြီးတော့ သူ့ကို ဖိနှိပ်ချင်ခဲ့တာပါ။ ဒါပေမဲ့ သူ့လိုမျိုး ကောင်းကင်အဆင့်ကို ရောက်ဖူးတဲ့ လူတစ်ယောက်ကို ဘယ်လိုလုပ် ရနိုင်မှာလဲ။ သူက ဓားကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ် တို့လို အဆင့်မျိုးကို ရောက်ရှိအောင်လို့ အကောင်းဆုံး ထပ်ပြီးတော့ ကြိုးစားနေတာပါ။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

“ဂိုဏ်းစောင့်ကြီးအောင်းက ကျနော်ကို ဘာများလုပ်မလို့ စီစဥ်ထားတာလဲ”

လပြွတ်။

လူအုပ်ကြီးက လင်းဟန်ရဲ့ သတ္တိကောင်းမှုကို လှိုက်လှဲစွာနဲ့ ချီးကျူးအထင်ကြီး နေကြပါတယ်။

ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေတဲ့ လူတစ်ယောက်ရဲ့ အရှေ့မှာတောင်မှ လင်းဟန်က အရမ်းကို တည်ငြိမ်နေဆဲ ဖြစ်ပါတယ်။ သူက အရမ်းကို သတ္တိကောင်းပြီး ဒီတစ်ချက်တည်းကပဲ သူတို့ရဲ့ အထင်ကြီး အားကျမှုကို ခံယူဖို့ ထိုက်တန်ပါတယ်။

“အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်းပဲ။ ဒါကြောင့် အပြစ်ဒဏ်ကတော့ ကွပ်မျက်ခြင်းပဲ”

အောင်းဖန်းကလည်း တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူကပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေပြီးတော့ ဒီနေရာမှာ အဲဒီလိုမျိုး အမိန့်သြဇာအာဏာကို

ပိုင်ဆိုင်ထားပါတယ်။

လင်းဟန်က ရုတ်တရက် ကျယ်လောင်စွာနဲ့ ရယ်ပြီးတော့ ပြောပါတယ်။

"အောင်းကျီထိုက်က စီနီယာ အစ်ကိုယွဲ့နဲ့ ကျနော်တို့ နှစ်ယောက်စလုံးကို အကွက်ပြင် ဥာဏ်ဆင်ခဲ့တယ်။ ကျနော်က ဒီတစ်ကြိမ် စမ်းသပ်စစ်ဆေးမှုရဲ့ ချန်ပီယံပဲ။ ကျနော်ရဲ့ ပါရမီနဲ့ဆိုရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ဆိုတာက ကျနော်အတွက်က အခက်အခဲ မရှိဘူး။ စီနီယာအစ်ကိုယွဲ့က အကြီးအကဲယွဲ့ရဲ့ မြေးကြီးသြရသ တစ်ယောက်ဖြစ်တယ်။ ကျနော်တို့က ဘယ်သူတွေလဲ။ ပြီးတော့ ဂိုဏ်းအတွက် ဘယ်လောက်တောင်မှ အရေးကြီးလိုက်သလဲ။ အောင်းကျီထိုက်က အကွက်ဆင် အကောက်ကြံပြီးတော့ ကျနော်တို့ကို ရွံ့ရှာစရာ ကောင်းအောင်လို့ လုပ်ဖို့ ကြံစည်ခဲ့တယ်။ အဲဒီလို လူတစ်ယောက်ဖြစ်တဲ့ သူမကို မကွပ်မျက်သင့်ဘူးလား"

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာတော့ လူတိုင်းလူတိုင်းရဲ့ မျက်နှာက တွန့်သွားပြီးတော့ တူညီတဲ့ အတွေးတွေကို တွေးလိုက်ကြပါတယ်။ သူတို့တွေက

အရေထူတဲ့ လူတချို့ကို တွေ့မြင်ဖူးခဲ့ ကြပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ကိုယ့်ကိုကိုယ် ချီးကျူးပြီးတော့ မြှောက်စားတတ်တဲ့ လင်းဟန်လို လူစားမျိုးကိုတော့ တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ သူ့ကိုသူ ပုံကြီးချဲ့ပြီးတော့ အနာဂတ်မှာ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို သေချာပေါက် ချိုးဖျက်ဝင်ရောက် လိမ့်မယ်လို့တောင် ပြောခဲ့ပါသေးတယ်။ ဒီကောင်က တကယ့်ကို အရူးတစ်ယောက်ပဲ။

ဒါပေမဲ့လည်း နေ့ခင်းတုန်းက လင်းဟန်ရဲ့ တိုက်ပွဲအစွမ်းကို မျက်မြင်ကြုံတွေ့ မြင်ခဲ့ရတဲ့ သူတွေကတော့ သူတို့ရဲ့ ခေါင်းတွေကို ညိတ်ပြီးတော့ ထောက်ခံလိုက် ကြပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မျှသာရှိတဲ့ လူတစ်ယောက်က အောင်းမိသားစုရဲ့ သားခုနစ်ယောက်စလုံးကို အမှန်တကယ်ပဲ အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒီကောင်ရဲ့ သိုင်းပညာ ပါရမီက ကြောက်ခမန်းလိလိ ပါပဲ။ ဒါအပြင် သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ကို အသက်ဆယ့်ကိုးနှစ်နဲ့ ရောက်နေခဲ့တာပါ။ ဒီလိုမျိုး အောင်မြင်မှုမျိုးကို ဆောင်းလကိုဏ်းရဲ့ သမိုင်းတစ်လျှောက်မှာရှိတဲ့ ထိပ်ဆုံးအယောက်တစ်ရာ အတွင်းမှာ ထည့်သွင်းရေတွက်လို့တောင် ရနိုင်ပါတယ်။

ဒီအယောက် တစ်ရာထဲက လူတွေထဲမှာ ငါးဆယ့်ခြောက်ယောက်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ပြီးတော့ သုံးဆယ့်တစ်ယောက်ကတော့ ပန်းဖူးအဆင့်ရဲ့ အလွှာ ၉ အဆင့်ကို နောက်ဆုံးမှာ ရောက်နိုင်ခဲ့ပါတယ်။

ကျန်ရှိတဲ့ ဆယ့်သုံးယောက် အတွက်ကရော။

သူတို့တွေကတော့ ငယ်ရွယ်စဉ်မှာပဲ သေဆုံးသွားပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့လည်း အနည်းဆုံး ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ပါလိမ့်မယ်။

သမိုင်းအထောက်အထားတွေက လင်းဟန်အနေနဲ့ အဲဒီလိုမျိုး အလားအလာကောင်း ရှိတယ်ဆိုပြီးတော့ သက်သေပြနေပါတယ်။

အောင်းဖန်းက အံ့သြမှင်တက် သွားခဲ့ပါတယ်။ လင်းဟန်က သူရဲ့ အရှိန်အဝါ ဖိအားအောက်မှာ ရောက်နေတာတောင်မှ သေချာတဲ့ လေသံနဲ့ ဒီလိုမျိုး စကားတွေ အများကြီး ပြောနိုင်လိမ့်မယ်လို့ သူ့အနေနဲ့ လုံးဝကို မထင်ထားခဲ့ပါဘူး။

ဒါပေမဲ့လည်း သူက ဒေါသမထွက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့မှာ အစွမ်းလုံး၊ ပိုင်ဆိုင်ထားပါတယ်။ ဒီလိုအစွမ်းမျိုး ရှိနေမှတော့ သူ့အတွက် ဘာဖြစ်လို့ ဒေါသထွက်နေဖို့ လိုဦးမှာလဲ။

"ငါဂရုမစိုက်ဘူး။ ငါသိတာ တစ်ခုတည်းက မင်းက ငါ့သမီးကို သတ်ခဲ့တယ်။ ဘယ်သူကမှ အောင်းကလန်က ဘယ်သူ့ကိုမှ သတ်လို့မရဘူး။ ဘယ်သူကမှ မသတ်ရဘူး"

သူက လှုပ်ရှားလိုက်ပါတယ်။ သူရဲ့အနောက်ကနေ လင်းလက်တောက်ပ သွားပြီးတော့ သူရဲ့ သိုင်းဆန္ဒက အစွမ်းကုန် ထွက်ပေါ်လာပြီးတော့ ၎င်းရဲ့ ကိုယ်ပိုင်ကမ္ဘာ တစ်ခုလိုမျိုး မြင်လိုက်ရပါတယ်။

ဒီအချိန်တိုလေး အတွင်းမှာ လင်းဟန်ရဲ့ စိတ်ထဲမှာ အတွေးပေါင်းများစွာကို စဉ်းစားမိ လိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို သူ့ထဲကို ထည့်သွင်းသင့်သလား။ ဒါမှမဟုတ် နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ ဒီရန်သူကို တန်းပြီးတော့ သတ်ပစ်သင့်သလား။ ဒါမှမဟုတ် အနက်ရောင်မျှော်စင်ထဲကို ဝင်ပြီးတော့ ယာယီအားဖြင့်

ပုန်းရှောင်ပြီး ရင်ဆိုင်ဖြေရှင်း သင့်သလား။ ဘာကြောင့်လဲဆိုတော့ သူက အောင်းဖန်းကို လင်းဒေါင်ရှန်ကိုယ်တိုင်က ရင်ဆိုင်ဖြေရှင်းဖို့ အတွက်ကို အရမ်းပဲ လိုချင်နေခဲ့တာပါ။

ဒါပေမဲ့လည်း သူဆုံးဖြတ်ချက် မချရသေးခင်မှာပဲ နီရဲနေတဲ့ ကြီးမားတဲ့ လက်ဝါးရိုက်ချက် တစ်ခုက အောင်းဖန်းရဲ့ တိုက်ခိုက်မှုကနေ အရှေ့ကို ထွက်လာခဲ့ပါတယ်။

"ဟင့်။ ဆောင်းလဂိုဏ်းက မင်းရဲ့ကိုယ်ပိုင် နိုင်ငံလိုမျိုး မင်းစိတ်ကြိုက် လုပ်နိုင်တဲ့ နေရာတစ်ခု မဟုတ်ဘူး"

ဟုမ်း

ပြင်းထန်တဲ့ အားလှိုင်းတစ်ခု ထွက်ပေါ်လာပြီးတော့ တောက်ပလင်းလက်တဲ့ အလင်းရောင် တစ်ခုဖြစ်ပေါ်လာပါတယ်။

အလင်းရောင် ပျောက်ကွယ်သွားတဲ့ အခါမှာ နောက်ထပ် ယောကျ်ားတစ်ယောက်က လင်းဟန်ရဲ့ အရှေ့မှာ ရပ်နေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အသက်လေးဆယ်ခန့် ရှိပြီးတော့ အနက်ရောင် ဆံပင်တွေက လေထဲမှာ

လွင့်မျောနေပါတယ်။ သူရဲ့လက်သီးကို ရုပ်သိမ်းလိုက်ပြီးတော့ သူ့ရဲ့ လက်တွေကို အနောက်ကို ပစ်ပြီး ပြောပါတယ်။

"ဒီအမှားက ကျီထိုက်ရဲ့ လိမ်လည်မှုကြောင့်လို့ ငါထင်တယ်။ ဟန်လင်းကတော့ မဆင်မခြင် လုပ်လိုက်တဲ့ အတွက်ကြောင့် သူ့ကို အရှုံးရာ နည်းနည်းလောက် ပေါ်အောင်လို့ ရိုက်နက်လိုက်ရင် လုံလောက်ပြီ"

"အဖေ"

ယွဲ့ခိုင်ယုက ရုတ်တရက် ကျေနပ်ပီတိ ဖြစ်သွားပြီး အံ့အားသင့်စွာနဲ့ လှမ်းခေါ်လိုက်ပါတယ်။ သူ့ကို ပျော်ရွှင်သွားစေတဲ့ အချက်ကတော့ သူ့ရဲ့အဖေက သူ့လိုမျိုးပဲ တူညီတဲ့ ဆုံးဖြတ်ချက် ချခဲ့တယ် ဆိုတာသိသာပါတယ်။ သူတို့ရဲ့ စွမ်းရည်တွေနဲ့ အကောင်းဆုံး အသုံးပြုပြီး လင်းဟန်ကို ကာကွယ်ပေးဖို့ပါပဲ။

"ဂိုဏ်းစောင့်ကြီး ယွဲ့ကို နှုတ်ဆက်ပါတယ်"

အားလုံးက နောက်တစ်ကြိမ် ဂါရဝ ပြုလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာ ရောက်ရှိလာတဲ့ သူကတော့ ယွဲ့ကျန်းရှန်းပဲ

ဖြစ်ပါတယ်။

အောင်းဖန်းက ယွဲ့ကျန်းရှန်းကို အေးစက်စက်နဲ့ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

“ဒါဆိုရင် ငါ့သမီး သေသွားတာက အကျိုးမဲ့ ဖြစ်မသွားဘူးလား”

“ဟိုးဟိုး။ စီနီယာအစ်ကို အောင်း.. မင်းအတွက်တော့ ငါဂမ်းနည်းပါတယ်”

ယွဲ့ကျန်းရှန်က သူရဲ့စကားတွေထဲမှာ ရိုးသားမှု နည်းနည်းလေးမှ မပါပဲ ပြောလိုက်ပါတယ်။

“တူမကျီထိုက်က အရမ်းကို လွန်ပေမဲ့လည်း သူမသေသွားတာကို ငါတို့ ဂုဏ်ပြုပေး သင့်တယ်။ ဒါကြောင့် ဒီပြဿနာမှာ သူမရဲ့ အမှားကို အပြစ်နည်းနည်းလေးမှ မပေးတော့ဘူး”

အောင်းဖန်းက အရမ်းကို ဒေါသထွက်သွားပြီးတော့ သူ့ပုံစံကို ကြည့်ရတာ မီးတောက်တော့မဲ့ အတိုင်း ဖြစ်သွားပါတယ်။ အဲဒီနောက်မှာ သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီနေ့မှာ တကယ်လို့ ဒီကောင်လေး မသေဘူးဆိုရင် ဒီကိစ္စကို ငါ့အနေနဲ့ ဒီအတိုင်းပဲ ပြီးဆုံးလိမ့်မှာ မဟုတ်ဘူး"

"မင်းမှာ သားတွေ သမီးတွေ အများကြီး ရှိတာပဲလေ။ ဒါကြောင့် တကယ်လို့ သူတို့အထဲက နည်းနည်းလေး သေသွားရင်တောင် ပြဿနာကြီး တစ်ခုမှ မဟုတ်တာ"

ယွဲ့ကျန်းရှန်းက တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဘာပြောတယ်"

အောင်းဖန်းက ချက်ချင်းဆိုသလို ထခုန်ပြီးတော့ သူရဲ့လက်ဂါး တစ်ဖက်ကို မြှောက်ပြီး ယွဲ့ကျန်းရှန်းဆီကို တိုက်ခိုက်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုက အံ့ဩထိတ်လန့်စရာ ကောင်းတဲ့ ဓားသွားရှစ်ခု ပုံစံကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက ဓားသမား တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူရဲ့ လက်ထဲမှာ ဓားတစ်လက် ရှိမနေဘူး ဆိုရင်တောင်မှ သူရဲ့ လှုပ်ရှားမှုတိုင်းမှာ ဓားသဘောတရား ဆန္ဒတွေနဲ့ ပြည့်နှက်နေပါတယ်။

လူတော်တော်များများက ယွဲ့ကျန်းရှန်းရဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ အောင်းဖန်းအတွက် ဂရုဏာတချို့ကို ခံစားလိုက်ရပါတယ်။ ပြီးတော့ လျှို့ပုက်စွာနဲ့ တွေးလိုက်မိတာက ယွဲ့ကျန်းရှန်းက ကောလာဟလတွေအတိုင်း ဦးနှောက်မရှိပဲ တဲ့တိုးဗီဇ စရိုက်ရှိတဲ့ လူတစ်ယောက် ဆိုတာကို တွေးမိလိုက်ကြပါတယ်။ ကောလာဟလတွေက အရမ်းကို မှန်တာပဲ။ ဒီလိုမျိုး စကားတွေကို သူက ဘယ်လိုလုပ်ပြီးတော့ လူတွေအားလုံးရဲ့ အရှေ့မှာ ပြောနိုင်ရတာလဲ။

Chapter 351 end

အပိုင်း(၃၅၂) အပြစ်ဒဏ်ကို ဆုံးဖြတ်ခြင်း

ယွဲ့ကျန်းရှန်းက ဒီတိုက်ခိုက်မှုကို ပြန်လည်ပုတ်ထုတ်ဖို့ လက်ဝါးတစ်ဖက်ကို မြှောက်ပြီးတော့ ချီအလင်း ခုနစ်ခုကို ဖန်တီးလိုက်ပါတယ်။ အဲဒီ ချီအလင်း ခုနစ်ခုက ကြီးမားနီရဲတဲ့ လက်ဝါးကြီး ခုနစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ ဓားချီအလင်း ရှစ်ခုတည့်တည့်ကို ပြေးဝင်သွားပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း

ဓားချီတွေနဲ့ ရောမ လက်ဝါးကြီးတွေက တစ်ခုနဲ့ တစ်ခု

ဖျက်ဆီးပစ်လိုက် ကြပါတယ်။ ဒါပေမဲ့လည်း အောင်းဖန်းက ဓားချီအလင်း ၈ ခုကို ထုတ်ဖော်ခဲ့တာ ဖြစ်ပြီးတော့ အသာစီး ရနေတယ်ဆိုတာ သိသာပါတယ်။ ကျန်ရှိနေတဲ့ ဓားချီအလင်း တစ်ခုက အရှေ့ကို ဆက်ပြီးတော့ တိုးဝင်လာပြီး ၎င်းကို ယွဲ့ကျန်းရှန်းက ရှောင်တိမ်းလိုက်ရပါတယ်။

ဒါက တာအိုကို လေးလေးနက်နက်နဲ့ နားလည်သဘောပေါက်နိုင်စွမ်းကနေ မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ရဲ့ တိုက်ခိုက်မှု အနောက်မှာ တူညီတဲ့ အစွမ်းပမာဏတွေ ပါရှိပြီးတော့ တစ်ချိန်တည်း တိုက်ခိုက်တာ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ပိုပြီးတော့ နားလည် သဘောပေါက်တဲ့ သူကတော့ ပိုပြီးတော့ အစွမ်းထက်တဲ့ တိုက်ခိုက်မှု ရှိနေမှာပါ။

ချီအလင်းခုနစ်ခုနဲ့ ချီအလင်း ရှစ်ခုတို့ အကြားမှာ ထိခိုက်ပျက်စီးမှု ကွာဟချက်ကတော့ ရှိနေဆဲ ဖြစ်ပါတယ်။ တကယ်လို့ အလင်းတစ်ခုနဲ့ အလင်းရှစ်ခုကို ဆန့်ကျင်ထိခိုက်မယ်ဆိုရင် ဒါမှမဟုတ် ချီအလင်းမပါပဲ ချီအလင်းရှစ်ခုနဲ့ ရင်ဆိုင်မယ်ဆိုရင် စွမ်းအားကွာဟချက်က ကောင်းကင်နဲ့ မြေကြီးအကြားက ကွာဟချက်လို အရမ်းကို ကြီးမားပါလိမ့်မယ်။ ဒါကြောင့်လဲ ချီအလင်း ခုနစ်ခုကို ထုတ်ဖော်နိုင်တဲ့ ဘယ်သူ့ကိုမဆို အုပ်ချုပ်သူတွေ

အဖြစ်ညွှန်းဆိုကြပါတယ်။

ကျေးဇူးတင်ရာမှာက ချီအလင်း ခုနစ်ခုနဲ့ ရှစ်ခုအကြားက ကွာဟချက်က အရမ်းကြီး မသိသာပါဘူး။ ပြီးတော့ ယွဲ့ကျန်းရှန်းက ကျင့်ကြံခြင်းအဆင့်မှာ အောင်းဖန်းအောက် အရမ်းကြီး မကွာဝေးပါဘူး။ ဒါကြောင့်လည်း သူက အောင်းဖန်းနဲ့ ရင်ဆိုင်တဲ့ အခါမှာ အောက်စည်းက ဖြစ်နေပေမဲ့လည်း သူ့အနေနဲ့ အချိန်အတော် ကြာကြာ ယှဉ်ပြိုင်နေနိုင်ဆဲ ဖြစ်ပါတယ်။

ဒါက ဆောင်းလဂိုဏ်းဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူတို့တွေက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်လာခဲ့မယ်ဆိုရင် အဆင့်မြင့်တဲ့ လူတစ်ယောက်ယောက်က သေချာပေါက် ရောက်လာပြီး သူတို့ကို တားဆီးပါလိမ့်မယ်။

"ယွဲ့ကျန်းရှန်း မင်းတကယ်ပဲ ငါနဲ့ ရန်သူတွေ ဖြစ်ချင်တယ်ဆိုတာ သေချာလား"

အောင်းဖန်းက ရုတ်တရက် ဆိုသလို ဒေါသနဲ့ ထခုန်လိုက်ပါတယ်။

"အခု ငါအရမ်းကို ဒေါသတွေ ထွက်နေတယ်။ ငါရဲ့

သမီးတွေထဲက တစ်ယောက်က သေသွားပြီ။ ငါဒီကောင်စုတ်လေးကို သတ်ပစ်ချင်တယ်”

ယွဲ့ကျန်းရှန်းက သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“ငါမင်းနဲ့ အချိန်အကြာကြီး လက်ရည်မစမ်းချင်ဘူး။ ဒါကြောင့် မင်းဘယ်လောက်ထိ အဆင့်တက်လာသလဲ ဒါမှမဟုတ် မင်းကအရင်ကထက် ကျသွားသလား ဆိုတာကို ငါမြင်ချင်တယ်”

အောင်းဖန်းက သူရဲ့ ဒေါသထွက်နေတဲ့ အမူအရာကို ရုပ်သိမ်းလိုက်ပြီး အသက်ပြင်းပြင်း တစ်ချက်ရှုပြီး ပြောပါတယ်။

“မင်းက ဘယ်တုန်းကမှ ငါ့ရဲ့ ပြိုင်ဘက် မဖြစ်ခဲ့ဘူး။ ဒီကိစ္စက အရင်ကတည်းကရော အခုရော နောက်ပိုင်းမှာရော ဘာမှပြောင်းလဲမှာ မဟုတ်ဘူး။ ဒီလိုဆိုမှတော့……..”

အောင်းဖန်းက သူရဲ့မျက်လုံးတွေကို ပြူးလိုက်ပါတယ်။ ပြီးတော့ အေးစက်တဲ့ အလင်းရောင် နှစ်ခုက ပေါ်ထွက်လာပြီးတော့ တကယ့်ဓားသွားတွေလိုမျိုး လေထုကို ဖြတ်ပျံရင်းနဲ့ စွမ်းအားလှိုင်းတွေကို

ဖန်တီးလိုက်ပါတယ်။

ယွဲ့ကျန်းရှန်းက ဂရုမစိုက်ပဲ မနေပုံ့ပါဘူး။ အောင်းဖန်းက စွမ်းအားမှာ သူ့ထက် တကယ်ကို သာလွန်ပါတယ်။ ပြီးတော့ ဒီကွာဟချက် အရမ်းကြီး မကြီးမားဘူး ဆိုပေမဲ့လည်း တကယ်လို့ အောင်းဖန်းကသာ သူရဲ့အစွမ်းအကုန်လုံးကို အသုံးပြုပြီးတော့ တိုက်ပွဲတစ်ခု ဖန်တီးလိုက်ပြီး သူကလည်း အနည်းငယ် ဂရုမစိုက်မိဘူးဆိုရင် အကွက်အနည်းငယ် အတွင်းမှာပဲ သူ့အနေနဲ့ ရှုံးနိမ့်သွားဖို့ ဖြစ်နိုင်ချေ အများကြီး ရှိပါလိမ့်မယ်။

“ဒါဆိုရင်လည်း လာခဲ့လေ”

သူက ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။ လက်ရွေးစင်တွေ တိုက်ခိုက်တဲ့ အခါကျရင် သူတို့ရဲ့ တကယ်တိုက်ပွဲ စွမ်းအားတွေနဲ့ ယှဉ်ပြိုင်ကြပါတယ်။ ဒါပေမဲ့ နည်းနည်းလေးမှ လျော့မတွက်သင့်ပါဘူး။

“ဟင့်”

အဲဒီအချိန်မှာပဲ ပတ်ဂန်းကျင်အပေါ်ကို အစွမ်းထက်တဲ့ ဖိအားတစ်ခု ကျရောက်လာခဲ့ပါတယ်။ လေပေါ်မှာ

အကြီးအကဲ တစ်ယောက်က လမ်းလျှောက်ပြီးတော့ ရောက်လာခဲ့ပါတယ်။ သူရဲ့ မျက်လုံးနဲ့ လူအုပ်ကြီးကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ သူရဲ့အကြည့်တွေက အောင်းဖန်းနဲ့ ယွဲ့ကျန်းရှန်းတို့ နှစ်ယောက်စလုံးကို ချက်ချင်းဆိုသလို သူတို့ရဲ့ တိုက်ပွဲက ရပ်သွားပါတယ်။

ဒါက ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူရဲ့ တန်ခိုးရှင် အရှိန်အဝါက သူတို့အားလုံးအပေါ်ကို ကျရောက်လာပြီးတော့ သူတို့အားလုံးရဲ့ စိတ်ထဲမှာ နတ်ဘုရား တစ်ပါးနဲ့ ရင်ဆိုင်တွေ့ရသလိုမျိုး အရမ်းကို ကြည်ညိုလေးစားချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က ဖျတ်ခနဲ ကြည့်လိုက်ပါတယ်။ ဒီပန်းဖူးအဆင့် လက်ရွေးစင်က သေချာပေါက် ဟဲကျန်းချူပါပဲ။ သူက မိုးရေနိုင်ငံကို လာခဲ့ပြီးတော့ မိုးရေဧကရာဇ်နဲ့ တိုက်ခိုက်ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ အဆုံးသတ်မှာတော့ နှင်ထုတ်ခံလိုက်ရပါတယ်။ အောင်းဖန်းနဲ့ မိုးရေဧကရာဇ်တို့ နှစ်ယောက်စလုံးက ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေပြီ ဆိုပေမဲ့လည်း မိုးရေဧကရာဇ်က အောင်းဖန်းထက် ပိုပြီးတော့ အစွမ်းထက်ပါတယ်။

သူတို့နှစ်ယောက်ကို နှိုင်းယှဉ်လို့ မရပါဘူး။ တစ်ယောက်က ဂိုဏ်းကြီးတစ်ခုရဲ့ ဂိုဏ်းစောင့်ဖြစ်ပြီး သူ့မှာ ဘယ်လောက်ပဲ အစွမ်းတွေထက်ထက် ပြီးတော့ တပည့်တွေအပေါ်မှာ ဘယ်လောက်ပဲ ဩဇာအာဏာရှိရှိ နိုင်ငံတစ်ခုလုံးရဲ့ ဧကရာဇ်တစ်ယောက်နဲ့တော့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဒါ့အပြင် မိုးရေဧကရာဇ်က နှစ်ပေါင်းထောင်နဲ့ချီမှ တစ်ယောက်သာ ပေါ်ထွက်လာတဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အုပ်ချုပ်သူ အမျိုးအစား တစ်ယောက်ဖြစ်ပါတယ်။ ပြီးတော့ သူ့မှာရှိတဲ့ မျိုးနွယ်စုရဲ့ အစွမ်းကလည်း အရမ်းကို အစွမ်းထက်ပါတယ်။

လင်းဟန်က အခုဆိုရင် မိုးရေဧကရာဇ်က ဘယ်လိုတောင် ဖြစ်နေမလဲ ဆိုပြီးတော့ အံ့ဩနေပါတယ်။ မိုးရေဧကရာဇ်ရဲ့ ပါရမီ ဉာဏ်ပညာနဲ့ သတ္တိရှိမှုတွေကြောင့် သူ့အနေနဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ နီးကပ်နေသင့်ပါပြီ။ သူသာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်တဲ့အခါကျရင် သူ့ရဲ့သက်တမ်းက နောက်ထပ် နှစ်ပေါင်း နှစ်ရာထပ်ပြီးတော့ နေရပါလိမ့်မယ်။ မိုးရေဧကရာဇ်က အသက်ခြောက်ဆယ်ပဲ ရှိပါသေးတယ်။ ပြီးတော့ နှစ်ပေါင်း သုံးရာသက်တမ်းနဲ့ဆိုရင် ပုံမှန်သက်တမ်းရဲ့ အသက်နှစ်ဆယ်လောက်နဲ့ ညီမျှပါတယ်။ ဒါကြောင့် အဲဒီအချိန်က သူရဲ့ငယ်ရွယ်နုပျိုမှု အကောင်းဆုံး

စံချိန်ပဲ ဖြစ်ပါတယ်။

သူ့အတွက် မြောက်ပိုင်းဒေသကို အလျင်စလို ဝင်ရောက်ပြီးတော့ လူငယ်လက်ရွေးစင် တစ်ယောက် ပေါ်ထွက်လာတယ်ဆိုတဲ့ ကောလာဟလကို ကြားသိရဖို့ အချိန်သိပ်ပြီးတော့ လိုအပ်လိမ့်မှာမဟုတ်ပါဘူး။ ဒါမှမဟုတ် တခြားဒေသကြီး သုံးခုနဲ့ စီရင်စုနယ်မြေတွေကို ဝင်ရောက်ပြီးတောင် သူရဲ့ စွမ်းဆောင်နိုင်မှုနဲ့ အစွမ်းထက်မှုတွေကို သူဆန္ဒရှိသလောက် ထုတ်ဖော်ပြဖို့အတွက် အချိန်ကြာမြင့်စွာ လိုအပ်လိမ့်မှာ မဟုတ်ပါဘူး။

“ဒီကိစ္စမှာ ဂိုဏ်းခေါင်းဆောင်က ဆုံးဖြတ်ချက် တစ်ခုကို ချပြီးသွားပြီ”

ဟဲကျန်းချူက ခံစားချက် မရှိတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

“ ဒါက အောင်းကျီထိုက်က ငါတို့တပည့်တွေထဲက တစ်ယောက်ကို အရင်ဆုံး အကွက်ဆင် အကောက်ကြံ အသုံးချခဲ့တာ ဖြစ်တယ်။ ဒါပြီးတော့ သူမကို ဟန်လင်းက သတ်ပစ်လိုက်ပြီ။ သူမရဲ့ ပြစ်မှုအတွက် ဒါက ထိုက်တန်တယ်။ ဒါပေမဲ့လည်း ဟန်လင်းက ကိုယ်တိုင်ပဲ

သတ်ပစ်ခဲ့တယ်။ ဒါက ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ရာ ရောက်တယ်။ ဒါကြောင့် သူ့ကိုအပြစ်ဒဏ် ပေးတဲ့အနေနဲ့ အမှောင်နတ်ဆိုး တောအုပ်ထဲကို ဝင်ပြီးတော့ တစ်နှစ်အတွင်း နေမီးမြက်ပင်ရဲ့ ရိုးတံခုနစ်ခုကို စုဆောင်းပြီးတော့မှပဲ သူ့ကို ပြန်လာဖို့ ခွင့်ပြုလိမ့်မယ်”

ဒီကိစ္စက ဒီလိုမျိုးပဲ အဆုံးသတ်သွားတော့မှာလား။

အားလုံးက အံ့အားသင့်ကုန်ပါတယ်။ ဒါက အောင်းကလန်ရဲ့ သမီးတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူမက အသိအမှတ်မပြုတဲ့ ကလေးတစ်ယောက် မဟုတ်ပါဘူး။ ပါရမီရှင် ထူးချွန်ထက်မြက်တဲ့ မင်းသမီးလေး တစ်ပါးဖြစ်ပါတယ်။ ဟုတ်ပါတယ်။ အခု ဟန်လင်းက အမှောင်နတ်ဆိုး တောအုပ်ထဲကို သွားပြီးတော့ ဆေးပင်တွေကို စုဆောင်းရပါမယ်။ ဒါက အရမ်းကို ပေါ့ပါးတဲ့ အပြစ်ဒဏ်ပဲ မဟုတ်လား။

ဒါပေမဲ့လည်း အေးစက်စက်နဲ့ သရော်နေတဲ့ လူတစ်ချို့လည်း ရှိပါတယ်။ ဒါက နေမီးမြက်ပင် အကြောင်းကို ပြောနေတာပါ။ ၎င်းကို အမှောင်နတ်ဆိုး တောအုပ်ရဲ့ အနက်ဆုံး အတွင်းပိုင်းမှာပဲ ရှာတွေ့နိုင်ပါတယ်။ ပြီးတော့ အဲဒီနေရာမှာ ပန်းဖူးအဆင့် မိစ္ဆာသားရဲတွေတောင် ရှိပါလိမ့်မယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ဂရုမစိုက်ပဲ တောအုပ်ရဲ့ အဲဒီအပိုင်းထဲကို မဝင်ရဲပါဘူး။

ဒါအပြင် နေမီးမြက်ပင်က အရမ်းကို ရှားပါးတဲ့ ဆေးပင်ဖြစ်ပါတယ်။ ရိုးတံတစ်ခုကို စုဆောင်းဖို့ အချိန်အတော်ကို ကြာပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ တစ်ယောက်ယောက်က ခုနစ်ပင်တောင် စုဆောင်းချင်တယ်ဆိုရင် လိုအပ်တဲ့အချိန်က ကြောက်စရာကို ကောင်းပါလိမ့်မယ်။ တကယ်လို့ တစ်ယောက်ယောက်က ကံကောင်းတယ်ဆိုရင် တစ်လ ဒါမှမဟုတ် နှစ်လလောက်တော့ ကြာပါမယ်။ ဒါပေမဲ့ တကယ်လို့ ကံမကောင်းတဲ့လူဆိုရင် သူ့ကိုယ်သူ အဲဒီနေရာမှာ တစ်နှစ်ခွဲလောက် နေထိုင်ဖို့အတွက် ပြင်ဆင်ထားတာ အကောင်းဆုံး ဖြစ်ပါမယ်။

ဒီလိုအချိန်အကြာကြီး အတွင်းမှာ သူ့အနေနဲ့ ပန်းဖူးအဆင့်မှာ ရှိတဲ့ မိစ္ဆာသားရဲ တစ်ကောင်နဲ့ တွေ့ကြုံဖို့အတွက် အခွင့်အရေး မြင့်မြင့်မားမား ရှိနေတယ် မဟုတ်လား။

ဒါကြောင့် ဒါက သေဒဏ် အပြစ်စီရင်ချက် တစ်ခုဖြစ်ပါတယ်။

ဝင်းက အရမ်းကို အွန္တရာယ် များလွန်းပါတယ်။

ဒါက အရမ်းကို သိသာပါတယ်။ အောင်းကလန်ရဲ့ လူငယ်မျိုးဆက်ထဲက အဖွဲ့သားတစ်ယောက်က အကျိုးမဲ့ သေဆုံးသွားတာမျိုး ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ အောင်းကျီထိုက်က မှားယွင်းပါတယ်။ နောက်ပြီးတော့ ယွဲ့ခိုင်ယုလည်း ပါဝင်ပတ်သက် နေပါတယ်။ ဒါကြောင့် အောင်းကလန်ရဲ့ အကြီးအကဲက ဝင်ရောက်စွက်ဖက်ပြီးတော့ အဆုံးသတ်မှာ ဒီလိုမျိုး အပြစ်ဒဏ်ကို ချမှတ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

"ဂျူနီယာ ညီလေးဟန် ငါမင်းနဲ့အတူ သွားမယ်"

ယွဲ့ခိုင်ယုက အရမ်းကို သစ္စာရှိစွာနဲ့ ရုတ်တရက် ပြောလိုက်ပါတယ်။ သူက တကယ်ပဲ ဒီလိုမျိုး အကျင့်စရိုက် ရှိတဲ့လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ အခုလေးတင်ပဲ သူတို့နှစ်ယောက်က ပူးပေါင်းဆောင်ရွက်မှု တစ်ခုကို အတွေ့အကြုံ ရခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်နဲ့အတူ သွားဖို့အတွက် နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ ရွေးချယ်လိုက်ပါတယ်။

လင်းဟန်က ယွဲ့ခိုင်ယုကို ခေါင်းညိတ်ပြလိုက်ပါတယ်။

သူအနေနဲ့ တကယ်ပဲ အမှောင်နတ်ဆိုး တောအုပ်ထဲကို ဝင်ဖို့ဆိုတာကို ကျိတ်ပြီးတော့ အံ့အားသင့်နေပါတယ်။ တကယ်တော့ သူက ဟန်လင်းဆိုတဲ့ ဟန်ဆောင်နာမည်ကို သုံးထားတာပါ။ ဒါကြောင့် သူ့အတွက် ဒီဟန်ဆောင် မျက်နှာဖုံးကို ထိန်းသိမ်းပြီး အရဲစွန့်ဖို့ မလိုအပ်ပါဘူး။

အောင်းဖန်းက နာခေါင်းရှုံ့ပြီးတော့ လင်းဟန်ရဲ့ မျက်နှာကို အချိန်အတော်ကြာအောင် စိုက်ကြည့်ပြီးတော့ နောက်ဆုံးမှာ လှည့်ထွက်သွားလိုက်ပါတယ်။ ဒီနေရာမှာ အခု သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ အောင်းကလန်ရဲ့ အကြီးအကဲက နောက်ဆုံး ဆုံးဖြတ်ချက်ကို သဘောတူခဲ့တယ် ဆိုတာက သိသာထင်ရှားပါတယ်။ ပြီးတော့ သူက ဘယ်လောက်ပဲ မာနကြီးကြီး သူတို့ကလန် အကြီးအကဲရဲ့ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ဖို့ မဝံ့ပါဘူး။

အမှောင်နတ်ဆိုး တောအုပ်လား။

ဟင့်။ အများဆုံး သုံးလအတွင်းမှာ သူက သေချာပေါက် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်မှာ ဖြစ်ပြီးတော့ အဲဒီအချိန်ကျရင် အမှောင်နတ်ဆိုး တောအုပ်ရဲ့ အနက်ဆုံး အပိုင်းကို ဝင်ရောက်ပြီးတော့ လင်းဟန်ကို ရှာပြီး သတ်ပစ်ရပါမယ်။

ဒါက နောက်ထပ် နှစ်လ သုံးလပါပဲ။ အဲဒီအချိန်လေးမှာ လင်းဟန်က နေမီးမြက်ပင် ရိုးတံ ခုနစ်ခုကို စုဆောင်းနိုင်လိမ့်မယ်လို့ သူ့အနေနဲ့ လုံးဝ မယုံကြည်ပါဘူး။

လူအုပ်ကြီးက သူတို့နေထိုင်ရာ နေရာအသီးသီးကို လူစုခွဲပြီးတော့ ပြန်ကုန်ကြပါတယ်။ တစ်စုံတစ်ယောက်ကတော့ အောင်းကျီထိုက်ရဲ့ ခန္ဓာကိုယ်ကို အဝေးကို သယ်သွားခဲ့ပါတယ်။ ဆောင်းလဂိုဏ်းရဲ့ ဒီနတ်မိမယ်လေး သေဆုံးသွားတာက လူငယ်တွေ ဘယ်လောက်တောင်မှ အသည်းတွေ ကွဲကြေကုန်မလဲ ဆိုတာ ဘယ်သူက သိနိုင်မှာလဲ။ ဒါကြောင့် လူတိုင်းလူတိုင်းက တိတ်ဆိတ်ငြိမ်သက်တဲ့ အချိန်တစ်ခုလောက်တော့ ရှိဖို့အတွက်ကို လိုချင်နေခဲ့ပါတယ်။

“ဟန်လင်း… သုံးရက်အတွင်းမှာ မင်းက ဆောင်းလဂိုဏ်းကနေ ထွက်ခွာရမယ်။ တကယ်လို့ မင်းက လျှို့ဝှက်စွာနဲ့ ထွက်ပြေးရဲတယ်ဆိုရင် ဆောင်းလဂိုဏ်းက ကမ္ဘာမြေကြီး တစ်ခုလုံး လိုက်ရှာပြီးတော့ မင်းကို သေချာပေါက် ဖမ်းဆီးရလိမ့်မယ်”

ဟဲကျန်းချူက သူရဲ့အရှေ့မှာ ရှိနေတဲ့ လူက လွန်ခဲ့တဲ့ အချိန်တချို့တုန်းက မိုးရေနိုင်ငံမှာ ပြစ်မှုအတွက် သူဖမ်းဆီးဖို့ ကြိုးစားခဲ့တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာကို နည်းနည်းလေးမှ မရိပ်မိပဲနဲ့ ပြောလိုက်ပါတယ်။

ဟဲကျန်းချူက ပြောလို့ပြီးတဲ့ နောက်မှာတော့ ချက်ချင်းပဲ လှည့်ပြီးတော့ ထွက်သွားပါတယ်။ ပန်းဖူးအဆင့် လူတစ်ယောက် အနေနဲ့ လင်းဟန်လိုမျိုး သာမန်အရည်အချင်းပဲ ရှိတဲ့ လူတစ်ယောက်ကို အကျိုးမရှိတဲ့ စကားတွေကို ပြောဖို့အတွက် အချိန်တွေ သုံးစွဲရတာကို သူ့အနေနဲ့ အထင်အမြင်သေးလို့ နေပါတယ်။

“ဂျူနီယာညီလေးဟန်.. ဒီတစ်ကြိမ်တော့ ငါတို့ ဒုက္ခနဲ့ လှလှတော့ တွေ့ပြီဟေ့”

ယွဲ့ခိုင်ယုက သူရဲ့မျက်ခုံးကို တွန့်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ နေမီးမြက်ပင်ရဲ့ ရိုးတံ ခုနစ်ခုကို စုဆောင်းရတာက ခက်ခဲတယ်ဆိုတဲ့ အကြောင်းကို ကောင်းကောင်းကြီး နားလည်သဘောပေါက် ထားပါတယ်။

လင်းဟန်ကလည်း မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။ ယွဲ့ခိုင်ယုက သူလည်း ပြဿနာတက်ပြီ ဆိုတာကို

တွေးလိုက်တဲ့ အခါမှာ လင်းဟန်ပြောတာကို ကြားလိုက်ပါတယ်။

“တကယ်လို့ မနက်ဖြန်ကျရင် မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ငါရဦးမလား ဆိုတာကို ဘယ်သူက သိမှာလဲ”

ယွဲ့ခိုင်ယုက အမှတ်မထင် ဒယိမ်းဒယိုင်တောင် ဖြစ်သွားပါတယ်။ အခြေအနေတွေက ဒီလိုမျိုး ဖြစ်လာနေတာတောင်မှ မင်းက မိုးကြိုးလျှပ်စီး ချပ်ဂတ်အကြောင်းကို ပြောနေသေးတယ်လား။ သူက ဒေါသနဲ့ ပြောလိုက်ပါတယ်။

“အမှောင်နတ်ဆိုး တောအုပ်ထဲကို ဂင်ပြီးတော့ ဆေးပင်တွေကို စုဆောင်းဖို့ နှိုင်းယှဉ်ရမယ်ဆိုရင် မိုးကြိုးလျှပ်စီး ချပ်ဂတ်က ဘာမှမဟုတ်တော့ဘူး”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မိုးကြိုးလျှပ်စီး ချပ်ဂတ်နဲ့ဆိုရင် ငါတို့အတွက် ပိုပြီးတော့တောင် လုံခြုံမယ် မဟုတ်လား”

ဒီစကားက အရမ်းကို အဓိပ္ပါယ် ပြည့်ဂပါတယ်။ ယွဲ့ခိုင်ယုက

သူရဲ့ခေါင်းကို ထိုးဖွလိုက်ပြီးတော့ တစ်ခုခုတော့ မှားနေတယ်ဆိုတဲ့ ခံစားချက်မျိုး ဖြစ်ပေါ်လို့ နေပါတယ်။

Chapter 352 end

အပိုင်း(၃၅၃) မသန့်မစွမ်း

ဒုတိယမြောက်နေ့မှာ လင်းဟန်က တကယ်ပဲ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ရရှိခဲ့ပါတယ်။ ဒါကသူ့ကို အရမ်းကျေနပ် ပျော်ရွှင်စေခဲ့ပါတယ်။

ပထမအချက်က မိုးကြိုးလျှပ်စီး ချပ်ဂတ်က တကယ်ပဲ အရမ်းကို တန်ဖိုးကြီးတဲ့ ရတနာပစ္စည်း တစ်ခုဖြစ်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဇူရှူရှင်း တစ်နေကုန် ဂတ်ဆင်ထားခဲ့တဲ့ ပစ္စည်းလည်း ဖြစ်ပါတယ်။ သူမက ဒီပစ္စည်းကို တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုလိုမျိုး ထိန်းသိမ်း ထားပါတယ်။ ဒုတိယအချက်က ဒီစိတ်ဝိညာဉ်ပစ္စည်းက သူရဲ့ မိတ်ဆွေဟောင်းတွေထဲက တစ်ယောက် အသုံးပြုခဲ့တဲ့ ပစ္စည်းဖြစ်ပြီးတော့ အတိတ်ကို ပြန်ပြောင်းအောက်မေ့ သတိရစေတဲ့ ခံစားချက်မျိုးကို ပေးပါတယ်။

သူက နှစ်ပေါင်း တစ်သောင်းကျော် ကြာပြီးတဲ့နောက်မှာ

ပြန်လည်မွေးဖွားလာပြီးတော့ သူ့ပတ်ဂန်းကျင်က လူတွေက သူ့အတွက်တော့ အားလုံးသူစိမ်းတွေပါပဲ။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူနဲ့ သိကျွမ်းခင်မင်ခဲ့တဲ့ မိတ်ဟောင်းဆွေဟောင်း ပိုင်ဆိုင်ဖူးတဲ့ ပစ္စည်းတစ်ခုကို မြင်လိုက်ရတော့ အဲဒီအပေါ်မှာ အရမ်းကို စိတ်မလှုပ်ရှားပဲနဲ့ နေနိုင်မှာလဲ။

ပြီးတဲ့နောက်မှာ သူက အမှောင်နတ်ဆိုး တောအုပ်ထဲကို သွားရပါလိမ့်မယ်။ လင်းဟန်က ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ဆောင်းလဂိုဏ်းကို သူလာခဲ့တဲ့ အကြောင်းပြချက်က သူ့အမေဘယ်နေရာမှာ ရှိနေတယ် ဆိုတာကို ရှာဖွေဖို့နဲ့ အောင်းကလန်ကို ပြဿနာရှာဖို့အပြင် ဖြတ်လာသမျှ ကောင်းမွန်တဲ့ ပစ္စည်းတချို့ကို ခိုးယူဖို့ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက် သုံးခုက အတော်လေး ပြည့်စုံနေခဲ့ပါပြီ။ သူက စိတ်ဂိညာဉ် ဆေးပင်အတော်များများကို စုဆောင်းခဲ့ပြီးတော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကိုတောင် ရယူနိုင်ခဲ့ပါတယ်။ အောင်းကလန်ရဲ့ သားခုနစ်ယောက်ကိုလည်း အနိုင်ယူခဲ့ပြီး အောင်းကျီထိုက်ကို သတ်ပစ်ခဲ့ပါတယ်။

နောက်ဆုံးအနေနဲ့ ယွဲ့ခိုင်ယုက သူနဲ့အတူ သွားနေမှတော့ သူ့အမေရဲ့ သတင်းတွေကို အစ်အောက် မေးမြန်းဖို့ အချိန်တွေ အများကြီး ရှိပါလိမ့်မယ်။ ဒီအစ်ကိုဂမ်းကွဲနဲ့ သူရဲ့ဦးလေး ဖြစ်သူတို့က အနည်းနဲ့အများတော့ ပင်ကိုယ်စရိုက်က တူညီပါတယ်။ သူတို့တွေက အရမ်းကို ပွင့်လင်းပြီးတော့ လူဖြောင့်တွေ ဖြစ်ပြီး လျှို့ဝှက်ချက်တွေကို ထိန်းသိမ်းဖို့ သင့်တော်တဲ့ သူတွေ မဟုတ်ကြပါဘူး။

ဒါကြောင့် မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို သူရရှိပြီးတဲ့ နောက်မှာ လင်းဟန်က ထွက်ခွာဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။

ယွဲ့ခိုင်ယုက သူနဲ့အတူ သွားပြီးတော့ သူ့ပုံစံကို ကြည့်ရတာ အတော်လေး တက်ကြွနေပါတယ်။ ကြည့်ရတာ ဒီကောင်က ဂိုဏ်းကနေ စမ်းသပ်စစ်ဆေးမှု နှစ်ခုအတွက်ပဲ ထွက်လာဖူးတဲ့ ပုံစံပေါက်နေပါတယ်။ ပြီးတော့ အဲဒီနှစ်ကြိမ်လုံးမှာတောင်မှ သူက အဝေးကြီးကို မသွားခဲ့ရပါဘူး။ ဒါကြောင့် သူက ဘယ်တုန်းကမှ ဂိုဏ်းကနေ ထွက်ခွာပြီးတော့ ခရီးရှည်ကြီး မသွားဖူးခဲ့ပါဘူး။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒီကောင်က သူ့ကို ကူညီချင်တယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကပြန်ပြီးတော့ မကူညီရဖို့ကိုတော့ အကောင်းဆုံး မျှော်လင့်ပါတယ်။

သူနဲ့ ယွဲ့ခိုင်ယုက အတူတကွ ထွက်ခွာလာပြီးတော့ တောင်အောက်ကို ဆင်းလာခဲ့ ကြပါတယ်။

"လင်းဟာန်"

ဒါပေမဲ့လည်း သူတို့က တောင်ခြေကို ရောက်ရုံပဲ ရှိပါသေးတယ်။ သူတို့ရဲ့ အနောက်ကနေ အာဃာတ အမုန်းတရားတွေ ပြည့်နှက်နေတဲ့ အသံတစ်ခုက ရုတ်တရက် ထွက်ပေါ် လာခဲ့ပါတယ်။

လပြွတ်ပဲ။ ဒီအသံက…. ဖန်းယန်။

လင်းဟာန်က လှည့်မကြည့်ပါဘူး။ သူကအခုဆိုရင် ဟာန်လင်းပါ။ လင်းဟာန် မဟုတ်ပါဘူး။

"မင်းဒီနေရာကို တကယ်ပဲ လာဂုံ့တယ်ပေါ့လေ။ သေစမ်းကွာ"

ဖန်းယန်က ဒေါသတကြီးနဲ့ ဟိန်းအော်လိုက်ပါတယ်။

သူရဲ့ဆေဘာဓားကို ဆွဲထုတ်ပြီးတော့ လင်းဟာန်ဆီကို

ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

ရွှစ် ရွှစ် ရွှစ်

ဆေဘာဓားချီအလင်း ခြောက်ခု ပေါ်လာပြီးတော့ အေးစက်စက် အလင်းရောင် တောက်ပတဲ့ ဓားသွားခြောက်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ လင်းဟာန်ဆီကို တဟုန်ထိုး ပြေးဝင်လာခဲ့ ကြပါတယ်။

ဒီကောင်ရဲ့ တိုးတက်မှုက အရမ်းကို မြန်ဆန်ပါတယ်။ မိုးရေနိုင်ငံမှာ ရှိတဲ့အချိန်တုန်းက သူက ဆေဘာချီအလင်း လေးခုကိုပဲ ထုတ်ဖော်နိုင်ပါသေးတယ်။ ဒါပေမဲ့ အခုတော့ သူက အံ့အားသင့်စရာကောင်းစွာနဲ့ ဆေဘာချီ အလင်းခြောက်ခု အဆင့်ကို ရောက်နေခဲ့ပါတယ်။ ကြည့်ရတာတော့ လင်းဟာန်က သူ့ရဲ့ခြေထောက် တစ်ဖက်ကို မသန်မစွမ်းဖြစ်အောင် လုပ်ပြီးတဲ့ နောက်မှာ ကြီးမားတဲ့ ရန်စကြီး တစ်ခုကို ရရှိခဲ့ပြီးတော့ အဲဒါကပဲ သူ့ရဲ့ ဆေဘာဓား ပညာရပ်မှာ နားလည်သဘောပေါက်နိုင်စွမ်းကို အဆင့်မြှင့်တင် ပေးခဲ့တာ ဖြစ်ပါလိမ့်မယ်။

ရွှစ်

အေးစက်စက်ချီက လေထုကို ဖြတ်ပြီးတော့ ပျံ့နှံ့လာပြီး ပြင်းထန်းတဲ့ ဆေဘာချီတွေက လေထဲကို ဖြတ်သန်းလာပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်စေခဲ့ပါတယ်။

“မင်းရှူးနေပြီလား”

လင်းဟန်ရဲ့ ဘေးက ယွဲ့ခိုင်ယုကလည်း ဒီတိုက်ခိုက်မှုကို ကောင်းကောင်းကြီး မြင်တွေ့ခဲ့ပါတယ်။ ဒါ့အပြင် ဖန်းယန် အော်ဟစ်လိုက်တဲ့ နာမည်ကို ကြားလိုက်ရတဲ့ အခါမှာလည်း လုံးဝကို နားမလည်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ ဒီကိစ္စက လင်းဟန်နဲ့ နည်းနည်းလေး ပတ်သက်ဆက်နွယ်နေတာကို ဘယ်လိုမှ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေပါတယ်။ ဒါကြောင့် သူတွေးလိုက်မိတာ တစ်ခုတည်းက အရှူးတစ်ယောက်နဲ့ သူတို့တွေ ကြုံတွေ့လိုက်ရတာ ဖြစ်မယ်ဆိုပြီးတော့ သူက ချက်ချင်းပဲ လက်သီးတစ်ချက်ကို ပစ်သွင်းလိုက်ပါတယ်။

သူရဲ့ လက်မောင်းက ချက်ချင်းဆိုသလို အနက်ရောင် သံမဏိနဲ့ လုပ်ထားတဲ့ ပုံစံလိုမျိုး ပြောင်းလဲသွားပါတယ်။ သိုင်းဆန္ဒတွေက သူရဲ့လက်မောင်းအပေါ်မှာ တောက်ပလင်းလက် လာပြီးတော့ လက်သီးချီအလင်း

ခြောက်ခုက အရှေ့ကို ပြေးထွက်လာပါတယ်။

ပုန်း

လက်သီးချီအလင်းတွေက ဆေဘာဓားချီ အလင်းတွေကို ပုတ်ထုတ်လိုက်ပြီး တစ်ခုနဲ့ တစ်ခု အချင်းချင်း ဖျက်ဆီးပစ်လိုက် ကြပါတယ်။

ဖန်းယန်က အကြည့်စူးစူးတွေနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းကဘယ်သူလဲ။ ပြီးတော့ ဘာကြောင့် ဒီလူကို မင်းကကာကွယ်ပေးနေတာလဲ”

ယွဲ့ခိုင်ယုက မျက်စိတစ်ချက် ဖွေ့ကြည့်လိုက်ပြီးတော့ မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလူက သူရဲ့ခြေထောက်တစ်ဖက် ဆုံးရှုံးထားပြီးတော့ မသန်မစွမ်း ဖြစ်နေတယ်ဆိုတာ သိသာထင်ရှားနေတာတောင် သူကအခုဆို ခြေထောက်အတု တစ်ဖက်ကို တပ်ဆင်ထားပြီးတော့ သူရဲ့ ခြေထောက်က အဖြူရောင် သတ္တုအရောင် ထုတ်ဖော်နေပြီး လုံးဝန်းတဲ့ ပုံစံတစ်ခု ရှိပြီးတော့ မြေကြီးပေါ်မှာ

ရပ်နေပါတယ်။

သူရဲ့ မျက်လုံးတွေက ဖန်းယန်ရဲ့ အင်္ကျီလက်က အမှတ်တံဆိပ်ပေါ်ကို ကျရောက်သွားတဲ့ အခါမှာတော့ ပိုပြီးတော့တောင် အံ့အားသင့်သွားပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

“ငါတို့ ဆောင်းလဂိုဏ်းက ဘယ်အချိန်တုန်းကများ မသန်မစွမ်းလူတွေကို စပြီးတော့ ရွေးခေါ်နေတာလဲ။ နောက်ပြီးတော့ ဒီမသန်မစွမ်းနဲ့လူကို ကြည့်ရတာ တကယ်ပဲ အစွမ်းထက်တယ်”

ယွဲ့ခိုင်ယုက တဲ့တဲ့ပဲ ပြောလိုက်တာ ဖြစ်ပြီးတော့ မသန်မစွမ်းလို့ သူပြောလိုက်တာကလည်း သူမြင်တဲ့အတိုင်းပဲ ပြောလိုက်တာဖြစ်ပြီးတော့ စော်ကားလိုစိတ် နည်းနည်းလေးမှ မရှိပါဘူး။ ဒါပေမဲ့လည်း ဖန်းယန်က မသန်မစွမ်းဆိုတဲ့ အသံကို ကြားလိုက်ရတဲ့ အခါမှာ မုန်းတီးမှုတွေနဲ့ ပြည့်နက်သွားပါတယ်။

“မင်းက ကိုယ့်သေလမ်း ကိုယ်ရှာတာပဲ”

ဖန်းယန်ရဲ့ အကြည့်တွေက ထက်ရှပြီးတော့ သူက

နောက်ထပ် တိုက်ခိုက်မှု တစ်ခုကို လုပ်လိုက်ပါတယ်။

လင်းဟန်က လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာပြဿနာ တချို့ ရှိနေသလား။ မင်းက ငါတို့ကို တွေ့လိုက်တာနဲ့ ခုန်ဝင်ပြီးတော့ တိုက်ခိုက်ဖို့ စီစဉ်ထားတာလား။ မင်းက ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုတောင် လျစ်လျူရှုနေတာလား"

ဖန်းယန်က ရပ်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ နောက်ကျောကို သူမြင်လိုက်တဲ့ အခါမှာ ဒါက တစ်ရာရာခိုင်နှုန်းအပြည့် သူရဲ့ ရန်သူတော်ကြီးနဲ့ တူပါတယ်။ ဒါပေမဲ့ သူက လှည့်လိုက်တဲ့ အခါမှာတော့ ဘာဖြစ်လို့ အတော်ကြီးကို မတူညီပဲ ကွဲပြားနေရတာလဲ။ ဒီလူငယ်က ထူးချွန်ထက်မြက်တဲ့ ပုံပန်းသွင်ပြင် တစ်ခုမှ မရှိပဲ သူရဲ့မျက်နှာနဲ့ လင်းဟန်ရဲ့ မျက်နှာက အကြီးအကျယ်ကို မတူညီပဲ ကွဲပြားနေပါတယ်။

ဒါပေမဲ့ ဘာကြောင့် သူရဲ့အသံက အရမ်းကို ရင်းနှီးနေတဲ့ ခံစားမှုမျိုးကို ဖြစ်နေရတာလဲ။ ပြီးတော့ သူရဲကနောက်ကျောက လင်းဟန်နဲ့ အရမ်းကို တူနေရတာလဲ။ ဒါအပြင် ဒီအမူအရာ သူပြောလိုက်တဲ့ ဒီလေသံတွေကအစ သူအရမ်းကို စက်ဆုပ်ရွံရှာ မုန်းတီးရတဲ့

လူတစ်ယောက်နဲ့ တူညီနေတယ်လို့ ဘာဖြစ်လို့ ခံစားနေရတာလဲ။

“ငါမှားသွားပါတယ်”

ဖန်းယန်ရဲ့ ခေါင်းထဲမှာ အတွေးတွေ စီသွားပြီးတော့ နောက်ဆုံးမှာ သူက ဒီစကား တစ်ခွန်းကိုပဲ ပြောလိုက်ပါတယ်။

“အရှုးပဲ”

ယွဲ့ခိုင်ယုက သူ့ကို ဒေါသကြီးစွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူက ယွဲ့ကလန်ရဲ့ မြေးကြီး သြရသ ဖြစ်ပါတယ်။ အခုတော့ စဉ်းစားလို့တောင် မရတဲ့ အကြောင်းပြချက် တချို့ကြောင့် သူကအတိုက်ခိုက် ခံခဲ့ရပြီးတော့ အရမ်းကို မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟာန်နဲ့ သူမှာရှိနေတဲ့ တာဂန်အကြောင်းကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာတော့ ဖန်းယန်ကို လက်ရှိအချိန်မှာ ခေါင်းထဲကို ထည့်ထားဖို့ လုံးဝ မဖြစ်နိုင်တဲ့အတွက် သူကပြောလိုက်ပါတယ်။

“အခု ငါတို့မှာ လုပ်စရာ ကိစ္စလေးတချို့ ရှိနေသေးတယ်။ ငါပြန်လာတဲ့ အချိန်ကျမှပဲ မင်းနဲ့ ရင်ဆိုင်တော့မယ်”

သူက ပြောပြီးတာနဲ့ လင်းဟန်ကို ခေါ်ပြီးတော့ ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

လင်းဟန်ရဲ့ နောက်ကျောကို မြင်လိုက်တဲ့အခါမှာ ဖန်းယန်ရဲ့ မျက်နှာပေါ်မှာ သတ်ချင် ဖြတ်ချင်တဲ့ ဆန္ဒတွေက နောက်တစ်ကြိမ် ပေါ်လာခဲ့ပါတယ်။ သူကလှည့်လိုက်ပြီးတော့ လမ်းဘေးမှာ ရပ်ပြီးတော့ ကြည့်နေတဲ့ တပည့်တစ်ယောက်ကို မေးလိုက်ပါတယ်။

"သူတို့နှစ်ယောက် ဘယ်သူလဲ"

"မင်းကဘယ်သူလဲ။ ဘာဖြစ်လို့ ငါက မင်းကို ပြောပြရမှာလဲ"

အဲဒီတပည့်က ခေါင်းကို မော့ထားပြီးတော့ ဖန်းယန်ရဲ့ အပြုအမူကို အရမ်းကို မကျေမနပ် ဖြစ်နေတဲ့ ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

ဖန်းယန်ရဲ့ မျက်လုံးတွေက စူးရှက်ထက်မြက် သွားပြီးတော့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုက သူ့ဆီကနေ ထွက်ပေါ်လာပြီး အဲဒီတပည့်ကို ချက်ချင်းပဲ

ကြောက်ရွံ့ထိတ်လန့်ပြီး တုန်လှုပ်သွားစေခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။

"နည်းနည်းလေး အသက်ကြီးတဲ့ တစ်ယောက်က စီနီယာ အစ်ကို ယွဲ့ခိုင်ယု လို့ခေါ်ပြီးတော့ အကြီးအကဲယွဲ့ရဲ့ မြေးဖြစ်ပါတယ်။ ပြီးတော့ နောက်တစ်ယောက်ကတော့ ဟန်လင်းလို့ ခေါ်ပါတယ်။ သူကတော့ ဂိုဏ်းကို ဝင်လာတာ နှစ်ရက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူက တကယ်ကို ပြဿနာ ရှာတဲ့ လူတစ်ယောက်ပဲ။ ဂိုဏ်းကို ရောက်လာရုံပဲ ရှိသေးတယ်။ သူက ဂိုဏ်းစောင့်ကြီး အောင်းရဲ့ ချစ်လှစွာသော သမီးကို သတ်ပစ်ခဲ့ပြီး အခု အမှောင်နတ်ဆိုး တောအုပ်ထဲကို နေမီးမြက်ပင်တွေ စုဆောင်းဖို့ အပြစ်ပေးခံထားရတာပါ"

ဖန်းယန်ရဲ့ ညာဘက်လက်ချောင်းက ရုတ်တရက် ဆတ်ခနဲ လှုပ်ရှားသွားပြီးတော့ သူရဲ့ သတ်ချင် ဖြတ်ချင်တဲ့ ဆန္ဒတွေက ပျံ့နှံ့ကုန်ပါတယ်။ ဟန်လင်း၊ လင်းဟန်။ ဒါကတော့ တစ်ခုခုတော့ တစ်ခုခုပါပဲ။ ဒါအပြင် သူက အခုမှ ဝင်လာတဲ့ တပည့်အသစ် ဖြစ်ပြီးတော့ အရမ်းကို သတ္တိကောင်းပြီး ဂိုဏ်းစောင့်ကြီး တစ်ယောက်ရဲ့ သမီးကိုတောင် သတ်ရဲတယ်။ ဒါက လင်းဟန်ရဲ့ အပြုအမူ အကျင့်စရိုက်နဲ့ အရမ်းကို တူညီတာပဲ။

ဖန်းယန်က ချက်ချင်းဆိုသလို ခြေလှမ်းကျဲကျဲနဲ့ အဖြူရောင်တိမ်တိုက် တောင်ထိပ်ဆီကို ဦးတည်ပြီးတော့ ထွက်လာခဲ့ပါတယ်။ ဒီနေရာက ဆောင်းလဂိုဏ်းရဲ့ အဆင့်မြင့်တဲ့ လူတွေ နေထိုင်ရာ ဖြစ်ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က ဒီနေရာကို ဝင်ချင်တယ် ဆိုရင် အနည်းဆုံး စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိရပါမယ်။ ဒါမှမဟုတ် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဒါမှမဟုတ် ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ကိုယ်ပိုင်တပည့် တစ်ယောက် ဖြစ်ဖို့ လိုပါတယ်။ ယွဲ့ခိုင်ယုတောင်မှ ဒီနေရာမှာ နေဖို့အတွက် အဆင့်မမီပါဘူး။

ဖန်းယန်က ဂိုဏ်းက တပည့်တွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို မှတ်တမ်းတင်ထားတဲ့ နေရာကို သွားပြီးတော့ အကြီးအကဲ ရှီရဲ့ ကိုယ်ပိုင်တံဆိပ်ပြားကို ဆွဲထုတ်ပြီးတော့ လင်းဟန်ရဲ့ သတင်းအချက်အလက်တွေကို ကြည့်ရှုဖို့ တောင်းဆိုလိုက်ပါတယ်။

သံသယဆိုတာက သံသယ အဆင့်မှာပဲ ရှိပါသေးတယ်။ သူက ဒီသံသယတွေကို မှန်ကန်ကြောင်း သက်သေအခိုင်အမာ လိုချင်ခဲ့တာပါ။

"ဟန်လင်း၊ အသက်ဆယ့်ကိုးနှစ်။ သူက မူလပြန်လာခြင်း တောင်ကနေ လာခဲ့ပြီး ဂိုဏ်းထဲကို ဝင်လာတဲ့အချိန်က စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်မှာ ရှိတယ်"

ဖန်းယန်က ဖတ်လို့ ပြီးတဲ့နောက်မှာ သူ့ရဲ့နှုတ်ခမ်းထောင့်မှာ အေးစက်တဲ့ သရော်ပြုံးတစ်ခု ပေါ်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

"မူလပြန်လည်ခြင်းတောင်ကို တစ်ယောက်ယောက်ကို ပို့ပြီးတော့ ဒီလူရဲ့ အချက်အလက်တွေကို အတည်ပြုခိုင်းလိုက်"

"သခင်လေးယန် ဒါက ကိစ္စသေးသေးလေးကို အကျယ်ဖြစ်အောင် လုပ်လိုက်တာနဲ့ မတူဘူးလား"

"ငါပြောသလို လုပ်မလား။ ဒါမှမဟုတ် ငါရဲ့ ဆရာသခင် ကိုယ်တိုင်က မင်းကို လာပြောဖို့ လိုတာလား"

"ကျုပ်မလုပ်ပံ့ပါဘူး"

ဖန်းယန်ထွက်လာတဲ့ အချိန်မှာ သူ့ရဲ့ အမူအရာက

မည်းမှောင်လို့ နေပါတယ်။

“ဟန်လင်း တကယ်လို့ မင်းက လင်းဟန် ဖြစ်နေတယ်ဆိုရင် မင်းကို သေချာပေါက် ဆောင်းလဂိုဏ်းထဲမှာ သေအောင်လို့ လုပ်ပစ်ရမယ်။ ဘာကြောင့်လဲဆိုတော့ မင်းက မင်းသေမဲ့ နေရာကို ရွေးပြီးလာခဲ့တာပဲ။ မင်းရဲ့ အကြောင်းတွေကို အတည်ပြုပြီးတဲ့ အခါမှာ ငါမင်းကို သတ်လိုက်ရင် သာမန်ပုံရိပ်ပဲရှိတဲ့ ဟန်လင်းဆိုတဲ့ လူတစ်ယောက်ကိုပဲ ငါကသတ်လိုက်တာပေ့ါ ဟင်းဟင်း”

လင်းဟန်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်က ပင်လယ်လေညှင်းမြို့ဆီကို ဦးတည်ပြီးတော့ လာခဲ့ကြပါတယ်။ သူတို့က ဒီအမှောင်နတ်ဆိုး တောအုပ်ထဲမှာ အချိန်ဘယ်လောက်တောင် ကြာမလဲဆိုတာကို မသိကြပါဘူး။ ဒါကြောင့် သူက လွီယုထန်နဲ့ တခြားသူတွေကို အရင်ဆုံး သွားတွေ့ရပါမယ်။ ဘာပဲဖြစ်ဖြစ် ယွဲ့ခိုင်ယုက သူတို့အုပ်စုထဲက ဘယ်သူကိုမှ မသိပါဘူး။

အောင်းဖန်းရဲ့ ပစ်မှတ်ထားခြင်းကို ရှောင်ရှားဖို့အတွက် ယွဲ့ကျန်းရှန်းတောင်မှ ကိုယ်တိုင်ကိုယ်ကျ သူတို့ကို

လိုက်ပို့ခဲ့ပါတယ်။ ပြီးတော့ ယုလောင်တောင်တွေရဲ့ နယ်နမိတ်ကို ကျော်လာပြီး အောင်းဖန်းရဲ့ အရိပ်အယောင်ကို မတွေ့ရတော့မှ ဆောင်းလဂိုဏ်းကို သူတစ်ယောက်တည်း ပြန်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ အောင်းဖန်းရဲ့ သမီး သေသွားခဲ့ရင်တောင် ကိစ္စမရှိပါဘူး။ သူ့မှာက ကလေးတွေ အများကြီး ကျန်ပါသေးတယ်။ ဒါပေမဲ့ ယွဲ့ကျန်းရှန်းမှာတော့ ဒီသားတစ်ယောက်ပဲ ရှိပါတယ်။

သူတို့နှစ်ယောက်က ပင်လယ်လေညှင်းမြို့ကို ရောက်လာခဲ့ပါတယ်။ မြို့က အရမ်းကို ကြီးမားပြီးတော့ မိုးရေနိုင်ငံရဲ့ အင်ပါယာမြို့ထက် အဆပေါင်းများစွာ ကြီးမားပါတယ်။ မြို့ရိုးတွေက မီတာ တစ်ရာကျော်မြင့်မားပြီး မြေကြီးပေါ်မှာ ၎င်းရဲ့အရိပ်တွေက မျှော်စင်ကြီးတွေလိုပဲ ရှည်လျားပြီးတော့ ကြည့်ရတာ မိစ္ဆာသားရဲတွေရဲ့ ရန်ကို ကာကွယ်ဖို့ အတွက် ဖြစ်ပါလိမ့်မယ်။

"အရင်ဆုံး ငါ့ရဲ့ သူငယ်ချင်းတချို့ကို သွားရှာဖို့ လိုဦးမယ်"

လင်းဟာန်က ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

ယွဲ့ခိုင်ယုက အများကြီး မစဥ်းစားပဲနဲ့ ပြောလိုက်ပါတယ်။ သူကတော့ လင်းဟန်က သူ့ကို ရောင်းစားသွားမှာကိုတောင် စိုးရိမ်ပူပန်ခြင်း မရှိပါဘူး။

Chapter 354 end

အပိုင်း(၃၅၄) ဘယ်သူက မိန်းကလေးတွေ ရွေးချယ်တာ အကောင်းဆုံးလဲ

သိပ်မကြာခင်မှာ လင်းဟန်က လွှီယုထန်နဲ့ တခြားသူတွေ နေထိုင်တဲ့ တည်းခိုခန်းကို ရှာတွေ့ သွားခဲ့ပါတယ်။ မထင်မှတ်ထားပဲနဲ့ လွှီယုထန်နဲ့ လီစီရှန်းတို့က အဲဒီအချိန်မှာ အပေါ်ထပ်ကနေ အောက်ကို ဆင်းလာကြပါတယ်။ သူမတို့ကို ကြည့်ရတာတော့ တစ်ခုခုစားဖို့ ဖြစ်ပါလိမ့်မယ်။ အခုက နေ့လယ်ကို ရောက်ပါတော့မယ်။ ဒါကြောင့် နေ့လယ်စာ စားဖို့အတွက် အချိန်ကို ရောက်လာပါပြီ။

"ဂါး.. အရမ်းကို လှပတဲ့ မိန်းကလေး နှစ်ယောက်ပဲ"

ယွဲ့ခိုင်ယုက ချက်ချင်းဆိုသလို လေချွန်လိုက်ပါတယ်။

လင်းဟန်က မျက်လုံးပြူးပြီးတော့ ပြောလိုက်ပါတယ်။

"သူတို့ရဲ့ မျက်နှာမှာ ပဂါပါးနဲ့ အုပ်ထားတာတောင်မှ သူတို့က ချောတယ်ဆိုပြီးတော့ မင်းက မြင်နိုင်သေးတာလား"

"ဟီးဟီး မင်းငါ့ရဲ့ မျက်လုံးတွေကို ယုံကြည်သင့်တယ်။ ငါကသူတို့တွေ ချောတယ်လို့ ပြောမှတော့ သူတို့က သေချာပေါက်ကို ချောလို့ပဲ"

ယွဲ့ခိုင်ယုက လင်းဟန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

"မင်းဒီနေရာကနေ စောင့်နေလိုက်။ အစ်ကိုကြီးယုက မိန်းကလေးတွေကို ဘယ်လိုမျိုး သဘောကျလာအောင် လုပ်ရမလဲ ဆိုတဲ့ လှည့်ကွက်ကလေး တချို့ကို ပြပေးမယ်"

လင်းဟန်ရဲ့ အမူအရာ အနည်းငယ် ထူးဆန်းသွားပြီးတော့ မေးလိုက်ပါတယ်။

"မင်းက သူတို့နှစ်ယောက်ကို ရွေးချင်လို့လား"

"တစ်ယောက်တည်းက အရမ်းကို နည်းတယ်လေ။ ပြီးတော့

နှစ်ယောက်ဆိုတာလည်း သိပ်တော့ မများပါဘူး။ အစ်ကိုကြီးဆီကနေ သင်ယူစမ်းပါ မင်းက အသားညိုတယ် ဆိုပေမဲ့လည်း ကြည့်ရတာ သိပ်လည်း ရုပ်မဆိုးပါဘူး။ ဒါပေမဲ့ ခန့်ခန့်ညားညား ဖြစ်ဖို့တော့ အတော်ကြီး လိုသေးတယ်။ ကြည့်ရတာ မင်းက အစ်ကိုကြီးယွဲ့ရဲ့ ပညာတွေကို သင်ယူနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး”

ယွဲ့ခိုင်ယုက သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

လင်းဟန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

“ဒီလိုမျိုး ပြောလိုက်တာက ကျနော်ရဲ့ ကွဲကြေလွယ်တဲ့ အသည်းနှလုံး နုနုလေးကို ထိုးဖောက် လိုက်သလို ဖြစ်သွားမှာကို မစိုးရိမ်ဘူးလား”

“သက်ရှိ လူသားတစ်ယောက် အနေနဲ့ အဓိက အရေးအကြီးဆုံးက အမှန်တရားကို ရင်ဆိုင်ရဲရတယ်။ မင်းပုံစံက တကယ်ပဲ ကြည့်ရတာ အရမ်းကို နှစ်သက်စရာ မကောင်းဘူး။ ပြီးတော့ ခန့်ညားမှုနဲ့ ကြားမှာဆို အရမ်းကို ကွာဟနေတယ်။ မင်းရဲ့ အစ်ကိုကြီး ယွဲ့ လို မြူးမြူးကြွကြွနဲ့ နှစ်လို့ဖွယ် ကောင်းဖို့လိုသေးတယ်။ ထားလိုက်တော့ ဒီအကြောင်းကို မပြောတော့ဘူး။ မင်းက အရင်ဆုံး

မင်းရဲ့အစ်ကိုကြီး ယွဲ့က မိန်းကလေးတွေကို ချဉ်းကပ်တာကို လေ့လာလိုက်ဦး”

ယွဲ့ခိုင်ယုက ပြောလို့ပြီးတဲ့နောက်မှာ လှီယုထန်တို့ဆီကို ခြေလှမ်းကျဲကျဲနဲ့ သွားလိုက်ပါတယ်။

ဒါပေမဲ့လည်း သိပ်မကြာခင်မှာပဲ သူက စိတ်ပျက်အားငယ်စွာနဲ့ ပြန်လာခဲ့ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ညှိုးငယ်ပြီး စိတ်ပျက်နေပုံ ရပါတယ်။

“ဘယ်လိုဖြစ်တာလဲ။ ဘယ်သူက ငြင်းပယ်လိုက်တာလဲ”

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့ အခါမှာ ဟူးညိုက သူမရဲ့ လက်သည်းတွေကို ပွတ်ယမ်းပြီးတော့ သွားတွေကို ဖြဲပြီးတော့ ယွဲ့ခိုင်ယုကို မာန်ဖီနေဆဲ ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ လင်းဟန်က သူမရဲ့ မျက်လုံးနဲ့ အကြည့်ခြင်း ဆုံသွားတဲ့ အခါမှာ ဟူးညိုက သူမရဲ့ ခေါင်းကို တိမ်းလိုက်စောင်းလိုက်နဲ့ သူ့ကို ကြည့်နေပါတယ်။

ဒီမိန်းကလေးမှာ တကယ့်ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပင်ကိုယ်အသိစိတ် ရှိပါတယ်။ သူကရုပ်ဖျက်ထားပြီး

လွှီယုထန်နဲ့ လီစီရှန်းတို့တောင်မှ သတိမပြုမိတာပဲ ဖြစ်နေကြတာတောင် ဟူးညိုကို ကြည့်ရတာ သူနဲ့ပတ်သက်ပြီးတော့ ထူးဆန်းမှု တစ်ခုခုကို ရှာတွေ့သွားပုံ ရပါတယ်။ ဒါပေမဲ့ သူမရဲ့ သံသယကို အတည်ပြု ရပါဦးမယ်။

"ငါ့ကို သတိရအောင် မလုပ်နဲ့။ လာလာ သောက်ကြစို့။ မသောက်ပဲနဲ့ ဘယ်သူမှ မပြန်ရဘူး"

ယွဲ့ခိုင်ယုကို ကြည့်ရတာ အသည်းကွဲလာတဲ့ လူတစ်ယောက် ပုံစံနဲ့ တူပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ ငါ့ရဲ့ လှည့်ကွက်နည်းနည်းကို မကြည့်တာလဲ။ မိန်းကလေး တစ်ယောက်ကို ဘယ်လိုမျိုး ချဉ်းကပ်ရမလဲဆိုတဲ့ အကောင်းဆုံး လှည့်ကွက်ကို မမြင်ချင်ဘူးလား"

"ဟားဟား"

ယွဲ့ခိုင်ယုက သူရဲ့စကားတွေကို လုံးဝ မယုံကြည်ပဲနဲ့ သူ့ကို ဟားတိုက် ရယ်မောလိုက်ပါတယ်။

“တကယ်လို့ မင်းသူတို့နဲ့ အတူတူ ထိုင်နိုင်ရင် ငါမင်းကို ယုံကြည်လိုက်မယ်”

“ဘာများခက်လို့လဲ”

လင်းဟန်က သူရဲ့ ပုခုံးကို လက်တစ်ဖက်နဲ့ ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းစားပွဲတစ်လုံးကို အရင်ဆုံး သွားရှာထားလိုက်။ ပြီးတော့ ငါသူတို့ကို ခေါ်လာတာကို စောင့်နေ”

အဟွတ်

ယွဲ့ခိုင်ယုက ရယ်မောပြီး ချောင်းဆိုးရင်းနဲ့ ပြောလိုက်ပါတယ်။

“ဂျူနီယာ ညီလေးဟန်… အာ… ဂျူနီယာ ညီလေးဟန်။ ငါမင်းရဲ့ တိုက်ပွဲအစွမ်းကို အရမ်း လေးစားအားကျ အထင်ကြီးခဲ့တယ်။ ဒါပေမဲ့ မင်းရဲ့ ကြွားဂါတတ်တဲ့ စွမ်းရည်က ပိုပြီးတော့တောင် အံ့သြဖို့ကောင်းနေပုံါလား။ ကောင်းပြီလေ။ တကယ်လို့ မင်းသူတို့ကို ခေါ်လာနိုင်ရင် အခုကစပြီး မင်းကို အစ်ကိုကြီးလို့ ငါခေါ်မယ်”

“ ဒါက မင်းပြောတာနော်။ နောက်မှ နောင်တကောင်းကောင်း မရနဲ့”

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“ဟုတ်တယ်။ ဒါငါကိုယ်တိုင် ပြောတာပဲ။ ကဲကဲ သွားသွား”

ယွဲ့ခိုင်ယုပုံစံကို ကြည့်ရတာ သူ့ကို နှုတ်ဆက်ပြီး ပို့ဆောင်ပေးတဲ့ ပုံစံနဲ့ တူပါတယ်။

နောက်ထပ် စကားတွေ မဆိုတော့ပဲနဲ့ လင်းဟန်က လွီယုထန်နဲ့ လီစီရှန်းတို့ ထိုင်နေတဲ့ စားပွဲဆီကို လျှောက်လာခဲ့ပါတယ်။ ယွဲ့ခိုင်ယုကတော့ ဘယ်သူမှမရှိတဲ့ စားပွဲဝိုင်း တစ်ခုမှာ ထိုင်ပြီးတော့ စောင့်ကြည့်နေပါတယ်။ စားပွဲထိုးတစ်ယောက်က မကြာခင်မှာ ချဉ်းကပ်လာပြီး ဘာတွေမှာမလဲ ဆိုပြီးတော့ မေးနေပါတယ်။

တည်းခိုခန်းရဲ့ စားသောက်ခန်းမက ဘယ်လောက်များ ကြီးမှာမိုလို့လဲ။ ခြေလှမ်း အနည်းငယ် လျှောက်ပြီးတဲ့နောက်မှာ လင်းဟန်က လွီယုထန်နဲ့ လီစီရှန်းတို့ ထိုင်နေတဲ့ စားပွဲရဲ့ အရှေ့ကို

ရောက်သွားခဲ့ပါတယ်။

"ဒီက မိန်းကလေးနှစ်ယောက် ကျနော်ထိုင်လို့ ရမလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

လွှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံးကို ကြည့်ရတာ တစ်ပြိုင်နက်တည်း မကျေမနပ် ဖြစ်သွားပုံ ရပါတယ်။ တကယ်လို့ သူမတို့ရဲ့ မျက်နှာကို ဇာပဝါနဲ့ ဖုံးထားတာတောင်မှ သူ့အနေနဲ့ သူမတို့ရဲ့ စင်ရော်မျက်ခုံးတွေ တွန့်ပြီးတော့ မျက်မှောင်ကြုတ်သွားတာကို မြင်နိုင်သေးပါတယ်။ သူမတို့ရဲ့ စားပွဲကို တည့်တည့်လာပြီးတော့ သူမတို့နဲ့ ထိုင်ဖို့အတွက် သတ္တိရှိရှိနဲ့ ပြောဆိုတဲ့ လူတစ်ယောက်မှ မမြင်ဖူးခဲ့ပါဘူး။ ဒါက ပထမဆုံး အကြိမ်ပဲ ဖြစ်ပါတယ်။

"မရဘူး"

လီစီရှန်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာ လွှီယုထန်က လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီးတော့ ကျောက်စိမ်းလို

ကြည်လင်တောက်ပတဲ့ လက်ချောင်းလေးနဲ့ တံခါးဂကို ညွှန်ပြလိုက်ပါတယ်။ သူမရဲ့ ဆိုလိုရင်းက အရမ်းကို သိသာပါတယ်။ သူ့ကို ထွက်သွားခိုင်းတာပဲ ဖြစ်ပါတယ်။

ယွဲ့ခိုင်ယုက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူကအစောတုန်းက ခါးခါးသီးသီး ငြင်းပယ် ခံခဲ့ရပါပြီ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ကို ယုံကြည်နိုင်မှာလဲ။ ဒီကောင်က အသားလည်း အရမ်းကို ညိုတဲ့အပြင် ကြည့်ရတာလည်း ဘယ်လိုမှ နှစ်လိုဖွယ် မကောင်းပါဘူး။ ဒါကြောင့် ဘယ်လိုလပ် အောင်မြင်နိုင်မှာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူရဲ့ ခန့်ညားမှုက လင်းဟန်နဲ့တောင်မှ တိုင်းတာလို့ မရလောက်အောင် အရမ်းကို ပေးကွာလွန်းတယ်လို့ ဆိုလိုချင်တာ ဖြစ်မသွားဘူးလား။

လင်းဟန်က စိတ်မပျက်ပဲနဲ့ ဟူးညိုဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

“မိန်းမလှလေး ငါမင်းရဲ့ဘေးမှာ ထိုင်လို့ရမလား”

ဟူးညိုက စကားတစ်ခွန်းမှ မပြောပဲနဲ့ ဘေးကိုရွှေ့ပေးပြီးတော့ လင်းဟန်ထိုင်ဖို့အတွက်

နေရာလုပ်ပေးလိုက်ပါတယ်။ ထိုင်ခုံက ခုံတန်းလျားရှည် တစ်ခုဖြစ်ပြီးတော့ လူတစ်ယောက်ကို ကောင်းကောင်းကြီး ဆန့်ပါတယ်။

အဟွတ်

ဒီတစ်ကြိမ်တော့ လွီယုထန်နဲ့ လီစီရှန်းတို့ ချောင်းဆိုးရတဲ့ အလှည့်ဖြစ်ပါတယ်။ အစတုန်းက သူမတို့စဉ်းစားထားတာက တကယ်လို့ ဟူးညိုက မပေါက်ကွဲဖူး ဆိုရင်တောင်မှ လူစိမ်းကို လျစ်လျူရှု ထားပါလိမ့်မယ်။ သူမတို့က ဒီမိန်းကလေး တခြားလူတွေကို ထိခိုက်နာကျင်အောင် မလုပ်မိအောင်လို့ ထိန်းချုပ်ဖို့အတွက်တောင် သူမတို့ကိုယ်တိုင် ပြင်ဆင်ထားခဲ့ပါတယ်။

ဒီမိန်းကလေးက ဒီလိုမျိုး ပြန်လည်တုံ့ပြန်လိမ့်မယ်လို့ သူမတို့တွေ ဘယ်လိုမှ မမျှော်လင့်ထားပါဘူး။

ဒါ… ဒါ… ဒါက ဟူးညိုက ပြုစားခံလိုက်ရတာလား။

လွီယုထန်နဲ့ လီစီရှန်းတို့ မှင်တက်အံ့သြနေတာကို ကြည့်ပြီးတော့ လင်းဟန်က ထိုင်ချလိုက်ပါတယ်။ ဟူးညိုက သူ့ကို မှတ်မိသွားပြီ ဆိုတာကို သူနားလည်ထားပြီးပါပြီ။

သူက ရယ်မောပြီးတော့ ဟူးညိုကို စနောက်ကျီစယ် လိုက်ပါတယ်။ ဟူးညိုကလည်း သူနဲ့ အရမ်းကို ကီးကိုက်ပြီး သိပ်မကြာခင်မှာ သူရဲ့လက်မောင်းတွေကို ဖျစ်ညှစ်ပြီးတော့ အလိုလိုက်ခံထားရတဲ့ ကလေးတစ်ယောက် ပုံစံမျိုး သရုပ်ဆောင်နေခဲ့ပါတယ်။

ဘုန်း

ယွဲ့ခိုင်ယုရဲ့ လက်မှာကိုင်ထားတဲ့ တူတွေတောင်မှ ပြုတ်ကျသွားပြီးတော့ သူရဲ့မျက်နှာကလည်း မထိန်းနိုင် မသိမ်းနိုင် တွန့်လိမ် ရှုံ့မဲ့သွားပါတယ်။

သေစမ်း။ သူက အားလုံးကို သေချာ တွက်ထားပေမဲ့လည်း ဒီမိန်းကလေး ငယ်လေး တစ်ယောက်ကို သူရဲ့တွက်ချက်ခြင်းကနေ ဖယ်ထားခဲ့ပါတယ်။

မိန်းမချောလေးတွေက လင်းဟန်ရဲ့ အသားညိုညိုနဲ့ ပုံမှန်ထက် အနည်းငယ်လောက်ပဲ ကြည့်ကောင်းတဲ့ ပုံစံကို သေချာပေါက် သဘောကျလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီလိုမျိုး မိန်းကလေးငယ်လေး တစ်ယောက်ကတော့ ခန့်ညားချောမောတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်လိုလုပ်ပြီး ကြည့်တတ်မှာလဲ။ သူရဲ့ ဂျူနီယာ

ညီလေးဟန်က ကလေးတွေနဲ့ အရမ်းကို ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိလိမ့်မယ်လို့ သူလုံးဝ မမျှော်လင့်ထားပါဘူး။

ကျေးဇူးတင်ရမှာက သူက ဒီမိန်းမလှလေး နှစ်ယောက်နဲ့ စားပွဲတစ်လုံးထဲမှာ အတူတူ ထိုင်တာပဲ ရှိပါတယ်။ သူမတို့ကို ခေါ်လာဖို့ဆိုတာ သူ့အတွက်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

သူ့အနေနဲ့ လင်းဟန်ကို အစ်ကိုကြီးလို့ ခေါ်စရာ လုံးဝ မလိုပါဘူး။

ဖွီ။ သူက မမျှော်လင့်ပဲနဲ့ ရှုံးနိမ့်တော့မလို ဖြစ်သွားပါတယ်။

လွှီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်စလုံးပဲ အရမ်းကို ခေါင်းခြောက်သွားပါတယ်။ ဟူးညို့က ဘယ်လူစိမ်းကိုမှ ချဉ်းကပ်လာတာမျိုးကို မကြိုက်ပဲ ငြင်းပယ်လေ့ ရှိပါတယ်။ ပြီးတော့ လင်းဟန်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူမတို့တောင်မှ ဒီမိန်းကလေး အနားကို ကပ်လို့ ရနိုင်မှာ မဟုတ်ပါဘူး။ ဟုတ်ပါတယ်။ ဘာကြောင့် မရင်းနှီးတဲ့ ယောကျာ်းတစ်ယောက်ကို ဟူးညို့က ဘယ်လိုကြောင့် မခုခံနိုင်အောင် လုပ်နိုင်ရတာလဲ။ ပြီးတော့ ဟူးညို့က အရမ်းကို နွေးထွေးပြီး ချွဲနေပုံက တကယ်လို့များ ဒီလူက လင်းဟန်များ ဖြစ်နေမလား။

ဟင် ဖြစ်နိုင်ပါ့မလား။

မိန်းကလေးနှစ်ယောက်ရဲ့ မျက်လုံးတွေက တစ်ချိန်တည်း ပင့်သွားပါတယ်။ သူမတို့ နှစ်ယောက်လုံးက လင်းဟန်က ရုပ်ဖျက်ပြီးတော့ ဆောင်းလဂိုဏ်းကို သွားခဲ့တယ် ဆိုတာကို သိထားကြပါတယ်။ ဒါကြောင့် သူမတို့ အရှေ့က ဒီလူငယ်ယောက်ျားလေးက……။

"လင်းဟန်က အကြာကြီး ထွက်သွားပြီး ဟူးညိုနဲ့လည်း မကစားပေးဘူး"

အဲဒီအချိန်မှာပဲ ဟူးညိုရဲ့ မကျေမနပ်နဲ့ ပြောတဲ့ စကားကို ကြားလိုက်ရပြီးတော့ ဟူးညိုက လင်းဟန်ရဲ့ လက်ထဲကနေ မကျေနပ်ချက်ကို ထုတ်ဖော်ပြနေပါတယ်။

တကယ်ပဲဟ။

မိန်းကလေးနှစ်ယောက်က နောက်ဆုံးတော့ နားလည်သွားခဲ့ပြီးတော့ လျှို့ပုက်စွာနဲ့ ကျိတ်ပြီးတော့ ရှက်နေကြပါတယ်။ သူမတို့ နှစ်ယောက်စလုံးက လင်းဟန်ကို အရမ်းကို နက်နက်ရှိုင်းရှိုင်း ချစ်ကြပါတယ်။ ဒါပေမဲ့ သူမတို့

ချစ်ရတဲ့ သူက အရှေ့တည့်တည့်မှာ လာရပ်နေတာတောင်မှ သတိပြုမိခြင်း မရှိခဲ့ပါဘူး။ တခြားတစ်ဖက်က ဟူးညိုကတော့ သူ့ကို တစ်ချက်ကြည့်လိုက်ရုံနဲ့ သတိပြုမိသွားပါတယ်။ သူမတို့က ဘယ်လိုလုပ်ပြီးတော့ ဟန်မပျက်အောင် ထိန်းနိုင်မှာလဲ။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ဟူးညိုရဲ့ ဆံပင်တွေကို ထိုးဖွပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ နောက်ကျရင် ငါ ဟူးညိုနဲ့ မကြာခဏ ပိုပြီးတော့ ကစားပေးမယ် ဟုတ်ပြီလား"

ဟူးညိုက ဘယ်လိုမျိုး ချွဲရမလဲ ဆိုတာကို ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ အကြောင်းပြချက် မရှိပဲနဲ့ပ ဘယ်တော့မှ ဒေါသပေါက်ကွဲတာမျိုး မရှိပါဘူး။ သူမက ချက်ချင်းပဲ မျက်မှောင်ကြုတ်တာကို ရပ်ပြီးတော့ လင်းဟန်ကို အရမ်းကို ချိုသာတဲ့ အပြုံးတစ်ခု ပေးလိုက်ပါတယ်။

သေစမ်း။ ဒီမိန်းကလေးက မြေခွေးမလေး တစ်ကောင်အဖြစ်ကို ပြောင်းသွားတာလား။ ဒါက အရမ်းကို ဉာဏ်နီဉာဏ်နက် များလွန်းပါတယ်။ ကြည့်ရတာ

လင်းဟန်က ပိုပြီးတော့ အားတုံ့အားနာ ဖြစ်ပြီးတော့ ဒီမိန်းကလေး အပေါ်မှာတောင် ပိုပြီး ချစ်ခင်နှစ်သက်သွားပုံရပါတယ်။

လွီယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်ပြီးတော့ သူတို့ရဲ့ စိတ်ထဲမှာ အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားပါတယ်။ သူမတို့က ဟူးညိုကို ငယ်သေးတယ်ဆိုပြီးတော့ လျော့တွက်ထားလို့ မဖြစ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိန်းကလေးက မကြာခင်မှာ အရွယ်ရောက်လာပြီး မိန်းမပျိုလေး တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဟူးညိုရဲ့ ပိုင်စိုးပိုင်နင်း စိတ်ဓာတ်နဲ့ဆို အဲဒီအချိန်ကျရင် သူမတို့နှစ်ယောက်လုံးက လင်းဟန်နဲ့ ဆယ်မီတာ အတွင်းကိုတောင် ကပ်လို့ ရလိမ့်မှာ မဟုတ်တော့ပါဘူး။

လင်းဟန်က သူမတို့နှစ်ယောက်ကို ခေါင်းညိတ်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့ရဲ့ နာမည်က အခု ဟန်လင်းလို့ ပြောင်းထားတယ်။ ပြီးတော့ အဲဒီကောင်က ငါ့ရဲ့ ဂမ်းကွဲအစ်ကိုပဲ။ ဒါပေမဲ့ သူက ငါဘယ်သူလဲ ဆိုတာကို မသိဘူး။ ငါနဲ့အတူ လိုက်ခဲ့ကြ”

လွှီယုထန်နဲ့ လီစီရှန်းတို့က ချက်ချင်းဆိုသလို ရက်ရွံ့သွားပုံရပါတယ်။ ဒါပေမဲ့ သူမတို့က မတ်တတ်ရပ်ပြီးတော့ လင်းဟာန် အနောက်ကို လိုက်ပြီး ယွဲ့ခိုင်ယု ထိုင်နေတဲ့ ဆီကို သွားလိုက်ကြပါတယ်။

ဘုန်း

ယွဲ့ခိုင်ယု ကိုင်ထားတာ မကြာသေးတဲ့ တူတွေက စားပွဲပေါ်ကို ပြန်ပြီးတော့ ပြုတ်ကျသွားပါတယ်။ သူရဲ့မျက်နှာက ရှုံ့မဲ့နေပြီးတော့ မျက်လုံးတွေက ခေါင်းကနေ ပြုတ်ကျလာတော့မဲ့အတိုင်း ပြူးထွက်လို့နေပါတယ်။

ဒါ.. ဘယ်လို.. ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူမတို့တွေက ဒီကောင်ရဲ့ ပတ်တီးချပြီး နှစ်ပေါက်တစ်ပေါက် ရိုက်တာကို တကယ်ပဲ ခံလိုက်ရပြီလား။ လပြွတ်ပဲ။ ဒီ ဂျူနီယာ ညီလေးဟာန်ကို ဘယ်လိုပဲ ကြည့်ကြည့် ထူးချွန်ထက်မြက်တဲ့ အပိုင်း နည်းနည်းလေးမှကို မရှိပါဘူး။ ရှိလို့လား။ ဒါမှမဟုတ် ဒီနေ့ခေတ် အမျိုးသမီးတွေက အသားညိုညို ပုံစံမျိုးကို နှစ်သက် သဘောကျတာလား။

Chapter 354 end

အပိုင်း(၃၅၅) မိခင်ဖြစ်သူရဲ့ သတင်း

လင်းဟန်က ထိုင်ချလိုက်ပါတယ်။ ဟူးညိုက လင်းဟန်ရဲ့ လက်မောင်းတွေကို ဖက်တွယ်ထား ပါတယ်။ ဒီမိန်းကလေးက အလိုလိုက်ခံရတဲ့ ကလေးတစ်ယောက်လို သူရဲ့ကိုယ်ပေါ်ကို တက်ပြီးတော့ သူ့လက်မောင်းကနေ ပြန်ဆင်းဖို့ ဆန္ဒလုံး၀ မရှိတဲ့ ပုံစံပါပဲ။ အဲဒီအချိန်မှာ လွီယုထန်နဲ့ လီစီရှန်းတို့က လင်းဟန်ရဲ့ဘေး တစ်ဖက်တစ်ခြမ်းဆီမှာ ထိုင်လိုက်ကြပါတယ်။ သူတို့လေးယောက်က မထင်မှတ်ပဲ စားပွဲရဲ့ လေးဘက်လေးတန်မှာ နေရာယူထားခဲ့ ကြပါတယ်။

"စီနီယာ အစ်ကိုယွဲ့… မင်းကိုကြည့်ရတာ နောက်ပိုင်းမှာ ငါ့ကို နာမည်ပြောင်း ခေါ်ရတော့မယ်နဲ့ တူတယ်နော်"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုက သူ့ကိုယ်သူ ရူးသွားသလိုတောင် ခံစားလိုက်ရပါတယ်။ သူက လီစီရှန်းဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီကောင်က မင်းတို့ကို ဒီနေရာမှာ ထိုင်ဖို့အတွက် ဘယ်လို အကျိုးအမြတ်တွေကို ပေးမယ်ဆိုပြီး ကတိပေးခဲ့တာလဲ။ ငါ့ပြောဦးမယ်။ ဒီကောင်က လူလိမ်တစ်ယောက်ပဲ။ သူက ရုပ်လည်းဆိုးတဲ့ အပြင် ဆင်းလည်း ဆင်းရဲတယ်”

စီနီယာ အစ်ကို တစ်ယောက်အနေနဲ့ သူရဲ့မျက်နှာကို အဖတ်ပြန်ဆယ်ဖို့ ဘာကိုမှ ဂရုစိုက် မနေတော့ပဲနဲ့ပ လင်းဟန်ရဲ့ အကျင့်စရိုက်တွေကို သွားပုပ်လေလွင့် စတင်ပြောလိုက် ပါတယ်။

လီစီရှန်းက သူမရဲ့ မျက်နှာကို ဖုံးထားတဲ့ ဇာပဝါကို ဖယ်ရှားလိုက်ပြီး ချက်ချင်းဆိုသလို သူမရဲ့ လှပတင့်တယ်ပြီး ကျက်သရေရှိတဲ့ ချောမောတဲ့ မျက်နှာလေး ထွက်ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ပုံစံက မိုးကောင်းကင်ပေါ်က နတ်သက်ကြွေလာတဲ့ နတ်သမီးလေး တစ်ပါးနဲ့ တူပြီးတော့ သူမကို မြင်လိုက်ရတဲ့ သူတိုင်းကို ကျေနပ်နှစ်သိမ့်မှုကို ဖြစ်ပေါ်စေပါတယ်။ လီစီရှန်းက ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာ အစ်ကိုယွဲ့ကို စိတ်ပျက်သွားစေမိလိမ့်မယ်။ ဒီနေရာကို ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ လိုက်လာခဲ့တာပါ”

လှီယုထန်ကလည်း နောက်ကောက်ကျ မနေခဲ့ပါဘူး။ သူမလည်း မျက်နှာကို ဖုံးကွယ်ထားတဲ့ ဇာပဝါကို ဖယ်ရှားပြီးတော့ ပြောလိုက်ပါတယ်။

"ကျမလည်း အတူတူပဲ"

သူမတို့တွေရဲ့ မျက်နှာကို ဖုံးကွယ်ထားရတဲ့ အကြောင်းအရင်းက သူမတို့ရဲ့ အရမ်းကို လှပချောမောမှုကြောင့် မလိုလားအပ်တဲ့ ပြဿနာတွေကို မဖြစ်အောင်လို့ ဖုံးထားရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့အခု လင်းဟန်က ပြန်လာခဲ့ပါပြီ။ ဒါကြောင့် သူမတို့အနေနဲ့ ဘာကိုမှ ကြောက်ရွံ့နေစရာ မလိုတော့ပါဘူး။

ယွဲ့ခိုင်ယုရဲ့ ပါးစပ်က အဟောင်းသားနဲ့ ဟသွားခဲ့ပါတယ်။ သူက အစောကြီးကတည်းက ဒီမိန်းကလေး နှစ်ယောက်က အရမ်းကို ချောမောလှပလိမ့်မယ် ဆိုတာကို ကြိုတင်သိမြင်ထားပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး နတ်မိမယ်အဆင့်ထိ ချောမောလှပလိမ့်မယ်လို့တော့ မမျှော်လင့်ထားမိခဲ့ပါဘူး။ သူမတို့တွေက အောင်းကျီထိုက်နဲ့ အလှချင်း ယှဉ်မယ်ဆိုရင် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ကျေးဇူးတင်ရမှာက သူ့အနေနဲ့ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို

မြင်လိုက်တဲ့ အခါမှာ လုံးဂကို လှုပ်ရှားနိုင်စွမ်း မရှိတဲ့ ယောက်ျားတစ်ယောက်မျိုး မဟုတ်ခဲ့ပါဘူး။ သူက အရမ်းကို လျင်မြန်စွာနဲ့ အာရုံတွေ ပြန်ရလာပြီးတော့ လင်းဟန်ကို လက်မထောင်ပြပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက တကယ့်ကို အံ့ဩဖို့ ကောင်းတာပဲ။ ငါတကယ် ယုံကြည်သွားပြီ”

“ခစ်ခစ်… နင် စီနီယာ အစ်ကိုယွဲ့ကို ဆက်ပြီးတော့ မလှည့်ဖြားပါနဲ့တော့”

လွီယုထန်က လင်းဟန်ကို ပြောလိုက်သည်။

ယွဲ့ခိုင်ယုက ရုတ်တရက် ကြောင်သွားပြီးတော့ ချက်ချင်းဆိုပဲ နားလည်သဘောပေါက် သွားခဲ့ပြီး ပြောလိုက်သည်။

“ဒါဆိုရင် မင်းတို့နှစ်ယောက်က သူရဲ့ သူငယ်ချင်းတွေပေါ့”

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်သည်။

“စီနီယာ အစ်ကိုယွဲ့က နောက်ဆုံးတော့

နားလည်သွားခဲ့ပြီပဲ”

“လပြွတ်ပဲ။ အစတုန်းကတော့ မင်းက ဒီနတ်သမီးလေး နှစ်ယောက်ကို ပထမဆုံး အကြိမ်တွေ့ဆုံလိုက်တာနဲ့ ဆွဲဆောင်ပြီးတော့ ခေါ်လာနိုင်တာကို ကြည့်ပြီးတော့ မင်းရဲ့ ညို့ဓာတ်က ဘယ်လောက်တောင် စွမ်းအားပြင်းထန်လိုက်သလဲ ဆိုပြီးတော့ စဉ်းစားနေတာ။ ဒါဆိုရင် မင်းတို့တွေက အချင်းချင်း သိနေကြတာပဲ”

ယွဲ့ခိုင်ယုက သူ့ရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်သည်။ ဒါပေမဲ့လည်း သူ့ကိုကြည့်ရတာ စိတ်သက်သာရာ ရသွားတဲ့ ပုံစံပေါက်နေသည်။

သူ့အနေနဲ့ လင်းဟာန်လောက် ဆွဲဆောင်မှု မရှိလို့ ရှုံးနိမ့်ခဲ့တာ မဟုတ်ပဲနဲ့ တခြားအကြောင်းအရာကြောင့် ရှုံးနိမ့်သွားတာပဲ ဖြစ်သည်။ အမှန်တော့ သူတို့တွေက တစ်ယောက်နဲ့ တစ်ယောက် အစောကြီးကတည်းက သိကျွမ်းနေကြ၏။ ဒါကြောင့် သူတို့တွေရဲ့ လောင်းကြေးကိစ္စကို အတည်ယူစရာ အကြောင်းတော့ မရှိတော့ပါဘူး။

လင်းဟာန်က ယွဲ့ခိုင်ယုကို ဟာသလုပ်နေတာ ဖြစ်ပါတယ်။ သူကလှည့်ပြီးတော့ လွှီယုထန်ကို ကြည့်ပြီး မေးလိုက်သည်။

"အစ်ကိုကြီးကွမ်း၊ ကန်းရီနဲ့ ပူကျို့ရော ဘယ်မှာလဲ"

"ပူကျို့နဲ့ ကန်းရီကတော့ စားပြီးပြီ။ ဒါပေမဲ့ အစ်ကိုကြီး ကွမ်းယွမ်ကတော့…"

လီစီရှန်းက အနည်းငယ် ရပ်တန့်လိုက်ပြီးတော့မှ ဆက်ပြောလိုက်သည်။

"သူ့ကိုကြည့်ရတာ တစ်ခုခုကို ခံစားနေရ သလိုမျိုးပဲ။ ဒီရက်ပိုင်းအတွင်းမှာ ကြည့်ရတာတော့ စိတ်ဓာတ်ကျပြီး အားငယ်နေသလိုပဲ"

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ ပြော၏။

"နောက်ပြီးရင် ငါသူ့ကို တစ်ချက်လောက် သွားကြည့်လိုက်ပါမယ်။ ဒါပေမဲ့လည်း အခု အရေးအကြီးဆုံးက စီနီယာ အစ်ကိုယွဲ့ကို သောက်အောင် လုပ်ဖို့ပဲ"

"မင်းက ဘာလို့ ငါနဲ့အတူ မသောက်တာလဲ"

ယွဲ့ခိုင်ယုက အရမ်းကို ရိုးသားစွာနဲ့ မေးလိုက်ပါတယ်။

“နတ်သမီးလေးတွေလို လှပချောမောတဲ့ မိန်းမလှလေး နှစ်ယောက်ကို ကြည့်ပြီးတော့ အတူတူ သောက်တာက ပိုပြီးတော့ မကောင်းဘူးလား”

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်သည်။

“ဟီးဟီး။ ဒါဆိုရင် သောက်ကြစို့”

ယွဲ့ခိုင်ယုက ထိန်းချုပ်မှု မရှိတဲ့ နေရာမှာ နံပါတ်တစ်နေရာက လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ပင်ကိုယ်စရိုက်က ဘွင်းဘွင်းနဲ့ ရှင်းရှင်း တဲ့တိုးသမား ဖြစ်ပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ စားပွဲခုံကို ပုတ်ပြီးတော့ အော်ဟစ်လိုက်သည်။

“စားပွဲထိုး… အရက်ကောင်းကောင်း ယူလာခဲ့စမ်း”

ဒါပေမဲ့လည်း သူ့ရဲ့ ထိန်းချုပ်နိုင်မှုက ကြာကြာမခံပါဘူး။ လင်းဟန်နဲ့ မိန်းကလေး နှစ်ယောက်က ထပ်ခါထပ်ခါ အတင်းတိုက်မှုတွေကြောင့် သိပ်မကြာခင်မှာပဲ သူ့ရဲ့ ထိုင်ခုံပေါ်မှာ ဒယိမ်းဒယိုင်တွေ ဖြစ်လာခဲ့သည်။ ထို့အပြင်

လင်းဟန်ရဲ့ဘေးမှာ လူဘယ်နှစ်ယောက်ရှိတယ်ဆိုတာကိုတောင် မခွဲခြားနိုင်တော့ချေ။

လင်းဟန်က အခန်းတစ်ခုယူပြီးတော့ ယွဲ့ခိုင်ယုကို အခန်းထဲတွဲသွားလိုက်သည်။ သူ့အမေရဲ့ တည်နေရာကို ဆက်ပြီးတော့ စုံစမ်းချင်နေဆဲ ဖြစ်၏။

"… ငါ့အန်တီလား။ ငါ့အန်တီက ရေနက်အကျဉ်းထောင်မှာ အကျဉ်းကျနေတယ်"

ယခုဆိုလျှင် ယွဲ့ခိုင်ယုက အရက်မူးနေတဲ့အတွက် မည်သည့်လျှို့ဝှက်ချက်ကိုမှ ဆက်ပြီးတော့ မထိန်းထားနိုင်တော့ပါဘူး။ လင်းဟန်က မေးလိုက်တာနဲ့ သူ့အနေနဲ့ ချက်ချင်းပဲ အဖြေပေးလိုက်သည်။ လင်းဟန်တော့ ခေါင်းကို ခါလိုက်၏။ နောက်ပိုင်းကျရင် သူ့အနေနဲ့ အရေးကြီးတဲ့ ကိစ္စတွေကို ယွဲ့ခိုင်ယုကို လျစ်လျူရှုထားရပါမည်။ သို့မဟုတ်လျှင် ယွဲ့ခိုင်ယုက အရက်အများကြီး မသောက်ဘူးလို့ အာမမခံနိုင်ချေ။ အကယ်၍များ ဒီကောင်ရဲ့ ပါးစပ်က မပိတ်ဘူးဆိုရင် လျှို့ဝှက်ချက်အားလုံး ပေါက်ကြားသွားလိမ့်မည်။

"ရေနက်အကျဉ်းထောင်က ဘယ်နေရာမှာလဲ။ ပြီးတော့

အဲဒီက ပတ်ဂန်းကျင် အခြေအနေက ဘယ်လိုရှိလဲ”

လင်းဟန်က မေးလိုက်သည်။ တစ်ချိန်တည်းမှာပဲ သူကဒေါသတွေ ထွက်နေ၏။ သူရဲ့ မိခင်ဖြစ်သူကား အမှန်တကယ်ပဲ အကျဉ်းချခံထားရပြီး ဒါကသူ့ကို ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲစေ၏။

“ရေနက်အကျဉ်းထောင်က ဂိုဏ်းကပြစ်မှု ကျူးလွန်တဲ့ သူတွေကို ဖမ်းဆီးထောင်ချ ထားတဲ့နေရာပဲ။ အဓိကကတော့ ငါတို့ဂိုဏ်းရဲ့ ရန်သူတွေကို ဖမ်းဆီးချုပ်နှောင်ထားပြီး ဂိုဏ်းကို သစ္စာဖောက်တဲ့ တပည့်တွေလည်း အဲဒီနေရာမှာ ဖမ်းဆီးချုပ်နှောင်ထားခြင်းကို ခံရတယ်”

ယွဲ့ခိုင်ယုက သူရဲ့ခေါင်းကို လေးလေးပင်ပင်နဲ့ ခါယမ်းလိုက်၏။

“ငါငယ်ငယ်တုန်းကဆို အဒေါ်ဆီကို ငါသွားလည်လို့ ရနိုင်သေးတယ်။ ဒါပေမဲ့ အောင်းကလန်ရဲ့ ဒီခွေးသူခိုးကြီးက ငါတို့ကို မောင်းထုတ်ပစ်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ငါ့အဒေါ်က ရေနက်မျှော်စင်မှာ ဖမ်းဆီးချုပ်နှောင်တာကို ခံရပြီးတော့ ငါလည်း အဒေါ်ဆီကို သွားလည်လို့ မရတော့ဘူး။ အီး ရှတ် ငါ့ရဲ့ သနားစရာ အဒေါ်လေး။ သူမရဲ့

ယောက်ျားနဲ့ ကလေးကိုလည်း အတင်းအကျပ် ခွဲခွာခြင်းကို ခံခဲ့ရတယ်။ ပြီးတော့ လုံးဂကို မှောင်မည်းနေတဲ့ နေရာမှာလည်း အကျဉ်းချခံထားရတယ်။ အောင်းကလန်က ဒီခွေးသူတောင်းစားကြီး။ ငါစိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်တဲ့အခါကျရင် ငါမြင်သမျှ အောင်းကလန်က လူတွေကို တစ်ယောက်ချင်းစီ လည်ပင်းညှစ်သတ်ပစ်မယ် ”

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ ဒီဂမ်းကွဲ အစ်ကိုက သူ့ဘက်က ဖြစ်၏။

“ရေနက်အကျဉ်းထောင်ရဲ့ ခုခံကာကွယ်ရေးကရော ဘယ်လိုလဲ”

“မင်းက အကျဉ်းထောင်ကို ဖောက်ချင်လို့လား။ ဒါက လုံးဂ မဖြစ်နိုင်ဘူး”

ယွဲ့ခိုင်ယုက သူရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါယမ်းလိုက်သည်။

“အဲဒီနေရာမှာ ပန်းဖူးအဆင့် လက်ရွေးစင် နှစ်ယောက်က အလှည့်ကျ ကင်းစောင့်နေတယ်။ ပြီးတော့ သူတို့ရဲ့ အစွမ်းနဲ့ဆိုရင် ပျံသန်းနိုင်တဲ့ ပစ္စည်းတွေနဲ့

ပျံမယ်ဆိုရင်တောင် ပျံသန်းလို့ လွတ်မြောက်မှာမဟုတ်ဘူး”

လင်းဟန်က စားပွဲခုံကို လက်ချောင်းနဲ့ ခေါက်ပြီးတော့ စဉ်းစားနေလေသည်။ ကြည့်ရတာတော့ သူ့အနေနဲ့ ရေနက်အကျဉ်းထောင်ကို ဖောက်ပြီးတော့ သူ့မိခင်ကို ကယ်တင်ဖို့အတွက်က အနည်းဆုံး ပန်းဖူးအဆင့်၏ တိုက်ပွဲအစွမ်း ရှိမှ ဖြစ်ချေလိမ့်မည်။

သေစမ်းကွာ။ သူ့မိခင်က အကျဉ်းချခံထားရတယ် ဆိုတာကို သူသိနေတာတောင်မှ ဘာမှမကူညီ နိုင်ပဲနဲ့ ဒီအတိုင်းပဲ ထိုင်ပြီးတော့ ကြည့်နေရ၏။

ယွဲ့ခိုင်ယုက အရက်မူးလျှင် သွေးဆိုးတတ်သည့် လူစားမျိုး မဟုတ်ချေ။ သိပ်မကြာခင်ပဲ သူက အိပ်ပျော်သွားပြီးတော့ ကျယ်လောင်စွာနဲ့ ဟောက်နေသည်။ လင်းဟန်က အခန်းထဲမှ ထွက်လာပြီး လွီယုထန်နဲ့ပ တခြားသူတွေဆီကို သွားလိုက်၏။

ကျူးပုကျို့နဲ့ ကန်းရီတို့လည်း သူပြန်ရောက်နေတာကို သိသွားပြီ ဖြစ်တဲ့အတွက် သူ့ကို ထိုင်စောင့်နေကြ၏။

လင်းဟန်က သူတို့၏ ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီးတော့

မေးမြန်းလိုက်ပြီး မူလစိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးတွေကို ထုတ်ယူပြီးတော့ သူတို့ကို ပေးလိုက်၏။ သူရဲ့လူတွေ အတွက်ကို လုံး၀ မမေ့တတ်ပေ။

"နောက်ပိုင်းကျရင် ငါမင်းတို့ကို သိုင်းပညာနည်းစနစ် အသစ်တချို့ကို သင်ပေးမယ်။ မင်းတို့ရဲ့ အခြေခံတွေမှာ ဒီနည်းစနစ်တွေ ခိုင်မာကျစ်လျစ်သွားပြီးရင်တော့ လက်ရွေးစင်တွေ ဆိုတဲ့ နာမည်နဲ့ ထိုက်တန်လာလိမ့်မယ်"

လင်းဟန်က ပြောလိုက်၏။ ဒီလူတွေက သူ့ရဲ့အနောက်ကို လိုက်မှတော့ သူတို့ရဲ့ တိုက်ပွဲ အစွမ်းတွေ တိုးလာအောင်လို့ အာမခံပေးရပါလိမ့်မည်။

ထို့နောက်မှာ လင်းဟန်က ကွမ်းယွမ်ကို သွားတွေ့ခဲ့၏။ အရမ်းကို ကြမ်းတမ်းတဲ့ ဒီလူကြီးက အခုတော့ သူ့ရဲ့ အခန်းတံခါးကို ပိတ်ပြီးတော့ မိန်းကလေး တစ်ယောက်လိုမျိုး တိတ်ဆိတ် ငြိမ်သက်နေတယ် ဆိုတာက အတော်လေးကို ထူးဆန်းဖို့ ကောင်း၏။

လင်းဟန်က တံခါးကို တွန်းဖွင့်လိုက်ပြီးတော့ အခန်းထဲကို ၀င်လာခဲ့၏။ ထို့နောက်မှာ ကွမ်းယွမ်က ပြတင်းပေါက်ရဲ့ နံဘေးမှာ ထိုင်ပြီးတော့ ငေးငိုင်နေတာကို တွေ့လိုက်ရသည်။

သူ့ပုံစံကို ကြည့်ရတာတော့ အတွေးတွေ နယ်ချဲ့နေပုံ ရ၏။

“အစ်ကိုကြီးကွမ်း”

လင်းဟာန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ကွမ်းယွမ်ရဲ့ မျက်စိအရှေ့မှာ လှုပ်ယမ်းပြ လိုက်သည်။

ထိုအခါမှ ကွမ်းယွမ်က ပြန်လည် တုံ့ပြန်လာခဲ့သည်။ လင်းဟာန်ကို မြင်လိုက်ရတဲ့ အခါမှာ ပထမဆုံး သူက ထိတ်လန့်သွားပြီး အသေအချာ သတိထား ကြည့်ရှုပြီးမှ သံသယနဲ့ မေးလိုက်သည်။

“လင်းဟာန်လား”

“ငါပါ”

လင်းဟာန်က ခေါင်းညိတ်လိုက်သည်။

“ခင်ဗျား ဘာတွေဖြစ်နေတာလဲ။ ဒီအထဲမှာ ထိုင်ငိုင်ပြီးတော့ ဘာတွေကို စဉ်းစားနေတာလဲ”

ကွမ်းယွမ်က အနည်းငယ် တုံ့ဆိုင်းသွား၏။ သူ့ပုံစံကို

ကြည့်ရတာတော့ ဘယ်ကနေ အစရှာပြီး ပြောရမလဲ ဆိုတာကို မသိတဲ့ ပုံစံမျိုးဖြစ်နေလေသည်။ နောက်ဆုံးမှာတော့ သူက သက်ပြင်းချပြီး ပြောလိုက်သည်။

"ငါလူတစ်ယောက်နဲ့ ဆုံခဲ့တယ်"

"ချစ်သူဟောင်းလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်၏။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကွမ်းယွမ် အနေနဲ့ ထိုင်မှိုင်နေစရာ အကြောင်း လုံးဝမရှိပါဘူး။ ဒီကမ္ဘာကြီးမှာ အချစ်ဆိုတဲ့ စကားလုံးက လူတစ်ယောက် အပေါ်မှာ ဒီလိုမျိုး အကြီးအကျယ် စိတ်ဆင်းရဲရအောင် ဆွဲဆောင်နိုင်စွမ်း ရှိ၏။

ကွမ်းယွမ်က ခါးခါးသီးသီးနှင့် ရယ်မောလိုက်ပြီးတော့ ပြောသည်။

"ငါ့ချစ်သူဟောင်းရဲ့ ယောက်ျားပါ"

အမ်။

အခုဆို ကွမ်းယွမ်က သူပြောချင်တဲ့ ခေါင်းစဉ်ကို

ရောက်လာခဲ့ပြီ ဖြစ်သည်။ ကွမ်းယွမ်၏ ပုံစံကို ကြည့်ရတာ သူခံစားနေရတဲ့ ခံပြင်းမှုတွေ အားမလို အားမရဖြစ်နေတာတွေကို သူ၏ရင်ထဲတွင် ဆက်လက်မထိန်းနိုင်တော့ပဲ လင်းဟာန်ကို ရင်ဖွင့်တော့မည် ပုံစံမျိုး ဖြစ်နေ၏။ ကွမ်းယွမ်က စတင်ပြီးတော့ အဆက်မပြတ် ပြောလိုက်သည်။

"ငါငယ်ငယ်တုန်းကပေါ့။ မိုးရေနိုင်ငံကနေ ထွက်လာပြီးတော့ မြောက်ပိုင်းဒေသ ပတ်ဂန်းကျင် တစ်လျှောက် ခြေဆန့်ခဲ့တယ်။ ပိုပြီးတော့ အစွမ်းထက် သန်မာလာမဲ့ နည်းလမ်းကို ရှာဖွေဖို့ အတွက်ပဲ ဆိုပါတော့။ အဲဒီအချိန်မှာ ငါလူနှစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်။ သူတို့ နှစ်ယောက်စလုံး တစ်ကိုယ်တည်း ကျင့်ကြံသူတွေပဲ။ ငါတို့သုံးယောက်က အုပ်စုတစ်ခု ဖွဲ့ပြီးတော့ အတူတကွ ခြေဆန့်ခဲ့ကြပြီး သေခြင်းရှင်ခြင်းတွေကို အတူတကွ ဖြတ်ကျော်လာခဲ့ ကြတယ်။ တစ်ယောက်က သွမ့်ကျန်းရှီလို့ ခေါ်ပြီးတော့ နောက်တစ်ယောက်ကတော့ နန်းချင်းယွဲ့လို့ ခေါ်တယ်။ သွမ့်ကျန်းရှီနဲ့ ငါတို့ နှစ်ယောက်လုံးက နန်းချင်းယွဲ့ကို တစ်ပြိုင်နက်တည်း ချစ်ကြိုက်မိသွားကြတယ်။ ငါတို့ရဲ့ ညီအစ်ကို သံယောဇဉ် ထိခိုက်မှာကို ရှောင်ရှားတဲ့ အနေနဲ့ သိုင်းပညာ ပြိုင်ပွဲတစ်ခု ကျင်းပပြီး ဘယ်သူကပဲ ရှုံးရှုံး ရှုံးတဲ့သူက အလိုအလျောက်

နောက်ဆုတ်ပေးရမယ်လို့ သဘောတူခဲ့ ကြတယ်။ အဲဒီနှစ်ဂက်အချိန်တုန်းက ငါက အရှုံးတစ်ယောက်လို သဲသဲမဲမဲ လေ့ကျင့်ခဲ့တယ်။ ဒါကြောင့် သွမ့်ကျန်းရှီကို အနိုင်ယူနိုင်လိမ့်မယ်လို့ ငါ့ကိုယ်ငါ ယုံကြည်နေခဲ့မိတယ်။ ဒါပေမဲ့လည်း ငါတို့ရဲ့ ပြိုင်ပွဲမစခင် ရက်အနည်းငယ် အလိုမှာပဲ ချင်းယွဲ့ရောက်လာပြီးတော့ သူမက သွမ့်ကျန်းရှီကိုပဲ ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ပြီ ဆိုတာကို ငါ့ကိုလာပြောခဲ့တယ်။ ဒါကြောင့် ငါလည်း နောက်ဆုတ်ဖို့ပဲ တတ်နိုင်တယ်။ ဒါပေမဲ့လည်း သိပ်မကြာခင်မှာ သွမ့်ကျန်းရှီက အရက်မူးလွန်ပြီး ချင်းယွဲ့ကို ရွေးချယ်စရာ မရှိပဲ သူ့ကိုပဲ ရွေးချယ်ဖို့ အတင်းဖိအားပေးသလိုမျိုး ကောက်ကျစ်မှု လုပ်ထားတယ်ဆိုတာကို ငါရှာတွေ့ခဲ့ရတယ်။ ငါရဲ့ဒေါသတွေကို မထိန်းနိုင်ပဲနဲ့ သွမ့်ကျန်းရှီကို အတော်လေး ရိုက်နက်ဆုံးမ ပစ်လိုက်တယ်။ အဲဒီနောက်မှာ ငါချင်းယွဲ့ကို သွားရှာပြီးတော့ သူမနဲ့ သွမ့်ကျန်းရှီအကြားမှာ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ ငါဂရုမစိုက်ဘူးလို့ ပြောခဲ့တယ်။ ပြီးတော့ သူမသဘောတူမယ်ဆိုရင် ငါတို့နှစ်ယောက် အတူတူ ထွက်သွားကြဖို့ကို ပြောလိုက်တယ်။ ဒါပေမဲ့လည်း သူမက သဘောမတူခဲ့ဘူး။ ဒါကြောင့်လည်း ငါအသည်းတွေ ကွဲပြီးတော့ မိုးရေနိုင်ငံကို ပြန်လာဖို့ကို ဆုံးဖြတ်ခဲ့တာပဲ။ မျက်စိတစ်မှိတ် အတွင်းမှာပဲ နှစ်ပေါင်း နှစ်ဆယ် ကုန်လွန်သွားခဲ့ပြီ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က

သွမ့်ကျန်းရှီနဲ့ ငါတွေ့ပြီးတော့ သူကငါ့ကို လွှန်ခဲ့တဲ့ သုံးနှစ်က ချင်းယွဲ့သေသွားပြီ ဆိုတဲ့အကြောင်းကို ပြောပြခဲ့တယ်”

Chapter 355 end

အပိုင်း(၃၅၆) မှတ်ဉာဏ်ပုံဆောင်ခဲ

လင်းဟန်က ဒီကိစ္စကို တစ်ခဏမျှ စဉ်းစားပြီးတော့ မေးလိုက်သည်။

“ချင်းယွဲ့က သဘာဝအတိုင်း သေသွားခဲ့တာ မဟုတ်ဘူးလို့ ခင်ဗျားက သံသယ ရှိနေတာလား”

“ချင်းယွဲ့ရဲ့ သိုင်းပညာ ပါရမီက ငါနဲ့ သွမ်ကျန်းရှီထက်တောင်မှ သာသေးတယ်။ ဒါကြောင့် သူမက ဘယ်လိုလုပ်ပြီးတော့ ဖျားနာတာကြောင့် သေနိုင်မှာလဲ”

ကွမ်းယွမ်က သူရဲ့ခေါင်းကို အထပ်ထပ် အခါခါ ခါယမ်းလိုက်၏။

“ငါကအခုဆို စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာရှိတယ်။ ပြီးတော့ သွမ်ကျန်းရှီတောင် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားခဲ့ပြီ။

အဲဒီလိုသာဆိုရင် ချင်းယွဲ့က လွန်ခဲ့တဲ့ သုံးနှစ်ကဆို အနည်းဆုံး စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာပဲ ရှိလိမ့်ဦးမယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့်က သိုင်းပညာရှင် တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဖျားနာတာကြောင့် သေရမှာလဲ”

အမှန်ပါ။ သိုင်းပညာရှင် တစ်ယောက်က ဒြပ်စင်စုစည်းခြင်း အဆင့်ကို ရောက်သွားတဲ့ အချိန်ကျရင် ဖျားနာခြင်းဆိုတာက အရမ်းကို ရှားပါးတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပေသည်။ မူလစွမ်းက သူတို့ရဲ့ ခန္ဓာကိုယ်ကို ကာကွယ်ပေးထားပြီးတော့ သာမန်အဖျားဝေဒနာတွေက လုံးဝ အကျိုးသက်ရောက်မှု ရှိလို့မိမည် မဟုတ်ပေ။ သူတို့တွေက တခြားသူကြောင့် အဆိပ်မိတာ သို့မဟုတ် ဒဏ်ရာရတာ မဟုတ်သရွေ့ သက်တမ်းမကုန်ဆုံးခင် အချိန်ထိ သူတို့အနေနဲ့ ကျန်းကျန်းမာမာနဲ့ နေနိုင်ပါလိမ့်မည်။

“ခင်ဗျားက ဒီကိစ္စကို သံသယ ဝင်နေမှတော့ ဘာဖြစ်လို့ သွားပြီးတော့ မစုံစမ်းတာလဲ”

လင်းဟန်က မေးလိုက်သည်။

"သူမနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေကို မြင်တဲ့အခါကျရင် သတိရမှာကို ငါကြောက်နေမိတယ်။ ပြီးတော့ အချိန်အတော်ကြာအောင် ဖိနှိပ်ထိန်းချုပ်ထားတဲ့ အရင်တုန်းက ခံစားချက်တွေ ပြန်ပြီးတော့ ထွက်ပေါ်လာမှာကို ကြောက်နေတယ်"

ကွမ်းယွမ်က သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ မေးလိုက်သည်။

"တကယ်လို့ ခင်ဗျားက ဒီအတိုင်းပဲ ဆက်ပြီးတော့ ဖြစ်နေမယ်ဆိုရင် ဘယ်လိုလုပ် ကောင်းတော့မှာလဲ။ သွမ်ကျန်းရှီက အခု ဘယ်မှာနေတာလဲ"

"အင်း။ သူဒီနေရာမှာ အခြေချနေတာ ခုနစ်နှစ်လောက်ရှိပြီ။ ပြီးတော့ သူက အတော်လေးကို တိုးတက်လာခဲ့တယ်။ သွမ့်ကလန်က ဒီပင်လယ်လေညှင်းမြို့မှာဆိုရင် အတော်လေးကို အစွမ်းထက်တဲ့ အဖွဲ့လို့ သတ်မှတ်နိုင်တယ်။ သူတို့ဆီမှာ စိတ်ဂိညာဉ်ပင်လယ်အဆင့် လက်ရွေးစင်တွေ အများကြီးလည်း ရှိတယ်"

ကွမ်းယွမ်က ပြောလိုက်၏။

သွမ့်အိမ်တော်ကို မသွားရတဲ့ အကြောင်းက ဒီတစ်ချက်ကြောင့်လဲ ပါဝင်သည်။ ဘာကြောင့်လဲဆိုတော့ တကယ်လို့ သူကတရားဝင် သွားရောက်လည်ပတ်ခဲ့မယ်ဆိုရင် သူ့ကို လက်ခံတွေ့ဆုံလိမ့်မည် မဟုတ်ပေ။ ပြီးတော့ တကယ်လို့ သူကခိုးဝင်မယ်ဆိုရင်တောင် အိမ်တော်ထဲမှာ လက်ရွေးစင် အများကြီးရှိပြီးတော့ သူ့ကိုဖမ်းမိသွားလိမ့်မည်။ ဒါက သူရဲ့ အချစ်ပြိုင်ဘက်ဟောင်းကြီး အရှေ့မှာ ဘယ်လောက်တောင် စိတ်ကသိကအောက် ဖြစ်စရာ ကောင်းလိမ့်မလဲ။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်၏။

"ကောင်းပြီလေ။ ဒီည ကျနော်တို့တွေ တစ်ချက်လောက် သွားကြည့်တာပေါ့။ ပြီးတော့မှ ခင်ဗျားရဲ့ စိတ်စွဲလမ်းမှု တစ်ခုကိုလည်း ကောက်ချက်ချ သုံးသပ်ကြတာပေါ့"

ကွမ်းယွမ်က ဒီကိစ္စကို တစ်ခဏမျှ စဉ်းစားလိုက် ပေမဲ့လည်း မငြင်းဆန်ခဲ့ပေ။

သူ၏နှလုံးသားထဲတွင် နန်းချင်းယွဲ့က မည်သို့မည်ပုံ သေဆုံးသွားခဲ့ ရတာလဲ ဆိုတာကို အရမ်းကို သိချင်နေ၏။ အကယ်၍များ မသိခဲ့ဘူးဆိုရင် သူ၏နှလုံးသား အထဲတွင် ခဲဆွဲထားသကဲ့သို့ လေးလံနေပေလိမ့်မည်။ ဤပြဿနာကြောင့် သူမှာ ကောင်းကောင်းမစားနိုင် ကောင်းကောင်း မအိပ်နိုင် ဖြစ်နေ၏။ ထို့အပြင် သူ၏ကျင့်ကြံခြင်းကလည်း ဒီရက်ပိုင်းအတွင်း လျော့ကျလာသည့် လက္ခဏာကိုတောင် မြင်တွေ့နေရသည်။

လင်းဟန်က သူ၏အုပ်စုမှ လူတွေအားလုံးကို တစ်ချက်စီ ကြည့်ပြီးတဲ့နောက်မှာ အနက်ရောင် မျှော်စင်အတွင်းထဲသို့ ဝင်ရောက်ခဲ့၏။

သူ့အနေနှင့် မိုးကြိုးလျှပ်စီး ချပ်ဝတ်ကို အနီးကပ် လေ့လာချင်သည်။

ဤတိုက်ပွဲဝင် ချပ်ဝတ်ပုံစံကို ကြည့်ရသည်မှာ စွပ်ကျယ်အကျီတစ်ထည်နှင့် ဆင်တူ၏။ ၎င်းတွင် အကျီလက်များ မပါရှိပေ။ ပုံစံကို ကြည့်ရသည်မှာ လူတစ်ယောက်၏ ရင်ပိုင်းသက်သက်ကိုပဲ ကာကွယ်ပေးနိုင်ပုံ ရသည်။ ၎င်းကို မည်သည့်သတ္တုနှင့် ပြုလုပ်ထားသည် ဆိုတာကိုပင် လင်းဟန်ကိုယ်တိုင်တောင်မှ

မသိရှိခဲ့ပေ။ ၎င်းကို ငွေရောင်သတ္တုအပြားတွေကို ကပ်ထားပြီး သတ္တုချည်မျှင်တစ်ခုဖြင့် ချိတ်ဆက်ရက်လုပ်ထားခြင်း ဖြစ်၏။

အနီးကပ် သေချာလေ့လာလိုက်သည့် အချိန်မှာတော့ သတ္တုပြားတစ်ချပ်စီ အပေါ်တွင် အစီအရင် ပုံစံ တစ်ခုစီရှိတာကို မြင်လိုက်ရသည်။ ၎င်းတို့အားလုံးက တစ်ခုနှင့်တစ်ခု ပုံစံမတူကြချေ။ ပုံစံကို ကြည့်ရသည်မှာ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်အပေါ်မှ လက်ရေးပုံစံမျိုးနှင့် ဆင်တူ၏။ သို့ပေမဲ့လည်း ၎င်းပုံစံများက ဆွဲသားထားသည့်နှင့်လည်း တူပေသည်။

ဤပုံစံအတိုင်းသာဆိုလျှင် မိုးကြိုးလျှပ်စီးချပ်ဂတ်မှာလည်း အရမ်းကို အရေးပါသည့် နောက်ခံတစ်ခုမှ လာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ၎င်းက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုသာသာမျှ မဟုတ်ပဲ နတ်ဘုရားနယ်ပယ်မှ ရောက်လာခဲ့သည့် နတ်ဘုရား ပစ္စည်းတစ်ခုတောင် ဖြစ်နိုင်ချေ ရှိ၏။

ဒါပေမဲ့လည်း ဤတိုက်ပွဲဂင် ချပ်ဂတ်ကား အလွန်အမင်းကို ပျက်စီးနေသည်။ ၎င်း၏ ရင်ဘက် အစိတ်အပိုင်းတွင် အပေါက်တစ်ခု ရှိနေသည်။

လင်းဟန်၏ခန့်မှန်းချက်အရဆိုလျှင် ထိုအပေါက်ကား နှလုံးသားရှိရာနေရာကို ထိုးဖောက်သွားခြင်း ဖြစ်ပေသည်။ နောက်တစ်နည်း ပြောရလျှင် မိုးကြိုးလျှပ်စီးချပ်ဂတ်ကို ဂတ်ဆင်ထားသူကို ၎င်း၏ပြိုင်ဘက် ဖြစ်သူမှ တစ်ချက်တည်းဖြင့် နှလုံးသားရှိရာ နေရာကို တိုက်ခိုက်ခြင်း ခံလိုက်ရပေလိမ့်မည်။ ချပ်ဂတ်ပိုင်ရှင်က သေဆုံးသွားခဲ့ပြီး တိုက်ပွဲဝင်ချပ်ဂတ်ကား ပျက်စီးသွားခဲ့၏။

ဤမိုးကြိုးလျှပ်စီးချပ်ဂတ်ကို ပြန်လည်အသက်သွင်းဖို့ကိုတော့ ယခုချိန်တွင် မည်သူမျှ မတတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းကို သွန်းလုပ်ထားသည့် သတ္တုပစ္စည်းကား မည်သည့်လက်နက်နှင့်မှ ထိုးဖောက်နိုင်ခြင်း မရှိသည့် အဆင့်ကိုး သို့မဟုတ် အဆင့်တစ်ဆယ်တောင် ဖြစ်နိုင်သည့် ပစ္စည်းမျိုးနှင့် ပြုလုပ်ထားခြင်းကြောင့် ဖြစ်၏။ ထို့ကြောင့် တစ်ယောက်ယောက်က ၎င်းကို ဂတ်ဆင်ထားလျှင် အကာအကွယ် ပစ္စည်းတစ်ခု အနေနှင့် အကျိုးသက်ရောက်မှုကို ရရှိနိုင်ပေလိမ့်မည်။ ၎င်း၏အစစ်အမှန် တန်ဖိုးထက် အနည်းငယ်မျှသာ နိမ့်သည်ဟု ယူဆနိုင်သည်။

ဤကဲ့သို့ အကြောင်းမျိုးသာ မရှိခဲ့ဘူးဆိုလျှင်

ဆောင်းလကိုဏ်းအနေဖြင့် ၎င်းကို ဆုလာဘ်တစ်ခု အဖြစ် အသုံးချနိုင်ပါဦးမလား။ ဒါပေမဲ့လည်း အောင်းကလန်၏ အကြီးအကဲရဲ့ ကြိုးပမ်း အားထုတ်မှုကြောင့် မိုးကြိုးလျှပ်စီးချပ်ဂတ်ကို ဆုအဖြစ် ပေးအပ်ဖို့ ကြံစည်ထားပြီး အောင်းမိသားစုရဲ့ သားခုနစ်ယောက်ကို အနိုင်ယူဖို့ အစီအစဉ်ဆွဲထားခဲ့သည်။ မမျှော်လင့်ပဲ ဤပစ္စည်းကား လင်းဟန်၏လက်ထဲသို့ သက်ဆင်းကျရောက်လာခဲ့သည်။

"ဒီပစ္စည်းရဲ့ စိတ်ဂိညာဉ်က လုံးဂပျက်စီးသွားခဲ့ပြီလား"

လင်းဟန်က သူ၏နတ်ဘုရား အာရုံကို တိုက်ပွဲဂင်ချပ်ဂတ် အတွင်းသို့ ထည့်သွင်းလိုက်သည်။ တကယ်ကိုပဲ ဤစိတ်ဂိညာဉ်ပစ္စည်းမှာ အသက်ဓာတ်လက္ခဏာ နည်းနည်းလေးမှ မတွေ့ရတော့ပေ။ ဤပစ္စည်း၏ စိတ်ဂိညာဉ်ကား အထဲမှာ မရှိတော့ပေ။

"တကယ်လို့ ပစ္စည်းရဲ့ စိတ်ဂိညာဉ် သေသွားပြီဆိုရင် ဘာမှလုပ်လို့ မရတော့ဘူး။ သူ့ဘာသာသူ ပြန်ပြီးတော့ အသက်ပြန်မရှင်နိုင်တော့ဘူး"

လင်းဟန်က တိုက်ပွဲချပ်ဂတ် အပေါ်ကို လက်တစ်ဖက်နှင့် ပွတ်သပ်လိုက်၏။

"ငါ့ရဲ့ သိုင်းဆန္ဒက လုံလောက်အောင် အားကောင်း သန်မာလာရင်တော့ ဒီတိုက်ပွဲချပ်ဂုတ်ကို အသက်သွင်းနိုင်လိမ့်မယ်။ နောက်ပြီးတော့ ဒီအထဲမှာ မိုးကြိုးလျှပ်စီးဓာတ် သိုင်းပညာ နည်းစနစ် တစ်ခုလည်း ရှိတယ်လို့ ကြားဖူးတယ်။ အဲဒီသတင်းက အမှန်လား ကောလာဟလလား ဆိုတာကို ငါလည်းမသိဘူး"

"တကယ်လို့ ငါဒါကို အသက်သွင်းနိုင်မလားဆိုတာ ကြည့်ရအောင်"

ဆောင်းလဂိုဏ်း၏ အဖွဲ့သားများကတော့ ဒီကံကြမ္မာမျိုးကို အောင်မြင်အောင် လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဆောင်းလဂိုဏ်း၏ အသန်မာဆုံး အဖွဲ့သားများက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာသာ ရှိပြီးတော့ ဤတိုက်ပွဲချပ်ဂုတ်ကား အနည်းဆုံး အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်သည်။ သို့သော်လည်း လင်းဟန်အတွက်ကတော့ ပုံပြင်တွေက မတူချေ။ သူက ကောင်းကင်အဆင့်၏ နတ်ဘုရားအာရုံ တစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ထားပြီး နောက်တစ်ခုက အနက်ရောင် မျှော်စင်အထဲမှာပါ ရှိနေသည်။

သူ၏နတ်ဘုရား အာရုံကို မိုးကြိုးလျှပ်စီး ချပ်ဂဟတ်အထဲသို့ ထည့်သွင်းလိုက်သည်။ ဒါပေမဲ့ မည်သည့်တုံ့ပြန်မှုကိုမှ မရရှိပေ။ ထို့နောက်မှာ သူ၏ နတ်ဘုရား အာရုံကို ဂုင်းအထဲသို့ ထပ်လောင်းထည့်လိုက်သော်လည်း မည်သည့်တုံ့ပြန်မှုကိုမှ မရရှိသေးပေ။

လပြွတ်ပဲ။ ဒါကတော့ လုံးဝ မဖြစ်သင့်ဘူး။ သူရဲ့ ကောင်းကင်အဆင့် နတ်ဘုရား အာရုံတောင်မှ ဒီချပ်ဂဟတ်အထဲက သိုင်းဆန္ဒကို တကယ်ပဲ မနိုးဆွနိုင်ဘူးလား။ ဒါမှမဟုတ် ဒီပစ္စည်းက အရမ်းကို ပျက်စီးနေလို့ပဲ သူက မနိုးဆွနိုင်တာလား။

ဒီလိုဆိုမှတော့ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားကိုပဲ အသုံးပြုရတော့မှာပေ့ါ။

လင်းဟာန်ဆီက အတွေးနှင့်အတူ အနက်ရောင် မျှော်စင်က ချက်ချင်းဆိုသလို တုံ့ပြန်လာသည်။ ပုမ်း တိုက်ပွဲဂင်ချပ်ဂဟတ်က စတင်ပြီးတော့ လင်းလက်တောက်ပ လာခဲ့သည်။ သတ္တုပြား တစ်ခုပြီးတစ်ခု ဂုင်းအပေါ်မှ အစီအရင်ပုံစံတွေက လင်းလက်တောက်ပလာပြီး လင်းဟာန်လုံးဝ ဖတ်ရှုလို့ မတတ်တဲ့ ဘာသာစကား တစ်မျိုးအဖြစ်ကို ပြောင်းလဲသွားသည်။

ယခုတော့ သူ့အနည်းငယ် နားလည်စ ပြုလာသည်။ ထိုအရာက တကယ့် စာလုံးတွေ မဟုတ်ပါဘူး။ သို့ပေမဲ့ အရမ်းကို အဆင့်မြင့်တဲ့ သိုင်းဆန္ဒ သဘောတရားတစ်ခု ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ယောက်က ၎င်းပုံပန်းသဏ္ဍာန်ကို ဆွဲထုတ်ဖို့ ကြိုးစားမယ်ဆိုလျှင် အနည်းဆုံး နှစ်ပေါင်း ရာဂဏန်း၊ ထောင်ဂဏန်း ဒါမှမဟုတ် နှစ်ပေါင်း တစ်သောင်းကျော်တောင် လိုအပ်နိုင်ချေ ရှိသည်။

၎င်းက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်နဲ့ တူသည်။

လဗ္ဗြတ်။ ဘာလဲဟ။

နောက်ထပ် အတွေးတစ်ခုကို တွေးနေရုံပဲ ရှိသေး၏။ လေထုထဲတွင် မျောလွင့်နေသည့် အရမ်းကို သေးငယ်တဲ့ ပုံဆောင်ခဲလေး တစ်ခုကို ရုတ်တရက် မြင်လိုက်ရသည်။

၎င်းက အမှန်တကယ်ပဲ မိုးကြိုးလျှပ်စီး ချပ်ဂတ်က ပိုင်ဆိုင်ထားတဲ့ အရာလေး တစ်ခု ဖြစ်ပေသည်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို သူ့အသက်သွင်းလိုက်ပြီးတဲ့ နောက်မှာ ၎င်းက ထွက်ပေါ်လာခဲ့တာ ဖြစ်ပြီးတော့

ၚင်းပုံဆောင်ခဲရဲ့ ဘေးမှာတော့ သေးငယ်တဲ့ ပုလင်းလေး တစ်လုံး ရှိနေပြီး အထဲမှာ ဘာတွေပါဝင်သလဲ ဆိုတာကိုတော့ ဘယ်သူမှ မသိနိုင်ပေ။

ဒီပုံဆောင်ခဲက မှတ်ဉာဏ် ပုံဆောင်ခဲလား။

လင်းဟန်က ၚင်းကို သတိပြုမိသွားပြီးတော့ အရမ်းကို အံ့အားသင့် သွားခဲ့သည်။

မှတ်ဉာဏ်ပုံဆောင်ခဲကို တစ်ကြိမ် အသက်သွင်းလိုက်တာနဲ့ ၚင်းက ဘေးပတ်ပတ်လည်မှာ ဖြစ်နေသမျှ အရာအားလုံးကို မှတ်တမ်းတင်နိုင်ပါသည်။ ဒါပေမဲ့ ၚင်းက တစ်ကြိမ်ပဲ မှတ်တမ်းတင် နိုင်ပေသည်။ ပြီးတဲ့နောက်မှာတော့ ၚင်းကို အသက်ပြန်သွင်းပြီးတော့ ဖြစ်ပျက်ခဲ့သမျှ အရာအားလုံးကို မိနစ်တိုင်း စက္ကန့်တိုင်းကို ရှုထောင့်ပေါင်းစုံကနေ အသေးစိတ် သေချာလေ့လာ စူးစမ်းနိုင်ပါလိမ့်မည်။ နတ်ဘုရားတစ်ပါး၏ မြင်ကွင်းအတိုင်း ကြည့်ရှု လေ့လာနိုင်ပေသည်။

ဤပုံဆောင်ခဲကား အလွန်အမင်းကို အဖိုးတန်ပြီးတော့ အဆုံးမဲ့ လက်ရွေးစင်တစ်ယောက်က သူ၏နည်းစနစ် လေ့ကျင့်မှုတွေကို မှတ်တမ်းတင်တဲ့အခါမှာ

အသုံးပြုတတ်ကြသည်။ ပုံဆောင်ခဲဖြင့် မှတ်တမ်းတင်ထားပြီးတော့ နောင်လာနောက်သားတွေကို ပြန်လည် လက်ဆင့်ကမ်း ပေးအပ်ခဲ့ကြသည်။

လင်းဟန်က ၎င်းကို အနီးကပ် ကြည့်လိုက်သည်။ ၎င်းမှတ်ဉာဏ် ပုံဆောင်ခဲ အပေါ်တွင် အနက်ရောင် မျဉ်းတစ်ကြောင်းရှိနေပြီး ဤပုံဆောင်ခဲကို အရင်က တစ်ကြိမ် အသုံးပြုခဲ့ပြီးပြီလို့ ဆိုလိုပါတယ်။ ထိုသို့မဟုတ်လျှင် ၎င်းပုံဆောင်ခဲကား သန့်ရှင်းပြီး ကြည်လင်နေပါလိမ့်မည်။

လင်းဟန်က ချက်ချင်းဆိုသလို သူ၏နတ်ဘုရား အာရုံကို ပုံဆောင်ခဲ အတွင်းသို့ ထည့်သွင်း လိုက်သည်။

ဟုမ်း

ချက်ချင်းဆိုသလိုပဲ လင်းဟန်က သူနှင့် မရင်းနှီးသည့် ပတ်ဂန်းကျင် နေရာတစ်ခုမှာ ပေါ်လာခဲ့သည်။ ဤပတ်ဂန်းကျင်တွင် သူ့မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် လုံးဝမရှိပဲ သူစိတ်ရှိသည့် အတိုင်းပဲ နစ်သက်ရာ နေရာမှာ ချက်ချင်းပဲ ပေါ်လာအောင် လုပ်လို့ရ၏။ ထို့ပြင် ဤနေရာ တစ်ခုလုံးက ဖြူဖွေးနေပြီးတော့ တစ်မိုင်ဂန်းကျင်ခန့်သာ

ရှိသည်။

ဘာကြောင့်လဲဆိုတော့ မှတ်ဉာဏ်ပုံဆောင်ခဲ၏ မှတ်တမ်းတင်နိုင်သော အကွာအဝေးက ဒီကန့်သတ်ထားတဲ့ နေရာအတွင်းမှာသာ ရှိသည်။

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး ချက်ချင်းဆိုသလို သူ့ကိုကြည့်ရတာ အံ့ဩသွားပုံ ရ၏။ ခရမ်းရောင် ဆံပင်ရှည်နဲ့ မိန်းကလေးတစ်ယောက်က မြက်တောချုံတောတွေကို ဖြတ်ပြီးတော့ အပြင်းအထန် ပြေးလွှားလာနေတဲ့ မြင်ကွင်းကို ပြောင်းလဲသွားသည့် အတွက်ကြောင့် ဖြစ်သည်။ ဒါကြောင့် ဒီမှတ်ဉာဏ်ပုံဆောင်ခဲက သူမပိုင်ဆိုင်သည့် ပစ္စည်းဟု အတည်ပြုလိုက်သည်။ ဘာကြောင့်လဲဆိုတော့ သူမက ယခုပြောင်းလဲသွားသည့် မြင်ကွင်းရဲ့ အလယ်နေရာတည့်တည့်မှာ ရှိနေတာကြောင့် ဖြစ်သည်။

ပြီးတော့ ဒီမိန်းကလေးက သူ၏ယခင်ဘဂတုန်းက ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်ထဲက တစ်ယောက် အပါအဝင်ဖြစ်သည့် ဇီရှုရှန်း ဖြစ်နေသည်။

ဤအဖြစ်အပျက်ကား အနက်ရောင် မျှော်စင်ကြောင့်

လင်းဟန် ပျောက်ကွယ်သွားပြီးတဲ့ နောက်မှာ ဖြစ်သွားခဲ့တယ် ဆိုတာက သိသာထင်ရှားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဇီရှုရှန်းရဲ့ စွမ်းရည်က လုံးဝကို ခန့်မှန်းလို့ မရနိုင်အောင် ဖြစ်နေပါတယ်။ လင်းဟန်က သူမရဲ့ စစ်မှန်တဲ့ အစွမ်းကို အပြည့်အဝ မထုတ်ဖော်နိုင်ပေမဲ့လည်း မှတ်ဉာဏ်ပုံဆောင်ခဲကတော့ သူမရဲ့ အရှိန်အဝါ အတက်အကျကို ကွက်ကွက်ကွင်းကွင်းနဲ့ မှတ်တမ်းတင်နိုင်ခဲ့သည်။

လင်းဟန်၏ ခန့်မှန်းချက်က ဤအရှိန်အဝါက သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်ထက် အားနည်းပြီး ဇီရှုရှန်းက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်တက်ရောက်ကာစပဲ ရှိပါလိမ့်ဦးမည်။

တကယ်ပါပဲ။ သူသေပြီးတဲ့ နောက်မှာ သူတို့၏ ပတ်ဝန်းကျင်က လုံးလုံးလျားလျားကို ပြောင်းလဲမှု ဖြစ်ပျက်သွားပြီးတော့ ဓားကောရာဇ်နဲ့ တခြားသူတွေ အားလုံးပဲ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်ကုန်ပါတယ်။ သူ့ရဲ့ ရှုးနေတဲ့ တပည့်ဖြစ်သူ ကျန်းယွဲ့ဖုန်းဆောင်မှ ဒီခြေလှမ်းအတိုင်း လိုက်နင်းနိုင်ခဲ့ပြီး သူတို့တွေက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိပြီးတော့ နတ်ဘုရား နယ်ပယ်ထဲကို ဝင်ရောက်ပြီး

နတ်ဘုရားတွေ ဖြစ်နိုင်ပါလိမ့်မည်။

ဒါပေမဲ့လည်း ဇီရှူရှန်းရဲ့ အမူအရာက စိုးရိမ်ပူပန်နေတယ်ဆိုတာ သိသာထင်ရှားနေပြီး သူမပုံစံကို ကြည့်ရတာတော့ သူမက ထွက်ပြေးနေတာနဲ့ ဆင်တူနေသည်။

သူ၏ယခင်ဘဂတုန်းက ကောင်းကင်အဆင့် လက်ရွေးစင်တွေထဲက တစ်ယောက် ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကိုတောင် အဆင့်တက်သွားတဲ့ လူတစ်ယောက်က တကယ်ပဲ ထွက်ပြေးနေတာလား။

သူမက ဘာကြောင့် ထွက်ပြေးနေတာလဲ။ နောက်ပြီးတော့ ဘယ်လိုရန်သူတွေဆီကနေ သူမက ထွက်ပြေးနေရတာလဲ။

အပိုင်း(၃၅၇) ဇီရှူရှန်း

ဓားဧကရာဇ်လား။ ကောင်းကင်ဖီးနစ် နတ်မိမယ်လား။ နေသတ်ဖြတ်သူ ဆေဘာဓား ဧကရာဇ်လား။

လင်းဟာန်က စိတ်ရှည်လက်ရှည်နဲ့ စောင့်ကြည့်နေခဲ့သည်။ ဇီရှူရှန်းက တန်ဖိုးမဖြတ်နိုင်တဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို

ဂဝတ်ဆင်ထားသည်။ နောက်ပြီးတော့ ၎င်းက လုံးဂကို မပျက်စီးသေးပဲ ရှိနေဆဲ ဖြစ်သည်။ ၎င်းချပ်ဂဝတ်တစ်ခုလုံး အဖြူရောင် မိုးကြိုးလျှပ်စီးတွေက လင်းလက်တောက်ပ နေပြီးတော့ သူမကိုကြည့်ရတာ စစ်ပွဲနတ်ဘုရား သူရဲကောင်းမ တစ်ယောက်နဲ့ တူသည်။

လင်းဟန်က ဇီရှူရှန်းမှာ အရမ်းကို ရှည်လျားတဲ့ နားရွက်တွေရှိပြီးတော့ ယုန်နားရွက်တွေနဲ့ တူပြီး ထောင်နေတာကို မြင်လိုက်ရတဲ့ အခါမှာ အံ့သြသွားခဲ့သည်။ သူမရဲ့မျက်လုံးတွေက အဖြူရောင် အလင်းတွေ ထွက်ပေါ်နေပြီးတော့ လျှပ်စီးဘောလုံးတစ်စုံနဲ့တောင် တူလေသည်။

သူက ဇီရှူရှန်းကို သိပ်ပြီးတော့ မမြင်ဖူးပေမဲ့လည်း ဇီရှူရှန်းရဲ့ ပုံပန်းသွင်ပြင်က သာမန်လူသား သက်ရှိတွေနဲ့ မတူညီ ကွဲပြားတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းနဲ့ မှတ်မိနေဆဲ ဖြစ်သည်။ သူမ၏ နားရွက်များကား ရှည်လျားချွန်ထက်ပြီးတော့ သူမ၏မျက်လုံးများကတော့ လျှပ်စစ်ဘောလုံး နှစ်လုံး ရွေ့လျားနေသည်နှင့် တူ၏။ ထူးဆန်းတယ်။ ဤမိန်းကလေးကို တစ်ချက်ကြည့်လိုက်ရုံနှင့် ဇီရှူရှန်းလို့ သေချာပေါက် ဘယ်လိုလုပ်ပြီးတော့ ပြောနိုင်ရတာလဲ။

ပထမဆုံး သက်သေကတော့ သူမ၏ ဆံပင်ဖြစ်သည်။ လင်းဟန်အနေနှင့် ခရမ်းရောင် ဆံပင်ရှိသည့် လူတစ်ယောက်ကိုပဲ မြင်ဖူးခဲ့သည်။ ဒုတိယအချက်က သူမ၏ မျက်နှာဖြစ်သည်။ အကယ်၍များ သူမ၏ မျက်လုံးတွေက လျှပ်စီးတွေလို လင်းလက်တောက်ပ နေမယ်ဆိုရင်တောင် ဇီရှုရှန်းရဲ့ မျက်နှာကတော့ ကျန်နေဆဲ ဖြစ်သည်။ တတိယ အချက်ကတော့ မိုးကြိုးလျှပ်စီး ချပ်ဂုတ်ဖြစ်၏။ ၎င်းက သူမ၏ အမှတ်အသား သင်္ကေတ ဖြစ်ပေသည်။

လင်းဟန်အနေနှင့် သူမ၏ ပုံပန်းသွင်ပြင်က အနည်းငယ် ထူးဆန်းနေပေမဲ့လည်း မတူညီတဲ့ ချောမောလှပမှု ဆိုတာကိုတော့ ဂုန်ခံရပေမည်။ အနည်းဆုံးတော့ လွီယုထန်နဲ့ လီစီရှန်းတို့ကို ယှဉ်ပြိုင်နိုင်သည်။

"သူတို့တွေ ဖမ်းမိတော့မယ်"

ဇီရှုရှန်းက ရုတ်တရက် ပြောလိုက်သည်။ သူမက လင်းဟန်ကို ပြောနေတာတော့ မဟုတ်ပေ။ သို့ပေမဲ့ သူမက မှတ်ဉာဏ်ပုံဆောင်ခဲကို အသက်သွင်းထားခဲ့တာ ဖြစ်သည့်အတွက် လက်ရှိမှာ မှတ်တမ်းတင်နေပါသည်။

"ငါသူတို့ရဲ့ အရိုန်အဂါတွေကို အာရုံခံစားမိနေတယ်"

သိပ်ကို သေချာတာပေါ့။ မလှမ်းမကမ်းမှာ ပုံရိပ်သုံးခုက ပေါ်လာခဲ့ပြီး သူတို့တွေက အရမ်းကို လျှင်မြန်လှသည်။ သူတို့ပုံစံကို ကြည့်ရတာက အရမ်းကို တည်ငြိမ်နေပြီး တစ်လှမ်းခြင်း လျှောက်လာသလိုပါပဲ။ ဒါပေမဲ့ ခြေလှမ်းတစ်လှမ်းစီက မိုင်းပေါင်း တစ်ရာလောက် အကွာအဝေးကို ဖြတ်သန်းနိုင်ပြီးတော့ သူတို့အနေနဲ့ ဒီလိုမျိုး အကွာအဝေးကို လက်မအနည်းငယ်မျှ လှုပ်လိုက်တာနဲ့ ရောက်လာသည့် ပုံစံမျိုး ဖြစ်သည်။

ဇီရှုရှန်းက မနှေးပါဘူး။ ဒါပေမဲ့ ထိုသုံးယောက်၏ အရှိန်နှုန်းက ပိုပြီးတော့ မြန်ဆန်ပြီးတော့ တစ်ခဏလေး အတွင်းမှာပဲ သူတို့နှစ်ဖက်ကြားက အကွာအဝေးက မိုင်ဂဏ်မျှသာ ကျန်တော့သည် အထိ တိုတောင်းလာခဲ့သည်။

ကျူးကျော်သူ သုံးယောက်ထဲက အလယ်က ယောကျ်ားတစ်ယောက် ပြောသည်။

"ဇီရှုရှန်း မင်းက ငါတို့မျိုးနွယ်စုရဲ့ ပါရမီရှင် တစ်ယောက်ပဲ။ ဒါကြောင့် ဘာဖြစ်လို့ သစ္စာဖောက်တဲ့ အလုပ်မျိုးကို လုပ်ချင်နေရတာလဲ။ လူသားမျိုးနွယ်စုကို ဖျက်ဆီးပစ်တာက

မင်းနဲ့ ဘာဆိုင်လို့လဲ”

သူရဲ့ခေါင်းက ဆံပင်တွေက ဖြူဖွေးနေပြီးတော့ မျက်လုံးတွေကလည်း အဖြူရောင်တွေ တောက်ပနေပြီး လျှပ်စစ်ဘောလုံးတွေနဲ့ တူသည်။

မတူညီတဲ့အချက်က သူတို့၏ နဖူးပေါ်မှာ ခရမ်းရောင် သွေးကြောတစ်ခု ရှိပြီးတော့ ကြည့်ရတာ ဒေါသထွက်လာတဲ့ အချိန်ကျရင် ၎င်းက ထောင်ထလာပါလိမ့်မယ်။ ဒါပေမဲ့လည်း ကြည့်ရတာ သဘာဝအတိုင်း ဖြစ်နေပုံ ရသည်။ ကျန်တဲ့ ယောကျ်ားနစ်ယောက်မှာလည်း သူတို့၏ နဖူးထက်တွင် ခရမ်းရောင် ပုံစံတူ ခရမ်းရောင် သွေးကြောများ ရှိကြသည်။

ပထမစကားလုံးက လင်းဟာန်ကို အံ့သြသွားစေခဲ့သည်။ လူသားမျိုးနွယ်ကို ဖျက်ဆီးပစ်ဖို့လား။

အကယ်၍များ ဒီလိုမျိုး ရူနဲ့ရင်းကြမ်းတမ်းသည့် စကားမျိုးကို တခြားသူများက ပြောမည်ဆိုပါက လင်းဟာန်အနေနှင့် အဓိပ္ပါယ် မရှိတာတွေကို လျှောက်ပြောနေတယ်လို့ပဲ ယူဆလိုက်မှာ ဖြစ်ပါသည်။ ဒါပေမဲ့လည်း ဒီလူသုံးယောက်ကတော့ သူတို့မှာရှိတဲ့ အရှိန်အဝါတွေက ဇီရှူရှန်းအောက်ကို လုံးဝမနိမ့်ကျပါဘူး။ ဒါက အနည်းဆုံး

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်၏ အရှိန်အဝါ ဖြစ်ပေသည်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်သုံးယောက်၏ ပူးပေါင်းထားတဲ့ အင်အားက ဒီကဗ္ဘာကြီးထဲက ဘယ်လိုသက်ရှိမျိုးကိုမဆို ေလာင်ကျွမ်းသွားစေနိုင်တဲ့ စွမ်းအားတွေ လုံလုံလောက်လောက် ရှိသည်။

"ငါဒီနေရာမှာ နေလာတာ နှစ်ပေါင်းသုံးရာကျော်နေပြီ။ ပြီးတော့ ဒီကဗ္ဘာကြီးရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်နေပြီလို့တောင် ကိုယ့်ကိုကိုယ် ခံစားမိတယ်။ နင်တို့တွေက ဒီလိုမျိုး အရူးတွေလို လုပ်နေတာကို ဒီအတိုင်း လက်ပိုက်ပြီးတော့ ဘယ်လိုလုပ်ပြီးတော့ ရပ်ကြည့်နေနိုင်မှာလဲ"

ဇီရှုရှန်းက အေးစက်စွာနဲ့ မေးလိုက်သည်။ သူမက အရမ်းကို လျင်မြန်စွာနဲ့ လှုပ်ရှားနေဆဲ ဖြစ်သည်။

သိသာထင်ရှားစွာပဲ သူမအနေနှင့် တိုက်ပွဲတစ်ခုကို ဆင်နွှဲဖို့အတွက် ဆန္ဒလုံးဝမရှိပါဘူး။ ဒါပေမဲ့လည်း တမင်ရည်ရွယ်ပြီးတော့ မှတ်ဉာဏ်ပုံဆောင်ခဲကို အသုံးပြုပြီးတော့ မှတ်တမ်းတစ်ခု ဖန်တီးလိုက်သည်။

"ဟင့်။ မင်းကငါတို့ ခရမ်းရောင် မိုးကြိုးလျှပ်စီး မျိုးနွယ်စုက လူတစ်ယောက်ပဲ။ ဒါက မင်းရဲ့ဘဝ တစ်ခုလုံးအတွက် ဘယ်လိုမှ ငြင်းဆန်လို့ မရဘူး"

ဘယ်ဘက်အခြမ်းက လူအိုကြီးက ပြောလိုက်သည်။ သူရဲ့မျက်နှာကား ရေခဲတမျှ အေးစက်နေ၏။

"ငါတို့ အေးအေးဆေးဆေး ပြောလို့ရတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ရှုရှန်းက ငါတို့မျိုးနွယ်စုရဲ့ အဆင့်နိမ့်နယ်ပယ်ထဲက ထူးချွန်းထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်ပဲလေ။ တကယ်လို့ သူမက ငါတို့ရဲ့ ဘိုးဘေးတွေ ကုန်းမြေကို ပြန်လာခဲ့ရင်တောင်မှ သူမက ထူးခြားနေဦးမှာပဲလေ။ ရှုရှန်း.. မင်းကအခု ယာယီငြင်းဆန်နေတယ် ဆိုတာကို ငါသိပါတယ်။ မင်းဘာဖြစ်လို့ မြန်မြန်ဆန်ဆန် သတိမဝင်သေးတာလဲ"

ညာဘက်မှာရှိတဲ့ လူအိုကြီးက နူးညံ့ညင်သာစွာ ပြုံးပြီးပြောလိုက်သည်။

အဆင့်နိမ့်နယ်ပယ်လား။

လင်းဟန်၏ နှလုံးသားကား တုန်လှုပ်သွားခဲ့သည်။

ဤအဘိုးကြီး သုံးယောက်ကား စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်၏ လက်ရွေးစင်သာသာလောက် မရိုးရှင်းပါဘူး။ ဒါပေမဲ့ နတ်ဘုရားတွေရဲ့ နယ်ပယ်ကနေ လာခဲ့တာ ဖြစ်နိုင်ပါ့မလား။ လဗြွတ်ပဲ။ ဒါက အရမ်းကို ဖြစ်နိုင်ချေရှိ၏။ ဒီသုံးယောက်၏ စွမ်းရည်တွေက စကြာဝဠာဖျက်ဆီးခြင်း အဆင့်ကိုတောင် ကျော်လွန်ပြီး နတ်ဘုရားတွေတောင် ဖြစ်နိုင်သည်။

ဇူရှုရှန်းကား စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်မှာပဲ ရှိသေးတာ ဖြစ်ပြီးတော့ သူမရဲ့ နဖူးပေါ်မှာ ခရမ်းရောင် သွေးကြောတစ်ခု ရှိမနေပါဘူး။ ဤခရမ်းရောင် သွေးကြောကား နတ်ဘုရားတွေ ပိုင်ဆိုင်တဲ့ အမှတ်အသား သင်္ကေတ တစ်ခုဖြစ်ပေမည်။ ထို့အပြင် သူတို့၏ အရှိန်အဝါကား ဇူရှုရှန်းထက် အားကောင်းပြီးတော့ ပိုပြီးတော့တောင် လျင်မြန်သည်။

ဤအချက်အလက်များကို စုပေါင်းပြီးတော့ လင်းဟာန်က ဤနတ်ဘုရား သုံးပါးကို အကျိုးသင့် အကြောင်းသင့် တွက်ချက်နေသည်။

ဒါပေမဲ့လည်း ဒီနတ်ဘုရားတွေကို ကြည့်ရတာ သူခန့်မှန်းထားသလောက် အစွမ်းထက်ပုံ မရပါဘူး။

နှစ်ပေါင်းသောင်းနဲ့ချီအောင် ဖိနှိပ်ထိန်းချုပ် ခံထားရပြီး အစိတ်အပိုင်း ကိုးခုအဖြစ်ကို ခွဲထားတာ ခံထားရတဲ့ သတ်ဖြတ်သူနတ်ဆိုး ဧကရာဇ်ကို အသာထားပါဦး။ ဒီအဘိုးကြီး သုံးယောက်က သူတို့ရဲ့ အကောင်းဆုံး အခြေအနေမှာ ရှိသင့်သည်။ ဘာကြောင့် ဇီရှူရှန်းကို ဒီလောက်တောင် အချိန်ကြာနေတာတောင်မှ ထိန်းချုပ်နိုင်စွမ်း မရှိသေးတာလဲ၊

"ရှင်ရဲ့ အသက်ရှူမှုကို မဖြုန်းတီးလိုက်နဲ့။ ငါ ဇီရှူရှန်း အသက်ရှင်နေသမျှ ကာလပတ်လုံး ရှင့်ကို သေချာပေါက် တားဆီးရလိမ့်မယ်"

ဇီရှူရှန်းက ပြတ်ပြတ်သားသားနှင့် ပြောလိုက်သည်။

"ဒါဆိုရင် ငါတို့ကို မသနားဘူးလို့ အပြစ်မတင်နဲ့"

အလယ်မှာ ရပ်နေတဲ့ အဘိုးကြီး၏ မျက်လုံးများက ရက်စက်ကြမ်းကြုတ်တဲ့ အသွင်ကို ပြောင်းလဲသွားပြီး သူရဲ့ညာဘက်လက်က ဘာမှမရှိတဲ့ လေထဲကို ဖမ်းဆုပ်ကိုင်လိုက်သည်။ ဂျစ် ဆိုတဲ့ အသံနှင့်အတူ အဖြူရောင် လျှပ်စီးလုံးတစ်ချောင်း ဖြစ်ပေါ်လာခဲ့သည်။ ၎င်း၏ခန္ဓာကိုယ် တလျောက်လုံး အစီအရင်ပုံစံတွေက

လင်းလက်တောက်ပလာပြီးတော့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါတစ်ခု ထုတ်လွှတ်နေသည်။

လင်းဟန်က စောင့်ကြည့်လေ့လာနေတယ် ဆိုပေမဲ့လည်း စစ်မှန်တဲ့ အရာကို တွေ့ကြုံနေရတယ်လို့ ခံစားနေရသည်။ အကယ်၍ သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်သာ ဤနေရာတွင် ရှိနေမည် ဆိုပါက တကယ်လို့များ ယခင်ဘဝတုန်းက သူ၏ကောင်းကင်အဆင့် လက်ရွေးစင် ဘဝမှာ ရှိနေရင်တောင်မှ ၎င်းအရှိန်အဝါတစ်ခုတည်းနှင့် သူ့ကိုသတ်ပစ်ဖို့ လုံလောက်သည်။

စစ်မှန်တဲ့ စွမ်းအား၏ အရှေ့မှာတော့ သူက အရမ်းကို အားနည်းပါသည်။

အဘိုးကြီး၏ လက်တစ်ဖက် ဝှေ့လိုက်တာနဲ့ လျှပ်စီးလုံးက ဖူရှုရှန်းဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။

နူးညံ့သိမ်မွေ့သော အသံနဲ့အတူ ဖီရှုရှန်းရဲ့ ပတ်ပတ်လည်မှာ လျှပ်စီးအလင်းပုံ စက်ဝိုင်းတစ်ခု ပေါ်လာခဲ့ပြီး သူမရဲ့ ကျစ်လျစ်သွယ်လျတဲ့ ခန္ဓာကိုယ်လေးက ပျံထွက်လာခဲ့သည်။ သူမ၏ အမြန်နှုန်းက တိုးလာရုံသာမက သူမ၏ လမ်းကြောင်းကလည်း ပြောင်းလဲသွားခဲ့သည်။ သူမအနေနှင့်

ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်လိမ့်မည်ဟု လင်းဟန်က တွေးထင်လိုက်တဲ့ အချိန်မှာပဲ လျှပ်စီးလုံက လမ်းကြောင်းပြောင်းသွားပြီးတော့ ဇီရှုရှန်း၏ ရင်ဘတ်ဆီကို ဆက်ပြီးတော့ တစ်ဟုန်ထိုး ပျံသန်းလာခဲ့သည်။

လင်းဟန်က ဇီရှုရှန်းကို ကြည့်လိုက်သည်။ ဒါပေမဲ့လည်း အရှိန်နှုန်းရဲ့ ပေါက်ကွဲထွက်မှုက သူမအတွက် လွန်ကဲသော လှုပ်ရှားမှု တစ်ခုဖြစ်ပေသည်။ သူမ၏မျက်နှာ အရမ်းကို ဖြူဖွေးသွားပြီးတော့ သူမ၏ နှုတ်ခမ်းထောင့်မှ သွေးစတချို့ ပေါ်လာခဲ့သည်။ သူမအတွက်တော့ ဒီလှုပ်ရှားမှုကို နောက်တစ်ကြိမ် ထပ်ပြီးတော့ လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ချေ။

လျှပ်စီးလုံက သူမသွားရာနောက်ကို လိုက်ဖမ်းနေသည်။ သူမအနေနဲ့ အနောက်ကို ပြန်လှည့်ပြီး ၎င်းလုံကို ပုတ်ထုတ်ပစ်ဖို့ တစ်ခုတည်းကိုပဲ တတ်နိုင်၏။ လျှပ်စီးတွေ လင်းလက်တောက်ပနေပြီး ဂျစ် ဂျစ် ဂျစ်ဟူသော မြည်သံများကို အဆက်မပြတ် ကြားနိုင်သည်။ ထို့နောက် သိုင်းဆန္ဒတွေက လျှပ်စစ်တံဆိပ်တွေကို အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။ လင်းဟန်က အေးစက်တဲ့ ချွေးတွေ ထွက်ပေါ်လာပြီးတော့ ကြည့်နေလိုက်သည်။ သူရဲ့ယခင်ဘဝတုန်းက အစွမ်းနဲ့ ဆိုရင်တောင်မှ

ဒီတိုက်ခိုက်မှုက အကြိမ်ပေါင်း တစ်ရာလောက်တောင် သူ့ကို သတ်ပစ်နိုင်ပေသည်။

လျှပ်စီးလုံက ၎င်း၏ပစ်မှတ်ဆီကို ရောက်လာခဲ့သည်။ ၎င်းလုံကို လျှပ်စီးမိုးကြိုးအကာတစ်ခုက ခုခံတားဆီးထားသည်။ ဒါပေမဲ့လည်း ခဏလောက် ရပ်တန့်လိုက်တာနဲ့ ဒီအဘိုးကြီး သုံးယောက်က ပိုပြီးတော့ နီးကပ်လာခဲ့ပြီး သူတို့လေးယောက်က ရုတ်တရက်ဆိုသလို လုံးလားထွေးလားနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ဒီအဘိုးကြီးသုံးယောက် တကယ်ကို သန်မာ၏။ သူတို့မှာ အဆုံးမရှိတဲ့ စွမ်းအင်တွင်းတစ်ခု ရှိနေသလိုမျိုးနဲ့တောင် တူနေသည်။ သူတို့၏ တိုက်ပွဲအစွမ်းတွေ အကုန်လုံးကို ထုတ်မသုံးပဲ ချုပ်ထိန်းထားပုံရတယ်ဆိုတဲ့ ခံစားချက်ကို လင်းဟန်က ခံစားလိုက်ရသည်။ ထို့ကြောင့် သူတို့သုံးယောက် ပူးပေါင်းတိုက်ခိုက်တာတောင်မှ ဇီရှုရှန်းကို မဖမ်းနိုင်သေးပဲ ရှိနေ၏။

"ဟင့်။ ဒီမုန်းစရာ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ သဘာဂတရားရဲ့ အဟာန့်အတားကွာ။ ဒါက ငါတို့ရဲ့ အစွမ်းတွေကို ဖိနှိပ်ထိန်းချုပ်ထားတယ်"

အဘိုးကြီး သုံးယောက်ကို ကြည့်ရတာ အတော်လေး စိတ်မချမ်းမမြေ့ ဖြစ်နေပုံရ၏။ သူတို့က စတင်ပြီးတော့ ညည်းတွားနေလိုက်ကြသည်။

သဘာဂတရားရဲ့ အပဟန့်အတားက ဖိနှိပ်ထိန်းချုပ်ထားတာလား။

လင်းဟန်၏ စိတ်ထဲတွင် အတွေးတွေ အများကြီးက အစီအရီ ပေါ်လာခဲ့သည်။ သူ၏ယခင် ဘဂတုန်းက ရောက်ရှိခဲ့သည့် အဆင့်ကြောင့် အချို့သော ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်များကို စဉ်းစားတွေးခေါ်နိုင်ဖို့ အဆင့်မီပေသည်။ အထူးသဖြင့်တော့ သူ၏ယခင် ဘဂအဆုံးသတ်ခါနီး အချိန်မှာ အမျိုးမျိုးသော ရှေးဟောင်းသမိုင်းဝင် နေရာတွေကို သွားရောက်ခဲ့ပြီး သတင်း အချက်အလက်ပေါင်း မြောက်များစွာကို ရရှိခဲ့သည်။

ယခင်လူများ၏ အကျိုးသင့် အကြောင်းသင့် စဉ်းစားသုံးသပ်သွားတဲ့ အရာတချို့ ရှိခဲ့၏။ ၎င်းအရာတွေက အတွေးသက်သက်ဆိုသော်လည်း လင်းဟန်ယခု မျက်မြင်ကြုံတွေနေရတဲ့ ဒီမြင်ကွင်းနဲ့ ပေါင်းစပ်လိုက်ပါက အဲဒီအကျိုးသင့် အကြောင်းသင့် စဉ်းစားသုံးသပ်မှုများက

အမှန်တရားတွေ ဖြစ်သည်ဆိုတာကို သေချာပေါက် အတည်ပြုနိုင်သည်။

ကောလာဟလတွေအရတော့ နတ်ဘုရားအဆင့်တွေမှာ ၎င်းတို့ စည်းမျဉ်းစည်းကမ်းတွေ ရှိသလိုပဲ သေမျိုးအဆင့်တွေမှာလဲ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်းများ ရှိကြ၏။ တစ်ခုနှင့်တစ်ခုက ဝင်ရောက်စွက်ဖက်ခြင်း မရှိကြပေ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ဘာမှမရှိသည့် စကြာဝဠာကို အစိတ်စိတ်အမွှာမွှာ ခွဲပြီးတော့ နတ်ဘုရားအဆင့်ကို ဘာကြောင့် ခြေလှမ်းရတာလဲ။ ဘာကြောင့်လဲဆိုတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်က အရမ်းကို အစွမ်းထက်ပြီးတော့ ကမ္ဘာကြီးကိုတောင် အစိတ်စိတ်အမွှာမွှာခွဲပစ်နိုင်ပါတယ်။ ဒါပေမဲ့ စကြာဝဠာဖျက်ဆီးခြင်း အဆင့်၏ စွမ်းအားက သေမျိုးအဆင့်က လက်ခံနိုင်သည့် အကန့်အသတ်ထက် ကျော်လွန်သွားပြီး သေမျိုးအဆင့်က ငြင်းပယ်ခံလိုက်ရပါလိမ့်မည်။ ဒါကြောင့် များပြားသော အကန့်အသတ်ရှိတဲ့ နတ်ဘုရားအဆင့်ကို ဝင်ရောက်ကြခြင်း ဖြစ်သည်။

နတ်ဘုရားအဆင့်မှာ ကမ္ဘာကြီးက နတ်ဘုရားအဆင့်တွေရဲ့

စွမ်းအားကို ကြံ့ကြံ့ခံနိုင်အောင်လို့ ခိုင်မာတောင့်တင်းလာသည်။

ပြောရမည်ဆိုလျှင် သေမျိုးအဆင့်မှ နတ်ဘုရားအဆင့်ကို ခရီးသွားတဲ့ လုပ်ငန်းစဉ်က အတော်လေးကို လွယ်ကူပါတယ်။ ဘာကြောင့်လဲဆိုတော့ သေမျိုးအဆင့်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မျာ ရှိတဲ့ လူတစ်ယောက်ရဲ့ တည်ရှိမှုကို ငြင်းပယ်လိုက်ပြီးတော့ ချက်ချင်းဆိုသလိုပဲ အဆင့်တက်ဖို့အတွက် မြင့်မားတဲ့ အခွင့်အရေးတစ်ခု ရရှိသွားပြီး နတ်ဘုရား တစ်ပါး ဖြစ်လာပါလိမ့်မည်။

ဒါပေမဲ့လည်း နတ်ဘုရားအဆင့်ကနေ သေမျိုးအဆင့်ကိုဝင်ရောက် သွားလာဖို့ကတော့ ခက်ခဲ့၏။ ပထမအချက်က နတ်ဘုရားနယ်ပယ်က အရမ်းကို ခိုင်မာတောင့်တင်းပြီး ကျစ်လျစ်ပါတယ်။ ဒါကြောင့် စကြာဝဠာကို ခွဲဖို့က အရမ်းကို ခက်ခဲသည်။ ဒုတိယအချက်ကား သေမျိုးနယ်ပယ်က နတ်ဘုရားအဆင့်ကို သဘာဝအတိုင်း ငြင်းပယ်ထားပြီးတော့ ၎င်းကို ဆန့်ကျင်ပြီး ရှက်လှင့်ဖို့ဆိုတာ အတော်လေးကို ခက်ခဲတဲ့ ကိစ္စဖြစ်၏။

ဒါအပြင် သေမျိုးအဆင့် နယ်ပယ်ကို ဝင်ရောက်လာခဲ့တဲ့

နတ်ဘုရားတစ်ပါးက နတ်ဘုရားအဆင့် စွမ်းအားကို အသုံးပြုလို့ မရနိုင်ပေ။ အဲဒီအစား သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေကို ဖိနှိပ်ထိန်းချုပ် ထားရပါလိမ့်မည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုလျှင် သူတို့က သေချာပေါက် သေမျိုးနယ်ပယ်၏ ငြင်းပယ်ခြင်းကို ခံရပြီးတော့ နတ်ဘုရားတွေရဲ့ နယ်ပယ်ဆီကို တိုက်ရိုက် ပြန်ရောက်သွား ပါလိမ့်မည်။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ အကျိုးသင့် အကြောင်းသင့် တစ်ခုကို စဉ်းစားမိလိုက်သည်။ ဒီအဘိုးကြီး သုံးယောက်က တကယ်ကို နတ်ဘုရားတွေ ဖြစ်ကြပေမည်။ ဒါပေမဲ့လည်း သူတို့ရဲ့ စွမ်းအားတွေက ဖိနှိပ်ထိန်းချုပ်ခြင်းကို ခံထားရသည်။ ဒါကြောင့် သူတို့ရဲ့ အစွမ်းက ဇူရှုရှန်းထက် သာလွန်တယ်ဆိုတာ သိသာထင်ရှားပေမဲ့လည်း အခုလိုမျိုး သူရဲ့အရှေ့က မြင်ကွင်းအတိုင်းပဲ ထုတ်ဟပြောဆို လာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အပိုင်း(၃၅၈) အရာအားလုံးက အလိမ်အညာ တစ်ခုပဲ

ဇီရှုရှန်းက လက်ရှိမှာ အဘိုးကြီးသုံးယောက်နှင့် ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေသည်။

လင်းဟန်က အရမ်းကို အံ့အားသင့် သွားခဲ့သည်။ ဇီရှုရှန်းကား ပြိုင်ဘက်ကင်း ပါရမီရှင်ဆိုသည့် နာမည်နဲ့ အမှန်တကယ်ပင် ထိုက်တန်လှချေသည်။ သူမက သုံးယောက်တစ်ယောက် ယှဉ်ပြိုင်နေရပေမဲ့ သူမက အမှန်တကယ်ပင် အပေါ်စီးမှ တိုက်ခိုက်နေသည်။

၎င်းက သူတို့ရဲ့ ခေါင်းတွေကို လက်နဲ့ဆုပ်ကိုင်ပြီး အံ့အားသင့်သွားအောင် လုပ်နိုင်သည်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ လူတစ်ယောက်က နတ်ဘုရားသုံးယောက်နဲ့ ထိပ်တိုက် ရင်ဆိုင်သည့်အခါတွင် အပေါ်စီးမှ တိုက်ခိုက်နေနိုင်စွမ်း အမှန်တကယ်ပင် ရှိနေသလား။ ဒါပေမဲ့ ဤအရာကား အမှန်တကယ်ပင် ဖြစ်နေချေသည်။ ဤအရာကား သေမျိုးကမ္ဘာဖြစ်ပြီးတော့ နတ်ဘုရားတွေ၏ ကျင့်ကြံခြင်းကို မည်သည့်အရာက ဖိနှိပ်ထိန်းချုပ်ထားသည် ဆိုတာကို မည်သူက မေးမြန်းသလဲ။ ထို့အပြင် အကယ်၍များ အဆင့်တူတူမှာသာ တိုက်ခိုက်ကြရမည် ဆိုပါက ပြိုင်ဘက်ကင်း ပါရမီရှင် တစ်ယောက်၏ စွမ်းဆောင်ရည်က သူမထက် ပိုပြီးတော့ သန်မာသည့် လူတစ်ယောက်နဲ့ တိုက်ခိုက်ဖို့ အပြည့်အဝနဲ့ ဖော်ထုတ်နိုင်ပေလိမ့်မည်။

သို့ပေမဲ့လည်း နတ်ဘုရားတွေဆိုတာက တကယ်တော့

နတ်ဘုရားတွေပါပဲ။ အကယ်၍ သူတို့၏ စွမ်းရည်များကို ဖိနှိပ်ထိန်းချုပ်ထားရင်တောင်မှ သူတို့ရဲ့ လက်ဖျားထိပ်တွေမှာ အဆုံးမဲ့ စွမ်းအားအိုင်ကြီးတစ်ခု ရှိနေဆဲ ဖြစ်သည်။ သူတို့အနေနှင့် တိုက်ပွဲအချိန်ကို ကြာကြာဆွဲထား နိုင်နေသရွေ့ ဇီရှုရှန်းက သေချာပေါက် မောပန်းနွမ်းနယ်လာပြီး အဖမ်းခံရပါလိမ့်မည်။

အဘိုးကြီး သုံးယောက်ကား ဤကဲ့သို့ ကြံစည်ပြီး လုပ်ဆောင်နေကြသည်။ သူတို့က ဇီရှုရှန်းကို သူမ၏ စွမ်းအင်တွေ ကုန်ဆုံးသွားအောင် ဆက်လက်ဖိအားပေးခဲ့ပြီး အရမ်းကြီး မမြန်သလို အရမ်းကြီးလည်း မနှေးပါဘူး။

ဇီရှုရှန်းက ထပ်ခါထပ်ခါ အော်ဟစ်ပြီး သရော်နေခဲ့သည်။ သူမခန္ဓာကိုယ်ပေါ်မှ မိုးကြိုးလျှပ်စီး ချပ်ဂွတ်မှ အဖြူရောင် အလင်းတစ်ခု ထွက်ပေါ်လာပြီးတော့ လျှပ်စီးနဂါးတွေပုံစံကို ပြောင်းလဲသွားခဲ့ပြီး အဘိုးကြီး သုံးယောက်ဆီကို တစ်ဟုန်ထိုး ပြေးဂင် တိုက်ခိုက်လိုက်သည်။

ဤကား အရမ်းကို အစွမ်းထက်သည့် တိုက်ကွက်တစ်ခုမှန်း သိသာထင်ရှားသည်။ ချက်ချင်းဆိုသလို ထိုအဘိုးကြီးသုံးယောက်ကို ပျာယာခတ်သွားစေခဲ့သည်။ သူတို့က အစွမ်းကုန် အသုံးပြုပြီးတော့မှ ဒီလျှပ်စီးနဂါးတွေကို

ဖျက်ဆီးပစ် နိုင်ခဲ့သည်။ ဇီရှုရှန်းက အခွင့်ကောင်းယူပြီး တိုက်ပွဲမှ လွတ်မြောက်အောင် ထွက်ပြေးလိုက်ပေမဲ့လည်း မကြာခင်မှာ သူတို့က သူမကို ပြန်လိုက်မိသွားပြီး နောက်ထပ်တစ်ကြိမ် ပြင်းထန်တဲ့ တိုက်ပွဲကို ဆက်ပြီးတော့ ဆင်နွှဲနေရသည်။

လင်းဟန်က အံ့ကြိတ်လိုက်သည်။ ဤမိုးကြိုးလျှပ်စီး တိုက်ပွဲဝင် ချပ်ဂတ်ကား အမှန်တကယ်ပင် အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်နေသည်။ အကယ်၍ မဟုတ်ဘူးဆိုလျှင် ဒီနတ်ဘုရား သုံးယောက်ကို ချိန်းခြောက်မှု တစ်ခု ဖြစ်လာနိုင်ပါ့မလား။ သူတို့၏ တိုက်ပွဲအစွမ်းက တကယ်ပဲ ဖိနှိပ်ထိန်းချုပ်ထားခြင်း ခံနေရတယ်ဆိုပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်၏ တိုက်ပွဲအစွမ်းတွေ ရှိနေဆဲ ဖြစ်သည်။ ကောင်းကင်အဆင့် ပြိုင်ဘက်တစ်ယောက်နှင့် ရင်ဆိုင်ရမယ်ဆိုလျှင် သူ့ကိုတစ်ကွက်တည်းဖြင့် သတ်ပစ်နိုင်စွမ်း ရှိကြသည်။

ဒီနှစ်တွေအတွင်းမှာ ဇီရှုရှန်းကား သူတို့၏ ကောင်းကင်အဆင့် ခုနစ်ယောက်ထဲမှာ အဆင့်လေး နေရာကိုပဲ ချိတ်နိုင်ခဲ့သည်။ သူမ၏ အစွမ်းတွေကို တမင်သက်သက်ပဲ ဖုံးကွယ်ထားတာလား။ ဒါမှမဟုတ် ဓားဧကရာဇ်နဲ့ တခြားသူတွေမှာ သူမ၏ မိုးကြိုးလျှပ်စီး

ချပ်ဂတ်ကို လွှမ်းမိုးနိုင်တဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုစီ ပိုင်ဆိုင်ထားလို့များလား။

လင်းဟန် သက်ပြင်းချလိုက်သည်။ ထိုအချိန်တုန်းက သူက မှော်ဆေးပညာမှာပဲ အာရုံစိုက်ထားပြီး သူတို့၏ သိုင်းပညာနဲ့ပတ်သက်သည့် အဆင့်တွေကို အရမ်းကြီး အာရုံစိုက်မထားမိခဲ့ပါဘူး။ သူ့အနေနှင့် စကြာဂဋ္ဌာဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်နိုင်လိုက်တာနဲ့ နတ်ဘုရား နယ်ပယ် တံခါးကို တွန်းဖွင့်နိုင်ပြီးတော့ ဓားပြတိုက်တတ်တဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်ကို သာလွန်သွား နိုင်လိမ့်မည်ဟုပဲ တွေးထင်ထားမိခဲ့သည်။ တခြားသူတွေနှင့် သူ၏အကြားမှာ ယခုလိုမျိုး ကြီးကြီးမားမား ကွာဟချက်က အရမ်းကိုကြီးမားနေတယ် ဆိုတာကို လုံးဂမသိရှိ ခဲ့ပါဘူး။

ယခု သူ့မှာ တိုက်ပွဲကြယ် ဆယ်ဂဏန်းအထက်မှာ ရှိတဲ့ တိုက်ပွဲစွမ်းအား တစ်ခုကို ပိုင်ဆိုင်ထားပြီး အနက်ရောင် မျှော်စင်ကနေ စွမ်းအားတွေ ထည့်ပေးခြင်းဖြင့် သူ၏တိုက်ပွဲ အစွမ်းကို နောက်တစ်ဆင့်ကို မြှင့်တင်နိုင်တယ်ဆိုတာ အရမ်းကို သိသာသည်။ ထိုကဲ့သို့သော တိုက်ပွဲအစွမ်းကား သဘာဂ တရားကို ဆန့်ကျင်ဖို့ လုံလောက်ပေသည်။ သူ၏ယခင် ဘဂတုန်းက သိုင်းပညာမှာ ယခုလိုမျိုး

ပုက်ဖဲတစ်ခုမှ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကမ္ဘာကြီးထဲမှာ အသန်မာဆုံး ခုနစ်ယောက်ထဲမှာ အဆင့်ဝင်ခဲ့ပြီး ဓားဧကရာဇ်နှင့် တခြားသူများတန်းတူ ရင်ဘောင်တန်းပြီး ရပ်နိုင်ခဲ့သည်။ ယခုထိုအကြောင်းကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာတော့ သူ့ကိုယ်သူ ရှက်သွားသလို ခံစားလိုက်ရသည်။

လပြွတ်ပဲ။ စစ်မှန်တဲ့ ယောက်ျားကောင်း တစ်ယောက်က သူရဲ့အတိတ်က အောင်မြင်မှုကို ပြန်ပြီးတော့ ကိုယ်ရည်သွေး မကြွားဂါသင့်ဘူး။ တကယ်လို့ ငါက ဓားဧကရာဇ်နဲ့ တခြားသူတွေကို နောက်တစ်ကြိမ် ပြန်တွေ့ခွင့် ရဦးမယ်ဆိုရင် သူတို့ရဲ့ ဖင်တွေ နီရဲသွားအောင်လို့ ရိုက်နက်ပစ် လိုက်မယ်။ ငါ့ရဲ့ အရင်ဘဝတုန်းက အစွမ်းတွေ အကုန်လုံးကို မှော်ဆေးပညာပေါ်မှာပဲ အသုံးချခဲ့တယ်လို့ ဘယ်သူကပြောလဲ။ မှော်ဆေးပညာနဲ့ ပတ်သက်တဲ့ အောင်မြင်မှုမှာ ဆိုရင် ဓားဧကရာဇ်၊ ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ နလန်တု တို့တောင်မှ ငါ့ကို ဂရန်းမာစတာ ဆိုပြီးတော့ ယဉ်ယဉ်ကျေးကျေးနဲ့ ခေါ်ရပြီးတော့ သူတို့အတွက် မှော်ဆေးလုံးတွေကို ဖော်စပ်ပေးဖို့ တောင်းပန်ရသေးတာပဲ။

လင်းဟန်က သူ့ကိုယ်သူ ကျိတ်ပြီးတော့ ချီးကျူးလိုက်ပြီး သူ့အရှေ့က မြင်ကွင်းကို ဆက်ပြီးတော့ ကြည့်လိုက်သည်။

အမှန်တကယ်တော့ တိုက်ပွဲက ပြင်းထန်တယ် ဆိုပေမဲ့လည်း ယခုက အဆုံးမရှိ ထပ်ခါထပ်ခါ ဖြစ်နေသည်။ ဇီရှုရှန်းက အွန္တရာယ်ရှိတဲ့ အခြေအနေတွေမှာ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသုံးပြုပြီး အဘိုးကြီး သုံးယောက်ကို ဖရိုဖရဲဖြစ်အောင် ဖိအားပေးခဲ့သည်။ သူမက အဲဒီအခွင့်အရေးကို အမိအရယူပြီးတော့ ပွင့်နေတဲ့ လမ်းကြောင်းကနေ တစ်ဟုန်ထိုး ပြေးထွက်လိုက် အဘိုးကြီး သုံးယောက်က သူမကို မီသွားပြီးတော့ နောက်တစ်ကြိမ် တိုက်ပွဲဖြစ်လိုက်နဲ့ ကြည့်နေတဲ့ လင်းဟန်ကို ပျင်းရိလာစေခဲ့သည်။

ဒါပေမဲ့လည်း မှတ်ဉာဏ်ပုံဆောင်ခဲက အမိန့်အတိုင်း ဖြစ်ပျက်သမျှ အားလုံးကို မှတ်တမ်း တင်ထားတာ ဖြစ်တဲ့အတွက် အရှေ့ကို ကျော်တာဖြစ်ဖြစ် နှေးလိုက်တာဖြစ်ဖြစ် နောက်ပြန်ဆုတ်တာပဲ ဖြစ်ဖြစ် လုပ်လို့မရနိုင်ပါဘူး။ ဒါကြောင့် လင်းဟန်က တိတ်ဆိတ် ငြိမ်သက်စွာနဲ့ စောင့်ကြည့်ဖို့ပဲ တတ်နိုင်သည်။

အချိန်အတော်ကြာသည့်တိုင်အောင် တိုက်ခိုက်လို့ ပြီးတဲ့နောက်မှာတော့ လင်းဟန်တစ်ယောက်ပဲ တူညီတဲ့ မြင်ကွင်းကို အကြိမ်ကြိမ်အဖန်ဖန် ကြည့်ရှုရလို့ ပျင်းရိလာတာ မဟုတ်ပဲ ဒီအဘိုးကြီး သုံးယောက်ကလည်း

ငြိုးငွေ့လာပုံ ရသည်။

"မိုးကြိုးလျှပ်စီး ချပ်ဂတ်က သူ့မကို ကာကွယ်ထားတာကြောင့် တကယ်လို့ ဒီလိုမျိုးဆက်ပြီး တိုက်ခိုက်နေဦးမယ်ဆိုရင် ငါတို့တွေ သူ့မကို ထိန်းချုပ်နိုင်လိမ့်မှာ မဟုတ်ဘူး"

ဘယ်ဘက်မှာရှိတဲ့ အဘိုးကြီးက ပြောလိုက်သည်။

"ဟုတ်တယ်"

ညာဘက်ခြမ်းက အဘိုးကြီးကလည်းကို ခေါင်းညိတ်ပြီး သဘောတူလိုက်သည်။

အလယ်မှာရှိနေတဲ့ အဘိုးကြီးက တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ ပြောသည်။

"ဒါဆိုရင် ငါနတ်ဘုရားအစွမ်းကို အသုံးပြုပြီးတော့ ဒီမိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဖျက်ဆီးပစ် လိုက်မယ်"

"ဒါဆိုရင် ဒီနယ်ပယ်ရဲ့ သဘာဂအဟန့်အတားက ချက်ချင်းပဲ တုံ့ပြန်လာပြီးတော့ မင်းကို ဆွဲထုတ်သွားမယ်။ ဒါမှမဟုတ်

မင်းကို ပြင်းပြင်းထန်ထန်တောင် ဒဏ်ရာရသွားစေလိမ့်မယ်"

ဘယ်ဘက်အခြမ်းက အဘိုးကြီးက မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်သည်။

"ငါတို့မှာ ဒါကို ထည့်တွက်ဖို့ အချိန်မရှိတော့ဘူး။ တကယ်လို့ ငါတို့က သူမကို ဒီလျှို့ဝှက်ချက်တွေ ပေါက်ကြားခွင့်သာ ပြုလိုက်မယ်ဆိုရင် ဒီနယ်ပယ်ထဲက လူတွေက သူတို့ကိုယ်သူတို့ ပြင်ဆင်မှုတွေ လုပ်နိုင်လာကြလိမ့်မယ်။ အဲဒါက နှစ်ပေါင်းတစ်သောင်းလောက် ကြိုးစားလာခဲ့တဲ့ ကလန်ရဲ့ အစီအစဉ်တွေကို ဖျက်ဆီးပစ်လိမ့်မယ်။ နောက်ပြီးတော့ တကယ်လို့ ဒီကျရှုံးမှုက ငါတို့ဘက်ခြမ်းကြောင့်ဆိုရင် တခြားအဖွဲ့တွေက ငါတို့ကို သေချာပေါက် ပြဿနာတွေ ဖန်တီးကြလိမ့်မယ်"

အလယ်မှာရှိတဲ့ အဘိုးကြီးက ပြောလိုက်သည်။

"ကောင်းပြီ။ ဒါဆိုရင် မင်းဂရုစိုက်ပါ"

ဘယ်ဘက်ခြမ်းက အဘိုးကြီးက ခေါင်းကိုညိတ်ပြခဲ့သည်။

"အဆင်ပြေပါတယ်။ ငါ့ရဲ့အစွမ်းကို ထိန်းချုပ်ပြီးတော့

မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ထိုးဖောက်ဖို့ အတွက်အထိပဲ အသုံးပြုရလိမ့်မယ်။ ဒါဆိုရင် သဘာဂတရားရဲ့ အပြန်အတားကနေ ထွက်ပေါ်လာမဲ့ ဆိုးကျိုးက အရမ်းကြီး ပြင်းထန်လိမ့်မှာ မဟုတ်ဘူး”

အလယ်မှာရှိတဲ့ အဘိုးကြီးရဲ့ မျက်နှာက အေးစက်စက် အမူအရာကို ပြောင်းလဲသွားခဲ့သည်။ သူ၏မျက်လုံးများထဲမှာ အဖြူရောင် လျှပ်စီးအလင်းတန်းတစ်ခု မှောလွင့်ထွက်ပေါ်လာပြီးတော့ သူ၏အရှိန်အဂါက အရှူးအမူးကို မြင့်တက်လာခဲ့သည်။

ချက်ချင်းဆိုသလိုပဲ မျက်စိတစ်မှိတ် အတွင်းမှာ သူ၏အစွမ်းတွေက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ကျော်လွန်သွားခဲ့သည်။

နတ်ဘုရားအဆင့်။

ဤအရာကား နတ်ဘုရားများ၏ အစွမ်းပင် ဖြစ်ချေသည်။

လင်းဟန်က ဒီစွမ်းအားရဲ့ သန်မာမှုကို အာရုံခံလိုက်ပါတယ်။ နောက်ပြီးတော့ နှိုင်းယှဥ်ကြည့်မယ် ဆိုရင်တော့ သူရဲ့ယခင်ဘဂတုန်းက ကောင်းကင်အဆင့်ရဲ့ အစွမ်းက

ကြီးမားကျယ်ပြန့်တဲ့ ပင်လယ်ကြီးထဲက ရေစက်ကလေး တစ်စက်သာသာပဲ ရှိပါတယ်။ ဒီလိုအစွမ်းမျိုးနဲ့ ဘယ်လိုမှ နိုင်းယှဉ်လိုက်မရအောင်ပါပဲ။ ဒါအပြင် ဒီစွမ်းအားမျိုးက သူယခင်တုန်းက မျက်နှာခြင်း ဆိုင်ခဲ့တဲ့ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်ထက်တောင် အများကြီး သာလွန်၏။

ကျန်တဲ့ အဘိုးကြီးနှစ်ယောက်က ချက်ချင်းဆိုသလို အနောက်ကို ဆုတ်လိုက်ကြသည်။ အကယ်၍များ သူတို့လည်း ပါဂင်ပတ်သက်မိသွားခဲ့မယ်ဆိုရင် သူတို့၏ မူလပုံစံ အနေအထားကို ပြန်ပြီးတော့ ရောက်သွားကြပါလိမ့်မည်။

သူတို့က အချိန်ကိုက်ပဲ မှန်မှန်ကန်ကန် လှုပ်ရှားတုံ့ပြန်ခဲ့ကြသည်။

ထိုအဘိုးကြီး၏ အနောက်ဘက်တွင် နည်းနည်းလေးမှ ကြိုတင်လက္ခဏာ မပြပဲနဲ့ လေဟာနယ် ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ပြီး ချက်ချင်းဆိုသလို ကြီးမားတဲ့ ရောမ ပါးစပ်ပေါက်ကြီး တစ်ခုအသွင်ကို ပြောင်းလဲသွားခဲ့သည်။ ၎င်းက ဖွင့်လိုက် ပိတ်လိုက်နှင့် ထိုအဘိုးကြီးကို မည်သူမျှ ခန့်မှန်းလို့မရတဲ့ တွင်းနက်ကြီးထဲကို ဂါးမျိုလိုက်သည်။

ထိုအရာကား နယ်ပယ်၏အစွမ်းကနေ နှင်ထုတ်ခြင်းလား။ ၎င်းက အဘိုးကြီးကို ဒီကဗ္ဗာကြီး၏ အပြင်ဘက်ကို ချက်ချင်းပဲ ပို့လွှတ်ပစ်လိုက်သည်။

လင်းဟန်က ကျေနပ်ပျော်ရွှင် သွားခဲ့သည်။ အဘိုးကြီးက သူ၏တိုက်ခိုက်မှုကို မပြုလုပ်ရသေးမီ နယ်ပယ်၏အစွမ်းကနေ နှင်ထုတ်ခြင်းကို ခံလိုက်ရသည်။ ဒါကြောင့် အခုဆို ဇီရှုရှန်းက အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက် လျော့သွားသည့်အတွက် စိုးရိမ်ပူပန်နေစရာ အကြောင်းမရှိတော့ပါဘူး။ သူမအတွက် အနိုင်ရမဲ့ အခွင့်အရေးတစ်ခု သေချာပေါက် ရှိလာပါလိမ့်မည်။ ဟုတ်ပါတယ်။ လင်းဟန်၏ ထိုအတွေးများ ပြီးဆုံးရုံပဲ ရှိပါသေးတယ်။ ချက်ချင်းဆိုသလိုပဲ ထိုအက်ကွဲကြောင်း ပိတ်သွားတဲ့ နေရာကနေ အဖြူရောင် လျှပ်စီးလုံး တစ်ချောင်းက အရမ်းကို လျင်မြန်တဲ့ အရှိန်နဲ့ ထွက်ပေါ်လာတာကို မြင်လိုက်ရသည်။

ဤတိုက်ခိုက်မှုကား အစောပိုင်းက တိုက်ခိုက်မှုများနှင့် မတူညီ ကွဲပြားလှချေသည်။ ထိုလျှပ်စီးလုံးက အရင်ကထက် အဆပေါင်း တစ်ရာလောက် ပိုပြီးတော့ သန်မာအားကောင်းပြီး လျှပ်စီးလုံး၏ ပတ်ပတ်လည်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစီအရင် ပုံစံလိုင်းတွေက

ပိုမိုပြီးတော့ လိုင်းထနေပြီး ၎င်း၏အစွမ်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ လူတစ်ယောက်ကိုတောင်မှ ထိတ်လန့်ကြောက်ရွံ့သွားအောင် လုပ်ဖို့အတွက် လုံလောက်သည်။

ဤတိုက်ခိုက်မှုကား နတ်ဘုရားတစ်ပါး၏ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး တိုက်ခိုက်မှု တစ်ခု ဖြစ်ပေသည်။ ၎င်းက အစွမ်းမဟုတ်ပေ။ သိုင်းဆန္ဒသဘောတရား တစ်ခုသာသာ ဖြစ်သည်။ သိုင်းဆန္ဒသဘောတရား တစ်ခုက ၎င်း၏ပြိုင်ဘက်ကို လုံးဝ ဖျက်ဆီးပစ်နိုင်စွမ်း ရှိပေသည်။

လင်းဟန်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့သည်။ ဒီအဘိုးကြီးက သူရဲ့တိုက်ခိုက်မှုကို နယ်ပယ်၏အစွမ်းကနေ နှင်ထုတ်ခြင်း မခံလိုက်ရသေးမီ အချိန်အတွင်းမှာ မှန်မှန်ကန်ကန် တိတိကျကျနဲ့ တိုက်ခိုက်နိုင်လိုက်ပါသေးသည်။

ဒါကအရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းသည် မဟုတ်ပါလား။

"ဖူး"

ဇီရှုရှန်းကား ဒီတိုက်ခိုက်မှုကို မရှောင်တိမ်းနိုင်သလို ပုတ်ထုတ်ပစ်ဖို့လည်း အခွင့်အရေး မရှိပါဘူး။ ထိုလျှပ်စီးလုံကား သူမ၏ တင့်တယ်လှပသော ခန္ဓာကိုယ်ကို ထိုးဖောက်ဝင်ရောက် သွားခဲ့သည်။ သူမက မိုးကြိုးလျှပ်စီး ချပ်ဂုတ်ကို ဂုတ်ဆင်ထားတော့ရော ဘာဖြစ်သေးလဲ။ မိုးကြိုးလျှပ်စီး ချပ်ဂုတ်ပေါ်တွင် အပေါက်တစ်ခု ဖြစ်ပေါ်သွားပြီးတော့ လျှပ်စီးလုံက ထိုးဖောက်သွားခဲ့သည်။

လင်းဟန်က နောက်ဆုံးမှာ နားလည်သွားခဲ့သည်။ မိုးကြိုးလျှပ်စီး ချပ်ဂုတ်ပေါ်က အပေါက်က ဘာကြောင့် ဖြစ်ပေါ်လာရသလဲ ဆိုတာကို နားလည်သွားသည်။

"အား"

ဇီရှုရှန်းကား ငယ်သံပါအောင် အော်ဟစ်လိုက်သည်။ ဤတိုက်ခိုကမှုက သူမ၏ နလုံးသားရှိသည့် ရင်ဘက်ကို တန်းပြီးတော့ ထိုးဖောက်ဖြတ်သွားခဲ့သည်။ ထို့ကြောင့် သူမ၏နလုံးသားက ပေါက်ကွဲသွားပါလိမ့်မည်။ အကယ်၍ သူမက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေတာတောင် အချိန်အကြာကြီး အသက်ရှင်သန်လိမ့်မည် မဟုတ်ပေ။

လင်းဟန်၏ တစ်ကိုယ်လုံး တောင့်တင်းသွားခဲ့သည်။ ဇီရှုရှန်းကား ဤနေရာတွင် ကျဆုံးသွားခဲ့တာ ဖြစ်နိုင်လိမ့်မလား။

ရှစ်

ဇီရှုရှန်းကား အရူးတစ်ယောက်လိုမျိုး ပြေးလွှားပြီးတော့ သူမ၏ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဖယ်ပြီးတော့ ပြောလိုက်သည်။

"အဆုံးမရှိ တောင်တန်း၊ သန့်ရှင်းတဲ့ သဟာဇာတ နန်းတော်ခန်းမကို အဖြေတွေ ပေးလိုက်။ အနာဂတ်ရဲ့ လူ အတိတ်တုန်းက ပြောခဲ့တာမှန်သမျှက အလိမ်အညာတွေချည်းပဲ ဆိုတာကို ပြောပြရလိမ့်မယ်။ တကယ့်အဖြေအစစ်က ဒီနေရာမှာရှိတယ်။ ပြီးတော့ မင်းက ဒါကို ရယူရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကပ်ဘေးကြီးက ထပ်ပြီးတော့ ဖြစ်လာလိမ့်မယ်"

သူမက မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို မိုးကောင်းကင်ပေါ်ကို ပစ်လွှတ်လိုက်ပြီးတော့ သူမ၏ ပုံရိပ်က တဖြည်းဖြည်းနဲ့ အောက်ဘက်မှာ သေးငယ်လာပြီးတော့ မကြာခင်မှာပဲ သဲလွန်စတောင် မကျန်ပဲ ပျောက်ကွယ်သွားခဲ့သည်။

ဤမှတ်ဉာဏ် ပုံဆောင်ခဲကား မိုးကြိုးလျှပ်စီး ချပ်ဂတ်အပေါ်ကဆိုတာ သိသာထင်ရှားသည်။

မိုးကြိုးလျှပ်စီး ချပ်ဂတ်က တိုင်းတာလို့မရတဲ့ အကွာအဝေးတစ်ခုကို ဖြတ်သွားပြီး နောက်ဆုံးမှာ မြေကြီးပေါ်ကို ကျဆင်းလာခဲ့သည်။ ၎င်း၏အလွန်တောက်ပသော အစီအရင်တွေ ပျောက်ဆုံးသွားပြီး ရိုးရိုးသာမန် တိုက်ပွဲချပ်ဂတ်တစ်ခု ဖြစ်လာခဲ့သည်။ ထိုအခြေအနေက ရက်အချို့ကြာသည့် တိုင်အောင်ပဲ ဆက်လက်တည်ရှိနေခဲ့သည်။ ထို့နောက်တွင် မြင်ကွင်းက ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ ဖြစ်နိုင်တာက မှတ်ဉာဏ် ပုံဆောင်ခဲ၏ မှတ်တမ်းတင်နိုင်သည့် အကန့်အသတ်ကို ရောက်ရှိသွားတာ ဖြစ်ပေလိမ့်မည်။

လင်းဟန်၏ နတ်ဘုရားအာရုံက အလိုအလျောက် မှတ်ဉာဏ်ပုံဆောင်ခဲ အတွင်းမှ ထွက်လာခဲ့ပြီး အနက်ရောင် မျှော်စင်ထဲမှာ ပြန်ပေါ်လာခဲ့သည်။ ဤနေရာ၏ အရှင်သခင်တစ်ယောက် အနေနှင့် အသက်တစ်ရှူက်စာအတွင်းမှာပဲ အရမ်းကို ကြည်လင်ပြတ်သားအောင် ထိန်းညှိနိုင်ခဲ့သည်။

လူတစ်ယောက်၏ နတ်ဘုရား အာရုံအတွင်းမှာ ဖြစ်ပျက်ခဲ့သည့် အရာအားလုံးက အစစ်အမှန် အချိန်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိပါဘူး။ ၎င်းက အိပ်မက်တစ်ခုကို မက်နေသလိုမျိုး ခံစားရပါလိမ့်မည်။ အိပ်ပျော်နေတဲ့ အချိန်အတွင်းမှာ ဘဝတစ်ခုစာလောက် အိပ်မက်တတ် ကြပေမဲ့လည်း ပြန်လည်နိုးထလာချိန်မှာ နာရီအနည်းငယ်သာ ကုန်လွန်သွားခဲ့ကြသည်။

လင်းဟန်၏ စိတ်ထဲတွင် မရေတွက်နိုင်သော ခန့်မှန်းချက်တွေ အများကြီး ပေါ်လာခဲ့သည်။ သူ၏နှလုံးသားမှ လာသော အေးစိမ့်တဲ့ ခံစားမှုကိုလည်း ရရှိခံစားနေရသည်။

အပိုင်း(၃၅၉) တိုက်ပွဲချပ်ဂတ်

သမိုင်းမှတ်တမ်း အထောက်အထားတွေ အရတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးထောင်ကျော်က ကြီးမားတဲ့ ရှုပ်ထွေးမှုတစ်ခု ဖြစ်ပေါ်ခဲ့ပြီးတော့ အန္တရာယ်အရမ်းကြီးတဲ့ ကပ်ဘေးကြီးတစ်ခု ဖြစ်လာပြီး လူတွေလည်း မရေမတွက်နိုင်လောက်အောင် သေကျေပျက်စီးခဲ့ကြသည်။ ထို့ကြောင့် သိုင်းပညာနယ်ပယ်နဲ့ မှော်ဆေးပညာနယ်ပယ်မှာ ပျက်စီးယိုယွင်းမှု တစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ထို့နောက်မှာ

ကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ ဆေးဘာဓားဂိုဏ်းနှင့် အမျိုးမျိုးသော တခြားဂိုဏ်းတွေ ထွက်ပေါ်လာပြီးတော့ အင်အားတွေစုပေါင်းပြီး ဖရိုဖရဲဖြစ်နေတဲ့ အခြေအနေကို ငြိမ်းချမ်းအောင် လုပ်ပြီးတော့ အနာဂတ်မျိုးဆက်တွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဦးဆောင်ပြီး နှစ်ပေါင်း ရှစ်ထောင်မကကျော်လွှန်ဖြတ်သန်း လာခဲ့ကြသည်။

ထိုအချိန်က ကပ်ဘေးကြီးနှင့် နှိုင်းယှဉ်ရမည် ဆိုပါက လက်ရှိ တိုက်ခိုက်ခြင်းနဲ့ သတ်ဖြတ်ခြင်း ဆိုတာက အသေးအဖွဲ့ပမာဏလေးတွေပဲ ဖြစ်၏။

လင်းဟန်က ခန့်မှန်းလိုက်သည်။ ထိုအချိန်က ဖြစ်ပွားခဲ့သည့် ကြီးမားသော ဖရိုဖရဲအခြေအနေက ထိုအဘိုးကြီးသုံးယောက် ကိုယ်စားပြုသည့် အဖွဲ့အစည်းက လှုံ့ဆော်မှုကြောင့် ဖြစ်လာခဲ့သည်။ ဇီရှုရှန်းနှင့် သူတို့တွေက မျိုးနွယ်စုတူသည့် အဖွဲ့ဝင်တွေ ဖြစ်ကြပြီး သူတို့က သူမကို နတ်ဘုရား နယ်ပယ်ကို ပြန်ပြီးတော့ ခေါ်သွားချင်နေကြသည်။ သို့ပေမဲ့လည်း သူတို့တွေ တွေ့ဆုံကြသည့် အခါမှာ ငြင်းပယ်ခံလိုက်ရပြီး သူမက ဒီကမ္ဘာကြီးမှာပဲ နေထိုင်ပြီးတော့ သေဆုံးသွားချင်နေခဲ့သည်။

လင်းဟာန်က သူမ၏ အဆုံးသတ်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရသည်။ သူ့အနေနဲ့ ထိုတိုက်ပွဲ အတွင်းမှာ သူမသေဆုံးသွားခဲ့သည့် နောက်ဆုံးမြင်ကွင်းကို မမြင်ခဲ့ရပေမဲ့လည်း မိုးကြိုးလျှပ်စီး ချပ်ဂုတ်မရှိသည့်အပြင် သူမ၏ နှလုံးသားကိုပါ ထိုးဖောက်ခြင်း ခံထားရပြီး သူမအနောက်မှာ နတ်ဘုရားအဆင့် လူနှစ်ယောက်က လိုက်လံဖမ်းဆီးနေသည့်အတွက် ‘ဘယ်လိုလုပ်ပြီးတော့ သူမအနေနှင့် အသက်ရှင်သန် လွတ်မြောက်နိုင်လိမ့်မည်နည်း။

ဇီရှုရှန်းကား အပြာရောင်မိုးကြိုးလျှပ်စီးဂိုဏ်း၏ တပည့်တစ်ယောက်ဖြစ်ပြီး လက်ရှိခေတ်မှာ အပြာရောင်မိုးကြိုးလျှပ်စီးဂိုဏ်းက အလယ်ပိုင်းဒေသတွင် ခိုင်ခိုင်မာမာနှင့် ရပ်တည်နေဆဲ ဖြစ်သည်။ ပြောကြတာကတော့ ထိုနှစ်တွေအတွင်းမှာ သူတို့က ဖရိုဖရဲ အခြေအနေကို ဆန့်ကျင်ပြီး မားမားမတ်မတ် ရပ်တည်နေနိုင်ခဲ့သည့် အဓိက အင်အားစုတွေထဲမှ တစ်ခုဖြစ်သည်။ ထိုသို့ဆိုလျှင် ဇီရှုရှန်း၏ မျိုးနွယ်စုက အပြာရောင်မိုးကြိုးလျှပ်စီးဂိုဏ်းကို ဘာတစ်ခုမှ လုပ်ခဲ့ပုံ မပေါ်ချေ။ သူတို့မျိုးနွယ်စုထဲက အဖွဲ့ဝင် တစ်ယောက်ကို အပြာရောင် မိုးကြိုးလျှပ်စီးဂိုဏ်းထဲမှာ ရှာဖွေတွေ့ရှိခဲ့ပြီးတော့ သူမကို နတ်ဘုရားနယ်ပယ်ဆီကို ပြန်ခေါ်သွားဖို့ပဲ ဆန္ဒရှိခဲ့ပုံ

ရသည်။

ကျန်းယွဲ့ဖုန်းနှင့် အခြားသော ကောင်းကင်အဆင့် လက်ရွေးစင် ရာပေါင်းများစွာက အတူတကွ ပေါင်းစည်းပြီးတော့ အဆုံးမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသည်။ အဲဒီတုန်းက အချိန်အရဆိုလျှင် ထိုလူက နတ်ဘုရား နယ်ပယ်မှ ကျူးကျော်လာခဲ့သည့် လူတစ်ယောက်ဆိုတာ အရမ်းကို ဖြစ်နိုင်ချေရှိ၏။ ဒါမှမဟုတ် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်၏ တိုက်ပွဲအစွမ်းကိုပဲ ပိုင်ဆိုင်ထားနိုင်တဲ့ နတ်ဘုရားတစ်ပါးကိုယ်တိုင်တောင် ဖြစ်နိုင်ချေရှိသည်။ ဒါကြောင့် အဆုံးမှာတော့ သူက ကောင်းကင်အဆင့် လက်ရွေးစင် အများကြီး ပူးပေါင်းပြီးတော့ တိုက်ခိုက်သတ်ဖြတ်ခြင်းကို ခံခဲ့ရတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ရတာများလား။

သီအိုရီအရတော့ ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ ပြဿနာရှိနေသည်။ နတ်ဘုရားတွေရဲ့ နယ်ပယ်က ဘာကြောင့် ဒီကမ္ဘာကြီးကို ကျူးကျော်ချင်နေရတာလဲ။

လူအများစုက နတ်ဘုရားများ၏ နယ်ပယ်က အရင်းအမြစ်များနှင့် နတ်ဘုရားဆေးပင်များ ပေါက်ရွယ်ဂုကြပြီး နေရာအနှံ့ ပေါက်ရောက်နေကြသည်ဟု ထင်မြင်ကြသည်။ ၎င်းဆေးပင်များထဲမှ ကြုံရာတစ်ပင်ကို ဆွဲနှုတ်ယူပြီးတော့ စားသုံးလိုက်မည်ဆိုပါက သာမန်လူတစ်ယောက်ကိုပင် ချက်ချင်းပဲ နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်ပါလိမ့်မည်။ အကယ်၍ နတ်ဘုရားတစ်ပါး မဖြစ်လာနိုင်ရင်တောင်မှ အနည်းဆုံး ကောင်းကင်အဆင့် သို့မဟုတ် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ထိအောင် မြင့်တက်သွားနိုင်သည်။

ထိုကဲ့သို့သော ချမ်းသာကြွယ်ဝသည့် နေရာတစ်ခုက လောဘမျက်လုံးတွေကို ဒီကမ္ဘာကြီး၏ မည်သည့်အင်္ဂါရပ်က ဆွဲဆောင်နေတာလဲ။

၎င်းက မြောက်ပိုင်းဒေသက အမျိုးမျိုးသော အဖွဲ့အစည်းတွေက မြောက်ဘက်အစွန်းအဖျား ဒေသကို ဘယ်လောက်တောင် အထင်အမြင်သေးနေသလဲနှင့် တူညီပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အကယ်၍များ သူတို့က သိမ်းပိုက်စိုးမိုးနိုင်လိုက်မည်ဆိုပါက ရည်မှန်းချက်က ဘာများလဲ။ မြောက်ပိုင်းအစွန်အဖျားဒေသရဲ့ စီးပွားရေးအခွင့်အလမ်း

တစ်ခုလို အရေးမပါတဲ့ အသေးအဖွဲ့ ကိစ္စလေး တစ်ခုအတွက်ပဲ အဖွဲ့အစည်းတွေက ကြိုးပမ်းကြတာပဲ ဖြစ်လိမ့်မည်။

ထိုနတ်ဘုရားနယ်ပယ်မှာလည်း ဤကဲ့သို့ အဖွဲ့အစည်းတွေ ရှိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ နတ်ဘုရားနယ်ပယ်မှာ သူတို့က အချိန်အကြာကြီး မရှင်သန်နိုင်တော့လို့ ဒီကမ္ဘာကြီးကို ထွက်လာခဲ့ဖို့ ဆုံးဖြတ်ထားကြတာများလား။

မဟုတ်သေးဘူး။ ဒါမမှန်ဘူး။ ဒီအဘိုးကြီးသုံးယောက် ပြောတာတော့ သူတို့က ဇီရှုရှန်းကို ပြန်ခေါ်သွားချင်နေကြပြီး ဤနေရာမှာ အချိန်အကြာကြီး နေဖို့အတွက် အစီအစဉ်လုံးဝ မရှိပါဘူး။ နောက်တစ်ချက်က သူတို့တွေက လူသားမျိုးနွယ်စု တစ်ခုလုံးကို ဖျက်ဆီးပစ်ချင်တယ်လို့ ဇီရှုရှန်းက ပြောခဲ့သည်။ ဒါက သိမ်းပိုက်စိုးမိုးဖို့အတွက် လုပ်တာမျိုး မဟုတ်ပါဘူး။

အရေးကြီးဆုံး အချက်က ဇီရှုရှန်း၏ နောက်ဆုံး စကားလုံးများ ဖြစ်သည်။ သူမပြောတာက အနာဂတ် မျိုးဆက်တွေ ကြားသိရသမျှ အရာအားလုံးက အလိမ်အညာတွေပဲ ဖြစ်ချေလိမ့်မည်။ ထိုအရာက ဘာကို ဆိုလိုသနည်း။

သူမ၏ ခေတ်မှာ လွှန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းတုန်းက ဖြစ်ပွားခဲ့သည့် ကြီးမားတဲ့ ကပ်ဘေးကြီး တစ်ခုအကြောင်း ပြောနေကြတာ ဖြစ်မည်။ ဒါက မမှန်လို့လား။ ၎င်းက အလိမ်အညာ တစ်ခုပဲလား။

လင်းဟန် ခေါင်းတွေ ကိုက်လာခဲ့သည်။ ကြည့်ရတာ အရမ်းကို ယုတ္တိရှိတဲ့ ပုံပြင်တစ်ပုဒ်က ဇီရှုရှန်းရဲ့ စကားအနည်းငယ်ကြောင့် လုံးဝကို အပေါ်အောက် ပြောင်းပြန်လှန်ပစ် သွားခဲ့သည်။ ဒါပေမဲ့လည်း ဇီရှုရှန်းက ဒီစကားလုံးတွေကို တိုက်ပွဲအတွင်းမှာ သူမမသေခင် အချိန်အတွင်းမှာ ပို့ပေးဖို့ ဆုံးဖြတ်ခဲ့သည်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမအနေနဲ့ နောက်ပြောင်နေတာ ဖြစ်နိုင်မှာလဲ။

ဒါကလုံးဝကို မဖြစ်နိုင်ပါဘူး။

ဤပုံစံကို ကြည့်ရသည်မှာ ဇီရှုရှန်းကို မြုပ်နှံထားသည့် နေရာမှာ အဖြေကို ရှာဖွေဖို့အတွက် အဆုံးမဲ့ တောင်တန်းမှာရှိတဲ့ သန့်ရှင်းသော သဟာဇာတ နန်းတော်ခန်းမဆီကို ခရီးတစ်ခု ထွက်ရပါလိမ့်မည်။ အဆုံးမဲ့တောင်တန်းက အလယ်ပိုင်းဒေသ၏

ဘယ်နေရာမှာလဲ ဆိုတာကို သူသိပါသည်။ ဒါပေမဲ့ အခုတော့ အဆုံးမဲ့တောင်တန်းလို့ မခေါ်ကြတော့ပါဘူး။

ထို့အပြင် နှစ်ပေါင်းတစ်သောင်း ကြာပြီးသည့်နောက်မှာ သန့်ရှင်းသော သဟဇာတ နန်းတော် ခန်းမက ရှိနေပါဦးမလား။

ဒါကို အနာဂတ်ကျမှပဲ စဉ်းစားရပါတော့မည်။

လင်းဟန်က သက်ပြင်းချလိုက်သည်။ မင်းမှာ မှတ်ဉာဏ်ပုံဆောင်ခဲ ရှိရဲ့သားနဲပ ဘာဖြစ်လို့ အဖြေအားလုံးကို ရိုးရိုးရှင်းရှင်းနဲ့ မှတ်တမ်းတင်ရမဲ့အစား သူ့ကို အဆုံးမဲ့ တောင်တန်းဆီကို ခရီးတစ်ခု ထွက်ဖို့ ဖိအားပေးရတာလဲ။

"မျှော်စင်လေး မင်းဒီ တိုက်ပွဲချပ်ဂတ်ကို ပြန်ပြုပြင်နိုင်လား"

လင်းဟန်က မေးလိုက်သည်။

"မလုပ်နိုင်ဘူး"

မျှော်စင်လေးက ဘယ်ဘက်နဲ့ ညာဘက်ကို

ရွေ့လျားလိုက်သည်။ ဤကား ၎င်း၏ခေါင်းကို ခါလိုက်သည့် အမူအရာတစ်ခုကို ပြုလုပ်ခြင်း ဖြစ်သည်။ အကယ်၍များ ခေါင်းညိတ်မည်ဆိုလျှင် ၎င်းက အပေါ်အောက်ကို လှုပ်ရှားပြသည်။ လင်းဟန်က ထိုအမူအရာတွေနှင့် ရင်းနှီးကျွမ်းဝင် နေပြီဖြစ်သည်။ မျှော်စင်လေးက တစ်ခဏမျှ ရပ်တန့်ပြီးတော့ ဆက်ပြောလိုက်သည်။

"ဒါပေမဲ့လည်း အတွင်းမှာရှိတဲ့ စွမ်းအင်အမျိုးမျိုးကို ပျံ့နှံ့သွားအောင်လို့တော့ လုပ်နိုင်တယ်။ အဲဒီလို လုပ်လိုက်မယ်ဆိုရင် ဒီတိုက်ပွဲချပ်ဂတ်ကို အချိန်တစ်ခဏတော့ အသုံးပြုလို့ ရနိုင်သေးတယ်"

လင်းဟန်က ကျေနပ်ပျော်ရွှင် သွားခဲ့ပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင်လည်း မြန်မြန်လေး လုပ်လိုက်လေ"

မျှော်စင်လေးက အနည်းငယ် တုန်ခါသွားခဲ့ပြီး အစွမ်းထက်တဲ့ စွမ်းအားတစ်ခုက ပန်းထွက်လာခဲ့သည်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်က ချက်ချင်းဆိုသလို လေထဲမှာ မျောလွင့်နေပြီး စတင်တုန်ခါလာသည်။ ဂျစ် ဂျစ် ဂျစ်။ ၎င်းအပေါ်မှာရှိတဲ့ အစီအရင်တွေက လင်းလက်

တောက်ပလာခဲ့ပြီးမှ အဆုံးသတ်သွားခဲ့သည်။ ဒါပေမဲ့လည်း အချိန်အနည်းငယ်ပဲ ကြာတာဖြစ်ပြီး ချပ်ဂတ်က မြေကြီးပေါ်ကို ပြန်ပြီးတော့ ပြုတ်ကျလာခဲ့သည်။

"ပြီးသွားပြီ"

မျှော်စင်လေးက အမူအရာကင်းမဲ့စွာနှင့် ပြောလိုက်သည်။

လင်းဟန်က သိပ်ပြီးတော့ မအံ့သြတော့ပါဘူး။ မျှော်စင်လေးက နတ်ဆိုးရှင်သန်ခြင်း၏ ပစ္စည်းစိတ်ဝိညာဉ်ကို အခုလိုမျိုး လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးပစ်လိုက်ပြီးတော့ အဆုံးသတ် သွားခဲ့သည်။ ထို့အပြင် ဤအဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းက အတော်လေးကို ပျက်စီးနေခဲ့သည်။ လင်းဟန်က မိုးကြိုးလျှပ်စီးချပ်ဂတ်ကို ယူပြီးတော့ အသက်သွင်းဖို့ ကြိုးစားလိုက်သည်။

ဂျစ်ဂျစ်ဂျစ်။ အစီအရင်ပုံစံတွေ လင်းလက်တောက်ပလာပြီးတော့ မရေတွက်နိုင်တဲ့ လျှပ်စီးတွေက သူ၏ခန္ဓာကိုယ် တစ်ခုလုံးမှာ ခုန်ထွက်လာခဲ့သည်။ သူ၏ရင်ဘတ်တစ်ခုတည်းမှ မဟုတ်ပဲ ခန္ဓာကိုယ်တစ်ခုလုံးမှ ဖြစ်ပြီးတော့ ၎င်းတို့က လျှပ်စီးအတားအဆီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

လင်းဟန်က သူ၏လက်တစ်ဖက်ကို ပေ့ယမ်းလိုက်သည်။ ရှစ်။ အဖြူရောင် လျှပ်စီးအလင်းတစ်ခု ထွက်ပေါ်လာပြီးတော့ ထက်ရှတဲ့ ဓားသွားတစ်ခု ပုံစံကို ပြောင်းလဲသွားခဲ့သည်။ လင်းဟန်က လက်သီးတစ်လုံးကို ပစ်သွင်းလိုက်သည့်အခါမှာတော့ လျှပ်စီးအလင်းက တောက်ပတဲ့ အဖြူရောင် လက်သီးတစ်လုံးအဖြစ်ကို ပြောင်းလဲသွားခဲ့ပြီး အရမ်းကို အံ့သြစရာကောင်းတဲ့ အစွမ်းတစ်ခုကို ပိုင်ဆိုင်ထား၏။

စူးရှသည့် လေချွန်သံနဲ့အတူ လင်းဟန်က လက်နှစ်ဖက်လုံးကို တိုက်ခိုက်လိုက်သည်။ ရှစ် ရှစ်။ လက်သီးချီနှင့် ဓားချီတွေက တပြိုင်နက်တည်း ထွက်ပေါ်လာပြီး မိုးကြိုးလျှပ်စီး ချပ်ဂတ်ကြောင့် ပေါင်းစည်းပြီးတော့ လင်းလက်တောက်ပသော လျှပ်စီးအဖြူရောင် ဓားနှင့် လျှပ်စီးလက်သီးတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။

လင်းဟန်က မထိန်းချုပ်နိုင်ပဲနှင့် ရယ်မောလိုက်သည်။ ဤမိုးကြိုးလျှပ်စီး ချပ်ဂတ်က အနည်းဆုံး သူ၏အစွမ်းကို တိုက်ပွဲကြယ် ငါးလုံးထိ အဆင့်မြှင့်တင် ပေးနိုင်သည်။ ထို့အပြင် ၎င်းက တိုက်ခိုက်မှု အဆင့်ပဲ ရှိသေးသည်။ သူက

၎င်း၏ ခုခံနိုင်မှုကိုလည်း ကြိုးစားရမည်။ ဒါပေမဲ့လည်း ထိုလျှပ်စီးအတားအဆီးက လုံး၀ အားနည်းလိမ့်မည် မဟုတ်ဟု ယုံကြည်နေသည်။

သူကယခု မိုးကြိုးလျှပ်စီး ချပ်၀တ်အပေါ်က အစီအရင် အစိတ်အပိုင်း တစ်ခုကိုပဲ အသက်သွင်း နိုင်သေးသည်။ နောက်တစ်နည်း ပြောရမည်ဆိုလျှင် သူ၏ကျင့်ကြံခြင်းအဆင့် တိုးတက်လာသည်နှင့်အမျှ မိုးကြိုးလျှပ်စီးချပ်၀တ်၏ အစွမ်းလည်း တိုးတက်လာလိမ့်မည်။ ဒါပေမဲ့လည်း ၎င်းက စကြာ၀ဠာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်နိုင်ချေ မရှိချေ။ ဘာကြောင့်လဲ ဆိုတော့ ချပ်၀တ်၏ အရှေ့ဘက်နှင့် နောက်ကျောဘက်တွင် အပေါက်နှစ်ခု ဖြစ်နေဆဲရှိသည်။ အစီအရင်၏ အစိတ်အပိုင်းတစ်ခုက ပျောက်ဆုံးနေသည်ဟု ဆိုလိုသည်။ ထို့ကြောင့် ဘယ်လိုပဲဖြစ်ဖြစ် မိုးကြိုးလျှပ်စီးချပ်၀တ်က ၎င်း၏ အစွမ်းထက်ဆုံး စွမ်းရည်တွေကို ထုတ်ဖော်ပြသဖို့ ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်ချေ မရှိပေ။

"ဇီရှုရှန်း။ အတိတ်တုန်းက ငါတို့တွေက အများကြီး ပတ်သက်ဆက်နွယ်မှု သိပ်ပြီးတော့ မရှိခဲ့ကြဘူး။ ဒါပေမဲ့ မင်းရဲ့ဆုံးဖြတ်ချက်က ငါ့အနေနဲ့ မင်းကို အရမ်းကို

အထင်ကြီး လေးစားသွားစေခဲ့တယ်။ မစိုးရိမ်ပါနဲ့။ မင်းချန်ထားခဲ့တဲ့ အဖြေအစစ်ကို ငါသေချာပေါက် ရှာပြီးတော့ နောက်ထပ်ကပ်ဘေးကြီးတစ်ခုကို ထပ်ပြီးတော့ ဖြစ်ခွင့်ကို မပေးတော့ဘူး”

လင်းဟာန်က ဂမ်းနည်းစွာနှင့် ပြောလိုက်သည်။ မိုးကြိုးလျှပ်စီးချပ်ဂုတ်က အဆင့်မြင့် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ၎င်းကို ဂုတ်ဆင်တဲ့ သူ၏မတူညီတဲ့ ခန္ဓာကိုယ်အချိုးအစားအတိုင်း လိုက်ဖက်အောင် ပြင်ဆင်ပေးနိုင်သည်။ ဒါကြောင့် သူက ဇီရှုရှန်းထက် ပိုမြင့်ပြီးတော့ ထွားကြိုင်းပေမဲ့လည်း ဒီတိုက်ပွဲချပ်ဂုတ်ကို ဂုတ်ဆင်လိုက်တဲ့ အခါမှာ တင်းကျပ်နေတဲ့ ခံစားချက်မျိုး လုံးဝ မရှိချေ။

ပုလင်းတစ်လုံးလည်း ရှိနေသေးတယ်။

လင်းဟာန်က ဖွင့်လိုက်ပြီးတော့ အထဲကို ကြည့်လိုက်သည်။ ၎င်း၏အတွင်းပိုင်းတွင် ခရမ်းရောင်ရှိသည့် သွေးစက်တစ်စက် ရှိနေပြီး အရမ်းကို အစွမ်းထက်သည့် အရှိန်အဝါတစ်ခုကို ထုတ်လွှတ်နေပြီး လင်းဟာန်၏ အရေပြားတွေက ဓားတွေနဲ့ ခွဲသလိုမျိုး ခံစားမှုကို ဖြစ်ပေါ်လာပြီး သူရဲ့အရေပြားတွေ ကွဲအက်လာသလိုမျိုး

ခံစားလိုက်ရသည်။

ဒါက ဇီရှုရှန်းရဲ့ သွေးစက်များ ဖြစ်နေမလား။

လင်းဟန်က ပုလင်းအဖုံးကို ပြန်ဖုံးလိုက်သည်။ ဒီသွေးစက်က ဇီရှုရှန်းရဲ့ အဖြေကို ရယူဖို့ အတွက် သူမကို မြုပ်နှံထားတဲ့ သန့်ရှင်းသော သဟဇာတ နန်းတော်ခန်းမကို ဖွင့်ဖို့အတွက် သော့တစ်ချောင်း ဖြစ်နိုင်သည်။ ဒါကြောင့် သူ့အနေနဲ့ ၎င်းကို အခုချိန်မှာ အသုံးပြုလို့ မရနိုင်သေးပေ။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပြီး ညစာစားဖို့ အချိန်အနည်းငယ် ကျန်နေသေးသည်။ နောက်ပြီးတော့ တကယ်လို့ သူတို့က သွမ့်အိမ်တော်ကို သွားချင်တယ်ဆိုရင် ညဥ့်နက်သန်းခေါင်ကျမှ သွားတာက ပိုပြီးတော့ သင့်တော်ပါလိမ့်မယ်။ အခုက အတော်လေးကို စောနေပါသေးသည်။

သူ့မှာ အားလပ်ချိန် ရှိနေသေးတဲ့အတွက် လွီယုထန်နဲ့ တခြားသူတွေကို ခေါ်ပြီးတော့ သူတို့ကို သိုင်းပညာရပ်တွေကို စတင် သင်ကြားပေးလိုက်သည်။

ပထမကတော့ မေးမြန်းခြင်း အစီအစဥ်ပဲ ဖြစ်သည်။

လင်းဟန်က သူတို့ရဲ့ ကျင့်ကြံခြင်းမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို မေးမြန်းပြီးတော့ အဖြေတွေကို ရှင်းလင်းပြတ်သားအောင် ဖြေပေးခဲ့သည်။ ပြီးတဲ့နောက်မှာတော့ သူတို့ရဲ့ မတူညီတဲ့ စွမ်းရည်တွေကို အခြေခံပြီးတော့ မတူညီတဲ့ ကျင့်ကြံခြင်းနည်းစနစ်တွေနဲ့ သိုင်းပညာတွေကို သင်ကြားပေးခဲ့သည်။

သူက လွှီယုထန်ကို သင်ပေးဖို့ မလိုပါဘူး။ ဒါပေမဲ့လည်း ကျူးပုကျို့လည်း ဓားသမား တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က သူ့ကို လေးရာသီဓားသိုင်းနည်းစနစ်ကို သင်ကြားပေးခဲ့သည်။ ကန်းရီကတော့ ဆေးဘာကိုင်ဆောင်သူ ဖြစ်သည်။ ကံမကောင်းတာက လင်းဟန်အနေနဲ့ နေသတ်ဖြတ်သူ ဆေးဘာဓားကေရာဇ်ဆီက အစွမ်းထက်တဲ့ ဆေးဘာဓား နည်းစနစ် တစ်ခုမှ မရရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်၏ ခေါင်းထဲတွင် ဆေးဘာနည်းစနစ်တွေ မနည်းမနော ရှိသည်။ ဒါကြောင့် သူက အနက်ရောင်နတ်ဆိုးဆေးဘာဓား နည်းစနစ်တစ်ခုကို ရှာပြီးတော့ ကန်းရီကို သင်ကြားပေးခဲ့သည်။ ထိုနည်းစနစ်က အနက်ရောင် အဆင့်မြင့် သိုင်းပညာ နည်းစနစ် တစ်ခုဖြစ်ပြီးတော့ သူ၏လက်ရှိ အဆင့်အတွက် အကောင်းမွန်ဆုံး ရွေးချယ်မှု တစ်ခုဖြစ်ပေသည်။ ၎င်းအဆင့်က မြေကမ္ဘာအဆင့်နဲ့

နီးစပ်သည်လို့ သတ်မှတ်နိုင်သည်။

ဒီအချိန်မှာ လွီယုထန်က နွေဦးစမ်းရေ အလွှာ ၈ အဆင့်မှာ ရှိပြီးတော့ ကျူးပုကျို့က အဆင့်ငါးမှာ ရှိ၏။ သူတို့တွေက အရမ်းကို လျင်မြန်စွာနဲ့ တိုးတက်လာခဲ့သည်။ မှော်ဆေးလုံးတွေကြောင့်လည်း ပါဝင်သည်။ လင်းဟန်က သူတို့ကို ထပ်ခါထပ်ခါ သတိပေးခဲ့သည်။ သူတို့အနေနှင့် နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို အလျင်စလိုနဲ့ အဆင့်တက်ဖို့ မလိုတဲ့ အကြောင်းနှင့် သူတို့၏ အခြေခံက ခိုင်မာလာပြီးတဲ့ နောက်မှာ အဆင့်တက်ခြင်း၏ နောက်ဆုံးခြေလှမ်းကို လုပ်ဆောင်သင့်ကြောင်း သတိပေးခဲ့သည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုလျှင် မှော်ဆေးလုံးတွေကို အသုံးပြုပြီးတော့ စုစည်းထားတဲ့ ကျင့်ကြံခြင်းက အရမ်းကို အားနည်းနေပါလိမ့်မည်။ ဒါက သူတို့အတွက် ကျင့်ကြံခြင်းမှာ အမြင့်ဆုံးအဆင့်ကို တက်ဖို့ဆိုတာ ဖြစ်နိုင်ချေ သိပ်ရှိတော့မှာ မဟုတ်ပေ။

ညရောက်တဲ့အခါမှာ နောက်ဆုံးတော့ ကွမ်းယွမ်က အောက်ကို ဆင်းလာပြီးတော့ သူတို့နဲ့အတူ ညစာစားခဲ့သည်။ ထို့နောက်မှာတော့ သူတို့က ညနက်သန်းခေါင်အချိန်ကို ရောက်ဖို့အတွက် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်မျှော်နေခဲ့ကြသည်။

အပိုင်း(၃၆၇) တစ္ဆေစံအိမ် တစ်ခုလား

ဤတစ်ကြိမ် လှုပ်ရှားမှုတွင် ကွမ်းယွမ်နှင့် လင်းဟန်တို့ နှစ်ဦးတည်းသာ ပါဝင်ကြသည်။

သူတို့က အခြေအနေကို တစ်ချက်လောက် သွားကြည့်ဖို့ အတွက်ပဲ ဖြစ်ပြီးတော့ တိုက်ခိုက်ဖို့ အတွက် သွားရောက်ကြတာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အနေဖြင့် လူအများကြီးကို ခေါ်လာစရာ အကြောင်းလုံးဝ မရှိပါဘူး။ ထို့အပြင် သူတို့၏အုပ်စုတွင် ကန်းရီတစ်ယောက်ပဲ လက်ခံနိုင်လောက်တဲ့ တိုက်ခိုက်ရေးသမား တစ်ယောက်ဖြစ်ပြီး တခြားသူတွေကတော့ အတွေ့အကြုံ အရမ်းကို နည်းပါးကြသည်။

ယွဲ့ခိုင်ယုကျတော့ အိပ်ပျော်နေတာ ဟောက်သံတောင်မှ ကျယ်လောင်လွန်းလှသည်။ အရက်အများကြီး သောက်ပြီးတဲ့နောက်မှာ သူ့အနေနဲ့ မနက်ဖြန်မရောက်ခင် အချိန်ထိ နိုးလာဦးမှာ မဟုတ်ချေ။

လင်းဟန်နဲ့ ကွမ်းယွမ်က ည၏အမှောင်ထုကို အသုံးချပြီးတော့ ပင်လယ်လေညှင်းမြို့ရဲ့ အဓိက

လမ်းမကြီးတွေ အားလုံးကို ရှောင်ရှားပြီး လမ်းသွယ်လေးတွေကနေတဆင့် လှုပ်ရှားသွားလာလိုက်ကြသည်။ သိပ်မကြာခင်မှာ ကြီးမားတဲ့ စံအိမ်ကြီး တစ်ခုက သူတို့၏ မျက်လုံးအရှေ့တွင် ပေါ်လာခဲ့သည်။ စံအိမ်၏ ပတ်ပတ်လည်တွင် မီးအိမ်တွေကို ချိတ်ဆွဲထားပြီး စံအိမ်အရှင်သခင်၏ ကြွယ်ဝချမ်းသာမှုကို တွေ့မြင်နိုင်သည်။

လင်းဟန်က ခေါင်မိုးအပေါ်ကို တက်လိုက်ပြီး မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့အခါမှာ သူ၏အမူအရာက အံ့အားသင့်မှုတွေနှင့် ပြည့်နက်သွားလေသည်။

စံအိမ်၏ ပတ်ပတ်လည်မှာ လုံးဝကို လင်းထိန်နေပေမဲ့လည်း စံအိမ်ရဲ့ အတွင်းပိုင်းမှာတော့ အခန်းတစ်ခုမှ မလင်းပဲနဲ့ မှောင်မိုက်နေသည်။ အကယ်၍များ အခုချိန်က ညဥ့်နက်သန်းခေါင်ယံ အချိန်ဖြစ်နေသည့်အတွက် လူအများစုက အိပ်ပျော်နေတာ ဖြစ်နိုင်တယ်လို့ ရှင်းပြချက်ထုတ်မယ်ဆိုရင်တောင် ကြီးမားလှတဲ့ စံအိမ်ကြီး တစ်ခုအတွက်တော့ မှင်ရည်လိုမျိုး လုံးဝကို မည်းမှောင်နေတယ် ဆိုတာက ထူးဆန်းနေဆဲ ဖြစ်သည်။

ကွမ်းယွမ်က ချက်ချင်းဆိုသလို နံရံတွေကို

ကျော်တက်ပြီးတော့ အထဲကို ဝင်ဖို့ ကြိုးစားသည်။ ဒါပေမဲ့ လင်းဟန်ရဲ့ တားဆီးခြင်းကို ခံလိုက်ရသည်။

"အဲဒီနေရာမှာ အချက်ပေးစနစ်တစ်ခုကို ခင်းကျင်းထားတယ်"

လင်းဟန်က ကွမ်းယွမ်ကို ပြောလိုက်သည်။ မှသားမဲ့ မျက်လုံးကို အသုံးမပြုပဲနှင့်တောင်မှ ကောင်းကင်အဆင့်၏ နတ်ဘုရား အာရုံဖြင့် သူက အာရုံခံနိုင်နေဆဲ ဖြစ်သည်။

ကွမ်းယွမ်က ချက်ချင်းပဲ ရပ်လိုက်သည်။ သူ့အနေဖြင့် လင်းဟန်၏ စကားလုံးတွေကို နည်းနည်းလေးမှ သံသယဝင်စရာ အကြောင်း လုံးဝမရှိပေ။ ဒီလူငယ်က အရမ်းကို ကြောက်စရာ ကောင်းပေသည်။ အသက်ဆယ့်ခုနစ်ဖြင့် မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်သည့်အပြင် သိုင်းပညာရပ်များမှာလည်း အရမ်းကို အစွမ်းထက်သည်။

"မင်းအဲဒါကို ဖျက်ပစ်နိုင်လား"

ကွမ်းယွမ်က တိုးတိုးတိတ်တိတ်နဲ့ မေးလိုက်သည်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ဖြေလိုက်၏။

"အဲဒါက မခက်ပါဘူး"

ထိုအရာက အချက်ပေးခြင်း တစ်ခုကို ခင်းကျင်းထားခြင်းပဲ ဖြစ်ပြီးတော့ တောင်တစ်ခုလုံးကို ကာကွယ်နိုင်တဲ့ ကြီးမားတဲ့ အခင်းအကျင်းမျိုး မဟုတ်ပါဘူး။ ထို့အပြင် လင်းဟန်က အတိတ်တုန်းက ရှေးဟောင်း သမိုင်းဝင် နေရာအများကြီးကို ဝင်ရောက်ခဲ့ပြီးတော့ ဒီအမျိုးအစား အခင်းအကျင်းက သူနှင့် အရမ်းကို ရင်းနှီးကျွမ်းဝင်သည်။

အနက်ရောင် မျှော်စင်မှာ ပစ္စည်းတွေက အများကြီး ရရှိပြီးတော့ အလျှံပယ် ဖြစ်လာခဲ့သည်။ လင်းဟန် တစ်ချက်တွေးလိုက်တာနှင့် တစ်ခုပြီး တစ်ခုကို ဆွဲထုတ်ရယူနိုင်သည်။ သိပမကြာခင် အချက်ပေး အစီအရင် အခင်းအကျင်းကို အပေါက်တစ်ခု ဖောက်လိုက်ပြီးတော့ ကွမ်းယွမ်နဲ့အတူ စံအိမ်အထဲကို ခြေချခဲ့သည်။

"ဘယ်လောက်တောင် ချောက်ချားဖွယ်ရာ ကောင်းလိုက်သလဲ"

ကွမ်းယွမ်က သူ၏ လက်မောင်းတွေကို

ပွေ့ပိုက်ထားလိုက်သည်။

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ အပြင်ဘက်မှာကတည်းက စံအိမ်က ဘယ်လောက်တောင်မှ မှောင်မည်းပြီးတော့ တစ်စုံတစ်ခုတော့ မှားယွင်းနေပြီဆိုတာကို သူက အာရုံခံနိုင်ခဲ့သည်။ အခု သူက စံအိမ်အထဲကို ခြေချခဲ့ပြီးပါပြီ။ ဤနေရာတွင် ချောက်ချားစရာ ထိတ်လန့်စရာ ခံစားချက်တွေ ရှိနေသည်။

သူတို့နှစ်ယောက်က ဥယျာဉ်ကို ဖြတ်ပြီးတော့ ခြံဝင်းအတွင်းကို ခြေဖျားထောက်ပြီး ဝင်လာခဲ့သည်။

သူတို့က ထောင့်စွန်းကနေ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လှေ့လာစူးစမ်းနေကြသည်။ အခြေအနေက သံသယဖြစ်စရာရှိပြီးတော့ အရမ်းကို ဂရုစိုက်ပြီး သတိထားကာမှ တော်ကာကျပေ လိမ့်မည်။ ဒါပေမဲ့လည်း တစ်ခဏအတွင်းမှာပဲ သူတို့နှစ်ယောက်ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပြီးတော့ တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

ဤကဲ့သို့ ကြီးမားတဲ့ စံအိမ်ကြီးတစ်ခုက သုသာန်တစပြင် တစ်ခုလိုမျိုး တိတ်ဆိတ်ငြိမ်သက်ပြီး

အသံအနည်းငယ်မျှတောင် မကြားရချေ။

အကယ်၍ ညဥ့်နက်သန်းခေါင်ယံ အချိန်ရောက်နေပြီ ဖြစ်တဲ့အတွက် စံအိမ်မှာ နေထိုင်သူ အားလုံးက အိပ်မောကျနေတယ် ဆိုရင်တောင်မှ အသက်ရှူတဲ့ အသံလောက်တော့ ကြားသင့်တယ် မဟုတ်လား။

ဒါပေမဲ့လည်း ဤနေရာကား အရမ်းကို တိတ်ဆိတ်ပြီးတော့ လူတွေ၏ အသက်ရှူသံကိုတောင်မှ မကြားရပေ။ ဤစံအိမ်မှာ နေထိုင်သူ အားလုံးက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း ခံရပြီး အသက်ရှင်သန်တဲ့သူ တစ်ယောက်မှ မရှိသလိုမျိုးနဲ့ တူနေသည်။

သူတို့က ခြံဝင်းအတွင်းကို ဝင်လာပြီးတော့ စတင်ရှာဖွေကြသည်။ ဒါပေမဲ့လည်း တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေနေသလို သူတို့၏ အမူအရာကလည်း ပိုပိုပြီးတော့ မည်းမှောင်လာကြသည်။

ဘယ်အခန်းမှာမှ လူတစ်ယောက်မှ မရှိပါဘူး။

သက်ရှိ ဒါမှမဟုတ် အလောင်းကောင်တောင်မှ မရှိပါဘူး။

ဒီနေရာမှာ ဘာတွေ ဖြစ်ကုန်တာလဲ။

"အဲဒီနေရာကို တစ်ချက်လောက် သွားကြည့်ရအောင်"

လင်းဟန်က နောက်ထပ် ခြံဝင်းတစ်ခုကို လက်ညှိုးထိုးပြီး ညွှန်ပြလိုက်သည်။

ကွမ်းယွမ်က ခေါင်းညိတ်လိုက်ပြီး သူတို့နှစ်ယောက်က တခြားခြံဝင်းကို ရှာဖွေဖို့အတွက် သွားခဲ့ကြသည်။ ဒါပေမဲ့လည်း ရလဒ်ကတော့ အတူတူပဲ ဖြစ်သည်။ သက်ရှိ တစ်ယောက်မှ မရှိသလို သေနေတဲ့ အလောင်းကောင်တောင်မှ မရှိပါဘူး။

"လူခွဲပြီးတော့ ရှာကြရအောင်။ နောက်တစ်နာရီ ကြာတဲ့အခါကျရင် ငါတို့ဝင်လာခဲ့တဲ့ နေရာမှာ ပြန်ဆုံကြမယ်"

လင်းဟန်က ပြောလိုက်သည်။ ဤစံအိမ်ကား အရမ်းကို ကြီးမားပြီးတော့ ခြံဝင်းတစ်ခုတည်းတင် တော်တော်လေး ကျယ်နေသည်။

"ကောင်းပြီလေ"

တစ်နာရီ ကြာပြီးသည့်နောက် သူတို့နှစ်ယောက်က ဂင်ပေါက်နေရာမှာ ပြန်ပေါ်လာခဲ့ကြသည်။

သူတို့၏ ခေါင်းတွေကို အသီးသီး ခါလိုက်ကြသည်။ နှစ်ယောက်စလုံးပဲ မည်သည့်အရာကိုမှ ရှာမတွေ့ခဲ့ကြပေ။

ဤစံအိမ် တစ်ခုလုံးတွင် လူတစ်ယောက်မှ မရှိချေ။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"အရင်ဆုံး ပြန်ထွက်ပြီးတော့ အပြင်ကနေ ဆန်းစစ်ကြည့်ကြစို့"

လင်းဟန်က ပြောလိုက်သည်။ သူတို့နှစ်ယောက်လုံး သွမ့်အိမ်တော်ကနေ ထွက်လာခဲ့ပြီးတော့ မိုးသောက်သည်အထိ စောင့်မျှော်နေခဲ့ကြသည်။

ကြက်ဖတွေ တွန်သံထွက်ပေါ်လာသည့် အချိန်တွင် စံအိမ်က ရုတ်တရက် သက်ဝင်လှုပ်ရှား လာပြီးတော့ သူတို့၏ အခန်းတွေထဲမှ လူတွေက တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြပြီး ချက်ချင်းပဲ စံအိမ်ကြီးက

သက်ဝင်လှုပ်ရှားလာခဲ့သည်။

လင်းဟန်နှင့် ကွမ်းယွမ်တို့က တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး သူတို့၏ နှလုံးသားထဲမှ အေးစက်စက် ခံစားမှုတစ်ခုက မြင့်တက်လာခဲ့ကြသည်။

ဒါက ပုံမှန်မဟုတ်ဘူး။

"တကယ်လို့ မင်းအနီးကပ် ကြည့်လိုက်မယ်ဆိုရင် လူအုပ်ကြီးက ဒီအခန်းထဲကနေ အားလုံး ထွက်လာကြတာကို မြင်ရလိမ့်မယ်"

လင်းဟန်က ပြောလိုက်သည်။ လက်ရှိမှာ သူနှင့် ကွမ်းယွမ်က အမိုးအောက်က ထပ်ခိုး၏ထိပ်တွင် ထိုင်နေကြသည်။ သူတို့ထိုင်နေတဲ့ နေရာက မြင့်တဲ့အတွက်ကြောင့် အရမ်းကို ရှင်းရှင်းလင်းလင်း မြင်နိုင်ကြသည်။

ကွမ်းယွမ်က ခေါင်းညိတ်လိုက်သည်။

"အင်း။ အဲဒီအခန်းကို ငါဝင်ကြည့်ပြီးသွားပြီ။ သာမန်ခန်းမတစ်ခုဖြစ်ပြီးတော့ သေချာပေါက် လူတွေအများကြီး မဆန့်နိုင်ဘူး။ နောက်ပြီးတော့

ငါစစ်ဆေးပြီးသွားပြီ။ အဲဒီအချိန်တုန်းက အခန်းထဲမှာ ဘယ်သူမှ မရှိဘူး။ လူတစ်ယောက်ရဲ့ အရိပ်တောင်မှ မရှိဘူး"

လင်းဟန်က သိချင်စိတ် ပြင်းပြစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင် အထဲမှာ လျှို့ဝှက်ချက် လမ်းကြောင်းတစ်ခုက ရှိကိုရှိရမယ်။ ညကျရင် သူတို့က အဲဒီလျှို့ဝှက်လမ်းကြောင်းကို ဖြတ်ပြီးတော့ အထဲကို ဝင်သွားပြီးတော့ အရုဏ်တက်ချိန်ကျရင် ပြန်ထွက်လာတာပဲ ဖြစ်လိမ့်မယ်။ မနေ့ညက ငါတို့ ဘယ်သူကိုမှ ရှာမတွေ့တာ အံ့သြစရာ မဟုတ်တော့ဘူး။ သူတိုကိုယ်သူတို့ မြေအောက်လျှို့ဝှက် အခန်းထဲမှာ ပုန်းနေကြတာ ဖြစ်မယ်။ ဒါပေမဲ့ ငါသိချင်တာက ဘာကြောင့် သူတို့တွေက အခုလိုမျိုး လုပ်ကြတာလဲ"

ဤနေရာကား သွမ့်အိမ်တော် ဖြစ်ပြီးတော့ သူတို့၏ ကိုယ်ပိုင်ပိုင်နက် ဖြစ်သည်။ သူတို့၏ သက်တောင့်သက်သာ ဖြစ်တဲ့ အခန်းတွေကို ချန်ထားပြီးတော့ ဘာဖြစ်လို့ မြေအောက်ထဲမှာ ပုန်းနေကြတာလဲ။

"အရင်ဆုံး ငါတို့ပြန်ကြစို့။ ညကျမှ ငါတို့ပြန်လာပြီးတော့ နောက်ထပ် စုံစမ်းစစ်ဆေးကြမယ်"

လင်းဟန်က ပြောလိုက်သည်။ ဒီအချိန်မှာ သူတောင်မှ အရမ်းကို သိချင်စိတ်တွေ ပြင်းပြနေသည့် ခံစားချက်မျိုး စတင်ဖြစ်ပေါ်လာသည်။

သူတို့နှစ်ယောက် တည်းခိုခန်းကို ပြန်ရောက်လာတဲ့ အခါမှာ ယွဲ့ခိုင်ယုက နိုးနေခဲ့ပါပြီ။ ဒါပေမဲ့ သူက အရက်နာကျနေဆဲ ဖြစ်ပြီးတော့ လက်ရှိမှာ ခေါင်းက ငိုက်စိုက်ငိုက်စိုက် ဖြစ်နေဆဲပါပဲ။ နည်းနည်းလောက် ကျယ်တဲ့ အသံတစ်ခုခုကတောင်မှ သူရဲ့သွားတွေကို နာကျင်စေ၏။

"ဟားဟား မင်းနောက်တစ်ကြိမ် ထပ်ပြီးတော့ သောက်ရဲဦးမလားဆိုတာ ကြည့်ရအောင်"

လင်းဟန်က တမင်တကာ ကျယ်လောင်စွာဖြင့် အော်ရယ်လိုက်သည်။

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ သူ၏နားတွေကို ဖုံးလိုက်ပြီးတော့ မေးသည်။

"ငါမှတ်မိတာ တစ်ခုက မင်းပဲ ငါ့ကို သောက်ဖို့အတွက် အားပေးအားမြှောက်နဲ့ တိုက်တွန်းခဲ့တာ မဟုတ်လား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

"ဟားဟား သွားသွား ဂျင်းစွပ်ပြုတ် နည်းနည်းလောက် သောက်လိုက်။ ငါမင်းကို ဒီညမှာ အရမ်းကိုကောင်းတဲ့ နေရာတစ်ခုကို ခေါ်သွားမယ်"

ယွဲ့ခိုင်ယုက ချက်ချင်းဆိုသလို လင်းဟန်ကို ထူးဆန်းစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်သည်။

"ငါပြောမယ်။ မင်းမှာ အရမ်းကို ချောမောလှပတဲ့ မိန်းကလေး နှစ်ယောက်ရှိနေပြီပဲ။ ဒါကိုတောင်မှ မင်းက ရမ္မက်ကြီးတဲ့သူတွေ ပျော်ရွှင်တဲ့နေရာမှာ အရသာခံစားဖို့အတွက် သွားချင်နေ သေးတာလား။ အဲဒီလို နေရာမျိုးကို ငါတစ်ယောက်တည်း သွားတာက ပိုပြီးတော့ ကောင်းလိမ့်မယ်"

ပထမတော့ လင်းဟန်က ကြောင်တောင်တောင် ဖြစ်သွားပြီး နောက်ဆုံးမှာ ယွဲ့ခိုင်ယုက ဘယ်အကြောင်းကို ပြောနေတာလဲ ဆိုတာကို သတိပြုမိသွားခဲ့သည်။

လင်းဟန်က သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ဘယ်လိုညစ်ညမ်း ရိုင်းစိုင်းတဲ့ အတွေးတွေလဲ"

"ဖွီ။ ငါက မင်းလိုမျိုး ညစ်ညမ်းရိုင်းစိုင်းတဲ့သူ မဟုတ်ဘူး။ မင်းမှာက ချောမောလှပတဲ့ မိန်းကလေး နှစ်ယောက် ရှိနေပြီ။ အဲဒါကိုတောင်မှ အပြင်က အဲဒီအမျိုးသမီးတွေကို စိတ်ဝင်စားနေသေးတယ်"

ယွဲ့ခိုင်ယုရဲ့ အမူအရာက အထင်သေးတဲ့ ပုံစံမျိုး ဖြစ်လာသည်။

ယွဲ့ခိုင်ယုက စိတ်ကို ငြိမ်းအေးအောင် လေ့ကျင့်ပြီးတဲ့နောက်မှာ သူ၏ အရက်နာကျတဲ့ ဝေဒနာကနေ လုံးဝ ပြန်လည်ကောင်းမွန်လာခဲ့သည်။ လင်းဟန်က ယွဲ့ခိုင်ယုကို ကျူးပူကျို့၊ ကန်းရီ၊ ကွမ်းယွမ်တို့နဲ့ မိတ်ဆက်ပေးလိုက်သည်။

"ဟားဟား၊ မင်းတို့အားလုံးက ဂျူနီယာ ညီလေးဟန်ရဲ့ သူငယ်ချင်းတွေ ဆိုမှတော့ အခုကစပြီး ငါ့ရဲ့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီ"

သူက အရမ်းကို ရဲရဲရင့်ရင့်ဖြင့် ပြောလိုက်သည်။ ဒါက လင်းဟန်ကို မျက်နှာသာ ပေးလိုက်တာ ဖြစ်သည်။ အကယ်၍များ တခြားသူတစ်ယောက်သာ ဖြစ်နေမယ်ဆိုရင် ယွဲ့ကလန်၏ သခင်လေးက ဒီလိုမျိုး ပြုမူဆက်ဆံလိမ့်မှာ မဟုတ်ပါဘူး။

ယွဲ့ခိုင်ယုက သူတို့တွေ ပထမစီစဉ်ထားသည့်အတိုင်း ခရီးထွက်ဖို့ကို အကြံပြုလိုက်သည်။ ဒါပေမဲ့ လင်းဟန်က ပင်လယ်လေညှင်းမြို့မှာ ပစ္စည်းတစ်ချို့ကို ဂယ်ယူပြီးတော့ ပြင်ဆင်မှု အနည်းငယ် ပြုလုပ်ချင်သေးသည်ဟု ပြောသည်။ နောက်ပြီးတော့ သူက ယွဲ့ခိုင်ယုကို ဒီညမှာ နေရာကောင်း တစ်ခုကို ခေါ်သွားချင်သေးသည်။ ဒါကြောင့် ဒီအကြံပြုချက်ကို ပစ္စည်းတစ်ချို့ကို ဂယ်ယူချင်သေးသည်ဆိုပြီး အကြောင်းပြကာ ထိန်းချုပ်ထားလိုက်သည်။ သူတို့အနေနှင့် အမှောင်နတ်ဆိုး တောအုပ်ထဲကို ဂင်လိုက်ပြီးတဲ့ နောက်မှာ အနည်းဆုံး နှစ်ဂက်လောက် အချိန်ယူရပါလိမ့်မယ်။ ဒါကြောင့် သူ့အနေဖြင့် အာမခံချက် ရှိအောင်လို့ သူတို့အတွက် လုံလုံလောက်လောက် ပြင်ဆင်ရပါမယ်။

ယွဲ့ကလန်ရဲ့ တစ်ဦးတည်းသော မြေးတစ်ယောက် အနေဖြင့် ယွဲ့ခိုင်ယုမှာ ကိုယ်ပိုင် သိုလှောင်လက်စွပ် တစ်ကွင်း ရှိသည်။

အစောပိုင်းတုန်းက သူကအတော်လေး ဂုဏ်ယူနေခဲ့သည်။ ဒါပေမဲ့လည်း ဟူးညိုမှာလည်း သိုလှောင်လက်စွပ်တစ်ကွင်းရှိပြီးတော့ အသားခြောက်တချို့ကို ထုတ်ယူပြီးတော့ ဂါးစားနေတာကို မြင်လိုက်ရတဲ့အခါမှာတော့ ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်ခံလိုက်ရသလို လွင့်ထွက်သွားခဲ့ပါတယ်။ ထို့အပြင် အသား၏ မွှေးကြိုင်ပြီး အရသာရှိတဲ့ အနံ့ကို ရရှိလိုက်တဲ့ အခါမှာ သူရဲ့ပါးစပ်က သွားရည်တမြားမြား ကျလာသလို ခံစားလိုက်ရသည်။

ဒီကောင်က တကယ်ပဲ အရေထူလှသည်။ သူ့ကို အသားတချို့ ပေးဖို့အတွက် ဟူးညိုဆီကို သွားပြီးတော့ တကယ်ပဲ တောင်းပန်လိုက်သည်။ နောက်ပြီးတော့ ဟူးညို။ အစားအသောက်ကို သူမ၏ ဘဂလို့ ခံယူထားတဲ့ ဟူးညိုက အရမ်းကို သဘောထားကြီးစွာဖြင့် သူ့ကို တစ်ပိုင်းပေးလိမ့်မယ်လို့ ဘယ်သူက ထင်ထားမှာလဲ။

နတ်ဘုရားတွေ။ ဒီကမ္ဘာကြီးထဲမှာ အရမ်းကို အရသာရှိတဲ့ အရာမျိုး ဘယ်လိုလုပ်ပြီး ရှိနေရတာလဲ။

ညဘက်ရောက်တော့ လင်းဟန်က ကွမ်ယွမ်နှင့် ယွဲ့ခိုင်ယုကို ခေါ်ပြီးတော့ သူတို့အုပ်စုက သွမ့်စံအိမ် ဆီကို

ထွက်ခွာလာခဲ့ကြသည်။ သူက ယွဲ့ခိုင်ယုရဲ့ မျက်နှာသေကြီးနဲ့ ပြောလိုက်တာကို ကြားလိုက်သည်။

"ဂျူနီယာ ညီလေးဟန်။ ဟူးညိုကလည်း မင်းရဲ့ လက်ဘက်ရည်ကြမ်း တစ်ခွက်ပဲဆို။ မင်းက တကယ်ကို ထူးခြားတဲ့ အတွေ့အကြုံ တစ်ခု ရှိတာပဲ။ ဒီလိုမျိုး ငယ်ရွယ်တဲ့ ဇနီးမယား တစ်ယောက်ကို ကြိုက်နှစ်သက်တယ်ပေါ့"

အပိုင်း(၃၆၁) မြေအောက်ကို သွားခြင်း

လင်းဟန်က ခလုတ်တိုက်မိလုမတတ် ဖြစ်သွားခဲ့သည်။ ဘယ်အချက်ကို ကြည့်ပြီးတော့ ဒီကောင်က သူ့ကို အခုလိုမျိုး ကောက်ချက်ချ သုံးသပ်ရတာလဲ။

"မင်းဘယ်အချိန်တုန်းက ကန်းသွားတာလဲ"

လင်းဟန်က စိတ်တိုတိုနဲ့ မေးလိုက်သည်။

ယွဲ့ခိုင်ယုက ပေ့ါပေ့ါပါးပါး ရယ်မောပြီးတော့ ပြောသည်။

"တကယ်လို့ မင်းက ဒီမိန်းကလေးကို ပတ်တီးချပြီး နှစ်ပေါက်တစ်ပေါက် မရိုက်ခဲ့ဘူးဆိုရင် ဟူးညိုက ငါနဲ့

စကားစမြည် ပြောတုန်းက ဘာကြောင့် မင်းက သူ့ကိုယ်ပိုင်လို့ ပြောတာလဲ”

လင်းဟန်က မှင်တက်သွားခဲ့သည်။ ဟူးညို့က တကယ့်ကို ကျီစယ်နောက်ပြောင်တတ်တဲ့ ကလေးတစ်ယောက် ဖြစ်ပြီးတော့ အရမ်းကို လိမ္မာပါးနပ်၏။ ယွဲ့ခိုင်ယုက သူ၏အစ်ကို ဂမ်းကွဲဆိုတာကို သူမက သိနားလည်ထားသည်။ ဒါကြောင့် သူမက သူ၏မိသားစုနှင့် ကောင်းမွန်တဲ့ ဆက်ဆံရေး ရရှိအောင်လို့ မဟာဗျူဟာကို ပြောင်းလဲခဲ့သည်။ အကယ်၍များ သူ၏အမေကို သူတို့တွေ ရှာတွေ့နိုင်မယ်ဆိုရင် အဲဒီနောက်မှာ ဒီမိန်းကလေး၏ ကျွမ်းကျင်မှုနဲ့ သူမက ယွဲ့ဟောင်ချန်ကို နှစ်လိုဖွယ်ကောင်းအောင် လုပ်ပြီးတော့ အပြည့်အဝ ဆွဲဆောင်ပြီး သူမ၏ ချွေးမအငယ်လေး အဖြစ် မှတ်ယူသွားလိမ့်မည် မဟုတ်ပါလား။

နောက်ထပ် ဆယ်နှစ် ဒါမှမဟုတ် ဆယ်နှစ်အကျော်လောက်ဆိုရင် ဒီမိန်းကလေးက ကြီးထွားဖွံ့ဖြိုး လာပြီးတော့ မိန်းမပျိုလေးတစ်ယောက် ဖြစ်လာပါလိမ့်မည်။ ပြီးတော့ လင်းဟန်လိုမျိုး ပါရမီရှင် တစ်ယောက်အတွက်က သေချာပေါက် ပန်းဖူးအဆင့်ကို ချိုးဖျက်နိုင်ပါလိမ့်မယ်။ အဲဒီနောက်မှာ နှစ်ပေါင်းရာဂဏန်း

သက်တမ်းနှင့် နိုင်းယှဉ်လိုက်မယ်ဆိုရင် ဆယ်နှစ်ဆိုတဲ့အချိန်က မျက်စိတစ်မှိတ် အတွင်းမှာ ကုန်သွားနိုင်သည် မဟုတ်ပါလော။

လင်းဟန်က ခေါင်းကိုခါပြီးတော့ ဟူးညို၏ ခေါင်းသေးသေးလေးထဲမှာ အတွေးတွေ ဘယ်လောက်တောင် ပျံနေသလဲဆိုတာကို အံ့သြနေခဲ့သည်။

"မင်းက မိန်းကလေးငယ်လေးကို သဘောကျနေမှတော့ မိန်းမချောလေး နှစ်ယောက်ကို ငါ့ကိုပဲ လျော့ပေးလိုက်ပါ"

ယွဲ့ခိုင်ယုက လက်မောင်းတစ်ဖက်နှင့် လင်းဟန်၏ ပခုံးတွေကို တိုက်ပြီးတော့ ပြောလိုက်သည်။

"ဟား ဟား"

လင်းဟန်က ခြောက်ကပ်စွာ ရယ်မောပြီးတော့ ပြောသည်။

"သူတို့ထဲက တစ်ယောက်က ငါရဲ့နောက်လိုက် အခြွေအရံဖြစ်ပြီး နောက်တစ်ယောက်က ငါ့ရဲ့ မှော်ဆေးပညာ ပညာသင်တစ်ယောက်ပဲ။ စဉ်းစားကြည့်ပါ။ တကယ်လို့များ သူတို့ထဲက တစ်ယောက်ယောက်ကို

မင်းလက်ထပ်လိုက်မယ်ဆိုရင် ငါ့ကို ဘယ်လိုမျိုး ခေါ်ရမလဲ”

“ဖွီ မင်းက အရမ်းကို ကောက်ကျစ်စဉ်းလဲတာပဲ။ သူတို့ကိုလည်း လက်မလွှတ်ချင်ဘူး။ ဒါပေမဲ့ ဘာမှလည်း မလုပ်ဘူး။ ပြီးတော့ သူများယူသွားမှာကိုလည်း လက်မလွှတ်ဘူး။ ငါမင်းကို အထင်သေးမိတာပဲ”

ယွဲ့ခိုင်ယုက မခံမရပ်နိုင်အောင် ဒေါသတွေ ပြည့်နှက်စွာဖြင့် ပြောလိုက်သည်။

“အဓိပ္ပာယ်မရှိတဲ့ စကားတွေကို လျှော့လိုက်တော့။ ငါတို့ သွမ့်စံအိမ်ကို ရောက်လာပြီ”

လင်းဟန်က သတိပေးလိုက်သည်။ သူတို့ သွမ့်စံအိမ်၏ အရှေ့ကို ရောက်လာခဲ့ကြသည်။

“လဖြွတ်။ ဒါက သွမ့်ကျန်းရှီရဲ့ အိမ်မဟုတ်လား”

ယွဲ့ခိုင်ယုကို ကြည့်ရတာ စိတ်ရှုပ်နေပုံ ရသည်။

“မင်းသူ့ကို သိလို့လား”

လင်းဟန်က မေးလိုက်သည်။

"ဆိုပါတော့။ အရင်တုန်းက သူက ဂိုဏ်းကို လာလည်ဖူးတယ်။ တကယ်တော့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိပြီးတော့ အတော်လေးကို အားကောင်းတဲ့ သိုင်းပညာရှင် တစ်ယောက်ပဲ။ နောက်ပြီးတော့ ပင်လယ်လေညှင်းမြို့က ဂိုဏ်းရဲ့ညာဘက်အောက်မှာ တည်ရှိတယ်လေ။ ဒါကြောင့် ငါတို့က အရမ်းကို နီးကပ်ကြတယ်။ အခုဒီလိုအဆင့် လက်ရွေးစင်တစ်ယောက် ပေါ်ထွက်လာခဲ့တော့ သူကဂိုဏ်းကို သတင်းလာပို့ပြီး သူ့ရဲ့ရပ်တည်မှုကို ရှင်းလင်းအောင် လုပ်ခဲ့တယ်။ ဒါကြောင့် ငါတို့ဘက်ကလည်း ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မချိုးဖောက်အောင်လို့ အာမခံခိုင်းခဲ့တယ်"

ယွဲ့နိုင်ယုက ရှင်းပြလိုက်သည်။

သူက ခဏရပ်ပြီးတော့ ဆက်ပြောလိုက်သည်။

"မင်းတို့က ဒီနေရာမှာ ဘာလုပ်မလို့လဲ။ မင်းထက် အသက်နည်းနည်းပဲ ကြီးတဲ့ သူ့ရဲ့ သမီးကို သဘောကျသွားတာတော့ မဟုတ်လောက်ပါဘူးနော် ဟုတ်တယ်မလား"

"လပြွတ်ပဲကွာ မင်းတော့"

လင်းဟန်၏ မျက်လုံးတွေ ပိုင်းစက်သွားသည်။ လင်းဟန်က သတိပေး အစီအရင်ကို ဖျက်ပြီးတော့ ပြောလိုက်သည်။

"မင်းကိုနောက်မှ တွေ့မယ်။ မင်းရဲ့ ပါးစပ်ကြီးက အရှုးတစ်ယောက်လို လျှောက်အော်မနေဖို့တော့ မျှော်လင့်ရတာပဲ"

"ငါ့ကို ဘယ်သူလို့များ ထင်နေတာလဲ။ ငါကိုယ်ငါတောင် နည်းနည်းလေးမှ မထိန်းနိုင်ဘူးလို့ မင်းကထင်နေတာလား"

ယွဲ့နိုင်ယုက နှာခေါင်းရှုံ့လိုက်သည်။

ဆယ်မိနစ်ကြာပြီးသည့်နောက်။

"သရဲ သရဲ"

ယွဲ့နိုင်ယုကို ကြည့်ရတာ အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်နေပုံရသည်။

"ဒါက ဘယ်လိုမျိုး နေရာကြီးလဲ။ လူတွေနေတဲ့ နေရာမှ ဟုတ်ရဲ့လား။ ဘာဖြစ်လို့ အထဲမှာ လူတစ်ယောက်မှ နေထိုင်တာ မရှိတာလဲ"

လင်းဟန်က ကွမ်းယွမ်က ပြုံးပြီးတော့ တစ်ယောက်နှင့်တစ်ယောက် အကြည့်ခြင်း ဖလှယ်လိုက်ကြသည်။ သူတို့နှစ်ယောက်က တမင်သက်သက် ယွဲ့ခိုင်ယုကို စံအိမ်တဝိုက် လျှောက်သွားခိုင်းလိုက်တာဖြစ်ပြီးတော့ ရလဒ်ကတော့ ဒီလူမရှိတဲ့ စံအိမ်ကြီးနှင့် ချောက်ချားဖွယ်ရာ ပတ်ဝန်းကျင်က ယွဲ့ခိုင်ယုရဲ့ ဆံပင်တွေကို ထောင်သွားသလိုမျိုး ခံစားစေခဲ့သည်။

"လာခဲ့"

လင်းဟန်က ယွဲ့ခိုင်ယုကို ကွမ်းယွမ်နဲ့ သွမ့်ကျန်းရှီအကြားက အငြင်းပွားမှုကို ရှင်းပြခဲ့သည်။

ယခုမှပဲ ဘာကြောင့်သူတို့တွေက ဒီနေရာကို လာခဲ့ရတာလဲ ဆိုတာကို ယွဲ့ခိုင်ယု နားလည်သွား ခဲ့သည်။ ဒါပေမဲ့လည်း ယခု သူကိုယ်တိုင်ပဲ အရမ်းကို သိချင်စိတ် ပြင်းပြလာခဲ့သည်။ သွမ်စံအိမ်မှာ ဘာတွေများ ဖြစ်နေတာလဲ။ ဘာကြောင့်

ညဥ့်နက်သန်းခေါင်အချိန်မှာ အားလုံးက ပျောက်သွားရတာလဲ။

သူတို့က နေ့အချိန်တုန်းက မြင်တွေ့ခဲ့သည့် ခန်းမထဲကို ရောက်လာခဲ့ပြီးတော့ ခန်းမတစ်ခုလုံးကို ဂရုစိုက်စွာဖြင့် စတင်ပြီး ရှာဖွေလိုက်ကြသည်။

ဒါပေမဲ့လည်း လျှို့ဝှက်မြေအောက်လမ်းကို ကြည့်ရတာ အသေအချာကို ဖုံးကွယ်ထားပုံ ရသည်။ သူတို့က တစ်နာရီလောက် ရှာပြီးတာတောင်မှ ဘာကိုမှ ရှာမတွေ့နိုင်သေးပါဘူး။

လင်းဟန်က ရှာဖွေနေတာကို ရပ်လိုက်ပြီးတော့ မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်သည်။

အစောပိုင်းတုန်းက လင်းဟန်က အောင်းမိသားစု၏ သားခုနစ်ယောက်နှင့် ဆက်တိုက်ပဲ တိုက်ပွဲဆင်နွှဲခဲ့ပြီးတော့ မှသားမဲ့မျက်လုံးကို အလွန်အကျွံ အသုံးပြုခဲ့သည်။ ယခုတောင် အပြည့်အဝ ပြန်လည်သက်သာ ကောင်းမွန်ခြင်း မရှိသေးချေ။ ထို့ကြောင့် မှသားမဲ့မျက်လုံးကို အသက်သွင်းလိုက်သည်နှင့် သူ၏ညာဘက်မျက်လုံးမှ သွေးမျက်ရည်များ စီးကျလာပြီးတော့ မြင်ကွင်းက အရမ်းကို

ကျောချမ်းဖွယ် ကောင်းလှသည်။

လင်းဟန်က လှို့ဝှက်ဆန်းကြယ် စွမ်းအားကို အလျင်အမြန်ပဲ ရုပ်သိမ်းလိုက်သည်။ မျက်စိဖြင့် တစ်ချက်ဝေ့ကြည့်လိုက်ခြင်းက သူ့အတွက်တော့ လှို့ဝှက်လမ်းကြောင်း၏ တည်နေရာကို ရှာဖွေဖို့အတွက် လုံလောက်ပါပြီ။ ဒါက အရမ်းကို လွယ်ကူလွန်းလှသည်။

ဒါပေမဲ့လည်း လှို့ဝှက်လမ်းကြောင်းကို ရှာဖွေရတာက လွယ်ကူပေမဲ့လည်း ၎င်းပေါ်လာဖို့အတွက် ခလုတ်ကို ရှာဖွေနိုင်မဲ့ နည်းလမ်းမရှိသေးပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူတို့အနေနဲ့ ဘယ်သူ့ကိုမှ သတိပေးလိုက်သလို ဖြစ်သွားမှာကို မလိုချင်ပါဘူး။ သူတို့အနေနှင့် ပျက်စီးမှုတွေ အများကြီး မဖြစ်စေပဲနဲ့ အကောင်းဆုံး နည်းလမ်းကို အသုံးပြုပြီးတော့ အထဲကို ဝင်ချင်၏။

ကံကောင်းတာက သူတို့သုံးယောက်စလုံးက စိတ်ဝိညာဉ် ပင်လယ်မှာ ရှိနေကြသည်။ ပြီးတော့ အရမ်းကို အာရုံခံနိုင်စွမ်းရှိသည့် နတ်ဘုရား အာရုံတစ်ခုလည်း ရှိ၏။ လှို့ဝှက်လမ်းကြောင်း နေရာကို အတည်ပြုပြီးတဲ့ နောက်မှာတော့ ၎င်းကိုဖွင့်ဖို့အတွက် ခလုတ်ကို ရှာဖွေရတာ

လွယ်ကူလာပါလိမ့်မည်။ နောက်ထပ် ဆယ်မိနစ်ခန့် ကြာပြီးတဲ့နောက်မှာ နံရံတစ်ခုပေါ်က လျှို့ဝှက်ခလုတ်တစ်ခုကို ရှာတွေ့သွားခဲ့သည်။ သူတို့က ပန်းချီကားတစ်ချပ်ကို အနည်းငယ် ရွှေ့လိုက်သည်နှင့် ခရက် ခရက် ခရက် ဆိုသည့် မြည်သံနှင့်အတူ အေးစက်မှောင်မည်းတဲ့ လိုဏ်ဂူတစ်ခုက ကြမ်းပြင်ပေါ်မှာ ပွင့်ပြီးတော့ ပေါ်လာခဲ့သည်။

"ငါတို့တကယ်ပဲ အထဲကို ဝင်သွားကြမှာလား"

ယွဲ့ခိုင်ယုက အနည်းငယ် တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် မေးလိုက်သည်။

သူက အရူးတစ်ယောက် မဟုတ်ပါဘူး။ သွမ်စံအိမ်အထဲမှာ လူတွေအများကြီး ရှိပြီးတော့ အခုတော့ တစ္ဆေသရဲ စံအိမ်တစ်ခုပုံ ဆင်တူနေသည်။ ထို့အပြင် ဒီနေရာမှာ လျှို့ဝှက်လမ်းကြောင်း တစ်ခုလည်းရှိပြီးတော့ အထဲမှာ လူတွေအားလုံးက ပုန်းခိုနေတာ ဖြစ်နိုင်ချေ ရှိ၏။ သူတို့က အရမ်းကို သက်တောင့်သက်သာရှိတဲ့ အခန်းထဲမှာ အိပ်စက်နေတဲ့အချိန်မှာ မြေအောက်ထဲမှာ နေဖို့ရွေးချယ်တယ်ဆိုကတည်းက သေချာပေါက် တစ်ခုခုတော့ ထူးဆန်းနေပါပြီ။

ထို့အပြင် သွမ့်ကျန်းရှီက စိတ်ပိညာဉ် ပလ္လင်အဆင့် ဖြစ်ပြီးတော့ တကယ်လို့ သူတို့ကို တွေ့သွားမယ်ဆိုရင် လျှို့ဝှက်ချက်ကို မပေါက်ကြားအောင်လို့ သတ်ပစ်လိမ့်မယ်ဆိုတာ သေချာပါတယ်။

"ဒါပေ့ါ"

လင်းဟာန်က ခေါင်းညိတ်ပြလိုက်သည်။ သူ၏သိချင်စိတ်က လုံးဝကို တောက်လောင်နေပါပြီ။

"ငါတို့တွေ ပြန်ပြီးတော့ ထွက်လာလို့ မရမှာကို မင်းတို့တွေ မကြောက်ကြဘူးလား"

ယွဲ့ခိုင်ယုက ရှုသိုးသိုးဖြင့် မေးလိုက်သည်။ သူက သူခိုးတွေ၏ လှေပေါ်ကို တက်စီးလာသလိုမျိုး ခံစားနေရသည်။

"ငါဒီမှာ ရှိနေတာပဲ။ အဆင်ပြေပါတယ်"

လင်းဟာန်က ယုံကြည်မှု အပြည့်အဝဖြင့် ပြောလိုက်သည်။ သူကတော့ ပုံကြီးချဲ့ပြီးတော့ ပြောလိုက်တာ မဟုတ်ချေ။ သူတို့ကိုယ်သူတို့ အနက်ရောင် မျှော်စင်အထဲမှာ

ပုန်းလိုက်မယ်ဆိုရင် သူတို့၏ အသက်ကို ခြိမ်းခြောက်ခံရမဲ့ အကြောင်းကို လုံး၀ စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

လင်းဟန်က ဘာတွေကို စဉ်းစားနေတယ် ဆိုတာကို ယွဲ့နိုင်ယုက ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ။ ဒါပေမဲ့လည်း သူ့ကတော့ သိပ်ပြီးတော့ မယုံချင်လှပါဘူး။ သူကိုယ်တိုင်ကလည်း သိချင်စိတ်တွေ ပြင်းပြနေတဲ့အတွက် အနည်းငယ် သတိပေးလိုက်တာ ဖြစ်သည်။ ဆောင်းလဂိုဏ်း၏ မျက်လုံးတွေရဲ့ အောက်မှာ သွမ့်ကျန်းရှိက ဘာအစီအစဉ်တွေများ လုပ်နိုင်မှာလဲ။

သူတို့က လှိုဏ်ဂူလမ်းကြောင်းအတိုင်း အောက်ဘက်ကို ဆင်းလာခဲ့ကြသည်။ ၎င်းက အရမ်းကို မှောင်မည်းလွန်းသည်။ သူတို့က မီတာတစ်ရာလောက် လျှောက်လာပြီးတဲ့ နောက်မှာတော့ လှေကားတွေ ကုန်သွားခဲ့သည်။ လှေကားတွေအစား သူတို့အရှေ့မှာ ရှည်လျားတဲ့ စင်္ကြံလမ်းတစ်ခု ပေါ်လာခဲ့သည်။ စင်္ကြံလမ်း၏ တစ်ဖက်စီတွင် တံခါးတွေ ရှိပြီးတော့ ဒီတံခါးတွေ၏ အနောက်မှာ အခန်းတွေ အများကြီး ရှိနေပုံ ရသည်။

လင်းဟန်က တံခါးတွေအထဲက တစ်ခုအနားကို ကပ်ပြီးတော့ တစ်ခဏမျှ နားထောင်လိုက်သည်။ သူက တံခါးကို

တွန်းဖွင့်သည့် အမူအရာကို ပြလိုက်သည်။ ကွမ်းယွမ်နှင့် ယွဲ့ခိုင်ယုတို့က ခေါင်းညိတ်လိုက်ကြပြီး သူတို့အသင့်ပြင်ဆင်ထားတဲ့ အမူအရာကို ပြလိုက်ကြသည်။ အကယ်၍ တစ်စုံတစ်ယောက်သာ အထဲမှာ ရှိနေမည်ဆိုပါက သူတို့က အလျင်အမြန်ပဲ ထိန်းချုပ်ပါလိမ့်မည်။

လင်းဟန်က တံခါးကို လက်ဖြင့် အားအနည်းငယ်သုံးပြီးတော့ တွန်းလိုက်ပါသည်။ ထို့နောက် တံခါးက ပွင့်သွားခဲ့သည်။ တံခါးတွေက လော့မချထားကြပေ။

"ဟူး"

သူတို့သုံးယောက်က ချက်ချင်းဆိုသလို သူတို့၏ နှာခေါင်းတွေကို ကာလိုက်ကြသည်။ အခန်းအတွင်းကနေ ဆိုးဂါးနံ့စော်လှသည့် အနံ့ဆိုးတစ်ခုက လေနှင့်အတူ ပါလာသည်။

ရှစ် ရှစ် ရှစ်

ဒါပေမဲ့လည်း သူတိုက ချက်ချင်းဆိုသလို အထဲကို ဝင်လာခဲ့သည်။ အခန်းထဲကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့အခါမှာ သူတို့၏ အမူအရာတွေက

အံ့အားသင့်မှုတွေဖြင့် ပြည့်နှက်နေသည်။

ဤအခန်းကား အရမ်းကို သေးငယ်ပြီးတော့ ကြီးမားတဲ့ အိပ်ယာခင်းတစ်ခုပဲ ထားလို့ရနိုင်သည်။ သူတို့ကို အံ့အားသင့် သွားစေသည့် အကြောင်းက အထဲမှာ အိပ်ယာတစ်ခု ရှိနေတာကြောင့် မဟုတ်ပဲ ခေါင်းတလား တစ်လုံးဖြစ်နေ၏။

"ကံမကောင်းဘူး။ ကံမကောင်းဘူး"

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ နောက်ဆုတ်လိုက်သည်။ အထဲမှာ အရမ်းကို အနံ့အသက် ဆိုးရွားနေတာ အံ့သြစရာ မဟုတ်တော့ပေ။ အထဲမှာ ခေါင်းတလား တစ်လုံးနှင့် ပုပ်သိုးဆွေးမြည့်နေသည့်
အလောင်းတစ်လောင်းရှိနေပြီးတော့ အနံ့ဆိုးက အထဲကနေ ထွက်ပေါ်လာပါလိမ့်မည်။

ကွမ်းယွမ်က သူရဲ့ညာဘက် အနောက်မှာ ဖြစ်ပြီးတော့ လင်းဟန်ကတော့ နောက်ဆုံးမှာပါ။

"ငါတို့တွေ ထပ်ပြီးတော့ ကြည့်ဖို့ မလိုတော့ဘူးထင်တယ် ဟုတ်တယ်မလား။ ဒါက မြေအောက် သချိုင်းတစ်ခုပဲ

ဖြစ်လိမ့်မယ်”

ယွဲ့ခိုင်ယုက ပြောလိုက်သည်။

လင်းဟန်က သူ၏ခေါင်းကို ခါပြီးတော့ ပြောသည်။

“တကယ်လို့ ဒါက မြေအောက်သချိုင်းတစ်ခု ဖြစ်မယ်ဆိုရင် သက်ရှိလူတွေ အားလုံးက ဘယ်နေရာကို သွားကြတာလဲ”

ဤကား သူတို့အနေဖြင့် အဖြေရှာလို့ မရနိုင်တဲ့ အချက်ပဲ ဖြစ်သည်။

“နောက်တစ်ခုကို သွားကြည့်ကြစို့”

သူတို့သုံးယောက်က ဆက်ပြီးတော့ သွားလိုက်ကြတဲ့ အခါမှာ လမ်းဆုံတစ်ခုက သူတို့အရှေ့မှာ ပေါ်လာခဲ့သည်။ အရှေ့တည့်တည့်မှာ တံခါးတွေ ပိုပြီးတော့တောင်မှ မြင်တွေ့နိုင်သည်။

“ဆက်သွားကြစို့”

လင်းဟန်က ဤကိစ္စကို ရေဆုံးမြေဆုံးလိုက်ဖို့ကို

ဆုံးဖြတ်လိုက်သည်။

သူတို့က ဆက်ပြီးတော့ တိုးသွားကြပြီး ရုတ်တရက်ဆိုသလို သူတို့၏ အရှေ့တည့်တည့်မှာ အလောင်းတွေ တောင်ပုံရာပုံ ရှိနေသလိုမျိုး အရမ်းကို ဆိုးဝါးလွန်းတဲ့ အနံ့အသက် တစ်ခုကို ရလိုက်ကြသည်။ ထိုအနံ့ကား လူတစ်ယောက်ကိုတောင် မွန်းကျပ်ပြီးတော့ သေသွားစေဖို့တောင် လုံလောက်သည်။

သူတို့သုံးယောက် စလုံးက အရမ်းကို ရုပ်ဆိုးတဲ့ အမူအရာတွေ ဖြစ်ကုန်ပြီးတော့ သူတို့၏ မျက်နှာများကား ရုပ်ဖျက်ထားသလို ဖြူဖွေးကုန်ကြသည်။

သူတို့က အသက်ကို အောင့်ထားကြသည်။ စိတ်ဝိညာဉ် ပင်လယ်အဆင့်၏ စွမ်းရည်နှင့်ဆိုလျှင် သူတို့အသက်ကို တစ်နာရီလောက် အောင့်ထားဖို့ဆိုတာက ပြဿနာ လုံးဝ မရှိပါဘူး။

သူတို့အရှေ့မှာ မြေအောက်မြစ်တစ်စင်း ပေါ်လာခဲ့ပြီးတော့ မြစ်ထဲမှာ အလောင်းကောင်တွေ မျောနေသည်။

အပိုင်း(၃၆၂) သွမ်ကလန်၏ လျှို့ဝှက်ချက်

မြို့ထဲက စံအိမ်ကြီးတွေထဲက တစ်ခု၏အထဲမှာ စံအိမ်သူ စံအိမ်သားတွေ အားလုံးက ညဥ့်နက်သန်းခေါင်ယံ အချိန်မှာ မြေအောက်ထဲမှာ နေထိုင်ကြသည်။ ထို့အပြင် ဤနေရာတွင် ထိတ်လန့်ကြောက်မက်ဖွယ်ရာ အနံ့ဆိုးကြီး တစ်ခုလည်း ရှိပြီး မျောနေတဲ့ အလောင်းကောင်တွေ ပြည့်နှက်နေတဲ့ မြစ်တစ်စင်းတောင်မှ ရှိ၏။ သူတို့အနေဖြင့် ဘယ်လိုပဲကြည့်ကြည့် ဤနေရာကား အရမ်းကို ထူးဆန်းမှု တစ်စုံတစ်ရာရှိနေလေသည်။

ထိုအလောင်းကောင်များကား မည်သည့်နေရာမှ လာခဲ့သနည်း။

လင်းဟန်၏ခေါင်းထဲမှာ ရုတ်တရက် နာလည်းသဘောပေါက်သွားတဲ့ အလင်းတစ်ချက် ဖြတ်သွားပြီး သူက ပြောလိုက်သည်။

"ပြန်သွားကြရအောင်"

သူက ချက်ချင်းဆိုသလို လှုပ်ရှားမှုတစ်ခုကို လုပ်လိုက်သည်။ တံခါးတစ်ချပ်ဆီကို ရောက်တဲ့အခါမှာ သူက တွန်းဖွင့်လိုက်တော့ အထဲမှာနောက်ထပ်

ခေါင်းတလားတစ်ခု ရှိနေသည်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့လည်း လိုက်လာပြီး သူတို့ထဲက တစ်ယောက်က မေးလိုက်သည်။

"မင်းဘာကို ရှာတွေ့သွားလို့လဲ"

"ဒီမနက်မှာ ငါတို့အပေါ်က အခန်းထဲကနေ လူတွေအများကြီး ထွက်လာတာကို မြင်ခဲ့တယ်ဆိုတော့ သူတို့အားလုံးက ဒီနေရာမှာ နေကြတယ်လို့ ဆိုလိုတာပဲ။ ဒါပေမဲ့ ငါတို့ အခုတော့ လူတစ်ယောက်မပြောနဲ့ ခွေးတစ်ကောင် ကြောင်တမြီးတောင် ရှာလို့မရဘူး။ ဒီကိစ္စကို မင်းတို့ ဘာကြောင့်လဲလို့ ထင်သလဲ"

လင်းဟန်က တန်ပြန်ပြီး မေးခွန်းတစ်ခု မေးလိုက်သည်။

ကွမ်းယွမ်၏ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီးတော့ အံ့အားသင့်စွာဖြင့် ပြောသည်။

"မင်းက အဲဒီလူတွေက သူတို့ကိုယ်သူတို့ ဒီခေါင်းတလားတွေအထဲမှာ ပုန်းအောင်းနေတယ်လို့ သံသယဝင်နေတာတော့ မဖြစ်နိုင်ပါဘူးနော်။ ဒါက

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာ အနံ့ဆိုးကြီး တစ်ခုရှိနေပြီး အနံ့တစ်ခုနဲ့တင်ပဲ အော်ဂလီဆန်ပြီးတော့ လူတစ်ယောက်ကိုတောင် သေသွားနိုင်လိမ့်မယ်"

"ငါတို့အတွက်တော့ ဒီဟာက ထိတ်လန့်စရာ အနံ့ဆိုးတစ်ခု ဖြစ်လိမ့်မယ်။ ဒါပေမဲ့ တချို့အတွက်တော့ ဒါက ကျင့်ကြံခြင်းအတွက် အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ နေရာတစ်ခု ဖြစ်တယ်"

လင်းဟန်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

ယွဲ့ခိုင်ယုက အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

လင်းဟန်က အဖြေလုံးဝ မပေးခဲ့ပေ။ သူက ခေါင်းတလားရဲ့ အဖုံးကို ဆုပ်ကိုင်ပြီးတော့ တွန်းဖွင့်လိုက်သည်။

ကျွီ။ ခေါင်းတလားက ဖွင့်သွားပြီးတော့ အတွင်းမှာ ယောကျ်ားတစ်ယောက် ပေါ်ထွက်လာသည်။ သူက အရောင်တောက်တောက် အဂတ်အစားကို ဂတ်ဆင်ထားပြီး

သူ၏မျက်နှာပေါ်မှာ အသက်ရှိတဲ့ အမူအရာတစ်ခု ရှိနေသည်။ သူ့ပုံစံကို ကြည့်ရတာ ဘယ်လိုနည်းနဲ့မှ အလောင်းတစ်ခုနဲ့ မတူချေ။

"ဒါက သွမ့်အိမ်တော်က လူတစ်ယောက်ပဲ။ ငါသူ့ကို နေ့ဘက်တုန်းက မြင်ခဲ့တယ်"

ကွမ်းယွမ်က ပြောလိုက်၏။ သူ၏အသံက အနည်းငယ် တုန်လှုပ်နေသည်။ သူက စိတ်ဂိုဏ်ဉ် ပင်လယ်အဆင့် လူတစ်ယောက် ဖြစ်ပြီးတော့ သူမြင်ဖူးတဲ့ လူတစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ မေ့မသွားခဲ့ပေ။ နောက်ပြီးတော့ လောလောလတ်လတ် မနက်ကမှ တွေ့ထားတာ ဖြစ်သည်။

ဒါပေမဲ့လည်း သူက နေ့ခင်းတုန်းက အသက်ရှင်လျက် ရှိနေပြီးတော့ ညဘက်မှာတော့ ခေါင်းတလားတစ်ခု အထဲမှာ လဲလျောင်းနေပြီး သူ၏ခန္ဓာကိုယ် တစ်ခုလုံးကနေ ထိတ်လန့်စရာ အနံ့ဆိုးကြီးတစ်ခုက ထွက်ပေါ်လို့နေသည်။ ဒါကို အဖြစ်မှန်လို့ ဘယ်လိုလုပ်ပြီးတော့ သူကလက်ခံ နိုင်မှာလဲ။

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

ယွဲ့ခိုင်ယုက တီးတိုးပြောလိုက်သည်။

ဒါပေမဲ့ ခေါင်းတလားထဲက လူကတော့ တကယ့်အလောင်းကောင် တစ်ခုဖြစ်လာသလို မြင်လိုက်ရပြီး လုံးဂကို နိုးထလာမည့် လက္ခဏာ လုံးဂမမြင်ရပါဘူး။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ဒီနေရာက ဂိုဏ်းတစ်ခုနဲ့ ပတ်သက်နေသရွေ့တော့ ဒါကဖြစ်နိုင်လိမ့်မယ်"

"ဘာဂိုဏ်းလဲ"

ယွဲ့ခိုင်ယုက အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

"အလောင်းတစ်ထောင် ဂိုဏ်း"

လင်းဟန်က တည်ကြည်လေးနက်စွာ ဖြေလိုက်သည်။

ယွဲ့ခိုင်ယု၏ အမူအရာက နောက်တစ်ကြိမ် ပြောင်းလဲသွားသည်။ သူ့အနေဖြင့် ငြင်းခုံပြီး

ချေပပြောချင်ပေမဲ့ ခွန်အားလုံးဂ မရှိဖြစ်သွားသည်။

အစောပိုင်းတုန်းက လမင်းကျဆင်းချောက်နက်မှာ အလောင်းတစ်ထောင်ဂိုဏ်း ပြန်လည်အသက်ဝင်လာပြီဆိုပြီး ကောလာဟလတွေက ပျံ့နှံ့လာခဲ့သည်။ ဒါပေမဲ့လည်း ဉာဏ်ရှိသူတွေက ကောလာဟလကို မယုံကြည်ကြပါဘူး။ ဆောင်းလဂိုဏ်းကလည်း မယုံကြည်တဲ့ လူတွေထဲက တစ်ခုအပါဝင်ဖြစ်သည်။ အလောင်းတစ်ထောင်ဂိုဏ်း ပျောက်ကွယ်သွားတာက နှစ်ပေါင်းထောင်သောင်းချီနေပြီးတော့ နေ့ဘက်အချိန်မှာ နောက်တစ်ကြိမ် ပြန်မြင်ရလိမ့်မယ်လို့ မယုံကြည်ခဲ့ကြပါဘူး။

ဒါပေမဲ့လည်း သူမျက်လုံးအရှေ့က ဤမြင်ကွင်းကို မြင်လိုက်ရပြီး ဘယ်အဖွဲ့အစည်းကများ အလောင်းကောင်တွေနဲ့ ဖွဲ့စည်းထားလို့လဲ။ ဘယ်လိုမျိုး ပုံမှန်လူတစ်ယောက်က ဒီလိုပတ်ဝန်းကျင်မှာ နေနိုင်လို့လဲ။

"ဒီဂိုဏ်းက တကယ်ပဲ ပြန်ပြီးတော့ ရှင်သန်လာပြီလား"

သူကမေးလိုက်သည်။ ယွဲ့ခိုင်ယု၏ မျက်နှာကား ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

သမိုင်းတစ်လျှောက်လုံးမှာ မရေမတွက်နိုင်တဲ့ ဂိုဏ်းတွေက ပျက်ဆီးသွားခဲ့ကြသည်။ ဒါပေမဲ့ ဘယ်ဂိုဏ်းကမှ အလောင်းတစ်ထောင်ဂိုဏ်းလိုမျိုး နာမည်ဆိုးဖြင့် ကျော်ကြားခြင်း မရှိကြပေ။ ဒ့ါအပြင် ၎င်း၏နာမည်ဆိုးဖြင့် ထင်ရှားကျော်ကြားခြင်းက အနည်းဆုံး နှစ်ပေါင်းသောင်းနဲ့ချီ နေပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်း၏ မကောင်းမှုတွေကို ပြန်ပြီးတော့ သတိရနေဆဲ ဖြစ်ပြီးတော့ ပြန်စဉ်းစားမိလိုက်တိုင်း အံ့ကြိတ်မိကြပါလိမ့်မည်။

ဒါက အလောင်းတစ်ထောင်ဂိုဏ်းအနေနှင့် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဘယ်လောက်တောင် ဆိုးယုတ်တဲ့ အမှုတွေကို ပြုလုပ်ပြီး ဘယ်လောက်တောင် စက်ဆုပ်ရွံရှာပြီး မုန်းတီးစရာ ကောင်းတယ်ဆိုတာကို ဖော်ပြရာ ရောက်နေသည်။ လူတိုင်းလူတိုင်း သေရမှာ မုန်ပါတယ်။ ဒါပေမဲ့ သူတို့သေသွားပြီးတော့ တခြားသူတွေက အတင်းအကျပ် ကြိုးကိုင်ခြယ်လှယ်ပြီး သူတို့၏ ထိန်းချုပ်မှုအောက်က အလောင်းကောင် စစ်သားတစ်ယောက် အဖြစ်ကို ကြိုးဆွဲရာ ကပြနေရတာကို ဘယ်သူကများ သည်းခံနိုင်မှာလဲ။

"မင်းဘာတွေ စဉ်းစားနေလဲ"

လင်းဟန်က ခေါင်းတလားအတွင်းမှာ လဲလျောင်းနေတဲ့ ယောက်ျားကို စိုက်ကြည့်နေခဲ့သည်။ သူက အစောတုန်းက ခေါင်းတလား အပေါ်ကို ခဏပဲ ကြည့်ခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ ယခုတော့ အနီးကပ် စစ်ဆေးကြည့်လိုက်တော့ ခေါင်းတလားထဲမှာ လဲလျောင်းနေတဲ့ လူကို အလောင်းချီက ပိုင်းပတ်ထားတာကို ရှာဖွေတွေ့ရှိနိုင်သည်။

အစပိုင်းမှာ ဤနေရာက အလောင်းတစ်ထောင်ဂိုဏ်း၏ ဌာနခွဲတစ်ခု ဖြစ်လိမ့်မည်ဟု ဘယ်လိုလုပ် သူက စိတ်ကူးမိနိုင်မှာလဲ။

"ငါတို့ချက်ချင်း ပြန်ပြီးတော့ ဒီသတင်းကို ဂိုဏ်းကို ပြန်ပြီးတော့ ပို့ရမယ်"

ယွဲ့ခိုင်ယုက အလျင်အမြန် ပြောလိုက်သည်။ အကယ်၍များ အလောင်းတစ်ထောင်ဂိုဏ်းက အမှန်တကယ် ပြန်လာဖို့ လုပ်နေတယ်ဆိုရင် သူတို့ဂိုဏ်းကို သတင်းပေးဖို့တင်မဟုတ်ပဲ ကမ္ဘာကြီး တစ်ခုလုံးကိုတောင် ကြေညာဖို့ လိုပါလိမ့်မယ်။ ထို့နောက် ဒီအဖွဲ့အစည်းကို ဆန့်ကျင်တိုက်ခိုက်ဖို့ ကမ္ဘာကြီးတစ်ခုလုံးကို ဆော်ဩစည်းရုံးရပါမယ်။

အဲဒီလိုမှ မဟုတ်ပဲနဲ့ အကယ်၍များ အလောင်းတစ်ထောင်ဂိုဏ်းကို သူတို့၏ အခြေခံအုတ်မြစ်ကို ခိုင်မာအောင်လို့ အချိန်ပေးလိုက်မယ်ဆိုရင် ကမ္ဘာကြီးတစ်ခုလုံးကို အွန္တရာယ် ကျရောက်လာ ပါလိမ့်မယ်။

လင်းဟာန်ပုံစံကို ကြည့်ရတာ တစ်စုံတစ်ခုကို နီးနီးကပ်ကပ် နားထောင်နေပုံ ရသည်။ ပြီးတဲ့နောက်မှာ သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ငါတို့ထွက်သွားလို့ မရမှာကိုပဲ ငါကြောက်မိတယ်"

"ဟိဟိဟိ တကယ့်ကို သေချာတာပေါ့"

ရုတ်တရက်ဆိုသလို သူတို့အနောက်ကနေ အသံတစ်ခု ထွက်လာခဲ့သည်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်က တစ်ပြိုင်နက်တည်း အနောက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ အသက်လေးဆယ်ခန့်ရှိတဲ့ လူတစ်ယောက်က တံခါးဝမှာ ရပ်နေတာကို မြင်လိုက်ကြရသည်။ သူ၏ခန္ဓာကိုယ်က အနေတော်ပုံစံရှိပြီးတော့ တည်ကြည်ခန့်ညားတဲ့

ပုံစံလည်းရှိသည်။ သူ့ပုံစံကို ကြည့်ရတာ သိပ်ပြီးတော့ မငယ်တော့ပေမဲ့လည်း အဒေါ်အရွယ် အမျိုးသမီးတွေ အများကြီးရဲ့ နှလုံးသားကို ဆွဲယူသိမ်းပိုက်နိုင်စွမ်း ရှိသည်။

"သွမ့်ကျန်းရှီ"

ကွမ်းယွမ်၏မျက်လုံးတွေ ပြူးသွားခဲ့သည်။

သွမ့်ကျန်းရှီက ထူးဆန်းစွာပြုံးပြီးတော့ သူ၏မေးစေ့ကို ပွတ်ကာ ပြောလိုက်သည်။

"ကွမ်းယွမ်။ ငါတကယ်ပဲ အံ့သြမိတယ်။ ဘယ်အချိန်မှာ မင်းကို ခေါ်ပြီးတော့ ငါ့ရဲ့ အလောင်းကောင် စစ်သားအဖြစ်ကို မွမ်းမံသန့်စင်ရမလဲလို့ စဉ်းစားနေတာ။ ဒါပေမဲ့ မထင်မှတ်ထားပဲ မင်းကိုယ်တိုင်ပဲ ငါရဲ့တံခါးဝကို အရောက်ပို့လာခဲ့တာပဲ"

ကွမ်းယွမ်၏ ကျင့်ကြံခြင်းက အရမ်းကို နိမ့်ပါသည်။ ဒါကြောင့် သူ့အနေနဲ့ပ အလောင်းတစ်ထောင် ဂိုဏ်းအကြောင်းကို အများကြီး ဗဟုသုတ မရှိပါဘူး။ ဒါပေမဲ့ အလောင်းစစ်သားဆိုတဲ့ စကားစုကို ကြားလိုက်ရုံနဲ့ လူတစ်ယောက်ရဲ့ နှလုံးသားကို

သိမ့်သိမ့်တုန်သွားအောင်လုပ်ဖို့ လုံလောက်သည်။ ဒါကြောင့် ဒီအရာက လုံးဝကောင်းတဲ့ အရာတော့ မဟုတ်ဘူးဆိုတာကို သိနိုင်၏။ သူရဲ့ရင်ဘက်က နှလုံးသားက တုန်ခါသွားပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။

"ချင်းယွဲ့က ဘယ်လို သေသွားတာလဲ"

ချင်းယွဲ့က ဖျားနာပြီးတော့ သေဆုံးသွားတဲ့တယ်ဆိုတာကို အခုတော့ လုံးဝ မယုံနိုင်တော့ပါဘူး။ ဒါကြောင့် သူရဲ့ဒေါသတွေက မထိန်းနိုင်မသိမ်းနိုင် လွင့်ထွက်လာပါတယ်။

"ချင်းယွဲ့လား"

သွမ့်ကျန်းရှီက တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးလိုက်သည်။

"အိုး သူမက ငါတို့ရဲ့ ထိတ်လန့်စရာ ဂိုဏ်းကို ပူးပေါင်းဖို့ ငြင်းပယ်ခဲ့တယ်။ ဒါကြောင့် ငါ့ရဲ့ အလောင်းကောင် စစ်သားအဖြစ်ကို မွမ်းမံသန့်စင်လိုက်တယ်။ ဒါကြောင့် သူမကငါ့ရဲ့ ဘေးမှာပဲ ထာဝရ နေသွားရလိမ့်မယ်"

"မင်းက လူမဟုတ်တော့ဘူး"

ကွမ်းယွမ်က ဒေါသနဲ့ အော်ဟစ်လိုက်သည်။ သူ၏မျက်လုံးများကား မီးဂင်းဂင်း တောက်လောင်လို့ နေလေပြီ။

သွမ့်ကျန်းရှိက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ဖြေလိုက်သည်။

"ဒါပေါ့။ ငါက လူမှုမဟုတ်တာ။ အခုဆိုရင် ငါက ဒီနတ်ဘုရားဂိုဏ်းထဲကို ဂင်လိုက်ပြီ။ ငါတို့ရဲ့ အသက်တွေက သေမျိုးအဆင့်ကနေ ကျော်လွန်သွားခဲ့ပြီ။ ငါ့ရဲ့မျက်လုံးထဲမှာတော့ မင်းတို့အားလုံးက အလောင်းကောင် စစ်သားတွေအဖြစ်ကို မွမ်းမံသန့်စင်ဖို့ ပစ္စည်းနဲ့ အစားအစာ သာသာပဲရှိတယ်။ မေ့လိုက်တော့။ မင်းတို့နဲ့ စကားပြောပြီးတော့ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး။ လိမ်လိမ်မာမာနဲ့ နာခံပြီးတော့ ငါရဲ့အလောင်းကောင် စစ်သားတွေ ဖြစ်လိုက်တော့"

သူကပြောပြီးတာနဲ့ တကယ်ပဲ လှည့်ပြီးတော့ ထွက်သွားလိုက်သည်။

"ရပ်လိုက်စမ်း"

ကွမ်းယွမ်က ဒေါသတွေ ထွက်နေပြီးတော့ သွမ်ကျန်းရှီက စိတ်ဝိညာဉ် ပလ္လင်အဆင့် ဆိုတာတွေ သူ့ထက် အများကြီး အစွမ်းထက်တယ် ဆိုတာတွေကို ဂရုစိုက်မနေတော့ပါဘူး။ သူက သွမ့်ကျန်းရှီကို လိုက်ဖမ်းချင်ရုံပါပဲ။ ဒါပေမဲ့လည်း သူတံခါးဂကို ရောက်တဲ့အခါမှာ လက်ဂါးတိုက်ခိုက်မှု တစ်ခုက သူ့ဆီဝင်လာတာကို တွေ့လိုက်ရသည်။ လက်ဂါးက လုံးဂကို မည်းနက်နေပြီးတော့ အရိုးတွေလိုမျိုး ညှိုးခြောက်ပြီးတော့ အနံ့ဆိုးကြီးတစ်ခု ထွက်ပေါ်လို့ နေပါတယ်။

ကွမ်းယွမ်က အလျင်အမြန်ပဲ ရပ်ပြီးတော့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။ သူ၏လက်သီးမှာ သိုင်းဆန္ဒ သဘောတရားတွေကို ပိုင်းရုံထားပြီးတော့ လက်သီးချီအလင်း နှစ်ခု ထွက်လာခဲ့သည်။

ပုန်း

လက်သီးနဲ့လက်ဂါး ထိသွားပြီးတော့ ကွမ်းယွမ်က ချက်ချင်းဆိုသလို အနောက်ကို လွင့်ထွက်သွားသည်။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်လည်း အသာစီး မရပါဘူး။ အနောက်ဘက်ကို ခြေလှမ်းတော်တော်များများ

ဆုတ်သွားလိုက်ရပြီး အနောက်က နံရံနဲ့ ထိကပ်သွားတဲ့ အခါကျမှ ရပ်သွားခဲ့သည်။

"သေစမ်း ဒါကြီး ဘာကြီးလဲ"

ယွဲ့ခိုင်ယုက ချက်ချင်းပဲ အံ့အားသင့်စွာဖြင့် အော်ပြောလိုက်သည်။

၎င်းက တဂက်လောက် ပုပ်သိုးဆွေးမြည့်နေတဲ့ အလောင်းကောင်တစ်ခု ဖြစ်ပြီးတော့ ကွမ်းယွမ်ကို တားဆီးလိုက်သည်။ ဒါပေမဲ့ ၎င်းပတ်လည်မှာ မမြင်ရတဲ့ ကြိုးတေါ ရှိနေသလိုမျိုး ပုံစံပေါက်နေသည်။ ၎င်းက လုံးဂကို လွတ်လွတ်လပ်လပ်ဖြင့် သွက်လက်ကျွမ်းကျင်စွာ လှုပ်ရှားနိုင်ပြီး ချက်ချင်းပဲ နောက်တစ်ကြိမ် အခန်းထဲကို တစ်ဟုန်ထိုး ပြေးဂင်ပြီးတော့ တိုက်ခိုက်လိုက်သည်။

အခန်းက အတော်လေးကို ကျဉ်းပြီးတော့ အခုဆိုရင် နောက်ထပ်လူတစ်ယောက်က ဂင်လာခဲ့သည်။ ဒါကြောင့် လှုပ်ရှားဖို့အတွက်တောင်မှ နေရာလွတ် လုံးဂမကျန်တော့ပဲ အရမ်းကို ပြွတ်သိပ်ပြည့်ကျပ်နေသည်။

ကွမ်းယွမ်က အရှုးအမူးကို တိုက်ခိုက်လိုက်သည်။ သူက

ပြောမပြတတ်အောင်ကို ဒေါသတွေ ထွက်နေပြီးတော့ ဘယ်လိုပဲ ပေးဆပ်ရပေးဆပ်ရ သွမ့်ကျန်းရှီကို သတ်ပစ်ချင်နေခဲ့သည်။

"ဒါက အလောင်းကောင် စစ်သားတစ်ယောက်ပဲ ဖြစ်လိမ့်မယ်။ အထူးနည်းလမ်း တချို့ကို အသုံးပြုပြီးတော့ သက်မဲ့ခန္ဓာကိုယ်ကို မွမ်းမံပြုပြီးတော့ ရုပ်သေးရုပ်တွေလို ကြိုးဆွဲနေတာပဲ"

လင်းဟန်က ပြောလိုက်သည်။

"တကယ်လို့ လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အဓိက ပါဝင်ပစ္စည်းတစ်ခု အနေနဲ့ အသုံးပြုပြီး ထုတ်လုပ်လို့ရတယ်ဆိုတဲ့ အကြောင်းသာ မဟုတ်ဘူးဆိုရင် ဒီဖန်တီးမှုက တကယ့်ကို ပါရမီရှင်လို့ ခေါ်ဆိုဖို့ ထိုက်တန်လိမ့်မယ်"

"မင်းက ဒါကို အထင်ကြီးနေတာလား"

ယွဲ့နိုင်ယုက ပြောလိုက်သည်။

"လက်ခွဏာတစ်ခု အရတော့ ဟုတ်တယ်။ ဒါပေမဲ့လည်း"

လင်းဟန်၏ မျက်လုံးများက အေးစက်သွားသည်။

"ဒီအလောင်းတစ်ထောင်ဂိုဏ်းက လုံးဝကို အမြစ်ပြတ် သုတ်သင်ပစ်ရမယ်"

"ငါလည်းဒါကို သဘောတူတယ်။ ဒါပေမဲ့ အခု ငါတို့ကိုယ်တိုင်တောင်မှ လွတ်မြောက်ဖို့ ခက်ခဲနေပြီ"

ယွဲ့ခိုင်ယုက ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့။ ငါတို့ အခွင့်ရာယ်ကင်းကင်းနဲ့ ပြန်ထွက်သွားရလိမ့်မယ်လို့ ငါပြောခဲ့တယ်လေ"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်သည်။ သူရဲ့ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီးတော့ ခေါင်းတလားအထဲက ယောက်ျားကိုအပေါ်ကို ဖိချလိုက်သည်။ အနက်ရောင် အစီအရင် ပုံစံတွေ ပေါ်လာခဲ့သည်။ ၎င်းက နတ်ဆိုးချီတွေကို မွမ်းမံသန့်စင်ပြီးတဲ့ နောက်ပိုင်းမှာ သူရရှိခဲ့တဲ့ သဘာဝတရားရဲ့ အပြန့်အတားဖြစ်သည်။ အရင်တုန်းက သူက ဖန်းယန်၏ ခြေထောက်ကို ထိလိုက်ရုံမျှဖြင့်

ဘယ်ဘက်ခြေထောက်တစ်ခုလုံး စားသွားခဲ့သည်။

လင်းဟန်က လက်ဂါးတစ်ချက်ကို ရိုက်ထုတ်လိုက်သည်။ ချက်ချင်းဆိုသလိုပဲ ခေါင်းတလား အတွင်းမှာ လဲလျောင်းနေတဲ့ ယောက်ျားရဲ့ ရင်ဘတ်မှာ ကြီးမားတဲ့ အပေါက်ကြီးတစ်ခု ပေါ်လာခဲ့သည်။ ဒါပေမဲ့လည်း ထိုယောက်ျား၏ မျက်လုံးများက ရုတ်တရက် ဖျတ်ခနဲ ပွင့်လာခဲ့သည်။ သူ၏မျက်လုံးဖြူဖြူတွေဖြင့် လင်းဟန်ကို စိုက်ကြည့်လိုက်သည်။ ဒါပေမဲ့ ချက်ချင်းဆိုသလို သူ၏ခေါင်းက ဘေးကို တိမ်းစောင်းသွားပြီးတော့ အခုဆိုရင် လုံးဝကို သေသွားခဲ့သည်။

အပိုင်း(၃၆၃) အလောင်းစစ်သားများနှင့် ကြီးကျယ်သော တိုက်ပွဲဆင်နွှဲခြင်း

"သွမ့်ကျန်းရှီ"

ကွမ်းယွမ်ရဲ့ ဒေါသတွေက နက်နက်ရှိုင်းရှိုင်းနေရာကို ရောက်နေပါပြီ။ သူက ထိုအလောင်း စစ်သားကို ဒေါသတကြီးနှင့် အဆက်မပြတ် တိုက်ခိုက်လိုက်သည်။ သူ့အနေဖြင့် သွမ့်ကျန်းရှီကို ဖမ်းမိဖို့အတွက် သူ့ရဲ့လမ်းမှာ ပိတ်ဆို့နေတဲ့ ဒီကျောက်ဆောင်ကို လွင့်ထွက်သွားအောင်

လုပ်ဖို့ လိုပါတယ်။ ဟုတ်ပါတယ်။ အလောင်းစစ်သားက သေတာရှင်တာကို ကြောက်ရွံ့မှု မရှိတဲ့အပြင် နာကျင်မှုကိုလည်း မခံစားရပါဘူး။ ထို့အပြင် နောက်ကို နည်းနည်းလေးမှတောင် ပြန်မဆုတ်ပဲ သူနှင့်အတူ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆက်လက်တိုက်ခိုက်နေသည်။

"ဒါကထူးဆန်းတယ်။ သွမ့်ကျန်းရှီက ဒီအတိုင်းပဲ လှည့်ထွက်သွားလိုက်တာလား"

ယွဲ့ခိုင်ယုက အံ့အားသင့်နေခဲ့သည်။ အကယ်၍များ သွမ့်ကျန်းရှီလိုမျိုး စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်က ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားမယ်ဆိုရင် သူတို့လိုမျိုး စိတ်ဂိညာဉ် ပင်လယ်အဆင့်က လူတွေကို ထိန်းချုပ်ရတာက ကိတ်မုန့်ကို ခွဲစားသလို လွယ်ကူပါလိမ့်မည်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"သွမ့်ကျန်းရှီက သူကိုယ်တိုင် လှုပ်ရှားရမှာကို အထင်အမြင်သေးနေတာရယ် ငါတို့တွေက ဒီနေရာကနေ ဘယ်လိုမှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူးဆိုပြီးတော့ အပြည့်အဝ ယုံကြည်နေလို့ ဖြစ်လိမ့်မယ်"

"ငါတို့တွေ ဒီလိုမျိုး အပြင်းအထန် ပိုင်းရုံခံထားရတာတောင်မှ မင်းက ပြုံနေနိုင်သေးတယ် ဟုတ်လား"

ယွဲ့ခိုင်ယုက အံကြိတ်ပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင် ငါက ဘယ်လိုအမူအရာမျိုး လုပ်ပြချင်တာကို မင်းကမြင်ချင်တာလဲ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ရဲရဲဝင့်ဝင့်နဲ့ ဆက်ပြီးတော့ ပြောလိုက်သည်။

"မစိုးရိမ်စမ်းပါနဲ့။ ငါမင်းတို့နှစ်ယောက်ကို ခေါ်လာမှတော့ မင်းတို့နှစ်ယောက်ကိုလည်း အပြင်ကို ပြန်ထွက်အောင် ခေါ်သွားရမှာပေါ့"

"အလောင်းကောင် သုံးကောင် မဖြစ်ဖို့တော့ မျှော်လင့်ရတာပဲ"

ယွဲ့ခိုင်ယုက သက်ပြင်းချလိုက်သည်။

"အလောင်းကောင် သုံးကောင်တော့ မဟုတ်ဘူး။ ဒါပေမဲ့

အလောင်းကောင် စစ်သား သုံးကောင်ပဲ”
တံခါးဝအပြင်ဘက်ကနေ အသံတစ်ခုကို ကြားလိုက်ရသည်။ သေချာတာကတော့ သွမ့်ကျန်းရှီ၏ အသံမဟုတ်ချေ။ အသံက တခြားလူတစ်ယောက်ဆီမှ ထွက်လာခြင်း ဖြစ်၏။

“ဒီမှာ နောက်ထပ်လူ ရှိသေးတာလား”

ယွဲ့ခိုင်ယု၏ အမူအရာကား ပြောင်းလဲသွားခဲ့သည်။

လင်းဟန်က သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်ပြီး ပြောလိုက်၏။

“မင်းအခု အဓိပ္ပာယ် မရှိတာတွေ ပြောနေတာလား။ သွမ့်ကလန်မှာ လူတွေ ဘယ်လောက်များ ရှိနေသလဲ။ တကယ်လို့ သူတို့အားလုံးက အလောင်းစစ်သားတွေ ဖြစ်သွားတယ်ဆိုရင် နေ့ခင်းဘက် အချိန်မှာ ဘယ်လိုလုပ်ပြီးတော့ ဖုံးကွယ်ထားနိုင်မှာလဲ။ သူတို့တွေက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်အစစ်တွေ ဖြစ်ပြီးတော့ အလောင်းစစ်သားတွေက သူတို့ရဲ့ ပစ္စည်းတွေသာသာပဲရှိတယ်”

“လပြွတ်။ ကောင်လေးသာသာ လူတစ်ယောက်က

ငါတို့ဂိုဏ်းအကြောင်းကို အတော်လေး ရင်းနှီးကျွမ်းဝင်နေပါလား"

အံ့အားသင့်နေတဲ့ အသံတစ်ခုက အပြင်ဘက်ကတွေ ထွက်ပေါ်လာတာကို ကြားလိုက်ရသည်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ယွဲ့ခိုင်ယုကို ပြောလိုက်သည်။

"မင်းသွားပြီးတော့ အစ်ကိုကြီးကွမ်ကို ကူလိုက်ဦး။ ပြီးရင် ငါတို့တွေ ထိုးဖောက်ပြီး ထွက်ကြမယ်"

ယွဲ့ခိုင်ယုက ခေါင်းညိတ်လိုက်ပြီးတော့ ချက်ချင်းပဲ ကွမ်းယွမ်၏ ခေါင်းပေါ်ကနေ ကျော်လွှားပြီးတော့ ထိုအလောင်းကောင် စစ်သားကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ ကွမ်းယွမ်နဲ့ အလောင်းကောင် စစ်သားတို့ကြားက တိုက်ခိုက်မှုမှာ အားလှိုင်းကြောင့် သူတို့နှစ်ယောက်လုံးက အသီးသီးနောက်ဆုတ်သွားကြရပြီး ယွဲ့ခိုင်ယုက ဆက်ပြီးတော့ တိုက်ခိုက်လိုက်တဲ့ အခါမှာတော့ အလောင်းကောင်စစ်သားက ပိုပြီးတော့ ဝေးဝေးကို ဆုတ်သွားလိုက်ရသည်။

"လဖြွတ်။ ငါက ဘာကြောင့် ဒီကောင်ရဲ့ ပြောစကားကို နားထောင်ရတာလဲ"

ယွဲ့ခိုင်ယုက စိတ်ရှုပ်ထွေးစွာဖြင့် သူရဲ့ခေါင်းကို ထိုးဖွလိုက်သည်။ လင်းဟန်ပြောလိုက်တုန်းက သူ့အနေနှင့် မတိုက်ခိုက်ခင်မှာ အကြောင်းအရာတွေကို သေသေချာချာ မစဉ်းစားမိခဲ့ပါဘူး။ ဒါပေမဲ့ အခုမှ သူကဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့အခါမှာ နည်းနည်းတော့ စိတ်ကသိကအောက် ဖြစ်သွားခဲ့သည်။ သူက ဒီနေရာမှာ စီနီယာ အစ်ကို မဟုတ်လား။

ကွမ်းယွမ်က သူရဲ့နေရာကို ပြန်ယူပြီးတော့ နောက်ထပ်လက်သီး တစ်ချက်ကို ထိုးထည့်လိုက်သည်။

ကျောက်တုံးအိမ်က ဘယ်လောက်များ ကြီးမားလို့လဲ။ သုံးကြိမ်တိုင်တိုင် ပြင်းပြင်းထန်ထန်နဲ့ ဆက်တိုက် တိုက်ခိုက်လိုက်တာကြောင့် အလောင်းကောင် စစ်သားက အခန်းအပြင်ကို ရောက်သွားခဲ့ပြီး လင်းဟန်နှင့် ကျန်တဲ့သူနှစ်ယောက်က အခွင့်အရေးကို အသုံးချပြီးတော့ ပွင့်နေတဲ့ လမ်းကြောင်းကနေ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ကြသည်။ ဒါပေမဲ့လည်း အပြင်က မြင်ကွင်းကို မြင်လိုက်တဲ့အခါမှာ အံ့မကြိတ်ပဲနဲ့

မနေနိုင်အောင် ဖြစ်သွားကြသည်။

အပြင်မှာ အလောင်းကောင် စစ်သားတွေ အများကြီး ရှိသလို ပုံမှန်လို့ ထင်ရတဲ့ လူတွေလည်း ရှိနေ၏။ ထိုလူတွေက အလောင်းတစ်ထောင်ဂိုဏ်း၏ တပည့်တွေဆိုတာ သိသာပြီးတော့ အလောင်းစစ်သားတွေကို ထိန်းချုပ်နေတဲ့ လူတွေလည်း ဖြစ်ကြသည်။

"လဖြွတ်ပဲ။ ဒါက ကျန်းကလန်ရဲ့ တတိယ အကြီးအကဲ ကျန်းဟူပဲ"

ယွဲ့ခိုင်ယုက ရုတ်တရက်ဆိုသလို အလောင်းကောင် စစ်သားတစ်ယောက်ကို လက်ညိုးထိုး ညွှန်ပြပြီး အံ့အားသင့်စွာနှင့် ပြောလိုက်ပြီးတော့ နောက်ထပ် အလောင်းကောင် စစ်သားတစ်ယောက်ကို လက်ညိုးထိုး ညွှန်ပြလိုက်သည်။

"လီကလန်က လီဒင်ရီ"

သူက တတိယမြောက် အလောင်းကောင် စစ်သားကို ထပ်ပြီးတော့ လက်ညိုးထိုး ညွှန်ပြလိုက်သည်။

"ကုကလန်က ကုချင်းထန်"

ယွဲ့ခိုင်ယုက အလောင်းစစ်သားတွေကို တစ်ယောက်ပြီး တစ်ယောက် လက်ညိုးထိုး ညွှန်ပြပြီးတော့ အနည်းဆုံး အလောင်းကောင် စစ်သား ဆယ်ယောက်ရဲ့ သူတို့အသက် ရှင်သန်နေတုန်းက နာမည်တွေကို အော်ဟစ်လိုက်ပါတယ်။ သူက ကြက်သေသေသွားပြီးတော့ အံ့အားသင့်စွာ ပြောလိုက်သည်။

"မင်းတို့လူတွေက တကယ့်ကို စိတ်ဖောက်ပြန်နေကြတာပဲ။ ဒီလူတွေက သေပြီးသွားတာတောင် မင်းတို့က သူတို့ကို မြှုပ်ထားတဲ့ နေရာကို တူးဆွပြီးတော့ သူတို့ကို အလောင်းကောင် စစ်သားတွေအဖြစ် မွမ်းမံသန့်စင်လိုက်ကြတယ်"

"ဟိဟိဟိ စိတ်ဖောက်ပြန်နေတယ်ဆိုတာ မင်းက ဘာကို ဆိုလိုတာလဲ။ ဒီလူတွေက ဘယ်လိုပဲ ဖြစ်ဖြစ် သေကုန်ပြီးသားပဲ။ ဒါကြောင့် သူတို့တွေ ပုပ်သိုးဆွေးမြည့်ပြီး သုံးစားလို့ မရတော့မဲ့ အတူတူတော့ ဒီအဖွဲ့အစည်းအတွက် အကျိုးရှိရှိနဲ့ အသုံးချလိုက်တာက ပိုတောင် ကောင်းသေးတယ် မဟုတ်လား"

အသက်ငါးဆယ်ခန့်ရှိတဲ့ ယောက်ျားတစ်ယောက်က ပြောလိုက်သည်။

"ပြီးတော့ မင်းတို့သုံးယောက်စလုံးလည်း ငါတို့တွေ လှုပ်ရှားတဲ့အခါကျရင် မင်းတို့ရဲ့ ခန္ဓာကိုယ်တွေ အရမ်းကြီး မပျက်စီးရအောင် ညင်ညင်သာသာနဲ့ ကြိုးစားပေးပါမယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူသုံးယောက် အတွက်ကတော့ တကယ်လို့ ငါတို့သာ ကံကောင်းမယ်ဆိုရင် သူတို့တွေကို အလောင်းကောင် စစ်သားအဖြစ်ကို မွမ်းမံသန့်စင်ပြီးတဲ့နောက်မှာ ဒီလိုမျိုး စွမ်းရည်ကို ထိန်းသိမ်းထားနိုင်လိမ့်မယ်"

"အရူးတွေ။ မင်းတို့အားလုံး အရူးတွေပဲ"

ယွဲ့ခိုင်ယုက ဒေါသကြီးစွာနဲ့ အော်ပစ်လိုက်သည်။ သူရဲ့ သိုလှောင်လက်စွပ် အတွင်းကနေ လက်ဆစ်တစ်စုံကို ဆွဲထုတ်ပြီးတော့ တပ်လိုက်ပါတယ်။ ၎င်းတို့ကို ချက်ချင်းပဲ အသက်သွင်း လိုက်ပြီးတော့ ရွှေရောင်ပုံစံ အစီအရင်တွေက လင်းလက်တောက်ပ လာခဲ့သည်။ သူရဲ့ တိုက်ပွဲဝင် စိတ်ဂိညာဉ်က စစ်ပွဲမီးတောက်လိုမျိုး တစ်ဟုန်ထိုး မြင့်တက်လာသည်။

"သူတို့ကို သတ်ပစ်"

အလောင်းတစ်ထောင်ဂိုဏ်းက လူတွေက သူတို့ရဲ့ အလောင်းကောင် စစ်သားတွေကို ကြိုးဆွဲလိုက်ပြီး လင်းဟန်နဲ့ သူ့လူတွေကို ဝိုင်းရံထားလိုက်ကြသည်။

သူတို့၏ ကျင့်ကြံခြင်း အဆင့် အကန့်အသတ်နဲ့ အလောင်းကောင်တွေကို ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ရတဲ့ အခြေအနေတွေကြောင့် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေက အလောင်းကောင် စစ်သည်တစ်ကောင်စီကိုပဲ မွေးမြူနိုင်စွမ်း ရှိကြသည်။ တချို့ကတော့ နှစ်ယောက်လောက် မွေးမြူနိုင်စွမ်း ရှိသည်။ ဒီနေရာမှာ စုနေတဲ့ တပည့်တွေက သာမန်အဆင့်ပဲ ရှိတယ်ဆိုတာ သိသာပါတယ်။ ပြီးတော့ ရုံဟွမ်ရွှမ်လိုမျိုး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို ပိုင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူတို့တစ်ယောက်စီတိုင်းက အလောင်းကောင် စစ်သားတစ်ယောက်စီပဲ မွေးမြူခဲ့ကြသည်။

ဒါပေမဲ့ ဒီနေရာမှာ လူဆယ်ယောက်ကျော်ရှိ၏။ ထို့ကြောင့် အလောင်းကောင် စစ်သား ဆယ်ယောက်ထက်မနည်း

ရှိသည်။ သူတို့အားလုံးက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ဖြစ်ကြပြီးတော့ အဆင့်တစ် ငွေချပ်ဂဝတ် အလောင်းကောင်းများ ဖြစ်ကြသည်။ အရေအတွက် သာလွန်ခြင်းနှင့် အလောင်းကောင် စစ်သားတွေ၏ သေကြေပျက်စီး ဒဏ်ရာရမှာကို ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိတာကိုပါ ထည့်ပေါင်းလိုက်မယ်ဆိုရင် စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာပဲရှိတဲ့ လူသုံးယောက်ကို ရင်ဆိုင်ရာမှာ အရမ်းကို လွယ်ကူနေလိမ့်မယ် မဟုတ်လား။

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်လုံး အရမ်းကို လေးနက်တဲ့ အမူအရာတွေ ဖြစ်ကုန်ကြသည်။ အထူးသဖြင့် ကွမ်းယွမ်ပါ။ သူက နန်းချင်းယွဲ့အတွက် တရားမျှတမှုကို ရှာဖွေပေးချင်နေခဲ့သည်။ ထို့ကြောင့် သူ့အတွက် မသေအောင်လို့ သူ၏ကိုယ်ပိုင်အသက်ကို ထိန်းသိမ်းထားဖို့ ပိုပြီးတောင် လိုအပ်သည်။ ဂမ်းနည်းပူဆွေးမှု ပိုပြီးတော့ နည်းလာလေ သူတို့အသုံးပြုတဲ့ လက်သီးတွေက ပစ်မှတ်ကိုထိဖို့ ပိုပြီးတော့ သန်မာလာပါလိမ့်မယ်။

အလောင်းကောင် စစ်သားတွေက ခံစားချက်မရှိသလို စကားကို ဘယ်လိုပြောရမလဲ ဆိုတာကို နားမလည်ကြပါဘူး။ သူတို့ကို အမိန့်ပေးလိုက်တာနဲ့ လင်းဟန်နဲ့ တခြားသူတွေဆီကို တစ်ဟုန်ထိုး

ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့က ချက်ချင်းပဲ လှုပ်ရှားလိုက်ကြသည်။

ထန် ထန် ထန် ထန်

သူတို့တွေက အလောင်းကောင် စစ်သားတွေနဲ့ လုံးထွေးသတ်ပုတ် နေကြသည်။ သူတို့နှစ်ယောက်က အလောင်းကောင် စစ်သားတွေနဲ့ တိုက်ခိုက်ဖူးတဲ့ အတွေ့အကြုံ နည်းနည်းလေးမှ မရှိပါဘူး။ သူတို့က အလောင်းကောင် စစ်သားတွေကို သူတို့နဲ့ ရင်ဆိုင်ခဲ့ဖူးတဲ့ ပြိုင်ဘက်တွေလိုမျိုး ပြုမူဆက်ဆံနေသည်။ ထိုအရာက သူတို့ကို အန္တရာယ်များတဲ့ အခြေအနေကို ဖြစ်စေသည်။ ဘာကြောင့်လဲဆိုတော့ သိုင်းပညာရှင် တစ်ယောက်ရဲ့ ခေါင်းကို လက်သီးတစ်လုံး ပစ်သွင်းပြီးတော့ သူ့ကိုနောက်ဆုတ်သွားအောင် ဖိအားပေးနိုင်သည်။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေကတော့ ဂရုမစိုက်ပါဘူး။ မင်းကသူတို့ကို ကြိုက်သလို မင်းကြိုက်သလို တီးနိုင်သည်။ သူတို့ကလည်း သူတို့ရဲ့လမ်းကြောင်းအတိုင်း ဆက်လာပြီးတော့ လက်သီးတစ်လုံးကို ပြန်ပြီးတော့ ပစ်သွင်းပါလိမ့်မယ်။ ဒါမှမဟုတ် မင်းရဲ့ လည်ပင်းကို

တန်းပြီးတော့ ထိုးပစ်နိုင်သည်။

အကယ်၍ အလောင်းကောင် စစ်သားတွေကို ထိသွားခဲ့ရင် အများဆုံး သူတို့၏ ခေါင်းတွေက ပုံစံတွေ ပြောင်းသွားမယ်။ ဒါမှမဟုတ် လုံးဂကို ပြုတ်ထွက်သွားလိမ့်မည်။ ဒါကအားလုံး အဆင်ပြေသည်။ သူတို့အနေနဲ့ ခေါင်းကိုပြန်ပြီးတော့ တပ်နိုင်သည်။ ဒါပေမဲ့ သိုင်းပညာရှင်တွေ အတွက်ကတော့ ဒီလိုမျိုး တိုက်ခိုက်ခံလိုက်ရမယ်ဆိုရင် သူတို့က အသက်ရှင်သန် နိုင်ပါဦးမလား။

ဒါပေမဲ့လည်း သူတို့နှစ်ယောက်က တိုက်ပွဲအတွေ့အကြုံတွေ ရှိကြပါတယ်။ ပြီးတော့ သိပ်မကြာခင်မှာပဲ သူတို့ရဲ့ တိုက်ခိုက်တဲ့ ပုံစံတွေကို လိုက်ဖက်အောင် ပြင်ဆင်လိုက်ကြသည်။ ဒါပေမဲ့ သူတို့က အလောင်းကောင် စစ်သားတွေနဲ့ ရင်မဆိုင်နိုင်ကြသေးပေ။ ဘာကြောင့်လဲဆိုတော့ အလောင်းကောင် စစ်သားတွေက ဘယ်လောက်ပဲ ဒဏ်ရာတွေရရ သူတို့ရဲ့ တိုက်ပွဲအစွမ်းကို ထိခိုက်ခြင်း မရှိပေ။ ထို့ကြောင့် သူတို့က ဘယ်လိုလုပ်ပြီးတော့ အလောင်းကောင် စစ်သားတွေနဲ့ ဆန့်ကျင်တိုက်ခိုက်လို့ ရနိုင်မှာလဲ။

"မင်းတို့နှစ်ယောက်က တကယ်ပဲ အရမ်းကို အားနည်းတာပဲ။

အချိန်တွေ ဒီလောက်တောင် ကြာနေပြီ ဒီကောင်တွေကို မင်းတို့တွေ ရင်မဆိုင်နိုင်သေးဘူး”

လင်းဟာန်က သက်ပြင်းချလိုက်သည်။

“အပြောကတော့ လွယ်လိုက်တာ။ ဘာဖြစ်လို့ မင်းလာပြီးတော့ မစမ်းကြည့်တာလဲ”

ယွဲ့ခိုင်ယုက စိတ်တိုတိုနဲ့ ပြောလိုက်သည်။ သူနဲ့ ကွမ်းယွမ်တို့က တစ်ယောက်ကို အလောင်းကောင် စစ်သား ခုနစ်ကောင်စီနဲ့ တိုက်ခိုက်နေကြပြီး သူတို့အားလုံး ပုံစံကို ကြည့်ရတာ ချိုးဖျက်လို့မရတဲ့ တန်ခိုးရှင်ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသလိုမျိုးပါပဲ။ တစ်ခုတည်းသော အကြောင်းအရာက သူရဲ့ တိုက်ပွဲအစွမ်းက အံ့အားသင့်စရာ ကောင်းလို့သာ အခုချိန်ထိ ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သည်။ အကယ်၍များ သူရဲ့တိုက်ပွဲအစွမ်းက ကြယ်ကိုးလုံးလောက်ပဲ ရှိမယ်ဆိုရင် အခုချိန်မှာ သေချာပေါက် လွှမ်းမိုးတာ ခံရပါလိမ့်မယ်။

လင်းဟာန်က ရယ်ပြီးတော့ ပြောလိုက်သည်။

“မင်းက တကယ်ပဲ ငါ့ကို လှုပ်ရှားစေချင်တာလား”

"ဒါပေါ့။ လာခဲ့လေ။ ငါ့အားအင်တွေ ကုန်ခန်းပြီးတော့ သေသွားလိမ့်မယ်"

ယွဲ့ခိုင်ယုက တိုက်တွန်းလိုက်သည်။ သူက လင်းဟန်၏ တိုက်ပွဲအစွမ်းအပေါ် အတော်လေးကို ယုံကြည်ထားသည်။

"ငါတို့တွေ လောင်းကြေးရအောင်။ အသက် ဆယ်ခါရှူချိန် အတွင်းမှာ ငါဒီအလောင်းကောင် စစ်သား အားလုံးကို သတ်ပစ်နိုင်တယ်"

လင်းဟန်က တကယ်တော့ အလျှင်စလို လုပ်မနေပါဘူး။

"ဟ"

ယွဲ့ခိုင်ယုက ပင်ကိုအားဖြင့်တော့ သူ့ကို မယုံကြည်ပါဘူး။ သူတွေးပြီးတော့ မျှော်လင့်ထားတာက လင်းဟန်က သူရဲ့ မယုံနိုင်စရာကောင်းတဲ့ အစွမ်းကို ထုတ်ဖော်ပြီးတော့ ဒီဘေးကျပ်နံကျပ် အခြေအနေကို ဖြေရှင်းနိုင်ဖို့ပါပဲ။ ဒါပေမဲ့ သူတောင်မှ ထိန်းထားရုံပဲ တတ်နိုင်တာကို လင်းဟန်က အသက်ဆယ်ခါ ရှူတဲ့အချိန်အတွင်းမှာ ဒီလောက်များတဲ့ အလောင်းကောင် စစ်သားတွေကို ဖျက်ဆီးပစ်နိုင်စွမ်း

ရှိနေတာလား။

ဒါကတော့လုံးဂကို မဖြစ်နိုင်ပါဘူး။

"တကယ်လို့ မင်းအနိုင်ရရင် ဘာလိုချင်လဲ"

သူက ဘွင်းဘွင်းသမားဖြစ်ပြီးတော့ ရဲရင့်တဲ့ စရိုက်ရှိပါတယ်။ ပြီးတော့ လွယ်လွယ်နဲ့ အရှုံး မပေးတတ်တဲ့ လူတစ်ယောက်လည်း ဖြစ်သည်။

"အခုလောလောဆယ်တော့ ငါစဉ်းစားလို့ မရသေးဘူး။ ဒါကြောင့် အနာဂတ်မှာ ငါ့အတွက် တစ်ခုခုကို လုပ်ပေးဖို့ ကတိပေးရမယ်ဆိုရင်ရော ဘယ်လိုလဲ"

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့။ ဒါကလည်း မင်းရဲ့စွမ်းရည်နဲ့ လုပ်နိုင်တဲ့ အကန့်အသတ်အတွင်းက ကိစ္စကိုပဲ ခိုင်းမှာပါ"

"ကောင်းပြီလေ။ ဒါဆိုရင် မြန်မြန်လုပ်။ တကယ်လို့ မင်းက ဒီအလောင်းကောင် စစ်သား အကုန်လုံးကို သတ်နိုင်မယ်ဆိုရင် ငါ့ရဲ့ဘဂတစ်ခုလုံး မင်းအပေါ်မှာ

အကြွေးတင်သွားမယ် ဆိုရင်တောင်မှ ငါဆန္ဒရှိတယ်”

ယွဲ့ခိုင်ယုက ကျယ်လောင်စွာနဲ့ အော်ခေါ်လိုက်ပါတယ်။ ဒီအလောင်းကောင် စစ်သား ခုနစ်ယောက်က သူ့ကိုပေးတဲ့ ဖိအားက ပိုပိုပြီးတော့ မြင့်မားလာခဲ့သည်။

လင်းဟန်က ရယ်မောလိုက်သည်။ သူ့ရဲခန္ဓာကိုယ်က လှုပ်ရှားသွားပြီးတော့ အလောင်းကောင် စစ်သားတစ်ယောက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ သူက လက်သီးတစ်လုံး ထိုးလိုက်ပြီး သူ့ရဲ့လက်သီး ပတ်ပတ်လည်မှာ အနက်ရောင် နတ်ဆိုးအစီအရင်တွေက ဝိုင်းရံထားသည်။

ပုန်း

သူက အလောင်းကောင် စစ်သားဆီက တိုက်ခိုက်မှုနဲ့ တိုက်ရိုက် ထိတွေ့လိုက်ပြီး သူ့ရဲ့ခန္ဓာကိုယ်က အနောက်ဘက်ကို လွင့်ထွက်သွားခဲ့သည်။ ဒါက သူ၏စွမ်းရည်က ဒီအလောင်းကောင် စစ်သားအောက် နိမ့်ကျနေတယ်ဆိုတာကို ဖော်ပြသည်။ ဒါပေမဲ့ ထူးဆန်းတဲ့ အရာတစ်ခု ဖြစ်သွားသည်။ ထိုအလောင်းကောင် စစ်သားရဲ့ လက်မောင်းက စတင်ပြီးတော့ အလှူာလိုက်

ကွာကျလာပြီးတော့ အရည်ပျော်သွားပါတယ်။ အလောင်းကောင် စစ်သားရဲ့ အရိုးစုက အိုမင်းဟောင်းနွမ်းပြီး အချိန်ရဲ့ တိုက်စားမှုကြောင့် ဆွေးမြည့်လာသလိုမျိုး တဖြည်းဖြည်းနဲ့ ပြာအဖြစ်ကို ပြောင်းလဲသွားခဲ့သည်။

အပိုင်း(၃၆၄) တိုက်ပွဲချပ်ဂတ်က ၎င်း၏အစွမ်းကို ဖော်ပြသည်

အကယ်၍များ ၎င်းက အသိဉာဏ်ရှိသည့် သက်ရှိဖြစ်ပါက ပြာအဖြစ်ကို ပြောင်းလဲပြီးတော့ လေထဲကို ပျံ့နှံ့ပျောက်ကွယ်မှာကို တားဆီးတဲ့ အနေဖြင့် ထိုလက်မောင်းကို ဖြတ်ပြီးတော့ အဆုံးရှုံးခံလိမ့်မည်။ ဒါပေမဲ့လည်း အလောင်းကောင် စစ်သားတွေက သေမှာနာကျင်မှာကို ကြောက်ရွံ့မှုကင်းပြီးတော့ ထိုအချက်က ၎င်းတို့၏ အားနည်းချက် ဖြစ်လာခဲ့သည်။ ဘာကြောင့်လဲဆိုတော့ သူတို့က ဘာကိုမှ မခံစားနိုင်ကြချေ။ နောက်တစ်နည်း ပြောရလျှင် ဘာကိုမှ ဂရုမစိုက်ကြချေ။

ထိုအလောင်းကောင်က အမှုန်အဖြစ်ကို ပြောင်းလဲလို့ မပြီးဆုံးသေးခင် လင်းဟန်က ဆက်ပြီးတော့ တိုက်ခိုက်နေလေသည်။

လင်းဟန်က အလောင်းကောင် စစ်သားနှင့် တိုက်ခိုက်မှု၏ အကျိုးသက်ရောက်မှုကြောင့် အဝေးကို လွင့်ထွက်သွားတာကို အခွင့်ကောင်းယူပြီးတော့ ဒုတိယ အလောင်းကောင် စစ်သားကို ဆက်ပြီးတော့ တစ်ဟုန်ထိုး တိုက်ခိုက်လိုက်သည်။ ယခင်အတိုင်းပဲ သူက လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီး နတ်ဆိုးအစီအရင်က ထူးဆန်းစွာ လင်းလက်တောက်ပလာသည်။

အကယ်၍များ ဤအလောင်းကောင် စစ်သားတွေက လူသားစစ်စစ်သာ ဖြစ်ကြမည်ဆိုပါက သူတို့၏ အဖော် ဘယ်လိုမျိုး ခံစားသွားရတယ်ဆိုတာကို မြင်တွေ့ပြီးတဲ့နောက်မှာ သူတို့၏ မဟာဗျူဟာကို ထိန်းညှိပြီးတော့ လင်းဟန်နဲ့ နောက်တစ်ကြိမ် ထပ်ပြီး ထိပ်တိုက်ရင်ဆိုင် လိမ့်မည် မဟုတ်ချေ။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေက ဘယ်လိုလုပ်ပြီးတော့ အသိဉာဏ်တွေ ပိုင်ဆိုင်နိုင်မှာလဲ။ ၎င်းက လင်းဟန်ကို ဦးတည်ပြီးတော့ လက်ဝါးရိုက်ချက်တစ်ခုကို ထုတ်လိုက်သည်။

ပုန်း

သူတို့၏ တိုက်ခိုက်မှုတွေ ထိတွေ့သွားတာနှင့် လင်းဟန်က

နောက်တစ်ကြိမ် အနောက်ကို လွင့်ထွက်သွားခဲ့သည်။ ဒါပေမဲ့ အလောင်းကောင် စစ်သားကတော့ ဖုန်မှုန်အဖြစ်ကို စတင်ပြီး ပြောင်းလဲလာသည်။

သုံးကောင်၊ လေးကောင်၊ ငါးကောင် စသည်ဖြင့် လင်းဟန်က အရှေ့ကိုတိုးပြီးတော့ တိုက်ခိုက်လိုက်သည်။ ပြီးတော့ ၎င်းက အသက်နှစ်ခါ ရှူချိန်အတွင်းမှာပဲ အလောင်းကောင် စစ်သားတွေက ဖုန်မှုန်အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။ ပထမတော့ ထိုအကျိုးသက်ရောက်မှုက ၎င်း၏ခေါင်းကို ပျံ့နှံ့ပြီးမှ ရင်ဘတ်နှင့် မကြာခင်မှာ ခြေထောက်နှစ်ချောင်းပဲ မြေကြီးပေါ်မှာ ပတ်ပြေးနေဖို့ ကျန်နေသည်။ ဒီမြင်ကွင်းကား အတော်လေးကို ကျောချမ်းစရာ ကောင်းလှသည်။

"သတိထား။ သတိထား"

တစ်ဖက်မှာရှိတဲ့ အလောင်းတစ်ထောင်ဂိုဏ်း၏ တပည့်များကား သူတို့၏ အလောင်းစစ်သားကို အမိန့်ပေးပြီးတော့ ဆက်တိုက်ပဲ အော်လိုက်ကြသည်။ ဤအလောင်းကောင် စစ်သားတွေ၏ ပင်ကိုယ်စရိုက်ကား တိုက်ခိုက်ဖို့သက်သက်သာ ဖြစ်ပြီးတော့ ဘယ်လိုလုပ်ပြီး သတိထားဆိုသည့် အဓိပ္ပာယ်ကို နားလည်နိုင်လိမ့်မည်နည်း။

ခြောက်ကောင်၊ ခုနစ်ကောင်၊ ရှစ်ကောင် စသည်ဖြင့် အလောင်းကောင် စစ်သားတွေ ပိုပိုပြီးတော့ အရည်ပျော်ပြီး လုံးဂကို ဖုန်မှုန့်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

အသက် ခုနစ်ခါ ရှူချိန်အတွင်းမှာ အလောင်းကောင် စစ်သား ဆယ့်လေးကောင်လုံး ထိခံလိုက်ရပြီး အစောဆုံး ခြောက်ကောင်ကတော့ လုံးဂကို ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားခဲ့ပါပြီ။

အလောင်းတစ်ထောင်ဂိုဏ်း၏ တပည့်တွေတင်မက ကွမ်းယွမ်နှင့် ယွဲ့ခိုင်ယုပါ အရမ်းကို အံ့အားသင့်နေတဲ့ အမူအရာတွေ ဖြစ်သွားခဲ့ကြသည်။ ဒါက သူတို့အားလုံး ရင်ဆိုင်ခဲ့ရတာ မဟုတ်လား။ အခုလိုမျိုး လွယ်လွယ်လေးနဲ့လား။

လင်းဟန်က တည်ငြိမ်စွာဖြင့် ပြုံးလိုက်သည်။ သူက နတ်ဆိုးရှင်သန်ဓားကို ဆွဲမထုတ်ခဲ့ပါဘူး။ အကယ်၍များ သူက နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ် အသုံးပြုလိုက်မည် ဆိုပါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်း၏ ဖျက်ဆီးခြင်း အစွမ်းနှင့်အတူဆိုလျှင် ဒီငွေချပ်ဂတ် အလောင်းကောင်တွေ အပေါ်ကို တိုက်ခိုက်မှုတစ်ခု လုပ်လိုက်တာနှင့် ပျက်သုန်းကုန်ပါလိမ့်မည်။

အကယ်၍ တိုက်ပွဲဝင်ချပ်ဝတ်ကို အသက်သွင်းလိုက်မည်ဆိုလျှင် မိုးကြိုးလျှပ်စီးတွေက မကောင်းဆိုးဝါးတွေကို ဖိနှိပ်ထိန်းချုပ်တတ်သည့် သဘာဝတရားစွမ်းရည်နဲ့ဆိုရင် ဒီသတ္တဝါတွေကို လုံးဝကို ဖျက်ဆီးပစ်လိုက်ဖို့လည်း လုံလောက်၏။

သူ၏အိပ်ကပ်ထဲတွင် ပုက်ဖဲတွေ ပိုပိုပြီးတော့ ရှိလာသည်။

"ဒါဆိုရင် ဘယ်လိုလဲ"

လင်းဟန်က ယွဲ့ခိုင်ယုကို မေးလိုက်သည်။

"မင်းက တကယ်ကို အံ့သြစရာကောင်းတယ်"

ယွဲ့ခိုင်ယုက လင်းဟန်ကို လက်မထောင်ပြလိုက်သည်။ အစောပိုင်းတုန်းက သူက ကိုယ်တိုင်ကိုယ်ကျ ဒီအလောင်းကောင် စစ်သားများနှင့် တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ဒီအလောင်းကောင် စစ်သားတွေနှင့် ရင်ဆိုင်ရတာ ဘယ်လောက်တောင် ပြဿနာများသလဲ ဆိုတာကို သေသေချာချာ နားလည်သဘောပေါက်ထား၏။ လင်းဟန်ကတော့ လွယ်လွယ်ကူကူနဲ့ လက်သီးတစ်ချက်စီ

ထိုးပြီးတော့ အနိုင်ယူခဲ့ပြီး ယွဲ့ခိုင်ယုအနေဖြင့် ရွေးချယ်စရာ လမ်းမရှိတော့ပဲ လေးစားမှုနှင့်အတူ အရှုံးကို ဝန်ခံလိုက်ရသည်။

"သွမ့် ကျန်း ရှီ"

ကွမ်းယွမ်က အော်ဟစ်လိုက်သည်။ သူ၏အနက်ရောင် ဆံပင်များကား လေထဲမှာ မျောလွင့်နေပြီး သူ၏ဒေါသက တမြည့်မြည့် လောင်ကျွမ်းလို့ နေလေသည်။

"ဟူး။ ဘယ်လို အမိုက်ကောင်တွလဲ"

သွမ့်ကျန်းရှီ၏ ထူးဆန်းသော အသံကို ကြားလိုက်ရသည်။

"ငါရဲ့ ကျင့်ကြံခြင်းမှာ အတိမ်းအစောင်း မခံနိုင်တဲ့ အခြေအနေကို ရောက်နေတယ်။ အခု ပထမဆုံး ကြွက်သုံးကောင်က ဒီနေရာကို ကျူးကျော်ဝင်ရောက်လာပြီးတော့ အအေနှောင့်အယှက် ပေးနေတာပဲ။ ပြီးတော့ သူတို့ကိုသတ်ဖို့ အလောင်းကောင် စစ်သားအများကြီးကိုလည်း စုစည်းပေးပြီးတာတောင်မှ ရင်ဆိုင်လို့မရပဲ ပြဿနာတွေ ရှိနေသေးတယ်။ ငါ့ကိုပြောစမ်းပါ။ မင်းတို့ အသက်ဆက်ရှင်ဖို့

ဘယ်လိုအကြောင်းပြချက်မျိုး ရှိသေးလဲ။ အဲဒီအစား တကယ်လို့ မင်းတို့အားလုံးက အလောင်းကောင် စစ်သားတွေ ဖြစ်သွားတာကမှ ပိုတောင်ကောင်းဦးမယ်”

အလောင်းတစ်ထောင်ဂိုဏ်း၏ တပည့်များက ကြောက်ရွံ့ထိတ်လန့်ပြီး တုန်လှုပ်သွားကြကာ သူတို့၏ နဖူးထက်မှ အေးစက်စက်ချွေးတွေက စုစည်းလို့ လာခဲ့သည်။ သူတို့အားလုံး ဒူးထောက်ပြီး ပြောလိုက်သည်။

“ကျေးဇူးပြုပြီးတော့ ကျနော်တို့ကို ခွင့်လွှတ်ပေးပါ အရှင်သခင်။ ဒီကောင်စုတ်လေးကို ကြည့်ရတာ ပြိုင်ဘက်ကင်းတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ရရှိကိုင်ဆောင်ထားပုံ ရပါတယ်။ ဒါက အလောင်းကောင် စစ်သားတွေ အပေါ်မှာ အရမ်းကို ထိရောက်မှု ရှိပါတယ်”

သွမ့်ကျန်းရှီက နောက်တစ်ကြိမ် ပေါ်လာခဲ့သည်။ သူက ဖုန်မှုန်တွေ အဖြစ်ကို ပြောင်းလဲနေတဲ့ အလောင်းကောင် စစ်သားတွေကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီး အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူက လက်အမူအရာ တစ်ခုကို လုပ်ပြလိုက်ပြီး ကျွိဆိုတဲ့ မြည်သံနဲ့အတူ သတ္တုခေါင်းတလားတစ်လုံးက ၎င်းကိုယ်ပိုင် ခြေထောက်တွေ ရှိနေသည့်အလား သူတို့ဆီကို

လျှော့တိုက်ပြီး ရောက်လာခဲ့သည်။ ၎င်းက ဘယ်လိုမှ ခန့်မှန်းလို့ မရအောင် ထူးဆန်းလွန်းလှသည်။

ပုန်း

ခေါင်းတလားက ပွင့်သွားခဲ့သည်။ ခေါင်းတလားအတွင်းကနေ အမျိုးသမီးတစ်ယောက် ခုန်ထွက် လာခဲ့သည်။ သူမ၏ ချောမောလှပမှု ပုံရိပ်တွေကို မြင်နေနိုင်ဆဲ ဖြစ်သည်။ ဒါပေမဲ့ သူမ၏ အရိုးစု မျက်နှာနဲ့ လက်မောင်းတွေအရ သူမသေသွားခဲ့တာ အတော်ကို ကြာမြင့်နေပြီ ဆိုတဲ့အကြောင်း သက်သေပြနေသည်။ ဒါက နောက်ထပ် အလောင်းကောင် စစ်သား တစ်ယောက်ပဲ ဖြစ်ပေ၏။

ကွမ်းယွမ်၏ အမူအရာက ပြင်းပြင်းထန်ထန် ပြောင်းလဲသွားပြီးတော့ တုန်ယင်နေတဲ့ အသံဖြင့် အော်ခေါ် လိုက်သည်။

"ချင်း... ချင်းယွဲ့"

ထို့နောက် သူ၏မျက်လုံးများကား နီရဲလို့လာပြီး သွမ့်ကျန်းရှီကို ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။

“မင်း တိရိစ္ဆာန်ကောင်။ မင်းက တကယ်ပဲ ကိုယ့်ဇနီးကိုတောင် ဒီလိုမျိုး စိတ်မချမ်းမြေ့စရာ ကောင်းတဲ့ သတ္တဝါအဖြစ်ကို ပြောင်းလဲပစ်လိုက်တယ်”

“ဘာပဲဖြစ်ဖြစ်လေ။ ဒါက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပစ္စည်းတစ်ခုပဲ။ ဒီအတိုင်းကြီး ဖြုန်းတီး ပစ်ရမှာ ဘယ်လောက်တောင် နမြောဖို့ ကောင်းလိုက်သလဲ”

သွမ့်ကျန်းရှီက ဂရုမစိုက်စွာဖြင့် ပြောလိုက်ပြီး တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်ပြောလိုက်သည်။

“သူတို့သုံးယောက်လုံးကို သတ်ပစ်လိုက်”

ရွှစ်

ချင်းယွဲ့က ချက်ချင်းဆိုသလို သူတို့သုံးယောက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ ၎င်းက အလောင်းကောင် စစ်သား တစ်ယောက်မျှသာ ဖြစ်ပြီးတော့ မှတ်ဉာဏ်တွေ ခံစားချက်တွေ နည်းနည်းလေးမှ မရှိပါဘူး။

“ချင်းယွဲ့၊ ငါပါ။ ငါကွမ်းယွမ်လေ”

ကွမ်းယွမ်က ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ပုန်း

လက်ဂါးရိုက်ချက် တစ်ခု ထွက်ပေါ်လာပြီးတော့ လင်းဟန်နဲ့ တခြားသူတွေ ဆက်တိုက်ဆိုသလို အဖေးကို ရိုက်ထုတ်ခံလိုက်ရသည်။ သူတို့အားလုံးပဲ ထိုလက်ဂါးကြောက် သွေးတွေ အန်ထုတ်လိုက်ရ၏။ ချစ်သူဟောင်းနဲ့ ရင်ဆိုင်နေရပြီး တိုက်ခိုက်လိုစိတ် မရှိတဲ့ ကွမ်းယွမ်ကို အသာထားဦး။ ယွဲ့ခိုင်ယုက အရမ်းကို အစွမ်းထက်တဲ့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့် လူတစ်ယောက် ဖြစ်နေပေမဲ့လည်း ဘယ်လိုလုပ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်က လူတစ်ယောက်ကို ခုခံနိုင်မှာလဲ။

လင်းဟန်က တကယ့်ကို မွန်းစတား တစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ သူ၏ကျင့်ကြံခြင်း အဆင့်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ပဲ ရှိသေးတာ ဖြစ်တဲ့အတွက် သေချာပေါက် အရမ်းကို နိမ့်ကျနေခဲ့သည်။ ဘယ်လိုလုပ်ပြီးတော့ သူက နန်းချင်းယွဲ့လို စိတ်ဂိညာဉ် ပလ္လင်အလွှာ ၄ အဆင့်နီးနီး စွမ်းရည်ရှိတဲ့သူကို

ရင်ဆိုင်နိုင်မှာလဲ။

ထို့အပြင် နန်းချင်းယွဲ့က အရမ်းကို အစွမ်းထက်လှပြီး အပေးကို လွင့်ထွက်သွားအောင် တိုက်ခိုက်လိုက်မှတော့ လင်းဟန်၏ နတ်ဆိုးအစီအရင်တွေနဲ့ သူမကိုထိတွေ့ဖို့ဆိုတာ လုံးဝကို အခွင့်အလမ်း မရှိပါဘူး။

သူတို့နှစ်ယောက် အကြားက ကွာဟချက်က အတော်လေးကို ကျယ်ပြန့်လှသည်။

လင်းဟန်က ရှေ့ကိုထွက်ပြီးတော့ ပြောလိုက်သည်။

"မင်းတို့နှစ်ယောက် အနောက်ကို ဆုတ်လိုက်ကြ"

လင်းဟန်က မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်ပြီး ချက်ချင်းဆိုသလို သူ၏ခန္ဓာကိုယ် ပတ်လည်မှာ မျက်စိကျိန်းလောက်အောင် တောက်ပစူးရှတဲ့ လျှပ်စီးတွေ ပိုင်းရံလာ၏။ နန်းချင်းယွဲ့ကား ပထမတော့ လင်းဟန်ဆီကို ခုန်အုပ်လိုက်သည်။ ဒါပေမဲ့ မိုးကြိုးလျှပ်စီး၏ စွမ်းအားကို အာရုံခံလိုက်မိတဲ့ အခါမှာတော့ သူမကိုယ်သူမ ရပ်ပစ်လိုက်ပြီး သူမ၏ မျက်နှာပေါ်မှာ မနှစ်မြို့စရာကောင်းတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့သည်။

အလောင်းကောင် စစ်သားတွေမှာလည်း အမှုအရာတွေ ရှိနိုင်တာလား။

ဒါက မိုးကြိုးလျှပ်စီး ချပ်ဂတ်က ထိုကဲသို့ မကောင်းဆိုးဂါး သတ္တဂါတွေကို ဘယ်လောက်တောင် အစွမ်းထက်ပြီးတော့ ဖိနှိပ်ထိန်းချုပ်နိုင်တဲ့ အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာကို သက်သေပြဖို့ လုံလောက်၏။

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

သွမ့်ကျန်းရှီက အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။ ဒီကောင်စုတ်လေးက အလောင်းတစ်ထောင် ဂိုဏ်းကို ဖိနှိပ်ထိန်းချုပ်ဖို့အတွက် အထူးတလည် မွေးဖွားလာတာလား။ သူ့မှာရှိနေတဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေ အားလုံးက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အကျိုးအာနိသင်တွေ ရှိနေရတာလဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူ၏လက်တစ်ဖက်ကို ဝှေ့လိုက်သည်နှင့် တောက်ပလင်းလက်တဲ့ အဖြူရောင် လျှပ်စီးတွေကနေ နဂါးခုနစ်ကောင်၏ ပုံရိပ်က ပေါ်လာခဲ့သည်။ ထိုနဂါးတွေက

နန်းချင်းယွဲ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားကြသည်။ စိတ်ဂိညာဉ် ပစ္စည်းများတွင် ချီများဖြင့် ပေါင်းစည်းနိုင်သည့် စွမ်းရည် ရှိကြသည်။ ဥပမာ အောင်းချင်းလိုင်က ကြယ်နက်ဓားကို အသုံးပြုလိုက်တဲ့ အခါမှာ သူ၏ဓားချီက လင်းဟန်၏ လက်သီးချီကို လွယ်ကူစွာဖြင့် ဖျက်ဆီးပစ်နိုင်စွမ်း ရှိသည်။ အခု ဒီလက်သီးချီ အလင်းတွေက မိုးကြိုးလျှပ်စီး ချပ်ဝတ်ဖြင့် အဆင့်မြှင့်တင်ထားသည်။ ထို့ကြောင့် သူတို့က ဘယ်လောက်တောင်မှ အစွမ်းထက်လိုက်မလဲ။

အကယ်၍များ လင်းဟန်က မိုးကြိုးလျှပ်စီးချပ်ဝတ်၏ အစွမ်းကို အပြည့်အဝ အသုံးပြုနိုင်စွမ်း မရှိဘူးဆိုရင်တောင်မှ။

ဒီလက်သီးကို နန်းချင်းယွဲ့က ထိပ်တိုက်ရင်ဆိုင် လက်မခံပံ့ပါဘူး။ သူမက အနောက်ကို လျှင်မြန်စွာ ဆုတ်သွားခဲ့သည်။

အလောင်းကောင် စစ်သားတစ်ယောက်မှာ သေခြင်းကို လုံးဝကြောက်ရွံ့ပြီးတော့ သူကိုယ်တိုင်ပဲ ထွက်ပြေးနိုင်တာလား။ ထိုမြင်ကွင်းကား အရမ်းကို ရှားပါးလွန်းလှသည်။ အလောင်းတစ်ထောင် ဂိုဏ်း၏

တပည့်များပင် မှင်တက်အံ့ဩနေကြသည်။ သူတို့မြင်တွေ့နေရသည့် မြင်ကွင်းကိုပင် အစစ်အမှန်ဟု မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။

"ဟင့်"

သွမ့်ကျန်းရှီက အရှေ့ကို ထွက်လာပြီးတော့ ပြောလိုက်သည်။

"ဒီကောင်လေးကို ငါ့အတွက် ထားခဲ့လိုက်။ မင်းက ဟိုနစ်ယောက်ကို သွားသတ်ချေ"

နန်းချင်းယွဲ့က ချက်ချင်းဆိုသလို လှည့်လိုက်ပြီးတော့ ကွမ်းယွမ်နှင့် ယွဲ့ခိုင်ယုဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။

"အလျင်စလိုနဲ့ ထွက်မသွားနဲ့ဦးလေ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီးတော့ လက်သီးတစ်လုံးကို ပစ်သွင်းလိုက်သည်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကား ၎င်း၏အစွမ်းကို ပြသလိုက်သည်။ စုစုပေါင်း နဂါးပုံရိပ် ခုနစ်ခုက နန်းချင်းယွဲ့၏ အနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။

"ကောင်စုတ်လေး သေစမ်း"

သွမ့်ကျန်းရှီက လင်းဟန်ဆီကို ပြေးဝင်တိုက်ခိုက်လိုက်သည်။

လင်းဟန်က သူ့ကို နည်းနည်းလေးမှ အာရုံမစိုက်ပဲနဲ့ နန်းချင်းယွဲ့ကို နောက်ဆုတ်သွားအောင် ထပ်ခါထပ်ခါ တိုက်ခိုက်လိုက်သည်။

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

သွမ့်ကျန်းရှီကား ဒေါသထွက်သွားခဲ့သည်။ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် လူတစ်ယောက် ဖြစ်ပြီးတော့ သူ၏အစွမ်းကို အပြည့်အဝ အသုံးပြုခဲ့သည်။ ဒီကောင်စုတ်လေးကား စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ပဲ ရှိသေးတာဖြစ်ပြီးတော့ သူ့ကို နည်းနည်းလေးမှ ဂရုမစိုက်ပါဘူး။ ဒီကောင်စုတ်လေးက သူ့ကို ဘယ်လောက်တောင်များ နှိမ့်ချပြီးတော့ ကြည့်နေတာလဲ။

ဒါဆိုရင်တော့ မင်းက တန်ရာတန်ကြေး ပြန်ပြီးတော့ ပေးဆပ်ရလိမ့်မယ်။

သူကလျှောင်ပြောင်လိုက်ပြီးတော့ လင်းဟန်၏ နောက်ကျောကို ရည်ရွယ်ပြီး လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

"သတိထား"

ယွဲ့ခိုင်ယုနှင့် ကွမ်းယွမ်တို့ နှစ်ယောက်စလုံး အံ့အားသင့်စွာဖြင့် အော်ဟစ်လိုက်ကြသည်။

ဘုန်း

သွမ့်ကျန်းရှီ၏ လက်ဝါးရိုက်ချက်က ၎င်း၏ပစ်မှတ်ကို ထိသွားခဲ့သည်။ ဒါပေမဲ့ လျှပ်စီးအလင်းတန်း တစ်ခု လင်းလက်သွားတာကို တွေ့မြင်လိုက်ရ၏။ လင်းဟန်က အနည်းငယ် ဒယိမ်းဒယိုင် ဖြစ်သွားပြီးတော့ သွမ့်ကျန်းရှီကတော့ မသဲမကွဲ အသံတစ်ခု ထွက်ပေါ်လာပြီး သူ၏ ပါးစပ်ထောင့်မှ သွေးစီးကြောင်းတစ်ခု ယိုစိမ့်ကျလာခဲ့သည်။ သူ၏လက်ဝါးကား မည်းနက် လောင်ကျွမ်းသွားခဲ့သည်။

ဤသည်ကား လင်းဟန်တွင် စိတ်ဝိညာဉ် ပလ္လင်အဆင့်က

လူတစ်ယောက်ကိုတောင် ဒဏ်ရာရနိုင်စွမ်းရှိသည့် သဘာဝလွန် စွမ်းအား ရှိနေတာ မဟုတ်ပဲ မိုးကြိုးလျှပ်စီး ချပ်ဂတ်က ၎င်း၏အစွမ်းကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်ပေသည်။

"ဟားဟားဟားဟား"

ယွဲ့ခိုင်ယုကား သူ၏မေးစေ့ကို လက်ဖြင့် ပွတ်သပ်ပြီးတော့ ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"တကယ်လို့များ အောင်းကလန်ရဲ့ အကြီးအကဲကသာ ဒီမြင်ကွင်းကို မြင်လိုက်ရမယ် ဆိုရင်တော့ သူရဲ့နှာခေါင်းကြီးက အရမ်းကို ဒေါသထွက်လွန်းလို့ ပုံစံတောင် ပြောင်းသွားလိမ့်မယ်။ ဒါပေမဲ့ ဒါကတကယ်တော့ ထူးဆန်းတယ်။ ဒီတိုက်ပွဲချပ်ဂတ်က ငါတို့ဂိုဏ်းရဲ့ လက်ထဲကို ကျရောက်လာခဲ့တာ နှစ်ပေါင်းရာနဲ့ချီနေပြီ။ ဘာကြောင့်လဲ။ မျှော်လင့်ထားတာတွေနဲ့ ဆန့်ကျင်ပြီးတော့ ဒီကောင်စုတ်လေးက ဒါကို လုပ်နိုင်ရတာလဲ။ ဒီတိုက်ပွဲချပ်ဂတ်ကများ ပထမနေရာက သူ့အတွက် ဖြစ်ရမယ်ဆိုပြီးတော့ စောင့်မျှော်နေတာ ဖြစ်နိုင်ပါ့မလား"

အပိုင်း(၃၆၅) နတ်ဆိုးအော်သံဆေဘာဓား

မိုးကြိုးလျှပ်စီး ချပ်ဂတ်က ရေးဟောင်း အချိန်ကတည်းက ဖန်တီးထားခဲ့ခြင်း ဖြစ်သည်။ အောင်းကလန်၏ အကြီးအကဲက ၎င်းချပ်ဂတ်ကို သူ၏ သားစဉ်မြေးဆက်ကို လွှဲပြောင်းပေးချင်တဲ့ အတွက်ကြောင့် ပိုင်ဆိုင်ရရှိချင်နေခဲ့သည်။ အကယ်၍များ သူတို့အနေဖြင့် စိတ်ဂိညာဉ် ပစ္စည်း၏ အစွမ်းကို အသက်မသွင်းနိုင်ဘူး ဆိုရင်တောင်မှ ၎င်းချပ်ဂတ်ကို ပြုလုပ်ထားတဲ့ ပစ္စည်းတွေက ဂတ်ဆင်ထားတဲ့သူ၏ ရင်ဘတ်ပိုင်းနေရာကို ဖျက်ဆီးလို့မရအောင် ကာကွယ်နိုင်စွမ်း ရှိသည်။

ဒါကြောင့် အောင်းကလန်၏ အကြီးအကဲက ဂင်ခွင့်စစ်ဆေးမှုအတွက် ဒီတိုက်ပွဲချပ်ဂတ်ကို ဆုအဖြစ်ပေးအပ်မဲ့ ဆုံးဖြတ်ချက်ကို ပြုလုပ်ဖို့ စိတ်ရောကိုယ်ပါ အပြည့်အဂ ထောက်ခံခဲ့သည်။ သူက ဒီပစ္စည်းကို ပိုင်ဆိုင်နိုင်ဖို့အတွက် စွန့်လွှတ်မှု တချို့ကိုတောင် လုပ်ခဲ့၏။ တကယ်တော့ လူတိုင်းလူတိုင်းက ဒီတိုက်ပွဲချပ်ဂတ်က သေချာပေါက်ကို အောင်းမိသားစု၏ သားခုနစ်ယောက် အထဲက တစ်ယောက်ယောက်၏ လက်ထဲကို ရောက်ရှိလိမ့်မယ်လို့ သိထားကြပါတယ်။

ဒါပေမဲ့အခု အံ့ဩစရာကောင်းတာက အောင်းကလန်၏

အကြီးအကဲအနေဖြင့် မိအေးနစ်ခါ နာဆိုသလိုပဲ ဖြစ်နေခဲ့ပါပြီ။

ပိုပြီးတော့ အရေးကြီးတာက လင်းဟန်အနေနဲ့ မိုးကြိုးလျှပ်စီးချပ်ဂတ်ကို တကယ်ပဲ အသက်သွင်းနိုင်ခဲ့သည်။ ဒါက အရမ်းကို ပဋ္ဌလက်ဆန်လွန်းလှသည်။ ဆောင်းလဂိုဏ်းထဲမှာ ဒီလိုမျိုး လုပ်နိုင်တဲ့သူ တစ်ယောက်မှ မရှိဘူးဆိုတာကို အာမခံတောင် ခံနိုင်၏။

လင်းဟန်က မိုးကြိုးလျှပ်စီးချပ်ဂတ်က သူ့ကို ထောက်ပံ့ပေးတဲ့ အစွမ်းနဲ့ အစွမ်းထက်တဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ပြိုင်ဘက်နစ်ယောက်ကို လက်ရည်တူ ယှဉ်ပြိုင်တိုက်ခိုက် နေနိုင်ခဲ့သည်။ ပထမအချက်က မိုးကြိုးလျှပ်စီးချပ်ဂတ်က အရမ်းကို အံ့အားသင့်စရာ ကောင်းတဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုဖြစ်ပြီး ဒုတိယ တစ်ချက်က အလောင်းတစ်ထောင် ဂိုဏ်းသားပဲဖြစ်ဖြစ် အလောင်းကောင် စစ်သားတွေပဲဖြစ်ဖြစ် သူတို့၏ ပင်ကိုယ်သဘာဂက မကောင်းဆိုးဂါးဆန်တဲ့ အတွက်ကြောင့် လျှပ်စီးတွေ၏ သဘာဂအရ မကောင်းဆိုးဂါးတွေကို ဖိနှိပ်ထိန်းချုပ်နိုင်ခြင်း ဖြစ်၏။

ဤကား တိုက်ပွဲအပေါ်မှာ အကောင်းဆုံးသော

သုံးသပ်ကောက်ချက်ချခြင်း တစ်ခုဖြစ်နိုင်၏။

အကယ်၍များ သူတို့အနေဖြင့် တခြားသူတွေကို ပြောပြမယ်ဆိုရင် အံ့အားသင့်ပြီးတော့ သေသွားနိုင်ပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်မျှသာ ရှိသေးတဲ့ ကောင်လေး တစ်ယောက်က စိတ်ဂိညာဉ်ပလ္လင်အဆင့် ပြိုင်ဘက်နှစ်ယောက်နှင့် လက်ရည်တူ ယှဉ်ပြိုင် တိုက်နိုင်စွမ်းရှိနေသည်။

ယွဲ့ခိုင်ယုနှင့် ကွမ်းယွမ်တို့လည်း မှင်တက်အံ့သြပြီး ကျောက်ရုပ်တွေလိုမျိုး ခန္ဓာကိုယ်တွေက မာတောင့်တဲ့ အခြေအနေမှာ ရှိနေကြသည်။ သူတို့တင်မဟုတ်။ အလောင်းတစ်ထောင်ဂိုဏ်း၏ အခြားတပည့်တွေလည်း အနည်းနဲ့အများတော့ အခြေအနေတူတူပဲ ဖြစ်ကြသည်။ သူတို့လည်း လင်းဟန်၏ သဘာဝကို ဆန့်ကျင်တဲ့ တိုက်ပွဲအစွမ်းကြောင့် အားလုံး အံ့အားသင့်နေကြသည်။

"ဟင့် ဒါက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုပဲဟာ။ ငါ့မှာ မင်းကို ယှဉ်ပြိုင်ဖို့ နည်းလမ်း မရှိတော့ဘူးလို့ မင်းတကယ်ပဲ ထင်နေတာလား"

သွမ့်ကျန်းရှီက အေးစက်စွာဖြင့် သရော်လိုက်သည်။

သူ၏ညာဘက်လက်ကို ဖွေ့လိုက်တာနဲ့ သူ၏လက်ထဲမှာ ဆေဘာဓားရှည်တစ်လက် ပေါ်လာခဲ့သည်။ သူလည်းပဲ သိုလှောင်လက်စွပ် တစ်ကွင်းပိုင်ဆိုင်ထားတယ် ဆိုတာက သိသာထင်ရှားသည်။

ဤဆေဘာဓားရှည်က စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ၎င်း၏ ခန္ဓာကိုယ်ပေါ်တွင် အစီအရင်များ ရေးထွင်းထားပြီး ၎င်း၏ခန္ဓာကိုယ်က အလျှင်အမြန်နဲ့ လင်းလက်တောက်ပ လာခဲ့သည်။ စုစုပေါင်း အစီအရင် ဆယ့်သုံးခုပါရှိပြီး အစီအရင်အားလုံးကနေ မှုန်ဝါးဝါး အလင်းတစ်ခု ထွက်ပေါ်နေသည်။ ဆေဘာဓားတစ်ခုလုံးကို ကြည့်ရတာ အမည်းရောင် မြူခိုးတွေ ဝိုင်းရံထားသလို ဖြစ်နေသည်။

သွမ့်ကျန်းရှီက ဆေဘာဓားကို ဖွေ့ပြီးတော့ အလျှင်အမြန်ပဲ ခုတ်ချလိုက်သည်။ ပူး ပူး ပူး။ တဖွွေသရဲဆန်ဆန် အော်သံတွေက ဆေဘာဓားကနေ ထွက်ပေါ်လာတာကို ကြားရ၏။ ၎င်းအော်သံက ကြားတဲ့သူ အပေါင်း၏ ဦးနှောက်တွေကို ဖျက်ဆီးနိုင်စွမ်း ရှိနေသလိုမျိုး အရမ်းကို စိတ်မသက်မသာ ဖြစ်အောင်လို့ လုပ်နိုင်သည်။

"အား"

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့က ချက်ချင်းဆိုသလို သူတို့၏လက်တွေဖြင့် နားကို ပိတ်ထားလိုက်ကြသည်။ ဒါပေမဲ့ သူတို့မျက်လုံးတွေ နားတွေနှင့် ပါးစပ်ထဲက သွေးတွေက ပန်းထွက်နေဆဲပါပဲ။ သွေးတွေက သူတို့၏ လက်တွေကြားထဲကနေလည်း စိမ့်ထွက်လာတာကို ကြည့်ခြင်းဖြင့် သူတို့နားတွေကလည်း သွေးတွေ ထွက်နေတယ်ဆိုတာ သိသာထင်ရှားသည်။

"နတ်ဆိုးအော်သံ ဦးနှောက်ဖျက်ဆီး အလင်းခုနစ်ပေါက်ကို သတ်ခြင်း"

သွမ့်ကျန်းရှီက လှောင်ပြုံးပြုံးလိုက်သည်။ စိတ်ဝိညာဉ် ပစ္စည်းက ၎င်း၏ ထက်မြက်မှု အပေါ်မှာပဲ မူတည်တာ မဟုတ်ပဲ ၎င်းက ထုတ်လွှတ်လိုက်တဲ့ နတ်ဆိုးအော်သံ၏ စွမ်းရည်အထဲမှာရှိသည်။ ပြီးတော့ အလောင်းချီကို ကျင့်ကြံနိုင်တဲ့သူတွေက ၎င်းအော်သံကို ခံနိုင်ရည်ရှိ၏။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက အလောင်းတစ်ထောင်ဂိုဏ်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ သုံးခုကို ပိုင်ဆိုင်ထားခဲ့သည်။ အသက်သုံးချောင်း အလောင်းခေါင်းတလား၊ နတ်ဆိုးအော်သံ ဆေဘာဓားနှင့်

မြေအောက်ကမ္ဘာ ရေကန်ငယ်တို့ ဖြစ်ကြသည်။ ဒီစိတ်ဂိညာဉ် ပစ္စည်းကတော့ နတ်ဆိုးအော်သံ ဆေဘာဓားပဲ ဖြစ်သည်။ ၎င်းက အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပေမဲ့ စိတ်ဂိညာဉ် ပင်လယ်မှာပဲ ရှိတဲ့ လူနည်းစုကို ရင်ဆိုင်ဖို့က လုံလောက်တာထက်တောင် ပိုနေပါသေးတယ်။

လင်းဟာန်ကတော့ အေးအေးဆေးဆေး ရှိနေဆဲ ဖြစ်သည်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်တွင် အတားအဆီး တစ်ခုကို ဖန်တီးနိုင်သည်။ ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်း တစ်ခုဖြစ်၏။ အကယ်၍ ၎င်းက ပျက်ဆီးနေတယ် ဆိုရင်တောင်မှ ၎င်းက ဖန်တီးတဲ့ အတားအဆီးက နတ်ဆိုးအော်သံကနေ သူ့ကို ဒဏ်ရာမရအောင်လို့ ကာကွယ်နိုင်တဲ့ အံ့အားသင့်စရာ ကာကွယ်နိုင်စွမ်း တစ်ခုကို ပိုင်ဆိုင်ထားဆဲ ဖြစ်သည်။

ဒါပေမဲ့လည်း မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဆက်ပြီးတော့ အသက်သွင်းထားဖို့အတွက် မူလစွမ်းအင်ကို အဆက်မပြတ် ထည့်သွင်းပေးဖို့ လိုအပ်ပြီးတော့ လင်းဟာန်၏ မူလစွမ်းအင်ကို အကြီးအကျယ် ကုန်ခန်းစေသည်။ အမှန်တော့ ပစ္စည်း၏ စိတ်ဂိညာဉ် အနစ်သာရ တစ်ခု မရှိဘူးဆိုရင် ကိုယ်ပိုင်စွမ်းရည်ကို အသုံးပြုပြီးတော့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသက်သွင်းနိုင်သည်။

ရန်သူကို အနိုင်ယူတဲ့ အကောင်းဆုံး အစီအစဉ်က သူတို့၏ ခေါင်းဆောင်ကို ဖမ်းဆီးခြင်းပဲ ဖြစ်သည်။ သူက သွမ့်ကျန်းရှီကို ထိန်းချုပ်နိုင်သရွေ့ နတ်ဆိုးအော်သံကလည်း ရပ်သွားပေမည်။ ဒါပေမဲ့ ပြဿနာက သွမ့်ကျန်းရှီက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ဖြစ်ပြီး သူက ဘယ်လိုလုပ် ထိန်းချုပ်နိုင်မှာလဲ။

လင်းဟန်က ချက်ချင်းဆိုသလို ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်အနားကို ချဉ်းကပ်သွားလိုက်သည်။ သူက ရုတ်တရက် လှုပ်ရှားလိုက်ပြီး သူတို့နှစ်ယောက်ကို သတိလစ်သွားအောင် ရိုက်ပစ်လိုက်သည်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ နှစ်ယောက်စလုံးက လင်းဟန်အနေနဲ့ သူတို့ကို ရုတ်တရက် တိုက်ခိုက်လိမ့်မယ်လို့ ဘယ်လိုလုပ်ပြီး မျှော်လင့်ထားမှာလဲ။ ထို့ကြောင့် သူတို့က ပုံမှန်အတိုင်းပဲ လင်းဟန်က သူတို့အနား ချဉ်းကပ်လာတာကို မခုခံပဲ နေနေခဲ့သည်။ ဒါအပြင် လင်းဟန်က အရမ်းကို အစွမ်းထက်သည်။ ထို့ကြောင့်လည်း သူတို့နှစ်ယောက်ကို တစ်ချက်တည်းဖြင့် အမှောက်သိပ်ပစ်လိုက်နိုင်၏။

သွမ့်ကျန်းရှီလည်းပဲ မှင်တက်အံ့ဩသွားသည်။ ဒါကဘာကို ဆိုလိုတာလဲ။ လင်းဟန်က အညံ့ခံဖို့ အစီအစဉ်လုပ်ထားလို့ပဲ ဒီလူနှစ်ယောက်ကို သက်သေပြတဲ့အနေနဲ့ တိုက်ခိုက်တာ ဖြစ်နေမလား။ အကယ်၍ သူက အံ့ဩမှင်တက်နေတယ် ဆိုရင်တောင်မှ အလောင်းကောင် စစ်သားကတော့ သူ့လိုမဟုတ်ပါဘူး။ နန်းချင်းယွဲ့က ချက်ချင်းဆိုသလို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

"ငါမင်းနဲ့ ဆက်ပြီးတော့ ကစားနေဖို့ အချိန်မရှိဘူး။ ကြီးမြတ်တဲ့ ကောင်းကင် စိတ်ဂိညာဉ် လျှပ်ရှားမှု အဆောင်လက်ဖွဲ့။ သွားကြစို့"

လင်းဟန်က ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်ကို လက်တစ်ဖက်နဲ့ ကိုင်ထားပြီး ကျန်တဲ့လက်တစ်ဖက်က စာရွက်အပိုင်းအစ တစ်ခုကို ဆွဲထုတ်လိုက်ပြီး သူရဲ့ခန္ဓာကိုယ်ပေါ် ရိုက်ချလိုက်တာနဲ့ ချက်ချင်းဆိုသလို သူတို့သုံးယောက်က ပျောက်ကွယ်သွားခဲ့သည်။

အမှန်တော့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခြင်း ဖြစ်သည်။ ဒါပေမဲ့လည်း ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ရတနာတစ်ခု တည်ရှိနေတယ်ဆိုတာကို သွမ့်ကျန်းရှီက ဘယ်လိုလုပ်ပြီး သတိပြုမိနိုင်မှာလဲ။

ကြီးမြတ်သော ကောင်းကင်စိတ်ဂိညာဉ် လှုပ်ရှားမှု အဆောင်လက်ဖွဲ့ ဆိုတဲ့ စကားကို ကြားလိုက်ရတဲ့အခါမှာ လင်းဟန်က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို အသုံးပြုပြီး တည်နေရာ ရွှေ့ပြောင်းသွားတယ်လို့ပဲ ယူဆလိုက်သည်။ ချက်ချင်းဆိုသလိုပဲ သူက ဒေါသထွက်ထွက်နဲ့ အော်ဟစ်လိုက်၏။

"လပြွတ်ပဲ လပြွတ်ပဲကွာ"

"အရှင်သခင်။ ကျနော်တို့ ဘာဆက်လုပ်ကြမလဲ"

အလောင်းတစ်ထောင်ဂိုဏ်း၏ တပည့်တွေက အရှေ့ကို တိုးလာခဲ့ကြသည်။

ဖြန်း ဖြန်း ဖြန်း ဖြန်း

သွမ့်ကျန်းရှိက သူတို့အားလုံးကို ပြင်းပြင်းထန်ထန်နဲ့ ပါးရိုက်ပစ်လိုက်ပြီး ဒေါသတကြီးနဲ့ ကျိန်ဆဲလိုက်၏။

"သောက်သုံးတစ်စက်မှ မကျတဲ့ ကောင်တွေ။ ဒီလူလေး သုံးယောက်ကိုတောင်မှ မထိန်းနိုင်ဘူး"

သူတို့အားလုံးက ဘာမှ စောဒက မတက်ပုံကြပေမဲ့ စိတ်ထဲကတော့ သွမ့်ကျန်းရှီလည်း အတူတူပဲ မဟုတ်လားဆိုပြီး မေးခွန်းထုတ်နေကြသည်။ ဒါပေမဲ့လည်း သူတို့က ဒီလိုမျိုး စကားကိုတော့ ခေါင်းထဲမှာပဲ ပြောပုံတာဖြစ်ပြီးတော့ ပါးစပ်ကနေ ထုတ်ပြောဖို့မပြောနှင့် သူတို့၏ မျက်နှာပေါ်မှာ အမူအရာလေးတောင်မှ မထုတ်ပြပုံချေ။ သူတို့အားလုံး ဒူးထောက်ပြီးတော့ ပြောလိုက်သည်။

"ကျေးဇူးပြုပြီးတော့ ဒေါသကို ထိန်းပါ အရှင်သခင်"

သွမ့်ကျန်းရှီက သူရဲ့ဒေါသတွေကို ယာယီထိန်းလိုက်ပြီးတော့ အမိန့်ပေးလိုက်သည်။

"ဆုတ်ခွာမယ်။ အာရုဏ်ဦးမိုးသောက် အလင်းမရောက်ခင် ငါတို့တွေ ဒီနေရာကို စွန့်ခွာပြီးတော့ မြို့ကနေ ထွက်ခွာရမယ်"

"အရှင်သခင်။ ဒါပေမဲ့ အကြီးအကဲ ကျိုးယွမ်က နောက်သုံးရက်အကြာမှာ စစ်ဆေးဖို့အတွက် ဒီကိုလာမယ်လေ"

တပည့်တစ်ယောက်က ပြောလိုက်သည်။

"ဟင့်။ ငါတို့ရဲ့နေရာသတင်းက ပေါက်ကြားသွားခဲ့ပြီ။ နောက်အကျဆုံး မနက်ဖြန် ညနေလောက်ဆို ဆောင်းလဂိုဏ်းက လက်ရွေးစင် စစ်သည်တချို့ကို ဒီနေရာဆီ ပို့လိမ့်မယ်"

သွမ့်ကျန်းရှီက သူ၏လက်ကို ပွေ့လိုက်သည်။

"အကြီးအကဲ ကျိုးယွမ်က ပန်းဖူးအဆင့်မှာပဲ ရှိသေးတယ်။ ဆောင်းလဂိုဏ်းမှာကျတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် စစ်သည်တော်တွေ ရှိတယ်။ တကယ်လို့ အကြီးအကဲ ကျိုးယွမ်သာ ဆောင်းလဂိုဏ်းလက်ထဲကို ကျရောက်သွားမယ်ဆိုရင် ငါတို့ထဲက ဘယ်သူကများ တာဝန်ခံနိုင်မှာမိုလို့လဲ"

"နားလည်ပါပြီ"

သူတို့အားလုံးက ခေါင်းတွေကို ညိတ်လိုက်ကြပြီးတော့ တခြားသူတွေကို နိုးထဖို့အတွက် ထွက်ခွာသွားလိုက်ကြသည်။ သူတို့၏ အလောင်းကောင် စစ်သည်တွေကပါ တန်းလန်းတန်းလန်းနှင့်

ထွက်သွားကြသည်။ သူတို့ရဲ့ မြေအောက် ခံတပ်ကို ဖျက်ဆီးပစ်ဖို့ ကျန်ပါသေးတယ်။

"ကွမ်းယွမ် အင်း ကွမ်းယွမ်။ ငါတို့က တကယ်ပဲ ရန်သူတွေ ဖြစ်ဖို့အတွက် ကံဇာတာ ပါလာတာပဲ။ အတိတ်တုန်းက မင်းက ငါ့ကို မိန်းမတစ်ယောက် အတွက်နဲ့ တိုက်ခိုက်ခဲ့တယ်။ အခုကျတော့ မင်းက ငါနှစ်ပေါင်းများစွာ တည်ဆောက်ထားတဲ့ ဒီနေရာကို စွန့်ခွာသွားရအောင်လို့ ဖိအားပေးခဲ့တယ်။ မင်းငါနဲ့ နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ မဆုံမိအောင် နေပေ့ါကွာ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမင်းရဲ့ အရေခွံကို အရှင်လတ်လတ် ဆွဲဆုတ်ပစ်ပြီးတော့ အရေခွံမရှိတဲ့ အလောင်းကောင် စစ်သားဖြစ်အောင် လုပ်ပစ်မယ်"

သွမ့်ကျန်းရှီက မျက်နှာကြီး သုန်သုန်မှုန်မှုန်နဲ့ ကြိမ်းဝါးလိုက်ပြီးတော့ ထွက်သွားခဲ့သည်။

လင်းဟန်က အနက်ရောင် မျှော်စင် အထဲကနေ သေသေချာချာ ကြားသိမြင်တွေ့ လိုက်ရသည်။ သူက အလျင်စလိုနဲ့ ထွက်မသွားသေးပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အလောင်းတစ်ထောင်ဂိုဏ်းက နောက်ဆုတ်ဖို့ စီစဉ်နေပါပြီ။ သူတို့အားလုံး ထွက်သွားပြီးတော့မှ သူ့အနေနဲ့

ထွက်သွားမယ်ဆိုရင် နောက်မကျသေးပါဘူး။

နောက်ပြီးတော့ အကယ်၍များ ဆောင်းလဂိုဏ်းဆီကို ချက်ချင်းပဲ အလျင်စလိုနဲ့ ပြန်သွားမယ် ဆိုရင်တောင် ဒီအချိန်မှာ သူတို့အနေဖြင့် ဂိုဏ်းရဲ့ လက်ရွေးစင်တွေကို စုစည်းဖို့ အချိန်သိပ် မရတော့ပဲနဲ့ သူတို့အားလုံးကို ပိုင်းရံပြီး အမြစ်ဖြုတ် သုတ်သင်လို့ မရနိုင်သေးချေ။

အလောင်းတစ်ထောင်ဂိုဏ်း အင်း အလောင်းတစ်ထောင်ဂိုဏ်း။ သူတို့က တကယ့်ကို အားကောင်းတာပဲ။ သူသွားတဲ့ နေရာတိုင်းလိုလိုမှာ အလောင်းတစ်ထောင် ဂိုဏ်းနဲ့ တွေ့ဆုံနေခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် အခုသူ့လက်ထဲမှာ အားလပ်ချိန် ရှိနေပါပြီ။ ဒါကြောင့် သူက ခဏလောက်တော့ ကောင်းကောင်းကြီး ကျင့်ကြံလို့ ရပေသည်။

လင်းဟန်က ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုကို တခြားတစ်ဖက်မှာ ပစ်ချထားလိုက်သည်။ သူ့အနေနဲ့ သူတို့ကို နှိုးဖို့ အစီအစဉ် မရှိသေးပဲ သူတို့ကို ထွက်သွားပြီးတဲ့အထိ စောင့်နေဖို့ အစီအစဉ် ဆွဲထားသည်။

လင်းဟန်က မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို လက်တစ်ဖက်နဲ့ ထုတ်လိုက်သည်။ သူရဲ့ အတွေးတစ်ချက်နဲ့ ၎င်းက ခွမ်းဆိုပြီးတော့ ကွဲသွားပြီးတော့ များပြားတဲ့ မူလစွမ်းအင်တွေက သူ့ကို ဝန်းရံထားလိုက်သည်။ လင်းဟန်က သူ၏စိတ်ဝိညာဉ် အခြေခံဖြင့် ၎င်းတို့ကို ဆက်တိုက် စုပ်ယူလိုက်ပြီး တခဏမျှ အကြာမှာ မူလစွမ်းအင်တွေ အကုန်လုံးကို စုပ်ယူလို့ ပြီးသွားခဲ့သည်။

"လဖြွတ်ပဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့သည်။ လွန်ခဲ့တဲ့ နှစ်ရက်လောက်က သူ့အနေဖြင့် ကျင့်ကြံဖို့ အတွက်ကို အချိန်ကောင်းကောင်း မပေးနိုင်ခဲ့ချေ။ ဒီနေ့က သူ့အနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို အသုံးပြုပြီးတော့ ပထမဆုံး အကြိမ် ကျင့်ကြံတာဖြစ်ပြီးတော့ သူ့ကို အံ့အားသင့် သွားစေခဲ့သည်။

ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုရဖို့ စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင် တစ်ယောက်ဆီက မူလစွမ်းအင်တွေကို တစ်လလုံး အဆက်မပြတ် ထည့်သွင်းပေးမှ အောင်အောင်မြင်မြင်နဲ့ ဖြစ်ပေါ်လာခဲ့တာ ဖြစ်၏။ ဒါကြောင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုအတွင်းမှာ

ပါဂင်တဲ့ မူလစွမ်းအင်တွေက ဘယ်လောက်တောင် အစွမ်းထက်မလဲဆိုတာကို ခန့်မှန်းကြည့်လို့ ရနိုင်ပေသည်။

လင်းဟန်က ခဏလေးပဲ စုပ်ယူပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲက ကုန်သွားခဲ့ပါပြီ။

ကုန်သွားပြီ။

"ငါပိုင်တဲ့ စိတ်ဂိညာဉ် ပင်လယ်က အရမ်းကိုကြီးမားတယ်။ နောက်ပြီးတော့ နှစ်ခုတောင်ရှိတာ"

လင်းဟန်က သက်ပြင်းချလိုက်သည်။ သူ၏အစွမ်းက ပုံမှန်စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်ထက် သာလွန်ပြီးတော့ သူ၏ကျင့်ကြံခြင်းအဆင့်ကို မြှင့်တင်ချင်တယ်ဆိုရင် သူ့အနေနဲ့ ပုံမှန်လူထက် စိတ်ဂိညာဉ်ချီတွေ အများကြီး လိုအပ်ပါလိမ့်မည်။

"တစ်ခုကို ရဖို့ တစ်ခုကို အရင်ဆုံး စွန့်လွှတ်ရတယ်။ ဒါပေမဲ့လည်း တကယ်လို့ ငါက အဆင့်တူတွေ အထဲမှာ အစွမ်းအထက်ဆုံး ဖြစ်ချင်တယ်ဆိုရင် စိတ်ဂိညာဉ်ချီတွေကို ပိုပြီးတော့ စုပ်ယူရမယ်လို့ ဆိုလိုတာပဲ။ ကိစ္စမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် မူလပုံဆောင်ခဲတွေက လွယ်လွယ်ကူကူနဲ့

ရနေတာပဲ”

လင်းဟန်က သူ၏လက်ကို နောက်တစ်ကြိမ် လှုပ်လိုက်သည်။ ဤအကြိမ်တော့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာကို ဆွဲထုတ်ယူလိုက်တာ ဖြစ်၏။ ခွမ်း ခွမ်း ခွမ်း။ ၎င်းတို့အားလုံးက တစ်ချိန်တည်းမှာ ကွဲကြေသွားပြီးတော့ ချက်ချင်းဆိုသလိုပဲ မူလစွမ်းအင်တွေက ပင်လယ်လှိုင်းလုံးကြီး တစ်ခုလိုမျိုး ပန်းထွက်လာပြီး လင်းဟန်၏ ပတ်ပတ်လည်မှာ ပိုင်းရံနေသည်။

အပိုင်း(၃၆၆) ပင်လယ်လေညှင်းမြို့မှ ထွက်ခွာခြင်း

မူလစွမ်းအင် ပုံဆောင်ခဲများကို အသုံးပြုပြီးတော့ ကျင့်ကြံခြင်း၏ အကြီးမားဆုံး အကျိုးအမြတ်က အချိန်အကန့်အသတ် မရှိတာပဲ ဖြစ်သည်။

သိုင်းပညာရှင် တစ်ယောက်၏ စိတ်ဝိညာဉ်ချီတွေကို စုပ်ယပြီးတော့ မူလစွမ်းအင်အဖြစ်ကို ပြောင်းလဲခြင်း လုပ်ငန်းတွင် သူ၏စိတ်ဝိညာဉ် အခြေခံဖြင့် စိတ်ဝိညာဉ်ချီတွေကို အဆက်မပြတ် စုပ်ယူနိုင်ဖို့ သူ၏စိတ်ဝိညာဉ်ကို ချဲ့ဖို့အတွက် လိုအပ်သည်။ ဒါပေမဲ့လည်း အကယ်၍များ တစ်ယောက်ယောက်က မူလစွမ်းအင်

ပုံဆောင်ခဲများနှင့် လေ့ကျင့်လျှင် ဒီအဆင့်ကို ကျော်ဖြတ်သွားနိုင်ပြီးတော့ သူ၏ စိတ်ဝိညာဉ်ကို အကြီးအကျယ် ထိန်းသိမ်းနိုင်သည်။

ထို့ကြောင့် ကျင့်ကြံခြင်း အချိန်က သာမန်အချိန်ထက် အနည်းဆုံး နှစ်ဆကျော် သုံးဆလောက် ဆွဲဆန့်ထားနိုင်သည်။ လူတစ်ယောက်က တစ်နေကုန် လေ့ကျင့်ပြီးတဲ့နောက်မှာ အိပ်လိုက်လို့ ရသည်။ ပြန်နိုးလာတဲ့ အချိန်မှာ သူ၏စိတ်ဝိညာဉ်က ပြန်လည်ကောင်းမွန်လာခဲ့ပါပြီ။ ထို့ကြောင့် နောက်တစ်ကြိမ် ပြန်ပြီးတော့ လေ့ကျင့်နိုင်သည်။

ဒါကြောင့်လည်း အင်အားကြီး ဂိုဏ်းများ၏ တပည့်များက အလျင်အမြန်ပဲ တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ သူတို့မှာက ကျင့်ကြံခြင်းအဆင့်ကို ချိုးဖျက်တက်ရောက်ဖို့အတွက် စိတ်ဝိညာဉ် ဆေးအများကြီး ရှိရုံသာမက သူတို့၏ မူလစွမ်းအင်တွေကို အချိန်မြင့်တင် စုစည်းဖို့အတွက် မဆုံးနိုင်တဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေလည်း ရှိသည်။

နာရီဝက် အတွင်းမှာပဲ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာလုံးကို အသုံးပြုလို့ ပြီးသွားပါပြီ။

လင်းဟန် စိတ်မောသွားခဲ့သည်။ မူလစွမ်းအင် ပုံဆောင်ခဲတွေကို သူအသုံးပြုတဲ့နှုန်းက အခုတောင် အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ နောက်ပိုင်း သူက ပန်းဖူးအဆင့်နဲ့ နတ်ဘုရားအသွင် ပြောင်းလဲခြင်း အဆင့်တို့ကို ရောက်တဲ့အခါကျရင် သူရဲ့ခန္ဓာကိုယ်က အဆုံးမရှိတဲ့ ကြွက်တွင်းတစ်ခု ဖြစ်လာမလား။ အဲဒီအချိန်ကျရင် သူ၏ ကျင့်ကြံခြင်း အမြန်နှုန်းကို လျော့ကျမသွားအောင် သူလိုအပ်နေတဲ့ အချိန်တွေကို အာမခံနိုင်ဖို့အတွက် မူလစွမ်းအင် ပုံဆောင်ခဲတွေ ဘယ်လောက်တောင်များ လိုအပ်လိမ့်မလဲ။

"ငါ့မှာ အနက်ရောင် မျှော်စင် ရှိနေတာကိုပဲ ကျေးဇူးတင်ရမယ်။ အနက်ရောင် မျှော်စင်ထဲမှာ ကိုယ်ပိုင်ဆေးဥယျာဉ် တစ်ခုရှိပြီးတော့ စိတ်ဂိညာဉ်ဆေးပင်တွေရဲ့ ကြီးထွားမှုကို အရှိန်မြှင့်တင်နိုင်စွမ်း ရှိတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဆင့်မြင့် မူလစွမ်းအင် ပုံဆောင်ခဲဖြွ အများကြီးကို ဘယ်လိုလုပ်ပြီးတော့ ငါရယူနိုင်မှာလဲ။ ကြယ်တစ်လုံးအဆင့် မူလစွမ်းအင် ပုံဆောင်ခဲတွေတောင်မှ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေအတွက် အသုံးမဝင်ဘူး။ ငါသာ နတ်ဘုရားအသွင်ပြောင်းလဲခြင်း အဆင့်ကို ရောက်တဲ့အချိန်ကျရင် ငါရဲ့ကျင့်ကြံခြင်း အမြန်နှုန်းကို

မြှင့်တင်ဖို့အတွက် အနည်းဆုံး ကြယ်ငါးလုံးအဆင့် မူလစွမ်းအင် ပုံဆောင်ခဲတွေ လိုအပ်လိမ့်မယ်”

သူ၏ ယခင်ဘဝတုန်းက အခုလိုမျိုး မွန်းစတား မဆန်ခဲ့ပါဘူး။ ထို့ကြောင့် သူက မှော်ဆေးလုံးတွေ ဖော်စပ်ပြီးတော့ မူလစွမ်းအင် နည်းနည်းလောက် ပေါင်းထည့်လိုက်ရင်ပဲ သူ၏ကျင့်ကြံခြင်းက ဒုံးပျံလို ပျံထွက်သွားအောင် ထောက်ပံ့ကူညီဖို့အတွက် လုံလောက်နေပါပြီ။ ဒါပေမဲ့ အခုတော့ ဟီးဟီး။

သူက ဆက်ပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲတွေနဲ့ လေ့ကျင့်လိုက်သည်။ နောက်ထပ် မူလစွမ်းအင် ပုံဆောင်ခဲတွေက အစိတ်စိတ် အမြွှာမြွှာ ကွဲကြေသွားခဲ့သည်။ သူ၏ကျင့်ကြံခြင်း အဆင့်ကို မြင့်တင်ဖို့ မူလစွမ်းအင်တွေကို လျှင်မြန်စွာ စုပ်ယူလိုက်သည်။

“ဒါပေမဲ့လည်း ငါရဲ့ လက်ရှိကျင့်ကြံခြင်းမှာ တစ်ဆို့တဲ့ အခြေအနေ မရှိသေးဘူး။ ငါမှာ မူလစွမ်းအင် ပုံဆောင်ခဲတွေ ပင်လယ်ကြီး တစ်ခုလောက် ရှိနေသရွေ့တော့ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို မြန်မြန်ဆန်ဆန်နဲ့ တိုးနေဦးမှာပဲ”

လင်းဟန်က အနည်းငယ် ပြုံးလိုက်သည်။ သူ့ရဲ့ ခန့်မှန်းတွက်ဆချက် အရဆိုရင်တော့ နောက်ထပ် ဆယ်ရက်လောက်ဆိုရင် သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ဒုတိယအဆင့်ကို ခြေချနိုင်ပါလိမ့်မည်။

နောက်ထပ် နာရီအနည်းငယ် အကြာမှာတော့ ဆူညံသံတွေကို သူကြားလိုက်ရပြီးတော့ မြေအောက်ခန်း တစ်ခုလုံး ပေါက်ကွဲလာခဲ့သည်။

ကြည့်ရတာ သွမ့်ကလန်က အဖွဲ့ဝင်အားလုံးက သူတို့လိုအပ်တဲ့ ပစ္စည်းတွေ အားလုံးကို ယူပြီးတော့ နောက်ဆုတ်သွားကြပုံရသည်။

"အခုထွက်သွားဖို့ အချိန်ကျပြီ"

လင်းဟန်က အနက်ရောင် မျှော်စင်ကနေ အပြင်ဘက်ကို လျှပ်ပြက်သလို ထွက်လိုက်သည်။ ချက်ချင်းဆိုသလိုပဲ ဖိအားကို ခံစားလိုက်ရပြီး သူက အပျက်အစီးတွေအောက်ကို ရောက်နေခဲ့သည်။

ဒီအတွက်လည်း သူက ပြင်ဆင်ထားခဲ့ပြီး မိုးကြိုးလျှပ်စီး ချပ်ဝတ်ကို အသက်သွင်းထားတဲ့အတွက် ချပ်ဝတ်က ၎င်း၏

အစွမ်းကို ထုတ်ဖော်လိုက်ပြီး လျှပ်စီး၏ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းက ထွက်ပေါ်လာခဲ့သည်။ ပုန်း ပုန်း ပုန်း။ လင်းဟန်၏ ပတ်လည်က အုတ်ခဲတွေက ချက်ချင်းဆိုသလို အစိတ်စိတ် အမွှာမွှာ ကွဲကြေသွားခဲ့သည်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပဲ မိုးကြိုးလျှပ်စီးချပ်ဂတ်ကနေ လျှပ်စီးကြောင်းတွေကို အဆက်မပြတ်ထုတ်လွှတ်လိုက်သည်။ သူက အပျက်အစီးတွေကြားထဲကနေ အရမ်းကို လွယ်လွယ်ကူကူနဲ့ လမ်းလျှောက်လာပြီးတော့ မြေကြီးပေါ်ကို ရောက်လာခဲ့သည်။

အဲဒီအချိန်မှာ သွမ့်စံအိမ်တစ်ခုလုံးက လုံးဂကို ဖရိုဖရဲ ကစဥ့်ကလျား ဖြစ်နေတဲ့ မြင်ကွင်းကို တွေ့လိုက်ရသည်။ စံအိမ်ကြီးမှာ ကြီးမားတဲ့ မီးတောက်ကြီးက လောင်ကျွမ်းနေပြီးတော့ အပြင်က လူတော်တော်များများက မြင်တွေ့ပြီးတော့ အလျင်အမြန်နဲ့ လာရောက်ပြီး မီးတောက်တွေကို ငြိမ်းသက်ဖို့ ကြိုးစားနေကြသည်။

လင်းဟန်က သူ၏လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုပြီးတော့ မြန်မြန်ဆန်ဆန် ထွက်လာခဲ့သည်။ လမ်းသွယ်လေး တစ်ခုကို ရောက်တဲ့အခါမှာ သူက အနက်ရောင် မျှော်စင်ထဲကနေ

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်ကို ထုတ်ပြီးတော့ သူတို့ရဲ့ မျက်နှာပေါ်ကို ရေလောင်းချလိုက်သည်။

"ပူး ဖလူး"

သူတို့နှစ်ယောက်က တစ်ပြိုင်နက် ထခုန်လိုက်ပြီးတော့ ခံစစ်အသွင် ပြင်ဆင်လိုက်ကြသည်။ ဒါပေမဲ့လည်း ချက်ချင်းဆိုသလိုပဲ သူတို့ပုံစံကို ကြည့်ရတာ စိတ်ရှုပ်ထွေးသွားပုံ ရသည်။ သူတို့ရဲ့ မှတ်ဉာဏ်တွေက မြေအောက်ခန်းထဲမှာ လင်းဟာန်ကို သွမ့်ကျန်းရှီနှင့် နန်းချင်းယွဲ့တို့က ပူးပေါင်းပြီး တိုက်ခိုက်နေဆဲ အချိန်အထိပဲ မှတ်မိနေကြသည်။

"ငါတို့ ဒီနေရာကို ဘယ်လိုလုပ်ပြီးတော့ ရောက်လာတာလဲ"

"ဟူး ငါရဲ့ခေါင်းက အတော်လေး နာကျင်ကိုက်ခဲနေသေးတယ်။ လပြွတ်။ ငါအခု မှတ်မိပြီ။ မင်းပဲ ငါတို့ကို သတိမေ့သွားအောင် လုပ်လိုက်တာမဟုတ်လား"

ယွဲ့ခိုင်ယုက လင်းဟာန်ကို စိုက်ကြည့်လိုက်သည်။

လင်းဟန်က အလျှင်အမြန်ပဲ သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"မင်းရဲ့ မျက်လုံးက အမြင်တွေ ဝေဝါးနေပြီ။ ငါက မင်းတို့ကို ရိုက်တယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ဘာကြောင့်လဲဆိုတော့ ငါက ကြီးမြတ်တဲ့ ကောင်းကင်စိတ်ဂိညာဉ် လျှပ်ရှားမှု အဆောင်လက်ဖွဲ့ကို အသုံးပြုပြီးတော့ မင်းတို့နှစ်ယောက်ကို သွမ့်စံအိမ်ကနေ ခေါ်လာလို့ပဲ။ မင်းတို့နှစ်ယောက်က အဲဒီလျှပ်ရှားမှုရဲ့ အစွမ်းထက်တဲ့ ဖိအားကို ခံနိုင်ရည် မရှိလို့ သတိမေ့သွား ခဲ့တာလေ"

ဒီဖြီးလုံးက ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်ကို ကြောင်တောင်တောင် ဖြစ်သွားစေခဲ့သည်။ သူတို့နှစ်ယောက်စလုံးပဲ ဘယ်သူကမှ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ အမျိုးအစား တစ်ခုမှ အသုံးမပြုဖူးပါဘူး။ ဒါကြောင့် အဲဒီလို အဆောင်လက်ဖွဲ့မျိုးကို အသုံးပြုလိုက်ရင် ဘယ်လိုမျိုး ဘေးထွက်ဆိုးကျိုး ခံစားရသလဲ ဆိုတာကို သူတို့မသိပါဘူး။ သူတို့စိတ်ထဲမှာတော့ လင်းဟန်၏ စကားလုံးများကို သံသယ ဝင်ကောင်း ဝင်ပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ပုံစံကို ကြည့်ရတာ သူတို့၏ သံသယအတွက်တောင် အခြေခံအသိ မရှိပါဘူး။

"ငါတို့ ပြန်သင့်ပြီ"

လင်းဟန်က ပြောလိုက်သည်။

ယွဲ့ခိုင်ယုက အလျင်အမြန် ပြောသည်။

"ငါတို့ ဂိုဏ်းကို အရင်ပြန်ပြီးတော့ အဆင့်မြင့်တဲ့ လူတွေကို အလောင်းတစ်ထောင် ဂိုဏ်းအကြောင်း သတင်းပို့သင့်တယ်။ ဂျူနီယာညီလေးဟန် ငါတို့က အလောင်းတစ်ထောင် ဂိုဏ်းက ဒီနေရာမှာ အခြေစိုက်စခန်းတစ်ခု တည်ဆောက်ထားတာကို ရှာတွေ့ခဲ့တယ်။ ဒါက ကြီးမားတဲ့ အောင်မြင်မှုကြီး တစ်ခုပဲ။ မင်းအတွက် ငါတို့ရဲ့ အကြီးအကဲကို စကားအနည်းငယ် ပြောပေးဖို့ ငါပြောလိုက်မယ်။ ဒါဆိုရင် မင်းရဲ့အပြစ်ဒဏ်က လုံးဝကို ပယ်ဖျက်ခံရလိမ့်မယ်။ ဒါကြောင့် မင်းက အမှောင်နတ်ဆိုးတောအုပ်ကို စွန့်စားပြီး သွားဖို့ လိုတော့မှာ မဟုတ်ဘူး"

လင်းဟန်က ပြုံးရုံသာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ကောင်းပြီလေ။ ငါလည်း ခရီးထွက်ဖို့ အစီအစဉ်လည်း ရှိနေတယ်။ မင်းက ဂိုဏ်းကို ပြန်ပြီးတော့ သတင်းပို့လိုက်။

ငါကတော့ သူတို့ကို ခေါ်ပြီးတော့ အမှောင်နတ်ဆိုး တောအုပ်ဆီကို အေးအေးလူလူနဲ့ အပန်းဖြေ လမ်းလျှောက်ပြီးတော့ သွားလိုက်မယ်”

လင်းဟန်က သူမိခင်ရဲ့ သတင်းတစ်ချို့ကို သိခဲ့ရပါပြီ။ ပြီးတော့ အခုအချိန်မှာ သူ့အနေနဲ့ ယွဲ့ဟောင်ချန်ကို ကယ်တင်ဖို့ မဖြစ်နိုင်သေးပေ။ ဒါကြောင့် လင်းဒေါင်ရှန်အတွက် လိုအပ်နေသေးတဲ့ အဓိက ပါဂင်ပစ္စည်းနှစ်ခုကို သွားရှာဖွေတာက သူ့အတွက် အကောင်းဆုံး ဖြစ်လိမ့်မည်။

ဒါကြောင့် အကယ်၍ ဆောင်းလဂိုဏ်းဆီကို ခရီးသွားလိုက်မယ်ဆိုရင် လုံးဝစိတ်ကျေနပ်စရာ ကောင်းလိမ့်မယ်လို့ ယူဆလို့ မရပေ။ အခြေခံအားဖြင့်တော့ ဆောင်းလဂိုဏ်းဆီကနေ သူ၏ရည်မှန်းချက် အောင်မြင်မှု ရခဲ့ပြီလို့ ဆိုနိုင်သည်။

ယွဲ့ခိုင်ယုက ခေါင်းညိတ်လိုက်သည်။ အလောင်းတစ်ထောင် ဂိုဏ်းက ပင်လယ်လေညှင်းမြို့မှာ ပေါ်ထွက်လာခဲ့သည်။ ဒါက ဆောင်းလဂိုဏ်းရဲ့ လက်အောက်မှာရှိတဲ့ မြို့တစ်မြို့ ဖြစ်၏။ ဤကား ကြီးမားတဲ့ ကိစ္စတစ်ခုဖြစ်သည်။ ထို့ကြောင့် ဂိုဏ်းကို သိအောင်လို့ လုပ်ဖို့က အရမ်းကို အရေးကြီးသည့်

ဦးစားပေး ကိစ္စတစ်ခု ဖြစ်ပေသည်။

ယွဲ့ခိုင်ယု ထွက်သွားပြီးတဲ့နောက်မှာ လင်းဟာန်နှင့် ကွမ်းယွမ်တို့က တည်းခိုနေရာကို ပြန်လာခဲ့ကြသည်။

ကွမ်းယွမ်ကို ကြည့်ရတာ အရမ်းကို စိတ်မချမ်းမသာ ဖြစ်နေပုံရသည်။ သူ၏နတ်ဘုရားမလေးက လွှန်ခဲ့တဲ့ နှစ်တွေကတည်းက အလောင်းကောင် စစ်သားအဖြစ်ကို မွမ်းမံသန့်စင်ခြင်း ခံလိုက်ရပြီး ဖြစ်သည်။ ဒါကြောင့် သူ့အနေနဲ့ သွမ့်ကျန်းရှိကို အရိုးထဲကနေ မုန်းတီးနေသည်။

"တကယ်လို့ ခင်ဗျား လက်စားချေချင်တယ်ဆိုရင် ပထမဆုံး ခင်ဗျားရဲ့ ကိုယ်ပိုင်အစွမ်းကို မြှင့်တင်သင့်တယ်"

လင်းဟာန်က တည်တည်ငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားရဲ့ လက်ရှိစွမ်းရည်နဲ့ဆိုရင် လက်စားချေဖို့ ဘယ်လိုနည်းလမ်းမှ မရှိဘူး။ ကိုယ့်ကိုကိုယ်ပဲ သွမ့်ကျန်းရှီဆီကို အစားအစာအဖြစ် ပေးလိုက်သလို ဖြစ်သွားလိမ့်မယ်။ ကျနော်ကတော့ ခင်ဗျားကို မကူညီဘူး။ ဒီလက်စားချေမှုက ခင်ဗျားကိုယ်တိုင်ပဲ လုပ်ရလိမ့်မယ်"

ကွမ်းယွမ်က လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်ပြီး သူ၏မျက်နှာပေါ်မှာ အားကောင်းတဲ့ တိုက်ခိုက်ခြင်း စိတ်ဂိညာဉ် တစ်ခုကို မြင်နိုင်သည်။

"အရမ်းကောင်းတယ်။ ကျင့်ကြံခြင်း အရင်းအမြစ်ကိစ္စကိုတော့ ခင်ဗျားလုံး၀ ကျေနပ်အောင် ကျနော်ဘက်က ဖြည့်ဆည်းပေးမယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်ပြီးတော့ သွမ့်ကျန်းရှီကို မီအောင်လုပ်ဖို့ကတော့ ခင်ဗျားရဲ့ ကိုယ်ပိုင်အစွမ်းအစ အပေါ်မှာ မူတည်တယ်"

လင်းဟန်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

ကွမ်းယွမ်က ခေါင်းညိတ်လိုက်သည်။ သူချစ်ရတဲ့ အမျိုးသမီးအတွက် လက်စားချေဖို့ကိစ္စကို တခြားသူလက်ထဲကို အပ်နှံဖို့ကိုတော့ သူလုံး၀ မလိုချင်ပါဘူး။

"အစောတုန်းက ခင်ဗျားတို့ နှစ်ယောက်ကို သတိလစ်သွားအောင် လုပ်ခဲ့တာက ကျနော်ပဲ"

လင်းဟန်က ပြုံးဖြီးဖြီးနဲ့ ပြောလိုက်သည်။

"ကျနော်မှာ သိုလှောင်လက်စွပ်နဲ့ တူတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရှိတယ်။ ဒါပေမဲ့ အဲဒီပစ္စည်းက သက်ရှိအရာတွေကို ထည့်ထားနိုင်စွမ်းရှိတယ်။ အခုလေးတင် ခင်ဗျားတို့ နစ်ယောက်ကို အဲဒီထဲကနေ ဆွဲထုတ်ထားတာပဲ။ ဒါကြောင့်ပဲ ကျနော်တို့တွေ သွမ့်ကျန်းရှီလက်ထဲကနေ လွတ်မြောက်လာနိုင်ခဲ့တာ"

သူကဒီလျှို့ဟှက်ချက်ကိုတော့ ယွဲ့ခိုင်ယု မသိအောင် ထိန်းထားလိုက်သည်။ ဘာကြောင့်ဆိုတော့ ဒီကောင်က အရက်မူးရင် ဘယ်လျှို့ဟှက်ချက်ကိုမှ မထိန်းထားနိုင်ပေ။ ဘယ်လိုလုပ်ပြီးတော့ သူ့ကို ပြောလို့ ဖြစ်မှာလဲ။

ကွမ်းယွမ်က အံ့အားသင့် သွားခဲ့သည်။ သက်ရှိတွေကို ထည့်ထားနိုင်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု။ သူ့အနေနဲ့ ထိုကဲသို့သော အရာမျိုးကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒါပေမဲ့လည်း သူရဲ့ ကျင့်ကြံခြင်းအဆင့် ကန့်သတ်မှုကြောင့် ထိုကဲ့သို့သော ရတနာက ဘယ်လောက် အဖိုးတန်သလဲ ဆိုတာကို မသိပါဘူး။ ဒါကြောင့် သူက တစ်ခဏမျှပဲ အံ့အားသင့်သွားခဲ့သည်။

"အခု ခင်ဗျားကို အဲဒီအထဲကို ပြန်ထည့်လိုက်မယ်။ အထဲမှာ

မူလစွမ်းအင် ပုံဆောင်ခဲတွေကို ခင်ဗျားစိတ်ကြိုက် အသုံးပြုနိုင်တယ်။ ပထမဆုံး ခင်ဗျားရဲ့ အခြေခံကို ခိုင်မြဲကျစ်လျစ်အောင် စိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို အသုံးပြုဖို့လိုတယ်။ ပြီးတော့မှ အဆင့်တက်ပါ။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် တိုက်ပွဲတစ်ခုမှ ညီမျှနေတဲ့ ကြားမှာ ဘယ်လိုလုပ်ပြီးတော့ ခင်ဗျားက သွမ့်ကျန်းရှိန့် အလောင်းကောင် စစ်သားတစ်ယောက်ရဲ့ ပူးပေါင်းအင်အားကို အနိုင်ယူနိုင်မှာလဲ။ နောက်ပြီးတော့ သူမှာ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကိုလည်း ပိုင်ဆိုင်ထားတယ်"

လင်းဟာန်က ဆက်ပြီးတော့ ပြောလိုက်သည်။

"ကောင်းပြီလေ"

ကွမ်းယွမ်က ခေါင်းညိတ်လိုက်သည်။

"မခုခံနဲ့။ အခု ခင်ဗျားကို အထဲကို ထည့်ပေးတော့မယ်"

လင်းဟာန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ကွမ်းယွမ်ပခုံးပေါ်ကို တင်လိုက်သည်။ အတွေးတစ်ချက်နဲ့တင် ကွမ်းယွမ်က သူရပ်နေတဲ့ နေရာကနေ ပျောက်ကွယ်သွားခဲ့သည်။ သူက အနက်ရောင်

မျှော်စင်ထဲကို ဝင်ရောက်သွားခဲ့သည်။

လင်းဟန်က မကြာခင်မှာပဲ တည်းခိုရာနေရာကို ပြန်ရောက်သွားခဲ့သည်။

"လင်းဟန်"

လွှီယုထန်နဲ့ လီစီရှန်းတို့က ချက်ချင်းပဲ ရောက်လာပြီးတော့ သူ့ကိုကြိုဆိုလိုက်ကြသည်။ ဟူးညို့ကတော့ သူရဲ့လက်မောင်းကို တန်းပြီးတော့ ဖက်တွယ်လိုက်သည်။ ဒီအချိန်မှာ ယွဲ့ခိုင်ယုက ရှိမနေခဲ့ပါဘူး။ ဒါကြောင့် ဒီမိန်းကလေးနှစ်ယောက်က လင်းဟန်ကို သူရဲ့နာမည် အစစ်အမှန်ကို ခေါ်လိုက်တာပဲ ဖြစ်သည်။

သူက ကန်းရီနဲ့ ကျူးပူကျို့တို့ကို ခေါ်လိုက်ပြီးတဲ့နောက်မှာ အကြမ်းဖျင်း ရှင်းပြလိုက်သည်။ လင်းဟန်က သူတို့အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတော့ အထဲမှာ လေ့ကျင့်ဖို့ ပြောလိုက်ပြီး သူကတော့ ပင်လယ်လေညှင်းမြို့ကနေ ထွက်လာခဲ့သည်။ သူက မြင်းလှည်းတစ်စီးကို ငှားပြီးတော့ ယန်စွမ်းအားမြင့်မြို့ဆီကို ဦးတည်ထွက်ခွာ လာခဲ့သည်။

ယန်စွမ်းအားမြင့်မြို့ကို မြောက်ပိုင်းဒေသ၏ အလယ်ဟုတောင် ယူဆနိုင်သည်။ ၎င်းက စီးပွားကုန်စည် ကူးသန်းမှု အရမ်းကို ကောင်းမွန်တဲ့ အချက်အချာ ဒေသလည်း ဖြစ်၏။ မြောက်ပိုင်းဒေသ၏ မှော်ဆေးပညာ အဖွဲ့အစည်းနှင့် စိတ်ဂိညာဉ် ရတနာ လေလံစံအိမ်၏ ဌာနချုပ်တွေ တည်ရှိတဲ့ နေရာလည်းဖြစ်၏။ မြောက်ပိုင်းဒေသ တစ်ခုလုံး၏ အရင်းအမြစ် အပေါကြွယ်ဝဆုံး နေရာတစ်ခုလည်း ဖြစ်သည်။

တန်ဖိုးကြီးတဲ့ ပစ္စည်းတွေက ယန်စွမ်းအားမြင့်မြို့မှာ ပထမဆုံး ပေါ်ထွက်လာတယ်လို့တောင် ပြောလို့ရနိုင်သည်။ ပြီးတော့မှ စုစည်းပြီးတော့ မြောက်ပိုင်းဒေသ၏ နေရာအနှံ့အပြားကို ပို့ဆောင်ကြသည်။

လင်းဟန်အနေနှင့် ဤနေရာတွင် စိတ်ဂိညာဉ်ပြန်လည်ကုသခြင်း ဆေးလုံးကို ဖော်စပ်ဖို့ လိုအပ်တဲ့ ကျန်ရှိနေတဲ့ အဓိက ဆေးအမယ်နစ်မျိုးကို ရနိုင်ပေသည်။

အပိုင်း(၃၆၇) သတ်ဖြတ်ရန် သွမ့်ကျန်းရှီ၏ တစ်ကောက်ကောက် လိုက်နေမှု

အဆိုပါရထားကား လှုပ်ပြီးတော့ ယိမ်းထိုးနေသည်။ ယန်စွမ်းအားမြင့်မြို့ဆီကို သွားရတဲ့ ခရီးက တစ်လနီးပါးခန့် အချိန်ယူရလိမ့်မည်။ ဘာကြောင့်လဲဆိုတော့ လင်းဟာန်က အရမ်းကို လျင်မြန်တဲ့ မျက်လုံးနီဦးချို သားရဲကို ငှားရမ်းခဲ့လို့ ဖြစ်သည်။ လူတွေပြောကြတာတော့ ဒီသားရဲအမျိုးအစားက တစ်ရက်ကို မိုင်ပေါင်း တစ်သောင်းလောက် ခရီးသွားနိုင်၏။ အကယ်၍များ မြင်းလှည်းကို သာမန်သားရဲတွေက ဆွဲလာမယ်ဆိုရင် ဒီခရီးကို သုံးလ လေးလလောက်တောင် အချိန်ယူရ ပါလိမ့်မည်။ ခရီးအကြာကြီး မသွားချင်တဲ့ လူအတွက်ကတော့ စိတ်မချမ်းမသာ ဖြစ်လိမ့်မည် မဟုတ်ပါလား။

ထိုသားရဲကား မြင်းလှည်းဆွဲရာတွင် အရမ်းကို ချောမွေ့လွန်းလှသည်။ လင်းဟာန်က မြင်းလှည်း အတွင်းမှ လှုပ်ခါနေမှုကို ခံစားရနိုင်သည်။ ဒါပေမဲ့ အရမ်းကြမ်းကြမ်းတမ်းတမ်း မဟုတ်ချေ။ ထို့အပြင် လင်းဟာန်က သူ၏အချိန် အများစုကို အနက်ရောင် မျှော်စင် အတွင်းမှာ အသုံးပြုခဲ့သည်။ ထို့ကြောင့် မြင်းလှည်းက လှုပ်တာဆောင့်တာတွေက သူ့အတွက်တော့ အရေးမပါပေ။

ကွမ်းယွမ်ကား သူ၏ဒေါသများကို စိတ်အားထက်သန်မှု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူကိုယ်တိုင်၏

အသိအမှတ်ပြုရလောက်တဲ့ ပါရမီနှင့် လင်းဟန်၏ အဆုံးမရှိ ထောက်ပံ့ပေးတဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေကြောင့် သူ၏ကျင့်ကြံခြင်းပေါ်တွင် အတောင်ပံများပေါက်လာသလို တဟုန်ထိုး မြင့်တက်လာခဲ့သည်။ ယခုဆို သူကား စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်လို့ နေခဲ့ပြီဖြစ်သည်။

ကန်းရီလည်းပဲ စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့အတွက် စတင်လုပ်ဆောင် နေသည်။ လွီယုထန်နှင့် ကျူးပူကျို့တို့ကား ကျင့်ကြံခြင်းအဆင့်၏ နောက်ထပ်အဓိက အကန့်အသတ်ဆီကို ရောက်ရှိလို့နေပြီး လက်ရှိမှာတော့ ငွေဦးစမ်းရေအဆင့် လမ်းကြောင်း အပေါ်တွင် အလျင်အမြန်ဖြင့် အဆင့်တက်လာကြသည်။ သူတို့နှင့် နှိုင်းယှဉ်ရမည် ဆိုပါက လီစီရှန်း၏ တိုးတက်မှု အမြန်နှုန်းကား ပိုပြီးတော့ နှေးကွေးပေသည်။

ဒါပေမဲ့လည်း သူမ၏ ပါရမီကား မှော်ဆေးပညာရပ်တွင် ဖြစ်ပြီးတော့ လင်းဟန်ကို အရမ်းပဲ ကျေနပ်ပီတိ ဖြစ်စေသည်။ လင်းဟန်က သူမကို မှော်ဆေးပညာတွင် အာရုံစိုက် လမ်းညွှန်သင်ကြား ပြသပေးခဲ့သည်။ ဒါပေမဲ့ သူမ၏ ကျင့်ကြံခြင်းအတွက်ရော။ သူမအနေနှင့် သူမ၏ ကျင့်ကြံခြင်းအဆင့်ကို မှော်ဆေးလုံးတွေဖြင့်

အဆင့်တက်နိုင်သည်။ ထို့ကြောင့် သူမ၏ မှော်ဆေးပညာ အဆင့်တက်မှုများက မနှောင့်နှေးသရွေ့ ကျင့်ကြံခြင်းအဆင့်ကလည်း နောက်ကျလိမ့်မည် မဟုတ်ချေ။

အံ့အားသင့်စရာ အကောင်းဆုံး လူတစ်ယောက်ကတော့ ထုံးစံအတိုင်း ဟူးညိုပင် ဖြစ်သည်။ နွေဦးစမ်းရေ အလွှာ ၉ အဆင့်ကို ရောက်သွားပြီးတဲ့နောက်မှာ သူမက စိတ်ဝိညာဉ်ပင်လယ် အဆင့်ကို နည်းနည်းလေးမှ ရပ်တန့်ခြင်းမရှိပဲ ချိုးဖျက်ဝင်ရောက် သွားခဲ့သည်။ အဓိက ကျင့်ကြံခြင်း နှစ်ခုအကြားက တစ်စို့မှုများနှင့် အခြေခံ မတည်မြဲခြင်းတွေက သူမအတွက်တော့ မည်သည့်ပြဿနာမှ မရှိသလိုပါပဲ။

သူမက အစွမ်းထက်ဆုံး သက်ရှိတစ်ယောက် အဖြစ် မွေးဖွားလာသည့် အတိုင်းပါပဲ။ ထို့ကြောင့် အဓိကကျင့်ကြံခြင်း နောက်တစ်ဆင့်အတွက် တစ်စို့ခြင်းက သူမအတွက်တော့ လုံးဝ မရှိပါဘူး။ ထို့ပြင် သူမ၏ အခြေခံက နောက်တစ်ဆင့်ကို တက်သွားသည်နှင့် အားကောင်းလာပြီးတော့ သူမအတွက်တော့ တခြားသူတွေနှင့် မတူညီပဲ သူမ၏ လမ်းကြောင်းကပဲ ဤကဲ့သို့ လုပ်ဖို့သာ လိုအပ်ပေသည်။

ပိုပြီးတော့ အရေးကြီးတာက သူမဘယ်လောက်ပဲ စားစား ကိစ္စမရှိပါဘူး။ သူမစားသမျှ အစားအသောက်တွေကို သူမကိုယ်ပိုင် မူလစွမ်းအင်တွေအဖြစ်ကို ပြောင်းလဲပစ်နိုင်စွမ်း ရှိပေသည်။ ထို့ကြောင့် သူမက အဆက်မပြတ် တိုးတက်လာခဲ့သည်။

လင်းဟန်က ဟူးညို့နှင့်အတူ လက်ရည်စမ်းခဲ့ကြသည်။ ပုံမှန်အခြေအနေ အတိုင်းဆိုလျှင် သူက ဒီမိန်းကလေးနဲ့ ဘယ်လိုမှ လက်ရည်ခြင်း မတူပေ။ သူအနေဖြင့် မုသားမဲ့မျက်လုံးကဲ့သို့ လျှို့ဝှက်ဆန်းကြယ် အစွမ်းတစ်ခုကို အသုံးပြုပြီးတော့ ဟူးညို့၏ လှုပ်ရှားမှုတွေကို ရိပ်ခနဲမြင်အောင် ကြည့်ပြီးတာတောင်မှ သူတို့က သရေကျနေဆဲ ဖြစ်သည်။

ထိုမိန်းကလေး၏ အမြန်နှုန်းကား တကယ့်ကို နှိုင်းယှဉ်လို့ မရအောင် အံ့သြစရာ ကောင်းလွန်းပြီး လင်းဟန်တောင်မှ သူ၏စွမ်းရည်တွေကို ထုတ်ဖော်နိုင်စွမ်းမရှိပဲ သူ့ထက်တောင်မှ သန်မာတယ်လို့တောင် အတွေးတွေဝင်လာစေခဲ့သည်။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ သူတို့က

ဆောင်းလဂိုဏ်း၏ စီရင်ပိုင်ခွင့် နယ်မြေကနေ ထွက်ခွာလာခဲ့ပြီး ယန်စွမ်းအားမြင့်မြို့ဆီကို ပိုပြီးတော့ နီးကပ်လာခဲ့သည်။

ဟီးဟီးဟီး

မြင်းလှည်းကား ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

ထိုအချိန်တွင် လင်းဟန်က မြင်းလှည်းအတွင်းမှာ ရှိနေပြီး မြင်းလှည်းမောင်းသူ၏ အော်ဟစ်ငေါက်ငမ်းလိုက်သည့် အသံကို ကြားလိုက်ရသည်။

"ဒီမြင်းလှည်းက နေလုပ်ငန်းစုရဲ့ မြင်းလှည်းပဲ။ ဘယ်သူက ဒီမြင်းလှည်းကို ဓားပြတိုက်ပွဲတာလဲ"

"ဟင့် အထဲကလူကိုပဲ အပြင်ကို ထွက်လာခိုင်းလိုက်စမ်း"

အေးစက်စက် အသံတစ်ခုကို ကြားလိုက်ရသည်။

လင်းဟန်က မျက်ခုံးတွေ တွန့်သွားအောင် မျက်မှောင်ကြုတ်လိုက်သည်။ သွမ့်ကျန်းရှီပဲ။

သူက မြင်းလှည်းတံခါးကို ဖွင့်လိုက်သည့်အခါ သွမ့်ကျန်းရှီက မြင်းလှည်းကနေ ဆယ်မီတာ အကွာခန့်တွင် ရပ်နေသည်ကို လှမ်းမြင်လိုက်သည်။ သွမ့်ကျန်းရှီ၏ ဦးခေါင်းတွင် ကြီးမားကျယ်ပြန့်တဲ့ ဦးထုပ်တစ်လုံးကို ဆောင်းထားပြီးတော့ နေ၏အလင်းရောင်ကို ဖုံးကွယ်ထားသည်။ အလောင်းတစ်ထောင်ဂိုဏ်း၏ အဖွဲ့သား တစ်ယောက် အနေဖြင့် အလောင်းချီကို လေ့ကျင့်ပြီးသည့် နောက်တွင် သူတို့ကား နေ၏အလင်းရောင်ကို မကြောက်ရွံ့ပေမဲ့ နေရောင်ခြည်ကိုတော့ အရမ်းကို မနှစ်မြို့ချေ။

ဒီလူက သူ့အနောက်ကို လမ်းတစ်လျှောက်လုံး တစ်ကောက်ကောက်နဲ့ လိုက်လာတာလား။

လင်းဟန်က မြင်းလှည်းအပေါ်မှ အောက်ကို ဆင်းလိုက်ပြီးတော့မှ မြင်းလှည်းမောင်းသမားကို ပြောသည်။

"မင်းတို့အားလုံး အရင်ဆုံး ထွက်သွားပြီးတော့ ဒီနေရာကနေ အရှေ့တည့်တည့် ဆယ်မိုင်အကွာမှာ စောင့်နေကြ။ တကယ်လို့များ ငါက တစ်နာရီအတွင်းမှာ ရောက်မလာဘူးဆိုရင် မင်းတို့တွေ ငါ့ကိုဆက်ပြီးတော့ စောင့်နေစရာ မလိုတော့ဘူး"

မြင်းလှည်းမောင်းသူက လင်းဟန်၏ စကားများကို ကြားလိုက်သည်နှင့် ကျေနပ်ပြီးတော့ စိတ်သက်သာရာ ရသွားခဲ့သည်။ ပုံမှန်အတိုင်းဆိုလျှင် သူတို့၏ အလုပ်ရှင်ကို ကာကွယ်ဖို့က သူတို့၏ တာဝန်သာ ဖြစ်ပေသည်။

သွမ့်ကျန်းရှီကား သူတို့ကို မတားဆီးခဲ့ပေ။ သူ၏ပစ်မှတ်ကား လင်းဟန်ပဲ ဖြစ်သည်။ ဒီမြင်းလှည်းမောင်းသူ နှစ်ယောက်ကတော့ သေသေရှင်ရှင် သူနဲ့လုံးဝ မဆိုင်ပေ။

"ခင်ဗျားက တကယ့်ကို အတင့်ရဲတာပဲ။ ဆောင်းလဂိုဏ်းက လက်ရွေးစင်တွေကလည်း ခင်ဗျားကို လိုက်ရှာနေတယ် ဆိုတာကို သိသိကြီးနဲ့ မြို့ထဲမှာ ကျုပ်ကို ခင်ဗျားက ရှာပုံ့သေးတယ်။ နောက်ပြီးတော့ ခင်ဗျားက ကျုပ်ကိုတောင် တကယ်ပဲ ရှာတွေ့သွားခဲ့တာပဲ"

လင်းဟန်က သူ၏ခေါင်းကို ခါလိုက်သည်။ သူ့ပုံစံကို ကြည့်ရတာ အတော်လေး အံ့အားသင့်နေပုံ ရ၏။

သွမ့်ကျန်းရှီက အေးစက်စွာ သရော်ပြုံးပြုံးပြီးတော့ ပြောသည်။

"တကယ်လို့ ငါကမင်းကို ခေါင်းမဖြတ်ပစ်နိုင်ဘူးဆိုရင်

ဘယ်လိုလုပ်ပြီးတော့ အကြီးအကဲ ကျူးယွမ်ကို မျက်နှာပြလို့ ဖြစ်မှာလဲ”

လင်းဟန်က ပြုံးဖြဲဖြဲနဲ့ ပြောသည်။

“ခင်ဗျားက ကျုပ်ကို အနိုင်ယူနိုင်လိမ့်မယ်လို့ တကယ်ပဲ ယုံကြည်နေတာလား”

“တကယ်လို့ မင်းမှာ တည်နေရာရွှေ့ပြောင်းတဲ့ အဆောင်လက်ဖွဲ့သာ ရှိမနေဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ငါ့လက်ထဲကနေ မင်းလွတ်မြောက်နိုင်မှာလဲ”

သွမ့်ကျန်းရှီက လှောင်ပြုံးပြုံးလိုက်သည်။

“မင်းမှာ အဲဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတစ်ခု နောက်ထပ်ရှိနေဦးမယ်ဆိုတာ ငါလုံးဝ မယုံဘူး”

“ဒါဆိုရင်တော့ မင်းစိတ်ပျက်သွားမှာကို ငါတကယ်ပဲ ကြောက်မိတယ်”

လင်းဟန်က ပြုံးပြီးတော့ အနက်ရောင် မျှော်စင်ထဲကို လျှပ်ပြက်သလို ဝင်ရောက်သွားခဲ့သည်။

အနက်ရောင် မျှော်စင်ကနေ စွမ်းအားတစ်ကြိမ် ထည့်သွင်းခြင်းကို အသုံးမပြုဘူးဆိုရင် လင်းဟန်၏ လက်ရှိ ကျင့်ကြံခြင်းအဆင့် ဖြစ်သည့် စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမအဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ ပြိုင်ဘက်တစ်ယောက်ကို သတ်ဖို့အတွက် နည်းလမ်းမရှိပါဘူး။ အဓိကကတော့ သူတို့နှစ်ယောက်အကြားက စွမ်းအားကွာဟချက်က အရမ်းကို ကြီးမားနေလို့ပဲ ဖြစ်သည်။ စွမ်းအားကွာဟချက်က အရမ်းကို ကြီးမားနေတယ်ဆိုရင် ဒါက လွှမ်းမိုးနိုင်ခြင်း အကြောင်းအရာ တစ်ခုပင် ဖြစ်၏။ ပြောရမည်ဆိုလျှင် အစွမ်းကြီးမားသည်က နည်းစနစ်ပေါင်း တစ်သောင်းကိုပင် အနိုင်ယူနိုင်သည်။ ဒါကြောင့် ဘယ်လိုနည်းစနစ်မျိုးနှင့်မှ ဒီအစွမ်းကွာဟချက်ကို ဖာထေးလို့ မရပေ။

ထို့အပြင် သူက သွမ့်ကျန်းရှီကို ကွမ်းယွမ် လက်စားချေနိုင်ဖို့အတွက် ချန်ထားပေးရပါဦးမည်။ ဤကဲ့သို့ ကြီးမားတဲ့ ရန်စကို ကွမ်းယွမ်၏ လက်ဖြင့် ကိုယ်တိုင်ကိုယ်ကျ လက်စားမချေနိုင်ခဲ့ဘူး ဆိုလျှင် သူသေသွားခဲ့မယ်ဆိုရင်တောင် ငြိမ်းချမ်းလိမ့်မည် မဟုတ်ချေ။

သွမ့်ကျန်းရှီကား အံ့အားသင့် နေခဲ့သည်။ လင်းဟန်တွင် နောက်ထပ် တည်နေရာ ရွှေပြောင်းခြင်း အဆောင်လက်ဖွဲ့ တစ်ခု ထပ်ပြီးတော့ ရှိနေဦးမယ်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။ တစ်ခုနားလည် ထားရမှာက ဤကဲ့သို့သော ပစ္စည်းအမျိုးအစားမှာ တကယ့်ကို တန်ဖိုးမဖြတ်နိုင်ပေ။ ၎င်းပစ္စည်းက သင်၏အသက်ကို ကာကွယ်စောင့်ရှောက်နိုင်သည့် နတ်ဘုရား ပစ္စည်းတစ်မျိုး ဖြစ်နိုင်ပေသည်။ ထို့အပြင် ၎င်းက ရှေးခေတ်အချိန်ကတည်းက ပျောက်ဆုံးကွယ်ပျောက်သွားသည့် ပစ္စည်းမျိုး ဖြစ်ပေသည်။ လင်းဟန်တွင်မူကား တစ်ခုထက်မက ရှိနေသည်။ ဤအချက်ကြောင့် သူ့ကို လုံးဝကို မှင်တက် အံ့သြသွားစေခဲ့သည်။

"ဟင့် အခုဆို ဒီကောင်စုတ်လေးက သချိုင်းဂူကြီးက ယင်ချီကြောင့် ညစ်ညမ်းမှုတွေ ဖြစ်နေခဲ့ပြီ။ သူက နှစ်ဝက်အချိန်အတွင်းမှာ ငါ့နှာခေါင်းအောက်ကနေ ဘယ်လိုမှ ပုန်းကွယ်နေလို့ မရဘူး။ နောက်တစ်ကြိမ် သူ့ကိုရှာတွေ့တာနဲ့ သတ်ပစ်ရမယ်"

သွမ့်ကျန်းရှီက စိတ်ထဲမှ ကျိတ်ပြီးတော့ ကြိမ်းဝါးလိုက်သည်။

လင်းဟန်က အနက်ရောင် မျှော်စင်အထဲမှာ တစ်ခဏမျှ လေ့ကျင့်ပြီးတော့ လျှပ်ပြက်သလို ထွက်ခွာလာခဲ့သည်။ ဟူးညိုကလည်း သူနဲ့အတူ လိုက်ပြီးတော့ ထွက်လာခဲ့သည်။ ဒီမိန်းကလေးက သူ့အပေါ်ကို နောက်တစ်ကြိမ် ဖက်တွယ်ဖို့ ကြံစည်နေသည်။ ထို့ကြောင့် လင်းဟန်က သူမရဲ့ လက်သေးသေးလေးကို ကိုင်ပြီးတော့ အရှေ့တည့်တည့်ကို လမ်းလျှောက် လာခဲ့ကြသည်။ အမှန်ပါပဲ။ ဆယ်မိုင်အကွာခန့်မှာ မြင်းလှည်းက သူ့ကို စောင့်မျှော်နေသည်။

မြင်းလှည်းမောင်းသူ နှစ်ယောက်က လင်းဟန်ကို မိန်းကလေးငယ်လေး တစ်ယောက်ကို ဆွဲပြီးတော့ ပေါ်လာတာကို မြင်လိုက်ရတဲ့အခါမှာ အရမ်းကို အံ့အားသင့်သွားခဲ့ကြသည်။

လမ်းခုလတ်မှာ ရန်သူတစ်ယောက်နဲ့ တွေ့ဆုံပြီးတော့ သူကပြန်ပေါ်လာတဲ့အပြင် သူနဲ့အတူ တင့်တယ်လှပပြီး ချစ်စရာကောင်းတဲ့ မိန်းကလေးငယ်လေး တစ်ယောက်ကိုပါ အတူတူ ခေါ်လာခဲ့သည် မဟုတ်ပါလား။

လင်းဟန်က သူတို့၏ ခေါင်းခြောက်နေမှုကို အာရုံမထားပဲ ရှင်းပြဖို့လည်း ဆန္ဒမရှိပါဘူး။ သူနှင့် ဟူးညိုတို့

နစ်ယောက်စလုံး မြင်းရထားပေါ်တက်ပြီးတော့ ခရီးဆက်ခဲ့ကြသည်။ ဒါပေမဲ့လည်း တစ်ရက်ကုန်လွန်သွားပြီးသည့်နောက်မှာ သွမ့်ကျန်းရှီက သူတို့ကို နောက်တစ်ကြိမ်ပြန်ဖမ်းမိသွားခဲ့ပြီး လင်းဟန်ကလည်း ယခင်လုည့်ကွက်အတိုင်း အနက်ရောင် မျှော်စင်ထဲကို နောက်တစ်ကြိမ် ပြန်ဝင်ပြီး နေလိုက်သည်။

မူလတုန်းက သူထင်ထားတာက သွမ့်ကျန်းရှီက သူတို့ကို ဖမ်းမိသွားတယ် ဆိုတာက မြင်းလှည်းကြောင့် ဖြစ်ပါလိမ့်မည်။ ဒါကြောင့် သူက မြင်းလှည်းကို ပြန်နိုင်းပြီးတော့ နောက်ထပ် မြင်းလှည်းတစ်စီးကို ငှားရမ်းလိုက်သည်။ ဒါပေမဲ့လည်း နောက်တစ်ရက်အကြာမှာ သွမ့်ကျန်းရှီက ထပ်ပြီးတော့ သူတို့ကို တားဆီးလိုက်ပြန်သည်။

တတိယ အကြိမ်မှာလည်း လင်းဟန်က သွမ့်ကျန်းရှီကို အရူးလုပ်ခဲ့ပြီး ဒီတစ်ကြိမ်မှာတော့ အနက်ရောင် မျှော်စင်ထဲဝင်ပြီးတော့ ရုပ်ပါဖျက်လိုက်သည်။ လင်းဟန်က တတိယမြောက် မြင်းလှည်းကို ငှားခဲ့ပြန်သည်။ ဒါပေမဲ့ နောက်တစ်ရက်အကြာမှာ သွမ့်ကျန်းရှီက သူတို့ကို လေးကြိမ်မြောက် ရှာတွေ့နေဆဲ ဖြစ်သည်။

"ဟားဟား မင်းက ရုပ်ဖျက်တဲ့ နေရာမှာလည်း အတော်လေးကို ကျွမ်းကျင်တာပဲ"

သွမ့်ကျန်းရှီက လှောင်ပြုံးပြုံးလိုက်သည်။

လင်းဟန်က သူ၏မေးစေ့ကို ပွတ်ပြီးတော့ ပြောလိုက်သည်။

"ဒီအတိုင်း ဆိုရင်တော့ ခင်ဗျားမှာ ကျုပ်ကို နောက်ယောင်ခံလိုက်ဖို့ ပြိုင်ဘက်ကင်းတဲ့ လှည့်ကွက်တချို့ ရှိနေပုံပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလောက် ဝေးကွာတဲ့ နေရာကို ရောက်နေတာတောင်မှ သဲလွန်စ နည်းနည်းလေးမှ မကျန်ခဲ့တာကိုတောင် ကျုပ်ကို ရှာတွေ့ပြီးတော့ လိုက်လာနိုင်ခဲ့တာပဲ"

"ဟင့် မင်းရဲ့ခန့်မှန်းချက်တွေကို ဖြည်းဖြည်းလေး လုပ်နိုင်တယ်"

သွမ့်ကျန်းရှီက လျှို့ပှက်ချက်ကို ထုတ်မပြောခဲ့ပါဘူး။ လင်းဟန်ဆီမှာ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေ ဘယ်လောက်တောင် ကျန်နေသေးလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ။

"ဒါဆိုရင် ကျုပ်တို့ရဲ့ အရင်က စည်းမျဉ်းစည်းကမ်းအတိုင်းပဲ။ ကျုပ်က ထွက်သွားမယ်။ ခင်ဗျားက လိုက်ပို့နေစရာ မလိုဘူး"

လင်းဟန်က မလိုအပ်တဲ့ စကားတွေကို ထပ်ပြီးတော့ မပြောတော့ပဲ အနက်ရောင် မျှော်စင် အထဲကို ချက်ချင်းပဲ ဝင်လိုက်သည်။

သွမ့်ကျန်းရှီက အံ့အားသင့် သွားခဲ့သည်။ ဒီကောင်စုတ်လေးမှာ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေ ဘယ်လောက်တောင်များ ရှိနေတာလဲ။ ဘာဖြစ်လို့များ မကုန်ဆုံးနိုင်သလို မြင်တွေ့နေရတာလဲ။ ထို့နောက်မှာ သွမ့်ကျန်းရှီက သူမျက်လုံးဖြင့် မြင်နိုင်သမျှ အဝေးဆုံးအထိ နောက်တစ်ကြိမ် လှမ်းကြည့်ပြီးတော့ လင်းဟန်ကို ဆက်ပြီး ရှာလိုက်သည်။

အနက်ရောင် မျှော်စင်ထဲကို ရောက်လာပြီးတဲ့ အခါမှာတော့ လင်းဟန်က ချက်ချင်းပဲ အနက်ရောင် မျှော်စင်၏ အစွမ်းကို အသုံးပြုပြီးတော့ သူ့ကိုယ်သူ စမ်းသပ် စစ်ဆေးလိုက်သည်။ သူ့ခန္ဓာကိုယ်အပေါ်မှာ သူတို့၏ သိုင်းဆန္ဒတွေကို ထည့်ထားတာ ဟုတ်မဟုတ်ကို သေချာအောင် စစ်ဆေးလိုက်သည်။ ဒီသိုင်းဆန္ဒကြောင့် သွမ့်ကျန်းရှီက သူ့ကို အောင်အောင်မြင်မြင်နဲ့ ရှာတွေ့နိုင်တာလား။

ဒါပေမဲ့ ရလဒ်ကတော့ သူက ပုံမှန်အတိုင်းပဲ ဖြစ်သည်။

သူက အရမ်းကို သိချင်စိတ်တွေ ပြင်းပြင်လာသည်။ ဒီနေရာမှာ ဘာတွေ ဖြစ်နေတာလဲ။

"ကွမ်းယွမ်က အဆင့်တက်တော့မယ်။ ပြီးတော့ အဲဒီအချိန်ကျရင် သွမ့်ကျန်းရှီနဲ့ သူ့ကို ရင်ဆိုင်ခိုင်းရမယ်"

လင်းဟန်က ထိုကိစ္စကို တစ်ခဏမျှ စဉ်းစားပြီးတော့ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။

သူက အနက်ရောင် မျှော်စင်ထဲကနေ မထွက်တော့ပါဘူး။ ထို့ကြောင့် အနက်ရောင် မျှော်စင်၏ အထဲမှာပဲ အဆုံးမရှိ စတင်လေ့ကျင့်နေသည်။

နောက်ထပ်သုံးရက် အကြာမှာတော့ သူက စိတ်ဝိညာဉ် ပင်လယ်အဆင့် ဒုတိယအလွှာကို ချိုးဖျက် ဖင်ရောက်သွားပြီးတော့ သတင်းကောင်း နှစ်ခုကို ကြားလိုက်ရသည်။ ပထမတစ်ခုက ကွမ်းယွမ်က စိတ်ဝိညာဉ် ပလွှင်အဆင့်ကို ချိုးဖျက်ဖင်ရောက် သွားခဲ့ပြီး ဒုတိယ သတင်းကောင်းကတော့ ကန်းရီက စိတ်ဝိညာဉ်

ပင်လယ်အဆင့်ကို ချိုးဖျက် ဝင်ရောက်သွားခဲ့သည်။

အပိုင်း(၃၆၈) နည်းလမ်းတစ်ခု

သူတို့အားလုံးက အရမ်းကို ပျော်ရွှင်နေကြပြီး ဒီအတွက်ကို ပျော်ပွဲရွှင်ပွဲလေး တစ်ခုတောင် ကျင်းပလိုက်ကြသည်။

ကျင့်ကြံခြင်းအဆင့် အမိက နောက်တစ်ဆင့်ကို ချိုးဖျက်ဝင်ရောက်သွားတာကို အသာထားဦး။ တစ်ယောက်က စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ပြီးတဲ့နောက်မှာ လူတစ်ယောက်က ကျင့်ကြံခြင်းနောက်ထပ် အလွှာတစ်ခုကို ချိုးဖျက်ဝင်ရောက်ဖို့အတွက် တစ်နှစ်လောက် အချိန်ယူဖို့ပဲ လိုအပ်ပြီးတော့ အသေးစား အဆင့်တက်ခြင်းတို့က အောင်ပွဲခံဖို့အတွက် ထိုက်တန်ပါသည်။ ထို့ကြောင့် ကျင့်ကြံခြင်းအဆင့်၏ အမိက အဆင့်ကြီးတစ်ခုကို ချိုးဖျက်ဝင်ရောက်နိုင်ခြင်းက တစ်နေ့လုံး အကြီးအကျယ် အောင်ပွဲခံ ကျင်းပဖို့ ပြုလုပ်သင့်သည်။

ကွမ်းယွမ်နှင့် ကန်းရီတို့က ဆက်တိုက်ဆိုသလို အဆင့်တက်ခဲ့တာ ဖြစ်ပြီးတော့ နှစ်ဆတောင် အောင်ပွဲခံရပါမည်။ ၎င်းက လွီယုထန်နှင့် ကျုံးပုကျို့

အပေါ်တွင်လည်း ဖိအားတွေ တိုးလာစေခဲ့သည်။ သူတို့က နွေဦးစမ်းရေ အလွှာ ၉ အဆင့်နဲ့ အတော်လေးကို ပေးကွာနေဆဲပါပဲ။ ထို့ကြောင့် သူတို့က အတော်လေးကို စိတ်ဓာတ်ကျနေခဲ့သည်။ လင်းဟန်က သူတို့၏ ကျင့်ကြံခြင်းကို ဖြည်းဖြည်းချင်း ကျင့်ကြံဖို့ ပြောခဲ့ပြီး အကောင်းဆုံးက သူတို့၏ ကျင့်ကြံခြင်း အခြေခံကို ခိုင်မာကျစ်လျစ်အောင် လုပ်တာက ပိုပြီးတော့ သင့်တော်မဲ့ အကြောင်းကိုပါ ရှင်းပြလိုက်သည်။

လီစီရှန်း တစ်ယောက်ပဲ နည်းနည်းလေးမှ စိတ်ကသိကအောက် ဖြစ်ခြင်းမျိုး မရှိချေ။ သူမက မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်၏။ ထို့ကြောင့် သူမ၏ ကျင့်ကြံခြင်း အမြန်နှုန်းက အတော်လေး နှေးနေရင်တောင်မှ သူမ၏ မှော်ဆေးပညာရပ်က အောင်မြင်မှုကို အောက်ကိုဆွဲမချ နိုင်ချေ။

ယခင်တုန်းက သူတို့၏ အုပ်စုတွင် ကွမ်းယွမ်က အစွမ်းအထက်ဆုံး လူတစ်ယောက် ဖြစ်ခဲ့သည်။ ဒါပေမဲ့ လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက် ပြီးတဲ့နောက်မှာ ကွမ်းယွမ်၏ အဆင့်က ထိပ်တန်းအဆင့်နေရာကိုပဲ ပြောင်းလဲရောက်ရှိ သွားခဲ့သည်။ အဲဒီနောက်မှာ ဟူးညိုတောင်မှ သူမ၏ ထူးခြားသော

အမြန်နှုန်းနှင့် ကွမ်းယွမ်ကို လွယ်ကူစွာဖြင့် ကျော်လွန်သွားနိုင်ခဲ့သည်။

ကံကောင်းတာက အခုဆို သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ပြီးတော့ သူ၏ ထိပ်ဆုံးနေရာကို ပြန်လည်ရရှိခဲ့ပြီးတော့ သူ၏ဂုဏ်သိက္ခာကို အတော်လေး ပြန်လည်မြင့်တက် လာစေခဲ့သည်။ ထို့အတွက်လည်း သူ့အနေဖြင့် အရမ်းကို ပျော်ရွှင်ကျေနပ် ပီတိဖြစ်နေပုံ ရသည်။

"သွမ့်ကျန်းရှီက ငါတို့ကို လိုက်ဖမ်းနေတာလား"

လင်းဟန်ဆီမှ သတင်းများကို ကွမ်းယွမ်က ကြားလိုက်ရတဲ့ အခါမှာတော့ သူ၏မျက်လုံးများက ချက်ချင်းဆိုသလို မီးဝင်းဝင်း တောက်လာပြီးတော့ လက်သီးကို တင်းတင်းကြပ်ကြပ် ဆုပ်ထားလိုက်သည်။

"ငါသူ့ကို သတ်ချင်တယ်"

"ခင်ဗျားက အခုမှ အဆင့်တက်ကာစပဲ ရှိသေးတယ်။ တစ်ဦးချင်း စွမ်းရည်အရဆိုရင် ခင်ဗျားက သူ့ပြိုင်ဘက်မဟုတ်ဘူး။ နောက်ပြီးတော့ သူမှာက အဆင့်ငါး

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုလည်း ပိုင်ဆိုင်ထားသေးတယ်။ တကယ်လို့ ခင်ဗျားက သူ့ကို အခုသွားရှာမယ်ဆိုရင် ကိုယ်သေတွင်း ကိုယ်တူးတာပဲ။ အနေးနဲ့အမြန်ပဲ သေသွားလိမ့်မယ်"

လင်းဟန်က တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

ဒီစကားတွေကို ကြားရတာက စိတ်မချမ်းမြေ့စရာ ကောင်းပေမဲ့လည်း အမှန်တရားတွေပဲ ဖြစ်သည်။

ကွမ်းယွမ်က တည်ငြိမ်သွားပြီးတော့ မေးလိုက်သည်။

"သခင်လေးဟန် ကျုပ်ဘာလုပ်သင့်လဲ"

"ပထမဆုံး ခင်ဗျားရဲ့ ကျင့်ကြံခြင်းမှာ အာရုံစိုက်ထားသင့်တယ်။ ပန်းဖူးအဆင့်ကို ခင်ဗျားချိုးဖျက်နိုင်ရင် အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းဆိုတာကို ထည့်တွက်နေစရာ လိုတော့မှာလား"

လင်းဟန်က လက်ချောင်းတစ်ချောင်းကို ထောင်ပြပြီးတော့ သူ၏ဆိုလိုရင်းကို ရှင်းပြလိုက်သည်။

ကွမ်းယွမ်က ခေါင်းကိုခါပြီး ပြောလိုက်သည်။

"ငါ့ရဲ့ကိုယ်ပိုင် ပါရမီ အကြောင်းကို ငါသိပါတယ်။ ငါ့ပါရမီက ကန်းရီနဲ့ မိန်းကလေး ယုထန်တို့နဲ့ အကွာကြီးပါ။ အများဆုံး ငါ့ရဲ့ ပါရမီက ကျူးပူကျို့နဲ့ အတူတူလောက်ပဲ ရှိမယ်။ ငါ့အတွက်တော့ သေမျိုးနဲ့ တန်ခိုးရှင်အဆင့်ကြားက တစ်ဆို့နေမှုကို ကျော်ဖြတ်ဖို့ ခက်ခဲလိမ့်မယ်။ တကယ်လို့ သခင်လေးဟန်ဆီက မှော်ဆေးလုံး အထောက်အပံ့တွေကို ရခဲ့ရင်တောင်မှ အနည်းဆုံး ဆယ်နှစ်လောက် လိုလိမ့်မယ်"

ဆယ်နှစ်ဆိုတဲ့ အချိန်ကား အရမ်းကို ကြာမြင့်သည့် အချိန်တစ်ခုလို့ ထင်ရပေမဲ့လည်း အမှန်တော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ရန် သိုင်းပညာရှင် တစ်ယောက်အတွက်တော့ တိုတောင်းတဲ့ အချိန်တစ်ခု ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်၏ ပထမလွှာမှ အလွှာ ၉ တိုင်အောင် ကျင့်ကြံခြင်း အလွှာအားလုံးကို ဖြတ်ကျော်ဖို့ အချိန်မည်မျှ ကြာမြင့်မည် ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ သေမျိုးနှင့် တန်ခိုးရှင်အဆင့် အကြားက အကန့်အသတ်ကို သူ့အနေနှင့် ဘယ်အချိန်မှ ချိုးဖျက်နိုင်မလဲ ဆိုတာက ဘယ်လိုလုပ် သိနိုင်မှာလဲ။ ၎င်းက အရမ်းကို ခက်ခဲလွန်းသည်။

ဆောင်းလဂိုဏ်းကို တစ်ချက်လောက် ကြည့်လိုက်ရင်ပဲ သင်နားလည်သွား ပါလိမ့်မည်။ သူတို့ဆီမှာ စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ မရေမတွက်နိုင်တဲ့ လူတွေရှိနေပြီးတော့ အဆင့်ခြောက် ကျင့်ကြံခြင်း နည်းစနစ်တွေလည်း မကောင်းမဲ့ပါဘူး။ ဘာကြောင့် သူတို့မှာ ပန်းဖူးအဆင့် လူတွေက လူနည်းစု ဖြစ်နေရတာလဲ။

ဤအဆင့်ကို ဖြတ်ကျော်ရတာက တကယ်ပဲ အရမ်းကို ခက်ခဲလွန်းသည်။

ဆယ်နှစ်ဆိုတဲ့ အချိန်က သူ့အတွက်တော့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ပထမ အလွှာကနေ ပန်းဖူးအဆင့်ကို တက်ရောက်ဖို့ လုံလောက်ပါလိမ့်မည်။ အကယ်၍များ ထိုစကားများကို အခြားသူတွေ ကြားမည်ဆိုပါက သူတို့ကိုယ်သူ ရီရလွန်းလို့ အူတက်ပြီးတော့တောင် သေသွားနိုင်သည်။ ဘယ်လိုလုပ်ပြီးတော့ ဒီလောက်မြန်ဆန် နိုင်လိမ့်မလဲ။

ဒါပေမဲ့လည်း။ အနက်ရောင် မျှော်စင်ထဲက လူတွေအားလုံးကို ကြည့်ရတာတော့ ဒီအခြေအနေက ပုံမှန်ပါပဲ။ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်၏ သူတို့ကို ထောက်ပံ့မှုနဲ့ အနက်ရောင် မျှော်စင်အထဲမှာ

ပေါက်ဖွားကြီးထွားနေတဲ့ မရေတွက်နိုင်တဲ့ စိတ်ဂိညာဉ်ဆေးပင်တွေနဲ့ဆိုရင် သူတို့အတွက်က မှော်ဆေးလုံးတွေမရှားပါဘူး။ ထို့ကြောင့် ကျင့်ကြံခြင်း အဆင့်ကိုလွယ်လွယ်ကူကူနဲ့ တက်နိုင်ပြီးတော့ အမိကကျင့်ကြံခြင်းအဆင့်ကြီး တစ်ခုကိုတောင် ချိုးဖျက်ဂင်ရောက်နိုင်လိမ့်မည် မဟုတ်လား။

တစ်ဖက်ကတော့ သူတို့၏ အခြေခံကိုခိုင်မာကျစ်လျစ်အောင် ပြုလုပ်ဖို့အတွက် ပိုပြီးတော့အချိန်ယူရပါလိမ့်မည်။ အမှန်တော့ သူတို့၏ ကျင့်ကြံခြင်းကိုမှော်ဆေးလုံးတွေကို အသုံးပြုပြီး အတင်းအဓမ္မအဆင့်တက်ခဲ့တာ ဖြစ်သည်။

ကျူးပုကျို့၏ မျက်နှာက ရှုံ့မဲ့သွားပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီးကွမ် တကယ်လို့ မင်းကိုယ်မင်းနိမ့်ချချင်တယ်ဆိုရင် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ဘာကြောင့်ကျနော့်ကိုပါ ရောပြီးတော့ တိုက်ခိုက်ရတာလဲ။ ကျုပ်ခင်ဗျားကို အပြစ်မလုပ်မိခဲ့ ပါဘူးနော်"

ကျန်တဲ့သူတွေက ဟားတိုက်ရယ်မော လိုက်ကြသည်။ ကျူးပုကျို့၏ သိုင်းပညာ ပါရမီက ဆိုးဂါးပြီး လွှီယုထန်နဲ့

ကန်းရီတို့လို ပါရမီရှင် နှစ်ယောက်ဖြင့် ဘယ်လိုလုပ် နိုင်းယှဉ်လို့ ရနိုင်မှာလဲ။

လင်းဟန်က တခဏမျှ ချင့်ချိန် စဉ်းစားပြီးမှ ပြောလိုက်သည်။

"တကယ်လို့ ခင်ဗျားက ချက်ချင်းပဲ လက်စားချေချင်တယ် ဆိုရင်တော့ ခင်ဗျားလုပ်ဖို့အတွက် ကျုပ်မှာ နည်းလမ်းတစ်ခုမှ မရှိတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီအတွက် ပေးဆပ်မှုက အရမ်းကို ကြီးမားလွန်းတယ်"

"သွမ့်ကျန်းရှီကိုသာ သတ်ပစ်နိုင်မယ်ဆိုရင် ဘယ်လိုပေးဆပ်မှုကိုမဆို ပေးဆပ်ဖို့ အသင့်ပါပဲ"

ကွမ်းယွမ်က ချက်ချင်းပဲ ပြောလိုက်သည်။

လင်းဟန်က ကွမ်းယွမ်၏ မျက်နှာပေါ်က ဆုံးဖြတ်ချက် ချထားတဲ့ အမူအရာကို ကြည့်ပြီးတော့ ပြောလိုက်သည်။

"ငါက ယန်သုံးမျိုးသွေးဆူပွက် ဆေးလုံးကို ဖော်စပ်နိုင်တယ်။ ဒီဆေးလုံးက ခင်ဗျားကို စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ၉ အထိကို ယာယီအားဖြင့်တော့ မြင့်တက်လာစေလိမ့်မယ်။ နောက်ပြီးတော့ ခင်ဗျားရဲ့ တိုက်ပွဲအစွမ်းက ပန်းဖူးအဆင့်

ခြေတစ်လှမ်း ဝင်ရောက်နေတဲ့ လူတစ်ယောက်နီးပါး အစွမ်းထက်လိမ့်မယ်”

ကွမ်းယွမ်က ချက်ချင်းဆိုသလို စိတ်လှုပ်ရှားသွားပြီး ပြောလိုက်သည်။

“ဒါဆိုရင် သွမ့်ကျန်းရှီကို သတ်ဖို့ ၉၉ ရာခိုင်နှုန်း သေချာနေပြီ”

သွမ့်ကျန်းရှီက စိတ်ဂိညာဉ် ပလ္လင်အလွှာ ၃ အဆင့်ပဲ ရှိပါသေးတယ်။ အကယ်၍များ သူ့မှာ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိတယ်ဆိုရင်တောင်မှ ပန်းဖူးအဆင့်ကို ခြေတစ်လှမ်း ရောက်နေတဲ့ ပြိုင်ဘက်တစ်ယောက်ကို ရင်ဆိုင်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ လုံးဝမရှိပေ။

“ဒါပေမဲ့လည်း ဆေးအာနိသင် ကုန်သွားတဲ့ အခါကျရင် ခင်ဗျားက အမိက ကျင့်ကြံခြင်း အဆင့်တစ်ခု လျော့ကျသွားပြီး အချိန်နဲ့ ပြန်လည်ကုသလို့ ရလိမ့်မှာ မဟုတ်ဘူး”

လင်းဟန်က ပြောလိုက်သည်။

"ဆိုလိုတာက ခင်ဗျားက စိတ်ဂိညာဉ် ပင်လယ်အဆင့် ပထမ အလွှာကနေ စပြီးတော့ ပြန်ပြီးလေ့ကျင့်ရလိမ့်မယ်"

လွီယုထန်နှင့် တခြားသူများ၏ မျက်နှာအမူအရာက အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ သိုင်းပညာရှင် တစ်ယောက်အတွက်တော့ သူတို့၏ ကျင့်ကြံခြင်းအဆင့် လျော့ကျသွားတာထက် ပိုပြီးတော့ ကြောက်စရာကောင်းတာ ဘယ်မှာရှိနိုင်လို့လဲ။ ထို့အပြင် ဤကား အဓိက ကျင့်ကြံခြင်း တစ်ဆင့် လျော့ကျသွားတာ ဖြစ်သည်။ ဘာနဲ့တူသလဲဆိုရင် လူတစ်ယောက်က ယနေ့မှာ တော်ဝင် အဆင့်အတန်းရှိနေပြီး နောက်တစ်ရက်မှာတော့ မြေကြီးပေါ်ကို ပြုတ်ကျသွားသည်နှင့် တူပေလိမ့်မည်။ ယခုလိုမျိုး ကြီးကြီးမားမား ပြောင်းလဲသွားခြင်း တစ်ခုကို လူဘယ်နှစ်ယောက်များ ခံနိုင်ရည် ရှိမှာလဲ။

ကွမ်းယွမ်က အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိပဲနှင့် ပြောလိုက်သည်။

"ကျေးဇူးပြုပြီးတော့ ကျုပ်ကို ကူညီပေးပါ သခင်လေးဟာန်။ ကွမ်းယွမ်ရဲ့ အသက်ကို အခုကစပြီး သခင်လေးဟာန်ကို ရောင်းချလိုက်ပါပြီ။ ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့်က သေချာပေါက် အမြန်ဆုံး ပြန်လည်ကောင်းမွန်လာပြီးတော့

သခင်လေးဟာန်အတွက် တာဝန်တွေ ထမ်းဆောင်ပေးပါမယ်"

ကျင့်ကြံခြင်းအဆင့် ပြန်လည်လျော့ကျတာက တကယ့်ကို ကြောက်စရာကောင်းလှသည်။ ဒါပေမဲ့ လူတစ်ယောက်က ၎င်းကို မတူညီတဲ့ ရှုထောင့်ကနေ ကြည့်လိုက်မယ်ဆိုရင် အကျိုးယုတ်စရာ အကြောင်းမရှိဘူးလို့ ဆိုလိုသည်။

ထို့ပြင် ၎င်းက အားလုံးကို နောက်တစ်ကြိမ် ပြန်ပြီးတော့ လေ့ကျင့်ခြင်းမျိုး ဖြစ်ပြီးတော့ သူတိုးတက်လာခဲ့သည် အစိတ်အပိုင်း အားလုံးကို သိရှိထားပြီး ဖြစ်သည်။ ထို့ကြောင့် သူတို့၏ အခြေခံကို ယခင်ကထက် ပိုပြီးတော့ ခိုင်မာကျစ်လျစ်အောင် လုပ်နိုင်ပါလိမ့်မည်။ ထို့အပြင် အဆင့်တက်ခြင်း အတွေ့အကြုံတွေလည်း ရှိနေသည့်အတွက် သူ၏ကျင့်ကြံခြင်းတွင် အရင်းအမြစ် ထောက်ပံ့မှုများ ရှိနေသရွေ့ တစ်ဆို့ခြင်းများ ရှိလိမ့်မည် မဟုတ်ချေ။

ဤသို့ဆိုမှတော့ ကွမ်းယွမ်အနေဖြင့် ဘာကိုစိုးရိမ် စိတ်ပူနေစရာ လိုလိမ့်မည်နည်း။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်သည်။

"ငါ သွေးဆူပွက်ဆေးလုံးကို အမြန်ဆုံး စပြီးတော့ ဖော်စပ်ပေးမယ်။ ခင်ဗျားက တိုက်ပွဲ ပုံရိပ်ယောင် လက်သီးများကို အပြည့်အဝ အသုံးချနိုင်အောင် လေ့ကျင့်နေပါ။ ဒါမှ ခင်ဗျားရဲ့ လက်စားချေခြင်းက အပြတ်အသတ်နဲ့ သေချာအောင် အောင်မြင်လိမ့်မယ်"

"ကောင်းပြီ"

ကွမ်းယွမ်က ခေါင်းညိတ်လိုက်သည်။

လင်းဟန်က မှော်ဆေးလုံးကို ချက်ချင်း မဖော်စပ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဓိက ပါဝင်ပစ္စည်းတစ်ခုက သူ့ဆီမှာ ရှိမနေခဲ့ပါဘူး။ ထို့ကြောင့် သူက အနက်ရောင် မျှော်စင်အထဲမှ ထွက်လာပြီးတော့ အနီးဆုံး နေရာဆီကို ဦးတည်ပြီး ထွက်လာခဲ့သည်။

မျှော်လင့်ထားသလိုပါပဲ။ သွမ့်ကျန်းရှီက သိပ်မကြာခင်မှာ သူ့ကိုဖမ်းမိ သွားခဲ့သည်။ ဒီတစ်ကြိမ်မှာ လင်းဟန်က အနက်ရောင်မျှော်စင် အထဲကို ဝင်မသွားတော့ပဲနဲ့ သူ၏ အရိပ်လေ လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုပြီးတော့ သွမ့်ကျန်းရှီကို နောက်ကောက်ချပြီး မျက်ချေဖြတ်ခဲ့သည်။

နောက်တစ်ကြိမ် သူ့ကို ပြန်ပြီးတော့ ဖမ်းမိသွားတဲ့အချိန်မှာ လင်းဟန်က အောင်အောင်မြင်မြင်နဲ့ နောက်ထပ်မြို့တစ်ခုကို ရောက်ရှိလို့ သွားခဲ့သည်။

အလောင်းတစ်ထောင်ဂိုဏ်း၏ အကြွင်းအကျန်တွေက ကြွက်တွေလိုမျိုး ပုန်းလျှိုးကွယ်လျှိုး နေကြရသည်။ ထို့ကြောင့် သူတို့၏ အကြောင်းတွေကို လူပုံအလယ်မှာ ပေါက်ကြားသွားမည်ကို ဘယ်လိုလုပ်ပြီးတော့ လုပ်ပုံ့မှာလဲ။

ထို့ကြောင့် သွမ့်ကျန်းရှီက လင်းဟန်ကို စိန်းစိန်းဝါးဝါးဖြင့် စိုက်ကြည့်နေရုံပဲ တတ်နိုင်သည်။ လင်းဟန်၏ ပုံရိပ်က မြို့အဝင်ဂိတ်မှာ ပျောက်ကွယ်သွားသည့်အထိ ကြည့်ပြီးတော့မှ အေးစက်စက်ဖြင့် နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ လှည့်ထွက်သွားခဲ့သည်။ ပြောနေစရာ မလိုအောင်ပဲ သူက တစ်နေရာရာကို သွားပြီးတော့ လင်းဟန်ကို ချောင်းမြောင်းလုပ်ကြံဖို့ စောင့်နေတာပဲ ဖြစ်သည်။

"ဒီရှုံ့စရာကောင်းတဲ့ အလောင်းကောင်ကတော့ကွာ။ တကယ်လို့ သူ့ကို ကွမ်းယွမ်အတွက်သာ ချန်ထားပေးတာ မဟုတ်ဘူးဆိုရင် မင်းကောင်းကောင်းကြီး ခံစားသွားရအောင် လုပ်ပစ်လိုက်မှာပဲ"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်သည်။ သူ့မှာ နတ်ဆိုးရှင်သန်ဓား ရှိပြီးတော့ အကယ်၍များ သွမ့်ကျန်းရှီနဲ့ လက်ရည်တူ မဟုတ်ရင်တောင်မှ သူ့အတွက်တော့ အခုလိုမျိုး ရှောင်တိမ်းနေဖို့ မလိုပါဘူး။ သွမ့်ကျန်းရှီကို ကွမ်းယွမ်ကိုယ်တိုင် ထိပ်တိုက်ရင်ဆိုင်စေချင်တဲ့ အတွက်ကြောင့် ချန်ပေးတဲ့ အနေနှင့် သူ့ကိုယ်သူ အားနည်းချင်ယောင် ဟန်ဆောင်နေခဲ့သည်။

လင်းဟန်က မြို့ထဲမှာ အကြီးအကျယ် ဈေးဝယ်ထွက်နေသည်။ သွေးဆူပွက် ဆေးလုံးကို ဖော်စပ်ဖို့အတွက် သူ့မှာမရှိတဲ့ အဓိက ပါဝင်ပစ္စည်းက အရမ်းကို ရှားပါးတယ်လို့ ယူဆလို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း ၎င်းက အဆင့်ငါး စိတ်ဂိညာဉ် ဆေးပင်တစ်ခု ဖြစ်တဲ့အတွက် ဈေးနှုန်းကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းလှသည်။ လင်းဟန်က ၎င်းအတွက် မူလစွမ်းအင် ပုံဆောင်ခဲ ၅၀၀၀၀ ကျော်ပေးချေ ခဲ့ရသည်။

ထို့အပြင် လင်းဟန်က အနက်ရောင် မျှော်စင်၏ အထဲတွင် မရှိသေးသည့် တခြားစိတ်ဂိညာဉ် ဆေးပင်တွေကိုလည်း ထိန်းမနိုင်သိမ်းမရ ဝယ်ယူခဲ့သည်။ လင်းဟန်က ပမာဏ အများကြီးအတွက် မျိုးစေ့တွေကိုပဲ ဝယ်ယူခဲ့ပြီးတော့

အနက်ရောင် မျှော်စင်ထဲမှာ ပြန်လည်စိုက်ပျိုးဖို့ ဆန္ဒရှိနေခဲ့သည်။ အနက်ရောင် မျှော်စင်လိုမျိုး ပစ္စည်းကောင်း တစ်ခုကို ပိုင်ဆိုင်ထားမှတော့ သူ့အနေနဲ့ စိတ်ဂိညာဉ် ဆေးပင်တွေကို ပုံမှန်အတိုင်း တစ်လလောက်ပဲ မျှော်စင်၏ အတွင်းမှာ စိုက်ပျိုးလိုက်မယ်ဆိုရင်ပဲ ဆေးအဖြစ် အသုံးပြုဖို့ ရိတ်သိမ်းရူးဆွတ်ရန် လုံလောက်၏။

ဒါပေမဲ့လည်း ပိုက်ဆံအများကြီး အသုံးပြုပြီးသည့် နောက်မှာတော့ လင်းဟာန်ဆီမှာ မူလစွမ်းအင် ပုံဆောင်ခဲ အများကြီး မကျန်တော့ပါဘူး။ ကျင့်ကြံခြင်းအတွက် လုံလောက်ရုံသာ ကျန်တော့၏။

"ငါ ယန်စွမ်းအားမြင့်မြို့ကို အမြန်ဆုံး ရောက်အောင်သွားမှ ဖြစ်တော့မယ်။ ပြီးတော့ မှော်ဆေးလုံး တချို့ကို ဖော်စပ်ပြီးတော့ ပိုက်ဆံရှာရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဖေ့ရဲ့ စိတ်ဂိညာဉ် အခြေခံကို ပြန်ကုသဖို့ အဓိက ပါဝင်ပစ္စည်းနှစ်ခုကို ဝယ်ယူဖို့ အသာထားဦး။ ငါ့ရဲ့ ကျင့်ကြံခြင်း အတွက်တောင်မှ မူလစွမ်းအင် ပုံဆောင်ခဲတွေ လိုလာလိမ့်မယ်"

လင်းဟာန်က ချက်ချင်းပဲ အနက်ရောင် မျှော်စင်အထဲကို ဝင်ပြီးတော့ ယန်သုံးမျိုး သွေးဆူပွက် ဆေးလုံးကို

စတင်ဖော်စပ်လိုက်သည်။

သွေးဆူပွက် ဆေးလုံးက မော်ဆေးလုံးအမျိုးအစား ဖြစ်ပြီးတော့ နောက်ထပ် ကြီးမြတ်သော ယန်သုံးပါးဆေးလုံးနှင့် မြင့်မားသောယန်သုံးပါးဆေး ဆိုပြီးတော့ အမျိုးအစား နှစ်ခုလည်း ရှိသည်။ ဒီဆေးလုံးနှစ်မျိုးကို အသုံးပြုမည်ဆိုပါက အနိမ့်ဆုံး လက်ခံနိုင်သည့် ကျင့်ကြံခြင်းအဆင့်က ပန်းဖူးအဆင့်နဲ့ နတ်အသွင်ပြောင်းလဲခြင်း အဆင့်တို့ဖြစ်သည်။ သူတို့အတွက်ကတော့ သူတို့၏ တိုက်ပွဲအစွမ်းကို အဓိက အဆင့်ကြီးတစ်ခုထိအောင် ကျော်လွန်ပြီးတော့ တိုးလာနိုင်ခြင်း မရှိချေ။

ဥပမာ အကယ်၍များ ပန်းဖူးအဆင့် အလွှာ ၉ အဆင့်မှ လူတစ်ယောက်က ၎င်းဆေးလုံးကို စားလိုက်မယ် ဆိုပါက သူ့အနေဖြင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်ကာစ လူတစ်ယောက်၏ စွမ်းရည်နီးနီးကိုပဲ ရနိုင်ပါလိမ့်မည်။ ဒါကြောင့် အရမ်းကြီး မကွာခြားပေ။ ဒါပေမဲ့လည်း တန်ပြန်အကျိုးသက်ရောက်မှုကတော့ တူညီပါတယ်။ သူ၏ကျင့်ကြံခြင်း အဆင့်ကို အဓိက အဆင့်ကြီး တစ်ခုထိ လျော့ကျသွားစေပါလိမ့်မည်။

အကယ်၍ ကွမ်းယွမ်က ကြီးမြတ်သောယန်သုံးပါးဆေးကို အခုချိန်မှာ စားလိုက်မယ်ဆိုရင် အဖြေကတော့ တစ်ခုတည်းပါ။ သူရဲ့ခန္ဓာကိုယ် ပေါက်ကွဲထွက်ပြီးတော့ သေရပါလိမ့်မည်။

တစ်နာရီခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်က သေးငယ်သောယန်သွေးဆူပွက် ဆေးလုံးလေးလုံး ဖော်စပ်လို့ ပြီးသွားခဲ့ပါပြီ။

အပိုင်း(၃၆၉) နောက်တစ်ကြိမ် တိုက်ပွဲဖြစ်ခြင်း

သူတို့အားလုံး စိတ်လှုပ်ရှား နေကြသည်။ သူတို့က လင်းဟန်ဆီကနေ ဒီရက်ပိုင်းအတွင်းမှာ သွမ့်ကျန်းရှီက သူတို့နောက်ကို တကောက်ကောက်လိုက်နေတယ် ဆိုတာကို ကြားသိခဲ့သည်။ ထိုကြောင့် သူတို့အားလုံးက ဒေါသထွက်သလို ခံစားနေကြရပြီး အခုဆိုရင် သွေးဆူပွက် ဆေးလုံးက အောင်မြင်စွာဖြင့် ဖော်စပ်လို့ ပြီးခဲ့ပါပြီ။ သူတို့၏ တန်ပြန်တိုက်စစ်အတွက် အလံတွေကို နောက်ဆုံးတော့ လွှင့်ထူလို့ ရနိုင်ပါပြီ။

လင်းဟန်က မြို့ထဲကနေ တောင်ဘက်တည့်တည့်ဆီကို ဦးတည်ပြီး ထွက်လာခဲ့သည်။ ဒါပေမဲ့ မိုင်တစ်ရာခန့်ပဲ

အရောက်မှာ သွမ့်ကျန်းရှီက ကပ်ပါးကောင်လိုမျိုးပဲ နောက်တစ်ကြိမ် ထပ်ပြီးတော့ ပေါ်လာခဲ့၏။

"ကောင်စုတ်လေး ဒီတစ်ကြိမ် မင်းဘယ်နေရာကို ပြေးမလဲဆိုတာ ကြည့်ရသေးတာပေါ့"

သွမ့်ကျန်းရှီက လှောင်ပြုံးပြုံးလိုက်သည်။ နောက်ဆုံးတစ်ခေါက် တွေ့ဆုံကြချိန်က တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို လင်းဟာန်က အသုံးမပြုခဲ့ပါဘူး။ အဲဒီအစား လျင်မြန်တဲ့ အမြန်နှုန်းကို အသုံးချပြီးတော့ စွန့်စားပြီး မြို့ထဲကို ပြေးဝင်လွတ်မြောက် သွားခဲ့၏။ အဲဒါက ဘာကိုဆိုလိုတာလဲ။

လင်းဟာန်ဆီမှာ တည်နေရာရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ မကျန်တော့တာ သို့မဟုတ် တစ်ခု နှစ်ခုလောက်ပဲ ကျန်တော့တယ်လို့ ဆိုလိုတာဖြစ်ပြီးတော့ သူ၏အသက်ကို ကာကွယ်ဖို့ လိုအပ်တဲ့ အချိန်ကျမှ သူ့အနေဖြင့် ထုတ်သုံးပါလိမ့်မယ်။

"ဒါပေမဲ့လည်း ငါအတော်လေး အထင်ကြီးမိတယ်။ မင်းရဲ့ အသက်ကို ထိန်းသိမ်းဖို့ အခွင့်အရေး လုံးဝမရှိတော့တာတောင်မှ မင်းက မြို့ထဲကနေ

တစ်ယောက်တည်း ထွက်လာရဲသေးတယ်”

သွမ့်ကျန်းရှီက လင်းဟန်ကို စကားနိုက်ဖို့ ကြိုးစားလိုက်သည်။ သူက လင်းဟန်မှာ နောက်ထပ် တည်နေရာရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေ ထပ်ပြီးတော့ ကျန်နေသေးသလားဆိုတာကို သိချင်နေဆဲ ဖြစ်သည်။

လင်းဟန်က တည်ငြိမ်စွာ ပြုံးပြီးတော့ ပြောလိုက်သည်။

“မြို့ထဲကနေ ငါတစ်ယောက်တည်း ထွက်လာတယ်လို့ ဘယ်သူကပြောလဲ”

“အိုး မင်းက လက်ရွေးစင် သိုင်းပညာရှင်တွေကို ဌားရမ်းထားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

သွမ့်ကျန်းရှီက အနည်းငယ်တော့ သတိထားလိုက်သည်။ ဒီကမ္ဘာကြီးထဲမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လိုက်လံသတ်ဖြတ်ခြင်းကို ခံနေရတဲ့ လူတစ်ယောက်က မြို့ထဲကနေ သူ့သေလမ်းကို ရှာဖို့အတွက်တော့ ရုပ်မဖျက်ပဲ ဒါမှမဟုတ် လုံခြုံအောင်လို့ မလုပ်ပဲနဲ့ ထွက်လာပုံ့တဲ့ ငတုံးငအ တစ်ယောက်မှတော့

မရှိပေ။

ဒါပေမဲ့လည်း သူ၏ နတ်ဘုရား အာရုံကို ချဲ့ပြီးတော့ စုံစမ်းစစ်ဆေးလိုက်တဲ့ အခါမှာ ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်ဖို့ ပုန်းခိုနေတဲ့ လူတစ်ယောက်ရဲ့ အငွေ့အသက်ကိုမှ အာရုံမခံနိုင်ခဲ့ပါဘူး။

အမှန်တော့ လင်းဟန်နောက်ကို သူက အချိန်အတော် ကြာသည့်တိုင်အောင် လိုက်လံခဲ့ပြီးမှ လင်းဟန်၏ အရှေ့ကို ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ပထမအချက်က သူတို့က အတော်လေးကို ဝေးတဲ့နေရာကို ရောက်နေပြီးတော့ လင်းဟန်အတွက်တော့ မြို့ကို နောက်ကြောင်းပြန်လှည့် ထွက်ပြေးလွတ်မြောက်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပေ။ ဒုတိယအချက်က လင်းဟန်ကို ကာကွယ်ဖို့ သူ၏အနောက်မှာ လက်ရွေးစင် သိုင်းပညာရှင်တွေ တစ်ယောက်မှ မပါဘူးဆိုတာကို အတည်ပြုပြီးခဲ့ပါပြီ။

သူ့အနေနဲ့ လုံးဝ မသေချာပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ အရှေ့ကို ထွက်လာခဲ့မှာလဲ။

လင်းဟန်က အနည်းငယ် ပြုံးပြီးတော့ သူရဲ့ညာဘက်လက်ကို အနည်းငယ် မြှောက်လိုက်သည်။

ချက်ချင်းဆိုသလိုပဲ ဟူးညို့ရဲ့ ပုံရိပ်က ဘယ်နေရာကနေ ထွက်ပေါ်လာသလဲဆိုတာကို မသိလိုက်ရပဲ သူမ၏ လက်သေးသေးလေးတွေနဲ့ လင်းဟန်ကို ဖက်တွယ်ထားပြီးတော့ သူ့အပေါ်ကို တက်ဖို့ ကြံစည်နေသည်။

သွမ့်ကျန်းရှီက ချက်ချင်းဆိုသလို ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပြီး သူရဲ့မျက်လုံးတွေက ပြူးထွက်လာခဲ့သည်။

ဘယ်လိုလုပ်ပြီတော့ ဖြစ်နိုင်မှာလဲ။

လေထဲကနေ သက်ရှိတစ်ယောက်က ထွက်ပေါ်လာနိုင်သလား။ ဒီမိန်းကလေးကရော တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုလိုက်တာလား။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ လူတစ်ယောက်ကို နေရာတိတိကျကျမှာ ပေါ်လာနိုင်တဲ့ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ အမျိုးအစားရော ရှိလို့လား။

သွမ့်ကျန်းရှီက ရုတ်တရက် စိတ်ထင့်သွားခဲ့သည်။ ယခုကဲ့သို့ တွေ့ကြုံနေရခြင်းကို သူ့အနေဖြင့် ယုတ္တိရှိရှိ မစဉ်းစားတတ်ပေ။ သူ့အနေနဲ့ အကူအညီမဲ့သလို စဉ်းစားလို့

မတတ်အောင်ကို ဖြစ်နေခဲ့သည်။

"ညို့းညို့း သူ့ကို ဆုံးမလိုက်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"အင်း"

ဟူးညိုက ပြတ်ပြတ်သားသား ဖြေလိုက်သည်။ သူမရဲ့ သေးငယ်လှတဲ့ ပုံရိပ်က တွန့်လိမ်သွားပြီး သွမ့်ကျန်းရှီ၏ အနောက်ဘက်မှာ ချက်ချင်းဆိုသလို လျှပ်စီးလက်သလိုမျိုး ပေါ်လာခဲ့သည်။ ဟူးညိုက သူမ၏ လက်သီးသေးသေးလေးကို မြှောက်ပြီးတော့ သွမ့်ကျန်းရှီ၏ ဦးခေါင်း အနောက်ဘက်ကို ချိန်ပြီးတော့ လက်သီးတစ်ချက် ထိုးလိုက်သည်။

သူမ၏ အမြန်နှုန်းကား တကယ့်ကို လျင်မြန်လွန်းလှသည်။ ထို့ကြောင့် သွမ့်ကျန်းရှီ အနေဖြင့် ရှောင်တိမ်းရန် သို့မဟုတ် ပုတ်ထုတ်ကာကွယ်ရန်ပင် အချိန်မရပေ။ သူလုပ်နိုင်တဲ့ အရာကတော့ မူလစွမ်းအင်ကို အသုံးပြုပြီးတော့ သူ၏ သိုင်းဆန္ဒကို လှည့်ပတ်ပြီး ဒိုင်းတစ်ခုပုံစံ ဖန်တီးပြီးမှ သူ၏ခေါင်းကို ကာကွယ်လိုက်သည်။

ဒါပေမဲ့ ဟူးညို့ကို ဒီလိုမျိုး လွယ်လွယ်နဲ့ ရင်ဆိုင်လို့ ဘယ်ဖြစ်မှာလဲ။

ဟူးညို၏ လက်သီးသေးသေးလေးက တည်နေရာ ပြောင်းသွားပြီးတော့ လုံးဂကို မမျှော်လင့်ထားပဲ ညာဘက်အောက်ကို ထိုးထည့်လိုက်သည်။

ဘုန်း

ထိုလက်သီးက သွမ့်ကျန်းရှီ၏ နောက်ကျောပေါ်ကို ထိထိမိမိကျရောက် သွားခဲ့ပြီးတော့ ဒီလက်သီး တစ်ချက်က သွမ့်ကျန်းရှီကို ဒယိမ်းဒယိုင် ဖြစ်သွားဖို့ လုံလောက်ပြီး မြေကြီးပေါ်ကို လဲကျလုနီးပါး ဖြစ်သွားခဲ့သည်။

ဟူးညိုက ဒီပထမ တိုက်ခိုက်မှုမှာ အောင်မြင်ခဲ့ပြီး ချက်ချင်းဆိုသလို သူမ၏ သားရဲဆန်ဆန် တိုက်ခိုက်မှုပြဟန်ပန်ကို ဖော်ပြခဲ့သည်။

ထန် ထန် ထန် ထန်

သူမ၏ လက်သီးသေးသေးလေးတွေက သွမ့်ကျန်းရှီ၏

အားနည်းချက်များကို ထပ်ကာတလဲလဲ အဆုံးမရှိ တိုက်ခိုက်လိုက်သည်။

သွမ့်ကျန်းရှီက အံ့အားသင့်သွားခဲ့ပြီး သူရဲ့မူလစွမ်းအင်တွေ ကုန်ခန်းသွားမှာကိုတောင် ဂရုမစိုက်ပဲ ခန္ဓာကိုယ် တစ်ခုလုံးကို ကာကွယ်ဖို့အတွက် အသုံးပြုလိုက်သည်။ တဖြည်းဖြည်းနှင့် ဟူးညိုတိုက်ခိုက်ဖို့အတွက် နေရာလွတ် သိပ်ပြီးတော့ မရှိတော့ပါဘူး။ နောက်ဆုံးတော့ ဟူးညိုက ရွေးချယ်စရာ မရှိတော့ပဲ ရပ်လိုက်ရသည်။ ထို့နောက် ဟူးညိုက လျှပ်ပြက်သလို လင်းဟန်ရဲ့ ဘေးကို ရောက်သွားပြီးတော့ နောက်တစ်ကြိမ် ကုတ်ပြီးတက်ဖို့ ကြိုးစားလိုက်သည်။

ဟူးညိုကိုကြည့်ရတာ ထိခိုက်မှု တစ်စုံတစ်ရာမှ မရှိတဲ့ လှပတင့်တယ် ချောမောတဲ့ မင်းသမီးလေး တစ်ပါးနဲ့ တူ၏။ သူမ၏ တိုက်ခိုက်မှုတွေက ရိုင်းစိုင်းကြမ်းတမ်းပြီး အကြင်နာတရား ကင်းမဲ့သည်ဟု မည်သူက ထင်မည်နည်း။

သွမ့်ကျန်းရှီက ရုတ်တရက် ဆိုသလို ထိတ်လန့်မှုကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည်။ ဘာကြောင့်လဲဆိုတော့ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ယခုကဲ့သို့ မူလစွမ်းအင်ဖြင့် ကာကွယ်ထားခြင်းက အရမ်းကို

ကြီးမားတဲ့ ကုန်ခန်းမှုကြီး တစ်ခုဖြစ်ပြီးတော့ ဤအခြေအနေ အတိုင်းပဲ နောက်ထပ် တစ်နာရီလောက်သာ ဆက်ပြီး လုပ်ဆောင်နေမည် ဆိုပါက သူ့ကို အစွမ်းလုံးဝ မရှိဖြစ်ချေလိမ့်မည်။ ဟူးညိုက အချိန်စောင့်ပြီးတော့ သူရဲ့မူလစွမ်းအင်တွေ နည်းသွားသည့် အချိန်ကျမှ တိုက်ခိုက်ဖို့ပဲ လိုအပ်သည်။ ထိုအချိန်ဆို သူ့အနေနဲ့......။ အဖြေကိုတော့ လုံးဝ မစဉ်းစားပံ့ချေ။

ကံကောင်းတာက သူ့မှာ လျှို့ဝှက်လက်နက်တစ်ခု ရှိနေသေးသည်။

သွမ့်ကျန်းရှီက သူ၏ နတ်ဆိုးအော်သံ ဆေဘာဓားကို ဆွဲထုတ်ယူလိုက်သည်။ ၎င်းက အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီး နေရာအနှံ့ကို အသံလှိုင်းများ ထုတ်လွှတ်နိုင်စွမ်း ရှိသည်။ ဟူးညို၏ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပင်လယ်အဆင့် ဖြစ်ပြီးတော့ အားနည်းချက် တစ်ခု ဖြစ်ပေသည်။ နတ်ဆိုးအော်သံတွေက သူမ၏ ဦးနှောက်ကို ထိုးဖောက်ပြီးတော့ သူကိုယ်တိုင် သူမကို သတ်ဖြတ်ပစ်နိုင်လိမ့်မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

"ဟင့် မင်းတို့နှစ်ယောက်လုံးက အတော်လေးကို ထူးဆန်းတယ်။ ဒါပေမဲ့ အကြွင်းမဲ့ စွမ်းအားရဲ့ အရှေ့မှာတော့

မင်းတို့ရဲ့ တစ်ခုတည်းသော ကံကြမ္မာက သေခြင်းပဲ”

သွမ့်ကျန်းရှီက အေးစက်စွာ ပြောလိုက်သည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

“ခင်ဗျားက အခုဆိုရင် ဘယ်လောက်တောင် သနားစဖွယ် ကောင်းလိုက်သလဲ ဆိုတာကို မမြင်ဘူးလား”

“ရုပ်ဆိုးကြီး ရုပ်ဆိုးကြီး”

ဟူးညိုကပါ နောက်ပြောင် ကျီစယ်လိုက်သည်။

“အတင့်ရဲလိုက်တာ”

သွမ့်ကျန်းရှီက နတ်ဆိုးအော်သံ ဆေဘာဓားကို ဝှေ့ယမ်းလိုက်သည်။ နတ်ဆိုးအော်သံကဲ့သို့သော စူးစူးဝါးဝါး အသံတွေက ချက်ချင်းဆိုသလို ထွက်ပေါ်လာပြီးတော့ လင်းဟန်နဲ့ ဟူးညိုတို့ဆီကို အသံလှိုင်းများ ပျံ့နှံ့သွားခဲ့သည်။

“အစ်ကိုကြီးကွမ် အခုခင်ဗျား ထွက်လာရမဲ့ အလှည့်ရောက်ပြီ”

လင်းဟန်က သူရဲ့လက်ကို ပွေ့လိုက်တာနဲ့ ကွမ်းယွမ်ရဲ့ ပုံရိပ်က ချက်ချင်းဆိုသလို ထွက်ပေါ်လာခဲ့သည်။ ကွမ်းယွမ်က အနက်ရောင် မျှော်စင်ထဲကနေ အပြင်ဘက်ကို ရောက်တာနဲ့ သူ၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ လင်းဟန်နဲ့ ဟူးညိုဆီကို ပြေးဝင်လာတဲ့ နတ်ဆိုးအော်သံ အသံလှိုင်းစွမ်းအင်တွေဆီကို လက်သီးတစ်ချက် ထိုးထည့်လိုက်သည်။ လက်သီးချီ အလင်းလေးခုက ထွက်ပေါ်လာပြီးတော့ ငွေရောင်အဆင်းရှိသည့် နဂါးငါးကောင် ပုံရိပ်ကို ပြောင်းသွားပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။

ပုန်း ပုန်း ပုန်း ပုန်း

နဂါးငါးကောင် ပုံရိပ်က ပထမဆုံး ပျက်စီးသွားခဲ့သည်။ ဒါပေမဲ့ နတ်ဆိုးအသံလှိုင်းတွေက ပျက်စီးမသွားပဲ ၎င်းတို့ရဲ့ ဦးတည်ရာ လမ်းကြောင်းအတိုင်း ရှေ့ဆက်တိုးဝင်လာပြီးတော့ ကွမ်းယွမ်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများစွာ ဖြစ်ပေါ်စေပြီးမှ နောက်ဆုံးတွင် ပျောက်ကွယ်သွား ခဲ့သည်။

နတ်ဆိုးအော်သံ ဆေဘာဓားကား အဆင့်တစ်ဆယ်

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုဟုတောင် ခေါ်ဆိုဖို့ ထိုက်တန်သည်။ ၎င်းက အခြားသော သာမန်အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းများထက် အစွမ်းထက် လှပေသည်။

ထိုအချိန်တွင် သွမ့်ကျန်းရှီမှာ အလွန်အမင်း အံ့အားသင့် နေခဲ့သည်။ သူက ကွမ်းယွမ်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို တက်သွားခဲ့ပြီလား။ မဟုတ်သေးပါဘူး။ မင်းက ဘယ်လိုလုပ်ပြီးတော့ ဒီနေရာကို ရုတ်တရက် ပေါ်လာခဲ့တာလဲ"

အကယ်၍ လူတစ်ယောက်က တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုပြီးတော့ ဒီနေရာမှာ ပေါ်လာခဲ့တယ်ဆိုရင် တိုက်ဆိုင်မှုလို့ ခေါ်ဆိုနိုင်သည်။ ဒါပေမဲ့ နှစ်ယောက် ဆိုတာကတော့ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

နောက်ပြီးတော့ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေကို အခုလိုမျိုး ဖြုန်းတီးပစ်တာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

သွမ့်ကျန်းရှီက ရုတ်တရက် နားလည်သွားပြီးတော့ အံ့အားသင့်စွာဖြင့် ပြောလိုက်သည်။

"လူတွေကိုတောင် ထည့်ထားနိုင်တဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းတစ်ခု။ ကောင်စုတ်လေး မင်းမှာ တကယ်ပဲ ဒီလိုမျိုး အရမ်းကို အဖိုးတန်တဲ့ ရတနာတစ်ခု ရှိနေတာပဲ"

သူရဲ့အမူအရာတွေက ချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့သည်။ ဤသည်ကား အရမ်းကို အံ့အားသင့်ဖို့ ကောင်းပြီးတော့ ၎င်း၏ ကိုယ်ပိုင်စစ်တပ် တစ်ခုကို ဘယ်နေရာကို သွားသွား သယ်ယူသွားနိုင်သည်နှင့် တူ၏။

စဉ်းစားကြည့်ပါ။ အကယ်၍များ သူက တစ်ယောက်တည်း ခရီးထွက်ပြီးတော့ အဖွဲ့အစည်း တစ်ခုရဲ့ ချောင်းမြောင်းလုပ်ကြံခြင်းကို ခံရပြီ ဆိုပါစို့။ သူအနေနဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းကနေ လက်ရွေးစင်တွေ အများကြီးကို ထုတ်ပြီးတော့ သူတို့ကို ချက်ချင်းပြန်ပြီးတော့ တိုက်ခိုက်နိုင်ပါလိမ့်မည်။ ထိုအခါ တိုက်ပွဲ၏ ရလဒ်က ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်မလဲ။

အထူးသဖြင့် အလောင်းတစ်ထောင်ဂိုဏ်းအတွက် ဖြစ်သည်။

သူတို့၏ ဂိုဏ်းအနေဖြင့် လျှို့ဝှက်စွာ တိုးတက်လာဖို့ လူမသိ သူမသိ နေရာတစ်ခုကို အလွန်အမင်း လိုအပ်နေသည်။ အကယ်၍ သူသာ ဤကဲသို့ နတ်ဘုရား ပစ္စည်းမျိုးကို ရယူနိုင်ခဲ့မယ်ဆိုရင် ဒီကမ္ဘာကြီးထဲက ဘယ်သူကများ အလောင်းတစ်ထောင်ဂိုဏ်းကို ရှာဖွေတွေ့ရှိနိုင်မည်နည်း။

"ဟားဟားဟားဟား နတ်ဘုရားတွေတောင်မှ ငါ့ဘက်မှာ ရှိနေတာပဲ"

သွမ့်ကျန်းရှီက ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်သည်။ အကယ်၍ သူသာ ဤကဲသို့ နတ်ဘုရား ရတနာပစ္စည်းမျိုးကို ယူဆောင်နိုင်မည်ဆိုလျှင် ပင်လယ်လေညှင်းမြို့က ဒွာနခွဲလို ဖျက်ဆီးပစ်ရတဲ့ ဆုံးရှုံးမှုမျိုးကို နောက်ထပ် ဖြစ်လာနိုင်စရာ အကြောင်းလုံးဝ မရှိပေ။ ထို့အပြင် ဂိုဏ်းကလည်း သူ့ကို ကြီးကြီးမားမား ဆုချပေလိမ့်မည်။ သူကိုတန်းပြီး ဒုတိယဂိုဏ်းချုပ် အဖြစ်ကို ရာထူးတိုးပေးတာမျိုး ဖြစ်ကောင်းဖြစ်လာနိုင်သည်။

"အိပ်မက် မက်နေတာပဲ"

လင်းဟန်က သွမ့်ကျန်းရှီ၏ ခေါင်းထဲမှာ ဘာတွေကို တွေးနေတာလဲ ဆိုတာကို ကောင်းကောင်းကြီး

နားလည်နေသည်။ သူက ကွမ်းယွမ်ကို ပြောလိုက်သည်။

"အစ်ကိုကြီး ကွမ်းယွမ် သူ့ကိုသတ်လိုက်တော့"

"ကောင်းပြီလေ"

ကွမ်းယွမ်က သူရဲ့ လက်ဖဝါးကို ဖြန့်လိုက်တဲ့အခါ အနီရောင် ဆေးလုံးတစ်လုံး ထွက်ပေါ်လာသည်။ သေချာပေါက် သွေးဆူပွက်ခြင်း ဆေးလုံး ဖြစ်ပေသည်။

"ဟားဟား မင်းက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် လာတော့ရော ဘာအရေးလဲ။ မင်းက ပထမ အလွှာမှာပဲ ရှိသေးတယ်။ ငါကတော့ တတိယ အလွှာမှာ ရှိပြီးတော့ နတ်ဆိုးအော်သံ ဆေဘာဓားလည်း လက်ထဲမှာ ရှိတယ်။ မင်းကို သတ်ရတာက ကြက်ကလေး တစ်ကောင်ကို သတ်ရသလို လွယ်လွယ်လေးပဲ"

သွမ့်ကျန်းရှီက အထင်အမြင်သေးစွာဖြင့် ပြောလိုက်သည်။

တိုက်ပွဲအချိန်အတွင်းမှာ မျှော်လင့်မထားတဲ့ အဖြစ်အပျက်တွေကို ဖြစ်မလာအောင်လို့ သူက ချက်ချင်းဆိုသလိုပဲ အရင်ဆုံး စတင်တိုက်ခိုက်လိုက်သည်။

သူရဲ့ ဆေးဘာတားကို မြောက်ပြီး ခုတ်ချလိုက်သည်။ ဆေးဘာတား၏ တိုက်ခိုက်မှုက နတ်ဆိုးအော်သံတွေ ထွက်ပေါ်လာပြီးတော့ ဦးနှောက်ကို ဖောက်ထွင်းပြီး နှလုံးသားကို ကွဲကြေလုမတတ် ဆူညံသွားသည်။

ကွမ်းယွမ်က ဒေါသတကြီးဖြင့် ဟစ်ကြွေးလိုက်သည်။ ဟုမ်း။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ လှိုင်းတစ်ခုက သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာခဲ့ပြီး သူပတ်ဝန်းကျင်မှာ ဟာရီကိန်း မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ ၎င်းအတွင်းတွင် သိုင်းဆန္ဒများက လင်းလက်တောက်ပလျက် ရှိသည်။

ထန်

သူက လက်သီးတစ်ချက် ထိုးထည့်လိုက်ပြီး လက်သီးချိုးလေးခုမှ နဂါးငါးကောင်း ပုံရိပ်အဖြစ်ကို ပြောင်းလဲသွားပြီးတော့ တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့သည်။ ဒီနဂါးငါးကောင် ပုံရိပ်က အစောပိုင်းတုန်းက နဂါးငါးကောင် ပုံရိပ်ထက် အနည်းဆုံး ဆယ်ဆခန့် ကြီးမား၏။ နဂါးပုံရိပ်တစ်ခုချင်းစီက ပေသုံးဆယ်ခန့် မြင့်မားပြီး ငွေရောင်တလက်လက် တောက်ပလျက်ရှိသည်။

အပိုင်း(၃၇၈) သွမ့်ကျန်းရှီကို သတ်ဖြတ်ခြင်း

ထန် ထန် ထန် ထန်

နဂါးပုံရိပ်တွေနဲ့ ထိမိသွားတဲ့ အခါမှာ နတ်ဆိုးအော်သံ အသံလှိုင်းတွေက လုံးဝကို ပျောက်ကွယ် သွားခဲ့သည်။

အစောပိုင်းတုန်းက နတ်ဆိုးအော်သံ အသံလှိုင်းစွမ်းအင်တွေက နဂါးပုံရိပ်တွေကို လွယ်လွယ်ကူကူ ဖျက်ဆီးပစ်ပြီးတော့ ကွမ်းယွမ်ကိုတောင်မှ ဒဏ်ရာရစေခဲ့သည်။ အခုတော့ အခြေအနေတွေက အားလုံးပြောင်းပြန် ဖြစ်ကုန်ပါပြီ။ နဂါးပုံရိပ်တွေက နတ်ဆိုးအော်သံ အသံလှိုင်းတွေကို အံ့သြစရာကောင်းအောင် ဖျက်ဆီးပစ်လိုက်ပြီးတော့ သွမ့်ကျန်းရှီဆီကို ဆက်လက် တိုးဝင်လာခဲ့သည်။

သွမ့်ကျန်းရှီ၏ မျက်နှာက အံ့အားသင့်မှုကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့သည်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကွမ်းယွမ်၏ စွမ်းရည်တွေက ကြည့်ရတာ တစ်ချက်တည်းဖြင့် မြင့်တက်လာခဲ့ပုံ ရသည်။

ရင်းက စိတ်ဝိညာဉ် ပလ္လင်အလွှာ ၇ သို့မဟုတ် ၈

အဆင့်ဖြစ်သည်။ အဲဒီလောက်တောင် အစွမ်းထက်သွားတာလား။

လူတစ်ယောက်၏ ကျင့်ကြံခြင်းအဆင့် မြင့်မားသွားလေ တစ်ယောက်နှင့် တစ်ယောက်၏ အကြားက ကွာဟချက်ကို ခံစားနိုင်သည်။ သွမ့်ကျန်းရှီက စိတ်ဂိညာဉ် ပလ္လင်အလွှာ ၃ အဆင့်ဖြစ်ပြီး သူ့မှာ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိနေရင်တောင်မှ စိတ်ဂိညာဉ် ပလ္လင်အလွှာ ၇ အဆင့် လူတစ်ယောက်က သူ့ကို ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိပေသည်။

အမှန်တော့ သူကိုယ်တိုင်က တိုက်ပွဲနဲ့ပတ်သက်ပြီး ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် မဟုတ်ပေ။ နတ်ဆိုးအော်သံ ဆေဘာဓား အပေါ်တွင် မှီခိုနေခဲ့သည်။

"မင်းငရဲကို ရောက်သွားမှပဲ စဉ်းစားပေတော့"

ကွမ်းယွမ်က တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ သူ့မှာအချိန်မရှိပေ။ ဆေးအာနိသင် ကုန်ခန်းသွားသည့် အချိန်ကျရင် သူရဲ့ မူလကျင့်ကြံခြင်း အဆင့်ကို ပြန်လည်ရောက်ရှိ သွားပြီးတော့ အဓိက ကျင့်ကြံခြင်းအဆင့် တစ်ခုလျော့ကျသွားပြီး စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ကို ရောက်ရှိသွားပါလိမ့်မည်။

သွမ့်ကျန်းရှီက သူ၏တိုက်ခိုက်မှုကို ပုတ်ထုတ်လိုက်ပေမဲ့ ကွမ်းယွမ်၏ တိုက်ခိုက်မှုများက အဆက်မပြတ် ထိုးဖောက်ဝင်ရောက် လာခဲ့သည်။ စစ်မှန်တဲ့ စွမ်းအား၏ အရှေ့တွင် သွမ့်ကျန်းရှီ၏ တန်ပြန်တိုက်ခိုက်မှုတွေက အားနည်းနေခဲ့သည်။

"အန်းဇီ"

သွမ့်ကျန်းရှီက ရုတ်တရက် ထူးဆန်းတဲ့ အော်ခေါ်သံ တစ်ခုကို လုပ်လိုက်ပြီး တစ်ခဏလေး အတွင်းမှာ တောအုပ်ထဲကနေ ခေါင်းတလား တစ်ခုက လျှောတိုက်ပြီး ရောက်လာခဲ့သည်။ ဖုန်း။ ကျယ်လောင်တဲ့ အသံတစ်ခု ကြားလိုက်ရပြီးတော့ ခေါင်းတလား အတွင်းမှ အလောင်းစစ်သား တစ်ကောင် ထွက်လာခဲ့သည်။

နန်းချင်းယွဲ့ ဖြစ်၏။

"ချင်းယွဲ့"

ကွမ်းယွမ်က အသက်ရှုမှားသွားပြီး ပင့်သက်ရှိုက်ကာ အော်ခေါ် လိုက်သည်။

"ဟားဟား အခု မင်းရဲ့ အချစ်ဟောင်းကို မြင်လိုက်ရပြီမလား။ မင်းအရမ်းကို ဂမ်းသာပျော်ရွှင်နေသင့်တယ်လေ ဟုတ်တယ်မလား"

သွမ့်ကျန်းရှီက လှောင်ပြောင် သရော်လိုက်သည်။

"မင်းရဲ့ အချစ်ဟောင်းကို သတ်ပစ်နိုင်လို့လား"

ရွှစ် ရွှစ် ရွှစ်

အလောင်းကောင် စစ်သားတစ်ကောင်က ခံစားချက်တွေ မရှိပေ။ ထို့ကြောင့် သူမက ကွမ်းယွမ်ကို ချက်ချင်းဆိုသလို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။ သူမ၏ အရိုးစုလက်သည်းတွေနဲ့ အဆက်မပြတ် တိုက်ခိုက်လိုက်ပြီး အနက်ရောင် အလောင်းချီတွေက အရှေ့ကို ထွက်လာခဲ့သည်။ အကယ်၍များ လက်သည်းကုတ်ချက်ကြောင့် ဒဏ်ရာတစ်ခု ရရှိသွားခဲ့မည်ဆိုပါက အလောင်းချီတွေက ခန္ဓာကိုယ် အတွင်းထဲကို ဂင်ရောက်သွားပါလိမ့်မည်။ ၎င်းကို ခန္ဓာကိုယ် အတွင်းကနေ ဖယ်ရှားဖို့က အရမ်းကို ခက်ခဲလှသည်။ အကယ်၍ အလောင်းချီကို မထုတ်နိုင်ခဲ့ဘူးဆိုလျှင် အလောင်းချီတွေက

ခန္ဓာကိုယ်ကို ကျူးကျော်ဝင်ရောက်ပြီး ကွမ်းယွမ်လည်းပဲ အလောင်းကောင် စစ်သားတစ်ကောင် ဖြစ်သွားပါလိမ့်မည်။

၎င်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ကွမ်းယွမ်က သူ၏ ချစ်သူဟောင်းရဲ့ အကြွင်းအကျန် ရုပ်အလောင်းကို ဖျက်ဆီးပစ်ဖို့ ဆန္ဒမရှိပါဘူး။ သူက အဆက်မပြတ် ရှောင်တိမ်းနေတဲ့ အတွက်ကြောင့် သွမ့်ကျန်းရှီက သူ့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ဖို့ အခွင့်အရေး လုံလုံလောက်လောက် ပေးလိုက်သည်။ နတ်ဆိုးအော်သံ အသံလှိုင်းတွေက ထွက်ပေါ်လာပြီး ၎င်းအသံလှိုင်း စွမ်းအား၏ တိုက်ခိုက်မှုကြောင့် ကွမ်းယွမ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ သွေးစီးကြောင်းတွေ ဖြစ်ပေါ်လာခဲ့သည်။

လင်းဟာန်ကတော့ စကားတစ်ခွန်းမှ မဆိုချေ။ အကယ်၍ ကွမ်းယွမ်က ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ပဲ ဤအတိုင်းပဲ ဆက်လက်ရှောင်တိမ်းဖို့ ရွေးချယ်နေမယ် ဆိုရင်တောင်မှ ဤသည်ကား ကွမ်းယွမ်၏ ကိစ္စသာ ဖြစ်သည်။ သူ့အနေနဲ့ ကွမ်းယွမ်ကို သူ၏လက်ဖြင့် လက်စားချေနိုင်အောင် အခွင့်အရေးတစ်ခုကို ဖန်တီးပေးခဲ့သည်။ အကယ်၍ ဒီအခွင့်အရေးကို အသုံးမချပဲ လုပ်နေမယ်ဆိုပါက နောက်ပိုင်းကျရင်တော့ သူ့အနေနဲ့

ကွမ်းယွမ်ကို တခြားအခွင့်အရေးတွေ ပေးလိမ့်မည် မဟုတ်ချေ။

"ဟားဟားဟား မင်းရဲ့ ဒီလိုမျိုး တိုက်ပွဲအစွမ်းတွေက မင်းစားလိုက်တဲ့ ဆေးလုံးကြောင့် ဆိုတာကို ငါသိတာပေါ့။ ပြဿနာက ဒီဆေးလုံးရဲ့ အာနိသင်က ဘယ်လောက်ကြာကြာ ခံလိမ့်မလဲ"

သွမ့်ကျန်းရှီက လှောင်ပြုံးပြုံး လိုက်သည်။ ယခု ဤတိုက်ပွဲတွင် သူက တစ်ဖန်ပြန်ပြီးတော့ အသာစီး ရယူထားနိုင်ခဲ့သည်။

ကွမ်းယွမ်က အဖြေမပေးပဲ နန်းချင်းယွဲ့ကို တွေဝေငေးမောပြီး တစ်ချက်ကြည့်လိုက်သည်။ အလောင်းစစ်သား ဆိုပေမဲ့လည်း သူမက ကောင်းကောင်းမွန်မွန် ဂဝတ်စားဆင်ယင်ထားသည့် အတွက်ကြောင့် အိပ်ပျော်နေသလိုမျိုးပါပဲ။

ရှပ် ရှပ် ရှပ်

သူ့ခန္ဓာကိုယ်ပေါ်က အဂဝတ်အစားတွေက စုတ်ပြဲထွက်ကုန်ပြီး ဒဏ်ရာတွေ အများကြီး

ဖြစ်ပေါ်လာခဲ့သည်။ အနက်ရောင် အလောင်းချီတွေက သူ၏ ဒဏ်ရာအနား တစ်ပိုက်တွင် ပေ့လည်ပေ့လည်ဖြင့် ပိုင်းရံနေပြီး သူ့ဒဏ်ရာကနေတစ်ဆင့် ခန္ဓာကိုယ်ထဲကို ဖြတ်သန်း ဝင်ရောက်တော့မည့် မြွေစိမ်းတွေအလား ဖြစ်နေသည်။

"အလောင်းချီကို လိမ်လိမ်မာမာနဲ့ ပေးဝင်လိုက်စမ်းပါ။ ဒါဆိုရင် ငါမင်းကို အလောင်းကောင် စစ်သားတစ်ကောင် အဖြစ်ကို သန့်စင်မွမ်းမံပြီးတော့ မင်းရဲ့အချစ်ဟောင်းနဲ့ စုံတွဲလုပ်ပေးမယ်"

သွမ့်ကျန်းရှီက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ပွဲကပြီးသွားပါပြီ။ သူက အလောင်းတစ်ထောင် ဂိုဏ်းအတွင်းမှာ ရာထူးတက်ဖို့ ကံဇာတာ ပါလာခဲ့သည်။

"သေစမ်း"

ကွမ်းယွမ်က ရုတ်တရက် ပေါက်ကွဲသွားပြီး နန်းချင်းယွဲ့၏ မျက်နှာဆီ လက်သီးတစ်ချက်ကို တည့်တည့်မတ်မတ် ထိုးချပစ်လိုက်သည်။ သူ၏ တိုက်ခိုက်မှု အနောက်က ကြောက်မက်ဖွယ်ရာ စွမ်းအားက အလောင်းကောင်

စစ်သားကို အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားစေခဲ့သည်။

ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက် ဝင်ရောက်နေတဲ့ လူတစ်ယောက်၏ စွမ်းရည်က ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။

သွမ့်ကျန်းရှီ ပုံစံကို ကြည့်ရတာ အတော်လေးကို အံ့သြမှင်တက် သွားပုံရ၏။ ကွမ်းယွမ်က ရုတ်တရက် သူ၏ အစွမ်းများကို ထုတ်ဖော်လိုက်မည်ဟု လုံးဝကို မမျှော်လင့်ထားမိခဲ့ပေ။ အလောင်းကောင် စစ်သား၏ အတွင်းထဲမှာ သူ၏ နတ်ဘုရား အာရုံတစ်ခု ရှိနေပြီးတော့ ၎င်းနတ်ဘုရား အာရုံဖြင့် အလောင်းကောင် စစ်သားကို သူ့စိတ်ကြိုက် ထိန်းချုပ်လို့ ရနေခြင်း ဖြစ်ပေသည်။ ယခု ထိုအလောင်းကောင် စစ်သားကား ဖျက်ဆီးခံလိုက်ရသည့်အတွက် သူ၏ နတ်ဘုရား အာရုံသည်လည်း ပျက်စီးပျောက်ကွယ်သွားပြီး သူ့ကို တန်ပြန်ထိခိုက် စေခဲ့သည်။

"အား"

သွမ့်ကျန်းရှီက ထိတ်လန့်စွာ အော်ဟစ်လိုက်ပြီး ပါးစပ်နဲ့အပြည့် သွေးတစ်လုတ်ကို အန်ထုတ်ပစ် လိုက်သည်။

"ကွမ်းယွမ် မင်းက အရမ်းကို ရက်စက်ပြီး အကြင်နာတရားကင်းမဲ့တဲ့ ကောင်ပဲ။ ချင်းယွဲ့ရဲ့ အကြွင်းအကျန်ကိုတောင်မှ တကယ်ပဲ ဖျက်ဆီးပစ်လိုက်တယ်ပေါ့လေ"

သူက အလျင်အမြန်ပဲ အော်ဟစ်လိုက်သည်။ ကွမ်းယွမ်က အလောင်းကောင် စစ်သားကိုတောင် ဖျက်ဆီးပစ်နိုင်စွမ်း ရှိနေမှတော့ သူ့အနေနဲ့ ကွမ်းယွမ်ကို ဘယ်လိုလုပ်ပြီးတော့ ရင်ဆိုင်လို့ ရနိုင်မှာလဲ။ သူက ကွမ်းယွမ်ကို စကားလုံးတွေနဲ့ တိုက်စစ်ဆင်ပြီး ထိုးနှက်တိုက်ခိုက်ပြီးတော့ ကွမ်းယွမ်ရဲ့ ဆေးအာနိသင် ကုန်ခန်းသွားအောင် အတတ်နိုင်ဆုံး အချိန်ဆွဲဖို့ ကြိုးစားလိုက်တာပဲ ဖြစ်သည်။

"မင်းက ချင်းယွဲ့ရဲ့ အကြွင်းအကျန် ရုပ်အလောင်းကို ညစ်ညမ်းစေတဲ့ တစ်ဦးတည်းသော သူပဲ။ ငါက ချင်းယွဲ့ကို အေးအေးချမ်းချမ်းနဲ့ အိပ်စက်နိုင်အောင် လုပ်ပေးခဲ့တာ"

ကွမ်းယွမ်ရဲ့ အမူအရာက ဆုံးဖြတ်ချက် ချထားတဲ့အတွက် သူ့ရဲ့မျက်လုံးတွေက စူးရှထက်မြက်လို့ နေပြီးတော့ သွမ့်ကျန်းရှီရဲ့ စကားလုံးတွေကြောင့် တွေဝေငေးမောခြင်းမျိုး မရှိတော့ပေ။

ကွမ်းယွမ်က သူ၏ လက်သီးတွေကို တစ်လုံးပြီး တစ်လုံး အဆက်မပြတ် ပစ်သွင်းနေသည်။ သူ့ပုံစံကို ကြည့်ရတာ တောင်တွေကို ဖြိုပြီးတော့ ပင်လယ်တွေကို ပြောင်းပြန်လှန်ပစ်တော့မဲ့ ပုံစံမျိုး ဖြစ်နေသည်။

သွမ့်ကျန်းရှိက ဘယ်လိုလုပ်ပြီးတော့ ဒီတိုက်ခိုက်မှုတွေကို ထိပ်တိုက်ရင်ဆိုင် ပံ့မှာလဲ။ သူက အလျင်အမြန်ပဲ လှည့်ပြီးတော့ ထွက်ပြေးဖို့ ကြိုးစားလိုက်သည်။ သူ့အနေနဲ့ လင်းဟန်ဆီမှာ သက်ရှိတွေကို သယ်ယူဆောင်သွားနိုင်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို ဂိုဏ်းဆီကို ပြန်ပြီးတော့ အမြန်သတင်းပို့ချင် နေပါပြီ။ သူကိုယ်တိုင် ရယူပြီးတော့ ပေးမယ်ဆိုရင် ဆုတွေအများကြီး ရနိုင်ပေမဲ့လည်း သူ့အနေနဲ့ ဒီကိစ္စကို ဆက်လက်ကိုင်တွယ်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ယခုလို သတင်းပေးလိုက်ခြင်းကလည်း ကြီးမားတဲ့ စွမ်းဆောင်ရည်ကြီး တစ်ခုဖြစ်တဲ့အတွက် ဆုကောင်းကောင်း ချီးမြင့်ခြင်းကို ခံရပါလိမ့်မည်။

"မင်းထွက်ပြေးလို့ လွတ်မယ်ထင်နေတာလား"

ကွမ်းယွမ်က နှာခေါင်းရှုံ့ပြီး လေးညို့ကနေ လွှတ်လိုက်တဲ့ မြားတစ်စင်းလိုမျိုး တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့

သွမ့်ကျန်းရှီရဲ့ နောက်ကျောဆီကို ပြင်းထန်တဲ့ လက်သီးတစ်ချက် ထိုးထည့်လိုက်သည်။

"အား"

သွမ့်ကျန်းရှီက နောက်တစ်ကြိမ် အော်ဟစ်လိုက်သည်။ သူက အစောတုန်းက စိတ်ဝိညာဉ် တန်ပြန်သက်ရောက်မှုကို ခံစားခဲ့ရပြီးပါပြီ။ ယခုသူက လက်သီးနဲ့ အထိုးခံလိုက်ရပြီး ထိုလက်သီးချက်၏ အစွမ်းက သူ့ခန္ဓာကိုယ်ထဲက ကလီစာတွေကို ပြောင်းပြန်လှန်ပစ်လိုက်သလို မချိမဆန့် ဝေဒနာကို ခံစားလိုက်ရသည်။

ဘာဖြစ်လို့လဲဆိုတော့ သူက အလောင်းချီကို လေ့ကျင့်ထားတဲ့သူ တစ်ယောက် ဖြစ်ပြီးတော့ သူ၏ခန္ဓာကိုယ်က ပုံမှန်လူတစ်ယောက်နဲ့ မတူညီ ကွဲပြားခြားနားနေသည်။ ထို့နောက် သူ၏ ရင်ဘတ်နေရာက ရေအိတ်တစ်ခုလို ဖောင်းလာပြီးတော့မှ ပေါက်ကွဲထွက်သွားပြီး သွေးတွေက နေရာအနှံ့အပြားကို ပန်းထွက်သွားခဲ့သည်။

"အား"

ကွမ်းယွမ်က မိုးကောင်းကင်ပေါ်ကို မော့ပြီးတော့ မခံမရပ်နိုင် အော်ဟစ်လိုက်သည်။ သူ့အနေနဲ့ ချင်းယွဲ့အတွက် လက်စားချေနိုင်ခဲ့ပြီ ဆိုပေမဲ့လည်း သူ့ဆီမှာ နောင်တတွေ တပွေ့တပိုက်ကြီး ကျန်နေခဲ့သည်။ အကယ်၍များ သူက ဒီနှစ်တွေမှာ နည်းနည်းလောက် ပိုကြိုးစားပြီးတော့ နန်းချင်းယွဲ့ကို ဤနေရာကနေ အဝေးကိုသာ ခေါ်သွားနိုင်ခဲ့မယ်ဆိုရင် ယနေ့လိုမျိုး အဖြစ်ဆိုးမျိုး ဖြစ်လာပါဦးမလား။

လင်းဟန်က ကွမ်းယွမ်ဆီကို လျှောက်သွားပြီးတော့ ပိုင်တစ်ပုလင်းကို ဆွဲထုတ်ပြီး ပေးလိုက်သည်။ ဒီအချိန်မှာ ကွမ်းယွမ်အနေနဲ့ မူးအောင် သောက်ပစ်ဖို့ လိုအပ်နေသည်။

ညရောက်တော့ ကွမ်းယွမ်က အရူးတစ်ယောက်လိုပဲ အရက်ကို သောက်နေပြီး လင်းဟန်က သူ့ကို အနက်ရောင် မျှော်စင်ထဲကို ပြန်ထည့်ထားခဲ့လိုက်သည်။ သူက နောက်ထပ်မြို့ တစ်ခုကို အရောက်မှာတော့ မြင်းလှည်းတစ်စီးကို ငှားပြီးတော့ ဆက်လက် ခရီးထွက်ခဲ့ကြသည်။ ဒီတစ်ကြိမ်မှာတော့ သူရဲ့လမ်းကို တားဆီးမဲ့သည် တစ်ယောက်မှ ထွက်ပေါ်မလာခဲ့ပါဘူး။ သူကတော့ မြင်းလှည်းရဲ့ အတွင်းပိုင်းမှာ ထိုင်ပြီးတော့ ယန်စွမ်းအားမြင့်မြို့ဆီကို ဖြည်းညင်းစွာပဲ

ဆက်လက်ထွက်ခွာလာခဲ့သည်။

ရွှစ်

လင်းဟန်ထွက်သွားပြီး သိပ်မကြာခင်မှာပဲ သွမ့်ကျန်းရှီရဲ့ အလောင်းဘေးနားမှာ ပုံရိပ်တစ်ခုက ပေါ်လာခဲ့သည်။

၎င်းပုံရိပ်ကို ကြည့်ရတာ အသက်ခုနစ်ဆယ်ခန့်ရှိသည့် အဘိုးကြီး တစ်ယောက် ဖြစ်သည်။ သူ၏ အရေပြားက ခြောက်သွေ့နေပြီး သူ့ပုံစံက အရိုးပေါ် အရေတင်သလိုမျိုး ဖြစ်နေပေမဲ့ သူရဲ့ မျက်လုံးတွေထဲမှာ ခန့်ညားလောက်တဲ့ အံ့မခန်း အရှိန်အဝါ တစ်ခုနဲ့ ပြည့်လို့နေသည်။ အကယ်၍ လူတစ်ယောက်က သူရဲ့ မျက်လုံးတွေနဲ့ အကြည့်ခြင်း ဆုံမိသွားမယ်ဆိုရင် သူတို့ရဲ့ နှလုံးသားတွေ တုန်လှုပ်ပြီးတော့ ကြောက်ရွံ့ထိတ်လန့် သွားပါလိမ့်မည်။

"သေသွားပြီလား"

သူက သွမ့်ကျန်းရှီ၏ ခန္ဓာကိုယ်ကို အနီးကပ် စစ်ဆေးလိုက်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်သည်။

"သူက တန်းသေသွားအောင် အထိုးခံလိုက်ရတာပဲ။

ဒီလက်သီးရဲ့ ခွန်အားကို ကြည့်ရတာ တိုက်ခိုက်တဲ့သူက စိတ်ဝိညာဉ် ပလ္လင်အလွှာ ၉ အဆင့် ဒါမှမဟုတ် ပန်းဖူးအဆင့်ကို ခြေလှမ်း တစ်ဝက် ဝင်ရောက်နေတဲ့ သူတောင်မှ ဖြစ်နိုင်တယ်"

"ဆောင်းလဂိုဏ်းရဲ့ လက်ရွေးစင်တွေကများ သွမ့်ကျန်းရှီရဲ့ သဲလွန်စတွေကို ရှာတွေ့သွားပြီး သူ့အနောက်ကို တစ်ကောက်ကောက် လိုက်ပြီးတော့ နောက်ဆုံးဒီနေရာမှာ တိုက်ပွဲဖြစ်သွားတာ ဖြစ်နိုင်မလား"

"ငါသူ့ကို အလောင်းကောင် စစ်သားတစ်ကောင်အဖြစ်ကို မွမ်းမံရမယ်။ အခုလေးတင်မှ သေသွားတဲ့ အပေါ်မှာ အခွင့်ကောင်းယူပြီးတော့ သူ့ဆီကနေ မှတ်ဉာဏ်တချို့ကို ငါဆွဲထုတ်လို့ ရနိုင်တယ်"

အဘိုးကြီးက သွမ့်ကျန်းရှီရဲ့ ခန္ဓာကိုယ်ကို ကောက်ယူပြီးတော့ သူ့ပုံရိပ်က လေပေါ်ကို မြင့်တက်သွားခဲ့သည်။

ပန်းဖူးအဆင့်။

ဤအဘိုးကြီးကား အလောင်းတစ်ထောင်ဂိုဏ်း၏

အကြီးအကဲ ကျိုးယွမ်ဖြစ်၏။ ပထမတော့ သူက ပင်လယ်လေညှင်းမြို့ကို သွားပြီးတော့ စစ်ဆေးပြီး တာဝန်အသစ် တစ်ခုကို ပေးဖို့ဖြစ်သည်။ ဒါပေမဲ့ သူလုံးဝ မထင်မှတ်ထားတာက ပင်လယ်လေညှင်းမြို့က သူတို့ အလောင်းတစ်ထောင် ဂိုဏ်း၏ လျှို့ဝှက်ဌာနခွဲကို ဆောင်းလဂိုဏ်းက ရှာတွေ့သွားခဲ့ပြီး သူတို့အဖွဲ့သားတွေက သူမရောက်လာခင်ကတည်းက စွန့်ခွာထွက်သွားပြီဆိုတဲ့ သတင်းကို ကြားခဲ့ရသည်။

သူက သွမ့်ကျန်းရှီနဲ့ တွေ့ဆုံခဲ့၏။ ဒါပေမဲ့ သွမ့်ကျန်းရှီက သူတို့အကြောင်းကို လူတွေသိအောင် လုပ်လိုက်တဲ့ သူရဲ့အနောက်ကို တစ်ကောက်ကောက် လိုက်နေပြီး အဆုံးမှာတော့ သွမ့်ကျန်းရှီရဲ့ အလောင်းကိုပဲ သူမြင်တွေ့ခဲ့ရသည်။

ငါးရက်အတွင်းမှာပဲ သွမ့်ကျန်းရှီရဲ့ အလောင်းကို အလောင်းကောင် စစ်သားတစ်ယောက် အဖြစ်ကို မွမ်းမံသန့်စင်လိုက်သည်။

အကယ်၍များ သွမ့်ကျန်းရှီသာ အသက်ရှင်နေဦးမယ်ဆိုရင် ဒီဂိုဏ်းထဲကို ဝင်ရောက်ခဲ့ခြင်းအတွက် သူ့အနေနဲ့ နောင်တရနေမလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

သူတို့က တကယ့်ကို စိတ်ဖောက်ပြန်ပြီး ရူးနေကြတဲ့ သူတွေပဲဖြစ်၏။

"လဗ္ဗြတ်"

အကြီးအကဲ ကျိုးယွမ်က သွမ့်ကျန်းရှီ၏ မှတ်ဉာဏ်များကို ဆက်ပြီးတော့ ဆွဲထုတ်ယူလိုက်သည်။ မှတ်ဉာဏ်တွေရဲ့ အစိတ်အပိုင်း တော်တော်များများက ပျက်စီးနေပေမဲ့ သွမ့်ကျန်းရှီ၏ နောက်ဆုံးတိုက်ပွဲ အကြောင်းကို အပြည့်အဝ ထုတ်ယူနိုင်ခဲ့သည်။

"သက်ရှိတွေကိုတောင် ထည့်ထားနိုင်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုလား"

"ဟားဟား နတ်ဘုရားတွေတောင်မှ ငါတို့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ဘက်မှာ ရှိနေမှတော့ ငါတို့အောင်မြင်လိမ့်မယ်။ သေချာပေါက် ငါတို့ အောင်မြင်ရမယ်"

အကြီးအကဲ ကျိုးယွမ်ရဲ့ မျက်နာပေါ်က အမူအရာ ပြောင်းသွားပြီး ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို မြင့်တက်သွားခဲ့သည်။ သူက လင်းဟာန်ကို ရှာဖွေပြီးတော့

အရမ်းကို အဖိုးတန်တဲ့ စိတ်ဂိညာဉ်ပစ္စည်းကို လုယူချင်နေပါပြီ။

အပိုင်း(၃၇၁) ဈေးဆိုင်ဖွင့်ပြီ

သွမ့်ကျန်းရှီနဲ့ ရင်ဆိုင်လို့ ပြီးတဲ့နောက်မှာ လင်းဟန်က သူရဲ့မျက်နှာကို ထပ်ပြီးတော့ ရုပ်ဖျက်ဖို့ မလိုတော့ပါဘူး။ ယန်စွမ်းအားမြင့်မြို့ဆီကို ရောက်တဲ့အခါမှာ လင်းဟန်၏ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပင်လယ်အလွှာ တတိယအဆင့်၏ အလယ်အလတ်ကို ရောက်ရှိလို့ သွားခဲ့ပြီး သတင်းဆိုးတစ်ခုကတော့ မူလစွမ်းအင် ပုံဆောင်ခဲ အားလုံးကို အသုံးပြုလိုက်ပြီ ဖြစ်တဲ့အတွက် လက်ရှိမှာ သူက တကယ့်ကို ငမွဲတစ်ယောက် ဖြစ်သွားပါပြီ။

ကွမ်းယွမ်၏ ကျင့်ကြံခြင်းလည်းပဲ စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့်ကို လျှော့ကျလို့ သွားခဲ့ပါပြီ။ ထို့နောက် တစ်လဆိုတဲ့ အချိန်အတွင်းမှာ ကျင့်ကြံခြင်းကို အာရုံစိုက်လိုက်တဲ့ အခါမှာ စိတ်ဂိညာဉ် ပင်လယ်အလွှာ ဒုတိယ အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားနိုင်ခဲ့သည်။ အခုဆိုရင် ကွမ်းယွမ်နဲ့ ကန်းရီတို့က သိပ်ပြီးတော့ မကွာခြားတော့ပါဘူး။ အကယ်၍များ ဒီနှစ်ယောက်က နေ့မအိပ် ညမနားပဲ မူလစွမ်းအင် ပုံဆောင်ခဲတွေကို

အဆုံးမရှိ သန့်စင်နေမယ်ဆိုရင်တောင် တစ်လကိုမှ မူစွမ်းအင်ပုံဆောင်ခဲ နှစ်ခုပဲ ပေးနိုင်မှာဖြစ်ပြီး အကုန်လုံးကလည်း ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲတွေချည်းပါပဲ။

ဘယ်လောက်တောင် သနားစရာ ကောင်းလိုက်သလဲ။

လင်းဟန်က ပင့်သက်ရှိုက်လိုက်၏။ ယန်စွမ်းအားမြင့်မြို့ဆီကို ရောက်လာတဲ့ အခါမှာတော့ သူ၏ နောက်ဆုံး မူလစွမ်းအင် ပုံဆောင်ခဲကို မြို့ထဲကို ဝင်ရောက်ဖို့အတွက် စာရင်းသွင်းတဲ့ ဝင်ကြေးအဖြစ် ပေးလိုက်ရသည်။ စာရင်းသွင်းခက တစ်ကြိမ်ပဲ လုပ်ဖို့လိုအပ်တာ ဖြစ်ပြီးတော့ နောက်ပိုင်းမှာ ဘယ်အချိန်ပဲဝင်ဝင် ထပ်ပြီးတော့ ပေးချေစရာ မလိုအပ်ပေ။

ပိုက်ဆံကို ချွေတာတဲ့ အနေနဲ့ သူက လှီယုထန်နဲ့ တခြားသူတွေကို အပြင်ကို မထုတ်ထားပေ။

ယခု ပထမဆုံး ခြေလှမ်းက စိတ်ဝိညာဉ် ပြန်လည်ကုသခြင်း ဆေးလုံးအတွက် ကျန်ရှိနေတဲ့ အဓိက ပါဝင်ပစ္စည်းနှစ်ခုကို ရှာဖွေဖို့ မဟုတ်ပေ။ အရင်ဆုံး ပိုက်ဆံရှာရပါမယ်။ ပိုက်ဆံမရှိရင် ခိုးဖို့အတွက် အစီအစဉ် ဆွဲရမှာလား။

အကယ်၍ သူလုပ်ချင်တယ် ဆိုရင်တောင်မှ ထိုကဲ့သို့ လုပ်ဆောင်နိုင်တဲ့ စွမ်းရည်က အရင်ဆုံးရှိနေဖို့ လိုအပ်ပေသည်။

ယန်စွမ်းအားမြင့်မြို့က မြောက်ပိုင်းဒေသ တစ်ခုလုံး၏ စီးပွားရေး အချက်အချာ အကျဆုံး နေရာဖြစ်၏။ ၎င်းက အရမ်းကို နေလို့ထိုင်လို့ ကောင်းသည့် နေရာလည်းဖြစ်ပြီး မှော်ဆေးပညာ အဖွဲ့အစည်းနှင့် စိတ်ဂိညာဉ် ရတနာ စံအိမ်ကဲ့သို့သော ရောမ အင်အားကြီး အဖွဲ့အစည်း နှစ်ခုလည်း ရှိသည်။ စိတ်ဂိညာဉ် ရတနာ စံအိမ်၏ ဌာနချုပ်ကို စိတ်ဂိညာသ် ရတနာ စံအိမ်လို့ပဲ ခေါ်ဆိုကြပြီး မှော်ဆေးပညာရှင် အဖွဲ့အစည်းကိုတော့ မြောက်ပိုင်းဆေးနန်းတော် ခန်းမဟု ခေါ်ဆိုကြသည်။ ၎င်းက မြို့တော် တစ်ခုလုံး၏ စုစုပေါင်းဧရိယာ အကျယ်အဝန်း၏ ဆယ်ပုံတစ်ပုံခန့်ကို နေရာယူထားခဲ့သည်။ ထို့အပြင် မရေမတွက်နိုင်တဲ့ သိုင်းပညာရှင်တွေနဲ့ မှော်ဆေးပညာရှင်တွေလည်း အထဲမှာ ရှိနေကြသည်။ နောက်ပြီးတော့ မှော်ဆေးပညာရှင်တွေ နေ့စဉ် ဆေးဖော်စပ်ဖို့အတွက် ပါဂင်ပစ္စည်းတွေကို ထောက်ပံ့ပေးတဲ့ ရောမ ဆေးစိုက်ခန်းကြီး တစ်ခုလည်း ရှိ၏။

လူတွေပြောကြတဲ့ တစ်ဆင့်စကား တစ်ဆင့်နား အရတော့

ထိုဆေးစိုက်ခင်းကြီးရဲ့ အပေါ်မှာ အရမ်းကို ကြီးမားတဲ့ စိတ်ဂိညာဉ် စုစည်းခြင်း အစီအရင်ကို ချထားပြီးတော့ စိတ်ဂိညာဉ်ချီတွေကို အတွင်းပိုင်းမှာ အရမ်းကို သိပ်သည်းကျစ်လျစ်ပြီး စိတ်ဂိညာဉ် ဆေးပင်များ၏ ကြီးထွားမှုကို မြန်ဆန်စေ၏။ ထိုစိတ်ဂိညာဉ် စုစည်းခြင်း အစီအရင်၏ လည်ပတ်မှုကို ထိန်းသိမ်းဖို့အတွက် နေ့စဉ်အသုံးပြုရတဲ့ မူလစွမ်းအင် ပုံဆောင်ခဲ အရေအတွက်ကား အရမ်းကို အံ့သြထိတ်လန့်ဖွယ် ကောင်းပေသည်။

ချမ်းသာကြွယ်ဝမှု အဆင့်နဲ့ဆိုလျှင် မြောက်ပိုင်းဒေသမှာ ထိပ်ဆုံးအဆင့်မှာရှိတဲ့ အင်အားကြီး အဖွဲ့အစည်း နှစ်ခုရှိသည်။ စိတ်ဂိညာဉ် ရတနာ စံအိမ်နှင့် မှော်ဆေးပညာရှင် အဖွဲ့အစည်းတွေက မူလစွမ်းအင် ပုံဆောင်ခဲတွေကို မီးနဲ့ရှို့ပစ်သလိုမျိုး သုံးစွဲပစ်နိုင်သည်။

ထိုအကြောင်းကို လင်းဟာန်ကြားသိလိုက်ရတာနဲ့ သူရဲ့လက်တွေက တရှူရှူနဲ့ ယားကျိယားကျိ ဖြစ်လာခဲ့သည်။ သူက မြောက်ပိုင်းဆေးနန်းတော် ခန်းမ၏ ဆေးစိုက်ခင်းထဲကို အရမ်းကို ဂင်ရောက်သွားချင်ခဲ့၏။ ထိုဆေးစိုက်ခင်းထဲမှ စိတ်ဂိညာဉ် ဆေးပင်အမျိုးအစားတိုင်းကို အနည်းငယ်စီ တူးယူပြီးတော့

အနက်ရောင် မျှော်စင်၏ အထဲကို ပြောင်းရွှေ့စိုက်ပျိုးပြီး သူရဲ့ဆေးစိုက်ခင်းကို လုံးဝပြီးပြည့်စုံအောင် လုပ်လိုက်ချင်သည်။ အနက်ရောင် မျှော်စင်ထဲက ဆေးစိုက်ခင်းကမှ စစ်မှန်တဲ့ ဆေးစိုက်ခင်းလို့ ခေါ် ဆိုနိုင်သည်။

သူရဲ့အတွေးတွေက အရမ်းကို ဝေးကွာလွန်းနေ၏။ ယခု ဦးစားပေးရမဲ့ ကိစ္စက ငွေရှာဖို့ ငွေရှာဖို့။

လင်းဟန်က မှော်ဆေးလုံးတွေ ရောင်းချမဲ့ ဆိုင်တစ်ခုနဲ့ စားသောက်ဆိုင်တစ်ခုကို ဖွင့်ဖို့အတွက် အစီအစဉ် ဆွဲထားပြီး သူ့အတွက် မူလစွမ်းအင် ပုံဆောင်ခဲတွေ အဆုံးမရှိ စုစည်းဖို့ ဖြစ်သည်။

အဆင့်မြင့် မှော်ဆေးလုံး တစ်လုံးကို လေလံတင် ရောင်းချတာက အရမ်းကိုမြင့်မားတဲ့ တန်ကြေးတစ်ခုကို ရနိုင်သည်။ ဒါပေမဲ့ ပြဿနာက ပိုပြီးတော့ ရှားပါးလေ ၎င်း၏ တန်ဖိုးက ပိုမြင့်လေ ဖြစ်သည်။ အကယ်၍များ သူက အများကြီး ဆွဲထုတ်လိုက်မည်ဆိုလျှင် ၎င်းတို့၏ တန်ကြေးက ကျဆင်းသွားပေလိမ့်မည်။ ထို့အပြင် လင်းဟန်လိုအပ်တဲ့ မူလစွမ်းအင် ပုံဆောင်ခဲ အရေအတွက်ကလည်း အရမ်းကို ထိတ်လန့်ဖွယ်ရာ ကောင်းလွန်းသည်။ ဘယ်လောက်ပဲ

ပြဿနာရှိရှိ သူမှာ အများကြီး ရှိနေမယ်ဆိုရင် လုံး၀ စောဒက တက်လိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် တစ်ခါတစ်ရံမှာ အဆင့်မြင့် မော်ဆေးလုံး တချို့ကို ထုတ်ပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲတွေကို အရူးတစ်ယောက်လိုမျိုး ရှာဖို့ လိုအပ်ပေသည်။ သူ့အတွက်လည်း မူလစွမ်းအင် ပုံဆောင်ခဲတွေကို အဆက်မပြတ် ရယူနိုင်ဖို့အတွက် အဆင့်နိမ့် မော်ဆေးလုံးတွေကို အဆက်မပြတ် ထုတ်ရောင်းဖို့လည်း လိုအပ်လိမ့်မည်။

အရာအားလုံးက အစမှာတော့ ခက်ခဲတတ်ကြပြီး ကြီးကျယ်မြင့်မြတ်တဲ့ သူရဲကောင်းတွေ အတွက်တောင်မှ ပိုက်ဆံမရှိရင် ခက်ခဲနိုင်ပေသည်။ လင်းဟန်မှာ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုတောင် မရှိပေ။ ထို့ကြောင့် သူအနေနဲ့ အရာအားလုံးကို အစကနေ နောက်တစ်ကြိမ် စတင်ရပါလိမ့်မည်။

ပထမဆုံး သူက အနက်ရောင် မျှော်စင်အထဲက ဂျင်ဆင်းပင် တချို့ကို ခူးဆွတ်ရိတ်သိမ်းခဲ့ပြီး ဆေးဆိုင်တစ်ခုကို ၎င်းဂျင်ဆင်းပင်တွေကို ရောင်းချဖို့ သွားခဲ့သည်။ ဒါပေမဲ့ ၎င်းဆေးဆိုင်က ဂျင်ဆင်းပင်တွေအတွက် အရမ်းကို

နည်းပါးတဲ့ ငွေကြေးကိုပဲ ပေးဖို့ကမ်းလှမ်းခဲ့သည်။ လင်းဟန်က စိတ်တိုသွားပြီးတော့ နောက်ထပ် ဆေးဆိုင်တစ်ခုကို သွားခဲ့ပေမဲ့လည်း ရလဒ်ကတော့ အတူတူပါပဲ။

သူတို့က လင်းဟန်ကို အပြင်လူ တစ်ယောက်မှန်းသိပြီး သူရဲ့ ကျင့်ကြံခြင်းကလည်း စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိသေးတဲ့အတွက် အဲဒီအခွင့်အရေးအပေါ်မှာ အခွင့်ကောင်းယူပြီးတော့ အမြတ်ထုတ်ဖို့ ကြိုးစားနေတာပဲ ဖြစ်သည်။

မြောက်ပိုင်းအစွန်အဖျားမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့်က အလယ်အလတ်အဆင့် တစ်ယောက်လို့ သတ်မှတ်ယူဆနိုင်သည်။ ဒါပေမဲ့ ယန်စွမ်းအားမြင့်မြို့မှာတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို လက်ရွေးစင်လို့ပဲ သတ်မှတ်ပြီးတော့ ပန်းဖူးအဆင့်တွေကတော့ ရှိသေလေးစားမှု အစစ်အမှန်ကို ရရှိနိုင်ပါလိမ့်မည်။

ဘာမှလုပ်လို့ မရတော့ပါဘူး။ ယန်စွမ်းအားမြင့်မြို့က မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ စီးပွားကူးသန်း ရောင်းဝယ်ဖောက်ကားဖို့ အကောင်းဆုံးနေရာလို့ ဘယ်သူက

ပြောတာလဲ။ အကယ်၍များ လူတစ်ယောက်က ဒီမြို့အပေါ်ယံကိုပဲ ကြည့်မယ်ဆိုရင် ပန်းဖူးအဆင့် လက်ရွေးစင် သိုင်းပညာရှင်တွေ အမြောက်အမြားရှိပြီး ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်းက အရမ်းကိုလွယ်ကူတယ်လို့တောင် တွေးထင်ကြပါလိမ့်မယ်။

ဆေးဆိုင်တချို့ကို လိုက်လံမေးမြန်းပြီးတဲ့ နောက်မှာတော့ ရလဒ်က အနည်းနဲ့အများ ဆိုသလို တူညီနေသည်။ လင်းဟန်က နာကျင်စွာနဲ့ပဲ ဂျင်ဆင်းပင်တွေကို ဈေးနိမ့်ပြီး ရောင်းချခဲ့သည်။ တစ်ခုသိရမှာက ဒီဂျင်ဆင်းပင်တွေက အနက်ရောင် မျှော်စင်ထဲမှာ နှစ်လခန့် ကြီးထွားရှင်သန် နေခဲ့တာ ဖြစ်တဲ့အတွက် ၎င်းတို့၏ သက်တမ်းက နှစ်ပေါင်းသုံးရာနီးပါး ရှိသည်။

"မင်းတို့အားလုံး ဒီအတွက် နောင်တရလိမ့်မယ်"

လင်းဟန်က သေချာကို တေးမှတ်ထားလိုက်သည်။ နောက်ပိုင်းမှာ သူက ဆေးဆိုင်အားလုံးရဲ့ ဘေးမှာ ဆိုင်ခွဲဖွင့်ပြီးတော့ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းအားလုံးကို ဖြတ်လုပစ်ပါမည်။

တစ်ခါတစ်ရံမှာတော့ လင်းဟန်က အရမ်းကို

ကလေးဆန်လွန်းသည်။

မြို့ကို ရောက်တာနဲ့ လင်းဟန်က ချက်ချင်းဆိုသလိုပဲ သူရဲ့ ဆေးဆိုင်တစ်ခုနဲ့ စားသောက်ဆိုင် တစ်ခုကို ဖွင့်လိုက်သည်။ သူ့အနေနဲ့ ငွေကို အရမ်းကို လွယ်လွယ်ကူကူနဲ့ လုပ်နိုင်ခဲ့သည်။ ဘာကြောင့်လဲဆိုတော့ လင်းဟန်က အသစ်ပြန်ပြင်ဆင်စရာ မလိုတဲ့ ဆိုင်နှစ်ဆိုင်ကို အလျင်အမြန်ပဲ ဝယ်ယူလိုက်သည်။ ဒါကြောင့်လည်း နှစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ သူရဲ့ဆေးဆိုင်နဲ့ စားသောက်ဆိုင်က အဆင်သင့် ဖွင့်နိုင်ခဲ့သည်။

လွှီယုထန်က စားသောက်ဆိုင်၏ တာဝန်ခံ အဖြစ် ဆောင်ရွက်ပြီး လီစီရှန်းကတော့ ဆေးဆိုင်မှာ တာဝန်ခံအဖြစ် ဆောင်ရွက်ကြသည်။

စားသောက်ဆိုင်ရဲ့ နာမည်ကတော့ "ဘယ်တော့မှ မမေ့ပါနဲ့" လို့ခေါ်ဆိုပြီး လူတစ်ယောက်က တစ်ကြိမ်လာပြီးတော့ စားပြီးတာနဲ့ ဒီအရသာကို လုံးဝမေ့လို့မရနိုင်အောင် ဖြစ်သွားပြီး တစ်ကြိမ်ပြီးတစ်ကြိမ် လာရောက်လိမ့်မည်လို့ ဆိုလိုသည်။ နောက်တစ်ဆိုင်ဖြစ်တဲ့ ဆေးဆိုင်၏ နာမည်ကိုတော့ "မှော်ဆေးဘုရင်စံအိမ်" လို့ခေါ်ဆိုခဲ့သည်။ လင်းဟန်၏ ကျွမ်းကျင်မှုနဲ့အတူ ဒီနာမည်က

ချဲ့ကားပြောဆိုခြင်းမျိုး မဟုတ်ပေ။ သူ့အနေနဲ့ ဤနာမည်နှင့် ထိုက်တန်တဲ့ စွမ်းဆောင်ရည် ရှိသည်။

လင်းဟန်အနေနဲ့ ငွေရှာချင်နေမှတော့ သူ၏အမှတ်တံဆိပ်ကို လူသိများ ထင်ရှားအောင်လို့ လုပ်ရပါမယ်။ ဒါပေမဲ့လည်း သူတို့ဖွင့်တာ နှစ်ရက်ပဲ ရှိသေးပေမဲ့ ဆိုင်နှစ်ခုက စီးပွားရေး အခြေအနေ ကောင်းတာဆိုလို့ သိပ်မရှိပေ။

စားသောက်ဆိုင်အတွက် လင်းဟန်က အနက်ရောင်မျှော်စင်ထဲမှ ဟင်းသီးဟင်းရွက်တွေ အသီးတွေ အသားခြောက်တွေကို ထုတ်ယူခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် ၎င်းပစ္စည်းတွေက အများကြီး ရရှိပေမဲ့လည်း ဒီပါဂင်ပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ အစားအစာတွေအတွက် မူလစွမ်းအင် ပုံဆောင်ခဲဖြင့် ပေးချေရ၏။

ဒါပေမဲ့ ယခုမှ စဖွင့်သည့် ဆိုင်အသစ်ဆိုတော့ သာမန်လူတွေလောက်ပဲ အသစ်အဆန်း အနေနဲ့ လာရောက်စားသောက်ကြသည်။ ထိုလူတွေ အများစု ရွေးချယ်ကြသည့် အစားအသောက်တွေက သာမန်တွေပဲ ဖြစ်ပြီးတော့ သူတို့က ရွှေပြားငွေပြားတွေဖြင့် ပေးချေခဲ့ကြသည်။ ထိုလူတွေက အဆင့်မြင့် အစားအသောက်တွေကို ဂယ်ယူစားသောက်ခြင်း

မရှိပေ။ ထို့ကြောင့် သူ့အနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေ ရရှိဖို့အတွက်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

ဆေးဆိုင်ကလည်း အခြေအနေတွေက ထူးမခြားနားပါပဲ။ မှော်ဆေးဘုရင်စံအိမ် ဆိုတဲ့ နာမည်ကြောင့် အရမ်းကို ဆူညံပွက်လောရိုက် သွားခဲ့ပေမဲ့လည်း လူအများစုအတွက်တော့ ၎င်းက ဟာသတစ်ပုဒ်သာသာပဲ ရှိ၏။ ဒါ့အပြင် ဘယ်သူကမှ မှော်ဆေးလုံးတွေကို ကြုံသလို မသုံးစွဲဝံ့ပေ။ မြို့ထဲမှာ လူသိများ ထင်ပေါ်ကျော်ကြားခြင်း မရှိသေးပဲနဲ့တော့ ဘယ်သူကများ လာပြီးတော့ မှော်ဆေးလုံးတွေကို ဝယ်ယူဝံ့မှာလဲ။ အကယ်၍များ တခြားဆေးဆိုင်တွေထက် စျေးချိုမယ် ဆိုရင်တောင်မှ ဖြစ်နိုင်ချေ မရှိပေ။

ဒါမှမဟုတ် သူရဲ့ မြေကျွန်းမှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်၏ အဆင့်အတန်းကို ထုတ်ဖော်ပြသဖို့ ရွေးချယ်ရတော့မှာလား။

လင်းဟန်က ခေါင်းခါလိုက်သည်။ အလောင်းတစ်ထောင်ဂိုဏ်း၏ လက်တံကား မြောက်ပိုင်း အစွန်အဖျားဒေသကနေ ဆောင်းလဂိုဏ်းထိတောင် ရှည်လျားသည်။ ဒါကြောင့် ဤနေရာတွင်

အလောင်းတစ်ထောင်ဂိုဏ်း၏ ဌာနခွဲ သို့မဟုတ် သူလျှိုတွေ မရှိနိုင်ဘူးလို့ အာမမခံနိုင်ပေ။ လင်းဟန်က အလောင်းတစ်ထောင်ဂိုဏ်း၏ နှစ်ရှည်လများစွာ ကြံစည်နေခဲ့သော လမင်းကျဆင်း ချောက်နက်ကို အပိုင်သိမ်းယူမည့် အကြံအစည်ကို ပျက်စီးသွားအောင် လုပ်ခဲ့သည်။ အကယ်၍များ သူ၏ အဆင့်အတန်းကို ထုတ်ဖော်လိုက်မည် ဆိုပါက အလောင်းတစ်ထောင်ဂိုဏ်း အနေဖြင့် သူ့ကိုရှာတွေ့သွားဖို့ အရမ်းကို လွယ်ကူသွားပေလိမ့်မည်။

အကယ်၍များ သူ၏အဆင့်အတန်းကို ထုတ်ဖော်လိုက်ပြီး ဤနေရာတွင် အလောင်းတစ်ထောင် ဂိုဏ်း၏ သူလျှိုတွေသာ ရှိနေမည်ဆိုလျှင် သူ့ဆီကိုလာပြီးတော့ သေချာပေါက် ပြဿနာ ရှာပါလိမ့်မည်။ သူ့ကိုသတ်ဖို့ဆိုတောကတော့ မဖြစ်နိုင်ချေ။ ဒါပေမဲ့ သူတို့အနေနဲ့ သူ၏စီးပွားရေး လုပ်ငန်းများမှာ အခက်တွေ့အောင် လုပ်နိုင်သည်။ ထိုအခြေအနေမျိုးကို သူ့အနေနဲ့ လုံးဝကို မဖြစ်စေချင်တဲ့ အရာပဲ ဖြစ်၏။

လင်းဟန်က သူ၏ဗျူဟာကို ပြောင်းလိုက်သည်။ အနက်ရောင်မျှော်စင် အထဲမှာ ကြီးထွားနေတဲ့ ဟင်းသီးဟင်းရွက်တွေကို ထုတ်ယူပြီးတော့ အရမ်းကို

အရသာရှိတဲ့ ဟင်းပွဲတွေကို ချက်လုပ်ပြီး အချိန်အနည်းငယ်မျှ နမူနာပြပြီး စားသုံးစေခဲ့သည်။

နှစ်ရက်ခန့်ကြာပြီးတဲ့နောက်မှာ စားသောက်ဆိုင်လုပ်ငန်းက ရုတ်တရက်ဆိုသလို အံ့အားသင့်စရာ ကောင်းတဲ့ အဆင့်ထိအောင် လူကြိုက်များလာခဲ့သည်။

လူတိုင်း၏ ပါးစပ်ဖျားတွင် ရေပန်းစားနေပြီး လူတွေ အများကြီး ထပ်ကာထပ်ကာ ရောက်လာခဲ့ ကြသည်။ ထိုအထဲတွင် အရမ်းကို အစွမ်းထက်သည့် သိုင်းပညာရှင်တွေလည်း ပါဝင်ကြသည်။ ထိုအရသာရှိသည့် အစားအသောက်တွေကို သူတို့တွေက မြည်းစမ်းပြီးတဲ့ နောက်မှာတော့ ဤအစားအသောက်များကို မေ့ပစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် သူတို့က အစားအသောက်အတွက် မူလစွမ်းအင် ပုံဆောင်ခဲတွေကို အများအပြား သုံးစွဲပစ်ဖို့ကို တွန့်တိုနေခြင်း မရှိကြတော့ချေ။

ထိုအရသာရှိသော အစားအသောက်များကား အရမ်းကို ဈေးကြီးလှပေသည်။ ဟင်းသီးဟင်းရွက် တစ်ပွဲကို မူလစွမ်းအင် ပုံဆောင်ခဲတစ်ခု ပေးချေရပြီး အသားဟင်းပွဲတစ်ခုက ပိုပြီးတော့ ဈေးကြီးပြီး မူလစွမ်းအင် ပုံဆောင်ခဲ ဆယ်ခုတောင် ကျသင့်သည်။ လင်းဟန်က

အနက်ရောင် မျှော်စင်အတွင်းမှာ မွေးမြူထားတဲ့ မိစ္ဆာသားရဲတချို့၏ အသားတွေကိုထုတ်ယူပြီး ချက်ပြုတ်တာဖြစ်သည့်အတွက် ၎င်း၏တန်ဖိုးက တခြားဟင်းပွဲတွေထက် ဆယ်ဆခန့် ပိုမိုပေးချေရခြင်း ဖြစ်၏။

ဒါပေမဲ့လည်း မိစ္ဆာသားရဲ အသားတွေက အရမ်းကို ရှားပါးလွန်း၏။ ထို့ကြောင့် လင်းဟာန်က သူတို့၏ အသားတွေကို သူ့လူတွေအတွက် သီးသန့်ထားဖို့ စီစဉ်လိုက်ပြီး ထုတ်ရောင်းချခြင်း မလုပ်တော့ပေ။

ယခုဆို စားသောက်ဆိုင် လုပ်ငန်းက တိုးတက်လာခဲ့ပြီး လင်းဟာန်က စားသုံးသူများကို ဆေးဆိုင်ဆီကို လမ်းညွှန်ပြသပေးခဲ့သည်။ ထိုနည်းလမ်းဖြင့် ဆေးဆိုင်လုပ်ငန်းကလည်း တိုးတက်လာခဲ့သည်။ ထို့အပြင် ဆေးဆိုင်က မှော်ဆေးလုံး အများစုကို လီစီရှန်းကိုယ်တိုင် ဖော်စပ်ထားတာ ဖြစ်ပေမဲ့ လင်းဟာန်ရဲက လက်ထဲရောက်တာနဲ့ ထိုဆေးလုံးတွေက အရမ်းကို တန်ဖိုးမြင့်မားသွားသည်။ ထိုဆေးလုံးများကို တစ်ကြိမ်အသုံးပြုလိုက်တာနှင့် ဆေးလုံး၏ အာနိသင်ကို လူတွေက ချီးကျူးကြသည်။

ဆယ်ရက်အတွင်းမှာပဲ ဆေးဆိုင်နှင့် စားသောက်ဆိုင်က

အရမ်းကို လူသိများ ထင်ရှားလာပြီး လင်းဟန်အတွက် မူလစွမ်းအင် ပုံဆောင်ခဲတွေကို အဆက်မပြတ် ရှာဖွေပေးနိုင်ခဲ့သည်။ ၎င်းဆိုင် နှစ်ဆိုင်မှ ရရှိသည့် ပမာဏကား အရမ်းကို အထင်ကြီးအားကျစရာ ကောင်းလွန်းလှပေသည်။ ဒါပေမဲ့လည်း အရမ်းကို ထင်ပေါ်ကျော်ကြားခြင်းက ဂိုသမလောဘသားတွေ၏ မျက်လုံးကို ဆွဲဆောင်နိုင်သည်။ လင်းဟန်တွင် နောက်ခံအင်အား မရှိသည့်အပြင် မြို့ကိုရောက်တာလည်း မကြာသေးပဲ ပိုက်ဆံအများကြီး ရှာနိုင်နေပြီ ဖြစ်၍။ ထို့ကြောင့် ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေကို မနာလို မဖြစ်ပဲ နေနိုင်လိမ့်မည်နည်း။

လူငယ်ယောကျာ်းလေး တစ်ယောက်က စားသောက်ဆိုင်ကို ရောက်လာပြီးတော့ သူတို့၏ အမြတ်တစ်ဝက်ကို ပေးဖို့ တောင်းဆိုခဲ့သည်။

အပိုင်း(၃၇၂) မတန်တဆ တောင်းဆိုချက်

"မင်းတို့သူဌေးကို ခေါ်လိုက်စမ်း"

လူငယ်က အရမ်းကို မောက်မာပြီး အထက်စီးဆန်သည့် လေသံဖြင့် အမိန့်ပေးလိုက်သည်။ သူ့အနောက်မှာ

စိတ်ဂိညာဉ် ပင်လယ်အဆင့် နောက်လိုက်နစ်ဦးက လိုက်ပါလာခဲ့သည်။

ယန်စွမ်းအားမြင့်မြို့တွင် စိတ်ဂိညာဉ် ပင်လယ်အဆင့်ဆိုသည်မှာ ထိပ်တန်းအဆင့် လက်ရွေးစင်အဖြစ် သတ်မှတ်ယူဆလို့ မရနိုင်ချေ။ ၎င်းတို့ကလည်း သူလိုကိုယ်လို ပုံမှန်ပဲ ဖြစ်ပြီးတော့ လက်တစ်ဖက်ကို ပေ့လိုက်တာနဲ့ပဲ စိတ်ကြိုက်ပမာဏထိ စုစည်းနိုင်ပေသည်။ ထို့ကြောင့် ဤလူငယ်လေးကား အတော်လေးကို မြင့်မားတဲ့ အဆင့်အတန်းတစ်ခု ရှိပေလိမ့်မည်။ ထို့ပြင် သေချာပေါက် သာမန်ကာလျှံကာ ပုံမှန်လူတစ်ယောက် မဖြစ်နိုင်ပေ။

စားပွဲထိုးကောင်လေးက တာဝန်ခံကို အမြန်ဆုံး သွားပြောလိုက်သည်။ တာဝန်ခံကလည်း ထွက်လာပြီးတော့ လူငယ်ကို စကားပြောပေမဲ့ လူငယ်ကတော့ လက်တစ်ဖက်ကိုပဲ ပေ့ယမ်းလိုက်ပြီး ဤနေရာတွင် သူနှင့်စကားပြောရန် ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်တဲ့ လူတစ်ယောက်ကိုပဲ သွားခေါ်ခိုင်းလိုက်သည်။

ထို့ကြောင့် လှီယုထန်ကိုယ်တိုင် ထွက်လာပြီးတော့ ထိုလူငယ်နှင့် တွေ့ဆုံခဲ့ရသည်။

ထိုလူငယ်က လွှိုယုထန်ကို မြင်လိုက်တဲ့ အခါမှာ သူရဲ့မျက်လုံးတွေ ပြူးသွားခဲ့သည်။ ဒီကမ္ဘာကြီးတွင် ချောမောလှပသည့် မိန်းကလေးတွေ တကယ်ပဲ များပြားလွန်းလှသည်။ သို့ပေမဲ့ လွှိုယုထန်လိုမျိုး ချောမောလှပသည့် မိန်းကလေးမျိုးကား အများကြီး မရှိချေ။ ထို့အပြင် ဤချောမောလှပသည့် မိန်းကလေးက နွေဦးစမ်းရေ အထွတ်အထိပ်အဆင့် ဖြစ်ပြီး သူမက အရမ်းကို ရှားပါးတဲ့ ပစ္စည်းကောင်းတစ်ခု ဖြစ်သည်။

"ငါ့ရဲ့ မျိုးရိုးနာမည်က လန်ဖြစ်ပြီးတော့ နာမည်ကတော့ ကျွင့်ချိုက်လို့ ခေါ်တယ်"

လူငယ်က သူရဲ့မာနကြီး စိတ်ကြီးဝင်နေတဲ့ အပြုအမူတွေကို ရုပ်သိမ်းလိုက်ပြီးတော့ အဲဒီအစား ရမ္မက်ကြီးတဲ့ အပြုအမူတစ်ခုက အစားဝင်လို့ လာခဲ့သည်။

"သခင်လေးလန်က ဘယ်လိုတောင်းဆိုမှုမျိုး လုပ်ချင်လို့လဲ"

လွှိုယုထန်က မထုံတက်သေး အမူအရာနဲ့ မေးလိုက်သည်။

လန်ကျွင့်ချိုက်က အနည်းငယ်ပြုံးပြီးတော့ မေးလိုက်သည်။

"မိန်းကလေးကို ဘယ်လိုများ ခေါ်ရမလဲ"

ထိုသူကား အရမ်းကို အရေထူပြီးတော့ ဤကဲ့သို့ လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်လို့ရသည့် လူတစ်ယောက်တော့ မဟုတ်ပေ။

လွှီယုထန်က တစ်ခဏမျှ စဉ်းစားလိုက်ပြီး ပြန်ဖြေလိုက်သည်။

"လွှီ"

လန်ကျွင့်ချိုက်က ကြမ်းလည်းမကြမ်း ညင်သာမှုလည်းမရှိပဲ ခါးခါးသီးသီး ပုတ်ထုတ်ခံလိုက်ရပြီး ဒေါသထွက်လို့မရပါဘူး။ သူက ပါးစပ်ကိုဖြဲပြီး ပြုံးပြလိုက်သည်။ ဖြူဖွေးတဲ့သွားနှင့် ခန့်ညားတဲ့ မျက်နှာကြောင့် သူ့ပုံစံကိုကြည့်ရတာ အရမ်းကို နှစ်လိုဖွယ်ကောင်းနေသည်။

"မိန်းကလေးလွှီ ငါက မင်းနဲ့ စီးပွားရေး သဘောတူညီမှုတစ်ခု လုပ်ချင်လို့ပါ"

"ဘယ်လိုမျိုး သဘောတူညီချက်မျိုးပါလိမ့်"

"ငါ ဘယ်တော့မှ မမေ့ပါနဲ့ စားသောက်ဆိုင်ရဲ့ အမြတ်ငါးဆယ်ရာခိုင်နှုန်းကို လိုချင်တယ်"

လန်ကျွင့်ချိုက်က မတန်တဆ တောင်းဆိုလိုက်သည်။

လွှီယုထန်က သူမဘာသာ သူမ ကျိတ်ပြီးတော့ ရယ်လိုက်ပြီး မေးလိုက်သည်။

"သခင်လေးလန်က ဟာသလုပ်နေတာလား"

လန်ကျွင့်ချိုက်က သူရဲ့ခေါင်းကို ခါပြီးတော့ ယဉ်ကျေးသိမ်မွေ့စွာ ပြုံးလိုက်သည်။

"ငါကလောဘကြီးတယ်လို့ မထင်လိုက်ပါနဲ့။ အမှန်တော့ ငါက အမြတ် ၇၀ ရာခိုင်နှုန်းပေးဖို့ ပြောမလိုပါပဲ။ ဒါပေမဲ့ မိန်းကလေးလွှီကြောင့် ငါးဆယ်ရာခိုင်နှုန်းအထိကို လျှော့ချပေးလိုက် ရတာပါ"

သူကချက်ချင်းပဲ လက်တစ်ဖက်ကို သူရဲ့ရင်ဘတ်ပေါ်ကို တင်ပြီးတော့ ဆက်ပြီးတော့ ပြောလိုက်သည်။

"မိန်းကလေးလွှီအတွက် ငါဘာတွေ လုပ်ပေးနိုင်သလဲ

ဆိုတာကို အရင်ဆုံး နားထောင်ပေးပါ"

"ယန်စွမ်းအားမြင့်မြို့က အရမ်းကိုကြီးမားတဲ့ ကိတ်မုန့်ကြီး တစ်ခုနဲ့ တူပြီးတော့ အံ့မခန်း အကျိုးအမြတ်တွေ ရရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီကိတ်မုန့်ကြီးက ဟိုးအရင်ကတည်းက သူ့အပိုင်းနဲ့သူ ဝေစုခွဲထားပြီးသားပါ။ ဒါကို မိန်းကလေးလွီက အတင်းအကျပ် ကိုယ့်ဘာသာကိုယ် လိုးယူမယ်ဆိုရင် လူတော်တော်များများကို မကျေမနပ် ဖြစ်သွားပါလိမ့်မယ်"

"အဲဒီလူတွေထဲမှာ တချို့ဆိုရင် မယုံနိုင်စရာကောင်းတဲ့ အစွမ်းတွေကို ပိုင်ဆိုင်ကြတယ်။ လက်ချောင်းလေးတစ်ချောင်းကို လှုပ်လိုက်တာနဲ့ ဒီစားသောက်ဆိုင်ကို နောက်တစ်ရက် မနက်မှာပဲ လုံးဝပျက်စီးသွားအောင်လို့ သူတို့တွေက လုပ်ပစ်နိုင်တယ်"

"ဒါကြောင့် မိန်းကလေးလွီက ငါ့ကိုလိုအပ်တယ်"

"အနည်းဆုံးတော့ ယန်စွမ်းအားမြင့်မြို့မှာ ငါက အတော်လေးကို မျက်နှာရှိတဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် မင်းက လန်ကလန်ရဲ့ အမှတ်သင်္ကေတကို လက်ထဲမှာ ကိုင်ထားလိုက်ရင် ယန်စွမ်းအားမြင့်မြို့ထဲက ဘယ်သူကမှ

ဒီနေရာက စားပွဲတစ်လုံး ထိုင်ခုံတစ်ခုကိုတောင်မှ ထိပ်ပွဲကြမှာ မဟုတ်ဘူးဆိုတာကို ငါယုံကြည်တယ်”

လွီယုထန်၏ အမူအရာက အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ သူမက အင်အားကြီး ကလန်တစ်ခုကနေ လာခဲ့တာ ဖြစ်ပြီးတော့ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်၏ အောင်မြင်မှုက လောဘသားကောင်တွေကို ဆွဲဆောင်နိုင်လိမ့်မည် ဆိုတာကို ကောင်းကောင်းကို နားလည်သဘောပေါက် ထားခဲ့သည်။ ဒါပေမဲ့လည်း ဒီလိုမျိုးနေ့ရက်တွေက အလျင်အမြန်နဲ့ ရောက်လာလိမ့်မယ်လို့တော့ လုံးဝ မထင်ထားမိခဲ့ပါဘူး။

လင်းဟန်က ဒီစားသောက်ဆိုင်ကို စီမံခန့်ခွဲဖို့အတွက် သူမကို လက်လွှဲထားတယ် ဆိုမှတော့ နောက်ဆုံးအခြေအနေကို မရောက်သရွေ့တော့ သူမက လင်းဟန်ကို အခက်တွေ့တာမျိုး မဖြစ်စေချင်ခဲ့ပေ။ ဒါကြောင့် သူမက မေးလိုက်သည်။

“သခင်လေးလန် ယန်စွမ်းအားမြင့်မြို့မှာ ဒီလိုမျိုး ဥပဒေတွေ ရှိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား”

"ဟုတ်တာပေါ့။ ဒါပေမဲ့လည်း ဥပဒေက လန်ကလန်လိုမျိုး လူအကန့်အသတ်ကိုပဲ ကာကွယ်ပေးနိုင်လိမ့်မယ်။ အခုဆို မိန်းကလေးလွီက ဥပဒေရဲ့ အကာအကွယ်အောက်မှာ ရှိမနေဘူး။ မင်းကငါတို့ လန်ကလန်ရဲ့ အဖွဲ့အစည်းထဲကို ဝင်လိုက်တာနဲ့ တူညီတဲ့ ကာကွယ်စောင့်ရှောက်မှုမျိုးကို ရရှိလိမ့်မယ်"

လန်ကျွင့်ချိုက်က ပြုံးပြီးတော့ ပြောလိုက်သည်။ သူ့အနေနဲ့ လွီယုထန်ရဲ့ လှပတင့်တယ်မှုကို နှစ်သက်သဘောကျလို့ နေသည်။ သူ့အနေနဲ့ သေချာပေါက် ဒီအလှပဂေးလေးကို ဖမ်းဆုပ်ကိုင်နိုင်အောင် လုပ်ရပါလိမ့်မယ်။

လွီယုထန်က သူမ၏ ဒေါသတွေကို ဖိနှိပ်ထိန်းချုပ်ထားပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်သည်။

"သခင်လေးလန်က အရမ်းကို ယုံကြည်မှု လွန်ကဲနေမှာကိုပဲ ကြောက်မိပါတယ်"

"ပိုး မင်းက ငါ့ကို မယုံဘူးလား"

လန်ကျွင့်ချိုက်က ပြုံးပြုံးလေး မေးလိုက်သည်။ သူအနေနဲ့ စကားလုံးတချို့ဖြင့် လွီယုထန်ကို ဆွဲဆောင်နိုင်စွမ်း

ရှိလိမ့်မည်ဟု လုံးဂမထင်ထားပေ။

"ယန်စွမ်းအားမြင့်မြို့မှာ ငါရဲ့လန်ကလန်က ဘယ်လိုမျိုးလဲဆိုတာကို မင်းကိုယ်တိုင် လေ့လာစူးစမ်းကြည့်နိုင်တယ်။ ပြောရဦးမယ် မနက်ဖြန်ကနေစပြီးတော့ ဒီစားသောက်ဆိုင်ကို ယာယီပိတ်ထားလိုက်တာက အကောင်းဆုံးဖြစ်လိမ့်မယ်။ ငါ့ရဲ့တောင်းဆိုချက်ကို မင်းလက်ခံနိုင်ပြီ ဆိုတာနဲ့ ဘယ်အချိန်ပဲဖြစ်ဖြစ် မိုးရေသံစံအိမ်ကို လာပြီးတော့ ငါ့ကိုလာရှာနိုင်တယ်။ ငါ့မှာ အချိန်တွေ အများကြီးရှိပါတယ်"

သူက မတ်တတ်ထရပ်ပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင် ငါပြန်လိုက်ပါဦးမယ်"

"သခင်လေးလန်ကို လိုက်မပို့တော့ပါဘူး"

လွီယုထန်က အေးစက်စွာနဲ့ ပြောလိုက်သည်။

လန်ကျွင့်ချိုက် ထွက်သွားတာနဲ့ လွီယုထန်က ချက်ချင်းဆိုသလို လန်ကလန်ရဲ့ အကြောင်းတွေကို စုံစမ်းမေးမြန်းလိုက်ပြီး အဖြေကတော့ သူမကို

မျက်မှောင်ကြုတ်သွားစေခဲ့သည်။

လန်ကလန်က စိတ်ဂိုညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေရှိသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ယန်စွမ်းအားမြင့်မြို့မှာ ထိပ်တန်းကလန်တစ်ခုထဲက တစ်ခုမဟုတ်ပေမဲ့လည်း သူတို့ကိုယ်ပိုင် နေရာကို သူတို့ ပိုင်ဆိုင်ထားပြီးတော့ အဆင့်အတန်းတစ်ခုတော့ ရှိ၏။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်ကတော့ လန်ကလန်က မြောက်ပိုင်းဆေးစံအိမ်မှ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်၏ လက်အောက်ခံ ကလန်တစ်ခု ဖြစ်သည်။ ထို့ကြောင့် လန်ကျွင့်ချိုက်အတွက် ယုံကြည်ချက်အပြည့်နဲ့ ယခုလိုမျိုး မတန်တဆ တောင်းဆိုမှုကို ပြုလုပ်ပံ့တာပဲ ဖြစ်သည်။

လင်းဟန်ရဲ့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်တစ်ယောက်ရဲ့ နာမည်ကို အသုံးပြုပြီးတော့ လန်ကျွင့်ချိုက်ကို ဖိနှိပ်သင့်သလား။

၎င်းက အပ်နဲ့ထွင်းရမဲ့နေရာကို ပုဆိန်နဲ့ပေါက်သလိုမျိုး ဖြစ်သွားပါလိမ့်မည်။ လန်ကျွင့်ချိုက်ရဲ့ အဆင့်အတန်းက တကယ်ပဲ နိမ့်ကျ၏။

ဒါပေမဲ့ လက်ရှိမှာ လင်းဟန်ဘက်ခြမ်းမှာ အခုလိုမျိုး ခေါင်းပုံဖြတ် အမြတ်ထုတ်လို့ရမဲ့ အစွမ်းမရှိတဲ့ လူတွေ အရမ်းကိုနည်းတယ်လို့ ဘယ်သူကပြောလဲ။ ပထမဆုံး ကွမ်းယွမ်က စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးသားပါ။ ဒါပေမဲ့ သူရဲ့ ကျင့်ကြံခြင်းအဆင့်က လျော့ကျသွားခဲ့သည်။ အကယ်၍များ သူတို့၏ အုပ်စုထဲမှာ အစွမ်းထက်ဆုံး လူကိုပြောရမယ် ဆိုလျှင် မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ လင်းဟန်ပါပဲ။ နောက်ထပ် အစွမ်းထက်ဆုံး လူတစ်ယောက်ကတော့ အသက်ငါးနှစ် ခြောက်နှစ်ခန့်သာ ရှိသေးတဲ့ ဟူးညိုပဲ ဖြစ်သည်။

လွီယုထန်က သက်ပြင်းချလိုက်သည်။ အဓိကအချက်က လင်းဟန်၏ မော်ဆေးပညာ တိုးတက်မှုက အရမ်းကို လျှင်မြန်လွန်းပြီးတော့ သူတို့ဘက်က လူတွေရဲ့ အစွမ်းက လိုက်လို့မမှီ ဖြစ်နေခဲ့သည်။ အမှန်ဆိုရင် မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်၏ ဘက်ခြမ်းမှာ စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တော်တော်များများ လိုက်ပါလာမှာ ဖြစ်ပြီးတော့ အကယ်၍များ ပန်းဖးအဆင့် လက်ရွေးစင် တချို့ထွက်ပေါ်လာမယ် ဆိုရင်တောင်မှ ထူးဆန်းစရာ အကြောင်းလုံးဝ မရှိချေ။

သူမက ဒီပြဿနာကို တစ်ခဏမျှ ချင့်ချိန်စဉ်းစားပြီးတော့ ဒီကိစ္စကိုတော့ လင်းဟာန်ကို သတင်းပေးဖို့ ဆုံးဖြတ်ချက်ချခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ သူမအနေနဲ့ ဒီကိစ္စကို အဆင်ပြေသွားအောင် လုပ်ကိုင်နိုင်စွမ်း မရှိပေ။

"အိုး ယင်ကောင်လေး တစ်ကောင်လား"

လင်းဟာန်က ပါးစပ်မဲ့ရွဲ့သွားခဲ့သည်။

"ကိစ္စမရှိပါဘူး။ မနက်ဖြန်ကျရင် ငါကိုယ်တိုင် စားသောက်ဆိုင်မှာ လာထိုင်မယ်။ သူဘယ်လောက်တောင် မောက်မာဂင့်ကြွားနိုင်မလဲ ဆိုတာကို ကြည့်ရတာပေါ့"

လွီယုထန်က ခေါင်းညိတ်လိုက်သည်။ အများဆုံး လင်းဟာန်က သူရဲ့ မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်တယ်ဆိုတာကို ထုတ်ဖော်ပြသလိုက်ရုံပါပဲ။ အဲဒီအချိန်ကျရင် ဘာကိုမှ စိုးရိမ်ပူပန်နေစရာ မလိုပဲနဲ့ ဒီလန်ကျွင့်ချိုက်က လင်းဟာန်ရဲ့ အရှေ့မှာ ဒူးထောက်ပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ သူ့ကိုသနားကြင်နာ ခွင့်လွှတ်ပေးဖို့ကို တောင်းပန်ရပါလိမ့်မယ်။

ညကား လျင်မြန်စွာဖြင့် ကုန်ဆုံးသွားခဲ့သည်။

နောက်တစ်ရက် မနက်ခင်းမှာ လင်းဟန်က သူနဲ့အတူ ကွမ်းယွမ်၊ ကန်းရီနဲ့ ကျူးပုကျို့တို့ကိုပါ စားသောက်ဆိုင်ဆီကို ခေါ်လာခဲ့သည်။ ဟူးညိုအတွက်ကတော့ ပြောနေစရာကို မလိုအောင်ပဲ သူမကို နောက်မှာ ချန်ထားခဲ့ဖို့ဆိုတာ ဘယ်လိုမှ မရနိုင်ပေ။

အစပိုင်းမှာတော့ အရာအားလုံးက ပုံမှန်အတိုင်း လည်ပတ်လို့ နေသည်။ ဒါပေမဲ့လည်း နေ့လယ်စာ စားတဲ့ အချိန်မှာ အနက်ရောင် ဂျတ်စုံဂျတ်ထားတဲ့ လူတစ်စုက စားသောက်ဆိုင်ကို ရောက်လာခဲ့ကြသည်။ သူတို့က မည်သည့်ဟင်းပွဲကိုမှ မမှာပဲ စားပွဲခုံအသီးသီးမှာ နေရာယူထားလိုက်သည်။

ဒီအနက်ရောင် ဂျတ်စုံနဲ့ လူတွေက သာမန်စားသုံးသူတွေ မဟုတ်ချေ။ အများစုက နွေဦးစမ်းရေ အဆင့်ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့် လူနည်းစုလည်း ပါရှိသည်။ အကယ်၍များ သူတို့က တစ်ယောက်စ နှစ်ယောက်စဆိုလျှင် လူတွေ၏ အာရုံစိုက်ခြင်းကို ခံရလိမ့်မည် မဟုတ်ပေ။ ဒါပေမဲ့ ယခုလိုမျိုး အရေအတွက်များများကြောင့် ပုံမှန်စားသုံးသူတွေ ဝင်လာပြီး သူတို့ကို မြင်လိုက်တာနဲ့ ချက်ချင်းပဲ လှည့်ထွက်ပြီး ပြန်သွားကြသည်။

ထိုလူများ၏ အရှိန်အဝါကား အရမ်းကို ဗိုလ်ကျစိုးမိုးနိုင်စွမ်း ရှိသည်။ စားပွဲထိုးတွေတောင်မှ သူတို့အနားကို ကပ်ပြီးတော့ ဘာမှာမလဲ ဆိုတာကိုတောင် မမေးပံ့ကြပေ။ ညနေစောင်းသည့် တိုင်အောင်ပဲ စားသောက်ဆိုင်ထဲမှာ ဘာမှမလုပ်သလို ထွက်ခွာသွားခြင်းလည်း မရှိကြပေ။

"ဒီလူတွေကို လန်ကျူင့်ချိုက်က လွှတ်ပြီးတော့ ပြဿနာ လာရှာခိုင်းတာပဲ ဖြစ်ရမယ်"

လွှီယုထန်က စိတ်တိုတိုနဲ့ ပြောလိုက်သည်။

လင်းဟန်က ပြုံးပြီးတော့ ပြောသည်။

"ပထမ သူတို့က ဒီနေရာကို လာပြီးတော့ ငါတို့ရဲ့ စီးပွားရေးကို ဖျက်ဆီးမယ်။ ပြီးတော့ ဒုတိယ အနေနဲ့ သူတို့ရဲ့ အစွမ်းကို လာပြတာပဲ။ စိတ်ဝိညာဉ် ပင်လယ်အဆင့် လက်ရွေးစင်နဲ့ နွေဦးစမ်းရေ လက်ရွေးစင် တော်တော်များများကို စုစည်းထားနိုင်တယ် ဆိုတော့ ဟားဟား ဒီလန်ကျူင့်ချိုက်က တကယ့်ကို အကြံကြီးတဲ့ ကောင်ပဲ"

"ငါတို့ ဘာလုပ်ကြမလဲ။ ဟူးညိုကို လွှတ်ပြီးတော့ သူတို့ကို နှင်ထုတ်ပစ်လိုက်ရမလား"

လှီယုထန်က မေးလိုက်သည်။

ဟူးညိုက ချက်ချင်းဆိုသလို ပြုံးဖြဲဖြဲ ဖြစ်သွားခဲ့သည်။ ရက်စက်ကြမ်းကြုတ်ခြင်းက သူမ အနှစ်သက်ဆုံး အရာတစ်ခုပဲ ဖြစ်၏။ ဒါပေမဲ့ လင်းဟန်က သူမကို တိုက်ခိုက်ဖို့ ခွင့်မပြုခဲ့ပေ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ပြင်းပြင်းထန်ထန် မလုပ်ခင် သံတမန်ခင်းရမှာပေါ့။ ငါတို့က ဒီနေရာမှာ စီးပွားရေး လုပ်နေတာလေ။ ဒါကြောင့် ငါတို့က ဖော်ဖော်ရွေရွေနဲ့ ဆက်ဆံသင့်တာပေါ့။ ဒါမှ ချမ်းသာတဲ့ လူတွေကို ဆွဲဆောင်နိုင်မှာလေ"

လင်းဟန်က ထိုကဲ့သို့ ပြောပြီးတာနဲ့ အပေါ်ထပ်ကနေ အောက်ကို ဆင်းလာခဲ့သည်။

လှီယုထန်၏ မျက်လုံးများ ပြူးသွားခဲ့သည်။ ဖော်ဖော်ရွေရွေ ဆက်ဆံပြီးတော့ လူချမ်းသာတွေကို ဆွဲဆောင်မယ်

ဟုတ်လား။ လင်းဟန်၏ မျက်နှာပေါ်က သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေအရ သူ့ပုံစံကို ကြည့်ရတာ စိတ်လွတ်ကိုယ်လွတ် သတ်ဖြတ်မှု တစ်ခုကို လုပ်တော့မဲ့ ပုံစံနဲ့ ပိုပြီးတော့ တူ၏။

အပိုင်း(၃၇၃) အပီအပြင်ဆော်ပြီ

လင်းဟန်က အောက်ထပ်ကို ဖြည်းညင်းစွာ ဆင်းလာခဲ့သည်။ သူက အနက်ရောင် ဂဝတ်စုံနဲ့ လူတွေအကုန်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့ ပြုံးပြရင်းနဲ့ ပြောလိုက်သည်။

"အခုက နေ့လယ်စာ စားတဲ့အချိန်ပဲ။ လူတိုင်းပဲ မင်းတို့ရဲ့ မှာကြားမှုတွေကို စတင်ပြီးတော့ ပြုလုပ်နိုင်ပြီ။ ဒါမှမဟုတ်ရင်လည်း ထွက်သွားကြတော့။ ငါ့ရဲ့ စီးပွားရေးကို လာမနှောင့်ယှက်နဲ့"

"လပြွတ်ပဲ။ ဟင်းပွဲစာရင်းကို နည်းနည်းကြာကြာလောက် ကြည့်ပြီးတော့ ဘာစားချင်နေတာလဲ ဆိုတာကို စဉ်းစားလို့ မရဘူးလား"

သူတို့ထဲက တစ်ယောက်က စားပွဲကို လက်နဲ့တစ်ချက် ပုတ်ပြီးတော့ ချက်ချင်းဆိုသလို အော်ဟစ်လိုက်သည်။

"ဟုတ်တယ်။ ဒါက ဘယ်လို စားသောက်ဆိုင်လဲ။ အစားအသောက်စာရင်းကိုတောင် စားသောက်သူတွေကို ကြည့်ခွင့်မပေးပဲ အတင်းအကျပ် မှာစားခိုင်းနေတာလား။ ဒါက စားသုံးသူတွေကို အကြီးအကျယ် စော်ကားလိုက်တာလို့ ဆိုလိုတာပဲ"

တစ်ယောက်ယောက်က လှောင်ပြောင်သရော်လိုက်သည်။

"ငါတို့က အခုလို လွယ်လွယ်ကူကူနဲ့ ယီးတီးယားတား လုပ်လို့ရမဲ့လူတွေ မဟုတ်ဘူး။ ဒါကြောင့် သူတို့က ငါတို့ကို ဘယ်လိုများ အနိုင်ကျင့်မလဲ ဆိုတာကို ကြည့်ချင်မိတယ်"

"စားပွဲထိုး ဒီကိုလာပြီးတော့ စာရင်းထဲမှာ ဘာအစားအသောက်တွေ ရတယ်ဆိုတာကို ငါတို့ကို လာပြောစမ်း။ မြန်မြန်လာစမ်းပါ ဖွတ်ချက်ဖွတ်ချက်နဲ့ နေးတိနေးတုံ့ လုပ်မနေနဲ့"

စားပွဲထိုးက တုန်တုန်ရီရီနဲ့ အရှေ့ကို တိုးလာခဲ့သည်။ သူက စားပွဲထိုး တစ်ယောက်သာ ဖြစ်ပြီးတော့ လခနည်းနည်းပဲ ရသူဖြစ်၏။ ထို့ကြောင့် သူအနေနဲ့ ဒီပြဿနာထဲမှာ တကယ်ပဲ ဝင်ပြီးတော့ မပါဝင်ချင်ခဲ့ပေ။ ဒါပေမဲ့

နွေဦးစမ်းရေအဆင့် လက်ရွေးစင် တစ်ယောက်က သူရဲ့နာခေါင်းကို လက်ညိုးထိုးညွှန်ပြနေမှတော့ သာမန်လူတစ်ယောက်ဖြစ်တဲ့ သူ့လိုလူမျိုးက ဘယ်လိုလုပ်ပြီးတော့ မသွားပဲ နေပုံမှာလဲ။

သူက စားသောက်ဆိုင်မှာ ရနိုင်တဲ့ ဟင်းပွဲတွေကို စတင်ပြီးတော့ ရေရွတ်လိုက်သည်။

"ကျယ်ကျယ်လေး ရွတ်စမ်းပါ။ လပြွတ်ပဲ။ မင်းထမင်းမစားလာဘူးလား"

အနက်ရောင် ဂတ်စုံနဲ့ ယောကျာ်းတစ်ယောက်က ချက်ချင်းပဲ အော်ငေါက်လိုက်သည်။

စားပွဲထိုးလေးက အသံကို မြှင့်ပြီးတော့ အစားအသောက်စာရင်းကို ကျယ်လောင်သော အသံဖြင့် နောက်တစ်ကြိမ် ရေရွတ်လိုက်သည်။

"လပြွတ်ပဲ။ မင်းရဲ့ တံတွေးတွေ ငါ့မျက်နှာကို လာစင်နေပြီကွ"

အနက်ရောင် ဂတ်စုံနဲ့ ယောကျာ်းကြီးက

စားပွဲထိုးကောင်လေးကို စိန်းစိန်းဂါးဂါး စိုက်ကြည့်ပြီး လက်တစ်ဖက်ကို မြှောက်ကာ ပါးပေါ်ကို ပြင်းပြင်းထန်ထန် ရိုက်ချပစ်လိုက်သည်။ လက်ဂါးရိုက်ချက်က ပြင်းထန်တာကြောင့် စားပွဲထိုးရဲ့ သွားသုံးချောင်း ကျွတ်ထွက်သွားခဲ့သည်။

စားပွဲထိုးကောင်လေး အရိုက်ခံလိုက်ရတဲ့ အခါမှာ ကျန်တဲ့ စားပွဲထိုးသုံးယောက်က အလျင်အမြန်ပဲ အရှေ့ကို တိုးသွားပြီးတော့ သူတို့သူငယ်ချင်းကို ကူညီထိန်းမပေးလိုက်သည်။ သူတို့အားလုံးက အနက်ရောင် ဂတ်စုံနဲ့ ယောကျ်ားကြီးကို ဒေါသထွက်တဲ့ အမူအရာနဲ့ ကြည့်လိုက်ကြပေမဲ့ စကားတစ်ခွန်းမှတော့ မဆိုပံ့ကြပေ။

သူတို့ကို ဘယ်လိုလုပ်ပြီးတော့ အခုလိုမျိုး အနိုင်ကျင့် စော်ကားရတာလဲ။

"ဘာလဲ။ မင်းတို့ကောင်တွေက ငါ့ကိုတောင် စိုက်ကြည့်ရဲသေးတယ်ပေါ့လေ"

အနက်ရောင်ဂတ်စုံနဲ့ ယောကျ်ားကြီးက သူတို့ကို ပြန်ပြီးတော့ စိုက်ကြည့်လိုက်ပြီး သူရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ပင်ကိုစရိုက်ကို

ထုတ်ဖော်ပြသလိုက်သည်။

"ဟားဟားဟားဟား"

တခြားအနက်ရောင် ဂုတ်စုံနဲ့လူတွေက အူလှိုက်သည်းလှိုက်ကို အော်ဟစ်ရယ်မော လိုက်ကြသည်။ သူတို့၏ မျက်လုံးများထဲတွင် ဤကား ဟာသတစ်ခု သက်သက်သာ ဖြစ်၏။

လင်းဟန်က နှစ်လိုဖွယ်ကောင်းတဲ့ အပြုံးတစ်ခုနဲ့အတူ လျှောက်လာပြီးတော့ ထိုအနက်ရောင် ဂုတ်စုံနဲ့ ယောက်ျား၏ အရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

"မင်းက တာဝန်ခံလား။ ဒါဆိုရင် မင်းကိုယ်တိုင်ပဲ ဒီအစားအသောက် စာရင်းကို ငါ့အတွက် ရွတ်ပြစမ်းကွာ"

အနက်ရောင်ဂုတ်စုံနဲ့ ယောက်ျားကြီးက လင်းဟန်ဘက်ကို လှည့်ပြီးတော့ စိန်းစိန်းဝါးဝါးနဲ့ ကြည့်လိုက်သည်။ သူတို့လက်ခံရရှိထားတဲ့ အမိန့်ကား ဤစားသောက်ဆိုင်မှ လူများကို အတတ်နိုင်ဆုံး ကြောက်ရွံ့ထိတ်လန့်သွားအောင် ခြိမ်းခြောက်ဖို့ပဲ ဖြစ်၏။

"မင်းညီမကိုပဲ ငါ့အခန်းထဲကို လာခိုင်းလိုက်"

လင်းဟာန်က လက်တစ်ဖက်နဲ့ ထိုလူ၏ ခေါင်းကို ဆုပ်ကိုင်ပြီးတော့ စားပွဲခုံပေါ်ကို ဆောင့်ချလိုက်သည်။

ဘန်း

ပုလဲသစ်သားနဲ့ ပြုလုပ်ထားတဲ့ စားပွဲခုံက ချက်ချင်းပဲ အပိုင်းပိုင်း ကျိုးသွားခဲ့သည်။ အနက်ရောင် ဂဝတ်စုံနဲ့ ယောကျ်ားကြီးက မြေကြီးပေါ်ကို လဲကျသွားပြီး သူ့ခေါင်းကိုသူ ပြန်ကိုင်ကာ နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားနေခဲ့သည်။

အကယ်၍ သူက နွေဦးစမ်းရေ အဆင့်ဖြစ်နေရင်တောင်မှ လင်းဟာန်က သူ့ကိုခေါင်းကို ကိုင်ပြီးတော့ စားပွဲခုံနဲ့ ယခုလိုမျိုး ဆောင့်ချလိုက်တာကို ဘယ်လိုမှ မကျေနပ်နိုင်ပေ။ သူ၏ခေါင်းက ပေါက်ကွဲထွက်တော့မတတ် မချိမဆန့် ဝေဒနာကို ခံစားနေခဲ့ရသည်။

ရှစ်

အနက်ရောင် ဂဝတ်စုံနဲ့ လူအားလုံးနီးပါး မတ်တတ်ထရပ်

လိုက်ကြသည်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် အနက်ရောင် ဂတ်စုံနဲ့ လူခုနစ်ယောက်ပဲ ဆက်လက်ပြီး ထိုင်နေခဲ့ကြသည်။ သူတို့က အေးစက်စက်နဲ့ တည်ငြိမ်စွာ ထိုင်နေပြီးတော့ သူတို့ပုံစံကို ကြည့်ရတာ ဘာမှ မဖြစ်တဲ့ ပုံစံမျိုးနဲ့ ထိုင်နေကြသည်။

"လပြွတ်ကောင် မင်းတကယ်ပဲ ရာဇဂတ်မှုတစ်ခုကို ကျူးလွန်ပုံ့တယ်ပေါ့"

အနက်ရောင် ဂတ်စုံနဲ့ လူတွေအားလုံးက လင်းဟန်ကို စိန်းစိန်းဂါးဂါးနဲ့ စိုက်ကြည့်ခဲ့သည်။

"ဒါကို ရာဇဂတ်မှုတစ်ခုလို့ သတ်မှတ်နိုင်တာလား။ ဟော့ဟော့ဟော့ မင်းတို့အားလုံးက အရမ်းကို အတွေ့အကြုံ ရှိနေတာပဲ"

လင်းဟန်က သူ၏ခေါင်းကို ခါလိုက်သည်။ လင်းဟန်က သူရဲ့ခြေထောက်တစ်ဖက်ကို မြှောက်ပြီးတော့ မြေကြီးပေါ်မှာ လဲနေတဲ့ အနက်ရောင် ဂတ်စုံနဲ့ လူကို ဆောင့်နင်းချ လိုက်သည်။ ထိုလူရဲ့ပုံစံက ဖင်ပူးထောင်း ထောင်သလိုမျိုး ဖြစ်သွားပြီးတော့ တစ်စုံတစ်ယောက်က သူ့ရဲ့ အလိုဆန္ဒကို ဖြည့်ဆည်းပေးဖို့ ဖိတ်ခေါ်နေသလိုမျိုး

ဖြစ်နေသည်။

ချွင် ချွင် ချွင်

အနက်ရောင် ဂဝတ်စုံနဲ့ လူတွေအားလုံးက သူတို့၏ လက်နက်တွေကို ဆွဲထုတ်လိုက်ကြသည်။ သူတို့အားလုံး စိတ်တိုနေတဲ့ အမူအရာတွေ ပေါက်နေကြ၏။

ဟူးညိုက ချက်ချင်းပဲ ပတ်ဂန်းကျင်က လူတွေအားလုံးကို မာန်ဖီပြီးတော့ ကြည့်လိုက်သည်။ ဒီမိန်းကလေးကား အရမ်းကို ရက်စက်ကြမ်းကြုတ်သူ တစ်ယောက်ဖြစ်၏။ သူမရဲ့ မျက်လုံးတွေမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေပြီး သူမ၏စိတ်ထဲမှာ ဥပဒေဆိုတာ မရှိ စည်းမျဉ်း စည်းကမ်းဆိုတာလည်း မရှိ ဆင်ခြင်တွေးခေါ်မှုလည်း မရှိချေ။

သူမနှင့် လင်းဟန်ကို ကောင်းကောင်းဆက်ဆံတဲ့ လူတိုင်းကို ရန်သူလို့ သတ်မှတ်လိမ့်မှာ မဟုတ်ပေမဲ့ သူမတို့နှစ်ယောက်ကို ဆိုးဆိုးဂါးဂါး ဆက်ဆံတဲ့သူတွေ အကုန်လုံးကတော့ သူမ၏ ရန်သူသာ ဖြစ်၏။ ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတစ်ကောင်၏ အပြုအမူက သူတို့အားလုံးကို သတ်ဖြတ်ပစ်ပါလိမ့်မည်။

"သူ့ကိုဖမ်းပြီးတော့ အဂတ်အစားတွေ အကုန်ချွတ်ပြီး တံခါးဂမှာ ချိတ်ဆွဲထားလိုက်ပြီး အားလုံးကို မြင်ကွင်းကောင်းကောင်းလေး ကြည့်ရအောင်လို့ လုပ်ပေးလိုက်ကြစို့"

အနက်ရောင် ဂတ်စုံနဲ့ ယောကျ်ားက အော်လိုက်သည်။

"ဒီအကြံမဆိုးဘူး"

"ဒါပေမဲ့ အရင်ဆုံး ဒီကောင်ကို ငါတို့တွေ ရိုက်နက်ပစ်ဦးမယ်။ ဒီကောင်က ငါတို့ထဲက လူတစ်ယောက်ကို ဒဏ်ရာရအောင် လုပ်ပွံ့တယ်"

"လုပ်လိုက်ကြရအောင်"

လူရှစ်ယောက်က ချက်ချင်းဆိုသလို အရှေ့ကို တိုးလာခဲ့ပြီး သူတို့၏ လက်နက်တွေကို ဆုပ်ကိုင်ပြီးတော့ တိုက်ခိုက်လိုက်သည်။ ဟူးညိုက ဒါကိုမြင်လိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလိုပဲ လင်းဟန်၏ အရှေ့ကို ထွက်လာပြီးတော့ တိုက်ခိုက်လိုက်သည်။ ထန် ထန် ထန် ထန်။ လက်နက်တွေ အားလုံးက လွင့်စဉ်သွားပြီးတော့ လူရှစ်ယောက်က

ချက်ချင်းဆိုသလို ဟူးညို့ရဲ့ လက်ချက်နဲ့ မြေကြီးပေါ်ကို လဲကုန်ပြီးတော့ နာကျင်စွာနဲ့ အော်ဟစ်ညည်းတွားနေခဲ့ကြသည်။

ဟူးညို့တွင် အကြင်နာတရား ကင်းမဲ့သည့် စရိုက်သဘာဝ ရှိ၏။ လင်းဟန်က သူမကို ခေါင်းခါ ပြလိုက်ပြီး လူတွေကို သတ်ဖြတ်ဖို့ ခွင့်မပြုပေ။ လင်းဟန်က ခွင့်မပြုတာကို မြင်လိုက်ရတဲ့အတွက် ဟူးညို့က မကျေမနပ်ဖြစ်သွားပေမဲ့လည်း လင်းဟန်ရဲ့ အမိန့်ကို မငြင်းဆန်ခဲ့ပေ။

"အား"

"အီး"

"အောင်မလေးဗျ"

ဟူးညို့က အမှန်တကယ်ပဲ အစွမ်းထက်တာကို မြင်လိုက်ရတဲ့ အခါမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူခုနစ်ယောက်က တည်တည်ငြိမ်ငြိမ်နဲ့ ထိုင်မနေနိုင်တော့ပဲ အားလုံး မတ်တတ်ထရပ်လိုက်ကြသည်။

ဤစားသောက်ဆိုင်ကား အသစ်ဖွင့်ထားပြီး ပိုင်ရှင်က လူသစ်တစ်ယောက်သာ ဖြစ်သည်။ သူက ယခုမှ မြို့ကို ရောက်လာပြီးတော့ သူမှာ ဘယ်လိုမျိုး နောက်ခံအင်အားနဲ့ အစွမ်းတွေ ရှိနေတာလဲ။ ယခု စိတ်ဂိညာဉ် ပင်လယ်အဆင့် သူတို့အားလုံး လှုပ်ရှားလာခဲ့ပြီဖြစ်တဲ့အတွက် သူတို့အတွက် သေချာပေါက် လွယ်လင့်တကူ ဖြစ်နေပါလိမ့်မည်။ ဒါပေမဲ့ သူတို့က ဟူးညို၏ ထူးခြားမှုကို မမြင်တွေ့နိုင်ကြပေ။

"ငါသွားမယ်"

စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်က လှုပ်ရှားလိုက်သည်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဟူးညိုကို ဖမ်းဆုပ်လိုက်၏။

"အနိုင်မခံအရှုံးမပေးတဲ့ ကျားပေါက်စ လက်သီး"

ဟူးညိုက လေထဲမှာ ကျွမ်းပစ်လိုက်ပြီးတော့ အလင်းရဲ့ မြန်နှုန်းလိုမျိုး အရမ်းကို လျင်မြန်စွာနဲ့ အနက်ရောင် ဂတ်စုံနဲ့ လူ၏ အနောက်ဘက်ကို ရောက်သွားခဲ့သည်။ သူမ၏ လက်သီးလေးဖြင့် ထိုးထည့်လိုက်ပြီး ထိုတိုက်ခိုက်မှုကြောင့် ချက်ချင်းဆိုသလို အနက်ရောင် ဂတ်စုံနဲ့ လူ၏ ခန္ဓာကိုယ် တုန်ခါသွားပြီးတော့ ပါးစပ်အပြည့် သွေးတစ်လုတ်ကို

အနန်ထုတ်လိုက်ရ၏။

လင်းဟန်က မပြုံးပဲ မနေနိုင် ဖြစ်သွား၏။ ဟူးညိုက တခြားသူတွေ ရယ်မောရအောင် လုပ်နိုင်တဲ့ အရည်အချင်း တစ်ခုပါ ထပ်တိုးလာခဲ့ပြီ ဖြစ်သည်။

"အားလုံး တိုက်ခိုက်ကြစို့"

ကျန်နေတဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူခြောက်ယောက်လုံး အကြီးအကျယ် အံ့သြသွားပြီးမှ အလျှင်အမြန်ပဲ အားလုံးစုပြီးတော့ တိုက်ခိုက်ပြီး အသာစီး ရယူဖို့ ကြံလိုက်ကြသည်။

တစ်စုံတစ်ယောက်ကို အုပ်စုဖွဲ့ပြီး တိုက်ခိုက်ခြင်း။ အဆင့်အတန်း သို့မဟုတ် ဂုဏ်သိက္ခာ အနည်းငယ် ရှိတဲ့ လူတစ်ယောက်အနေနဲ့ သူ၏ပြိုင်ဘက်က မိန်းကလေး ငယ်လေး တစ်ယောက်ဖြစ်နေတဲ့ အချိန်မှာ အုပ်စုဖွဲ့ တိုက်ခိုက်မှုမျိုးကို ပြုလုပ်တဲ့ အခါမှာ သူတို့ရဲ့ ဂုဏ်သိက္ခာ ကျဆင်းတယ်လို့ သေချာပေါက် ခံစားရပါလိမ့်မည်။ ဒါပေမဲ့ ဒီလူခြောက်ယောက်က အစေခံမျှသာ ဖြစ်ပြီးတော့ သူတို့မှာ လက်ရွေးစင် သိုင်းပညာရှင်တွေလို စိတ်နေသဘောထားမျိုး ရှိဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အကယ်၍များ တစ်ယောက်တည်းနဲ့ မလုံလောက်ဘူးဆိုရင် သူတို့အားလုံးက တစ်ပြိုင်နက်တည်း တိုက်ခိုက်ရပေလိမ့်မည်။ ဂုဏ်သိက္ခာဟုတ်လား။ ထိုအရာက သူတို့၏ အစာအိမ်ကို ဖြည့်ဆည်း ပေးနိုင်လို့လား။

ဟူးညိုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ လုံးဝ မကြောက်ရွံ့ချေ။ သူမရဲ့ သေးငယ်တဲ့ ပုံရိပ်လေးက ဘယ်မှညာ ယိမ်းထိုးနေပြီး ဒီနေရာမှာ ပေါ်လာလိုက် ဟိုနေရာမှာ ပေါ်လာလိုက်နဲ့ ဖြစ်နေသည်။ လင်းဟန်တောင်မှ သူ၏မှသားမဲ့ မျက်လုံးကို အသက်မသွင်းဘူးဆိုလျှင် ဤလှုပ်ရှားမှုမျိုးကို လုံးဝဖမ်းဆုပ်နိုင်ခြင်း မရှိချေ။ ဤလူခြောက်ယောက်ကား ဘာမိုလို့လဲ။ လှုပ်ရှားမှု အနည်းငယ် အတွင်းမှာပဲ ထိုလူခြောက်ယောက်စလုံး ပြင်းပြင်းထန်ထန် ရိုက်နက်ခံလိုက်ရသည်။

"ရေး"

ဟူးညိုက ပျော်ရွှင်စွာနဲ့ လှည့်ပတ်ကခုန်နေသည်။

"ငါကအရမ်းကို အံ့သြစရာ ကောင်းတာပဲ။ သူတို့အားလုံးရဲ့ မျက်နှာပေါ်မှာ ရေးခြစ်ခဲ့ပြီ"

ကျန်တဲ့ အနက်ရောင် ဂျတ်စုံနဲ့ လူတွေအားလုံး ကြက်သေသေသွားခဲ့ကြသည်။ မဟုတ်ဘူး။ သူတို့အားလုံးတော့ သွားပြီ။ သံမဏိတုံးကိုမှ သွားကန်မိကြပြီ။

ဒီမတိုင်ခင်က သူတို့အားလုံး တွေးထားကြတာက ဤစားသောက်ဆိုင်ကို နွေဦးစမ်းရေအဆင့် သိုင်းပညာရှင်လေး တစ်ယောက်က ဖွင့်ထားတာပဲလို့ ထင်နေကြသည်။ အများဆုံး ဤနေရာတွင် စိတ်ဂိညာဉ် ပင်လယ်အဆင့် တစ်ယောက် နှစ်ယောက်မျှသာ ရှိလိမ့်မည်ဖြစ်ပြီး သူတို့ ခုနစ်ယောက် တစ်ကြိမ်တည်းနဲ့ အားလုံးစုပြီးတော့ သွားကြမယ်ဆိုရင် ဘယ်လိုပြိုင်ဘက်မျိုးပဲ ဖြစ်နေဖြစ်နေ လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်နိုင်ပါလိမ့်မယ်။

တကယ်ပဲ တခြားဖက်မှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူနှစ်ယောက်ပဲ ရှိ၏။ ဒါပေမဲ့ သူတို့က လဖြွတ်လိုပဲ အရမ်းကို အစွမ်းထက်ကြသည်။ သူတို့လိုမျိုး လက်ရွေးစင် ခုနစ်ယောက်ကို ခွေးတွေလိုပဲ ရိုက်နက်ပစ်ကြ၏။ ဘယ်လိုငရဲလဲ။

"မြန်မြန် ထွက်ပြေးပြီး သခင်လေးလန်ကို သတင်းပို့ကြ"

တစ်စုံတစ်ယောက်က ချက်ချင်းဆိုသလို ထွက်ပြေးဖို့ ပြင်လိုက်ပေမဲ့ လင်းဟန်က သူတို့ကို ပြုံးပြီးတော့ ကြည့်နေတာကို မြင်လိုက်ရသည်။

"စောစောတုန်းက မင်းတို့အားလုံးကို ထွက်သွားဖို့ ငါပြောခဲ့ပေမဲ့ မင်းတို့က ငြင်းပယ်ခဲ့ကြတယ်။ အခုတော့ မင်းတို့ထွက်သွားချင်တယ် ဆိုရင်တောင်မှ အရမ်းကို နောက်ကျသွားပြီ"

လင်းဟန်က လှုပ်ရှားလိုက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် ရိုက်ချပစ်လိုက်သည်။ သိပ်မကြာခင်မှာပဲ သူတို့အားလုံး မြေကြီးပေါ်မှာ မလှုပ်နိုင် မရှားနိုင်ပဲ လဲကုန်ကြသည်။

စားပွဲထိုးအားလုံးက ကြည့်နေကြပြီးတော့ အံ့သြမှင်တက်နေကြ၏။ သူတို့၏ စိတ်ထဲတွင် သူတို့သူဌေးကား အမှန်တကယ်ပဲ အစွမ်းထက်လှသည်ဟု တွေးနေမိ၏။ ဤတိုက်ပွဲအကြောင်း သတင်းပျံ့နှံ့သွားပြီး ဘယ်သူကမှ နောက်ထပ်လာပြီးတော့ ပြဿနာ မရှာပံ့ကြတော့ချေ။ ဒါပေမဲ့ သူတို့တွေက အနည်းငယ်တော့

စိုးရိမ်ပူပန်နေကြဆဲ ဖြစ်၏။ ယန်စွမ်းအားမြင့်မြို့ကား ပုန်းနေတဲ့ နဂါးနဲ့ ငုတ်လျှိုးနေတဲ့ ကျားတွေနှင့် ပြည့်နှက်နေသည့် နေရာတစ်ခု ဖြစ်၏။ စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင်တွေတောင်မှ ဒီနေရာမှာ မပြောပလောက်တဲ့ လူတွေအဖြစ် သတ်မှတ်နိုင်သည်။

"သခင်လေးဟန် ဒီလူတွေကို ကျနော်တို့ ဘာလုပ်လိုက်ရမလဲ"

ကျူးပုကျို့က မေးလိုက်သည်။

"ကြိုးနဲ့ တင်းတင်းချည်ထားပြီးတော့ တံခါးဝမှာ ချိတ်ထားလိုက်"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ဖြေလိုက်သည်။

"ဒါက ကျနော်တို့ စီးပွားရေးကိုများ ထိခိုက်မလား"

ကျူးပုကျို့က အနည်းငယ် တုံ့ဆိုင်းပြီးတော့ ပြောလိုက်သည်။ သာမန်လူတွေကတော့ ပြဿနာတွေကို ရှောင်လွှဲချင်ကြ၏။ ဒီလိုမျိုး မြင်ကွင်းကို မြင်လိုက်ကြတဲ့ အခါမှာ ဘယ်သူကများ ဝင်လာရဲဦးမှာလဲ။

"ကိစ္စမရှိပါဘူး။ ငါတို့ရဲ့ အစွမ်းကို သူတို့ကို မြင်အောင်လို့ ပြလိုက်ပါ"

လင်းဟန်က ပြောလိုက်သည်။ မြေကျွန်မှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ သူတို့ကို ကြောက်ရွံ့နေဖို့ လိုအပ်သေးလို့လား။ သူက အနည်းငယ်ပြုံးပြီးတော့ ပါးရိုက်ခံလိုက်ရတဲ့ စားပွဲထိုးလေးကို ပြောလိုက်သည်။

"ကောင်တာကို သွားပြီးတော့ ငွေပြားဆယ်ပြားယူလိုက်ပါ။ အခုကစပြီးတော့ မင်းရဲ့လစာက နှစ်ဆဖြစ်သွားပြီ"

"ကျေးဇူးတင်ပါတယ် သူဌေး"

စားပွဲထိုးလေးက ချက်ချင်းဆိုသလို အူမြူးသွားခဲ့သည်။ သူ၏သွားသုံးချောင်း ကျွတ်ထွက်ပေမဲ့ အခုလိုမျိုး ဖြစ်သွားတာက အတော်လေးကို တန်လှပေသည်။

အပိုင်း(၃၇၄) ကုန်းယဲ့ထန်း

ဤတစ်ကြိမ်တွင် အနက်ရောင် ဂုတ်စုံနဲ့ လူစုစုပေါင်း

လေးဆယ်ကျော် လာခဲ့ခြင်း ဖြစ်၏။ သူတို့က ဆယ်ယောက်ကို တစ်တွဲစည်းထားပြီးတော့ စားသောက်ဆိုင်ရဲ့ တတိယအထပ် ထိပ်မှာ ချိတ်ဆွဲထားခြင်းကို ခံကြရသည်။ စုစုပေါင်း ငါးတွဲရှိပြီးတော့ အံ့မခန်းမြင်ကွင်းတစ်ခု ဖြစ်စေသည်။

စားသောက်ဆိုင်၏ အပြင်ဘက်တွင် လူအများကြီး စုဝေးနေကြပြီး သူတို့ကို လက်ညိုးထိုး ညွှန်ပြနေကြသည်။ သူတို့ထဲက တချို့က ဖျော်ဖြေပွဲတစ်ခုကို ကြည့်နေရသလိုမျိုး ကြည့်နေပြီး တချို့ကတော့ အနက်ရောင် ဂတ်စုံဂတ်ထားတဲ့ လူတွေကို ရယ်မောနေကြသည်။ ထိုလူတွေက လူအုပ်ကြီးအတွက်တော့ ဟာသတစ်ပုဒ်လို ဖြစ်နေသည်။

ဒါပေမဲ့လည်း လူတွေအများကြီးက စိတ်လှုပ်ရှားစွာနဲ့ ကြည့်နေကြပေမဲ့လည်း ဘယ်သူကမှ စားသောက်ဆိုင်ထဲကို ဝင်ပြီးတော့ မစားပုံကြချေ။ ဘာကြောင့်လဲဆိုတော့ ဒီအနက်ရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူတွေ၏ အကြောင်းကို သူတို့အားလုံးက ကောင်းကောင်းကြီး သိနေကြတဲ့ အတွက်ပဲ ဖြစ်သည်။ သူတို့အားလုံးက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာရှိတဲ့ လူတစ်ယောက်၏ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ လန်ကလန်ကဖြစ်ပြီး ဤပြဿနာကို ဘယ်လိုလုပ်ပြီး လွယ်လွယ်ကူကူနဲ့

ပြီးသွားနိုင်မှာလဲ။

ထို့ကြောင့် နောက်ကျရင် လန်ကလန်က တစ်စုံတစ်ယောက်က သေချာပေါက် ရောက်လာပါလိမ့်မည်။ အကယ်၍များ သူတို့က စားသောက်ဆိုင်ထဲကို ဝင်ရောက်စားသောက် နေမည်ဆိုပါက ထိုပြဿနာထဲကို သူတို့ကိုပါ ဆွဲထည့်ခြင်းကို ခံရပါလိမ့်မည်။

အကယ်၍ သူတို့က အစားတစ်လုတ်ကို မက်မောနေရင်တောင်မှ အသက်တော့ အသေမခံနိုင်ပေ။

ဒါပေမဲ့ သိပ်မကြာမှာ ဇာပန်းထိုးထားတဲ့ အင်္ကျီကို ဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက် လျှောက်လာတာကို မြင်လိုက်ကြရသည်။ ထိုလူငယ်က စားသောက်ဆိုင်ရဲ့ ထုတ်တန်းပေါ်မှာ လူတွေကို ချိတ်ဆွဲထားတာကို မြင်လိုက်သည့် အခါမှာ ကျယ်လောင်စွာနဲ့ အော်ဟစ်ရယ်မော လိုက်သည်။ သူက စားသောက်ဆိုင်ထဲကို ဝင်လာပြီးတော့ ပြောလိုက်သည်။

"စိတ်ဝင်စားစရာပဲ။ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းတယ်"

"ညှော့သည်တော်တို့ အုပ်စုမှာ လူဘယ်နှစ်ယောက်များ ပါပါသလဲ"

စားပွဲထိုးလေး တစ်ယောက်က ချက်ချင်းဆိုသလို အရှေ့ကိုတိုးလာပြီးတော့ သူ့ကို လက်ခံကြိုဆို လိုက်သည်။

"ငါတစ်ယောက်တည်းပဲ"

လူငယ်က စားပွဲခုံ အလွတ်တစ်ခုမှာ ထိုင်ချလိုက်သည်။ သူ့ပုံစံကိုကြည့်ရတာ အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ဖြစ်သည်။ သူ့မှာ ယုံကြည်မှုတွေ ပြည့်နှက်နေတဲ့ အမူအရာမျိုး တစ်ခုခု ရှိနေသည်။ သေချာတာကတော့ သူ့အနေနဲ့ အစွမ်းထက်တဲ့ ကလန်တစ်ခုခုကနေ လာခဲ့တာမျိုး ဒါမှမဟုတ် သူကိုယ်တိုင်က ထိုကဲ့သို့ ယုံကြည်မှုမျိုး ရှိရလောက်သည်အထိ အစွမ်းထက်နေတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

"ဒီဆိုင်က ရတနာရှစ်ပါးက အရမ်းကို လူကြိုက်များတယ်လို့ ငါကြားဖူးတယ်။ ငါ့အတွက် ယူလာခဲ့"

လူငယ်က ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ"

စားပွဲထိုးက အလျင်အမြန်ပဲ လှည့်ထွက်သွားပြီးတော့ မီးဖိုချောင်ထဲကို ဝင်သွားခဲ့သည်။

သိပ်မကြာခင်မှာပဲ အငွေ့တစ်ထောင်းထောင်းထနေသည့် ဟင်းပွဲတွေကို ယူလာခဲ့သည်။ လူငယ်က တစ်ချက်ကိုက်လိုက်ပြီး သူရဲ့မျက်လုံးတွေ ပြူးထွက်လာကာ သူ၏မျက်နှာပေါ်မှာ မယုံကြည်နိုင်လောက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

အရမ်းကို အရသာရှိတာပဲ။

"အံ့သြစရာပဲ။ အံ့သြဖို့ကောင်းလိုက်တာ"

လူငယ်က ချီးကျူးလိုက်သည်။

"ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဟင်းချက်တဲ့ ကျွမ်းကျင်မှုကတော့ သာမန်ပါပဲ။ ဒါပေမဲ့ ပါဝင်ပစ္စည်းတွေက အရမ်းကို လတ်ဆတ်ပြီးတော့ အရသာရှိတယ်။ တစ်ချက်ကိုက်လိုက်ရုံနဲ့ မရပ်ချင်လောက်အောင်ကို ဆွဲဆောင်မှုရှိနေတယ်။ ဒါက လုံးဝကို မယုံနိုင်စရာ

ကောင်းတဲ့ ဆွဲဆောင်မှုပဲ”

“ညီး ဗိုက်ဆာတယ်”

ဟူးညိုက လင်းဟန်၏ အင်္ကျီလက်မောင်းစ တစ်ဖက်ကို ဆွဲပြီးတော့ ပြောလိုက်သည်။ အစောပိုင်းတုန်းက သူမအနေနဲ့ ဘယ်လိုမှ မခံစားရပေ။ ဒါပေမဲ့လည်း သူမ၏ အရှေ့မှာ လူတစ်ယောက်က မြိန်ရေယှက်ရေနဲ့ စားသောက်နေတာကို မြင်လိုက်ရတဲ့ အခါမှာတော့ သူမအနေနဲ့ ဘယ်လိုမှ တောင့်မခံနိုင်တော့ချေ။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ မီးဖိုချောင်ထဲကို ဝင်သွားပြီး သူတို့အတွက် နေ့လယ်စာကို ပြင်ဆင်လိုက်သည်။

လင်းဟန်၊ ဟူးညို၊ လွီယုထန်၊ ကျူးပူကျို့၊ ကန်းရီနဲ့ ကွမ်းယွမ်တို့က စားပွဲခုံ တစ်ခုမှာ အတူတူ ထိုင်လိုက်ကြသည်။ အရမ်းကို အရသာရှိတဲ့ ဟင်းပွဲတွေ ရောက်လာတာနဲ့ သူတို့လည်း စတင်ပြီးတော့ စားသောက်လိုက်ကြ၏။

သူတို့စားတဲ့ အစားအသောက်တွေကို ညော့်သည်တွေကို

ရောင်းချတဲ့ အစားအသောက်တွေနဲ့ ဘယ်လိုလုပ်ပြီးတော့ နိုင်းယှဉ်လို့ ရနိုင်မှာလဲ။ သူတို့၏ ဟင်းပွဲတွေမှာ မိစ္ဆာသားရဲ အသားတွေ ပါဝင်ရုံတင်မက တန်ဖိုးရှိတဲ့ ဆေးပင်တွေတောင်မှ ပါဝင်ပြီး သူတို့အတွက် ဆေးဘက်ဝင်တဲ့ အစားအသောက်တွေကို ပြင်ဆင်ထားခဲ့သည်။ ဤဆေးဘက်ဝင် အပင်တွေက အနက်ရောင် မျှော်စင်အထဲမှာ တစ်လနစ်လခန့် ကြီးထွားရှင်သန်နေတာ ဖြစ်ပြီးတော့ ၎င်းတို့၏ သက်တမ်းကား နှစ်ပေါင်း တစ်ရာ အနည်းဆုံး ရှိပေသည်။

လင်းဟန်က သူ၏ယခင်ဘဝတုန်းက အရမ်းကို ချမ်းသာကြွယ်ဝပြီး ဤနည်းအတိုင်း ဖောဖောသီသီနဲ့ သုံးစွဲနိုင်ပေသည်။ ဒါပေမဲ့လည်း သူက ယခုဘဝမှာ စိတ်ဂိညာဉ် ပင်လယ် အဆင့်ပဲ ရှိပါသေးတယ်။ ပြီးတော့ အခုက မြောက်ပိုင်းဒေသမှာ ဖြစ်ပြီးတော့ ၎င်းနဲ့ ဆက်စပ်နေသည့် ကုန်းမြေများနှင့် နိုင်းယှဉ်လျှင် ဆင်းရဲသည်ဟု ယူဆနိုင်သည်။ ဆောင်းလဂိုဏ်းလို အဖွဲ့အစည်း တစ်ခုတောင်မှ အခုလိုမျိုး မလုပ်နိုင်ပါဘူး။

အရသာရှိတဲ့ အစားအသောက်တွေရဲ့ ရှေ့မှာတော့ သူတို့အားလုံးက ဟန်ကိုမဆောင်နိုင်အောင်ပဲ သူတို့ရဲ့ ပုံရိပ်ကိုတောင် ဂရုမစိုက်ပဲ အစားအသောက်တွေကို

အလုအယက် စားနေကြ၏။ ဒါပေမဲ့လည်း သိတဲ့အတိုင်း သူတို့ထဲက ဘယ်သူကများ အစားအသောက်နဲ့ ပတ်သက်လာရင် ဟူးညိုကို ကျော်လွှားနိုင်လို့လဲ။ ဒီမိန်းကလေးက စူဇကာပုဏ္ဏားတစ်ယောက်ဖြစ်ဖို့ မွေးဖွားလာတာပဲ။

"ဒါက"

သူတို့အားလုံး အစားအသောက်တွေကို အလုအယက်နဲ့ အပြိုင်အဆိုင် လုစားနေကြတဲ့ အချိန်မှာပဲ ဇာပန်းထိုးအကျီကို ဝတ်ဆင်ထားတဲ့ လူငယ်က သွားရည်တမြားမြားနဲ့ သူတို့စားပွဲဆီကို ချဉ်းကပ်လာတာကို မြင်လိုက်ရသည်။

"ငါမင်းတို့နဲ့ အတူတူထိုင်ပြီးတော့ စားလို့ရမလား။ ငါအလကား မစားပါဘူး။ ဒီအစားအသောက် အတွက်ကို ငါပေးပါ့မယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"အဲဒီ ဟင်းပွဲရှစ်မျိုးက မင်းအတွက် မလုံလောက်ဘူးလား"

ဇာပန်းထိုးအင်္ကျီကို ဂုတ်ဆင်ထားတဲ့ လူငယ်က သူ၏နှာခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်သည်။

"ဒီဟင်းပွဲတွေက တကယ်ပဲ မလုံလောက်သေးဘူး။ နောက်ပြီးတော့ မင်းတို့စားပွဲပေါ်က အစားအသောက်တွေကို ကြည့်ရတာ ပိုပြီးတော့ အရသာရှိမဲ့ပုံပဲ"

သူ၏မျက်လုံးများကို ပင့်ပြီးတော့ ပြောလိုက်သည်။ သူ၏ပါးစပ်မှလည်း သွားရည်တမြားမြား ကျလို့လာနေ၏။

မှန်ပါတယ်။ ပါဂင်ပစ္စည်းတွေ မတူညီသလို အနံ့အရသာကလည်း လုံးဂကို ကွဲပြားခြားနား၏။ တချက်ကြည့်လိုက်တာနဲ့ပဲ ဒီစားပွဲထိုးတွေက စားပွဲကအစ ဂါးစားချင်နေတဲ့ ပုံစံကိုတောင် လှမ်းမြင်တွေ့နိုင်ပေသည်။

လင်းဟာန်က ဇာပန်းထိုးအင်္ကျီကို ဂုတ်ဆင်ထားတဲ့ လူငယ်ကို တစ်ချက်ကြည့်လိုက်ပြီး ဒီကောင်က အတော်လေးကို စိတ်ဂင်စားစရာ ကောင်းတယ်လို့ ထင်လိုက်မိသည်။ ထို့ကြောင့် သူက ပြုံးပြီးတော့ ပြောလိုက်သည်။

"တကယ်လို့ မင်းစားချင်နေသေးတယ် ဆိုရင်လည်း ထိုင်ပါ"

ထိုလူငယ်က အရမ်းကို ကျေနပ်ပျော်ရွှင်သွားပြီးတော့ အလျင်အမြန်ပဲ ထိုင်ချလိုက်သည်။ သူက တူတစ်စုံကို ဆွဲထုတ်လိုက်ပြီး မြန်မြန်ဆန်ဆန်ပဲ စတင်စားသောက်လိုက်၏။ အစောတုန်းက ဒီစားပွဲပေါ်မှာ ဘယ်လိုမျိုးတွေ ဖြစ်ပျက်နေတယ်ဆိုတာကို သူမြင်တွေ့ခဲ့ပြီးပါပြီ။ အကယ်၍များ သူစားချင်တယ်ဆိုရင် တခြားသူတွေနဲ့ အစားအသောက်ကို လုပြီးတော့ အပြိုင်အဆိုင် စားသောက်ရပါလိမ့်မည်။ သူ့လိုမျိုးပဲ ဘယ်သူမှလည်း တည်ကြည်နေသလိုမျိုး ဟန်ဆောင်ပြီး မနေနိုင်ကြပေ။

"အား အံ့သြစရာကောင်းတယ်။ အရမ်းကို အံ့သြဖို့ကောင်းလိုက်တာ"

သူက အသားကို တစ်ချက်လောက် ကိုက်လိုက်ပြီးတော့ သူရဲ့မျက်နှာပေါ်တွင် ဂမ်းသာပီတိ ဖြစ်မှုတွေ ဝေဆာလို့နေသည်။

"ဒါက အဆင့်နှစ် မိစ္ဆာသားရဲဖြစ်တဲ့ စိတ်ရှုပ်ထွေးစေတဲ့ ရနံ့မွှေး သမင်သားရဲ တစ်ကောင်ရဲ့ အသားပဲ ဟုတ်တယ်မလား။ မဟုတ်ဘူး။ မမှန်သေးဘူး။ ငါက ဒီရနံ့မွှေး သမင်သားရဲ ဟင်းပွဲတွေ တော်တော်များများကို

စားဖူးပါတယ်။ ဒါပေမဲ့လည်း ဒီဟင်းပွဲလောက် အရသာလုံးဝကို မရှိဘူး။ နောက်ပြီးတော့ ဒီအထဲမှာ တန်ဖိုးကြီးတဲ့ ဆေးပင်တွေ တော်တော်များများလည်း ပါသေးတယ်။ တစ်ချက်လောက် ကိုက်လိုက်ရုံနဲ့ပဲ ငါ့ခန္ဓာကိုယ်ထဲက မွှေးညှင်းပေါက်တွေ အကုန်လုံး ပွင့်ထွက်သွားသလို ခံစားရပြီးတော့ ငါ့ရဲ့ကျင့်ကြံခြင်းတောင်မှ နည်းနည်းလေး တိုးသွားသလိုပဲ”

သူအနေနဲ့ စောဒက မတက်ပဲ မနေနိုင်အောင် ဖြစ်သွားပြီးတော့ ပြောလိုက်သည်။

“စားပွဲထိုး ဒီလောက်တောင် ကောင်းမွန်တဲ့ ဟင်းပွဲရှိရဲ့သားနဲ့ မင်းကငါ့အတွက် ဘာဖြစ်လို့ မချပေးတာလဲ။ ဘာလဲ ဒီဟင်းပွဲတွေအတွက် ငါက မူလစွမ်းအင်ပုံဆောင်ခဲတွေ မပေးနိုင်ဘူးလို့ ထင်နေတာလား”

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

“ဒီဟင်းပွဲတွေက ဧည့်သည်တွေကို မရောင်းပါဘူး”

ဇာပန်းထိုးအကျီကို ဝတ်ဆင်ထားတဲ့ လူငယ်၏ မျက်ခုံးတွေ ပင့်သွားခဲ့ပြီးတော့ သူကမေးလိုက်သည်။

"မင်းက ဒီစားသောက်ဆိုင်ရဲ့ သူဌေးလား"

"အမှန်ပဲ"

လင်းဟန်က ခေါင်းညိတ်လိုက်သည်။

"တကယ်လို့များ ဒီလိုမျိုး ပါဂင်ပစ္စည်းတွေကို နေ့တိုင်း ငါ့ကို ထောက်ပံ့ပေးဖို့ရမယ်ဆိုရင်ရော ဘယ်လိုလဲ။ မင်းကြိုက်တဲ့ဈေးကို ပြောလိုက်နိုင်တယ်"

လူငယ်က မြန်မြန်ဆန်ဆန်ပဲ ကမ်းလှမ်းလိုက်သည်။

လင်းဟန်က သူခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ငါပြောပြီးပြီပဲ။ ဒီဟင်းပွဲတွေက ဧည့်သည်တွေကို မရောင်းဘူး။ ငါရဲ့ လူတွေအတွက်ပဲ တည်ခင်း ဧည့်ခံတာ"

လူငယ်၏ မျက်လုံးတွေထဲမှာ အလင်းရောင် တစ်ချက် လက်သွားပြီးတော့ ပြောလိုက်သည်။

"ငါ့နာမည်က ကုန်းယဲ့ထျန်းလို့ခေါ်တယ်။ ဒီကညီအစ်ကို

မင်းကိုငါ ဘယ်လိုခေါ်ရမလဲ”

အကယ်၍များ ဒီစကားလုံးတွေကို ဒီလူငယ်ရဲ့ ဘေးနားဝန်းကျင်မှာ ရှိတဲ့ လူတွေသာ ကြားသွားမယ်ဆိုလျှင် သူတို့က မယုံကြည်နိုင်လောက်အောင် ဖြစ်သွားပြီးတော့ အံ့အားသင့်စွာနဲ့ ပြောကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလူငယ်လေးက အရမ်းကို အံ့အားသင့်စရာ ကောင်းတဲ့ နောက်ခံအင်အားတစ်ခုကနေ လာခဲ့တာဖြစ်ပြီးတော့ အမြဲတမ်းလိုလို ဂုဏ်ယူဝင့်ကြွားတဲ့ အပြုအမူကို ထိန်းသိမ်းထားတတ်သည်။ ယန်စွမ်းအားမြင့်မြို့မှာတောင် သူ့အလေးထားရတဲ့ လူတွေက သိပ်ပြီးတော့ မရှိလှပေ။ အခုတော့ သူက တစ်စုံတစ်ယောက်ကို ညီအစ်ကိုလိုမျိုး နွေးနွေးထွေးထွေးနဲ့ ဆက်ဆံနေတာက တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းလှပေသည်။

ဒါပေမဲ့လည်း ဒီကောင်က တကယ့်ကို အစားသောင်းကြမ်းသူ တစ်ယောက်ဆိုတာကိုလည်း ဖော်ပြနေခဲ့သည်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ဖြေလိုက်သည်။

“လင်းဟန်”

"ညီလေးလင်း။ ဒီနေ့ကစပြီးတော့ မင်းနဲ့ငါက ညီအစ်ကိုတွေ ဖြစ်သွားပြီ"

ကုန်းယဲ့ထျန်းက ဖော်ရွေပျူငှာစွာ ပြောလိုက်သည်။

"ငါတို့က ညီအစ်ကိုတွေ ဖြစ်သွားပြီ ဆိုမှတော့ ဒီပါဂင်ပစ္စည်းတွေကို"

သူက လင်းဟန်ကို အမောတကောနဲ့ စိုက်ကြည့်လိုက်သည်။ သူ့ပုံစံကို ကြည့်ရတာက ခွေးပေါက်လေး တစ်ကောင်နဲ့တောင် တူနေ၏။

"ဟင့်"

အေးစက်စက်နဲ့ အသံတစ်ခုကို ကြားလိုက်ရပြီးတော့ လူငယ်တစ်ယောက်က အထဲကို လမ်းလျှောက်ပြီး ဝင်လာတာကို တွေ့လိုက်ရသည်။ သူ၏မျက်နှာပေါ်တွင် မည်းမှောင်ပြီးတော့ စိတ်ဆိုးမာန်ဆိုးဖြစ်နေတဲ့ အမူအရာတစ်ခု ရှိနေ၏။

"ဘယ်လောက်တောင် မိုက်ရိုင်းလိုက်သလဲ။ ငါရဲ့လူတွေကို အခုလိုမျိုး ဆက်ဆံပုံ့တယ်ပေါ့လေ"

သူကတော့ လန်ကျွင့်ချိုက်ပဲ ဖြစ်သည်။

လွှီယုထန်က ချက်ချင်းဆိုသလို မတ်တတ်ထရပ်လိုက်ပြီးတော့ ပြောလိုက်သည်။

"ဒီနေရာက နင့်ကို မကြိုဆိုဘူး။ ထွက်သွားစမ်း"

"ဘယ်လို ဟာသကြီးလဲ။ ယန်စွမ်းအားမြင့်မြို့မှာ ဘယ်သူကများ ငါ့ကို မောင်းထုတ်ဖို့ အဆင့်မီသလဲ ဆိုတာကို ပြောစမ်းပါဦး"

လန်ကျွင့်ချိုက်က သရော်ပြုံးပြုံးလိုက်သည်။ သူ၏ မျက်နှာပေါ်တွင် မောက်မာဟင့်ကြွားတဲ့ အမူအရာ တစ်ခုကို ဆင်မြန်းထား၏။

၎င်းက လွယ်လွယ်ကူကူနဲ့ ပြီးရမဲ့ကိစ္စတစ်ခုကို သူတို့က တကယ်ပဲ အနှောင့်အယှက် တစ်ခုနဲ့ လာပြီးတော့ ကြုံတွေ့နေရသည်။ သူက မိုးရေသံစံအိမ်မှာ မိန်းမပျိုအသစ်ကလေးရောက်လို့ မြည်းစမ်းမလို့ လုပ်နေတုန်းမှာပဲ သူရဲ့အစေခံက မနက်ပိုင်းတုန်းက လွှတ်လိုက်တဲ့ သူ့ရဲ့လူတွေ အားလုံးပဲ ရှုံးနိမ့်ပြီးတော့

လက်ရှိမှာ လူပုံအလယ်မှာ ကြိုးနဲ့တွဲလျောင်း ချည်ထားခြင်း ခံနေရတယ် ဆိုတဲ့သတင်းကို ရုတ်တရက် လာရောက်ပြီး ပြောကြားခဲ့သည်။

ထိုကိစ္စက သူ့ကို ဒေါသအကြီးအကျယ် ထွက်သွားစေခဲ့ပြီး ဒီဆွဲဆောင်မှုရှိလှတဲ့ မိန်းမပျိုလေးနဲ့ ချစ်ရေးလူးဖို့ကိစ္စကိုတောင်မှ ဂရုမစိုက်နိုင်တော့ပဲ ချက်ချင်းဆိုသလို ဒီနေရာကို တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ခြင်း ဖြစ်သည်။

"လပြွတ်။ လန်ကျူင့်ချိုက် မင်းဘယ်တုန်းကများ ဒီလောက်တောင် မြင့်မားပြီးတော့ အစွမ်းတွေ ရှိလာရတာလဲ"

ကုန်းယဲ့ထျန်းက ရုတ်တရက် ပြောလိုက်သည်။ အစောတုန်းက သူပုံစံကို ကြည့်ရတာ အရမ်းကို သနားဖို့ကောင်းတဲ့ ခွေးပေါက်လေး တစ်ကောင်နဲ့ တူနေပေမဲ့လည်း သူရဲ့ခေါင်းကို ရုတ်တရက် ဆိုသလိုပဲ ကေသရာဇာ ခြင်္သေ့မင်း တစ်ကောင်လိုမျိုး မာန်ပါပါနဲ့ လှည့်ပြီးတော့ ပြောလိုက်သည်။

"ငါကရော မင်းကို ထွက်သွားစမ်းလို့ မောင်းထုတ်ဖို့

အဆင့်မမီဘူးလား”

“ကုန်း၊ သခင်လေးကုန်း”

လန်ကျွင့်ချိုက်က ရုတ်တရက်ဆိုသလို သူ၏မျက်နှာပေါ်တွင် ထိတ်လန့်ကြောက်ရွံ့သည့် အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့သည်။

လန်ကလန်က ယန်စွမ်းအားမြင့်မြို့မှာဆိုရင် လူရှိသေ ရှင်ရှိသေ ကလန်တစ်ခုလို့ သတ်မှတ်လို့ ရနိုင်ပေမဲ့ သူတို့ရဲ့ ယုံကြည်မှု၏ စစ်မှန်တဲ့ အရင်းအမြစ်က သူတို့မှီခိုနေတဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆီကနေ လာခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့လည်း ကုန်းကလန်က သူတို့ကိုယ်တိုင် မှော်ဆေးပညာရှင် ကလန်တစ်ခု ဖြစ်သည်။ ကုန်းယဲ့ထျန်းကို အသာထားဦး။ မျိုးဆက်သုံးခုစလုံးက မှော်ဆေးပညာရှင်တွေချည်းပဲ ဖြစ်ကြသည်။ ထို့အပြင် ကုန်းဟဲချန်က မျိုးဆက်ဟောင်းရဲ့ အဆင့်နိမ့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သည်။

ကုန်းကလန်နဲ့ နှိုင်းယှဉ်ရမည် ဆိုပါက လန်ကလန်ဆိုတာက သာမည အသေးအမွှား မပြောပလောက်တဲ့ ကလန်မျှသာ ဖြစ်သည်။ ၎င်းတို့ကလန်နှစ်ခုကို နှိုင်းယှဉ်လို့ ဘယ်လိုမှ

မဖြစ်နိုင်ပေ။

သူတို့လိုမျိုး သခင်လေးနှစ်ယောက်၏ ယှဉ်ပြိုင်မှု မှတ်ကျောက်တွင်လည်း သူတို့၏ နောက်ခံအင်အားကလည်း ပါဝင်ပေသည်။ အကယ်၍ လန်ကျွင့်ချိုက်နဲ့ ကုန်းယွဲ့ထျန်းက စိတ်ဂိုဏ်း ပင်လယ်အလွှာ ၅ အဆင့်ခြင်း တူညီနေရင်တောင်မှ လန်ကျွင့်ချိုက်က ကုန်းယွဲ့ထျန်း၏ ရှေ့မှောက်တွင် ယှဉ်ကြည့်မှု နည်းနည်းလေးမှတောင် မရှိပေ။

"ငါ့ရဲ့ ညစာစားနေတဲ့ စိတ်ခံစားချက်ကို မပျက်စေနဲ့ ထွက်သွားစမ်း"

ကုန်းယွဲ့ထျန်းက သူရဲ့ အကျင့်စရိုက်ကို ထုတ်ဖော်ပြလိုက်သည်။

အပိုင်း(၃၇၅) အရေတော်တော်ထူသည်

လန်ကျွင့်ချိုက်၏ မျက်နှာထက်တွင် ချက်ချင်းဆိုသလိုပဲ အရှက်ခွဲခံရမှုကြောင့် ဒေါသထွက်နေသည့် အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။ သူက လူအများ ရှိသေလေးစားခြင်း ခံရတဲ့ သခင်လေးတစ်ယောက် ဖြစ်ပေမဲ့ အခုချိန်မှာတော့ တစ်စုံတစ်ယောက်က သူရဲ့မျက်နှာကို လက်ညှိုးနဲ့

တည့်တည့်ကြီးထိုးပြီးတော့ သူ့ကိုထွက်သွားဖို့ မောင်းထုတ်နေခဲ့သည်။ ဒီလိုမျိုး ကိစ္စကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သည်းခံနိုင်မှာလဲ။

ဒါပေမဲ့လည်း သူအနေနဲ့ ကုန်းယွဲ့ထျန်းကို ဆုံးမနိုင်မှာလား။

"သခင်လေးကုန်း ဒီကိစ္စက မင်းနဲ့ ဘာမှမသက်ဆိုင်ပါဘူး။ ကျေးဇူးပြုပြီးတော့ ဂင်ရောက် မစွက်ဖက်ပါနဲ့ သခင်လေးယွီက ဒါကို မှတ်ထားပေးပါလိမ့်မယ်"

သူက ဆက်ပြီးတော့ နည်းနည်းလောက် ပေနေဖို့ ဆုံးဖြတ်လိုက်သည်။

သခင်လေးယွီဆိုတာက လန်ကလန်ကို ထောက်ပံ့ပေးထားတဲ့ မော်ဆေးပညာရှင်၏ မြေးဖြစ်သည်။ သူလည်းပဲ အဆင့်နိမ့် မြေကျွှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်၏ မျိုးဆက်တစ်ယောက် ဖြစ်ပြီးတော့ ကုန်းယွဲ့ထျန်းနဲ့ အဆင့်အတန်းခြင်း တူညီ၏။ လန်ကလန်က ယွီကလန်၏ အကိုင်းအလက် တစ်ခုဖြစ်ပြီးတော့ လန်ကျှင့်ချိုက်က ယွီကလန် သခင်လေး၏ အစေအပါး တစ်ယောက်မျှသာ ဖြစ်သည်။

"တကယ်လို့ ယွီချင်ယွမ်ကိုယ်တိုင် ငါ့အရှေ့မှာ ရပ်နေတယ် ဆိုရင်တောင်မှ သူ့ကို ထွက်သွားဖို့ ငါပြောရလိမ့်မယ်။ ဒါဆိုရင် မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ"

ကုန်းယဲ့ထျန်းက အထင်အမြင်သေးစွာနဲ့ ပြောလိုက်သည်။ ထို့နောက်သူရဲ့လက်ကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပြီးတော့ ပြောသည်။

"တကယ်လို့ မင်းက ထွက်မသွားသေးဘူးဆိုရင် နောက်ပိုင်းကျ လွယ်လွယ်ကူကူနဲ့ ထွက်သွားလို့ ရလိမ့်မှာ မဟုတ်ဘူးနော်"

လန်ကျွင့်ချိုက်က ပြောင်ပြောင်တင်းတင်းနဲ့ကို အာခံလိုတဲ့ ပုံစံမျိုး ဖြစ်နေပြီးတော့ သူ့ရဲ့လက်သီးတွေကို တင်းကျပ်နေအောင်လို့ ဆုပ်လိုက်သည်။ ဒါပေမဲ့လည်း အဆုံးမှာတော့ သူက နောက်ဆုတ်လိုက်ဖို့ကို ဆုံးဖြတ်ပြီးတော့ ပြောလိုက်သည်။

"ကောင်းပြီလေ။ ငါထွက်သွားပေးမယ်။ ကျေးဇူးပြုပြီးတော့ ဒီလူတွေကို ချည်ထားတာကနေ လွှတ်ပေးလိုက်ပါ"

ကုန်းယဲ့ထျန်းက လင်းဟန်ဘက်ကို လှည့်ကြည့်လိုက်သည်။

ဤကိစ္စကို သူ့အနေနဲ့ ဆုံးဖြတ်ပိုင်ခွင့် မရှိပေ။

လင်းဟန်က ဘာမှမတတ်နိုင်ပဲ ပြုံးလိုက်သည်။ ကုန်းယဲ့ထျန်းလည်း စည်းမဲ့ကမ်းမဲ့ သခင်လေး တစ်ယောက်ဖြစ်နေပေမဲ့လည်း လူမှုရေးကိုတော့ သူက နားလည်သဘောပေါက်၏။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ လင်းဟန်ကို ထည့်သွင်းပြီး မေးနေဖို့တောင် လိုအပ်လိမ့်မည် မဟုတ်ပဲ ဒီအတိုင်း ရိုးရိုးလေးပဲ အမိန့်ပေးလိုက်ရင်ပဲ ရ၏။ သူက အသာအယာ ပြုံးပြီးတော့ ပြောလိုက်သည်။

"တကယ်လို့ မင်းသူတို့ကို ခေါ်သွားချင်တယ်ဆိုလည်း ရပါတယ်။ ကိစ္စမရှိဘူး။ ဒါပေမဲ့ လူတစ်ယောက်ကို မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာ ပေးရမယ်"

"မင်း"

လန်ကျွင့်ချိုက် ဒေါသထွက်သွားခဲ့သည်။ တစ်ယောက်ကို မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာ ဟုတ်လား။ မင်းက ဘာဖြစ်လို့ ဖောက်ထွင်းသူခိုး မလုပ်တာလဲ။

"မင်းပေးနိုင်တာနဲ့ သူတို့ကို ခေါ်သွားလို့ရပြီ"

လင်းဟန်က သူ့ကို နောက်ထပ် ဂရုစိုက်မနေတော့ပဲ သူရဲ့အစားကိုပဲ ဆက်ပြီးတော့ စားသောက်နေလိုက်သည်။

"ဟီးဟီး"

ကုန်းယဲ့ထျန်းက ဘယ်လိုမှ မနေနိုင်တော့ပဲ ရယ်မောလိုက်သည်။ သူက လင်းဟန်ကို တစ်ချက် ဖေ့ကြည့်လိုက်ပြီးတော့ နောက်ဆုံးမှာတော့ လင်းဟန်ကို စတင်ပြီးတော့ အလေးအနက် ထားလာခဲ့သည်။

သူအမုန်းဆုံးလူ အမျိုးအစားက အားနဲ့မာန်နဲ့ နည်းနည်းလေးမှ မရှိတဲ့ လူစားမျိုးပဲ ဖြစ်၏။ သူရဲ့ဘေးမှာ သူ့ကို မြှောက်ပင့်ချီးကျူးပြီးတော့ သူရဲ့မျက်နှာသာ ရအောင်လို့ ကပ်ပါးရပ်ပါး လုပ်နေတဲ့ လူတွေ အများကြီးရှိသည်။ ဒါကြောင့်လည်း သူက လင်းဟန်လိုမျိုး အကျင့်စရိုက်ရှိတဲ့ လူကို အရမ်းအားကျပြီး လေးစားအထင်ကြီး၏။

လန်ကျွင့်ချိုက်၏ နဖူးထက်က သွေးကြောက ထောင်ထလို့ လာခဲ့သည်။ ဤတစ်ကြိမ်တွင် သူက လူလေးဆယ်ကျော် လွှတ်ခဲ့တာဖြစ်ပြီးတော့ တစ်ယောက်ချင်းစီအတွက်

မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာစီ ပေးရမည်ဆိုပါက စုစုပေါင်း မူလစွမ်းအင် ပုံဆောင်ခဲ လေးထောင်ကျော် ကုန်ကျပါလိမ့်မည်။ သူ့အနေနဲ့ မပေးချေနိုင်တာ မဟုတ်ပေမဲ့ ဤပမာဏက သူ့ရဲ့နှလုံးသားကို နာကျင်အောင်လို့ လုပ်နိုင်သည်။

"ဒါအရမ်းကို များလွန်းတယ်"

သူက ခေါင်းခါပြီးတော့ ပြော၏။

"ဟုတ်လား"

လင်းဟန်က သူ့ရဲ့လက်ချောင်းလေးတွေကို ချိုးပြီးတော့ စတင်ရေတွက်လိုက်သည်။

"လူတစ်ယောက်က တစ်နှစ်မှာ မူလစွမ်းအင် ပုံဆောင်ခဲ ဆယ့်နှစ်ခု ထုတ်လုပ်နိုင်တယ်။ ဒါကြောင့် ဆယ်နှစ်ဆိုရင် လုံလောက်နေပြီလေ"

လန်ကျှင့်ချိုက်က သူ၏ဒေါသများ ပေါက်ကွဲထွက်လုမတတ် ဖြစ်သွားခဲ့သည်။ အခု ဒီနေရာမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့်နဲ့လူက ခုနစ်ယောက်ပဲပြီး တခြားသူတွေက

ဘယ်လိုလုပ်ပြီးတော့ တတ်နိုင်မှာလဲ။ သူတို့တွေက နေ့ဦးစမ်းရေ အဆင့်ပဲဖြစ်ပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲတွေကို ထုတ်ပေးနိုင်လို့လား။

"ငါနဲ့အပေးအယူ လုပ်မနေနဲ့။ တကယ်လို့ မင်းသူတို့ကို ခေါ်သွားချင်တယ်ဆိုရင် မူလစွမ်းအင် ပုံဆောင်ခဲတွေကို ထားခဲ့လိုက်။ တကယ်လို့ မပေးနိုင်ရင် ထွက်သွားလိုက်"

လင်းဟန်က သူရဲ့လက်ကို ခါပြလိုက်သည်။

လန်ကျွင့်ချိုက်၏ မျက်လုံးများကား မီးဂင်းဂင်းတောက်လို့နေသည်။ ဒါပေမဲ့ လင်းဟန်မှာက ကုန်းယဲ့ထျန်း၏ အထောက်အပံ့ကို ရထားခြင်းဖြစ်လို့ ယခုအချိန်မှာ သူက သတ္တိကောင်းနေရတာ ဖြစ်လိမ့်မည်ဟု စဉ်းစားမိလိုက်သည်။ ဂမ်းနည်းစရာကောင်းတဲ့ အချက်ကတော့ သူ့အနေနဲ့ ကုန်းယဲ့ထျန်းနဲ့ အငြင်းပွားဖို့ မလုပ်ပံ့ချေ။ သူ၏မျက်နှာက စိမ်းသွားပြီးတဲ့နောက်မှာ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပြီးမှ ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။ နောက်ဆုံးမှာတော့ လန်ကျွင့်ချိုက်က သူရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်အများကို စားပွဲပေါ်ကို တင်လိုက်သည်။ ထို့နောက်မှာ သူက ပြောလိုက်၏။

"သူတို့ကို ချက်ချင်း လွှတ်ပေးစမ်း"

"မင်းကိုယ်တိုင်ပဲ သူတို့ကို ကြိုးဖြေပြီးတော့ ဖြုတ်ပေးလိုက်"

လင်းဟန်က ပြောလိုက်သည်။

လန်ကျွင့်ချိုက်က သူရဲ့ဒေါသတွေကို ပေါက်ကွဲထွက်လုမတတ် ဖြစ်သွားပြီးတော့ လင်းဟန်ကို တစ်ခဏတာမျှ အငြိုးထားတဲ့ အကြည့်နဲ့ စိုက်ကြည့်ပြီးတော့ သူရဲ့လူတွေကို ဖြုတ်ချပေးဖို့အတွက် လှည့်ထွက်သွားလိုက်၏။ ဤကိစ္စကို လွယ်လွယ်ကူကူနဲ့ ပြီးသွားမှာ မဟုတ်ဘူးလို့ သူက ကျိန်ဆိုလိုက်၏။ သူ့အနေနဲ့ ကုန်းယဲ့ထျန်းကို တကယ်ပဲ မရိုက်နက်နိုင်ပါဘူး။ ဒါပေမဲ့ သခင်လေးယွီ ရှိနေသေးသည်။

"ဟားဟားဟားဟား"

ကုန်းယဲ့ထျန်းက ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူက လင်းဟန်ဆီကို သူ၏ခွက်ကို မြှောက်ပြီးတော့ အပြုံးနဲ့ ပြောလိုက်၏။

"ညီလေးလင်း ငါမင်းကို ဂုဏ်ပြုပါရစေ။ မင်းလိုမျိုးလူနဲ့ ငါတကယ်ပဲ သူငယ်ချင်း ဖြစ်ချင်တယ်"

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ဒီကိစ္စကိုတော့ ငါနည်းနည်းလောက် စဉ်းစားဦးမယ်"

ကုန်းယဲ့ထျန်းက မကျေနပ်သလိုမျိုး ဟန်ဆောင်လိုက်ပြီးမှ လင်းဟန်ရဲ့ ရင်ဘတ်ကို ချစ်ခင်ရင်းနှီးစွာနဲ့ လက်သီးတစ်ချက် ထိုးပြီးတော့ ပြောလိုက်သည်။

"မင်းက တကယ်ကို ကျီစားလို့ မရဘူးပဲ။ ဟီးဟီး ဒီပါဂုင်ပစ္စည်းတွေရော"

စကားနည်းနည်းလောက် ပြောပြီးတဲ့အခါမှာတော့ သူရဲ့ အစားသောင်းကြမ်းတဲ့ အကျင့်စရိုက်က နောက်တစ်ကြိမ် ထပ်ပြီးတော့ တောက်လောင်လာခဲ့သည်။

ဟူးညို့က ချက်ချင်းဆိုသလို ကပ်စေးနဲသူ တစ်ယောက် ဖြစ်လာခဲ့သည်။ သူမက လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ စားပွဲကို ကာကွယ်ထားပြီး ပြောလိုက်သည်။

"ဒါတွေအားလုံး ညီုးညီုးရဲ့ ပစ္စည်းတွေပဲ"

သူတို့အားလုံး ရယ်မောလိုက်ကြသည်။

လန်ကျွင့်ချိုက်တို့ လူစုတွေ ထွက်သွားပြီးတဲ့ နောက်မှာတော့ တခြားဧည့်သည်တွေက စားသောက်ဆိုင်ထဲကို အဆက်မပြတ် ဝင်ရောက်လာခဲ့ကြသည်။ ဒါပေမဲ့လည်း ရတနာရှစ်ပါး၏ ဟင်းပွဲတစ်ပွဲစီတိုင်းက မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုစီ ကျသင့်သည်။ သူတို့အားလုံးက ဤနေရာကို ဒီဟင်းပွဲအတွက် ရောက်လာခဲ့ကြသည်။ ဒါပေမဲ့ အများစုကတော့ ဟင်းပွဲတစ်ခုပဲ မှာယူစားသောက်ပြီးတော့ သူတို့နှလုံးသား၏ တင်းတိမ်ရောင့်ရဲမှုအတွက် စားသုံးကြ၏။ တကယ်တော့ ကုန်းယဲ့ထျန်းလိုမျိုး ချမ်းသာကြွယ်ဝတဲ့လူက အများကြီး မရှိကြချေ။

ဒါတောင် စားသောက်ဆိုင်က အမြတ်တော်တော်များများ ရရှိနေဆဲဖြစ်သည်။ စားသောက်ဆိုင်၏ နေ့စဉ်ဝင်ငွေက မူလစွမ်းအင် ပုံဆောင်ခဲ ငါးရာကနေ ခြောက်ရာအကြားမှာ ရှိသည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လန်ကျွင့်ချိုက်၏ လောဘမျက်လုံးတွေကို ဘယ်လိုလုပ်ပြီးတော့ ဆွဲဆောင်နိုင်မှာလဲ။

အစားသောင်းကြမ်းသူ တစ်ယောက်အနေနဲ့ ကုန်းယွဲ့ထျန်းကား အရမ်းကို ပေကတ်ကတ်နဲ့ ခေါင်းမာလှပေသည်။ သူက လင်းဟန်ကို ဆက်ပြီးတော့ နားပူနားဆာလုပ်ပြီး ပါဂုဏ်ပစ္စည်းတွေကို ဘယ်လိုဈေးနှုန်းနဲ့ ဖြစ်ပါစေ သူ့ကိုပို့ပေးဖို့ သဘောတူစေချင်ခဲ့သည်။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်အထဲမှာ မိစ္ဆာသားရဲတွေ တကယ်ပဲ အများကြီး မရှိချေ။ လင်းဟန်အနေနဲ့ တစ်စုံတစ်ယောက်က သူ့ကိုတောင်းပန်တိုင်းလည်း ပျော့ပျောင်းနူးညံ့တတ်တဲ့ ပုံစံမျိုးရှိတဲ့ လူတစ်ယောက်လည်း မဟုတ်တာကြောင့် သူက ကုန်းယွဲ့ထျန်းကို ငြင်းပယ်ခဲ့သည်။

ရလဒ်ကတော့ ကုန်းယွဲ့ထျန်းက နေ့တိုင်းလိုလို အဆက်မပြတ် ရောက်လာပြီးတော့ လင်းဟန်ရဲ့ နားတွေကို ပူသွားအောင်လို့ အဆက်မပြတ် ကရားရေလွှတ် တတွတ်တွတ်နဲ့ ရွတ်နေတော့၏။ နောက်ပြီးတော့ သူက နည်းနည်းလေးမှ ကြိုတင်မှာကြားထားခြင်း မရှိပဲနဲ့ သူတို့နဲ့ အတူတူ ပေါင်းပြီးတော့ စားသောက်ကြသည်။ ဒီကောင်က အတော်လေးကို အရေခွံထူတဲ့ လူတစ်ယောက် ဖြစ်သည်။

"လာခဲ့လာခဲ့ ဒီနေ့မှာ မင်းတို့ရဲ့ အသိပညာ ဗဟုသုတတွေ တိုးလာစေဖို့ ငါယူလာခဲ့တယ်"

လေးရက်မြောက်နေ့မှာတော့ ကုန်းယွဲ့ထျန်းက သူ့လိပ်ပြာကို သူမလုံတော့သလိုမျိုး နောက်ဆုံးမှာ သတိပြုမိသွားခဲ့ပြီး အစာစားချိန် မတိုင်ခင်မှာ ရောက်လာခဲ့သည်။ သူက လင်းဟန်ကို လှမ်းဆွဲပြီး ထွက်လာသည်။

"ဘယ်လို ဇဟုသုတလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်သည်။

"အဲဒီနေရာကို ရောက်တဲ့အခါကျရင် မင်းသိသွားပါလိမ့်မယ်"

ကုန်းယွဲ့ထျန်းက လျှို့ဝှက်ဆန်းကြယ်စွာ ပြောလိုက်သည်။

ယန်စွမ်းအားမြင့်မြို့ကား အရမ်းကို ကြီးမားတဲ့ နေရာတစ်ခုဖြစ်သည်။ ထို့ပြင် မြို့အထဲတွင် လှုပ်ရှားမှု နည်းစနစ် တစ်ခုမှ အသုံးပြုလို့ ရလိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် တစ်နာရီခန့် ကြာပြီးတဲ့နောက်မှာတော့ ရေကန်ငယ်လေး တစ်ခုဆီကို ရောက်လာခဲ့ကြသည်။ ကမ်းပါးပေါ်က မိုးမခပင်များ၏ သစ်ကိုင်းသစ်ခက်များက ရေစပ်မှာ တွဲလျားကျနေပြီး နားနေဆောင်၊ လူလျှောက်လမ်း၊ မျှော်စင်နဲ့ ခန်းမဆောင်တွေရဲ့ ပုံရိပ်က ကန်ရေပြင်မှာ ထင်ဟပ်လို့ နေသည်။ ဒီနေရာက မြင်ကွင်းကား အရမ်းကို

လှပလွန်းပေသည်။

ကုန်းယဲ့ထျန်းက လင်းဟန်ကို ရေကန်ဘေးက ခြံဝင်လေးတစ်ခုဆီကို ခေါ်လာခဲ့သည်။ ထိုနေရာ၏ တံခါးဝတွင် အစေခံနှစ်ယောက်က စောင့်ကြပ်နေပြီးတော့ ကုန်းယဲ့ထျန်းကို မြင်လိုက်တဲ့ အခါမှာ သူတို့က အနားကို ချဉ်းကပ်လာပြီးတော့ ချက်ချင်းဆိုသလို ဂါရဝပြုပြီးတော့ ပြောလိုက်သည်။

"သခင်လေးကုန်း ရောက်လာပြီပဲ"

ကုန်းယဲ့ထျန်းက ခေါင်းညိတ်လိုက်ပြီးတော့ မေးလိုက်၏။

"ညှော်ခံပွဲက စနေပြီလား"

"ကျနော်တို့က အရေးကြီးတဲ့ ဧည့်သည်တချို့ကို စောင့်နေရတုန်းပါပဲ။ ဒါကြောင့် ပွဲကို မစသေးပါဘူး"

အစေခံအဘိုးကြီး တစ်ယောက်က ဖြေလိုက်သည်။

"ကောင်းတယ်"

ကုန်းယွဲ့ထျန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး သူ့ရဲ့လက်တစ်ဖက်ကို ဝှေ့ကာ လင်းဟန်ကို သူ့အနောက်ကနေ ခြံဝင်းထဲကို လိုက်ပြီးတော့ ဝင်လာဖို့ အချက်ပြလိုက်သည်။

ခြံဝင်းက အတော်လေးကို ကြီးမားလှသည်။ အဝင်ဝမှာပဲကြီးမားတဲ့ ဥယျာဉ်ကြီးတစ်ခု ရှိပြီးတော့ ရေကန်၏ ဘယ်ဘက်ခြမ်းတွင် ရှိ၏။ ရေ၏အရောင် ရွှန်းစိုနေခြင်းက အရမ်းကို လှပတဲ့ မြင်ကွင်းတစ်ခုကို ဖန်တီးပေးထားသလို ဖြစ်နေသည်။ ရေကန်၏ဘေးက မြက်ခင်းပေါ်တွင် ညှော်ခံပွဲကျင်းပသည့် စားပွဲခုံတွေကို ခင်းကျင်းထားသည်။ ဒီအချိန်မှာ လူတော်တော်များများက ထိုင်နေကြပြီး ဖြစ်သည်။

"ဘာဖြစ်လို့ ဒီနေရာမှာ စုစည်းနေကြတာလဲ"

လင်းဟန်က မေးလိုက်သည်။

"ဒီနေရာက လူတော်တော်များများက မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် စာရင်းထဲမှာ ပါဝင်တဲ့ လူတွေပဲ။ ပထမဆုံး ဗဟုသုတတချို့ကို ရယူပြီး ဒုတိယအနေနဲ့ တချို့က တောင်တွေရဲ့ နက်ရှိုင်းတဲ့ နေရာတွေနဲ့ ကြီးမားတဲ့

ရေစီးကြောင်းတွေကနေ ပြန်လာပြီးတော့ သူတို့နဲ့အတူ အရမ်းကို တန်ဖိုးကြီးတဲ့ စိတ်ဂိညာဉ်ဆေးပင်တွေ ဒါမှမဟုတ် ရှေးဟောင်း အမွေအနှစ်တွေကို ပြန်ယူလာခဲ့တယ်"

ကုန်းယဲ့ထျန်းက ပြောလိုက်သည်။

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ ဤကဲ့သို့ စုစည်းခြင်းကို တကယ်ပဲ လာရောက်သင့်သည်။ သူအနေနဲ့ ကျန်နေတဲ့ အဓိက ဆေးပင်နှစ်မျိုးရဲ့ သတင်းကိုတောင်မှ ရရှိနိုင်သည်။ လင်းဟန်က ကုန်းယဲ့ထျန်းကို မေးလိုက်သည်။

"မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် စာရင်းဆိုတာက ဘာကိုပြောတာလဲ"

"လဗ္ဗြွတ်။ မင်းတကယ်ပဲ ဒီအကြောင်းကိုတောင် မသိဘူးပေ့ါလေ"

ကုန်းယဲ့ထျန်းပုံစံကို ကြည့်ရတာ အတော်လေးကို အံ့အားသင့်သွားပုံရသည်။

"ဘယ်လိုချောင်ဂလောင်ကနေ မင်းလာခဲ့တာလဲ။ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် စာရင်းမှာ မြောက်ပိုင်းဒေသရဲ့

အသက်သုံးဆယ်အောက် လူငယ်လက်ရွေးစင်တွေ အားလုံးကို မှတ်တမ်းတင်ထားတယ်။ အဲဒီစာရင်းထဲမှာ စုစုပေါင်း လူတစ်ရာလောက် ရှိတယ်"

"ပိုး"

လင်းဟန်က အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်သည်။

"ဒါက ငါ့အတွက်တော့ ပထမဆုံးအကြိမ် ကြားဖူးတာပဲ။ ငါ့ကိုပြောစမ်းပါ။ အဲဒီစာရင်းထဲမှာ ဘယ်လို ပါရမီရှင်တွေ ပါသလဲ"

"ရော့ ဒါကိုယူလိုက်"

ကုန်းယဲ့ထျန်းက သူ့ရဲ့လက်ကိုဝှေ့လိုက်ပြီး တစ်နေရာရာကနေ ဆွဲထုတ်လိုက်တဲ့ အခါမှာ စာအုပ်တစ်အုပ် ပေါ်လာခဲ့သည်။

သိုလှောင်လက်စွပ်။

ယန်စွမ်းအောင်းမြင့်မြို့က တကယ်ပဲ ယန်စွမ်းအားမြင့်မြို့ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ သခင်လေး

တစ်ယောက်တောင်မှ သိုလှောင်လက်စွပ်တစ်ကွင်းကို ဂုတ်ဆင်နိုင်သည်။

လင်းဟန်က စာအုပ်ကို လှမ်းယူလိုက်ပြီးတော့ မျက်စိတစ်ချက်ဝေ့ကြည့်လိုက်တဲ့ အခါမှာ စာအုပ်၏ မျက်နှာဖုံးပေါ်မှာ မြောက်ပိုင်းဒေသ၏ ပါရမီရှင် စာရင်းဆိုတဲ့ စာလုံးတွေ ရေးထားတာကို တွေ့လိုက်ရသည်။ စာအုပ်တစ်ခုလုံးကို ကောင်းကောင်းမွန်မွန် ဒီဇိုင်းဆွဲထား၏။ စာလုံးတွေကို ရွှေရောင်စာလုံးတွေနဲ့ ပုံနှိပ်ထားပြီးတော့ အရမ်းကို သေသပ်လှပလွန်းသည်။

သူက စာအုပ်ကို ဖွင့်ပြီးတော့ လှတ်လိုက်သည်။ စာအုပ်၏ ပထမ စာမျက်နှာပေါ်တွင် စိတ်ဂိညာဉ် ရတနာ စံအိမ်မှ ပြုစုသည်ဟု ရေးသားထားသည်။ စိတ်ဂိညာဉ် ရတနာ စံအိမ်၏ လက်ထဲတွင် တကယ်ကောင်းမွန်တဲ့ အရာတွေ အများကြီး ရှိနေတာပဲ။

"ဒီစာအုပ်က မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံးတန်တယ်"

ကုန်းယဲ့ထျန်းက ဘေးကနေ ပြောလိုက်သည်။

ဘယ်လောက်တောင် အကျင့်ပုတ်လိုက်သလဲ။

အပိုင်း(၃၇၆) မြောက်ပိုင်းဒေသ၏ ပါရမီရှင်စာရင်း

ရောင်းချခြင်း မရှိသည့် ပစ္စည်းများက အတော်လေး ဈေးကြီးတယ် ဆိုတာကို မမေ့သင့်ပေ။ ဒါပေမဲ့ အနည်းဆုံးတော့ သူတို့က ပါရမီရှင်များ ဖြစ်ကြသည်။ ဤစာအုပ်ကို ကျမ်းပြုစုလို့ ပြီးတဲ့နောက်မှာ လွယ်ကူစွာဖြင့် မိတ္တူကူးလို့ ရနိုင်သည်။ ထို့ကြောင့် ၎င်းကို ဘယ်လိုလုပ်ပြီး အများကြီး ရောင်းချလို့ ရနိုင်မှာလဲ။

လင်းဟန်က သာမန်ကာလျှံကာပဲ စာအုပ်ကို လှန်လိုက်သည်။ စာအုပ်ကား စာမျက်နှာပေါင်း တစ်ရာခန့် ရှိပြီးတော့ မြောက်ပိုင်းဒေသ၏ ပါရမီရှင် စုစုပေါင်း တစ်ရာကို ထည့်သွင်းထားနိုင်သည်။ ဒါကြောင့် စာအုပ်အနေနဲ့ ထူထဲနေဖို့ လိုအပ်လို့လား။ လင်းဟန်က ဒုတိယစာမျက်နှာကို လှန်လိုက်တဲ့ အခါမှာ စာအုပ်ရဲ့ ထိပ်ဆုံးမှာ တစ်စုံတစ်ခု ရေးထားတာကို မြင်လိုက်ရသည်။

ယုခွင်းကန်

အမျိုးသား

လက်ရှိအသက် ၂၉ နှစ်

စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၉

မဟာပူဆွေးခြင်းဂိုဏ်း

ပါရမီရှင်စာရင်းထဲမှာ လွှန်ခဲ့တဲ့ နှစ်နှစ်ကတည်းက နံပါတ်တစ်

တိုက်ပွဲအစွမ်း ခန့်မှန်းခြေ ကြယ်ဆယ့်ခုနစ်လုံး

လက်ရှိ မြောက်ပိုင်းဒေသ၏ ပါရမီရှင် နံပါတ်တစ်

မဆိုးဘူး မဆိုးဘူး။ အသက် ၂၉ နှစ်နဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၉ တောင်ဖြစ်နေပြီ။ အနည်းဆုံးတော့ လင်းဟန်၏ ယခင်ဘဝတုန်းကဆိုလျှင် ဤကဲ့သို့သော လူမျိုးကား ပါရမီရှင်များထဲမှ ပါရမီရှင်တစ်ယောက် အဖြစ် သတ်မှတ်ယူဆနိုင်သည်။ ဒါပေမဲ့လည်း သူ၏ ယခင်ဘဝတုန်းက သိုင်းပညာရပ်များသည် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ နှိုင်းယှဉ်မည် ဆိုပါက အတော်လေးကို ဝေးကွာလွန်းလှသည်။ အနည်းဆုံးတော့ သူတို့က လက်ရှိသူ၏ ဘဝနှင့် နှိုင်းယှဉ်လို့ မရနိုင်ပေ။

ထို့ကြောင့် ဒီဘာဂတွင် အစွမ်းထက်တဲ့ လူငယ်ကျင့်ကြံသူများ ပေါ်ထွက်လာခြင်းက သိပ်ပြီးတော့ အထူးတလည် ထူးခြားနေတာမျိုး မဟုတ်ပဲ ပတ်ဂန်းကျင်က ဘာမှသိပ်ပြီးတော့ ကွာခြားခြင်းမျိုး မရှိပါဘူး။

လင်းဟန်က ဆက်ပြီးတော့ ဖတ်လိုက်သည်။ သူ၏ကြီးကျယ်တဲ့ တိုက်ပွဲတချို့ကိုလည်း ရေးသားထားပြီးတော့ သူရှုံးနိမ့်တာ သို့မဟုတ် တစ်စုံတစ်ယောက်ကို သတ်ပစ်လိုက်တာမျိုးကိုပါ ထည့်သွင်းရေးသားထားသည်။
ဤသတင်းအချက်အလက်များကား အသေးစိတ် ကျလွန်းသည်။ နောက်ဆုံးမှာ အချက်အလက်အားလုံးကို စုပေါင်းလိုက်ပြီးမှ တိုက်ပွဲအစွမ်း ခန့်မှန်းခြေ ကြယ်ဆယ့်ခုနစ်လုံး ရရှိခဲ့ပြီး ပါရမီရှင် စာရင်းတွင် နံပါတ်တစ် နေရာကို ရရှိခဲ့သည်။

ဤစာအုပ်ကို မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံးနှင့် ရောင်းချခြင်းကား အံ့သြစရာ မရှိတော့ပါဘူး။ သတင်းအချက်အလက်များကား အတော်လေးကို အသေးစိတ်ကျလွန်းပြီး ယုခွင်းကန်၏ ပုက်ဖဲ အများစုကိုပင် ထုတ်ဖော်ပြထားသည်။ ဘယ်လိုစိတ်ဂိညာဉ် ပစ္စည်းမျိုးကို

သူအသုံးပြုတယ်။ ဘယ်လိုမျိုး စွမ်းရည်တွေ သူ့မှာရှိတယ်။ ဘယ်လိုနည်းစနစ်တွေမှာ ကျွမ်းကျင်မှုရှိတယ်ဆိုတာ အပြင် သူ၏ကျင့်ကြံခြင်းအဆင့်က ဘယ်အလွှာမှာ ရောက်နေသည် ဆိုတာကအစ အသေးစိတ် ပါဝင်နေသည်။

"ဒီစာအုပ်ကို ဘယ်တုန်းက ကျမ်းပြုစုထားတာလဲ"

လင်းဟန်က ကုန်းယဲ့ထျန်းကို မေးလိုက်သည်။

"ဒီစာအုပ်ကို နှစ်စဉ်နှစ်တိုင်းရဲ့ အစမှာပဲ ပုံနှိပ်ပြီး ထုတ်ဝေလေ့ရှိတယ်။ ဒါက မြောက်ပိုင်းဒေသရဲ့ သိုင်းပညာစက်ဝိုင်းထဲမှာတော့ ဂယ်လိုအား အကောင်းဆုံးတွေထဲက တစ်ခုဆိုတာ သေချာတယ်"

ကုန်းယဲ့ထျန်းက ချက်ချင်းပဲ ပြောလိုက်သည်။

"မူလစွမ်းအင် ပုံဆောင်ခဲက သိပ်ပြီးတော့ ဈေးမကြီးပါဘူး။ နောက်ပြီးတော့ ဒီစာအုပ်က အရေအတွက် အကန့်အသတ်နဲ့ ပုံနှိပ်ထုတ်ဝေထားတာပဲ။ တကယ်လို့များ မင်းမှာလုံလောက်တဲ့ အဆင့်အတန်း မရှိဘူးဆိုရင် မင်းလက်ထဲမှာ မူလစွမ်းအင် ပုံဆောင်ခဲတွေ ဘယ်လောက်ပဲ ပြည့်နေပါစေ လူတွေက မင်းကို အာရုံတောင် စိုက်မှာ

မဟုတ်ဘူး”

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ သူ့အနေနဲ့ မိုးရေနိုင်ငံမှာ ဤကဲ့သို့သော ပစ္စည်းမျိုး အကြောင်းကို မကြားဖူးခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။

“ပါရမီရှင်တွေရဲ့ တိုက်ပွဲက သုံးနှစ်ပြည့်တိုင်း တစ်ကြိမ် ဖြစ်ကြတယ်။ တိုက်ပွဲအဆင့်ကို တန်းပြီးတော့ သတ်မှတ်နိုင်တယ်။ နောက်ပိုင်းမှာ ဒီတိုက်ပွဲတွေကနေ တဆင့် ပါရမီရှင်တွေရဲ့ အဆင့်ကို ပြန်ပြီးတော့ အနေအထားကို ပြန်ညှိတယ်။ ဒါပေမဲ့လည်း အသက်သုံးဆယ် ကျော်သွားတဲ့ လူတစ်ယောက်က ဒီစာရင်းထဲမှာ ပါဝင်ခွင့် မရှိတော့ဘူး”

ကုန်းယဲ့ထျန်းက မျှော်လင့်စောင့်စားခြင်းတချို့နဲ့ ပြောလိုက်သည်။

“ဒီနှစ်ကုန်တဲ့ အချိန်ကျရင် ဒီစာရင်းထဲကနေ လူ ၂၇ ယောက် ထွက်သွားရတော့မယ်။ တကယ်လို့ ငါအတင်းဖျစ်ညှစ်ပြီး တိုးဝင်မယ်ဆိုရင်တောင်မှ နောက်ဆုံးနေရာကို ရမယ်ဆိုတာ မသေချာဘူး”

"ဟားဟားဟား"

လှောင်ပြောင်သရော်တဲ့ ရယ်သံတစ်ခုကို ကြားလိုက်ရသည်။ ခရမ်းရောင် ဂတ်စုံကို ဂတ်ဆင်ထားသည့် လူငယ်တစ်ယောက်က အထင်သေးတဲ့ အပြုံးတွေနဲ့ သူတို့ဆီကို လျှောက်လာတာကို မြင်တွေ့လိုက်ရ၏။

"ကုန်းယွဲ့ထျန်း မင်းက ဘယ်လိုအိပ်မက်တွေ မက်နေတာလဲ။ မင်းရဲ့စွမ်းရည်နဲ့များ ပါရမီရှင် စာရင်းထဲကို အတင်းတိုးဝင်ချင်နေသေးတာလား။ ဂက်တွေကို ကျွမ်းကျင်သူတွေလို့များ ဘယ်သူက ခေါ်လို့လဲကွာ ဟားဟားဟား"

လင်းဟန်က ထိုလူငယ်လေးကို မသိချေ။ ဒါပေမဲ့ ခရမ်းရောင် ဂတ်စုံ ဂတ်ဆင်ထားတဲ့ လူငယ်ရဲ့ အနောက်ကနေ လိုက်ပါလာတဲ့ မလိုမုန်းထားတဲ့ အမူအရာရှိနေတဲ့ လန်ကျွင့်ချိုက်ကိုတော့ သတိပြုမိသွားခဲ့သည်။ ဤခရမ်းရောင် ဂတ်စုံနဲ့ လူငယ်ကား ယွီမိသားစု၏ ကြီးမြတ်တဲ့ သခင်လေး ဖြစ်တယ်ဆိုတာ သိသာထင်ရှားပေသည်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သာမန်အဆင့်အတန်း ရှိရုံမျှနဲ့ ကုန်းယွဲ့ထျန်းကို အထင်အမြင်သေး ပုတ်ခတ်ဖို့ဆိုတာ မဖြစ်နိုင်ချေ။

မျှော်လင့်ထားတဲ့ အတိုင်းပဲ ကုန်းယဲ့ထျန်းက ချက်ချင်းထခုန်လိုက်ပြီး အော်ဟစ်လိုက်သည်။

"ယွီချင်ယွမ် မင်းက တိုက်ခိုက်ချင်လို့လား"

ယွီချင်ယွမ်က နာခေါင်းရှုံ့ပြီး ပြောလိုက်သည်။

"ဒီသခင်လေးက မင်းလိုမျိုး အကြမ်းပတမ်း နည်းလမ်းတွေ သုံးပြီးတော့ အောက်တန်းကျတဲ့ အပြုအမူတွေကို လုပ်မှာမဟုတ်ဘူး။ ငါအခုပြောချင်တာက မင်းရဲ့ဘေးနားမှာ ရှိနေတဲ့ လူက လိမ်လိမ်မာမာနဲ့ တောင်းပန်လိုက်ဖို့ပဲ။ ဒါဆိုရင် ဒီသခင်လေးက မကျေမနပ် ဖြစ်တော့မှာ မဟုတ်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ဟင်းဟင်း"

"မင်းက မထီမဲ့မြင် ပြုရလောက်အောင် ဘယ်လောက်များ ဆန်းကြြယ်နေလို့လဲ။ ဒီအရှင်သခင်က မင်းကို ကြောက်နေမယ်လို့ ထင်နေတာလား"

ကုန်းယဲ့ထျန်းကလည်း တစ်ခွန်းမကျန် ပြန်ခံပြောလိုက်သည်။

"ဒါက ငါ့ရဲ့ညီပဲ။ တကယ်လို့ မင်းက သူရဲ့ ဆံပင်မွေးတစ်ချောင်းကိုတောင်မှ ထိရဲတယ်ဆိုရင် ဒီအရှင်သခင်လေးက မင်းရဲ့ မိုးရေသံကြားစံအိမ်ကို ဖျက်ဆီးပစ်ရလိမ့်မယ်"

ယွီချင်ယွမ်၏ အမူအရာက အေးစက်သွားပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင်လည်း စောင့်ကြည့်နေလိုက်လေ။ ငါ့ရဲ့လူတွေကို ရိုက်နက်သွားတဲ့ လူတွေက ဘယ်တော့မှ ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ရလိမ့်မှာ မဟုတ်ဘူး"

လင်းဟန်က မျက်စိတစ်ချက်ဖေ့ကြည့်ပြီးတော့ ပြောလိုက်သည်။

"မင်းက ငါ့ကို ခြိမ်းခြောက်နေတာလား"

"ဟားဟားဟား မင်းကို ခြိမ်းခြောက်ရမယ်ဟုတ်လား။ အဲဒီလို လုပ်ဖို့ မင်းက သင့်တော်လို့လား"

ယွီချင်ယွမ်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်သည်။ သူရဲ့မျက်လုံးထဲမှာတော့ သူခြိမ်းခြောက်သင့်တဲ့ လူက

ကုန်းယဲ့ထျန်းတစ်ယောက်ပဲ ရှိတာဖြစ်ပြီးတော့ လင်းဟန်ကတော့ လက်ချောင်းလေး တစ်ချောင်းကို ဆန့်ထုတ်ပြီးတော့ သူ့ကို သတ်ပစ်လိုက်နိုင်ပါတယ်။

"ဟားဟားဟား အခြေအနေကို ကြည့်ရတာ နည်းနည်းလေး တင်းမာနေတာပဲ"

နောက်ထပ် လူငယ်တစ်ယောက်က လျှောက်လာခဲ့ပြီး ရယ်ရယ်မောမောနဲ့ သူတို့ကို ပြောလိုက်သည်။

"ငါ့ကို မျက်နှာသာ ပေးတဲ့အနေနဲ့ တိုက်ခိုက်နေတာတွေကို ရပ်လိုက်ကြပါ။ ကောင်းပြီလား"

"သခင်လေးရုန်ကို လေးစားပါတယ်"

ယွီချင်ယွမ်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပြီးတော့ လင်းဟန်နဲ့ ကုန်းယဲ့ထျန်းကို ရန်လိုတဲ့ အကြည့်နဲ့ စိုက်ကြည့်ပြီးတော့မှ ညှော့ခံပွဲကျင်းပတဲ့ ကန်ရဲ့ဘေးနားကို လှည့်ပြီးတော့ ထွက်သွားလိုက်သည်။ ခြသေ့်တစ်ကောင်ရဲ့ အနောက်မှာ ပုန်းနေတဲ့ လန်ကျွင့်ချိုက်ကလည်း လင်းဟန်ကို စိန်းစိန်းဂါးဂါးနဲ့ စိုက်ကြည့်ပြီးတော့ လှည့်ထွက်ပြီး ယွီချင်ယွမ်ရဲ့ အနောက်ကို

လိုက်သွားလိုက်ပါတယ်။

သခင်လေးရှန်က ဂင်ရောက်ဖျန်ဖြေပြီးတဲ့နောက်မှာ ကုန်းယဲ့ထျန်းကို ပြုံးပြလိုက်ပြီးတော့ သူလည်းပဲ လှည့်ထွက်သွားခဲ့ပါတယ်။

"သူ့နာမည်က ရှန်ကောင်းမင်လို့ ခေါ်တယ်။ ပါရမီရှင် စာရင်းမှာတော့ လက်ရှိ နံပတ် ကိုးဆယ့်လေးမှာ ချိတ်တယ်"

"စိတ်ဂိုဏ်း ပင်လယ်အလွှာ ၉ အဆင့်တောင်မှ အဆင့် ၉၄ မှာချိတ်တယ်ဆိုတော့ ဒီစာရင်းထဲကို ဝင်ဖို့ဆိုတာက သိပ်ပြီးတော့ မခက်ဘူးလို့တော့ ငါထင်တာပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

ကုန်းယဲ့ထျန်းရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို ပြူးသွားပြီးတော့ လင်းဟန်ရဲ့ လက်ထဲက စာအုပ်ကို ဖြတ်ခနဲ ဆွဲလုယူပြီးတော့ စာအုပ်ရဲ့ နောက်ဆုံးနားကို လှန်ပြီးတော့ လက်ညှိုးထိုး ညွှန်ပြပြီး ပြောလိုက်သည်။

"သူကဘယ်လောက်တောင် သန်မာနေလဲ ဆိုတာကို မင်းကိုယ်တိုင်ပဲ ကြည့်လိုက်တော့"

လင်းဟန်က မျက်စိနဲ့တစ်ချက် ဝေ့ကြည့်လိုက်သည်။

ရှန်ကောင်းမင်

အမျိုးသား

လက်ရှိအသက် နှစ်ဆယ့်ငါးနှစ်

စိတ်ဂိညာဉ်ပင်လယ်အလွှာ ၉ အဆင့်

ယန်စွမ်းအားမြင့်ဂိုဏ်း ရှန်မိသားစု

လွန်ခဲ့တဲ့ နှစ်နှစ် ပါရမီရှင်အဆင့် ၉၇

ခန့်မှန်းခြေ တိုက်ပွဲစွမ်းအား ကြယ်ဆယ့်ခြောက်လုံး

လက်ရှိ မြောက်ပိုင်းဒေသ၏ ပါရမီရှင် စာရင်းနံပါတ် ၉၄

ပိုး နှစ်နှစ်ကြာခဲ့ပြီးတော့ သူက တိုးတက်လာခဲ့တာပဲ။

နောက်တစ်ခုက လိုလေ့၏ နှစ်နှစ်အတွင်း

တိုက်ပွဲအောင်မြင်မှု စာရင်းဖြစ်သည်။ သူလည်းပဲ ပါရမီရှင် စာရင်းတွင် နံပါတ် ကိုးဆယ့်လေးနေရာမှာ ထိုင်ဖို့အတွက် အဆင့်မီသည်။

"အံ့အားသင့်စရာ ကောင်းတယ်မဟုတ်လား။ တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံး။ သူက ငါတို့လို လက်မောင်းပိန်ပိန် ခြေထောက်ပိန်ပိန်နဲ့လူတွေကို လက်ချောင်းလေး တစ်ချောင်းနဲ့တင် ထိန်းချုပ်နိုင်တယ်"

ကုန်းယဲ့ထျန်းက လေးစားအားကျမှု အပြည့်နဲ့ ပြောလိုက်သည်။ လူငယ်ဘယ်လောက်တောင်များ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် စာရင်းပေါ်မှာ မှတ်တမ်းတင်ခံနိုင်ဖို့ကို အလေးထားနေလိုက် ကြသလဲ။

ကံမကောင်းတာက သုံးနှစ်တစ်ကြိမ်သာ လူအယောက်တစ်ရာတိတိပဲ စာရင်းထဲမှာ ပါဝင်နိုင်သည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်သည်။

"မင်းကမင်း ငါကငါပဲလေ အတူတူ မရောလိုက်ပါနဲ့ဟ"

အမှန်အတိုင်း ဂန်ခံရမယ်ဆိုရင် တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံးဆိုတာကို သူနည်းနည်းမှ ဂရုမစိုက်ပါဘူး။

ကုန်းယဲ့ထျန်းက မျက်လုံးတွေ ပြူးသွားပြီးတော့ သူကို ဧည့်ခံပွဲရဲ့ ထိုင်ခုံပေါ်ကို ဆွဲထိုင်ချလိုက်သည်။

စားပွဲခုံက သေးငယ်ပြီး လူလေးယောက်သာ ဆန့်၏။ စားပွဲတစ်လုံးမှာ အများဆုံး လူနှစ်ယောက် သုံးယောက်ခန့် ထိုင်နေပြီးတော့ လူလေးယောက်ထိုင်တဲ့ စားပွဲက အတော်လေးကို ရှားပါးလွန်းလှသည်။

လင်းဟာန်က မြောက်ပိုင်းဒေသ၏ ပါရမီရှင် စာရင်းစာအုပ်ကို ဆက်ပြီးတော့ လှန်လိုက်သည်။။ သူကြားဖူးထားတဲ့ ပါရမီရှင် တချို့ဖြစ်တဲ့ လုယန်၊ ကျူရွှမ်အာ၊ ကျိုးယွီတန်နဲ့ တခြားလူတချို့ကို မြင်ချင်ခဲ့ပါတယ်။

သူက လှန်လှောမွှေနှောက် ရှာဖွေလိုက်ပြီး စာမျက်နှာ ၂၅တွင် လုယန်ရဲ့ နာမည်ကို တွေ့လိုက်ရသည်။

လုယန်

အမျိုးသား

အသက် ၂၄ နှစ်

စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၃

သားရဲကေရာဇ်ဂိုဏ်း

လွန်ခဲ့တဲ့ နှစ်နှစ် ပါရမီရှင်စာရင်းမှာ အဆင့် ၁၇

ခန့်မှန်းခြေ တိုက်ပွဲအစွမ်း ကြယ် ၁၂ လုံး၊ ဒါပေမဲ့ သူရဲ့ သားရဲကောင်ဖြစ်တဲ့ တိမ်ဆီးနင်း ကျားသစ်ပေါ်မှာဆိုရင် ခန့်မှန်းခြေ တိုက်ပွဲအစွမ်း ကြယ် ဆယ့်သုံးလုံး

လက်ရှိ မြောက်ပိုင်းဒေသ ပါရမီရှင် နံပါတ်ကိုး

လင်းဟန်က အတော်လေး အံ့အားသင့် သွားခဲ့သည်။ ပထမနေရာမှာရှိတဲ့ ယုခွင်းကန်က စိတ်ဂိညာဉ်ပလ္လင်အဆင့် အလွှာကိုးဖြစ်ပါတယ်။ ဒါပေမဲ့ နံပါတ်ကိုး နေရာကတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၃ရဲ့ လက်ထဲကို ကျရောက်သွားခဲ့သည်။ နောက်ဆုံးနေရာကို တစ်ချက်ကြည့်လိုက်တော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကိုး

ပဲရှိပါတယ်။

အဆင့်မြင့်လာလေ ခွန်အားကွာခြားမှုကလည်း ပိုပြီးတော့ ကြီးမားလာလေပါပဲ။ အဆင့်နိမ့်တဲ့ လူတွေကတော့ ခွန်အားအဆင့်တွေက တစ်ယောက်နဲ့တစ်ယောက် နီးစပ်ကြပါတယ်။

ဒါပေမဲ့လည်း နှစ်ဆုံးပါရမီရှင် တိုက်ပွဲမှာ ယုခွင်းကန်တို့ ထိပ်ဆုံးရှစ်ယောက်က သူတို့ရဲ့ အသက်တွေကြောင့် ပါဝင်နိုင်စွမ်းမရှိတော့ချေ။ ထို့ကြောင့် ပထမနေရာအပြောင်းအလဲက အတော်လေးကို ကျဆင်းသွားသည်။

လေးလအချိန်မှာ လုယန်က ဘယ်လောက်ပဲ ထူးဆန်းနေပါစေ သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်ကို ဝင်ရောက်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။ အမှန်တော့ သူလည်း ငယ်ရွယ်ပါသေးတယ်။

လင်းဟန်က စာမျက်နှာတချို့ကို လှန်လိုက်ပြီးမှ ကျူးရှမ်အာရဲ့ နာမည်ကို တွေ့လိုက်ရသည်။ ဒီနာမည်ကို လုယန်နဲ့ ကျိုးယွီတတို့နဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ပိုပြီးတော့ ရင်းရင်းနှီးနှီး ရှိလှသည်။ ဘာကြောင့်လဲဆိုတော့

ဒီမိန်းကလေး အကြောင်းကို ကုန်းယဲ့ထျန်းက ခဏခဏ အကြိမ်ပေါင်းများစွာ ပြောခဲ့လို့ပဲ ဖြစ်သည်။

အပိုင်း(၃၇၇) ပါရမီရှင်များကို ရေတွက်ခြင်း

ကျူးရွှမ်အာ

အမျိုးသမီး

အသက် ၂၁ နှစ်

စိတ်ဂိညာဉ် ပလ္လင်အဆင့် အလ္ဘာ နှစ်

လခြမ်းဂိုဏ်း

လွန်ခဲ့တဲ့နှစ်နှစ် ပါရမီရှင်အဆင့် ၇၆

ဒါပေမဲ့ တစ်နှစ်အကြာမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ခဲ့သည်။ ဒီနှစ်မှာ သူမက စိတ်ဂိညာဉ် ပလ္လင်အလ္ဘာ ဒုတိယအဆင့်ကို တက်သွားပြီး နောက်နှစ်ပါရမီရှင် စုစည်းတဲ့ အချိန်ကျရင် အလ္ဘာ ၃ သို့မဟုတ် အလ္ဘာ ၄ ထိတောင် အဆင့်တက်နိုင်ချေ

ရှိတယ်လို့ ခန့်မှန်းရသည်။

"ခန့်မှန်းခြေ တိုက်ပွဲအစွမ်းက ကြယ်ဆယ့်နှစ်လုံးဖြစ်ပြီးတော့ လက်ရှိ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် အဆင့်ဇယားမှာ နံပါတ်ဆယ့်သုံးချိတ်တယ်"

လင်းဟန်က ရပ်တန့်ပြီး ခေါင်းညိတ်လိုက်သည်။ ကျူးရှွမ်အာက ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုထိုက်ပါတယ်။ ကျင့်ကြံခြင်း တိုးတက်မှုက အရမ်းကို အံ့အားသင့်စရာ ကောင်းသည်။ သူမက စိတ်ဂိညာဉ်ပလ္လင်အဆင့်ကို အသက်နှစ်ဆယ်မှာ ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ပြီး တစ်နှစ်အတွင်းမှာပဲ အလွှာနှစ်ဆင့်ကို တိုးလာနိုင်ခဲ့သည်။ ၎င်းက အတော်လေးကို အံ့အားသင့်ဖို့ ကောင်းလွန်း၏။

လင်းဟန်က စာရွက်တွေကို ဆက်ပြီးတော့ လှန်လိုက်သည်။ ကျိုးယွီတက အဆင့်ဆယ့်ကိုး၊ အဆုံးအစမဲ့ဂိုဏ်းက အမြွှာသုံးယောက်က ၆၇၊၆၈၊၆၉ မှာချိတ်သည်။ ဒါပေမဲ့ တန်ဖိုးဖြတ်မှုက ပြောတာကတော့ သူတို့သုံးယောက်သာ ပူးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင် သူတို့ရဲ့ တိုက်ပွဲအစွမ်းက အဆင့် ၃၃ နေရာကို ရောက်နိုင်သည်။ အောင်းမိသားစု၏ သားခုနစ်ယောက်မှ နှစ်ယောက်လည်း

အဆင့်ထဲမှာ ပါဝင်ခဲ့သည်။ အောင်းချင်းလိုင်က အဆင့် ၇၈ မှာ ချိတ်ပြီး အောင်းပူဂေက အဆင့် ၈၉မှာ ချိတ်သည်။

ဒီအဆင့်ကို အခြေခံပြီးတော့ တွက်ချက်ကြည့်တော့ သူ့အနေနဲ့ အဆင့် လေးဆယ်လောက်မှာ ချိတ်နိုင်သည်။

ဒါပေမဲ့လည်း နစ်ကုန်ဆုံးဖို့အတွက်က လေးလခန့်လိုပါသေးတယ်။ ပြီးတော့ လင်းဟန်၏ တိုးတက်မှုနှုန်းနဲ့ဆိုရင် သူ့အနေနဲ့ အနည်းဆုံး စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၈ ကိုတောင် ရောက်နိုင်ပေသည်။ သူရဲ့အဆင့်က ခန့်မှန်းထားတဲ့ အဆင့်လေးဆယ်ထက် ပိုပြီးတော့တောင် မြင့်နိုင်ပါတယ်။

ဒီ့အပြင် ၎င်းက သာမန်အမြန်နှုန်းပဲ ရှိပါသေးတယ်။ တကယ်လို့များ သူက သဘာဝ ရတနာတွေ ရရှိနိုင်ပြီးတော့ အသုံးပြုနိုင်မယ်ဆိုရင် စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့် ဒါမှမဟုတ် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကိုတောင်မှ မရောက်နိုင်ဘူးလို့ ပြောလို့မရနိုင်ပါဘူး။

"ဘာပဲဖြစ်ဖြစ် ဒီလိုမျိုး ကလေးကလား ကိစ္စတွေမှာ ငါက ဝင်ပါနေရဦးမှာလား။ ကြည့်ရတာ ဘာအကျိုးအမြတ်မှ ရှိမယ့်ပုံလည်း မမြင်ဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်သည်။ သူလို ကောင်းကင်အဆင့် စစ်သည်တော် ဖြစ်ဖူးခဲ့တဲ့ လူတစ်ယောက် အနေနဲ့ လူငယ်တချို့နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရတာက စိတ်စနိုးစနောင့် ဖြစ်စေပါတယ်။ အချိန်တွေ အများကြီး မရှိဘူးဆိုတာကို အသာထားဦး။ သူ့အနေနဲ့ ပထမနေရာကို ရယူနိုင်တဲ့ အစွမ်းတောင် မရှိပါဘူး။ ဒါက တကယ့်ကို စိတ်ပျက်စရာပါပဲ။

"ဒီနေ့ ယန်စွမ်းအားမြင့်မြို့က မိန်းမလှလေးတွေ တော်တော်များများ လာကြတာပဲ"

ကုန်းယဲ့ထျန်းက ဘယ်ဘက်ကြည့်လိုက် ညာဘက်ကြည့်လိုက်နဲ့ ပြောသည်။

"ကြည့်စမ်း။ ဒါက ကျန်းယွဲ့ရှင်း ကျန်းမိသားစုရဲ့ အကြီးဆုံးသမီး။ နောက်ပြီးတော့ သီထင်လန် သီမိသားစုရဲ့ တတိယသမီး။ အား ကုန်းစွန်းမိသားစုရဲ့ ခုနစ်ယောက်မြောက် သမီးလည်း ဒီမှာ ရှိနေတာပဲ။ ကုန်စွန်းလန်ဖေ့ သစ်ခွပန်းလေးတစ်ပွင့်လို လှပပြီး ဖြူစင်တဲ့သူလေး"

လင်းဟာန်က ကုန်းယဲ့ထျန်း လက်ညိုးထိုး ညွှန်ပြတဲ့နောက်ကို လိုက်ကြည့်လိုက်သည်။ မျှော်လင့်ထားသလို သီထင်လန်၊ ကျန်းယွဲ့ရှင်းနဲ့ ကုန်းစွန်းလန်ပေ့တို့က အလွန်အမင်းကို ချောမောလှပပြီးတော့ လွီယုထန်နဲ့ လီစီရှန်းတို့ကိုတောင် အလှအပမှာ မရှုံးနိမ့်ပါဘူး။

မှင်တက်အံ့သြစရာ အလှအပ ထူးချွန်ထက်မြက်တဲ့ သိုင်းပညာပါရမီနဲ့ တော်ဝင်မိသားစုမှာ မွေးဖွားတဲ့ ဒီမိန်းကလေးသုံးယောက်က သောက်ရှူးကြယ်တွေလိုပဲ လင်းလက်တောက်ပ နေကြသည်။ သူမတို့သုံးယောက်ရဲ့ အာရုံစိုက်မှုကို ရရှိဖို့ မျှော်လင့်ချက်နဲ့ လူငယ်တွေ အများကြီးက သူမတို့အနားမှာ ပိုင်းနေကြတာကို တွေ့မြင်နိုင်သည်။

"ဟီးဟီး ဂမ်းနည်းစရာက သူမတို့ရဲ့ အဆင့်အတန်းက အရမ်းကို မြင့်လွန်းတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီသခင်လေးက သူမတို့နဲ့ မင်းကို မိတ်ဆက်ပေးနိုင်တယ်"

ကုန်းယဲ့ထျန်းက လင်းဟာန်ရဲ့ ခါးကို တံတောင်နဲ့တွတ်လိုက်သည်။

လင်းဟာန်က ခါးခါးသီးသီး ရယ်မောပြီးတော့

ပြောလိုက်သည်။

"ငါက ယဉ်ယဉ်ကျေးကျေးနဲ့ပဲ ပြင်းပယ်ပါတယ်"

"အမှန်ပဲ။ မင်းရဲ့ လို့ယုထန်လည်း အရမ်းကို ချောမောလှပတယ်။ သူတို့ကို ဘယ်လိုနည်းနဲ့မှ မရှုံးနိမ့်ဘူး"

ကုန်းယွဲ့ထျန်းက ပြောလိုက်သည်။

လင်းဟန်က ရယ်လိုက်ပါတယ်။ ကုန်းယွဲ့ထျန်းကို ကြည့်ရတာ စစ်မှန်တဲ့ တကယ့်အချောအလှကို မြင်ဖူးပုံ မရချေ။ သူရဲ့ ယခင်ဘဝတုန်းက ကောင်းကင်ဖီးနစ် နတ်မိမယ်ကား ကမ္ဘာတစ်ခုလုံးမှာ နံပါတ်တစ် အချောအလှလို့တောင် ခေါ်ဆိုနိုင်ပြီး လို့ယုထန်နဲ့ ကျန်းယွဲ့ရှင်းတို့က ဘယ်လိုလုပ်ပြီး သူမနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ အဝေးကြီးပါ။

ကံမကောင်းတာက သူမက အတော်လေးကို ရိုင်းစိုင်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူအနေနဲ့ တကယ်ပဲ သူမကို ဇနီးမယား ဖမ်းတော်ပစ်လိုက်မှာပါ။

လင်းဟန်က အလျင်အမြန်ပဲ ခေါင်းကို ခါလိုက်သည်။

သူကအမှန်တကယ်ပဲ ကောင်းကင်ဖီးနစ် နတ်မိမယ်လို မိန်းမရိုင်းတစ်ယောက်ကို ဇနီးမယား အဖြစ်ယူဖို့ စဉ်းစားနေတာလား။ သူတကယ်ပဲ အတွေးတွေ ချော်ကုန်ပြီလား။

"ကျောင်းကျိုဂေက ဒီမှာဟော့"

ရုတ်တရက် လူတစ်ယောက်က ထအော်လိုက်သည်။ ချက်ချင်းဆိုသလိုပဲ လူတစ်ဂက် ကျော်ကျော်လောက် မတ်တတ်ထရပ်ကုန်ပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ သူရဲ့မှတ်ဉာဏ်တွေထဲမှာ လှန်လှောမွှေနှောက် ရှာဖွေလိုက်သည်။ သူက မြောက်ပိုင်းဒေသရဲ့ ပါရမီရှင်စာရင်းထဲမှာ ၅၄ နေရာမှာရှိပြီး တိုက်ပွဲအစွမ်းက ကြယ်ဆယ့်ရှစ်လုံးကို ရောက်နေပြီးတော့ သူက ကြယ်ကိုးလုံးသာလွန် တိုက်ခိုက်နိုင်စွမ်းရှိသည်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ပါရမီရှင် စာရင်းတစ်ခုလုံးမှာ ကြယ်ဆယ်လုံးသာလွန်ပြီး တိုက်ခိုက်နိုင်တဲ့ လူကတော့ တစ်ယောက်ပဲ ရှိပါတယ်။ ကျူးရွှမ်အာပဲ ဖြစ်သည်။ ကျန်တဲ့ ပါရမီရှင်တွေက ကြယ်ကိုးလုံးပဲ ကျော်လွန်ပြီး ရင်ဆိုင်နိုင်စွမ်းရှိသည်။

ဒါပေမဲ့လည်း စိတ်ဂိညာဉ် ပလ္လင်အဆင့်က ကြယ်ကိုးလုံးကို ကျော်လွန်တာနဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ကြယ်ကိုးလုံးကို ကျော်လွန်တာက လုံးဝကို မတူညီ ကွဲပြားတဲ့ အချက်တွေပဲ ဖြစ်သည်။ အဆင့်ပိုပြီးတော့ မြင့်လာလေ လူတစ်ယောက်၏ ကိုယ်ပိုင်အဆင့်ကို ကျော်လွန်ပြီး တိုက်ခိုက်ဖို့က ခက်ခဲလာလေ ဖြစ်သည်။

ကျောင်းကျိဝေက ကြယ်ကိုးလုံးကို ကျော်လွန်နိုင်ပေမဲ့ သူစိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက် ဝင်ရောက်သွားတဲ့ အချိန်ကျရင် သူ၏တိုက်ပွဲအစွမ်းက ကြယ်ရှစ်လုံးကို ကျသွားပါမယ်။ ဒါမှမဟုတ် ကြယ် ၇လုံးအထိတောင် ကျသွားနိုင်သည်။ ဓားရောဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့လို ကြယ်ဆယ်လုံးကို ကျော်လွန်ပြီး တိုက်ခိုက်နိုင်တဲ့ သူတွေကမှ ပါရမီရှင်တွေထဲက စစ်မှန်တဲ့ ပါရမီရှင်တွေ ဖြစ်ပြီး အရမ်းကို ထူးဆန်းတဲ့ လူတွေဖြစ်၏။

ဒီအချက်ကြောင့်ပဲ ကျူးရွှမ်အာက အံ့အားသင့်စရာကောင်းတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ အလယ်ပိုင်းဒေသက ဂိုဏ်းတွေရဲ့ ရယူဖို့ ကြိုးစားခြင်း ခံရတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

"အဲဒါ ကျောင်းကျိဝေပဲ"

ကုန်းယဲ့ထျန်းက စိတ်လှုပ်ရှားနေတဲ့ အမူအရာတွေ ဖြစ်လာခဲ့ပါတယ်။

"ပါရမီရှင် အဆင့်ထဲမှာ ၅၄မှာ ရှိပြီးတော့ ပိုပြီးတော့ အထင်ကြီး လေးစားစရာ ကောင်းတဲ့ အချက်က သူက ဂိုဏ်းကြီးတွေကနေ လာခဲ့တာ မဟုတ်ပဲနဲ့ မိသားစုလေး တစ်ခုကနေ ဆင်းသက်လာပြီး သူ့ကိုယ်ပိုင် အစွမ်းအစနဲ့ ပါရမီရှင်စာရင်းထဲကို တိုးဝင်လာနိုင်ခဲ့တယ်။ သူက ငါ့ရဲ့ စံပြပဲ"

တစ်ခဏလေး အတွင်းမှာပဲ လူငယ်ရဲ့ ဘေးမှာ လူအုပ်ကြီးတစ်ခု ဖြစ်သွားခဲ့သည်။ သူ့ဘေးနားမှာ ချောမောလှပတဲ့ အလှပဂေးလေး သုံးယောက်တောင်မှ ပါဝင်သည်။ သူမတို့က အစွမ်းကုန် ပြုံးနေပြီးတော့ သူမတို့ရဲ့ အံ့အားသင့်စရာကောင်းတဲ့ အလှအပတွေကို ထိန်းချုပ်မထားပဲ ဖော်ပြနေသည်။

မြောက်ပိုင်းဒေသ၏ ပါရမီရှင် အဆင့် ၅၄မှာ ချိတ်တဲ့ ကျောင်းကျိုဝေက မြောက်ပိုင်းဒေသမှာ အတောက်ပဆုံး ကြယ်တစ်လုံးလို့တောင် ပြောနိုင်ပါတယ်။ သူမသေသေးသရွေ့တော့ မြောက်ပိုင်းဒေသရဲ့ အရေးပါတဲ့

လူတစ်ယောက် သေချာပေါက် ဖြစ်လာပါလိမ့်မယ်။

လူတွေက ထိုကဲ့သို့သော လူတစ်ယောက်နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်ချင် နေကြပြီးတော့ သူငယ်ချင်းဖြစ်ချင် နေကြပါတယ်။

"ငါတကယ်ပဲ မနာလိုဘူးကွာ"

ကုန်းယဲ့ထျန်းကို ကြည့်ရတာ မီးလောင်ကျွမ်းနေသလိုပုံစံ ဖြစ်နေပါတယ်။ သူက တကယ်ပဲ လူပေါင်းများစွာရဲ့ အာရုံစိုက်မှုကို ရရှိတဲ့ လူတစ်ယောက် ဖြစ်ချင်နေတာပါ။ သူက လူပေါင်းများစွာရဲ့ ကပ်ပါးရပ်ပါး လုပ်ခြင်းကိုခံရတဲ့ ဒုတိယမျိုးဆက်က ချမ်းသာကြွယ်ဝသူ တစ်ယောက် ဖြစ်ပေမဲ့လည်း သူရဲ့အနောက်မှာရှိနေတဲ့ မိသားစုကြောင့်သာ ဖြစ်ပြီးတော့ သူ့ကိုယ်စွမ်းကိုယ်စကြောင့် မဟုတ်ပါဘူး။

ဂုဏ်သိက္ခာပြည့်ဝတဲ့ လူငယ်လေး တစ်ယောက်အနေနဲ့ သူရဲ့ကိုယ်ပိုင် စွမ်းရည်တွေကြောင့် လူလေးစားခြင်းကိုပဲ ခံယူချင်နေတာ ဖြစ်ပါတယ်။

ယွီချင်ယွမ်လည်း ကျောင်းကျိုဂေကို သွားပြီးတော့

နှုတ်ဆက်ပါတယ်။ ယှီချင်ယွမ်ရဲ့ နောက်ခံက ကျောင်းဂေကျိထက် မြင့်မားပေမဲ့လည်း သူ့ကိုယ်သူ နှိမ့်ချပြီးတော့ ပြောဆိုနေပါတယ်။ သူတို့နှစ်ယောက်က အပြန်အလှန် ဆွေးနွေးပြောဆိုနေကြပါတယ်။ ဒါပေမဲ့ အတော်လေးကို ဝေးကွာနေတဲ့အတွက် သူတို့ဘာတွေ ပြောနေတယ် ဆိုတာကို လင်းဟန်က မကြားနိုင်ပါဘူး။

ညှော်ခံပွဲက ဆက်လက် အသက်ဝင် လှုပ်ရှားနေပြီးတော့ ပါရမီရှင် စာရင်းထဲက လူတွေက တစ်ယောက်ပြီး တစ်ယောက် ရောက်လာခဲ့ပါတယ်။ သုံးနှစ်တစ်ကြိမ် ကျင်းပမဲ့ ပါရမီရှင်တွေရဲ့ တိုက်ပွဲ စတင်ဖို့ လေးလလောက်ပဲ လိုတော့တာ ဖြစ်ပြီးတော့ ယန်စွမ်းအားမြင့်မြို့ထဲမှာပဲ ကျင်းမှပမှာ ဖြစ်ပါတယ်။ လူတော်တော်များများလည်း ရောက်ရှိလို့ လာခဲ့ပါပြီ။ ပါရမီရှင် စာရင်းထဲက လူတော်တော်များများ ရောက်လာကြပေမဲ့ ကျောင်းကျိဂေထက် အဆင့်မြင့်တဲ့ လူတွေ တစ်ယောက်မှ မတွေ့ရသေးပါဘူး။

ထို့ကြောင့် သူတို့ရဲ့ ရောက်ရှိလာမှုက အစောတုန်းကလို ရုတ်ရုတ်သဲသဲ ဖြစ်မသွားခဲ့ပါဘူး။

စောစောစီးစီး ရောက်လာခြင်းက ပထမ အချက်အနေနဲ့

လမ်းမှာ အချိန်ကြန့်ကြာ နှောင့်နှေးမှုကို ရှောင်ရှားနိုင်ပြီးတော့ ကြီးကျယ်လှတဲ့ စုဝေးခြင်းကိုလည်း လွဲချော်လိမ့်မည် မဟုတ်ချေ။ ဒုတိယ အချက်က ကုန်သွယ်ဖို့ ဖြစ်သည်။ လူငယ်ပါရမီရှင်တွေ အများကြီးစုစည်းနေတဲ့ အတွက်ကြောင့် သူတို့က တစ်ယောက်နဲ့တစ်ယောက် စိတ်ဂိညာဉ် ဆေးပင်တွေ ရတနာတွေကို လဲလှယ်နိုင်ပြီး အကျိုးအမြတ် အများကြီး ရနိုင်ပါတယ်။

ယနေ့ ညှော်ခံပွဲကတော့ အဲဒီအချက်တွေက အဓိကပဲ ဖြစ်သည်။ အဆင့်မြင့် ကျွမ်းကျင်သူ တချို့က သူတို့ရဲ့ စွန့်စားမှုတချို့ကို ပြောဆိုပြီးတဲ့နောက်မှာ ရတနာ လဲလှယ်တဲ့အကြောင်းအရာ ရောက်ရှိလို့ လာခဲ့ပါပြီ။ လူတိုင်းလူတိုင်းပဲ မတ်တတ်ထရပ်ပြီး သူတို့ရဲ့ရတနာတွေကို မိတ်ဆက်ပြီး သူတို့လဲလှယ်ချင်တဲ့ ရတနာအမျိုးအစားကို ပြောဆိုကြပါတယ်။

၎င်းက လေလံပွဲ အမျိုးအစား တစ်ခုနဲ့ တူပြီးတော့ သိုင်းပညာတွေ နည်းစနစ်တွေ မှော်ဆေးလုံးတွေနဲ့ တချို့သော ပစ္စည်းအမျိုးအစားပေါင်း များစွာလည်း ပါဝင်သည်။ ရှေးဟောင်း အမွေအနှစ်တွေကနေ ရှာတွေ့ခဲ့တဲ့ ရှေးဟောင်းပစ္စည်းတွေ တချို့ပစ္စည်းတွေဆိုရင် လင်းဟန်၏ ယခင်ဘဝ အချိန်တုန်းကထက်တောင် ပိုပြီးတော့

ရှေးကျပါသေးတယ်။

တချို့ရတနာတွေက တန်ဖိုးဖြတ်လို့တောင် မရပါဘူး။ ကျောင်းကျိဂေက နှစ်ပေါင်း ခြောက်ရာ သက်တမ်းရှိတဲ့ ရွှေမီးပွားပိုးကောင်တစ်ထောင် သစ်သီးကို ထုတ်ယူလိုက်သည်။ ၎င်းသစ်သီးက အဆင့်လေး စိတ်ဂိညာဉ် အသီးတစ်လုံး ဖြစ်ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံခြင်းကို အဆပေါင်းများစွာ တိုးလာစေနိုင်သည်။ ကျောင်းကျိဂေက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ရောက်နေခဲ့ပြီ ဖြစ်တဲ့အတွက် သူရဲ့ အခြေခံကို ကျစ်လျစ်ခိုင်မာအောင် လုပ်ဖို့ပဲ လိုတော့တာ ဖြစ်ပြီးတော့ သူရဲ့ကျင့်ကြံခြင်းကို တိုးအောင်လို့ လုပ်စရာ မလိုတော့တဲ့အတွက် ဒီသစ်သီးကိုလည်း အသုံးပြုဖို့ မလိုတော့ပါဘူး။

ဒါပေမဲ့လည်း ဒီနေရာက လူတော်တော်များများက စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၉ ကို မရောက်ကြသေးတဲ့ အတွက် ၎င်းပစ္စည်းကို အလုအယက် အပြိုင်အဆိုင် ဖြစ်အောင်လို့ မီးစပျိုးပေးနေသလို ဖြစ်နေသည်။

အပိုင်း(၃၇၈) စိတ်ဂိညာဉ် သစ်သီးများ ဖလှယ်ခြင်း

လင်းဟန်လည်း အရမ်းကို စိတ်ဂင်စားနေခဲ့ပါတယ်။ သူက အခုမှ စိတ်ဂိညာဉ်ပင်လယ် အလွှာ ၄ အဆင့်မှာပဲ ရှိသေးတာဖြစ်ပြီး စိတ်ဂိညာဉ် ပင်လယ် အထွတ်အထိပ် အဆင့်နဲ့ အဝေးကြီး လိုပါသေးတယ်။ ဒါကြောင့် ရွှေရောင်မီးပွားပိုးကောင်တစ်ထောင် သစ်သီးက သူ့အတွက်တော့ အထူးသဖြင့် သင့်တော်ပြီး အလွှာ ၂ဆင့်လောက် တိုးလာဖို့အတွက် လုံလောက်ပါတယ်။

ဒါကြောင့် နှစ်ကုန်တဲ့ အချိန်ကျရင် သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာ ရှိနေပါလိမ့်မယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်တောင်မှ ဖြစ်နိုင်ချေ ရှိပါတယ်။ တကယ်တော့ သူရဲ့ ကျင့်ကြံခြင်း စိတ်ဂိညာဉ် စွမ်းအားက လုံလောက်နေပြီဆိုရင် မြင့်မားတဲ့ အဆင့်ရဲ့ တစ်ဆို့ခြင်းက ရှိတော့မှာတောင် မဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က လူငယ်မျိုးဆက်သစ်တွေ ကြားထဲမှာ အဆင့်ပြိုင်ပွဲကို စိတ်မဂင်စားခဲ့ ပါဘူး။ တခြားသူတွေထက် သာလွန်တဲ့ အကြောင်းကိုပြချင်တဲ့ စိတ်ရှိတဲ့ အရွယ်ကို ကျော်လွန်ခဲ့ပြီး ဖြစ်ပါတယ်။ သူ့ကို စိတ်ဂင်စားစေတဲ့ ရတနာတွေ မရှိသေးသရွေ့တော့ တခြားသူတွေထက် သာလွန်အောင်လို့ ပြသချင်တဲ့စိတ်

မရှိပါဘူး။ ဒါပေမဲ့လည်း ကိုယ့်သိက္ခာကိုယ် လေးစားတတ်တဲ့ မြင့်မားတဲ့ စိတ်အာရုံရှိတဲ့ လူတစ်ယောက် အနေနဲ့တော့ သူက အသန်မာဆုံး ဖြစ်ဖို့အတွက်ကို မျှော်လင့်ချက် ရှိနေဆဲ ဖြစ်သည်။

တကယ်လို့များ ပါရမီရှင် စာရင်းထဲက ထိပ်ဆုံးအဆင့်ကလူတွေနဲ့ အသက်တော်တော်လေး ကွာဟနေရင်တောင်မှ သူတို့နဲ့ နှိုင်းယှဉ်ဖို့အတွက် သူ့မှာ ခိုင်မာတဲ့ အမြစ်တွေ ရှိပါတယ်။ ဒါကြောင့် သူက လုံးဝမရှုံးနိမ့်ချင်ပါဘူး။

လူတိုင်းလူတိုင်းက တန်ဖိုးဖြတ်လို့ မရဘူးလို့ ထင်တဲ့ အရာတွေကို ဆွဲထုတ်လိုက်ကြပါတယ်။ ဒါပေမဲ့ ကျောင်းကျိဂေက သူရဲ့ခေါင်းကို ခါပြီးတော့ ငြင်းပယ်လိုက်ပါတယ်။ ဘယ်အရာကမှ သူမျှော်လင့်ချက်နဲ့ ထပ်တူကျမနေပါဘူး။

လင်းဟာန်က မတ်တတ်ထရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကျောင်း ငါ့မှာ မော်ဆေးလုံး တစ်ပုလင်းတော့ရှိတယ်။ မင်းစိတ်ဝင်စားမလား ဆိုတာတော့ မသေချာဘူး"

အစ်ကိုကျောင်း။

လူတိုင်းလူတိုင်းက ပြိုင်တူပဲ လင်းဟန်ကို လှည့်ကြည့်လိုက်ကြပါတယ်။ သူတို့အားလုံးရဲ့ မျက်နှာပေါ်မှာ လှောင်ပြောင်လိုတဲ့ အမူအရာတွေ ရှိနေကြသည်။

ဘယ်လိုဟာသလဲ။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၄ အဆင့်ပဲ ရှိသေးတဲ့ လူတစ်ယောက်က ပါရမီရှင် စာရင်းထဲက ကျွမ်းကျင်သူတစ်ယောက်ကို အစ်ကိုလို့ ခေါ်ပွဲတယ်။ ဘယ်လောက်တောင် ဗီဆန်လိုက်သလဲ။ ကျောင်းကျိုဂေလို ပါရမီရှင် တစ်ယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်နိုင်တဲ့ စွမ်းရည် မရှိလို့လား။

မဟုတ်ဘူး။ သူအဆင့်မတက်ချင်တာက သူမလုပ်နိုင်လို့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းမှာ ပိုပြီးတော့ မြင့်မားတဲ့ အဆင့်တွေကို တစ်ဟုန်ထိုး တက်အောင်လို့ သူရဲ့ ကျင့်ကြံခြင်းဖြစ်တဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ အခြေခံကို ခိုင်မာကျစ်လျစ်အောင် လုပ်ချင်တဲ့ အတွက်ကြောင့်ပဲ ဖြစ်တယ်။

ယနေ့ခေတ် လူငယ်ပါရမီရှင်တွေထဲမှာ ကြီးကျယ်မြင့်မြတ်တဲ့ ရည်မှန်းချက်တွေ မရှိတဲ့လူဆိုတာ ဘယ်မှာရှိလို့လဲ။

သိုင်းပညာရပ်တွေက ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကိုရောက်နေပြီး လက်ရွေးစင်တွေကလည်း မတူညီတဲ့ လမ်းကြောင်းတွေကနေ တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာခဲ့ပြီး ထိပ်တန်းအဆင့် လက်ရွေးစင်တွေကလည်း ပိုပိုပြီးတော့ များပြားလာခဲ့သည်။ သိုင်းပညာမှာ အထွတ်အထိပ်ကို တစ်ဟုန်ထိုး ပြေးဝင်ရောက်ရှိဖို့ မလိုချင်တဲ့ လူငယ်ဆိုတာ ရှိလို့လား။

မှော်ဆေးလုံး တစ်ပုလင်းဟုတ်လား။ ထွီ ကျောင်းကျိဂေမှာ မှော်ဆေးလုံးတွေ မရှိလို့လား။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၄ အဆင့်ပဲရှိတဲ့ လူတစ်ယောက်က ဘယ်လိုမျိုး မှော်ဆေးလုံး အမျိုးအစားနဲ့ ကမ်းလှမ်းနိုင်မှာလဲ။ ပြောကြတာတော့ အလယ်ပိုင်းဒေသက အင်အားစုတွေက သူ့ကို ကမ်းလှမ်းကြပါတယ်။ ထိုအဖွဲ့အစည်းတွေက ကောင်းကင်ဓားဂိုဏ်းလို အဆင့်လွန်ဂိုဏ်း တစ်ခု မဟုတ်ပေမဲ့လည်း သေချာပေါက် အံ့အားသင့်စရာ ကောင်းကြပါတယ်။

"ဟေ့ဟေ့ဟေ့ မင်းစကားကို မဆင်မခြင်မပြောနဲ့လေ"

ကုန်းယံ့ထျန်းက လင်းဟန်ရဲ့ အကျီလက်မောင်းစကို အလျင်အမြန်ပဲ ဖမ်းဆွဲလိုက်သည်။ လူအားလုံးရဲ့ အထင်အမြင်သေး လှောင်ပြောင်တဲ့ အကြည့်တွေက သူ့အပေါ်ကို ကျရောက်လာသလိုမျိုး ခံစားလိုက်ရပြီး ဒါက တကယ့်ကို ကံမကောင်းခြင်း တစ်မျိုးပဲ ဖြစ်တယ်လို့ ခံစားလိုက်ရသည်။

လင်းဟန်က သူ့ကိုပြုံးရုံပဲ ပြုံးပြလိုက်ပြီးတော့ ဘာမှ မရှင်းပြပါဘူး။

ကျောင်းကျိုဂေရဲ့ မျက်နှာပေါ်မှာ လှောင်ပြောင်လိုတဲ့ အမူအရာမျိုး ရှိမနေပါဘူး။ ဒါပေမဲ့ သူက ထူးမခြားနားစွာ ပြောလိုက်ပါတယ်။

"ဒီကညီငယ်လေးက ဘယ်လိုမျိုး မှော်ဆေးလုံးတွေကို အသုံးပြုပြီးတော့ လဲလှယ်ချင်လို့လဲ"

လင်းဟန်က မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးပုလင်းတစ်ခုကို ထုတ်ပြီးတော့ ပစ်ပေးလိုက်သည်။

ကျောင်းကျိုဂေက ဖမ်းယူပြီးတော့ ပုလင်းအဖုံးကို ဖွင့်ပြီး

ဆေးလုံးရဲ့ အနံ့ကို ခံလိုက်ပြီး သူရဲ့ မထူးခြားတဲ့ အမှုအရာတွေ အားလုံးက ရုတ်တရက် ပျောက်ကွယ်သွားပြီး အလန့်တကြားနဲ့ အော်လိုက်ပါတယ်။

"မူလပြန်လည်ထိန်းသိမ်းခြင်းဆေးလုံး"

"ဘာ မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံး ဟုတ်လား"

အနားက လူတွေက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက်ပြီး သူတို့ရဲ့ အကြည့်တွေက ချက်ချင်းဆိုသလို လိုချင်တပ်မက်မှုတွေကြောင့် မီးဟင်းဟင်းတောက်နေကြပါတယ်။

သာမန်လူတွေအတွက်ကတော့ မူလထိန်းသိမ်းခြင်း ဆေးလုံးက စိတ်ဂိညာဉ် ဆေးတစ်မျိုး မဖြစ်ရုံသာမက အပာန့်အတားတစ်ခုလည်း ဖြစ်ပါတယ်။ ၎င်းက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို တိုးအောင် မလုပ်နိုင်သလို ကျင့်ကြံခြင်းကိုတောင် နိမ့်သွားစေနိုင်ပါတယ်။ မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးရဲ့ လုပ်ဆောင်ချက်က အခြေခံကို ထုရိုက်ပြီးတော့ အရမ်းကို ခိုင်မာအောင် ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ သံသယ ရှိစရာ မလိုအောင်ပဲ ၎င်းက မူရင်းအခြေခံကို

တိုသွားစေနိုင်ပြီး မူလအခြေအနေကို ပြန်လည်ပြင်ဆင်ဖို့ ပိုပြီးတော့ အားစိုက်ရပါတယ်။

သာမန်လူတွေကတော့ သူတို့ရဲ့ အခြေခံကို ကျစ်လျစ်သိပ်သည်းအောင်လုပ်ဖို့ မလိုအပ်ပဲ နောက်တစ်ဆင့်ကို လျင်မြန်စွာနဲ့ အဆင့်တက်ဖို့ပဲ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း ပါရမီရှင်တွေ အတွက်တော့ ပြီးပြည့်စုံအောင် ကြိုးပမ်းကြပြီးတော့ အဆင့်တိုင်းမှာ ပြီးပြည့်စုံဖို့ ကြိုးစားလေ့ကျင့် ကြပါတယ်။

သူတို့က အဆင့်တူမှာတော့ ပြိုင်ဘက်ကင်းပြီး အတုမရှိတဲ့ လူတွေဖြစ်ပြီးတော့ မြင့်မားတဲ့ အဆင့်ထိအောင် ထိုးတက်သွားနိုင်တဲ့ စွမ်းရည်တွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ အမြင့်တစ်ခုကို ရောက်သွားချိန်မှာ အခြေခံ မခိုင်မာခဲ့ဘူးဆိုရင် မြင့်မားတဲ့ အဆောက်အအုံတွေတောင်မှ ချက်ချင်းပဲ လဲပြိုကျနိုင်ပါတယ်။

ဒီနေရာမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၉ အဆင့်မှာရှိနေတဲ့ လူတွေ အများကြီးပါ။ ဒါဆိုရင် ဘာကြောင့် လူနည်းစုကပဲ ပါရမီရှင် စာရင်းထဲကို ဝင်ရောက်နိုင်ရတာလဲ။

ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ အဆင့်တွေမှာ အခြေခံက

အံ့မခန်းလောက်အောင် ခိုင်မာကျစ်လျစ်တဲ့ ပြီးတော့ သူတို့ကိုယ်ပိုင်အဆင့်ထက် သာလွန်တဲ့ တိုက်ပွဲအစွမ်းတွေကို ဖြစ်စေတဲ့လူတွေက နည်းပါးလွန်းပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်က လူတစ်ယောက်က ခိုင်မြဲတဲ့ အခြေခံတစ်ခုကို တည်ဆောက်ဖို့ သိပ်ပြီးတော့ ဂရုစိုက်စရာ မလိုပါဘူး။ ဒါကြောင့် သူတို့ရဲ့ တိုက်ပွဲအစွမ်းက ကြယ်နှစ်လုံးလောက်ပဲ သာလွန်နိုင်ပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာကျတော့ ပါရမီရှင်တွေက သူတို့ရဲ့ အခြေခံတွေကို အနာဂတ်အတွက် ပြင်ဆင်ခြင်းတွေ လုပ်ဆောင်နေကြရပါတယ်။ ဒါကြောင့် အဲဒီအချိန်အတွင်းမှာ သူတို့ရဲ့ အဆင့်တွေက မပြောင်းလဲသွားပေမဲ့ သူတိုရဲ့ တိုက်ပွဲအစွမ်းကြယ်တွေက မိုးကောင်းကင်ထိ တစ်ဟုန်ထိုး မြင့်တက်သွားကြပါတယ်။ သူတို့အတွက်တော့ ကြယ်သုံးလုံး ဒါမှမဟုတ် လေးလုံးလောက် သာလွန်နေရင်တောင်မှ မထူးဆန်းတော့ပါဘူး။

ထို့ကြောင့် ပါရမီရှင်စာရင်းပေါ်မှာ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်က လူတွေအများကြီး ရှိနေကြပြီးတော့ သူတို့၏ တိုက်ပွဲအစွမ်းကလည်း

အံ့မခန်းစရာ ကောင်းလောက်အောင် မြင့်မားနေကြတာလဲ ဖြစ်ပါတယ်။

ကျောင်းကျိုဟေက စိတ်ဂိညာဉ် ပင်လယ်အဆင့် အထွတ်အထိပ်ကို ရောက်နေပြီး နှစ်ဂက်အတွင်း သူရဲ့ကျင့်ကြံခြင်းအဆင့်ကို ကျော်လွန်သွားနိုင်ပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက်ချိန်မှာ ပြီးပြည့်စုံခြင်း အခြေအနေတစ်ခုကို ဖြစ်အောင်လို့ ကြိုးပမ်းဆောင်ရွက် နေတာဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် တစ်ချက်တည်းနဲ့ သူက ကြယ်နှစ်လုံး သို့မဟုတ် သုံးလုံးတောင်မှ သာလွန်တဲ့ တိုက်ပွဲအစွမ်းကို ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။

အကယ်၍ သူ့မှာ မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးနဲ့ အချိန်လေးလသာရှိရင် သူရဲ့အဆင့်ကို ပြီးပြည့်စုံအောင် လုပ်ဖို့အတွက် လုံလောက်ပါတယ်။ သူရဲ့ ပါရမီနဲ့ဆို စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက်တဲ့ အခါမှာ ဘာပြဿနာမှ ရှိမှာ မဟုတ်ပါဘူး။ သူ့မှာက အဆင့်တက်ဖို့ စွမ်းရည်ရှိနေပြီးတော့ အချိန်အတော်ကြာကတည်းက ဖိနှိပ်ထိန်းချုပ်ထားခဲ့တာပါ။

အချိန်ကျလာရင် သူက ကောင်းကင်ပေါ်ကို

မြင့်တက်သွာပြီးတော့ ပါရမီရှင်စာရင်းမှာ ထိပ်ဆုံး သုံးဆယ် ဒါမှမဟုတ် ထိပ်ဆုံးနှစ်ဆယ်ထိတောင် ဝင်ရောက်သွားနိုင်ပါတယ်။

သူက အလျှင်အမြန်ပဲ အနီးကပ်ပြီး ကြည့်လိုက်တဲ့အခါမှာ မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံး နှစ်ဆယ်ကို တွေ့လိုက်ရပြီး ချက်ချင်းဆိုသလို ပီတိဖြစ်သွားခဲ့ပြီး ပုလင်းကို ကိုင်ထားတဲ့ သူရဲ့လက်တောင်မှ အနည်းငယ် တုန်ယင်လို့ နေပါတယ်။ သူအနေနဲ့ မူလပြန်လည် ထိန်းသိမ်းခြင်း ဆေးလုံးကို တစ်ခါမှ မမြင်ဖူးတာမျိုး ဒါမှမဟုတ် မစားဖူးတာမျိုး မဟုတ်ပါဘူး။ သူကပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ အရည်အသွေး အရမ်းကို မြင့်မားတဲ့ ဆေးလုံးကိုလည်း စားဖူးပါတယ်။ ဒါပေမဲ့ ဘယ်လောက်များ မြင့်မားနိုင်မှာလဲ။ သူကိုယ်တိုင်က မှော်ဆေးပညာရှင် အရှင်သခင်တစ်ယောက် မဟုတ်ပါဘူး။

"ငါလဲမယ်"

ကျောင်းကျိုဟေက မြန်မြန်ဆန်ဆန်ပဲ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။ သူ့လိုမျိုး ပါရမီရှင် တစ်ယောက် အနေနဲ့ ပြတ်သားမှုဆိုတာ ရှိသင့်တဲ့ အရည်အသွေးတစ်ခု ဖြစ်ပါတယ်။ မပြတ်သားတဲ့ လူတွေက ဘယ်တော့မှ

အမြင့်ကို မရောက်နိုင်ပါဘူး။

လင်းဟာန်က ပြုံးပြီးတော့ မျက်ခုံးတွေကို ပင့်လိုက်ပါတယ်။ ကျောင်းကျိုဂေလို ပါရမီရှင် တစ်ယောက် အနေနဲ့ မူလပြန်လည် ထိန်းသိမ်းခြင်း ဆေးလုံးမျိုးကို အရမ်းကို တန်ဖိုးထားတယ် ဆိုတာကို သူနားလည်ပါတယ်။ ဂမ်းနည်းစရာကောင်းတာက အဂါရောင်နဂါးသစ်သီးတွေက ရှာဖွေတွေ့ရှိဖို့ ခက်ခဲပါတယ်။ ထို့ပြင် သူ့လက်ထဲမှာ ရှိနေတဲ့ အသီးတွေကလည်း အားလုံးနီးပါး အသုံးပြုပြီးသွားပါပြီ။

ကံကောင်းတာက ရွှေပိုးကောင်တစ်ထောင် မီးပွားသစ်သီးကို ရရှိပြီးတဲ့ နောက်မှာတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ တခြားကြီးမားတဲ့ ဆန္ဒတွေ မရှိတော့ပါဘူး။ စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို ရောက်တဲ့အခါမှာ မူလပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးတွေနဲ့ ဒီကမ္ဘာကြီးထဲက ရတနာတွေကို အလဲအလှယ်လုပ်လို့ ရနိုင်ဖို့ဆိုတာ မသေချာတော့ပါဘူး။ ဒါကြောင့် ဒီအတွက် အများကြီး စိတ်ထဲမှာ မခံစားနေရပါဘူး။

လင်းဟာန်က ကျောင်းကျိုဂေပစ်ပေးလိုက်တဲ့ ရွှေပိုးကောင်တစ်ထောင်မီးပွားသစ်သီးကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းလိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံး ဘာမှ မဖြစ်သလို ပြုံးနေကြပြီးတော့ သူတို့ရဲ့ အရမ်းကို အားကောင်းတဲ့ စိတ်ထိန်းချုပ်နိုင်မှုကို ဖော်ပြနေပါတယ်။

အကယ်၍များ သာမန်လူတစ်ယောက်သာဆိုရင် ရတနာတစ်ခုကို သူတို့ရရှိသွားတာနဲ့ အလျင်အမြန် ထွက်ခွာသွားကြပါလိမ့်မယ်။

"နတ်သမီးကျူးလာပြီဟေ့။ နတ်သမီးကျူးလာပြီ"

ရုတ်ရုတ်သဲသဲ ဆူညံမှုလေးတစ်ခု ဖြစ်သွားခဲ့ပြီး ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးပဲ ချက်ချင်းဆိုသလို ထရပ်ကုန်ကြပါတယ်။ ကုန်းယဲ့ထျန်းတောင်မှ ရုတ်ခနဲ မတ်တတ်ထရပ်ပြီး ပြောလိုက်သည်။

"နတ်သမီးကျူး ဘယ်မှာလဲ။ နတ်သမီးကျူး ဘယ်မှာလဲ"

နတ်သမီးကျူး။ ကျူးရွှမ်အာကို ပြောတာလား။

လင်းဟာန်က အနည်းငယ် အံ့အားသင့်နေပါတယ်။ ဒီမိန်းကလေးရဲ့ ဆွဲဆောင်မှုက တကယ်ပဲ ကြီးကျယ်နေတာလား။ ကျောင်းကျိုဂေတောင်မှ လုံးဝကို

ဆောက်တည်ရာမရ ဖြစ်နေတာကို တွေ့လိုက်ရပြီး သူရဲ့အမူအရာက အရူးတစ်ယောက်လို ဖြစ်နေတာကို မြင်လိုက်ရပါတယ်။ ဒါ့အပြင် တခြားပါရမီရှင်တွေနဲ့ တခြားလူတွေရဲ့ အမူအရာကလည်း အားလုံးက ထူးမခြားနား ဖြစ်နေတာကို မြင်လိုက်ရသည်။

ကိုယ့်ကိုယ်ကိုယ် အရမ်းကို ထိန်းချုပ်နိုင်စွမ်းရှိတဲ့ ကျောင်းကျိုဝေလို လူကိုတောင်မှ ပျာယီးပျာယာ ဖြစ်အောင်လို့ လုပ်နိုင်တာကို ကြည့်ခြင်းဖြင့် ကျူးရွှမ်အာရဲ့ ဆွဲဆောင်မှုက ဘယ်လောက်တောင် ကြီးမားတယ်ဆိုတာကို ခန့်မှန်းလို့ ရပါတယ်။

အဲဒီအချိန်မှာ လင်းဟန်တောင်မှ အနည်းငယ် သိချင်စိတ် ပြင်းပြသွားပါတယ်။ ကျူးရွှမ်အာက ဘယ်လောက်တောင် လှပချောမောလို့ မြောက်ပိုင်းဒေသက ပါရမီရှင်တွေ အားလုံးကို ဆွဲဆောင်နိုင်ပြီး အလယ်ပိုင်းဒေသမှာရှိတဲ့ ကောင်းကင်ဓားဂိုဏ်းရဲ့ ပါရမီရှင်ကတောင် စိတ်ဝင်စားရတာလဲ။

ညှော့ခံပွဲနေရာ တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားပြီးတော့ လူတိုင်းလူတိုင်းက နတ်သမီးကျူးကို နှုတ်ဆက်ဂါရဝ ပြုနေကြသည်။ ဆယ်မိနစ်ခန့်

ကြာပြီးတဲ့နောက်မှာ လူအုပ်ကြီး ကြားထဲကနေ အဖြူရောင် ဂါတ်စုံကို ဂါတ်ဆင်ထားတဲ့ မိန်းမပျိုလေးတစ်ယောက် လျှောက်လာခဲ့သည်။ သူမ၏ မျက်နှာကို အဖြူရောင် ဇာပဝါပါးပါးတစ်ခုနဲ့ ဖုံးအုပ်ထားပြီး သူမပုံစံ ဘယ်လိုရှိတယ်ဆိုတာကို မမြင်ရပါဘူး။ ဒါပေမဲ့ သူမရဲ့ ယဉ်ကျေးသိမ်မွေ့ပြီး ကျက်သရေရှိတဲ့ အပြုအမူတွေက လူတွေအားလုံးရဲ့ စိတ်ကို လန်းဆန်းတက်ကြွအောင် လုပ်နိုင်ပါတယ်။

အပိုင်း(၃၇၉) ကျူးရွှမ်အာ

ဤအဖြူရောင် ဂါတ်စုံနဲ့ မိန်းကလေးက ကောင်းကင်ဘုံက နတ်သမီးလေးနဲ့ တူသည်။ ခြေလှမ်းတိုင်းက သူမရဲ့ တင့်တယ်မှုနဲ့ လှပမှုတွေကို ဖော်ပြနေသည်။ သူမက ခံ့ညားတယ်။ တည်ငြိမ်တယ်။ ပြီးတော့ မွန်မြတ်တယ်။ ဒါပေမဲ့ သူမရဲ့ ခန္ဓာကိုယ်က တကယ်ပဲ ဆွဲဆောင်မှု ရှိပြီးတော့ သူမရဲ့ ပေါင်တံလေးတွေက သေးသွယ်ရှည်လျားပြီး လူတစ်ယောက်ရဲ့ ခါးအမြင့်အထိ ရောက်လို့နေပါတယ်။

အမျိုးသမီးတစ်ယောက်ရဲ့ ပေါင်တံတွေက ရှည်လျားလေ ခန္ဓာကိုယ်က ပိုပြီးတော့ ဆွဲဆောင်မှု ရှိလေပါပဲ။ သူမရဲ့

ခန္ဓာကိုယ် အချိုးအစားက လုံးဂကို ပြီးပြည့်စုံပြီး ရှိုးရှိုးလေး လမ်းလျှောက်ရုံနဲ့ အဆုံးမရှိတဲ့ အိပ်မက်တွေမက်အောင် ဆွဲဆောင်စေပါတယ်။

သူမရဲ့ ခါးက ကျစ်လျစ်သွယ်လျပြီး လမ်းလျှောက်လိုက်တိုင်း ကနွဲ့ကလျနဲ့ ကြည့်ရတာ မျက်စိပသာဒ ဖြစ်တဲ့အပြင် သူမရဲ့ တင်ပါးများကလည်း တင်းကားပိုင်းစက်နေပြီး အံ့အားသင့်စရာ ကောင်းမွန်တဲ့ ခန္ဓာကိုယ်ကောက်ကြောင်းတစ်ခု ဖြစ်ပေါ်နေပြီး စက္ခုပသာဒ ဖြစ်စေပါတယ်။ သူမ၏ ရင်သားတွေက အရမ်းကို ဖွံ့ထွားပြီးတော့ လက်နဲ့ဆုပ်ကိုင်ကြည့်လိုက်မယ် ဆိုရင်တောင် ပြည့်လျှံနေမှာ သေချာပါတယ်။ သူမရဲ့ လည်တိုင်က ကျောက်စိမ်းလို ကြည်လင်တောက်ပ နေပြီးတော့ ဘဲငန်းတစ်ကောင်လိုမျိုး ကျော့ရှင်းလှပပါတယ်။ သူမရဲ့ ဆံပင်တွေက ရေတံခွန် စီးကျနေသလိုမျိုး တူပြီးတော့ အဖြူရောင် ပိုးချည်တစ်ခုနဲ့ စည်းထားပါတယ်။

သူမ၏ ခန္ဓာကိုယ်ထက်တွင် မည်သည့်အဆင်တန်ဆာကိုမှ မဂတ်ဆင်ထားပေ။ ထိုသို့ မဂတ်ဆင် ထားခြင်းကိုက အကောင်းဆုံး ဆုံးဖြတ်ချက်ဟု လူအများက တွေးနေမိကြသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်လက်ဂတ်တန်ဆာကို ဂတ်ဆင်ထားစေဦး သူမ၏

အလှကို မေ့မိန်းသွားစေဖို့သာ ဖြစ်ပေမလိမ့်မည်။

လင်းဟန်က အံ့အားသင့်သွားခဲ့ပါတယ်။ မျှော်လင့်ထားသလိုပါပဲ။ ဒီမိန်းကလေး သူမရဲ့ မျက်နှာကို ထုတ်ပြဖို့တောင် မလိုအပ်ပဲနဲ့ ကောင်းကင်ဘုံက ဆင်းသက်လာတဲ့ နတ်သမီးလေး တစ်ပါးနဲ့ တူတယ်လို့ လူတွေကို ခံစားရအောင် လုပ်နိုင်ပါတယ်။ ဘယ်အချိန်မျိုးမှာမဆို အလှဆုံး နတ်သမီးလေး တစ်ပါးပါပဲ။ ဒီလိုမျိုး သူ့ကို ခံစားအောင် လုပ်နိုင်တဲ့ တစ်ဦးတည်းသော အခြားအမျိုးသမီးကတော့ ကောင်းကင်ဖီးနစ် နတ်မိမယ်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူက ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ ပုံပန်းသွင်ပြင်ကို မြင်တွေ့ခဲ့ပြီး သူမ၏ ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ်နဲ့ လုံးဂကို လိုက်ဖက်ပေသည်။ ရုပ်ရည်တစ်ခုတည်းတင်ပဲ ကောင်းကင်ဖီးနစ် နတ်မိမယ်က ကမ္ဘာကြီးထဲမှာ အချောမောဆုံး အမျိုးသမီးဆိုတာ သေချာ၏။ ဒါကြောင့် သူမနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အချောအလှပိုင်ရှင် မိန်းကလေးမျိုးကား ဒီသေမျိုး ကမ္ဘာကြီးထဲမှာ နောက်ထပ်ပေါ်လာလိမ့်မယ် မဟုတ်ချေ။

"ဒါပေမဲ့ အာ"

လင်းဟန်က သက်ပြင်းချလိုက်သည်။ ထိုမိန်းမကား ရိုင်းစိုင်းလှပြီး သူ့ဆီကို ခဏခဏ လာပြီးတော့ သူမကြိုက်တဲ့ ပစ္စည်းတွေကို မကြာခဏ ယူသွားခဲ့ပါတယ်။ သူမကို အကျိုးသင့် အကြောင်းသင့် ပြောပြတဲ့ အခါမှာ သူမရဲ့ ခြိမ်းခြောက်တဲ့ အကြည့်တွေကို ရင်ဆိုင်ရပြီးတော့ သူရဲ့ တပည့်လေးယောက်ကလည်း တစ်ယောက်ပြီး တစ်ယောက် ထိတ်လန့်စရာ ကောင်းလောက်အောင် ရိုက်နက်ခံရပါတယ်။

လင်းဟန်က သူရဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ သူရဲ့ တပည့်လေးယောက်ကို ကောင်းကင်ဖီးနစ် နတ်မိမယ်ကို သူ့ထက်ပိုပြီးတော့ ကြည်ညိုဖို့နဲ့ လိမ်လိမ်မာမာနဲ့ နာခံဖို့ကိုပဲ ပြောနိုင်ပါတယ်။

"ဟီးဟီး မင်းက မဟုတ်ဘူးလည်း ပြောသေးတယ် မင်းရဲ့ မျက်လုံးတွေကတော့ ရိုးရိုးသားသားနဲ့ ဂန်ခံနေတာပဲ။ အခု နတ်သမီးလေးကျူးက သူမရဲ့ မျိုးဆက်မှာ ယှဉ်လို့မရဘူးဆိုတာကို မင်းသိပြီမဟုတ်လား"

ကုန်းယဲ့ထျန်းရဲ့ အသံက လင်းဟန်ရဲ့ ဘေးနားကနေ ထွက်ပေါ်လာပြီးတော့ သူ့ကို အတိတ်ကို ပြန်တွေးနေရာကနေ လှုပ်နှိုးလိုက်သလို

ဖြစ်သွားစေခဲ့ပါတယ်။

လင်းဟန်က ပြုံးရုံပဲ ပြုံးပြီးတော့ ရှင်းပြဖို့ မကြိုးစားတော့ပါဘူး။ တကယ်လို့ သူရဲ့ စွမ်းရည်တွေက ကောင်းကင်ဖီးနစ် နတ်မိမယ်ထက် သာလွန်ခဲ့မယ်ဆိုရင် သူမကို ဇနီးမယားတစ်ယောက်အဖြစ် လက်ထပ်ယူမယ်ဆိုရင် သိပ်တော့မဆိုးဘူးဆိုတဲ့ အကြောင်းကို ဆက်ပြီးတော့ တွေးနေဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လုံခြုံမှုအတွက်တော့ လိုအပ်တဲ့ ခွန်အားရှိဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက သူ့ကို အမြဲတမ်း နှိပ်ကွပ်နေပါလိမ့်မယ်။ ညဘက်ရောက်ရင် သူက ကြမ်းပေါ်မှာ ဆင်းအိပ်နေရကောင်း အိပ်ရပါလိမ့်မယ်။

ကျူးရွှမ်အာ ရောက်လာတာနဲ့ သူမက ချက်ချင်းဆိုသလို အားလုံးရဲ့ အာရုံစိုက်ခြင်းကို ခံလိုက်ရပါတယ်။ သူမက နတ်ဘုရားမလေး တစ်ယောက်လိုမျိုး မွေးဖွားလာပြီးတော့ အားလုံးရဲ့ ချစ်ခင်နှစ်သက်ခြင်းကို ခံနေရပါတယ်။ သူမရဲ့ ကျက်သရေရှိမှုက အရမ်းကို ဆွဲဆောင်စေပြီး တခြားသူတွေကိုတောင် မနာလိုမှုတွေ မဖြစ်စေခဲ့ပါဘူး။

အမျိုးသားပဲဖြစ်ဖြစ် အမျိုးသမီးတွေပဲ ဖြစ်ဖြစ် သူတို့အားလုံးကို ကြည့်ရတာ အရမ်းကို ထူးဆန်းနေပြီးတော့

အကယ်၍များ ကျူးရှမ်အာကာသာ အမိန့်ပေးလိုက်မယ်ဆိုရင် မီးပင်လယ်ထဲကိုပဲ ဆင်းရဆင်းရ ဓားတောင်ကိုပဲ ကျော်ရကျော်ရ နာခံဖို့အသင့်ဆန္ဒ ရှိနေတဲ့ ပုံစံနဲ့ တူပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အံ့အားသင့်နေခဲ့ပါတယ်။ သူတောင်မှ ဒီလိုမျိုး အရာတစ်ခုကို သေချာပေါက် လုပ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ရှမ်အာက ပါရမီရှင် လူငယ်တွေ အားလုံးနဲ့ တွေ့ဆုံခွင့်ရတာ အရမ်းကို ပျော်ရွှင်မိပါတယ်။ အားလုံးကို ဂုဏ်ပြုပါရစေ"

ကျူးရှမ်အာက သူမ၏ အရက်ခွက်ကို မြှောက်လိုက်သည်။ ချက်ချင်းဆိုသလို လူတိုင်းလူတိုင်းက မိုးပေါ်ကို ပျံတက်သွားသလိုမျိုး ဂုဏ်ယူဂမ်းမြောက်သွားပြီး သူတို့ရဲ့ အရက်ခွက်တွေကို ကိုယ်စီကိုယ်ငှ ကိုင်ဆောင်ပြီးတော့ မြှောက်လိုက်ပါတယ်။

ကျူးရှမ်အာက သူမရဲ့ အဖြူရောင် ဇာပဝါပါး အစွမ်းကို ပင့်လိုက်တဲ့အခါမှာ နှင်းတွေကို ဖြူဖွေးတဲ့ မေးစေ့လေးနဲ့ နီရဲနေတဲ့ နှုတ်ခမ်းလေးက ထွက်ပေါ်လာပြီး လူတွေအားလုံးကို မူးယစ်ဆေး သုံးထားသလိုမျိုး မျက်လုံးတွေက ရီဝေဝေ ဖြစ်လာပြီး တချို့ဆိုရင် သူတို့ရဲ့

နာခေါင်းကနေ သွေးတွေ ယိုစီးကျလာပြီး တချို့ဆို စိတ်လှုပ်ရှားမှုကြောင့် ဆောက်တည်ရာမရ ဖြစ်နေကြသည်။

လူတိုင်းလူတိုင်းက သူတို့ရဲ့ ပိုင်ခွက်တွေကို တစ်ခါတည်းနဲ့ အကုန် မော့ချပစ်လိုက်သည်။ ကျူးရှမ်အာဆီက ဂုဏ်ပြုမှုကို ရရှိတာက တကယ်လို့ သူတို့က အခုချိန်မှာ သေသွားခဲ့မယ် ဆိုရင်တောင် ဒီဘဝက လုံးဝကို ထိုက်တန်နေပြီလို့ ခံစားနေကြ ရပါတယ်။

လင်းဟန်ရဲ့ စိတ်အတွင်းမှာ အနည်းငယ် လှိုင်းထသလို ခံစားနေရသည်။ ကျူးရှမ်အာရဲ့ မျက်နှာကို အပြည့်အဝ မမြင်ရပေမဲ့လည်း သူမရဲ့ မေးစေ့နဲ့ နှုတ်ခမ်းလေးကို ကြည့်ခြင်းအားဖြင့် လူတွေရဲ့ စိတ်ထဲက လှပတဲ့ ပုံရိပ်ထက် ပိုပြီးတော့တောင်မှ သာလွန်နိုင်ပါတယ်။

၎င်းက ရေခဲတောင်ကြီး တစ်ခုရဲ့ ထိပ်ဖျားတစ်ခုဖြစ်သည်။ လင်းဟန်အနေနဲ့ ကျူးရှမ်အာရဲ့ အလှပက လှီယုထန်နဲ့ တခြားသူတွေထက် သာလွန်ပြီးတော့ ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ နှိုင်းယှဉ်ဖို့ အဆင့်မီတယ်ဆိုတာကိုတောင် သိသွားပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကို စိုးမိုးခြယ်လှယ်နိုင်ဖို့ကတော့

မဖြစ်နိုင်ပါဘူး။

ဂုဏ်က အကူအညီ မဖြစ်နိုင်ပါဘူး။ သူက ကောင်းကင်ဖီးနစ် နတ်မိမယ်ကို နေ့တိုင်းလိုလို မြင်တွေ့ခဲ့ရပြီး သူမလုပ်နေတဲ့ အရာမှန်သမျှက သူ့ကို စိတ်ပျက်စေပါတယ်။ ဒါကြောင့် တကယ်လို့ သူမကို လိုချင်နေတယ်ဆိုရင်တောင်မှ သူအနေနဲ့ မကြိုက်နိုင်ပါဘူး။ ကျူးရွှမ်အာက ဒုတိယ ကောင်းကင်ဖီးနစ် နတ်မိမယ် ဖြစ်လာနိုင်မလား။

ကျူးရွှမ်အာက ဂုဏ်ပြုအရက်ကို သောက်ပြီးတဲ့ နောက်မှာတော့ သူမရဲ့ ဇာပဝါကို ပြန်ပြီးတော့ ချလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ လူတွေအားလုံးကို မလိုလားတဲ့ ခံစားမှုမျိုးကို ဖြစ်ပေါ်စေခဲ့ပါတယ်။ သူတို့ချစ်ခင်နှစ်သက်ဆုံး ပစ္စည်းတစ်ခု ပျောက်ကွယ်ဆုံးရှုံးသွားရသလိုမျိုး ခံစားနေကြရပါတယ်။

သူမက အားလုံးကို ပြောလိုက်ပါတယ်။

"ရွှမ်အာက ဆေးပစ္စည်းတစ်မျိုးကို ဂယ်ယူချင်ပါတယ်။ တကယ်လို့ ဘယ်သူမှာမှ မရှိဘူးဆိုရင်တောင် အဲဒီပစ္စည်းရဲ့ သတင်းအချက်အလက်ကို သိချင်ပါတယ်။ ရွှမ်အာက ကြီးကြီးမားမား ပြန်ပေးပါမယ်"

"နတ်သမီးကျူး မင်းရဲ့ ဆန္ဒကို ထုတ်ဖော်ပြောလိုက်ပါ"

"ဟုတ်တယ်။ နတ်သမီးလေးကျူးအတွက် ကူညီဆောင်ရွက်ပေးရတာ ကျုပ်တို့အတွက် ဂုဏ်ယူစရာပါပဲ"

"မီးပယ်လယ်ကိုပဲ ဖြတ်ရဖြတ်ရ ဓားတောင်ကိုပဲ ကျော်ရကျော်ရ ကျုပ်တို့ရဲ့ အသက်တွေ အကြိမ်ပေါင်း တစ်သောင်းလောက် သေသွားမယ်ဆိုရင်တောင် ကျုပ်တို့ကို မရပ်တန့်နိုင်ပါဘူး"

တစ်ယောက်တစ်ပေါက်နဲ့ အော်ဟစ်လိုက်ကြပြီး မိန်းကလေးတချို့တောင်မှ အရူးအမူး ဖြစ်နေတာကို မြင်လိုက်ရပါတယ်။

ကျူးရွှမ်အာ၏ လှပတင့်တယ်ပြီး ကျက်သရေရှိတဲ့ မျက်နှာပေါ် မှာတော့ စိတ်လှုပ်ရှားခြင်းမျိုး တစ်ခုမှ မရှိပါဘူး။

"ရွှမ်အာလိုချင်တဲ့ ဆေးပစ္စည်းကတော့ အဆင့်ခုနစ် ဆေးပင်တစ်မျိုးဖြစ်တဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်လို့ ခေါ် ပါတယ်"

"ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင် ဟုတ်လား။ အဲဒါက ဘာလဲ"

"တစ်ခါမှ မကြားဖူးဘူး"

ချက်ချင်းဆိုသလို လူတော်တော်များများက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ တစ်ခဏမျှ အလန့်တကြား ဖြစ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်က သူလိုအပ်နေတဲ့ အဓိကပါဝင်ပစ္စည်း နှစ်ခုထဲက တစ်ခုဖြစ်နေလို့ပါ။ သူနဲ့ ကျူးရွှမ်အာရဲ့အကြားမှာ အငြင်းပွားမှု ဖြစ်လာလိမ့်မယ်လို့ သူကလုံးဝ မထင်ထားမိခဲ့ပါဘူး။ တကယ်လို့ သူတို့နှစ်ယောက်သာ ယှဉ်ပြိုင်ဖြစ်မယ်ဆိုရင် မရေတွက်နိုင်တဲ့ လူအုပ်ကြီးက သူ့ကို သေချာပေါက် ရန်ညိုးထားပါလိမ့်မယ်။

အို ဘယ်လိုပဲဖြစ်ဖြစ်ကွာ။ ဒီမိန်းကလေးက အံ့မခန်းလောက်အောင် လှပချောမောနေပါစေ။ သူမအနေနဲ့ ဒီအရှင်သခင်ရဲ့ ဆံပင်မွေးတစ်ချောင်းကိုတောင်မှ နိုင်းယှဉ်လို့ မရနိုင်ပါဘူး။

"နတ်သမီးလေးကျူး ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင် ဘယ်မှာရှိတယ် ဆိုတာကို ငါသိတယ်"

လူငယ်တစ်ယောက်က အရမ်းကို စိတ်လှုပ်ရှားပြီးတော့ မတ်တတ်ထရပ်လိုက်သည်။ စိတ်လှုပ်ရှားမှုကို မထိန်းနိုင်ပဲ တံတွေးတွေတောင်မှ ထွက်ကုန်ပါတယ်။

"လွန်ခဲ့တဲ့ သုံးလတုန်းက ငါ အမှောင်နတ်ဆိုးတောအုပ်ထဲကနေ ထွက်လာပြီး မကြာခင်မှာ လူတစ်ယောက်က ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင် အကြောင်းကို ပြောနေတာကို ကြားလိုက်ရတယ်။ အဲဒီအပင်က တောအုပ်ရဲ့ အနက်ပိုင်းထဲမှာ ရှိနိုင်တယ်"

"လပြွတ်"

လူတိုင်းလူတိုင်း အံ့အားသင့်ကုန်ပါတယ်။ အမှောင်နတ်ဆိုးတောအုပ်က အရမ်းကို အန္တရာယ်များတဲ့ နေရာတွေထဲက တစ်ခုဖြစ်ပြီးတော့ ၎င်းရဲ့ အနက်ပိုင်းထဲမှာ ပန်းဖူးအဆင့် မိစ္ဆာသားရဲကောင်တွေ နေထိုင်ကြပါတယ်။ ဘယ်သူကမှ နက်နက်ရှိုင်းရှိုင်းထိ မဂင်ရဲကြပါဘူး။

"နတ်သမီးလေးကျူး အမှောင်နတ်ဆိုးတောအုပ်က အရမ်းကို အန္တရာယ်များတယ်။ နောက်နှစ်နှစ်လောက်မှ သွားတာက အကောင်းဆုံး ဖြစ်လိမ့်မယ်"

"အဓိပ္ပာယ်မရှိတာ။ နတ်သမီးလေးကျူးက တစ်စုံတစ်ယောက်ကို ကယ်တင်ဖို့အတွက် ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ကို လိုချင်နေတာလေ။ သူမက နှစ်နှစ်တောင် စောင့်နိုင်ပါ့မလား"

"ဒါဆိုရင် မင်းက နတ်သမီးလေးကျူးကို အမှောင်နတ်ဆိုးတောအုပ်ထဲကို ဝင်စေချင်တာလား။ သူမရဲ့ အသက်ကိုတောင် ဆုံးရှုံးသွားနိုင်တယ်"

"ဟုတ်တယ်။ နှစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ နတ်သမီးလေးကျူးရဲ့ ပါရမီနဲ့ဆိုရင် ပန်းဖူးအဆင့်ကို သေချာပေါက် ရောက်သွားနိုင်တယ်။ အဲဒီအချိန်ကျရင် သူမက ဘာကိုမှ ကြောက်နေစရာ မလိုတော့ဘူး"

လင်းဟန် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ အမှောင်နတ်ဆိုးတောအုပ်မှာ တကယ်ပဲ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင် ရှိနေတယ်ပေါ့။ သူကို နေမီးမြက်ပင်ခုနစ်ပင် ရှာခိုင်းတဲ့ အမိန့်ကို ရထားပေမဲ့ လုပ်ဖို့

စိတ်ဆန္ဒ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အခုကြည့်ရတာတော့ သူရဲ့ကံကြမ္မာက အမှောင်နတ်ဆိုး တောအုပ်ထဲကို မသွားမဖြစ် သွားရအောင်လို့ မောင်းထုတ်နေသလိုပါပဲ။

ကြည့်ရတာ သူ အမှောင်နတ်ဆိုး တောအုပ်ကို သွားရတော့မယ်။

ပထမတော့ ကျူးရှမ်အာက တစ်စုံတစ်ခုကို စိုးရိမ်ပူပန်သွားခဲ့ပါတယ်။ လူပုံအလယ်မှာ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ရဲ့ တည်နေရာကို ဖွင့်ဟပြောဆိုလိုက်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ အသေအချာ ပြန်စဉ်းစားလိုက်တော့ လူဘယ်လောက်များ အမှောင်နတ်ဆိုး တောအုပ်ထဲကို ဝင်ရဲလို့လဲ။

သူမက အဲဒီလူကို ကျေးဇူးတင်ပြီးတော့ တကယ်လို့ အွန္တရာယ်တစ်စုံတစ်ခုနဲ့ ကြုံတွေ့ခဲ့မယ်ဆိုရင် လခြမ်းဂိုဏ်းကို လာပြီးတော့ သူမကို လာရှာဖို့ကိုနဲ့ ကူညီပေးမယ်ဆိုတဲ့ အကြောင်းကို ကတိပေးခဲ့ပါတယ်။

သူမအနေနဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ကို အလျင်စလို ရှာဖွေဖို့ လိုအပ်နေတဲ့ အတွက်ကြောင့် မကြာခင်မှာပဲ အားလုံးကို နှုတ်ဆက်ပြီးတော့

ထွက်သွားပါတယ်။

သူမထွက်သွားတာနဲ့ ညှော်ခံပွဲရဲ့ သက်ဝင်လှုပ်ရှားမှုက အတော်လေးကို ကျဆင်းသွားခဲ့ပါတယ်။ လူတချို့ကပဲ ဆက်ပြီးတော့ ရတနာတွေကို အလဲအလှယ် လုပ်နေကြပြီး တော်တော်များများက ဆက်ပြီးတော့ နေချင်တဲ့စိတ်တွေ ပျောက်ကုန်ကြပါတယ်။ သိပ်မကြာခင်မှာပဲ သူတို့တွေက တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ပြီး ထွက်သွားကုန်ကြပါတယ်။

လင်းဟန်က ဒီခရီးကို အရမ်းပဲ စိတ်ကျေနပ်ခဲ့ပါတယ်။ သူက ရွှေပိုးကောင်တစ်ထောင်မီးပွား သစ်သီးကို ရရှိရုံတင်မက ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ရဲ့ သတင်းကိုပါ ကြားခဲ့ရပါတယ်။

သူက ပြန်လာပြီးတော့ ရွှေပိုးကောင်တစ်ထောင် မီးပွားသစ်သီးကို သန့်စင်လိုက်၏။

အပိုင်း(၃၈၈) အရိုးဖြစ်ပေါ်ခြင်းဆေးလုံး

တည်းခိုခန်းမှ အမြဲတမ်းနေတယ်ဆိုတာက တကယ်တမ်းတော့ မသင့်လျော်ပါဘူး။ လင်းဟန်က

ယန်စွမ်းအားမြင့်မြို့မှာ ဆိုင်နှစ်ခုဖွင့်ထားပြီး မူလစွမ်းအင် ပုံဆောင်ခဲတွေ အဆုံးမရှိ သိမ်းဆည်း ထားနိုင်နေတဲ့ အတွက် လင်းဟန်က အိမ်တစ်လုံးကို ဝယ်ယူဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့လည်း အချိန်တိုတိုလေး အတွင်းမှာ သင့်တော်တဲ့ အိမ်တစ်လုံးကိုတော့ ရှာမတွေ့ခဲ့ပါဘူး။

လွှီယုထန်နဲ့ လီစီရှန်းတို့က အိမ်နဲ့ပတ်သက်ရင် အရမ်းကို ဇီဇာကြောင်တတ်ကြသူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းက လင်းဟန်အပေါ် မှာပဲ ပုံကျနေပြီး နေရာက သန့်ရှင်းနေသရွေ့ ဘယ်နေရာမှာပဲ နေနေ အားလုံးက အတူတူပဲ မဟုတ်လား။

ဒါကြောင့် သူတို့က တည်းခိုခန်းမှာပဲ ယာယီအားဖြင့် ဆက်နေခဲ့ကြပါတယ်။

တည်းခိုခန်းကို ပြန်လာပြီးတဲ့နောက်မှာ လင်းဟန်က ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်သွားပါတယ်။

သူက ရွှေပိုးကောင်တစ်ထောင် မီးပွားသစ်သီးနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာကျော်လောက်ကို ထုတ်ယူလိုက်ပါတယ်။ ဟွမ်း။ ချက်ချင်းဆိုသလိုပဲ မူလစွမ်းအင်တွေက

သူရဲ့ပတ်ပတ်လည်မှာ ပိုင်းရံလာပြီးတော့ ခန္ဓာကိုယ်ထဲကို အဆက်မပြတ် စွမ်းအင်တွေ စီးဝင်လာခဲ့ပါတယ်။

ဟုမ်း။

စိတ်ဂိညာဉ် သစ်သီးရဲ့ ဆေးအာနိသင်က မကုန်မခန်းနိုင်အောင် များပြားလှပါတယ်။ လင်းဟန်က သူရဲ့ခန္ဓာကိုယ်ကို ဆေးကျိုအိုးတစ်ခုလိုမျိုး အသုံးပြုပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲရဲ့ စွမ်းအင် အထောက်အပံ့နဲ့ ဆေးအာနိသင်တွေကို ပေါင်းစည်းလိုက်ပြီး သူရဲ့ကျင့်ကြံခြင်းက ချက်ချင်းပဲ မိုးထိအောင် ထိုးတက်လာခဲ့ပါတယ်။

ယင်တစ်ခု ယန်တစ်ခုလို ဖြစ်နေတဲ့ စိတ်ဂိညာဉ် ပင်လယ်နှစ်ခုက ဆန့်ကျင်ဘက်အရပ်တွေဆီကို လည်ပတ်နေပြီးတော့ မူလစွမ်းအင်နဲ့ ဆေးအာနိသင်တွေရဲ့အောက်မှာ စတင်ပြီးတော့ ကျယ်ပြန့်လာခဲ့ပါတယ်။

ဒင်းက အရမ်းကို လျှင်မြန်တယ်လို့ ပြောလို့ရပေမဲ့လည်း လင်းဟန်ရဲ့ စိတ်ဂိညာဉ် ပင်လယ်တွေက တခြားသာမန်လူတွေရဲ့ စိတ်ဂိညာဉ် ပင်လယ်ထက်

အဆပေါင်းများစွာ ကျယ်ပြန့်တဲ့အတွက် ၎င်းက အရမ်းကို နေးကွေးနေသလိုမျိုး ဖြစ်နေပါတယ်။

လင်းဟန်က တွက်ချက်ကြည့်လိုက်တဲ့အခါမှာ ဒီသစ်သီးက အများဆုံး သူရဲ့ကျင့်ကြံခြင်းကို အဆင့်သေးတစ်ဆင့်လောက်ပဲ တိုးလာနိုင်ပါတယ်။ ဒါကလည်း မူလစွမ်းအင် ပမာဏ အများကြီးကို အသုံးပြုပြီးတော့ သူက ချဲ့ကားနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နောက်ထပ် အဆင့်သေးတစ်ဂက်လောက် တိုးလာမယ်ဆိုရင်တောင် အတော်လေးကို ကောင်းမွန်တယ်လို့ ယူဆလို့ရပါတယ်။

သူရဲ့ စိတ်ဝိညာဉ် ပင်လယ်တွေက ဘာဖြစ်လို့ အလွန်အကျွံကြီးမားပြီးတော့ တစ်ခုက ယင် တစ်ခုက ယန် သဘောတရားမျိုးတောင် ရှိနေရတာလဲ။

စိတ်ဝိညာဉ် ပင်လယ်နှစ်ခုရဲ့ တစ်ခုနဲ့တစ်ခု ဆန့်ကျင်ဘက်ပုံစံ လှုပ်ရှားနေပုံက ကြိတ်ဆုံတစ်ခု တူနေပြီးတော့ သူရဲ့မူလစွမ်းအင်တွေကို အဆက်မပြတ် ပြုပြင်မွမ်းမံနေပါတယ်။ ဒါကြောင့်လဲ သူရဲ့ မူလစွမ်းအင် စီးဆင်းမှုတွေက လုံးဝကို အဆင်ပြေချောမွေ့နေပြီးတော့ သိပ်သည်းကျစ်လျစ် လာစေပါတယ်။

လူတွေက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် စိတ်ဝိညာဉ် ပင်လယ်အထွတ်အထိပ်ကို ရောက်သွားပြီးမှ စတင်ပြီးတော့ သိပ်သည်းကျစ်လျစ်အောင် ကျင့်ကြံကြပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ အဆက်မပြတ် မွမ်းမံနေပြီး သူရဲ့အဆင့်က အရမ်းကို တည်ငြိမ်နေပါတယ်။ ဒါပေမဲ့လည်း သူရဲ့တိုးတက်မှုကတော့ အတော်လေးကို နှေးကွေးတယ်လို့ ဆိုလိုတာပါပဲ။

ဘာပဲဖြစ်ဖြစ် သူက နှေးကွေးတယ် ဆိုပေမဲ့လည်း တခြားသာမန်လူတွေထက် ဆယ်ဆလောက် မြန်ပါသေးတယ်။ တကယ်တော့ သူက ကြီးကျယ်မြင့်မြတ်တဲ့ မှော်ဆေးပညာ အရှင်သခင် တစ်ယောက်ဖြစ်တဲ့ အပြင် မူလစွမ်းအင် ပုံဆောင်ခဲတွေလည်း မကင်းမဲ့ပါဘူး။

တစ်ရက်နဲ့တစ်ည ကြာပြီးတဲ့နောက်မှာ လင်းဟန်က စိတ်ဝိညာဉ် သစ်သီးရဲ့ ဆေးစွမ်းတွေကို အပြည့်အဝ မွမ်းမံသန့်စင်ပြီးတော့ စုပ်ယူနိုင်ခဲ့ပါတယ်။ ပြီးတော့ သူရဲ့ကျင့်ကြံခြင်းအဆင့်ကလည်း စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်ကို ရောက်နေပြီးတော့ အလွှာ၉ ဆီကို ခြေတစ်လှမ်း နီးလာခဲ့ပါပြီ။

သူက အနက်ရောင်မျှော်စင်ရဲ့ အထဲမှာ လည်ပတ်ပြီးတော့ စိတ်ဂိညာဉ် ဆေးပင် တော်တော်များများကို ဆွဲနှုတ်ယူပြီး လေလံပွဲအတွက် အဆင့်မြင့် မှော်ဆေးလုံး တချို့ကို မွမ်းမံဖို့ ဆုံးဖြတ်ထားပါတယ်။

စားသောက်ဆိုင်နဲ့ ဆေးဆိုင်ကရတဲ့ အမြတ်အစွန်းက နည်းပါးပေမဲ့ တည်ငြိမ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ တညတည်းနဲ့ သူက ချမ်းသာချင်တယ်ဆိုရင် အဆင့်မြင့် မှော်ဆေးလုံး တချို့ကို လေလံပွဲအတွက် ဖော်စပ်ဖို့ လိုပါတယ်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် ရတနာ စံအိမ်က လေလံပွဲကို နေ့တိုင်းမကျင်းပပါဘူး။ ဒါကြောင့် လင်းဟန်က နောက်ရက်အနည်းငယ်မှ ဆေးလုံးတွေကို ဖော်စပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ ကြီးကျယ်လှတဲ့ လေလံပွဲကြီးက နောက်ဆယ်ရက်ဆို ရောက်လာပါ တော့မယ်။

လင်းဟန်က မြေကမ္ဘာအဆင့်နိမ့် ဆေးလုံးတစ်မျိုး ဖြစ်တဲ့ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်ခဲ့ပါတယ်။

ဒီဆေးလုံးက ပန်းဖူးအဆင့် ကျင့်ကြံသူတွေ

အတွက်ဖြစ်ပါတယ်။ လူတစ်ယောက် အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးတစ်လုံးကို စားလိုက်မယ်ဆိုရင် အဲဒီလူရဲ့ အရိုးက ပြန်လည်တည်ဆောက်ပြီးတော့ ပိုမိုမာကျောတဲ့ အဆင့်တစ်ခုကို တိုးသွားပါလိမ့်မယ်။ တကယ်လို့ ပန်းဖူးအဆင့်က လူနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြပြီဆိုရင် သူတို့ရဲ့ မူလစွမ်းအင်ခြင်း မကွာခြားရင်တောင်မှ ကြာရှည်ခံမှု အားနည်းတဲ့အတွက် သူတို့ရဲ့ အရိုးတွေက ကျိုးသွားနိုင်ပါတယ်။ လူတစ်ယောက်ရဲ့ အရိုးတွေ ကျိုးပဲ့ပျက်စီးသွားတာက အဲဒီလူရဲ့ ခွန်အားအပေါ်ကို အကျိုးသက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် ဘယ်လောက်တောင်မှ စိတ်ပျက်စရာ ကောင်းလိုက်မလဲ။

ဒါကြောင့် လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို မာကျောအောင် လုပ်နိုင်ရင် နောက်ပိုင်းမှာ အဆင့်မြင့်မားတဲ့ လူတစ်ယောက်အဖြစ်ကို ရောက်ရှိနိုင်ပါတယ်။ ၎င်းက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို ကျစ်လျစ်သိပ်သည်းအောင် လုပ်တဲ့ အရာနဲ့ တူညီပါတယ်။ ဒါပေမဲ့ ချဉ်းကပ်တဲ့ နည်းလမ်းခြင်းပဲ ကွာခြားတာပဲ ဖြစ်ပါတယ်။

ပန်းဖူးအဆင့်ကပဲ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို အသုံးပြုလို့

ရနိုင်တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့က သေမျိုးအဆင့်ကို ဖိနှိပ်ပြီးတော့ သူတို့ရဲ့ စိတ်ဝိညာဉ် ပလ္လင်အပေါ်မှာ မိုးကောင်းကင်ပန်းပွင့်တစ်ပွင့်ကို ပွင့်ဖူးပြီး အဆုံးမရှိတဲ့ အသက်စွမ်းအင်ကို ပေးစွမ်းနိုင်ပါတယ်။ တခြားသူတွေ အတွက်ဆိုရင်တော့ ဒီဆေးလုံးက သေခြင်းတရားကို ပို့ဆောင်ပေးနိုင်ပါတယ်။

လင်းဟန်က ကျေနပ်ပီတိဖြစ်ပြီးတော့ ပြုံးလိုက်သည်။ ဒီအရိုးဖြစ်ပေါ်ခြင်း ဆေးလုံးအတွက် သူက ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲကို လက်ခံဖို့ ဆန္ဒမရှိပါဘူး။ အနည်းဆုံး ကြယ်နှစ်ပွင့် ဒါမှမဟုတ် ကြယ်သုံးပွင့်အဆင့် မူလစွမ်းအင် ပုံဆောင်ခဲကိုပဲ လက်ခံမှာပါ။ မကြာခင်မှာ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ရောက်တော့မှာ ဖြစ်ပြီးတော့ သူ့အတွက်တော့ ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲရဲ့ အာနိသင်က အတော်လေးကို လျော့နည်းသွားပါလိမ့်မယ်။

စားသောက်ဆိုင်နဲ့ ဆေးဆိုင်ကနေ ရရှိတဲ့ အမြတ်အစွန်းတွေက လွီယုထန်နဲ့ တခြားသူတွေကို သူတို့ရဲ့ ကျင့်ကြံခြင်းအတွက် ထောက်ပံ့ပေးဖို့ လုံလောက်ပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် ရတနာ စံအိမ်ဆီကို

ဦးတည်ပြီးတော့ သွားလိုက်ပြီး အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ထုတ်ယူလိုက်တာနဲ့ ချက်ချင်းဆိုသလို စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အဆင့်မြင့်တဲ့ လူတွေကိုတောင် ဂယက်ရိုက်သွား စေခဲ့ပါတယ်။ ဒီလိုမျိုး ဆေးလုံးက အဆင့်အရမ်းကို မြင့်မားပြီး လေလံတင်ဖို့အတွက် သူတို့အနေနဲ့ အကဲဖြတ်ဖို့ကို မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် အရှင်သခင် တစ်ယောက်ကို အထူးတလည် ဖိတ်ကြားခဲ့ရပါတယ်။

မထင်မှတ်ထားပဲ သူတို့ဖိတ်ခေါ်ထားတဲ့ မှော်ဆေးပညာရှင်ရဲ့ မျိုးရိုးနာမည်က ယွီ ဖြစ်နေပြီး နာမည်ကတော့ ဂျီထောင် လို့ခေါ်ပါတယ်။ သူက ယွီချင်ယွမ်ရဲ့ အဘိုးလည်း ဖြစ်ပါတယ်။

ဒီမြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်က အသက်ခုနစ်ဆယ်ခန့် ရှိပြီးတော့ သူရဲ့ ကျင့်ကြံခြင်း အဆင့်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိနေသေးတာ ဖြစ်ပြီးတော့ သေမျိုးအဆင့်ကို မကျော်လွန်နိုင်သေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နှစ်ပေါင်းသုံးရာ သက်တမ်းအတွက် အသက်ခုနစ်ဆယ်ဆိုတာက လူတစ်ယောက်ရဲ့ ဘဝအစပဲ ရှိပါဦးမယ်။

မျှော်လင့်ချက်က ရှိနေပါသေးတယ်။ သူက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေလို့ပါ။ သူရရှိနိုင်တဲ့ အရင်းအမြစ်တွေက အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ စိတ်ဂိညာဉ် ဆေးလုံးအမျိုးအစား တချို့ကိုလည်း သူက ဖော်စပ်နိုင်ပါသေးတယ်။ ဒါက သူ့ကို ပန်းဖူးအဆင့်ကို တစ်ဟုန်ထိုး တိုးဂင်ရောက်အောင်လို့ ထောက်ပံ့ပေးနိုင်ပါလိမ့်မယ်။

အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ကြည့်ပြီးတော့ ဒီအဘိုးကြီးက အတော်လေးကို အံ့အားသင့် နေခဲ့ပါတယ်။ ဒီဆေးလုံးက မြေကမ္ဘာအဆင့်နိမ့် ဆေးလုံးဖြစ်ပြီးတော့ သူကိုယ်တိုင်လည်း ဖော်စပ်နိုင်ပါတယ်။ ဒါပေမဲ့ ဆေးပုလင်းအဖုံးကို ဖွင့်လိုက်တဲ့ အခါမှာတော့ အဘိုးကြီးက ရုတ်တရက် အလန့်တကြား ဖြစ်သွားပြီး အချိန်အတော်ကြာသည့်တိုင်အောင် အရမ်းကို စိတ်လှုပ်ရှားနေတဲ့ အမူအရာ ဖြစ်ပေါ်နေပါတယ်။

"ဆရာသခင်ယို"

စိတ်ဂိညာဉ် ရတနာ စံအိမ်က လူတစ်ယောက်က အသာလေး ခေါ်လိုက်ပါတယ်။

နောက်ဆုံးတော့ ယွီဂျီထောင်က သတိပြန်ဝင်လာပြီး ပြောလိုက်သည်။

"ဒီဆေးပုလင်းထဲက အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးရဲ့ အရည်အသွေးက အရမ်းကို မြင့်မားပြီး ဒီအဘိုးကြီးကိုတောင်မှ ခဏတဖြုတ် မှင်တက်အံ့သြ သွားစေခဲ့တယ်"

"ဘယ်လောက်မြင့်မားလဲ"

စိတ်ဂိညာဉ် ရတနာ စံအိမ်က လူတစ်ယောက်က မေးလိုက်သည်။ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးက အရမ်းကို အရေးပါတယ် ဆိုပေမဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေ အတွက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြေကျွှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အရှေ့မှာတော့ သူတို့ကိုယ် သူတို အတော်လေးကို နှိမ့်ချပြီး နေရပါတယ်။

ဒီပန်းဖူးအဆင့် လက်ရွေးစင်ရဲ့ နာမည်က လီဖေးချန် လို့ ခေါ်ပါတယ်။

ယွီဂျီထောင်က တစ်ခဏမျှ ချင့်ချိန်စဉ်းစားပြီးတော့ တွက်ချက်လိုက်ပါတယ်။

"အရည်အသွေးက ကြယ်ဆယ့်သုံးလုံး ဒါမှမဟုတ် ကြယ်ဆယ့်လေးလုံးတောင် ရှိတယ်"

လီဖေးချန်က ချက်ချင်းဆိုသလို အံ့အားသင့် သွားခဲ့ပါတယ်။ သူရဲ့မျက်လုံးတွေက လိုချင်တပ်မက်မှုတွေ လောင်ကျွမ်းလို့ နေပါတယ်။ သူက ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို လိုအပ်တယ်ဆိုတာ သိသာပါတယ်။ ကြယ်ဆယ်သုံးလုံး ဒါမှမဟုတ် ဆယ့်လေးလုံး အရည်အသွေး ရှိတဲ့ ဆေးလုံးက သူ့ကိုတောင် လက်မလွှတ်စတမ်း ရယူဖို့ တိုက်တွန်းလှုံ့ဆော်နေပါတယ်။

"လူငယ်လေး ဒီဆေးလုံးက မင်းတို့ဂိုဏ်းက အကြီးအကဲတစ်ယောက်က ဖော်စပ်ထားတာလား"

ယွီဂျီထောင်က လင်းဟာန်ကို ကြည့်လိုက်ပါတယ်။ သူက ဒီအရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်တဲ့ မှော်ဆေးပညာရှင်နဲ့ သိကျွမ်းခင်မင်အောင် လုပ်ရပါမယ်။ တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးခွင့်သာ ရှိမယ်ဆိုရင် သူရဲ့ နည်းစနစ်တွေ တိုးတက်လာနိုင်ပါတယ်။

တကယ်လို့ သူသာဆိုရင် အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်မယ်ဆို အများဆုံး ကြယ်ခြောက်လုံး အရည်အသွေးပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ဒီဆေးလုံးတွေကို ဖော်စပ်တာက ကျနော်ပဲဆိုရင် ခင်ဗျားတို့က ယုံကြည်နိုင် ပါ့မလား"

"ဟားဟားဟားဟားဟား"

ယွီဂျီထောင်နဲ့ လီဖေးချန်တို့က တစ်ပြိုင်နက်တည်း ရယ်မောလိုက်ပါတယ်။ ဒါက တကယ့်ကို ဟာသတစ်ပုဒ် ဖြစ်ပါတယ်။ အသက်ဆယ့်ခုနစ်နှစ် လူငယ်တစ်ယောက်က မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးလုံးလည်း ဖြစ်တဲ့အပြင် အရည်အသွေးက အနည်းဆုံး ကြယ်ဆယ့်သုံးလုံး အဆင့်ရှိတဲ့ အရာကို ဖော်စပ်နိုင်တယ်ဆိုပဲ။ ဒါက ဘယ်လိုမှကို တွဲဖက်လို့ မရတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်လည်း ရယ်မောပြီးတော့ သူ့ဂုဏ်စုံထဲက အသိအမှတ်ပြု ပုံဆောင်ခဲတစ်ခု ပါဝင်တဲ့ ရွှေရောင်အိတ်တစ်လုံးကို ဆွဲထုတ်လိုက်ပြီးတော့ ၎င်းကို

အသက်သွင်းပြီး သူရဲ့ အသိအမှတ်ပြု အချက်လက်တွေကို ဖော်ပြလိုက်ပါတယ်။

လီဖေးချန်နဲ့ ယွီဂျီထောင်တို့ နှစ်ယောက်စလုံးပဲ ရယ်မောနေရာကနေ ရုတ်တရက် ရပ်သွားကြပါတယ်။

"မင်းက အဲဒီ လင်းဟန်လား"

ယွီဂျီထောင်က အထိတ်တလန့်နဲ့ အော်လိုက်သည်။ လွန်ခဲ့တဲ့ လတွေတုန်းက လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် စစ်မှန်ကြောင်း သက်သေပြခဲ့တဲ့ အချိန်တုန်းက အဲဒီသတင်းက မြောက်ပိုင်းဆေးစံအိမ်ထိ ပျံ့နှံ့ခဲ့ပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ စကားတစ်ခွန်းပဲ ရှိပါတယ်။ မဖြစ်နိုင်ဘူး။

အသက်ဆယ့်ခုနစ်နှစ် လူငယ်တစ်ယောက်က မြေကမ္ဘာအဆင့် မှော်ဆေးလုံးကို အမှန်တကယ်ပဲ ဖော်စပ်နိုင်သလား။ ဒါပေမဲ့လည်း မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် သုံးယောက်က ပူးပေါင်းပြီး ထောက်ခံချက် ပေးထားတဲ့အတွက် သူတို့အနေနဲ့ သံသယတွေ ရှိနေရင်တောင်မှ ယုံကြည်လို့ပဲ ရနိုင်ပါတယ်။

သမိုင်းမှာ အငယ်ဆုံး မြေကျွမ်းအဆင့် မှော်ဆေးပညာရှင်က တကယ်ပဲ ပေါ်ထွက်လာလိမ့်မယ်လို့ သူတို့တွေ လုံးဝကို မထင်ထားကြပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော်က အဲဒီ လင်းဟန်ပဲ"

ယွီဂျီထောင်က သံသယ မရှိတော့ပါဘူး။ မြောက်ပိုင်းဒေသမှ မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တော်တော်များများ ရှိပါတယ်။ သူရဲ့လက်ချောင်းတွေကို အသုံးပြုပြီးတော့ ဒီလူတွေကို ရေတွက်နိုင်ပါတယ်။ ပြီးတော့ ကြယ်ဆယ့်သုံးလုံး အရည်အသွေးရှိတဲ့ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်ဖို့က အဆင့်မြင့် မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကပဲ ပြုလုပ်နိုင်ပါတယ်။

အဲဒီလူတွေက ပိုပြီးတော့တောင် ရှားပါးပြီးတော့ လက်တစ်ဖက်နဲ့ ရေတွက်လို့ ရနိုင်ပြီး အားလုံးကလည်း မြောက်ပိုင်းဆေးစံအိမ်အတွက် အလုပ်လုပ်နေကြပြီး သူတို့က ကောင်းကင်အဆင့်ကို ရောက်ဖို့အတွက် ကြိုးစားနေကြတာဖြစ်ပါတယ်။ ဘယ်သူကများ ပျင်းရိပြီး အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်လိမ့်မလဲ။

နောက်ပြီးတော့ ဒီအရိုးဖြစ်ပေါ်ခြင်း ဆေးလုံးသုံးလုံးက အရမ်းကို လတ်ဆတ်ပြီး အခုမှ ဆေးကျိုအိုးထဲကနေ ထုတ်ယူပြီးတော့ သယ်လာတဲ့ အငွေ့အသက်မျိုး ရှိနေပါတယ်။ နောက်ပြီး အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တစ်ယောက်ရဲ့ အလုပ်တစ်ခုလည်း မဖြစ်နိုင်ပါဘူး။

အပိုင်း(၃၈၁) အနောင့်အယှက်တစ်ခု နောက်တစ်ကြိမ် ဖြစ်ခြင်း

"ဆရာသခင်လင်းရဲ့ အကြောင်းကို ကြားဖူးနေတာ အတော်ကို ကြာပါပြီ။ ဒီနေ့တွေ့လိုက်ရမှပဲ ဆရာလေးရဲ့ ကျော်ကြားမှုက လုံးဝကို သံသယရှိစရာ မလိုပါဘူး။ ဒီအဘိုးကြီးက တကယ်ပဲ လေးစားအားကျပြီး အထင်ကြီးမိပါတယ်"

ယွီဂျီထောင်က ချက်ချင်းပဲ သူရဲ့လက်တွေကို ဆုပ်ပြီး အရမ်းကို ယဉ်ကျေးတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

သူတို့နှစ်ယောက်စလုံးက အဆင့်နိမ့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေ ဆိုပေမဲ့ သူက ကြယ်ဆယ့်သုံးလုံး

အရည်အသွေးရှိတဲ့ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို မဖော်စပ်နိုင်ပါဘူး။ ဒါက လင်းဟာန်ရဲ့ မှော်ဆေးပညာ စွမ်းဆောင်ရည်က အဆင့်နိမ့်မြေကဘ္ဘာအဆင့်ထက် အများကြီး သာလွန်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ သူရဲ့ကျင့်ကြံခြင်းအဆင့် အကန့်အသတ်ကြောင့်သာ မီးတောက်ရဲ့ အဆုံးမဲ့ အစွမ်းက တိုးမလာခဲ့တာပါ။ ဒါကြောင့် သူ့အနေနဲ့ ဒီအဆင့်မှာပဲ လောလောဆယ် ရပ်တန့်နေရတာ ဖြစ်နိုင်ပါတယ်။

ဒီလိုမျိုး မှော်ဆေးပညာ ပါရမီရှင် တစ်ယောက်က အနာဂတ်မှာ သေချာပေါက် ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

"ဆရာသခင်လင်း"

လီဖေးချန်ကလည်း သူရဲ့လက်တွေကို ဆုပ်ပြီးတော့ ဂါရဝ ပြုလိုက်ပါတယ်။ သူရဲ့ သိုင်းပညာ အဆင့်က လင်းဟာန်နဲ့ ယွီဂျီထောင်တို့ထက် လုံးဝကို သာလွန်တယ်ဆိုပေမဲ့ ဒီလူနှစ်ယောက်ရဲ့ မှော်ဆေးပညာ အောင်မြင်မှုတွေက အံ့မခန်းလောက်စရာ ကောင်းပြီးတော့ သူနဲ့အတူ ရပ်တည်ဖို့ လုံလောက်တဲ့ အစွမ်းရှိပါတယ်။

မော်ဆေးပညာရှင်တွေကို သာမန်လူတွေရဲ့ အနောက်မှာ ရပ်နေအောင်လို့ ဘယ်သူက လုပ်နိုင်မှာလဲ။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

"ကျနော် ဒီမှာ ရှိနေတယ် ဆိုတဲ့ အကြောင်းကို ဘယ်သူ့ကိုမှ မသိပါစေနဲ့။ လျှို့ဝှက်ထားပေးပါ"

သူ့အနေနဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကြည့်တွေ ကျရောက်လာမှာကို မလိုလားပါဘူး။ ဒီဂိုဏ်းက မြေအောက်မှာ ဘယ်လောက်တောင် အမြစ်တွယ်နေပြီလဲ ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ ပြီးတော့ ၎င်းရဲ့ အစွမ်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနိုင်ပါတယ်။

"ဟုတ်ကဲ့ပါ"

ယွီဂျီထောင်နဲ့ လီဖေးချန်တို့ နှစ်ယောက်စလုံးပဲ ဘာမှ မမေးမြန်းပဲနဲ့ ခေါင်းညိတ်လိုက်ကြပါတယ်။

လင်းဟန်ရဲ့ နောက်ခံနဲ့ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးရဲ့ အရည်အသွေးကို ယွီဂျီထောင်က သက်သေပြုပြီးတဲ့

နောက်မှာတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်အနေနဲ့ သံသယ မရှိတော့ပါဘူး။ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးသုံးလုံးကို နောက်လေလံပွဲရဲ့ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး နေရာမှာ ပြသထားလိုက်ပါတယ်။

"ဆရာသခင်လင်း ငါတို့တွေ မှော်ဆေးပညာ အကြောင်းကို ဆွေးနွေးဖို့အတွက် အချိန်လေးများ ရနိုင်မလား"

ယွီဂျီထောင်က ပြောလိုက်သည်။

"ရတာပေါ့"

လင်းဟန်က ခေါင်းညိတ်လိုက်သည်။

"ကျုပ် စားသောက်ဆိုင်တစ်ခု ဖွင့်ထားတယ်။ အဲဒီကိုပဲ သွားကြတာပေါ့"

လင်းဟန်က သူရဲ့ အကြောင်းကို သိသွားပြီဆိုတော့ သူ့အနေနဲ့ ယွီဂျီထောင်နဲ့ ခင်မင်ရင်းနှီးဖို့ ဆန္ဒရှိနေပါတယ်။

"ဆရာသခင်လင်း သဘောပါပဲ"

ယွီဂျီထောင်က အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။ သူ့အတွက်တော့ ဘယ်နေရာမှာပဲ စားစား အရေးမကြီးပါဘူး။ လင်းဟန်နဲ့ မှော်ဆေးပညာအကြောင်း ဆွေးနွေးချင်တာက အဓိက အချက်ပဲ ဖြစ်ပါတယ်။ လင်းဟန်က ကြယ်ဆယ့်သုံးလုံး အရည်အသွေးရှိတဲ့ အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးကို ဖော်စပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူရဲ့မှော်ဆေးပညာ နည်းစနစ်တွေက သူ့ထက်အများကြီး သာလွန်တယ်ဆိုတာ အသိသာကြီးပါ။ တကယ်လို့ အခွင့်အရေးကို အသုံးချပြီးတော့ အကြံဉာဏ် မတောင်းနိုင်ခဲ့ဘူးဆိုရင် သူက တကယ့်ကို တုံးအတဲ့ လူတစ်ယောက် ဖြစ်ပါလိမ့်မယ်။

သူတို့နှစ်ယောက်က ဘယ်တော့မှ မမေ့ပါနဲ့ စားသောက်ဆိုင်ကို ထွက်လာခဲ့ ကြပါတယ်။ လင်းဟန်က မီးဖိုချောင်ထဲကို ဝင်ပြီးတော့ အစားအသောက်တွေကို ပြင်ဆင်လိုက်ပါတယ်။ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေကို စားသုံးပြီး ကြီးထွားဖွံ့ဖြိုးလာတဲ့ အဆင့်နှစ် သမင်သားရဲကို လှီးဖြတ်ပြီး ရေနွေးဆူဆူထဲ ထည့်ပြုတ်ပြီးတော့ အရသာရှိတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေကို ထည့်သွင်းချက်ပြုတ်လိုက်ပါတယ်။

ခန့်မှန်းထားတဲ့ အတိုင်း ယွီဂျီထောင် မြည်းစမ်းပြီးတော့ သူရဲ့ အသက်အရွယ်ကိုတောင် ဂရုမစိုက်တော့ပဲ တူနစ်ချောင်းကို မနားတမ်းသုံးပြီးတော့ စားသုံးနေလိုက်တာ လင်းဟန်ကိုတောင် မှော်ဆေးပညာမှာ အကြံဉာဏ်တောင်းဆိုဖို့ကို မေ့သွားတဲ့အထိ ဖြစ်သွားပါတယ်။

လင်းဟန် ပြန်ရောက်လာတာကို သိတာနဲ့ လွီယုထန်နဲ့ တခြားသူတွေလည်း ရောက်လာခဲ့ ကြပါတယ်။ လင်းဟန်က ယွီဂျီထောင်နဲ့ အားလုံးကို မိတ်ဆက်ပေးလိုက်သည်။ အားလုံးက ထိုင်ပြီးတော့ စားသောက်ကြတဲ့ အချိန်မှာ ဟူးညိုရဲ့ အစားအသောက် လောဘကြီးမှုက ယွီဂျီထောင်ကို အံ့အားသင့် သွားစေခဲ့ပါတယ်။ ယွီဂျီထောင် အတော်လေးကို ခေါင်းရှုပ်သွားပြီး ထိတ်လန့်တကြား ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဟူးညိုနဲ့ ပြိုင်ပြီးတော့ အစားအသောက်ကို လုလို့ မရနိုင်အောင် ဖြစ်နေလို့ပါပဲ။

သူတို့တွေ ဗိုက်ဂလသွားပြီးတော့မှပဲ ယွီဂျီထောင်က နောက်ဆုံးမှာ သူလာရင်းကိစ္စကို သတိရပြီး လင်းဟန်ကို အလျှင်အမြန်ပဲ ဂါရဝပြုပြီး မှော်ဆေးပညာ နည်းစနစ်တွေကို မေးမြန်းပါတယ်။

လင်းဟန်ကတော့ သာမန်ကာလျှံကာပြောတာ ဖြစ်ပေမဲ့ မှော်ဆေးပညာရဲ့ ကြီးကျယ်မြင့်မြတ်သူ ပြောတဲ့စကားလုံးတိုင်းက ကျောက်မျက်ရတနာတွေလိုပါပဲ။ သိပ်မကြာခင်မှာပဲ ယွီဂျီထောင်က သူ့ရဲ့ အဆင့်အတန်းကို မေ့သွားပြီးတော့ လင်းဟန်ရဲ့ဘေးမှာ ယခုမှ မှော်ဆေးပညာကို ပညာသင်ကာစ ကောင်လေးတစ်ယောက်လိုမျိုး ရိုရိုသေသေနဲ့ မတ်တတ်ရပ်ပြီးတော့ သူဆရာဖြစ်သူရဲ့ သင်ကြားမှုတွေကို လေးလေးစားစားနဲ့ နားထောင်နေပါတယ်။

ယွီဂျီထောင်ရဲ့ မျက်လုံးထဲမှာတော့ လင်းဟန်ရဲ့ အဆင့်အတန်းက အဆုံးအစမရှိအောင် မြင့်တက်သွားခဲ့ပြီး တခြား အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ငါးယောက်ထက် သာလွန်ပြီး ကောင်းကင်အဆင့် ဆရာသခင်တစ်ယောက်လိုမျိုးတောင် ထင်မြင်လာခဲ့ပါတယ်။

သူက အဲဒီ အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ငါးယောက်ရဲ့ မှော်ဆေးပညာအပေါ် အမြင်တွေကို ကြားခဲ့ဖူးပါတယ်။ ဒါပေမဲ့ လင်းဟန်နဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် ဘယ်သူကမှ နက်နက်ရှိုင်းရှိုင်း နားမလည်ကြသလို ကွာခြားချက်က ကောင်းကင်နဲ့ မြေကြီးနီးပါး ရှိပါတယ်။

ဒီတစ်ယောက်က မှော်ဆေးပညာရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင်တစ်ယောက် ပြန်လည်မွေးဖွားလာတာ ဖြစ်နိုင်မလား။ ဒါမှမဟုတ်ရင် ဘယ်လိုလုပ်ပြီး အသက်ဆယ့်ခုနစ်နှစ်နဲ့ မှော်ဆေးပညာရပ်ကို အံ့မခန်းလောက်စရာ ကောင်းလောက်အောင် နားလည်နေရတာလဲ။

မပြောပဲနဲ့ကို သူက အမှန်တကယ်ပဲ ခန့်မှန်းလိုက်ပါတယ်။

ဒုန်း ဒုန်း ဒုန်း ဒုန်း

အဲဒီအချိန်မှာပဲ အောက်ထပ်ကနေ ဆူညံပွက်လောရိုက်သံ တစ်ခု ထွက်ပေါ်လာခဲ့ပြီး လင်းဟန်က မှော်ဆေးပညာ အကြောင်းကို ဆွေးနွေးနေရာကနေ ရပ်လိုက်ပါတယ်။

ယွီဂျီထောင်က လေးလေးနက်နက်နဲ့ နားထောင်နေခဲ့တာပါ။ တကယ်လို့ တံခါးကို ဖြေးညှင်းစွာနဲ့ တွန်းဖွင့်လိုက်မယ်ဆိုရင် သူက အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် အရှင်သခင် တစ်ယောက် ဖြစ်သွားပါလိမ့်မယ်။ ကျင့်ကြံခြင်းအဆင့် အကန့်အသတ်ကြောင့် သူ့အနေနဲ့ ဒီအချိန်မှာ အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေကို

မဖော်စပ်သေးနိုင်ပေမဲ့ သူသာ ပန်းဖူးအဆင့်ကို ရောက်သွားတဲ့ အချိန်ဆိုရင် အရာအားလုံးက အရမ်းကို လွယ်ကူနေပါ လိမ့်မယ်။

ဒါက လင်းဟန်နဲ့ အတူတူပါပဲ။ လင်းဟန်ဆိုရင် ယခင်ဘဝတုန်းက ကောင်းကင်အဆင့်ရဲ့ သိုင်းပညာရပ်တွေမှာ နားလည်နိုင်စွမ်း ရှိခဲ့ပြီးတော့ အခုချိန်မှာ ကျင့်ကြံခြင်းကို စဆောင်းဖို့ပဲ လိုတာပါ။ လုံလောက်တဲ့ ကျင့်ကြံခြင်း ရှိတာနဲ့ သူက ချောချောမွေ့မွေ့ အဆင့်တက်သွား ပါလိမ့်မယ်။

ယွီဂျီဗထောင်က ချက်ချင်းဆိုသလို ဒေါသအကြီးအကျယ် ထွက်သွားပြီးတော့ သူရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပျံ့နှံ့လို့ လာပါတယ်။ သူက ချက်ချင်းဆိုသလို ဆရာသခင်လင်းကို ဂင်ရောက်စွက်ဖက်တဲ့ လူကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် လုပ်ပစ်ချင်စိတ်တွေ ပေါက်နေပါတယ်။

"ကျနော် တစ်ချက်သွားကြည့်လိုက်မယ်"

ကျူးပူကျို့က ပြောပြီးတော့ အခန်းထဲကနေ ထွက်သွားလိုက်ပါတယ်။

အောက်ထပ်ကို ရောက်တဲ့အခါမှာ လူငယ်နှစ်ယောက်က ညှော်သည်စောင့်တဲ့ အခန်းမှာ ရပ်နေတာကို တွေ့လိုက်ရပါတယ်။ သူတို့က နောက်လိုက်တော်တော်များများကို ခေါ်လာပြီးတော့ ညှော်သည်တွေကို မောင်းထုတ်နေကြပါတယ်။ သူတို့အားလုံးကို ကြည့်ရတာက ရက်စက်ကြမ်းကြုတ်ပုံ ရပြီးတော့ စားသောက်ဆိုင် ဂန်ထမ်းတွေတောင်မှ အရှေ့ကို ထွက်ပြီးတော့ မတားဆီးပုံကြပါဘူး။

ကျူးပုကျို့က လူငယ်နှစ်ယောက်ထဲက တစ်ယောက်ကို မှတ်မိသွားခဲ့ပါတယ်။ အဲဒီလူငယ်က လန်ကျွင့်ချိုက်ပဲ ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်သာ ရှိနေမယ်ဆိုရင် နောက်ထပ် လူငယ်တစ်ယောက်ကိုလည်း မှတ်မိပါလိမ့်မယ်။ လန်ကျွင့်ချိုက်ရဲ့ ဆရာသခင်ဖြစ်တဲ့ ယွီချင်ယွမ်ပဲ ဖြစ်ပါတယ်။

လန်ကျွင့်ချိုက်ရဲ့ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်ကို သိမ်းပိုက်မဲ့ အကြံအစည်က လက်မလျှော့သေးဘူးဆိုတာ သိသာပါတယ်။ ဒီစားသောက်ဆိုင်ကို ရရှိတာက ရွှေတောင်ကြီး တစ်ခုကို ရလိုက်တာနဲ့ ညီမျှပါတယ်။ သူ့အနေနဲ့ ဒီရွှေတောင်ကြီးကို မရဘူးဆိုတာ မဖြစ်နိုင်ဘူးလို့

လုံး၊ ထင်မှတ်မထားပါဘူး။ ဒါပေမဲ့ သူရဲ့ မူလစွမ်းအင် ပုံဆောင်ခဲ လေးထောင်ကျော်လည်း ထုတ်ပေးလိုက်ရပါတယ်။

လင်းဟန်မှာ ကုန်းယဲ့ထျန်းရဲ့ အထောက်အပံ့ရှိတယ်ဆိုတာကို သူသိထားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဆန့်ကျင်လို့ မရဘူးဆိုတာ နားလည်ထားပါတယ်။ ဒါကြောင့် ယွီချင်ယွမ်ကို သွားရှာပြီး ပြောလိုက်တဲ့ အခါမှာ ယွီချင်ယွမ်က အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ လှုပ်ရှားလာခဲ့ပါတယ်။

ရွှေတောင်တစ်လုံး ဘယ်သူကများ မလိုချင်ပဲ နေမှာလဲ။

လန်ကျွင့်ချိုက်က ကုန်းယဲ့ထျန်းကို ကြောက်ရွံ့နေပေမဲ့ သူက ကြောက်ရမှာလား။ မဖြစ်နိုင်တာ။

ဒီတစ်ကြိမ်မှာတော့ သူတို့မိသားစုမှာ အလုပ်လုပ်နေတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ကိုပါ ခေါ်လာခဲ့ပါတယ်။ လက်ရွေးစင် တစ်ယောက်ရဲ့ အကူအညီနဲ့ဆိုရင် လင်းဟန်ကို အတင်းအကျပ် ခေါင်းငုံ့ခိုင်းဖို့ကတော့ သူ့အနေနဲ့ ကြောက်ရွံ့နေစရာ မလိုပါဘူး။

"သွားစမ်း။ မင်းရဲ့သူဌေးကိုခေါ်ပြီးတော့ သခင်လေးယွီကို လာနှုတ်ဆက်ခိုင်းလိုက်"

လန်ကျွင့်ချိုက်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူရဲ့စိတ်ထဲမှာတော့ အရမ်းကို စိတ်ပျက်နေပါတယ်။ ဒီရွှေတောင်ကြီးက သူ့ဟာပါ။ သူ့ရွှေတောင်ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ ယွီချင်ယွမ်က လှုပ်ရှားလာပြီ ဆိုမှတော့ သူ့အနေနဲ့ စွပ်ပြုတ်အိုးထဲက အကြွင်းအကျန်လောက်ပဲ သောက်ရပါလိမ့်မယ်။ ပြီးတော့ ချောမောလှပတဲ့ မိန်းကလေးကိုလည်း သူ့အနေနဲ့ ဂေစုတောင် ရမှာမဟုတ်တော့ပါဘူး။ တကယ်လို့ သူသာ အကျိုးအမြတ်ရဲ့ အစိတ်အပိုင်း တစ်ခုလောက်ပဲ ရရှိခဲ့မယ် ဆိုရင်တောင်မှ ဒါက တစ်စုံတစ်ခု မှားယွင်းနေတဲ့ အတွက်ကြောင့် မိုးကောင်းကင်ကို ကျေးဇူးတောင် တင်ရပါလိမ့်မယ်။

ယွီချင်ယွမ်က သဘောထားကြီးတတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ပြီးတော့ လန်ကျွင့်ချိုက်က ဒီကိစ္စမှာ ဘာမှ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

ကျူးပုကျို့က အောက်ထပ်ကို ဆင်းလာပြီးတော့

ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေကို ဒီနေရာက မကြိုဆိုင်ဘူး။ ထွက်သွားကြစမ်း"

"ဟားဟားဟား ဘယ်အချိန်တုန်းကများ နွေဦးစမ်းရေ အဆင့်ပဲရှိတဲ့ လူတစ်ယောက်က ဒီလောက်တောင် မောက်မာဂင့်ကြွားသွားရတာလဲ"

လန်ကျွင့်ချိုက်က လှောင်ပြုံးပြုံးလိုက်ပါတယ်။

"ငါမင်းကိုပြောဦးမယ်။ ဒီနေ့ ဒီနေရာကို ဘယ်သူပဲလာလာ အသုံးမဂင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သခင်လေးယွီက ဒီနေရာမှာ ရှိနေလို့ပဲ"

သူက ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

ယန်စွမ်းအားမြင့်မြို့ထဲမှာ ယွီချင်ယွမ်ကို မျက်နှာသာ မပေးတဲ့ ဒုတိယမျိုးဆက်တွေ သိပ်မရှိပါဘူး။ ပြီးတော့ လင်းဟန်ကလည်း သူတို့ထဲက တစ်ယောက်ပဲ မဟုတ်လား။ ကုန်းယဲ့ထျန်းက လင်းဟန်ကို အစွမ်းကုန် ကာကွယ်ဖို့ ဆန္ဒရှိနေရင်တောင်မှ ယွီချင်ယွမ်ကို တားဆီးနိုင်လိမ့်မှာ

မဟုတ်ပါဘူး။

တကယ်တော့ ကုန်းယဲ့ထျန်းက ဒီစားသောက်ဆိုင်မှာ အမြဲတမ်း နေနိုင်ဖို့တာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဟုတ်တယ်မလား။

ကျူးပူကျိုကတော့ အရမ်းကို အူမြူးနေပါတယ်။ သူက ယွီဂျီထောင်ရဲ့ အကြောင်းကို သိထားပြီး ယွီဂျီထောင်က ယွီချင်ယွမ်ရဲ့ အဘိုးလည်း ဖြစ်ပြီးတော့ ယွီမိသားစုရဲ့ ထောက်တိုင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဘိုးကြီးယွီက လင်းဟန်ရဲ့ ဘေးမှာ အခုဆိုရင် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရပ်နေပြီးတော့ လင်းဟန်ရဲ့ မော်ဆေးပညာသင်တစ်ယောက်လိုမျိုး နာခံလျက် ရှိပါတယ်။ ယွီချင်ယွမ်က ပိုပြီးတော့ အထိန်းအကွပ်မဲ့ ကြမ်းတမ်းလေသူ့အနေနဲ့ နောက်ပိုင်းမှာ ငိုကြွေးရပါလိမ့်မယ်။

သူတို့ကို သတိပေးဖို့ ဆန္ဒ နည်းနည်းလေးမှ မရှိတဲ့အတွက် ဖြည်းညှင်းစွာနဲ့ ပြောလိုက်ပါတယ်။

"သခင်လေးယွီ ဟုတ်လား။ ဟီးဟီး။ ယန်စွမ်းအားမြင့်မြို့မှာ ပုန်းကွယ်နေတဲ့ ထူးချွန်ထက်မြက်တဲ့ သူတွေအများကြီး ရှိနေတယ်။ ကိုယ့်ကိုကိုယ် နှိမ့်ချပြီးတော့ နေတာက

ပိုပြီးတော့ ကောင်းလိမ့်မယ်နော်”

“မင်းက တကယ်ပဲ လူတွေကို ရယ်မောအောင် လုပ်နိုင်တာပဲ။ နွေဦးစမ်းရေအဆင့် ကျင့်ကြံသူ တစ်ယောက်က ဒီသခင်လေးကို သင်ခန်းစာပို့ချဖို့တယ် ဟုတ်လား။ သူ့ကို ဆုံးမလိုက်စမ်း”

ယွီချင်ယွမ်က မျက်နှာတင်းတင်းနဲ့ တစ်ချက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင် တစ်ယောက်က ချက်ချင်း ခုန်ထွက်လာပြီးတော့ ကျူးပုကျို့ကို ဖမ်းဖို့ ကြိုးစားလိုက်သည်။

အမှန်တော့ ဒါက အရမ်းအရမ်းကို လွယ်ကူလွန်းပါတယ်။ ကျူးပုကျို့က ချက်ချင်းပဲ ပြိုင်ဘက်ရဲ့ လက်ထဲကို ကျရောက်သွားခဲ့ပါတယ်။

“သူ့ကို ပါးရိုက်လိုက်စမ်း”

ယွီချင်ယွမ်က အေးစက်စွာနဲ့ ပြောလိုက်သည်။

ဖြန်း ဖြန်း ဖြန်း ဖြန်း

စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်က ချက်ချင်းပဲ ကျူးပုကျို့ရဲ့ မျက်နှာကို စတင်ပြီး ရိုက်ပစ်လိုက်ပါတယ်။

ကျူးပုကျို့က အံကိုတင်းတင်း ကြိတ်ထားပြီးတော့ သနားညှာတာဖို့ကို မတောင်းဆိုတဲ့ အပြင် အကူအညီလည်း မအော်ခေါ်ခဲ့ပါဘူး။ သူက ယွီချင်ယွမ်ကို အခက်ကြုံအောင်လို့ ထောင်ချောက် ဆင်နေခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ယွီချင်ယွမ်က ပြဿနာတစ်ခုကို ဖန်တီးလိုက်တဲ့အတွက် ပြင်းထန်တဲ့ ရန်စတစ်ခုတော့ ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူ့ကိုအခုလိုမျိုး ပြင်းပြင်းထန်ထန် ရိုက်နှက်တဲ့အတွက် ယွီဂျီထောင်က ယွီချင်ယွမ်ကို ပေါ့ပေါ့ပါးပါး အပြစ်ပေးပါ့မလား။

လင်းဟန်ရဲ့ စိတ်ပူစရာတွေကို ပြေလျော့သွားအောင်လို့ မကူညီနိုင်တဲ့အတွက် သူ့အနေနဲ့ အမြဲတစေ ရှက်ရွံ့ပြီးတော့ စိတ်ပျက်နေခဲ့ မိပါတယ်။ ဒါကြောင့် ယခုလို အဖြစ်အပျက်မျိုးနဲ့ ကြုံတွေ့ရတဲ့အခါမှာ ယွီချင်ယွမ်ကို ပြဿနာ ဖြစ်ပြီးတော့ ခံစားအောင်လို့ လုပ်ရပါလိမ့်မယ်။

အပိုင်း(၃၈၂) နံရံတစ်ခုကို ဂင်ဆောင့်မိခြင်း

"နွေဦးစမ်းရေအဆင့်ပဲရှိတဲ့ လူတစ်ယောက်က ဒီသခင်လေးရဲ့ အရှေ့မှာ ရိုင်းပျပ့ံတယ်ပေါ့လေ။ ဟင့်။ ဒီသခင်လေးက မင်းကို ဘယ်လိုမျိုး ဆုံးမမလဲ ဆိုတာကို စောင့်ကြည့်နေလိုက်"

ယွီချင်ယွမ်က အရမ်းကို ဒေါသထွက်နေခဲ့ပါတယ်။

လင်းဟန်က သူ့ကို မရိုင်းစိုင်းသေးခင် လင်းဟန်ရဲ့ အစေခံက သူ့ကို ရိုင်းပျနေတာက အလွန်အမင်း ဒေါသထွက်စေခဲ့ပါတယ်။ ဘယ်အချိန်တုန်းက ယွီမိသားစုရဲ့ သခင်လေးကို အခုလိုမျိုး ဆက်ဆံလို့ ရသွားတာလဲ။

ကျူးပုကျို့က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ယွီချင်ယွမ် မင်းဒီအတွက် နောင်တမရစေနဲ့"

"နောင်တ ဟုတ်လား။ သေသင့်တဲ့ ကောင်စုတ်လေး။ မင်းက ဒီသခင်လေးကို ခြိမ်းခြောက်ပံ့တယ်ပေါ့လေ ဟုတ်လား"

ယွီချင်ယွမ်က ဒေါသထွက်ထွက်နဲ့ ရယ်မောပြီးတော့

လန်ကျွင့်ချိုက်ကို ကြည့်လိုက်ပါတယ်။

လန်ကျွင့်ချိုက်က သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်သည်။

"ပိုင်ရှင်က အရှုးဆိုတော့ သူရဲ့ အစေခံတွေကလည်း အရှုးပဲ။ ကြည့်ရတာ ယွီသခင်လေးရဲ့ နောက်ခံကို သိပုံမရဘူး"

သူက ကျူးပုကျို့ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နားထောင်စမ်း။ သခင်လေးယွီရဲ့ အဘိုးက မြေကျွှာအဆင့် မှော်ဆေးပညာရှင် ယွီပဲ။ ကောင်စုတ်လေး မြေကျွှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ရပ်တည်မှုက ဘာလဲဆိုတာကိုရော မင်းသိရဲ့လား။ ပန်းဖူးအဆင့် လက်ရွေးစင်တွေထက်တောင် ကြောက်ဖို့ ကောင်းပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေတောင်မှ ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံရတဲ့ အစွမ်းတောင် ရှိတယ်ကွ"

"ဒူးထောက်ပြီးတော့ လင်းဟန်က ခွေးကောင်လို့ အော်စမ်း။ ဒါဆိုရင် ဒီသခင်လေးက မင်းကို ခွင့်လွှတ်ပေးလိမ့်မယ်"

ယွီချင်ယွမ်က ရယ်မောလိုက်ပါတယ်။ ဒီနေ့ သူလာခဲ့ရတဲ့

အဓိက အချက်က လင်းဟန်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်ဖို့ဖြစ်ပြီးတော့ ဒီစားသောက်ဆိုင်ကို လင်းဟန်ဆီကနေ လက်ပြောင်းရယူဖို့ ဖြစ်ပါတယ်။

"ကောင်းပြီလေ"

ကျူးပုကျို့က ပြည့်ပြည့်ဂဂနဲ့ သဘောတူလိုက်ပါတယ်။

ယွီချင်းယွမ်နဲ့ လန်ကျွင့်ချိုက်တို့ နှစ်ယောက်စလုံး အထိတ်တလန့် ဖြစ်သွားခဲ့သည်။ ဘယ်လိုလုပ်ပြီး သူက လျင်လျင်မြန်မြန်နဲ့ ဂန်ခံနေရတာလဲ။ အစောတုန်းကပဲ ဒီကောင်က မောက်မာ ဂင့်ကြွားနေတာ မဟုတ်လား။ ဖြစ်နိုင်တာက ယွီချင်ယွမ်ရဲ့ နောက်ခံကို နောက်ဆုံးမှာ သိလိုက်ရပြီးတော့ ကြောက်ရွံ့ထိတ်လန့် သွားတာများလား။

"ဒါဆိုလည်း စတော့"

ယွီချင်ယွမ်က ပြောလိုက်ပါတယ်။

သူက ပဟေဠိ ဖြစ်နေပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ လင်းဟန်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်နိုင်သရွေ့တော့ ကိစ္စမရှိပါဘူး။ အစေခံတစ်ယောက်ရဲ့

သစ္စာဖောက်ခြင်းကို ခံရတာက အတော်လေးကို စိတ်ပျက်စရာ ကောင်းလွန်းတယ် မဟုတ်ပါလား။

ကျူးပုကျို့က အော်ဟစ်ဖို့အတွက် အသက်ကို ပြင်းပြင်းရှူလိုက်ပါတယ်။

"ဒူးထောက်စမ်း"

လန်ကျွင့်ချိုက်က အလျင်အမြန်ပဲ ပြောပြီးတော့ ကျူးပုကျို့ကို ဒူးထောက်ခိုင်းဖို့ အရှေ့ကို တိုးလာခဲ့ပါတယ်။

"ထားလိုက်ပါ"

ယွီချင်ယွမ်က သူရဲ့လက်ကို ထောင်ပြီးတော့ တားလိုက်ပါတယ်။

"ယွီချင်ယွမ် ခွေးကောင်။ ယွီချင်ယွမ် ခွေးကောင်။ ယွီချင်ယွမ် ခွေးကောင်"

ကျူးပုကျို့က အော်ဟစ်လိုက်ပါတယ်။ သူရဲ့အသံက အတားအဆီးမဲ့စွာနဲ့ ပဲ့တင်သံတွေပါ ထွက်ကုန်ပါတယ်။

"လဖြွတ်ပဲ"

"မင်းသေချင်နေပြီလား"

ယွီချင်ယွမ်နဲ့ လန်ကျွင့်ချိုက်တို့ နှစ်ယောက်စလုံးက တစ်ပြိုင်နက်တည်း စိန်းစိန်းဝါးဝါးနဲ့ ကြည့်လိုက်ကြပါတယ်။ သူတို့ပုံစံကို ကြည့်ရတာ အရမ်းကို ဒေါသထွက်နေပုံ ရပါတယ်။ ဒီကောင်စုတ်က သူတို့ကို လှည့်စားပုံ့တယ်လား။

"မင်းသေပြီသာမှတ်။ သေချာပေါက် သေရမယ်"

ယွီချင်ယွမ်က အော်ဟစ်လိုက်သည်။

"သူ့ကိုသတ်ပစ်လိုက်စမ်း"

သူရဲ့နောက်လိုက်တွေက တုံ့ဆိုင်းသွားခဲ့ပါတယ်။ ကိုယ့်ကိုကိုယ် ကာကွယ်တဲ့ အနေနဲ့ တခြားသူကို သတ်လိုက်တာက ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် တခြားလူကို သတ်ပစ်လိုက်တာက အကြောင်းအရာခြင်း မတူပါဘူး။ ယန်စွမ်းအားမြင့်မြို့မှာ ကိုယ်ပိုင် ဥပဒေ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ ပြီးတော့ လူမြင်ကွင်းမှာ လူတစ်ယောက်ကို သတ်တာက အရမ်းကို ပြင်းထန်တဲ့

အပြစ်တစ်ခု ဖြစ်ပြီးတော့ ဘယ်သူမှလည်း အလျင်စလိုနဲ့ မလုပ်ပုံ့ကြပါဘူး။

ဒါကြောင့် ကျူးပုကျိ့ကို ဘယ်လောက်ပဲ သူတို့က ရိုက်နှက်ပါစေ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သတ်ပစ်လိုက်မယ်ဆိုရင်တော့ သူတို့အနေနဲ့ လူတွေအများကြီး အရှေ့မှာ မလုပ်နိုင်ပါဘူး။

"သူ့ကို ဖမ်းလာခဲ့"

ယွီချင်ယွမ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ယွီမိသားစုအိမ်ရောက်မှပဲ သူ့ကို သတ်ပစ်မယ် ဆိုရင် ဘယ်သူကများ သူ့ကို အပြစ်တင်ပုံ့မှာလဲ။ တကယ်လို့ သူတို့တွေ လာခဲ့မယ်ဆိုရင်တောင် ဂတ်ကျေတမ်းကျေနဲ့ ပြောလိုက်ရုံပါပဲ။

"အဲဒီကောင်ကို လွှတ်ပေးလိုက်ပြီ။ သူဘယ်နေရာကို ထွက်သွားလဲ ဆိုတာကို ဘယ်သူသိမှာလဲ"

ဒီလိုမျိုး ပြောလိုက်ရုံပါပဲ။

လန်ကျွင့်ချိုက်က ချက်ချင်းပဲ နားလည်သွားပြီးတော့

သူရဲ့ဘေးက နောက်လိုက်တွေကို မျက်နှာရိပ်မျက်နှာကဲ အချက်ပြပြီး ပြောလိုက်ပါတယ်။

"သူ့ကိုဖမ်းလိုက်"

"ဘယ်ကောင်က အတင့်ရဲပြီးတော့ အင်အားသုံးပွဲတာလဲ"

ဒေါသထွက်နေတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ အသံပိုင်ရှင်က အတော်လေးကို အသက်ကြီးနေပုံ ရပါတယ်။

"အခုပြောနေတာ ဘယ်ကခွေးကောင်လဲ"

လန်ကျွင့်ချိုက်က စိတ်မရှည်စွာနဲ့ ပြောလိုက်ပါတယ်။ တစ်ယောက်ပြီးတော့ နောက်တစ်ယောက်နဲ့ မကုန်နိုင်တော့ဘူးလား။

"အ အဘိုး"

ယွီချင်ယွမ်က တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။ သူ့ပုံစံကိုကြည့်ရတာ အလွန်အမင်း ကြောက်ရွံ့နေပုံ ရပါတယ်။

လန်ကျွင့်ချိုက်က ချက်ချင်းဆိုသလို ခေါင်းတွေကြီးသလို ခံစားလိုက်ရပါတယ်။

အဘိုးဟုတ်လား။

ယွီချင်ယွမ်မှာ အဘိုးတစ်ယောက်ပဲ ရှိပါတယ်။ အဲဒါကတော့ မော်ဆေးပညာရှင် ယွီဂျီထောင်ပဲ ဖြစ်ပါတယ်။ အဆင့်နိမ့် မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီးတော့ သူက တစ်ကယ်ပဲ ခွေးကောင်လို့ ခေါ်လိုက်တာလား။ ဒီတစ်ခုတည်းနဲ့တင် သူ့ကို အကြိမ်တစ်ရာလောက် ကွပ်မျက်ပစ်လို့ ရနေပါပြီ။

မြေကမ္ဘာအဆင့် မော်ဆေးပညာရှင်ကို စော်ကားခြင်း။

ဒုန်း။

သူရဲ့ခြေထောက်တွေက ချက်ချင်းဆိုသလို ပျော့ခွေကျသွားပါတယ်။ ဒူးထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအစေခံက ဆရာသခင်ကို စိတ်နဲ့တောင်မှ ပြစ်မှားလိုခြင်း မရှိပါဘူး။ ကျေးဇူးပြုပြီးတော့ ကျနော့်ကို ခွင့်လွှတ်ပေးပါ

ဆရာသခင်ယို့”

ယို့ဂျီထောင်က လန်ကျွင့်ချိုက်ကို နည်းနည်းလေးမှတောင် မကြည့်ပဲနဲ့ သူရဲ့ မြေးကိုပဲ စိုက်ကြည့်နေပါတယ်။ သူရဲ့မျက်နှာပေါ်မှာ စိတ်ပျက်ခြင်းနဲ့ ဒေါသထွက်ခြင်း စတဲ့ အမူအရာ နှစ်မျိုးလုံးကို မြင်တွေ့ရပါတယ်။

သူက လင်းဟန်ရဲ့ မော်ဆေးပညာ သင်ကြားပို့ချမှုတွေကို လေးလေးစားစားနဲ့ နားထောင်နေချိန် လမ်းတစ်ဖက်မှာပဲ ဂင်ရောက်စွက်ဖက်ခြင်းကို ခံလိုက်ရတဲ့အတွက် ဒေါသမထွက်ပဲ ဘယ်လိုလုပ် နေမှာလဲ။ ဒါပေမဲ့လည်း ပြဿနာကို မီးခွက်ထွန်းရှာတဲ့လူက သူရဲ့မြေးဖြစ်နေလိမ့်မယ်လို့ လုံးဂ ထင်မထားခဲ့ပါဘူး။ ဒါက သူ့ကို အရမ်းပဲ အရှက်ရစေခဲ့ပါတယ်။

လမ်းညွှန်ပြသမှုကို လက်ခံလိုက်ခြင်းက ဆရာတစ်ပိုင်း ဆက်ဆံရေးမျိုး ဖြစ်စေပါတယ်။ အခုတော့ သူရဲ့မြေးဖြစ်သူက လင်းဟန်ရဲ့ နေရာကို အင်အားသုံးပြီးတော့ ပြဿနာ လာရှာတာက သူ့ကို ဒေါသထွက် အရှက်ရစေပြီးတော့ သေချင်စိတ်တောင် ပေါက်သွားခဲ့ပါတယ်။

သူရဲ့မြေးဖြစ်သူက အမြဲတမ်း ယဉ်ကျေးသိမ်မွေ့တယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ အခုတော့ သူထင်ထားတာနဲ့ လက်တွေ့မြင်ရတာက တခြားစီဖြစ်နေပါတယ်။

"အရှုးကောင်"

သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါနေပြီးတော့ ယွီချင်းယွမ်ကို လက်ညှိုးထိုးပြီး ရုတ်တရက် အရေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ တိုးလာပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ လေးချက်ဆင့် ရိုက်ပစ်လိုက်ပါတယ်။

ဖြန်း ဖြန်း ဖြန်း ဖြန်း

ထိုရိုက်ချက်များက ယွီချင်းယွမ်ရဲ့ ပါးနှစ်ဖက်ကို အကြီးအကျယ် ယောင်ရမ်းလာစေခဲ့ပါတယ်။

ယွီချင်းယွမ်က မှားယွင်းနေသလို ခံစားရပြီး မေးလိုက်ပါတယ်။

"အဘိုး ဘာဖြစ်လို့ ကျနော်ကို ရိုက်တာလဲ"

"ရိုက်တယ်ဟုတ်လား။ ဒီအဘိုးကြီးက မင်းကို သေတဲ့အထိ

ရိုက်သင့်တာ”

ယွီဂျီထောင်က အေးစက်စွာနဲ့ ပြောလိုက်ပြီးတော့ သူရဲ့ညာဘက်လက်ကို နောက်တစ်ကြိမ် မြှောက်လိုက်ပါတယ်။

“အဘိုး”

ယွီချင်းယွမ်က အလျင်အမြန်ပဲ ယွီဂျီထောင်ရဲ့ ခြေထောက်ကို ပွေးဖက်ပြီး ဖက်လိုက်ပါတယ်။ သူရဲ့ မျက်နှာပေါ်ကနေ မျက်နှာတွေ နှာရည်တွေ စီးထွက်လာခဲ့ပါတယ်။ သူက ယွီဂျီထောင်အကြောင်း ကောင်းကောင်းသိပါတယ်။ ယွီဂျီထောင်က တစ်စုံတစ်ယောက်ကို သတ်ချင်တယ်လို့ ပြောလိုက်တဲ့ အခါမှာ ၎င်းက သေချာပေါက် ဟာသလုပ်နေတာ မဟုတ်ပါဘူး။

“ကျနော်က အဘိုးရဲ့ တစ်ဦးတည်းသော မြေးပါ။ ယွီမိသားစုရဲ့ နောက်ထပ်မျိုးဆက်အတွက် တစ်ဦးတည်းသော သားပါ။ တကယ်လို့ ကျနော်သာ သေသွားမယ်ဆိုရင် အနာဂတ်မှာ ယွီမိသားစု မျိုးဆက် ရှိတော့မှာ မဟုတ်ဘူး”

လန်ကျွင့်ချိုက်က သတိလစ် မေ့မျောလုမတတ် ဖြစ်သွားပါတယ်။ ယွီချင်ယွမ်တောင်မှ သေတဲ့အထိ အရိုက်ခံရမယ်ဆိုရင် သူ့ရဲ့ဇာတ်သိမ်းကရော ဘာဖြစ်လိမ့်မလဲ။

ယွီချင်ယွမ်က သူရဲ့လက်ကို အမြင့်ကို မြှောက်လိုက်ပါတယ်။ ဒါပေမဲ့ ဒီအကြိမ်မှာတော့ လက်ကို အောက်မချနိုင်ပါဘူး။ ယွီချင်ယွမ်က ယွီမိသားစုရဲ့ တစ်ဦးတည်းသော မျိုးဆက် ဖြစ်ပါတယ်။

"ဂျီထောင် မေ့လိုက်တော့"

လင်းဟန်က အပေါ်ထပ်ကနေ ဆင်းလာပြီးတော့ ပြောလိုက်ပါတယ်။

"မင်း"

ဒါကိုမြင်လိုက်တော့ ယွီချင်းယွမ်က မြေကြီးပေါ်ကနေ အပေါ်ကို တက်သွားချင်ခဲ့ပါတယ်။

ဖြန်း။

ယွီဂျီထောင်က ချက်ချင်းပဲ သူ့ကို ရိုက်ပစ်လိုက်ပြီးတော့ ဆူပူကြိမ်းမောင်းလိုက်သည်။

"မင်း ဟုတ်လား။ ဘယ်လိုခေါ်လိုက်တာလဲ။ သူ့ကို ဆရာသခင်လို့ ခေါ်စမ်း"

ဆ ဆရာသခင် ဟုတ်လား။

ယွီချင်ယွမ်ရဲ့ မျက်လုံးတွေက ပြူတ်ထွက်လုမတတ် ဖြစ်သွားခဲ့သည်။ ဒါက သူ့ထက်တောင်မှ ငယ်သေးတဲ့ အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ် လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူက အမှန်တကယ်ပဲ ဆရာသခင်လား။ ယွီဂျီထောင်က နောက်ထပ် တစ်ချက် ထပ်ရိုက်လိုက်ပြီးတော့ နောက်တစ်ကြိမ် သူ့ကို တုန်လှုပ်ချောက်ချားသွားစေပါတယ်။

သူက ငတုံးငအ တစ်ယောက် မဟုတ်ပါဘူး။ အခု ဘယ်လိုလုပ်ပြီးတော့ သတိမပြုမိပဲ နေနိုင်မှာလဲ။

"ဆရာသခင်"

သူက အလျှင်အမြန်ပဲ အမိန့်နာခံပြီးတော့ ခေါ်လိုက်ပါတယ်။

လင်းဟန်က နည်းနည်းလေးမှ အာရုံမစိုက်ပဲ ကျူးပူကျို့ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ပူကျို့ မင်းကို ဘယ်သူလုပ်တာလဲ"

"သူနဲ့သူ"

ကျူးပူကျို့က ချက်ချင်းပဲ ယွီချင်းယွမ်နဲ့ လန်ကျွင့်ချိုက်ကို လက်ညိုးထိုး ညွှန်ပြလိုက်သည်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဂျီထောင်။ မင်းရဲ့မြေးက အတော်လေးကို စိတ်ကြီးဝင်နေတာပဲ"

ယွီဂျီထောင်က ရက်သွားပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူက ချက်ချင်းပဲ ယွီချင်းယွမ်ကို နောက်ထပ် အဆက်မပြတ် ရိုက်ပြီးတော့ တကယ်ပဲ သေအောင်ကို ရိုက်နက်နေပါတော့တယ်။ ယွီချင်ယွမ်က ထွက်ပြေးသွားချင်နေပေမဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်

လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။ ဒါကြောင့် သူက ဆက်ပြီးတော့ အရိုက်ခံနေရပါတယ်။

ယွီချင်းယွမ်က သေလောက်အောင် ရိုက်နက်ခံနေရတဲ့ အချိန်မှာပဲ လင်းဟန်က လွီဂျီထောင်ကို တားဆီးပြီးတော့ ဂင်ရောက်စွက်ဖက်လိုက်ပါတယ်။

"သေတဲ့အထိ ပြစ်ဒဏ်ပေးဖို့ မလိုပါဘူး"

"ကျေးဇူးတင်ပါတယ် ဆရာသခင်"

လွီဂျီထောင်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူရဲ့မျက်နှာပေါ်မှာ ပျော်ရွှင်မှုတွေ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်ရဲ့ ပါရမီနဲ့ဆိုင်ရင် သူက သေချာပေါက် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ လင်းဟန်က ရန်ငြိုးထားတယ်ဆိုရင် မိသားစု တစ်ခုလုံး ခံစားရပါလိမ့်မယ်။ အခု လင်းဟန်က ဒီကိစ္စကို ခေါင်းထဲမှာ မထည့်ထားတဲ့အတွက် ယွီဂျီထောင် စိတ်သက်သာရာ ရသွားခဲ့ပါတယ်။

လန်ကျွင့်ချိုက်ရဲ့ တစ်ကိုယ်လုံး အေးစက်တဲ့ ချွေးတွေက မိုးရေတွေအလား စိုနစ်လို့ နေပါတယ်။ ယွီချင်ယွမ်က သေလုမတတ် အရိုက်ခံနေရပြီး သူဆိုရင်ရော ဘယ်လိုနေမလဲ။

လင်းဟန်ရဲ့ အကြည့်တွေက လူသေတစ်ယောက်ကို ကြည့်နေသလိုမျိုး ရွေ့လျားလာခဲ့ပါတယ်။

"သခင်လေးလင်း သခင်လေးလင်း ကျနော်ကို တစ်ကြိမ်လောက် ခွင့်လွှတ်ပေးပါ။ တစ်ကြိမ်လောက် ခွင့်လွှတ်ပေးပါ"

လန်ကျွင့်ချိုက်က တုန်လှုပ်ချောက်ခြားစွာဖြင့် ပြောလိုက်သည်။ အခုဆို လွီယုထန်၊ ကျူးပုကျို့နဲ့ တခြားသူတွေက ဘာကြောင့် ယုံကြည်မှုတွေ ရှိနေတာလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါပြီ။ သူတို့က တောသားတွေ မဟုတ်ပဲနဲ့ မာနကြီးပြီးတော့ လျစ်လျူရှုလို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ပုက်ဖဲက အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

"ဆရာသခင်လင်း ဒီကလေးကို ကျုပ်တာဝန်ထားလိုက်ပါ"

ယွီဂျီထောင်ရဲ့ မျက်နှာပေါ်မှာ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေက ပြည့်နှက်လို့ နေပါတယ်။ သူ့ကို လင်းဟန်က မျက်နှာသာအချို့ ပေးခဲ့ပါတယ်။ သူရဲ့မြေးကို သတ်ပစ်လိုက်ဖို့ ဆန္ဒမရှိတာ သိသာထင်ရှားတဲ့အတွက် တခြားတရားခံကို သူ့အနေနဲ့ ရှာဖွေရပါလိမ့်မယ်။

အပိုင်း(၃၈၃) တိုက်ပွဲအထောက်အကူ

ယွီဂျီထောင်က နူးညံ့ပျော့ပျောင်းတဲ့ လူတစ်ယောက်လို့တော့ မယူဆလိုက်ပါနဲ့။ ဆန့်ကျင်ဘက် ဆိုသလိုပဲ သူရဲ့နေရာမှာ ထိုင်နိုင်ဖို့အတွက် သူက အားနည်းတဲ့ နှလုံးသားရှိတဲ့ လူတစ်ယောက် ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

လန်ကျွင့်ချိုက်ကို ကွပ်မျက်လိုက်ရုံတင်မက ဒီအဘိုးကြီးက လန်မိသားစုကိုလည်း ဥပဒေကို ချိုးဖောက်တဲ့ ပြစ်မှုကို ကျူးလွန်တယ် ဆိုပြီးတော့ သူတို့ရဲ့ လက်ရွေးစင် အားလုံးကို သတ်ပစ်ပြီး အမျိုးသမီးနဲ့ ကလေးတွေအပြင် သက်ကြီးရွယ်အိုတွေကို ချန်ပြီးတော့ ယန်စွမ်းအားမြင့်မြို့ကနေ နှင်ထုတ်လိုက်ပါတယ်။ သူက အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာတရား

ကင်းမဲ့စွာနဲ့ လန်မိသားစု တစ်ခုလုံး နီးပါးကို ဖျက်ဆီးပစ်ခဲ့ပါတယ်။

ဒီအဘိုးကြီး အတော်လေးကို ဒေါသထွက်ဖို့ အကြောင်းပြချက် ရှိပါတယ်။ ယွီချင်ယွမ်က မူလတုန်းက လင်းဟာန်နဲ့ ပြဿနာထဲမှာ ဂင်ပါစရာ အကြောင်းမရှိပါဘူး။ ဒါက လန်ကျွင့်ချိုက်ရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် ဖြစ်ပါတယ်။ တကယ်လို့ ဒီနေ့မှာ သူသာ စားသောက်ဆိုင်မှာ ရှိမနေဘူးဆိုရင် ယွီချင်ယွမ်က အဆုံးသတ်မှာ ဘယ်လိုဇာတ်လမ်းမျိုးနဲ့ ကြုံတွေ့သွားရမလဲ။

သူရဲ့မြေးဖြစ်တဲ့သူကို မုန်းတီးပြီးတော့ သတ်ပစ်လုနီးပါး အခြေအနေနဲ့ တူညီပါတယ်။ ဒါကြောင့် ဒီအဘိုးကြီးက အနည်းငယ်မျှ ကြင်နာတရားခြင်းမရှိပဲ လုပ်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။

တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာပဲ လန်မိသားစုက ယန်စွမ်းအားမြင့်မြို့ကနေ လုံးဂကို ပျောက်ကွယ်သွားခဲ့ပြီး ဒါက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အံ့အားသင့်စရာ စွမ်းဆောင်နိုင်ခြင်းနဲ့ လွှမ်းမိုးနိုင်ခြင်းပဲ ဖြစ်ပါတယ်။

လင်းဟန်လည်း မြေကျွှာအဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါက သူ့အနေနဲ့ သူ့အကြောင်းကို ထုတ်ဖော်လိုက်မယ်ဆိုရင် ယွီဂျီထောင်လိုမျိုး အစွမ်းနဲ့ ရပ်တည်နိုင်စွမ်းကို ရရှိနိုင်တယ်လို့ ဆိုလိုတာပါပဲ။ ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက အမှောင်ထဲကနေ ခြိမ်းခြောက်မှု တစ်ခု ဖြစ်ပြီးတော့ လင်းဟန်က သူရဲ့အကြောင်းကို မြန်မြန်ဆန်ဆန်နဲ့ ထုတ်ပြီးတော့ မပြချင်ပါဘူး။ ဒါကြောင့် သူက နည်းနည်းလေး လှည့်ပတ်ပြီးတော့ ယွီဂျီထောင်ကို ဆွဲထည့်ထားခြင်း ဖြစ်ပါတယ်။

မြေကျွှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အထောက်အပံ့နဲ့ဆိုရင် စားသောက်ဆိုင်နဲ့ ဆေးဆိုင်တို့နဲ့ ပတ်သက်ပြီးတော့ သူ့အနေနဲ့ အနာဂတ်မှာ ဘာကိုမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။

နောက်တစ်ဆင့်က သူ့အနေနဲ့ အမှောင်နတ်ဆိုး တောအုပ်ကို ဦးတည်သွားဖို့ပဲ ဖြစ်ပါတယ်။ လွီယုထန်နဲ့ တခြားသူတွေက သူ့ကိုကူညီပြီးတော့ ဆိုင်တွေကို စီမံခန့်ခွဲဖို့ နေခဲ့ကြပါလိမ့်မယ်။ မြေကျွှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အထောက်အပံ့နဲ့ဆိုရင် သူ့အနေနဲ့ စိတ်သက်သာရာ ရရှိပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ယွီဂျီထောင်ကို သူရဲ့ထိန်းချုပ်မှုအောက်မှာ ထားဖို့အတွက် လျှို့ဝှက်စွာ ခေါ်လာစရာ အကြောင်း ရှိမှာလဲ။

လင်းဟန်က စီစဉ်စရာရှိတာ တချို့ကို ပြင်ဆင်လိုက်ပါတယ်။ သူ့အနေနဲ့ အမှောင်နတ်ဆိုး တောအုပ်ကို သွားတဲ့အခါမှာ ဘယ်သူကိုမှ ခေါ်မသွားဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ ဟူးညို သိသွားတဲ့ အခါမှာတော့ သူမက ချက်ချင်းဆိုသလိုပဲ ဘယ်လိုအကြောင်းကိစ္စပဲရှိရှိ သူ့အနောက်က လိုက်ဖို့ ပြောလိုက်ပါတယ်။ ဟူးညိုရဲ့ အမြန်နှုန်းကို စဉ်းစားလိုက်တဲ့ အခါမှာ သူတောင်မှ သူမကို မဖမ်းနိုင်တာကို သိတဲ့အတွက် လင်းဟန်က သူမကို ခေါင်းညိတ်ပြီး သဘောတူလိုက်ပါတယ်။

ဒါပေမဲ့လည်း သူထွက်မသွားခင်မှာ စိတ်ဂိညာဉ် ရတနာ စံအိမ်ကနေ ညှော့ခံပွဲတစ်ခုကို ဖိတ်ကြားစာ လက်ခံရရှိခဲ့ပါတယ်။

လင်းဟန် စဉ်းစားမိလိုက်တာက ၎င်းက အရိုးဖြစ်ပေါ်ခြင်း ဆေးလုံး လေလံတင်ခြင်းနဲ့ သက်ဆိုင်လိမ့်မယ်ဆိုတာ ဖြစ်ပြီးတော့ သူရဲ့ အကျိုးအမြတ်လည်း ပါဝင်ပါတယ်။

ဒါကြောင့် သူက အများကြီး စဉ်းစားမနေတော့ပဲ သဘောတူလိုက်ပါတယ်။ ဟူးညိုကလည်းပဲ ညော့ခံပွဲကို သူ့အနောက်ကနေ လိုက်လာခဲ့ပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်ကို ရောက်တဲ့အခါမှာ သူနဲ့ ဟူးညိုကို အရမ်းကို တင့်တယ်လှပတဲ့ သီးသန့်ခြံဂင်း တစ်ခုဆီကို ခေါ်ဆောင်သွားပါတယ်။ ခြံဂင်းထဲမှာ စတုရန်းပုံစံ စားပွဲတစ်ခုကို ခင်းကျင်းထားပြီးတော့ မိန်းကလေးနှစ်ယောက်က ထိုနေရာမှာ ထိုင်နေကြပါတယ်။ သူမတို့ အထဲက တစ်ယောက်က တစ်ကိုယ်လုံး အဖြူရောင် ဂတ်စုံဂတ်ဆင်ထားပြီး သူမရဲ့ မျက်နှာကို အဖြူရောင် ဇာပဂါပါးလေးနဲ့ ဖုံးအုပ်ထားပါတယ်။ သူမရဲ့အသားအရေက နှင်းလိုဖြူဆွတ်ပြီး အဖြူရောင် ဂတ်စုံလား သူမရဲ့ အသားအရေလားဆိုတာကိုတောင် ခွဲခြားဖို့ ခက်ခဲပါတယ်။ သူမရဲ့ ဆံပင်တွေက ရေတံခွန်လိုမျိုး တွဲလောင်းကျနေပါတယ်။

သူမကတော့ ကျူးရွှမ်အာပဲ ဖြစ်ပါတယ်။

လင်းဟာန်က အနည်းငယ် အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ဒီညော့ခံပွဲက အရိုးဖြစ်ပေါ်ခြင်း ဆေးလုံးနဲ့ ပတ်သက်နေတယ်ဆိုတော့ သူရဲ့ ယူဆချက်က

များယွင်းသွားပြီလား။

နောက်ထပ် မိန်းမပျိုလေးကတော့ အသက် ၂၁ နှစ် သို့မဟုတ် ၂၂ နှစ်ဝန်းကျင် အရွယ် ဖြစ်ပါတယ်။ ရှည်လျားတဲ့ စကပ်အရှည်ကြီးနဲ့ ဖုံးကွယ်ထားပေမဲ့ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်း အလှက အံ့သြမှင်တက်စရာ ကောင်းလောက်အောင် လှပပြီး သူမရဲ့ ရုပ်ရည်ကလည်း အရမ်းကို ချောမောလှပပါတယ်။ သူမရဲ့ နှုတ်ခမ်းနီနီလေးတွေက ညှို့ယူဖမ်းစားတတ်ပြီး စွဲမက်စရာ ကောင်းပါတယ်။

လင်းဟန်က ဟူးညိုလက်ကို ဆွဲပြီးတော့ ဝင်လာတာကို တွေ့လိုက်တဲ့ အခါမှာ အနီရောင် ဂါတ်စုံနဲ့ မိန်းကလေးက ရုတ်ခြည်းဆိုသလို မတ်တတ်ထရပ်ပြီးတော့ ရယ်မောလိုက်ပါတယ်။

"သခင်လေးလင်း ကျေးဇူးပြုပြီးတော့ ကြွပါ"

ကျူးရှမ်အာလည်းပဲ မတ်တတ်ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ စကားတစ်ခွန်းမှတော့ မဆိုပါဘူး။ သူမရဲ့ထိုင်ခုံကနေ တစ်ဂက်လောက် ထပြီးတော့ လင်းဟန်ကို ရိုးရိုးရှင်းရှင်းပဲ နှုတ်ဆက်လိုက်ပါတယ်။

"သခင်လေးလင်း ငါ့ရဲ့ မျိုးရိုးနာမည်က ရင်လို့ခေါ်ပြီးတော့ နာမည်ကတော့ ဟောင်ပါ"

အနီရောင် ဂဝတ်စုံနဲ့ မိန်းမချောလေးက သူမကိုယ်သူမ နှုတ်ဆက်လိုက်ပါတယ်။

"ဒီတစ်ယောက်ကတော့ မိန်းကလေး ကျူးရွှမ်အာ ဖြစ်ပါတယ်။ ညီမတော် ကျူး ဒါကတော့ လင်းဟာန်။ သခင်လေးလင်းပဲ။ ဒါပေမဲ့ သူ့မှာ နောက်ထပ် အံ့အားသင့်စရာကောင်းတဲ့ အချက်တစ်ခု ရှိသေးတယ်။ အဲဒါက သခင်လေးလင်းက မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ"

"အမ်"

ကျူးရွှမ်အာက တကယ်ပဲ အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟာန်ကို ကြည့်ရတာ အသက်နှစ်ဆယ်တောင် ရှိသေးပုံ မရပါဘူး။ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင် အမျိုးသား အမျိုးသမီးတွေ အကုန်လုံးက အသက်ငါးဆယ်ကျော် ခြောက်ဆယ်အရွယ်တွေ မဟုတ်ဘူးလား။

ဟူးညိုက ကျူးရွှမ်အာကို တစ်ခဏမျှ ကြည့်ပြီးတော့ ချက်ချင်းဆိုသလိုပဲ သူမရဲ့ အစားအစာကို ကာကွယ်တဲ့ ပုံစံမျိုး အမူအရာတစ်ခုကို ထုတ်ဖော်ပြီး လင်းဟန်ရဲ့ နောက်ကျောကို ခုန်တက်ပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန်က ညိုးညိုးပိုင်တာ"

သူမရဲ့ အချုပ်အခြာ အာဏာပိုင်နက်ကို ကျူးရွှမ်အာကို ဖော်ပြတာ ဖြစ်ပြီးတော့ ရင်လန်ကိုတော့ လုံးဝကို လျစ်လျူရှုထားပါတယ်။ ရင်လန်က သူမကို ခြိမ်းခြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးလို့ အသေချာကို စဉ်းစားထားပါတယ်။

ကျူးရွှမ်အာကတော့ လူတွေက သူမကို ကြိုက်နှစ်သက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ အမြဲတမ်း သာသာယာယာပါပဲ။ သူမရဲ့ နှလုံးသားထဲမှာ ဘာမှ မခံစားရပါဘူး။ ဒါပေမဲ့လည်း ငါးနှစ် ခြောက်နှစ်ပဲ ရှိဦးမဲ့ မိန်းကလေးက သူမကို လုံးဝကို မနာလိုဖြစ်ပြီးတော့ စိန်ခေါ်နေပုံ ရပါတယ်။ ဒါက သူမရဲ့ ခံစားချက်ကို တစ်မျိုးတစ်ဖုံ နှိုးဆွနေသလိုပါပဲ။

"ခစ် ခစ် ခစ် ခစ်"

ရင်ဟောင်က ဟန်လုပ်ပြီးတော့ ရယ်မောလိုက်ပါတယ်။ အကြောင်းမဲ့သက်သက် သူမရဲ့ ဆွဲဆောင်မှုကို ဖော်ပြချင်နေတဲ့ ပုံစံနဲ့ ရယ်မောတာ ဖြစ်ပါတယ်။ သူမက တကယ်လည်း ဆွဲဆောင်မှု ရှိပြီးတော့ ယခုလိုမျိုး လုပ်ပြနေစရာ မလိုပါဘူး။ သူမရဲ့ လှုပ်ရှားမှုတိုင်းက ဆွဲဆောင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူမက လင်းဟန်ကို မျက်စိတစ်ချက် ပေ့ကြည့်ပြီး ပြောလိုက်ပါတယ်။

"ညီမလေးကျူး မင်းကတော့ ပြိုင်ဘက်တစ်ယောက်လို့ မှတ်ယူခံလိုက်ရပြီ"

ကျူးရွှမ်အာက ဟူးညိုကို နောက်တစ်ကြိမ် ကြည့်လိုက်ပြီးတော့ အံ့အားသင့်သွားတဲ့ အမူအရာ တစ်ခု ဖြစ်သွားခဲ့ပါတယ်။ တကယ်တမ်းလည်း သူမက ဟူးညိုကို ဖြတ်ပြီးတော့ မမြင်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း နောက်တစ်ကြိမ် ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာတော့ အသက်ငါးနှစ် ခြောက်နှစ် အရွယ် မိန်းကလေးက စိတ်ဂိညာဉ် အခြေခံ နိုးထဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူမမှာ ကျင့်ကြံခြင်း ရှိမှာမဟုတ်ပါဘူး။ သူမက ဟူးညိုကို ဖြတ်ပြီးတော့ မမြင်နိုင်တာက ဟူးညိုက သိုင်းပညာရှင်

တစ်ယောက် မဟုတ်လို့ ဖြစ်ပါတယ်။

ဒါကိုစဉ်းစားလိုက်တော့ သူမက အေးအေးဆေးဆေး ဖြစ်သွားသလို ခံစားလိုက်ရပါတယ်။

လင်းဟန်က ထိုင်ချလိုက်ပြီး ဟူးညိုကတော့ ပေါင်ပေါ်မှာ ထိုင်ပြီးတော့ ကျူးရွှမ်အာကို စိန်ခေါ်သလို ကြည့်လိုက်ပါတယ်။ ဒီမိန်းကလေးက တကယ်ပဲ ကျူးရွှမ်အာကို ပြိုင်ဘက် တစ်ယောက် အနေနဲ့ မြင်နေတာပဲ။ သူမက လွီယုထန်နဲ့ လီစီရှန်းတို့ရဲ့ အရှေ့မှာတောင် ဒီလိုမျိုး လေးလေးနက်နက် ဖြစ်နေတဲ့ပုံစံ ဘယ်တုန်းမှ မရှိခဲ့ဖူးပါဘူး။

"မိန်းကလေးရင် ဘာဖြစ်လို့ ငါ့ကို ဖိတ်ခေါ်လိုက်တာလဲ"

လင်းဟန်က မေးလိုက်သည်။

"အရင်ဆုံး စားသောက်ကြတာပေ့ါ။ စားပြီးမှပဲ ပြောကြမယ်လေ"

ရင်ဟောင်က ပြုံးလိုက်ပါတယ်။

"သခင်လေးလင်းက ကျမတို့လို အချောအလှလေး

နှစ်ယောက်နဲ့ အတူတူ ထိုင်ပြီးတော့ စားသောက်ရတာကို ပျင်းရိစရာ ကောင်းတယ်လို့များ ခံစားနေရတာလား”

လင်းဟန်က ပိုင်ခွက်ကို ကိုင်ပြီးတော့ အသာအယာပဲ ပြုံးလိုက်ပြီး သူမရဲ့ ဆွဲဆောင်မှုကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်မသွားပဲ ပြောလိုက်ပါတယ်။

“စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ မိန်းကလေးရင်ရဲ့ နေရာက ဘယ်လိုအဆင့်အတန်းမျိုးမှာ ရှိပါသလဲ”

သူမက သူ့ကို စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ နာမည်ကို အသုံးပြုပြီးတော့ ဖိတ်ခေါ်ခဲ့တာ ဖြစ်ပါတယ်။

“ငါ့ရဲ့အဖေက မြောက်ပိုင်းဒေသရဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ် အရှင်သခင်ဖြစ်တဲ့ ရင်ချန်းပဲ”

ရင်ဟောင်က သာမန်ကာလျှံကာနဲ့ ပြောလိုက်ပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာ စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကြီးတို့က ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ရောမ

သတ္တဝါကြီးတွေလိုပါပဲ။ အခုဒါက မြောက်ပိုင်းဒေသရဲ့ ဌာနခွဲတစ်ခု ဆိုပေမဲ့ သူတို့ရဲ့ အစွမ်းက အံ့အားသင့်စရာ ကောင်းနေပြီးတော့ ဆောင်းလဂိုဏ်းလိုမျိုး ဂိုဏ်းတစ်ခုရဲ့ ခေါင်းဆောင်နဲ့ သိပ်ပြီးတော့ မကွာပါဘူး။

ဒီရန်ချန်းရဲ့ သမီးက အမှန်တကယ်ပဲ ငယ်ရွယ်နေလိမ့်မယ်လို့ လုံးဝ မထင်ထားခဲ့ပါဘူး။

ဒီအဘိုးကြီးက ဘယ်အချိန်တုန်းကများ ဒီသမီးကို ရခဲ့တာလဲ။

ရင်ဟောင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးလင်းက ကျမကို မျက်နှာသာ နည်းနည်းလောက် ပေးဖို့ကို တောင်းဆိုချင်ပါတယ်"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မြောက်ပိုင်းဒေသရဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ် သခင်မလေး ဖြစ်တဲ့ မိန်းကလေးရင်က မလုပ်နိုင်တဲ့ ကိစ္စရှိပြီးတော့ ငါ့ရဲ့အကူညီကို လိုအပ်နေတာလား"

ရင်ဟောင်က ထူးဆန်းစွာ သက်ပြင်းချပြီးတော့ ပြောသည်။

"ငါးနှစ်ပြည့်တိုင်း စိတ်ဂိညာဥ် ရတနာ စံအိမ် အဖွဲ့ခွဲတွေ အားလုံးပဲ ဌာနချုပ်မှာ စုစည်းပြီးတော့ မှော်ဆေးပညာ၊ ဂင်္ဂဘာပညာနဲ့ သိုင်းပညာ ယှဥ်ပြိုင်ပွဲတစ်ခု ရှိတယ်။ ဒါပေမဲ့လည်း အသက်သုံးဆယ်နှစ်အောက် လူငယ်တွေပဲ ဝင်ရောက်ယှဥ်ပြိုင်လို့ ရတယ်။ အဓိက အချက်က အဖွဲ့ခွဲကြီး လေးခုရဲ့ တာဝန်ခံတွေရဲ့ တန်ဖိုးကို အကဲဖြတ်တာဖြစ်ပြီး ရွေးချယ်ခံရတဲ့သူက ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးတစ်ခု ရလိမ့်မယ်"

သူမရဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟာန်က သူမဘာကို ဆိုလိုချင်လဲ ဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက ဝင်ရောက် မစွက်ဖက်ပဲနဲ့ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေလိုက်ပါတယ်။

"မြောက်ပိုင်းဒေသရဲ့ ဌာနခွဲက နောက်ဆုံးနေရာကိုပဲ ရရှိနေတာ နှစ်ပေါင်း ထောင်သောင်းချီနေပြီ"

သူမက မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူမပုံစံကို ကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေပုံ

ရပါတယ်။

"ဒါပေမဲ့လည်း မြောက်ပိုင်းဒေသမှာ ပါရမီရှင်တွေ မရှိဘူးဆိုတာကို ငါလုံးဝ မထင်ဘူး။ ဒါကြောင့် သခင်လေးလင်းကို ဖိတ်ခေါ်ဖို့ စီစဉ်လိုက်ရတာ ဖြစ်ပြီးတော့ မြောက်ပိုင်းဒေသ ဌာနချုပ်ရဲ့ ညွှန်ကြားချက်တော် အနေနဲ့ နောက်နှစ်ကုန်တဲ့ အခါကျရင် ကျမနဲ့အတူ အလယ်ပိုင်း ဒေသကို သွားပြီးတော့ ကျမတို့အတွက် တိုက်ပွဲဝင်ပေးဖို့ပါပဲ"

အလယ်ပိုင်း ဒေသကို သွားရမှာလား။

လင်းဟန်မှာ အစီအစဉ်တစ်ခု ရှိပါတယ်။ သူက အလယ်ပိုင်းဒေသကို သွားရောက်ဖို့ နဂိုကတည်းက စဉ်းစားထားပါတယ်။ ဒါပေမဲ့ သူ့မှာလုပ်စရာ ကိစ္စအနည်းငယ် ရှိနေပါသေးတယ်။ သူ့အဖေရဲ့စိတ်ဝိညာဉ် အခြေခံကို ကုသရမယ်။ သူ့ရဲ့အမေကို ကယ်တင်ရမယ်။ ပြီးတော့ အောင်းဖန်ကို သတ်ပစ်ရပါမယ်။ အဲဒါတွေ ပြီးသွားတဲ့ အခါကျမှ စိတ်အေးလက်အေးနဲ့ အလယ်ပိုင်း ဒေသကို ဦးတည်ပြီးတော့ သွားဖို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ ဇီရှုရန်ရဲ့ အတားအဆီး လျှို့ဝှက်ချက်က အလယ်ပိုင်း ဒေသမှာ ရှိနေခဲ့တာ ဖြစ်ပါတယ်။

သူက ကျူးရှမ်အာကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက မှော်ဆေးပညာကို ကိုယ်စားပြုပြီးတော့ မိန်းကလေးကျူးက သိုင်းပညာကို ကိုယ်စားပြုတယ်။ ဒါဆိုရင် ဘယ်သူက ဂင်္ဂါပါ ပညာကို ကိုယ်စားပြုယှဉ်ပြိုင်မှာလဲ"

"အဲဒါ ကံမပဲ"

ရင်ဟောင်က သူမရဲ့ ရင်ဘတ်ကို ပုတ်ပြလိုက်ပါတယ်။ ချက်ချင်းဆိုသလို အံ့အားသင့်စရာတစ်ခု ဂယက်ရိုက်လှိုင်းထသွားစေခဲ့ပါတယ်။

အပိုင်း(၃၈၄) စည်းကမ်းချက်များ

လင်းဟန်က အံ့အားသင့်သွားပြီးတော့ မေးလိုက်ပါတယ်။

"မိန်းကလေးရင်က ဂင်္ဂါပါပညာမှာ ကျွမ်းကျင်တာလား"

သူ့ရဲ့ယခင်ဘဝတုန်းက ဂင်္ဂါပါ ပညာကို ရှေးဟောင်းသမိုင်းဝင် နေရာတွေကို ချိုးဖြတ်ဝင်ရောက် နိုင်ဖို့အတွက် အနည်းငယ် တီးမိခေါက်မိ သင်ယူခဲ့သည်။

ဂက်ပါအစီအရင်တွေကို အာရုံစိုက် ဖြေရှင်းတဲ့ နေရာမှာတော့ သူရဲ့ ဂက်ပါပညာ စွမ်းဆောင်ရည်က သိပ်တော့လည်း မသန်မာခဲ့ ပါဘူး။ ဒါပေမဲ့လည်း။ တစ်ခုပြောနိုင်တာက ရှေးဟောင်းအချိန်တွေတုန်းက ဂက်ပါတွေက ကြီးမားတဲ့ အကိုင်းအခွဲတစ်ခု ဖြစ်ပြီးတော့ သိုင်းပညာနဲ့ မှော်ဆေးပညာတို့ကို ရင်ဘောင်တန်း ရပ်တည်နိုင်ကြပါတယ်။

လွန်ခဲ့တဲ့ နှစ်ထောင်သောင်းကျော်လောက်တုန်းက ဂက်ပါဆရာသခင်တွေရဲ့ အဆင့်အတန်းက မှော်ဆေးပညာ ဆရာသခင်တွေအောက် မနိမ့်ကျ ခဲ့ပါဘူး။ မှော်ဆေးပညာရပ်က လွန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတုန်းက အဆက်ပြတ်သွားခဲ့ပြီး လင်းဟန်ရဲ့ ယခင်ဘဝတုန်းက မှော်ဆေးပညာက လုံးဝကို ပျက်ဆီးလုနီးပါး အချိန်ဖြစ်ပါတယ်။

သူ့အနေနဲ့ ဂက်ပါပညာရပ်ကို လေ့ကျင့်တဲ့ လူတစ်ယောက်ကို မျက်မြင်ကိုယ်တွေ့ ကြုံရလိမ့်မယ်လို့ လုံးဝ မထင်မှတ်ထားခဲ့ပါဘူး။ ဒါက လင်းဟန်ကို အတော်လေးကို အံ့အားသင့် သွားစေခဲ့ပါတယ်။

"ခစ်ခစ်ခစ် နင်ကငါ့ကို လျှော့တွက်ထားတာပဲ။ ငါက

ဆွဲဆောင်ဖြားယောင်းဖို့ပဲ လုပ်တတ်တယ်လို့ ထင်နေတာလား”

ရင်ဟောင်က ပြောလိုက်ပါတယ်။ သူမက နည်းနည်းလေးမှ ရှက်ရွံ့သွားမှာကို ဂရုမစိုက်ပါဘူး။

ဒါက သူမရဲ့ ပင်ကိုယ်စရိုက်ပဲ ဖြစ်ပါတယ်။ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ မျက်နှာနဲ့ သူမရဲ့ လိင်ဆွဲဆောင်နိုင်မှု သဘာဝက အတော်လေးကို အထင်ကြီးဖို့ ကောင်းပါတယ်။ ဒါပေမဲ့ ဒါက သူမရဲ့ အရည်အချင်းတွေအများကြီးထဲက အဓိကကျတဲ့ အရာတစ်ခု မဟုတ်သေးပါဘူး။ သူမပြောသမျှကို ဘယ်လိုမှ ခုခံငြင်းဆန်နိုင်ခြင်း မရှိပဲ လိုချင်တာကို ပြောနိုင်တာကပဲ သူမရဲ့ အဓိက အရည်အချင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“မိန်းကလေးရင်က အရမ်းကို စိတ်ဂင်စားစရာ ကောင်းတာပဲ။ ငါမင်းကို ဂုဏ်ပြုပါရစေ”

“ခစ်ခစ် ကျမက ခွက်တစ်ထောင်လောက်တော့

မသောက်နိုင်ပါဘူး။ တကယ်လို့ သခင်လေးလင်းက ကျမကို သောက်စေချင်မှတော့ မူးပြီးတော့ တစ်ခုခု လုပ်မိရင် သခင်လေးပဲ စိတ်အနှောင့်အယှက် ဖြစ်ရပါလိမ့်မယ်”

ရင်ဟောင်က သူမရဲ့ ပိုင်အရက်ခွက်ကို တစ်ကျိုက်တည်းနဲ့ ကုန်အောင်လို့ မော့သောက် လိုက်ပါတယ်။ အံ့အားသင့်စရာ ကောင်းလောက်အောင်ကို သွေးရဲပါတယ်။

လင်းဟန်က အနည်းငယ် လက်ဖျားခါသလိုမျိုး ခံစားလိုက်ရပါတယ်။ ဒီအမျိုးသမီးက တကယ့်ကို တဲ့တိုးဆန်ပြီး ဘွင်းဘွင်းရှင်းရှင်း စရိုက်လက္ခဏာ ရှိပါတယ်။ ဒါပေမဲ့ သူမက တခြားလူတွေရဲ့ ခံစားမှုတွေ နိုးဆွအောင်လုပ်ဖို့ကိုတော့ မကြောက်မရွံ့ရှိနေပါတယ်။

“သခင်လေးလင်းက ဒီလောက်ငယ်ရွယ်တဲ့ အသက်အရွယ်နဲ့ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပြီ။ အလယ်ပိုင်းဒေသမှာတောင် ဘယ်သူကမှ မယှဉ်နိုင်ဘူး။ ဒါကြောင့် မှော်ဆေးပညာမှာ ကျမတို့က လွယ်လွယ်ကူကူနဲ့ အမှတ်သုံးဆယ်ကို ရယူနိုင်လိမ့်မယ်။ ညီမကျူးရဲ့ ခွန်အားက အလယ်ပိုင်းဒေသမှာ အကောင်းဆုံးလို့တော့ ယူဆလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ကံကောင်းတာက ကျမတို့မှာ နှစ်ဂက်အချိန် ရှိသေးတယ်။ ညီမလေးကျူးက ဒီအချိန်

အတွင်းမှာ ကျင့်ကြံခြင်းအဆင့်တွေ တိုးလာဖို့ လုံလောက်ပါတယ်။ ကျမက သူမကို အပြည့်အဝ ထောက်ပံ့ကူညီပြီးတော့ ညီမလေးကျူးကို အနည်းဆုံး စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ၉ ရောက်အောင်လို့ လုပ်ပေးမယ်။ ဒါပေါ့။ တကယ်လို့ သူမက ပန်းဖူးအဆင့်ကိုတောင် ချိုးဖြတ် ဝင်ရောက်နိုင်မယ် ဆိုရင်တော့ ပိုကောင်းတာပေါ့။ ဒါဆိုရင် သိုင်းပညာရဲ့ အမှတ်လေးဆယ်မှာ ကျမတို့က အနည်းဆုံး အမှတ်သုံးဆယ်လောက် ရနိုင်လိမ့်မယ်"

ရင်ပောင်က တစ်ခဏမျှ နားပြီးတော့ ဆက်ပြောလိုက်သည်။

"ကျမက ဂင်္ဂါပါပညာမှာ ပါရမီရှင် တစ်ယောက်ပဲ။ ဒီအဆင့်ရဲ့ အမှတ်သုံးဆယ်မှာ နှစ်ဆယ့်ငါးမှတ်လောက်ကို ရယူဖို့က သေချာပေါက် ခက်ခဲမှာမဟုတ်ဘူး။ ဒါဆိုရင် စင်မြင့်သုံးခုရဲ့ စုစုပေါင်း အမှတ်တွေကနေ ၈၅ မှတ်ကျော်လောက်ထိ ရနိုင်တယ်"

"နောက်ဆုံးအကြိမ်တုန်းက ပထမနေရာက အမှတ် ၈၅ပဲ ရခဲ့တယ်။ ဒါကြောင့် ကျမတို့က ပထမနေရာကို ရယူနိုင်ဖို့ မျှော်လင့်ချက် အများကြီး ရှိတယ်"

သူမက ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်သည်။

"မိန်းကလေးရင် ဒါတွေအားလုံးက မင်းဖြစ်ချင်တာတွေကိုပဲ စဉ်းစားပြီးတော့ ပြောသွားတာလေ။ ငါက လက်ခံသေးလို့လား"

"ညီမလေးကျူးလိုမျိုး နိုင်ငံးယှဉ်လို့ မရတဲ့ ပြိုင်ဘက်ကင်း အလှပိုင်ရှင်လေးကို ဘေးမှာထားပြီး တိုက်ခိုက်ရမှာကိုတောင် သခင်လေးလင်းက ငြင်းပယ်ချင်နေ သေးတာလား"

ရင်ဟောင်က အံ့အားသင့်မှုကို ဖုံးကွယ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ရိုးရိုးပဲ ရယ်မောလိုက်ပြီးတော့ ဘာမှမပြောတော့ပါဘူး။

"ကောက်ကျစ်ဉာဏ်များတတ်တဲ့ မြေခွေးမလေးပဲ"

ရင်ဟောင်က သူမရဲ့ လက်တွေကို ဖြန့်ခင်းလိုက်သလို ဆန့်ထုတ်ပြီးတော့ မေးလိုက်ပါတယ်။

"ကောင်းပြီလေ။ နင့်ဘက်က ဘာကိုပဲ တောင်းဆိုချင်တာရှိရှိ တွဲတွဲပဲ ပြောလိုက်။ ငါတို့ရဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်က ပိုက်ဆံတွေနဲ့ ရတနာပစ္စည်း အမျိုးအစားတွေ အများကြီး ရှိတယ်။ ငါတို့ရဲ့ အကန့်အသတ် လိုင်းကို မကျော်လွန်သရွေ့တော့ နင်လိုအပ်တာကို ငါ့အနေနဲ့ ပေးနိုင်ပါတယ်"

လင်းဟန်က သူ့ရဲ့လက်ကို ပွေ့ယမ်းလိုက်ပြီးတော့ အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"လက်ဆောင်ပေးဖို့ မလိုပါဘူး။ ငါက စိတ်ဂိညာဉ် ဆေးပင်တစ်မျိုးကို လိုချင်တယ်။ တကယ်လို့ နှစ်ကုန်တဲ့ အချိန်မှာ ပေးနိုင်မယ် ဆိုရင်တော့ အကောင်းဆုံးပဲ။ မူလစွမ်းအင် ပုံဆောင်ခဲက ပြဿနာမရှိဘူး။ ကျသင့်သလောက်ကို ငါပေးချေနိုင်တယ်"

ရင်ဟောင်က လက်ခုပ်တီးပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"မျှော်လင့်ထားတဲ့ အတိုင်းပဲ မြေကျွှမှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်က ချမ်းသာကြွယ်ဝပြီး ခံညားထည်ဝါတာပဲ။ ကြီးမားတဲ့ အခွင့်အရေးကြီး တစ်ခုရှိတာတောင် ကျမအပေါ်မှာ အခွင့်အရေး မယူဘူး"

ကျူးရှမ်အာရဲ့ သည်းခံနိုင်မှုက အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။ သူမကို ရင်ဟောင် ဘယ်လိုပဲ နောက်ပြောင်ကျီစယ်နေပါစေ နည်းနည်းလေးမှ မလှုပ်ရှားပါဘူး။ တကယ့်ကို ကောင်းကင်ဘုံကနေ နတ်သက်ကြွေလာတဲ့ နတ်သမီးလေး တစ်ပါးနဲ့ တူပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သေမျိုးကိစ္စတွေကြောင့် ဘယ်လိုလုပ်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်နိုင်မှာလဲ။

ရင်ဟောင်က မေးလိုက်ပါတယ်။

"သခင်လေးလင်းက ဘယ်လိုမျိုး စိတ်ဂိညာဉ် ဆေးပင်ကို လိုအပ်တာလဲ"

"အရွက်ကိုးခုအမည်းရောင် လင်ဇီး"

လင်းဟန်က ပြောလိုက်သည်။

"အဆင့်ခုနစ် စိတ်ဝိညာဉ် ဆေးပင်က စိတ်ဝိညာဉ် ရတနာ စံအိမ် အတွက်တော့ ပြဿနာ မရှိလောက်ပါဘူး။ ဟုတ်တယ်မလား"

ရင်ဟောင်ရဲ့ လှပချောမောတဲ့ မျက်နှာလေးက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူမက ပုံကြီးချဲ့ပြီး ပြောလိုက်ပါတယ်။

"ဟော့ဟော့ဟော့ ဒါက အဆင့်ခုနစ် စိတ်ဝိညာဉ် ဆေးပင်တစ်ခုလေ။ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် စစ်သည်တော်တွေကိုတောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်စေလိမ့်မယ်။ ငါတို့ရဲ့ မြောက်ပိုင်းဒေသမှာ အသန်မာဆုံး ကျင့်ကြံသူတောင်မှ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိတာလေ။ ဒါကို နင်က ပြဿနာ မရှိဘူးလို့တော့ မပြောသင့်ဘူးလေ ဟုတ်တယ်မလား"

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ပြဿနာတစ်ခုခု ရှိတယ်ဆိုရင်တောင် အဲဒါက မိန်းကလေးရင်ရဲ့ ပြဿနာပဲလေ။ ငါ့ရဲ့ အခြေအနေကို ပြောပြီးပြီ။ မိန်းကလေးရင်က ငါ့ဆီကို အရွက်ကိုးခု အမည်းရောင် လင်ဇီးဆေးပင်ကို ယူလာနိုင်တာနဲ့

စိတ်ဂိညာဉ် ရတနာ စံအိမ်အတွက် တိုက်ပွဲဝင်ဖို့ကို ငါလက်ခံပေးမယ်။ ပြီးတော့ ငါနောက်ကို ခြေတစ်လှမ်း ဆုတ်ပေးနိုင်တယ်။ အရွက်ကိုးခု အမည်းရောင် လင်ဇီးပင်က အရွယ်မရောက်သေးဘူး ဆိုရင်တောင်မှ ငါက အသက်ရှိတဲ့ အပင်တစ်ပင် လိုချင်တယ်”

ရင်ဟောင်က လင်းဟာန်ကို ထူးထူးဆန်းဆန်း စိုက်ကြည့်လိုက်ပါတယ်။ သူရဲ့ စကားတွေ အနောက်က စောင်းပါးရိပ်ခြည် စကားတွေက တစ်ခုခုတော့ အံ့အားသင့်စရာ ကောင်းပါတယ်။

တကယ်လို့ ဆေးပင်က အသက်ရှင်နေသေးတယ် ဆိုရင်ကိုပဲ လုံလောက်တဲ့ သက်တမ်းအထိ အရွယ်မရောက်သေးရင်တောင် ကိစ္စမရှိဘူး။

လင်းဟာန်ဆီမှာ စိတ်ဂိညာဉ် ဆေးပင်တွေရဲ့ ကြီးထွားမှု အမြန်နှုန်းကို မြှင့်တင်အားပေးနိုင်တဲ့ နည်းလမ်းတစ်ခု ရှိနေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဒီအတွေးတစ်ချက် လက်သွားပေမဲ့ ရင်ဟောင်က ချက်ချင်းဆိုသလို သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။ နည်းလမ်းလုံးဝ မရှိပါဘူး။ အဆင့်ခြောက်ကနေ စပြီးတော့

စိတ်ဂိညာဉ် ဆေးပင်တွေက သိုင်းပညာရှင်တွေလိုပါပဲ။ သေမျိုးအဆင့်ကို ကျော်လွန်သွားခဲ့ပြီး ပုံမှန်ဆေးဉယျာဉ် တစ်ခုမှာ စိုက်ပျိုးမွေးမြူလို့ မဖြစ်နိုင်ပေ။ ၎င်းကို အသက်ရှင်လျက်နဲ့ ထိန်းရတာ အရမ်းကို ခက်ခဲပါတယ်။ ၎င်းရဲ့ ကြီးထွားဖွံ့ဖြိုးမှု အမြန်နှုန်းကို အရှိန်မြှင့်တင်ဖို့ဆိုတာ အသာထား ပါဦး။

သူမက တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ ပြောသည်။

"ကောင်းပြီလေ။ ဒီကိစ္စကို ကျမတာဝန် ထားလိုက်ပါ။ ဒါပေမဲ့ တကယ်လို့ အဲဒီဆေးပင်ကို ရယူနိုင်ခဲ့ရင်တောင်မှ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်ရဲ့ တန်ဖိုးက အရမ်းကို မြင့်မားတယ်။ သခင်လေးလင်းက ကြိုတင်ပြင်ဆင်ထားဖို့ မျှော်လင့်ထားပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး။ အများဆုံး မော်ဆေးလုံး တချို့ကို ဖော်စပ်လိုက်ရုံပါပဲ"

ရင်ပေါင်က ရုတ်တရက် ပြောစရာ စကားကင်းမဲ့ သွားခဲ့ပါတယ်။ ဒီကဿမ္ဘာကြီးထဲမှာ ငွေရှာအကောင်းဆုံး

အုပ်စုက မျော်ဆေးပညာရှင်တွေနဲ့ ထူးချွန်ထက်မြက်တဲ့ မျော်ဆေးပညာရှင် တစ်ယောက်ပဲ ဖြစ်ပါတယ်။ အဆင့်မြင့် မျော်ဆေးလုံး ဖော်စပ်အောင်မြင်မှုနှုန်း မြင့်မားတဲ့ လူတစ်ယောက်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ ငွေရှာနိုင်စွမ်း ရှိပါတယ်။ ပါဂင်ပစ္စည်း ဆေးအမယ်တစ်စုံက အမြတ်အစွန်း ဆယ်ဆလောက်ထိ ရနိုင်ပါတယ်။ နောက်ပြီးတော့ ဆေးလုံးတွေကို ရောင်းမထွက်မှာကို စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ သိုင်းပညာရှင်တွေက အမြောက်အများ ရှိနေတဲ့ အတွက် ဖြစ်ပါတယ်။

"အားလုံးပဲ သဘောတူညီမှု ရပြီဆိုတော့ လာလာ သောက်ကြရအောင်"

ရင်ပေါင်က အရမ်းကို မျက်နှာပြောင်ပြောင်နဲ့ ပြောလိုက်သည်။ သူမရဲ့ ရုပ်ရည်ရူပကာ တစ်ခုတည်းကိုပဲ ကြည့်မယ်ဆိုရင် ဘယ်သူကများ ဒီဆွဲဆောင်မှုရှိတဲ့ မိန်းမပျိုလေးက တကယ့်ကို မျက်နှာပြောင် တိုက်တတ်လိမ့်မယ်လို့ စဉ်းစားမိကြမှာလဲ။

သူတို့လေးယောက်စလုံး စတင်ပြီးတော့ စားသောက်လိုက်ကြပါတယ်။ ဟူးညို့က ချက်ချင်းပဲ အရသာ

မြည်းစမ်းကြည့်လိုက်တဲ့ အခါမှာတော့ ဒီအစားအသောက်တွေက သူမအတွက် လုံးဝကို လက်မခံနိုင်စရာ ဖြစ်နေပါတယ်။ ဒါကြောင့် သူမအတွက် ပြင်ဆင်ထားတဲ့ အသားခြောက်တွေကို သိုလှောင်လက်စွပ် အထဲကနေ ထုတ်ပြီးတော့ တစွတ်စွတ် ဝါးစားလိုက်ပါတယ်။ အသားရဲ့ အနံ့က ပျံ့နှံ့သွားပြီးတော့ ရင်ဟောင်းရဲ့ အကြည့်တွေကို ချက်ချင်းပဲ ဆွဲဆောင်သွားပါတယ်။ သူမရဲ့ သွားရည်တွေက ကျလုမတတ် ဖြစ်သွားပြီး ကျူးရှမ်အာတောင်မှ သူမရဲ့ တံတွေးတွေကို မမျိုချပဲ မနေနိုင်အောင် ဖြစ်သွားစေခဲ့ပါတယ်။

ဒီလိုမျိုး အရသာရှိလှတဲ့ အစားအသောက်ရဲ့ အရှေ့မှာ နတ်သမီးလေးတွေတောင်မှ သာမန်လူ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

"မိန်းမချောလေး အစ်မကို အသားတစ်ပိုင်းလောက် ပေးပါ"

ရင်ဟောင်းက ရဲရဲတင်းတင်းပဲ မရှက်မကြောက်နဲ့ တောင်းလိုက်ပါတယ်။

ဟူးညိုက ကပ်စေးကုတ်စွာနဲ့ ရင်ဟောင်းကို သတိဂီရိယနဲ့ စိုက်ကြည့်နေပါတယ်။ အစားအသောက် ဆိုတာက သူမရဲ့

အသက်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး ကပ်စေးမနဲပါနဲ့။ ဒီအစ်မနစ်ယောက်ကို အရသာ ပေးမြည်းလိုက်ပါ"

လင်းဟန်က ဒီလိုမျိုး ပြောလိုက်တာကို ကြားရတော့ ဟူးညီ့က အသားအပိုင်းအစ သေးသေး နှစ်ခုကို ခွဲပြီးတော့ သူမတို့ကို ပေးလိုက်ပါတယ်။ ဒါပေမဲ့လည်း ကျူးရွှမ်အာကို သူမပေးလိုက်တဲ့ အပိုင်းက အသေးဆုံး တစ်ခုဖြစ်တယ် ဆိုတာ အရမ်းကို သိသာပါတယ်။ သူမအနေနဲ့ ကျူးရွှမ်အာကို တွေ့မြင်နေရတာ ဘယ်လောက်တောင် မပျော်မရွှင် ဖြစ်နေသလဲ ဆိုတာ အရမ်းကို သိသာပါတယ်။

ရင်ဟောင်က နည်းနည်းလေးမှ စိတ်ကသိကအောက် ဖြစ်မနေပဲ အသားခြောက်ကို ချက်ချင်းပဲ စားလိုက်ပါတယ်။ အရသာကိုခံစားလိုက်ရတာနဲ့ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားပြီးတော့ ပီတိဂွမ်းဆီ ထိသွားပါတယ်။

ဟူးညီ့အတွက် လုပ်ထားပေးတဲ့ အသားခြောက်တွေက

သာမန်အသားနဲ့ လုပ်ထားတာ မဟုတ်ပါဘူး။ အနက်ရောင် မျှော်စင်ထဲမှာ မွေးမြူထားတဲ့ မိစ္ဆာသားရဲနဲ့ လုပ်ထားခြင်း ဖြစ်ပါတယ်။ အဲဒီမှာ အရမ်းကို နည်းပါးတဲ့ အတွက် လင်းဟန်တောင်မှ မကြောခဏ မစားခဲ့ပါဘူး။ အရသာက လတ်ဆတ်ရုံတင်မက သိုင်းပညာရှင်တွေအတွက် အကြီးအကျယ်ကို အကျိုးအမြတ် ရစေပါတယ်။

တကယ်တော့ ဒီမိစ္ဆာသားရဲတွေက နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေနဲ့ ဆေးဖက်ဝင် အပင်တွေကို နေ့တိုင်း စားသုံးနေခဲ့တာ ဖြစ်တဲ့အတွက် အဲဒီအသားတွေမှာ အာဟာတွေ ပြည့်ဝနေတာက မထူးဆန်းတော့ပါဘူး။

"သခင်လေးလင်း ဒီအသားတွေကို ဘယ်လိုရောင်းမလဲ။ ဈေးသတ်မှတ်လိုက်လေ။ ငါရဲ့ ခန္ဓာကိုယ်ကိုတောင်မှ အသားအတွက် အလဲအလှယ် လုပ်နိုင်တယ်နော်"

ရင်ဟောင်က မျက်နှာပြောင်ပြောင်နဲ့ ပြောလိုက်ပါတယ်။

အပိုင်း(၃၈၅) ဂင်္ကပါ အစီအရင် အရှင်သခင်

လင်းဟန်က ချက်ချင်းဆိုသလို ပါးစပ်အပြည့် ပိုင်တွေကို

ထွေးထုတ်လိုက်ပါတယ်။ ဒီမိန်းမက အတော်လေးကို မခံမရပ်နိုင်အောင် မျက်နှာပြောင်လွန်းပါတယ်။ ဂူဖန်းဟွာလို တဏှာရူး တစ်ယောက်ပဲ သူမကို ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။

ရင်ဟောင်ရဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ ကျူးရွှမ်အာက သူမရဲ့ သိချင်စိတ်တွေကို မထိန်းနိုင်တော့ပဲ စားပွဲပေါ်က အသားပိုင်းလေးကို ကောက်ယူလိုက်ပါတယ်။ သူမရဲ့ ဇာပဂါကို ဖြည်းဖြည်းလေး ပင့်လိုက်ပြီးတော့ သူမရဲ့ လှပတဲ့ နှုတ်ခမ်းလေး ထွက်ပေါ်လာပြီး သူမရဲ့ ပါးစပ်ကို ဖြည်းညင်းစွာ ဟလိုက်ပါတယ်။ သူမရဲ့ ပုလဲလုံးလေးတွေလို စီတန်းထားတဲ့ သွားလေးတွေက အရမ်းကို လက်ရာမြောက်တဲ့ ပညာနဲ့ ထုဆစ်ထားသလို အံ့မခန်း ချောမောလှပ လွန်းပါတယ်။

သူမရဲ့ ပါးစပ်ထဲကို အသားခြောက်ကို ထည့်လိုက်ပြီး အဖြူရောင် ဇာပဂါကို ပြန်ချပြီးတော့ ဖြည်းညင်းစွာ ဝါးလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ နောက်ထပ်တစ်ကြိမ် ဒီမြင်ကွင်းကို တွေ့မြင်ချင်စိတ်တွေ ပေါက်လာပြီးတော့ မတွေ့လိုက်ရမှာကို နှောင်တရချင်တဲ့ စိတ်တွေက တဖွားဖွား ပေါ်လာခဲ့ပါတယ်။

သူမက ရင်ဟောင်လိုမျိုး ဟန်လုပ်ပြီးတော့ မပြုမှုပါဘူး။

ဒါပေမဲ့ သူမက ငေးကြည့်ပြီးတော့ အံ့အားသင့်နေမှုကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီလိုမျိုး အရသာရှိလှတဲ့ အစားအသောက်ကို ဘဝမှာ တစ်ကြိမ်ပဲ စားဖူးတာ ဖြစ်ပြီးတော့ နောက်ထပ်တစ်ကြိမ် ထပ်စားရဖို့အတွက်ကို ဘယ်လောက်ပဲ ပေးရပေးရ မြည်စမ်းချင်တဲ့ အာသီသတွေ ထွက်ပေါ်လာတာကို ခံစားရပါတယ်။

သူမက ကျူးရှမ်အာပါ။ သိပ်မကြာခင်မှာပဲ သူမရဲ့ စိတ်ခံစားချက်ကို ဖိနှိပ်ထိန်းချုပ်နိုင်လိုက်ပုံ ရပါတယ်။ သာယာကြည်နူးမှုထက် သူမပုံစံက အေးဆေးတည်ငြိမ်တဲ့ပုံစံ ပေါက်နေပါတယ်။

"ညီမလေးကျူး နင် သခင်လေးလင်းကို လက်ထပ်သင့်တယ်"

ရင်ဟောင်က သွေးတိုးစမ်းသလိုမျိုး ပြောလိုက်ပါတယ်။

"ကြည့်စမ်းပါဦး။ သခင်လေးလင်းက အသက်ဆယ့်ခုနစ်နှစ်နဲ့ မြေကျွန်းမှာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပြီ။ ဒီနှုန်းနဲ့ဆိုရင် အသက်သုံးဆယ် ဂန်းကျင်မှာပဲ ကောင်းကင်အဆင့်ကို ရောက်သွားလိမ့်မယ်။ ဒါဆိုရင် နင်က သူ့ကို ဆေးလုံးတွေ ဖော်စပ်ခိုင်းလို့ ရနေပြီ။ နောက်ပြီးတော့

သူ့အနောက်ကို လိုက်နေမယ်ဆိုရင် ဒီလိုမျိုး အရသာ အရမ်းရှိတဲ့ အစားအစာတွေကိုလည်း စားရဦးမယ်။ ဒါက နင့်ရဲ့ဘဝ တစ်ခုလုံးကို ပေးလိုက်ရတာ တန်ပါတယ်"

သူမက ကျီစယ်တဲ့ ပုံစံနဲ့ ရယ်မောပြီးတော့ လင်းဟန်ကို မျက်နှာချိုသွေးတဲ့ ပုံစံနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးလင်း ငါနင့်အတွက် ဇနီးတစ်ယောက် ရှာပေးထားတယ်နော်။ ဘာဖြစ်လို့ ဒီအသားခြောက်တွေ နည်းနည်းလောက် ငါ့ကို မပေးသေးတာလဲ"

ဒီစကားလုံးတွေက ကျူးရွှမ်အာနဲ့ ဟူးညိုကို စော်ကားလိုက် သလိုပါပဲ။

ကျူးရွှမ်အာကတော့ သိပ်ပြီးတော့ ဂရုမစိုက်ပါဘူး။ သူမက အရွယ်ရောက်နေပြီ ဖြစ်တဲ့အတွက် သူမကိုယ်သူမ ထိန်းချုပ်နိုင်ပါတယ်။ ဒါပေမဲ့ သူမရဲ့ အကြည့်တွေက အေးစက်စက် ဖြစ်လာပါတယ်။ ဟူးညိုကတော့ စိတ်ဆိုးလွယ်တဲ့ စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူမက ချက်ချင်းဆိုသလို လင်းဟန်ရဲ့ ပွေ့ဖက်ထားမှုကနေ ရုန်းထွက်ပြီးတော့ သူမရဲ့ ပုံရိပ်သေးသေးလေးက လျှပ်ပြက်သလိုပဲ ရင်ပောင်အရှေ့မှာ ပေါ်လာပြီး သူမရဲ့

လက်သည်းတွေနဲ့ ရင်ဟောင်းရဲ့ ရင်ဘတ်ကို ကုတ်ခြစ်လိုက်ပါတယ်။

"ဟင်"

မိန်းကလေးနှစ်ယောက် စလုံးပဲ လုံးဂကို ထိတ်လန့်အံ့အားသင့် သွားခဲ့ပါတယ်။ ဟူးညိုက အမှန်တကယ်ပဲ လက်ရွေးစင် တစ်ယောက်များ ဖြစ်နေတာလား။ သူမက အရမ်းကို ထူးဆန်းပါတယ်။ လင်းဟန်တောင်မှ ကောင်းကင်အဆင့် နတ်ဘုရားအာရုံကို အသိဉာဏ်ကို ပိုင်ဆိုင်ထားတာတောင် သူမကို ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။ ဒီမိန်းကလေး နှစ်ယောက် ဆိုရင်တော့ ဘာများတတ်နိုင်မှာမို့လို့လဲ။

စိတ်ဂိညာဉ် ပင်လယ် လက်ရွေးစင် တစ်ယောက်က ရုတ်တရက် တိုက်ခိုက်လိုက်တာ ဖြစ်ပြီးတော့ ရင်ဟောင်းက လုံးဂကို မကာကွယ်နိုင်ခဲ့ပါဘူး။ သူမရဲ့ ရင်ဘတ်ပေါ်က အဂတ်အစားတွေက ချက်ချင်းဆိုသလို စုတ်ပြဲထွက် ကုန်ပါတယ်။ ဒါပေမဲ့ သိပ်မကြာလိုက်ပဲ အဖြူရောင် အလင်းတန်း တစ်ခုက တောက်ပလာပြီးတော့ ဟူးညိုရဲ့ လက်သေးသေးလေးတွေကို ခုခံတားဆီးလိုက်တဲ့ အလင်းတန်းပုံရိပ်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ညိုးညိုး ရပ်လိုက်"

လင်းဟန်က အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။

ဟူးညိုက ချက်ချင်းဆိုသလို လင်းဟန်ရဲ့ ရင်ခွင်ထဲကို ပြန်ပြီးတော့ ရောက်လာခဲ့ပါတယ်။ စိတ်ဆိုးမာန်ဆိုး အမူအရာ ရှိနေဆဲ ဖြစ်ပြီးတော့ သူမက ရင်ပေါင်ကို မျက်နှာပုပ်ပြီးတော့ ကြည့်နေဆဲပါပဲ။

ရင်ပေါင်ရဲ့ ရင်ဘတ်က အဖြူရောင် အလင်းက ပျောက်ကွယ်သွားခဲ့ပါတယ်။ သူမရဲ့ ရင်ဘတ်က အဂတ်အစားက ဆုတ်ပြဲသွားတဲ့အတွက် နှင်းတွေလို ဖြူဖွေးနေတဲ့ အသားအရေကို မပီတပြင် ပိုးတဂါးနဲ့ မြင်တွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း အံ့အားသင့်စရာ ကောင်းတာက သူမရဲ့ အသားအရေပေါ်မှာ တက်တူးနဲ့တူတဲ့ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေ ရှိနေတာပဲ ဖြစ်ပါတယ်။

"အစီအရင် အမှတ်အသားတွေ"

လင်းဟန်မှာက ကောင်းကင်အဆင့် အတွေ့အကြုံတွေ ရှိပါတယ်။ သူရဲ့မျက်ခုံးတွေက ချက်ချင်းပဲ ပင့်သွားပြီးတော့

၎င်းအမှတ်အသားတွေကို စူးစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။

အစီအရင်တွေက အမြဲတမ်းလိုလို သတိထားရပြီးတော့ သူရဲ့ ယခင်ဘဝတုန်းကတောင် အသက်ဆုံးရှုံးလုနီးပါး ဖြစ်စေခဲ့ပါတယ်။ ရှေးဟောင်းသမိုင်းဝင် နေရာတွေကို သူသွားရောက် လည်ပတ်ခဲ့တုန်းက ၎င်းတို့ကို ဘယ်လိုဖြေရှင်းရမလဲ ဆိုတာကိုပဲ သိနားလည်ခဲ့ပြီး သူကိုယ်တိုင် ချမှတ်နိုင်တဲ့ အစီအရင်ကတော့ သတိပေးခြင်း အစီအရင်တစ်ခုသာ ဖြစ်ပါတယ်။

သူက အစီအရင်တွေ ဂင်္ဂါပါတွေကို အရမ်းပဲ စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ သူရဲ့အာရုံတွေ အကုန်လုံးကို မှော်ဆေးပညာပေါ်မှာပဲ အာရုံစိုက်ထားပြီးတော့ ဂင်္ဂါပါအစီအရင်တွေအပေါ်မှာ တိုးတက်အောင် လုပ်ဖို့အတွက် အချိန်မရှိပါဘူး။ ထပ်ပြီးပြောရမယ်ဆိုရင် သူလေ့လာ သင်ကြားပြီး လမ်းညွှန်မှုကို တောင်းခံရမဲ့ အစီအရင် အရှင်သခင် မရှိတဲ့အပြင် ရှေးဟောင်း အချိန်တွေတုန်းက ကျန်ရစ်ခဲ့တဲ့ အစီအရင် စာလိပ်တွေလည်း မကျန်ရှိခဲ့ပါဘူး။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဒီအစီအရင် ဂင်္ဂါပါပညာကို လေ့လာနိုင်မှာလဲ။

သူ့အနေနဲ့ အစီအရင် ဂါက်ပါ ပညာရှင် တစ်ယောက်နဲ့ တကယ်ပဲ ကြုံတွေ့ရလိမ့်မယ်လို့ လုံးဝ မထင်မှတ်ထားခဲ့ပါဘူး။

မျှော်လင့်ထားသလိုပဲ ယခုအချိန်က သိုင်းပညာရပ်တွေ ထွန်းကားစည်ပင်ပြီး ဖွံ့ဖြိုးတိုးတက်ချိန် ရောက်နေတဲ့အတွက် ရှုံပွမ်ရှမ်၊ ရန်ထန်းဖောင်၊ မာထိုပေါင်နဲ့ ဟူးညိုတို့လို လူထူးလူဆန်းတွေ ထွက်ပေါ်လာခဲ့ရုံတင်မက အစီအရင် ဂါက်ပါ ပညာရှင်တွေလည်း ပျောက်ကွယ်နေရာကနေ ပြန်လည်ထွက်ပေါ်လာခဲ့ပါတယ်။

"နင့်ရဲ့ မျက်လုံးတွေကလည်း ငါ့ဆီမှာချည်းပဲ။ နင့်ကျေနပ်ပြီး အကုန်လုံး ရှင်းရှင်းလင်းလင်း မြင်ရအောင်လို့ ငါ့အဝတ်အစားတွေကို ချွတ်ပြလိုက်ရမလား"

ရင်ဟောင်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူမက ထူးထူးဆန်းဆန်း ပြုံးနေပေမဲ့ အွန္တရာယ် အငွေ့အသက် တစ်ခုကို ထုတ်လွှတ်နေပါတယ်။

လင်းဟန်က သူရဲ့အကြည့်တွေကို ပြန်ပြီးတော့

မရုတ်သိမ်းခဲ့ပါဘူး။ သူက ရင်ဟောင်ရဲ့ ခန္ဓာကိုယ်ကို လုံးဝ စိတ်မဝင်စားပါဘူး။ သူကြည့်နေတာက သူမရဲ့ ခန္ဓာကိုယ်ပေါ်က အစီအရင် အမှတ်အသားတွေကိုပဲ ကြည့်နေတာပါ။ သူရဲ့ ယခင်ဘဝတုန်းက ဂဏ်ပါ အစီအရင် တော်တော်များများကို မြင်တွေ့ဖူးခဲ့ပါတယ် ဒါပေမဲ့ ခန္ဓာကိုယ်ပေါ်မှာ ရေးထွင်းထားတဲ့ အစီအရင်တွေကို မြင်ရတာက ဒါက ပထမဆုံး အကြိမ်ပဲ ဖြစ်ပါတယ်။

"အစီအရင်တွေပဲ။ ဒါတွေက အရမ်းကို လှပပြီးတော့ ကောင်းတဲ့ အရာတွေပဲ"

လင်းဟာန်က ပြောလိုက်သည်။

"တကယ်လို့ မင်းစိတ်မရှိဘူးဆိုရင် မင်းရဲ့ အဝတ်အစားတွေကို ချွတ်ပြီးတော့ ငါ့ကို သေသေချာချာ လေ့လာခွင့်ပေးလေ"

"ထွက်သွား"

ရင်ဟောင်က သူမရဲ့ ရင်ဘတ်ကို အလျင်အမြန်ပဲ ဖုံးလိုက်ပြီးတော့ အဝတ်အစားအသစ်တွေကို လဲလှယ်ဖို့အတွက် အခန်းထဲကို ပြေးဝင်သွားခဲ့ပါတယ်။

ကျူးရှမ်အာကို ကြည့်ရတာ ဟူးညို့ကို အရမ်းပဲ အံ့အားသင့်နေပုံ ပေါက်နေပါတယ်။ သူမက ဟူးညို့ကို မမြင်နိုင်တာက ဟူးညို့မှာ ကျင့်ကြံခြင်း မရှိတဲ့ အတွက်ကြောင့်လို့ ထင်နေခဲ့ပါတယ်။ သူမရဲ့ ထင်မြင်ချက်က မှားယွင်းနေလိမ့်မယ်လို့ လုံးဝကို မမျှော်မှန်းထားပါဘူး။ ဟူးညို့က စိတ်ဝိညာဉ် အခြေခံ နိုးထနေရုံတင်မက စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက်လည်း ဖြစ်နေပါတယ်။

အသက် ငါးနှစ် ခြောက်နှစ်အရွယ်နဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ ရှိနေပါပြီ။ ဒါက ဘာကို ဆိုလိုတာလဲ။

နှိုင်းယှဉ်ရမယ်ဆိုရင် သူမရဲ့ကျင့်ကြံခြင်းက ပြောဖို့တောင်မှ မတန်ပါဘူး။ ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

သိုင်းပညာကမ္ဘာကြီးမှာ ပန်းဖူးအဆင့်အောက်မှာ ရှိတဲ့အဆင့်တွေက ဘာမှမဟုတ်ပါဘူး။ သေမျိုး အဆင့်တွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအဆင့်ငါးခုက တက်ရောက်ဖို့အတွက် လွယ်ကူတယ်လို့ ပြောလို့ရပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်က ဘယ်လောက်ပဲ ငယ်ရွယ်နေပါစေ ကိစ္စမရှိပါဘူး။

ထူးလည်းမထူးဆန်းပါဘူး။ ဒါပေမဲ့လည်း အသက်ငါးနှစ် ခြောက်နှစ်အရွယ်နဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ရောက်နေတာကတော့ ထူးဆန်းပါတယ်။

သူမအနေနဲ့ မအံ့ဩပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ နေနိုင်မှာလဲ။

ဟူးညိုရဲ့ အာရုံတွေက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ သူမက ချက်ချင်းဆိုသလို ကျူးရှမ်အာရဲ့ စူးစိုက်ပြီး ကြည့်နေတာကို ရှာဖွေတွေ့ရှိသွားပြီးတော့ သူမဘက်ကို မျက်နှာလှည့်ပြီး ရန်လိုတဲ့ ပုံစံမျိုး ဖော်ပြလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေးကျူး မင်းက ဘာဖြစ်လို့ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ကို လိုချင်နေတာလဲ"

ကျူးရှမ်အာက ခဏတဖြုတ် လန့်ဖျပ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ရှင်လည်း အဲဒီနေ့က ရှိနေတယ်ပေါ့"

သူမက ခဏလောက် ရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ကျမက ကောင်းကင်အဆင့် ဆေးတစ်မျိုးကို ဖော်စပ်ဖို့ လိုအပ်နေတယ်။ ပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်က ဖြည့်စွက်တဲ့ ပါဂင်ပစ္စည်း တစ်မျိုးပဲ"

ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ကို ဖြည့်စွက်တဲ့ ပါဂင်ပစ္စည်းအနေနဲ့ လုပ်နိုင်တာလား။

ကောင်းပြီလေ။ ဒါက ကောင်းကင်အဆင့် မှော်ဆေးလုံးတစ်ခု ဖြစ်တယ်။

လင်းဟာန်က ထူးဆန်းနေသလို ခံစားလိုက်ရပြီး ပြောပါတယ်။

"မင်းရဲ့ ဆရာက မကောင်းဆိုးဝါးရဲ့ ပိုင်ဆိုင်ထိန်းချုပ်ခြင်းကို ခံနေရတယ်လို့ ငါကြားဖူးတယ်။ ဒါပေမဲ့ ငါထင်တာတော့ အလယ်အလတ်အဆင့် ဒါမှမဟုတ် အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးလုံးကို သုံးရင်ပဲ ရနေပါပြီ။ ကောင်းကင်အဆင့် ဆေးလုံး မလိုပါဘူး"

တကယ်လို့ တခြားလူတစ်ယောက်က ဒီစကားတွေကို ပြောမယ်ဆိုရင် သူမက သေချာပေါက်ကို

လျစ်လျူရှုထားပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်က မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ အမှန်တကယ် အဆင့်အတန်း အရဆိုရင် သူက သူမထက် အများကြီး မြင့်ပါတယ်။ လင်းဟန်ကို တွေ့လိုက်ရင် ဆောင်းလဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်တောင်မှ ရိုသေလေးစားမှုကို ဖော်ပြရပါလိမ့်မယ်။

သူမက ပြောလိုက်ပါတယ်။

"ကျမဆရာရဲ့ တာအိုတစ်ခုက ဒဏ်ရာရသွားပြီး ကောင်းကင်အဆင့် မှော်ဆေးလုံးမှ မဟုတ်ဘူးဆိုရင် ပျောက်ကင်းအောင် ကုသလို့ မရနိုင်ဘူး"

လင်းဟန်က ပိုပြီးတော့တောင်မှ ထူးဆန်းသလို ခံစားလိုက်ရပြီး ပြောလိုက်ပါတယ်။

"မင်းရဲ့ဆရာက အများဆုံး စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကျင့်ကြံသူ တစ်ယောက်ပဲ ဖြစ်မယ်။ ဒါဆိုရင် ဘယ်လိုလုပ်ပြီးတော့ တာအိုဒဏ်ရာတစ်ခုကို သူက ရရှိဖို့ဆိုတာ ဖြစ်နိုင်မှာလဲ"

တာအိုဒဏ်ရာတွေကို ကြီးကျယ်မြင့်မြတ်တဲ့ တာအိုဒဏ်ရာတွေလို့လည်း သိထားကြပါတယ်။ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို နားလည်သဘောပေါက်တဲ့ အချိန်ကျမှ တန်ပြန်အကျိုး သက်ရောက်မှု အနေနဲ့ ဒဏ်ရာရနိုင်တာပါ။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေပဲ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို နားလည်သဘောပေါက် နိုင်ကြပါတယ်။ ဒါကြောင့် သူတို့တွေပဲ တာအိုဒဏ်ရာကို ရရှိနိုင်ပါတယ်။ တခြားအဆင့်တွေထက် စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့် သိုင်းပညာရှင်တွေက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ဖိတ်ကြားပြီးတော့ ရန်သူတွေကို ၎င်းစွမ်းအားနဲ့ ပျက်စီးဆုံးရှုံးပြီး အနာတရ ဖြစ်အောင်လုပ်နိုင်တဲ့အတွက် တာအိုဒဏ်ရာတစ်ခုကိုလည်း ခံစားရပါလိမ့်မယ်။

ပြဿနာက တကယ်လို့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက်က တိုက်ခိုက်မယ်ဆိုရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အစွမ်းပဲ ရှိတဲ့ လူတစ်ယောက်က ဒဏ်ရာတစ်ခုပဲ ရသင့်တာ မဟုတ်လား။ ပိုပြီးတော့ ဖြစ်နိုင်တာက ဒဏ်ရာတွေ အများကြီးနဲ့

သေသွားရမှာလေ။

ကျူးရှမ်အာက သူမရဲ့ ခေါင်းကို ခါပြီးတော့ အဖြေတော့ မပေးခဲ့ပါဘူး။ ကြည့်ရတာ ဒီကိစ္စမှာ လျှို့ဝှက်ချက် တစ်ခု ပါဝင်ပတ်သက်နေတာ သိသာပါတယ်။ သူတို့အနေနဲ့ ရင်းနှီးတဲ့ မိတ်ဆွေကိုပဲ ပြောပြလို့ရမဲ့ အတွင်းရေး ကိစ္စတစ်ခု ဖြစ်နေတဲ့အတွက် သူမက ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်ကူကူနဲ့ အစအဆုံး ထုတ်ဖော်ပြောလို့ ရနိုင်မှာလဲ။

လင်းဟန်က ထပ်ပြီးတော့ မေးမနေတော့ပါဘူး။ ဒါပေမဲ့ ကျူးရှမ်အာနဲ့ သူကတော့ တစ်ယောက်နဲ့ တစ်ယောက် ကြက်သွေးရောင် အေးစိမ်ရေခဲမြက်ပင် အတွက်ကြောင့် ယှဉ်ပြိုင်ဘက်တွေ ဖြစ်လာပါလိမ့်မယ်။

"စိတ်မကောင်းပါဘူး။ ငါလည်းပဲ ကြက်သွေးရောင် အေးစိမ်ရေခဲမြက်ပင်ကို အလိုရှိနေတယ်"

ကျူးရှမ်အာက ချက်ချင်းဆိုသလို ပြင်းထန်ရန်လိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒါက သူမဆရာသခင်အတွက် အသက်ကယ် ဆေးပဲ ဖြစ်ပါတယ်။ ဒါအပြင် ရင်ဟောင်အတွက် တိုက်ပွဲဝင်ဖို့ သူမလက်ခံလိုက်ရတယ် ဆိုတာကလည်း ရင်ဟောင်က

သူမကို တခြားအဓိက ပါဂင်ပစ္စည်းတွေကို ကူညီရှာဖွေပေးဖို့နဲ့ အလယ်ပိုင်းဒေသကို သွားပြီးတော့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ဆေးလုံးဖော်စပ်ပေးဖို့ တောင်းဆိုပေးမယ်ဆိုပြီး ကတိပေးခဲ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

အပိုင်း(၃၈၆) ဂက်ပါ အစီအရင်တွေ အတွက် လဲလှယ်ခြင်း

ဟူးညိုကလည်း ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာကို ထုတ်ဖော်လိုက်ပါတယ်။ ကျူးရွှမ်အာက လင်းဟန်ကို သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒနဲ့ တိုက်ရိုက်ကြည့်ပုံ့တာက ဒီမိန်းကလေးကို ချက်ချင်းပဲ တိုက်ပွဲတစ်ခုကို ဂင်ဖို့အတွက် ပြုလုပ်လိုက်သလိုပါပဲ။ သူမရဲ့ ပုံရိပ်လေးက ခုန်ဆွခုန်ဆွပုံစံနဲ့ တိုက်ပွဲဂင်ဖို့ အဆင်သင့် ဖြစ်နေပါတယ်။

လင်းဟန်က ဟူးညိုရဲ့ ပခုံးတွေကို သူရဲ့လက်နဲ့ ဖိတ်ထားပြီးတော့ သူမကို အလျင်စလို မလုပ်မိအောင် တားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မှန်းကြည့်ပါဦးမယ်။ တာအိုဒဏ်ရာကို ကုသနိုင်တဲ့ ကောင်းကင်အဆင့် ဆေးအမျိုးအစား လေးခုရှိတယ်။ ဒါပေမဲ့ ပုန်းကွယ်နေတဲ့ ကံကောင်းခြင်းကောင်းကင်ဘုံ

ကျားဆေးလုံးကို ဖော်စပ်ဖို့ အတွက်ပဲ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ကို လိုအပ်တာပါ”

ကျူးရှမ်အာရဲ့ သူငယ်အိမ်တွေက ချက်ချင်းဆိုသလို ကျဉ်းမြောင်းသွားခဲ့ပါတယ်။ လင်းဟန်ပြောတာ မှန်ပါတယ်။ သူမက ပုန်းကွယ်နေတဲ့ ကံကောင်းခြင်းကောင်းကင်ဘုံးကျား ဆေးလုံးကို ဖော်စပ်ဖို့အတွက် ပါဂင်ပစ္စည်းတွေကို စုဆောင်းနေတာပါ။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ သူမရဲ့ အပြုအမူကိုကြည့်ပြီး သူ့ရဲ့အတွေးကို အတည်ပြု လိုက်ပါတယ်။ ပြီးတော့မှ သူက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

“ပုန်းကွယ်နေတဲ့ ကံကောင်းခြင်းကောင်းကင်ဘုံ ကျားဆေးလုံးရဲ့ အဓိက ပါဂင်ပစ္စည်းတွေက တာအိုကိုးခု ကောင်းကင်အသံ သစ်သီး၊ ကောင်းကင်ဆင်ဂံပုလွေ လေးကောင် မြက်ပင်နဲ့ နဂါးနက်ကေရာဇ် သစ်သီးတွေပဲ။ အဓိက ပါဂင်ပစ္စည်းတွေကို အစားထိုးလို့ မရပေမဲ့ ဖြည့်စွက် ပါဂင်ပစ္စည်းတွေကိုတော့ အစားထိုးနိုင်တယ်”

“နင်အခု ပြောနေတာက ကြက်သွေးရောင် အေးစိမ့်ရေခဲ

မြက်ပင်အတွက် နင်က ငါနဲ့ မပြိုင်ချင်လို့ ပြောနေတာပဲ”

ကျူးရှမ်အာက လင်းဟန်ရဲ့ ရည်ရွယ်ချက်ကို ချက်ချင်းပဲ နားလည်သဘော ပေါက်သွားခဲ့ပါတယ်။

လင်းဟန်က ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါအမှန်ပဲ။ ငါမင်းကို မကြောက်ပါဘူး။ ဒါပေမဲ့ ငါတို့က နောက်ပိုင်းမှာ တစ်ဖက်တည်းကနေ တိုက်ပွဲဝင်ကြရမယ်။ ငါက မင်းကို အကြံဉာဏ်တစ်ခုနဲ့ သတိပေးတာပါပဲ။ မင်းက ဒါကို လက်မခံလည်း ကိစ္စမရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ မင်းက ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်ကို ရအောင်မယူနိုင်ခဲ့ဘူး ဆိုရင်တောင်မှ စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ ဖြည့်စွက်ရမဲ့ ပါဝင်ပစ္စည်းတွေက ပြောင်းလဲပစ်နိုင်တာပဲလေ”

“ဆရာသခင်လင်း တကယ်လို့ ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်ကို ပြောင်းလဲပစ်လို့ ရတယ်ဆိုရင်တောင်မှ ဒီကမ္ဘာကြီးထဲမှာ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တွေက ဘယ်လောက်များ ရှိလို့လဲ”

ကျူးရှမ်အာက မေးခွန်းတစ်ခုနဲ့ ပြန်ပြီးတော့

ဖြေလိုက်ပါတယ်။

"ဒီ ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်ကို အရယူဖို့ ဆုံးဖြတ်ထားတယ်"

လင်းဟန်က ပခုံးကို တွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ငါတို့ရဲ့ စွမ်းရည်တွေကို ယှဉ်ပြိုင်ရတာပေ့ါ။ ဒါပေမဲ့လည်း ငါလုယူသွားခဲ့ရင် မငိုရဘူးနော်"

ကျူးရွှမ်အာရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို ပိုင်းစက်သွားပါတယ်။ ငိုရအောင် သူမက ကလေးတစ်ယောက်လား။ သူမက စိတ်ထဲကနေ အတော်လေးကို ဒေါသထွက်နေပါတယ်။ ဒါက သူမရဲ့ ဆွဲဆောင်မှုကို ဂရုမစိုက်တဲ့ လူတစ်ယောက်နဲ့ ပထမဆုံးအကြိမ်အဖြစ် ကြုံတွေ့ရတာ ဖြစ်ပြီးတော့ သူမအတွက်တော့ နေသားတကျဖြစ်အောင် အလိုက်သင့် နေထိုင်ဖို့တော့ ခက်ခဲပါတယ်။

ဒုတိယ အကြောင်းက ဟူးညိုက သူမကို တစ်ချိန်လုံးလိုလိုပဲ မလိုမုန်းတီးတဲ့ မျက်နှာနဲ့ ကြည့်နေပြီး လင်းဟန်အတွက်နဲ့ သူမကို တိုက်ခိုက်ချင်နေပုံ ရပါတယ်။

ထွီထွီထွီ တကယ်လို့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေရင်တောင်မှ အများဆုံး သူကို့ ဆေးဖော်စပ်ပေးဖို့ တောင်းဆိုရုံပါပဲ။ သူ့ကို ကြိုက်ရမှာလား။ ဟင့် မဖြစ်နိုင်တာ။ သူမနှစ်သက် သဘောကျရမဲ့သူက သိုင်းပညာ ပါရမီရှင် တစ်ယောက်ပဲ ဖြစ်ရမယ်။ ခေါင်းထဲမှာ မှော်ဆေးလုံးတွေကို ဖော်စပ်နေဖို့ပဲ သိတဲ့ လူတစ်ယောက် မဖြစ်စေရဘူး။

"ပိုး ကြည့်ရတာ နင်တို့တွေ စကားပြော ကောင်းနေကြပုံပဲ။ ငါလာတာ အချိန်မှားသွားတယ် ထင်တယ်"

ရင်ဟောင်က သူမရဲ့ တင်းစက်ပိုင်းကားနေတဲ့ တင်ပါးကြီးတွေကို လှုပ်ခါပြီးတော့ လျှောက်လာခဲ့ ပါတယ်။ သူမရဲ့ သဘာဂကိုက ကျစ်လျစ်သွယ်လျ နူးညံ့ပျော့ပြောင်းပြီးတော့ ခါးလေးကလည်း သေးသိမ်လှပပါတယ်။ သူမ လမ်းလျှောက်လိုက်တာနဲ့ ဆန့်ကျင်ဘက်လိင်တွေကို အရမ်းကို ဆွဲဆောင်နိုင်ပြီးတော့ နှစ်ခါပြန် မကြည့်ပဲ မနေနိုင်အောင် ဖြစ်စေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟား မဟုတ်ပါဘူး။ မိန်းကလေးရင် မင်းမှာ ဂေါက်ပါအစီအရင် စာလိပ်တွေများ ရှိသလား။ ငါ့ကို လေ့လာဖို့အတွက် ငှားရမ်းနိုင်မလား"

ရင်ဟောင်နဲ့ မျက်လုံးတွေ ပိုင်းစက်သွားပြီးတော့ လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"ဂေါက်ပါအစီအရင် လျှို့ဝှက်စာလိပ်တွေကို နင်က ဘာများထင်နေလို့လဲ။ နင်ပြောလိုက်တာနဲ့ ငါက အဲဒါတွေကို နင်ကိုးကားမှီငြမ်းပြီး လေ့လာဖို့ ပေးလိုက်မယ်လို့ ထင်နေတာလား"

"အဲဒီအဆင့်နဲ့ ညီမျှတဲ့ နည်းစနစ်တွေနဲ့ ပညာရပ်တွေကို အသုံးပြုပြီးတော့ ငါလဲလှယ်ပေး နိုင်တယ်"

လင်းဟန်က တရားမျှမျှတတ ပြောလိုက်ပါတယ်။ ဒီဘဝမှာ သူရဲ့ အတွေးတွေ အားလုံးကို မှော်ဆေးပညာမှာပဲ အသုံးပြုဖို့ မတွေးထားပါဘူး။ နောက်ပြီးတော့ သိုင်းပညာရပ်တွေမှာလည်း အတွေ့အကြုံက ရှိပြီးသားပါ။ ဒါကြောင့် ပုံမှန်အတိုင်း အလဲအလှယ် လုပ်ဖို့ပဲ စဉ်းစားနေတာပါ။ သူ့မှာ အချိန်အများကြီး မကျန်ပါဘူး။

ဂဏ်ပါ အစီအရင်တွေကို သင်ယူလေ့လာ အသုံးချတာက မှန်ကန်တဲ့ လုပ်ရပ်တစ်ခု ဖြစ်ပါတယ်။

သူက ရင်ဟောင်ရဲ့ အစီအရင် စွမ်းအားကို မြင်တွေ့ခဲ့ရပြီး ဟူးညိုရဲ့ တိုက်ခိုက်မှုကိုတောင်မှ တားဆီးနိုင်စွမ်း ရှိနေပါတယ်။ ဒါက သာမန်ထက် အတော်လေးကို ထူးခြားနေပြီးတော့ သူ့ကို လေးလေးနက်နက် စိတ်ဝင်စားသွားစေခဲ့ပါတယ်။ နောက်ပြီးတော့ သူက အနာဂတ်မှာ ရှေးဟောင်းသမိုင်းဝင် နေရာအမျိုးအစား အားလုံးကို ဝင်ရောက်ရပါလို့မယ်။ တကယ်လို့ သူက ဂဏ်ပါအစီအရင်တွေကို မြင့်မြင့်မားမား နားလည်တတ်ကျွမ်းနေမယ်ဆိုရင် ၎င်းက အရမ်းကို အကူအညီ ဖြစ်ပါလိမ့်မယ်။

ထို့အပြင် ရတနာသိုက်တွေနဲ့ ဂိုဏ်းအားလုံးရဲ့ ဆေးဥယျာဉ်တွေက ဂဏ်ပါ အစီအရင်တွေနဲ့ ကာကွယ်ထားပါတယ်။ သွေးစုပ်ယူခြင်း မူလရွှေက သော့ခတ်ထားတာကိုပဲ ဖွင့်နိုင်တာဖြစ်ပြီး ဂဏ်ပါ အစီအရင်တွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အသုံးပြုလို့ မရပါဘူး။

ရင်ဟောင်က ကျီစယ်တဲ့ပုံစံနဲ့ ရယ်မောပြီးတော့

ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ တကယ်လို့ နင်က အဆင့်မြင့် ပညာရပ်တွေ ဒါမှမဟုတ် နည်းစနစ်တွေကို ယူလာနိုင်မယ်ဆိုရင် ငါနင့်ကို လဲပေးပါ့မယ်"

"တကယ်လား"

လင်းဟန်က ဆက်ပြီးတော့ နေဖို့ စိတ်မဝင်စားတော့ပဲ ချက်ချင်းဆိုသလို နှုတ်ဆက်ပြီးတော့ ပြန်လာခဲ့ပါတယ်။ သူက ပြန်ပြီးတော့ ဂဏ်ပါ အစီအရင် တချို့ကို လေ့လာသင်ကြားဖို့အတွက် အလဲအလှယ်လုပ်မဲ့ ပညာရပ်တစ်ချို့နဲ့ နည်းစနစ်တချို့ကို ရွေးချယ်ရပါဦးမယ်။ ဒီကိစ္စကို သူ့အနေနဲ့ အမှောင်နတ်ဆိုး တောအုပ်ထဲကို စွန့်စားပြီးတော့ မသွားခင်မှာ လုပ်ရပါမယ်။

သူက ဟူးညိုနဲ့အတူ ထွက်သွားပြီးတော့ ခြံဝင်းထဲမှာ ကျူးရှမ်အာနဲ့ ရင်ဟောင်တို့ နှစ်ယောက်တည်းပဲ ကျန်ခဲ့ပါတယ်။

"ဟူး ဒီကောင်လေးက တကယ့်ကို လူထူးလူဆန်း ကြောင် တစ်ယောက်ပဲ။ ငါ့ရဲ့ ဆွဲဆောင်မှုကို လျစ်လျူရှုပြီးတော့

ဘယ်သူကမှ ရင်မဆိုင်ကြပါဘူး။ ဒါပေမဲ့ ဒီကောင်စုတ်က လျစ်လျူရှု သွားခဲ့တယ်။ သူက အခြောက်တစ်ယောက်များ ဖြစ်နေမလား"

ရင်ဟောင်က စိတ်ရှုပ်ထွေးတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

ကျုံးရွှမ်အာက ရုတ်တရက်ဆိုသလို မျက်နှာတွေ နီရဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"အစ်မဟောင် နှင့်ပါးစပ်ကို နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ မသရမ်းပဲနဲ့ ပိတ်ထားလို့ မရဘူးလား"

ဒီမိန်းကလေး နှစ်ယောက်ကို ကြည့်ရတာ တစ်ယောက်နဲ့ တစ်ယောက် အတော်လေးကို ရင်းနှီးကျွမ်းဝင်နေပုံ ရပါတယ်။

ဒါကလည်း မထူးဆန်းပါဘူး။ ကျုံးရွှမ်အာက ပုန်းကွယ်နေတဲ့ ကံကောင်းခြင်းကောင်းကင်ဘုံကျား ဆေးလုံးကို ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ရှာဖွေနေတဲ့ လူတစ်ယောက် ဖြစ်လို့ အနေးနဲ့အမြန် စိတ်ဂိညာဉ် ရတနာ စံအိမ်ကို လာရပါလိမ့်မယ်။ ဒါကြောင့် ကျုံးရွှမ်အာနဲ့ ရင်ဟောင်တို့က တစ်ယောက်နဲ့ တစ်ယောက်

သိက္ချမ်းခင်မင်နေတာက သဘာဂ ကျပါတယ်။

"ဒါပေမဲ့ နင်လည်း သေချာစဉ်းစားကြည့်လို့ ရတာပဲ။ ဒီကောင်စုတ်လေးက အသက်သုံးဆယ် မတိုင်ခင်မှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်တဲ့ စွမ်းရည်တွေ တကယ်ပဲ ရှိတယ်။ အဲဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ စွမ်းရည်နဲ့ ညီမျှလိမ့်မယ်။ သူရဲက အကူညီနဲ့ဆိုရင် အမိက ပါဂင်ပစ္စည်းတွေကို ရှာဖွေရတာ ပိုပြီးတော့တောင် လွယ်ကူလာလိမ့်မယ်။ ဒါမှမဟုတ် အဆင့်ကိုး စိတ်ဂိညာဉ် ဆေးပင်တစ်ပင်ကို နင့်လို စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတစ်ယောက် ရရှိဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိဘူး"

ရင်ဟောင်က ထပ်ပြီးတော့ ပြောလိုက်ပါတယ်။

ကျူးရှမ်အာက သက်ပြင်းချလိုက်ပါတယ်။ ဖြည့်စွက်ပါဂင်ပစ္စည်းက ပြဿနာ တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ အမိက ပါဂင်ပစ္စည်းဖြစ်တဲ့ ဆေးပင်သုံးမျိုးက တကယ်ပဲ သူမကို သေချင်စိတ် ပေါက်သွား စေပါလိမ့်မယ်။

ပြီးတော့ သူမမှာ ဘာများရှိလို့လဲ။

ကြည့်နေစရာ မလိုလောက်အောင်ပဲ သူမအနေနဲ့ ဒီပစ္စည်းတွေအတွက် သူမရဲ့ ခန္ဓာကိုယ်နဲ့ အလဲအလှယ် လုပ်ရတော့မှာလား။

တည်းခိုခန်းကို ပြန်ရောက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်သွားပြီးတော့ သူရဲ့မှတ်ဉာဏ်ထဲမှာ ရှိနေတဲ့ သင့်တော်မဲ့ ပညာရပ်တွေနဲ့ နည်းစနစ်တွေကို ရှာဖွေလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ သူက အာဇာရှင် တစ်ယောက်ပါပဲ။ သေသူကို ပြန်ပြီးတော့ အသက်သွင်းဖို့ ကိစ္စတောင်မှ မလုပ်နိုင်စရာ အကြောင်းမရှိပါဘူး။ စုတ်တံပေါင်း တစ်ရာကျော်နဲ့ ပါးလွှာတဲ့ စက္ကူအချပ်တွေက လေထဲမှာ မျောလွင့်လို့ နေပါတယ်။ ဒီစုတ်တံတွေက စာရွက်တွေပေါ်မှာ စာကြောင်းတွေ အများကြီးကို ရေးခြစ်လိုက်ပါတယ်။

တစ်ညလောက် အစွမ်းကုန် ကြိုးစားပြီးတဲ့ နောက်မှာတော့ လင်းဟန်က နည်းစနစ်တွေနဲ့ ပညာရပ်ပေါင်း တစ်ရာကျော်ကို ရေးလို့ ပြီးသွားပါပြီ။

"ဒီလောက်ဆို လုံလောက်ပြီ ထင်တာပဲ"

သူက အနည်းငယ် ပြုံးပြီးတော့ မျှော်စင်ထဲကနေ ထွက်ပြီး စိတ်ဂိညာဉ် ရတနာ စံအိမ်ကို နောက်တစ်ကြိမ် ဦးတည်ပြီးတော့ သွားလိုက်ပါတယ်။

"သခင်လေးလင်း နင်ပြန်လာတာ အရမ်းကို မြန်လိုက်တာ။ နင်က ညီမလေးကျူးကို ထပ်ပြီးတော့ တွေ့ချင်နေသေးလို့လား။ ကံမကောင်းတာက ဒီမနက်ပဲ သူမက ထွက်သွားပြီးတော့ အမှောင်နတ်ဆိုး တောအုပ်ကို ဦးတည်ပြီး သွားလိုက်ပြီ"

ရင်ဟောင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟာန်ကလည်း ပြုံးပြီး ပြောလိုက်သည်။

"ငါက မိန်းကလေး ရင်နဲ့ တွေ့ဖို့ လာတာပါ"

"ငါ့ကို ဘာဖြစ်လို့ လာတွေ့တာလဲ။ ငါက ညီမလေးကျူးရဲ့ အလှပေါင်း တစ်ရာပုံ တစ်ပုံတောင် မလှပါဘူး"

"ငါ့မှာ နည်းစနစ်တွေနဲ့ ပညာရပ်တချို့ရှိတယ်။

တစ်ချက်လောက် ကြည့်ပြီးတော့ ဒါတွေနဲ့ ဂက်ပါ အစီအရင် ဘယ်လောက်များ လဲလှယ်ပေးနိုင်မလဲ”

လင်းဟန်က နည်းစနစ်နဲ့ ပညာရပ်တွေ ဆယ်အုပ်လောက် ပစ်ပေးလိုက်ပါတယ်။

ရင်ဟောင်က အပြောင်အပြက် ဆက်ပြီးတော့ မလုပ်တော့ပဲ စာအုပ်တစ်အုပ်ကို ကောက်ယူပြီး မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီး ချက်ချင်းဆိုသလို သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ သူမက အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်ပါတယ်။

“မြေကမ္ဘာအဆင့် ပညာရပ်”

သူမက နောက်ထပ်စာအုပ်တွေကို ကောက်ပြီးတော့ ဖတ်ကြည့်လိုက်တဲ့ အခါမှာ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ မျက်နှာလေးက အရောင်တွေ အမျိုးမျိုး ပြောင်းလဲသွားခဲ့ပါတယ်။

ဒီနည်းစနစ် ပညာရပ်စာအုပ်တွေက မြေကမ္ဘာအဆင့် ပညာရပ်တွေ ဖြစ်ရုံတင်မကပါဘူး မတူညီတဲ့ ဒြပ်စင်တွေလည်း ဖြစ်ပြီးတော့ စိတ်ဝိညာဉ် အခြေခံ

အမျိုးအစား ပေါင်းစုံနဲ့ သင့်တော်ပြီး ၄င်းကို ရရှိဖို့ အရမ်းကို ခက်ခဲပါတယ်။

"သခင်လေးလင်းက တကယ့်ကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှိတဲ့ လူတစ်ယောက်ပဲ"

သူမက အံ့အားသင့်စွာနဲ့ ပင့်သက်ရှိုက်လိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"တချို့လူတွေက ငါ့ကို ဆေးလုံးဖော်စပ်ဖို့ တောင်းဆိုကြပေမဲ့ တန်ဖိုးကို မပေးချေနိုင်ကြဘူး။ ဒါကြောင့် သူတို့က ဒီစာအုပ်တွေကို အသုံးပြုပြီးတော့ လဲလှယ်ကြတာပဲ"

ဒါက အမှန်တရားပါပဲ။ ဒါပေမဲ့ ဒီအဖြစ်အပျက်တွေက သူရဲ့အရင်ဘဝတုန်းက အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်။ ဥပမာ အနက်ရောင်မှုလ ပုံဟန်သုံးမျိုးနဲ့ တိုက်ပွဲဆင်လက်သီးကို ဓားကောရာဇ်နဲ့ နလန်တုတို့ဆီကနေ ရရှိခဲ့ပါတယ်။

"သခင်လေးလင်းက တည့်တည့်ပြောမှတော့ ငါကလည်း ဖုံးကွယ်ထားရင် ရိုင်းပျရာ ကျလိမ့်မယ်"

ရင်ဟောင် သူမရဲ့ ညာဘက်လက်နဲ့ စားပွဲခုံကို သုတ်လိုက်တာနဲ့ ချက်ချင်းဆိုသလို ရှေးဟောင်း မှတ်တမ်း သုံးခု ပေါ်လာခဲ့ပါတယ်။ ဒီစာအုပ်တွေက သာမန်ပစ္စည်းတွေနဲ့ လုပ်ထားတာတော့ သေချာပေါက် မဖြစ်နိုင်ပါဘူး။ စာအုပ်တွေက ရှေးဟောင်းအချိန်တုန်းကတည်းက ရှိခဲ့တဲ့ စာအုပ်တွေ ဆိုတာ သေချာပါတယ်။

လင်းဟန်က ကောက်ပြီးတော့ ဖတ်လိုက်ပါတယ်။ ဒီစာအုပ် သုံးအုပ်ပေါ်မှာ ခွဲပြီးတော့ ရေးထားတာက အစီအရင် အခြေခံများ မိတ်ဆက်ခြင်း တစ်၊ နှစ်၊ သုံး ဆိုပြီးတော့ အစဉ်လိုက် ရေးသားထားတာကို တွေ့လိုက်ရပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေးရင် ငါက မင်းကို မြေကမ္ဘာအဆင့် ပညာရပ် ဆယ်ခုတောင် ထုတ်ပေးထားတာနော်။ မင်းက ငါ့ကို ဒီဂက်ပါ အစီအရင် အခြေခံစာအုပ်သုံးအုပ်ပဲ ပေးတာလား"

ရင်ဟောင်က တခစ်ခစ် ရယ်မောပြီးတော့ နောက်ထပ် စာအုပ်ကို ပစ်ပေးလိုက်ပြီး ပြောလိုက် ပါတယ်။

"ငါဒီ မူလကောင်းကင် စိတ်ဂိညာဉ်မြွေငယ် အစီအရင်ကိုပါ ပေါင်းထည့်ပေးပမယ်။ ဒါပေမဲ့ ထပ်ပြီးတော့ လဲလှယ်ပေးဖို့ ငါမတတ်နိုင်တော့ဘူး"

"ဒါကမှ ပိုပြီးတော့ သဘောကျဖို့ ကောင်းသေးတယ်"

လင်းဟန်က စာအုပ်ကို ကောက်ယူလိုက်ပြီးတော့ ပြုံးလိုက်ပါတယ်။

"မူလကောင်းကင် စိတ်ဂိညာဉ် မြွေငယ် အစီအရင်"

အပိုင်း(၃၈၇) ဂက်ပါ ပညာရပ်အား သင်ယူခြင်း

လင်းဟန်က နည်းစနစ်တွေနဲ့ ပညာရပ်တွေ စုစုပေါင်း စာအုပ်တစ်ရာကျော်လောက် ရေးထားပေမဲ့ အကုန်လုံးကို ပေးပစ်လိုက်ဖို့ ဆန္ဒမရှိပါဘူး။ ဂက်ပါပညာ အခြေခံ စာအုပ်သုံးအုပ်နဲ့ ထိပ်တန်းအဆင့် စာအုပ်တစ်အုပ်က အချိန်အတိုင်းအတာ တစ်ခုအထိတော့ လေ့လာလိုက်စားဖို့ လုံလောက်ပါတယ်။

ဒါကြောင့် သူက ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပြီးတော့

အမှောင်နတ်ဆိုး တောအုပ်ဆီကို ဦးတည်လိုက်ပါတယ်။

ဟူးညို့ကို ခေါ်လာပြီးတော့ သူက မြင်းလှည်းတစ်စီးကို ငှားလိုက်ပါတယ်။ သူတို့ရဲ့ ခရီးက အနည်းဆုံး ဆယ်ရက်ကျော်လောက် သွားရမဲ့ ခရီးစဉ် ဖြစ်တဲ့အတွက် မြင်းလှည်းငှားပြီးတော့ သွားတာက အကောင်းဆုံးဖြစ်ပါတယ်။

မြင်းလှည်းအထဲမှာတော့ ဟူးညို့က အသားခြောက်တွေကို ထုတ်ပြီးတော့ တစ်ကိုက်ခြင်း မြိန်ရေယှက်ရေ စားနေတဲ့ အချိန်မှာ လင်းဟန်ကတော့ ဂင်္ဂါပါဒအစီအရင် အခြေခံ စာအုပ်တွေကို ထုတ်ပြီးတော့ စတင်လှန်လျှော ဖတ်ရှုလိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ သူ့မျက်နှာပေါ်မှာ အံ့ဩလေးစားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သိုင်းပညာရပ်တွေမှာ လူကိုယ်တိုင် ကျင့်ကြံခြင်း လုပ်ငန်းစဉ် တစ်ခု ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ရတနာကြီးတစ်ခုလို မြင်ယောင်ပြီးတော့ ၎င်းရဲ့အတွင်းပိုင်းမှာ အဆုံးမရှိတဲ့ အလားအလာတွေ အောင်မြင်မှုတွေကို တူးဖော်ရပါမယ်။ သိုင်းပညာ

ကမ္ဘာကြီးမှာ ပြောနေကျ စကားတစ်ခွန်းရှိပါတယ်။ အဲဒါကတော့ လူတစ်ယောက်က ကမ္ဘာတစ်ခုပဲ ဆိုတဲ့ စကားဖြစ်ပါတယ်။ ဆိုလိုတာက သိုင်းပညာရပ်တွေကို အဆုံးစွန် လေ့ကျင့်တဲ့ သိုင်းပညာရှင် တစ်ယောက်က အဆုံးမဲ့ စွမ်းအားတွေကို ပိုင်ဆိုင်လာပြီးတော့ သူကိုယ်တိုင် ရောမ ကမ္ဘာကြီး တစ်ခုဖြစ်လာနိုင်တယ်လို့ ပြောခြင်းဖြစ်ပါတယ်။

ဂင်္ကပါ အစီအရင်တွေကတော့ လုံးဂကို ဆန့်ကျင်ဘက် ဖြစ်ပါတယ်။

ဒီလမ်းကြောင်းက ကောင်းကင်နဲ့ မြေကြီးရဲ့ သဘာဝ စွမ်းအားတွေကို အသုံးပြုရပါတယ်။ ၎င်းရဲ့ အဓိက အချက်က ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ငှားရမ်းပြီးတော့ ကိုယ်တိုင်ကိုယ်ကျ အသုံးပြုဖို့အတွက် လုပ်ဆောင်ရတာပါ။ ဒါကြောင့် ဒီဂင်္ကပါ အစီအရင်တွေရဲ့ အဓိက သော့ချက်က ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ဘယ်လိုပုံစံနဲ့ ငှားယူသုံးစွဲရမလဲ ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို ငှားယူသုံးစွဲဖို့အတွက် ဂင်္ကပါအစီအရင် မျက်လုံးလို့ ခေါ်တဲ့ အရာတစ်ခုကို လိုအပ်ပါတယ်။

ဂက်ပါအစီအရင် မျက်လုံးတစ်ခုက ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ ပေါ်ထွက်လာနိုင်ပါတယ်။ ဥပမာ ဓားတစ်ချောင်း ၊ ဆေဘာဓားတစ်လက် ဒါမှမဟုတ် အလံတစ်ခု အဖြစ်နဲ့ပေါ့။ ဒါပေမဲ့လည်း ဂက်ပါ အစီအရင် မျက်လုံးအဖြစ် ဓားတွေ ကျောက်တုံးတွေ ဒါမှမဟုတ် အလံတွေကို အသုံးပြုလို့ ရနိုင်ပေမဲ့ လိုအပ်ချက်တွေကလည်း အရမ်းကို တင်းကျပ်နေဆဲ ဖြစ်ပါတယ်။ ပထမအချက်က အသုံးပြုထားတဲ့ ပစ္စည်းရဲ့ အရည်အသွေးနဲ့ ဒုတိယ အချက်က ၎င်းအပေါ်မှာ ရေးထွင်းထားတဲ့ ဂက်ပါအစီအရင် ပုံစံတွေပဲ ဖြစ်ပါတယ်။

ဒီစာအုပ်ထဲမှာ ဂက်ပါ အစီအရင် မျက်လုံးအဖြစ်နဲ့ အသုံးပြုထားတဲ့ အလံတွေကို ဂက်ပါအလံလို့ ခေါ်ဆို သုံးနှုန်းထားပါတယ်။ ဂက်ပါအလံတွေကလည်း သိုင်းပညာရပ်တွေနဲ့ ဆင်တူပြီး အဆင့်ဆယ်ဆင့် ခွဲထားပါတယ်။ ပြီးတော့ ဂက်ပါတွေကို ခင်းကျင်းထားတဲ့ အဂက်ပါ အလံတွေရဲ့ အဆင့်အလိုက် စွမ်းအားတွေကလည်း မတူညီကြပါဘူး။

အဆင့်မြင့်တဲ့ ဂက်ပါ အလံတွေကို အဆင့်နိမ့် ဂက်ပါ အစီအရင်တွေမှာ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ အဆင့်မြင့်တဲ့

ဂက်ပါအစီအရင် အခင်းကျင်းမှာတော့ အဆင့်မြင့်တဲ့ ဂက်ပါ အလံတွေနဲ့ပဲ ခင်းကျင်းလို့ ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဂက်ပါ အလံတွေက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ကြွံကြွံခိုင်နိုင်မှာ မဟုတ်ပဲ ချက်ချင်းဆိုသလို ပေါက်ကွဲသွားပါလိမ့်မယ်။

ဒါကြောင့် အောင်မြင်တဲ့ အလုပ်တစ်ခုကို အကောင်အထည် ဖော်ဖို့အတွက် အကျိုးသက်ရောက်မှု အားကောင်းတဲ့ ပစ္စည်းတွေလည်း လိုအပ်ပါတယ်။ သင့်တော်တဲ့ ပစ္စည်းတွေကို ရှာဖွေပြီးတော့ ၎င်းတို့ကို ဂက်ပါ အလံတွေအဖြစ် ပြုလုပ်ခြင်း ဒါမှမဟုတ် တခြားဂက်ပါ မျက်လုံးအဖြစ် အသုံးပြုပြီး ဂက်ပါအစီအရင်ကို ဘယ်လိုမျိုး ခင်းကျင်းရမလဲ ဆိုတာကို စတင်ပြီးတော့ ဆွေးနွေးနိုင်ပါတယ်။

လင်းဟန်က တစ်ခါလောက် ကြိုးစားကြည့်ဖို့ကို စိတ်အားထက်သန်လို့ နေပါတယ်။ ကြီးမားတဲ့ မြို့ကြီးတစ်ခုကို ဖြတ်သန်းလာတဲ့ အချိန်မှာ သူက မူလစွမ်းအင် ပုံဆောင်ခဲ သုံးသောင်းကို အသုံးပြုပြီးတော့ ခရမ်းသွေးကြောရွှေတော်တော်များများကို ဝယ်ယူလိုက်ပါတယ်။ ၎င်းကျောက်က တစ်ပေါင်ကိုပဲ တန်ကြေးတော်တော် မြင့်မားပါတယ်။

၎င်းက အဆင့်ငါး သတ္တုအမျိုးအစား တစ်ခု ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့် စိတ်ဝိညာဉ် ပစ္စည်းကို သန့်စင်သွန်းလုပ်တဲ့ နေရာမှာ အသုံးပြုနိုင်ပါတယ်။ ဒါကြောင့်လည်း ၎င်းက အရမ်းကို စျေးကြီးရခြင်း ဖြစ်ပါတယ်။ ကံကောင်းတာက တစ်ပေါင်ကျော်ကျော်ပဲ ဆိုတော့ ဓားတွေ ဆေဘာဓားတွေနဲ့ တခြားလက်နက်တွေကို သွန်းလုပ်ဖို့အတွက် မလုံလောက်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မူလစွမ်းအင် ပုံဆောင်ခဲ သုံးသောင်းက လုံလောက်မှာ မဟုတ်ပါဘူး။

လင်းဟန်က ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။ အထဲမှာ သူက မီးတောက်ကို ဆင့်ခေါ်ပြီးတော့ တန်ဖိုးရှိတဲ့ ရွှေတုံးတော်တော်များများကို လွယ်လင့်တစ်ကူ အရည်ပျော်အောင် လုပ်ပြီးတော့ သတ္တုတိုင် သေးသေးလေး ခုနစ်ခုကို လုပ်လိုက်ပါတယ်။ သူ့မှာ ပစ္စည်းတွေ ရှားပါးနေမှတော့ ဂင်္ကပါအလံတစ်ခု အဖြစ်ကို ပြုလုပ်လို့ မရနိုင်ပါဘူး။ ပိုပြီးတော့ အရေးကြီးတာက ၎င်းအပေါ်မှာ ရေးထွင်းတဲ့ ဂင်္ကပါပုံစံ အစီအရင်တွေပဲ ဖြစ်ပါတယ်။ ပြီးတော့ ဂင်္ကပါအစီအရင်ရဲ့ မျက်လုံးက ဘယ်လိုပုံစံပဲ ဖြစ်နေပါစေ မကွာခြားပါဘူး။

ဒါက ပထမအဆင့်ပဲ ရှိပါသေးတယ်။ ဒုတိယအဆင့်က ဒီသတ္တုတုတ်ချောင်းလေးတွေ အပေါ်မှာ အစီအရင်ပုံစံတွေကို ရေးထွင်းဖို့ ဖြစ်ပါတယ်။ ဒါက အရမ်းကို သတိထားရတဲ့ အဆင့်ပါ။ ဂဏ်ပါ အစီအရင်ပုံစံတွေက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ဆွဲယူပါတယ်။ ဒါကြောင့် အစီအရင် ပုံစံတွေရဲ့ ဒြပ်စင်တွေကို အခြေခံပြီးတော့ လုံးဂကို ခြားနားတဲ့ အကျိုးသက်ရောက်မှုနဲ့ ဂဏ်ပါအစီအရင် အခင်းအကျင်း အမျိုးအစားကလည်း လုံးဂကို ကွဲပြားပါတယ်။

လင်းဟန်က မူလကောင်းကင်စိတ်ဂိညာဉ် မြွေငယ်ဂဏ်ပါ အစီအရင်ကို အခြေခံပြီးတော့ သတ္တုချောင်း ခုနစ်ခုကို စေ့စပ်စွာ သွန်းလုပ်ထားခြင်း ဖြစ်သည်။ ၎င်းအပေါ်မှာ ဂဏ်ပါအစီအရင် ပုံစံတွေကို ထွင်းထုလိုက်တာနဲ့ စစ်မှန်တဲ့ ဂဏ်ပါမျက်လုံးတစ်ခု ဖြစ်နိုင်ပါတယ်။ အဲဒီနောက်မှာ သူက ဒီသတ္တုတုတ်ချောင်းတွေကို သူရဲ့ဘေးမှာ ပြန့်ကျဲထားလိုက်ရင် တိုက်ခိုက်မှုရော ခုခံမှုပါ အာနိသင် နှစ်ခုစလုံးပါဂင်တဲ့ ဂဏ်ပါအစီအရင် ဖြစ်လာပါလိမ့်မယ်။

ပြဿနာရှိနေတာက ဒီသတ္တုချောင်းတွေ အပေါ်မှာ အစီအရင်ပုံစံကို ဘယ်လိုလုပ် သူက ရေးထွင်းရမှာလဲ။

ဒါက ရုပ်ပုံရေးဆွဲရတာ မဟုတ်ပါဘူး။ ပုံထုတ်ထားတဲ့ ဒီဇိုင်းပုံကြမ်းအတိုင်း လိုက်လုပ်ရတာ ဖြစ်ပါတယ်။ အစီအရင်တွေက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ဆွဲယူနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၎င်းက သိုင်းဆန္ဒတွေလိုမျိုး နားလည်သဘောပေါက်မှု အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ မင်းက သဘောမပေါက်ဘူးဆိုရင် မင်းအနေနဲ့ ရရှိလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ တတိယမြောက် ရွေးပိုင်ခွင့်လည်း မရှိပါဘူး။

တကယ်လို့ သူက သတ္တုချောင်းတွေ အပေးမှာ အစီအရင်ပုံစံတွေကို ရေးထွင်းချင်တယ် ဆိုရင်တော့ ပထမဆုံး သူလုပ်ရမှာက ဂင်္ကပါ အစီအရင်ကို နားလည်ဖို့ လိုပါတယ်။ ဒါကြောင့် ဂင်္ကပါ အစီအရင်တွေကို လေးလေးနက်နက်နဲ့ နားလည်တတ်ကျွမ်းတဲ့ သူတွေက အဆင့်မြင့် ဂင်္ကပါအစီအရင် ပညာရှင်တွေ ဖြစ်ကြပြီး သာမန်လောက်ပဲ နားလည်တဲ့ လူတွေကတော့ အဆင့်နိမ့် ဂင်္ကပါ အစီအရင် ပညာရှင်တွေ ဖြစ်ကြပါတယ်။

လင်းဟန်က သူ့ရဲ့ယခင်ဘဝတုန်းက ဂင်္ကပါ အစီအရင် အမျိုးအစား အားလုံးကို လေ့လာခဲ့ပါတယ်။ သူကဂင်္ကပါ အစီအရင်တွေကို ထုံးလိုချေ ရေလိုနှောက် ဖြစ်အောင်လို့

လေ့လာခဲ့ပါတယ်။ ပြောရမယ်ဆိုရင် ဂင်္ဂပါ အစီအရင်တွေမှာ အားနည်းချက်တွေ ရှိပါတယ်။ လင်းဟန်မှာက ကောင်းကင်အဆင့်ရဲ့ သိုင်းပညာ နားလည်နိုင်စွမ်း နတ်ဘုရားအာရုံ ပိုင်ဆိုင်ထားတယ် ဆိုတာကို အသာထားဦး။ ယခင်ဘဝက အတွေ့အကြုံတွေကို မှီငြမ်းပြီး ကိုးကားလိုက်မယ်ဆိုရင် အဆင့်နိမ့် ဂင်္ဂပါ အစီအရင်ပညာတွေကို ပြန်ပြီးတော့ သင်ယူလေ့လာဖို့ ဆိုတာက အရမ်းကို လွယ်ကူလွန်းပါတယ်။

သူက သတိပြုမိရာကနေ အံ့အားသင့်စွာနဲ့ ထိန်းသိမ်းပြီးတော့ ဂင်္ဂပါ အစီအရင်ပညာ အပေါ်မှာ ကြောက်စရာကောင်းအောင် အဆင့်တက်လာခဲ့ပါတယ်။

ငါးရက်ခန့် ကြာပြီးတဲ့နောက်မှာ သူရဲ့ဘေးကို ဂင်္ဂပါအစီအင် အခြေခံ မိတ်ဆက်ခြင်း စာအုပ် သုံးအုပ်ကို ပစ်ထုတ်လိုက်ပြီး ကျောက်တုံးတစ်တုံးကို ကောက်ယူပြီးတော့ ၎င်းအပေါ်မှာ အစီအင် ပုံစံကို ရေးထွင်းလိုက်ပါတယ်။

အစီအရင် ပုံစံတွေ အားလုံးက တခါတည်းနဲ့ ရေးထွင်းရပြီး နည်းနည်းလေးမှ ရပ်တန့်လိုက်လို့ မရပါဘူး။ တကယ်လို့ ၎င်းက မချောမွေ့ဖူးဆိုရင် ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို အသက်သွင်းတဲ့ အခါမှာ အကျိုးသက်ရောက်မှု

ရှိပါလိမ့်မယ်။ ဂဏ်ပါ မျက်လုံးကို ရေးဆွဲတဲ့ အခါမှာ အများဆုံး သုံးကြိမ်ပဲ ရပ်တန့်မှုကို ပြုလုပ်နိုင်မှာ ဖြစ်ပြီးတော့ ဒီထပ်ပိုလို့ မရပါဘူး။

အဆင့်လေး ဂဏ်ပါမျက်လုံး တစ်ခုအတွက်ဆိုရင် အစီအရင်ပုံစံက အနည်းဆုံး ကိုးခုကနေ အများဆုံး ဆယ့်ငါးခုအထိ ရေးထွင်းရပါမယ်။ အဲဒီပုံစံတွေ အကုန်လုံးကို ဒီသေးငယ်တဲ့ သတ္တုချောင်းလေး အပေါ်မှာ ဖျစ်ညှစ်ရေးထွင်း ရပါလိမ့်မယ်။ မူလကောင်းကင် စိတ်ဂိညာဉ်မြွေ ဂဏ်ပါ အစီအရင်က ဂဏ်ပါမျက်လုံး ခုနစ်လုံး စီစဉ်ဖို့ လိုအပ်ပါတယ်။ တစ်ခုစီကို အစီအရင် ပုံစံ ဆယ့်ငါးခုဆီ ကန့်သတ်ထားပါတယ်။ အဆင့်လေး ဂဏ်ပါ အစီအရင်တွေထဲမှာတော့ ဒီဂဏ်ပါကို အရည်အသွေး မြင့်မားတယ်လို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ ဒီအချက်ကို ကြည့်ပြီးတော့ ပြောရမယ်ဆိုရင် ရင်ဟောင်က အတော်လေးကို မျှမျှတတ လဲလှယ်ပေးခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်က ဂဏ်ပါအစီအရင် ပုံစံတွေကို စတင်ပြီးတော့ ရေးထွင်းလိုက်ပါတယ်။ သူက ကျောက်တုံးတစ်တုံးအပေါ်မှာ အစီအရင်ပုံစံ ဆယ့်ငါးခုကို ရေးထွင်းပြီးတဲ့နောက်မှာ သေသေချာချာကို လေ့လာစူးစမ်း လိုက်ပါတယ်။ ပြီးတော့ အနည်းဆုံး ရှစ်ခုက မှားယွင်းနေတယ် ဆိုတာကို

တွေ့မြင်လိုက်ရပါတယ်။ နောက်ပြီးတော့ ဒီအမှားတွေမှာလည်း တော်တော်များများကို ရပ်တန့်ထားခဲ့ပါတယ်။

ကောင်းပြီလေ။ အခုလောလောဆယ်တော့ သူ့ကို ဂင်္ဂါပါဒအစီအရင် ပညာရှင် တစ်ယောက် ဖြစ်ပြီလို့ သတ်မှတ်လို့ မရသေးပါဘူး။ သူရဲ့နှုန်းက နှေးကွေးပါသေးတယ်။

ယန်စွမ်းအားမြင့်မြို့ကနေ ထွက်ခွာလာတဲ့ ဆယ့်တစ်ရက်မြောက်နေ့မှာတော့ လင်းဟန်က အမှောင်နတ်ဆိုး တောအုပ်ရဲ့ အပြင်ဘက်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။ မြင်းလှည်းမောင်းသူက အရှေ့ကို ဆက်ပြီးတော့ သွားဖို့ ဆန္ဒမရှိတော့ပါဘူး။ မြင်းလှည်းထဲကနေ လင်းဟန်ထွက်လာတာနဲ့ မြင်းလှည်းမောင်းတဲ့သူက ချက်ချင်းပဲ မြင်းလှည်းကို အနောက်ကိုလှည့်ပြီးတော့ အလျင်အမြန်ပဲ ထွက်ခွာသွားခဲ့ပါတယ်။

ဒီနေရာက အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဘယ်အင်အားစုကမှ ဒီနေရာကို ရယူနိုင်ခြင်း မရှိပါဘူး။ ဒါပေမဲ့ ဒီနေရာမှာရှိတဲ့ နေရာတိုင်းလိုလိုက စိတ်ဝိညာဉ် ဆေးပင်တွေ ပေါ်များပြီး အင်အားစု

တော်တော်များများကို အထဲကိုဂင်ပြီးတော့ ဆေးပင်တွေ ခူးဆွတ်ဖို့ကို ဆွဲဆောင်နိုင်ပါတယ်။ ရောမ အကျိုးအမြတ်ကြီး ရရှိနိုင်မှုကြောင့် တစ်ခါတစ်ရံမှာ ပြဿနာတွေ ဖြစ်ပွားပြီး သတ်ဖြတ်ခြင်းနဲ့ နေရာအနှံ့ သွေးတွေပေကျံနေတာက သာမန်ဖြစ်ရိုးဖြစ်စဉ် အတိုင်းပဲ ဖြစ်နေပါပြီ။

အမှောင်နတ်ဆိုး တောအုပ်ကို လွှမ်းမိုးနိုင်တဲ့သူ မရှိပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ သန်မာတဲ့ အင်အားစုကြီး လေးခုရှိပါတယ်။ သူတို့က အမှောင်နတ်ဆိုး တောအုပ်အထဲမှာ ဖွံ့ဖြိုးတိုးတက် လာတဲ့အတွက် ဒီနေရာရဲ့ နယ်ခံတွေနဲ့ ပိုပြီးတော့ တူပါတယ်။ ဆောင်းလဂိုဏ်းလိုမျိုး အင်အားကြီး အဖွဲ့အစည်းနဲ့ သားရဲကေရာဇ် ဂိုဏ်းလိုမျိုး အဖွဲ့အစည်းတောင်မှ သူတို့ကို မစော်ကားပုံ့ကြပါဘူး။

ဒီအင်အားစု လေးခုကတော့ သွေးအလင်းအိမ်တော်၊ ကောင်းကင်ပိုးနန်းတော် ၊ အရိုးဖျက်ဆီးခြင်း နန်းတော်နဲ့ လေပြင်းနတ်ဆိုးကလန်တို့ပဲ ဖြစ်ကြပါတယ်။ ဒီအဖွဲ့အစည်းတွေ နောက်ကွယ်ကနေ ပန်းဖူးအဆင့် လက်ရွေးစင်တွေက ထောက်ပံ့ထားကြတယ်လို့ ဆိုကြပါတယ်။ အင်အားကြီး အဖွဲ့အစည်းတွေအပြင် လျှိုမြောင်တွေနဲ့ တောင်နံရံ အက်ကြောင်းတွေအထဲမှာ ရှင်သန်နေထိုင်တဲ့ အလယ်အလတ်အဆင့်နဲ့

အဖွဲ့အစည်းငယ် တော်တော်များများလည်း ရှိကြပါတယ်။ ၎င်းတို့က အင်အားကြီး အဖွဲ့လေးခုရဲ့ နေရာမှာတောင်မှ အစားထိုးဝင်ရောက်ဖို့ ဆန္ဒရှိနေပါတယ်။

ကောလာဟလတွေ ပြောကြတာတော့ အလယ်အလတ်အဆင့် အင်အားစု တော်တော်များများက ဆောင်းလဂိုဏ်းလိုမျိုး အဖွဲ့အစည်းကြီး တစ်ခုရဲ့ အထောက်အပံ့ကို ရရှိထားတယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ ဒီသတင်းက အမှန်ပဲဖြစ်ဖြစ် အမှားပဲဖြစ်ဖြစ် ဘယ်သူကမှ သေသေချာချာ မသိနိုင်ပါဘူး။

အင်အားကြီး အဖွဲ့ကြီးလေးခုက အမှောင်နတ်ဆိုး တောအုပ်ရဲ့ အထဲမှာ လူသိရှင်ကြား စခန်းတွေ အများကြီးကို ဖွင့်ထားကြပါတယ်။ ဒီစခန်းတွေက သိုင်းပညာရှင်တွေ ဆေးပင်တွေကို စုဆောင်းဖို့ အတွက် ကာကွယ်ထောက်ပံ့ပေးတဲ့ ခံတပ်တွေလိုပါပဲ။ ဒါပေမဲ့လည်း သူတို့တွေက သေချာပေါက် ပရဟိတ လုပ်နေတာ မဟုတ်တဲ့အတွက် ဒီစခန်းနေရာတွေကို ဝင်မယ်ဆိုရင် မူလစွမ်းအင် ပုံဆောင်ခဲတွေ ပေးဖို့လိုအပ်ပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲတွေအစား စိတ်ဝိညာဉ် ဆေးပင်တွေနဲ့ ပစ္စည်းတွေကို မွန်းမံသန့်စင်တဲ့ သတ္တုမျိုးတွေကို အစားထိုးပြီးတော့လည်း ပေးနိုင်ပါတယ်။

စခန်းထဲမှာ ဘယ်သူကမှ အင်အားမသုံးရပါဘူး။ ဒါကအရမ်းကို အရေးကြီးတဲ့ အခြေခံ စည်းမျဉ်းစည်းကမ်းပဲ ဖြစ်ပါတယ်။

ဆယ်ရက်လောက် လေ့လာသင်ယူပြီးတဲ့ နောက်မှာတော့ လင်းဟန်က ဂဏ်ပါ အစီအရင် ပညာအပေါ်မှာ အရမ်းကို စိတ်ဝင်စားပြီး သိုင်းပညာရပ်တွေနဲ့ ပေါင်းစပ်လိုက်တဲ့ အခါမှာ အံ့မခန်း အကျိုးရလဒ် တစ်ခုကိုတောင် ထုတ်ဖော်နိုင်ပါတယ်။

အမှန်တကယ်တော့ အစီအရင်တွေက သိုင်းပညာရှင်တွေ အားလုံးနဲ့ အရမ်းကို နီးကပ်တဲ့ နေရာမှာ ရှိပါတယ်။ အရိုးရှင်းဆုံး ဥပမာ ပေးရမယ်ဆိုရင် စိတ်ဂိညာဉ် ပစ္စည်းတွေ ဖြစ်ပါတယ်။ အဲဒီမှာ အစီအရင်ဧရိယာ ပါဝင်ပြီးတော့ လူတစ်ယောက်ရဲ့ သိုင်းဆန္ဒကို ၎င်းအပေါ်မှာ ရေးထွင်းလိုက်တာက အစီအရင်ပုံဇာံ အကြမ်းနဲ့ တူပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ အစီအရင်ပုံစံတွေကို စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အပေါ်မှာ ရေးထွင်းပြီး နှစ်ခုပေါင်းလိုက်မယ် ဆိုရင် ၎င်းကနေ ထုတ်ဖော်နိုင်တဲ့ အစွမ်းက အရမ်းကို အစွမ်းထက် ပါလိမ့်မယ်။

"ဒီက ညီငယ်လေး တကယ်လို့ မင်းက တစ်ယောက်တည်းဆိုရင် ဘာဖြစ်လို့ ငါတို့နဲ့ မပူးပေါင်းတာလဲ"

လင်းဟန်က ဖြည်းညင်းစွာနဲ့ အဖွဲ့တစ်ခုကို ဖြတ်ကျော်သွားတဲ့ အချိန်မှာ အဲဒီအဖွဲ့ထဲက လူတစ်ယောက်က သူ့ကို ဖိတ်ခေါ်လိုက်ပါတယ်။

အပိုင်း(၃၈၈) ပြဿနာလေးတစ်ခု

၎င်းက ဆေးပင်တွေ ရှာဖွေတဲ့ အဖွဲ့တစ်ခု ဖြစ်ပါတယ်။ ဆေးပင်ရှာဖွေတဲ့ လယ်သမား ဆယ့်နှစ်ယောက်က သူတို့ရဲ့ နောက်ကျောမှာ ဝါးခြင်းကြီးတွေကို သယ်ထားပြီးတော့ သိုင်းပညာရှင် ခုနစ်ယောက်က စောင့်ကြပ်နေကြပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ အလုပ်ရှင်လို့ ထင်ရတဲ့ အနီရောင်ဝတ်စုံနဲ့ ချောမောလှပတဲ့ မိန်းမပျိုလေး တစ်ယောက်လည်း ရှိပါသေးတယ်။ စုစုပေါင်း သူတို့က လူအယောက်နှစ်ဆယ် ပါဝင်တဲ့ အဖွဲ့တစ်ခု ဖြစ်ပါတယ်။

ဒီလိုမျိုး အမှောင်နတ်ဆိုး တောအုပ်ထဲမှာ ဆေးပင်ရှာဖွေ

ခူးဆွတ်တဲ့ အသင်းတစ်သင်းကို အဖွဲ့ငယ်လေး တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ ဒီတောအုပ်ထဲမှာ လူအယောက်တစ်ရာ ဒါမှမဟုတ် လူပေါင်းအယောက်တစ်ထောင် အုပ်စုဖွဲ့ပြီးတော့ ဆေးပင်ရှာဖွေနေတဲ့ အုပ်စုတွေလည်း ရှိပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ အစောင့်ခုနစ်ယောက်က စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ ဖြစ်ကြပါတယ်။ ဒါက အတော်လေးကို အထင်ကြီးစရာကောင်းတဲ့ ခွန်အားပဲ ဖြစ်ပါတယ်။ သူ့ကိုဖိတ်ခေါ်တဲ့လူက အသက်လေးဆယ်ခန့်ရှိတဲ့ ဗလတောင့်တောင့်နဲ့ ယောကျာ်း တစ်ယောက်ဖြစ်ပြီး အရပ်မြင့်မြင့်နဲ့ ကိုယ်လုံးကိုယ်ပေါက်တောင့်ပါတယ်။ သူရဲ့လက်မောင်းက လင်းဟန်ရဲ့ ခါးလောက်တုတ်နိုင်ပြီးတော့ ဖုထစ်ကြွရွနေတဲ့ ကြွက်သားတွေနဲ့ အံ့အားသင့်စရာ ကောင်းလောက်အောင် ခွန်အားကြီးပုံ ရပါတယ်။

လင်းဟန်က ပြန်ဖြေတာကိုတောင် မစောင့်ပဲနဲ့ အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးက တစ်စုံတစ်ခုကို မကျေနပ်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"အစောင့်ဂူ တကယ်လို့ ရှင်က အဖွဲ့ထဲကို တစ်ယောက်ယောက်ကို ဖိတ်ခေါ်မယ်ဆိုရင် ဘာဖြစ်လို့ ငါ့ရဲ့သဘောထားကို အရင်ဆုံး မယူတာလဲ"

ဗလတောင့်တောင့်နဲ့လူက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့တွေ အစတုန်းက အစောင့်ဆယ်ယောက်ကို ခေါ်ယူမယ်လို့ သဘောတူထား ကြတယ်လေ။ အခု ငါတို့က ခုနစ်ယောက်ပဲ လူစုဆောင်းနိုင်ခဲ့တယ်။ အစောင့်အကြပ် ခေါင်းဆောင် တစ်ယောက် အနေနဲ့ လူသစ်စုဆောင်းတာက မှန်ကန်တဲ့ လုပ်ရပ်ပဲလေ"

"ဒါဆိုရင် တခြားလူတွေကရော အဆင့်မမီလို့လား"

အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးက ပြောလိုက်ပါတယ်။

"သူက အဆင့်မီတယ်"

ဗလတောင့်တောင့်နဲ့ ယောကျ်ားက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ ညွှန်ပြလိုက်ပါတယ်။

"စိတ်ဝိညာဉ် ပင်လယ်အလွှာ ငါးအဆင့်။ ဒါက မလုံလောက်သေးဘူးလား"

ဘာ ဒီလူငယ်လေးက တကယ်ပဲ စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်မှာ ရှိနေတာလား။

တခြားလူတွေလည်း အံ့အားသင့်ကုန်ကြပါတယ်။ လင်းဟန်က အရမ်းကို ငယ်ရွယ်နေတယ်လို့ ခံစားနေရပါတယ်။

"မိန်းကလေးတင်း သူ့ကို ငါတို့အသင်းထဲကို ဝင်ပါစေ"

"ဟုတ်တယ် စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်က တကယ်ပဲ အားမနည်းဘူး"

တခြားအစောင့်တွေကလည်း ထောက်ခံပြီးတော့ ဆော်ဩလိုက်ကြပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်က မြင့်မားတဲ့ ကျွင့်ကြံခြင်း အဆင့်လို့ ပြောလို့မရပေမဲ့လည်း ဒီအဆင့်ကို ဆယ်ကျော်သက်အရွယ်နဲ့ ဝင်ရောက်နိုင်တယ်ဆိုတော့ တစ်စုံတစ်ခုကို ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ရှိစေပါတယ်။ အကြောင်းက လင်းဟန်ရဲ့ နောက်ခံအင်အားက အရမ်းကို

အသိအမှတ်ပြုရလောက်တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်နိုင်ပါတယ်။

ဒီနေရာက အရမ်းကို အန္တရာယ်များပြီးတော့ ဖရိုဖရဲဖြစ်နေတဲ့ နေရာတစ်ခု ဆိုပေမဲ့ တကယ်လို့ ဆောင်းလဂိုဏ်း သို့မဟုတ် လခြမ်းဂိုဏ်းက လူတစ်ယောက်က အနားမှာ ရှိနေမယ်ဆိုရင် ၎င်းက အသက်ကို ကယ်တင်နိုင်တဲ့ သော့တစ်ချောင်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဒီလူတွေက သူတို့ရဲ့ အဖွဲ့ထဲကို လင်းဟာန် ပူးပေါင်းမှာကို မငြင်းပယ်ကြပဲ သူတို့ရဲ့ အသက်တွေကို အာမခံချက် တစ်ခုကို ထပ်ပေါင်းထည့်လိုက်သလိုမျိုးပါပဲ။

အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးက ချင့်ချိန်စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါပေမဲ့ အစောင့်ဝူ ရှင်က သူပြဿနာ မရှာအောင်လို့တော့ တာဝန်ယူ ရလိမ့်မယ်"

"သဘောတူတယ်"

ဗလတောင့်တောင့်နဲ့လူက ရယ်မောပြီးတော့ ခေါင်းညိတ်လိုက်ပြီး လင်းဟာန်ကို ပြုံးပြုံးလေးနဲ့

ပြောလိုက်ပါတယ်။

"ညီငယ်လေး ဒီလိုဆိုရင် ဘယ်လိုလဲ။ တစ်ရက်ကို မူလပုံဆောင်ခဲ တစ်ခုရမယ်။ မင်းအနေနဲ့ နေ့တိုင်းပဲ ဒီလိုမျိုး ကောင်းမွန်တဲ့ အလုပ်တစ်ခုကို ရှာမတွေ့နိုင်ဘူးနော်"

စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေက တစ်လမှ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုပဲ မွမ်းမံသန့်စင်နိုင်ပါတယ်။ ပြီးတော့ အခုက တစ်ရက်ကို တစ်ခုရမှာဖြစ်ပြီး အခုလိုမျိုး ဆက်ဆံမှုက အတော်လေးကို မဆိုးဘူးလို့ ပြောရပါမယ်။

လင်းဟာန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားတို့က ကိုယ့်ဘာသာကို အချင်းချင်းပဲ ပြောဆိုနေကြတာပဲ။ ခင်ဗျားတို့နဲ့ ပူးပေါင်းချင်တယ်လို့ ကျုပ်ပြောခဲ့လို့လား"

"ဟင့် နင်က ကန့်ကွက်ချင်တာလား"

အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးက အစကတည်းက သိပ်ပြီးတော့ ကျေနပ်ပုံ မရပါဘူး။ လင်းဟာန်က သူတို့အဖွဲ့ကို ပူးပေါင်းဖို့ ငြင်းပယ်တာကို ကြားလိုက်ရတဲ့ အခါမှာ သူမက

ရုတ်ခြည်းဆိုသလို ပိုပြီးတော့ မကျေနပ်တဲ့ အမူအရာ ဖြစ်ပေါ်လာခဲ့ပါတယ်။

"ဒီလောက်တောင် အထူအပါး နားမလည်ပဲ သတ္တိကောင်းနေတယ်။ သူ့ကို ရိုက်ကြစမ်း"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူလျှောက်လာတဲ့ လမ်းတစ်လျှောက်မှာ ဘယ်သူ့ကိုမှ မတော်မတရား တိုက်ခိုက်တာမျိုး မရှိခဲ့ပါဘူး။ ကံကြမ္မာဆိုးကြီးက ဘယ်လိုလုပ်ပြီး သူ့အပေါ်ကို ကျရောက်လာရတာလဲ။ သူ့မှာ တကယ်ပဲ ပြဿနာတွေကို တည်ဆောက်တဲ့ ပစ္စည်းတစ်ခု ရှိနေပြီးတော့ ဘယ်နေရာကိုပဲ သူသွားသွား ပြဿနာတွေ ဖြစ်အောင်လို့ ဆွဲဆောင်နေတာလား။

"ငါ့ကို လွယ်လွယ်ကူကူနဲ့ အနိုင်ကျင့် စော်ကားလို့ ရမယ်လို့ ထင်နေတာလား"

လင်းဟန်က ဒေါသထွက်သွားပြီးတော့ သူရဲ့လက်ကို မြှောက်ပြီး အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးကို ရိုက်ချလိုက်ပါတယ်။

"ရပ်လိုက်"

အစောင့်ခုနစ်ယောက်က တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် ဝင်ရောက်စွက်ဖက်ပြီး လင်းဟန်ကို တားဆီးလိုက်ပါတယ်။

ဒီလူတွေရဲ့ အဆင့်က မြင့်တဲ့သူ ရှိသလို နိမ့်တဲ့သူလည်း ရှိပါတယ်။ ဒါပေမဲ့ အနိမ့်ဆုံးလူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ၆ အဆင့်မှာ ရှိပြီးတော့ အသန်မာဆုံးက စိတ်ဝိညာဉ်ပင်လယ် အလွှာ ၉ အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း ဘယ်သူ့ဘယ်သူကမှ သူတို့ရဲ့ ကိုယ်ပိုင်အဆင့်ကို ကျော်လွန်တဲ့ တိုက်ပွဲအစွမ်း မရှိကြပါဘူး။ တကယ်တော့ လူအများစုက သာမန်ပါပဲ။

လင်းဟန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်ပြီးတော့ ဓားဆန္ဒက ချက်ချင်းဆိုသလို အရှေ့ကို တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ပါတယ်။ ရှစ် ရှစ် ရှစ် ဓားချီအလင်း ခုနစ်ခုက တစ်ဟုန်ထိုး ထွက်ပေါ်လာပြီးတော့ အစောင့်ခုနစ်ယောက်ကို လှီးဖြတ်လိုက်ပါတယ်။

သူ့မှာ တိုက်ပွဲအစွမ်း ဘာရှိလို့လဲ။ သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ပထမ အဆင့်ကို ရောက်တဲ့အခါမှာ သူရဲ့

တိုက်ပွဲအစွမ်းက ကြယ်ဆယ့်ခြောက်လုံး ရှိပါတယ်။ အခုတော့ ကြယ်အလုံးနှစ်ဆယ်ထိအောင် တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။ တစ်ဖက်အဖွဲ့က အသန်မာဆုံးလူရဲ့ တိုက်ပွဲအစွမ်းထက် ကြယ်ဆယ့်တစ်လုံးတောင် သာလွန်ပြီးတော့ ဒါက လုံးဝကို လွှမ်းမိုးနိုင်ပါတယ်။ အစောင့်ခုနစ်ယောက်က ဓားချီအလင်း ခုနစ်ခုကြောင့် တစ်ပြိုင်နက်တည်း လွင့်ထွက်သွားကြပါတယ်။

ကံကောင်းတာက လင်းဟန်က အားကိုထိန်းထားတဲ့အတွက် သူတို့ရဲ့ ရင်ဘက်မှာ ဒဏ်ရာသေးလေး တစ်ခုရသွားရုံပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီတိုက်ခိုက်မှုက သူတို့ရဲ့ အသက်ကို နှုတ်ယူသွားပါလိမ့်မယ်။

ဖြန်း

အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးရဲ့ ညာဘက်ပါးပေါ်ကို ပြင်းထန်တဲ့ လက်ဝါးရိုက်ချက် တစ်ခုက ကျလာပြီးတော့ သူမရဲ့ သွားသုံးချောင်းကို ကျွတ်ထွက်သွားစေပါတယ်။

"လူတွေကို ဘယ်တော့မှ အထင်နဲ့ မဆုံးဖြတ်ပါနဲ့။ ဒါက မင်းအတွက် သင်ခန်းစာ သေးသေးလေး တစ်ခုပဲ။ တကယ်လို့ နောက်တစ်ကြိမ်ဆိုရင် မင်းရဲ့အသက်ကို

ငါယူရလိမ့်မယ်”

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးက အံကိုတင်းတင်း ကြိတ်ထားပါတယ်။ သူမရဲ့မျက်နှာပေါ်မှာ မယုံကြည်နိုင်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။ ပထမအချက်က လင်းဟန်က စိတ်ဝိညာဉ် ပင်လယ်အလွှာ ၅ အဆင့်ပဲ ရှိပြီးတော့ သူမရဲ့ အစောင့်ခုနစ်ယောက်စလုံးကို လွင့်ထွက်သွားစေ ခဲ့ပါတယ်။ ဒုတိယအချက်က ဒီကောင်လေးက တကယ်ပဲ သူမကို ရိုက်ရဲတာလား။

သူမက တင်းမိသားစုရဲ့ သမီးတစ်ယောက်ဖြစ်ပြီးတော့ ပန်းလေးတစ်ပွင့်လို့ လှပချောမောသူ တစ်ယောက် ဖြစ်ပါတယ်။ ဒီကောင်စုတ်က ကန်းနေတာလား။ သူမရဲ့ မျက်နှာလှလှလေးကို ဒီလိုမျိုး ကြမ်းကြမ်းတမ်းတမ်းတောင် ရိုက်ပစ်ခဲ့တာလား။

လင်းဟန်က လှည့်ထွက်သွားလိုက်ပါတယ်။

အစောင့်ခုနစ်ယောက်ရော ဆေးပင်ရှာတဲ့ လယ်သမားတွေပါ ဘယ်သူကမှ အသံမထွက်ရဲပဲ တိတ်ဆိတ်ငြိမ်သက်

နေကြပါတယ်။ လင်းဟန်ရဲ့ ခွန်အားက သူတို့ထင်ထားတာထက် အများကြီး အဆမတန် သာလွန်နေပြီးတော့ အခုချိန်ထိ သူတို့ရဲ့ အာရုံတွေကိုတောင် ပြန်ပြီးတော့ မရကြသေးပါဘူး။

"ဘာမှသုံးစားမရတဲ့ အမှိုက်တစ်အုပ်ပဲ"

အနီရောင် ဝတ်စုံနဲ့ အမျိုးသမီးက ဒေါသတကြီးနဲ့ အော်ဟစ်ကြိမ်းမောင်းလိုက်ပြီး သူမရဲ့ ဖူးယောင်နေတဲ့ မျက်နှာကို ဖုံးထားပြီးတော့ ပြောလိုက်ပါတယ်။

"လေပြင်းစခန်းကို မြန်မြန်သွားမယ်။ ကောင်းရန်ကလန်က အစ်ကိုက အဲဒီမှာ ရှိနေတယ်။ ဒီသေသင့်တဲ့ ကောင်စုတ်ကို ကိုင်တွယ်ပေးဖို့ သူ့ကိုတောင်းဆိုရမယ်"

"မိန်းကလေးတင်း ဒီလူငယ်လေးက စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာ ၅ ကို ဒီအသက်အရွယ်နဲ့ ရောက်နေတယ်။ ပြီးတော့ သူရဲ့တိုက်ပွဲအစွမ်းက ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းတယ်။ သူ့မှာသေချာပေါက် အစွမ်းထက်တဲ့ နောက်ခံကောင်းကောင်း ရှိလိမ့်မယ်။ ဒါကြောင့် ဘာဖြစ်လို့ ငါတို့တွေ ဒီကိစ္စကို ဒီမှာတင် မရပ်လိုက်တာလဲ"

အစောင့်ခေါင်းဆောင်ဝူက အကြံပေးလိုက်ပါတယ်။ သူက လင်းဟန်ကို လူသစ်စုဆောင်းဖို့ ပြောခဲ့တဲ့ သူဖြစ်နေမှတော့ ဒီအတွက် သူ့မှာ တာဝန်ရှိတယ်လို့ ခံစားနေရပါတယ်။

"ဟင့် ဒါက အမှောင်နတ်ဆိုး တောအုပ်ပဲ။ ဒါကြောင့် တကယ်လို့ သူ့မှာ အစွမ်းထက်တဲ့ နောက်ခံရှိနေတော့ရော ဘာဖြစ်သေးလဲ။ တကယ်လို့ သူဒီနေရာမှာ သေသွားမယ်ဆိုရင် အဲဒါက အသုံးဝင်မှာ မဟုတ်ဘူး"

"သွားကြမယ်"

သူတို့အဖွဲ့က အရှေ့ကို ဆက်ပြီးတော့ ထွက်သွားကြပါတယ်။

နေ့တစ်ဝက်လောက် လမ်းလျှောက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ အရှေ့မှာ စခန်းတစ်ခု ပေါ်လာခဲ့ပါတယ်။ ဒါက လေပြင်းနတ်ဆိုးကလန်ရဲ့ ပိုင်နက်ဖြစ်ပြီးတော့ သိုင်းပညာရှင်တွေ အတွက် ယာယီအားဖြင့် နားခိုဖို့အတွက် ထောက်ပံ့ထားတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်အကြောင်းကိုလည်း စုံစမ်းချင်ပါသေးတယ်။ ဒါကြောင့် သူက စခန်းထဲကို

ဝင်လာလိုက်ပါတယ်။ ဝင်ကြေးကတော့ လူတစ်ယောက်ကို မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံး ပေးရပါတယ်။

စခန်းက သိပ်ပြီးတော့ မကြီးပါဘူး။ ရွာငယ်လေးတစ်ရွာရဲ့ အရွယ်အစားလောက်ပဲ ရှိပါတယ်။ ပတ်ဝန်းကျင်က သစ်ပင်ကြီးတွေက အတားအဆီးတစ်ခု ပုံစံမျိုးနဲ့ ဖြစ်နေကြပါတယ်။ ဒါပေမဲ့ အိမ်တွေကိုတော့ ဝါးတွေနဲ့ ဆောက်လုပ်ထားပြီးတော့ အတော်လေးကို စုတ်ပြတ်နံချာပြီး လုံခြုံမှုလည်း ကင်းမဲ့ပါတယ်။

ဒီနေရာမှာ ကုန်စည်တွေအားလုံးကို ဖလှယ်တဲ့ လူတွေလည်း ရှိပါတယ်။ လင်းဟန်က လမ်းဘေးမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားတဲ့ မိန်းကလေး တော်တော်များများကို မြင်တွေ့လိုက်ရပြီးတော့ သူမတို့တွေက လမ်းသွားလမ်းလာတွေကို ကြာမူပါပါနဲ့ မျက်စပြစ်ပြပြီး မြူဆွယ်ဖြားယောင်း သွေးဆောင်နေကြပါတယ်။ တကယ်လို့ လမ်းသွားတဲ့ ဧည့်သည်တွေက သူတို့အကြိုက်ကို တွေ့သွားပြီဆိုရင် အတူတူ ထွက်သွားပြီး မကြာခင်မှာ အော်ဟစ်ညည်းတွားသံ ညည်းညူတဲ့ အသံတွေ ထွက်လာပြီးတော့ ကြားရတဲ့ လူတွေရဲ့ သွေးတွေကို ပွက်ပွက်ဆူလာ သလိုမျိုး ခံစားရစေပါတယ်။ ဒီအသံတွေက ဝါးအိမ်လေးတွေဆီကနေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

သိုင်းပညာရှင်တွေအတွက် စွန့်စားထွက်ခွာပြီးတဲ့ နောက်မှာတော့ သူတို့က အနည်းငယ်တော့ အနားယူဖို့ မျှော်လင့်ကြပါတယ်။ ဘယ်လိုနေရာမှာပဲ လိုအပ်သည်ဖြစ်စေ အဲဒီမှာ ဈေးကွက် ရှိပါလိမ့်မယ်။ တကယ်လို့ အမှောင်နတ်ဆိုး တောအုပ်လိုမျိုး အန္တရာယ် အရမ်းကို များပြားတဲ့ နေရာတစ်ခုမှာတောင်မှ ရှင်သန်နိုင်ကြပါတယ်။

လင်းဟန်က လမ်းလျှောက်လာပြီး ဒီမိန်းကလေး တော်တော်များများက သူ့ကို ဆွဲဆောင်ဖို့ ကြိုးစားကြပါတယ်။ ဒါပေမဲ့ သူကတော့ လုံးဝကို စိတ်မဝင်စားပဲနဲ့ စားသောက်ဆိုင် တစ်ခုဆီကို တည့်တည့်ပဲ ဝင်လာခဲ့ပါတယ်။

သူက စားစရာတချို့ကို မှာလိုက်ပါတယ်။

"ဟေ့ မင်းတို့ကောင်တွေ ကြားပြီးပြီလား။ နာမည်ကြီးတဲ့ နတ်သမီးကျူးက လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဒီနေရာကို လာသွားခဲ့တယ်"

"ဘာပြောတယ်။ ကျူးရွှမ်အာလား။ မြောက်ပိုင်းဒေသမှာ

အချောမောဆုံး အလှပဆုံး ဆိုပြီးတော့ နာမည်ကြီးတဲ့ မိန်းကလေးလေ"

"သူမက တကယ်ပဲ အဲဒီလောက်တောင် လှပချောမောလို့လား"

"ပိုတောင်ပိုသေးတယ်။ ငါမြင်ရသလောက်ဆို သူမကို ကမ္ဘာကြီးထဲမှာ အချောမောဆုံးလို့တောင် ခေါ်သင့်တယ်"

"ဒါပေမဲ့ သူမက အမှောင်နတ်ဆိုး တောအုပ်ထဲကို ဝင်သွားရဲတယ်ဆိုမှတော့ ကျားတစ်ကောင်ရဲ့ သားရဲတွင်းထဲက သိုးတစ်ကောင်လိုမျိုး ကြောက်ရွံ့မှုမရှိဘူးလား"

"ဟီးဟီး လူတွေ ဘယ်လောက်တောင်များ ဒီလိုအလှပဂေးလေးကို သူတို့ရဲ့ကိုယ်ပိုင် အိမ်မွေးတိရိစ္ဆာန်လေးအဖြစ် လိုချင်ကြတာလဲဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ နောက်ပြီး ဒါက အမှောင်နတ်ဆိုး တောအုပ်အထဲမှာလေ။ တကယ်လို့ ဒီနေရာမှာ ရန်သူရဲ့ လက်ထဲကို တစ်စုံတစ်ယောက် ကျဆင်းသွားခဲ့မယ် ဆိုရင် လခြမ်းဂိုဏ်းလိုမျိုး ဂိုဏ်းကြီးတောင်မှ ဘာမှလုပ်လို့ ရမှာမဟုတ်ဘူး"

"မင်းက ဝေစုတစ်ခု မရဘူးလား"

"ထွိ မင်းရော မလိုချင်လို့လား"

အားလုံးရဲ့ ဆွေးနွေးငြင်းခုံနေမှုကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ကျူးရွှမ်အာက စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက ပန်းဖူးအဆင့် လူတစ်ယောက်နဲ့ ကြုံတွေ့ခဲ့မယ်ဆိုရင် သူမမှာ ထွက်ပြေးဖို့ အခွင့်အရေးတောင် ရမှာမဟုတ်ပါဘူး။ သူမက ဒီနေရာကို တစ်ယောက်တည်း လာဝံ့တာက အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။

လင်းဟန်က သူ့ရဲ့ ဝိုင်ခွက်ကို ကိုင်ပြီးတော့ လူသုံးယောက်ထိုင်နေတဲ့ စားပွဲခုံတစ်ခု အနားကို ချဉ်းကပ်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကအစ်ကိုသုံးယောက်ခင်ဗျား။ အစ်ကိုတို့ကို ကျနော် နည်းနည်းလောက် မေးချင်လို့ပါ။ ဒီမှာ အပူနဲ့အအေး ရောယှက်နေတဲ့ နေရာတစ်ခု ဘယ်နားမှာများ ရှိသလဲ"

အပိုင်း(၃၈၉) မင်းကင့်ါကို လှည့်စားနေတာလား

"လူငယ်လေး မင်းက အမှောင်နတ်ဆိုး တောအုပ်ကို အခုမှ ရောက်ဖူးတာ မဟုတ်လား"

အသက်သုံးဆယ်အရွယ် ဗလတောင့်တောင့်နဲ့ ယောက်ျားတစ်ယောက်က လင်းဟန်ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်"

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ တခြားသူတွေကို မျက်စိကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့ အားလုံးက နံစော်နေတာကို မြင်လိုက်ရတော့ ဒီလူတွေက တောအုပ်ထဲကို နေ့ရောညပါ ဂင်ရောက်ပြီး ရှာဖွေကြတဲ့ လူတွေပဲ ဆိုတာကို ပြောနိုင်ပါတယ်။

ဗလတောင့်တောင့်နဲ့ ယောက်ျားက ရယ်မောပြီးတော့ သူရဲ့လက်ကို ဆန့်ထုတ်ပြီး ပြောလိုက်ပါတယ်။

"ဒီနေရာမှာ အရာအားလုံး သဘောတူညီထားတယ်။ တကယ်လို့ မင်းက မေးခွန်းတွေ မေးချင်တယ် ဆိုရင်တော့

အဖိုးအခကိုတော့ ပေးရလိမ့်မယ်”

“ဘယ်လောက်လဲ”

လင်းဟန်က ပေါ့ပေါ့ပါးပါးနဲ့ ပြုံးလိုက်ပါတယ်။ သူရဲ့အိပ်ကပ်က အခုဆိုရင် ဖောင်းကားနေပါပြီ။ ဒါကြောင့် မူလစွမ်းအင် ပုံဆောင်ခဲ ဆိုတာက သူ့အတွက်တော့ သာမန်နဲ့ ဘာမှမကွာပါဘူး။

“မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခု”

ဗလတောင့်တောင့်နဲ့ ယောက်ျားက လက်တစ်ချောင်း ထောင်ပြလိုက်ပါတယ်။

မေးခွန်းတစ်ခုကို မူလစွမ်းအင် ပုံဆောင်ခဲတစ်ခု တကယ်ကို ကလိမ်ကကျစ် ကျတာပဲ။

လင်းဟန်က တကယ်ပဲ ဂရုမစိုက်ပါဘူး။ သူ့အနေနဲ့ ကြက်သွေးရောင် အေးစိမ်ရေခဲ ဆေးပင်ကို ရှာတွေ့နိုင်မယ်ဆိုရင် အဲဒီအတွက် မူလစွမ်းအင် ပုံဆောင်ခဲပေါင်း တစ်သန်းလောက် ပေးရမယ် ဆိုရင်တောင်မှ နှောင်တရမှာ မဟုတ်ပါဘူး။ သူက

မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို ပေးလိုက်ပါတယ်။

ဗလတောင့်တောင့်နဲ့ ယောက်ျားက မူလစွမ်းအင် ပုံဆောင်ခဲကို ရယ်ချင်စိတ်ကို ထိန်းပြီးတော့ ယူလိုက်ပါတယ်။

"ကဲ အခုက မေးခွန်းကို ဖြေရမဲ့ အချိန်ပဲ"

လင်းဟန်က စားပွဲခုံကို ခေါက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

ဗလတောင့်တောင့်နဲ့ ယောက်ျားက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမသိဘူး"

လင်းဟန်ရဲ့ အကြည့်တွေက ချက်ချင်းဆိုသလို ထက်ရှလာပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားက ကျုပ်ကို လှည့်စားနေတာလား"

"လူငယ်လေး ငါကမင်းကို သင်ခန်းစာတစ်ခု သင်ပေးလိုက်တာပဲ။ ဒီကမ္ဘာကြီးအထဲမှာ အပြင်ဘက်ကို ထွက်တော့မယ်ဆိုရင် ဘယ်တော့မှ လူတွေကို လွယ်လွယ်နဲ့ မယုံကြည်နဲ့"

ဗလတောင့်တောင့်နဲ့ ယောကျ်ားက ရယ်မောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က တိုက်ခိုက်မှာကို စိုးရိမ်ပူပန်းခြင်း မရှိပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက လေပြင်းနတ်ဆိုးကလန်ရဲ့ ပိုင်နက်ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က ဒီနေရာမှာ ကြမ်းကြမ်းတမ်းတမ်း ပြုမူပုံ့တယ်ဆိုရင် သူ့ကိုမောင်းထုတ်တာ ခံရပါလိမ့်မယ်။ ပြီးတော့ အသတ်တောင် ခံရနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီနေရာက လုံခြုံတဲ့ ခိုလှုံရာနေရာတစ်ခု ဘယ်လိုလုပ် ဖြစ်မှာလဲ။

ပြောကြတာတော့ ဒီလိုမျိုး စခန်းတွေမှာ ဆောင်းလဂိုဏ်းနဲ့ သားရဲကေရာဇ်ဂိုဏ်းတို့လိုမျိုး ဂိုဏ်းကြီးတွေကနေ လိုက်လံဖမ်းဆီးခြင်းကနေ ထွက်ပြေးလာကြတဲ့ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ ရာဇဝတ်သားတွေ အများကြီး ရှိတတ်ကြပါတယ်။ ဒါပေမဲ့လည်း ဒီစခန်းအတွင်းထဲမှာ

သူတို့က ကြမ်းကြမ်းတမ်းတမ်း မလုပ်ပုံ့ကြပါဘူး။ ဒါက ဒီနေရာမှာရှိတဲ့ အင်အားကြီး အဖွဲ့လေးခုရဲ့ လွှမ်းမိုးနိုင်စွမ်းကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။

လင်းဟန်က အဲဒီလူရဲ့ စိတ်ကြီးဝင်နေတဲ့ ပုံစံကို ကြည့်ပြီးတော့ သူရဲ့လက်ကို စားပွဲခုံပေါ်ကို သာမန်ကာလျှံကာနဲ့ ဖော့ယမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ စားပွဲပေါ်မှာ လူကြီးလက်မောင်း တစ်ဖက်လောက် ကြီးပြီး အမြစ်တွေက နဂါးတစ်ကောင်ရဲ့ ကြွက်သားတွေလိုပုံစံရှိတဲ့ ဂျင်ဆင်းဆယ်ပင်က ရုတ်တရက် ပေါ်လာခဲ့ပါတယ်။

"လပြွတ်"

ဂျင်ဆင်းပင်တွေကို မြင်လိုက်ရတဲ့ လူတွေအားလုံးရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပိုင်းစက်ပြီး ပြူးနေကြပါတယ်။ ဒီအပင်တွေက အနည်းဆုံး သက်တမ်း နှစ်ပေါင်းနှစ်ရာ သို့မဟုတ် သုံးရာလောက်ရှိတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ဂျင်ဆင်းပင်တွေ ဖြစ်ပါတယ်။ အမှောင်နတ်ဆိုး တောအုပ်အထဲက နက်ရှိုင်းတဲ့ နေရာမှာ ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ဂျင်ဆင်းပင်တချို့ ရှိပါတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က လိုချင်တယ်ဆိုရင်တော့

တောအုပ်ရဲ့ အတွင်းပိုင်း နယ်မြေထဲအထိကို ဝင်ရောက်ရှာဖွေဖို့ လိုအပ်ပါတယ်။ အဲဒီနေရာက အရမ်းကို အွန္တရာယ် များလွန်းပြီးတော့ ပေါ့ပေါ့ဆဆနဲ့ ဘယ်သူမှ မဝင်ရဲဘူးဆိုတာကို အသာထားဦး။ အဲဒီနေရာက မှိုစွာသားရဲတွေက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ ဒါကြောင့် အဲဒီမှာ အံ့အားသင့်စရာ ကောင်းလောက်အောင် အရွယ်ရောက်နေတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီး ရှိပါတယ်။

ဒီလိုမျိုး တန်ဖိုးကြီးတဲ့ ဂျင်ဆင်းပင် တစ်ပင်ကို မူလစွမ်းအင်ပုံဆောင်ခဲ ရာဂဏန်းလောက်နဲ့ ရောင်းချလို့ ရနိုင်ပြီးတော့ ဒီဆယ်ပင်ဆိုရင်တော့ မူလစွမ်းအင်ပုံဆောင်ခဲ ထောင်နဲ့ချီ တန်ကြေး ရှိပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ ကံကောင်းမှုတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေက မခိုးမဟုက်ပဲနဲ့ သန့်စင်မယ်ဆိုရင်တောင် ဒီပမာဏကို ရဖို့အတွက် နှစ်ပေါင်းများစွာ အချိန်ပေးဖို့ လိုအပ်ပါတယ်။

အဲဒီအချိန်မှာ လူတွေရဲ့ အသက်ရှူသံတွေက ပြင်းလာပြီးတော့ သူတို့ရဲ့ မျက်လုံးတွေက အနီရောင်ကို ပြောင်းလဲသွားပြီး လုယူပစ်ချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်ပေါက် လာခဲ့ပါတယ်။

လင်းဟန်က ပေါ့ပေါ့ပါးပါးလေး ပြုံးပြီးတော့ အစောတုန်းက ဗလတောင့်တောင့်နဲ့ ယောကျ်ားကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒီဂျင်ဆင်းပင်အားလုံးကို ဘယ်သူမဆို အဲဒီလူကို သတ်နိုင်တဲ့လူ အပိုင်ပဲ"

ချက်ချင်းဆိုသလို အားလုံးရဲ့ မျက်လုံးတွေက ဗလတောင့်တောင့်နဲ့ လူအပေါ်ကို ကျရောက် လာခဲ့ပါတယ်။

ဒီလူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ဒုတိယ အဆင့်ပဲ ရှိပါသေးတယ်။ သူ့ကို အမြစ်ပြတ် သုတ်သင်ပစ်ဖို့ဆိုတာ စိတ်ဂိညာဉ် ပင်လယ်အလွှာ နောက်ပိုင်းအဆင့် သိုင်းပညာရှင်တွေ အတွက်တော့ လက်ဂါးတစ်ဖက်ကို ဖျော့ယမ်းလိုက်သလိုပဲ အများကြီး မခက်ခဲပါဘူး။ ဘယ်နေရာမှာများ လက်ကလေးတစ်ချောင်းကို လှုပ်ရှားလိုက်ရုံနဲ့ ဒီလောက်များပြားတဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပေးချေတဲ့ လုပ်ငန်းမျိုးကို ရှာတွေ့နိုင်မှာလဲ။

ထို့အပြင် သက်တမ်းရာနဲ့ချီတဲ့ ဂျင်ဆင်းပင်တွေက အရမ်းကို

အားကောင်းစေတဲ့ အားဆေးတစ်မျိုး ဖြစ်ပါတယ်။ သာမန်ဆေးတွေက အတွင်းဒဏ်ရာတွေကို ကုသနိုင်စွမ်း မရှိပါဘူး။ ဒီသိုင်းပညာရှင်တွေက လူတွေ မိစ္ဆာသားရဲတွေနဲ့ တိုက်ခိုက်တဲ့အခါမှာ မလွဲမသွေ ဒဏ်ရာတွေ ရရှိကြမှာ ဖြစ်ပြီးတော့ ဒီလိုမျိုး အားဆေးကပဲ သူတို့ကို လုံးဝသက်သာ ပျောက်ကင်းအောင် ကုသနိုင်စွမ်း ရှိပါတယ်။

ဒီလိုမျိုး ရတနာတစ်ခုက ကံကောင်းမှုကနေ ရရှိနိုင်တာ ဖြစ်ပြီးတော့ ရှာဖွေလို့ကတော့ မရနိုင်ပါဘူး။

"လူငယ်လေး။ ဒီစခန်းရဲ့ အတွင်းထဲမှာ တိုက်ခိုက်တာတွေ ကြမ်းကြမ်းတမ်းတမ်း လုပ်တာတွေကို အသုံးပြုလို့မရဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ ခင်ဗျားတို့က သေချာစောင့်ကြည့်ထားပေါ့။ တကယ်လို့ မကြာခင်မှာ ကျုပ်က ဒီနေရာကနေ ထွက်သွားရင်တောင်မှ ဒီစခန်းရဲ့ တာဝန်ရှိသူဆီမှာ ဒီဂျင်ဆင်းပင် ဆယ်ပင်ကို ထားခဲ့ပေးမယ်။ ဘယ်သူမဆို ဒီလူကို သတ်နိုင်တာနဲ့ ဒီဂျင်ဆင်းပင်တွေကို စခန်းတာဝန်ခံ ဆီကနေ ရယူနိုင်တယ်။ ဒါဆိုရင် အားလုံးအတွက် အာမခံချက် ရှိသွားပြီပေါ့ ဟုတ်တယ်မလား"

"ကောင်းပြီလေ"

"ဒါမှ အလုပ်ဖြစ်တာ"

အားလုံးက ခေါင်းညိတ်လိုက်ကြပါတယ်။ စခန်းထဲမှာ အကူအညီတောင်းတဲ့ တာဝန်တွေ တော်တော်များများ ရှိပါတယ်။ ဒါပေမဲ့လည်း သမာသမတ်မကျပဲ ရရှိတဲ့ အမြတ်အစွန်းထဲက ဝေပုံ တစ်စုကို လေပြင်းနတ်ဆိုးကလန်ကို ပေးရပါသေးတယ်။ ဒါကြောင့် အားလုံးက ဒီဗလတောင့်တဲ့ ယောက်ျားက မကြာခင်မှာ စခန်းကနေ ထွက်ခွာသွားပြီးတော့ သူ့ကို တုံ့ဆိုင်းခြင်း မရှိပဲ သတ်ပစ်ပြီး လင်းဟန်ဆီကနေ ဆုလာဘ်ကို တိုက်ရိုက်ရရှိဖို့ မျှော်လင့်နေကြပါတယ်။ ဒီနည်းလမ်းနဲ့ဆိုရင် သူတို့အနေနဲ့ လေပြင်းနတ်ဆိုးကလန်ကို သူတို့ရဲ့ ဆုလာဘ်ကနေ ဝေစုခွဲပေးရမဲ့ ကိစ္စကနေ ရှောင်ရှားနိုင်ပါလိမ့်မယ်။

ဗလတောင့်တောင့်နဲ့ ယောက်ျားကြီးရဲ့ မျက်နှာက ချက်ချင်းပဲ အစိမ်းရောင် သန်းသွားပါတယ်။ သူ့အနေနဲ့ လင်းဟန်ဆီကနေ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို လှည့်ဖျားပြီး ရယူလိုက်တာက သူ့အတွက် သေခြင်းတရားကို ဖိတ်ခေါ်လိုက်သလိုပါပဲ။ သူက အလျင်အမြန်ပဲ မူလစွမ်းအင်

ပုံဆောင်ခဲကို အာလူးပူပူတစ်လုံးကို ကိုင်ထားရတဲ့ ပုံစံမျိုးနဲ့ လင်းဟန်ဆီကို ပစ်ပေးလိုက်ပါတယ်။

"ငါမင်းရဲ့ မူလစွမ်းအင် ပုံဆောင်ခဲကို မလိုချင်တော့ဘူး။ မြန်မြန်လေး မင်းရဲ့ ဆုလာဘ်ကို ရုတ်သိမ်းလိုက်ပါ"

ဒီကောင်က ဘယ်မိသားစုက အလိုလိုက်ခံထားရတဲ့ ဒုတိယမျိုးဆက်က သခင်လေးလဲ။ ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ဂျင်ဆင်းပင်တွေကို အခုလိုမျိုး ဖြုန်းတီးပစ်နေတယ်။ သူရဲ့ အမေက သူ့ဖင်ကို ပိတ်ကန်ပစ်လိုက်သင့်တယ်။

လင်းဟန်က မဖမ်းပဲနဲ့ ပြောလိုက်ပါတယ်။

"ယူထားလိုက်ပါ။ ဒီပုံဆောင်ခဲက ခေါင်းတလားကောင်းကောင်းကို မှာယူဖို့အတွက် လုံလောက်ပါလိမ့်မယ်"

ဗလတောင့်တောင့်နဲ့ ယောက်ျားက ကြောက်ရွံ့ထိတ်လန့်မှုကြောင့် အော်ဟစ်ငိုကြွေး လိုက်ပါတယ်။ သူက အခွင့်ရေး နည်းနည်းလေးပဲ ယူလိုက်တာပါ။ ဘယ်သူထင်မိမှာလဲ အဲဒါက သူရဲ့

သေခြင်းတရား ကံကြမ္မာကို ဖိတ်ခေါ်လိုက်တယ် ဆိုတာကိုပေါ့။ သူက အလျင်အမြန်ပဲ မြေကြီးပေါ်ကို ဒူးထောက်ပြီးတော့ လင်းဟန်ကို ပြောလိုက်ပါတယ်။

"အရှင်သခင်လေး ငါမှားပါတယ်။ ငါမှားပါတယ်ဗျာ။ ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပေးပါ"

"ခင်ဗျားရဲ့အမှားကို ခင်ဗျားတကယ်ပဲ သိပြီလား"

လင်းဟန်က ပြုံးနေလိုက်ပါတယ်။

"ငါတကယ် သိပါပြီ"

ဗလတောင့်တောင့်နဲ့လူက သူ့ရဲ့မျက်နှာကို သူကိုယ်တိုင်ပဲ ထပ်ခါထပ်ခါ ရိုက်လိုက်ပြီး အင်အားပြင်းထန်တဲ့အတွက် သွေးတွေတောင် ထွက်လာပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒီဆုလာဘ်ကို ပယ်ဖျက်လိုက်ပြီ"

ချက်ချင်းဆိုသလိုပဲ ဗလတောင့်တောင့်နဲ့ လူက

စိတ်သက်သာရာ ရသွားခဲ့ပြီး တခြားလူတွေတော့ မပျော်မရွှင် ဖြစ်ကုန်ကြပါတယ်။ သူတို့က ဒီကံကြမ္မာကောင်းကြီးနဲ့ လွဲချော်လိုက်ရပြီဆိုပြီး ခံစားနေရပါတယ်။ ဒီနေရာမှာရှိတဲ့ လူတော်တော်များများက ဖော်ရွေမှု မရှိကြပါဘူး။ လူတော်တော်များများက လင်းဟာန်ကို မကောင်းတဲ့ အတိတ်နိမိတ်ပုံစံနဲ့ မျက်လုံးဝင်းဝင်းတွေနဲ့ စိုက်ကြည့်နေကြပါတယ်။ လင်းဟာန်က ဒီစခန်းကနေ ထွက်သွားလိုက်တာနဲ့ တစ်ပြိုင်နက် ဟားဟား။

လင်းဟာန်ကတော့ တုန်လှုပ်ချောက်ချားမှု မရှိပဲ ပြောလိုက်ပါတယ်။

"အခုဆုလာဘ်က ဖျက်လိုက်ပီဆိုတော့ အသစ်တစ်ခု ပြောင်းလိုက်မယ်။ ဘယ်သူမဆို တောအုပ်ထဲမှာ အပူနဲ့အအေး ရောယှက်နေတဲ့ နေရာကို ပြောနိုင်တဲ့သူ ဒီတန်ဖိုးကြီးတဲ့ ဂျင်ဆင်းပင် ဆယ်ပင်ကို အပိုင်ရမယ်"

"တကယ်ကြီးလား"

လူတွေရဲ့ အမူအရာက ချက်ချင်းဆိုသလို အံ့အားသင့်ပြီးတော့ ကျေနပ်ပီတိတွေ နောက်တစ်ကြိမ် ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေါ့ တကယ်ပြောနေတာ။ ဒါပေမဲ့ တကယ်လို့ တစ်ယောက်ယောက်က ကျုပ်ကို လှည့်စားပြီး ဘာမှမဟုတ်တဲ့ နေရာတစ်ခုကို ပြောပြီးတော့ ဒီဂျင်ဆင်းပင်တွေကို ယူမယ်ဆိုရင် အဲဒီလူအတွက် နောက်ထပ် ဆုလာဘ်တာဝန်တစ်ခု ထုတ်ဖို့ ဝန်မလေးဘူးနော်"

လူတွေက လျှာသပ်လိုက်ကြပါတယ်။ ဗလတောင့်တောင့် လူတစ်ယောက်ပဲ လင်းဟန်ကို လှည့်စားပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို ယူလိုက်တဲ့ အတွက်ကြောင့် တန်ဖိုးကြီးတဲ့ ဂျင်ဆင်းပင် ဆယ်ပင်ကို ဆုလာဘ်အဖြစ်နဲ့ ထုတ်ခဲ့ပါတယ်။ တကယ်လို့ လင်းဟန်ကို လှည့်စားပြီး ဒီဂျင်ဆင်းဆယ်ပင်ကို ယူသွားတဲ့ လူဆိုရင်တော့ လင်းဟန်က ဘယ်လိုမျိုး တန်ဖိုးကြီးမားတဲ့ ပစ္စည်းနဲ့ ဆုလာဘ်ထုတ် တောင်းဆိုမလဲ။

ဒီလိုမျိုး အလိုလိုက်ခံထားရတဲ့ လူငယ်မျိုးဆက်က တကယ်ပဲ ထိတ်လန့်ဖွယ်ရာ ကောင်းပါတယ်။ ချမ်းသာတယ်။ ဒါကြောင့် တကယ်ပဲ ပေကတ်ကတ်နိုင်တယ်။

ဒီအချိန်မှာ လူတွေက တိတ်ဆိတ်ငြိမ်သက် သွားကြပြီး တချို့လှည့်ဖျားဖို့ တွေးနေတဲ့ လူတွေတောင်မှ တကယ်ပဲ ထိတ်လန့်သွားကြပါတယ်။

"ဒီက အရှင်သခင်လေး မင်းရဲ့ ဖော်ပြချက်နဲ့ ကိုက်ညီတဲ့ နေရာတစ်ခုကိုတော့ ငါသိတယ်"

တစ်ခဏမျှ အကြာတွင် လူတစ်ယောက်က ထရပ်ပြီးတော့ ပြောလိုက်သည်။ သူက အမှောင်နတ်ဆိုး တောအုပ်ရဲ့ အနောက်မြောက်ဘက်က နေရာတစ်ခုကို ပြောလိုက်ပြီးတော့ လင်းဟန်ကို အဲဒီနေရာကို ရှင်းရှင်းလင်းလင်း မှတ်ထားတဲ့ မြေပုံတစ်ခုကို ပေးလိုက်ပါတယ်။

လင်းဟန်က ဂရုတစိုက်နဲ့ ယူလိုက်ပါတယ်။ ဒါပေမဲ့ အရမ်းကို စိတ်ပျက်သွားခဲ့ပါတယ်။ ၎င်းက အပူနဲ့အအေး ရောယှက်နေတဲ့ နေရာတစ်ခု ဆိုပေမဲ့လည်း သူရဲ့လိုအပ်ချက်နဲ့ပ အရမ်းကို ကွာခြားလွန်းပါသေးတယ်။ ဒါပေမဲ့ သူရဲ့ရိုးသားမှုကို ဖော်ပြတဲ့ အနေနဲ့ အဲဒီလူကို ဂျင်းဆင်းဆယ်ပင်ကို ပေးအပ်လိုက်ပါတယ်။

"တခြားလူတွေရော ဒီလိုမျိုး နေရာတစ်ခုကို သိကြသေးလား။ သဲလွန်စတစ်ခုအတွက် ဂျင်ဆင်းဆယ်ပင် ရမယ်နော်"

လင်းဟန်က သူရဲ့ လက်ကို ဖွေ့လိုက်ပြီးတော့ နှစ်ပေါင်းရာနဲ့ချီ သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေ ထုတ်လိုက်ပါတယ်။ ဒီဂျင်ဆင်းပင်တွေက သူ့အတွက်တော့ လမ်းဘေးက အမှိုက်တွေနဲ့ တူပါတယ်။

တစ်ယောက်ယောက်က ဆုလာဘ်တစ်ခု ရရှိသွားပြီး အဲဒါက ချက်ချင်းဆိုသလို တခြားသူတွေကို စိတ်လှုပ်ရှားစေပါတယ်။

တကယ်လို့ သူတို့ကိုယ်တိုင်ကိုယ်ကျ မသိဘူးဆိုရင်တောင်မှ ကိစ္စမရှိပါဘူး။ သူတို့က အဲဒီအနီးအနားကို ပြောပြလို့ ရနိုင်မလား။

"ကျုပ် ဒီနေရာမှာ နှစ်ရက်လောက် နေမယ်။ တကယ်လို့ ဒီသတင်းကို သိတဲ့လူ ဘယ်သူမဆို ကျုပ်ကိုလာပြီးတော့ ရှာပါ"

လင်းဟန်က အားလုံးကို ပြောပြီးတော့ စားသောက်ဆိုင်ကနေ ထွက်လာပြီး တည်းခိုခန်းတစ်ခုကို ငှားရမ်းလိုက်ပါတယ်။

အပိုင်း(၃၉၁) ပစ်မှတ်ထားခြင်း

စခန်းထဲက အခြေအနေကတော့ အတော်လေးကို ကြမ်းတမ်းပြီး ပြင်းထန်နေပါတယ်။ ဒီနေရာမှာ ကောင်းမွန်တဲ့ တည်းခိုခန်းရယ်လို့ မရှိပါဘူး။ အခန်းတစ်ခန်းစီကို ဂါးတွေနဲ့ တည်ဆောက်ထားပြီး အသုံးလုံဖို့ဆိုတာ အသာထားဦး အက်ကြောင်းရာတစ်ခုကနေတောင်မှ ချောင်းပြီးတော့ ကြည့်လို့ရပါတယ်။

လင်းဟန်က လုံးဝကို ဂရုမစိုက်ပါဘူး။ သူတို့က ဒီနေရာမှာ နှစ်ညပဲ တည်းခိုမှာ ဖြစ်ပါတယ်။

သူထွက်သွားပြီးတဲ့နောက်မှာ သူရဲ့သတင်းတွေက ပေါကြောင်ကြောင် ရှုးနေတဲ့ လူချမ်းသာ ကောင်လေးလို့ပဲ မွှေးပျံ့နေပါတယ်။ ပြီးတော့ အားလုံးက ရတနာဂျင်ဆင်းပင်တွေကို ဆုလာဘ် အနေနဲ့ လိုချင်တယ်ဆိုရင် တစ်ယောက်ပြီး တစ်ယောက် သတင်းသွားပေးဖို့ လိုပါတယ်။

ဒီစခန်းအတွင်းမှာ မျှော်လင့်ချက် သိပ်မရှိကြပါဘူး။ ပြီးတော့ လူတိုင်းလူတိုင်းက လင်းဟန်ရဲ့ ရက်ရောမှုကို

နားလည်သဘောပေါက် ကြပါတယ်။ ဒါကြောင့် တခြားစခန်းတွေကနေ လူတချို့က လာပြီးတော့ အခြေအနေကို လေ့လာစုံစမ်းကြပါတယ်။ ဒါပေမဲ့လည်း တချို့လူတွေက သတ်ဖြတ်ဖို့ကို လျှို့ပုက်ကြံစည်နေကြပြီး လင်းဟန်က စခန်းကနေ ထွက်တာနဲ့ သူတို့က လင်းဟန်ကို သတ်ပစ်ပြီးတော့ သူရဲ့ပစ္စည်းတွေကို သိမ်းပိုက်ရပါလိမ့်မယ်။

သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ငါးအဆင့်ပဲ ရှိသေးတဲ့ လူငယ်တစ်ယောက် ဖြစ်ပြီးတော့ ဘယ်လောက်များ သန်မာအားကောင်းနိုင်မှာလဲ။ သူ့ကိုကြည့်ရတာ ဖန်လုံအိမ်ထဲမှာ ပွင့်ဖူးလာတဲ့ ပန်းပွင့်တစ်ပွင့်နဲ့ တူပြီးတော့ သူရဲ့တိုက်ပွဲအစွမ်းက အများဆုံး ကြယ်လေးလုံး အဆင့်လောက်ပဲ ရှိပါလိမ့်မယ်။

ညရောက်တော့ ဆေးပင်တွေ ရိတ်သိမ်းခူးဆွတ်တဲ့ လူပေါင်းနှစ်ဆယ်ခန့်ပါဂင်တဲ့ အဖွဲ့တစ်ခုက စခန်းထဲကို ဂင်လာခဲ့ပါတယ်။ ဒီအဖွဲ့က လင်းဟန်နဲ့ ပြဿနာ တက်ခဲ့တဲ့ အနီရောင်ဂတ်စုံနဲ့ အမျိုးသမီးရဲ့ အဖွဲ့ဆိုတာ အတိအကျပါပဲ။

သူတို့က စခန်းရဲ့ အနောက်မြောက်ဘက်စွန်းကို သွားကြပါတယ်။ ဆေးပင်ခူးတဲ့သူတွေက ကြီးမားတဲ့ ဂါးနဲ့ဆောက်ထားတဲ့ အခန်းတစ်ခုထဲမှာ ပြည့်ကျပ်နေအောင်

နေကြရပြီး အစောင့်တွေကလည်း အခန်းတစ်ခုတည်းမှာ ပြည့်ကျပ်နေအောင် နေကြရပါတယ်။ ဒါပေမဲ့ အနီရောင်ဂုတ်စုံနဲ့ အမျိုးသမီးကတော့ အသက်သုံးဆယ်ခန့် အရွယ်ရှိတဲ့ ယောက်ျားတစ်ယောက် စောင့်နေတဲ့ သီးသန့်ဂါးအခန်းထဲကို ဝင်သွားခဲ့ပါတယ်။

"ဂမ်ချင်း"

တံခါးခေါက်သံကို ကြားလိုက်ရပြီးတော့ အနီရောင် ဂုတ်စုံနဲ့ အမျိုးသမီး ဝင်လာတာကို အခန်းထဲကလူက မြင်လိုက်ရတဲ့အခါမှာ ကျေနပ်ပီတိဖြစ်ပြီး အံ့အားသင့်သွားပါတယ်။ သူရဲ့မျက်လုံးတွေက မီးဝင်းဝင်းတောက်နေပြီးတော့ သူ့ကိုသူ မထိန်းနိုင်တော့ပဲ သူမကို ရင်ခွင်ထဲကို ထွေးပွေ့လိုက်ပါတယ်။

"လူဆိုး အရင်တုန်းက မထိမကိုင်ဖူးတာ ကျနေတာပဲ။ စိတ်လေးနည်းနည်း ရှည်ပါဦး"

အနီရောင် ဂုတ်စုံနဲ့ အမျိုးသမီးဖြစ်တဲ့ တင်းဂမ်ချင်းက သူမရဲ့ တင်ပါးတွေကို လှုပ်ခါပြီး တစ်ဖက်လူကို ကျီစယ်လိုက်ပါတယ်။

ဒီယောက်ျားရဲ့ မျိုးရိုးနာမည်ကလည်း တင်းဖြစ်ပြီးတော့ တင်းကောင်းရန်လို့ ခေါ်ပါတယ်။ သူလည်းပဲ တင်းဂမ်ချင်းနဲ့ မိသားစု တူတူကနေ လာခဲ့တာပါ။ ဒါပေမဲ့ သူတို့ရဲ့ သွေးမျိုးဆက်က အရမ်းကို ဝေးပြီးတော့ ဘိုးဘေးငါးဆက်လောက် ဝေးကွာကြပါတယ်။ ဒါကြောင့် သူတို့တွေ လက်ထပ်တာကို တားမြစ်ခွင့် မရှိပါဘူး။ ဒါပေမဲ့လည်း တင်းကောင်းရန်မှာ မိန်းမတစ်ယောက် ရှိပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်က တိတ်တိတ်ပုန်း နောက်မီးလင်းနေကြတယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူတို့နှစ်ယောက်က အဆုံးစွန်ထိ ပျော်ရွှင်ဖို့ အချိန်မရှိပါဘူး။ တကယ်တော့ အသံမလုံမှုတွေက တော်တော်လေးကို ဆိုးဝါးပြီးတော့ တင်းဂမ်ချင်းကလည်း အရှက်မရှိတဲ့ ပြည့်တန်ဆာ တစ်ယောက် မဟုတ်ပါဘူး။

“အစ်ကိုကောင်းရန် အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်လောက် ရှိပြီးတော့ ကျမထက် ခေါင်းတစ်လုံး ပိုမြင့်တဲ့ လူငယ်တစ်ယောက်ကို ရှင်မြင်သေးလား။ သူက အသားအရမ်းကို ဖြူပြီးတော့ သခင်လေး တစ်ယောက်နဲ့တူပြီး ဒီနေ့စခန်းထဲကို ဝင်လာတာကို မြင်လိုက်လား”

တင်းဂမ်ချင်းက တင်းကောင်းရန်ရဲ့ ရင်ခွင်ထဲမှာ မှီပြီးတော့ လင်းဟန်အကြောင်းကို စတင်ပြီး မေးမြန်းလိုက်ပါတယ်။

သူမက ပါးရိုက်ခံထားရတာပါ။ ဒါကြောင့် ဘယ်လိုမှ သည်းခံခွင့်လွှတ်နိုင်စရာ အကြောင်း နည်းနည်းလေးမှ မရှိပါဘူး။

"ဟင် သူ့ကို ဘယ်လိုလုပ်ပြီးတော့ သိတာလဲ"

တင်းကောင်းရန်က နေ့လယ်တုန်းက လင်းဟန်ရဲ့ ရက်ရောမှု အကြောင်းကို ကောင်းကောင်း သိပြီးတော့ ချက်ချင်းဆိုသလို လူနှစ်ယောက်နဲ့ အတူပူးပေါင်းဖို့ ဆက်သွယ်ခဲ့ပါတယ်။

"သူတကယ်ပဲ ဒီနေရာမှာ ရှိနေတာလား"

တင်းဂမ်ချင်းက ချက်ချင်းဆိုသလို မနာလိုမုန်တီးပြီး ရန်ညိုးထားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"အလျင်မလိုနဲ့ဦး။ ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာကို အစကနေ အဆုံးထိ ငါ့ကိုပြောပြဦး"

တင်းကောင်းရန်က အလျှင်အမြန်ပဲ ပြောလိုက်ပါတယ်။ လင်းဟန်က အကြီးအကျယ်ကို ချမ်းသာကြွယ်ဝတယ် ဆိုတာကို သူသိပါတယ်။ လင်းဟန်က လုံခြုံတဲ့ နေရာမှာ နေနေသရွေ့ လင်းဟန်က ကြီးမားတဲ့ ဆူညံပွက်လောရိုက်မှုကြီးဖြစ်အောင် ဆွဲဆောင်နိုင်ပါတယ်။

တင်းဂမ်ချင်းက ဒီနေ့ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ပြောပြလိုက်ပါတယ်။ သူမက လင်းဟန်အပေါ်ကို အပြစ်တွေအားလုံး ပုံချလိုက်ပါတယ်။ ဟုတ်တာတွေရော မဟုတ်တာတွေရော သူမရဲ့ ပါးစပ်ကနေ အပေါစားဆန်ဆန်နဲ့ ပြောလိုက်ပါတယ်။

သူမပြောလို့ ပြီးသွားတဲ့ အခါမှာ တင်းကောင်းရန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လောက်တောင် အတင့်ရဲလိုက်တဲ့ ကောင်စုတ်လေးလဲ။ ငါ့ရဲ့ ညီမငယ် ဂမ်ချင်းကို ရိုက်ပုံ့တယ်ပေါ့လေ"

"အစ်ကိုကောင်းရန် နင်ငါ့အတွက် တရားမျှတအောင် လုပ်ပေးရမယ်နော်"

တင်းဂမ်ချင်းက အသံချိုချိုလေးနဲ့ ပြောလိုက်ပါတယ်။

တင်းကောင်းရန်က ခေါင်းညိတ်လိုက်ပြီးတော့ ချက်ချင်းပဲ ဆက်ပြောလိုက်ပအါတယ်။

"ဒီကိစ္စက အရှည်ကိုတွေးပြီးတော့ စဉ်းစားဖို့တော့လိုတယ်။ ဒီကောင်လေးက မင်းရဲ့ အစောင့်ခုနစ်ယောက်ကို လွင့်ထွက်သွားအောင် လုပ်နိုင်တယ်ဆိုတော့ ဒီလိုမျိုး တိုက်ပွဲအစွမ်းက အရမ်းကို ကြောက်စရာကောင်းတယ်။ ငါတောင်မှ အတော်လေး ကွာခြားနေလို့ ရှက်မိတယ်"

"ဒါဆိုရင် ကျမတို့ ဘယ်လိုလုပ်ကြမလဲ။ ဘာမှမဟုတ်ပဲနဲ့ ကျမက ပါးရိုက်ခံလိုက်ရတော့မှာပေါ့"

တင်းဂမ်ချင်းက ပုန်းဒိုင်းကြဲလုမတတ် ဒေါသထွက်သွားပါတယ်။

တင်းကောင်းရန်က သူမကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ကို တိုက်ခိုက်ဖို့အတွက် ငါပြောပေးပါမယ်။

ဒါဆိုရင် ဒီကောင်လေးကို အလွယ်လေး အနိုင်ယူနိုင်တယ်။ တကယ်လို့ မအောင်မြင်ဘူးဆိုရင်တောင် ငါရဲ့အစ်ကိုက ဒီနေရာမှာ လေ့ကျင့်ရေး ဆင်းနေတယ်။ သူက အရင်တုန်းက ပါရမီရှင် အဆင့်ဇယားမှာ နံပါတ် ခြောက်ဆယ့်ခြောက်နေရာမှာ ရှိပြီးတော့ အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်ကို ရောက်နေလောက်ပြီ။ ငါချက်ချင်းပဲ လူတစ်ယောက်ကို လွှတ်ပြီးတော့ သူ့ကိုဒီနေရာကို လာခဲ့ဖို့ကို ပြောလိုက်မယ်”

“တကယ်လို့ အစ်ကိုယွမ်ရှင်းသာ ပါလာမယ်ဆိုရင် ဒီကိစ္စက မအောင်မြင်နိုင်စရာအကြောင်း လုံးဝမရှိဘူး”

တင်းဂမ်ချင်းက ပြောလိုက်ပါတယ်။ အမှန်ဆိုရင် တင်းယွမ်ရှင်းလို ကြီးမားတဲ့ သစ်ပင်ကြီး တစ်ပင်ရဲ့ အရိပ်အာဂါသကို ခိုလှုံနိုင်ဖို့ သူမက တင်းကောင်းရန်နဲ့ အိပ်ယာထက်မှာ အိပ်စက်ပေး နေရတာပဲ မဟုတ်လား။ တင်းယွမ်ရှင်းဆိုတာက တင်းမိသားစုရဲ့ သမိုင်းမှာ အသိအမှတ် အပြုရဆုံး ပါရမီအရှိဆုံး ကလန်သား တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက အသက်သုံးဆယ့် ခုနစ်နှစ်နဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၉ ကို ရောက်နေပါပြီ။

တင်းကောင်းရန်က အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ လင်းဟန်က မှော်ဆေးပညာ မိသားစု တစ်ခုကနေ ဆင်းသက်လာတဲ့သူတစ်ယောက် ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၅ပဲ ရှိသေးတဲ့သူမှာ အသက်ငယ်ငယ်လေးနဲ့ ရတနာဂျင်ဆင်းပင်တွေ အများကြီး ရှိနေပါတယ်။ ဒါပေမဲ့လည်း ဒါက အမှောင်နတ်ဆိုး တောအုပ်ဖြစ်ပါတယ်။ ဒီနေရာမှာ နောက်ခံအင်အား အားလုံးက အသုံးမဝင်ပါဘူး။

ဒီကောင်လေးမှာ ရှိတဲ့အရာအားလုံးက သူ့ရဲ့ပစ္စည်းတွေ ဖြစ်ရပါမယ်။

လင်းဟန်က တစ်ညတည်းခိုပြီးတော့ ဒုတိယမြောက်နေ့မှာ အမှောင်နတ်ဆိုး တောအုပ်ရဲ့ သတင်းအချက်အလက်တွေကို ဆက်ပြီးတော့ ရှာဖွေလိုက်ပါတယ်။

အမှောင်နတ်ဆိုး တောအုပ်လို့ ဘာဖြစ်လို့ ခေါ်ရသလဲဆိုရင် ပထမအချက်က တောအုပ်အထဲက ပတ်ဂန်းကျင်က အရမ်းကို မှောင်ရိပ်သန်းနေပြီး နစ်ပေါင်းများစွာ အမှောင်ထုက ကြီးစိုးထားတဲ့ အတွက်ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယ အချက်က အမည်းရောင်မြူခိုးတွေ နေရာအနှံ့မှာ

ရှိပြီးတော့ တောအုပ်တစ်ခုလုံး မှုန်မှိုင်းနေပါတယ်။

ဒီမြူခိုးတွေက နတ်ဆိုးချီတွေနဲ့ တူပါတယ်။ လူတွေနဲ့ မိစ္ဆာသားရဲတွေရဲ့ နလုံးသားအပေါ်မှာ သက်ရောက်မှုရှိပြီးတော့ အဲဒီမြူခိုးတွေထဲမှာ အချိန်အတော်ကြာအောင် နေမိတဲ့လူတိုင်းက ရူးသွပ်သွားတဲ့ ကိစ္စတွေ တော်တော်များများ ဖြစ်ပျက်ခဲ့ပါတယ်။

ဒါကြောင့် ဒီတောအုပ်ကို အမှောင်နတ်ဆိုး တောအုပ်လို့ ခေါ်လာခဲ့တာပဲ ဖြစ်ပါတယ်။

နတ်ဆိုးချီတွေက တောအုပ်တစ်ခုလုံး ပိန်းပိတ်အောင် ထူနေပါတယ်။ ဒါပေမဲ့ အရှေ့ကို ဆက်သွားလို့ တောအုပ်ရဲ့ အလယ်ကို ရောက်တဲ့အခါမှာ နတ်ဆိုးချီတွေက နည်းသထက်နည်း လာခဲ့ပါတယ်။ သက်ရှိတွေအပေါ် ကျရောက်နေတဲ့ အာနိသင်တွေကလည်း လျော့ပါးလာပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ အာနိသင်ကတော့ ကျန်နေသေးပြီး လူတွေနဲ့ မိစ္ဆာသားရဲတွေကို ပိုပြီးတော့ ရန်လိုလာအောင် လုပ်နိုင်ပါတယ်။

တောအုပ်ရဲ့ အတွင်းပိုင်းက နတ်ဆိုးချီတွေက ကြောက်စရာ ကောင်းလွန်းပြီးတော့ လူတစ်ယောက်ကို

အသိဉာဏ်ကင်းမဲ့တဲ့ အရူးတစ်ယောက် အဖြစ်ကို လွယ်လွယ်ကူကူနဲ့ ပြောင်းလဲပစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က လုံလောက်တဲ့ ခံနိုင်ရည်စွမ်းသာ မရှိဘူးဆိုရင် အတွင်းပိုင်းနက်နက်ထဲကို ဝင်ရောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ရူးသွပ်နေတဲ့ အစွမ်းထက်လှတဲ့ မိစ္ဆာသားရဲတွေရဲ့ အပိုင်းပိုင်း ဖြစ်အောင် စုတ်ဖြဲကိုက်ဖြတ်ခြင်းကို ခံရပါလိမ့်မယ်။

ဒါကြောင့် အမှောင်နတ်ဆိုး တောအုပ်ထဲမှာ ကြောက်လန့်စရာ အကောင်းဆုံးက သိုင်းပညာရှင် တစ်ယောက် ဒါမှမဟုတ် မိစ္ဆာသားရဲတစ်ကောင် မဟုတ်ပဲနဲ့ နတ်ဆိုးချီတွေလို့ ပြောနိုင်ပါတယ်။

လင်းဟန်က နည်းနည်းလေးမှ မကြောက်ရွံ့ပါဘူး။ သူမှာ အနက်ရောင် မျှော်စင် ရှိပါတယ်။ အဲဒီအချိန်တုန်းက သတ်ဖြတ်သူနတ်ဆိုး ဇေရာဇ်ရဲ့ နတ်ဆိုးချီတွေတောင်မှ လွယ်ကူစွာနဲ့ သန့်စင်ပစ်လိုက်နိုင်ပါတယ်။ ဒီနေရာက နတ်ဆိုးချီတွေက အရမ်းကို နိမ့်ကျပါတယ်။ ဘာပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်က သူလက်ထဲမှာဆိုတော့ အရမ်းကို လွယ်ကူနေပါတယ်။

နေ့လယ်ကို ရောက်တဲ့အခါမှာ လင်းဟန်ဆီကို

လူတစ်ယောက် လာလည်ပါတယ်။ အဲဒီလူက အသက်သုံးဆယ် အရွယ်ယောက်ျား ဖြစ်ပြီးတော့ သူရဲ့မျိုးရိုးနာမည်ကို မပြောပါဘူး။ လင်းဟန်က ဒါကိုတော့ သာမန်ပဲလို့ တွေးလိုက်ပါတယ်။ အဲဒီလူက သူရဲ့လိုအပ်ချက်ဖြစ်တဲ့ အပူနဲ့အအေး အရမ်းကို ရောယှက်နေတဲ့ နေရာတစ်ခုရဲ့ တည်နေရာကို ပြောပါတယ်။

လင်းဟန်က ရတနာဂျင်ဆင်း ဆယ်ပင်ကို ပေးပြီးတဲ့နောက်မှာ ထွက်သွားဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူရဲ့ချမ်းသာ ကြွယ်ဝမှုက လောဘတက်နေတဲ့ မျက်စိတွေ အများကြီးကို ဆွဲဆောင်နေတယ် ဆိုတာကို ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ သူကလုံးဝ ဂရုမစိုက်ပါဘူး။ စခန်းအပြင်ဘက် အသန်မာဆုံး ကျင့်ကြံသူက စိတ်ဝိညာဉ် ပလ္လင်အလွှာ ငါးအဆင့်ပဲ ရှိပါတယ်။ အခု စိတ်ဝိညာဉ် ပလ္လင်အဆင့် ပထမအလွှာ ကျင့်ကြံသူတောင်မှ လင်းဟန်က မျက်စိထဲ မထည့်ပါဘူး။ သူရဲ့ ပုက်ဖဲကိုတောင် အသုံးပြုစရာမလိုပဲနဲ့ ဒီအဆင့်က လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်နိုင်စွမ်း ရှိပါတယ်။

လင်းဟန်က စခန်းကနေ ထွက်ခွာလာခဲ့ပါတယ်။

သူထွက်လာတာနဲ့ စခန်းတစ်ခုလုံးက လူတစ်ဂက်လောက်လည်း ထွက်ခွာမဲ့ ပုံစံကို တွေ့ရပါတယ်။ ငတုံးငအ တစ်ယောက် မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ရည်ရွယ်ချက်ကို လွယ်လွယ်ကူကူနဲ့ ခန့်မှန်းနိုင်ပါလိမ့်မယ်။

ဘာဖြစ်လို့ လင်းဟန်က အပူနဲ့အအေး ရောယှက်နေတဲ့ နေရာတစ်ခုကို ရှာဖွေနေရတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်က အဲဒီလိုမျိုး နေရာတစ်ခုမှာပဲ ပေါက်ဖွားရှင်သန်နိုင်ပါတယ်။ ပြီးတော့ ဒီစိတ်ဂိညာဉ်ဆေးပင်က အပူနဲ့အအေး စွမ်းရည်ရှိပါတယ်။ ၎င်းရဲ့အနီးကို ရောက်လာ တစ်ဖက်ကပိုပြီးတော့ အေးစိမ့်လာပြီး နောက်တစ်ဖက်က ပိုပြီးတော့ ပူပြင်းလာပါတယ်။ ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်ကလည်း ကောင်းကောင်းမွန်မွန်နဲ့ ကြီးထွားရှင်သန်ပြီး ပိုပြီးတော့ အရွယ်ရောက်နေနိုင်ပါတယ်။

ဟူးညို့က အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ နေရတာကို ပျင်းရိလာပါတယ်။ ဒါကြောင့် လင်းဟန်က သူမကို တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတစ်ခုကို ရှာပြီးတော့ ထုတ်ပေးလိုက်ပါတယ်။ မကြာခင်မှာ လူငယ်တစ်ယောက်က

ကလေးတစ်ယောက်ရဲ့ လက်ကိုကိုင်ပြီးတော့ တောအုပ်ရဲ့ အထဲကို အေးအေးလူလူနဲ့ လမ်းလျှောက်ထွက်လာကြပါတယ်။ သူတို့အမြင်မှာ အမှောင်နတ်ဆိုး တောအုပ်က အတိတ်နိမိတ်မကောင်းတဲ့ အန္တရာယ်တွေ ရောပြွန်းနေတဲ့ နေရာတစ်ခုနဲ့ မတူပဲ သာမန်တောအုပ်တစ်ခုလိုမျိုး ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း ဒီအဆင်ပြေ သာယာနေမှုက မကြာခင်မှာပဲ ပျက်စီးသွားခဲ့ပါတယ်။

"ကောင်ကလေး ရပ်လိုက်စမ်း"

လူငါးယောက်က အရှေ့မှာ ရုတ်တရက် ပေါ်လာခဲ့ပြီး အားလုံးပုံစံက ကြောက်စရာကောင်းလို့ နေပါတယ်။ ရွှစ် ရွှစ် ရွှစ် နောက်ထပ် လူငါးယောက်က အနောက်ကနေ ထပ်ပီးတော့ ပေါ်လာပြီး လင်းဟန်ရဲ့ ဆုတ်ခွာမဲ့ လမ်းကြောင်းကို တားဆီးထားပါတယ်။

လင်းဟန်က အံ့အားသင့်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့အရှေ့မှာ လမ်းပိတ်ထားတဲ့ လူတွေထဲမှာ ဗလတောင့်တောင့်နဲ့ ယောကျာ်း ပါဝင်နေပြီးတော့ သူ့ဆီက မူလစွမ်းအင် ပုံဆောင်ခဲ

တစ်တုံးကို ကလိမ်ကျတဲ့အတွက် ဆုလာဘ်ထုတ်ခဲ့ရတဲ့ လူဖြစ်နေပါတယ်။ ပြီးတော့ အဲဒီလူပဲ သူကို ခွင့်လွှတ်ပေးဖို့အတွက် တောင်းဆိုခဲ့ရပါတယ်။ လင်းဟာန်က မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားက တကယ်ပဲ နောင်တမရသေးဘူးပဲ။ အသက်ရှင်နေရတာ ငြီးငွေ့စရာများ ကောင်းနေလို့လား"

အပိုင်း(၃၉၁) အကုန်လုံဲထုတ်ပစ်

"ဒီသေသင့်တဲ့ ကောင်စုတ်လေးတော့"

ဗလတောင့်တောင့်နဲ့ လူကို ပုချွန်းလို့ ခေါ်ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အလွှာ တတိယ အဆင့်မှာ ရှိပါတယ်။ ဒီလိုမျိုး ခွန်အားက အားနည်းတယ်လို့ ပြောလို့မရပါဘူး။ သူက နေရာအနှံ့ကို လွတ်လွတ်လပ်လပ်နဲ့ စိတ်ထင်ရာ လျှောက်သွားနိုင်တဲ့အတွက် လက်ရွေးစင် တစ်ယောက်လို့တောင် ခေါ်ဆိုထိုက်ပါတယ်။ ဒါပေမဲ့လည်း သူက လင်းဟာန်အရှေ့မှာ ဒူးထောက်ပြီးတော့ လူပုံအလယ်မှာပဲ သနားညှာတာ ခွင့်လွှတ်ဖို့အတွက် တောင်းပန်ခဲ့ရပါတယ်။ ဒါက ဘယ်လောက်တောင် အရှက်ခွဲစော်ကားလိုက်တာလဲ။

ဒီလိုမျိုး နာကျည်းချက်ကြီးကြောင့် ဖြစ်လာတဲ့ ရန်စကလင်းဟာန်ကို သူ့အနေနဲ့ ဒီအတိုင်းပဲ ကြည့်ပြီးတော့ လွယ်လွယ်ကူကူနဲ့ ထွက်သွားခွင့်ပြုရမှာလား။

ဒီအလိုလိုက်ခံထားရတဲ့ ဒုတိယမျိုးဆက်က လူငယ်တစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းက စိတ်ဝိညာဉ်ပင်လယ်အလွှာ ၅ အဆင့်သာသာပဲ ရှိပြီးတော့ သေချာပေါက်ကြယ်လေးလုံးကို ကျော်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူတစ်ယောက်တည်းက ဒီကောင်လေးရဲ့ ပြိုင်ဘက်မဖြစ်နိုင်ဘူး ဆိုရင် ဒီနေရာမှာ နောက်ထပ်လူကိုးယောက်တောင် ရှိပါသေးတယ်။ သူတို့နဲ့ ဆိုရင်ရော မလွယ်ကူဘူးလား။

"လူငယ်လေး လိမ်လိမ်မာမာနဲ့ မင်းရဲ့ သိုလှောင်လက်စွပ်ကို ငါတို့ကို ပေးလိုက်စမ်း။ ဒါဆိုရင် မင်းရဲ့ အသက်ကို ငါတို့ ချမ်းသာပေးမယ်"

နောက်ထပ်လူ တစ်ယောက်က ပြောလိုက်ပါတယ်။

ဒါက အလိမ်အညာ စကားဆိုတာ သိသာပါတယ်။ တကယ်လို့ သူတို့က သိုလှောင်လက်စွပ်ကို ယူသွားပြီးတဲ့

အခါမှာ သေချာပေါက် နှုတ်ပိတ်သတ်ဖြတ် ပစ်ပါလိမ့်မယ်။

လင်းဟန်က ရယ်မောပြီးတော့ ဟူးညိုကို ပြောလိုက်ပါတယ်။

"ညိုးညိုး ငါက ငတုံးတစ်ယောက်လို့ နင်ထင်သလား"

"လင်းဟန်က ငတုံးမှမဟုတ်တာ။ လင်းဟန်က အရမ်းကို ထူးချွန်တဲ့ လူတစ်ယောက်ပဲ"

ဟူးညိုက ပြောပြီးတော့ အလျင်အမြန်ပဲ သူမရဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ ထပ်လောင်း ဖြည့်စွက်လိုက်ပါတယ်။

"ဟူးညိုလည်း တော်တဲ့လူတစ်ယောက်ပဲ"

"ဟားဟား ဒါပေမဲ့ လူတချို့က ငါ့ကို မျောက်တစ်ကောင်လို့ ထင်ပြီးတော့ လာပြီးတော့ လှည့်စားချင်နေကြတယ်"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

ဟူးညိုက ချက်ချင်းဆိုသလိုပဲ ရန်လိုတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"ညီး သူတို့ကို သေတဲ့အထိ ကိုက်သတ်ပစ်လိုက်ရမလား"

"ညီးညီး လူတွေကို မင်းရဲ့ ပါးစပ်နဲ့ ကိုက်ပြီးတော့ မသတ်နဲ့။ ဒါက အရမ်းကို ညစ်ပတ်တယ်"

လင်းဟာန်က ဟူးညီရဲ့ ခေါင်းလေးကို ပွတ်ပေးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညီက ခေါင်းကို ထပ်ခါထပ်ခါ ညိတ်လိုက်ပါတယ်။ သူမက လူတွေကို သေအောင်လို့ ကိုက်သတ်တာကို ညစ်ပတ်တယ်လို့ မထင်ပေမဲ့လည်း လင်းဟာန်က မကြိုက်ပါဘူး။ ဒါကြောင့် သူမက ဒီလိုမျိုး မလုပ်ပဲနဲ့ ရှောင်ရပါမယ်။

"မင်းတို့ကောင်တွေ စကားပြောလို့ ပြီးပြီလား"

ပုချွန်းနဲ့ ကျန်တဲ့ ကိုးယောက်က သူတို့ကို လူငယ်တစ်ယောက်နဲ့ ကလေးတစ်ယောက်က လှောင်ပြောင်သရော်နေကြတဲ့ အတွက် ဒေါသတွေ ထွက်နေကြပါတယ်။ ဒါပေမဲ့လည်း ထူးဆန်းတာက မနေ့တုန်းက သူတို့က ဒီမိန်းကလေးငယ်လေးကို မတွေ့မိခဲ့ကြပါဘူး။ ဟုတ်တယ်မလား။

သူမက ဒီကောင်လေးနဲ့ စခန်းထဲကို လိုက်လာပြီးတော့မှ တည်းခိုခန်းထဲမှာပဲ တစ်ချိန်လုံး နေနေခဲ့တာ ဖြစ်ပါလိမ့်မယ်။ မကြာခင်မှာပဲ လူတွေအားလုံးက နားလည်သွားခဲ့ပါတယ်။

"သူက နားမထောင်ဘူးဆိုမှတော့ သူ့ကိုသတ်ပစ်လိုက်ဖို့ ကိစ္စမရှိတော့ဘူး"

ပုချွန်းနဲ့ တခြားသူတွေက ပွက်လောညံအောင် တောင်းဆိုလိုက်ကြသည်။ စခန်းတစ်ခုလုံး အထဲမှာ အုပ်စုတွေ အများကြီး ရှိကြပြီးတော့ လင်းဟန်ကို ဆန့်ကျင်ဖို့ လျှို့ဝှက်စွာနဲ့ ပူးပေါင်း ကြံစည်ထားကြပါတယ်။ ဒါကြောင့် တခြားလူတွေကို အရင်ဆုံး တိုက်ခိုက်ပြီးတော့မှ အခြေအနေကို စောင့်ကြည့်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

"ငါ တိုက်မယ်"

ပုချွန်းက ချက်ချင်းပဲ အရှေ့ကို ခုန်ထွက်လာခဲ့ပါတယ်။ သူက ဆေဘာဓားရှည် တစ်လက်နဲ့ လင်းဟန်ဆီကို ခုတ်ပိုင်းလိုက်သည်။ ဟူးညီကလည်း လှုပ်ရှားလိုက်ပြီး ရွှစ်ခနဲ သူမရဲ့ ပုံရိပ်လေးက ပုချွန်းရဲ့ နောက်ကျောဘက်ကို

ရောက်သွားပြီး သူရဲ့ခေါင်းကို လက်သီးလေးနဲ့ ထိုးထည့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ပုချွန်းရဲ့ခေါင်းက သူရဲ့လည်ပင်းကနေ ပြုတ်ထွက်သွားပြီး မြေကြီးပေါ်ကို ခုနစ်ပတ် ရှစ်ပတ်လောက် လိမ့်သွားခဲ့ပါတယ်။ လည်ပင်းကနေ သွေးတွေက စမ်းချောင်းထဲကရေတွေလို ပန်းထွက်လာပြီးတော့ ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်က မြေကြီးပေါ်ကို ဘုန်းဆိုတဲ့ မြည်သံကြီးနဲ့အတူ လဲကျသွားခဲ့ပါတယ်။

သိုင်းပညာရှင်တွေက သွေးနဲ့ချီတွေ ပြည့်နှက်နေပြီးတော့ အထူးသဖြင့် စိတ်ဂိညာဉ် ပင်လယ် အဆင့် သိုင်းပညာရှင်တွေမှာ ဖြစ်ကြပါတယ်။ ပုချွန်းရဲ့ခေါင်းက လည်ပင်းကနေ ပြတ်ထွက်သွား ပေမဲ့ ချက်ချင်းပဲ မသေသေးပဲ သူရဲ့ ခန္ဓာကိုယ်က ခြေလှမ်းအနည်းငယ် လှမ်းပြီးတော့မှ မြေကြီးပေါ်ကို လဲကျပြီး ခြေထောက်တွေက အကြောဆွဲသလို ဆန့်ငင်ဆန့်ငင် ဖြစ်ပြီးမှသာ လုံးဝ သေဆုံးသွားတာပါ။

"လဗ္ဗြတ်"

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ပုချွန်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ တတိယ အဆင့် ဖြစ်ပြီးတော့ သူက လက်သီးတစ်ချက်နဲ့ အသတ်ခံလိုက်ရတာလား။ ပြီးတော့ သူ့ကို တိုက်ခိုက်လိုက်တဲ့ လူက အသက်ငါးနှစ် ခြောက်နှစ်ပဲ ရှိသေးတဲ့ ကလေးမလေး တစ်ယောက် ဖြစ်နေပါတယ်။ ဘယ်သူကများ ဒါကို ယုံကြည်နိုင်မှာလဲ။

"ဝေါင်း"

ဟူးညိုက ကျားပေါက်လေး တစ်ကောင်လိုမျိုး ဟိန်းဟောက်မာန်ဖီ လိုက်ပြီးတော့ သူမရဲ့ သွားတွေကို ဖြဲပြီး နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ဗုန်း ဗုန်း ဗုန်း ဗုန်း

သူမရဲ့ လက်သီးတစ်ချက်က လူတစ်ယောက်ရဲ့ အသက်ကို လျင်မြန်စွာနဲ့ နှုတ်ယူလိုက်ပါတယ်။ သူမရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ကိုတောင်မှ ခေါင်းကိုက်စေတာ စိတ်ဂိညာဉ် ပင်လယ်အဆင့်က လူတွေက ဘယ်လိုလုပ်ပြီးတော့ ယှဉ်ပြိုင်နိုင်မှာလဲ။

"ပြေးဟေ့ ပြေးကြ ပြေးနိုင်မှလွတ်မယ် နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲ"

ချက်ချင်းဆိုသလိုပဲ မျက်စိတစ်မှိတ် အတွင်းမှာ လူဆယ်ယောက်ကနေ သုံးယောက်ပဲ ကျန်ပါတော့တယ်။ သူတို့အားလုံးက အနောက်ကို လှည့်ပြီးတော့ ထွက်ပြေးဖို့ ကြိုးစားလိုက် ကြပါတယ်။ ဒါပေမဲ့ အမြန်နှုန်းမှာ နိုင်းယှဉ်မယ်ဆိုရင် ဟူးညိုကို ဘယ်သူကများ ယှဉ်နိုင်လို့လဲ။ တကယ့်ကို ရယ်စရာ ကောင်းလှပါတယ်။ အသက်နှစ်ရှူက်ရှူချိန် အတွင်းမှာပဲ ကျန်နေတဲ့ လူသုံးယောက်လုံး သူတို့ရဲ့ နှလုံးသားတွေက လက်သီးတစ်ချက်စီကြောင့် ကွဲကြေပြီးတော့ သေဆုံးသွားရပါတယ်။

လူဆယ်ယောက်စလုံး လုံးဝကို အမြစ်ဖြုတ် သတ်ဖြတ်ခြင်းကို ခံလိုက်ရပါတယ်။

ဟူးညိုက သူမအတွက် မလုံလောက်သေးတဲ့ ပုံစံနဲ့ အနောက်ကိုလှည့်ပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ သွင်ပြင်နဲ့ ကြည့်လိုက်ပါတယ်။ သူမရဲ့ အသိဉာဏ် အာရုံက အရမ်းကို အာရုံခံကောင်းပြီးတော့ နောက်ကွယ်မှာ နောက်ထပ်လူတွေ အများကြီး ရှိနေသေးတယ်

ဆိုတာကိုလည်း လွယ်လွယ်ကူကူနဲ့ ရှာဖွေတွေ့ရှိနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း အရမ်းကို ဂေးလွန်းတဲ့အတွက် အဲဒီလူတွေက ဘယ်နေရာမှာလဲ ဆိုတာကိုတော့ တိတိကျကျ ရှာမတွေ့ နိုင်ပါဘူး။

"ပြေးစို့"

ဒီမိန်းကလေးက စိတ်ဂိညာဉ်ပင်လယ်အဆင့် စစ်သည်တော်တွေကို သုတ်သင်ရှင်းလင်း သတ်ဖြတ်ပစ်လိုက်တာကို အဲဒီလူတွေက ရှင်းရှင်းလင်းလင်း မြင်လိုက်ရပါတယ်။ ဒီလိုမျိုး တိုက်ပွဲအစွမ်းက လုံးဝကို ထူးဆန်းလွန်းပါတယ်။ သူတို့ရဲ့ အသက်တွေကို အလဟဿ အဆုံးရှုံး မခံနိုင်ပါဘူး။ ဒါကြောင့် စခန်းဆီကို အလျင်အမြန်ပဲ ထွက်ပြေးသွားကြပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ သူတို့ကို လိုက်လံဖမ်းဆီး သတ်ဖြတ်ဖို့ ဆန္ဒမရှိပါဘူး။

"ညီုးညီုး သွားကြစို့"

လင်းဟန်က ဟူးညိုရဲ့လက်ကို ကိုင်ပြီးတော့ ရှေ့ဆက်ထွက်လာခဲ့ပါတယ်။

"တကယ်ပဲ သာမန်တော့ မဟုတ်ဘူး"

တော်တော်ဝေးဝေးက သစ်ပင်ကြီးတစ်ခုအပေါ်မှာ အသက်ခြောက်ဆယ်အရွယ် အဘိုးကြီး တစ်ယောက်က အဖြစ်အပျက် တစ်ခုလုံးကို အာရုံစိုက်ပြီးတော့ ကြည့်နေပါတယ်။

"တင်းကောင်းရန် ဒီလူငယ်က လူထူးလူဆန်းတစ်ယောက် ဖြစ်ရုံတင်မကဘူး ဒီကလေးမလေးကလည်း ထူးဆန်းတယ်။ ဒီအမြန်နှုန်းက အင်း တကယ်ပဲ အရမ်းကို အံ့အားသင့်ဖို့ ကောင်းတယ်"

အဘိုးကြီးရဲ့ အနောက်မှာ တင်းကောင်းရန်နဲ့ ဂမ်ချင်းတို့ နှစ်ယောက်က ရှိသေလေးစားမှု အပြည့်နဲ့ ရပ်နေကြပါတယ်။

"အကြီးအကဲမိုက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ သူတို့က ဘယ်လောက်ပဲ ထူးဆန်းနေပါစေ ကိစ္စမရှိဘူးလေ။ သူတို့က အကြီးအကဲရဲ့ ပြိုင်ဘက်တွေ မဖြစ်နိုင်ပါဘူး"

တင်းကောင်းရန်က အလျင်အမြန်ပဲ မြောက်ထိုးပင့်ကော်

လုပ်လိုက်ပါတယ်။

အကြီးအကဲမိုက ကျေနပ်ပီတိ ဖြစ်သွားသလို ခံစားလိုက်ရပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ဘက်နှစ်ယောက်ကို ရင်ဆိုင်ရမှာဆိုတော့ တန်ကြေးက အရင်တုန်းကလို မဟုတ်တော့ဘူး။ နှစ်ဆဖြစ်သွားပြီ"

တင်းကောင်းရန်က ချက်ချင်းဆိုသလို နာကျင်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ကို ဈေးလျှော့ပေးဖို့ တောင်းဆိုနိုင်ပါ့ မလား။ အခုဆိုရင် ဈေးနှုန်းက နှစ်ဆ ဖြစ်သွားခဲ့ပါပြီ။ သူမျှော်လင့်ရမှာက လင်းဟန်ဆီမှာ ဒီတန်ကြေးထက် ပိုပြီးတော့ များပြားတဲ့ ရတနာတွေ ရှိဖို့ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အတွက် အကြီးအကျယ်ကို ဆုံးရှုံးနစ်နာ သွားရပါလိမ့်မယ်။

အကြီးအကဲမိုက ဂမ်ချင်းကို တစ်ကြိမ်ထပ်ပြီးတော့ တဏှာခိုးတွေ ဝေနေတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ဂမ်ချင်းကို ဒီညတစ်ညလုံး ငါအဘိုးကြီးနဲ့ အဖော်ပြုဖို့

နေခိုင်းလိုက်လေ”

တင်းကောင်းရန်က ချက်ချင်းဆိုသလို ဒေါသတွေ ထွက်သွားပါတယ်။ ဒီအဘိုးကြီးက အရမ်းကို လွန်လွန်းပါတယ်။ သူရဲ့ အမျိုးသမီးကိုတောင်မှ တဏှာရူးနေပါသေးတယ်။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

“အကြီးအကဲမို ခင်ဗျားသိပ်ပြီးတော့ မလွန်လာပါနဲ့။ ကျုပ်ရဲ့ အစ်ကိုက ဘယ်သူလဲ ဆိုတာကို မမေ့လိုက်နဲ့ဦး”

အကြီးအကဲမိုရဲ့ စိတ်ထဲမှာ အထိတ်တလန့် တုန်လှုပ်သွားခဲ့ပါတယ်။

“ဒီလဖြွတ်ကောင် တင်းယွမ်ရှင်းက အရင်တုန်းက ပါရမီရှင် စာရင်းထဲမှာ ပါဝင်ခဲ့တယ်။ သူရဲ့အဆင့်က ဘယ်လိုမှ မနိမ့်ကျနိုင်ဘူး”

ပါရမီရှင် စာရင်းထဲမှာ ပါဝင်နိုင်ခဲ့တဲ့ လူတွေက သူတို့အနေနဲ့ မသေဆုံးသေးသရွေ့ ပန်းဖူးအဆင့်ကို သေချာပေါက် ရောက်ရှိပါလိမ့်မယ်။

ဒါက အမှောင်နတ်ဆိုး တော်အုပ်ဖြစ်ပါတယ်။ တကယ်လို့သူက ဒီလဖြွတ်ကောင် တင်းယွမ်ရှင်းကို ဆန့်ကျင်လိုက်မယ်ဆိုရင် ဖြစ်လာမဲ့ အကျိုးဆက်က ခန့်မှန်းလို့တောင် ရလိမ့်မှာ မဟုတ်ပါဘူး။ လေပြင်းနတ်ဆိုးကလန်က သူ့အတွက်တောင်မှ ရပ်တည်ပေးလိမ့်မှာ မဟုတ်တာကြောင့် သူ့အတွက် ဘာမှမဟုတ်ပဲ သေသွားပါလိမ့်မယ်။

"ဟင့် ဒါဆိုရင်လည်း အခကြေးနှစ်ဆပေါ့"

အကြီးအကဲမိုက နှာခေါင်းရှုံ့ပြီးတော့ သစ်ပင်ရဲ့ထိပ်ကနေ ဆင်းပြီး လင်းဟန်နဲ့ ဟူးညို ထွက်သွားတဲ့ဘက်ကို လိုက်သွားပါတယ်။ သူရဲ့ စိတ်အခြေအနေက အတော်လေးကို စိုးဂါးနေတဲ့ အတွက်ကြောင့် ဒီနှစ်ယောက် အပေါ်ကို သူ့ဒေါသတွေ အကုန်လုံး ပုံချပစ်ရပါမယ်။

"သူ့နောက်ကိုလိုက်စို့။ ဒီကောင်စုတ်လေး ဘယ်လိုမျိုး သေလဲဆိုတာကို ငါမြင်ချင်တယ်"

တင်းဂမ်ချင်းက တင်းကောင်းရန်ကို ပြောလိုက်ပါတယ်။

သူတို့နှစ်ယောက်ကလည်း အနောက်ကနေ ထပ်ကြပ်မကွာ

လိုက်သွားကြပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး လင်းဟာန်နဲ့ ဟူးညိုတို့ကလည်း လမ်းမြန်မြန် လျှောက်နေတာ မဟုတ်တဲ့အတွက် တစ်မိနစ် နှစ်မိနစ် အကြာမှာ သူတို့ကို လိုက်လို့မှီသွားခဲ့ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အရှိန်အဝါက ပျံ့နှံ့သွားပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"လူငယ်လေး မင်းရဲ့အသက်ကို ဒီနေရာမှာ ချန်ထားလိုက်"

သူက ခြိမ်းခြောက်လိုက်ပါတယ်။

လင်းဟာန်က ရပ်ပြီးတော့ နောက်ကိုပြန်လှည့်ကြည့်ပြီး ပြောလိုက်ပါတယ်။

"ကျုပ် မှတ်ထားတာ မမှားဘူးဆိုရင် ခင်ဗျားက စခန်းစောင့်ရှောက်သူတွေ အထဲက တစ်ယောက်ဖြစ်တဲ့ မိုမျိုးရိုး မဟုတ်လား"

"ဟားဟား အမှန်ပဲ"

အကြီးအကဲမိုက ချောက်ချားစရာ ကောင်းတဲ့အသံနဲ့ ရယ်မောလိုက်ပါတယ်။

"ဒီအဘိုးကြီးက ဘယ်သူလဲဆိုတာကို မင်းသိနေမှတော့ ဘာဖြစ်လို့ မင်းကိုယ်တိုင် အညံ့မခံသေးတာလဲ"

သူတို့စကားပြောနေတုန်းမှာပဲ တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့လည်း လိုက်လို့ မှီသွားခဲ့ပါတယ်။

လင်းဟန်က တင်းကောင်းရန်ကို တစ်ချက်ကြည့်လိုက်တာနဲ့ မှတ်မိသွားခဲ့ပါတယ်။ သူ့ကို အပူအအေး ရောယှက်နေတဲ့ နေရာအကြောင်းကို ပြောပြခဲ့တဲ့ သက်လတ်ပိုင်းအရွယ်နဲ့ ယောက်ျားဖြစ်နေပါတယ်။ ကြည့်ရတာ စခန်းထဲကနေ သူထွက်လာတာနဲ့ တခြားလူတွေလိုပဲ သူ့ကိုရင်ဆိုင်ဖို့အတွက် လျှို့ဝှက်စွာ ကြံစည်ထားပုံ ရပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အဘိုးကြီး အခုပဲ ခင်ဗျားက

ကာကွယ်စောင့်ရှောက်သူဖြစ်လိုက် အခုပဲ ဓားပြတစ်ယောက် ဖြစ်လိုက်နဲ့ ခင်ဗျားရဲ့ အိုမင်းရွတ်တွနေတဲ့ မျက်နှာက အပြောင်းအလဲ တော်တော်မြန်တာပဲ”

“မိုက်ရိုင်းလိုက်တာ”

အကြီးအကဲမိုက ဒေါသထွက်သွားပြီးတော့ လင်းဟာန်ဆီကို မူလစွမ်းအင်တွေကို အသုံးပြုပြီး ကြီးမားတဲ့ ရောမ လက်ဝါးကြီး တစ်ဖက်အဖြစ်ပြောင်းပြီးတော့ ရိုက်ထုတ်လိုက်ပါတယ်။

ဒါက စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ ဒေါသတကြီးနဲ့ တိုက်ခိုက်မှု ဖြစ်ပြီးတော့ ၎င်းရဲ့ အစွမ်းက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိမ့်မလဲ။

အပိုင်း(၃၉၂) သုံးပေသံမဏိခန္ဓာကိုယ်

လင်းဟာန်က မကြောက်ရွံ့ပါဘူး။ ဟုန်းဆိုတဲ့ အသံနဲ့အတူ မိုးကြိုးလျှပ်စီး တိုက်ပွဲချပ်ဂတ်က လင်းလက်တောက်ပလာပြီးတော့ သူရဲ့ ခန္ဓာကိုယ် အရေပြားမှာ လျှပ်စီးအကာအရံတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ထန်

မူလစွမ်းအင် လက်ဂါးကြီးက မိုးကြိုးလျှပ်စီး အကာအရံအပေါ်ကို ကျရောက်သွားခဲ့တဲ့ အခါမှာ မိုးကြိုးလျှပ်စီးတွေက မြေကြီးကနေ ထွက်လာသလိုမျိုး ကောင်းကင်နဲ့ မြေကြီးကို တုန်လှုပ်သွား စေပြီးတော့ ထွက်ပေါ်လာတဲ့ မြည်သံကလည်း တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ကို နားပင်းလုမတတ် ဖြစ်သွားစေခဲ့ပါတယ်။ ဒီတိုက်ခိုက်မှု ပြီးတဲ့နောက်မှာ အကြီးအကဲမိုရဲ့ မူလစွမ်းအင်နဲ့ ပြုလုပ်ထားတဲ့ လက်ဂါးကြီးက လုံးဝကို ပျက်စီးသွားပြီးတော့ လင်းဟာန်ကတော့ မားမားမတ်မတ်နဲ့ ရပ်တည်နေနိုင်ဆဲ ဖြစ်ပါတယ်။

"ရတနာ ချပ်ဂတ်"

အကြီးအကဲမိုက ချက်ချင်းဆိုသလိုပဲ လောဘတက်နေတဲ့ အမူအရာနဲ့ ကြည့်လိုက်ပါတယ်။ သူရဲ့ဒေါသတကြီးနဲ့ တိုက်ခိုက်လိုက်တဲ့ လက်ဂါးရိုက်ချက်ကို ကြံ့ကြံ့ခံနိုင်တဲ့ ဒီချပ်ဂတ်က သာမန်တော့ မဟုတ်ပါဘူး။ နောက်ပြီးတော့ အဲဒီပစ္စည်းက စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ လက်ထဲမှာ ရှိနေပြီးတော့ ဘာဖြစ်လို့ သူရဲ့လက်ထဲမှာ ရှိမနေရတာလဲ။

ဒီချပ်ဂတ်ကိုသာ သူပိုင်ဆိုင်ခဲ့မယ်ဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ သူက ပြိုင်ဘက်ကင်း တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

"ငိငိငိ ကောင်းတယ် ငါမင်းကို ကျေးဇူးတင်တယ်"

အကြီးကဲမိုက လင်းဟန်ကို ဖမ်းဆုပ်ကိုင်ဖို့ ကြိုးစားပြီးတော့ နောက်တစ်ကြိမ် တိုက်ခိုက်လိုက် ပါတယ်။ ဒီတစ်ကြိမ်တော့ သူက မူလစွမ်းအင်ကို ထုတ်ပြီးတော့ တိုက်ခိုက်ရုံတင်မကပါဘူး။ သူရဲ့ သိုင်းဆန္ဒသဘောတရားကိုပါ ထည့်သွင်းပြီးတော့ တိုက်ခိုက်လိုက်တာပဲ ဖြစ်ပြီးတော့ စိတ်ဂိညာဉ် တစ်ခုက ထွက်လာသလိုမျိုး အဆုံးမရှိတဲ့ အလင်းရောင်စဉ်တန်းကြီးတွေ ထွက်ပေါ်လာခဲ့ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် ဆိုတာက စိတ်ဂိညာဉ် ပင်လယ်ရဲ့ အထဲမှာ ကောင်းကင်နဲ့ မြေကြီးကို ဆက်သွယ်ပေးတဲ့ စိတ်ဂိညာဉ် ပလ္လင်တစ်ခုကို တည်ဆောက်ထားခြင်းလို့ ဆိုလိုပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ သေမျိုးအဆင့်ကနေ တန်ခိုးရှင်

အဆင့်ကို ကူးပြောင်းတဲ့ ပေါင်းကူးတံတား တစ်ခုအဖြစ်ကို ကူးပြောင်းခြင်းလည်း ဖြစ်ပါတယ်။

ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ရဲ့ အစွမ်းက အရမ်းကို သန်မာအားကောင်း လွန်းပါတယ်။

လင်းဟန်က ရယ်ပြီးတော့ နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ ခုတ်လိုက်ပါတယ်။ ပုန်း ပုန်း။ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းနစ်ခုက လင်းလက်တောက်ပလာပြီးတော့ ကောင်းကင်နဲ့ ငရဲ နစ်ခုလုံးက အံ့သြလေးစားရတဲ့ အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

အကြီးအကဲမိုရဲ့ အမူအရာက ချက်ချင်းဆိုသလို ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးတော့ အသက်ရှုသံတွေ ပြင်းလာပြီးတော့ သူ့ရဲ့ လက်ဂါးက ချက်ချင်းဆိုသလို ဘာမှမရှိတဲ့ လေထုကို ရိုက်လိုက်မိသလို ဖြစ်သွားပါတယ်။

"ဘာ"

အဘိုးကြီးမိုက လင်းဟန်ရဲ့ လက်ထဲက ဓားကို အထိတ်တလန့်နဲ့ စိုက်ကြည့်ပြီးတော့ အံ့အားသင့်စွာနဲ့

ပြောလိုက်ပါတယ်။

“ဒါက ဘယ်လိုစိတ်ဂိညာဉ် ပစ္စည်း အမျိုးအစားလဲ။ ဘယ်လိုလုပ် အဲဒီဓားမှာ ဒီလိုမျိုး ကြောက်ရွံ့စရာကောင်းတဲ့ ဖိနှိပ်နိုင်တဲ့ အရှိန်အဝါတစ်ခု ရှိနေရတာလဲ”

လင်းဟန်က ပေ့ါပေ့ါပါးပါးလေး ပြုံးလိုက်ပါတယ်။ အမှန်တကယ်တော့ မိုးကြိုးလျှပ်စီး တိုက်ပွဲချပ်ဂတ်ကလည်း အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းက ပြင်းပြင်းထန်ထန် ပျက်စီးပြီး ၎င်းရဲ့ ဖိနှိပ်နိုင်တဲ့ အရှိန်အဝါကို ဆုံးရှုံးထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းနှစ်ခုကို အတူတကွ ပေါင်းလိုက်ရင် ဒီအဘိုးကြီးက လုံးဝကို ရပ်တည်လို့ ရမှာမဟုတ်ဘူးဆိုတာကို အာမခံနိုင်ပါတယ်။

ကံမကောင်းတာက စိတ်ဂိညာဉ် ပစ္စည်းတွေက အမိန့်စာလွှာတွေလိုမျိုး ညှို့ယူဆွဲဆောင်နိုင်စွမ်း မရှိပါဘူး။ တစ်စုက အချိန်အကြာကြီး အသုံးပြုနိုင်တဲ့ အချိန်မှာ နောက်တစ်မျိုးကတော့ တစ်ခါသုံးပဲ ရပါတယ်။ ဒါကြောင့် အစွမ်းအနေနဲ့ ပြောရမယ်ဆိုရင် စိတ်ဂိညာဉ် ပစ္စည်းတွေနဲ့ အဆင့်တူတဲ့ ညှို့ယူနိုင်တဲ့ အမိန့်စာလွှာတွေက နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ စိတ်ဂိညာဉ်ပစ္စည်း တစ်ခုမှာ

သူရဲ့စိတ်ဂိညာဉ်တစ်ခု ရှိနေရင် သူကိုယ်ပိုင် အသက်တစ်ခု ဖြစ်လာနိုင်ပါတယ်။

တကယ်လို့ သူ့ဆီမှာ စိတ်ဂိညာဉ် တစ်ခုက ထိန်းချုပ်ထားတဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုသာ ရှိနေမယ်ဆိုရင် လင်းဟန်က ကောင်းကင်အဆင့်က လူတွေအားလုံးကို လှဲကျင်းပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

"အဘိုးကြီး ခင်ဗျားလည်စင်းပေးစမ်းပါ။ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့စွမ်းအားကို ခင်ဗျားကို အတွေ့အကြုံ ရသွားအောင်လို့ လုပ်ပေးမယ်"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"မိုက်ရိုင်းလိုက်တာ"

အကြီးအကဲမိုက ဒေါသထွက်သွားပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိသေးတဲ့ ကောင်လေး တစ်ယောက်က သူရဲ့အရှေ့မှာ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ပမာမခန့် စကားတွေ ပြောပုံနေတယ်ပေါ့ ဟုတ်လား။ သိုင်းပညာရှင်တွေရဲ့ ကမ္ဘာကြီးမှာ စီနီယာတွေကို ဘယ်လိုမျိုး ရှိသေလေးစားပြီး ဆက်ဆံရမလဲ ဆိုတာကို ဒီကောင်စုတ်လေးက

နားမလည်ဘူးလား။ သူက ကြေးနီရောင် ကွင်းတစ်ခုကို ထုတ်ပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ ပေ့ယမ်းလိုက်တဲ့ အခါမှာ ပြင်းထန်တဲ့ မီးတောက်ကြီး တစ်ခုက မီးဂံပုလွေတစ်ကောင် အဖြစ်ကို ပြောင်းသွားပြီးတော့ လင်းဟာန်ဆီကို ခုန်အုပ်လိုက်ပါတယ်။

လင်းဟာန်က သူရဲ့လက်ထဲက နတ်ဆိုးရှင်သန်ဓားနဲ့ ခုတ်လိုက်ပါတယ်။ နတ်ဆိုးရှင်သန်ဓားက သွေးကြောပုံစံ မျဉ်းကြောင်းနှစ်ကြောင်းပဲ အသက်သွင်းနိုင်သေးတယ် ဆိုပေမဲ့ ၎င်းရဲ့အဆင့်က သိသိသာသာကို ဖြစ်နေပြီး ဓားချီအလင်း ခုနစ်ခုက အတူတကွ တစ်ဟုန်ထိုး ပြေးထွက်သွား ပါတယ်။ နတ်ဆိုးရှင်သန်ဓားရဲ့ အစွမ်းနဲ့ ပေါင်းစည်းလိုက်တဲ့ အခါမှာတော့ ဒီဓားချီတွေရဲ့ အစွမ်းက အံ့မခန်း အစွမ်းထက်နေတယ်ဆိုတာ သေချာပေါက်ပါပဲ။

ဖူး ဖူး ဖူး ဖူး

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ မီးဂံပုလွေက အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကနေ ထွက်ပေါ်လာခဲ့တယ် ဆိုပေမဲ့လည်း ဓားချီအလင်း ခုနစ်ခုနဲ့ တွေ့ဆုံလိုက်တဲ့ အခါမှာ ချက်ချင်း ဆိုသလို ပျက်စီးသွားခဲ့ပါတယ်။ ၎င်းက ချက်ချင်းဆိုသလို မီးတောက် တစ်ခု အဖြစ်ကို

ပြောင်းလဲသွားပြီးတော့ လေထဲမှာပဲ အငွေ့ပျံ သွားခဲ့ပါတယ်။

တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်ပေါ် သွားခဲ့ပါတယ်။ ဒီလူငယ်လေးက အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ထုတ်ပြီးတော့ တိုက်ခိုက်တာတောင်မှ လင်းဟန်ကို မယှဉ်ပြိုင်နိုင်သေးပဲ ရှိနေပါတယ်။

အမှန်တကယ်တော့ လင်းဟန်က သူရဲ့အစွမ်းကို အပြည့်အဝ ထုတ်ပြီးတော့ အသုံးမပြု သေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူရဲ့လက်ရှိ ကျင့်ကြံခြင်းအဆင့်နဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းနှစ်ခုရယ်ကို ပေါင်းလိုက်ရင် သူရဲ့ တိုက်ပွဲအစွမ်းက သေချာပေါက် ကြယ်အလုံး နှစ်ဆယ်ကို ကျော်လွန်သွားပါလိမ့်မယ်။ အဲဒီအခါကျရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာက ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ သူ့အတွက် ဘာများခက်ခဲ ဦးမှာလဲ။

"အတားအဆီးမရှိ လေးပိုင်းခွဲပြီး ရှစ်ပိုင်းပေါင်းစည်း"

အကြီးအကဲမိုက စတင်ပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် ဂျူနီယာ တစ်ယောက်ရဲ့ အရှက်ခွဲစော်ကားမှုကို လုံးဝကို သည်းမခံနိုင်ပါဘူး။ နောက်ပြီးတော့ လင်းဟန်က အခုတောင်မှ ကြောက်စရာ ကောင်းနေပါပြီ။ တကယ်လို့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖြတ်ဝင်ရောက်သွားခဲ့မယ်ဆိုရင် ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလိမ့်မလဲ။ ဒါကြောင့် အနာဂတ်မှာ ပြဿနာ မဖြစ်ရအောင်လို့ အခုကတည်းက အမြစ်ပြတ် သုတ်သင်ပစ်တာက ပိုပြီးတော့ ကောင်းပါလိမ့်မယ်။

သူက အော်ဟစ်ကြိမ်းဝါးလိုက်သလိုပဲ သူ့ရဲ့ခန္ဓာကိုယ် အရွယ်အစားက ချက်ချင်းဆိုသလို ကြီးထွားလာပြီးတော့ တစ်ဆလောက် ပိုပြီးတော့ မြင့်လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်က အဂတ်အစားတွေက အပိုင်းအပိုင်းအစစ စုတ်ပြဲကုန်ပါတယ်။ ကံကောင်းတာက အတွင်းခံ ဘောင်းဘီက သူ့ရဲ့မတော်တရော်နေရာကို ဖုံးကွယ်ထားပေး နိုင်တဲ့အတွက် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အော့နလုံးနာစရာ စက်ဆုပ်ရွံ့ရှာစရာ မြင်ကွင်းကြီးကို မြင်နေရပါလိမ့်မယ်။

အခုဆိုရင် သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက

ကြီးထွားလာပြီးတော့ ကျင့်ကြံခြင်းအဆင့်ကလည်း စိတ်ဂိညာဉ် ပလ္လင်အလွှာ ဒုတိယ အဆင့်ကနေ စတုတ္ထအဆင့်ကို တစ်ဟုန်ထိုး မြင့်တက် လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ခင်ဗျားရဲ့ အစွမ်းပြတာက အတော်လေးကို အားနည်းတယ်။ တခြားလူတွေက ပေသုံးဆယ် ကြေးခန္ဓာကိုယ်၊ ပေသုံးရာ သံမဏိခန္ဓာကိုယ်နဲ့ ပေသုံးထောင် ရွှေခန္ဓာကိုယ်ဆိုပြီးတော့ တိုင်းတာကြတယ်။ အခုတော့ ခင်ဗျားက သုံးပေပဲရှိတယ်။ ဒါက သံမဏိခန္ဓာကိုယ် တစ်ခုမှ ဟုတ်ရဲ့လား"

ဟူးညိုက သဘောကျစွာနဲ့ တခစ်ခစ် ရယ်မောနေပါတယ်။

"သေစမ်းကွာ"

အကြီးအကဲမိုက သူရဲ့ ညာဘက်ခြေထောက်ကို မြှောက်လိုက်ပြီးတော့ လင်းဟန်ကို အားနဲ့ ဆောင့်နင်းလိုက်ပါတယ်။

"ကျုပ်ပြောခဲ့သလိုပဲ ခင်ဗျားထုတ်ပြတဲ့ အစွမ်းက အရမ်းကို အားနည်းတယ်။ ဒါကို အသုံးပြုတာ ဟာသပဲ"

လင်းဟန်က သူရဲ့ဓားကို ကိုင်ပြီးတော့ လေးရာသီဓားသိုင်းကို ထုတ်ဖော်လိုက်ပြီး နွေ၊ နွေဦး၊ ဆောင်း၊ ဆောင်းဦးဆိုတဲ့ ရာသီလေးမျိုးစတိုင်က စဉ်ဆက်မပြတ် အဆုံးမရှိ ထွက်ပေါ်လာခဲ့ပါတယ်။

သီအိုရီအရတော့ သူရဲ့ အစွမ်းက အကြီးအကဲမိုထက် အပြတ်အသတ်ကို သာလွန်ပါတယ်။ ဒါပေမဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ ကောင်းချီးပေးမှုနဲ့ နတ်ဆိုးရှင်သန်ဓားရဲ့ ထက်မြက်မှုနဲ့ဆို သူက တိုက်ပွဲကြယ်လေးလုံးရှိတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ကို ယှဉ်ပြိုင်နိုင်ပါတယ်။

ဒါပေ့ါ ဒီကမ္ဘာကြီးထဲမှာ သူ့လိုမျိုး အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းနှစ်ခုကို ဆွဲထုတ်ပြနိုင်တဲ့ လူဘယ်နှစ်ယောက်များ ရှိလို့လဲ။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက အရမ်းကို ပြင်းထန်ပြီးတော့ တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ နှစ်ယောက်က ပါးစပ်အဟောင်းသားနဲ့ ကြည့်နေကြပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲအစွမ်းက တကယ်ပဲ ဒီအဆင့်ထိအောင်

လွှမ်းမိုးနိုင်စွမ်း ရှိနေတယ် ပေါ့လေ။

သူတို့က ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်ကို တကယ်ပဲ စော်ကားခဲ့တာလား။ ဒါပေမဲ့ အခု သူတို့အနေနဲ့ အကြီးအကဲမိုက သူတို့ကို စိတ်မပျက်စေပဲနဲ့ လင်းဟန်ကို လုံးဝဖိနှိပ်ပစ်နိုင်ဖို့ကိုပဲ ဆုတောင်းရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တော့ သွားပါပြီ။

ဒါပေမဲ့လည်း အခြေအနေက ပိုပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။ အကြီးအကဲမိုရဲ့ တိုက်ပွဲအစွမ်းက အတော်လေးကို အံ့အားသင့်စရာ ကောင်းပေမဲ့လည်း လင်းဟန်မှာက မိုးကြိုးလျှပ်စီး ချပ်ဝတ်ရဲ့ အကာအကွယ်ရှိနေပါတယ်။ ဒါကြောင့် အကြီးအကဲမိုက လင်းဟန်ကို ဒဏ်ရာအနာတရ ဖြစ်အောင်လို့ မလုပ်နိုင်ပါဘူး။ ဆန့်ကျင်ဘက် ဆိုသလိုပဲ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေက အကြီးအကဲမိုကို ခြိမ်းခြောက်ဖို့အတွက် လုံလောက်နေပါတယ်။

ဒါက လုံးဝကို ဘက်မညီတဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

"မဖြစ်နိုင်ဘူး။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက စိတ်ဝိညာဉ် ပလ္လင်အဆင့်လေ"

တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ရဲ့ မျက်နှာတွေက ကျောက်ရုပ်ကြီးတွေလို မျက်နှာသေကြီးတွေ ဖြစ်ပြီးတော့ တစ်ကိုယ်လုံး တောင့်တင်းသွားပါတယ်။

မျှော်လင့်မထားပဲနဲ့ တင်းဂမ်ချင်းက အရင်ဆုံး တုံ့ပြန်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအခွင့်အရေးကို အရယူပြီးတော့ စခန်းကို အမြန်ပြန်ရအောင်။ ငါတို့ အဲဒီထဲမှာ ပုန်းနေသမျှ ကာလပတ်လုံး ဒီကောင်လေးက လာပြီးတော့ ငါတို့ကို သတ်ပုံ့မှာ မဟုတ်ဘူး"

"ကောင်းပြီ။ သွားကြစို့။ ငါ့ရဲ့အစ်ကို လာတဲ့အခါကျရင် ဒီကောင်လေး သေချာပေါက် သေရလိမ့်မယ်"

သူတို့က အလျင်အမြန်ပဲ ထွက်ခွာသွားဖို့ လှည့်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့ အနောက်ကို လှည့်လိုက်တဲ့ အခါမှာ သူတို့ရဲ့ အရှေ့မှာ လှပတဲ့ ဂတ်စုံနဲ့ မိန်းကလေးငယ်လေး တစ်ယောက်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရပ်နေတာကို တွေ့လိုက်ရပါတယ်။ သူမက အရမ်းကို ချစ်စဖွယ် ကောင်းပြီးတော့ ဘယ်သူကမှ သူမရဲ့ မျက်နှာလေးမြင်တာနဲ့

နှင်ထုတ်ပစ်ချင်စိတ်တွေ ကွယ်ပျောက် သွားကြပါလိမ့်မယ်။

ဒါပေမဲ့လည်း တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ နှစ်ယောက်စလုံး ကြောက်ရွံ့ထိတ်လန့် သွားကြပါတယ်။ ဒီမိန်းကလေးငယ်လေးရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုတွေနဲ့ သူမရဲ့ တိုက်ပွဲအစွမ်းက အံ့အားသင့်စရာ ကောင်းပါတယ်။ သူမက ချက်ချင်းဆိုသလိုပဲ စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော် ဆယ်ယောက်စလုံးကို အမြစ်ဖြုတ် သုတ်သင်ပစ်ပါတယ်။ သူတို့တောင်မှ သိမ်ငယ်စိတ်ကြောင့် ရှက်ရွံ့သွားကြပါတယ်။

သူမက တကယ်ပဲ မကောင်းဆိုးဝါး သေးသေးလေး တစ်ကောင်ပဲ ဖြစ်ပါတယ်။

အခု ဒီမကောင်းဆိုးဝါးလေးက သူတို့ရဲ့ လမ်းကို ပိတ်ထားပါတယ်။

"မိန်းကလေးလေး အရမ်းကို လိမ္မာတယ်နော်။ ငါတို့ကို သွားခွင့်ပြုပါ။ ဟုတ်ပြီလား"

တင်းဂမ်ချင်းက နူးညံ့သိမ်မွေ့တဲ့ အပြုံးတစ်ခုကို ခက်ခက်ခဲခဲ ကြိုးစားပြီးတော့ ပြုံးပြလိုက်ပါတယ်။

"ဘာဟုတ်ပြီလားလဲ။ ညီးညီးက နင်တို့ကို ထွက်သွားခွင့် မပြုနိုင်ဘူး"

ဟူးညိုက သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်ပါတယ်။ သူမက သူတို့နှစ်ယောက်ကို တားဆီးထားပြီးတော့ လင်းဟန်ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းဖို့ အစီအစဉ်ဆွဲထားပါတယ်။

"သေသင့်တဲ့မိန်းကလေးပဲ"

တင်းကောင်းရဲ့ အကြည့်တွေက မှုန်မှိုင်းသွားခဲ့ပါတယ်။ သူရဲ့လက်ကို ဝှေ့ယမ်းလိုက်တာနဲ့ ထက်မြက်တဲ့ ဓားတစ်လက်က သူရဲ့လက်ထဲမှာ ပေါ်လာခဲ့ပါတယ်။ ဓားသွားက သွေးကြောလိုမျိုး နီရဲပြီးတော့ သေခြင်းတရား အခိုးအငွေ့တွေ ထွက်ပေါ်နေပါတယ်။

"သွေးလှိုင်းဓား"

တင်းဂမ်ချင်းက ဂမ်းသာပီတိ ဖြစ်သွားခဲ့ပါတယ်။

"အစ်ကိုကောင်းရန် ဘယ်တုန်းက မိသားစုရဲ့

သွေးလိုင်းများကို အစ်ကို့ကို ပေးအပ်ခဲ့တာလဲ။ ခစ်ခစ် အခု ငါတို့ဒီ ကောင်မစုတ်လေးကို ကြောက်နေစရာ မလိုတော့ဘူး”

တင်းကောင်းရန်က ပြန်ပြီးတော့ တုံ့ပြန်ပြောဆိုခြင်း မရှိပဲနဲ့ပ သူရဲ့ဓားနဲ့ ဟူးညိုကို လှမ်းထိုးလိုက် ပါတယ်။ သွေးကြောနီနီနဲ့တူတဲ့ မျဉ်းကြောင်းတွေက ပင့်ကူအိမ်လိုမျိုး ပျံ့နှံ့လာပြီးတော့ ကမ္ဘာကြီး တစ်ခုလုံးကို ဖုံးလွှမ်းသွားပါတယ်။

အပိုင်း(၃၉၃) ရေခဲမီး တောင်ကြားချိုင့်ပှမ်း

ဟူးညိုက လုံးဝကို မကြောက်ရွံ့ပါဘူး။ သူမရဲ့ ခန္ဓာကိုယ် သေးသေးလေးက အနီရောင် သွေးကြောနဲ့ တူတဲ့မျဉ်းကြောင်းတွေကို ဖြတ်ပြီးတော့ မြန်မြန်ဆန်ဆန်ပဲ ပြေးသွားပါတယ်။ သူမရဲ့ ပုံစံက အဲဒီမျဉ်းကြောင်းတွေကို မရှောင်တိမ်းနိုင်တဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။ သူမရဲ့ လက်သည်းတွေနဲ့ ပါးစပ်ကို အသုံးပြုပြီးတော့ ကိုက်လိုက် ကုတ်ခြစ်လိုက်နဲ့ ဆုတ်ဖြဲပစ်ပါတယ်။ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းရည်က တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ကို ကြက်သေသေသွား စေခဲ့ပါတယ်။

လူထူးလူဆန်းနှစ်ယောက်။ သူတို့နှစ်ယောက်က သေချာပေါက် လူထူးလူဆန်း နှစ်ယောက်ပဲ။

တစ်ဖက်မှာတော့ လင်းဟန်က လုံးဂကို အသားစီး ရယူထားနိုင်ခဲ့ပါတယ်။ သူက အနက်ရောင် မူလသုံးမျိုးဟန်ကို အသုံးပြုဖို့တောင် မလိုအပ်ပါဘူး။ သူရဲ့ ညာဘက်လက်က လေးရာသီ ဓားသိုင်းကို ထုတ်ဖော်ပြီးတော့ ဘယ်ဘက်လက်က တိုက်ပွဲဆင် လက်သီးကို အသုံးပြုပြီးတော့ အဆက်မပြတ် တိုက်ခိုက်နေပါတယ်။

ဟုန်း။ ဓားချီအလင်း ခုနစ်ခုက အတားအဆီးမဲ့စွာနဲ့ ပျံသန်းထွက်လာပြီး နတ်ဆိုးရှင်သန်ဓားရဲ့ ထက်မြက်မှုနဲ့အတူ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်တောင်မှ ထိပ်တိုက် ရင်မဆိုင်ပွံ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီတိုက်ခိုက်မှုက အနည်းဆုံးတော့ ဓားဒဏ်ရာ တစ်ခု ရသွားစေနိုင်သလို အဆိုးဆုံးက သူရဲ့ လက်တွေ ဒါမှမဟုတ် ခြေထောက်တွေတောင် ပြတ်သွားစေနိုင်ပါတယ်။

လင်းဟန်က စိတ်ခံစားချက် သိပ်ပြီးတော့ မကောင်းပါဘူး။ သူက ဓားချီအလင်း ခုနစ်ကို ထုတ်ဖော်နိုင်ပေမဲ့ လက်သီးချီ

ခြောက်ခုကိုတော့ တစ်ပြိုင်နက်တည်း ထုတ်ဖော်လို့ မရပါဘူး။ ဒီအရာနှစ်ခုကို အဆက်မပြတ် အသုံးပြုလို့ မရနိုင် ဖြစ်နေပါတယ်။

သူက အရမ်းကို စိတ်မချမ်းမသာ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ တကယ်လို့ တစ်ခုပေါ်ကို တစ်ခုဆင့်ပြီး အဆုံးမရှိ လုပ်နိုင်မယ်ဆိုရင်တော့ သူရဲ့ ဓားနဲ့ တိုက်ခိုက်ပြီးတော့ လက်သီးတွေနဲ့ ထိုး ခြေထောက်တွေနဲ့ ကန်ပစ်နိုင်မှာပါ။ ဒါဆိုရင် သူ့အနေနဲ့ ချီဘယ်လောက်များ တစ်ဟုန်ထိုး တက်လာလိမ့်မလဲ။

"အဘိုးကြီး အခုက အဆုံးသတ်ရတော့မဲ့ အချိန်ကိုရောက်ပြီ"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့မှာ အကြီးအကဲမိုနဲ့ တိုက်ခိုက်နေဖို့ အချိန်မရှိပါဘူး။ ကျူးရွှမ်အာက အမှောင်နတ်ဆိုး တောအုပ်ထဲကို သူ့ထက်အရင် ဝင်သွားခဲ့ပါပြီ။ ပြီးတော့ ဒီအမျိုးသမီးရဲ့ ဆွဲဆောင်မှုက တုန်လှုပ်စရာ ကောင်းပြီးတော့ လူတွေဘယ်လောက်များများ သူမကို ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရှာဖွေဖို့အတွက် ကူညီပေးလိမ့်မလဲ ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ သူ့အနေနဲ့ အလျင်လိုဖို့

လုပ်ရပါတော့မယ်။

အကြီးအကဲမိုက ဒေါသလည်းထွက် အံ့အားလည်း အံ့အားသင့်သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်အနေနဲ့ သူက တကယ်ပဲ လူငယ်လေး တစ်ယောက်ကို လွှမ်းမိုးနိုင်စွမ်း မရှိဘူးလား။ သူ့ကိုအပြတ်အသတ် သာလွန်သွားတာကို ဘယ်လိုမှ မခံစားနိုင်အောင် ဖြစ်နေပါတယ်။ အဓိက အချက်က လင်းဟာန်ဆီမှာရှိနေတဲ့ စိတ်ဂိညာဉ် ပစ္စည်း နှစ်ခုကြောင့်ပဲ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေက သူရဲ့တိုက်ခိုက်မှုတွေကို မအောင်မြင်အောင် ပြုလုပ်ပြီး သူရဲ့ခံစစ်ကိုလည်း ပျက်ပြားစေပါတယ်။

တကယ်လို့ ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် သေချာပေါက် သူရှုံးနိမ့်သွားပါလိမ့်မယ်။

"လူငယ်လေး ငါတို့က ရန်စလည်းမရှိဘူး။ ငါ့အဘိုးကြီးက လှည့်စားခံလိုက်ရတာပဲ။ ဒါကြောင့် ဘာဖြစ်လို့ ဒီတိုက်ပွဲကို အခု မရပ်တာလဲ"

သူက နောက်ဆုတ်ဖို့ကို စဉ်းစားပြီးမှ လင်းဟာန်ကို သေအောင် သတ်လို့ရမဲ့ အကြောင်းကို ရှာဖွေဖို့

စဉ်းစားလိုက်တာပဲ ဖြစ်ပါတယ်။

သူက တင်းကောင်းရန်ဆီကနေ အကျိုးအမြတ်တချို့ ရရှိခဲ့ပြီး တကယ်လို့ သူက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရင်တောင်မှ ထိုက်တန်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက တကယ်ပဲ ရယ်စရာကောင်းလိုက်တာ။ ခင်ဗျားက ကျုပ်ကို လိုက်ဖမ်းပြီးတော့ သတ်တာလေ။ ပြီးတော့ တကယ်လို့ ခင်ဗျားက ကျုပ်ကို သတ်နိုင်ရင် သေချာပေါက် သနားညှာတာလိမ့်မှာ မဟုတ်ဘူး။ ခင်ဗျားက ကျုပ်ကို မနိုင်တော့တဲ့ အခါကျမှပဲ ကျုပ်တို့မှာ ရန်စမရှိလို့ ပြောပြီးတော့ ဒီအတိုင်းပဲ ထွက်သွားချင်နေတယ်ပေါ့။ ခွေးအိုကြီး ခင်ဗျားရဲ့ ခေါင်းထဲမှာ မစင်တွေ ပြည့်နေတာလား"

"ကောင်စုတ်လေး ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

အကြီးအကဲမိုက ဒေါသကြောင့် တုန်ယင်လို့ လာပါတယ်။

ဒီကောင်လေးရဲ့ ပါးစပ်က တကယ်ပဲ အညာတာ ကင်းမဲ့လွန်းပါတယ်။ သူရဲ့အကြည့်တွေက မှုန်မှိုင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ်ပဲ ငါ့ကို အသေအကျေ တိုက်ပွဲဝင်စေချင်နေတာလား"

"ခင်ဗျား အသေအကျေ တိုက်တာပဲဖြစ်ဖြစ် မတိုက်တာပဲဖြစ်ဖြစ် ရလဒ်ကတော့ အတူတူပဲ ဖြစ်လိမ့်မယ်"

လင်းဟာန်က ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။ ပြီးတော့ သူက အသက်ကို ပြင်းပြင်းရှူလိုက်ပြီး လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်နဲ့ တိုက်ခိုက်ဖို့အတွက် အဆင်သင့် ဖြစ်နေပါပြီ။

"ဟင့်"

အကြီးအကဲမိုက လက်ဖါးသုံးချက်ကို ဆက်တိုက်ဆိုသလို ရိုက်ထုတ်လိုက်ပြီးတော့ အနောက်ဘက်ကို လှည့်ပြီးတော့ အမြီးတန်းနေအောင် ထွက်ပြေးလိုက်ပါတယ်။

"အခုတော့ ပြေးချင်နေတာလား။ အရမ်းကို နောက်ကျသွားပြီ"

လင်းဟန်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်သိုင်းကို ထုတ်သုံးပြီးတော့ သူရဲ့ဓားကို ခုတ်ချ လိုက်ပါတယ်။ ရှပ် ရှပ် ရှပ် ရှပ်။ ဓားအလင်းရှစ်ရာက ဆက်တိုက်လှုပ်ရှားလာပြီးတော့ ကောင်းကင်နဲ့ မြေကြီးကို ဖုံးအုပ်သွားပါတယ်။

ဒါက နတ်ဆိုးရှင်သန်ဓားနဲ့ ထုတ်လွှတ်လိုက်တဲ့ ဓားအလင်းတွေ ဖြစ်ပါတယ်၊ ဒါကြောင့် ၄င်းမှာ ရှိတဲ့ အစွမ်းတွေက ဘယ်လိုအမျိုးအစား ဖြစ်မလဲ။

အကြီးအကဲမိုက ပြန်လှည့်ပြီးတော့ သူရဲ့လက်ဝါးကို မြှောက်ပြီး ပုတ်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ဓားအလင်းတွေက များပြားပြီးတော့ အစွမ်းကုန် ပြေးဝင်လာပြီး ဆူနာမီလှိုင်းလုံးကြီးတွေလို သူ့ကို ဝါးမျိုသွားပါတယ်။ ဓားအလင်းတွေ ပျောက်ကွယ်သွားတဲ့ အခါမှာ အကြီးအကဲမိုလည်း ပျောက်ကွယ်သွားပြီး လေထဲမှာ အသားစတွေ သွေးတွေနဲ့ အရိုးတွေက လွင့်ပျံလို့ နေပါတယ်။

လင်းဟန်က လျှောက်လာပြီးတော့ အကြီးအကဲမိုရဲ့ သိုလှောင်လက်စွပ်ကို ကောက်ယူလိုက် ပါတယ်။ ပြီးတော့ သူက ဟူးညိုတားဆီးပိတ်ပင်ထားတဲ့ တင်းကောင်းရန်နဲ့

တင်းဂမ်ချင်းကို ကြည့်လိုက်ပါတယ်။ သူတို့က ထွက်ပြေးလွတ်မြောက်ချင်နေကြ ပေမဲ့လည်း မလုပ်နိုင်ကြပါဘူး။

"ညီးညီး ငါလုပ်မယ်"

လင်းဟန်က ဓားကိုလက်ထဲမှာ ကိုင်ထားပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ နှစ်ယောက်လုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပါတယ်။ လင်းဟန်က အကြီးအကဲမိုကိုတောင်မှ သတ်ပစ်ခဲ့ပါတယ်။ အကြီးအကဲမိုနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် သူတို့က ဘာမိုလို့လဲ။

"သူငယ်ချင်းလေး။ စိတ်ကိုထိန်းပါ။ ငါတို့က တင်းမိသားစုက လူတွေပါ။ လမ်းလေးကြောင်းမြို့က တင်းမိသားစုကပါ။ မိသားစုရဲ့ ခေါင်းဆောင်က ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ပါ။ ငါ့အစ်ကို တင်းယွမ်ရှင်းပါ။ သူက လွန်ခဲ့တဲ့ ပါရမီရှင် စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ အခုသူက စိတ်ဂိညာဉ် ပလ္လင်အလွှာ ၉ အဆင့်မှာ ရှိနေပါတယ်။ ပြီးတော့ ဒီတောအုပ်ထဲမှာ ရှိနေတယ်"

တင်းကောင်းရန်က တည်ငြိမ်ချင်ယောင်ဆောင်ပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညို့က အကျိုးသင့် အကြောင်းသင့် ရှင်းပြလို့ မရပါဘူး။ လင်းဟန်ကတော့ အကျိုးသင့် အကြောင့်သင့် ရှင်းပြလို့ ရမှာပါ ဟုတ်တယ်မလား။

လင်းဟန်က သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ပဲ အမှောင်နတ်ဆိုး တောအုပ်ထဲမှာ နောက်ခံအင်အားတွေက အသုံးမဝင်ဘူးလို့ မပြောခဲ့ဘူးလား"

လာနောက်နေတာလား။ အမှောင်နတ်ဆိုး တောအုပ်အထဲမှာ လူတစ်ယောက်ရဲ့ နောက်ခံက လုံးဝကို အသုံးမဝင်ပါဘူး။ ဘယ်သူက ပိုပြီးတော့ သန်မာအားကောင်းပြီး အစွမ်းထက်တယ် ဆိုတာကိုပဲ ကြည့်တာပါ။ ပြဿနာက သူတို့အနေနဲ့ အခုချိန်မှာ လင်းဟန်ကို ဘယ်လိုမှ မယှဉ်နိုင် ကြပါဘူး။ ဒါကြောင့် တင်းကောင်းရန်က သူ့ရဲ့ နောက်ခံကို ထုတ်ဖော်ပြီးတော့ လူတွေကို ခြောက်လှန့်ဖို့ပဲ တတ်နိုင်ပါတယ်။

တင်းကောင်းရန်က လင်းဟန်အနေနဲ့ သူတို့ကို ချက်ချင်းကြီး မတိုက်ခိုက်ဘူး ဆိုတာကို တွေ့လိုက်ရတော့ ဒါက အလုပ်ဖြစ်တယ်လို့ စဉ်းစားပြီး သူက အလျှင်အမြန်ပဲ ပြောလိုက်ပါတယ်။

"သူငယ်ချင်းလေ။ တကယ်တော့ ဒါက နားလည်မှုလွဲခြင်း တစ်ခုပါပဲ"

"ဟားဟား ငါက မင်းတို့ကောင်တွေကို သတ်ပစ်တာလည်း နားလည်မှု လွဲတာ တစ်ခုပဲ"

လင်းဟန်က ရယ်မောပြီးတော့ သူရဲ့ဓားကို ဝှေ့ယမ်းပြီး တိုက်ခိုက်လိုက်ပါတယ်။

ဖူး ဖူး

ဓားချီအလင်း နှစ်ခုက ပျံသန်းထွက်သွားပြီးတော့ တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းကို လွယ်လွယ်ကူကူနဲ့ သတ်ပစ်လိုက်ပါတယ်။ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းကို ကိုင်ဆောင်ထားတဲ့ လင်းဟန်ရဲ့ အရှေ့မှာတော့ သူတို့နှစ်ယောက်လုံး နည်းနည်းလေးမှ မလှုပ်ရှားနိုင်ပဲ အသတ်ခံလိုက်ရတာ မထူးဆန်းတော့ပါဘူး။

လင်းဟန်က သိုလှောင်လက်စွပ် နှစ်ကွင်းကို ကောက်ယူလိုက်ပါတယ်။ အမြတ်အစွန်းက အတော်လေးကို ကောင်းမွန်ပါတယ်။

"သွားကြစို့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဟူးညိုက ချက်ချင်းပဲ သဘောတူလိုက်ပြီးတော့ ရှင်လန်းတက်ကြွပြီး သီချင်းလေးဆိုပြီးတော့ လိုက်လာပါတယ်။ ဒီတောအုပ်က သူမအတွက် အရမ်းကို ကောင်းမွန်တဲ့ စိတ်ခံစားမှုကို ပေးတယ်လို့ ခံစားနေရပါတယ်။

သူတို့လမ်းလျှောက်လာတုန်းမှာ လင်းဟန်က သိုလှောင်လက်စွပ် သုံးခုရဲ့ အထဲကို မွှေနှောက် ရှာဖွေလိုက်ပါတယ်။

တင်းကောင်းရန်နဲ့ တင်းဂမ်ချင်းတို့ရဲ့ သိုလှောင်လက်စွပ်တွေက ဘာမှကို မရှိသလောက်ပါပဲ။ ဒါကလည်း သူတို့က ဆေးပင်တွေကို ခူးဆွတ်ဖို့အတွက် အခုမှ အမှောင်နတ်ဆိုး တောအုပ်ကို ရောက်လာတာ ဖြစ်တဲ့အတွက် ဘာမှကို မရရှိသေးတာ သဘာဝကျပါတယ်။

ဒါပေမဲ့လည်း အကြီးအကဲမိုရဲ့ သိုလှောင်လက်စွပ်အထဲမှာတော့ မူလစွမ်းအင် ပုံဆောင်ခဲတွေက အတော်လေးကို များပြားပါတယ်။ အများစုကတော့ ကြယ်တစ်ပွင့်အဆင့် မူလစွမ်းအင် ပုံဆောင်ခဲတွေ ဖြစ်ပြီးတော့ ကြယ်နှစ်ပွင့်အဆင့် မူလစွမ်းအင် ပုံဆောင်ခဲတွေလည်း ပါဝင်ပါတယ်။ ဒါက အရမ်းကြီးတော့ မများပါဘူး။ မူလစွမ်းအင် ပုံဆောင်ခဲတွေ အပြင် သိုင်းပညာ နည်းစနစ် စာအုပ်တစ်အုပ်နဲ့ မြေပုံတစ်ခုလည်း ရှိပါသေးတယ်။

လင်းဟန်က အားလုံးကို အနက်ရောင် မျှော်စင်ထဲမှာ သိမ်းလိုက်ပြီးတော့ စာအုပ်ကို ယူပြီးတော့ လှန်လျှောဖတ်ရှုလိုက်ပါတယ်။
အံ့အားသင့်စရာကောင်းတာက ဒီစာအုပ်က မြေကမ္ဘာအဆင့် လက်သည်းသိုင်း နည်းစနစ်တစ်ခု ဖြစ်နေပါတယ်။ ဒါပေမဲ့ အကြီးအကဲမိုက အစောတုန်းက ထုတ်ပြီးတော့ အသုံးမပြုခဲ့ပါဘူး။ ဒါကြောင့် ဒီနည်းစနစ်ကို ရရှိခဲ့တာက မကြာသေးပုံ ရပါတယ်။

မြေကမ္ဘာအဆင့် သိုင်းပညာ နည်းစနစ်တွေကို စိတ်ဝိညာဉ်ပလ္လင်အဆင့် ရောက်မှပဲ လေ့ကျင့်လို့ ရပါတယ်။

လင်းဟန်က စာအုပ်ကို အနက်ရောင် မျှော်စင်ထဲကို ပစ်ထည့်လိုက်ပြီးတော့ မြေပုံကို ယူပြီးတော့ ကြည့်လိုက်ပါတယ်။

မျက်စိနဲ့ တစ်ချက်ပေ့ကြည့်လိုက်ပြီး လင်းဟန်က ပြုံးသွားပါတယ်။

ဒီမြေပုံက အမှောင်နတ်ဆိုး တောအုပ်ကို အသေးစိတ် ဖော်ပြထားပါတယ်။ အတွင်းပိုင်း နေရာတွေကို တခြားနေရာတွေထက် အမှတ်အသား တစ်ခုချင်းစီ သေချာပြထားပါတယ်။

ဥပမာ စခန်းတစ်ခုချင်းစီကို ဘယ်အဖွဲ့အစည်းက ပိုင်ဆိုင်လဲ ဆိုတာရယ် ဘယ်နေရာမှာ ဘယ်လိုမျိုး တန်ဖိုးကြီးမားတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေ ရှိတယ်ဆိုတာကိုပါ အသေးစိတ် ဖော်ပြထားပါတယ်။

နောက်ပြီးတော့ ပန်းဖူးအဆင့် မိစ္ဆာသားရဲတွေ ကျက်စားတတ်တဲ့ နေရာတွေကိုလည်း အန္တရာယ်ရှိတဲ့ အမှတ်အသားအဖြစ် အနီရောင် စက်ဝိုင်းတစ်ခုနဲ့ ဝိုင်းပြထားပါတယ်။

မဆိုးဘူး။ မဆိုးဘူး။ ဒီမြေပုံက အတော်လေးကို တန်ဖိုးရှိတာပဲ။

လင်းဟန်က ထပ်ပြီးတော့ ရှာကြည့်လိုက်တဲ့အခါမှာ တင်းကောင်းရန် ရည်ညွှန်းထားတဲ့ နေရာကို ရေခဲမီးတောင်ကြားချိုင့်ဝှမ်းဆိုပြီးတော့ မြေပုံပေါ်မှာ မှတ်သားထားတာကို တွေ့လိုက်ရပါတယ်။ အဲဒီနေရာရဲ့ တစ်ဖက်လောက်ကို အေးစိမ့်တဲ့ ရေခဲတွေက နှစ်ပေါင်းများစွာတိုင်အောင် ဖုံးလွှမ်းထားပြီး တခြားတစ်ဖက်ကိုတော့ နီရဲတဲ့ မီးတောက်ကြီးတွေက ကောင်းကင်ပေါ်ကို ဖျတ်ခနဲထိုးထွက်လာလေ့ ရှိပါတယ်။ ၎င်းက အပူနဲ့အအေးရောယှက်နေတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

ဒီနေရာမှာ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်က ရှင်သန်ပေါက်ဖွားနိုင်ပါတယ်။

လင်းဟန်က အလျင်စလိုပဲ ထွက်လာလိုက်ပါတယ်။ အကွာအဝေးက အရမ်းကို ကြီးမားပါတယ်။ တောင်ကြားချိုင့်ဝှမ်းအထဲမှာ စိတ်ဂိညာဉ်ပလ္လင် အထွတ်အထိပ် မို့စွာသားရဲတစ်ကောင် ရှိပါတယ်။ ၎င်းက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရောမ

မြွေကြီးတစ်ကောင် ဖြစ်ပြီးတော့ အရမ်းကို ကောက်ကျစ်ပြီး ညာဏ်များပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ၎င်းနဲ့ အမှတ်မထင် ကြုံတွေ့ရတဲ့ အခါမှာ ၎င်းက ရေခဲဂူထဲမှာ တီကောင်တစ်ကောင်လိုမျိုး ပုန်းနေပြီး တခြားသိုင်းပညာရှင်တွေနဲ့ တွေ့ဆုံတဲ့ အခါမှာတော့ ၎င်းက ပြင်းပြင်းထန်ထန်ကို တိုက်ခိုက်တတ်ပါတယ်။ ဒါကြောင့် လူနည်းစုကပဲ ဒီတောင်ကြားချိုင့်ဝှမ်းထဲကို ဝင်ကြပါတယ်။

ဒါပေမဲ့လည်း တောင်ကြားချိုင့်ဝှမ်းရဲ့ ပြင်းထန်တဲ့ အခြေအနေတွေကြောင့် တခြားစိတ်ဂိညာဉ် ဆေးပင်တွေ ပေါက်ရောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်သလောက်ပါပဲ။ ဒါကြောင့် ပန်းဖူးအဆင့် လက်ရွေးစင်တွေက ဒီရောမ မြွေကြီးကို သတ်ပစ်ဖို့အတွက်ပဲ သွားကြတာဖြစ်ပြီးတော့ ဆေးပင်တွေကို ခူးဆွတ်တဲ့ သူတွေကတော့ အဝေးကိုရှောင်ရှား သွားလာကြပါတယ်။

တစ်ရက်ကြာပြီးတဲ့နောက်မှာ လင်းဟန်က တောင်ကြားချိုင့်ဝှမ်းကို ရောက်လာခဲ့ပါတယ်။

သူက တောင်ကြားထဲကို မဝင်သေးပါဘူး။ ဒါပေမဲ့ ရှုတ်တရက်ဆိုသလို သတိပေး ခေါင်းလောင်းသံတွေ ဆူညံသွားပြီးတော့ နောက်ဘက်ကို

လှည့်ကြည့်လိုက်တဲ့အခါ ပေသုံးဆယ်ခန့်အကွာမှာ လူတစ်ယောက်က သုတ်သီးသုတ်ပျာနဲ့ ပေါ်ထွက်လာခဲ့ပါတယ်။

အောင်းဖန်။

ဒီလူက သူ့ကိုလိုက်ဖမ်းနေတယ် ဆိုတာ သေချာပေါက်ပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက သူက ဟန်လင်းဆိုပြီးတော့ ရုပ်ဖျက်ထားခဲ့ပါတယ်။

အောင်းဖန်က သူရဲ့မျက်နှာပေါ်မှာ သတ်ချင်ဖြတ်ချင်နေတဲ့ စိတ်တွေ အပြည့်နဲ့ ရောက်လာခဲ့ပြီး လင်းဟန်က ခေါင်းကိုလှည့်ကြည့်လိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ တစ်ခဏတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။

ဒါက သူရှာဖွေနေတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ဘာဖြစ်လို့ သူတို့တွေက အနောက်ကနေ ကြည့်တဲ့အခါမှာ တစ်ယောက်တည်းလို့ ထင်ရလောက်အောင် ဟန်ပန်အမူအရာတွေက တူညီနေရတာလဲ။

အပိုင်း(၃၉၄) အောင်းဖန်နဲ့ နောက်ထပ်ဆုံတွေ့ခြင်း

လင်းဟန်က အောင်းဖန်ကို ကြည့်လိုက်ပါတယ်။ လတော်တော်များများ ကုန်သွားတဲ့ နောက်မှာတော့ အောင်းမိသားစုရဲ့ ပါရမီရှင်က ပန်းဖူးအဆင့်ကို ရောက်သွားခဲ့ပါပြီ။ သူ့မှာ ဖော်ပြလို့မရတဲ့ တည်ဆောက်ပုံတစ်ခု ရှိပြီးတော့ ဟင်းလင်းပြင်နဲ့တူပြီးတော့ ထွက်ပေါက်မရှိတဲ့ ပုံစံမျိုးနဲ့ ရပ်နေပါတယ်။ ဒီခံစားချက်က သူ့ကို အန်ချင်လောက်အောင် အော်ဂလီဆန်တဲ့ ခံစားမှုမျိုး ပြုလုပ်နေပါတယ်။

အကောင်းဆုံးဖြေရှင်းချက်က သူ့ကို မကြည့်တာပဲ ကောင်းပါတယ်။

ပန်းဖူးအဆင့်တွေက သေမျိုးအဆင့်ကို ကျော်ဖြတ်သွားခဲ့ပြီး စိတ်ဂိညာဉ် ပင်လယ်အဆင့်တောင် သူတို့ရဲ့ စွမ်းအားအရိပ်အခြည်ကိုတောင် စိုက်ကြည့်ဖို့ မတတ်နိုင်ပါဘူး။

သူရဲ့အမူအရာက တည်ငြိမ်နေပါတယ်။ ဒါပေမဲ့ အတွင်းမှာတော့ အရမ်းကို သတိဂီရိယ ထားပြီး နိုးကြားတက်ကြွနေပါတယ်။ ပန်းဖူးအဆင့် သိုင်းပညာရှင်တွေက အရမ်းကို အစွမ်းထက်ပါတယ်။ တကယ်လို့ အခုချိန်မှာ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်

အလွှာ ၉မှာ ရှိနေမယ်ဆိုရင်တောင် ခုခံနိုင်စွမ်း ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီအကန့်အသတ်ကို ကျော်ဖြတ်ဖို့က အရမ်းကို ခက်ခဲလွန်းပါတယ်။

တကယ်လို့ အောင်းဖန်က လှုပ်ရှားလာမယ်ဆိုရင် သူက အနက်ရောင် မျှော်စင်ထဲကို ချက်ချင်းပဲ ဝင်သွားပါလိမ့်မယ်။

မိုးကြိုးလျှပ်စီး ချပ်ဂတ်လား။ ဒီချပ်ဂတ်ရဲ့ အစွမ်းကို ထုတ်ပြီးတော့ အောင်းဖန်ရဲ့ တိုက်ခိုက်မှုကို ကာကွယ်နိုင်စွမ်း ရှိတာမရှိတာ အသာထားဦး။ တကယ်လို့ သူသာအသုံးပြုလိုက်မယ်ဆိုရင် အောင်းဖန်ကို သူက ဟန်လင်းဖြစ်ပါတယ်လို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။

"မင်းဘယ်သူလဲ"

အောင်းဖန်က မေးလိုက်ပါတယ်။ သူ့ရဲ့ အစွမ်းထက်လှတဲ့ နတ်ဘုရားတစ်ပါးလို အစွမ်းကို ထုတ်လွှတ်ပြီးတော့ ပြောလိုက်တာ ဖြစ်ပါတယ်။

`ဆောင့်ကြွားကြွားနဲ့ကွာ`

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့

ပြောလိုက်ပါတယ်။ ပန်းဖူးအဆင့်ကို ရောက်ကာစ လူသစ်လေးတွေက သူတို့ရဲ့ အစွမ်းတွေကို ထုတ်ဖော်ပြသလေ့ ရှိကြပါတယ်။ သူတို့ရဲ့အစွမ်းက သေမျိုးအဆင့် အကန့်အသတ်ကို ဖြတ်ကျော်ခဲ့ပြီးဆိုတော့ ဒီလိုမျိုး စိတ်နေစိတ်ထားတစ်ခု ရှိကြပါတယ်။

သူက နည်းနည်းလေးမှ ကြောက်ရွံ့တဲ့ လက္ခဏာ မပြပဲ သူ့ရဲ့ ရွှေရောင်တံဆိပ်ပြားကို ဆွဲထုတ် ယူပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်နာမည် လင်းဟန်လို့ ခေါ်တယ်။ မြေကဗ္ဗာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ"

"လဗ္ဗွတ်"

အောင်းဖန်က တဒင်္ဂတော့ အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလိုမျိုး ငယ်ရွယ်တဲ့ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဟုတ်လား။ ဒါက အရမ်းကို လွန်သွားပါပြီ။ ဒါပေမဲ့လည်း သူ့ရဲ့အမြင်အရဆိုရင် ဒီတံဆိပ်ပြားကို မျက်စိတစ်ချက် ငေ့ကြည့်လိုက်တာနဲ့ အစစ်ဆိုတာကို ပြောနိုင်ပါတယ်။

သူက ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ဖြစ်ပြီးတော့ သာမန်တော့မဟုတ်ပါဘူး။ ဒါပေမဲ့ ပြဿနာက အဆင့်နိမ့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေကို ပန်းဖူးအဆင့် စစ်သည်တော်တွေနဲ့ တူညီစွာ ဆက်ဆံကြပါတယ်။ ပြီးတော့ မှော်ဆေးပညာရှင်တွေက ရှားပါးတဲ့ အတွက်လည်း သူတို့ရဲ့ အဆင့်က အမှန်တကယ်ပဲ မြင့်မားတဲ့ အဆင့်တစ်ခု ရှိပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ မှော်ဆေးပညာရှင်တွေကို အရမ်းကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံကြရပါတယ်။

ဒါပေမဲ့ ပန်းဖူးအဆင့်တွေက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေရဲ့ ယဉ်ကျေးပျူငှာပြီး လောကဂတ်ပြုခြင်းကို ခံရနိုင်ပါ့မလား။ မဖြစ်နိုင်တာ။ သိုင်းပညာရဲ့ အဆင့်တွေက အလွှာတိုင်း အလွှာတိုင်း တင်းကျပ်ပါတယ်။ တကယ်လို့ ပန်းဖူးအဆင့်က တစ်စုံတစ်ယောက်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ရဲ့ အရှေ့မှာ ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုပြီးတော့ ဘဝင်ခိုက်နေပြီး မာန်တက်နေလို့ကတော့ သေချာပေါက် သေခြင်းတရားနဲ့ ရင်ဆိုင်သွားရပါလိမ့်မယ်။

သူတို့မှာ နတ်ဘုရားအသွင် ပြောင်းလဲခြင်းအဆင့် ဒါမှမဟုတ်

ကောင်းကင်အဆင့်မှာရှိတဲ့ အဖေတစ်ယောက် ရှိမနေဘူးဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပြီးတော့ တကယ်လို့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က မင်းရဲ့အဖေ ဖြစ်နေမယ်ဆိုရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တွေက ဒူးထောက်ပြီးတော့ မင်းရဲ့ခြေထောက်ကို ဖက်ပြီးတော့ ကပ်ပါးရပ်ပါး လုပ်ဖို့ဆိုတာ မဖြစ်နိုင်စရာ အကြောင်း လုံးဝမရှိပါဘူး။

"ဒါဆိုရင် ဆရာသခင်လင်းပေါ့"

အောင်းဖန်က သူရဲ့ ဝင့်ကြွားနေတဲ့ အပြုအမူတွေကို ရုတ်သိမ်းလိုက်ပါတယ်။ သူကအခုမှ ပန်းဖူးအဆင့်ကို ဝင်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် နောက်ပိုင်းမှာ သူ့အနေနဲ့ လင်းဟန်ကို မှော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ တောင်းဆိုရမဲ့ အချိန် ရှိလာပါလိမ့်မယ်။ နောက်ပြီးတော့ မှော်ဆေးပညာရှင်တွေက အရမ်းကို စည်းလုံးတဲ့ အဖွဲ့တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် တစ်ယောက်ကို ဆန့်ကျင်လိုက်တာက အုပ်စုတစ်ခုလုံးကို ဆန့်ကျင်လိုက်သလိုပါပဲ။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန်နဲ့ ရန်သူဖြစ်လို့ မရပါဘူး။

ဒါပေါ့ အဓိကက အနာဂတ်မှာ လင်းဟန်ကို သူ့အတွက်

ဆေးလုံးတွေကို ဖော်စပ်ဖို့အတွက် တောင်းဆိုရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ လင်းဟန်ကို အမှောင်နတ်ဆိုး တောအုပ်ထဲမှာ သတ်ပစ်လိုက်မယ်ဆိုရင် ဘယ်သူသိနိုင်မှာလဲ။

လင်းဟန်က လက်ကိုဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားက အရမ်းကို ယဉ်ကျေးတာပဲ"

သူက အေးစက်စက်လည်းမဟုတ် နွေးထွေးမှုလည်း မရှိပဲနဲ့ မှော်ဆေးပညာရှင်တွေရဲ့ မာနကြီးတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

ဒါက သူရဲ့ စစ်မှန်တဲ့ အရည်အသွေးဖြစ်ပါတယ်။ ဒါကြောင့် သူက လွယ်လွယ်ကူကူနဲ့ ပြုမှုနိုင်ပါတယ်။

"အမှောင်နတ်ဆိုး တောအုပ်ထဲကို ဆရာလေးလင်းက ဘယ်လိုလုပ်ပြီးတော့ တစ်ယောက်တည်း လာခဲ့တာလဲ။ မဟုတ်ဘူး နှစ်ယောက်ပေါ့"

အောင်းဖန်က မေးလိုက်ပါတယ်။ သူက ဟူးညိုကို မြင်လိုက်တော့ တစ်စုံတစ်ခုတော့ ထူးဆန်းနေသလို

ခံစားလိုက်ရပါတယ်။

သူ့အဆင့်နဲ့ အားလုံးကို ထိန်းချုပ်နိုင်တယ်လို့ ထင်ပေမဲ့လည်း ဟူးညိုကို ကြည့်ရတာ အရမ်းကို ထူးဆန်းတဲ့ အရာတစ်ခုကို ကြည့်နေရသလိုမျိုးပါပဲ။ ကံကောင်းတာက ဒါက အသက်ငါးနှစ် ခြောက်နှစ်အရွယ် ကလေးလေးပဲ ဖြစ်နေတဲ့အတွက် သူ့အနေနဲ့ ဘယ်လိုပဲ ကြည့်ကြည့် ကိစ္စမရှိပါဘူး။

"ကျနော်က စိတ်ဂိညာဉ် ဆေးပင်တစ်မျိုးကို လိုနေတာပါ။ တကယ်လို့ အောင်းအစ်ကို ရှာတွေ့နိုင်တယ်ဆိုရင် အရမ်းကို ခန့်ညားလောက်တဲ့ ဆုလာဘ်တစ်ခု သေချာပေါက် ရပါလိမ့်မယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဒီစကားကို ကြားလိုက်ရတော့ အောင်းဖန်ရဲ့ စိတ်ထဲမှာ စက်ဆုပ်ရွံရှာမှုတွေနဲ့ ပြည့်နှက်သွား ပါတယ်။

သူကန် ပန်းဖူးအဆင့် လူတစ်ယောက်ပါ။ ဒါပေမဲ့ အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ပဲ ရှိပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူငယ်လေးတစ်ယောက်က သူ့ကို

အစ်ကိုလို့ ခေါ်ရဲတယ်။ ဒါကသူ့ကို အတော်လေးကို စိတ်မသက်မသာ ခံစားမှုကို ဖြစ်စေပါတယ်။ လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်နေပါတယ်။ ဒါကြောင့် သူရဲ့အသက်က ငယ်ရွယ်ပြီးတော့ ကျင့်ကြံခြင်းအဆင့် နိမ့်နေတာက အမှန်တကယ်တော့ ပြဿနာ မဟုတ်ပါဘူး။

"ဘယ်လိုမျိုး စိတ်ဝိညာဉ် ဆေးပင်ကို ဆရာလေးလင်းက ရှာနေတာလဲ"

အောင်းဖန်က မေးလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်နဲ့ ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်မယ်ဆိုရင် အခုချိန်မှာ သူ့ကိုယ်သူ နှိမ့်ချထားရပါမယ်။

"ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပြီးတော့ အတွင်းထဲမှာတော့ ကျိတ်ပြီးတော့ ရယ်မောနေပါတယ်။ တကယ်လို့ အောင်းဖန်သာ ဒီစိတ်ဝိညာဉ် ဆေးပင်ကို ရှာတွေ့ခဲ့မယ် ဆိုရင် သူက မူလစိတ်ဝိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်ပြီးတော့ လင်းဒေါင်ရှန်ကို ပေးပြီး သူ့အဖေရဲ့ ကျင့်ကြံခြင်းကို

မိုးထိအောင်မြင့်တက်ပြီး အောင်းဖန်ထက် သာလွန်တဲ့ အချိန်ကျမှ အောင်းဖန်ကို အမှန်အတိုင်း ပြောရပါမယ်။ ဒါဆိုရင် ဒီလူက ဒေါသတွေထွက်ပြီး သွေးတွေအန်ထွက်လာပါလိမ့်မယ်။

"ကောင်းပြီလေ။ ငါမှတ်ထားပါမယ် တကယ်လို့ အခွင့်အရေး ရှိမယ်ဆိုရင် ငါကိုယ်တိုင် ဒီစိတ်ဂိညာဉ် ဆေးပင်ကို သေချာပေါက် လာပို့ပေးပါမယ်"

အောင်းဖန်က ခေါင်းညိတ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ငါ့မှာလုပ်စရာ ကိစ္စလေးတွေ ရှိနေတဲ့ အတွက်ကြောင့် ကျုပ် နှုတ်ဆက်ခဲ့ပါတယ်"

"ကောင်းပါပြီ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

အောင်းဖန်က လေအလျင်အတိုင်း ထွက်သွားခဲ့ပြီး မကြာခင်မှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ အကြည့်တွေက အေးစက်သွားပါတယ်။

တကယ်လို့ အောင်းဖန်းနဲ့ သူက သွေးသောက်ညီအစ်ကိုတွေ ဖွဲ့လိုက်မယ်ဆိုရင် ဒီလူက လင်းဒေါင်ရှန်ကို ဦးလေးလို့ ခေါ်ရပါလိမ့်မယ်။ ဟားဟား လင်းဟန်က ချက်ချင်းဆိုသလို သူရဲ့ခေါင်းကို ခါပြီးတော့ မေ့ထားလိုက်ပါတယ်။

"လင်းဟန်က ဒီလူဆိုးကို မကြိုက်ဘူးလား"

ဟူးညိုက ရုတ်တရက် မေးလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုးက အရမ်းတော်တာပဲ။ အကုန်လုံးသိနေတယ်"

ဟူးညိုက တစ်ခစ်ခစ်နဲ့ ရယ်မောလိုက်ပါတယ်။ သူမက စိတ်ခံစားချက်တွေကို အာရုံခံတဲ့ နေရာမှာ အရမ်းကို ကောင်းပါတယ်။ တကယ်လို့ လင်းဟန်က အမုန်းတရားတွေကို စိတ်ထဲမှာ ထိန်းချုပ်ထားပြီး အောင်းဖန်ကို လှည့်ဖြားနိုင်ရင်တောင်မှ ဟူးညိုရဲ့ အကြည့်တွေ အောက်ကနေ မလွတ်မြောက်နိုင်ပါဘူး။

"ဒါပေမဲ့လည်း အခုကနေစပြီးတော့ ငါတို့တွေ

သတိထားရတော့မယ်”

လင်းဟန်က ဟူးညီနဲ့အတူ တောင်ကြားချိုင့်ဝှမ်းထဲကို လမ်းလျှောက်ပြီးတော့ ဝင်လာခဲ့ပါတယ်။

ရေခဲမီးတောင်ကြားချိုင့်ဝှမ်းက ရေခဲကမ္ဘာတစ်ဝက်နဲ့ မီးကမ္ဘာတစ်ဝက် ဖြစ်ပါတယ်။ လူတစ်ယောက် ဝင်လိုက်တာနဲ့ အဆုံးမရှိတဲ့ နှင်းတွေက တောင်ကြားတစ်ခုလုံး ဖုံးကွယ်နေပြီး မြင်ကွင်းတစ်ခုလုံး ဖြူဖွေးနေတာကို မြင်လိုက်ရပါတယ်။

“ဒီနေရာမှာ ရောမ မြွေကြီးတစ်ကောင် ရှိတယ်”

လင်းဟန်က ပြောလိုက်ပါတယ်။

“ညီးညီး မြွေအသားစားချင်တယ်”

ဟူးညီရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို ဝိုင်းစက်သွားပြီး သွားရည်တွေတောင် ကျလုမတတ် ဖြစ်သွားပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီရောမ မြေပြကြ စိတ်ဂိညာဉ် ပလ္လင် အထွတ်အထိပ်အဆင့်မှာရှိတယ်။ ငါတော့မနိုင်ဘူး။ ညီးညီးရော နိုင်လား"

"ညီးညီးလည်း မနိုင်ဘူး"

ဟူးညီက စိတ်ဓာတ်ကျတဲ့ ပုံစံနဲ့ သက်ပြင်းချလိုက်ပါတယ်။ သူမပုံစံကို ကြည့်ရတာ အရမ်းကို မကျေမနပ် ဖြစ်နေပုံ ရပါတယ်။

ဒါက အစားသောင်းကြမ်းတဲ့ သူမအတွက်တော့ အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။

"ငါတို့ရဲ့ အဓိက လုပ်ရမဲ့ ကိစ္စက ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရှာဖို့ပဲ။ ဒီမြေပြကြီးကိုတော့ နောက်ကျမှ ငါတို့တွေ ပြန်လာပြီးတော့ ရှင်းကြတာပေါ့"

လင်းဟန်က ပြောလိုက်ပါတယ်။

"အင်း"

ဟူးညို့က ချစ်စဖွယ်အမူအရာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

သူတို့နှစ်ယောက် လမ်းလျှောက်တာ အရမ်းကို မြန်ပါတယ်။ ရေခဲချိုင့်ဝှမ်းကို ဖြတ်လာပြီးတော့ မီးပင်လယ်ကြီး တစ်ခုက သူတို့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ နီရဲနေတဲ့ ချော်ရည်တွေက လှည့်လည် စီးဆင်းလို့နေပါတယ်။ ဒီမြင်ကွင်းက လူတစ်ယောက်ကို ကျောစိမ့်သွားအောင် ဖြစ်စေပါတယ်။

မီးပင်လယ်နဲ့ ရေခဲအလွှာအကြားမှာ ဆူပွက်နေတဲ့ ရေပြင်တစ်ခု ရှိပြီးတော့ သက်သာတဲ့ ကြားခံနေရာ တစ်ခုပုံစံ ဖြစ်ပေါ်နေပါတယ်။ ဒါပေမဲ့လည်း မီးပင်လယ်နဲ့ ရေခဲပြင်က ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ တစ်ခုနဲ့တစ်ခု မဖျက်ဆီးနိုင်ပဲနဲ့ ဒီအတိုင်းပဲ တည်ရှိနေတာ နှစ်ပေါင်းထောင်ချီနေပါပြီ။

လင်းဟန်ရဲ့ အသိဉာဏ်ထဲမှာတော့ အမှောင်နတ်ဆိုး တောအုပ်လိုမျိုး နေရာမရှိပါဘူး။ ကောင်းပြီလေ ဒီလိုမျိုး သူမသိသေးတဲ့ နေရာတွေလည်း ရှိနိုင်တာပဲ။ တကယ်တော့ ကြီးမား ကျယ်ပြန့်တဲ့ ကုန်းမြေကြီးက အရမ်းကို ကျယ်ပြန့်လွန်းပါတယ်။

လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်

ပေါက်ရောက်နိုင်တဲ့ တည်နေရာတွေကို ဂရုစိုက်ပြီးတော့ ရှာဖွေလိုက်ပါတယ်။ ဒီလိုမျိုး စိတ်ဂိညာဉ် ဆေးပင်တစ်ပင်က ကြားခံနယ်မြေ တစ်ခုထဲမှာပဲ ရှင်သန်ပေါက်ရောက် နိုင်ပါတယ်။ အေးစိမ့်နေတဲ့ ရေခဲရဲ့ အအေးစွမ်းအင်နဲ့ မီးတောက်ရဲ့ အပူစွမ်းအင်တွေကို စုပ်ယူပြီးတော့ ရှင်သန်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ် ရှင်သန်ပေါက်ရောက် နိုင်မှာလဲ။

ဒါပေမဲ့လည်း ကြားခံနယ်မြေ တစ်ခုလုံးက ရေတွေဆူပွက်နေပြီးတော့ ကျောက်တုံးမျက်နှာပြင် နည်းနည်းလေးမှတောင် မရှိပါဘူး။ ဒီအတိုင်းဆို ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်က ဒီနေရာမှာ ပေါက်ရောက်ရှင်သန်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီစိတ်ဂိညာဉ် ဆေးပင်က ရေပတ်ဝန်းကျင်ကို မနှစ်သက်ပါဘူး။

သူလာခဲ့တာ အလကားဖြစ်သွားပါပြီ။

လင်းဟန်က မြေပုံကို ထုတ်လိုက်ပါတယ်။ မြေပုံပေါ်မှာ အထူးအမှတ်အသားနဲ့ ရေးခြစ်ထားတဲ့ နေရာတွေ တော်တော်များများ ရှိပါတယ်။ ဒါပေမဲ့ ဒီရေခဲမီး တောင်ကြားချိုင့်ဝှမ်းထက် ဘယ်နေရာမှ ကြက်သွေးရောင်

အေးစိမ့်ရေခဲ ဆေးပင် ပေါက်ဖို့အတွက် သင့်တော်တဲ့ နေရာ မရှိပါဘူး။

အမှောင်နတ်ဆိုး တောအုပ်ရဲ့ အတွင်းပိုင်း နေရာဆိုရင်တော့ မပြောတတ်ဘူး။

ဟုမ်း

အဲဒီအချိန်မှာပဲ မြွေကြီးက အက်ကွဲတဲ့ အသံတွေ ထွက်ပေါ်လာပြီးတော့ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူပြီး ရှည်လျားတဲ့ မြွေကြီးတစ်ကောင်က ရေခဲပြင်ကို ချိုးဖျက်ပြီးတွေ ထွက်လာခဲ့ပါတယ်။ မြွေကြီးရဲ့ ခေါင်းတစ်ခုတည်းကပဲ မီတာတော်တော်များများ မြင့်မားပြီး မြွေရဲ့ ခန္ဓာကိုယ်တစ်ခုလုံးက အံ့အားသင့်စရာ ကောင်းလောက်အောင် ရှည်လျားလွန်းပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ မြွေကြီးရဲ့ အရှည်ကြောင့်မဟုတ်ပဲ ၎င်းရဲ့ ခေါင်းပေါ်မှာ ရှိနေတဲ့ အသားပိုကြောင့် ဖြစ်ပါတယ်။

ရေနဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားတာများလား။

အပိုင်း (၃၉၅) မြွေဖြူကြီးနဲ့ တိုက်ခိုက်ခြင်း

မြွေများက ရေနဂါး အဖြစ်ကို ပြောင်းလဲသည်။ ပြီးတော့ ရေနဂါးများက နဂါးများ အဖြစ်ကို ပြောင်းလဲသွားသည်။ ဒါက အသွင်ပြောင်းလဲခြင်းရဲ့ ဖြစ်ရိုးဖြစ်စဉ် လမ်းကြောင်း ဖြစ်ပါတယ်။

ပြဿနာက ရေနဂါးတွေမှာ ဦးချိုနှစ်ခေါင်းပါရှိပါတယ်။ ဒါပေမဲ့ ဒီမြွေကြီးရဲ့ ခေါင်းပေါ်မှာတော့ အသားပိုရှိနေပါတယ်။ နတ်မြင်းပျံတစ်ကောင် အဖြစ်ကို ပြောင်းလဲတာများလား။

ဟူးညိုက ချက်ချင်းဆိုသလို ဂပ်ချလိုက်ပြီး သူမရဲ့ ပါးစပ်ကို ဟကာ အဖြူရောင် သွားတွေကို ထုတ်ဖော်ပြီး မာန်ဖီလိုက်ပါတယ်။ တကယ်လို့ သူမမှာ ကျားတစ်ကောင်လို အမွေးပါရှိမယ်ဆိုရင် သေချာပေါက် ထောင်နေပါလိမ့်မယ်။

လင်းဟာန်လည်းပဲ သတိဂီရိယအပြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒီရောမ မြွေကြီးက ရေခဲမီး တောင်ကြားချိုင့်ဝှမ်းမှာ တကယ်ကို နိုင်လိုမင်းထက် ပြုလုပ်တတ်တဲ့ အာဏာရှင် တစ်ယောက် ဖြစ်ပြီး စိတ်ဝိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်မှာ ရှိနေပါတယ်။ ဒါပေမဲ့ အကြောင်းပြချက် တချို့ကြောင့်

ဒီမြွေကြီးက လင်းဟန်ကို အောင်းဖန်ထက် ပိုပြီးတော့ ထိတ်လန့်စေတဲ့ ခံစားမှု တစ်ခုကို ပေးစွမ်းပါတယ်။

ဒါက အတော်လေးကို မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟူးညိုလည်းပဲ ဒီခံစားမှုမျိုး ရှိနေပြီး ချက်ချင်းဆိုသလို ခုခံကာကွယ်တဲ့ ပုံစံတစ်ခုနဲ့ ခြိမ်းခြောက်တဲ့ ကိုယ်နေကိုယ်ထားအတိုင်း ရှိနေပါတယ်။ အစောပိုင်းတုန်းက အောင်းဖန်ပေါ် လာခဲ့ အချိန်မှာ ဟူးညိုက အရမ်းကို တည်ငြိမ်နေပါတယ်။

ရောမ မြွေကြီးက ဖြည်းညှင်းစွာနဲ့ ပါးပျဉ်းထောင်လိုက်ပါတယ်။ မြွေကြီးရဲ့ခေါင်းက မြင့်တက်လျက် ရှိပြီးတော့ ၎င်းရဲ့ ခန္ဓာကိုယ်က အဆုံးမရှိတဲ့ ပုံစံမျိုး ရှည်လျားလွန်းပါတယ်။ ၎င်းရဲ့ခေါင်းက တောင်ကြားရဲ့ အမြင့်ကို ရောက်သွားပြီးတဲ့နောက်မှာ ၎င်းရဲ့ ခန္ဓာကိုယ်ကတော့ ရေခဲပြင်ထဲကနေ အပြည့်အဝ ထွက်ပေါ် မလာသေးပါဘူး။

ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလှပါတယ်။ ၎င်းမြွေကြီးက အနည်းဆုံး မီတာတစ်ထောင် ရှိနိုင်ပြီး မီတာထောင်ပေါင်းများစွာတောင် ရှည်လျားနိုင်ပါတယ်။

လင်းဟန်က ပဟေဠိ ဖြစ်လို့နေပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် သားရဲမြွေက ဒီလောက်ထိ ရှည်လျားကြီးထွားနိုင်သလား။

ခန္ဓာကိုယ် ပိုပြီးတော့ ကြီးမားလေ ဝင်းသက်ရှိသတ္တဝါက ပိုပြီးတော့ အစွမ်းထက်လေပါပဲ။ ဥပမာ သက်ရှိသတ္တဝါ တစ်ကောင်က အရွယ်ရောက်တဲ့ အချိန်မှာ သူတို့ရဲ့ အရွယ်အစားက ကြီးမားပြီး ဖွံ့ထွားလာနိုင်ပါတယ်။ ပြီးတော့ ၎င်းက လေ့ကျင့်ဖို့ မလိုအပ်ပါဘူး။ တကယ်လို့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတွေက ပျက်စီးသွားမယ် ဆိုရင်တောင် လူတွေနဲ့ တခြားမိစ္ဆာသားရဲတွေက အများအပြား သေကျေပြုန်းတီးသွားပြီးတော့ လက်ရွေးစင် အနည်းငယ်ပဲ ရှင်သန်လွတ်မြောက် နိုင်ပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ မိုးကောင်းကင်က သက်ရှိသတ္တဝါ တစ်ကောင်ရဲ့ ခန္ဓာကိုယ် အရွယ်အစားကို တင်းတင်းကြပ်ကြပ် ကန့်သတ်ထားလို့ပဲ ဖြစ်ပါတယ်။ မိစ္ဆာသားရဲတွေ အတွက်ကတော့ သူတို့ရဲ့ ခွန်အား တိုးလာတာနဲ့အမျှ သူတို့ရဲ့ အရွယ်အစားကလည်း တိုးလာနိုင်ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် မိစ္ဆာသားရဲ တစ်ကောင် အတွက်က ခန္ဓာကိုယ် အရွယ်အစား ကန့်သတ်ချက်က မီတာရာဂဏန်းလောက်ပဲ ဖြစ်ပြီးတော့

ပန်းဖူးအဆင့် မှိုစ္စာသားရဲ တစ်ကောင်ကတော့ မီတာတစ်ထောင် အရွယ်အစားထိ ရောက်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအကန့်အသတ်ကို ကျော်လွန်ခြင်း မရှိပါဘူး။

ဒါပေမဲ့လည်း ဒီရောမ မြွေကြီးက စိတ်ဂိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်ပဲ ရှိပြီးတော့ ၎င်းရဲ့ ခန္ဓာကိုယ်က မီတာရာဂဏန်းကို ချိုးဖြတ်ပြီး မီတာတစ်ထောင်ကျော်ကို ရောက်ရှိပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ ထိပ်ဆုံးအထိကို ရောက်နေပါတယ်။ ပြီးတော့ ၎င်းရဲ့ ခေါင်းပေါ်က အသားပိုက ပိုပြီးတော့တောင် ထူးဆန်းပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် မြွေမှိုစ္စာသားရဲက ရေနဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲနိုင်တဲ့ ပုံပြင်တွေ လုံးဝ မရှိခဲ့ပါဘူး။

ရေနဂါးအဖြစ်ကို ပြောင်းလဲတဲ့ အဖြစ်အပျက်က ကောင်းကင်အဆင့်ပြီးမှ ဖြစ်ပျက်နိုင်တာပါ။

ထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်။

အခုတွေးတောနေတာက တော်တော်လေးကို ရှည်တယ်ဆိုပေမဲ့ အသက်ရှူချိန် တစ်ရှိုက်စာ အတွင်းမှာ ဖြစ်ပျက်သွား ကိစ္စတစ်ခု ဖြစ်ပါတယ်။ ပုန်းဆိုတဲ့ အသံနဲ့အတူ

ရောမ မြွေကြီးက မိုးကောင်းကင်ထက်ကနေ ဆင်းသက်လာပြီးတော့ သူရဲ့ခေါင်းကြီးကို တစ်ဖြောင့်တည်း ဆန့်တန်းထားလိုက်ပါတယ်။
ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းကို အသုံးပြုပြီးတော့ အသာစီး ရယူလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာတစ်ခုလုံး စိမ်းသွားပါတယ်။ သူက ကောင်းကင်ကို မော့ပြီးတော့ သူမရဲ့ နှလုံးသားကို ကျေနပ်သွားအောင် တိုက်ခိုက်ချင်နေတဲ့ ဟူးညိုကို ကောက်ချီပြီးတော့ လျပ်ပြက်သလိုပဲ သူတို့ရဲ့ ပုံရိပ်က ပျောက်ကွယ်သွားပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့ပါတယ်။

ရောမ မြွေကြီးရဲ့ အစွမ်း၊ အလေးချိန်နဲ့ ကောင်းကင်ပေါ်ကနေ တစ်ဟုန်ထိုး ပြေးဝင်လာမှုရယ် ဆိုရင် ဒီလိုမျိုး ရောမ ခွန်အားကြီးက သူနဲ့ ဟူးညိုကို အသားပြား ဖြစ်သွားဖို့ လုံလောက်ပါတယ်။ ဒါကတကယ့်ကို ယုတ္တိမရှိပါဘူး။ ရောမမြွေကြီးရဲ့ အစွမ်းကို လုံးဝမထုတ်ဖော်ရင်တောင်မှ ပကတိအတိုင်း ခွန်အားနဲ့ ရိုးရိုးရှင်းရှင်းလေး ဖိချလိုက်ရင်ပဲ သူတို့အနေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

"ထူးဆန်းတယ်။ ထူးဆန်းတယ်။ ဒီရောမ မြွေကြီးပေါ်မှာ ရင်းနှီးတဲ့ အနံ့ကို ဘာဖြစ်လို့ အာရုံခံ မိနေတာရတာလဲ"

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ စဉ်းစားလိုက်ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် မိစ္ဆာသားရဲ အားလုံးမှာ ထူးခြားတဲ့ ဒြပ်စင်တိုက်ခိုက်မှု တစ်ခု ရှိပါတယ်။ ဥပမာ မြူခိုးတွေကို မှုတ်ထုတ်ခြင်း ဒါမှမဟုတ် အဆိပ်ငွေ့တွေကို မှုတ်ထုတ်ခြင်းလိုမျိုး တိုက်ခိုက်မှုတွေ ရှိတတ်ပြီးတော့ လင်းဟန် မြင်ဖူးခဲ့တဲ့ မြွေမိစ္ဆာသားရဲတွေက သူတို့ရဲ့ အကြေးခွံတွေကို အရမ်းကိုထက်တဲ့ ဓားသွားတွေအဖြစ် ပြောင်းလဲပြီးတော့ တိုက်ခိုက်တာမျိုးပေါ့။

ဒါပေမဲ့လည်း ဒီရောမ မြွေကြီးက သူရဲ့ အထူးစွမ်းရည်တွေကို အသုံးပြုဖို့ အစီအစဉ် ရှိပုံမရပါဘူး။ သူရဲ့ခေါင်းကို အမြင့်ကြီးကို မြှောက်ပြီးတော့မှ ရိုက်ချတာကို ကောင်းကောင်းကြီး လေ့ကျင့်ထားပုံ ရပြီးတော့ မြွေကြီးလုပ်လေ့လုပ်ထရှိတဲ့ တိုက်ခိုက်မှု ဖြစ်ပါလိမ့်မယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အပြင်ဘက်ကို ကြည့်လိုက်တဲ့ အခါမှာ ရောမ မြွေကြီးက သူနဲ့ဟူးညို့ရဲ့

အသွေးနဲ့အသားကို ရှာဖွေနေတာကို မြင်လိုက်ရပါတယ်။ ရောမ မြို့ကြီးရဲ့ မျက်လုံးတွေက ဘာလုပ်လို့ လုပ်ရမှန်းမသိ ကြောင်တောင်တောင် ဖြစ်သွားပုံ ရပြီးတော့ လင်းဟန်တို့ နှစ်ယောက် ဘယ်လိုမျိုး ပျောက်ကွယ်သွားလဲဆိုတာကို ပဟေဠိ ဖြစ်နေပါတယ်။

ငတုံး။ အရမ်းကို တုံးတာပဲ။

လင်းဟန်က ဒါကို အစိမ်းသက်သက်လို့တောင် ခံစားရပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အထွတ်အထိပ်ကို လေ့ကျင့်နိုင်ပြီး ဒါက သေမျိုးအဆင့်ရဲ့ မျဉ်းကြောင်းကို ဖြတ်ကျော်ဖို့ ခြေတစ်လှမ်းပဲ လိုပါတော့တယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီမြို့ကြီးရဲ့ ဉာဏ်ရည်ဉာဏ်သွေးက ဒီဗလောက်တောင် တုံးအနေရတာလဲ။ မိစ္ဆာသားရဲတွေက အရမ်းကို မြင့်မားတဲ့ ဉာဏ်ရည်ကို ပိုင်ဆိုင်ကြပါတယ်။ ပြီးတော့ သူတို့ရဲ့ အဆင့်က ပိုမြင့်မားလေ ပိုပြီးတော့ တော်ကြလေပါပဲ။ ပန်းဖူးအဆင့် မိစ္ဆာသားရဲတွေရဲ့ မှတ်ဉာဏ်က ဗဟုသုတနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်အောက်ကို လုံးဝမနိမ့်ကျဘူးဆိုတာ သေချာပါတယ်။

ဒါပေမဲ့လည်း ဘယ်လိုပဲ သူကြည့်ကြည့် ဒီရောမ မြို့ကြီးက

နေးကွေးလေးလံပြီးတော့ တုံးအလို့ နေပါတယ်။ မြွေကြီးပုံစံကို ကြည့်ရတာ လူတွေကိုသူရဲ့ ဦးခေါင်းနဲ့ ဖိချပစ်ဖို့ တစ်ခုကိုပဲ သိနေတဲ့ ပုံစံနဲ့ ဒါကလည်း သူရဲ့ တိုက်ခိုက်တတ်တဲ့ ပင်ကိုယ်ဗီဇ ဖြစ်ပါလိမ့်မယ်။

"ကြိုးစားပြီးတော့ တိုက်ခိုက်ကြည့်မယ်"

လင်းဟန်က ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပြီးတော့ ရွှစ်ဆိုတဲ့ အသံနဲ့အတူ သူရဲ့ပုံရိပ်က လျှပ်ပြက်သလို လှုပ်ရှားသွားပြီးတော့ နတ်ဆိုးရှင်သန်ဓားကို လက်ထဲမှာ ကိုင်ပြီး တိုက်ပွဲဂင် မိုးကြိုးလျှပ်စီးချပ်ဂတ်ကိုလည်း အသက်သွင်းထားပြီးတော့ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ သူရဲ့ ဘယ်ဘက်လက်ကနေ မိုးကြိုးလျှပ်စီး အလင်းတစ်ခု လက်သွားတဲ့ အချိန်မှာ ညာဘက်လက်နဲ့ နတ်ဆိုးရှင်သန်ဓားကို ဝှေ့ယမ်းလိုက်ပြီး ဓားချီအလင်း ၇ ခုက အတားအဆီးမဲ့စွာနဲ့ တစ်ဟုန်ထိုး ပေါ်ထွက်လာခဲ့ပါတယ်။

ထန် ထန် ထန် ထန်

လင်းဟန်ရဲ့ တိုက်ခိုက်မှု နှစ်ခုလုံးက ရောမ မြွေကြီးရဲ့ ခန္ဓာကိုယ်ပေါ်ကို တိတိကျကျ ထိသွားပါတယ်။ ဒါပေမဲ့

လင်းဟန်ကို အံ့အားသင့်သွားစေတဲ့ အရာကတော့ ဒီဓားချီအလင်း ခုနစ်ခုက မြွေကြီးရဲ့ အကြေးခွံအပေါ်မှာ အဖြူရောင် ခြစ်ရာလေး အနည်းငယ်ပဲ ဖြစ်ပေါ်သွားစေခဲ့ပြီး လျှပ်စီးရဲ့ အာနိသင်ကတော့ အနည်းငယ်ပိုပြီးတော့ ကြီးမားပါတယ်။ ၎င်းက မြွေကြီးရဲ့ ရောမ ခန္ဓာကိုယ်ကို ဖောက်ထွက်သွားပြီးတော့ ဒဏ်ရာတစ်ခု ချန်ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း ရောမမြွေကြီး တစ်ကောင်အတွက်ကတော့ ဒီဒဏ်ရာလေးက မပြောပလောက်သလို နာကျင်မှုလည်း မရှိပါဘူး။

ရောမ မြွေကြီးက ဒေါသထွက်သွားပြီးတော့ သူ့ရဲ့ဦးခေါင်းနဲ့ နောက်တစ်ကြိမ် အောက်ဘက်ကို ပေါက်ချလိုက်ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပါတယ်။

ဟုန်း

တောင်ကြားချိုင့်ဝှမ်း တစ်ခုလုံး တုန်ခါသွားပါတယ်။ ဒါက ရောမ မြွေကြီးရဲ့ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ အစွမ်းကို ဖော်ပြနေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကတော့ ရယ်မောပြီး သူ့ကိုယ်သူ ပြောလိုက်ပါတယ်။

"တကယ်လို့ ဒီနေရာမှာ နောက်ထပ် စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှ ၉ မျိုးစွာသားရဲ့ တစ်ကောင်သာ ဖြစ်နေမယ်ဆိုရင် ငါတကယ်ပဲ ရင်ဆိုင်ပွဲမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီမြွေကြီးကတော့ အရမ်းကို တုံးအလွန်းတယ်။ ငါသူ့ကို မောပန်းပြီးတော့ သေအောင်လို့တောင် လုပ်နိုင်တယ်"

လင်းဟန်က အနက်ရောင် မျှော်စင်ကနေ နောက်တစ်ကြိမ် ထပ်ထွက်လာပြီးတော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းပြီးတော့ လက်သီးနှစ်လုံးနဲ့ အဆက်မပြတ် ထိုးပစ်လိုက်ပါတယ်။ လျှပ်စီးအလင်းတွေ ဖြစ်ပေါ်လာပြီးတော့ ဧရာမ မြွေကြီးရဲ့ မျက်လုံးတွေဆီကို တိုက်ရိုက် ပစ်လွှတ်လိုက်ပါတယ်။

ဧရာမမြွေကြီးက တကယ်ပဲ တုံးအတယ် ဆိုပေမဲ့ ၎င်းရဲ့ပင်ကိုယ် ဗီဇအရ မျက်စိဆိုတာက ထိခိုက်ခံလို့ မရတဲ့ နေရာတစ်ခုဖြစ်တယ် ဆိုတာကို သိတဲ့အတွက် ချက်ချင်းပဲ သူ့ရဲ့ခေါင်းကို ရှောင်တိမ်းလိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူ့ရဲ့ခေါင်းနဲ့ နောက်တစ်ကြိမ် ပေါက်ချလိုက်ပြီး

တောင်ကြားချိုင့်ဝှမ်းကို လွှပ်ခါသွားစေပါတယ်။ မိုးကောင်းကင်ပေါ်ကနေ နှင်းတွေစုပြီးတော့ ပစ်လွှတ်လိုက်သလို နှင်းပွင့်နှင်းချပ်တွေက ကျဆင်းလာပြီးတော့ တဖက်ခြမ်းက မီးတောက်ပင်လယ်ကြီးက လှိုင်းလုံးကြီးတွေလိုမျိုး နီရဲတဲ့ မီးတောက်တွေ ပန်းထွက်လာခဲ့ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက် ပြန်ထွက်လာပြီးတော့ ရောမ မြွေကြီးရဲ့ မျက်လုံးတွေကို ကြိုးစားပြီးတော့ တိုက်ခိုက်လိုက် လုပ်နေပါတယ်။ သူ့အနေနဲ့ တစ်ကြိမ်ပဲ အောင်မြင်ဖို့ လိုအပ်တာဖြစ်ပြီးတော့ ကြီးမားတဲ့ အောင်ပွဲကြီးတစ်ခုကို ရရှိပါလိမ့်မယ်။ ဒါကြောင့် သူက လုံးဝကို အလျင်စလို ဖြစ်မနေပါဘူး။

ရောမ မြွေကြီးက နှေးကွေးလေးလံပြီး တုံးအပါတယ်။ ပြီးတော့ တကယ်လို့ လင်းဟန်ရဲ့ အစွမ်းကသာ ပိုပြီးတော့ သာလွန်ကောင်းမွန်မယ်ဆိုရင် ဒီမြွေကြီးက လင်းဟန်နဲ့ မတိုက်ခိုက်ပဲ ရေခဲအလွှာထဲကို ထိုးဖောက်ပြီးတော့ ထွက်ပြေးသွားတာ ကြာနေလောက်ပါပြီ။ ဒါပေမဲ့လည်း ဒီအချက်ကို မြင်တဲ့အတွက်ကြောင့် လင်းဟန်က မြွေကြီးနဲ့ မျက်နှာခြင်းဆိုင်ပြီးတော့ ဒီလိုမျိုး လှည့်ကွက်တစ်ခုကို သုံးပြီး တိုက်ခိုက်နေတာ ဖြစ်ပါတယ်။ ဒီမြွေကြီးက

ဘယ်လိုလုပ်ပြီးတော့ ထွက်ပြေးမှာလဲ။

ဒါအပြင် လင်းဟာန်ရဲ့ အဆက်မပြတ် တိုက်ခိုက်မှုကြောင့် မြွေကြီးရဲ့ အရေခွံက ထူတယ်ဆိုပေမဲ့ နာကျင်တဲ့ ဒဏ်ရာတစ်ခုကို ခံစားလိုက်ရပြီး လင်းဟာန်ကို ပိုပြီးတော့တောင်မှ သတ်ဖြတ်ပစ်ချင်တဲ့ စိတ်တွေ ပေါ်ပေါက်နေပါတယ်။

လူတစ်ယောက်နဲ့ မြွေတစ်ကောင်က တစ်ယောက်နဲ့ တစ်ယောက် ဒီလိုမျိုးပုံစံနဲ့ အသေအကြေ တိုက်ခိုက်နေကြပါတယ်။

နာရီတော်တော်များများ ကြာပြီးတဲ့နောက်မှာ ရောမ မြွေကြီးကို ကြည့်ရတာ ပိုပြီးတော့ ဒေါသထွက် လာပုံရပြီးတော့ ၎င်းရဲ့ဦးခေါင်းနဲ့ မြေကြီးကို အဆက်မပြတ် ပေါက်ချက်နေပါတယ်။ လင်းဟာန်က အခွင့်အရေး တစ်ခုကို ရှာဖွေပြီးတော့ ချက်ချင်းဆိုသလို ရောမြွေကြီးက မြေကြီးပေါ်ကို ပေါက်ချလိုက်တဲ့ အချိန်မှာ သူက အနက်ရောင် မျှော်စင်ကနေ ထွက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ရှုပ်

ဓားတိုက်ခိုက်မှု တစ်ခုက ဒလဟောပြုကျလာပြီးတော့ ဓားအလင်းရှစ်ရာက မိုးကောင်းကင်ကနေ ကျဆင်းလာခဲ့ပါတယ်။ ဒါက လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်သိုင်းကွက် ဖြစ်ပါတယ်။

ဖူး ဖူး ဖူး ဖူး

ဓားအလင်းတွေက ရောမမြွေကြီးရဲ့ ညာဘက်မျက်လုံးကို အဆက်မပြတ် တိုက်ခိုက်လိုက်ပါတယ်။

အဲဒီအချိန်မှာ ရောမ မြွေကြီးက သူရဲ့ အကြီးမားဆုံး ခုခံကာကွယ်နိုင်စွမ်းကို ထုတ်ဖော်ပြသ လိုက်ပါတယ်။ မျက်လုံးတွေက အရမ်းကို နူးညံ့ပြီး အရေးပါတဲ့ အရာတစ်ခုဆိုရင်တောင် ဓားအလင်း ရာပေါင်းများစွာရဲ့ တိုက်ခိုက်မှုကြောင် ပထမ ၎င်းကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်ဖို့ မလုံလောက်ရင်တောင်မှ နောက်ဆုံးဓားအလင်း တစ်ရာကျော်ကြောင့် မျက်လုံးအိမ်က နောက်ဆုံးမှာ သွေးတွေပန်းထွက်လာပါတယ်။ ဖူးဆိုတဲ့ အသံနဲ့အတူ ခန္ဓာကိုယ်ကနေ သွေးတွေက ဆည်မြောင်းတာတမံတစ်ခု ကျိုးပေါက်သလို ပန်းထွက်လာခဲ့ပါတယ်။

နာကျင်မှုဒဏ်ကြောင့် ရောမ မြွေကြီးရဲ့ ခန္ဓာကိုယ်က ပြင်းပြင်းထန်ထန်ကို တွန့်လိမ်နေပါတယ်။ ၎င်းရဲ့ နာကျင်မှုကြောင့် လူးလိမ့်နေတဲ့ အစွမ်းက အရမ်းကို ကြီးမားတာကြောင့် တောင်ကြားချိုင့်ဝှမ်း တစ်ခုလုံးက ပျက်ဆီးသွားတော့မဲ့ ပုံစံအတိုင်း ဖြစ်နေပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပြီးတော့ ချက်ချင်းပဲ မူလစွမ်းအင်တွေကို ပြန်လည်ဖြည့်ဆည်းလိုက်ပါတယ်။

လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ဓားသိုင်းကို ထုတ်သုံးလိုက်တာက သူရဲ့မူလစွမ်းအင်တွေ အားလုံးကိုတော့ ကုခန်းခမ်းသွားတာ မဟုတ်ပေမဲ့ သုံးပုံတစ်ပုံလောက်တော့ ကုန်သွားပါတယ်။ လင်းဟန်က မူလစွမ်းအင် ပုံဆောင်ခဲတွေကို ထုတ်ပြီးတော့ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ မူလစွမ်းအင်တွေကို ပြန်လည်ဖြည့်ဆည်းလိုက်ပါတယ်။

အဲဒီနောက်မှာ သူက အနက်ရောင် မျှော်စင်ကနေ နောက်တစ်ကြိမ် ပြန်ထွက်ပြီးတော့ ရောမ မြွေကြီးရဲ့ မျက်လုံးထဲမှာ ပွင့်နေတဲ့ အပေါက်ကြီးတစ်ပေါက်ကို သူရဲ့ဓားနဲ့ တိုက်ခိုက် လိုက်ပါတယ်။

နတ်ဆိုးရှင်သန်ဓားအပေါ်မှာ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းနှစ်ခုက လင်းလက် တောက်ပနေပြီးတော့ ဓားချိုက အတားအဆီးမဲ့စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

အပိုင်း(၃၉၆) ဖရိုဖရဲ မူလအရင်းအမြစ်

ဒါပေမဲ့လည်း ရောမ မြွေကြီးရဲ့ ခေါင်းမာပြီး အလျှော့မပေးတတ်တဲ့ စိတ်ဓာတ်က တခြား စိတ်ဂိညာဉ် ပလ္လင်အဆင့် မိစ္ဆာသားရဲတွေထက် အပုံကြီး သာလွန်ပါတယ်။ သူ့ရဲ့ခေါင်းထဲမှာ ခုတ်ချက်တွေ ဒလဟောပြိုကျလာတာကို လုံးဝကို သည်းမခံနိုင်အောင် ဖြစ်နေပါတယ်။ လင်းဟန်က အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုဖြစ်တဲ့ နတ်ဆိုးရှင်သန်ဓားကို အသုံးပြု နေတယ်ဆိုတာကို အသာထားဦး။ တကယ်လို့ နတ်ဆိုးရှင်သန်ဓားရဲ့ စွမ်းအားနည်းနည်းလေးပဲ ထုတ်နိုင်တယ်ဆိုရင်တောင် ဓားရဲ့ထက်မြက်မှုအစွမ်းကို မြင်နိုင်ပါတယ်။

မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ စွမ်းအားကိုပါ ပေါင်းထည့်လိုက်ရင် ရောမ မြွေကြီးက ဓာတ်လိုက်သလို ခံစားရပြီးတော့ အတွင်းမှာ လောင်ကျွမ်းပြီး အပြင်ဘက်မှာ

ကြွပ်ဆတ်မှာတောင့် လာစေပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်

လင်းဟန်က သူရဲ့နှလုံးသား ဆန္ဒအတိုင်းပဲ ဖျက်ဆီးပစ်နေခဲ့ပါတယ်။ သူက မြွေကြီးရဲ့ ဦးခေါင်းကို တိုက်ခိုက်လိုက်ပြီး ဆယ်မိနစ်လောက် ကြာတဲ့နောက်မှာ ဧရာမမြွေကြီးက လှုပ်ရှားမဲ့ လက္ခဏာမျိုး မတွေ့ရတော့ပါဘူး။

လင်းဟန်က သူရဲ့ဓားကို လွှဲယမ်းလိုက်ပြီးတော့ မြွေကြီးရဲ့ ဦးခေါင်းကို ဖြတ်လိုက်ပါတယ်။ အဲဒီနောက်မှာ မောပန်းနွမ်းလျသလို ခံစားလိုက်ရပြီး မြွေကြီးပေါ်ကို ခြေပစ်လက်ပစ်နဲ့ ထိုင်ချပစ်လိုက်ပါတယ်။

ဒီဧရာမ မြွေကြီးက တကယ်ပဲ ကြောက်စရာကောင်းလှပါတယ်။ သူဆန္ဒရှိသလို တိုက်ခိုက်ခွင့် ရနေပြီးတော့ အဆက်မပြတ် တိုက်ခိုက်မှုကြောင့် သူရဲ့စွမ်းအင်တွေ အကုန်လုံးကို အသုံးချပြီး သတ်ပစ်ခဲ့ရပါတယ်။ တကယ်လို့ ဒီဧရာမ မြွေကြီးက တခြားသာမန် မိစ္ဆာသားရဲ တစ်ကောင်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးမျိုးကို ပိုင်ဆိုင်ထားမယ်ဆိုရင် ရလဒ်က

လုံးဂကို ဆန့်ကျင်ဘက် ဖြစ်ပါလိမ့်မယ်။ သူ့အနေနဲ့ ဒီရောမ မွန်းစတားကြီးကို ဘာမှတောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က ဟူးညိုကို အပြင်ကို ထုတ်လိုက်ပါတယ်။ ဟူးညိုက ရောမ မြွေကြီးကို ခြေထောက်နဲ့ ကန်ပြီးတော့ သူမရဲ့ ကလေးဆန်တဲ့ အမူအကျင့်ကို ဖော်ပြနေပါတယ်။ လင်းဟန်က မြွေကြီးရဲ့ ဦးခေါင်းပေါ်က အသားပိုကို အရမ်းပဲ စိတ်ဝင်စားနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ရေနဂါးဦးချိုလိုမျိုး ကြီးထွားလာတာဖြစ်ပြီးတော့ ရတနာပါ။ လုံးဂကို ရတနာပဲ ဖြစ်ပါတယ်။

ရေနဂါး ဦးချိုတွေက အမှုန့်ကြိတ်ပြီးတော့ ဆေးအဖြစ် အသုံးပြုလို့ရပြီးတော့ အာနိသင်ကလည်း အရမ်းကို ကောင်းမွန်ပြီး အမျိုးသား ကျားခွန်အားတိုးဆေး အဖြစ် အရမ်းကို ကျော်ကြားပါတယ်။ ယောက်ျားတွေကို နဂါးတစ်ကောင်လို သန်မာပြီး ကျားတစ်ကောင်လို ကြမ်းတမ်းစေအောင် လုပ်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ သူရဲ့ ကျားခွန်အားနဲ့ ပတ်သက်ပြီးတော့ စိတ်မဝင်စား ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနယ်ပယ်မှာ သူ့ကိုယ်သူ အရမ်းပဲ ယုံကြည်ချက် ရှိနေလို့ပဲ ဖြစ်ပါတယ်။

ဒဏ္ဍာရီအရတော့ စစ်မှန်တဲ့ နဂါးတစ်ကောင်က

နတ်ဘုရားအဆင့်ရဲ့ အတိတ်နိမိတ်ကောင်းတဲ့ အရာတစ်ခု ဖြစ်ပြီးတော့ တောင်တန်းတွေကို ဖျက်ဆီးပြီး ပင်လယ်တွေကို လှန်ပစ်နိုင်တဲ့ အဆုံးမဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ပါတယ်။ ရေနဂါးတစ်ကောင်ရဲ့ ဦးချိုထဲမှာ စစ်မှန်တဲ့ နဂါးတစ်ကောင်ရဲ့ နတ်ဘုရား အရည်အသွေးတွေရဲ့ အစွမ်းအစတစ်ခု ရှိပါတယ်။ တကယ်လို့ ၎င်းကို ဆွဲထုတ်ယူနိုင်မယ်ဆိုရင် သောက်ရမ်းမိုက်သွားပါလိမ့်မယ်။

သူက နတ်ဆိုးရှင်သန်ဓားကို သားလှီးဓားအဖြစ် အသုံးပြုပြီးတော့ မြွေဦးခေါင်းပေါ်က အသားပိုကို သေသေချာချာ ဂရုစိုက်ပြီးတော့ လှီးဖြတ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရေနဂါးဦးချိုက ပျက်စီးသွားပါလိမ့်မယ်။

အသားပိုကို လှီးဖြတ်တာ ဖြည်းဖြည်းလေး လုပ်ရပါတယ်။ ဒါကလည်း နတ်ဆိုးရှင်သန်ဓားရဲ့ ထက်မြက်မှုက မလုံလောက်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ အစွမ်းက အတော်လေး အားနည်းနေလို့ ဖြစ်ပါတယ်။ ဒီရောမ မြွေကြီးရဲ့ အရေခွံတွေက တကယ်ပဲ အရမ်းကို မာကျောပြီး သူ့ကိုလှီးဖြတ်ရတာ အရမ်းကို နှေးကွေးစေပါတယ်။

ဒါပေမဲ့လည်း နာရီဝက်ခန့် ကြာတဲ့အခါမှာ လင်းဟန်က

နောက်ဆုံးတော့ ဒီအရေခွံကြီးကို လှီးဖြတ်ပြီးတော့ အရေပြားကို ခွဲပြီး အသားပိုကို လုံးဂ ထုတ်ယူနိုင်ခဲ့ပါတယ်။

သူက ၎င်းကို လှီးပြီးတော့ ဖွင့်လိုက်ပါတယ်။ ဒါပေမဲ့ အရေပြားရဲ့ အပေါ်ဆုံးအလွှာမှာ ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ ဒါကြောင့် သူက ဖြတ်ပြီးရင်း ထပ်ဖြတ်ပါတယ်။ တော်တော်များများ ထိုးခွဲမွှေနှောက် ရှာဖွေလို့ ပြီးတဲ့နောက်မှာတော့ အနက်ရောင် အစက်လေးတစ်ခု ပေါ်လာခဲ့ပါတယ်။ လင်းဟာန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ပတ်ပတ်လည်က အသားတွေကို လှီးဖြတ်လိုက်တဲ့အခါမှာ အရမ်းကို သေးငယ်တဲ့ အနက်ရောင် ကျောက်တုံးတစ်တုံးကို အမှန်တကယ်ပဲ ရှာတွေ့လိုက်ပါတယ်။

သူက အဲဒီကျောက်တုံးလေးကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။ ဒါပေမဲ့ သူထိလိုက်တာနဲ့ အော်ဟာစ်ညည်းတွား လိုက်ပါတယ်။ အဆုံးမရှိတဲ့ ပရမ်းပတာတွေက သူရဲ့အသိဉာဏ်ထဲကို တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ သူရဲ့ခေါင်းကို ပြင်းပြင်းထန်ထန်နဲ့ ကိုက်စေပါတယ်။ သူက အတင်းအဓမ္မ တောင့်ခံဖို့ အနက်ရောင် မျှော်စင်အထဲကို ဝင်ချင်နေပါတယ်။

ဒါပေမဲ့လည်း သူရဲ့အသိဉာဏ်က တိုက်ခိုက်ခံနေရသလိုမျိုး ဖြစ်နေတဲ့ အတွက်ကြောင့် အနက်ရောင် မျှော်စင်နဲ့ ဘယ်လိုမှ ချက်ချင်း ချိတ်ဆက်လို့ မရနိုင် ဖြစ်နေပါတယ်။

သူဘာမှမတတ်နိုင်ပါဘူး။ ဒါပေမဲ့ သူရဲ့ အသိဉာဏ်ထဲက ဒီဖရိုဖရဲ အတွေးတွေက အဆက်မပြတ် ကျယ်ပြန့်လာသလိုမျိုး အံ့အားသင့်စေခဲ့ပါတယ်။ အနက်ရောင် ချီတွေက သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ ကြီးထွားလာပြီးတော့ သူရဲ့နတ်ဘုရား အသိဉာဏ်တွေက လျင်မြန်စွာနဲ့ သိမ်းပိုက်ခြင်း ခံလိုက်ရသလိုပါပဲ။

"လင်းဟာန်"

ဟူးညိုက အော်ဟစ်လိုက်ပါတယ်။ သူမရဲ့ သွားတွေကို ဖြဲပြီးတော့ ကျားပေါက်လေး တစ်ကောင်လိုမျိုး ဟိန်းဟောက်မာန်ဖီလိုက်ပါတယ်။ ဒီအချိန်မှာ လင်းဟာန်ဆီက ရရှိတဲ့ ခံစားမှုက သူမအတွက် လုံးဝကို ထူးဆန်းနေပါတယ်။

လင်းဟာန်က အတင်းအဓမ္မ ကြိုးစားပြီးတော့ အဲဒီဒဏ်ကို ကြံ့ကြံ့ခံပြီး နောက်ဆုံးကျန်နေတဲ့ ကြည်လင်ပြတ်သားမှု အာရုံတစ်စကို ကြိုးစားပြီး ထိန်းသိမ်းနေပါတယ်။

အနည်းဆုံးတော့ သူက အနက်ရောင် မျှော်စင်နဲ့ ဆက်သွယ်မှု ရရှိသွားခဲ့ပါတယ်။ လင်းဟန်က အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်ခဲ့လိုက်ပြီးတော့ ချက်ချင်းဆိုသလို အဆုံးမဲ့ စွမ်းအားတွေကို စုစည်းလိုက်ပါတယ်။ အနက်ရောင်ချီလှိုင်းတွေက သူရဲ့ခန္ဓာကိုယ် အတွင်းကနေ မြွေတွေလိုမျိုး မထွက်ချင် ထွက်ချင် အင်တင်တင်ပုံစံနဲ့ ထွက်လာလိုက်ရပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ခန္ဓာကိုယ် အတွင်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တီကောင်တစ်ကောင်လို တိုးဝင်ချင်နေတုန်းပါပဲ။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ရဲ့ အထဲမှာဆိုရင်တော့ ဒါက လုံးဝကို မဖြစ်နိုင်ပါဘူး။

ဟုမ်း

လင်းဟန်က ကောင်းကင်ပေါ်ကို ထိုးတက်သွားပြီးတော့ ပရမ်းပတာစွမ်းအားတွေကို လုံးဝ နင်ထုတ်ပစ်လိုက်ပါတယ်။

သူက အသက်ကို အလျင်အမြန်နဲ့ ရှူလိုက်ရပါတယ်။ ဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ တကယ်လို့ သူသာ နည်းနည်းလောက် နေးသွားမယ်ဆိုရင် သူရဲ့အသိစိတ်က ဒီဖရိုဖရဲစွမ်းအားရဲ့ ပြန့်ပွားမှုကို လုံးဝခံလိုက်ရပါလိမ့်မယ်။ သူက ကြီးမားတဲ့ ရောမ

မြွေကြီးတစ်ကောင်လို ဖြစ်သွားပြီး မျိုးရိုးဗီဇအပေါ် အခြေခံပြီးတော့ ဘာမှန်းမသိတဲ့ သက်ရှိသတ္တဝါတစ်ကောင် ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်အနေနဲ့ ဒီအနက်ရောင် ကျောက်တုံး အပိုင်းအစ သေးသေးလေး တစ်ခုက ဒီလောက်ထိ အန္တရာယ်များလိမ့်မယ်လို့ လုံးဝ မထင်မှတ် ထားခဲ့ပါဘူး။

"ငါအခုတော့ နားလည်ပြီ။ ရောမ မြွေကြီးက ငါ့ကို ရင်းနှီးတဲ့ ခံစားမှုတစ်ခု ခံစားစေတယ်ဆိုတာ မထူးဆန်းတော့ဘူး။ ဒါက နတ်ဆိုးချီတွေပဲ"

လင်းဟန်က လက်ခုပ်တစ်ချက် တီးလိုက်ပြီး နောက်ဆုံးမှာတော့ မှတ်မိသွားခဲ့ပါပြီ။

သူက အနက်ရောင် မျှော်စင်ကနေ ထွက်လာလိုက်ပါတယ်။ ဟူးညိုက သူ့ကိုမြင်လိုက်တာနဲ့ တန်းပြီးတော့ ပြေးဖက်ပြီး ခုန်တက်လိုက်ပါတယ်။ သူမရဲ့ ခေါင်းနဲ့ လင်းဟန်ရင်ဘတ်ကို ပွတ်နေပြီး သူ့ကို ဘယ်တော့မှ ထွက်မသွားစေချင်တဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။

"ကောင်းပြီ ကောင်းပြီ။ ငါအခု အဆင်ပြေသွားပြီ"

လင်းဟန်က ရယ်မောပြီးတော့ ဟူးညိုရဲ့ ဆံပင်တွေကို ပွတ်ပေးလိုက်ပါတယ်။ ပြီးတော့ မြွေကြီးရဲ့ ဦးခေါင်းအထဲက အနက်ရောင် ကျောက်တုံးဆီကို ကြည့်လိုက်ပါတယ်။

အနက်ရောင် ကျောက်တုံးရဲ့ အရွယ်အစားက မြေပဲဆံတစ်ဆံရဲ့ အရွယ်အစားပဲ ရှိပါတယ်။ ပုံပန်းသွင်ပြင်က သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်နဲ့ မတူညီပဲ ကွာခြားပါတယ်။ ဒီအနက်ရောင် ကျောက်တုံးကို ကြည့်ရတာ ဘာမှမထူးဆန်းတဲ့ ပုံစံမျိုး ပေါက်နေပြီး ၎င်းရဲ့အတွင်းမှာ နတ်ဆိုးချီတွေ လည်ပတ်နေခြင်း အနည်းငယ်မျှ မရှိပါဘူး။ ဒါကြောင့်လည်း လင်းဟန်က သတိမထားမိပဲ မျှော်လင့်ချက်တွေ မရှိတော့တဲ့ ပုံစံမျိုးနဲ့ လွှမ်းမိုးခံရလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

သူက နတ်ဆိုးရှင်သန်မ်ားနဲ့ ကျောက်တုံးကို ကော်ထုတ်လိုက်ပါတယ်။ တောက် ဆိုတဲ့ အသံနဲ့ အနက်ရောင် ကျောက်တုံးက မြေကြီးပေါ်ကို လိမ့်သွားပြီးတော့ နင်းပုံပေါ်မှာ တိတ်ဆိတ်ပြီး လဲလျောင်းနေပါတယ်။

ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုက ဖြစ်ပေါ်သွားခဲ့ပါတယ်။ ရောမ

မြွေကြီးက ချက်ချင်းဆိုသလို ရှုံ့တွလာပြီးတော့ အသက်ရှူချိန် အနည်းငယ် အတွင်းမှာပဲ ရောမ မြွေအလောင်းကြီးက ဆွေးမြေ့ပုပ်သိုး သွားခဲ့ပါတယ်။ ၎င်းရဲ့ အရေခွံက ပြာမှုန့်တွေ အဖြစ်ကို ပြောင်းလဲသွားပြီး အရိုးတွေကလည်း တစ်ခုပြီးတစ်ခု ကျိုးကြေကုန်ပါတယ်။

"ညီုးညီုးရဲ့အသား"

ဟူးညိုက မချိတင်ကဲ အော်ဟစ်လိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက သူက အနက်ရောင် ကျောက်တုန်းက ပရမ်းပတာ အစွမ်းတွေရဲ့တိုက်ခိုက်မှုကို ခံရတုန်းက ဒီမိန်းကလေးက ဒီလိုမျိုး မချိတင်ကဲနဲ့ မအော်ခဲ့ပါဘူး။ ဟုတ်တယ်မလား။

အားပါးပါး။ အစားသောင်းကြမ်းတဲ့သူက နောက်ဆုံးတော့လည်း အမြဲတမ်း အစားသောင်းကြမ်းသူ တစ်ယောက်ပါပဲ။

ဒါပေမဲ့လည်း ဒီရောမ မြွေကြီးရဲ့ ထူးခြားမှုတွေက အားလုံးက အနက်ရောင် ကျောက်တုံးကြောင့် မဟုတ်လား။

အဲဒီလိုမှမဟုတ်ဘူးဆိုရင် မြွေကြီးရဲ့ အလောင်းတစ်ခုလုံးက ဘယ်လိုလုပ်ပြီး အနက်ရောင် ကျောက်တုံးကို ထုတ်လိုက်တာနဲ့ တစ်စစီ ဖြစ်သွားမှာလဲ။

စိတ်ဂိညာဉ် ပလ္လင်အဆင့် မိစ္ဆာသားရဲ တစ်ကောင်က ဘာကြောင့် မီတာထောင်ပေါင်းများစွာ ကြီးထွားနိုင်တာလဲ ဆိုတာကို ဖြေရှင်းပြနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဘာကြောင့် အနက်ရောင် ကျောက်တုံးမှာ ဒီလိုမျိုး အာနိသင်တွေ ရှိနေပြီး နောက်ထပ်ပြဿနာတစ်ခု ဖြစ်နေတာလဲ။

"သေနာကောင် ကျောက်တုံးစုတ်"

ဟူးညိုက သူမရဲ့ ခြေထောက်ကို မြှောက်ပြီးတော့ အနက်ရောင် ကျောက်တုံးကို ပြင်းပြင်းထန်ထန် ဆောင့်နင်းပစ်လိုက်ပါတယ်။

ဒီမိန်းကလေးရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး လင်းဟန်က သူမကို မတားဆီးနိုင်ပါဘူး။ ဒါပေမဲ့ သူက ချက်ချင်းပဲ အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟူးညိုခြေထောက်နဲ့ ဆောင့်နင်းလိုက်ပြီးတဲ့နောက်မှာ ဘာမှမဖြစ်သွားလို့ပဲ

ဖြစ်ပါတယ်။ ဒါအပြင် ဟူးညိုက အနက်ရောင် ကျောက်တုံးကို ကောက်ယူပြီးတော့ မြေကြီးပေါ်ကို ပစ်ပေါက်ချနေပါတယ်။ ကြည့်ရတာ ဒီကျောက်တုံးက သူမကို လုံးဝမလွှမ်းမိုးနိုင်ပါဘူး။

အစားသောင်းကြမ်းတဲ့ လူတွေရဲ့ ခေါင်းတွေထဲမှာ ဘာမှမရှိလို့များ အကျိုးသက်ရောက်မှု မရှိတာလား။

လင်းဟန်က မကြိုးစားဂံပဲ ဟူးညိုကို အနက်ရောင် ကျောက်တုံးကို နောက်တစ်ကြိမ် ကောက်ခိုင်းလိုက်ပါတယ်။ ပြီးတော့ ဟူးညိုကို အနက်ရောင် မျှော်စင်ထဲကို ခေါ်သွားပြီးမှ ဟူးညိုလက်ထဲကနေ အနက်ရောင် ကျောက်တုံးကို ယူလိုက်ပါတယ်။

ဟုမ်း။

ပရမ်းပတာ အတွေးတွေက ချက်ချင်းပဲ နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြီး ၎င်းတို့ပုံစံက အဆုံးမရှိတဲ့ နတ်ဆိုးနဲ့ ငရဲက မကောင်းဆိုးဝါးတွေက စကြာဝဠာကြီးကို ဖရိုဖရဲဖြစ်အောင် ပေါ်လာတဲ့ပုံစံနဲ့ တူပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားတွေကို

အသက်သွင်းလိုက်ပါတယ်။ ဟုမ်း။ ဒီနတ်ဆိုး အတွေးတွေက ချက်ချင်းဆိုသလိုပဲ သူရဲ့အသိဉာဏ်ထဲကို ထိုးဖောက်ဝင်ရောက်ခြင်းမှ ကာကွယ်ခြင်း ခံလိုက်ရပါတယ်။

ဒါက သူရဲ့နတ်ဘုရား အာရုံအသိဉာဏ်ကို အကြမ်းခံစေနိုင်တယ် ဆိုတာကို ရှာဖွေတွေ့ရှိပြီး အနက်ရောင် မျှော်စင်ရဲ့ အကူအညီသာ မရှိဘူးဆိုရင် သူတောင်မှ သေသွားနိုင်ပါတယ်။

"မျှော်စင်လေး ဒါက ဘယ်လိုပစ္စည်းမျိုးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မှတ်ဉာဏ်တွေ အများကြီး ပျောက်ဆုံးကုန်ပြီ။ သိတော့သိလိမ့်မယ်။ ဒါပေမဲ့ အခုချိန်မှာ ဘာကိုမှ မမှတ်မိဘူး"

မျှော်စင်လေးရဲ့ ခံစားချက် ကင်းမဲ့တဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က အနက်ရောင် ကျောက်တုံးကို ကောက်ယူပြီးတော့ ဟူးညိုဘက်ကို ကြည့်ပြီး

ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ ဟူးညိုက ဒီဖရိုဖရဲ နတ်ဆိုး အတွေးတွေရဲ့ တိုက်ခိုက်မှုကို ခုခံတားဆီးနိုင်တာလဲ"

ဟူးညိုက သူမရဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုးက ပါရမီရှင်တစ်ယောက်ပဲလေ"

"ဟားဟား ဟုတ်ပါတယ် ညိုးညိုးက ပါရမီရှင် တစ်ယောက်ပါပဲဗျာ"

လင်းဟန်က သူမရဲ့ ခန္ဓာကိုယ်ထဲက ထူးဆန်းတဲ့ စိတ်ဂိညာဉ် အခြေခံကို သတိရသွား ခဲ့ပါတယ်။ တကယ်လို့ မှသားမဲ့ မျက်လုံးကို အစချိန်မှာ အသက်သွင်းပြီးတော့ ကြည့်မယ်ဆိုရင်တောင်မှ သူ့အနေနဲ့ ဟူးညိုရဲ့ ဒန်တန်ထဲကို မြင်နိုင်စွမ်း မရှိပါဘူး။ ဒီမိန်းကလေးရဲ့ ထူးဆန်းမှုတွေက ရှုပ်ထွေးလာသလို အဓိပ္ပါယ်မရှိမှုတွေကလည်း မြင့်မားပါတယ်။

"ခစ်ခစ်"

ဟူးညီုက ပျော်ရွှင်စွာနဲ့ ပြုံးရယ်လိုက်ပါတယ်။

လင်းဟန်က အနက်ရောင် ကျောက်တုံးကို သူ့ရဲ့ လက်ထဲမှာ အလေးချိန် တိုင်းကြည့်ပြီးတော့ သူ့ကိုယ်သူ ပြောလိုက်ပါတယ်။

"ဒါက မဆိုးပါဘူး။ ဒီကျောက်တုံးကို နတ်ဘုရားအာရုံ အသိဉာဏ်တွေ အကြမ်းခံနိုင်အောင်နဲ့ စိတ်ဝိညာဉ် ခွန်အားတိုးလာအောင်လို့ အသုံးပြုနိုင်တယ်"

"ဒါတင်မကသေးဘူး"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"အဲဒီအထဲမှာ မူလဖရိုဖရဲ အရင်းအမြစ် နည်းနည်းရှိတယ်"

"မူလဖရိုဖရဲ အရင်းအမြစ် ဟုတ်လား။ အဲဒါက ဘာကြီးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"တာအိုဆိုတာ တစ်ခုမွေးဖွားမယ်။ တစ်ခုကနေ နှစ်ခု

မွေးဖွားတယ်။ နှစ်ခုကနေ သုံးခုကို မွေးဖွားပြီး သုံးခုကနေ အရာအားလုံး ဖြစ်ပေါ်စေမယ်”

မျှော်စင်လေးက ပြောလိုက်ပါတယ်။

“တာအိုဆိုတာက ကောင်းကင်နဲ့ မြေကြီးရဲ့ မဟာတာအို ဖြစ်ပြီးတော့ မဟာတာအိုကနေ အဆုံးမဲ့ စွမ်းအား ဖြစ်ပေါ်လာပြီး ယင်နဲ့ယန် အဖြစ်ကို ပြောင်းလဲပြီးတော့ ယင်နဲ့ယန်က အမိန့်နဲ့ ဖရိုဖရဲအဖြစ် မြင်နိုင်လိမ့်မယ်”

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအနက်ရောင် ကျောက်တုံး အပိုင်းစလေးက တကယ်ပဲ မူလအရင်းအမြစ် သဲလွန်စကို ရနိုင်တယ်ပေါ့လေ”

(တာအို တစ်ခုမွေးဖွားတယ်။ နတ္တိ ဘာမှမရှိခြင်း။ တစ်ခုကနေ နှစ်ခု ဖြစ်ပေါ်တယ်။ (ယင်နဲ့ယန်) နှစ်ခုကနေ သုံးခု ဖြစ်ပေါ်တယ်။(ကောင်းကင်၊ မြေကြီးနဲ့ လူ ဒါမှမဟုတ် ယင်၊ ယန်နဲ့ အသက်ဓာတ် ချီ။ မွေးဖွားခြင်း သုံးခုက အရာအားလုံး ဖြစ်ပေါ်စေတယ်။)

အပိုင်း(၃၉၇) သွေးအလင်းအိမ်တော်ရဲ့ အရှင်သခင်

ပြောင်းလဲခြင်း

တာအိုဆိုတာ ဘာလဲ။

ကောင်းကင်နဲ့ မြေကြီးရဲ့ မူလအရင်းအမြစ်၊ ကမ္ဘာကြီးရဲ့ စစ်မှန်တဲ့ အနှစ်သာရပဲ။

ဒဏ္ဍာရီအရတော့ နတ်ဘုရားတွေက ကောင်းကင်နဲ့ မြေကြီးရဲ့ တာအိုကို ဖမ်းဆုပ်မိသွားပြီး ကမ္ဘာကြီးထဲမှာ ပြိုင်ဘက်ကင်း အတုမရှိ ဖြစ်လာခဲ့ကြပြီး သေခြင်းနဲ့ ရှင်ခြင်းကို ကျော်လွန် သွားခဲ့ကြပါတယ်။

သိုင်းပညာရပ် မှော်ဆေးပညာနဲ့ ဂင်္ဂပါအစီအရင်တွေက မူလအရင်းအမြစ်ကို မတူညီတဲ့ ရှုထောင့် သုံးခုကနေ လေ့လာလိုက်စားခြင်း ဖြစ်ပြီးတော့ တာအိုကို ရှာဖွေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မျှော်စင်လေး ပြောတာက တာအိုတစ်ခုဖြစ်ပေါ်တယ်။ တစ်ခုကနေ နှစ်ခု၊ နှစ်ခုကနေ သုံးခုနဲ့ သုံးခုကနေ အရာအားလုံး ဖြစ်ပေါ်တယ်လို့ ဆိုပါတယ်။ သေမျိုးတွေဆိုတာက ငြိမ်းချမ်းစဖွယ်ကောင်းပြီးတော့ ရိုးအီနေတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ လင်းဟန်လိုမျိုး အရင်ဘဝတုန်းက သက်ရှိအားလုံးရဲ့ အထက်မှာဖြစ်တဲ့ ကောင်းကင်အဆင့်မှာ

ရှိနေတုန်းတောင် မူလအရင်းအမြစ်နဲ့ တတိယမြောက်တာအိုကို ရှာဖွေဖို့အတွက် ကြိုးပမ်းနေရပါတယ်။

သူက သိုင်းပညာမှာ အရမ်းကို ဂေးကါလွန်းပြီး မှော်ဆေးပညာမှာတော့ သူက ကောင်းကင်အထွတ်အထိပ် အဆင့်ကို ရောက်ရှိနေခဲ့ပြီး နတ်ဘုရားလမ်းကြောင်းကို ခြေတစ်လှမ်း ဝင်ရောက်နေခဲ့ပြီး တတိယမြောက် အဆင့်ကို ရောက်ရှိဖို့ အဆင့်မီနေခဲ့ပါပြီ။

ဒါပေမဲ့အခု အနက်ရောင် ကျောက်တုံးအပိုင်းစလေး တစ်ခုက အမှန်တကယ်ပဲ အဆင့်နှစ်ကို ရောက်ရှိနေတဲ့ ဖရိုဖရဲမူလ အရင်းမြစ် ပါဝင်နေပါတယ်။

"တကယ်လို့ လူတစ်ယောက်က အနက်ရောင် ကျောက်တုံးအထဲက ဖရိုဖရဲ မူလအရင်းအမြစ်ကို အကုန်လုံး ဖမ်းဆုပ်နိုင်ခဲ့မယ်ဆိုရင် တစ်ခါတည်း အဆင့်ခုန်တက်ပြီးတော့ နတ်ဘုရား နယ်ပယ်ကို ရောက်သွားနိုင်လား"

လင်းဟန်က မေးလိုက်တာနဲ့ မျှော်စင်လေးက ချက်ချင်းပဲ တုံ့ဆိုင်းခြင်းမရှိပဲ သူ့ရဲ့ခေါင်းကို ခါပြီးတော့

ပြောလိုက်ပါတယ်။

"မဖြစ်နိုင်ဘူး။ ဒီအနက်ရောင် ကျောက်တုံးအထဲမှာ ဖရိုဖရဲမူလအရင်းအမြစ်က အရမ်းကို နည်းပါးတယ်။ ပြီးတော့ ဒါက ရောမ ဖရိုဖရဲမူလ အရင်းအမြစ်ရဲ့ အစိတ်အပိုင်းလေး တစ်ခုပဲလေ။ တကယ်လို့ မင်းက ဒီထဲကဟာတွေကို အကုန်လုံး ဖမ်းဆုပ်နိုင်ခဲ့မယ် ဆိုရင်တောင်မှ ဖရိုဖရဲ မူလအရင်းအမြစ်နဲ့ အရမ်းကို ဝေးကွာနေဦးမှာပဲ"

"ဒါပေမဲ့လည်း ဒီကျောက်တုံးထဲက ဖရိုဖရဲမူလ အရင်းအမြစ်ရဲ့ အစိတ်အပိုင်းကို စုပ်ယူနိုင်ပြီး အရင်းအမြစ်စွမ်းအားကို ထုတ်ယူပြီးတော့ ငါရဲ့ခန္ဓာကိုယ်ကို သန်းတစ်ထောင်ပုံ တစ်ပုံတော့ ပြုပြင်လို့ ရမယ်"

ဒီသတင်းက အရမ်းကို ကြီးမားပါတယ်။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"မင်းက မူလအရင်းအမြစ်ရဲ့ စွမ်းအားကို ဆွဲထုတ်နိုင်တာလား။ ပြီးတော့ အနက်ရောင် မျှော်စင်ကလည်း ပျက်စီးနေတာလား။ မူလအရင်းအမြစ်ရဲ့

စွမ်းအားတောင်မှ သန်းတစ်ထောင်ပုံ တစ်ပုံပဲ ပြုပြင်ပေးနိုင်တယ်ဟုတ်လား”

မျှော်စင်လေးက ပေါ့ပေါ့ပါးပါးပဲ ခါပြီးတော့ ပြောလိုက်ပါတယ်။

“ကွက်တိပဲ။ ဘာဖြစ်လို့လဲဆိုတော့ ငါက ကြီးကြီးမားမား ပျက်စီးနေတာလေ။ ပြီးတော့ ဒီလောကထဲကို ကျရောက်လာပြီးတော့ ငါရဲ့မှတ်ဉာဏ်တွေ အားလုံးနီးပါး ဆုံးရှုံးကုန်တယ်။ မူလအရင်းအမြစ်ရဲ့ စွမ်းအားကို ဆွဲထုတ်ယူတာက မခက်လောက်ပါဘူး။ ငါ့ရဲ့ပင်ကိုယ်ဗီဇ စရိုက်က ငါ့ကိုပြောတာတော့ ဒီကိစ္စကို ငါလုပ်နိုင်တယ်တဲ့။ ပြီးတော့ ဒီအနက်ရောင် ကျောက်တုံး အပိုင်းအစကလည်း အတော်လေးကို သေးငယ်တယ်။ ဒါကြောင့် သန်းတစ်ထောင်ပုံမှ တစ်ပုံပဲ ပြုပြင်လို့ ရနိုင်မယ်ဆိုတာ ခန့်မှန်းခြေ တစ်ခုပဲ”

လင်းဟန်ရဲ့ မေးရိုးပြုတ်ထွက်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုက ဘယ်လိုအဆင့်မှာလဲ။ မူလအရင်းအမြစ်ရဲ့ အစွမ်းက သူ့ကိုပြန်လည် ပြုပြင်ဖို့ လိုအပ်တာလား။ ဒီဘဂအချိန်မှာ သူ့အနေနဲ့ အနက်ရောင် မျှော်စင်ကို လုံးဂပြန်လည်

ကောင်းမွန်လာနိုင်စေမဲ့ နေ့ရက်ရောက်ပါဦးမလား။

ဒါပေမဲ့လည်း သူက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာပဲ ရှိသေးပြီး အနက်ရောင် ကျောက်တုံးအပိုင်း တစ်ခုကို ရရှိခဲ့ပါတယ်။ ဒါက သူရဲ့ကံကောင်းမှုက ကောင်းကင်ဘုံကိုတောင် ဆန့်ကျင်နိုင်တဲ့ အထိကို ကံကောင်းလွန်းနေတယ်လို့ ဆိုလိုတာပါပဲ။ ဒီလိုပုံစံအတိုင်းဆိုရင် အနက်ရောင် မျှော်စင်ကို နတ်ဘုရားအဆင့်ကို မချိုးဖြတ်ခင်မှာ ပြန်လည်ပြုပြင်ပေးနိုင်ပါလိမ့်မယ်။

ဒါကလည်းက ခန့်မှန်းချက် တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ယာယီအားဖြင့်တော့ အနက်ရောင် ကျောက်တုံးကို မျှော်စင်လေး ပြန်လည်မွမ်းမံဖို့ အတွက်ကို ပေးဖို့ဆန္ဒမရှိပါဘူး။ ဖရိုဖရဲဆန္ဒတွေက သူရဲ့ ကိုယ်ပိုင်သိုင်းဆန္ဒ သဘောတရားကို ကြံ့ခိုင်အောင် လုပ်ပေးနိုင်ပြီး အထူးသဖြင့် သူက ဓားချီအလင်း ခုနစ်ခုပဲ ထုတ်ဖော် နိုင်ပါသေးတယ်။ ဒါကြောင့်သူရဲ့ သိုင်းဆန္ဒက လုံလောက်အောင် ကြံ့ခိုင်မှု မရှိသေးပါဘူး။

သူက အနက်ရောင် မျှော်စင်ထဲကနေ ဟူးညို့ကို ခေါ်ပြီးတော့

ထွက်လာပြီး အမှောင်နတ်ဆိုး တောအုပ်ရဲ့ အတွင်းစည်း နယ်နမိတ်ဆီကို သွားလိုက်ပါတယ်။ အဲဒီနေရာမှာ အနက်ရောင် ကျောက်တုံးတွေ ပိုပြီးတော့ အများကြီး ရှိနိုင်တယ်ဆိုတာ ဖြစ်နိုင်ချေ အများကြီး ရှိပါတယ်။

တကယ်တော့ အမှောင်နတ်ဆိုး တောအုပ်က ၎င်းရဲ့ နတ်ဆိုးချီလိုမျိုး မြူခိုးတွေကြောင့် ထင်ရှားတာ ဖြစ်ပြီးတော့ အတွင်းပိုင်းက မိစ္ဆာသားရဲတွေက ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အစွမ်းကိုပိုင်ဆိုင်ပြီးတော့ သွေးဆာလောင် ရက်စက်ကြပါတယ်။

လင်းဟာန်က အကြောင်းအရာကို မသိသေးပေမဲ့လည်း အခု စဉ်းစားကြည့်လိုက်တော့ တကယ်လို့ အနက်ရောင် ကျောက်တုံးက အချိန်အတော်ကြာကတည်းက တည်ရှိနေတာဆိုရင် ၎င်းက ပတ်ဝန်းကျင်ကို လုံးဝကို လွှမ်းမိုးနိုင်စွမ်းရှိပြီးတော့ အဲဒီနေရာမှာရှိနေတဲ့ သက်ရှိတွေကိုလည်း လွှမ်းမိုးနိုင်ပါလိမ့်မယ်။

ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင် ဒါမှမဟုတ် အနက်ရောင် ကျောက်တုံးအတွင်းမှာရှိတဲ့ ဖရိုဖရဲ မူလအရင်းအမြစ်အတွက်ပဲ ဖြစ်ဖြစ် လင်းဟာန်အနေနဲ့ ဒီခရီးကို သေချာပေါက် သွားရပါမယ်။

တစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ စခန်းတစ်ခုက သူတို့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

ဒီစခန်းက အရင်စခန်းထက် ပိုပြီးတော့ သေးငယ်ပါတယ်။ ဒါပေမဲ့ စခန်းရဲ့ ကာကွယ်နိုင်တဲ့ စွမ်းအားက အတော်လေးကို တိုးလာခဲ့ပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် သိုင်းပညာရှင်တွေ လက်ထဲမှာ လက်နက်တွေကို ကိုင်ဆောင်ထားပြီး ပတ်ဝန်းကျင်ကို အမြဲတစေ ကင်းလှည့်နေပြီး အရမ်းကို နိုးကြားတက်ကြွပြီး အားလုံးက ဂိရိယ ရှိနေကြပါတယ်။

လင်းဟန်က ခဏစဉ်းစားလိုက်ပြီးတော့ ဒီစခန်းမှာ တည်းခိုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက လမ်းလျှောက်လာပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲ ငါးခုနဲ့ ဈေးဆစ်လိုက်ပါတယ်။ ကံကောင်းတာက ဟူးညိုက အရမ်းကို ငယ်သေးတဲ့အတွက် သူမက ဝင်ကြေးအခမဲ့ ဖြစ်ပြီးတော့ ဝင်ကြေးပေးစရာမလိုပါဘူး။

ဒီစခန်းရဲ့ အဆောက်အအုံတွေကလည်းက သစ်သားနံရံတွေ ပါဝင်ပြီးတော့ ဂါးအိမ်တွေနဲ့ တည်ဆောက်ထားပါတယ်။ ဒါက

အလုပ်တော့ သိပ်မဖြစ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီနေရာက အမှောင်နတ်ဆိုး တောအုပ်ရဲ့ တတိယမြောက် စည်းပိုင်း ဖြစ်ပါတယ်။

အမှောင်နတ်ဆိုး တောအုပ်တစ်ခုလုံးကို စည်းပိုင်းလေးခု ပိုင်းခြားထားပါတယ်။ ပထမ စည်းပိုင်းက အတွင်းစည်း နေရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးချီတွေရဲ့ လွှမ်းမိုးမှုက အများဆုံး ဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ ပန်းဖူးအဆင့် လက်ရွေးစင်တွေပဲ အထဲကို ဝင်ရဲကြပါတယ်။ ဒါပေမဲ့ သူတို့လည်းပဲ အလျင်အမြန် လုပ်ရှားဆောင်ရွက်ပြီးတာနဲ့ ကြာကြာမနေပံ့ကြပဲ ပြန်ထွက်လာကြပါတယ်။

နောက်တစ်နေရာက ဒုတိယစည်းပိုင်း ဖြစ်ပြီးတော့ သွေးအလင်းအိမ်တော်နဲ့ လေပြေင်းနတ်ဆိုး ကလန်တို့ ခြေကုပ်ရယူထားပါတယ်။ ၎င်းက ရှေ့ဆုံးခြေကုပ်စခန်းတွေထဲမှာ အထင်ရှားဆုံး ဖြစ်ပြီးတော့ တစ်ခါတရံမှာ အတွင်းစည်းထဲကနေ ထွက်လာတဲ့ မိစ္ဆာသားရဲတွေရဲ့ အလစ်ချောင်း တိုက်ခိုက်မှုကိုလည်း ခံရပါတယ်။ တကယ်လို့ လူတစ်ယောက်က ဒီနေရာမှာ အနားယူပြီးတော့ လေ့လာစူးစမ်းချင်တယ်ဆိုရင် တစ်ရက်ကို နေစားရိတ် မူလစွမ်းအင် ပုံဆောင်ခဲ ဆယ်ခု

ကုန်ကျပါလိမ့်မယ်။

နေမီးမြက်က ဒီနေရာမှာ ရှိပါတယ်။ အွန္တရာယ်လည်း အတော်လေးကို မြင့်မားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အတွင်းစည်းကနေ ပန်းဖူးအဆင့် မှိစ္ဆာသားရဲတွေ ထွက်လာတာနဲ့ ကြုံတွေ့ရနိုင်ချေ ရှိလို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က တတိယစည်းပိုင်းမှာ ဖြစ်ပြီးတော့ အနီးအနားက မှိစ္ဆာသားရဲတွေတောင်မှ အရမ်းကို စိုးရိမ်ပူပန်စရာ ကောင်းပါတယ်။ ဒီနေရာမှာရှိနေတဲ့ မှိစ္ဆာသားရဲတွေက စိတ်ဂိညာဉ် ပလ္လင်အဆင့် ဖြစ်ကြပြီးတော့ စိတ်ဂိညာဉ်ပလ္လင်အဆင့် သိုင်းပညာရှင်တွေတောင်မှ ဂရုစိုက်ရပါတယ်။ နည်းနည်းလေး ဂရုမစိုက်မိရင် သူတို့အနေနဲ့ သေဆုံးသွားရပါလိမ့်မယ်။

လင်းဟန်က ဟူးညိုကို ခေါ်ပြီးတော့ စားသောက်ဆိုင် တစ်ခုဆီကို ဝင်လာခဲ့ပါတယ်။ ဒီနေရာက သတင်းအချက်အလက်တွေ ရှာဖွေလို့ကောင်းတဲ့ အကောင်းဆုံး နေရာပဲ ဖြစ်ပါတယ်။

"မဟာသတင်းကြီးဟေ့ သတင်းကြီး။ သွေးအလင်းအိမ်တော်က လက်ပြောင်းလဲသွားပြီ"

"ဘာ ဒါကတကယ် အမှန်ပဲလား"

"ဟားဟား ငါက သွေးအလင်းအိမ်တော်ရဲ့ ဌာနချုပ်နဲ့ မီတာငါးထောင်ပဲ ဝေးတဲ့ ဒုတိယစည်းပိုင်းကနေ အခုပဲ ထွက်လာခဲ့တာ။ ဒီသတင်းကို ငါကိုယ်တိုင်ပဲ ကြားသိခဲ့ရတာ။ ဘယ်လိုလုပ်ပြီးတော့ အတုအယောင် ဖြစ်နိုင်မှာလဲ"

"ထူးဆန်းတယ်။ သွေးအလင်းအိမ်တော်ရဲ့ ခေါင်းဆောင်က ဘယ်လိုဖြစ်လို့ စွန့်လွှတ်လိုက် ရတာလဲ။ ဒါက သူ့အတွက် အရေးကြီးတဲ့ နေရာပဲမဟုတ်လား"

"သူကိုယ်ပိုင်တော့ ဘယ်လိုလုပ်ပြီးတော့ စွန့်လွှတ်မှာလဲ။ ဒါပေမဲ့ သူက ရှုံးနိမ့်သွားခဲ့တာ"

"ဟော့ဟော့ဟော့ သွေးအလင်းအိမ်တော်ရဲ့ ခေါင်းဆောင်က ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ပဲလေ။ ကောင်းကင်ပိုးနန်းတော်ရဲ့ခေါင်းဆောင်၊ အရိုးဖျက်နန်းတော်ရဲ့ ခေါင်းဆောင်၊ လေပြင်းနတ်ဆိုးကလန်ရဲ့ ခေါင်းဆောင်နဲ့ ဘေးချင်းယှဉ်ပြီးတော့ ရပ်တည်နိုင်တဲ့ အစွမ်းထက်တဲ့သူပဲ။ သူကတကယ်ပဲ တခြားတစ်ယောက်ကို

ရှုံးနိမ့်သွားခဲ့တာလား"

"ဟုတ်တယ်။ ကောလာဟလတွေ ပြောကြတာတော့ သွေးအလင်းအိမ်တော် ခေါင်းဆောင်ကို အနိုင်ယူသွားတဲ့လူက လက်သီးသိုင်းမှာ ဆရာသခင်တစ်ယောက်ဖြစ်ပြီးတော့ လက်သီးချီအလင်း ဆယ်ခုကိုတောင်မှ ထုတ်ဖော်နိုင်တယ်တဲ့။ သွေးအလင်းအိမ်တော်ရဲ့ ခေါင်းဆောင်က လက်သီးချက် ဆယ့်ကိုးချက် ဆက်တိုက်ထိုးခံလိုက်ရပြီး သူရဲ့ဂုဏ်သိက္ခာကို ချပြီးတော့ အရှုံးကို ဝန်ခံလိုက်ရတယ်"

"လပြွတ်။ အဲဒါဘယ်သူလဲ။ ဒါက အရမ်းကို ပြင်းထန်တာပဲ မဟုတ်လား"

"မသိဘူး။ အဲဒီလူက အရမ်းကို လျှို့ဝှက်လွန်းတယ်။ သူကိုယ့်သူ လက်သီးဧကရာဇ်လို့ ခေါ်တယ်"

"လက်သီးဧကရာဇ် ဟုတ်လား။ ဒါက အတော်လေးကို ကြွားလွန်းရာ ရောက်မနေဘူးလား"

လင်းဟန်က နားထောင်နေပြီးတော့ အံ့အားသင့်နေပါတယ်။ အင်အားကြီး လေးခုထဲက သွေးအလင်းအိမ်ရဲ့

ခေါင်းဆောင်နေရာ ပြောင်းလဲသွားခဲ့ပါပြီ။ ဒါက အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒီလက်သီးကေရာဇ်က ဘယ်နေရာကနေ လာခဲ့တာလဲ။ အစွမ်းလည်းထက်သလို ကိုယ်ရည်ကိုယ်သွေးလည်း အရမ်းကို မြင့်မားနေတယ် မဟုတ်လား။

ကေရာဇ်ဆိုတဲ့ ခေါင်းစဉ်ကို ပေါ့ပေါ့တန်တန်နဲ့ အသုံးမပြုသင့်ပါဘူး။ သူရဲ့ အရင်ဘဂတုန်းက ကေရာဇ်လို့ ခေါ်တဲ့သူဆိုလို့ ဓားကေရာဇ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓား ကေရာဇ်ပဲ ရှိခဲ့ပါတယ်။ သူကတော့ မှော်ဆေးပညာမှာ အကြီးအကျယ်ကို အောင်မြင်မှု ရရှိခဲ့တဲ့အတွက် မှော်ဆေးပညာရဲ့ ကေရာဇ်လို့ ခေါ်ကြတာပါ။

ဒီနာမည်က အဆင့်တစ်ခုအတွင်းမှာ ပြိုင်ဘက်ကင်းမှုကို ကိုယ်စားပြုပါတယ်။

ဓားကေရာဇ်က ဓားလမ်းကြောင်းမှာ ပြိုင်ဘက်ကင်းပြီးတော့ ဆေဘာဓားကေရာဇ်ကတော့ ဆေဘာဓားလမ်းကြောင်းမှာ အတုမရှိပါဘူး။ သူကတော့ မှော်ဆေးပညာရဲ့ အထွတ်အထိပ်မှာ ရပ်တည်နေပါတယ်။

ကိုယ့်ကိုကိုယ် လက်သီးကေရာဇ်လို့

ခေါ် ဆိုသုံးနှုန်းလိုက်တာက လက်သီးသိုင်း ကျွမ်းကျင်သူတွေ အများကြီးက သူ့ကိုစိန်ခေါ်ဖို့ ဆွဲဆောင်လိုက်တာနဲ့ အတူတူပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ သူတို့က ဒီခေါင်းစဉ်ကို လက်ခံလိုက်မယ်ဆိုရင် သူက လက်သီးလမ်းကြောင်းမှာ နံပတ်တစ် ဖြစ်တယ်လို့ အသိအမှတ်ပြုလိုက်တာနဲ့ အတူတူဖြစ်သွားပါလိမ့်မယ်။ ဒါက ဘယ်လိုလုပ်ပြီးတော့ ဒီအဖြစ်ကို လက်သီးသိုင်း ဆရာသခင်တွေက သည်းခံနိုင်မှာလဲ။

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ စဉ်းစားလိုက်ပါတယ်။ သူ့ကိုယ်သူရော ဘာကေရာဇ် ညာကေရာဇ်ဆိုပြီးတော့ ခေါ်ပြီးတော့ ပြဿနာတွေကို ဆွဲဆောင်သင့်သလား။ ကြည့်ရတာ ဒါက အတော်လေးကို ကောင်းတဲ့ အကြံဉာဏ်တစ်ခုပဲ။

"မင်းတို့ရဲ့ သတင်းက တကယ်တော့ အသစ်မဟုတ်ဘူး။ ဒါက လွန်ခဲ့တဲ့ တစ်လလောက်က ဖြစ်ပျက်ခဲ့တာပဲ"

ဘေးဘက်မှာ ထိုင်နေတဲ့ လူတစ်ယောက်က ချက်ချင်းပဲ ပယ်ချလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အခု ပါရမီရှင် ဇယားထဲက ပါရမီရှင်တွေက အမှောင်နတ်ဆိုး

တောအုပ်ကို စုပြီးတော့ ရောက်လာကြပြီ။ ဒါက ပိုပြီးတော့ စိတ်လှုပ်ရှားစရာကောင်းတဲ့ အဖြစ်ပဲမဟုတ်လား"

"ဘာဖြစ်လို့လဲ"

ဒီသတင်းက လူတော်တော်များများရဲ့ သိချင်စိတ်ကို ဆွဲဆောင်သွားပါတယ်။ တကယ်တော့ ပါရမီရှင် ဇယားထဲက လူတွေက လက်ရွေးစင်တွေ ဖြစ်ပြီးတော့ ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်လက်ရွေးစင်တွေတောင် ဖြစ်လာနိုင်ကြပါတယ်။

အခုလိုမျိုး ပါရမီရှင်တွေ အများကြီးက အမှောင်နတ်ဆိုး တောအုပ်ထဲမှာ စုစည်းနေကြတာက စိတ်လှုပ်ရှားစရာကောင်းတဲ့ စုစည်းမှုတစ်ခုလို့ ခေါ်ဆိုနိုင်ပါတယ်။

"ပြောကြတာတော့ ရတနာတစ်ခုက တောအုပ်ရဲ့ အတွင်းစည်းထဲမှာ ရောက်လာတယ်တဲ့"

အဲဒီလူက လျှို့ဝှက်ဆန်းကြယ်တဲ့ပုံစံ ဟန်ဆောင်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုရတနာလဲ"

လူတိုင်းလူတိုင်းက အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

အပိုင်း(၃၉၈) ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး

"ဘယ်လိုရတနာလဲ"

လူတိုင်းလူတိုင်းပုံစံကို ကြည့်ရတာ အရမ်းကို သိချင်စိတ်ပြင်းပြနေတဲ့ ပုံစံပေါ် နေကြပါတယ်။

ရတနာ၊ ဒီစကားတစ်ခွန်းကပဲ လူတွေရဲ့ သွေးတွေကို ပွက်ပွက်ဆူအောင် လုပ်နိုင်ပါတယ်။ ဒါအပြင် ပါရမီအဆင့်ဇယားက လူတွေကိုတောင်မှ ဆွဲဆောင်နိုင်ပါတယ်။ ဒီလိုမျိုး ရတနာက သေချာပေါက် အလွန်အမင်း တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ ဖြစ်ရပါမယ်။

အဲဒီလူက ချောင်းဟန့်လိုက်ပြီးတော့ လူတိုင်းလူတိုင်းရဲ့ အကြည့်တွေက သူ့ကိုယ် အာရုံစိုက် နေတာကို မြင်လိုက်ရတဲ့ အခါမှာ ဟန်ကြီးပန်ကြီး အမူအရာနဲ့ ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"အတိအကျတော့ ငါလည်းမသိဘူး။ ဒါပေမဲ့ ငါကြားတာတော့ ကျောက်တုံးတစ်တုံးပဲ"

"ကျောက်တုံးတစ်တုံး ဟုတ်လား"

အားလုံး အံ့အားသင့်ကုန်ပါတယ်။ ဒီကျောက်တုံးက ဘာတွေများ ထူးဆန်းနေလို့ ပါရမီရှင် ဇယားက လူတွေအများကြီးကို ဆွဲဆောင်နိုင်ရတာလဲ။

လင်းဟာန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ အနက်ရောင် ကျောက်တုံးများ ဖြစ်နိုင်မလား။ အဲဒီအထဲမှာ ဖရိုဖရဲ မူလအရင်းအမြစ်က ထိန်းချုပ်အသုံးချနေပါတယ်။

ဒါပေမဲ့လည်း သူက ချက်ချင်းဆိုသလို သူရဲ့ခေါင်းကို ကျိတ်ပြီးတော့ ခါလိုက်ပါတယ်။ ဒီလိုစွမ်းအားမျိုးကို သူရဲ့ယခင်ဘဝ၊ အထွတ်အထိပ် အချိန်တုန်းကတောင် စုပ်ယူနိုင်ခြင်း မရှိပါဘူး။ စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် လူနည်းစုဆို ဘေးဖယ်ထားလိုက်ပါဦး။ သူ့လိုမျိုး ကောင်းကင်အဆင့် နတ်ဘုရားအာရုံရှိတဲ့ လူတောင်မှ အနက်ရောင် ကျောက်တုံးအထဲက ဖရိုဖရဲ ဆန္ဒတွေကို အနက်ရောင်

မျှော်စင်ရဲ့ ဖိနှိပ်ထိန်းချုပ်မှုနဲ့ ကြုံကြုံခံခဲ့ရပါတယ်။ ဒါကြောင့် တခြားလူတွေက အဆင့်မီဖို့ဆိုတာ ခဲယဉ်းပါတယ်။

သူတို့က ဟူးညိုလိုမျိုး ထူးဆန်းနေတယ်ဆိုရင်တော့ တစ်မျိုးပေ့ါ။

"ဟားဟား မင်းကတော့ လျှောက်ပြောနေပြီ။ ကျောက်တုံးတစ်တုံး အတွက်နဲ့ တိုက်ခိုက်ဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား"

တစ်စုံတစ်ယောက်က လှောင်ပြောင်သရော်လိုက်ပါတယ်။

"အဲဒါ တကယ်ပဲ ကျောက်တုံးတစ်တုံးပါ။ ငါမင်းတို့ကောင်တွေကို မလိမ်ပါဘူး"

အဲဒီလူက ချက်ချင်းပဲ ကျိန်ဆိုလိုက်ပါတယ်။ သိုင်းပညာရှင်တော်တော် အားလုံးက ရိုးသေလေးစားခြင်းကို နှစ်သက်ကြပါတယ်။ ဒါကြောင့် သံသယ ဝင်တယ်ဆိုတာနဲ့ အဲဒီလူကို စိုးရိမ်ကြောင့်ကြ ဖြစ်စေပါတယ်။

ဒါပေမဲ့လည်း လူအများစုကတော့ ဒီအကြောင်းကို မယုံကြည်သေးပါဘူး။ ဘယ်လိုမျိုး ကျောက်တုံးတစ်တုံးက

အခုလိုမျိုး တိုက်ခိုက်လုယူဖို့အတွက် ထိုက်တန်မှာလဲ။

"အဲဒါအမှန်ပဲ။ အဲဒီကျောက်တုံးကို ကောင်းကင်ဘုံကံကောင်းခြင်း ကျောက်တုံးလို့ ခေါ်ကြတယ်"

လူတစ်ယောက်က ပြောလိုက်ပါတယ်။

"ဟုတ်တယ် ဟုတ်တယ်။ ငါအခု မှတ်မိပြီ။ အဲဒီကျောက်တုံးကို ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးလို့ ခေါ်တယ်"

အစောပိုင်းတုန်းက ပြောခဲ့တဲ့ လူက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်းက တစ်ယောက်ပြီးတစ်ယောက် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ နာမည်ကို ထုတ်ဖော်ပြောလိုက်တဲ့ လူကိုလှည့်ပြီး ကြည့်လိုက်ကြပါတယ်။ အဲဒီလူက အရပ်က တော်တော်လေးကို မြင့်ပြီးတော့ အဖြူရောင် ဂတ်စုံကို ဂတ်ထားပြီး မြက်ဦးထုပ် တစ်လုံးကိုလည်း ဆောင်းထားပါတယ်။ ဒါကြောင့် သူရဲ့မျက်နှာသွင်ပြင်ကို

ရှင်းရှင်းလင်းလင်း မမြင်ရပါဘူး။ ဒါပေမဲ့လည်း သူရဲ့အသံကို နားထောင်ပြီး ခန့်မှန်းရသလောက်တော့ ဒီလူက အတော်လေးကို ငယ်ရွယ်ပါသေးတယ်။

"အဖြူ ၊ အဖြူရောင်ဓားဘုရင် ရှန်းဖောင်ချန်"

လူတစ်ယောက်က စားပွဲပေါ်မှာ တင်ထားတဲ့ ရတနာဓားကို မြင်ပြီးတဲ့နောက်မှာ တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။

"အဖြူရောင်ဓားဘုရင်"

"မြောက်ပိုင်းဒေသ ပါရမီရှင် ဇယားက နံပါတ် နှစ်ဆယ့်ကိုး"

"ပါရမီရှင် ဇယားရဲ့ ထိပ်ဆုံး လေးဆယ်ထဲကို ဝင်ရောက်နိုင်တဲ့လူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာရှိပြီးတော့ လုံးဝကို ကောင်းကင်ဘုံကို ဆန့်ကျင်နိုင်တယ်"

လူတိုင်းလူတိုင်းက တစ်ယောက်ပြီး တစ်ယောက် အံ့အားသင့်ပြီးတော့ အော်ပြောလိုက် ကြပါတယ်။ ရှန်းဖောင်ချန်ရဲ့ အဆင့်က အကောင်းဆုံး မဟုတ်ပဲ ထိပ်ဆုံးဆယ်ယောက်ထဲမှာ မပါဝင်ပေမဲ့လည်း သူက

စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ရောက်နေပါပြီ။ သူရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ စိတ်ဂိညာဉ် ပလွှင်အဆင့် အလွှာ ပထမအဆင့်က ဆယ့်တစ်ယောက်ကို နောက်ကောက်ချထား နိုင်ခဲ့ပါတယ်။ အဆင့်လေးဆယ် နေရာက တိုက်ပွဲအစွမ်း ကြယ်နှစ်လုံးတောင် ပိုင်ဆိုင်ထားပါတယ်။ ရှန်းဇောင်ချန်ရဲ့ ထူးဆန်းမှုကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

လင်းဟန်တောင်မှ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ နတ်ဆိုးရှင်သန်ဓားနဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသုံးမပြုဘူးဆိုရင် သူတောင်မှ အများဆုံး စိတ်ဂိညာဉ် ပလွှင်အဆင့် ကျွမ်းကျင်သူကို သူရဲ့ကိုယ်ပိုင်တိုက်ပွဲအစွမ်းကို လျှို့ဂှက်ဆန်းကြယ်မှု သုံးထောင်ကို မှီခိုပြီးတော့မှ သတ်ပစ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူက အခု စိတ်ဂိညာဉ် ပင်လယ်အလွှာ ၅ အဆင့်ပဲ ရှိသေးတာဖြစ်ပြီး အဆင့်ကိုးနဲ့ အတော်လေးကို ဝေးပါသေးတယ်။ သူနဲ့ ရှန်းဇောင်ချန်ရဲ့ ကျင့်ကြံခြင်းအဆင့် တူညီသွားတဲ့ အချိန်ကျရင် သူရဲ့ တိုက်ပွဲအစွမ်းက စိတ်ဂိညာဉ် ပလွှင်အဆင့်ရဲ့ ကြယ်နှစ်လုံးထက် သေချာပေါက် ပိုသာပါလိမ့်မယ်။ ကြယ်လေးလုံး ဒါမှမဟုတ် ကြယ်ငါးလုံး အဆင့်တောင် ဖြစ်နိုင်ပါတယ်။

ဆန့်ကျင်ဘက်ဆိုသလို ရှန်းဖောင်ချန်ရော သူရဲ့ ပှက်ဖဲအားလုံးကို ထုတ်ဖော်ခဲ့ပြီလား။ လင်းဟန်လိုမျိုး နတ်ဆိုးရှင်သန်ဓားကို လုံးဂကို မဖြစ်မနေ အချိန်ကျမှ အသုံးပြုခဲ့သလိုမျိုး ရှန်းဖောင်ချန်လည်း ထူးကဲတဲ့ သတ်ဖြတ်ခြင်း ပစ္စည်းတစ်ခု ရှိနေမလား။

ဘယ်လိုပဲဖြစ်ဖြစ် စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့် စစ်သည်တော် တစ်ယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့် ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တယ် ဆိုကတည်းက အတော်လေးကို ထူးဆန်းနေပါပြီ။ ပြီးတော့ ရှန်းဖောင်ချန်ရဲ့ အသက်က အခုမှ နှစ်ဆယ်ပဲ ရှိပါသေးတယ်။ လင်းဟန်တောင်မှ သူ့ကို လျော့မတွက်ရဲပါဘူး။

"ကျုပ်က အတင့်ရဲပြီးတော့ သခင်လေးရှန်းကို မေးပါရစေ။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက ဘယ်လိုအမျိုးအစား ရတနာမျိုးလဲ"

ရှန်းဖောင်ချန်ရဲ့ အမှတ်အသားက သူရဲ့ ရတနာဓား ဖြစ်ပါတယ်။ ဓားလက်ကိုင်မှာ လိပ်ပြာပုံစံ အဖြူရောင် ပိုးချည်တစ်ခုကို စည်းနှောင်ထားပါတယ်။ သူလည်းပဲ

နှစ်ပေါင်းများစွာ အဖြူရောင် ဂုတ်စုံကိုပဲ ဂုတ်ဆင်ပါတယ်။ ဒါပေမဲ့လည်း ပါရမီရှင် အဆင့်ဇယားထဲကို သူရောက်လာတဲ့ အခါမှာ လူတွေက သူရဲ့အဂုတ်အစားပုံစံကို တုပခဲ့ကြပါတယ်။ ဒါဆိုရင် ဒီလူက အမှန်တကယ်ပဲ စစ်မှန်တဲ့ အဖြူရောင် ဓားဘုရင် ဖြစ်နိုင်ပါ့မလား။

လင်းဟန်က သူက ရှန်းဇောင်ချန်ဆိုတာကို ယုံမှားသံသယ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုလူရဲ့ တည်ရှိမှုက လက်ရွေးစင် တစ်ယောက်လိုမျိုး ခံစားစေရပါတယ်။ သူရဲ့ ဓားသိုင်း စွမ်းရည်တွေကို ထုတ်မပြရင်တောင်မှ လက်ရွေးစင် တစ်ယောက်ရဲ့ တည်ရှိမှုကို အပြည့်အဝ ခံစားရပါတယ်။

"ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး ဆိုတာက ကောင်းကင်နဲ့ မြေကြီးရဲ့ ကောင်းချီးပေးမှု တစ်ခုပဲ။ အဲဒီကျောက်တုံးကို စိတ်ဂိညာဉ် ပလ္လင်အဆင့်နဲ့ အောက်က သိုင်းပညာရှင်တွေအတွက် ခန္ဓာကိုယ်ကို ပြုပြင်မွမ်းမံတဲ့ အခါမှာ အသုံးပြုပြီးတော့ အဲဒီကျောက်တုံးထဲက အဆီအနှစ်က နောက်ပိုင်းမှာ အဆင့်ကြီးတစ်ကို ချိုးဖြတ်ဂင်ရောက်တဲ့ အချိန်မှာ အံ့မခန်းတဲ့ အာနိသင်တစ်ခု ရှိလိမ့်မယ်။ ဒါက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တိုးလာစေတယ်။ ပြီးတော့ အဆင့်ကြီးကို တက်တဲ့အခါမှာ လူတစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းက

ကြယ်လေးလုံး ဒါမှမဟုတ် ကြယ်ငါးလုံးကို ထိုးတက်သွားနိုင်တယ်”

ရှန်းဇောင်ချန်က တည်ငြိမ်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

အဟွတ် အဟွတ်

လူတိုင်း တံတွေးသီးကုန်ပါတယ်။

ပုံမှန်အားဖြင့် တိုက်ပွဲအစွမ်း ကြယ်တစ်လုံး နှစ်လုံး သာလွန်တယ် ဆိုရင်ကိုယ်ပဲ အတော်လေးကို ထူးချွန်နေပါပြီ။ ပြီးတော့ ကြယ်သုံးလုံး လေးလုံးက ပါရမီရှင် အဆင့်ပဲ။ ဒါပေမဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက တိုက်ပွဲအစွမ်း ကြယ်လေးလုံး ဒါမှမဟုတ် ငါးလုံးအထိကို တန်းပြီးတော့ တိုးလာစေနိုင်ပါတယ်။ ဒါက ဘယ်လောက်တောင် မိုက်လိုက်သလဲ။

တကယ့်ကို ရှားပါးလွန်းတဲ့ နတ်ဘုရား ရတနာတစ်ခုပဲ။ ပါရမီရှင် ဇယားက လူတွေအများကြီးကို ဆွဲဆောင်နိုင်တာက အံ့ဩစရာ မဟုတ်ပါဘူး။

“သခင်လေးရှန်းလည်း ကောင်းကင်ဘုံ ကံကောင်းခြင်း

ကျောက်တုံးအတွက် ရောက်လာတာ မဟုတ်လား”

လူတစ်ယောက်က မေးလိုက်ပါတယ်။

“ဒါပေါ့။ သခင်လေးရှန်းက စိတ်ဝိညာဉ် ပင်လယ်အလွှာကိုး အဆင့်ကို ရောက်နေပြီးတော့ သူရဲ့ ကျင့်ကြံခြင်းအဆင့်ကို ထိန်းချုပ်ထားပြီးတော့ အဆင့်မတက်ခင်မှာ သိပ်သည်းကျစ်လျစ်အောင် လုပ်ဖို့ အစီအစဉ်ရှိနေတာပဲ။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးနဲ့ သခင်လေးရှန်းရဲ့ ထိပ်တန်းပါရမီနဲ့ဆိုရင် သူက စိတ်ဝိညာဉ်ပလ္လင် အဆင့်ပထမအလွှာမှာ တိုက်ပွဲအစွမ်း ကြယ်ဆယ်လုံးကျော်ကို ပိုင်ဆိုင်နိုင်လိမ့်မယ်”

“ဒါပေမဲ့လည်း ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက အရမ်းကို အဖိုးတန်တယ်။ ပါရမီရှင် အဆင့်ဇယားက လူတွေကို အသာထားဦး။ သူတို့ကိုယ်သူတို့ နာမည်ကောင်းရဖို့ ကြိုးစားနေတဲ့ လူတွေလည်း ထွက်ပေါ်လာနိုင်တယ်။ နောက်ပြီးတော့ ပန်းဖူးအဆင့်နဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် လက်ရွေးစင်တွေ ပေါ်လာလိမ့်မယ်။ သူတို့ရဲ့ မျိုးဆက်တွေအတွက် ဒီအခွင့်အရေးကို သိမ်းပိုက်ကြလိမ့်မယ်”

"တကယ်လို့ ဒီလက်ရွေးစင်တွေ ပေါ်လာခဲ့မယ်ဆိုရင် လူငယ်မျိုးဆက်တွေက ကစားပွဲထဲမှာ သေချာပေါက် ရှိတော့မှာ မဟုတ်ပါဘူး။ ပါရမီရှင် ဇယားက လူတွေအားလုံး ပေါင်းရင်တောင်မှ အကူအညီမဲ့နေကြလိမ့်မယ်"

ဒါပေမဲ့လည်း လင်းဟန်တွေးနေတာက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ သတင်းက ဘယ်လိုလုပ်ပြီးတော့ ပျံ့နှံ့နေတာလဲ ဆိုတာပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး တန်ဖိုးကြီးတဲ့ အရာတစ်ခုကို ဘယ်သူမဆို ဖုံးကွယ်ထားပါလိမ့်မယ်။ ဒါဆို ဘာကြောင့် တစ်ကမ္ဘာလုံး ဒီအကြောင်းတွေ သိနေရတာလဲ။

အဖြေက မကြာခင်မှာပဲ ထွက်ပေါ်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က စုံစမ်းရေး အဖွဲ့ငယ် တစ်ဖွဲ့က အတွင်းပိုင်း နယ်မြေထဲကို ဝင်သွားခဲ့ကြပါတယ်။ သူတို့က ကံကောင်းပြီးတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ ဒါပေမဲ့ ၎င်းရဲ့အနီးမှာ အရမ်းကို အစွမ်းထက်တဲ့ မိစ္ဆာသားရဲတစ်ကောင်က စောင့်ကြပ်နေပါတယ်။ ဒါကြောင့် သူတို့က ဒီကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သိမ်းပိုက်လို့ မရခဲ့ပါဘူး။ သူတို့အဖွဲ့က ပြန်လာဖို့ ဆုံးဖြတ်ပြီးတော့ နောက်ထပ်လူသူ စုဆောင်းပြီးတော့မှ

လှုပ်ရှားဖို့ ပြန်လာကြပါမယ်။

ဒါပေမဲ့လည်း ဒီအဖွဲ့က ယာယီအားဖြင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ တချို့က လောဘကြီး လာကြပါတယ်။ ဒါကြောင့် ကလန်တစ်ခုကနေ ညီအစ်ကို သုံးယောက်က အဖွဲ့ထဲက လူတွေ အားလုံးကို အဆိပ်ခတ်ပြီးတော့ လုပ်ကြံခဲ့ကြပါတယ်။

အဲဒီထဲကမှ လူတစ်ယောက်က အဆိပ်မိခဲ့ပေမဲ့ သူကိုယ်တိုင်က အဆိပ်ကျွမ်းကျင်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် အဆိပ်ကို ခုခံနိုင်တဲ့ စွမ်းရည်ရှိပြီးတော့ သူက ချက်ချင်း မသေဆုံးသွားပဲနဲ့ စခန်းတစ်ခုဆီကို ထွက်ပြေးလွတ်မြောက်သွားပြီး သူမသေခင်မှာ ဒီသတင်းကို ဖြန့်ခဲ့တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် အမှောင်နတ်ဆိုး တောအုပ်တစ်ခုလုံးထဲက လူတွေက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးအကြောင်းကို သိသွားကြပါတယ်။ ဒါပေမဲ့ ဘယ်နေရာမှာ ရှိလဲဆိုတာကိုတော့ တိတိကျကျ မသိခဲ့ကြပါဘူး။ အဆိပ်မိနေတဲ့ လူပြောခဲ့တာက တောအုပ်ရဲ့ အတွင်းပိုင်း နယ်မြေထဲမှာလို့ပဲ ပြောခဲ့ပါတယ်။

ဆက်တိုက်ဆိုသလို သတင်းက အမှောင်နတ်ဆိုး တောအုပ်ထဲက လူတွေကြားမှာပဲ ပျံ့နှံ့သွားပါတယ်။ အင်အားကြီး ဂိုဏ်းတွေက ဒီသတင်းကို မရရှိကြသေးပါဘူး။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့ အမျှ သတင်းရရှိသွားကြပြီး လက်ရွေးစင် အများကြီး ရောက်လာပါလိမ့်မယ်။

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက ဂိုဏ်းတစ်ခုအတွက် ကောင်းကင်ဘုံကိုတောင် ဆန့်ကျင်နိုင်တဲ့ ကျွမ်းကျင်သူကို ဖန်းတီးပေးနိုင်ပါတယ်။ ဒီအတွက်နဲ့ ဂိုဏ်းရဲ့ အကြီးအကဲ ကိုယ်တိုင်တောင်မှ လှုပ်ရှားဖို့ဆိုတာ ထိုက်တန်ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ပထမ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်၊ နောက်တစ်ခုက လျှို့ဝှက်ဆန်းကြယ်တဲ့ အနက်ရောင် ကျောက်တုံးနဲ့ အခုဆို ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး။ ကြည့်ရတာတော့ သူ့ရဲ့ ဒီခရီးစဉ်က ဘယ်လိုမှ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးသွားမဲ့ပုံ မမြင်ပါဘူး။

"ရှန်းဇောင်ချန် မင်းကိုဒီနေရာမှာ ကြုံတွေ့ရမယ်လို့ ငါလုံးဝ မထင်မှတ်ထားမိဘူး။ ငါတို့ လက်ရည်စမ်းကြည့်ရအောင်"

စားသောက်ဆိုင်ရဲ့ အပြင်ဘက်ကနေ အသံတစ်သံ ထွက်ပေါ်လာခဲ့ပါတယ်။

လူတစ်ယောက်က သူရဲ့လည်ပင်းကို ဆန့်ပြီးတော့ အသံလာရာဆီကို ခေါင်းမော့ကြည့်လိုက်ပြီး ရုတ်တရက် ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။

"အဲဒါ အရိပ်လိုင်းဓားနစ်လက် လျို့တပဲ"

"အရိပ်လိုင်း ဓားနစ်လက်၊ ပါရမီရှင် ဇယားရဲ့ နံပါတ်လေးဆယ့်နစ်ကလား"

"ကွာဟချက်က အရမ်းကို ကြီးမားတယ် မဟုတ်လား"

"မဟုတ်ဘူး မဟုတ်ဘူး။ ဒီအဆင့်က လွန်ခဲ့တဲ့ တစ်နစ်တုန်းကပဲ။ ငါကြားဖူးတာ လျို့တက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖြတ်ဖင်ရောက်သွားပြီးတော့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ဒုတိယ အလွှာက ကျွမ်းကျင်သူတွေ တော်တော်များများကို တိုက်ခိုက် အနိုင်ယူခဲ့တယ်တဲ့"

"သူစိန်ခေါ်ပွဲတယ်ဆိုတာ အံ့သြစရာ မဟုတ်တော့ဘူး"

အပိုင်း(၃၉၉) အဖြူရောင် ဓားဘုရင်

ရှန်းဇောင်ချန်ကတော့ အသာအယာ ထိုင်နေတုန်း ဖြစ်ပြီးတော့ တုန်လှုပ်ခြင်း အလျဉ်းမရှိပဲ ပြောလိုက်ပါတယ်။

"ငါ့ကို ရှုံးဖူးတဲ့ လူနဲ့ ဘယ်တော့မှ လက်ရည်မစမ်းဘူး"

"ရှန်းဇောင်ချန် မင်းကြောက်နေတယ်မဟုတ်လား"

လှိုတရဲ့ အသံက အပြင်ဘက်ကနေ လွင့်မျောလာခဲ့ပါတယ်။

ရှန်းဇောင်ချန်က သူရဲ့အရက်ခွက်ကို ကောက်ကိုင်ပြီးတော့ တစ်ချက်မော့လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါက မင်းလိုမျိုး ကိုယ့်ကန့်သတ်ချက်ကို ကိုယ်မသိတဲ့ လူတွေကို မကြိုက်ဘူး။ ဒါကြောင့် တကယ်လို့ မင်းကငါ့ကို အတင်းအကျပ် တိုက်ခိုက်စေမယ်ဆိုရင် ငါလုံးဝ ထိန်းနိုင်မှာ မဟုတ်ဘူး"

"ဟားဟားဟား ကောင်းတာပေ့ါ။ ငါမင်းရဲ့ အစွမ်းတွေ ဘယ်လောက်တောင် တိုးတက်လာသလဲ ဆိုတာကို မြင်ချင်လိုက်တာ"

လှိုတက ပြောလိုက်ပေမဲ့ သူရဲ့ရယ်သံက ခြောက်သွေ့ပြီး အရမ်းကို မကျေမနပ် ဖြစ်နေပုံ ရပါတယ်။

ရှန်းဇောင်ချန်က မတ်တတ်ရပ်ပြီးတော့ စားပွဲပေါ်က သူရဲ့ဓားကို ဆုပ်ကိုင်ပြီး စားသောက်ဆိုင်ရဲ့ အပြင်ဘက်ကို ခြေလှမ်းကျယ်ကြီး လှမ်းပြီးတော့ ထွက်လာခဲ့ပါတယ်။

ပုန်း

စားသောက်ဆိုင်ထဲက လူအုပ်ကြီးကလည်း ဂရုန်းသုန်းကား ဖြစ်သွားပြီးတော့ အပြင်ဘက်ကို လိုက်ပြီးထွက်လာကြပါတယ်။ ဒါက ပါရမီရှင် ဇယားထဲက လူနှစ်ဦးရဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပြီးတော့ ဒီလိုမျိုး ပွဲကြီးပွဲကောင်းတစ်ခုက သူတို့ရဲ့ မျက်စိအရှေ့မှာဆိုတော့ ဘယ်လိုလုပ်ပြီးတော့ လက်လွှတ်ခံဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

"ငါတို့လည်း အပြင်ကို ထွက်ပြီးတော့ ကြည့်ရအောင်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညိုက ခေါင်းညိတ်လိုက်ပြီး သူမရဲ့ လက်တစ်ဖက်က

လင်းဟန်ရဲ့ အင်္ကျီ လက်မောင်းစကို ကိုင်ဆွဲပြီး လက်တစ်ဖက်ကလည်း သူမစားဖို့အတွက် အသားခြောက်တချို့ကို မမေ့မလျော့ပဲ ကိုင်လာခဲ့ပါတယ်။ လင်းဟန်နဲ့ ဟူးညိုတို့က စားသောက်ဆိုင်ထဲကနေ ထွက်လာပြီးတော့ စခန်းရဲ့ အပြင်ဘက်က မြေကွက်လပ်ကျယ် တစ်ခုဆီကို ရောက်လို့လာခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ရှမ်းဖောင်ချန်က အသက် ၂၄ ၂၅ နှစ်ခန့်ရှိတဲ့ လူငယ်တစ်ယောက်နဲ့ မျက်နှာချင်း ဆိုင်ပြီးတော့ ရပ်နေပါတယ်။ အဲဒီလူငယ်ရဲ့ ခန္ဓာကိုယ်က တောင့်တင်းကြံ့ခိုင်ပြီးတော့ သာမန်လူတွေထက် ခေါင်းနစ်လုံးစာလောက် ပိုမြင့်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ရှန်းဖောင်ချန်ကို အဲဒီလူငယ်နဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ကလေးလေး တစ်ယောက်လို ဖြစ်သွားပါတယ်။

ဒီလူငယ်ရဲ့ နာမည်က လျှို့တလို့ခေါ်ပါတယ်။ ဒီလိုမျိုး အရပ်ကလန်ကလားနဲ့ လူတစ်ယောက် အနေနဲ့ ရွေးချယ်သင့်တဲ့ လက်နက်တွေက တုတ်ရှည် ဒါမှမဟုတ် ပုဆိန်တို့လို လက်နက်အမျိုးအစားကိုပဲ ရွေးချယ်သင့်ပါတယ်။ ဒါပေမဲ့ သူလည်းပဲ ဓားကို ရွေးချယ်ထားပြီးတော့ ဓားကလည်း ဓားတိုနှစ်လက် ဖြစ်နေပါတယ်။ သူရဲ့လက်မှာ ကိုင်ထားလိုက်ရင်ပဲ

ပန်းထိုးတဲ့ အပ်သာသာလောက်ပဲ ရှိတယ်လို့ ထင်ရပါတယ်။ သူ့ပုံစံနဲ့ သူရဲ့ဓားကို ကြည့်ရတာ လုံးဝကို မလိုက်ဖက်ပါဘူး။

ဒါပေမဲ့လည်း ဘယ်သူကမှ မရယ်ကြပါဘူး။ လှိုတက ပါရမီရှင် အဆင့်ဇယားပေါ်က နံပါတ် ၄၂ နေရာမှာ ရှိပြီးတော့ ဒါက သေချာပေါက် ရယ်မောလှောင်ပြောင်လို့ ကောင်းတဲ့လူစားမျိုး မဟုတ်ပါဘူး။

"မင်းရဲ့ဓားကို ဆွဲထုတ်လိုက်ပါ"

လှိုတက ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ရဲ့ဓားကို ဆွဲထုတ်ဖို့ ဖိအားပေးနိုင်ရင်တော့ ငါဆွဲထုတ်မှာပါ"

ရှန်းဇောင်ချန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ ဒီစကားတွေက အရမ်းကို လေလုံးထားရာ ရောက်ပြီးတော့ အနီးဝန်းကျင်က တိုက်ပွဲကို ကြည့်နေတဲ့ မိန်းကလေးတွေက သူမတို့ရဲ့ မျက်လုံးတွေကနေ ရောင်စဉ်တွေ ဖြာလင်းသလို တလက်လက် တောက်ပလို့ နေပါတယ်။

"စိတ်ကြီးဝင်နေတာပဲ"

လျှိုတက သူရဲ့ဓားတိုနှစ်လက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ သိုင်းဆန္ဒတွေက အရေ့တည့်တည့်ကို တစ်ဟုန်ထိုး ထွက်လာပြီး အဖြူရောင် ပိုးချည်မျှင်တွေလိုမျိုး ရှန်းဇောင်ချန်ရဲ့ အနားမှာ ရောယှက်လို့ နေပါတယ်။

လင်းဟန်က ခေါင်းမညိတ်ပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ လျှိုတက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ သူရဲ့ကျင့်ကြံခြင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမ အလွှာရဲ့ အလယ်အလတ်အဆင့်မှာ တည်ငြိမ်မှုမရှိသေးပါဘူး။ ဒီပိုးချည်မျှင် လိုင်းကြောင်းတွေက ဓားချီကနေ စုစည်းလာခဲ့တာ ဖြစ်ပါတယ်။ သူ့ကိုကြည့်ရတာ ထူးဆန်းတဲ့ ဓားသိုင်းပညာ တစ်ခုကို လေ့ကျင့်ထားတယ်ဆိုတာ သိသာထင်ရှားပြီး ဓားချီကနေ အမှန်တကယ်ပဲ ပိုးချည်မျှင်တွေလို ပြောင်းလဲနိုင်တာက အတော်လေး အထင်ကြီးစရာ ကောင်းပါတယ်။

ပါရမီရှင် ဇယားမှာ ချိတ်နိုင်တဲ့ လူဆိုမှတော့ ဘယ်လိုလုပ်ပြီးတော့ သာမည ရွက်ကြမ်းရေကျို အဆင့်ပဲ ရှိမှာလဲ ဟုတ်တယ်မလား။

ရှန်းဇောင်ချန်က သူရဲ့လက်ချောင်းတွေကို ဓားတွေလိုမျိုး အသုံးပြုပြီးတော့ သူရဲ့ ခြေထောက်တွေကို နေရာရွှေ့ပြောင်းပြီးတော့ သူရဲ့လက်တွေကို ပေ့ယမ်းလိုက်ပြီး ဓားချီတွေကို ထုတ်လွှတ်လိုက်ပါတယ်။

ဓားချီ။ ဘာဖြစ်လို့ ဓားချီလို့ ခေါ်တာလဲ။ ဘာဖြစ်လို့လဲဆိုတော့ ဓားချီက ဓားတစ်ချောင်း လိုအပ်ပါတယ်။ ရတနာ ဓားတစ်လက်ရဲ့ ထက်မြက်မှုကို အသုံးမပြုခင်မှာ ပေါင်းစည်းဖို့အတွက် လိုအပ်ပါတယ်။ ဒါပေမဲ့လည်း လက်ချောင်းလေးတွေနဲ့ တိုက်ခိုက်လိုက်တဲ့အခါမှာ ထက်မြက်မှုက အတော်လေးကို လျော့ကျသွားပါလိမ့်မယ်။

ဘာဖြစ်လို့ အဲဒီအစား လက်သီးချီကို မထုတ်လွှတ်လိုက်တာလဲ။ ဘာဖြစ်လို့လဲဆိုတော့ လက်သီးရဲ့ အစွမ်းက တိုက်ခိုက်မှုအစွမ်းပဲ ဖြစ်ပြီးတော့ လှီးဖြတ်ခြင်း ဖြတ်တောက်ခြင်းတို့ရဲ့ အကျိုးသက်ရောက်မှုတွေ မရှိပါဘူး။

အခု ရှန်းဇောင်ချန်က သူရဲ့လက်ချောင်းတွေကို ဓားတစ်လက်အနေနဲ့ အသုံးပြုခဲ့ပါတယ်။ ပြီးတော့ ဓားချီရဲ့ စွမ်းအားက သဘာဝကျစွာနဲ့ အများကြီး အားနည်းပါတယ်။

တကယ်လို့ သူရဲ့လက်ထဲမှာ အဆင့်လေး ဒါမှမဟုတ် အဆင့်ငါး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုဖြစ်တဲ့ ဓားတစ်လက်သာ ရှိမယ်ဆိုရင် ဒီစွမ်းအားက လုံးဝကို နိမ့်ကျလိမ့်မှာ မဟုတ်ပါဘူး။

လူတိုင်းလူတိုင်းက တဒင်္ဂတော့ ကြက်သေသေသွားခဲ့ပါတယ်။ ရှန်းဇောင်ချန်က စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်ဖြစ်ပြီးတော့ သတ္တိတော်တော် ကောင်းပါတယ်။ လျိုတာထက် အဆင့်ကြီး တစ်ဆင့်နိမ့်နေတာ သိသာနေပေမဲ့ သူက မာနကြီးစွာနဲ့ သူရဲ့လက်နက်ကိုတောင်မှ မထုတ်ပဲ တိုက်ခိုက်ပွဲ့ပါသေးတယ်။

ဒါပေမဲ့လည်း ရှန်းဇောင်ချန်က ဆိုးဆိုးဝါးဝါး စိတ်ကြီးမဝင်ပါဘူး။ ဒါပေမဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်ဖြစ်တဲ့အတွက် သူရဲ့လက်ချောင်းတွေ လှုပ်ရှားမှုတွေက ကြိုးတပ်ဗျပ်စောင်း တစ်ခုကို တီးခတ်နေသလိုမျိုးပါပဲ။ ရွှပ် ရွှပ် ရွှပ်။ သူက ဓားချီအလင်းတွေ တစ်ခုပြီး တစ်ခု ပစ်လွှတ်လိုက်ပြီးတော့ လျိုတာရဲ့ တိုက်ခိုက်မှုကို ပျက်ပြယ်စေခဲ့ပါတယ်။

သူတို့နှစ်ယောက် တစ်ကယ်ပဲ လက်ရည်တူနေကြတယ်။

ဒါပေမဲ့လည်း လှိုူတက အဆင့်ကြီးတစ်ဆင့် မြင့်မားပြီးတော့ လက်နက်တွေကိုလည်း အသုံးပြုထားပါတယ်။ ဓားတိုနှစ်လက်က တောက်ပနေတဲ့ မျဉ်းကြောင်းတွေ ရှိနေတဲ့အတွက် စိတ်ဂိညာဉ် ပစ္စည်းတွေဆိုတာ သိသာပါတယ်။ ဒီလိုမျိုး ကြီးမားတဲ့ အသာစီးရယူထားတာတောင် သူက ရှန်းဇောင်ချန်နဲ့ လက်ရည်တူ သရေကျရုံပဲ လုပ်နိုင်ပြီးတော့ အခြေအနေအရ သူက အကြီးအကျယ်ကို ရှုံးနိမ့်နေပါတယ်။

ဟူးညိုရဲ့ မျက်ခုံးတွေ ပင့်သွားပြီးတော့ ရှန်းဇောင်ချန်ကို ရန်လိုတဲ့ အမူအရာတစ်ခုနဲ့ စူးစိုက်ပြီး ကြည့်လိုက်ပါတယ်။

လင်းဟန်လည်းပဲ တိုက်ချင်ခိုက်ချင်တဲ့ စိတ်တွေ တစ်ဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။ သူလည်းပဲ ဓားကို အသုံးပြုတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။

"မျှော်လင့်ထားသလိုပဲ အဖြူရောင် ဓားဘုရင်က အရမ်းကို အားကောင်းတယ်"

"လှိုူတလိုမျိုး စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာက လူကို စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာ ၉ နဲ့

တိုက်ခိုက်ယှဉ်ပြိုင်နိုင်တယ်။ တကယ်လို့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို သူအဆင့်တက် သွားခဲ့မယ်ဆိုရင် သူရဲ့တိုက်ပွဲစွမ်းအားကို ခန့်မှန်းရသလောက်တော့ ကြယ်ကိုးလုံး ဒါမှမဟုတ် ကြယ်ဆယ်လုံးထိတောင်မှ ထိုးတက်မြင့်မားသွားနိုင်တယ်”

“ဟုတ်တယ်။ အချိန်လေးလတောင် ကျန်သေးတယ်။ ရှန်းဇောင်ချန်က စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို သေချာပေါက် အဆင့်တက်သွားနိုင်တယ်။ နစ်ကုန်ဆုံးလို့ ပါရမီရှင်တွေရဲ့ တိုက်ပွဲကို ရောက်တဲ့အခါကျရင် ပွဲကြီးပွဲကောင်းတော့ တွေ့ပြီဟေ့”

လူတိုင်းလူတိုင်းက ရှန်းဇောင်ချန်ရဲ့ ခွန်အားကို အသိအမှတ်ပြုတဲ့ အနေနဲ့ တစ်ယောက်ပြီး တစ်ယောက် ခေါင်းညိတ်လိုက်ကြပါတယ်။

“အား”

လျိုတကာ အော်ဟစ်လိုက်သည်။ သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်နဲ့ သိသိသာသာ အသာစီး ရယူထားပြီးတော့ ဒီလိုမျိုး ရလဒ်တစ်ခု ထွက်ပေါ်လာလိမ့်မယ် ဆိုတာကို ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

သူယူဆထားတာက အစွမ်းထက်တဲ့ ပြိုင်ဘက်ကို အဆင့်ကြီး တစ်ဆင့်အသာစီး ရယူထားပြီးတော့ ဖိနှိပ်ထိန်းချုပ်နိုင်လိမ့်မယ်လို့ ထင်ထားခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးသတ်မှာတော့ အထင်နဲ့အမြင်က တခြားစီ ဖြစ်နေခဲ့ပါတယ်။

သူရဲ့မျက်လုံးတွေက နီရဲလာပြီးတော့ ပုက်ဖဲအနည်းငယ်ကို အသုံးပြုဖို့ ဆုံးဖြတ်လိုက်ပုံ ရပါတယ်။ သူ့အနေနဲ့ လူပုံအလယ်မှာ လုံးဂရုံးနိမ့်သွားလို့ မဖြစ်ပါဘူး။

"ဟားဟားဟားဟား ဒါတွေကို မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် ဇယားက ပါရမီရှင်တွေလို့ ခေါ်တာလား"

လူငယ်တစ်ယောက်က ရုတ်တရက် ရောက်လာခဲ့ပါတယ်။ ဟုမ်း။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်ရဲ့ အစွမ်းတွေက အတားအဆီးမဲ့စွာနဲ့ စီးဆင်းလို့ လာခဲ့ပြီးတော့ ချက်ချင်းဆိုသလို လူတွေအားလုံးကို အသက်ရှူကြပ်စေတဲ့ ခံစားမှုမျိုးကို ဖြစ်ပေါ်စေခဲ့ပါတယ်။

အားလုံး အံ့အားသင့်ကုန်ကြပါတယ်။ ဒီလူငယ်လေးက အသက် ၂၄ ဒါမှမဟုတ် ၂၅ ပဲ ရှိပါသေးတယ်။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ မြင့်မားတဲ့အဆင့်

စစ်သည်တော် တစ်ယောက် ဖြစ်နေပြီးတော့ သေချာပေါက် အံ့အားသင့်စရာကောင်းတဲ့ တိုက်ပွဲအစွမ်း ရှိပါတယ်။ ဘယ်သူကမှ ဒီလူငယ်လေးရဲ့ နောက်ခံအကြောင်းကို မသိကြပါဘူး။

ဒီလိုမျိုး ပါရမီရှင်က ပါရမီရှင်ဇယားပေါ်မှာ လူသိများ ထင်ကြားကျော်ကြားသင့်ပါတယ်။

ရှန်းဇောင်ချန်နဲ့ လျှိုတတို့ နှစ်ယောက်စလုံးပဲ သူတို့ရဲ့ တိုက်ပွဲကို ရပ်တန့်ပြီးတော့ အဲဒီလူငယ်ကို ဆက်တိုက်ပဲ လှည့်ကြည့်လိုက်ပါတယ်။

"ငါ့ကို တကယ်ပဲ စိတ်ပျက်စေတာပဲ။ ဒါဆိုရင်လည်း ဒီလောက်တောင် အားနည်းနေကြမှတော့ ငါစိတ်ဝင်တစားနဲ့ ကြည့်ဖို့တောင် မတန်ဘူး"

လူငယ်က သူရဲ့ခေါင်းကို ခါလိုက်ပြီးတော့ သူရဲ့မျက်နှာပေါ်မှာ အထင်အမြင်သေးမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"မင်းတို့လို အမိုက်ကောင်တွေက ပါရမီရှင် ဇယားပေါ်မှာတောင် ပါကြသေးတယ် ဟုတ်လား။ ဒါက ငါ့ကို

တကယ်ပဲ ခေါင်းပြုတ်ထွက်လုမတတ် ရယ်မောစေတာပဲ”

“မင်းက ဘယ်ကကောင်လဲ”

လှိုုတက ဒေါသနဲ့ မေးလိုက်ပါတယ်။ ဒီကောင်ကို ကြည့်ရတာ ပါရမီရှင် ဇယားပေါ်က လူအယောက် တစ်ရာကို အထင်အမြင်သေးနေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

“ငါလား”

လူငယ်က အရှေ့ကို ထွက်လာပြီးတော့ သူရဲ့ဘယ်ဘက်လက်နဲ့ လှိုုတကို ဖိနှိပ်တဲ့ပုံစံ လုပ်ပြီးတော့ ရှန်းဇောင်ချန်ကိုတော့ လက်သီးတစ်ချက် ပစ်သွင်းပြီးတော့ တစ်ပြိုင်နက်တည်း တိုက်ခိုက်လိုက်ပါတယ်။ သူကတကယ်ပဲ ပါရမီရှင် ဇယားပေါ်က ပါရမီရှင်နှစ်ယောက်ကို တစ်ပြိုင်နက် စိန်ခေါ်လိုက်တာပါပဲ။

လှိုုတက ချက်ချင်းပဲ သူရဲ့ဓားနဲ့ ခုတ်လိုက်တဲ့အချိန်မှာ ရှန်းဇောင်ချန်က တုံ့ဆိုင်းနေပါတယ်။ ထန်ဆိုတဲ့ မြည်သံနဲ့အတူ ရှန်းဇောင်ချန်က သူရဲ့ဓားရှည်ကိုထုတ်ပြီးတော့ ခုတ်လိုက်တဲ့ အခါမှာ ဓားချီအလင်း ခုနစ်ခုက ချက်ချင်းဆိုသလို လူငယ်ဆီကို

ပြေးဝင်သွားခဲ့ပါတယ်။

ထန် ထန် ထန်

မသဲမကွဲအသံနစ်ခု ထွက်ပေါ်လာပြီးတော့ လျှိုတန့် ရှန်းဇောင်ချန်တို့ နစ်ယောက်စလုံး နောက်ဆုတ်သွားရပြီး သူတို့ရဲ့ ပါးစပ်ကနေ သွေးတွေယိုစိမ့်ထွက်လာပြီးတော့ နာကျင်တဲ့ အမူအရာနဲ့ တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပါတယ်။

လပြွတ်။ လူတိုင်းလူတိုင်း မှင်တက်အံ့သြသွားကြပါတယ်။

တစ်ယောက်နဲ့ နစ်ယောက် တိုက်ခိုက်တာမှာ သူက ပါရမီရှင် နစ်ယောက်ကို တိုက်ခိုက်တာ ဖြစ်ပြီးတော့ အနိုင်ယူလိုက်ရုံတင်မကပါဘူး။ ပြိုင်ဘက်နစ်ယောက်ကိုပါ ဒဏ်ရာရစေခဲ့ပါတယ်။ သူရဲ့ခွန်အားက တကယ်ပဲ အံ့အားသင့်စရာ ကောင်းပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်မြင့် ဆိုပေမဲ့ ဒီလိုမျိုး ဖြစ်အောင်လို့ ပြသလိုက်တဲ့ လူငယ်က အသက် ၂၄ ဒါမှမဟုတ် ၂၅ ပဲရှိပါသေးတယ်။ ဒါက အရမ်းကို မျှတတယ်လို့ ပြောနိုင်ပါတယ်။

သူ့အနေနဲ့ အရမ်းကို မောက်မာဂင့်ကြွားပုံစံ ဖြစ်နေတာ အံ့ဩစရာ မရှိပါဘူး။ သူက အရမ်းကို မွန်းစတား ဆန်လွန်းပါတယ်။

"မင်းဘယ်သူလဲဆိုတာ တိတိကျကျ ပြောစမ်း"

လျို့တက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

ရှန်းဖောင်ချန်က သူရဲ့ဂါးဦးထုပ်ကို ဖယ်လိုက်ပြီးတော့ သာမန်အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့မျက်လုံးတွေက ကြယ်တွေလိုမျိုး တောက်ပလင်းလက်ပြီး လူတွေက မထိန်းနိုင်ပဲ သူ့ကိုစိုက်ကြည့်စေပါတယ်။ ဒီအကြည့်က သူတို့ကိုသူတို့ မလွတ်လပ်သလို ခံစားမှုမျိုးကို ဖြစ်ပေါ်စေခဲ့ပါတယ်။ သူရဲ့ရန်လိုမှုက မိုးကောင်းကင်ကိုတောင် ဖြတ်ကျော်သွားအောင် ထိုးတက်သွားပြီးတော့ သူရဲ့လက်ထဲက ဓားရှည်ကို ကိုင်ဆောင်ထားပြီး ထူးခြားတဲ့ အရှိန်အဂါ တစ်ခုရဲ့ လှိုင်းတွေကို ထုတ်လွှတ်နေပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို အသာလေး ခါလိုက်ပါတယ်။ လူငယ်ရဲ့အဆင့်က အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။ ဒါပေမဲ့ တကယ်လို့ ရှန်းဖောင်ချန်သာ

စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်သွားမယ်ဆိုရင် ဒီလူငယ်နဲ့ တိုက်ခိုက်ဖို့အတွက် အဆင့်မီပါတယ်။ ဒါပေမဲ့ အခုတော့လား ရှန်းဖောင်ချန်က ဘယ်လိုမှ မတတ်နိုင်ပါဘူး။

ဒီလူငယ်က စိတ်ဂိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်မှာ ရှိတာဖြစ်ပြီးတော့ အစောပိုင်း သူ့ရဲ့တိုက်ခိုက်မှုကို ကြည့်ခြင်းဖြင့် သူ့ရဲ့တိုက်ပွဲအစွမ်းက ကြယ်ဆယ့်နှစ်လုံး ဒါမှမဟုတ် ကြယ်ဆယ့်သုံးလုံး ဂန်းကျင်လောက်ပဲ ရှိပါတယ်။ အရမ်းကို မထူးဆန်းပါဘူး။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေကို တိုက်ခိုက်ဖို့ဆိုတာက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာမှာ ရှိရင်ကိုပဲ လုံလောက်ပါပြီ။

အပိုင်း(၄၈၈) ဒုတိယမြောက် ဓားကရောဇ်လား

"ငါ့နာမည် ထန်ဇီမင်"

လူငယ်က ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်း သူတို့ရဲ့ ဦးနှောက်တွေကို အလျင်အမြန်ပဲ လှုပ်ရှားလိုက်ကြပါတယ်။ ထန်ဇီမင်က ဘယ်နေရာကနေ လာခဲ့တာလဲ။ ဘာဖြစ်လို့ သူ့ရဲ့နာမည်ကို အရင်တုန်းက

မကြားဖူးရတာလဲ။ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်က ကျော်ကြားသင့်တယ်လေ။

ထန်ဇီမင်က ရုတ်တရက် ဆိုသလို အာရုံစိုက် နားထောင်တဲ့ အမူအရာမျိုး ဖြစ်သွားပြီးတော့ ခေါင်းကိုညိတ်ပြီး ပြောလိုက်ပါတယ်။

"ငါ့မိသားစုရဲ့ ဆရာသခင်က နတ်သမီးလေးကျူး ဘယ်နေရာမှာ ရှိနေလဲဆိုတာကို မင်းတို့ကောင်တွေကို မေးဖို့ ငါ့ကိုခိုင်းလိုက်တယ်"

အဟွတ်

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လူတိုင်းလူတိုင်းက ချောင်းတဟွတ်ဟွတ် ဆိုးကုန်ပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

ငါ့မိသားစုရဲ့ ဆရာသခင် ဟုတ်လား။

ဒီလိုမျိုး ပါရမီရှင် တစ်ယောက်က အစေခံ တစ်ယောက်သာသာပဲ ရှိသေးတာလား။ မဟုတ်တာ။

အသက် ၂၄၊ ၂၅ လောက်ပဲ ရှိပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အဆင့်မြင့် လက်ရွေးစင်က မြောက်ပိုင်းဒေသမှာ အကောင်းဆုံး ပါရမီရှင် ဖြစ်နိုင်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူက အစေခံ တစ်ယောက် ဖြစ်နိုင်မှာလဲ။

"မင်းရဲ့ မင်းရဲ့ မိသားစု ဆရာသခင်က ဘယ်သူလဲ"

လူတစ်ယောက်က တုန်လှုပ်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။

ထန်ဇီမင်က ချက်ချင်းပဲ လူအုပ်ကြီးကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့က ဘာကောင်တွေမိုလို့ ငါ့မိသားစုရဲ့ ဆရာသခင်နာမည်ကို မေးနေရတာလဲ။ မမေ့လိုက်နဲ့ ငါက မင်းတို့ကောင်တွေကို မေးနေတာ။ အခု ငါ့ကိုပြောစမ်း။ နတ်သမီးလေးကျူးက ဘယ်မှာလဲ"

"ဟင့်။ ငါတို့က မင်းရဲ့ အစေခံတွေ မဟုတ်ဘူး။ မင်းမေးတိုင်း ငါတို့က ဖြေရမှာလား"

လူအုပ်ကြီးက ထန်ဇီမင်ရဲ့ မာနကြီး စိတ်ကြီးဝင်နေတဲ့

အပြုအမူကြောင့် ဒေါသထွက်ကုန် ကြပါတယ်။ ဒါကြောင့် ဘယ်သူကမှ ပူးပေါင်းဆောင်ရွက်လိုခြင်း မရှိကြပါဘူး။

"ကြည့်ရတာ ငါက မင်းတို့လို တောသားတွေကို သတိပေးတဲ့ အနေနဲ့ ငတုံးနည်းနည်းလောက်ကို သတ်ပစ်ရမယ်နဲ့တူတယ်"

ထန်ဇီမင်က နှာခေါင်းရှုံ့ပြီးတော့ အရုက်မရှိပဲ မျက်နှာပြောင်ပြောင်နဲ့ တိုက်ခိုက်လိုက်ပါတယ်။

ဖူး ဖူး ဖူး ဖူး

သူရဲ့ခန္ဓာကိုယ်က ယိမ်းထိုးလှုပ်ရှားသွားပြီးတော့ ခေါင်းတော်တော်များများက ပြတ်ထွက်သွားပြီး လေထဲကို မြောက်ကုန်ကြပါတယ်။ လည်ပင်းပြတ်တွေကနေ သွေးတွေက ကောင်းကင်ထိကို ပန်းထွက်ကုန်ပြီးတော့ ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်တွေက အကြောတွေ ဆန့်ပြီး လှုပ်နေပါတယ်။ ဒီမြင်ကွင်းကို ကြည့်ရတာ ငရဲခန်းထဲကို ရောက်နေသလို ခံစားနေကြ ရပါတယ်။

"ပြေးပြေး စခန်းထဲကို ပြေးကြ"

လူတိုင်းပဲ ရုတ်တရက် ဆိုသလို တိုက်ခိုက်ချင်တဲ့ စိတ်တွေ ပျောက်ကုန်ပြီးတော့ ထွက်ပြေးကုန် ကြပါတယ်။

ထန်ဇီမင်ရဲ့ သတ်ဖြတ်ချင်တဲ့ စိတ်တွေက တစ်ဟုန်ထိုး မြင့်တက်လာပြီးတော့ စခန်းဆီကို ပြေးသွားတဲ့ လူတွေနောက်ကို စတင်လိုက်ဖမ်းပြီး လိုက်ပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ လက်ကြီးတစ်ဖက်က ရုတ်တရက်သူ့ကို လှမ်းရိုက်ပြီးတော့ ဒေါသထွက်ပြီး အေးစက်စက်လေသံနဲ့ ပြောလိုက်ပါတယ်။

"မင်းအရမ်းကို လွန်နေပြီ"

ဘုန်း

ထန်ဇီမင်က ချက်ချင်းဆိုသလို အနောက်ဘက်ကို ဆုတ်သွားရပါတယ်။

"ဘယ်ခွေးသူခိုးလဲကွ။ ထွက်လာခဲ့စမ်း ငါမင်းရဲ့ လည်ပြွတ်ကို ဖြတ်ပစ်မယ်"

ထန်ဇီမင်က အနည်းငယ် အရေးနိမ့်သလို ခံစားလိုက်ရပြီး သူရဲ့ဆိုးယုတ်တဲ့ အပြုအမူက စရိုက်က

ပေါ်ထွက်လာခဲ့ပါတယ်။ သူရဲ့ သိုလှောင်လက်စွပ်ထဲက ခြသေ့်တစ်ကောင်နဲ့ ဆင်တူယိုးမှား ပုံသဏ္ဍာန်ရှိတဲ့ ထူးထူးဆန်းဆန်း ဆေဘာဓား တစ်လက်ကို ထုတ်ယူလိုက်ပါတယ်။

"ဒီဂျူနီယာလေးက ဘယ်ကနေ လာခဲ့လို့ ဒီလောက်တောင် အတင့်ရဲရတာလဲ"

အဘိုးကြီးတစ်ယောက်က စခန်းရဲ့ သစ်သားနံရံတွေရဲ့ ထိပ်ပေါ်မှာ ရပ်နေပြီး ထွက်ပေါ်လာခဲ့ ပါတယ်။

"ဒါစီနီယာ ပိုင်ပဲ"

"အရမ်းကောင်းတယ်။ စီနီယာပိုင်က စိတ်ဂိညာဉ် ပလ္လင်အဆင့် ဂါရင့်လက်ရွေးစင် တစ်ယောက်ပဲ။ သူများတွေ ပြောတာတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၉ ကို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက အဆင့်တက်ရောက်ရှိနေတာတဲ့။ သူက ပန်းဖူးအဆင့်ကို မကျော်ဖြတ်သေးနိုင်ပေမဲ့ နှစ်ပေါင်းနှစ်ဆယ်လုံး ကြိုးစားပြီးတော့ အဆက်မပြတ် လေ့ကျင့်နေတာကြောင့် သူရဲ့ တိုက်ပွဲအစွမ်းက သေချာပေါက် ကြယ်ဆယ့်ငါးလုံးကို ကျော်လွန်လိမ့်မယ်"

"သူက ဒီမောက်မာဂင့်ကြွားနေတဲ့ ကောင်စုတ်လေးကို သေချာပေါက် ဖိနှိပ်နိုင်လိမ့်မယ်"

အသစ်ရောက်လာတဲ့ အဘိုးကြီးကြောင့် လူတိုင်းက ချက်ချင်းပဲ စိတ်သက်သာရာ ရသွားခဲ့ ကြပါတယ်။

"မောက်မာနေတဲ့ အဘိုးကြီး။ ဒီကိုလာခဲ့စမ်း။ ခင်ဗျားရဲ့ ခေါင်းကို ကျုပ်ဖြတ်ပစ်မယ်"

ထန်ဇီမင်က အော်ဟစ်လိုက်ပြီးတော့ သူရဲ့ဆေဘာဓားကို အဘိုးကြီးပိုင်ဆီကို ပေ့ယမ်းလိုက် ပါတယ်။ ဆေဘာဓားနဲ့ တိုက်ခိုက်လိုက်တာနဲ့ ရွှေရောင်ခြသေ့်ကြီး တစ်ကောင်က ပေါ်လာပြီးတော့ ထိတ်လန့်စရာကောင်းတဲ့ မကောင်းတဲ့ အတိတ်နိမိတ် ထွက်ပေါ်လာပါတယ်။

လူတစ်ယောက်နဲ့ ခြသေ့်တစ်ကောင်က ပိုင်မျိုးရိုး စီနီယာဆီကို တစ်ဟုန်ထိုး ပြေးဂင် တိုက်ခိုက်လိုက်ပါတယ်။

ဒီထူးဆန်းတဲ့ ဆေဘာဓားက စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ရုံသာမက အံ့အားသင့်စရာကောင်းတဲ့ သိုင်းဆန္ဒလည်း

တွဲဖက်ပါဝင်နေပါတယ်။ ရွှေရောင်ခြသေ့်က ထန်ဇီမင်ကိုယ်တိုင်ထက်တောင်ပိုပြီးတော့ အစွမ်းထက်နေပါတယ်။

ထန်ဇီမင်ရဲ့ ကိုယ်ပိုင်တိုက်ပွဲ စွမ်းအားက ကြယ်ဆယ့်သုံးလုံး အဆင့်ကိုပဲ ရောက်သေးတာ ဖြစ်ပြီးတော့ ပိုင်မျိုးရိုးအဘိုးကြီးရဲ့ တိုက်ပွဲစွမ်းအား ကြယ်ဆယ့်ငါးလုံးနဲ့ ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း ဒီရွှေခြသေ့်က တိုက်ပွဲအစွမ်း ကြယ်ဆယ့်ခြောက်လုံးကို ရောက်နေပြီးတော့ အဘိုးကြီးပိုင်ကို လုံးဝဖိနှိပ်ထိန်းချုပ်ထားပါတယ်။

ဒီအချိန်မှာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး လူနှစ်ယောက်ရဲ့ အဆက်မပြတ် တိုက်ပွဲက အသံတွေပဲ ဆက်လက်ထွက်ပေါ်လို့ လာပါတယ်။

လပြွတ်။

စီနီယာပိုင်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်ဆယ့်ငါးလုံးတောင်မှ ဖိနှိပ်ထိန်းချုပ် ခံနေရတယ်။ တကယ်လို့ ထန်ဇီမင်က ပါရမီရှင်တွေရဲ့ တိုက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လိုက်မယ် ဆိုရင်တော့ သူက ပထမနေရာကို ရယူနိုင်တယ်လို့

ဆိုလိုလိုက်တာပဲ မဟုတ်လား။ ဒီနှစ်မှာ ယုစွမ်လန်လို အသက်သုံးဆယ်တွေက အလိုအလျောက် ပါဝင်ယှဉ်ပြိုင်လို့ မရတော့ပါဘူး။ ပြီးတော့ အဆင့်မြင့်ဆုံး ဖြစ်တဲ့ လုယန်က စိတ်ဂိညာဉ် ပလ္လင်အဆင့် တတိယ အလွှာနဲ့ တိုက်ပွဲအစွမ်း ကြယ်ဆယ့်နှစ်လုံးပဲ ရှိပါတယ်။ သူရဲ့သားရဲ့အပေါ်မှာ ဆိုရင်တောင်မှ ထန်ဇီမင်ရဲ့ ပြိုင်ဘက်ဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဘာတွေဖြစ်ကုန်ပြီလဲ။ ဘယ်နေရာကမှန်းမသိပဲ ဖြစ်သလို ထွက်ပေါ်လာတဲ့ လူတစ်ယောက်ရဲ့ ခွန်အားက ပါရမီရှင် ဇယားတစ်ခုလုံးပေါ်က လူတွေအားလုံးကို လှဲထုတ်ပစ်လိုက် နိုင်သလား။

လင်းဟန်က သူရဲ့နတ်ဘုရား အာရုံကို ဖြန့်ကျက်လိုက်ပြီး ထန်ဇီမင်ရဲ့ ဆရာသခင် ဖြစ်တဲ့သူကို ရှာဖွေလိုက်ပါတယ်။ ထန်ဇီမင်ရဲ့ ဆရာသခင်က အသံလွှင့်တဲ့ နည်းစနစ်တစ်ခုကို အသုံးပြုပြီးတော့ ထန်ဇီမင်နဲ့ ဆက်သွယ်နေပုံ ရပါတယ်။ ဒါက အဲဒီဆရာသခင်က အနီးအနားမှာ ရှိနေတယ်လို့ ဆိုလိုတာပါပဲ။

ဒီမှာပဲ။

လင်းဟန်က ချက်ချင်းပဲ တည်နေရာကို ဆုံးဖြတ်လိုက်ပြီးတော့ မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ မုသားမဲ့ မျက်လုံးရဲ့ အစွမ်းနဲ့ မီတာရာပေါင်းများစွာ ဝေးတဲ့ သစ်ပင်ကြီး တစ်ပင်ရဲ့ထိပ်မှာ လူငယ်တစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ရွှေရောင်နတ်ဘုရား အလင်းတွေ တောက်ပပြီးတော့ ဓားတစ်လက်ရဲ့ သွင်ပြင်မျိုး ထက်ရှတဲ့ ပုံသဏ္ဌာန် ရှိပါတယ်။

ဒီလူငယ်ကို ကြည့်ရတာ လင်းဟန်ရဲ့ အကြည့်တွေကို အာရုံခံမိသွားပုံ ရပြီးတော့ ချက်ချင်းပဲ သူရဲ့အကြည့်တွေကို လင်းဟန်ဆီကို အာရုံစိုက်လိုက်ပါတယ်။ ဟှမ်း။ သူတို့ရဲ့ အကြည့်တွေ ရောယှက်သွားပြီးတော့ ချက်ချင်းဆိုသလို လင်းဟန်က ရတနာဓားတစ်လက်က ထိုးလိုက်သလို နာကျင်မှုကို ခံစားလိုက်ရပြီး အလျင်အမြန်ပဲ သူရဲ့အကြည့်တွေကို ရုတ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့လည်း သွေးမျက်ရည်စက် တချို့က ကျဆင်းလို့ လာခဲ့ပါတယ်။

ဓားကောရာဇ်။

လင်းဟန်က အတွင်းစိတ်ကနေ ကျိတ်ပြီးတော့ အော်ဟစ်လိုက်ပေမဲ့ ချက်ချင်းပဲ သူရဲ့ခေါင်းကို

ခါလိုက်ပါတယ်။ ဒါက မဖြစ်နိုင်ပါဘူး။ ဓားကျောဇ်ရဲ့ ပုံပန်းသွင်ပြင်က ဒီလူငယ်နဲ့ အရမ်းကို ကွာခြားလွန်းပါတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်ရဲ့ ကြားက တိုက်ခိုက်မှုတစ်ခုက တူနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓားကျောဇ်ကလည်း ဓားပုံသဏ္ဍာန် နတ်ဘုရားအလင်းနဲ့ တိုက်ခိုက်နိုင်ပါတယ်။ ကွာခြားချက်ကတော့ ဓားကျောဇ်ရဲ့ တိုက်ခိုက်မှုက အဆုံးအစမရှိ ပိုပြီးတော့ အစွမ်းထက်ပါတယ်။

ဒီလူငယ်လေးကို ကြည့်ရတာ ဓားကျောဇ်ရဲ့ ငယ်ရွယ်တဲ့ ပုံစံကို ပြန်မြင်နေရသလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက ပန်းဖူးအဆင့်ကိုတောင် ရောက်နေပါပြီ။

ဒါက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပြီးတော့ သူရဲ့အသက်က အခုမှ ၂၄ ဒါမှမဟုတ် ၂၅ နှစ်လောက်ပဲ ရှိပါသေးတယ်။

လင်းဟာန်က စိတ်ထဲကနေ ဖြစ်နိုင်ချေ ရှိတဲ့ အကောင်းဆုံး ခန့်မှန်းချက် တစ်ခုကို ချလိုက်ပါတယ်။ ဒီလူငယ်က ကောင်းကင်ဓားဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်ပါလိမ့်မယ်။

ဒါကြောင့်လည်း ထန်ဇီမင်က ပါရမီရှင် ဇယားပေါ်က

လူတွေအားလုံးကို အထင်အမြင်သေး နေတာဖြစ်ပြီးတော့ သူက မြောက်ပိုင်းဒေသကမှ မဟုတ်တာ။

"အဘိုးကြီးပိုင် ငါ့မင်းကို ကူညီပါရစေ"

ကျယ်လောင်တဲ့ အသံနဲ့အတူ နောက်ထပ် စိတ်ဝိညာဉ် ပလ္လင်အဆင့် အဘိုးကြီးတစ်ယောက် ထပ်ပေါ်လာပြီးတော့ အဘိုးကြီးပိုင်နဲ့ ပူးပေါင်းပြီး ထန်ဇီမင်ကို တိုက်ခိုက်လိုက်ပါတယ်။

"စီနီယာမာ"

လူတိုင်းက နောက်တစ်ကြိမ် အော်ဟစ်လိုက်ပါတယ်။

အဘိုးကြီးမာရဲ့ အစွမ်းက အဘိုးကြီးပိုင်ထက် အတော်လေးကို သန်မာအားကောင်းပြီး ရွှေခြသေ့်နဲ့ လက်ရည်တူပါတယ်။ ဒီနည်းလမ်းနဲ့ အဘိုးကြီးပိုင်က အသက်ရှူချောင် သွားခဲ့ပါတယ်။ ပြီးတော့ တိုက်ပွဲအစွမ်း အပြည့်အဝကို ထုတ်ဖော်ပြီးတော့ ထန်ဇီမင်က ချက်ချင်းဆိုသလို ဖိနှိပ်ထိန်းချုပ် ခံရပါတယ်။

အကွက်အနည်းငယ် အတွင်းမှာ ထန်ဇီမင်က သေလုမျောပါး

အခြေအနေကို ကျရောက် သွားခဲ့ပြီး အနောက်က နံရံကို တစ်ကြိမ်ပြီး တစ်ကြိမ် ထိသွားအောင်လို့ ဆုတ်ဆုတ်နေရပါတယ်။ သူက သေမဲ့ဘေးကနေ လွတ်အောင်လို့ ရှောင်တိမ်းနိုင်ပေမဲ့ သူရဲ့ခန္ဓာကိုယ် အပေါ်မှာတော့ ဒဏ်ရာတော်တော်များများ ရသွားခဲ့ပါတယ်။

ပုမ်း။

အဲဒီအချိန်မှာပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိနှိပ်မှုတစ်ခုက အားလုံးအပေါ်ကို ရောက်ရှိလို့ လာခဲ့ပါတယ်။ လူတစ်ယောက်က ကောင်းကင်ပေါ်ကနေ ဖြတ်လျှောက်လာပြီးတော့ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းက အရမ်းကို ထူးဆန်းပြီး ခြေလှမ်းတစ်လှမ်းကို မီတာတစ်ရာ အကွာအဝေးကို ရောက်လာပြီးတော့ ချက်ချင်းဆိုသလိုပဲ တိုက်ပွဲရဲ့ အပေါ်ကို ရောက်လာခဲ့ပါတယ်။

ခြေလှမ်းတိုင်းရဲ့အောက်မှာ ဓားတစ်လက်ပုံစံ ပွင့်လန်းလာပြီးတော့ ထောင်ပေါင်းများစွာသော နတ်ဘုရားဓားတွေအဖြစ်ကို ပြောင်းလဲပြီး လူတွေကို ထိတ်လန့်တုန်လှုပ် သွားအောင် လုပ်နိုင်ပါတယ်။

မိုးကောင်းကင်ကို ဖြတ်ပြီးတော့ နင်းလျှောက်လာခြင်း။ ဒါက

BLACK DAO PDF

ပန်းဖူးအဆင့်ပါပဲ။

ချက်ချင်းဆိုသလို လူအုပ်ကြီးက သူတို့ရဲ့ ခေါင်းတွေကို မော့ပြီးတော့ ကောင်းကင်ကို ကြည့်လိုက်ပြီး အရမ်းကို ကြည်ညိုတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ကြပါတယ်။ ပန်းဖူးအဆင့် စစ်သည်တော်တွေက ဒီကုန်းမြေမှာတော့ နတ်ဘုရားတွေနဲ့ တူတူပါပဲ။ ဒါပေမဲ့လည်း ကောင်းကင်ပေါ်က လူရဲ့ပုံပန်းသွင်ပြင်ကို မြင်လိုက်ရတဲ့ အခါမှာတော့ လူအုပ်ကြီးက မှင်တက် အံ့သြသွားခဲ့ကြပါတယ်။

ဒီလူက ဘာဖြစ်လို့ ဒီလောက်တောင် ငယ်ရွယ်နေရတာလဲ။

အသက် ၂၄ ဒါမှမဟုတ် ၂၅ပဲ ရှိသေးပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ၉ မှာရှိတဲ့ လူငယ်တစ်ယောက်တောင်မှ မြောက်ပိုင်းဒေသမှာ အကောင်းဆုံးလို့ ပြောနိုင်ပါတယ်။ အခု အသက် ၂၄နှစ် ၂၅နှစ်ခန့်ပဲ ရှိသေးတဲ့ ပန်းဖူးအဆင့် လက်ရွေးစင်က ပေါ်ထွက်လာခဲ့ပါတယ်။ ဒါက အတော်လေးကို လွန်နေပြီ မဟုတ်လား။

"ဆရာသခင်"

ထန်ဇီမင်က ချက်ချင်း ဒူးထောက်လိုက်ပြီးတော့ ကောင်းကင်ပေါ်က လူငယ်ကို ဂါရဝ ပြုလိုက်ပါတယ်။

ဒါကိုကြားလိုက်ရတော့ အားလုံးက စိတ်ထဲမှာ အံ့အားသင့်စွာနဲ့ မျှော်လင့်ထားကြ ပေမဲ့လည်း ကျိတ်ပြီးတော့ ဖိန့်ဖိန့်တုန်သွားခဲ့ပါတယ်။ ထန်ဇီမင်လို ပါရမီရှင် တစ်ယောက်က တစ်စုံတစ်ယောက်ရဲ့ အစေခံ ဖြစ်နေတယ်ဆိုတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒီလူငယ်က အရမ်းကို အစွမ်းထက်ပြီးတော့ မျှော်မှန်းလို့ မရနိုင်အောင် သန်မာလွန်းပါတယ်။

ကောင်းကင်ပေါ်က လူငယ်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက မေးခွန်းလေး တစ်ခုပဲကို ဘာဖြစ်လို့ ခက်ခဲနေရတာလဲ"

"ဆရာသခင် ဒီအဘိုးကြီးနှစ်ယောက်က လုံးဝ မပူးပေါင်းဘူး"

ထန်ဇီမင်က အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။

"ဒါဆိုရင်လည်း သေလိုက်ကြတော့"

လူငယ်က လက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်လိုက်တာနဲ့ ချက်ချင်းဆိုသလို ဓားအလင်းပေါင်း တစ်သောင်းက ထွက်ပေါ်လာခဲ့ပါတယ်။ ဖူး ဖူး ဖူး ဖူး။ အဆုံးမရှိတဲ့ ဓားအလင်းတန်းတွေက ချက်ချင်းပဲ အဘိုးကြီးနှစ်ယောက်ကို နှစ်မြုပ်လိုက်ပြီးတော့ အလောင်းတောင်မှ မကျန်ရစ်စေခဲ့ပါဘူး။

လူတိုင်းပဲ ထိတ်လန့်တုန်လှုပ်ပြီး ခြောက်ချားသွားခဲ့ကြပါတယ်။ ဒီလူငယ်ရဲ့ သတ်ဖြတ်ချင်တဲ့ ပင်ကိုယ်စရိုက်က အရမ်းကို ကြီးမားပါတယ်။

အပိုင်း(၄၁၁) ရပ်တည်နိုင်စွမ်း မရှိတဲ့ မိုးမခပင်

လင်းဟန်က မျက်လုံးကို အာရုံစိုက်ထားပြီး ကြည့်လိုက်ပါတယ်။ ချာတိတ်လေး အခုလေးတင် အသုံးပြုလိုက်တဲ့ နည်းစနစ်က လျို့ဝှက်ဆန်းကြယ်မှု သုံးထောင်ပဲဖြစ်ပါတယ်။

ဒါပေမဲ့လည်း ချာတိတ်က ပန်းဖူးအဆင့်သို့ တိုးတက်ခဲ့တာကြောင့် သာမန်ကာလျှံကာ တိုက်ခိုက်မတစ်ခုက အထွတ်အထိပ်အင်အားတွေ ရှိနေခဲ့ပြီး

စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးမှ လူနှစ်ယောက်ကို ချက်ချင်းသတ်ခဲ့တာပါ။ ဒါကြောင့် အဲဒီတိုက်ခိုက်မှု တစ်ခုထဲနဲ့ ဆန်းကြယ်မှုသုံးထောင်သိုင်းကွက် အပေါ်မှာ ချာတိတ်ရဲ့ပါရမီကို လုံးဝ တွေးဆမနိုင်ပါတယ်။ အဲဒါက ဓားလမ်းကြောင်းပေါ်မှ ဓားအသုံးပြုသူတစ်ယောက်ရဲ့ အင်အားကို လက်တွေ့ဖော်ပြဖို့ အကောင်းဆုံးလည်း ဖြစ်ပါတယ်။

လျို့ဝှက်ဆန်းကြယ်မှုသုံးထောင်က ဓားချီတွေက ဆင်းသက်လာတာဖြစ်ပြီး ဓားချီတစ်ခု ပိုပြီးကျင့်ကြံနိုင်လေလေ ဓားအလင်းတန်းတွေ ပိုမိုပစ်လွှတ်နိုင်လေလေဖြစ်ပြီး ပိုပြီးလည်း အားကောင်းလာပါတယ်။

ကောင်းကင်မှ ချာတိတ်က ဘာကိုမှဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

"အခု ငါ့မေးခွန်းကို တစ်ယောက်ယောက် ဖြေပေးတော့မလား"

"ကျွန်တော် ပြောပါ့မယ်။ ကျွန်တော် ပြောပါ့မယ်။ နတ်သမီးကျူးက သစ်တောရဲ့ အနက်ရှိုင်းဆုံးကို

ဦးတည်သွားပါတယ်။ ပထမ အချက်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရှာဖွေဖို့အတွက်ဖြစ်ပြီး ဒုတိယအနေနဲ့ကတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရှာဖွေဖို့အတွက် ဖြစ်ပါတယ်"

လူတစ်ယောက်က လျင်မြန်စွာပဲ တုန်ယင်နေတဲ့အသံနဲ့ ပြောလိုက်ပါတယ်။

ချာတိတ်က တစ်ချက်ပြုံးပြီး ပြောလိုက်ပါတယ်။

"ကောင်းကင်ဘုံ ကံကောင်းခြင်းကျောက်တုံးတဲ့လား။ ရှမ်အာက စိတ်ဝိညာဉ်ပလ္လင်အဆင့်မှာပဲ ရှိသေးတယ်။ အနာဂတ်မှာ ပန်းဖူးအဆင့်ကို ချိုးဖြတ်တဲ့အခါ ကောင်းကင်ဘုံ ကံကောင်းခြင်းကျောက်တုံးကို သန့်စင်လိုက်ရင် သူမအတွက် ကြီးမားတဲ့ အကျိုးကျေးဇူး ရရှိလိမ့်မယ်"

သူက ခဏရပ်လိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"ဇီမင် တကယ်လို့ ငါက ကောင်းကင်ဘုံ ကံကောင်းခြင်းကျောက်တုံးကို ရပြီး ရှမ်အာကိုသာ လက်ဆောင်အဖြစ် ပေးနိုင်ခဲ့ရင် သူမ အတော်လေး

ပျော်သွားနိုင်လောက်လား"

ဇီမင်က မနာလိုအားကျတဲ့ အမှုအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးဆိုတာ ပန်းဖူးအဆင့်အောက်က သိုင်းပညာရှင်တွေအတွက် အဖိုးတန်ဆုံး ရတနာတစ်ခုပဲ ဖြစ်ပါတယ်။ သူက အခု စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုးမှာ ဖြစ်ပါတယ်။ တကယ်လို့ သူသာ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို အသုံးပြုနိုင်ခဲ့ရင် သူစုတ်သပ်လိုက်မိပါတယ်။

ဒါပေမဲ့လည်း သူက ထိုမနာလိုအားကျမှုတွေကို ချက်ချင်း မေ့ပစ်လိုက်ပြီး ရိုသေလေးစားစွာ ပြန်ပြောလိုက်ပါတယ်။

"နတ်သမီးလေးကျူး သေချာပေါက် ပျော်ရွှင်သွားပါလိမ့်မယ်"

"ဟားဟားဟားဟားဟား"
ချာတိတ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ကောင်းပြီလေ ဒါဆိုရင်လည်း ခြွင်းချက်တစ်ခုအနေနဲ့ ဒီနေရာက လူတွေနဲ့အတူ ကစားရသေးတာပေ့ါ"

ချာတိတ်က ပြောလိုက်ပြီးတာနဲ့ ထွက်ခွာဖို့ ပြန်လှည့်လိုက်ပါတယ်။ ခြေလှမ်းတစ်ခုစီတိုင်းက အရိုန်အဟုန်တွေက တောက်ပခန့်ညားစွာနဲ့ ပွင့်လန်းနေတဲ့ ပန်းပွင့်လို ဓားပုံစံတစ်ခုစီနဲ့ တူညီပါတယ်။

ထန်ဇီမင်က သူ့ပတ်ပတ်လည်က လူတွေအကုန်လုံးကို အထင်သေးစွာ ကြည့်လိုက်ပြီး လျင်လျင်မြန်မြန်ပဲ နောက်ကလိုက်သွားခဲ့ပါတယ်။ သူက မပျံသန်းနိုင်ပေမဲ့လည်း စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမြန်နှုန်းက နှေးကွေးနေတာတော့ မဟုတ်ပါဘူး။ ထန်ဇီမင်က သစ်ပင်ထိပ်ဖျားတွေကို ဖြတ်ကျော် နင်းဖြတ်သွားပြီး ချာတိတ် နောက်ကနေ လိုက်သွားခဲ့ပါတယ်။

အဲ့ဒီအချိန်ကျမှ လူတိုင်း စိတ်သက်သာရာရစွာ သက်ပြင်းချလိုက်ကြရပါတယ်။ လူတော်တော်များများက မြေပြင်ပေါ်ကို ပုံလျက်သားတောင်မှ လဲကျသွားခဲ့ပြီး ချွေးတွေလည်း ရွှဲရွှဲစိုနေခဲ့ပါတယ်။

ဒါပေမဲ့ လူတိုင်း တိုက်ခိုက်ချင်တဲ့ စိတ်ဆန္ဒတွေ ဆုံးရှုံးတဲ့ထိ အံ့အားသင့်နေခဲ့ကြတာတော့ မဟုတ်ပါဘူး။ ရှန်းဇောင်ချန်ဆို ချာတိတ်ပျောက်သွားတဲ့ နေရာကို

စိုက်ကြည့်နေခဲ့ပါတယ်။ သူ့ရဲ့ဓားကို ညာဖက်လက်နဲ့ တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး ထာဝရတည်တံ့နေမဲ့ တိုက်ပွဲဆန္ဒတစ်ခုကို ထုတ်ဖော်နေခဲ့ပါတယ်။

လင်းဟန်လည်း တူညီစွာပဲ သူရဲ့ကိုယ်တွင်းမှာ တိုက်ပွဲဆန္ဒတွေ ပြင်းပျစွာ တောက်လောင်နေခဲ့ပါတယ်။

ချာတိတ်က အဲဒီ အရင်နှစ်တွေတုန်းက ဓားကျောရာဇ်နဲ့ နှိုင်းယှဉ်နိုင်ခဲ့ပါတယ်။

ကံမကောင်းစွာပဲ အရင်ဘဝမှာ သူက မှော်ဆေးပညာအပေါ်မှာပဲ အာရုံစူးစိုက်ခဲ့ပြီး သိုင်းပညာ အပေါ်မှာတော့ အဆင့်တွေ တိုးတက်ဖို့သာ လေ့လာလိုက်စားခဲ့တာပဲ ဖြစ်ပါတယ်။ ကောင်းကင်အဆင့်ကျောဇ် ခြောက်ယောက်နဲ့ ဘယ်တုန်းကမှ သူမယှဉ်ပြိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီဘဝမှာတော့ သူ့ရဲ့ နောင်တတွေကို ပြန်လည် ပြင်ဆင်နိုင်ခဲ့ပါတယ်။ ချာတိတ်ရဲ့ ပါရမီနဲ့ ဓားလမ်းကြောင်းအပေါ် နားလည်မှုက အတော်လေး အံ့အားသင့်စရာကောင်းနေပြီး ဒုတိယ ဓားကျောဇ် တစ်ယောက်လို့တောင် ခေါ်ဆိုနိုင်ပါတယ်။

ဒီလို အရွယ်နဲ့မလိုက်အောင် ထူးချွန်ပြောင်မြောက်တဲ့ ပါရမီရှင်နဲ့ ယှဉ်ပြိုင်ရမှာက လင်းဟန်ကို တိုက်ပွဲဝင် စိတ်ဓာတ်အားမာန်တွေနဲ့ ပြည့်နေစေခဲ့ပါတယ်။

"အဲ့ဒီလူ ဘယ်သူလဲဆိုတာ ငါသိပြီ"

လူတစ်ယောက်က ရုတ်တရက် အော်ပြောလိုက်ပါတယ်။

"ကောင်းကင်ဓားဂိုဏ်းမှ လက်ရွေးစင်တစ်ယောက်က မြောက်ပိုင်းနယ်မြေကို အပျော်ခရီးထွက်လာခဲ့ပြီး နတ်သမီးကျူးကို မြင်မြင်ချင်း ချစ်ကျွမ်းဝင်သွားခဲ့တယ်လို့ ငါ တစ်ခါ ကြားဖူးတယ်။ သူမကို ကောင်းကင်ဓားဂိုဏ်းဆီကို ဖိတ်ခေါ်ဖို့တောင်မှ ရည်ရွယ်ခဲ့တယ်လို့လည်း ပြောကြတယ်။ အဲ့ဒါက သူပဲ"

"ကမ္ဘာ့ဒုတိယအကောင်းဆုံး ဓားသမား ယိုဟိုင်ယွဲ့"

အဲဒီစကားတွေ ထွက်ကျလာတာနဲ့ ချက်ချင်းပဲ အံ့ဩတကြီး အော်ဟစ်သံတွေ ထပ်ဖန်တလဲလဲ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီလူက ဘယ်သူမို့လို့ သူ့ကိုယ်သူ ကမ္ဘာ့ဒုတိယအကောင်းဆုံး ဓားသမားလို့ ထုတ်ဖော်ကြေငြာရဲရတာလဲ။ ဒီကောင် လေပိပြီး

သေမှာမကြောက်ဖူးလား။ ယိုဟိုင်ယွဲ့က ဒီအသက်အပိုင်းအခြားမှာ လုံးဝမရောက်နိုင်တဲ့ ပန်းဖူးအဆင့်တစ်ယောက်လို သေချာပေါက် သန်မာနေခဲ့ပါတယ်။ ဒါပေမဲ့ "ကမ္ဘာ့ဒုတိယအကောင်းဆုံး" လို့ ပြောတာကတော့ တကယ်ကို အရှက်မရှိ မျက်နှာပြောင်တာပဲဖြစ်ပါတယ်။

ဒီကမ္ဘာကြီးမှာ ဓားအသုံးပြုသူတွေ တစ်ပုံကြီးရှိပါတယ်။ စိတ်ဝိညာဉ်နတ်သူငယ်အဆင့်နဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ဓားအသုံးပြုသူတွေကို သူက တကယ်ပဲ နိမ့်ကျစေလိမ့်မှာလား။

"ယိုဟိုင်ယွဲ့က ကမ္ဘာ့ပထမအဆင့်ဓားသမားအဖြစ် ရထိုက်တယ်လို့တောင် အတွေးရှိတဲ့ပုံပဲ။ ဒါပေမဲ့ ကောင်းကင်ဓားဂိုဏ်းရဲ့ အခြားစီနီယာကြီးတွေကို လေးစားမှုပြသဖို့ ဒုတိယဆိုပြီးတော့ ခြေတစ်လှမ်း ပြန်ဆုတ်လိုက်တာပဲ ဖြစ်မယ်"

"ဟမ့် ကမ္ဘာ့ဒုတိယတဲ့လား။ သိပ်မထောင်လွှားရာပါဘူး"

"ဒါပေမဲ့လည်း အသက်နှစ်ဆယ်ထဲနဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်နေခဲ့ပြီလေ။

သူ့အသက်အရွယ်အပိုင်းအခြားမှာ ကမ္ဘာ့အဆင့် ဒုတိယက ပြည့်ပြည့်ဝဝ ထိုက်တန်ပါတယ်"

"ဘုရားရေ ငါတို့ရဲ့ သိုင်းပညာအဆင့်အတန်းက အဲဒီအလယ်ပိုင်းနယ်မြေနဲ့ ဒီလောက်တောင် ကြီးကြီးမားမား ကွာခြားနေတာလား"

"အလယ်ပိုင်းနယ်မြေက သိုင်းပညာရဲ့ မြင့်မြတ်တဲ့နယ်မြေလို့ လူတိုင်းပြောနေကြတာ လုံးဝမမှားဘူးပဲ"

လူတိုင်း အံ့သြတကြီး ဖြစ်သွားရပါတယ်။ သူတို့တွေ အရင်တုန်းက မိုက်မဲစွာနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီး နေခဲ့ကြတာပါ။ စစ်မှန် သာလွန်တဲ့ ပါရမီရှင်တစ်ယောက်ကို မြင်တွေ့ပြီးမှသာ ကမ္ဘာကြီးက သူတို့စိတ်ကူးထားတာထက် အလွန်အမင်း ကျယ်ပြောလှတာကို နားလည်သွား ခဲ့ပါတယ်။

ဒါပေမဲ့လည်း စိတ်ဝိညာဉ်ပလ္လင်အဆင့် အလှ္ဘာကိုး လက်ရွေးစင်နှစ်ယောက်ကို အပြတ်အသက် အနိုင်ယူနိုင်ခဲ့တာကြောင့် ဒီအမာခံနယ်မြေက ရှေ့ဆက်ပြီး လုံခြုံတော့မှာ မဟုတ်တော့ပါဘူး။ စိတ်ဝိညာဉ်ပလ္လင်အဆင့် သားရဲတွေရဲ့ တိုက်ခိုက်မှုကြောင့်

ချက်ချင်းပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် လူတိုင်းက သူတို့တွေရဲ့ လမ်းကြောင်းအသီးသီးကို ထွက်ခွာသွားခဲ့ပြီး ဆေးပင်တွေ ရှာဖွေဖို့နဲ့ သားရဲတွေ ဖမ်းဆီးဖို့ ဒါမှမဟုတ် အခြားအမာခံနယ်မြေတွေဆီကို ဦးတည်ဖို့ပဲ ဖြစ်ပါတယ်။

လင်းဟန်လည်းပဲ သစ်တောရဲ့ အတွင်းပိုင်းနေရာသို့ ဦးတည်လိုက်ပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်းတိုးတက်မှုက လုံလုံလောက်လောက် တိုးတက်ခဲ့တယ် ထင်ခဲ့ပေမဲ့ ယိုဟိုင်ယွဲ့နဲ့ နှိုင်းယှဉ်တဲ့အခါမှာတော့ သူ့ရဲ့အမြန်နှုန်းက မနှေးလှပေမဲ့ မြန်တယ်လို့လည်း ပြောလို့မရပါဘူး။

နောက်ဆုံးတော့လည်း ထောင်စုနှစ်တစ်ခုလောက် သက်တမ်းရှိတဲ့ ကောင်းကင်ဓားဂိုဏ်းလို ဂိုဏ်းကြီးတစ်ခုအနေနဲ့ သူတို့ရဲ့ အလျှံအပယ် ပေါ်များတဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေကို အခြားသာမန်အင်အားစုတွေက ဘယ်လိုလုပ် နှိုင်းယှဉ်နိုင်ပါ့မလဲ။ တကယ်လို့ သူတို့သာ ပါရမီရှင်တပည့် အနည်းငယ်အပေါ် အာရုံစူးစိုက်ခဲ့မယ်ဆိုရင် ယိုဟိုင်ယွဲ့နဲ့ အခြားပါရမီရှင်တွေရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက လင်းဟန်ထက်နေးစရာ အကြောင်းမရှိပါဘူး။

ဒါပေမဲ့ ပန်းဖူးအဆင့်ကို ဖြတ်ကျော်သွားပြီးတဲ့နောက်မှာ အဆင့်ခြောက်အထက် စိတ်ဝိညာဉ်ဆေးဝါးတွေက သနားစဖွယ်ကောင်းလောက်အောင် နည်းပါးလှပါတယ်။ ကောင်းကင်ဓားဂိုဏ်းလို ဂိုဏ်းကြီးတစ်ခုတောင်မှ သူတို့ကိုယ်သူတို့ ဆင်းရဲနွမ်းပါးတယ်လို့တောင် ခံစားရပြီး သူတို့ဂိုဏ်းရဲ့ တပည့်တွေရဲ့ ကျင့်ကြံခြင်းကို အရှိန်မြှင့်တင်ပေးဖို့တောင် လုံးဝ မတတ်နိုင်လောက်အောင်ပဲ ဖြစ်ပါတယ်။

လင်းဟန်ကတော့ နိမ့်ကျတယ်လို့ မခံစားခဲ့ရပါဘူး။ သူကျင့်ကြံခဲ့ခြင်းကို စတင်ခဲ့တာ ဘယ်လောက်ကြာသေးလို့လဲ။ အခုမှ တစ်နှစ်ကို နည်းနည်းလေးပဲ စွန်းပါသေးတယ်။ သူက အဲ့ဒီအချိန်လေးနဲ့ ကိုယ်ခန္ဓာပြုပြင်ခြင်းအဆင့် ဒုတိယအလွှာကနေ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာလေးသို့ တစ်ဟုန်ထိုး တိုးတက်လာခဲ့တာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ယိုဟိုင်ယွဲ့က ဒီလိုတိုးတတ်မှုအမြန်နှုန်းနဲ့ နှိုင်းယှဉ်နိုင်ပဲ့ါမလား။

နောက်ဆုံးတော့လည်း လင်းဟန်က အဆင့်တွေကို နားလည်သဘောပေါက်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်ဖို့

ဘယ်တုန်းကမှ မလိုအပ်ခဲ့ပါဘူး။

ဒါပေမဲ့လည်း အခု ယိုဟိုင်ယွဲ၊ အောင်းဖန်နဲ့ အခြားသူတွေ ပေါ်လာခဲ့တာကြောင့် ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်နဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရယူဖို့အတွက် ခက်ခဲမှုက အတော်လေး မြင့်တက်လာခဲ့ပါတယ်။

လင်းဟန် သူ့မေးစေ့ကို ပွတ်သပ်လိုက်ပါတယ်။ အဲဒီပစ္စည်းနှစ်ခုက သူရယူဖို့ ဆုံးဖြတ်ထားတဲ့အရာနှစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခြေအနေအရ အခက်အခဲတွေက ပတ်လည်ဝိုင်းနေခဲ့ပါတယ်။

"လင်းဟန်"

ဟူးညို့က ရုတ်တရက် နေရာတစ်ခုဆီသို့ ပြေးသွားခဲ့ပါတယ်။

လင်းဟန် နောက်ကလိုက်သွားတဲ့ အခါမှာ ဟူးညို့ အပင်တစ်ပင်ရဲ့ဘေးမှာ ရပ်နေတာကို တွေ့လိုက်ရပါတယ်။ အဲဒီအပင်က မီးတွေတောက်လောင်နေသကဲ့သို့ လုံးဝ နီရဲနေခဲ့ပါတယ်။

"ဟင် နေမီးတောက်မြက်"

လင်းဟန်တစ်ယောက် အံ့အားသင့်သွားခဲ့ရပါတယ်။ ဒါက စစ်မှန်တဲ့ မိုးမခပင် တစ်ပင်ရဲ့ ဘယ်လိုမှ လဲမပြိုနိုင်တဲ့ အခြေအနေတစ်ခုပဲ ဖြစ်ပါတယ်။ဒီတစ်ကြိမ် သူ အမှောင်နတ်ဆိုး တောအုပ်ကို လာခဲ့တာက နေမီးတောက်မြက်ကို ရှာဖို့အတွက်လည်း ပါဝင်ပါတယ်။ အခုဆိုရင် ထွေထွေထူးထူး ဘာမှလုပ်စရာ မလိုပဲနဲ့ လမ်းမှာပဲ လာတွေ့နေရပါတယ်။ ဘယ်လောက်တောင်မှ ကံကောင်းလိုက်သလဲ။

မဟုတ်ဘူး။ ဒါက သူကံကောင်းလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဟူးညိုကတော့ ဆေးဖက်ဝင်အပင်တွေ ရှာဖွေနိုင်တဲ့ စွမ်းရည်ရှိပုံရပါတယ်။

ဒါက အတော်လေး ကောင်းပါတယ်။ သူ့ရဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူနိုင်ဖို့ အခွင့်အရေး အတော်လေး ကြီးမားလာပြီပဲ ဖြစ်ပါတယ်။ အဲ့ဒါကို ပထမဆုံး ရယူနိုင်တာနဲ့ အနက်ရောင်မျှော်စင်ထဲမှာ ချက်ချင်း ဖွက်ထားလိုက်လို့ ရပါတယ်။ ဒီကမ္ဘာကြီးမှာ ဘယ်လောက်ပဲ ထက်မြတဲ့ ဓားတစ်ချောင်းဖြစ်နေပါစေ သူဆီက လုယူဖို့ ဘာမှ တတ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

နေမီးတောက်မြက်နဲ့ ပက်ပင်းကြုံနေရမှတော့ သူဒီအတိုင်း ချန်ထားခဲ့လိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်က နေမီးတောက်မြက်ကို အနက်ရောင်မျှော်စင်ထဲမှာ ရွှေ့စိုက်ဖို့ အစီအစဉ်နဲ့ အမြစ်ကနေ တူးယူလိုက်ပါတယ်။ ဒီစိတ်ဝိညာဉ်ဆေးပင်က ပန်းပွင့်ပြီး အစေ့တွေရရှိဖို့အတွက် နှစ်တစ်ရာလောက် ကြီးထွားဖို့ အချိန်ယူရပါတယ်။ ဒါပေမဲ့ အနက်ရောင်မျှော်စင်ထဲမှာတော့ ဖြစ်စဉ်တစ်ခုလုံး ပြီးမြောက်ဖို့အတွက် တစ်လသာ လိုအပ်ပါတယ်။

ဒါကြောင့် နေမီးတောက်မြက်တစ်ပင်ကို ရရှိတာက လအနည်းငယ်လောက်ကြာပြီးတဲ့နောက်မှာ ဒီစိတ်ဝိညာဉ်ဆေးပင်က အဖြူရောင် ဂေါ်ဖီထုပ်တွေလို ကြီးထွားပွားများလာလိမ့်မယ်လို့ ဆိုလိုတာပဲဖြစ်ပါတယ်။

"ငါ ဆောင်းလဂိုဏ်းကို လိုလိုမယ်မယ် အမှန်တကယ်ပဲ ပြန်ဖြစ်ခဲ့ရင် ငါ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ကြောင်း ပြန်တင်ပြနိုင်လိမ့်မယ်"

လင်းဟန် ပြုံးလိုက်မိပေမဲ့ ချက်ချင်း သတိအနေအထားဖြစ်သွားပြီး ပြင်းထန်တဲ့ အန္တရာယ်အငွေ့အသက်တစ်ခုကို ခံစားလိုက်ရပါတယ်။

"မျှော်လင့်ထားသလိုပဲ ပင်လယ်လေညင်းမြို့မှာ ငါတို့ရဲ့ အမာခံနယ်မြေကို ဖျတ်ဆီးသွားတဲ့ သူပဲ"

လူအိုကြီးတစ်ယောက်ရဲ့အသံက သူ့ရဲ့ အနောက်ကနေ ထွက်လာခဲ့ပါတယ်။ သူ့ရဲ့အသံက သတ္တုတွေ ပွတ်တိုက်နေသကဲ့သို တကျိကျိဖြစ်နေပြီး လူတွေကို သူတို့ရဲ့နားတွေကို ဖုံးအုပ်မိချင်တဲ့ အထိ ခံရခက်စေပါတယ်။

လင်းဟန် ဖြည်းညင်းစွာ ပြန်လှည့်လိုက်ရာ သူ့နောက်မှာ တိတ်ဆိတ်စွာ ရပ်နေတဲ့ ခါးကုန်းပြီး ပိန်းချုံးချည့်နဲ့နေတဲ့ အဘိုးအို တစ်ယောက်ကို တွေ့လိုက်ရပါတယ်။ အဘိုးအိုက အနီရောင် တောင်ဝှေးတစ်ချောင်းကို အမှီပြုကိုင်ထားပြီး အိုမင်းကာ တုန်တုန်ယင်ယင် ဖြစ်နေပါတယ်။

"အကြီးအကဲ တိမ်ကိုးခု ဟုတ်တယ်မလား"

လင်းဟန်က အပြုံးတစ်ခု ထုတ်ဖော်လိုက်ပါတယ်။

"အကြီးအကဲလို ပန်းဖူးအဆင့် ကျင့်ကြံသူက တခြားသူတစ်ယောက်နောက်မှာ ရုတ်တရက်ကြီး ပေါ်လာတက်တာ တစ္ဆေတွေလိုပဲ အလေ့အထရှိတဲ့ပုံပဲ။

တခြားလူတွေကို ခြောက်လှန့်မိမှာ မစိုးရိမ်မိဘူးလား"

အပိုင်း(၄၀၂) အကြီးအကဲ တိမ်ကိုးခု

"ချာတိတ် မင်းမှာ တကယ်ကောင်းမွန်တဲ့ အာရုံတွေ ရှိနေတာပဲ"

လူအိုကြီးက တကယ်ကိုပဲ အကြီးအကဲ တိမ်ကိုးခု ဖြစ်ပါတယ်။ သူက လင်းဟာန် ဘယ်နားမှာလည်းဆိုတာ လိုက်ရှာနေခဲ့တာဖြစ်ပြီး ယန်စွမ်းအားမြင့်မြို့ဆီကို အပြေးတစ်ပိုင်းနဲ့ ရောက်လာခဲ့တာ သိပ်မကြာသေးပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က အမှောင်နတ်ဆိုး တောအုပ်ဆီကို ထွက်သွားခဲ့တာကို သိသွားတာကြောင့် ဒီနေရာမှာ လိုက်လံရှာဖွေနေခဲ့တာပါ။ ကံကောင်းထောက်မစွာပဲ နောက်ဆုံးတော့ လင်းဟာန်ကို သူရှာတွေ့သွားခဲ့ပါပြီ။

"ဟမ် မင်းရဲ့ မျက်နှာက"

အကြီးအကဲ တိမ်ကိုးခုက လင်းဟာန်ကို စိုက်ကြည့်လိုက်ပြီး မကြာခင်မှာပဲ ဒေါသတကြီး ဖြစ်သွားခဲ့ပါတယ်။

"ဒါဆို လမင်းကျဆင်းချောက်နက်မှာ ငါတို့ဂိုဏ်းရဲ့

အစီအစဉ်ကောင်းကို ဖျက်ဆီးခဲ့တဲ့ သူကလည်း မင်းပဲပေါ့"

လင်းဟန်က လက်ခုပ်တီးလိုက်ပြီး ပြောလိုက်ပါတယ်။

"ခန့်မှန်းချက်က အရမ်းကို မှန်ကန်ပါတယ်။ ဒါပေမဲ့ ခင်ဗျားကြီးအတွက် ပေးစရာဆုတော့ မရှိဘူးနော်။ ဒီမှာဘဲကြီး ခင်ဗျားတို့လူတွေ ကျွန်တော့်ကို ရှာတွေ့ဖို့ ဘယ်လို နည်းလမ်းတွေ အသုံးပြုခဲ့တာလဲ"

"ဟမ့်..မင်း သချိုင်းဂူကြီးထဲဝင်သွားခဲ့တုန်းက နှစ်ဝက်လောက် ကြာရင်တောင် ပျောက်သွားမှာ မဟုတ်တဲ့ သေဆုံးခြင်း စိတ်ဝိညာဉ်ချီတွေက မင်းကို စွန်းထင်းသွားတယ်လေ။ အဲဒါကြောင့် အလောင်းချီ ကျင့်ကြံသူတွေက မင်းကို လွယ်လွယ်ကူကူပဲ ရှာတွေ့နိုင်တယ်"

အကြီးအကဲ တိမ်ကိုးခုက မျှော်လင့်မထားပဲ လင်းဟန် ရင်တမမဖြစ်နေအောင်မလုပ်ပဲနဲ့ ဒီအတိုင်း ထုတ်ပြောလိုက်ပါတယ်။

သူနဲ့ ဆုံပြီဆိုမှတော့ လင်းဟန်က အလောင်းကောင် စစ်သည်တစ်ယောက် ဖြစ်နေခဲ့ပြီးပါပြီ။ ဒါကြောင့်

နည်းနည်းလေး သိသွားအောင် ပိုပြောရတာကို စိတ်မရှိခဲ့တာပါ။

စိတ်ဝိညာဉ်ပင်လယ်အဆင့်က ပန်းဖူးအဆင့်ကို ရင်ဆိုင်မယ်ဆိုရင် လက်အောက်ခံအဖြစ် လုံးဝ သွတ်သွင်းခံရဖို့ ဖြစ်နိုင်ချေတစ်ခုသာလျှင် ရှိပါတယ်။

`ဒါက ဒီလိုကိုး`

လင်းဟန် ရုတ်တရက် နားလည်သွားခဲ့ပါတယ်။ သွမ့်ကျန်းရှီက သူ့ကို အမြဲ ဖမ်းမိနေခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ အခုဆိုရင် သူက မွန်းစတားအိုကြီးရဲ့ ပစ်မှတ်တောင် ဖြစ်နေခဲ့ပြီလေ။

"သက်ရှိတွေကို ထည့်သွင်းနိုင်တဲ့ သိုလှောင် စိတ်ဝိညာဉ်ပစ္စည်းကို အခုချက်ချင်း ငါ့ကိုပေးစမ်း။ မင်း တစ်ခါထဲ ညင်ညင်သာသာနဲ့ သေသွားအောင်လို့ ဒီအဘိုးကြီးက လုပ်ပေးမယ်"

အကြီးအကဲ တိမ်ကိုးခုက ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ အတွေးတွေ လျင်မြန်စွာ ဖြတ်ပြေးသွားခဲ့ပါတယ်။ သူ့ဆီမှာ သက်ရှိတွေကို ထည့်သွင်းထားနိုင်တဲ့ သိုလှောင်စိတ်ဝိညာဉ်ပစ္စည်း ရှိနေတာကို ဒီအဖိုးကြီးက ဘယ်လိုလုပ် သိနေခဲ့တာလဲ။ သူ အဲ့ဒါကို သွမ့်ကျန်းရှီရဲ့ အရှေ့မှာပဲ အသုံးပြုခဲ့ဖူးတာပါ။ အခုဆို သွမ့်ကျန်းရှီက သေဆုံးသွားခဲ့ပြီးပြီလေ။

ဖြစ်နိုင်တာက။

"ခင်ဗျားက တော်တော်ကို ရက်စက်တာပဲ။ ခင်ဗျားရဲ့ လူကိုတောင်မှ အလောင်းကောင်အဖြစ် သန့်စင်ပစ်လိုက်တယ်ပေါ့"

သူ ချက်ချင်း ပြောလိုက်ပါတယ်။

"ဟဟ..သေဆုံးပြီးတာတောင် ဂိုဏ်းအတွက် အထောက်အပံ့ပေးနိုင်နေတုန်းပဲလေ။ ဒါက လုပ်သင့်တဲ့ အလုပ်တစ်ခုပဲ မဟုတ်ဘူးလား"

အကြီးအကဲ တိမ်ကိုးခုက ပြုံးလိုက်ပါတယ်။

"ဒီအဘိုးကြီးရှေ့မှာ ဘာလှည့်ကွက်မှ သုံးဖို့ မကြံနဲ့နော်။

ဒီအဘိုးကြီးက နစ်နစ်ရာလောက်နီးပါး ရှင်သန်ခဲ့ပြီးပြီ လှည့်ကွက်လေးတွေတောင် ဒီအဘိုးကြီး မျက်လုံးထဲက မလွတ်မြောက်နိုင်ဘူး"

လင်းဟန်က အခြားဘာမှ နောက်ဆံမတင်းရအောင် ပထမဆုံးအနေနဲ့ ဟူးညိုကို အနက်ရောင်မျှော်စင်ထဲ သွင်းလိုက်ပါတယ်။

"ငါထင်တဲ့ အတိုင်းပဲ"

အကြီးအကဲ တိမ်ကိုးခုက အဲဒါကို သွမ့်ကျန်းရှီရဲ့ မှတ်ဉာဏ်တွေထဲမှာ မြင်ခဲ့ပြီး ဖြစ်ပေမဲ့လည်း အတော်လေး အံ့အားသင့်နေတုန်းပဲ ဖြစ်ပါတယ်။ အဲဒီလို ရတနာမျိုးက အမှန်တကယ်ပဲ ရှားပါးလွန်းပါတယ်။ တကယ်လို့ သိုလှောင်စိတ်ဝိညာဉ်ပစ္စည်းရဲ့ ဝင်ဆံ့နိုင်တဲ့ ပမာဏသာ လုံလုံလောက်လောက် ကြီးမားခဲ့ရင် ထိုက်တန်မှုက စိတ်ဝိညာဉ် လက်နက်အဆင့် တစ်ဆယ်ထက်တောင် သာလွန်ပါလိမ့်မယ်။

"အဲ့လောက်ထိ စိတ်လှုပ်ရှားမနေနဲ့ ခင်ဗျားနဲ့ ထိုက်တန်တဲ့ အရာတစ်ခု မဟုတ်ဘူး"

လင်းဟန်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

"ချာတိတ်လေး မင်း မပြေးနိုင်ပါဘူး။ မင်းတစ်ချက်လှုပ်လိုက်တာနဲ့ ဒီအဘိုးကြီးက မင်းကို ချက်ချင်း တားဆီးလိုက်မှာပဲ။ ပန်းဖူးအဆင့်က ဒီလူအိုကြီးရဲ့ အင်အားနဲ့ဆိုရင် လက်တစ်ဖက် လှန်သလောက်ကို လွယ်ကူတယ်။ အဲဒါကြောင့် အလကားနေရင်း ရုန်းကန်ကြိုးစားမနေနဲ့ စိတ်ဝိညာဉ်ပစ္စည်းကိုပဲ အမြန်ဆုံး လက်လွှဲပေးလိုက်"

အကြီးအကဲ တိမ်ကိုးခုက မခံချင်အောင် ပြောလိုက်ပါတယ်။

"ခင်ဗျား လပြွတ်ကြီးကိုပဲ လက်လွှဲပေးလိုက်"

လင်းဟန်က ကျိန်ဆဲလိုက်ပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပြီး ချက်ချင်း တိုက်ခိုက်လိုက်ပါတယ်။

ဓားချီတွေက လူအိုကြီးဆီသို့ နဂါးတစ်ကောင်လို ပြင်းထန်စွာ တိုက်ခိုက်လိုက်ပါတယ်။

"ဟမ်"

အကြီးအကဲ တိမ်ကိုးခုရဲ့ မျက်လုံးတွေ ချက်ချင်း တောက်ပသွားခဲ့ပါတယ်။

"ဒီလူအိုကြီးကိုတောင် ကြောက်ရွံ့မှု အနည်းငယ် ခံစားသွားစေတယ်ဆိုတော့ ဒီစိတ်ဝိညာဉ် လက်နက်က ဘယ်အဆင့်မှာလဲဟ"

"ဒါက ခွေးတွေးကို ကွပ်မျက်တဲ့ဓားလေ"

လင်းဟန်က ပြုံးရွှင်စွာ ပြန်ပြောလိုက်ပါတယ်။

"မိုက်ရိုင်းလိုက်တဲ့ ကောင်လေး။ ဒီအဘိုးကြီးကို ဘယ်လိုတောင် နှောက်ပြောင်ရဲရတာလဲ"

အကြီးအကဲ တိမ်ကိုးခုက ဒေါသထွက်လာခဲ့ပြီး စိတ်မရှည်တော့ပဲ သူ့ရဲ့လက်ဝါးကို လင်းဟန်ဆီသို့ လွှဲရိုက်လိုက်ပါတယ်။

"စိတ်ဝိညာဉ်လက်နက်ကို လိုချင်နေတာ မဟုတ်ဘူးလား။ လာယူလေ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

အနက်ရောင်မျှော်စင်ထဲသို့ ဝင်သွားခဲ့ပါတယ်။

အကြီးအကဲ တိမ်ကိုးခုရဲ့ လက်ဝါးက လေကိုသာရိုက်မိသွားခဲ့ပါတယ်။

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

အကြီးအကဲ တိမ်ကိုးခုတစ်ယောက် မျက်လုံးတွေ ပြူးကြောင်သွားပါတယ်။ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းထဲကို ဝင်ရောက်ဖို့က သေချာပေါက် ချက်ချင်းကြီး ပြုန်းဆိုပြီး မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ ပန်းဖူးအဆင့် အင်အားနဲ့ဆိုရင် အဲ့ဒီအချိန်ခဏမှာ လင်းဟန်ကို လုံးဝ ဖမ်းနိုင်သင့်တာပါ။

အဲဒါက သိုလှောင်လက်စွပ်ထဲမှာ ပစ္စည်းတစ်ခု သိုလှောင်တာနဲ့ တူညီပါတယ်။ ပန်းဖူးအဆင့် တစ်ယောက်ရဲ့ အင်အားနဲ့ဆိုရင် သိုလှောင်နေတဲ့ပစ္စည်းကို ဖမ်းဆွဲဖို့ လုံးဝ ဖြစ်နိုင်ချေရှိပါတယ်။ အကြီးအကဲ တိမ်ကိုးခုက ဘာလို့ ဒီလောက် ယုံကြည်မှုရှိနေရလဲဆိုရင် သူ့မှာ အတွေ့အကြုံရှိဖူးလို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်တွေ့ဖြစ်သွားခဲ့တာက သူ့မျက်နှာကို ပြင်းထန်စွာ ဖြတ်ရိုက်သွားခဲ့ပါတယ်။

"ကြည့်ရတာ ဒီစိတ်ဝိညာဉ်ပစ္စည်းရဲ့ ရှားပါးမှုက ဒီအဘိုးကြီးရဲ့ မျှော်မှန်းချက်ထက် ကျော်လွန်နေတဲ့ပုံပဲ။ ဒီပစ္စည်းကို ငါ ဂိုဏ်းအတွက်သာ ရယူနိုင်ခဲ့ရင် အကျိုးကျေးဇူးတွေ အများအပြား ရရှိနိုင်လိမ့်မယ်။ ဒါပေမဲ့ အဲဒီရတနာကို ရယူနိုင်ဖို့ကလည်း ပိုပြီး ခက်ခဲလာပြီပဲ"

ဒါပေမဲ့လည်း စိတ်ဝိညာဉ်လက်နက်တွေက ခြေရာလက်ရာမကျန်ပဲ အဝေးကို ပျံသန်းမသွားနိုင်ပါဘူး။ တကယ်လို့ ဒီလူအိုကြီးက အနီးအနားက နေရာတွေ အကုန်လုံးကို ရှာဖွေလိုက်မယ်ဆိုရင် အဲ့ဒီရတနာ မပေါ်ပေါက်လာပဲနေမှာ မဟုတ်ဘူး။

လူအိုးကြီးက ချက်ချင်းပဲ လှုပ်ရှားလိုက်ပြီး သုံးပေအနက်လောက်အထိ တူးဆွလိုက်ပြီးတဲ့နောက် အထွတ်အထိပ် ထူးကဲတဲ့ စွမ်းအားတွေနဲ့အတူ အရာအားလုံးကို ရှာဖွေလိုက်ပါတယ်။ သိုင်းဆန္ဒတွေက လေထဲမှာ ဝေ့ဝဲနေကာ မြေကြီးတွေကို လွယ်ကူစွာ ချေဖျက်နေခဲ့ပြီး မျက်စိနဲ့ မမြင်နိုင်လောက်အောင် သေးငယ်လွန်းတဲ့ အမှုန်အမွှားတွေဖြစ်တဲ့အထိ ပြောင်းလဲနေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူစိတ်ပျက်သွားခဲ့ရပါတယ်။ အနီးအနားမှာရှိတဲ့ မြေကြီးတွေ အကုန်လုံးကို ပြာမှုန်တွေဖြစ်တဲ့အထိ သူရှာဖွေပြီး အာရုံခံခဲ့ပေမဲ့ မသင်္ကာဖွယ်ရာ ဘာတစ်ခုကိုမှ သူ ရှာမတွေ့နိုင်ခဲ့ပါဘူး။

အနက်ရောင် မျှော်စင်ထဲမှာတော့ မျှော်စင်လေးက အထင်သေးစွာ ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"ပန်းဖူးအဆင့်လောက်လေးနဲ့များ ရှာတွေ့ချင်နေသေးတယ်။ တကယ့်ကို အရူးပဲ။ ရှာတွေ့ဖို့တဲ့လား။ ဟမ့် စိတ်ကူးတွေ ယဉ်နေတာပဲ"

လင်းဟန်က သိချင်စိတ်ပြင်းစွာနဲ့ မေးလိုက်မိပါတယ်။

"ဒါဆို ဒါကို ရှာတွေ့ဖို့ လက်ရွေးစင်တစ်ယောက်က ဘယ်လောက်ထိ အစွမ်းထက်ဖို့ လိုသလဲ"

"အနည်းဆုံးတော့ ဒီလောကမှာ ဘယ်သူမှ မလုပ်နိုင်သေးဘူး"

မျှော်စင်လေးက အခိုင်အမာပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး မျှော်စင်လေး တစ်ခါက ပြောဖူးတာကို အမှတ်ရလိုက်မိပါတယ်။ အနက်ရောင်မျှော်စင်က သူ့ရဲ့စွမ်းအားတွေကိုသာ ပြည့်ပြည့်ဝဝ ထုတ်ဖော်လိုက်ရင် ဒီနေရာက ကျယ်ပြန့်တဲ့ ကုန်းမြေကြီးတစ်ခုလုံးကို ဖျက်ဆီးနိုင်တယ်လို့ ဆိုဖူးပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တွေလို အမှိုက်တွေက ဒီလို ကြီးကျယ်ပြီး အင်အားပြည့်ဝတဲ့ ရတနာမျိုးကို ရှာတွေ့ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ။

ဘာမှ လုပ်စရာမရှိတာနဲ့အတူ သူက အနက်ရောင် ကျောက်တုံးကို ထုတ်ယူလိုက်ပြီး သူ့ရဲ့စိတ်ဝိညာဉ်ကို ထိန်းချုပ်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့စိတ်ကို တည်ငြိမ်စွာ သတိထား စောင့်ကြပ်နေတာကြောင့် အစီအစဉ်မကျတဲ့ ဖရိုဖရဲ အတွေးတွေက ချက်ချင်းပဲ ရှုပ်ထွေးပြီးတော့ ပေါ်ပေါက်လာခဲ့ပါတယ်။ သူက အဲ့ဒီအတွေးတွေကို ရှောင်တိမ်း တိုက်ခိုက်နေပြီး သူ့ရဲ့နတ်ဘုရားစိတ်အာရုံ စွမ်းအားတွေကို တိုးတက်အောင် လုပ်ဆောင်နေခဲ့ပါတယ်။

လင်းဟန်ရဲ့ စိတ်ဝိညာဉ်စွမ်းအားတွေ ကုန်ခမ်းလာတဲ့အခါ သူ့ရဲ့ နတ်ဘုရားအာရုံ ကြံ့ကြံ့ခိုင်တာရှည်ခံမှုမှာ ရှင်းလင်းတဲ့

တိုးတက်မှုတစ်ခုကို သူ ခံစားလိုက်ရပါတယ်။ အခုတော့ အဲဒါက ကြောက်ခမန်းလိလိ အားနည်းနေခဲ့ပြီဆိုပေမဲ့ အလျှော့မပေးမှုတွေနဲ့ ပြည့်နေခဲ့ပြီး ပိုပြီးတောင်မှ ကျစ်လျစ်ခိုင်မာလာခဲ့ပါတယ်။

အပြင်ဖက်ကို နောက်တစ်ကြိမ် အာရုံခံကြည့်လိုက်တဲ့အခါ အကြီးအကဲ တိမ်ကိုးခုရှိနေတဲ့ လက္ခဏာ တစ်စွန်းတစ်စတောင် မရှိတော့ပါဘူး။ သူက တစ်နေရာရာမှာ ပုန်းကွယ်နေပြီး သူထွက်ပေါ်လာမှာကို စောင့်နေတာ ဖြစ်နိုင်ပါတယ်။

လင်းဟာန်က ပြုံးလိုက်ပြီး အနက်ရောင်မျှော်စင်က မထွက်ခင် ဟူးညို့နဲ့အတူ ထူးကဲစွာ ကောင်းမွန်လှတဲ့ စားသောက်ဖွယ်ရာတွေကို အတူစားလိုက်ကြပါတယ်။ ဒီနေရာကို ကြည့်ရတာ သူတို့အရင်ရှိခဲ့တဲ့ နေရာကနေ မီတာငါးထောင်လောက် ဝေးသွားခဲ့ပါပြီပဲ ဖြစ်ပါတယ်။

"အနက်ရောင်မျှော်စင်က ဖုန်မှုန့်အဖြစ်ပြောင်းထားတော့ လေနဲ့အတူရွေ့လျားသွားပြီး မူလနေရာကနေ အတော်ဝေးဝေးကိုရောက်နေတာ သဘာဝတော့ ကျပါတယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်လည်း ခေါင်းညိတ်လိုက်ပါတယ်။ မူလအတိုင်းဆိုရင် အနက်ရောင်မျှော်စင်က ကြံ့ရာကို လွင့်မျောသွားလိမ့်မှာ မဟုတ်ပါဘူး။ အကြီးအကဲ တိမ်ကိုးခုက မြေပြင်အနက် သုံးပေအနက်လောက်အထိ တူးဆွမှုကြောင့် အနက်ရောင်မျှော်စင်က လေနဲ့အတူ ပါသွားပြီးတော့ မူလနေရာကနေ အဝေးကို လွင့်မျောသွားခဲ့တာပဲ ဖြစ်ပါတယ်။

သေချာသလောက်ရှိတာက အကြီးအကဲ အကြီးအကဲကိုးခုက မူနေရာမှာပဲ အာရုံစူးစိုက်မှု အပြည့်နဲ့ စောင့်ကြည့်နေတုန်းပဲ ဖြစ်နိုင်ပါတယ်။

`ဟာဟ..ကံကောင်းပြန်တာပဲ`

လင်းဟန်က စိတ်ထဲက ပြောလိုက်ပြီး ကားကားနဲ့ လမ်းလျှောက်ထွက်သွားခဲ့ပါတယ်။

နောက်တစ်နေ့ပြီးတဲ့နောက်မှာတော့ သူက သစ်တောရဲ့ ဒုတိယအဝန်းကို ရောက်လာခဲ့ပါတယ်။

ဒီနေရာက အမာခံနယ်မြေတွေရှိတဲ့ နောက်ဆုံးနေရာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီထက် ရှေ့ဆက်သွားရင် သစ်တောအတွင်းမှာရှိတဲ့ သတ်ရှိတွေကို သွေးတွေကို ရှူးသွပ်စွာနဲ့ စိတ်ဆန္ဒကို ပြင်းပြလာအောင် လှုံ့မိုးနိုင်တဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ နတ်ဆိုးချီတွေ ပေါက်ပွားရာ သစ်တောရဲ့ အတွင်းပိုင်းနယ်မြေပဲ ဖြစ်ပါတယ်။

သိုင်းပညာရှင်တွေ အဲဒီနေရာမှာ အချိန်ကြာကြာနေတဲ့အခါ သူတို့ရဲ့ ပင်ကိုယ်စရိုက်တွေက သတ်ဖြတ်ဖို့အတွက်လောက်ပဲ သိတော့တဲ့ မွန်းစတားတွေအဖြစ်သို့ ပြင်းပြင်းထန်ထန် ပြောင်းလဲသွားပါလိမ့်မယ်။

လင်းဟန်က ဒီနေရာမှာ အနားမယူတော့ဘဲ တိုက်ရိုက် ရှေ့ဆက်သွားခဲ့ပြီး နောက်ဆုံး နယ်မြေထဲသို့ ဝင်သွားခဲ့ပါတယ်။ သူက အတော်လေးကို ဂရုတစိုက်သွားနေခဲ့ပါတယ်။ ဘယ်နေရာကမဆို ပန်းဖူးအဆင့် သားရဲတွေ ပေါ်ပေါက်နိုင်ပါတယ်။ ဒါက ဟာသတစ်ခု မဟုတ်ပါဘူး။

သိပ်အကြာကြီး မသွားရသေးခင်မှာပဲ သားရဲသုံးကောင်ရဲ့ သဲကြီးမဲကြီး တိုက်ခိုက်မှုနဲ့ ကြုံဆုံလိုက်ရပါတယ်။

တစ်ကောင်က စိတ်ဝိညာဉ်ပလ္လင်အဆင့်ဖြစ်ပြီး အခြားနစ်ကောင်ကတော့ စိတ်ဝိညာဉ်ပင်လယ်အဆင့်မှာပဲ ဖြစ်ပါတယ်။ သူတို့တွေက လုံးဝ ကြောက်ရွံ့မှုမရှိပဲ လင်းဟန်နဲ့ ဟူးညိုကို တိုက်ခိုက်လိုက်ကြပါတယ်။

လင်းဟန်က စိတ်ဝိညာဉ်ပလ္လင်အဆင့် သားရဲကောင်တွေကို အပြတ်အသက် ချေမှုန်းလိုက်ပါတယ်။ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကိုတော့ အသက်ရှင်လျက် ဖမ်းဆီးလိုက်ပြီး အဲဒီသားရဲကို သတိမေ့အောင်ပြုလုပ်ပြီးတဲ့နောက် အနက်ရောင်မျှော်စင်ထဲသို့ ယူဆောင်လာခဲ့ပြီး လေ့လာနေခဲ့ပါတယ်။

ရလဒ်ကတော့ သူ့ကို ကြီးကြီးမားမား အံ့အားသင့်သွားစေခဲ့ပါတယ်။ နတ်ဆိုးချီလို ဘယ်အရာမျိုးကိုမှ သူ ရှာမတွေ့ခဲ့ပါဘူး။ ဒီသားရဲတွေက အနက်ရောင်ကျောက်တုံးရဲ့ ဖရိုဖရဲ သိုင်းဆန္ဒတွေရဲ့ မသိမသာ လွှမ်းမိုးမှုကို ခံရပြီး အလိုအလျောက် ပိုပြီး သွေးဆာလာခဲ့ပါတယ်။

ပြောရရင် ဒီနေရာမှာရှိတဲ့ သက်ရှိတွေ အကုန်လုံးက လုံးဝကို ရူးသွပ်နေတာပဲ ဖြစ်ပါတယ်။

အပိုင်း(၄၇၃) စိတ်ဂိညာဉ် ဆေးပင် ပေါ်လာပြီ။

လင်းဟန်က အနက်ရောင်မျှော်စင်ထဲက ထွက်လာခဲ့ပြီး သစ်တောရဲ့ အတွင်းပိုင်းကို လမ်းလျှောက်သွားခဲ့ပါတယ်။

ခြေလှမ်းတစ်လှမ်းစီတိုင်းမှာ စွန့်စားရမှုတွေကလည်း ပိုမို နက်ရှိုင်းလာပြီး ဖရိုဖရဲ သိုင်းဆန္ဒတွေက သူ့ကို မသိမသာ လွှမ်းမိုးလာနေပါတယ်။ သူ့ရဲ့ ကောင်းကင်အဆင့် နတ်ဘုရားအာရုံရဲ့ ဖရိုဖရဲ သိုင်းဆန္ဒတွေအပေါ် သန့်မာတဲ့ ပထမဆုံး တုံ့ပြန်ချက်သာမရှိခဲ့ရင် အမှန်တကယ်ပဲ အဲဒါကို ရှာဖွေတွေ့ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူက မှသားမဲ့မျက်လုံးကို အသက်သွင်းလိုက်ပြီး နေရာတိုင်းမှာရှိနေတဲ့ အနက်ရောင် နတ်ဆိုးချီတွေကို ကြည့်လိုက်ပါတယ်။ ပျောက်ကွယ်မသွားခင်မှာ နတ်ဆိုးချီတွေက မြေပြင်ကနေ သစ်တောရဲ့အထက် မီတာတစ်ထောင်လောက်ထိ စိမ့်ထွက်နေခဲ့ပါတယ်။

ဒီနတ်ဆိုးချီတွေက အတော်လေး အားနည်းပါတယ်။ သူ့ကို ထိန်းချုပ်ခဲ့ဖူးတဲ့ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်နဲ့ နှိုင်းယှဉ်ရင် အတော်လေး ဝေးပါသေးတယ်။ ဒါပေမဲ့

ဒီနတ်ဆိုးချီတွေက ပမာဏပိုများပြီး သစ်တောရဲ့ အတွင်းပိုင်းနယ်မြေတစ်ခုလုံးကို ဖုံးလွှမ်းနေခဲ့ပါတယ်။ ဒီနေရာမှာရှိတဲ့ နတ်ဆိုးချီတွေက လူတွေကို မထိန်းချုပ်နိုင်ပေမဲ့ သက်ရှိတွေရဲ့ ပင်ကိုယ်စရိုက်ကို ပြင်းထန်စွာ ပြောင်းလဲမှုတွေ ဖြစ်စေနိုင်ပါတယ်။

အနက်ရောင်ကျောက်တုံးက သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်နဲ့ ဘယ်လိုများ ပတ်သက်နေတာလဲ။

တွေးဆကြည့်ရရင် သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က ထောင်စုနှစ်များစွာထဲက နိမ်နင်းခံခဲ့ရတာပါ။ ဒါဆိုရင် အမှောင်နတ်ဆိုး တောအုပ်ကရော။ သူ့ရဲ့အရင်ဘဝတုန်းက ဒီနာမည်ကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒါကြောင့် ဒီတောအုပ်က ထောင်စုနှစ် အနည်းငယ်လောက်တုန်းကမှ ပေါ်ပေါက်လာခဲ့တာ ဖြစ်နိုင်ပြီး သူတို့နှစ်ခုကြားထဲမှာ ဘာဆက်သွယ်ချက်မှ မရှိနိုင်ပါဘူး။

ဒါပေမဲ့လည်း ကျိန်းသေ ဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ အနက်ရောင် ကျောက်တုံးက ကျယ်ပြောတဲ့ ကုန်းမြေမှာ လွှန်ခဲ့တဲ့ ထောင်စုနှစ်များစွာတုန်းက ပေါ်ပေါက်ခဲ့ပေမဲ့ နက်ရှိုင်းတဲ့ မြေအောက်မှာသာ မြှုပ်နှံခံလိုက်ရတယ်ဆိုရင် နတ်ဆိုးချီတွေက မျက်နှာပြင်ပေါ်ကို ရောက်လာလိမ့်မှာ

မဟုတ်ပါဘူး။ ဒါပေမဲ့ တောတောင်ရေမြေသဘာဝတွေရဲ့ ပြောင်းလဲမှုနဲ့အတူ အနက်ရောင် ကျောက်တုံးက မျက်နှာပြင်အပေါ် ကို ရောက်လာတာ လုံးဝဖြစ်နိုင်ချေရှိပါတယ်။ အဲဒါက ထောင်စုနှစ်များစွာ ကြန့်ကြာနေရတဲ့အကြောင်းလည်း ဖြစ်နိုင်ပါတယ်။

ဒီကမ္ဘာကြီးအပေါ် သူ့ရဲ့ကိုယ်ပိုင် နားလည်သဘောပေါက်မှုက အတော်လေးမှ အတော်လေး နည်းပါးနေတုန်းပဲ ဖြစ်ပါတယ်။

လင်းဟန်က မုသားမဲ့မျက်လုံးကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ အနက်ရောင် ကျောက်တုံး အထဲမှာတော့ အနက်ရောင်မျှော်စင်ကို ပြုပြင်နိုင်တဲ့ ဖရိုဖရဲ မူလအရင်းအမြစ်တွေ ရှိနေခဲ့ပါတယ်။

တစ်ခဏကြာအောင် ရှေ့ဆက်သွားပြီးတဲ့နောက် တစ်ဟုန်ထိုးတက်လာတဲ့ အပူလှိုင်းတစ်ခုကို ရုတ်တရက် ခံစားလိုက်ရပါတယ်။ မရေးမနှောင်းမှာပဲ သူ့ရဲ့ အရိုးတွေကို ခဲလုနီးပါး ဖြစ်စေတဲ့ နောက်ထပ် အခြား အအေးလှိုင်းတစ်ခုကပါ သူ့ကို ဖိနှိပ်လာခဲ့ပါတယ်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို လင်းဟန်က ချက်ချင်း အသက်သွင်းလိုက်ပြီး သူ့ပတ်ပတ်လည်မှာ

အတားအဆီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။

အပူနဲ့ အအေး ရောယှက်နေတာလား။

ငါ တွေ့ပြီ။

လင်းဟန်က ခုန်ထွက်လိုက်ပါတယ်။ အတော်လေး ခုန်ထွက်လိုက်ပြီးတဲ့နောက်မှာ ပုံမှန်မဟုတ်တဲ့ မြင်ကွင်းတစ်ခု သူ့ရဲ့ရှေ့မှာ ပေါ်လာခဲ့ပါတယ်။ အဲဒါက မီတာသုံးဆယ် အချင်းဝက်ရှိတဲ့ ပြီးပြည့်စုံတဲ့ စက်ဝိုင်းတစ်ခု ဖြစ်ပေါ်နေခဲ့တာ ဖြစ်ပါတယ်။ ကုန်းမြေတစ်ဝက်က မီးကဲ့သို့ နီရဲနေပြီး အခြားတစ်ဝက်ကတော့ အအေးဓာတ်ကြောင့် အေးခဲနေခဲ့ပါတယ်။အဲဒီနေရာမှာ ကြားခံနယ်မြေတစ်ခုရဲ့ လက္ခဏာမျိုး ရှိမနေပေမဲ့ ရှင်းလင်းစွာ ဆန့်ကျင်ဘက်တွေ ဖြစ်နေခဲ့ပါတယ်။

အဲနေရာရဲ့ အလယ်ဗဟိုမှာတော့ မီတာဝက် ရှည်လျားပြီး ဖုန်မှုန့်တစ်စက်တောင်မရှိတဲ့ နို့နှစ်ရောင် ကျောက်တုံးတစ်ခု ဖောင်းထွက်နေခဲ့ပါတယ်။ အဲဒီကျောက်တုံးရဲ့ ထိပ်မှာတော့ ထူးထူးခြားခြားပုံစံနဲ့ အပင်တစ်ပင် ပေါက်ရောက်နေခဲ့ပါတယ်။

အဲဒီအပင်က နှစ်ပေ ရှည်လျားပြီး အပင်ရဲ့အောက်ခြေက ကြက်သွေးရောင် ဖြစ်နေပြီးတော့ ထိပ်ဘက်မှာတော့ ရေခဲပုံဆောင်ခဲလိုမျိုး ကြည်လင်တောက်ပလို့ နေပါတယ်။ အပင်မှာ အရွက်နှစ်ရွက်ပဲ ရှိပြီးတော့ အောက်ခြေနားက အရွက်က မီးလိုမျိုး ကြက်သွေးရောင် ထနေပြီး အပေါ်ဘက်က အရွက်ကတော့ ရေခဲလိုမျိုး ကြည်လင်တောက်ပနေပါတယ်။

ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်။

လင်းဟန် အကြည့်တစ်ချက်နဲ့တင် မှတ်မိလိုက်ပြီး မျှော်လင့်ထားတာထက်ကို ကျော်လွန်ပြီး အပျော်လွန်သွားခဲ့ပါတယ်။ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ဒီလောက်ထိ ချောချောမွေ့မွေ့ လျှင်လျှင်မြန်မြန်နဲ့ ရှာတွေ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးထားမိခဲ့ပါဘူး။

သူက လျှင်လျှင်မြန်မြန် ရှေ့ကို လျှောက်သွားခဲ့ပေမဲ့ မိုးကြိုးလျှပ်စီး ချပ်ဂုတ်တောင်မှ သူ့ကို ပြင်းထန်စွာတိုက်ခိုက်တာကို မတားဆီးနိုင်လောက်တဲ့ တုန်လှုပ်ချောက်ချားဖွယ် အပူလှိုင်းတစ်ခုကို ခံစားလိုက်ရပါတယ်။ ဒါအပြင် သူရဲ့ခေါင်းက ပြင်းထန်စွာ

မူးနောက်လာခဲ့ ပါတယ်။

အဆိပ်တွေလား။

လင်းဟန်က လျင်မြန်စွာ နောက်ပြန်ဆုတ်လိုက်ပြီး အဆိပ်ဖြေတဲ့နေရာမှာ ထိပ်တန်းအဆင့်ရှိတဲ့ ရွှေရောင်ကျောက်တုံးပန်းပွင့်ရဲ့ ပွင့်ချပ်ကို ဆွဲထုတ်ယူလိုက်ပြီး မြိုချလိုက်ပါတယ်။

အချိန်တိုအတွင်းမှာပဲ မူးနောက်နေတဲ့ ခံစားချက်တွေ ချက်ချင်းပျောက်သွားခဲ့ပါတယ်။ လင်းဟန်က အခြားအစွန်းတစ်ဖက်ကို ရွှေ့သွားခဲ့ပါတယ်။ သူက ရေခဲတွေနဲ့ ဖုံးလွှမ်းနေတဲ့ အခြမ်းဘက်ကနေ ဖြတ်ပြီး ဝင်ရောက်ချင်နေခဲ့တာပါ။ ဒါပေမဲ့လည်း အတူတူပါပဲ။ ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ သူ့ရဲ့ခန္ဓာကိုယ်ပေါ်က အရေပြားတွေပေါ်မှာ နှင်းခဲတွေ တစ်စွန်းတစ်စ စတင်ဖြစ်ပေါ်လာခဲ့ပြီး သူ့ရဲ့သွေးတွေကလည်း စတင်အေးခဲလာခဲ့ပါတယ်။ ဒါအပြင် ပြင်းထန်တဲ့ မအီမသာဖြစ်မှုကိုလည်း သူ ခံစားလိုက်ရပါတယ်။

နောက်ထပ်တစ်ကြိမ် အဆိပ်မိတာပါပဲ။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ရေခဲအဆိပ် ဖြစ်ပါတယ်။

လင်းဟန်က နောက်ထပ် ရွှေရောင်ကျောက်တုံး ပန်းပွင့်ရဲ့ ပွင့်ချပ်ကို ဆွဲထုတ် မြို့ချလိုက်ပြီး လုံခြုံတဲ့အကွာအဝေး တစ်ခုဆီသို့ ပြန်ဆုတ်ခွာလိုက်ပါတယ်။

အပူနဲ့ အအေးက ဟန်ချက်ညီမျှ နေခဲ့တာဖြစ်ပါတယ်။ မဟုတ်ရင် ခေါက်ချိုးညီတဲ့ စက်ဝန်းတစ်ခု ဖြစ်ပေါ် နေလိမ့်မှာ မဟုတ်ပဲ တစ်ဖက်က သေချာပေါက် ပိုမို အားကောင်းနေလိမ့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တောက်လောင်နေတဲ့ မီးတောက်ဘက်ခြမ်းကနေ သူချိုးဖောက် မဖြတ်ကျော်နိုင်သလို ရေခဲဘက်ခြမ်းကနေလည်း မဝင်ရောက်နိုင်ခဲ့ပါဘူး။

ဒီ စိတ်ဝိညာဉ်မြက်က ဒီလောက်အကြာကြီး ရှင်သန်နိုင်ခဲ့တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူတောင်မှ ခူးဆွတ်ဖို့ အနားကို မကပ်နိုင်ခဲ့ပါဘူး။

မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ ခုခံကာကွယ်မှုနဲ့ အနည်းဆုံး စိတ်ဝိညာဉ်ပလ္လင်အဆင့် အင်အားရှိတဲ့ အပူနဲ့အအေးကို သူ တောင့်ခံနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့သာ အဲဒါက ပန်းဖူးအဆင့် ဖြစ်နေခဲ့ရင်တော့ ဘာနည်းလမ်းမှ မရှိတော့ပါဘူး။ အဲဒါက မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့

အထင်ကြီးစရာ မကောင်းတာကြောင့် မဟုတ်ပဲ သူ့အဆင့်က နိမ့်လွန်းနေတာကြောင့် ရတနာ ချပ်ဂတ်မှာ ရှိသင့်တဲ့ စွမ်းအကို ပြည့်ပြည့်ဝဝမထုတ်ဖော်နိုင်လို့ပဲ ဖြစ်ပါတယ်။

အဲဒီ အပူနဲ့ အအေး အင်အားတွေက ပန်းဖူးအဆင့် စစ်သည်တွေအတွက်တောင်မှ ကြံ့ကြံ့ခံနိုင်ဖို့ အတော်လေး ခက်ခဲမှာ သေချာသလောက်ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း ဒီစိတ်ဝိညာဉ်မြက်က ဒီနေ့အထိ ရှင်သန်နေနိုင်တာလည်း ဖြစ်ပါတယ်။

လင်းဟန်က တွေးနေမိခဲ့ပါတယ်။

`တကယ်လို့ ငါသာ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအား မြှင့်တင်မှုကိုသာ အသုံးပြုလိုက်ရင် ငါ့ရဲ့ ကျင့်ကြံခြင်းကို စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို ရောက်အောင် လုပ်နိုင်လိမ့်မယ်။ ဒါဆိုရင် မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ငါ အသက်သွင်းလိုက်ရင် ပန်းဖူးအဆင့်ရဲ့ နောက်ဆုံးအဆင့် ခုခံမှုကို ရရှိနိုင်လိမ့်မယ်။ ဒါပေမဲ့ အဲဒီခုခံမှုက လုံလောက်နိုင်ပါမလား`

အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားတိုးမြှင့်မှုကို အသုံးပြုဖို့ တစ်ကြိမ်ပဲ အခွင့်အရေးရှိတာကြောင့်

သူတွေဝေနေခဲ့ပါတယ်။ နောက်ပိုင်းမှ အသုံးပြုရင် ပိုကောင်းနိုင်တယ် ဆိုပေမဲ့ သူ့အဖေအတွက် အဲဒါကို အခု အသုံးပြုလိုက်ဖို့ သူစိတ်မရှိခဲ့ပါဘူး။ စိတ်ဝိညာဉ်မြက်ပင်ကို ရယူနိုင်ဖို့ အခွင့်အရေးတော့ ရှိနေခဲ့ပါတယ်။

"ဟမ် တစ်ယောက်ယောက် လာနေတာလား"

လင်းဟန် အနည်းငယ် လန့်ဖျပ်သွားပါတယ်။ သူ့ဆီကို အရာနှစ်ခု လျှင်မြန်စွာ ချဉ်းကပ်လာနေခဲ့တာကို သူအာရုံရလိုက်ပြီး သူတို့ထဲက တစ်ယောက်က အတော်လေး သန်မာပါတယ်။

ပုံရိပ်နှစ်ခု ရှေ့ဆင့် နောက်ဆင့် ပေါ်လာခဲ့ပါတယ်။ ရှေ့မှာ ရှိနေတဲ့ တစ်ယောက်ကို နတ်ဘုရားအလင်းတွေက ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးကိုတောင် စုတ်ဖြဲနိုင်တဲ့ ထက်မြတဲ့ ဓားတစ်ချောင်းအဖြစ် ဗဟိုပြုပြီး လည်ပတ်နေခဲ့ပါတယ်။

ကမ္ဘာ့ဒုတိယအဆင့် ဓားသမား ယိုဟိုင်ယွဲ့။

သူ့ရဲ့နောက်မှာတော့ ထန်ဇီမင် ဖြစ်ပြီးတော့ သူမျက်နှာတစ်ပြင်လုံးမှာတော့ နိမ့်ချမှုတွေနဲ့

ပြည့်နေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို တစ်ချက်ဝေ့ကြည့်လိုက်တဲ့အခါမှာတော့ သူက ချက်ချင်း မောက်မာတဲ့ အကြည့်တစ်ချက် ထုတ်ဖော်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ့ အရှင်သခင်ကိုမြင်ပြီးရင် မြန်မြန်ဆန်ဆန် ဒူးထောက် အရိုအသေပေးလိုက်"

လင်းဟန်က လှောင်ပြုံး ပြုံးပြီး ပြောလိုက်ပါတယ်။

"ငါ့ကို မင်းလိုများ အချိန်တိုင်း ဒူးထောက်နေတယ်လို့ ထင်နေတာလား"

"ရိုင်းစိုင်းလိုက်တာ"

ထန်ဇီမင်က လင်းဟန်ကို စိန်းစိန်းဝါးဝါး စိုက်ကြည့်လိုက်ပါတယ်။ ဒီကောင်လေးက မောက်မာလွန်းပြီး ကျင့်ကြံခြင်းက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာငါးမှာပဲ ရှိပါသေးတယ်။ နေပါဦး ဒီကောင်က အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတာကို စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာငါးကို

ရောက်နှင့်နေခဲ့ပြီးတာလား။ အဲဒါက အလယ်ပိုင်းနယ်မြေမှာဆိုရင်တောင်မှ အားနည်းတယ်လို့ မြင်ကြလိမ့်မှာမဟုတ်ပါဘူး။

ထူးဆန်းလိုက်တာ မြောက်ပိုင်းနယ်မြေက ဒီလိုအရည်အချင်းရှိတဲ့ လူတစ်ယောက်ကို အမှန်တကယ်ပဲ ပြုစုပျိုးထောင်နိုင်ခဲ့တာလား။

"ဇီမင်"

ယိုဟိုင်ယွဲ့က သူ့ကို ထိန်းသိမ်းလိုက်ပါတယ်။ သူက လင်းဟန်ကို စိတ်ဝင်စားမှုအပြည့်နဲ့ ကြည့်ပြီး ပြောလိုက်ပါတယ်။

"ငါက မာနကြီးတဲ့သူတွေကို သဘောကျတယ်။ ဒါပေမဲ့ အဲဒီသူတွေက မောက်မာဝံ့ကြွားဖို့အတွက် လုပ်နိုင်စွမ်းရှိဖို့တော့ လိုအပ်တယ်။ မဆိုးပါဘူး။ ငါ မင်းရဲ့ အသက်အရွယ်လောက်တုန်းကလည်း မင်းနဲ့ တူညီတဲ့ ကျင့်ကြံခြင်းအဆင့်လောက်မှာ ရှိခဲ့တယ်"

"အရှင်သခင်က နိမ့်ချလွန်းနေပါပြီ"

ထန်ဇီမင်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"အရှင်သခင်က အသက် ဆယ့်ခုနစ်နှစ်မှာ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာ၉ကို ရောက်နင့်နေခဲ့ပြီး အဲဒီနောက်မှာ အဆင့် ခိုင်မာကျစ်လျစ်ဖို့ တစ်နှစ်အသုံးပြုခဲ့တယ်လေ။ စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်နဲ့ မနိုင်းယှဉ်လိုက်ပါနဲ့”

ယိုဟိုင်ယွဲ့က အနည်းငယ်ပြုံးလိုက်ပြီး လင်းဟာန်ကို ပြောလိုက်ပါတယ်။

"ချာတိတ်လေး ကြိုးကြိုးစားစား ကျင့်ကြံပါ။ တစ်နေ့မှာ ငါ့ကို စိန်ခေါ်ဖို့ မင်း အရည်အချင်းမှီလာလိမ့်မယ်လို့ ငါမျှော်လင့်တယ်"

"အရှင်သခင်"

ထန်ဇီမင်က အော်ဟာစ်မိသွားပါတယ်။ ယိုဟိုင်ယွဲ့က လင်းဟာန်ကို ဒီလောက်ထိ မြင့်မားစွာ တွေးထင်ထားလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။

"မင်းက အနာဂတ်မှာ ပြိုင်ဘက်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါခံစားရတယ်"

ယိုဟိုင်ယွဲ့က ပြောလိုက်ပါတယ်။

ထန်ဇီမင် တစ်ယောက် ပိုပြီးတောင်မှ အံ့အားသင့်သွားခဲ့ရပါတယ်။ ဒီအဆင့်ကတော့ မြင်မားလွန်းသွားပြီ မဟုတ်ဘူးလား။ အဲဒါဆိုရင်လည်း လင်းဟန်ကို အစပိုင်းထဲက ဘာလို့ မသတ်ရတာတုန်း။

"ငါ မင်းရဲ့ စိန်ခေါ်မှုကို မျှော်လင့်နေမယ်"

ယိုဟိုင်ယွဲ့က အလွန်ရဲရင့်စွာနဲ့ ပြောလိုက်ပါတယ်။

ဒီကောင်က အမှန်တကယ်ကို ဓားကေရာဇ်လိုပဲ ဖြစ်ပါတယ်။ သူက မောက်မာပြီး ယုံကြည်မှုရှိကာ စိန်ခေါ်မှုတွေ အကုန်လုံးကို မကြောက်ရွံ့ပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ့ကို နှစ်နှစ်ပဲ စောင့်"

"နစ်နစ်တဲ့လား"

ထန်ဇီမင်တော့ မူးမေ့လုနီးပါးဖြစ်သွားပါတယ်။ နစ်နစ်နဲ့ ယိုဟိုင်ယွဲ့ အဆင့်ကို အမှီလိုက်ဖို့တဲ့လား။ ဒီကောင် အိမ်မက်မက်နေတာပဲ ဖြစ်ရမယ်။

"ဟားဟားဟားဟား။ စိတ်ဝင်စားစရာပဲ။ တစ်ကယ်ကို စိတ်ဝင်စားစရာပဲ။ ငါ့ထက်တောင် ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ သူတစ်ယောက်ကိုတောင် ဆုံတွေ့နေရပြီ။ ဒါပေမဲ့ ငါက စိတ်မရှည်တတ်ဘူး။ ငါ ဒီတစ်ကြိမ်တော့ မင်းကို မသတ်သေးဘူး။ နောက်တစ်ကြိမ်တွေ့ရင်တော့ ငါ မင်းရဲ့ အသက်ကို သေချာပေါက် ယူရလိမ့်မယ်"

ယိုဟိုင်ယွဲ့က ရွှင်မြူးစွာ ပြောလိုက်ပါတယ်။

"သေချာပေါက် မင်းကို စိတ်မပျက်စေရပါဘူး"

လင်းဟာန်က လုံးဝ ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

အပိုင်း(၄၁၄) အစီအရင်အပေါ်မှာ အစဦး အောင်မြင်မှု

ယိုဟိုင်ယွဲ့က လင်းဟန်ကို ဆက်ပြီး အာရုံစိုက်မနေတော့ပါဘူး။ သူက အမှန်တကယ်ပဲ လင်းဟန်ကို တိုက်ခိုက်ဖို့ စိတ်မဝင်စားခဲ့ပါဘူး။ ရိုးရိုးသားသားပြောရရင် လင်းဟန်ရဲ့ လက်ရှိ ခွန်အားနဲ့ဆိုရင် သူလက်တစ်ချက်ဝှေ့လိုက်ရုံနဲ့ လင်းဟန်ကို ချက်ချင်း သတ်ပစ်နိုင်ပါတယ်။ သူက ကြက်သွေးရောင် အေးစိမ့်ရေခဲဆေးပင်ကို ကြည့်လိုက်ပြီး အရှေ့ကို ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားလိုက်ပါတယ်။

သူက မီးလျှံနယ်မြေကို ရွေးချယ်လိုက်ပါတယ်။ ချက်ချင်းပဲ မီးတောက်လှိုင်းလုံးတွေက မြေပြင်ကနေ မြင့်တတ်လာခဲ့ပြီး ဖျတ်ခနဲ ထိုးထွက်လာခဲ့ပါတယ်။

ယိုဟိုင်ယွဲ့က မီးတောက်တွေ အကုန်လုံးကို ပျက်သုဉ်းစေဖို့ ဓားချီအလင်းတွေကို သူ့ရဲ့လက်နဲ့ ပစ်ထုတ်လိုက်ပြီး သာမာန်ကာလျှံကာ ဖယ်ရှားလိုက်ပါတယ်။ ဒါပေမဲ့လည်း ခြေတစ်လှမ်းစီနဲ့အတူ အဓိကနေရာကို ပိုမို ချဉ်းကပ်လာတာကြောင့် မီးတောက်တွေရဲ့ စွမ်းအားတွေက ပိုမို ပြင်းထန်လာပြီး မီးတောက်မြွေတစ်ကောင်အဖြစ်သို့ ပြောင်းလဲလာပြီး သူ့ကို ရစ်ပတ်နေခဲ့ပါတယ်။

"ကွယ်ပျောက်စမ်း"

ယိုဟိုင်ယွဲ့က သူ့ရဲ့လက်ချောင်းတွေကို ဓားတစ်ချောင်းလို အသုံးပြုလိုက်ပြီး ဓားချီအလင်းတန်း ကိုးခုကို တစ်ပြိုင်ထဲ ပစ်ထုတ်လိုက်ပါတယ်။

လင်းဟာန်ရဲ့ အကြည့်တွေ တောက်ပသွားခဲ့ပါတယ်။ ဓားချီအလင်းတန်း ကိုးခုတဲ့လား။

သူ အခုထိ မြင်တွေ့ရသမျှထဲမှာ ဒီတစ်ယောက်က ဓားချီအပြင်းထန်ဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ဒါက ယိုဟိုင်ယွဲ့ရဲ့ အကန့်အသတ် ဟုတ်မဟုတ် မသိပေမဲ့ တကယ်လို့ သူသာ ဓားချီအလင်း တစ်ဆယ်ကို ရောက်နေခဲ့ရင် ဓားလမ်းကြောင်းရဲ့ ဒုတိယအဆင့်ကို ခြေလှမ်းနေပြီဖြစ်ပြီး ဓားရောင်ခြည်တန်းတွေ ဖွဲ့စည်းဖို့ အဆင့်မီပြီပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဓားချီရဲ့ အကန့်အသတ်က အလင်းတန်း သုံးဆယ်နီးပါး ရှိသင့်ပါတယ်။ တကယ်လို့ သူသာ ဖြစ်ခဲ့ရင် ဓားရောင်ခြည်တန်းတွေကို သေချာပေါက် အလောတကြီး ဖွဲ့စည်းလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား ဓားချီအလင်းတန်း ပမာဏကို အကန့်အသန့်အထိ တွန်းပို့ပြီးမှသာ ရောင်ခြည်တန်းတွေကို ဖွဲ့စည်းမှာ ဖြစ်ပါတယ်။

ဒီနည်းလမ်းနဲ့ဆိုရင် ဓားရောင်ခြည်တန်းက ပိုပြီး သန်မာလာလိမ့်မှာ ဖြစ်ပါတယ်။

ဓားချီ အလင်းတန်းကိုးခုရဲ့ စွမ်းအားက မျှော်လင့်ထားသလိုပဲ အံ့အားသင့်ဖွယ်ရာ ကောင်းပါတယ်။ ဓားတစ်ချောင်းအဖြစ် လက်ချောင်းတွေကို အသုံးပြုထားတာဆိုပေမဲ့ မီးမြွေကို လုံဝ ဖိနှိပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ထပ် မီးမြွေသုံးကောင် ထပ်ထွက်လာခဲ့ပြီး ယိုဟိုင်ယွဲ့ဆီကို သဲကြီးမဲကြီး တိုက်ခိုက်လိုက်ပါတယ်။

အခုသူက ထူးခြားတဲ့ အရည်အချင်းတွေကိုတောင်မှ သတိနဲ့ ထုတ်ဖော်နေခဲ့ပါပြီ။ ကောင်းကင်ဘုံကိုတောင် အံ့အားသင့်စေတဲ့ ဓားအလင်းတွေအဖြစ် လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

သူက လျှို့ဝှက်ဆန်းကြယ်မှုသုံးထောင်ကို အသုံးပြုလိုက်တာ ဖြစ်ပါတယ်။

`ဟုတ်ပြီ။ဟုတ်ပြီ။ဟုတ်ပြီ။`

လင်းဟန်က စောင့်ကြည့်နေခဲ့ပြီး အဲဒါက သူ့ရဲ့ကိုယ်ပိုင် ဓားသိုင်းနည်းစနစ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါတယ်။

ချက်ချင်းပဲ သူအကြီးအကျယ် အကျိုးအမြတ်တွေ ရလိုက်သကဲ့သို့ ခံစားလိုက်ရပါတယ်။ နောက်ဆုံးတော့လည်း ကောင်းကင်ဓားဂိုဏ်းက ဒီဓားသိုင်းနည်းစနစ်ကို လက်ဆင့်ကမ်း အမွေပေးခဲ့ပြီး ယိုဟိုင်ယွဲ့က ဂိုဏ်းအတွင်းက လက်ရွေးစင်တွေရဲ့ လမ်းညွှန် ပေးအပ်မှုကို လက်ခံရရှိနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ သူ့ဟာသူ စမ်းတဝါးဝါးသာလျှင် လုပ်နိုင်ခဲ့ပါတယ်။ ကွာခြားချက်က ကြီးမားလွန်းလှပါတယ်။

လင်းဟန်က အကြောင်းအရာအတွေ ဘယ်လိုနဲ့ ဘာကြောင့်ဖြစ်လာလဲဆိုတာအပေါ် သူဉာဏ်အလင်းတွေ ရလာခဲ့ပြီး သူစိတ်ထဲကနေ ချီးကျူးမိတဲ့ သိမ်မွေ့နက်နဲတဲ့ အချို့ပြောင်းလဲမှု အချို့လည်း ရှိပါတယ်။

ယိုဟိုင်ယွဲ့က အရည်အချင်းရှိတဲ့ ဓားသမားတစ်ယောက် ဖြစ်ပေမဲ့ ဒီမီးနယ်မြေက သူ့ရဲ့ဓားကို ဆွဲထုတ်ရအောင် သူ့ကို ဖိအားပေးနိုင်တဲ့ မဆုံးမရှိတဲ့ မီးတောက်တွေ လွှမ်းမိုးနေတဲ့ ကြောက်လန့်ဖွယ် နယ်မြေတစ်ခုလည်း ဖြစ်ပါတယ်။

ထန်။

အေးစက်တဲ့ ဓားရောင်ခြည်တန်းတစ်ခု ကောင်းကင်ဘုံနဲ့

ကမ္ဘာမြေကြီးထိအောင် တောက်ပနေခဲ့ပါတယ်။

မီးမြွေကို နောက်တစ်ကြိမ် ဖိနှိပ်ခဲ့ပေမဲ့ ဖိနှိပ်မှု ပိုပြင်းထန်လေလေ တုံ့ပြန်မှုက ပိုမိုပြင်းထန်လေလေဖြစ်ပြီးလုံးဝ မငြိမ်းသတ်နိုင်တဲ့ မီးမြွေတွေအဖြစ် ပိုပိုပြီး ထွက်ပေါ်လာ ခဲ့ပါတယ်။

`ယိုဟိုင်ယွဲ့က အတော်လေး သန်မာတာပဲ`

လင်းဟန် စိတ်ထဲကနေ ပြောလိုက်မိပါတယ်။ ဒီလူရဲ့ အဆင့်က ပန်ဖူးအဆင့် ပထမအလွှာမှာပဲ ရှိသေးတာဖြစ်ပေမဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကတော့ ကြယ်ကိုးလုံးကို သာသာယာယာကျော်ပြီး အနည်းဆုံး ကြယ်ဆယ်လုံး ရှိပါတယ်။ ဒါအပြင် ဒါက ယိုဟိုင်ယွဲ့ရဲ့ ခွန်အား အပြည့်အဝ မဖြစ်နိုင်တာ ထင်ရှားပါတယ်။

ယိုဟိုင်ယွဲ့က ရှေ့ဆက်သွားနေတုန်းပဲဖြစ်ပေမဲ့ နေးသထက် နေးလာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ သူက ကြက်သွေးရောင် အေးစိမ့်ရေခဲဆေးပင်နဲ့ နှစ်မီတာအကွာမှာ ရပ်တန့်သွားခဲ့ပါတယ်။ စိတ်ဝိညာဉ်ဆေးပင်ကို ရယူနိုင်ဖို့ ခြေလှမ်းအနည်းငယ်လောက်ပဲ ဝေးကွာတော့သလို ထင်ရပေမဲ့ အဲဒီခြေလှမ်းအနည်းငယ်ရဲ့ ကွာခြားချက်က

နီးစပ်နေပေမဲ့ ကမ္ဘာတွေခြားနေသလိုပါပဲ။

နောက်ဆုံးမှာတော့ ယိုဟိုင်ယွဲ့က ရွေးချယ်စရာမရှိပဲ နောက်ပြန်ဆုတ်ဖို့သာလျှင် တတ်နိုင်ခဲ့ပါတယ်။

လင်းဟန် ချင့်ချိန်ဆုံးဖြတ်နိုင်ခဲ့ပါတယ်။ ကြည့်ရတာ ပန်းဖူးအဆင့် အထွတ်အထိပ်ရဲ့ ခုခံကာကွယ်မှုလောက်နဲ့မှ အဲဒီ စိတ်ဝိညာဉ်ဆေးပင်ကို ရယူရန် နီးစပ်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က သေချာပေါက် စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးသို့ တိုးတက်မှရပါမယ်။ အဲဒါမှ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကို အသုံးပြုလိုက်ရင် သူ့အတွက် ခုနစ်ဆယ်ရာခိုင်နှုန်းလောက်တော့ သေချာမှု ရှိပါလိမ့်မယ်။

ဒီလောက်ဆို လုံလောက်ပြီ။

သူက နောက်ထပ် ရွှေရောင်ကျောက်တုံး ပန်းပွင့်ရဲ့ ပွင့်ဖတ်ကို ယူလိုက်ပြီး ယိုဟိုင်ယွဲ့ဆီ ပစ်ပေးလိုက်ပါတယ်။

"မီးနဲ့ ရေခဲနှစ်ခုလုံးမှာ ထူးဆန်းတဲ့ အဆိပ်တွေရှိတယ်။ ဒါက golden flower of the stoneပဲ။ သူက အဆိပ်ဖြေပေးနိုင်တယ်"

ယိုဟိုင်ယွဲ့က ဖမ်းယူလိုက်ပြီး ဘာမှမတွေးပဲ သူ့ပါးစပ်ထဲ ထိုးထည့်လိုက်ပါတယ်။ ထန်ဇီမင်က အလန့်တကြား အော်လိုက်ပေမဲ့ ယိုဟိုင်ယွဲ့ကတော့ မြိုချပြီးနင့်နေပြီဖြစ်ပြီး လင်းဟန်ကို ကျေးဇူးတင်တဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။

လင်းဟန်က ပြုံးလိုက်ပြီး ထွက်ခါဖို့ လှည့်လိုက်ပါတယ်။

သူ့ရဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့်က အတော်လေး အားနည်းနေတုန်းပဲ ဖြစ်တာကြောင့် ဒီမှာဆက်နေလို့ ဘာအဓိပ္ပါယ်မှ မရှိပါဘူး။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို အရင်ဆုံး ရှာဖွေပြီး အကြမ်းအားဖြင့် အချိန်သုံးလလောက်ယူပြီးလို့ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလှ္ဘာကိုးသို့ ရောက်တဲ့အခါမှ ပြန်လာတာ ပိုကောင်းပါလိမ့်မယ်။

နောက်ရက်တွေမှာ သူက နေရာအနှံ့လှည့်လည်သွားလာခဲ့ပြီး ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို လိုက်ရှာဖွေနေခဲ့ပေမဲ့ အစအနတောင် ရှာမတွေ့ခဲ့ပါဘူး။ အဲဒီအစား ပန်းဖူးအဆင့် သားရဲတစ်ယောက်နဲ့ ဆုံတွေ့ခဲ့ရပြီး အနီးကပ်

အလိုက်ခံခဲ့ရပါတယ်။ အဆုံးမှာတော့ သူ အနက်ရောင်မျော်စင်ထဲ ဝင်ပုန်းလိုက်ရပါတယ်။

ပန်းဖူးအဆင့် ပြိုင်ဘက်တွေက သန်မာလွန်းလှပါတယ်။ သူ့လက်ထဲမှာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်ကို ဆွဲယူလာခဲ့ရင်တောင်မှ သူတို့ကို တိုက်ခိုက်ဖို့ အဆင့်မမှီပါဘူး။

အခြားသူတွေက ဒီနေမှာ အချိန်အကြာကြီး မနေနိုင်ကြပါဘူး။ သူတို့မထွက်ခွာခင် အများဆုံး ဆက်ရက်လောက်သာ နေနိုင်ကြပါတယ်။ သူတို့တွေ အနည်းဆုံး ဒုတိယစက်ဝန်းသို့ ပြန်ဆုတ်ရမှာဖြစ်ပြီး ပင်မနယ်မြေသို့ ပြန်မဝင်ရောက်ခင်မှာ ဖရိုဖရဲ မိစ္ဆာအတွေးတွေကို လွင့်ပျယ်အောင် လုပ်ရမှာဖြစ်ပါတယ်။

ဒါပေမဲ့ လင်းဟန်က အဲဒါတွေကို မကြောက်ပါဘူး။ အနက်ရောင်မျော်စင်ထဲကို တစ်ကြိမ်ဝင်လိုက်ရုံနဲ့ အတွင်းထဲက ပြင်းထန်တဲ့ ဖရိုဖရဲအတွေးတွေ အကုန်လုံးကို နှင်ထုတ်နိုင်ပါတယ်။ ဒါအပြင် သူ့ရဲ့ နတ်ဘုရားအာရုံကို အနက်ရောင်ကျောက်နဲ့ ကြာရှည်ခံအောင် လုပ်ခဲ့ပြီးတဲ့နောက် အဲဒီ ဖရိုဖရဲတိုက်ခိုက်မှုတွေ အပေါ်မှာ ခံနိုင်ရည်ကို အတော်လေး ရရှိခဲ့ပါတယ်။

တစ်ခဏအတွင်းမှာပဲ အချိန်တစ်လ ကုန်ဆုံးသွားခဲ့ပြီး ဒီနယ်မြေကို လက်ရွေးစင်တွေလည်း ပိုပိုပြီး ဝင်ရောက်လာခဲ့ပါတယ်။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ သတင်းတွေက ပျံ့နှံ့နေခဲ့ပါပြီ။ ဖြစ်နိုင်တာက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက သူတို့ရဲ့ ကိုယ်ပိုင် မျိုးဆက်တွေ ဒါမှမဟုတ် အမွေဆက်ခံသူတွေအတွက် ဒီအခွင့်အရေးကို လက်မလွှတ်တမ်း အသုံးချဖို့ စိတ်အားထက်သန်နေပုံရပါတယ်။

လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခြောက်သို့ တိုးတက်သွားခဲ့ပြီဖြစ်ပြီး နှောင်းပိုင်းအဆင့်ကို ရောက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ အလွှာ ခုနစ်သို့ ချိုးဖောက်ဖို့ သိပ်မဝေးတော့ပါဘူး။ ဒါက မျှော်လင့်ထားတဲ့အတွင်းမှာ ရှိပါတယ်။ ဒါပေမဲ့ သူကို အမှန်တကယ် ပျော်ရွှင်မြူးတူးစေတဲ့အရာကတော့ အစီအရင်တွေမှာ ချိုးဖြတ်သွားခဲ့တာကြောင့် ဖြစ်ပါတယ်။

သူက ကျောက်တုံးတစ်ခုပေါ်မှာ အစီအရင်ပုံစံ ဆယ့်ငါးခုကို အောင်မြင်စွာ ထွင်းထုခဲ့ပါတယ်။ အများ

အနည်းငယ်လေးတောင် မပါရှိသာမက ရပ်တန့်ခြင်းလည်းပဲ မရှိပါဘူး။

လုံးဝ ပြီးပြည့်စုံတယ်။

ကျောက်တုံး ခုနစ်ခုပေါ်မှာ မတူညီတဲ့ အစီအရင်တွေ ထွင်းထုပြီးတဲ့နောက်မှာ လင်းဟန်က သူတို့တွေကို လက်တန်းပစ်ထုတ်လိုက်ပေမဲ့ အဲဒါတွေက နေရာခုနစ်ခုမှာ အစီစဉ်တကျ ဖြန့်ပြီးကျနေခဲ့ပါတယ်။

ချက်ချင်းပဲ အစီအရင်တစ်ခုစီရဲ့ ပုံစံတွေက တောက်ပလာခဲ့ပြီး ကျောက်တုံးခုနစ်ခုကို ဖြတ်ပြီး အံ့သြဖွယ်ကောင်းလောက်တဲ့ နည်းလမ်းနဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့စွမ်းအားတွေကို ဆွဲယူနေခဲ့ပါတယ်။ အဲဒီမှာ စိတ်ဝိညာဉ်မြွေတစ်ကောင် ဖြစ်ပေါ်လာခဲ့ပေမဲ့ စတင်ရုံရှိသေး ကျောက်တုံး ခုနစ်ခုက အပိုင်းအစတွေအဖြစ် ပေါက်ကွဲသွားပြီး အစီအရင်က ချက်ချင်း တစ်စစီ ပျက်စီးသွားပါတယ်။

အဲဒါက အကူအညီမဖြစ်ခဲ့ပါဘူး။ သူတို့တွေက သာမန်ကျောက်တုံးတွေပဲ ဖြစ်ပါတယ်။ အဆင့်လေး အစီအရင်တစ်ခုရဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို

ဘယ်လိုလုပ် ခံနိုင်ပါ့မလဲ။ အဆင့်လေးမပြောနဲ့ ဒုတိယအဆင့်နဲ့ တတိယအဆင့်ဆိုရင်တောင်မှ အလုပ်ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ ပထမအဆင့်မှ အစီအရင်တွေသာလျှင် တောင့်ခံနိုင်ပါလိမ့်မယ်။

လင်းဟန်က သူဝယ်ယူခဲ့တဲ့ ခရမ်းရောင် ရွှေကျောက်တုံးကို မဖြုန်းတီးချင်တဲ့အတွက် ကျောက်တုံးတွေပေါ်မှာ ထွင်းထုခဲ့တာ ဖြစ်ပါတယ်။ အဆင့်ငါးရှိတဲ့ ရှားပါးရွှေတွေကို မဖြုန်းတီးသင့်ပါဘူး။ အဲဒါတွေက အဆင့်ခြောက်မဟုတ်တာ ကံကောင်းပါတယ်။ မဟုတ်ရင် ကြယ်သုံးလုံး မူလခရစ်စတယ်တွေ ပမာဏအများကြီး တင်ဖို့ ဆန္ဒရှိရင်တောင်မှ သူ ဝယ်ယူနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ကမ္ဘာ့ရတနာတွေက အတော်လေး ရှားပါးပါတယ်။

သူက အနက်ရောင် မှော်စင်ထဲကို ပြန်သွားလိုက်ပြီး ခရမ်းရောင်ရွှေကျောက်တုံးရဲ့ အပေါ်မှာ ထွင်းထုဖို့ စတင်လိုက်ပါတယ်။

သေးငယ်သော ကောင်းကင်မူလစိတ်ဝိညာဉ်မြွေ အစီအရင်က အစီအရင် မျက်လုံးခုနစ်ခု လိုအပ်ပါတယ်။ အမှန်တကယ်တော့ အခြေခံ တစ်ရာ့ရှစ်ဆယ်ပါဝင်တဲ့ အဆင့်လေး ရေအမျိုးအစား အစီအရင်မျက်လုံးတွေကိုသာ

သူ ထွင်းထုနိုင်ခဲ့ရင် အဆင့်လေး ရေအမျိုးအစား အစီအရင်တွေ အကုန်လုံးကို တည်ဆောက်နိုင်ပြီပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အစီအရင်တွေက အမှန်တကယ်ကို အကန့်အသတ်မဲ့ပါတယ်။ တကယ်လို့ သူသာ အစီအရင်တွေ အကုန်လုံးကို တည်ဆောက်ချင်နေခဲ့တာဆိုရင် အစီအရင် မျက်လုံးတွေ ဘယ်လောက်တောင် လိုအပ်လိုက်လိမ့်မလဲ။ ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်တစ်ခုထဲနဲ့တင် ကောင်းကင်အဆင့် လက်ရွေးစင်ကိုတောင် မွဲပြာကျသွားစေနိုင်ပါတယ်။

`ငါက သေးငယ်သော ကောင်းကင်မူလစိတ်ဝိညာဉ်မြွေကိုပဲ နားလည်သဘောပေါက်သေးတယ်။ အနာဂတ်မှာ အစီအရင်တွေပိုပြီး ရလာခဲ့တော့မှ ပစ္စည်းတွေရဲ့ ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီး ငါ တွေးရလိမ့်မယ်။ ဒါအပြင် ရေးအချိန်တွေကတည်းက လက်ဆင့်ကမ်းလာတဲ့ အစီအရင် မျက်လုံးတွေလည်း ရှိနိုင်သေးတယ်။ သူတို့တွေကို အစီအရင် တည်ဆောက်ဖို့ သန့်စင်ဖို့ပဲ လိုအပ်လိမ့်မှာပါ`

လင်းဟန်က ခရမ်းရွှေ ကျောက်တုံးပေါ်မှာ အစီအရင်ပုံစံတွေ ထွင်းထုဖို့ စတင်လိုက်ပြီး

သူရဲ့အာရုံစူးစိုက်မှုတွေအကုန်လုံးနဲ့ အားစိုက်လိုက်ပါတယ်။ အနက်ရောင်မျော်စင်ထဲမှာတော့ အဆင့်ငါး ရှားပါးရွှေပေါ်မှာ အစီအရင်တွေ ထွင်းထုဖို့ စွမ်းအား ကင်မဲ့သွားမှာကို စိုးရိမ်ဖို့ မလိုအပ်ပါဘူး။ ဒါက တကယ်ကို အားသာချက်ကြီး တစ်ခုဖြစ်ပြီး အမှားဖြစ်နိုင်ချေပမာဏကို လျှော့ချနိုင်လုနီးပါး ဖြစ်ပါတယ်။

အစီအရင်ပုံစံတိုင်းက အတော်လေး ရှုပ်ထွေးပါတယ်။ လင်းဟန်က မမြန်ပေမဲ့ သူ့ရဲ့လက်တွေက အနည်းငယ်တောင် ရပ်တန့်ခြင်း နှောင်နှေးခြင်းမရှိပဲ အတော်လေး တည်ငြိမ်ပါတယ်။ တစ်နာရီကြာပြီးတဲ့နောက်မှာ ပထမ အစီအရင်မျက်လုံး ပြီးမြောက်သွားခဲ့ပါတယ်။

သူရပ်တန့်လိုက်တာနဲ့ နတ်ဘုရားအာရုံ စွမ်းအားတွေ အများကြီးကို အသုံးပြုခဲ့ရတာကြောင့် ချက်ချင်းပဲ သူရဲ့ခေါင်းတစ်လုံး လစ်ဟာသွားသလို ခံစားလိုက်ရပါတယ်။

အပိုင်း(၄၇၅) အမှန်းတရားတွေကို နောက်တစ်ကြိမ် ဆွဲဆောင်ခြင်း

လင်းဟန်က အစီအရင် မျက်လုံးတွေကို နောက်ထပ်

ထပ်မလုပ်နိုင်တော့ပါဘူး။ အစီအရင်ပုံစံတွေ ထွင်းထုရတာက ဝိညာဉ်စွမ်းအားတွေကို အံ့အားသင့်ဖွယ်ရာ ပမာဏနဲ့ ကုန်ဆုံးစေခဲ့ပါတယ်။ သူက အခု စိတ်ဝိညာဉ်ပင်လယ်အဆင့်ရဲ့ နှောင်းပိုင်းအဆင့်မှာ ရှိနေခဲ့တာတောင်မှ ဝိညာဉ်စွမ်းအားတွေ အသုံးပြုဖို့ မလုံလောက်သလို ခံစားနေရတုန်းပဲ ဖြစ်ပါတယ်။

သူက အနက်ရောင်မျှော်စင်ထဲက ထွက်ခွာလိုက်ပြီး ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ဆက်လက်ရှာဖွေဖို့အတွက် အေးအေးလူလူ လမ်းလျှောက်ထွက်လာခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့ စိတ်ဝိညာဉ် ပြည့်ပြည့်ဝဝ ပြန်ကောင်းလာတဲ့အထိ စောင့်ပြီးမှ ဒုတိယ အစီအရင်မျက်လုံးကို ဆက်ပြီး ပြုလုပ်ဖို့ ဖြစ်ပါတယ်။

အဲဒီနည်းလမ်းနဲ့ သူက အစီအရင် မျက်လုံးခုနှစ်ခုကို ဖန်တီးဖို့ နောက်ထပ် ခုနစ်ရက် အသုံးပြုခဲ့ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းကလည်း စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာခြောက်ရဲ့ အထွတ်အထိပ်သို့ ရောက်နေခဲ့ပြီ ဖြစ်ပါတယ်။ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန်လောက်မှာ သူချိုးဖြတ်နိုင်လိမ့်မှာ ဖြစ်ပါတယ်။

မူလက အစီအရင်မျက်လုံးတွေကို အသုံးပြုနိုင်ရန်အတွက်

လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အသိနဲ့ တံဆိတ်ခပ်နိုတ်ဖို့ လိုအပ်ပြီး နတ်ဘုရားအာရုံတွေနဲ့ သန့်စင်ဖို့လည်း လိုအပ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အစီအရင်မျက်လုံးခုနစ်ခုကို မူလထဲက ထွင်းထုခဲ့ပြီး ဖန်တီးနေစဉ် တစ်လျှောက်လုံးမှာ သူရဲ့ စိတ်ဆန္ဒတွေကို ချန်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါကို သူ နောက်တစ်ကြိမ် သန့်စင်ဖို့ မလိုအပ်တော့ပါဘူး။

လင်းဟန်က သူ့ရဲ့ ညာဘက်လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ အစီအရင် မျက်လုံးခုနစ်ခုက သူ့ကို ဝန်းရံကာ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာခဲ့ပြီး သူ့ရဲ့အသိထဲမှာလည်းပဲ ပုံရိပ်ခုနစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ သူတို့တွေထဲက တစ်ခုချင်းစီက ညီမျှနေပြီး အစီအရင်ရဲ့ ပုံစံတွေတောင်မှ အတိအကျ တူညီပါတယ်။

သူ့ရဲ့အသိထဲမှာ အစီအရင်မျက်လုံးတွေ အကုန်လုံးပေါ်က အစီအရင်ပုံစံတွေက စတင် တောက်ပလာခဲ့ပါတယ်။ အစီအရင်ပုံစံ တစ်ရာငါးဆယ်စီတိုင်းက အလင်းတန်း တစ်ရာလေးဆယ်ကို ထုတ်လွှတ်နေခဲ့ပြီး အခြား အစီအရင်ပုံစံတွေကို အတူတကွ ချိတ်ဆက်နေခဲ့ပါတယ်။ ပြီးတော့ အံ့ဩဖွယ်ကောင်းတဲ့ သွေးကြောပုံစံတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ ပတ်ပတ်လည်မှာ အစစ်အမှန် အစီအရင်မျက်လုံး ခုနစ်ခုကလည်းပဲ ချက်ချင်း အသက်ဝင်လာခဲ့ပြီး သူ့ရဲ့အသိထဲကနေ့ အတူတူပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ အစီအရင်ပုံစံတွေက တောက်ပလာခဲ့ပြီး အတူတကွ ချိတ်ဆတ်ကာ အစီအရင်ပုံစံတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

အစီအရင်က ကောင်းကင်နဲ့မြေကြီးရဲ့ စွမ်းအားတွေကို စုစည်းပြီး အံ့သြဖွယ် ကောင်းလောက်အောင် ထည်ဝါတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်ပြီး ဆီနှင်းတွေလို ဖြူဖွေးနေတဲ့ စိတ်ဝိညာဉ်မြွေတစ်ကောင်အဖြစ် ဖွဲ့စည်းသွားခဲ့ပါတယ်။

အချိန်တစ်ခဏအတွင်းမှာပဲ စိတ်ဝိညာဉ်မြွေက အပြည့်အဝ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါက မီတာသုံးဆယ်ရှည်လျားပြီး နတ်နဂါးတစ်ကောင်လို အစီအရင်ရဲ့အထက် ကောင်းကင်မှာ ရစ်ခွေ လှည့်ပတ်နေခဲ့ပါတယ်။

လင်းဟန်ရဲ့ အတွေးနဲ့အတူ အဲဒီစိတ်ဝိညာဉ်မြွေကလည်းပဲ သူ့ရဲ့အမိန့်အောက်မှာ သူ့စိတ်တိုင်းကျ ပြီးပြည့်စုံစွာ စတင်လှုပ်ရှားလာခဲ့ပါတယ်။

ဒါတွေအကုန်လုံးက သူ့ရဲ့အသိထဲမှာ အစီအရင်မျက်လုံး

ခုနစ်ခုနဲ့ ဆက်သွယ်နေတဲ့ သေးငယ်သော မူလစိတ်ဝိညာဉ်မြွေအစီအရင်တစ်ခု ရှိနေတာကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့ နတ်ဘုရားအာရုံစွမ်းအားတွေ တစ်ကြိမ်ကုန်ခမ်းသွားတာနဲ့ ဒီအစီအရင်က သူ့ဘာသူ ပျောက်ကွယ်သွားတာ ဒါမှမဟုတ် စိတ်ဝိညာဉ်မြွေက ထိန်းချုပ်မှု လွတ်ကင်းသွားလိမ့်မှာ ဖြစ်ပါတယ်။

ကံကောင်းစွာပဲ တံဆိပ်ခတ်ထားတဲ့ အစီအရင်ပုံစံတွေက များပြားလွန်းတဲ့ နတ်ဘုရားအာရုံတွေကို သုံးစွဲခဲ့ပေမဲ့ အစီအရင် တည်ငြိမ်ဖို့အတွက် သုံးစွဲရတာတော့ များစွာ ပိုပြီးနည်းပါးပါတယ်။ လင်းဟန်ရဲ့ ခန့်မှန်းချက်အရဆိုရင် သူ တစ်နေ့လုံး ဒါကို လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။

"သွားစမ်း"

လင်းဟန်က ခပ်ဖွဖွ အော်ဟစ်လိုက်ရာ စိတ်ဝိညာဉ်မြွေက မျောလွင့်နေတဲ့ နဂါးတစ်ကောင်ကဲ့သို့ ချက်ချင်း ထကြွလာခဲ့ပြီး သူ့လမ်းကြောင်းမှာရှိတဲ့ အရာရာတိုင်းကို ဝင်ဆောင့်နေခဲ့ပါတယ်။ ကြီးမားတဲ့ သစ်ပင်ကြီးတွေနဲ့ ကျောက်တုံးတွေကို အချိန်နဲ့အမျှ အစိတ်စိတ်အမွှာမွှာခွဲခြေနေခဲ့ပြီး အခြားအချိန်တွေမှာတော့ သူ့ကို လွှမ်းခြုံကာ ခုခံမှုတစ်ခု ဖြစ်ပေါ်နေစေခဲ့ပါတယ်။

နာရီဝက်အကြာ လေ့လာစူးစမ်းတဲ့နောက်မှာ အစီအရင်ရဲ့ အကျိုးသက်ရောက်မှုနဲ့ ကန့်သတ်ချက်တွေက ပြောင်းပြန်ဖြစ်နေတာကို လင်းဟန် သိသွားခဲ့ပါတယ်။

စိတ်ဝိညာဉ်မြွေက အိမ်မွေးသားရဲတစ်ကောင်လို ခုခံနိုင်သလို တိုက်လည်းတိုက်ခိုက်နိုင်ပါတယ်။ ရန်သူတွေကို အန္တရာယ်ပေးဖို့ ရှေ့တတ်နိုင်သလို ကာကွယ်စောင့်ကြပ်ဖို့အတွက်လည်း နောက်ပြန်ဆုတ်နိုင်ပါတယ်။ ဒါပေမဲ့ အစီအရင်ကနေ မီတာသုံးဆယ်ထက် ပိုပြီးထွက်မသွားနိုင်တဲ့ အခြေအနေတစ်ခုတော့ ရှိပါတယ်။ အဲဒါက အားနည်းချက်ဖြစ်ပေမဲ့ အဲဒီပြဿနာအတွက် အစီအရင်ကို တစ်ချက်ထဲနဲ့ ရွှေ့ပြောင်းချင်းဖြင့် အလွယ်တကူ ဖြေရှင်းနိုင်ပါတယ်။

ဒါကြောင့် ဒီအားနည်းချက်က ဆိုးဆိုးရွားရွားကြီး မဟုတ်ပါဘူး။

အစီအရင်တွေရဲ့ သဘာဝရန်သူက ပတ်ဝန်းကျင်ပဲ ဖြစ်ပါတယ်။ သေးငယ်သော ကောင်းကင်မှုလ စိတ်ဝိညာဉ်မြွေ အစီအရင်က ရေအမျိုးအစား

အစီအရင်ဖြစ်တာကြောင့် ရေဒြပ်စင် စိတ်ဝိညာဉ်ချီတွေကိုလည်း ဆွဲယူရပါတယ်။ ရေစိတ်ဝိညာဉ်ချီ ပါးလွှာတဲ့နေရာမှာဆိုရင် အစီအရင်ရဲ့ စွမ်းအားက ကြီးမားစွာ လျော့ကျသွားလိမ့်မှာဖြစ်ပြီး စိတ်ဝိညာဉ်ချီတွေအကုန်လုံး ပါးလွှာတဲ့ နေရာမှာဆိုရင်တော့ အခြား အစီအရင်တွေ ပြောင်းသုံးရင်တောင် လုံးဝအသုံးဝင်မှာ မဟုတ်ပါဘူး။

အစီအရင်တွေက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ငှားယူသုံးစွဲဖို့ ဘာကြောင့်လိုအပ်တာလဲ။ ဒါက ရှင်းပါတယ်။ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေကို ငှားယူမသုံးစွဲရင် အဲဒါက သေချာပေါက် ပျက်စီးသွားလိမ့်မှာဖြစ်ပါတယ်။

"နောက်ဆုံး အကွက်ကို ကြိုးစားကြည့်ရမယ်"

လင်းဟန်က ဟစ်ကြွေးပြီး ပြောလိုက်ပါတယ်။

"စိတ်ဝိညာဉ်မြွေ ဝင်ရောက်စမ်း"

မီတာသုံးဆယ် ရှည်လျားတဲ့ စိတ်ဝိညာဉ်မြွေက သူ့ရဲ့ရင်ဘက်ဆီသို့ ပေါင်းစည်းသွားခဲ့ပြီး ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ တည်ရှိမှုက

ချက်ချင်း အကြီးအကျယ် ကြီးထွားလာခဲ့ပြီး စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးအဆင့်ကို ရောက်သွားခဲ့ပါတယ်။

အစီအရင် စိတ်ဝိညာဉ် ခန္ဓာကိုယ်ထဲကို ဝင်ရောက်ခြင်းက တိုက်ပွဲစွမ်းအားတွေကို တိုးတက်စေနိုင်ပါတယ်။ လူတစ်ယောက်ရဲ့ သာမန်တိုက်ပွဲစွမ်းအားတွေ မြင့်မားလေလေ တိုးတက်မှု ပမာဏကလည်း ပိုပြီး ကြီးမားလေလေဖြစ်ပါတယ်။ ဥပမာအားဖြင့် တိုက်ပွဲစွမ်းအား ကြယ်ဆယ်လုံးရှိတဲ့ သူတစ်ယောက်က ကြယ်ဆယ်လုံး အစီအရင်နဲ့အတူ ပေါင်းစည်းလိုက်မယ် ဆိုရင် နှစ်ဆ ဖြစ်သွားစေပါလိမ့်မယ်။ ဒါကြောင့် ကြယ်ဆယ့်နှစ်လုံး ဒါမှမဟုတ် ဆယ့်သုံးလုံး တိုက်ပွဲစွမ်းအားရှိခြင်းက အတော်လေး သင့်တင့်လျောက်ပတ်ပါတယ်။

ဒါက စိတ်ဝိညာဉ် လက်နတ်တွေနဲ့ အတူတူပဲဖစ်ပါတယ်။ တိုက်ပွဲစွမ်းအား နိမ့်တဲ့သူတွေ အသုံးပြုခဲ့ရင် အဲဒါက ဆီနှင်းထဲမှာ ကျောက်မီးသွေးရောနေသလို ဖြစ်နေလိမ့်မှာဖြစ်ပေမဲ့ တိုက်ပွဲစွမ်းအား သန်မာတဲ့သူတွေအတွက်ဆိုရင်တော့ ပြောနေစရာတောင်မလိုပါဘူး။ အကျိုးသက်ရောက်မှုက လုံးဝကို ကွာခြားပါတယ်။

အခု ဒီအစီအရင်နဲ့ဆိုရင် ငါ့ရဲ့တိုက်ပွဲစွမ်းအားတွေ ကြယ်ဘယ်နှစ်လုံးထိ ရောက်နေပြီလဲ မသိဘူး။

လင်းဟန်က ခေါင်းကုတ်လိုက်ပါတယ်။ ဒါက တိုင်းတာဖို့ တကယ်ကိုပဲ ခက်ခဲပါတယ်။ သူ့ရဲ့ အရင်ဘဝတုန်းက မှော်ဆေးလုံးတွေအပေါ်မှာ လွန်လွန်ကဲကဲ မှီခိုခဲ့စဉ်တုန်းကတောင်မှ သူ့ရဲ့ တိုက်ပွဲစွမ်းအားတွေက ကြယ်စင်နှစ်ဆယ်ထိတောင်မှ ဘယ်တုန်းကမှ မရောက်ရှိခဲ့ဖူးပါဘူး။ အဲဒီအပေါ်မှာ တိုက်ပွဲစွမ်းအားတွေကို ဘယ်လို တန်ဖိုးဖြတ်ရမလဲဆိုတာ သူ အမှန်တကယ်ပဲ မရှင်းလင်းပါဘူး။

"ဘာပဲဖြစ်ဖြစ်ပါ..။ ငါ လုံလုံလောက်လောက် သန်မာနေပြီဆိုတာပဲ သိဖို့လိုတယ်"

လင်းဟန်က ခရမ်းရောင် ရွှေကျောက်တုံးကို သိမ်းဆည်းလိုက်ပါတယ်။

အစီအရင်မျက်လုံးအတွက် အသုံးပြုတဲ့ ပစ္စည်းတွေက ပိုပြီး အဆင့်မြင့်လေလေ ကောင်းကင်နဲ့မြေကြီးရဲ့ မထိန်းနိုင် မသိမ်းနိုင်လောက်အောင် ပြင်းထန်တဲ့ စွမ်းအားတွေကို

ကြံ့ကြံ့ခံနိုင်ရုံသာမက ရိုင်းစိုင်းကြမ်းတမ်းတဲ့ ခွန်အားတွေနဲ့ လက်နက်တွေတွေကို အသုံးပြုပြီး အစီအရင်ကို အခြားသူတွေ ဖျက်ဆီးခြင်းကိုလည်းပဲ ခုခံနိုင်ပါလိမ့်မယ်။ မဟုတ်ရင် အစီအရင်မျက်လုံးတွေ ဖျက်ဆီးခံခဲ့ရရင် အစီအရင်လည်းပဲ ပျက်စီးသွားလိမ့်မှာပါ။

လင်းဟန်က ကြံ့ရာကို လှည့်ပတ်သွားလာနေခဲ့ပြီး ယာယီအားဖြင့် အခုအချိန်မှာ သူဘာမှ မရရှိသေးပေမဲ့ နောက်နှစ်လဆိုရင် စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးဆီသို့ တိုးတတ်လိမ့်မှာ ဖြစ်ပါတယ်။ အနည်းဆုံးတော့ သူ့ခရီးစဉ်ရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ဆီ ပြန်သွားနိုင်လိမ့်မှာ ဖြစ်ပါတယ်။ အနက်ရောင် ကျောက်တုံးပဲ ဖြစ်ဖြစ် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးပဲ ဖြစ်ဖြစ် အဲဒါတွေကတော့ ပန်းထိုးထည်ပေါ်မှာ ပန်းပွင့်တွေ ထပ်ထည့်ရုံမျှဖြစ်ပြီး ရသည်ဖြစ်စေ မရသည်ဖြစ်စေ သိပ်အရေးမကြီးပါဘူး။

အချိန်တစ်ခဏကြာအောင် လျှောက်သွားပြီးတဲ့နောက်မှာတော့ သူ့နောက်ကနေ ပေါ့ပါးတဲ့ ခြေသံတွေကို ကြားလိုက်ရပါတယ်။ မကြာခင်မှာပဲ လူနှစ်ယောက် သစ်တောထဲကနေ ရှေ့ဆင့်နောက်ဆင့်

လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

အရှေ့မှာရှိနေတဲ့တစ်ယောက်က ဖြူဆွတ်နေတဲ့ အဖြူရောင်အဝတ်အစားတွေကို ဝတ်ဆင်ထားတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပြီး သူမမျက်နှာကို အဖြူရောင် မျက်နှာလွှားဇာနဲ့ ဖုံးအုပ်ထားပေမဲ့ ပြီးပြည့်စုံလုနီးပါး လှပတာ ထင်ရှားပါတယ်။

ကျူးရှမ်အာ။

သူမရဲ့နောက်မှာတော့ ချာတိတ်တစ်ယောက်ဖြစ်ပေမဲ့ အဲဒါက ယိုဟိုင်ယွဲ့ မဟုတ်ပါဘူး။ တကယ်လို့ ဒီနေရာမှာ ပေါ်လာခဲ့တာက ယိုဟိုင်ယွဲ့ဆိုရင်တော့ သူ့ရဲ့မာနနဲ့ဆိုရင် ကျူးရှမ်အာနဲ့ ဘေးချင်းယှဉ်လျှောက်မှာ အသေအချာပဲဖြစ်ပါတယ်။ သူက တစ်စုံတစ်ယောက်ရဲ့ နောက်ကနေလိုက်ဖို့က မဖြစ်နိုင်ပါဘူး။

သူက လျှိုတပဲ ဖြစ်ပါတယ်။

"မိန်းကလေး ကျူး"

လင်းဟန်က နှုတ်ခွန်းဆက်လိုက်ပါတယ်။

ကျူးရှွမ်အာရဲ့ မျက်ခုံးက အနည်းငယ် ပင့်သွားခဲ့ပါတယ်။ သူမက လင်းဟာန်ကလည်းပဲ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်အတွက် လာတယ်ဆိုတာကို သိနေခဲ့ပြီး အဲဒါက သူမကို အတော်လေး ဒေါသထွက်စေခဲ့ပါတယ်။ ဒါပေမဲ့ ဒီကမ္ဘာက စိတ်ဝိညာဉ်ဆေးပင်တွေကို သူတို့ရဲ့ ကိုယ်ပိုင်ဆိုတာ ပြသဖို့ ဘယ်သူကမှ တံဆိပ်ကပ်မထားပါဘူး။ ဒါဆို သူမဘက်က မမှန်ကန်ပဲနဲ့ လင်းဟာန်ကို မောင်းထုတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် သူမက လင်းဟာန်ကို ဦးညွှတ်နှုတ်ခွန်းဆက်ရုံပဲ တတ်နိုင်ခဲ့ပြီး ဟာန်ရေးပြကာ ထွက်ခွာသွားခဲ့ပါတယ်။

လျိုတာက လင်းဟာန်ကို အေးစက်စွာ စိုက်ကြည့်လိုက်ပါတယ်။ ကျူးရှွမ်အာက ယောကျာ်းတစ်ယောက်ကို ဒီလောက် ကြင်နာရိုရှိစွာ ဆက်ဆံတာကို သူဘယ်တုန်းကမှ မမြင်ဖူးခဲ့တာကြောင့် အခုချက်ချင်း လူတစ်ယောက်ကို သတ်ပစ်ချင်လောက်တဲ့အထိ သူ့ကို မနာလိုမှုတွေနဲ့ လောင်မြိုက်စေခဲ့ပါတယ်။

သူက ကျူးရှွမ်အာနဲ့ အမှတ်မထင် ဆုံခဲ့တာဖြစ်ပြီး နတ်သမီးလေးအပါး ချက်ချင်း လိုက်လာခဲ့တာဖြစ်ပေမဲ့ ကျူးရှွမ်အာက အမှောင်နတ်ဆိုး တောအုပ်ထဲကို

ဝင်ရောက်လာခဲ့တဲ့ ဒီတစ်ချိန်လုံးမှာ ကြက်သွေးရောင် အေးစိမ့်ရေခဲမြက်ပင်ကို ရှာမတွေ့နိုင်ခဲ့ပါဘူး။ ဒါကြောင့် သူမက အတော်လေး ဆိုးရွားတဲ့ စိတ်အခြေအနေမှာ ရှိနေပြီး လှိုျုတနဲ့အမိပ္ပါယ်မရှိတဲ့ စကားတွေပြောဖို့ စိတ်မဝင်စားတာကြောင့် အေးစက်တဲ့ဆက်ဆံမှုတွေကိုပဲ လက်ခံရရှိခဲ့ရပါတယ်။

ပထမအနေနဲ့ ကျူးရှွမ်အာ နတ်သမီးလေးတစ်ပါးလို တော်ဝင်ဆန်လှပါတယ်။ ဒုတိယအနေနဲ့ကတော့ သူမရဲ့ခွန်အားက သူ့ရဲ့အထက်မှာ ရှိပါတယ်။ သူတိုက်ခိုက်ဖို့ ကြိုးစားခဲ့ရင်တောင်မှ သူမကို ထိခိုက်စေနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကျူးရှွမ်အာက သူကိုတော့ အေးစက်စွာ ဆက်ဆံပေမဲ့ ချာတိတ်တစ်ကောင်ကို လေးစားစွာ ဦးညွှတ်နှုတ်ဆက်ခဲ့ပါတယ်။ ဒါနစ်ခုကို နှိုင်းယှဉ်ကြည့်ရုံနဲ့တင် သူ ဘယ်လိုလုပ် ဒေါသမထွက်ပဲ နေနိုင်ပါ့မလဲ။

ကျူးရှွမ်အာက လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့ပြီး လှိုျုတလည်း သူမနောက် လိုက်သွားခဲ့ပါတယ်။ ဒါပေမဲ့ တစ်ခဏအကြာမှာ လင်းဟန်က သူ့နောက်ကနေ ခြေသံတွေ

ကြားလိုက်ရပါတယ်။ သူနောက်ကို လှည့်ကြည့်လိုက်ရာ လှိုျတက သူ့နောက်ကို လျင်မြန်စွာ လိုက်လာတာကို တွေ့လိုက်ရပါတယ်။

"ကောင်လေး ရပ်လိုက်စမ်း"

လှိုျတက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က သွားနေတာကို မရပ်တန့်ပဲ မကြားချင်ယောင်ဆောင်လိုက်ပါတယ်။

လှိုျတက ခုန်တတ်လိုက်ပြီး လင်းဟန်ရဲ့ရှေ့မှာ ဆင်းလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ လမ်းကြောင်းကို ပိတ်လိုက်ပြီး ဒေါသကြီးစွာ ပြောလိုက်ပါတယ်။

"မင်း နားပင်းနေတာလား။ ငါပြောနေတာကို မကြားဖူးလား ဟမ်"

"အိုး ခင်ဗျား ကျွန်တော့်ကို ခေါ်နေတာလား။ ကျွန်တော်က ခွေးတစ်ကောင် မှတ်နေတာ။ ခင်ဗျားက အဲဒါနဲ့တူတယ်လို့တော့ လာမပြောနဲ့နော်"

လင်းဟန်က ရွှင်မြူးစွာ ပြောလိုက်ပါတယ်။

လှိုတက ခဏကြောင်အသွားပေမဲ့ မကြာခင်မှာပဲ ဒေါသပြင်းစွာ ထွက်လာခဲ့ပါတယ်။ဒီချာတိတ်က သူ့ကို အမှန်တကယ်ပဲ သရော်ရဲတယ်လား။ လှိုတက ဒေါသတကြီး ကြုံးဝါးလိုက်ပါတယ်။

"မင်း အသက်ရှင်နေရတာ တော်တော် ပင်ပန်းနေပြီထင်တယ်"

အပိုင်း(၄၇၆) သစ်ခက်တစ်ခက်နဲ့ တိုက်ခိုက်ခြင်း

"ခွေးလိမ္မာလေးတွေက သူများလမ်းကို မပိတ်ဖူးကွ။ ထွက်သွားစမ်း"

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

"ဟဟ"

လှိုတက မနှစ်မြို့ဖွယ်ကောင်းစွာ ရယ်မောလိုက်ပါတယ်။ ဒီနေ့ခေတ်ချာတိတ်တွေက
အကြောက်အလန့်ကင်းတဲ့နေရာမှာတော့ စံနမူနာပါပဲ။

စိတ်ဝိညာဉ်ပလ္လင်အဆင့်ဖြစ်တဲ့ ပါရမီရှင်စာရင်းထဲက တစ်ယောက်နဲ့ ရင်ဆိုင်နေရတာတောင် လင်းဟန်က ဒီလောက် မောက်မာရဲနေတုန်းပဲ ဖြစ်ပါတယ်။

သူက ထေ့ငေါ့လိုက်ပြီး ပြောလိုက်ပါတယ်။

"ဟမ့် ငါအခု မင်းနဲ့ ပြိုင်ငြင်းနေလိမ့်မှာ မဟုတ်ဘူး။ ပြောစမ်း။ မင်း နတ်သမီးကျူးနဲ့ ဘယ်လိုသိတာလဲ"

နောက်ဆုံးတော့လဲ သူပြောပုံအရဆိုရင် ကျူးရွှမ်အာရဲ့ လင်းဟန်အပေါ် အပြုအမူကို သူစိတ်အနှောင့်အယှက် ဖြစ်နေတုန်းပဲ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်ကြားထဲက ဆက်ဆံရေးက ဘယ်လိုဆက်ဆံရေးမျိုးမလို့ ကျူးရွှမ်အာက လင်းဟန်ကို ဒီလောက်ရိုသေနေရတာလဲ။ သူတကယ်ကို မခံချိမခံသာ ဖြစ်နေခဲ့တာပါ။

"အိုး..မင်းက ရွှမ်အာလေးနဲ့ပတ်သက်ပြီး ပြောနေတာလား"

လင်းဟန်က ကျီစယ်လိုဟန်နဲ့ ရယ်မောလိုက်ပြီး ပေါက်ကရစကားတွေကို ရွှန်းရွှန်းဝေအောင် စတင် ပြောလိုက်ပါတယ်။

"သူမက ငါ့မိသားစုရဲ့ ချွေးမလေးလေ။ ဟုတ်တာပေါ့ သူမက ငါ့ကိုတွေ့တဲ့အခါ အရိုအသေပေးရမှာပေါ့။ ငါ့ရဲ့ ကျူးရွှမ်အာလေးက သူမရဲ့ ရိုးကျိုးခြင်းသုံးပါးနဲ့ ကိုယ်ကျင့်သိက္ခာ လေးပါးကို အမှန်တကယ်ကို သိတာပဲ။"

လျိုတက သူ့ရဲ့ပေါက်ကရ စကားတွေကြောင့် ကြောင်အသွားပါတယ်။

"အလိမ်အညာတွေ"

ကျူးရွှမ်အာက လခြမ်းဂိုဏ်းရဲ့ ဂုဏ်ယူရတဲ့ တပည့်မ တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူမက အချို့မိသားစုတွေရဲ့ ချွေးမဖြစ်လာနိုင်စရာ အကြောင်းမရှိပါဘူး။

"ကျွတ် ကျွတ် ကျွတ် မင်းတောင်မှ ဒါကို ရှာတွေ့နိုင်တယ်။ ဒီလောက်တောင် ဉာဏ်ရည်မြင့် လာတယ်ပေါ့"

လင်းဟန်က တမင်ဖြည့်စွတ်ပြီး ပြောလိုက်ပါတယ်။

လျိုတရဲ့ မျက်နှာကချက်ချင်း မည်းမှောင်သွားပါတယ်။ ဒီချာတိတ်က မျောက်တစ်ကောင်လို သူ့ကို

လှည့်စားဝံ့တယ်လား။ သူမျက်လုံးတွေ မီးတောင်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"မင်း ရိုးရိုးသားသား မရှင်းပြသေးဖူးဆိုရင် သနားကြင်နာမှုမရှိတာအတွက် ငါ့ကို အပြစ်မတင်နဲ့"

လျှိုတက လင်ဟန်ဆီသို့ လိုမ့်တက်လာတဲ့ သူ့ရဲ့ စိတ်ဝိညာဉ်ပလ္လင်အဆင့် တည်ရှိမှု အရှိန်အဝါကို ထုတ်ဖော်လိုက်ပါတယ်။

သူ့လို ပါရမီရှင်တစ်ယောက်အတွက် တစ်လဆိုတဲ့အချိန်က အများကြီး ပြောင်းဖို့အတွက် လုံလောက်ပါတယ်။ သူက သူ့ရဲ့အဆင့်မှာ လုံးဝတည်ငြိမ်နေပြီး သူ့ရဲ့ကျင့်ကြံခြင်းကို စိတ်ဝိညာဉ် ပလ္လင်အဆင့် ပထမအလွှာရဲ့ နှောင်းပိုင်းအဆင့်ထိ တွန်းပို့နိုင်ခဲ့ပါတယ်။ ရှန်းဇောင်ချန်နဲ့ သူတိုက်ခိုက်ခဲ့တုန်းက ခွန်အားထက် သုံးဆပိုမို့သန်မာလာခဲ့ပါတယ်။

သူက အကန့်အသတ်မဲ့တဲ့ တိုးတက်မှုနယ်မြေကို ပိုင်ဆိုင်ထားခဲ့ပေမဲ့ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးစစ်သည်တွေ သူတို့ရဲ့အဆင့်တွေကို ဘယ်လောက်ခိုင်မာအောင် လုပ်ပါစေ အကန့်အသတ်က

ရှိမြဲဖြစ်ပါတယ်။ အကန့်အသတ်နဲ့ နီးကပ်လာလေ တိုးတက်ဖို့ ခက်ခဲလာလေ ဖြစ်ပါတယ်။ ဒါကြောင့် တူညီတဲ့ အချိန်ပမာဏမှာ သူ့ရဲ့ခွန်အားတိုးတတ်မှုက သေချာပေါက် ရှန်းဇောင်ချန်ကို ကျော်လွန်ခဲ့ပါတယ်။

ရှန်းဇောင်ချန်နဲ့ နောက်တစ်ကြိမ်သာ တိုက်ခိုက်မယ်ဆိုရင် သူ အနိုင်ရဖို့ ယုံကြည်မှု လုံးဝရှိနေပြီ ဖြစ်ပါတယ်။

လင်ဟန်က သူ့ပခုံးကိုသူ လက်နှစ်ဖက်နဲ့ တမင်ဖက်ပြီး ပြောလိုက်ပါတယ်။

"ငါ့ကို မခြောက်ပါနဲ့။ ငါက လွယ်လွယ်ကူကူနဲ့ ကြောက်တတ်လွန်းလို့ပါ"

"ဟဟ မင်းသေချာပေါက် အံ့ဩထိတ်လန့်သင့်တာပေါ့။ ဘာကြောင့်လဲဆိုရင် မင်းက ငါဆိုတဲ့ ပါရမီရှင်တစ်ယောက်နဲ့ ရင်ဆိုင်နေရတာလေ"

လျိုတာက လင်းဟန်ရဲ့ ကြောက်ရွံ့မှုတွေကို ကျေနပ်အားရ ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ဆက်ပြောလိုက်ပါတယ်။

"ငါ ကြောက်ရွံ့လာတဲ့ အခါဆိုရင် ရူးသွတ်သွားပြီး လူတွေကို ထိုးကြိတ်ရတာ ကြိုက်နှစ်သက်လာတယ်။ ငါ လူတွေ ဘယ်လောက်များများကို ထိုးကြိတ်ရိုက်နှက်ခဲ့လဲ ဆိုတာတောင် မသေချာတော့ဘူး။ သူတို့တွေကို မြေပြင်ပေါ် ဒူးထောက်ခိုင်းပြီး ငါ့ကို အဖိုးခေါ်လို့ ခေါ်ခိုင်းခဲ့တာလေ။ မင်းလည်း ငါ့ကို အဖိုးလို့ခေါ်ဖို့ တွေးနေတာတော့ မဟုတ်ဘူးမလား"

လျိုတရဲ့ နှုတ်ခမ်းထောင့်စွန်း တွန့်သွားပါတယ်။ သူ့ရှေ့က ဒီချာတိတ်က သူ့ခြိမ်းခြောက် နေခဲ့တာကိုတောင် အမှန်တကယ်ပဲ ငေါ့တော့တော့နဲ့ ပြန်ပြောနေခဲ့တာပါ။

"မင်းရဲ့ မကောင်းတဲ့ပါးစပ်က သေချင်းတရားကို ရှာဖွေနေတာပဲ"

"ဟော့ ဟော့ ဟော့ မင်းငါ့ကို နောက်တစ်ကြိမ် ခြောက်လှန့်နေပြန်ပြီ"

လင်းဟန်က ရွှင်မြူးစွာ ပြောလိုက်ပါတယ်။

"ငါမင်းကို ခြောက်လှန့်နေတာ မဟုတ်ဘူး။ ငါမင်းကို

တကယ်ပဲ ရိုက်တော့မှာကွ"

လျှိုတက သူ့ရဲ့ ဘယ်လက်ကို ဆန့်ထုတ်ကာ တိုက်ခိုက်လိုက်ပါတယ်။ သိုင်းဆန္ဒတွေက လှည့်ပတ်လာခဲ့တာကြောင့် ရှိန်လောက်တဲ့ တည်ရှိမှုနဲ့အတူ နတ်ဘုရားတစ်ပါး တိမ်နီတွေပေါ်မှာ နင်းဖြတ်လာသလို တောက်ပစွာ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က အနည်းငယ် ပြုံးလိုက်ပြီး သူ့ရဲ့ညာဘက်လက်နဲ့ လက်သီးဆုပ်လိုက်ပါတယ်။ လျှိုတက သူ့ကို ဖမ်းဆွဲခါနီးမှာ သူက လက်သီးထိုးချက်တစ်ခုကို ရုတ်ချည်းဆိုသလို ပစ်လွှတ်လိုက်ပါတယ်။

ပြင်းထန်တဲ့ အသံနဲ့အတူ သူတို့နှစ်ယောက်လုံး ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ် လိုက်ရပါတယ်။

"ငါ့မင်းကို နည်းနည်း အထင်သေးမိတာပဲ။ မင်းက ငါ့ကို နောက်ပြန်ဆုတ်ရအောင် အမှန်တကယ်ပဲ ဖိအားပေးနိုင်ခဲ့တယ်။ ဟင်း လူတစ်ယောက်က အမြဲတမ်း မော်ကြွားလွန်း မနေနိုင်ဘူး။ ငါ ဒါကို ပြောင်းလဲဖို့ လိုအပ်တယ်"

`လဖြတ်ပဲ`

လျှိုတလည်းပဲ အံ့အားသင့်ပြီး ဒေါသထွက်သွားခဲ့ပါတယ်။ ဒီစကားတွေက သူပြောရမဲ့စကားတွေ မဟုတ်ဘူးလား။ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တစ်ယောက်ဖြစ်ပြီး စိတ်ဝိညာဉ် ပင်လယ်အဆင့်က လင်းဟန်ကို သူ့ရဲ့တိုက်ပွဲစွမ်းအားနဲ့ လုံးဝဖိအားပေးနိုင်သင့်ပါတယ်။ အခုဒီသိုင်းကွက် ဖလှယ်မှုမှာ သူ့ရဲ့ ခွန်အားတွေ၊ သိုင်းပညာတွေကို အပြည့်အဝ အသုံးပြုခဲ့တာ မဟုတ်ပေမဲ့လည်း ဒါက စိတ်ဝိညာဉ်ပလ္လင် အဆင့်တစ်ယောက်ရဲ့ တိုက်ခိုက်မှုတစ်ခု ဖြစ်နေတုန်းပဲလေ။

အမိက သော့ချက်ကတော့ လင်းဟန်က စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးသို့ မရောက်သေးတာတောင်မှ ဒီလို အံ့အားသင့်ဖွယ်ရာ တိုက်ပွဲစွမ်းရည်တွေ ရှိနေခဲ့တာကြောင့် ဖြစ်ပါတယ်။ သူက ရှန်းဇောင်ချန်လိုပဲ စစ်မှန်တဲ့မွန်းစတား တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒီပါရမီရှင်တွေဆိုတဲ့ စာရင်းအပေါ်မှာ ဒီချာတိတ်က သေချာပေါက် တောက်ပလာမဲ့ မြင်းမည်းတစ်ကောင်ပဲ ဖြစ်ပါတယ်။

ဒါကိုတွေးကြည့်ရင်း လျှိုတရဲ့ သတ်ချင်ဖြတ်ချင်တဲ့စရိုက်က ချက်ချင်း နိုးကြွလာပါတယ်။ ပါရမီရှင်တွေရဲ့စာရင်းမှာ သူနဲ့ဖက်ပြိုင်မဲ့ တခြားလူးထူးဆန်း တစ်ယောက်ကို မလိုချင်ခဲ့ပါဘူး။

"ငါ့ကို သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေတဲ့လား"

လင်းဟန်က သူခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ အစက ငါတို့မှာ နာကြည်းစရာတွေရော၊ အာဃာတတွေရော တစ်ခုမှ မရှိလို့ မင်းကို နည်းနည်းလောက် ရိုက်နက်ပြီး လွှတ်ပေးလိုက်မလို့ပဲ။ ဒါပေမဲ့ မင်းက ငါ့ဆီကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေတောင် ပြသခဲ့တယ်။ ဒါကြောင့် မင်းကို သတ်ပြစ်ဖို့ကလွဲရင် ရွေးချယ်စရာမရှိဘူး။ အဲဒါကို အခွင့်အရေးကို ကောင်းကောင်းအသုံးမချဖူးလို့ ခေါ်တယ်"

"ငါ့ကို သတ်ဖို့လား"

လျှိုတက လှောင်ပြောင်လိုက်ပါတယ်။ ရှန်းဇောင်ချန်တောင်မှ သူ့ကို အခု သေချာပေါက်

မယုံနိုင်ပါဘူး။ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးက လင်းဟန်ဆိုရင် ပြောနေဖို့တောင်မှ မလိုပါဘူး။ လူ့ျုတက သူ့ရဲ့ဓားကို ဝှေ့ယမ်းလိုက်ပြီး လက်ထဲမှာ ဓားတိုနှစ်လက်ကိုင်ထားတဲ့ သူ့လို အားမာန်အပြည့်နဲ့ လူတစ်ယောက်အနေနဲ့ အတော်လေး သုန်မှုန်နေခဲ့ပါတယ်။

လင်းဟန်က သူ့လက်ကို သာမန်ကာလျံကာ ဝှေ့ယမ်းလိုက်ရာ သူ့လက်ထဲမှာ သစ်ခက်လေးတစ်ခု ကျဆင်းလာခဲ့ပြီး သူက ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။

"ငါ မင်းကို ဒီသစ်ခက်နဲ့ပဲ သတ်မယ်"

လူ့ျုတတစ်ယောက် ဒေါသပြင်းစွာ ထွက်သွားခဲ့ပါတယ်။ ရှန်းဇောင်ချန်က သူ့ကို တိုက်ခိုက်ဖို့ သူ့ရဲ့ဓားကို ဆွဲထုတ်ရန် ပြင်းဆန်ခဲ့ပါတယ်။ အခု လင်းဟန်ကလည်းပဲ သူ့ကို သတ်ဖို့ သစ်ခက်တစ်ခုကိုပဲ အသုံးပြုမယ်လို့ ပြောနေပြန်ပါတယ်။ သူတို့တွေက သူ့ကို လုံးဝကို အထင်သေးနေခဲ့ကြတာပါ။

"ခွန်အားနဲ့အတူ ယုံကြည်မှုကပါ တွဲလျက်ပါတယ်"

လင်းဟန်က အေးစက်စွာရယ်မောလိုက်ပြီး တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။

သစ်ခက်ရိုက်ချက်တစ်ခုနဲ့အတူ ဓားချီအလင်း ခုနစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"ဓားချီအလင်း ခုနစ်ခုတဲ့လား"

လျှိုတတစ်ယောက် အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်မိပြီး အလွန်အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။

သူက ဓားချီအလင်းခုနစ်ခုကိုပဲ ကျင့်ကြံနိုင်သေးတာ ဖြစ်ပါတယ်။

"သေစမ်း"

လျှိုတက ဓားနစ်လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ အဖြူရောင် ပိုချည်မျှင်တွေက ရောယှက်သွားပြီး ပင့်ကူအိမ်တွေလို အရာမျိုး ဖြစ်ပေါ်သွားခဲ့ပါတယ်။ အဲဒါက သူကျင့်ကြံတဲ့ လျှို့ဝှက်နက်နဲတဲ့ သိုင်းဖြစ်ပြီး ဓားချီတွေကနေ ငါးဖမ်းပိုက်အဖြစ်သို့ ပြောင်းလဲနိုင်ပါတယ်။ တစ်ကြိမ်ပြန်ရုတ်သိမ်း လိုက်တာနဲ့ ၎င်းရဲ့ကြောက်မက်ဖွယ် သေစေလောက်တဲ့ ပေါက်ကွဲစေနိုင်တဲ့ စွမ်းအားတွေကို ထုတ်လွှတ်နိုင်ပါလိမ့်မယ်။

သူက ဓားရှိအလင်း တစ်ခုပိုနည်းပေမဲ့ သူ့လက်ထဲမှာ စိတ်ဝိညာဉ်လက်နက်ရှိပြီး ကျင့်ကြံခြင်း အဆင့်မှာ ပိုကြီးမားတဲ့ အားသာချက်ရှိတဲ့အတွက် အဲဒါကို ပြုလုပ်ဖို့အတွက် လုံလောက်ပါတယ်။

လင်းဟာန်ရဲ့ ဓားရှိတွေက ပိုက်ကွန်ကို ရိုက်လိုက်ရာ ချက်ချင်း အပေါက်တစ်ခုပွင့်ပြီး စုတ်ပြဲသွားပါတယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ ဓားရှိလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း လျှိုတရဲ့အမူအရာက ပိုပြီး ဆိုးရွားသထက် ဆိုးရွားလာခဲ့ပါတယ်။ သူက ပိုကြီးမားတဲ့ အဆင့်အားသာချက်၊ စိတ်ဝိညာဉ်လက်နက်နဲ့ အသက်သွင်းထားတဲ့ စိတ်ဝိညာဉ်ရှိတွေ ရှိနေခဲ့တာတောင်မှ သူတို့ရဲ့ ဓားရှိအရည်အသွေးက အတူတူပဲ ဖြစ်နေခဲ့ပါတယ်။

ဓားရှိရဲ့အရည်အသွေးကို အချက်သုံးချက်က ဆုံးဖြတ်ပေးပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်စွမ်းအား၊ ဓားလမ်းကြောင်းအပေါ် နားလည်မှုနဲ့ ဓားရှိကို ထုတ်ဖော်ပေးတဲ့ ကြားခံပစ္စည်းတွေပဲ ဖြစ်ပါတယ်။

သူက စွမ်းအားနဲ့ ကြားခံပစ္စည်းတွေမှာ အကြွင်းမဲ့

အားသားချက်တစ်ခု ရှိနေခဲ့ပေမဲ့ သရေကျနေတုန်းပဲ ဖြစ်ပါတယ်။ အဲဒါက ဓားလမ်းကြောင်းအပေါ် သူတို့ရဲ့နားလည်မှုတွေကြားမှာ ဘယ်လောက်တောင် ကွာခြားချက်ကြီးမားကြောင်း ရှင်းလင်းစေပါတယ်။

"ဒီလိုဆိုရင်ရော"

လင်းဟာန်က ရွှင်မြူးစွာ ပြောလိုက်ပြီး သူ့ရဲ့သစ်ခက်ကို မြှောက်လိုက်ပြီး လျှိုတဆီသို့ ခုတ်ပိုင်းလိုက်ပါတယ်။ မူလစွမ်းအင်တွေရဲ့ သွတ်သွင်းမှုအောက်မှာ သစ်ခက်က သတ္တုဓားတစ်ချောင်းလို ခိုင်မာလာခဲ့ပါတယ်။

"မောက်မာတာနဲ့ ဘဝင်မြင့်တာတွေကပဲ မိမိကိုယ်ကို ဖျက်ဆီးချင်းကို ဆောင်ယူလာတာ"

လျှိုတက လှောင်ပြုံးပြုံးလိုက်ပြီး ချည်မျှင်အသချော် ရောယှက်နေသကဲ့သို့ သူ့ရဲ့ဓားကို ဝှေ့ယမ်းလိုက်ပြီး လင်းဟာန်ကို နှောင်ဖွဲ့ရန် ရည်ရွယ်လိုက်ပါတယ်။

လင်းဟာန်ကတော့ ချုပ်နှောင်ရန် ရည်ရွယ်ချက်မရှိပါဘူး။ သူ့ရဲ့အမူအရာက တင်းမာခက်ထန်သွားပြီး လျှို့ဝှက်ဆန်းကြယ်မှုသုံးထောင်ကို ထုတ်ဖော်လိုက်ပါတယ်။

လျှိုတက ချက်ချင်းဆိုသလို သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်သွားသလို ခံစားလိုက်ရပါတယ်။ လင်းဟန် ထုတ်လွှတ်နေတဲ့ တည်ရှိမှုက ယိုဟိုင်ယွဲ့ကို အမှတ်ရသွားစေခဲ့ပါတယ်။ ယိုဟိုင်ယွဲ့က သူ့လက်ချောင်းတစ်ချောင်းကို ရိုးရှင်းစွာ မြှောက်လိုက်တဲ့အခါ ဓားဆန္ဒတွေက ကောင်းကင်ဘုံထိ ရောက်ရှိသွားခဲ့ပြီး စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုး လက်ရွေးစင်နစ်ယောက်ကို လွယ်ကူစွာ အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့ပါတယ်။

လုံးဝ ကွဲပြားခြားနားတဲ့ လူနစ်ယောက်ဖြစ်ပေမဲ့ သူတို့ထုတ်လွှတ်နေတဲ့ တည်ရှိမှုတွေက သူ့ခြေထောက်တွေ ပျော့ခွေသွားစေလောက်တဲ့ထိ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် တူညီနေခဲ့ပါတယ်။

ဓားအလင်း နစ်ရာခုနစ်ဆယ့်ခြောက်ခုက လှိုင်းထနေပြီး လျှိုတဆီသို့ ပစ်ဝင်သွားခဲ့ပါတယ်။

လျှိုတတစ်ယောက် အံကိုတင်းတင်းကြိတ်လိုက်ပါတယ်။ သူက နောက်ပြန်ဆုတ်ရင်း သူ့ရဲ့ဓားတွေကို ဝှေ့ယမ်းနေခဲ့ပြီး သူ့ရဲ့ရှေ့မှာ ခိုင်မာမြဲမြံတဲ့ ဓားချီ ပင့်ကူအိမ်တစ်ခု

ရက်လုပ်နေခဲ့ပါတယ်။

ဓားအလင်းမုန်တိုင်း တိုက်ခတ်သွားခဲ့ပြီး အဲဒီ ပင့်ကူအိမ်ကြီးက ချက်ချင်း အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့ပါတယ်။ သူ့ရက်လုပ်တဲ့ အရှိန်နှုန်းက ဓားအလင်းတွေရဲ့ ဖျက်စီးနိုင်စွမ်းနဲ့ နှိုင်းယှဉ်နိုင်ဖို့ ဝေးပါသေးတယ်။ ဓားအလင်း ဆယ်ခုဆုံးရှုံးသွားပေမဲ့ သူ့ကို ရိုက်ခတ်မဲ့ ဓားအလင်းနှစ်ရာကျော် ရှိနေတုန်းပဲ ဖြစ်ပါတယ်။

လျိုတာက ဟစ်ကြွေးလိုက်ပြီး သူ့ရဲ့ခွန်အားတွေ အကုန်လုံးနဲ့ တားဆီးလိုက်ပါတယ်။

ဓားအလင်းတွေက စီးထွက်သွားခဲ့ပါတယ်။ လျိုတာကို ဒဏ်ရာတွေနဲ့ ဖုံးလွှမ်းသွားခဲ့ပေမဲ့ သူကိုယ်သူတော့ ကယ်တင်နိုင်ခဲ့ပါတယ်။

နောက်ဆုံးတော့လည်း သစ်ခက်တစ်ခက်က ဒီဓားအလင်းတွေကို ထုတ်လွှတ်ခဲ့တာပါ။ အဲဒါက ဓားအလင်းပမာဏ ရှစ်ရာကို မရောက်ခဲ့သလို သေစေလောက်အောင်အတွက်လည်း အတော်လေး အားနည်းခဲ့ပါတယ်။ ထပ်ပြောရရင် လျိုတာက စိတ်ဝိညာဉ်ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီး

လက်ရွေးစင်တိုက်ပွဲ စွမ်းအားတွေကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် အဆုံးမှာတော့ ကပ်လွတ်မြောက်ပြီး အမှတ်ရသွားခဲ့ပါတယ်။

အပိုင်း(၄၈၇) တင်းယွမ်ရှင်းနဲ့ တိုက်ခိုက်ခြင်း

"ငါသူ့ကို အမှန်တကယ်ပဲ မသတ်နိုင်ခဲ့တာလား"

လင်းဟန်က ငေးကြောင်နေပြီးနောက် သူ့ခေါင်းကို ခါရမ်းလိုက်ပါတယ်။ သူဆုပ်ကိုင်ထားတာကို ဖြေလျော့လိုက်တဲ့အခါ သူ့ရဲ့သစ်ခက်က အမှုန့်တွေအဖြစ်သို့ ပြောင်းသွားခဲ့ပါတယ်။

အဲဒါက သာမန်သစ်ခက်လေးတစ်ခုပဲဖြစ်ပြီး သူ့ရဲ့ သိုင်းဆန္ဒတွေကို တောင့်ခံဖို့ မဖြစ်နိုင်ပါဘူး။ မူလစွမ်းအားတွေ တစ်ကြိမ် ပျံ့နှံ့သွားတာနဲ့ အဲဒါက ကြေမွသွားခဲ့ပါတယ်။

လျိုတာက လင်းဟန်ကို အံ့အားသင့်မှုတွေ ဖုံးလွှမ်းနေတဲ့ အကြည့်နဲ့ ကြည့်နေခဲ့ပါတယ်။ ဒီကောင်က တကယ်ပဲ မွန်းစတားတစ်ကောင်လား။ သူက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်မှာ ရှိနေခဲ့တာ

ဖြစ်ပေမဲ့ သူရဲ့တိုက်ပွဲစွမ်းအားက ရှန်းဇောင်ချန်ထက် ပိုသန်မာပါတယ်။ ဓားတစ်ချောင်းအဖြစ် သစ်ခက်တစ်ခက်ကို အသုံးပြုပြီး သူ့ကို အပြတ်ရှင်းနိုင်လုနီးပါး ဖြစ်ခဲ့ပါတယ်။

လင်းဟန်က သူ့မေးစေ့ကို ပွတ်သပ်ပြီးပြောလိုက်ပါတယ်။

"ဘာလုပ်ရမလဲ။ ငါက သစ်ခက်ကိုအသုံးပြုမယ်လို့ ပြောခဲ့တာဖြစ်ပေမဲ့ လူတစ်ယောက်ကို မသတ်နိုင်ခဲ့ဖူး။ ဒါက တကယ်ကို ခွကျတာပဲ"

လှိုူတတစ်ယောက် သွားချင်းရိုက်ပြီး တုန်နေခဲ့ပေမဲ့ သူ့ရဲ့အမူအရာက စကားပြောနေစဉ်မှာ ပြတ်သားနေခဲ့ပါတယ်။

"မင်း သတ်ချင်ရင် သတ်လိုက်။ ငါ့ကို အရှက်ခွဲမနေနဲ့တော့"

လင်းဟန်က ကျီစယ်ဟန်နဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"တကယ်စစ်စစ် ပါရမီရှင်စာရင်းဝင်သူ တစ်ယောက်အနေနဲ့ အနည်းဆုံးတော့ မင်းမှာ သတ္တိအချို့ရှိနေသားပဲ။ ကောင်းပြီလေ။ မင်းက ဒီလောက် မရှုမလှသေချင်နေရင်လည်း ငါမင်းဆန္ဒကို

ဖြည့်ဆည်းပေးရမှာပေါ့"

လျှိုတရဲ့မျက်နှာ မဲ့ရွဲ့သွားပါတယ်။ လင်းဟန်က သူ့ကိုလွှတ်ပေးဖို့ အတွေးရှိခဲ့ပေမဲ့ သူ့ရဲ့တင်းမာမှုက သူ့ရဲ့အသက် ဆုံးရှုံးဖို့ ဖြစ်လာခဲ့ပါတယ်။ ဒီတင်းမာမှုရဲ့ တန်ဖိုးက တကယ်ကိုပဲ ကြီးမားလွန်းပါတယ်။

လင်းဟန်ရဲ့ အမူအရာက ရုတ်တရက် တင်းမာခက်ထန်သွားပါတယ်။ လင်းဟန်က သူ့ရဲ့ခေါင်းကိုမော့လိုက်ပြီး ကောင်းကင်ကိုကြည့်ပြီး ပြောလိုက်ပါတယ်။

"ရောက်လာခဲ့ပြီဆိုရင်လည်း ဆက်ပြီးပုန်းကွယ်နေဖို့ မလိုအပ်ပါဘူး"

"ဟားဟားဟား ဖြတ်သွားရင်းနဲ့ ပျော်စရာလေးကို ကြည့်နေရုံတင်ပါ"

အသက်သုံးဆယ်အရွယ် သက်လတ်ပိုင်းလူတစ်ယောက် သစ်ပင်တစ်ပင်ရဲ့ ထိပ်ဖျားကနေ ခုန်ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်က ကလန်ကလားနိုင်ပေမဲ့ အသက်သုံးဆယ် အရွယ်မှာတောင်မှ နှစ်လိုဖွယ်ကောင်းတဲ့ အပြုအမူတစ်ခု

ထုတ်လွှတ်နေတုန်းပဲ ဖြစ်ပါတယ်။

စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုးလား။

လင်းဟန်က သူ့ရဲ့စိတ်ထဲမှာ တွက်ချက်နေခဲ့ပါတယ်။ တကယ်လို့ သူက လက်နက်မဲ့ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းအားက စိတ်ဝိညာဉ်ပလ္လင်အဆင့် ကြယ်နှစ်လုံးခန့် ဖြစ်နိုင်ပါလိမ့်မယ်။ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို အသုံးပြုမယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းအားကို ကြယ်သုံးလုံးအဆင့်ကို မြှင့်တင်နိုင်မှာဖြစ်ပြီး စိတ်ဝိညာဉ်လက်နက်နှစ်ခုနဲ့ဆိုရင် ကြယ်ခုနစ်လုံးသို့ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ အဲဒါအပြင် အစီအရင်ကိုပါ ထည့်ပေါင်းပါက သူ့ရဲ့အကန့်အသတ်က စိတ်ဝိညာဉ်ပလ္လင်အဆင့်ရဲ့ ကြယ်ကိုးလုံးနဲ့ ယှဉ်နိုင်ပါလိမ့်မယ်။

အဲဒါက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်မှ လူတစ်ယောက်အနေနဲ့ အတော်လေး အံ့အားသင့်ဖွယ်ရာ ဖြစ်ပါတယ်။

အဆင့်ကြီးတစ်ခုလုံးကို ဖြတ်ကျော်သွားတဲ့ တိုက်ပွဲစွမ်းအားတွေပါ။ ဒါက သဘာဝကို အန်တုနေတာပဲ ဖြစ်ပါတယ်။

ဟုတ်တာပေါ့ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကိုပါ ထည့်သွင်းတွက်ချက်ရင်တော့..။ ကိစ္စတော့မရှိပါဘူး။ အဲဒါက သာမန်တိုက်ပွဲစွမ်းအားမဟုတ်ပါဘူး။ အဆင့်တိုင်းမှာ တစ်ကြိမ်ပဲ အသုံးပြုနိုင်တဲ့အရာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူက ထူးခြားတဲ့ လူတစ်ယောက်ဖြစ်သလို သူ့ရဲ့ယှဉ်ပြိုင်ဘက်ကလည်းပဲ တစ်မူထူးခြားတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုး လက်ရွေးစင် တစ်ယောက်က တိုက်ပွဲစွမ်းအား ကြယ်ကိုးလုံးပဲ ရှိဖို့ဆိုတာ သေချာပေါက် မဖြစ်နိုင်ပါဘူး။ ကြယ်ဆယ်လုံးဖြစ်နိုင်သလို ကြယ်ဆယ့်ငါးလုံး ဒါမှမဟုတ် ကြယ်အလုံးနှစ်ဆယ်တောင်မှ ဖြစ်နိုင်ပါတယ်။ ဘယ်သူသိနိုင်ပါ့မလဲ။

"ဒီကအစ်ကိုတော်ရဲ့ နာမည်ကို သိပါရစေ"

လင်းဟန်က ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။

"မျိုးရိုးနာမည်က တင်း။ နာမည်က ယွမ်ရှင်း"

သက်လက်ပိုင်းအရွယ်လူကလည်းပဲ ပြုံးရွှင်စွာနဲ့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ကို တစ်ချက် ဝေ့ကြည့်လိုက်စဉ်မှာ အန္တရာယ်ရှိတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

တင်းယွမ်ရှင်းတဲ့လား။ သူက ပါရမီရှင်စာရင်းရဲ့ နောက်ဆုံးတကာ့နောက်ဆုံးမှ တင်းကောင်းရန်ရဲ့ အစ်ကိုကြီးဖြစ်ပြီး အဆင့်သတ်မှတ်ချက်က လုံးဝမနိမ့်ပါဘူး။

အခု လင်းဟန်က သူ့ပြိုင်ဘက်ရဲ့ တိုက်ပွဲစွမ်းအားက ကြယ်ကိုးလုံး မဟုတ်တာကို သေချာသွားခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကို ကျော်လွန်ပြီးတိုက်ခိုက်ဖို့ အရည်အချင်းမရှိပဲနဲ့ ပါရမီရှင်စာရင်းမှာ အဆင့်မြင့်တက်လာဖို့ ဖြစ်နိုင်ပါ့မလား။ လုံးဝ မဖြစ်နိုင်ပါဘူး။ ပါရမီရှင်စာရင်းဝင် လူတစ်ယောက်က အနည်းဆုံးတော့ တိုက်ပွဲစွမ်းအားတွေက ကြယ်ငါးလုံးကို ကျော်လွန်မှုရှိရပါမယ်။

လင်းဟန်က အိုးလို့ ရေရွတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ တင်းကောင်းရန်လို့ ခေါ်တဲ့သူတစ်ယောက်ကို ကြားခဲ့ဖူးတယ်ထင်တယ်။ မင်းသူ့ကို သိလား"

"အဲ့ဒါ ငါ့ညီပဲ"

တင်းယွမ်ရှင်းက ပြောလိုက်ပါတယ်။

"ဒါဆိုရင်တော့ ငါ တကယ်ပဲ စိတ်မကောင်းပါဘူး။ ငါ သူ့ကို သတ်ခဲ့တယ်"

လင်းဟာန်က ပခုံးတွန့်ပြီး ပြောလိုက်ပါတယ်။

"ငါသိတယ်။ ဒါကြောင့် ငါမင်းကို သတ်ဖို့ လာခဲ့တာ"

တင်းယွမ်ရှင်းက အေးဆေးတည်ငြိမ်စွာ ပြောလိုက်ပေမဲ့ သူ့ရဲ့အသံက အတော်လေးအေးစက်တဲ့ ခံစားချက်တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

လင်းဟာန်းက သူ့မေးစေ့ကို ပွတ်သပ်ပြီး မေးလိုက်ပါတယ်။

"မင်း ငါ့ကို သတ်နိုင်တာ သေချာလား"

"မင်းက သေချာပေါက် သာမန်တော့ မဟုတ်ပါဘူး။ မင်းက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်မှာပဲ ရှိနေသေးပေမဲ့

စိတ်ဝိညာဉ်ပင်လယ်အဆင့်ရဲ့ ကန့်သတ်ချက်ကို ချိုးဖြတ်ပြီး တိုက်ပွဲစွမ်းအားတွေက စိတ်ဝိညာဉ်ပလ္လင်အဆင့် ကြယ်နှစ်လုံး ကြယ်သုံးလုံးတောင်မှ ရောက်ရှိနေခဲ့တယ်လေ။ ဒါပေမဲ့ ဒါက မင်းရောက်နိုင်တဲ့ အကန့်အသတ်ပဲလေ။ ငါက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ဖြစ်ပြီးတော့ ငါ့ရဲ့တိုက်ပွဲစွမ်းအားက ကြယ်ဆယ့်ငါးလုံးထိ ရောက်ရှိနိုင်တယ်။ မင်းဘယ်လိုလုပ် ခုခံနိုင်မှာလဲ"

တင်းယွမ်ရှင်းက ဂရုမစိုက်ဟန်ဖြင့် ပြောလိုက်ပြီး အတော်လေး တည်ငြိမ်အေးဆေး နေပုံပေါက်နေပါတယ်။

"ဒါဆိုလည်း မင်းဘာကိုစောင့်နေတာလဲ။ စိတ်ဝိညာဉ်ပလ္လင်အဆင့် ကြယ်ဆယ့်ငါးလုံးရဲ့ တိုက်ပွဲစွမ်းအားကို စမ်းကြည့်ရအောင်လေ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်း သဘောအတိုင်းပဲ"

တင်းယွမ်ရှင်းက အထင်သေးစွာ နှာခေါင်းရှုံ့လိုက်ပြီး သူ့ရဲ့ပုံရိပ်က လှစ်ခနဲ လင်းဟန်ရဲ့ရှေ့ရောက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့နဖူးဆီသို့ လက်ဝါးတစ်ချက် လှမ်းရိုက်လိုက်ပြီး လက်ဝါးချက် မထိခင်မှာပဲ မူလစွမ်းအားတွေ လွှမ်းမိုးနေပြီး ကြောက်မက်ဖွယ် အဖျက်စွမ်းအားတွေနဲ့ ပြည့်နေခဲ့ပါတယ်။

လင်းဟန်ရဲ့ပုံရိပ်က နောက်ပြန်ထွက်သွားခဲ့ပါတယ်။ သူက မိုးကြိုးလျှပ်စီးချပ်ဝတ်ကို အသက်သွင်းထားခဲ့ပြီး ဖြစ်တာကြောင့် လျှပ်စီးအရံအတားတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ နတ်ဆိုးရှင်သန်ဓားက သူ့လက်ထဲမှာ ပေါ်လာခဲ့ပြီး သွေးကြောနှစ်ခုတောက်ပနေစဉ်မှာ သူဓားကို အသုံးပြုပြီးတော့ ဓားချီလိုင်းခုနစ်ခုနဲ့ ခုတ်ပိုင်းလိုက်ပါတယ်။

အဲဒီတိုက်ခိုက်မှုအောက်မှာ သူက ပျံသန်းနေတုန်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ လက်ဝါး၊ လည်ပင်းနဲ့ အခြားနေရာတွေမှာ အရေပြားတွေကွဲအပ်နေပြီး သွေးအနည်းငယ်ထွက်နေခဲ့ပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကြယ်ဆယ့်ငါးလုံးရဲ့ တိုက်ပွဲစွမ်းအားက ကြောက်မက်ဖွယ် ကောင်းလွန်းပါတယ်။ သူက သေးငယ်သော ကောင်းကင်မူလစိတ်ဝိညာဉ်မြွေအစီအရင်ကို အသက်မသွင်းခဲ့တာကြောင့် အနည်းငယ် အားလျော့ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တင်းယွမ်ရှင်းတစ်ယောက် အလွန်အံ့အားသင့်တဲ့ အမူတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုမှာ သူ့ရဲ့အင်အားတွေအကုန်လုံးကို အသုံးမပြုခဲ့ပေမဲ့ သူ့ရဲ့ခွန်အားနဲ့ဆိုရင် သာမန်ကာလျှံကာ တိုက်ခိုက်မှုတစ်ခုက အနည်းဆုံး တိုက်ပွဲစွမ်းအား ကြယ်ဆယ်လုံး ရှိပါတယ်။

ဒါပေမဲ့ အဲဒါက အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လင်းဟန်ရဲ့အရေပြားကို ကွဲအက်ရုံသာလျှင် ဖြစ်စေခဲ့ပါတယ်။ ဒါက အဓိပ္ပါယ်မရှိလွန်းတာပဲ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာတော့ အဲဒါကို အလေးမထားခဲ့ပါဘူး။ သူက ကျောက်သားနံရံ ခန္ဓာကိုယ်အဆင့်မှာပဲ ရှိနေတုန်းဖြစ်ပြီး သံမဏိခန္ဓာကိုယ် အဆင့်ထိ မတိုးတက်သေးဖူးဆိုတဲ့ အချက်ကြောင့်သာ မဟုတ်ဖူးဆိုရင် ဒီစွမ်းအားလောက်နဲ့ သူ့ရဲ့အရေပြားကို ကွဲအက်စေနိုင်ဖို့တောင်မှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

လှိုျတကတော့ ချွေးပြန်တဲ့ထိအောင် ကြောက်ရွံ့နေခဲ့ပါတယ်။ လင်းဟန်က ဒီလောက်တောင် အမှန်တကယ်ပဲ သန်မာနေခဲ့တာကို သူက လင်းဟန်ကို

အမှန်တကယ်ပဲ သတ်ချင်မိခဲ့တာပဲ ဖြစ်ပါတယ်။ သူရဲ့ စွမ်းရည်တွေအပေါ်မှာ တကယ်ကို ချဲ့ကားပြီး အထင်ကြီးနေမိခဲ့တာပါ။

မေးခွန်းတစ်ခုရှိတာက လင်းဟန် ဘာလို့ဒီလောက် သန်မာနေရတာလဲ။

"အဲဒါက ဘာစိတ်ဝိညာဉ် လက်နက်လဲ"

တင်းယွမ်ရှင်းက လင်းဟန်လက်ထဲက နတ်ဆိုးရှင်သန်ဓားကို စိုက်ကြည့်နေခဲ့ပါတယ်။ တကယ်လို့ သူကိုဓားနဲ့သာ ခြိမ်းခြောက်ခဲ့တာ မဟုတ်ဖူးဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းအားက ဒီလောက်အများကြီး လျော့ကျသွားလိမ့်မှာ မဟုတ်သလို လင်းဟန်လည်း ရိုးရိုးရှင်းရှင်း ပျံထွက်သွားနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒီဓားတစ်ခုထဲကြောင့် မဟုတ်ပါဘူး။ တိုက်ပွဲဝင် သံချပ်ကာမှာလည်း အံ့အားသင့်ဖွယ်ရာ ခုခံကာကွယ်မှုတွေ ရှိနေခဲ့ပါတယ်။ အဲဒီအရာနှစ်ခု ပေါင်းလိုက်တဲ့အခါ လင်းဟန်ကို စိတ်ဝိညာဉ်ပလ္လင်အဆင့် တိုက်ပွဲစွမ်းအား ကြယ်ဆယ်လုံးကို ယှဉ်နိုင်တဲ့ တိုက်ပွဲစွမ်းအားကို လင်းဟန်ကို ပေးခဲ့ပါတယ်။

"မင်း ခန့်မှန်းကြည့်လေ"

လင်းဟန်က ပြုံးရွှင်စွာပြောလိုက်ပါတယ်။

"မင်းမပြောလည်း ကိစ္စမရှိပါဘူး။ ငါ ဒါကို မင်းဆီကနေ ဖမ်းယူနိုင်ခဲ့ရင် အဲဒါက ငါ့အပိုင် ဖြစ်လာလိမ့်မယ်"

တင်းယွမ်ရှင်းက ယုံကြည်မှုအပြည့်နဲ့ ပြောလိုက်ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းအားက ကြယ်ဆယ်ငါးလုံးထိ မြင့်ပါတယ်။ လင်းဟန်က သူ့ရဲ့သာမာန်တိုက်ခိုက်မှုကိုတစ်ခုကိုတောင် ခက်ခက်ခဲခဲလက်ခံခဲ့ရတာလေ။ သူ့ရဲ့ခွန်အားအပြည့်အဝနဲ့ဆိုရင် လင်းဟန် သူ့ကိုဘယ်လိုလုပ် ရှောင်တိမ်းနိုင်မှာလဲ။

လင်းဟန်က လက်ခုပ်တီးပြီး အပြုံးနဲ့ပြောလိုက်ပါတယ်။

"မင်းရဲ့ စိတ်ကူးယဉ်ချက်တွေက အတော်လေး ကြွယ်ဝတာပဲ"

"စိတ်ကူယဉ်တာပဲဖြစ်မလား။ တကယ်တမ်း လက်တွေ့ပဲဖြစ်မလားဆိုတာကို မကြာခင် သိရလိမ့်မယ်"

တင်းယွမ်ရှင်းရဲ့မျက်လုံးတွေက လောဘကြီးတဲ့ အရိပ်အယောင်တွေ ထွက်ပေါ်နေခဲ့ပါတယ်။ စိတ်ဝိညာဉ်လက်နက် နှစ်ခုကို လိုချင်တပ်မက်မှုကြောင့် သူ့ရဲ့မျက်လုံးတွေ နီရဲလာစေခဲ့ပါတယ်။

သူ့ညီအတွက် ကလဲ့စားချေဖို့ အတွက်ဖြစ်စေ စိတ်ဝိညာဉ်လက်နက် နှစ်ခုကို ရယူနိုင်ဖို့ အတွက်ဖြစ်စေ လင်းဟန်ကို အမြစ်ဖြတ်သုတ်သင်ပြစ်ရမှာပဲ ဖြစ်ပါတယ်။

သူက လေနဲ့တိမ်တိုက်တွေ ရွေ့လျားနေတဲ့ လက်ဝါးချက်တစ်ချက်ကို ရိုက်ထုတ်လိုက်ပါတယ်။

စိတ်ဝိညာဉ်ပလ္လင်အဆင့် အလွှာကိုးက သေမျိုးတွေ ရောက်ရှိနိုင်တဲ့ အကန့်အသတ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်အင်အားတွေက သဘာဝကျစွာပဲ ကြောက်မက်ဖွယ်ကောင်းလှပါတယ်။ သူ့လက်ဝါးကနေ သွေးကြောပုံစံ မျဉ်းကြောင်းတွေက တစ်ခုပြီးတစ်ခု လင်းလက်တောက်ပလာပြီး ဟုမ်းဆိုတဲ့အသံနဲ့ အဆုံးမရှိတဲ့မီးတောက်တွေက အပြင်ဘက်က ပန်းထွက်လာခဲ့ပြီး ပတ်ဝန်းကျင်က မီးပင်လယ်အဖြစ်သို့ ပြောင်းလဲသွားခဲ့ပါတယ်။

"အား"

လျှိုတက သေမတတ် အော်ဟစ်လိုက်ပြီး ထိပ်ထိပ်ပျာပျာနဲ့ လွတ်မြောက်ဖို့ အလျှင်အမြန် ကြိုးစားလိုက်ပါတယ်။ သူက စိတ်ဝိညာဉ်ပလ္လင်အဆင့် ပထမအလွှာမှာသာလျှင်ရှိပါသေးတယ်။ ဒါကြောင့် မီးတောက်တွေရဲ့ အင်အားကို သူကဘယ်လိုလုပ် ခုခံနိုင်မှာတဲ့လဲ။

မိုးကြိုးလျှပ်စီး သံချပ်ကာပေါ်မှာ သွေးကြောတွေက နီးကပ်စွာ ယှက်လိမ်နေပြီး လျှပ်စီးအလင်းတွေကို မရပ်မနား ထုတ်လွှတ်လျှက် ရှိပါတယ်။ အဲဒါက လင်းဟန်ရဲ့ ပတ်ပတ်လည်မှာ ရစ်လိမ်နေပြီး မီးတောက်တွေရဲ့စွမ်းအားတွေကို တားဆီးပိတ်ဆိုနေခဲ့ပါတယ်။

ဒါပေမဲ့လည်း အဲဒါက အတော်လေး မခံမရပ်နိုင် ဖြစ်နေခဲ့ပါတယ်။ လင်းဟန်ရဲ့အဆင့်က အတော်လေးနိမ့်နေသေးတာ ဖြစ်ပြီးတော့ အသက်သွင်းထားခဲ့တဲ့ လျှပ်စီးတွေရဲ့ စွမ်းအားက လုံလုံလောက်လောက် အားမကောင်းပဲ

မီးတောက်တွေရဲ့အင်အားကို မယှဉ်နိုင် ဖြစ်နေခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ဓားနဲ့ ရိုက်ထုတ်လိုက်ရာ ဓားချီအလင်း ခုနစ်ခုက ကခုန်နေခဲ့ပြီး သူက တင်ယွမ်ရှင်း ပတ်ပတ်လည်ကို လှည့်ပတ်လိုက်ပါတယ်။

"မလုံလောက်သေးဘူး"

တင်းယွမ်ရှင်းက အထင်သေးစွာ ပြောလိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် အားသာချက်က ကြီးမားလွန်းပါတယ်။ လင်းဟန် ဘာနည်းစနစ်တွေပဲ အသုံးပြုပါစေ ခြားနားချက်ကို မပြောင်းလဲနိုင်ပါဘူး။

လင်းဟန်က ဘာမှမတုံ့ပြန်ပဲ ရိုးရှင်းစွာ ဆက်တိုက်နေခဲ့ပါတယ်။ လင်းဟန်ရဲ့ဘယ်လက် လှုပ်ရှားသွားခဲ့ပါတယ်။ သူက ခရမ်းရောင်ရွှေကျောက်တုံး တုတ်ချောင်းတွေကို ထုတ်ယူလိုက်ပြီး သေးငယ်သော ကောင်းကင်မှုလစိတ်ဝိညာဉ်မြွေ အစီအရင်ကို ချခင်းလိုက်ပါတယ်။ ချက်ချင်းပဲ စိတ်ဝိညာဉ်မြွေပေါ် ပေါက်လာခဲ့ပြီး သူ့ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားခဲ့ရာ တိုက်ပွဲစွမ်းအားတွေက ပိုပြီး တိုးတက်လာခဲ့ပါတယ်။

"ဟာင် အစီအရင်တွေလား"

တင်းယွမ်ရှင်းက အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"မင်းက အစီအရင် အရှင်သခင် တစ်ယောက်လည်း ဖြစ်လိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဖူးဘူး။ ဒါပေမဲ့လည်း မင်း အစီအရင်တစ်ခု တည်ဆောက်ခဲ့ရင်တောင်မှ ငါ့ရဲ့ပြိုင်ဘက် လုံးဝ မဟုတ်သေးဘူး"

လူနှစ်ယောက်က ပြင်းထန်စွာတိုက်ခိုက်နေခဲ့ပေမဲ့ သံသယဝင်စရာမလိုအပ်ပဲ တစ်ဖက်ကပဲ အသာစီး ရနေခဲ့ပါတယ်။ တင်းယွမ်ရှင်းက လုံးဝ အသာစီးရနေခဲ့ပြီး လှုပ်ရှားမှု အနည်းငယ်မှာပဲ လင်းဟန်ကို အန္တရာယ်တွေ ဝန်းရံနေတဲ့ လက္ခဏာ ပေါ်နေခဲ့ပါပြီ။

လင်းဟန်မှာ မိုးကြိုးလျှပ်စီး သံချပ်ကာရှိနေခဲ့တာကြောင့်သာ မဟုတ်ရင် သူသေဆုံးတာ အကြိမ်ကြိမ်ရှိနေလောက်ပါပြီ။ ဒါပေမဲ့လည်း အခု သူ့မှာ ဒဏ်ရာတွေ ပွထနေတုန်းပဲဖြစ်ပါတယ်။ အချို့နေရာတွေဆိုရင် အရိုးထိတောင်မှ ဒဏ်ရာရနေခဲ့ပြီး သူ့ရဲ့တိုက်ပွဲစွမ်းအားကို

ကြီးကြီးမားမား အကျိုးသက်ရောက်နေခဲ့ပါတယ်။

အပိုင်း(၄၇၈) ရှစ်ခုမြောက် ဓားချီအလင်း

ခြေကုန်လက်ပန်းကျလာတဲ့အထိ တိုက်ခဲ့ပြီး လင်းဟန် စတင်ပြေးလိုက်ပါတယ်။

တင်းယွမ်ရှင်းက ထင်ရှားစွာပဲ စိတ်ထက်သန်စွာ လိုက်ဖမ်းနေတုန်းပဲဖြစ်ပြီး နှစ်ယောက်သားက လိုက်တမ်းပြေးတမ်း ကစားနေခဲ့ကြပါတယ်။

လင်းဟန်က ဘာလို့ အနက်ရောင်မျှော်စင်ထဲ မပုန်းကွယ်ခဲ့တာလဲ။

အဲဒါက အနက်ရောင်မျှော်စင်အပေါ် သူ အများကြီး မမှီခိုချင်လွန်းလို့ပဲ ဖြစ်ပါတယ်။

အနက်ရောင်မျှော်စင်က သူ့အသက်ကို ကာကွယ်ဖို့အတွက် သေချာပေါက် အဖိုးတန်ဆုံး ရတနာတစ်ခုဖြစ်ပေမဲ့ လင်းဟန် အဲဒါကိုပဲ အထွတ်အထိပ် ဝှက်ဖဲတစ်ခုလို အမြဲတမ်း ပြုမူနေခဲ့ရင် တကယ်လို့သာ အနက်ရောင်မျှော်စင်တောင် မရှောင်တိမ်းနိုင်တဲ့အရာနဲ့ သူ ဆုံတွေ့ခဲ့ရင်ရော

ဘယ်လိုလုပ်မှာလဲ။ အနက်ရောင်မျှော်စင်က ပြင်းထန်စွာထိခိုက်ခဲ့ပြီး ကမ္ဘာကြီးမှာလည်း လက်ရွေးစင်တွေ အများအပြားရှိနေခဲ့ကြောင့် ဒါက ချဲ့ကားပြောနေတာ လုံးဝ မဟုတ်ပါဘူး။

ဒါအပြင် အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အချိန်တိုင်း အနက်ရောင်မျှော်စင်ထဲဝင်ပုန်းတဲ့ အလေ့အကျင့်ဖြစ်လာခဲ့ရင် လင်းဟန်ရဲ့ အလျှော့မပေးတတ်တဲ့ စိတ်ဓာတ်နဲ့ သတ္တိတွေကို ဆုံးရှုံးစေပါလိမ့်မယ်။

သိုင်းပညာရဲ့ အထွတ်အထိပ်ကို တတ်ရောက်ချင်တယ်ဆိုရင် သတ္တိနဲ့ရဲရင့်ခြင်းက သေချာပေါက် ဆုံးရှုံးလို့မဖြစ်တဲ့ အရာပဲ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က သူ့ရဲ့ဒဏ်ရာတွေပေါ်မှ သွေးတွေကိုသာ သုတ်လိုက်ပြီး အနက်ရောင်မျှော်စင်ထဲကို ဝင်ရောက် မပုန်းကွယ်ခဲ့ပါဘူး။ လင်းဟန်က သူကိုယ်သူ ခက်ခဲအောင်လုပ်ဖို့ တင်းယွမ်ရှင်းကို အသုံးပြုခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဓားချီအလင်းရဲ့ ရှစ်ခုမြောက် တံခါးချပ်က မကြာခင်မှာ သူအတွက် ပွင့်တော့မယ်လို့ ခံစားနေရတာကြောင့် ဖြစ်ပါတယ်။

သူက ပိုပြီးဒူပေနာပေခံနိုင်တဲ့ အမျိုးအစားဖြစ်ပြီး ဖိအားပိုကြီးလေလေ တိုက်ခိုက်ရေးစိတ်ဝိညာဉ် သန်မာလေလေပဲ ဖြစ်ပါတယ်။ ဒါကြောင့် တင်းယွမ်ရှင်းက သူ့ရဲ့ထက်မြတဲ့ဓားကို ပိုပြီးတောင်မှ ထက်မြအောင် သွေးပေးတဲ့ ကောင်းမွန်တဲ့ ဓားသွေးကျောက်တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟာန်က အမြဲထာဝရတည်တန့်နေမဲ့ ငရဲဆီသို့ ကျရောက်လုနီးပါး ထပ်ခါထပ်ခါဖြစ်နေခဲ့ပေမဲ့ ဖြတ်ဆီးမရနိုင်သော ကောင်းကင်မှော်စာလိပ်ကို အသက်သွင်းလိုက်တာနဲ့ ဘယ်လောက်ပဲ ကြီးမားတဲ့ဒဏ်ရာဖြစ်နေပါစေ ဒဏ်ရာတစ်ခုစီတိုင်းက လျှင်မြန်စွာ ပြန်ကောင်းသွားလိမ့်မှာဖြစ်ပြီး သူ့ကို ဆက်လက်တိုက်ခိုက်ဖို့ အခွင့်အလမ်းရှိစေခဲ့ပါတယ်။ ခုနစ်ရက်အကြာ ဆက်တိုက်တောင် တိုက်ခိုက်ခဲ့ပြီးတဲ့နောက်မှာ လင်းဟာန်က တိုက်ခိုက်နေစဉ်အတွင်း နောက်ဆုတ်လိုက်ရပါတယ်။ အန္တရာယ်အရှိဆုံးအချိန်ကတော့ မိုးကြိုးလျှပ်စီး သံချပ်ကာမှ အပေါက်ရှိတဲ့နေရာဖြစ်တဲ့ သူ့ရဲ့ရင်ဘက်ပေါ် သို့ တိုက်ခိုက်မှုတစ်ခု ဆင်းသက်လာတဲ့အချိန်ပဲ ဖြစ်ပါတယ်။ သူ့ရဲ့နှလုံးတောင် ပေါက်ကွဲလုနီးပါး ဖြစ်စေခဲ့ပါတယ်။

ကံကောင်းစွာနဲ့ပဲ ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည်တစ်စက်နဲ့အတူ သူက ချက်ချင်းပြန်လည် ကောင်းမွန်သွားခဲ့ပေမဲ့ အဲဒီတိုက်ခိုက်မှုက သူ့ကို ချွေးစေးတောင်ပြန်သွားစေခဲ့ပါတယ်။

ဒါပေမဲ့ ဒီတစ်ကြိမ် အသက်အန္တရာယ်နဲ့ ကြာရှည် နီးကပ်ခဲ့ခြင်းက လင်းဟန်ကို လုံလုံလောက်လောက် သဘောပေါက်နားလည်မှုတွေ လက်ခံရရှိစေခဲ့ပါတယ်။ လင်းဟန်က သူရဲ့ဓားကို ရိုက်ထုတ်လိုက်ရာ ဓားချီအလင်း ရှစ်ခုက ဟုန်းခနဲ ထွက်ပေါ်လာခဲ့ပါတယ်။

"ဘာ"

တင်းယွမ်ရှင်းရဲ့ မျက်လုံးတွေ ထွက်ကျလုမတတ်ဖြစ်သွားခဲ့ပါတယ်။ သူ လင်းဟန်ရဲ့ရင်ဘက်ကို ထိုးဖောက်လုနီးပါး ဖြစ်သွားခဲ့တယ်ဆို ရှင်းရှင်းလင်းလင်းကြီးပဲ ဖြစ်ပါတယ်။ ထိတ်လန့်ဖွယ် မူလစွမ်းအားတွေရဲ့အောက်မှာ လင်းဟန်ရဲ့ ကိုယ်တွင်းကလီစာတွေ ပေါက်ကွဲသွားခဲ့ သင့်တာလေ။ အခုတော့ လင်းဟန်က လုံးဝကောင်းမွန်နေရုံသာမက ပိုပြီးတောင်မှ တိုးတက်သွားခဲ့ပြီး ဓားချီအလင်းရှစ်ခုကို

ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

တကယ်ကို ထူးခြားတဲ့သူပဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်"

`မင်းလဖြတ်ကြီးပဲ ကျေးဇူးတင်လိုက်။ ရှံ့စရာကောင်းလိုက်တဲ့ကောင်`

သူက လင်းဟန် ဉာဏ်အလင်းရရန် ကူညီဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့ပါဘူး။

တင်းယွမ်ရှင်းရဲ့အမူအယာက သူပြောနေစဉ်အတွင်းမှာ တင်းမာခက်ထန်နေခဲ့ပါတယ်။

"အဲ့လိုဆိုရင်ရော ဘာဖြစ်လဲ။ မင်းမှာ ဓားချီအလင်းရှစ်ခုရှိနေရင်တောင်မှ မင်းနဲ့ငါရဲ့ကြားက အဆင့်ခြားနားချက်ကို ပြုပြင်ဖာထေးဖို့ လုံးဝမဖြစ်နိုင်ဘူး"

"မင်းမှန်တယ်။ ဒါကြောင့် ငါမင်းနဲ့ ထပ်မကစားတော့ဘူး"

လင်းဟန်က ခုန်ထွက်လိုက်ပြီး ထူထပ်တဲ့ သစ်တောထဲသို့ တိုးဝှေ့ဝင်ရောက်ပြီး အနက်ရောင် မျှော်စင်ထဲသို့ ဖျက်ခနဲ ဝင်ရောက်လိုက်ပါတယ်။ သူက လုံးဝအနိုင်နဲ့ပိုင်းပြီး ထွက်ပြေးသွားတာ ဖြစ်ပါတယ်။

သူက တင်းယွမ်ရှင်းကို အချိန်တိုအတွင်းမှာ ရှုံးနိမ့်စေဖို့ မဖြစ်နိုင်ပါဘူး။ အခု သူက ဓားချီအလင်းရှစ်ခုကို ဖွဲ့စည်းနိုင်ခဲ့တာကြောင့် သူ့ရဲ့တာဝန်လည်း ပြီးမြောက်သွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် ရှုပ်ရှုပ်ထွေးထွေးတွေ ဆက်လုပ်နေဖို့ မလိုအပ်တော့ပါဘူး။ သူ ကျင့်ကြံနေရဆဲပဲ ဖြစ်ပါတယ်။

တင်းယွမ်ရှင်းက နောက်ကလိုက်ဖမ်းခဲ့ပေမဲ့ လင်းဟန်ရဲ့ ခြေရာလက်ရာက လုံးဝပျောက်သွားခဲ့ပါပြီ။ အဲဒါက သူ့ကို ဒေါသတွေနဲ့ ထပ်ခါထပ်ခါ ပေါက်ကွဲစေခဲ့ပါတယ်။

ခုနစ်ရက်နဲ့ ခုနစ်ညတိုင်တိုင် လိုက်လံဖမ်းဆီးပြီးတဲ့ နောက်မှာတောင် စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်က သိုင်းသမားလေးတစ်ယောက်ကို မသတ်နိုင်သေးပါဘူး။ အဲဒီအစား လင်းဟန်က

ဓားချီအလင်းရှစ်ခုကို ဖွဲ့စည်းပြီး သူ့မျက်နှာကို တိုက်ရိုက် ဖြတ်ရိုက်သွားခဲ့ပါတယ်။

"ငါမင်းကို သေချာပေါက် ရှာရလိမ့်မယ်"

တင်းယွမ်ရှင်းက ခက်ထန်တဲ့ အသံနဲ့ပြောလိုက်ပါတယ်။

"မင်းရဲ့ ရတနာတွေ အကုန်လုံးက ငါ့အပိုင်ပဲ။ ငါ့အပိုင်ပဲ"

***

လင်းဟန်က အနက်ရောင်မျှော်စင်ထဲမှာ တစ်ခဏကြာအောင် ကျင့်ကြံနေခဲ့ပါတယ်။ ဒီရက်တွေထဲမှာ ပြေးလိုက် လွှားလိုက် တိုက်ခိုက်လိုက်သာလုပ်နေခဲ့ပြီး ကျင့်ကြံဖို့ အချိန်မရှိခဲ့ပါဘူး။ ဒါပေမဲ့ တိုက်ခိုက်ခြင်းက တိုးတက်ဖို့အတွက် အကောင်းဆုံး နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ လင်းဟန်က သူ့ရဲ့ခန္ဓာကိုယ်က အတော်လေးထူးခြားတဲ့ အခြေအနေတစ်ခုမှာ ရှိနေတာကို တွေ့ရှိသွားခဲ့ပါတယ်။ စိတ်ဝိညာဉ်ချီဖြစ်စေ ဒါမှမဟုတ် မူလစွမ်းအင်တွေဖြစ်စေ နှစ်ခုစလုံးက အတော်လေး ကောင်းမွန်တဲ့ ပူးပေါင်းမှုတစ်ခု ရှိနေခဲ့ပါတယ်။

ဒီအခြေအနေမှာ သူရဲ့ကျင့်ကြံခြင်း အကျိုးသက်ရောက်မှုက ဆယ်ဆတိုးလာနိုင်ခဲ့ပါတယ်။

သူက ခုနစ်ရက်ကြာအောင် မကျင့်ကြံခဲ့ပေမဲ့ အဲဒါအတွက် ဖြည့်တင်းဖို့ တစ်ရက်သာလျှင် အသုံးပြုခဲ့ရတာကြောင့် ဒါက အတော်လေးကို အံ့အားသင့်ဖွယ်ရာကောင်းနေခဲ့ပါတယ်။ ဒါ့အပြင် အကျိုးသက်ရောက်မှုကလည်း သုံးဆကနေ လေးဆအားဖြင့် ပိုမိုကောင်းမွန်ခဲ့ပါတယ်။

သူ့ရဲ့အရင်ဘဝမှာ ဓားကေရာဇ်၊ ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ အခြားသူတွေ ဒီလောက်ရန်လိုနေတာ မထူးဆန်းတော့ပါဘူး။ ပန်းဖူးအဆင့်သို့ တက်လှမ်းသွားပြီးတဲ့နောက်မှာ ကျင့်ကြံခြင်းကို တိုးတက်စေနိုင်တဲ့ စိတ်ဝိညာဉ်ဆေးတွေက အတော်လေးကို ရှားပါးသွားခဲ့ပါပြီ။ မူလ ခရစ်စတယ်တွေလည်း အတူတူပဲ ဖြစ်ပါတယ်။ နတ်အသွင်ပြောင်းလဲခြင်း အဆင့်နဲ့ ကောင်းကင်အဆင့်တွေက အခြားသူတွေ အသုံးပြုဖို့အတွက် မူလခရစ်စတယ် ပမာဏအများကြီးကို သန့်စင်ပေးဖို့ ဆန္ဒရှိပါ့မလား။

အဓိကအားဖြင့် သူတို့တွေက သိုင်းဆန္ဒတွေကို နားလည်ရန် ကူညီဖို့ သူတို့ရဲ့ဂျူနီယာတွေအတွက် အများဆုံး အပိုင်းအစ

တစ်ခု ဒါမှမဟုတ် နှစ်ခုလောက်သာ သန့်စင်ပေးကြပါတယ်။

ဒါကြောင့် တိုက်ပွဲတွေကို ဖြတ်ကျော်ပြီး ပြုစုပျိုးထောင်တာက အကောင်းဆုံးရွေးချယ်မှုပဲ ဖြစ်ပါတယ်။ နောက်ဆုံးတော့လည်း လင်းဟန်ရဲ့သက်တမ်းမှာ တမူထူးခြားတဲ့ မှော်ဆေးဖော်ဆရာ တစ်ယောက် ဖြစ်ခဲ့ပြီး သူ့ရဲ့လမ်းကြောင်းကို ဘယ်သူမှ အတုမခိုးနိုင်ခဲ့ပါဘူး။

လင်းဟန် ခေါင်းညိတ်လိုက်ပါတယ်။ ကြည့်ရတာ အနာဂတ်မှာ တိုက်ခိုက်ဖို့ သန်မာတဲ့ရန်သူ အချို့ကို သူရှာဖွေရမဲ့ပုံပါပဲ။ ဟုတ်တာပေါ့ သူတို့က သန်မာလွန်းလို့တော့ မဖြစ်ပါဘူး။ မဟုတ်ရင် သူတို့လက်တွင်း တစ်ကြိမ်ကျရောက်လိုက်တာနဲ့ သူသေဆုံးသွားရလိမ့်မှာပါ။ အဲဒါဆိုရင် ဘာများလုပ်စရာရှိတော့မှာလဲ။ ကိစ္စပျက်သွားမှာပေါ့။

လင်းဟန်က ဟူးညီရဲ့ကျင့်ကြံခြင်းအဆင့်ကို ဖြတ်ပြီး မမြင်နိုင်တာ အတော်ကြာခဲ့ပါပြီ။ သူမကို အနည်းငယ်တိုက်ခိုက်ပြီးတဲ့ နောက်မှပဲ ထိုကလေးမလေးက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာငါးသို့ တိုးတက်ခဲ့ပြီဖြစ်ကြောင်း သူသိခဲ့ရပါတယ်။ သူမက သူ့ထက်

အနည်းငယ် နိမ့်ပေမဲ့ အရှိန်အဟုန်နဲ့ သူ့ကို ကျော်လွှားနေပါတယ်။ အဲဒါက လင်းဟန်ရဲ့ နောက်ကျောဘက်မှ ကျာပွတ်ကို ဝှေ့ယမ်းပြနေပြီး အချိန်တစ်ခဏလောက်တောင် အပန်းမဖြေဖို့ သူ့ကိုကြီးကြပ်လှုံ့ဆော်နေသလိုပဲ ဖြစ်ပါတယ်။

အသက် ငါးနှစ် ခြောက်နှစ်ရှယ် ကလေးမလေးတစ်ယောက်ရဲ့ ဖြတ်ကျော်ခြင်းကို ခံရမယ်ဆိုရင် ဒါက အတော်လေး ရှက်စရာကောင်းလိမ့်မှာပါ။

လင်းဟန်နဲ့ ဟူးညို့က မျှော်စင်ထဲက ထွက်ခွာလိုက်ပြီး အချိန်တစ်ခဏလောက် လမ်းလျှောက်ပြီးတဲ့နောက် အဖွဲ့အစည်းတစ်ခုရဲ့ စခန်းချရာနေရာနဲ့ မထင်မှတ်ပဲ ပက်ပင်းတိုးခဲ့ပါတယ်။ သူတို့ရဲ့ရှေ့မှာ တဲဆယ်လုံးရှိပြီး သူတို့ အစားအသောက်တွေစားချိန် ဖြစ်နေခဲ့ပါတယ်။ လူဆယ့်သုံးယောက်က မီးပုံကို ဝိုင်းဖွဲ့ကာ စားသောက်နေခဲ့ကြပါတယ်။

"ဟာဟာဟာ..ဟေ့ကောင်တွေ ကြည့်လိုက်စမ်း။ ဒီချာတိတ်က ကလေးမလေးတစ်ယောက်ကို အမှောင်နတ်ဆိုး တောအုပ်ထဲကို အမှန်တကယ်ပဲ

ခေါ်လာရဲတယ်"

သူတို့နှစ်ယောက်ကို မြင်တဲ့အခါ လူအချို့က ချက်ချင်း ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောလိုက်ကြပါတယ်။

သေချာစွာပဲ ဟူးညိုက အမှန်တကယ်ပဲ သေးငယ်လွန်းပါတယ်။

"ဒီနေရာကို လျှောက်လာနိုင်တယ်ဆိုတော့ ဒီချာတိတ်မှာ လုပ်စရာ တစ်စိတ်တစ်ပိုင်းတော့ ရှိရမယ်"

လူတစ်ယောက်က ပိုပြီးတောင်မှ ဖြတ်ကျော်ပြီး မြင်နိုင်ခဲ့ပါတယ်။

"သူက စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်လေးပဲ မဟုတ်ဘူးလား"

"တကယ်ပဲ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်ပဲ"

လူတစ်ယောက်က လေချွန်ပြီး ပြောလိုက်ပါတယ်။ အသက်နှစ်ဆယ်အောက်နဲ့ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်ကိုရောက်နေတာက အတော်ကလေး

အုံ့အားသင့်စရာပဲ ဖြစ်ပါတယ်။

"ချာတိတ် မင်းလည်း ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးအတွက် လာခဲ့တာမလား။ ဟားဟားဟား ပန်းဖူးအဆင့် လက်ရွေးစင်တွေ အချို့တလေ ပေါ်လာခဲ့ပြီးပြီ။ စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေတောင်မှ စကားပြောဖို့ အခွင့်အရေးမရှိဘူး။ စိတ်ဝိညာဉ် ပင်လယ်အဆင့်လေးနဲ့ အခုလို တစ်ယောက်ထဲ မဆင်မခြင် ပတ်ပြေးနေရင် မင်းကိုယ်မင်း ဆိုးဝါးတဲ့ သေခြင်းတရားဆီကို ဆွဲခေါ်နေသလိုပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က အိုးလို့ တုံ့ပြန်လိုက်ပြီး ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။

"စီနီယာ ဘာလို့ ဒီလို ပြောရတာလဲ။ အမှောင်နတ်ဆိုး တောအုပ်က အခု အခြားသူတွေကို ဝင်ရောက်ဖို့ ခွင့်မပြုတော့တာများ ဖြစ်နိုင်တာလား"

"သေချာပေါက် အဲဒီလိုပဲ"

လူအိုကြီးက ခေါင်းညိတ်လိုက်ပါတယ်။

"ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ တန်ဖိုးက အတော်လေးမြင့်မားတယ်။ ပန်းဖူးအဆင့်နဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တွေအတွက် အသုံးမဝင်ပေမဲ့ သူ့တို့အောက်က သိုင်းပညာရှင်တွေ အတွက်တော့ ပါရမီရှင်တစ်ဦးကို ဖန်တီးပေးနိုင်တဲ့အတွက် အဲ့ဒါက အတော်လေး တန်ဖိုးရှိတယ်"

"လက်ရှိအချိန်ထိတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တွေ ပေါ်မလာသေးပေမဲ့ ပန်ဖူးအဆင့်တွေ အများကြီးကတော့ ရောက်လာခဲ့ပြီးပြီ။ မင်းလို ဘာမဟုတ်တဲ့ အဆင့်က ကျပန်းလှည့်လည်သွားလာနေရင် တစ်စုံတစ်ယောက်ရဲ့ ရိုက်သတ်တာပဲ ခံရလိမ့်မယ်"

"ချာတိတ် အဲဒီရက်အနည်းငယ် အလုပ်အတွက် ငါတို့ရဲ့ ကောင်းကင်ပိုးချည်နန်းတော်နဲ့ ပူးပေါင်းလိုက်လေ။ တစ်ရက်ကို မူလခရစ်စတယ် အစိတ်အပိုင်းနှစ်ခုရမယ်။ ဘယ်လိုလဲ "

လင်းဟန်က အံ့အားသင့်ဟန်ဆောင်လိုက်ပြီး ပြောလိုက်ပါတယ်။

"စီနီယာ ကျွန်တော်က စိတ်ဝိညာဉ်ပင်လယ်အဆင့်

အလွှာခုနစ်မှာပဲ ရှိသေးတာလေ။ ကျွန်တော်က ဘာအသုံးကျနိုင်ပါ့မလဲ။ ပန်းဖူးအဆင့် လက်ရွေးစင်တွေနဲ့ဆုံရင် ကျွန်တော်လုံးဝ ယှဉ်နိုင်မှာ မဟုတ်ဘူး"

"ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ တည်နေရာကို ဆုံးဖြတ်ပြီးသွားခဲ့ပြီ။ ဒါပေမဲ့ လူတိုင်းက အဲ့နေရာကို စောင့်ကြပ်နေတဲ့ သားရဲတွေနဲ့ပတ်သက်ပြီး စိုးရိမ်နေခဲ့ကြတယ်။ အဲဒီအချိန်မှာ မဟာမိတ်တွေက ချိုးဖောက်လိမ့်မယ်။ အဖွဲ့က ပိုပြီးသန်မာလေလေ သူတို့တွေနဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သိမ်ဆည်းနိုင်ချေ ပိုမြင့်မားလေလေပဲ။ စိတ်ဝိညာဉ်ပင်လယ်အဆင့် စစ်သည်တွေရဲ့ စွမ်းအားတွေကိုတောင်မှ လျစ်လျူရှုထားလို့မရဘူး"

လူအိုကြီးက ရှင်းပြလိုက်ပါတယ်။

လင်းဟာန်က ရယ်မောလိုက်ပါတယ်။ စွမ်းအားတွေကို လျစ်လျူရှုထားလို့ မရဘူးဆိုတာက ဘာလည်း။ အဲဒါက နားထောင်ရတာသာ ကောင်းပေမဲ့ ရိုးရိုးရှင်းရှင်းပြောရရင် သူတို့တွေကို အသေခံအနေနဲ့ ခေါ်ဆောင်သွားဖို့ပဲ ဖြစ်ပါတယ်။

လူအိုကြီးရဲ့ မျက်လုံးထဲမှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ နက်ရှိုင်းနေတာကို မြင်တဲ့အခါ သူသာ ငြင်းပယ်ဖို့ ခေါင်းခါလိုက်ရင် လူအိုကြီးက သူ့ကို သေချာပေါက် သတ်ဖို့ကြိုးစားလိမ့်မယ်ဆိုတာ လင်းဟန် သိနေခဲ့ပါတယ်။ သူက မကြောက်ပေမဲ့လည်း အခုချိန်ခဏလောက်လေး သူတို့နဲ့အတူ ဘာလို့ မကစားပေးနိုင်ရမှာလဲ။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ တည်နေရာကို သူရှာတွေ့တဲ့အချိန်ကျရင် သူက ရေထဲမှာဒုက္ခတွေ့နေတဲ့ ငါးပဲ ဖြစ်သွားပါလိမ့်မယ်။

"ကောင်းပြီ"

သူက သဘောတူညီလိုက်ပါတယ်။

လူအိုကြီးကလည်းပဲ အပြုံးတစ်ခု ထုတ်ဖော်လိုက်ပြီး သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ချက်ချင်း ရုတ်သိမ်းလိုက်ပါတယ်။

အပိုင်း(၄၇၉) ရွှေရောင်သွေး နတ်ဆိုးမျောက်ဂုံ

ဒါက ကောင်းကင်ပိုးချည်နန်းတော်ရဲ့ အဖွဲ့ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီလူအိုကြီး တစ်ယောက်ပဲ ကောင်းကင်ပိုးချည် နန်းတော်ရဲ့ အမှန်တကယ် အဖွဲ့ဝင် ဖြစ်ပါတယ်။ သူ့ရဲ့နာမည်က ကျို့ယွီတောင်ဖြစ်ပါတယ်။ အခြားသူတွေကတော့ လင်းဟန်တုန်းကလို လမ်းတစ်လျှောက် စုဆောင်းခဲ့တာ ဖြစ်ပါတယ်။

ပြောစရာမလိုအောင်ပဲ သူတို့တွေက လုံးဝကို အသေခံအဖွဲ့ပဲ ဖြစ်ပါတယ်။ တကယ်လို့သာ သူတို့တွေ ကြီးမားတဲ့ တိုက်ပွဲကြီးတစ်ခုနဲ့ ဆုံတွေ့ခဲ့ရင် သူတို့ရဲ့အသက်တွေကို ရိုးရှင်းစွာပဲ စွန့်ပေးရလိမ့်မှာပါ။

အမှန်တရားကို ထင်ထင်ရှားရှား မြင်တွေ့နေသူအချို့ရဲ့မျက်လုံးတွေမှာ စိုးရိမ်ပူပန်မှုတွေ ရှိနေခဲ့ပေမဲ့ အခြားသူတွေကတော့ ပျော်ရွှင်မှုတွေနဲ့ ပြည့်နေခဲ့ပါတယ်။ တစ်နေ့ကို မူလခရစ်စတယ် အပိုင်းအစနှစ်ခုရတဲ့ ဒီလိုအလုပ်မျိုးကို အခြားဘယ်နေရာမှာများ ရှာတွေ့နိုင်မှာ မို့လို့လဲ။

ဒါပေမဲ့ တကယ်လို့သာ ကြီးမားတဲ့ အင်အားစုတွေကြား ပြင်းထန်တဲ့တိုက်ပွဲကြီးတွေ ရုတ်တရက် ဖြစ်ပွားခဲ့ရင် ဒီနေရာမှာ ရှိတဲ့သူတွေ အကုန်လုံး သေကုန်ကြမှာ သေချာသလောက်ရှိပါတယ်။ သေပြီးသားလူတစ်ယောက်ကို

ကောင်းကင်ပိုချည်နန်းတော်က မူလခရစ်စတယ်တွေ ပေးဖို့ ဘာကြောင့် လိုအပ်နေဦးမှာလဲ။

လင်းဟာန်က အေးအေးဆေးဆေးပဲ စုဆောင်းနေခဲ့ပါတယ်။ သူ့လက်ထဲမှာ အနက်ရောင် မျှော်စင်ရှိနေသရွေ့ သူ့မှာ ရေထဲမှာ အခက်တွေ့နေတဲ့ ငါးတစ်ကောင်လို အတွေးမျိုးသာရှိပြီး ယုံကြည်ချက် အပြည့်ရှိပါတယ်။ သူနဲ့ ဟူးညိုက ဆေးထိုးမဲ့ လူတွေဖြစ်ပြီး သူတို့တွေက ချာတိတ်တစ်ယောက်နဲ့ ကလေးမလေးတစ်ယောက်လို့ပဲ မြင်ပြီးမှတော့ အခြား လူတိုင်းက သူတို့အပေါ် စောင့်ကြည့်နေဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

စားသောက်ပြီးတဲ့နောက်မှာ သူတို့အဖွဲ့က အနောက်တောင်ဘက်ကို ဦးတည်သွားလိုက်ပါတယ်။ နေ့တစ်ဝက်လောက် အားစိုက်ထုတ်ပြီးတဲ့နောက်မှာ သူတို့ရဲ့ရှေ့မှာ တောင်ကုန်းတစ်ခု ပေါ်လာခဲ့ပါတယ်။ ရောမလူအုပ်ကြီးက အထွေထွေအစည်းအဝေးတစ်ခု ကျင်းပနေကဲ့သို့ တောင်ကြား ချိုင့်ဝှမ်းရဲ့ အပြင်ဘက်မှာ ရှိနေခဲ့ပါတယ်။

လင်းဟာန်က တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ အဲဒီနေရာကို များစွာသော အင်အားစုတွေရဲ့ အဝန်းအဝိုင်းတွေ အဖြစ်သို့

ခွဲခြားထားခဲ့ပါတယ်။ တစ်ခုစီတိုင်းက သေးငယ်တဲ့ ရွက်ဖျင်တဲ နယ်မြေလေးတွေနဲ့ ရိုးရှင်းစွာ ဝန်းရံထားပါတယ်။ အင်းအားစုတွေ အများစုက သူတို့ရဲ့ အလံတွေကိုလည်းပဲ စိုက်ထူထားပါတယ်။ ဥပမာအနေနဲ့ ကောင်းကင်ပိုးချည်နန်းတော်က ခရမ်းရောင်ပိုးချည် သားရဲတစ်ကောင်ဖြစ်ပြီး၊ အရိုးဝါးမြို့နန်းတော်က အရိုးခေါင်းတစ်ခုဖြစ်ပါတယ်။ ရေအေးဂိုဏ်းကတော့ ရေခဲမြစ်တစ်ခုပဲ ဖြစ်ပါတယ်။

"ရေအေးဂိုဏ်းကလည်း လာတယ်ပေါ့လေ"

လင်းဟန်က ကျီစယ်ဟန်နဲ့ ပြုံးလိုက်ပါတယ်။ သူ လရောင်ကျဆင်းချောက်နက်မှာ ရှိခဲ့တဲ့အချိန်တုန်းက ရေအေးဂိုဏ်းရဲ့ တပည့်တွေထဲက တစ်ယောက်ကို အမြစ်ပြတ် ချေမှုန်းပြစ်ခဲ့ပါတယ်။ တကယ်လို့ သူသာ သူ့ရဲ့ဇာတိအမှန်ကို ထုတ်ဖော်လိုက်ရင် ရေအေးဂိုဏ်းရဲ့ လက်ရွေးစင်တွေက ထွက်လာပြီး သူ့ကိုပေးဆပ်စေမှာလား။

တကယ်လို့ သူတို့သာ ကျဉ်းမြောင်းတဲ့ လမ်းကြောင်းတစ်ခုပေါ်မှာ ဆုံတွေ့ခဲ့တာဆိုရင်တော့ သူတို့လုပ်နိုင်ပါတယ်။ ဒါပေမဲ့ လူအုပ်ကြီးရဲ့မျက်လုံးတွေ အောက်မှာဆိုရင်တော့ မှော်ဆေးပညာရှင်

တစ်ယောက်အပေါ် သူတို့ရဲ့ လက်တွေကို တင်ဝံ့ပါ့မလား။ ဒီမှော်ဆေးပညာရှင်က အမုန်တကယ် အမျက်ဒေါသဖြစ်စေပြီး လူထုကို မကျေမချမ်းစွာနဲ့ မခံမရပ်နိုင်အောင် ဒေါသထွက်စေတဲ့ တစ်စုံတစ်ခုကိုသာ မပြုလုပ်ခဲ့ရင် သူတို့တွေကို မှော်ဆေးပညာရှင် အဖွဲ့အစည်းကြီးရဲ့ ရန်သူတွေလို့ သေချာပေါက် သတ်မှတ်ရလိမ့်မှာပါ။

ဒါအပြင် လင်းဟန်က အခု မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နေခဲ့ပါပြီ။ သူတို့တွေက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တစ်ယောက်ကို စိတ်ဝိညာဉ်ပင်လယ်အဆင့် တပည့်တစ်ယောက် အတွက်လောက်နဲ့ နက်ရှိုင်းစွာ ဆန့်ကျင်နိုင်ပါ့မလား။

လင်းဟန်က လှည့်ပတ်ကြည့်လိုက်ရာ တစ်ခုကလွဲလို့ သူသိတဲ့ အင်အားစုတွေ အကုန်လုံး လာခဲ့ကြပါတယ်။

သွေးအလင်းအိမ်တော်။

ကောလာဟလတစ်ခုက သွေးအလင်းအိမ်တော်ရဲ့ မူလဆရာသခင်က သူ့ကိုယ်သူ လက်သီးကေရာဇ်လို့ခေါ်တဲ့ လူတစ်ယောက်ကို ရှုံးနိမ့်ခဲ့ပြီး အိမ်တော်သခင်အဆင့်ကို

လက်လျှော့ခဲ့ရပါတယ်။ ဆက်ခံသူက အမှန်တကယ်ပဲ ထိန်းထိန်းသိမ်းသိမ်းရှိပြီး ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးအတွက် လှုပ်ရှားမှုတစ်ခုတောင်မှ မပြုလုပ်ခဲ့ပါဘူး။

တစ်စုံတစ်ယောက်အတွက် အဲဒီအရာက အသုံးမဝင်ဖူးဆိုရင်တောင်မှ စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ လေလံတင်လိုက်ရင် ကောင်းကင်ထိမြင့်မားတဲ့ ဈေးနှုန်းကို သေချာပေါက် ရရှိလိမ့်မှာပါ။

လင်းဟန်က အတော်လေး မထင်မရှားဖြစ်နေပြီး ကောင်းကင်ပိုးချည်နန်းတော်ရဲ့ အသေခံတပ်သားတွေ ကြားထဲမှာ ပုန်းကွယ်နေခဲ့ပါတယ်။ သူက နေ့တိုင်း ကျင့်ကြံနေခဲ့ပြီး အစီအရင်တွေနဲ့ ဓားလမ်းကြောင်းတွေအပေါ် တွေးတောနားလည်လာခဲ့ပါတယ်။ ကောင်းကင်နဲ့ ကမ္ဘာကြီးရဲ့ လမ်းကြောင်းတွေအကုန်လုံးက ဆက်စပ်နေပြီး နှိုင်းယှဉ်စဉ်းစားခြင်းဖြင့် ဓားချီအလင်း ရှစ်ခုဖြစ်ပေါ်မှုကို သဘောပေါက်နားလည်နိုင်စွမ်းတွေ ရရှိခဲ့ပါတယ်။ အဲဒီအကျိုး ကျေးဇူးတွေကို သတိထားမိပြီးတဲ့နောက် သူ့ကို ယုံကြည်မှုအပြည့် ဖြစ်နေစေခဲ့ပါတယ်။

ယိုဟိုင်ယွဲ့က အသက် နှစ်ဆယ်လေး နှစ်ဆယ့်ငါး ရှိပေမဲ့ ဓားချီအလင်း ကိုးခုဖွဲ့စည်းခဲ့ပါတယ်။ အဲဒီထက် ပိုပြီးတောင်မှဖြစ်နိုင်ပြီး လင်းဟာန်ကို ရောမဖိအားတွေ ပေးနေခဲ့ပါတယ်။

စီနီယာမျိုးဆက်တွေ အကုန်လုံး ရောက်လာခဲ့ပါပြီ။ ပါရမီစာရင်းဝင် လူငယ်တွေကတော့ အာရုံစိုက် သတိပြုမှုတွေကို ထပ်မရှာနိုင်တော့ပေမဲ့ ကျူးရှမ်အာကတော့ တောက်ပတဲ့ လမင်းတစ်စင်းလို ဖြစ်နေတုန်းပဲဖြစ်ပါတယ်။ သူမ ဘယ်နေရာကိုပဲ လျှောက်သွားသွား ရုတ်ရုတ်သဲသဲ ဖြစ်သွားလိမ့်မှာဖြစ်ပြီး မရေတွက်နိုင်တဲ့ လူတွေရဲ့ ဝန်းရံခြင်းကို အမြဲခံနေ ရပါတယ်။

တောင်ကြားချိုင့်ဝှမ်း အတွင်းပိုင်းမှာတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး ရှိနေပါတယ်။ တောင်ရဲ့ဥမင် အတွင်းပိုင်းမှာတော့ သားရဲတစ်ကောင်က စောင့်ကြည့်နေတုန်း ဖြစ်ပြီးတော့ လမ်းကြောင်းကို ပိတ်ဆို့ထားပါတယ်။ ဒီနေ့အချိန်ထိ ဘယ်သူမှ မစွန့်စားရဲသေးပါဘူး။

ဘာကြောင့်လဲဆိုရင် အဲဒီသားရဲက သားရဲတွေအကြားက

ဘုရင်တစ်ပါးဖြစ်တဲ့ ရွှေရောင် သွေးနတ်ဆိုးမျောက်ဝံ ဖြစ်နေတာကြောင့်ပါ။

ပန်ဖူးအဆင့် အလှ္ဘာကိုးမှာရှိပြီး သားရဲတွေကြားထဲက ဘုရင်တစ်ပါးကို သားရဲရဲ့ အံ့သြဖွယ် ခွန်အားနဲ့ ဆုံးဖြတ်ပါတယ်။ ဒါအပြင် ဒီနေရာမှာရှိတဲ့ သားရဲတွေရဲ့ စိတ်နေစိတ်ထားကို ဖရိုဖရဲသိုင်းဆန္ဒတွေက အကျိုးသက်ရောက်နေခဲ့ပါတယ်။ တစ်ကောင်ချင်းစီတိုင်းက သတ်ဖြတ်ဖို့ကိုပဲ သိကြတာကြောင့် ရွှေရောင် သွေးနတ်ဆိုး မျောက်ဝံကို ပိုပြီး ကြောက်ရွံ့ဖွယ် ကောင်းစေခဲ့ပါတယ်။

လက်ရှိမှာ ပန်းဖူးအဆင့် လက်ရွေးစင်တွေ အတော်များများ ရှိနေကြပေမဲ့ အလှ္ဘာကိုးကို ရောက်တဲ့သူတွေကတော့ အများကြီး မရှိပါဘူး။ တကယ်လို့ သူတို့တွေ ဆယ်ယောက် ဒါမှမဟုတ် အယောက်နှစ်ဆယ် ပူးပေါင်းခဲ့ရင်တောင်မှ အဲဒီ နတ်ဆိုးမျောက်ဝံရဲ့ ပြိုင်ဘက်တောင် ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သေဆုံးဖို့ အတော်လေး မြင့်မားတဲ့ အခွင့်အလမ်းတစ်ခုကို သယ်ဆောင်ထားတဲ့ အဲဒီ ဆိုးယုတ်ရက်စက်တဲ့အရာနဲ့ တိုက်ခိုက်ဖို့ လူတိုင်းက စောင့်ဆိုင်းနေခဲ့ကြပါတယ်။ သူတို့က ပိုပြီး

သေချာမှုရှိလေလေ အခွင့်အလမ်း ပိုကောင်းလေလေဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒါက သိပ်ကြာတော့မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လူတွေကို ရူးသွပ်စေတဲ့ နတ်ဆိုးချီတွေက သတ်ရှိတွေရဲ့ စိတ်တွေကို လွှမ်းမိုးလာခဲ့တာကြောင့်ပါ။ အဲဒါက ဘယ်သူမှ မဖြစ်ချင်ကြတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

အခု အဲဒီစွမ်းအားပြည့်လူတွေက စေ့စပ်ဆွေးနွေးနေခဲ့ကြပါတယ်။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရရှိတဲ့သူက အခြားသူတွေနဲ့အတူ ဖြေရှင်းဖို့ ထုတ်ယူပြီး အပ်နှင်းရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရမှာလဲ။ ဒါ့အပြင် ရွှေရောင် သွေးနတ်ဆိုးမျောက်ဝံက ဘုရင်အဆင့် ဖြစ်တာကြောင့် သူ့ရဲ့ အသွေး၊ အသား၊ အရေ၊ သားမွေးနဲ့ အရိုးတွေအကုန်လုံးက အလွန့်အလွန် တန်ဖိုးရှိပါတယ်။ ဒါကြောင့် အဲဒါတွေကို ဘယ်လို ဝေမှာလဲ။

အဲဒီနေ့ရက်တွေမှာ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီးတော့ လေလံပွဲကျင်းပနေသလိုမျိုး ခေါက်တုံ့ခေါက်ပြန် ငြင်းခုံဆွေးနွေးခဲ့ကြပါတယ်။ အင်းအားစုတစ်ခုစီတိုင်းက

အကြီးမားဆုံး အကျိုးကျေးဇူးကို လက်ခံရရှိဖို့ အသေးငယ်ဆုံး တန်ကြေးကိုသာ ပေးချင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ လူတွေများပြားလွန်းပြီး အဆုံးမရှိတဲ့ ညီလာခံကြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း နှစ်ရက်ကြာပြီးတဲ့နောက်မှာ ရွှေရောင် သွေးနတ်ဆိုးမျောက်ဝံက တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။

ရွှေရောင် သွေးနတ်ဆိုးမျောက်ဝံက ပေသုံးဆယ်ရှည်လျားပြီး နှစ်ပေထိ ရောက်ရှိတဲ့ အနီရောင် သားမွေးတွေနဲ့ အပြည့်ဖုံးလွှမ်းနေခဲ့ပါတယ်။ အဲဒီသားမွေးတွေက တောင်ကြားချိုင့်ဝှမ်းရဲ့ လေပြေအောက်မှာ နူးညံ့စွာ ယိမ်းနွဲ့နေခဲ့ပါတယ်။ သူ့ရဲ့လက်သည်းတွေက တုန်လှုပ်ချောက်ချားဖွယ် ရှည်လျားပြီး လက်သည်းတစ်ခုစီတိုင်းက သုံးပေထိ ရောက်ရှိပါတယ်။ ထက်ရှတဲ့ လှံတံအဖြစ် ၎င်းရဲ့ ဝင်းလက်နေတဲ့ ပုံပန်းတစ်ခုထဲနဲ့တင် လူတွေကို ကြောက်ရွံ့စေပါလိမ့်မယ်။

ဒီသားရဲက ဘုရင်အဆင့်သားရဲဖြစ်ပြီး ပန်းဖူးအဆင့် အလွှာကိုးလောက်ထိ သန်မာပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ် ပထမအလွှာကို ယှဉ်နိုင်တဲ့ အတော်လေး

ထိတ်လန့်ကြောက်ရွံ့ဖွယ် တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။ ပန်ဖူးအဆင့် လက်ရွေးစင်တွေ အများကြီးတောင်မှ တိုက်ပွဲကို အလွယ်တကူ မစဝံ့ကြပါဘူး။

ပန်းဖူးအဆင့်အောက်က လူတွေအကုန်လုံးက ခြေထောက်တွေ ပျော့ခွေကျလာပြီး မြေပြင်ပေါ်သို့ လဲကျလုနီးပါး ဖြစ်နေခဲ့ပါတယ်။ အဲဒီအရာရဲ့ တည်ရှိမှုက ကြောက်မက်ဖွယ် ကောင်းလွန်းလှပါတယ်။ ဖန်းယန် မော်အမိန့်စာလွှာကို ဆွဲထုတ်လိုက်တုန်းက စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်တွေအကုန်လုံး ကြက်သေသေသွားခဲ့ပါတယ်။ အခု ဒီနတ်ဆိုးမျောက်ဝံကလည်း တူညီတဲ့ ခွန်အားရှိနေခဲ့ပါတယ်။

ဒါပေမဲ့ ကျူးရွှမ်အာနဲ့ ရှန်းဇောင်ချန်တို့လို လူအနည်းငယ်ကတော့ ခြွင်းချက်ပဲ ဖြစ်ပါတယ်။ လူတွေသတိမပြုမိတဲ့ လင်းဟာန်လို ချာတိတ် အနည်းငယ်ကလည်း အမှန်တကယ်ပဲ တည်ရှိမှုကို ခုခံနိုင်ခဲ့ပါတယ်။

အဲဒီချာတိတ်တွေက လူသားတွေကြားထဲမှာ ဘုရင်တွေပဲ ဖြစ်ပါတယ်။ သူတို့တွေက ငယ်ရွယ်ပြီး မရင့်ကျက်သေးဘူးဆိုပေမဲ့ ငယ်ရွယ်တဲ့

ဘုရင်တစ်ပါးကလည်း ဘုရင်တစ်ပါးဖြစ်နေတုန်းပါပဲ။ ဒါကြောင့် အခြားဘုရင်တစ်ပါးဆီမှာ သူတို့ရဲ့ ဦးခေါင်းတွေကို နှိမ့်ပြီး ဘယ်လိုလုပ် ဒူးထောက်နိုင်ပါ့မလဲ။

လင်းဟန်က ထင်ပေါ်မနေချင်ခဲ့ပါဘူး။ ဒါကြောင့် ဟူးညီကို မြေပြင်ပေါ်မှာ ထိုင်ဖို့ ဆွဲလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းက မြေပြင်ပေါ်မှာ ထိုင်နေခဲ့ကြပြီး သူတို့တွေရဲ့ အမြင်ကို ပိတ်ဆို့ထားတဲ့ လူတွေနဲ့ပတ်သက်ပြီး စိုးရိမ်စရာ မလိုပါဘူး။ ဒါအပြင် ဒီနတ်ဆိုးမျောက်ဝံက ပေသုံးဆယ်ကျော်ရှည်လျားတာကြောင့် ပစ်မှတ်က ထင်ရှားလွန်းပါတယ်။

"သတ်။ သတ်။"

နတ်ဆိုးမျောက်ဝံက အမှန်တကယ်ပဲ လူသားတွေရဲ့စကားကို သွားရေတွေကျလျှက် ပြောလိုက်ပါတယ်။ သူ့ရဲ့မျက်လုံးတွေက နီရဲနေပြီး ရက်စက်မှုတွေ့နဲ့ ပြည့်နှက်နေပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ချက်ချင်းစတင်လိုက်ပါတယ်။

သူ့ရဲ့နတ်ဆိုးလက်သည်းတွေကို ဝှေ့ယမ်းလိုက်တဲ့ အခါမှာ ပြင်းထန်တဲ့ ချီအလင်းငါးခု ပစ်ထွက်သွားပြီး

ပေသုံးသောင်းရှည်လျားတဲ့ တိုက်ခိုက်မှုတွေအဖြစ်သို့ ပြောင်းသွားခဲ့ပါတယ်။ ပြင်းထန်တဲ့ချီတွေက ရိုက်ခတ်သွားပြီး မြေပြင်ပေါ် ထိုင်နေတဲ့သူတွေ၊ လဲလျောင်းနေတဲ့သူတွေ ဒါမှမဟုတ် ဒူးထောက်နေတဲ့သူတွေက သွေးချောပေါက် နှစ်ပိုင်းကွဲထွက်သွားခဲ့ပါတယ်။

"ရပ်လိုက်စမ်း"

မျောက်ဝံရဲ့တိုက်ခိုက်မှုတစ်ခုနဲ့အတူ အဲဒီပန်းဖူးအဆင့် လက်ရွေးစင်တွေက ဒီထက်ပို ထိုင်မနေနိုင်တော့ပါဘူး။ နတ်ဆိုးမျောက်ဝံကို တစ်ယောက်ပြီး တစ်ယောက် တိုက်ခိုက်လိုက် ကြပါတယ်။ ဒီနေရာမှာ အသေခံတပ်သားတွေပဲ ရှိနေခဲ့တာ မဟုတ်ပါဘူး။ သူတို့ရဲ့တပည့်တွေပါ ရှိနေခဲ့တာပါ။ တကယ်လို့ သူတိုအကုန်လုံး ဒီနေရာမှာ သေသွားခဲ့ရင် ဆုံးရှုံးမှုက ကြီးမားလွန်းသွားပါလိမ့်မယ်။

တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး..။ လင်းဟာန်က ပန်းဖူးအဆင့် စစ်သည် စုစုပေါင်း သုံးဆယ့်လေးယောက်ကို ရေတွက်လိုက်ပါတယ်။ သူတို့တွေထဲမှာ သုံးယောက်က အလွှာကိုးကို ရောက်နေခဲ့ပြီး ငါးယောက်က အလွှာရှစ်၊ ကိုးယောက်က အလွှာခုနှစ် အသီးသီးရှိကြပါတယ်။

အလွှာခုနစ်အောက်က သူတွေကတော့ အမှန်တကယ်ပဲ အရေးပါမှုအနည်းငယ်ကိုသာ ဆုပ်ကိုင်ထားခဲ့ပါတယ်။ ဘုရင်အဆင့်ကို တိုက်ခိုက်ရာမှာ သူတို့က အများဆုံး ဟန့်တားရုံသာ တတ်နိုင်မှာဖြစ်ပြီး ထိပ်တိုက်တိုက်ခိုက်ဖို့ စွမ်းရည်တော့ လုံးဝမရှိပါဘူး။

လင်းဟန်လို စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုး လက်ရွေးစင်တွေ အယောက်တစ်ရာ လာခဲ့ရင်တောင်မှ သူတို့တွေအကုန်လုံး အလွယ်တကူ ချက်ချင်း အသတ်ခံရလိမ့်မှာ မဟုတ်ပါလား။

ပုန်း ပုန်း ပုန်း ပုန်း

ကြီးကျယ်တဲ့ တိုက်ပွဲကြီးက စတင်ခဲ့ပြီး နတ်ဆိုးမျောက်ဝံက လူတွေ တစ်ပုံတစ်ခေါင်းကြီးကို တစ်ကောင်ထဲနဲ့ တိုက်ခိုက်နေခဲ့ပေမဲ့ လက်ဦးမှု ရရှိနေတုန်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့နတ်ဆိုး လက်သည်းတွေကို ဝှေ့ယမ်းလိုက်တာနဲ့ လက်သည်းတိုင်းက ပြင်းထန်တဲ့ ချီတွေနဲ့အတူ တိုက်ခိုက်လိုက်ပြီး ပန်းဖူးအဆင့် လက်ရွေးစင်တွေကို နေရာအနှံ့ကို ရှောင်တိမ်းဖို့ ဖိအားပေးခဲ့ပါတယ်။

သားရဲတွေကြားထဲက ဘုရင်တစ်ပါးက အမှန်တကယ်ပဲ

စွမ်းအားကြီးလှပါတယ်။

အပိုင်း (၄၁၀) အရှုံးမဟုတ်ဘူး

နတ်ဆိုးမျောက်ဝံက သူ့ရဲ့လက်တွေကို ဝှေ့ယမ်းလိုက်ရာ သူ့ရဲ့လက်ချောင်းဆယ်ချောင်းနဲ့အတူ ရပ်တန့်မရနိုင်တဲ့ အဖျက်စွမ်းအားတွေနဲ့ ပြည့်နှက်နေတဲ့ လေးနက်သောချီအလင်းတွေက သိမ်းကြုံးရိုက်ခတ်သွားပါတယ်။ အနည်းဆုံးတော့ အဲဒါက ပန်းဖူးအဆင့်မှာ မဖျက်စီးနိုင်လုနီးပါး စွမ်းအားပဲ ဖြစ်ပါတယ်။

ပန်းဖူးအဆင့် လက်ရွေးစင်တွေက ရိုက်ထုတ်ဖို့ သူတို့ရဲ့ စိတ်ဝိညာဉ်လက်နက်တွေကို ထုတ်ယူလိုက်ပေမဲ့ အဆင့်မြောက် စိတ်ဝိညာဉ်လက်နက်တွေတောင်မှ ပွန်းပဲ့ရာတွေနဲ့ ကျန်ခဲ့ပါတယ်။ အဲဒါကို မြင်လိုက်တဲ့အခါ အံ့အားသင့်မှုကြောင့် သူတို့တွေ ပင့်သက်ရှိုက်လိုက်မိပါတယ်။ စိတ်ဝိညာဉ်လက်နက်တွေတောင် နတ်ဆိုးမျောက်ဝံရဲ့ လက်သည်းတွေနဲ့ အခြစ်ခံခဲ့ရရင် သူတို့ကိုသာဆိုရင် ချက်ချင်း နှစ်ပိုင်းဖြတ်သွားနိုင်တယ် မဟုတ်ပါလား။

တကယ်လို့ သူတို့ရဲ့ ခန္ဓာကိုယ်တွေသာ အခြစ်ခံရမယ်ဆိုရင်

ခုခံကာကွယ်ဖို့ မူလစွမ်းအားကိုတောင်မှ အသုံးပြုရလိမ့်မှာလား။

အဲဒီအတွေးတွေ မြင့်တက်လာစဉ်မှာ ပန်းဖူးအဆင့် အလွှာကိုး လက်ရွေးစင်တွေတောင်မှ မျောက်ဝံရဲ့ တိုက်ခိုက်မှုတွေကို တိုက်ရိုက်မရင်ဆိုင်ရဲတော့ပဲ ပတ်ပတ်လည်မှာ ထိန်းသိမ်းနေခဲ့ပါတယ်။ ဘယ်သူမှ ရှေ့တန်းမှာ နေရာမယူရဲကြတာကြောင့် နတ်ဆိုးမျောက်ဝံက လွတ်လပ်စွာ သွားလာနေခဲ့ပြီး သူ့ရဲ့ရက်စက်တဲ့အင်းအားတွေကို အပြည့်အဝ ပြသနေခဲ့ပါတယ်။

နတ်ဆိုးမျောက်ဝံကြီးရဲ့ ကိုယ်လုံးကိုယ်ပေါက်က ထူးထူးကဲကဲ ကြီးမားပေမဲ့ သူ့ရဲ့လှုပ်ရှားမှုကတော့ အတော်လေး သွက်လက်ပြီး လှည့်ဖျားနိုင်လောက်အောင် မြန်ဆန်ပါတယ်။ ရုတ်တရက် ဘယ်ဘက်ရောက်သွားလိုက်၊ နောက်ညာဘက်ရောက်သွားလိုက်၊ ရုတ်တရက်ပဲ အရှေ့ရောက်သွားလိုက်၊ အနောက်ရောက်သွားလိုက်နှင့် လှုပ်ရှားမှုတွေက အတော်လေး ထူးဆန်းပါတယ်။ နတ်ဆိုးမျောက်ဝံက သွက်လက်မှုအမျိုးအစား သားရဲတစ်ကောင်နဲ့ လုံးဝ တူညီနေခဲ့ပါတယ်။

ဒါပေမဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေက သွက်လက်မှုအမျိုးအစား သားရဲတစ်ကောင်မှန်း အမှန်တကယ် တွေးလိုက်မိတဲ့အခါ နတ်ဆိုးမျောက်ဝံက လူတစ်ယောက်ထဲကိုပဲ ပစ်မှတ်ထားပြီးတော့ ပြင်းထန်တဲ့ တိုက်ခိုက်မှုကို ထုတ်လွှတ်လိုက်ပါတယ်။ ပစ်မှတ်ထား ခံရတဲ့လူက ပန်းဖူးအဆင့် ဒုတိယအလွှာမှဖြစ်ပြီး သူ့ရဲ့ခွန်အားက နတ်ဆိုးမျောက်ဝံနဲ့ နှိုင်းယှဉ်ဖို့ အလွန့်အလွန် ကွာခြားနေတာကြောင့် သူ့မျက်နှာက အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။

လူတိုင်းက လျင်မြန်စွာ သူ့ကို ကယ်တင်ဖို့ ကြိုးစားလိုက်ကြပေမဲ့ နတ်ဆိုးမျောက်ဝံရဲ့ ပုံရိပ်က ခြယ်လှယ်လွန်းနေခဲ့ပါတယ်။ စိတ်ဝိညာဉ်လက်နက်တွေက ထုတ်လွှတ်တဲ့ ဓားချို၊ ဆေဘာချိုနဲ့ အခြားအလားတူချိုတွေက အဲဒီအကွာအဝေးကနေ သူ့ကို လုံးဝ အန္တရာယ်မပေးနိုင်ခဲ့ရုံမက အမွေးတစ်ချောင်းတောင် မဖြတ်နိုင်ခဲ့ပါဘူး။

အဲဒီလိုနည်းလမ်းနဲ့ အောင်မြင်ဖို့ လမ်းစမရှိနိုင်ပါဘူး။ ဒါကြောင့် သူတို့ တရစက် တိုက်ခိုက်ရပါမယ်။ နတ်ဆိုးမျောက်ဝံက ဘယ်လိုပဲဖြစ်ဖြစ် ပန်းဖူးအဆင့် စစ်သည်တွေကို ပစ်မှတ်ထားနေခဲ့တာကြောင့်

သူတို့အဖြစ်က ရှေ့တန်းတတ်ပြီး ထိန်းချုပ်နေတာနဲ့ မထူးတော့ပါဘူး။ ဒါကြောင့် သူတို့တွေက အနီးကပ်တိုက်ပွဲကို မကြောက်ကြတော့ပါဘူး။

"သတ်"

"သတ်"

နတ်ဆိုးမျောက်ဝံက ရုတ်တရက် သူ့ခေါင်းကိုလှည့်လိုက်ပြီး လူအုပ်ကြီးကို တိုက်ခိုက်လိုက်ပါတယ်။

အမှောင်နတ်ဆိုး တောအုပ်က ထိတ်လန့်ဖွယ်ရာ တည်ရှိမှုတွေနဲ့ ပြည့်နှက်နေတာကို လူတိုင်းသိရှိကြပြီး လူပဲဖြစ်ဖြစ်၊ သားရဲပဲဖြစ်ဖြစ် အချိန်ပိုကြာကြာနေလေလေ အကုန်လုံးက ရူးသွပ်ပြီး သွေးဆာလာလိမ့်မှာ ဖြစ်ပါတယ်။ အဲဒါက အဖျက်စွမ်းအားကို တိုးတက်စေရုံသာမက ဉာဏ်ရည်ကိုလည်း အကျိုးသက်ရောက်စေတာ သံသယရှိစရာမလိုပါဘူး။

အရိုးသားဆုံးပြောရရင် လူတစ်ယောက်ရဲ့ အသိဉာဏ်ကို ဆုံးရှုံးတာပဲဖြစ်ပြီး တိုက်ပွဲစွမ်းအား အကန့်အသတ်က လူတစ်ယောက်က လက်တွေ့မှာ ဘယ်လောက်ပဲ

သန်မာနေပါစေ အကန့်အသတ်နဲ့သာ ထုတ်လွှတ်နိုင်ပါလိမ့်မယ်။

ဒါက လူအုပ်ကြီးက နတ်ဆိုးမျောက်ဝံကို ဘက်ပေါင်းစုံက ဘာကြောင့်တိုက်ခိုက်ရဲရတာလဲဆိုတဲ့ အဓိကအကြောင်းပြချက် ဖြစ်ပါတယ်။

ဒါပေမဲ့ဒီလို လူအုပ်စုလိုက်ကြီးက နတ်ဆိုးမျောက်ဝံရဲ့ လှည့်စားခြင်းကို ခံရလိမ့်မယ်လို့ ဘယ်သူထင်ထားခဲ့လိမ့်မှာလဲ။ ထိုမျောက်ဝံက သူတို့ရဲ့ အာရုံစူးစိုက်မှုကို လမ်းလွှဲပြီးမှ သူ့ရဲ့စွမ်းအားကို ထုတ်လွှတ်ခဲ့တာပါ။ အမှန်တကယ်ပဲ အဲဒီမျောက်ဝံက သတ်ဖြတ်ဖို့ တစ်ခုထဲကိုသာသိတဲ့ ရက်စက်တဲ့ သတ္တဝါတစ်ကောင်ရော ဟုတ်ရဲ့လား။

"မကောင်းတော့ဖူး"

ပန်းဖူးအဆင့် လက်ရွေးစင်တွေရဲ့ အမူအယာတွေက အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။ အရေအတွက်အားဖြင့် သူတို့အသာရပေမဲ့ ပန်းဖူးအဆင့် အလွှာကိုးမှ သားရဲဘုရင်တစ်ပါးကို ထိတ်တိုက်တိုက်ခိုက်ပြီး သူတို့အမှန်တကယ်ပဲ တားဆီးနိုင်ပါ့မလား။

နောက်ဆုံးတော့လည်း သူတို့တွေက ပန်းဖူးအဆင့် အလွှာကိုး လက်ရွေးစင်သုံးယောက်ပဲ ရှိနေခဲ့တာပါ။

အဲဒီအချိန်မှာ ပန်းဖူးအဆင့် အလွှာကိုးမှ စစ်သည်သုံးယောက်က ပထမဆုံး နောက်ပြန်ဆုတ်လိုက်ကြပြီး သူတို့နောက်မှာတော့ ပန်းဖူးအဆင့် အလွှာရှစ်၊ အလွှာခုနစ်တို့ အသီးသီး နောက်ဆုတ်လိုက်ကြပါတယ်။ သူတို့ရဲ့အဆင့် ပိုမြင့်လေလေ သူတို့ရဲ့ကိုယ်ပိုင်စွမ်းအားတွေအပေါ် ပိုပြီးထိန်းချုပ်နိုင်လေလေ ဖြစ်ပါတယ်။

နတ်ဆိုးမျောက်ဝံက ထူးထူးဆန်းဆန်း ရယ်မောလိုက်ပါတယ်။ သူ့ရဲ့လက်တွေကို ဆန့်ထုတ်လိုက်ပြီး ပန်းဖူးအဆင့် လက်ရွေးစင်တွေ တစ်ယောက်ချင်းစီကို လွယ်ကူစွာ ဖမ်းလိုက်ပါတယ်။

မျောက်ဝံက ဘုရင်အဆင့်ဖြစ်ပြီး ပန်ဖူးအဆင့် အလွှာကိုးက ပန်းဖူးအဆင့် အလွှာငါးကို တိုက်ခိုက်တာဖြစ်ပါတယ်။ အဲဒါက သိသာထင်ရှားတဲ့ ရလဒ်တစ်ခုပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ခေါင်းတွေထဲမှာ ပြေးဖို့ဆိုတဲ့အတွေးတွေပဲ ဘာလို့ ပြည့်နေခဲ့တာလဲ။

"ငါ့ကို ကယ်ပါ"

"ငါ့ကို ကယ်ကြပါ"

ဖမ်းဆီးခံရတဲ့ ပန်းဖူးအဆင့် လက်ရွေးစင် နှစ်ယောက်က အသည်းအသန် ရုန်းကန်လှုပ်ရှားရင်း သူတို့ရဲ့ သိုင်းဆန္ဒတွေက ပြန်ကျဲလာတာကြောင့် ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်တွေပေါ်မှာ အဆုံးမရှိတဲ့ သွေးကြောတွေ ပြန့်ကျဲနေပြီး အံ့အားသင့်ဖွယ် ကောင်းလောက်အောင် တောက်ပမှုတွေနဲ့ ဖုံးအုပ်နေခဲ့ပါတယ်။ ပျက်စီးနေတဲ့ သွေးကြောတစ်ခုဆီက စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်အဖွဲ့ကြီးကို မျိုးဖြုတ်ဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ သူတို့တွေက အခုနတ်ဆိုးမျောက်ဝံရဲ့ ထိန်းချုပ်မှုမှ မလွတ်နိုင်ခဲ့ပါဘူး။

ဘုရင်အဆင့် သားရဲတစ်ကောင်ရဲ့ အင်အားကို အပြည့်အဝ ပြသနေခဲ့ပြီပဲ ဖြစ်ပါတယ်။

နတ်ဆိုးမျောက်ဝံက ထိုလူနှစ်ယောက်ကို ပေါက်ကွဲသွားစေရန် လက်နှစ်ဖက်လုံးမှာ အင်အားတွေကို အသုံးချနေခဲ့ပါတယ်။ ကြောက်မက်ဖွယ် စွမ်းအား လှိုင်းလုံးကြီးတစ်ခုဟာ ကောင်းကင်နဲ့မြေပြင်ကို ဖြတ်ပြီး

ဟိန်းထွက်သွားပါတယ်။

သိုင်းပညာရှင်တွေရဲ့ ကျင့်ကြံခြင်းက မီးပြင်းဖိုတစ်လုံးအဖြစ် မိမိကိုယ်ကို သဘောထားပြီး မွမ်းမံရတာနဲ့ တူညီပါတယ်။ အထူးသဖြင့် ပန်းဖူးအဆင့်ဆီသို့ တိုးတက်ပြီးနောက် ခန္ဓာကိုယ်ထဲမှာပါဝင်တဲ့ စွမ်းအားတွေက ကမ္ဘာမြေကို တုန်လှုပ်စေပြီး အတော်လေး ထိတ်လန့်ဖွယ်ကောင်းပါတယ်။ အခုအဲဒါက ကွဲကြေသွားခဲ့ပါပြီ ထိတ်လန့်တုန်လှုပ်ဖွယ် စွမ်းအားတွေက ထိန်ချုပ်မှု ကင်းမဲ့သွားတာကြောင့် သဘာဝကျစွာပဲ အံ့အားသင့်ဖွယ် ဖြစ်နေခဲ့ပါတယ်။

နတ်ဆိုးမျောက်ဝံက အနည်းငယ်လေးတောင်မှ ကြောက်ရွံ့မနေခဲ့ပါဘူး။ အဲဒီအစား သူ့ရဲ့ပါးစပ်ကိုဖွင့်လိုက်ပြီး ပန်းဖူးအဆင့် စစ်သည်နှစ်ယောက်ကို ပစ်ထည့်လိုက်ပါတယ်။ အကြိမ်းအနည်းငယ်လောက် ဝါးမြုံပြီးတဲ့နောက်မှာ သူတို့တစ်ကိုယ်လုံးကို မြိုချလိုက်ပါတယ်။

အဲဒါကို မြင်တဲ့အခါ လူတိုင်း အသက်ရှုကျပ်သွားပါတယ်။

လူသားတွေနဲ့ သားရဲတွေကြားထဲမှာ တစ်ဦးကိုတစ်ဦး ဝါးမြိုစားသောက်ကြတဲ့ ဆက်ဆံရေး ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် နှစ်ဖက်လုံးက အခြားတစ်ဖက်ကို အကျိုးကျေးဇူး ကြီးကြီးမားမား ရရှိစေတဲ့ အသားတွေနဲ့ ဖွဲ့စည်းထားတာကြောင့် အပြန်အလှန် စားသောက်နေကြတာ သာမန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူသားတွေဘက်ကကြည့်ရင် သူတို့နဲ့ မျိုးနွယ်တူတစ်ယောက် အစားခံရတာကို မြင်တဲ့အခါ ကြီးကြီးမားမား အကျိုးသက်ရောက်မှု ရှိနေတုန်းပဲ ဖြစ်ပါတယ်။

ဒါအပြင် အဲဒီလူနှစ်ယောက်က ပန်းဖူးအဆင့် လက်ရွေးစင်တွေ ဖြစ်ပါတယ်။ ဘယ်အဖွဲ့က သူတို့ကို ပိုင်ဆိုင်တာပဲဖြစ်ဖြစ် အဲဒါက သည်းမခံနိုင်လောက်တဲ့ ဆုံးရှုံးမှု တစ်ခုပဲ ဖြစ်ပါတယ်။

ပန်းဖူးအဆင့် စစ်သည်နှစ်ယောက်ကို စားသောက်ပြီးတဲ့နောက်မှာ နတ်ဆိုးမျောက်ဝံရဲ့ အနီရောင် မျက်လုံးတွေက ပိုပြီးတောင်မှ တောက်ပလာခဲ့ပြီး သေးငယ်တဲ့ နေနှစ်စင်းနဲ့တောင် တူနေခဲ့ပါတယ်။ သူက ကမ္ဘာကိုတောင် တုန်လှုပ်စေတဲ့ သတ်ဖြတ်ခြင်း စိတ်ဆန္ဒတွေနဲ့ လူတိုင်းကို နောက်တစ်ကြိမ် စိုက်ကြည့်လိုက်ပါတယ်။

လင်းဟန် သူ့ခေါင်းကို ကျိတ်ပြီးခါလိုက်ပါတယ်။ လူသားသိုင်းပညာရှင်တွေက သူတို့ရဲ့ကိုယ်ပိုင် ရည်ရွယ်ချက်တွေကို ဆက်ပြီး ကျိတ်တွေးနေခဲ့မယ်ဆိုရင် သူတို့တွေက နတ်ဆိုးမျောက်ဝံရဲ့ လက်ချက်ဖြင့် တခြားစီပဲ ဖျက်ဆီးခံရလိမ့်မှာပါ။ ဒါအပြင် နတ်ဆိုးမျောက်ဝံက ပန်းဖူးအဆင့် အထွတ်အထိပ်မှာ ရှိနှင့်နေခဲ့တာဖြစ်ပြီး သူက နောက်ထပ် ပန်းဖူးအဆင့်သိုင်းပညာရှင် ဆယ်ယောက်ကိုသာ ထပ်စားလိုက်ပါက သူအဆင့်တက်သွားနိုင်ပါတယ်။

အပိုင်း(၄၁၁) ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးအား ရရှိခြင်း

ရွှစ်

ပြင်းထန်တဲ့ ချီတစ်ခုက တောင်ကြားရဲ့ အပြင်ဘက်ကနေ ကြောက်မက်ဖွယ်ရာကောင်းပြီး ပေတစ်ထောင်လောက် ရှည်လျားတဲ့ ထက်မြက်တဲ့ ဓားသွားတွေ ပုံစံကို ပြောင်းလဲပြီးတော့ လှီးချလာပါတယ်။

လူတိုင်း ထိတ်လန့်တုန်လှုပ်သွားကြပါတယ်။ အင်အားပြင်းထန်တဲ့ချီက ရှည်လျားလွန်းပြီး ဘယ်၊ ညာ

ဒါမှမဟုတ် အပေါ်ကို ခုန်တက်ပြီးတောင်မှ ရှောင်တိမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီချီကို နတ်ဆိုးမျောက်ဂံက ထုတ်လွှတ်တိုက်ခိုက်လိုက်တာ ဖြစ်ပြီးတော့ စိတ်ဂိုညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဂိုညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေ အနေနဲ့တော့ ဒီကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ချီစွမ်းအားနဲ့ ထိပ်တိုက်တွေ့ဆုံမိလိုက်ရင် အပိုင်းအပိုင်း ပြတ်ထွက်သွားမယ်ဆိုတာ သေချာပါတယ်။

"ကျင်းတူးကြ"

လူတစ်ယောက်က ချက်ချင်းပဲ မြေပြင်ကို အရှူးအမူးနဲ့ တိုက်ခိုက်လိုက်ပါတယ်။
ကမ္ဘာကြီးရဲ့အကာအကွယ်အကြောင်း
ဆိုရိုးစကားတစ်ခုရှိပါတယ်။ ရွှံ့နွံထဲမှာ ပုန်းကွယ်နေခြင်းက သူတို့တွေကို ကပ်သီးလေး လွတ်မြောက်သွားစေဖို့ ကူညီပေးနိုင်ပါတယ်တဲ့။

လူတိုင်းက လိုက်နာလိုက်ပြီး မြေပြင်ကို အရှူးအမူးကို တိုက်ခိုက်လိုက်ကြပါတယ်။

ဒီနေရာမှာရှိတဲ့လူတွေက အနည်းဆုံး

စိတ်ဝိညာဉ်ပင်လယ်အဆင့်တွေ ဖြစ်တာကြောင့် အပေါက်တစ်ခုဖြစ်အောင် ကြိုးစားအားထုတ်ရတာက အတော်လေးကို လွယ်ကူပါတယ်။ အဲဒီအချိန်ခဏမှာ လူတိုင်းက မြေကြီးတူးနေတဲ့ ကြွက်တွေလိုအဖြစ်ကို ဘဝပြောင်းသွားပြီး မြေတွင်းတွေကိုပဲ အားသွန်ခွန်စိုက် တူးနေခဲ့ပါတယ်။

အင်အားပြင်းထန်သောချီတွေ သိမ်းကြုံးရိုက်ခတ်သွားပါတယ်။ ပုန်း ပုန်း ပုန်း။ ကြောက်မက်ဖွယ် ကောင်းလှတဲ့ ချီတွေက ဖုန်တွေတစ်ထောင်းထောင်း ထသွားအောင်လို့ တောင်နံရံကို လှီးဖြတ်သွားပြီးမှ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း တောင်နံရံတွေက အရမ်းကို တောင့်တင်းခိုင်မာတာကြောင့် နတ်ဆိုးမျောက်ဝံရဲ့ တိုက်ခိုက်မှုက တောင်နံရံတစ်ခုလုံး ပိုင်းဖြတ်မသွားပဲ နက်ရှိုင်းတဲ့ အမှတ်အသားတစ်ခုအဖြစ် ကျန်နေရစ်စေခဲ့ပါတယ်။ ဒါကလည်း တကယ့်ကို အံ့အားသင့်ဖို့ ကောင်းပါတယ်။

တွင်းပေါက်တွေထဲမှာ ပုန်ကွယ်နေကြတဲ့လူတိုင်း အံ့အားသင့်သွားခဲ့ကြပါတယ်။ တွင်းထဲကနေ သူတို့အားလုံးက သွေးတွေဖုံးလွှမ်းပြီးတော့ အော်ဟစ်လိုက်ကြပါတယ်။ အားနည်းလွန်းတဲ့ လူနည်းစုက

သွေးတွေနဲ့ ထိတ်လန့်စရာ ကောင်းနေကြပေမဲ့ လူအများစုကတော့ ကံကောင်းထောက်မစွာ လွတ်မြောက်သွားခဲ့ပါတယ်။

ဉပမာအနေနဲ့ ကျူးရွှမ်အာ၊ တင်းယွမ်ရှင်းနဲ့ အခြားသူတွေဖြစ်ပြီး သူတို့တွေ အကုန်လုံးက လင်းဟန်ဆီသို့ ကြည့်လိုက်ကြပါတယ်။ တွင်းတူးခိုင်းတဲ့ သတိပေးနှိုးဆော်ချက်က လင်းဟန်ဆီကနေ ထွက်လာခဲ့လို့ ဖြစ်ပါတယ်။

လင်းဟန်က အနည်းငယ် ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ဖို့ မလိုပါဘူး"

ဒီနေရာမှာရှိတဲ့ လူအချို့က ရန်သူတွေဆိုပေမဲ့ အဲဒီလူတွေကို သတ်ဖို့ နတ်ဆိုးမျောက်ဝံကို ဗုံးရမ်းအသုံးပြုစရာ မလိုအပ်ပါဘူး။ သူမှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုက အဲဒီလောက်တော့ ရှိသင့်တယ်မလား။ ဒါ့အပြင် အချို့သူတွေက မဆိုးလှပါဘူး။ သူတို့အနေနဲ့ ဒီနေရာမှာ သေသွားခဲ့မယ်ဆိုရင် အတော်လေးကို သနားစရာ ကောင်းသွားပါလိမ့်မယ်။

"မြန်မြန် ထွက်ကြစို့"

ကယ်ဆယ်ခြင်းခံလိုက်ရတဲ့ လူတွေက လင်းဟန်ကို သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူ့ကို ခေါင်းညိတ်ပြလိုက်ကြပြီး တောင်ကြားချိုင့်ဝှမ်းကနေ တစ်ယောက်ပြီး တစ်ယောက် ပြေးထွက်လာခဲ့ ကြပါတယ်။ နတ်ဆိုးမျောက်ဝံရဲ့ တိုက်ခိုက်မှုက ပျံ့နှံ့သွားခဲ့ပြီး သူတို့တွေကို ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားစေခဲ့ပါတယ်။ နောက်ထပ်အကြိမ်အနည်းငယ်ဆို သူတို့တွေကို သေချာပေါက် သတ်သွားပါလိမ့်မယ်။

ဒါ့အပြင် တောင်နံရံတွေက အလွန်ခိုင်ခံ့နေပြီး သူတို့ရဲ့စွမ်းအားတွေနဲ့ လူဖြတ်သွားနိုင်အောင် လမ်းဖောက်လုပ်ဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရယူဖို့ နည်းလမ်းက နတ်ဆိုးမျောက်ဂံကို သတ်ပစ်မှပဲ ရပါတော့မယ်။

ကံကောင်းစွာပဲ သူတို့ရဲ့ အသိအမှတ်ပြုရတဲ့ ကိုယ်ပိုင်ဂျူနီယာလေးတွေ တိုက်ခိုက်မှုတစ်ခုကို ခံရတာကို မြင်လိုက်ရတဲ့အခါ ချိုင်းဝှမ်းအပြင်ဘက်က ပန်းဖူးအဆင့် လက်ရွေးစင်တွေက ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်ဖို့

စတင်လိုက်ပါတယ်။ သူတို့တွေက နောက်ထပ် သေမင်းတမန် လှုပ်ရှားမှုတစ်ခု ထုတ်ဖော်ဖို့ အခွင့်အရေးမရှိအောင် နတ်ဆိုးမျောက်ဝံကို ထိန်းချုပ်လိုက်ကြပါတယ်။

လင်းဟန်က အနီးအနားကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ တောင်ကြားထဲကနေ လူအများစု လွတ်မြောက်သွားတာကို မြင်တဲ့အခါ သူက ဟူးညီကို ပြောလိုက်ပါတယ်။

"ညီးညီး ဝင်လို့ ရနိုင်လား"

ဟူးညီက ထူးခြားတဲ့ လူတစ်ယောက်ဖြစ်ပြီး တခြားသူတွေအတွက် နည်းလမ်းမရှိရင်တောင် သူမမှာ ရှိနိုင်ပါတယ်။

"ညီးညီး ကြိုးစားကြည့်မယ်"

ဟူးညီက လှိုင်ဂူဂင်ပေါက်မှာ ထိုင်ချလိုက်ပြီးတော့ သူမရဲ့ပါးစပ်ကို ဟလိုက်ပြီး ကိုက်လိုက်ပါတယ်။

ရုတ်တရက် ဂျွတ်ခနဲ အသံနဲ့အတူ ဂူဝင်ပေါက်က သွေးကြောနဲ့တူတဲ့ အရောင်တောက်နေတဲ့

မျဉ်းကြောင်းပုံစံတွေက တောက်ပလင်းလက်လို့ လာခဲ့ပါတယ်။ တစ်ကြိမ် ထိလိုက်တာနဲ့ နတ်ဆိုးမျောက်ဝံ ချထားတဲ့ စွမ်းအားပုံစံတွေက အလိုအလျောက် ပေါ်လွင်လာခဲ့ပါတယ်။

ဟူးညိုက အရှုးအမူးကိုပဲ ဘယ်ဘက်ကို ကိုက်လိုက် ညာဘက်ကိုကိုက်လိုက်နဲ့ အနီးမှာရှိတဲ့ သွေကြောပုံစံ မျဉ်းကြောင်းတွေအကုန်လုံးကို စားနေခဲ့ပါတယ်။

ဘယ်လိုတောင်လဲဟ။

လင်းဟန်တောင်မှ ဟူးညိုက သာမန်မဟုတ်ဘူးဆိုတာကို သိနားလည်ထားပေမဲ့ အခုလိုမျိုး ထူးဆန်းမှုက သူရဲ့ပါးစပ်ကို တွန့်သွားပြီးတော့ လက်မခံနိုင်အောင် ဖြစ်သွားတဲ့ ခံစားမှုကိုတောင် ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါက သားရဲတွေကြားထဲက ဘုရင်တစ်ပါးဖြစ်တဲ့ ပန်းဖူးအဆင့် အလွှာကိုး မွန်းစတားတစ်ကောင်ရဲ့ ခုခံကာကွယ်မှု ပုံစံတစ်ခု ဖြစ်နေခဲ့ပေမဲ့ ဟူးညိုက ကိုက်ဖြတ်နေနိုင်တုန်းပဲ ဖြစ်ပါတယ်။ သူ့မဆီမှာ တကယ်ပဲ ဘယ်လိုသွားအမျိုးအစားတွေ ရှိနေရတာလဲ။

ဟူးညို အပေါက်လေးတစ်ခု ကိုက်ဖောက်ပြီးတဲ့နောက်မှာ သူမက တွားဝင်သွားပြီး ချက်ချင်းပြေးထွက်သွားခဲ့ပါတယ်။ သူမက လင်းဟန်ဘာလိုချင်လဲဆိုတာ သိနေခဲ့ပြီး တစ်ခဏအတွင်းမှာပဲ တောင်ရဲ့ဥမင်အတွင်းက ပြန်ပြေးထွက်လာခဲ့ပါတယ်။ သူမက ဂူဝင်ပေါက်မှ တွားထွက်လာခဲ့ပြီး လင်းဟန်ရဲ့ လက်မောင်းဆီသို့ ပစ်ဝင်လိုက်ပါတယ်။ အဲဒီနောက် သူမက ပုလဲလိုအရာကိုးခုကို လင်းဟန်ကိုပေးလိုက်ပါတယ်။

ချက်ချင်းပဲ ပြင်းထန်တဲ့ရနံ့တစ်ခုကို အနံ့ရလိုက်ပါတယ်။ လင်းဟန်ရဲ့ခန္ဓာကိုယ်ပေါ်က အပေါက်တွေအကုန်လုံးက ပွင့်သွားခဲ့ပြီး ပြောမပြတတ်လောက်အောင် သက်တောင့်သက်သာ ဖြစ်သွားစေခဲ့ပါတယ်။

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး။

လင်းဟန်က ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး ကိုးခုကို မြန်မြန်ဆန်ဆန်ပဲ အနက်ရောင်မျှော်စင်ထဲ သို့လှောင်သိမ်းဆည်းလိုက်ပြီး ချိုင့်ဝှမ်းအပြင်ဘက်သို့ ဖြည်းညှင်းစွာ လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့ခန္ဓာကိုယ်ကို အကာအကွယ်တစ်ခုအနေနဲ့

အသုံးပြုခဲ့ပြီး တောင်ကြားချိုင့်ဝှမ်း အထဲ ဟူးညီဝုဝင်သွားခဲ့တာကို ဘယ်သူမှမသိအောင် ကာထားခဲ့ပါတယ်။ မဟုတ်ရင်တောင် ဟူးညီမှာ အဲဒီလို လုပ်နိုင်စွမ်းတွေ ရှိလိမ့်မယ်လို့ ဘယ်သူကများ ထင်လိမ့်မှာလဲ။ ပန်းဖူးအဆင့်တစ်ယောက် ချမှတ်ထားတဲ့ ခုခံကာကွယ်မှုစွမ်းအားပုံစံကို ကိုက်ဖြတ်နိုင်ဖို့ဆိုတာက ပိုလို့တောင် ဝေးပါသေးတယ်။

အခု လူတိုင်းက ကောင်းကင်ပေါ်က တိုက်ပွဲကိုပဲ အပြည့်အဝ အာရုံစိုက်နေ ခဲ့ကြပါတယ်။ နတ်ဆိုးမျောက်ဝံကို သတ်လိုက်နိုင်တာနဲ့ သူတို့တွေ ဂူထဲသို့ ဝင်နိုင်လိမ့်မှာဖြစ်ပြီး ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရယူနိုင်မှာ ဖြစ်ပါတယ်။

လင်းဟန်ရဲ့နှလုံးသားက အရှုံးအမှုးကို ခုန်ပေါက်နေပါတယ်။ တောင်ရဲ့ဉမင်အတွင်းပိုင်းမှာ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး ရှိနေတယ် ဆိုတာကို သူသိနေခဲ့ပေမဲ့ ကိုးခုလောက်ထိ ရှိနေခဲ့လိမ့်မယ်လို့ မမျှော်လင့် ထားခဲ့ပါဘူး။ ဒါက ပါရမီရှင် ကိုးယောက်ကို သူ့အနေနဲ့ ဖန်တီးနိုင်လိမ့်မယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

တစ်ခုက သူ့အတွက်၊ တစ်ခုက ဟူးညီ၊ နောက်တစ်ခုက

လင်းဒေါင်ရှန်၊ လှိုယုထန်၊ ကန်းရီ အစရှိတဲ့ သူတွေအတွက် ဖြစ်ပါတယ်။ ဒီငါးယောက်က အရေးအကြီးဆုံးသူတွေပဲ ဖြစ်ပါတယ်။ ကွမ်းယွမ်၊ ကျူးပူကျို့နဲ့ လီစီချန်းတို့ရဲ့ သိုင်းပညာ အရည်အချင်းတွေကတော့ သိပ်ပြီးတော့ ထူးချွန်ပြောင်မြောက် မနေခဲ့ပါဘူး။ သူတို့တွေကို အဲဒါကိုပေးလိုက်ရင် အတော်လေး ဖြုန်းတီးရာကျမှာ မဟုတ်ဘူးလား။

လူတစ်ယောက်က ဘယ်လိုပဲဖြစ်ဖြစ် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတစ်ခုကိုပဲ အသုံးပြုနိုင်မှာ ဖြစ်ပြီးတော့ ဒီထက်ပိုရင်တော့ အချည်းနှီးဖြစ်သွားမှာပါ။ ဒါကြောင့် တခြားဘယ်တစ်ယောက်ကို သူပေးရင်ကောင်းမလဲ။ ဘာပဲဖြစ်ဖြစ် ကိုယ့်လူတွေ အတွက်ပဲ အသုံးပြုတာက အကောင်းဆုံး အသုံးချခြင်းပဲ ဖြစ်ပါတယ်။

သူ ဆုံးဖြတ်ပြီးခဲ့ပါပြီ။

အချိန်တစ်ခဏ အတွင်းမှာပဲ သူ့ရဲ့စိတ်ကို ပြင်ဆင်ခဲ့ပြီးပါပြီ။ ကျန်တဲ့တစ်ခုကို ဘယ်လိုအသုံးပြုမလဲ ဆိုတာကိုတော့ အနာဂတ်မှာ ဆုံးဖြတ်နိုင်ပါလိမ့်မှာဖြစ်ပြီး အဲဒါကို ကြီးမားတဲ့ အကျိုးအမြတ်အတွက်လည်း သူ ထုတ်ပြီး

လေလံတင်ကောင်းလည်း တင်နိုင်ပါတယ်။

သူ တောင်ကြားချိုင့်ဝှမ်းက ထွက်ခွာခဲ့ပြီးတဲ့နောက်မှာ ကျူးရှမ်အာက ရှုပ်ထွေးမှုတွေ အံ့အားသင့်မှုတွေနဲ့အတူ သူ့ကို ကြည့်နေတာကို မြင်လိုက်ရပါတယ်။ သေချာတွေးကြည့်လိုက်ရင် သူ့ရဲ့သတိပေးချက်က သူမရဲ့အသက်ကို ကယ်တင်ခဲ့တယ် ဆိုပေမဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်အတွက် သူမနဲ့လင်းဟန်ရဲ့ ယှဉ်ပြိုင်မှုက သူမရဲ့ခံစားချက်တွေကို ရှုပ်ထွေးစေခဲ့ပါတယ်။

အရင်တုန်းက လင်းဟန်က စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာငါးသာဖြစ်ပေမဲ့ အခုတော့ အလွှာခုနစ်သို့ အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လျင်လျင်မြန်မြန်နဲ့ တိုးတက်လာခဲ့ ပါတယ်။ ဒီတိုးတက်မှုက ထိတ်လန့်ဖွယ်ကောင်းလွန်းပါတယ်။

"မင်း"

တင်းယွမ်ရှင်းက သတ်ချင်ဖြတ်ချင်တဲ့ သိုင်ဆန္ဒတွေ အပြည့်နဲ့ ခုန်ထွက်လာခဲ့ပါတယ်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"အခုလေးတင်ပဲ မင်းရဲ့အသက်ကို ကယ်လာခဲ့တာ အခုတော့ မုန်းတီးမှုတွေနဲ့ပဲ ကြင်နာမှုတွေ ပြန်ပေးနေတယ်ပေါ့လေ"

တင်းယွမ်ရှင်းက တစ်ချက်ငေးကြည့်လိုက်ပြီး အလန့်တကြား ဖြစ်သွားခဲ့ပါတယ်။ သူရဲ့ ဘေးပတ်ဝန်းကျင် လူအများက သူ့ကို ရန်လိုစွာ ကြည့်နေခဲ့ကြပါတယ်။ သူက လူအုပ်ကြီးကို ဒေါသထွက်သွားစေခဲ့တယ်ဆိုတာ သိလိုက်တာကြောင့် တစ်ချက် ထေ့ငေ့ါသရော်လိုက်ပြီး ခြေလှမ်းအနည်းငယ် နောက်ဆုတ်ပြီး ပြောလိုက်ပါတယ်။

"ငါ မင်းကို ဒီတစ်ကြိမ်လွှတ်ပေးလိုက်မယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် ငါတို့ဆုံရင်တော့ မင်းခေါင်းကို ငါ သေချာပေါက်ယူရလိမ့်မယ်"

လင်းဟန်က ရိုးရိုးလေးပဲ ရယ်မောလိုက်ပါတယ်။ နောက်တစ်ကြိမ် သူတို့ဆုံရင် သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ရောက်နေပြီးတော့ ဘယ်သူက သားကောင်ဖြစ်ပြီး ဘယ်သူက မုဆိုးဖြစ်လာလိမ့်မလဲဆိုတာ သေချာပေါက် မပြောနိုင်ပါဘူး။

ကောင်းကင်တိုက်ပွဲကတော့ လူသားတွေဖက်က ပိုပိုပြီး အရေးနိမ့် လာခဲ့ပါတယ်။ နတ်ဆိုးမျောက်ဝံက သန်မာလွန်းပြီးတော့ သွေးဆာပြီးရန်လိုနေပေမဲ့ သစ်တောတွင်းက အခြားသားရဲတွေနဲ့ မတူညီပဲ သူ့ရဲ့ဉာဏ်ရည်ကို အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။

အပြစ်အနာအဆာတွေ သိပ်ပြီးတော့ မရှိတဲ့အတွက် ၎င်းရဲ့ ဖျက်ဆီးခြင်း စွမ်းအားကလည်း တိုးတက်လာခဲ့ပါတယ်။ ဒါကြောင့် နတ်ဆိုးမျောက်ဂံရဲ့ တိုက်ပွဲအစွမ်းကလည်း တိုးလာခဲ့ပါတယ်။

"နောက်ဆုတ်ကြ"

"လူတိုင်း နောက်ပြန်ဆုတ်ကြ"

ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ ဒီတိုက်ပွဲမှာ သူတို့ ရှုံးနိမ့်တာနဲ့ သူတို့ကို နတ်ဆိုးမျောက်ဂံက ဝါးမြိုသွားပါလိမ့်မယ်။ သူတို့ရဲ့ အခု အစီအစဉ်က ပထမဆုံး နောက်ပြန်ဆုတ်ပြီးမှ လက်ရွေးစင်တွေ ပိုပြီး စုဆောင်းဖို့ဖြစ်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကိုတောင်မှ သတိပေးထားမှာ ဖြစ်ပါတယ်။

သူ့ရဲ့လက်ထဲမှာ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတွေ ရှိနေပြီဖြစ်တာကြောင့် လင်းဟန်ဂရုမစိုက်ခဲ့ပါဘူး။ နောက်ပြန်ဆုတ်ဖို့တဲ့လား။ အဲဒီလိုဆိုရင်လည်း ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို သွားရောက်စောင့်ကြပ်ပြီး စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာကိုးကို သူရောက်ရှိပြီးတဲ့နောက်မှပဲ စိတ်ဝိညာဉ်ဆေးပင်ကို ရယူဖို့အတွက် အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ခြင်းကို အသုံးပြုရပါမယ်။ အဲဒါမှသာ သူ့ရဲ့ကိုယ်ခန္ဓာတိုးတက်ဖို့ အခွင့်အရေးကို ဖြုန်းတီးတာကနေ ရှောင်ကျဉ်နိုင်ပါလိမ့်မယ်။

"ထိန်းထားဦး"

အော်သံတစ်ခုနဲ့အတူ ကောင်းကင်ဘုံနဲ့ငရဲကိုတောင် ထိတ်လန့်ကြောက်ရွံ့စေလောက်တဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေတဲ့ ပုံရိပ်တစ်ခုက လေထုထဲမှာ ဖျတ်ခနဲ မြင့်တက်လာခဲ့ပါတယ်။ သွေးကြောအလင်းတန်းတွေက သူ့ပတ်ပတ်လည်မှာ ကောင်းကင်ဘုံပန်းမွေ့ယာ တစ်ခုလို

ပွင့်လန်းနေခဲ့ပြီး အံ့အားသင့်ဖွယ် ဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခု ဖြစ်နေခဲ့ပါတယ်။

ပထမတော့ ယိုပဟိုင်ယွဲ့လို့ ထင်လိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုး လှမ်းမိုးနိုင်တဲ့ အစွမ်းကိုပိုင်ဆိုင်တဲ့ လူငယ်တစ်ယောက်ပဲ ရှိတာဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အာရုံစိုက်ပြီး ကြည့်လိုက်တဲ့ အခါမှာတော့ အဲဒီသူက အသက်သုံးဆယ်အရွယ် ရင်ကျက်တဲ့ ယောကျာ်းတစ်ယောက် ဖြစ်နေပြီး အင်အားပြည့်ဝတဲ့ တည်ရှိမှုနဲ့အတူ သဘာဝကမွေးဖွားလာတဲ့ ကေရာဇ်တစ်ပါးလိုပဲ ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ပါးစပ်က တဖြည်းဖြည်း ပွင့်အသွားခဲ့ပြီး အံ့အားသင့်နေတဲ့ အမူအယာတစ်ခု ထုတ်ဖော်နေခဲ့ပါတယ်။

"ဒီ ဒီလူက တကယ်ပဲ"

အပိုင်း(၄၁၂) မိုးရေကေရာဇ် ပြန်ပေါ်လာပြီ

"လက်သီး ကေရာဇ်"

လူတိုင်း အော်ဟစ်လိုက်ကြပါတယ်။ ဒါကသွေးအလင်း

အိမ်တော်ရဲ့ အိမ်တော်သခင် အသစ်ပဲ ဖြစ်ပြီး သူ့ကိုယ်သူ လက်သီးကေရာဇ်လို့ ခေါ်ဆိုတဲ့ လျို့ဝှက်ဆန်းကျယ် ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူ ဘယ်ကလာတာလဲဆိုတာ ဘယ်သူမှ မသိကြပေမဲ့ သူ့ရဲ့ အတော်လေး လွှမ်းမိုးနိုင်တဲ့ လက်သီးသိုင်း နည်းစနစ်တွေနဲ့ မူလ သွေးအလင်းအိမ်တော်ရဲ့ အရှင်သခင်ကို ရှုံးနိမ့်စေခဲ့ပြီး အင်အားစုကြီးလေးခုထဲက တစ်ခုရဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

"ငါနဲ့အတူ ရင်ဆိုင်ပြီး ဒီမျောက်ဂံကို သတ်ကြစို့"

လက်သီးကေရာဇ်က နတ်ဆိုးမျောက်ဂံကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။

"ဟမ့် မင်းရဲ့စွမ်းရည်တွေအပေါ် အလွန်အကျွံ အထင်ကြီးနေတာပဲ"

ပန်းဖူးအဆင့် စစ်သည်တစ်ယောက်က ချက်ချင်းပဲ ထေ့ငေ့သရော်လိုက်ပါတယ်။

လက်သီးကေရာဇ်က အားးမာန်ပါပြီး သေချာပေါက် တက်ကြွတဲ့ လူတစ်ယောက် ဖြစ်ပေမဲ့ သူက ပန်းဖူးအဆင့်

ပထမအလွှာမှာပဲ ရှိပါသေးတယ်။

ပန်းဖူးအဆင့် ပထမအလွှာနဲ့ အလွှာကိုးအကြား ကွာခြားချက်က ဘယ်လောက်တောင် ကြီးမားလိုက်သလဲ။ ဒါ့အပြင် နတ်ဆိုးမျောက်ဝံက သားရဲတွေကြားထဲက ဘုရင်တစ်ပါးဖြစ်ပြီး အဆင့်ပိုမြင့်လေလေ ဘုရင်တစ်ပါးက ပိုပြီး သန်မာလေလေပဲ ဖြစ်ပါတယ်။ နတ်ဆိုးမျောက်ဝံရဲ့ တိုက်ပွဲစွမ်းအားက အနည်းဆုံး ကြယ်ခုနစ်လုံးရှိပြီး သာမန်ပန်းဖူးအဆင့် စစ်သည်တွေထက် ပိုပြီး မြင့်မားပါတယ်။ နောက်ပြီးတော့ ပန်းဖူးအဆင့် အလွှာကိုးမှ စစ်သည်သုံးယောက်နဲ့ အလွှာရှစ်မှ စစ်သည်ငါးယောက်က ပိုက်ဆံအတွက်နဲ့ ပြေးပြီးတော့ တိုက်ခိုက်ရမှာလား။ နတ်ဆိုးမျောက်ဝံရဲ့ ခုခံကာကွယ်မှုစွမ်းအားကလည်း အရမ်းကိုအံ့အားသင့်ဖွယ်ဖြစ်နေပြီး ဒီလောက်လူအများကြီး ပူးပေါင်းတိုက်ခိုက်ခဲ့တာတောင်မှ သူ့ရဲ့ အမွေးတစ်ချောင်းကိုတောင် မဖြတ်နိုင်ခဲ့ပါဘူး။ သူတို့အတွက်တော့ လုံးဝ မျှော်လင့်ချက်မဲ့တယ်လို့တောင် ထင်ခဲ့ရပါတယ်။

သူက ပန်းဖူးအဆင့် အလွှာကိုးက သူတစ်ယောက်ဆိုရင်လည်း ထားပါတော့။ အခုတော့ ပန်းဖူးအဆင့် ပထမအလွှာလောက်လေးနဲ့

ဟိတ်ဟန်ကြီးပြနေတာက လာနောက်နေတာ မဟုတ်ဘူးလား။

နတ်ဆိုးမျောက်ဝံက သိသာစွာပဲ မကြောက်ရွံ့ပဲနဲ့ သူ့ရဲ့လက်သည်းနဲ့ လက်သီးကောရာဇ်ဆီကို ဝှေ့ယမ်းလိုက်ပါတယ်။

လက်သီးထိုးချက်တစ်ခုနဲ့ လက်သည်းကုတ်ချက်က လေထဲမှာ ရင်ဆိုင်မိခဲ့ပြီး သိုင်းဆန္ဒတွေ အပြင်းအထန် တိုက်မိသွားခဲ့ပါတယ်။ အလင်းလုံးနှစ်လုံး ထွက်ပေါ်လာပြီးနောက် ကြီးမားတဲ့ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်သွားခဲ့ပြီး အရပ်မျက်နှာအနန့်ကို စွမ်းအင်တွေ ဖြာထွက်သွားခဲ့ပါတယ်။ ပတ်ပတ်လည်မှာရှိတဲ့ မရေတွက်နိုင်တဲ့ လူတွေက ပစ်လဲကုန်ကြပြီး အခြားသူတွေဆိုရင် ဆံပင်တွေ ဖရိုဖရဲဖြစ်ပြီး ဗရမ်းပတာပုံစံတွေ ဖြစ်သွားကြပြီး ခွန်အားပိုနည်းတဲ့သူတွေဆိုရင် ထပ်ကာတလဲလဲ သွေးတွေနဲ့အတူ ချောင်းတဟွတ်ဟွတ်ဆိုးနေခဲ့ရပါတယ်။

အဲဒီပန်းဖူးအဆင့် လက်ရွေးစင်တွေက မယုံကြည်နိုင်တဲ့ အမူအယာတွေ ဖြစ်ပေါ်နေခဲ့ကြပြီး သူတို့တစ်ယောက်ချင်းစီတိုင်းက အလွန်အမင်း

အံ့အားသင့်နေခဲ့ကြပါတယ်။

"လက်သီး အလင်းတန်း"

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ကောင်းကင်မှာတော့ နတ်ဆိုးမျောက်ဝံနဲ့ လက်သီးဧကရာဇ်က လေထုထဲမှာ ရပ်နေကြပြီး ပေတစ်ထောင်ဝန်းကျင် ဝေးကွာနေကြပါတယ်။ လက်သီးဧကရာဇ်ရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတွေရှိနေခဲ့ပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ သွေးစသွေးနတွေ ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ နတ်ဆိုးမျောက်ဝံရဲ့ လက်သည်းတွေမှာလည်း သွေးတွေ စီးကျနေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ နတ်ဆိုးမျောက်ဝံက ဒီတိုက်ပွဲမှာ ဒဏ်ရာတစ်ခု ရရှိသွားခဲ့ပါပြီ။

ဟုတ်တာပေါ့ နှိုင်းယှဉ်လိုက်ရင် လက်သီးဧကရာဇ်က ပိုပြီးဒဏ်ရာရခဲ့ပေမဲ့ နတ်ဆိုးမျောက်ဝံကို ဒဏ်ရာရစေခဲ့တာကြောင့် လူအမြောက်အများရဲ့ စိတ်ဓာတ်တွေ မြင့်တက်လာခဲ့ပါတယ်။

ကြည့်ရတာ နတ်ဆိုးမျောက်ဝံက မကျော်လွှားနိုင်တဲ့

တောင်ကြီးတစ်ခုတော့ ဟုတ်ပုံမရပါဘူး။

"မိုးရေနိုင်ငံ ကောရာဇ်"

လင်းဟန် ခပ်တိုးတိုး ရေရွတ်လိုက်မိပါတယ်။ အံ့ဩဖွယ်ကောင်းတဲ့ လက်သီးကောရာဇ်က အမှန်တကယ်ပဲ မိုးရေနိုင်ငံကောရာဇ် ဖြစ်နေခဲ့ပါတယ်။

မိုးရေနိုင်ငံကို တည်ထောင်ခဲ့တဲ့ အသန်မာဆုံး အုပ်ချုပ်သူတစ်ယောက် ဆိုတဲ့အတိုင်း သူက သေချာပေါက် အတော်လေး အစွမ်းထက်ပါတယ်။ ဒါ့အပြင် အလင်းစက်ဝန်းတွေက သူ့ရဲ့လက်သီး ပတ်ပတ်လည်မှာ အမှန်တကယ် တည်ရှိနေသလို စွမ်းအင်လှိုင်းတွေ ထနေခဲ့ပါတယ်။ အဲဒါတွေက လက်သီးချီတွေနဲ့ သိပ်သည်းစွာ ဖန်တီးထားတဲ့ လက်သီးအလင်းတန်းတွေပဲ ဖြစ်ပေမဲ့ သူ့ရဲ့အဖျက်စွမ်းအားက အဆပေါင်း မရေတွက်နိုင်လောက်အောင် ပိုမို ကြီးမားပါတယ်။

ဒါက ရိုးရှင်းတဲ့ စုစည်းခြင်းတစ်ခု မဟုတ်ပေမဲ့ လက်သီးလမ်းစဉ်ပေါ်က သန့်စင်ခြင်းတစ်ခုပဲ ဖြစ်ပါတယ်။

မိုးရေနိုင်ငံကောရာဇ်က အရင်တုန်းက

အသက်ခြောက်ဆယ်ဖြစ်ပြီး ပင်ကိုယ်အားဖြင့် အသက်ငါးဆယ်ဝန်းကျင်လို့ ထင်ရပါတယ်။ အခု ပန်းဖူးအဆင့်ကို ရောက်ပြီးတဲ့နောက်မှာ သက်တမ်းနှစ်ရာပိုပြီး ရရှိခဲ့ပါပြီ။ သဘောတရားအရဆိုရင် သာမန် အသက်နှစ်ဆယ် ဝန်းကျင်နဲ့ ညီမျှပြီး ခန္ဓာကိုယ်ရဲ့ အခြေခံတာဝန်တွေက ကြီးကြီးမားမား ပြန်လည်ရှင်သန်တတ်ကြွလာခဲ့ပြီး သူ့ရဲ့သွင်ပြင်လက္ခဏာတောင်မှ ပိုပြီးငယ်ရွယ်လာခဲ့ပါတယ်။

နှစ်အနည်းငယ် အတွင်းမှာ မိုးရေနိုင်ငံဧကရာဇ်က အသက် နှစ်ဆယ်ဝန်းကျင်အရွယ် ချောမောခန့်ညားတဲ့ ယောကျ်ားတစ်ယောက် ဖြစ်လာလိမ့်မှာလား။

ဒါက အတော်လေး ဖြစ်နိုင်ချေ ရှိပါတယ်။

အဲဒီအတွေးတွေ လင်းဟန်ရဲ့ စိတ်ထဲ ဖြစ်ပေါ်နေတဲ့ အချိန်မှာပဲ မိုးရေနိုင်ငံဧကရာဇ်က ကောင်းကင်ဘုံ၏သားတော် လက်သီသိုင်းနည်းစနစ်ကို စတင်ထုတ်ဖော်ပြီး နတ်ဆိုးမျောက်ဝံနဲ့ ပြင်းထန်စွာ ရင်ဆိုင်တိုက်ခိုက်နေခဲ့ပါတယ်။

အုပ်ချုပ်သူတစ်ယောက်အနေနဲ့ မိုးရေနိုင်ငံ

ကေရာဇ်နေရာကို စွန့်လွှင့်ခဲ့ပြီး အခုအချိန်မှာ မိုးရေနိုင်ငံအတွင်းမှာ ရှိမနေခဲ့တော့တာကြောင့် သူက မျိုးနွယ်စုစွမ်းအားကို အသုံးပြုဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူက ပန်းဖူးအဆင့်ဆီသို့ တိုးတက်လာခဲ့တာကြောင့် သေမျိုးတွေရဲ့ အကန့်အသတ်ကို ချိုးဖြတ်နိုင်ခဲ့ပြီး သူ့ခန္ဓာကိုယ်က ကောင်းကင်နဲ့ကမ္ဘာမြေကြီးကို ချိတ်ဆက်နေခဲ့ပါတယ်။ သူ့ရဲ့လက်သီးထိုးချက်တိုင်းက ကောင်းကင်ဘုံနဲ့ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှုတွေနဲ့အတူ နတ်ဆိုးမျောက်ဝံဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ ကောင်းကင်ဘုံရဲ့သားတော် သိုင်းနည်းစနစ်ကလည်း အရင်လိုပဲ ပြင်းထန်ပြီး လွှမ်းမိုးနိုင်စွမ်း ရှိနေတုန်းပဲ ဖြစ်ပါတယ်။

ပါရမီရှင်ပဲ။ တကယ်ကို စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ကောင်းကင်ဘုံရဲ့သားတော် လက်သီးသိုင်းနည်းစနစ်က ချီယောင်ရီနဲ့ အခြားသူတွေရဲ့လက်ထဲမှာ အနက်ရောင်အဆင့် ဒါမှမဟုတ် မြေကမ္ဘာအဆင့်သာ ဖြစ်ပေမဲ့ မိုးရေနိုင်ငံ ကေရာဇ် လက်ထဲမှာတော့ ကောင်းကင်အဆင့် သိုင်းပညာနည်းစနစ်တစ်ခု

ဖြစ်နေခဲ့ပါတယ်။ သူဖန်တီးခဲ့တဲ့ သိုင်းနည်းစနစ်က နတ်ဘုရားအဆင့်တောင်မှ ဖြစ်နိုင်ပြီး လက်သီးလမ်းကြောင်းပေါ်မှာ အားသွန်ခွန်စိုက် ရှေ့ဆက်လှမ်းနေသမျှ သူ့ရဲ့ ကောင်ကင်ဘုံ၏ သားတော် လက်သီးသိုင်းနည်းစနစ်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်နဲ့အတူ ဆက်လက် တိုးတက်လာပါလိမ့်မယ်။

အချိန်ပေးလိုက်ရင်ပဲ မိုးရေနိုင်ငံကေရာဇ်က လက်သီးကေရာဇ်ဆိုတဲ့ နာမည်နဲ့ တကယ်ပဲ သရဖူဆောင်းပြီးတော့ နေထိုင်သွားနိုင်ပါလိမ့်မယ်။

မိုးရေနိုင်ငံ ကေရာဇ်ရဲ့ ရှေ့ထွက်ပြောဆို တိုက်ခိုက်မှုနဲ့အတူ တခြားပန်းဖူးအဆင့်တွေက ရှေ့ထွက်ပြီး တိုက်ခိုက်လိုက်တာကြောင့် သူတို့ရဲ့ သတ္တိတွေက ကြီးကြီးမားမား တိုးတက်လာခဲ့ပုံ ပေါ်ပါတယ်။ သူတို့က နတ်ဆိုးမျောက်ဝံနဲ့ သေချာပေါက် ထိပ်တိုက်မတိုက်ခိုက်ရဲပေမဲ့ ဘေးဘက်မှာ ထိန်းချုပ်ပေးတာကလည်း လုံလောက်တာထက် ပိုပါတယ်။

နောက်ဆုံးတော့လည်း ပန်းဖူးအဆင့် လက်ရွေးစင်တွေက ပန်းဖူးအဆင့်လက်ရွေးစင်တွေပါပဲ။ သူတို့ရဲ့ ခွန်အားတွေက လုပ်ဇာတ်ခင်းထားတာမဟုတ်ပါဘူး။

အခြေအနေတွေက အလှည့်အပြောင်း ဖြစ်လာခဲ့ပါပြီ။ အခုအချိန်မတိုင်မီက နတ်ဆိုးမျောက်ဝံက လုံးဝ အားသာချက်ရှိနေခဲ့တာ ဖြစ်ပေမဲ့ အခုတော့ နှစ်ဖက်လုံးက သရေကျနေခဲ့ပါတယ်။ မိုးရေနိုင်ငံကောရာဇ်က တိုက်ပွဲကို တစ်ကိုယ်တည်း အလှည့်အပြောင်းဖြစ်စေခဲ့တာကြောင့် သူ့ရဲ့ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ အစွမ်းထက်မှုက အသိအမှတ်ပြုခံခဲ့ရပါတယ်။

ဒါတွေအားလုံးက မိုးရေနိုင်ငံ ကောရာဇ်ကြောင့် ဖြစ်သော်လည်း သူက ပန်းဖူးအဆင့် ပထမအလွှာပဲ ဖြစ်ပါတယ်။ လက်သီးအလင်းတန်းက သေချာပေါက် အရာအားလုံးကို ကျော်လွှားအောင်မြင်စေပြီး သူ့ရဲ့အဆင့်ကလည်း တိုးတက်လာခဲ့တာကြောင့် ကောင်းဘုံ၏သားတော် လက်သီးသိုင်းနည်းစနစ်က စွမ်းအားတွေကို တရှိန်ထိုး တိုးတက်စေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က အတော်လေး နိမ့်နေတာကြောင့် ကြီးမားတဲ့ အခြေခံ အားနည်းချက်တစ်ခု ဖြစ်နေခဲ့ပါတယ်။

မိုးရေနိုင်ငံ ကောရာဇ်က နတ်ဆိုးမျောက်ဝံရဲ့လက်ချက်နဲ့ ဒဏ်ရာတွေ ဆက်တိုက်ရနေခဲ့ပေမဲ့ သူက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတုန်းပဲ ဖြစ်ပါတယ်။ မိုးရေနိုင်ငံ ကောရာဇ်က

အချိန်အကြာကြီး တောင့်မခံနိုင်တော့မှာကို ဘယ်သူမဆို မြင်နိုင်ခဲ့ပါတယ်။ သူ့အနေနဲ့ တစ်ကြိမ်ရှုံးနိမ့်လိုက်တာနဲ့ အခြေအနေက အရင်တုန်းကအတိုင်းပဲ ပြန်ဖြစ်သွားပါလိမ့်မယ်။

အဲဒီအချိန်ခဏမှာ တိုက်ပွဲစိတ်ဆန္ဒတွေ တရှိန်ထိုး ကျဆင်းသွားခဲ့ပြီး နောက်ပြန်ဆုတ်ဖို့ စတင်စဉ်းစား လာခဲ့ကြပါတယ်။

"ဟဟဟဟဟ"

"ငါလာတာ နောက်ကျသွားလား"

ရှည်လျားတဲ့ ရယ်မောသံနဲ့အတူ နောက်ထပ် အတော်လေး လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ပုံရိပ်တစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလူကို ဓားအလင်းတွေက ရောယှက်လွှမ်းခြုံထားပြီး လွှမ်းမိုးခြယ်လှယ်လွန်းတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်လျှက် ရှိပါတယ်။

ကမ္ဘာ့ဒုတိယအဆင့် ဓားသမား ယိုဟိုင်ယွဲ့။

သူကလည်းပဲ ပန်းဖူးအဆင့် ပထမအလွှာမှဖြစ်ပြီး

တစ်ချိန်ထဲမှာပဲ အနည်းဆုံး ဓားချီအလင်းကိုးခု ဖွဲ့စည်းထားတဲ့ သိုင်းပညာရှင်တွေကြားထဲက ဘုရင်တစ်ပါးလည်း ဖြစ်ပါတယ်။ ဒါအပြင် သူက ကောင်းကင်ဓားဂိုဏ်းရဲ့ လင်းလက်တောက်ပတဲ့ တပည့်တစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့မှာ ဘယ်လို အံ့အားသင့်စရာဝှက်ဖဲတွေ ရှိနေမလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ။

"လာတိုက်စမ်း"

ယိုဟိုင်ယွဲ့က သူ့ရဲ့ဓားကို ဓားအိမ်ထဲက ဆွဲထုတ်လိုက်ပြီး နတ်ဆိုးမျောက်ဝံကို တုံ့ဆိုင်းခြင်းမရှိပဲ တိုက်ခိုက်လိုက်ပါတယ်။ ဓားရိုက်ချက်တစ်ခုနဲ့အတူ သူက အော်ဟစ်လိုက်ပါတယ်။

"ငါ့ရှေ့က ဖယ်စမ်း။ ဒါကငါ့ရဲ့ ပြိုင်ဖက်ပဲ"

ဒီတစ်ယောက်က ပထမတစ်ယောက်ထက် ပိုပြီးတော့ မောက်မာနေခဲ့ပါတယ်။ သူက နတ်ဆိုးမျောက်ဝံကို အမှန်တကယ်ပဲ တစ်ယောက်ထဲ တိုက်ခိုက်ချင်နေခဲ့ပါတယ်။

သူက ပန်းဖူးအဆင့် အလွှာကိုးဆိုရင်တော့

မျှော်လင့်ချက်ဆိုတာ ရှိပါသေးတယ်။ တကယ်လို့ မိုးရေနိုင်ငံကေရာဇ်သာ ပန်းဖူးအဆင့် အလွှာကိုးကို ရောက်နေခဲ့ရင် သူလည်းပဲ နတ်ဆိုးမျောက်ဝံကို တိုက်ခိုက်ဖို့ အခွင့်အရေး ရှိပါသေးတယ်။ ဒါပေမဲ့ ပြဿနာက သူတို့နှစ်ယောက်လုံးရဲ့ အဆင့်တွေက ကွာခြားချက် ကြီးမားလွန်းနေပါတယ်။ နတ်ဆိုးမျောက်ဝံက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို အလွန့်အလွန် နီးစပ်နေတာကြောင့် တစ်ယောက်မှ သူ့ရဲ့ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။

နတ်ဆိုးမျောက်ဝံက ဒေါသထွက်သွားခဲ့ပါတယ်။ သူ့ရဲ့မျက်လုံးတွေထဲမှာ ဒီလူသားတွေက ရိုးရှင်းတဲ့ သိုးငယ်လေးတွေမျှသာဖြစ်ပြီး အများဆုံးတော့ သူ့ကို ဒုက္ခအချို့ ဖြစ်စေနိုင်တဲ့ ဝံပုလွေ အနည်းငယ်သာ ပါဝင်နေပါတယ်။ ဒါတောင် သူ့ကို အနိုင်ယူချင်တယ်တဲ့လား။

နောင် နှစ်တစ်သန်းလောက်ကြာရင်တောင် ဖြစ်လာမှာ မဟုတ်ဘူး။

နတ်ဆိုးမျောက်ဝံရဲ့ခန္ဓာကိုယ်က အမှန်တကယ်ပဲ ကွဲအက်လာပြီး ကျယ်လောင်ပြင်းထန်စွာ ဟိန်းဟောက်လိုက်ပါတယ်။

ဘယ်လိုလည်းဟ။ သူ့ဒေါသကြောင့် စိတ်ရှုးပေါက်ပြီး သူကိုယ်သူ သတ်ဖြတ်ဖို့ လုပ်နေခဲ့တာလား။

လူတိုင်းက ဒီရက်စက်ရိုင်းစိုင်းတဲ့ သတ္တဝါကြီးက ဒီလိုနည်းလမ်းနဲ့ သေဆုံးသွားဖို့အတွက် အတော်များများ မျှော်လင့်နေခဲ့ကြပေမဲ့ မဖြစ်နိုင်တာက ထင်ရှားလွန်းပါတယ်။ သူတို့ အံ့သြတကြီး ငေးကြည့်နေတဲ့ အကြည့်တွေအောက်မှာ နတ်ဆိုးမျောက်ဝံက ကုတ်ပိုးကနေ ခါးတစ်လျှောက် စတင် အက်ကွဲပြီး ပွက်ထွက်သွားခဲ့ပေမဲ့ သွေးတွေယိုစိမ့် ထွက်လာရမဲ့အစား နတ်ဆိုးမျောက်ဝံ နှစ်ကောင် ထွက်ပေါ်လာခဲ့ပါတယ်။

မဟုတ်ဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး။ နတ်ဆိုးမျောက်ဝံ အကောင်လိုက်ကြီး နှစ်ကောင်ဖြစ်နေတာမျိုး မဟုတ်ဘဲ ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ခုထဲမှာ ဖြစ်နေခဲ့တာပါ။

ခေါင်းသုံးလုံး လက်ခြောက်ဖက်နဲ့လေ။

နတ်ဆိုးမျောက်ဝံ သုံးကောင်က တစ်ချိန်ထဲမှာပဲ ဒေါသတကြီး ဟိန်းဟောက်လိုက်ပါတယ်။ အသံလှိုင်းတွေက ဒီရေအလား လူတိုင်းကို တိုက်ခိုက်ဖို့ ထုထည်ကြီးမားတဲ့ လှိုင်းလုံးကြီးတွေအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါတယ်။

ပန်းဖူးအဆင့် လက်ရွေးစင်တွေက လျင်လျင်မြန်မြန်ပဲ တိုက်ခိုက်မှုကို လျော့ပါးသွားစေဖို့ ခုန်တက်သွားခဲ့ပါတယ်။ မဟုတ်ရင် ဒီအသံလှိုင်း ဒီရေလှိုင်းလုံးကြီးသာ ရိုက်ခတ်သွားခဲ့ရင် စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တွေအကုန်လုံး အံ့အားသင့်နေရာကနေ ပေါက်ကွဲသွားပါ လိမ့်မယ်။

အသံလှိုင်းတွေကို ပန်းဖူးအဆင့် လက်ရွေးစင်တွေ ပူးပေါင်းပြီး ပျောက်ကွယ်သွားအောင် ပြုလုပ်နေစဉ်မှာ ယိုဟိုင်ယွဲ့က သူ့ရဲ့ဓားကို မြှောက်လိုက်ပြီး နတ်ဆိုးမျောက်ဝံကို ခုံညားထည်ဝါတဲ့ ဟန်ပန်တစ်ခုနဲ့အတူ တိုက်ခိုက်လိုက်ပါတယ်။

နတ်ဆိုးမျောက်ဝံက သူ့ရဲ့ လက်တွေကို ဝှေ့ယမ်းလိုက်ပြီး ဘုန်းဆိုတဲ့ အသံတစ်ခုနဲ့အတူ ယိုဟိုင်ယွဲ့ လွင့်ထွက်သွားခဲ့ပါတယ်။ ခေါင်းသုံးလုံးလက်ခြောက်ဖက်နဲ့ နတ်ဆိုးမျောက်ဝံက အစစ်အမှန် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တစ်ယောက်လို သူ့ရဲ့ ပြိုင်ဘက်ကင်းတဲ့ အဆင့်အတန်းကို ပြသနေခဲ့ပါတယ်။

အပိုင်း(၄၁၃) တောင်ပြိုလဲပြီး နတ်ဆိုးမြစ် ထွက်ပေါ်လာခြင်း

`ဆန်းကြယ်သော စွမ်းအား`

လင်းဟန်ရဲ့ စိတ်ထဲက ပြောလိုက်မိပါတယ်။ ဒါက ရွှေရောင် သွေးနတ်ဆိုးမျောက်ဝံရဲ့ မွေးရာပါ ဆန်းကြယ်သော စွမ်းအားပဲ ဖြစ်ပါတယ်။

အဲဒီ မွေးရာပါစွမ်းအားဖြစ်တဲ့ ခေါင်းသုံးလုံး လက်ခြောက်ဖက်က အတော်လေး သန်မာပါတယ်။ အပေါ်ပိုင်း ခန္ဓာကိုယ် တစ်ခုစီက နတ်ဆိုးမျောက်ဝံတစ်ကောင်စီနဲ့ ညီမျှပြီး သူ့ရဲ့တိုက်ပွဲစွမ်းအားက ကမ္ဘာမြေကိုတောင် တုန်လှုပ်စေပါတယ်။ နတ်ဆိုးမျောက်ဝံ တစ်ကောင်ထဲကတောင် လူတိုင်းကို ပြတ်ပြတ်သားသား ဖိအားပေးနိုင်ခဲ့တာ အခုလို နောက်ထပ်နှစ်ကောင်နဲ့ဆိုရင် ဘယ်သူကများ ခုခံနိုင်ပါတော့မလဲ။

"ဟဟ စိတ်ဝင်စားရာပဲ၊ စိတ်ဝင်စားစရာပဲ"

ယိုဟိုင်ယွဲ့က သူ့ရဲ့ဓားကို မြှောက်လိုက်ပြီး နောက်တစ်ကြိမ် ပြန်တိုက်ခိုက်ခဲ့တာကြောင့် သူ့ရဲ့တိုက်ပွဲဝင် ဆန္ဒတွေက မီးလိုပဲ တောက်လောင်လို့ နေပါတယ်။

သူ့ရဲ့အမူအယာတွေက မြင့်မားတဲ့ စိတ်ဝိညာဉ် တိုက်ပွဲဆန္ဒတွေနဲ့ ပြည့်နေခဲ့ပြီး အတော်လေး စိတ်လှုပ်ရှားနေပုံ ပေါက်ပါတယ်။

"ငါ့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ဖို့ မင်းမှာ အခွင့်အရေးရှိတယ် "

ယိုဟိုင်ယွဲ့က လျှို့ဝှက်ဆန်းကြယ်မှုသုံးထောင်ကို အသက်သွင်းလိုက်တာကြောင့် သူ့ရဲ့အမူအယာက တင်းမာခက်ထန်သွားပြီး မားအလင်းတစ်ခုက နယ်မြေငါးခုကို ထွန်းလင်းနိုင်သလို ထင်ရပါတယ်။

မိုးရေနိုင်ငံဧကရာဇ်ကလည်းပဲ တိုက်ပွဲထဲသို့ ပြန်ဝင်လာခဲ့ပြီး ကမ္ဘာမြေကို တုန်လှုပ်စေနိုင်တဲ့ အရှိန်အဟုန်နဲ့ လွှမ်းမိုးချုပ်ကိုင်နိုင်တဲ့ ထိုးချက်တွေကို ဆက်တိုက် ပစ်သွင်းနေခဲ့ပါတယ်။

မိုးရေဧကရာဇ်နဲ့ ယိုဟိုင်ယွဲ့တို့ နှစ်ယောက် အရှေ့ကိုတက်ပြီး တိုက်ခိုက်မှုကြောင့် တခြားသူတွေလည်း တစ်ယောက်ပြီးတစ်ယောက် ရှေ့ထွက်လာခဲ့ကြပါတယ်။

ပန်းဖူးအဆင့်ထိ ကျင့်ကြံနိုင်တဲ့သူတွေက အရှုးတွေ

ဖြစ်နိုင်ပါ့မလား။ နတ်ဆိုးမျောက်ဝံရဲ့ ခေါင်းသုံးလုံး လက်ခြောက်ဖက် စွမ်းရည်က အံ့သြထိတ်လန့်ဖွယ်ရာ ဖြစ်ပေမဲ့ အကန့်အသတ်မရှိ အသုံးပြုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါ့အပြင် နတ်ဆိုးမျောက်ဝံက ဒီလို အဆုံးစွန် လှုပ်ရှားမှုမျိုးကို ထုတ်လွှတ်ပြီးတဲ့နောက်မှာ သေချာပေါက် သူ့အားနည်းလာပါလိမ့်မယ်။

အဲဒီအချိန် ရောက်လာတဲ့အခါကျရင် သူတို့တွေ နတ်ဆိုးမျောက်ဝံရဲ့ ခေါင်းကို ယူနိုင်ပြီပဲ ဖြစ်ပါတယ်။

ပန်းဖူးအဆင့် လက်ရွေးစင်တွေအတွက် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက လုံးဝ အသုံးမဝင်ပေမဲ့ ပန်းဖူးအဆင့် အထွတ်အထိပ်မှာရှိပြီး ဘုရင်အဆင့်ဖြစ်တဲ့ နတ်ဆိုးမျောက်ဝံကတော့ မတူပါဘူး။ သူ့ရဲ့အသားတွေက သေချာပေါက် အတော်လေး အားအင်ပြည့်ဖြိုး စေပါတယ်။

နတ်ဆိုးမျောက်ဝံက ဟိန်းဟောက်လိုက်ပြီး သူ့ရဲ့လက်ခြောက်ဖက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းအားတွေက လူအုပ်ကြီးကို လုံးဝ ဖိနှိပ်ထားနိုင်တာကြောင့် အတော်လေး ကြောက်မက်ဖွယ်ကောင်းပါတယ်။ ဒါပေမဲ့ ယိုဟိုင်ယွဲ့က လျို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို

ဆက်လက်ပစ်လွှတ်နေပြီး နတ်ဆိုးမျောက်ဝံကို ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ခုကို ဖြစ်ပေါ်နေစေခဲ့ပါတယ်။ လက်သီးအလင်းတန်း ဖွဲ့စည်းထားတဲ့ မိုးရေနိုင်ငံဧကရာဇ်ကလည်းပဲ ထိတ်လန့်ဖွယ် အဖျက်စွမ်းအား ရှိနေခဲ့ပါတယ်။

လူနှစ်ယောက်က ဒဏ်ရာတွေနဲ့ ပွထနေခဲ့ပြီး သွေးတွေနဲ့အတူ ချောင်းတွေဆက်တိုက် ဆိုးနေခဲ့ရပေမဲ့ သူတို့တွေရဲ့ အခြေအနေကို ထိန်းထားနိုင်တုန်းပဲ ဖြစ်ပါတယ်။

အခုတော့ မိုးရေနိုင်ငံဧကရာဇ်နဲ့ ယိုဟိုင်ယွဲ့ကပဲ ကြာကြာခံနိုင်ရည်ရှိမလား ဒါမှမဟုတ် နတ်ဆိုးမျောက်ဝံကပဲ ကြာကြာထိန်းသိမ်းထား နိုင်မလားဆိုတာက တိုက်ပွဲအနိုင်အရှုံးရဲ့ အဓိက သော့ချက်ပဲ ဖြစ်ပါတယ်။ အဲဒီအချက်က ဘယ်ဖက်က အောင်မြင်မှုကို ဆွတ်ခူးနိုင်မလည်းဆိုတာ ဆုံးဖြတ်ပေးနိုင်ပါလိမ့်မယ်။

ခန့်မှန်းဖို့ကတော့ အမှန်တကယ်ကို ခက်ခဲပါတယ်။

နတ်ဆိုးမျောက်ဝံရဲ့ ဆန်းကြယ်မှုစွမ်းအားက ဘယ်လောက်ကြာကြာ အသက်ဝင်ဖို့

ကျန်နေရှိသေးတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပေမဲ့ ယိုဟိုင်ယွဲ့နဲ့ မိုးရေနိုင်ငံကေရာဇ်ရဲ့ ဒါဏ်ရာတွေကိုတော့ လူတိုင်း မြင်နိုင်ခဲ့ပါတယ်။ အဲဒီဒဏ်ရာတွေက သေချာပေါက် အပေါ်ယံဒဏ်ရာတွေ မဟုတ်ပါဘူး။ နတ်ဆိုးမျောက်ဝံရဲ့ ကုတ်ချက်ကို တစ်ကြိမ်ခံလိုက်ရတာနဲ့ အရိုးတွေကိုတောင် အတိုင်းသား မြင်ရလိမ့်မှာဖြစ်ပြီး သွေးတွေက ကောင်ကင်တစ်ခွင် ဖျာခနဲ စဉ်သွားပါတယ်။ သွေးထွက်နေတာ တစ်ခုထဲနဲ့တောင် ကြီးမားတဲ့ ပြဿနာကြီးတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က စောင့်ကြည့်နေခဲ့ပြီး စိတ်ထဲကနေ ရေရွတ်လိုက်ပါတယ်။

`ဒီလူတွေက ဒီလောက်တောင် အရှုးအမူးဖြစ်နေတာ တကယ်လို့သာ သူတို့တွေ နတ်ဆိုးမျောက်ဝံကို အမှန်တကယ် အနိုင်ယူပြီး အပြေးအလွှားသွားကြည့်လို့ ဂူထဲမှာ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတွေ မရှိတော့ဖူးဆိုတာကို မြင်ခဲ့ရင် သူတို့တွေ ရူးသွပ်သွားလိမ့်မှာလား။ အင်း ဒီနတ်ဆိုးမျောက်ဝံက ရိုင်းစိုင်းရက်စက်ပေမဲ့ ရူးသွပ်နေတာတော့ မဟုတ်ဘူး။ ဖရိုဖရဲဆန္ဒတွေက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ ဖိနှိပ်ထားမှုကြောင့်များ ဖြစ်နိုင်မလား`

`ကောလာဟာလတွေအရဆိုရင် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက ကောင်းကင်နဲ့မြေကြီးရဲ့ ကံကြမ္မာကနေ မွေးဖွားခဲ့ပြီး ကောင်းကင်နဲ့မြေကြီးရဲ့ စိတ်ဆန္ဒတစ်ခု ဖြစ်တယ်လို့ ဆိုကြတယ်။ အဲဒီအတွက် နတ်ဆိုးချီကို ခုခံကာကွယ်နိုင်ဖို့က မဖြစ်နိုင်တာတော့ မဟုတ်ဘူး`

`အခု ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတွေကို ငါယူထားလိုက်ပြီဆိုတော့ ဒီနတ်ဆိုးမျောက်ဝံကို နတ်ဆိုးချီတွေက သေချာပေါက် စိတ်ပိုင်းဆိုင်ရာ ရက်စက်ဆိုးသွမ်း စေလိမ့်မယ်။ အဲဒီအချိန် ရောက်လာတဲ့အခါကျရင် သတ်ဖြတ်ဖို့တစ်ခုထဲပဲသိတဲ့ နားဝေတိမ်တောင်ဖြစ်နေတဲ့ တခြားရိုင်းစိုင်းရက်စက်တဲ့ သတ္တဝါတစ်ကောင် ဖြစ်လာလိမ့်မယ်`

ကြီးမားပြင်းထန်တဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပေါ်နေတုန်းပဲ ဖြစ်ပါတယ်။ ယိုဟိုင်ယွဲ့နဲ့ မိုးရေနိုင်ငံ ဧကရာဇ်တို့ နှစ်ယောက်လုံးက စိတ်ဓာတ်ခိုင်မာပြီး တိုက်ပွဲအပေါ် ရူးသွပ်ကြသူတွေ ဖြစ်ပါတယ်။ သားရဲတွေအကြားက ဘုရင်တစ်ပါးဖြစ်တဲ့ နတ်ဆိုးမျောက်ဝံနဲ့ တိုက်ခိုက်ရခြင်းက သူတို့ရဲ့ အနာဂတ် သိုင်းပညာလမ်းကြောင်းပေါ်မှာ

ရောမအကျိုးကျေးဇူးတစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် သူတို့တွေက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိမ့်မှာဖြစ်ပြီး အကြီးအကျယ် ဒဏ်ရာတွေ ရရှိနေခဲ့ပေမဲ့ ပိုမိုကြီးမားတဲ့အရာတွေ သေချာပေါက်ရရှိလိမ့်မယ်လို့ ယုံကြည်ရင်း ဆက်လက်တိုက်ခိုက် နေကြတုန်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ နတ်ဆိုးမျောက်ဝံက လက်လျှော့လိုက်ပါတယ်။ သူက စဉ်းစားဉာဏ်ကင်းမဲ့နေတာ မဟုတ်ပါဘူး။ ဒီနေရာမှာ အသည်းအသန်တိုက်ခိုက်နေတာက သူ့အတွက် ဘာအကျိုးကျေးဇူးမှ မရှိပါဘူး။ သူက ချက်ချင်း နောက်ပြန်လှည့်ပြီး တောင်ကြားချိုင့်ဝှမ်းဆီသို့ ပြေးထွက်သွားပြီး အထဲသို့ တိုးဝှေ့ဝင်လိုက်ပါတယ်။

ဒီလူတွေနဲ့ နောက်ထပ် သူမကစားတော့ပါဘူး။

မိုးရေနိုင်ငံကေရာဇ်နဲ့ ယိုဟိုင်ယွဲ့တို့က အံ့အားသင့်စွာ ရေရွတ်လိုက်မိပြီး နတ်ဆိုးမျောက်ဝံရဲ့ အနောက်ကလိုက်ပြီး တောင်ဥမင်ဆီသို့ ဝင်သွားခဲ့ပါတယ်။ ဒါကို မြင်တဲ့အခါ တခြားပန်းဖူးအဆင့် စစ်သည်တွေကလည်း နောက်ကျကျန် မနေချင်ခဲ့ကြပါဘူး။ နတ်ဆိုးမျောက်ဝံကို

လိုက်လံသတ်ဖြတ်ဖို့က ဒုတိယဖြစ်ပြီး အထဲမှာရှိတဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက အဓိကပဲ ဖြစ်ပါတယ်။

လူတိုင်းက တိုက်ပွဲရဲ့အခြေအနေတွေကို မမြင်နိုင်ခဲ့ပါဘူး။ တောင်ဥမင်အတွင်းကို ဝင်ရောက်ခဲ့ရင် နတ်ဆိုးမျောက်ဝံက သူတို့တွေကို အမှန်တကယ်ပဲ သတ်ဖြတ်လိမ့်မှာ ဖြစ်တာကြောင့် သူတို့တွေက စောင့်ကြည့်ဖို့ အတွက်ကိုတော့ တောင်ဥမင်ထဲ မဝင်ရဲခဲ့ကြပါဘူး။ သူတို့တွေက မိုးကြိုးပစ်ခတ်သံတွေလို အသံတွေကိုပဲ ကြားနိုင်ခဲ့ပြီး ကမ္ဘာကြီး ပြိုလဲပျက်စီးတော့မဲ့ ပုံစံမျိုးနဲ့ ကမ္ဘာမြေဟာ ရွေ့လျားနေပြီး တောင်တွေ လှုပ်ခါနေခဲ့ပါတယ်။

အနည်းဆုံး တစ်နာရီခွဲလောက် ကြာပြီးတဲ့နောက်မှာ တောင်ကြီးတစ်ခုလုံးက လွင့်စင်သွားပြီး ဝုန်းခနဲ အသံတစ်ခုနဲ့အတူ ပေငါးထောင်အကွာမှာ ထိုးကျသွားပါတယ်။ ချက်ချင်းဆိုသလိုပဲ ဒီအကျိုးသက်ရောက်မှုကြောင့် မြေကြီးပေါ်ကနေ ဖုန်မှုန်တွေက တထောင်းထောင်း ထလာပြီးတော့ တောင်ရဲ့ချိုင့်ဝှမ်းဆီကို တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။

စိတ်ဝိညာဉ်ပလ္လင်အဆင့်နဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တွေအတွက် ဒီသက်ရောက်မှုက မပြောပလောက်ပါဘူး။ သူတို့တွေက အဲဒါကို တစ်ကြိမ်သာ လှည့်ခဲ့ပြီး တောင်ကြားချိုင့်ဝှမ်း အတွင်းပိုင်းဆီသို့ နောက်တစ်ကြိမ် ပြန်၍စူးစိုက်ကြည့်လိုက်ကြပါတယ်။

တောင်ကြီးတစ်ခုလုံး လွင့်စဉ်သွားခဲ့တာကြောင့် လူသူကင်းမဲ့သော ကုန်းမြေတစ်ခုပဲ ကျန်ခဲ့ပါတယ်။ ဒါပေမဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေက အသက်လုပြေးနေရသလို လေထဲကို တစ်ယောက်ပြီး တစ်ယောက် ခုန်တက်လိုက်ကြပါတယ်။

တောင်ကြီးတစ်ခုလုံး ပျောက်ကွယ်သွားပြီးတဲ့နောက် နက်ရှိုင်းပြီး ထုထည်ကြီးမားတဲ့ ချိုင့်ကြီးတစ်ချိုင့် ကျန်ခဲ့ပါတယ်။ အဲဒီချိုင့်ကြီးက သားရဲတွေ၊ လူသားတွေနဲ့ လက်နက်တွေလို ပုံစံအမျိုးမျိုးသို့ အဆင့်အဆင့်ပြောင်းလဲဖြစ်ပေါ်နေတဲ့ သိပ်သည်း ကျစ်လျစ်သော အနက်ရောင်မြူတွေနဲ့ ပြည့်နေတဲ့ မြစ်တစ်စင်းနဲ့ တူနေပါတယ်။

အဲဒီ အနက်ရောင်မြူတွေက ပျံ့သန်းနေတဲ့

ပန်းဖူးအဆင့်တွေကို ကစဥ့်ကလျားဖြစ်စေခဲ့တာပဲ ဖြစ်ပါတယ်။

နတ်ဆိုးချီတွေလား။

ဒီလောက်သိပ်သည်းတဲ့ နတ်ဆိုးချီတွေကို မြင်တဲ့အခါ လင်းဟန်အနေနဲ့ အလွန်အမင်း အံ့အားသင့်သွားခဲ့ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးဇကေရာဇ်ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုကို အောက်မှာ ဖိနှိပ်ထားနိုင်တာလား။

ဒီအနက်ရောင်ချီတွေနဲ့ ရင်ဆိုင်ရတဲ့အခါ နတ်ဆိုးမျောက်ဝံတောင်မှ အလိုလို ကြောက်ရွံ့တုန်လှုပ်သွားခဲ့ပါတယ်။ အနက်ရောင်ချီတွေကို အလျင်အမြန် ရှောင်တိမ်းလိုက်ပြီး လုံးဝ ထိတွေ့ချင်တဲ့ ဆန္ဒရှိပုံ မရပါဘူး။

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့အောက်မှာ ဒီလို နတ်ဆိုးကုန်းမြေ အစိတ်အပိုင်း တစ်ခု ရှိနေခဲ့မယ်လို့ ဘယ်သူက ထင်ထားလိမ့်မှာလဲ။

"ဒါက အမှောင်နတ်ဆိုး တောအုပ်ရဲ့ နတ်ဆိုးချီ အရင်းအမြစ်တွေများ ဖြစ်နေတာလား"

"ဘယ်လောက်တောင် ထိတ်လန့်ဖွယ် ကောင်းလိုက်တဲ့ နတ်ဆိုးချီတွေလဲ။ ဒီလောက်အဝေးကြီးကနေတောင်မှ ငါ့ကို ရှူးသွပ်သွားအောင် လှုံဆော်နေတယ်"

"နည်းနည်း ပိုပြီးတော့ နောက်ပြန်ဆုတ်ကြ။ ခန္ဓာကိုယ်ထဲကို နတ်ဆိုးချီတွေ အများကြီး ဝင်သွားရင် လူတစ်ယောက်ရဲ့စိတ်ကို လုံးဝဖရိုဖရဲ ဖြစ်သွားစေလိမ့်မယ်။ ပြီးရင် သတ်ဖြတ်ဖို့ပဲသိတဲ့ ရုပ်သေးရုပ် တစ်ရုပ်အဖြစ်ကို ပြောင်းသွားလိမ့်မယ်"

လူတိုင်းက တစ်ယောက်ပြီးတစ်ယောက် နောက်ပြန်ဆုတ်လိုက်ကြပါတယ်။ တောင်ရဲ့ဖိနှိပ်မှုကနေ လွတ်မြောက်ပြီးတဲ့နောက်မှာ နတ်ဆိုးချီတွေက အမှောင်နတ်ဆိုး တောအုပ်တစ်ခုလုံးကို လုံးဝ ဖုံးလွှမ်းသွားတော့မလို အထိန်းအချုပ်မဲ့စွာ စီးထွက်လာခဲ့ပါတယ်။

"ဂိဂိဂိဂိဂိဂိ"

"အားလုံးကို ကျေးဇူးပဲ"

အလောင်းကောင် အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာခဲ့ပြီး ပွတ်တိုက်သံတစ်ခုပါ နောက်က လိုက်ပါလာခဲ့ပါတယ်။ ကြေးခေါင်းတလားတစ်ခုက ခြေထောက်ပေါက်နေသလို လျှောတိုက်ရွေ့လျား သွားနေပါတယ်။

"အလောင်းကောင်တစ်ထောင်ဂိုဏ်း"

လူတစ်ယောက်က ရုတ်တရက် အော်ဟစ်လိုက်ရာ လူတိုင်းချက်ချင်း ကြက်သီးမွေးညှင်းတွေ ထသွားခဲ့ပါတယ်။ အဲဒီဂိုဏ်းကို အကုန်လုံးက သေချာပေါက် မုန်းတီးနေခဲ့ကြပြီး လူတိုင်းက သူတို့ရဲ့ ရှုံးနိမ့်ခြင်းအတွက် ခေါ်ခဲ့ပါတယ်။ သူတို့တွေက အကျင့်ပျက်ယုတ်မာ အရှက်မဲ့လွန်းပြီး အလောင်းစစ်သားတွေအဖြစ် သန့်စင်ဖို့ လက်ရွေးစင်အလောင်းတွေကို ခိုးယူနေခဲ့ပါတယ်။ သူတို့တွေဆီမှာ လူသားဆန်မှု ဆိုတာရော ရှိသေးလို့လား။

အကြီးအကဲ တိမ်ကိုးခုလည်းပဲ လူအုပ်ကြားထဲမှာ ရှိပါတယ်။ သူ့ခွန်အားအပြည့်နဲ့ တစ်ကြိမ်တိုက်ခိုက်လိုက်တာနဲ့ သူ့ရဲ့အလောင်းချီတွေကို ဖုံးကွယ်ထားဖို့ ဆိုတာက မဖြစ်နိုင်တာကြောင့် လူတွေသတိထားမိအောင် ဘာမှမပြုလုပ်ခဲ့ပါဘူး။ ဒါအပြင်

အလောင်းတစ်ထောင်ဂိုဏ်းက လူတွေက အလောင်းစစ်သားတွေနဲ့မှ သန်မာတာဖြစ်ပြီး သူတို့ရဲ့ ကိုယ်ပိုင်တိုက်ပွဲ စွမ်းအားတွေကတော့ သာမန်လောက်ပဲ ဖြစ်ပါတယ်။

သူက ဒေါသမထွက်ပဲ မနေနိုင်ခဲ့ပါဘူး။ ဂိုဏ်းအတွင်းက ဘယ်အရူးကများ ဒီလိုပဟန်တစ်လုံး ပန်တစ်လုံးနဲ့ ကမ္ဘာကြီးရဲ့ ရှေ့မှောက်မှာ အမှန်တကယ်ပဲ ထွက်ပေါ်လာခဲ့တာလဲ။ အဲဒါက အလောင်းတစ်ထောင်ဂိုဏ်းဆီကို မှန်းတီးခြင်းတွေပဲ ယူဆောင်လာလိမ့်မှာ မဟုတ်ဘူးလား။

လင်းဟန်က အဲဒီကြေးခေါင်းတလားကို မှတ်မိသွားတာကြောင့် သူ့ရဲ့အမူအယာက အနည်းငယ် ပြောင်းလဲသွားခဲ့ပါတယ်။

အသက်သုံးချောင်း အလောင်းကောင်ခေါင်းတလား ရှုံဟွမ်ရွှမ် မဟုတ်လား။

မဟုတ်သေးဘူး။ အခုက ရှုံဟွမ်ရွှမ် အစစ်အမှန် မဟုတ်သေးဘူး။ အဲဒါက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ပဲ ဖြစ်ပါတယ်။

တကယ်လို့ အဲဒါက ရုံပွမ်ရွှမ် စစ်စစ်သာ ဖြစ်နေမယ်ဆိုရင် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးအတွက်ပဲ လိုချင်ဆန္ဒတွေ ရှိနေသင့်ပြီး နတ်ဆိုးချီတွေကို ရောဂါကပ်ဆိုး တစ်ခုသဖွယ် ရှောင်ကွင်းသွားပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူ့ရဲ့ခန္ဓာကိုယ်ကို သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ရဲ့ ထိန်းချုပ်ထားမှုကြောင့် ရုံပွမ်ရွှမ်က အနက်ရောင် ကျောက်တုံးအတွက် အနက်ရောင်ချီတွေဆီကို ကျိန်းသေ တဟုန်ထိုး ပြေးသွားခဲ့ပါတယ်။

တခြားလူတွေအတွက် နတ်ဆိုးချီတွေက ထိတွေ့လို့မရနိုင်တဲ့ အဆိပ်တွေပဲ ဖြစ်ပေမဲ့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် အတွက်တော့ အထူးကောင်းမွန်ပြီး အားအင်ပြည့်ဖြိုးစေတဲ့ အရာပဲ ဖြစ်ပါတယ်။ အောက်ခြေမှာ ထူးခြားတဲ့ အနက်ရောင် ကျောက်တုံးတစ်ခု အမှန်တကယ်ပဲ ရှိနေခဲ့ပြီး အဲဒါကိုသာ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် ရရှိသွားခဲ့ရင် ဘယ်လိုကပ်ဘေးတွေများ ဖြစ်လာလိမ့်မလဲ။

လင်းဟန်က တစ်စက္ကန့်လေးတောင် တုံ့ဆိုင်းတွေဝေမနေပဲ နတ်ဆိုးရှင်သန်ဓားကို ချက်ချင်းဆွဲထုတ်လိုက်ပြီး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ရိုက်ထုတ်လိုက်ပါတယ်။

နစ်ခုစလုံးက အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်တွေဖြစ်တာကြောင့် နတ်ဆိုးရှင်သန်ဓားကို အသုံးမပြုပဲနဲ့ ခေါင်းတလားကို ထိပ်တိုက်တွေ့ဖို့ အမှန်တကယ်ပဲ မဖြစ်နိုင်ပါဘူး။

ဓားချီတွေက ဆင်းသက်လာခဲ့ပါတယ်။ အသက်သုံးချောင်း အလောင်ကောင် ခေါင်းတလားက ဓားချီတွေကြောင့် ရပ်တန့်ဖို့ ဖိအားပေးခံလိုက်ရပြီး ခေါင်းတလားရဲ့ အလင်းတန်းတွေက မျက်စိကျိန်းလောက်အောင် တောင်ပနေခဲ့ပါတယ်။

"မင်းက တကယ်ကို မသေသေးဘူးပဲ"

ခေါင်းတလားအဖုံး ပွင့်သွားခဲ့ပြီး ရှုံဟွမ်ရွှမ်ရဲ့ပုံရိပ် ပေါ်ပေါက်လာခဲ့ပါတယ်။ သူရဲ့စူးစိုက်နေတဲ့ အကြည့်တစ်ချက်က လင်းဟာန်ကို ဖမ်းမိသွားခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့ဖွယ် အအေးဓာတ်တွေကို ထုတ်လွှတ်နေခဲ့ပါတယ်။

"ဒီတစ်ကြိမ်တော့ ငါ့အရှင်သခင်က မင်းကို လုံးဝပျောက်ကွယ်သွားအောင် လုပ်ပေးရလိမ့်မယ်"

အပိုင်း (၄၁၄) မူလဖရိုဖရဲ အရင်းအမြစ် ကျောက်တုံး

ကောင်းရောပဲ။ အခုတော့ နတ်ဆိုးတွေနဲ့ သားရဲတွေ အမျိုးမျိုး ထွက်ပေါ်လာပြီး ပိုပြီးတောင်မှ စည်ကားသိုက်မြိုက်လာခဲ့ပါပြီ။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆန်ကုန်မြေလေးတစ်ကောင်ကများ ဒီနေရာကို လာဝံ့သေးတယ်။ မင်းက သေခြင်းတရားကို ဖိတ်ခေါ်နေတာလား"

ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်က ရှံဟွမ်ရွှမ်ကို လှမ်းရိုက်လိုက်ပါတယ်။

လူတိုင်းက ဘယ်လောက်ပဲ အဆင့်မြင့်သည်ဖြစ်စေ နိမ့်သည်ဖြစ်စေ ဒီလို မကောင်းဆိုးဝါး ဂိုဏ်းတစ်ခုရဲ့ တပည့်တစ်ယောက်ကို သုတ်သင်ဖို့ အခွင့်အရေးရှိပါတယ်။ ရှံဟွမ်ရွှမ်က မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ဘွဲ့ထူး ဂုဏ်ဒြပ်တွေ ရှိနေခဲ့ရင်တောင်မှ ရလဒ်က အတူတူပဲ ဖြစ်ပါလိမ့်မယ်။ အဲဒါကိုကြည့်ရင် အလောင်းတစ်ထောင်ဂိုဏ်းကို ဘယ်လောက်တောင်

စက်ဆုပ်ရွံ့ရှာပြီး မကျေမချမ်း ဖြစ်နေခဲ့ကြသလဲဆိုတာ ကောက်ချက်ချနိုင်ပါတယ်။ ထောင်စုနှစ်တစ်ခု ကြာပြီးခဲ့တာတောင်မှ အဲဒီဂိုဏ်းရဲ့ပုံရိပ်က လူတွေကို အလောင်းတစ်ထောင် ဂိုဏ်းသားတွေကို တွေ့ရာသချိုင်း ဓားမဆိုင်းပဲ သတ်ဖြတ်ဖို့ လှုံ့ဆော်နိုင်နေတုန်းပဲ ဖြစ်ပါတယ်။

"ဂိဂိဂိဂိဂိ"

"ဒီအရှင်သခင်ကို သတ်ချင်နေတာတဲ့လား။ မင်းက နှစ်တစ်သန်းလောက် စိတ်ဆန္ဒတွေ စောလွန်းနေသေးတယ်"

ရှံ့ပွှမ်ရှမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပေမဲ့ ပါးစပ်ကသာပြောနေတာ လူကတော့ အသက်သုံးချောင်း အလောင်းကောင်ခေါင်းတလားထဲသို့ ချက်ချင်း ပြန်ဝင်လိုက်ပါတယ်။

သူ့ရဲ့ပင်မကိုယ်ခန္ဓာက သေချာပေါက် မသေဆုံးပေမဲ့ သူ့ရဲ့အသွေးအသားကိုယ်ခန္ဓာက နုနယ်လွန်းလှပြီး နွေဦးစမ်းရေ အလွှာကိုးမှာပဲ ရှိပါသေးတယ်။ သူက ပန်းဖူးအဆင့် စစ်သည်ရဲ့ တိုက်ခိုက်မှုတွေကို ခုခံဖို့ မဖြစ်နိုင်ပါဘူး။

တိုက်ခိုက်မှုတွေက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားပေါ်ကို ဆင်းသက်လာခဲ့ရာ ချက်ချင်းဆိုသလို အဲဒီစိတ်ဝိညာဉ်ပစ္စည်းက အသက်ဝင်လာခဲ့ပြီး ခေါင်းတလားတစ်ခုလုံးက သွေးကြောပုံစံ မျဉ်းကြောင်းတွေက လင်းလက်တောက်ပ လာခဲ့ပါတယ်။ အလင်းတိုင်တစ်ခုက တစ်ဟုန်ထိုး မြင့်တက်သွားပြီး လက်ထဲမှာ လှံရှည်တစ်ခု ကိုင်ထားတဲ့ အရိုးခြောက် စစ်သည်တစ်ကောင်အဖြစ် ပြောင်းသွားခဲ့ပါတယ်။ အရိုးခြောက်က ပန်ဖူးအဆင့် လက်ရွေးစင်ဆီ လှံရှည်နဲ့ ထိုးထည့်လိုက်ပြီး အဲဒီလှံရှည်က ပန်းဖူးအဆင့် လက်ရွေးစင်ရဲ့ ဘယ်ဖက်ပခုံးကို ထိုးဖောက်သွားခဲ့ပါတယ်။

အဲဒီမြင်ကွင်းကို မြင်တဲ့အခါ လူတိုင်း ကြောင်အသွားကြပါတယ်။

အဲဒါက ပန်းဖူးအဆင့်စစ်သည်တစ်ယောက် ဖြစ်ပေမဲ့ သူက တိုက်ခိုက်မှု တစ်ခုကိုတောင်မှ မတားဆီးနိုင်ခဲ့ပါဘူး။ တကယ်လို့ သူသာ အချိန်မှီ မရှောင်တိမ်းခဲ့ရင် သူ့နှလုံးကို ပြင်းပြင်းထန်ထန် ထိခိုက်နိုင်ပြီး ဒါက အတော်လေး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလှပါတယ်။ ဘယ်လိုရတနာမျိုးဖြစ်လို့ ပန်းဖူးအဆင့်ပြိုင်ဘက် တစ်ယောက်ကိုတောင်မှ ဖိနှိပ်ထားနိုင်ရတာလဲ။

ဒါပေမဲ့ လူအချို့ကတော့ လင်းဟန်ကို ထူးဆန်းတဲ့ အကြည့်တွေနဲ့ စူးစိုက်ကြည့်နေခဲ့ကြပါတယ်။ အဲဒါက အစောပိုင်းတုန်းက လင်းဟန်လည်းပဲ အဲဒီခေါင်းတလားကို တစ်ကြိမ် ရိုက်ပုတ်ခဲ့တာကြောင့်ဖြစ်ပါတယ်။ သူ့ကျတော့ ဘာလို့ ဘာမှမဖြစ်ခဲ့တာလဲ။

အဲဒီ ချာတိတ်လက်ထဲကဓားကရော အဆင့်မြင့် စိတ်ဝိညာဉ်လက်နက်များ အမှန်တကယ် ဖြစ်နေခဲ့တာလား။

လင်းဟန်လည်း အံ့အားသင့်စွာ စိတ်ထဲကနေ ပင့်သက်ရှိုက်လိုက်မိပါတယ်။ နှစ်ခုစလုံးက အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်တွေ ဖြစ်ပေမဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ကြမ်းတမ်းလွန်းပါတယ်။ ခေါင်းတလားထဲ ပုန်းကွယ်နေပါက လူတစ်ယောက်က မလွှမ်းမိုးနိုင်တဲ့ ခုခံကာကွယ်မှုကို ရရှိရုံသာမက မိမိကိုယ်ကို ဆူးတစ်ချောင်းအဖြစ် တွယ်ကပ်ထားပြီး ဘယ်သူမဆို တိုက်ခိုက်လိုက်တာနဲ့ ကံဆိုးမိုးမှောင်ကျသွားအောင် လုပ်နိုင်ပါတယ်။

ပိုပြီးတော့ အရေးပါတာက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ရထားလုံး တစ်ခုလိုလည်

သူ့ဘာသာသူ ရွှေ့လျားနိုင်တာကြောင့် အတော်လေး အဆင်ပြေလှပါတယ်။

ဒါပေမဲ့ လင်းဟန်ကို ခေါင်းတလားထဲ ပုန်းကွယ်စေမယ်ဆိုရင်တော့ သူသေချာပေါက် လုပ်လိမ့်မှာ မဟုတ်ပါဘူး။

"အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတဲ့လား။ အဲဒါက တကယ်ပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတဲ့လား"

အကြီးအကဲ တိမ်ကိုးခုရဲ့ မျက်လုံးတွေ တောက်ပသွားခဲ့ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာသုံးခု ရှိပါတယ်။ အဲဒါတွေက နတ်ဆိုးအော်သံ ဆေဘာဓား၊ မြေအောက်ကမ္ဘာရဲ့ ရေကန်နဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ်က စိတ်ဝိညာဉ်လက်နက်တစ်ခု မဟုတ်ပါဘူး။ အဲဒါက အလောင်းကောင် တစ်ထောင်ဂိုဏ်းရဲ့ အမွေဆက်ခံခြင်း နယ်မြေတစ်ခုပဲဖြစ်ပြီး ကျင့်ကြံခြင်းအတွက်

သန့်စင်မြင့်မြတ်တဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီနေရာအတွင်းမှာ တစ်နှစ်ကျင့်ကြံတာက အပြင်မှာ ဆယ်နှစ်ကျင့်ကြံတာနဲ့ တူညီပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာထဲက မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ်တည်နေရာကို မသိရှိခဲ့ကြပါဘူး။

ယနေ့အချိန်မှာတော့ နတ်ဆိုးအော်သံ ဆေဘာဓားကို လက်ရှိဂိုဏ်း ဆရာသခင်က ကိုင်စွဲထားပါတယ်။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား ပေါ်ပေါက်လာတာကိုကြည့်ရင် အကောင်းဆုံး ရတနာသုံးခုထဲကနှစ်ခု ပေါ်ထွက်လာခဲ့ပြီလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ ဒါဆိုရင် မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ် ပေါ်ပေါက်ဖို့ကရော အလှမ်းဝေးကွာနေတုန်းပဲလား။

အလောင်းကောင်တစ်ထောင်ဂိုဏ်းက ပိုမို တိုးတက်ပွင့်လန်းလာတော့မှာလား။

အကြီးအကဲ တိမ်ကိုးခုက စိတ်လှုပ်ရှားမှုတွေနဲ့အတူ ရှုးသွပ်နေခဲ့ပါတယ်။ တကယ်လို့ သူသာ လင်းဟန်ဆီက သက်ရှိအရာတွေကို ထည့်သွင်းသိလှောင်နိုင်တဲ့ စိတ်ဝိညာဉ်လက်နက်ကို ရရှိနိုင်ခဲ့ရင် အလောင်းကောင်တစ်ထောင်ဂိုဏ်းက သူ့ရဲ့ရွှေခေတ်ကို

ပြန်လည်ရောက်ရှိ နိုင်လိမ့်မှာဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်း များစွာတုန်းက နန်းဆက်ကိုတောင်မှ သာလွန်သွား နိုင်ပါလိမ့်မယ်။

ရှုံဟွမ်ရှမ်က ချောက်ချားဖွယ်ရာ ကောင်းတဲ့ အသံနဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဟားဟားဟား။ ငါ့အရှင်သခင်က မင်တို့ကောင်တွေနဲ့ ထပ်မကစားတော့ဘူး။ တကယ်လို့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို ရရှိပြီး ငါ့အရှင်သခင်ရဲ့ ကိုယ်ခန္ဓာအဖြစ် သန့်စင်နိုင်ခဲ့ရင် ကမ္ဘာကြီးတစ်ခုလုံးက ငါ့အရှင်သခင်ရဲ့ အာဏာစက်အောက်မှာ ကြောက်ရွံ့တုန်လှုပ် နေရလိမ့်မယ်"

ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်တဲ့လား။ အဲဒါက အနက်ရောက်ကျောက်လား။

လင်းဟန်က နောက်တစ်ကြိမ် တုံ့ဆိုင်းတွေဝေနေခြင်းမရှိပဲ တိုက်ခိုက်လိုက်စဉ် သူ့စိတ်ထဲမှာ မေးခွန်းတစ်ခု ဖြတ်ပြေးသွားခဲ့ပါတယ်။ သူက သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကို အနက်ရောင်ကျောက် ရယူသွားဖို့ကို သေချာပေါက် ခွင့်ပြုမှာ မဟုတ်ပါဘူး။ အလောင်း

တစ်ထောင်ဂိုဏ်းက ဘယ်လောက်ပဲ သန်မာနေပါစေ သူတို့တွေကို ဖိနှိပ်ထားနိုင်တုန်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကျတော့ရော။ သူက နတ်ဘုရား စိတ်ဝိညာဉ် တစ်ခုဖြစ်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းအင်တွေ အပြည့်အဝ ပြန်လည်ကောင်းမွန်လိုက်တာနဲ့ ကျယ်ပြန့်တဲ့ ကုန်းမြေတွေက ကပ်ဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ရလိမ့်မှာပါ။

"ပမာမခန့်နဲ့ မိုက်ရိုင်းတဲ့ ဟိုကောင်လေး ငါ့အရှင်သခင်ရဲ့ ကျင့်ကြံခြင်းတွေ ပြန်လည်ကောင်းမွန်တဲ့ အခါကျရင် ငါ့အရှင်သခင်က ပထမဆုံးသတ်မဲ့သူက မင်းပဲ"

ရှံဟွမ်ရွှမ်က ဒေါသတကြီး အော်ဟစ်လိုက်ပါပြီးနောက် အသက်သုံးချောင်း အလောင်ကောင် ခေါင်းတလားကို ထိန်းကျောင်းပြီး နတ်ဆိုးချီတွေထဲကို တဟုန်ထိုးပြေးသွားခဲ့ပါတယ်။

အစောပိုင်းတုန်းက ပန်းဖူးအဆင့် လက်ရွေးစင်ရဲ့ ကံမကောင်းအကြောင်းမလှမှုက သူတို့ရဲ့ ရှေ့မှာရှိနေတုန်းပဲဖြစ်ပြီး ဘယ်သူမှ တူညီတဲ့ကံတရားကို မဝေမျှချင်တာကြောင့် သူ့ကို မတားဆီးဝံ့ကြပါဘူး။

လင်းဟန်က လျင်မြန်စွာ နောက်ကလိုက်သွားခဲ့ပြီး ဟူးညိုကလည်း နတ်ဆိုးချီတွေထဲသို့ တစ်ဟုန်ထိုး လိုက်ပြေးဝင်သွားခဲ့ပါတယ်။ သူတို့နှစ်ယောက်က လူအားလုံးရဲ့မြင်ကွင်းကနေ ချက်ချင်း ပျောက်ကွယ်သွားခဲ့ပါတယ်။ နတ်ဆိုးချီတွေက မြင်ကွင်းကို ပိတ်ဆို့ဖို့အတွက် လုံလုံလောက်လောက် သိပ်သည်းရုံသာမက နတ်ဘုရားအာရုံတွေကို ဖြတ်တောက်နိုင်တဲ့ သန်မာတဲ့ အကျိုးသက်ရောက်မှုလည်း ရှိနေခဲ့ပါတယ်။ အဲဒါကြောင့် ပန်းဖူးအဆင့်တွေတောင်မှ ဒီလူသုံးယောက်ရဲ့ သဲလွန်စကို ချက်ချင်းဆုံးရှုံးသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ လူတိုင်းက စကားလုံးနှစ်လုံးကိုပဲ တွေးမိနေခဲ့ကြပါတယ်။

`တကယ့် အရူးကောင်တွေပဲ`

အဲဒါတွေက ပန်းဖူးအဆင့် လက်ရွေးစင်တွေတောင်မှ ညစ်ညမ်းခံရဖို့ ဆန္ဒမရှိတဲ့ နတ်ဆိုးချီတွေဆိုတာ မမြင်နိုင်ဘူးလား။ စိတ်ဝိညာဉ်ပင်လယ်အဆင့်လေးနဲ့ နွေဦးစမ်းရေအဆင့် စစ်သည်လေးတွေက အဲဒီနတ်ဆိုးချီတွေထဲကို ပြေးဝင်ဖို့ ကြိုးစားနေတာတဲ့လား။

အဓိပ္ပါယ်မရှိလိုက်တာ။

ပန်းဖူးအဆင့်တွေက ဒေါ်ဟာစ်လိုက်ကြပြီး သူတို့တွေရဲ့ တိုက်ခိုက်မှုတွေကို နတ်ဆိုးမျောက်ဝံဆီသို့ ထပ်မံထုတ်ဖော်လိုက်ပြီး ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ပြန်လည်စတင် လိုက်ကြပါတယ်။ အဲဒါတွေက သီးခြားကိစ္စရပ်တွေဖြစ်ပြီး သူတို့အာရုံစိုက်နေစရာမလိုပါဘူး။

***

"ကောင်လေး မင်းရဲ့အဆင့်တွေက ပိုမြင့်နေတာကြောင့် ငါအရှင်သခင်က မင်းကို ကြောက်နေလိမ့်မယ်လို့ မထင်နဲ့နော်"

ရှုံဟွမ်ရွှမ်ရဲ့အသံက ခေါင်းတလားအတွင်းမှ ထွက်ပေါ်လာခဲ့ပါတယ်။ သူက နွေဦးစမ်းရေအဆင့် အလွှာကိုးမှာသာ ရှိနေခဲ့တာဖြစ်ပြီး လင်းဟာန်ကို ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ပါဘူး။

"ငါအရှင်သခင် ဖရိုဖရဲ မူလနတ်ဆိုးချီအချို့ကို သန့်စင်ပြီးတဲ့အချိန်ကျရင် ကျင့်ကြံခြင်းအဆင့်တွေ တိုးလာလိမ့်မယ်။ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို

ပြန်လည်ရယူပြီးရင်တော့ ငါအရှင်သခင်ရဲ့ ပြန်လည်မွေးဖွားမှုအတွက် ယဇ်ပူဇော်ဖို့ သွေးအနေနဲ့ မင်းရဲ့အသက်ကို ယူရလိမ့်မယ်"

"အိုး ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်ဆိုလား အဲဒါက မင်းကို သန်မာစေနိုင်တာလား"

လင်းဟန်က ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

ရှံဟွမ်ရွှမ်က နှာခေါင်းရှုံ့လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါအရှင်သခင်က ကမ္ဘာကြီးရဲ့ ဖရိုဖရဲ မူလနတ်ဆိုးချီ အစလေးတစ်ခုကနေ ပြောင်းလဲလာပြီး ခန္ဓာကိုယ် မရှိတဲ့အတွက်ကြောင့် ဒုက္ခရောက်ခဲ့ရတယ်။ အဲဒါက ငါအရှင်သခင် ဘာကြောင့် အစိတ်အပိုင်း ကိုးခုအဖြစ် ကွဲထွက်ပြီး နှစ်ထောင်ပေါင်းများစွာကြာအောင် ဖိနှိပ်ခံထားရလဲဆိုတဲ့ အကြောင်းပြချက်ပဲ။ ဒါပေမဲ့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်နဲ့ ငါအရှင်သခင်က အရင်းအမြစ်တူညီတဲ့ ကမ္ဘာကြီးရဲ့ အမာကြောဆုံး အရာတစ်ခုတွေ အထဲကပဲ ဖြစ်တယ်။ ငါအရှင်သခင်က အဲဒါကို ခန္ဓာကိုယ်တစ်ခုထဲကို သန့်စင်ဖို့ပဲလိုတယ်။ အဲဒီလိုလူဖြစ်တဲ့ ငါအရှင်သခင်ကို ဒီကမ္ဘာမှာ ဘယ်သူကများ

ယှဉ်နိုင်လိမ့်မှာလဲ။ အဲဒီအချိန်ကို ရောက်လာတဲ့ အခါကျရင် ငါ့အရှင်သခင်ရဲ့ ခန္ဓာကိုယ်ကို နတ်ဆိုး ဝိညာဉ်စွမ်းအားတွေ စီးနင်းမှုနဲ့အတူ ထောက်ပံ့ပေးလိုက်ရင် ဘယ်သူမှ ငါ့အရှင်သခင်ကို ကျော်လွှားနိုင်လိမ့်မှာ မဟုတ်ဘူး။ အကုန်လုံးက ငါ့အရှင်သခင်ရဲ့ ကျေးကျွန်တွေ ဖြစ်လာကြလိမ့်မယ်"

ဒီမွန်းစတားအိုကြီးက ရုတ်တရက်ကြီး ဒီလောက်ထိ ရိုးသားသွားခဲ့ပြီး သူ့ရဲ့ဝှက်ဖဲကိုတောင်မှ ထုတ်ပြနေခဲ့ပါတယ်။ ဒါပေမဲ့ ထပ်တွေးကြည့်ရင် သူက ဘာလို့ဝှက်ချက်တွေကိုမှ အမှန်တကယ် ထုတ်ဖော်ခဲ့တာတော့ မဟုတ်ပါဘူး။ သူဘယ်နေရာကနေ လာသလဲဆိုတာကိုပဲ ပြောခဲ့တာဖြစ်ပြီး သူ့ကို ဘယ်လို အမြစ်ဖြတ်ချေမှုန်းရမလဲဆိုတာကိုတော့ မပြောခဲ့ပါဘူး။

လွန်ခဲ့တဲ့ထောင်စုနှစ်များစွာက သူ့ရဲ့ခန္ဓာကိုယ်ကို အစိတ်စိတ်ပိုင်းဖြတ်ပြီးနောက် ဖိနှိပ်ထားရုံပဲ တတ်နိုင်ခဲ့ပါတယ်။ သူက အစစ်အမှန်ခံစားမှုရှိတဲ့ သက်ရှိအရာတစ်ခု မဖြစ်ခဲ့ပေမဲ့ တကယ်တမ်းကတော့ နတ်ဆိုးချီတွေရဲ့သရုပ်တစ်ခု ဖြစ်ပါတယ်။

ရုံဟွမ်ရှမ်က နတ်ဆိုးချီတွေကို စုပ်ယူနေခဲ့တာကြောင့်

ရိုးရှင်းစွာပဲ သူက ကြွားဝါနေခဲ့တာ မဟုတ်ပါဘူး။ ရုံဟွမ်ရှမ် ထုတ်လွှတ်နေခဲ့တဲ့ တည်ရှိမှုက ပိုမိုအားကောင်းလာပြီး သူက နွေဦးစမ်းရေအဆင့်မှာပဲ ရှိနေတုန်းဆိုပေမဲ့ သူ့ရဲ့အဆင့်က အတော်လေး လျင်လျင်မြန်မြန် တိုးတက်နေတာကို ရှင်းလင်းစွာ အာရုံခံနိုင်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်မိပါတယ်။ ဘာလို့ သူက အမြဲတမ်း ဒီလိုမွန်းစတားတွေနဲ့ပဲ ဆုံတွေ့နေရတာလဲ။ ဘဝကြီးက ကြမ်းတမ်းလိုက်တာ။

သူ့ရဲ့စိတ်ထဲမှာ အကြံတချို့ ဖြတ်ပြေးသွားခဲ့ပါတယ်။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ကာကွယ်မှုနဲ့ဆိုရင် ရုံဟွမ်ရှမ်ရဲ့ အဆင့်တိုးတက်မှုကို သေချာပေါက် ရပ်တန့်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နတ်ဆိုးချီတွေက ဘယ်နေရာကနေ လာနေခဲ့တာလည်း။ နတ်ဆိုးချီတွေကို ထုတ်လွှတ်နေတဲ့ အနက်ရောင်ကျောက်တစ်ခုကတော့ သေချာပေါက် ရှိနေခဲ့မှာပါ။ ဒါပေမဲ့ အဲဒါကို တောင်ကြီးတစ်တောင်က ဖိနှိပ်ထားတာကြောင့် သစ်တောဆီကို မြေပြင်ကို ဖြတ်ပြီးတော့ပဲ ပျံ့နှံ့နိုင်ခဲ့တာပါ။ အခုတော့ အဲဒါက သမုဒ္ဒရာတစ်ခုအဖြစ်သို့ ပြောင်းလဲသွားသလိုပါပဲ။

တကယ်လို့ သူသာ အနက်ရောင်ကျောက် ဒါမှမဟုတ် ရုံဟွမ်ရွှမ်ရဲ့ ပြောစကားအရ ဖရိုဖရဲ မူအရင်းအမြစ်ကျောက်ကိုသာ ပြန်လည်ရယူနိုင်ခဲ့ရင် အရာအားလုံးကို ဂရုစိုက်နိုင်ပြီပဲ ဖြစ်ပါတယ်။

လင်းဟန်က ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်ပြီး ဟူးညိုကို ထွက်ခွာဖို့ ဆွဲလိုက်ပါတယ်။ သူက နတ်ဆိုးချီတွေ အစပြုလာတဲ့ နယ်မြေကို ရှာဖွေဖို့ စတင်လိုက်ပါတယ်။

လင်းဟန်က မျှော်စင်လေးကို ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်နဲ့ နတ်ဆိုးချီအကြောင်း မေးလိုက်ပါတယ်။ မျှော်စင်လေးက အဲဒီနှစ်ခုကြားထဲက ဆက်နွယ်ချက်ကို မျှော်လင့်မထားပဲနဲ့ သိနေခဲ့ပြီး လျှို့ဝှက်ချက်အတော်များများ သူ့ကို ပြောပြခဲ့ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို အမှန်တကယ်ပဲ စုပ်ယူခဲ့ရင် အဲဒါက မာကျောလွန်းတာကြောင့် အနည်းဆုံးတော့ သူတို့ရဲ့ကျယ်ပြန့်တဲ့ နယ်မြေတွေပေါ်မှာ အသတ်ခံရဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အဲဒါက တစ်မူထူးစေတယ်လို့တော့ မထင်ရပါဘူး။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အစကတည်းက

နတ်ဆိုးချီအလုံးတစ်ခုဖြစ်ပေမဲ့ အစိတ်အပိုင်း ကိုးခုအဖြစ် ခွဲခြားခံခဲ့ရပြီးနောက် ထောင်စုနှစ်တွေတိုင်အောင် ကပ်ဘေးဒုက္ခတွေ မဖြစ်စေနိုင်ခဲ့ဘူး မဟုတ်လား။

နတ်ဆိုးချီတွေက ရောမ သမုဒ္ဒရာကြီးလို ဖြစ်ပါတယ်။ အခုအချိန်မှာတော့ လင်းဟန်ရဲ့ နတ်ဘုရားအာရုံကို ဖြန့်ကျက်လို့ မရနိုင်ခဲ့ပဲ သူရဲ့ခန္ဓာကိုယ်ပေါ်မှာလည်း အနက်ရောင်အစက်တွေ စတင်ပေါ်ပေါက်နေခဲ့ပါပြီ။ နတ်ဘုရားအာရုံတွေလည်း အတူတူပဲ ဖြစ်ပြီး ရေလို ထပ်ပြီးမကြည်လင်နိုင်တော့ပေမဲ့ အဲဒီအစား ပြင်းထန်တဲ့ လှုံ့ဆော်မှုတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။

မတူညီတာကတော့ ဟူးညိုလေးက လုံးဝ ကောင်းမွန်နေခဲ့ပေမဲ့ သူမရဲ့ဒန်တျန်ထဲမှာ မပီမသ အလင်းလေးတစ်ခုပေါ်ပေါက်လာခဲ့ပြီး သွေးကြောပုံစံတွေ တောက်ပနေသလိုပဲ ဖြစ်ပါတယ်။

ဟူးညိုက သူ့ထက် ပိုပြီး တစ်မူထူးခြားနေပါတယ်။

လင်းဟန်က အနက်ရောင်မျှော်စင်ထဲကို ဖျက်ခနဲ ဝင်လိုက်ပြီး သူ့ရဲ့ခန္ဓာကိုယ်ထဲမှ နတ်ဆိုးချီတွေကို လွင့်ပြယ်စေဖို့ ချက်ချင်းဆိုသလို အနက်ရောင်မျှော်စင်ရဲ့

စွမ်းအားတွေကို ဆင့်ခေါ်လိုက်ပါတယ်။ သူ့ရဲ့အရေပြားက မြင်နိုင်လောက်တဲ့ အရှိန်နှုန်းနဲ့ လျှင်မြန်စွာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။ ထို့အတူ သူ့ရဲ့ နတ်ဘုရားအာရုံကလည်း ပြန်လည်ပွင့်လင်းသွားပြီး အပြစ်ဆိုစရာမရှိအောင် သန့်စင်ကြည်လင်သွားခဲ့ပါတယ်။

လင်းဟန်က နောက်တစ်ကြိမ် အနက်ရောင်မျှော်စင်ထဲမှ ထွက်ခွာလိုက်ပါတယ်။ အနက်ရောင်ကျောက်ရဲ့ ခုခံခြင်းအတွေအကြုံနဲ့ သူက ဒီလောက်သိပ်သည်းတဲ့ နတ်ဆိုးချီတွေ အထဲမှာတောင်မှ မိနစ်တော်တော်များများ နေထိုင်နိုင်ခဲ့ပါတယ်။

"ညီးညီး ဒီလိုကျောက်တစ်ခုကို ဘယ်သူအရင်ရှာနိုင်မလည်းဆိုတာ ပြိုင်ရအောင်"

လင်းဟန်က သူ့လက်ထဲမှာ အနက်ရောင် ကျောက်လေးတစ်ခုကို လွှဲယမ်းပြလိုက်ရင်း ဟူးညိုလေးကို ပြုံးပြလိုက်ပါတယ်။

"ဟုတ်ပြီ"

ဟူးညိုလေးက ချက်ချင်း တိုတိုပြတ်ပြတ်အသံတစ်ခုနဲ့

ပြောလိုက်ပါတယ်။ သူမ ပြေးထွက်သွားတဲ့အချိန်မှာလည်း အတော်လေး စိတ်လှုပ်ရှားနေပုံပေါ်ပါတယ်။

"တကယ်လို့ ညှိုးညှိုးနိုင်ခဲ့ရင် ကြက်ပေါင်ကင် သုံးခု စားချင်တယ်နော်"

အပိုင်း (၄၁၅) နတ်ဆိုးခန္ဓာကိုယ် ပေါင်းစည်းခြင်း

လင်းဟန်နဲ့ ဟူးညှိုတို့နှစ်ယောက်က အရမ်းကို နှံ့နှံ့စပ်စပ် ရှာဖွေနေခဲ့ပေမဲ့ ဒီနယ်မြေ အကျယ်ကြီးကို နတ်ဆိုးချီတွေက ဖုံးလွှမ်းထားပြီး အမြင်အာရုံတွေနဲ့ နတ်ဘုရားအာရုံတွေကို ပိတ်ဆို့တားဆီး ထားတာကြောင့် သူတို့ရဲ့ ကင်းထောက်စွမ်းရည်တွေကို ကြီးကြီးမားမား အကျိုးသက်ရောက်နေခဲ့ပါတယ်။ ဟူးညှိုတောင်မှ ခြွင်းချက်မရှိ ဘာမှမတတ်နိုင်ပါဘူး။

သုံးရက်ဆက်တိုက် ကြာပြီးတဲ့အထိ သူတို့တွေ ဘာရလဒ်မှ မရရှိခဲ့ကြပါဘူး။ ဒီနေရာက တောင်တစ်ခုရဲ့အကျယ်ပမာဏရှိပြီး မကြီးမားရင်တောင်မှာ သေးငယ်နေတာလည်း မဟုတ်ပါဘူး။

ရုံဟွမ်ရှမ်ရဲ့ အင်အားတွေက လျင်မြန်စွာ

တိုးတက်လာခဲ့ပါတယ်။

သူက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အမွေကို ရရှိခဲ့ပြီး အလောင်းချီတွေကိုပဲ ကျင့်ကြံနိုင်ခဲ့ပေမဲ့ မကောင်းဆိုးဝါးအိုကြီးတစ်ယောက်က သူ့ရဲ့ခန္ဓာကိုယ်ထဲ ဝင်ရောက်ခဲ့တာကြောင့် နတ်ဆိုးချီတွေ ကျင့်ကြံနိုင်တဲ့ စွမ်းရည်ကို ထောက်ပံ့ပေးခဲ့ပါတယ်။ အဆုံးမရှိ ဝါးမျိုမှုတွေအောက်မှာ အလွှာတစ်ခုအတွက် တစ်ရက်နီးပါးပဲ ကြာမြင့်ပါတယ်။

ရုံဟွမ်ရှမ်က နှစ်ရက်ကြာပြီးတဲ့နောက်မှာ စိတ်ဝိညာဉ်ပင်လယ်အဆင့်ကို ချိုးဖြတ်သွားခဲ့ပြီး ဒီနေ့မှာတော့ သူက စိတ်ဝိညာဉ်ပင်လယ်အဆင့် ဒုတိယအလွှာမှာ ရှိနေခဲ့ပါတယ်။ တကယ်ကို ထိတ်လန့်ဖွယ် တိုးတက်မှုတစ်ခုပဲ ဖြစ်ပါတယ်။

ဒီနှုန်းနဲ့ဆိုရင် နောက်ခုနစ်ရက်ဆိုရင် သူက စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာကိုးကို ရောက်ရှိလိမ့်မှာဖြစ်ပြီး နောက်နှစ်ရက်ထပ်ကြာပြီးရင်တော့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ဖြစ်လိမ့်မှာပါ။ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို သူတစ်ကြိမ်ဝင်ရောက် လိုက်တာနဲ့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က အသက်သုံးချောင်း အလောင်းကောင်

ခေါင်းတလားအပေါ်က လှိုု့ပုက်နက်နဲ့တဲ့ ပညာတွေကို ဖမ်းဆုပ်မိတာနဲ့ လင်းဟန်ကိုဖိအားပေးဖို့ ယုံကြည်ချက်တွေ လုံလုံလောက်လောက် ပိုင်ဆိုင်သွားပါလိမ့်မယ်။

နောက်ထပ်ဆယ်ရက်၊ ရက်နှစ်ဆယ်၊ ရက်သုံးဆယ်ကြာပြီးတဲ့နောက်ဆိုရင် ရှုံဟွမ်ရှမ်က ဘယ်ကျင့်ကြံခြင်းအဆင့်ထိတောင် ရောက်သွားမှာလဲ။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ကာကွယ်မှုအောက်မှာ အဲဒီအတိုင်းသာ ဖြစ်လာခဲ့ရင် ရှုံဟွမ်ရှမ်လည်းပဲ အနက်ရောင်မျှော်စင်ကို ပိုင်ဆိုင်ထားသလိုပဲ ဖြစ်ပါတယ်။ ဘယ်သူမှ သူ့ကို ထိခိုက်အောင် မလုပ်နိုင်ပါဘူး။ အနည်းဆုံး လက်ရှိမှာ လင်းဟန် မလုပ်နိုင်ခဲ့ပါဘူး။

သူ အနက်ရောင်ကျောက်ကို ပထမဆုံး ရှာရပါမယ်။

ရှုံဟွမ်ရှမ်က တသွင်သွင်စီးဆင်းနေတဲ့ နတ်ဆိုးချီတွေကိုပဲ စုပ်ယူနေပါတယ်။ သူက ထိတ်လန့်ဖွယ် အမြန်နှုန်းနဲ့ တိုးတက်နေတုန်းပဲ ဖြစ်ပြီး တကယ်လို့ အနက်ရောင်ကျောက်ကို သူ့ရဲ့ခန္ဓာကိုယ်အဖြစ် အမှန်တကယ်ပဲ သန့်စင်နိုင်ခဲ့ရင် သူ့အနေနဲ့

ဘယ်လောက်တောင် သန်မာလာနိုင်မလဲ။

လင်းဟန်နဲ့ ဟူးညိုတို့နှစ်ယောက်က ဆက်လက်ရှာဖွေနေကြပြီး တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးသွားလေလေ သူတို့ရဲ့ဖိအားတွေ ပိုပိုများလာလေလေ ဖြစ်ပါတယ်။

လင်းဟန်က အပြင်ဘက်က တိုက်ပွဲနဲ့ပတ်သက်ပြီး ဂရုစိုက်မှုကို ရပ်တန့်ခဲ့ပြီးပါပြီ။ တကယ်လို့ နတ်ဆိုးမျောက်ဝံသာ ထွက်မပြေးခဲ့ရင် သူက လုံးဝကို အမြစ်ဖြတ် ချေမှုန်းခံရလိမ့်မှာပါ။ နောက်ဆုံးတော့လည်း လူသားလက်ရွေးစင်တွေက တစ်ဟုန်ထိုး ဆက်တိုက် ဖြတ်ကျော်နေကြတာပါ။ သားရဲဘုရင် တစ်ပါးဖြစ်တဲ့ နတ်ဆိုးမျောက်ဝံ ဆိုတော့ရော ဘာအရေးလဲ။

ဆယ့်တစ်ရက်မြောက်နေ့မှာတော့ ရှုံဟွမ်ရှမ်က စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို ဖြတ်ကျော်ရောက်ရှိ သွားခဲ့ပါပြီ။ ဒီလိုအမြန်နှုန်းက လူတိုင်းကို မနာလို ဖြစ်စေပါလိမ့်မယ်။

"ဂိဂိဂိဂိ ငါအရှင်သခင် မင်းကိုရှာဖို့ လာပြီ"

ရှုံဟွမ်ရှမ်ရဲ့ ဆိုးဆိုးရွားရွား ရယ်မောသံက

နတ်ဆိုးချီတွေထဲက ထွက်ပေါ်လာခဲ့ပါတယ်။

အရမ်း မြန်တယ်။

သူရဲ့ကျင့်ကြံခြင်းအဆင့်ကို ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ထိ မြင့်မားအောင် တိုးမြှင့်ဖို့ မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုရင် သူကမကြာခင်မှာ ဒီခန္ဓာကိုယ်ကို စွန့်ပစ်တော့မှာ ဖြစ်တာကြောင့်ပါ။ ဘယ်သက်ရှိတွေရဲ့ ခန္ဓာကိုယ်ကမှ သူ့ရဲ့ စိတ်ဝိညာဉ်ကို သယ်ဆောင်ပေးသူလုပ်ဖို့ မသင့်တော်ပါဘူး။ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကပဲ သူ့အတွက် အကောင်းဆုံး ဖြစ်ပါတယ်။

ဒါကြောင့် သူက လင်းဟန်ကို ဖိနှိပ်ဖို့ လုံလောက်တဲ့ ခွန်အားပဲ လိုအပ်ခဲ့ပါတယ်။ ဒီကောင်စုတ်လေးကို ကျရှုံးအောင် အရင်လုပ်ပြီး သူ့ကိုတောင်မှ ဖိစီးအောင် လုပ်နိုင်တဲ့ ဆန်းကြယ်စိတ်ဝိညာဉ် လက်နက်ကို သိမ်းပိုက်ရပါလိမ့်မယ်။

နတ်ဆိုးချီတွေ အထဲမှာတော့ သူ့ရဲ့တိုက်ပွဲစွမ်းအားတွေက အံ့အားသင့်ဖွယ် တိုးတက်မှုကို လက်ခံရရှိတာကြောင့် စိတ်ဝိညာဉ် ပလ္လင်အဆင့်က သေချာပေါက်

လုံလောက်ပါတယ်။

တခြားတစ်ဖက်မှာတော့ သူက လင်းဟန် ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို ရှာတွေ့သွားပြီး သူရဲ့အခွင့်အလမ်းတွေ အမှန်တကယ်ပဲ ပျက်စီးသွားမှာကို ကြောက်ရွံ့နေခဲ့ပါတယ်။

လင်းဟန်က အော်ဟစ်လိုက်ပြီး ဟူးညိုကို သတိပေးလိုက်ပါတယ်။ တကယ်လို့ ရုံဟွမ်ရှမ်နဲ့ ဆုံတွေ့ပြီး ရှုံးနိမ့်လို့ရှိရင် သူ့နဲ့အတူတွေ့ဆုံဖို့ သူမကို ပြောလိုက်ပါတယ်။

ဒီနတ်ဆိုးချီတွေ လွှမ်းခြုံနေတဲ့ နယ်မြေပေါ်မှာ သူနဲ့ဟူးညိုရဲ့အာရုံတွေက ကြီးမားစွာ ကန့်သတ်ထားခံရပါတယ်။ အထူးသဖြင့် ဟူးညိုရဲ့အာရုံတွေပေါ့။ သူမ အားသန်တဲ့အရာက အမြန်နှုန်းဆိုပေမဲ့ သူမ ရှင်းရှင်းတောင်မှ မမြင်နိုင်တဲ့အခါ မမြင်မစမ်းနဲ့လျှောက်ပတ်ပြေးနေတာက သူမကို မတော်တဆ ထိခိုက်စေနိုင်ပါလိမ့်မယ်။

"နတ်ဆိုးအိုကြီး ဒီကအဖိုးလေးနဲ့ လာတိုက်စမ်း"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက ငယ်ရွယ်တယ်ထင်ရပေမဲ့ သူ့ရဲ့စိတ်ဝိညာဉ်ကတော့ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်း များစွာက ဖြစ်ပါတယ်။ ဒီနေရာက ဘယ်သူနဲ့မဆို ရင်ဆိုင်တဲ့အခါ လူအိုကြီးတစ်ယောက်လို သူကိုယ်သူ ခံစားရပါတယ်။ သူက အများကြီး ငယ်ရွယ်တာကြောင့် သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ရဲ့ရှေ့မှာ မရင့်ကျက်သေးသလို ဟန်ဆောင်ဖို့ မလိုအပ်ခဲ့ပါဘူး။

"ခေါင်းမာတဲ့ကောင်စုတ်လေး ငါအရှင်သခင် ကမ္ဘာကြီးကို စီးနင်းခဲ့တဲ့အချိန်တုန်းက မင်းရဲ့အကြီးဆုံး ဘိုးအေတောင်မှ တစ်နေနေရာရာမှာ နို့စို့နေတုန်းပဲ ရှိသေးတယ်။ ငါအရှင်သခင်ရဲ့ ရှေ့မှောက်မှာ ဘယ်လိုတောင် ပမာမခန့်လုပ်ရဲရတာလဲ။ ဒီနေ့ ငါအရှင်သခင်က မင်းကို လုံးဝ အမြစ်ဖြတ်ချေမှုန်းပေးရလိမ့်မယ်။ မင်းသယ်ဆောင်ထားတဲ့ ရတနာကို ငါအရှင်သခင် အတော်လေး စိတ်ဝင်စားတယ်"

ရှုံဟွမ်ရှမ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

"ဘာလို့အသုံးမဝင်တဲ့ စကားတွေ အများကြီး ပြောနေရတာလဲ။ လာသာ လာခဲ့စမ်းပါ"

လင်းဟန်က အပြေးအလွှား ပြန်ဆုတ်ခွာလိုက်ပါတယ်။ လင်းဟန်က ရုံဟွမ်ရှမ်မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရှိပြီး သူ့လိုလူကို သတ်ဖြတ်ဖို့ မလွယ်ကူတာကြောင့် သူနဲ့တိုက်ခိုက်ဖို့ စိတ်မဝင်စားခဲ့ပါဘူး။

အနက်ရောင်ကျောက်ကို ရှာဖွေခြင်းကသာ မင်းဖြစ်မဲ့ လမ်းပါပဲ။

ရုံဟွမ်ရှမ်က ပျံထွက်လာခဲ့ပြီး သူ့ရဲ့ညာလက်ကို ဆန့်ထုတ်လိုက်ပြီး ခပ်တင်းတင်း ဆုပ်လိုက်ပါတယ်။ ဒီနယ်မြေမှာရှိတဲ့ နတ်ဆိုးချီတွေက ရိုင်းစိုင်းစွာ ကခုန်နေခဲ့ပြီး ကြီးမားတဲ့ လက်ကြီးတစ်ဖက်အဖြစ်သို့ ပြောင်းလဲသွားခဲ့ပြီး လင်းဟန်ကို ဆက်ခနဲ ဖမ်ဆုပ်လိုက်ပါတယ်။

"ဂိဂိဂိ မမျှော်လင့်ထားဘူးမလား။ ငါအရှင်သခင်က ဖရိုဖရဲ မူလနတ်ဆိုးချီတွေကနေ မူလကတည်းက ဖြစ်ပေါ်လာခဲ့တာ။ ပြီးတော့ ဒီနေရာမှာ ငါ့ရဲ့တိုက်ပွဲ စွမ်းအားတွေက ဆယ်ဆတိုးတက်နိုင်တယ်။ မင်းဘယ်နေရာသွားပုန်းမလဲ ဆိုတာကို ကြည့်ရအောင်"

ရုံဟိုင်ရှမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"သေချာပေါက် မလိုအပ်ဘူး"

လင်းဟန်က လျှပ်ပြက်သလို လက်သီးချက်တစ်ခု ထုတ်ဖော်လိုက်ပြီး မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်ပါတယ်။ ချက်ချင်းပဲ လျှပ်စီးတွေ တလက်လက်တောက်ပသွားခဲ့ပြီး လင်းဟန်ရဲ့ ထိုးချက်က ခေါင်းရှစ်လုံး တိုက်ပွဲဆင် တစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့ပြီး အနက်ရောင် လက်ကြီးနဲ့ ဆုံတွေ့သွားခဲ့ပါတယ်။

လျှပ်စီးတိုက်ပွဲဆင်လက်သီးက အနက်ရောင်လက်ကြီးကို တိုက်ခိုက်လိုက်တာက အင်းဆက်ပိုးမွှားလေး တစ်ကောင်က စစ်ရထားတစ်စင်းကို ရပ်တန့်ဖို့ ကြိုးစားလိုက်သလိုပဲ ဖြစ်ပါတယ်။ လျှပ်စီးတိုက်ပွဲဆင်ရဲ့ ခန္ဓာကိုယ်က အစိတ်စိတ်အမွှာမွှာ ကွဲကြေနေခဲ့ပေမဲ့ အနက်ရောင် လက်ကြီးကိုတော့ နည်းနည်းလေးမှ နေးကွေးအောင် မလုပ်နိုင်ခဲ့ပါဘူး။ မျှော်လင့်ထားတဲ့အတိုင်း ရှုံးဟွမ်ရွှမ်ပြောသလိုပဲ ဒီနေရာမှာ သူ့ရဲ့တိုက်ပွဲစွမ်းအားက ဆယ်ဆတိုးတက် နိုင်တယ်ဆိုတာက လူအထင်ကြီးအောင် ဖြီးဖြန်းနေခဲ့တာ မဟုတ်ပါဘူး။

"ငါအရှင်သခင်အတွက် သေပေးလိုက်စမ်း"

ရုံဟွမ်ရွှမ်က သူ့ရဲ့ညာဖက်လက်ကို တင်းတင်းဆုပ်လိုက်ရာ အနက်ရောင်လက်ကြီးကလည်းပဲ
တင်းတင်းကြပ်ကြပ်ဆုပ်သွားခဲ့ပြီး လင်းဟာန်ရဲ့ ပုံရိပ်ကို အငမ်းမရ ဝါးမျိုလိုက်ပါတယ်။ ဒါပေမဲ့ ရုံဟွမ်ရွှမ်က လင်းဟာန်ပျောက်ကွယ်သွားပြီလို့ ခံစားလိုက်ရတာကြောင့် ချက်ချင်း မျက်မှောင်ကြုတ် လိုက်မိပါတယ်။ သူ့ရဲ့တိုက်ခိုက်မှုက လင်းဟာန်ကို မဖမ်းဆုပ်မိခဲ့ပါဘူး။

မျှော်လင့်ထားတဲ့အတိုင်းပဲ
အနက်ရောက်လက်ကြီးပျောက်ကွယ်သွားတဲ့အခါ
လင်းဟာန်လည်း ဘာမှထိခိုက် ဒဏ်ရာမရပဲ ပေါ်လာခဲ့ပါတယ်။

"နတ်ဆိုးအိုကြီး လွှန်ခဲ့တဲ့ရက်အနည်းငယ်တုန်းက ခင်ဗျားက လိပ်ခွံထဲ ဝင်ပုန်းနေလို့ ခင်ဗျားနဲ့ပတ်သက်ပြီး ဘာမှမလုပ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ငါ့ကိုထိခိုက်စေချင်ရင် အဲဒါကလည်းပဲ စိတ်ကူးယဉ် အိပ်မက်တစ်ခုပဲ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ရုံဟွမ်ရွှမ်ရဲ့အကြည့်တွေ အေးစိမ့်နေပြီး သူရဲ့အမူအယာက ဒေါသတွေနဲ့ ပြည့်နေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ပြောတာ မှန်တယ်ဆိုတာကို သူသိနေခဲ့ပါတယ်။ သူတို့နှစ်ယောက်လုံးက တစ်ယောက်နဲ့တစ်ယောက် သေချာပေါက် မရိုက်နက်နိုင်ပါဘူး။ သူက စိတ်ထဲမှာ ဒေါသတကြီး ခံစားလိုက်ရပေမဲ့ နတ်ဆိုးကောင်းကင်ဆန်းကြယ်သော ဘုံအထဲမှာဆိုတာ နားလည်လိုက်တာကြောင့် သူအများကြီး ဂရုမစိုက်ခဲ့ပါဘူး။

ဒါဆို နောက်ထပ်လုပ်ဖို့ အကောင်းဆုံးအရာက ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို ရှာဖွေပြီး သူ့ရဲ့ခန္ဓာကိုယ်အဖြစ် သန့်စင်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှ လင်းဟန်ကို ဖိနှိပ်ပြီး သူ့ရဲ့ရတနာကို သိမ်းယူဖို့ပဲ ဖြစ်ပါတယ်။

"လင်းဟန် ညီးညီး ကျောက်တုံးကြီးတစ်ခုကို တွေ့တယ်။ ညီးညီးနိုင်ပြီ"

ဟူးညိုလေးရဲ့ ရွှင်ပြနေတဲ့အသံက ဟိန်းထွက်သွားခဲ့ပါတယ်။ အောက်ခြေမှ အလွန်သေးငယ်သော ခြေနှစ်ချောင်းနဲ့အတူ ကျွဲတစ်ကောင်လောက်ရှိတဲ့ အနက်ရောင် ကျောက်တုံးကြီးတစ်ခုကို သယ်ရင်းပြေးလာခဲ့တာကြောင့်

ဒီမြင်ကွင်းက အတော်လေးတော့ ထူးဆန်းနေခဲ့ပါတယ်။

အဓိကအချက်ကတော့ ဟူးညိုလေးက သေးငယ်လွန်းတာကြောင့်ဖြစ်ပြီး ကျောက်တုံးကြီးကို သယ်ဆောင်နေစဉ်မှာ သူမရဲ့ ခြေထောက်လေးနှစ်ချောင်းကိုသာ မြင်နိုင်ခဲ့ပါတယ်။

"ဂိဂိဂိ ငါ့အရှင်သခင်အတွက် ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို မင်းက အထူးပို့ဆောင်ပေးခဲ့တာပဲ။ ကျေးဇူးအများကြီးတင်ပါတယ်"

ရှုံဟွမ်ရှမ်က ပျော်ရွှင်မြူးတူးသွားခဲ့ပါတယ်။ သူက လင်းဟန်ကို နောက်ထပ် အာရုံမစိုက်တော့ပဲ လက်ဖဝါးတစ်ဖက်နဲ့ အနက်ရောင်ကျောက်တုံးကို ဆတ်ခနဲ ဆွဲယူလိုက်ပါတယ်။

သူအနက်ရောင်ကျောက်တုံးကို တစ်ကြိမ်ထိလိုက်တာနဲ့ သူ့ရဲ့ လက်ရှိလူသားကိုယ်ထည်ခွံကို စွန့်ခွာပြီး အနက်ရောင်ကျောက်ထဲသို့ ဝင်ရောက်ပြီးနောက် သူက အစစ်အမှန်ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းလဲပစ်မှာ ဖြစ်ပါတယ်။ ရှုံဟွမ်ရှမ်က သူ့ရဲ့ကိုယ်ပိုင်ခန္ဓာကိုယ်အဖြစ် ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို လုံးဝသန့်စင်ပြီး

အခြားဖိနှိပ်ထားတဲ့ စိတ်ဝိညာဉ် အစိတ်အပိုင်း ကိုးခုကို ရှာတွေ့ပြီးတဲ့အခါကျရင် ကောင်းကင်ဓားဂိုဏ်းကိုတောင် သူကြောက်ဖို့ လိုပါတော့မလား။

"ဒါက လင်းဟန်အတွက်။ နင့်အတွက် မဟုတ်ဘူး"

ဟူးညိုက မကျေမနပ် အော်ဟစ်လိုက်ပါတယ်။ အနက်ရောင်ကျောက်က လေထုထဲ ပျောက်ကွယ်သွားပြီး ရှုံဟွမ်ရှမ်ရဲ့လက်ဝါးက လေကိုပဲ ဖမ်းဆုပ်မိလိုက်ပြီး ဘာကိုမှ မလုယူနိုင်ခဲ့ပါဘူး။ သူက လျင်လျင်မြန်မြန် သူ့ခေါင်းကို လှည့်ကြည့်လိုက်ရာ ကျောက်တုံးကို သယ်ဆောင်ထားတဲ့ ဟူးညိုလေးက လင်းဟန်ရှေ့မှာ ပေါ်လာတာကိုသာ မြင်လိုက်ရပါတယ်။

တည်နေရာ ရွှေ့ပြောင်းခြင်း။

ဒီကလေးမလေးက အမှန်တကယ်ပဲ တည်နေရာ ရွှေ့ပြောင်းခြင်း နည်းစနစ်ကို အသုံးပြုခဲ့ပါတယ်။

ရှုံဟိုင်ရှမ်က တည်နေရာရွှေ့ပြောင်းခြင်းမှာ ကြီးမြတ်သော စကြာဝဠာတာအိုတွေ ပါဝင်နေခဲ့တာကြောင့် ကြက်သေသေသွားခဲ့ပါတယ်။ သူ့ရဲ့ကမ္ဘာမှာတောင်မှ

အဲဒါကို လူအနည်းငယ်သာ အောင်မြင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သေမျိုးကမ္ဘာရဲ့ ကလေးမလေး တစ်ယောက်က ဒီလို ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်တုံးကြီးတစ်တုံးကို သယ်ဆောင်ရင်းနဲ့ အခက်အခဲမရှိ အဲဒါကို အသုံးပြုနိုင်ခဲ့တာလား။ အဲဒါက သူ့ရဲ့နားလည်နိုင်စွမ်းထက်တောင် ကျော်လွန်နေတယ်လို့ သူ့ကို ခံစားရစေပါတယ်။

ဒါအပြင် နောက်တစ်ခုကိုလည်းပဲ သူ သတိပြုမိခဲ့ပါတယ်။ ဟူးညိုကရော နတ်ဆိုးချီတွေရဲ့ အကျိုးသက်ရောက်မှုကို ဘာလို့ မကြောက်ရတာလဲ။

"ညိုးညိုးလေး တော်တယ်"

လင်းဟန်က ဟားတိုက်ရယ်မောလိုက်ပြီး ဟူးညိုလေးကို တစ်ချက်ထဲနဲ့ ပွေ့ချီလိုက်ပြီး ဘယ်အချိန်မှာမဆို ဟူးညိုကို အနက်ရောင်မျော်စင်ထဲကို ထည့်ဖို့ အဆင်သင့် ပြင်ထားလိုက် ပါတယ်။

""မဟုတ်ဘူး။ အဲဒါ ငါ့အရှင်သခင် ပိုင်တာ"

ရှုံဟွမ်ရှမ်က လျင်မြန်စွာ ပစ်ဝင်လိုက်ပါတယ်။

အနက်ရောင်ကျောက်က သူနဲ့လက်မတင်လေးပဲ လိုတော့တာကို မြင်တဲ့အခါ သူအပျော်မလွန်ပဲ မနေနိုင်ခဲ့ပါဘူး။ ခန္ဓာကိုယ်တစ်ခုအဖြစ် ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို အသုံးပြုဖို့က သူ့လိုလူမျိုးရဲ့ အိပ်မက်တစ်ခုပဲ ဖြစ်ပါတယ်။

ထိပြီ။

သတ်ဖြတ်သူနတ်ဆိုးဧကရာဇ်က တုံဆိုင်းခြင်းမရှိပဲ သူ့ရဲ့စိတ်ဝိညာဉ်ကို ရုံဟွမ်ရွှမ်ရဲ့ ခန္ဓာကိုယ်မှ ဖယ်ထုတ်လိုက်ပြီး အနက်ရောင်ကျောက်တုံထဲကို တိုးဝှေ့ဝင်လိုက်ပါတယ်။

အပိုင်း(၄၁၆) ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် နှစ်ပေါက်တစ်ပေါက် ရိုက်ခြင်း

"ဟားဟား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့ရဲ့လက်ကို ဆတ်ခနဲ သာမန်ကာလျံကာ လှုပ်ရှားလိုက်ပြီး အထဲမှာ သူဆုပ်ကိုင်ထားတဲ့ အနက်ရောင်ကျောက်ကို ချက်ချင်း ပစ်ထုတ်လိုက်ပါတယ်။

"မဟုတ်ဘူး"

သတ်ဖြတ်သူနတ်ဆိုးကောရာဇ်က ဒေါသတကြီး ဟစ်ကြွေးလိုက်ပါတယ်။ သူက ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို အမှန်တကယ်ပဲ ပိုင်ဆိုင်ခဲ့ပေမဲ့ ပြဿနာရှိတာက ဒီဖရိုဖရဲ မူလအရင်းအမြစ်ကျောက်က သေးငယ်လွန်းနေတာပဲ ဖြစ်ပါတယ်။ အဲဒီကျောက်က မြေပဲစေ့ အရွယ်လောက်ပဲရှိပြီး အဲဒီအထဲမှာ ဖရိုဖရဲအရင်းအမြစ်တွေက သနားစဖွယ် ကောင်းလောက်အောင် နည်းပါးတဲ့ပမာဏပဲ ရှိနေခဲ့ပါတယ်။

သူ့ရဲ့မျိုးနွယ်ဝင်တွေက အခြားသက်ရှိတွေရဲ့ ခန္ဓာကိုယ်တွေကို လွှဲပြောင်းယူတဲ့အခါ သူတို့သားကောင်တွေကို ပျိုးထောင်ဖို့ စိတ်ကူးမရှိကြပါဘူး။ အဲဒါက ရွှေရောင်ခြင် ပုရွက်ဆိတ်လောက် သေးငယ်နိုင်သလို ထူးကဲသော ကောင်းကင်သားရဲလောက်လည်း ကြီးမားနိုင်ပါတယ်။ သူတို့တွေက ဘယ်လိုပဲဖြစ်ဖြစ် လိုက်လျောညီထွေ ဖြစ်နိုင်ကြပါတယ်။ အဆိုးဆုံးအနေနဲ့ အားနည်းတဲ့ ကာလအပိုင်းအခြားတစ်ခုကိုပဲ ကြုံတွေ့ရလိမ့်မှာပါ။

ဒါပေမဲ့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကတော့ မတူညီပါဘူး။ အဲဒါက တစ်ကြိမ်ပေါင်းစပ် လိုက်တာနဲ့ ပြန်လှည့်လို့မရတော့တဲ့ ဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ သူ့အနေနဲ့ ဘယ်တော့မှ ပြန်ထွက်လာနိုင်မှာ မဟုတ်ပါဘူး။

ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်သာ လုံလုံလောက်လောက်ကြီးမားခဲ့ပြီး ပြည့်စုံလုံလောက်တဲ့ ဖရိုဖရဲအရင်းအမြစ်တွေကိုသာ ပိုင်ဆိုင်ခဲ့ရင် အဲဒါက သူတို့ကို ချဲ့ထွင်ရန် အကန့်အသတ်မဲ့ နေရာတစ်ခု ပေးလိမ့်မှာဖြစ်ပါတယ်။ သူတို့တွေက ဒီကမ္ဘာမှာရှိတဲ့ စိတ်ဝိညာဉ်တွေ အကုန်လုံးကို ဝါးမျိုပြီး သူတို့နဲ့အတူ ပေါင်းစပ်နိုင်လိမ့်မှာ ဖြစ်ပြီး အဲဒီနောက်မှာ ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်က ခွင့်ပြုနိုင်တဲ့ အမြင့်ဆုံးပမာဏကို မရောက်ခင်အထိ သူတို့ရဲ့ ကိုယ်ပိုင်စွမ်းအားတွေကို အဆုံးမဲ့ တိုးတက်အောင် ပြုလုပ်နိုင်လိမ့်မှာ ဖြစ်ပါတယ်။

အဲဒါက ဖရိုဖရဲ မူလအရင်အမြစ်ကျောက် ကြီးမားလေလေ ဖရိုဖရဲ အရင်းအမြစ်တွေ ပိုပြီးပါဝင်လေလေ ဖြစ်တာကြောင့် ပိုမိုသန်မာလာဖို့ သူ့ရဲ့အလားအလာက ပိုပြီးကြီးမားလေလေလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ပြဿနာက ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်က ကြီးမားလွန်းတာကြောင့် မဟုတ်ဘဲ သေးငယ်လွန်းမက သေးငယ်နေတာကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒါက သေးငယ်လွန်းပြီး သူ့ရဲ့ဝိညာဉ် အပိုင်းအစတစ်ခုပဲ ဝင်ဆံ့နိုင်ပါတယ်။ ဒါအပြင် အထဲမှာ ဖရိုဖရဲ အရင်းအမြစ် အစအနလောက်သာ ရှိနေခဲ့ပြီး အဲဒီပမာဏနဲ့ သူ့ရဲ့စွမ်းအားကို တိုးတက်အောင်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။

အဲဒါက ဘာကိုဆိုလိုတာလဲ။ သူ့ရဲ့စွမ်းအားက ဒီအဆင့်ပေါ်မှာ ထာဝစဉ် ရပ်တန့်သွားလိမ့်မှာ ဖြစ်ပြီးတော့ သူ့ရဲ့တခြားဝိညာဉ် အစိတ်အပိုင်းရှစ်ခုကို ပြန်လည်စုပ်ယူဖို့တောင်မှ မဖြစ်နိုင်တော့ဘူးလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

ဟုတ်တာပေါ့ ဒီကိစ္စကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုတော့ ရှိနေတုန်းပဲဖြစ်ပြီး အဲဒါက သူ့ရဲ့ဒီဝိညာဉ်အစိတ်အပိုင်းကို ဝါးမျိုဖို့အတွက်ပဲ ဖြစ်ပါတယ်။

အဲဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူမြင်ခဲ့တဲ့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်က သေချာပေါက် ဒီလိုသေးကွေးမနေခဲ့ပါဘူး။

လင်းဟန်က တိတ်တဆိတ် ရယ်မောလိုက်ပါတယ်။ သူ့ကို သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် တိုက်ချလိုက်တဲ့ အချိန်လေးမှာပဲ သူက အနက်ရောင် ကျောက်တုံးကြီးကို အနက်ရောင် မျှော်စင်ထဲကို ထည့်သွင်းလိုက်ပြီးနောက် အနက်ရောင်ကျောက်လေးကို ဆွဲထုတ်လိုက်ပြီး နတ်ဆိုးကောရာဇ်ဆီသို့ ပစ်လွှတ်လိုက်တာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အဲဒီအနက်ရောင် ကျောက်လေးထဲမှ ဖရိုဖရဲအရင်းအမြစ်တွေက မျှော်စင်လေးရဲ့ စုပ်ယူခြင်းကို ကြီးမားစွာ ခံခဲ့ရတာကြောင့် အစအန အနည်းငယ်သာလျှင် ကျန်ရှိပါတော့တယ်။

သေချာတာကတော့ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က သူ့ရဲ့စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ဖုံးလွှမ်းနေခဲ့တာကြောင့် နည်းနည်းလေးမှ မတွေးတောနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ အနက်ရောင်ကျောက်တုံးရဲ့အရှိန်အဝါကို အာရုံရလိုက်တဲ့ အချိန်တစ်ခဏမှာပဲ ချက်ချင်း အထဲကို စီးဝင်ခဲ့တာ ဖြစ်ပါတယ်။

မျှော်စင်လေးက ဖရိုဖရဲ မူလနတ်ဆိုးချီနဲ့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ရဲ့ကြားက ဆက်နွယ်ချက်တွေကို သူ့ကို ပြောပြခဲ့ပါတယ်။ ဒါကြောင့် အဲဒီအချိန်တစ်ခဏမှာ သူက ဒီအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကို အောင်အောင်မြင်မြင် လှည့်စားနိုင်ခဲ့ပါတယ်။

အနက်ရောင်ကျောက်လေးက အမှန်တကယ်ပဲ စတင်လှုပ်ခါလာခဲ့ပြီး လူသားပုံစံအဖြစ် ပြောင်းလဲဖို့ အကောင်းဆုံး ကြိုးစားနေခဲ့ပါတယ်။ လင်းဟန်က အလျဉ်စလို ရှေ့ကိုတက်သွားခဲ့ပြီး တစ်ချက်ကန်ထုတ်လိုက်ပါတယ်။

"နတ်ဆိုးအိုကြီး ငါတို့ နောက်တစ်ကြိမ်မှ တွေ့ကြတာပေါ့"

သနားစဖွယ် သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကတော့ ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်နဲ့ ပေါင်းစပ်ဖို့ ပြုလုပ်နေဆဲ ဖြစ်ပါတယ်။ သူတို့နှစ်ခုစလုံးက တူညီတဲ့အရင်းအမြစ်တွေကနေ လာခဲ့တာကြောင့် ဒီဖြစ်စဉ်တစ်ကြိမ် စတင်လိုက်တာနဲ့ ရပ်တန့်လို့ မရတော့ပါဘူး။ ဒါကြောင့် သူ့ကိုယ်သူ ခုခံကာကွယ်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူက ကန်ချက်ကြောင့် အကွာအဝေးတစ်ခုဆီသို့ ချက်ချင်း လွင့်ပျံသွားခဲ့ပါတယ်။

"မင်း သေသင့်တဲ့လူသားကောင်လေး။ စောင့်နေလိုက်စမ်းပါ။ ငါမင်းကို သေချာပေါက် သတ်ပြမယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ဒေါသတကြီး ဟိန်းဟောက်လိုက်ပါတယ်။ သူက ဆိုးဆိုးရွားရွား ကလိမ်ကျခံလိုက်ရတာပဲ ဖြစ်ပါတယ်။

"နောက်ဆုံးတော့ ငါ့ရဲ့အငြိုးတွေ ထွက်ပေါက်ရခဲ့ပြီ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အများဆုံးအနေနဲ့ သူပိုင်ဆိုင်ခဲ့တဲ့ အသန်မာဆုံးစွမ်းအားရဲ့ ကိုးပုံတစ်ပုံကိုသာ ပိုင်ဆိုင်ခဲ့ပါတယ်။ တကယ်လို့ သူက မသေမျိုး ခန္ဓာကိုယ်တစ်ခုကို ပိုင်ဆိုင်ခဲ့ရင်တောင်မှ သူ့ကို ဖိနှိပ်ထား နိုင်တုန်းပဲဖြစ်ပြီး ဒီနည်းလမ်းနဲ့ဆိုရင် သူ့ကိုရင်ဆိုင်ဖို့ ပိုမို လွယ်ကူသွားပါလိမ့်မယ်။

ပြီးတော့ အခု ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်က ဖယ်ရှားခံလိုက်ရတာကြောင့် ဒီနေရာမှာရှိတဲ့ နတ်ဆိုးချီတွေက ဘာမှမကျန်တော့တဲ့အထိ တဖြည်းဖြည်း ပျံ့နှံ့သွားပါလိမ့်မယ်။ အဲဒီအချိန်ရောက်ရင် အမှောင်နတ်ဆိုး တောအုပ်ဆိုတာက သမိုင်းထဲမှာပဲ ကျန်ခဲ့ပါလိမ့်မယ်။

လင်းဟန်က စိတ်သက်သာရာရသွားတာကြောင့်

လေတွေကို ဟူးခနဲ မှုတ်ထုတ်လိုက်ပါတယ်။ သူက အတော်လေး ကောင်းမွန်တဲ့ စိတ်အခြေအနေတစ်ခုမှာ ရှိနေခဲ့ပါတယ်။

လင်းဟန်က ရယ်မောလိုက်ပါတယ်။ လွန်ခဲ့တဲ့ ထောင်စုနှစ်က မသေမျိုး မကောင်းဆိုးဝါး နတ်ဆိုးအိုကြီး တစ်ယောက်ကို နှစ်ပေါက်တစ်ပေါက် ရိုက်ပြီးတော့ ကလိမ်ကကျစ် ချနိုင်ခဲ့တာက အလိုအလျောက် သူ့ရဲ့စိတ်ကျေနပ်မှုအာရုံကို မြင့်တတ်စေခဲ့ပါတယ်။ အဲဒါအတွက် လန်းဆန်းတတ်ကြွစေတယ် ဆိုတဲ့ စကားလုံးတစ်လုံးနဲ့သာ ဖော်ပြစရာရှိပါတယ်။

"ဟမ်"

လင်းဟန်က ငြီးတွားသံအချို့ ကြားလိုက်ရပြီး ရှုံဟွမ်ရှမ်က သူ့ခြေရင်းမှာ အမှန်တကယ်ပဲ တုန်လှုပ်ဖွယ်ရှိနေတာကို မြင်လိုက်ရပါတယ်။

လပြွတ်။ ဒီကောင်က မသေသေးဘူးလား။

ကြည့်ရတာ ရှုံဟွမ်ရှမ်ရဲ့ခန္ဓာကိုယ်က အရင်ကတည်းက သေဆုံးသွားခြင်း မရှိဘူးဆိုတာကို

လင်းဟာန်သိလိုက်ရပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် ယူဆောင်တာကို ခံခဲ့ရပေမဲ့ သူ့ရဲ့အသိတွေက ဖျက်ဆီးမခံခဲ့ရတာလား။ ဘယ်အချိန်တုန်းက သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က ဒီလောက်ကြင်နာတတ် သွားရတာလဲ။

"ငါအသက်ရှင်နေဦးမယ်လို့ မင်ဘယ်တုန်းကမှ မထင်ထားခဲ့ဘူးမလား"

ရုံဟွမ်ရှမ်က လင်းဟာန်ကို စူးစိုက်ကြည့်နေခဲ့ပါတယ်။ သူတို့ဆုံတွေ့ခဲ့တဲ့ အချိန်ကတည်းက လင်းဟာန်နဲ့ သူက ကောင်းမွန်တဲ့အချိန်တွေ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။

ဒီရုံဟွမ်ရှမ်က မူလ ရုံဟွမ်ရှမ်ပဲဖြစ်ပြီး အစစ်အမှန် ရုံဟွမ်ရှမ်ပဲ ဖြစ်ပါတယ်။

လင်းဟာန်က သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

"သေချာတာပေါ့။
လူကောင်းတွေအသက်မရှည်ကြတဲ့အချိန်မှာ
မကောင်းဆိုးဝါးတွေကတော့ နှစ်တစ်ထောင်လောက် ရှင်သန်နေကြတယ်။ ဒီလောက်ဖြစ်ထားတာတောင် မသေနိုင်သေးဘူး"

"ဟာဟာဟာဟာ ငါကအလောင်းချီတွေကို သန့်စင်ခဲ့တယ်လေ။ ဒါကြောင့် ဒီလောက်လွယ်လွယ်နဲ့ ငါသေလိမ့်မှာ မဟုတ်ဘူး"

ရှုံဟွမ်ရွှမ်က လင်းဟန်ကို စိုက်ကြည့်လိုက်ပြီး အေးစက်စက် လှောင်ပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"ငါက မသေရုံတင်မကသေးဖူး ငါ့ရဲ့စွမ်းအားတွေက မင်းထက်သာတယ်"

"အိုက်ယား ငါ့ရဲ့အရင်က ကောင်းနေတဲ့စိတ်ကလေးတွေ အခုတော့ ဖျက်ဆီးခံလိုက်ရပြီ"

လင်းဟန်က သူ့ခေါင်းကို ခါယမ်းလိုက်ပါတယ်။

"ဒီနေရာမှာ ရိုးရိုးသားသားပြောရရင် အနည်းဆုံးတော့ ငါက မင်းရဲ့အသက်သခင်ကျေးဇူးရှင်ပဲ။ ဒါက မင်းရဲ့ ကျေးဇူးဆပ်တဲ့နည်းလား"

"ငါ မင်းကို အလောင်းစစ်သည် တစ်ယောက်အဖြစ် သန့်စင်ပေးပြီး မင်းကို ထာဝရတည်ရှိအောင် ခွင့်ပြုပေးမယ်။

ဒါက လုံလုံလောက်လောက် ကောင်းမွန်တယ်မဟုတ်ဘူးလား"

လင်းဟန်ကပြောနေရင်း သူ့နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်ခုပေါ်လာခဲ့ပါတယ်။

"မင်းက ကိုယ့်ကိုယ်ကို ဟုတ်လှပြီဆိုပြီး ဘဝင်ခိုက်နေတဲ့ပုံပဲ"

သူက ဘာကြောက်ရွံ့မှုကိုမှမပြပဲ မျက်နှာချင်းဆိုင်လာနေတဲ့ တိုက်ခိုက်မှုကို ခတ်ထုတ်ဖို့ ရှေ့တိုးဝင်လိုက်ပါတယ်။

တိုက်ခိုက်မှုနှစ်ခုက အပြင်းအထန် တိုက်မိသွားပြီး ရှုံဟွမ်ရှမ်က ဆက်တိုက်နောက်ကို ပြန်ဆုတ်ရမဲ့အဖြစ်ကို ဖိအားပေးခံလိုက်ရပါတယ်။ ရှုံဟွမ်ရှမ်ရဲ့ပါးနှစ်ဖက်ပေါ်မှာ ပါးနီတွေ လိမ်းခြယ်ထားသလို သူ့ရဲ့ဖြူဖျော့တဲ့မျက်နှာက နီရဲနေခဲ့ပါတယ်။

"ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

ရှုံဟွမ်ရှမ်က အံ့အားသင့်မှုကြောင့် အော်ဟစ်လိုက်မိပါတယ်။ သူက လင်းဟန်ကို အင်အားချင်း ရင်ဆိုင်ရာမှာ အမှန်တကယ်ပဲ ရှုံးနိမ့်ခဲ့တာပဲ ဖြစ်ပါတယ်။

"ငါမင်းကို ကြင်နာစွာနဲ့ ရှင်းပြပေးပါရစေ"

လင်းဟန်က အနည်းငယ် ပြုံးလိုက်ပါတယ်။

"မင်းက နတ်ဆိုးချီတွေကြောင့် စိတ်ဝိညာဉ်ပလ္လင်အဆင့်ကို ဝင်ရောက်နိုင်ခဲ့ပေမဲ့ အဲဒါက သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က လမ်းညွှန်ပေးတဲ့ အရာတွေလေ။ မင်းကိုယ်တိုင်ကတော့ နတ်ဆိုးချီတွေကို မကျင့်ကြံခဲ့ဘူးလေ။ ဒါကြောင့် အဲဒီလို စွမ်းအားမျိုးကို ပြည့်ပြည့်ဝဝ အသုံးပြုဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ပြီးတော့ မင်းက စိတ်ဝိညာဉ်ပလ္လင်အဆင့် ပထမအလွှာမှာပဲ ရှိသေးတယ်။ ဒီနေရာက နတ်ဆိုးချီတွေကို မင်းရဲ့ကိုယ်ပိုင်စွမ်းရည်တွေနဲ့ မပေါင်းစပ်ထားလို့ကတော့ ငါမင်းကို လက်တစ်ဖက်ထဲနဲ့ ဆယ့်ခုနစ်ဆ၊ ဆယ့်ရှစ်ဆလောက် ဖိနှိပ်ဖို့ တတ်နိုင်တယ်"

ရုံဟွမ်ရှမ်တစ်ယောက် ဒေါပွသွားခဲ့ပါတယ်။ စိတ်ဝိညာဉ်ပင်လယ်အဆင့် အလွှာခုနစ်က အကောင်ကများ သူ့နှာခေါင်းကိုထောက်ပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် ပထမအလွှာလောက်လေးနဲ့လို့ အမှန်တကယ်ပဲ ပြောထွက်ခဲ့တာလား။ ဒါက အကျိုးသင့် အကြောင်းသင့်ရော

ရှိသေးရဲ့လား။ ဒါပေမဲ့လည်း လင်းဟန် မှန်တာတစ်ခု ရှိနေခဲ့ပါတယ်။ သူတို့အလောင်းတစ်ထောင်ဂိုဏ်းက အဖွဲ့ဝင်တွေ တစ်ယောက်မှ သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေနဲ့ ပတ်သက်ပြီး မသိကြပါဘူး။ သူတို့တွေက သူတို့ရဲ့ အလောင်းကောင်စစ်သည်တွေအပေါ်မှာ အတော်လေး မှီခိုနေခဲ့ကြတာပါ။

အခုအချိန်မှာ သူ့ကိုကူညီဖို့ အလောင်းကောင်စစ်သည်တွေ ရှိမနေခဲ့တာကြောင့် သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်က သာမန်ကျင့်ကြံသူတစ်ယောက်သာ ဖြစ်နေခဲ့ပါတယ်။ ဒါအပြင် သူက စိတ်ဝိညာဉ်ပလ္လင့်အဆင့်ကို ချိုးဖြတ်ရုံမျှသာ ကျင့်ကြံခဲ့တာ ဖြစ်ပါတယ်။ လင်းဟန်ကို ဘေးဖယ်ထားဦး ရှန်ဇောင်ချန်တောင်မှ သူ့ကို သတ်နိုင်ပါလိမ့်မယ်။

"အခု ငါ့ရဲ့ခန္ဓာကိုယ်ကို ပြန်ရခဲ့ပြီဆိုတော့ အလောင်းချီတွေကို နောက်တစ်ကြိမ် စပြီးကျင့်ကြံရလိမ့်မယ်။ စွမ်းအားပြည့်ဝတဲ့ အလောင်းစစ်သည်ကို ရရှိတဲ့အခါကျရင် ငါ မင်းကို ပြန်လာရှာမယ်"

ရုံပတ္တမ်ရှမ်က အခြေအနေတွေနဲ့ ဆီလျော်တဲ့ လမ်းကြောင်းတစ်ခု ချန်ထားခဲ့ပြီး အသက်သုံးချောင်း

အလောင်းကောင် ခေါင်းတလားထဲ ခုန်ဝင်လိုက်ပြီးတော့ စိတ်ဝိညာဉ် လက်နက်ကို အသက်သွင် ပျံထွက်သွားခဲ့ပါတယ်။

သူ့ရဲ့ရန်သူကို မရိုက်နက်နိုင်မှတော့ သူထွက်ပြေးရုံပဲပေါ့။ မဟုတ်ရင် ဘာလုပ်ရမှာလဲ။ ညစာအတူစားဖို့ နေခဲ့ရမှာလား။

"ယာယီအားဖြင့်တော့ ပြသနာတစ်ခုကို ကျော်လွှားခဲ့ပေမဲ့ ပြသနာအသစ်တစ်ခုလည်း ငါ့မှာ ရှိလာပြီ။ ဒါက မှန်လား မှားလားဆိုတာတောင် မသိတော့ဘူး"

လင်းဟန်က တီးတိုးရေရွတ်လိုက်ပါတယ်။ သူက အခု ရုံဟွမ်ရှမ်ကို နှစ်ကိုယ်ခွဲခဲ့ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ စွမ်းရည်က အခု လင်းဟန်ရဲ့ထိန်းချုပ်မှု အောက်မှာဆိုပေမဲ့ သူက အစစ်အမှန် မသေဆုံးနိုင်တဲ့ ခန္ဓာကိုယ်အဖြစ်သို့ ပြောင်းသွားခဲ့ပါပြီ။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ကာကွယ်မှုနဲ့ဆိုရင် ရုံဟွမ်ရှမ်ကလည်းပဲ မသေဆုံးနိုင်တဲ့ ခန္ဓာကိုယ်တစ်ခုကို ပိုင်ဆိုင်ထားခဲ့ပါတယ်။

"အဲ့ဒါက မသေဆုံးနိုင်တဲ့ ခန္ဓာကိုယ်နဲ့ ဆက်စပ်နေတယ်လို့ ခေါ်တယ်"

လင်းဟန်က မကြာခင်မှာပဲ ယုံကြည်ချက်ရှိစွာနဲ့ ပြုံးလိုက်ပါတယ်။

"ငါ့ရဲ့စွမ်းအားတွေက အတိုင်းအတာတစ်ခုအထိ သန်မာနေသရွေ့ ရှုံ့ဟွမ်ရှမ် သူ့ကိုယ်သူ အသက်သုံးချောင်း အလောင်းကောင်ခေါင်းတလားထဲ ပုန်ကွယ်နေခဲ့ရင်တောင် ပြင်းထန်တဲ့တိုက်ခိုက်မှုတစ်ခုနဲ့ သူကို သတ်နိုင်လိမ့်ဦးမှာပဲ။ ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်အတွက်ကတော့ တကယ်လို့ အဲဒီအရာက အမှန်တကယ်ပဲ ဖျတ်ဆီးမရနိုင်တဲ့ အရာဆိုရင် စတင်ခဲ့တဲ့နေရာကနေ ဘယ်လိုလုပ် ကွဲထွက်နိုင်ခဲ့မှာလဲ"

မြွေနဂါးကြီးရဲ့ ဦးနှောက်ထဲမှ အနက်ကျောက်လေးက အနက်ရောက်ကျောက်တုံးကြီးမှ ပြုတ်ကျလာတာ အများဆုံးဖြစ်ဖွယ်ရှိပါတယ်။ အဲဒါက ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်က ကွဲကြေနိုင်တယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

"ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်နဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ငါ ရခဲ့ပြီးဆိုတော့ အခု ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူဖို့ပဲ

လိုအပ်တော့တယ်။ အဲဒါကိုရပြီးရင် ဒီအမှောင်နတ်ဆိုး ခရီးစဉ်က ပြီးဆုံးသွားလိမ့်မယ်"

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတစ်ခုထဲနဲ့တောင် ဒီခရီးစဉ်က ထိုက်တန်တာထက် ပိုနေခဲ့ပါတယ်။ ဒါ့အပြင် လင်းဟန်က ဖရိုဖရဲ မူလအရင်းအမြစ်ကျောက်ကို အသုံးမပြုနိုင်ပေမဲ့ သူရဲ့တန်ဖိုးက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတန်ဖိုးရဲ့ အဆတစ်ရာ၊ အဆတစ်ထောင် ဒါမှမဟုတ် အဆတစ်သန်းခန့်တောင်မှ ဖြစ်မယ်လို့ ထင်မြင်ခဲ့ပါတယ်။

နားလည်ထားရမှာက အဲဒီကျောက်က အနက်ရောင်မျှော်စင်အတွက် အသုံးဝင်တဲ့ပစ္စည်းတစ်ခု ဆိုတာကိုပါပဲ။

လင်းဟန်က သူ့ရဲ့နတ်ဘုရားအာရုံ တိုးတက်ဖို့ အစိတ်အပိုင်းအနည်းငယ် ချန်ထားဖို့ စီစဉ်ခဲ့ပါတယ်။ အနက်ရောင်မျှော်စင်က အတွင်းပိုင်းမှာ သူ့ကိုယ်သူ ပြုပြင်ဖို့ ကျန်ရှိတဲ့ အရာတွေကို သန့်စင်ပါလိမ့်မယ်။

သူတို့နှစ်ယောက်က ချိုင့်ဝှမ်းရဲ့ မတူညီတဲ့

အရပ်မျက်နှာတွေကို ဦးတည်ခဲ့ကြပါတယ်။ ဒီတစ်ကြိမ်မှာတော့ လင်းဟန်က အခြားဘယ်သူနဲ့မှ မဆုံတွေ့ချင်တော့ပါဘူး။ သူက ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကိုပဲ သိုသိုသိပ်သိပ်နဲ့ စုဆောင်းပြီး ယန်စွမ်းအားမြင့်မြို့ကို ပြန်ချင်နေခဲ့ပါတယ်။ သူနောက်ဆုံး ပါဝင်ပစ္စည်းဖြစ်တဲ့ အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ရရှိတဲ့အခါ နောက်ဆုံးတော့ စိတ်ဂိညာဉ် အခြေခံ ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်နိုင်ပါလိမ့်မယ်။

အပိုင်း(၄၁၇) လက်ရည်စမ်းဖို့ ပြိုင်ဘက်တစ်ယောက်ကို ရှာဖွေခြင်း

လင်းဟန်က အနက်ရောင် ကျောက်တုံး အသေးလေးတစ်ခုကိုပဲ သိမ်းထားပြီးတော့ ကျန်တာတွေ အားလုံးကို မျှော်စင်လေးကို ပြန်လည်ပြုပြင်ဖို့အတွက် ပေးလိုက်ပါတယ်။ မျက်စိတစ်မှိတ် အတွင်းမှာပဲ အနက်ရောင် ကျောက်တုံးတစ်ခုလုံး ဖုန်မှုန့် အဖြစ်ကို ပြောင်းသွားပြီးတော့ အထဲက ဖရိုဖရဲ အရင်းအမြစ်တွေက မျှော်စင်လေးရဲ့ ဆွဲထုတ်ယူခြင်းကို ခံလိုက်ရပါတယ်။

သူ့အနေနဲ့ မစဉ်းစားပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အနက်ရောင်

မျှော်စင်ထဲကို ဝင်လာပြီးတော့ အရမ်းကို ကြီးမားတဲ့ မူလဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးအပိုင်းအစကြီးကို ရရှိသွားခဲ့ပြီး သူရဲ့ခန္ဓာကိုယ်အဖြစ် လုပ်လိုက်မယ် ဆိုရင်တောင်မှ လုံးဝကို ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားအောင် စုပ်ယူခံရနိုင်ပါတယ်။

လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရှိတဲ့ နေရာကို ချက်ချင်းကြီး ဦးတည်ပြီး မသွားခဲ့ပါဘူး။ သူကအခုမှ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၇ အဆင့်ပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ ထပ်ပြီးတော့ စောင့်ဖို့ လိုပါသေးတယ်။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ချိုးဖျက်ဝင်ရောက် ပြီးသွားတဲ့ အခါကျမှ ဆေးပင်ဆီကို ဦးတည်သွားရောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တကယ်လို့ သူ့အနေနဲ့ အခုသွားမယ်ဆိုရင်တောင် ထိုင်ပြီးတော့ စောင့်နေဖို့ပဲ တတ်နိုင်မှာ ဖြစ်ပြီးတော့ ဘာမှလုပ်လို့ ရမှာမဟုတ်ပါဘူး။

ဒါကြောင့် သူနဲ့ ဟူးညိုက တောအုပ်တပိုက်ကို လှည့်လည်သွားလာ လိုက်ကြပါတယ်။ ဒီနေရာမှာ တခြား စိတ်ဂိညာဉ် ဆေးပင်တွေ တော်တော်များများ ရှိနေပါသေးတယ်။ ဒါကြောင့် သူတို့မှာ အချိန်လည်း

ရှိနေတဲ့အတွက် ဘာဖြစ်လို့ သွားပြီးတော့ မရှာရမှာလဲ။ သူတို့ရဲ့ အပင်ရှူးဆွတ်မှုက အတော်လေးကို ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ရက်နည်းနည်းကြာလာတဲ့ နောက်မှာ ဒီနေရာက နတ်ဆိုးချီ အများစုက ပျောက်ကွယ်သွားပြီးတော့ လူတွေပိုပိုပြီး ထွက်ပေါ်လာခဲ့ကြပါတယ်။ ဒါကြောင့် လင်းဟန်က မကျေမနပ်နဲ့ အလျှော့ပေးလိုက်ရပါတယ်။

သူက မေးစေ့ကို ပွတ်ပြီးတော့ အဆုံးစွန်ဆုံးဖြတ်လိုက်ပါတယ်။ သူက အချိန်ထပ်ပြီးတော့ မဖြုန်းချင်တော့ပါဘူး။ ဒါကြောင့် သစ်ပင်တစ်ပင်ရဲ့ ပင်စည်အပေါ်မှာ ရေးထွင်းလိုက်ပါတယ်။

"တင်းအာကူ မင်းရဲ့ သခင်လေးကို လာပြီးတော့ လိုက်ဖမ်းစမ်း"

ဒီစကားလုံးတွေက တင်းယွမ်ရှင်းအတွက် ချန်ထားခဲ့တာ ဖြစ်ပါတယ်။ သူက တင်းယွမ်ရှင်းကို အသုံးချပြီးတော့ သူ့ကိုယ်သူ တိုးတက်အောင် လုပ်ချင်ပါတယ်။ တင်းယွမ်ရှင်းရဲ့ အကူအညီနဲ့ တတ်နိုင်သမျှ အမြန်ဆုံး စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုး အဆင့်ကို ချိုးဖျက်ဝင်ရောက်ချင် နေခဲ့တာပဲ ဖြစ်ပါတယ်။

သူက နေရာတော်တော်များများမှာ ဒီစကားလုံးတွေကို လိုက်ပြီးတော့ ရေးထွင်းထားခဲ့ပါတယ်။ တင်းယွမ်ရှင်းရဲ့ စွမ်းရည်နဲ့ဆိုရင် သူချန်ထားခဲ့တဲ့ ဒီသဲလွန်စတွေကို ခြေရာခံပြီးတော့ သူ့ကိုရှာဖွေ တွေ့ရှိနိုင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။ ဟူးညိုကလည်း သူ့ကို နမူနာ ယူပြီးတော့ သစ်ပင်ရဲ့ ပင်စည်တွေ အပေါ်မှာ စတင်ရေးဆွဲ လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမက ဘယ်လောက်ပဲ ချစ်စရာကောင်းပြီး လှပတဲ့ ကလေးလေး ဖြစ်နေပါစေ သူမရေးထွင်းထားတဲ့ စာလုံးတွေ အားလုံးက ပုံစံမကျပဲ ကပေါက်တိ ကပေါက်ချာ စာလုံးတွေ ဖြစ်နေပါတယ်။ ဒါပေမဲ့ သူကတော့ အရမ်းကို ဂုဏ်ယူစွာနဲ့ပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ဆက်ပြီးတော့ ရေးထွင်းနေပြီး သူမရဲ့ ညံ့ဖျင်းလှတဲ့ စာရေးခြင်းနဲ့ ပတ်သက်ပြီး နည်းနည်းလေးမှ စိတ်အနှောင့်အယှက် ဖြစ်ပုံ မရပါဘူး။

တစ်ရက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ တင်းယွမ်ရှင်းက သူတို့ကို လိုက်လို့ မှီသွားခဲ့ပါတယ်။

"ငါတကယ်ကို မယုံကြည်နိုင်ဘူး ဖြစ်နေတယ်။ မင်းက တကယ်ပဲ အရမ်းကို သတ္တိကောင်း နေတာပဲ"

တင်းယွမ်ရှင်းက မျက်လုံးတွေထဲမှာ ဒေါသမီးတွေ တောက်လောင်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒီလူငယ်လေးက သူရဲ့ညီလေးကို သတ်ပစ်ခဲ့တဲ့အပြင် သူ့ကိုပါ စော်ကားမော်ကား လုပ်ပုံ့ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ သေလုမတတ် ဒေါသတွေ ထွက်နေရ ပါတယ်။

"ဒါကသာမန်ပါပဲ။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ ဒုတိယ သတ္တိအကောင်းဆုံး လူပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သာမန်ပါပဲ။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ နံပတ်တစ်ပဲ"

ဟူးညိုက နည်းနည်းလေးမှ နိမ့်ချခြင်း မရှိပဲနဲ့ သူမရဲ့ ရင်ဘတ်သေးသေးလေးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်"

တင်းယွမ်ရှင်းက ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ သူရဲ့ပုံရိပ်က လင်းဟန်နဲ့ ဟူးညိုဆီကို ခုန်ဝင်ပြီး တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် တည်ရှိမှုက တောက်ပလာပြီး သူရဲ့ ပတ်ပတ်လည်မှာ

သိုင်းဆန္ဒတွေက လင်းလက်ပြီးတော့ နတ်ဘုရား တစ်ပါးအလား ထင်မှတ်စေရပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူရဲ့ဓားကို ဆွဲထုတ်ပြီး တိုက်ခိုက်လိုက်တာနဲ့ ဓားချီအလင်း ရှစ်ခုက ချက်ချင်းဆိုသလို ခုန်ထွက်လာခဲ့ပါတယ်။

ဒါကိုမြင်လိုက်ရတဲ့ အခါမှာ တင်းယွမ်ရှင်းက ဒေါသအကြီးအကျယ် ထွက်သွားပါတယ်။ ဒီကောင်က သူရဲ့ဓားချီအလင်း ရှစ်ခုကို သူ့ရဲ့ဖိအားပေးမှုကြောင့်သာ ရရှိသွားခဲ့တာ ဖြစ်ပါတယ်။ ဒီအကြောင်းကို တွေးမိလိုက်တဲ့ အခါမှာ သူ့တစ်ကိုယ်လုံး ဒေါသမီးလျှံတွေ တောက်လောင် လာသလိုမျိုး ခံစားလိုက်ရပါတယ်။ ဒီတစ်ကြိမ်မှာလည်း ဒီကောင်စုတ်လေးက သူ့ကိုအသုံးချပြီး နောက်ထပ်တစ်ကြိမ် သူရဲ့ကိုယ်ပိုင် စွမ်းအားကို အရောင်တင်ဖို့အတွက် အသုံးချနေတာ ဖြစ်နေမလား။

ဒါပေမဲ့ သူရဲ့အကြည့်တွေက နတ်ဆိုးရှင်သန်ဓား အပေါ်ကို စူးစိုက်ကြည့်လိုက် မိပါတယ်။ အစောပိုင်းတုန်းကတည်းက ဒီဓားက အဆင့်မြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်တယ်ဆိုတာကို နားလည်သဘောပေါက် ထားခဲ့ပါတယ်။ ဒီဓားက သူရဲ့ စိတ်ဂိညာဉ်ကိုတောင် တုန်လှုပ်သွားအောင်

လုပ်နိုင်ပါတယ်။ နောက်ပြီးတော့ ဒီဓားက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို တုန်ခါသွားအောင်လို့ လုပ်နိုင်စွမ်း ရှိတယ်ဆိုတာကို မြင်လိုက်ရတဲ့ အခါမှာတော့ ဒီနတ်ဆိုးရှင်သန်ဓားက သာမန်အဆင့်ခြောက် ဒါမှမဟုတ် အဆင့် ၇ လောက်ပဲရှိတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု မဟုတ်ဘူးဆိုတာ သေချာသွားခဲ့ပါတယ်။

ဘယ်သူက ဒါကို မလိုချင်ပဲ နေမှာလဲ။

"ဒီဓားက အခု ငါ့အပိုင် ဖြစ်ပြီပဲ"

သူက အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ လျှပ်စီးအလင်းတန်းလိုမျိုး လျင်မြန်စွာနဲ့ လှုပ်ရှား လိုက်ပါတယ်။

လင်းဟန်က အကောင်းဆုံး ကြိုးစားပြီးတော့ တင်းယွမ်ရှင်းကို တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါကြောင့် သိပ်မကြာခင်မှာပဲ လင်းဟန်က ဒဏ်ရာတွေ ရလာခဲ့ပါတယ်။ ဒဏ်ရာတစ်ခုဆိုရင် အရမ်းကို နက်ရှိုင်းပြီးတော့ အရိုးဖြူဖြူတွေကိုတောင် မြင်နိုင်ပါတယ်။

ကံကောင်းတာက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်က အရမ်းကို အစွမ်းထက်ပြီး သူရဲ့ အသက်ဓာတ်ကို အခုံအားသင့်စရာ ကောင်းတဲ့ အခြေအနေ တစ်ခုမှာ ထိန်းသိမ်းထားနိုင်ပါတယ်။ သူသွေးထွက်များပြီးတော့ အမြင်တွေ ဝေဝါးလာတဲ့အခါကျရင် လင်းဟန်က စပြီးတော့ ထွက်ပြေးပါတယ်။

သူထွက်ပြေးနေတဲ့ အချိန်မှာ ဂျင်ဆင်းပင်တွေနဲ့ တခြားအာဟာရ ဖြည့်ပေးနိုင်တဲ့ ဆေးတွေကို ထုတ်ယူပြီးတော့ အရူးတစ်ယောက်လို စားပစ်လိုက်ပါတယ်။ သူ့ရဲ့ ဒဏ်ရာတွေ ပြန်လည် ကောင်းမွန်လာဖို့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကိုလည်း အသုံးပြုခဲ့ပါတယ်။ သူက ဒဏ်ရာတွေရလာရင် နောက်ဆုတ်ပြေးလိုက် ပြီးတော့ ပြန်ပြီးတော့ တိုက်ခိုက်လိုက်နဲ့ တိုက်ပွဲကို ဆက်လက်ယှဉ်ပြိုင်နေပါတယ်။

ဒီတိုက်ပွဲမှာ သူ့အနေနဲ့ အကောင်းဆုံး ကြိုးစားပြီးတော့ အစွမ်းကုန် တိုက်ခိုက်ခဲ့ပါတယ်။ ဒါပေမဲ့ သုံးရက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ သူရဲ့ အကန့်အသတ်ကို

ရောက်ရှိသွားပြီးတော့ ရွေးချယ်စရာ မရှိတော့ပဲ အနက်ရောင် မျှော်စင်ထဲကို ဂင်ရောက်ပုန်းရှောင် လိုက်ရပါတယ်။ ဒီအချက်ကြောင့် သူရဲ့ခန္ဓာကိုယ် အပေါ်မှာ နေရာလွတ်မကျန်အောင် အမာရွတ်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို လှည့်ပတ်ပြီး သူ့ကိုယ်သူ ကုသတာတောင်မှ သူရရှိခံစားရတဲ့ ဒဏ်ရာတွေက ချက်ချင်းပြန်လည် ကောင်းမွန်ဖို့ ဆိုတာထက် အဝေးကြီးပါပဲ။ ပြောရမယ်ဆိုရင် သေခြင်းတရားနဲ့တောင် အတော်လေးကို နီးကပ်လို့ နေပါတယ်။

သူက အလျှင်အမြန်ပဲ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် တစ်စက်ကို လှည့်ပတ်ပြီး ပြန်လည်ကုသ လိုက်ပါတယ်။ အရမ်းကို လျှင်မြန်စွာပဲ သူရဲ့ သွေးတွေနဲ့ အသားတွေက ပြန်လည် ပြည့်ဖြိုးလာပြီးတော့ အရင်အခြေအနေ အတိုင်းကို လူကောင်းပကာတိ အဖြစ်ကို လုံးဂပြန်လည် ရောက်ရှိလို့ လာခဲ့ပါတယ်။

ကျင့်ကြံခြင်းအတွက် အသုံးပြုတဲ့ မှော်ဆေးလုံး အနည်းငယ်ကို စားပြီးတဲ့ နောက်မှာ သူက မူလစွမ်းအင် ပုံဆောင်ခဲ ရာဂဏန်း အနည်းငယ်ကိုပါ အသုံးပြုလိုက်ပါတယ်။ ချက်ချင်းဆိုသလို သူရဲ့

ဘေးပတ်လည်မှာ အဆုံးမရှိတဲ့ မူလစွမ်းအင်တွေ ပိုင်းရုံလာခဲ့ပါတယ်။ လင်းဟန်က လောဘတကြီးနဲ့ စုပ်ယူပြီးတော့ သူရဲ့ကျင့်ကြံခြင်းကလည်း အတော်လေးကို တိုးတက်လာခဲ့ ပါတယ်။

လင်းဟန်က နှစ်ရက်နဲ့ နှစ်ညတိုင်တိုင် လေ့ကျင့်နေခဲ့ပါတယ်။ သူရဲ့ကျင့်ကြံခြင်းကို အဆုံးသတ်လိုက်တဲ့ အချိန်မှာ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားခဲ့ပါပြီ။

"အရမ်းကိုကောင်းတယ်။ ဒီလက်ရည်စမ်းတဲ့ ပြိုင်ဘက်က မဆိုးဘူးပဲ။ တစ်လလောက်ဆိုရင် စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ချိုးဖြတ်ဂင်ရောက် နိုင်ရုံမက အလွှာကိုးရဲ့ အထွတ်အထိပ် အဆင့်ထိတောင် ငါရောက်နိုင်လိမ့်မယ်"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ တကယ်လို့သာ ဒီစကားတွေကို တင်းယွမ်ရှင်းသာ ကြားသွားမယ်ဆိုရင် ဒေါသတွေထွက်ပြီးတော့ စိတ်ဆိုးသွားမှာ သေချာပါတယ်။

"သွားစို့။ ငါ့ရဲ့ လက်ရည်စမ်းမဲ့ ယှဉ်ပြိုင်ဘက်ကို ရှာရအောင်"

လင်းဟန်က ဆက်ပြီးတော့ စကားလုံးတွေကို ချန်ထားခဲ့ပြီး ဟူးညိုကလည်းပဲ ကူညီပြီးတော့ သစ်ပင်တွေရဲ့ ပင်စည်အပေါ်မှာ စကားလုံးတွေကို ရေးထွင်းပေးပါတယ်။ ဒီတောအုပ် ဂန်းကျင် တပိုက်မှာ သူမရဲ့ ပုံမကျပန်းမကျ လက်ရေးတွေနဲ့ ဖျက်လိုဖျက်ဆီး လုပ်ပြီးတော့ တခစ်ခစ်နဲ့ ရယ်မောပျော်ရွှင်နေပါတယ်။

နောက်ထပ် နစ်ရက်အကြာမှာ တင်းယွမ်ရှင်းက သူတို့ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ဖမ်းမိသွားခဲ့ပါတယ်။

"စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်"

တင်းယွမ်ရှင်းက လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ အံ့အားသင့် သွားခဲ့ပါတယ်။ သူရဲ့မျက်လုံးတွေက ဦးခေါင်းခွံကနေ ပြုတ်ကျတော့မဲ့အတိုင်း ပုဇွန်မျက်လုံးတွေလို ပြူးထွက်လာခဲ့ပါတယ်။ သူက ဒေါသလည်း ထွက်လို့နေပါတယ်။ ဒီကောင်စုတ်က တကယ်ပဲ သူ့ကို လက်ရည်စမ်းတဲ့ ပြိုင်ဘက်တစ်ယောက် အဖြစ် မှတ်ယူထားပါတယ်။ ဟိုးအရင် တိုက်ပွဲတုန်းက ဓားချီအလင်း ရှစ်ခုမြောက်ကို ထုတ်ဖော်နိုင်ရုံသာမက အခုဆိုရင် စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ကိုပါ

ချိုးဖျက်ဂင်ရောက် သွားခဲ့ပါပြီ။

တကယ်လို့ သူသာ ဒီကောင်စုတ်လေးနဲ့ ဆက်ပြီးတော့ တိုက်ခိုက်နေဦးမယ် ဆိုရင်တော့ ဒီကောင်လေးက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ အမြန်နှုန်းတစ်ခုနဲ့ အဆင့်တက်သွားနိုင်ရုံသာမက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကိုပါ တန်းပြီးတော့ ချိုးဖျက် ဂင်ရောက်သွားနိုင်ပါတယ်။

သူက အခုဆို အတော်လေးကို ထိတ်လန့်လို့ နေပါပြီ။ လင်းဟန်ရဲ့ တိုက်ပွဲအစွမ်းက အရမ်းကို မွန်းစတား ဆန်လွန်းပါတယ်။ ပြီးတော့ သူသာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ဂင်ရောက်ခဲ့မယ် ဆိုရင် လင်းဟန်က သူ့ကို ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ သူ့ကိုယ်အသုံးချ ကျင့်ကြံပြီးတော့ သူ့ကိုသတ်ပစ်နိုင်တဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်လာတယ်ဆိုတဲ့ အကြောင်းက ဘယ်လိုလုပ်ပြီး သူ့အနေနဲ့ ဒါကို သည်းခံနိုင်မှာလဲ။

ဒါပေမဲ့ ဒီကောင်စုတ်လေးက သူရဲ့ညီငယ်ကို သတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ကို ခွင့်လွှတ်ပေးလို့ ရနိုင်မှာလဲ။

သတ်ပစ်။ သေချာပေါက် ဒီကောင်စုတ်လေးကို သူသတ်ပစ်ရပါမယ်။ အနည်းဆုံးတော့ အခုချိန်မှာ ဒီကောင်စုတ်လေးရဲ့ စွမ်းရည်က သူ့ထက်တော့ နိမ့်ကျပါသေးတယ်။

တင်းယွမ်ရှင်းက လင်းဟာန်ဆီမှာ သူရဲ့အသက်အန္တရာယ်ကို ခြိမ်းခြောက်လာတဲ့ အခါမှာ အာမခံနိုင်တဲ့ အနက်ရောင် မျှော်စင်ဆိုတဲ့ နောက်ဆုံးပုက်ဖဲတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုတာကို မသိသေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ချက်ချင်းပဲ လှည့်ပြီးတော့ ထွက်သွားပါလိမ့်မယ်။ ဒါက ရုံပွမ်ရှမ်နဲ့ တိုက်ခိုက်နေရ သလိုမျိုးပါပဲ။ သူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲကို ပြေးဝင်ပုန်းရှောင်လို့လည်း ရသလို တကယ်လို့ ပန်းဖူးအဆင့် လူတစ်ယောက်က အဲဒီ စိတ်ဝိညာဉ် ပစ္စည်းကို အနည်းဆုံး လက်ဂါးတစ်ချက် ရိုက်ထုတ်လိုက်ရင်တောင်မှ အဲဒီလူကိုတောင် ပြန်ပြီးတော့ သတ်ပစ်နိုင်စွမ်း ရှိနေပါတယ်။

"မင်းငါနဲ့ သူသေကိုယ်သေ သေတဲ့အထိ တိုက်ခိုက်ရဲလား"

တင်းယွမ်ရှင်းက လင်းဟာန်ကို ထေ့ငေ့ါသရော်လိုက်ပါတယ်။

"မင်းရဲ့ခေါင်းက မမှန်တော့ပဲ ချောင်နေတာလား။ ငါက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ပဲ ရှိပြီးတော့ မင်းကတော့ စိတ်ဂိညာဉ် ပလ္လင်အလွှာ ၉ အဆင့်မှာလေ။ ဒါကိုတောင်မှ မင်းက ငါနဲ့ သူသေကိုယ်သေ ချချင်သေးတယ် ဟုတ်လား။ တော်းပဲ"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ပြီးတော့ သူက လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ ခုတ်ချလိုက်တဲ့ အခါမှာ ဓားရှိတွေက သက်တံတွေလိုမျိုး တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

"လိမ်လိမ်မာမာနဲ့ ငါ့ရဲ့ လက်ရည်စမ်းတဲ့ ယှဉ်ပြိုင်ဘက် လုပ်လိုက်ပါ"

"သေသင့်တဲ့ ကောင်စုတ်လေး"

တင်းယွမ်ရှင်းက မယုံကြည်နိုင်လောက်အောင် ဒေါသတွေ ထွက်သွားပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို အရှေ့ကို ခုန်ဝင်ပြီး တန်ပြန်တိုက်ခိုက် လိုက်ပါတယ်။ အစောပိုင်းတုန်းက သူတို့တွေရဲ့ တိုက်ခိုက်မှု အကြိမ်ပေါင်း အနည်းငယ်တုန်းက သူ့အနေနဲ့ လင်းဟန်ကို သတ်နိုင်လု

နီးပါးထိ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ အတော်လေးကို ယုံကြည်မှု ရှိနေဆဲ ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က အနည်းငယ် ကံမကောင်းခဲ့ဘူးဆိုရင် သူ့အနေနဲ့ သေချာပေါက် သတ်ပစ်နိုင်ပါလိမ့်မယ်။

ကံမကောင်းတာက သူက အမြဲတမ်းလိုလို လင်းဟန်ကို သတ်ပစ်နိုင်ဖို့အတွက် နည်းနည်းလေး လိုသွားခဲ့ပါတယ်။

သုံးရက်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က နောက်တစ်ကြိမ် သေလုနီးပါး အခြေအနေကို ရောက်သွားတဲ့ အခါမှာ အနက်ရောင် မျှော်စင်ထဲကို ပြန်ဝင်သွားခဲ့ပါတယ်။ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်တစ်စက်ကို လည်ပတ်ပြီးတဲ့ နောက်မှာတော့ အားနည်းပြီး သတိလစ် မေ့မျောသွားခဲ့ပါတယ်။ သူသတိပြန်ရလာတဲ့ အခါမှာ အလျင်အမြန်ပဲ စတင်ပြီးတော့ လေ့ကျင့်လိုက်ပါတယ်။

သူရဲ့တိုးတက်မှုက သိသိသာသာကို မြင်နိုင်ပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ ရဲ့ အလယ်အလတ်အဆင့်ကို ရောက်နေခဲ့ပါပြီ။ သူက ဒီတစ်ကြိမ်မှာ အရမ်းကို သေလုနီးပါး အဖြစ်ကို ရောက်ရှိလို့နေပြီးတော့ ပိုပြီးတော့ ခက်ခက်ခဲခဲ

ရုန်းကန်ခဲ့ရပါတယ်။ ဒါက သူ့ကို သေခြင်းနဲ့ ရှင်ခြင်းအကြောင်းကို ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်း နားလည်လာခဲ့ပါတယ်။

သေခြင်းနဲ့ရှင်ခြင်း။ ဒီနှစ်ခုက ဆန့်ကျင်ဘက်တွေပါ။ ဒါပေမဲ့ ရှင်ခြင်းရဲ့ အဆုံးသတ်က သေခြင်း ဖြစ်ပြီးတော့ သေခြင်းရဲ့ အဆုံးသတ်က ရှင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါက အဆုံးမရှိတဲ့ သံသရာ စက်ကွင်းတစ်ခု ဖြစ်ပြီး ထိုက်ကျိစက်ဝိုင်းနဲ့ တူပါတယ်။ ဒါက ကမ္ဘာကြီးရဲ့ တာအိုနဲ့ သဘောချင်း ကိုက်ညီပါတယ်။ တာအိုတစ်ခု ဖြစ်ပေါ်လာပြီး တစ်ခုကနေ နှစ်ခု ဖြစ်ပေါ်လာတယ် ဆိုတဲ့ သဘောတရားနဲ့ တူညီပါတယ်။

စနစ်ကျခြင်းနဲ့ ဖရိုဖရဲ၊ သေခြင်းနဲ့ ရှင်ခြင်း၊ အလင်းနဲ့ အမှောင် ဒီဆန့်ကျင်ဘက်တွေက စက်ဝိုင်းတွေလိုပဲ အရင်းအမြစ်ဆီကိုပဲ ပြန်ပြီးတော့ သံသရာလည်ပတ်လို့ နေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ လက်ရှိကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ပါတယ်။ သူက လှုပ်ရှားဖို့ တစ်ခုပဲ လုပ်နိုင်ပါတယ်။ နားလည်သဘောပေါက် ဆင်ခြင်နိုင်စွမ်း မရှိသေးပါဘူး။

ဒီအတွေးတွေကို ဓားလမ်းကြောင်း အပေါ်မှာ နှိုးကြားအောင်လို့ စုစည်းလိုက်ပြီးတော့ သူ့အနေနဲ့ ဘယ်လမ်းကြောင်းကို လိုက်ရမလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိလာခဲ့ပါတယ်။

ဓားချိ၊ ဓားအလင်း၊ ဘယ်သူမဆို ဒီအဆင့်နှစ်ခုကို ထုတ်ဖော်နိုင်ပါတယ်။ ဒါပေမဲ့ ဓားနှလုံးသား ဆိုတာကတော့ မတူညီ ကွဲပြားပါတယ်။ ဒါက ပိုမြင့်တဲ့ အဆင့်အမျိုးအစား တစ်ခု ဖြစ်ပြီးတော့ သူရဲ့ကိုယ်ပိုင်လမ်းကြောင်းကို ပိုင်ဆိုင်ထားဖို့ လိုအပ်ပါတယ်။

သူရဲ့ယခင်ဘဝတုန်းက ဓားဧကရာဇ်က ဓားလမ်းကြောင်းရဲ့ အုပ်ချုပ်သူတစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ဓားကို ဆွဲထုတ်လိုက်တဲ့ အချိန်မှာ ကမ္ဘာကြီး တစ်ခုလုံးက သူ့ကို ဂပ်တွားခယ ရပါလိမ့်မယ်။ နေသတ်ဖြတ်သူ ဆေဘာဓား ဧကရာဇ်ကတော့ နှလုံးသား ကင်းမဲ့တဲ့ လမ်းကြောင်းကို လျှောက်ပါတယ်။ သူက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ သက်ရှိအားလုံးရဲ့ အရင်းအမြစ် ဖြစ်တဲ့ နေမင်းကိုတောင်မှ ဖြတ်တောက်ပစ်နိုင်ပါတယ်။

ဒါဆိုရင် သူ့အနေနဲ့ ဘယ်လိုလမ်းကြောင်းကို

လျှောက်လှမ်းသင့်သလဲ။

အပိုင်း(၄၁၈) သန်မာမှုများရဲ့ လမ်းကြောင်း

ဒီမေးခွန်းကို စဉ်းစားရတာက အရမ်းကို စောနေသေးတယ်လို့ ယူဆလို့ မရပါဘူး။

သူက မကြာခင်မှာ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်တော့မှာ ဖြစ်ပါတယ်။ ပြီးတော့ သူရဲ့ စိတ်ဝိညာဉ် ပလ္လင်ကို တည်ဆောက်ပြီးတော့ ပန်းဖူးအဆင့်ကို ခြေလှမ်းနိုင်စွမ်း ရှိလာပါ လိမ့်မယ်။ အဲဒီအချိန်ကျရင် သူရဲ့ သေခြင်းကို ဖြတ်တောက်ပစ်နိုင်လာပါလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်ကျရင် ကျင့်ကြံသူတွေက တာအိုရှာဖွေခြင်း လမ်းကြောင်းပေါ်ကို အမှန်တကယ်ပဲ ခြေချမိသွားပါလိမ့်မယ်။

ဒါကြောင့် သူ့အတွက်တော့ ပန်းဖူးအဆင့်ကို မရောက်ခင်မှာ ဘယ်လမ်းကြောင်းကို သူလိုချင်သလဲ ဆိုတာကို အတည်ပြုဖို့ လိုအပ်ပါတယ်။

သူရဲ့ယခင်ဘဝတုန်းက သူ့စိတ်ဝိညာဉ် အခြေခံရဲ့ သဘာဝအရ သူက မီးလမ်းကြောင်းကို ရွေးချယ်ခဲ့ပါတယ်။

သူကမီးရဲ့စွမ်းအားကို လေ့လာခဲ့ပြီးတော့ အဲဒီလမ်းကြောင်းပေါ်မှာ အဆင့်တက်ပြီး အရင်းအမြစ်ဆီကို အဆင့်တိုးခဲ့ပါတယ်။ ဒီလိုမျိုး လမ်းကြောင်းက ဒြပ်စင်ငါးခုထဲက တစ်ခုကို အသုံးပြုတာ ဖြစ်ပြီးတော့ အခြေခံ ဒြပ်စင်တွေဖြစ်ပြီး ကျင့်ကြံသူ အများစုက ရွေးချယ်မှုတွေ လုပ်ကြပါတယ်။

ဒါပေမဲ့လည်း လူအများစု ရွေးချယ်ကြတဲ့ လမ်းကြောင်းတွေက အမြဲတစေတော့ အသန်မာဆုံး လမ်းကြောင်းတွေကို ရွေးချယ်ကြတာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဓားကေရာဇ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓားကေရာဇ်တို့က ဘာဖြစ်လို့ မတူညီတဲ့ လမ်းကြောင်းတွေကို ရွေးချယ်ပြီးတော့ လျှောက်လှမ်းကြမှာလဲ။

ဒီဘဝမှာတော့ လင်းဟာန်က အသန်မာဆုံး ဖြစ်အောင်လို့ လိုက်လံဖမ်းဆုပ်နေပြီး ယခင်တုန်းက သူရွေးချယ်ခဲ့ဖူးတဲ့ လမ်းကြောင်းကို နောက်တစ်ကြိမ် ပြန်ပြီးတော့ ရွေးချယ်တော့မှာ မဟုတ်ပါဘူး။ တကယ်လို့ ဒီလမ်းကြောင်း အဟောင်းကိုပဲ ဆက်ပြီးတော့ နောက်တစ်ကြိမ် ရွေးချယ်ပြီး လျှောက်လှမ်းမယ်ဆိုရင် ချောချောမွေ့မွေ့ ဖြစ်ပြီးတော့ ထိပ်ဆုံးကို အတားအဆီး မရှိပဲ ရောက်သွားနိုင်ပါတယ်။

ဒါပေမဲ့ သူ့အနေနဲ့ ပိုပြီးတော့ သန်မာစေတဲ့ လမ်းကြောင်းကို ရွေးချယ်ပြီးတော့ ပြောင်းလဲပစ်ချင်နေခဲ့ပါတယ်။

"ဖြစ်နိုင်သမျှ ပြိုင်ဘက်အားလုံးနဲ့ တိုက်ခိုက်ချင်တယ်။ ဘယ်သူမဆို ငါ့ရဲ့တိုးတက်မှုကို တားဆီး ပိတ်ပင်မယ်ဆိုရင် သူတို့ကို အနိုင်ယူပစ်မယ်"

"အဆင့်မြင့်ဆုံး နေရာမှာ အားလုံးရဲ့ ကြည်ညိုလေးစားမှုကို ခံယူရရှိတဲ့ အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာမှာကို မလိုချင်ဘူး။ ဒါက ငါဖြစ်ချင်တဲ့ ဆန္ဒတစ်စုံတစ်ရာ မဟုတ်ဘူး"

"အသန်မာဆုံးဆိုတာလောက်က ဘာလုပ်လို့ ရမှာလဲ။ အလွန်အမင်း အသန်မာဆုံးကမှ ဘယ်လို ပြိုင်ဘက်မျိုးကိုမဆို အနိုင်ယူနိုင်စွမ်း ရှိတာ"

"အသန်မာဆုံး လမ်းကြောင်း"

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ ဒါပေမဲ့ ပြဿနာ တစ်ခုရှိတာက ဒီလိုမျိုး လမ်းကြောင်း တစ်ခုက ရှိပဲ့ါမလား။

"ငါ့ကိုယ်ငါတော့ ယုံကြည်မှုရှိတယ်။ ဒီလိုမျိုး ယုံကြည်ချက် ရှိနေမှတော့ ဒီလိုမျိုး လမ်းကြောင်း သေချာပေါက် ရှိရလိမ့်မယ်။ ငါ့ရဲ့ဓားက အားလုံးကို ဖြတ်ပစ်နိုင်တယ်။ စိတ်ဝိညာဉ် ပစ္စည်းတွေကိုတောင် ဖြတ်ပစ်နိုင်တယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ဒါမှမဟုတ် နတ်ဘုရားတွေကိုတောင်မှ ဖြတ်ပစ်နိုင်စွမ်း ရှိတယ်"

လင်းဟန်ရဲ့ စိတ်က ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ သူက ဒါကို အတည်ပြုလိုက်ပါပြီ။ သူလိုချင်တဲ့ လမ်းကြောင်းက အသန်မာဆုံး လမ်းကြောင်းကို လျှောက်လှမ်းချင်ခဲ့ပါတယ်။ ပြီးတော့ သူရဲ့ဓားက အသန်မာဆုံး လမ်းကြောင်းပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာတော့ သူ့အနေနဲ့ စိတ်ဝိညာဉ် ပစ္စည်းတွေကို အသုံးပြုဖို့ လိုအပ်နေဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူရဲ့ နှလုံးသားထဲမှာ အသန်မာဆုံး ဓားကို ဖြစ်ပေါ်စေခဲ့တဲ့ အချိန်မှာပဲ သူရဲ့လက်ချောင်း တစ်ချောင်းကို ဆတ်ခနဲ လှုပ်လိုက်တာနဲ့ အသန်မာဆုံးဓား ဖြစ်ပေါ်လာနိုင်ပြီးတော့ အားလုံးကို ဖြတ်တောက်ပစ်နိုင်ပါလိမ့်မယ်။

သူလျှောက်လှမ်းချင်တဲ့ လမ်းကြောင်းကို အတည်ပြုပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ စိတ်စွမ်းအားတွေက

ဆုံးဖြတ်ချက်တွေ ခိုင်မာတိုးတက်လာခဲ့ပါတယ်။ သူက ဘဝအသစ် တစ်ခုကို ရရှိလိုက်သလိုမျိုးနဲ့ တူပါတယ်။ နတ်ဘုရားအလင်းစီးကြောင်းတွေက သူရဲ့ အနားမှာ လင်းလက် တောက်ပလို့ နေပြီးတော့ အံ့အားသင့်စရာ ကောင်းလှတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း မကြာခင်မှာ လင်းဟန်က သူရဲ့ သိုင်းဆန္ဒကို ရုပ်သိမ်းလိုက်ပြီးတော့ မူလအတိုင်း ပြန်ပြီးတော့ ဖြစ်သွားခဲ့ပါတယ်။

သူက အခုဆိုရင် သူရဲ့စစ်မှန်တဲ့ အကျိုးနဲ့ ပိုပိုပြီးတော့ နီးကပ်လာခဲ့ပါပြီ။ အခုက ဘာနဲ့ အလားတူသလဲ ဆိုရင် သူရဲ့ ပြိုင်ဘက်ကင်းတဲ့ ရတနာဓားကို ဓားအိမ်ရဲ့ အတွင်းမှာ ထည့်သိမ်းထားဆဲ အခြေအနေနဲ့ တူနေပါတယ်။ အဲဒီဓားကို ဓားအိမ်ကနေ ဆွဲထုတ်လိုက်တာနဲ့ ပေပေါင်း ထောင်သောင်းနဲ့ချီအောင် ဂုဏ်ရောင်ထွန်းပြောင်ပြီးတော့ အရာအားလုံးကို ဖြတ်တောက် ပစ်နိုင်ပါလိမ့်မယ်။

"ငါဓားချီအလင်း ကိုးခုမြောက်ရဲ့ တံခါးဝကို ထိနေပြီလို့ ခံစားရတယ်"

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူက အခုလေးတင်ပဲ သူရဲ့အနာဂတ် လမ်းကြောင်းကို ဆုံးဖြတ်ချက် ချခဲ့တာ

ဖြစ်ပြီး သူရဲ့ စိတ်ဂိညာဉ်ကို တောက်ပထွန်းလင်းသွားအောင် လုပ်နိုင်ခဲ့ပြီး ဓားလမ်းကြောင်း အပေါ်မှာ အကြီးအကျယ်ကို ထပ်မံပြီးတော့ တိုးတက်လာစေခဲ့ပါတယ်။

"အခု လက်ရည်စမ်းပြိုင်ဘက် တင်းကောင်လေး ထွက်ပေါ်လာပြီးတော့ ငါ့အတွက် ဓားချီအလင်း ကိုးခုမြောက်ကို အရောင်တင်ပေးနိုင်အောင် လုံလောက်တဲ့ ဖိအားတွေ စိတ်ဓာတ်တက်ကြွမှုတွေ ပေးရမဲ့ အချိန်ကို ရောက်သင့်ပြီ"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ နောက်ထပ် စော်ကားမော်ကားတဲ့ စကားလုံးတွေကို တင်းယွမ်ရှင်းအတွက် ချန်ထားခဲ့ပါတယ်။

ဒီတစ်ကြိမ်တော့ အရမ်းကို လျင်မြန်ပါတယ်။ နေ့တဂက်ခန့်အကြာမှာပဲ တင်းယွမ်ရှင်းက သူတို့ကို မိသွားခဲ့ပါတယ်။

"မင်းက အရမ်းကို စိတ်ကြီးဂင်နေတာပဲ"

တင်းယွမ်ရှင်းက အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ နောက်ဆုံးအကြိမ်တုန်းက သူ့အနေနဲ့ ဒီကောင်စုတ်လေးကို

သတ်နိုင်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နှစ်ရက်လောက်ကြာပြီးတဲ့ နောက်မှာတော့ ဒီကောင်စုတ်လေးက ပြန်ပေါ်ထွက်လာပြီးတော့ သူ့ကို နောက်ထပ် တိုက်ခိုက်ဖို့ စိန်ခေါ်နေပါသေးတယ်။ ကြည့်ရတာ သေခြင်းတရားကို နည်းနည်းလေးမှ မကြောက်တဲ့ ပုံစံပါပဲ။

"မင်းက အရမ်းကို ကောင်းတဲ့ လူတစ်ယောက်ပါ"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"အင်း ညီးညီးကလည်း ရှင်က အရမ်းကိုကောင်းတဲ့ လူတစ်ယောက်လို့ ထင်တယ်"

ဟူးညိုကလည်း ခေါင်းညိတ်လိုက်ပါတယ်။

တင်းယွမ်ရှင်းက ဒေါသတွေ ထွက်ပြီးတော့ ရူးသွပ်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ ဒီနှစ်ယောက်က တကယ်ပဲ သူ့ကို သူတို့ရဲ့ လက်ရည်စမ်းတဲ့ ပြိုင်ဘက်တစ်ယောက်အဖြစ် သတ်မှတ်နေတာလား။ သူရဲ့မျက်လုံးတွေနဲ့ ဟူးညိုကို သေချာကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်နဲ့ အကြိမ်ပေါင်း များစွာ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး မသတ်ပစ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီမိန်းကလေးကို

သတ်ပစ်ရမယ်ဆို မခက်ခဲလောက်ပါဘူး။ ဟုတ်တယ်မလား။

လင်းဟန်က သူ့ရဲ့ညီငယ်လေးကို သတ်ပစ်ခဲ့မှတော့ သူ့အနေနဲ့ လင်းဟန်ရဲ့ မိသားစုဝင် တစ်ယောက်ကို သတ်ပစ်ပြီးတော့ နှလုံးသား နာကျင်ကြေကွဲရတဲ့ ခံစားမှုမျိုးကို အတွေ့အကြုံရဖို့ လုပ်ရပါမယ်။

"သေစမ်းကွာ"

သူက အရှေ့ကို ထွက်လာပြီးတော့ ဟူးညိုကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။

"ရှင်ရဲ့ပြိုင်ဘက်က လင်းဟန်ပဲ။ ညိုးညိုး မဟုတ်ပါဘူး"

ဟူးညိုက သူမရဲ့ လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုပြီးတော့ ချက်ချင်းဆိုသလိုပဲ ကြယ်တစ်စင်း ကြွေကျသလို ပျောက်ကွယ်သွားခဲ့ပါတယ်။ သူမရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး တင်းယွမ်ရှင်း အနေနဲ့ အံ့အားသင့်စွာနဲ့ ငေးမောကြည့်ရုံပဲ တတ်နိုင်ပါတယ်။

လပြွတ်။ ဒါက မွန်းစတားသေးသေးလေး တစ်ကောင်ပဲ။

တင်းယွမ်ရှင်းက အံ့အားသင့်လို့ နေပါတယ်။ လင်းဟာန်က အရမ်းကို မွန်းစတားဆန်တယ် ဆိုပေမဲ့ သူရဲ့ မွန်းစတားဆန်မှုက လက်ခံနိုင်လောက်တဲ့ အကျယ်အဝန်းမှာပဲ ရှိနေပါသေးတယ်။ ဒါပေမဲ့ ဒီမိန်းကလေးက အမှန်တကယ်ပဲ လျင်မြန်လွန်းပြီးတော့ သူတောင်မှ သူမရဲ့ လှုပ်ရှားမှုတွေကို မဖမ်းဆီးနိုင်ဘူးလား။ ဒါက အရမ်းကို လွန်သွားပါပြီ။

"တင်းအာဂူ ရှင် ဟူးညိုကို မဖမ်းနိုင်ပါဘူး"

ဟူးညိုက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဓာကညာလိုက်ပြီးတော့ သစ်ပင်တစ်ပင်ရဲ့ ပင်စည်မှာ စတင်ပြီး ရေးထွင်းလိုက်ပါတယ်။

တင်းယွမ်ရှင်းက အရူးတစ်ယောက်လို ဖြစ်လုမတတ် ဒေါသတွေ ထွက်သွားခဲ့ပါတယ်။ အစောတုန်းက သူ့အနေနဲ့ သူ့နာမည်ကို ရုပ်ဆိုးအကျည်းတန်အောင် ရေးထွင်းခဲ့တဲ့ အတွက်ကြောင့် အံ့သြနေခဲ့ရပါတယ်။ ဒါဆိုရင် အခုတော့ ဒီသေသင့်တဲ့ မိန်းကလေး ရေးတာပေါ့။ သူက လင်းဟာန်ဘက်ကို လှည့်ပြီးတော့ စိုက်ကြည့်လိုက်ပါတယ်။ သူရဲ့မျက်လုံးတွေထဲမှာ မီးဂင်းဂင်း တောက်လောင်နေပြီး ဒေါသတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

လင်းဟန်က သူရဲ့လက်ဖြန့်ပြီး ပခုံးတွန့်ကာ ပြောလိုက်ပါတယ်။

"ဒီစာလုံးတွေက အတော်လေး ရုပ်ဆိုးတယ်ဆိုတာကို ငါသိပါတယ်။ ဒါပေမဲ့ မင်းလည်း အသက်ကြီးနေပြီပဲ။ ဒါကြောင့် အတော်လေးကို ရုပ်ဆိုးနေပြီဆိုတော့ ဒါနဲ့ပ အဆင်ပြေပါတယ်။ ဘာပဲဖြစ်ဖြစ် မင်းရဲ့ ရုပ်ဆိုးဆိုး ပုံစံနဲ့ မိန်းကလေးတွေကို ဆွဲဆောင်လှည့်ဖြားလို့ မရတော့ဘူးပေါ့"

"လဗ္ဗြတ်ပဲ"

တင်းယွမ်ရှင်းက ဒေါသကြောင့် အရူးတစ်ယောက်လို ဖြစ်သွားခဲ့ပါတယ်။ သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး အဆုံးမရှိတဲ့ မီးတောက်ပုံစံတွေ ပေါ်လာပြီးတော့ လင်းဟန်ရဲ့ ပတ်ဂန်းကျင်မှာ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူရဲ့ဓားကို ဆွဲထုတ်ပြီးတော့ ခတ်ထုတ်လိုက် ပါတယ်။ ချက်ချင်းဆိုသလိုပဲ ဓားချီအလင်း ရှစ်ခုက အတားအဆီးမဲ့စွာနဲ့ ခုန်ပေါက် ထွက်ပေါ် လာခဲ့ပါတယ်။

ဒါပေမဲ့ တိုက်ပွဲအစွမ်း ကြယ်ဆယ့်ငါးလုံးရှိတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်မလဲ။ ချက်ချင်းဆိုသလို လင်းဟန်က ဒဏ်ရာတွေ ရသွားပြီးတော့ သူရဲ့အရိုးတချို့က အစွမ်းထက်တဲ့ အားလှိုင်းကြောင့် ကျိုးကုန်ပါတယ်။ သူရဲ့ခန္ဓာကိုယ်ပေါ်မှာ မီးလောင်ဒဏ်ရာ အမှတ်တွေ အများကြီး ပေါ်လာပြီး ဒီမြင်ကွင်းကို ကြည့်ရတာ အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ မျက်လုံးတွေက အလွန်အမင်းကို တောက်ပလျက် ရှိပါသေးတယ်။ အသန်မာဆုံး လမ်းကြောင်း ဆိုတာက သူ့ကို ဘယ်တော့မှ အနိုင်ယူလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ သူ့အနေနဲ့ အကြိမ်ရေ ဘယ်လောက်များများ ရှုံးနိမ့်ပါစေ ပြန်ပြီးတော့ လဲကျနေရာကနေ ထနိုင်ပြီးတော့ သူရဲ့ အစွမ်းထက်တဲ့ ရန်သူကို အနိုင်ယူနိုင်ရပါမယ်။ အဲဒီနောက်မှာ ထိပ်ဆုံးကို ဆက်ပြီးတော့ တိုးတက်သွားရပါမယ်။

ဒီလိုမျိုး ယုံကြည်ချက်ရဲ့ အထောက်အပံ့နဲ့ဆိုရင် ဓားချီအလင်း ကိုးခုမြောက်က သူခေါ်လိုက်တာနဲ့ ထွက်ပေါ်လာဖို့ အဆင့်သင့် ဖြစ်နေပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် တင်းယွမ်ရှင်းကလည်း ပါရမီရှင်

တစ်ယောက် ဖြစ်ပြီးတော့ သိပ်မကြာခင်မှာ အာရုံခံမိပြီး လင်းဟန်ကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ သူ့အနေနဲ့ မအံ့ဩပဲ မနေနိုင်အောင် ဖြစ်သွားရပါတယ်။ လင်းဟန်ကို သူက ပိုးချည်မျှင်တွေ ထွေးပတ်ထားတဲ့ ပေါက်ဖတ်ငယ် တစ်ကောင်လို့ ခံစားနေရပါတယ်။ ဒီ ထွေးပတ်ထားတဲ့ ပိုးချည်မျှင်တွေ ဖယ်ထုတ်လိုက်တဲ့ အချိန်ကျရင် အရမ်းကို လှပတဲ့ လိပ်ပြာတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး ၎င်းရဲ့ အံ့မခန်း အလှအပကို ထုတ်ဖော်ပြသနိုင်ပါလိမ့်မယ်။

ဒီလိုမျိုး ခံစားမှုက သူ့အတွက်တော့ အရမ်းကို စိတ်မချမ်းမသာ ဖြစ်စေပါတယ်။

သူက လင်းဟန် တောက်ပလာဖို့အတွက် အရောင်တင်ပေးတဲ့ ကျောက်တုံး တစ်တုံး ဖြစ်ပြီးတော့ လင်းဟန်ကို ဘယ်လိုမှ သတ်လို့ မရနိုင်တော့ဘူးလား။

လင်းဟန်က သူ့ကို ဘေးကျပ်နံကျပ် ဖြစ်အောင်လို့ ဖိအားပေးနိုင်ပါတယ်။ တိုက်ပွဲအစွမ်း ကြယ်ဆယ့်ငါးလုံးရှိတဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်က သူရဲ့အကန့်အသတ်ကို အများကြီး ကျော်လွန်သွားခဲ့ပြီး အခုလိုမျိုး ထိပ်တိုက်တွေ့ဆုံ ယှဉ်ပြိုင်တာက သေခြင်းနဲ့ရှင်ခြင်း အကြားက နယ်နိမိတ်ကို

သူ့အနေနဲ့ လက်လွှဲပြောင်း ရယူရပါလိမ့်မယ်။ ပြီးတော့ လင်းဟန်မှာ သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့ မိုးကြိုးလျှပ်စီး ချပ်ဂဝတ်အပြင် ကျောက်သားနံရံခန္ဓာကိုယ်နဲ့ ဒဏ်ရာတွေကို အလျင်အမြန် သက်သာနိုင်တဲ့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ရဲ့ စွမ်းရည်တွေလည်း ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဘယ်နှစ်ကြိမ်လောက် သေသွားမလဲ ဆိုတာကိုတောင် မသိတော့ပါဘူး။

ဒါပေမဲ့လည်း အသက်ဘေးကနေ အကြိမ်ပေါင်းများစွာ လွတ်မြောက်တဲ့ ကံကြမ္မာနဲ့ ကြုံတွေ့ရပြီးတဲ့နောက်မှာ ဆုံးဖြတ်ချက် ခိုင်မာတဲ့ နားလည်သဘောပေါက် နိုင်စွမ်းအဖြစ်ကို ပြောင်းလဲနိုင်ခဲ့ပါတယ်။

ရွှစ်

တချိန်တည်းမှာပဲ ကိုးခုမြောက် ဓားရှီအလင်းက အံ့သြမှင်တက်ဖွယ်ရာ ကောင်းလောက်အောင် တောက်ပပြီးတော့ ထွက်ပေါ်လာခဲ့ပါတယ်။

"လပြွတ် လပြွတ် လပြွတ်ပဲ"

တင်းယွမ်ရှင်းက ကျယ်လောင်စွာနဲ့ ကျိန်ဆဲလိုက်ပါတယ်။ လင်းဟန်က သူနဲ့တိုက်ခိုက်မှုကနေ ဓားချီအလင်း နှစ်ခုကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။

တစ်ခုသိထားရမှာက သူကိုယ်တိုင်တောင်မှ ဓားချီအလင်း ခုနစ်ခုပဲ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ အရမ်းကို လွန်ပါတယ်။ မူလတုန်းက ဓားချီအလင်း ခုနစ်ခုပဲ ရှိခဲ့ပြီး အခုဆိုရင် နောက်ထပ် အလင်းနှစ်ခုပါ ထပ်တိုးပိုင်ဆိုင်ခဲ့ပါတယ်။ ဒါက တကယ်ကို စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်က သေခြင်းနဲ့ ရှင်ခြင်းအကြားက ထောင်ချောက်မှာ မိနေတဲ့ အချိန်မှာပဲ နားလည်သဘောပေါက်နိုင်စွမ်း ရရှိနိုင်ပါလိမ့်မယ်။

လင်းဟန်က တင်းယွမ်ရှင်းကို လက်မတစ်ချောင်း ထောင်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အခု မင်းကို ရွှေတံဆိပ်ဆု တစ်ခုပေးပြီးတော့ အကောင်းဆုံး လက်ရည်စမ်း ပြိုင်ဘက်အဖြစ် ကြေညာလိုက်ပြီ"

"ကောင်းတယ် လက်ခုပ်တီးပါ"

ဟူးညိုက သူမရဲ့ လက်သေးသေးလေး နှစ်ဖက်ကို စတင်ပြီးတော့ တီးခတ်လိုက်ပါတယ်။

တင်းယွမ်ရှင်းက ဒေါသတကြီးနဲ့ မိုးကောင်းကင်ပေါ်ကို မော့ပြီးတော့ ဟိန်းအော်လိုက်ပါတယ်။ ဒါက သူ့ကိုတကယ်ပဲ မခံမရပ်နိုင်လောက်အောင် ဒေါသတွေ ထွက်စေခဲ့ပါတယ်။ သူက လင်းဟာန်ကို တိုက်ခိုက်အနိုင်ယူပြီးတော့ လင်းဟာန်ပိုင်ဆိုင်ထားတဲ့ ရတနာတွေကို လုယူဖို့အတွက် လာခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ သူက လက်ရည်စမ်းတဲ့ ယှဉ်ပြိုင်ဘက် တစ်ယောက် ဖြစ်ဖို့ လာခဲ့တယ်လို့ ဘယ်သူကပြောတာလဲ။ ဒေါသတကြီး ဟိန်းအော်ပြီးတဲ့နောက်မှာ သူက တည်ငြိမ်သွားပြီးတော့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သူက လင်းဟာန်ကို ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရ သတ်ပစ်ပါတော့မယ်။

"အိုး မဟုတ်သေးဘူး။ ညီးညီးရေ အမြန်ဆုံး ထွက်ပြေးကြစို့"

လင်းဟာန်က မျက်စိတစ်ချက ်ပေ့ကြည့်လိုက်တာနဲ့ ဒီစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့က နွားရိုင်း စိတ်ဂိညာဉ်

အဆောင်လက်ဖွဲ့ တစ်ခုဖြစ်တယ် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ ဒီအဆောင် လက်ဖွဲ့က ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းရည်ကို အကြီးအကျယ် တိုးလာစေနိုင်ပါတယ်။ သူက အစကတည်းက အကျပ်အတည်းနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ တကယ်လို့ နွားရိုင်း အဆောင်လက်ဖွဲ့ကို အသုံးပြုထားတဲ့ တင်းယွမ်ရှင်းနဲ့ မျက်နှာချင်းဆိုင်ရမယ်ဆိုရင် သူရဲ့ အရိုးတွေ အစိတ်စိတ် အမွှာမွှာ ကျိုးကြေပျက်စီးသွားနိုင်ပါတယ်။

သူက ဒီနေရာကို လာပြီးတော့ လက်ရည်စမ်းဖို့ ပြိုင်ဘက်တစ်ယောက်ကို လာရှာတာပါ။ သေခြင်းတရားကို လာရှာတာ မဟုတ်ပါဘူး။

သူက စတင်ပြီးတော့ ထွက်ပြေးလိုက်ပါတယ်။ ဟူးညိုရဲ့ အမြန်နှုန်းက ပိုပြီးတော့တောင်မှ လျင်မြန်ပါတယ်။ သူမက သူ့ကို ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ မီသွားပြီးတော့ လင်းဟန်ရဲ့ နောက်ကျောဘက်ကို ခုန်တက်ပြီး ပျော်ရွှင်စွာနဲ့ အော်ဟစ်နေပါတယ်။

"ယား ယား ယား ပြေးပြေး မြန်မြန်ပြေးထား ဟိုင်းယား"

"မင်းတို့နှစ်ယောက်"

တင်းယွမ်ရှင်းက အံ့ကြိတ်လိုက်ပါတယ်။ ဒီနစ်ယောက်က သူရဲ့အရှေ့မှာ တကယ်ပဲ နောက်ပြောင် ပုံပါတယ်။ သူက နွားရိုင်းအဆောင်လက်ဖွဲ့ကို သူရဲ့ခန္ဓာကိုယ်ပေါ် ချိတ်ဆွဲလိုက်ပါတယ်။ ဒါက လူတစ်ယောက်ရဲ့ စွမ်းအားကို မြှင့်တင်တဲ့ နေရာမှာ အသုံးပြုတဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုဆိုပေမဲ့ အမြန်နှုန်းကို မြှင့်ပေးတဲ့ အမျိုးအစား မဟုတ်ပါဘူး။ ဒါပေမဲ့လည်း စွမ်းအားကို အဆင့်မြှင့်ပေးလိုက်တာက အသုံးပြုတဲ့လူရဲ့ အမြန်နှုန်းကိုလည်း အနည်းငယ် မြှင့်တင်ပေး နိုင်ပါတယ်။

သူက တကယ့်ကို ကြံရာမရ ဖြစ်သွားပြီးတော့ ဘယ်လိုပဲ ဈေးကြီးကြီး လင်းဟန်ကို သတ်နိုင်ဖို့ အတွက်ဆိုရင် အကုန်လုံး သုံးစွဲပစ်ပါလိမ့်မယ်။

အပိုင်း(၄၁၉) ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သန့်စင်ခြင်း

တကယ်ပဲ နွားရိုင်းစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ရဲ့ စွမ်းအားမြှင့်တင်ပေးမှုက တင်းယွမ်ရှင်းရဲ့ အမြန်နှုန်းကို တစ်ဟုန်ထိုး ပေါက်ကွဲထွက်မလာပေမဲ့ နည်းနည်းလေးတော့ တိုးလာစေခဲ့ပါတယ်။ ခြေလှမ်းအနည်းငယ်

လှမ်းပြီးတဲ့နောက်မှာ မကြာခင်ပဲ သူက လင်းဟန်ကို မီသွားခဲ့ပါတယ်။

"မင်းတစ်ယောက်တည်းပဲ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ ရှိတယ်လို့ ထင်နေတာလား ဟားဟားဟား"

လင်းဟန်က ရယ်မောပြီးတော့ သူ့ရဲ့နောက်ဆုံးကလက်ကျန် တိမ်မြန်အဆောင်လက်ဖွဲ့ကို ထုတ်ယူပြီး သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ချိတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူ့ရဲ့အမြန်နှုန်းက ထိုးတက်လာခဲ့ပါတယ်။

တိမ်မြန်အဆောင် လက်ဖွဲ့ရဲ့ အကျိုးအာနိသင်ကလည်း အမြင့်ဆုံး အကန့်အသတ်တစ်ခု ရှိပါတယ်။ စိတ်ဂိညာဉ်ပလ္လင်အဆင့် အသုံးပြုသူ တစ်ယောက် အတွက်တော့ ၎င်းက မြှင့်တင်ပေးနိုင်တဲ့ အမြန်နှုန်းက ၂၀ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်မှာပဲ ရှိသေးတဲ့အတွက် အဆောင်လက်ဖွဲ့က သူ့ရဲ့ မူလ အမြန်နှုန်းရဲ့ နှစ်ဆကို မြှင့်တင်ပေးနိုင်ပါတယ်။ ချက်ချင်းဆိုသလိုပဲ လင်းဟန်က တင်းယွမ်ရှင်းနဲ့ အတော်ဝေးဝေးကို နောက်တစ်ကြိမ် ရောက်သွားခဲ့ပါတယ်။

တင်းယွမ်ရှင်းက ဘာမှမတတ်နိုင်ပဲ အံကိုပဲ တင်းတင်းကြိတ်ထားလိုက်ရပါတယ်။ သူက ပုက်ဖဲတစ်ခုကို ဆွဲထုတ်လိုက်ပြီးတော့ လင်းဟန်ကလည်း အဲဒါကို ယှဉ်ပြိုင်ဖို့ ပုက်ဖဲတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ သူ့အနေနဲ့ ဒီမယုံကြည်နိုင်စရာကောင်းတဲ့ လူငယ်ကို တကယ်ပဲ သတ်ပစ်နိုင်ပါ့မလား။

သူက ဖြစ်ပျက်ခဲ့သမျှ ကိစ္စတွေကို သေချာစဉ်းစားပြီးတဲ့နောက်မှာတော့ လင်းဟန်နောက်ကို အမဲလိုက်ဖို့ကိစ္စကို လက်လျော့လိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ နောက်ပြီးတော့ မြောက်ပိုင်းဒေသကို စွန့်ခွာပြီးတော့ အလယ်ပိုင်း ဒေသကို သွားရောက် စွန့်စားခန်း ဖွင့်ဖို့ကိုပါ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ မြောက်ပိုင်းဒေသမှာသာ ဆက်ပြီးတော့ နေထိုင်ဦးမယ်ဆိုရင် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့အတွက်ကို သူ့အနေနဲ့ ဆယ်နှစ်ကျော်လောက် လိုအပ်ပါလိမ့်မယ်။

ထွက်သွားမယ်။

ပါရမီရှင် အဆင့်ဇယားမှာ ပါဝင်တဲ့ မည်သူမဆို ပြတ်သားတဲ့ ဆုံးဖြတ်ချက် ရှိတတ်ကြပါတယ်။ သူက ချက်ချင်းပဲ

အမှောင်နတ်ဆိုး တောအုပ်ကနေ ထွက်ခွာပြီးတော့ သူရဲ့ကိုယ်ပိုင် ကလန်ဆီကိုတောင်မှ မပြန်တော့ပဲ အလယ်ပိုင်းဒေသဆီကို တန်းပြီးတော့ ဦးတည်ပြီး ထွက်ခွာသွားခဲ့ပါတယ်။

လင်းဟန်က တင်းယွမ်ရှင်းရဲ့ ဆုံးဖြတ်ချက်ကို မသိပါဘူး။ သူရဲ့ဒဏ်ရာတွေကို ပြန်လည်ကုသ ကောင်းမွန်ပြီးတဲ့ နောက်မှာတော့ အနက်ရောင် မျှော်စင်ကနေ ပြန်ထွက်ပြီးတော့ သစ်ပင်တွေရဲ့ ပင်စည်အပေါ်မှာ တင်းယွမ်ရှင်းကို နောက်တစ်ကြိမ် အရှက်ခွဲတဲ့ စကားတွေကို ရေးထွင်းပြီး ချန်ထားခဲ့ပါတယ်။ ဒါပေမဲ့ ငါးရက်တောင် ကြာပြီးတဲ့ နောက်မှာ တင်းယွမ်ရှင်း ပေါ်လာတာကို မမြင်ရသေးပါဘူး။ တင်းယွမ်ရှင်းက သူ့နောက်ကို လိုက်လံတိုက်ခိုက်မဲ့ အကြံအစည်ကို လက်လျှော့လိုက်ပြီလို့ သူ့အနေနဲ့ ခန့်မှန်းမိလိုက်ပါတယ်။

အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ ဆုံးဖြတ်ချက် ပြတ်သားလွန်းပါတယ်။

လင်းဟန်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ပါတယ်။ တင်းယွမ်ရှင်းက ရတနာတစ်ခုကို မြင်တွေ့လိုက်ရသလိုမျိုး ဆုံးဖြတ်ချက် ပြတ်ပြတ်သားသားနဲ့ ထွက်သွားနိုင်တဲ့

လေးနက်တဲ့ အမူအကျင့် ရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။

လက်ရည်စမ်းမဲ့ ပြိုင်ဘက်မရှိမှတော့ သူ့အနေနဲ့ ကိုယ်ပိုင်လေ့ကျင့်ပြီး အလုပ်ပိုကြိုးစား ရပါတော့မယ်။ ကံကောင်းတာကတော့ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၈ အဆင့်ရဲ့ အလယ်အလတ် အဆင့်မှာ ရောက်နေပြီးတော့ ဒါက အတော်လေးကို မြန်တယ်လို့ ပြောလို့ ရပါတယ်။

တစ်ဖက်မှာတော့ လင်းဟန်က စိတ်ဂိညာဉ် ဆေးပင် အမျိုးမျိုးကို ဆက်လက်ရှာဖွေနေပြီး တစ်ဖက်မှာတော့ ကောင်းကောင်းကြီး လေ့ကျင့်နေပါတယ်။ တစ်လဆိုတဲ့ အချိန်ကုန်လွန် သွားပြီးတဲ့ နောက်မှာတော့ သူက အနက်ရောင် မျှော်စင်အထဲမှာ မရှိသေးတဲ့ စိတ်ဂိညာဉ် ဆေးပင်အမျိုးအစား နှစ်မျိုးကို အောင်အောင်မြင်မြင်နဲ့ ရရှိခဲ့ပါတယ်။ ဒါအပြင် သူရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း နောက်ဆုံးမှာ စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။

"ဒီအချိန်မှာ မင်းက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သန့်စင်ပြီးတော့ အနက်ရောင် မျှော်စင်ကနေ စွမ်းအားကို ထည့်သွင်း အသုံးပြုမယ်ဆိုရင် အာနိသင် အဆုံးစွန်ကို ရရှိနိုင်လိမ့်မယ်"

မျှော်စင်လေးက သဲလွန်စလေး ပေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ် သဘောတူလိုက်ပြီးတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး အပိုင်းစ တစ်ခုကို ဆွဲထုတ်ယူလိုက်ပါတယ်။

ဒါက ကျောက်တုံးတစ်တုံး ပုံစံရှိပြီးတော့ အထဲဘက်မှာ ဟောင်းလောင်းပေါက် ပုံစံတစ်ခု ရှိနေပါတယ်။ အဲဒီမှာ အရည်တစ်မျိုးက အထဲမှာ ရှိနေပြီးတော့ သူရဲ့လက်နဲ့ ချေမွလိုက်တဲ့ အခါမှာ အဲဒီအရည်ရဲ့ အနံ့က သူရဲ့ နှာခေါင်းဆီကို လေနဲ့အတူ ပါလာပြီးတော့ သင်းပျံ့ လန်းဆန်းစေပါတယ်။ အဲဒီအချိန်မှာ ဟူးညို့ကလည်း ကျောက်တုံးအပိုင်းစ တစ်ခုကို ထုတ်ယူပြီး ကြက်ခြေခတ်ပုံစံနဲ့ ဘေးမှာ ထိုင်ချလိုက်ပါတယ်။ သူမကပိုပြီးတော့တောင် တည့်တိုးဆန်ပါတယ်။ အဲဒီ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး အပိုင်းအစကို သူမရဲ့ ပါးစပ်ထဲကို ပစ်ထည့်ပြီး ပီကေဂါးသလိုမျိုးကို ဂါးစားပြီးတော့ ကျောက်တုံးကို ချေဖျက်ပစ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ တမူထူးခြားတဲ့ လက္ခဏာတွေ မရှိပါဘူး။ ဘယ်လိုကြီးလဲ။ မင်းရဲ့ ခန္ဓာကိုယ်

အတွင်းမှာ မီးတွေတောက်လောင်သလို ပွက်ပွက်ဆူတာမျိုးတို့ အသိဉာဏ်ထဲကို လှိုင်းလုံးပင်လယ်ကြီးတွေ ရိုက်ခတ်တာမျိုး မခံစားရဘူးလား။ တကယ်ပဲ ဘာမှမဖြစ်ဘူးလား။

လင်းဟန်က ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ အာနိသင်တွေကို သိထားပါတယ်။ ဒါက သူ့ကို နောက်တစ်ဆင့်ကို ချိုးဖျက်ဖြင်ရောက်သွားတာကို မြင်တွေ့နိုင်ပါလိမ့်မယ်။ ဒါက ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ပွဲအစွမ်းကို ချက်ချင်းဆိုသလို ကြယ်လေးလုံး ငါးလုံးအထိ ထိုးတက်သွားအောင် လုပ်နိုင်ပါတယ်။ ဘယ်လောက်အတိအကျ မြင့်တက်သွားနိုင်သလဲ ဆိုတာကတော့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်အတွက် အခြေခံက ဘယ်လောက်တောင် ခိုင်မာကျစ်လျစ်သလဲ ဆိုတဲ့အချက်အပေါ် မှာ မူတည်ပါတယ်။

လင်းဟန်က သူရဲ့ယခင်ဘဝတုန်းက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို မစားဖူးခဲ့ပါဘူး။ ဒါပေမဲ့ သူကတစ်ကြိမ်မှာ ကံကောင်းပြီးတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတစ်ခုကို ရရှိခဲ့ပြီး သူရဲ့အငယ်ဆုံး တပည့်ဖြစ်တဲ့ ကျန်းယွဲ့ဖုန်းကို ပေးခဲ့ပါတယ်။

ဒီကောင်က အစတုန်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာမှာ တိုက်ပွဲအစွမ်း ကြယ်ခုနစ်လုံး ရှိပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဖောက်ထွက် သွားတဲ့ အချိန်မှာ တိုက်ပွဲအစွမ်း ကြယ်ခြောက်လုံးတောင် ကျန်ရှိနေပါသေးတယ်။

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာလေ အားကောင်းတဲ့ ပြိုင်ဘက်တစ်ယောက်ကို စိန်ခေါ်ဖို့က ပိုခက်ခဲလာပါလိမ့်မယ်။ တကယ်လို့ ကောင်းကင်ဘုံကံကောင်းခြင်း ကျောက်တုံးကြောင့်သာ မဟုတ်ဘူးဆိုရင် ကျန်းယွဲ့ဖုန်းအနေနဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဖောက်ထွက်သွားတဲ့ အချိန်မှာ အမြင့်ဆုံး တိုက်ပွဲအစွမ်း ကြယ်သုံးလုံးလောက်ပဲ ရှိပါလိမ့်မယ်။ ဒါကြောင့် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးက ဘယ်လောက်တောင်မှ အံ့အားသင့်စရာကောင်းသလဲဆိုတာကို သက်သေပြနေပါတယ်။

လင်းဟန်က အတိတ်က သတိရစရာတွေကို ပြန်ပြောင်းစဉ်းစားပြီးတဲ့ နောက်မှာ အနက်ရောင် မျှော်စင်ထဲကနေ ဟူးညီနဲ့အတူ ထွက်လာခဲ့ပါတယ်။ သူတို့က ကြက်သွေးရောင် အေးစိမ့် ရေခဲဆေးပင် ပေါက်ရောက်တဲ့ နေရာဆီကို ဦးတည်ပြီးတော့

ထွက်လာခဲ့ကြပါတယ်။

သူတို့ကအချိန်သိပ်ကြာကြာ လမ်းမလျှောက်လိုက်ရပဲ လင်းဟန်က သူရဲ့နောက်ကျောဘက်မှာ ကျောချမ်းသလို ခံစားမှုတစ်ခုကို ခံစားလိုက်ရပါတယ်။ သူက ချက်ချင်းပဲ လမ်းလျှောက်နေရာက ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းက စက်ဆုပ်စရာကောင်းတဲ့ အဘိုးကြီး။ ခင်ဗျား ဘယ်လောက်ထိ ကျုပ်အနောက်ကနေ နောက်ယောင်ခံ လိုက်ဖို့ စဉ်းစားနေတာလဲ"

အကြီးအကဲ တိမ်ကိုးခုက သစ်ပင်တွေ သိပ်သည်းနေတဲ့ တောအုပ်ထဲကနေ စိတ်ရှုပ်ထွေးနေတဲ့ မျက်လုံးတွေနဲ့ ထွက်လာခဲ့ပါတယ်။

လင်းဟန်က နတ်ဆိုးချီ မြူခိုးတွေထဲကို ဝင်ရောက်သွားခဲ့တာကို သူရဲ့မျက်လုံးတွေနဲ့ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါတယ်။ ဒီနတ်ဆိုးချီ မြူခိုးဆိုတာ သူတောင်မှ စိုးရိမ်ထိတ်လန့်ပြီး ဝင်ရောက်ဖို့ရာ မစွမ်းသာတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ လင်းဟန်ကတော့ အသက်ရှင်လျက်နဲ့ လမ်းလျှောက်ထွက်လာရုံမက အရမ်းကို

သက်တောင့်သက်သာ ရှိနေပုံကို မြင်ရတော့ သူ့အနေနဲ့ သိချင်စိတ်တွေ ပြင်းပြလာခဲ့ပါတယ်။ အဲဒီနေရာက နတ်ဆိုးချီတွေကြောင့် အရှုးတစ်ယောက်လိုမျိုး ပြောင်းလဲသွားတဲ့ လက္ခဏာမျိုး လုံးဝ မတွေ့မြင်ရပါဘူး။

ဒီကောင်စုတ်လေးမှာ ရတနာပစ္စည်းတွေ ဘယ်လောက်တောင်များ ပိုင်ဆိုင်ထားလိုက်သလဲ။

အကြီးအကဲ တိမ်ကိုးခုရဲ့ လိုချင်တပ်မက်မှုတွေက တောက်လောင်လို့ လာခဲ့ပါတယ်။ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်သွားနိုင်တယ် ဆိုတာကို သူသိထားပါတယ်။ ဒါကြောင့်လည်း လင်းဟန်က သတိမထားမိလောက်တဲ့ အချိန်ကို စောင့်ဆိုင်းပြီးတော့ တစ်ချက်တည်းနဲ့ အသေသတ်ပစ်နိုင်မဲ့ အခွင့်အရေးကို ရှာဖွေဖို့ ကြိုးစားနေခဲ့တာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူထွက်ပေါ်လာတာနဲ့ တစ်ပြိုင်နက် လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ရှောင်တိမ်းပုန်းအောင်း နေလိုက်ပြီးတော့ သူ့အနေနဲ့ ဘာမှအောင်မြင်မှု မရပဲနဲ့ လက်ဗလာနဲ့ ပြန်သွားရပါလိမ့်မယ်။

"လူငယ်လေး မင်းက တကယ်ပဲ ငါတို့ဂိုဏ်းရဲ့ အာရုံကို

ဆွဲခေါင်နိုင်တာပဲ။ တကယ်လို့ ငါက မင်းကို ဘာမှမလုပ်နိုင်ဘူး ဆိုရင်တောင်မှ နောက်တစ်ကြိမ်မှာ ပိုပြီးတော့ သန်မာတဲ့ လူတွေ ပေါ်ထွက်လာပြီးတော့ မင်းရဲ့ အသက်နဲ့ ကောင်းမွန်တဲ့ ကံကြမ္မာကို လုယူသွားလိမ့်မယ်။ သူတို့က မင်းကို အလောင်းကောင် စစ်သားတစ်ကောင် အဖြစ်လည်း မွမ်းမံသန့်စင်ကြလိမ့်မယ်”

သူက အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့် ဂျူနီယာလေး တစ်ယောက်ကို ရင်ဆိုင်ရတာ အရမ်းကို ခက်ခဲလိမ့်မယ် ဆိုတာကို လုံးဝကို မထင်မှတ်ထားခဲ့ပါဘူး။

လင်းဟာန်က အိုးလို့ အော်လိုက်ပြီးတော့ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

“သူတို့က ဘယ်လောက်များ သန်မာအစွမ်းထက်လို့လဲ”

“ဟီးဟီး မင်းက ငါ့ဆီကနေ သတင်းနှိုက်နေတာလား။ မင်းကတကယ်ပဲ အတွေ့အကြုံ နုသေးတာပဲ။ ငါ့ကို သုံးနှစ်သား ကလေးတစ်ယောက်လို့များ မင်းထင်နေတာလား”

အကြီးအကဲ တိမ်ကိုးခုက လှောင်ပြောင်သရော် လိုက်ပါတယ်။

လင်းဟန်က ဂျင်ဆင်းပင် တစ်ပင်ကို ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ကျုပ်ကို ပြောပြမယ်ဆိုရင် ဒီဂျင်ဆင်းပင်ကို ခင်ဗျားကို ပေးမယ်"

လပြွတ်။

အကြီးအကဲ တိမ်ကိုးခုက အကြီးအကျယ် ဒေါသထွက်သွားခဲ့ပါတယ်။ ဒီကောင်စုတ်လေးက တကယ်ပဲ သူ့ကို ခွေးတစ်ကောင်လိုမျိုး ပြုမူဆက်ဆံသလို ဆက်ဆံနေတာလား။ သူရဲ့မျက်လုံးတွေက မီးဟင်းဟင်း တောက်လောင်နေသလိုမျိုးနဲ့ တူပါတယ်။ သူက ပြောလိုက်ပါတယ်။

"ကောင်ကလေး တကယ်လို့ ငါသာ မင်းကို အလောင်းကောင် စစ်သား တစ်ကောင်အဖြစ် မလုပ်နိုင်ဘူးဆိုရင် ငါလူမဟုတ်တော့ဘူးလို့ ကျိန်ဆိုတယ်"

"ခင်ဗျားကိုယ်ခင်ဗျား လူတစ်ယောက် ဖြစ်နေသေးတယ်လို့ ပြောနေတာပဲ"

လင်းဟန်က လှောင်ပြောင်လိုက်ပါတယ်။

"သေစမ်းကွာ"

အကြီးအကဲ တိမ်ကိုးခုက ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်လိုက်ပါတယ်။

"သေရမဲ့လူက မင်းပဲ"

ကျယ်လောင်စူးရှတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ တောင့်တင်းခိုင်မာတဲ့ ပုံရိပ်တစ်ခုက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဟုန်တစ်ခုကို ထုတ်လွှတ်ပြီးတော့ ထွက်ပေါ်လာခဲ့ပါတယ်။

"လက်သီးဧကရာဇ်"

အကြီးအကဲ တိမ်ကိုးခုရဲ့ မျက်လုံးတွေက သတိဂီရိယ နိုးကြားတဲ့ ပုံစံဖြစ်သွားပြီး သူ့ပုံစံကို ကြည့်ရတာ စိုးရိမ်မှု လက္ခဏာတချို့ကို တွေ့မြင်ရပါတယ်။

တစ်ဖက်လူက ပန်းဖူးအဆင့်ကို ချိုးဖြတ်ဂင်ရောက်လာတာက သိပ်မကြာသေးဘူး ဆိုပေမဲ့ သူက လက်သီးအလင်းတန်းကို ထုတ်ဖော်နိုင်နေပါပြီ။ ပြီးတော့ ရွှေရောင်နတ်ဆိုး မျောက်ဂံနဲ့လည်း လက်ရည်တူ တိုက်ခိုက်နိုင်ပါတယ်။ ဒီလိုမျိုး တိုက်ပွဲစွမ်းအားရှိတဲ့ လူတစ်ယောက်နဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အခါမှာ မတုန်လှုပ်ပဲ ဘယ်လိုလုပ်ပြီး နေနိုင်မှာလဲ။ နောက်ပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းက သူတို့ထိန်းချုပ်ထားတဲ့ အလောင်းကောင် စစ်သားတွေ အပေါ်မှာပဲ မှီခိုနေရတာ ဖြစ်ပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်တိုက်ပွဲ စွမ်းအားက သိပ်ပြီးတော့ အထင်ကြီးစရာ မကောင်းပါဘူး။

နောက်ပြီးတော့ တစ်ဖက်လူက ရွှေရောင်နတ်ဆိုး မျောက်ဂံနဲ့ပ တိုက်ခိုက်ပြီးတဲ့ နောက်မှာ ဒဏ်ရာတွေ ရရှိခံစားခဲ့ရတယ် ဆိုပေမဲ့ ရက်တော်တော်များများ ကြာပြီးတဲ့နောက်မှာ ဒဏ်ရာတွေကနေ ပြန်လည်သက်သာ ကောင်းမွန်လာပြီးတော့ သူရဲ့စွမ်းရည်ကလည်း ပန်းဖူးအဆင့် ဒုတိယအလွှာကို ချိုးဖျက်ဂင်ရောက်ပြီး အဆင့်တက်သွားသလိုပါပဲ။ သူက ဒီလောက် လျင်လျင်မြန်မြန်နဲ့ပဲ ပန်းဖူးအဆင့်မှာ အဆင့်တက် ချိုးဖျက်ဂင်ရောက် သွားနိုင်တဲ့ အထိကို

ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။

မိုးရေကောရာဇ်က လှွမ်းမိုးခြယ်လှယ်နိုင်စွမ်း ရှိတဲ့ ပုံရိပ်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ မျက်လုံးတွေက အကြီးအကဲ တိမ်ကိုးခု အပေါ်ကို ကျရောက်သွားတဲ့ အခါမှာတော့ မျက်လုံးထဲမှာ အဆုံးမရှိတဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာခဲ့ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းက မကောင်းဆိုးဝါးတွေ သတ်ပစ်"

သူရဲ့လက်ကို ဆုပ်ပြီးတော့ လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ လက်သီးအလင်းက တောက်ပစွာနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက သေစေနိုင်တဲ့ လက်နက်တစ်ခု ဖြစ်ပြီးတော့ ချီထက် သာလွန်ပါတယ်။ တစ်ခု ပြောနိုင်တာက တကယ်လို့ လင်းဟန်က ဓားချီအလင်း သုံးဆယ့်နှစ်ခုကို ထုတ်ဖော်နိုင်မယ်ဆိုရင်တောင်မှ လက်သီးအလင်းတန်းနဲ့ ယှဉ်ပြိုင်တဲ့အခါမှာ အားနည်းနေဦးမှာ ဖြစ်ပါတယ်။ ဒါကလည်း မတူညီတဲ့ အရည်အသွေး နှစ်ခုရဲ့ တစ်ဖက်သတ် လွှမ်းမိုးခြယ်လှယ်နိုင်မှု ဖြစ်ပါတယ်။

ဒါပေ့ါ။ တကယ်လို့ လင်းဟန်က ဓားချီအလင်း

သုံးဆယ်နှစ်ခုကနေ ဓားအလင်းတန်းကို သိပ်သည်းအောင် ဖော်ထုတ်နိုင်တဲ့အခါကျရင် ချီအလင်း ဆယ်ခုကနေ သိပ်သည်းထားတဲ့ လက်သီးအလင်းတန်းနဲ့ ရင်ဆိုင်တဲ့အခါမှာ လွှမ်းမိုးခြယ်လှယ်နိုင်ပြီးတော့ အသာစီး ရယူထားနိုင်ပါလိမ့်မယ်။

အကြီးအကဲ တိမ်ကိုးခုက ပန်းဖူးအဆင့် အလွှာ ၅ အဆင့် ဆိုပေမဲ့လည်း သူက လက်သီးအလင်းတန်းကို ထုတ်ဖော်နိုင်တဲ့ မိုးရေကောရာဇ်ကို မားမားမတ်မတ်နဲ့ ရင်ဆိုင်ယှဉ်ပြိုင် နိုင်စွမ်း မရှိပါဘူး။ တိုက်ကွက် အနည်းငယ် အတွင်းမှာပဲ အဆက်မပြတ် အော်ဟစ်မြည်တမ်းပြီး အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"လက်သီးကောရာဇ်၊ ငါမင်းရဲ့ ရန်သူ မဖြစ်ချင်ဘူး။ ဒါပေမဲ့ တကယ်လို့ မင်းကဆက်ပြီးတော့ အနိုင်ကျင့်နေဦးမယ်ဆိုရင် မသနားဘူးလို့ ငါ့ကို အပြစ်မတင်နဲ့"

"အဲဒီတော့ ဘာဖြစ်လဲ။ ငါသတ်ချင်တဲ့လူက ဘယ်တော့မှ အသက်မရှင်ဘူး"

မိုးရေကောရာဇ်က ကောင်းကင်ဘုံ၏သားတော် လက်သီးသိုင်းကို အသုံးပြုလိုက်ပြီး လက်သီး

အလင်းတန်းက တောက်ပစွာနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းနဲ့အတူ လှုပ်ရှားသွားပါတယ်။

အကြီးအကဲ တိမ်ကိုးခုက စူးရှတဲ့ လေချွန်သံတစ်ခု ထုတ်ဖော်လိုက်ပြီး ထူးဆန်းတဲ့ ဆူညံသံ တစ်ခုက ချက်ချင်းဆိုသလို အဝေးတစ်နေရာကနေ ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။ မကြာခင်မှာပဲ သံခေါင်းတလားတစ်ခုက လျှောထိုးပြီး ရောက်လာခဲ့ပါတယ်။ ဘုန်း ဆိုတဲ့ အသံနဲ့ ခေါင်းတလားရဲ့ အဖုံးက ပွင့်သွားပြီးတော့ အလောင်းကောင် စစ်သားတစ်ကောင် ခုန်ထွက် လာခဲ့ပါတယ်။ ၎င်းက ငွေသတ္တုတွေကနေ သန့်စင်သွန်းလုပ်ထားသလိုမျိုး ငွေရောင် တစ်လက်လက် တောက်ပလို့ နေပါတယ်။

"အဆင့်သုံး ငွေချပ်ဂဝတ် အလောင်းကောင်"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒီအလောင်းကောင် စစ်သားက ငွေချပ်ဂဝတ် အလောင်းကောင် စစ်သားတစ်ကောင် အတွက်တော့ အကန့်အသတ်ကို ရောက်လို့ နေပါတယ်။

"ခိခိခိ သိပ်ဟုတ်တာပေါ့။ ဒါက အဆင့်သုံး ငွေချပ်ဂုတ် အလောင်းကောင်ပဲ၊ ငါ့ရဲ့ နည်းလမ်း အမျိုးမျိုးတွေကို အသုံးပြုပြီးတော့ သန့်စင်လိုက်တဲ့ အခါမှာ ဒီအလောင်းကောင်ရဲ့ စွမ်းရည်က ပန်းဖူးအဆင့် အလွှာကိုး နီးနီးကို ရောက်နေပြီလေ"

အကြီးအကဲ တိမ်ကိုးခုက ဟက်ဟက်ပက်ပက်နဲ့ ရယ်မောပြီးတော့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

"လက်သီးကောရာဇ်။ မင်းအခု ထွက်သွားတာ ကောင်းလိမ့်မယ်နော်။ ဟဲ့ လပြွတ်ပဲဟ"

သူ့အနေနဲ့ ကျိန်ဆဲလို့ မပြီးသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိုးရေကောရာဇ်ရဲ့ လက်သီးတစ်လုံး တစ်ဟုန်ထိုး အရှေ့ကို တိုးဝင်တိုက်ခိုက်လာလို့ပဲ ဖြစ်ပါတယ်။

အပိုင်း(၄၂၈) ရိုက်ထုတ်ခြင်း

မိုးရေကောရာဇ်က မိုးရေကောရာဇ်ပါပဲ။ ကောရာဇ် တစ်ယောက်လိုမျိုး လွှမ်းမိုးနိုင်ပြီးတော့ မယိမ်းယိုင်တဲ့ တည်ငြိမ်ပြတ်သားမှု အပြည့်ရှိပါတယ်။

အကြီးအကဲ တိမ်ကိုးခုက လျင်မြန်စွာပဲ အလောင်းကောင် စစ်သားကို ထိန်းချုပ်ပြီးတော့ ဂင်ရောက်လာတဲ့ တိုက်ခိုက်မှုတွေကို တားဆီးပြီး ခံယူလိုက်ပါတယ်။ ဖူး ဖူး ဖူး။ အဆုံးအစမဲ့တဲ့ မသဲမကွဲ ဆူညံသံတွေကို ဂကားလိုက်ရပါတယ်။ မိုးရေကောရာဇ်ရဲ့ လက်သီးတွေက အလောင်းကောင် စစ်သားကို အဆက်မပြတ် ထိုးနှက်မိသွားပါတယ်။ ဒါပေမဲ့ ဒဏ်ရာပါးပါးလေး တချို့ပဲ ကျန်ရစ်စေခဲ့ပါတယ်။

ဂင်းကတကယ့်ကို အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင် စစ်သား ဖြစ်ပြီးတော့ သူရဲ့ ခံစစ်က အဆင့်ခြောက် ပစ္စည်းတွေနဲ့ မွမ်းမံသန့်စင်ထားတဲ့ အရာတွေနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ လက်သီးအလင်းတန်းတောင်မှ ထိခိုက်ပျက်စီးအောင် မလုပ်နိုင်ပါဘူး။

ဒါပေမဲ့လည်း လက်သီးကောရာဇ်က စိတ်ထဲမထည့်ထားပါဘူး။ သူက လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ ပုံရိပ်ရှိတဲ့ ကောရာဇ် တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့လက်သီးတွေက မိုးရေစက်တွေလို အဆက်မပြတ် ကျဆင်းလာပြီးတော့ အလောင်းကောင် စစ်သားကို ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲပစ်တော့မဲ့အတိုင်း

အဆက်မပြတ် ထိုးနက်လိုက်ပါတယ်။

အကြီးအကဲ တိမ်ကိုးခုက လျှောင်ပြောင်သရော်တဲ့ အပြုံးနဲ့ ကြည့်နေပါတယ်။ တကယ်လို့ သူတို့တွေက ခံစစ်တစ်ခုတည်း အကြောင်းကိုပဲ ပြောမယ်ဆိုရင် ဒီအလောင်းကောင် စစ်သားက နတ်ဆိုးမျောက်ဂုံထက်တောင်မှ သာလွန်ပါသေးတယ်။ ဖျက်ဆီးခြင်း စွမ်းရည်နဲ့ စွမ်းအားမှာပဲ နတ်ဆိုးမျောက်ဂုံနဲ့ ယှဉ်လို့မရတာပါ။ ဒါပေမဲ့ သူ့အတွက်တော့ မိုးရေကောရာဇ်ကို သတ်ပစ်စရာ မလိုပါဘူး။ သူ့ကိုနောက်ဆုတ်သွားစေရင်ပဲ လုံလောက်ပါပြီ။

"ကောင်ကလေး အခုတော့ မင်းက ထွက်ပြေးချင်နေသေးတာလား"

သူက သရော်လှောင်ပြောင်လိုက်ပါတယ်။ အကြောင်းက သူပိုင်ဆိုင်ထားတဲ့ စိတ်ဝိညာဉ် ပစ္စည်းက သက်ရှိတွေကိုတောင်မှ ထည့်သွင်းနိုင်လောက်တဲ့အထိ မယုံနိုင်စရာ ကောင်းလှတဲ့ လျှို့ဝှက်ချက် တစ်ခုဖြစ်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က လက်သီးကောရာဇ်ရဲ့ အရှေ့မှာ အသုံးပြုရဲလိမ့်မယ်လို့ မယုံကြည်ပါဘူး။

ဒီလိုမျိုး အခြေအနေကြောင့် သူက အခွင့်အရေးတစ်ခု ရရှိထားခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မဟုတ်ဘူး"

"ဟားဟား ဒါဆိုရင် မင်းက သေဖို့အတွက် ပြင်ဆင်ပြီးပြီလား"

အကြီးအကဲ တိမ်ကိုးခုရဲ့က သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေက တင်းကျပ်လို့ လာခဲ့ပါတယ်။

"မဟုတ်ဘူး။ ငါ့မှာ ကူညီမဲ့သူ တစ်ယောက် ရှိနေသေးတယ်"

လင်းဟန်က အနောက်မြောက်ဘက်ဆီကို ကြည့်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"အစ်ကိုအောင်း ကျေးဇူးပြုပြီးတော့ ငါ့ကို လက်တစ်ဖက် ကူညီပေးပါ"

"ဘာ"

အကြီးအကဲ တိမ်ကိုးခုက လင်းဟန် လှည့်ပြောလိုက်တဲ့ ဘက်ကိုလှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ လှုပ်ရှားမှု အရိပ်အယောင် နည်းနည်းလေးမှ မတွေ့ရပါဘူး။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး မလိုအပ်ပဲနဲ့ လျှောက်မလုပ်နဲ့"

"ဟိုးဟိုး ကြီးကျယ်မြင့်မြတ်တဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်ရဲ့ အာရုံခံစွမ်းရည်ထက် နိမ့်ကျနေတာလား။ အလောင်းတစ်ထောင်ဂိုဏ်းမှာ အားလုံးက ဒီလိုမျိုး အမိုက်ကောင်တွေပဲ ရှိတာလား"

ရယ်မောသံနဲ့အတူ လူတစ်ယောက်က တောအုပ်ထဲကနေ လေပေါ်ပျံပြီးတော့ ထွက်လာခဲ့ ပါတယ်။ သူကတော့ အောင်းဖန် ဖြစ်ပါတယ်။

အကြီးအကဲ တိမ်ကိုးခုက ချက်ချင်းပဲ မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။ ဘယ်လိုဖြစ်လို့ နောက်ထပ် ပန်းဖူးအဆင့် ကျင့်ကြံသူ နောက်တစ်ယောက် ဒီနေရာမှာ ရှိနေရတာလဲ။ ဒီလူက အခုမှ ပန်းဖူးအဆင့်ကို ချိုးဖြတ်ဝင်ရောက်ကာစ

ဆိုပေမဲ့ သူ့မှာ တိုက်ပွဲကြယ် ဘယ်လောက်တောင် ပိုင်ဆိုင်ထားလဲဆိုတာကို ဘယ်သူ သိနိုင်မှာလဲ။ ပိုပြီးတော့ အရေးကြီးတာက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖွဲ့ဝင်တွေ အတွက်တော့ သူတို့ရဲ့ တိုက်ပွဲစွမ်းအားက တကယ်ပဲ အသိအမှတ်ပြုစရာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ပန်းဖူးအဆင့် အလွှာ ၅ အဆင့်မှာ ရှိနေတဲ့ လူတစ်ယောက်အနေနဲ့ ပထမအလွှာမှာပဲ ရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို အနိုင်ယူဖို့ လုံလောက်တဲ့ ယုံကြည်မှု ရှိနေသင့်ပါတယ်။

"ဆရာသခင်လင်းက တကယ်ပဲ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်ပဲ"

အောင်းဖန်က ချီးမွမ်းစကား ဆိုလိုက်ပါတယ်။ သူလည်းပဲ လင်းဟန်က နတ်ဆိုးချီ မြူတွေထဲကို ပြေးဝင်သွားတာကို မျက်စိနဲ့ တပ်အပ်မြင်တွေ့ခဲ့ရပြီး နတ်ဆိုးချီတွေရဲ့ အကျိုးသက်ရောက်မှု နည်းနည်းလေးမှ မခံစားရပဲ ထွက်ပေါ်လာတာက သူ့ကို အံ့အားသင့် စေခဲ့ပါတယ်။ နောက်ပြီးတော့ သူက အရမ်းကို ဝေးတဲ့နေရာကနေ ဒီတိုက်ပွဲကို စောင့်ကြည့်လေ့လာနေတာကို လင်းဟန်က သူရဲ့တည်ရှိမှုကို ရှာတွေ့သွားပါသေးတယ်။ ဒီလိုမျိုး နတ်ဘုရား အာရုံက တကယ်ပဲ ကြောက်ဖို့ကောင်းပါတယ်။

တစ်ခုနားလည် ထားရမှာက လင်းဟန်မှာ သူရဲ့ယခင်ဘဝတုန်းက ကောင်းကင်အဆင့်ကို ရောက်ခဲ့ပြီးတော့ ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ အစတစ်ခု ကျန်နေခဲ့ပါတယ်။ တကယ်လို့ အာရုံခံတဲ့ စွမ်းရည်အကြောင်းကို ပြောမယ်ဆိုရင် စိတ်ဝိညာဉ် နတ်သူငယ် အဆင့်က လူတွေတောင်မှ သူ့ကို လိုက်လို့မမီပါဘူး။

"အစ်ကိုအောင်းရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"အစ်ကိုအောင်း ဒါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆန်ကုန်မြေလေးတွေထဲက တစ်ယောက်ပဲ ကျေးဇူးပြုပြီးတော့ ဒီလူကို အမြစ်ပြတ် သုတ်သင်ပစ်ပြီးတော့ ကမ္ဘာကြီးကို အဆိပ်သင့်စေမဲ့ ကိစ္စတွေကနေ ဖယ်ရှားပြီး ငြိမ်းချမ်းအောင် လုပ်လိုက်ပါ"

"သေချာတာပေါ့"

အောင်းဖန်က ခေါင်းညိတ်လိုက်ပါတယ်။ သူ့ပုံစံကို

ကြည့်ရတာ တကယ့်ကို တရားမျှတပုံရတဲ့ လူတစ်ယောက်လိုမျိုး ဆင်တူပါတယ်။ ဒါပေမဲ့လည်း အတွင်းမှာတော့ ကျိတ်ပြီးတော့ အရမ်းကို မကျေမနပ် ဖြစ်နေပါတယ်။

သူရဲ့ ပထမ ရည်ရွယ်ချက်က မိုးရေကေရာဇ်ရဲ့ အကြီးအကဲ တိမ်ကိုးခုတို့ တိုက်ခိုက်ပြီး နှစ်ဖက်စလုံး ဒဏ်ရာတွေ တော်တော်များများ ရရှိပြီးတဲ့နောက်မှ သူကထွက်လာပြီး အခြေအနေကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ဖို့ပဲ ဖြစ်ပါတယ်။ တကယ့်အချိန်ကိုက်ကျမှ လင်းဟန်က သူ့ကို ခေါ်ထုတ်လိမ့်မယ်လို့ လုံးဝမထင်မှတ် ထားခဲ့ပါဘူး။ တကယ်တော့ သူက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစ ဖြစ်ပြီးတော့ လက်သီးအလင်းတန်းကိုတောင် ထုတ်ဖော်နိုင်တဲ့ စစ်မှန်တဲ့ အုပ်ချုပ်သူတစ်ယောက် ဖြစ်တဲ့ မိုးရေကေရာဇ်နဲ့ မတူညီပါဘူး။ သူရဲ့ တိုက်ပွဲအစွမ်းက ကြယ်နှစ်လုံး ဒါမှမဟုတ် သုံးလုံးထက် နည်းနည်းလေးပဲ သာလွန်ပါတယ်။

အကြီးအကဲ တိမ်ကိုးခုနဲ့ ရင်ဆိုင်ရတာက ဘယ်သူအနိုင်ရမလဲ ဆိုတာကို ဆုံးဖြတ်ရတာ တကယ်ပဲ ခက်ခဲပါလိမ့်မယ်။

ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက ဆောင်းလဂိုဏ်းရဲ့ နာခေါင်းအောက်မှာပဲ ဌာနခွဲ တစ်ခုကို အမှန်တကယ် တည်ဆောက်ပုံ့တဲ့အတွက် မရိုးမဖြောင့်တဲ့ အကြံအစည်တွေ ရှိနေတယ်ဆိုတာ သိသာပါတယ်။ သူက ပန်းဖူးအဆင့်ကို ချိုးဖြတ်ဝင်ရောက် သွားတဲ့အခါမှာ ဂိုဏ်းစောင့် အဆင့်ကနေ အကြီးအကဲ တစ်ယောက် အဖြစ်ကို ရာထူးတိုးသွားခဲ့ပြီး ဆောင်းလဂိုဏ်းရဲ့ အကြီးအကဲ တစ်ယောက် အနေနဲ့ ဒီလိုမျိုး အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကြံအစည်ကို လွယ်လွယ်နဲ့ ခွင့်ပြုလို့ မဖြစ်ပါဘူး။ အခုဆိုရင် အောင်းဖန်က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖွဲ့ဝင် တစ်ယောက်ကို မြင်တွေ့နေရပြီ ဖြစ်တဲ့အတွက် ဘယ်လိုလုပ်ပြီးတော့ လက်ပိုက်ရပ်ကြည့်နေနိုင်မှာလဲ။

သူရဲ့ ညာဘက်လက်ကို မြှောက်လိုက်တဲ့အခါမှာ ဓားတစ်လက် ပေါ်လာပြီးတော့ မထင်မရှား ပုံစံတစ်ခု ဖုံးအုပ်ထားပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေ ပင့်လိုက်ပါတယ်။ ဒါက အဆင့်ခြောက် စိတ်ဝိညာဉ် ပစ္စည်း တစ်ခု ဖြစ်ပါတယ်။ ဒါက အောင်းကလန်ရဲ့ ဘိုးစဉ်ဘောင်ဆက် မိသားစု အမွေပစ္စည်း ဖြစ်ပါလိမ့်မယ်။ ပိုပြီးတော့ အရေးကြီးတာက အဆင့်ခြောက်

စိတ်ဂိညာဉ် ပစ္စည်းကို ဖန်တီးထားတဲ့ ပစ္စည်းတွေက တကယ်ပဲ အရမ်းကို ရှားပါးလွန်းပါတယ်။ ဒီလိုမျိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို မျိုးဆက်တွေ ဖြတ်သန်းပြီးတော့ ပေးအပ်နိုင်ပါတယ်။ ကိုယ့်စိတ်ကြိုက် အသစ်တစ်ခုကို လွယ်လွယ်နဲ့ ဖန်တီးလို့ မရနိုင်ပါဘူး။

အကြီးအကဲ တိမ်ကိုးခုရဲ့ အမူအရာက လေးလေးနက်နက် ဖြစ်လာခဲ့ပါတယ်။ သူရဲ့လက်မောင်းကို ဆန့်ထုတ်လှုပ်ရှားလိုက်ပါတယ်။ အဖြူရောင်သန်းနေတဲ့ အလောင်းချီက ထွက်လာပြီး သူရဲ့ ပုံရိပ်ကို တဖြည်းဖြည်းနဲ့ ပိုင်းရံလိုက်ပါတယ်။

အလောင်းချီနဲ့ နတ်ဆိုးချီတွေက မတူညီတဲ့ နည်းလမ်းတွေ ရှိကြပြီးတော့ တူညီတဲ့ အောင်မြင်မှု ရလဒ်တစ်ခုကို ရနိုင်ပါတယ်။ နတ်ဆိုးချီက လူတစ်ယောက်ကို ရူးသွပ်သွားအောင် ဖြစ်စေပြီး အလောင်းချီကတော့ အဆိပ်မိစေပါတယ်။ တကယ်လို့ ပန်းဖူးအဆင့်က လူတစ်ယောက်က အချိန်အကြာကြီးထိ တိုင်အောင်ပဲ မကုသနိုင်ဘူးဆိုရင် သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးက ပုပ်သိုးဆွေးမြည့်လာပြီးတော့ ကံမကောင်းရင် အလောင်းကောင် စစ်သားတစ်ကောင် အဖြစ်တောင် ပြောင်းလဲသွားနိုင်ပါတယ်။

အောင်းဖန်က သူရဲ့ဓားကို ပွေ့ယမ်းလိုက်ပြီး တိုးလာခဲ့ပါတယ်။ သူ့အနေနဲ့ စွမ်းအား နည်းနည်းလေးမှ ထိမ်ချန်မထားပုံပါဘူး။ ဓားချီအလင်း ရှစ်ခုက ခုန်ပေါက်ထွက်လာပြီး အုပ်ချုပ်သူ တစ်ယောက်ရဲ့ အစွမ်းကို အပြည့်အဝ ထုတ်ဖော်ပြသနေပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ သူ့အနေနဲ့ ရိုးရိုးသားသား ပြောရမယ်ဆိုရင် အောင်းဖန်က တကယ့်ကို ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ လင်းဒေါင်ရှန်လည်း ငတုံးငအ တစ်ယောက် မဟုတ်ပေမဲ့ အောင်းဖန်လိုမျိုး ပါရမီ မရှိပါဘူး။ တကယ်လို့ သူတို့နှစ်ယောက်က တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ တိုက်ခိုက်ကြမယ်ဆိုရင် လင်းဒေါင်ရှန်က သေချာပေါက် ရှုံးနိမ့် ပါလိမ့်မယ်။

ဒါကြောင့် လင်းဒေါင်ရှန် အနေနဲ့ အောင်းဖန်ကို အနိုင်ယူဖို့ဆိုရင် ကျင့်ကြံခြင်းအဆင့်မှာ အသာစီး ရယူပြီးတော့မှ လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါက အရမ်းကို ခက်ခဲတယ် ဆိုပေမဲ့လည်း လင်းဟန်အတွက်ကတော့ ကိတ်မုန့်တစ်ခုကို လှီးရသလိုပဲ ရှိပါတယ်။

အနက်ရောင် မျှော်စင်ထဲက စိတ်ဂိုညာဉ် ဆေးပင်တွေက ပိုပိုပြီးတော့ အလျှံပယ် ဖြစ်လာခဲ့ပြီး သူ့အနေနဲ့ လင်းဒေါင်ရှန်ကို သုံးနှစ်အတွင်းမှာ စိတ်ဂိုညာဉ် ပလ္လင်အဆင့်ရဲ့ အထွတ်အထိပ်အထိ တစ်ဟုန်ထိုး မြင့်လက်လာအောင် ကူညီနိုင်ဖို့ ယုံကြည်ချက်တွေ ရှိနေပါတယ်။ ပြီးတော့ နှစ်ပေါင်း နှစ်ဆယ် အတွင်းမှာ စိတ်ဂိုညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖြတ်ဂင်ရောက် သွားအောင် ကူညီနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒီထက် ပိုမြင့်တဲ့ အဆင့်ကိုတော့ သူရဲ့တိုးတက်မှုက လိပ်တစ်ကောင် တွားသွားသလိုမျိုး အမြန်နှုန်းက လျော့ကျသွားပါလိမ့်မယ်။

တကယ်တော့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းက စိတ်ဂိုညာဉ် နတ်သူငယ် အဆင့်နဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဂင်ရောက် ပြီးတဲ့နောက်မှာ မှော်ဆေးလုံးတွေက မူလစွမ်းအင် စုစည်းခြင်းအတွက်ပဲ ကူညီနိုင်တဲ့ အကျိုးအာနိသင်ပဲ ရှိပါလိမ့်မယ်။ ကျင့်ကြံခြင်းအဆင့်ကို လုံလောက်တဲ့ နားလည်သဘောပေါက်နိုင်စွမ်း မရှိရင် မှော်ဆေးလုံးတွေ ဘယ်လောက်ပဲ ပေးပေး အဲဒါက ဖြုန်းတီးမှု တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

စစ်မှန်တဲ့ သဘာဝ ရတနာတွေ ပစ္စည်းတွေကပဲ လူတစ်ယောက်ကို မဟာတာအိုကို နားလည် သဘောပေါက်နိုင်အောင် ကူညီထောက်ပံ့ပေးနိုင်တဲ့ အံ့အားသင့်စရာကောင်းတဲ့ အာနိသင် ရှိတတ်ကြပါတယ်။ ဒါက သဘာဝကနေ ချီးမြှင့်မြောက်စားမှု တစ်ခုပဲ ဖြစ်ပါတယ်။

လက်စားချေမဲ့ ကိစ္စက တိုးတက်မှုကို နှေးကွေးစေနိုင်ပါတယ်။ သူရဲ့အမေကို အကျဉ်းထောင်က ကယ်တင်ဖို့က ပထမဦးစားပေး ကိစ္စပဲ ဖြစ်ပါတယ်။ တကယ်လို့ သူ့အနေနဲ့ လင်းဒေါင်ရှုန်ကို လုံလောက်တဲ့ စွမ်းအားပိုင်ဆိုင်တဲ့အထိ စောင့်နေဦးမယ်ဆိုရင် သူရဲ့အမေက ပိုပြီးတော့ ခံစားနေရပါလိမ့်မယ်။

လင်းဟန်က စဉ်းစားလိုက်ပါတယ်။ သူရဲ့အရှေ့မှာ လက်ရှိတိုက်ခိုက်နေတဲ့ တိုက်ပွဲက အရမ်းကို စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဒါပေမဲ့ ကောင်းကင်အဆင့်ကို ရောက်ခဲ့ဖူးတဲ့ သူ့လိုလူတစ်ယောက် အတွက်ကတော့ စိတ်ဝင်စားစရာကောင်းတဲ့ အဆင့်တစ်ခု မဟုတ်ပါဘူး။ သူ့ကိုကြည့်ချင်လာအောင်လို့ စေ့ဆော်နိုင်ခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အောင်းဖန်က စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့ အကူအညီနဲ့ သိသိသာသာကို အသာစီး ရထားပါတယ်။ ဒါပေမဲ့ မိုးရေကောရာဇ်ကတော့ အောက်စည်းကို ကျဆင်းလာခဲ့ပါတယ်။ အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင်ရဲ့ ခုခံမှုက မယုံနိုင်စရာ ကောင်းလောက်အောင် ပြိုင်ဘက်ကင်းပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒီကစားပွဲကို သူကဆက်ပြီးတော့ ကစားလို့ ရမှာလဲ။ တကယ်လို့ မိုးရေကောရာဇ်က ပန်းဖူးအဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိခဲ့မယ်ဆိုရင် သူ့မှာ အနိုင်ရဖို့ အခွင့်အရေးတစ်ခု ရှိနေပါလိမ့်မယ်။ ဒါပေမဲ့ လက်ရှိမှာတော့ သူက အရမ်းကို ဖေးကွာလွန်းပါတယ်။

အခြေအနေက အရမ်းကို ပညာသား ပါပါတယ်။ တကယ်လို့ အလောင်းကောင် စစ်သားက မိုးရေကောရာဇ်ကို နောက်ဆုတ်သွားအောင် ဒါမှမဟုတ် သတ်ပစ်လိုက်နိုင်ပြီးတော့ အကြီးအကဲ တိမ်ကိုးခုနဲ့ ပူးပေါင်းနိုင်လိုက်မယ်ဆိုရင် သူတို့အနေနဲ့ အောင်းဖန်ကို လွယ်လွယ်ကူကူနဲ့ ဖိနှိပ်ထိန်းချုပ် နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ တစ်ဖက်မှာ တကယ်လို့ အောင်းဖန်က အကြီးအကဲ တိမ်ကိုးခုကို အရင်ဆုံး သတ်ပစ်နိုင်မယ်ဆိုရင် ရလဒ်က တူညီစွာနဲ့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် မိုးရေကေရာဇ်ပဲ အရင်ဆုံး ကျရှုံးမလား ဆက်လက်တောင့်ခံနိုင်မလား။ ဒါမှမဟုတ် အကြီးအကဲ တိမ်ကိုးခုကပဲ အရင်ဆုံး ကျရှုံးမလား ဆက်ပြီးတော့ တောင့်ခံနိုင်မလား။

သံသယ ရှိစရာ မလိုအောင်ပဲ အကြီးအကဲ တိမ်ကိုးခုက အရင်ဆုံး နောက်ဆုတ်တဲ့လူ ဖြစ်ပါတယ်။ မိုးရေကေရာဇ်လိုမျိုး လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူတစ်ယောက်က သူရဲ့ပြိုင်ဘက် ဖြစ်တဲ့သူက ပိုပြီးတော့ သန်မာအားကောင်းလေ သူရဲ့တိုက်ပွဲဝင်ချင်တဲ့ စိတ်ဂိညာဉ်က ပြင်းပြင်းထန်ထန်ကို တောက်လောင်လို့ လာပါတယ်။ သူက တိုက်ပွဲကို အသုံးပြုပြီးတော့ သူရဲ့ ကိုယ်ပိုင် တိုက်ခိုက်ရေး စိတ်ဂိညာဉ်ကို လေ့ကျင့်တဲ့ လူစားမျိုး ဖြစ်ပါတယ်။ ပြီးတော့ သွေးဆာလောင်တဲ့ တိုက်ပွဲတစ်ခုကို အသုံးပြုပြီးတော့ သူရဲ့ကိုယ်ပိုင် အကန့်အသတ်ကို ချိုးဖျက်တတ်တဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင် စစ်သားလို ကောင်းမွန်တဲ့ ပြိုင်ဘက်တစ်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ အလျော့ပေးဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

အကြီးအကဲ တိမ်ကိုးခုက ထွက်ပြေးသွားပြီးတော့ မိုးရေကေရာဇ်နဲ့ အောင်းဖန်တို့က နောက်ကနေ ထပ်ကြပ်မကွာ လိုက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက် ပြန်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်လုံး အကြီးအကဲ တိမ်ကိုးခုရဲ့ သဲလွန်စ ပျောက်သွားခဲ့ပါပြီ။

တကယ်တော့ အကြီးအကဲ တိမ်ကိုးခုက ကျင့်ကြံခြင်း အဆင့်မှာ အသာစီး အများကြီး ရထားပါတယ်။ ထွက်ပြေးတယ်ဆိုတာက လူတစ်ယောက်ရဲ့ အမြန်နှုန်းအပေါ်မှာပဲ မူတည်တာ ဖြစ်ပြီးတော့ ပြိုင်ဘက်တစ်ယောက်ထက် တိုက်ပွဲစွမ်းရည်မှာ သန်မာတာက ဒီနေရာမှာ အများကြီး အသုံးမဝင်ပါဘူး။

အောင်းဖန်က လင်းဟန်နဲ့ အာလာပ သလ္လာပ စကားအနည်းငယ် ပြောပြီးတော့ ဆောင်းလဂိုဏ်းကို ညွှန့်သည်တစ်ယောက် အနေနဲ့ လာလည်ဖို့ကို ဖိတ်ခေါ်လိုက်ပါတယ်။ ပြီးတဲ့နောက်မှာ သူ မိုးရေကေရာဇ်ကိုလည်း စကားစမြည် ပြောပြီးတော့ နှုတ်ဆက်ပြီး ထွက်ခွာသွားလိုက်ပါတယ်။ သူက ဆောင်းလဂိုဏ်းကို ပြန်တာပဲလား ဒါမှမဟုတ် သူ့ရဲ့တာဝန် ဖြစ်တဲ့ ဟန်လင်းကိုပဲ ဆက်ပြီးတော့ ရှာဖွေတာလား

ဆိုတာကိုတော့ ဘယ်သူမှ မသိပါဘူး။

"ဂရန်းမာစတာ လင်း ငါတို့တွေ မတွေ့တာ လနည်းနည်းလောက်ပဲ ရှိသေးတယ်။ မင်းကငါ့ကို နောက်ထပ် အလင်းရောင် အသစ်တစ်ခုကို မြင်အောင်လို့ လုပ်နိုင်တာပဲ"

မိုးရေကောရာဇ်က ပြုံးလိုက်ပါတယ်။ သူရဲ့အသံမှာ မရှိတင်ကဲ ဖြစ်မှုတွေ ပြည့်နှက်လို့ နေပါတယ်။

သူ့အနေနဲ့ လင်းဟန်က သေချာပေါက် မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာ ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်က အရမ်းကို လျင်လျင်မြန်မြန်နဲ့ ရောက်လာလိမ့်မယ်လို့ မထင်ထားခဲ့ပါဘူး။

အသက်ဆယ့်နှစ်ရှစ် အရွယ် လူငယ်လေး တစ်ယောက်က အံ့အားသင့်စရာ ကောင်းလောက်အောင် မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ဒီလိုမျိုး အဖြစ်အပျက် တစ်ခုကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်ပွဲမှာလဲ။

"ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတော့ သေမျိုးအခွံကို ဖြတ်တောက် ပစ်လိုက်နိုင်တဲ့ အတွက်ကြောင့် ဂုဏ်ပြုပါတယ် မိုးရေကေရာဇ်"

လင်းဟန်က ပြုံးပြီးတော့ ပြန်ပြောလိုက်ပါတယ်။

အပိုင်း(၄၂၁) ခွေးတစ်ကောင်ကို ရိုက်နက်ဆုံးမခြင်း

လင်းဟန်နဲ့ မိုးရေကေရာဇ်တို့ နှစ်ယောက်ရဲ့ အကြားမှာ ကျင့်ကြံခြင်းအဆင့် ကွာဟချက်က အတော်လေးကို ကြီးမားပေမဲ့လည်း လင်းဟန်ရဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက သူတို့နှစ်ယောက်ကို တူညီစွာနဲ့ ရပ်တည်နိုင်ဖို့အတွက် လုံလောက်ပါတယ်။ အတိအကျ ပြောရမယ်ဆိုရင် မြေကမ္ဘာ အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ထက် အနည်းငယ် ပိုပြီးတော့ မြင့်မားပါတယ်။

သူတို့နှစ်ယောက်က အချိန်တခဏကြာအောင် စကားစမြည် ပြောခဲ့ကြပါတယ်။ လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူဖို့ ကြိုးစားနေတယ်ဆိုတာကို သိလိုက်ရတဲ့ အခါမှာ မိုးရေကေရာဇ်က သူ့အနေနဲ့

လင်းဟန်ကို ကူညီပေးဖို့ ဆန္ဒရှိနေပါတယ်။

လင်းဟန်က ဂမ်းမြောက်ဂမ်းသာနဲ့ လက်ခံလိုက်ပါတယ်။ ရက်တွေ တော်တော်ကြာပြီးတဲ့ နောက်မှာတော့ လူတွေဘယ်လောက်များများ ဒီစိတ်ဂိညာဉ် ဆေးပင်အတွက် ရည်ရွယ်ပြီး လာနေကြသလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ သူ့အနေနဲ့ စိတ်ဂိညာဉ် နတ်သူငယ် အောက်မှာရှိတဲ့ ဘယ်သူမဆို ဒီဆေးပင်ကို အောင်အောင်မြင်မြင်နဲ့ ရယူနိုင်လိမ့်မှာ မဟုတ်ဘူး ဆိုတာကို ယုံကြည်နေပေမဲ့လည်း ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ဘေးမှာ စောင့်ကျပ်နေနိုင်ပါတယ်။ သူအောင်မြင်သွားတာကို သူတို့တွေမြင်တဲ့အခါကျရင် ဘယ်သူကများ သူ့ဆီကနေ လုယူနိုင်မှာလဲ။ အဲဒီအတွက် သူ့အနေနဲ့ ဘာများ လုပ်နေစရာ လိုဦးမှာလဲ။

အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို လူတချို့က သိထားကြပြီးတော့ လင်းဟန်က ကျယ်ကျယ်ပြန့်ပြန့်နဲ့ သိသွားမှာကိုတော့ ခွင့်မပြုချင်ပါဘူး။ ကံကောင်းတာက ရုံဟွမ်ရွှမ်၊ သတ်ဖြတ်သူ နတ်ဆိုး ဇောရာဇ် ဒါမှမဟုတ် အကြီးအကဲ တိမ်ကိုးခတို့တောင်မှ သက်ရှိတွေကို ထည့်သွင်းသိုလှောင်နိုင်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိတယ်ဆိုပြီးတော့ပဲ တွေးနိုင်ကြတာ ဖြစ်ပြီးတော့

အနက်ရောင် မျှော်စင်ကို မသိကြပါဘူး။ တကယ်တမ်းကျ အနက်ရောင် မျှော်စင်က သက်ရှိတွေကို သိုလှောင်ထိန်းသိမ်းနိုင်တဲ့ သာမန်ပစ္စည်းတစ်ခုမှ မဟုတ်တာ။

"အခုဆိုရင် ဒီမိန်းကလေးကို ဖြတ်ပြီးတော့ ကြည့်ဖို့ ပိုလို့တောင် ခက်ခဲသွားပြီ"

မိုးရေကောရာဇ်က ဟူးညိုဘက်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ အတိတ်တုန်းက သူက ဒီမိန်းကလေးက နွှေဦးစမ်းရေ အဆင့်ရဲ့ ကျင့်ကြံခြင်း ရှိနေတယ်ဆိုတာကို အာရုံခံနိုင် ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဟူးညိုက မြူခိုးတွေလိုမျိုး ပုံစံအဖြစ်ကို ပြောင်းလဲသွားပြီး သူရဲ့ မျက်လုံးတွေကို ကားဆီးထားသလိုမျိုး ကျင့်ကြံခြင်းအဆင့် ဘယ်လောက် ရှိပြီလဲဆိုတာကို ကြည့်လို့ မရခဲ့ပါဘူး။

ဟူးညိုက တစ်ခစ်ခစ်ရယ်မောပြီးတော့ တုံ့ပြန်လိုက်ပါတယ်။ လင်းဟန်က မိုးရေကောရာဇ်ကို ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံမှတော့ သူမကလည်း မိုးရေကောရာဇ်ကို မျက်နှာသာ ပေးရပါမယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ။

သူတို့သုံးယောက်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရှိတဲ့ နေရာကို ဦးတည်ပြီး ထွက်လာခဲ့ကြပါတယ်။ ၎င်းက အတွင်းစည်း ပထမနေရာမှ တည်ရှိပြီး နေ့တစ်ဝက်လောက် ကြာပြီးတဲ့ နောက်မှာတော့ သူတို့သုံးယောက်က သူတို့ရဲ့ ပန်းတိုင်ဆီကို ရောက်လာခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့ချည်းပဲ မဟုတ်ပါဘူး။ အဲဒီမှာ တခြားလူသုံးယောက်လည်း ရှိနေပါတယ်။

ယိုဟိုင်ယွဲ့၊ ထန်ဇီမင်နဲ့ ကျူးရွှမ်အာ တို့ပဲ ဖြစ်ပါတယ်။

သူတို့သုံးယောက်စလုံးလည်း ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူချင်နေတယ် ဆိုတာသိသာပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ဘာမှမတတ်နိုင်ပါဘူး။ ကျူးရွှမ်အာရဲ့ မျက်နှာကို မမြင်ရပေမဲ့လည်း စိတ်ပျက်မှုတွေနဲ့ ပြည့်နှက်နေမယ်ဆိုတာ ပြောနိုင်ပါတယ်။

လင်းဟာန်နဲ့ တခြားသူတွေ ချဉ်းကပ်လာတာကို အာရုံခံမိလိုက်တော့ ယိုဟိုင်ယွဲ့ရဲ့ မျက်လုံးက သူတို့ကို တစ်ချက်ပေ့ကြည့်လိုက်ပြီး ချက်ချင်းဆိုသလို ရွှန်းလက်တောက်ပလာခဲ့ပါတယ်။ သူ့ရဲ့ အကြည့်တွေက မရေမတွက်နိုင်တဲ့ ထက်ရှတဲ့ ဓားသွားတွေ အဖြစ်ကို

ပြောင်းလဲသွားသလိုမျိုး အရောင်တွေ လက်နေပါတယ်။ မဆုံးနိုင်တဲ့ တိုက်ပွဲစိတ်ဂိညာဉ် တစ်ခုက သူ့ဆီကနေ ပန်းထွက်လို့ လာပါတယ်။ သူက မိုးရေကောရာဇ်ကို စိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။ ထန် ထန် ထန်။ သူရဲ့ခါးကြားမှာ ချိတ်ဆွဲထားတဲ့ ဓားက သူကိုယ်တိုင်ပဲ ဓားအိမ်ထဲကနေ ရုန်းကန်ထွက်တော့မဲ့ အတိုင်း ဆူညံတဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

မိုးရေကောရာဇ်လည်း အတူတူပါပဲ။ သူ့ဆီကနေ အစွမ်းထက်တဲ့ အရှိန်အဂါ တစ်ခုက ထွက်ပေါ်လာပြီး နတ်ဘုရား အလင်းရောင်လိုမျိုး အလင်းတွေက သူခန္ဓာကိုယ် ပတ်လည်မှာ ထွက်ပေါ်လို့နေပြီး လက်သီးပုံစံတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

သူတို့နှစ်ယောက်စလုံးပဲ နတ်ဆိုးမျောက်ဂံနဲ့ တိုက်ပွဲကြီးတစ်ခုကို တိုက်ခိုက်ခဲ့ ကြပြီးတော့ နောက်ပိုင်းမှာ သူတို့နှစ်ယောက်စလုံး ပြင်းထန်တဲ့ ဒဏ်ရာကိုယ်စီ ရရှိခဲ့ပြီး သူတို့ရဲ့ ဒဏ်ရာကို ပြန်လည်ကုသပြီးတော့ ဒီတိုက်ပွဲကနေ ရရှိခဲ့တဲ့ နားလည်သဘောပေါက်မှုတွေကို ချင့်ချိန် စဉ်းစား ခဲ့ကြပါတယ်။

ဒါကသူတို့နှစ်ယောက် ဆုံတွေ့ကြတာ ဒုတိယ အကြိမ်ပဲ

ဖြစ်ပြီးတော့ နှစ်ယောက်စလုံး အကောင်းဆုံး အခြေအနေမှာ ရှိနေကြပါတယ်။ ဒါကြောင့် တိုက်ပွဲစိတ်ဂိညာဉ်က ချက်ချင်းဆိုသလို သူတို့နှစ်ယောက်စလုံးမှာ မိုးထိအောင် ထိုးတက်လို့ လာခဲ့ပါတယ်။

"လူငယ်လေး မင်းက ထပ်ပေါ်လာရဲသေးတယ်ပေါ့။ အရှင်သခင်က ဘာပြောထားလဲ ဆိုတာကို မေ့နေပြီလား"

ထန်ဇီမင်က လင်းဟန်ကို အေးစက်စွာနဲ့ လှောင်ပြောင် သရော်လိုက်ပါတယ်။ အရင်တုန်းက ယိုဟိုင်ယွဲ့က နောက်တစ်ကြိမ် လင်းဟန်ကို သူတွေ့ခဲ့ရင် သေချာပေါက် လင်းဟန်ရဲ့ အသက်ကို ယူမယ်လို့ ကြေညာခဲ့ပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ခွေးတွေကတော့ သခင်အားရအောင် နေ့ရောညပါ ဘယ်လိုမျိုး ဟောင်ရမလဲ ဆိုတာကို သိပုံရတယ်။ တကယ်လို့ ပိုင်ရှင်က ကောင်းကောင်း ဂရုမစိုက်ဘူးဆိုရင် ငါဒီခွေးကို သတ်ပစ် ရလိမ့်မယ်"

ယိုဟိုင်ယွဲ့က သူရဲ့အာရုံကို မိုးရေကေရာဇ်ဆီကနေ

ရုတ်သိမ်းပြီးတော့ လင်းဟန်ကို တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းမှာ စွမ်းရည်ရှိတယ်ဆိုရင် မင်းစိတ်ကြိုက် သတ်ပစ်နိုင်တယ်"

ထန်ဇီမင်က နာခေါင်းရှုံ့လိုက်ပါတယ်။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိပြီး သူရဲ့ တိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်ဆယ့်နှစ်လုံး ရှိပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်က လူငယ်တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူ့ကို ယှဉ်ပြိုင်နိုင်မှာလဲ။

ဟင်။ အဟွတ်။ ထန်ဇီမင်က ချက်ချင်းဆိုသလို အံ့အားသင့် သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်လား။ သုံးလတောင် မကြာသေးဘူး ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၅ အဆင့်ကနေ အလွှာ ၉ အထိကို ရောက်လာတာလဲ။

ဒါ ဒါ ဒါက အစောပိုင်းတုန်းက သူက ယိုဟိုင်ယွဲ့ကို အသက်ဆယ့်ခုနစ်နှစ်နဲ့ စိတ်ဂိညာဉ် ပင်လယ် အလွှာ ၉ အဆင့်ကို ရောက်ခဲ့တဲ့ အတွက်

ချိုးကျူးမြှောက်ပင့်ခဲ့ပါသေးတယ်။ ပြီးတော့ အခု သူရဲ့ အရှေ့က လူငယ်က လုံးဝကို ညှံ့စရာအကြောင်း မရှိပါဘူး။

ဒါက ယိုဟိုင်ယွဲ့ ဒုတိယ တစ်ယောက် ထွက်ပေါ်လာတာများ ဖြစ်နိုင်လိမ့်မလား။

ဒါပေမဲ့လည်း သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့် ဖြစ်နေတော့ရော ဘာအရေးလဲ။ သူတို့နှစ်ယောက် အကြားမှာ အဆင့်ကြီးတစ်ဆင့်တောင် ကွာဟနေသေးတာပဲ။ ပြီးတော့ ဘယ်လောက်ပဲ ပါရမီထူးချွန်နေပါစေ ဒီလိုမျိုး ကွာဟချက်ကြီးကို ဖာထေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"ကြည့်နေ ငါမင်းကို ဘယ်လိုမျိုး အနိုင်ယူမလဲဆိုတာကို"

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ ယိုဟိုင်ယွဲ့က သူ့ကိုလှုပ်ရှားဖို့ ခွင့်ပြုလိုက်မှတော့ သူ့အနေနဲ့ ဘာကိုမှ အားနာနေစရာ မလိုတော့ပါဘူး။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူက တိုက်ပွဲကြယ် ဆယ့်ငါးလုံးရှိတဲ့ တင်းယွမ်ရှင်းကိုတောင်မှ ယှဉ်ပြိုင်နိုင်စွမ်း ရှိတာ တိုက်ပွဲကြယ် ဆယ့်နှစ်လုံးပဲ ရှိတဲ့

ထန်ဇီမင်က ဘယ်သူမိုလို့လဲ။ နောက်ပြီးတော့ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ချိုးဖျက် ဖြတ်ကျော်ပြီးပါပြီ။ ဒါကြောင့် သူရဲ့တိုက်ပွဲအစွမ်းကလည်း ကြယ်တစ်လုံး ဒါမှမဟုတ် နှစ်လုံးလောက် တိုးလာခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့မှာ ထန်ဇီမင်နဲ့ အချိန်ဖြုန်းဖို့ အချိန်သိပ်မရှိပါဘူး။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကြက်သွေးရောင် အေးစိမ့်ရေခဲ မြက်ပင်ကို အရယူဖို့ လိုချင်ပါတယ်။ ဒါကြောင့် သူရဲ့ ပုက်ဖဲကို တန်းပြီးတော့ ဖော်ထုတ်လိုက်ပါတယ်။

"မျှော်စင်လေး"

သူက စိတ်ထဲကနေ အော်ခေါ်လိုက်ပါတယ်။

ဟုမ်း။ မျှော်စင်လေးက ချက်ချင်းဆိုသလို အနက်ရောင်မျှော်စင်ကနေ စွမ်းအားတွေကို ထည့်သွင်း ပေးလိုက်ပါတယ်။ သူရဲ့ အရှိန်အဟုန်က အရှူးအမူးကို ထိုးတက်လာခဲ့ပါတယ်။

စိတ်ဂိညာဉ် ပင်လယ် အလွှာ ကိုးရဲ့ အလယ်အလတ် အဆင့်၊ နောက်ပိုင်းအဆင့်၊ အထွတ်အထိပ် အဆင့်။ သူက

တစ်ခဏပဲ ရပ်သွားပြီးတော့ ချောချောမွေ့မွေ့နဲ့ စိတ်ဂိညာဉ် ပလ္လင် အဆင့်ကို ရောက်သွားပါတယ်။ အဲဒီကနေ ပထမအလွှာ၊ ဒုတိယအလွှာ၊ တတိယ အလွှာ ပြီးတော့ အရှုးအမူးကိုပဲ မြင့်တက်သွားပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးထိအောင် ရောက်သွားပါတယ်။

အဟွတ် အဟွတ် အဟွတ် အဟွတ်။

မိုးရေဧကရာဇ် ၊ ယိုဟိုင်ယွဲ့၊ ကျူးရွှမ်အာနဲ့ ထန်ဇီမင်တို့ အားလုံးရဲ့ မျက်လုံးတွေက တစ်ပြိုင်နက်တည်း မျက်လုံးတွေ ပြူးကုန်ပြီးတော့ သူတို့ရဲ့ မျက်လုံးနဲ့ပ မြင်နေရတာကို လုံးဂကို မယုံကြည့်နိုင်တဲ့ ပုံစံတွေ ဖြစ်နေကြပါတယ်။

"ဘယ်လိုမျိုး မှော်ဆေးလုံးက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို အဓိက အဆင့်ကြီး တစ်ခုလုံးကို တိုးလာစေနိုင်လဲ"

မိုးရေဧကရာဇ်နဲ့ ကျူးရွှမ်အာတို့ နှစ်ယောက်စလုံး လင်းဟန်က မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တယ်ဆိုတာကို သိထားကြပါတယ်။ ဒါကြောင့် သူရဲ့ ကျင့်ကြံခြင်း အဆင့်ကို ယာယီမြှင့်တင်ပေးနိုင်တဲ့ မှော်ဆေးလုံးမျိုးကို

ဖော်စပ်နိုင်တယ် ဆိုတာက သူတို့အတွက်တော့ မထူးဆန်းတော့ပါဘူး။ ဒါပေမဲ့ သူတို့တွေ အနေနဲ့ အခုလိုမျိုး အဓိက အဆင့်ကြီး တစ်ခုတောင် တိုးလာစေနိုင်တဲ့ မှော်ဆေးလုံးမျိုးကို တစ်ခါမှ မကြားဖူးပါဘူး။

အဲဒီအချိန်မှာ ထန်ဇီမင်ရဲ့ ပါးစပ်က တွန့်လိမ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟာန်နဲ့ အရင်တုန်းက မတိုက်ခိုက်ဖူးပေမဲ့ ယိုဟောင်ယွဲ့ရဲ့ လင်းဟာန်အကြောင်းကို ခန့်မှန်းချက်ကို အခြေခံရင်ပဲ လင်းဟာန်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲအစွမ်း ရှိတယ်ဆိုတာကို သူနားလည် ထားပါတယ်။ အခုဆို သူတို့နှစ်ယောက်က ကျင့်ကြံခြင်းအဆင့် တူညီသွားကြပြီး သူ့အနေနဲ့ ဘယ်လိုလုပ်ရတော့မှာလဲ။

"မင်းရဲ့သခင်အတွက် ငါမင်းရဲ့ အသက်ကို ချမ်းသာပေးမယ်"

လင်းဟာန်က သူရဲ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ ဓားချီအလင်း တစ်ခုက ထွက်ပေါ်လာပြီး အရှေ့ကို တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့ပါတယ်။

ထန်ဇီမင်က အလျင်အမြန်ပဲ ခတ်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီဓားချီအလင်းက သူရဲ့ အကာအကွယ် မဲ့နေတဲ့

လက်မောင်းတွေဆီကို တန်းပြီးတော့ ပျံ့သန်းလာပြီး ဖူး ဆိုတဲ့ အသံနဲ့ အတူ သူရဲ့လည်ပင်းဘေးကနေ ဖြတ်သွားခဲ့ပြီး ဒဏ်ရာတစ်ခု ချန်ထားပြီးတော့ ချက်ချင်းဆိုသလို သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။ သူရဲ့အမူအရာက အံ့အားသင့်မှုကြောင့် ပြောင်းလဲသွား ခဲ့ပါတယ်။ ဒါက လင်းဟန်အနေနဲ့ သူ့ကို ညှာတာလိုက်တယ် ဆိုတာ သိသာထင်ရှားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ကို တစ်ချက်တည်းနဲ့ တန်းပြီးတော့ သတ်ပစ်နိုင်ပါတယ်။

ဒါပေမဲ့ တကယ်လို့ လင်းဟန်က သူ့ကို တကယ်ပဲ သတ်ပစ်ဖို့ လှုပ်ရှားလာမယ်ဆိုရင် ယိုဟိုင်ယွဲ့က သေချာပေါက် ရပ်ပြီးတော့ ငြိမ်ငြိမ်လေးနဲ့ ကြည့်နေမှာ မဟုတ်ပဲ သူ့ကို ကယ်တင်ဖို့အတွက် လှုပ်ရှားလာပါလိမ့်မယ်။

ယိုဟိုင်ယွဲ့ကို ကြည့်ရတာ စဉ်းစားသုံးသပ်နေပုံ ရပါတယ်။ လက်ရှိ လင်းဟန်က သူ့ထက် အများကြီး အများကြီး အားနည်းပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို စိန်ခေါ်ပြီးတော့ တိုက်ပွဲတစ်ခု ဆင်နွှဲပစ်ချင်နေပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး အားနည်းတဲ့ လူတစ်ယောက်ကို ယှဉ်ပြိုင်ပြီးတော့ အနိုင်ယူရတာ သူရဲ့ ဓားနလုံးသား ဖြစ်ပေါ်ခြင်းကို လုံးဝကို အထောက်အကူ မပြုပါဘူး။ ဒါကြောင့် သူက ဒီစိတ်ဆန္ဒတွေကို ဖိနှိပ်ပြီးတော့ ထိန်းချုပ်လိုက်ပါတယ်။

လင်းဟန်က သူ့ကို ဒုတိယအကြိမ်တောင် လှည့်မကြည့်ပဲနဲ့ တန်းပြီးတော့ ကြက်သွေးရောင် အေးစိမ့် ရေခဲဆေးပင်ရှိတဲ့ ကြောက်စရာကောင်းတဲ့ ပတ်ဂန်းကျင်ဆီကို လမ်းလျှောက်ပြီး သွားလိုက်ပါတယ်။ သူက ရွှေရောင်ကျောက်တုံး ပန်းပင်ရဲ့ ပွင့်ချပ်တစ်ခုကို ထုတ်ယူလိုက်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မီးတောက်တွေကို ကြောက်နေစရာ မလိုပါဘူး။

ကျူးရွှမ်အာရဲ့ မျက်လုံးတွေ ပင့်သွားပါတယ်။ လင်းဟန်မှာ ကြက်သွေးရောင် အေးစိမ့် ရေခဲ ဆေးပင်ကို ရယူနိုင်စွမ်း ရှိနိုင်ပါ့ မလား။ သူမက ချက်ချင်းဆိုသလို သူ့ကိုတားဆီးမဲ့ သူမရဲ့ အတွေးတွေကို ဖြတ်တောက်ပစ်လိုက်ပါတယ်။ သူမအနေနဲ့ ဒီစိတ်ဂိညာဉ် ဆေးပင်ကို ခူးဆွတ်နိုင်စွမ်း လုံးဝ မရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ အဲဒီဆေးပင်က လင်းဟန်လက်ထဲကို ရောက်ရှိသွားမယ်ဆိုရင် ' အနည်းဆုံးတော့ မျှော်လင့်ချက်တချို့ ရှိပါသေးတယ်။

လင်းဟန်က အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပါတယ်။ ဟွမ်း။ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်ပြီး လျှပ်စီးအလင်းတန်းတွေ ထွက်ပေါ်လာပြီးတော့

မီးတောက်တွေ အားလုံးကို တွန်းလှန်လိုက်ပါတယ်။ သူက အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ၉ ရဲ့ စွမ်းရည် ရှိနေပြီး မိုးကြိုးလျှပ်စီးချပ်ဂတ်ရဲ့ ခုခံကာကွယ်တဲ့ စွမ်းရည်ကို အသက်သွင်းဖို့ လုံလောက်တဲ့ အစွမ်းရှိနေပြီး ပန်းဖူးအဆင့်ရဲ့ နောက်ပိုင်းအဆင့် တည်ရှိမှုနဲ့ ဆင်တူပါတယ်။

ယိုဟိုင်ယွဲ့ဆိုတဲ့ ဒီမွန်းစတားက ပန်းဖူးအဆင့်ရဲ့ ဒုတိယအလွှာပဲ ရှိသေးတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ အနည်းဆုံး တိုက်ပွဲကြယ် ဆယ်လုံးခန့် ရှိပါတယ်။ ဒါပေမဲ့လည်း တိုက်ပွဲကြယ် ဆယ်လုံးဆိုတာက ခုခံမှုမှာလည်း ကြယ်ဆယ်လုံးရှိတယ်လို့ မဆိုလိုပါဘူး။ မီးတောက်တွေရဲ့ အစွမ်းတွေက ဘက်ပေါင်းစုံကနေ တိုက်ခိုက်ပြီး မင်းရဲ့ တိုက်ပွဲအစွမ်းက ဘယ်လောက်ပဲ မွန်းစတား ဆန်နေပါစေ မင်းရဲ့ဓားကို တစ်ချက်ဝှေ့လိုက်ပြီး ဒီနေရာ တစ်ခုလုံးကို မဖျက်ဆီးနိုင် သရွေ့တော့ အသုံးမဝင်ပါဘူး။

ဒါကြောင့် ဒီနေရာမှာ ယိုဟိုင်ယွဲ့ရဲ့ ခုခံမှုက အများဆုံး ပန်းဖူးအဆင့် အလွှာ သုံး ဒါမှမဟုတ် အလွှာ လေးအဆင့်ရှိတဲ့ သာမန်ကျင့်ကြံသူ တစ်ယောက်နဲ့ပဲ နှိုင်းယှဉ်လို့ ရပါလိမ့်မယ်။ အများဆုံး အလွှာ ငါး အဆင့်ပေါ့။

အဲဒီထက်ပိုပြီးတော့ ဘယ်လိုမှ မမြင့်နိုင်ပါဘူး။

လင်းဟန်က လျှင်မြန်စွာပဲ လမ်းခရီးတစ်ဝက်ကို သွားခဲ့ပါတယ်။ ဒါပေမဲ့ ဆက်ပြီးတော့ ရှေ့ဆက်ဖို့ အတွက်ကတော့ သူရဲ့အမြန်နှုန်းက လျော့ကျလာခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ အပေါက်တွေက မိုးကြိုးလျှပ်စီး ချပ်ဝတ်အပေါ်မှာ ပေါ်လာခဲ့ပြီး မီးတောက်တွေက အဲဒီအပေါက်တွေထဲကနေ ဝင်ရောက်ပြီးတော့ လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ထိုးနှက်တိုက်ခိုက်ပါတယ်။ ချက်ချင်းဆိုသလို အသားလောင်ကျွမ်းတဲ့ အပေါက်တစ်ခု ပေါ်လာပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သူရဲ့မျက်ခုံးတောင် မတွန့်ပဲ အရှေ့ကိုပဲ ဆက်ပြီးတော့ လျှောက်လာခဲ့ပါတယ်။

အပိုင်း(၄၂၂) စိတ်ဝိညာဉ် ဆေးပင်ကို ရယူခြင်း

လင်းဟန်ရဲ့ မျက်လုံးတွေထဲမှာ ဒီခရီးစဉ်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူခြင်းထက် ပိုပြီးတော့ အရေးကြီးတဲ့ အရာ မရှိပါဘူး။ ဒီစိတ်ဝိညာဉ် ဆေးပင်အတွက် သူ့အနေနဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးနဲ့ မူလဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးကိုတောင်မှ အလဲအလှယ် လုပ်နိုင်ပါတယ်။

သူ့အနေနဲ့ ရောမ မရှိမဆန့် ဝေဒနာရဲ့ အောက်မှာ ဘာကိုမှ မခံစားရသလိုမျိုး ပုံစံ ဖြစ်နေပါတယ်။

ကျောက်သားနံရံ ခန္ဓာကိုယ်က သူရဲ့ နာကျင်မှု အာရုံကို ဖြတ်တောက်ပေးနိုင်ပါတယ်။ ပြီးတော့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်က သူရဲ့အသက်ဓာတ် အရင်းအမြစ်ကို အပြည့်အဝ ကာကွယ်ပေးထားပြီး မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ ကာကွယ်ပေးခြင်းကိုပါ ထည့်ပေါင်းလိုက်မယ်ဆိုရင် အရှေ့ကို ဆက်တိုးနိုင်ဖို့ အာမခံချက် အပြည့်အဝ ရှိပါတယ်။

မိုးရေကေရာဇ်နဲ့ ယိုဟိုင်ယွဲ့တို့ နှစ်ယောက်စလုံးကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါက်ပါတယ်။ တကယ်လို့ သူတို့တွေက ခုခံမှုအကြောင်းကို ပြောမယ်ဆိုရင် လင်းဟန်က သူတို့နှစ်ယောက်ထက် အပြတ်အသတ်ကို သာလွန်ပါတယ်။ ဒါပေမဲ့လည်း တိုက်ပွဲမှာတော့ ခုခံခြင်းကလည်း ပြုသမျှနုရတဲ့ စွမ်းရည်တစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုမှာလည်း ခုခံမှု ပါဝင်ပြီး ပြိုင်ဘက်ကို ဖိအားပေးနိုင်စွမ်းရှိပြီး ပြန်ပြီးတော့ မတိုက်ခိုက်နိုင်အောင် လုပ်နိုင်ပါတယ်။ အကောင်းဆုံး တိုက်စစ်က အကောင်းဆုံး ခံစစ် ဆိုသလိုပေါ့။

ဒါကြောင့် တကယ်လို့ ခံစစ်သာ အနည်းငယ် အားနည်းမယ်ဆိုရင် ဘယ်လိုတွေ ဖြစ်လာနိုင်မလဲ။

သူတို့ရဲ့ အံ့အားသင့်မှုတွေက လင်းဟန်ဂတ်ဆင်ထားတဲ့ ဒီတိုက်ပွဲချပ်ဂတ်ကြောင့် ဖြစ်ပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ၎င်းက အမှန်တကယ်ပဲ ပန်းဖူးအဆင့် အထွတ်အထိပ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ ကာကွယ်ခြင်း အဆင့်ရှိတဲ့ ခုခံမှုအထိကို မြှင့်တင်ပေးနိုင်ပြီးတော့ လင်းဟန်ကို ဘက်ပေါင်းစုံကနေ ကာကွယ်ပေးထားပါတယ်။ ဒါပေမဲ့လည်း တချို့အကြောင်းအရာတွေကြောင့် ဒီတိုက်ပွဲချပ်ဂတ်မှာ အပြစ်အနာအဆာ တချို့ ရှိနေတယ်လို့ သူတို့တွေ ခံစားရပါတယ်။

ဒါက ဘာဖြစ်လို့လဲဆိုတော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဖောက်သွားတဲ့ အပေါက်တစ်ခု ရှိနေလို့ ဖြစ်ပြီးတော့ ဒီထူးဆန်းမှုက သူတို့အတွက်တော့ အံ့သြစရာကောင်းတဲ့ ခံစားမှု တစ်ခု ဖြစ်စေပါတယ်။ ၎င်းက အဆင့်နိမ့်တဲ့ ကျင့်ကြံခြင်း အဆင့်အတွက်တော့ ကောင်းမွန်ပါသေးတယ်။ ဒါပေမဲ့ အဆင့်မြင့်တဲ့ ကျင့်ကြံခြင်း အဆင့်အတွက်တော့ ဒီအပြစ်အနာအဆာက ပိုပြီးတော့ ပုံကြီးချဲ့ကားနိုင်ပါလိမ့်မယ်။ တကယ်တော့ ဒါက

အပြစ်အနာအဆာ ကင်းမဲ့တဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု မဟုတ်ပါဘူး။

ကျူးရှမ်အာရဲ့ မျက်လုံးတွေကလည်း ပိုင်းစက်လို့ လာပါတယ်။ သူမအနေနဲ့ လင်းဟန်က အောင်အောင်မြင်မြင်နဲ့ စိတ်ဂိညာဉ် ဆေးပင်ကို ခူးဆွတ်နိုင်ဖို့ မျှော်လင့်ချက် အများကြီး ထားထားပါတယ်။ သူအောင်မြင်သွားရင် အခန်းထဲမှာ ဆွေးနွေးလို့ ရနိုင်ပါလိမ့်မယ်။

လင်းဟန်က တခြားအကြောင်း အရာတွေကို စဉ်းစားပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်မခံပါဘူး။ သူက အရှေ့ကိုပဲ ရိုးရိုးလေး ဆက်တိုးပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ခူးဆွတ်ဖို့ အခွင့်အရေးကို ပိုပိုပြီးတော့ ရယူဖို့ ဆန္ဒတစ်ခုပဲ ရှိနေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက် ပြီးတဲ့နောက်မှ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ထည့်သွင်းအသုံးပြုဖို့ပ စောင့်ရပါလိမ့်မယ်။

ဒါပေမဲ့ သူရဲ့ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ထိန်းချုပ် ချင်နေသေးပြီး ဒီကျင့်ကြံခြင်း အဆင့်ကို လုံးဂကို

ပြီးပြည့်စုံအောင် လုပ်ချင်ပါတယ်။ ပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ အဆင့်တက်ဖို့ ဆန္ဒ မရှိသေးပါဘူး။ ဒါကြောင့် တကယ်လို့ သူက ဒီစွမ်းအား ထည့်သွင်းအသုံးပြုပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ရယူနိုင်ခဲ့မယ်ဆိုရင် အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

ဒါ့အပြင် ဒီလိုမျိုး စမ်းသပ်စစ်ဆေးမှု အမျိုးအစားက သူ့အတွက်တော့ အခွင့်အရေး တစ်ခု ဖြစ်ပါတယ်။

လေးမီတာ၊ သုံးမီတာ၊ နှစ်မီတာ၊ တစ်မီတာ။ စိတ်ဂိညာဉ် ဆေးပင်ရဲ့ အနားကို ရောက်လို့ လာပါပြီ။ ဒါပေမဲ့ လင်းဟန်ကိုကြည့်ရတာ အကြီးအကျယ်ကို နာကျင်မှုကို ခံစားနေရပုံ ရပါတယ်။ ဒီမီးတောက်တွေရဲ့ အစွမ်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ သူရဲ့ နာကျင်မှု အာရုံတွေကို ဖြတ်တောက် ပစ်ထားတာတောင်မှ သူအနေနဲ့ လုံးဝကို မလွတ်မြောက် သေးပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူရဲ့ နတ်ဘုရားအာရုံက လောင်ကျွမ်းနေသလို ခံစားနေရပြီး ဒီခံစားချက်က သူ့ကို အရမ်းပဲ ထိတ်လန့်အောင် ဖြစ်စေပါတယ်။

သူ့အနေနဲ့ သေချာပေါက် မြန်နိုင်သမျှ အမြန်ဆုံး လုပ်ရပါမယ်။

လင်းဟန်က နောက်ထပ်ခြေလှမ်းတစ်လှမ်း ထပ်တိုးလိုက်ပြီး နောက်ဆုံးမှာ စိတ်ဂိညာဉ် ဆေးပင်ဆီကို ရောက်ရှိလို့ သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက စိတ်ဂိညာဉ် ဆေးပင်ကို မရူးဆွတ်ပဲ နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ စိတ်ဂိညာဉ် ဆေးပင်ကို တူးထုတ်ဖို့ ဆန္ဒရှိနေပါတယ်။

သူ့အနေနဲ့ အနက်ရောင် မျှော်စင်ထဲကို အသက်ရှင်လျက်နဲ့ သိမ်းထားနိုင်ရင် ဘယ်လိုမျိုး ပတ်ဂန်းကျင် အခြေအနေကို ဒီဆေးပင်က လိုအပ်သလဲ ဆိုတာကို ဘယ်သူက ဂရုစိုက်မှာလဲ။ ဒီစိတ်ဂိညာဉ် ဆေးပင်က အနက်ရောင် မျှော်စင်ထဲမှာ ဆက်ပြီးတော့ ကြီးထွားရှင်သန်နိုင်စွမ်း ရှိမှာဖြစ်ပြီးတော့ ပိုပြီးတော့တောင် ကောင်းကောင်းမွန်မွန်နဲ့ ကြီးထွားရှင်သန်ပါလိမ့်မယ်။ မျှော်စင်ရဲ့ အထဲမှာ တစ်ရက်ဆိုရင် အပြင်ဘက်က သုံးနှစ်နဲ့ ညီမျှပါလိမ့်မယ်။

ဒါက အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က ၎င်းကို တစ်ကြိမ်ပဲ အသုံးပြုဖို့ ဆန္ဒမရှိပါဘူး။

ခလွမ်း။

နတ်ဆိုးရှင်သန်ဓားက အဖြူရောင်ကျောက်တုံးရဲ့ အောက်ခြေနားနဲ့ ထိမိသွားတဲ့အခါမှာ ချက်ချင်းဆိုသလို မရေမတွက်နိုင်တဲ့ မီးပွားတွေ ထွက်လာပြီး အဖြူရောင် အစလေး တစ်ခုပဲ ကျန်ရစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဓားရဲ့ထိပ်ဖျားကတော့ အဖြူရောင် နှင်းခဲတစ်ခု ခဲသွားပါတယ်။ အေးစက်တဲ့ ခံစားမှုက အလျင်အမြန်ပဲ ဓားသွားကနေ ပျံ့နှံ့လို့ လာခဲ့ပါတယ်။ ဒီအေးစိမ့်တဲ့ ခံစားမှုက လင်းဟန်ကို တုန်ခါစေပြီးတော့ သူရဲ့ခန္ဓာကိုယ်ထဲက သွေးတွေအားလုံး အေးခဲလုမတတ် ခံစားမှုမျိုးကို ခံစားလိုက်ရပါတယ်။

လင်းဟန်က ကျောက်တုံးရဲ့ အလယ်အပိုင်းကို လှီးဖြတ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ထည့်သိမ်းထားဖို့ စီစဥ်ထားခဲ့တာပါ။ ဒါကြောင့် ဓားရဲ့ထိပ်ဖျားက အေးခဲနေတဲ့ မြေကြီးကို ထိုးစိုက်လိုက်ပြီး အေးစက်တဲ့ လေထုရဲ့ တိုက်ခိုက်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ပြီးတော့ ဓားသွားရဲ့ တဂက်ကျော်သွားတဲ့ အခါမှာ မီးလိုမျိုး ရဲရဲတောက်နေတဲ့ မြေကြီးထဲကို ရောက်သွား ခဲ့ပါတယ်။ အေးစက်တဲ့ လေတွေက ပျောက်ကွယ်သွားခြင်း မရှိပဲနဲ့ အပူနဲ့ အအေးက အရမ်းကို ပူးပေါင်းပြီးတော့ လုပ်ဆောင်နေပါတယ်။ အေးစက်တဲ့လေထု ထွက်ပေါ်ပြီးတဲ့ အခါမှာ ပူလောင်တဲ့ အပူချိန်တွေက ထွက်လာပြီး

လင်းဟန်ရဲ့ သွေးတွေကို အေးခဲလိုက် ပွက်ပွက်ဆူလိုက်နဲ့ ဖြစ်စေပါတယ်။ ဒါက အရမ်းကို ပြင်းထန်လွန်းတဲ့ အတွက် သူက ချက်ချင်းပဲ သွေးတပွက် အန်ထုတ်လိုက်ပါတယ်။

လပြွတ်ပဲ။ ဒါက အပူနဲ့ အအေးကို တစ်ပြိုင်နက်တည်း အကြီးအကျယ်ကို ခံစားရတာပဲ။

လင်းဟန်က အံကိုကြိတ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ လုံးဂကို ရပ်တန့်ပစ်ဖို့ စိတ်ကူး နည်းနည်းမှ မရှိပါဘူး။ ဒုတ် ဒုတ် ဒုတ်။ သူက နတ်ဆိုးရှင်သန်ခြားကို တူရွှင်းလိုမျိုး အသုံးပြုပြီး အဆက်မပြတ် ကျောက်တုံးကို လှီးဖြတ်နေပါတယ်။

ကျေးဇူးတင်ရမှာက နတ်ဆိုးရှင်သန်ခြားက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ အဆင့်က အနည်းငယ်လောက် နိမ့်ကျနေမယ်ဆိုရင် အပူနဲ့အအေး ရောယှက်နေတဲ့ နေရာ ဖြစ်တာကြောင့် အပူနဲ့ အအေးဒဏ်ကြောင့် လက်နက်ရဲ့ မာကျောမှုက သေချာပေါက်ကို ကျဆင်းလာပြီးတော့ အချိန်အနည်းငယ် အတွင်းမှာပဲ ကွဲကြေပျက်စီး သွားနိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ စွမ်းရည်က လုံးဂကို အသာစီးမရတဲ့အတွက် သူ့အနေနဲ့ အရမ်းကို လျင်မြန်စွာနဲ့ မလှီးဖြတ်နိုင်ပါဘူး။

အဲဒီအချိန်မှာ သူရဲ့ ဘယ်ဘက်လက်၊ ဘယ်ဘက်ခြေထောက်နဲ့ ညာဘက်ခြေထောက်တွေက စတင်ပြီးတော့ လောင်ကျွမ်းလို့ လာပါတယ်။ ပြီးတော့ အသားကင်အနံ့ကလည်း ပျံ့လွင့်လို့ လာပါတယ်။

သူရဲ့ညာဘက်လက်က ကောင်းမွန်ဆဲပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းကင်ဘုံ ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကို အာရုံစိုက်ပြီးတော့ ကုသနေပြီး တခြား အရေးမကြီးတဲ့ အစိတ်အပိုင်းတွေကိုတော့ အလျော့ပေးထားလိုက်ပါတယ်။

ဟူးညိုက အရမ်းကို စိတ်အနှောင့်အယှက် ဖြစ်လာပုံရပြီး နာကျင်မှုကြောင့် ခုန်နေပါတယ်။ ဒါပေမဲ့ သူမက ဒီရေခဲနဲ့ မီးပတ်ဂန်းကျင်ကို သတိအပြည့်နဲ့ ရှိနေပြီး ဦးနှောက်မရှိပဲ အလျင်စလို မလုပ်ပံ့ပါဘူး။ နောက်ပြီးတော့ လင်းဟန်ကလည်း ဆက်ပြီးတော့ ရပ်တည်ပြီး သူရဲ့ဓားကို ဝှေ့ယမ်းနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုးဆုံး အခြေအနေကိုတော့ မရောက်သေးပါဘူး။

တကယ်လို့ လင်းဟန်လဲကျသွားရင် သူမက သေချာပေါက် အကောင်းဆုံး ကြိုးစားပြီးတော့ လင်းဟန်ကို ဆွဲထုတ်ရပါလိမ့်မယ်။

သူရဲ့ခြေထောက်နစ်ချောင်း မီးလောင်ကျွမ်း ခံရတဲ့အခါမှာ လင်းဟန်က ချက်ချင်းပဲ တုံ့ဆိုင်းခြင်း မရှိပဲ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်ကို အသုံးပြုလိုက်ပါတယ်။ သူ့မှာ စုစုပေါင်း အရည်သုံးစက် ရှိပြီးတော့ သုံးကြိမ်တိုင်တိုင် သူ့ကို လုံးဝပြန်လည် သက်သာကောင်းမွန် လာစေနိုင်ပါတယ်။

ပုမ်း။ အံအားသင့်စရာကောင်းတဲ့ အသက်ဓာတ်က သူရဲ့ခန္ဓာကိုယ် အတွင်းမှာ စီးမျောလို့ နေပါတယ်။ ချက်ချင်းဆိုသလိုပဲ သူရဲ့ဒဏ်ရာတွေအားလုံးက သက်သာကောင်းမွန် လာခဲ့ပါတယ်။ ဒုတ် ဒုတ် ဒုတ် ဒုတ်။ လင်းဟန်က ပိုပြီးတော့ အားကြိုးမာန်တက်နဲ့ ကျောက်တုံးကို လှီးထုတ်လို့ နေပါတယ်။ ဒါပေမဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက်ရဲ့ အနှစ်သာရတွေ ကုန်ခမ်းသွားတဲ့ အခါမှာ သူရဲ့လက်မောင်းနဲ့ ခြေထောက်တွေက နောက်တစ်ကြိမ် ပြန်ပြီးတော့ လောင်ကျွမ်းလာတဲ့ လက္ခဏာတွေ ပြသလို့ လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ယိုဟိုင်ယွဲ့နဲ့ တခြားသူတွေက အံ့သြမှင်တက်စွာနဲ့ ကြည့်နေကြပါတယ်။ သူက အမှန်တကယ်ပဲ ဒီလိုမျိုး ပြင်းထန်တဲ့ ဒဏ်ရာတွေကို ချက်ချင်းပဲ သက်သာကောင်းမွန်လာနိုင်စွမ်း ရှိနေတယ်။

ဒီလိုမျိုး ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ထားတဲ့ နတ်ဘုရား ဆေးလုံး အမျိုးအစားက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။ တကယ်လို့ သူတို့သာ တစ်ခုရခဲ့မယ်ဆိုရင် သူတို့မှာ အသက်အပိုတစ်ချောင်း ပါတယ်လို့ ဆိုလိုတာနဲ့ အတူတူပဲ မဟုတ်လား။

ယိုဟိုင်ယွဲ့က လင်းဟာန်ရဲ့ အကြောင်းကို မသိပါဘူး။ ဒါပေမဲ့ ကျူးရွှမ်အာနဲ့ မိုးရေကရောဇ်ကတော့ ကျိတ်ပြီးတော့ ခေါင်းညိတ်နေကြပါတယ်။ သူကတကယ်ပဲ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ဖို့ ထိုက်တန်ပါတယ်။ သူက တကယ်ပဲ အံ့ဩဖို့ ကောင်းပါတယ်။

တကယ်လို့ ယွီဂျီထန်နဲ့ တခြားမြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေ သိသွားမယ်ဆိုရင် သေချာပေါက် သူတို့က မျက်ရည်တွေ စီးကျလာပါလိမ့်မယ်။ ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး အံ့ဩစရာ ကောင်းလောက်တဲ့ မြေကမ္ဘာအဆင့် မှော်ဆေးလုံး ရှိနိုင်မှာလဲ။ ထိတ်လန့်စရာကောင်းတဲ့ ဒဏ္ဍာရီလာ အင်မော်တယ်ကိုးမျိုး ဆေးလုံးကပဲ ဒီလိုမျိုး အာနိသင် ရှိတာဖြစ်ပြီးတော့ အဲဒီဆေးလုံးက ကောင်းကင်အလယ်အလတ်အဆင့် မှော်ဆေးလုံး တစ်မျိုး ဖြစ်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ

ဖော်စပ်နိုင်တဲ့သူ မရှိတော့ပါဘူး။

လင်းဟန်က ဆက်ပြီးတော့ လှီးဖြတ်နေခဲ့ပါတယ်။ ဒုတ် ဒုတ် ဒုတ် ဒုတ် ဒုတ်။ အသံတွေက မရပ်မနားနဲ့ ထွက်ပေါ်လာပြီး ယိုဟိုင်ယွဲ့နဲ့ တခြားသူတွေကို ခေါင်းခြောက်သွားစေခဲ့ပါတယ်။ ဘာဖြစ်လို့ သူက စိတ်ဂိညာဉ် ဆေးပင်ကို ရိုးရိုးရှင်းရှင်းနဲ့ ဆွဲနှုတ်ပြီးတော့ ပြန်မလာတာလဲ။ အဲဒီအစား ဘာဖြစ်လို့ ကျောက်တုံးကိုပဲ လှီးဖြတ်နေရတာလဲ။ သူက တကယ်ပဲ အသက်ရှင်နေတဲ့ အပင်ကို လိုချင်ပြီးတော့ အဲဒီအပင်ကို ပြန်ပြီးတော့ စိုက်ပျိုးမလို့လား။ သူ့မှာတကယ်ပဲ အဲဒီအပင် အတွက်ကို သင့်တော်တဲ့ ပတ်ဝန်းကျင် ရှိနေတာလား။

သူတို့က တိတိကျကျကိုပဲ မှန်မှန်ကန်ကန် ခန့်မှန်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့အနေနဲ့ အနက်ရောင် မျှော်စင်လိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခု တည်ရှိနေတယ် ဆိုတာကိုတော့ ခန့်မှန်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က လျင်မြန်စွာနဲ့ပဲ ဖျက်ဆီးလို့မရနိုင်တဲ့ အစစ်အမှန် ဒုတိယ အရည်စက်ကို အသုံးပြု လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူရဲ့

ပြန်လည်ကုသနိုင်စွမ်းက သိသိသာသာကို လျော့ကျလာခဲ့ပြီး ဆေးအာနိသင်ကလည်း အလျင်အမြန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ဒီလိုမျိုး နတ်ဘုရား ပစ္စည်းတစ်ခုတောင်မှ လူတစ်ယောက်ရဲ့ ကိုယ်ခံအားကို အချိန်ခဏလေးပဲ လုပ်နိုင်ပါလိမ့်မယ်။

ပုံမှန်အားဖြင့်တော့ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်တစ်စက်က သေခါနီး လူတစ်ယောက်ကို ပြန်လည်ရှင်သန်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ သူရဲ့ဒဏ်ရာတွေကိုလည်း လုံးဝကို သက်သာ ပျောက်ကင်းအောင် ကုသနိုင်စွမ်း ရှိပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် ဒုတိယ အရည်စက်ရဲ့ အာနိသင် လုံးဝကို ပျောက်ကွယ် သွားတဲ့ အခါမှာတော့ လင်းဟန်က အဖြူရောင် ကျောက်တုံးရဲ့ သုံးပုံနှစ်ပုံကို လီးဖြတ်လို့ ပြီးသွားပါပြီ။ သူက သက်ပြင်းချလိုက်ပါတယ်။ တကယ်လို့ သူသာ ဒီတစ်ကြိမ်မှာ ဓားအလင်းတန်းကို ဆုပ်ကိုင်မိပြီးတော့ အဲဒီအချိန်မှာ တစ်သောင်းနည်းစနစ်ကို တစ်ခု အဖြစ်ကို ပေါင်းစည်းခြင်းကို အသုံးပြုလိုက်မယ်ဆိုရင် တိုက်ခိုက်မှု တစ်ခုကပဲ ဒီကျောက်တုံးကို နှစ်ခြမ်း ခွဲပစ်နိုင်ပါလိမ့်မယ်။

ဒီမှာအဲဒီလို ဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် သူက လေးရာသီ ဓားသိုင်းနည်းစနစ်ကို လည်ပတ်ပြီးတော့ ထိန်းသိမ်းထားလိုက်ပါတယ်။

တကယ်လို့ သူက လျှို့ဝှက်ဆန်းကြယ် သုံးထောင်ကို အသုံးပြုမယ်ဆိုရင် ယိုဟိုင်ယွဲ့နဲ့ သေချာပေါက် စကားပြောရပါလိမ့်မယ်။ အဲဒီအချိန်ကျရင် ကောင်းကင်ဓားဂိုဏ်းရဲ့ မွန်းစတား အဘိုးကြီးတွေ ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားလာပြီးတော့ သူ့ကို ဒီဓားသိုင်း နည်းစနစ်ကို ဘယ်နေရာကနေ သင်ကြားလာသလဲ ဆိုတာကို အတင်းအကျပ် ဖိအားပေးပြီးတော့ မေးမြန်း စုံစမ်းကြပါလိမ့်မယ်။ အဲဒီအခါကျရင် တကယ်လို့ သူက အကြောင်းပြချက် တချို့ကို တီထွင်ပြီး ပြောမယ်ဆိုရင်တောင် ကောင်းကင်ဓားဂိုဏ်းက ဘယ်လိုလုပ်ပြီးတော့ သူတို့ဂိုဏ်းရဲ့ ဓားသိုင်း နည်းစနစ်ကို အပြင်လူတစ်ယောက်က သင်ကြားတတ်မြောက်နေတာကို ခွင့်လွှတ်နိုင်မှာလဲ။

ဒါကြောင့် သူ့မှာလုံလောက်တဲ့ အစွမ်းမရှိသေးခင်တော့ လင်းဟာန်က ကောင်းကင်ဓားဂိုဏ်းကို သူ့အနေနဲ့ အနက်ရောင်မှုလဓားသိုင်း သုံးဟာန်ကို သင်ကြားထားတယ် ဆိုတာကို အသိမခံချင်ပါဘူး။

အချိန်နည်းနည်း ကြာပြီးတဲ့နောက်မှာတော့ လင်းဟန်က ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် နောက်ဆုံး အရည်စက်ကို အသုံးပြုလိုက်ပါတယ်။ အဲဒီအချိန်မှာပဲ အဖြူရောင် ကျောက်တုံးက လုံးဂကို လှီးဖြတ်လို့ ရခါနီး ဖြစ်နေပါပြီ။

လင်းဟန်ကိုကြည့်ရတာ ရှုးသွပ်သွားသလိုပါပဲ။ သူ့အတွက် သူရဲ့အသက်ကို ဆွဲဆန့်ဖို့ ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည်စက် မရှိတော့ပါဘူး။ ဒါကြောင့် သူက အဖြူရောင် ကျောက်တုံးကို သူအလောင်းကောင် မဖြစ်ခင်မှာ လုံးဂကို လှီးဖြတ်ပစ်ရပါမယ်။

အပိုင်း(၄၂၃) ယိုဟိုင်ယွဲ့နဲ့ တိုက်ခိုက်ခြင်း

မီးလောင်ကျွမ်းတဲ့ အသားအရေက လင်းဟန်ရဲ့ လက်မောင်းတွေနဲ့ ခြေထောက်တွေ အပေါ်မှာ နောက်တစ်ကြိမ် ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ အဖြူရောင် ကျောက်တုံးရဲ့ သေးငယ်လှတဲ့ အပိုင်းလေးပဲ ကျန်ပါတော့တယ်။ သူက ကျယ်လောင်စွာ မာန်သွင်းပြီးတော့ နတ်ဆိုးရှုန်သန် ဓားနဲ့ ခုတ်ချလိုက်ပါတယ်။ ထန်။ ကျောက်တုံးက နောက်ဆုံးတော့ ပွဲထွက်သွားခဲ့ပါတယ်။ သူက လက်တစ်ဖက်ကို

ဆန့်ထုတ်ပြီးတော့ ကောက်ယူလိုက်ပြီး အနက်ရောင် မျှော်စင်နဲ့ ချိတ်ဆက် လိုက်ပါတယ်။ ရွှစ်။ သူက ကျိုးပဲ့နေတဲ့ ကျောက်တုံးရော ကြက်သွေးရောင် သက်တံအရောင်ရှိတဲ့ အေးစိမ့်ရေခဲဆေးပင်ကိုပါ အနက်ရောင် မျှော်စင်ထဲမှာ သိုလှောင်ထည့်သွင်းလိုက်ပါတယ်။

နောက်ကိုဆုတ်မယ်။

လင်းဟန်က အလျင်အမြန်ပဲ နောက်ဆုတ်လိုက်ပြီးတော့ ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ မီးတောက်နယ်မြေကနေ ထွက်ခွာလိုက်ပါတယ်။ သူက အလျင်အမြန်ပဲ မှော်ဆေးလုံးတွေကို ဆွဲထုတ်ပြီးတော့ အရူးတစ်ယောက်လို အလျင်အမြန် ဂါးစားလိုက်ပါတယ်။ အဲဒီအချိန်မှာ သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကို သူရဲ့ဒဏ်ရာတွေကို ကုသဖို့အတွက် အဆက်မပြတ် လည်ပတ်လိုက်ပါတယ်။

"လင်းဟန်က လုံးဂကို အသားကင် ဖြစ်နေပြီ"

ဟူးညိုက အလျင်အမြန်ပဲ ပြေးလာပြီးတော့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူမက နှာခေါင်းကို နည်းနည်းလောက် ရှုံ့ချည်နပ်ချည် လုပ်ပြီးတဲ့နောက်မှာ

သူမရဲ့ပါးစပ်က သွားရည်တမြားမြား ကျလာခဲ့ပါတယ်။

"အနံ့က မွှေးနေတာပဲ"

လင်းဟန်ရဲ့ ပါးစပ်တွန့်လိမ် သွားပါတယ်။ ဒီမိန်းကလေးက သူ့ကို ခုန်အုပ်ပြီးတော့ ကိုက်စား မလို့လား။

"ဂရန်းမာစတာလင်း ကျေးဇူးပြုပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ကျမကို ပေးပါ။ မူလစွမ်းအင် ပုံဆောင်ခဲ ဘယ်လောက်ပဲ ဖြစ်ဖြစ်ကိစ္စမရှိပါဘူး။ အဲဒီအတွက်ကို ကျမပေးချေပါ့မယ်"

ကျူးရွှမ်အာက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ဂရန်းမာစတာ လင်း ဟုတ်လား"

ယိုဟိုင်ယွဲ့က စဉ်းစားပြီးတော့ ပြုံးလိုက်ပါတယ်။

"သူက မော်ဆေးပညာရှင် တစ်ယောက်လား"

"မြေကျွန်းမှာ အဆင့်နိမ့် မော်ဆေးပညာရှင်"

မိုးရေကေရာဇ်က ပြန်ဖြေလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ ယိုဟိုင်ယွဲ့ကိုကြည့်ရတာ အံ့အားသင့်သွားပုံ ရပါတယ်။ သူက လင်းဟန်ကို အများဆုံး အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လို့ ခန့်မှန်းထားခဲ့တာပါ။ ဒါမှမဟုတ် အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်ပေါ့။ ဒါပေမဲ့ သူ့အနေနဲ့ လင်းဟန်က မြေကဏ္ဍမှာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ လုံးဝကို မခန့်မှန်းထားခဲ့ပါဘူး။ မြေကဏ္ဍမှာအဆင့်ကို ဖြတ်ကျော်ပြီဆိုတာနဲ့ ၎င်းက ကျင့်ကြံသူ တစ်ယောက်အနေနဲ့ ပန်းဖူးအဆင့်ကို ရောက်ရှိသွားတာနဲ့ တူပါတယ်။ ဒါက လုံးဝကို မတူညီတဲ့ နယ်ပယ်တစ်ခု ဖြစ်ပါတယ်။

လူငယ်တစ်ယောက် အသက်ဆယ့်ရှစ်နှစ်လောက်ပဲ ရှိသေးတဲ့ လူတစ်ယောက်က အမှန်တကယ်ပဲ မြေကဏ္ဍမှာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ယိုဟိုင်ယွဲ့ရဲ့ သိုင်းပညာ ပါရမီက ဒီကဏ္ဍမှာကြီးထဲက လူအများစုရဲ့ကြားမှာ လက်မထောင်ပြီး

ခေါင်းမော့ရင်ကော့နိုင်အောင် ထိုက်ထန်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူ့ရဲ့ ပါရမီက လင်းဟန်ရဲ့ မှော်ဆေးပညာမှာ အောင်မြင်မှုနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် လင်းဟန်က လုံးဂကို နှိမ့်ကျစရာ မရှိပါဘူး။ ဒါမှမဟုတ် သူကတောင်မှ သာလွန်သွားနိုင်စွမ်း ရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူက လင်းဟန်ရဲ့ အသက်အရွယ်တုန်းက စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်မှာပဲ ရှိပါတယ်။ အဲဒါက အနက်ရောင် အလယ်အလတ်အဆင့် မှော်ဆေးပညာရှင်နဲ့ပဲ နှိုင်းယှဉ်လို့ ရပါတယ်။

ဒါပေမဲ့ လင်းဟန်ကကျတော့ရော။ သိုင်းပညာမှာ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ရောက်နေခဲ့ပါပြီ။

သူကတကယ်ပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ နှလုံးသားထဲမှာ လင်းဟန်ကို အနာဂတ်မှာ သူ့ရဲ့အကြီးမားဆုံး ပြိုင်ဘက်တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ခံစားနေရတာက အံ့သြစရာ မဟုတ်တော့ပါဘူး။

လင်းဟန်က သူတို့ကို နည်းနည်းလေးမှ

အာရုံမစိုက်ထားပါဘူး။ သူက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကိုပဲ အဆက်မပြတ် လှည့်ပတ်လိုက်ပါတယ်။ မှော်ဆေးလုံးတွေကို အဆက်မပြတ် ဂါးမျိုတဲ့ အာနိသင်တွေကြောင့်လည်း သူရဲ့ခန္ဓာကိုယ်က လျှင်မြန်တဲ့ အမြန်နှုန်းနဲ့ ပြန်လည်သက်သာ ကောင်းမွန်လာခဲ့ပါတယ်။ သူက မီးတောက်တွေရဲ့ တိုက်ခိုက်မှုကို အဆက်မပြတ် ခံရတာမဟုတ်ပဲ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကို ၎င်းရဲ့ အာနိသင်ကို အပြည့်အဝ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

ဆယ်မိနစ်လောက် ကြာပြီးတဲ့နောက်မှာ သူက မတ်တတ်ထရပ်လိုက်ပါတယ်။ သူရဲ့ဒဏ်ရာတွေ အားလုံးကို ပြန်လည်ကုသလို့ မပြီးသေးပေမဲ့လည်း သူရဲ့ဒဏ်ရာ အများစုကတော့ ကုသလို့ ပြီးသွားခဲ့ပါပြီ။

"လင်းဟန် ကြက်သွေးရောင် အေးစိမ့် ရေခဲဆေးပင်ကို ရွှမ်အာဆီကို လက်လွှတ်လိုက်ပါ။ ဒါဆိုရင် ငါမင်းရဲ့ အသက်ကို ချမ်းသာပေးမယ်"

ယိုဟိုင်ယွဲ့က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူက အရင်ကတည်းက လင်းဟန်ကို နောက်တစ်ကြိမ်

ဆုံတွေ့ခဲ့မယ်ဆိုရင် လင်းဟန်ရဲ့ အသက်ကို နှုတ်ယူမယ်လို့ ပြောခဲ့ပါတယ်။

မိုးရေကောရာဇ်က ချက်ချင်းပဲ နှာခေါင်းရှုံ့လိုက်ပြီးတော့ ဂင်ရောက်စွက်ဖက်လိုက်ပါတယ်။

"ဟင့် ငါက မင်းနဲ့ တိုက်ပွဲတစ်ခုလောက ် တိုက်ခိုက်မလို့ စဉ်းစားနေတာ"

သူက ပြတ်ပြတ်သားသားပဲ လင်းဟန်အစား တိုက်ခိုက်ဖို့ စိန်ခေါ်မှုကို လက်ခံလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မိုးရေကောရာဇ် ဒီတိုက်ပွဲကို ကျနော့်အတွက် ထားလိုက်ပါ"

သူမှာ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားထည့်သွင်းတဲ့ အစွမ်းက နာရီဂက်လောက် ကျန်နေပါ သေးတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဖြုန်းတီးပစ်လို့ ဖြစ်နိုင်မှာလဲ။

"ဟားဟားဟားဟား"

ယိုဟိုင်ယွဲ့က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ သူကရယ်မောရင်းနဲ့ သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါကမင်းရဲ့ အလားအလာကို မြင့်မြင့်မားမား ခန့်မှန်းထားခဲ့ပေမဲ့ လက်ရှိမင်းကတော့ ဒါကို လက်ခံနိုင်ပုံ မပေါ်ဘူး။ မင်းက ငါနဲ့တိုက်ခိုက်ဖို့ အဆင့်မမီဘူး"

"မင်းအဲဒါကို တိုက်ခိုက်ပြီးရင် သိရမှာပေါ့"

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။ ထူးဆန်းတဲ့ ပုံစံတွေ ပေါ်လာပြီးတော့ ဓားဆီကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ဒီလိုမျိုး ဖိအားက ပန်းဖူးအဆင့်အောက်က မည်သည့်ကျင့်ကြံသူကိုမဆို အရမ်းကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့ အာနိသင်ရှိပါတယ်။ ဒါပေမဲ့ ၎င်းရဲ့အာနိသင်က အဆင့်မြင့်တဲ့ သူနဲ့ ရင်ဆိုင်တဲ့ နေရာမှာ အကန့်အသတ် ရှိပါတယ်။ တကယ်တော့ ကျင့်ကြံခြင်းအဆင့် ရှေ့ကို တိုးလာလေ ကျင့်ကြံသူမှာ သေခြင်းအကန့်အသတ်ထက် ကျော်လွန်ပြီး ခြေလှမ်းချ နေကြပါတယ်။

ယိုဟိုင်ယွဲ့က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"အစတုန်းကတော့ အနာဂတ်မှာ မင်းက ငါ့ကို စိန်ခေါ်နိုင်မဲ့ နေ့ရက်ကို ရောက်လာလိမ့်မယ်လို့ မျှော်လင့်စောင့်စားမိခဲ့တယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ကိုယ့်ကိုကိုယ် သေလမ်း ရှာနေမှတော့ မင်းရဲ့ဆန္ဒကို ငါဖြည့်ဆည်းပေးရမှာပေ့ါ"

သူက သတ်ဖြတ်ရမှာ ကြောက်ရွံ့ခြင်းမရှိတဲ့နေရာမှာ နံပါတ်တစ်ပါပဲ။ သူက ပါရမီကို တန်ဖိုးထား တတ်တဲ့ အကျင့်စရိုက်မျိုး မရှိပါဘူး။ သူက လင်းဟန်ကို နှစ်နှစ်အချိန်ပေးဖို့ ခေါင်းထဲမှာ စိတ်ကူးရခဲ့ပေမဲ့လည်း အဲဒီမတိုင်ခင် လင်းဟန်ကို သတ်ပစ်ရမယ်ဆိုရင်လည်း စိတ်ထဲမှာ ဘာမှဖြစ်မနေပါဘူး။

"မစ်စတာယွဲ့ ဂရန်းမာစတာလင်းက မြေကျွှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်နော်"

ကျူးရွှမ်အာက အေးစက်စွာနဲ့ သတိပေးလိုက်ပါတယ်။ သူမအနေနဲ့ ကြက်သွေးရောင် အေးစိမ့် ရေခဲဆေးပင်ကို အရမ်းကို အလိုရှိနေပေမဲ့ အဲဒီအတွက်နဲ့ လင်းဟန်ရဲ့

အသက်ကို ယူဖို့ဆန္ဒ လုံးဝ မရှိပါဘူး။ ဒါ့အပြင် သူမတို့နှစ်ယောက်က မဟာမိတ် အဖြစ်နဲ့ အလယ်ပိုင်း ဒေသကို သွားပြီးတော့ အတူတကွ တိုက်ခိုက်ရပါဦးမယ်။ သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဘေးကနေ ထိုင်ပြီးတော့ ကြည့်နေနိုင်မှာလဲ။

ယိုဟိုင်ယွဲ့က သရော်ပြုံး ပြုံးလိုက်ပါတယ်။ တခြားသူတွေကပဲ မော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ အစွမ်းကို ကြောက်ရွံ့ကြပါလိမ့်မယ်။ ဒါပေမဲ့ သူကတော့ ကြောက်ရမှာလား။ ကောင်းကင်ဓားဂိုဏ်းလိုမျိုး နှစ်ပေါင်းများစွာ တည်ရှိလာတဲ့ ဂိုဏ်းအနေနဲ့ ဘယ်သူမှ ခန့်မှန်းလို့ မရနိုင်အောင် သန်မာလွန်းပါတယ်။ မော်ဆေးပညာရှင် အဖွဲ့အစည်းတောင်မှ သူတို့နဲ့ လွယ်လွယ်ကူကူ ပြဿနာ ဖြစ်ဖို့ဆန္ဒ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် တကယ်လို့ သူက လင်းဟန်ကို သတ်ပစ်လိုက်ရင်ရော ဘာဖြစ်သေးလဲ။ မော်ဆေး ပညာရှင် အဖွဲ့အစည်းက ကောင်းကင်ဓားဂိုဏ်းကို လာပြီးတော့ သူ့ကို ဖမ်းဆီးပုံ့မှာလား။

“တကယ်လို့ မင်းက ငါ့ရဲ့ဓားသိုင်း သုံးကွက်ကို တားဆီးနိုင်မယ်ဆိုရင် ငါမင်းကို ချမ်းသာပေးမယ်”

သူက မျက်နှာမှုန်မှိုင်းပြီးတော့ ပြောလိုက်ပါတယ်။

သူရဲ့နှလုံးသားက ပျော့ပြောင်းနူးညံ့တယ်လို့ မထင်လိုက်ပါနဲ့။ ပန်းဖူးအဆင့် လူတစ်ယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို သေချာပေါက် တစ်ဖက်သတ် လွှမ်းမိုးနိုင်ပါလိမ့်မယ်။ သုံးကွက်ဆိုတဲ့ အတိုင်းအတာက သတ်ပစ်ဖို့အတွက် မလုံလောက် သေးဘူးလား။

လင်းဟာန်က သူရဲ့နတ်ဆိုးရှင်သန်ဓားကို မြှောက်ပြီးတော့ တည်ငြိမ်စွာနဲ့ ဖြေလိုက်ပါတယ်။

"မင်းငွါကို မသတ်နိုင်ပါဘူး"

ဒီစကားတွေက ရိုးရိုးသားသား ပြောတာပဲ ဖြစ်ပါတယ်။ လက်ရှိမှာ သူကစိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ ကိုးမှာ ဖြစ်ပြီးတော့ အနည်းဆုံး အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားထည့်သွင်းပေးခြင်း ပြီးဆုံးမသွားခင် အချိန်ထိ သူက မိုးကြိုးလျှပ်စီး ချပ်ဂတ်ကနေ ပန်းဖူးအဆင့်ရဲ့ အထွတ်အထိပ် ခုခံကာကွယ်မှုကို အသက်သွင်းနိုင်ပါလိမ့်မယ်။

အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားထည့်သွင်းပေးခြင်း ပြီးသွားတဲ့ အချိန်ကျရင်ရော။ သူ့ရဲ့ နေရာကို အစားဝင်ပေးမဲ့ မိုးရေဧကောရာဇ် ရှိပါတယ်။ သူက သုံးစားမရတဲ့ ဂုဏ်သိက္ခာအတွက် အကျိုးမဲ့သက်သက်နဲ့ အသေခံမဲ့ ယောကျ်ားတစ်ယောက် မဟုတ်တာတော့ သေချာပါတယ်။

"ပထမ တစ်ချက်"

ယိုဟိုင်ယွဲ့က လှုပ်ရှားလိုက်ပါတယ်။ သူရဲ့လက်ကို အသာလေး ဝှေ့ယမ်းလိုက်ပြီး ဓားချီအလင်း ငါးခုကိုပဲ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမဲ့ သူက ဘယ်သူမိုလို့လဲ။ သူက ပန်းဖူးအဆင့်မှာ ရှိတဲ့ လူတစ်ယောက် ဖြစ်ရုံသာမက ဒီကမ္ဘာကြီးထဲမှာ ဒုတိယအတော်ဆုံး ဓားသမားလို့ ကိုယ့်ကိုကိုယ် ကြေညာထားတဲ့သူ ဖြစ်ပါတယ်။ ဒါက အတော်လေးကို ချဲ့ကားပြောဆိုတယ်လို့ ထင်ရပေမဲ့ သူရဲ့က ပန်းဖူးအဆင့်က စွမ်းအားက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက် သန်မာပါတယ်။

ဒီဓားချီအလင်း ငါးခုက ဒေါသထွက်နေတ နဂါးတွေလိုပဲ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ၉ မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ အကြိမ်ပေါင်း

တစ်ရာလောက် သတ်ပစ်နိုင်ပါတယ်။

ပထမအချက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်နဲ့ ပန်းဖူးအဆင့်ရဲ့ကြားက ကွာဟချက်က ကောင်းကင်နဲ့ မြေကြီးကြားက ကွာဟချက်လိုမျိုး ကြီးမားပါတယ်။ ပြီးတော့ ယိုဟိုင်ယွဲ့ဆိုတာက ဘယ်လိုမျိုး မွန်းစတား တစ်ကောင်လဲ။

လင်းဟန်က မကြောက်မရွံ့နဲ့ သူရဲ့ဓားကို ပွေ့ယမ်းပြီးတော့ ခုတ်ထုတ်လိုက်ပါတယ်။ ဖူး ဖူး ဖူး ဖူး။ သူက ယိုဟိုင်ယွဲ့ရဲ့ ဓားချီအစိတ်အပိုင်းကို မလှီးဖြတ်နိုင်ပါဘူး။ ဒါပေမဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်က အလင်းငါးခုကို လွယ်လွယ်ကူကူနဲ့ ကာကွယ်လိုက်နိုင်ပါတယ်။ လင်းဟန်က ဒီအတွက်ကြောင့် ဖိအားခံရပြီး နောက်ကိုတောင် မဆုတ်ရပါဘူး။

"စိတ်ဂင်စားစရာပဲ"

ယိုဟိုင်ယွဲ့က ပြုံးလိုက်ပါတယ်။ အစောပိုင်းကတည်းက သူက မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ မီးတောက်တွေကို ရင်ဆိုင်တဲ့ အခါမှာ ဖော်ပြခဲ့တဲ့ ခုခံကာကွယ်နိုင်စွမ်းကို မြင်တွေ့ခဲ့ရပြီးပါပြီ။ ဒါပေမဲ့ မီးတောက်ကို ခုခံနိုင်စွမ်း ရှိတာနဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှု တစ်ခုကို ရင်ဆိုင်တဲ့ အခါမှာ ခုခံနိုင်စွမ်းရှိတယ် ဆိုတဲ့အချက်က လုံးဂကို မတူညီတဲ့

အရာနှစ်ခုပဲ ဖြစ်ပါတယ်။

ဥပမာ မြေနံ့ရဲ့တစ်ခုက မီးကို ခုခံနိုင်ပေမဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှု တစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ၎င်းက သေချာပေါက်ကို ကျိုးပဲ့ပျက်စီး သွားရပါလိမ့်မယ်။

ဒီတိုက်ခိုက်မှု တစ်ခုပြီးတဲ့ အခါမှာ ယိုဟိုင်ယွဲ့ရဲ့ ကြက်ကန်းဆန်အိုး တိုးတယ်ဆိုတဲ့ အတွေးက ပျောက်ကွယ်သွားခဲ့ပါတယ်။ မိုးကြိုးလျှပ်စီး ချပ်ဂတ်က မီးနဲ့ရေခဲရဲ့ တိုက်ခိုက်မှုကို ခုခံကာကွယ် နိုင်ရုံသာမက အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေကိုလည်း အကျိုးသက်ရောက်မှု ရှိပါတယ်။

သူက တကယ့်ကို အလေးအနက် ဖြစ်လာခဲ့ပါပြီ။

ယိုဟိုင်ယွဲ့က သူရဲ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ သူရဲ့ အမူအရာက အလေးအနက် ဖြစ်လာခဲ့ပါပြီ။ သူ့လိုမျိုး ဂုဏ်ယူစရာ ကောင်းလောက်တဲ့ လူတစ်ယောက် အတွက်တော့ သူက သုံးကြိမ်တိုက်ခိုက်မယ်လို့ ကြေညာထားမှတော့ လေးကြိမ်မြောက် တိုက်ခိုက်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူရဲ့ ဓားပညာအချက်အချာက ပျက်စီးသွားလိမ့်မှာ ဖြစ်ပြီးတော့

ဒီဘဂမှာ ဓားနှလုံးသားကို သူ့အနေနဲ့ ထုတ်ဖော်နိုင်ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိတော့ပါဘူး။

ယိုဟိုင်ယွဲ့က သူရဲ့လက်ကို နောက်တစ်ကြိမ် ဖွယမ်းလိုက်ပါတယ်။ ရွှစ်။ ဓားချီအလင်း ကိုးခုက ဆက်တိုက်ဆိုသလို ထွက်ပေါ်လာပြီးတော့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

ထန်။

ဒီဓားချီတွေက မိုးကြိုးလျှပ်စီး ချပ်ဂတ်ကြောင့် နောက်တစ်ကြိမ် လုံးဝကို ပျောက်ကွယ် သွားခဲ့ရပါတယ်။ သာမန်တိုက်ခိုက်မှုတွေက ဘယ်လိုလုပ်ပြီးတော့ ပန်းဖူးအဆင့် အထွတ်အထိပ် ခုခံကာကွယ်မှုအပေါ်မှာ အကျိုးသက်ရောက်မှု ရှိလိမ့်မှာလဲ။

ယိုဟိုင်ယွဲ့ရဲ့ အမူအရာက ပိုပြီးတော့တောင် လေးနက်တည်ကြည် လာခဲ့ပါတယ်။ တကယ်တော့ သူက လင်းဟာန်ကို အရမ်းကြီး လေးလေးနက်နက် မထားခဲ့ပါဘူး။ ဒါပေမဲ့ လင်းဟာန် ဝတ်ဆင်ထားတဲ့ တိုက်ပွဲချပ်ဂတ်ရဲ့ အစွမ်းက သူမျှော်လင့်ထားတာထက်တောင်မှ သာလွန်ပါသေးတယ်။

သူအနေနဲ့ အစွမ်းကုန် ကြိုးစားရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလူငယ် ပြိုင်ဘက်ကို တကယ်ပဲ သတ်ပစ်နိုင်မှာ မဟုတ်ပါဘူး။

ယိုဟိုင်ယွဲ့က အသက်ကို ပြင်းပြင်းရှူလိုက်ပြီးတော့ သူ့ရဲ့ ရတနာဓားကို အနည်းငယ် လှုပ်ယမ်း လိုက်ပါတယ်။ အဆုံးမရှိတဲ့ ဓားချီတွေက သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ထွက်ပေါ်လာပြီး ဓားကိုင်ဆောင်ထားသူကလည်း ဓားတစ်လက်လိုမျိုးကို ပြောင်းလဲသွားခဲ့သလိုမျိုး ဖြစ်သွားပါတယ်။ သူရဲ့ခန္ဓာကိုယ်ကလည်း ဓားပဲ။ သူရဲ့အသိဉာဏ်ကလည်း ဓားပဲ။ အရာအားလုံး ဓားပဲ။

လင်းဟန်က အကြီးအကျယ် လှုပ်ရှားသွားခဲ့ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက ဓားဧကရာဇ်ရဲ့ ခွန်အား အပြည့်အဝ တိုက်ခိုက်မှုကို မမြင်တွေ့ဖူးခဲ့ပါဘူး။ ပြီးတော့ ယိုဟိုင်ယွဲ့က သူရဲ့ အစွမ်းကုန်ကို ကြိုးစားပြီးတော့ အခုဆိုရင် သူ့ကို ချက်ချင်းဆိုသလို ဉာဏ်ကွန့်မြူးမှု တစ်ခုကို ပေးပါတယ်။ ဒါကြောင့် ဓားလမ်းကြောင်းက အခုလိုမျိုး နည်းလမ်းအတိုင်းပဲ လျှောက်လှမ်းနိုင် ရပါလိမ့်မယ်။

သူက အသန်မာဆုံး လမ်းကြောင်းကို

လျှောက်လှမ်းချင်ခဲ့ပါတယ်။ ဒါကြောင့် သူက လမ်းကြောင်း အမျိုးမျိုးက အသန်မာဆုံး အချက်တွေကို စုပ်ယူဖို့ လိုအပ်ပါတယ်။

"လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်။ လောကသုံးပါးကို ဖျက်ဆီးပစ်ခြင်း"

ယိုဟိုင်ယွဲ့က တိုက်ခိုက်လိုက်ပါတယ်။ ရွှစ် ရွှစ် ရွှစ် ရွှစ်။ စုစုပေါင်း ဓားအလင်း ၁၂၀၀ လောက်က တောက်ပလင်းလက်ပြီးတော့ တိုက်ခိုက်လို့လာပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ ဒါက တကယ်ပဲ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် ဖြစ်ပါတယ်။ သူက တကယ်ပဲ မှန်ကန်တဲ့ လောင်းကစားကို ပြုလုပ်နိုင်ခဲ့ပါပြီ။

အပိုင်း(၄၂၄) ကျဉ်းမြောင်းတဲ့ နိုင်ပွဲတစ်ခု

ဓားအလင်းပေါင်း ၁၂၀၀။

ဆိုလိုတာက ယိုဟိုင်ယွဲ့က ဓားချီအလင်း ဆယ့်တစ်ခုကို ထုတ်လွှတ်နိုင်ပါတယ်။ ဒါကြောင့်ပဲ ဓားအလင်း စုစုပေါင်း ပမာဏက တစ်ထောင့်နှစ်ရာထိ ရောက်ရတဲ့ အချက်ပဲ

ဖြစ်ပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် အနေနဲ့ ဓားအလင်း ၁၂၀၀ ကို ထုတ်လွှတ်နိုင်စွမ်းရှိပြီး အလင်းတစ်ခုစီက ယိုဟိုင်ယွဲ့ရဲ့ တိုက်ခိုက်မှု အပြည့်အဝနဲ့ တူညီပါတယ်။ တကယ်လို့ ဒီဓား အလင်းတွေက မိုးကြိုးလျှပ်စီး ချပ်ဝတ်နဲ့ ထိခိုက်မိသွားမယ်ဆိုရင် ၎င်းတို့က ပန်းဖူးအဆင့် ခုခံမှုကို လုံးဝကို ထိခိုက်နိုင်စွမ်း ရှိပါလိမ့်မယ်။

၎င်းတို့က အရမ်းကို စုစည်းပြီးတော့ အရမ်းကို အစွမ်းထက်ပါတယ်။

လင်းဟန်လည်း အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူ့အနေနဲ့ ယိုဟိုင်ယွဲ့ရဲ့ ပထမ တိုက်ခိုက်မှု နှစ်ခုက ဘာအကျိုးသက်ရောက်မှု မရှိတဲ့အခါမှာ သူ့အနေနဲ့ တတိယ တိုက်ခိုက်မှုမှာ လျှို့ဝှက်ဆန်းကြယ် သုံးထောင်ကို သေချာပေါက် အသုံးပြုလိမ့်မယ်လို့ ကြိုမြင်နေပါတယ်။ ယိုဟိုင်ယွဲ့ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ့်ကိုကိုယ် အထင်းကြီးမှုက သူကြေညာတဲ့ စကားလုံးတွေကို လုံးဝ အဓိပ္ပါယ်မဲ့သွားစေလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း သူ့အနေနဲ့ ယိုဟိုင်ယွဲ့က သူရဲ့အစစ်အမှန်

စွမ်းရည်ကို တကယ်ပဲ ဖုံးကွယ်ထား လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ပါဘူး။ သူက တကယ်ပဲ ဓားချီအလင်း ဆယ့်တစ်ခုကို ထုတ်ဖော်နိုင်တာပဲ။

သူက တကယ့်ကို ရည်မှန်းချက် ကြီးမားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူထုတ်ဖော်နိုင်တဲ့ ဓားချီအလင်း ဆယ့်တစ်ခုကို တစ်စုတစ်စည်းအဖြစ် စုစည်းပြီးတော့ ဓားအလင်းတန်း အဖြစ်ကို ပြောင်းဖို့ကို မရွေးချယ်ခဲ့ပါဘူး။ သူက ဓားချီအလင်း နှစ်ဆယ့်ကိုးခုကို ထုတ်ဖော်ဖို့ ကြံစည်နေတာ များလား။

မိုးရေကေရာဇ်လည်း အကြီးအကျယ် စိတ်လှုပ်ရှား လာခဲ့ပါတယ်။ သူက ချီအလင်းဆယ်ခုကို ထုတ်ဖော်ပြီးတဲ့နောက်မှာ လက်သီးအလင်းတန်းကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တော့ ချီအလင်း ဆယ်ခုက အကန့်အသတ် မဟုတ်ဘူးဆိုတာ ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဘာမှလုပ်လို့ မရပါဘူး။ စွမ်းအားတည်ဆောက်ပုံရဲ့ အကန့်အသတ်ကြောင့် မိုးရေကေရာဇ်ရဲ့ သိုင်းပညာ အကြောင်းကို နားလည်နိုင်စွမ်းနဲ့ အသိပညာ ဗဟုသုတက ကောင်းကင်ဓားဂိုဏ်းရဲ့ တပည့်တစ်ယောက်နဲ့ နှိုင်းယှဉ်လို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဒါက ကိုယ်ပိုင်ပါရမီနဲ့ လုပ်လို့ရတာ မဟုတ်ပါဘူး။ သူတို့ရဲ့ သက်ဆိုင်ရာ ဘိုးဘေးတွေရဲ့ ဒဏ္ဍာရီတွေ အကြားက ကွာဟချက်နဲ့ပဲ ဆိုင်ပါတယ်။

လင်းဟန်က အရိပ်လေ လှုပ်ရှားမှုကို အသုံးပြုပြီးတော့ လှုပ်ရှားလိုက်ပြီးတော့ အမှန်တကယ်ပဲ ဓားအလင်း ၁၂၀၀ လိုင်းလုံးရဲ့ အနားကနေ ကွေ့ပတ်ရှောင်တိမ်းသွားခဲ့ပါတယ်။ အရမ်းကို မမျှော်လင့်ထားပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းပြီး ဓားအလင်း တစ်ခုပြီးတစ်ခု ရှောင်တိမ်းပြီးတော့ ယိုဟိုင်ယွဲ့ဆီကို ဦးတည်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ဒါက အရမ်းကို လွန်လွန်းသွားပါပြီ။

မိုးရေကောရာဇ်နဲ့ ကျူးရွှမ်အာတို့ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေ ကြပါတယ်။ ဒါက ယိုဟိုင်ယွဲ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှု ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ ဆိုရင် တကယ်လို့ ကျူးရွှမ်အာက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားပြီးတော့ ဒီတိုက်ခိုက်မှုနဲ့ ရင်ဆိုင်ရမယ်ဆိုရင် သူမအနေနဲ့ ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ခုခံကာကွယ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူမအနေနဲ့ ဒီလိုမျိုး စွမ်းအားပြည့်ဝတဲ့

တိုက်ခိုက်မှုကို မျက်နှာချင်းဆိုင်မဲ့ အရေးကနေ ရှောင်တိမ်းပြီးတော့ အစောကြီး နောက်ကိုဆုတ်ဖို့ကို ရွေးချယ်ရပါလိမ့်မယ်။

ဒါပေမဲ့ သိပ်မကြာခင်မှာပဲ သူတို့တွေက ချက်ချင်းဆိုသလို သူတို့ရဲ့ ခေါင်းတွေကို ကျိတ်ပြီးတော့ ခါလိုက်ပါတယ်။ ဒါက ဓားအလင်းပေါင်း ၁၂၈၈ ဖြစ်ပါတယ်။ ၎င်းကို ဆန့်ကျင်ပြီး ခုခံကာကွယ်ဖို့ လုံး၀ကို မဖြစ်နိုင်ပါဘူး။ သူတို့က ကျင့်ကြံခြင်းအဆင့် ပိုမိုပြီး မသာလွန်သရွေ့တော့ ဒီတိုက်ခိုက်မှုကို ဘယ်လိုမှ ခတ်ထုတ်ပစ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတိုက်ခိုက်မှုက ယိုဟိုင်ယွဲ့ပေါင်း ၁၂၈၈ရဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုနဲ့ တူညီပါတယ်။

တစ်ခုတည်းသော ရွေးချယ်စရာက နောက်ဆုတ်ပြီးတော့ ရှောင်တိမ်းဖို့ပဲ ဖြစ်ပါတယ်။

ဒါက သူတို့နှစ်ယောက်စလုံးရဲ့ ခေါင်းထဲကို ရောက်လာတဲ့ တစ်ခုတည်းသော သုံးသပ်ချက်ပဲ ဖြစ်ပါတယ်။ လင်းဟာန်ကတော့ လုံး၀ကို ဆန့်ကျင်ဘက်ပါပဲ။ သူက အမှန်တကယ်ပဲ ဓားအလင်း ၁၂၈၈ဆီကို တည့်တည့်တိုး၀င်သွားပြီးတော့ ယိုဟိုင်ယွဲ့ဆီကို တစ်ဟုန်ထိုး ပြေး၀င် တိုက်ခိုက်လိုက်ပါတယ်။

ဒါပေမဲ့ ကြည့်ရတာ သူတကယ်ပဲ အောင်မြင်သွားပုံရပါတယ်။ သူက ဓားအလင်းပေါင်း ၇၀၀ ကျော်ကို ရှောင်တိမ်းနိုင်ခဲ့ပါတယ်။

ဒီမြင်ကွင်းက ဘယ်လိုလုပ်ပြီးတော့ မိုးရေဧကရာဇ်နဲ့ ကျူးရှမ်အာကို အံ့သြမှင်တက်ခြင်း မရှိပဲနဲ့ နေနိုင်မှာလဲ။ အဲဒီအချိန်မှာ ထန်ဇီမင်ကလည်း သူရဲ့သွားတွေကို ကျိတ်ထားလိုက်ပါတယ်။ သူရဲ့လည်ပင်းက ဒဏ်ရာက အနည်းငယ် နာကျင်မှု တိုးလာသလိုမျိုး ခံစားလိုက်ရပါတယ်။ ဟူးညိုတစ်ယောက်ပဲ လက်ခုပ်တွေ တီးပြီးတော့ အော်ဟစ်ဂုဏ်ပြု အားပေးနေပါတယ်။

ရှစ်ရာ၊ ကိုးရာ၊ တစ်ထောင်၊ တစ်ထောင်တစ်ရာ၊ တစ်ထောင့် နှစ်ရာ။

လင်းဟန်က တကယ်ပဲ ဓားအလင်းပေါင်း ၁၂၀၀ ကို ဖြတ်ကျော်ပြီးတော့ ယိုဟိုင်ယွဲ့ရဲ့ အရှေ့ကို ရောက်သွားခဲ့ပါတယ်။ သူ့ရဲ့ဓားနဲ့ လေးရာသီ ဓားသိုင်းဖြစ်တဲ့ နွေ၊ နွေဦး၊ ဆောင်း၊ ဆောင်းဦး ဆိုတဲ့ ရာသီစက်ဝန်း ဓားသိုင်းနဲ့ တိုက်ခိုက်လိုက်ပါတယ်။

ထန်။

ယိုဟိုင်ယဲ့က တိုက်ခိုက်ခံလိုက်ရပြီးတော့ ချက်ချင်းဆိုသလိုပဲ သူရဲ့ခန္ဓာကိုယ်က အနောက်ဘက်ကို လွင့်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း မြေကြီးနဲ့ ထိသွားတဲ့ အချိန်မှာ သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ အစီအရင်ပုံစံတွေ လင်းလက်တောက်ပလာခဲ့ပါတယ်။ သူရဲ့မျက်နှာ ဘယ်ဘက်ခြမ်းမှာ အရမ်းကိုသေးငယ်တဲ့ ဓားဒဏ်ရာလေးတစ်ခု ရှိနေပါတယ်။ သွေးတွေက အဲဒီကနေ ဖြည်းဖြည်းလေး ယိုစိမ့်ကျလာပြီး အဖြူရောင် အမှတ်လေး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့ဓားကို ရုပ်သိမ်းလိုက်ပါတယ်။ သူက နောက်ဆုံးတိုက်ခိုက်မှုနဲ့ ပြိုင်ပွဲကို လှန်ပစ်လိုက် နိုင်ပါပြီ။ သူလည်းပဲ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို လေ့ကျင့်ထားခဲ့ပါတယ်။ သူကတော့ ဓားချီအလင်း ကိုးခုကိုပဲ ထုတ်ဖော်နိုင်တာ ဖြစ်ပြီးတော့ သူရဲ့ပြိုင်ဘက်ထက် ဓားချီအလင်း နှစ်ခု နည်းနေပါတယ်။

သူကဒီဓားအလင်းတွေ ဘယ်လိုမျိုး လည်ပတ်သလဲ ဆိုတာကို သိထားပါတယ်။ ဓားအလင်း နှစ်ရာလောက်က သူ့ကို ကောင်းကောင်းကြီး ဒုက္ခပေးတယ် ဆိုပေမဲ့ သူ့မှာက

ကောင်းကင်အဆင့် နတ်ဘုရား အာရုံရှိပြီးတော့ သူရဲ့ပြိုင်ဘက် ဖြစ်သူကလည်း ပန်းဖူးအဆင့်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ဓားအလင်းနစ်ရာ သူ့အတွက် ပြဿနာကြီး တစ်ခုတော့ မဟုတ်ခဲ့ပါဘူး။

ဒါက အရမ်းကို မော်ဆန်လွန်းပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလ္ဘာဇုက ကျင့်ကြံသူ တစ်ယောက်က ပန်းဖူးအဆင့် ပြိုင်ဘက်ရဲ့ အစွမ်းကုန် တိုက်ခိုက်မှုကို ရှောင်တိမ်းပြီးတော့ သူကိုယ်ပိုင် တိုက်ခိုက်မှုကို ပြုလုပ်နိုင်ခဲ့ပါတယ်။

သူက ယိုဟိုင်ယွဲ့ရဲ့ မျက်နှာပေါ်မှာ အရမ်းကို သေးငယ်တဲ့ ဒဏ်ရာလေးပဲ ချန်ထားနိုင်ခဲ့တယ် ဆိုပေမဲ့ ဒါက လုံးဂကို အံ့မခန်းပါပဲ။

သူတို့ရဲ့ ပတ်ဂန်းကျင်က တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

မိုးရေကောရာဇ်က အံ့အားသင့် နေခဲ့ပါတယ်။ ကျူးရွှမ်အာရဲ့ လှပတဲ့ မျက်လုံးတွေက တောက်ပ လင်းလက်လို့နေပြီး ထန်ဇီမင်ကတော့ တုန်လှုပ်လို့ နေပါတယ်။ ဟူးညီုတစ်ယောက်ပဲ တိတ်ဆိတ် ငြိမ်သက်မှုကို ဖြိုခွင်းပြီးတော့ လက်ခုပ်အကျယ်ကြီး တီးပြီးတော့

ပျော်ရွှင်နေပါတယ်။

ယိုဟိုင်ယွဲ့ရဲ့ အမူအရာက ထပ်ခါထပ်ခါ ပြောင်းလဲသွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ မထုံတတ်သေး အမူအရာကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

"မဆိုးဘူး မဆိုးဘူး။ ငါ့ရဲ့ဘဝမှာ ငါ့ထက် အသက်ဆယ်နှစ်လောက်ငယ်ရွယ်တဲ့ လူတစ်ယောက်ကြောင့် ပထမဆုံးအကြိမ် ဒဏ်ရာရရှိခြင်းပဲ"

"ဒီမတိုင်ခင်က မင်းကို သုံးကြိမ်ပဲ တိုက်ခိုက်မယ်လို့ ငါပြောခဲ့တယ်"

"လင်းဟန် နောက်ထပ် လပေါင်းနှစ်ဆယ် ကျန်သေးတယ်။ ဒီလပေါင်း နှစ်ဆယ် အတွင်းမှာ တကယ်လို့ ငါတို့တွေ နောက်တစ်ကြိမ် ထပ်တွေ့ခဲ့ရင် ငါမင်းကို မမြင်သလိုမျိုး ဟန်ဆောင်ပြီး နေမယ်။ ဒါပေမဲ့ လပေါင်းနှစ်ဆယ် ကျော်သွားရင်တော့ မင်းဘယ်နေရာမှာပဲ ပုန်းနေနေ ငါမင်းကို ရှာပြီးတော့ သတ်ပစ်ရလိမ့်မယ်"

"ငါမင်းရဲ့ အလောင်းပေါ်ကို နင်းပြီးတော့ ငါ့ရဲ့ ဓားလမ်းကြောင်း ဒုတိယ အဆင့်ကို ချိုးဖျက် ဝင်ရောက်ရလိမ့်မယ်"

ယိုဟိုင်ယွဲ့က သူရဲ့နာကျဉ်းစရာကောင်းတဲ့ ရှုံးနိမ့်မှုကနေ ပြန်လည်တည်ငြိမ်သွားပြီးတော့ ယုံကြည်ချက်တွေ ပြန်လည်ရရှိသွားခဲ့ပါတယ်။ သူက ကျူးရွှမ်အာဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ရွှမ်အာ ငါတောင်းပန်ပါတယ်။ ငါမင်းကို ကူညီပြီးတော့ စိတ်ဝိညာဉ် ဆေးပင်ကို ရအောင် မယူပေးနိုင်ခဲ့ဘူး။ ဒါပေမဲ့ မစိုးရိမ်ပါနဲ့ပ။ ငါချက်ချင်းပဲ အလယ်ပိုင်းဒေသကို ပြန်ပြီးတော့ မင်းစိတ်ဝိညာဉ် ဆေးပင်ကို ရရှိဖို့ သေချာပေါက် ကူညီပေးပါမယ်"

ယိုဟိုင်ယွဲ့က ပြောပြီးတာနဲ့ ထန်ဇီမင်ကို ခေါင်းညိတ် အချက်ပြလိုက်ပြီး သူတို့နှစ်ယောက်က လှည့်ထွက်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက ယိုဟိုင်ယွဲ့ရဲ့ ပုံရိပ်အပေါ်မှာ ဆက်ပြီးတော့ ကျရောက်နေဆဲ ဖြစ်ပါတယ်။ နောက်တစ်ကြိမ် သူတို့တွေ တွေ့ဆုံတဲ့ အခါကျရင် သူ့အနေနဲ့

လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်အပေါ်မှာ နားလည်သဘောပေါက်တဲ့ အကြောင်းအရာကို သေချာပေါက် အခွင့်ရေး ရယူတော့မှာ မဟုတ်ပဲ သူရဲ့ စစ်မှန်တဲ့ တိုက်ပွဲစွမ်းအားကို အသုံးပြုပြီးတော့ နောက်ထပ် ဒုတိယ ဓားကေရာဇ် ဖြစ်လာမဲ့ လူကို အနိုင်ယူပါလိမ့်မယ်။

"ဓားကေရာဇ် တကယ်လို့ မင်းက စစ်မှန်တဲ့ နတ်ဘုရားအဆင့်ကို ရောက်သွားတယ်ဆိုရင် အရမ်းကို ကောင်းလိမ့်မယ်။ ငါသေချာပေါက် မင်းကို အနာဂတ်မှာ လာရှာပြီးတော့ တိုက်ပွဲ ကောင်းကောင်း တစ်ပွဲလောက် တိုက်ကြတာပေါ့"

လင်းဟာန်ရဲ့ ယုံကြည်မှုက မိုးထိအောင် မြင့်တက်လို့ လာခဲ့ပါတယ်။ သူ့အနေနဲ့ နှစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ပါလိမ့်မယ်။

"ဂရန်းမာစတာလင်း ရှင့်ရဲ့မော်ဆေးလုံးကို ဖော်စပ်ဖို့အတွက် ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင် ဘယ်လောက်များ လိုအပ်ပါသလဲ။ ကျေးဇူးပြုပြီးတော့ ရွှမ်အာအတွက် နည်းနည်းလောက် ချန်ပေးပါ"

ကျူးရွှမ်အာက လင်းဟာန်ကို ဦးညွှတ်လိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်မှာ မြေကျွမ်းအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကို ပိုင်ဆိုင်ထားသလို လက်ရှိမှာ လင်းဟန်ပိုင်ဆိုင်ထားတဲ့ တိုက်ပွဲအစွမ်းကြောင့်လည်း သူမအနေနဲ့ အတင်းအကျပ် မလုပ်ပံ့ပါဘူး။

ဒါ့အပြင် သူမအနေနဲ့ သိုင်းပညာ ပါရမီရှင် တစ်ယောက်ကို ပိုပြီးတော့ အထင်ကြီး အားကျသူ တစ်ယောက် ဖြစ်ပါတယ်။ လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ပဲ ရှိသေးပြီး ယာယီအားဖြင့် သူရဲ့ကျင့်ကြံခြင်း အဆင့်ကို စိတ်ဂိညာဉ် ပလ္လင် အလွှာ ကိုး အဆင့်ကို မြှင့်တင်ပြီး ပန်းဖူးအဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက်ကို ဒဏ်ရာရသွားအောင်လို့ စွမ်းဆောင် နိုင်ပါတယ်။ အထူးသဖြင့် ယိုဟိုင်ယွဲ့ဆိုတာက ဘယ်လိုမျိုး မွန်းစတားလဲ။ ဒီအဖြစ်အပျက်ကြောင့် သူမအနေနဲ့ လင်းဟန်ကို အဆုံးမရှိ ရှိသေလေးစားမှုတွေ ပြည့်နှက်စေခဲ့ပါတယ်။

သူမရဲ့ လှပတဲ့ မျက်လုံးတွေက အရောင်တွေစိုနေပြီးတော့ အရမ်းကို နှစ်သက်ကြည်နူးနေပုံ ရပါတယ်။

အဲဒီအချိန်မှာ မိုးရေဇကေရာဇ်က အနည်းငယ် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန် ငါ အမှောင်နတ်ဆိုး တောအုပ်ထဲမှာ အချိန်နည်းနည်း ထပ်ပြီးတော့ နေဦးမယ်။ ငါပန်းဖူးအဆင့် အလွှာ ၉ ကို ရောက်တဲ့အခါမှာ တခြားဒေသတွေကို ခရီးထွက်မယ်။ ဒါကြောင့် တကယ်လို့ ဒီအချိန်အတွင်းမှာ မင်းမှာ ပြဿနာ တစ်စုံတစ်ရာ ရှိခဲ့မယ်ဆိုရင် ဒီကိုလာပြီးတော့ ငါ့ကိုလာရှာနိုင်တယ်"

"ကျေးဇူးအများကြီး တင်ပါတယ်။ မိုးရေကေရာဇ်"

လင်းဟန်က သူရဲ့လက်တွေ ဆုပ်ပြီးတော့ ကျေးဇူးတင်စကား ပြောလိုက်ပါတယ်။

ကြီးကျယ်မြင့်မြတ်တဲ့ ဒေသကြီး လေးခုနဲ့ အလယ်ပိုင်းဒေသကို အကာအကွယ် ကန့်လန်ကာ တစ်ခုနဲ့ ခွဲခြားထားပါတယ်။ အားနည်းတဲ့ လူက လွတ်လွတ်လပ်လပ် ဖြတ်သွားနိုင်ပေမဲ့ ကျင့်ကြံခြင်း အဆင့်မြင့်တဲ့လူတစ်ယောက်က အဲဒီအတားအဆီးကို ဖြတ်သန်းသွားဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ ဥပမာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက် အတွက်တော့ ဖြတ်သန်းသွားဖို့ ဖြစ်နိုင်ပေမဲ့ သူတို့ရဲ့ ကျင့်ကြံခြင်းက အကြီးအကျယ် လျော့ကျသွား ပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ မတူညီတဲ့ နယ်မြေတွေနဲ့ အလယ်ပိုင်း ဒေသကို ခရီးသွားချင်တယ် ဆိုရင် ပန်းဖူးအဆင့်က အဲဒီအတွက် အကောင်းဆုံး ကျင့်ကြံခြင်း အဆင့်ပဲ ဖြစ်ပါတယ်။ လူတစ်ယောက်က သူရဲ့ကိုယ်ပိုင် လုံခြုံရေးကို လုံလောက်တဲ့အထိ သန်မာအားကောင်း နေမယ်ဆိုရင် အတားအဆီးကို ဖြတ်သွားတဲ့ အခါမှာ အားနည်းလိမ့်မှာ မဟုတ်ပါဘူး။

မိုးရေကေရာဇ်က လင်းဟန်နဲ့ ကျူးရွှမ်အာကို အကြိမ်အနည်းငယ် ကြည့်လိုက်ပြီးတော့ ကျယ်လောင်စွာနဲ့ ရယ်မောပြီး လေထဲကို ခုန်တက် ပျံတက်ပြီး ထွက်ခွာသွားပါတယ်။

ကျူးရွှမ်အာရဲ့ မျက်နှာက နီရဲလို့ နေပါတယ်။ ကံကောင်းတာက သူမရဲ့ မျက်နှာကို အဖြူရောင် ဇာပဝါနဲ့ ဖုံးကွယ်ထားတဲ့အတွက် သူမရဲ့ လက်ရှိ မက်မွန်သီးလို နီရဲနေတဲ့ မျက်နှာကို ဘယ်သူကမှ မမြင်တွေ့နိုင်ပါဘူး။

"ဂရန်းမာစတာ လင်း"

သူမက လင်းဟန်ကို ရှက်ရွံ့စွာနဲ့ ခေါ်လိုက်ပါတယ်။ သူမရဲ့

လှပတဲ့ မျက်လုံးတွေက ကြည်လင် တောက်ပနေပြီးတော့ ပျားရည်လို ချိုသာပြီး လူတစ်ယောက်ရဲ့ နှလုံးသားကို ဒီချိုမြိန်မှုကြောင့် ပီတိဂွမ်းဆီထိသလို ခံစားသွားစေပါတယ်။

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"တစ်လကြာပြီးတဲ့နောက်မှာ မူလစွမ်းအင် ပုံဆောင်ခဲ ဒါမှမဟုတ် တခြား ပါဝင်ပစ္စည်းတွေကို လုံလုံလောက်လောက် ယူခဲ့ပါ။ အစီအရင် နည်းစနစ်တွေဆိုရင်လည်း အဆင်ပြေတယ်။ ငါမင်းကို ကြက်သွေးရောင် အေးစိမ့် ရေခဲ မြက်ပင် ရောင်းပေးနိုင်တယ်"

တကယ်လို့ တစ်လဆိုတဲ့ အချိန်ကြာသွားရင် အနက်ရောင် မျှော်စင်ထဲမှာ ကြက်သွေးရောင် အေးစိမ့် ရေခဲဆေးပင်ရဲ့ ရိုးတံတော်တော်များများ ထွက်လာသင့်ပါပြီ။ ဒါကြောင့် ရိုးတံတစ်ခုကို ရောင်းချမယ်ဆိုရင် အဆင်ပြေပါလိမ့်မယ်။

"တကယ်လား"

ကျူးရှမ်အာက အရမ်းကို စိတ်လှုပ်ရှားစွာနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က စိတ်မရှည်တဲ့ အမူအရာကို ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက မြေကြွမှာအဆင့် မှော်ဆေးဆပညာရှင် တစ်ယောက်ပဲ။ မင်းလိုမျိုး မိန်းကလေး တစ်ယောက်ကို ငါက လိမ်ညာလိမ့်မယ်လို့ မင်းထင်နေတာလား"

ချက်ချင်းဆိုသလိုပဲ ကျူးရှွမ်အာရဲ့ ပါးစပ်က မဲ့ရွဲ့သွားပါတယ်။ သူမက ဓားကိုဆွဲထုတ်ပြီးတော့ ဒီကောင့်ကို ရိုက်ထုတ်ပစ်ချင်စိတ်တောင် ပေါက်သွားပါတယ်။

အပိုင်း(၄၂၅) ယန်စွမ်းအားမြင့်မြို့ကို ပြန်လာပြီ

ကျူးရှွမ်အာက မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် အဆင့်ဇယားမှာ နံပါတ်ဆယ့်သုံး ချိတ်ပါတယ်။ အဆင့်သတ်မှတ်တဲ့ ပြိုင်ပွဲက နောက်တစ်လ ကြာပြီးတဲ့နောက်မှာ ကျင်းပပါလိမ့်မယ်။ သူမအတွက် ထိပ်ဆုံးသုံးယောက်ထဲကို ဝင်ရောက်နိုင်ဖို့ဆိုတာ သေချာတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။ သူမအတွက်တော့ အဆင့်ငါးလောက် ဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့

အရာတစ်ခုပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ သူမက မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ အချောဆုံး အလှပဆုံးသူ ဖြစ်ပါတယ်။ သူမရဲ့ မျက်နှာတစ်ခုလုံးကို မပြပဲနဲ့တောင်မှ သူမက ကောင်းကင်ဓားဂိုဏ်းရဲက ထူးချွန်ထက်မြက်တဲ့ တပည့်ကို သူမရဲ့ နောက်ခံအဖြစ်တောင် ပြုလုပ်နိုင်စွမ်း ရှိပါတယ်။ သူတို့က အကောင်းဆုံး ကြိုးစားပြီးတော့ သူမရဲ့ မျက်နှာသာ ပေးမှုရအောင်တောင် လုပ်ဆောင်နေ ကြပါတယ်။

သူမက ဘယ်လောက်တောင်များ နှစ်သက်ကြည်နူးဖွယ်ရာ ကောင်းပြီးတော့ ဆွဲဆောင် နိုင်လိုက်သလဲ။

ဟုတ်ပါတယ်။ တစ်စုံတစ်ယောက်က သူမရဲ့ ဆွဲဆောင်နိုင်မှုကို လုံးဝကို လျစ်လျူရှုထားပြီးတော့ သူမကို မိန်းကလေးငယ်လေး တစ်ယောက်လိုမျိုးတောင် ပြစ်တင်ကြိမ်းမောင်းလို့ နေပါတယ်။

ကျူးရှမ်အာက တကယ်ပဲ အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်က အသက်ငါးဆယ်ကျော် ခြောက်ဆယ် အဘိုးကြီးတစ်ယောက်ဆိုရင် သူမအနေနဲ့ ဘာမှပြောမှာ

မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကောင်စုတ်လေးက တကယ်ပဲ သူမထက် သုံးလေးနှစ်လောက် ငယ်တယ် ဆိုတာ သိသာထင်ရှား နေပြီးတော့ သူ့ကိုယ်သူ အသက်ကြီးကြီး အတွေ့အကြုံ ရင့်တဲ့သူ တစ်ယောက်အဖြစ် ပြုမူနေပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူမက ဒေါသတွေ မပေါက်ကွဲပဲ နေနိုင်မှာလဲ။

ပိုပြီးတော့ အရေးကြီးတာက လင်းဟန်ရဲ့ အမူအရာကို ကြည့်ရတာ တကယ်ပဲ သဘာဝ ကျနေပါတယ်။ သူ့ပုံစံက သူမကို ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို ကစားနေသလို ပုံစံမဟုတ်ပါဘူး။ ဒါက အမြဲတမ်း ယုံကြည်ချက် ရှိနေတဲ့ ကျူးရှမ်အာရဲ့ နှလုံးသားကို လက်နဲ့ ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သလိုပါပဲ။

အဲဒီအချိန်မှာ သူမကတကယ်ပဲ သူမရဲ့ ဇာပဂါကို ဖယ်ပစ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ ပါတယ်။ သူမအနေနဲ့ လင်းဟန်က သူမရဲ့ အလှအပကို တစ်ကြိမ်လောက် မြင်လိုက်မယ်ဆိုရင် သူလည်းပဲ သူမရဲ့ ဆွဲဆောင်နိုင်မှု အောက်ကို ကျဆင်းလာလိမ့်မယ်လို့ သေချာနေပါတယ်။

ဒါပေမဲ့လည်း ပထမအချက် အနေနဲ့ သူမက သူမရဲ့

အလှအပကို အသုံးချပြီး ပြုလုပ်ဖို့ ဘယ်တုန်းကမှ ဆန္ဒမရှိပါဘူး။ ပြီးတော့ ဒုတိယအချက်က သူမအနေနဲ့ လင်းဟန်က သူမအပေါ် ကြွေဆင်းပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို အသုံးချပြီး နီးစပ်မှု ရယူမယ် ဒါမှမဟုတ် သူရဲ့ အဆင့်အတန်းဖြစ်တဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် သူရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ သူမကို အတင်းအကျပ် တောင်းဆိုလာမှာကို စိုးရိမ်ပူပန် မိပါတယ်။ ဒါကြောင့် သူမက အံကိုကြိတ်ပြီးတော့ ဒီလိုမျိုး အတွေးတွေကို ဖိနှိပ် ထိန်းချုပ်လိုက်ပါတယ်။

"ဂရန်းမာစတာလင်း ရှင့်ကိုကြည့်ရတာ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိဦးမယ်။ တကယ်လို့ ရွှမ်အာက မိန်းကလေးငယ်လေးဆိုရင် ရှင်ကရော ဘာဖြစ်သွားမလဲ"

သူမက တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

"သနားစရာကောင်းတဲ့ မိန်းကလေးပဲ။ လူတစ်ယောက် အရွယ်ရောက်တာ ရင့်ကျက်တာကို သူရဲ့ အသက်အရွယ်နဲ့ မဆုံးဖြတ်ဘူး။ စိတ်ပိုင်းဆိုင်ရာနဲ့ပဲ ဆုံးဖြတ်တယ်။ မင်းပြောတာကို ငါနားထောင် ပြီးပြီဆိုတော့ မင်းကတကယ်ပဲ သနားစရာ မိန်းကလေးငယ်လေးဆိုတာ ငါသိပြီးပြီလေ"

လင်းဟန်က ပခုံးတွန့်ပြီးတော့ လှည့်ထွက်သွားလိုက်ပါတယ်။

အဲဒီအချိန်မှာ ဟူးညိုက ကျူးရှမ်အာကို မျက်နှာပြောင်ပြပြီးတော့ လင်းဟန်နောက်ကို ပြေးလိုက်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ အင်္ကျီစကို ကိုင်ပြီးတော့ သူမက တစ်ခစ်ခစ်နဲ့ ရယ်မောလိုက်ပါတယ်။

"သေစမ်း သေစ်မး သေစမ်း"

ကျူးရှမ်အာက သူမအနေနဲ့ ရူးသွပ်သွားသလိုတောင် ခံစားလိုက်ရပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ယောက်ကျားတစ်ယောက်ကြောင့် ဒေါသတွေ ထွက်နေရတာပါလိမ့်။ သူက တကယ်ပဲ အရမ်းကို စိတ်တိုဖို့ ကောင်းပါတယ်။ သူ့ကို တစ်စုံတစ်ခုနဲ့ ပစ်ပေါက်ပစ်ချင်စိတ်တောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်ကတော့ အရမ်းကို စိတ်ကျေနပ် ပျော်ရွှင်လို့နေပါတယ်။ အမှောင်နတ်ဆိုး တောအုပ်ကို ထွက်လာခဲ့တဲ့ ဒီခရီးစဉ်က တကယ့်ကို ပြီးပြည့်စုံလွန်းပါတယ်။ ဒီခရီးကနေ ရောမ

အကျိုးအမြတ်တွေ ရရှိခဲ့ရုံတင်မက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကိုပါ တစ်ပတ်ရိုက် နိုင်ခဲ့ပြီး ကြီးမားတဲ့ ပြဿနာကြီး တစ်ခုကို ဖြေရှင်းနိုင်ခဲ့ပါတယ်။ သူက မိုးရေကေရာဇ်နဲ့လည်း နောက်တစ်ကြိမ် ဆုံတွေ့ခဲ့ပါတယ်။ ဒီလှွမ်းမိုးနိုင်စွမ်းရှိတဲ့ ကေရာဇ်က သူရဲ့ အုပ်ချုပ်သူ တစ်ယောက်ဖြစ်တဲ့ လမ်းကြောင်းကို ချထားပြီးပါပြီ။ သူရဲ့အနာဂတ် အောင်မြင်မှုက အကန့်အသတ် မရှိတော့ပါဘူး။

လင်းဟန်က ဟူးညိုကို ခေါ်ပြီးတော့ ယန်စွမ်းအားမြင့် မြို့ဆီကို ပြန်လာခဲ့ပါတယ်။ တကယ်လို့ ရင်လန်က အရွက်ကိုးခုအနက်ရောင် ဆေးပင်ကို သူ့အတွက် ရယူနိုင်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ မူလစိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်နိုင်ပါလိမ့်မယ်။

ကျူးရှမ်အာက သူတို့ကို လိုက်မိသွားပြီးတော့ လင်းဟန်ရဲ့ဘေးကနေ ခရီးထွက်လာခဲ့ပါတယ်။ ဒါက ဟူးညိုကို အရမ်းပဲ မပျော်မရွှင် ဖြစ်စေပါတယ်။ သူမက ဒီအမျိုးသမီးက သူမရဲ့ နောက်ပိုင်း ခန္ဓာကိုယ်ကို လှုပ်ခါပြီးတော့ လမ်းလျှောက်နေတာက တကယ်ပဲ စိတ်အနှောင့်အယှက် ဖြစ်စေပါတယ်။ ဘာဖြစ်လို့ ဒီအမျိုးသမီးက သူမရဲ့ လင်းဟန်ကို ဆွဲဆောင်ဖို့ ကြိုးစားနေ ရတာလဲ။

လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို ပြောင်းရွှေ့စိုက်ပျိုး ပြီးသွားပါပြီ။ ဒီစိတ်ဂိညာဉ် ဆေးပင်က အပြည့်အဝ အရွယ်ရောက် နေပါပြီ။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ထဲမှာ ရက်အနည်းငယ် စိုက်ပျိုးပြီးတဲ့နောက်မှာတော့ ၎င်းက လုံလောက်တဲ့ အရွယ်ကို ရောက်သင့်ပါပြီ။ ဒါကြောင့် လင်းဟန်က ယန်စွမ်းအားမြင့်မြို့ကို ရောက်တဲ့အခါကျရင် ဒီစိတ်ဂိညာဉ် ရိုးတံက အပြည့်အဝ အရွယ်ရောက် ကြီးထွားနေပေမဲ့ အသီးသုံးလုံးကို ၎င်းရဲ့ အသက်ဓာတ်တွေ အားလုံး ပြောင်းထည့်ပေးလိုက်ရ သလိုမျိုး ဖြစ်သွားပြီး အဓိကပင်စည်က အရမ်းကို လျင်မြန်စွာနဲ့ ညှိုးနွမ်းခြောက်သွေ့လာပါတယ်။

အသီးကို အသုံးပြုလို့ မရနိုင်ပါဘူး။ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရဲ့ တန်ဖိုးက ၎င်းရဲ့ ပင်စည်အပေါ်မှာ မူတည်ပါတယ်။ ဒါပေမဲ့လည်း ဒီသစ်သီးသုံးခုက တစ်လကြာတဲ့ အခါမှာ လင်းဟန်အနေနဲ့ နှစ်ပေါင်း တစ်ရာသက်တမ်းရှိတဲ့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်သုံးခုကို ရရှိနိုင်တယ်လို့ ဆိုလိုတာပါပဲ။

အဲဒီအချိန်ကျရင် သူက တစ်ခုအသုံးပြုပြီးတော့

နောက်တစ်ခုကို ကျူးရှမ်အာကို ရောင်းချလို့ ရပါပြီ။ သူက နောက်ဆုံးတစ်ခုကို ချန်ထားပေးပြီးတော့ နောက်ပိုင်းမှာ သူ့အနေနဲ့ ဒီဆေးပင်ကို မရှိတော့မှာ ပူစရာ အကြောင်း မရှိပါဘူး။

သူက တည်းခိုခန်းကို ပြန်လာခဲ့ပေမဲ့ လွှီယုထန်နဲ့ တခြားသူတွေ ပြောင်းရွှေ့သွားခဲ့တာ ကြာလှပြီ ဆိုတာကို ရှာဖွေတွေ့ရှိ သွားခဲ့ါတယ်။ ဒါပေမဲ့လည်း လင်းဟန်အတွက် သူတို့က စားပွဲထိုးကို လိပ်စာတစ်ခု ချန်ထားပေးခဲ့ပါတယ်။ လွှီယုထန်နဲ့ လီစီရှန်းတို့ရဲ့ ဆုံးဖြတ်ချက်ကြောင့် နောက်ဆုံးတော့ သူတို့အတွက် အိမ်အသစ် တစ်လုံးကို ရှာတွေ့သွားခဲ့ပါပြီ။

ယန်စွမ်းအားမြင့်ကို သူတို့ရောက်တဲ့အခါမှာ ကျူးရှမ်အာက တစ်လမ်းသွားပြီး လင်းဟန်ကတော့ အိမ်အသစ်ဆီကို သွားခဲ့ပါတယ်။

သူတို့ရဲ့အိမ်အသစ်က မြို့ရဲ့ အရှေ့ဘက်အစွန်းပိုင်းမှာ တည်ရှိပါတယ်။ အပြင်ဘက်မှာ ကြည့်ရတာတော့ သာမန်ပါပဲ။ ဒါပေမဲ့ အထဲမှာတော့ အတော်အတန် ကြီးမားတဲ့ ရေကန်တစ်ခု ရှိပါတယ်။ ရေကန်ရဲ့ ဘေးတစ်လျှောက်မှာ မိုးမခပင်တွေ ရှိပြီးတော့ အရမ်းကို

သာယာလှပတဲ့ ရှုမြင်ကွင်းတစ်ခု ဖြစ်ပေါ်စေပါတယ်။ ဒဲ့ဒါ့အပြင် စကြံလမ်းတွေနဲ့ မျှော်စင်တွေ ရေကန်ထဲက ရှုခင်းကြည့်တဲ့ စံအိမ်လေးတွေနဲ့ ကျောက်တုံးတံတားတွေက အရမ်းကို လှပပြီး ရင်သပ်ရှုမော ဖွယ်ရာ ကောင်းလှပါတယ်။

သူတို့က အပြင်ဘက်မှာ တံခါးစောင့်ဖို့ အစောင့်အကြပ်တွေကိုလည်း ငှားရမ်းထားခဲ့ပါတယ်။ အစောင့်တွေက လင်းဟာန်ကို တားဆီးလိုက်ပါတယ်။ ဒါက ဟူးညီကို မကျေမနပ် ဖြစ်သွားစေပြီး သူမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာကို ထုတ်ဖော်ပြီး သူတို့ကို ကိုက်ပစ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ကံကောင်းတာက ကျူးပူကျို့က အလျင်အမြန်ပဲ ထွက်လာပြီးတော့ လင်းဟာန်ကို အိမ်တော်ထဲကို ကြိုဆိုခဲ့ပါတယ်။ နောက်ပြီးတော့ သူကပဲ အစောင့်အကြပ်တွေကို ဒါကမှ လင်းအိမ်တော်ရဲ့ စစ်မှန်တဲ့ အရှင်သခင်ဆိုတာကို သတိပေးပြောကြားခဲ့ပါတယ်။

သူတို့က စံအိမ်ထဲမှာ အလုပ်လုပ်ဖို့အတွက်ကိုလည်း အစေခံတွေကို ခန့်အပ်ထားပါသေးတယ်။ တကယ်တော့ စံအိမ်က အရမ်းကို ကြီးမားပြီးတော့ လို့ယုထန်နဲ့ တခြားသူတွေက သူတို့ လုပ်စရာ ကိစ္စတွေ ဖြစ်တဲ့ ကျင့်ကြံခြင်းနဲ့ ဆေးလုံးဖော်စပ်ခြင်းတွေကို လုပ်နေရတဲ့

အတွက်ကြောင့် တခြား အိမ်နဲ့ပတ်သက်တဲ့ ကိစ္စအသေးအမွှားလေးတွေကို လုပ်ဖို့အတွက် ဘယ်လိုလုပ်ပြီးတော့ သူတို့မှာ အချိန်ပိုတွေ ရှိမှာလဲ။

မကြာခင်မှာ လှီယုထန်နဲ့ တခြားသူတွေက ထွက်လာပြီးတော့ လင်းဟာန်ကို ကြိုဆိုကြပါတယ်။

လင်းဟာန်က လက်ရှိအခြေအနေကို အတော်လေး အံ့သြနေပါတယ်။ ဒါက ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင် ဒါမှမဟုတ် မော်ဆေးဘုရင် ဆေးဆိုင်လိုမျိုး လှီယုထန်ရဲ့ ဂရုစိုက်မှုကြောင့် သူတို့ကို ဘယ်သူကမှ တမင်မကြံစည်ရဲကြတော့ပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်ထွက်သွားတာ အချိန်အတော်ကြာပြီ ဖြစ်လို့ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်မှာ ပါဂင်ပစ္စည်းတွေ ကုန်လုမတတ် ဖြစ်သွားခဲ့ပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့ တစ်လလောက်က သူတို့အနေနဲ့ အဲဒီဟင်းပွဲတွေကို ရောင်းချတဲ့ အခါမှာ အကန့်အသတ်နဲ့ပဲ ရောင်းချကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အခုချိန်မှာ ရောင်းချစရာ ပါဂင်ပစ္စည်း ရှိတော့မှာ မဟုတ်ပါဘူး။

မော်ဆေးဘုရင် စံအိမ်အတွက်လည်း အတူတူပါပဲ။ လင်းဟာန်ဖော်စပ်ပေးခဲ့တဲ့ အဆင့်မြင့် မော်ဆေးလုံးတွေက

ရောင်းချလို့ ကုန်သွားပါပြီ။ ပြီးတော့ လီစီရှန်းက မော်ဆေးပညာမှာ ပါရမီရှိတယ် ဆိုပေမဲ့လည်း မော်ဆေးကေရောဇ်နဲ့တော့ အရမ်းကို ဝေးကွာလွန်းပါသေးတယ်။

ကံကောင်းတာက နောက်ဆုံးတော့ လင်းဟန်က ပြန်ရောက်လာခဲ့ပါပြီ။

စီးပွားရေး ကိစ္စတွေက အလျင်အမြန်ပဲ ပြန်လည်ဦးထောင်လာပါတော့မယ်။ လင်းဟန်က လတ်ဆတ်တဲ့ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေ အများကြီး အနက်ရောင် မျှော်စင်ကနေ ထုတ်ယူပြီးတော့ ကျူးပူကျို့ကို စားသောက်ဆိုင်ဆီကို ပို့ခိုင်းလိုက်ပါတယ်။ မော်ဆေးလုံးတွေ အတွက်ကတော့ သူ့မှာ အချိန်ရှိတဲ့အခါကျရင် အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ဖော်စပ်ရပါလိမ့်မယ်။ တကယ်တော့ မော်ဆေးလုံးတွေ ဖော်စပ်ဖို့အတွက်က သူတို့အနေနဲ့ အချိန်လိုအပ်ပြီးတော့ အစားအသောက် ပါဝင်ပစ္စည်းတွေလို ဆွဲထုတ်ယူလို့ မရနိုင်ပါဘူး။

နေ့လယ်စာ စားတဲ့အချိန်မှာပဲ ကုန်းယဲ့ထျန်းက မဖိတ်ခေါ်ပဲနဲ့ ရောက်ရှိလို့ လာခဲ့ပါတယ်။

သူက ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်မှာ ရောင်းချတဲ့ အစားအသောက် ကောင်းတွေကို စွဲနေခဲ့ပါပြီ။ သူတို့က ဟင်းပွဲတွေကို အကန့်အသတ်နဲ့ ရောင်းချတဲ့အခါမှာ သူ့အနေနဲ့ ဒီအရမ်းကို အရသာရှိတဲ့ ဟင်းပွဲတစ်ပွဲကိုပဲ စားနိုင်ပါတော့တယ်။ သူရဲ့ ပါးစပ်က ဘယ်လိုလုပ်ပြီးတော့ သည်းခံနိုင်မှာလဲ။ ဒါကြောင့် အသားအတွက် သူတို့ဆီကို နေ့တိုင်းပဲ ရောက်လာခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွီယုထန်နဲ့ တခြားသူတွေကလည်းပဲ ဇီဇာကြောင်သူတေါ ဖြစ်ကြပြီးတော့ အနက်ရောင် မျှော်စင်ထဲက အသားတွေနဲ့ အစားအသောက် ပါဂင်ပစ္စည်းတွေနဲ့ ပြုလုပ်တဲ့ ဟင်းပွဲတွေကိုပဲ စားသောက်ကြပါတယ်။

လင်းဟန်ပြန်လာတာကို မြင်တွေ့လိုက်ရတဲ့အခါမှာ ဒီကောင်က ချက်ချင်းပဲ သူ့ကို ခုန်အုပ်ပြီးတော့ အော်ဟစ်မြည်တမ်းလိုက်ပါတယ်။

"ညီအစ်ကို နောက်ဆုံးတော့ မင်းပြန်လာပြီပေါ့။ ငါမင်းရဲ့ အသားကို စောင့်နေတာ သေလုနီးပါး ဖြစ်နေပြီ"

လင်းဟန်ရဲ့ အမူအရာက မည်းမှောင်သွားခဲ့ပါတယ်။ ဒီကောင်က ဘာအကြောင်းတွေ ပြောနေတယ်

ဆိုတာကိုရော သိရဲ့လား။ ဒီကောင်က သူ့ရဲ့အသားကို စားချင်နေတာလား။

လင်းဟန်က ဒီနေ့မှ ပြန်ရောက်လာခဲ့တာပါ။ ဒါကြောင့် လူတိုင်းက သူတို့ရဲ့ အထောက်အပံ့ အတွက် ပတ်သက်ပြီးတော့ စကားစမြည် ပြောနေဖို့ မလိုပါဘူး။ အရမ်းကို အရသာရှိပြီးတော့ အနံ့မွှေးတဲ့ ဟင်းပွဲတွေ ရောက်လာတာနဲ့ သူတို့ရဲ့ အသားစစ်ပွဲကို စတင်ကြပါတော့တယ်။ သူတို့အားလုံးရဲ့ အစာအိမ်တွေ ပြည့်ပြီးတော့ ဗိုက်တွေ ပူလာတဲ့အထိ စားသောက်လိုက် ကြပါတယ်။ ကုန်းယဲ့ထျန်း ပြန်သွားပြီးတဲ့ နောက်မှာတော့ လင်းဟန်က သူတို့အားလုံးကို သူရဲ့ အနားမှာ စုစည်းလိုက်ပါတယ်။

"ဒါက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးပဲ"

လင်းဟန်က ပြောလိုက်ပြီးတော့ ၎င်းရဲ့ အာနိသင်ကိုလည်း ရှင်းပြလိုက်ပါတယ်။

ဒါက အားလုံးကို အံ့အားသင့် သွားစေခဲ့ပါတယ်။ တကယ်လို့ သူတို့က ဒီကျောက်တုံး သေးသေးလေးကို သန့်စင်လိုက်မယ်ဆိုရင်နောက်ပိုင်းမှာ

အဆင့်ချိုးဖျက်တက်ရောက်တဲ့ အခါကျရင် တိုက်ပွဲကြယ် လေးလုံး ဒါမှမဟုတ် ငါးလုံးတောင် အပိုရရှိပါလိမ့်မယ် ဟုတ်လား။ ဒါက တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုက ဒီကျွှမ်ာကြီးထဲမှာ ရှိနေရတာလဲ။

သူတို့တွေက မိုးရေနိုင်ငံက လူတွေဖြစ်ပါတယ်။ သူတို့ရဲ့ အကန့်အသတ်ရှိတဲ့ ဗဟုသုတတွေအရ သူတို့အနေနဲ့ ဒီလိုမျိုး ရတနာတစ်ခု အကြောင်းကို မကြားဖူးဘူး ဆိုတာက သဘာဝ ကျပါတယ်။

အားလုံးက အရမ်းကို စိတ်လှုပ်ရှားလို့ နေကြပါတယ်။ ပန်းဖူးအဆင့်နဲ့ စိတ်ဂိဉာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် ကျင့်ကြံသူတွေတောင်မှ ဒီလိုမျိုး ရတနာ တစ်ခုကို သူတို့ရဲ့ ကိုယ်ပိုင် ဂျူနီယာလေးတွေရဲ့ စွမ်းရည်ကို မြှင့်တင်ပေးနိုင်အောင် ကူညီပေးဖို့ တိုက်ခိုက်ကြပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်ကတော့ ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက်တုံးကိုးခုတောင် ရရှိခဲ့ပါတယ်။ ဒါက တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

သူတို့က ကြည်ညိုလေးစားမှုတွေ ပြည့်နှက်နေပြီးတော့

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး အပိုင်းစကိုယ်စီကို ဂါးမျိုလိုက်ကြပါတယ်။ သူတို့အနေနဲ့ အမိက အဆင့်ကြီး တစ်ခုကို ချိုးဖျက်ဖင်ရောက်တဲ့ အခါကျရင် သူတို့ရဲ့ တိုက်ပွဲအစွမ်းတွေက ထိုးတက်သွား ပါလိမ့်မယ်။ ဒါကို လွှီယုထန်နဲ့ ကျူးပုကျို့တို့က အစောဆုံးသက်သေ ပြပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့နှစ်ယောက်စလုံးက နွေဦးစမ်းရေ အလွှာ ကိုး အဆင့်မှာ ရောက်နေလို့ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အခြေခံက ပြီးပြည့်စုံလုနီးပါး ဖြစ်နေပြီး အချိန်မရွေး အဆင့်တက်ဖို့ အဆင်သင့် ဖြစ်နေကြပါပြီ။

ကန်းရီကတော့ ပိုပြီးတော့ နောက်ကျပါလိမ့်မယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် ဒုတိယ အလွှာကို ချိုးဖျက်ဖင်ရောက်ကာစပဲ ရှိသေးပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်ဖို့က အတော်ဝေးဝေးကို လိုပါသေးတယ်။ ကွမ်းယွမ်ကတော့ ပိုပြီးတော့ ဆိုးပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူရဲ့ ကျင့်ကြံခြင်းက အသစ်ဖြစ်ပြီးတော့ သူရဲ့တိုက်းတက်မှုနှုန်းက ကန်းရီထက် ပိုမြန်ပါတယ်။ ဒါပေမဲ့လည်း သူရဲ့ ကျင့်ကြံခြင်းက ပြန်လည်လျော့ကျလာခဲ့တာ ဖြစ်တဲ့အတွက် တကယ်လို့ သူက နောက်တစ်ကြိမ် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဖင်ရောက် သွားတဲ့ အခါမှာ သူရဲ့မူလစွမ်းရည်ကို

ပြန်လည်ကုသ ရလိမ့်ဦးမှာ ဖြစ်ပြီးတော့ အဆင့်တက်လို့ မရပါဘူး။ ဒါကြောင့် ကောင်းကင်ဘုံကံကောင်းခြင်း ကျောက်တုံးရဲ့ အကျိုးရလဒ်ကို သူ့အနေနဲ့ ပန်းဖူး အဆင့်ကိုချိုးဖျက် ဝင်ရောက်သွားတဲ့ အချိန်ကျမှပဲ မြင်တွေ့နိုင်ပါလိမ့်မယ်။

တစ်ဖက်က လီစီရှန်း အနေနဲ့ကတော့ သူမက ဒီကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို မျိုချဖို့ ဆန္ဒမရှိပါဘူး။ သူမအတွက်တော့ ဒါက အရမ်းကို ဖြုန်းတီးမှု တစ်ခုလို့ ထင်နေပါတယ်။ သူမရဲ့ ကျင့်ကြံခြင်း အဆင့်တိုးတက်မှုက သူမအတွက်တော့ မှော်ဆေးလုံးတွေ ဖော်စပ်နိုင်လို့ ရရင် လုံလောက်ပါလိမ့်မယ်။ သူမတွက် အရမ်းကို အစွမ်းထက်တဲ့ တိုက်ပွဲအစွမ်းက တကယ်ပဲ အများကြီး သုံးစရာ မလိုပါဘူး။

အပိုင်း(၄၂၆) ထန်ဒူ မိုးကြိုးကြယ် အစီအရင် အခင်းအကျင်း

လင်းဟာန်က သူမကို အတင်းအကျပ် မတိုက်တွန်းခဲ့ပါဘူး။ လီစီရှန်းအနေနဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သန့်စင်တာက တကယ်ပဲ အတော်လေးကို ဖြုန်းတီးရာ ရောက်ပါတယ်။ သူမက ဒါကို မလိုချင်မှတော့ သူတို့ရဲ့ ဘေးမှာပဲ ထားထားရုံပဲပေါ့။ ဘယ်လိုပဲ ဖြစ်ဖြစ်

ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ အမျိုးအစားက အံ့မခန်းနိုင်လောက်တဲ့ တန်ကြေး တစ်ခုကို ရရှိစေပါတယ်။

သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ကို သွားပြီးတော့ အရွက်ကိုးခု အနက်ရောင် ဆေးပင်ရဲ့ သတင်းအကြောင်းကို မေးမြန်းစုံစမ်းလိုက်ပါတယ်။ သူရဲ့မေးမြန်းစုံစမ်းမှု ရလဒ်က မမျှော်လင့် ထားပဲနဲ့ အရမ်းကို ကျေနပ်စရာ ကောင်းခဲ့ပါတယ်။ ရင်ဟောင်က အရွက်ကိုးခု အနက်ရောင် ဆေးပင်ရဲ့ သတင်းတချို့ကို ရရှိခဲ့ပါတယ်။ ပြီးတော့ ၎င်းကို တစ်လ ဒါမှမဟုတ် နှစ်လ အချိန်အတွင်းမှာ ရယူနိုင်ပါလိမ့်မယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘာမှလုပ်စရာ အကြောင်း မရှိတော့ပါဘူး။ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင် တစ်ခုက အရမ်းကို တန်ဖိုးကြီးမားပြီး ရင်ဟောင်က မြောက်ပိုင်း စိတ်ဂိညာဉ် ရတနာ စံအိမ်အရှင်သခင်ရဲ့ အချစ်ဆုံး သမီးတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ အသုံးပြုနိုင်တဲ့ အစွမ်းက အကန့်အသတ် ရှိတယ်လို့ ဆိုလိုပါတယ်။ ပိုပြီးတော့ အရေးကြီးတာက စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ စံအိမ်အခွဲ အရှင်သခင်ဆိုတာက လုံးဂဥသုံ အာဏာရှိတဲ့ လူတစ်ယောက်လို့ မဆိုလိုပါဘူး။ တကယ်တော့ စိတ်ဂိညာဉ် ရတနာ စံအိမ်ဆိုတာက

အရမ်းအရမ်းကို ကြီးမားတဲ့ အဖွဲ့အစည်း တစ်ခုပဲ ဖြစ်ပါတယ်။

ဒါက တစ်လ ဒါမှမဟုတ် နှစ်လပဲ စောင့်ရမှာ ဖြစ်ပါတယ်။ လင်းဟန်က စောင့်ဖို့အတွက် ဆန္ဒ ရှိပါတယ်။ နောက်ပြီးတော့ တစ်လခန့် ကြာတဲ့အခါမှာ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် ဇယားက နောက်တစ်ကြိမ် ပြန်ဖွင့်ပါလိမ့်မယ်။ ပြီးတော့ လင်းဟန်က ပါဝင်ယှဉ်ပြိုင်ဖို့ စိတ်မဝင်စားဘူး ဆိုပေမဲ့လည်း ဒီခေတ်ရဲ့ ပါရမီရှင်တွေက ဘယ်လောက်တောင် သန်မာသလဲ ဆိုတာကို သူ့အနေနဲ့ မြင်တွေ့ချင်ပါသေးတယ်။

"ကောင်းပြီလေ။ မင်းမှာ နောက်ထပ် အစီအရင် နည်းစနစ်တွေ ရှိသေးလား။ ငါက အဲဒီဟာတွေနဲ့ အလဲအလှယ်လုပ်ဖို့အတွက် သိုင်းပညာ နည်းစနစ်တွေနဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ ထုတ်ပေးနိုင်သေးတယ်"

လင်းဟန်က မေးလိုက်ပါတယ်။

ရင်ဟောင်ရဲ့ မျက်လုံးတွေ ပိုင်းစက်သွားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ငါ့ကို ဒီလိုမျိုး လေသံနဲ့ မပြောနဲ့။ အဲဒီလေသံကို

ကလေးတွေကိုပဲ သွားပြောချည်”

“ပစ္စည်းကောင်းတွေကို တစ်ချက်လောက် ကြည့်လိုက်ပါဦး”

လင်းဟန်က သူ့ရဲ့ညာဘက်လက်ကို ဖော့ယမ်းလိုက်တဲ့အခါမှာ ချက်ချင်းဆိုသလို သိုင်းပညာ နည်းစနစ် ဆယ်အုပ်က စားပွဲပေါ်မှာ ပေါ်လာခဲ့ပါတယ်။ စာအုပ် တစ်အုပ်စီတိုင်းက မြေကြီးမှာ အဆင့်မှာ ရှိပါတယ်။

ရင်ဟောင်က အားလုံးကို လှန်လှောကြည့်လိုက်ပြီး မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူမက မေးလိုက်ပါတယ်။

“နင် ဒီလောက်တောင်များတဲ့ သိုင်းပညာ နည်းစနစ်တွေကို ဘယ်နေရာကနေ ခိုးလာတာလဲ”

“ဒါကို စိုးရိမ်စရာ မလိုပါဘူး။ နင်အလဲအလှယ်လုပ်ဖို့ ဆန္ဒရှိသလား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ရင်ဟောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူမက

ပြောလိုက်ပါတယ်။

"အရင်တုန်းက ငါနင့်ကို ထျန်းယွမ် စိတ်ဂိညာဉ် မြွေအလင်းတန်း အစီအရင်ကို ပေးခဲ့တယ် မဟုတ်လား"

"ငါအဲဒါကို လေ့လာပြီးသွားပြီ"

လင်းဟန်က သာမန်ကာလျှံကာပဲ ပြောလိုက်ပါတယ်။

အဟွတ်။

ရင်ဟောင်က ချက်ချင်းဆိုသလိုပဲ ပါးစပ်အပြည့် လက်ဘက်ရည်တွေ ထွေးထုတ်လိုက်ပါတယ်။ သင်ပြီးသွားပြီ ဟုတ်လား။ သူက ဒီနေရာမှာ ဘယ်လိုဟာသတွေ လာပြီးတော့ ပြောနေတာလဲ။ ဒါက အဆင့်လေး အစီအရင် အခင်းအကျင်း နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ သူက လအနည်းငယ်လောက်နဲ့ လေ့ကျင့်သင်ကြားလို့ ပြီးသွားပြီ ဟုတ်လား။ လူတစ်ယောက် အနေနဲ့ နားလည်ထားရမှာက အစီအရင်အခင်းအကျင်းကို တစ်ညလုံးလေ့လာသင်ကြားလို့ မရနိုင်ပါဘူး။ ပထမ အဆင့်အနေနဲ့ အဆင့်တစ် အခင်းအကျင်း အစီအရင် ပုံစံကို အရင်ဆုံး လေ့လာသင်ကြား ရပါမယ်။ ပြီးမှ အဆင့်နှစ် အဆင့်သုံး

အဲဒါပြီးမှ အဆင့်လေးကို သင်ကြားရပါလိမ့်မယ်။

ပုံမှန်အားဖြင့်တော့ အဆင့်တစ် အခင်းအကျင်း အစီအရင်ကို လေ့ကျင့်သင်ကြားဖို့က တစ်လ နှစ်လခန့် အချိန်ဆိုရင် လုံလောက်ပါတယ်။ ဒါပေမဲ့ အဆင့်နှစ်ကို သင်မယ်ဆိုရင် အနည်းဆုံး တစ်နှစ်ကနေ နှစ်နှစ်ခန့် လိုအပ်ပါတယ်။ အဆင့်သုံးကို သင်ယူမယ်ဆိုရင်တော့ လေးနှစ်ကနေ ငါးနှစ်လောက် လိုအပ်ပြီး အဆင့်လေးကို အောင်အောင်မြင်မြင်နဲ့ လေ့ကျင့်သင်ကြားဖို့ ဆိုရင်တော့ ဆယ်နှစ်နဲ့အထက် လိုအပ်ပါလိမ့်မယ်။ ၎င်းက အစပိုင်းမှာ လွယ်ကူပါလိမ့်မယ်။ ဒါပေမဲ့ နောက်ပိုင်း အဆင့်တက်လာတာနဲ့အမျှ တိုးတက်မှု နှုန်းက ပိုပြီးတော့ နှေးကွေးလာ ပါလိမ့်မယ်။

ဒါကြောင့် အခင်းအကျင်း နည်းစနစ်တွေက အထောက်အကူပြုတဲ့ နည်းစနစ်တွေပဲ ဖြစ်ပြီးတော့ ဘယ်သူကမှ အခင်းအကျင်း နည်းစနစ်တွေကိုပဲ မလေ့ကျင့်ပါဘူး။

ရင်ပောင်က အခင်းအကျင်း နည်းစနစ်ရဲ့ ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ သူမက သေးငယ်သောထျန်းယွမ်စိတ်ဂိညာဉ် မြွေအလင်းတန်းကို

အပြည့်အဝ ဖမ်းဆုပ်နိုင်ဖို့ သုံးလတောင် အချိန်ပေးခဲ့ရပါတယ်။ ဒီအချက်အလက်တွေ အပေါ်မှာ အခြေခံပြီး သူမက အဆင့်လေး အခင်းအကျင်း အစီအရင်ရဲ့ ပမာဏ တော်တော်များများကို ဖမ်းဆုပ်နိုင် ခဲ့ပါတယ်။

"နင်ကဖြီးဖြန်းနေတဲ့ လေကြွားပဲ"

သူမက လင်းဟန်ကို မယုံကြည်ပါဘူး။

လင်းဟန်က အနည်းငယ် ပြုံးပြီးတော့ သူရဲ့ညာဘက်လက်ကို ဖြန့်လိုက်ပါတယ်။ ရွှေရောင်ပုံစံ တုတ်ချောင်း ခုနစ်ချောင်း ပေါ်လာပြီး သူရဲ့ အသိဉာဏ်ထဲမှာ သေးငယ်သောထျန်းယွမ် စိတ်ဂိညာဉ် မြွေအခင်းအကျင်း အစီအရင် ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ သဘာဝရဲ့ စွမ်းအင်တွေက ပန်းထွက်လာပြီး ရုတ်တရက် ဆိုသလို အဖြူရောင် မြွေတစ်ကောင် ထွက်ပေါ်လာခဲ့ပါတယ်။

"ဘာ"

ရင်ဟောင်က အမှတ်တမဲ့နဲ့ မတ်တတ်ထရပ်လိုက်ပါတယ်။ သူမရဲ့ လှပတဲ့ မျက်လုံးတွေက ပိုင်းစက်နေပြီး ပြောလိုက်ပါတယ်။

"နင် နင် နင်က မွန်းစတား တစ်ကောင်ပဲ ဖြစ်ရမယ်"

"ဟော့ဟော့ဟော့ တကယ်လို့ ငါတို့တွေ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းကြတယ် ဆိုရင်တောင် တကယ်လို့ မင်းကင့်ါကို အဲဒီလိုမျိုး စော်ကားတာက ဒေါသထွက်စေတယ်နော်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ရင်ပောင်ရဲ့ ပုံစံကိုကြည့်ရတာ အံ့ဩမှင်တက်နေပုံ ရပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အခင်းအကျင်း နည်းစနစ်ရဲ့ ပါရမီရှင် တစ်ယောက်လို့ ကိုယ့်ကိုကိုယ် ထင်မှတ်ထားခဲ့တာ။ ဒါပေမဲ့ နင်နဲ့ နှိုင်းယှဉ်လိုက်မှပဲ ငါက ငတုံးတစ်ယောက်လို့ ကိုယ့်ကိုကိုယ် ခံစားမိတယ်"

"သေချာတာပေါ့။ ငါက ပါရမီရှင် တစ်ယောက်ပဲလေ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

ရင်ဟောင်က သက်ပြင်းချလိုက်ပြီး ပြောပါတယ်။

"နင့်ကိုယ်နင် နည်းနည်းလေးမှတောင် မနိမ့်ချနိုင်ဘူးလား"

"ဒါက အမှန်တရားပဲလေ။ တကယ်လို့ ငါကနိမ့်ချနေမယ်ဆိုရင် ဒါက လေလုံးထွားသလိုမျိုး ဟန်ဆောင်သလို ဖြစ်နေလိမ့်မယ်။ ဟန်ဆောင်တယ်ဆိုတာက တကယ်ပဲ အကျင့်ယုတ်တဲ့ လူတွေကပဲ လုပ်ကြတာပါ"

လင်းဟန်က သရော်သလို လှောင်ပြောင် ပြောဆိုလိုက်ပါတယ်။

ရင်ဟောင်က ချက်ချင်းဆိုသလို ရယ်မောပြီးတော့ သူမရဲ့ လှပတဲ့ ခန္ဓာကိုယ်ကိုလည်း လှုပ်ခါပြီး သူမရယ်လိုက်တိုင်း ခေါင်းလောင်းသံလေးတွေလို အသံလွင်လွင်လေး ထွက်ပေါ်လို့ လာခဲ့ပါတယ်။ သူမက လင်းဟန်ရဲ့ တဏှာရာဂမီးကို ရှို့ပေးနေသလိုမျိုး ဘာကိုမှ စိုးရိမ်ပူပန်ခြင်း မရှိပဲ သူမရဲ့ ရှုက်ဖိုကြီးငယ်နဲ့ ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ်ကို လှုပ်ခါပြီး ရယ်မောနေပါတယ်။ သူက ရမက်တွေ ထကြွလာပြီး သူမကို တွန်းလှဲပစ်မှာကိုတောင် စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ တစ်ခဏမျှ အကြာမှ သူမက

လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"နင့်ရဲ့ အခင်းအကျင်း နည်းစနစ်အဆင့်နဲ့ဆိုရင် နောက်တစ်နှစ် အကြာမှာ ငါ့ထက်တောင်မှ ပိုပြီးတော့ အထင်ကြီးလေးစားစရာ ကောင်းလာလိမ့်မယ်။ ပြီးတော့ အခင်းအကျင်း နည်းစနစ် ပြိုင်ပွဲမှာ အဓိကအင်အားအနေနဲ့ ငါ့ရဲ့ နေရာကိုတောင် ယူနိုင်တယ်"

"ဒါဆိုရင် ငါ့အတွက် တန်ကြေးကို တိုးပြီးတော့ ပေးမှာလား"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

ရင်ဟောင်ရဲ့ ချစ်စရာကောင်းတဲ့ မျက်လုံးတွေ ပိုင်းစက်သွားပြီးတော့ လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"နင့်ကို နည်းနည်းလောက် ချီးကျူးစကား ပြောလိုက်တာနဲ့ပဲ နင်က လပေါ်ကို ရောက်သွားပြီလား ဒါပေမဲ့လည်း အခင်းအကျင်း နည်းစနစ်၊ မှော်ဆေးပညာနဲ့ သိုင်းပညာတွေအတွက်က နယ်မြေတိုင်းက လူသုံးယောက်ကို ပို့လွှတ်ပေးနိုင်တယ်။ ပြီးတော့ အကောင်းဆုံး ရလဒ်ကို အောင်မြင်နိုင်တဲ့ လူကို

အကဲဖြတ်ပြီးတော့ အသုံးပြုနိုင်လိမ့်မယ်။ နင့်ရဲ့ အခင်းအကျင်း နည်းစနစ်မှာ အောင်မြင်မှုတွေ ပိုမြင့်မားရင် ငါတို့အတွက် အခင်းအကျင်း နည်းစနစ်မှာ အမြင့်ဆုံး အမှတ်ရဖို့ ဖြစ်နိုင်ချေရှိတယ်။ ကောင်းပြီလေ ငါနင်နဲ့ အလဲအလှယ် လုပ်ပေးမယ်”

သူမက ရှေးဟောင်းစာအုပ် တစ်အုပ်ကို ဆွဲထုတ်လိုက်ပြီးတော့ လင်းဟန်ရဲ့ အရှေ့မှာ ထားလိုက်ပါတယ်။

“ထန်းဒူမိုးကြိုးကြယ် အခင်းအကျင်း အစီအရင်”

လင်းဟန်က မျက်နှာဖုံးကို မျက်စိ တစ်ချက်ပျှော့ကြည့်လိုက်ပါတယ်။ ဒီစကားလုံးတွေက စာအုပ်ရဲ့ မျက်နှာဖုံးပေါ်မှာ ရေးထားပါတယ်။

“အဆင့်ငါး အလင်းတန်း နည်းစနစ်တစ်ခုပဲ”

ရင်ဟောင်က ပြောလိုက်ပါတယ်။ သူမရဲ့ အမူအရာက မှိုင်းညို့မှောင်ရီနေတဲ့ ပုံစံ ဖြစ်နေပါတယ်။

“ဒါက ငါပေးနိုင်တဲ့ အဆင့်အမြင့်ဆုံး အခင်းအကျင်း

နည်းစနစ်တစ်ခုပဲဖြစ်တယ်။ အဆင့်ခြောက် အခင်းအကျင်း နည်းစနစ်အတွက်ကတော့ အဲဒါကို လေ့ကျင့်သင်ကြားဖို့ ငါ့အဆင့်မမီဘူး။ ဒါပေမဲ့ တကယ်လို့ ငါ့မှာရှိတယ် ဆိုရင်တောင် ငါနင့်ကို သင်ပေးဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ အရမ်းကို တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်”

လင်းဟာန်ကတော့ ကျေနပ်သွားခဲ့ပါတယ်။ အဆင့်ငါး အခင်းအကျင်း နည်းစနစ် တစ်ခုရဲ့ အစွမ်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်နဲ့ ညီမျှပါတယ်။ ပြီးတော့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ ဆံချည်မျှင်လေး တစ်မျှင်စာလောက်ပဲ လိုပါတော့တယ်။ အဆင့်လေး အခင်းအကျင်း နည်းစနစ်က အများကြီး အထောက်အကူ မဖြစ်ပါဘူး။ သိပ်မကြာခင်မှာ သူ့အတွက် အသုံးဝင်တော့မှာ မဟုတ်ပါဘူး။

“သဘောတူတယ်”

လင်းဟာန်က အခင်းအကျင်း နည်းစနစ် စာအုပ်ကို ကောက်ယူပြီးတော့ ထွက်သွားလိုက်ပါတယ်။

ရင်ဟောင်က သူမရဲ့ သွားတွေကို ကျိတ်လိုက်ပါတယ်။

သူမက ဘယ်လိုပဲဖြစ်ဖြစ် အရမ်းကို ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဆွဲဆောင်ညို့ယူ ဖမ်းစားနိုင်လွန်းသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒီကောင်စုတ်က ကန်းနေတာလား။

လင်းဟန်က အခင်းအကျင်း နည်းစနစ် အပေါ်မှာ အရမ်းကို လျင်မြန်စွာနဲ့ အဆင့်တက်လာရတဲ့ အကြောင်းအရင်းက သူ့မှာ ကောင်းကင်အဆင့်ကနေ ကျန်ရစ်ခဲ့တဲ့ နတ်ဘုရား အာရုံ အစွန်းအစ တစ်ခု ရှိနေလို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် သူရဲ့ယခင်ဘဝတုန်းက ရှေးဟောင်း သမိုင်းဝင် နယ်မြေ အမျိုးမျိုးကို ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် သူက အခင်းအကျင်း နည်းစနစ် အကြောင်းကို အများကြီး လေ့လာခဲ့ပါတယ်။ ဒါကြောင့် သူက သုညကနေ စတင်ခဲ့တာ မဟုတ်ပါဘူး။

သူက စာအုပ်ကို လှန်လှောဖတ်ရှုလိုက်ပါတယ်။ ဒီထန်းဒူ မိုးကြိုးကြယ် အလင်းက လျှပ်စီးတိုက်ခိုက်မှု ဖြစ်ပေါ်နိုင်ပါတယ်။ ပြီးတော့ ပုံစံနှစ်ခု ခွဲခြားထားပါတယ်။ ပုံစံတစ်ခုက အဓိက အခင်းအကျင်း ဖြစ်ပြီးတော့ လူတစ်ယောက်က ကျောက်တုံးအခင်းအကျင်း တစ်ရာနဲ့ သုံးဆယ်ခြောက်ခု ခင်းကျင်းဖို့ လိုအပ်ပါတယ်။ အဆင့်ငါး အစီအရင် အဆရာသခင် တစ်ယောက်တောင် ၎င်းကို

လွတ်လွတ်လပ်လပ် ထိန်းချုပ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ၎င်းကို မရဏ အစီအရင် ခင်းကျင်းစီရင်မှု တစ်ခုအဖြစ်ပဲ လုပ်နိုင်မှာ ဖြစ်ပါတယ်။

မရဏအစီအရင်လို့ ခေါ်ဆိုရခြင်းက ဒီအစီအရင်က တောင်ကိုကာကွယ်တဲ့ ကြီးမားတဲ့ အစီအရင်နဲ့ ဆင်တူပါတယ်။ ၎င်းက သတ်မှတ်ထားတဲ့ နေရာမှာပဲ စီရင်ခင်းကျင်း နိုင်တာ ဖြစ်ပြီး ကျူးကျော်ဝင်ရောက်လာတဲ့သူက အစီအရင်ရဲ့ နယ်နိမိတ်ထဲကို ဝင်လာတဲ့ အချိန်ကျမှ အသက်ဝင် လာနိုင်တာမျိုး ဖြစ်ပါတယ်။ အားသာချက်ကတော့ ၎င်းမှာ အလိုအလျောက် အသက်ဝင်လာနိုင်ပြီး ကြီးမားတဲ့ အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ အားနည်းချက် တော်တော်များများလည်း ရှိပါတယ်။ ပထမအချက်က ၎င်းက ရွှေ့လျားလို့ မရပါဘူး။ ဒါကြောင့် နေရာတစ်ခုမှာ ၎င်းကို ခင်းကျင်းလိုက်ပြီဆိုရင် အဲဒီမှာနေရာမှာပဲ ထားရပါလိမ့်မယ်။ ဒုတိယ အချက်က မိတ်ဆွေနဲ့ ရန်သူကို ခွဲခြားနိုင်ခြင်း မရှိပါဘူး။ ဒါကြောင့် လူတစ်ယောက်က ခြေလှမ်းမှားလိုက်တာနဲ့ အစီအရင်က အသက်ဝင်လာပြီးတော့ အဲဒီလူကို တိုက်ခိုက်ပါလိမ့်မယ်။

"ငါတစ်ခုကို ဒီမှာခင်းကျင်းနိုင်တယ်။ ဒါက စိတ်ဝိညာဉ်

ပလ္လင်အဆင့် ဘယ်လိုရန်သူမျိုးကိုမဆို တားဆီးနိုင်တယ်"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ဒါပေမဲ့လည်း အစီအရင် ကျောက်တုံး တစ်ရာသုံးဆယ့် ခြောက်ခုတောင် လိုအပ်ပါတယ်။ အသုံးပြုရမဲ့ ပစ္စည်းတွေ ဘယ်လောက်တောင် လိုအပ်လိမ့်မလဲ။ အခုလောလောဆယ် အချိန်မှာတော့ သူ့အနေနဲ့ သေချာပေါက် ဒီအစီအရင်ကို ခင်းကျင်းနိုင်လိမ့်မှာ မဟုတ်သေးပါဘူး။

နောက်ထပ်ပုံစံတစ်ခုက အထောက်အကူပြုတဲ့ အစီအရင် ခင်းကျင်းမှု တစ်ခုပဲ ဖြစ်ပါတယ်။ ဒီအစီအရင်ရဲ့ စွမ်းအားက အရမ်းကိုနည်းပါးပါတယ်။ ဒါပေမဲ့ ၎င်းက အစီအရင် ကျောက်တုံး သုံးဆယ့်ခြောက်ခုပဲ လိုအပ်တာ ဖြစ်ပါတယ်။ ၎င်းက အဓိက အစီအရင်ကို သိပ်သည်းကျစ်လျစ် ထားတဲ့ ပုံစံလို့ သတ်မှတ်ယူဆလို့ ရပါတယ်။ ဒီအစီအရင်ရဲ့ အားသာချက်ကတော့ အစီအရင် ဆရာသခင်က လုံးဂကို အပြည့်အဂ ထိန်းချုပ်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူဆုံးဖြတ်ချက်အတိုင်း တိုက်ခိုက်ဖို့ အမိန့်ပေးနိုင်ပြီး သေးငယ်သော ထျန်းယွမ်စိတ်ဂိညာဉ် မြွေအစီအရင်နဲ့ တူပါတယ်။

"ကြည့်ရတာ ငါတော့ တော်တော်များများ သုံးရတော့မယ်နဲ့ တူတယ်။ ကံကောင်းတာက အရိုးဖြစ်ပေါ်ခြင်း ဆေးသုံးလုံးကို အဆင့်နှစ် မူလစွမ်းအင် ပုံဆောင်ခဲ ခုနစ်ထောင်နဲ့ လေလံတင်ပြီး အဆင့်တစ် မူလစွမ်းအင် ပုံဆောင်ခဲ ထောင်ဂဏန်းလောက်လည်း ရသေးလို့ပေါ့။ ဒါက ဒီအစီအရင် ကျောက်တုံးတွေကို ဂယ်ဖို့အတွက် လုံလောက်လိမ့်မယ်"

ဒါပေမဲ့လည်း စဉ်းစားကြည့်မယ်ဆိုရင် အစီအရင် ဆရာသခင်တွေက တခြားသူတွေကို ကူညီပြီး ကြီးမားတဲ့ အစီအရင်တစ်ခုကို ခင်းကျင်းပေးပြီးတော့ ပိုက်ဆံရှာကြတာပဲ ဖြစ်ပါတယ်။ အစီအရင်ကို တစ်ကြိမ်ခင်းကျင်းပြီးတာနဲ့ ၎င်းက နှစ်ပေါင်းတစ်ရာကျော်လောက် အသုံးပြုနိုင် ပါလိမ့်မယ်။ ဒါမှမဟုတ် နှစ်ပေါင်းတစ်ထောင် နှစ်ပေါင်းတစ်သောင်းလောက်ထိ အသုံးပြုလို့ ရနိုင်ပါတယ်။ ဒါက မှော်ဆေးလုံးတွေလိုမျိုး ဂါးစားရတဲ့ ပစ္စည်းတစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် အစီအရင် အရှင်သခင်တွေက မှော်ဆေးပညာရှင်တွေလို ပိုက်ဆံအများကြီး ရှာလို့တော့ မရနိုင်ပါဘူး။

"ကံကောင်းတာက ငါက မှော်ဆေးဧကရာဇ် ဖြစ်နေတာပဲ။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ကျင့်ကြံဖို့အတွက် သိုင်းပညာတွေနဲ့ အစီအရင် ကျောက်တုံးတွေကို မွန်းမံသန့်စင်ဖို့ အတွက် ပိုက်ဆံတွေ ဒီလောက်အများကြီးကို ဘယ်နေရာကနေ သွားရှာလို့ ရမှာလဲ"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူကလမ်းမပေါ်ကို လျှောက်လာပြီး သူရဲ့ ဘေးနားမှာ ကျင့်ကြံသူတွေ တော်တော်များများကို တွေ့မြင်လိုက်ရပါတယ်။ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင်ပြိုင်ပွဲက စတင်ပါတော့မယ်။ ဒါက ကျင့်ကြံသူတွေကို လာရောက်ဖို့ ဆွဲဆောင်နိုင် ပါတယ်။ တချို့က ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပြီးတော့ တချို့ကတော့ စိတ်လှုပ်ရှားမှု အပြည့်နဲ့ စောင့်ကြည့်ဖို့ လာကြတာ ဖြစ်ပါတယ်။

"ရှီကုချန် ငါနဲ့လာတိုက်ခိုက်စမ်း"

ကျယ်လောင်တဲ့ အော်သံတစ်ခုကို ကြားလိုက်ရပါတယ်။

"မင်းအရူးပဲ။ ဒါက မြို့တော်ရဲ့ လူအရမ်းရှုပ်တဲ့ လမ်းတစ်ခုပဲ။ တကယ်လို့ ငါတို့တွေ ဒီနေရာမှာ တိုက်ခိုက်မယ်ဆိုရင် လူတွေဘယ်လောက်တောင် သေကုန်မလဲ။

ငါတို့နှစ်ယောက်လုံး ယန်စွမ်းအားမြင့်မြို့ကနေ နှင်ထုတ်ခံရလိမ့်မယ်”

ဒေါသထွက်နေတဲ့ အသံတစ်ခုက ပြန်အော်ဟစ်လိုက်ပါတယ်။

“အခု ငါ့ရဲ့တိုက်ပွဲစိတ်ဝိညာဉ်က မြင့်တက်နေတယ်။ ငါအများကြီး ဂရုမစိုက်နိုင်ဘူး။ လာခဲ့ တိုက်ခိုက်ကြမယ်”

ပုံရိပ်တစ်ခုက အမြင့်ကနေ ခုန်ချလာခဲ့ပါတယ်။ ပုံရိပ်က အတော်လေးကို သေးငယ်ပြီး အရမ်းကို ကြီးမားလေးလံတဲ့ တူကြီးတစ်လက်ကို ကိုင်ဆောင်ထားပါတယ်။ တူက သူ့ရဲ့ ခန္ဓာကိုယ်ထက်တောင်မှ ကြီးမားပြီး ရှည်လျားပါသေးတယ်။

“ငတုံးပဲ”

လူတစ်ယောက်က အဆောက်အအုံရဲ့ ခေါင်းမိုးအပေါ်ကို ခုန်တက်ပြီးတော့ အလျင်အမြန်ပဲ ထွက်ခွာသွားလိုက်ပါတယ်။

အပိုင်း(၄၂၇) ဂျီတဲ့ရှန် အပေါ်မှာ ဆောင့်နင်းခြင်း

ရှီကုချန်က လွန်ခဲ့တဲ့နှစ်က ပါရမီရှင် အဆင့်ဇယားပေါ်မှာ

အဆင့်နှစ်ဆယ် ချိတ်ခဲ့ပါတယ်။ သူရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဝိညာဉ် ပလ္လင်အလွှာ ဒုတိယ အဆင့်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီနေ့မှာ သူ့ကို မြင်တွေ့ရတာကတော့ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ စိတ်ဝိညာဉ် ပလ္လင်အဆင့် လေးအလွှာကို ရောက်ရှိလို့ နေပါပြီ။

ဒါက အတော်လေးကို သဘာဝကျပါတယ်။ ပန်းဖူးအဆင့်အောက်မှာ ကျင့်ကြံခြင်း အမြန်နှုန်းကို မြှင့်တင်ပေးနိုင်တဲ့ မှော်ဆေးလုံးတွေ အများကြီးရှိပါတယ်။ အစွမ်းထက်တဲ့ ဂိုဏ်းတွေအနေနဲ့ ဒီလိုမျိုး ပါရမီရှင်တွေကို အထောက်အပံ့သေချာပေါက် ပေးထားပါလိမ့်မယ်။ ဒါကြောင့် သူတို့ရဲ့ ကျင့်ကြံခြင်း တစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ အရမ်းကို လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ ပြောင်းလဲမှု တစ်ခုကို ဖြစ်ပေါ် နိုင်စေပါတယ်။

ပြီးတော့ သူက စိုးရိမ်ပို လွန်ကဲပြီးတော့ စိတ်အားတက်ကြွနေမှုတွေကို ဖျက်စီးနေသလိုမျိုး ဖြစ်နေပါတယ်။ ရှီကုချန်ရဲ့ ကျင့်ကြံခြင်းက ပိုပြီးတော့ မြင့်မားတယ်ဆိုတာ ဖြစ်နိုင်ချေ ရှိပါတယ်။

ဥပမာ ကျူးရွှမ်အာရဲ့ သတင်းအချက်အလက်တွေက သူမကို စိတ်ဝိညာဉ် ပလ္လင် ဒုတိယ အလွှာလို့ပဲ ညွှန်ပြပြောဆိုထားပေမဲ့ အခုဆို သူမက အံ့အားသင့်စရာ ကောင်းလောက်အောင် စိတ်ဝိညာဉ် ပလ္လင်အလွှာ ငါးအဆင့်ကို တက်ရောက်သွားခဲ့ပါပြီ။ ဒီပါရမီရှင်တွေက

သူတို့ရဲ့ ကျင့်ကြံခြင်းတွေကို လအနည်းငယ် ကြာပြီးတဲ့နောက်ပိုင်း အကြီးအကျယ် ကွဲပြားခြားနား သွားပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က သူတို့ကို အရင်တုန်းက ခန့်မှန်း သုံးသပ်ချက် အပေါ်မှာပဲ အခြေခံပြီးတော့ ကြည့်နေဦးမယ်ဆိုရင် သေချာပေါက် သူတို့တွေရဲ့ လိမ်လည်လှည့်ဖြားခြင်းကို ခံရပါလိမ့်မယ်။
ရှိကုချန်ပြီးတဲ့နောက်မှာ အဆင့်ချိတ်တဲ့သူက ဂျီတဲ့ရုန်ဖြစ်ပါတယ်။ ပြီးတော့ သတင်းအချက်အလက် မှတ်တမ်းတွေ အရတော့ ဂျီတဲ့ရုန်က သူရဲ့အဆင့်ကို လက်ခံဖို့ ဆန္ဒမရှိပါဘူး။ ဒါကြောင့် သူက အမြဲတမ်းလိုလို သူတို့တွေ ဆုံတွေ့တဲ့ အကြိမ်တိုင်း စိန်ခေါ်နေတာပဲ ဖြစ်ပါတယ်။ ဒီလူကောင်သေးသေးလေးက ဂျီတဲ့ရုန် ဖြစ်ပါလိမ့်မယ်။ မှတ်တမ်းပေါ်မှာ သူရဲ့သရုပ်ဖော်ပြချက်က အရမ်းကို တိကျပြီး ကောင်းမွန်ပါတယ်။
ပါရမီရှင်တွေရဲ့ ပြိုင်ပွဲက ပိုပြီးတော့ နီးကပ်လာတာနဲ့ နောက်ခံအင်အား အမျိုးမျိုးရှိတဲ့ ပုံရိပ်တွေက စတင်ပြီးတော့ လူလုံးထွက်ပြ လာကြပါတယ်။
လင်းဟန်ကသူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ကန်းရှီ၊ လွီယုထန်နဲ့ ကျူးပုကျို့တို့ အားလုံးပဲ ဒီတစ်ကြိမ် ပါရမီရှင် ပြိုင်ပွဲမှာ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ချင်ခဲ့ပါတယ်။ ဒီ့အပြင် သူတို့တွေက ရည်မှန်းချက် အကြီးကြီး ရှိကြပါတယ်။ သူတို့က ဒီပါရမီရှင် အဆင့်ဇယားမှာ နေရာရရှိချင်ရုံသာမက

အဆင့်မြင့်တဲ့ နေရာတစ်ခု အတွက်လည်း တိုက်ခိုက်ချင်ကြပါတယ်။ ဒါပေမဲ့ ဒီအရာတွေကို အခုကြည့်ရတာတော့ သူတို့မှာ မျှော်လင့်ချက် အများကြီး မရှိပါဘူး။

အစောပိုင်းတုန်းက ကန်းရီရဲ့ ကျင့်ကြံခြင်းက အမြင့်ဆုံး ဖြစ်ပြီးတော့ သူ့အနေနဲ့ အဆင့်သတ်မှတ်မှုမှာ နေရာကောင်းတစ်ခု ရရှိဖို့ မြင့်မားတဲ့ အခွင့်အရေးရှိပါတယ်။ ဒါပေမဲ့လည်း သူက စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ချိုးဖြတ်ပြီးမှ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သန့်စင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို မချိုးဖျက်နိုင်သရွေ့တော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ အာနိသင်တွေက သူ့အပေါ်မှာ သက်ရောက်နိုင်ဖို့ နည်းလမ်းရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့်သူရဲ့ လက်ရှိစွမ်းရည်က ကျူးပုကျို့ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက် ဝင်ရောက် သွားတဲ့အခါမှာ ရရှိမဲ့ စွမ်းရည်နဲ့ ညီမျှတဲ့ ပြိုင်ဘက်ကိုပဲ စိန်ခေါ်နိုင်မှာ ဖြစ်ပြီးတော့ ဒါက လွီယုထန် စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ အခါမှာ ရရှိမဲ့ စွမ်းရည်ထက် အတော်လေးကို ဝေးကွာပါသေးတယ်။ တကယ်လို့ သူက ကျင့်ကြံခြင်း အဆင့်နဲ့ ပတ်သက်ပြီး လွှမ်းမိုးနိုင်မှု မရှိဘူးဆိုရင် သူရဲ့တိုက်ပွဲအစွမ်းက

လှို့ဝှက်ယုထန်လောက်တောင် သန်မာမှု မရှိမှာ အသေချာပါပဲ။ လင်းဟန်က အသံတိတ်ဆိတ်ပြီးတော့ ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်ဆီကို ဆက်ပြီးတော့ လမ်းလျှောက်လာခဲ့ပါတယ်။ အခုအချိန်က နေ့လယ်စာ အချိန်ကို ရောက်လုနေ ပါပြီ။

ဒါပေမဲ့လည်း စားသောက်ဆိုင်ကို သူရောက်ရှိတဲ့ အချိန်မှာ သူ့ကို အံ့အားသင့် သွားစေတဲ့ အရာက စားသောက်ဆိုင်ရဲ့ နံရံတွေထဲက တစ်ခုမှာ ကြီးမားတဲ့ အပေါက်ကြီးတစ်ခု ဖြစ်နေပါတယ်။ လက်ရှိမှာတော့ ၎င်းအပေါက်ကြီးကို ပြုပြင်နေပြီးတော့ စားသောက်ဆိုင်ထဲမှာ ဧည့်သည်တွေ တစ်ယောက်မှ မရှိပါဘူး။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မေးလိုက်ပါတယ်။

"ဒီနေရာမှာ ဘာတွေ ဖြစ်ကုန်တာလဲ"

"အခုလေးတင်ပဲ အရူးနှစ်ယောက် တိုက်ခိုက်နေကြတယ်။ သူတို့ထဲက တစ်ယောက်က သူရဲ့ ခန္ဓာကိုယ်နဲ့ ထိခိုက်မိပြီးတော့ စားသောက်ဆိုင်နံရံကို အပေါက်ကြီး ဖြစ်သွားစေခဲ့တယ်။ ကံကောင်းတာက သူကစားပွဲထိုး နည်းနည်းကိုပဲ ဒဏ်ရာရစေခဲ့တယ်။ အားလုံးက မစိုးရိမ် ရပါဘူး"

ကျူးပုကျို့က မျက်နှာမည်းပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ ဒေါသထွက်သွားပြီးတော့ မေးလိုက်ပါတယ်။

"သူတို့ထဲက တစ်ယောက်က အကောင်သေးသေးနဲ့ တူတစ်လက်ကို ကိုင်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ကျူးပူကျို့က ခေါင်းညိတ်လိုက်ပြီးတော့ အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"သခင်လေးက ဘယ်လိုလုပ်ပြီးတော့ သိနေတာလဲ"

လင်းဟန်က ကျူးပူကျို့ရဲ့ မေးခွန်းကို မဖြေပဲနဲ့ အဲဒီအစား လှည့်ထွက်သွားလိုက်ပါတယ်။

"သခင်လေး ဘယ်ကိုသွားမလို့လဲ"

ကျူးပူကျို့က သူ့နောက်ကို အလျင်အမြန် လိုက်ပြီးတော့ မေးလိုက်ပါတယ်။

"လူယုတ်မာ အစုတ်အပြတ် နှစ်ကောင်ကို ရှာပြီးတော့ သူတို့ကို ဒီအတွက် လျော်ကြေးတောင်း ရမယ်"

လင်းဟန်က မျက်နှာကြီး သုန်မှုန်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေး သူတို့နှစ်ယောက်က ပါရမီရှင် အဆင့်မှာ ချိတ်တဲ့လူတွေ ဖြစ်ပြီးတော့ နှစ်ယောက်စလုံး စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေပဲ။ တစ်ယောက်က အဆင့်နှစ်ဆယ် ဖြစ်ပြီးတော့ နောက်တစ်ယောက်က အဆင့်နှစ်ဆယ့်တစ် ချိတ်ပါတယ်"

ကျူးပူကျို့က တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ အစောပိုင်းတုန်းက သူလည်း မသိပါဘူး။ ဒါပေမဲ့ အနီးနားက

လူတွေရဲ့ ဆွေးနွေးမှုကို ကြားပြီးတဲ့ အခါမှ ဒီအရှုးနှစ်ယောက်မှာ အမှန်တကယ်ပဲ အထင်ကြီးစရာကောင်းတဲ့ နောက်ခံတွေ ရှိကြတယ်ဆိုတာကို သိခဲ့ရတာပါ။

လင်းဟန်က သူရဲ့ခေါင်းကိုတောင် မလှည့်ပဲနဲ့ ပြောလိုက်ပါတယ်။

"အဲဒီတော့ ဘာဖြစ်လဲ။ ငါကအရင်ဆုံး သူတို့ကို ရိုက်နှက်ဆုံးမပြီးမှ သူတို့ကို ဆွဲခေါ်လာပြီးတော့ တစ်လလောက် အလုပ်လုပ်ခိုင်းရမယ်"

ကျူးပူကျို့ တုန်လှုပ်သွားပါတယ်။ သူ့အနေနဲ့ လင်းဟန်က အရမ်းကို အစွမ်းထက်ပြီး အံ့အားသင့်ဖို့ကောင်းတဲ့ တိုက်ပွဲအစွမ်းကို ပိုင်ဆိုင်ထားတယ် ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ သူတို့အကြားမှာ အဓိကကျင့်ကြံခြင်း အဆင့်ကြီးတစ်ခုလုံး ကွာဟနေဆဲ ဖြစ်ပါတယ်။ နောက်ပြီး ရှီကုချန်နဲ့ ဂျီတဲ့ရှန်တို့ နှစ်ယောက်စလုံးက ပါရမီရှင် အဆင့်ဇယားက လူတွေ ဖြစ်ပြီးတော့ သူတို့ထက် သန်မာတဲ့ ပြိုင်ဘက်ကို စိန်ခေါ်နိုင်တဲ့ အထင်ကြီးစရာ စွမ်းရည်လည်း ရှိကြပါတယ်။ သူတို့နဲ့ ပြဿနာ မဖြစ်တာ အကောင်းဆုံးပဲ မဟုတ်လား။

"မင်းဒီမှာနေခဲ့။ စားသောက်ဆိုင်မှာ ရပ်စောင့်နေဖို့ လူတစ်ယောက်တော့ လိုတယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျူးပုကျို့က ခေါင်းညိတ်လိုက်ပါတယ်။ လင်းဟန်က မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဆိုတာကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာ စိတ်ထဲကနေ ကျိတ်ပြီးတော့ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ တကယ်လို့ ပါရမီရှင် အဆင့်ဇယားက နံပါတ်တစ် လူရောက်လာခဲ့မယ် ဆိုရင်တောင်မှ လင်းဟန်ကို သူတို့တွေ့တဲ့ အခါမှာ သူရဲ့ခေါင်းကို နှိမ့်ချပြီးတော့ လင်းဟန်ကို ရိုရိုသေသေနဲ့ ဂရန်းမာစတာလို့ ခေါ် ဆိုရပါလိမ့်မယ်။

ဘယ်လိုလုပ်ပြီးတော့ ဒီအကြောင်းကို မေ့နေတာလဲ။ သူက အလကားနေ အလကား စိုးရိမ်ပူပန် နေတာပဲ။

လင်းဟန်က အရှေ့ကို ဆက်ပြီးတော့ လျှောက်လာပြီး လမ်းတစ်လျှောက်လုံး မေးမြန်းပါတယ်။ ရှီကုချန်နဲ့ ဂျီတဲ့ရှန်တို့က ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ခဲ့တာ ဖြစ်ပြီးတော့ သူတို့ကို မျက်မြင် သက်သေတွေ တွေ့မြင်ခဲ့ပါတယ်။ ဒီအချိန်မှာ သူတို့က အပြင်းအထန်ကို ဆွေးနွေးနေကြပါတယ်။ ဒါကြောင့် လင်းဟန်က သူတို့ကို မေးမြန်းစုံစမ်းနေစရာ အကြောင်းကို မလိုပါဘူး။

ဒါကြောင့် လင်းဟန်က အရမ်းကို လွယ်ကူစွာနဲ့ပဲ သူတို့နှစ်ယောက် ချန်ခဲ့တဲ့အတိုင်း တိုက်ပွဲရဲ့ အနောက်ကို လိုက်သွားခဲ့ပါတယ်။ ဒါပေမဲ့ မိနစ်အနည်းငယ် အကြာမှာတော့ အနီးနားက လူတွေပြောတာကို

ကြားလိုက်ရပါတယ်။ သူတို့နှစ်ယောက်က သူတို့ရဲ့ တိုက်ပွဲကို ရပ်နားပြီး သူတို့ရဲ့ အိမ်တော်အသီးသီးကို ပြန်သွားတယ်ဆိုပြီး ပြောဆိုနေကြပါတယ်။

လင်းဟန်က အရင်ဆုံး အရပ်ပုပုနဲ့ တူတစ်လက်ကို ကိုင်ဆောင်ထားတဲ့ လူအနောက်ကို လိုက်ခဲ့ပါတယ်။ သူက လမ်းတစ်လျှောက်လုံး မေးမြန်းပြီး တည်းခိုခန်းတစ်ခုရဲ့ အရှေ့ကို ရောက်ရှိလို့ လာခဲ့ပါတယ်။ သူက အကျယ်ကြီး အော်ဟစ်လိုက်ပါတယ်။

"ငပုဂျီ ဒီနေရာကို ထွက်လာခဲ့စမ်း"

အရမ်းကို ဆူညံနေတဲ့ တည်းခိုခန်းက ချက်ချင်းဆိုသလို တိတ်ဆိတ်ငြိမ်သက်ကျသွားခဲ့ပါတယ်။

ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ။ တစ်ယောက်ယောက်က ပါရမီရှင် အဆင့်ဇယားရဲ့ နံပါတ် နှစ်ဆယ့်တစ်မှာ ချိတ်တဲ့သူကို ထွက်လာဖို့ အော်ခေါ်ရဲပြီး ငပုဂျီလို့တောင် ခေါ်လိုက်ပါတယ်။ ဒါက ပျားအုံကို တုတ်နဲ့သွားထိုးတာပဲ မဟုတ်လား။ ဂျီတဲ့ရှုန်က ပါရမီရှင် အဆင့်ဇယားမှာ နံပါတ်တစ် မဟုတ်ပေမဲ့ ရက်စက်ကြမ်းကြုတ်ပြီး ဒေါသကြီးတဲ့နေရာမှာတော့ သူက သေချာပေါက် ထိပ်ဆုံး သုံးယောက်ထဲက တစ်ယောက်ဆိုတာ မသိတဲ့လူ ရှိလို့လား။

ဂုန်း။

တကယ်ပါပဲ။ ခဏအကြာမှာ တံခါးတစ်ချက်က ဂုန်းခနဲ ပွင့်လာခဲ့ပြီး ပုံရိပ်သေးသေးတစ်ခုက ခုန်ထွက်လာခဲ့ပါတယ်။

အစောပိုင်းတုန်းက ဒီလိုမျိုး သေးငယ်တဲ့ လူပုလေးက ပျက်စီးမှုကြီးကို ဖန်တီးဖို့ဆိုတာ သူ့အတွက်တော့ ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါပေမဲ့ ဘယ်သူကသူ့ရဲ့ ပခုံးပေါ်မှာ ကြီးမားတဲ့ တူကြီးတစ်လက်ကို လွယ်ခိုင်းထားလို့လဲ။ သူက ဂင်တိုက်မိတာကြောင့် အခန်းတစ်ခုလုံးကို နှစ်ခြမ်းခွဲပစ်လုနီးနီး ဖြစ်သွားပါတယ်။

"ဘယ်ခွေးမသားက အရှင်သခင်ဂျီကို စော်ကားပုံတာလဲ"

ဂျီတဲ့ရုန်ရဲ့ မျက်လုံးတွေက ဒေါသကြောင့် ပြူးထွက်လို့ နေပါတယ်။ ပါရမီရှင် အဆင့်ဇယားမှာ ရှိနေတဲ့ အတွက် သူက အများဆုံး အသက်သုံးဆယ်လောက် ရှိပါတယ်။ ဒါပေမဲ့ သူရဲ့ မျက်နှာ တစ်ခုလုံးမှာ ဘေးဘက်တွေကအစ ပါးသိုင်းမွေးတွေ ပြည့်နှက်နေတဲ့အတွက် အသက်လေးဆယ် ဒါမှမဟုတ် အဲဒီထက်တောင် အသက်ကြီးတယ်လို့ ထင်ရပါတယ်။

လင်းဟန်က လျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ငတုံးကောင်။ မင်းက ငါ့ရဲ့စားသောက်ဆိုင်ကို ဖျက်ဆီးခဲ့တယ်။ မင်းကို ငါ့ရဲ့ဆိုင်မှာ စားပွဲထိုး လုပ်ခိုင်းမလို့ ငါလာခဲ့တာပဲ"

"ဟားဟားဟား"

ဂျီတဲ့ရုန်က လင်းဟန်ရဲ့ စကားတွေကို ကြားလိုက်တဲ့အခါမှာ ပထမတော့ အံ့သြမှင်တက် သွားခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ ကျယ်လောင်စွာနဲ့ အော်ဟစ်ရယ်မောလိုက်ပါတယ်။

သူနားကြား မှားတာ မဟုတ်ဘူးလား။ တစ်ယောက်ယောက်က သူ့ကို လာဖမ်းပြီးတော့ သူတို့ရဲ့ စားသောက်ဆိုင်မှာ စားပွဲထိုးအဖြစ် လုပ်ခိုင်းမလို့တဲ့ ဟုတ်လား။ သူက လင်းဟန်ကို နည်းနည်းလောက် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အတော်ကို စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဒါပေမဲ့ မင်းရဲ့အရှင်သခင်ဂျီ အနားမှာ လာပြီးတော့ ဟာသမလုပ်သင့်ဘူး"

"မင်းညီမကိုပဲ ဟာသလုပ်လေ"

လင်းဟန်က ခန့်ဝင်လာပြီး သူရဲ့ ခြေထောက်တစ်ချောင်းကို လေထဲကိုမြှောက်ပြီးတော့ ဂျီတဲ့ရှန်ရဲ့ မျက်နှာဆီကို ဦးတည်ပြီး ကန်ချက်တစ်ချက် ထုတ်လိုက်ပါတယ်။

"မိုက်ရိုင်းလိုက်တာ"

ဂျီတဲ့ရှန်က ဒေါသထွက်သွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ ဟာသဉာဏ် ရှိပုံကို အထင်ကြီးမိ ပေမဲ့လည်း ဒီလူငယ်က အမှန်တကယ်ပဲ သူ့ကိုကန်ကျောက်ဖို့ပါတယ်။ ဒါက သူ့ကို အရမ်းပဲ စော်ကားလွန်းသွားပါပြီ။ သူက လင်းဟန်ကို နည်းနည်းလောက် ဆုံးမလိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒါပေမဲ့ သူက ဒီကောင်လေးရဲ့အသက်ကိုတော့ ချမ်းသာပေးရပါလိမ့်မယ်။ ဒါကြောင့် သူ့ကို ဟာသတွေ ပြောပြီးတော့ အပျင်းပြေစေနိုင်ပါလိမ့်မယ်။

သူကလှုပ်ရှားပြီး လင်းဟန်ရဲ့ခြေထောက်ကို သာမန်ကာလျှံကာပဲ ဖမ်းဆုပ်လိုက်ပါတယ်။
ဒါပေမဲ့ သူရဲ့အမူအရာက ချက်ချင်းပဲ အကြီးအကျယ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဟန်ရဲ့ ဒီကန်ချက်အနောက်က ထိတ်လန့်စရာကောင်းတဲ့ အင်အားကို ပိုင်ဆိုင်ထားပြီးတော့ သူ့ကိုတောင်မှ အေးစက်တဲ့ ခံစားမှုကို မြင့်တက်စေခဲ့ပါတယ်။
လပ္ပြတ်ပဲ။ ဒီလူငယ်လေးက တကယ်ပဲ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှ ဟုတ်ရဲ့လား။
ဘုန်း
ခြေထောက်တစ်ဖက်က ပြင်းပြင်းထန်ထန်နဲ့ ဂျီတဲ့ရှန်ရဲ့ မျက်နှာပေါ်ကို ကျလာခဲ့ပါတယ်။ ခြေထောက်ကန်ချက်မှာ ပါဝင်တဲ့ ကြီးမားတဲ့ အင်အားကြောင့် သူက သံသယ ရှိစရာမလိုအောင်ပဲ မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ ဘုန်း။ ချက်ချင်းဆိုသလိုပဲ မြေကြီးအထဲကို သူ့ရဲ့ ခေါင်းတစ်ခုလုံး နစ်မြုပ်ဝင်သွားသလို ကျင်းကြီးတစ်ခု ပေါ်လာခဲ့ပါတယ်။
ဒီကန်ချက်ရဲ့ နောက်ကွယ်က ပါဝင်တဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြီးမားလွန်း ပါတယ်။ ဒါကြောင့် တကယ်လို့ ဂျီတဲ့ရှန်က ပါရမီရှင် အဆင့်ဇယားအပေါ်က လူတစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။

ဒီရလဒ်ရဲ့ အကျိုးသက်ရောက်မှုက သူ့ကို သတိလစ် မေ့မျောသွားစေခဲ့ပါတယ်။ သူရဲ့ခြေထောက်တွေ လက်တွေက သူရဲ့ဘေးမှာ ပုံကျနေပြီးတော့ သူ့ကိုကြည့်ရတာ သေနေတဲ့ ခွေးတစ်ကောင်နဲ့ တူပါတယ်။ ဘေးနားကလူတွေ အားလုံးပဲ အံ့အားသင့်ပြီးတော့ မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ကြပါတယ်။

ဒီတည်းခိုနေရာမှာ ကျင့်ကြံသူတွေ တော်တော်များများ ရှိကြပါတယ်။ တချို့က အခုလာမဲ့ ပါရမီရှင် ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ကြဖို့ ဖြစ်ပြီးတော့ တချို့ကတော့ ပြိုင်ပွဲကို လာရောက် ကြည့်ရှုသူတွေ ဖြစ်ပါတယ်။ သူတို့အားလုံးက ဂျီတဲ့ရှန် ဘယ်သူလဲဆိုတာကို ကောင်းကောင်းကြီး သိကြပါတယ်။ ဒါပေမဲ့ အခုဆိုရင် ဒီလူငယ်လက်ရွေးစင်က တစ်စုံတစ်ယောက်ရဲ့ ခြေထောက် ကန်ချက်ကြောင့် သတိလစ် မေ့မျောလို့ နေပါတယ်။ ချက်ချင်းဆိုသလိုပဲ လူတော်တော်များများက ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အတွေးတွေကို ရုပ်သိမ်းလိုက်ပါတယ်။ လပြွတ်ပဲ ဒီလိုမျိုး မွန်းစတားတစ်ကောင် ရှိနေမှတော့ ဘာကိစ္စ ဝင်ပြီးတော့ ပြိုင်တော့မှာလဲ။ သူက အချိန်မရွေး သူတို့ကို သင်ခန်းစာ ကောင်းကောင်းကြီး ပေးနိုင်ပါတယ်။ ရုတ်တရက်ဆိုသလိုပဲ သူတို့အားလုံးရဲ့ ပတ်ဝန်းကျင်က လုံးဝကို တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

အပိုင်း(၄၂၈) ရှိုက်ချန်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ရှာဖွေခြင်း

"စိတ်ဝင်စားစရာပဲ"

တည်းခိုးခန်းရဲ့ တတိယအထပ်က ပြတင်းပေါက် တစ်ခုက ပွင့်လို့နေပြီး ပိန်ပိန်ရှည်ရှည်နဲ့ ယောကျ်ားတစ်ယောက်က ကြည့်နေတာကို မြင်နိုင်ပါတယ်။ သူပုံစံကို ကြည့်ရတာ အသက်သုံးဆယ်လောက်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ အရမ်းကို တည်ကြည်ခန့်ညားပါတယ်။ သူရဲ့ဆံပင်တွေက မည်းနက်ပြီး ထူထဲပါတယ်။ သူက အရမ်းကို ချောမောခန့်ညားတဲ့ အမျိုးအစားထဲမှာ ပါဝင်ပြီးတော့ အမျိုးသမီးတွေကို အရူးအမူးဖြစ်အောင် လုပ်နိုင်ပါတယ်။

ယုခွမ်လန် ပါရမီရှင် အဆင့်ဇယား နံပါတ်တစ်။ ဒါပေမဲ့လည်း သူက အသက်သုံးဆယ်ကို ကျော်လွန်ခဲ့ပြီ ဖြစ်တဲ့အတွက် ဒီနှစ် ပါရမီရှင် အဆင့်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်လို့ မရတော့ပါဘူး။

"ဂျူနီယာ ညီမလေး ဒီတစ်ယောက်က ပါရမီရှင် အဆင့်ဇယား

ပြိုင်ပွဲမှာ မင်းရဲ့ အားအကောင်းဆုံး ပြိုင်ဘက်တစ်ယောက် ဖြစ်သင့်တယ်”

သူက ခေါင်းကိုလှည့်ပြီးတော့ ပြောလိုက်ပါတယ်။

ပြတင်းပေါက်ရဲ့ ဘေမှာ မိန်းကလေးတစ်ယောက်လည်း ရပ်နေပါတယ်။ သူမက နတ်ဘုရားမလို တင့်တယ်လှပပြီး မြင်သူတကာကို ရမက်သွေးကြွစေတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းလည်း ရှိပါတယ်။ သူမရဲ့ မျက်နှာကိုတော့ ပါးလွှာတဲ့ ဇာပဂါတစ်ခုနဲ့ ဖုံးအုပ်ထားပေမဲ့ သူမရဲ့ လှပချောမောတဲ့ ပုံရိပ်ကိုတော့ မသဲမကွဲနဲ့ မြင်တွေ့နိုင်ပါတယ်။ သူမရဲ့ အနက်ရောင် ဆံပင်တွေက ပခုံးထက်ကနေ ရေတံခွန်တစ်ခုလို စီးကျနေပြီး သူမရဲ့ အသားအရည်ကလည်း အရမ်းကို ကြည်လင်တောက်ပနေတဲ့ ကျောက်မျက်ရတနာ တစ်ခုနဲ့ တူပါတယ်။ သူမက လူတစ်ယောက်ရဲ့ နှလုံးသားကို လွယ်လွယ်ကူကူနဲ့ ဖမ်းဆုပ်နိုင်စွမ်း ရှိပါတယ်။

သူမက အောက်ကိုငုံ့ပြီးတော့ အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

“ပထမအချက်က ဂျီတဲ့ရုန်က အရမ်းကို နမော်နမဲ့

နိုင်လွန်းတယ်။ သူက ဒီစိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်ပဲရှိတဲ့ လူတစ်ယောက်မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် တိုက်ပွဲစွမ်းအား ရှိလိမ့်မယ်လို့ လုံးဝမတွေးထားဘူး။ ဒုတိယအချက်က ဂျီတဲ့ရုန်ရဲက တိုက်ပွဲအစွမ်းက ကြယ်ဆယ်လုံးလောက်ပဲ ရှိလိမ့်မယ်"

"ဂျူနီယာ ညီမလေးက တကယ့်ကို အမြော်အမြင် မြင့်မားတာပဲ။ တိုက်ပွဲစွမ်းအား ကြယ်ဆယ်လုံးက မင်းရဲ့မျက်လုံးထဲမှာ ဘာမဟုတ်တဲ့ အစွမ်းလောက်ပဲလို့ သုံးသပ်ချက် ရှိတာပဲ"

ယုခွမ်လန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ပြီးတော့ ဒီမိန်းကလေးကို ကြည့်တဲ့ သူရဲ့မျက်လုံးတွေထဲမှာ နှစ်သက်သဘောကျမှုတွေနဲ့ ပြည့်နက်လို့နေတယ် ဆိုတာက သိသာ ထင်ရှားပါတယ်။

ဒါက မဟာပူဆွေးခြင်းဂိုဏ်းမှာ မကြာခင်ကမှ မြင့်တက်လာတဲ့ အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့နာမည်က ဟွာရင်းလန်လို့ ခေါ်ပြီးတော့ အသက် နှစ်ဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူမရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ်ပလ္လင်အဆင့် အလွှာသုံးကို ရောက်ရှိလို့ နေပါပြီ။

သူမက လွန်ခဲ့တဲ့နှစ်က ပါရမီရှင် ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး။ ပြီးတော့ နှစ်နှစ်ခန့်အတွင်းမှာ သူမက အရမ်းကို အစွမ်းထက်ပြီး မြင့်တက်လာခဲ့ပါတယ်။ သူမက ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ အဆင့်တက်လာပြီး မဟာပူဆွေးခြင်းဂိုဏ်းရဲ့ အဆင့်မြင့်တဲ့သူတွေကို သတိထားမိ စေခဲ့ပါတယ်။ လက်ရှိမှာတော့ သူမက ဂိုဏ်းကို အကြီးအကျယ် တိုးတက်စေမဲ့ အတွင်းစည်း တပည့်တွေ စာရင်းထဲမှာ ပါဝင်ခဲ့ပါပြီ။

ဒီတစ်ကြိမ်မှာတော့ ယုခွမ်လန်က ပထမအချက် အနေနဲ့ တိုက်ပွဲကို ကြည့်ရှုဖို့ ဖြစ်ပြီးတော့ ဒုတိယ အချက်ကတော့ ဟွာရင်းလန်ကို ကာကွယ်စောင့်ရှောက်သူ အနေနဲ့ တာဝန်ထမ်းဆောင် ရမှာဖြစ်ပါတယ်။

ဟွာရင်းလန်က သူမအပေါ်ကို ယုခွမ်လန်ရဲ့ နှစ်သက်သဘောကျတဲ့ အကြည့်ကို မမြင်သလို ဟန်ဆောင်ပြီးတော့ နေလိုက်ပါတယ်။ သူမရဲ့ ရည်မှန်းချက်က အရမ်းကို မြင့်မားပါတယ်။ တကယ်လို့ ယုခွမ်လန်က လက်ရှိပါရမီရှင် အဆင့်ဇယားမှာ နံပါတ်တစ် ဆိုရင်တောင်မှ သူမက လှုပ်လှုပ်ရှားရှား ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ သူမရဲ့ စံပြပုဂ္ဂိုလ်တွေက

အလယ်ပိုင်းဒေသက ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်လလောက်က အလယ်ပိုင်းဒေသက ပါရမီရှင် တစ်ယောက်က အမှောင်နတ်ဆိုး တောအုပ်ထဲမှာ ရွှေရောင်နတ်ဆိုးမျောက်ဂံနဲ့ တိုက်ပွဲအကြီးအကျယ် ဖြစ်ခဲ့တယ်ဆိုတာကို သူမ ကြားခဲ့ပါတယ်။ ပြီးတော့ သူရဲ့တောက်ပမှုနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် မျိုးဆက်ဟောင်းက ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင်မှ အရောင်မှိန်သွားပါလိမ့်မယ်။ ဒါက လူတွေရဲ့ ကြားထဲက စစ်မှန်တဲ့ နဂါးတစ်ကောင်ပဲ ဖြစ်ပါတယ်။

အတော်လေးဝေးတဲ့ မျှော်စင်တစ်ခုရဲ့ အပေါ်မှာတော့ ရှန်းဇောင်ချန်က သူရဲ့လက်ကို မထိန်းချုပ်နိုင်ပဲ ဓားရဲ့လက်ကိုင်ကို တင်းတင်းဆုပ်ကိုင်လိုက်ပါတယ်။ သူရဲ့မျက်လုံးက လင်းဟန်အပေါ်ကို ကြည့်နေပြီး တိုက်ပွဲစိတ်ဝိညာဉ် ပြည့်နှက်လို့ နေပါတယ်။ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစပဲ ရှိပါတယ်။ သူက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို ရယူနိုင်ခဲ့ခြင်း မရှိပေမဲ့ သူရဲ့ကျင့်ကြံခြင်းအဆင့် ပြီးပြည့်စုံတဲ့ အချိန်ရောက်မှ အဆင့်တက်ခဲ့တာ ဖြစ်ပါတယ်။

ဒီလူငယ်က တိုက်ခိုက်ဖို့အတွက် သင့်တော်ပါလိမ့်မယ်။

****

****

ပိုပြီးတော့ ဝေးတဲ့ နေရာတစ်ခုမှာ ဂဖိုင့်ဖိုင့်နဲ့ လူငယ်တစ်ယောက်က လူအုပ်ကြားထဲကနေ ကြည့်နေပါတယ်။ သူက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လှုပ်ရှားနေပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လူငယ်တစ်ယောက်ရဲ့ လက်ကနေ သိုလှောင်လက်စွပ်တစ်ကွင်းကို အသံမထွက်အောင် ဖြုတ်ယူလို့ နေပါတယ်။ သူက တစ်ဖက်ကို လမ်းလျှောက်လာပြီး တခိခိနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအသားညိုညိုနဲ့ ငါ့ရဲ့ညီအစ်ကိုကိုကြည့်ရတာ ပိုပိုပြီးတော့ အစွမ်းထက်လာတာပဲ"

****

****

"လင်းဟန် ငါတို့တွေ နောက်တစ်ကြိမ် ဆုံပြန်ပြီ"

နောက်ထပ်မြင့်မားတဲ့ မျှော်စင်တစ်ခုပေါ်မှာ ရန်ထန်းဇောင်ရဲ့ ပုံရိပ်က ပေါ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူ့ဆီကနေ ထွက်ပေါ်လာတဲ့ အရှိန်အဝါက အံ့အားသင့်စရာကောင်းလောက်အောင်ပဲ စိတ်ဂိညာဉ် ပလ္လင်အထွတ်အထိပ်အဆင့်ကို ရောက်လို့နေပါတယ်။ အစိမ်းရောင် အလင်းတန်းက သူ့ရဲ့မျက်လုံးတွေထဲကနေ လင်းလက်တောက်ပ သွားခဲ့ပြီး ပုံစံအမျိုးမျိုး ဖြစ်ပေါ်နေပြီးတော့ ကြည့်ရတာ အရမ်းကို ထူးဆန်းပါတယ်။

လင်းဟန်က ဂျီတဲ့ရုန်ကို ကောက်ချီပြီးတော့ သူ့ရဲ့ လက်ကိုတစ်ချက် ဝှေ့လိုက်ပြီး မူလသွေးစုပ်ယူခြင်း ရွှေနဲ့ ချည်ပြီးတော့ ဆွဲလာခဲ့ပါတယ်။ သူက အဲဒါနဲ့ လူပုရဲ့ ခြေထောက်တွေကို ချည်ပြီးတော့ သူလာခဲ့တဲ့ လမ်းကြောင်းအတိုင်း ပြန်လာခဲ့ပါတယ်။ ဂျီတဲ့ရုန်က သူ့ဆွဲခေါ်လာတာကို ခံလိုက်ရပါတယ်။

ပရိသတ်တွေ အားလုံးက ရှုးဆိုပြီးတော့ အသံတိုးတိုး လုပ်နေကြပါတယ်။ ဒါက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ပါရမီရှင် အဆင့်ဇယား ပေါ်မှာလည်း ရှိပါတယ်။ နောက်ပိုင်းမှာ သူ့မကျဆုံးသေးသရွေ့ သူက သေချာပေါက်

ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက် နိုင်ပါလိမ့်မယ်။

ဟုတ်ပါတယ်။ သူက ခွေးသေကောင် တစ်ကောင်လိုမျိုး ဆွဲခေါ်ခံလာရပြီး ဒါက တကယ့်ကို မခံရပ်နိုင်စရာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က လုံးဂကို ဂရုမစိုက်ပါဘူး။ သူက ပန်းဖူးအဆင့် တစ်စုံတစ်ယောက်ကို ဘယ်တုန်းကမှ မဆန့်ကျင်ဖူးတာမှ မဟုတ်တာ။ တစ်ချက်လောက် ရေတွက်ကြည့်ရအောင်။ အောင်းဖန် တစ်ယောက်၊ အကြီးအကဲ တိမ်ကိုးခုက တစ်ယောက်၊ ယိုဟိုင်ယွဲ့က နောက်တစ်ယောက်။ ဒါကြောင့် သူ့အနေနဲ့ အနာဂတ်မှာ ပန်းဖူးအဆင့်ကို ချိုးဖျက်နိုင်မဲ့ လူတစ်ယောက်ကို ကြောက်ရွံ့နေရမှာလား။

သူကအခု ရှီကုချန်ကို ရှာဖို့ သွားနေပါတယ်။ ဒီနစ်ယောက်က သူရဲ့စားသောက်ဆိုင်ကို ပျက်စီးပြီး သူ့အလုပ်သမားတွေကို ဒဏ်ရာရစေမှတော့ သူရဲ့အလုပ်သမားတွေ ဒဏ်ရာကနေ ပြန်ပြီးတော့ မသက်သာမချင်း ဒီနစ်ယောက်ကို လျော်ကြေးအနေနဲ့ သူရဲ့စားသောက်ဆိုင်မှာ စားပွဲထိုးတွေ အဖြစ် လုပ်ကိုင်ခိုင်းရပါမယ်။

ဂျီတဲ့ရှန် ခံစားလိုက်ရတဲ့ ဒီကန်ချက်က တကယ့်ကို ပြင်းထန်ပါတယ်။ သူက အမှန်တကယ်ပဲ သတိလစ် မေ့မျောရာကနေ သတိမရသေးပဲ တရှွတ်တိုက် ဆွဲခေါ်ခြင်းကို ခံလာရပါတယ်။ ကံကောင်းတာက စိတ်ဂိညာဉ်ပလ္လင်အဆင့် ကျင့်ကြံသူတွေက သူတို့ရဲ့ မူလစွမ်းတွေကို အသုံးပြုပြီးတော့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်စင်မွန်းမံ နိုင်ပါတယ်။ ဒါကြောင့် သူတို့က သေချာပေါက်ကို ကြမ်းတမ်းမာကျောပြီး တောင့်တင်းကြံ့ခိုင်တဲ့ အသားအရေ ရှိပါတယ်။ ဒါကြောင့် အခုလိုမျိုး တရှွတ်တိုက် ဆွဲခေါ်ခြင်းကို ခံလာရတာတောင်မှ အဆင်ပြေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဂျီတဲ့ရှန်အနေနဲ့ အရမ်းကို ဆိုးဆိုးဂါးဂါး နာကျင်ခံစားရပါလိမ့်မယ်။

လင်းဟန်က ရှီကုချန် ဘယ်နေရာကို သွားတာလဲ ဆိုတာကို မေးမြန်းလိုက်ပါတယ်။

သူရဲ့အနောက်မှာ လူတစ်ယောက်ကို တရှွတ်တိုက် ဆွဲလာတာကို သူတို့တွေ မြင်လိုက်ရတဲ့ အခါမှာတော့ သူမေးလိုက်တဲ့ လူက အတော်လေးကို ပြဿနာတွေသွားခဲ့ပြီး သူ့ကို မပြောရဲ ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ပြဿနာဖြစ်တာကို ကြည့်ရတာ ပျော်ရွှင်တဲ့

လူတချို့က သတ္တိမွေးပြီးတော့ ရှိကုချန်ကို ဘယ်နေရာမှာ ရှာတွေ့နိုင်တယ်ဆိုတာ သူ့ကိုပျော်ရွှင်စွာနဲ့ ပြောပြပြီးတော့ သူတို့ကတောင် ဦးဆောင်ပြီးတော့ ခေါ်သွားကြပါတယ်။

ရှိကုချန်က လက်ရှိအချိန်မှာ မိုးရေသံကြား စံအိမ်မှာ သာယာနာပျော်ဖွယ်ကောင်းတဲ့ အချိန်လေးတွေကို ခံစားနေပါတယ်။

မိုးရေသံကြား စံအိမ်။ ဒါက အတော်လေးကို ငွေကုန်ကြေးကျခံပြီး ဇိမ်ခံရတဲ့ မြို့တော်ရဲ့ ဇိမ်ခံစံအိမ် တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ရွှေတွေငွေတွေနဲ့ ပေးချေနိုင်ပြီးတော့ ဒါက ကျင့်ကြံသူတွေ အတွက်တော့ ကိစ္စမရှိပါဘူး။ ရွှေတွေငွေတွေ ဘယ်လောက်ပဲ ဖြစ်ဖြစ် ဒါက ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲတဲ့ ပစ္စည်းတစ်ခုပဲ ဖြစ်ပြီးတော့ ၎င်းကို လွတ်လွတ်လပ်လပ်နဲ့ ပျော်ရွှင်ဖို့ရယ် ဖျော်ဖြေမှုအတွက်ရယ် သုံးစွဲကြပါတယ်။

လင်းဟာန်က လက်ရှိမှာ ပါရမီရှင် အဆင့်ဇယားက နံပါတ်နှစ်ဆယ့်တစ်ကို တရွှတ်တိုက် ဆွဲခေါ်လာပြီးတော့ လမ်းမပေါ်မှာ အေးအေးဆေးဆေးပဲ လမ်းလျှောက်လာခဲ့ပါတယ်။ ဒါက ဆူညံပွက်လောရိုက်ပြီး လူတွေကိုပိုပိုပြီးတော့ ဆွဲဆောင်ပြီးတော့ သူ့အနောက်ကို

လိုက်လာခဲ့ ကြပါတယ်။ လမ်းတစ်လျှောက်လုံး သူတို့တွေက ရယ်မောနေကြပြီး ဒီဟာသက အရမ်းကို ကြီးပါတယ်။

"ဒီလူငယ်လေးက ဘယ်သူလဲ။ သူကတကယ်ပဲ ဂျီတဲ့ရုန်ကို အနိုင်ယူပစ်နိုင်တယ်"

"မသေချာဘူး။ ဒါပေမဲ့လည်း အဲဒါက ကိစ္စမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူကတကယ်ပဲ ဂျီတဲ့ရုန်ထက် အစွမ်းထက်ပေမဲ့ ဂျီတဲ့ရုန်က အရမ်းကို နမော်နမဲ့ နိုင်ပြီးတော့ သူ့ကို လွတ်လွတ်လပ်လပ် တိုက်ခိုက်ခွင့်ရအောင်လို့ လုပ်လိုက်ပြီး အဲဒီအပေါ်မှာ သူက အသားစီး ရယူသွားတာပဲ"

"ဒါပေမဲ့ သူက ဘယ်လောက်ပဲ နမော်နမဲ့နိုင်ပါစေဦးတော့ ကိစ္စမရှိဘူးလေ။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်နေတုန်းပဲဟာ"

"အခု ငါပြောချင်တာ အဲဒါပဲ။ အဖြူရောင် ဓားဘုရင်လည်း သူရဲ့ကျင့်ကြံခြင်းအဆင့် စိတ်ဂိညာဉ် ပင်လယ်လှော ၉ အဆင့်မှာ ရှိတုန်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်က လူတော်တော်များများကို အနိုင်ယူခဲ့သေးတယ် မဟုတ်လား"

"အဲဒီစိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေက

ဘယ်လိုလုပ်ပြီးတော့ ဂျီတဲ့ရှန်နဲ့ နိုင်းယှဉ်လို့ ရနိုင်မှာလဲ။ နောက်ပြီးတော့ တစ်နှစ်တောင် ကုန်သွားခဲ့ပြီ။ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဂျီတဲ့ရှန်ရဲ့ ကျင့်ကြံခြင်းက တိုးတက်လာလိမ့်မယ်။ ပြီးတော့ သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ဘက် တစ်ယောက်ကြောင့် မရှုံးနိမ့်နိုင်ဘူး"

"မင်းက ငါ့ကို ပိုပြီးတော့ သိချင်စိတ်တွေ ပြင်းပြလာအောင် လုပ်နေတာပဲ။ ဒီလူငယ်လေးက ဘယ်သူများလဲကွာ"

အားလုံးက ဆူဆူညံညံနဲ့ ပြောဆိုဆွေးနွေး နေကြပါတယ်။ သူတို့အားလုံးက အရမ်းကို သိချင်စိတ် ပြင်းပြနေကြပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး မွန်းစတားဆန်တဲ့ လူငယ်တစ်ယောက်က ရုတ်တရက် ပေါ်လာရတာလဲ။ ဒီနှစ်ပါရမီရှင် ပြိုင်ပွဲအသစ်မှာ လင်းဟန်အတွက် နေရာတစ်ခု ရှိနေပြီဆိုတာ သိသာထင်ရှားပါတယ်။ နောက်ပြီးတော့ သူ့ရဲ့အဆင့်က သေချာပေါက် မနိမ့်ပါဘူး။ သူရဲ့စွမ်းဆောင်ရည်က လွန်ခဲ့တဲ့ သုံးနှစ်ကျော်က အဖြူရောင်ဓားဘုရင် ရောက်ရှိခဲ့တဲ့ အမြင့်ဆုံး အဆင့်ကို သာလွန်နိုင်စွမ်းတောင် ရှိပါတယ်။

ပထမအချက်က လင်းဟန်က သန်မာအားကောင်းပြီး

ဒုတိယအချက်က ပါရမီရှင် အဆင့်ဇယားကနေ အသက်သုံးဆယ်ကို ကျော်လွန်သွားတဲ့ လူတွေတော်တော်များများက ဖယ်ထုတ်ခြင်း ခံလိုက်ရပါပြီ။

လင်းဟန်က အရှေ့ကနေ လျှောက်လာပြီး လူအုပ်ကြီးကတော့ အနောက်ကနေ လိုက်လာခဲ့ ပါတယ်။ ဒီအဖွဲ့က တကယ်ပဲ အတော်လေးကို ထူးဆန်းအံ့သြဖွယ်ရာ ကောင်းပြီးတော့ သူတို့အားလုံးက မိုးရေသံကြား စံအိမ်ဆီကို လျှောက်လာခဲ့ကြပါတယ်။

"သွားကြားထိုးတံ ရှို့မျိုးရိုးကောင် ဒီကိုထွက်လာခဲ့စမ်း"

လင်းဟန်က အရင်တုန်းကလိုမျိုးပဲ တူညီစွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူရဲ့အသံက မိုးခြိမ်းသံနဲ့ တူပြီးတော့ သီချင်းသံတွေ အကသံတွေ အထဲမှာ ဘယ်လောက်ပဲ ဆူညံနေပါစေ သူရဲ့ မိုးခြိမ်းသံနဲ့ တူတဲ့ အသံကို ဖုံးလွှမ်းနိုင်ခြင်း မရှိပါဘူး။

"ဂျီတဲ့ရုန် ခွေးကောင် တကယ်လို့ မင်းတိုက်ခိုက်ချင်တယ်ဆိုရင် ငါကူညီပေးဖို့ ဆန္ဒရှိတယ်။ ဒါပေမဲ့ နောက်တစ်လမှပဲရမယ်။ မင်းအခု သွားသေလိုက်တော့"

ရှီကုချန်ရဲ့ ဒေါသထွက်နေတဲ့ အသံကို ကြားလိုက်ရပါတယ်။ ပြီးတော့ ခဏအကြာမှာပဲ သူက တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ပါတယ်။

ရှီကုချန်က ဂျီတဲ့ရှန်ထက်တော့ ကြည့်လို့ကောင်းပါတယ်။ သူက ပိန်ပိန်ရှည်ရှည်နဲ့ ခေါက်ဆွဲမျှင် တစ်ချောင်းနဲ့ တူပါတယ်။ သူရဲ့အသားအရေက ကြေးနီရောင်တောက်နေပြီး သူရဲ့အရေပြား အပေါ်မှာ ဆီတွေလိမ်းထားတာနဲ့ တူပါတယ်။

"လပ္ပြတ်"

သူက တစ်ဟုန်ထိုး ပြေးထွက်လာပြီးမှ တစ်ခုခု မှားနေတယ်ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ ဂျီတဲ့ရှန်က မြေကြီးပေါ်မှာ ကြိုးနဲ့တရွတ်တိုက် ဆွဲခံရပြီးတော့ ခွေးသေကောင် တစ်ကောင်နဲ့ တူနေပါတယ်။

ဒါဒါ ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူက လင်းဟန်ကို လှည့်ကြည့်လိုက်ပါတယ်။ စွမ်းအားအဆင့်အရ ပြောရမယ်ဆိုရင် ဂျီတဲ့ရှန်နဲ့ သူက

ညီတူမျှတူလောက်ပဲ ရှိပါတယ်။ သူတို့နှစ်ယောက်ကြားက စွမ်းအား ကွာဟချက်က အရမ်းကို နည်းပါးလွန်းပါတယ်။ တကယ်လို့ လင်းဟန်က ဂျီတဲ့ရှန်ကို အနိုင်ယူနိုင်စွမ်း ရှိတယ်ဆိုရင် သူ့ကိုလည်း အနိုင်ယူနိုင်ပါလိမ့်မယ်။

ဘယ်သူက လူပုံအလယ်မှာ အရှက်ကွဲ စိတ်အနှောင့်အယှက် ဖြစ်ချင်မှာလဲ။ ဒါကြောင့် တခြားရွေးချယ်စရာ မရှိတော့ပါဘူး။ သူ့အနေနဲ့ လင်းဟန်နဲ့ မတိုက်ခိုက်လို့ မရတော့ပါဘူး။

"လူငယ်လေး ငါဘယ်နေရာမှာ မင်းကို အပြစ်ပြုမိခဲ့လို့လဲ"

ရှီကုချန်က လေးလေးနက်နက်နဲ့ မေးလိုက်ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ဂျီတဲ့ရှန်ကို နောက်ထပ်တစ်ချက် ကန်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းနဲ့ ဒီငတုံးကောင်က လူသွားလမ်းမပေါ်မှာ တိုက်ခိုက်နေကြပြီးတော့ ငါ့စားသောက်ဆိုင်ရဲ့ နံရံကို ပျက်စီးစေခဲ့တယ်။ မင်းတို့နှစ်ယောက်ကြောင့် ငါ့အလုပ်သမားတချို့ ဒဏ်ရာတွေ ရသွားခဲ့တယ်။ အခုက အရမ်းကို အလုပ်ရှုပ်တဲ့ အချိန်ပဲ။ အလုပ်သမား အင်အား နည်းသွားပြီ။ ဒါကြောင့် မင်းတို့နှစ်ယောက်ကို

ငါ့ရဲ့စားသောက်ဆိုင်မှာ စားပွဲထိုးတွေအဖြစ် တစ်လလောက် အစားသွင်းပြီး လုပ်ခိုင်းရလိမ့်မယ်”

ဒီစကားတွေကို ကြားလိုက်ရတဲ့ လူတိုင်းပဲ သူတို့ရဲ့ ပါးစပ်တွေ မဲ့ရွဲ့ကုန်ကြပါတယ်။ ဒီလိုမျိုး အရေးမပါလှတဲ့ အသေးအမွှားကိစ္စလေး အတွက်နဲ့ သူက ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို အမှန်တကယ်ပဲ ရိုက်နက်ဆုံးမပြီး ခွေးသေကောင်လို တရွတ်တိုက် ဆွဲခေါ်လာခဲ့ပါတယ်။ တကယ်လို့ ဂျီတဲ့ရှန်သာ ဒီအကြောင်းကို သိသွားမယ် ဆိုရင်တော့ သူ့အနေနဲ့ သေချာပေါက် အော်ဟစ်ဆဲဆို ပါလိမ့်မယ်။

ဘယ်အချိန်တုန်းကများ ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် ကျင့်ကြံသူတွေက စျေးချိုပြီးတော့ သာမန်စားပွဲထိုးတွေရဲ့ နေရာကို ရောက်သွားရတာလဲ။

အပိုင်း(၄၂၉) အလုပ်လုပ်ဖို့ ဖမ်းဆီးခြင်း

ခြေထောက်နဲ့ ကန်ခံမိပြီးတဲ့ နောက်မှာတော့ ဂျီတဲ့ရှန်က နိုးလာခဲ့ပါတယ်။ သူရဲ့ မျက်လုံးတွေကို ရုတ်တရက် ဖွင့်လိုက်ပြီး အနည်းငယ် စိတ်ရှုပ်ထွေးနေဆဲ ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း သူက ချက်ချင်းပဲ တစ်စုံတစ်ခု မှားနေတယ်ဆိုတာကို သတိပြုမိသွားပြီးတော့ ရုတ်တရက် ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"မင်းကောင်စုတ်လေး။ မင်းရဲ့ အဘိုးကြီးကို မြန်မြန်လွှတ် မပေးသေးဘူးလား။ ငါတို့အချီပေါင်း သုံးရာတိုက်ပွဲကို တိုက်ခိုက်ကြစို့"

"ရှုံးနိမ့်နေတဲ့ ပြိုင်ဘက်တစ်ယောက်က ဒီလိုမျိုး စကားတွေကို ပြောရဲသေးတယ်ပေါ့ ဟုတ်လား"

လင်းဟန်က သူ့ကို နောက်တစ်ချက် ကန်လိုက်ပါတယ်။

"အား ထွီ။ ဒါက မင်းရဲ့အဘိုးကြီး အရမ်းကို နမော်နမဲ့နိုင်သွားလို့ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းလိုမျိုး စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ပဲ ရှိသေးတဲ့ ကောင်စုတ်လေး တစ်ယောက်ကို အဘိုးကြီးက လက်တစ်ဖက်တည်းနဲ့ပဲ မင်းကိုတိုက်ခိုက်နိုင်တယ်"

ကြီးတဲ့ရုန်က ဆက်ပြီးတော့ ကျိန်ဆဲနေပြီးတော့ သူရှုံးနိမ့်သွားတာကို လုံးဝကို ဝန်ခံလိုစိတ် မရှိပါဘူး။

လင်းဟန်က သူ့ကို နည်းနည်းလေးမှ အာရုံမစိုက်ပဲ အဲဒီအစား ရှိုကုချန်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဒီနေရာကို လာပြီးတော့ ငါကောင်းကောင်းကြီး ရိုက်နှက်ဆုံးမတာကို ခံလိုက်။ ပြီးရင် ငါမင်းကို ခေါ်ပြီးတော့ ငါ့စားသောက်ဆိုင်မှာ စားပွဲထိုး အဖြစ်နဲ့ လုပ်ခိုင်းမယ်"

"ဟမ့်"

ရှိုကုချန်က ထေ့ငေါ့လိုက်ပါတယ်။ ဂျီတဲ့ရုန်ရဲ့ စကားကို သူကြားလိုက်တဲ့အခါမှာ နောက်ဆုံးတော့ ဒီနေရာမှာ ဘာတွေဖြစ်နေလဲ ဆိုတာကို သူနားလည်သွားခဲ့ပါပြီ။ လင်းဟန်က တကယ်ပဲ အရမ်းကို သန်မာပါတယ်။ ဒါပေမဲ့ သူက စိတ်ဂိညာဉ်ပင်လယ် အလွှာ ကိုးအဆင့်ပဲ ရှိသေးပြီးတော့ ဂျီတဲ့ရုန်က တကယ်ပဲ နမော်နမဲ့နိုင်လွန်းပါတယ်။

သူကရော ဘယ်သူလဲ။ ပါရမီရှိ အဆင့်ဇယားက အဆင့်နှစ်ဆယ်ပါ။ အဲဒီအချိန်တုန်းက အဖြူရောင် ဓားဘုရင်က မွန်းစတားတစ်ကောင် ဖြစ်ဖို့ လုံလောက်ပြီ မဟုတ်လား။ သူတောင်မှ သူရဲ့အနောက်မှာ အဆင့်ချိတ်တာ

မဟုတ်လား။ ပြီးတော့အခု သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာသုံး ဖြစ်ပြီးတော့ တိုက်ပွဲစွမ်းအားက ကြယ်ရှစ်လုံးအထိ မြင့်တက်နေပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးပဲ ရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဆန့်ကျင်ရပ်တည်နိုင်မှာလဲ။

"ဒါဆိုရင်လည်း ငါမင်းကို သင်ခန်းစာတစ်ခုတော့ သင်ပေးရမှာပေါ့"

သူက ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

ဂျီတဲ့ရှန်က လင်းဟန်ကို ရှုံးနိမ့်သွားပြီး တကယ်လို့ သူကအခု လင်းဟန်ကို အနိုင်ယူလိုက်မယ် ဆိုရင်ဖြင့် နောက်ပိုင်းမှာ ဂျီတဲ့ရှန်က သူ့ကို တိုက်ခိုက်ဖို့အတွက် ဘယ်လိုမျက်နှာနဲ့ စိန်ခေါ်ပွဲတော့မှာလဲ။

လူရိုင်းတစ်ယောက်နဲ့တူတဲ့ ဂျီတဲ့ရှန်နဲ့ မျက်နှာချင်းဆိုင်ရတာက အမှန်တော့ ရှီကုချန်လည်း အရမ်းကို ဒုက္ခရောက်တယ်လို့ ခံစားရပါတယ်။

လင်းဟန်က သူရဲ့လက်ကို ပွေ့ယမ်းလိုက်တာနဲ့

ရွှေရောင်တုတ်ချောင်း ခုနစ်ချောင်း ထွက်ပေါ် လာခဲ့ပါတယ်။ ပုမ်း။ အစီအရင်က အသက်ဝင်လာပြီးတော့ လေထုထဲမှာ အဖြူရောင် မြွေတစ်ကောင် ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းက လင်းဟန်ရဲ့ ခန္ဓာကိုယ်အထဲကို တိုးဝင်ပြီးတော့ သူရဲ့တိုက်ပွဲအစွမ်းကို နောက်ထပ်တိုက်ပွဲကြယ် နှစ်လုံးတိုးလာစေခဲ့ပါတယ်။

"အစီအရင် အရှင်သခင်လား"

ရှိကုချန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီဘက်ခေတ်မှာ အစီအရင် အရှင်သခင်တွေက သနားစရာ ကောင်းလောက်အောင် အရမ်းကို နည်းပါးပြီး မှော်ဆေးပညာရှင်တွေထက်တောင် ပိုပြီးတော့ ရှားပါးကြပါတယ်။ ဒါပေမဲ့လည်း သူတို့ကို လုံးဝကို လျှော့မတွက်သင့်ပါဘူး။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို နောက်တစ်ကြိမ် ဆွဲထုတ်လိုက်ပါတယ်။ ဘယ်လိုနည်းပဲ ဖြစ်ဖြစ် အမှောင်နတ်ဆိုး တောအုပ်ထဲမှာ လူတော်တော်များများက နတ်ဆိုးရှင်သန်ဓားကို မြင်တွေ့ဖူးခဲ့ပြီ ဖြစ်လို့ သူ့အနေနဲ့ ဆက်ပြီးတော့ ဖုံးကွယ်ထားဖို့ ဆန္ဒမရှိပါဘူး။ မြောက်ပိုင်းဒေသရဲ့ အသန်မာဆုံး ကျင့်ကြံသူက အများဆုံး

စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲ ဖြစ်ပါတယ်။ ပြီးတော့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ မျက်နှာချင်း ဆိုင်လိုက်မယ် ဆိုရင် သူတို့အနေနဲ့ သူ့ဆီကနေ အနည်းဆုံးတော့ လူပုံအလယ်မှာ လုယူပွဲကြမှာ မဟုတ်ပါဘူး။ အဲဒီအဆင့်ထက် သာလွန်တဲ့ ကျင့်ကြံသူတွေက ဒီနေရာမှာ သူတို့တွေ လှုပ်ရှားကြလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူတို့လုပ်မယ် ဆိုရင်တောင်မှ သူတို့ရဲ့ အစွမ်းတွေက အကြီးအကျယ် ဖိနှိပ်ထိန်းချုပ်ခံရပြီးတော့ အားနည်းသွားပါလိမ့်မယ်။ ဒီလိုမျိုး ခရီးတစ်ခုကို မထွက်လာခင်မှာ ဘယ်သူမဆို ပြန်လည်ပေးဆပ်ရမဲ့ တန်ဖိုးကို သေသေချာချာ စဉ်းစားထားသင့်ပါတယ်။

ရှီကုချန်က ချက်ချင်းဆိုသလိုပဲ သူရဲ့ခြေထောက်တွေက အားနည်းလာသလို ခံစားလိုက် ရပါတယ်။ တကယ်လို့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့ အရှိန်အဝါ တစ်စွန်းတစ်စ ယိုစိမ့်လာတယ် ဆိုရင်တောင်မှ ၎င်းက ဘယ်လိုလုပ်ပြီးတော့ သာမန်ဖြစ်နိုင်မှာလဲ။ ပြီးတော့ သူက ဓားချီအလင်းခုနစ်ကို ထုတ်ဖော်နိုင်ပြီးတော့ အုပ်ချုပ်သူတွေ အဆင့်ထဲကို ဝင်ရောက်နိုင်ခဲ့တဲ့ အတွက်ကြောင့် သူ့အပေါ်မှာ အရမ်းကြီး အာနိသင် မသက်ရောက်ပါဘူး။

"လာလေ တိုက်ကြရအောင်"

လင်းဟန်ရဲ့ အပြုံးက တည်ငြိမ်လွန်းပါတယ်။

ရှီကုချန်က ခေါင်းကိုက်လာသလို ခံစားလိုက် ရပါတယ်။ သူ့ရဲ့ပြိုင်ဘက်မှာ အစီအရင်တစ်ခုအပြင် အဆင့်မြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုလည်း ရှိပါတယ်။ ကြည့်ရတာ သူ့ရဲ့နောက်ကွယ်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ခံအင်အား တစ်ခုရှိနေပုံ ရပါတယ်။ သူ့အနေနဲ့ နောက်ထပ် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေကို အချိန်မရွေး ဆွဲထုတ်နိုင်ပြီး ဒါက သူ့ရဲ့ကိုယ်ပိုင်ယုံကြည်မှုကို ဓားထက်ထက်နဲ့ လှီးလိုက်သလို ခံစားစေပါတယ်။

ဒါပေမဲ့ အခုတော့ နောက်ပြန်လှည့်လို့ မရတော့ပါဘူး။ လူအများကြီးရဲ့ အရှေ့မှာ သူ့အနေနဲ့ တိုက်ပွဲကနေ အပေးကို အရှက်သိက္ခာမရှိပဲ ထွက်သွားဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"တကယ်လို့ မင်းက တိုက်ခိုက်ချင်တယ် ဆိုမှတော့ ငါကလိုက်လျောပေးရမှာပေါ့"

ခြေလှမ်းကျဲကြီးနဲ့ သူက ခုန်အုပ်လိုက်ပါတယ်။

အေးစက်စက်အလင်းတစ်ခုက ထွက်ပေါ်လာပြီး သူလည်းပဲ သူ့ကိုယ်ပိုင် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ ၎င်းက ရှည်လျားတဲ့ ဆေဘာဓားတစ်လက် ဖြစ်ပြီးတော့ သူကဆေဘာဓားနဲ့ လင်းဟန်ကို ပြင်းပြင်းထန်ထန် ခုတ်ချလိုက်ပါတယ်။

ဘာပဲဖြစ်ဖြစ် သူက ကျင့်ကြံခြင်းအဆင့်နဲ့ ပတ်သက်ရင် ပိုပြီးတော့ အရေးသာပါတယ်။ ဒါကြောင့် သူ့အနေနဲ့ စွမ်းအားမှာ လုံးဝကို အသာစီးရရှိ ပါလိမ့်မယ်။ ဒါကြောင့် သူက ကြက်သီးထစရာ ကောင်းတဲ့ လှုပ်ရှားမှု အမျိုးအစား အားလုံးကို အသာထားပြီး လင်းဟန်ကို အကြမ်းပတမ်း တိုက်ခိုက်ဖို့ ဆန္ဒရှိနေပါတယ်။ ဒါက ဒီတိုက်ပွဲကို သူ့အနေနဲ့ အနိုင်ရရှိစေနိုင်မဲ့ အသေချာဆုံး နည်းလမ်းပဲ ဖြစ်ပါတယ်။

လင်းဟန်က လေးရာသီဓားသိုင်း နည်းစနစ်ကို အသုံးပြုလိုက်ပါတယ်။ အမျိုးမျိုးသော ရာသီဥတုရဲ့ ဓားဆန္ဒတွေက အဆုံးမရှိတဲ့ စက်ပိုင်းတစ်ခုလိုမျိုး သူရဲ့ စိတ်ဆန္ဒအတိုင်း လည်ပတ်လို့ နေပါတယ်။

အရှင်သခင်ဂျီလိုမျိုး ချက်ချင်းကြီး ရှုံးနိမ့်သွားတာထက်စာရင် ရှီကုချန်ရဲ့ အခြေအနေက အများကြီး အများကြီး ကောင်းမွန်ပါတယ်။ အနည်းဆုံးတော့ သူက လင်းဟန်နဲ့

တိုက်ကွက် အနည်းငယ် ဖလှယ်လို့ ရတာပေါ့။ ဒါက ဂျီတဲ့ရှန်ကို အရမ်းပဲ မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ ဒါက သူနဲ့ ရှီကုချန်တို့က အရမ်းကို ပေးကွာတယ်လို့ ဆိုလိုတာ မဟုတ်ဘူးလား။

"ကောင်ကလေး မင်းမှာတကယ်ပဲ အရည်အချင်း တချို့တော့ ရှိသားပဲ"

ရှီကုချန်ရဲ့ စစ်မှန်တဲ့ ကျွမ်းကျင်မှုက တစ်စပြီးတစ်စ ဖိအားပေးခံလာရပါတယ်။ သူက နည်းနည်းလေးမှ စကားပြောဆိုခြင်း မပြုပုံတော့ပါဘူး။ ဒီလူငယ်က တကယ်ပဲ အရမ်းအရမ်းကို သန်မာလွန်းပါတယ်။

တစ်ဖက်က လင်းဟန်ကတော့ ကျွမ်းကျင်မှု အပြည့်နဲ့ ချောချောမွေ့မွေ့ လှုပ်ရှားနေပါတယ်။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ အကျိုးအမြတ်တွေက မမြင်နိုင်ရသေးဘူး ဆိုပေမဲ့လည်း အနက်ရောင် မျှော်စင်ဆီကနေ စွမ်းအားကို ထည့်သွင်းပြီးတဲ့ နောက်မှာတော့ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ကြီးကြီးမားမား အဆင့်မြှင့်တင်မှု တစ်ခုကို လုပ်ခဲ့ပါတယ်။ ပြီးတော့ သူရဲ့ကိုယ်ပိုင် တိုက်ပွဲစွမ်းအားကလည်း အရင်ကနဲ့မတူ လုံးဝကို ကွဲပြားခြားနားတဲ့ အဆင့်တစ်ခုကို

ရောက်ရှိလို့ သွားခဲ့ပါပြီ။

ဘယ်သူသိနိုင်မှာလဲ။ လက်ရှိသူရဲ့ တိုက်ပွဲစွမ်းအားက စိတ်ဂိုညာဉ် ပင်လယ်အဆင့်ရဲ့ တိုက်ပွဲကြယ် နှစ်ဆယ်နဲ့ နှိုင်းယှဉ်လို့ ရမလားဆိုတာကိုပေါ့။ တကယ်တော့ သူကစိတ်ဂိုညာဉ် ပလ္လင်အဆင့်က တိုက်ပွဲကြယ် ရှစ်လုံးနဲ့ ပြိုင်ဘက်တစ်ယောက်ကိုတောင် ခါထွက်သွားအောင် လုပ်နိုင်ပါတယ်။ ဒါက ပရိသတ်တွေ အများကြီးကို မယုံနိုင်အောင် ဖြစ်စေနိုင်တဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

အနားဂန်းကျင်မှာရှိတဲ့ ပရိသတ်အားလုံးပဲ အံ့သြမှင်တက်သွားကြပါတယ်။ ဒါကတကယ့်ပဲ အရမ်းကို လွန်လွန်းတဲ့ မွန်းစတား တစ်ကောင်ပဲ မဟုတ်လား။ နောက်ဆုံးအလှည့်တုန်းက ရှန်ဇောင်ချန်တစ်ယောက် ရှိပါတယ်။ ဒါပေမဲ့ သူတောင်မှ ကျင့်ကြံခြင်းအဆင့် စိတ်ဂိုညာဉ် ပင်လယ်အလွှာ ကိုးမှာ ရှိတုန်းက စိတ်ဂိုညာဉ် ပလ္လင်အဆင့် ပထမအလွှာက ပြိုင်ဘက်ကိုပဲ ရင်ဆိုင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အခု လင်းဟာန်ကတော့ စိတ်ဂိုညာဉ် ပလ္လင်အဆင့် အလွှာသုံးက ကျင့်ကြံသူ တစ်ယောက်နဲ့ လက်ရည်တူ ရပ်တည်နေနိုင်တာက မှတ်တမ်းတွေကို အဆင့်နှစ်ခုထိတောင် မြင့်တက်စေခဲ့ပါတယ်။

"ဆေးဘာကို ဆွဲထုတ်ပြီးတော့ ရေကိုဖြတ်၊ ခံစားချက်ကို ဖျက်စီးပြီး အမြစ်တွေကို ဖြတ်တောက်မယ်"

ရှီကုချန်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ တိုက်ကွက်ကြီးတစ်ခုကို ထုတ်သုံးလိုက်ပါတယ်။ သူရဲ့ဆေးဘာဓားရှည်ကို ခုတ်ချလိုက်ပြီး ဆေးဘာဓားချီအလင်း ခုနစ်ခုက ထွက်ပေါ်လာပြီးတော့ လင်းဟန်ဆီကို ဆေးဘာဓားအလင်း ပုံရိပ်ပေါင်း တစ်ရာကျော်က တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"ဘာလဲဟ"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီဆေးဘာဓား နည်းစနစ်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်နဲ့ အတော်လေးကို တူညီပါတယ်။ ဒါပေမဲ့ သူ့ပြိုင်ဘက်ရဲ့ ဆေးဘာဓားချီက ဆေးဘာပုံရိပ် တစ်ရာကျော်လောက်ပဲ ထုတ်ဖော်နိုင်ပြီးတော့ ဒါက လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ရဲ့ စွမ်းအားနဲ့ယှဉ်ရင်တော့ အရမ်းကို ဝေးကွာလွန်းပါတယ်။ အနစ်သာရနဲ့ပတ်သက်ရင်တော့ နည်းစနစ် နှစ်ခုက တူညီပါတယ်။

တကယ်ပဲ ဒီကမ္ဘာကြီးထဲမှာ စွမ်းရည်ပြတ်လပ်မှု မရှိပါဘူး။ ဒါပေမဲ့လည်း ကောင်းကင်ဓားဂိုဏ်းရဲ့ အမွေဆက်ခံမှုက နတ်ဘုရားနယ်မြေနဲ့တောင်မှ ပတ်သက်ဆက်နွယ်မှု ရှိနိုင်ပါတယ်။ ပြီးတော့ ပျက်စီးယိုယွင်းခြင်း မရှိပဲနဲ့ နှစ်ပေါင်းသောင်းနဲ့ချီ တည်ရှိလာခဲ့တာပါ။ ဒါကြောင့် တခြားဂိုဏ်းတွေက ဘယ်လိုလုပ်ပြီးတော့ ယှဉ်ပြိုင်နိုင်မှာလဲ။

လင်းဟန်က အနောက်ကို မဆုတ်ပဲ အရှေ့ကိုပဲ တိုးလိုက်ပါတယ်။ အဲဒီအချိန်မှာ သူရဲ့ပြိုင်ဘက်က ဒီလိုမျိုး တိုက်ကွက်ကြီး တစ်ခုကို အသုံးပြုလိုက်တာ ဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ပြိုင်ဘက်ဖြစ်သူရဲ့ ခုခံကာကွယ်မှုကလည်း အားအနည်းဆုံး အချိန်ပဲ ဖြစ်ပါတယ်။

လင်းဟန်က အမှန်တကယ်ပဲ ဆေဘာပုံရိပ်တွေကို ဆန့်ကျင်ရင်ဆိုင်ဖို့ ရှေ့တိုးလာတာကို မြင်လိုက်ရတဲ့ အခါမှာ အားလုံးက အံ့အားသင့်သွားခဲ့ကြပါတယ်။ အားလုံးက အခုချိန်က ရှီကုချန်ရဲ့ ခံစစ်က အားအနည်းဆုံး အချိန်ဖြစ်တယ် ဆိုတာကို သိထားကြပေမဲ့ ပြဿနာက အရှေ့တည့်တည့်မှာ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်စစ်တစ်ခု ရှိနေပါတယ်။ ဆေဘာပုံရိပ် အများကြီးကို

ခတ်ထုတ်လို့ ပြီးတဲ့နောက်မှာ သူကိုယ်တိုင်လည်း ဒဏ်ရာတွေ အများကြီး ရသွားပါလိမ့်မယ်။ ဒါကြောင့် သူ့အနေနဲ့ သူကိုယ်ပိုင်တိုက်ခိုက်မှုကို ရှီကုချန်ပေါ် ကျရောက်အောင် ဘယ်လိုလုပ်ပြီးတော့ လုပ်နိုင်စွမ်း ရှိမှာလဲ။

ဒါပေမဲ့ သူတို့ကို အံ့သြသွားစေတဲ့ အရာက လင်းဟန်ရဲ့ ပုံရိပ်က လေနဲ့အတူ မျောလွင့်ပါလာတဲ့ သစ်ရွက်ကလေး တစ်ရွက်လိုမျိုး လှလှပပနဲ့ လှုပ်ရှားလို့နေပါတယ်။ သူရဲ့ အံ့မခန်း လှုပ်ရှားမှုတွေက ချောမွေ့ညင်သာပြီးတော့ ဘေးပတ်ဝန်းကျင်လူတွေ စောင့်ကြည့်နေတဲ့ ကြားကနေ ရှီကုချန်ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

သူကအခုဆိုရင် ဓားအလင်းပေါင်း တစ်ထောင်ကို ထုတ်ဖော်နိုင်စွမ်း ရှိနေပါပြီ။ ဒါကြောင့် ဒီလိုမျိုး တိုက်ခိုက်မှုမျိုးနဲ့ အရမ်းကို ရင်းနှီးကျွမ်းဝင်နေတာ သဘာဝ ကျပါတယ်။ ထပ်ပြီးတော့ ပြောရမယ်ဆိုရင် သူ့မှာ အားလုံးက မဖြစ်နိုင်ဘူးဆိုတဲ့ ကံကြမ္မာတစ်ခုရှိနေပြီး အောင်မြင်မှု ပန်းတိုင်ကို ရရှိစေနိုင်မဲ့ ကောင်းကင်အဆင့် နတ်ဘုရား အာရုံလည်း ရှိနေပါတယ်။

ထန်။

လင်းဟန်က လက်သီးတစ်ချက် ပစ်သွင်းလိုက်ပြီးတော့ ရှီကုချန်ရဲ့ မျက်နှာပေါ်ကို ကျရောက် သွားခဲ့ပါတယ်။

"အားယား"

ရှီကုချန်က နာကျင်စွာနဲ့ အော်ဟစ်ညည်းတွား လိုက်ပြီးတော့ ချက်ချင်းဆိုသလို မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ သူက ဒီတိုက်ခိုက်မှုကို အပြည့်အဝ ခံစားလိုက်ရတာ ဖြစ်ပါတယ်။

လင်းဟန်က သူရဲ့လက်ကို ပွေ့ယမ်းလိုက်တာနဲ့ သွေးစုပ်ယူခြင်း မူလရွှေက ပိုပြီးတော့ ရှည်ထွက်လာခဲ့ပါတယ်။ လင်းဟန်က ရှီကုချန်ကိုလည်း ချည်နှောင်လိုက်ပါတယ်။

"ဘယ်သူက အတင့်ရဲပြီးတော့ ငါ့ရဲ့ မိုးရေသံကြား စံအိမ်မှာ ပြဿနာ လာရှာပုံ့တာလဲ"

စိတ်ကြီးဝင်နေတဲ့ အသံကို ကြားလိုက်ရပြီးတော့ လူငယ်တစ်ယောက်က မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို သူမြင်လိုက်ရတဲ့ အချိန်မှာပဲ သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်သွားပြီးတော့ ဘာစကားကိုမှ မဆိုပုံ့အောင် ဖြစ်သွားခဲ့ပါတယ်။ အဲဒီအစား

သူက လှည့်ပြီးတော့ ထွက်ပြေးသွားခဲ့ပါတယ်။

သူကတော့ ယွီချင်ယွမ်ပဲ ဖြစ်ပါတယ်။

သူ့အနေနဲ့ လင်းဟန်ကို ဘယ်လိုလုပ်ပြီးတော့ မကြောက်ရွံ့ပဲ နေမှာလဲ။

သူ့အနေနဲ့ ဘာမှတောင် မလုပ်ရပါဘူး။ သူက လင်းဟန်ရဲ့ စားသောက်ဆိုင်ကို သွားပြီးတော့ သူ့ကို တစ်ကြိမ်ပဲ ခြိမ်းခြောက်ခဲ့မိတာ ဖြစ်ပြီးတော့ သူရဲ့အဘိုးဖြစ်သူ ကိုယ်တိုင်က သေလုမတတ် ရိုက်နှက်ခြင်းကို ခံခဲ့ရပါတယ်။ ပြီးတော့ လင်းဟန်ကို ဖြေရှင်းချက် တစ်ခု ပေးတဲ့ အနေနဲ့ သူရဲ့ အဘိုးဖြစ်သူက လန်ကလန်ကိုတောင်မှ ဖျက်ဆီးပစ်ခဲ့ပါတယ်။

ဒါက ကံကြမ္မာဆိုးရဲ့ နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။ ဘယ်သူမဆို သူနဲ့ ပြဿနာ ဖြစ်ပွံ့တာနဲ့ အဲဒီလူက သေချာပေါက် မကောင်းတဲ့ ကံရဲ့ ထိချက်ကို ခံရပါလိမ့်မယ်။

ဒီနေရာမှာ ယွီချင်ယွမ်ကို သတိပြုမိတဲ့ လူတွေ တော်တော်များများက လူအုပ်ကြီးကြားထဲမှာ ရှိပါတယ်။ ပြီးတော့ သူက လင်းဟန်ကို မြင်လိုက်တဲ့အခါမှာ

သူရဲ့အပြုအမူက ကြောင်တစ်ကောင်နဲ့ ဆုံတွေ့လိုက်ရတဲ့ ကြွက်တစ်ကောင်လို ဖြစ်သွားတာကို မြင်လိုက်ရတဲ့ အခါမှာ အားလုံးက အံ့အားသင့်ကုန်ကြပါတယ်။

သိုင်းပညာနဲ့ အစွမ်းတို့နဲ့ ပတ်သက်ပြီး ဂျီတဲ့ရှန်နဲ့ ရှီကုချန်တို့က ယွီချင်ယွမ်ထက် အများကြီး သာလွန်ပါတယ်။ ဒါပေမဲ့ အဆင့်အတန်းမှာတော့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ မြေးဖြစ်တဲ့ ယွီချင်ယွမ်ရဲ့ အဆင့်အတန်းက လုံးဂကို မနိမ့်ကျပဲ ဒီပါတ်ဂန်းကျင်က အဖွဲ့အစည်းတွေကိုတောင်မှ အနိုင်ကျင့်လို့ ရပါတယ်။ ယွီချင်ယွမ်တောင်မှ လင်းဟန်ကို အရမ်းပဲ ကြောက်ရွံ့ထိတ်လန့်နေရပါတယ်။ ဒီလူငယ်လေးရဲ့ နောက်ခံက ဘယ်လိုများလဲ။

လင်းဟန်က ပြုံးရုံပဲ ပြုံးပြီးတော့ ရှီကုချန်နဲ့ ဂျီတဲ့ရှန်ကို သူ့အနောက်ကနေ တရှွတ်တိုက် ဆွဲခေါ်လာခဲ့ပါတယ်။

"ကောင်စုတ်လေး မင်းရဲ့အဘိုးဂျီကို ချက်ချင်းလွှတ်ပေးစမ်း"

ဂျီတဲ့ရှန်က အော်ဟစ်လိုက်ပါတယ်။ သူရဲ့ကျင့်ကြံခြင်းက လင်းဟန်ရဲ့ ပိတ်ဆို့ထားခြင်းကို ခံထားရပါတယ်။ ဒါကြောင့် သူက ခွေးတစ်ကောင်လိုမျိုး လက်နစ်ဖက်နဲ့ မြေကြီးပေါ်ကို

ထောက်ပြီးတော့ တွားသွားရုံပဲ တတ်နိုင်ပါတယ်။ ဒါကကြည့်ရတာ အတော်လေးကို ရင်နင့်ဖွယ်ရာ ကောင်းတယ်ဆိုပေမဲ့ တရွတ်တိုက် ဆွဲခေါ်ရတာထက်စာရင်တော့ အတော်လေး ကောင်းမွန်ပါသေးတယ်။

"စကားသိပ်မပြောနဲ့ အစုတ်ပလုတ်ကောင်၊ လိမ်လိမ်မာမာနဲ့ ငါ့အတွက် တစ်လလောက် အလုပ်လုပ်ပေးစမ်း"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

အပိုင်း(၄၃၈) အထူးလေ့ကျင့်ခြင်း

လင်းဟန်က ခွေးသေကောင် နှစ်ကောင်လိုမျိုး တရွတ်တိုက် ဆွဲခေါ်လာတာကို မြင်လိုက်ရတဲ့ အခါမှာတော့ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်က လူတွေအားလုံး မှင်တက်အံ့သြ သွားကုန်ကြပါတယ်။

ဒါက အရမ်းကို အံ့သြစရာ ကောင်းတယ် မဟုတ်ဘူးလား။ ဒီနှစ်ယောက်က ပါရမီရှင် အဆင့်ဇယားပေါ်က ထိပ်ဆုံး အယောက်နှစ်ဆယ် ပါရမီရှင်တွေပါ။ ပြီးတော့ လင်းဟန်က သူတို့ကို အသာအယာပဲ အခုလိုမျိုး

လုပ်ဆောင်လာနိုင်တယ်ပေါ့လေ ဟုတ်လား။

အခုဆို လွီယုထန်နဲ့ တခြားသူတွေလည်း ပြန်ရောက်လာခဲ့ပါပြီ။ သူတို့လည်း အခြေအနေတွေကို သတိပြုမိသွားပြီးတော့ အရမ်းကို အံ့အားသင့်ကုန်ကြပါတယ်။ လင်းဟန်က တကယ်ပဲ ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် ကျင့်ကြံသူ နှစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ ဖမ်းဆီးလာနိုင် ခဲ့ပါတယ်။ ဒီလိုမျိုး တိုက်ပွဲအစွမ်းက တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က သွေးစုပ်ယူခြင်းမှုလရွှေကို ပြန်ရုတ်သိမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"ပုကျို့ မင်းသူတို့နှစ်ယောက် အလုပ်ကြိုးစားလား ဆိုတာကို သေချာစောင့်ကြည့်နေ။ တကယ်လို့ သူတို့အပါးခိုပွံ့တယ် ဆိုရင် ကောင်းကောင်းကြီး ဆုံးမပေးလိုက်။ သူတို့ကို ညှာတာနေစရာ မလိုဘူး"

သူက သူတို့တွေ့ရဲ့ ကျင့်ကြံခြင်းကို ပိတ်ဆို့ထားပြီးပါပြီ။

"ဟုတ်ကဲ့ သခင်လေး"

ကျူးပုကျို့က အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။ လင်းဟန်က ဒီလိုမျိုး ပြောမှတော့ ဘာကိစ္စပဲဖြစ်ဖြစ် သူ့အနေနဲ့ နားထောင်ရပါလိမ့်မယ်။ ဒီလူနှစ်ယောက်ရဲ့ အနောက်မှာ ဘယ်လိုဂိုဏ်း အဖွဲ့အစည်းတွေ ရှိတယ်ဆိုတာကို ဘယ်သူက ဂရုစိုက်ရမှာလဲ။

ရှီကုချန်က သတိမေ့နေတာကနေ ပြန်ပြီးတော့ သတိရလာခဲ့ပါပြီ။ ဒါပေမဲ့ သူရဲ့ကျင့်ကြံခြင်းကို ပိတ်ဆို့ထားခြင်း ခံထားရတဲ့အတွက် သူ့အနေနဲ့ ဦးခေါင်းကိုငုံ့ထားပြီး အရေးနိမ့်ကြောင်း ဂုန်ခံဖို့ပဲ တတ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျူးပုကျို့လို ဘာမဟုတ်တဲ့ လူတစ်ယောက်ရဲ့ ရိုက်နှက်ဆုံးမခြင်းကို ခံရမယ်ဆိုရင် ဒါက သူ့အတွက်တော့ ဘယ်လောက်တောင်မှ အရှက်ကွဲ လိမ့်မလဲ။ ဂျီတဲ့ရှန်ကတော့ နည်းလမ်းပေါင်းစုံနဲ့ စောဒက တက်နေပေမဲ့ သူလည်းပဲ လိမ်လိမ်မာမာနဲ့ အပိုးကျိုးလာခဲ့ပါတယ်။ သူတို့နှစ်ယောက်က တကယ်ပဲ အပိုးကျိုးပြီးတော့ ဟင်းပွဲတွေသယ်ယူပြီး စားသောက်ဆိုင်ထဲမှာ တကယ့်စားပွဲထိုးတွေ ဖြစ်လာခဲ့ကြပါတယ်။

နံရံက အပေါက်ကို ယာယီအားဖြင့် ပိတ်ဆို့ထားပြီးတော့

စားသောက်ဆိုင် လုပ်ငန်းကလည်း ပြန်လည် လည်ပတ်လာခဲ့ပါတယ်။ သိကြတဲ့အတိုင်းပဲ စားသောက်ဆိုင်မှာ ဧည့်သည်ဆိုတာ မပြတ်ပါဘူး။ ပြီးတော့ လင်းဟန်ရဲ့ အနောက်ကို တစ်လမ်းလုံး လိုက်လာခဲ့တဲ့ လူတွေလည်း ရှိကြပါတယ်။ သူတို့တွေက ပါရမီရှင်အဆင့်ဇယားက လက်ရွေးစင် နှစ်ယောက်က ဒီနေရာမှာ စားပွဲထိုးအနေနဲ့ လုပ်နေတာကို မြင်လိုက်ရတဲ့အခါမှာ ဘယ်လိုလုပ်ပြီးတော့ မစားမသောက်ပဲ နေနိုင်မှာလဲ။

နောက်ပိုင်းမှာ တကယ်လို့ သူတို့က တခြားလူတွေကို ပါရမီရှင် အဆင့်ဇယားက လူတွေ တည်ခင်းချပေးတဲ့ ဟင်းတွေကို စားသောက်ခွင့်ရခဲ့တယ်လို့ ပြောခဲ့မယ်ဆိုရင် သူတို့ကို လူတွေက မနာလို ဖြစ်ကြလိမ့်မယ် မဟုတ်လား။

သူတို့က စားသောက်ဖွယ်ရာ စာရင်းစာရွက်ကို ကိုင်ကြည့်လိုက်တဲ့ အခါမှာ ပထမဆုံး အတွေ့အကြုံက အံ့အားသင့်သွားခြင်းပဲ ဖြစ်ပါတယ်။ ဒါက ဘယ်လိုအရာမျိုးလဲဟ။ ဟင်းပွဲ တစ်ပွဲကို တကယ်ပဲ မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံး ကျသင့်တာလား။ ဒါပေမဲ့ သူတို့က တခြားလူတွေ တော်တော်များများကလည်း မှာယူစားသောက်နေတာကို မြင်လိုက်ရတဲ့ အခါမှာ

ဟင်းပွဲကရရှိတဲ့ ရန်နဲ့တွေကြောင့် သူတို့အနေနဲ့ ဟင်းတစ်ပွဲလောက် မှာပြီးတော့ အရသာကို စမ်းသပ်ကြည့်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့ပါတယ်။

"စားပွဲထိုး ငါ့ကို ဒီရတနာဟင်းပွဲ နောက်တစ်ပွဲချပေးပါ"

"ငါ့ကိုရောပဲ"

"ဒီနေရာကိုရောဟေ့"

ရှီကုချန်နဲ့ ဂျီတဲ့ရုန်တို့က တကယ်ပဲ ငိုချင်စိတ်တွေ ပေါက်လာကြပါတယ်။ ဒါပေမဲ့ သူတို့က မျက်ရည် မကျကြပါဘူး။ စဉ်းစားကြည့်ပါ သူတို့က ပါရမီရှင် အဆင့်ဇယားအပေါ်က လက်ရွေးစင် ကျင့်ကြံသူတွေ ဖြစ်ပြီးတော့ အခုဆိုရင် ဟင်းပွဲတွေကို မှာယူချပေးရတဲ့ စားပွဲထိုးတွေရဲ့ အဆင့်ကို လျော့ကျသွားခဲ့ကြပါပြီ။ ဒီထပ်ပိုပြီးတော့ စိတ်ဖိစီးရတဲ့ အကြောင်းက ဒီနေရာက လုပ်ငန်းက အရမ်းကို လူကြိုက်များပြီး သူတို့အနေနဲ့ အရှေ့ပြေးပြီး ဟင်းပွဲချလိုက် အနောက်ကို ပြေးပြီးတော့ ဟင်းပွဲမှာလိုက်နဲ့ လွန်းထိုးသလို ပြေးလွှားလှုပ်ရှားနေရပါတယ်။ ဒါက တိုက်ပွဲတစ်ခုကို တိုက်ခိုက်ရတာထက်တောင်မှ ပင်ပန်းပါသေးတယ်။

"မင်းတို့ထဲက ဘယ်သူတွေ ပါရမီရှင်ပြိုင်ပွဲမှာ ဝင်ပြိုင်ချင်ကြသလဲ"

စားသောက်ဆိုင်ရဲ့ တတိယ အထပ်မှာတော့ လင်းဟန်က သူ့ရဲ့အုပ်စုကို မေးလိုက်ပါတယ်။

"ငါ"

"ငါရောပဲ"

"ငါလည်းပါမယ်"

လွီယုထန်နဲ့ တခြားသူတွေ အားလုံးက သူတို့ရဲ့ လက်တွေကို မြှောက်လိုက်ကြပါတယ်။ လီစီချန်းနဲ့ ကွမ်းယွမ်ကလွဲလို့ အားလုံးက ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားကြပုံရပါတယ်။ ဟူးညိုတောင်မှ သူမရဲ့ လက်သေးသေးလေးတွေ လေထဲကို မြှောက်ထားပါတယ်။

လင်းဟန်က သူတို့အားလုံးကို တစ်ချက်ကြည့်လိုက်ပါတယ်။ ကန်းရီက အခုဆိုရင် စိတ်ဂိညာဉ် ပင်လယ်အလွှာ သုံးအဆင့် ဖြစ်ပြီးတော့ တိုက်ပွဲစွမ်းအား ကြယ်ကိုးလုံးရှိပါတယ်။

လွီယုထန်က စိတ်ဂိညာဉ်ပင်လယ်အလွှာ ပထမအဆင့် ဖြစ်ပြီးတော့ တိုက်ပွဲအစွမ်း ကြယ်ဆယ်လုံး ရှိပါတယ်။ ကျူးပူကျို့က စိတ်ဂိညာဉ် ပင်လယ်အလွှာ ပထမအဆင့် ဖြစ်ပြီး တိုက်ပွဲအစွမ်း ကြယ်ကိုးလုံး ရှိပါတယ်။ လင်းဟန်က ပြောလိုက်ပါတယ်။

"နောက်ထပ် အချိန်တစ်လလောက် လိုသေးတယ်။ မင်းတို့တွေကို ဘယ်လိုမျိုး အထူးလေ့ကျင့် ပေးရမလဲ ဆိုတာကို ငါစဉ်းစားဦးမယ်။ အနည်းဆုံး မင်းတို့ရဲ့ တိုက်ပွဲစွမ်းအားကို ကြယ်ဆယ့်ငါးလုံးထိ တိုးလာအောင်လို့ အားလုံးကို ကူညီပေးမယ် အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သွားပြီးတော့ မယှဉ်ပြိုင်တာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်။ မဟုတ်ရင် မင်းတို့ကိုယ် မင်းတို့ စိတ်ပျက်ကုန်ကြလိမ့်မယ်"

"တစ်လပဲ လိုတော့တာ။ တကယ်ပဲ ငါတို့တွေ အများကြီး တိုးတက်လာနိုင်ပါ့မလား"

လွီယုထန်က အနည်းငယ် မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က နတ်ဆိုးတစ်ကောင်လို အပြုံးမျိုးကို ပြုံးပြီးတော့

ပြန်ဖြေလိုက်ပါတယ်။

"ငါ့ကိုယုံကြည်စမ်းပါ။ မင်းတို့အားလုံး သေဖို့ဆန္ဒမရှိသေးသရွေ့တော့ တိုက်ပွဲကြယ် ဆယ့်ငါးလုံး အဆင့်ကိုရောက်ဖို့က ခက်ခဲလိမ့်မှာ မဟုတ်ဘူး"

လင်းဟန်ရဲ့ မျက်နှာပေါ်က ဒီလိုမျိုး အပြုံးကို မြင်လိုက်ရတဲ့ အခါမှာတော့ လွီယုထန်နဲ့ တခြားသူတွေ အားလုံးက တုန်လှုပ်သွားပြီး သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်တဲ့ ခံစားမှုမျိုးကို ခံစားလာရပါတယ်။ သူတို့အားလုံးပဲ စိတ်လေးတဲ့ အာရုံတစ်ခုကို ခံစားလိုက် ရပါတယ်။

လင်းဟန်က ဟူးညိုရဲ့ ခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

"လက်ရှိအခြေအနေတွေကို ကြည့်မယ်ဆိုရင် ညိုးညိုးတစ်ယောက်ပဲ အဆင့်ဂင်နိုင် လိမ့်မယ်။ ပြီးတော့ သူမအတွက် ထိပ်ဆုံးဆယ်ယောက်ထဲဂင်ဖို့ဆိုတာ ခက်ခဲလိမ့်မှာ မဟုတ်ဘူး"

သူက တစ်ခဏမျှ ရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"တကယ်လို့ ညိုးညိုးက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားမယ်ဆိုရင် ပထမနေရာဆိုတာက အိပ်ကပ်ထဲ အလိုလိုရောက်လာလိမ့်မယ်"

"ဟီးဟီး"

ဟူးညိုက ဂုဏ်ယူစွာနဲ့ ရယ်မောလိုက်ပါတယ်။ သူမရဲ့ သွားဖြူဖြူသေးသေးလေးတွေကို ဖြဲပြီးတော့ ဟီးဟီးနဲ့ ရယ်မောနေပါတယ်။

လို့ယုထန်နဲ့ တခြားသူတွေ အားလုံးပဲ အံ့အားသင့် သွားကြပါတယ်။ သူတို့အနေနဲ့ လင်းဟန်က ဟူးညိုကို အရမ်းကြီး မြင့်မြင့်မားမား သုံးသပ်ထားလိမ့်မယ်လို့ လုံးဝမမျှော်လင့် ထားခဲ့ကြပါဘူး။ ဒါက အသက်ခြောက်နှစ်ပဲ ရှိသေးတဲ့ မိန်းကလေးပါ။ နောက်ပြီးတော့ ဟူးညိုက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်မယ် ဟုတ်လား။

"ခဏ သခင်လေးဟန်ရော ဝင်ပြီးတော့ မပြိုင်ဘူးလား"

ကျူးပူကျို့က မေးလိုက်ပါတယ်။

"လပြွတ်ပဲ။ ဆုမှမပေးတာ ဘာဖြစ်လို့ ငါက ဝင်ပြီးတော့ ပြိုင်ရမှာလဲ"

ကန်းရီက အံ့အားသင့် သွားပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးဟန်က ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ချိတ်ပြီးတော့ အဆုံးမဲ့ အောင်မြင်မှုတွေ ရနိုင်တာပဲလေ"

လင်းဟန်က ပြုံးရုံပဲ ပြုံးလိုက်ပါတယ်။ မော်ဆေးကောရာဇ်နဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ သူ့အနေနဲ့ ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ဝင်အောင် လုပ်ပြီးတော့ သူ့ကိုယ်သူ သက်သေပြဖို့ လိုအပ်လို့လား။ နောက်ပြီးတော့ သူက ယိုဟိုင်ယွဲ့နဲ့ ဆုံတွေ့ခဲ့ပြီးတဲ့နောက်မှာ ဒီပါရမီရှင် အဆင့်ဇယားကို အလေးအနက်ထားတဲ့ စိတ်တွေက သိပ်မရှိတော့ပါဘူး။

"ညီးညီးတစ်ယောက်တည်းနဲ့ လုံလောက်ပြီ။ ပထမနေရာကို ယူပြီးတော့ လင်းဟန်ကို ပေးမယ်"

ဟူးညိုက သူမရဲ့ ရင်ဘတ်သေးသေးလေးကို ပုတ်ပြီးတော့ ကြေညာလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒီတစ်ကြိမ်တော့ ညီးညီးအပေါ်မှာပဲ မူတည်တယ်နော်"

ပါရမီရှင် အဆင့်ဇယားပေါ်က ပါရမီရှင် နှစ်ယောက်ကတော့ နောင်တတွေ တပွေ့တပိုက်နဲ့ စားသောက်ဆိုင်ထဲမှာ စားပွဲထိုးအဖြစ် လုပ်နေရပါတယ်။ ဒါက အကြီးအကျယ်ကို ဆူညံပွက်လောရိုက်စေခဲ့ပါတယ်။ နေ့တိုင်းပဲ သူတို့တွေက ဧည့်သည်တွေကို လာရောက်ဖို့ ဆွဲဆောင်သလို ဖြစ်နေခဲ့ပါတယ်။ သူတို့ရဲ့ အကြောင်းပြချက်တော့ ပါရမီရှင် အဆင့်ဇယားက တစ်စုံတစ်ယောက် တာဝန်ယူပေးခြင်းကို ခံစားရတဲ့ အံ့ဩဖွယ်ရာ အတွေ့အကြုံကို လိုချင်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်တော့မှ မမေ့နိုင်တဲ့ တန်ဖိုးကြီးပြီး အရသာရှိတဲ့ အစားအစာတွေကို သူတို့တွေ စားပြီးတဲ့ နောက်မှာတော့ သူတို့က ဧည့်သည်အုပ်စုကြီး သေချာပေါက် ဖြစ်လာပါလိမ့်မယ်။

ကံမကောင်းတာက စားသောက်ဆိုင်မှာ နေရာအကန့်အသတ် ရှိပါတယ်။ တကယ်လို့ ဆိုင်က

မနက်ကနေ ညဥ့်နက်တဲ့အထိ ဖွင့်ရင်တောင်မှ ညေ့်သည်တွေက လူတန်းရှည်ကြီး တန်းစီပြီး စောင့်နေကြရပါတယ်။ ဒါက လွီယုထန်ကို နောက်ထပ် ဆိုင်ခွဲတစ်ခု ဖွင့်အောင်လို့ စဉ်းစားသွား စေခဲ့ပါတယ်။ လင်းဟန်ရဲ့ ခွင့်ပြုချက်ကို ရပြီးတဲ့ နောက်မှာတော့ သူမက ချက်ချင်းပဲ နောက်ထပ် နေရာအသစ်အတွက် စတင်ပြီးတော့ ရှာဖွေလိုက်ပါတယ်။

မျက်စိတစ်မှိတ် အတွင်းမှာပဲ နောက်ထပ် ဆယ်ရက်က ကုန်လွန်သွားခဲ့ပါတယ်။ ပြီးတော့ လွီယုထန်နဲ့ တခြားသူတွေက တကယ့်ငရဲခန်းနဲ့တူတဲ့ ကျင့်ကြံခြင်းကာလကို အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ အတွေ့အကြုံ ရရှိခံစားခဲ့ကြပါတယ်။

လင်းဟန်က သူတို့အားလုံးကို တကယ်ပဲ သေလုမတတ် လေ့ကျင့်ပေးခဲ့ပါတယ်။ သူတို့ရဲ့ လေ့ကျင့်ခန်း အစီအစဉ်ရဲ့ ခက်ခဲမှုက ကျောချမ်းစရာကောင်းပြီး ထိတ်လန့်တုန်လှုပ်ဖို့ ကောင်းပါတယ်။ နေ့တိုင်းပဲ သူတို့ရဲ့ လေ့ကျင့်ရေး အစီအစဉ်တွေ ပြီးသွားတဲ့ အခါမှာ ချက်ချင်းပဲ လဲချပြီးတော့ အိပ်ပစ်လိုက်ကြပါတယ်။

ဒါပေမဲ့လည်း အာနိသင် အကျိုးရလဒ်က အရမ်းကို

အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ သူတို့အားလုံးရဲ့ ဖုံးကွယ်နေတဲ့ အလားအလာတွေ စိမ့်ထွက်လာပြီးတဲ့ နောက်မှာတော့ လွီယုထန်နဲ့ တခြားသူတွေရဲက ကျင့်ကြံခြင်းက အရမ်းကို ထင်သာမြင်သာ တိုးတက်လို့ လာပါတယ်။ ဒါက ကွမ်းယွမ်ကို မနာလို ဖြစ်စေပြီး သူလည်းပဲ သူတို့နဲ့အတူ ပူးပေါင်းပြီးတော့ လေ့ကျင့်ခန်း ဆင်းခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ သူတို့တွေရဲ့ နာကျင်မှုတွေကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရပါတယ်။ သူတို့လေးယောက်ရဲ့ ကျင့်ကြံခြင်းက အရမ်းကို လျင်မြန်စွာနဲ့ တိုးလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီအတွေ့အကြုံကလည်း သူတို့ရဲ့ ဘဝတစ်လျှောက်လုံး နောက်ကနေ တစ်ကောက်ကောက် လိုက်နေမဲ့ အိပ်မက်ဆိုးကြီး တစ်ခု ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က စိတ်ဂိညာဉ် ရတနာ စံအိမ်ဆီကို နောက်တစ်ကြိမ် သွားပြီးတော့ အရွက်ကိုးခု အနက်ရောင် ဆေးပင်အကြောင်းကို မေးမြန်းစုံစမ်းလိုက်ပါတယ်။ ဒါပေမဲ့ ရင်ဟောင်က သူ့ကို ဆက်ပြီးတော့ စောင့်နေဖို့ ပြောခဲ့ပါတယ်။ အဲဒီနောက်မှာ လင်းဟန်က စားသောက်ဆိုင်ကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ လွီယုထန်နဲ့ တခြားသူတွေက အနက်ရောင် မျှော်စင်ထဲမှာ

အရှုံးအမှူး လေ့ကျင့်နေကြပြီး သူ့အနေနဲ့ စားသောက်ဆိုင်ရဲ့ ကိစ္စအဝဂကို တာဝန်ယူဖို့ လိုအပ်ပါတယ်။

"ထွက်သွားစမ်း"

ဒါပေမဲ့လည်း စားသောက်ဆိုင်ကို သူရောက်တဲ့အခါမှာ လူနှစ်ယောက်က သူ့ကိုတားဆီးပြီး အထဲကို ပေးမဝင်ပါဘူး။

ဘယ်လိုဟာသလဲ။ ဒါက သူရဲ့စီးပွားရေး လုပ်ငန်းပါ။ သူ့ရဲ့ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းအရှေ့မှာ တစ်စုံတစ်ယောက်က သူ့ကို တကယ်ပဲ တားဆီးပွဲတာလား။

"ဒီနေရာ တစ်ခုလုံးကို ငါ့တို့ရဲ့ သခင်လေးက သီးသန့်ငှားရမ်းထားလိုက်ပြီ။ ဒီနေ့ တခြား ဘယ်သူကိုမှ အစားအသောက် ရောင်းမှာမဟုတ်ဘူး။ ဒါကြောင့် ထွက်သွားလိုက်တော့"

ယောက်ျားတစ်ယောက်က လင်းဟန်ကို အထင်အမြင်သေးစွာနဲ့ သူရဲ့လက်ကို ခါပြလိုက်ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။ သူက စားသောက်ဆိုင် တစ်ခုလုံးကို အရင်ကတည်းက

သီးသန့်ငှားရမ်းတာ ခွင့်မပြုခဲ့ပါဘူး။ ကြည့်ရတာ ဒီသခင်လေးဆိုတဲ့လူက အတင်းအဓမ္မ လုပ်နေပုံ ရတယ်။ ဒီကောင်က ဒီလိုမျိုး အတင်းအကျပ် လုပ်နေမှတော့ သူက ရောင်းချမှာ မဟုတ်ပါဘူး။ သူက လက်နှစ်ဖက်စလုံးကို ဆန့်ထုတ်ပြီးတော့ သူတို့နှစ်ယောက်ကို ဆွဲကိုင်ထားလိုက်ပါတယ်။ ပြီးတော့ သူက အဲဒီလူနှစ်ယောက်ကို တစ်ယောက်နဲ့ တစ်ယောက် ဆွဲဆောင့်ပစ်လိုက်ပါတယ်။ ပုန်းဆိုတဲ့ အသံနဲ့အတူ ယောကျ်ားနှစ်ယောက်က သတိလစ် မေ့မျောသွားခဲ့ပါတယ်။

သူက အထဲကို ဝင်လာပြီး သူရဲ့ စားပွဲထိုးတွေက ထိတ်လန့်ကြောက်ရွံ့ပြီး တုန်တုန်ရီရီ ဖြစ်နေတာကို မြင်လိုက်ရပါတယ်။ အဲဒီအချိန်မှာ ရှီကုချန်နဲ့ ဂျီတဲ့ရှန်တို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ခြေရာအနည်းငယ် တွေ့မြင်ရပြီး သူတို့က အကန်ခံရတယ်ဆိုတာ သိသာထင်ရှားပါတယ်။

ပထမထပ်က ဟောခန်းကျယ်ကြီး တစ်ခုလုံးမှာ စားပွဲတစ်လုံးပဲ ရှိပြီး လူငယ်လေး တစ်ယောက် ထိုင်နေပါတယ်။ သူ့ပုံစံက မောက်မာဂင့်ကြွားတတ်တဲ့ ပုံစံမျိုး ရှိပြီးတော့ ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံမျိုးပါ။ သူက အလွန်ဆုံး အသက်နှစ်ဆယ်လောက်ပဲ ရှိသေးတာ ဖြစ်ပြီးတော့ သူရဲ့အနောက်မှာ အစေခံ လေးယောက်က

မတ်တတ်ရပ်နေကြပါတယ်။ သူတို့အားလုံးရဲ့ အမူအရာတွေက လူငယ်ကို မြှောက်ပင့်နေတဲ့ ပုံစံတွေချည်းပါပဲ။

"ဟေးဟေးဟေး အရသာက တကယ်ပဲ မဆိုးဘူး။ တကယ်မဆိုးဘူး"

လူငယ်က ပြောပြီးတော့ ဆက်လက်စားသောက် နေပါတယ်။

လင်းဟန် လျှောက်လာတာနဲ့ အစေခံလေးယောက်က ချက်ချင်းပဲ လင်းဟန်ဆီကို လှည့်ပြီးတော့ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

"ငါတို့ရဲ့ သခင်လေးက ဒီနေရာတစ်ခုလုံးကို ငှားထားပြီးပြီ။ ဒီကနေ ထွက်သွားစမ်း"

"ငွေါအနေနဲ့ ပိုင်ရှင်ဖြစ်တဲ့သူကို သူရဲ့ကိုယ်ပိုင်နေရာကိုတောင် ပေးမဝင်တာ ဒါပထမဆုံး အကြိမ် ကြားဖူးတာပဲ"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"အိုး ဒါဆိုရင် မင်းက ဒီစားသောက်ဆိုင်ရဲ့ သူဌေးပေါ့"

လူငယ်က လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ သူ့ကို လက်ယပ်ခေါ်ပြီး ပြောပါတယ်။

"ဒီလမှာ မင်းရဲ့ စီးပွားရေး လုပ်ငန်းကို ဖွင့်စရာမလိုဘူး။ ငါ ပါရမီရှင် ပြိုင်ပွဲကို ကြည့်ပြီးသွားတဲ့ အခါကျရင် မင်းငါ့အနောက်ကို လိုက်လာခဲ့လိုက်။ မင်းအတွက် အရှုံးမရှိစေရဘူးလို့ ငါအာမခံတယ်"

"သခင်လေးလောင်ကို မင်းကျေးဇူးတင် စကားမပြောသေးဘူးလား"

အစေခံ လေးယောက်က တစ်ပြိုင်နက်တည်း လင်းဟန်ကို သတိပေးလိုက်ပါတယ်။

အပိုင်း(၄၃၁) ကျူးရှွမ်အာရဲ့ မောင်ငယ်

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ့်ကို ကျေးဇူးအများကြီး တင်ပါတယ်"

ဒီသခင်လေး လောင်ကို ကြည့်ရတာ သူ့ကိုယ်သူ အရမ်းပဲ ကျေနပ်ပီတိ ဖြစ်သွားပုံ ရပါတယ်။ ဒါပေမဲ့ သူရဲ့အတွေးတွေ ပြီးသွားရုံပဲ ရှိပါသေးတယ် သူရဲ့ အမြင်အာရုံက ရုတ်တရက် မည်းမှောင်ကျသွားသလို ခံစားလိုက်ရပါတယ်။ ဘန်း ဆိုတဲ့ အသံနဲ့အတူ သူရဲ့မျက်နှာနဲ့ စားပွဲက ပြင်းပြင်းထန်ထန် ဆောင့်မိသွားခဲ့ပါတယ်။ ကြီးမားတဲ့ အကျိုးသက်ရောက်မှုကြောင့် စားပွဲတစ်ခုလုံး နစ်ခြမ်းကွဲသွားပြီး လူငယ်ရဲ့မျက်နှာက စွပ်ပြုတ်တွေနဲ့ ဖုံးလွှမ်းသွားပါတယ်။

"မင်းအတင့်ရဲလှချည်လား"

အစေခံလေးယောက်က ဒေါသတကြီးနဲ့ အော်ဟစ်ပြီးတော့ လင်းဟန်ကို ဖမ်းချုပ်ဖို့ အရှေ့ကို တိုးလာခဲ့ပါတယ်။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

လင်းဟန်က ချက်ချင်းဆိုသလို လက်သီးလေးလုံးကို ပစ်သွင်းလိုက်ပြီး အစေခံလေးယောက်က သူတို့ရဲ့ ရင်ဘတ်ကို တင်းတင်းဆုပ်ကိုင်ပြီး သူတို့ရဲ့ မျက်နှာတွေ ဖြူဖွေးသွားခဲ့ပြပါတယ်။ သူတို့အားလုံး မြေကြီးပေါ်ကို လဲကျသွားပြီးတော့ သူတို့ရဲ့ အသက်ရှူလေပြွန်

ပိတ်သွားသလိုမျိုး အသက်ကို ခက်ခက်ခဲခဲ ရှူနေရပါတယ်။ ဒါက စကားလုံးနဲ့ ဖော်ပြလို့တောင် မရတဲ့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ခံစားချက်ပဲ ဖြစ်ပါတယ်။

"လဗြွတ်ပဲ။ မင်းကို ဘယ်သူက စိတ်ကြီးဝင်ခိုင်းလို့လဲ"

ဂျိတဲ့ရုန်က အရှေ့ကို တိုးလာပြီးတော့ အစေခံလေးယောက်ကို လက်သီးနဲ့ထိုး ခြေထောက်နဲ့ ကန်ကျောက်ပစ်လိုက်ပါတယ်။

သူရဲ့ကျင့်ကြံခြင်းက ပိတ်ဆို့ခံထားရပြီး သူက အစားအသောက် ဟင်းပွဲတစ်ပွဲကို ချပေးတဲ့ အခါမှာ အရမ်းကို နေးကွေးပါတယ်။ နောက်ပြီးတော့ သူက ပါရမီရှင် အဆင့်ဇယားအပေါ်က လက်ရွေးစင် တစ်ယောက် ဖြစ်ပြီး သူ့မှာ ကိုယ်ပိုင် ဂုဏ်သိက္ခာရှိပါတယ်။ သူအနည်းငယ် နေးကွေးတာကို ဒီလူငယ်က သူရဲ့နောက်လိုက်တွေကို အမိန့်ပေးပြီးတော့ သူ့ကို ကန်ကျောက် ခိုင်းပါတယ်။ တကယ်လို့ သူ့မှာရှိတဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ မူလစွမ်းအင်နဲ့ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်စင်မွမ်းမံမှုသာ မလုပ်ခဲ့ဘူးဆိုရင် သူ့အနေနဲ့ သေချာပေါက် ဒဏ်ရာတွေ တော်တော်များများ ရနေလောက်ပါပြီ။

ပြောနေကျ စကားပုံ တစ်ခု ရှိပါတယ်။ ကျားတစ်ကောင်က တောင်ပေါ်ကနေ ဆင်းလာပြီးတော့ မြေပြန့်ကို ရောက်တဲ့အခါမှာ ခွေးတစ်ကောင်ရဲ့ စော်ကားခြင်းကို ခံရပါတယ်တဲ့။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မကျေမချမ်း မဖြစ်ပဲ နေနိုင်မှာလဲ။ ရှီကုချန်ရဲ့ အမူအရာကလည်း သူထက် မကောင်းပါဘူး။ ဒါပေမဲ့လည်း သူက ဂျီတဲ့ရှန်လို အလျင်စလို မလုပ်ပဲ ဒီအစေခံတွေနဲ့ အဆင့်တူတူ ကျဆင်းသွားရတာမျိုး မလိုချင်ခဲ့ပါဘူး။

လင်းဟာန်က တစ်ခဏမျှ တွေးလိုက်ပြီးတော့ သူရဲ့လက်ကို ဆန့်ထုတ်ပြီး ပွေ့ယမ်းလိုက်တာနဲ့ ဂျီတဲ့ရှန်နဲ့ ရှီကုချန်တို့ နှစ်ယောက်စလုံးရဲ့ ကျင့်ကြံခြင်း ပိတ်ဆို့ထားတာကို ပြန်ပြီးတော့ ဖြည်ပေးလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်ရဲ့ ဒီဆယ်ရက်အတွင်းမှာ လက်ခံနိုင်လောက်အောင် ကောင်းကောင်းမွန်မွန်နဲ့ လုပ်ဆောင်ခဲ့တဲ့အတွက် ဒီအကြွေးကို ကျေပြီလို့ ငါသတ်မှတ်လိုက်တယ်"

ရှီကုချန်နဲ့ ဂျီတဲ့ရှန်တို့ နှစ်ယောက်စလုံးပဲ သူတို့ရဲ့ ခန္ဓာကိုယ်ထဲက မူလစွမ်းအင်တွေ ပန်းထွက်

မလာခင်အချိန်ထိ အတော်လေးကို မယုံကြည်နိုင်အောင် ဖြစ်နေကြပါတယ်။ သူတို့အနေနဲ့ အိပ်မက်ကနေ နိုးထလာသလိုမျိုး ခံစားနေရပါတယ်။ သူတို့က အရမ်းကို နောင်တရနေ ကြပါတယ်။ ဒီဆယ်ရက်မှာ သူတို့ရဲ့ ကျင့်ကြံခြင်းတွေ ပိတ်ဆို့ခံထားရတဲ့ အချိန်မှာ သူတို့က သာမန်လူတွေလိုမျိုး နေထိုင်ရပြီး သူတို့ကိုယ်ပိုင်ဘဂတွေနဲ့ မတူညီတဲ့ အရသာကို ခံစားမိ ခဲ့ကြပါတယ်။ ကြည့်ရတာ သူတို့ပုံစံက ဒီရလဒ်ကြောင့် သိုင်းပညာမှာ မျှော်မှန်းမထားတဲ့ လေးနက်တဲ့ နားလည်သဘောပေါက်နိုင်စွမ်း တစ်ခုကို ရရှိသွားခဲ့ပုံ ရပါတယ်။

"ခွေးကောင် မင်းတကယ်ပဲ ငါ့ကို ဒဏ်ရာရအောင် လုပ်ပံ့တယ်ပေါ့လေ ဟုတ်လား"

သခင်လေးလောင်က သူရဲ့ခြေထောက်ကို ဆောင့်ချလိုက်ပါတယ်။ သူရဲ့နှုတ်ခမ်းထောင့်မှာ မုန်လာဥနီ အပိုင်းအစ တစ်ခုကပ်နေပြီး သူရဲ့မျက်နှာတစ်ခုလုံး စွပ်ပြုတ်ရည်တွေနဲ့ ဖုံးလို့နေပါတယ်။ သူရဲ့အမူအရာတွေက ဒေါသအပြင်းအထန် ထွက်နေတယ် ဆိုတာက သံသယ ရှိစရာ မလိုပါဘူး။

"ငါဘယ်သူလဲဆိုတာ မင်းသိလား"

"ဒီလိုမျိုး လေသံကို အရမ်းပဲ ရင်းနှီးနေတယ်။ တကယ်လို့ ငါခန့်မှန်းတာ မမှားဘူးဆိုရင် မင်းဆီမှာ အရမ်းကို အံ့သြစရာကောင်းတဲ့ အစ်ကို ဒါမှမဟုတ် အဖေတစ်ယောက် ရှိနေတယ် မဟုတ်လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မှားတယ်။ ငါ့မှာ မယုံနိုင်စရာကောင်းလောက်အောင် အံ့သြဖို့ကောင်းတဲ့ အစ်မတစ်ယောက် ရှိတယ်ကွ"

သခင်လေးလောင်က ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

ဖြန်း

သူက လင်းဟန်ဆီက ရိုက်ချက်တစ်ချက်ကို ထပ်ခံလိုက်ရပြီး မြေကြီးပေါ်ကို ဒူးထောက်ကျသွား ခဲ့ပါတယ်။

"တကယ့် ငတုံးငအတွေက ဘယ်လိုမှ သင်ပေးလို့ မရဘူး"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

ဂျီတဲ့ရှန်က လူငယ်ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်စုတ်လေးကို ငါ့ကို လက်လွှဲပေးလိုက်။ ဒီကိစ္စကို ငါကိုင်တွယ်လိုက်မယ် အဆင်ပြေတယ်မလား"

သူက နှုတ်ခမ်းကို လျှာနဲ့သပ်ပြီးတော့ သူရဲ့မျက်လုံးတွေက မီးဝင်းဝင်း တောက်နေပါတယ်။

ဒီလူငယ်လေးက ငွေဦးစမ်းရေ အလွှာ ၇ အဆင့်ပဲ ရှိပါသေးတယ်။ သူက ဒီလိုမျိုး အသေးအမွှား လူတစ်ယောက်ရဲ့ ဆုံးမခြင်းကို အမှန်တကယ်ပဲ ခံခဲ့ရပါတယ်။ တကယ်လို့ ဒီအကြွေးကို ပြန်မဆပ်ဘူးဆိုရင် သူ့ကို လူလို့တောင် သတ်မှတ်နိုင်ပါဦးမလား။ နှိုင်းယှဉ်ရမယ်ဆိုရင် သူက လင်းဟာန်ရဲ့ စွမ်းအားကို ပိုပြီးတော့တောင် လက်ခံယုံကြည်ပါသေးတယ်။ ဒီကောင်က တကယ်ပဲ အရမ်းကို သန်မာပြီးတော့ သူ့ကိုဘယ်လိုမှ အနိုင်မယူနိုင်ပါဘူး။

"မင်းတို့အားလုံး လုပ်ပုံ့သလား"

သခင်လေးလောင်က ကျယ်လောင်စွာ

အော်ဟစ်လိုက်ပါတယ်။

"ငါ့ရဲ့ အစ်မက ကျူးရှမ်အာပဲ"

"လဗြွတ်"

ဂျီတဲ့ရုန်နဲ့ ရှီကုချန်တို့ နှစ်ယောက်လုံး အံ့အားသင့်စွာနဲ့ အော်လိုက်ကြပါတယ်။ ကျူးရှမ်အာကို မြောက်ပိုင်းဒေသမှာ သူမရဲ့ အလှအပကြောင့် နာမည်ကြီး လူသိများရုံမက သူမက မြောက်ပိုင်းဒေသရဲ့ လူငယ်မျိုးဆက်ထဲမှာ အသန်မာဆုံး ဖြစ်လာနိုင်တဲ့ လမ်းကြောင်းရှိသူလည်း ဖြစ်ပါတယ်။ သူမရဲ့ အနာဂတ် အောင်မြင်မှုက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ထက်တောင် သာလွန်ဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိပါတယ်။

သူတို့အနေနဲ့ ဘယ်သူ့ကိုမဆို အပြစ်ပြုနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျူးရှမ်အာက လွဲလို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူမက အရမ်းကို လှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ သူမကသာ အကူညီ လိုအပ်တယ်ဆိုပြီး ခေါ်လိုက်တာနဲ့ သူမအတွက် မီးပင်လယ်ကို ဖြတ်ပြီး ဓားတောင်ကို ကျော်ပံ့တဲ့ လူငယ်ပါရမီရှင်တွေ ဘယ်လောက်တောင် ရှိနေမလဲဆိုတာ ဘယ်သူက သိနိုင်မှာလဲ။

ဘုန်း။

သခင်လေးလောင်က လင်းဟန်ရဲ့လက်ကြောင့် နောက်တစ်ကြိမ် မြေကြီးပေါ်ကို လဲကျသွားခဲ့ ပါတယ်။

"ဘာဖြစ်လို့ အော်ဟစ်နေတာလဲ။ လျော်ကြေးပေးစမ်း"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"လျော်ကြေးပေးရမယ် ဟုတ်လား။ ဘာဖြစ်လို့ လျော်ရမှာလဲ"

သခင်လေးလောင်ကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ရပါတယ်။ သူက ဒီနေရာမှာ ခံနေရတဲ့ လူလေ။

"မင်းက ငါ့စားသောက်ဆိုင်က စားပွဲကို ချိုးခဲ့တယ်။ ဒါကြောင့် အဲဒီအတွက် မင်းလျော်ကြေး မပေးသင့်ဘူးလား"

လင်းဟန်က လေးလေးနက်နက်နဲ့ မေးလိုက်ပါတယ်။

"အဲဒါက မင်းငါ့ခေါင်းနဲ့ စားပွဲကို ဆောင့်ချလို့ဆိုတာ အသိသာကြီးပဲလေ"

သခင်လေးလောင်က အားနည်းစွာနဲ့ ပြောလိုက်ပါတယ်။

ဘုန်းဆိုတဲ့ အသံနဲ့အတူ သူက နောက်တစ်ကြိမ် ကြမ်းပြင်ပေါ်က ကြွေပြားနဲ့ ထပ်ပြီးတော့ ရိုက်မိသွားပြီး ကြမ်းပြင်ပေါ်မှာ အပေါက်တစ်ခု ဖြစ်သွားခဲ့ပါတယ်။

"ဘယ်လောက်တောင့် အတင့်ရဲလိုက်သလဲ။ မင်းက ငါ့စားသောက်ဆိုင်ရဲ့ ကြမ်းပြင်ကြွေပြားကို ချိုးလိုက်ပြန်ပြီ"

လင်းဟာန်က မျက်နှာသုန်မှုန်ပြီးတော့ ပြောလိုက်ပါတယ်။

သခင်လေးလောင်က အရမ်းကို မှားယွင်းနေတယ်လို့ ခံစားနေရပါတယ်။ သူက လင်းဟာန်ရဲ့ ရိုက်နှက်ဆုံးမမှုကို ခံနေရတာ အသိသာကြီးပါ။ ဒါကြောင့် ဘာဖြစ်လို့ သူ့အပေါ်မှာ အပြစ်ဖို့ ခံနေရတာလဲ။ ဒါပေမဲ့လည်း အကြိမ်ရေ အနည်းငယ်လောက် ဆက်တိုက် အရိုက်ခံ လိုက်ရပြီးတဲ့ နောက်မှာတော့ သူက ဘယ်လိုလုပ်ရမလဲဆိုတာ သတိပြုမိသွားခဲ့ပါတယ်။ လင်းဟာန်က ပိုပြီးတော့တောင်မှ စိတ်ကြီးဝင် မောက်မာပြီး

အကြောင်းပြချက် မည်မည်ရရ မရှိပဲ အတင်းအကျပ် လုပ်ပုံ့သူ ဖြစ်ပါတယ်။

သူ့လိုမျိုး စိတ်ကြီးဂင်တတ်တဲ့ လူတစ်ယောက်က လင်းဟန်လိုမျိုး သူတို့ထက် ကြောက်စရာ ကောင်းပြီး ရက်စက်တတ်တဲ့ သူတွေနဲ့ ဆုံတွေ့တဲ့အခါ ကြောက်ရွံ့တတ်ကြပါတယ်။ အခုဆိုရင် လင်းဟန်ကြောင့် အကြောင်းပြချက် မည်မည်ရရမရှိပဲ အကြိမ်နည်းနည်း အရိုက်ခံလိုက် ရတဲ့ အခါမှာတော့ သူက နောက်ဆုံးမှာ ကြောက်ရွံ့ထိတ်လန့် သွားခဲ့ပါတယ်။

"ငါပေးမယ်"

သူက လိမ်လိမ်မာမာနဲ့ မေးလိုက်ပါတယ်။

"ဘယ်လောက်လဲ"

လင်းဟန်က သူဂတ်ဆင်ထားတဲ့ သိုလှောင်လက်စွပ်ကို ဖြုတ်ခနဲ လုယူလိုက်ပြီးတော့ အဲဒီအထဲမှာ သူချန်ထားတဲ့ နတ်ဘုရားအာရုံကို တန်းပြီးတော့ ဖျက်ပစ်လိုက်ပြီး သူ့ရဲ့ကိုယ်ပိုင် နတ်ဘုရား အာရုံနဲ့ အစားသွင်းလဲလှယ် လိုက်ပါတယ်။ အထဲမှာ မူလစွမ်းအင် ပုံဆောင်ခဲ

ထောင်ဂဏန်း အနည်းငယ်မျှ ရှိပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါဒါတွေကို ယူလိုက်မယ်။ ဒါကို အရမ်းကို နည်းတယ် ဆိုပြီးတော့ မကျေမနပ် မဖြစ်တော့ ပါဘူး"

"မင်းက တကယ်ပဲ ဓားပြတိုက်နေတာပဲ"

သခင်လေးလောင်က စောဒက တက်လိုက်ပါတယ်။

"ဟင်"

လင်းဟန်က သူ့ဘက်ကို တစ်ချက် လှည့်ကြည့်လိုက်ပါတယ်။

သခင်လေးလောင်က အလျင်အမြန်ပဲ သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေ့ါ ရပါတယ် ရပါတယ်"

"မင်းအခု ထွက်သွားလို့ ရပြီ"

လင်းဟန်က သခင်လေး လောင်နဲ့ သူရဲ့ အစေခံလေးယောက်ကို ဆွဲလွင့်ပစ်လိုက်ပါတယ်။

"မင်းစောင့်နေပါ။ ငါသေချာပေါက် ပြန်လာခဲ့မယ်"

သခင်လေးလောင်က အကွာအဝေး တစ်ခုကို ရောက်တဲ့အခါမှာ အော်ဟစ်လိုက်ပြီးမှ အရူးတစ်ယောက်လို လှည့်ထွက်ပြီး ပြေးသွားပါတယ်။

လင်းဟန်က ကျယ်လောင်စွာ အော်ဟစ် ရယ်မောလိုက်ပါတယ်။ အပျော်အပါးမက်တဲ့ သခင်လေးက အပျော်အပါးမက်တဲ့ သခင်လေးပါပဲ။ သူတို့က တခြားသူတွေကို ခြိမ်းခြောက်ဖို့ အင်အားကောင်းတဲ့ အဆက်အသွယ်တွေကိုပဲ ဘယ်လိုအသုံးပြုရမလဲ ဆိုတာကို နားလည်ထား ကြတာပါ။

"လင်းဟန် ရက်ပေါင်းနှစ်ဆယ် ကြာပြီးတဲ့နောက်မှာ ငါမင်းကို ပါရမီရှင် ပြိုင်ပွဲမှာ ထပ်ပြီးတော့ တွေ့ဦးမယ်။ အဲဒီနောက် ငါမင်းကို သေချာပေါက် ရှုံးနိမ့်မှာ မဟုတ်ဘူး"

ရှီကုချန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်က ပါရမီရှင် ပြိုင်ပွဲနဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းကို အရင်ကတည်းက ကြားဖူးပါတယ်။ ဒီလိုမျိုး တိုက်ပွဲမှာ မှော်ဆေးလုံးတွေနဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေကို အသုံးပြုလို့ မရပါဘူး။ တိုက်ပွဲမှာ မမျှမတ ဖြစ်တာကို ကာကွယ်တဲ့ သဘော ဖြစ်ပါတယ်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် ရတနာ စံအိမ်က အဆင့်ငါး ပစ္စည်းတွေကနေ မွမ်းမံသန့်စင်ထားတဲ့ လက်နက်တွေ အများကြီးကို ပြင်ဆင်ထားပါလိမ့်မယ်။ ၎င်းတို့က စိတ်ဂိညာဉ် ပစ္စည်းတွေ မဟုတ်ဘူးဆိုပေမဲ့ အရမ်းကို မာကျောပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေကို ကြံ့ကြံ့ခံနိုင်ပါတယ်။

ရှီကုချန်ရဲ့ မျက်လုံးထဲမှာ လင်းဟာန်ကို ရှုံးနိမ့်ရတာက သူ့မှာရှိတဲ့ နတ်ဆိုးရှင်သန်ခြားကြောင့်ပဲ ဖြစ်တယ်လို့ ထင်နေပါတယ်။ ဒါကြောင့် ပါရမီရှင် ပြိုင်ပွဲမှာ စိတ်ဂိညာဉ် ပစ္စည်းတွေ အသုံးပြုတာကို ခွင့်မပြုထားတဲ့ အတွက် သူ့အနေနဲ့ အနိုင်ရဖို့ မြင့်မားတဲ့ အခွင့်အရေးတစ်ခု ရှိနေပါတယ်။

လင်းဟာန်က ရှင်းပြဖို့ကို အရမ်းပဲ ပျင်းပါတယ်။ သူက ထွက်သွားဖို့ပဲ လက်ကိုဝှေ့ယမ်း ပြလိုက်ပါတယ်။ သူ့မှာ ရှီကုချန်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားအောင် လုပ်ဖို့ ဟူးညို

တစ်ယောက်လုံး ရှိနေပါတယ်။

ဂျီတဲ့ရုန်ကတော့ ပြေးပြီးတော့ ထွက်ပြေးသွားပါတယ်။ ဆယ်ရက်လောက် လင်းဟန်ရဲ့ နှိပ်စက်မှုကို ခံရပြီးတဲ့နောက်မှာတော့ သူ့အနေနဲ့ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီမကောင်းဆိုးဂါးနဲ့ ဝေးဝေးမှာပဲ နေချင်ပါတယ်။

သခင်လေးလောင်ရဲ့ နာမည်အစစ်အမှန်က ကျူးလောင်ရှင်း ဖြစ်ပြီးတော့ တကယ်ပဲ ကျူးရွှမ်အာရဲ့ မောင်ငယ်ဖြစ်ပါတယ်။ အမှန်တော့ သူရဲ့ သိုင်းပညာပါရမီကလည်း မဆိုးပါဘူး။ ဒါပေမဲ့ ကျူးရွှမ်အာနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် အရမ်းကို ကွာဟချက် ကြီးမားလွန်းပါတယ်။ နောက်ပြီး သူက သိုင်းပညာလေ့ကျင့်ရတာကို မကြိုက်ပါဘူး။ ဒါကြောင့်လည်း သူကပျော်ပျော် ပါးပါးပဲ လည်ပတ်စားသောက်ပြီး လက်ရှိမှာ နွေဦးစမ်းရေအလွှာ ၇ အဆင့်မှာပဲ ရှိနေတာပါ။

အခုလိုမျိုး အကြီးအကျယ် ဆုံးရှုံးနစ်နာခဲ့တာကို ဘယ်လိုလုပ်ပြီးတော့ သူက သည်းခံ နိုင်မှာလဲ။ သူက ချက်ချင်းပဲ အကူအညီတောင်းဖို့ ပြေးသွားခဲ့ပါတယ်။ သူရဲ့ ပထမဆုံး ရွေးချယ်မှုက သူ့ကို ညီအစ်ကိုလိုမျိုး ဆက်ဆံပြီး အရမ်းကို ရင်းနှီးတဲ့ ယွီချင်ယွမ်ပဲ ဖြစ်ပါတယ်။

မိုးရေသံကြား စံအိမ်ကို သူရောက်သွားတဲ့ အချိန်မှ ယွီချင်ယွမ်က သူ့ကို ဂမ်းပန်းတသာနဲ့ လက်ခံကြိုဆိုပါတယ်။ စားကောင်းသောက်ဖွယ်တွေနဲ့ ဧည့်ခံပြီးတော့ ချောမောလှပတဲ့ မိန်းကလေးတွေရဲ့ ကခုန်သီဆိုမှုတို့နဲ့လည်း ဧည့်ခံပြီး သူ့ကို အပြည့်အဝကို မျက်နှာသာ ပေးပါတယ်။

"အစ်ကိုကြီး ချင်ယွမ် ဒီနေ့ ကျုပ်ကို တစ်ယောက်ယောက်က အနိုင်ကျင့်စော်ကားလိုက်တယ်ဗျာ"

အရက်ခွက် အနည်းငယ်လောက် သောက်ပြီးတဲ့ အခါမှာ ကျူးလောင်ရှင်းက ဆက်ပြီးတော့ သည်းမခံနိုင်တော့ပဲ သူရဲ့ထိခိုက်နစ်နာခဲ့မှုကို ယွီချင်းယွမ်ကို ပြောလိုက်ပါတယ်။

"ဘယ်လို ဒီယန်စွမ်းအားမြင့်မြို့ထဲမှာ ငါယွီချင်ယွမ်ရဲ့ ညီအစ်ကို တစ်ယောက်ကို ဘယ်သူက အနိုင်ကျင့်စော်ကားရဲတာလဲ။ ငါ့ကိုပြောစမ်း ဘယ်သူက ဒီလောက်တောင် အတင့်ရဲရတာလဲ။ မင်းအတွက် ငါသူ့ရဲ့ခေါင်းကို သွားပြီးတော့ ဖြတ်ပစ်လိုက်မယ်"

ယွီချင်ယွမ်က ချက်ချင်းပဲ သူရဲ့ရင်ဘတ်ကို ပုတ်ပြီးတော့

ကြေညာလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး ချင်းယွမ်"

ကျူးလောင်ရှင်းက အလျင်အမြန်ပဲ သူ့ကို ကျေးဇူးတင်လိုက်ပါတယ်။

"ငါကိုယ်တိုင် စုံစမ်းလာခဲ့တယ်။ အဲဒီကောင်ရဲ့ နာမည်က လင်းဟန်လို့ ခေါ်တယ်"

"အဟွတ်"

ယွီချင်ယွမ်က ရုတ်တရက် ပါးစပ်အပြည့် ပိုင်တွေကို ကျူးလောင်ရှင်းဆီကို ထွေးထုတ်မိ လိုက်ပါတယ်။ ဒါက ကျူးလောင်ရှင်းကို အရမ်းပဲ ဇဝေဇဝါ ဖြစ်သွားစေခဲ့ပါတယ်။ သူတို့က ကောင်းကောင်းမွန်မွန်နဲ့ ဆွေးနွေးနေကြတာပဲ မဟုတ်လား။ ဒါကို ဘာဖြစ်လို့ ရုတ်တရက်ကြီး မင်းက ငါ့မျက်နှာကို ပိုင်တွေနဲ့ ထွေးပစ်ရတာလဲ။

အဟွတ် အဟွတ် အဟွတ်။

ယွီချင်ယွမ်က မရပ်မနားကို ချောင်းဆိုးနေပါတယ်။

သူကအလျင်အမြန်ပဲ ရေတစ်ခွက်ကို သောက်ပြီး သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်လိုက်ပါတယ်။ ပြီးတော့မှ သူထင်ထားသလိုမျိုး မဖြစ်ဖို့ မျှော်လင့်ချက်အပြည့်နဲ့ မေးလိုက်ပါတယ်။

"အဲဒီ လင်းဟန်က ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်က လင်းဟန်တော့ မဟုတ်လောက် ပါဘူးနော်"

"သေချာပေါက် အဲဒီကောင်ပဲ"

ဖူး

ယွီချင်ယွမ်က နောက်တစ်ကြိမ် ပိုင်တွေ ထွေးထုတ်လိုက်ပါတယ်။ လုံးဂကို အတိအကျပဲ ကျူးလောင်ရှင်းရဲ့ မျက်နှာကို နောက်တစ်ကြိမ် ထွေးမိလျက်သား ဖြစ်သွားပါတယ်။

ကျူးလောင်ရှင်း။

"………"

သူရဲ့စိတ်ထဲမှာ ဆဲနည်းပေါင်း တစ်သောင်းလောက်

ပျံ့လွင့်သွားပါတယ်။ လပြွတ်ပဲ။ မင်းက ငါ့ကို တစ်ကြိမ်ပိုင်တွေနဲ့ ထွေးတာကို ငါမေ့ပစ်လို့ရသေးတယ်။ ဒါပေမဲ့ နှစ်ခါကတော့ အရမ်းကို လွန်သွားပြီ။ ငါ့မှာမင်းနဲ့ ဘယ်လိုမျိုး ရန်စတွေ ရှိနေလို့လဲ။

အပိုင်း(၄၃၂) အထူးလေ့ကျင့်ခြင်းရဲ့ ရလဒ်များ

"အစ်ကိုကြီးချင်ယွမ်"

ကျူးလောင်ရှင်းက စိတ်မပါဘဲ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို နှစ်ကြိမ်ဆက်တိုက်တောင် ပိုင်နဲ့ထွေးခဲ့တယ်။ ပြီးတော့ အကြိမ်တိုင်းပဲ ငါ့ရဲ့ မျက်နှာကို ကွက်တိကို တန်းထိတာပဲ။ မင်းတမင်သက်သက် လုပ်တာတော့ မဟုတ်ပါဘူးနော်"

ယွီချင်ယွမ်ရဲ့ အမူအရာက အရမ်းကို တည်ကြည်လေးနက်လာပြီးတော့ သူက သတိပေး လိုက်ပါတယ်။

"အဲဒီကောင်နဲ့ မင်းဘယ်တော့မှ ပြဿနာ မဖြစ်စေနဲ့"

"ဟင် အစ်ကိုကြီး ချင်ယွမ် ဘာဖြစ်လို့ မင်းက ဒီကောင်ကို ဒီလောက်တောင် ကြောက်နေရတာလဲ"

ကျူးလောင်ရှင်းက ထူးဆန်းစွာနဲ့ မေးလိုက်ပါတယ်။

"မင်းရောငါရော ဒီကောင်နဲ့ ပြဿနာ မဖြစ်သင့်ဘူး။ တကယ်လို့ မင်းရဲ့ အစ်မက ဒီမှာရှိပြီး ငါ့ရဲ့ အဘိုးကလည်း ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားမယ်ဆိုရင်တောင်မှ သူတို့အနေနဲ့ သူ့ကိုဆန့်ကျင်ပြီး ဘာမှလုပ်နိုင်လိမ့်မှာ မဟုတ်ဘူး"

ယွီချင်ယွမ်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

ကျူးလောင်ရှင်းက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"သူက မြေကျွန်မှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ပဲ"

ယွီချင်ယွမ်က လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောလိုက်ပါတယ်။

ဖူး။

ကျူးလောင်ရှင်းက သူရဲ့ပါးစပ်နဲ့အပြည့် လက်ဘက်ရည်တွေ ထွေးထုတ်လိုက်ပါတယ်။ တကယ့်ကို မထင်မှတ်စရာ ကောင်းလောက်အောင်ပဲ ယွီချင်ယွမ်ရဲ့ မျက်နှာတစ်ခုလုံး ပေကျံသွားခဲ့ပါတယ်။ သူက ချက်ချင်းဆိုသလိုပဲ ရှည်လျားတဲ့ ချောင်းတွေ တဟွတ်ဟွတ်နဲ့ ဆိုးနေပါတယ်။ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင်လား။ အသက်နှစ်ဆယ်တောင် မရှိသေးတဲ့ လူငယ်လေး တစ်ယောက်က တကယ်ပဲ မြေကဗ္ဗာအဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နေတာလား။ ဒါက တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ယွီချင်ယွမ်က ဘာမှမတတ်နိုင်ပဲ ခါးခါးသီးသီး ဖြစ်နေတဲ့ အမူအရာနဲ့ ဖြစ်နေပါတယ်။ မင်းတမင်သက်သက် လုပ်တာ မဟုတ်ပါဘူးနော်။ ငါ့ရဲ့ မျက်နှာတစ်ခုလုံးကို ပြန်လက်စားချေတဲ့ အနေနဲ့ ထွေးထုတ်လိုက်တာလား။ ဒါပေမဲ့လည်း သူပထမဆုံး ထွေးထုတ်လိုက်တာကို ခံရတဲ့လူက ကျူးလောင်ရှင်း ဖြစ်နေပါတယ်။ ဒါကြောင့် သူ့ကို နည်းနည်းလေးမှ ပြစ်တင်ကြိမ်းမောင်းခြင်း မပြုတော့ပါဘူး။ သူ့ရဲ့မျက်နှာပေါ်က စိုနေတာကို သုတ်ဖို့အတွက် ချောမောလှပတဲ့ အမျိုးသမီး အစေခံတစ်ယောက်က မျက်နှာသုတ်ပဝါတစ်ထည် ယူလာပေးပါတယ်။

"တကယ်ကြီးလား"

နောက်ဆုံးတော့ ကျူးလောင်ရှင်းက စကားပြောလာခဲ့ပါတယ်။

ယွီချင်ယွမ်က သက်ပြင်းချပြီးတော့ စဉ်းစားလိုက်ပါတယ်။

ငါကအလိမ်အညာ တစ်ခုအတွက်နဲ့ တံတွေးထွေးခံဖို့ ဆန္ဒရှိနေတဲ့ လူတစ်ယောက်နဲ့များ တူနေလို့လားကွာ။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါအကြံပေးတာကို နားထောင်ပါ။ ဒီကောင်နဲ့ ပြဿနာ မဖြစ်စေနဲ့။ အရင်တုန်းက ငါသူ့ကို အပြစ်ပြုမိတဲ့အတွက် ငါ့ရဲ့အဘိုးက ငါ့ကို သေလုနီးပါး ရိုက်နှက်ခဲ့တယ်"

လပ္ပြွတ်။ အရမ်းကို ကြမ်းတာပဲ။

ကျူးလောင်ရှင်းက အရမ်းကို အံ့အားသင့်သွားပြီးတော့ တအံ့တဩနဲ့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီး ချင်ယွမ် မင်းက ယွီကလန်ရဲ့ တစ်ဦးတည်းသော မျိုးဆက်လေ"

"ဘာမှကို လုပ်လို့မရဘူး။ စဉ်းစားကြည့်လိုက်စမ်း။ အဲဒီကောင်က အခု အသက်ဘယ်လောက်များ ရှိသေးလို့လဲ။ ဒါပေမဲ့ သူက မြေကျွှမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်နေပြီ။ အနာဂတ်မှာ သူ့အတွက်တော့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ဖို့ဆိုတာ အရမ်းကို ဖြစ်နိုင်ချေရှိတယ်။ ဒါကြောင့် မင်းစဉ်းစားကြည့်လိုက်စမ်း။ ငါ့ရဲ့အဘိုးက သူ့ကို မျက်နှာသာ ပေးသင့်သလား မပေးသင့်ဘူးလား"

ယွီချင်ယွမ်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

ကျူးလောင်ရှင်းရဲ့ မျက်နှာမှာတော့ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူရဲ့အစ်မ ဖြစ်တဲ့သူက လက်ရှိမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေကို ရှာဖွေနေတယ် ဆိုတာကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ တကယ်လို့များ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဖြစ်လာမယ်ဆိုရင် သူရဲ့အစ်မက လင်းဟန်ကို တောင်းဆိုမှုတစ်ခု လုပ်ရပါလိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ သူက လင်းဟန်နဲ့ တိုင်းတာလို့

ရနိုင်မှာလဲ။ ဒါအပြင် ဒီကောင်က သူရဲ့ ယောက်ဖတောင်မှ ဖြစ်လာနိုင်ချေ ရှိပါတယ်။

လပြွတ်ပဲ။ ယောက်ဖတဲ့လား။ ဒီစကားကြားရတာ သိပ်တော့ မဆိုးပါဘူး။ မြေကျွှမ်းအဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဒါမှမဟုတ် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ယောက်ဖတော်ရတာ ဘယ်လောက်တောင် အံ့သြဆန်းကြယ်ဖို့ ကောင်းလိုက်သလဲ။

"ကျေးဇူးပါပဲ အစ်ကိုကြီးချင်ယွမ်။ ငါတကယ်ပဲ ပြဿနာကြီး တစ်ခုဖြစ်အောင် လုပ်မိတော့ မလို့ပဲ"

သူက စိတ်သက်သာရာ ရသွားပြီး သက်ပြင်းချလိုက်ပါတယ်။

ပါရမီရှင် ပြိုင်ပွဲကျင်းပမဲ့ ရက်က နီးကပ်လာတာနဲ့ လူအုပ်ကြီးကလည်း တစ်ဖြည်းဖြည်း တိုးလာခဲ့ပြီတယ်။ ယန်စွမ်းအားမြင့်မြို့ထဲမှာ လူငယ် လက်ရွေးစင် ကျင့်ကြံသူတွေလည်း ပိုပိုပြီးတော့ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလူငယ်တွေက စိတ်မြန်လက်မြန်ရှိတယ် ဆိုတာ ဧကန်မုချ မလွဲမသွေပါပဲ။ ပြီးတော့ တိုက်ခိုက်ကြပြီး ပြဿနာတွေကို ရှောင်လွှဲလို့လည်း မရပါဘူး။ ဒါပေမဲ့ ဘယ်သူကမှ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်မှာ တိုက်ခိုက်မှု

မဖြစ်ပွားကြပါဘူး။

ဒီနေရာမှာ ဘာမှလုပ်လို့ မရပါဘူး။ ပါရမီရှင် အဆင့်ဇယားက လက်ရွေးစင် နှစ်ယောက်က ဆယ်ရက်တောင်မှ ဒီနေရာမှာ အလုပ်လုပ်ခဲ့ရပါတယ်။ ပြီးတော့ သူတို့တွေရဲ့ အဆင့်က ပါရမီရှင် အဆင့်ဇယားမှာ အဆင့်နှစ်ဆယ်မှာ ချိတ်ပါတယ်။ ဒါကြောင့်ပဲ အဆင့်နှစ်ဆယ်ထက် နိမ့်ကျတဲ့ လူတွေအားလုံး အနေနဲ့ ဒီစားသောက်ဆိုင်က ကြောက်စရာကောင်းတဲ့ နေရာတစ်ခုလို့တောင် တွေးထင်နေကြပါတယ်။

တကယ်လို့ မင်းက ဒီနေရာမှာ ပြဿနာရှာချင်တယ် ဆိုရင်တော့ ကိစ္စမရှိပါဘူး။ မင်းက ရွှီကုချန်နဲ့ ဂျီတဲ့ရှန်တို့ထက် ပိုပြီးတော့ အစွမ်းထက်ဖို့တော့ လိုပါလိမ့်မယ်။

ဒ့ါအပြင် ကျူးရွှမ်အာရဲ့ မောင်ငယ်တောင်မှ ဒီနေရာမှာ ရှုံးနိမ့်ပြီးတော့ ကျူးရွှမ်အာကိုယ်တိုင်က သူမရဲ့ မောင်လေးအတွက် လာရောက်ပြီးတော့ ရပ်တည်ပေးမဲ့ လက္ခဏာမျိုး နည်းနည်းလေးမှ မရှိပါဘူး။ ဒါကပဲ ဒီစားသောက်ဆိုင်ပိုင်ရှင်မှာ ဘယ်လောက်တောင် အစွမ်းထက်တဲ့ နောက်ခံအင်အားမျိုး ရှိနေတယ် ဆိုတာကို ဖော်ပြရာရောက်ပါတယ်။

ဘယ်သူမှတော့ လျှို့ပုက်ပြီးတော့ ကြံစည်လာရင် တာဝန်ယူနိုင်မှာ မဟုတ်ပေမဲ့လည်း အံ့အားသင့်စရာကောင်းတဲ့ ဒီအခြေအနေ နှစ်ခုကြောင့် ဘယ်သူကမှ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်မှာ ပြဿနာ မရှာပုံ့ပဲ လက်မြှောက်အရှုံးပေးထား ကြပါတယ်။

နောက်ထပ် ရက်ပေါင်း နှစ်ဆယ် ကုန်လွန်သွားခဲ့ပါပြီ။ ပါရမီရှင် ပြိုင်ပွဲက မနက်ဖြန်ဆိုရင် တရားဝင် ကျင်းပပါတော့မယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ လင်းဟန်က လွီယုထန်နဲ့ တခြားသူတွေအတွက် နောက်ဆုံးတော့ အထူးလေ့ကျင့်ခန်းကို ရပ်ပေးခဲ့ပါတယ်။ ဒီနေ့က သူတို့အတွက်တော့ ကောင်းကောင်း အနားယူဖို့ လိုအပ်ပါလိမ့်မယ်။ ပြီးတော့ နောက်နေ့ကစပြီး တကယ့်တိုက်ပွဲကို ဆင်နွဲရပါတော့မယ်။ သူတို့တွေ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာတာနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုက သူတို့အားလုံးကနေ ထွက်ပေါ်လို့ နေပါတယ်။

တစ်လလောက် ငရဲခန်း လေ့ကျင့်ရေးပြီးတဲ့ နောက်မှာတော့

သူတို့အားလုံးက သူတို့ရဲ့ လမ်းကြောင်းပေါ်က တားဆီးပိတ်ဆို့ထားတဲ့ လူသားပဲဖြစ်ဖြစ် တစ္ဆေသရဲပဲဖြစ်ဖြစ် သတ်ပစ်နိုင်စွမ်း ရှိလာကြပါပြီ။

ကန်းရီရဲ့ ကျင့်ကြံခြင်း အဆင့်က အမြင့်ဆုံး ဖြစ်ပါတယ်။ သူက စိတ်ဝိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်ကို ရောက်သွားခဲ့ပါပြီ။ ကွမ်းယွမ်ကလည်း နောက်ဆုံးတော့ အလွှာကိုးကို ပြန်လည် ရောက်ရှိလာပြီး လွီယုထန်ကတော့ အလွှာရှစ် ဖြစ်ပါတယ်။ ကျူးပုကျို့ကတော့ အားအနည်းဆုံး ဖြစ်ပေမဲ့ သူလည်းပဲ အလွှာခုနစ်ကို ရောက်ရှိလို့ နေခဲ့ပါပြီ။ သူတို့တွေ လျင်မြန်စွာနဲ့ တိုးတက်လာ ရတဲ့ အကြောင်းအရင်းက လင်းဟန်က သူတို့ရဲ့ သွေးကြောဆုံမှတ်တွေကို ရွှေအပ်စိုက် ကုသနည်းနဲ့ သူတို့ရဲ့ ပုန်းကွယ်နေတဲ့ အလားအလာတွေကို ထုတ်ဖော်လိုက်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်လည်း တစ်လဆိုတဲ့ အချိန်လေးမှာ တိုးတက်မှုတွေ အများကြီး ဖြစ်လာခဲ့တာပါ။

ဒါပေမဲ့ ဒါက သူတို့ရဲ့ အတွင်းထဲက စွမ်းရည်ကို ယိုထွက်လာအောင် လုပ်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ်မှာ ကျင့်ကြံခြင်း အမြန်နှုန်းကို တန်ရာတန်ကြေးအဖြစ် ပြန်ပြီးတော့ ပေးဆပ်ရမယ်လို့ ဆိုလိုတာပါပဲ။ ဒါပေမဲ့ ပါရမီရှင် ပြိုင်ပွဲမှာ ကောင်းမွန်တဲ့

အဆင့်ချိတ်ဖို့ အတွက် သူတို့အနေနဲ့ ဘာကိုမှ ဂရုမစိုက်နိုင်ပါဘူး။

လူတစ်ယောက်က ဒီလိုမျိုး လျှို့ဝှက်နည်းပညာကို သူတို့ရဲ့ ဘဝတစ်လျှောက်လုံးမှာ တစ်ကြိမ်ပဲ အသုံးပြုနိုင်ပါတယ်။ တကယ်လို့ ဒုတိယအကြိမ် အသုံးပြုလိုက်မယ်ဆိုရင် သူတို့ရဲ့ စွမ်းအင်တွေက အကြီးအကျယ် တိုးတက်လာနေဆဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက သူတို့ရဲ့ စွမ်းအားတွေက အဆက်မပြတ် မထိန်းနိုင် မသိမ်းနိုင် တိုးလာပြီး သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကတော့ အဲဒီစွမ်းအားတွေကို ကြာကြာမထိန်းနိုင်ပါဘူး။ သူတို့ရဲ့ ခန္ဓာကိုယ်က ပေါက်ကွဲပြီးတော့ သေသွားနိုင်ပါလိမ့်မယ်။

ဒါအပြင် ဒီနည်းပညာက ပန်းဖူးအဆင့် မတိုင်ခင်ပဲ အသုံးဝင်ပါတယ်။ ပန်းဖူးအဆင့်ကို ချိုးဖျက် ဝင်ရောက်ပြီးသွားရင် ကျင့်ကြံသူက သူရဲ့သေမျိုးအခွံကို ဖြတ်တောက်ပစ်ပါလိမ့်မယ်။ ပြီးတော့ ဒီလိုမျိုး နည်းစနစ်က လူတစ်ယောက်ရဲ့ ပုန်းကွယ်နေတဲ့ စွမ်းရည်ကို အဆက်မပြတ် အချိန်ကြာကြာ အာနိသင် အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

သွေးကြောဆုံမှတ်တွေကို ရွှေအပ်စိုက် ကုထုံးရယ်

ငရဲခန်းလေ့ကျင့်ရေး အစီအစဉ်ရယ် ပေါင်းစပ်လိုက်တဲ့အခါမှာ သူတို့ရဲ့က လက်ရှိ အံ့အားသင့်စရာကောင်းတဲ့ ကျင့်ကြံခြင်းနှုန်းကို ပိုင်ဆိုင်သွားရတာပဲ ဖြစ်ပါတယ်။

တစ်ဖက်က လင်းဟန်နဲ့ ဟူးညိုတို့ နှစ်ယောက်စလုံးကတော့ စိတ်ဝိညာဉ် ပင်လယ်အလွှာ ကိုးရဲ့ အထွတ်အထိပ်အဆင့်မှာပဲ ရှိနေပါသေးတယ်။

လင်းဟန်က စိတ်ဝိညာဉ် ပင်လယ်နှစ်ခုကို ပိုင်ဆိုင်ထားပြီး တစ်ခုက နာရီလက်တံအတိုင်း လည်ပတ်ပြီး နောက်တစ်ခုကတော့ နာရီလက်တံနဲ့ ဆန့်ကျင်ဘက်ကို လည်ပတ်ပါတယ်။ ဒါကြောင့် သူရဲ့ကျင့်ကြံခြင်း တိုးလာတဲ့ အချိန်မှာ သူရဲ့ မူလစွမ်းအင်က အမြဲတမ်းလိုလို ခိုင်မာတောင့်တင်းပြီး အရောင်တင်သလို ဖြစ်လာပါတယ်။ ဒါပေမဲ့ သူရဲ့ကျင့်ကြံခြင်းနှုန်းက အတော်လေးကို မြန်နေဆဲ ဖြစ်ပြီးတော့ ပြီးပြည့်စုံတဲ့ အခြေအနေကို ရောက်ရှိဖို့တော့ အချိန်လိုနေဆဲ ဖြစ်ပါတယ်။

ဒီရက်အနည်းငယ်အတွင်းမှာပဲ ၎င်းက ဖြစ်ပျက်သွားပြီး သူ့အနေနဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ပါလိမ့်မယ်။

တစ်ညအနားယူပြီးတဲ့နောက်မှာ လူငယ်တွေအားလုံးက ယန်စွမ်းအားမြင့်မြို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ပြိုင်ကွင်းကြီးမှာ စုစည်းခဲ့ကြပါတယ်။ ဒီနေရာကို စိတ်ဂိညာဉ် ရတနာ စံအိမ်က ပိုင်ဆိုင်ထားပါတယ်။ သူတို့ရဲ့ အံ့မခန်း ချမ်းသာကြွယ်ဝမှုတွေကြောင့် ဒီကြီးကျယ် ခမ်းနားတဲ့ ပြိုင်ပွဲကွင်းကြီးကို သုံးနှစ်မှာ တစ်ကြိမ်ကျင်းပမဲ့ ပါရမီရှင်ပြိုင်ပွဲအတွက် တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာက အရမ်းကို ခမ်းနားပြီး တစ်ကြိမ်တည်းနဲ့ ပရိသတ်ပေါင်း နှစ်သိန်းတောင် ဝင်ဆန့်ပါတယ်။

ပထမအဆင့် ခြေလှမ်းကတော့ စာရင်းပေးသွင်းခြင်း ဖြစ်ပါတယ်။

စာရင်းပေးသွင်းတဲ့ အဓိက အခြေအနေကတော့ အသက်သုံးဆယ်နှစ်အောက် ဖြစ်ရပါမယ်။ ဒီပြိုင်ပွဲမှာ တခြားတင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်း မရှိပါဘူး။

ဒုတိယအဆင့်ကတော့ တိုက်ပွဲစွမ်းအားကို စစ်ဆေးတာပဲ ဖြစ်ပါတယ်။

စာရင်းပေးသွင်းရတဲ့ နေရာမှာ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းအားကို စမ်းသပ်စစ်ဆေးတဲ့

ကျောက်တုံးပြားတစ်ချပ် ရှိပါတယ်။ ၎င်းကျောက်တုံးကို ရှေးဟောင်းအချိန်ကတည်းက အစွမ်းထက်တဲ့ လူတစ်ယောက်က ဖန်တီးထားခဲ့ပါတယ်။ လူတစ်ယောက်က သူရဲ့ စွမ်းအား အပြည့်အဝနဲ့ ၎င်းကို ရိုက်ချလိုက်ရင် ကျောက်တုံးက သက်ဆိုင်ရာ တိုက်ပွဲကြယ် အရေအတွက်ကို ဖော်ပြပေးပါလိမ့်မယ်။ လူအားလုံးက တိုက်ပွဲကြယ် အရေအတွက်အရ အဆင့်စီရနိုင်ပါတယ်။ ဒါပေမဲ့ တကယ့်အမှန်တကယ် ပြိုင်ပွဲမှာတော့ ဘယ်လောက်များများ သူတို့ရဲ့ အစွမ်းတွေကို ထုတ်ပြနိုင်မလဲ ဆိုတာကတော့ စောင့်ကြည့်ရပါမယ်။

နောက်ဆုံးအချီမှာ ပါရမီရှင် အဆင့်ဇယားကနေ လူတွေ ဘယ်လောက်တောင်များ ထွက်ခွာသွားမလဲ ဆိုတဲ့အချက်အပေါ် မှာ မူတည်ပါတယ်။

ဒီထဲကနေ နှုတ်ပယ်ခြင်း ခံရတဲ့ သူတွေက အသက်အရွယ် ကျော်လွန်သွားတဲ့ အတွက်ကြောင့် ဖြစ်ပြီးတော့ သူတို့အနေနဲ့ မသေနိုင်တဲ့ အစွမ်းရှိရင်တောင်မှ အချိန်တွေကို ထိန်းချုပ်နိုင်စွမ်း မရှိပါဘူး။ ထုတ်ပယ်ခြင်း မခံရပဲ ကျန်နေတဲ့ လူတွေကတော့ အလိုအလျောက် တကယ့်ပြိုင်ပွဲအတွက် အဆင့်မီသွားပါလိမ့်မယ်။ ဒီပြိုင်ပွဲမှာ စုစုပေါင်း ငါးဆယ့်ခြောက်ချီ ရှိပါတယ်။

ဒါကြောင့် စုစုပေါင်း တစ်ရာနဲ့ လေးဆယ့်လေးယောက်သော လူတွေက အမှန်တကယ် ပြိုင်ပွဲအတွက် အဆင့်မီပြီးတော့ စာရင်းပေးသွင်းနိုင်ပါလိမ့်မယ်။

ဒီလူနှစ်ရာက နံပါတ်တွေကို နှိုက်ရမှာဖြစ်ပြီးတော့ အဆင့်ဇယားပေါ်က အဆင့်အနိမ့် အမြင့် အမြင်သဘောထားပေါ် အခြေခံပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ဆုံတွေ့ရမှာ ဖြစ်ပြီး ရှုံးထွက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရပါလိမ့်မယ်။ နောက်ဆုံးကျန်နေတဲ့ လူအယောက် တစ်ရာက မြောက်ပိုင်းဒေသရဲ့ ပါရမီရှင်အသစ် လက်ရွေးစင်တွေ ဖြစ်ပါလိမ့်မယ်။ ကျန်နေတဲ့ လူတွေကို ဘယ်လိုအဆင့် သတ်မှတ်မလဲ ဆိုတာကတော့ ရိုးရှင်းပါတယ်။ သူတို့က ရိုးရိုးရှင်းရှင်းပဲ တိုက်ခိုက်ရပါလိမ့်မယ်။ လူတိုင်းက တခြားယှဉ်ပြိုင်သူ ကိုးဆယ့်ကိုးယောက်နဲ့ တိုက်ပွဲတစ်ပွဲ တိုက်ခိုက်ရမှာ ဖြစ်ပြီးတော့ သူတို့ရဲ့ နောက်ဆုံးအဆင့်ကိုတော့ အနိုင်အရှုံး ပွဲအရေအတွက် အပေါ်မှာ မူတည်ပြီးတော့ တွက်ချက်ပါလိမ့်မယ်။

"ကဲ ဒါဆိုရင် ငါတို့ရဲ့ တိုက်ပွဲစွမ်းအားကို အရင်ဆုံး သွားပြီးတော့ စမ်းသပ်ကြည့်ရအောင်"

လင်းဟန်က သူရဲ့အုပ်စုကို ဦးဆောင်ပြီးတော့ တိုက်ပွဲအစွမ်းစမ်းသပ်စစ်ဆေးတဲ့ ကျောက်တုံးပြားဆီကို ဦးတည်ပြီး ထွက်လာခဲ့ကြပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အမှန်တကယ် ပြိုင်ပွဲအတွက် အဆင့်မီတဲ့ လူအယောက်နှစ်ရာပဲ ရှိတာ ဖြစ်ပြီးတော့ ဒီအယောက်နှစ်ရာထက် နိမ့်ကျတဲ့ လူတွေကတော့ အလိုအလျောက် ထုတ်ပယ်ခြင်း ခံရမှာ ဖြစ်ပြီးတော့ သူတို့အတွက် စာရင်းသွင်းစရာ မလိုအပ်ပါဘူး။

"ဟော့ဟော့ဟော့ မင်းတို့အားလုံး ဒါကိုမြင်ရဲ့လား။ မွန်းစတားတစ်ကောင် အခုလေးတင် ပေါ်လာခဲ့ပြီ။ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ပဲ ရှိသေးတယ်။ ဒါပေမဲ့ သူရဲ့တိုက်ပွဲ စွမ်းအားကတော့ ကြယ်အလုံးနှစ်ဆယ်လောက် မြင့်ပြီးတော့ သူက စိတ်ဂိညာဉ် ပလွှင် အဆင့်ကိုတောင် တစ်ဟုန်ထိုးထိုးတက်သွားနိုင်လုနီးပါးပဲ"

"ငါသိတယ်။ အဲဒီကောင်ရဲ့ နာမည်က ချူရှီကျူ လို့ခေါ်တယ်။ ဒါပေမဲ့ ဘယ်သူကမှ သူဘယ်ကနေ လာတယ်ဆိုတာကို မသိဘူး။ သူက အရမ်းကို လျှို့ပှက်ဆန်းကြယ်တယ်"

"ဒီကောင်က အရင်ပြိုင်ပွဲတုန်းက ရှန်းဖောင်ချန်နဲ့ တန်းတူရပ်တည်နိုင်လု နီးပါးပဲ"

"သူက ရှန်းဖောင်ချန်ထက် နည်းနည်းလေး နိမ့်ကျလိမ့်မယ်။ အဖြူရောင်မားဘုရင်က စိတ်ဂိညာဉ် ပလ္လင်အဆင့်က ပြိုင်ဘက်တွေကိုတောင်မှ အနိုင်ယူနိုင်တဲ့ လူတစ်ယောက်ပဲလေ"

"ရှန်းဖောင်ချန်လည်းပဲ စိတ်ဂိညာဉ ပင်လယ်အဆင့် အလွှာကိုးကို ရောက်နေတာ တစ်နှစ်တောင် ကျော်နေပြီ။ ပြီးတော့ သူကသူ့ကိုယ်သူ အဆက်မပြတ် အရောင်တင်နေခဲ့တယ်။ ဒါကြောင့်ပဲ သူရဲ့မားနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ပြိုင်ဘက်တွေကို လှီးထုတ်နိုင်တာပေ့ါ။ ဒီချူရှီကျူလည်း မနိမ့်ကျလောက်ဘူး"

"အဲဒါဟုတ်တယ် ချူရှီကျူက အခုမှ အသက်ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်"

သူတို့က ပရိသတ်တွေ ဆူညံပွက်လောရိုက်အောင် အပြင်းအထန် ဆွေးနွေးငြင်းခုံနေတဲ့ နေရာကို ရောက်လာပြီးတော့ ကြားလိုက်ရပါတယ်။ နှစ်တိုင်းလိုလိုပဲ ပါရမီရှင် အဆင့်ဇယားမှာ မွန်းစတား တချို့က

ထွက်ပေါ်လာပါလိမ့်မယ်။ နောက်ဆုံးအချိုက ရွှေရောင်စာလိပ် နာမည်က ကျူးရွှမ်အာ၊ ကျိုးရုတ၊ လုရန်နဲ့ ရှန်းဇောင်ချန်တို့လို အရမ်းကိုထူးချွန်တဲ့ ပါရမီရှင်တွေ ပါဝင်ဖို့ ထိုက်တန်ပါတယ်။ ဒီအလှည့်မှာ ဘယ်လိုတွေ ဖြစ်သွားလိမ့်မလဲ ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။

အပိုင်း(၄၃၃) စာရင်းပေးသွင်းမှု စတင်ပြီ။

"အခု ငါတို့တွေ ပြောစရာတစ်ခု ကျန်သေးတယ်။ ဒီနေ့မနက်ပဲ ပိုပြီးတော့ အစွမ်းထက်တဲ့ လူတစ်ယောက် ရှိနေသေးတယ်။ သူက အသက်နှစ်ဆယ့်တစ်နှစ်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ပထမကို ရောက်နေပြီ။ ဒါအပြင် သူရဲ့တိုက်ပွဲအစွမ်းက ကြယ်ဆယ့်နှစ်လုံးတောင် ရှိတယ်"

"ဘာပြောတယ်။ ဒီမှာတကယ်ပဲ တိုက်ပွဲကြယ် ဆယ်လုံးကို ကျော်လွန်တဲ့လူ ရှိတယ်သေးတယ်ပေါ့ ဟုတ်လား"

"သူ့နာမည်က ဘယ်လိုခေါ်လဲ"

"ရှီအန်ပင်း"

"သူ့ကိုတစ်ခါမှ မကြားဖူးဘူး"

"သေချာတယ် တစ်ခါမှ မကြားဖူးဘူး"

"သူစာရင်းသွင်းတုန်းက အချက်အလက်တွေအရ သူက ပြည်ပကနေ လာခဲ့တာပဲ"

"ဟော့ဟော့ဟော့ မင်းဆိုလိုချင်တာက သူက မြောက်ပိုင်းဒေသရဲ့ အပြင်ဘက်က ပင်လယ်တွေ ဆီကနေ လာခဲ့တာပေါ့ ဟုတ်လား"

"ဘယ်သူသိမလဲ"

"ငါတို့သူ့ကို မကြားဖူးတာ အံ့သြစရာ မဟုတ်တော့ဘူး"

သူတို့ထဲက တချို့က ဒီမနက်ပိုင်းမှ အစောကြီး ရောက်လာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့က စာရင်းပေးသွင်းမှု စတင်တာနဲ့ နည်းနည်းလေးမှ မလွဲချော်ခဲ့ကြပဲ စာရင်းပေးသွင်းမှုမှာ အံ့အားသင့်စရာ ကောင်းလောက်တဲ့ ပါရမီရှင်အသစ်တွေ ထွက်ပေါ်လာတာကို သိမြင်ခဲ့ ကြပါတယ်။ အမှန်တော့ ဒီပါရမီရှင် အသစ်တွေက အသက်အရွယ်အားဖြင့်တော့

အရမ်းကြီး ငယ်ရွယ်မနေကြပါဘူး။ သူတို့က နောက်ဆုံးကျင်းပပြီးခဲ့တဲ့ ပြိုင်ပွဲကို အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့် လွဲချော်ခဲ့ကြပြီး အခုအကြိမ်ကျမှ ဝင်ရောက်နိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။

ဒါကအရမ်းကို ဖြစ်နေကျ ပုံစံအတိုင်းပါပဲ။ တကယ်တော့ ပါရမီရှင် အဆင့်ဇယားအပေါ်မှာ အဆင့်ဆိုတာက နာမည်လွတ်နေတဲ့ နေရာတစ်ခုပဲဖြစ်ပြီးတော့ တကယ်လို့ သူတို့က တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေအတွက် သေရေးရှင်ရေးလို တိုက်ခိုက်ရမယ်ဆိုရင် ဘယ်သူကများ တိုက်ပွဲကို အလျှော့ပေးဖို့ ဆန္ဒရှိပြီး ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အပြေးအလွှားလာခဲ့ကြမှာလဲ။

"ဂရန်းမာစတာလင်း"

လင်းဟာန်နဲ့ တခြားသူတွေက ကျောက်တုံးနားမှာ ရပ်လိုက်တဲ့ အခါမှာ သူတို့ဆီကို အော်ဟစ်ပြီး တမင်သက်သက်ကို ဦးတည်လာတဲ့ လူတချို့ကို မြင်လိုက်ရပါတယ်။ ဒါအပြင် လူကတော်တော်လေး များပြီးတော့ လမင်းကျဆင်း ချောက်နက်မှာတုန်းက ဆုံတွေ့ခဲ့ကြတဲ့ လူတချို့လည်း ပါဝင်ပါတယ်။

ဂူဖန်းဟွာ၊ ချီဟွာလန်၊ လင်းရှန်းချင်နဲ့ တခြားသူတွေပဲ ဖြစ်ပါတယ်။ အခု နှစ်ဂက်ဆိုတဲ့ အချိန်ကုန်လွန် သွားခဲ့ပြီး သူတို့အသီးသီးကလည်း စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့် ကျင့်ကြံခြင်းကို ပိုင်ဆိုင်ထားကြပါတယ်။ ဘယ်သူမှတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက် ဂင်ရောက်နိုင်ခြင်း မရှိကြသေးပါဘူး။ ကြည့်ရတာတော့ သူတို့အနေနဲ့ မလုပ်နိုင်တာ မဟုတ်ပဲ သူတို့ရဲ့ အခြေခံတွေကို တောင့်တင်းခိုင်မာကျစ်လျစ်အောင် လုပ်နေကြလို့ပဲ ဖြစ်ပါတယ်။

ဘာမှမဟုတ်တဲ့ ခေါင်းစဉ်လေး တစ်ခုအတွက် သူတို့ရဲ့ ကျင့်ကြံခြင်းကို အတင်းအဓမ္မ မြှင့်တင်ရမှာလား။ ဒါက အရမ်းကို စိတ်အားတက်ကြွမှုကို ပျက်စီးစေတဲ့ အရာဖြစ်ပြီးတော့ အနာဂတ် သူတို့ရဲ့ ကျင့်ကြံခြင်းကို အများကြီး ထိခိုက်နစ်နာစေပါလိမ့်မယ်။ ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ဖို့ ကြိုးစားတဲ့ လူတွေအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အချက်အလက်ကို နားမလည်ပဲ ရှိနိုင်ရမှာလဲ။

သူတို့အနေနဲ့ ပါရမီရှင် အဆင့်ဇယားပေါ်မှာ အဆင့်ချိတ်မှုကြောင့် ရရှိတဲ့ ဂုဏ်သိက္ခာကို

ဘယ်လောက်ကြာကြာ ထိန်းသိမ်းထား နိုင်မှာလဲ။ အများဆုံး ဆယ်စုနှစ်လောက်ပဲပေါ့။ ဒါပေမဲ့ ဒီနေရာမှာ နောက်ပိုင်းကျရင် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ချေရှိတဲ့ လူတွေလည်း ရှိပါတယ်။ သူတို့ရဲ့ သက်တမ်းက နှစ်ပေါင်းသုံးရာအထိ ရှည်လာသရွေ့တော့ ဆယ်စုနှစ်တစ်ခု ဆိုတဲ့အတိုင်းအတာကို ဘယ်လိုလုပ်ပြီးတော့ ထည့်သွင်းရေတွက်ကြမှာလဲ။

သူတို့အနေနဲ့ တန်ဖိုးနည်းနည်းလေး ရရှိဖို့အတွက် အကြီးအကျယ် ဆုံးရှုံးရမဲ့ နည်းလမ်းကို ဘယ်လိုလုပ်ပြီးတော့ ရွေးချယ်ကြမှာလဲ။

"အချိန်တွေတောင် အတော်ကြာပြီပဲ"

လင်းဟန်က သူရဲ့လက်ကို မြှောက်ပြီးတော့ သူတို့ဘက်ကို နှုတ်ဆက်လိုက်ပါတယ်။

သူတို့အားလုံးပဲ အရင်က အကြောင်းအရာတွေကို စတင်ပြီး စကားစမြည် ပြောလိုက်ကြပါတယ်။ သူတို့ပြောနေတဲ့ အကြောင်းအရာကတော့ အမှောင်နတ်ဆိုး တောအုပ်ထဲက မိုးရေကေရာဇ်၊ ယိုဟိုင်ယွဲ့နဲ့ နတ်ဆိုးမျောက်ဂံတို့ အကြားက

ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲအကြောင်းဆိုတာ မလွဲကေန်ပါပဲ။

"ဘယ်သူမဆို ယိုဟိုင်ယွဲလို့ ဖြစ်ချင်ကြတာပဲ။ ငါလည်း ဒီကမ္ဘာကြီးထဲမှာ ဒုတိယလုံအရှင်သခင် ဖြစ်လာလိမ့်မယ်"

ရှုဂမ်ထောင်က ရယ်မောလိုက်ပါတယ်။

"တကယ်လို့ တစ်ယောက်ယောက်က ဂရန်းမာစတာလင်းလို မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နိုင်လိမ့်မယ်ဆိုရင် သူတို့လည်းပဲ တူညီစွာနဲ့ ဒီကမ္ဘာကြီး တစ်ခုလုံးမှာ လူသိများ ထင်ရှားလာကြလိမ့်မယ်"

လင်းရှန်းချင်က ရယ်မောလိုက်ပါတယ်။ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ ညို့ငင်နိုင်မှုတွေက အသက်ဝင် လာခဲ့ပါတယ်။ သူမနဲ့ ရင်ဟောင်က မတူညီတဲ့ ဆွဲဆောင်မှုတွေ ရှိကြပေမဲ့ ရလဒ်ကတော့ အတူတူပါပဲ။ သူမတို့ နှစ်ယောက်စလုံးက သဘာဝရဲ့ အလှပဂေးတွေ ဖြစ်ကြပါတယ်။

"ဒီကောင်နဲ့ ယိုဟိုင်ယွဲတို့ နှစ်ယောက်စလုံးက မွန်းစတားတွေချည်းပဲ။ ဒါပေမဲ့ တစ်ယောက်က

သိုင်းပညာမှာ မွန်းစတား ဖြစ်ပြီးတော့ နောက်တစ်ယောက်က မှော်ဆေးပညာမှာ မွန်းစတား ဖြစ်နေတယ်"

ဂူဖန်းဟွာက မချိတင်ကဲ လေသံနဲ့ ပြောလိုက်ပါတယ်။

ချီဟွာလန်ကတော့ အရမ်းကို လေးနက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဂရန်းမာစတာလင်းရဲ့ သိုင်းပညာ ပါရမီကလည်း မနိမ့်ကျပါဘူးနော်"

သူတို့အားလုံးပဲ ရုတ်တရက် မှင်တက်သွားခဲ့ကြပါတယ်။ သူတို့က လင်းဟန်ရဲ့ သိုင်းပညာ ပါရမီ အကြောင်းကို သတိလစ်မေ့မျော နေခဲ့ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ မှော်ဆေးပညာမှာ အောင်မြင်မှုက အရမ်းကို တောက်ပလွန်းပြီး အသက်ဆယ့်ခုနစ်နှစ် စွန်းစွန်း အရွယ်နဲ့ သူက မြေကျွမ်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။

ဒီကောင် နွေဦးစမ်းရေ အဆင့်မှာ ရှိတုန်းက စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ဘက် တစ်ယောက်ကို

သတ်ဖြတ်ခဲ့ပါတယ်။ ပြီးတော့ အခုဆိုရင် သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်ကို ချိုးဖျက်ဝင်ရောက်ခဲ့ပါပြီ။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်က ရန်သူတစ်ယောက်ကို အနိုင်ယူနိုင်စွမ်းများ ရှိနေမလား။ ဒါ့အပြင် လက်ရှိမှာ သူက အသက်ဆယ့်ရှစ်နှစ်ပဲ ရှိပါသေးတယ်။

"မင်းတို့အားလုံး မစိုးရိမ်ကြပါနဲ့။ ငါက ဒီပါရမီရှင် ပြိုင်ပွဲမှာ ဝင်ပြီးတော့ မပြိုင်ပါဘူး"

"မင်းက ဒီတဏှာရူးကို သေသွားလုမတတ် ထိတ်လန့်သွားအောင် လုပ်တာပဲ။ တကယ်လို့ မင်းသာ ဝင်ပြီးတော့ ပြိုင်မယ်ဆိုရင် ပထမနေရာကို သေချာပေါက် လုယူသွားလိမ့်မယ်။ ပြီးတော့ ငါကတော့ ဒီရလဒ်ကြောင့် ထွက်ပြေးရလိမ့်မယ်"

ဂူဖန်းဟွာက သူရဲ့ရင်ဘတ်ကို ပုတ်ပြီးတော့ စိတ်သက်သာရာ ရသွားတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ဂရန်းမာစတာလင်းက ဒီတစ်ကြိမ် ပါရမီရှင်အဆင့်ဇယားကို သူရဲ့အချိန် မထိုက်တန်သေးဘူးလို့ တွေးနေတာတော့ မဟုတ်ပါဘူးနော်"

လင်းရှန်းချင်က နှစ်သက်ကြည်နူးစရာကောင်းတဲ့ အကြည့်တစ်ချက် ပေ့လိုက်ပြီး လူတစ်ယောက်ရဲ့ စိတ်နှလုံးကို ဖမ်းဆုပ်ညှို့ငင်လိုက်ပါတယ်။ အမှန်တော့ သူမက လင်းဟာန်ကို ဖြားယောင်းသွေးဆောင်ဖို့ ကြိုးစားတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူမက ဒီလိုမျိုး ဖြစ်သွားခဲ့ပါတယ်။ မတော်တဆသူမက သွေးဆောင်ဖြားယောင်းတဲ့ အကြည့်တွေကို ဘယ်ညာ ပေ့ကြည့် လိုက်ပါတယ်။

"ဟားဟား ဘယ်လောက်တောင် သွေးကြီးတဲ့ စကားတွေလဲ"

ဘေးမှာရှိနေတဲ့ တစ်စုံတစ်ယောက်က ချက်ချင်းပဲ သူတို့ရဲ့ မယုံကြည်နိုင်မှုတွေကို ဖိနှိပ်ထိန်းချုပ် ချင်နေပုံ ရပါတယ်။ သူရဲ့လက်မောင်းတွေကို ပိုက်ထားပြီးတော့ အဲဒီလူက အထင်အမြင်သေးတဲ့ အမူအရာ ဖြစ်နေပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက အဲဒီလူကို မြင်လိုက်ရတဲ့ အခါမှာ သူက သူ့ကိုယ်သူ လက်မထောင်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက သွေးမီးတောက် ချိုင့်ဝှမ်းက ရှုဂမ်ဒီပဲ။ တကယ်လို့ မင်းက လက်မခံနိုင်ဘူး ဆိုရင် မင်းတို့အားလုံးကို အမှုန့်ဖြစ်သွားအောင် ရိုက်နက်ဆုံးမ ပစ်ရလိမ့်မယ်"

သွေးမီးတောက် ချိုင့်ပှမ်း။ သူက ဒီလိုမျိုး မောက်မာပင့်ကြွားတဲ့ စကားကို ပြောတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

မြောက်ပိုင်းဒေသမှာ အစွမ်းထက်ဆုံး အဖွဲ့အစည်း လေးခုရှိပါတယ်။ ချိုင့်ပှမ်းတစ်ခုနဲ့ ဂိုဏ်းသုံးခု ဖြစ်ပါတယ်။ ချိုင့်ပှမ်းတစ်ခုကတော့ သွေးမီးတောက်ချိုင့်ပှမ်း ဖြစ်ပြီးတော့ ကျိုးယုတလိုမျိုး ပါရမီရှင် တစ်ယောက် ထင်ရှားကျော်ကြားပြီး ထွက်ပေါ်လာနိုင်ခဲ့ပါတယ်။

သူတို့အားလုံးက လူငယ်လူရွယ်တွေ ဖြစ်ကြပြီး စိတ်မြန်လက်မြန် ရှိကြပါတယ်။ ဒါကြောင့်မို့ ကျူးကျော်လာတဲ့ သူကို ပြင်းပြင်းထန်ထန်နဲ့ကို မလိုလားတဲ့ အကြည့်တွေနဲ့ စိုက်ကြည့်လို့ နေကြပါတယ်။ လင်းဟန်က သူရဲ့လက်ကို အသာလေး ဝှေ့ယမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေ ဒီလိုမျိုး ဘာမဟုတ်တဲ့ အသေးအမွှားလူကြောင့် ကိုယ့်အဆင့်ကိုကိုယ် နှိမ့်ကျမသွားစေနဲ့"

"မှန်တယ်။ ငါတို့က ဘယ်သူတွေလဲ။ ဘာဖြစ်လို့ ဒီလိုမျိုး ဘာမဟုတ်တဲ့ အသေးအမွှား လူတစ်ယောက်ကို ဘာဖြစ်လို့

သည်းမခံနိုင်ရမှာလဲ”

“တကယ်လို့ ငါတို့က သူ့ကို တကယ်တန်း ရင်ဆိုင်ရမယ်ဆိုရင် တစ်ချက်တည်းနဲ့ပဲ ဒီလိုကောင်ကို တန်းပြီးတော့ သတ်ပစ်သင့်တယ်”

ဂူဖန်းဟွာနဲ့ တခြားသူတွေ အားလုံးပဲ ခေါင်းတွေညိတ်လိုက်ကြပြီး ဒါက ရှုပမ်ဒီရဲ့ မျက်နှာကို ဒေါသကြောင့် နီမြန်းသွားစေခဲ့ပါတယ်။ သူက သူတို့ကို တမင်သက်သက်ကို စော်ကားခဲ့တာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့အုပ်စုထဲမှာ အရမ်းကို ချောမောလှပတဲ့ အလှပဂေး တချို့ကို မြင်တွေ့လိုက်ရလို့ ဖြစ်ပါတယ်။ အခုလို သူလုပ်ရတဲ့ အကြောင်းရင်းကလည်း ဒီအလှပဂေးတွေရဲ့ အာရုံစိုက်မှုကို ခံချင်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့တွေက သူ့ကို အရေးမပါသလိုမျိုး မှတ်ယူကြလိမ့်မယ်လို့ လုံးဝကို မမျှော်လင့်ထားခဲ့ပါဘူး။

သေသင့်တဲ့ကောင်တွေ မင်းတို့တွေ ငါ့ရဲ့တိုက်ပွဲအစွမ်းကို မျက်မြင်ကိုယ်တွေ့ မဖြစ်သေးတော့ စောင့်ကြည့်နေပေါ့။ အဲဒီအချိန်ကျရင် မင်းတို့တွေ ဘယ်လောက်တောင် ကြောက်ရွံ့ထိတ်လန့် သွားမလဲဆိုတာကို ကြည့်ဦးမယ်။

ရှဂမ်ဒီက စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ သူကိုယ်သူ ဘာမှမလှုပ်ရှားမိအောင် ထိန်းချုပ် ထားလိုက်ပါတယ်။ သိုင်းပညာရှင်တွေက သူတို့ကိုယ်သူတို့ လုံလောက်တဲ့ စွမ်းအားမရှိရင် လက်သီးနဲ့ပဲ ဖြေရှင်းတတ်ကြပါတယ်။

"အခု အောင်းကလန်က သားခုနစ်ယောက်ရဲ့ အလှည့်ပဲ"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ အောင်းချင်းလိုင်နဲ့ သူရဲ့ ညီအစ်ကိုတွေက စမ်းသပ်စစ်ဆေးတဲ့ ကျောက်တုံးရဲ့ အရှေ့ကို ရောက်လို့ လာခဲ့ပါပြီ။ ဒါပေမဲ့လည်း အောင်းချင်းလိုင်နဲ့ အောင်းယွမ်ဂေတို့က ပါရမီရှင် အဆင့်ဇယားမှာ ပါဝင်ပြီးသား လူတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်က အမှန်တကယ် ပြိုင်ပွဲကို အလိုအလျောက် ဝင်ရောက်ခွင့် ရရှိခဲ့ပါတယ်။

အခုဆို နှစ်ဂက်ဆိုတဲ့ အချိန်ကုန်လွန် သွားခဲ့ပြီး အောင်းကလန်ရဲ့ သားခုနစ်ယောက်က အမှန်တကယ်ပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်သူတွေ ရှိနေကြပါတယ်။ သူတို့က အောင်းချင်းလိုင်၊ အောင်းယွမ်ဂေနဲ့ အောင်းဂျန်းချန်တို့ ဖြစ်ကြပါတယ်။ အောင်းဂျန်းချန်က နံပါတ်ခုနစ်ဖြစ်ပြီး တခြားသူတွေထက်

အမှန်တကယ် သာလွန်သွားခဲ့တာက အတော်လေးကို ထူးဆန်းပါတယ်။

အောင်းကလန်ရဲ့ ကျန်တဲ့သားငါးယောက်ကတော့ အမှန်တကယ် ပြိုင်ပွဲကို အလိုအလျောက် ဝင်ရောက်ခွင့် မရရှိတဲ့အတွက် သူတို့ရဲ့ တိုက်ပွဲအစွမ်းကို စမ်းသပ်စစ်ဆေး ခဲ့ပါတယ်။ သူတို့အားလုံးပဲ တိုက်ပွဲကြယ်ဆယ့်ငါးလုံး ရှိတယ်လို့ သုံးသပ်ခံခဲ့ရပါတယ်။ ဒါက ဒီနှစ်ဂက် အတွင်းမှာ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် မတိုးလာခဲ့ပေမဲ့လည်း သူတို့ရဲ့ တိုက်ပွဲအစွမ်းက အတော်လေးကို တိုးလာခဲ့ပုံ ရပါတယ်။

ဒါ့အပြင် အောင်းဂျန်းချန်က စိတဂိညာဉ် ပလ္လင်အဆင့်မှာ တိုက်ပွဲအစွမ်း ကြယ်သုံးလုံး ရှိပါတယ်။ သူက ပါရမီရှင် အဆင့်ဇယားမှာ ထိပ်ဆုံးအယောက် လေးဆယ်ထဲ ပါဂင်ဖို့ အရည်အချင်း ပြည့်မီပါလိမ့်မယ်။ ဒါပေ့ါ။ ဒါက နောက်ဆုံးပြိုင်ပွဲရဲ့ တိုက်ပွဲအစွမ်းကို အခြေခံပြီးတော့ ပျမ်းမျှ တွက်ချက်ထားတာ ဖြစ်ပါတယ်။ ဒီနှစ်မှာတော့ သိပ်ပြီးတော့ မသေချာပါဘူး။

"ငါနဲ့ ယွမ်ဂေလည်း ငါတို့ရဲ့ တိုက်ပွဲအစွမ်းကို စမ်းသပ်ချင်သေးတယ်။ စိတ်မရှိပါဘူးနော်"

အောင်းချင်းလိုင်က စာရင်းပေးသွင်းတဲ့ နေရာက တာဝန်ရှိသူ တချို့ကို ပြုံးပြလိုက်ပါတယ်။

"ဒါပေါ့။ ကိစ္စမရှိပါဘူး။ ကျေးဇူးပြုပြီးတော့ စမ်းသပ်ပါ"

သူတို့အားလုံးပဲ ခေါင်းညိတ်လိုက် ကြပါတယ်။ သူတို့အနေနဲ့ ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် သူရဲကောင်းတွေကို မျက်နှာသာတချို့တော့ ပေးရပါလိမ့်မယ်။

အောင်းချင်းလိုင်က ခေါင်းညိတ်ပြီးတော့ အောင်းယွမ်ဂေကို ပြောလိုက်ပါတယ်။

"နံပါတ်နှစ် မင်းအရင် စလိုက်"

အောင်းယွမ်ဂေက အမူအရာ ကင်းမဲ့စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် ပြီးတဲ့နောက်မှာ သူ့အနေနဲ့ နံပါတ်နှစ် နေရာမှာပဲ အဆင့်ချိတ်နေတယ် ဆိုတာကို ဝန်ခံဖို့ ဆန္ဒမရှိပါဘူး။ ပြီးတော့ အောင်းချင်းလိုင်ရဲ့ အသန်မာဆုံးဆိုတဲ့ နေရာကို အစားထိုးနိုင်ဖို့ အရမ်းကို မျှော်လင့်ထားပါတယ်။ အဲဒီအတွက်ကို အခွင့်ရေးကောင်း

တစ်ခါမှ မရသေးပါဘူး။ ဒါကြောင့် သူက ဒီအခွင့်အရေးကို အသုံးချပြီးတော့ အောင်းချင်းလိုင်ကို သူရဲ့ တိုက်ပွဲစွမ်းအားကို မျက်မြင်ကြုံတွေ့သွားအောင် ပြသရပါမယ်။

သူကတစ်ဖက်မှာရှိတဲ့ လက်နက်စင်ထဲက ဆေဘာဓားရှည် တစ်လက်ကို ဆွဲထုတ်ယူ လိုက်ပါတယ်။ ဒါက အဆင့်ငါး ပစ္စည်းတွေနဲ့ သွန်းလုပ်ထားတာ ဖြစ်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ စွမ်းအားလွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်ပါလိမ့်မယ်။

သူကအာရုံစိုက်ပြီး သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်ပြီးတော့ အသက်သုံးကြိမ် ရှူသွင်းပြီးမှ ရုတ်တရက်ဆိုသလို အစွမ်းထက်တဲ့ ခုတ်ချက်တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

ဟုန်း။

ဆေဘာဓားရဲ့ အလင်းခုနစ်က ထွက်ပေါ်လာပြီး စစ်မှန်တဲ့ ဓားသွားတစ်ခုလိုမျိုး စမ်းသပ် စစ်ဆေးတဲ့ ကျောက်တုံးကို ခုတ်ပိုင်းလိုက်ပါတယ်။ တိုက်ခိုက်မှုရဲ့ စွမ်းအား အားလုံးက ကျောက်တုံးအပေါ်က ဧရိယာသေးသေးလေးကို ပေါက်ကွဲထွက်သွားစေခဲ့ပါတယ်။

ဒီလိုမျိုး စမ်းသပ်စစ်ဆေးမှုက တိုက်ပွဲစွမ်းအားကို စစ်ဆေးတာထက် အစွမ်းထက်ဆုံး ဖျက်ဆီးမှု တိုက်ခိုက်ခြင်း အစွမ်းကို စမ်းသပ်စစ်ဆေးတယ်လို့ ပြောရင် ပိုပြီးတော့ သင့်လျော်ပါတယ်။ သာမန်အခြေအနေမှာဆိုရင် မတိုက်ခိုက်ခင်မှာ အသက်သုံးကြိမ်ရှူသွင်း ပြင်ဆင်ဖို့ မင်းမှာ အခွင့်အရေး မရှိပါဘူး။ တကယ်လို့ မင်းက ဒီလိုမျိုး တုံးအတဲ့ အရာတစ်ခုကို အမှန်တကယ် လုပ်မယ်ဆိုရင် တစ်ဖက်လူက မင်းကို အကြိမ်ဘယ်လောက်တောင် သတ်ပစ်လိုက်မလဲ ဆိုတာကို ဘယ်သူကသိနိုင်မှာလဲ။

ဟုမ်း ဟုမ်း ဟုမ်း။

ငါးခုမြောက် အတန်းက စာလုံးတွေ ဆက်တိုက်ပဲ လင်းလက်တောက်ပ သွားခဲ့ပါတယ်။ တစ် နှစ် သုံး လေး ငါး။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်ငါးလုံး။

ဒါက အရမ်းကို ဖြစ်ရိုးဖြစ်စဉ် တစ်ခု မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်က စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစမှ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့် တိုးလာခြင်း

အပေါ်မှာပဲ အာရုံစိုက်မိတာ သဘာဝ ကျပါလိမ့်မယ်။ သူတို့ရဲ့ မူလစွမ်းအားကို အရောင်တင်ဖို့ ဘယ်မှာများ အချိန်ရှိကြလို့လဲ။ ဒါကလည်း လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က အလွှာကိုးကို ရောက်တဲ့အခါမှာ သူရဲ့အခြေခံ ခိုင်မာတောင့်တင်းမှုနဲ့ သက်ဆိုင် ပါသေးတယ်။

"သူကတကယ်ပဲ အောင်းကလန်ရဲ့ ဒုတိယသားဆိုတဲ့ နာမည်နဲ့ ထိုက်တန်ပါပေတယ်။ ဒီလိုမျိုး တိုက်ပွဲအစွမ်းက ပြီးခဲ့တဲ့ ပြိုင်ပွဲတုန်းကဆို အဆင့်ခုနစ် အဆင့်ရှစ်တောင်မှ ရနိုင်တယ်။ အရမ်းကို သန်မာတာပဲ"

"ဟီးဟီး တကယ်လို့ အောင်းကလန်ရဲ့ ဒုတိယသားက အရမ်းကို တိုးတက်လာနိုင်တယ် ဆိုမှတော့ အကြီးဆုံးသားကရော မတိုးတက်လာနိုင်ဘူးလား"

"အောင်းချင်းလိုင်ရဲ့ အတိုင်းအတာက ဘယ်လောက်ရှိလဲ ဆိုတာကို ကြည့်ရအောင်"

ပရိသတ်တွေ အားလုံးပဲ သူတို့ရဲ့ အကြည့်တွေကို အောင်းချင်းလိုင်ဆီမှာ အာရုံစိုက်လိုက် ကြပါတယ်။

အပိုင်း(၄၃၄) တိုက်ပွဲအစွမ်းကို စမ်းသပ်ခြင်း

အောင်းချင်းလိုင်က မာနကြီးစွာနဲ့ ပြုံးပြီးတော့ လက်နက်စင်ကနေ ဓားရှည်တစ်လက်ကို ဆွဲယူလိုက်ပါတယ်။ ဒါပေမဲ့လည်း သူက မစတင်ခင်မှာ ပြင်ဆင်မှု နည်းနည်းလေးမှ မလုပ်ပဲ သူရဲ့ဓားနဲ့ တန်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ဂုမ်း ဂုမ်း ဂုမ်း ဂုမ်း။ တူညီစွာနဲ့ပဲ အတန်းငါးခုမြောက်က စာလုံးတွေက အောင်အောင်မြင်မြင်နဲ့ လင်းလက်တောက်ပသွားခဲ့ပါတယ်။ တစ် နှစ် သုံး လေး ငါး။ ငါးခုတောင် တောက်ပသွားပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ငါးလုံး။

ဒါပေမဲ့လည်း အောင်းယွမ်ဝေနဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် တစ်ယောက်က စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲကြယ်ငါးလုံး တိုက်ခိုက်မှုကို ထုတ်ဖော်နိုင်ဖို့အတွက် အသက်သုံးကြိမ် ရှူပြီးတော့ ပြင်ဆင်ခဲ့ရပြီး တစ်ယောက်ကတော့ သာမန်ကာလျှံကာ တိုက်ခိုက်မှုမှာ ဒီလိုမျိုး အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ သူတို့နှစ်ယောက်ရဲ့ အကြားမှာ ကွာဟချက်က အရမ်းကို ကြီးမားတယ် ဆိုတာက

သိသာပါတယ်။

အောင်းယွမ်ဝေရဲ့ မျက်နှာအမူအရာက သုန်မှုန်သွားပြီး တခြားအောင်းကလန်ရဲ့ သားငါးယောက်ကို ကြည့်ရတာလည်း မျက်နှာသိပ်မကောင်းကြပါဘူး။ သူတို့နဲ့ အောင်းချင်းလိုင်ရဲ့ အကြားက ကွာဟချက်က နောက်ပိုင်းမှာ ပိုပိုပြီးတော့ တိုးလာခဲ့ပါတယ်။

"ကျေးဇူးပြုပြီးတော့ ဒီကိုလာပြီး မင်းရဲ့ အချက်အလက်တွေကို ဖြည့်လိုက်ပါ"

စာရင်းသွင်းတဲ့ နေရာက တာဝန်ရှိသူ တစ်ယောက်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အောင်းကလန်ရဲ့ တခြားသားငါးယောက် အားလုံးလည်း နောက်ဆုံးယှဉ်ပြိုင်ပွဲကို ပါဝင်ဆင်နွှဲ ခဲ့ကြပေမဲ့ သူတို့တွေက အဆင့်မဝင်ခဲ့ကြပါဘူး။ ဒါကြောင့် သူတို့ကို လူသစ်တွေလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

အောင်းကလန်ရဲ့ သားငါးယောက်က အရှေ့ကိုတက်လာပြီး သူတို့ရဲ့ အချက်အလက်တွေကို ဖြည့်လိုက်ကြပါတယ်။ နောက်ထပ် အသက်အရွယ်ကို စမ်းသပ်စစ်ဆေးမှု ရှိပါဦးမယ်။ အောင်းချင်းလိုင်နဲ့ အောင်းယွမ်ဝေကို

နားနေခန်းဆီကို ဖိတ်ခေါ်သွားခဲ့ကြပါတယ်။

အားလုံးပဲ ဆက်ပြီးတော့ တန်းစီပြီး ရပ်နေကြပါတယ်။

"လပ္ပြတ်။ အဲဒါ ယုလွမ်ခွမ် မဟုတ်လား"

ပရိသတ်အကြားမှာ ဆူညံပွက်လောရိုက်မှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ သူတို့အားလုံးပဲ လှည့်ကြည့်လိုက်ကြတဲ့ အခါမှာ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ပုံရိပ်ရှိတဲ့ လူငယ်တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက အစွမ်းထက်တဲ့ အရှိန်အဂါ တစ်ခုကို ထုတ်ဖော်ထားပြီး ဒါက လုံးဂကို မယုံနိုင်စရာ ကောင်းလှပါတယ်။

ဒါပေမဲ့ နောက်ထပ် သေးသွယ်ပြီး ကောက်ကြောင်းလှပတဲ့ အရမ်းကို ဆွဲဆောင်မှုရှိတဲ့ မိန်းမလှလေး တစ်ယောက်ကလည်း သူရဲ့ဘေးမှာ ရှိနေပြီး ယုခွမ်လွမ်ရဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အရှိန်အဂါတောင်မှ မဖိနှိပ်နိုင်ပါဘူး။ သူရဲ့ဘေးမှာ ရပ်နေတာတောင်မှ သူမက အရမ်းကို တောက်ပတဲ့ အလင်းရောင် ရှိနေသလိုပါပဲ။ နှိုင်းယှဉ်ရမယ်ဆိုရင် သူမကတောင်မှ ပိုပြီးတော့ လင်းလက်တောက်ပနေသလိုပါပဲ။

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

"အရမ်းကို လှလိုက်တာ။ ငါ့ရဲ့ဂိညာဉ်က ငါ့ခန္ဓာကိုယ်ထဲကနေ ထွက်ပြီးတော့ သူမဘေးကို ရောက်သွားသလိုပဲ"

"သူမက နတ်သမီးကျူးထက် ဘယ်လိုမှ မနိမ့်ကျနိုင်ဘူး"

"ထွီ။ မင်းက ဘာဖြစ်လို့ ဒီလိုမျိုး ပြောတာလဲဆိုတော့ နတ်သမီးကျူးကို ဘယ်တုန်းကမှ မမြင်ဖူးလို့ပဲ။ တကယ်လို့ နတ်သမီးကျူးကို မြင်ဖူးတဲ့ ဘယ်သူမဆို တခြားဘယ်အမျိုးသမီးကိုပဲ မြင်တွေ့ရပါစေ အဲဒီမိန်းမတွေက ဂက်တစ်ကောင်လို ရုပ်ဆိုးအကျည်းတန်တယ်လို့ ထင်နေကြ လိမ့်မယ်"

"ဟော့ဟော့ဟော့ နတ်သမီးကျူးက တကယ်ပဲ အဲဒီလောက်တောင် လှတာလား"

ပရိသတ်တွေရဲ့ ဆွေးနွေးမှုကို ကြားလိုက်ရတဲ့ အခါမှာ ဟွာရင်ဟန်က ပထမတော့ သူမကိုယ် သူမ အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ ထပ်ပြီးတော့ သူမကြားလိုက်ရတဲ့ အခါမှာ သူမရဲ့ လှပချောမောတဲ့

မျက်နှာက အေးစက်စက် ဖြစ်သွားခဲ့ပါတယ်။ အလှအပနဲ့ ပတ်သက်ပြီး တစ်စုံတစ်ယောက်က သူမထက်ပိုပြီးတော့ ချောမောလှပတယ် ဆိုတာကို ကြားရတာက သူမအမုန်းဆုံး အရာပဲ ဖြစ်ပါတယ်။

ကျူးရှမ်အာ ပါရမီရှင် ပြိုင်ပွဲမှာ ငါနင့်ရဲ့ လှပချောမောတဲ့ မျက်နှာကို ပျက်စီးအောင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားအောင် လုပ်ပြမယ်။ အဲဒီနောက်မှာ နင့်ရဲ့ လှပချောမောတဲ့ မျက်နှာ ဘယ်လိုဖြစ်သွားမလဲ ဆိုတာကို ကြည့်ကြတာပေါ့။

သူမက အငြိုးထားပြီးတော့ တွေးလိုက်ပါတယ်။

ယုခွမ်လွမ်က ခြေလှမ်းကျဲကြီးတွေနဲ့ အရှေ့ကို တိုးလာခဲ့ပါတယ်။ သူရဲ့ ကျင့်ကြံခြင်း အဆင့်က စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရောက်နေပြီးတော့ လက်ရှိလူငယ် မျိုးဆက်တွေ အကြားမှာ ပြိုင်ဘက်ကင်းတယ်လို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ ပန်းဖူးအဆင့်ကို မချိုးဖျက်နိုင်သေးသရွေ့တော့ သူက သေမျိုးအဆင့်ပဲ ရှိပါဦးမယ်။ ဒီခြေလှမ်းက တကယ်ပဲ အရမ်းကို ခက်ခဲလွန်းပါတယ်။ ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းနှစ်ဆယ် နောက်ပိုင်းမှာတောင်မှ သူ့အနေနဲ့ အခု ကျင့်ကြံခြင်းအဆင့်နဲ့ တူညီတဲ့ အဆင့်မှာ

ရှိနေနိုင်ပါသေးတယ်။

ဒါပေမဲ့လည်း အခုအတွက်တော့ ယုခွမ်လွမ်က အရမ်းကို အစွမ်းထက်ပါတယ်။ သူဖြတ်သွားတာနဲ့ အားလုံးက သူတို့ရဲ့ ခေါင်းကို မငုံ့ပဲနဲ့ မနေနိုင်အောင် ဖြစ်သွားကြပါတယ်။ ပထမအချက်က သူတို့က ယုခွမ်လွမ်ရဲ့ အရှိန်အဝါ ဖိနှိပ်မှုကြောင့် ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယ အချက်က ပါရမီရှင် အဆင့်ဇယားရဲ့ အသန်မာဆုံးကို ရှိသေလေးစားမှု ရှိကြတဲ့ အတွက် ဖြစ်ပါတယ်။

သူက ဟွာရင်းဟန်ကို ခေါ်ပြီးတော့ စမ်းသပ်စစ်ဆေးတဲ့ နေရာကိုရောက်လာပြီး ပြုံးပြုံးလေးနဲ့ မေးလိုက်ပါတယ်။

"တကယ်လို့ ငါက လူတန်းစီထားတာကို ကျော်ဖြတ်လာခဲ့ရင် မင်းစိတ်မဆိုးဘူး မဟုတ်လား"

"ဒါပေ့ါ ဒါပေ့ါ စိတ်မဆိုးပါဘူး"

ပြီးခဲ့တဲ့ ပြိုင်ပွဲရဲ့ နံပါတ်တစ်နေရာကို ရယူထားတဲ့ လူတစ်ယောက်အနေနဲ့ အထူးအခွင့်အရေး တချို့ မရရှိဘူးဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"ဂျူနီယာ ညီမလေး ကျေးဇူးပြုပြီးတော့ စပါ"

ယုခွမ်လွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟွာရင်းလန်က ခေါင်းညိတ်ပြီးတော့ လက်နက်စင်ပေါ်ကနေ ဓားတစ်လက်ကို ဆွဲယူလိုက်ပါတယ်။ သူမရဲ့ အာရုံတွေကို စိုက်ထားပြီး သူမရဲ့ မျက်လုံးတွေက လင်းလက်တောက်ပလာပြီးတော့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုကို ပြုလုပ်ဖို့ စီစဉ်ထားတယ်ဆိုတာ သိသာထင်ရှားပါတယ်။

မူလကတည်းက သူမရဲ့ စိတ်ဂိုညာဉ် ပလ္လင်အဆင့် ကျင့်ကြံခြင်းနဲ့ဆိုရင် သာမန်ခုတ်ချက် တစ်ခုက ကောင်းကောင်းကြီးကို လုံလောက်ပါပြီ။ သူမက အမှန်တကယ် တိုက်ပွဲကို ဂင်ရောက်ဖို့ သေချာပေါက် စွမ်းဆောင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူမက ချီးကျူးမြှောက်ပင့်မှု တချို့ကို လက်ခံရရှိချင်တာ သိသာထင်ရှားပြီး ပရိသတ်အားလုံးကို အံ့သြမှင်တက်သွားအောင် လုပ်ချင်နေပါတယ်။

အသက်နည်းနည်း ရှူပြီးတဲ့နောက်မှာ သူမက ရုတ်တရက် အရှေ့ကို ခုန်ဂင်လိုက်ပြီး သူမရဲ့ဓားကို ပေ့ယမ်းတိုက်ခိုက်လိုက်ပါတယ်။ ဂှမ်း။ မရေမတွက်နိုင်တဲ့

ရွှေရောင်အလင်းတွေက သူမရဲ့ ပုံရိပ် အနောက်ကနေ တောက်ပလင်းလက်လာပြီး ပရိတ်သက်တွေ အားလုံးကို စူးရှတဲ့ အလင်းတွေကြောင့် အကြည့်ကို လွှဲသွားအောင် လုပ်လိုက်ပါတယ်။

ပုန်း။

သူမရဲ့တိုက်ခိုက်မှုက ပစ်မှတ်ကို ထိမိသွားပြီးတော့ စမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးပေါ်က ငါးခုမြောက်အတန်းက စာလုံးတွေက ချက်ချင်းပဲ လင်းလက်တောက်ပ လာခဲ့ပါတယ်။

တစ် နှစ် သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကိုး တစ်ဆယ် ဆယ့်တစ် ဆယ့်နှစ် ဆယ့်သုံး။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ့်သုံးလုံး။

လပြွတ်။ အားလုံးက အံ့အားသင့် ကုန်ကြပါတယ်။ ဒီပြိုင်ပွဲမှာ မြင်းနက်တစ်ကောင် ထပ်ပြီးတော့ ရှိနေပါပြီ။ တစ်စုံတစ်ယောက်က စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ့်သုံးလုံး တိုက်ပွဲစွမ်းအား ရှိနေပါတယ်။ သူမက ထိပ်ဆုံးဆယ်ယောက်ထဲကို တိုးဝင်နိုင်စွမ်း ရှိပါတယ်။

ဟွာရင်းဟန်က ဂုဏ်ယူစွာနဲ့ ပြုံးလိုက်ပါတယ်။ အမှန်တကယ်ပဲ သူမအနေနဲ့ ကျူးရှွမ်အောကို ရှုံးနိမ့်ဖို့ ဆန္ဒမရှိပါဘူး။ ဘာလဲ။ မြောက်ပိုင်းဒေသရဲ့ အချောမောဆုံးနဲ့ အကြီးကျယ် အခမ်းနားဆုံး ပါရမီရှင် ဟုတ်လား။ သူမက ဒီတစ်ကြိမ်မှာ ကျူးရှွမ်အောဆီကနေ ဒီဘွဲ့ထူးဂုဏ်ထူးတွေကို ဆွဲယူဖို့ လာခဲ့တာပါ။

"အောင်မြင်ပါတယ်။ ကျေးဇူးပြုပြီးတော့ ဒီကိုစာရင်းလာသွင်းပေးပါ"

စာရင်းသွင်းတဲ့နေရာက တာဝန်ခံ တစ်ယောက်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

ယုခွမ်လွမ်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"တကယ်လို့ ငါကိုယ်တိုင်လည်း စမ်းသပ်စစ်ဆေးကြည့်မယ်ဆိုရင် မင်းစိတ်မဆိုးဘူး မဟုတ်လား"

"ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လုံးဝကို ပြဿနာ မရှိဘူး"

ပါရမီရှင် အဆင့်ဇယားကနေ ထွက်ခွာသွားတဲ့ အသန်မာဆုံး လူက သူရဲ့တိုက်ပွဲ စွမ်းအားကို စမ်းသပ်ကြည့်ချင်တဲ့ ဆန္ဒရှိတာကို ကြားလိုက်ရတဲ့ အခါမှာ ပရိသတ်တွေ အားလုံးပဲ စိတ်လှုပ်ရှား ကုန်ကြပါတယ်။ ပါရမီရှင် အဆင့်ဇယားက အစွမ်းထက်ဆုံး အသန်မာဆုံး လူတစ်ယောက်မှာ ဘယ်လိုမျိုး တိုက်ပွဲစွမ်းအားတွေ ရှိနေလိမ့်မလဲ။ ပြီးခဲ့တဲ့နှစ်က သူရဲ့တိုက်ပွဲအစွမ်းကို သုံးသပ်ကြည့်တာတော့ ကြယ်ဆယ့်ခုနစ်လုံးကို ရောက်လို့ နေခဲ့ပါတယ်။ အခု သူက ကြယ်ဆယ့်ရှစ်လုံး ဒါမှမဟုတ် ဆယ့်ကိုးလုံးတောင်မှ ရှိနေမလား။

ယုခွမ်လွမ်က အရမ်းကို လျင်မြန်စွာနဲ့ ခုတ်ချက်တစ်ချက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ ငါးခုမြောက် အတန်းက စာလုံးတွေက ဆက်တိုက်ဆိုသလို လင်းလက်တောက်ပ သွားခဲ့ပြီး နောက်ဆုံးမှာ နံပါတ်ဆယ့်ရှစ် နေရာမှာ ရပ်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ့်ရှစ်လုံး။

ဒါက အသန်မာဆုံး တိုက်ပွဲစွမ်းအား ဖြစ်ပြီးတော့ မပေါ်ပေါက်လာခဲ့တာ အရမ်းကို ကြာပါပြီ။ ပရိသတ် အားလုံးပဲ အံ့အားသင့်စွာနဲ့ ပြောဆိုကုန်ကြပါတယ်။

တိုက်ပွဲစွမ်းအား ကြယ်တစ်လုံး ကွာဟတာက တိုက်ပွဲကို အဆုံးအဖြတ်ပေးဖို့ လုံလောက်ပါတယ်။ ဒါကြောင့် တိုက်ပွဲကြယ် ဆယ့်ရှစ်လုံးရှိတဲ့ တိုက်ပွဲစွမ်းအားက ဘယ်လောက်တောင် အံ့ဩဆန်းကြယ်ဖို့ ကောင်းလိုက်သလဲ။

ပြီးခဲ့တဲ့ ပြိုင်ပွဲရဲ့ ပါရမီရှင် အဆင့်ဇယားမှာ သူက အသန်မာဆုံး ဖြစ်နေတာ အံ့ဩစရာ မရှိတော့ပါဘူး။ သူက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ဒါက ယုခွမ်လွမ် ရည်ရွယ်ထားတဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။ သူကပါရမီရှင် ဇယားကနေ ထွက်ခဲ့ရပြီ ဆိုပေမဲ့ သူ့အနေနဲ့ ဒီလိုမျိုး အောင်မြင်မှုကို လက်လွှတ်မခံနိုင်သေးပါဘူး။ ဘာကိစ္စပဲဖြစ်ဖြစ် သူရဲ့ တည်ရှိမှုကို ဖော်ပြချင်နေပါသေးတယ်။

ဆူညံပွက်လောရိုက်မှု ပြီးသွားတဲ့နောက်မှာ စမ်းသပ်စစ်ဆေးမှုကို ဆက်လက် ပြုလုပ်ခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ နောက်ထပ် မွန်းစတားတွေ ထပ်ပြီးတော့ မပေါ်လာတော့ပါဘူး။ အဓိက လူအများစုက စမ်းသပ်စစ်ဆေးပြီးတဲ့နောက်မှာ သနားစရာ ကောင်းစွာပဲ အဆင့်မမီခဲ့ ကြပါဘူး။ တကယ်တော့ ထိပ်ဆုံးအယောက်

နှစ်ရာရဲ့ တိုက်ပွဲစွမ်းအားကပဲ စစ်မှန်တဲ့ ပြိုင်ပွဲအတွက် အဆင့်မီတာပဲ ဖြစ်ပါတယ်။

နောက်ဆုံးတော့ ဂူဖန်းဟွာနဲ့ တခြားသူတွေရဲ့ အလှည့်ကို ရောက်လို့ လာပါပြီ။ သူတို့အားလုံး စမ်းသပ်စစ်ဆေးဖို့ အရှေ့ကို တိုးလာခဲ့ပါတယ်။ ပြီးတော့ ရလဒ်တွေက ကောင်းပါတယ်။ အနည်းဆုံးတော့ သူတို့အားလုံးက ထိပ်ဆုံးအယောက် နှစ်ရာထဲမှာ ပါဝင်နေပါတယ်။ သနားစရာ အကောင်းဆုံးကတော့ ဂူဖန်းဟွာပဲ ဖြစ်ပါတယ်။ သုံးလှည့်စမ်းသပ် စစ်ဆေးပြီးတဲ့ နောက်မှာ ပထမနှစ်ကြိမ်ရဲ့ ရလဒ်က ထိပ်ဆုံးအယောက်နှစ်ရာထဲကို ဝင်ရောက်ဖို့ သူ့အတွက် လုံလောက်ကောင်းမွန်တဲ့ ရလဒ်တော့ မဖြစ်ခဲ့ပါဘူး။ ပြီးတော့ နောက်ဆုံးအကြိမ်မှာ သူက ပေါက်ကွဲထွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူကနောက်ဆုံးမှာ တစ်စုံတစ်ယောက်ရဲ့ ရလဒ်ကြောင့် အဆင့်ကနေ ဖိအားပေးခံရပြီး ထွက်လိုက်ရပါတယ်။

ဒီမှာ နေရာပေါင်း နှစ်ရာပဲ ရှိပါတယ်။ အဆုံးသတ်မှာ အနည်းဆုံးတော့ အယောက် ငါးဆယ် ဒါမှမဟုတ် ခြောက်ဆယ်က အဆင့်မမီပဲ ရှိနေပါဦးမယ်။

စမ်းသပ် စစ်ဆေးမှုမှာ လူတစ်ယောက်က စုစုပေါင်း သုံးကြိမ်

တိုက်ခိုက်နိုင်ပါတယ်။ အကောင်းဆုံး ရလဒ်ကိုပဲ ရွေးချယ်ပြီးတော့ လူတစ်ယောက်ရဲ့ စိတ်အနှောင့်အယှက်ဖြစ်စေမဲ့ အခြေအနေကို ရှောင်တိမ်းခြင်းလည်း ဖြစ်ပါတယ်။

"ငါအရင်ဆုံးသွားမယ်"

ကျူးပူကျို့က ပြောပြီးတော့ စမ်းသပ်စစ်ဆေးမှုကျောက်တုံးရဲ့ အရှေ့ကို သွားပြီးတော့ ရပ်လိုက်ပါတယ်။ သူက ဓားရှည်တစ်လက်ကို ဆွဲထုတ်ယူပြီးတော့ လေးရာသီဓားသိုင်း နည်းစနစ်ကို အသုံးပြုခဲ့ပါတယ်။ သူရဲ့ ဓားနည်းစနစ် လည်ပတ်မှုက အမြင့်ဆုံးကို ရောက်တဲ့ အချိန်မှာ ဓားခုတ်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

ကျောက်တုံးအပေါ်မှာ တောက်ပတဲ့ မီးဖွားတွေ လင်းလက်သွားပြီးတော့ လေးတန်းမြောက်က စာလုံးတွေက လင်းလက်တောက်ပ လာခဲ့ပါတယ်။

စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ ကြယ်ဆယ့်ငါးလုံး။

"အောင်မြင်တယ်"

"ဒီကိုလာပြီးတော့ စာရင်းသွင်းပါ"

ကျူးပုကျို့ပုံစံကို ကြည့်ရတာ ချက်ချင်းပဲ အံ့အားသင့်ပြီး ပျော်ရွှင်နေပုံ ရပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်က ဟွာယန်အကယ်ဒမီရဲ့ အသိအမှတ်ပြုခြင်း မခံရတဲ့ တပည့်တစ်ယောက်ပဲ ရှိနေပါသေးတယ်။ ဘယ်သူထင်ထားမှာလဲ အခုဆိုရင် သူက မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် ပြိုင်ပွဲ စင်မြင့်ထက်မှာ ပေါ်လာနိုင်စွမ်း ရှိလိမ့်မယ် ဆိုတာကိုပေါ့။

နောက်ပြီးတော့ သူက တစ်ကြိမ်လောက် အနိုင်ရဖို့ လိုအပ်တာ ဖြစ်ပြီးတော့ သူ့အနေနဲ့ ပါရမီရှင် အဆင့်ဇယားအပေါ်မှာ ပါရမီရှင် တစ်ယောက်ဖြစ်ဖို့ အဆင့်မီသွားပါလိမ့်မယ်။

ဒါတွေအားလုံးက ဒီလူကြောင့်ပဲ။ သူ့ထက်တောင်မှ နှစ်ပေါင်းအနည်းငယ် ငယ်ရွယ်တဲ့ လူငယ် တစ်ယောက်က သူ့ကို ခေါ်ဆောင်လာခဲ့လို့ ဖြစ်ပါတယ်။

ကျူးပုကျို့က လင်းဟန်ဘက်ကို တစ်ချက်လှည့်ပြီးတော့ သူက ဦးညွှန်ဂါရဝ ပြုလိုက်ပါတယ်။ သူရဲ့ နှလုံးသားထဲမှာ လေးစားကြည်ညိုခြင်းတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူရဲ့စိတ်ထဲမှာ လင်းဟန်အတွက် သူရဲ့ဘဝတစ်ခုလုံး

ပြန်လည်ပေးဆပ်ဖို့ကို ကျိတ်ပြီးတော့ ကျိန်ဆိုလိုက် ပါတယ်။

ဟူး အေးစက်တဲ့ ချွေးစေးတွေက ရုပမ်ဒီရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပေါ်လာခဲ့ပါတယ်။ သူလည်းပဲ စိတ်ဝိညာဉ် ပင်လယ်အလွှာ ကိုးအဆင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူရဲ့တိုက်ပွဲအစွမ်းက ကြယ်ဆယ့်လေးလုံးပဲ ရှိပါတယ်။

ကန်းရီက ဒုတိယ ထွက်လာခဲ့ပါတယ်။

"ဘာလဲ မသန်မစွမ်းလူတစ်ယောက်တောင် လာခဲ့တာလား"

"ဒါက ပါရမီရှင် အဆင့်ဇယားပဲ။ မသန်မစွမ်း အဆင့်ဇယား မဟုတ်ဘူး"

"ဟားဟားဟား"

ကြင်နာမှု မရှိတဲ့ ပရိသတ်တချို့က ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ ဟားတိုက် ရယ်မော နေကြပါတယ်။ ဒါပေမဲ့လည်း ကန်းရီကတော့ နည်းနည်းလေးမှ စိတ်ဆိုးဒေါသထွက်ပုံ မရပါဘူး။ သူက ဆေဘာဓားရှည် တစ်လက်ကို ဆွဲထုတ်ပြီးတော့ တစ်ချက်လွှဲခုတ်လိုက်ပါတယ်။ ဟွမ်း ဟွမ်း ဟွမ်း။

စမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးရဲ့ လေးတန်းမြောက်က စာလုံးတွေက ချက်ချင်းဆိုသလို လင်းလက်တောက်ပ သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ ကြယ်ဆယ့်ငါးလုံး။

သူရဲ့ရလဒ်က ကျူးပုကျို့နဲ့ အတူတူပါပဲ။ ဒါပေမဲ့ သူရဲခန္ဓာကိုယ်ထဲက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ အာနိသင်တွေကို မယူရသေးတဲ့အတွက် ဒီအကြောင်းကို ထည့်သွင်းရေတွက်လို့ မရသေးပါဘူး။ ဒါကြောင့် တကယ်လို့ သူက ကျူးပုကျို့ထက် ကျင့်ကြံခြင်း အဆင့်အလွှာ မြင့်တယ် ဆိုရင်တောင် သူရဲ့ ပါရမီကတော့ ကျူးပုကျို့ထက် အများကြီး သာလွန်ပါတယ်။

"အောင်မြင်တယ်"

ကန်းရီက ကျူးပုကျို့လိုပဲ သူရဲ့အချက်အလက်ကို သွားမဖြည့်သေးခင်မှာ လင်းဟာန်ကို ဦးညွှန်ဂါရဝ ပြုလိုက်ပါတယ်။

အစောပိုင်းတုန်းက ကန်းရီကို လှောင်ပြောင်သရော်ခဲ့တဲ့ လူတွေက ချက်ချင်းပဲ တိတ်ဆိတ် ငြိမ်သက် သွားခဲ့ကြပြီး

သူတို့ရဲ့ အမူအရာကို ကြည့်ရတာ ထိတ်လန့်ကြောက်ရွံ့သွားပုံ ရပါတယ်။ စစ်မှန်တဲ့ ပြိုင်ပွဲကို ဝင်ရောက်နိုင်တဲ့ လူတွေက မယုံနိုင်စရာ ကောင်းလှတဲ့ လူတွေပဲ ဖြစ်ပြီးတော့ သေချာပေါက် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ပါလိမ့်မယ်။

ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို အပြစ်ပြုမိတာက တကယ်ပဲ ကောင်းမွန်တဲ့ အရာ ဟုတ်လို့လား။

နောက်ကျရင် ကန်းရီကို တောင်းပန်ဖို့ အစီအစဉ်ဆွဲနေတဲ့ လူတွေတော်တော်များများ ရှိကြပါတယ်။ အနာဂတ်မှာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်တဲ့ လူတစ်ယောက်ကို သူ့တို့အနေနဲ့ ဆန့်ကျင်လို့ ရမှာလား။ ပြီးတော့ ရှုဂမ်ဒီရဲ့ မျက်နှာကလည်း စတင်ပြီးတော့ အစိမ်းရောင် ပြောင်းလာခဲ့ပါတယ်။

အပိုင်း(၄၃၅) ဟူးညီရဲ့ တိုက်ပွဲစွမ်းရည်

ဒီနေရာမှာ ပြောင်မြောက်တဲ့ စွမ်းဆောင်ရည်က ချီးကျူးခံရမှုနဲ့ ချောမောလှပတဲ့ အမျိုးသမီးတွေရဲ့ နှစ်သက်သဘောကျမှုကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။

ကန်းရှီနဲ့ ကျူးပူကျို့တို့ အဆင့်မီသွားတဲ့ အခါမှာ မိန်းမချောလေးတွေက ချက်ချင်းပဲ သူတို့ကို ဆွဲဆောင်ဖြားယောင်းတဲ့ အကြည့်တွေနဲ့ ကြည့်လိုက်ကြပါတယ်။ ဂုဏ်သတင်းကြီးတဲ့ မိသားစုက အရမ်းကို လိမ္မာပါးနပ်တဲ့ ကျန်းလီရှမ်နဲ့ တင်းရင်တို့တောင်မှ သူတို့ရဲ့ စိတ်ဝင်စားမှုကို အများကြီး ထိန်းချုပ်ထားတယ် ဆိုပေမဲ့ ခြွင်းချက်မရှိ ပါဝင်ပါတယ်။

ပါရမီရှင် အဆင့်ဇယားပေါ်က လူတွေက ပန်းဖူးအဆင့်ကို သေချာပေါက် ချိုးဖျက်ဝင်ရောက် နိုင်ပါလိမ့်မယ်။ ဘယ်သူကများ ဒီလိုမျိုး သူရဲကောင်းနဲ့ လက်မထပ်ချင်မှာလဲ။ ပြီးတော့ ဒီလိုမျိုး အနာဂတ်ရဲ့ လက်ရွေးစင် ကျင့်ကြံသူကို ဘယ်အဖွဲ့အစည်းကများ မဆွဲဆောင်ချင်မှာလဲ။

ပန်းဖူးအဆင့် လက်ရွေးစင်ဆိုတာ မြောက်ပိုင်းဒေသမှာ လုံးဝကို အစွမ်းထက်တဲ့ လူတွေပဲ ဖြစ်ပါတယ်။

"အခုငါသွားမယ်"

လှီယုထန်က လင်းဟန်ကို ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒီနေ့က

စာရင်းသွင်းခြင်း တစ်ခုပါပဲ။ ဒီရလဒ်ကြောင့် ကွမ်းယွမ်ရော လီစီရှန်းပါ မလာရောက်ကြပါဘူး။ ဒါပေမဲ့လည်း စစ်မှန်တဲ့ ပြိုင်ပွဲက မနက်ဖြန်မှ စတင်မှာ ဖြစ်ပြီးတော့ သူတို့အနေနဲ့ တခြားသူတို့ အားပေးရမဲ့ လူတွေအတွက် လာရောက်ပြီး အားပေးရပါမယ်။

လွှီယုထန် ထွက်ပေါ်လာတာနဲ့ သူမဂတ်ဆင်ထားတဲ့ အဖြူရောင် ဂတ်စုံနဲ့ နတ်သမီးလေး တစ်ပါးလို ချောမောလှပနေပြီး သူမက ပရိသတ်တွေရဲ့ စိတ်နှလုံးကို ဖမ်းဆုပ်ရယူ သွားခဲ့ပါတယ်။

ဒီမှာ ချောမောလှပတဲ့ မိန်းကလေးတွေ မရှားပါဘူး။ ဒါပေမဲ့ သိုင်းပညာမှာပါ ပါရမီရှိတဲ့ အချောအလှ မိန်းကလေးတွေကတော့ အများကြီး မရှိပါဘူး။ သူတို့ တစ်ယောက်စီတိုင်းက အကန့်အသတ် ရှိကြပြီး ရှားပါးတဲ့ အရင်းအမြစ်တွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အစောတုန်းက ဟွာရင်းဟာန်က အကြီးအကျယ်ကို ဆူညံ့ပွက်လောရိုက်မှုတစ်ခု ဖြစ်သွားစေခဲ့တာပါ။

လွှီယုထန်လည်းပဲ လေးရာသီ ဓားသိုင်း နည်းစနစ်ကို အသုံးပြုခဲ့ပါတယ်။ အသန်မာဆုံး တိုက်ကွက်ကို လည်ပတ်စေပြီးတဲ့ အခါမှာ စမ်းသပ်ခြင်း စစ်ဆေးတဲ့

ကျောက်တုံးကို ခုတ်ချ လိုက်ပါတယ်။

စိတ်ဝိညာဉ် ပင်လယ်အဆင့်ရဲ့ ကြယ်အလုံး နှစ်ဆယ်။

ချက်ချင်းပဲ ပတ်ဝန်းကျင်က လူတွေအားလုံးရဲ့ အံ့အားသင့်မှုတွေက မြင့်တက်လာခဲ့ ပါတယ်။ သူမမတိုင်ခင်က စိတ်ဝိညာဉ် ပင်လယ်အဆင့် တိုက်ပွဲစွမ်းအား ကြယ်နှစ်ဆယ်လုံး ရှိတဲ့ တခြားမွန်းစတား တစ်ယောက်ပဲ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဒီမှာ ဒုတိယ တစ်ယောက် ရှိနေပါပြီ။ ကြယ်ဆယ့်တစ်လုံးကို သာလွန်တဲ့ ဒီလိုမျိုး တိုက်ပွဲစွမ်းအားက တကယ်ပဲ အရမ်းကို အံ့အားသင့်ဖို့ ကောင်းပါတယ်။

နောက်ပြီးတော့ ဒီမိန်းကလေးက အရမ်းကို ချောမောလှပ ပါသေးတယ်။

ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် ကျင့်ကြံသူ တော်တော်များများကလည်း ပရိသတ်ထဲကနေ စောင့်ကြည့်နေကြပြီး သူတို့ရဲ့ မျက်လုံးတွေက အလင်းရောက်တွေ လက်နေတာက မရပ်တန့်နိုင်ကြပါဘူး။ တကယ်လို့ သူတို့က ဒီလိုမျိုး မိန်းကလေး တစ်ယောက်ကို လက်ထပ်နိုင်မယ်ဆိုရင် အရမ်းကို အံ့ဩဖို့ကောင်းတဲ့

စုံတွဲတစ်တွဲ ဖြစ်လာပါလိမ့်မယ်။

သူတို့လို ပါရမီရှင်တွေ အတွက်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ ကံဇာတာ ပါပြီးသား ဖြစ်ပြီးတော့ သက်တမ်းနှစ်ပေါင်း သုံးရာရှိတဲ့ အသက်တစ်ခုကိုလည်း ပိုင်ဆိုင်ပါလိမ့်မယ်။ တကယ်လို့ သူတို့ရဲ့ လက်တွဲဖော်က နှစ်ပေါင်းသုံးရာအထိ အတူတူ ရှိမနေနိုင်ဘူးဆိုရင် ဘယ်လောက်တောင်များ မရှိတင်ကဲ ဖြစ်စရာ ကောင်းလိုက်မလဲ။ ဒါပေမဲ့ တကယ်လို့ တူညီတဲ့ အစွမ်းရှိတဲ့ လက်တွဲဖော် တစ်ယောက်သာ ရှိမယ်ဆိုရင် ဒီပုံပြင်က မတူညီတော့ပါဘူး။ သူတို့က သေခြင်းနဲ့ရှင်ခြင်းကို အတူတကွ မျှဝေခံစားနိုင်စွမ်း ရှိမှာ ဖြစ်ပြီးတော့ သူတို့ရဲ့ ရှည်လျားတဲ့ ဘဝအချိန်တွေ မကုန်ဆုံးခင်အထိ နေထိုင်နိုင်ပါလိမ့်မယ်။

ဒါကြောင့် လှီယုထန်၊ ဟွာရင်းဟန်နဲ့ လင်းရှန်းချင်တို့လို အချောအလှတွေက အားလုံးရဲ့ လေးစားအားကျမှု အလယ်မှာ ရှိနေကြပြီးတော့ ကျန်းလီရွှမ်နဲ့ တခြား အချောအလှတွေထက် အများကြီးသာလွန်ကြပါတယ်။

လှီယုထန်က လင်းဟန်ကို ဦးညွှတ်ပြီးတော့ သူမရဲ့ အချက်အလက်ကို ဖြည့်ဖို့အတွက် သွားလိုက်ပါတယ်။ ဒါက

ပရိသတ်တွေရဲ့ကြားမှာ အံ့အားသင့်မှုတွေ မြင့်တက်လာရတဲ့ အကြောင်းရင်း တစ်ခုပါပဲ။ ဘာဖြစ်လို့ သူတို့သုံးယောက်စလုံးက လင်းဟန်ကို ဦးညွှတ်ဂါရဝ ပြုရတာလဲ။ ဒီကောင်လေးကရော ဘယ်သူလဲ။

တစ်ခုသိထားရမှာ သူတို့သုံးယောက်စလုံးက ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ချိတ်ဖို့ အဆင့်မီပါတယ်။

ရှုဂမ်ဒီရဲ့ မျက်နှာက ထိန်းမနိုင်သိမ်းမရအောင် ရှုံ့မဲ့လို့ နေပါတယ်။ သူ့အနေနဲ့ စာရင်းသွင်းဖို့ အကြောင်းကြောင့်သာ မဟုတ်ဘူးဆိုရင် တကယ်ပဲ သူရဲ့မျက်နှာကို ဖုံးကွယ်ပြီးတော့ ထွက်ပြေးသွားချင်ခဲ့ပါတယ်။

"ညီးညီးအလှည့်"

ဟူးညိုက လင်းဟန်ကို ပြောပြီးတော့ ပြေးထွက်သွားခဲ့ပါတယ်။

ဖူး။

အနည်းဆုံးတော့ သူတို့ဘေးမှာရှိတဲ့ လူတစ်ဂက်လောက်က ကျယ်လောင်စွာနဲ့ ရယ်မောကြပါတယ်။ ဘယ်လိုဟာသလဲ။

အသက် ငါးနှစ် ခြောက်နှစ်ပဲ ရှိသေးတဲ့ မိန်းကလေးက စိတ်လှုပ်ရှားမှုမှာ ပါဝင်မလို့လား။ ဘာဖြစ်လို့လဲဆိုတော့ စာရင်းပေးသွင်းခြင်းက တစ်ရက်ပဲ ပြုလုပ်မှာ ဖြစ်ပြီး စိတ်ဂိညာဉ် ရတနာ စံအိမ်က ပါဝင်ယှဉ်ပြိုင်သူတွေ အတွက် အနိမ့်ဆုံး လိုအပ်ချက်က စိတ်ဂိညာဉ် ပင်လယ်အဆင့် ရှိရမယ်လို့ ကြေညာထားပါတယ်။

တကယ်လို့ မင်းက စိတ်ဂိညာဉ် ပင်လယ် အဆင့်မှာ မဟုတ်ဘူးဆိုရင် ဒီနေရာမှာ ဘာလုပ်နေတာလဲ။

ဒါပေမဲ့ အသက်ငါးနှစ် ခြောက်နှစ်အရွယ် မိန်းကလေးက စိတ်ဂိညာဉ် ပင်လယ်အဆင့် ဆိုတာကို အသာထားဦး။ အများဆုံး သူမအနေနဲ့ သူမရဲ့ စိတ်ဂိညာဉ် အခြေခံတောင်မှ နိုးထဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒါက ရယ်စရာ ဟာသ မဟုတ်ဘူးလား။

"ကလေးမ ဒီနေရာက မင်းကစားရမဲ့ နေရာမဟုတ်ဘူး။ မြန်မြန် ပြန်သွားတော့"

စာရင်းသွင်းတဲ့ တာဝန်ခံ ယောကျ်ားကြီး တစ်ယောက်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက လင်းဟန်အတွက်ကြောင့် ဖော်ရွေပျူငှာစွာနဲ့

ကောင်းကောင်းမွန်မွန် ပြောလိုက်ခြင်း ဖြစ်ပါတယ်။ တကယ်တော့ ပါရမီရှင် အဆင့်ဇယားပေါ်မှာ ရရှိဖို့ မြင့်မားတဲ့ အခွင့်အရေးရှိနေတဲ့ ကျင့်ကြံသူ သုံးယောက်က ဆက်တိုက်ဆိုသလို လင်းဟန်ကို လေးလေးစားစားနဲ့ ဂါရဝ ပြုသွားခဲ့တယ် မဟုတ်လား။

ဟူးညိုက အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ သူမရဲ့လက်တွေကို တင်ပါးပေါ်မှာ ထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုးက ဘာဖြစ်လို့ ကစားလို့ မရတာလဲ"

"ဒါက မင်းအတွက် ကစားဖို့ နေရာ တကယ်မဟုတ်ဘူး"

အဲဒီယောက်ျားကြီးက အေးစက်တဲ့ ချွေးတွေ ပျံလို့လာခဲ့ပါတယ်။ ဒီလိုမျိုး ငယ်ရွယ်တဲ့ ကလေးမလေးတွေက အဆုံးမရှိ ဒုက္ခပေးတတ်ပါတယ်။ သူတို့ကို စကားလုံးတွေနဲ့ ပြောနေလို့ မရပါဘူး။

သူတို့ရဲ့ဘေးက လူတွေအားလုံးပဲ မရပ်မနားကို ရယ်မောနေကြပါတယ်။ ဟူးညိုကို ကြည့်ရတာ အရမ်းကို လှပနုရွပြီး ချစ်စရာကောင်းပါတယ်။ ဒီလိုမျိုး မိန်းကလေးက

သူတို့ရဲ့ မျက်စိထဲမှာ အရမ်းကို ချစ်စရာကောင်းပါတယ်။ ဒါ့အပြင် သူမရဲ့ ကလေးဆန်တဲ့ အမူအရာက အရမ်းကို ရယ်စရာကောင်းပြီး သူတို့တွေအားလုံးကို အရမ်းပဲ ပျော်ရွှင်နှစ်သက်ကြည်နူးစေပါတယ်။

"မရယ်ကြနဲ့"

ဟူးညိုက မကျေမနပ် ဖြစ်လို့နေပါတယ်။ သူမက ဒီနေရာမှာ လာကစားတာ မဟုတ်ပါဘူး။ ကောင်းပြီလေ။

ပုန်း။

သူမက စမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးကို လက်သီးတစ်ချက် ထိုးထည့်လိုက်ပါတယ်။ ပုမ်း ပုမ်း ပုမ်း။ ကျောက်တုံးပေါ်က လေးခုမြောက်အတန်းက စာလုံးတွေက ချက်ချင်းပဲ လင်းလက် တောက်ပလာခဲ့ပါတယ်။

ကြယ်နှစ်ဆယ်လုံး။

ချက်ချင်းဆိုသလိုပဲ အားလုံးက တိတ်ဆိတ်ငြိမ်သက် သွားကြပါတယ်။

လပြွတ်ပဲ။ အသက်ငါးနှစ် ခြောက်နှစ်ပဲ ရှိသေးတဲ့ မိန်းကလေးမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်အလုံးနှစ်ဆယ် ရှိနေတာလား။

သူတို့အားလုံးပဲ သူတို့ရဲ့ လက်တွေကို မျက်နှာရဲ့အောက်မှာ ထားပြီးတော့ အံ့အားသင့်မှုကြောင့် ပါးစပ်အပေါက်ဟောင်းသားဖြစ်ပြီး မေးရိုးတွေ ပြုတ်ထွက်သွားမှာကို ကာကွယ်လိုက်တဲ့ ပုံစံပါပဲ။

ဒါက ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။

"ညီးညီး နောက်ထပ် နှစ်ကြိမ် ကြိုးစားကြည့်လို့ ရသေးတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ဟူးညီရဲ့ အစွမ်းပြမှုကြောင့် မအံ့သြပါဘူး။

"ခစ်ခစ်"

ဟူးညီက ရယ်မောလိုက်ပြီး သူမရဲ့ လက်သီးကို လက်သည်းပုံစံပြောင်းပြီးတော့ စမ်းသပ် စစ်ဆေးခြင်း ကျောက်တုံးကို ကုတ်ချလိုက်ပါတယ်။

ပုမ်း။

ဒီတစ်ကြိမ်မှာတော့ လေးတန်းမြောက်က စာလုံးက အလင်းရောင် မထွက်ပဲ ငါးတန်းမြောက်က စာလုံးက လင်းလက်တောက်ပ လာခဲ့ပါတယ်။ တစ် နှစ်။ စာလုံးနှစ်လုံးပဲ လင်းလက် တောက်ပလာခဲ့ပါတယ်။

အဟွတ် အဟွတ် အဟွတ်။

ဒါပေမဲ့ သူတို့ဘေးနားက လူတွေအားလုံးကတော့ အံ့အားသင့်ပြီး လျှာတွေတောင်မှ အပြင်ကို ထွက်ကျလာခဲ့ပါတယ်။ ငါးတန်းမြောက်က စာလုံးတွေ လင်းလက်တောက်ပသွားတယ် ဆိုတာက ဘာကိုဆိုလိုတာလဲ။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲအစွမ်း မဟုတ်လား။

ဒီမိန်းကလေးဆီက သာမန်ကာလျှံကာ လက်သည်းကုတ်ချက်မှာ စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်နှစ်လုံးက တကယ်ပဲ ရှိနေတာလား။

နတ်ဘုရားတွေ။ ဒီမွန်းစတားက ဘယ်နေရာကနေ လာခဲ့တာလဲ။

"အောင် အောင်မြင်တယ်။ ကျေးဇူးပြုပြီးတော့ ဒီကိုလာပြီး မင်းရဲ့ အချက်အလက်တွေကို ဖြည့်ပေးပါ"

စာရင်းသွင်းတဲ့နေရာက တာဝန်ခံတစ်ယောက်က တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ ဒီနေရာမှာ စာရင်းသွင်းတာကို ကောက်ခံတဲ့ လူစုစုပေါင်း ရှစ်ယောက်ရှိပြီးတော့ သူတစ်ယောက်ပဲ စကားပြောနိုင်တဲ့အထိ အသိစိတ် ရှိနေဆဲ ဖြစ်ပြီးတော့ ကျန်တဲ့ခုနစ်ယောက်ကတော့ ကျောက်ရုပ်တွေလို တောင့်တောင့်ကြီး ဖြစ်နေပါတယ်။

ဟူးညို့အတွက်ကတော့ မလုံလောက်သေးပါဘူး။ သူမရဲ့လက်သီးနဲ့ လက်သည်းကုတ်ချက်က တကယ်ပဲ ဒီကျောက်တုံးကို မဖျက်ဆီးနိုင်ဘူးလား။ ဟူးညို့က အရမ်းကို ဒေါသထွက် သွားပြီး သူမရဲ့ အမူအရာက အရမ်းကို လေးနက်သွားခဲ့ပါတယ်။

ကိုက်ပစ်မယ်။

သူမက ခုန်အုပ်ပြီး သူမရဲ့ ပါးစပ်သေးသေးလေးကို ဟပြီးတော့ အဖြူရောင် သွားလေးတွေနဲ့ ကျောက်တုံးကို အကြီးကြီး တစ်ချက် ကိုက်ပစ်လိုက်ပါတယ်။

"လပ္ပြတ်ပဲ"

ဒါကိုမြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံးက အံ့အားသင့်နေဆဲ ဖြစ်နေပြီးတော့ ဘယ်လို အမူအရာတွေ ဖြစ်နေလဲ ဆိုတာကိုတောင် ပြောမပြတတ်ကြတော့ပါဘူး။ ဒီလိုမျိုး မိန်းကလေးမှာ သဘာဝကို ဆန့်ကျင်ပြီး ယုတ္တိမရှိတဲ့ တိုက်ပွဲစွမ်းအားရှိပြီး တကယ်ပဲ လွန်လွန်းပါတယ်။ မင်းက တကယ်ပဲ ပါးစပ်နဲ့ ဒီကျောက်တုံးကို ကိုက်ပစ်တယ်ပေါ့။ တကယ်လို့ နောက်ပိုင်းမှာ မင်းရဲ့ ရန်သူနဲ့ တိုက်ခိုက်တဲ့အခါမှာ သူ့ကို အခုလိုမျိုး ကိုက်ပစ်ဖို့ အစီအစဉ်များ ရှိနေသလား။

ပုမ်း။

ဟူးညီကိုက်လိုက်တာနဲ့ ကျောက်တုံးအပေါ်က ငါးတန်းမြောက် စာလုံးတွေက တစ်ခုပြီး တစ်ခု လင်းလက်တောက်ပလာခဲ့ပါတယ်။ သုံး လေး ငါး ခြောက် ခုနစ် ရှစ် ကိုး။ တခဏအတွင်းမှာ စာလုံးပေါင်း နှစ်ဆယ်လုံး

လင်းလက်တောက်ပလာပြီး ချက်ချင်းဆိုသလို မှောင်ကျသွားခဲ့ပါတယ်။ နံပါတ်ခြောက် အတန်းပေါ်မှာရှိတဲ့ စာလုံးက စတင်ပြီးတော့ လင်းလက်တောက်ပ လာခဲ့ပါတယ်။

နတ်ဘုရားတွေရေ။

အဲဒီအချိန်မှာ အားလုံးပဲ သူတို့အနေနဲ့ ကောင်းကင်ပေါ်မှာ ဂက်တစ်ကောင် ပျံသန်းနေတာကို မြင်တွေ့လိုက်ရသလို ခံစားနေရပါတယ်။ စကားလုံးတွေက ဖော်ပြစရာ စကားကို မရှိပါဘူး။ ဒီလိုမျိုး ရှုးသွပ်ပြီး လက်မခံနိုင်စရာ အရာက တကယ်ပဲ ဘယ်လိုလုပ်ပြီးတော့ ဖြစ်ပျက်သွားတယ် ဆိုတာက ဖြစ်နိုင်ချေ ရှိမှာလဲ။

"ဟားဟား ငါ့ရဲ့မျက်လုံးတွေက အမြင်တွေ ဝေဝါးနေတာပဲ ဖြစ်ရမယ်"

သူတို့အားလုံးပဲ ဒီလိုမျိုး တွေးလိုက်ကြပါတယ်။

ဒါပေမဲ့ ခြောက်ခုမြောက် တန်းပေါ်က စာလုံးတွေက အဆုံးမရှိ တောက်ပနေဆဲ ဖြစ်ပါတယ်။ ငါး တစ်ဆယ် ဆယ့်ငါး။

ပတ်ဂန်းကျင် တစ်ခုလုံး လုံးဂကို တိတ်ဆိတ်ငြိမ်သက်နေပြီး အပ်တစ်ချောင်း ကျသွားရင်တောင်မှ အသံကြားနိုင်ပါတယ်။ အားလုံးရဲ့ မျက်လုံးတွေက ခေါင်းကနေ ပြူတ်ထွက်လာတော့မဲ့ အတိုင်းပဲ ဟူးညိုနဲ့ ကျောက်တုံးကို ကြည့်နေကြပါတယ်။ ဟူးညိုက အရမ်းကို ရယ်စရာကောင်းတဲ့ အမူအရာနဲ့ ရှိနေပေမဲ့လည်း ဘယ်သူကမှ မရယ်မောကြပါဘူး။

ဆယ့်ရှစ် ဆယ့်ကိုး နှစ်ဆယ်။

နောက်ဆုံးတော့ စမ်းသပ်ခြင်း ကျောက်တုံးက ပြောင်းလဲမှု မရှိတော့ပါဘူး။ ၎င်းက နံပါတ်ခြောက် အတန်းမှာရှိတဲ့ စာလုံးတွေ အားလုံး လင်းလက်တောက်ပပြီး ရပ်သွားခဲ့ပါတယ်။

ပန်းဖူးအဆင့် ကြယ်အလုံးနှစ်ဆယ်။

အားလုံးရဲ့ ပါးစပ်တွေက မထိန်းနိုင်မသိမ်းနိုင် တွန့်လိမ်သွားကြပါတယ်။ တကယ်လို့ သူတို့သာ ဒီမိန်းကလေးရဲ့ ကိုက်တာကို ခံရမယ်ဆိုရင်။ ပန်းဖူးအဆင့်ရဲ့ ခုခံကာကွယ်မှုတောင်မှ အသုံးမဂင်ပဲ အရှုံးပေးရပါလိမ့်မယ်။

မဟာဖျက်ဆီးခြင်းစွမ်းအားက အမှန်တကယ် တိုက်ပွဲစွမ်းအားကို ကိုယ်စားမပြုနိုင်ပေမဲ့လည်း မင်းရဲ့ပြိုင်ဘက်က ကိုက်တာကို ခံနိုင်ရည်စွမ်း ရှိပဲ့မလား။ ဒါပေမဲ့ တကယ်လို့ သူမသာ တကယ်ပဲ ကိုက်ခဲ့မယ်ဆိုရင် ပန်းဖူးအဆင့် လက်ရွေးစင်တွေတောင်မှ ငိုကြွေးရပါလိမ့်မယ်။

မွန်းစတားပဲ။

ဒီထက်ထူးဆန်းတာ မရှိတော့ပါဘူး။ တကယ့်မွန်းစတား တစ်ကောင်ပါပဲ။

ယုခွမ်လွမ်။

"………"

အောင်းချင်းလိုင်။

"………"

ကျူးရွှမ်အာ။

"………"

ဟွာရင်းဟန်။

"…………"

သူတို့တွေက ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင်ကျင့်ကြံသူတွေပဲ ဖြစ်ဖြစ် ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ချိတ်ဖို့ အလားအလာကောင်းတွေ ရှိနေတဲ့ သူတွေပဲ ဖြစ်ဖြစ် သူတို့အားလုံးက ဒီအချိန်မှာတော့ ပြောစရာစကားကင်းမဲ့ကုန်ကြပါတယ်။ မွန်းစတားအို အနည်းစု အတွက် ရပ်နေကြတာတောင် သူတို့ရဲ့ မျက်နှာက ကြွက်သားတွေက မထိန်းနိုင် မသိမ်းနိုင်အောင် ဖြစ်ပြီးတော့ ရှုံ့မဲ့ကုန်ပြီး ထူးဆန်းတဲ့ စိတ်ပျက်စရာ ခံစားမှုကို ခံစားနေကြရပါတယ်။

ဟူးညို့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက သူတို့ကိုတောင် စိုးရိမ်ထိတ်လန့် စေပါတယ်။

လင်းဟန်တစ်ယောက်ပဲ ကျိတ်ပြီးတော့ ရယ်မောနေခဲ့ပါတယ်။ ဟူးညို့ရဲ့ ပါးစပ်သေးသေးလေးက ပန်းဖူးအဆင့် အလှူာကိုးမှာရှိတဲ့ မိစ္ဆာသားရဲ အုပ်ချုပ်သူ

တစ်ယောက် ချထားတဲ့ အကာအကွယ် စွမ်းအားကိုတောင်မှ ဖြတ်ပစ်နိုင်တဲ့ အစွမ်းရှိပါတယ်။ သူမမှာ ဘယ်လောက်တောင် အစွမ်းထက်တဲ့ သွားတွေရှိနေတာလဲ။

"ရေး"

ဟူးညိုက လှည့်ပြီးတော့ လင်းဟန်ကို ချစ်စဖွယ် ပြုံးပြလိုက်ပါတယ်။

အပိုင်း(၄၃၆) လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်

"ကျေးဇူးပြုပြီးတော့ လာပါ။ ကျေးဇူးပြုပြီး ဒီနေရာမှာ မင်းရဲ့အချက်အလက်တွေကို ဖြည့်ပေးပါ"

စာရင်းသွင်းတဲ့ တာဂန်ခံက တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူက ရှင်းရှင်းလင်းလင်း လေလုံးကွဲအောင်တောင်မှ မပြောနိုင်ပဲ သူရဲ့လျှာကို ကိုက်မိသလိုမျိုး ဖြစ်သွားပါတယ်။

ဟူးညိုက ခေါင်းခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ညိုးညိုး လင်းဟန်ကို စောင့်ဦးမယ်"

တာဂန်ခံက လင်းဟန်ဘက်ကို မေးခွန်းတွေပါတဲ့ အကြည့်နဲ့ လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

လင်းဟန်က အရှေ့ထွက်လာပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါလည်း တစ်ခါလောက်တော့ ကြိုးစားကြည့်ဦးမယ်"

ပရိသတ်တွေ အားလုံးပဲ သူတို့ရဲ့ခေါင်းတွေကို လှည့်ပြီးတော့ လင်းဟန်ကို ကြည့်လိုက် ကြပါတယ်။ သူတို့လည်းပဲ လင်းဟန်ဆီမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ဘယ်နှစ်လုံး ရှိမလဲဆိုတာကို သိချင်မြင်ချင်နေကြပါတယ်။

လင်းဟန်က ဓားရှည်တစ်လက်ကို ဆွဲယူပြီးတော့ သာမန်ကာလျှံကာ ဝှေ့ယမ်းလိုက်ပါတယ်။ ရွှေရောင်တုတ်ချောင်း ခုနစ်ချောင်းက ချက်ချင်းပဲ ထွက်လာခဲ့ပါတယ်။ ဟွမ်း။ အဖြူရောင် မြွေတစ်ကောင်က လေထဲမှာ ပေါ်လာပြီး အလျင်အမြန်ပဲ သူရဲ့ခန္ဓာကိုယ်ထဲကို တိုးဝင် သွားခဲ့ပါတယ်။

"အစီအရင် အရှင်သခင်လား"

"ဒီတစ်ကြိမ် ပါရမီရှင်ပြိုင်ပွဲက နောက်ဆုံးတစ်ကြိမ်တုန်းက ထက်တောင်မှ သေချာပေါက် မွန်းစတား ဆန်သေးတယ်။ မွန်းစတားတွေ အားလုံးပဲ ထွက်ပေါ်လာကြတယ်"

"အဲဒါဟုတ်တယ်။ ပြီးခဲ့တဲ့ ပြိုင်ပွဲက သမိုင်းတစ်လျှောက်မှာ အောင်မြင်မှု အကြီးဆုံး ပြိုင်ပွဲလို လူသိများပြီး အရမ်းကို အစွမ်းထက်တဲ့ လူငယ်အယောက် နှစ်ဆယ်ကျော် ပေါ်ထွက်လာခဲ့တယ်။ အခုအချိန်မှာ အဲဒီတုန်းကလောက် အများကြီး မပေါ်လာဘူး ဆိုပေမဲ့ အရည်အသွေးပိုင်းနဲ့ မွန်းစတား ဆန်မှုအပိုင်းမှာဆိုရင် ဒီတစ်ကြိမ် ပြိုင်ပွဲက နောက်ဆုံးပြိုင်ပွဲကို အများကြီး သာလွန်သွားပြီ"

ပရိသတ်တွေ အားလုံးပဲ သူတို့ရဲ့ သတိတွေ အနည်းငယ် ပြန်ရလာခဲ့ ကြပါပြီ။ ပထမ ဒီနေရာမှာ မိန်းကလေး တစ်ယောက်က ကိုက်လိုက်တာနဲ့ ပန်းဖူးအဆင့်ရဲက တိုက်ပွဲစွမ်းရည် ကြယ်အလုံးနှစ်ဆယ် ရှိတဲ့ ကလေးမလေး တစ်ယောက် ပေါ်ထွက်လာခဲ့ပြီး အခုဆိုရင် အစီအရင် အရှင်သခင် တစ်ယောက်က နောက်ကနေ ထွက်ပေါ်လာခဲ့ပါတယ်။ တကယ်ပဲ ဒါက မွန်းစတားတွေရဲ့

ကုန်းမြေဖြစ်လာခဲ့ပါပြီ။

"ဘာ။ လင်းဟန်က တကယ်ပဲ အစီအရင် အရှင်သခင် တစ်ယောက် ဖြစ်နေတာလား"

ဂူဖန်းဟွာနဲ့ တခြားသူတွေက သူတို့ရဲ့ အသက်အရှယ် စမ်းသပ်စစ်ဆေးမှု ပြီးတဲ့ နောက်မှာ ပြိုင်ပွဲကို ပြန်လာပြီး လင်းဟန်နဲ့ သူရဲ့အုပ်စုက ဘာတွေလုပ်ပြနိုင်မလဲ ဆိုတာကို လာကြည့် ကြပါတယ်။ အဆုံးသတ်မှာတော့ ဒီမြင်ကွင်းကို သူတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရပါပြီ။

"သိုင်းပညာရော ဆေးပညာရော အစီအရင်ပညာမှာပါ ပညာရပ်အားလုံးမှာ ကျွမ်းကျင်တဲ့ လူတစ်ယောက်။ ဒီလိုမျိုး ပြီးပြည့်စုံတဲ့ လူတစ်ယောက်က ဒီကမ္ဘာကြီးထဲမှာ ရှိနေတာလား"

အဲဒီအချိန်မှာ လင်းရှန်းချင်က ဟက်ထိသွားခဲ့ပါတယ်။ သူမရဲ့ လက်တွေနဲ့ သူမရဲ့ ရင်သားတွေကို ဖိထားပြီးတော့ ကြေညာလိုက်ပါတယ်။

"ဒီယောက်ျား။ ငါကသေချာပေါက် သူ့ကို ငါ့ကိုယ်ပိုင်ဖြစ်အောင် လုပ်ရမယ်"

လင်းဟန်က စမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးကို မျက်နှာချင်းဆိုင် လိုက်ပါတယ်။ လှို့ဂှက်ဆန်းကြယ်မှု သုံးထောင်ကို အပြည့်အဝ ပြင်ဆင်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ရှစ် ရှစ် ရှစ်။

ဓားချီအလင်း ကိုးခုက ထွက်ပေါ်လာပြီးတော့ ဓားအလင်းပေါင်း တစ်ထောင်က အတူတကွ မြင့်တက်လာပြီး မြေကြီးကို သိမ့်သိမ့်တုန်သွားနိုင်တဲ့ အစွမ်းနဲ့ စမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးကို ခုတ်ပိုင်းပစ်လိုက်ပါတယ်။

ငါးခုမြောက် အတန်းက စာလုံးတွေက ချက်ချင်းပဲ တောက်ပလာခဲ့ပါတယ်။ ချက်ချင်းဆိုသလို ရှစ်ခုက တောက်ပလာပြီး အလင်းရောင်တွေက ဆယ်တစ်ခုမြောက် စာလုံးမှာ တောက်ပပြီးမှ ရပ်သွားခဲ့ပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်တစ်လုံး။

လပြွတ်။ အားလုံးက နောက်တစ်ကြိမ် အံ့အားသင့်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်မှာပဲ ရှိပါသေးတယ်။ ဒီနေရာမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့် ကိုးအလွှာက လူတစ်ယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်တစ်လုံး တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်နိုင်တဲ့လူ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ကြယ်ဘယ်နှစ်လုံးတောင် သာလွန်နေတာလဲ။

ဟူးညို့ရဲ့ ကိုက်တဲ့ စွမ်းရည်က ပန်းဖူးအဆင့် ကြယ်အလုံးနှစ်ဆယ်ရှိတာကို မြင်တွေ့ခဲ့ပေမဲ့ ကိုက်တာက စစ်မှန်တဲ့ တိုက်ပွဲနည်းစနစ်တစ်ခုလို့ ယူဆလို့ မရနိုင်ပါဘူး။ ဟုတ်တယ်မလား။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဖျက်ဆီးခြင်း စွမ်းအားနဲ့ ပတ်သက်ရင် တစ်သောင်းနည်းစနစ်ကို တစ်ခု ပြန်လည်ပေါင်းစည်းခြင်းက လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ထက် သာလွန်ပါတယ်။ ဒီနည်းစနစ်က ဓားအလင်းပေါင်း တစ်သောင်းကို တစ်ခုတည်း အဖြစ်ကို ပေါင်းစည်းလိုက်ခြင်းနဲ့ ညီမျှပြီး သူ့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားကလည်း အဆ တစ်ရာလောက် ရှိပြီး အဆပေါင်း တစ်ထောင်တောင်မှ သန်မာနိုင်ပါတယ်။

ဘာဖြစ်လို့လည်းဆိုတော့ တကယ်လို့ လက်သီးတစ်ချက်က အဲဒီအနောက်ကွယ်မှာ ဆယ်ပေါင်စွမ်းအား ရှိတယ်ဆိုရင် လူတစ်ယောက်ကို သတ်ပစ်ဖို့ လက်သီးပေါင်း တစ်ထောင်တောင်ထိုးရင်တောင် သတ်လို့ရနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက်က လက်သီးတစ်ချက်ထဲမှာ ပေါင်တစ်သောင်းကို ထုတ်လွှတ်နိုင်တယ် ဆိုရင်ရော။

ကံမကောင်းတာက သူ့အနေနဲ့ ဓားအလင်းတန်းကို မထုတ်ဖော်နိုင်သေးပဲ တစ်သောင်းနည်းစနစ်ကနေ တစ်ခုကို ပေါင်းစည်းခြင်းကို အသုံးမပြုနိုင်သေးပါဘူး။ တကယ်လို့ သူက အခုချိန်မှာ အတင်းအသုံးပြုလိုက်မယ် ဆိုရင်တောင် သူ့အနေနဲ့ သူ့ဓားရဲ့ ခုတ်ချက်ဆယ်ခုလောက်ကို ပေါင်းစည်းပြီးတော့ တိုက်ခိုက်မှု တစ်ခုကိုပဲ ထုတ်လွှတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါက လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်ရဲ့ အစွမ်းနဲ့ အရမ်းကို ဝေးကွာလွန်းပါတယ်။

"အောင် အောင်မြင်တယ်"

တာဂန်ခံက နောက်တစ်ကြိမ် တုန်လှုပ်သွားခဲ့ပါတယ်။

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"နောက်တစ်ကြိမ်လောက် ကြိုးစားကြည့်ဦးမယ်"

သူက ဓားကိုစွန့်ပယ်ပြီးတော့ သေးငယ်သော ထျန်းယွမ်မြေ အစီအရင်ကို ရုတ်သိမ်းလိုက်ပါတယ်။ သူက ကျောက်တုံးရဲ့ အရှေ့ကို လျှောက်လာပြီး သူရဲ့ဘယ်ဘက်လက်နဲ့ ကျောက်တုံးကို ဖိလိုက်ပါတယ်။ ဘယ်သူကမှ သူရဲ့ လက်ဝါးပေါ်မှာ အနက်ရောင်နတ်ဆိုးပုံစံ အမျိုးမျိုး တောက်ပလင်းလက်လာတာကို မမြင်တွေ့ရတော့ပါဘူး။

ဒါက မူလတုန်းက သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ဆီကနေ လာခဲ့တဲ့ နတ်ဆိုးချီကို သန့်စင်ထားတာ ဖြစ်ပါတယ်။ သူက နတ်ဘုရားတွေရဲ့ နယ်မြေက လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ လင်းဟန်က နတ်ဆိုးပုံစံမှာ အရမ်းကို ကြောက်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ပိုင်ဆိုင်ထားတယ် ဆိုတာကိုပဲ သိထားပါတယ်။ ဒါပေမဲ့ ၎င်းက ဘယ်လောက်ထိ အစွမ်းထက်တယ် ဆိုတာကိုတော့ သူ့အနေနဲ့ တိတိကျကျ မသိထားပါဘူး။

ဒါက ၎င်းကို စမ်းသပ်ကြည့်ဖို့ သူ့အတွက်တော့ အခွင့်ကောင်းတစ်ခု ဖြစ်ပါလိမ့်မယ်။

သူက အောက်ကို ဖိချလိုက်ပါတယ်။ ဟုမ်း။ ခုနစ်တန်းမြောက်က စာလုံးတွေက ချက်ချင်းပဲ လင်းလက်တောက်ပလာခဲ့ပါတယ်။

တစ်ဆယ်။ ဆယ့်ငါး။ နှစ်ဆယ်။

ပြီးတော့ ဘာမှဆက်မဖြစ်တော့ပါဘူး။ ဒီစမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးမှာ စုစုပေါင်း ခုနစ်တန်းမြောက်က စာလုံးတွေအထိပဲ ရှိပါတယ်။ ပြီးတော့ နောက်ဆုံး အတန်းသုံးခုက ပျက်စီးနေပါတယ်။ တကယ်တော့ ဒါက နှစ်ပေါင်းသောင်းနဲ့ချီအောင် ကြာခဲ့ပါပြီ။ ဒါကြောင့် ဒီကျောက်တုံးက လုံးဂကို အလုံးစုံ ကောင်းမွန်နေမှာ မဟုတ်ပါဘူး။

အတန်းခုနစ်ခုမြောက်ဆိုတာ ဘယ်လိုမျိုးလဲ။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ကြယ်အလုံးနှစ်ဆယ်။

အား။

အားလုံးပဲ ကျောက်တုံးကို ရေခဲရုပ်တွေလို နောက်တစ်ကြိမ် ကြည့်လိုက်ပါတယ်။ တစ်ယောက်က တစ်ချက်ကိုက်လိုက်တာနဲ့ ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲကြယ် အလုံးနှစ်ဆယ်ပမာဏကို ရောက်သွားပြီးတော့ ဒါက လူတစ်ယောက်ရဲ့ ဆံပင်တွေ မိုးထိအောင် ထောင်နေပြီး ခြေဖျားလက်ဖျားတွေ အေးစက်သွားတဲ့အထိ အံ့အားသင့်သွားဖို့ လုံလောက်ပါတယ်။ လင်းဟန်က သာမန်ကာလျှံကာ လက်ကို ဖိချလိုက်တာက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်အလုံးနှစ်ဆယ် ပမာဏထိအောင် ရောက်သွားခဲ့တယ်။ ဒီနေရာမှာ ဘာတွေ ဖြစ်နေပြီလဲ။

ဒီစမ်းသပ်စစ်ဆေးခြင်း ကျောက်တုံးမှာ တစ်ခုခုများ မှားနေသလား။

လင်းဟန်က သူရဲ့လက်ကို ပြန်ရုတ်သိမ်းလိုက်ပြီးတော့ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ အနည်းငယ် မရှိတင်ကဲ ဖြစ်သွားသလို ခံစားလိုက်ရပါတယ်။ သူက နတ်ဆိုးပုံစံရဲ့ စစ်မှန်တဲ့ ဖျက်ဆီးခြင်း စွမ်းအားကို စမ်းသပ်မှု မလုပ်ဆောင်နိုင်သေးပါဘူး။ ဒါက နတ်ဘုရား နယ်မြေက လက်ရွေးစင် တစ်ယောက်နဲ့ ပတ်သက်နေပါတယ်။

၎င်းရဲ့အစွမ်းက အဲဒီနယ်မြေက် အစွမ်းထက်ဆုံး သတ်ဖြတ်ခြင်း တိုက်ကွက် ဖြစ်နိုင်ပါတယ်။

နောက်ပိုင်းမှာ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်နဲ့ မျက်နှာချင်းဆိုင် တွေ့တဲ့အခါကျရင် သူ့အနေနဲ့ သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က သူ့အပေါ် လက်တစ်ဖက် တင်မှာကို သေချာပေါက် ခွင့်ပြုလို့ မဖြစ်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် ရလဒ်က အရမ်းကို ထိတ်လန့်ကြောက်ရွံ့စရာ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့ ကန့်သတ်ခြင်းကို မသာလွန်နိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ နတ်ဆိုးရှင်သန်ဓားက နတ်ဆိုးပုံစံအစီအရင်ရဲ့ စွမ်းအားကို ခုခံနိုင်စွမ်းရှိတာ သိသာထင်ရှားနေပါတယ်။

၎င်းရဲ့ အကန့်အသတ်က ကောင်းကင်အဆင့် ဒါမှမဟုတ် နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါလိမ့်မယ်။

"ဆ ဆရာလေး။ ကျေး ကျေး ကျေးဇူးပြုပြီး ဒီကိုလာပြီးတော့ စာ စာ စာရင်းသွင်းပါ"

တာဂန်ခံက လုံးဂကို အားနည်းစွာနဲ့ ပြောလိုက်ပါတယ်။

"အိုး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါကအခု စိတ်ဂိုညာဉ် ပစ္စည်းတစ်ခုကို အသုံးပြုလိုက်တာပါ။ ဒါကြောင့် ဒါကို ထည့်မတွက်ပါနဲ့။ နောက်ပြီးတော့ ငါက ပါရမီရှင်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ် မရှိဘူး။ ငါဒီကို လာခဲ့တဲ့ တစ်ခုတည်းသော အကြောင်းပြချက်က ဒီမိန်းကလေး ပြဿနာလုပ်မှာကို တားဆီးဖို့ အတွက်ပဲ"

ဒါဆိုရင် ဒါက စိတ်ဂိုညာဉ် ပစ္စည်းတစ်ခုရဲ့ အစွမ်းပေ့ါ။

သူတို့အားလုံး စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းတွေ မှုတ်ထုတ်လိုက်ပါတယ်။ ဒါက အစစ်အမှန်ပဲဖြစ်ဖြစ် လိမ်ညာတာပဲ ဖြစ်ဖြစ် သူတို့အနေနဲ့ ဒီစကားကို အစစ်အမှန်လို့ ယုံကြည်ဖို့ ဆန္ဒရှိနေကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဂိုညာဉ် ပင်လယ်အလွှာ ကိုးအဆင့်ပဲ ရှိသေးတဲ့ လူငယ်တစ်ယောက်က စိတ်ဂိုညာဉ် နတ်သူငယ်အဆင့် တိုက်ပွဲစွမ်းရည်ရဲ့ ကြယ်အလုံးနှစ်ဆယ် ပမာဏရှိတယ်ဆိုတာကို ဘယ်သူကများ အစစ်အမှန်လို့ လက်ခံနိုင်စွမ်း ရှိမှာလဲ။

နေပါဦး။ တကယ်လို့ မင်းက ပါဂင်ပြီးတော့ မယှဉ်ပြိုင်ဘူးဆိုရင် ဘာဖြစ်လို့ ဒီနေရာကို လာပြီးတော့ လူတွေအားလုံးကို ထိတ်လန့်ကြောက်ရွံ့အောင် လုပ်နေရတာလဲ။

သူတို့ထဲက တချို့က ရုတ်တရက် ဒီအတွေးတွေကို ပြန်စဉ်းစားလိုက်တဲ့ အခါမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်အလုံးနှစ်ဆယ်ဆိုတာက သေချာပေါက် လုံးဂကို အစစ်အမှန် မဟုတ်လောက်သေးပါဘူး။ လင်းဟန်ရဲ့ အစောပိုင်းတုန်းက တိုက်ခိုက်မှုက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်တစ်လုံးတောင် ရှိပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုး ကျင့်ကြံခြင်းမှာရှိတဲ့ လူတစ်ယောက်ရဲ့ ဒီလိုမျိုး ပါရမီက တကယ်ပဲ လောကကြီးရဲ့ သဘာဂတရားကို ဆန့်ကျင်နေပါတယ်။

သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားတဲ့အချိန်ကျရင် စိတ်ဂိညာဉ် ပလ္လင်အဆင့်က တခြားကျင့်ကြံသူတွေက သူနဲ့နှိုင်းယှဉ်လို့ ရနိုင်ဦးမှာလား။ ယှဉ်ခွမ်လွမ်တောင်မှ အရှုံးကို ဂန်ခံရပါလိမ့်မယ်။ ဟုတ်တယ်မလား။

သူရဲ့ဘေးနားက ဒီလိုမျိုး တီးတိုးရွတ်ဆို ဂေဖန်နေတာကို ကြားရတဲ့အခါမှာ ယုခွမ်လမ်ရဲ့ အမူအရာကို ကြည့်ရတာ အတော်လေးကို ရုပ်ဆိုးအကျည်းတန်လို့ နေပါတယ်။

ရှဂမ်ဒီအတွက်ကတော့ သူက လုံးဂကို တုန်လှုပ်နေခဲ့ပြီး စကားပြောဖို့တောင်မှ ခွန်အား မရှိတော့ပါဘူး။ အခုသူလိုချင်တဲ့အရာကတော့ မြေကြီးမှာ တွင်းတစ်ခုကို တူးပြီးတော့ သူ့ကိုယ်သူ မြေမြှုပ်ပစ်လိုက်ချင်တာပါပဲ။

လင်းဟန်က လျှောက်လာပြီးတော့ ဟူးညိုကို ကောက်ချီပြီး ဒီမိန်းကလေးအတွက် အချက်အလက်တွေကို ဖြည့်ပေးလိုက်ပါတယ်။

"နာမည် ဟူးညို

အသက် ခန့်မှန်းခြေ ခြောက်နှစ်

မွေးဖွားရာနေရာ အတိအကျ မသိဘူး"

ဒီလိုမျိုး အချက်အလက်ကို ကြည့်ပြီးတော့ စာရင်းကောက်ခံတဲ့ လူတွေရဲ့ မျက်နှာက မထိန်းနိုင်အောင်

ရှုံ့မဲ့သွားကြပါတယ်။ မင်းကသူ့ကို တစ်နေရာရာကနေ ကောက်လာတာလား။ ဘာဖြစ်လို့ နာမည်တွေ အသက်တွေနဲ့ မွေးဖွားတဲ့နေရာတွေ အားလုံးက ဆန်းကြယ်နေရတာလဲ။

"ညိုးညိုးကို လင်းဟန်က ကောက်လာတာ။ လင်းဟန်က ကောက်လာတာ"

ဟူးညိုက လင်းဟန်ရဲ့ လက်မောင်းပေါ်မှာ လှဲပြီးတော့ တခစ်ခစ်နဲ့ ရယ်မောပြီး လုံးဂကို ပျော်ရွှင်နေခဲ့ပါတယ်။

သူမကို ကောက်ယူမွေးစားခံရတာတောင် သူမက ပျော်နေသေးတာလား။ သူတို့အားလုံးပဲ သူမရဲ့ ပျော်ပျော်နေတတ်တဲ့ သဘာဂကို လေးစားအားကျပြီး အထင်ကြီးသွားကြပါတယ်။

ဒါပေမဲ့လည်း အားလုံးက လင်းဟန်ကို မနာလိုစွာနဲ့ ကြည့်လိုက်ကြပါတယ်။ သူတို့လည်းပဲ ဟူးညိုလိုမျိုး မွန်းစတားတစ်ကောင်ကို ကောက်ယူမွေးစားချင်ပါတယ်။

အဲဒီနောက်မှာတော့ အသက်ကို စစ်ဆေးခြင်း ဖြစ်ပြီးတော့ တစ်စုံတစ်ယောက်က ရုပ်ဖျက်တဲ့ နည်းစနစ်တွေကို

အသုံးပြုပြီးတော့ သူတို့ကိုယ်သူတို့ လူငယ်တွေအဖြစ် ဟန်ဆောင်မဲ့ အခြေအနေကို တားဆီးတဲ့ အနေနဲ့ လုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။ ဒါမှသာ ပြိုင်ပွဲရဲ့ တရားမျှတမှုကို အာမခံချက် ရှိမှာပဲ ဖြစ်ပါတယ်။

ဟူးညိုကတော့ အသက်စစ်ဆေးမှုကို အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်သွားခဲ့ပါတယ်။ အမှန်တကယ်ပဲ သူမရဲ့ပုံပန်းသွင်ပြင်အရ သူမရဲ့ အသက်အရွယ်ကို စစ်ဆေးစရာ မလိုပါဘူး။ လူတစ်ယောက်က ဘယ်လောက်ပဲ သူ့ကိုယ်သူရုပ်ဖျက်ပါစေ သူမနဲ့ တူအောင်လို့ သူတို့ကိုယ် သူတို့တော့ ရုပ်ဖျက်နိုင်စရာ အကြောင်းလုံး၀ မရှိပါဘူး။ ဟုတ်တယ်မလား။

ပြီးတော့အခုဆိုရင် ဒီနေ့ကုန်သွားရင် လူအယောက် နှစ်ရာကနေ ရှုံးထွက်ပြိုင်ပွဲကို ဆင်နွှဲပြီးတော့ ပါရမီရှင် အဆင့်ဇယားမှာ ကျန်ရှိနေမဲ့ အသန်မာဆုံး လက်ရွေးစင် ကျင့်ကြံသူပေါင်း တစ်ရာလေးဆယ့်လေးယောက် ရှိပါလိမ့်မယ်။

လူသစ်တွေ အတွက်တော့ သူတို့က နိုင်ပွဲကနေ ခြေတစ်လှမ်း အကွာအဝေးပဲ လိုပါတော့တယ်။ နောက်ရက်မှာ သူတို့တွေ နိုင်မယ်ဆိုရင် ပါရမီရှင်

အဆင့်ဇယားထဲကို အောင်အောင်မြင်မြင်နဲ့ ဝင်ရောက်နိုင်ပြီးတော့ အနည်းဆုံး ပါရမီရှင် အဆင့်ပေါ်မှာ သုံးနှစ်လောက်တော့ နေနိုင်ပါလိမ့်မယ်။

ပြီးတော့ ပါရမီရှင် အဆင့်ဇယားထဲကို ဝင်ရောက်ခြင်းမှာ နောက်ထပ်ရည်ရွယ်ချက် အဓိပ္ပာယ် တစ်ခု ရှိပါသေးတယ်။ အဲဒီအကြောင်းအရာက ပါရမီရှင် အဆင့်ဇယားထဲကို ဝင်ရောက်နိုင်တဲ့ ဘယ်သူမဆို ပန်းဖူးအဆင့်ကို မချိုးဖျက်နိုင်တဲ့လူ တစ်ယောက်မှ မမြင်ဖူးပါဘူး။

အပိုင်း(၄၃၇) ရှုံးထွက်ပွဲစဉ်များ

ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်း ဆိုတာက လူတစ်ယောက်ရဲ့ သေမျိုးအကန့်အသတ်ကို ဖိနှိပ်နိုင်လိမ့်မယ်လို့ ဆိုလိုတာပါပဲ။

ဒါက သိုင်းပညာရှင်တွေ အားလုံးရဲ့ အိပ်မက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်း ကံကြမ္မာကို အမှန်တကယ် အောင်မြင်တဲ့သူက ဘယ်လောက်များ ရှိလို့လဲ။

ညရောက်တော့ ဂူဖန်းဟွာ၊ ချီဟွာလန်၊ လင်းရှန်းချင်နဲ့

တခြားသူတွေ အားလုံးပဲ လာလည်ကြ ပါတယ်။ သူတို့တွေက အစစ်အမှန်ပြိုင်ပွဲဆီကို အောင်အောင်မြင်မြင်နဲ့ တက်လှမ်းနိုင်ခဲ့ပြီး ဒါက ပျော်ရွှင်ရမဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ညဘက်မှာ အဲဒီအတွက်ကို ဂုဏ်ပြုဧည့်ခံစားပွဲ ကျင်းပဖို့ ရှိပါတယ်။ ပြီးတော့ သူတို့က လင်းဟာန်ဆီကို ခေါင်းစဉ်နဲ့ လာခဲ့တာ ဖြစ်ပြီးတော့ ဟူးညီရဲ့ နေ့လယ်ခင်းက အစွမ်းပြမှုက သူတို့အားလုံးကို အသက်ရှူ ကျပ်သွားစေခဲ့ပါတယ်။

အရမ်းကို အစွမ်းထက်လွန်းတယ်။

"တကယ်လို့ နောက်ပိုင်းမှာ ငါနဲ့ဟူးညီ တိုက်ခိုက်ရမယ်ဆိုရင် သေချာပေါက် ငါ့ကို သူမကိုက်မှာကို ခွင့်ပြုလို့ မဖြစ်ဘူး"

ဂူဖန်းဟွာက အရမ်းကို စိတ်သောက ရောက်နေတဲ့ ပုံစံနဲ့ ကြေညာလိုက်ပါတယ်။

"အင်း အင်း အင်း"

သူတို့အားလုံးပဲ ခေါင်းညိတ်ပြီးတော့ သဘောတူ လိုက်ကြပါတယ်။ ဒီမိန်းကလေးငယ်လေးရဲ့

ရက်စက်ကြမ်းကြုတ်မှုနဲ့ ထင်ရာစိုင်းမှုတွေက သူတို့ရဲ့ နှလုံးသားထဲမှာ နက်နက်ရှိုင်းရှိုင်းနဲ့ အမြစ်တွယ်လို့ နေပါပြီ။

"ညီးက နင်တို့အားလုံးကို မကိုက်ချင်ပါဘူး။ အနံ့နံတယ်"

ဟူးညိုက စိတ်အားထက်သန်စွာနဲ့ စားသောက်နေပြီးတော့ ပြောရတဲ့အတွက် ရှင်းရှင်းလင်းလင်း မရှိပဲနဲ့ ဒါကကိုယ်ပဲ သူတို့အားလုံးကို နှစ်သက်သဘောကျ စေခဲ့ပါတယ်။

"ဂရန်းမာစတာလင်း ဘယ်အချိန်တုန်းက နင် အစီအရင် အရှင်သခင် တစ်ယောက် ဖြစ်သွားတာလဲ"

လင်းရှန်းချင်က လင်းဟာန်ကို ဆွဲဆောင်ဖြားယောင်းတဲ့ အကြည့်နဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒါက လွီယုထန်နဲ့ လီစီရှန်းတို့ကို မထိန်းနိုင် မသိမ်းနိုင်အောင် ဖြစ်သွားစေခဲ့ပါတယ်။

"အဲဒါဟုတ်တယ်။ မှန်တယ်။ မင်းက ဘယ်သူ့ကိုမှ အသက်မရှင်တော့အောင် လုပ်ဖို့ အစီအစဉ် ဆွဲနေတာလား။ မင်းက မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်တယ်။ သိုင်းပညာမှာလည်း ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပါရမီရှိတယ်။ ပြီးတော့ အခု မင်းက အစီအရင် အရှင်သခင်

တစ်ယောက်လည်း ဖြစ်နေသေးတယ်”

ဂူဖန်းဟွာလည်း တူညီတဲ့ ခံစားမှုမျိုးနဲ့ သက်ပြင်းချလိုက်ပါတယ်။

“မင်းနဲ့နိုင်းယှဉ်လိုက်မယ်ဆိုရင် ငါ့ရဲ့ အကြီးဆုံးမဟာတဏှာရှူးဆိုတဲ့ နာမည်ကို မင်းဆီမှာ ဆုံးရှုံးရတော့မယ်နဲ့ တူတယ်”

“ကောင်းပြီ။ ငါ့မှာ မင်းဆီက ဒီနာမည်ကို လုယူဖို့ လုံးဝကို စိတ်မဝင်စားဘူး။ ဒါကြောင့် အေးအေးဆေးဆေးနဲ့ စိတ်ချလက်ချသာ နေပါ”

လင်းဟန်က ရယ်မောလိုက်ပါတယ်။

သူတို့အားလုံးကို အနက်ရောင် မျှော်စင်ထဲမှာ ရှင်သန်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ ပြုလုပ်ထားတဲ့ ဟင်းပွဲတွေနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ချီဟွာလန်နဲ့ လင်းရှန်းချင်တို့လို နတ်သမီးတွေအလား ချီးမြှောက်ခြင်း ခံရတဲ့ အလှပဂေး နှစ်ယောက်တောင်မှ ခြွင်းချက်မရှိ အရမ်းကို အရသာ ကောင်းမွန်တဲ့ ဟင်းပွဲ အစားအစာတွေအတွက် အကျိတ်အနယ်ကို တိုက်ခိုက်ပြီး စားသောက် နေကြတာက

အားလုံးကို မှင်တက်အံ့သြစေခဲ့ပါတယ်။

ညဘက်မှာ ကောင်းကောင်း အနားယူ အိပ်စက်ပြီးတဲ့နောက်မှာ ရှုံးထွက်ပြိုင်ပွဲတွေက စတင်ခဲ့ပါပြီ။

သူတို့က နံပါတ်တွေမဲနှိုက်ကြပြီး စည်းမျဉ်းစည်းကမ်းတွေ အတိုင်းပဲ လိုက်နာစောင့်ထိန်းပြီး ဘယ်သူကမှ ပါရမီရှင်ဇယားမှာ ရှိနေတဲ့လူတွေက တစ်ယောက်နဲ့တစ်ယောက် ဆုံတွေ့ခြင်း မရှိပဲ တိုက်ပွဲစုံတွဲ တစ်ရာခန့် ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ ဒီတိုက်ပွဲအစုံ တစ်ရာကို ဆယ်အုပ်စု ခွဲခြားလိုက်ပါတယ်။ တိုက်ပွဲတိုင်း အချိန်တစ်နာရီ အကန့်အသတ် ရှိပါတယ်။ တကယ်လို့ အဲဒီ တစ်နာရီ အတွင်းမှာ အနိုင်ရရှိသူ မထွက်ပေါ်ဘူးဆိုရင် အုပ်စုဆယ်ခုအားလုံးရဲ့ တိုက်ပွဲတွေ ပြီးဆုံးတဲ့ နောက်မှာ တိုက်ပွဲကို ထပ်ပေါင်းစီမံထားပါတယ်။

ဒါက ရှုံးထွက်ပွဲစဉ် တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သရေပွဲ ရှိမှာလဲ။

လင်းဟာန်၊ လီစီရှန်းနဲ့ ကွမ်းယွမ်တို့ အားလုံးပဲ ပရိသတ်စင်မြင့်မှာ နေရာယူပြီး ထိုင်နေကြပါတယ်။ သူတို့အနေနဲ့ ဂင်ကြေးအဖြစ် မူလစွမ်းအင် ပုံဆောင်ခဲ

တစ်ခုကို ပေးရပါတယ်။ ဒါက တကယ်ပဲ အရမ်းကို ဈေးကြီးပါတယ်။ စိတ်ဂိညာဉ် ပင်လယ်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်တောင် တစ်လလုံး အချိန်ကုန်ခံမှ တစ်ခုပဲ အောင်အောင်မြင်မြင်နဲ့ မွမ်းမံသန့်စင် နိုင်တာ ဖြစ်ပါတယ်။

ဒါတောင်မှ ဒီကြီးကျယ်ခမ်းနားတဲ့ ပြိုင်ပွဲကွင်းထဲမှာ ထိုင်ခုံနေရာလွတ် တစ်ခုမှ မရှိပါဘူး။ ဂင်ကြေးတစ်ခုတည်းနဲ့တင် စိတ်ဂိညာဉ် ရတနာ စံအိမ်က မူလစွမ်းအင်ပုံဆောင်ခဲ နှစ်သိန်းလောက် ရှာနိုင်ပါလိမ့်မယ်။ ဒီလိုမျိုး ငွေရှာနိုင်တဲ့ စွမ်းရည်က လူတစ်ယောက်ကို အံ့အားသင့်သွားစေဖို့ တကယ်ပဲ လုံလောက်ပါတယ်။

ဘယ်သူကများ ဒီပါရမီရှင် အဆင့်ဇယား ပြိုင်ပွဲကို သူတို့တွေကို ကျင်းပဖို့ ခွင့်ပြုပေးရတာလဲ။ ပြီးတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အစွမ်းထက်တဲ့ နောက်ခံကြောင့်လည်း ပြိုင်ပွဲရဲ့ ရလဒ်က အာမခံချက်ရှိပြီး သိုင်းပညာရှင် အားလုံးက သဘောတူညီထားတာ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်ဂိုဏ်းကပဲ ဦးစီးဦးဆောင်ပြီး ကျင်းပကျင်းပ စိတ်မြန်လက်မြန်နဲ့ သံသယတွေ ရှိကြပါလိမ့်မယ်။ ဒီပြိုင်ပွဲမှာ သူတို့ရဲ့ကိုယ်ပိုင် တပည့်တွေကိုပဲ ပိုပြီးတော့ မျက်နှာသာ ပေးနိုင်ပါတယ်။

လှိုင်ယုထန်၊ ကန်းရီနဲ့ ကျူးပူကျို့တို့ အားလုံးပဲ မဲကောင်းကောင်း နိုက်မိကြပြီးတော့ ပါရမီရှင် အဆင့်ဇယားပေါ်က လူတွေကို အောင်အောင်မြင်မြင်နဲ့ ရှောင်တိမ်းနိုင်ခဲ့ကြပါတယ်။ သူတို့က လူသစ်တွေထဲက အစွမ်းထက်တဲ့ ပုံစံရှိတဲ့ သတိထားရမဲ့ လူနည်းစုကိုလည်း ရှောင်တိမ်း နိုင်ခဲ့ပါတယ်။ တစ်ဖက်မှာရှိတဲ့ ဟူးညိုကတော့ အောင်းချင်းလိုင်ကို သူမရဲ့ ပြိုင်ဘက်အဖြစ် မဲကျသွားခဲ့ပါတယ်။

သူက မူလကတည်းက ပါရမီရှင် အဆင့်ဇယားပေါ်မှာ နံပတ်နှစ်ဆယ့်ရှစ် ဖြစ်ပါတယ်။ ပြီးတော့ အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတော့ သူရဲ့တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်ငါးလုံးမှာ ရှိပါတယ်။

ပုံမှန်အားဖြင့်တော့ တကယ်လို့ လူသစ်တစ်ယောက်က ပါရမီရှင်အဆင့်က လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်နဲ့ တွဲဖက်မိပြီဆိုရင် သူတို့ရဲ့ ကိုယ်ပိုင်မကောင်းတဲ့ ကံကြမ္မာကိုပဲ သက်ပြင်းချရုံပဲ တတ်နိုင်ပါလိမ့်မယ်။ အောင်းချင်းလိုင်က လွန်ခဲ့တဲ့ သုံးနှစ်က ပါရမီရှင် အဆင့်ဇယားမှာ အဆင့်ချိတ်နိုင်ခဲ့ပါတယ်။ ပြီးတော့

အခုဆိုရင် အချိန်သုံးနှစ် ကုန်လွန်သွားခဲ့ပြီ ဖြစ်တဲ့အတွက် သူရဲ့ကျွမ်းကျင်မှုက သေချာပေါက် ပိုပြီးတော့ တိုးတက်လာပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ အားလုံးက အောင်းချင်းလိုင်ကို သနားဂရုဏာသက်မှု အပြည့်နဲ့ ဖြစ်နေကြပါတယ်။

ကြည့်ရတာ ပြီးခဲ့တဲ့ ပြိုင်ပွဲရဲ့ စာရင်းထဲက ဒီလူကို ကြည့်ရတာ နောက်ဆုံးအဆင့်ဆိုတဲ့ အမှတ်တံဆိပ်ကို ဆင်နွဲရပါလိမ့်မယ်။ အခုဆိုရင် ဟူးညီရဲ့ မွန်းစတားဆန်မှု အကြောင်းကို မသိတဲ့လူ ဘယ်သူများ ရှိလို့လဲ။ လက်သီးတစ်ချက်က စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ ကြယ်အလုံးနှစ်ဆယ်ရှိတယ်။ လက်သည်းတစ်ချက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်နှစ်လုံး စွမ်းအားရှိတယ်။ ပြီးတော့ တစ်ချက်ကိုက်လိုက်တာက ပန်းဖူးအဆင့်ရဲ့ ကြယ်အလုံး နှစ်ဆယ် အဆင့်ကို ရောက်ရှိတဲ့အထိ လုံလောက်တဲ့ သန်မာမှု ရှိပါတယ်။

သူမက တကယ်ပဲ မွန်းစတား သေးသေးလေး တစ်ယောက် ဖြစ်ပါတယ်။

အောင်းချင်းလိုင်က တကယ်ပဲ အရမ်းကို သန်မာပါတယ်။ ပြီးတော့ အောင်းကလန်ရဲ့ သားခုနစ်ယောက်ထဲမှာ

အသန်မာဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ ဘယ်သူကမှ သူ့အကြောင်းကို အရမ်းကြီး ယုံကြည်စိတ်ချမှု မရှိတော့ပါဘူး။

သူနဲ့ ဟူးညိုရဲ့ တိုက်ပွဲက ခုနစ်ခုမြောက် အစုထဲမှာ ဖြစ်ပြီးတော့ မွန်းလွဲပိုင်းလောက်မှာ စတင်ပါလိမ့်မယ်။ ဒါပေမဲ့ အောင်းချင်းလိုင်ရဲ့ အမူအရာကို ကြည့်ရတာ အရမ်းကို နစ်လိုဖွယ်ရာ မကောင်းပါဘူး။ ဒါကလည်း အရင်တုန်းက ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က လူသစ်တစ်ယောက်ကြောင့် ရှုံးနိမ့်သွားတဲ့ ဥပမာက မရှိခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အရမ်းအရမ်းကို ရှားပါးတဲ့ အဖြစ်အပျက်တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ ဒီလိုမျိုး အဖြစ်အပျက်က သူ့ဆီမှာ ဖြစ်တယ်ဆိုရင် ဘယ်လောက်တောင်မှ အရှက်ကွဲလိမ့်မလဲ။

"ကျေးဇူးပြုပြီးတော့ မင်းတို့ရဲ့ လက်နက်ကို ရွေးချယ်ကြပါ"

အစီအစဉ် တင်ဆက်သူက ကြေညာလိုက်ပါတယ်။

ပထမအုပ်စုအတွက် တိုက်ပွဲတွေက ချက်ချင်းပဲ စတင်လိုက်ပါတယ်။ ပြိုင်ပွဲဝင် လူပေါင်း နှစ်ဆယ်က သူတို့ရဲ့ လက်နက်တွေကို အသီးသီးရွေးချယ်ပြီးတဲ့ နောက်မှာ

တိုက်ပွဲကို စတင်ဖို့ အချက်ပြလိုက်ပါတယ်။

ကန်းရီက ပထမအုပ်စုထဲမှာ ဖြစ်ပါတယ်။ သူရဲ့ပြိုင်ဘက်က လုံကျွမ်းကျင်သူ တစ်ယောက် ဖြစ်ပါတယ်။ ကန်းရီရဲ့ပြိုင်ဘက်ကလည်း စိတ်ဝိညာဉ် ပင်လယ်အဆင့် အလွှာကိုးမှာ ရှိပြီးတော့ သူရဲ့ စမ်းသပ်စစ်ဆေးမှု ရလဒ်ကလည်း တိုက်ပွဲစွမ်းအား ကြယ်ဆယ့်ငါးလုံး ရှိပြီးတော့ ကန်းရီနဲ့ တူညီတဲ့ အဆင့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်ပွဲစွမ်းအားအတွက် စမ်းသပ်မှုက အသန်မာဆုံး ဖျက်ဆီးခြင်းစွမ်းအား တစ်ခုကိုပဲ ဖော်ပြတာ ဖြစ်ပြီးတော့ တကယ့်စစ်မှန်တဲ့ တိုက်ပွဲစွမ်းအား မဟုတ်ပါဘူး။ သိုင်းပညာရှင်တစ်ယောက်ရဲ့ စစ်မှန်တဲ့ စွမ်းရည်ကို ဖော်ပြဖို့အတွက်က စစ်မှန်တဲ့ တိုက်ပွဲတစ်ခုမှာ ဖော်ပြဖို့ လိုအပ်နေပါတယ်။

သူတို့နှစ်ယောက်က ချက်ချင်းဆိုသလို ပြင်းထန်တဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့ ပါတယ်။ ကန်းရီက လုံးဝကို သနားညှာတာမှု မရှိပါဘူး။ ဆေဘာဓားရှိအလင်း ခုနစ်ခုက အရှေ့ကို ခုန်ပေါက် ထွက်သွားပြီး ပြင်းထန်တဲ့ ဓားခုတ်ချက်တွေက တစ်ခုပြီး တစ်ခု ထပ်ခါထပ်ခါ အင်အားအပြည့်အဝနဲ့ တိုက်ခိုက်လိုက်ပါတယ်။ တစ်ချက်တည်းနဲ့ပဲ ရှစ်ဆယ့်တစ်ချက်တိတိ ထိုးခုတ်လိုက်ပြီး

သူရဲ့ပြိုင်ဘက် ဖြစ်သူက သူရဲ့လက်မနဲ့ လက်ညှိုးကြားမှာ ဆုတ်ဖြဲသွားပြီး ခတ်ထုတ်ပစ်ဖို့အတွက် သူရဲ့လုံကိုတောင်မှ မြဲနေအောင် မဆုပ်ကိုင်နိုင်တော့ပါဘူး။ သူက ရွေးချယ်စရာ ဘာမှမရှိတော့ပဲနဲ့ အရှုံးကို ဝန်ခံလိုက်ရပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ကန်းရီက သူရဲ့ကိုယ်ပိုင် သိုင်းပညာလမ်းကြောင်း ရှာတွေ့ပြီးတော့ သူရဲ့ကိုယ်ပိုင် အစွမ်းထက်တဲ့ ပုံစံကို ပိုင်ဆိုင်ထားပြီး ရဲပုံ့စွာနဲ့ အဆင့်တက်ပြီး သူရဲ့လမ်းကြောင်းမှာ တော်တော်လေးကို ချိုးဖျက်အဆင့်တက် နိုင်ပါလိမ့်မယ်။ သူရဲ့ဆေဘာက ရန်သူကို ထိုးခုတ်နိုင်ရင် ထိုးခုတ် အဲဒီလိုမှ မဟုတ်ရင် သူ့ကိုယ်သူ ဖျက်ဆီးပစ်နိုင်ပါတယ်။ ဒီနေရာမှာ ဖြစ်နိုင်ချေ တတိယအချက်ဆိုတာ မရှိပါဘူး။

၎င်းကို လွှမ်းမိုးနိုင်တဲ့ ဆေဘာလို့ ခေါ်ဆိုနိုင်ပါတယ်။

တစ်နာရီ ကြာပြီးတဲ့ နောက်မှာတော့ ပထမအုပ်စုရဲ့ တိုက်ပွဲအားလုံးက ပြီးဆုံးသွားခဲ့ပါပြီ။ ပြီးတော့ မမျှော်လင့်ထားတဲ့ ရလဒ်တွေက ထွက်ပေါ်လို့ မလာခဲ့ပါဘူး။ ပါရမီရှင် အဆင့်ဇယားက လက်ရွေးစင် ကျင့်ကြံသူ အားလုံးပဲ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြပါတယ်။

ဒုတိယအလှည့်က စတင်ပါပြီ။ ပြီးတော့ ဒီအုပ်စုထဲမှာ လူသိများ ထင်ကြားကျော်ကြားတဲ့ စိန်ခေါ်သူတွေလည်း တော်တော်များများ ပါဝင်ကြပါတယ်။

လုရန်။ ပါရမီရှင် အဆင့် နံပါတ်ကိုး။ ပြီးတော့ လက်ရှိမှာ ပါရမီရှင်အဆင့်က အဆင့်အမြင့်ဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ထိပ်ဆုံးရှစ်ယောက်ကတော့ သူတို့ရဲ့ အသက်အရွယ်ကြောင့် အဆင့်မမီတော့ပါဘူး။ ချူရှီကျူးက စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ တိုက်ပွဲကြယ်နှစ်ဆယ်ရှိတဲ့ တိုက်ပွဲစွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ ဟွာရင်းဟန်ကတော့ ယုခွမ်လွမ်ရဲ့ ဂျူနီယာ တပည့်ညီမငယ် ဖြစ်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ဝင်ရောက်လာတဲ့ လူသစ်ဖြစ်ပါတယ်။

လင်းဟန်က လုရန်ကို ဦးစားပေးပြီးတော့ အာရုံစိုက် ကြည့်နေခဲ့ပါတယ်။ သူက သားရဲကေရာဇ် ဂိုဏ်းရဲ့ အထူးချွန်ဆုံး တပည့်တစ်ယောက် ဖြစ်ပြီးတော့ အိမ်မွေးသားရဲတစ်ကောင် ဖြစ်တဲ့ မြူခိုးတိမ် ကျားသစ်တစ်ကောင် ရှိပါတယ်။ ဒီဂိုဏ်းရဲ့ ထူးဆန်းတဲ့ သဘာဝကြောင့် သူက သူရဲ့သားရဲကောင်နဲ့အတူ တိုက်ခိုက်ခွင့် ရရှိထားပါတယ်။ သူကလည်း အလောင်းတစ်ထောင် ဂိုဏ်းနဲ့ ဆင်တူပါတယ်။ သားရဲမရှိရင်

သူရဲ့ တိုက်ပွဲစွမ်းအားက အနည်းဆုံး ကိုးဆယ်ရာခိုင်နှုန် အထိအောင် ဆယ်ရာခိုင်နှုန်းလောက် လျော့ကျသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း လုရန်ရဲ့ ပြိုင်ဘက်က တကယ်ပဲ အရမ်းကို အားနည်းလွန်းပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အလွှာ ကိုးအဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ လုရန်က အသာလေး တိုက်ခိုက်လိုက်ရုံနဲ့ အနိုင်ရရှိပြီးတော့ သူရဲ့ သားရဲကောင်ကိုတောင် အသုံးမပြုစရာ မလိုခဲ့ပါဘူး။

"စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာခြောက်"

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒါက ဒီပါရမီရှင် ပြိုင်ပွဲမှာ အမြင့်ဆုံး ကျင့်ကြံခြင်း အဆင့်ဖြစ်နိုင်ပါတယ်။

ချူရှီကျူးနဲ့ ဟွာရင်းဟန်လည်း အောင်မြင်စွာနဲ့ အဆင့်တက်သွား ခဲ့ပါတယ်။ ပြီးတော့ ပါရမီရှင် အဆင့်ဇယားအပေါ်မှာ အဖွဲ့ဂင်အသစ်တွေအဖြစ် အဆင့်ချိတ်သွားခဲ့ပါတယ်။

တိုက်ပွဲတွေက ဆက်လက်တိုက်ခိုက် နေကြပါတယ်။

နောက်ဆုံးမှာတော့ မမျှော်လင့်ထားတဲ့ ရလဒ်တစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ လျှို့တ ပါရမီရှင် အဆင့်ဇယား နံပါတ်လေးဆယ့်နစ်က လျှို့ပုက်ဆန်းကြယ်တဲ့ လူတစ်ယောက်ကို အမှန်တကယ်ပဲ ရှုံးနိမ့်သွားခဲ့ပါတယ်။ အဲဒီလူက စမ်းသပ်စစ်ဆေးမှုမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တိုက်ပွဲအစွမ်း ကြယ်တစ်လုံးကိုပဲ ထုတ်ဖော် ပြသသွားခဲ့ပြီး လျှို့တကို အလွယ်တကူနဲ့ အနိုင်ယူခဲ့ပါတယ်။

"သူက သူရဲ့စွမ်းရည်ကို ဖုံးကွယ်ထားတာပဲ"

"တကယ်ပဲ ပထမဆုံး ဒီလူက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိတယ်။ သူက တိုက်ပွဲစွမ်းရည် ကြယ်တစ်ပွင့်ကိုပဲ ထုတ်ဖော်ပြသပြီး စစ်မှန်တဲ့ ပြိုင်ပွဲကို ဂင်ရောက်ဖို့ သူ့အတွက်တော့ လုံလောက် လိမ့်မယ်"

"သူက တည်တည်ငြိမ်ငြိမ်နဲ့ တိုက်ခိုက်သွားတယ်။ ဒါကြောင့် သူရဲ့ စစ်မှန်တဲ့ စွမ်းရည်ကို မသိသာစေခဲ့ဘူး"

ဒီလူရဲ့နာမည်က ရန်ကျှင့်ဟောင်လို့ခေါ်ပါတယ်။ ပြီးတော့ သနားစရာကောင်းတာက သူရဲ့ သတင်းအချက်လက်တွေက နည်းတယ်။ သူက အသက်နစ်ဆယ့်သုံးနစ် ရှိသေးတယ် ဆိုတာကိုပဲ သိရတယ်။

အသက်စစ်ဆေးမှုကလည်း ဒါကို အတည်ပြုခဲ့တယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ မျက်လုံးတွေက သူ့အပေါ်ကို ပေ့ကြည့်လိုက်တဲ့ အခါမှာ သူ့အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်က အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိပါတယ်။

မြောက်ပိုင်းဒေသမှာတော့ ဒီလိုမျိုး အသက်အရွယ်နဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်မှာ ရပ်တည်နိုင်တာက သူ့ကို ပါရမီရှင်တွေထဲက ပါရမီရှင် တစ်ယောက်လို သတ်မှတ်နိုင်ပါတယ်။

တတိယနဲ့ စတုတ္ထအုပ်စု ပြီးသွားခဲ့ပါပြီ။ ပဉ္စမမြောက် အုပ်စုမှာတော့ ကျူးပုကျို့ ပေါ်လာခဲ့ပါတယ်။ တစ်နာရီလောက် ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု အပြီးမှာတော့ သူရဲ့ပြိုင်ဘက်ကို အနိုင်ယူခဲ့ပြီး ပါရမီရှင် အဆင့်ဇယားပေါ်က နောက်ထပ် အဖွဲ့ဝင်အသစ် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဆိုလိုတာက အနာဂတ်မှာ သူ့အနေနဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ တစ်ရာရာခိုင်နှုန်း နီးကပ်နေပါပြီ။ ဒါက သူ့ကို အရမ်းကို ကျေနပ်ပီတိ ဖြစ်စေခဲ့ပါတယ်။ တကယ်လို့ မိုးရေနိုင်ငံကို သူပြန်လာတဲ့အခါကျရင် ဒါက ပြောစရာကို မလိုတဲ့

အသန်မာဆုံး တိုက်ပွဲစွမ်းအားအဆင့်ပဲ ဖြစ်ပါတယ်။

ဆဌမအလှည့်မှာ လင်းဟန်က သူရဲ့ဂမ်းကွဲအစ်ကိုဖြစ်တဲ့ ယွဲ့ခိုင်ယုကို မြင်လိုက်ရပါတယ်။ ဒီကောင်က မူလစိတ်ဂိညာဉ် ပြန်လာခြင်း ဆေးလုံးကို ရရှိပြီးတဲ့နောက်မှာ သူရဲ့ အခြေခံက သန်မာလာပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက်ပြီးတော့ မျှော်လင့်ထားတဲ့ တိုက်ပွဲစွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ သူက ပါရမီရှင် အဆင့်ဇယားက လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို အရမ်းကို လွယ်ကူစွာနဲ့ အနိုင်ယူလိုက်ပါတယ်။

ဒါက ပါရမီရှင် အဆင့်က စီနီယာ အဖွဲ့ဂင်တွေကို တိုက်ပွဲမှာ လူသစ်တွေက အနိုင်ယူလိုက်တာ လေးကြိမ်မြောက်ပဲ ဖြစ်ပါတယ်။

အပိုင်း(၄၃၈) အဆင့်တိုက်ပွဲတွေ ပြီးဆုံးပြီ

သတ္တမမြောက် အုပ်စုမှာ အားလုံးရဲ့ အာရုံကို ဖမ်းဆုပ်ထားနိုင်မှု အရှိဆုံး တိုက်ပွဲက ဟူးညို့နဲ့ အောင်းချင်းလိုင်တို့အကြားက တိုက်ပွဲတစ်ခုပဲ ဖြစ်ပါတယ်။

သူတို့အားလုံးက ဟူးညို့ပိုင်ဆိုင်ထားတဲ့ ယုတ္တိမတန်တဲ့

ဖျက်ဆီးခြင်း စွမ်းအားကို အားလုံးက မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရတာ ဖြစ်ပါတယ်။ ပန်းဖူးအဆင့်က လက်ရွေးစင် တစ်ယောက်က ဘယ်လောက်ပဲ သန်မာပါစေ ကိစ္စမရှိပါဘူး။ သူတို့အနေနဲ့ ဟူးညိုရဲ့ သွားတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ရပ်တည်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဖျက်ဆီးခြင်း အစွမ်းက ဖျက်ဆီးခြင်း အစွမ်းပါပဲ။ ဒါက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းအားကို ကိုယ်စားမပြုပါဘူး။ သူတို့အားလုံး ဟူးညိုရဲ့ တကယ့်တိုက်ခိုက်မှုကို မြင်တွေ့ချင်နေကြပါတယ်။

သူမက သံသယရှိစရာ မလိုလောက်အောင်ပဲ အားလုံးအတွက် သန်မာတဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်ပါလိမ့်မယ်။

ကျေးဇူးတင်ရမှာက တခြားမွန်းစတားဖြစ်တဲ့ လင်းဟန်က ဒီပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အားလုံးက နောက်ထပ်လူတစ်ယောက်ကို စိုးရိမ်ပူပန် ထိတ်လန့်နေရပါဦးမယ်။

အောင်းချင်းလိုင်က အရမ်းအရမ်းကို မကျေမနပ် ဖြစ်နေခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဟူးညိုလိုမျိုး ထူးဆန်းတဲ့လူ တစ်ယောက်ကို သူ့ရဲ့ပြိုင်ဘက်အဖြစ်

မဲနှိုက်ရွေးချယ်မိတာလဲ။ ဒါပေမဲ့ ဒါကဖြစ်ပြီးသွားပြီဆိုတော့ သူ့လိုမျိုး လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က အမြီးကုပ်နေလို့ မဖြစ်ပါဘူး။ မဖြစ်နိုင်တဲ့ အဖြစ်အပျက်ကို ပြုလုပ်ဖို့ စစ်မှန်ပြီး အစွမ်းထက်တဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ ပုံရိပ်ရှိရပါမယ်။

သူရဲ့ဓားကို အဆင့်တစ်ခုအထိ မြှောက်လိုက်ပြီးတော့ သူရဲ့အမူအရာက လေးလေးနက်နက် ဖြစ်သွားခဲ့ပါတယ်။

သူရဲ့ပြိုင်ဘက်က မိန်းကလေးငယ်လေး တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအခြေအနေနဲ့ ပတ်သက်ပြီးတော့ သူ့အနေနဲ့ စကားကြောရှည်နေစရာ အကြောင်း မရှိပါဘူး။ သူ့ရဲ့စကားတွေက ဘယ်လောက်ပဲ ထူးဆန်းနေပါစေ ကိစ္စမရှိပါဘူး။ ဒါက ပရိသတ်တွေကိုပဲ ရယ်မောစေပါလိမ့်မယ်။

"ညီးညီးရဲ့ အထူးကျွမ်းကျင်မှု။ ပြိုင်ဘက်ကင်း လေနဲ့မီး လှည်းဘီး"

ဟူးညိုက အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ သူမရဲ့ လက်မောင်းတွေကို စက်ပိုင်းပုံစံ လှုပ်ရှားမှုအတိုင်း လျှင်မြန်စွာနဲ့ လှုပ်ရှားပြီး ကြည့်ရတာ ၎င်းလက်နှစ်ဖက်က

လှည်းဘီးနှစ်ခု ပုံစံနဲ့ ဆင်တူပြီး အောင်းချင်းလိုင်ဆီကို ဦးတည်သွားခဲ့ပါတယ်။

အောင်းချင်းလိုင်က မကြောက်ပါဘူး။ သူက ကျင့်ကြံခြင်းအဆင့်မှာ လုံးဝကို အသာစီး ရယူထားပြီးတော့ ဆိုလိုတာက သူ့အနေနဲ့ စွမ်းအားနဲ့ပတ်သက်ရင် အသာစီး ရှိပါတယ်။ ဒါက သိုင်းပညာမှာ ဘယ်လိုမှ ချိုးဖျက်လို့ မရနိုင်တဲ့ အစစ်အမှန်ပဲ ဖြစ်ပါတယ်။ သူရဲ့ဓားကို အရှေ့ကို ခုတ်ချလိုက်တဲ့ အခါမှာ ဓားချီအလင်း ခုနစ်ခုက ထွက်သွားပြီးတော့ ဟူးညိုကို မတူညီတဲ့ နေရာခုနစ်ခုကနေ တိုက်ခိုက်လိုက်ပါတယ်။

သူရဲ့တိုက်ခိုက်မှု စွမ်းအားကို သူ့အနေနဲ့ ယုံကြည်မှု ရှိပါတယ်။ သူရဲ့တိုက်ခိုက်မှုထဲက တစ်ခုက သူမကို ထိမိသွားတာနဲ့ ဟူးညိုက သေချာပေါက် ရှုံးနိမ့်သွားရပါမယ်။

အစွမ်းထက်တဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က စောင့်ကြပ်နေတဲ့အတွက် သူမအနေနဲ့ အဆိုးဆုံး အနေအထား တစ်ခုတော့ ဖြစ်နိုင်စရာအကြောင်း မရှိပါဘူး။

ဟူးညိုက သူမရဲ့ မြန်နှုန်းမြင့် လှုပ်ရှားမှု နည်းစနစ်ကို အသုံးပြုလိုက်ပြီး လျပ်ပြက်သလိုမျိုး အောင်းချင်းလိုင်ရဲ့

အနောက်မှာ ပေါ်လာခဲ့ပါတယ်။ ထန် ထန် ထန် ထန်။ ပြိုင်ဘက်ကင်း လေနဲ့မီး လှည်းဘီးတွေက ရုတ်တရက်ဆိုသလို အောင်းချင်းလိုင်ရဲ့ နောက်ကျောပေါ်ကို ကျရောက်သွားခဲ့ပါတယ်။ ပုန်း ပုန်း ပုန်း ဘုန်း။ လက်သီးတစ်ချက်ကလည်း အနောက်ကနေ လိုက်ပါလို့ လာခဲ့ပါတယ်။

သူမလက်သီးရဲ့ စွမ်းအားကို တိုင်းတာကြည့်တဲ့ အခါမှာ စိတ်ဂိညာဉ် ပင်လယ်အဆင့်ရဲ့ ဖျက်ဆီးခြင်း စွမ်းအား ကြယ်နှစ်ဆယ်လုံး ရှိပါတယ်။ ပြီးတော့ အောင်းချင်းလိုင်က သူမအနေနဲ့ အရမ်းကို လျင်မြန်စွာနဲ့ လှုပ်ရှားနိုင်လိမ့်မယ်လို့ ကြိုတင်မသိမြင်ထားခဲ့တာကြောင့် သူ့ရဲ့ စွမ်းအား အဓိကအများစုကို သူ့ရဲ့ပထမဆုံး ခုတ်ချက်မှာ အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ခုခံ ကာကွယ်မှုက မျှော်လင့်ထားသလိုပဲ အားနည်းပါတယ်။ ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုကြောင့် သူ့ကို ခြေလှမ်းအနည်းငယ် အရှေ့ကို ယိမ်းထိုးသွားစေပြီး သွေးတွေအန်ထွက်သွား စေခဲ့ပါတယ်။

မဖြစ်နိုင်ဘူး။

ပရိသတ်တွေ အားလုံးပဲ သူတို့မျက်စိနဲ့

ကိုယ်တိုင်မြင်တွေ့လိုက်ရတဲ့ ဒီမြင်ကွင်းကြောင့် အံ့ဩမှင်တက်သွားကြပါတယ်။ ဘယ်လိုလုပ်ပြီးတော့ တစ်စုံတစ်ယောက်မှာ ဒီလိုမျိုး လျင်မြန်လှတဲ့ အမြန်နှုန်းတစ်ခုကို ပိုင်ဆိုင်ထားရတာလဲ။ ဒီလိုမျိုး အမြန်နှုန်းနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားတို့က ပြီးပြည့်စုံတဲ့ ပေါင်းစပ်ခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှုနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုရင် လူတစ်ယောက် အနေနဲ့ ဟူးညို အနားကို နီးကပ်လာမှာကို ကာကွယ်တဲ့ အနေနဲ့ ကျယ်ပြန့်တဲ့ တိုက်ခိုက်မှု တစ်ခုကို အသုံးပြုပြီး ဘက်ပေါင်းစုံက အားနည်းမှု မရှိအောင် လုပ်ရပါမယ်။ ဒါမှမဟုတ် သူမအနေနဲ့ လုံလောက်တဲ့ နေရာတစ်ခုအထိ နီးကပ်လာတဲ့ အခါမှာ လုံးဝမလွဲတဲ့ သတ်ဖြတ်တိုက်ခိုက်မှု တစ်ခုနဲ့ တန်ပြန်တိုက်စစ် ဆင်ရပါမယ်။

အောင်းချင်းလိုင်က ဒေါသတကြီးနဲ့ ဟိန်းအော်လိုက်ပြီးတော့ အလျင်အမြန်ပဲ မူလစွမ်းအင်ကို အသုံးပြုပြီး သူ့နောက်ကျောကို ကာကွယ်လိုက်ပါတယ်။ ထန်ထန်ထန် ထန်။ သူရဲ့ သိုင်းဆန္ဒတွေက အသက်ဝင်လာပြီး တောက်ပတဲ့ အစီအရင် ပုံစံတွေ ဖြစ်ပေါ်လာပြီး နောက်ဆုံးမှာတော့ သူ့ကိုယ်သူ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ပါတယ်။ စိတ်ဂိညာဉ် ပင်လယ် အဆင့်ရဲ့

ဖျက်ဆီးခြင်း ကြယ်နှစ်ဆယ်လုံးရဲ့ စွမ်းအားက တကယ်တော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်သာသာပဲ ရှိနေဆဲပါပဲ။ ၎င်းက သူရဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ခုခံကာကွယ်မှုကို အများကြီး ထိခိုက်ပျက်စီးစေဖို့ ဆိုတာကတော့ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိနိုင်ပါဘူး။

ဖန်း ဖန်း ဖန်း ဖန်း ဖန်း။

အောင်းချင်းလိုင်က အရိုက်နက်ခံ နေရပါတယ်။ သူ့မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားတွေ ရှိပါတယ်။ ဒါပေမဲ့ သူရဲ့စွမ်းအားကို ဘယ်လိုမှ အသုံးပြုလို့ မရနိုင် ဖြစ်နေပါတယ်။

"ညိုးညိုးရဲ့ ကောင်းကင်ဂံပုလွေ လက်သည်း"

ဟူးညိုက သူမရဲ့ လက်သီးတွေက အကျိုးသက်ရောက်မှု မရှိဘူးဆိုတာကို မြင်တွေ့လိုက် ရတဲ့အခါမှာ သူမက လက်သည်းတိုက်ခိုက်မှုကို ပြောင်းလဲပြီး အသုံးပြုလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ အောင်းချင်းလိုင်ရဲ့ ခုခံမှုက သူမရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေကို ရပ်တည်နိုင်စွမ်း

မရှိတော့ပါဘူး။ သူရဲ့နောက်ကျောကနေ သွေးစီးကြောင်းတွေက ယိုစိမ့်ထွက် လာခဲ့ပါတယ်။

"လုံလောက်ပြီ"

ဒိုင်လူကြီးက ကြေညာလိုက်ပြီးတော့ တိုက်ပွဲကို ရပ်တန့်ဖို့ ပြောလိုက်ပါတယ်။

ဒီတိုက်ပွဲက အားလုံးရဲ့ မျှော်လင့်ထားမှုတွေကို သာလွန်ပါတယ်။ ဒါပေမဲ့ ယုတ္တိတော့ ရှိပါတယ်။

ဘာဖြစ်လို့ ၎င်းက မျှော်လင့်ထားသလို မဖြစ်တာလဲ။ ဘာဖြစ်လို့လည်းဆိုတော့ တိုက်ပွဲက တစ်ဖက်သတ်ကြီး ဖြစ်နေလို့ပါ။ ဘာပဲဖြစ်ဖြစ် အောင်းချင်းလိုင်က ပြီးခဲ့တဲ့ ပါရမီရှင် ပြိုင်ပွဲမှာ နံပါတ် ခုနစ်ဆယ့်ရှစ်ဖြစ်ပြီးတော့ သူက လုံးဂကို ပြန်ပြီးတော့ နည်းနည်းလေးမှ မတိုက်ခိုက် နိုင်ခဲ့ပါဘူး။

ဒါပေမဲ့လည်း ဟူးညီုက ပန်းဖူးအဆင့်ရဲ့ ဖျက်ဆီးခြင်းစွမ်းအား ကြယ်အလုံး နှစ်ဆယ် ရှိတယ် ဆိုတာကို ပြသခဲ့တဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတိုက်ပွဲရဲ့ ရလဒ်က ယုတ္တိရှိပါတယ်။

အဌမမြောက် အုပ်စုမှာတော့ လွီယုထန်လည်း သူမရဲ့ တိုက်ပွဲကို အောင်အောင်မြင်မြင်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ အခုဆိုရင် လင်းဟန်ရဲ့ အဖွဲ့က လူလေးယောက်စလုံး ပါရမီရှင် အဆင့်ဇယားမှာ အဆင့်တစ်ခုကို အောင်အောင်မြင်မြင်နဲ့ ရရှိနိုင်ခဲ့ပါပြီ။ ဒါက အရမ်းကို အံ့သြဆန်းကြယ်မှု တစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သားရဲကေရာဇ်ဂိုဏ်းနဲ့ ဆောင်းလဂိုဏ်းလိုမျိုး အင်အားကြီး အဖွဲ့အစည်းတွေတောင်မှ ပါရမီရှင် အဆင့်ဇယားမှာ တစ်ပြိုင်နက်တည်း သူတို့ရဲ့ တပည့်တွေကို နှစ်ယောက် သုံးယောက်ထပ် ပိုပြီးတော့ ဝင်အောင်လို့ မစွမ်းနိုင်ပါဘူး။

အခုဆိုရင် ဒီလေးယောက်က အဆင့်ဘယ်လောက်ထိကို အမြင့်ဆုံး သွားနိုင်မလဲ ဆိုတာကိုပဲ စောင့်ကြည့်ရပါတော့မယ်။ လွီယုထန်၊ ကန်းရီနဲ့ ကျူးပူကျို့တို့ကတော့ အများဆုံး ထိပ်ဆုံး အယောက်ငါးဆယ်အောက် အဆင့်ကိုပဲ ရောက်ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဟူးညိုက ထုံးစံအတိုင်း အစွမ်းပြသနေသရွေ့တော့ သူမက သေချာပေါက် ပထမနေရာအတွက် အလောင်းအစား တစ်ခု လုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။

ပထမနေ့ရဲ့ တိုက်ပွဲတွေက ပြီးဆုံးသွားခဲ့ပြီ။ ပြီးတော့ ပါရမီရှင် အဆင့်ဇယားပေါ်က အဖွဲ့ဝင် အသစ်တွေလည်း ထွက်ပေါ်လို့ လာခဲ့ပြီပဲ ဖြစ်ပါတယ်။ ဒါ့အပြင် အဆင့်မှာ လူပေါင်း ငါးဆယ့်ခြောက်ယောက်ပဲ ကျန်ပြီးတော့ လူခုနစ်ယောက်ထက်မနည်း ပါရမီရှင် အဆင့်ဇယား အပေါ်က သူတို့ရဲ့ နေရာကို ဆုံးရှုံးခဲ့ပါတယ်။ ဆိုလိုတာက ပါရမီရှင် အဆင့်ပေါ်က လူတစ်ဝက် ကျော်လောက်က မျက်နှာသစ် လူသစ်တွေပဲ ဖြစ်ပါတယ်။ ဒါက ပါရမီရှင် အဆင့်ပြိုင်ပွဲရဲ့ သမိုင်းတစ်လျှောက်မှာ အရမ်းကို ရှားပါးလွန်းတဲ့ အဖြစ်အပျက်ပဲ ဖြစ်ပါတယ်။

ဒုတိယမြောက်နေ့မှာ အဆင့်တိုက်ပွဲ စတင်ပါတယ်။

လင်းဟန်က လာပြီးတော့ ကြည့်ရှုတယ် ဆိုပေမဲ့ သူက ဒါကို အရမ်းကြီး ဂရုမစိုက်ပါဘူး။ ဒါက ဘာမှမဟုတ်တဲ့ နာမည်တစ်ခုပဲ ဖြစ်ပြီးတော့ တကယ့်အရေးကြီးဆုံး အရာက လူတစ်ယောက်ရဲ့ စွမ်းအားကို တိုးလာစေဖို့ပဲ ဖြစ်ပါတယ်။

တိုက်ပွဲတွေက အရမ်းကို အရှိန်မြင့်ပါတယ်။ လူတိုင်းကိုယ်စီပဲ နေ့တိုင်းနေ့တိုင်း တိုက်ပွဲဆယ်ခု တိုက်ခိုက်ရပြီး ဆယ်ရက်ဆက်တိုက် တိုက်ခိုက်ရပါလိမ့်မယ်။

တိုက်ပွဲတစ်ခုစီတိုင်းရဲ့ ရလဒ်က နောက်ဆုံးအဆင့် သတ်မှတ်ချက်အပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က ပါရမီရှင် အဆင့်ဇယားပေါ်မှာ ကောင်းမွန်တဲ့ အဆင့်တစ်ခုကို ရယူချင်တယ် ဆိုရင် တိုက်ပွဲတစ်ခုစီတိုင်းက အရမ်းကို အရေးပါပါတယ်။

လွီယုထန်၊ ကန်းရီနဲ့ ကျူးပုကျို့တို့က သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က အကန့်အသတ် ရှိပါတယ်။ ဒါကြောင့် သူတို့တွေက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ရှုံးပွဲသေချာပေါက် တွေ့နိုင်ပါတယ်။ ဒါပေမဲ့ သူတို့တွေက စိတ်ဂိညာဉ် ပင်လယ်အဆင့် ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်တဲ့အခါမှာ ရှုံးပွဲထက် နိုင်ပွဲက များပါတယ်။ ဟူးညိုတစ်ယောက်ပဲ အရှေ့ကို ပြင်းပြင်းထန်ထန် ချီတက်နေပါတယ်။ ဒါပေမဲ့ သူမက ပထမနေ့မှာ ကျူးပုကျို့နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ တန်းပြီးတော့ အရှုံးပေးလိုက်ပြီး ကျူးပုကျို့ကို အနိုင်ပေးလိုက်ပါတယ်။ ငါးရက်မြောက်နေ့ ကန်းရီနဲ့ ကြုံတဲ့အခါမှာလည်း သူမက အတူတူပဲ တိုက်ပွဲကို အရှုံးပေး လိုက်ပါတယ်။ ခုနစ်ရက်မြောက်နေ့မှာတော့ သူမက လွီယုထန်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ အရှုံးမပေးခဲ့ပါဘူး။

သူမအနေနဲ့ တိုက်ပွဲနှစ်ခုကို ရှုံးနိမ့်ခဲ့ပြီးပါပြီ။

အဆင့်သတ်မှတ်ပြိုင်ပွဲမှာ လျို့ဂုက်ဆန်းကြယ်တဲ့ လူတစ်ယောက်ဖြစ်တဲ့ ရန်ကျွင့်ဟောင်ကလည်း လုံးဂကို အစွမ်းပြသနေပါတယ်။ ပါရမီရှင် အဆင့်ဇယား အပေါ်မှာရှိတဲ့ လုရန်၊ ကျူးရွှမ်အာနဲ့ ကျိုးရုတတို့လို့ စီနီယာတွေတောင်မှ ဖိနှိပ်ခံရပြီး ဟွာရင်းလန်နဲ့ ရှီအန်ပင်းတို့လို ကြယ်ပွင့်အသစ်တွေလည်း နင်းခြေခံရပါတယ်။ အဲဒီအချိန်မှာ သူက ကိုးဆယ့်ရှစ်ပွဲ အနိုင်ရပြီး တစ်ပွဲမှ မရှုံးနိမ့်ပဲ အမြင့်ဆုံးနေရာဖြစ်တဲ့ ပထမနေရာမှာ ရပ်တည်နေပါတယ်။

လုရန်၊ ကျူးရွှမ်အာနဲ့ တခြားသူတွေက သူ့ရဲ့အနောက်မှာ အဆင့်ချိတ်ကြပါတယ်။ သူတို့တွေ အားလုံးပဲ ကိုးဆယ့်ခြောက်ပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားကြပါတယ်။ သူတို့က ရန်ကျွင့်ဟောင်နဲ့ ရင်ဆိုင်တဲ့ အခါမှာ တစ်ကြိမ်ရှုံးနိမ့်ပြီး ဒုတိယအရှုံးကတော့ ဟူးညိုနဲ့ ရင်ဆိုင်တဲ့ အခါမှာ ဖြစ်ပါတယ်။

ရန်ကျွင့်ဟောင်က ဒီတစ်ကြိမ် ပါရမီရှင် အဆင့်ဇယားပေါ်မှာ ပထမနေရာ ရရှိတော့မယ်ဆိုတာ သိသာပါတယ်။

နောက်ဆုံးပွဲကတော့ အားလုံးမျှော်လင့်နေတဲ့ ရန်ကျင့်ဟောင်နဲ့ ဟူးညီုတို့ အကြားက တိုက်ပွဲပဲ ဖြစ်ပါတယ်။ ကံမကောင်းတာက ဒီတိုက်ပွဲရဲ့ ရလဒ်က လက်ရှိအဆင့်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိတော့ပါဘူး။

တိုက်ပွဲစတာနဲ့ ဟူးညီုက သူမရဲ့ အံ့မခန်း အမြန်နှုန်းကြောင့် အသာစီး ရယူထား နိုင်ပါတယ်။ သူမရဲ့ လက်သည်းတိုက်ခိုက်မှုတွေက ရန်ကျင့်ဟောင်ရဲ့ ခုခံကာကွယ်မှုကို မကျော်လွှား နိုင်ခဲ့ပါဘူး။ ဒါအပြင် သူမက သူ့က အရမ်းကို ညစ်ပတ်တယ်ဆိုပြီးတော့ အထင်အမြင် သေးပြီး မကိုက်ချင်ပါဘူး။ ဒါကြောင့် အဆုံးမှာတော့ သူမက အနိုင်မယူနိုင်ခဲ့ပါဘူး။ နောက်ဆုံး ရလဒ်ကတော့ တိုက်ပွဲက သရေပါပဲ။

ဒီရလဒ်ကြောင့် ရန်ကျင့်ဟောင်က ကိုးဆယ့်ရှစ်ပွဲနိုင် တစ်ပွဲသရေနဲ့ ဒီပါရမီရှင် ပြိုင်ပွဲမှာ ပထမနေရာကို ရရှိသွားခဲ့ပါတယ်။ ဒုတိယက လုရန်ဖြစ်ပြီး ကိုးဆယ့်ခုနစ်ပွဲနိုင်ပါတယ်။ တတိယက ဟူးညီု ကိုးဆယ့်ခြောက်ပွဲနိုင်ပြီး တစ်ပွဲသရေ။ စတုတ္ထက ကျူးရှမ်အာ ဖြစ်ပြီးတော့ ကိုးဆယ့်ခြောက်ပွဲ နိုင်ပါတယ်။

အဆင့်ငါးကနေ တစ်ဆယ်ထိကတော့ ဟွာရင်းလန်၊ ကျိုးရုတ၊ ရှီအန်ပင်း၊ ရှန်းဇောင်ချန်၊ ရှီကုချန်နဲ့ ဂျီတဲ့ရှန်တို့ပဲ ဖြစ်ကြပါတယ်။

ကန်းရီက လေးဆယ့်နှစ်နဲ့ လွှီယုထန်က ငါးဆယ့်နှစ်ပါ။ ကျူးပုကျို့ကတော့ ခုနစ်ဆယ့်ကိုး ဖြစ်ပါတယ်။ သူတို့အပြင် ယွဲ့ခိုင်ယုရဲ့ အဆင့်ကလည်း အရမ်းကို မြင့်ပါတယ်။ သူက အဆင့် နှစ်ဆယ့်တစ် နေရာကို တစ်ဟုန်ထိုး ပြေးဝင်ပြီး ရယူနိုင်ခဲ့ပါတယ်။ သူရဲ့အခြေခံ ခိုင်မာလာတာနဲ့ သူရဲ့တိုးတက်မှုကလည်း အရမ်းကို ကြောက်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း အားလုံးက ဟူးညို့ အဆင့်သုံးရတာ သူမအတွက် အရမ်းကို မမျှတဘူးလို့ ခံစားနေကြရပါတယ်။ သူမက ဒုတိယနေရာက လူကို အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါအပြင် ရန်ကျွင့်ဟောင်နဲ့ ရင်ဆိုင်ရတဲ့ တိုက်ပွဲမှာလည်း ဟူးညို့က အစွမ်းကို မကြိုးစားခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူမရဲ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုဖြစ်တဲ့ ကိုက်တဲ့အကွက်ကို အသုံးမပြုခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရန်ကျွင့်ဟောင်တောင်မှ သူရဲ့ဒူးကိုထောက်ပြီး တောင်းပန်ရပါလိမ့်မယ်။

ဒါပေမဲ့ ဒါကလည်း အဆင်ပြေပါတယ်။ တစ်နှစ်ကြာပြီးတဲ့နောက်မှာ ပါရမီရှင် အဆင့်ဇယား အပေါ်က အဆင့်တွေက ဒီလိုမျိုး အဆင့်ဖြစ်နေလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပါရမီရှင် အဆင့်ဇယား အပေါ်က စစ်မှန်တဲ့ တိုက်ပွဲရလဒ်တွေ အရ အဆင့်စီကြမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူတို့ရဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေ ကံကြမ္မာ မှော်ဆေးလုံးနဲ့ တခြား အမျိုးမျိုးကို ထည့်သွင်းရေတွက်မှာပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဟူးညိုက အသက်က ဘယ်လောက်ပဲ ရှိသေးလို့လဲ။ သူမက လက်ရှိမှာ ခြောက်နှစ်ပဲ ရှိသေးတာ ဖြစ်ပြီးတော့ နှစ်ပေါင်း နှစ်ဆယ့်လေးနှစ်လုံး ပါရမီရှင် အဆင့်ဇယားကို ရယူနိုင်နေဦးမှာပါ။ စိတ်ဂိညာဉ် ပင်လယ်အလွှာ ၉ အဆင့်မှာပဲ သူမက အရမ်းကို အစွမ်းထက် နေပါပြီ။ ဒါကြောင့် သူမက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ အချိန်ကျရင် ဘယ်သူကများ သူမကို ဆန့်ကျင်ရင်ဆိုင်တဲ့ အခါမှာ ရပ်တည်နိုင်လိမ့်မှာလဲ။

ပါရမီရှင် ပြိုင်ပွဲရဲ့ တိုက်ပွဲတွေ ပြီးဆုံးသွားတဲ့ အချိန်မှာပဲ နောက်ထပ် သတင်းကြီးတစ်ခုက ရုတ်တရက် ရောက်ရှိလာခဲ့ပါတယ်။ လျှို့ဝှက်ဆန်းကြယ်

ကောင်းကင်နယ်မြေ ဆယ့်နှစ်ခု ပွင့်တယ် ဆိုတဲ့ သတင်းနဲ့ ပါရမီရှင် အဆင့်ဇယားက လူတစ်ရာက အလိုအလျောက် ဝင်ခွင့် ရရှိတယ် ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်။

လပြွတ်ပဲပေါ့ကွာ။

ဒီသတင်းကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်က ချက်ချင်းပဲ ကျိန်ဆဲလိုက်ပါတယ်။

အပိုင်း(၄၃၉) သတင်းကြီးများ

လျို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုက အမြဲတမ်း နှစ်ပေါင်းတစ်ရာ ကြာတဲ့ အခါမှာ ပွင့်ပါတယ်။ ဒါပေမဲ့ ဒီနှစ်ပေါင်းတစ်ရာဆိုတဲ့ အတိုင်းအတာက ခန့်မှန်းခြေ တစ်ခုပဲ ဖြစ်ပါတယ်။ တစ်ခါတရံမှာ နှစ်ပေါင်းကိုးဆယ်ကျော်ရင် ပွင့်တတ်ပြီး တစ်ခါတရံမှာတော့ နှစ်ပေါင်းတစ်ရာကျော်မှ ပွင့်ပါတယ်။ ဒါကြောင့် တိကျတဲ့ နေ့ရက်တော့ မရှိပါဘူး။

ဒါက မြောက်ပိုင်းဒေသထဲမှာ ပါဝင်တဲ့ လျို့ဝှက်ဆန်းကြယ် နယ်မြေတွေပဲ ဖြစ်ပါတယ်။ ဒီနယ်မြေထဲကို ဝင်ရောက်ပြီးတော့ အကြီးအကျယ် စွန့်စားထွက်တဲ့

လူတွေအားလုံးပဲ အထဲကနေ ကြီးမားတဲ့ ဆုလာဘ်တွေကို ရရှိခဲ့တာက မရေမတွက်နိုင်တဲ့ အဖြစ်အပျက်တွေပဲ ဖြစ်ပါတယ်။ ကောလာဟာလတွေ ပြောကြတာတော့ လက်ရှိ စွမ်းအားအကြီးဆုံး ဂိုဏ်းကြီးလေးခုက လျှို့ဂှက်ဆန်းကြယ် ကောင်းကင်နယ်မြေဆယ့်နှစ်ခုထဲကနေ မက်မောလောက်စရာ ဆုလာဘ်ကို ရရှိခဲ့ကြပြီး အဲဒါကပဲ သူတို့ကို တခြားဂိုဏ်းတွေထက် ပိုပြီးတော့ သာလွန်တဲ့ အောင်မြင်မှုကို ရရှိစေခဲ့ပြီး အင်အားအကြီးဆုံး ဂိုဏ်းကြီးလေးခု ဖြစ်လာစေတယ်လို့ ပြောကြပါတယ်။

အထဲမှာ ဘယ်လိုမျိုး ဆုလာဘ်တွေကို ရရှိခဲ့သလဲ ဆိုတာကို တိတိကျကျ ပြောဖို့ကိုတော့ အင်အားကြီး အဖွဲ့အစည်း လေးခုစလုံးက ထုတ်ဖော်ပြောဆိုဖို့ ဆန္ဒမရှိပါဘူး။ တကယ်တော့ ဒါက သူတို့ရဲ့ အကြီးမားဆုံး လျှို့ဂှက်ချက်ပဲ ဖြစ်ပါတယ်။

နတ်ဆိုးကောင်းကင်လျှို့ဂှက်နယ်မြေနဲ့ မတူညီတာက အထဲကိုဝင်ရင် တစ်ယောက်ချင်းစီပဲ ဝင်နိုင်ပါတယ်။ လျှို့ဂှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုအတွက် ဝင်ခွင့်က အရမ်းကို တင်းကျပ်လွန်းပါတယ်။ ပထမဆုံး တင်းကျပ်တဲ့ စည်းမျဉ်းကတော့ အရေအတွက် ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယ တင်းကျပ်တဲ့ စည်းကမ်းကတော့

ကျင့်ကြံခြင်းအဆင့်နဲ့ အသက်အရွယ် ပတ်သက်ဆက်နွယ်မှုပဲ ဖြစ်ပါတယ်။

ဘယ်သူမဆို ဂင်နိုင်တယ်ဆိုပြီး အသက်အရွယ် ကန့်သတ်ချက်ကို မတားမြစ်ထားတာ မဟုတ်ပါဘူး။ ဥပမာ အသက်တစ်ရာရှိတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက် ဂင်နိုင်ပါတယ်။ ဒါပေမဲ့ အသက်တစ်ရာ သက်တမ်းရှိတဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ မရပါဘူး။ အသက်သုံးဆယ်အရွယ်ရှိတဲ့ နတ်အသွင်ပြောင်းလဲခြင်းက အထဲကို ဂင်နိုင်ပါတယ်။ ဒါပေမဲ့ အသက်သုံးဆယ်အရွယ် စိတ်ဂိညာဉ် ပင်လယ်အဆင့်ကတော့ မဂင်နိုင်ပါဘူး။

ရိုးရိုးလေးပြောရမယ်ဆိုရင် လူငယ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပါဂင်တဲ့လူတွေက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေနဲ့ ဂင်ရောက်နိုင်ပါတယ်။ ဆိုလိုတာက သူတို့မှာ ကြီးကျယ် ခမ်းနားတဲ့ အနာဂတ်အလားအလာ ရှိကြပါတယ်။

လျို့ဂှက်ဆန်းကြယ် ကောင်းကင်နယ်မြေဆယ့်နှစ်ခုထဲကို လူဘယ်နှစ်ယောက် ဂင်နိုင်တယ် ဆိုတာကတော့ မသဲကွဲပါဘူး။ ဒါပေမဲ့ ဂင်ခွင့်အကန့်အသတ် တစ်ခုလုံးကို မြောက်ပိုင်းဒေသရဲ့ အင်အားကြီး ဂိုဏ်းတွေကပဲ

ဆုပ်ကိုင်ထားပါတယ်။ အင်အားပိုကြီးပြီး အစွမ်းပိုထက်လေ ပိုများတဲ့ ဂင်ခွင့်အကန့်အသတ်ကို သူတို့ရရှိပြီး အင်အားနည်းတဲ့ ဂိုဏ်းတွေကတော့ အကန့်အသတ် နည်းနည်းပဲ ရရှိပါလိမ့်မယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်အတွက်ကတော့ သူတို့မှာ ဂင်ခွင့်စုစုပေါင်း တစ်ရာရှိပါတယ်။ ဒါပေမဲ့ သူတို့က စီးပွားရေးလုပ်ငန်းအတွက်ပဲ တည်ဆောက်ထားပြီး အေးအေးဆေးဆေးနေတဲ့ အဖွဲ့အစည်း ဖြစ်တဲ့အတွက် သူတို့မှာရှိတော့ရော ဘာလုပ်ရမှာလဲ။ ဒါကြောင့် စိတ်ဂိညာဉ် ရတနာ စံအိမ်က ဒီဂင်ခွင့်အကန့်အသတ်ဖြစ်တဲ့ လူတစ်ရာကို ပါရမီရှင် အဆင့်ဇယားပေါ်က လူတွေကို ရက်ရက်ရောရောနဲ့ ပေးခဲ့ပြီး ဒါက နောက်ထပ် ပါရမီရှင် ပြိုင်ပွဲတွေအတွက် ရင်းနှီးမြှုပ်နှံမှု တစ်ခုလို့လည်း ယူဆလို့ ရနိုင်ပါတယ်။

ဒီတစ်ကြိမ် လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေဆယ့်နှစ်ခုက မျှော်မှန်းထားတာထက် အနည်းငယ် နောက်ကျပြီးမှ ပွင့်လာခဲ့ပါတယ်။ နောက်ဆုံးတစ်ကြိမ် ပွင့်သွားခဲ့တာ နှစ်ပေါင်း တစ်ရာနဲ့ သုံးနှစ်ကုန်လွန်သွားခဲ့ပါပြီ။

လင်းဟန်က ရှုသိုးသိုး ဖြစ်နေခဲ့ပါတယ်။ တကယ်လို့ သူသာ

စောစောစီးစီး သိခဲ့မယ်ဆိုရင် သူ့အနေနဲ့ ပါရမီရှင် အဆင့်ပေါ်မှာ အဆင့်ချိတ်အောင်လို့ လုပ်ခဲ့ပါလိမ့်မယ်။ ဒါမှပဲ သူ့အနေနဲ့ လျို့ဂှက်ဆန်းကြယ် နယ်မြေတွေဆီကို အလိုအလျောက်ဝင်ရောက်နိုင်တဲ့ အဆင့်မီပါလိမ့်မယ်။ အခုတော့ သူ့အနေနဲ့ တခြားနည်းလမ်း ရှာရပါတော့မယ်။

မှော်ဆေးပညာ အဖွဲ့အစည်းလား ဒါမှမဟုတ် ဆောင်းလဂိုဏ်းလား။

သူ့အနေနဲ့ ဆောင်းလဂိုဏ်းကို ပြန်ဖို့အတွက် သူရဲ့မျက်နှာကို ဟန်လင်းအဖြစ် ပြန်ပြီးတော့ ရုပ်ဖျက်လိုက်မယ်ဆိုရင် အောင်းကလန်က သေချာပေါက် သူ့ကို တားဆီးပါလိမ့်မယ်။ ဒါကြောင့် ဒီအစီအစဉ်အတွက် မျှော်လင့်ချက် အများကြီး မရှိပါဘူး။ ဒါကြောင့် သူ့အနေနဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကို တစ်ချက်သွားကြည့်ပြီးတော့ ကြိုးစားကြည့်နိုင်ပါလိမ့်မယ်။

လင်းဟန်က ချက်ချင်းပဲ မြောက်ပိုင်းဆေးစံအိမ်ကို ဦးတည်ပြီးတော့ သွားလိုက်ပါတယ်။ သူက ယွီဂျီထောင်ကို ရှာဖွေလိုက်ပါတယ်။ ဒါပေမဲ့ ယွီဂျီထောင်က မှော်ဆေးပညာရှင်တွေက သူတို့ရဲ့ စွမ်းအင်တွေ အားလုံးကို မှော်ဆေးပညာအပေါ်မှာပဲ အာရုံစိုက်ထားပြီး သူတို့ရဲ့

ခေါင်းထဲမှာ မှော်ဆေးပညာတွေ တိုးတက်လာဖို့ အစီအစဉ်တွေနဲ့ပဲ ပြည့်နက်နေပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လျှို့ဝှက်နယ်မြေအထဲကို သွားပြီးတော့ ဘာဖြစ်လို့ အချိန်ကုန်ခံနေတော့မှာလဲ။

ဒါကြောင့် တကယ်လို့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက စွမ်းအားကြီးတဲ့ အဖွဲ့တစ်ခုလို့ သတ်မှတ်နိုင်ပေမဲ့ ဂုဏ်ခွင့်အကန့်အသတ် တစ်ခုမှတောင် မရှိပါဘူး။

ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့အနေနဲ့ ဂုဏ်ခွင့်တစ်ခုကို ရရှိနိုင်မှာလဲ။

လင်းဟန်က အိမ်ကိုပြန်လာတဲ့ အခါမှာ ကျူးရွှမ်အာက လာရောက်လည်ပတ်တာကို မြင်တွေ့လိုက်ရပါတယ်။ သေချာပေါက် တစ်လဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။ သူမက ပါရမီရှင် ပြိုင်ပွဲမှာ တိုက်ခိုက်နေရတဲ့အတွက်ကြောင့် သူမအနေနဲ့ လာလည်ဖို့ အချိန်လုံးဝ မရှိပါဘူး။ အခုဆို ပါရမီရှင် ပြိုင်ပွဲကလည်း ပြီးဆုံးသွားခဲ့ပါပြီ။ ဒါကြောင့် သူမအနေနဲ့ ထပ်ပြီးတော့ စိတ်မရှည်တော့ပဲ အပြေးလေး လာခဲ့တာပဲ ဖြစ်ပါတယ်။

လင်းဟန်က မျက်ခုံးပင့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို လျှို့ပှက်ဆန်းကြယ် ကောင်းကင်နယ်မြေထဲကို ဝင်ခွင့်နေရာတစ်ခုပေး။ ငါမင်းကို ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရိုးတံ တစ်ခု ပေးမယ်"

ကျူးရွှမ်ကို ကြည့်ရတာ ချက်ချင်းပဲ အကျပ်အတည်း ဖြစ်သွားပုံ ရပါတယ်။ သူမက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိပါသေးတယ်။ လျှို့ပှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲကို ဝင်ရောက်ဖို့အတွက် နာမည်စာရင်းပေါ်မှာ သူမတို့ဂိုဏ်းရဲ့ ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးနိုင်ခြင်း မရှိပါဘူး။ ဒါအပြင် လျှို့ပှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲကို ဝင်ရောက်တာက လူတစ်ယောက်ရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်နိုင်ပြီး ဘယ်သူကများ လွယ်လွယ်ကူကူနဲ့ ဒီအခွင့်အရေးကို လက်လျော့နိုင်မှာလဲ။

"ရွှမ်အာ အကောင်းဆုံး ကြိုးစားပေးပါမယ်"

သူမက ပြောလိုက်ပါတယ်။

ကျူးရွှမ်အာက ချက်ချင်းပဲ လခြမ်းဂိုဏ်းဆီကို ပြန်လာခဲ့ပါတယ်။ ဒီလိုမျိုး လျှို့ပှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲကို ဝင်ခွင့်နေရာလိုမျိုး

အရေးပါတဲ့ အရာတစ်ခုအတွက် သူမက သေချာပေါက် သူမရဲ့ဂိုဏ်းက အဆင့်မြင့်တဲ့ လူတွေနဲ့ ဆွေးနွေးပြောဆိုရပါမယ်။ ဒါပေမဲ့ သူမအနေနဲ့ အောင်မြင်နိုင်ချေ ရှိလိမ့်မယ်လို့ နည်းနည်းလေးမှ ယုံကြည်ချက် မရှိပါဘူး။

တကယ်လို့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်က သူမရဲ့ဆရာသခင်ကို လုံးဝကို ပြန်လည် ကောင်းမွန်လာအောင် စွမ်းဆောင်နိုင်မယ်ဆိုရင် လခြမ်းဂိုဏ်းအနေနဲ့ စိတ်ဂိညာဉ် နတ်သူငယ် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက် ပြန်လာနိုင်ဖို့အတွက် ဂင်ခွင့်နေရာ တစ်ခုနဲ့ အလဲအလှယ် လုပ်ဖို့အတွက် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ပြဿနာက ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်က ဖြည့်စွက်ဆေးပင် တစ်ခုပဲ ဖြစ်ပြီးတော့ တခြားကောင်းကင်အဆင့် စိတ်ဂိညာဉ် ဆေးပင်နည်းနည်း လိုအပ်နေသေးတာကိုပါ စဉ်းစားကြည့်မယ်ဆိုရင် ဒီလိုမျိုး ကံကြမ္မာက ဖြစ်နိုင်ချေ တစ်ခုပဲ ရှိပါတယ်။

လခြမ်းဂိုဏ်းအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး မသေချာတဲ့ ရင်းနှီးမြှုပ်နှံမှု တစ်ခုကို လုပ်ဖို့အတွက် ဆန္ဒရှိလိမ့်မှာလဲ။

လင်းဟန်ကတော့ ဒီလိုမျိုး နည်းလမ်းမှာ မျှော်လင့်ချက် အများကြီး မရှိပါဘူး။ သူက စောင့်နေလိုက် ပါတယ်။ ဘယ်သူသိမှာလဲ။ တချို့အဖွဲ့အစည်းက ဂင်ခွင့်နေရာ တစ်ခု နှစ်ခုကို လေလံတင်မလားဆိုတာကိုပေါ့။ အဲဒါဆိုရင် သူ့အနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ ရောမ ပမာဏကြီး တစ်ခုကို ပြင်ဆင်ထားဖို့ပဲ လိုအပ်ပါလိမ့်မယ်။

လွှီယုထန်နဲ့ တခြားသူတွေက သူတို့ရတဲ့ ဒီအခွင့်အလင်းကို လင်းဟန်ကို ပေးဖို့အတွက် ဆန္ဒရှိနေ ကြပါတယ်။ ဘာပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်နဲ့ လင်းဟန်က သူတို့ကို အထဲကို ခေါ်သွားနိုင်ပါတယ်။ ပြဿနာက ဒီဂင်ခွင့်နေရာက တခြားတစ်စုံတစ်ယောက်ကို လက်ပြောင်းလွှဲ ပေးလို့ မရနိုင်ပါဘူး။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ နောက်ထပ်အံ့အားသင့်စရာကောင်းတဲ့ သတင်းအပိုင်းစ တစ်ခုက ပျံ့နှံ့လို့ လာခဲ့ပါတယ်။

ကျန်းကလန်က သားမက်ရှာဖွေနေတဲ့ သတင်းပဲ ဖြစ်ပါတယ်။ လက်ထပ်ပေးမဲ့ သတို့သမီးက သူတို့ကလန်ရဲ့ အချစ်ခံရဆုံး သမီးဖြစ်တဲ့ သခင်မလေး ကျန်းလီရွှမ်းပဲ ဖြစ်ပါတယ်။ သူမက

ယန်စွမ်းအားမြင့်မြို့ရဲ့ အလုပဂေး သုံးယောက်ထဲက တစ်ယောက်လို့ လူသိများ ထင်ရှားပါတယ်။

ဒါက အရမ်းကို ရိုးရာဆန်လွန်းပါတယ်။ သူတို့က သူမအတွက် လက်ထပ်မဲ့ သတို့သားကို ရှာဖွေဖို့ ပြိုင်ပွဲတစ်ခု ကျင်းပဖို့ ဆန္ဒရှိနေကြပါတယ်။

ဒါကိုလည်း သတင်းကြီးတစ်ခုလို့ သတ်မှတ်ယူဆနိုင်တယ် မဟုတ်လား။

အာ.တကယ်လို့ သူမလက်ထပ်ဖို့အတွက် ပြိုင်ပွဲတစ်ခု ကျင်းပရုံပဲဆိုရင် ဒါကို ကိစ္စကြီး တစ်ခုလို့ သတ်မှတ်ယူဆလို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က အနိုင်ရပြီးတော့ အောင်အောင်မြင်မြင်နဲ့ ကျန်းကလန်ရဲ့ အလုပဂေးကို လက်ဆက်နိုင်မယ်ဆိုရင် သူမဘက်က ခန်းဂင်ပစ္စည်းကိုလည်းပဲ ရရှိပါလိမ့်မယ်။ ပြီးတော့ သူမရဲ့ ခန်းဂင်ပစ္စည်းတွေထဲက အပိုင်းစ တစ်ခုက ယန်စွမ်းအားမြင့် မြို့တစ်ခုလုံး မဟုတ်သေးဘူး။ မြောက်ပိုင်းဒေသ တစ်ခုလုံးကိုတောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ပါတယ်။

လျို့ဂုက်ဆန်းကြယ် နယ်မြေဆယ့်နစ်ခုထဲက တစ်ခုဖြစ်တဲ့

မေရာသီ နန်းတော်ခန်းမရဲ့ သော့။

နန်းတော်ခန်းမ ဆယ့်နှစ်ခုကို ဖွင့်ဖို့ သော့တစ်ချောင်းကို လူတစ်ယောက်က ပိုင်ဆိုင်ထား သရွေ့တော့ သူ့အတွက် လျှို့ဝှက်ဆန်းကြယ် နယ်မြေကို ဖြတ်သန်းဝင်ရောက်ဖို့ မလိုအပ်ပါဘူး။ လုံလောက်တဲ့ အကွာအဝေး တစ်ခုအထိ သွားပြီးတော့ သော့ကို အသုံးပြုပြီး လျှို့ဝှက်ဆန်းကြယ် နယ်မြေထဲကို တန်းပြီးတော့ ဝင်သွားလို့ ရပါတယ်။

ဒါကြောင့် ကျန်းကလန်ရဲ့ ရှာဖွေမှုက သားမက်လောင်းအတွက် လျှို့ဝှက်ဆန်းကြယ် နယ်မြေတွေထဲကို ဝင်ပြီး နန်းတော် တစ်ခုကို ပေးလိုက်ပြီး မေရာသီ နန်းတော်ခန်းမရဲ့ လျှို့ဝှက်ရတနာ တစ်ခုကိုလည်း ပေးလိုက်တာနဲ့ ညီမျှပါတယ်။

ဒီလိုမျိုး သတင်းတစ်ခုက မြောက်ပိုင်းဒေသ တစ်ခုလုံးကို ဆူညံပွက်လောရိုက်ပဲနဲ့ နေနိုင်မှာလား။

လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုရဲ့ အတွင်းမှာ စိတ်ဂိညာဉ် ချီတွေက အလျှံပယ် ပေါများလွန်းပါတယ်။ ၎င်းအထဲမှာ တစ်ရက်လောက် ကျင့်ကြံတာက အပြင်ဘက်မှာ ဆယ်ရက် ဒါမှမဟုတ်

ရက်တစ်ရာလောက် ကျင့်ကြံတာနဲ့ ညီမျှပါတယ်။ ဒါအပြင် အပြင်ကမ္ဘာနဲ့ အဆက်အသွယ်မရှိပဲ နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်ခဲ့ပြီ ဖြစ်တဲ့အတွက် အထဲမှာ စိတ်ဝိညာဉ်ချီတွေ အလျှံပယ် ပေါကြွယ်ဝသလို စိတ်ဝိညာဉ် ဆေးပင်တွေလည်း ဘယ်လောက်တောင်များ အထဲမှာ ပေါက်ရောက်ရှင်သန် နေလိမ့်မလဲ။

ဒီအချက်နှစ်ခုတည်းနဲ့တင် မယုံနိုင်စရာ ကောင်းလောက်အောင် ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။ အဲဒါကို ဓနရာသီ နန်းတော်ခန်းမကိုပါ ဖွင့်နိုင်တဲ့ သော့ရော ပေါင်းထည့်လိုက်တော့ ပိုဆိုးသွား ပြီပေါ့။

ဒဏ္ဍာရီတွေ အရတော့ နှစ်ပေါင်းများစွာတုန်းက ကံကောင်းတဲ့ လူတစ်ယောက်က မိဿရာသီ နန်းတော်ခန်းမှာကို ဖွင့်နိုင်ခဲ့ပြီး ၎င်းရဲ့အတွင်းမှာရှိတဲ့ အမွေခံ ပစ္စည်းကို ရရှိခဲ့ပါတယ်။ သူက အဆုံးမဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ပတ်ဝန်းကျင် အခြေအနေတွေက အရမ်းကို ညံ့ဖျင်းတဲ့ အတွက်ကြောင့် အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ပေါ်ထွက်လာဖို့ဆိုတာ ဖြစ်နိုင်ချေ လုံးဝ မရှိပါဘူး။ သူရဲ့ ကံကြမ္မာက ကောင်းကင်အဆင့်မှာပဲ အဆုံးသတ်သွားခဲ့ပါတယ်။ ဒါကလည်း အပေါ်မှာ

ပြောထားတဲ့ အချက်နှစ်ခုကြောင့်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုက သိုင်းပညာရပ်တွေ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ဖြစ်ပြီးတော့ အလယ်ပိုင်း ဒေသမှာတောင်မှ စကြာဂင္ဇာဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ ကျင့်ကြံသူတွေ တော်တော်များများ ရှိပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က ဓနရာသီ နန်းတော်ခန်းမ အထဲက အမွေဆက်ခံတဲ့ ပစ္စည်းကို ရရှိခဲ့မယ်ဆိုရင် သူကသေချာပေါက် စကြာဂင္ဇာ ဖျက်ဆီးခြင်း အဆင့်ကို ဂင်ရောက် နိုင်စွမ်း ရှိပါလိမ့်မယ်။

တကယ်လို့ လူတစ်ယောက်က စကြဂင္ဇာ ဖျက်ဆီးခြင်း အဆင့်ကို ခြေလှမ်းဂင်ရောက် နိုင်ခဲ့မယ် ဆိုရင် သူ့အနေနဲ့ နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ မျှော်လင့်ချက် သေချာပေါက် ရှိပါလိမ့်မယ်။

မြောက်ပိုင်းဒေသ တစ်ခုလုံးက အရမ်းကို လှုပ်လှုပ်ရှားရှားနဲ့ ဖြစ်နေကြပါတယ်။ တချို့က ၎င်းကို ခိုးယူဖို့တောင်မှ စဉ်းစားနေကြပါတယ်။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက်က ၎င်းအကြောင်းကို စဉ်းစားလိုက်မယ်ဆိုရင် အခုဆိုရင် အဲဒီသော့ကို လိုချင်နေတဲ့ လူတွေက အရမ်းကို များပြားပြီး ဘယ်သူမဆို

သော့ကိုခိုးယူဖို့ လှုပ်ရှားလိုက်မယ်ဆိုရင် အဲဒီလူအနေနဲ့ ရပ်နေတဲ့ လူတွေ အားလုံးရဲ့ ပစ်မှတ်ဖြစ်သွားပါလိမ့်မယ်။

အားလုံးက သော့ကို လိုချင်နေကြပါတယ်။ ဒါကြောင့် အခုအခြေအနေက ဘယ်သူကမှ မလှုပ်ရှားပုံပဲ ဖြစ်နေကြပါတယ်။ တကယ်တော့ ယန်စွမ်းအားမြင့်မြို့မှာ အမြဲတမ်း အရန်သင့် ရှိနေတဲ့ စိတ်ဂိညာဉ် ရတနာစံအိမ်နဲ့ မြောက်ပိုင်း ဆေးစံအိမ်တို့လို ဧရာမ အဖွဲ့အစည်းကြီး နှစ်ခုလည်း ရှိနေပါသေးတယ်။ ဒါကြောင့် ဘယ်သူကများ ပြဿနာ ရှာပုံ့မှာလဲ။

တကယ်လို့ မင်းက သော့ကို ခိုးယူနိုင်ရင် အဲဒါက တခြားလူတွေ အားလုံးကို စော်ကားရာ ရောက်ပြီးတော့ မင်းကို ပစ်မှတ်ထားပြီး ပိုင်းဆော်ကြလိမ့်မယ် မဟုတ်လား။ ဒါအပြင် လခြမ်းဂိုဏ်းနဲ့ သွေးမီးတောက် ချိုင့်ဟှမ်းတို့လို အဖွဲ့ကြီးတွေတောင်မှ မော်ဆေးပညာရှင် အဖွဲ့အစည်းနဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်တို့နဲ့ ပေါ်ပေါ်ထင်ထင် ထိပ်တိုက်ရင်ဆိုင်ပုံ့ခြင်း မရှိပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကျန်းကလန်က သူတို့ရဲ့ သတို့သမီးခန်းဝင် ပစ္စည်းအစိတ်အပိုင်း တစ်ခု အဖြစ် သော့ကို ဆွဲထုတ်လိုက်ပါပြီ။ ဒါကြောင့် သူတို့အားလုံးက

ပြိုင်ပွဲစင်မြင့်ပေါ်မှာ တိုက်ခိုက်ရပါ လိမ့်မယ်။

ဒါပေမဲ့လည်း ဒါက ကျန်းလီရှမ်နဲ့ လက်ထပ်ဖို့အတွက် ပြိုင်ပွဲတစ်ခု ဖြစ်တာကြောင့် ဒီနေရာမှာ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ ကျန်းကလန်က ရှင်းရှင်းလင်းလင်း ကြေညာထားပါတယ်။ ပါဝင်ယှဉ်ပြိုင်သူ အနေနဲ့ အနည်းဆုံး အသက်လေးဆယ်အောက်မှာ ရှိရပါမယ်။ အဘိုးအရွယ်တွေ စိတ်လှုပ်ရှားပြီးတော့ လာရောက်ယှဉ်ပြိုင်ဖို့ မလိုအောင် ကန့်သတ်ထားပါတယ်။ တကယ်လို့ သူတို့သာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆို ဘယ်လောက်တောင် စိတ်အနှောင့်အယှက် ဖြစ်စရာ ကောင်းလိုက်မလဲ။

ပြိုင်ပွဲကို သုံးရက်ဆက်တိုက် ကျင်းပမှာ ဖြစ်ပါတယ်။ သုံးရက်ကြာပြီးတဲ့နောက် ညဥ့်နက်ချိန်မှာ ပြိုင်ပွဲစင်မြင့်ပေါ်မှာ ရပ်တည်နိုင်တဲ့ စင်မြင့်အရှင်သခင်က ကျန်းကလန်ရဲ့ သားမက် ဖြစ်လာပါလိမ့်မယ်။

ဒီအကြောင်းကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်ရဲ့ နှလုံးသားတွေ လှုပ်ရှားသွားခဲ့ပါတယ်။

ပထမတော့ သူက ဝင်ခွင့်နေရာတစ်ခုကို ဘယ်နေရာကနေ

ရရှိမလဲ ဆိုတာနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေရပါတယ်။ အခုတော့ သူရဲ့အရှေ့မှာ အခွင့်အရေးတစ်ခုက ရောက်ရှိလို့ လာပါပြီ။ ပြီးတော့ ဒီအထုပ်ထဲမှာ ခနေရာသီ နန်းတော်ခန်းမကို ဖွင့်လို့ရတဲ့ သော့တစ်ချောင်းကိုလည်း ထပ်ပေါင်းထည့် ပေးထားပါတယ်။ ဒီနေရာမှာ ပြဿနာရှိနေရတဲ့ အကြောင်းအရင်းက သူ့အနေနဲ့ ကျန်းလီရှမ်ကို လက်ထပ်ဖို့အတွက် နည်းနည်းလေးမှ စိတ်မဝင်စားပါဘူး။

သူက ကန်းရီ ဒါမှမဟုတ် ကျူးပူကျို့ကို သူ့ရဲ့နေရာမှာ အစားထိုးဖို့ စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ စွမ်းရည်နဲ့ဆိုရင်တော့ ဟူး။ ဟူးညှိုကတော့ လုံလောက်ပေမဲ့ ပြဿနာရှိတာက တကယ်လို့ သူမက ယောကျာ်းလေး ဆိုရင်တောင်မှ အရမ်းကို ငယ်ပါသေးတယ်။

အပိုင်း(၄၄၀) စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ဝင်ရောက်ခြင်း

ဘာကြောင့်ကျန်းကလန်က ခနေရာသီ နန်းတော်ခန်းမရဲ့ သော့ကို ဆွဲထုတ်ဖို့ ဆန္ဒရှိနေသလဲ ဆိုတဲ့ အကြောင်းက ကျန်းကလန်ကနေ ဆင်းသက်လာတဲ့ မျိုးဆက်သစ်တွေရဲ့ အစွမ်းက အားနည်းမှုတွေ တိုးလာခဲ့ပြီး ယန်စွမ်းအားမြင့်မြို့မှာ သူတို့ရဲ့ စွမ်းအားတွေက

ပျောက်ကွယ်လု နီးပါးဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ သူတို့က အခုဆိုရင် ရှင်သန်နေထိုင်နိုင်ရုံသာသာပဲ ရှိပါတယ်။ တကယ်လို့ သူတို့ရဲ့ ကလန်သားက သော့ကိုယူပြီးတော့ လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲကို ဝင်သွားမယ်ဆိုရင် တခြားသန်မာတဲ့ လူတွေရဲ့ ဓားပြတိုက် ဂါးမျိုခြင်းကို ခံလိုက်ရပါလိမ့်မယ်။ သူတို့လူတွေက အရမ်းအရမ်းကို အားနည်းလွန်းပါတယ်။

ဒါကြောင့် သူတို့အနေနဲ့ အရဲစွန့်ဖို့ ဆုံးဖြတ်ပြီး အစွမ်းထက်ဆုံး သာမက်တစ်ယောက်ကို ရှာဖွေပြီး သူရဲ့အကူအညီနဲပ အခြေအနေတွေကို ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်ထားပါတယ်။

စဉ်းစားကြည့်မယ်ဆိုရင် ပါရမီရှင်ပြိုင်ပွဲက ဒီတစ်ကြိမ်မှာ ပြီးဆုံးရုံပဲ ရှိပါသေးတယ်။ ဒါကြောင့် ဒီအစွမ်းထက်တဲ့ သားမက်က ပါရမီရှင် အဆင့်ဇယားထဲက အဖွဲ့ဝင် တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ပထမအချက်က သူ့မှာ ကြီးမားတဲ့ အလားအလာကောင်းတစ်ခု ရှိပါတယ်။ ဓနရာသီ နန်းတော်ခန်းမ အထဲက အမွေဆက်ခံတဲ့ ပစ္စည်းကိုပါ ပေါင်းထည့်လိုက်မယ် ဆိုရင် သူ့အနေနဲ့ သေချာပေါက် အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ဖို့ အာမခံချက် ရှိပါတယ်။

ပြီးတော့ တကယ်လို့ ပါရမီရှင်တချို့ ထွက်ပေါ်လာပြီးတော့ ပါရမီရှင် အဆင့်ဇယားအပေါ်က အဖွဲ့ဝင်တွေ အားလုံးကို အနိုင်ယူလိုက်မယ်ဆိုရင် ပိုပြီးတော့တောင်မှ ကောင်းမွန်ပါသေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူကပိုပြီးတော့တောင် သန်မာတယ်လို့ ဆိုလိုတာပါပဲ။

အချိန်ခဏလေးမှာ ကျန်းကလန်က အန္တရာယ်ရှိတဲ့ ခြေလှမ်းတစ်လှမ်းကို ယူလိုက်ပါပြီ။ ဒါက သူတို့အတွက်တော့ လက်ရှိအခြေအနေတွေကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့ နောက်ဆုံး အကြံအစည်ပဲ ဖြစ်ပါတယ်။

သတို့သားလောင်း ရှာဖွေတဲ့ ပြိုင်ပွဲက နောက်သုံးရက်အကြာမှာ ကျင်းပပြုလုပ်ပါလိမ့်မယ်။

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ သူ့ရဲ့ဘေးမှာက ပါရမီရှင် အဆင့်ဇယားထဲက အဖွဲ့ဝင် လေးယောက်ရှိပေမဲ့ ဘယ်သူ့ကိုမှ အသုံးမပြုနိုင်ပါဘူး။ ဒါကြောင့် သူကိုယ်တိုင်ပဲ လုပ်ရှားမှ ဖြစ်နိုင်ပါလိမ့်မယ်။

သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့

စတင်လိုက်ပါတယ်။

ဒီတစ်ကြိမ် ပြိုင်ပွဲမှာ ပါရမီရှင် အဆင့်ဇယားပေါ်က လက်ရွေးစင် အမျိုးသားတွေချည်းပဲ ဂင်ရောက် ယှဉ်ပြိုင်လိမ့်မှာ မဟုတ်ပါဘူး။ ပါရမီရှင် အဆင့်ကနေ အသက်အရွယ်ရောက် ထွက်ခွာလိုက်ရတဲ့ စီနီယာ ပါရမီရှင်တွေလည်း ပါဂင်ဖို့ အဆင့်မီပါတယ်။ တစ်ခုတည်းသော လိုအပ်ချက်ကတော့ ဂင်ရောက်ယှဉ်ပြိုင်မဲ့ သူတွေအားလုံး အသက်လေးဆယ်နှစ်အောက် ဖြစ်ရပါမယ်။ ပြီးတော့ ဒီစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီတဲ့ လူငယ်ယောကျ်ားလေး အရေအတွက်ကလည်း ပေါများလွန်းပါတယ်။

ယုခွမ်လွမ်၊ ချောင်ထန်းရီ၊ ပိုင်ဟဲရှင် ပြီးခဲ့တဲ့ ပါရမီရှင် အဆင့်ပြိုင်ပွဲတွေတုန်းက ပထမနေရာကို ရရှိထားတဲ့ သူတို့အားလုံးက တိုက်ခိုက်ဖို့အတွက် အဆင့်မီပါတယ်။ ကံကောင်းတာက ပန်းဖူးအဆင့်က အရမ်းကို ခက်ခဲတဲ့ ခြေလှမ်းတစ်ခု ဖြစ်ပါတယ်။ ပါရမီရှင် အဆင့်က ပါရမီရှင်တွေတောင်မှ တစ်ချက်တည်းနဲ့ အဆင့်တက်ဖို့အတွက် လုံလောက်တဲ့ သိုင်းပညာ နားလည်နိုင်စွမ်းနဲ့ အခြေခံကို စုစည်းဖို့အတွက် နှစ်ပေါင်းနှစ်ဆယ် သို့မဟုတ် သုံးဆယ်လောက်

လိုအပ်ပါလိမ့်မယ်။

ဥပမာ အောင်းဖန်။ သူငယ်ရွယ်ချိန်တုန်းက ပါရမီရှင်အဆင့်ဇယားမှာ အဆင့်ချိတ်ခဲ့ပါတယ်။ ဒါပေမဲ့ သိပ်မကြာသေးခင်ကမှ သူက ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက် နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ သေခြင်းကို ဖြတ်တောက်ပစ်တာက ဘယ်လိုလုပ်ပြီးတော့ အရမ်းကို လွယ်လွယ်ကူကူနဲ့ လုပ်လို့ရနိုင်မှာလဲ။

ဒီရှုထောင့်ကနေ ကြည့်မယ်ဆိုရင် ယိုဟိုင်ယွဲ့က တကယ်ပဲ အံ့မခန်း ဆန်းကြယ်သူ ဖြစ်ပြီး အလယ်ပိုင်းဒေသက သိုင်းပညာရပ်တွေက တကယ့်ကို ကောင်းမွန်ပြီး အရမ်းကို ဖွံ့ဖြိုးတိုးတက်လို့ နေပါတယ်။ ကောလာဟလတွေအရ ယိုဟိုင်ယွဲ့က အဲဒီဒေသရဲ့ အစွမ်းထက်ဆုံး လူငယ်ကျင့်ကြံသူ တစ်ယောက် မဟုတ်ပဲ သူနဲ့တန်းတူတဲ့ တခြားလူနည်းစုလည်း ရှိပါသေးတယ်။

ပန်းဖူးအဆင့် ဂင်ရောက်ယှဉ်ပြိုင်သူတွေ ဒီနေရာမှာ မရှိသရွေ့တော့ လင်းဟန်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက်လိုက်တာနဲ့ ဘယ်သူကများ သူနဲ့ ဒီကျင့်ကြံခြင်း အဆင့်မှာ လက်ရည်တူ ရပ်တည်နိုင်စွမ်း

ရှိလိမ့်မှာလဲ။

နောက်ပြီးတော့ အနက်ရောင် မျှော်စင်က စွမ်းအင်ထည့်သွင်းခြင်းအတွက် နောက်ထပ် အခွင့်အရေးတစ်ခုကိုတောင် ရရှိနိုင်ပါတယ်။ ပြီးတော့ တကယ်လို့ သူက ပန်းဖူးအဆင့်က ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် အနည်းဆုံးတော့ အချိန်အတိုင်းအတာ တစ်ခုမှာ ဒီလိုမျိုး လူနဲ့ လက်ရည်တူ တိုက်ခိုက်ဖို့ အဆင့်မီပါတယ်။

သူက အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့ပြီး တံခါးပိတ်ကျင့်ကြံခြင်းကို စတင်လေ့ကျင့် လိုက်ပါတယ်။

သူ့ရဲ့ဘေးမှာ မော်ဆေးလုံးအမျိုးမျိုးကို ပြင်ဆင်ထားပါတယ်။ ယန်စွမ်းအားမြင့်မြို့ကို ပြန်ရောက်လာတဲ့ နောက်မှာ သူကနေ့တိုင်းပဲ မော်ဆေးလုံးတွေကို ဖော်စပ်ခဲ့ပါတယ်။ ပထမက ပိုက်ဆံရှာဖို့နဲ့ ဒုတိယက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အတွက် ပြင်ဆင်မှု ပြုလုပ်တာပဲ ဖြစ်ပါတယ်။

ဒီအဆင့်မှာ စိတ်ဝိညာဉ် ပင်လယ်ထဲမှာ မိုးကောင်းကင်ပေါ်ကို ရောက်နိုင်တဲ့ စိတ်ဝိညာဉ်

ပလ္လင်တစ်ခုကို တည်ဆောက်ရပါလိမ့်မယ်။ ပြီးတော့ အဆုံးမရှိတဲ့ စွမ်းအင်တွေကို ထောက်ပံ့ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် မှော်ဆေးလုံး ပမာဏ အများကြီးကိုလည်း လိုအပ်တာက သဘာဝ ကျပါတယ်။ ပြီးတော့ မူလစွမ်းအင်ပံ့ဆောင်ခဲ ပမာဏ အများကြီးကိုလည်း ပြင်ဆင်ထားခဲ့ပါတယ်။ ဘယ်သူမဆို စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ဆယ်ရက် ဒါမှမဟုတ် တစ်လလောက်တောင်မှ လေ့ကျင့်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်ကတော့ တစ်ရက်တည်း အသုံးချပြီးတော့ လုံးဝကို ချိုးဖျက်ပစ်ဖို့ စီစဉ်ထားပါတယ်။

သူကထိုင်ချပြီးတော့ သူရဲ့ကျင့်ကြံခြင်းအဆင့်ပေါ်မှာ ကန့်သတ်ချက်များကို ထုတ်ဖော်ထားခဲ့ ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူရဲ့စိတ်ဝိညာဉ် ပင်လယ်နှစ်ခုထဲမှာ ပြင်းထန်တဲ့ အားလှိုင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ပုန်း ပုန်း ပုန်း။ ၎င်းအားလှိုင်းတွေက အဆုံးမရှိ လှုပ်ယမ်းနေပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ သူရဲ့ကျင့်ကြံခြင်းကို ပြီးပြည့်စုံအောင် လုပ်ပြီးပါပြီ။ ပြီးတော့ သူရဲ့ဒန်တန်က ၎င်းရဲ့ အကန့်အသတ်ကို ချဲ့ထွင်ပြီးပါပြီ။ သူရဲ့ စိတ်ဝိညာဉ် ပင်လယ်တွေ နှစ်ခုလုံးက အတူတူပါပဲ။ အဲဒီမှာ ပါဝင်တဲ့ မူလစွမ်းအင်တွေက အရမ်းကို သန့်စင်ပြီး

နည်းနည်းလေးမှတောင် နောက်ကျိတာမျိုး မရှိပါဘူး။ ဒီလိုမျိုး အခြေနေမျိုးမှာ ၎င်းကို တက်တက်ကြွကြွ လည်ပတ်ခြင်းမျိုး မလုပ်ဘူးဆိုရင်တောင်မှ သူရဲ့ကျင့်ကြံခြင်း အပေါ်မှာ ကန့်သတ်ချက်များကို ထုတ်ဖော်ထားလိုက်ရုံပါပဲ။ စိတ်ဂိညာဉ် ပင်လယ်တွေက အလိုအလျောက် စတင်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်တွေကို တည်ဆောက်နေပါတယ်။ ဒါက သူရဲ့ကျင့်ကြံခြင်းကို ဘယ်လောက်တောင် ပြင်းပြင်းထန်ထန်နဲ့ ဖိနှိပ်ထားသလဲ ဆိုတာကို သက်သေပြနေပါတယ်။

ဟုမ်း။

မူလစွမ်းအင်တွေက သိပ်သည်းလာပြီးတော့ အရောင်ငါးခု နတ်ဘုရား အလင်းတွေက လင်းလက် တောက်ပလာပြီး ပြိုင်ဘက်ကင်း ကျယ်ပြန့်တဲ့ အခြေခံတစ်ခုကို ဖြစ်ပေါ်ပြီး စိတ်ဂိညာဉ် ပင်လယ်ရဲ့ အောက်ခြေမှာ ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်နေခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ အခြေခံ ဒုတိယ အဆင့် နဲ့ တတိယအဆင့် ဖြစ်ပေါ်လာခဲ့ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်ရဲ့ အခြေခံတွေက အရမ်းကို လျင်မြန်စွာနဲ့ တည်ဆောက်နေပါတယ်။

တစ်ခု မဟုတ်ပဲ နှစ်ခုပါ။

အပေါ်နဲ့ အောက်ဘက်မှာရှိတဲ့ စိတ်ဂိညာဉ် ပင်လယ်နှစ်ခုက လျင်မြန်စွာနဲ့ စိတ်ဂိညာဉ် ပလ္လင်အတွက် အခြေခံကို တည်ဆောက်နေပါတယ်။ ဟုမ်း ပုန်း ပုန်း။ သူရဲ့ခန္ဓာကိုယ်အထဲမှာ ပွဲတင်သံတွေ ထပ်နေပါတယ်။ သူရဲ့အနားက လွီယုထန်နဲ့ တခြားသူတွေတောင်မှ အဲဒီအသံကို ကြားနေရတဲ့ ပုံစံမျိုးပါပဲ။ သူတို့အားလုံးကလည်း ကမ္ဘာ့ဌာန်းထိုင်နေတဲ့ အခြေအနေကို ဝင်ရောက် နေခဲ့ကြပါတယ်။

စိတ်ဂိညာဉ် ပလ္လင်တည်ဆောက်ခြင်းက ကောင်းကင်နဲ့ မြေကြီးကို ဆက်သွယ်တဲ့ လုပ်ငန်းစဉ် တစ်ခုပဲ ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်အတွင်းမှာ လည်ပတ်ပြီး တာအိုရဲ့ အသံနဲ့ ကောင်းကင်ကနေ အပြန်အလှန်အကျိုး ပြုမှုတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါက တခြားသိုင်းပညာရှင်တွေကို တာအိုကို နားလည်သဘောပေါက်အောင် ကူညီနိုင်ပါတယ်။ ဒါကြောင့် လင်းဟန်က လွီယုထန်နဲ့ တခြားသူတွေ အားလုံးကို အနက်ရောင် မျှော်စင်ထဲမှာ သူရဲ့ အောင်မြင်မှု ရောင်ပြန်ဟပ်စေဖို့ စောင့်ခိုင်းထားတာ ဖြစ်ပါတယ်။

ဟူးညိုတစ်ယောက်ပဲ ဂနာမငြိမ် ဖြစ်နေတာပါ။ သူမက

အသားခြောက် အပိုင်းအစ တစ်ခုကို ဆုပ်ကိုင်ပြီးတော့ ဝါးစားနေပါတယ်။ ဟူးညိုက မွန်းစတားသေးသေးလေး တစ်ကောင် ဖြစ်ပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းက သူမစားတဲ့ အစားအစာတွေ အပေါ်မှာပဲ မူတည်ပါတယ်။ နားလည်သဘော ပေါက်ခြင်းဆိုတာက ဘာလဲ။ အဲဒါက စားလို့ရလို့လား။

လင်းဟန်ရဲ့ စိတ်ဝိညာဉ် ပင်လယ်တွေ အထဲမှာ ပြင်းထန်တဲ့ လှိုင်းလုံးတွေက အော်ဟစ်နေ ပါတယ်။ သူတို့က မီတာ တစ်ရာလောက် မြင့်မားပြီး အရှုးအမူးကို တိုက်ခိုက်ယိမ်းထိုးနေပြီး စိတ်ဝိညာဉ် ပင်လယ်ရဲ့ အစိတ်အပိုင်းတွေကို ချိုးဖျက်ပစ်ဖို့ ဆန္ဒရှိနေတဲ့ အတိုင်းပါပဲ။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ရတာက ပုံမှန်အားဖြင့် အရဲစွန့်ရပါတယ်။ ပြီးတော့ ပြင်းထန်းတဲ့ စိတ်ဝိညာဉ် ပင်လယ်ရဲ့ လှိုင်းလုံးတွေက ဒီအဆင့်မှာ အန္တရာယ်ရှိပါတယ်။ တကယ်လို့ ၎င်းတို့က စိတ်ဝိညာဉ် ပင်လယ်အစိတ်အပိုင်းကို ချိုးဖျက်ပစ်နိုင်လိုက်ရင် လူတစ်ယောက်ရဲ့ မူလစွမ်းအင်တွေက လုံးဝကို ပျောက်ကွယ်သွားပါလိမ့်မယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို တက်သွားတာဖို့ အသာထားဦး လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် အစွမ်းက နွေဦးစမ်းရေ အဆင့်ကိုတောင်

ပြန်ပြီးတော့ ကျဆင်းသွားပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်အတွက်ကတော့ ဒါက ကိတ်မုန့်အပိုင်းအစလေး တစ်ခုပါပဲ။ သူမှာက သူရဲ့ကျင့်ကြံခြင်း အဆင့်ကို အရမ်းကို ပြီးပြည့်စုံပြီး ခိုင်မာတောင့်တင်းအောင် လုပ်ထားပါတယ်။ သူရဲ့ စိတ်ဝိညာဉ် ပင်လယ်တွေက အရမ်းကို ခိုင်မာကျစ်လျစ်ပြီး ဒီလိုမျိုး မုန်တိုင်းကို သူ့အနေနဲ့ လုံးဝကို ကြောက်ရွံ့နေစရာအကြောင်း မရှိပါဘူး။

ဆန့်ကျင်ဘက်ပါပဲ။ သူရဲ့ စိတ်ဝိညာဉ် ပလ္လင်တွေရဲ့ တည်ဆောက်မှုက ပိုပိုပြီးတော့ လျင်မြန်လာခဲ့ပါတယ်။

တကယ်လို့ စိတ်ဝိညာဉ်ပလ္လင်အဆင့်က တစ်စုံတစ်ယောက်က သူရဲ့ စိတ်ထဲက စိတ်ဝိညာဉ် ပလ္လင်တွေရဲ့ အခြေခံကိုသာ မြင်နိုင်စွမ်းရှိမယ်ဆိုရင် သူတို့အနေနဲ့ မျက်လုံးတွေ ပြူးထွက်ပြီး အံ့အားသင့်ကုန်ပါလိမ့်မယ်။

ဒါက အရမ်းကို ကြီးမားလွန်းတယ် မဟုတ်ပါလား။

လင်းဟန်ရဲ့ စိတ်ဝိညာဉ် ပလ္လင်က သူရဲ့စိတ်ဝိညာဉ်

ပင်လယ်ထဲက နေရာရဲ့ သုံးပုံတစ်ပုံကို ရယူထားပါတယ်။

စိတ်ဂိညာဉ် ပလ္လင်တွေက တခြားသူတွေအတွက် ဘယ်လောက်တောင် ကြီးမားသလဲ။ လင်းဟန်အနေနဲ့ မသေချာပါဘူး။ ဒါပေမဲ့ သူရဲ့ယခင်ဘဝတုန်းက သူသိထားတာက သူရဲ့ စိတ်ဂိညာဉ် ပလ္လင်ရဲ့ အရွယ်အစားက သူရဲ့စိတ်ဂိညာဉ် ပင်လယ်နေရာရဲ့ တစ်ရာပုံပုံရင် တစ်ပုံပဲ ရှိပါတယ်။

တစ်ခု ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ထားရမှာက လင်းဟန်ရဲ့ ဒီဘဝမှာ သူရဲ့ ကျင့်ကြံခြင်း အခြေခံကို ဘယ်လောက်တောင်များ အံ့အားသင့်စရာကောင်းလောက်အောင် ခိုင်မာကျစ်လျစ်ထားသလဲ ဆိုတာကိုပါ။

စိတ်ဂိညာဉ် ပလ္လင်တွေရဲ့ အခြေခံတွေက ပင်လယ်တွေကို မွေ့ယာပုံစံမျိုး ဖြစ်ပေါ်ပြီး တစ်ဆင့်ချင်းစီ မြင့်တက်တည်ဆောက်ရပါတယ်။
ပင်လယ်ရေမျက်နှာပြင်ရဲ့အထက် မီတာ တစ်ထောင်လောက် အမြင့်ကို ရောက်ပြီးတဲ့ နောက်မှာတော့ ၎င်းက ရပ်တန့်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာ။

နောက်ပိုင်းမှာ သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်ကိုးဆင့် တစ်ခုကို တည်ဆောက်ဖို့ လိုအပ်ပါတယ်။ အဲဒါက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို ရောက်ရှိတယ်လို့ ဆိုလိုတာပါပဲ။ အဲဒီနောက်မှာ စိတ်ဂိညာဉ် ပလ္လင်အပေါ်မှာ နတ်ဘုရား ပန်းပွင့်တွေက ပွင့်ဖူးလာတဲ့အခါမှာ သူ့အနေနဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် ရပါလိမ့်မယ်။

လင်းဟန်ရဲ့ မျက်လုံးတွေကို ဖွင့်လိုက်တဲ့ အခါမှာ သူရဲ့အကြည့်တွေက လင်းလက်တောက်ပလို့ နေပါတယ်။ သူရဲ့ညာဘက်မျက်လုံးမှာ အံ့အားသင့်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်တဲ့ ကြီးမားတဲ့ ကြယ်တွေဖြစ်ပေါ်ပြီး လမ်းတစ်လျှောက်လုံး ဖျက်ဆီးပြီးမှ ငြိမ်းချမ်းမှုကို ပြန်လည် ရရှိခဲ့ပါတယ်။

အနက်ရောင် မျှော်စင်က အနည်းငယ် တုန်ခါသွားခဲ့ပါတယ်။ လင်းဟန်ရဲ့ အသားအရေက တောက်ပပြီး ၎င်းအပေါ်မှာ အစီအရင်ပုံစံတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သံမဏိ ခန္ဓာကိုယ်။

လင်းဟန်က အံ့အားသင့်သွားခဲ့ပါတယ်။ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မော်စာလိပ်က သူရဲ့ကျင့်ကြံခြင်းထဲမှာ သူက ကျောက်သားနံရံ ခန္ဓာကိုယ်ကို ဖိနှိပ်ထိန်းချုပ်ထားတာ အတော်ကို ကြာနေခဲ့ပါပြီ။ ဒါပေမဲ့ တတိယအဆင့်ကို ရောက်ရှိဖို့ဆိုတာ အတော်လေးကို ကွာဝေးနေဆဲ ဖြစ်ပါတယ်။ သူအနေနဲ့ လုံးဝကို ထင်မှတ်မထားတာက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို သူချိုးဖျက် ဝင်ရောက်လိုက်တဲ့ အခါမှာ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အမှန်တကယ်ပဲ အဆင့်မြှင့်တင်လိုက်သလို ဖြစ်သွားလိမ့်မယ် ဆိုတာကိုပါ။

ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကြောင့်ပဲ ဖြစ်ရမယ်။

လင်းဟန်က အဲဒီအကြောင်းကို ချက်ချင်းပဲ စဉ်းစားမိသွားခဲ့ပါတယ်။ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးတစ်ခုတည်းကပဲ ဒီလိုမျိုး အာနိသင်တွေကို သယ်ဆောင်လာနိုင် ပါတယ်။

အရင်တုန်းက သူက ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို သန့်စင်တဲ့ အချိန်တုန်းက အကျိုးအမြတ် တစ်ခုကိုမှ ရရှိခဲ့ခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း သဘာဝရဲ့

အနှစ်သာရတွေက သူရဲ့ ခန္ဓာကိုယ်အထဲမှာ စုစည်းနေခဲ့ပြီး အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားထည့်သွင်းမှုကလည်း သူရဲ့ခန္ဓာကိုယ် အရည်အသွေးကို တိုးတက်လာစေခဲ့ပါတယ်။ ဒီအကျိုးအမြတ်တွေက သူ့အနေနဲ့ အဓိက အဆင့်ကြီး နောက်တစ်ခုကို ချိုးဖျက်ဝင်ရောက်တဲ့ အချိန်ကိုရောက်မှပဲ လုံးဝကို ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒီအချက်နှစ်ခု ပေါင်းပြီးတော့ သူ့ကို ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ်က သူရဲ့ကျင့်ကြံခြင်းမှာ သံမဏိခန္ဓာကိုယ် အဆင့်ကို ရောက်ရှိသွားစေခဲ့ပါတယ်။

သူရဲ့လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တူညီတဲ့ အဆင့်က သတ္တုပစ္စည်းတွေနဲ့ သွန်းလုပ်ထားတဲ့ အရာတွေလိုမျိုး ခိုင်မာတောင့်တင်းပါတယ်။ ဆိုလိုတာက သူရဲ့ခန္ဓာကိုယ် တောင့်တင်းမာကျောမှုက စိတ်ဝိညာဉ် ပစ္စည်းတွေနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံတဲ့ အခါမှာ ဘာဒဏ်ရာမှ မရဘူးလို့ ဆိုလိုတာပါပဲ။ ဒါကိုအသာထားဦး။ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်ကလည်း ခြောက်စက်အထိကို မြင့်တက်လာခဲ့ပြီး ဒါက သူကိုယ်သူ ကာကွယ်နိုင်တဲ့ စွမ်းရည်က တိုးတက်လာခဲ့တာပါ။

မဆိုးဘူး မဆိုးဘူး။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူကအခုဆို သူ့ကိုယ်သူ ဟန်လင်းအဖြစ် ရုပ်ဖျက်ပြီးတော့ သတို့သားလောင်း ရှာဖွေတဲ့ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားခဲ့ပါတယ်။ အခုဆိုရင် သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သံမဏိအဆင့်ကို ရောက်ရှိခဲ့ပြီ ဖြစ်တဲ့အတွက် သူအသုံးပြုဖို့အတွက် ကောင်းမွန်တဲ့ စိတ်ဂိညာဉ် ပစ္စည်း လက်ဝတ်ချပ်ကာ မရှိတဲ့ အကြောင်းကို သူ့အနေနဲ့ စိုးရိမ်ပူပန်စရာ မလိုပါဘူး။ အဲဒီအစား သူ့ရဲ့ ဗလာလက်သီးကို အသုံးပြုပြီးတော့ သူ့ပြိုင်ဘက်ရဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေကို ထိပ်တိုက်ရင်ဆိုင်ပြီး ခတ်ထုတ်ပစ်လို့ ရနိုင်ပါတယ်။

"ငါ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းအားက ကြယ်ဘယ်နှစ်လုံးကို ရောက်နေမလဲ မသိဘူး"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

သူအဆင့်မတက်ခင်တုန်းက သူရဲ့တိုက်ပွဲစွမ်းအားက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ့်တစ်လုံး ရှိပါတယ်။ အခုသူက အဆင့်ချိုးဖျက် တက်ရောက်ခဲ့ပြီး တကယ်လို့

စိတ်ဂိညာဉ်ပလ္လင်အဆင့် တစ်ယောက်အတွက် အစွမ်းထက်တဲ့ ရန်သူတစ်ယောက်ကို စိန်ခေါ်ဖို့ အတော်လေး ခက်ခဲတယ် ဆိုပေမဲ့ အနည်းဆုံးတော့ တိုက်ပွဲကြယ် ငါးလုံး ထပ်ပြီးတော့ ပေါင်းထည့်နိုင်သင့်ပါတယ်။ ဟုတ်တယ်မလား။ ဒါအပြင် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးရဲ့ အာနိသင်တွေကိုလည်း ရယူထားပြီး ဘယ်လိုကိစ္စပဲဖြစ်ဖြစ် နောက်ပိုင်းမှာ ကြယ်ငါးလုံးကတော့ ထပ်ကို ပေါင်းထည့်ပေးသင့်ပါတယ်။

စိတ်ဂိညာဉ်ပလ္လင်အဆင့်ရဲက ကြယ်နှစ်ဆယ်က အနည်းဆုံးတော့ ဖြစ်သင့်ပါတယ်။

ဒါပေမဲ့လည်း ကြယ်နှစ်ဆယ်ဆိုတာက ကျင့်ကြံခြင်း အဆင့်ရဲ့ အကန့်အသတ်ဖြစ်တယ် ဆိုတာကို သတိပြုရပါမယ်။ ဒီနေရာမှာ တိုက်ပွဲစွမ်းအား ကြယ်နှစ်ဆယ့်တစ်လုံး ဒါမှမဟုတ် နှစ်ဆယ့်နှစ်လုံး ဆိုတာမျိုး မရှိပါဘူး။ ဒါကြောင့် လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးကို ရောက်တဲ့အခါမှာ သူရဲ့တိုက်ပွဲစွမ်းအားက တန်းပြီးတော့ တစ်ဟုန်ထိုး မြင့်တက် သွားပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ့်တစ်လုံးထိ မြင့်တက်သွားခဲ့ပါတယ်။

ပြီးတော့ ပန်းဖူးအဆင့် ဆိုတာက လူတစ်ယောက်ရဲ့ သေမျိုးနောင်ကြိုးတွေကို ဖြတ်တောက် ပစ်လိုက်တယ်လို့ ဆိုလိုတာ ဖြစ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက် အနေနဲ့ သေချာပေါက် နိုင်းယှဉ်လို့ရတဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ လင်းဟန်မှာ သေချာပေါက် စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အကန့်အသတ်ကို ကျော်လွန်တဲ့ ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲစွမ်းအား ရှိလိမ့်မှာ မဟုတ်ပါဘူး။

ပြီးတော့ ဒါက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာမှာရှိတဲ့ သူရဲ့တိုက်ပွဲစွမ်းအားပဲ ဖြစ်ပါသေးတယ်။

အပိုင်း(၄၄၁) သူမက ဘယ်နေရာကနေ တာအိုဒဏ်ရာကို ရရှိခဲ့တာလဲ

"ဒါက တကယ့်ကို ပြဿနာပဲ။ စိတ်ဂိညာဉ် ပလ္လင်အလွှာ ကိုးအဆင့်ကို ရောက်တဲ့အခါ ငါ့မှာ တိုက်ပွဲစွမ်းအား ကြယ်ဘယ်လောက်တောင် ရှိနေလိမ့်မလဲ"

လင်းဟန်က သူရဲ့ခေါင်းကို အံ့ဩစွာနဲ့ ထိုးဖွလိုက်ပါတယ်။ လက်ရှိသူ့ရဲ့ တိုက်ပွဲစွမ်းအားနဲ့ ယခင်ဘဂတုန်းက

လင်းဟန်ကို ဘယ်နှစ်ကြိမ်လောက်များ သတ်ပစ်နိုင်လိုက်မလဲ။

"တစ်ထောင် ဒါမှမဟုတ် အကြိမ်ပေါင်း တစ်သောင်းတောင် ဖြစ်နိုင်တယ်"

လင်းဟန်က ဓားကောရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့က ဘယ်လောက်တောင် သန်မာတယ် ဆိုတာကို မစဉ်းစားပဲ မနေနိုင်ပါဘူး။

ပြဿနာက သူရဲ့စွမ်းရည်က သူ့ထက်သန်မာတဲ့ လူတစ်ယောက်ကို စိန်ခေါ်နိုင်စွမ်း ရှိတယ် ဆိုပေမဲ့ မယုံနိုင်စရာ ကောင်းပါတယ်။ သူပြန်ပြီးတော့ ပေးဆပ်ရတဲ့ တန်ရာတန်ကြေးကလည်း သူရဲ့ကျင့်ကြံခြင်းနှုန်း နှေးကွေးလာပါတယ်။ တစ်ချိန်တည်းမှာပဲ သူအရှေ့ကို တိုးလာတဲ့ ခြေလှမ်းတိုင်းအတွက် မူလစွမ်းအင်ပမာဏက တခြားလူတွေအားလုံးထက် ဆယ်ဆကျော်ကျော် စုစည်းဖို့ လိုအပ်ပါလိမ့်မယ်။

"ကံကောင်းတာက ငါ့မှာ အင်မော်တယ်အဆင့် စိတ်ဝိညာဉ် အခြေခံတစ်ခု ရှိနေတယ်။ ပြီးတော့ ငါက မော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်သေးတယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် တကယ်လို့ ငါ့အခြေခံသန်မာမှုက ဒီလိုမျိုး အားကောင်းပုံနဲ့ဆိုရင် ဒီတစ်သက်တော့ ပန်းဖူးအဆင့်ကို ရောက်လိမ့်မှာ မဟုတ်ဘူး"

"ဂုဏ်ပြုပါတယ် သခင်လေးဟန်"

လင်းဟန် မတ်တတ်ထရပ်လိုက်တာကို သူတို့တွေက မြင်လိုက်ရတဲ့အခါမှာ လွှီယုထန်နဲ့ တခြားတွေတွေက လင်းဟန်ကို ဂုဏ်ပြုစကား ဆိုလိုက်ကြပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး ဆက်ပြီးတော့ ပြင်းပြင်းထန်ထန် ကြိုးစားသင့်တယ်။ ငါ့အနောက်မှာ အရမ်းကြီး ပြတ်မကျန်ခဲ့နဲ့"

"ဟုတ်ကဲ့"

ကွမ်းယွမ်အပါအဝင် သူတို့အားလုံး ခေါင်းညိတ်လိုက် ကြပါတယ်။ တကယ်လို့ သူတို့တွေက လင်းဟန်ရဲ့ ဂန်ထုတ်ဂန်ပိုးကို မျိုဧခံစားပြီး လင်းဟန်က ခက်ခဲပြီး အကူညီလိုနေတဲ့ အချိန်မှာ လင်းဟန်ကို ကူညီနိုင်စွမ်း

မရှိဘူးဆိုရင် သူတို့ရဲ့ မျက်နှာတွေ ဘယ်နားသွားထားရမလဲ။ သူတို့အားလုံးက လင်းဟန်ဆီကနေ အကျိုးအမြတ်တွေ အများကြီး ရရှိပြီး လင်းဟန်ကို သူရဲ့ ကြီးမားတဲ့ ရက်ရောမှုကို ပြန်ပြီးတော့ ဘာမှမပေးဆပ်နိုင်သေးပါဘူး။

သူတို့အားလုံး အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ကြပါတယ်။ သူတို့တွေ အနက်ရောင် မျှော်စင်ထဲကို ဝင်လာခဲ့တာ တစ်ရက်တိတိ အချိန်ကုန်သွားခဲ့ပါပြီ။ ကျန်းကလန်ရဲ့ သတို့သားလောင်း ပြိုင်ပွဲက စတင်ပြီး ကျင်းပပါတော့မယ်။

တစ်ရက်ကုန်သွားပြီးတဲ့ နောက်မှာတော့ ကျူးရွှမ်အာက ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်နှာပေါ်မှာ စိတ်ပျက်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူမက ပြောလိုက်ပါတယ်။

"ဂရန်းမာစတာလင်း ရှင့်ရဲ့တောင်းဆိုမှုကို ပြောင်းပေးလို့ ရနိုင်မလား"

သိသိသာသာပါပဲ။ သူမရဲ့ဂိုဏ်းက ဝင်ခွင့်နေရတာ တစ်ခုကို အသုံးပြုပြီးတော့ အဆင့်ခုနစ် စိတ်ဝိညာဉ် ဆေးပင်တစ်ခုအတွက် အလဲအလှယ်လုပ်ဖို့ကို

ငြင်းပယ်ခဲ့ပါတယ်။

အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တစ်ခုက လုံလောက်အောင် တန်ဖိုးမရှိတဲ့ အတွက်ကြောင့် မဟုတ်ပါဘူး။ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို အသုံးပြုရတာ အတော်လေးကို အကန့်အသတ် ရှိပါတယ်။ လူတစ်ယောက်ရဲ့ စိတ်ဂိညာဉ် အခြေခံကို ပြန်ကုန်သနိုင်တဲ့ ဆေးလုံးတစ်ခုအတွက် အဓိက ပါဝင်ဆေးပစ္စည်း ဖြစ်တယ်ဆိုတာကို အသာထားဦး ၎င်းက ပုန်းကွယ်တဲ့ ကောင်းကင်ဘုံ ကံကောင်းခြင်းကျား ဆေးလုံးအတွက် ဖြည့်စွက်ပစ္စည်းတစ်ခုပဲ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး စိတ်ဂိညာဉ် ဆေးပင်အမျိုးအစားကို အသည်းအသန် လိုအပ်တဲ့ လူတစ်ယောက်နဲ့ ဆုံတွေ့ချိန်ကျမှပဲ ၎င်းက မယုံနိုင်စရာကောင်းတဲ့ တန်ဖိုးကို ရရှိပါလိမ့်မယ်။

တကယ်လို့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ တိုးတက်နိုင်စွမ်းရှိမယ် ဒါမှမဟုတ် လူတစ်ယောက်ရဲ့ သိုင်းပညာတာအိုကို နားလည်နိုင်စွမ်းက တိုးလာမယ်ဆိုရင် လခြမ်းဂိုဏ်းရဲ့ ဒီမွန်းစတား အိုကြီးတွေက မယုံနိုင်စရာ တုံ့ပြန်အောင် အခြေအနေကို ဖန်တီးယူရပါလိမ့်မယ်။

လင်းဟန်က တစ်ခဏ စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုရင် ငါသတင်းအချက်အလက် တချို့အတွက် ဒါကို ပြောင်းလဲပေးမယ်"

ကျူးရှမ်အာက အံ့အားသင့် သွားခဲ့ပါတယ်။ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တစ်ခုအတွက် အလဲအလှယ်လုပ်ဖို့ သတင်းအချက်အလက်နဲ့ဆိုရင် လုံလောက်ပြီလား။ အရင်တုန်းက လင်းဟန်က အဲဒီဆေးပင်အတွက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပါတယ်။ ဒါကြောင့် ဒါကိုကြည့်ရတာ ယုတ္တိမတန်သလိုပါပဲ။

ကြည့်ရတာ အမှန်တကယ်ပဲ သူက သူမအပေါ်မှာ ချစ်ခင်စွဲလမ်းပြီး ဒီအချက်ကို အသုံးချပြီးတော့ သူမကို ကြိုးကိုင်ဖို့အတွက် မေးမြန်းစူးစမ်းတော့မှာများလား။ ဒါက ဘယ်လောက်တောင် ခါးသီးဖို့ ကောင်းလိုက်သလဲ။

"ကျမမေးပါရစေ။ ဂရန်းမာစတာက ဘာကိုသိချင်တာလဲ"

သူမက မေးလိုက်ပါတယ်။

"မင်းရဲ့ ဆရာသခင်က ဘယ်လိုလုပ်ပြီးတော့ ဒဏ်ရာရခဲ့တာလဲ"

လင်းဟန်က အရမ်းကို သိချင်စိတ်တွေ ပြင်းပြနေပါတယ်။ ယုတ္တိရှိရှိ ပြောရမယ်ဆိုရင် မြောက်ပိုင်းဒေသမှာ အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ ကျင့်ကြံသူ တစ်ယောက်ယောက် ရှိဖို့ဆိုတာ ဖြစ်နိုင်ချေ လုံးဝမရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်း အဆုံးမဲ့ ကျင့်ကြံသူ တစ်ယောက်က လှုပ်ရှားလာမယ် ဆိုရင်တောင်မှ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်က ဘယ်လိုလုပ်ပြီး သူရဲ့တာအိုဒဏ်ရာကို ရရှိခဲ့တာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ ကျန်းကလန်ကနေ အဲဒီသော့ကို ရယူနိုင်လိမ့်မယ်လို့ အပြည့်အဝ ယုံကြည်မှု ရှိနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဝင်ခွင့်နေရာအတွက်ကို ဂရုစိုက်နေစရာ မလိုပါဘူး။ သူက ကျန်းကလန်ရဲ့ သော့က သူရဲ့ တပည့် ကျန်းယွဲ့ဖုန်း ဗရုတ်ကျပြီး ချန်ထားခဲ့တဲ့ ကစားစရာတစ်ခု မဖြစ်ပါစေနဲ့လို့ပဲ မျှော်လင့်ထားပါတယ်။ အဲဒီလိုသာ ဖြစ်သွားမယ်ဆိုင် သူ့အနေနဲ့ တကယ်ပဲ သူရဲ့ကိုယ်ပိုင် တပည့်ကြောင့် ကြောက်မက်ဖွယ်ရာ ခံစားသွားရ ပါလိမ့်မယ်။

ကျူးရှမ်အာက သူမရဲ့ အမူအရာ ပြောင်းလဲသွားတာကို ဘယ်လိုမှ ထိန်းမနိုင်ပါဘူး။ သူမရဲ့ မျက်နှာတစ်ဖက်ကို အဖြူရောင် ဇာပဂါတစ်ခုနဲ့ ဖုံးအုပ်ထားတာတောင် သူမရဲ့ မျက်လုံးထဲက ပြောင်းလဲသွားမှုကို မြင်နိုင်နေဆဲပဲ ဖြစ်ပါတယ်။ ခဏအကြာမှာ သူမက ပြောလိုက်ပါတယ်။

"ကျမရဲ့ ဆရာသခင်က ရေးဟောင်း သမိုင်းဝင် နေရာတစ်ခုကို ရှာတွေ့ခဲ့တယ်။ အဲဒါက လေ့လာစူးစမ်းနေချိန်မှာပဲ သူမက အဲဒီနေရာက အတားအဆီးကြောင့် ဒဏ်ရာရခဲ့တယ်"

လင်းဟာန်က လက်ဖါးတစ်ချက် သူ့ပေါင်ကို ရိုက်ပြီးတော့ ပြောပါတယ်။

"ဒါဆိုရင် တကယ်ပဲ ဒီလိုမျိုး ကိစ္စရှိတယ်ပေါ့"

မြောက်ပိုင်းဒေသထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်း ကျင့်ကြံသူတွေ မရှိပါဘူး။ ဒါကြောင့် အစွမ်းထက်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်က တာအိုဒဏ်ရာ တစ်ခုကို ဘယ်လိုလုပ်ပြီး တွေ့ကြုံနိုင်မှာလဲ။ တစ်ခုတည်းသော ဖြစ်နိုင်ချေက ရေးဟောင်း သမိုင်းဝင်

နေရာတစ်ခုကြောင့် ဒဏ်ရာရနိုင်ချေပဲ ကျန်ပါတော့တယ်။

ကျူးရှမ်အာက လင်းဟာန်ရဲ့ စိတ်လှုပ်ရှားတဲ့ အမူအရာကို မြင်လိုက်ရတဲ့ အခါမှာ ချက်ချင်းပဲ မကျေမနပ် ဖြစ်သလို ခံစားလိုက်ရပြီး ပြောလိုက်ပါတယ်။

"ဂရန်းမာစတာလင်း ကျေးဇူးပြုပြီးတော့ ကျမရဲ့ ဆရာသခင်ကို နည်းနည်းလောက် လေးစားပါ"

လင်းဟာန်က ရယ်မောလိုက်ပြီးတော့ ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရိုးတံ တစ်ခုကို ထုတ်ပြီး စားပွဲပေါ်မှာ တင်လိုက်ပါတယ်။ သူက ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ရဲ့ ရိုးတံနှစ်ခု ရိတ်သိမ်းပြီးခဲ့တာ တော်တော်လေးကို ကြာနေပါပြီ။ ဒါက သူတို့ကိုအသီးနဲ့ ဆက်စပ်နေပြီး ဆေးဖော်ဖို့ အသုံးမဝင်မှု မဖြစ်အောင် ကာကွယ်တဲ့ သဘောဖြစ်ပါတယ်။ တတိယ ရိုးတံကတော့ အသီးမထွက်သေးပါဘူး။ ဒါကြောင့် သူက နောက်တစ်ကြိမ် စိုက်ပျိုးထားခဲ့ပါတယ်။ နောက်ပိုင်းမှာ သုံးခုကနေ ကိုးခု၊ ကိုးခုကနေ နှစ်ဆယ့်ခုနစ်ခု ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ သိပ်မကြာခင်မှာပဲ ဒီစိတ်ဝိညာဉ် ဆေးပင်ကို အံ့မခန်း ပမာဏ တစ်ခုထိ ပိုင်ဆိုင်လာပါလိမ့်မယ်။

ကျူးရှမ်အာရဲ့ လှပတဲ့ မျက်လုံးတွေ ချက်ချင်းပဲ ပိုင်းစက်သွားခဲ့ပြီး လက်တစ်ဖက်ကို ဆန့်ထုတ်ကာ ဆေးပင်ကို ယူလိုက်ပါတယ်။

လင်းဟန်က သူရဲ့ညာဘက်လက်ကို မြှောက်ပြီးတော့ သူမရဲ့ လက်က ပစ်မှတ်ကို လွဲချော်သွား စေခဲ့ပါတယ်။

"ဂရန်းမာစတာလင်း ဒါက ဘာအဓိပ္ပါယ်လဲ"

လင်းဟန်က ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို စားပွဲပေါ်ကို ပြန်ထားလိုက်ပြီးတော့ မေးလိုကပါတယ်။

"အဲဒီရေးဟောင်း သမိုင်းဂင်နေရာက ဘယ်နားမှာလဲ"

ကျူးရှမ်အာက အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ ဒါပေမဲ့ သူမရဲ့ ဆရာသခင်တောင်မှ ဂူအတွင်းမှာ တာအိုဒဏ်ရာ တစ်ခုကို ရရှိခဲ့တယ် ဆိုတာကို ပြန်စဥ်းစားမိလိုက်တော့ ဂူရဲ့ အတွင်းမှာ ဘယ်လောက်ပဲ ကြီးမားတဲ့ ကံကြမ္မာ အခွင့်အလမ်းကြီး ရှိနေပါစေ ကိစ္စမရှိပါဘူး။ အဲဒါက သူမနဲ့ သူမရဲ့ ဆရာသခင်အတွက် မဟုတ်ပါဘူး။ ဒါကြောင့် သူမက ပြတ်ပြတ်သားသားနဲ့ ဖြေလိုက်ပါတယ်။

"စိုက်ခင်းတောင် သိမ်းငှက်သစ်သား ချိုင့်ပုံမ်း"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ သူရဲ့လက်ကို မြှောက်ပြီး ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို စားပွဲပေါ်မှာ ချန်ထားပေးခဲ့လိုက်ပါတယ်။

ကျူးရွှမ်အာက အလျင်အမြန်ပဲ စိတ်ဂိုညာဉ် ဆေးပင်ကို သူမရဲ့ သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းလိုက်ပါတယ်။ သူမကို ကြည့်ရတာ အရမ်းကို ကျေနပ်ပီတိ ဖြစ်နေပုံရပြီး သူမက ပြောလိုက်ပါတယ်။

"ကျေးဇူးအများကြီး တင်ပါတယ် ဂရန်းမာစတာလင်း"

လင်းဟန်က သူရဲ့လက်ကို ခါပြီးတော့ တုံ့ပြန်လိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းထွက်သွားလို့ ရပြီ"

ကျူးရွှမ်အာရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူက သူမကို မြင်တွေ့ရတာ ဘယ်လောက်တောင် စိတ်အနှောင့်အယှက် ဖြစ်နေလို့ သူမကို တကယ်ပဲ မောင်းထုတ်နေရတာလဲ။ ဒါအပြင် ဒီအပြုအမူတွေက ဟန်ဆောင်နေပုံ လုံးဝကို

မမြင်ရပါဘူး။ ဒါကပဲ သူမကို ပိုပြီးတော့တောင် စိတ်ပျက်အားလျော့ သွားစေခဲ့ပါတယ်။

အမျိုးသမီးတွေက တကယ်ပဲ ထူးဆန်းပါတယ်။ စောစောကပဲ သူမအနေနဲ့ လင်းဟန်က သူမကို ချစ်ခင်တွယ်တာနေတယ်လို့ နားလည်မှု လွဲမှားခဲ့ပါသေးတယ်။ ပြီးတော့ လင်းဟန်က သူမကို တစ်စုံတစ်ခု လုပ်မှာကို စိုးရိမ်ထိတ်လန့် နေခဲ့ပါတယ်။ အခုတော့ လင်းဟန်က သူမကို လုံးဝ ဂရုမစိုက်တဲ့အခါမှာ သူမက စိတ်ပျက်သွားခဲ့ပါတယ်။

ဟူး။

သူမက စိတ်ထဲကနေ ကျိတ်ပြီးတော့ ဒေါသထွက်နေပြီး မေးလိုက်ပါတယ်။

"ဂရန်းမာစတာလင်းက ကျန်းကလန်ရဲ့ သားမက်လောင်း ဖြစ်ဖို့အတွက် အဆင့်သင့် ဖြစ်နေပြီ မဟုတ်လား"

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်က သူ့ရဲ့တောင်းဆိုမှုကို လွယ်လွယ်ကူကူနဲ့ ပြောင်းလဲပြီး သူမကို ကြက်သွေးရောင် အေးစိမ့်ရေခဲ ဆေးပင်ကို

ပေးမှာမဟုတ်ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ တန်ပြန်တိုက်စစ်ဆင်လိုက်ပါတယ်။

"တကယ်လို့ အဲဒီလိုဆိုရင်ရော ဘာဖြစ်လို့လဲ။ သဂျန်တိုနေတာလား"

အိပ်မက်မက်နေပေါ့။

ကျူးရှမ်အာက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတစ်ကြိမ် ကျင်းပတဲ့ ကျန်းကလန်ရဲ့ သတို့သားလောင်းရှာဖွေတဲ့ ပြိုင်ပွဲမှာ ပါရမီရှင် အဆင့်ဇယားက ထိပ်ဆုံးဆယ်ယောက် အဖွဲ့ဝင်တွေ ပါဝင်ယှဉ်ပြိုင်ရုံသာမက ပြီးခဲ့တဲ့ ပါရမီရှင် အဆင့်ဇယား အနည်းစုက လက်ရွေးစင်တွေတောင်မှ ပေါ်ထွက်လာလိမ့်မယ်။ သူတို့အားလုံးက ပန်းဖူးအဆင့်ကို ချိုးဖျက် ဝင်ရောက်နိုင်ခြင်း မရှိသေးပေမဲ့ သူတို့ရဲ့ စွမ်းရည်တွေက အရမ်းကို ထူးချွန်တယ်။ တချို့တွေဆိုရင် ပန်းဖူးအဆင့်ရဲ့ ခြေလှမ်းတစ်ဝက် အဆင့်ထိတောင်မှ ရောက်နေကြပြီ"

လင်းဟန်က ပြုံးရုံပဲ ပြုံးနေလိုက်ပါတယ်။ သူရဲ့လက်ရှိ စွမ်းရည်က ပန်းဖူးအဆင့်ရဲ့ ခြေလှမ်း တစ်ဝက်ကို ရောက်ရှိလို့ နေပါပြီ။ ပြီးတော့ နောက်ပိုင်းမှာ သူက ပန်းဖူးအဆင့်ကို ပိုပိုပြီးတော့ နီးကပ်လာပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ အဲဒီအဆင့် ကျင့်ကြံသူတချို့ ပေါ်ထွက်လာခဲ့မယ် ဆိုရင်တောင်မှ သူ့အနေနဲ့ သူတို့ကို ရိုက်နက်ဆုံးမပစ်နိုင်ပါတယ်။

ကျူးရှမ်အာရဲ့ လှပတဲ့ မျက်လုံးတွေ အရောင်ပြောင်း သွားခဲ့ပါတယ်။ သူမက ရုတ်တရက် မေးလိုက်ပါတယ်။

"ဂရန်းမာစတာလင်း ရှမ်အာရဲ့ မျက်နှာအစစ်အမှန်ကို မြင်ချင်လား"

ဘယ်လိုကြီးလဲဟ။

လင်းဟန်က သူမကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ကျူးရှမ်အာက အနည်းငယ် ပြုံးရုံပဲ ပြုံးပြီးတော့ မတ်တတ်ရပ်ပြီး ထွက်သွားရင်းနဲ့ ပြောလိုက်ပါတယ်။

"ဘယ်အချိန်မှာမဆို ရှမ်အာမှာ ကောင်းမွန်တဲ့ စိတ်နေစိတ်ထားတစ်ခု ရှိရင် ရှမ်အာရဲ့

မျက်နှာအစစ်အမှန်ကို ဂရန်းမာစတာလင်း ဖျတ်ခနဲမြင်ခွင့် ပြုပါမယ်”

အဲဒီလိုမျိုး ပြောပြီးတဲ့နောက်မှာ သူမရဲ့ သေးသွယ်ကျစ်လစ်တဲ့ ခါးလေးကို လှုပ်ပြီး ပြိုင်ဘက်ကင်းအောင် တင့်တယ်လှပမှုတွေနဲ့ လှုပ်ရှားပြီး ထွက်သွားလိုက်ပါတယ်။

မကောင်းဆိုးဂါးမလေးပဲ။

လင်းဟန်လို သိုင်းပညာအပေါ်မှာပဲ စိတ်ဂိုညာဉ် နလုံးသား တစ်ခုလုံးကို အာရုံစိုက်ထားတဲ့ လူတစ်ယောက်တောင်မှ သူမရဲ့ ရှားပါးလှတဲ့ ဆွဲဆောင်မှု မြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ သူ့ရဲ့စိတ်ထဲမှာ အရမ်းကို ပြင်းထန်တဲ့ လိုချင်တပ်မက်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ သူ့အနေနဲ့ နောက်ကနေ လိုက်သွားပြီး သူမကို မြေကြီးပေါ်ကို တွန်းလှဲပြီးတော့ ဒချိဒချိ ပစ်ချင်တဲ့ စိတ်တွေတောင် ပေါ်လာခဲ့ပါတယ်။

သူကအလျင်အမြန်ပဲ သူ့ရဲ့စိတ်တွေကို ထိန်းချုပ်လိုက်ပါတယ်။ ဘယ်သူပြောသလဲ။ အရမ်းကို ဆွဲဆောင်မှုရှိတဲ့ ဒီအမျိုးသမီးက ဆွဲဆောင်ဖြားယောင်းတဲ့

ပညာကို မသိနားမလည်ဘူး ဆိုတာကိုပေါ့။ ဆန့်ကျင်ဘက် ဆိုသလိုပဲ ပုံမှန်အားဖြင့် အရမ်းကို သန့်စင်တဲ့ အပြုအမူ ရှိတဲ့ လူတစ်ယောက် ရုတ်တရက်ဆိုသလို ဆွဲဆောင်မှုတစ်ခု လုပ်လာခဲ့မယ်ဆိုရင် ပိုပြီးတော့တောင် ဆွဲဆောင်မှုရှိပါတယ်။

တကယ်ပဲ အချောအလှတွေ အားလုံးက မြေခွေးတစ်ကောင်ကနေ အသွင်ပြောင်းလဲလာခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ စွဲမက်စရာကောင်းတဲ့ ဆွဲဆောင်မှုကို အသုံးပြုချင်သလား အသုံးမပြုချင်ဘူးလား ဆိုတဲ့ အချက်အပေါ် မှာပဲ မူတည်ပါတယ်။

နောက်တစ်ရက် ကုန်သွားပြီး ကျန်းကလန်ရဲ့ သတို့သားလောင်း ရွေးချယ်ပြိုင်ပွဲက တရားဝင် စတင်ခဲ့ပါပြီ။

လင်းဟန်က လှီယုထန်နဲ့ တခြားသူတွေကို စိတ်လှုပ်ရှားစွာနဲ့ ကြည့်ရှုဖို့အတွက် ခေါ် လာခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပြိုင်ပွဲက သုံးရက်တောင် ကျင်းပမှာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့အတွက်တော့ ဒီအချိန်မှာ ပါဝင်ယှဉ်ပြိုင်ဖို့ မလိုသေးပါဘူး။ တတိယမြောက်နေ့ကို ရောက်တဲ့ အထိ စောင့်ပြီးမှ ဝင်ပြိုင်ရင်တောင် အရမ်းကြီး နောက်ကျလိမ့်မှာ မဟုတ်ပါဘူး။ ဒါအပြင် သူက ဟန်လင်းအဖြစ်

လုပ်ရပါဦးမယ်။ ပြီးတော့ သော့ကိုရပြီးတဲ့ အခါကျရင် ထွက်ပြေးရပါဦးမယ်။ ကျန်းကလန်အတွက်ကတော့ သူတို့ကို နောက်ပိုင်းမှာ လျော်ကြေးပြန်ပေး ရပါလိမ့်မယ်။

"ဒီမှာ ပြိုင်နေစရာ လိုသေးလို့လား။ ပထမနေရာက သေချာပေါက် ပါရမီရှင် အဆင့်ဇယားက နံပါတ်တစ် ရန်ကျွင့်ဟောင်ပဲ ဖြစ်လိမ့်မယ်။ သူက မြောက်ပိုင်းဒေသရဲ့ လက်ရွေးစင် လူငယ်အားလုံးကို အနိုင်ယူခဲ့တာပဲလေ"

"ဟိဟိ ပြိုင်ပွဲက ပြိုင်ပွဲတစ်ခုပဲ။ ဒါပေမဲ့ အခု စိတ်ဂိညာဉ် ပစ္စည်းတွေ အသုံးမပြုရဘူးလို့ စည်းကမ်းချက် မထုတ်ထားဘူး။ ဒါကြောင့် လူအားလုံးရဲ့ တိုက်ပွဲစွမ်းအားက အကြီးအကျယ် ကွာခြားသွားလိမ့်မယ်။ နောက်ပြီးတော့ ပြိုင်ပွဲစင်မြင့်ကို မတက်ခင်မှာ သေခြင်းရှင်ခြင်း သဘောတူညီမှု လက်မှတ်အရင် ထိုးဖို့ လိုတယ်။ တိုက်ပွဲတစ်ခုက သေဆုံးသွားနိုင်တယ်။ သေတဲ့အထိတိုက်တဲ့ တိုက်ပွဲတစ်ခုက လက်ရည်စမ်းတိုက်ပွဲနဲ့တော့ လုံးဝကို ကွဲပြားတယ်လေ"

"နောက်ပြီးတော့ အရွယ်ရောက်နေတဲ့ လူငယ်အမျိုးသား လက်ရွေးစင်တွေလည်း ဝင်ရောက် ယှဉ်ပြိုင်ကြလိမ့်မယ်။ ရန်ကျွင့်ဟောင်က သူမျှော်လင့်ချက်အတိုင်း လုပတဲ့

အမျိုးသမီးကို ခေါ်ဆောင်သွားချင်ရင်တော့ ခက်ခဲလိမ့်မယ်”

“အဲဒါမှန်တယ်။ ဒီသတို့သားလောင်းရှာဖွေတဲ့ ပြိုင်ပွဲက သေချာပေါက် ပါရမီရှင် ပြိုင်ပွဲထက် ပိုပြီးတော့ စိတ်လှုပ်ရှားစရာ ကောင်းလိမ့်မယ်”

ကျန်းကလန်က သတို့သားလောင်း ရှာဖွေတဲ့ ပြိုင်ပွဲအတွက် ကြီးကျယ်ခမ်းနားတဲ့ ပြိုင်ပွဲကွင်းက နေရာကို ငှားရမ်းထားခဲ့ပါတယ်။ ပြီးတော့ စိတ်ဂိညာဉ်ရတနာ စံအိမ်ကလည်း ဒီအခွင့်အရေးကို အသုံးချပြီးတော့ နောက်ထပ်အကျိုးအမြတ် ရအောင်လို့ လုပ်ခဲ့ပါတယ်။ ဘယ်သူမဆို ပရိသတ် အဖြစ်ပဲ ကွင်းထဲကို ဝင်ဝင် ပြိုင်ပွဲဝင်တစ်ယောက်အဖြစ်ပဲ ဝင်ဝင် ဝင်ကြေးအနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို ပေးရပါတယ်။

လင်းဟန်က ဝင်ကြေးကို ပေးပြီးတော့ ပြိုင်ပွဲကို ကြည့်ရှုဖို့ ဝင်ရောက်ခဲ့ပါတယ်။

ပထမရက်က တိုက်ပွဲတွေထဲမှာ သတိပြုမိလောက်အောင် ထင်ရှားတာမျိုး မရှိပါဘူး။ ပြိုင်ပွဲဝင် အများစုက ပါရမီရှင် အဆင့်ဇယားထဲကိုတောင် ဝင်အောင်လို့ မလုပ်နိုင်တဲ့ သူတွေ ဖြစ်ပြီး သူတို့ရဲ့ လက်ရှိ စွမ်းရည်တွေက သိပ်ပြီးတော့

မကောင်းပါဘူး။ ပြီးတော့ ဒါကလည်း ကျန်းကလန်နဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်က အတူတကွ ပူးပေါင်းဆောင်ရွက်ပြီးတော့ ပြိုင်ပွဲစင်မြင့်ရဲ့ စည်းမျဥ်းစည်းကမ်းတွေကို ပြောင်းလဲလိုက်ပါတယ်။

အပိုင်း(၄၄၂) စင်မြင့်ပေါ်ကို တက်ရောက်ပြီး တိုက်ပွဲကို ပါဝင်ယှဉ်ပြိုင်ခြင်း

စည်းမျဥ်းတွေက ပြောင်းလဲသွားခဲ့ပါပြီ။

ပြိုင်ပွဲစင်မြင့်ပေါ်ကို တက်ရောက်ဖို့အတွက် လူတစ်ယောက် ပထမဆုံး အနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်သောင်း ပေးရပါမယ်။ တကယ်လို့ လူတစ်ယောက်က ဆယ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့ပါက မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပြန်ထုတ်ယူနိုင်ပါတယ်။ ပြီးတော့ သူက နောက်တစ်လှည့်မှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အဆင့်မီသွားပါတယ်။ ထပ်ပြီးပြောရမယ်ဆိုရင် တကယ်လို့ လူတစ်ယောက်က စင်မြင့်ပေါ်မှာ တစ်နာရီလုံး ရပ်နေနိုင်မယ်ဆိုရင် အဲဒါက ဆယ်ပွဲဆက်တိုက် အနိုင်ရတယ်လို့လည်း သတ်မှတ်ယူဆနိုင်ပါတယ်။

ဒါက အရည်အသွေးပြည့်မီတဲ့ တိုက်ပွဲဖြစ်ပါတယ်။

တကယ်လို့ သုံးရက်ဆက်တိုက် ကျင်းပမယ်ဆိုရင် ဆီမီးဖိုင်နယ်အဆင့်က သုံးရက်နောက်ပိုင်းမှ ကျင်းပပါလိမ့်မယ်။ ဆယ်ပွဲဆက်တိုက် အနိုင်ရရှိတဲ့ သိုင်းပညာရှင် အားလုံးက ရှုံးထွက်ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်ရပါမယ်။ ပြီးတော့ နောက်ဆုံးအနိုင်ရရှိသူက ကျန်းကလန်ရဲ့ သားမက်လောင်း ဖြစ်လာပါလိမ့်မယ်။

ဒီသတင်းကို ကြားတဲ့ အခါမှာ လင်းဟာန်ရဲ့ မျက်နှာကကြွက်သားတွေ အရှုံးအမှူးကို ရှုံ့မဲ့ကုန်ပါတယ်။ ဒီစိတ်ဂိညာဉ် ရတနာ စံအိမ်က ပိုက်ဆံဘယ်လိုရှာရမလဲ ဆိုတာကို ကောင်းကောင်းကြီး သိနေတာပဲ။ သူတို့က သတို့သားလောင်း ရှာဖွေတဲ့ ပြိုင်ပွဲတစ်ခု အတွက်ကိုတောင် လှည့်ကွက်တွေ အများကြီး လုပ်ဆောင်ထားနိုင်ပါတယ်။ ပထမက ဆီမီးဖိုင်နယ်အတွက် လူရွေးချယ်တဲ့ အလှည့်ပဲ ဖြစ်ပါတယ်။ သူတို့ ကျင်းပပုံက ဒုတိယမြောက် ပါရမီရှင် ပြိုင်ပွဲတစ်ခုနဲ့တောင် တူညီပါသေးတယ်။

ဒါပေမဲ့လည်း ဒါက အရင်ကထက်စာရင် ပိုပြီးတော့တောင်မှ ဆွဲဆောင်မှု ရှိတယ်ဆိုတာကိုတော့ သူ့အနေနဲ့ ဂန်ခံရပါလိမ့်မယ်။ ပြီးတော့ တိုက်ပွဲတွေက ပိုပြီးတော့တောင်မှ ပြင်းထန်လာခဲ့ပါပြီ။ ဒါအပြင် ကျန်းကလန်ရော စိတ်ဂိညာဉ် ရတနာ စံအိမ်ပါ

အကျိုးအမြတ် အများကြီး ရရှိနိုင်ပါတယ်။ ပြိုင်ပွဲဝင်ကြေးတွေနဲ့ ဝင်ကြေးတွေကပဲ သူတို့ကို ငွေအများကြီး ရသွားစေပါလိမ့်မယ်။

ကျွမ်းကျင်မှု နည်းတဲ့ လူတွေကတော့ ပြိုင်ပွဲစင်မြင့်ပေါ်မှာ အချိန်ကြာကြာ နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူတို့က ပါဝင်ယှဉ်ပြိုင်ချင်တယ်ဆိုရင် မူလစွမ်းအင် ပုံဆောင်ခဲ တစ်သောင်းကို ပေးရပါမယ်။ ဘယ်သူကများ ဒီလောက်ငွေကြေးပမာဏကို အလကား ဖြစ်ခံမှာလဲ။ နောက်ပြီးတော့ လူရွေးချယ်မှုက အနည်းဆုံး သုံးရက်ကျင်းပမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကများ တတိယနေ့ရောက်တဲ့ အထိစောင့်ပြီးတော့ ပြိုင်ပွဲဝင်ဖို့ မလုပ်ချင်ပဲ နေမှာလဲ။ ဘာလဲ သူတို့မှာ လုံလောက်တဲ့ အချိန်မရှိလို့လား။

အစွမ်းထက်တဲ့ ကျင့်ကြံသူတွေက တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ ရန်ကျွင့်ဟောင်၊ လုရန်နဲ့ပ ယုစွမ်လွမ်တို့ အားလုံးပဲ လှုပ်ရှားလာကြပါတယ်။ သူတို့က လုံးဝကို အစွမ်းထက်ကြပြီး ဘယ်သူကမှ သူတို့ကို စိန်ခေါ်ဖို့ ခြေလှမ်း မတိုးပံ့ပါဘူး။ ဒါကြောင့် စင်မြင့်ပေါ်မှာ တစ်နာရီလုံး ရပ်နေပြီးတဲ့ နောက်မှာတော့ သူတို့ကို

အောင်အောင်မြင်မြင်နဲ့ ဆီးမီးဖိုင်နယ် အဆင့်ကို တက်သွားစေခဲ့ပါတယ်။

လင်းဟန်က ဒီနေ့မှာ လှုပ်ရှားဖို့ ဆန္ဒလုံးဝ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ရုပ်ဖျက်ဖို့ လိုပါသေးတယ်။ သူက စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ဖို့ပဲ ဆုံးဖြတ်ထားပါတယ်။

ပထမရက်က အဆုံးသတ်ကို ရောက်လို့ လာခဲ့ပါပြီ။ ပါရမီရှင် အဆင့်ဇယားပေါ်က အဆင့်မြင့်တဲ့ လူတွေအားလုံးပဲ နောက်တစ်လှည့်အတွက် အဆင့်မီကြပါတယ်။ ပြီးတော့ လူသိများ ထင်ရှားကျော်ကြားတဲ့ ပုံရိပ်ကို ပိုင်ဆိုင်ထားတဲ့ လူတော်တော်များများလည်း နောက်တစ်လှည့်ကို လွယ်လွယ်ကူကူနဲ့ ကျော်ဖြတ်သွားခဲ့ပါတယ်။ နှိုင်းယှဉ်ရမယ်ဆိုရင် ဒီလူတွေက လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပါရမီရှင် အဆင့်ဇယားပေါ်က လူတွေထက်တောင် သန်မာပါသေးတယ်။ တကယ်တော့ သူတို့က နှစ်ပေါင်းအနည်းငယ် ပိုပြီးတော့ လေ့ကျင့်ခဲ့ကြပါတယ်။

ပန်းဖူးအဆင့်ရဲ့ အောက်မှာတော့ နှစ်ပေါင်းတော်တော်များများ ကွာဟတာကို ထည့်သွင်း

ရေတွက်လို့ မရနိုင်ပါဘူး။

ဒုတိယမြောက်နေ့မှာ လင်းဟန်က သူရဲ့ပုံစံကို ဟန်လင်းနဲ့တူအောင် ရုပ်ဖျက်လိုက်ပြီး လွှီယုထန်နဲ့ တခြားသူတွေနဲ့ ခွဲထွက်လာပြီး ပြိုင်ပွဲကွင်းထဲကို တစ်ယောက်တည်း ဝင်လာခဲ့ပါတယ်။ သူက မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံးကို ပေးချေပြီး ပြိုင်ပွဲကွင်းထဲ ဝင်လာခဲ့သည်။

"ဂရန်းမာစတာလင်း"

ဆွဲဆောင်မှုရှိပြီး ချိုသာတဲ့ အသံက ရုတ်တရက် သူ့အနောက်ကနေ ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။

လင်းဟန်က လှည့်ကြည့်လိုက်ပါတယ်။ အံ့အားသင့်နေမှုကို ဟန်ဆောင်ပြီးတော့ သူကပြောလိုက်ပါတယ်။

"မင်းငါ့ကို ခေါ်သလား"

အံ့အားသင့်သွားတဲ့ အမူအရာတစ်ခုက ချက်ချင်းပဲ ရင်းပောင်ရဲ့ လှပချောမောတဲ့ မျက်နှာပေါ်မှာ

ပေါ်လာခဲ့ပါတယ်။ ဒီလူက တကယ်ပဲ လင်းဟန်မဟုတ်ဘူးပဲ။ သူမက ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တောင်းပန်ပါတယ်ရှင်။ ကျမက ရှင့်ကို လူတစ်ယောက်နဲ့ မှားသွားတယ်"

သူမက ချက်ချင်းပဲ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ သူတို့က ဒီလောက်တောင် တူညီနေရတာလဲ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူက မျက်နှာတစ်ခုတည်းကိုပဲ ရုပ်ဖျက်ပြောင်းလဲခဲ့တာ ဖြစ်ပြီးတော့ ခန္ဓာကိုယ်လှုပ်ရှားမှု ပုံစံတွေကို ဘာမှမလုပ်ခဲ့ပါဘူး။ ဒါကြောင့် ခင်မင်ရင်းနှီးနေတဲ့ လူတွေက သူ့ကိုတချက်ကလေး ကြည့်လိုက်တာနဲ့ သူ့ကိုအလွယ်တကူပဲ လင်းဟန်လို့ ထင်မြင်သွားပါလိမ့်မယ်။

ဒါက အောင်းဖန်နဲ့ အတူတူပါပဲ။ ရင်ဟောင်လည်း အတူတူပါပဲ။

လင်းဟန်က စာရင်းပေးသွင်းတဲ့ နေရာဆီကို ရောက်လာခဲ့ပြီး

မူလစွမ်းအင် ပုံဆောင်ခဲ တစ်သောင်းကို ဆွဲထုတ်ပြီးတော့ သူရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ရှုတ်ပြလိုက်ပါတယ်။

"ဟန်လင်း အသက်နှစ်ဆယ်။ ငါက တိမ်တောင်တန်းကနေ လာခဲ့တာ"

သူက စိန်ခေါ်သူ အမှတ်တံဆိပ် တစ်ခုကို လက်ခံရရှိခဲ့ပါတယ်။ ဒါက သူ့အနေနဲ့ ပြိုင်ပွဲဝင်ကြေး ပေးပြီးပြီ ဆိုတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တိုက်ပွဲကို ဝင်ရောက်တဲ့အခါ သူ့အနေနဲ့ ဒီအမှတ်တံဆိပ်ကို လက်လွှဲပြောင်း ပေးအပ်လိုက်ဖို့ပဲ လိုအပ်တာပါ။ နောက်ပြီး တကယ်လို့ သူက ဆယ်ပွဲဆက်တိုက် အနိုင်ရရှိခဲ့မယ်ဆိုရင် ဒီစိန်ခေါ်မှု အမှတ်တံဆိပ်ကို သူရဲ့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်သောင်းကို ပြန်ထုတ်ယူဖို့အတွက် လိုအပ်ပါလိမ့်မယ်။ တကယ်လို့ ဒါကို ပျောက်ဆုံးသွားမယ် ဆိုရင်တော့ အရမ်းကို နမြောဖို့ ကောင်းပြီးတော့ ကံကြမ္မာဆိုးနဲ့ တည့်တည့်ကို တိုးတယ်လို့ပဲ ဖြေသိမ့်ရုံပဲ ရပါလိမ့်မယ်။

သူကတော့ သီးသန့်ဖယ်မထားနိုင်ပါဘူး။ ဒါကြောင့် တိုက်ပွဲစင်မြင့်အထက်မှာ ဝင်ရောက် ယှဉ်ပြိုင်သူ

အတွဲတစ်တွဲ ပြီးဆုံးသွားတာနဲ့ သူက ချက်ချင်းပဲ ပြိုင်ပွဲစင်မြင့်အထက်ကို တက်လာခဲ့ပါတယ်။

"စိန်ခေါ်သူ တံဆိပ်ပြား ဘယ်မှာလဲ"

ဒိုင်လူကြီးက ချက်ချင်းပဲ သူ့ဆီကို လက်တစ်ဖက် ဆန့်ထုတ်လိုက်ပါတယ်။

လင်းဟန်က သူရဲ့စိန်ခေါ်သူ တံဆိပ်ပြားကို ပစ်ပေးလိုက်ပြီး ဒိုင်လူကြီးက ဖမ်းယူလိုက်ပါတယ်။ တံဆိပ်ပြားကို တစ်ကြိမ်စစ်ဆေးပြီးတာနဲ့ ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"စလို့ရပြီ"

"ကောင်ကလေး မင်းကငါ့ရဲ့ ပြိုင်ဘက် ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်ဘူး။ မင်းဘာသာမင်း လိမ်လိမ်မာမာနဲ့ ဆင်းသွားတာက အကောင်းဆုံး ဖြစ်လိမ့်မယ်။ ဒါဆိုရင် မင်းရဲ့ အင်အားတွေ မကုန်တော့ဘူး"

ပြိုင်ဘက်ဖြစ်သူက ဗလတောင့်တောင့်နဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့ကိုကြည့်ရတာ အသက်သုံးဆယ်ခန့်

ဖြစ်ပါတယ်။ သူက အရပ်မြင့်ပြီး ကျန်းမာကြံ့ခိုင်တဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ အနည်းဆုံးတော့ သာမန်လူတွေထက် ခေါင်းနှစ်လုံးစာ ပိုပြီးတော့ မြင့်ပါတယ်။

ပြိုင်ပွဲစင်မြင့် အထက်ကို တိုက်ခိုက်ဖို့အတွက် ခြေလှမ်းချပ့်တဲ့ လူတွေက အနည်းဆုံးတော့ အစွမ်းတချို့ ရှိတဲ့ လူတွေဆိုတာ သေချာပါတယ်။ ဒီလူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး သူက ပထမအလွှာပဲ ရှိသေးတယ် ဆိုပေမဲ့ သူက အသက်လေးဆယ် အောက်မှာရှိတဲ့ လူတွေထဲမှာ လက်ရွေးစင်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။

သူက လင်းဟန်ထက် ဆယ်နှစ်ကျော်လောက် ကျင့်ကြံခဲ့ပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ အသာစီး တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူ့ကိုယ်သူ အရမ်းကို ယုံကြည်မှု ရှိနေတာပါ။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းက စင်မြင့်အောက်ကို ဆင်းမသွားရတာလဲ"

"စိတ်ကြီးဝင်နေတဲ့ ကောင်ပဲ"

ထိုလူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မေ့လိုက်တော့။ ငါက မင်းကို လက်သီးတစ်ချက်တည်းနဲ့ အသေသတ်ပစ်နိုင်တယ်။ ကောင်းပြီလေ။ မင်းက စကားကိုနားမထောင်မှတော့ ငါမင်းကို သတ်ပစ်ရလိမ့်မယ်"

သူက လက်သီးကို မြှောက်ပြီးတော့ လင်းဟန်ဆီကို ပြင်းထန်တဲ့ အားနဲ့ ထိုးချလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ အလင်းရောင် တစ်ချက် လင်းလက်သွားပါတယ်။ ဒီလိုဆိုမှတော့ သူ့အတွက် သနားညှာတာနေစရာ မလိုတော့ဘူး။ သူက လက်သီးတစ်လုံးကို သာမန်ကာလျှံကာပဲ ထိုးထည့်လိုက်ပါတယ်။ ဟုမ်း။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ မူလစွမ်းအင် တစ်ခုက ထွက်ပေါ်လာခဲ့ပြီး လက်သီးအပေါ်မှာ အစိမ်းအရင် ပုံစံတွေက ကြယ်တစ်စင်းလို လင်းလက်တောက်ပလို့ နေပါတယ်။

ဘုန်း။

"ဘာ။ မဖြစ်နိုင်ဘူး"

ထိုလူရဲ့ လက်သီးက လင်းဟန်ကို ထိသွားတဲ့ အချိန်မှာပဲ ဖျက်ဆီးခံလိုက်ရပါတယ်။ သွေးမြူခိုး တစ်ခုက ပန်းထွက်လာပြီး လင်းဟန်ရဲ့ လက်သီးကလည်း သူရဲ့ ခန္ဓာကိုယ် အရှေ့ကို ထိမိသွား ခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ မူလစွမ်းအင်တွေက အံ့အားသင့်စရာ အားလှိုင်း တစ်ခုကို ဖန်းတီးပြီး သူ့ကို ချက်ချင်းပဲ သွေးရေပန်းတစ်ခုလို ဖြစ်သွားစေခဲ့ပါတယ်။

လပြွတ်။

ပရိသတ်စင်မြင့်ထက် အပေါ်မှာ သုသာန် တစ်စပြင်လို တိတ်ဆိတ်ငြိမ်သက် သွားကြပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် ကျင့်ကြံသူတစ်ယောက်က အမှန်တကယ်ပဲ လက်သီး တစ်ချက်ကြောင့် ပေါက်ကွဲထွက်သွားခဲ့ပါတယ်။ ဒါက အရမ်းကို မလွန်လွန်းဘူးလား။ ဒါပေမဲ့ တစ်ခဏအတွင်းမှာပဲ စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်အားပေးမှုတွေက ထွက်ပေါ်လာခဲ့ပါတယ်။ သူတို့အနေနဲ့ ဒီနေရာမှာ လာထိုင်နေရတဲ့ အကြောင်းအရင်းက ပြင်းထန်းရက်စက်ပြီး သွေးထွက်သံယို ဖြစ်နေတဲ့ မြင်ကွင်းတွေကို မြင်ချင်လို့ပဲ

မဟုတ်လား။

"ဟန်လင်း တစ်ပွဲနိုင်"

ဒိုင်လူကြီးက စိန်ခေါ်သူ တံဆိပ်ပြားအပေါ်က နာမည်ကို တစ်ချက်ကြည့်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်ကြေညာလိုက်ပါတယ်။

"ဟန်လင်း ဟုတ်လား"

"ဟန်လင်းက ဘယ်သူလဲ။ ဒီလိုမျိုး စွမ်းအားနဲ့ပဆို သူက ပါရမီရှင် အဆင့်ဇယား အပေါ်မှာ ထိပ်ဆုံး အယောက်နှစ်ဆယ် စာရင်းထဲကို ဝင်ရောက်ဖို့ လုံလောက်တဲ့ အစွမ်းရှိတယ်။ ဒါပေမဲ့ ငါတို့တွေ သူ့ကို အရင်က မမြင်ဖူးဘူးဆိုတာ သိသာတယ်"

"ငါသူ့ကိုသိတယ်။ ဒီကောင်လေးက ဆောင်းလဂိုဏ်းက အသစ်လက်ခံလိုက်တဲ့ တပည့်သစ် တစ်ယောက်ပဲ။ သူက အဲဒီတပည့်သစ် ရွေးချယ်ပြိုင်ပွဲမှာ အောင်းကာလန်ရဲ့ သားခုနစ်ယောက် စလုံးကို အနိုင်ယူခဲ့တဲ့လူပဲ"

"ဘာပြောတယ်။ အောင်းကာလန်ရဲ့

သားခုနစ်ယောက်လုံးတောင်မှ သူနဲ့ရင်ဆိုင်တဲ့အခါမှာ လုံးဝကို မနိုင်ဘူး ဟုတ်လား။ သူက အရမ်းကို ဆန်းကြယ်ပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် ပထမ အလွှာမှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို လက်သီးတစ်ချက်တည်းနဲ့ ချေမှုန်းပစ်နိုင်တာက အံ့သြစရာ မဟုတ်တော့ဘူးပဲ"

"ဒါကထူးတော့ ထူးဆန်းတယ်။ သူက ဘာဖြစ်လို့ ပါရမီရှင် အဆင့်ပြိုင်ပွဲမှာ ဝင်မပြိုင်တာလဲ"

"ကြည့်ရတာ ဆောင်းလဂိုဏ်းက အောင်းကလန်ရဲ့ သားခုနစ်ယောက်ရဲ့ အောင်မြင်မှု အပေါ်မှာ သူ့ရဲ့အရိပ်တွေ ဖုံးလွှမ်းသွားမှာကို မလိုချင်လို့ သူ့ကို ပေးမပြိုင်တာ ဖြစ်ရမယ်"

"အဲဒါဟုတ်မယ်။ အောင်းကလန်ရဲ့ အကြီးအကဲချုပ်က ဆောင်းလဂိုဏ်းရဲ့ အစွမ်းထက်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ပဲ။ တကယ်လို့ သူက ပြောလိုက်မယ် ဆိုရင် ဟန်လင်းက ဘယ်လောက်ပဲ ပါရမီရှိရှိ သူ့ရဲ့ မကျေမချမ်းမှုတွေကို မျိုချထားရုံပဲ တတ်နိုင်လိမ့်မယ်"

အောင်းကလန်ရဲ့ သားခုနစ်ယောက်က ပရိသတ်တွေ

အပြင်းအထန် ဆွေးနွေးပြောဆိုနေတာကို မြင်လိုက်ရတဲ့ အခါမှာ သူတို့ရဲ့ အမူအရာတွေ အားလုံးက ရုပ်ဆိုးအကျည်းတန် သွားခဲ့ပါတယ်။ သူတို့အားလုံးအနေနဲ့ လင်းဟန်က ဒီနေရာမှာ တကယ်ပဲ ထွက်ပေါ်လာလိမ့်မယ်လို့ မမျှော်လင့် ထားကြပါဘူး။ သူတို့အားလုံးရဲ့ သွားတွေက လင်းဟန်ကြောင့် အကုန်လုံး ကျွတ်ထွက် သွားခဲ့ရပါတယ်။ အခုဆို သူတို့ရဲ့ သွားတွေက ပြန်ပေါက်လာပြီ ဆိုပေမဲ့ သူတို့ရဲ့ မျက်နှာတွေကို အချခံရပြီးတော့ နာကျင်မှုဒဏ်ကို ဘယ်လိုလုပ်ပြီးတော့ မေ့ဖျောက်လို့ ရနိုင်မှာလဲ။ ဒါအပြင် ဒီကောင်က သူတို့ရဲ့ ညီမငယ်လေးကိုပါ သတ်ပစ်ခဲ့ပါသေးတယ်။

အဖေက ဒီကောင်စုတ်ကို မသတ်ပစ်နိုင်သေးဘူးလား။

သူတို့ခုနစ်ယောက်လုံး ခေါင်းစားသွား ကြပါတယ်။ ပန်းဖူးအဆင့်ရဲ့ စွမ်းရည်နဲ့ဆိုရင် စိတ်ဂိညာဉ် ပင်လယ်အဆင့်က ကောင်စုတ်လေး တစ်ယောက်ကို မသတ်ပစ်နိုင်စရာ အကြောင်းလုံးဂ မရှိပါဘူး။ ဒီကောင်က အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့်ကိုပါ ချိုးဖျက်ဂင်ရောက် သွားခဲ့ပါပြီ။ နောက်ပြီးတော့ အချိန်တွေ ဘယ်လောက်များ ကုန်သွားသေးလို့လဲ။ ဒါကို ဒီကောင်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားခဲ့ပါပြီ။ ဒီနှုန်းက

တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ရပ်နေပြီးတော့ နောက်ထပ် စိန်ခေါ်မဲ့သူ တစ်ယောက်ကို စောင့်နေပါတယ်။

ဒါပေမဲ့လည်း သူရဲ့အစောတုန်းက လက်သီးအစွမ်းက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ စွမ်းအင်ဖြစ်ပြီး အဲဒီအချိန်မှာတော့ ဘယ်သူကမှ စင်မြင့်ပေါ်တက်ပြီးတော့ သူ့ကို စိန်မခေါ်ပံ့ကြပါဘူး။ လင်းဟန်ထက် မနိမ့်ကျတဲ့လူတချို့ ရှိတယ်ဆိုပေမဲ့လည်း သူတို့အနေနဲ့ အခုချိန်မှာ လင်းဟန်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲဖို့ အစီအစဉ်မရှိပါဘူး။ တကယ်တော့ ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေက ပြောင်းလဲသွားခဲ့ပါတယ်။ ဒါကြောင့် နောက်တစ်ဆင့်အတွက် အဆင့်မီဖို့ ဒီနေရာမှာ တိုက်ခိုက်နေစရာ မလိုအပ်သေးပါဘူး။

တစ်နာရီ ပြီးဆုံးခါနီး အချိန်မှာပဲ ယောက်ျားတစ်ယောက်က ပြိုင်ပွဲစင်မြင့်ထက်ကို ခုန်တက် လာခဲ့ပါတယ်။ သူက သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက် ဖြစ်ပြီးတော့ အသားအရေ အတော်အသင့် ဖြူပြီး မုတ်ဆိတ်မွေးဘာညာ မရှိပါဘူး။ သူရဲ့ဆံပင်တွေကတော့ မီးခိုးရောင် ဖြစ်ပြီး မှုန်ရီမှိုင်းနေသလို ဖြစ်နေပေမဲ့ သူရဲ့အသားအရေ

ချောမွေ့မှုနဲ့ သင့်တင့်ပါတယ်။

"လပြွတ်ပဲ။ ဓားမြန်ရန်ချီ ပဲဟ"

တစ်စုံတစ်ယောက်က စင်မြင့်ထက်ကို ကြည့်ပြီးတော့ အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"တကယ်ပဲ သူလား"

"ငါကြားဖူးတာတော့ ဒီလူက ဂုဏ်သတင်းကျော်ကြားမှုတွေဘာတွေကို လုံးဝမမက်မောဘူး။ သူ့ရဲ့ စွမ်းရည်က ပါရမီရှင်အဆင့်ဇယားမှာ ချိတ်ဖို့ ထိုက်တန်ပေမဲ့ ပါရမီရှင် ပြိုင်ပွဲကို ဘယ်တုန်းကမှ ဝင်ပြီးတော့ မပြိုင်ခဲ့ဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ လျင်မြန်လှတဲ့ ဓားကတော့ အရမ်းကို အံ့အားသင့်စရာကောင်းပြီး ပြောကြတာတော့ ကျင့်ကြံခြင်းအဆင့် တူထဲကဆိုရင် ဘယ်သူကမှ သူ့ရဲ့ ဓားမြန်ကို ဆန့်ကျင်ရင်ဆိုင်ပြီး အနိုင်ယူနိုင်စွမ်း မရှိကြဘူးတဲ့။ ဒါကအတော်လေးကို ချဲ့ကားပြောဆိုတယ် ဆိုပေမဲ့ သူ့ရဲ့စွမ်းရည်ကိုတော့ သက်သေပြနေတာပဲ"

"ဒါက ကောင်းမွန်တဲ့ တိုက်ပွဲကောင်း တစ်ခု ဖြစ်လိမ့်မယ်။ ဓားမြန်ရန်ချီက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို လွန်ခဲ့တဲ့

ငါးနှစ်ကတည်းက ချိုးဖျက်ဂင်ရောက် ပြီးခဲ့ပြီ။ သူရဲ့ပါရမီနဲ့ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်မှာ အနည်းဆုံးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ လေး ဒါမှမဟုတ် ငါး တောင်မှ ဖြစ်သင့်တယ် မဟုတ်လား”

“ဟီးဟီး ကြည့်ရတာ ဟန်လင်းတော့ ဒုက္ခနဲ့ လှလှတွေ့ကြပြီပေါ့ကွာ”

အပိုင်း(၄၄၃) လွယ်ကူတဲ့ နိုင်ပွဲတစ်ခု

ပရိသတ်တွေက လင်းဟန်နဲ့ ပတ်သက်ပြီးတော့ အရမ်းပဲ မယုံကြည်ထားကြပါဘူး။ သူရဲ့ လက်သီးတစ်ချက် နောက်မှာ ကြောက်စရာကောင်းတဲ့ အစွမ်းတစ်ခု ရှိတယ် ဆိုပေမဲ့ သူသတ်ပစ်ခဲ့တာက စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာမှာပဲ ရှိသေးပါတယ်။ ဓားမြန်ရန်ချီ လိုမျိုး လူသိများထင်ရှားတဲ့ လူတစ်ယောက်လည်း မဟုတ်ပါဘူး။ သူရဲ့ဓားနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေ ဘယ်လောက်တောင်များ ခုတ်ပိုင်းပစ်ခဲ့သလဲ ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

“ရန်ချီ သူ့ကိုသတ်ပစ်”

"ငါတို့ကို စိတ်မပျက်စေနဲ့"

ပရိသတ်တွေထဲက အားပေးကြမ်းတဲ့ လူတချို့က ကြမ်းကြမ်းတမ်းတမ်းနဲ့ အော်ဟစ်အားပေး နေကြပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲ တစ်တုံးကို သုံးပြီးတော့ ပြိုင်ပွဲကို လာခဲ့ရတဲ့ အကြောင်းပြချက်က သူတို့အနေနဲ့ သွေးဖုံးလွှမ်းနေတဲ့ တိုက်ပွဲတွေကို မြင်တွေ့ချင်လို့ပဲ ဖြစ်ပါတယ်။

ရန်ချီက မလှုပ်ရှားပဲ လင်းဟန်ကို စိုက်ပြီးတော့ပဲ ကြည့်နေပါတယ်။ သူက ပြောလိုက်ပါတယ်။

"မင်းက အရမ်းကို သန်မာတယ်။ မင်းက ငါရဲ့အစွမ်းကုန် ထုတ်ဖော်တိုက်ခိုက်ဖို့ အဆင့်မီတယ်"

"အိုး ဒါဆိုရင် မင်းမှာရော ငါအစွမ်းကုန် တိုက်ခိုက်ဖို့အတွက် အဆင့်မီရဲ့လား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့်က တစ်စုံတစ်ယောက်က သူရဲ့စွမ်းရည်တွေ အပြည့်အဝထုတ်ဖော်အောင် ဖိအားပေးနိုင်ဖို့ မျှော်လင့်

ထားပါတယ်။ လက်ရှိမှာ သူက အရမ်းကို မြင့်တဲ့နေရာမှာ အထီးကျန်စွာနဲ့ ရပ်တည်နေပြီး လူသူကင်းမဲ့တဲ့ အဝေးတစ်နေရာမှာ နေရသလိုမျိုး ခံစားနေရပါတယ်။

"ငါ့ရဲ့ဓားကိုကြည့်"

ရန်ချီက လှုပ်ရှားလိုက်ပါပြီ။

ရွှစ်

သူ့ရဲ့လက်ထဲမှာ ဓားတစ်လက်က ရုတ်တရက် ပေါ်ထွက်လာခဲ့ပါတယ်။ ဓားသွားက ပုစဉ်ရင်ကွင် တစ်ကောင်ရဲ့ အတောင်ပံလိုမျိုး ပါးလွှာပြီး သူ့ရဲ့လက်ကောက်ဝတ်ကို တချက်လှုပ်လိုက်တာနဲ့ ဓားသွားရဲ့ထိပ်ဖျားက လင်းဟန်ရဲ့ ဘယ်ဘက်ပခုံးနားမှာ ပေါ်ထွက်လာခဲ့ပါတယ်။ ဒါက တကယ်ပဲ အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းတစ်ခု ဖြစ်ပါတယ်။

"ဒါက အရမ်းကို မြန်တာပဲ။ သူက တကယ်ပဲ ဓားမြန်ရန်ချီဆိုတဲ့ နာမည်နဲ့ ထိုက်တန်တယ်"

"ပြီးသွားပါပြီ။ ဟန်လင်းက သေချာပေါက် တစ်ကွက်တည်းနဲ့

ရှုံးနိမ့်သွားလိမ့်မယ်"

ပရိသတ်တွေက စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်နေကြပါတယ်။ ဒါပေမဲ့လည်း ရန်ချီက လင်းဟန်ရဲ့ ဘယ်ဘက်လက်မောင်းကိုပဲ ဦးတည်ထားတဲ့ အကြောင်းအရာအတွက်တော့ သူတို့ရဲ့ နှလုံးသားထဲမှာ အကြီးအကျယ်ကို စိတ်ပျက်နေကြပါတယ်။ တကယ်လို့ သူကသာ လင်းဟန်ကို သတ်ပစ်လိုက်မယ်ဆိုရင် ပိုပြီးတော့ အကြီးအကျယ်ကို စိတ်လှုပ်ရှားစရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က အသာလေး ပြုံးပြီးတော့ သူရဲ့ညာဘက်လက်နဲ့ ဖမ်းဆုပ်လိုက်ပြီး ပြိုင်ဘက်ဖြစ်သူရဲ့ ပါးလွှာတဲ့ဓားက သူရဲ့လက်ထဲမှာ ပေါ်လာခဲ့ပါတယ်။

ရန်ချီရဲ့ အမူအရာက ပြင်းပြင်းထန်ထန်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူရဲ့ဓားက ဒီလောက်တောင် လျင်မြန်တာကို ဘယ်လိုလုပ်ပြီး ပြိုင်ဘက်ဖြစ်သူရဲ့ ဖမ်းဆုပ်ခြင်းကို ခံလိုက်ရတာလဲ။ သူက အလျင်အမြန်ပဲ သူရဲ့ဓားကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ သူရဲ့ နှင်းတောင်ပံဓားရဲ့ ထက်မြက်မှုကို ယုံကြည်မှု အပြည့်ရှိနေပြီး လင်းဟန်ရဲ့လက်ကို ပြင်းပြင်း ထန်ထန် ဒဏ်ရာရသွားစေဖို့ လုံလောက်ပါလိမ့်မယ်။

သူက ချက်ချင်းပဲ နင်းတောင်ပံဓားက လင်းဟန်ရဲ့လက်ထဲမှာ အမြစ်ပေါက်နေသလို တွယ်နေတာကို သတိပြုမိသွားခဲ့ပါတယ်။ သူ့အနေနဲ့ နည်းနည်းလေးတောင်မှ လှုပ်ရှားလို့ မရနိုင်ပါဘူး။

လင်းဟန်က သူရဲ့ဘယ်ဘက်လက်သီးကို ဖြည်းညှင်းစွာနဲ့ မြှောက်လိုက်ပါတယ်။

ရန်ချီက တကယ်လို့ သူရဲ့ဓားကို စွန့်လွှတ်ပြီး အခုချိန်မှာ အနောက်ကို ဆုတ်လိုက်မယ်ဆိုရင် ဒီလက်သီးကို ရှောင်တိမ်းနိုင်မယ်ဆိုတာ ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ ဓားသမား တစ်ယောက်အနေနဲ့ သူရဲ့ဓားနဲ့အတူ သေခြင်းရှင်ခြင်းကို ရင်ဆိုင်ရပါလိမ့်မယ်။

ရန်ချီက သူရဲ့ဓားကို လုံးဝ မစွန့်လွှတ်ပဲ သူတတ်နိုင်သလောက် ကြိုးစားပြီးတော့ ဓားကိုဆက်ပြီး ပြန်ဆွဲယူနေပါတယ်။

ကံမကောင်းတာက သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာခြောက်မှာ ရှိပေမဲ့ သူရဲ့ခွန်အားက လင်းဟန်လောက် အစွမ်းမထက်ပါဘူး။ သူ့အနေနဲ့

ဘယ်လောက်ပဲကြိုးစားကြိုးစား လင်းဟန်ရဲ့ ဖမ်းဆုပ်ထားမှုကနေ သူ့ရဲ့ဓားကို ဆွဲထုတ်ယူဖို့ ဘယ်လိုမှ မတတ်နိုင်ခဲ့ပါဘူး။ သူရဲ့ မျက်လုံးတွေ အေးခဲသွားပြီးတော့ ဓားကိုအရှေ့ကို ဆက်ပြီးတော့ တွန်းပြီး လင်းဟန်ရဲ့ ဘယ်ဘက်ပခုံးကို ဖောက်ထွက်သွားစေဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ဒါပေမဲ့ ဒါက လုံးဝကို အကျိုးမရှိတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

တကယ်တော့ ရန်ချီက ကျွမ်းကျင်တဲ့ ဓားသမား တစ်ယောက် ဖြစ်နေဆဲပါပဲ။ ကျယ်လောင်တဲ့ အသံနဲ့အတူ သူရဲ့ဓားထိပ်ဖျားကနေ ဓားချီအလင်း ခုနစ်ခု ထွက်ပေါ်လာပြီး လင်းဟန်ဆီကို ဝင်သွားခဲ့ပါတယ်။

ဒီလိုမျိုး သူတို့နှစ်ယောက် အကြားက အကွာအဝေး တိုတိုလေးကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ရှောင်တိမ်းနိုင်မှာလဲ။

လင်းဟန်က ပြုံးပြီးတော့ နည်းနည်းလေးမှ ရှောင်တိမ်းဖို့ မလုပ်ခဲ့ပါဘူး။ သူရဲ့ခေါင်းကို အနည်းငယ်ပဲ စောင်းလိုက်ပြီး ဓားချီက သူရဲ့မျက်လုံးကို မထိအောင်ပဲ လုပ်လိုက်ပါတယ်။ ရွှစ်ရွှစ်ရွှစ်။ ဓားချီအလင်း ခုနစ်ခုက သူရဲ့အပေါ်ကို

အတိအကျကို ကျရောက်လို့ လာခဲ့ပါတယ်။ ဒါပေမဲ့ အခုဆို သူက သံမဏိခန္ဓာကိုယ် ဖြစ်ပေါ်နေခဲ့တဲ့ အတွက်ကြောင့် သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်မာကျောမှုက အဆင့်တူ ပစ္စည်းတွေနဲ့ သွန်းလုပ်ထားတာနဲ့ နှိုင်းယှဉ်လို့တောင် ရပါတယ်။ ဓားချီအလင်း ခုနစ်ခုက သူ့အပေါ်ကို ကျရောက်သွားပြီး အမှတ်ကလေး နည်းနည်းတောင် မကျန်ရစ်ခဲ့ပါဘူး။

အဟွတ် အဟွတ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့အခါမှာ အားလုံး ချောင်းတွေ ဆိုးကုန်ပါတယ်။ ဘယ်လိုမျိုး ကြောက်စရာကောင်းတဲ့ ခုခံကာကွယ်မှုလဲ။

ဓားချီဆိုတာက သိုင်းပညာရှင် တစ်ယောက်ရဲ့ ကိုယ်ပိုင်ခွန်အားတွေ ပေါင်းစည်းခြင်းကနေ ဖြစ်ပေါ်လာပြီး ဓားသိုင်းပညာကို နားလည်သဘောပေါက်ခြင်းနဲ့လည်း သက်ဆိုင်ပါတယ်။ ရန်ချီက စိတ်ဂိညာဉ် ပလ္လင်အလွှာ ၆ အဆင့်မှာ ဖြစ်ပြီး သူရဲ့ ကိုယ်ပိုင်ခွန်အားနဲ့ ပတ်သက်ပြီး သံသယ ရှိစရာ မလိုပါဘူး။ နောက်ပြီးတော့ သူက ဓားချီအလင်း ခုနစ်ခုကိုတောင် ထုတ်ဖော်နိုင်ခဲ့ပြီး သူရဲ့ ဓားသိုင်းပညာအပေါ် နားလည်သဘောပေါက်နိုင်စွမ်းက

လုံးဂကို မညှံ့ဖျင်းပါဘူး။ နောက်ဆုံး အချက်က သူရဲ့ နှင်းတောင်ပံမားက အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီး သေချာပေါက် အားနည်းတဲ့ လက်နက်တစ်ခု မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီအချက်တွေ ပါတာတောင်မှ သူ့အနေနဲ့ လင်းဟန်ကို ခြစ်ရာလေး တစ်ခုတောင်မှ ကျန်နေအောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

"လပြွတ်ပဲ။ ဒီကောင်က လူမှဟုတ်သေးရဲ့လား"

"ဒီကောင်လေးရဲ့ အသားအရေက တန်ဖိုးမဖြတ်နိုင်တဲ့ သတ္တုတွေနဲ့ သွန်းလုပ်ထားတာ ဖြစ်နိုင်တယ်။ ဟုတ်တယ်မလား။ ဘယ်လိုလုပ်ပြီးတော့ မားချီလိုမျိုး အရာကတောင်မှ ခြစ်ရာလေးတောင် မထင်နိုင်ရတာလဲ"

"ဒီလိုမျိုး ကာကွယ်နိုင်စွမ်းက လူတစ်ယောက်ကိုတောင် မျှော်လင့်ချက်တွေ ကုန်သွားအောင် လုပ်ဖို့အတွက် လုံလောက်တယ်"

"ဘယ်သူကများ ဒီလိုမျိုးခံစစ်ကို ချိုးဖျက်အောင် လုပ်နိုင်မှာလဲ"

ပြိုင်ပွဲကွင်းဘေးက ပရိသတ်တွေ အားလုံးပဲ အံ့အားသင့်စွာနဲ့ ရေရွတ်ပြောဆို နေကြပါတယ်။ သူတို့ထဲက တချို့ဆိုရင် သူတို့ရဲ့လက်တွေနဲ့ မျက်နှာတွေကို ကုတ်ခြစ်ပြီး လုံးဝကို မယုံနိုင်တဲ့ အမူအရာတွေ ဖြစ်နေကြပါတယ်။

ဒါပေမဲ့ အားလုံးလို့တော့ မဆိုလိုပါဘူး။ ဥပမာ လုရန်၊ ကျူးရှမ်အာနဲ့ ယုခွမ်လွမ်တို့ အားလုံးပဲ တိုက်ခိုက်ချင်တဲ့ စိတ်အားထက်သန်မှု အမူအရာတွေ ဖြစ်ပေါ်နေကြပါတယ်။ ဒီလိုမျိုး ပြိုင်ဘက်က တကယ်ပဲ တိုက်ခိုက်ဖို့အတွက် ထိုက်တန်ပါတယ်။ သူတို့အားလုံးပဲ သူတို့ကိုယ် သူတို့ အရမ်းကိုမြင့်မားတဲ့ ယုံကြည်ချက်တွေ ရှိနေပြီး ကျင့်ကြံခြင်းအဆင့်တူက ပြိုင်ဘက် တစ်ယောက်နဲ့ မျက်နှာချင်း ဆိုင်တဲ့အခါမှာ သူတို့အားလုံးက ပြိုင်ဘက်ကင်းတယ်လို့ ယုံကြည်နေကြပါတယ်။

လင်းဟန်က လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီး ဘုန်းဆိုတဲ့ အသံနဲ့အတူ ရန်ချီရဲ့ မျက်နှာကို တိုက်ရိုက်ထိသွားပါပြီး ချက်ချင်းဆိုသလိုပဲ သူ့ကို လဲကျသွားစေခဲ့ပါတယ်။ ရန်ချီက သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒလေး နည်းနည်းမှ မရှိတဲ့အတွက် သူကလည်း လက်သီးချက်ကို ထိန်းသိမ်းထားခဲ့ပါတယ်။

"ဟန်လင်း အနိုင်ရတယ်"

ဒိုင်လူကြီးက ကြေညာလိုက်ပါတယ်။

ရန်ချီကို အနိုင်ယူပြီးတဲ့နောက်မှာ လင်းဟန်က ဆယ်ပွဲဆက်တိုက် အနိုင်ရယူ စုစည်းနိုင်ခြင်း မရှိပေမဲ့လည်း အချိန်က တစ်နာရီပြည့်သွားခဲ့တဲ့အတွက် သူ့အနေနဲ့ နောက်တစ်ဆင့်ကို ဂင်ရောက်ဖို့ အဆင့်မီသွားခဲ့ပါတယ်။

သူက ပြိုင်ပွဲစင်မြင့်ထက်ကနေ ဆင်းလာပြီးတော့ ကွင်းထဲကို ပြန်လာခဲ့ပါတယ်။ သူ့အနေနဲ့ ရှင်းရှင်းလင်းလင်း အာရုံခံမိလို့ ရပါတယ်။ လူတော်တော်များများက သူ့ကို စူးစိုက်ပြီးတော့ ကြည့်နေကြပြီး ဒါက သူ့ကို အနည်းငယ် ခေါင်းကိုက်သလို ခံစားရပါတယ်။ ဒါက ရုပ်ပိုင်းဆိုင်ရာ နာကျင်မှု တစ်ခု မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာ တစ်ခုပဲ ဖြစ်ပါတယ်။ ရန်ကျွင့်ဟောင်ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်နဲ့ တခြားသူတွေကလည်း အရမ်းကို ပြင်းထန်လွန်းပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးရုံပဲ ပြုံးလိုက်ပါတယ်။ လက်ရှိမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ထဲက ဘယ်သူကများ သူ့ကို ခြိမ်းခြောက်နိုင်စွမ်း ရှိလို့လဲ။

ဓားကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့က နောက်တစ်ကြိမ် ပြန်ပေါ်လာပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ပြန်ရောက်လာမှပဲ သူတို့တွေပဲ သူနဲ့တိုက်ခိုက်ဖို့ အဆင့်မီပါလိမ့်မယ်။

တကယ်တော့ သူက မွန်းစတားတစ်ကောင် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဓားကေရာဇ်နဲ့ တခြားသူတွေလည်း ဖြစ်နိုင်ကြပါတယ်။ ကောင်းကင်ဓားဂိုဏ်းက ရှေးဟောင်းအင်အားကြီး ဂိုဏ်းတစ်ခု ဖြစ်ပြီးတော့ နတ်ဘုရားနယ်မြေနဲ့ ပတ်သက်ဆက်နွယ်မှု ရှိပါတယ်။ သူရဲ့ယခင်ဘဝမှာ လူခုနစ်ယောက်ပဲ ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့ပြီး ဒါကပဲ ဓားကေရာဇ်နဲ့ တခြားသူတွေက ဘယ်လောက်တောင်မှ မွန်းစတားဆန်သလဲ ဆိုတာကို ဖော်ပြနေပါတယ်။

တတိယမြောက်နေ့မှာ လင်းဟန်က ပြိုင်ပွဲကျင်းပရာ နေရာမှာ ပေါ်မလာခဲ့ပါဘူး။ သူ့အနေနဲ့ နောက်ပိုင်းမှာ ဘယ်လိုမျိုး လက်ရွေးစင် ကျင့်ကြံသူတွေ ပေါ်ထွက်လာပြီး သူ့ရဲ့ပြိုင်ဘက် ဖြစ်လာမလဲ ဒါမှမဟုတ် သူတို့ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်တွေကို လေ့လာစူးစမ်းဖို့ ဆိုတာက သူ့အတွက်တော့ မလိုအပ်ပါဘူး။

ဘယ်သူပဲဖြစ်ဖြစ် သူ့အရှေ့မှာ ပေါ်ထွက်လာခဲ့ရင် လက်သီးတစ်ချက်တည်းနဲ့ တိုက်ပွဲကနေ ထွက်သွားအောင် လုပ်ပစ်လိုက်ဖို့ပဲ လိုပါတယ်။

နောက်တစ်ရက် ကုန်လွန်သွားခဲ့ပြီး ဆီမီးဖိုင်နယ်ပွဲတွေ စတင်လာပါပြီ။

စုစုပေါင်း လေးဆယ့်ကိုးယောက်က ဆီမီးဖိုင်နယ် ပွဲစဉ်အတွက် အဆင့်မီကြပါတယ်။ ဒါကြောင့် ပထမအဆင့်မှာ ဆယ့်ငါးယောက်က အလိုအလျောက် ဒုတိယအဆင့်ကို ကျော်ဖြတ်သွား ပါလိမ့်မယ်။ ပြီးတော့ ကျန်တဲ့ သုံးဆယ့်လေးယောက်က နောက်တစ်ဆင့်အတွက် အဆင့်မီတဲ့ နောက်ဆုံး ဆယ့်ခုနစ်ယောက်က ဘယ်သူတွေ ဖြစ်လိမ့်မလဲ ဆိုတာကို တိုက်ခိုက်ပြီးတော့ ဆုံးဖြတ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဘယ်သူက နောက်တစ်ဆင့်ကို အလိုအလျောက် ဖြတ်ကျော်သွားနိုင်မလဲ ဆိုတာကို မဲနှိုက်ပြီး ဆုံးဖြတ်မှာမဟုတ်ပဲ ကျန်းကလန်က ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဒါက ယေဘုယျအားဖြင့် မမျှတပါဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ် သတို့သားလောင်း ပြိုင်ပွဲရဲ့ ဦးစီးဦးဆောင်သူတွေဖြစ်တဲ့ သူတို့က ဒီလိုမျိုး ဆုံးဖြတ်နိုင်တဲ့

အစွမ်းတွေ ရှိလို့လားဆိုပြီး ဘယ်သူကများ မေးကြမှာလဲ။

ဒါကြောင့် ပါရမီရှင် အဆင့်ဇယားရဲ့ ပထမနေရာကို ရယူထားနိုင်ခဲ့တဲ့ ယုခွမ်လွမ်၊ ရန်ကျွင့်ဟောင်နဲ့ ချောင်ထန်းရီတို့ အားလုံးပဲ သံသယရှိစရာ မလိုပဲ နောက်တစ်ဆင့်ကို ဖြတ်ကျော်ရောက်ရှိ သွားခဲ့ပါတယ်။ လင်းဟန်နဲ့ လုရန်တို့လို လူငယ်ပါရမီရှင်တွေလည်း အတူတူပါပဲ။ ကျန်းကလန်က သူတို့နဲ့ ပတ်သက်ပြီး အကောင်းမြင်ထားတယ် ဆိုတာ သိသာထင်ရှားပါတယ်။ သူတို့ကို ပထမအဆင့် ပြိုင်ပွဲမှာ ထွက်မသွားစေချင်ပါဘူး။

ကံမကောင်းတာက ကျန်းကလန်မှာ သော့တစ်ချောင်းပဲ ရှိပါတယ်။ မဟုတ်လို့ရှိရင် သူတို့ကလန်က လက်ထပ်လို့ရတဲ့ အရွယ်ရောက်နေတဲ့ မိန်းကလေးတွေ တော်တော်များများကို ရှိပါတယ်။

ပထမအဆင့်က ပြီးဆုံးသွားခဲ့ပါပြီ။ ကျန်ရှိနေတဲ့ သုံးဆယ့်နှစ်ယောက်ရဲ့ နာမည်တွေက နောက်ဆုံးမှာ ထွက်ပေါ်လာခဲ့ပါပြီ။ ဒီပြိုင်ပွဲက ယောကျ်ားလေး တစ်ယောက်ပဲ ပါဝင်ယှဉ်ပြိုင်နိုင်တဲ့ လက်ထပ်ပြိုင်ပွဲတစ်ခု ဆိုပေမဲ့ နာမည်စာရင်းတွေကို တစ်ချက်လောက် ကြည့်လိုက်တာနဲ့ ဒီတစ်ကြိမ် ပါရမီရှင်ပြိုင်ပွဲထက် ပိုပြီးတော့

အဲ့ဒီဆန်းကြယ်ဖို့ကောင်းတဲ့ ပြိုင်ပွဲတစ်ခု ဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိရပါမယ်။

ဒီနေရာမှာ ပါရမီရှင် အဆင့်ဇယားအပေါ်က ထိပ်ဆုံးဆယ်ယောက် စာရင်းဝင်တဲ့ မျိုးဆက်တွေ တော်တော်များများ ပါဝင်ပါတယ်။ ပြီးတော့ လင်းဟန်လိုမျိုး အရမ်းကို မွန်းစတားဆန်တဲ့ သူတွေလည်း ပါဝင်ပြီး ပွဲကြည့်ပရိသတ်တွေရဲ့ အာရုံကို ဆွဲဆောင်နိုင်တဲ့ နောက်ထပ်လူ တစ်ယောက်လည်း ပါဝင်ပါတယ်။ သူကဘယ်လိုပုံစံ ရှိတယ် ဆိုတာကို ဘယ်သူမှ မသိပါဘူး။

ဘာဖြစ်လို့လည်းဆိုတော့ သူက မျက်နှာဖုံးတစ်ခုကို တပ်ဆင်ထားပါတယ်။ ဒါပေမဲ့ သူရဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံက အတော်လေးကို သေးငယ်ပြီး သာမန်လူတစ်ယောက်ထက် ခေါင်းတစ်လုံးလောက် နိမ့်တယ်ဆိုတာတော့ သိသာထင်ရှားပါတယ်။

သူရဲ့နာမည်က ကျန်းရှန်းလို့ ခေါ်ပါတယ်။ ဒါကတော့ နာမည်အတု တစ်ခုဆိုတာ သိသာ ထင်ရှားပါတယ်။

လင်းဟန်က သူ့ကို မျက်စိတချက် ဝေ့ကြည့်လိုက်တာနဲ့ ဒီလူက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ကိုးဆိုတာကို

သေချာသွားခဲ့ပါတယ်။ သူ့မှာလည်း လင်းဟန် မနှစ်သက်တဲ့ ထူးဆန်းတဲ့ အရှိန်အဂါတစ်ခု ရှိနေပါတယ်။

ဒုတိယအဆင့် တိုက်ပွဲတွေက စတင်ပါပြီ။ လင်းဟန်က ခုနစ်ယောက်မြောက် တိုက်ခိုက်ရမှာ ဖြစ်ပြီးတော့ သူရဲ့ပြိုင်ဘက်က အဖြူရောင်ဓားဘုရင် ရှန်းဇောင်ချန်ပဲ ဖြစ်ပါတယ်။

အစောပိုင်း တိုက်ပွဲအနည်းငယ်က လျင်မြန်စွာနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပွဲစီစဉ်သူတွေက အကောင်းဆုံး ကြိုးစားပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ ပြိုင်ပွဲဝင်တွေနဲ့ အားနည်းတဲ့ ပြိုင်ဘက်တွေကို ထိပ်တိုက်ရင်ဆိုင် ပေးတွေ့ခဲ့ပပါတယ်။ လင်းဟန်နဲ့ ရှန်းဇောင်ချန်တို့ အကြားက တိုက်ပွဲအတွက်ကတော့ သူတို့အနေနဲ့ လင်းဟန်က အသာစီးရမလား အသာစီးမရနိုင်ဘူးလား ဆိုတာကို လုံးဝကို မစဉ်းစားနိုင်ခဲ့ပါဘူး။

လင်းဟန်က စင်မြင့်ထက်ကို တက်ပြီးတော့ ရှန်းဇောင်ချန်ကို ခေါင်းညိတ်လိုက်ပါတယ်။ သူ့မှာ ဒီဓားသမားရဲ့ အထင်ကြီးလေးစားစရာ ကောင်းပြီး အနည်းငယ် နှစ်သက်သဘောကျမှု တစ်ခုရှိပါတယ်။

"ကျေးဇူးပြုပြီးစပါ"

ရှန်းဇောင်ချန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ လှုပ်ရှားမှုကို အရင်တုန်းက မြင်တွေ့ခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်က အရမ်းကို အစွမ်းထက်တယ် ဆိုတာကို သိနားလည်ခဲ့ပါတယ်။

လင်းဟန်က သူရဲ့လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးစပါ"

ရှန်းဇောင်ချန်က သူရဲ့ဓားကို ဆွဲထုတ်ယူလိုက်ပါတယ်။ ထန်။ တောက်ပလင်းလက်တဲ့ ဓားအလင်းတစ်ခုက ကောင်းကင်ဘုံထိအောင် ထိုးတက်သွားပြီး ချက်ချင်းဆိုသလို ဓားချီအလင်း ခုနစ်ခုက ထပ်ပြီးတော့ ထွက်ပေါ်လာပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

လင်းဟန်က ဘာကိုမှ သိပ်ပြီးတော့ မစဉ်းစားပါဘူး။ သူရဲ့မျက်နှာဆီကို တိုးဝင်လာတဲ့ တိုက်ခိုက်မှုကို

တန်းပြီးတော့ သူရဲ့လက်သီးကို မြှောက်ပြီး ပြင်းထန်တဲ့ လက်သီးတိုက်ခိုက်မှု တစ်တန်းကြီးကို ထုတ်လွှတ်လိုက်ပါတယ်။

ထန် ထန် ထန် ထန်။

လင်းဟန်က သာမန်ကာလျှံကာ ဆက်တိုက်ထုတ်လွှတ်လိုက်တဲ့ လက်သီးခုနစ်လုံးက လက်သီးချီတောင်မှ မလည်ပတ်ထားပဲ သူရဲ့တိုက်ခိုက်မှုကြောင့် ရှန်းဇောင်ချန်ရဲ့ လက်ထဲက ဓားရှည်ကို လွတ်ထွက်သွားစေပြီး သူက ဖမ်းဆုပ်လိုက်ပါတယ်။ ဒီအချက်ကြောင့် ရှန်းဇောင်ချန်က ရှုံးနိမ့်သွားခဲ့ပါတယ်။

အပိုင်း(၄၄၄) လုရန်ရဲ့ အသန်မာဆုံး တိုက်ကွက်

ပြီးခဲ့တဲ့နှစ် ပါရမီရှင် အဆင့်ဇယားပေါ်မှာ နံပါတ်နှစ်ဆယ့်ကိုး ချိတ်တဲ့ ရှန်းဇောင်ချန်။ ခုကျင်းပ ပြီးသွားတဲ့ ပါရမီရှင်ပြိုင်ပွဲမှာ ပိုပြီးတော့ တိုးတက်လာခဲ့ပြီး ထိပ်ဆုံးဆယ်ယောက် စာရင်းထဲကို ဝင်နိုင်ခဲ့ပါတယ်။ သူက ဒီတစ်ကြိမ်မှာတော့ အဆင့်ရှစ်ကို ရောက်ရှိခဲ့ပါတယ်။ အဖြူရောင် ဓားဘုရင်ဆိုတဲ့ နာမည်က ကမ္ဘာကြီးတစ်ခုလုံးမှာ ပဲ့တင်သံ

ထပ်စေခဲ့ပြီ သူကလည်း အသက်နှစ်ဆယ် ဂန်းကျင်ပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ နောက်ပိုင်းမှာ မြောက်ပိုင်းဒေသရဲ့ လူငယ်မျိုးဆက်သစ် ခေါင်းဆောင်တွေထဲက တစ်ယောက် ဖြစ်လာဖို့ ဖြစ်နိုင်ချေ အများကြီး ရှိပါတယ်။

ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်က တခြားလူ တစ်ယောက်ရဲ့ လွယ်ကူစွာနဲ့ ရိုက်နှက်ဆုံးမခြင်းကို ခံရပြီးတော့ လုံးဂကို ဖိနှိပ်ခြင်းကို ခံခဲ့ရပါတယ်။ လက်သီးခုနစ်လုံး ဆက်တိုက်ထိုးတာက သူ့ကို ရှုံးနိမ့်သွားဖို့ လုံလောက်တယ်ပေါ့။ ဒါက ဘယ်လိုမျိုးကြီးလဲ။

ပရိသတ်တွေ အားလုံးပဲ အံ့အားသင့်ကုန်ပြီး ဖျားချင်သလိုလိုတောင် ခံစားလိုက်ရပါတယ်။ ဆောင်းလဂိုဏ်းက ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်ကို ဘယ်လိုလုပ်ပြီး ပိုင်ဆိုင်ထား ရတာလဲ။ ကျင့်ကြံခြင်းအဆင့် တူညီတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့ အခါမှာ လက်သီးခုနစ်လုံးက ရှန်းဇောင်ချန်ကို ရှုံးနိမ့်သွားဖို့ လုံလောက်တယ်ပေါ့။ တကယ်လို့ သူသာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားမယ်ဆိုရင် ကျင့်ကြံခြင်းအဆင့်တူတဲ့ လူတွေအကုန်လုံးကို လှဲထုတ်ပစ်ပြီးတော့ ပြိုင်ဘက်ကင်းတဲ့ ခေတ်တစ်ခုကို

ထူထောင်နိုင် လိမ့်မယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

"ငါရှုံးသွားပြီ"

ရှန်းဖောင်ချန်က ချောင်းဆိုးပြီး သွေးအန်ထုတ်လိုက်ပါတယ်။ သူ့အနေနဲ့ ပြင်းထန်တဲ့ ဒဏ်ရာ တစ်ခုကို မခံစားရဘူး ဆိုပေမဲ့ တော်တော်လေး ပြင်းပြင်းထန်ထန် အတိုက်ခံလိုက်ရတာပါ။ ဒါပေမဲ့လည်း သူရဲ့မျက်လုံးထဲမှာ ပူလောင်ပြင်းပြတဲ့ တိုက်ပွဲဆန္ဒတွေက ဆက်ပြီးတော့ တောင်လောင်လို့ နေပါတယ်။

"မင်းကို ငါရဲ့ ရည်ရွယ်ချက်အဖြစ် သတ်မှတ်လိုက်ပြီ။ တစ်နေ့မှာ ငါမင်းကို လုံးဂကို အနိုင်ယူပြမယ်"

"မင်းကံကောင်းပါစေလို့ ဆုတောင်းပေးပါတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ဟာန်လင်းအဖြစ် အချိန်အကြာကြီး အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာ ရှန်းဖောင်ချန်က တကယ်မရှိတဲ့ လူတစ်ယောက်ကို တိုက်ခိုက်ဖို့အတွက် ရှာဖွေရပါလိမ့်မယ်။ ဒါကိုတွေးမိလိုက်တယ် ဆိုရင်ပဲ လင်းဟာန်က သူ့ကို အတော်လေးကို သနားသွားခဲ့ပါတယ်။

ရှန်းဖောင်ချန်က လင်းဟန်ကို အချိန်တစ်ခဏကြာမှ စိုက်ကြည့်ပြီးတော့ နောက်ဆုံးမှာ လှည့်ထွက်သွားခဲ့ပါတယ်။

"ကောင်းကင်ဘုံ အရမ်းကို အစွမ်းထက်တာပဲ။ တကယ်လို့ ဒီကောင်က ပါရမီရှင် အဆင့်ပြိုင်ပွဲမှာ ဂင်ရောက်ယှဉ်ပြိုင်ခဲ့မယ်ဆိုရင် သူ့ရဲ့စွမ်းရည်နဲ့ သေချာပေါက် နံပါတ်တစ် နေရာကို ဂင်တိုးနိုင်လိမ့်မယ်"

"ကြည့်ရတာ ပါရမီရှင် အဆင့်ဇယားကို အရေးမပါဘူးလို့ သူထင်နေတာလားများလား"

"အဲဒါပဲဟုတ်မယ်။ အဲဒီမှာ အစွမ်းထက်တဲ့ လူငယ်တစ်ယောက်ကို ငါမှတ်မိပြီ။ သူ့ရဲ့ လက်ဂါးရိုက်ချက်လေး တစ်ခုကပဲ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်နှစ်ဆယ်လုံး ရှိတယ်။ ဒါပေမဲ့ သူက ပါဂင်ယှဉ်ပြိုင်ဖို့ကို လုံးဂ ငြင်းပယ်ခဲ့တယ်"

"ဘာပြောတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကြယ်နှစ်ဆယ်လုံး ဟုတ်လား။ မင်းငါ့ကို နောက်နေတာလား"

"ဟီးဟီး မင်းဘာသာမင်း နည်းနည်းလောက် စုံစမ်းကြည့်လိုက်။ ဒီအကြောင်းကို ဘယ်သူတွေ သိသေးလဲဆိုတာကို မင်းသိလာရမယ်"

"ဒီလိုမျိုး စွမ်းရည်နဲ့ဆိုရင် သူ့အနေနဲ့ ပါရမီရှင် ပြိုင်ပွဲကိုတောင် ဝင်ပြီးတော့ ယှဉ်ပြိုင်နေစရာ မလိုဘူး။ အဲဒါက ကလေးတွေနဲ့ ကစားနေသလို ဖြစ်နေမှာပေါ့။ ဒါကအရမ်းကို သိမ်ငယ်စေ လိမ့်မယ်"

"အဲဒါက မဟုတ်သေးပါဘူး။ အဲဒီကောင်လေး ပြောတာတော့ သူက စိတ်ဂိညာဉ် ပစ္စည်း တစ်ခုကို အသုံးပြုပြီး အဲဒါကြောင့်ပဲ ဒီလိုမျိုး တိုက်ပွဲစွမ်းအားကို ရရှိစေတာတဲ့"

"ဟီးဟီး ငါလည်းပဲ အဲဒီသီအိုရီကို ပိုပြီးတော့ ယုံကြည်တယ်"

ပရိသတ်တွေရဲ့အကြားမှာ ဆွေးနွေးပြောဆိုနေကြပေမဲ့ တိုက်ပွဲတွေကတော့ ဆက်လက် ဖြစ်ပွားနေပါတယ်။

စီနီယာ လက်ရွေးစင် ကျင့်ကြံသူတွေက တကယ်ပဲ သူတို့ရဲ့ အချိန်တွေကို အလဟဿ မဖြစ်စေပဲ ကျင့်ကြံခြင်းမှာ အသုံးပြုခဲ့ကြပါတယ်။ တကယ်လို့ သူတို့ရဲ့ ပြိုင်ဘက်နဲ့ပ

တူညီတဲ့ ကျင့်ကြံခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ရှိနေတာတောင်မှ သူတို့ရဲ့ ကျင့်ကြံခြင်းက ပိုပြီးတော့ မြင့်မားပါတယ်။ ပြီးတော့ သူတို့အားလုံးက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို ရောက်ရှိလို့ နေခဲ့ပါပြီ။ ဒါအပြင် သူတို့အားလုံးက ဒီအဆင့်မှာ အချိန်အတိုင်းအတာ တစ်ခုထိ နေခဲ့ပြီးတော့ သူတို့ရဲ့ အခြေခံတွေကို မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာတောင့်တင်းစေခဲ့ပါတယ်။

ဒါကြောင့် စီနီယာ လက်ရွေးစင် ကျင့်ကြံသူတွေ အားလုံးပဲ နောက်တစ်ဆင့်တက်ရောက်ဖို့ အဆင့်မီခဲ့ပါတယ်။ ပြီးတော့ လူသစ်အနည်းငယ်ကပဲ ထူးချွန်ထက်မြက်တဲ့ အစွမ်းတွေနဲ့အတူ ပိုပြီးတော့ အစွမ်းထက်တဲ့ တိုက်ပွဲစွမ်းအားတွေကိုတောင်မှ ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။

ဥပမာ လုရန်။ သူရဲ့ နတ်ဆိုးသားရဲကောင်နဲ့ ပူးပေါင်းပြီးတော့ အံ့မခန်း တိုက်ပွဲစွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ ရန်ကျွင့်ဟောင်လည်း ရှိပါသေးတယ်။ သူက ဒီတစ်ကြိမ် ပါရမီရှင် အဆင့်ဇယားရဲ့ နံပါတ်တစ်နေရာကို ရယူထားတယ် ဆိုတဲ့အတိုင်းပဲ သူရဲ့ကျင့်ကြံခြင်းကလည်း စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုး အထွတ်အထိပ်ကို ရောက်ရှိလို့နေပါတယ်။ သူတို့က ရင့်ကျက်တဲ့

မျိုးဆက်တွေကပဲ ထူးချွန်ထက်မြက်တယ် ဆိုတာကို ခွင့်မပြုပါဘူး။ ထပ်ပြီးတော့ ပြောရမယ်ဆိုရင် လင်းဟာန်နဲ့ မျက်နှာဖုံးစွပ်လူလည်း ရှိပါသေးတယ်။ လူငယ်မျိုးဆက်ရဲ့ အားမာန်က နိမ့်ကျစရာအကြောင်း လုံးဝမရှိပါဘူး။

ဒုတိယအဆင့် တိုက်ပွဲတွေ ပြီးဆုံးသွားပြီး တတိယ အဆင့် တိုက်ပွဲကို လျင်မြန်စွာနဲ့ စတင်လိုက် ပါတယ်။ ဒီတစ်ကြိမ် လင်းဟာန်ရဲ့ ပြိုင်ဘက်က ဒီနစ်ပါရမီရှင် အဆင့်ဇယားမှာ နံပါတ်နှစ်ဖြစ်တဲ့ လုရန်ပဲ ဖြစ်ပါတယ်။

ကျူးရှွမ်အာကို အနိုင်ယူနိုင်ပြီးတော့ အားလုံးက ဒီနစ်ရဲ့ ပထမနေရာကို ခန့်မှန်းထားကြတဲ့ အတွက်ကြောင့် လုရန်မှာ အစွမ်းထက်တဲ့ တိုက်ပွဲစွမ်းအား ရှိတယ်ဆိုတာကိုတော့ သံသယ ရှိစရာ မလိုပါဘူး။ ဒါပေမဲ့လည်း သူအခု မျက်နှာချင်းဆိုင်နေရတဲ့လူက လင်းဟာန်ပါ။ သူရဲ့တိုက်ပွဲ စွမ်းအားက စိတ်ဝိညာဉ် ပလ္လင်အဆင့်ထဲမှာ ထိပ်တန်းအဆင့်ကို သာလွန်တယ်လို့တောင် တွက်ချက်လို့ ရနိုင်ပါတယ်။ သူက ဂမ်းနည်းစရာ အဆုံးသတ် တစ်ခုနဲ့ ဆုံတွေ့ရဖို့ ကံဇာတာ ပါလာတယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူနဲ့ သူ့ရဲ့အချစ်တော် မို့ရွှာသားရဲ့ဖြစ်တဲ့

တိမ်မြူခိုးသစ်ကျုတ်က စင်မြင့်ထက်ပေါ်ကို အတူတကွ ဆင်းသက်လာပြီးတော့ ဘယ်လိုမှ မယိမ်းယိုင်တဲ့ တောင်တစ်လုံးလိုမျိုး မားမားမတ်မတ် ရပ်တည်နေပါတယ်။

လုရန်က အရမ်းကို အစွမ်းထက်စွာနဲ့ တည်ဆောက်ထားတဲ့ ယောက်ျားတစ်ယောက် ဖြစ်ပါတယ်။ ဒီလိုမျိုး အေးစက်တဲ့ ရာသီဥတုမှာ သူက အကျႌတိုတိုလေး တထည်ကို ဝတ်ဆင်ထားပြီး သူရဲ့ ပခုံးတွေကိုတောင် ဖော်ပြထားပါတယ်။ လက်မောင်းက ကြွက်သားတွေက ကျောက်တုံးတွေလို မာကျောတောင့်တင်းနေပြီး လက်သီးတစ်ချက်တည်းနဲ့ တောင်တွေကို ဖျက်ဆီးပြီး မြေကြီးကို ကွဲအက်သွားစေနိုင်ပါတယ်။

ပြီးတော့ တိမ်မြူခိုးသစ်ကျုတ်ကို ကြည့်ရတာ ပိုပြီးတော့တောင်မှ အစွမ်းထက်မဲ့ပုံစံပါပဲ။ ၎င်းရဲ့ ခန္ဓာကိုယ်က သုံးမီတာ ရှည်လျားပြီး နှစ်မီတာခန့် မြင့်ပါတယ်။ ၎င်းရဲ့ခန္ဓာကိုယ်ကို နှင်းတွေလို ဖြူဖွေးတဲ့ သားမွေးကုတ် အကျႌနဲ့ ဖုံးအုပ်ထားသလိုမျိုး ဖဲသားလိုအိစက်ပြောင်လက်လို့ နေပါတယ်။ ၎င်းသစ်ကျုတ် အသက်ရှူထုတ်လိုက်တိုင်း ချက်ချင်းဆိုသလို ပတ်ဝန်းကျင်က အေးစက်တဲ့ လေထုထဲမှာ မြူခိုးတွေ ပေါ်လာခဲ့ပါတယ်။

"ဟန်လင်း ငါ့အနေနဲ့ မတတ်သာပဲ ဂန်ခံရလိမ့်မယ်။ မင်းက ငါဆုံတွေ့ဖူးသမျှ ပြိုင်ဘက်တွေ အထဲမှာ အသန်မာဆုံးပဲ"

လုရန်က လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

"မင်းက ငါ့အစွမ်းကုန် ထုတ်ပြီးတော့ တိုက်ခိုက်ဖို့ ထိုက်တန်တယ်။ ငါရဲ့အစွမ်းထက်ဆုံး တိုက်ကွက်ကို အသုံးပြုရလိမ့်မယ်။ အဲဒါက လွန်ခဲ့တဲ့ ရက်အနည်းငယ်တုန်းက ပါရမီရှင် ပြိုင်ပွဲမှာတောင်မှ ထုတ်မသုံးခဲ့ဘူး"

သူရဲ့စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ပရိသတ်တွေ အားလုံးပဲ အံ့အားသင့် သွားခဲ့ပါတယ်။ ဒီကောင်က ပါရမီရှင် အဆင့်ဇယားမှာ နံပါတ်နှစ် နေရာကိုပဲ ရယူခဲ့ပြီး သူရဲ့ စစ်မှန်တဲ့ စွမ်းရည်တွေ အကုန်လုံးကို ထုတ်ပြီးတော့ အသုံးမချခဲ့ဘူးလား။ သူ့မှာ အမှန်တကယ်ပဲ အစွမ်းထက်တဲ့ တိုက်ကွက်တစ်ခုကို သီးသန့်ဖယ်ထားသေးတာလား။ လပြွတ်ပဲ ဘာဖြစ်လို့ သူက အဲဒါကို အသုံးမပြုခဲ့တာလဲ။ သူက ပါရမီရှင် အဆင့်ဇယားက နံပါတ်တစ်နေရာကို မလိုချင်လို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

"မှားတယ်။ ဒါက အစွမ်းထက်ဆုံး တိုက်ကွက်ဆိုမှတော့ သူက လွယ်လွယ်ကူကူနဲ့ ဒါကို အသုံးပြုလိမ့်မှာ မဟုတ်ဘူး။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် တကယ်လို့ တခြားသူတွေက ဒါကို ကြိုတင်ခန့်မှန်းနိုင်မယ်ဆိုရင် သတိထားပြီးတော့ နေနိုင်လိမ့်မယ်"

"အင်း တကယ်လို့ သူက ပါရမီရှင် အဆင့်ဇယားမှာ ဒုတိယနေရာ ချိတ်တာကပဲ ပိုပြီးတောင် ကောင်းသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဆင့်တွေကို နောက်နှစ်မှာ ပြန်ပြီးတော့ ပြန်စီစဉ်ကြ ဦးမှာပဲ။ သူ့အနေနဲ့ လုံလောက်တဲ့ တိုက်ပွဲစွမ်းအားကို ဖော်ပြဖို့ပဲ လိုအပ်ပြီး ဒီရေကို ပြန်ပြီးတော့ ပြောင်းပြန်စီးဆင်းသလို ပထမနေရာကို ပြန်ရလိမ့်မယ်"

"အခု လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ်နှစ်ခုကို ဖွင့်ဖို့ သော့အတွက်ကြောင့် သူက ဝှက်ဖဲပေါ်သွားမှာကိုတောင် လုံးဝ ဂရုမစိုက်တော့တာပဲ"

"ဒါပေါ့။ သူ့အနေနဲ့ အထဲမှာရှိတဲ့ အမွေခံပစ္စည်းကို ရရှိနိုင်မယ်ဆိုရင် အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်လာနိုင်ချေရှိတယ်လေ။ ဘယ်သူမဆို ဒီလိုမျိုး ဆုလာဘ်အတွက် သူတို့အနေနဲ့ အစွမ်းကုန် ကြိုးစားကြလိမ့်မယ်"

"အင်း ငါက အစတုန်းက ဟန်လင်းက သေချာပေါက် ဒီတိုက်ပွဲကို အနိုင်ရလိမ့်မယ်လို့ ထင်ထားတာ။ ဒါပေမဲ့ ကြည့်ရတာ အခုဒီတိုက်ပွဲရဲ့ အဆုံးသတ်အတွက် သည်းထိတ်ရင်ဖို ကြည့်ရတော့မှာပဲ"

"ဟားဟား နည်းနည်းလောက် သည်းထိတ်ရင်ဖို ဖြစ်မှလည်း ပိုပြီးတော့ စိတ်လှုပ်ရှားဖို့ ကောင်းတော့မှာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အိုး ဒါဆိုရင် မင်းက စိတ်ပျက်စရာ မကောင်းဖို့ကို ငါမျှော်လင့်ပါတယ်"

လက်ရှိသူက ကျင့်ကြံခြင်း အဆင့်တူထဲမှာ ပြိုင်ဘက်ကင်းပြီးတော့ အေးစက်တဲ့ အထီးကျန်မှု တစ်ခုကို ခံစားနေရပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ကို ဒုက္ခနည်းနည်း ပေးနိုင်မယ် ဆိုရင်တော့ သူ့အနေနဲ့ အရမ်းကို ကျေနပ်ပျော်ရွှင်မိပါလိမ့်မယ်။

"မင်းရဲ့ ဆန္ဒအတိုင်းပါပဲ"

လုရန်က သုန်သုန်မှုန်မှုန်နဲ့ ပြောလိုက်ပါတယ်။ သူက ရုတ်တရက် အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။ သူရဲ့ လက်တွေကို တံဆိပ်ပုံစံ တစ်ခု ဖြစ်ပေါ်စေပြီး အော်ဟစ်လိုက်ပါတယ်။

"အသက်သုံးချောင်း ဖျက်ဆီးခြင်းသုံးမျိုး၊ သေခြင်းနဲ့ရှင်ခြင်း ပြန်လည်မွေးဖွားခြင်း တံဆိပ်တော်"

ဟုန်း။

သူရဲ့လက်ဂါးတွေမှာ မရေတွက်နိုင်တဲ့ သေးငယ်သော ပုံစံတွေ ဖြစ်ပေါ်လာပြီး စကားလုံးပုံစံ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီနောက် အဲဒီစာလုံးပုံစံတွေ အားလုံးက လင်းဟန်ဆီကို အရိပ်တွေလိုမျိုး ပစ်လွှတ်လိုက်ပါတယ်။ ၎င်းစာလုံးပုံစံတွေက နေရာတိုင်းမှာ လက်ညှိုးထိုး မလွဲအောင် များပြားပြီး လင်းဟန်အတွက် နောက်ဆုတ်မဲ့ လမ်းကြောင်းအကုန်လုံးကို ဖြတ်တောက်ထားပါတယ်။

လင်းဟန်ကိုကြည့်ရတာ စိတ်ပျက်သွားပုံရပြီးတော့ မေးလိုက်ပါတယ်။

"ဒါက မင်းရဲ့ အကောင်းဆုံး တိုက်ခိုက်မှုလား"

သူက လက်သီးတစ်လုံးကို အရမ်းကို ရိုးရှင်းစွာနဲ့ ပစ်သွင်းတိုက်ခိုက် လိုက်ပါတယ်။ ဒါပေမဲ့ အဆုံးမရှိတဲ့ စွမ်းအားလှိုင်းတစ်ခုက ပျံ့နှံ့သွားခဲ့ပါတယ်။ ထန် ထန် ထန် ထန် ထန်။ ချက်ချင်းဆိုသလို စာလုံးပုံစံတွေက ပျက်စီးသွားခဲ့ပါတယ်။

လုရန်ကိုကြည့်ရတာ အနည်းငယ် အံ့အားသင့်သွားပုံ ရပါတယ်။ သူ့အနေနဲ့ တိုက်ခိုက်မှု တစ်ခုတည်းနဲ့ လင်းဟန်ကို အနိုင်ယူနိုင်လိမ့်မယ်လို့ မတွေးထားပေမဲ့ သူ့ရဲ့တိုက်ခိုက်မှုကို အရမ်းကို လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးပျောက်ကွယ်သွားအောင် လုပ်လိုက်တဲ့ အတွက်ကြောင့် သူ့အနေနဲ့ အနည်းငယ် အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက လင်းဟန်ကို စိတ်ပျက်မသွားပဲ ချက်ချင်းဆိုသလို နောက်ထပ်တံဆိပ်တစ်ခုကို ထုတ်ဖော်ပြီး လင်းဟန်ဆီကို တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က နေရာမှာပဲ မားမားမတ်မတ် ရပ်နေပြီး ခေါင်းငုံ့ရှောင်တိမ်းတာမျိုးလည်း မရှိပါဘူး။ သူက နောက်ထပ်လက်သီး တစ်ချက်ကိုပဲ သာမန်ကာလျှံကာ

ထုတ်ပြီးတော့ လုရန်ရဲ့ တိုက်ခိုက်မှုကို လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးပစ်လိုက်ပါတယ်။ သူက စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ကို အသုံးပြုမှာလား မပြုဘူးလား။ တကယ်လို့ အသုံးမပြုဘူး ဆိုရင်တော့ ငါမင်းကို စင်မြင့်ထက်ကနေ လွှင့်ထုတ်ပစ်ရလိမ့်မယ်"

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာတော့ ပရိသတ်တွေ အားလုံးပဲ ရှူးရှူးရှဲရှဲ အသံတွေ မြည်ကုန်ကြပါတယ်။ သူတို့နှစ်ယောက်ကြားက စွမ်းအင်ကွာဟချက်က ဘယ်လောက်တောင်မှ ကြီးမားလို့ လင်းဟန်က ဒီလိုမျိုး ပြောရတာလဲ။ ဒီကောင်က အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး အစွမ်းလည်းထက်ပါတယ်။ ဒါကြောင့် အခုဘယ်သူကမှ သူ့ကို မရပ်တန့်နိုင်တော့ဘူးလား။

လုရန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အရမ်းကို မြင်တွေ့ချင်နေမှတော့ မင်းကို အတွေ့အကြုံရအောင် လုပ်ပေးရမှာပေါ့"

သူက နောက်တစ်ကြိမ် ခုန်အုပ်လိုက်ပြီး ဒီတစ်ကြိမ်မှာတော့ သစ်ကျုတ်ကလည်း အမှန်တကယ်ပဲ လှုပ်ရှားလာခဲ့ပါတယ်။ ချက်ချင်းဆိုသလို ၎င်းက လင်းဟန်ရဲ့ အနောက်ကို ပြေးပြီးတော့ ရပ်လိုက်ပါတယ်။ သစ်ကျုတ်က ၎င်းရဲ့ပါးစပ်ကို ဟပြီးတော့ အဖြူရောင် အလင်းတန်း တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။ ၎င်းက လင်းဟန်ရဲ့ နောက်ကျောကို မထိပဲ အဆုံးမရှိတဲ့ အေးစိမ့်မှု တစ်ခုက လည်ပတ်သွားခဲ့ပြီး ချက်ချင်းဆိုသလို လင်းဟန်ရပ်နေတဲ့ နေရာမှာ အေးခဲသွား ခဲ့ပါတယ်။

ရေခဲအလွှာတွေ တစ်လွှာပြီးတစ်လွှာ ပေါ်လာပြီးတော့ မျက်စိနဲ့မြင်နိုင်တဲ့ နှုန်းတစ်ခုနဲ့ ချက်ချင်းဆိုသလို လင်းဟန်ကို သုံးပေမြင့်ပြီး တစ်ပေခန့်ကျယ်တဲ့ ရေခဲတုံးကြီးထဲမှာ ပိတ်လှောင် ထားလိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီလှုပ်ရှားမှု ပြီးတဲ့ နောက်မှာ တိမ်မြူခိုးသစ်ကျုတ်ရဲ့ မျက်လုံးတွေထဲမှာလည်း အလင်းရောင် ကျန်နေခဲ့ပါတယ်။ ၎င်းရဲ့ ခန္ဓာကိုယ်ကနေ အလေးချိန်တော်တော်များများ ကုန်ဆုံးသွားသလိုမျိုး ဖြစ်သွားပြီး မြေပြင်ပေါ်မှာ မရပ်နိုင်ပဲ လဲလျောင်းသွားပါတယ်။

ဒါဆိုရင် ဒါက လုရန်ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ပေါ့။

သိသိသာသာကိုပဲ တိမ်မြူခိုး သစ်ကျုတ်က ဒီလိုမျိုး အစွမ်းထက်တဲ့ တိုက်ကွက်ကို အချိန်အနည်းငယ်ပဲ အသုံးပြုနိုင်ပါတယ်။ တကယ်လို့ ၎င်းက ပြိုင်ဘက်ဖြစ်သူကို အေးခဲသွားအောင် မလုပ်နိုင်ဘူးဆိုရင် အိမ်မွေးတိရစ္ဆာန် မိစ္ဆာသားရဲက တိုက်ခိုက်ဖို့ စွမ်းရည်တွေ အားလုံးပဲ ဆုံးရှုံးသွားပါလိမ့်မယ်။ နောက်ပြီးတော့ သားရဲကေရာဇ်ဂိုဏ်းရဲ့ တပည့်တွေက သူတို့ရဲ့ အိမ်မွေးမိစ္ဆာသားရဲကောင်ရဲ့ တိုက်ပွဲစွမ်းအားအပေါ်မှာ အများကြီး မူတည်နေပါတယ်။ တကယ်လို့ သူတို့ရဲ့ အိမ်မွေးသားရဲကောင်က တိုက်ခိုက်နိုင်စွမ်း မရှိတော့ဘူးဆိုရင် သူတို့ရဲ့ တိုက်ပွဲစွမ်းအားကလည်း အကြီးအကျယ်ကို လျော့ကျသွားပါလိမ့်မယ်။

အပိုင်း(၄၄၅) ဖိုင်နယ်အတွက် အဆင့်မီခြင်း

အစောတုန်းက လုရန်ရဲ့ တံဆိပ်တွေ ဖြစ်ပေါ်ပြီး ဆက်တိုက်တိုက်ခိုက်မှုက လင်းဟန်ကို သူ့အပေါ်မှာ အာရုံစူးစိုက်မှုတွေ လျော့ကျသွားအောင် တိုက်ခိုက်တာ ဖြစ်ပြီးတော့ သူရဲ့ တိမ်မြူခိုးသစ်ကျူ တိုက်ခိုက်ဖို့အတွက် အကောင်းဆုံး အခွင့်အလမ်းကို ဖန်တီးခဲ့တာပါ။

တကယ်ပဲ သူက အောင်မြင်သွားခဲ့ပါတယ်။

"ဟန်လင်း မင်းက တကယ်ပဲ အရမ်းကို အစွမ်းထက်တယ်။ ဒါပေမဲ့လည်း မင်းက အရမ်းကို မောက်မာဂင့်ကြွားလွန်းတယ်"

လုရန်က လှောင်ပြောင်သရော်လိုက်ပါတယ်။ ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ သူရဲ့ အစွမ်းကုန် တိုက်ခိုက်မှုကို တားဆီးနိုင်စွမ်း ရှိနိုင်မှာလဲ။

ခရက် ခရက် ခရက်။ ဒါပေမဲ့ ချိန်သားကိုက်ဆိုသလိုပဲ မရေမတွက်နိုင်တဲ့ အက်ကွဲရာတွေက ရေခဲတုံးရဲ့ အပေါ်မှာ ထွက်ပေါ်လာခဲ့ပြီး ပင့်ကူမျှင်တွေလိုမျိုး ဖြစ်လာခဲ့ပါတယ်။

လင်းဟန်က လွတ်မြောက်ပါတော့မယ်။

"ဘာ"

လုရန်က ချက်ချင်းဆိုသလို အံ့အားသင့်သွားပြီး သူရဲ့ဆံပင်တွေက ထောင်လာခဲ့ပါတယ်။ တိမ်မြူခိုးသစ်ကျုတ်ဆီကနေ အစွမ်းထက်တဲ့

ဒီလိုမျိုးတိုက်ကွက်ကို ခံစားပြီးတာတောင်မှ သူကတကယ်ပဲ မြန်မြန်ဆန်ဆန်နဲ့ လွတ်မြောက်နေတာပဲလား။ မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ တစ်ခုသိထားရမှာက တိမ်မြူခိုးသစ်ကျုတ်က စိတ်ဂိုဏ်ပလ္လင်အဆင့် အလွှာငါးမှာ ရှိပြီးတော့ ဒီအေးခဲခြင်း တိုက်ခိုက်မှုက သူရဲ့စွမ်းရည်အားလုံးကို ကုန်ဆုံးသွားအောင် တိုက်ခိုက်ခဲ့တာပါ။ ဒါကြောင့် ဒီတိုက်ခိုက်မှာက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းပြီး အစွမ်းထက်မလဲ ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။

ဒါကို သူကစဉ်းစားပြီးတော့ လုရန်ရဲ့ လက်သီးက အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ ဒါက သူ့အနေနဲ့ နိုင်ပွဲရရှိဖို့ တစ်ခုတည်းသော အခွင့်အရေးပဲ ဖြစ်ပါတယ်။

ထန်။ သူရဲ့လက်သီးက ရောက်လာတာနဲ့ ရေခဲတုံးက ရုတ်တရက်ဆိုသလို ကွဲထွက်သွားခဲ့ ပါတယ်။ မရေတွက်နိုင်တဲ့ ရေခဲအပိုင်းစတွေက တစ်ဟုန်ထိုး လွင့်ထွက်လာပြီး ဒီအကျိုးသက်ရောက်မှုကြောင့် လုရန်ကို လေထဲလွင့်ထွက်သွားစေခဲ့ပါတယ်။ အား ဆိုပြီးတော့ အော်ဟစ်ညည်းတွားလိုက်ပြီး ပါးစပ်အပြည့်သွေး တစ်လုတ်ကို အန်ထုတ်လိုက်ပါတယ်။ ပြီးတော့ သူရဲ့ခန္ဓာကိုယ် အပေါ်မှာ ဒဏ်ရာအမြောက်အများ

ပေါ်လာခဲ့ပြီး ရေခဲချွန်ပုံတွေကြောင့် ပြတ်ရှတဲ့ ဒဏ်ရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

လုရန်က ပါရမီရှင်အဆင့် ဇယားပေါ်က အသန်မာဆုံး နံပါတ်နှစ် တစ်ယောက် ဖြစ်နေဆဲပါ။ ဒါကြောင့် သူက ဒီတိုက်ခိုက်မှု တစ်ခုတည်းကြောင့်တော့ စင်မြင့်ပေါ်ကနေ ပြုတ်ကျသွားအောင် မလုပ်နိုင်ပါဘူး။ ဒါကြောင့် သူက အချိန်တစ်ခဏ အတွင်းမှာပဲ ရပ်တန့်ပစ်လိုက် နိုင်ပါတယ်။ သူက ကျယ်လောင်စွာနဲ့ အသက်ကို ပြင်းပြင်းရှူပြီး သူရဲ့မျက်လုံးတွေထဲမှာ မယုံကြည်နိုင်မှုတွေ ပြည့်နှက်လို့ နေပါတယ်။ သူက အစွမ်းထက်တဲ့ တိုက်ကွက်တွေ အများကြီး အသုံးပြုခဲ့တာတောင် ဒါတွေက လုံးဝကို အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။

လင်းဟန်က ဖြည်းညှင်းစွာနဲ့ အရှေ့ကို တိုးလာပြီး တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့သားရဲကောင်က အုပ်ချုပ်သူ အဆင့်မှာ ရှိတယ်မဟုတ်လား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်နိုင်တဲ့ ပင်ကိုပါရမီ ရှိမှာမဟုတ်ဘူး"

အဲဒါက မှန်ပါတယ်။ အစောတုန်းက အေးခဲခြင်း တိုက်ခိုက်မှုက သာမန်တိုက်ခိုက်မှု တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ တိမ်မြူခိုး သစ်ကျုတ်ရဲ့ ပြိုင်ဘက်ကင်း အေးခဲခြင်းစွမ်းရည်က ၎င်းကို တစ်ကြိမ် အသုံးပြုလိုက်တာနဲ့ တိုက်ခိုက်နိုင်တဲ့ စွမ်းရည်တွေ အားလုံးကို ဆုံးရှုံးသွားစေခဲ့ပါတယ်။

"ဒါပေမဲ့လည်း သူရဲ့သွေးမျိုးဆက်က မသန့်စင်ဘူး။ ဒါကြောင့်လည်း သူရဲ့လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို တစ်ကြိမ်ပဲ အသုံးပြုနိုင်ပြီးတာနဲ့ ပုံလျက်သား လဲကျပြီး အားပြတ်သွားတာပဲ"

လင်းဟန်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်ပဲ တကယ်တော့ ဒါက အဓိကအကြောင်း မဟုတ်သေးဘူး။ ဘယ်လိုလုပ်ပြီးတော့ အုပ်ချုပ်သူအဆင့်ရှိတဲ့ မိစ္ဆာသားရဲတစ်ကောင်က လူသားတစ်ယောက်ရဲ့ အိမ်မွေးတိရစ္ဆာန်လုပ်ဖို့ ဆန္ဒရှိနေရတာလဲ"

လူတစ်ယောက်မှာ အသိအမှတ်ပြုရလောက်တဲ့ မဟာကံကောင်းမှုကြီးတစ်ခု ရှိနေပြီး အုပ်ချုပ်သူအဆင့်ရှိတဲ့

မို့စွာသားရဲတစ်ကောင်ကို ၎င်းအရမ်းကို ငယ်ရွယ်နေချိန်မှာ ရရှိနိုင်ပါတယ်။ ဒါတောင်မှ မို့စွာသားရဲ အသိဉာဏ်က အရွယ်ရောက် ရင့်ကျင်လာတဲ့ အခါမှာ သူရဲ့ ဆရာသခင်ကို ပြန်ပြီးတော့ ဆန့်ကျင်ဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိပါသေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အုပ်ချုပ်သူ အဆင့်ရှိတဲ့ မို့စွာသားရဲတွေက အရမ်းကို ဂုဏ်ယူတတ် ကြပြီး တခြားလူတစ်ယောက်ရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ဖို့ သူတို့ကိုယ်သူတို့ လုံးဝကို ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။

သက်ရှိလူသား အုပ်ချုပ်သူတွေလိုပါပဲ။ သူတို့ကို အနိုင်ယူနိုင်ပေမဲ့ တခြားလူတစ်ယောက်ရဲ့ အစေခံဖြစ်ဖို့ကိုတော့ သူတို့ကိုယ်သူတို့ လုံးဝကို ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

လုရန်က ဘာမှမပြောနိုင်ပါဘူး။ သူက အစွမ်းထက်တဲ့ တိုက်ကွက်တွေ အများကြီး အသုံးပြုခဲ့တယ် ဆိုပေမဲ့ စောစောတုန်းက တိုက်ကွက်က သူရဲ့အသန်မာဆုံး ဖှက်ဖဲ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီတိုက်ကွက်တောင်မှ အကျိုးသက်ရောက်မှု မရှိဘူးဆိုတော့ သူ့အနေနဲ့ ဘာများ လုပ်နိုင်ဦးမှာလဲ။

သူက စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါရှုံးတယ်ဆိုတာ ဝန်ခံပါတယ်"

ပထမတော့ သူက ရန်ကျွင့်ဟောင်နဲ့ သူရဲ့အကြားမှာ ကျင့်ကြံခြင်းအဆင့် ကွာဟချက် လောက်ပဲ ရှိတယ်ဆိုပြီး ယုံကြည်နေပြီးတော့ သူ့ကိုယ်သူ အရမ်းကို ယုံကြည်ချက်အပြည့် ရှိနေပါတယ်။ တကယ်လို့ သူတို့တွေက ကျင့်ကြံခြင်း တူညီနေမယ်ဆိုရင် သူနဲ့ သူရဲ့တိမ်မြူခိုး သစ်ကျုတ်တို့ အတူတကွ ပူးပေါင်းပြီး တိုက်ခိုက်မယ်ဆိုရင် သူ့အနေနဲ့ သေချာပေါက် အနိုင်ရပါလိမ့်မယ်။

ဒါပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာပဲ ရှိသေးတဲ့ လင်းဟန်က သူ့ကို လွယ်လွယ်ကူကူနဲ့ အနိုင်ယူသွားခဲ့ပါတယ်။ ဒါက သူ့ကို ရိုက်ချက်ပြင်းပြင်းနဲ့ ရိုက်ချလိုက်သလိုပါပဲ။

စိတ်ဓာတ်ကျပြီးတော့ ထွက်သွားတဲ့ သူ့ကိုကြည့်ပြီးတော့ လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ တကယ်လို့ လုရန်က ပြန်ပြီးတော့ ရပ်တည်နိုင်မယ်ဆိုရင် အနာဂတ်မှာ အရမ်းကို အစွမ်းထက်တဲ့ ပုံရိပ်တစ်ခု အဖြစ်နဲ့

နေရာတစ်နေရာ သေချာပေါက် ရရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း သူ့အနေနဲ့ ဒီရိုက်ချက်ကနေ ပြန်လည်ပြီး ကောင်းမွန်လာခြင်း မရှိပဲ ဆက်ပြီးတော့ စိတ်ပျက်လက်ပျက်ဖြစ်ပြီး စိတ်ဓာတ်ကျနေဦးမယ်ဆိုရင် ပါရမီရှင် အဆင့်ဇယားအပေါ်က လူတစ်ယောက် ပန်းဖူးအဆင့်ကို မချိုးဖျက်နိုင်တဲ့ ပထမဆုံးသော လူတစ်ယောက် ဖြစ်လာနိုင်ချေ ရှိပါတယ်။

ဒါပေမဲ့ ဒါကလည်းသူနဲ့ ဘာမှမဆိုင်ပါဘူး။ ဒီအတိုင်းပဲ တွေးကြည့်လိုက်တာပါပဲ။ လင်းဟန်က စင်မြင့်ရဲ့ အောက်ကို ဆင်းလာခဲ့ပါတယ်။

သူက မျက်နှာဖုံးစွပ်လူရဲ့ တိုက်ပွဲကို တမင်သက်သက် စူးစမ်းလေ့လာခဲ့ပါတယ်။ သူ့လိုမျိုးပဲ ဒီလူရဲ့ တိုက်ခိုက်ရေးပုံစံက အရမ်းကို ရိုးရှင်းပါတယ်။ ဒါပေမဲ့ လက်သီးချက်တိုင်း လက်ဖါးရိုက်ချက်တိုင်း မှန်ကန်တဲ့ စွမ်းအား ပမာဏကို ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ သူက တိုက်ပွဲကို အဆုံးသတ်ဖို့ သူရဲ့စွမ်းအား သုံးဆယ်ရာခိုင်နှုန်းကို အသုံးပြုနိုင်တယ် ဆိုရင် သူ့သေချာပေါက် သုံးဆယ့်ငါးရာခိုင်နှုန်းကို အသုံးမပြုပါဘူး။

ဒါက မျက်နှာဖုံးစွပ်လူရဲ့ ထိန်းချုပ်နိုင်စွမ်းကို

ဖော်ပြနေပါတယ်။ ဒါပေမဲ့ တိုက်ပွဲကို ဘယ်လိုမျိုး ရှေ့ဆက်ရမလဲ ဆိုတာကိုလည်း ထိန်းချုပ်နိုင်ပါတယ်။ ဒါက သူ့အနေနဲ့ သူလိုချင်တဲ့ ရလဒ်တွေကို အောင်မြင်မှုရရှိအောင် ဘယ်လိုမျိုး အသုံးပြုရမလဲဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက် နေတာပါပဲ။

ဒီလူ တကယ်ပဲ အရမ်းကို ကြောက်စရာကောင်းတယ်။

လင်းဟာန်က ဒီလူဆီကနေ ရင်နှီးနေတဲ့ အာရုံတစ်ခုကို ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး တိုက်ပွဲပုံစံကိုတော့ အရင်တုန်းက တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ စွမ်းအားကို ထိန်းချုပ်နိုင်မှုနဲ့ ပတ်သက်ရင် သူက ဓားဧကရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ထက်တောင် သာလွန်နိုင်ချေ ရှိပါတယ်။

ဒီလိုမျိုး စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာရှိတဲ့ မွန်းစတား တစ်ကောင်က အမှန်တကယ် ထွက်ပေါ်လာခဲ့တာလား။

စတုတ္ထအလှည့်မှာတော့ လင်းဟာန်ရဲ့ ပြိုင်ဘက်က ရန်ဟောင်ကျွင့် ဖြစ်ပါတယ်။

သူက အစောတုန်းကမှ ပါရမီရှင် အဆင့်က နံပါတ်နှစ်နဲ့

တိုက်ခိုက်ခဲ့ပါတယ်။ ပြီးတော့ အခု နံပါတ်တစ်နဲ့ တိုက်ခိုက်ရပါတယ်။ ဘယ်လိုတိုက်ဆိုင်မှု တစ်ခုလဲ။

သူတို့နှစ်ယောက်က စင်မြင့်ပေါ်ကို လျှောက်လာခဲ့ကြပါတယ်။ ရန်ကျွင့်ဟောင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ပါရမီရှင်ပြိုင်ပွဲ တိုက်ပွဲတွေမှာ လုံလောက်တဲ့ ပျော်ရွှင်မှု မရခဲ့ဘူးလို့ စောဒကတက်လုနီးပါး ဖြစ်ခဲ့တယ်။ အခု နောက်ဆုံးတော့ ငါနဲ့တိုက်ခိုက်ဖို့ ထိုက်တန်တဲ့ လူတစ်ယောက်နဲ့ ကြုံတွေ့အောင် လုပ်နိုင်ခဲ့ပြီ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

"မင်းက အသက်ငါးနှစ် ခြောက်နှစ်အရွယ် ကလေးမလေးနဲ့ ကစားနေရတာ မင်းကို အများကြီး မပျော်ခဲ့ရဘူးလား"

ရန်ကျွင့်ဟောင်ရဲ့ မျက်နှာက ချက်ချင်းပဲ မည်းမှောင်သွားခဲ့ပါတယ်။ သူက သူရဲ့အသက်အရွယ် ဂန်းကျင်မှာ ပြိုင်ဘက်ကင်းတယ်လို့ ယုံကြည်နေပါတယ်။ သူကတကယ်ပဲ ဟူးညီကြောင့်

ထိတ်လန့်တုန်လှုပ်ခဲ့ရပါတယ်။ ကံကောင်းတာက ဟူးညိုက သူမရဲ့သွားတွေကို အသုံးမပြုခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ခံစားရပါလိမ့်မယ်။ ဟူးညိုရဲ့ လက်ထဲမှာ ရှုံးနိမ့်ခဲ့ရင် ဒါက သူ့ကို အကြီးအကျယ်ကို အရှက်ကွဲခြင်းပဲလို့ သတ်မှတ်ယူဆနိုင်ပါတယ်။

ဒါကတကယ်ပဲ သူ့ရဲ့ အားနည်းချက်ကို ထိသွားတာ ဖြစ်ပြီးတော့ ချက်ချင်းဆိုသလို သူ့ကို ဒေါသထွက်သွားစေခဲ့ပါတယ်။

"လာခဲ့ လာခဲ့စမ်း။ မင်းက ယဉ်ကျေးမှု ကင်းမဲ့မှတော့ ငါမင်းကို ကောင်းကောင်းလေး ဆုံးမပေးရမှာပေါ့"

လင်းဟန်က သူ့ကို လက်ခလယ်ထောင်ပြလိုက်ပါတယ်။

"ဟန်လင်း မင်းက ကိုယ့်ကိုကိုယ် အရမ်းပဲ ယုံကြည်မှုရှိနေတယ်။ မင်းရှုံးနိမ့်သွားတဲ့ အခါကျမှ မင်းငိုမှာလား"

ရန်ကျွင့်ဟောင်က အေးစက်စွာနဲ့ သရော်ပြီးတော့ မေးလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီး တန်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

အရမ်းကိုမြန်တယ်။

ဒီအတွေးက ရန်ဟောင်ကျွင့်ရဲ့ ခေါင်းထဲမှာ ဖြတ်ခနဲလက်သွားရုံပဲ ရှိပါသေးတယ်။ သူရဲ့ ဂမ်းဗိုက်အောက်ပိုင်းမှာ နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး လေထဲကို မြောက်တက်သွားခဲ့ပါတယ်။ ဘုန်းဆိုတဲ့ အသံနဲ့အတူ မြေကြီးပေါ်ကို ပြုတ်ကျသွားပြီးတော့ သူရဲ့ခေါင်းလည်း လုံးဂကို မှူးနောက်သွားပါတယ်။

ဟေး။

ပြိုင်ပွဲကွင်း တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ပါတယ်။

ပါရမီရှင် အဆင့်က နံပါတ်တစ်ဖြစ်တဲ့ သူတောင်မှ ပြိုင်ဘက်ဖြစ်သူရဲ့ တိုက်ခိုက်မှု တစ်ခုကို ခုခံကာကွယ်နိုင်စွမ်း မရှိပဲနဲ့ စင်မြင့်ပေါ်မှာ လွင့်ထွက်သွားရတာလား။ ဒါက အရမ်းအရှက်ကွဲတာ

မဟုတ်လား။ လုရန်က အနည်းဆုံးတော့ တိုက်ကွက်တွေ ထုတ်နိုင်ပြီး လင်းဟန်ကိုတောင် အေးခဲသွားအောင် လုပ်နိုင်ခဲ့ပါတယ်။ အဲဒီတုန်းက သူ့အနေနဲ့ အနိုင်ရဖို့ မျှော်လင့်ချက်တောင် ရှိနေတယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့ ရန်ကျွင့်ဟောင် ကျတော့။

ရန်ကျွင့်ဟောင်က သူ့ကိုယ်သူ တုံ့ပြန်ဖို့အတွက် မရပ်တည်နိုင်ပါဘူး။ သူ့မှာ အရမ်းကို အသုံးပြုဖို့ အရမ်းကို အစွမ်းထက်တဲ့ တိုက်ကွက်တွေ ရှိပါတယ်။ ဒါအပြင် ဒီတစ်ကြိမ်မှာ စိတ်ဂိညာဉ် ပစ္စည်းတွေကို မကန့်သတ်ထားပါဘူး။ ပြီးတော့ သူရဲ့ တိုက်ပွဲစွမ်းအားက အနည်းဆုံးတော့ ပန်းဖူးအဆင့် အတုအယောင် အဆင့်ကို ရောက်ရှိနေနိုင်ပါပြီ။

ဒါပေမဲ့ လက်သီးလေး တစ်ချက်နဲ့ သူက ပြိုင်ပွဲစင်မြင့်ပေါ်ကနေ လွင့်ထွက်သွားခဲ့ပါတယ်။

"ငါမရှုံးသေးဘူး"

သူရဲ့မျက်နှာက အရှုးအမူးကို တွန့်လိမ်ရှုံ့မဲ့ နေပါတယ်။ ဒါက အရမ်းကို အရှက်ကွဲ စော်ကားခြင်း ခံလိုက်ရတာပါ။ ပါရမီရှင် အဆင့်က နံပါတ်တစ်က သူရဲ့ပြိုင်ဘက်

လက်သီးတစ်ချက်ကြောင့် အမှန်တကယ်ပဲ လွင့်ထွက်သွားခဲ့တယ်။ တကယ်လို့ ဒီသတင်းသာ ပျံ့နှံ့သွားမယ်ဆိုရင် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သူရဲ့ခေါင်းကို မော့ပြီးတော့ ဂင့်ကြွားနိုင်ဦးမှာလဲ။

သူက ပြိုင်ပွဲစင်မြင့်ပေါ်ကို ပြန်ပြီးတော့ တက်ချင်ပါသေးတယ်။ ဒါပေမဲ့ ဒိုင်လူကြီးရဲ့ အေးစက်စွာနဲ့ တားဆီးခြင်းကို ခံလိုက်ရပါတယ်။ သူရဲ့မျက်လုံးတွေ ပိုင်းစက်သွားပြီးတော့ ဒေါသတွေ ပေါက်ကွဲထွက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ပဥ္စမြောက် အဆင့်မှာ လင်းဟန်က ယခင်ပါရမီရှင် အဆင့်ဇယားရဲ့ အသန်မာဆုံး ဖြစ်တဲ့ ယုခွမ်လွမ်နဲ့ ဆုံတွေ့ခဲ့ပါတယ်။

ဒီတိုက်ပွဲပြီးတဲ့နောက်မှာ သူ့အနေနဲ့ ဖိုင်နယ်ပွဲစဉ်ကို တက်ရောက်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူရဲ့ပြိုင်ဘက်က မျက်နှာဖုံးစွပ်လူဖြစ်တဲ့ ကျန်းရှန်နဲ့ ချောင်ထန်းရီတို့ကြားက တိုက်ပွဲမှာ အနိုင်ရရှိသူ ဖြစ်ပါလိမ့်မယ်။ ချောင်ထန်းရီက ပါရမီရှင် အဆင့်ဇယားအပေါ်က နံပါတ်တစ် ဗိုလ်စွဲခဲ့ဖူးသူ တစ်ယောက်ဖြစ်ပါတယ်။ စွမ်းအားနဲ့ ပတ်သက်ရင် သူက ယုခွမ်လွမ်ထက်တောင်မှ သာလွန်ပါသေးတယ်။

တကယ်တော့ ချောင်ထန်းရီက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ကျင့်ကြံခြင်းကိုစုစည်းနေတာ နှစ်နှစ်ကျော် သုံးနှစ်လောက် ပိုများပါတယ်။

ယုခွမ်လွမ်က ပြိုင်ပွဲစင်မြင့်ထက်ကို လမ်းလျှောက်တက်လာခဲ့ပြီး လင်းဟန်နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လိုက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"အစတုန်းက ငါထင်တာက ရန်ကျွင့်ဟောင်နဲ့ မျက်နှာချင်းဆိုင်ရလိမ့်မယ်လို့ ထင်ထားတာ။ ပြီးတော့ အရင်ပါရမီရှင် အဆင့်ဇယားက နံပါတ်တစ်နဲ့ လက်ရှိပါရမီရှင် အဆင့်ဇယားက နံပါတ်တစ် အကြားက နံပါတ်တစ်လုတွေရဲ့ တိုက်ပွဲဖြစ်လာလိမ့်မယ်လို့ ထင်ထားခဲ့တယ်။ တကယ့်ကို သနားစရာကောင်းတာပဲ"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအတွက် ဘာမှလုပ်လို့မရတော့ဘူး။ ငါက အရမ်းကို သန်မာတယ်"

"အိုး မင်းက ဘယ်လောက်တောင် သန်မာလို့လဲ"

ယုခွမ်လွမ်က ပြုံးပြုံးလေးနဲ့ မေးလိုက်ပါတယ်။

"မင်းထက်တော့ ပိုပြီးတော့ သန်မာတယ်။ ငါမင်းကို လက်သီးသုံးချက်အတွင်းမှာ အနိုင်ယူလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ဖက်က တိုက်ပွဲကလည်းက ပြီးဆုံးသွားပြီလေ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဘာ"

ယုခွမ်လွမ်က အံ့အားသင့်သွားပြီးတော့ သူတို့ဘေးက ပြိုင်ပွဲစင်မြင့်ထက်ကို လှမ်းကြည့်လိုက်ပါတယ်။ တကယ်ကိုပဲ ချောင်ထန်းရီက စင်မြင့်အောက်ကို လွင့်စင်ပြုတ်ကျသွားခဲ့ပါတယ်။

အရမ်းကို မမြန်ဘူးလား။

ယုခွမ်လွမ်ရဲ့ အမူအရာက အံ့အားသင့်မှုကို ပြောင်းလဲသွားခဲ့ပါတယ်။ သူ့အနေနဲ့ ချောင်ထန်းရီကို မကြောက်ပေမဲ့ သူ့ကို အရမ်းမြန်မြန်ဆန်ဆန်နဲ့ အနိုင်ယူနိုင်တဲ့ စွမ်းရည်တော့ သူ့မှာ ဘယ်လိုမှ မရှိပါဘူး။

ဒါပေမဲ့ မျက်နှာဖုံးစွပ်လူ ကျန်းရှန်းကတော့ ဒီလိုမျိုး ကံကြမ္မာကို အောင်အောင်မြင်မြင်နဲ့ ရရှိခဲ့ပါတယ်။ ဆိုလိုတာက တကယ်လို့ သူတို့နှစ်ယောက် တိုက်ခိုက်ကြမယ်ဆိုရင် သံသယ ရှိစရာကို မလိုအောင် သူရှုံးနိမ့်သွားရပါလိမ့်မယ်။

"အပေးကြီးထိ စဉ်းစားနေစရာ မလိုပါဘူး။ မင်းက သူနဲ့တိုက်ခိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

လင်းဟန်က ပြုံးပြီး ပြောလိုက်ပါတယ်။

ယုခွမ်လွမ်က အသက်ကို ပြင်းပြင်းရှူလိုက်ပြီးတဲ့နောက်မှာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာ ဒီလိုမျိုး ယုံကြည်ချက် ရှိနေမှတော့ ဒီပြိုင်ဘက်နဲ့ မင်းကို တိုက်ခိုက်ဖို့ ငါခွင့်ပြု ပေးရမှာပေါ့"

ဒီလိုမျိုး ပြောပြီးတဲ့နောက်မှာ သူကအမှန်တကယ်ပဲ တိုက်တောင်မတိုက်ပဲနဲ့ အရှုံးပေးပြီးတော့ စင်မြင့်အောက်ဆီကို တန်းပြီးတော့ ခြေလှမ်းကျဲကျဲတွေနဲ့ ဆင်းသွားခဲ့ပါတယ်။

အပိုင်း(၄၄၆) မျက်နှာဖုံးစွပ်လူနဲ့ ပြင်းထန်သော တိုက်ပွဲ

အရမ်းကို ပြတ်သားတဲ့ လူတစ်ယောက်ပဲ။

လင်းဟန်က သဘောတူညီပြီး ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ ယုခွမ်လွမ်မှာ သူ့ကို အနိုင်ယူခဲ့ရင်တောင် မျက်နှာဖုံးစွပ်နဲ့လူက ချောင်ထန်းရီကို လွယ်လွယ်ကူကူနဲ့ အနိုင်ယူနိုင်စွမ်း ရှိနေတဲ့ အတွက်ကြောင့် ယုခွမ်လွမ်ကိုလည်း လွယ်ကူစွာနဲ့ အနိုင်ယူနိုင်စွမ်း ရှိတယ်ဆိုတာ သဘာဝကျပါတယ်။ ဒါကြောင့် ယုခွမ်လွမ်အနေနဲ့ မျက်နှာအများကြီး မပျက်အောင်လို့ ဉာဏ်အမျော်အမြင်ရှိစွာနဲ့ နောက်ဆုတ်ဖို့ လမ်းကိုပဲ ရွေးချယ်ခဲ့ပါတယ်။

ဒီသတင်းသာ မတော်တဆ ပျံ့နှံ့သွားခဲ့မယ်ဆိုရင် ယုခွမ်လွမ်ရဲ့ ကျော်ကြားမှုကို အနည်းအများ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ ဒါပေမဲ့ ပရိသတ်တွေ အများကြီးရဲ့အရှေ့မှာ လူပုံအလယ် ရှုံးနိမ့်တာထက်တော့ ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ ဘာဖြစ်လို့ သူ့ကိုယ်သူ ထိခိုက်ခံပြီးတော့ ရှုံးနိမ့်စေရမှာလဲ။

လင်းဟန်က သူရဲ့အကြည့်တွေကို မျက်နှာဖုံးစွပ်နဲ့ လူဆီကို

ပြောင်းလိုက်ပါတယ်။ မျက်နှာဖုံးစွပ်နဲ့ လူကလည်း သူ့ကိုစိုက်ကြည့်နေပါတယ်။ မျက်နှာဖုံးစွပ်နဲ့ လူရဲ့မျက်လုံးတွေထဲမှာ အစိမ်းရောင် အလင်းတစ်ခုက ဖျတ်ခနဲ လက်သွားပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားတစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။ လင်းဟန်လို ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ အကြွင်းအကျန် တစ်ခုရှိနေတဲ့ လူတောင်မှ သူရဲ့နှလုံးသားထဲမှာ ထိတ်လန့်ကြောက်ရွံ့ပြီး တုန်ခါသွားသလို ခံစားလိုက်ရပါတယ်။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဒီပြိုင်ပွဲကို ဂင်ရောက်ယှဉ်ပြိုင်ဖို့အတွက် အဆုံးမဲ့ စကြာဝဠာဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က သူ့ကိုယ်သူ ရုပ်ဖျက်ဟန်ဆောင် ထားခဲ့တာရော ဖြစ်နိုင်မလား။ ဒါပေမဲ့ တကယ်လို့ သူက စကြာဝဠာဖျက်ဆီးခြင်း အဆင့်ဆိုရင် သော့ကို ဒီအတိုင်းပဲ ရယူသွားနိုင်ပါတယ်။ ပြီးတော့ ဘယ်သူကများ ဘာလုပ်နိုင်မှာလဲ။ မြောက်ပိုင်းဒေသမှတောင် မဟုတ်ဘူး တကယ်လို့ အလယ်ပိုင်းဒေသထဲမှာတောင် ဖြစ်ပျက်သွားမယ်ဆိုရင် ဘယ်သူကမှ ဘာမှပြောရဲလိမ့်မှာ

မဟုတ်ပါဘူး။

အရမ်းကို ထူးဆန်းတယ်။

လင်းဟန်ရော မျက်နှာဖုံးစွပ်နဲ့လူပါ ဘယ်သူကမှ အနားယူဖို့ မတောင်းဆိုကြပဲ အဲဒီအစား တန်းပြီးတော့ တိုက်ခိုက်ဖို့ကို ရွေးချယ်လိုက်ကြပါတယ်။

"ငါမင်းကို အရင်ကတွေ့ဖူးလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူကအရင်ဆုံး စပြီးတော့ သတင်းစကား နှိုက်လိုက်တာ ဖြစ်ပါတယ်။

မျက်နှာဖုံးစွပ်နဲ့လူက သူရဲ့သွားတွေ ပေါ်ရုံလောက်ပဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ မျက်နှာကို ပြောင်းလဲထားပေမဲ့ ငါ မင်းကိုမှတ်မိတယ်"

လင်းဟန်က အကြီးအကျယ်ကို အံ့အားသင့်သွားခဲ့ပါတယ်။ တစ်စုံတစ်ယောက်က တကယ်ပဲ သူရုပ်ဖျက်ထားတာကို သိနေတာလား။

"လာခဲ့။ မင်းရဲ့တိုက်ကွက်ကိုထုတ်လိုက်။ မင်းရဲ့စွမ်းရည်တွေ ဘယ်လောက် တိုးတက်လာသလဲ ဆိုတာကို ငါကြည့်ပါရစေ"

မျက်နှာဖုံးစွပ်နဲ့လူက ပြောလိုက်ပါတယ်။

လင်းဟာန်က သူရဲ့လက်တွေကို လက်သီးအဖြစ် ဆုပ်လိုက်ပါတယ်။ သူက နည်းနည်းလေးမှ သတိလက်လွှတ် မဖြစ်ဝံ့ပါဘူး။ သူက ဒီလူကို လုံးဝကို ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။ နောက်ပြီး သူနဲ့ပတ်သက်ပြီးတော့ လင်းဟာန်တောင်မှ မတိုင်းတာနိုင်တဲ့ အရိုးထဲထိအောင် စိမ့်နေတဲ့ မကောင်းဆိုးဝါး အငွေ့အသက်တစ်ခုလည်း ရှိနေပါတယ်။

နေပါဦး။

လင်းဟာန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားပြီးတော့ မေးလိုက်ပါတယ်။

"ရန်လား"

"ဟားဟား ဒါဆိုရင် နောက်ဆုံးတော့ မင်း မှတ်မိသွားပြီလား"

မျက်နှာဖုံးစွပ်နဲ့လူက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ရန်ထန်းဖောင်။

ဒီလူက မယုံနိုင်စရာကောင်းတဲ့ မကောင်းဆိုးဝါး ခံစားချက် တစ်ခုကို ပေးနိုင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ လင်းဟန်က အရင်ကတည်းက ဒီလူအပေါ်မှာ အံ့အားသင့်စရာကောင်းတဲ့ မကောင်းဆိုးဝါး အငွေ့အသက်မျိုး အာရုံခံစားမိခဲ့ပါတယ်။ မိုးရေနိုင်ငံကနေ ထွက်လာတာ တစ်နှစ်နီးပါး အချိန်အတွင်းမှာ ရန်ထန်းဖောင်ရဲ့ စွမ်းရည်တွေက ဒီလိုမျိုး ရောမ တိုးတက်လာလိမ့်မယ်လို့ လင်းဟန်အနေနဲ့ လုံးဝကို မမျှော်လင့်ထားခဲ့ပါဘူး။ အဲဒီအချိန်တုန်းက ရန်ထန်းဖောင်က အနည်းငယ် မွန်းစတားဆန်တယ် ဆိုပေမဲ့ အခုလက်ရှိအချိန်မှာတော့ သူက အရမ်းအရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အတိုင်းအတာပမာဏ တစ်ခုထိ ရောက်ရှိလို့ နေခဲ့ပါတယ်။

သူတို့နှစ်ယောက်စလုံး တခြားလူရဲ့ နာမည်အစစ်အမှန်ကို မခေါ်ဆိုခဲ့ပါဘူး။ မင်းကင့်ါရဲ့ လျှို့ဝှက်ချက်ကို

ထိန်းသိမ်းထားတယ်။ ငါလည်းမင်းရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးမယ်။

"လာ တိုက်ခိုက်ကြရအောင်"

လင်းဟန်က ကြေညာလိုက်ပါတယ်။ သူ့မှာ ယုံကြည်ချက်တွေ မြင့်မြင့်မားမားနဲ့ ရှိနေပါတယ်။ သူက ကျင့်ကြံခြင်းအဆင့်တူရင် သူ့အရှေ့မှာ ရပ်နေတဲ့ လူတွေအားလုံးကို လှဲထုတ်ပစ်နိုင်စွမ်း ရှိတယ်လို့ ယုံကြည်နေပါတယ်။

"မင်းဆန္ဒအတိုင်းပါပဲ"

ရန်ထန်းဇောင်ရဲ့ ပုံရိပ်က အရှေ့ကို တိုးဝင်လာပြီးတော့ လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။

ထန် ထန် ထန် ထန်။

မျက်စိတစ်မှိတ်အတွင်းမှာ တိုက်ခိုက်သူနှစ်ယောက်က တိုက်ကွက်ဆယ်ကွက်ကျော် ဖလှယ်လို့ ပြီးသွားခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့်နေခဲ့ပါတယ်။ ရန်ထန်းဇောင်ရဲ့

ခွန်အားက သူ့ထက် လုံးဂကို မနိမ့်ကျ ပါဘူး။ ပြီးတော့ တိုက်ပွဲအသေးစိတ်နဲ့ ပတ်သက်လို့ရှိရင် ရန်ထန်းဇောင်က အံ့အားသင့်စရာ ကောင်းလှတဲ့ အမြင့်တစ်နေရာကို အောင်မြင်သွားခဲ့ပါပြီ။ သူက စစ်သည်တော် တစ်ယောက် အဖြစ်နဲ့ မွေးဖွားလာသလိုမျိုး လုံးဂကို တိုက်ပွဲနဲ့ ပတ်သက်ပြီး အလိုအလျောက် ပင်ကိုဗီဇ တစ်ခုလည်း ရှိနေပါတယ်။

သူ့အနေနဲ့ အန္တရာယ် ဖြစ်စေနိုင်တဲ့ အနေအထား တော်တော်များများကို ဖမ်းဆုပ်နိုင်ခဲ့ ပေမဲ့လည်း ရန်ထန်းဇောင်က သူရဲ့တိုက်ခိုက်မှုတွေကို ရှောင်တယ်။ ခါးကိုနွဲ့တယ်။ ပြီးတော့ ပခုံးကို တွန်းပြီး ရှောင်တိမ်း သွားခဲ့ပါတယ်။ ကြည့်ရတာ သူကနည်းစနစ် နည်းနည်းလေးမှ အသုံးမပြုပါဘူး။ ဒါပေမဲ့ သူက ဘယ်လိုလုပ်ပြီးတော့ အန္တရာယ်ရှိတဲ့ အခြေအနေကို ဖြေရှင်းပြီးတော့ အဲဒီအစား လင်းဟာန်ကိုတောင် အတော်လေး ဒုက္ခဖြစ်စေခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်မှာ သံမဏိခန္ဓာကိုယ်သာ မရှိခဲ့ဘူးဆိုင် သူ့အနေနဲ့ အကြီးအကျယ်ကို အရှုံးနဲ့ ရင်ဆိုင်သွားရ ပါလိမ့်မယ်။

ဒါပေမဲ့လည်း သံမဏိခန္ဓာကိုယ်က ပြီးပြည့်စုံမှု မရှိပါဘူး။ ရန်ထန်းဇောင်က သူရဲ့အံ့အားသင့်စရာ ကောင်းလှတဲ့ ခုခံနိုင်စွမ်းကို ရှာဖွေတွေ့ရှိ သွားတဲ့အခါမှာ

လက်ဂါးတိုက်ခိုက်မှုတွေကနေ သူရဲ့လက်ညှိုးကို ပြောင်းလဲအသုံးပြုပြီးတော့ လင်းဟန်ရဲ့ မျက်လုံးတွေကို ချိန်ရွယ်ပြီး တိုက်ခိုက်လိုက်ပါတယ်။ တိုက်ခိုက်မှုတိုင်းက အရမ်းကို ထက်မြက်ပြီး လင်းဟန်က အရမ်းကို ခက်ခဲတဲ့ အခြေအနေတစ်ခုနဲ့ ဖိအားပေးခံနေရပါတယ်။

တခြားသူတွေနဲ့ တိုက်ခိုက်တဲ့ အခါမှာ လင်းဟန်အနေနဲ့ တိုက်ပွဲတစ်ခုလုံးကို အသာစီးကနေ အမြဲတမ်း တိုက်ခိုက်နိုင်ခဲ့ပါတယ်။ ကောင်းကင်အဆင့် နတ်ဘုရားအာဂုံက သူ့ပြိုင်ဘက်တွေရဲ့ တိုက်ခိုက်မှုတွေကို ကြိုတင်မှန်းဆနိုင်ပြီး အသားစီးရယူပြီးတော့ သူ့အနေနဲ့ ခတ်ထုတ်ပစ် နိုင်ခဲ့ပါတယ်။ တခြားစကားအနေနဲ့ ပြောရမယ်ဆိုရင် သူရဲ့ပြိုင်ဘက် ဖြစ်တဲ့သူက တိုက်ကွက် တစ်ကွက်ကို ထုတ်ဖော်လိုက်တာနဲ့ အနိုင်ကို သူက ဖမ်းဆုပ်ခဲ့ပြီးပါပြီ။

ဒါပေမဲ့ ရန်ထန်းဖောင်နဲ့ တိုက်ခိုက်တဲ့ အခါမှာတော့ လုံးဂကို မတူညီတော့ပါဘူး။ သူကတောင် လင်းဟန်ရဲ့ လှုပ်ရှားမှုတိုင်းကို ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း လင်းဟန်မှာ အံ့အားသင့်စရာကောင်းတဲ့ အစွမ်းထက် တိုက်ပွဲစွမ်းအား ရှိပေမဲ့ အသုံးပြုလို့ မရပါဘူး။ ပြီးတော့ သူက ပြိုင်ဘက်ဖြစ်တဲ့ ရန်ထန်းဖောင်ရဲ့

ဖိနှိပ်မှုကိုတောင် ခံနေရပါတယ်။

လင်းဟန်က ချက်ချင်းပဲ ရန်ထန်းဇောင်ရဲ့ မျက်လုံးထဲက ထွက်ပေါ်လာတဲ့ ဖိအားက သူ့ကိုတောင်မှ ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခဲ့တယ် ဆိုတာကို ပြန်စဉ်းစားမိလိုက်ပါတယ်။ ရန်ထန်းဇောင်က သူ့လိုမျိုး လက်ရွေးစင် ကျင့်ကြံသူတစ်ယောက်က ယူဆောင်ခြင်း ခံထားရတာလား။ နောက်ပြီးတော့ ဒီလူက သူ့ထက်တောင်မှ ပိုပြီးတော့ သန်မာပါသေးတယ်။ စကြာဂဠုန်ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင်တစ်ယောက် အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

ဒီအခြေအနေ တစ်ခုတည်းကပဲ ရန်ထန်းဇောင်ရဲ့ နတ်ဘုရားအာရုံက သူ့ကိုယ်ပိုင် နတ်ဘုရား အာရုံကို သာလွန်နိုင်စွမ်း ရှိပြီးတော့ တိုက်ပွဲစွမ်းအားမှာ သူ့ကိုလုံးဝကို သာလွန်ပါလိမ့်မယ်။

စိတ်ဝင်စားစရာပဲ။ အရမ်းကို စိတ်ဝင်စားဖို့ကောင်းတာပဲ။

လင်းဟန်က အနည်းငယ် ထိတ်လန့်သွားရုံမက သူရဲ့တိုက်ပွဲစိတ်ဝိညာဉ်ကလည်း လောင်းကျွမ်း မြင့်တက်လာခဲ့ပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ

သူနဲ့လက်ရည်တူ တိုက်ခိုက်နိုင်တဲ့လူ မရှိသလောက်နီးပါး ဖြစ်ပါတယ်။ အခုတော့ မဟာရန်သူကြီးတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာခဲ့တဲ့ အတွက်ကြောင့် စိတ်လှုပ်ရှားပြီး သူရဲ့သွေးတွေက ဆူပွက်လာခဲ့ပါတယ်။

"ကောင်းကောင်းတိုက်ခိုက်ကြတာပေါ့"

သူက ကျယ်လောင်စွာ ရယ်မောလိုက်ပြီးတော့ သူရဲ့တိုက်ပွဲဆင် လက်သီးကို အသုံးပြု လိုက်ပါတယ်။ နဂါးဦးခေါင်း ခုနစ်ခုက ထွက်ပေါ်လာပြီး ရန်ထန်းဖောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

ရန်ထန်းဖောင်က မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားပြီး သူရဲ့ ပါးစပ်ကနေ စကားလုံးတချို့ လွှတ်ခနဲ ထွက်သွားခဲ့ပါတယ်။

"မြေနဂါးနန်းတော်ရဲ့ နည်းစနစ်"

မြေနဂါးနန်းတော် ဟုတ်လား။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတွေ လင်းလက်သွားခဲ့ပါတယ်။ တိုက်ပွဲဆင်လက်သီးက နလန်တုက ဖန်တီးခဲ့ပြီး နလန်တုက မြေနဂါးဂိုဏ်းကနေ

လာခဲ့တာပါ။ သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်က လို့ဂျုပ်ဆန်းကြယ်မှု သုံးထောင်နည်းစနစ်ကို ကောင်းကင်ဓနန်းတော်က သိုင်းပညာနည်းစနစ် တစ်ခု အဖြစ် အသိအမှတ်ပြုခဲ့ပြီး လင်းဟန်က ဒါကို သေချာ မှတ်ထားခဲ့ပါတယ်။ ဒီအင်အားကြီးဂိုဏ်း အနည်းစုက အလယ်ပိုင်းဒေသထဲက ဆိုပေမဲ့ အားလုံးက နတ်ဘုရားတွေရဲ့ နယ်မြေနဲ့ အဆက်အသွယ် ရှိကြပါတယ်။ အပြာရောင်လျှပ်စီးမိုးကြိုး ဂိုဏ်းက ဇီရှုရှန်းတောင် နတ်ဘုရားတွေရဲ့ နယ်မြေထဲက ကလန်သားတစ်ယောက် ဖြစ်နေခဲ့ပါတယ်။

ဒါကြောင့် ရန်ထန်းဖောင်က မြေနဂါးနန်းတော်လို့ တစ်ကြိမ်ပြောလိုက်တာနဲ့ သူ့အနေနဲ့ ရန်ထန်းဖောင်က မြေနဂါးဂိုဏ်းကို မြေနဂါးနန်းတော်အဖြစ် မှားယွင်းခေါ်ဆိုပြီး စကားမှားပြော လိမ့်မယ်လို့တော့ လုံးဝမယုံကြည်ပါဘူး။

လပြွတ်ပဲ။ ဒီကောင်ကလည်း နတ်ဘုရားတွေရဲ့ နယ်မြေနဲ့ ပတ်သက်ဆက်နွယ်မှု တချို့ ရှိတာ ဖြစ်နိုင်ပါ့မလား။

ရန်ထန်ဖောင်ကို သူ့အသက်ငါးနှစ် အရွယ်တုန်းက တစ်ယောက်ယောက်က သူ့ကို ပိတ်ဆို့ထား ခဲ့ပါတယ်။ အဲဒီကတည်းက သူက အမြဲတမ်းလိုလို

သတိလစ်မေ့မျောနေတဲ့ အခြေအနေတစ်ခုမှာ ရှိနေခဲ့ပါတယ်။ လင်းဟန်ဆီကနေ နိစ္စဓူဂ မော်ဆေးလုံးကို လက်ခံရရှိပြီးတဲ့နောက်မှာ သူကပြန်ပြီး နိုးထလာခဲ့ပါတယ်။ အဲဒီနောက် ရက်အနည်းငယ် အတွင်းမှာပဲ သူက စိတ်ဝိညာဉ် ပင်လယ် အဆင့်ကို ထိုးတက်လာခဲ့ပါတယ်။ ပြီးတော့ ဒါအပြင် အရမ်ကို ထူးဆန်းတဲ့ စွမ်းအား တစ်ခုကို ထုတ်ဖော်ခဲ့ပါတယ်။

တကယ်လို့ ရန်ထန်းဇောင်ကို နတ်ဘုရားတစ်ပါးက အမြဲတစေ ပိုင်ဆိုင်ထားခဲ့တာဆိုရင် အရာအားလုံးက ဖြေရှင်းပြီးသား ဖြစ်သွားနိုင်ပါတယ်။

သူရဲ့နှလုံးသားကို ထိတ်လန့်တုန်လှုပ်အောင် ဖြစ်စေတဲ့ ဖိအားတစ်ခုကလည်း အရမ်းကို ထူးခြားဆန်းကြယ်တဲ့ တိုက်ပွဲစွမ်းရည်တစ်ခု ရှိနေသလိုပါပဲ။

"မင်းဘယ်သူလဲ"

လင်းဟန်က သုန်သုန်မှုန်မှုန်နဲ့ မေးလိုက်ပါတယ်။

"အိုး ငါလည်းပဲ မေးချင်နေတာ။ မင်းကရော ဘယ်သူလဲ"

ရန်ထန်းဇောင်က ပြုံးပြီးတော့ သူရဲ့လက်သီးတွေနဲ့ အတန်းလိုက် တိုက်ခိုက်မှု တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။ ဒီလက်သီးမှာ လက်သီးချီအလင်း တစ်ခုတောင် မပါဝင်ဘူးဆိုတာ ထင်ရှားပေမဲ့ ဒီလက်သီးတွေက အရမ်းကို အစွမ်းထက်ပြီးတော့ ကြမ်းတမ်းလွန်းပါတယ်။ ကြည့်ရတာ တကယ်လို့ လင်းဟန်က ဒီလက်သီးတွေနဲ့သာ အထိုးခံလိုက်ရမယ်ဆိုရင် သူပြိုင်ဘက် ဖြစ်သူရဲ့ ထိန်းချုပ်မှုကို ခံရပြီးတော့ တိုက်ပွဲပြီးဆုံး သွားပါလိမ့်မယ်။

"တကယ်ပဲ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ တစ်ဖက်လူက တကယ်ပဲ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က ရယူထားခြင်းကို ခံထားရပါတယ်။ နတ်ဘုရား တစ်ပါးတောင်မှ ဖြစ်နိုင်ချေ အရမ်းကို ရှိပါတယ်။ အဲဒီအချိန်တုန်းက ရန်ထန်းဇောင်က အဂေးကို ပိတ်ဆို့ထားခြင်း တစ်ခုပဲ ရှိခဲ့ပြီး သူ့ကို အိပ်မောကျနေစေခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ပိတ်ဆို့မှု မရှိတော့ပဲ ဒီစိတ်ဝိညာဉ်က နောက်ဆုံးတော့ ဒီခန္ဓာကိုယ်ကို လုံးဝကို ထိန်းချုပ်ရယူနိုင်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲစွမ်းအား တစ်ခုကို ထုတ်ဖော်ပြသနေပါတယ်။

"မင်းက နတ်ဘုရားတွေရဲ့ နယ်မြေကနေ လာခဲ့တာမဟုတ်လား"

လင်းဟန်က ရန်ထန်းဇောင်က ဆက်ပြီးတော့ တိုက်ကွက်တွေ ဖလှယ်လိုက်ပြီး အသံကိုနှိမ့်ပြီး မေးလိုက်ပါတယ်။ ဒါက အရမ်းကို ထူးဆန်းဖို့ ကောင်းပြီးတော့ ဘယ်သူ့ကိုမှ သူ့အနေနဲ့ မကြားစေချင်ပါဘူး။

"နတ်ဘုရားတွေရဲ့ နယ်မြေလား"

ရန်ထန်းဇောင်က ကျယ်လောင်စွာ ရယ်မောပြီးတော့မှ သူ့လိုပဲ အသံကိုနှိမ့်ပြီးပြောလိုက်ပါတယ်။

"ရေတွင်းထဲက ဖားသူငယ် တစ်ကောင်ပဲ။ မင်းကသေခါနီး အချိန်နဲ့ နီးကပ်နေတာတောင် အသိပညာ ဗဟုသုတ တော်တော်နည်းတာပဲ။ ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်သလဲ"

"မင်းက ဘာကိုဆိုလိုတာလဲ"

လင်းဟန်က မေးခွန်းထုတ်လိုက်ပါတယ်။

"နောက်ထပ် ဆယ်စုနှစ် ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာကြာပြီးမှ မင်းသိလာလိမ့်မယ်"

ရန်ထန်းဇောင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ အခုတော့ ရှုံးနိမ့်စမ်း။ ငါက ဒီလျို့ပုက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ်နှစ်ခုထဲက ရတနာကို အရယူဖို့ ဆုံးဖြတ်ထားပြီးပြီ"

"ဟားဟား"

လင်းဟန်က အေးစက်စွာနဲ့ ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီလို ဆိုမှတော့ ငါကလည်း မင်းရဲ့လမ်းကြောင်းကို ဒီထက်ပိုပြီးတော့ သွားခွင့်မပြုနိုင်ဘူး"

"မင်းငါ့ကို မတားနိုင်ပါဘူး"

ရန်ထန်းဇောင်က မာနကြီးစွာနဲ့ ပြောလိုက်ပါတယ်။

"အခု ငါ့ရဲ့ တိုက်ပွဲစွမ်းရည် တစ်ရာရာခိုင်နှုန်းကို ထုတ်ဖော်တော့မယ်။ ဘယ်လိုလုပ်ပြီးတော့ မင်းကငါ့ကို ဆန့်ကျင်နိုင်မှာလဲ"

"မမေ့လိုက်နဲ့ဦး။ ငါက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာ ပထမပဲ ရှိသေးတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒါက သူရဲ့ အကြီးမားဆုံး အသာစီး ရယူထား နိုင်မှုဖြစ်ပါတယ်။

ရန်ထန်းဇောင်ရဲ့ မျက်လုံးတွေ အေးစက်သွားခဲ့ပါတယ်။ သူက ဒီခန္ဓာကိုယ်ကို အပြည့်အဝ ထိန်းချုပ်နိုင်ခဲ့ပြီး အထဲက သူရဲ့တိုက်ပွဲစွမ်းအားကို အပြည့်အဝ ထုတ်ဖော်နိုင်တယ် ဆိုပေမဲ့ ဒီခန္ဓာကိုယ်ရဲ့ စွမ်းအားကြောင့် ကန့်သတ်ချက် ရှိနေပါတယ်။ ပြီးတော့ သူရဲ့တိုက်ပွဲစွမ်းရည်က ၎င်းရဲ့ အကန့်အသတ်မရှိတာ မဟုတ်ပါဘူး။

လင်းဟန်က အခုဆိုရင် အရမ်းကို အစွမ်းထက်နေပါတယ်။ဒါကြောင့် တကယ်လို့ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို ရောက်ရှိခဲ့မယ်ဆိုရင် သူရဲ့တိုက်ပွဲစွမ်းရည်က သေချာပေါက် အဆင့်နည်းနည်း မြင့်တက်လာပြီး အဲဒီအချိန်ကျရင်

သူ့ကိုရင်ဆိုင်ရတာ ပိုပြီးတော့တောင်မှ ခက်ခဲလာပါလိမ့်မယ်။

"ဒါဆိုရင် မင်းကို ဒီထက်ပိုပြီးတော့ အသက်ရှင်ဖို့ ခွင့်မပြုနိုင်တော့ဘူး"

ရန်ထန်းဇောင်ရဲ့ မျက်လုံးထဲမှာ အစိမ်းရောင် ငါးမြှောင့်တုံးပုံစံ လင်းလက်သွားပြီး သူရဲ့လက်ကို မြှောက်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အစိမ်းရောင် ပိုးချည်မျှင်တွေက ပျံ့နှံ့လာခဲ့ပါတယ်။

ပုန်း။

အရမ်းကို အရေးကြီးတဲ့ အချိန်မှာပဲ ယောက်ျားတစ်ယောက်က အလျင်အမြန်နဲ့ ပြိုင်ပွဲကွင်းဆီကို ပြေးဝင်လာပြီးတော့ အံ့အားသင့်တကြီးနဲ့ ပြောလိုက်ပါတယ်။

"စံအိမ်အရှင်သခင် သော့ကို ခေါင်းတလားတစ်ခုထဲမှာ ပုန်းနေတဲ့ အရူးတစ်ယောက်က ခိုးသွားပါပြီ"

အပိုင်း(၄၄၇) သော့အလုခံလိုက်ရပြီ။

သော့။

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်နဲ့ ရန်ထန်းဇောင်တို့ နှစ်ယောက်စလုံး တိုင်ပင်ထားခြင်း မရှိပဲနဲ့ ဆက်တိုက်ဆိုသလို တိုက်ခိုက်နေရာက ရပ်လိုက်ကြပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ တွေးမိတာက ဒီသော့ဆိုတာက ခနရာသီ နန်းတော်ခန်းမကို ဖွင့်လှစ်နိုင်တဲ့ လျှို့ဝှက်သော့ကို ရည်ညွှန်းပြောဆိုတာ ဖြစ်လိမ့်မယ်လို့ တွေးထားပါတယ်။

တကယ်ပဲ။ ကျန်းကလန်ရဲ့ ကလန်ခေါင်းဆောင်က ချက်ချင်းဆိုသလို မတ်တတ်ထရပ်ပြီး အံ့အားသင့်တဲ့ အမူအရာနဲ့ ဒေါသတွေထွက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သော့က အရမ်းကို လုံခြုံတဲ့နေရာမှာ ဖွက်ထားတာ ဘယ်လိုလုပ်ပြီးတော့ တစ်ယောက်ယောက်က အဲဒါကို ရှာတွေ့နိုင်မှာလဲ"

"ကလန်ခေါင်းဆောင်ကို လျှောက်တင်ပါတယ်"

ထိုလူက ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ပြီး ရင်တွေ တဒုန်းဒုန်းခုန်ပြီးတော့ ဖြေလိုက်ပါတယ်။

"အဲဒီလူက ဘာမှန်းမသိတဲ့ လျှို့ဝှက်ပညာ နည်းစနစ် အမျိုးအစား တချို့ကို အသုံးပြုပြီးတော့ နံပါတ်လေး အကြီးအကဲကို ထိန်းချုပ်ပြီး သူကိုယ်တိုင်ပဲ သော့ကို ထုတ်ယူပြီးတော့ အဲဒီလူကို လက်လွဲပြောင်း ပေးအပ်လိုက်ပါတယ်။ အဲဒီနောက်မှာ ခေါင်းတလားတစ်ခုကို အသုံးပြုပြီးတော့ ထွက်ပြေးလွတ်မြောက် သွားခဲ့ပါတယ်"

ရုံဟွမ်ရှမ်။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ သူမှန်းတပ်အပ် သိလိုက်ပါတယ်။ ယန်စွမ်းအားမြင့်မြို့မှာ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တခြားတပည့်တွေ ရှိနေနိုင်တာ ဖြစ်နိုင်ချေ ရှိပေမဲ့ လူပုံအလယ်မှာ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တစ်ယောက် အဖြစ် ထွက်ပေါ်လာရဲပုံ့တာက ရုံဟွမ်ရှမ် တစ်ယောက်ပဲ ရှိပါလိမ့်မယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားနဲ့ဆိုရင်တော့ သူဆန္ဒရှိသလို သူ့စိတ်ကြိုက်

လုပ်နိုင်ပါတယ်။

စကားတစ်ခွန်းမှ မဆိုပဲ လင်းဟာန်နဲ့ ရန်ထန်းဖောင်တို့ နှစ်ယောက်စလုံး လှည့်ပြီးတော့ ထွက်သွားလိုက်ပါတယ်။ ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ သူတို့က ပြိုင်ပွဲကွင်းရဲ့ အမြင့်ဆုံး နေရာကို ရောက်ရှိသွားခဲ့ပါတယ်။ အဲဒီနောက်မှာ ပတ်ဂန်းကျင်ကို ပေ့ကြည့်လိုက်ပြီး မကြာခင်မှာပဲ ဘယ်နေရာက အုတ်အုတ်ကျက်ကျက် ဖြစ်နေတယ် ဆိုတာကို မြင်တွေ့ သွားခဲ့ကြပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှု နည်းစနစ် အသီးသီးကို အသုံးပြုပြီးတော့ လိုက်လံဖမ်းဆီးဖို့ လှုပ်ရှားလိုက်ပါတယ်။

သော့က အလုခံလိုက်ရပြီ ဆိုမှတော့ သတို့သားလောင်း ရှာဖွေတဲ့ ပြိုင်ပွဲကို ဆက်ပြီးတော့ ပါဂင်ယှဉ်ပြိုင်စရာ အကြောင်းလုံးဂ မရှိတော့ပါဘူး။

ရွှစ်။

ဟူးညိုလည်းပဲ သူမရဲ့ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းကို အသုံးပြုပြီး သူတို့နဲ့အတူ ပူးပေါင်း လိုက်လံ ဖမ်းဆီးပါတယ်။ သူမက ရန်ထန်းဖောင်ကို တစ်ချက်လှမ်းကြည့် လိုက်ပြီး သူမရဲ့ ပါးစပ်ကို ဟာပြီးတော့ နှင်းတွေလို ဖြူဖွေးနေတဲ့

သွားတွေကို ဖြဲပြီးတော့ မာန်ဖီလိုက်ရင်း ဟူးညိုကို ကြည့်ရတာ တိုက်ပွဲစိတ်ဝိညာဉ် ပြည့်နှက်နေပုံ ရပါတယ်။

ရန်ထန်းဇောင်ရဲ့ မျက်လုံးတွေထဲမှာ စိုးရိမ်ပူပန် ထိတ်လန့်တဲ့ အရိပ်အမြွက်တစ်ခု ပေါ်လာခဲ့ပါတယ်။ ပြီးတော့ သူက ဟူးညိုရဲ့ အနားကနေ အကွာအဝေး တစ်ခုကို ထိန်းပြီးတော့ လိုက်ခဲ့ရပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ရုံဟွမ်ရှမ်ကို ပိုင်ဆိုင်ထားနိုင်ပါတယ်။ ပြီးတော့ ရန်ထန်းဇောင်ကိုတော့ နတ်ဘုရားတပါးလိုမျိုး သက်ရှိတစ်ယောက်က ထိန်းချုပ်ရယူထားတယ်လို့ ခန့်မှန်းထားပါတယ်။ ဒါဆိုရင် တကယ်လို့ ဟူးညိုဆိုရင်ရော ဟူးညိုလည်း သူမရဲ့ အထဲမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နတ်ဘုရားစိတ်ဝိညာဉ် တစ်ခုရှိနေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို သံသယ ရှိနေဆဲ ဖြစ်ပါတယ်။ အစားအသောက်ကို ခံ့မင်မက်မောပြီး ကစားရတာကို နှစ်ခြိုက်သဘောကျတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ နတ်ဘုရား တစ်ပါးက တကယ်ပဲ ရှိလို့လား။

အစတုန်းကတော့ ဒီမိန်းကလေးရဲ့ တစ်မူထူးခြားမှုက သူမရဲ့ စိတ်ဂိုညာဉ် အခြေခံထဲမှာ ဖြစ်ပါတယ်။ ပြီးတော့ ရုံဟွမ်ရှမ်နဲ့ ရန်ထန်းဖောင်တို့နဲ့လည်း လုံးဝကို မတူညီပဲ ကွဲပြားခြားနား ပါတယ်။

ဘယ်လောက်တောင် ခေါင်းကိုက်စရာ ကောင်းလိုက်သလဲ။ ဒီဘဝမှာ တကယ်ပဲ မွန်းစတားတွေ အများကြီး ရှိနေတယ်။

လင်းဟာန်က ဒါကို တစ်ခဏတော့ လျစ်လျူရှုထားခဲ့ပါတယ်။ အခုချိန်မှာ အရေးအကြီးဆုံးက ရုံဟွမ်ရှမ်ကို ဖမ်းမိပြီးတော့ သော့ကိုပြန်ပြီး လုယူနိုင်ဖို့ ဖြစ်ပါတယ်။

ကံကောင်းတာက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ခုခံကာကွယ်နိုင်စွမ်းက အရမ်းကို အထင်ကြီးစရာ ကောင်းပေမဲ့လည်း လျင်မြန်မှုတော့ သိပ်မရှိပါဘူး။ အနည်းဆုံးတော့ လင်းဟာန်နဲ့ ရန်ထန်းဖောင်တို့က သူတို့နဲ့ ခေါင်းတလားအကြားက အကွာအဝေးကို ဖြည်းညှင်းစွာနဲ့ လျော့ကျနိုင်ခဲ့ပါတယ်။ ဟူးညှိုကိုတော့ ပြောနေနေစရာ မလိုပါဘူး။ သူမမှာ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်း ရှိနေပါတယ်။ ဒါပေမဲ့လည်း သူမက တစ်ယောက်တည်း ပြေးထွက်မသွားပဲ အဲဒီအစား လင်းဟာန်ရဲ့ဘေးမှာ နေဖို့ကို ရွေးချယ်ခဲ့ပါတယ်။

ယန်စွမ်းအားမြင့်မြို့မှာ ပန်းဖူးအဆင့် လက်ရွေးစင်တွေလည်း သိပ်ပြီးတော့ မရှားပါးပါဘူး။ လင်းဟန်က အရင်တုန်းက သိပ်ပြီးတော့ မမြင်တွေ့ခဲ့ပေမဲ့ ဒီမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အဆုံးမဲ့ လက်ရွေးစင် ကျင့်ကြံသူတွေလည်း ရှိပါလိမ့်မယ်။ ရုံဟွမ်ရှွမ်က သတ္တိကောင်းပြီးတော့ သော့ကို လုယူထွက်ပြေးပုံတာကို သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သူလွတ်မြောက်သွားတာ လက်ပိုက်ပြီးတော့ ကြည့်နိုင်ရမှာလဲ။

ဒါပေမဲ့ အနည်းဆုံးတော့ အချိန်မတိုင်ခင် ပန်းဖူးအဆင့် ကျင့်ကြံသူတွေက လှုပ်ရှားကြမှာ မဟုတ်ပါဘူး။

ဒါကို နားမလည်နိုင်ပါဘူး။ တကယ်လို့ သူတို့က ယန်စွမ်းအားမြင့်မြို့ထဲမှာ သော့ကိုပြန်ပြီး လုယူခဲ့မယ်ဆိုရင် ကျန်းကလန်ကို သော့ပြန်ပေးဖို့အတွက် ဖိအားပေးခံရဖို့ အခွင့်အရေး မြင့်မားပါတယ်။ ဒါပေမဲ့လည်း မြို့ကနေ ထွက်လာပြီးရင်တော့ ကန္တာရထဲကို ရောက်သွားပြီလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ပြီးတော့ တကယ်လို့ လူတစ်ယောက်က ကန္တာရထဲကနေ တစ်စုံတစ်ခုကို ရရှိခဲ့မယ်ဆိုရင် အဲဒါက သူ့ရဲ့ကိုယ်ပိုင် ပစ္စည်း ဖြစ်သွားပါပြီ။

ဒီလိုမျိုး ပစ္စည်းကို ပျောက်ဆုံးသွားတဲ့ ပစ္စည်းတစ်ခုလို့ သတ်မှတ်ရပါလိမ့်မယ်။

ဒါက စည်းမျဉ်းစည်းကမ်း တစ်ခုပါပဲ။

ဒါကြောင့် အားလုံးက စောင့်ဆိုင်းနေခြင်း ဖြစ်ပါတယ်။ သူတို့အားလုံးက ရုံဟွမ်ရှမ် မြို့ကထဲကနေ ထွက်ခွာသွားမှာကို စောင့်နေကြပြီး အဲဒီအချိန်ကျရင် သေချာပေါက်ကို အစွမ်းထက်တဲ့ လက်ရွေးစင် ကျင့်ကြံသူ အများအပြားက လှုပ်ရှားလာပါလိမ့်မယ်။ ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေတောင်မှ လှုပ်ရှားမှုတစ်ခု ပြုလုပ်လာမယ် ဆိုရင် ထူးဆန်းစရာကိစ္စတော့ မဟုတ်ပါဘူး။

အသက်သုံးချောင်း အလောင်းကောင် အခေါင်းတလားရဲ့ လမ်းကြောင်းကတော့ ရှင်းနေပါတယ်။ ဘယ်သူကမှ ၎င်းရဲ့လမ်းကြောင်းကို မတားဆီးနိုင်ပါဘူး။

ဆယ်မိနစ်လောက် ကြာတဲ့အချိန်မှာ ရုံဟွမ်ရှမ်က မြို့ထဲကနေ ထွက်သွားခဲ့ပါပြီ။ ချက်ချင်းဆိုသလို ပုံရိပ်တွေ အများကြီး ပေါ်လာခဲ့ပါတယ်။ ကြည့်ရတာ ဘယ်သူကမှ တိတ်ဆိတ်ငြိမ်သက်ပြီး စိတ်ရှည်သည်းခံလိုခြင်း

မရှိကြတော့ပါဘူး။

"သတိထား။ ဒီအခေါင်းက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ရတနာပစ္စည်း တစ်ခု ဖြစ်ပြီးတော့ အရမ်းကို အစွမ်းထက်တယ်"

တစ်စုံတစ်ယောက်က သတိပေးလိုက်ပါတယ်။ သူက ပန်းဖူးအဆင့်ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ အမှောင်နတ်ဆိုး တောအုပ်ထဲမှာ တစ်ကြိမ်ထွက်ပေါ်လာခဲ့ပြီး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ဘယ်လောက်တောင် ကြောက်စရာကောင်းတယ် ဆိုတာကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ကြုံတွေ့ခဲ့ပါတယ်။

လူတော်တော်များများက ခေါင်းညိတ်လိုက်ကြပါတယ်။ ဒါပေမဲ့ ကြည့်ရတာ ပိုပြီးတော့တောင် အထင်အမြင် သေးကုန်ကြပါတယ်။ တကယ်လို့ ဒါက အဆင့်တစ်ဆယ်စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်တယ်ဆိုရင်တောင်မှ အသုံးပြုတဲ့ သူ့အပေါ်မှာ မူတည်ပြီးတော့ ဘယ်လောက်များ အစွမ်းကို ထုတ်ဖော်ပြသနိုင်မှာလဲ။

"မင်းတို့အားလုံးက သတ္တိနည်းမှတော့ ငါကပဲ ဒီသော့ကို ထိန်းသိမ်းထားလိုက်ပါမယ်"

သူတို့ထဲက လူတစ်ယောက်က လှုပ်ရှားလိုက်ပြီးတော့ လက်ဂါရိုက်ချက် တစ်ခုကို အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားဆီ ရိုက်ထုတ်လိုက်ပါတယ်။

"အရှုံးပဲ"

လူတွေအများကြီးက တွေးလိုက်ကြပါတယ်။

ဖန်း။

လက်ဂါးရိုက်ချက်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား အပေါ်ကို ကျရောက် သွားခဲ့ပြီး ချက်ချင်းဆိုသလို ခေါင်းတလားအဖုံးပေါ်က အစီအရင်တွေက လင်းလက်တောက်ပ လာပြီးတော့ လေထဲမှာ မျောလွင့်နေတဲ့ အရိုးစုစစ်တပ်တစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး လှံတစ်ချောင်းပုံစံနဲ့ အဲဒီလူဆီကို ပစ်လွှတ်လိုက်ပါတယ်။

အဲဒီလူက အကြီးအကျယ် အံ့အားသင့်သွားပြီးတော့

အလျှင်အမြန်ပဲ သူရဲ့သိုင်းဆန္ဒတွေကို ဖြန့်ကျက်ပြီး သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးအပေါ်မှာ အကာအကွယ်အလွှာ တစ်ခုကို ဖြစ်ပေါ်စေခဲ့ ပါတယ်။ ဒါပေမဲ့လည်း လှံက သူရဲ့အကာအကွယ်ကို ရိုးရိုးလေးပဲ ထိုးဖောက်ဝင်ရောက် သွားခဲ့ပါတယ်။ ဖူး။ လှံက သူရဲ့ခေါင်းကို ထိုးဖောက်သွားပြီး လှံရဲ့ထိပ်ဖျားကနေ သွေးတွေက တစ်စက်ပြီးတစ်စက် ကျဆင်းလာခဲ့ပါတယ်။

သူရဲ့ကံကြမ္မာက အမှောင်နတ်ဆိုး တောအုပ်ထဲက ပန်းဖူးအဆင့် ကျင့်ကြံသူလိုပဲ မကောင်းမွန်ပဲ ဦးခေါင်းကို လှံနဲ့ထိုးခံလိုက်ပြီးတော့ အသတ်ခံလိုက်ရပါတယ်။

ပုန်း။

အရိုးစုစစ်တပ်က အလိုအလျောက် ပျောက်ကွယ်သွားခဲ့ပါတယ်။ ပြီးတော့ ပန်းဖူးအဆင့် ကျင့်ကြံသူရဲ့ ခန္ဓာကိုယ်ကလည်း အထောက်အပံ့မရှိတော့ပဲ ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကနေ မြေကြီးပေါ်ကို ကျဆင်းလာခဲ့ပြီး မြေကြီးပေါ်မှာ အက်ကွဲရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"ဟားဟားဟား ငါ့ရဲ့အလောင်းကောင် စစ်သားအတွက်

ပစ္စည်းအနေနဲ့ မင်းကတကယ်ပဲ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်တစ်ခု ငှါကို လက်ဆောင်ပေးတာပဲ ကျေးဇူးတင်ပါတယ်”

ရုံဟွမ်ရှမ်ရဲ့ အသံကို အခေါင်းတလားထဲကနေ ကြားလိုက်ရပါတယ်။ ခေါင်းတလားရဲ့ အဖုံးက ပွင့်လာပြီးတော့ လက်မောင်းတစ်ဖက် ဆန့်ထွက်လာပြီး ပန်းဖူးအဆင့် ကျင့်ကြံသူရဲ့ ခန္ဓာကိုယ်ကို လျင်လျင်မြန်မြန်ပဲ အထဲကို ဆွဲသွင်းလိုက်ပါတယ်။ ပုန်း။ ခေါင်းတလားရဲ့အဖုံးက လျင်မြန်စွာနဲ့ နောက်တစ်ကြိမ် ပြန်ပိတ်သွားခဲ့ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာတော့ သူတို့တွေအားလုံး ပြောစရာစကားတွေ ကင်းမဲ့ကုန်ပါတယ်။ ဒီခေါင်းတလားက ယုတ္တိကို မရှိပါဘူး။ ဒါဆိုရင် အခု သူတို့ ဘယ်လိုလုပ်ရမလဲ။

ကြည့်ရတာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင် ဘာမှသုံးစားလို့ မရပါဘူး။ ဒါကြောင့် တခြားအခြေအနေတစ်ခုဖြစ်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက လှုပ်ရှားဖို့ပဲ ကျန်ပါတော့တယ်။

ခရမ်းရောင် နတ်ဘုရား အလင်းတွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးလွှမ်းထားတဲ့ အစွမ်းထက် ကျင့်ကြံသူတစ်ယောက် ပေါ်ထွက်လာခဲ့ပါတယ်။ အထင်ကြီးလေးစားဖို့ကောင်းတဲ့ အရှိန်အဝါ တစ်ခုက သူ့ဆီကနေ ထွက်ပေါ်လို့ လာခဲ့ပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေတောင်မှ သူရဲ့အရှေ့မှာ အနည်းငယ်မျှ ခုခံနိုင်စွမ်း မရှိပဲနဲ့ ဒူးထောက်ဖို့ ဖိအားပေးနေပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ကျင့်ကြံသူတစ်ယောက်။

ဒါပေမဲ့လည်း လင်းဟန်၊ ဟူးညိုနဲ့ ရန်ထန်းဖောင်တို့က သာမန်လူတွေ မဟုတ်ပါဘူး။ ပြီးတော့ သူတို့အနေနဲ့ ဒီကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါကြောင့် နည်းနည်းလေးမှ ကြောက်ရွံ့မှုကို မခံစားရပါဘူး။ ဒါအပြင် အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ အကာအကွယ်ရှိနေတဲ့ ရုံဟွမ်ရှမ်လည်း မကြောက်ရွံ့ပါဘူး။ နောက်ပြီးတော့ ဒီလိုမျိုး အရှိန်အဝါက ပြိုင်ဘက်ကင်းတာတော့ မဟုတ်ပါဘူး။ လူတစ်ယောက်က အုပ်ချုပ်သူ တစ်ယောက် ဖြစ်ပြီး ချီအလင်း ခုနစ်ခုကို ထုတ်ဖော်နိုင်တယ်ဆိုရင် သူ့အနေနဲ့ ခုခံနိုင်ဖို့ အဆင့်မီပါတယ်။ ပြီးတော့ ဒီလိုမျိုး အရှိန်အဝါရဲ့

အကျိုးသက်ရောက်မှုကိုလည်း လျော့ချနိုင်ပါတယ်။

"ဒါက ခရမ်းစက်အကြီးအကဲပဲ"

ဒီအစွမ်းထက်တဲ့ ကျင့်ကြံသူ ပေါ်ထွက်လာတာကို မြင်လိုက်ရတဲ့ အခါမှာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ အားလုံးပဲ အံ့အားသင့်သွားကြပါတယ်။ သူတို့အားလုံးအနေနဲ့ ဒီသော့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေရဲ့ အာရုံကို ဆွဲဆောင်နိုင်တယ် ဆိုတာကို သတိပြုမိပေမဲ့ ဒီလိုမျိုး လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက် ပေါ်ထွက်လာတဲ့ အခါမှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါသေးတယ်။

တကယ်ပဲ လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုအထဲက အမွေဆက်ခံ ပစ္စည်းကြောင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ကျင့်ကြံသူတွေတောင်မှ လှုပ်ရှား လာခဲ့ပါတယ်။ ခရမ်းစက် အကြီးအကဲရဲ့အစွမ်းက လျှို့ဝှက်နယ်မြေထဲကို ဝင်ရောက်ဖို့ အဆင့်မမီပေမဲ့ သူ့မှာ တပည့်တွေအများကြီး ရှိပါတယ်။ သူတို့ထဲမှာ သေချာပေါက် ပါရမီရှိတဲ့ တပည့်တစ်ယောက် နှစ်ယောက်တော့ ရှိပါလိမ့်မယ်။ သူတို့သာ ဒီအမွေခံ ပစ္စည်းကို ရရှိခဲ့ရင် ဒါက ခရမ်းစက်အကြီးအကဲက အဲဒါကို ရရှိတာနဲ့ အတူတူပါပဲ။

ခရမ်းစက် အကြီးအကဲရဲ့ ပုံရိပ်က ကျဆင်းလို့လာခဲ့ပြီး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို လက်ဝါးရိုက်ချက် တစ်ခုနဲ့ ဖိနှိပ်လိုက်ပါတယ်။

"ဟားဟား ငတုံးအဘိုးကြီး ခင်ဗျားလည်း ဒီနေရာကိုလာပြီးတော့ သေခြင်းတရားကို ရှာနေတာလား"

ရှုံဟွမ်ရှွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ့ပုံစံက အရမ်းကို မောက်မာဝင့်ကြွားနေပုံ ရပါတယ်။

ဒါက အားလုံးကို မကျေမနပ် ဖြစ်သွားစေခဲ့ပါတယ်။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ပဲရှိတဲ့ အသေးအမွှား လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ ပြီးတော့ သူ့မှာ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ရှိနေတာကြောင့် သူတို့ကို နှိမ့်ချပြီးတော့ ကြည့်ပုံ့တာပါ။ ဒါကလည်း ဘာဖြစ်လို့လဲဆိုတော့ မြောက်ပိုင်းဒေသမှ အဆုံးမဲ့ လက်ရွေးစင် ကျင့်ကြံသူ ရှားပါးမှုကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက အလယ်ပိုင်းဒေသမှာ ဒီလိုမျိုး လုပ်ပုံ့တယ်ဆိုရင် ပင်လယ်လိပ်ခွံလို ခံစစ်မျိုး ရှိရင်တောင်မှ အဲဒီထဲကနေ ဆွဲထုတ်ပြီးတော့ အသတ်ခံရပါလိမ့်မယ်။

ခရမ်းစက် အကြီးအကဲက ခေါင်းတလားကို လက်ဝါးတစ်ဖက်နဲ့ ဖိနှိပ်လိုက်ပါတယ်။ ချက်ချင်းပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက တုံ့ပြန်လာခဲ့ပါတယ်။ နောက်ထပ် အရိုးစု စစ်သား ထပ်ပေါ်လာပြီးတော့ သူ့ဆီကို ခုတ်ပိုင်းလိုက်ပါတယ်။

ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်စလုံး ချက်ချင်းပဲ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို တိုက်ခိုက်လို့နေပါတယ်။ ခရမ်းစက် အကြီးအကဲက အရေးမနိမ့်သလို အရိုးစုစစ်သားကိုလည်း မဖျက်ဆီးနိုင်ခဲ့ပါဘူး။ ပြီးတော့ ချက်ချင်းဆိုသလို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ အရိုးစု စစ်သားက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ဖန်တီးတိုက်ခိုက်မှု တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ ၎င်းက ပျက်စီးသွားခဲ့ရင်တောင်မှ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ဒုတိယတစ်ခုကို ဖြစ်ပေါ်စေဖို့ပဲ လိုအပ်ပါတယ်။ ခရမ်းစက်အကြီးအကဲက ဒီလိုမျိုး စွမ်းအင်ကုန်ခန်းတဲ့နည်းကို ကြံ့ကြံ့ခိုင်နိုင်စွမ်း ရှိပါ့မလား။

"ခရမ်းစက် အကြီးအကဲ အဘိုးကြီး။ ငါမင်းကို လက်တစ်ဖက် ကူညီပေးမယ်"

နောက်ထပ် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ပေါ်လာပြီး သူရဲ့ဓားနဲ့ ခေါင်းတလားကို ရိုးရိုးလေးပဲ ခုတ်ချလိုက်ပါတယ်။ ဟုမ်း။ ဓားချီအလင်းတစ်ခုက ထွက်သွားပြီး နတ်ဘုရား ဓားတစ်လက်ပုံစံ ဖြစ်သွားပြီးတော့ ပေပေါင်းတစ်ထောင်လောက် ရှည်ထွက်လာပြီး ကြမ်းကြမ်းတမ်းတမ်းနဲ့ ခုတ်ချလိုက်ပါတယ်။

ပုန်း။

နတ်ဘုရားဓားက အခေါင်းတလားပေါ်ကို ခုတ်ချက်လိုက်ပြီး ချက်ချင်းဆိုသလို အလင်းရောင်နဲ့ အရိပ်လှိုင်းတွန့်တွေ ထွက်ပေါ်လာခဲ့ပါတယ်။

"အား"

ရှုံပွမ်ရှွမ်က နာကျင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူကတိုက်ရိုက်ကြီး အတိုက်မခံရပေမဲ့ ဒီတိုက်ခိုက်မှုရဲ့ အကျိုးရလဒ်ကြောင့် ဖြစ်ပေါ်လာတဲ့ တုန်ခါမှုက သူ့ကို

နာကျင်စေခဲ့ပါတယ်။

အပိုင်း(၄၄၈) ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲ

တကယ်လို့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားလိုမျိုး အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုတောင်မှ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ဖော်ထုတ်လိုက်တဲ့ အခါမှာ မီးပွင့်မီးဖွားတွေ ထွက်ပေါ်လာဖို့ လုံလောက်ပါတယ်။

ဒါပေမဲ့လည်း မြောက်ပိုင်းဒေသလို နေရာမျိုးမှာတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်က အသန်မာဆုံး အဆင့်လို့ သတ်မှတ်ယူဆထားကြပါတယ်။ ရှုံဟွမ်ရွှမ်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ပိုင်ဆိုင်ထားတာက အတော်လေးကို ခေါင်းခဲစေပါတယ်။ သူက အခေါင်းထဲမှာပဲ ဆက်ပြီးတော့ ပုန်းကွယ်နေပြီး အပြင်ကို ထွက်မလာခဲ့ပါဘူး။ ပြီးတော့ ဘယ်သူမှလည်း သူ့ကို တစ်ခုခု လုပ်နိုင်စွမ်း မရှိကြပါဘူး။

ဂုမ်း။

ဒါပေမဲ့လည်း ဒီနတ်ဘုရားဓားရဲ့ တိုက်ခိုက်မှုကို

လက်ခံရရှိပြီးတဲ့နောက်မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား အပေါ်က အစီအရင်တွေက လက်ခနဲ ဖြစ်သွားပြီး ချက်ချင်းပဲ နောက်ထပ် အရိုးစုစစ်သည် တစ်ကောင် ဖြစ်ပေါ်လာပြီး ဓားတိုက်ခိုက်မှုကို လုပ်လိုက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

ထိုစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကြောင့် ဖြစ်လာတဲ့ အရိုးစုနဲ့ ပတ်သက်ရှုပ်ထွေးနေဖို့ လုံးဝကို စိတ်မဝင်စားပါဘူး။ သူရဲ့ပုံရိပ်က ချက်ချင်းပဲ လျပ်ပြက်သလို လှုပ်ရှားသွားပြီးတော့ အရိုးစု စစ်သားနဲ့ မျက်နှာချင်းဆိုင် တိုက်ခိုက်ရမဲ့ အခြေအနေကို ရှောင်တိမ်းလိုက်ပါတယ်။ သူရဲ့ဓားကို နောက်တစ်ကြိမ် ဝှေ့လိုက်ပြီး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို နောက်ထပ် တိုက်ခိုက်မှုတစ်ခု ပစ်လွှတ်လိုက်ပါတယ်။

"အား"

ရှုံပွှမ်ရွှမ်က နာကျမှုကြောင့် နောက်တစ်ကြိမ် အော်ဟစ်လိုက်ပါတယ်။ ခေါင်းတလားက သူ့ကို ဘယ်လိုတိုက်ရိုက် တိုက်ခိုက်မှုမျိုးကိုမဆို မထိအောင်

လွဲချော်သွားစေပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးရလဒ်က သူ့ကိုတော့ အတော်လေးကို ခံစားစေရပါတယ်။

နောက်ထပ် အရိုးစုစစ်သား ထပ်ပေါ်လာပြီးတော့ ထိုစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

အားလုံးရဲ့ မျက်နှာတွေက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ တိုက်ခိုက်မှုတစ်ခုက အရိုးစု စစ်သားတစ်ကောင် ဖြစ်ပေါ်စေတယ်။ ဘယ်သူက ဒါကိုကိုင်တွယ်နိုင်မှာလဲ။ အသန်မာဆုံး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတောင်မှ အရိုးစုစစ်သား အများကြီးရဲက စုပေါင်းအင်အားကို ဆန့်ကျင်ရပ်တည်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒုတိယ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူက နောက်တစ်ကြိမ် တိမ်းရှောင်လိုက်ပြီး သူ့ရဲ့နတ်ဘုရားဓားနဲ့ နောက်ထပ်တိုက်ခိုက်မှု တစ်ခုကို ထပ်ပြီးတော့ လုပ်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုကြောင့်ပဲ လေးခုမြောက် အရိုးစုစစ်သားက ထွက်ပြီးတော့ ပေါ်လာခဲ့ပါတယ်။

ဒီခေါင်းတလားက စုစည်းနိုင်တဲ့ အရိုးစု စစ်သားတွေရဲ့ အရေအတွက်က အကန့်အသတ် မရှိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။

လင်းဟန်ကလည်း စောင့်ကြည့်နေသလို သေချာပေါက် အကန့်အသတ်တစ်ခုတော့ ရှိရလိမ့်မယ်လို့ သူတွေးတောမိလိုက်ပါတယ်။ ဒါပေမဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်က ၎င်းရဲ့အကန့်အသတ်ကို ဖိအားပေးဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒါက လုံးဝကို မဖြစ်နိုင်ပါဘူး။

သူတို့နှစ်ယောက်လုံးမှာ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းကိုယ်စီ ရှိကြပါတယ်။ ဒါပေမဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းပြီး နတ်ဆိုးရှင်သန်ဓားထက် သာလွန်ပါတယ်။

"ဒါက မြေအောက်ကမ္ဘာရဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို တုပထားတယ် ဆိုတာ

တကယ်ပဲ သက်သေပြလိုက် သလိုပဲ။ ငါတောင်မှ နည်းနည်းလောက် လိုချင်တပ်မက်သလို ခံစားရတယ်”

ရန်ထန်းဇောင်က သူ့ကိုယ်သူ တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူရဲ့အသံက အရမ်းကို တိုးပေမဲ့ လင်းဟန်ကတော့ ကြားဖြစ်အောင် ကြားလိုက်ပါတယ်။

ဒုတိယစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို တိုက်ခိုက်မှု ခုနစ်ခုကို တသီတတန်းထုတ်ဖော်ပြီးတဲ့ နောက်မှာတော့ သူ့အနေနဲ့ ထပ်ပြီးတော့ တိုက်ခိုက်နိုင်စွမ်း မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရိုးစု စစ်သား ခုနစ်ကောင်က သူ့ကို ပိုင်းထားပြီး သူ့အနေနဲ့ တိုက်ခိုက်ဖို့ အပိုစွမ်းအားတွေ ဒီထက်ပိုပြီး မရှိတော့ပါဘူး။

“ဟားဟားဟား ခင်ဗျားက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက် သာသာပဲ ရှိတာ။ ကျုပ်ကို ခင်ဗျားက ဆန့်ကျင်ချင်နေတာလား”

ရုံဟွမ်ရှမ်ရဲ့ မောက်မာဂင့်ကြွားတဲ့ ရယ်သံက ပွဲတင်ထပ်လာပြီး ကြားရတာ အရမ်းကို စိတ်မချမ်းမသာ ကောင်းပါတယ်။

ဒါပေမဲ့လည်း အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက တကယ်ပဲ အရမ်းကို အစွမ်းထက်ပြီးတော့ သူတို့အနေနဲ့ ဒါကို ဂန်မခံလို့ မရပါဘူး။

လင်းဟန်က မျှော်စင်လေးကို ကျိတ်ပြီးတော့ စိတ်ထဲကနေ ပြောလိုက်ပါတယ်။

"တစ်ချက်လောက် ကြည့်လိုက်။ သူ့မှာရှိတဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းက အရမ်းကို ထူးခြားဆန်းကြယ်တာပဲ။ တကယ်တော့ ငါ့ကိုယ်ငါ တည်ငြိမ်အောင် ထိန်းနေပေမဲ့ ငါ့ခြေထောက် အကြားက ငါ့ရဲ့အမြီးကို လျှို့ထားရတယ်။ ဘာကြောင့် ဒီလိုမျိုး ကြီးမားတဲ့ ကွာဟချက်တစ်ခု ရှိနေရတာလဲ"

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေလိုက်ပါတယ်။

"တကယ်လို့ မင်းလိုချင်တယ်ဆိုရင် ငါလည်း ငါရဲ့စွမ်းအားတွေ အပြည့်အဂကို ထုတ်ဖော်ပြ နိုင်တယ်။ မင်းဖျက်ဆီးပစ်ချင်တဲ့ ဘယ်သူ့ကိုမဆို မင်းစိတ်ကြိုက် လုပ်လို့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းက ဆရာသခင်ပဲ ဒါကြောင့် ငါမင်းစကားကို နားထောင်ရမှာပေါ့"

လပြွတ်ပဲလေ။

လင်းဟန်ရဲ့ အမူအရာက ဂမ်းနည်းပူဆွေး ကြေကွဲသွားသလိုပါပဲ။ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး အနက်ရောင် မျှော်စင်က တကယ်ပဲ အရမ်းကို အစွမ်းထက်တဲ့ အရာတစ်ခုဆိုတာကို လှစ်ဟာထုတ်ဖော်လို့ ရနိုင်မှာလဲ။ ဒါပေမဲ့လည်း မျှော်စင်လေးက တကယ်ပဲ အရမ်းကို ရမ်းကားလွန်းပါတယ်။ ဒေါသတွေ ထွက်လွန်းလို့ သူရဲ့နှာခေါင်းတောင် မီးတောက်လုမတတ် ဖြစ်သွားပါတယ်။

ဘာဖြစ်လို့ ဒီစိတ်ဂိညာဉ် ပစ္စည်းက လူရမ်းကားတွေရဲ့ ခေါင်းဆောင်တစ်ယောက်လို့ ခံစားနေရတာလဲ။

ဒီနေရာမှာ စုစုပေါင်း စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ သုံးယောက်ရှိပြီး သူတို့အားလုံး အသီးသီး လှုပ်ရှားနေကြပါတယ်။ ဒါပေမဲ့ အရိုးစု စစ်သားတွေကတောင် ပိုပြီးတော့ သူတို့ကို လုံးဂကို ဖိနှိပ်ထားပုံ ရပါတယ်။

"ဘယ်လောက်တောင် အဓိပ္ပါယ်မရှိတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေလဲ။ လျှို့ပှက်ဆန်းကြယ်

ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲက အမွေခံပစ္စည်းကို ငါအရယူပြီးတဲ့အထိ စောင့်ဦး။ အဲဒီနောက်ကျမှ ငါပြန်လာပြီးတော့ မင်းတို့အားလုံးကို အလောင်းကောင်စစ်သားအဖြစ် မွမ်းမံသန့်စင်ပစ်မယ်။ ဟားဟားဟား”

ရှုံဟွမ်ရှမ်က အူလှိုက်သည်းလှိုက်ကို ရယ်မောလိုက်ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်ပဲ ရှိသေးတဲ့ လူတွေထဲမှာ ဘယ်သူကများ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေကို သူရဲ့လက်ဝါးပေါ်မှာ တင်ပြီးတော့ ကစားနိုင်စွမ်း ရှိလို့လဲ။

သူတစ်ယောက်ပဲလေ။

ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေ အားလုံးပဲ ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ကြပါတယ်။ ဒါပေမဲ့ သူတို့ဘာများ တတ်နိုင်မှာလဲ။ သူတို့မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ခုခံစွမ်းအားကို ချိုးဖျက်နိုင်ဖို့ ဘာနည်းလမ်းမှ မရှိပါဘူး။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ခိုင်မာတဲ့ ခုခံကာကွယ်မှုနဲ့ဆိုရင် အသက်သုံးချောင်း

အလောင်းကောင် ခေါင်းတလားထဲက ရုံဟွမ်ရှမ်ကို သတ်ပစ်ဖို့ဆိုတာက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုကြောင့်သာ ဖြစ်နိုင်ပါလိမ့်မယ်။ အကြောင်းပြချက်ကတော့ ရုံဟွမ်ရှမ်ရဲ့ ကျင့်ကြံခြင်းအဆင့်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိမနေလို့ပဲ ဖြစ်ပါတယ်။

ဒါက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ အစွမ်းကို သက်သေပြဖို့ လုံလောက်ပါတယ်။ ဒါက မလှုပ်မယှက်နေတဲ့ ခုခံကာကွယ်မှုသာသာပဲ ဖြစ်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုက ခေါင်းတလားထဲမှာ ပုန်းနေတဲ့ လူကို သတ်ပစ်ဖို့အတွက် လုံလောက်ပါတယ်။

ရုံဟွမ်ရှမ်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားနဲ့ ဆက်ပြီးတော့ ထွက်သွားပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူ တချို့က နောက်ကနေလိုက်ပြီးတော့ ဖမ်းနေပြီး လက်လျော့အရှုံးပေးချင်စိတ် မရှိကြပါဘူး။

တကယ်လို့ ဒီကောင်စုတ်လေးက အခေါင်းထဲမှာ

ဆက်ပြီးတော့ ပုန်းကွယ်နေဦးမယ်ဆိုရင် သူတို့အနေနဲ့ ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။

ဆယ်ရက်ကြာပြီးတဲ့နောက်မှာ အစွမ်းထက်တဲ့ ကျင့်ကြံသူတွေ အားလုံးက ဘာမှမတတ်နိုင်ပဲ ထွက်ခွာလာခဲ့ရပါတယ်။ ဒီခေါင်းတလားနောက်ကို ဖွဲ့နဲ့ဆက်ပြီးတော့ လိုက်နေတာ သူတို့အတွက် အဓိပ္ပါယ်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှုံဟွမ်ရွှမ်မှာ သိုလှောင်လက်စွပ်တစ်ကွင်း ရှိပြီးတော့ အစာငတ်ပြီး သေမှာကို စိုးရိမ်ပူပန်နေစရာ မလိုဘူးဆိုတာ သိသာထင်ရှားပါတယ်။ ခေါင်းတလား အနောက်ကို ဆက်ပြီးတော့ လိုက်နေတဲ့သူတွေကတော့ လင်းဟန်၊ ဟူးညို့နဲ့ ရန်ထန်းဇောင်တို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က ဟူးညို့ကတော့ အတူတစ်ကွ လိုက်နေပြီး ရန်ထန်းဇောင်ကတော့ တစ်ယောက်တည်း လိုက်လာတာ ဖြစ်ပြီးတော့ သူတို့သုံးယောက်စလုံးက သူတို့ကိုယ်သူတို့ မမြင်အောင် ပုန်းကွယ်ရင်း အနော်ကကနေ ဆက်ပြီးတော့ လိုက်လံဖမ်းဆီးနေကြပါတယ်။

ဒါပေမဲ့လည်း ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေ အားလုံးထွက်ခွာ သွားတဲ့အခါမှာ

ရန်ထန်းဇောင်က ထွက်လာပြီး ခြေလှမ်းကျဲကြီးတွေနဲ့အတူ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။

"သော့ကိုထုတ်ပေးစမ်း။ ဒါဆိုရင် ငါမင်းကို ချမ်းသာပေးမယ်"

ရန်ထန်းဇောင်က တည်တည်ငြိမ်ငြိမ်နဲ့ အမိန့်ပေးလိုက်ပါတယ်။

"မင်းက စိတ်ဂိုဏ်ဦ ပလ္လင်အဆင့်ပဲ ရှိတယ်။ ဘယ်လောက်တောင် သတ္တိကောင်းပြီးတော့ ပြောနေတာလဲ"

ရုံဟွမ်ရှမ်က ခေါင်းတလားထဲကနေ ထွက်လာပြီးတော့ ရန်ထန်းဇောင်ကို အေးစက်စက်နဲ့ သရော်လိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ ငါအတားအဆီးမရှိ လှုပ်ရှားတုန်းက မင်းရဲ့ဘိုးဘေးတွေတောင် ဘယ်နေရာမှာ ရှိနေလဲဆိုတာကို ဘယ်သူသိမှာလဲ။ မင်းကတကယ်ပဲ ငါ့ရဲ့အရှေ့မှာ ရှိုင်းစိုင်းတဲ့ အပြုအမူတွေ လုပ်ပုံ့တယ်ပေါ့"

ရန်ထန်းဇောင်က တန်းပြီးတော့ လှုပ်ရှားလိုက်ပြီး

ရုံဟွမ်ရွှမ်ကို ဖမ်းဆီးဖို့ ဦးတည်လိုက်ပါတယ်။

လင်းဟန်က မလှုပ်ရှားပါဘူး။ သူ့အနေနဲ့ ရုံဟွမ်ရွှမ်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲကို ပြေးဝင်ပြီးတော့ လွတ်မြောက်သွားမှာကို ကြောက်ပါတယ်။ အဲဒီလိုသာဆိုရင် ကျားတစ်ကောင်က လိပ်တစ်ကောင်ရဲ့ အခွံကို ကိုက်ဖြတ်ဖို့ ကြိုးစားပေမဲ့ ဘယ်နေရာကို ကိုက်ရမလဲဆိုတာကို မသိပဲ ဖြစ်နေတာနဲ့ တူပါတယ်။ နောက်တစ်ချက်က ရန်ထန်းဖောင်က သော့ကို ရရှိပြီးတော့မှ သူ့ဆီကနေ ပြန်ပြီးတော့ လုယူရတာက ပိုပြီးတော့ လွယ်ကူပါလိမ့်မယ်။

"ဟားဟား ဘယ်လိုဟာသလဲ"

ရုံဟွမ်ရွှမ်က ကြောက်ရွံ့မှုမရှိပဲ ဆေဘာဓားရှည် တစ်လက်ကို ဆွဲထုတ်ပြီးတော့ တိုက်ခိုက်လိုက် ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက တပည့်တွေရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို မသန်မာဘူး ဆိုပေမဲ့ ခြွင်းချက်တော့ ရှိပါသေးတယ်။ ဥပမာ ရုံဟွမ်ရွှမ်က ဂိုဏ်းခေါင်းဆောင်ရဲ့ အမွေဆက်ခံ ပစ္စည်းကို လက်ခံရရှိခဲ့ပြီး တခြားအဆင့်တစ်ဆယ် စိတ်ဝိညာဉ်ပစ္စည်းဖြစ်တဲ့

နတ်ဆိုးအော်သံ ဆေးဘာဓားကို မရရှိခဲ့ပေမဲ့ သူက နတ်ဆိုးအော်သံ ဆေးဘာဓားနဲ့အတူ တွဲပြီးတော့ အသုံးပြုနိုင်တဲ့ ဆေးဘာဓားနည်းစနစ်ကို ရရှိခဲ့ပါတယ်။ ဒီဆေးဘာဓားနည်းစနစ်ရဲ့ အဆင့်က အရမ်းကြီးမနိမ့်ပါဘူး။ ၎င်းကို အလောင်းချီလေ့ကျင့်ထားတဲ့ လူတစ်ယောက်က အသုံးပြုနိုင်ပါတယ်။ ဒီဆေးဘာဓား နည်းစနစ်က ဘယ်လောက်ထိ အစွမ်းထက်သလဲ ဆိုတာက အလောင်းချီ ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လူတစ်ယောက်ရဲ့ အောင်မြင်မှုအပေါ် မှာ မူတည်ပါတယ်။

ဒါကြောင့် ရှုံဟွမ်ရှမ်က ဆေးဘာဓားနည်းစနစ်မှာ စွမ်းရည်တချို့ ရှိနေပြီး ဆေးဘာဓားချီအလင်း ငါးခုကို ထုတ်ဖော်ပြီးတော့ ရန်ထန်းဇောင်ကို သူရဲ့ဆေးဘာဓားနဲ့ တစ်ချက်ပဲ ခုတ်လိုက်ပါတယ်။

ရန်ထန်းဇောင်က ရှောင်တိမ်းခြင်း လုံးဝမရှိပါဘူး။ သူက ညာဘက်လက်ကို ဆန့်ထုတ်လိုက်ပြီး သူရဲ့သိုင်းဆန္ဒတွေက ပန်းထွက်လာခဲ့ပြီတယ်။ အစိမ်းရောင် ပိုးချည်မျှင်နဲ့တူတဲ့ အရာတွေက ပျံ့နှံ့သွားပြီး ပိုက်ကွန်တစ်ခုလိုမျိုး ရှုံဟွမ်ရှမ်ကို ဝိုင်းပတ်ထားပါတယ်။

"ကွဲထွက်စမ်း"

ရုံဟွမ်ရှမ်က အော်ဟစ်လိုက်ပါတယ်။ သူရဲ့ဆေဘာဓားချိန်နဲ့ အရှေ့ကို ထိုးခုတ်ပါတယ်။ ဒါပေမဲ့ အစိမ်းရောင် ပိုက်ကွက်က လုံးဂကို မပျက်စီးသွားခဲ့ပါဘူး။

"ဘာ"

ရုံဟွမ်ရှမ်က မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ ဒီလူရဲ့ ချီအရည်အသွေးက ဘယ်လိုလုပ်ပြီး သူ့ထက် အပုံကြီး သာလွန်နေရတာလဲ။

"စိတ်ကြီးဝင်နေတဲ့ အလကားကောင်"

ရန်ထန်းဇောင်ရဲ့ ကြီးမားတဲ့ ပိုက်ကွန်ကြီးက ပွင့်လာပြီး ရုံဟွမ်ရှမ်ကို လုံးဂကို ပိုင်းရုံထား လိုက်ပါတယ်။

"သေစမ်းကွာ"

ရုံဟွမ်ရှမ်က သူနဲ့ ဒီလူရဲ့ အကြားမှာ ဒီလိုမျိုး ကြီးမားတဲ့ ကွာဟချက်ကြီး ရှိနေလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးထားခဲ့ပါဘူး။ သူကအလျင်အမြန်ပဲ ဆုတ်ခွာပြီးတော့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားအထဲကို

ပြန်ပြီးတော့ ပုန်းအောင်းနေဖို့ စိတ်ကူးလိုက်ပါတယ်။

"ငါလှုပ်ရှားလိုက်ပြီ ဆိုမှတော့ မင်းက လွတ်မြောက်ထွက်ပြေး ချင်နေသေးတာလား"

ရန်ထန်းဖောင်က အထင်အမြင်သေးစွာနဲ့ မေးလိုက်ပါတယ်။ အစိမ်းရောင် ပိုက်ကွန်ရဲ့ အဆုံးနှစ်ဖက်က အတူတကွ ပူးပေါင်းသွားပြီးတော့ ရှုံဟွမ်ရှမ်ကို ပိုင်းရံပြီး လွှမ်းခြုံသွားပါတယ်။

ရှုံဟွမ်ရှမ်က ဒေါသထွက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့ရန်သူကို လျော့တွက်မိလိုက်တဲ့အတွက် သူ့အနေနဲ့ပ အခုလိုမျိုး အကျပ်အတည်းထဲကို ကျရောက် သွားခဲ့ပါတယ်။ သူရဲ့ပါးစပ်ကနေ စူးရှတဲ့ လေချွန်သံတစ်ခု ထွက်လာခဲ့ပါတယ်။ ဖန်။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲက ပုံရိပ်တစ်ခုက ခုန်ထွက်လာပြီးတော့ ရန်ထန်းဖောင်ကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

ဒါက အလောင်းကောင် စစ်သားတစ်ကောင်ပဲ ဖြစ်ပါတယ်။ ပြီးတော့ ၎င်းရဲ့ ဦးခေါင်းမှာ အပေါက်ကြီး

တစ်ခုပေါက်နေပါတယ်။ ဒါက လွန်ခဲ့တဲ့ ဆယ်ရက်လောက်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက သတ်ဖြတ်ခြင်းကို ခံလိုက်ရတဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ ဖြစ်ပါတယ်။ အခုသူက အလောင်းကောင် စစ်သားအဖြစ် မွှန်းမံသန့်စင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အချိန်သိပ်ပြီးတော့ မလုံလောက်တာကြောင့် လုံးဝပြီးပြည့်စုံအောင် မသန့်စင်ခဲ့ရသေးပါဘူး။ ဒါကြောင့် ၎င်းမှာ အဆင့်မြင့် စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ပဲ ရှိပါတယ်။ ဒါပေမဲ့ ၎င်းက ရန်ထန်းဖောင်ကို လုံးဝတားထားနိုင်ပြီးတော့ ရှုံဟွမ်ရွှမ်ကို လှုပ်ရှားလို့ရအောင် အခွင့်အရေးတစ်ခု ဖြစ်ပေါ်စေခဲ့ပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ ဒါက သူ့အတွက်တော့ လှုပ်ရှားဖို့ အချိန်ကို ကျရောက်လာခဲ့ပါပြီ။

သူက ခုန်ထွက်လာပြီးတော့ ချက်ချင်းပဲ တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ပါတယ်။ နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီး ရှုံဟွမ်ရွှမ်နဲ့ ရန်ထန်းဖောင်တို့ နှစ်ယောက်လုံးကို ခုတ်ပိုင်းလိုက်ပါတယ်။

"သေစမ်းကွာ"

ရှုံဟွမ်ရွှမ်ရော ရန်ထန်းဇောင်ပါ ရှူးရှူးရှဲရှဲ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုက အရမ်းကို ကောင်းမွန်စွာနဲ့ တွက်ချက်ထားပြီး ချိန်သားကိုက်ပါပဲ။ ဒါက တကယ့်ကို အသာစီး ရသွားတာ ဖြစ်ပြီးတော့ သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်နေတဲ့ အချိန်မှာ သူတို့ရဲ့ ခံစစ်တွေကလည်း အားအနည်းဆုံး အခြေအနေမှာ ရှိနေကြပါတယ်။

ဟုမ်း။

အဲဒီအချိန်မှာပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက လျောထိုးလာပြီး လင်းဟာန်နဲ့ ရှုံဟွမ်ရွှမ်ရဲ့ အကြားမှာ ထောင်ထလာခဲ့ပါတယ်။

အပိုင်း(၄၄၉) ရန်ထန်းဇောင်ရဲ့ အကြောင်းရင်းများ

ထန်။

ဓားအလင်းက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားအပေါ်ကို ထိသွားခဲ့ပါတယ်။ ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ လင်းဟာန်ရဲ့ တိုက်ခိုက်မှုက ထိခိုက်မှု အားလုံးကို

အရမ်းကို လွယ်ကူစွာနဲ့ ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။ ကံကောင်းတာက နတ်ဆိုးရှင်သန်စားကလည်း အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်တဲ့အတွက် အသက်သုံးချောင်း အလောင်းကောင် ခေါင်းတားဆီကနေ တန်ပြန်တိုက်စစ် တစ်ခုကို မဖြစ်ပေါ်စေခဲ့ပါဘူး။

ဒါပေမဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ရှံဟွမ်ရှွမ်ကို ကာကွယ်ဖို့ လှုပ်ရှားလာခဲ့ပါတယ်။ အခေါင်းရဲ့ အထဲမှာ ရှံဟွမ်ရှွမ်ပြန်ပြီးတော့ ရှိနေသရွေ့တော့ သူက နောက်ထပ်တစ်ကြိမ် ပြိုင်ဘက်ကင်း ဖြစ်သွားပါလိမ့်မယ်။

"လင်းဟန် မင်းငါ့ကို ဘာမှမလုပ်နိုင်ပါဘူး"

ရှံဟွမ်ရှွမ်က ထေ့ငေ့ါပြီးတော့ ပြောလိုက်ပါတယ်။

သူက ဟူးညိုကို မြင်တွေ့ခဲ့မှတော့ လင်းဟန်က ဘယ်လောက်ပဲ ရုပ်ဖျက်ထားထား သူ့အနေနဲ့ မမှတ်မိနိုင်စရာ အကြောင်းလုံးဝ မရှိပါဘူး။ နေပါဦး။ အဲဒီမိန်းကလေး ဘယ်ရောက်သွားလဲ။ စောစောကပဲ သူမကို တွေ့ခဲ့သေးတယ်။ အခုဘာဖြစ်လို့ သူမရဲ့ အရိပ်အယောင်ကို မတွေ့ရတာလဲ။

"အား"

ရုတ်တရက် သူက အော်ဟစ်လိုက်ပါတယ်။ ရုံဟွမ်ရွှမ်က လှည့်ပြီးတော့ တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ ဟူးညို့ရဲ့ ခေါင်းသေးသေးလေးက အစိမ်းရောင် ပိုက်ကွက်ထဲမှာ တကယ်ပဲ ပေါ်ထွက် လာခဲ့ပါတယ်။ ဒါ့အပြင် သူမရဲ့ ပါးစပ်ထောင့်နားမှာ သွေးတွေပေကျံနေပါတယ်။ သူမကတကယ်ပဲ သူ့ရဲ့လက်ချောင်း နှစ်ချောင်းကို ကိုက်ပစ်ခဲ့ပြီး တစ်ချောင်းက သူရဲ့ သိုလှောင်လက်စွပ် ဝတ်ဆင်ထားတာ ဖြစ်ပါတယ်။

"မဟုတ်ဘူး"

သူက ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သိုလှောင်လက်စွပ်က အရမ်းကြီး တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ ပြဿနာက အဲဒီအထဲမှာ သူရဲ့ပိုင်ဆိုင်မှုအားလုံး ပါဝင်သွားခဲ့တာ ဖြစ်ပြီး ကျန်းကလန်ကနေ လုယူလာတဲ့ သော့လည်းပါဝင်ပါတယ်။

"ခစ်ခစ်"

ဟူးညီ့ကြ သူမရဲ့ပါးစပ်ကို ဟာရုံပဲ ပြုံးရယ်လိုက်ပါတယ်။ သူမနဲ့ လင်းဟန်က အရမ်းကို ကောင်းမွန်စွာနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ သူတို့ထဲက တစ်ယောက်က အရှေ့ကနေ တိုက်ခိုက်ပြီး အာရုံစိုက်အောင် ဆွဲဆောင်ထားချိန်မှာ ကျန်တဲ့တစ်ယောက်က ဘေးကနေ အလစ်ငိုက်ဖမ်းပြီး တိုက်ခိုက်ခဲ့ပါတယ်။ သူမက အစိမ်းရောင်ပိုက်ကွန်ကို သူမရဲ့ ပန်းဖူးအဆင့် ကြယ်အလုံးနှစ်ဆယ် တိုက်ပွဲစွမ်းရည်ရှိတဲ့ သွားနဲ့ အတင်းအကျပ် နောက်ကနေ ကိုက်ဖြတ်ခဲ့ပြီး ရုံဟွမ်ရှမ်ရဲ့ လက်ချောင်းနှစ်ချောင်းကိုလည်း ကိုက်ဖြတ်ခဲ့ပါတယ်။

သူမက လျင်မြန်စွာနဲ့ နောက်ဆုတ်သွားခဲ့ပါတယ်။

ထန်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ရုံဟွမ်ရှမ်ကို အထဲကို ဂါးမျိုလိုက်ပြီး ပိတ်သွားခဲ့ပါတယ်။

"သတ်ပစ် သူတို့ကို အားလုံးကို သတ်ပစ်စမ်း"

ရုံဟွမ်ရှမ်ရဲ့ ဗလုံးဗထွေးနဲ့ အထဲကနေ ပြောလိုက်တဲ့ အသံကို ကြားလိုက်ရပါတယ်။ လက်ချောင်း နှစ်ချောင်းက

ကိစ္စမရှိပါဘူး။ သူရဲ့နှလုံးသား မပျက်စီးသေးသရွေ့ အလောင်းချီနဲ့ အင်္ဂါအစိတ်အပိုင်းနဲ့ ခြေတွေလက်တွေ အားလုံးကို ပြန်ပြီးတော့ ပေါက်အောင်လို့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ သိုလှောင်လက်စွပ်ကိုတော့ ပြန်လုယူရပါမယ်။

ချက်ချင်းပဲ အလောင်းကောင် စစ်သားက သူရဲ့အာရုံကို လင်းဟာန်ဆီကို ပြောင်းလိုက်ပါတယ်။

ရန်ထန်းဇောင်လည်း သူရဲ့ညာဘက်လက်ကို ဝှေ့ယမ်းလိုက်ပြီး သူရဲ့အစိမ်းရောင် ပိုက်ကွန်ကို ပြန်ယူလိုက်ပါတယ်။ သူရဲ့အကြည့်တွေကို လင်းဟာန်ဆီကို ရွှေ့ပြီးတော့ အေးစက်စက် လေသံနဲ့ ပြောလိုက်ပါတယ်။

"သော့ကိုပေးစမ်း။ ငါမင်းရဲ့အသက်ကို ချမ်းသာပေးမယ်"

လင်းဟာန်က ဂရုမစိုက်ပဲ သိုလှောင်လက်စွပ်က ရှုံဟွမ်ရွှမ်ရဲ့ နတ်ဘုရားအာရုံကို ဖျက်ဆီးပစ် လိုက်ပါတယ်။ သူရဲ့ကိုယ်ပိုင် နတ်ဘုရားအာရုံကို အစားထိုးလိုက်ပြီး အထဲမှာ ငွေရောင် သော့တစ်ချောင်းကို ရှာတွေ့သွားပါတယ်။ ၎င်းက ဘာပစ္စည်းနဲ့ ပြုလုပ်ထားတာလဲ ဆိုတာကို မသိရပဲ ကလေးတစ်ယောက်ရဲ့ လက်မောင်းလိုပဲ ထူပါတယ်။

သူက ထူးဆန်းစွာနဲ့ ပြုံးလိုက်ပြီးတော့ သိုလှောင်လက်စွပ်ကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းလိုက်ပါတယ်။ အဲဒီနောက်မှာ သူက အလောင်းကောင် စစ်သားနဲ့ ထိပ်တိုက်ရင်ဆိုင် တွေ့မဲ့အရေး လုံးဝကို ဆန္ဒမရှိပဲ လျှပ်ပြက်သလို လျင်မြန်စွာနဲ့ ရှောင်တိမ်းလိုက်ပါတယ်။ ဒါက တကယ်ပဲ လုံးဝကို အဓိပ္ပါယ်မရှိပါဘူး။

"အိုး အရင်ဆုံ မင်းနဲ့ငါ့ရဲ့ နှစ်ယောက်အကြားက တိုက်ပွဲမှာ အနိုင်ရတဲ့သူကို မဆုံးဖြတ် ရသေးဘူး။ ပြီးတော့ ပျော်စရာကောင်းတဲ့ တိုက်ပွဲကောင်းတစ်ခု ဖြစ်ဖို့ကို အသေအချာ စီစဉ်ဆွဲထားပါတယ်"

"တကယ်လို့ မင်းက ငါ့ကို အစွမ်းကုန် ထုတ်သုံးအောင် ဖိအားပေးမယ်ဆိုရင် မင်းရဲ့တစ်ခုတည်းသော လမ်းကြောင်းက သေခြင်းတရားပဲ"

ရန်ထန်းဖောင်က အေးစက်စွာနဲ့ ကြေညာလိုက်ပါတယ်။ သူရဲ့ညာဘက်လက်ကို ပျော့ယမ်းလိုက်ပြီး အစိမ်းရောင် အလင်းတစ်ခု ထွက်ပေါ်လာပြီးတော့ အတောင်ပံတစ်ခု အဖြစ်ကို ပြောင်းလဲ သွားခဲ့ပါတယ်။ အတောင်ပံက အရမ်းကို ပါးလွှာပြီး ထူးခြားတဲ့ ကောင်းကင်ဘုံ ဓားသွားတစ်ခုနဲ့ တူညီပြီး လင်းဟန်ဆီကို ခုတ်ပိုင်းချလိုက်ပါတယ်။

လင်းဟန်က သူရဲ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ ဒင်။ ဓားရှည်နဲ့ အတောင်ပံ ထိမိသွားတဲ့ အခါမှာ မီးပွားတွေက လက်သွားခဲ့ပါတယ်။ အနီးကပ်သေချာကြည့်လိုက်မယ်ဆိုရင် သာမန်မီးပွားတွေ မဟုတ်ပဲ အစီအရင်ပုံစံမျိုးတွေ အမြောက်အမြားကို တွေ့မြင်ရပါလိမ့်မယ်။

ရန်ထန်းဇောင်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။ သူထုတ်လွှတ်တဲ့ သိုင်းဆန္ဒက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ ယှဉ်ပြိုင်နိုင်တယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ အလောင်းကောင် စစ်သားက သူရဲ့လက်သည်းနဲ့ ရန်ထန်းဇောင်ကို ကုတ်ခြစ်လိုက်ပါတယ်။ အလောင်းကောင် စစ်သားရရှိထားတဲ့ အမိန့်က အားလုံးကို သတ်ပစ်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ထန်းဇောင်လည်း ပါဝင်နေခဲ့ပါတယ်။ ပထမတော့ ရန်ထန်းဇောင်က အတော်လေး ဝေးတဲ့နေရာမှာ ရှိတဲ့အတွက် အနီးဆုံးဖြစ်တဲ့ လင်းဟန်ကို တိုက်ခိုက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုတော့ ရန်ထန်းဇောင်က ရုတ်တရက် တစ်ဟုန်ထိုး ပြေးဝင်လာပြီး နီးကပ်လာတဲ့ အတွက်ကြောင့် အလောင်းကောင် စစ်သားက

သူ့ကိုတိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။

"လပြွတ်ပဲ"

ရန်ထန်းဖောင်က ကျိန်ဆဲလိုက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားပြီး အောင်မြင်မှု ရခဲ့ပါစေ အခုတော့ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာပဲ ရှိပါတယ်။ သူ့အနေနဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ အဆင့်ရှိတဲ့ ဒီအလောင်းကောင် စစ်သားကို အပြည့်အဝ မသန့်စင်ထားသေးတာတောင်မှ လျစ်လျူရှုလို့ လုံးဝကို မရနိုင်ပါဘူး။

သူက နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုက အလောင်းကောင် စစ်သားဆီကို ဦးတည်သွားခဲ့ပါတယ်။

လင်းဟာန်က အရှေ့ကို မြန်မြန်တိုးလာခဲ့ပြီး နတ်ဆိုးရှင်သန်ဓားကို တစ်ချက်ပွေ့ယမ်းလိုက်တဲ့ အခါမှာ ဓားချီအလင်း ဆယ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ လေးရာသီဓားသိုင်း နည်းစနစ်ကို အသုံးပြုပြီး အချိန်စက်ဝိုင်းတစ်ခုလိုမျိုး အားလှိုင်းတစ်ခုက ချိတ်ဆက်ပြီး

ဂင်လာခဲ့ပါတယ်။

ဒီတစ်ကြိမ် သူနဲ့ အလောင်းကောင် စစ်သားတို့ ပူးပေါင်းပြီးတော့ ရန်ထန်းဇောင်ကို ဆန့်ကျင်တိုက်ခိုက်လိုက်တာပဲ ဖြစ်ပါတယ်။

ရန်ထန်းဇောင်က မျှော်လင့်ထားသလိုပဲ နတ်ဘုရားတစ်ပါးရဲ့ စိတ်ဂိညာဉ်က ထိန်းချုပ်ထားခြင်း ခံထားရပြီး သူရဲ့တိုက်ပွဲစွမ်းရည်က အံ့မခန်းလောက်စရာ ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ ပြီးတော့ သူက လင်းဟန်နဲ့ အလောင်းကောင် စစ်သားတို့ ပူးပေါင်းတိုက်ခိုက်မှုကို လွယ်လွယ်ကူကူနဲ့ ပျောက်ကွယ်သွားစေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က အနီးကို ကပ်လာတဲ့ အချိန်မှာ အလောင်းကောင် စစ်သားရဲ့ အာရုံက လင်းဟန်ဆီကို ပြောင်းသွားပြီး အခြေအနေတွေက အရမ်းကို ဗရမ်းဗတာနဲ့ ဖရိုဖရဲတွေ ဖြစ်နေကြပါတယ်။

သုံးဘက်စလုံး လုံးထွေးသက်ပုတ်နေကြပြီး လင်းဟန်က သော့ကိုရရှိထားတဲ့ သူတစ်ယောက် ဖြစ်တဲ့အတွက် တိုက်ခိုက်မှုတွေရဲ့ ဦးစားပေး ပစ်မှတ်ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားက မျက်နှာနစ်ဖက်ရှိတဲ့

လူစားမျိုးလိုပါပဲ။ တကယ်လို့ လင်းဟန်ကို တိုက်ခိုက်လို့ ရတယ်ဆိုရင် တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ တကယ်လို့ လင်းဟန်က အပေးကို ရောက်သွားရင် အလကားနေ ရပ်မနေပဲ ရန်ထန်းဖောင်ကို ဦးတည်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ဒါက ရန်ထန်းဖောင်ကို အရမ်းပဲ သုန်မှုန်သွားစေခဲ့ပါတယ်။ ဒီမဟာမိတ်က တကယ်ပဲ ယုံစားလို့ မရဘူးပဲ။

ဟူးညိုက ဘေးကနေ ရပ်ကြည့်နေပြီး စိတ်လှုပ်ရှား ပျော်ရွှင်စွာနဲ့ လက်ခုပ်တီးနေပါတယ်။ သူမက လင်းဟန်ကို လုံးဝကို ယုံကြည်ပါတယ်။

အချိန်အနည်းငယ်ယူပြီး စွမ်းအားကို စုစည်းပြီးတဲ့နောက်မှာတော့ လင်းဟန်က တိုက်ခိုက်လိုက် ပါတယ်။ လျှို့ဝှက်ဆန်းကြယ် သုံးထောင်နည်းစနစ်က ခမ်းနားကြီးကျယ်မှု အပြည့်အဝနဲ့ ထွက်သွားခဲ့ပါတယ်။

ဓားအလင်းတစ်ထောင်။

လေးရာသီ ဓားသိုင်းနည်းစနစ်က အနက်ရောင်အဆင့်မြင့် သိုင်းပညာ နည်းစနစ် တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်က မြေကမ္ဘာအဆင့် သိုင်းပညာ

နည်းစနစ်ကို အသုံးပြုလို့ ရပါတယ်။ ပြီးတော့ လှို့ပုက်ဆန်းကြယ် သုံးထောင် နည်းစနစ်က ကောင်းကင်အဆင့်ကို သာလွန်ပြီး ၎င်းရဲ့အစွမ်းက အသုံးပြုတဲ့သူရဲ့ ဓားသိုင်းအကြောင်း နားလည်နိုင်စွမ်းကြောင့်ပဲ အကန့်အသတ်ရှိတာပါ။

ရှစ် ရှစ် ရှစ်။

ဓားအလင်းတစ်ထောင်က အရမ်းကို တင်းကြပ်ပြီး သိပ်သည်းလာပြီး ဓားအလင်းတစ်ခုစီတိုင်း လင်းဟန်ရဲ့ အစွမ်းအပြည့်အဝ တိုက်ခိုက်တာနဲ့ ညီမျှပါတယ်။ ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်လိမ့်မလဲ။ နောက်ပြီးတော့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသုံးပြုပြီးတော့ ထုတ်လွှတ်လိုက်တာ ဖြစ်ပါတယ်။

ရန်ထန်းဇောင်က ချက်ချင်းပဲ မသဲမကွဲအသံတစ်ခု ပြောလိုက်ပြီး လက်မောင်းနှစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး အစိမ်းရောင် အမျှင်တွေ ပျံ့နှံ့လာခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ ၎င်းအမျှင်တွေက ပိုက်ကွန်ပုံစံ မဖြစ်သွားပဲနဲ့ ပိုက်ကွန်တစ်ခုထက် ပိုပြီးတော့ တင်းတင်းကျပ်ကျပ်

ရက်ဖွဲ့ထားပါတယ်။ အတွင်းမှာတော့ သူ့ကို ဒိုင်းပုံစံမျိုးကာကွယ်ပေးတဲ့ အစီအရင်တွေနဲ့ အတောင်ပံ နှစ်ခု ဖြစ်ပေါ်နေပါတယ်။

အဲဒီအချိန်မှာ အလောင်းကောင် စစ်သားက မိုက်မိုက်မဲမဲနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပြီး ဓားအလင်းစွမ်းအားရဲ့ အဓိကအပိုင်းတွေကို ခံစားလိုက်ရပါတယ်။

ထန်။

ဓားအလင်းတွေ ပျက်ဆီးသွားပြီး ကြီးမားတဲ့ ပေါက်ကွဲမှုတစ်ခု ဖြစ်လာပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

ဓားအလင်းတွေ လုံးဝကို ပျောက်ကွယ်သွားတဲ့ အခါမှာ အလောင်းကောင် စစ်သားမှာ အပေါက်တွေ ဖြစ်ပေါ်နေတာကို မြင်တွေ့ရပြီး ၎င်းရဲ့ ဘယ်ဘက်လက်မောင်း တစ်ဖက်လည်း လီးဖြတ်ခံထားရပါတယ်။ ဒါပေမဲ့လည်း အလောင်းကောင် စစ်သားက လင်းဟန်ဆီကို ဆက်ပြီးတော့ ခုန်အုပ်လိုက်ပြီး လုံးဝကို သေတာရှင်တာကို ကြောက်ရွံ့ခြင်း မရှိပါဘူး။ အဲဒီ အချိန်အတွင်းမှာ ရန်ထန်းဖောင်က ပိုပြီးတော့ အခြေအနေ

ကောင်းမွန်ပါတယ်။ သူ့ကိုကာကွယ် ပေးထားတဲ့ အလင်းရောင် အတောင်ပံတွေက ငှက်မွေးတချို့ပဲ ဆုံးရှုံးသါးပြီး လုံးဂ မပျက်စီး သွားပါဘူး။ ဒါကလည်း တိုက်ခိုက်မှုရဲ့ အဓိက စွမ်းအားတွေကို အလောင်းကောင် စစ်သားက ခံယူသွားလို့ပဲ ဖြစ်ပါတယ်။

သူ့အနေနဲ့ ဂန်ခံရပါလိမ့်မယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုနဲ့ ပတ်သက်လာရင် အလောင်းကောင် စစ်သားက တန်ဖိုးမဖြတ်နိုင်တဲ့ သတ္တုတွေနဲ့ ယှဉ်နိုင်ပြီး သံမဏိခန္ဓာကိုယ်နဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ နောက်ပြီးတော့ ဒီအလောင်းကောင် စစ်သားက အပြည့်အဂ မသန့်စင်ရသေးတာကြောင့် အဆင့်နှစ်ငွေချပ်ဂတ် အလောင်းကောင် စစ်သားတစ်ကောင်ရဲ့ အဆင့်အထက် အနည်းငယ်သာလွန်တယ်လို့ သတ်မှတ်နိုင်မှာ ဖြစ်ပြီးတော့ အဆင့်သုံး အခြေအနေကို ရောက်ရုံပဲ ရှိပါသေးတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှို့ဂှက်ဆန်းကြယ် သုံးထောင် နည်းစနစ်တောင်မှ ဂင်းကို နည်းနည်းလေးမှ ထိခိုက်ပျက်စီးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဒါက အုပ်စုတစ်ခုလုံး တိုက်ခိုက်တဲ့ နည်းစနစ်တစ်ခုဖြစ်ပြီး တစ်သောင်းနည်းစနစ်က စစ်မှန်တဲ့ ဖျက်ဆီးခြင်း တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။

"ဒါက ကောင်းကင်ဓားနန်းတော်က ဓားသိုင်းနည်းစနစ် တစ်ခုပဲ"

ရန်ထန်းဇောင်က အံ့အားသင့်စွာနဲ့ပ ပြောလိုက်ပါတယ်။ သူ့ရဲ့မျက်ခုံးတွေကို တွန့်ပြီးတော့ မျက်မှောင်ကြုတ်လိုက်ပါတယ်။

"မဟုတ်သေးပါဘူး။ ကောင်းကင်ဓားဂိုဏ်း တစ်ခုလည်း ရှိတာပဲ။ မင်းက အဲဒီနေရာက တပည့်တစ်ယောက်ဆိုတာ ဖြစ်နိုင်ပါ့မလား။ မဟုတ်ဘူး။ မင်းက မိုးရေနိုင်ငံကနေ လာခဲ့တာပဲ။ ဒါကြောင့် ကောင်းကင်ဓားဂိုဏ်းနဲ့ မင်းရဲ့အကြားမှာ ဘယ်လိုမှ ပတ်သက်မှု မရှိသင့်ဘူး"

"မင်းက ကောင်းကင်ဓားနန်းတော်က အစွမ်းထက်တဲ့ လူတစ်ယောက်ယောက်က ပြန်လည်မွေးဖွား လာတာများ ဖြစ်နိုင်မလား"

သူ့ရဲ့ ပထမ စကားတွေက သူ့ကိုယ်သူ ပြန်ပြောနေခဲ့တာ ဖြစ်ပြီးတော့ နောက်ဆုံး စကားက လင်းဟန်ကို တိုက်ရိုက် မေးခွန်းထုတ်လိုက်တာပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါနဲ့ ကောင်းကင်ဓားနန်းတော်က ပတ်သက်မှု နည်းနည်းလေးမှ မရှိဘူး။ တစ်ဖက်မှာတော့ မင်းက ကောင်းကင်ဓားနန်းတော်ရဲ့ တည်ရှိမှုကို သိနေတယ်။ ငါခန့်မှန်းကြည့်ရမယ်ဆိုရင် မင်းက နတ်ဘုရားနယ်မြေကနေ လာခဲ့တဲ့ လူတစ်ယောက်မဟုတ်လား"

"နတ်ဘုရားတွေရဲ့ နယ်မြေဟုတ်လား"

ရန်ထန်းဇောင်က တစ်ခဏမျှ ကြက်သေသေသွားပြီးနောက်မှာ ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ အထင်သေးမှုတွေနဲ့ ပြည့်နှက်နေတဲ့ အမူအရာနဲ့ သူကပြောလိုက်ပါတယ်။

"အောက်ဘုံက ဗဟုသုတနည်းတဲ့ အရူးပဲ။ မင်းက တကယ်ပဲ ဗဟုသုတ နည်းလိုက်တာ။ ငါမင်းကို အမှန်အတိုင်းပြောပြမယ်။ ငါက တကယ် ရန်ထန်းဇောင်ပဲ။ ဒါပေမဲ့ ငါငယ်ငယ်တုန်းက မမျှော်လင့်ပဲ နတ်ဘုရားတစ်ပါးရဲ့ အသိဉာဏ်တွေ ပါဝင်တဲ့ ပစ္စည်းတစ်ခုကို အမှတ်မထင်ပဲ တူးဖော်ရရှိခဲ့တယ်။ အဲဒါက နည်းနည်း အကျိုးသက်ရောက်နေတာပဲ"

နောက်ဆုံးတော့ လင်းဟန် နားလည်သဘောပေါက်သွားခဲ့ပါတယ်။ မှတ်ဉာဏ်တွေဆိုတာ သတိမမူပဲ မဖြစ်စလောက် အရာတွေ ဖြစ်သင့်ပါတယ်။ ဘာဖြစ်လို့ သူက လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ရှာဖွေတဲ့ ပညာရပ်ကို အသုံးပြုဖို့ ဆန္ဒမရှိတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ တခြားလူတစ်ယောက်ရဲ့ မှတ်ဉာဏ်ကို သူထိပြီးတဲ့နောက်မှာ အဲဒါတွေက သူရဲ့ကိုယ်ပိုင် မှတ်ဉာဏ်တွေနဲ့ ပေါင်းစည်းသွားပါလိမ့်မယ်။ ပြီးတော့ ဒီလိုမျိုး များပြားတဲ့ မှတ်ဉာဏ်ပမာဏ တစ်ခုက သူရဲ့ကိုယ်ပိုင် မှတ်ဉာဏ်တွေနဲ့ ခွဲခြားနိုင်ခြင်း မရှိတော့ပဲ တခြားသူတစ်ယောက် ပါဝင်ပတ်သက်နေသလို ဖြစ်သွားပါမယ်။ ဒါကသေချာပေါက် သူ့ကို အကျိုးသက်ရောက်စေပြီး သူရဲ့ပုံစံကို အကြီးအကျယ်ကို ပြောင်းလဲပစ်နိုင်စွမ်းတောင် ရှိပါတယ်။

အဲဒီအချိန်တုန်းက ရန်ထန်းဇောင်က ငါးနှစ်သားပဲ ရှိပြီးတော့ သူရဲ့ပင်ကိုယ်လက္ခဏာတွေက အပြည့်အဝ ဖြစ်ပေါ်နေခဲ့ပါပြီ။ ဘယ်လိုလုပ်ပြီးတော့ သူက နတ်ဘုရားတစ်ပါးရဲ့ ဘဝတစ်ခုလုံးက မှတ်ဉာဏ်တွေကို ကြံ့ကြံ့ခံနိုင်ရတာလဲ။ ဒီရလဒ်ကြောင့် သူရဲ့ပင်ကိုယ်လက္ခဏာက ပြောင်းလဲသွားခဲ့ပါတယ်။ သူက

အဲဒီနတ်ဘုရားရဲ့ မိတ္တူကူးချခြင်းကို ခံလိုက်ရပြီး မယုံကြည်နိုင်တဲ့ မကောင်းဆိုးဂါး ဖြစ်လာခဲ့ပါတယ်။ ဒါကဘာဖြစ်လို့ အဖေးကို သူပိတ်ဆို့ခံထားရတယ်ဆိုတဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

အပိုင်း(၄၅၇) ဖုံထမှု ငြိမ်သက်သွားပြီ

"လပြွတ်ပဲကွာ"

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲက ရှုံဟွမ်ရွှမ်ရဲ့ ကျိန်ဆဲသံကို ကြားလိုက် ရပါတယ်။

သူက တကယ်ပဲ ကံမကောင်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပထမ သူက နတ်ဘုရားတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့ သတ်ဖြတ်သူ နတ်ဆိုး ဇကရာဇ်ရဲ့ ထိန်းချုပ်မှုကို ခံလိုက်ရပြီး အခုကျ နတ်ဘုရားတစ်ပါးရဲ့ မှတ်ဉာဏ်တွေ ပိုင်ဆိုင်ထားတဲ့ မွန်းစတား တစ်ကောင်နဲ့ ကြုံတွေ့နေခဲ့ ရပါတယ်။ နောက်ပြီးတော့ လင်းဟန်ကလည်း ရှေးဟောင်းခေတ်နဲ့ ပတ်သက်ဆက်နွယ်မှု တစ်စုံတစ်ရာ ရှိနေတယ်ဆိုတာ အရမ်းကို ဖြစ်နိုင်ချေရှိပါတယ်။

ဒါပေမဲ့လည်း ရန်ထန်းဇောင်က သူ့ကို နည်းနည်းလေးမှ

အာရုံစိုက်ခြင်း မရှိပါဘူး။ သူရဲ့မျက်လုံး ထဲမှာတော့ ရုံဟွှမ်ရွှမ်ဆိုတာ ဘာမဟုတ်တဲ့ အသေးအမွှား လူတစ်ယောက်ပဲ ဖြစ်ပြီးတော့ သူရဲ့ သတိထားမှုနဲ့ လုံးဝကို မထိုက်တန်ပါဘူး။ သူက လင်းဟန်ကို လေးလေးနက်နက်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ရိုးသားမှုက လုံလောက်ရဲ့လား။ လင်းဟန် ဒီလိုဆိုရင်ရော မကောင်းဘူးလား။ မင်းက ငါ့ကို သော့လက်ပြောင်းလွှဲအပ်ပေးစရာ မလိုဘူး။ ဒါပေမဲ့ ခနရာသီ နန်းတော်ခန်းမကို မင်းနဲ့အတူ ဝင်ပြီးတော့ အထဲက ပစ္စည်းတစ်ခုကိုပဲ ယူချင်တယ်"

လင်းဟန်က မျက်မှောင်ကြုတ်လိုက်တာကို မြင်လိုက်ရတဲ့အခါမှာ သူက လက်ကိုခါပြီးတော့ ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ အဲဒီပစ္စည်းက မင်းအတွက် လုံးဝကို အသုံးမဝင်ပါဘူး"

သူက တစ်ခဏမျှ ရပ်လိုက်ပြီး ဆက်ပြောပါတယ်။

"ခေါင်းတလားထဲက အကောင်စုတ်ကိုလည်း မင်းအတွက်

ငါသတ်ပေးနိုင်တယ်။ တခြားသူတွေက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ဘာမှမလုပ်နိုင်ပေမဲ့။ ငါ့အတွက်ကတော့ ကလေးကစားစရာပဲ။ ငါသူ့ကို အပြင်ကို ဆွဲထုတ်နိုင်တယ်”

“လပြွတ်ပဲ”

ရှုံ့ပွမ်ရှမ်က နောက်တစ်ကြိမ် ကျိန်ဆဲလိုက်ပါတယ်။ တကယ်လို့ တခြားသူ တစ်ယောက်က ဒါကိုပြောတယ်ဆိုရင် သူ့အနေနဲ့ သေချာပေါက် သရော်လှောင်ပြောင်မိမှာပါ။ ဒါပေမဲ့လည်း ရန်ထန်းဖောင်က နတ်ဘုရား တစ်ပါးရဲ့ မှတ်ဉာဏ်တွေကို ပိုင်ဆိုင်ထားပြီးတော့ နတ်ဘုရား တစ်ပါးက ပြန်လည်မွေးဖွားလာတယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါကြောင့် သူ့မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ရင်ဆိုင်နိုင်မဲ့ နည်းလမ်းတစ်ခု ရှိတာက ဖြစ်နိုင်ချေ ရှိပါတယ်။

လင်းဟန်က သွားပေါ်အောင် ပြုံးပြီးတော့ ဖြေလိုက်ပါတယ်။

“မရဘူး”

“ဘာဖြစ်လို့လဲ”

ရန်ထန်းဇောင်က ရှုးတော့မလိုတောင် ဖြစ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ လုံလောက်တဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တာကိုတောင် လင်းဟန်က သူရဲ့တောင်းဆိုချက်ကို ငြင်းပယ်နေဆဲ ဖြစ်ပါတယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

"ခေါင်းတလားထဲက ကောင်စုတ်လေးအတွက်ကတော့ အခုသူ့ကို သတ်ချင်တဲ့စိတ် ငါ့မှာ မရှိသေးဘူး။ ဒါပေမဲ့ နစ်အများကြီး စောင့်နေစရာမလိုပါဘူး။ ငါသူကို ခေါင်းတလားထဲက ဆွဲထုတ်ပြီး သတ်ပစ်နိုင်လိမ့်မယ်။ သူ့ကိုငါ့အတွက် အသက်ရှင်လျက်နဲ့ ချန်ထားတာက ကောင်းတဲ့အရာတစ်ခု ဖြစ်လိမ့်မယ်။ ဒီသော့အတွက်ကတော့ သိသိသာသာပဲ ဒါက ငါ့ဟာ ဖြစ်သွားပြီ။ ဒါကြောင့် ဘာဖြစ်လို့ ငါကမင်းကို ပေးရမှာလဲ။ နောက်ပြီးတော့ နတ်ဘုရား တစ်ပါးကတောင် အရမ်းကို အရေးကြီးနေပုံထောက်ရင်တော့ ငါ့အနေနဲ့ ဒါကို ပိုပြီးတော့တောင် မပေးချင်တဲ့ အကြောင်းပြချက်ပဲ"

"မင်း"

ရန်ထန်းဇောင်က အကြီးအကျယ် ဒေါသထွက်သွားပြီး ရုတ်တရက် ခြေလှမ်းပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

ညှိနှိုင်းဆွေးနွေးပွဲက ပျက်ပြယ်သွားမှတော့ လက်သီးခြင်းထိုးပြီး ဖြေရှင်းဖို့ နည်းလမ်းတစ်ခုပဲ ကျန်ပါတော့တယ်။

"ဒါဆိုရင် မင်းကို ငါတို့ဒေါင်းမျိုးနွယ်ရဲ့ ကြောက်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည်ကို မြင်အောင် ပြရတော့မှာပေါ့"

ရန်ထန်းဇောင်က မျက်နှာထားတင်းတင်းနဲ့ နှာခေါင်းရှုံ့လိုက်ပါတယ်။ သူရဲ့လက်မောင်း နှစ်ဖက်ကို ပေါ့ယမ်းပြီးတော့ တိုက်ခိုက်လိုက်တဲ့ အခါမှာ အတောင်ပံတွေက အမှန်တကယ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီအတောင်ပံတွေက ပေတစ်ရာလောက် ရှည်လျားပြီး အရမ်းကို တောက်ပတဲ့ အလင်းရောင်ပုံစံတွေနဲ့ လိမ်ယှက်ဖုံးအုပ်ထားပြီး ကြည့်ရတာ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းရှိပါလိမ့်မယ်။

လင်းဟန်က လျှို့ဝှက်ဆန်းကြယ် သုံးထောင်

ဓားသိုင်းနည်းစနစ်ကို အသုံးပြုလိုက်ပါတယ်။ သူက စွမ်းအားကို စုစည်းဖို့ အချိန်တွေ သုံးစွဲစရာ မလိုပါဘူး။ သူ့အတွက်တော့ ဓားအလင်းပေါင်း တစ်ရာလောက် ထုတ်လွှတ်ပြီး ရန်ထန်းဖောင်က သူ့ဆီကို ပစ်လွှတ်လိုက်တဲ့ အတောင်ပံတွေ အားလုံးကို ဖျက်ဆီးပစ်ဖို့ လုံလောက်ပါတယ်။ နေရာတစ်ခုလုံးကို ပျက်စီးနေတဲ့ အမွေးတွေနဲ့ ပြည့်နှက်နေပြီး ချက်ချင်းဆိုသလိုပဲ အစီအရင်ပုံစံတွေက မေးမှိန်ပြီးတော့ ပျောက်ကွယ် သွားခဲ့ပါတယ်။

"သေစမ်း သေစမ်း သေစမ်း"

ရန်ထန်းဖောင်ရဲ့ အမူအရာက မကောင်းဆိုးဝါး တစ်ကောင်လို ရုပ်ဆိုးအကျည်းတန်လာပြီး သူ့ပုံစံက တကယ့်ဧရာမ ဒေါင်းတစ်ကောင်လိုမျိုး သူရဲ့ပုံရိပ်က မြန်မြန်ဆန်ဆန် ပြောင်းလဲသွားပြီး သူရဲ့အတောင်ပံခတ်သံတွေကလည်း ပြင်းထန်ပြီးတော့ မျက်လုံးထဲက သတ်ချင်ဖြတ်ချင်တဲ့ စိတ်ဆန္ဒကိုလည်း အဝေးကြီးကနေ မြင်နိုင်ပါတယ်။

လင်းဟန်က ကြောက်လည်းမကြောက်သလို အံ့လည်းမအံ့ဩပါဘူး။ တကယ်လို့ သူက

လျှို့ပုက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်းနည်းစနစ်ကို အသုံးပြုခဲ့ရင် ဓားအလင်းပေါင်း တစ်ရာက ထွက်ပေါ်လာမှာ ဖြစ်ပြီးတော့ ဒါက ရန်ထန်းဖောင်နဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်စွမ်း ရှိပါတယ်။

"သေစမ်းကွာ တကယ်တော့ ငါ့မှာ ဒေါင်းငှက်တစ်ကောင်ရဲ့ ခန္ဓာကိုယ် မရှိတော့ဘူး။ ဒါကြောင့် အလင်းဘုရင်လျှို့ပုက် နည်းစနစ်ကိုရဲ့ အစွမ်းကို အပြည့်အဝ မထုတ်ဖော်နိုင်ဘူး"

ရန်ထန်းဖောင်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့မျက်လုံးထဲက ရှုံးသွပ်နေမှုတွေကတော့ နည်းနည်းလေးမှ လျော့ကျမသွားပဲ ပိုပြီးတော့တောင် တက်ကြွလာခဲ့ပုံ ရပါတယ်။

"ငါ့ကိုသော့ပေးစမ်း"

ဟုမ်း။

အစိမ်းရောင် မီးတောက်တွေက သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ထွက်ပေါ်လာခဲ့ပြီး မြေကွက်လပ်ကို ပုံစံပျက်သွား စေခဲ့ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ မူးနောက်သွားသလို ခံစားလိုက်ရပါတယ်။ အဆိပ်။ သူက စဉ်းစားလိုက်ပြီး အလျင်အမြန်ပဲ ရွှေရောင်ပန်းပွင့် အရွက်တစ်ခုကို ထုတ်ပြီးတော့ ဝါးမျိုလိုက်ပါတယ်။ ပြီးတော့ ဟူးညိုဘက်ကို လှည့်ကြည့်လိုက်ပါတယ်။ ကံကောင်းတာက ဟူးညိုက အတော်လေး ဝေးတဲ့ နေရာမှာ ရှိနေတဲ့အတွက် မီးတောက်တွေရဲ့ ပိုင်းရံခြင်းကို မခံရပါဘူး။

ဒါပေမဲ့လည်း သူက ရွှေရောင်ပန်းပွင့် ပွင့်ချပ်တစ်ခုကို ဝါးမျိုပြီးတာတောင်မှ လင်းဟန်ခံစားနေရတဲ့ မူးဝေနောက်ကျိခြင်းကို ထိန်းချုပ်လို့ ရသွားသလို ခံစားရပါတယ်။ ဒါပေမဲ့ သိပ်တော့လည်း ခံစားချက်က အကောင်းကြီး မဟုတ်သေးပါဘူး။ ရွှေရောင်ပန်းပွင့်ရဲ့ ပွင့်ချပ်တောင်မှ ဒီမီးတောက်တွေရဲ့ အဆိပ်ကို ရှင်းလင်းဖယ်ရှားနိုင်စွမ်း မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ ၎င်းက ယာယီအားဖြင့်ပဲ သက်သာစေနိုင်ပါတယ်။

လပြွတ်ပဲ။ ဒါကဘယ်လိုမျိုး အဆိပ်အမျိုးအစား ဖြစ်နိုင်မလဲ။ ရွှေရောင်ကျောက်တုံးပန်းပွင့်ရဲ့ ပွင့်ချပ်လို အဆိပ်ပေါင်း တစ်သောင်းကို ဖယ်ရှားရှင်းလင်းနိုင်တဲ့ အရာတောင်မှ ဒီအဆိပ်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ဘာမှမတတ်နိုင်ပါဘူး။

လင်းဟန်ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်က လျော့ကျမသွားပဲ ပိုပြီးတော့တောင် မြင့်တက်လာခဲ့ပါတယ်။ နတ်ဆိုးရှင်သန်ဓားကို တင်းတင်းဆုပ်ကိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"ရန်ထန်းဖောင် ငါ့ရဲ့တိုက်ကွက်ကိုကြည့်"

မိုးကြိုးလျှပ်စီးချပ်ဂတ်က အသက်ဝင်လာခဲ့ပြီး မီးတောက်တွေကနေ သူ့ကို သီးသန့်ပိုင်းခြားတဲ့ အတားအဆီးတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ အလောင်းကောင် စစ်သားကလည်း လုံးဂကို အသုံးမဝင်သလို ဖြစ်နေပါတယ်။ ၎င်းက ပထမ လင်းဟန်ရဲ့ လှို့ပှက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်းနည်းစနစ်ကြောင့် ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့ပြီးတော့ အဲဒီနောက်မှာ ရန်ထန်းဖောင်ရဲ့ အစိမ်းရောင် မီးတောက်တွေရဲ့ ဒဏ်ကို ခံခဲ့ရပါတယ်။ ဒီလိုမျိုး ဒုက္ခရောက်တဲ့ အဆင့်က လုံးဂကို လျစ်လျူရှုလို့ မရပါဘူး။ ဒါကြောင့် လင်းဟန်က သူရဲ့ အာရုံတွေ အားလုံးကို ရန်ထန်းဖောင်ဆီကိုပဲ စုပုံထားဖို့ လိုအပ်တာပါ။

သူရဲ့ဓားတစ်ချက် လှုပ်ခါသွားပြီး လင်းဟန်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်း နည်းစနစ်ကို နောက်တစ်ကြိမ် အသုံးပြုလိုက်ပါတယ်။ ချက်ချင်းဆိုသလို ဓားအလင်းတစ်ထောင် လိုင်းတစ်ခုထဲမှာ ပေါ်လာခဲ့ပြီး ကောင်းကင်နဲ့ မြေကြီးကိုတောင်မှ ဖုံးအုပ်သွားခဲ့ပါတယ်။

ရန်ထန်းဇော်က အလျင်အမြန်ပဲ သူရဲ့အစိမ်းရောင် အတောင်ပံတွေကို ဖြန့်ထုတ်ပြီးတော့ အတွင်းမှာ သူ့ကိုယ်သူ ဒိုင်းတစ်ခုလို အကာအကွယ်လုပ်ထားပါတယ်။ ဓားအလင်းတွေက ၎င်းတို့အပေါ်ကို ကျရောက်လာတဲ့အခါမှာ အစိမ်းအရင်ပုံစံ အလင်းတွေက နေရာအနှံ့အပြားကို ပျံ့သန်းသွားပြီး သူ့ကိုလည်း အဆက်မပြတ် အနောက်ကို ဆုတ်သွားအောင် ဖိအားပေးခဲ့ပါတယ်။

ဓားအလင်းတွေ ပျောက်ကွယ်သွားခဲ့တာနဲ့ သူ့ကိုယ်သူ အကာအကွယ်အဖြစ် အသုံးပြုထားတဲ့ အတောင်ပံတွေလည်း ပျက်စီးသွားခဲ့ပါတယ်။ ဓားအလင်းတွေက နှစ်ရာလောက်ထိ လျော့ကျသွားတဲ့ အချိန်မှာ အစိမ်းရောင် အတောင်ပံတွေက လုံးဝကို ပျက်စီးသွားခဲ့ပါတယ်။ ဖူး ဖူး ဖူး။ ဓားအလင်းတွေက ပြောင်းဆန်ပြီး အကြီးအကျယ် ထိခိုက်စေခဲ့ပါတယ်။

ချက်ချင်းဆိုသလို သွေးတွေက အရှူးအမူးကို ပန်းထွက်လာခဲ့ပါတယ်။

လင်းဟန်က လျှို့ပှက်စွာနဲ့ အံ့အားသင့်သွားခဲ့ပါတယ်။ သူက တကယ်ပဲ ဒီကောင်ကို လျော့တွက်လို့ မရနိုင်ပါဘူး။ တကယ်လို့ မူလတုန်းက သူ့မှာရှိတဲ့ ဓားချီအလင်း ခုနစ်ခုကနေ ကိုးခုအထိကို တိုးမလာခဲ့ဘူးဆိုရင် လျှို့ပှက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်းနည်းစနစ်တောင်မှ ရန်ထန်းဇောင်ရဲ့ ခုခံကာကွယ်မှုကို ထိုးဖောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ရန်ထန်းဇောင်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူကသွေးတွေဆက်ပြီးတော့ ထွက်နေဆဲ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုကို အတော်လေး ခံစားလိုက်ရပါတယ်။

အဲဒီအချိန်နဲ့ ကွက်တိဆိုသလိုပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ အဖုံးက ပွင့်လာပြီးတော့ ရှုံပွမ်ရှွမ်က တစ်ဟုန်ထိုး ပြေးထွက်လာပြီး ရန်ထန်းဇောင်ကို တန်းပြီးတော့ ခုတ်ချလိုက်ပါတယ်။ ဒီအချိန်က ရန်ထန်းဇောင်ရဲ့ အားအနည်းဆုံး အချိန်ဖြစ်ပြီးတော့ သူ့အနေနဲ့ ရှုံပွမ်ရှွမ်က တကယ်ပဲ သူ့ကို ဆန့်ကျင်ပြီးတော့

လုပ်ရှားလာလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးတော့ သူစဉ်းစားမိမှာလဲ။ ဒါကြောင့် သူက ချက်ချင်းပဲ ထိမှန်သွားပါတယ်။

ဖူး။

အစိမ်းရောင် သွေးတွေက နေရာအနှံ့ကို ပန်းထွက်သွားခဲ့ပါတယ်။ သူက တကယ်ပဲ ခါးကနေ နှစ်ပိုင်းလှီးခံလိုက်ရပါတယ်။

"မင်းတကယ်ပဲ ငါ့ကို တိုက်ခိုက်ပုံ့တယ်ပေါ့လေ ဟုတ်လား"

ရန်ထန်းဖောင်က လုံးဂကို မယုံကြည်နိုင်တဲ့ အမူအရာတစ်ခု မျက်နှာပေါ်မှာ အထင်းသား ဖြစ်နေခဲ့ပါတယ်။

"အဓိပ္ပါယ်မရှိတာ။ မင်းကိုယ်မင်း ပြောခဲ့တယ်လေ။ ငါ့ကို အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲကနေ ဆွဲထုတ်နိုင်တယ်ဆို။ မင်းဖြစ်နေတာနဲ့ပဲ ငါက မင်းကို မသတ်ရတော့ဘူးလား"

ရှုံဟွမ်ရှမ်က အေးစက်စွာနဲ့ လှောင်ပြောင်သရော် လိုက်ပါတယ်။ နိုင်းယှဉ်ရမယ်ဆိုရင် သူက လင်းဟန်နဲ့ဆိုရင်

သူ့ကိုယ်သူ ကာကွယ်နိုင်ပါသေးတယ်။ ပြီးတော့ တကယ်လို့ လျို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခု အထဲက ရတနာကို ရယူနိုင်စွမ်း မရှိဘူးဆိုရင်တောင်မှ သူ့အနေနဲ့ အကြီးအကျယ် ဆုံးရှုံးစရာအကြောင်း မရှိပါဘူး။ ဒါကသူအတွက် ပထမ ဦးစားပေး မဟုတ်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး သိပ်ပြီးတော့ ခါးခါးသီးသီး ခံစားနေစရာ မရှိပါဘူး။

ရန်ထန်းဖောင်က အရမ်းကို စိတ်အနှောင့်အယှက် ဖြစ်သလို ခံစားနေရပါတယ်။ သူ့အနေနဲ့ သူရဲ့မျက်စိထဲမှာ ပုရွက်ဆိတ်တစ်ကောင်လို့ သတ်မှတ်ထားတဲ့ လူတစ်ယောက်က အမှန်တကယ်ပဲ သူ့ကို ဒီလိုမျိုး ဒဏ်ရာကြီး ဖြစ်စေနိုင်လိမ့်မယ်လို့ လုံးဝကို မထင်မှတ်ထားခဲ့ပါဘူး။ ဒါပေမဲ့ သူ့အနေနဲ့ ဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ သေဖို့ဆို ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ သူခန္ဓာကိုယ်ရဲ့ အပေါ်တစ်ဝက်နဲ့ အောက်တစ်ဝက်က သူတို့ကိုယ်တိုင်ပဲ လှုပ်ရှားနေခဲ့ပါတယ်။ ကိုယ်တစ်ပိုင်းပြတ်က ခြေထောက်နှစ်ချောင်းနဲ့ ပြေးနေပြီး ကျန်တဲ့ တစ်ပိုင်းကလည်း မြေကြီးပေါ်ကို လက်နှစ်ဖက်နဲ့ တွန်းပြီးတော့ ထောက်ထားပါတယ်။ အဲဒီနောက် တစ်ချက်ထောက်ခုန်လိုက်ပြီး သူရဲ့ အပေါ်ပိုင်းက အောက်ပိုင်းခန္ဓာကိုယ်ရဲ့ အပေါ်ကို တည့်တည့် ကျသွားပြီး

ပြန်ပြီးတော့ ဆက်သွားသလို ဖြစ်သွားပါတယ်။

"လျှို့ပုက်ဆန်းကြယ် နယ်မြေပွင့်တဲ့ အချိန်ကျရင် ငါမင်းကို သေချာပေါက် တားဆီးရလိမ့်မယ်။ ပြီးတော့ မင်း"

သူက လင်းဟန်ကို အရင်ဆုံးပြောပြီးတော့ အဲဒီနောက်မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားဘက်ကို လက်ညှိုးထိုးညွှန်ပြလိုက်ပါတယ်။

"နောက်တစ်ကြိမ် ငါတို့ပြန်ဆုံတဲ့အခါ ငါသေချာပေါက် မင်းကို အလောင်းတစ်ကောင်အဖြစ် ပြောင်းလဲပစ်မယ်"

ဒီစကားတွေကို ပြောပြီးတဲ့နောက်မှာ သူက ပြေးထွက်ပျံသန်းသွားပါတယ်။ ဟုမ်း။ သူရဲ့နောက်ကျောဘက်မှာ အစိမ်းရောင် အတောင်ပံနှစ်ခု အမှန်တကယ်ပဲ ထွက်ပေါ်လာပြီး ချက်ချင်းပဲ ကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ ထွက်ပြေးသွားခဲ့ပါတယ်။

သူကတကယ်ပဲ မသေသွားခဲ့ဘူးလား။

လင်းဟန်က သူရဲ့ဓားအကူအညီနဲ့

မတ်တတ်ရပ်လိုက်ပါတယ်။ ရန်ထန်းဇောင်က တကယ်ပဲ ရှေးဟောင်း နတ်ဘုရားတစ်ပါးရဲ့ စိတ်ဝိညာဉ်ကနေ ပြန်လည်မွေးဖွားလာတယ်လို့ လုံးဂကို သတ်မှတ်ယူဆနိုင်ပါတယ်။ ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ လျှို့ဝှက်နည်းစနစ်တွေ အများကြီးကိုလည်း သိရှိနားလည်ထားပါတယ်။ သူက နစ်ပိုင်းပြတ်သွားတာတောင်မှ သေမသွား ခဲ့ပါဘူး။ ဒါကြောင့် နောက်တစ်ကြိမ် သူတို့တွေ ပြန်ဆုံတဲ့ အခါကျရင် သူ့အနေနဲ့ ရန်ထန်းဇောင်ရဲ့ ခေါင်း ဒါမှမဟုတ် နှလုံးသားကို ထိခိုက်ဖျက်ဆီးပစ်ရမှာလား။

"လင်းဟာန် မင်းကိုယ်မင်း အရမ်းကို ကျေနပ်မနေနဲ့ဦး။ ငါရဲ့ကိုယ်ပိုင် ရွှေချပ်ဂတ် အလောင်းကောင်ကို ရရှိလိမ့်မယ်။ ပြီးတော့ နောက်တစ်ကြိမ်ဆိုရင် မင်းရဲ့အသက်ကို သေချာပေါက် ရယူရလိမ့်မယ်"

ရုံဟွမ်ရှမ်ကလည်း အခြေအနေကို တိတိကျကျ သိနားလည်ပြီး ထွက်ပြေးဖို့ စိတ်ကူးနေမှန်း သိသာထင်ရှားပါတယ်။

"ငါသိတယ်။ ငါသိတယ်။ သွားတော့"

လင်းဟာန်က စိတ်သိပ်မရှည်ပဲ ပြောလိုက်ပါတယ်။

“မင်း”

ရုံဟွမ်ရှွမ်က ရှုံးရှုံးရှဲရှဲ ဖြစ်သွားခဲ့ပါတယ် သူက လင်းဟာန်ရဲ့ အပြုအမူက အလွန်အမင်း မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ သူကဘာမှမဟုတ်တဲ့ ပုံစံမျိုးနဲ့ လျစ်လျူရှု ခံထားရသလို ဖြစ်နေပါတယ်။ သူကစိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆိုလိုက်ပါတယ်။ လင်းဟာန်အနေနဲ့ ဒီအတွက်ကြောင့် သေချာပေါက် နောင်တရသွားအောင် သူလုပ်ပစ်ရပါလိမ့်မယ်။

ဟုမ်း။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက အငေးကို လျော့တိုက်ပြီးတော့ ရုံဟွမ်ရှွမ်ကလည်း အထဲကနေ လိုက်ပါသွားပါတယ်။

အဲဒီအချိန်မှာ လင်းဟာန်က အတွေးနက်နေခဲ့ပါတယ်။

ရန်ထန်းဇောင်ရဲ့ အခြေအနေအတွက် သူရဲ့ ယခင်ဘဝတုန်းက နတ်ဘုရားတစ်ပါးရဲ့ ပြန်လည်ဝင်စားခြင်းလား ဒါမှမဟုတ် သူကိုယ်တိုင်ပဲ ရှိနေဆဲပဲလား။ သူအဖြစ်အပျက်ဆိုရင်လည်း ဘယ်လိုမျိုး

ခေါင်းစဉ်အောက်မှာ သူကပါဝင်နေတာလဲ။ သူလည်းပဲ သူရဲ့ယခင်ဘဝတုန်းက မှတ်ဉာဏ်တွေက ဒီခန္ဓာကိုယ်ထဲကို ကူးပြောင်းလာခဲ့တဲ့ အခြေအနေထဲမှာလား။

ဒါက သူ့ကို အတော်လေးကို စဉ်းစားရ ကျပ်သလိုခံစားရပါတယ်။

"လင်းဟန်"

ဟူးညိုက ပြေးလာပြီးတော့ လင်းဟန်ရဲ့ လက်ကို တွယ်ဖက်ထားလိုက်ပါတယ်။ ဒါက လင်းဟန်ကို ချက်ချင်းပဲ ပြုံးသွားစေပြီး သူရဲ့နှလုံးသားထဲက ရှုပ်ထွေးနေမှုတွေကို အဝေးကို လွင့်စဉ်သွားခဲ့ပါတယ်။

သူကဘယ်သူများလဲ။ သူက ယခင်ဘဝတုန်းက မှော်ဆေးဆရာဇ် တစ်ယောက် ဖြစ်သလို ဒီဘဝမှာ အသုံးမကျတဲ့ သခင်လေးတစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ ဒီနှစ်ခု ပေါင်းစည်းပြီးတော့ ဖြစ်ပေါ်လာတဲ့ တည်ရှိမှု တစ်ခု ဖြစ်ပြီး သူတို့ရဲ့ အဆိုးအကောင်း နှစ်ခုစလုံးကို ပိုင်ဆိုင်ထားပြီး တကယ့်သက်ရှိ လူတစ်ယောက် ဖြစ်ပါတယ်။

ဒါဆိုရင် လုံလောက်ပြီလေ။

"လာ ငါတို့ပြန်ကြစို့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အင်း"

ဟူးညိုက လေးလေးနက်နက်နဲ့ ခေါင်းညိတ်လိုက်ပါတယ်။

အပိုင်း(၄၅၁) အလယ်ပိုင်းဒေသက တော်ဝင်လူတစ်ယောက်

ယန်စွမ်းအားမြင့်မြို့ကို ပြန်တဲ့လမ်းမှာ လင်းဟန်က သူရုပ်ဖျက်ထားတာကို ဖယ်ရှားလိုက် ပါတယ်။ ယန်စွမ်းအားမြင့်မြို့ကို သူပြန်ရောက်တဲ့အခါမှာ သူက ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်နဲ့ မော်ဆေးဘုရင် စံအိမ်ရဲ့ ပိုင်ရှင်အဖြစ် နေရာပြန်ယူရမှာ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

သူက ဆယ်ရက်လောက် ပျောက်နေခဲ့တာ ဖြစ်ပြီးတော့ ဒါက လွှီယုထန်နဲ့ တခြားသူတွေ အားလုံးကို စိုးရိမ်ပူပန်စေခဲ့ပါတယ်။ ကံကောင်းတာက နောက်ဆုံးတော့

သူပြန်ရောက်လာတဲ့ အတွက် အားလုံးရဲ့ စိုးရိမ်ပူပန်နေမှုတွေ လျော့ကျသွားပြီး စိတ်သက်သာရာ ရသွားကြပါတယ်။

လင်းဟန်က စိတ်ဂိညာဉ် ရတနာ စံအိမ်ကို နောက်တစ်ကြိမ် သွားခဲ့ပါတယ်။ အခုလောက်ဆို ရင်ဟောင်က သူ့အတွက် အရွက်ကိုးခု အနက်ရောင်ဆေးပင်ကို ရအောင်လို့ လုပ်နိုင်လောက်ပြီ ဆိုပြီးတော့ စဉ်းစားပြီးတော့ သွားတာဖြစ်ပါတယ်။

"ငါတကယ်ပဲ တောင်းပန်ပါတယ်"

သူ့ကိုမြင်လိုက်ရတဲ့ အခိုက်အတန့်မှာပဲ ရင်ဟောင်က အလျင်အမြန်နဲ့ တောင်းပန်လိုက်ပါတယ်။ ဒါက လင်းဟန်ကို စိတ်ထင့်သွားစေခဲ့ပါတယ်။ သူမက ဆက်ပြီးတော့ ပြောလိုက်တာကို ကြားလိုက်ရပါတယ်။

"နင်လိုချင်တဲ့ ဆေးပင်ကို တခြားလူတစ်ယောက်က ကြားဖြတ်ပြီးတော့ ယူသွားတယ်"

"ဘယ်သူလုပ်တာလဲ"

လင်းဟန်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ထိုးတက်လာခဲ့ပါတယ်။ ဒီစိတ်ဂိညာဉ်ဆေးပင်က လင်းဒေါင်ရှန်ကို နောက်တစ်ကြိမ် ကျင့်ကြံနိုင်အောင်လို့ လုပ်ပေးမဲ့ ကိစ္စထဲမှာ အရေးတကြီး ပါဝင်ပတ်သက်နေတဲ့ ပစ္စည်းပဲ ဖြစ်ပါတယ်။ ဒီအချက်ကြောင့် သူ့အနေနဲ့ လူသတ်ရမယ် ဆိုရင်တောင်မှ ဂန်လေးနေမှာ မဟုတ်ပါဘူး။

"သေသေချာချာတော့ မသိရဘူး။ ငါ့ရဲ့ စုံစမ်းလေ့လာမှု အရတော့ သူတို့ရောင်းလိုက်တဲ့ လူရဲ့ မျိုးရိုးနာမည်က ထန် တဲ့။ သူလည်း ယန်စွမ်းအားမြင့်မြို့ကို လာခဲ့ပြီး လက်ရှိမှာတော့ မြောက်ပိုင်းဆေးစံအိမ်ထဲမှာ ရှိနေတယ်"

ရင်ဟောင်က ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ တောင်းပန်ပါတယ်။ အစတုန်းက ရောင်းတဲ့သူနဲ့ သဘောတူညီမှု တစ်ခုကို သွားလုပ်ခဲ့တယ်။ ဒါပေမဲ့ အဲဒီထန်မျိုးရိုးမှာ အရမ်းကို ထင်ရှားတဲ့ နောက်ခံရှိလိမ့်မယ်။ ဒါကြောင့် ဈေးရောင်းတဲ့သူက ဒီစိတ်ဂိညာဉ် ဆေးပင်ကို တခြားသူကို ရောင်းမယ်ဆိုပြီးတော့ သူ့ကို မငြင်းဆန်ပံ့တာပဲ ဖြစ်လိမ့်မယ်"

"တကယ်လို့ အဲဒီစိတ်ဂိညာဉ် ဆေးပင်ကို ပြန်ရောင်းဖို့ ဆန္ဒရှိမရှိ သိရအောင်လို့ ထန်မျိုးရိုးနဲ့ ဆက်သွယ်ဖို့ စိတ်ကူးနေတာ။ ဒါပေမဲ့ ငါသူနဲ့ မဆက်သွယ်ရသေးခင် နင်ရောက်လာတာပဲ"

ရင်ဟောင်က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်ဖြစ် ကျေးဇူးတင်ပါတယ်"

အနည်းဆုံးတော့ အရွက်ကိုးခု အနက်ရောင် ဆေးပင်ရဲ့ တည်နေရာကို အကြမ်းဖျင်းတော့ သိသွားခဲ့ပြီလေ။

"နင်ဂရုစိုက်ဖို့ လိုတယ်နော်။ ဒီလူက ရောင်းတဲ့သူကိုတောင်မှ သူ့ကိုမငြင်းဆန်ပဲ မျက်နှာသာ ပေးအောင်လို့ လုပ်နိုင်တယ်။ သူရဲ့ကိုယ်ရည်ကိုယ်သွေးက မယုံနိုင်စရာကောင်းတဲ့ စွမ်းရည်နဲ့ ကျွမ်းကျင်မှု ဒါမှမဟုတ် အရမ်းကို ထင်ရှားကျော်ကြားတဲ့ နောက်ခံတစ်ခု ရှိကိုရှိရမယ်"

ရင်ဟောင်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ငါနားလည်ပြီ"

လင်းဟန်က မတ်တတ်ထရပ်ပြီးတော့ ထွက်လာခဲ့ပါတယ်။

ရင်ဟောင်က ခြံဝင်းရဲ့ အဓိက တံခါးကနေ လင်းဟန်ရဲ့ ပုံရိပ်ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေပြီးတော့ သူမရဲ့ မေးစေ့ကို ကိုင်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဒါက တကယ်ပဲ ထူးဆန်းတယ်။ မြောက်ပိုင်းဒေသထဲမှာ ထန်မျိုးရိုးနဲ့ ကြီးကျယ်ခမ်းနားတဲ့ လူဆိုတာ ရှိလို့လား"

လင်းဟန်က မြောက်ပိုင်းဆေးစံအိမ်ဆီကို တန်းပြီးတော့ ဦးတည်လာခဲ့ပါတယ်။

သူက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး ယန်စွမ်းအားမြင့်မြို့မှာ ကြီးကျယ်ခမ်းနားတဲ့ နေ့ရက်တွေ အများကြီးရှိခဲ့တယ် ဆိုပေမဲ့ အချိန်အများစုမှာ သူကစွန့်စား သွားလာနေခဲ့ရတာပါ။ အများဆုံး သူက အနက်ရောင် မျှော်စင်ထဲက နေရာလွတ်တွေမှာ စိုက်ပျိုးဖို့ အတွက် စိတ်ဂိညာဉ် ဆေးပင်မျိုးစေ့တွေကို လာပြီးတော့ ရွေးချယ်တာလောက်ပဲ လုပ်ခဲ့ပါတယ်။

လင်းဟန်က ဆေးစံအိမ်ထဲက အလုပ်သမားတွေကို မျိုးရိုးနာမည် ထန်နဲ့ လူရဲ့အကြောင်းကို မေးမြန်းစုံစမ်းခဲ့ပါတယ်။ ဒါပေမဲ့ လူတိုင်းကိုယ်စီက သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့ သူတို့အနေနဲ့ လုံးဝမသိတဲ့ အကြောင်းကို ပြောကြပါတယ်။

ထန်မျိုးရိုးက အရမ်းကို ထင်ရှားကျော်ကြားတဲ့ နောက်ခံအင်အား တစ်ခုကနေ လာခဲ့တာ ဖြစ်နိုင်တယ် ဆိုတဲ့ အချက်ကို ပြန်စဉ်းစားမိလိုက်တော့ သူ့ကို အဆင့်နိမ့် သာမန်လူတွေအနေနဲ့ ဘယ်လိုမှ သိစရာအကြောင်း မရှိဘူးဆိုတာကို စဉ်းစားမိလိုက်ပါတယ်။ ဒါကြောင့် လင်းဟန်က အဆင့်မြင့်တဲ့ လူတချို့ကို ရှာဖွေမေးမြန်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါပေမဲ့ မြောက်ပိုင်းဆေးစံအိမ်ရဲ့ အရေးကြီးတဲ့ နေရာကို သာမန်လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဝင်ရောက်နိုင်မှာလဲ။

သူက မြေကြီးမှာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အထောက်အထားကို ထုတ်ဖော်လိုက်ပြီးတော့ အပြင်ဘက်ကနေ လူသုံးယောက် လမ်းလျှောက်ပြီး ဝင်လာတာကို မြင်လိုက်ရပါတယ်။ သူတို့ထဲက နှစ်ယောက်က အနည်းငယ် အရှေ့ကနေ လျှောက်လာတာ

ဖြစ်ပြီးတော့ တတိယလူကတော့ အနောက်ကနေ လျှောက်လာခဲ့တာပါ။

အရှေ့က လျှောက်လာတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ကတော့ ရိုးရိုးရှင်းရှင်း အဝတ်အစား ဝတ်ဆင်ထားပြီး အဖြူရောင် ဝတ်စုံနဲ့ အနက်ရောင် တောက်ပနေတဲ့ ဆံပင်ရှိပြီး အဖြူရောင် ဇာပဝါပါးပါးတစ်ခုကို သူမရဲ့မျက်နှာကို ဖုံးအုပ်ထားပါတယ်။ ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ဝတ်စားဆင်ယင်တတ်တဲ့ အမျိုးသမီးတွေက မရေမတွက်နိုင်အောင် များပြားလှပေမဲ့ အဆုံးမရှိ ဆွဲဆောင်မှုတွေနဲ့ ရှုက်ကြီးဖိုငယ် အသွယ်သွယ်နဲ့ ပြည့်နှက်နေတဲ့ လူကတော့ တစ်ယောက်ပဲ ရှိပါတယ်။

ကျူးရွှမ်အာ။

သူမရဲ့ဘေးမှာ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာရှိတဲ့ အသက်နှစ်ဆယ်ကျော်အရွယ် လူငယ်တစ်ယောက်လည်း ရှိနေပါတယ်။ ဒီလိုမျိုး ကျင့်ကြံခြင်း အဆင့်မှာရှိတဲ့ လူတစ်ယောက်ကို ယန်စွမ်းအားမြင့်မြို့ထဲမှာ ထိပ်တန်းလက်ရွေးစင် ပါရမီရှင်တစ်ယောက်အဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်ရဲ့ အနောက်ကနေ လိုက်လာတဲ့

ပန်းဖူးအဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက်လည်း ရှိပါတယ်။ သူက အရမ်းကို သတိဂီရိယ တက်ကြွနေတဲ့ အမူအရာရှိပြီး သူတို့အနောက်က ကပ်ပြီးတော့ လိုက်လာပါတယ်။

သူ့ရဲ့အပြုအမူကို ကြည့်ရတာ ဒီပန်းဖူးအဆင့် ကျင့်ကြံသူ လက်ရွေးစင်က အရှေ့ကနေ လျှောက်လာတဲ့ လူနှစ်ယောက်ရဲ့ အစေခံတစ်ယောက် ပုံစံမျိုး ဖြစ်နေပါတယ်။

လင်းဟန်အနေနဲ့ ကျူးရှမ်အာမှာ ဒီလိုမျိုး ခမ်းနားကြီးကျယ်တဲ့ အစီအစဉ် မရှိဘူးဆိုတာကို ကောင်းကောင်း သိပါတယ်။ ဒါကြောင့် ဒီပန်းဖူးအဆင့် လက်ရွေးစင်က ဒီလူငယ်ရဲ့ လက်အောက်ခံ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဆောင်းလဂိုဏ်းနဲ့ သားရဲကေရာဇ်ဂိုဏ်းတောင် ဒီလိုမျိုး ဖြစ်လာခဲ့ရင် ဘယ်ဂိုဏ်းက သူတို့ရဲ့ တပည့်တွေကို ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို ကိုယ်ရံတော် တစ်ယောက် အဖြစ်နဲ့ ထည့်ပေးနိုင်လို့လဲ။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ဘယ်လိုဂိုဏ်းအတွက်မဆို ထောက်တိုင်တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ဒီလိုမျိုး လူတွေက အဆုံးမဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် လက်ရွေးစ်

ကျင့်ကြံသူ တစ်ယောက်ဖြစ်လာနိုင်ဖို့ အခွင့်အရေး မြင့်မြင့်မားမား ရှိကြပါတယ်။

အစောပိုင်းတုန်းက ရင်ဟောင်ပြောလိုက်တာကို သူမှတ်မိသွားတဲ့ အခါမှာ ဒီလူငယ်က သေချာပေါက် ထန်မျိုးရိုးဆိုတဲ့ လူဖြစ်ရပါလိမ့်မယ်။

"ဂရန်းမာစတာလင်း"

ကျူးရွှမ်အာက လင်းဟာန်ကို မြင်လိုက်ရတဲ့အခါမှာ သူမရဲ့ ကယ်တင်ရှင်ကို မြင်လိုက်ရသလိုမျိုး ခေါ်လိုက်ပါတယ်။ သူမရဲ့ လှပတဲ့ မျက်လုံးတွေက ချက်ချင်းပဲ ပိုင်းစက်လာပြီး သူ့ဆီကို လှပတင့်တယ်စွာနဲ့ လျှောက်လာခဲ့ပါတယ်။

"တကယ်လို့ သင့်မှာ အချိန်ရှိတယ်ဆိုရင် ရွှမ်အာက ဂရန်းမာစတာလင်းကို အကူအညီလေး တစ်ခုလောက် တောင်းချင်ပါတယ်"

"ဂရန်းမာစတာလင်း"

လင်းဟာန်ကို ကျူးရွှမ်က ဂရန်းမာစတာလင်းလို့ ခေါ်လိုက်တာကို ကြားလိုက်ရတဲ့ အခါမှာ လူငယ်က

ချက်ချင်းပဲ အထင်အမြင်သေးသလို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ရွှမ်အာ တကယ်လို့ နင်က မှော်ဆေးပညာ အကြောင်းကို လေ့လာသင်ယူချင်တယ်ဆိုရင် မင်းကြိုက်သလို ငါ့ကို မေးနိုင်တယ်။ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် အနေနဲ့ မင်းရဲ့မေးခွန်းတွေ အားလုံးကို ငါဖြေပေးနိုင်တာပေ့ါ"

ဒီလူငယ်က တကယ်ပဲ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လား။ ဟားဟား ဒါက တကယ့်ကို ထူးခြားတာပဲ။ သူက ဒီလောက်တောင် မောက်မာဂင့်ကြွားနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့လည်း သူက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်လေး တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက ပန်းဖူးအဆင့်ရဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို သူရဲ့ကိုယ်ရံတော်အဖြစ် ခန့်ထားဖို့ အဆင့်မီတယ်ပေ့ါလေ ဟုတ်လား။

လင်းဟာန်က အဲဒီလူငယ်ဆီကို လှည့်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းကရော ဘယ်သူလဲ"

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ။ မင်းက တကယ်ပဲ သခင်လေးထန်ကို ဒီလိုမျိုး လေသံနဲ့ ပြောပုံတယ်ပေါ့လေ ဟုတ်လား"

ပန်းဖူးအဆင့် လက်ရွေးစင် ကျင့်ကြံသူက ချက်ချင်းပဲ ဒေါသကြီးစွာနဲ့ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ သူရဲ့မျက်လုံးတွေက စူးရှထက်မြက်ပြီး တစ်ဖက်လူကို ဖောက်ထွင်းလုမတတ် သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်နေပါတယ်။

ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်အနေနဲ့ သူတို့ရဲ့ သေမျိုးအခွံကို ဖြတ်တောက်ပြီးတော့ ဒေါသနဲ့ ကြိမ်းမောင်းပြီး ပြင်းပြင်းထန်ထန် စိုက်ကြည့်တဲ့ အကြည့်က စွမ်းအားတွေနဲ့ ပြည့်နေပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို ကြောက်ရွံ့ထိတ်လန့်သွားပြီး ဒူးထောက်လဲကျသွားနိုင်စွမ်း ရှိပါတယ်။

သူရဲ့သခင်လေးက လက်ရှိမှာ ကျူးရွှမ်အာကို လိုက်လံပိုးပန်းနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခြေအနေကို ကြည့်ရတာတော့ ကျူးရွှမ်အာကို

လင်းဟန်အတွက် တုံ့ပြန်မှုတွေ ရှိနေပုံ ရပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ကျူးရှမ်အာရဲ့ အရှေ့က နောက်ပေါက်တဲ့လူကို အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်နေပြီး သူမရဲ့ အရှေ့မှာ အရှက်ခွဲလိုက်တာပါပဲ။

ဒါပေမဲ့ လင်းဟန်က ဘယ်သူမိုလို့လဲ။ သူက ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ ရှိနေပြီး ဓားချီအလင်း ကိုးခုကို ထုတ်ဖော်နိုင်တဲ့ အုပ်ချုပ်သူ တစ်ယောက် အဆင့်ရှိပါတယ်။ ဒါကြောင့် ဒီလိုမျိုး အပြုအမူလောက်နဲ့ ဘယ်လိုလုပ်ပြီးတော့ ဖိနှိပ်လို့ ရမှာလဲ။ သူက နားရွက်ကို လက်နဲ့ကိုင်ရုံ ကိုင်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းက ဒီလောက်တောင် အော်ကြီးဟစ်ကျယ် လုပ်နေရတာလဲ။ မင်းရဲ့နားက အလုပ်မလုပ်တော့တာလား။ ဒါကြောင့် တခြားသူတွေကို မင်းလိုမျိုး နားပင်းနေတယ်လို့ ထင်နေတာလား"

"မိုက်ရိုင်းလိုက်တာ"

ပန်းဖူးအဆင့် ကျင့်ကြံသူက စွမ်းအားပြည့်ဝတဲ့ ဒေါသအသံနဲ့ ပြောလိုက်ပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်သာသာပဲရှိတဲ့

ကျင့်ကြံသူ တစ်ယောက်က သူရဲ့အရှေ့မှာ မိုက်ရိုင်းပွဲတယ်။ ဒီကောင်စုတ်လေးက သိုင်းပညာရပ်တွေရဲ့ ဂါစဉ်ကို မသိနားမလည်တာလား။ ဒါကို ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

ကျူးရွှမ်အာက အလျင်အမြန်ပဲ သူတို့ကို တားဆီးလိုက်ပြီးတော့ လေးနက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"ဒါကတော့ လင်းဟာန်လို့ခေါ်ပါတယ်။ သူက မြေကမ္ဘာအဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်"

ဘာ။

ဒီပန်းဖူးအဆင့် ကျင့်ကြံသူက ချက်ချင်းပဲ မျက်လုံးတွေပြူးပြီး စိုက်ကြည့်လိုက်ပါတယ်။ သူဘယ်လိုပဲကြည့်ကြည့် လင်းဟာန်က အခုမှ အသက်ဆယ့်ရှစ်နှစ် ဒါမှမဟုတ် ဆယ့်ကိုးနှစ်ပဲ ရှိပြီးတော့ သူက မြေကမ္ဘာအဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်နေပြီလား။ တစ်ခုသိထားရမှာက သခင်လေးထန်လိုမျိုး ပါရမီရှင် တစ်ယောက်အတွက်တောင်မှ သူက အနက်ရောင်

အဆင့်မြင့် မှော်ဆေးပညာရှင်ပဲ ရှိပါသေးတယ်။

အနက်ရောင် အဆင့်မြင့်နဲ့ မြေကမ္ဘာအဆင့်နိမ့် အဆင့်တို့နှစ်ခု အကြားမှာ အဆင့်တစ်ခုပဲ ကွာဟတယ် ဆိုပေမဲ့ ဒီကွာဟချက်တစ်ခုကပဲ သူရဲ့ဘဝတစ်ခုလုံးအတွက် မျှော်လင့်ချက်တွေ အားလုံးကို ဆုံးရှုံးသွားအောင်လုပ်နိုင်ပြီး ဒီကွာဟချက်ကိုလည်း အမြဲတမ်း ကျော်ဖြတ်နိုင်ခြင်းမျိုး မရှိတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။

"တကယ်လို့ မင်းက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တော့ရော ဘာဖြစ်လဲ"

လူငယ်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးလိုက်ပါတယ်။

"ငါ့ရဲ့အရှေ့မှာ မြေကမ္ဘာအဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်တောင်မှ မလုံလောက်ဘူး။ ကောင်ကလေး ဒီနေရာကနေ ချက်ချင်းထွက်သွားစမ်း။ အဲဒီလိုမှ မဟုတ်ရင် မင်းသေသွားရ လိမ့်မယ်"

လင်းဟန်က ဒေါသထွက်မသွားပဲ ပြုံးရုံပဲ ပြုံးပြီးတော့ တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

"ငါက မင်းကိုအပြစ်များ ကျူးလွန်မိခဲ့တယ်လို့ မထင်ပါဘူး။ လုပ်မိလို့လား"

"မင်းက ငါ့ရဲ့ခွင့်ပြုချက်မရှိပဲ ရွှမ်အာကို စကားပြောခဲ့တယ်။ ဒါက မင်းရဲ့ အပြစ်ပဲ"

လူငယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ကျူးရွှမ်အာက ဒေါသထွက်သွားပြီးတော့ မေးလိုက်ပါတယ်။

"ငါ့ဘာသာ ဘယ်သူနဲ့ စကားပြောပြော နင်နဲ့ ဘာဆိုင်လို့လဲ"

"ဒါပေါ့ ဆိုင်တာပေါ့"

လူငယ်က ပေါ့ပေါ့ပါးပါးနဲ့ ရယ်မောလိုက်ပါတယ်။

"ငါ့ရဲ့မျက်လုံးထဲမှာ မင်းရှိတယ်။ ပြီးတော့ မင်းက ငါ့ရဲ့ အမျိုးသမီးပဲ။ ဒါကြောင့် တခြား ဘယ်ယောက်ျားကိုမှ မင်းနဲ့စကားပြောခွင့် မပေးနိုင်ဘူး။ တကယ်လို့ သူတို့က မင်းနဲ့ စကားပြောရင် အဲဒါက သူတို့ရဲ့ သေလမ်းကို ရှာတာပဲ"

"အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့"

ကျူးရွှမ်အာက ဒေါသတကြီးနဲ့ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

ဒါပေမဲ့လည်း လူငယ်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ယိုဟိုင်ယွဲ့ကလည်း မင်းကို မျက်စိကျနေတယ်လို့ ငါကြားတယ်။ ဒါကြောင့်လည်း အလယ်ပိုင်း ဒေသကနေ ဒီနေရာကို အပြေးလာခဲ့တာပဲ။ ဒီဓားအကြောင်းပဲသိတဲ့ အရူးကောင်ရဲ့ နှလုံးသားကို လှုပ်ခါနိုင်စွမ်းတာ ဘယ်လိုမျိုး အံ့မခန်းချောမောလှပတဲ့ သူလဲဆိုတာကို တစ်ချက်လောက် လာကြည့်ချင်မိခဲ့တယ်။ ဒီခွေးကောင်က အမြဲတမ်း ငါ့ကို ဆန့်ကျင်ပြီး သိုင်းပညာနဲ့ ပတ်သက်ရင် ငါကသူနဲ့ နိုင်းယှဉ်လို့ မရနိုင်ဘူးလို့ပဲ ထင်နေတယ်။ ငါက သူနှစ်သက်သဘောကျနေတဲ့ အမျိုးသမီးကို လုယူနိုင်တယ်။ ဟားဟား ဒါကိုသူသိသွားမယ်ဆိုရင် သူရဲ့အမူအရာကို ငါမြင်ချင်တယ်"

"အိပ်မက်မက်နေလိုက်"

ကျူးရွှမ်အာက အေးစက်စက်နဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်ရော"

လူငယ်ရဲ့ နှုတ်ခမ်းမှာ အပြုံးတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"မင်းက ကောင်းကင်အဆင့် မှော်ဆေးလုံးကို မဖော်စပ်ချင်တော့ဘူးလား။ အလယ်ပိုင်းဒေသ တစ်ခုလုံးမှာတောင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲရှိတယ်။ ပြီးတော့ သူတို့ထဲက တစ်ယောက်က ငါ့ရဲ့အဘိုးပဲ။ မင်းအတွက် မှော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင ်တစ်ယောက်ရရှိဖို့ ဘယ်လိုအခြေခံရှိရမယ်လို့ မင်းက ရည်ရွယ်ထားတာလဲ။ ငါတို့ရဲ့ ထန်ကလန်အခြေအနေက မျိုးဆက်တွေအတွက် မှော်ဆေးလုံးတွေကို ငါတို့က ဖော်စပ်ပေးခဲ့တယ်။ ဒါပြင် ငါတို့ထန်ကလန်က မှော်ဆေးပညာရှင် မဟာကလန်ကြီး တစ်ခုဖြစ်တယ်။ ပြီးတော့ ငါတို့တစ်နှစ်လောက် စုစည်းရရှိတဲ့ ချမ်းသာကြွယ်ဝမှုက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်းတယ်။ ဒါကြောင့် ငါ့ရဲ့အဘိုး စိတ်ဝင်စားလာအောင် လုပ်ဖို့အတွက် ဘယ်လိုမျိုး တောင်းဆိုမှုနဲ့ မင်းက လုပ်ပေးနိုင်လို့လဲ။ မင်းကငါ့ရဲ့ အမျိုးသမီး ဖြစ်လာရင် ငါ့ရဲ့အဘိုးကို ငါကတောင်းပန်ပြီး

မင်းအတွက် မှော်ဆေးလုံးကို ဖော်စပ်ပေးဖို့ လုပ်ပေးနိုင်မယ် မဟုတ်လား"

အပိုင်း(၄၅၂) တပည့်တစ်ယောက်က ဆင်းသက်လာတဲ့ မျိုးရိုး

ထန်မျိုးရိုးက မှော်ဆေးပညာရှင် မဟာကလန် တစ်ခုလား။

လင်းဟန်က အနည်းငယ် ထိတ်လန့်သွားခဲ့ပါတယ်။ ပထမတော့ သူ့အနေနဲ့ ထန်မျိုးရိုး အကြောင်းကို အများကြီး မတွေးထားပါဘူး။ ဒါပေမဲ့ မှော်ဆေးပညာရှင်ရဲ့ မဟာကလန်ဆိုတာကို ကြားလိုက်ရတဲ့ အခါမှာ အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ သူက မေးလိုက်ပါတယ်။

"မင်းရဲ့ မိသားစုမျိုးရိုးစဉ်ဆက်မှာ ထန်ရှီယွမ်လို့ခေါ်တဲ့ လူတစ်ယောက်ယောက်များ ရှိသလား"

"ဘာ ထန်ရှီယွမ် ဟုတ်လား"

ပထမတော့ လူငယ်က နာခေါင်းရှုံ့လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာ သူ့ရဲ့မျက်နှာပေါ်မှာ ချက်ချင်းပဲ

အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး သူကမေးလိုက်ပါတယ်။

"မင်းက ဘယ်လိုလုပ်ပြီးတော့ ငါတို့ကလန်ရဲ့ တည်ထောင်သူ နာမည်ကို သိနေတာလဲ"

လပ္ပြတ်။ တကယ်သူပဲဟ။ လင်းဟန်က စဉ်းစားလိုက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက သူ့မှာ စုစုပေါင်း တပည့်လေးယောက် ရှိပါတယ်။ နှစ်ယောက်က သူရဲ့လက်အောက်မှာ သိုင်းပညာကို သင်ကြားပြီး ကျန်တဲ့နှစ်ယောက်ကတော့ မှော်ဆေးပညာကို သင်ယူခဲ့ပါတယ်။ မှော်ဆေးပညာ တပည့်နှစ်ယောက်ထဲက တစ်ယောက်ရဲ့ နာမည်က ယွမ်ယောင်ဂမ်လို့ ခေါ်ပြီးတော့ ကျန်တဲ့ တစ်ယောက်ကိုတော့ ထန်ရှီယွမ်လို့ ခေါ်ပါတယ်။

ဒါက သူရဲ့တပည့်တစ်ဦးကနေ ဆင်းသက်လာတဲ့ သားစဉ်မြေးဆက် တစ်ယောက် ဖြစ်ပါတယ်။

လပ္ပြတ်ပဲ။ ဒါကတကယ်ပဲ ဘိုးဘေးတစ်ယောက်ရဲ့ ဆရာသခင်ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြီး ဘိုးဘေးကို အရှက်ခွဲလိုက်တာလား။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မင်းသိစရာ အကြောင်းလုံးဝမရှိဘူး။ မင်းရဲ့ ဘိုးဘေးမျက်နှာကို ထောက်ပြီးတော့ ဒူးထောက်ပြီးတော့ တောင်းပန်ပါ။ ပြီးတော့ အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ပေးလိုက်။ ဒါဆိုရင် ငါ့ကိုယ်ငါ မင်းအဆင့်ကို နှိမ့်ချပြီးတော့ မင်းလုပ်ခဲ့တာတွေကို ထည့်မတွက်တော့ဘူး"

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

လူငယ်က ဒေါသထွက်သွားပြီး သူရဲ့နှာခေါင်းတောင် ရှုံ့မဲ့မဲ့ ဖြစ်လာခဲ့ပါတယ်။

"ငါ ထန်ဇူမင်းက မာနကြီးလှပြီ မှတ်နေတာ။ မင်းနဲ့ နှိုင်းယှဉ်လိုက်မှပဲ ငါကအတော်လေးကို နှိမ့်ချတတ်တဲ့လူ ဖြစ်နေယ်။ ကုန်းဖန် သူ့ကိုသတ်လိုက်"

နောက်ဆုံးစကားတွေက သူ့အနောက်က ပန်းဖူးအဆင့် ကျင့်ကြံသူ လက်ရွေးစင်ကို တိုက်ရိုက် ပြောလိုက်တာ ဖြစ်ပါတယ်။ ဒီလူရဲ့ မျိုးရိုးနာမည်က ကျိုးဖြစ်ပြီးတော့ ပေးထားတဲ့ နာမည်က ကုန်းဖန် ဖြစ်ပါတယ်။

ကောင်ကင်အဆင့် ဆေးပညာရှင် တစ်ယောက်ရဲ့ အနောက်ကိုလိုက်ဖို့ ဆန္ဒရှိတဲ့ အစွမ်းထက် ကျင့်ကြံသူတွေ မရှားပါးပါဘူး။ တကယ်လို့ အလယ်ပိုင်းဒေသနဲ့ မြောက်ပိုင်း ဒေသကို ပိုင်းခြားထားတဲ့ အတားအဆီးတစ်ခုကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ပ နတ်အသွင်ပြောင်းလဲခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို သူ့အနေနဲ့ သေချာပေါက် ခေါ်လာပြီးတော့ မြောက်ပိုင်းဒေသ တစ်ခုလုံးမှာရှိတဲ့ သူ့ကိုဆန့်ကျင်တဲ့ သူတွေအားလုံးကို လက်တစ်ဖက်တည်းနဲ့ ရှင်းထုတ်ပစ်လိုက်မှာပါ။ ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်မလဲ။

"သခင်လေးထန် ဒီလူက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတယ်"

ကျိုးကုန်းဖန်က အနည်းငယ် တုံ့ဆိုင်းနေပါတယ်။ ဒီကမ္ဘာကြီး တစ်ခုလုံးမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နစ်ယောက်ပဲ ရှိပါတယ်။ ဒါကြောင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် ဆိုတာက အရမ်းကို အထင်ကြီး လေးစားဖို့ ကောင်းပါတယ်။ နောက်ပြီးတော့ လင်းဟာန်က အရမ်းကို ငယ်ရွယ်သေးပြီး သူ့အနေနဲ့ ကမ္ဘာကြီး တစ်ခုလုံးမှာ ထင်ပေါ်ကျော်ကြားတဲ့ မှော်ဆေးပညာရဲ့

မဟာခေါင်းဆောင်တစ်ယောက် ဖြစ်လာနိုင်တဲ့ အစွမ်းရှိလား ဆိုတာကို ဘယ်သူကသိနိုင်မှာလဲ။

"မင်းက ဘာတွေကို ကြောက်နေတာလဲ။ ငါ့အဘိုးက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ"

ထန်ဇူမင်းက မောက်မာဂင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

ကျိုးကုန်းဖန်က ထပ်ပြီးတော့ တုံ့ဆိုင်းနေခြင်း မရှိတော့ပါဘူး။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဆိုတာက ဒီကမ္ဘာကြီးထဲမှာ အံ့ဩဖွယ်ရာ အကောင်းဆုံး တည်ရှိမှု တစ်ခုပဲ ဖြစ်ပြီးတော့ စကြာဝဠာဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေနဲ့ အဆင့်အတန်းတူခြင်း ရပ်တည်နိုင်ပါတယ်။ ပြီးတော့ သူတို့ကို ဒီကမ္ဘာကြီးရဲ့ မှော်ဆေးပညာရှင် အားလုံးရဲ့ ခေါင်းဆောင်တွေလို့ သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့်လည်း တကယ်လို့ သူက မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်လိုက်မယ်ဆိုရင် ဘာဖြစ်မှာလဲ။

သူ့အတွက် မှော်ဆေးလုံး ဖော်စပ်ပေးဖို့ တခြားမှော်ဆေးပညာရှင်တွေကို အကူအညီ တောင်းနေစရာ မလိုပါဘူး။ ပြီးတော့ သူ့အတွက် တခြားသူကို ထည့်သွင်းပြီး

စဉ်းစားနေဖို့လည်း လုံးဝကို မလိုအပ်ပါဘူး။

"သေစမ်း"

သူက ချက်ချင်းပဲ လင်းဟာန်ဆီကို တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

"ရပ်လိုက်"

ကျူးရှွမ်အာက အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ သူမအနေနဲ့ လင်းဟာန်ကို စကားပြောဖို့ အစကတည်းက ဆန္ဒရှိနေခဲ့တာ ဖြစ်ပြီးတော့ သူမတို့နှစ်ယောက်အကြားက ရင်းနှီးမှုကို အကာအကွယ်ယူပြီး ထန်ရူမင်းကို သူ့ကိုယ်ပိုင် အသိစိတ်နဲ့ ထွက်သွားဖို့ ဖြစ်ပါတယ်။ သူမအနေနဲ့ လုံးဝ ထင်မှတ်မထားတာက ဒီထန်ရူမင်းက တကယ်ပဲ ပေါ့ပျက်ပျက် သခင်လေး တစ်ယောက်ရဲ့ ပင်ကိုယ်စရိုက် ရှိလိမ့်မယ် ဆိုတာကိုပါ။ မာနကြီး မောက်မာဂင့်ကြွားပြီး အကျိုးသင့် အကြောင်းသင့် မရှိပဲ လင်းဟာန်ကို သတ်ပစ်ဖို့ အမှန်တကယ်ပဲ ပြုလုပ်ခဲ့ပါတယ်။

ဒါပြဿနာကို သူမက ဖြစ်စေခဲ့တာပါ။ ဒါကြောင့် သူမက ချက်ချင်းပဲ လင်းဟာန်နဲ့ ကျိုးကုန်းဖန်ရဲ့ အကြားမှာ

ထွက်ပြီးတော့ ရပ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အရှေ့မှာ သူမရဲ့ မဖြစ်စလောက် စွမ်းအားက ဘယ်လိုလုပ် အသုံးပြုလို့ ရမှာလဲ။

ကျိုးကုန်းဖန်က လက်ညှိုးလေး တစ်ချောင်းနဲ့ အနည်းငယ် တောက်ထုတ်လိုက်တာနဲ့ ကျူးရွှမ်အာက ညင်ညင်သာသာနဲ့ တစ်ဖက်ကို တွန်းခံလိုက်ရပြီး သူမရဲ့ ကျင့်ကြံခြင်းလည်း ပိတ်ဆို့ခြင်း ခံလိုက်ရပါတယ်။ ကျိုးကုန်းဖန်ရဲ့ တိုက်ခိုက်မှုက သူရဲ့ လမ်းကြောင်းအတိုင်း အတားအဆီး ကင်းမဲ့စွာနဲ့ လင်းဟန်ဆီကို ဦးတည်ဂင်ရောက် သွားခဲ့ပါတယ်။

ပုန်း။

လင်းဟန်က ချက်ချင်းဆိုသလို လွင့်ထွက်သွားခဲ့ပါတယ်။ သူက နံရံခုနစ်ကို ဆက်တိုက်ဆိုသလို အပေါက်ကြီး တစ်ခုဖြစ်သွားပြီးမှ နောက်ဆုံးမှာ ရပ်တန့်သွားခဲ့ပါတယ်။

"မသေသေးဘူးလား"

ကျိုးကုန်းဖန်ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပါတယ်။ ဒီကောင်စုတ်လေးမှာ တကယ်ပဲ ခုခံကာကွယ်တဲ့ ချပ်ဂတ်တစ်ခု ရှိနေပြီး အဲဒီချပ်ဂတ်ကနေ မိုးကြိုးလျှပ်စီးအလင်း ထုတ်လွှတ်ပြီး သူရဲ့ တိုက်ခိုက်မှုက အဓိကစွမ်းအား အများစုကို တားဆီးသွားခဲ့ပါတယ်။

ပြီးတော့ ဒီတိုက်ခိုက်မှုကြောင့် လင်းဟန်က လွင့်ထွက်သွားရုံပဲ လွင့်သွားပြီး အရိုးအနည်းငယ် ကျိုးသွားနိုင်ချေ ရှိပြီးတော့ ပါးစပ်အပြည့် သွေးတော်တော်များများ အန်ထုတ်လိုက်ရပါတယ်။ ဒါပေမဲ့ လုံးဝကို သေမသွားခဲ့ပါဘူး။

ဒါက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပါတယ်။ ပန်းဖူးအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က လှုပ်ရှားခဲ့ပြီး စိတ်ဝိညာဉ်ပလ္လင်အဆင့်ပဲရှိတဲ့ သာမန်ဂျူနီယာလေး တစ်ယောက်ကို တစ်ချက်တည်းနဲ့ တကယ်ပဲ မသတ်နိုင်ခဲ့ပါဘူး။

"ဘယ်ကောင်က ငါတို့ရဲ့ မြောက်ပိုင်းဆေးစံအိမ်မှာ ပြဿနာ ရှာပုံ့တာလဲကွ"

အေးစက်စက် အသံတစ်ခုကို ကြားလိုက်ရပါတယ်။

အစောပိုင်းတုန်းက လင်းဟာန်နဲ့ တခြားလူတွေက စကားစစ်ထိုး စီးချင်းတိုက်နေကြတာဖြစ်တဲ့ အတွက်ကြောင့် မြောက်ပိုင်း ဆေးစံအိမ် အနေနဲ့ အဲဒါကို ထည့်မတွက်ထားပါဘူး။ ဒါပေမဲ့လည်း အခု သူတို့က တိုက်ပွဲတစ်ခု တိုက်ခိုက်နေပြီး ဆေးစံအိမ်ကိုလည်း အပျက်အစီးတချို့ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါကြောင့် မြောက်ပိုင်းဆေးစံအိမ်က လက်ရွေးစင် ကျင့်ကြံသူတွေအနေနဲ့ သည်းမခံနိုင်တော့ပဲ ထွက်လာရခြင်း ဖြစ်ပါတယ်။

"သခင်လေးထန်"

ကျိုးကုန်းဖန်က ထန်ဖူမင်းဘက်ကို လှည့်ပြီးတော့ ဘာဆက်လုပ်ရမလဲ ဆိုတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

"ဆက်လုပ်"

ထန်ဖူမင်းက အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။ ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက် ပါတယ်။

"ငါ့နာမည် ထန်ဖူမင်း။ ငါ့ရဲ့ အဘိုးက အလယ်ပိုင်း ဒေသက ကောင်းကင်အဆင့် မှော်ဆေး ပညာရှင် ဂရန်းမာစတာ

ထန်ဇီရှီပဲ။ ဘယ်သူကများ ငါ့တို့ ထန်ကလန်နဲ့ ဆန့်ကျင်ဘက်မှာ ရပ်ပြီးတော့ ဂင်ရောက်စွက်ဖက်ရဲသလဲ"

သူက တံဆိပ်ပြား တစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ သာမန်လူတစ်ယောက် အနေနဲ့တော့ ဘာလဲ ဆိုတာကို သတိပြုမိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မြေကျွန်းမှာအဆင့် မှော်ဆေးပညာရှင်တိုင်း ဒီတံဆိပ်ပြားနဲ့ အရမ်းကို ရင်းနှီးကျွမ်းဂင်ပါလိမ့်မယ်။ ဒါက ဂရန်းမာစတာ ထန်ဇီရှီရဲ့ တံဆိပ်ပြား တစ်ခုဆိုတာ သေချာပါတယ်။

အားလုံးပဲ ရုတ်တရက်ဆိုသလို မြောက်ပိုင်းဆေးစံအိမ်ထဲက အစွမ်းထက်တဲ့ ကျင့်ကြံသူတွေ အားလုံးက အေးခဲသွားသလို တောင့်တောင့်ကြီး ဖြစ်သွားပါတယ်။ အကြောင်းက ဘယ်သူကမှ ဘာမှကို ဂင်မပြောရအောင် ဖြစ်သွားကြပြီး ရှေ့ကိုတိုးလာတဲ့ သူတို့ရဲ့ ခြေလှမ်းတွေကိုလည်း ရပ်ပစ်လိုက်ကြပါတယ်။

ထန်ဇီရှီ။ ဂရန်းမာစတာထန်။ ဒါက မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ အကြီးမားဆုံး မဟာထောက်တိုင်ကြီး နှစ်ခုထဲက တစ်ခု ဖြစ်ပါတယ်။ မှော်ဆေးပညာရှင် အဖွဲ့အစည်းထဲက မှော်ဆေးပညာရှင်တွေအတွက် ဒါမှမဟုတ် သိုင်းပညာရှင်တွေအတွက် ဒါက ပလ္လင်တစ်ခု

အပေါ်မှာ ရပ်နေတဲ့ နတ်ဘုရားတစ်ပါးပဲ ဖြစ်ပါတယ်။ သူတို့အားလုံး ဒူးထောက်ပြီးတော့ မော့ကြည့်ခစားရုံပဲ တတ်နိုင်ပါတယ်။

ပုန်း ပုန်း ပုန်း။

ကျိုးကုန်းဖန်က လင်းဟာန်ကို အရမ်းကို စိတ်ကျေနပ်စွာနဲ့ လိုက်ဖမ်းနေပါတယ်။ သူကိုယ်သူလည်း အရမ်းကို ကျေနပ်ပီတိ ဖြစ်နေသလို ခံစားရပါတယ်။

သူက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ဆိုပေမဲ့ အလယ်ပိုင်းဒေသထဲမှာ လက်ရွေးစင် ကျင့်ကြံသူတွေထဲက တစ်ယောက်လို့ သေချာပေါက် သတ်မှတ်လို့ မရနိုင်ပါဘူး။ အများဆုံး သူက အစွမ်းထက်တဲ့ ကျင့်ကြံသူတွေထဲက တစ်ယောက်လို့ပဲ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ သူက ထိပ်တန်းအဆင့် လက်ရွေးစင် ကျင့်ကြံသူတစ်ယောက်ဆိုတာ သေချာပါတယ်။ နောက်ပြီးတော့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ ရွှေရောင်တံဆိပ်ပြား ကာကွယ်ပေးမှုနဲ့အတူ ဘယ်သူကမှ သူ့ကို မတားပုံ့ကြပါဘူး။ မြောက်ပိုင်းဒေသထဲမှာ သူစိတ်ကြိုက် ဘာမဆို လုပ်နိုင်ပါတယ်။

ဒီခံစားချက်က သူ့ကို အကြီးအကျယ်ကို ကျေနပ်ပီတိ ဖြစ်စေခဲ့ပါတယ်။

ကျူးရှမ်အာရဲ့ ကျင့်ကြံခြင်းက ပိတ်ဆို့ခံထားရပေမဲ့ သူမအနေနဲ့ စကားပြောလို့ ရပါတယ်။ သူမက ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"သူလိုက်ဖမ်းနေတဲ့လူက လင်းဟန်လို့ခေါ်တယ်။ မြေကဗ္ဗာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ ဂရန်းမာစတာလင်းပဲ"

"ဘာ"

ဒီတစ်ကြိမ်တော့ တိတ်ဆိတ်ငြိမ်သက်နေဖို့ ရွေးချယ်လိုက်တဲ့ လူတွေတော်တော်များများက ချီတုံချတုံ ဖြစ်ကုန်ကြပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ နောက်ခံနဲ့ ကျိုးကုန်းဖန်ဆိုတဲ့ မင်းက ရာဇဂတ်မှု တစ်ခုကို ကျူးလွန်နိုင်တယ်။ သူတို့အနေနဲ့ ဘာမှ လုပ်နိုင်မှာ မဟုတ်ပဲ ဒါကို သည်းခံနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ချင်တယ်

ဆိုရင်တော့ အခြေအနေတွေက လုံးဂကို ကွဲပြားခြားနားသွားပါလိမ့်မယ်။

မှော်ဆေးပညာရှင် အဖွဲ့အစည်းကို ဘာဖြစ်လို့ တည်ထောင်ထားရတာလဲ။ ဒါက မှော်ဆေး ပညာရှင်တွေရဲ့ အကျိုးအမြတ်ကို တရားတဲ့နည်းလမ်းနဲ့ ကာကွယ်ဖို့ ဖြစ်ပြီးတော့ ရောမ မဟာမိတ် အဖွဲ့အစည်းကြီး တစ်ခု ဖြစ်ပေါ်စေပြီး ဘယ်သိုင်းပညာရှင်ကမှ သူတို့ကို ပေါ့ပေါ့ပါးပါး ဆက်ဆံလို့ မရအောင် လုပ်ထားဖို့ ဖြစ်ပါတယ်။ ပြီးတော့ ဒီအချက်ကြောင့်ပဲ မှော်ဆေးပညာရှင်မှာ တခြားလူတွေထက် မြင့်မားတဲ့ အဆင့်အတန်းမျိုးကို ပိုင်ဆိုင်စေခဲ့တာပါ။

ဒါပေမဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းထဲမှာ မှော်ဆေးပညာရှင် တစ်ယောက်ကို လိုက်ဖမ်းပြီး သတ်ပစ်ဖို့ လုပ်ဆောင်နေတာက ဘယ်လိုမျိုး ယုတ္တိမရှိတဲ့ ကိစ္စတစ်ခုလဲ။

တကယ်လို့ ဒါကို ထန်ဇီရှီကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်တာဆိုရင် ဘယ်သူကမှ စောဒက မတက်ပံ့ပဲ ငြိမ်နေကြမှာပါ။ ဒါပေမဲ့ အခုတော့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က တကယ်ပဲ မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ဖို့လုပ်ဆောင်ပံ့တဲ့အပြင်

မြေကွှာမှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်နေပါတယ်။ ဒါက လူတွေကို မခံမရပ်နိုင်အောင် ဒေါသထွက်ဖို့ နိုးဆော်စေခဲ့ပါတယ်။

ဒီနေ့ မင်းက လင်းဟန်ကို သတ်ဖို့ လုပ်ဆောင်ရဲတယ်။ နောက်ရက်ဆိုရင် ငါ့ကိုလည်းပဲ မင်းက သတ်ဖို့ မလုပ်ဘူးလို့ မပြောနိုင်ဘူး။

ချက်ချင်းပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုက ပျံ့လွင့်လာခဲ့ပြီး ကျိုးကုန်းဖန်ကို ဖိနှိပ်လိုက်ပါတယ်။ လှုပ်ရှားမှုကို လုပ်ဆောင်လိုက်တဲ့လူက မြောက်ပိုင်းဆေးစံအိမ်က ခန့်အပ်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ သူရဲ့မျိုးရိုးနာမည်က ရှီလို့ ခေါ်ပါတယ်။ သူရဲ့နာမည် အစစ်အမှန်ကို သိတဲ့လူ သိပ်မများပါဘူး။ တခြားသူတွေကတော့ သူ့ကို အကြီးအကဲရှီလို့ပဲ ခေါ်ကြပါတယ်။

"ခင်ဗျားလုပ်ပုံ့သလား။ ခင်ဗျားလုပ်ပုံ့သလား"

ထန်ဇီမင်းက မိုးခြိမ်းသံလို ကျယ်လောင်တဲ့ ဒေါသနဲ့

ဂင်ရောက်စွက်ဖက်လိုက်ပါတယ်။

"ခင်ဗျားက တကယ်ပဲ ကျုပ်သတ်ပစ်ချင်နေတဲ့ လူတစ်ယောက်ကို သတ်နေတာကို တားဆီးပုံတယ်။ ငါ့ရဲ့ဒေါသတွေ ပျံ့လာပြီးတော့ ဒီနေရာတစ်ခုလုံးကို ငါ့ရဲ့ဒေါသကြောင့် ပျက်စီးသွားမှာကို ခင်ဗျားမကြောက်ဘူးလား"

လင်းဟန်က အနောက်ကို လှည့်ကြည့်ခဲ့ပြီး ခုန်ဆုတ်လိုက်ပါတယ်။ သူ့ရဲ့မျက်နှာမှာ ဒေါသတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူ့အနေနဲ့ ပေါ့ပျက်ပျက်နဲ့ စိတ်ကြီးဝင်နေတဲ့ သခင်လေးတွေ တော်တော်များများကို မြင်တွေ့ဖူးခဲ့ပါတယ်။ ဒါပေမဲ့ အရမ်းကို တစ်ဖွတ်ထိုးလုပ်တတ်တဲ့ နေရာမှာတော့ ထန်ဇီမင်းက နံပါတ်တစ် ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ဘိုးဘေးက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတဲ့အတွက် သူ့အနေနဲ့ ဒီလိုမျိုး အရမ်းကို လွန်ကျူးတဲ့ အဆင့်ထိ စိတ်ကြီးဝင် မောက်မာရိုင်းစိုင်းနေတာပါ။

"ဟင့်။ မြောက်ပိုင်းဆေးစံအိမ်က မင်းလုပ်ချင်တာ လုပ်လို့ရမဲ့ နေရာတစ်ခု မဟုတ်ဘူး။ ထွက်သွားစမ်း"

အကြီးအကဲ ရှီက နှာခေါင်းရှုံ့လိုက်ပါတယ်။

ထန်ဇီမင်းရဲ့ မျက်လုံးတွေက ဒေါသကြောင့် နီရဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"အဘိုးကြီး။ ခင်ဗျားက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာ နှစ်ပေါင်းအများကြီး နေခဲ့ပြီးပြီ မဟုတ်လား။ ကျုပ်ခန့်မှန်းကြည့်ဦးမယ်။ ပထမအချက် ခင်ဗျားမှာ အဆင့်ရှစ် သိုင်းပညာ နည်းစနစ်တွေ တစ်ခုမှ မရှိဘူး။ ပြီးတော့ ဒုတိယအချက်က လုံလောက်တဲ့ စွမ်းအားတွေ စုစည်းနိုင်လောက်တဲ့အထိ ခင်ဗျားက မသန်မာဘူး။ ဒါကြောင့်လည်း ခင်ဗျားက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အတားအဆီးကို ချိုးဖျက်နိုင်စွမ်း မရှိဘူး"

"ဒါပေမဲ့လည်း တကယ်လို့ ခင်ဗျားက ကျုပ်ကိုကူညီပြီးတော့ ဒီကောင်စုတ်ကို သတ်ပေးမယ် ဆိုရင် ကျုပ်က ခင်ဗျားကို အဆင့်ရှစ် သိုင်းပညာနည်းစနစ်တစ်ခု ပေးနိုင်သလို ခင်ဗျားရဲ့ အခြေခံတွေ ခိုင်မာကျစ်လျစ်အောင် ကူညီနိုင်တဲ့ ကောင်းကင်နလုံးသား ဟင်းလင်ပြင် ဆေးလုံးကိုလည်း လက်ဆောင်အဖြစ် ပေးနိုင်တယ်။ ဒါဆိုရင် ခင်ဗျားအနေနဲ့ အဆင့်တက်ဖို့ ခင်ဗျားရဲ့ မူလစွမ်းအင်တွေကို လုံလုံလောက်လောက် စုစည်းနိုင်လိမ့်မယ်"

"ဘာပြောလိုက်တယ်"

အကြီးအကဲရှိုက ချက်ချင်းဆိုသလို တုန်လှုပ်တဲ့ အသံနဲ့ အံ့အားသင့်စွာ ပြောလိုက်ပါတယ်။ သူရဲ့ စိတ်ဂင်စားမှုက နိုးကြားတက်ကြွ လာခဲ့ပါတယ်။

အပိုင်း(၄၅၃) ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် အဲဒီတော့ ဘာဖြစ်လဲ

အကြီးအကဲရှိုက မြောက်ပိုင်းဆေးစံအိမ်ရဲ့ ကာကွယ်သူအဖြစ် ခန့်အပ်ခံထား ရပါတယ်။ ပြီးတော့ ဒီနေရာကို ကာကွယ်စောင့်ရှောက်နေတာ နှစ်ပေါင်းတစ်ရာနီးပါး ရှိလာခဲ့ပါပြီ။ ဘာဖြစ်လို့လဲဆို သူငယ်ရွယ်စဉ်တုန်းက အလယ်ပိုင်းဒေသကို စွန့်စားသွားလာခဲ့ခြင်း မရှိပါဘူး။ အခုအချိန်မှာတော့ သူကအသက်ကြီး လာခဲ့ပါပြီ။ အဲဒီနေရာကို သွားဖို့က သူ့အတွက်တော့ နည်းနည်းလေးမှတောင် ဖြစ်နိုင်ချေ မရှိပါဘူး။ တည်နေရာ ရွှေ့ပြောင်းခြင်း အတားအဆီးက သူရဲ့ကျင့်ကြံခြင်းထက် အားမနည်းပါဘူး။ ၎င်းက သူရဲ့အသက်ဓာတ်ကိုတောင် လှုပ်ခါနိုင်ပါလိမ့်မယ်။

သူ့မှာ ကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက် နည်းနည်းမှ မရှိတော့သလို မျှော်လင့်ချက်လည်း မရှိတော့ပါဘူး။ သူ့အနေနဲ့ လက်ကျန်သက်တမ်း တစ်ခုလုံးကို ဒီနေရာမှာပဲ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကုန်ဆုံးသွားဖို့ပဲ မျှော်လင့်ထားပါတော့တယ်။

ထန်ဇီမင်းရဲ့ စကားလုံးတွေက သူရဲ့ နှလုံးသားကို ပြင်းပြင်းထန်ထန်နဲ့ ဆွဲကိုင်လှုပ်လိုက်သလို ဖြစ်သွားခဲ့ပါတယ်။

အဆင့်ရှစ် သိုင်းပညာ နည်းစနစ်တစ်ခုနဲ့ ကောင်းကင်နှလုံးသား ဟင်းလင်းပြင် ဆေးလုံးက သူ့ကို မူလစွမ်းအင် လေ့ကျင့်တဲ့ နေရာမှာ ကူညီပြီး သူရဲ့အခြေခံကို ခိုင်မာကျစ်လျစ်စေတယ်။ ဒါက သူ့ကို နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့ မျှော်လင့်ချက်ကို တွေ့မြင်စေနိုင်ပါတယ်။ တကယ်လို့ သူက နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက် ဝင်ရောက်ခဲ့မယ်ဆိုရင် နောက်ထပ် အသက်နှစ်ရာ ပိုပြီးတော့ ရရှိနိုင်ပါလိမ့်မယ်။

ဘယ်သူကများ အသက်ရှည်ရှည်နဲ့ မနေချင်တဲ့လူ ရှိမှာလဲ။ ဒါက နှစ်ပေါင်းနှစ်ရာကြီးတောင် မဟုတ်လား။

ဒါကသာမန်လူတစ်ယောက်ရဲ့ သက်တမ်းနှစ်ဆတောင် ရှိပါတယ်။

"အဘိုးကြီးရှိ မင်းရဲ့နှလုံးသားထဲကနေ စိတ်ဖောက်ပြန်နေတာတွေကို လွှင့်ပစ်လိုက်စမ်း"

တည်ငြိမ်တဲ့ အသံတစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းအသံက အရမ်းကို ကြည်လင်ပြီး အနီးကပ်ပြောလိုက်သလိုမျိုး ကြားစေခဲ့ပါတယ်။

ဒါက မြောက်ပိုင်းဆေးစံအိမ်ရဲ့ စစ်မှန်တဲ့ အကြီးအကဲ ဖြစ်တဲ့ မြေကမ္ဘာအလယ်အလတ်အဆင့် မှော်ဆေးပညာရှင် ကုန်းရန်ထျန်းစွန်း ဖြစ်ပြီးတော့ သူက အစွမ်းထက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ သူကအမှန်တကယ်ပဲ နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဖင်ရောက်ဖို့ မျှော်လင့်ချက်နဲ့ လုပ်ဆောင်နေပြီး ကံမကောင်းတာက သူရဲ့စွမ်းအားတွေ အများကြီးကို မှော်ဆေးပညာအပေါ်မှာ အသုံးချခဲ့ပါတယ်။ ဒါကြောင့်လည်း သူရဲ့စွမ်းအင်တွေအားလုံးက ခြောက်သွေ့ပြီး မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်ကို ချိုးဖျက်ဖင်ရောက်အောင် လုပ်ဆောင်နိုင်ဖို့ စွမ်းအင်တွေ မကျန်ရှိတော့ပါဘူး။

အကြီးအကဲရှီက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ကြေညာလိုက်ပါတယ်။

"အစ်ကိုကုန်းရန် မင်းက မင်းကိုယ်မင်း မှော်ဆေးပညာထဲမှာ တစ်ချိန်လုံး နှစ်မြုပ်ထားခဲ့တယ်။ ပြီးတော့ ငါကလည်း မင်းရဲ့စူးစိုက်နှစ်မြုပ်ထားမှုကို အရမ်းပဲ အထင်ကြီး လေးစားအားကျ ခဲ့ရတယ်။ ဒါပေမဲ့လည်း ငါ့ရဲ့တစ်ခုတည်းသော မျှော်လင့်ချက်က အဆင့်ချိုးဖျက် တက်ရောက်ဖို့ပဲ ဖြစ်တယ်။ ဒါကြောင့် ငါမင်းကို ကြင်ကြင်နာနာနဲ့ တောင်းဆိုပါရစေ။ ငါ့ကို မင်းမတားပါနဲ့"

"အိုးပိုး အဘိုးကြီးရှီ မင်းက ငါတို့မြောက်ပိုင်း ဆေးစံအိမ်ရဲ့ ကာကွယ်စောင့်ရှောက်သူ တစ်ယောက်ပဲလေ။ မင်းက ငါတို့မှော်ဆေးပညာရှင် အဖွဲ့အစည်းကနေ ပိုက်ဆံလက်ခံ ရယူထားပြီးတော့မှ ငါတို့မှော်ဆေးပညာရှင်ထဲက တစ်ယောက်ကို ဒုက္ခရာအနာတရ ဖြစ်အောင်လုပ်ဖို့ ကြံစည်နေတယ်။ ဒီကမ္ဘာကြီးထဲမှာ ဒီထက်ပိုပြီးတော့ အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်မျိုး ရှိတော့မှာ မဟုတ်ဘူး"

ကုန်းရန်ထျန်းစွန်းရဲ့ အသံက နောက်တစ်ကြိမ်

ပေါ်ထွက်လာခဲ့ပါတယ်။

"ဒါဆိုရင် အစ်ကိုကုန်းရန်။ ငါက မြောက်ပိုင်းဆေးစံအိမ်ရဲ့ ကာကွယ်စောင့်ရှောက်သူ ရာထူးကနေ နှုတ်ထွက်မယ်"

အကြီးအကဲရှီက ပြတ်ပြတ်သားသား ကြေညာလိုက်ပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ထိ တောက်လျှောက် ကျင့်ကြံနိုင်ခဲ့တဲ့ ယောက်ျားတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အမြဲတမ်း ငွေကြေးဥစ္စာနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်နေစရာအကြောင်း ရှိမှာလဲ။

ကုန်းရန်ထျန်းစွန်းက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ဘာမှမဟုတ်တဲ့ စကားလုံးတွေပဲ။ မင်းက သူရဲ့စကားတွေကို ဒီလိုမျိုး လွယ်လွယ်နဲ့ ယုံကြည်လိုက်တာပဲလား"

"ဟမ့် သူက ငါ့ကို လိမ်လည်လှည့်ဖြားနိုင်စရာ အကြောင်း လုံးဝမရှိပါဘူး"

အကြီးအကဲရှီက အရမ်းကို ယုံကြည်မှု ရှိစွာနဲ့

ပြောလိုက်ပါတယ်။

"အဲဒါအမှန်ပဲလား"

ကုန်းရန်ထျန်းစွန်းက သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"အဘိုးကြီးရှိ ပညာရှိတွေတောင်မှ တစ်ခါတစ်လေ ခန့်မှန်းတာတွေ မှားတတ်သေးတာပဲ။ ငါတို့ရဲ့ နယ်မြေတွေကို ပိုင်းခြားထားတဲ့ အတားအဆီးနဲ့ဆိုရင် မင်းက သူ့နောက်ကို အလယ်ပိုင်း ဒေသအထိ လိုက်ဖမ်းနိုင်လိမ့်မယ်လို့ ထင်နေတာလား။ နောက်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူတွေကို အလယ်ပိုင်းဒေသမှာ လက်ရွေးစင်တွေထဲက တစ်ယောက်လို့ပဲ သတ်မှတ်ယူဆနိုင်တယ်။ ဒါပေမဲ့ ထိပ်တန်းလက်ရွေးစင်တွေထဲက တစ်ယောက်တော့ မဟုတ်ဘူး"

အကြီးအကဲရှိ အနေနဲ့ ပြောစရာစကား မရှိတော့ပါဘူး။ မြောက်ပိုင်းဒေသထဲမှာ ဘယ်သူကမှ သူ့ကို လိမ်လည်လှည့်ဖြားပုံမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ ဒီထန်ကောင်လေးက အလယ်ပိုင်းဒေသကို ထွက်ပြေးသွားခဲ့ရင် ဘယ်လိုလုပ်မလဲ။ မပြန်နိုင်ဘူးလား။

နောက်ပြီး သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ သားစဉ်မြေးဆက် ဆင်းသက်လာသူ ဂျူနီယာ တစ်ဓာက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူ့အနေနဲ့ ပုန်းအောင်းနေဖို့ ဆန္ဒရှိတယ် ဆိုရင် အကြီးအကဲရှီ အနေနဲ့ သူရဲ့အိမ်ထဲကို ပြေးဝင်ပြီးတော့ ဒီကောင်လေး လုပ်ခဲ့တဲ့ အရာအတွက် ပြန်ပြီးတော့ရော တောင်းဆိုလို့ ရမှာလား။

"ကျေးဇူးပြုပြီးတော့ မစိုးရိမ်ပါနဲ့ အကြီးအကဲရှီ။ ငါ ထန်ဇီမင်း ဒီနေရာကနေ ကျိန်ဆိုပါတယ်။ ငါက သေချာပေါက် ငါ့ရဲ့ ကတိကို ဖြည့်ဆည်းပေးပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်နေရာမှာပဲ ငါရပ်နေနေ မိုးကြိုးပစ်ပြီးတော့ သေပါစေ"

ထန်ဇီမင်းက အလျင်အမြန်ပဲ ကြေညာလိုက်ပါတယ်။

သူက ပျက်စီးနေတဲ့ သခင်လေး တစ်ယောက် ဖြစ်ပါတယ်။ သူက မာနလည်းကြီးပြီး အနိုင်ကျင့် ဗိုလ်ကျတတ်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက သေချာပေါက် တုံးတစ်ယောက် မဟုတ်ပါဘူး။ တကယ်လို့ သူရဲ့ကျင့်ကြံခြင်းအဆင့်က မှော်ဆေးလုံးတွေ အသုံးပြုပြီးတော့ တိုးလာနိုင်ပေမဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လို သူရဲ့အဆင့် အတန်းက

သူရရှိနိုင်တဲ့ သူရဲ့စွမ်းရည် အကုန်ပဲ ဖြစ်ပါတယ်။

အကြီးအကဲရှီက နှုတ်ခမ်းကို ပြင်းပြင်းထန်ထန် ကိုက်ပြီးတော့ ကြေညာလိုက်ပါတယ်။

"အစ်ကိုကုန်းရန်။ ငါမင်းနဲ့ ရန်သူတွေ မဖြစ်ချင်ဘူး။ ဒါကြောင့် မင်းငါ့ကို မဆန့်ကျင်ဖို့ ငါတောင်းဆိုချင်တယ်"

"ဟားဟား မင်းတို့အားလုံးက ငါ့အပေါ်မှာ အသာစီး ရလိမ့်မယ်လို့ တကယ့်ကို စဉ်းစားနေ ကြတာလား"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက လွှားခနဲ အရှေ့ကို ခုန်လာပြီး သူဂတ်ထားတဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကနေ လျှပ်စီးစက်ကွင်းတွေ ထွက်ပေါ်လာပြီး သူ့ကို အရမ်းကို ထူးခြားတဲ့ ပုံစံမျိုး ဖြစ်စေပါတယ်။

"ဒီနေ့တော့ မင်းက သေချာပေါက် သေရလိမ့်မယ်"

ထန်ဇူမင်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူရဲ့အကြီးမားဆုံး ခွန်အားက သူရဲ့ကိုယ်ပိုင် နောက်ခံအင်အားကို အသုံးပြုပြီးတော့ သူပိုင်ဆိုင်ထားတဲ့ အရင်းအမြစ် အမျိုးမျိုးကို တခြားသူတွေကို ပစ်ပေးပြီး

ဆွဲဆောင်သိမ်းသွင်း နိုင်တာပဲ ဖြစ်ပါတယ်။ ချောမောလှပတဲ့ အမျိုးသမီးတွေက သူ့အတွက် အဂတ်အစားတွေ ချုတ်ပေးဖို့ ဆန္ဒရှိကြသလို ပါရမီရှင်တွေလည်း သူတို့ပရဲ့ ခေါင်းတွေကို ဦးညွှတ်ပြီး ရိုသေလေးစား ကြပါတယ်။ ပြီးတော့ ရန်သူတွေကတော့ လုံးဂကို အဆုံးသတ်သွားရပါလိမ့်မယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်ပြီးတော့ ပြောလိုက်သည်။

"မင်းမှာ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို ဘိုးဘေးတစ်ယောက် အဖြစ်နဲ့ မရှိဘူးဆိုရင် ဘယ်လိုလုပ် အံ့သြစရာ ရှိမှာလဲ။ အစ်ကိုကုန်းရန် ကျေးဇူးပြုပြီးတော့ ကျနော်ကို ကူညီပြီး ပြင်ဆင်မှုလေးတွေ လုပ်ပေးပါ။ ကျနော် ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်အဖြစ် အစမ်းသပ်ခံယူချင်တယ်"

လင်းဟန်က ကုန်းရန်ထျန်းစွန်းကို အစ်ကိုဆိုပြီးတော့ ခေါ် လိုက်တာကို ကြားလိုက်ရတဲ့ အခါမှာ လူတွေတော်တော်များများ ကြက်သေသေသွားခဲ့ပါတယ်။ ဒီလူငယ်လေးက တကယ်ပဲ သေမှာကို မကြောက်ဘူးလား။ မြောက်ပိုင်းဆေးစံအိမ် တစ်ခုလုံးမှာ အကြီးအကဲရှီကို တားဆီးနိုင်တဲ့ တစ်ဦးတည်းသောသူ ဖြစ်တဲ့

ကုန်းရန်ထျန်းစွန်းက ဘယ်လိုလူလဲ ဆိုတာကို သူမသိဘူးလား။

မင်းလိုမျိုး မြေကျွှာအဆင့်နိမ့် မှော်ဆေးပညာရှင် သေးသေးလေး တစ်ယောက်က မြေကျွှာ အလယ်အလတ်အဆင့်နဲ့ နယ်မြေတစ်ခုတောင် လုံးဂခြားနားနေတယ်။ ပြီးတော့ ဒီကွာဟချက်က နှစ်ပေါင်းဆယ်စုနှစ် အနည်းငယ်ထိအောင် လိုက်မီဖို့ဆိုတာ ဖြစ်နိုင်ချေ နည်းတယ်။ ဒါမှမဟုတ် ဒီကွာဟချက်ကို ဒီဘဂတစ်လျှောက်လုံး လိုက်မီဖို့ မျှော်လင့်ချက် လုံးဂမရှိတာလည်း ဖြစ်နိုင်တယ်။ ဒါကို မင်းက တကယ်ပဲ ကုန်းရန်ထျန်းစွမ်းကို အစ်ကိုလို့ ခေါ်ပွဲ့တယ်။ ဒါက သူရဲ့ စီနီယာကို လုံးဂကို မလေးစားတဲ့ သဘောကို ဖော်ပြလိုက်တာပဲ။ ဒါပေမဲ့လည်း သူတို့အားလုံး လင်းဟန်ရဲ့ နောက်ဆုံးစကား အနည်းငယ်ကို ကြားလိုက်ရတဲ့ အခါမှာတော့ အားလုံးက ချက်ချင်းဆိုသလို ကျောက်တုံးတွေအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ဒီကောင်က တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု ခံချင်နေတာလား။

လပြွတ်ပဲ။

ဒါကလုံးဂကို မဖြစ်နိုင်တဲ့ အရာတစ်ခုပဲ။ လင်းဟန်ဆီမှာ ဒီလိုမျိုး စွမ်းရည် ရှိတာ မရှိတာကို အသာထားဦး။ အလယ်ပိုင်းဒေသမှာပဲ ကောင်းကင်အဆင့် ဆေးလုံးအတွက် ပါဂင်ပစ္စည်းတွေ ရှိတာပါ။ ဒါကြောင့် တကယ်လို့ ထန်ဇီရှီ လာခဲ့ရင်တောင်မှ လုံးဂကို အသုံးမဂင်ပါဘူး။ အများဆုံး သူ့အနေနဲ့ ဒီနေရာမှာ မြေကမ္ဘာအဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိမှတ်ပြုခံရနိုင်ပါတယ်။

"မစိုးရိမ်ပါနဲ့ ကျနော့်မှာ ကိုယ်ပိုင်ပါဂင် ပစ္စည်းတွေ ရှိပါတယ်"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

မော်ဆေးပညာရှင် အဖွဲ့အစည်းထဲမှာ ဘယ်သူ့ကိုမှ အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် အဖြစ် အသိအမှတ်ပြုခံရဖို့ ကြိုးစားတာကို ခွင့်မပြုတာမျိုး မရှိပါဘူး။ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်တောင်မှ ခြွင်းချက်မရှိပါဘူး။ ဒါကြောင့် ကုန်းရန်ထျန်းစွန်းက တစ်ခဏမျှ မှင်တက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"မှော်ဆေးခန်းတစ်ခုကို ပြင်ဆင်လိုက်"

အကြီးအကဲရှိုကို ကြည့်ရတာ အနည်းငယ် အံ့အားသင့်သွားပုံ ရပြီးတော့ ချီတုံချတုံ ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ကုန်းရန်ထျန်းစွန်းက လင်းဟန်ကို ကာကွယ်ထောက်ပံ့ထားပြီး သူ့အနေနဲ့ မြောက်ပိုင်းဆေးစံအိမ်ထဲမှာတော့ သေချာပေါက် ဘာမှလုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးစံအိမ်မှာ အံ့ချီးလောက်တဲ့ မဟာအစီအရင် တစ်ခု ရှိပါတယ်။ ပြီးတော့ အပြည့်အဝ အသက်သွင်းလိုက်မယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း ကျင့်ကြံသူ တစ်ယောက်နဲ့ ညီမျှတဲ့ အစွမ်းကိုတောင်မှ ထုတ်ဖော်နိုင်ပါတယ်။

ဒီအချက်ကြောင့်ပဲ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ခိုင်မာပြီး တည်မြဲနေတာ ဖြစ်ပါတယ်။ မြောက်ပိုင်းဒေသမှာ အသန်မာဆုံး အဆင့်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဖြစ်ပြီး သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီး နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ အံ့ချီးလောက်တဲ့ မဟာအစီအရင်တစ်ခုကို ဆန့်ကျင်နိုင်စွမ်း ရှိမှာလဲ။

ကံကောင်းတာက အကြီးအကဲရှိက ဒီမဟာအစီအရင်ရဲ့ အလုပ်လုပ်ပုံနဲ့ ရင်းနှီးနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီမဟာအစီအရင်ကနေ အသက်ရှင်လျက်နဲ့ ထွက်ပြေးလွတ်မြောက်အောင် လုပ်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ လင်းဟန်ကို ဒီလိုမျိုး အခြေအနေမှာ သတ်ပစ်နိုင်မှာလား။ ဒါက စိတ်ကူးယဉ်ဆန်သွားပါပြီ။ ဒါကြောင့် သူ့အနေနဲ့ပ ကုန်းရန်ထျန်းစွန်းနဲ့ စကားစစ်ထိုးပြီးတော့ လိုက်လျောလာဖို့ကို မျှော်လင့်ထားပါတယ်။

"ဟားဟား ငါ့ရယ်ရလွန်းလို့တောင် သေတော့မယ်။ မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးပညာရှင်လေး တစ်ယောက်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု ခံချင်နေတာလား"

ထန်ဇီမင်းက အူလှိုက်သည်းလှိုက်နဲ့ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့လည်း တခြားလူတော်က သူ့ရဲ့ စိတ်ကြီးဝင်ပြီး မောက်မာရိုင်းစိုင်းတဲ့ အမူအကျင့်ကို မကြိုက်နှစ်သက်ကြပါဘူး။ ဒါကြောင့် ကျိုးကုန်းဖန်တစ်ယောက်ပဲ သူ့ကိုမျက်နှာသာပေးပြီး သူနဲ့အတူ ရယ်မောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါ့အနောက်ကို လိုက်ခဲ့ပါ"

ကုန်းရန်ထျန်းစွန်းက သက်ပြင်းတစ်ချက် ချပြီးတော့ လင်းဟန်ကို အဓိပ္ပါယ်ပြည့်ဝတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒီလူငယ်လေးက တကယ်ပဲ အရမ်းကို ငယ်ရွယ်ပါတယ်။ တောက်ပသော ကြယ်နန်းတော်ခန်းမက အသိအမှတ်ပြု ထောက်ခံချက်အတွက် တောင်းဆိုမှု ရောက်လာတဲ့ အချိန်တုန်းက သူ့အနေနဲ့ လုံးဝကို မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် လင်းဟန်ကို အရမ်းကို ကောင်းမွန်တဲ့ ခံစားချက်ရှိပါတယ်။

အခုဆိုရင် လင်းဟန်က မြေကျွှာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တယ် ဆိုတာကို လက်ခံလိုက်ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြုခံချင်တယ်လို့ ပြောလိုက်တာကို ကြားလိုက်ရတဲ့ အချိန်အခိုက်အတန့်မှာ သူရဲ့စိတ်ထဲ အယုတ္တ အနတ္တ စကားပေါင်း တစ်သောင်းလောက် ဖြတ်ပျံသွားခဲ့ပါတယ်။

မင်းက မြေကျွှာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်သာသာပဲ ရှိသေးတယ်။ မြေကျွှာ အဆင့်နိမ့်

အဆင့်ကနေ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်အထိ ကွာဟချက်က ဘယ်လောက်တောင် ဝေးကွာသလဲ။

ဒါက အဆင့်သုံးဆင့်မဟုတ်ဘူး။ အဆုံးမရှိတဲ့ ချောက်နက်ကြီးတစ်ခုပဲ။

အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်က သူ့ရဲ့ဘဝသက်တမ်းမှာ မြေကမ္ဘာအဆင့် မှော်ဆေးပညာအဖြစ် အဆင့်တက်နိုင်စွမ်း ၉၉ ရာခိုင်နှုန်းက မဖြစ်နိုင်တာနဲ့ တူညီစွာပဲ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေလည်း ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အခွင့်အရေး ၉၉ ရာခိုင်နှုန်းက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒီကမ္ဘာကြီး တစ်ခုလုံးမှာတောင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲ ရှိပါတယ်။ ဟုတ်ပြီလား။

လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု ထောက်ခံချက် ရရှိဖို့ သူရဲ့ စိတ်ဆန္ဒကို ထုတ်ဖော်ကြေညာခဲ့တာက သူ့အနေနဲ့ ရန်စခံရတဲ့ အတွက်ကြောင့်ဆိုတာ သိသာထင်ရှားပါတယ်။ ဘယ်လိုပဲ သူကြည့်ကြည့် လင်းဟန်က မဆင်မခြင်

ပြုလုပ်တယ်လို့ပဲ မြင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အောင်မြင်နိုင်ချေ ဘယ်လိုလုပ် ရှိမှာလဲ။

ကောင်းကင်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်ဖို့ ချဲ့ကားပြောဆိုတာ မဟုတ်ပါဘူး။ ထန်ဇီရှီနဲ့ နန်ပိုရှင်းတောင်မှ ကောင်းကင်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်မှု မစတင်ခင် သုံးလေးရက်ခန့် သူတို့ရဲ့ နလုံးသားတွေ တည်ငြိမ်အောင်လို့ အာရုံစိုက်ထားရပါတယ်။ တကယ်လို့ မှော်ဆေးပညာရှင် တစ်ယောက်က စိတ်လှုပ်ရှားနေတဲ့ အခြေအနေ တစ်ခုမှာ ရှိနေတယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူတို့က အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်မှာလဲ။

သူ့အနေနဲ့ လင်းဟန်ကို တကယ်ပဲ သူရဲ့ကောင်းကင်အဆင့် ပါဂင်ပစ္စည်းတွေ ဖြုန်းတီးမှု မရှိအောင် တားဆီးချင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ မှော်ဆေးပညာရှင် အားလုံးကိုယ်စီမှာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြုခံဖို့ တရားမျှမျှတတ လုပ်ရပါတယ်။ သူတောင်မှ ခွင့်မပြုပဲ နေလို့မရပါဘူး။

မှော်ဆေးပညာ အခန်းကို ပြင်ဆင်ထားခဲ့ပါပြီ လင်းဟန်က

အဲဒီကို လျှောက်သွားလိုက်ပြီး မြောက်ပိုင်းဆေးစံအိမ်ထဲမှာ အုတ်အုတ်ကျက်ကျက်နဲ့ ဆူညံပွက်လောရိုက်မှု တစ်ခု ဖြစ်လာခဲ့ပါတယ်။

တစ်စုံတစ်ယောက်က ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု ခံရဖို့ လုပ်နေပါတယ်။

ဒါက မြောက်ပိုင်းဒေသမှာ မယုံနိုင်စရာကောင်းတဲ့ ကံကြမ္မာတစ်ခုပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အတိတ်တုန်းက မြောက်ပိုင်းဒေသမှာ ကောင်းကင်အဆင့် မော်ဆေးပညာရှင်တွေ ရှိခဲ့တယ် ဆိုရင်တောင်မှ သူတို့တစ်ယောက်စီတိုင်းက အလယ်ပိုင်းဒေသမှာ အသိအမှတ်ပြု ခံရပြီး အောင်အောင်မြင်မြင်နဲ့ အဆင့်တက်သွားခဲ့တာ ဖြစ်ပြီးတော့ ဘယ်သူကမှ နောက်ပိုင်းမှာ မြောက်ပိုင်းဒေသကို ပြန်မလာခဲ့ကြပါဘူး။

အခု မြောက်ပိုင်းဒေသမှာ တစ်စုံတစ်ယောက်က တကယ်ပဲ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြုခံဖို့ ဆန္ဒရှိနေတာလား။ လဗ္ဗွတ်ပဲ။ သူတို့အနေနဲ့ သေချာပေါက် သွားပြီးတော့ ကြည့်ရပါမယ်။

အပိုင်း(၄၅၄) ဆေးကျိုးအိုးကို ဖွင့်ပြီးတော့ မှော်ဆေးလုံး ဖော်စပ်ခြင်း

လင်းဟန်က တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု ထောက်ခံချက်ရရှိဖို့ ရုတ်တရက် ဆန္ဒပေါ်ပေါက်ပြီး ဆုံးဖြတ်ချက် ချခဲ့တာပါ။

အသက်ဆယ့်ရှစ်နှစ်အရွယ် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဆိုတာက အရမ်းကို ထူးချွန်ပြောင်မြောက်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့အနေနဲ့ သူရဲ့ကိုယ်ပိုင် စွမ်းအားကို တည်ဆောက်နေခဲ့တာပါ။ တကယ်လို့ ဆောင်းလဂိုဏ်း ဒါမှမဟုတ် သားရဲကောရာဇ်ဂိုဏ်းတို့လိုမျိုး ဂိုဏ်းတွေက သူ့ကို လျှို့ပုက်စွာနဲ့ ပြန်ပေးဆွဲပြီးတော့ ဖမ်းဆီးထားပြီး မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ ဖိအားပေးလာမယ်ဆိုရင် သူဘာများ လုပ်ရမှာလဲ။

အပေါ်ယံဆိုရင် ဘယ်သူကမှ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ထိခိုက်အောင် ဘယ်သူကမှ မလုပ်ပံ့ကြပါဘူး။ ဒါပေမဲ့ လျှို့ပုက်ပြီးတော့ လုပ်မယ်ဆိုရင်တော့ ဟီးဟီး။

တကယ်တော့ ဒီကမ္ဘာကြီးထဲမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲ ရှိပါတယ်။

လင်းဟန်က အနက်ရောင်မျှော်စင်ကို ပိုင်ဆိုင်ထားပြီး ဒါက သူ့ကိုယ်သူ ကာကွယ်ဖို့အတွက် တကယ်ပဲ လုံလောက်ပါတယ်။ ဒါပေမဲ့ တကယ်လို့ အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်က ပေါက်ကြားသွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ ပိုပြီးတော့တောင်မှ ဒုက္ခတွေနဲ့ ကြုံတွေ့နိုင်ချေ ရှိပါတယ်။ တစ်ချက်ကြည့်လိုက် အလောင်းတစ်ထောင်ဂိုဏ်းက သူ့ကိုလုံးဝကို ပစ်မှတ်ထားနေတယ် မဟုတ်လား။

ဒါပေမဲ့လည်း သူ့အဖေအတွက် လင်းဟန်က အလျင်စလို လုပ်ဖို့ကို ရွေးချယ်လိုက်ပါတယ်။ သူ့အနေနဲ့ စိတ်ဝိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို ဖော်စပ်နိုင်ဖို့အတွက် အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ရရှိဖို့ သေချာပေါက်ကို လိုအပ်ပါတယ်။

အခုပြဿနာ ရှိနေတာက သူ့အနေနဲ့ တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးလုံးကို ဖော်စပ်နိုင် ပါ့မလား။ တကယ်တော့ သူကအခုမှ စိတ်ဝိညာဉ် ပလ္လင်အဆင့်

ကျင့်ကြံခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ သီအိုရီအရဆိုရင် သူဖော်စပ်နိုင်တဲ့ အမြင့်ဆုံး အဆင့်က မြေကျွှမ်းအလယ်အလတ်အဆင့် မှော်ဆေးလုံးများပဲ ဖြစ်ပါတယ်။ ထူးဆန်းတဲ့ မီးကိုပါ ပေါင်းထည့်လိုက်မယ် ဆိုရင်တော့ မြေကျွှမ်းအဆင့်မြင့် မှော်ဆေးလုံးဆိုတာလည်း ပြဿနာ မရှိပါဘူး။ ဒါပေမဲ့ ကောင်းကင်အဆင့်ဆိုတာက အခွင့်အရေးတစ်ခု ရှိဖို့တော့ လိုပါတယ်။

သူ့အနေနဲ့ တစ်ခုပဲ မျှော်လင့်မိတာက မီးတောက်လေးက အနက်ရောင် မျှော်စင်ထဲမှာ လုံလောက်တဲ့အထိ ထိတ်လန့်စရာ ကောင်းလောက်အောင် လေ့ကျင့်ခဲ့ဖို့ပဲ ဖြစ်ပါတယ်။ ပြီးတော့ ကြီးမားတဲ့ စွမ်းအင်အဆင့် မြှင့်တင်မှုတစ်ခုရှိလာဖို့ပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ သူ့အနေနဲ့ တကယ်ပဲ ကျရှုံးနိုင်ဖို့ အခွင့်အရေးတစ်ခု တကယ်ပဲ ရှိပါလိမ့်မယ်။ မျက်နှာပျက်ရတာ အရေးပါတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ အရေးအကြီးဆုံး အရာက သူ့အနေနဲ့ အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ပြန်ပြီးတော့ လုမယူနိုင်စွမ်း မရှိမှာကိုပဲ စိုးရိမ်မိတာပါ။

လင်းဟန်က သူရဲ့ပြန့်ကျဲနေတဲ့ အတွေးတွေကို ပြန်စုစည်းလိုက်ပြီးတော့ ကောင်းကင်စမ်းရေ ဂါးနလုံးသားစိတ်ဂိညာဉ်ရဲ့ ရိုးတံ တစ်ခုကို အနက်ရောင်

မျှော်စင်ထဲကနေ ဆွဲထုတ်ယူ လိုက်ပါတယ်။

ဒီစိတ်ဂိညာဉ် ဆေးပင်က ပုံမှန်မြင်နေကျဖြစ်တဲ့ မူလပြန်လာခြင်း ဆေးလုံးကို ဖော်စပ်ဖို့ အသုံးပြု နိုင်ပါတယ်။ ဒီဆေးလုံးက မူလစွမ်းအင်ကို ပြန်လည်ဖြည့်ဆည်းပေးဖို့ အသုံးပြုပါတယ်။ ဒါပေမဲ့ ကောင်းကင်စမ်းရေ ဂါးနလုံးသား စိတ်ဂိညာသ်က အဆင့်မြင့် မူလပြန်လည်ဆေးလုံးကို ဖော်စပ်တဲ့ နေရာမှာ အသုံးပြုပါတယ်။ ဆယ်နှစ်သက်တမ်းရှိတဲ့ ဆေးပင်တစ်ပင်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတစ်ယောက်ကို ချက်ချင်းဆိုသလို သူရဲ့ မူလစွမ်းအင် ဆယ်ပုံ တစ်ပုံခန့်ကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ပါတယ်။
သက်တမ်းနှစ်ပေါင်းတစ်ရာရှိတဲ့ ဆေးပင် တစ်ပင်ကတော့ နတ်အသွင်ပြောင်းလဲခြင်း ကျင့်ကြံသူ တစ်ယောက်အတွက် အာနိသင် ရှိတာ ဖြစ်ပြီးတော့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဆေးပင်တစ်ပင်က ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်အသုံးပြုနိုင်ပါတယ်။

လင်းဟန်က နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ကောင်းကင်စမ်းရေ ဂါးနလုံးသား စိတ်ဂိညာဉ် ဆေးပင်တစ်ပင်ကို နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေထဲကနေ ရရှိခဲ့ပြီး အနက်ရောင်

မျှော်စင်ထဲမှာ တစ်နှစ်နီးပါး ရှင်သန်ကြီးထွားပြီးတဲ့နောက်မှာတော့ ဒီဆေးပင်က နှစ်ပေါင်း တစ်ထောင် သက်တမ်းကို ရောက်ရှိလို့ သွားခဲ့ပါပြီ။ အခုဆိုရင် အဆင့်မြင့်ဆုံး မူလပြန်လည်ခြင်း ဆေးလုံးကို ဖော်စပ်ဖို့ အသုံးပြုနိုင်ပါပြီ။

မော်ဆေးလုံးတစ်လုံးက ကောင်းကင်အဆင့် ကျင့်ကြံသူတစ်ယောက် အသုံးပြုနိုင်တယ်ဆိုရင် ကောင်းကင်အဆင့် မော်ဆေးလုံးလို့ ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပါတယ်။

ကောင်းကင်အဆင့် မော်ဆေးလုံးတွေကို အဆင့်နိမ့်၊ အလယ်အလတ် အဆင့်နဲ့ အဆင့်မြင့် ဆေးလုံးဆိုပြီး ခေါင်းစဉ်တွေ ခွဲခြားထားနိုင်တယ် ဆိုပေမဲ့ ဆေးလုံးအဆင့်တွေက အရမ်းကို မြင့်မားပါတယ်။ ကောင်းကင်အဆင့်နိမ့် မော်ဆေးလုံးတွေကိုတော့ ကောင်းကင်အဆင့်လို့ တန်းပြီးတော့ ရည်ညွှန်းပြောဆိုကြပြီး ကောင်းကင်အလယ်အလတ်အဆင့် မော်ဆေးလုံးကိုတော့ သူတော်စင် အဆင့်လို့ ခေါ်ဆိုကြပါတယ်။ ပြီးတော့ ကောင်းကင်အဆင့်မြင့် မော်ဆေးလုံးကိုတော့ တန်ခိုးရှင်အဆင့်လို့ ခေါ်ဆိုသတ်မှတ်ကြပါတယ်။

သူတော်စင်အဆင့် မှော်ဆေးလုံးတွေက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ အတွက် အာနိသင်ရှိပြီးတော့ တန်ခိုးရှင်အဆင့် ဆေးလုံးတွေကတော့ ဒီကမ္ဘာကြီးထဲမှာ မရှိတာတော့ အသေအချာပါပဲ။

သူရဲ့ယခင်ဘဝတုန်းက လင်းဟန်က သူတော်စင်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်နိုင် ခဲ့ပါတယ်။ ပြီးတော့ တန်ခိုးရှင်အဆင့် မှော်ဆေးလုံးတွေကိုလည်း အနည်းငယ် ထိတွေ့နိုင်မှု ရှိခဲ့ပါတယ်။ သူက တန်ခိုးရှင်တစ်ပိုင်းအဆင့် မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ ထည့်သွင်းတဲ့ ပါဂင်ပစ္စည်း တချို့ကိုတောင် ရှာတွေ့နိုင်ခဲ့ပါတယ်။ ဒါက သူရဲ့ မှော်ဆေးပညာမှာ ပါရမီက ရှေးဟောင်းအချိန်နဲ့ ခေတ်သစ်အချိန် နှစ်ခုစလုံးမှာပါ ယှဉ်နိုင်သူမရှိဘူးလို့ သက်သေပြနေပြီး အရမ်းကို ထူးခြားဆန်းကြယ်လွန်းပါတယ်။

မှော်ဆေးဧကရာဇ်ဆိုတဲ့ နာမည်က ချီးကျူးဂုဏ်ပြုဖို့ သက်သက်ပဲ ပေးထားတာ မဟုတ်ပါဘူး။ ဒါက ထူးချွန်ထက်မြက်ပြီး ပါရမီရှင်တွေ အားလုံးကို ဖြတ်ကျော်နိုင်တဲ့အတွက် ရရှိခဲ့တာပါ။

အလယ်ပိုင်းဒေသမှာရှိတဲ့ ဒီကောင်းကင်အဆင့်

မှော်ဆေးပညာရှင် နှစ်ယောက်က အဆင့်နိမ့် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေ ဖြစ်နိုင်ပါတယ်။ အချိန်တွေ အများကြီး ကြာညောင်းလာပြီးတဲ့နောက် မှော်ဆေးပညာနဲ့ သက်ဆိုင်တဲ့ ပညာဗဟုသုတတွေ ဆင်းသက်လာမှုက သိုင်းပညာရှင်တွေရဲ့ ဘယ်လောက်ပဲ တိုးတက်နေတဲ့ ပတ်ဂန်းကျင်နဲ့ ဖြစ်ဖြစ် ပတ်သက်ဆက်နွယ်မှု လုံးဝမရှိပါဘူး။ ပြီးတော့ သူတို့က သူတော်စင်အဆင့် ဖြစ်လာနိုင်စရာ အကြောင်းလည်း လုံးဝမရှိပါဘူး။

ကောင်းကင်အဆင့် မူလပြန်လည်ခြင်း ဆေးလုံးက အများဆုံး တွေ့မြင်နေကျ အမျိုးအစား ဆိုပေမဲ့ ကောင်းကင်အဆင့် မှော်ဆေးလုံးတွေက သုံးမရတဲ့ ဆေးလုံးတွေမဟုတ်ပဲ ဘယ်လောက်ပဲ သမာရိုးကျဖြစ်ဖြစ် ဒါမှမဟုတ် အမိုက်ပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ အဲဒါက ကောင်းကင်အဆင့် မှော်ဆေးလုံး ဖြစ်နေဆဲပါပဲ။ ၎င်းဆေးလုံးကို ဘယ်လိုမျိုး မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်မှ ဖော်စပ်နိုင်ခြင်း မရှိပါဘူး။ ဒါကပဲ သူ့အတွက် အသိအမှတ်ပြု ထောက်ခံချက်ကို အောင်မြင်ဖို့ လုံလောက်တာထက် ပိုပါသေးတယ်။

ပိုပြီးတော့ အရေးကြီးတာက သူ့ဆီမှာ

တခြားကောင်းကင်အဆင့် မှော်ဆေးလုံးအတွက် ပါဂင်ပစ္စည်းတွေ မရှိတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ပါဂင်ပစ္စည်းတွေကို စတင်ပြီးတော့ အမျိုးအစား ခွဲခြားလိုက်ပါတယ်။ ကောင်းကင်စမ်းရေ ဂါးနလုံးသားစိတ်ဂိညာဉ် ဆေးပင်က အဓိကပါဂင် ပစ္စည်းဖြစ်ပါတယ်။ ဒါပေမဲ့ တခြားဖြည့်စွက်ရမဲ့ ပါဂင်ပစ္စည်းတွေလည်း လိုအပ်ပါသေးတယ်။ သူရဲ့လှုပ်ရှားမှုတွေက သဘာဂဆန်ပြီး ချောမွေ့နေတဲ့ အတွက်ကြောင့် အပြင်ဘက်ကနေ သူ့ကိုလေ့လာစူးစမ်းနေတဲ့ မှော်ဆေးပညာရှင်တွေ အားလုံးကို မှင်တက်အံ့သြသွားစေခဲ့ပါတယ်။ ပါဂင်ပစ္စည်းတွေကို အမျိုးအစား ခွဲခြားတာက တကယ်ပဲ တင့်တယ်လှပပြီး မြင်ရတာ အရမ်းကို လှပလွန်းပါတယ်။

ကျူးရွှမ်အာရဲ့ နလုံးသားက ကျယ်လောင်စွာနဲ့ မြည်ဟီးလို့ နေပါတယ်။ သူမကို မြောက်ပိုင်း ဒေသရဲ့ အချောဆုံးနဲ့ လူငယ်မျိုးဆက်ရဲ့ အသန်မာဆုံးထဲက တစ်ယောက်လို့ ခေါ်ဆိုသတ်မှတ် ကြပေမဲ့ တကယ်လို့ မင်းက သူမကို ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်နဲ့ တကယ်ပဲ စကားပြောနိုင်သလားလို့ မေးခဲ့မယ်ဆိုရင် အဲဒါက သူမအတွက်တော့ စိတ်ကူးယဉ်မှု သက်သက်ပဲ

ဖြစ်ပါလိမ့်မယ်။

အလယ်ပိုင်းဒေသ တစ်ခုလုံးမှာတောင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲ ရှိပါတယ်။ ပြီးတော့ သူတို့ရဲ့ အဆင့်အတန်းတွေက စကြာဂဠာ ဖျက်ဆီးခြင်း အဆုံးမဲ့ လက်ရွေးစင်တွေနဲ့ တူညီတဲ့ အဆင့်အတန်းရှိပြီးတော့ သူမအနေနဲ့ပ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်နဲ့ စကားစမြည်ပြောဆိုဖို့ အဆင့်မီရဲ့လား။

သေချာတာပေါ့ လုံးဝမဖြစ်နိုင်ပါဘူး။

ဒါကြောင့် ထန်ရူမင်းရဲ့ ခြိမ်းခြောက်မှုနဲ့ ဆွဲဆောင်ဖျားယောင်းမှုက အရမ်းကို အကျိုးသက်ရောက် စေခဲ့ပါတယ်။ တကယ်လို့ သူမက ဒီကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်ကို ဆေးလုံးဖော်စပ်ဖို့ တောင်းဆိုချင်တယ်ဆိုရင် သူတို့ရဲ့ သားစဉ်မြေးဆက် ဆင်းသက်လာတဲ့ လူငယ်မျိုးဆက်သစ်တွေကနေ တစ်ဆင့်ခံပြီး သူမရဲ့တောင်းဆိုမှုကို ပြုလုပ်တာက အကျိုးသက်ရောက်မှု အကောင်းဆုံး နည်းလမ်းပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျူးရှမ်အာ အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေကတော့

မျက်နှာသာ အနည်းငယ် ပေးရတဲ့ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့်အထိ တိုးတက်လာအောင် စောင့်ရပါလိမ့်မယ်။

ကျူးရှမ်အာ အနေနဲ့ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့်ကို အဆင့်တက်ရောက် နိုင်မလား ဆိုတဲ့ မေးခွန်းကို ဘေးဖယ်ထားပါဦး။ တကယ်လို့ သူမလုပ်နိုင်တယ်ဆိုရင်တောင်မှ ဘယ်အချိန်မှ လုပ်နိုင်မှာလဲ။

ဒါပေမဲ့ တကယ်လို့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အောင်အောင်မြင်မြင်နဲ့ ဖြစ်လာခဲ့မယ်ဆိုရင်။

ကျူးရှမ်အာရဲ့ နှလုံးသားက ထိန်းမနိုင်သိမ်းရ ခုန်လာခဲ့ပါတယ်။ သူမက လင်းဟန်ရဲ့ သူငယ်ချင်းလို့ သတ်မှတ်ယူဆနိုင်တယ် မဟုတ်လား။ သူတို့က သူငယ်ချင်းတွေ ဆိုမှတော့ သူမကို ကူညီပေးဖို့ သူ့အတွက်တော့ အရမ်းကြီး ခက်ခဲနေစရာ အကြောင်း မရှိသင့်ပါဘူး။ ဟုတ်တယ်မလား။

ဒီအချိန်မှာ သူမအနေနဲ့ လင်းဟန်က အောင်မြင်ဖို့ကိုပဲ

အကြီးအကျယ် မျှော်လင့်နေခဲ့ပါတယ်။

ထန်ဇီမင်းက သရော်ပြုံး ပြုံးလိုက်ပါတယ်။ အလယ်ပိုင်းဒေမှာ စုစုပေါင်း မြေကွက္ကမှာအဆင့်မြင့် မော်ဆေးပညာရှင် နှစ်ဆယ့်ခုနစ်ယောက် ရှိပါတယ်။ သူတို့တွေက ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့ တံခါးဂမှာ ရောက်နေတာ နှစ်ပေါင်းတစ်ရာလောက် ရှိနေပါပြီ။ ဒါပေမဲ့ သူတို့အနေနဲ့ ဒီနောက်ဆုံး ခြေလှမ်းကို ဘယ်သူကမှ အောင်မြင်အောင် မလုပ်နိုင်ပါဘူး။ ဘာဖြစ်လို့များလဲ။

ဒီခြေတစ်လှမ်းက တကယ်ပဲ အရမ်းကို ခက်ခဲလွန်းပါတယ်။

အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေးက အောင်မြင်ချင်နေတယ်။ ဒါက တကယ်ပဲ အရမ်းကို နုံအလွန်းပါတယ်။

ဒါပေမဲ့လည်း သူက လင်းဟန်ရဲ့ လှုပ်ရှားမှုတွေကြောင့် အတော်လေးကို အံ့အားသင့်နေဆဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူလည်းပဲ မော်ဆေးပညာ ပါရမီရှင် တစ်ယောက် ဖြစ်ပြီး အသက်နှစ်ဆယ်ကျော်နဲ့ အနက်ရောင် အဆင့်မြင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေခဲ့ပြီး

ဒါကပဲ သူရဲ့ မော်ဆေးပညာမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီကို သက်သေပြဖို့ လုံလောက်ပါတယ်။ လင်းဟန်ရဲ့ လှုပ်ရှားမှုတွေက အရမ်းကို ကျွမ်းကျင်လွန်းပြီး သူ့ကိုသိမ်ငယ်စိတ်တောင် ခံစားစေ ပါတယ်။ သူတောင်မှ ခိုးကြောင်ခိုးဝှက်နဲ့ သင်ယူဖို့ စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ဘယ်လိုပဲ ကြည့်ကြည့် လင်းဟန်ရဲ့ လှုပ်ရှားမှုတွေကို သူမျက်လုံးထဲမှာ ဝေဝေဝါးဝါးပဲ မြင်တွေ့ရပြီး ဘယ်နေရာကနေ စပြီးတော့ ခိုးကြောင်ခိုးဝှက်နဲ့ သင်ယူရမလဲဆိုတာကိုတောင် မသိတော့ပါဘူး။

ပထမတော့ အတော်လေးကို ဆူညံနေကြပြီး အခုဆိုရင် သူတို့အားလုံးက တိတ်ဆိတ်ငြိမ်သက်လို့ နေကြပါတယ်။ သူတို့အားလုံး လင်းဟန်ကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကြည့်နေကြပြီး သူရဲ့ စည်းချက်ညီတဲ့ လှုပ်ရှားမှုတွေက သူတို့အားလုံးဆီမှာ ဩဇာတစ်ခုခုက လွှမ်းမိုးလာသလို ဖြစ်စေခဲ့ပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ထဲကနေ တစ်စုံတစ်ခုက ပန်းထွက်လာသလိုမျိုး ခံစားရပါတယ်။

ပါဂင်ပစ္စည်းတွေကို အမျိုးအစားခွဲခြားလို့ အပြီးမှာတော့ လင်းဟန်က သန့်စင်ခြင်း လုပ်ငန်းစဉ်ထဲ ဂင်ရောက်သွားခဲ့ပါတယ်။ သူရဲ့ဒီအံ့ဩစရာကောင်းတဲ့ လှုပ်ရှားမှုတွေက သူရဲ့ပရိသတ်တွေကို အံ့အားသင့်ပြီးတော့

မှင်တက်သွားစေခဲ့ပါတယ်။ ပြီးတော့ တော်တော်များများက အံ့အားသင့်စွာနဲ့ ရေရွတ်ပြောဆိုမိခဲ့ကြပေမဲ့ သူတို့ရဲ့ အဖော်တွေဆီကနေ အထင်သေးတဲ့ အကြည့်တွေကြောင့် အလျင်အမြန်ပဲ တိတ်ဆိတ်သွားကုန်ကြပါတယ်။

အခုအရေးအကြီးဆုံး အဆင့်ကို ရောက်ပါပြီ။ ဒါက ဆေးလုံးဖော်စပ်ခြင်း အဆင့်ပဲ ဖြစ်ပါတယ်။

မင်းက ပါဂင်ပစ္စည်းတွေကို ဘယ်လောက်ပဲ လှပအောင် ခွဲခြားခွဲခြား ဒါမှမဟုတ် အဲဒါတွေကို ဘယ်လောက်ပဲ အံ့အားသင့်စရာကောင်းတဲ့ နည်းစနစ်နဲ့ သန့်စင်ပါစေ ကိစ္စမရှိပါဘူး။ တကယ်လို့ မင်းက မှော်ဆေးလုံး ဖော်စပ်နိုင်စွမ်း မရှိဘူးဆိုရင် အရာအားလုံးက လုံးဝကို သုံးစားမရပါဘူး။

လင်းဟန်က သူရဲ့စိတ်ခံစားမှုတွေကို တည်ငြိမ်အောင် လုပ်ပြီးတော့ အာရုံတွေ စူးစိုက် ထားလိုက်ပါတယ်။ အဲဒီနောက်မှာ သူက ထူးဆန်းတဲ့မီးကို ဆင့်ခေါ်လိုက်ပြီး အတွေးနဲ့ ပြောလိုက်ပါတယ်။

"မီးတောက်လေး အခုမင်းအလှည့်ကို ရောက်ပြီ"

ဟုမ်း။

နီရဲတဲ့ မီးတောက်တစ်ခုက ရုတ်တရက် မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက် အနီးကပ်ပြီးတော့ ကြည့်လိုက်မယ်ဆိုရင် မီးတောက်ရဲ့ နှလုံးသားထဲမှာ ခရမ်းရောင် အစက်ကလေးတစ်ခု အမှန်တကယ်ပဲ ရှိနေတာကို မြင်တွေ့နိုင်ပါလိမ့်မယ်။ ဒါက သာမန်တော့ မဟုတ်ပါဘူး။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ မီးတောက်လေးက အရင်ကနဲ့ လုံးဝကို မတူညီတော့ ပါဘူး။

မီးတောက်လေးက တခြားထူးဆန်းသော မီးကို ဂါးမျိုပြီးတဲ့နောက်မှာ စွမ်းအားတွေ အကြီးအကျယ် မြင့်တက်လာခဲ့တဲ့အတွက် ဘယ်လိုလုပ်ပြီးတော့ အရင်ကနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ ဒါပေမဲ့ အကြီးမားဆုံး ပြောင်းလဲမှုကတော့ အနက်ရောင် မျှော်စင်ကြောင့် အစွမ်းတွေ မြင့်တက်လာခဲ့တာ ဖြစ်ပြီးတော့ စစ်မှန်တဲ့ ပြန်လည်မွေးဖွားခြင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

ကောင်းကင်အဆင့် မော်ဆေးလုံး အတွက်တော့ မျှော်လင့်ချက် ရှိပါပြီ။

မီးတောက်က ပြင်းပြင်းထန်ထန်ကို လောင်ကျွမ်းနေပြီး မီးတောက်ရဲ့ အလင်းက စူးရှပြီး တောက်ပလို့ နေပါတယ်။

"မဖြစ်နိုင်ဘူး။ ဒီလိုမျိုး အစွမ်းထက်တဲ့ မီးတောက်တစ်ခုကို အစပိုင်းမှာကတည်းက အသုံးပြုနေတာ သူက ထိန်းချုပ်မှု လွတ်သွားမှာကို မကြောက်ဘူးလား"

"ဟုတ်တယ်။ ဆေးကျိုအိုးက အချိန်မရွေး ပေါက်ကွဲသွားနိုင်တယ်"

ချက်ချင်းဆိုသလိုပဲ လူတွေတော်တော်များများက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ လင်းဟန်ရဲ့ ပါဂုဏ်ပစ္စည်းတွေကို ခွဲခြားတဲ့ ကျွမ်းကျင်မှုနဲ့ သန့်စင်ခြင်းတွေက သူတို့ကိုသူတို့ ရှက်ရွံ့သိမ်ငယ်တဲ့ ခံစားချက်မျိုး ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ ဆေးလုံးဖော်စပ်တဲ့ ကျွမ်းကျင်မှုကတော့ အားယား ဒါကတကယ်ပဲ အရမ်းကို ညံ့ဖျင်းလွန်းပါတယ်။ ဒီလိုမျိုး လူတစ်ယောက်ကလည်း မြေကျွှာအဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာနိုင်တာပဲလား။

လေးလေးနက်နက်နဲ့ စောင့်ကြည့်နေတဲ့ အကြီးအကဲတွေက

ဘာတစ်ခွန်းမှ မဆိုကြပေမဲ့ သူတို့ရဲ့ မျက်လုံးထဲမှာတော့ စိတ်ပျက်လက်ပျက် ဖြစ်မှုတွေ ဖြစ်ပေါ်နေခဲ့ပါတယ်။ ပထမတော့ လင်းဟန်က ဘယ်လောက်တောင် စိတ်အားတက်ကြွပြီး သူ့ကိုယ်သူ ယုံကြည်မှု ရှိနေသလဲ ဆိုတဲ့ အချက်ကို အခြေခံပြီးတော့ သူရဲ့အောင်မြင်မှုကို အနည်းငယ် စိတ်အေးလက်အေး ဖြစ်နေကြပါတယ်။ သူတို့အနေနဲ့ လင်းဟန်က သကြၤန်အမြောက်ပစ်သလို ပြပွဲတစ်ခုကို လုပ်နေတယ်လို့ လုံးဝမထင်မှတ်ထားမိခဲ့ပါဘူး။

ဟူး ဒီကောင်က တကယ်ပဲ လူငယ်တစ်ယောက်ပဲ ရှိသေးတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူတို့က ဘာမှန်းမသိတဲ့ အကြောင်းပြချက် တချို့အတွက်နဲ့ သူ့ဆီမှာ သူတို့ရဲ့ ယုံကြည်မှုတွေကို ထားထားရတာလဲ။

ဘယ်လိုဟာသလဲကွာ။

ဆေးကျိုအိုရဲ့မီးက ပြင်းပြင်းထန်ထန်နဲ့ တောက်လောင်နေပြီး အမြင့်ဆုံးသတ်မှတ်ချက်ကို ရောက်ရှိလို့ နေပါပြီ။ ဒီလိုမျိုး ပြင်းထန်တဲ့ အပူချိန်ကို ခံနိုင်ရည်ရှိဖို့အတွက် သူရဲ့ မိုးကြိုးလျှပ်စီး ချပ်ဝတ်ကို အသက်သွင်းဖို့ကလွဲပြီးတော့ လင်းဟန်မှာ ရွေးချယ်စရာ မရှိခဲ့ပါဘူး။

တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီ။ အချိန်တွေက အရမ်းကို လျင်မြန်စွာနဲ့ ကုန်လွန်သွားခဲ့ပါတယ်။

"လခွမ်း အချိန်တွေတော်တော်များများ ကုန်သွားပြီ။ ဒါပေမဲ့ ဘာဖြစ်လို့ ဆေးကျိုအိုးက မပေါက်ကွဲသေးတာလဲ"

"ဟုတ်တယ်။ အနည်းဆုံး သုံးနာရီရှိနေပြီ။ ဆေးကျိုအိုး ပေါက်ကွဲသင့်တာ တော်တော်ကြာနေပြီ မဟုတ်လား"

"အောင်မြင်ဖို့အတွက် မျှော်လင့်ချက်တချို့ ရှိနေတာများလား"

"မဖြစ်နိုင်ဘူး။ ငါသုံးသပ်ရသလောက် သူအသုံးပြုတဲ့ ပါဂင်ပစ္စည်းတွေက ကောင်းကင်အဆင့်မှာ ထိပ်တန်းအဆင့် မဟုတ်ဘူး။ ပြီးတော့ သူက ကောင်းကင်အဆင့် ဆေးလုံးကို မမှန်တဲ့ နည်းလမ်းနဲ့ ဖော်စပ်နေတာပဲ"

"ဟေ့ဟေ့ဟေ့ဟေ့ သူ့အနေနဲ့ မဆင်မခြင်တော့ မလုပ်ဖူး ထင်တာပဲ။ လုပ်နိုင်လား"

ပရိသတ်တွေက တက်တက်ကြွကြွနဲ့ အားလုံးပဲ

ဆွေးနွေးနေကြတဲ့ အချိန်မှာ ထန်ဖူမင်းကတော့ အူလိုက်သည်းလိုက်နဲ့ကို အော်ဟစ်ရယ်မောနေပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးလုံးကို ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်ကူကူနဲ့ ဖော်စပ်လို့ ရနိုင်မှာလဲ။ လင်းဟန်က အစောပိုင်မှာ ကတည်းက ကျရှုံးသွားခဲ့သင့်ပါတယ်။ သူရဲ့ကျရှုံးမှုကို အခုချိန်မှာ အကျောက်အကန် ငြင်းဆန်ပြီး ဝန်မခံသေးပါဘူး။ သူရဲ့ဂုဏ်သိက္ခာအတွက် သူက အဓိပ္ပါယ်မဲ့ အကျိုးမရှိတာကို လုပ်နေတာပါပဲ။

အပိုင်း(၄၅၅) ဆေးလုံးရောက်ရှိလာခြင်းရဲ့ အတိဒုက္ခ

နောက်ထပ် သုံးနာရီ ကုန်လွန်သွားခဲ့ပါတယ်။

"အရှင်သခင်ကုန်းရန် ကျုပ်တို့ ဘာလုပ်ကြမလဲ"

တစ်စုံတစ်ယောက်က ကုန်းရန်ထျန်းစွန်းကို လမ်းညွှန်ပေးဖို့အတွက် မေးမြန်းလိုက်ပါတယ်။

"ကျုပ်တို့ ဘာလုပ်ရမလဲ ဆိုတာက မင်းဘာကို ဆိုလိုတာလဲ။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အသိအမှတ်ပြု စမ်းသပ်စစ်ဆေးမှုက အနည်းဆုံး သုံးရက်နဲ့ သုံးညလုပ်နိုင်တယ်။ အခုမှ ခြောက်နာရီပဲ

အချိန်ကုန်သွားသေးတယ်။ မင်းကင့်ါကို ဘာလုပ်ရမလဲလို့ မေးတယ်ဟုတ်လား။ ငါက အရှေ့ကိုထွက်ပြီးတော့ သူ့ကိုတားရလိမ့်မယ်လို့ မင်းထင်နေတာလား"

ကုန်းရန်ထျန်းစွန်းက ကျွဲမြီးတိုသွားခဲ့ပါတယ်။

အဲဒီလူက ရှက်ကိုးရှက်ကန်းနဲ့ မလုံမလဲပြုံးပြီးတော့ တွေးလိုက်ပါတယ်။ လင်းဟန်က မအောင်မြင်ဘူး ဆိုတာကို အားလုံးက သိနေတာပဲ မဟုတ်လား။ ဒီလိုဆိုမှတော့ လူတိုင်းက ဘာအတွက်ကြောင့် ဆက်ပြီးတော့ အချိန်ကုန်ခံပြီး ကြည့်နေစရာ လိုသေးလို့လဲ မဟုတ်ဘူးလား။

"သွားကြစို့။ သွားကြစို့။ ဒီနေရာမှာ ထပ်ပြီးတော့ ကြည့်စရာ ဘာမှမရှိတော့ဘူး"

"အဲဒါဟုတ်တယ်။ ငါတို့အားလုံး ပြန်ကြစို့။ မင်းတို့ရဲ့ မိန်းမတွေကို ထွေးပွေ့ပြီးေတာ့ အိပ်ကြတော့"

"မင်းမှာတကယ်ပဲ မိန်းမတစ်ယောက် ရှိနေသလို ပြောနေတာပါလား သောက်သုံးမကျတဲ့ အက်အေကောင်"

"ဖွီ ယုံတာမယုံတာ အသာထား။ ငါမင်းရဲ့ မိန်းမကို

ထွေးပွေ့ပြီးတော့ အိပ်ရမှာလား”

ပရိသတ်က လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားကြပါတယ်။ အပြင်ဘက်မှာတော့ အစေခံအနည်းစုပဲ ကျန်ရှိပါတော့တယ်။

ထန်ဇီမင်းလို ပေါ့ပျက်ပျက်နိုင်တဲ့ သခင်လေး တစ်ယောက်တောင်မှ စိတ်မရှိတော့ပါဘူး။ သူ့မှာက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ အဘိုးရှိပါတယ်။ သူ့အနေနဲ့ အခုတောင် မြေကမ္ဘာအဆင့်ကို အဆင့်တက်နိုင်စွမ်း ရှိပါတယ်။ သူက တစ်ချက် သမ်းဝေလိုက်ပြီး ပြောလိုက်ပါတယ်။

“ကုန်းဖန် ဒီနေရာမှာ စောင့်နေ။ ငါပြန်ပြီးတော့ အိပ်လိုက်ဦးမယ်။ သေသေချာချာ စောင့်ကြည့်ထားနော်။ မင်းဒီကောင်စုတ်ကို ထွက်ပြေးခွင့် လုံးဝကို မပေးနဲ့။ သုံးရက်ကုန်သွားရင် ငါကိုယ်တိုင်ပဲ သူ့ကိုသတ်ချင်တယ်”

“ဟုတ်ကဲ့ပါ သခင်လေး”

ကျိုးကုန်းဖန်းက ရိုသေလေးစားစွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

ထန်ဇီမင်းက ကျူးရှမ်အာ ရှိတဲ့ဘက်ကို နောက်တစ်ကြိမ် ကျိတ်ရယ်လိုက်ပါတယ်။ ဒီအလုပဂေးလေးက မကြာခင်မှာ သူရဲ့အလိုဆန္ဒကို ဖြည့်ဆည်းပေးလိမ့်မယ် ဆိုတာကို သူ့အနေနဲ့ သေချာနေပါတယ်။ သူမကိုယ်တိုင်ပဲ လိမ်လိမ်မာမာနဲ့ အဂတ်အစားတွေကို ချွတ်ပြီးတော့ အိပ်ယာထက်မှာ သူ့ကိုကျေနပ်နှစ်သိမ့်အောင် လုပ်ပေးပါလိမ့်မယ်။ သူ့အနေနဲ့ မျှော်လင့်စောင့်စားနေပြီးတော့ ခန္ဓာကိုယ်က သိမ့်သိမ့်တုန်သွားပြီး အနည်းငယ် စိတ်မရှည်သလို ခံစားရပါတယ်။ ဒါကောင့် သူ့အနေနဲပ ချက်ချင်းဆိုသလိုပဲ သူကိုယ်တိုင် သူမဆီကို ပြေးသွားပြီး ကုတင်ပေါ်ခေါ်ဆောင်ပြီး ချစ်ပွဲဂင်ပစ်လိုက်ချင်ပါတယ်။

အလျင်စလို လုပ်စရာတော့ မလိုပါဘူး။ ဒီအချောအလှလေးက သူရဲ့ပန်ကန်းပြားပေါ်က ဟင်းပွဲတစ်ခု မကြာခင် ဖြစ်လာပါလို့မ်မယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေ အတွက်တော့ သူတို့အနေနဲ့ ပြင်းထန်တဲ့ တိုက်ပွဲကို မတိုက်ခိုက်နေသရွေ့ကတော့ သူတို့တွေက ဆယ်ရက်ကျော် ဒါမှမဟုတ် လဂက်လောက်ထိ စောင့်ဆိုင်းနေရရင်တောင် ပြဿနာမရှိပါဘူး။ ဒါကြောင့်

ကျူးရွှမ်အာနဲ့ ကျိုးကုန်းဖန်တို့ နှစ်ယောက်စလုံး မှော်ဆေးခန်း အပြင်ဘက်မှာ မတ်တတ်ရပ်ပြီး စောင့်နေကြပါတယ်။ သူတို့နှစ်ယောက် အပြင် အကြီးအကဲရှီနဲ့ ကုန်းရန်ထျန်းစွန်းတို့လည်း ရှိနေကြပြီး မြေကျွန်းမှာအဆင့် မှော်ဆေးပညာရှင် တချို့လည်း အတူတကွ ရှိနေကြပါတယ်။ စုစုပေါင်း လူဆယ်ယောက်လောက် စောင့်နေကြပါတယ်။

တစ်ရက်၊ နှစ်ရက် အချိန်ကုန်လွန်သွားခဲ့ပါပြီး လင်းဟန်ကတော့ ဆေးလုံးဖော်စပ်ခြင်း ကိစ္စမှာပဲ အလုပ်ရှုပ်နေဆဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ လူတွေကလည်း ပိုပိုပြီးတော့ နောက်တစ်ကြိမ် မှော်ဆေးခန်းဆီကို ပြန်လာခဲ့ကြပါတယ်။

လင်းဟန်က ကျရှုံးမဲ့ လက္ခဏာ မပေါ်သေးပါဘူး။

သူတို့အနေနဲ့ လင်းဟန်က မှော်ဆေးလုံး ဖော်စပ်နေတဲ့ အချိန်အတွင်းမှာ ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။ သူက မှော်ဆေးကျိုအိုးကနေ အစီအရင်ပုံစံ တချို့ကို ဆွဲထုတ်လိုက်ပြီး အနည်းငယ် ချိန်ညှိပြီးတဲ့နောက်မှာတော့ ဆေးကျိုအိုးထဲကို ပြန်ပြီးတော့ ပစ်ထည့်လိုက်ပါတယ်။

ဒါတွေက မော်ဆေးကျိုးအိုး အတွင်းမှာရှိတဲ့ ပါဂင်ပစ္စည်းအမျိုးမျိုး ပါဂင်တဲ့ ပုံစံတွေ ဖြစ်ပြီး သဘာဂရဲ့ အနှစ်သာကို သူတို့နဲ့အတူ သယ်ဆောင်ပြီး သဘာဂပုံစံတွေ ဖြစ်ပေါ် လာခဲ့ပါတယ်။ ဆေးလုံးဖော်စပ်ခြင်းက ဒီအမျိုးမျိုးသော ပုံစံတွေကို အထူးနည်းလမ်း တစ်ခုနဲ့ ပါဂင်ပေါင်းစည်းပြီး ၎င်းတို့ဆီက အံ့မခန်း အာနိသင် တစ်ခုကို ဖန်တီးခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီပုံစံတွေကို ကစားနေခြင်းက ကောင်းကင်အဆင့် မော်ဆေးလုံးကို ဖော်စပ်ခြင်း လုပ်ငန်းမှာ အသုံးပြုနေတဲ့ ပါဂင်ပစ္စည်းတွေတောင် ပါဂင်ပတ်သက်ပါတယ်။ သူတို့တွေက ဒီပုံစံတွေ ဘယ်လောက်တောင် တဖျပ်ဖျပ် ပျံသန်းနေတာကို မြင်လိုက်ရတဲ့ အခါမှာ မော်ဆေးပညာရှင် အားလုံးက အရမ်းကို အံ့အားသင့်သွားပြီး သူတို့ရဲ့ ဆံပင်တွေ ထောင်လာသလို ခံစားလိုက်ရပါတယ်။

ဒီလူငယ်လေးက တကယ်ပဲ ကောင်းကင်အဆင့် မော်ဆေးလုံးကို ဖော်စပ်နေတယ်။

လပြွတ်ပဲ။

ဒါအပြင် ဆေးကျိုအိုးက နှစ်ရက်လုံး အချိန်ကုန်သွားခဲ့တာတောင်မှ လုံးဝကို မပေါက်ကွဲသေးပါဘူး။ အဲဒီအစား ပါဝင်ပစ္စည်းတွေရဲ့ အနှစ်သာရနဲ့ အဆီအနှစ်တွေကို ဖြည်းညှင်းစွာနဲ့ ဆွဲထုတ်ပြီး ကိုယ်ပိုင်ပုံစံတွေ အများဆုံး ထုတ်ဖော်ခဲ့ပါတယ်။ ဒါက ဒီအချက်ကို လင်းဟန်က ဘယ်လောက်တောင်မှ အောင်အောင်မြင်မြင် ချောချောမွေ့မွေ့နဲ့ လုပ်ဆောင်နိုင်တယ် ဆိုတာကို ဖော်ပြပါတယ်။

ဒါကတကယ်ပဲ အရမ်းကို အံ့အားသင့်စရာကောင်းလွန်းပါတယ်။

သူတကယ်ပဲ အောင်မြင်နိုင်မလား မသိဘူး။

သူတို့အားလုံး မသေချာကြပါဘူး။ မှော်ဆေးပညာမှာ နောက်ဆုံးအပိုင်းက ပြီးဆုံးဖို့ အခက်ခဲဆုံး အဆင့်ဖြစ်ပါတယ်။ နောက်ဆုံးအချိန်ကို နီးကပ်လာလေ အောင်မြင်ပြီလို့ ဘယ်သူကမှ မသေချာနိုင်သေးပါဘူး။ တကယ်လို့ အဆင့်တစ်ခုခုမှာ အမှားတစ်ခု ပြုလုပ်မိခဲ့မယ်ဆိုရင် မကောင်းတဲ့ ကံကြမ္မာဆိုးကို ဖြစ်ပေါ် သွားပါလိမ့်မယ်။

ဒါအပြင် အစီအရင်ပုံစံကျွမ်းကျင်မှုက ဒီပါဂင်ပစ္စည်းတွေကို အပြန်အလှန် အကျိုးပြုပြီး တစ်ခုနဲ့ တစ်ခု လှုံ့ဆော်နိုင်ပြီး ဒီရှည်လျားတဲ့ လုပ်ငန်းစဉ်မှာ အရမ်းကို ခက်ခဲဆုံး ခြေလှမ်းပဲ ဖြစ်ပါတယ်။ အများတစ်ခုက ကြိုးစားအားထုတ်ထားသမျှ အရာအားလုံးကို ဆုံးရှုံးသွားနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ကိစ္စမှာတော့ သူက ဒီအချက်မှာ အရမ်းကို သက်တောင့်သက်သာ ရှိလွန်းပါတယ်။

သူက မော်ဆေးကောရာဇ် တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက သူကဘယ်အဆင့် ရှိနေခဲ့တာလဲ။ သူတော်စင်အဆင့်။ သူက တန်ခိုးရှင်တစ်ပိုင်းအဆင့် မော်ဆေးလုံးတွေကိုတောင် ဖော်စပ်ခဲ့ပါတယ်။ ဒါကြောင့် သူ့ကို တန်ခိုးရှင်တစ်ပိုင်း မော်ဆေးပညာရှင် တစ်ယောက်အဖြစ် သတ်မှတ်မယ်ဆိုရင်တောင် ဒါက ချဲ့ကားပြီးတော့ ပြောတာမဟုတ်ပါဘူး။ သူ့မှာပြတ်လပ်နေတဲ့ တစ်ခုတည်းသော စွမ်းရည်က သူမီးတောက်တွေရဲ့ အမြင့်ဆုံး အပူချိန်ကို မြင့်တက်နိုင်တဲ့ စွမ်းရည်ပဲ ဖြစ်ပါတယ်။ အဲဒါသာ မလိုဘူးဆိုရင် သူ့အနေနဲ့ ဘာကိုများ ကြောက်ရွံ့နေစရာ လိုဦးမှာလဲ။

သူက ယုံကြည်ချက် အပြည့်နဲ့ လှုပ်ရှားနေပါတယ်။

သူရဲ့လက်ချောင်း ဆယ်ချောင်းက ကုချင်းတစ်ခုရဲ့ ကြိုးတွေကို စည်းချက်ကျကျနဲ့ တီးခတ်နေသလိုမျိုး သက်တောင့်သက်သာ ရှိပြီးတော့ သူရဲ့လှုပ်ရှားမှုတွေက ချောမွေ့ညင်သာလို့ နေပါတယ်။

တစ်ခုပြီးတစ်ခု အစီအရင်ပုံစံတွေ ပေါ်လာခဲ့ပြီး သူက ၎င်းတို့အားလုံး တစ်ခုစီကို ထိန်းညှိပြီးမှ မှော်ဆေးကျိုအိုးထဲကို ပြန်ပြီးထည့်သွင်းလိုက်ပါတယ်။ အစီအရင်တွေက မှော်ဆေးကျိုအိုးရဲ့ ပါရှိတဲ့ ဆေးဖက်ဝင် အာနိသင်တွေကို လိုက်ပြီးတော့ ပြောင်းလဲပြီး သူရဲ့ ထိန်းညှိမှုနဲ့ အတူတစ်ကွပေါင်းစပ်ပြီး သူလိုချင်တဲ့ ဦးတည်ချက်ဆီကို ရောက်အောင်လို့ သွားတာပဲ ဖြစ်ပါတယ်။

တစ်ခါတရံမှာ လင်းဟန်က သူရဲ့မျက်လုံးတွေကိုတောင်မှ မှိတ်ထားလိုက်ပြီး သူရဲ့ယခင်ဘဝကို နောက်တစ်ကြိမ် ပြန်လည်ရရှိသွားသလိုမျိုး ပုံစံပေါက်နေပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးလုံးတွေက ကိတ်မုန့်အပိုင်းအစ တစ်ခုသာသာပဲ ဖြစ်ပြီးတော့ သူတော်စင် အဆင့်မှော်ဆေးလုံးတွေတောင်မှ အရေးမကြီးပါဘူး။ သူရဲ့ယခင်ဘဝတုန်းက လင်းဟန်အနေနဲ့ မှော်ဆေးပညာမှာ ဖမ်းဆုပ်နိုင်ခဲ့တဲ့ အဆင့်ကို

စဉ်းစားကြည့်မယ်ဆိုရင် စစ်မှန်တဲ့ တန်ခိုးရှင်အဆင့် မှော်ဆေးလုံးကို ဖော်စပ်ခိုင်းမယ် ဆိုရင်တောင်မှ သူ့မှာ တန်ခိုးရှင်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်စွမ်းတောင် ရှိပါတယ်။

"ဟော့ဟော့ဟော့ ငါပဲ အမြင်တွေ မှားနေတာလား။ အစောတုန်းက သူရဲ့မျက်လုံးတွေ မှိတ်လိုက်တယ်လို့ ဘာကြောင့် ငါခံစားနေရတာလဲ"

"လခွမ်း ငါလည်းအတူတူပဲ"

"လပြွတ်ပဲ။ ဒီကောင်က လူထူးလူးဆန်း တစ်ယောက် ဒါမှမဟုတ် တစ်ခုခုများလား။ သူက အမှန်တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးလုံးကို ဖော်စပ်နေတဲ့ အချိန်မှာတောင် ဂရုမစိုက်ပဲ နေနိုင်တယ်ပေ့ါလေ ဟုတ်လား"

ပရိသတ်တွေ အားလုံးပဲ အံ့အားသင့်စွာနဲ့ ဆူညံပွက်လော ရိုက်ကုန်ပါတယ်။ သူတို့တွေက တကယ်ပဲ လင်းဟန်ရဲ့ အပြုအမူကြောင့် အံ့အားသင့်နေကြတာပါ။

လင်းဟန်ရဲ့ လှုပ်ရှားမှုတွေက ပိုပြီးတော့ ကျွမ်းကျင်မှုတွေ

ပြည့်ဝပြီး တိုးလာခဲ့ပါတယ်။ သူရဲ့ လက်ချောင်းတွေမှာ ကိုယ်ပိုင်အသက်တစ်ခု ရှိနေသလိုမျိုး ပါဝင်ပစ္စည်းကိုယ်စီရဲ့ ပြိုင်ဘက်ကင်းတဲ့ အဆီအနှစ်တွေကို လွယ်ကူစွာနဲ့ ရစ်ပတ်ပြီး လှုပ်ရှားမှုတွေက သက်တောင့်သက်သာနဲ့ စိတ်အေးလက်အေး အမှုအရာနဲ့ လုပ်ဆောင်နေပါတယ်။

ကန့်သတ်ထားတဲ့ အချိန်သုံးရက်ကလည်း နီးကပ်လာခဲ့ပြီး မှော်ဆေးကျိုအိုးထဲကနေ အစီအရင် ပုံစံတွေက ပိုပိုပြီးတော့ စီးထွက်လာခဲ့ပါတယ်။ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရုံနဲ့ မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင်တွေရဲ့ မျက်နှာတွေက အစိမ်းရောင် ပြောင်းလဲသွားတာကို မြင်တွေ့နိုင်ဖို့ လုံလောက်ပါတယ်။ လင်းဟန်ကတော့ လုံးဝကို အာရုံမစိုက်ပါဘူး။ သူရဲ့လက်ချောင်း လှုပ်ရှားမှု အမြန်နှုန်းက စနစ်တကျရှိပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် တည်ငြိမ်တဲ့ အမူအရာ ရှိပါတယ်။

ထန်ဇီမင်းက နောက်တစ်ကြိမ် ပြန်ရောက်လာခဲ့ပြီး ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ သူရဲ့ အမူအရာက မည်းမှောင်သွားပါတယ်။ တကယ်လို့ လင်းဟန်က နောက်တစ်ဆင့်မှာ ကျဆုံးခဲ့မယ် ဆိုရင်တောင် ဒီလိုမျိုး ရပ်တည်မှုက တကယ်ပဲ ကောင်းကင်အဆင့်နဲ့ နီးစပ်ပါတယ်။

အသက်ဆယ့်ရှစ်နှစ်နဲ့ ကောင်းကင်တစ်ပိုင်းအဆင့် မှော်ဆေးပညာရှင်။ ဒါက အရမ်းကို ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

နောက်ဆုံးတော့ လင်းဟာန်က ပုံစံတစ်ခုချင်းစီကို မှော်ဆေးကျိုအိုးထဲကို ဖိအားပေး ပြန်ထည့်သွင်း လိုက်ပြီး နောက်ထပ် မထွက်လာတော့ပါဘူး။ ဒီတစ်ကြိမ်တော့ သုံးရက်အချိန်က ကုန်ဆုံးဖို့ နီးကပ်လာခဲ့ပါပြီ။

ဂုန်း။

ရုတ်တရက် ကြည်လင်နေတဲ့ ကောင်းကင်ရဲ့ အလယ်မှာ အနက်ရောင် တိမ်တိုက်တစ်ခုက ပေါ်ထွက်လာခဲ့ပါတယ်။ တိမ်တိုက်ရဲ့ အတွင်းမှာ လုံးဝကို သတိပေးခြင်း မရှိပဲနဲ့ မိုးကြိုးလျှပ်စီးတွေက တစ်ခုနဲ့တစ်ခု နီးကပ်စွာ လင်းလက်တောက်ပနေပြီး ကျယ်လောင်စူးရှပြီး နားမခံသာနိုင်တဲ့ မိုးခြိမ်းသံတွေကို ပေးနေပါတယ်။

"ပြောကြတာတော့ ကောင်းကင်အဆင့် မှော်ဆေးလုံး တစ်ခုကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ရင် မိုးကြိုးလျှပ်စီး ဒုက္ခဒဏ်တစ်ခုက အဲဒီပေါ်ကို

မှော်ဆေးကျိုးအိုးကနေ မှော်ဆေးလုံး ထွက်ခွာသွားမှာကို တားဆီးတဲ့အနေနဲ့ ကျဆင်းလာလိမ့်မယ်တဲ့”

“ဒါက လင်းဟန်အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးလုံးတွေကို အောင်အောင်မြင်မြင်နဲ့ တကယ်ကြီး ဖော်စပ်နိုင်တယ်လို့ ဆိုလိုတာလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး မိုးကြိုးလျှပ်စီး ကပ်ဘေးတစ်ခုကို ဖြစ်ပေါ်လာဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိဘူးလေ”

“ဒါပေမဲ့လည်း ဒါက အရမ်းကို အခက်ခဲဆုံး ခြေလှမ်းလည်း ဖြစ်တယ်။ တကယ်လို့ မှော်ဆေးလုံးတွေ ဖော်စပ်တာ စံချိန်မမီဘူးဆိုရင် မိုးကြိုးလျှပ်စီး ကပ်ဘေးကြောင့် ဖုန်မှုန့် အဖြစ်ကို ပြောင်းလဲသွားလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ အဲဒီဆေးလုံးတွေက အဆင့်မီတယ် ဆိုရင်တော့ ဆေးလုံးတွေက မိုးကြိုးကပ်ဘေးထဲက ကောင်းကင်တာအိုရဲ့ စွမ်းအားတွေကို စုပ်ယူပြီးတော့ ကောင်းကင်အဆင့်ရဲ့ အာနိသင်တွေ ပိုင်ဆိုင်လာလိမ့်မယ်”

“တကယ်လို့ နတ်အသွင်ပြောင်းလဲခြင်း အဆင့် ကျင့်ကြံသူတွေက ကောင်းကင်အဆင့် မှော်ဆေးလုံး တစ်လုံးကို ဂါးမျိုလိုက်မယ်ဆိုရင် သူတောင်မှ

ပေါက်ကွဲထွက်သွားပြီး သေသွားနိုင်တယ်။ သူ့အနေနဲ့ ဘယ်လိုမှ ကောင်းကင်တာအိုရဲ့ စွမ်းအားကို ကြံ့ကြံ့ခံနိုင်စရာ နည်းလမ်းမရှိဘူး”

“ဒါပေမဲ့ ငါတို့လည်း ဒီမိုးကြိုးကပ်ဘေးရဲ့ အကျိုးသက်ရောက်မှုကို ခံစားရမလား”

သူတို့ရဲ့ အမူအရာတွေက အတော်လေးကို မည်းမှောင်သွားခဲ့ပါတယ်။ သူတို့အနေနဲ့ ဒါကို အရင်တုန်းက အတွေ့အကြုံ တစ်ခါမှ မရှိဖူးခဲ့ပါဘူး။ သူတို့အနေနဲ့ တစ်ခါမှ လုပ်ဆောင်နေတဲ့ နေရာမှာ မျက်မြင်ကြုံတွေ့တာ မရှိခဲ့ပဲ တစ်ဆင့်စကား တစ်ဆင့်နားပဲ ကြားခဲ့ဖူးတာပါ။

“နောက်ဆုတ် နောက်ကိုဆုတ်ကြ”

ကုန်းရန်ထျန်းစွန်းရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ မြေကမ္ဘာ အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ သူက မှော်ဆေးကျိုအိုးထဲကနေ ကောင်းကင်အဆင့် မှော်ဆေးလုံး ထွက်လာတော့မဲ့ အခိုက်အတန့်ကို သတိပြုမိပါတယ်။ မိုးကြိုးကပ်ဘေး တစ်ခုက ကျဆင်းလာပါလိမ့်မယ်။ ဒီနေရာမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေစရာ အကြောင်းလုံးဝ

မရှိပါဘူး။

သူတို့အားလုံးပဲ နေရာအနှံ့ကို အလျင်အမြန်ပဲ ထွက်ပြေးကြပါတယ်။ အားလုံးက အခုဆိုရင် လင်းဟန်က တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးလုံးတွေကို ဖော်စပ်တာကို သေချာသွားခဲ့ပါပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မိုးကြိုးလျှပ်စီး ကပ်ဘေးတစ်ခုကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ခေါ်နိုင်စရာအကြောင်း ရှိမှာလဲ။ အဲဒီနောက်မှာ မှော်ဆေးလုံးက မိုးကြိုးလျှပ်စီး ကပ်ဘေးကို ကြံ့ကြံ့ခံနိုင်သရွေ့ လင်းဟန်က စစ်မှန်တဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ ဆေးလုံးတွေက မိုးကြိုးရဲ့ အစွမ်းကို ခံနိုင်ရည် မရှိဘူးဆိုရင်တောင်မှ သူက ကောင်းကင်တစ်ပိုင်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် သတ်မှတ်ယူဆဖို့ အဆင့်မီနေဆဲပဲ ဖြစ်ပါတယ်။

အကြီးအကဲရှီနဲ့ ကျိုးကုန်းဖန်ရဲ့ မျက်နှာတွေက အနည်းငယ် အစိမ်းရောင် သန်းသွားခဲ့ပါတယ်။ သူတို့ထဲက တစ်ယောက်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဖြစ်ပြီးတော့ ကျန်တဲ့ တစ်ယောက်က ပန်းဖူးအဆင့် ဆိုပေမဲ့ တကယ်လို့ သူတို့က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်

တစ်ယောက်ကို တကယ်ဆန့်ကျင်မိခဲ့ရင် ချက်ချင်းဆိုသလိုပဲ တခြားသူတွေက သူတို့ကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင်လုပ်ပစ်ပြီး အရိုးတောင်မှ ကျန်လိမ့်မယ် မထင်ပါဘူး။

ဒီနေရာမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူတို့အတွက် မှော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ တောင်းဆိုမဲ့ လူအရေအတွက် အများအပြားကို ရှိပါတယ်။ ပြီးတော့ အဲဒီထဲမှာ ကောင်းကင်အဆင့်နဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင်တွေတောင်မှ ပါဝင်ကြပါတယ်။ ဒီစစ်မှန်တဲ့ လက်ရွေးစင်တွေရဲ့ အရှေ့မှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ဆိုတာ ထည့်တွက်လို့ ရနိုင်မှာလား။ တကယ်လို့ ဒီနေရာမှာ သူတို့ကို တားဆီးဖို့ ကန့်သတ်ချက်တစ်ခု ရှိနေရင်တောင်မှ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတွေကို အကြီးအကျယ် အားနည်းပြီး လင်းဟာန်က စူးစူးဝါးဝါးနဲ့ အော်ဟစ်မယ် ဆိုရင်တောင်မှ ဒီနေရာကို ရောက်အောင်လာကြပါလိမ့်မယ်။ ဒါက မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ ရှိတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေ အားလုံး သူ့ရဲ့အမိန့်ကို နာခံစေဖို့ အာမခံနိုင်ပါတယ်။

သူ့အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်စရာတောင်မလိုပဲ ကောင်းကင်တစ်ပိုင်းအဆင့် မှော်ဆေးပညာရှင် ဖြစ်ရင်ပဲ လုံလောက်ပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက ကောင်းကင်အဆင့် မှော်ဆေးလုံးကို မလိုအပ်ပါဘူး။ မြေကမ္ဘာအဆင့် မှော်ဆေးလုံးတွေကပဲ ပိုပြီးတော့တောင် လုံလောက်ပါလိမ့်မယ်။

အပိုင်း(၄၅၆) ကောင်းကင်အဆင့် မှော်ဆေးပညာရှင် လင်းဟန်

ထန်ဇူမင်းရဲ့ မျက်နှာက ကြွက်သားတွေက အရှုံးအမူးကို တွန့်လိမ်နေတယ်လို့ ခံစားနေရပါတယ်။ တကယ်လို့ လင်းဟန်က ကျရှုံးသွားခဲ့ရင်တောင်မှ ကောင်းကင်တစ်ပိုင်းအဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ဘယ်သူကမှ ထိပ့်မှာမဟုတ်ဘူး ဆိုတာကို သူနားလည်ထားပါတယ်။ တကယ်လို့ သူရဲ့အဘိုးကိုယ်တိုင် ဒီနေရာမှာ ရှိမယ်ဆိုရင် သူ့အနေနဲ့ လင်းဟန်ကို မြင့်မြင့်မားမား စဉ်းစား ပေးပါလိမ့်မယ်။

အသက်ဆယ့်ရှစ်နှစ် ကောင်းကင်တစ်ပိုင်း မှော်ဆေးပညာရှင် တစ်ယောက်။ သူက စစ်မှန်တဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာ တစ်ယောက်ဖြစ်လာဖို့ မဝေးတော့ဘူး မဟုတ်လား။

ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လူထူးလူဆန်းတစ်ယောက် ရှိနေရတာလဲ။ ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အတန်းတစ်ခုကို အသက်ဝင်အောင်လို့ ဘယ်လိုများ ခွင့်ပြုလိုက်သလဲ။

ကျုံးရွှမ်အာတစ်ယောက်ပဲ သူမရဲ့ လှပတဲ့ မျက်လုံးတွေက အရောင်တွေ လင်းလက်တောက်ပလို့ နေပါတယ်။ လင်းဟန်က မှော်ဆေးပညာမှာ အရမ်းကို ထူးချွန်ပြောင်မြောက်တဲ့ ပါရမီကို ပိုင်ဆိုင်ထားတယ် ဆိုတာကို သူမသိပါတယ်။ ဒါပေမဲ့ သူကတကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ လုံးဝမမျှော်လင့်ထားပါဘူး။ ဒါက သူမအတွက် အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ရောမ ကျေနပ်စရာ ကောင်းပါတယ်။

လင်းဟန်က မှော်ဆေးကျိုအိုး ကောက်ယူပြီးတော့ အပြင်ကိုထွက်လာခဲ့ပါတယ်။ သူရဲ့မျက်လုံးတွေနဲ့

တစ်ချက်ငေ့ကြည့်လိုက်ပြီး မြေကွက်လပ်မှာ လူတွေရှင်းနေတာကို မြင်လိုက်ရတော့ အလျင်အမြန်ပဲ အဲဒီနေရာကို ပြေးသွားခဲ့ပါတယ်။

အားလုံးက သူ့မှာရှိတဲ့ မှော်ဆေးလုံးတွေနဲ့ ပတ်သက်ပြီး အားလုံးသဘောပေါက် ထားကြပါတယ်။ ဒီနေရာမှာ မိုးကြိုးလျှပ်စီး ကပ်ဘေးကို ကြံ့ကြံ့ခံဖို့ ဖြစ်ပြီး ဒါကြောင့် သူ့အနားမှာ ပိုင်းပြီးတော့ စုစည်းပြီး အသေအချာကို စောင့်ကြည့်နေကြပါတယ်။

လင်းဟန်က သူသွားမဲ့ နေရာကို ရောက်သွားခဲ့ပါပြီ။ သူရဲ့ညာဘက်လက်နဲ့ မှော်ဆေးကျိုအိုးရဲ့ အဖုံးကို ရုတ်တရက် ဆွဲဖွင့်လိုက်ပြီး ကျောက်စိမ်းလိုမျိုး ဆေးလုံးသုံးလုံးက ရုတ်တရက် ဆေးကျိုအိုးထဲကနေ ခုန်ထွက်လာပြီး သူတို့ကိုယ်ပိုင် အသက်ရှိနေသလိုမျိုး မတူညီတဲ့ ဦးတည်ရာတွေကို ပျံသန်းသွားပါတယ်။

ဒါပေမဲ့ အဲဒီအချိန်နဲ့ ကွက်တိဆိုသလိုပဲ မိုးကြိုးလျှပ်စီးက နည်းနည်းလေးမှ အသိမပေးပဲ ပစ်ချလိုက်ပါတယ်။

ခလွမ်း။

မိုးကြိုးလျှပ်စီး သုံးခုက တစ်ပြိုင်နက်တည်း ပစ်လွှတ်လိုက်ပါတယ်။ ဒီမိုးကြိုးသုံးခုက မှော်ဆေးလုံး သုံးခုကို ပစ်လွှတ်လိုက်ပြီး ထန် ထန် ထန် ဆိုတဲ့ အသံနဲ့အတူ မှော်ဆေးလုံးသုံးလုံးစလုံး ချက်ချင်းပဲ လေထဲကနေ ကျဆင်းလာခဲ့ပါတယ်။ လင်းဟန်က ညင်ညင်သာသာနဲ့ လှုပ်ရှားလိုက်ပြီး တစ်လုံးစီ ဖမ်းယူလိုက်ပါတယ်။ ဒါပေမဲ့လည်း ဆေးလုံးသုံးလုံးထဲက တစ်လုံးက တန်းပြီးတော့ ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားပြီး ကျန်တဲ့နှစ်လုံးပဲ သူ့ရဲ့လက်ဝါးထဲကို ကျဆင်း လာခဲ့ပါတယ်။

ဒါကရိုးရိုး မူလပြန်လည်ခြင်း ဆေးလုံး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရိုးရိုး မိုးကြိုးလျှပ်စီး ကပ်ဘေး အမျိုးအစားကိုပဲ အများဆုံး ဆွဲဆောင်နိုင်ခဲ့တာပါ။ တစ်ချက်ပစ်လွှတ်လိုက်တာနဲ့ ပြီးဆုံးသွားခဲ့ ပါတယ်။ သူ့ရဲ့အရင်ဘဝတုန်းက တန်ခိုးရှင် တစ်ပိုင်းအဆင့် မှော်ဆေးလုံးကို ဖော်စပ်တုန်းက သူ့ကိုတောင် ထိမှန်လုနီးပါးဖြစ်တဲ့ အရောင်ကိုးခု နတ်ဘုရားမိုးကြိုးတစ်ခုကို ဆွဲထုတ်နိုင်ခဲ့ ပါတယ်။ သူကအဲဒါကို ပြန်စဉ်းစားလိုက်တဲ့ အခါမှာ အဲဒီအချိန်တုန်းက သူ့ရဲ့နှလုံးသားက လျှင်မြန်စွာနဲ့ ခုန်နေပြီးတော့ ထိတ်လန့်ကြောက်ရွံ့မှုကြောင့် သူ့ရဲ့မျက်နှာတောင် ဖြူဖပ်ဖြူရော် ဖြစ်သွားသလို ခံစားရပါတယ်။

သူက မူလပြန်လည်ခြင်း ဆေးလုံးနှစ်လုံးကို သူ့ရဲ့လက်တွေနဲ့ ဆုပ်ကိုင်ပြီးတော့ သူတို့ကို မြှောက်ပြလိုက်ပါတယ်။

မှော်ဆေးလုံးတွေက ဖုန်မှုန့်အဖြစ်ကို ပြောင်းမသွားခဲ့ပါဘူး။

သူအောင်မြင်သွားခဲ့ပါပြီ။

နတ်ဘုရားတွေ။ အသက်ဆယ့်ရှစ်နှစ် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်။

လင်းဟန်က ဘယ်လိုအမျိုးအစား မှော်ဆေးလုံးကို ဖော်စပ်ခဲ့သလဲ ဆိုတာကို ဘယ်သူမှ မသိပေမဲ့ ဒီဆေးလုံးနှစ်လုံးက ကောင်းကင်အဆင့် မှော်ဆေးလုံးတွေ ဖြစ်တယ်ဆိုတာကို သိရတာပဲ သူတို့အတွက် လုံလောက်ပါပြီ။

"ရှိသေလေးစားစွာနဲ့ နှုတ်ခွန်းဆက်ပါတယ်။ ဂရန်းမာစတာလင်း"

မှော်ဆေးပညာရှင်တွေ အားလုံးပဲ

ဒူးထောက်လိုက်ကြပါတယ်။ ကုန်းရန်ထျန်းစွန်းတောင်မှ ခြွင်းချက်မရှိ ဒူးထောက်ပြီး သူရဲ့မျက်လုံးတွေထဲမှာ မီးတွေတောက်လောင်နေပါတယ်။

နတ်ဘုရားတွေ နောက်ဆုံးတော့ မြောက်ပိုင်းဒေသမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ထွက်ပေါ်လာခဲ့ပါပြီ။ နောက်ပြီးတော့ စံချိန်ကို ချိုးပြီး အသက်ဆယ့်ရှစ်နှစ် အရွယ် လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်လုံး ဘယ်အချိန်မှာမဆို ဒီလိုမျိုး အောင်မြင်မှုနဲ့ ဘယ်သူက နိုင်းယှဉ်နိုင်မှာလဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း အချိန်လောက်က မှော်ဆေးကေရာဇ် တစ်ယောက်အဖြစ် သတ်မှတ်ထားတဲ့ လင်းဟာန်တောင်မှ ဒီလိုမျိုး ထူးခြားတဲ့ ကံကြမ္မာတစ်ခုနဲ့ မျက်နှာချင်းဆိုင်ရမယ်ဆိုရင် အရှုံးပေးသွားရပါလိမ့်မယ်။

ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ။ မတူညီတဲ့ မျိုးဆက်နှစ်ခုက မှော်ဆေးပညာရဲ့ ပါရမီရှင် နှစ်ယောက်စလုံးရဲ့ နာမည်က လင်းဟာန်ဖြစ်နေပြီး ဒါက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်တဲ့ တိုက်ဆိုင်မှုတစ်ခုလဲ။

အကြီးအကဲရှီလည်း ဒူးထောက်လိုက်ပါတယ်။

ကျိုးကုန်းဖန်က အနည်းငယ် တုံ့ဆိုင်းပြီးမှ သူလည်းပဲ ဒူးထောက်လိုက်ပါတယ်။ ထန်ဇီမင်း တစ်ယောက်ပဲ ထိတ်လန့်ကြောက်ရွံ့ပြီး တုန်လှုပ်နေပါတယ်။

နတ်ဘုရားတွေ သူကတကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ပစ်ဖို့နဲ့ ဒဏ်ရာအနာတရ ဖြစ်အောင်လို့ တစ်စုံတစ်ယောက်ကို အမိန့်ပေးခဲ့တယ်။ တကယ်လို့ သူရဲ့အဘိုးဖြစ်သူ ဒီနေရာမှာ ရှိနေမယ် ဆိုရင်တောင် သူ့ကိုကယ်တင်နိုင်စရာ အကြောင်းလုံး၀ မရှိပါဘူး။

သူတော့သွားပြီ။ လုံး၀ကို သွားလိုက်ပြီ။

သူက အရမ်းကို ကြောက်ရွံ့ထိတ်လန့်နေပြီး သူရဲ့ဒူးတွေက တဆတ်ဆတ်နဲ့ တုန်လို့နေပါတယ်။ သူက အလယ်ပိုင်းဒေသကို ထွက်ပြေးပြီး ထန်အိမ်တော်ထဲမှာ ပုန်းနေပြီးတော့ ဘယ်တော့မှ ပြန်မထွက်ပဲ နေချင်ပါတယ်။ ဒါပေမဲ့ သူရဲ့ခြေထောက်တွေက ပေါင်တစ်သောင်းလောက် လေးလံနေသလိုမျိုး ခံစားရပြီး ခြေတစ်လှမ်းမှတောင် မလှမ်းနိုင်တော့ပါဘူး။

လင်းဟန်က မူလပြန်လည်ခြင်း ဆေးလုံးနှစ်လုံးကို

သိမ်းထားလိုက်ပါတယ်။ သူ့အနေနဲ့ ဒီဆေးလုံးတွေကို မြောက်ပိုင်းဒေသမှာ ရောင်းချလို့ မရပါဘူး။ သူ့အနေနဲ့ တခြားနယ်မြေ သုံးခုနဲ့ အလယ်ပိုင်းဒေသကို သွားတဲ့အထိ စောင့်ဆိုင်းရပါမယ်။ သူက ထန်ဇီမင်းဆီကို လှည့်သွားခဲ့ ခုန်လာလိုက်ပါတယ်။ ထန်ဇီမင်းက သူ့ကို အရမ်းပဲ ကြောက်ရွံ့ထိတ်လန့်နေပြီး သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံး ဆိုးဆိုးဝါးဝါးကို တုန်လှုပ်လို့နေပါတယ်။

ဒီအချိန်မှာ တကယ်လို့ လင်းဟန်က သူ့ကိုသေအောင်လို့ ရိုက်သတ်ပစ်မယ် ဆိုရင်တောင် သူဘယ်နားမှာပဲ ရပ်နေနေ ဘယ်သူကမှ စကားတစ်ခွန်းမှ ဆိုပွဲကြလိမ့်မှာ မဟုတ်ပါဘူး။

ဒီကမ္ဘာကြီးထဲမှာနဲ့ ဒီခေတ်မှာ လင်းဟန်အပေါ်မှာ ထိန်းချုပ်ဖို့ ကြိုးစားနိုင်စွမ်း ရှိသူဆိုလို့ တခြား ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်ပဲ ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက် စလုံးက အလယ်ပိုင်းဒေသမှာ ဖြစ်ပြီးတော့ အကူအညီတောင်းဖို့ အရမ်းကို ဝေးကွာလွန်းပါတယ်။

ဒုန်း။

ထန်ဇီမင်က ဒူးထောက်ချလိုက်ပြီး ရှိုက်ငိုပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ချမ်းသာပေးပါ ဂရန်းမာစတာလင်း။ ကျနော့်တောင်းပန်ပါတယ်။ ကျနော်ကို ချမ်းသာပေးပါ ဂရန်းမာစတာလင်း"

အဖြစ်အပျက်တွေက အလျင်အမြန်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ ကြောက်ရွံ့ထိတ်လန့်ပြီး သူရဲ့ဇဂနညာဏ်တွေတောင်မှ လုံးဂကို ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က အရှေ့ကို တိုးလာပြီး ချက်ချင်းပဲ သူ့ကို ရိုက်နက်ဆုံးမလိုက်ပါတယ်။ ဒါက သူ့အနေနဲ့ သတ်ပစ်ချင်စိတ် လုံးဂမရှိဘူးလို့ ဆိုလိုတာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒီလိုမျိုး ဒုက္ခခံစရာ အကြောင်းမရှိပါဘူး။ တကယ်လို့ သူက ထန်ဇီမင်းကို တကယ်သတ်ပစ်ချင်ရင် သူရဲ့ဓားကို ပေ့ယမ်းလိုက်ဖို့ပဲ လိုအပ်တာ ဖြစ်ပြီးတော့ အဲဒါဆိုရင် အရာအားလုံး ပြီးဆုံးသွားပါပြီ။ ဒါပေမဲ့လည်း ဒီကောင်က သူတပည့်ဖြစ်သူရဲ့ သားစဉ်မြေးဆက် ဖြစ်ပြီးတော့ ဒါကြောင့် သူက တွေးခေါ်စဉ်းစားတတ်ဖို့ ပညာပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားခဲ့ပါတယ်။

လူတွေအားလုံးပဲ အံ့အားသင့်ပြီးတော့ မှင်တက်ကုန်ကြပါတယ်။ တော်ဂင်အဆင့်အတန်းရှိတဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်ထဲက ဘယ်သူကများ ဒီလိုမျိုး ပြင်းပြင်းထန်ထန် ရက်စက်ကြမ်းကြုတ်သလဲ။ သူကတကယ်ပဲ ထန်ဇီမင်းကို လူပုံအလယ်မှာ ရိုက်နှက်ဆုံးမနေပါတယ်။ သူရဲ့အပြုအမူတွေက သာမန်လူရမ်းကားတွေနဲ့ ဘာများကွာခြားတော့မှာလဲ။

လင်းဟန် အစောတုန်းက တည်ဆောက်ထားတဲ့ ခန့်ညားထည်ဝါတဲ့ ပုံရိပ်က ချက်ချင်းဆိုသလို ပြိုလဲသွားခဲ့ပါတယ်။ သူရဲ့ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် အဟန့်အတားကတော့ နည်းနည်းလေးမှ မလျော့ပါးသွားခဲ့ပါဘူး။ သူက သူတို့တွေ အားလုံးရဲ့ အာရုံစိုက်ပြီး ကြည်ညိုလေးစား အားကျအထင်ကြီးရတဲ့ တည်ရှိမှု တစ်ခုအဖြစ် ရှိနေဆဲ ဖြစ်ပါတယ်။

လင်းဟန်က အားရကျေနပ်တဲ့အထိ ရိုက်နှက်ဆုံးမပြီးတဲ့နောက်မှာတော့ သူက ရပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ပေးစမ်း"

ထန်ဇီမင်က ပထမတော့ အံ့အားသင့်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူကအသက်ရှင်လျက် ရှိနေဆဲပဲ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ ပြီးတော့ သူက ငတုံးတစ်ယောက် မဟုတ်ပါဘူး။ အစောတုန်းက သူကကြောက်ရွံ့မှုကြောင့် တုံးအသွားခဲ့တာပါ။ အခု သူကဒီအကြောင်းကို စဉ်းစားလိုက်တဲ့ အခါမှာ လင်းဟန်က သူ့ကို ရိုက်နက်ဆုံးမဖို့ပဲ ဆန္ဒရှိနေတာ ဖြစ်ပြီးတော့ သူ့ကို သတ်ပစ်ဖို့ ဆန္ဒလုံးဝမရှိပါဘူး။ သူ့အနေနဲ့ ဘဝအသစ်တစ်ခုကို ရရှိလိုက်သလိုမျိုး အကြီးအကျယ် ကျေနပ်ပျော်ရွှင်သလို ခံစားလိုက်ရပါတယ်။

သူကအလျင်အမြန်ပဲ သူရဲ့သိုလှောင်လက်စွပ်ထဲက အရွက်ကိုးခု အနက်ရောင်ဆေးပင်ကို ထုတ်ပြီးတော့ လင်းဟန်ကို ပေးလိုက်ပါတယ်။ အဲဒီနောက် သူကပြောလိုက်ပါတယ်။

"ကျနော် တောင်းပန်ပါတယ် ဂရန်းမာစတာလင်း။ ဒီဆေးပင်က ကျနော့်ရဲ့ အဘိုးက ဆေးလုံးဖော်စပ်နေဆဲ တန်းလန်းမှာ လိုအပ်တဲ့ မှော်ဆေးလုံးတစ်မျိုးရဲ့ ပါဝင်ပစ္စည်း တစ်ခု ဖြစ်နေလို့ ကျနော်က ဂယ်ယူခဲ့မိတာပါ"

"ဟင့် မင်းအတွက်တော့ မင်းရဲ့ အဘိုးနာမည်ကို

အသုံးပြုမယ်ဆိုရင် မရှားပါးပါဘူး။ ဟုတ်တယ်မလား”

လင်းဟန်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

ထန်ဇီမင်းရဲ့ နှလုံးသားက တုန်လှုပ်သွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ အသံထဲမှာ မကျေမနပ် ဖြစ်နေတာကို ကြားနိုင်ပြီးတော့ အလျင်အမြန်ပဲ တောင်းပန်လိုက်ပါတယ်။

“ကျနော့်ရဲ့ အပြုအမူ အကျင့်တွေကို သေချာပေါက် ပြောင်းလဲပစ်ပါမယ်။ ကျနော် နောက်တစ်ကြိမ် မလုပ်ပုံတော့ပါဘူး”

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး လက်ညှိုးတစ်ချောင်းနဲ့ ထန်ဇီမင်းရဲ့ ဒန်တန်အပေါ်ကို ဖိနှိပ်လိုက်ပါတယ်။

“ဂရန်းမာစတာလင်း ကျနော်ကို ဘာများလုပ်လိုက်တာလဲ”

ထန်ဇီမင်းက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ သူရဲ့ခန္ဓာကိုယ်ထဲမှာ ထူးထူးခြားခြား ဖြစ်သွားတာမျိုး မခံစားရပါဘူး။ ဒါပေမဲ့ လင်းဟန်က သူ့ကို ဘာအကြောင်းပြချက်မှ မရှိပဲနဲ့ တောက်လိမ့်မယ်လို့

မယုံကြည်ပါဘူး။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို ယောက်ျားတစ်ယောက် မဖြစ်အောင် လုပ်လိုက်တာပါ"

"အား"

ထန်ဇီမင်းက ထိတ်လန့်တုန်လှုပ်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူက အမျိုးသမီးတွေရဲ့ ဆွဲဆောင်နိုင်မှုကို မယုံနိုင်လောက်အောင် နှစ်သက်မြတ်နိုးပါတယ်။ ဒါကြောင့် တကယ်လို့ ယောက်ျားတစ်ယောက်ရဲ့ စွမ်းရည်တွေ ဆုံးရှုံးသွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ အသက်ရှင်နေလို့ ဘာထူးတော့မှာလဲ။

"မဟုတ်ဘူး"

သူကအံကိုကြိတ်ပြီး အော်ဟစ်ငိုယိုလိုက်ပါတယ်။

"မဟုတ်ဘူး မဟုတ်ဘူး။ ငါယောက်ျားတစ်ယောက်

ဖြစ်ချင်တယ်။ ယောကျ်ားတစ်ယောက် ဖြစ်ချင်တယ်"

"ပါးစပ်ပိတ်ထားစမ်း"

လင်းဟန်က သူ့ကို တစ်ချက် ရိုက်လိုက်ပါတယ်။

"မင်းအတွက်တော့ ယောကျ်ားတစ်ယောက် ပြန်ဖြစ်ဖို့ အခက်အခဲ ရှိလိမ့်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒါကနောက်ပိုင်း မင်းရဲ့ အပြုအမူအပေါ်မှာ မူတည်တယ်"

ထန်ဇီမင်က သူရဲ့ခေါင်းကို လေတိုက်ခတ်ခြင်းကို ခံရတဲ့ ကြက်သွန်မြိတ် ရိုးတံတွေလိုပဲ ထပ်ခါထပ်ခါနဲ့ ခေါင်းညိတ်လိုက်ပြီး ပြောပါတယ်။

"ကျနော် သေချာပေါက် ကောင်းကောင်း ဆောင်ရွက်ပါမယ်။ ကျနော် သေချာပေါက် ကောင်းကောင်း လုပ်ပေးပါ့မယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်တော့ ကြည့်ရသေးတာပေါ့"

ထန်ဇီမင်းက စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။

သူ့အနေနဲ့ ယောကျ်ားတစ်ယောက်ရဲ့ စွမ်းရည်ကို ချက်ချင်းပဲ ပြန်လည်ရရှိဖို့ မျှော်လင့်နေခဲ့တာပါ။ ဒါပေမဲ့ သူ့အနေနဲ့ လင်းဟန်ကို သူ့အပေါ်က အတားအဆီးကို ဖြေလျော့ပေးဖို့ အတင်းအကျပ် တောင်းဆိုနိုင်မှာလား။ သူ့အနေနဲ့ မျက်ရည်ကျအောင် ငိုချင်ပေမဲ့ မျက်ရည်မရှိပါဘူး။ တကယ်လို့ ဒီလိုမျိုးဖြစ်လာလိမ့်မယ် ဆိုတာကို သိခဲ့မယ်ဆိုရင် အလယ်ပိုင်းဒေသကို လွှန်ခဲ့တဲ့ နှစ်ရက်လောက်ကတည်းက ပြန်ပြီးတော့ ထွက်ပြေးပါလိမ့်မယ်။ သူ့အနေနဲ့ လင်းဟန်နဲ့ ပြဿနာ ရှိတော့မှာ မဟုတ်ပါဘူး။

လင်းဟန်က ဒီလိုမျိုး အသေးစိတ် ပြင်ဆင်ထားတာမျိုး လုပ်ထားလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။ သူ့မှာ ကောင်းကင်အဆင့် ကျွမ်းကျင်မှု အမှန်တကယ် ရှိနေတာ သိသာထင်ရှား ပါရဲ့နဲ့ မြေကြီးမှာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ နေရာမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလိုမျိုး နေနေတာက သူ့ကို အရမ်းကိုကြီးမားတဲ့ သံမဏိချောင်းကြီးကို ခြေထောက်နဲ့ ကန်လိုက်သလိုမျိုး ဖြစ်စေခဲ့ပါတယ်။ သူ့အနေနဲ့ အခုဆိုရင် အရမ်းကို မားယွင်းသွားခဲ့ပြီ ဆိုပြီးတော့ ထိတ်လန့်ကြောက်ရွံ့ ခံစားနေရပါတယ်။

ဒါပေမဲ့လည်း ဒီအချိန်မှာတော့ သူ့အနေနဲ့ စောဒက နည်းနည်းလေးမှတောင် မတက်ပံ့ပါဘူး။ အခု သူလုပ်နိုင်တဲ့ တစ်ခုတည်းသော အရာကတော့ လိမ်လိမ်မာမာနဲ့ ရပ်နေဖို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က အရွက်ကိုးခု အနက်ရောင် ဆေးပင်ကို ရရှိခဲ့ပြီးတဲ့နောက်မှာ သူက အရမ်းကို ကောင်းမွန်တဲ့ စိတ်သဘောထား အခြေအနေမှာ ရှိနေခဲ့ပါတယ်။ သူကပြောလိုက်ပါတယ်။

"ငါသွားတော့မယ်"

အဲဒီနောက် သူက မြောက်ပိုင်းဆေးစံအိမ်ကနေ ထွက်သွားဖို့ ကြံစည်လိုက်ပါတယ်။

"ဂရန်းမာစတာလင်း"

မရေတွက်နိုင်တဲ့ မှော်ဆေးပညာရှင်တွေ စုစည်းပြီးတော့ သူ့ကို ပိုင်းရံလိုက်ပါတယ်။ နတ်ဘုရားတွေ သူတို့က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ဘယ်တုန်းကမှ မမြင်တွေ့ဖူးခဲ့ပါဘူး။ ဒါကြောင့် သူတို့က အချိန်နည်းနည်းလောက် ပိုကြာပြီး သူ့ကိုကြည်ညိုချင်

ပါသေးတယ်။

အဲဒီအချိန်မှာ အကြီးအကဲရှိနဲ့ ကျိုးကုန်းဖန်တို့ နှစ်ယောက်စလုံး လင်းဟန်ရဲ့ အရှေ့မှာ ဒူးထောက်လိုက်ပြီး ခွင့်လွှတ်ဖို့ တောင်းဆိုလိုက်ကြပါတယ်။

"ဂရန်းမာစတာလင်း ကျေးဇူးပြုပြီးတော့ ကျနော်တို့ရဲ့ အစောပိုင်းတုန်းက အပြုအမူတွေအတွက် ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်"

ဘယ်သူကမှ သူတို့ရဲ့ ဂုဏ်သိက္ခာတွေ နာမည်တွေ ထင်ပေါ်ကျော်ကြားမှုတွေကို ရှေ့တန်းမတင်ပံ့ပဲ သူတို့ကိုယ်သူတို ပြင်းပြင်းထန်ထန်နဲ့ ရိုက်လိုက်ပါတယ်။

သူတို့အနေနဲ့ ဒီနေရာမှာ ဘာမှလုပ်နိုင်တာ မရှိပါဘူး။ ဒါက ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ သုံးယောက်ပဲရှိပြီးတော့ သူတို့ရဲ့ အဆင့်အတန်းတွေက အဆုံးမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေနဲ့ တန်းတူရှိပါတယ်။ ဘယ်သူက ဒီလိုမျိုး တည်ရှိမှုကို အပြစ်ပြုပံ့မှာလဲ။

လင်းဟန်က စိတ်ဆိုးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အနောက်ကို မလိုက်ခဲ့နဲ့။ ငါ့မှာလုပ်စရာတွေ ရှိသေးတယ်။ မင်းတို့နှစ်ယောက်ကတော့ ငါ့ရဲ့စားသောက်ဆိုင်ကို သွားပြီးတော့ တစ်လလောက် အလုပ်လုပ်ရမယ်။ တကယ်လို့ မင်းတို့ရဲ့ လုပ်ဆောင်ချက်တွေက ကောင်းတယ်ဆိုရင် ရက်အနည်းငယ် အတွင်းမှာ ဖြစ်ပျက်ခဲ့သမျှကို ငါမေ့ပေးမယ်။ တကယ်လို့ မင်းတို့ ကောင်းကောင်း မလုပ်ဘူးဆိုရင်တော့ ဟဲဟဲ"

"ကျုပ်တို့သေချာပေါက် ကောင်းကောင်းဆောင်ရွက်ပါ့မယ်"

အကြီးအကဲရှီနဲ့ ကျိုးကုန်းဖန်တို့က ဆက်တိုက်ပဲ ကြေညာလိုက်ပါတယ်။ သူတို့ရဲ့ အမူအရာတွေက အံ့အားသင့်ပြီး ကျေနပ်ပျော်ရွှင်မှုတွေနဲ့ ပြည့်နှက်လို့နေပါတယ်။

အပိုင်း(၄၅၇) ကိစ္စတွေအားလုံးကို အစီအစဉ်ချခြင်း

ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်က နောက်ထပ်မှတ်တမ်း တစ်ခုကို ဖန်တီးခဲ့ပါပြီ။

အရင်တုန်းက ဒီနေရာမှာ ပါရမီရှင် အဆင့်ဇယားအပေါ်က အဖွဲ့သား နှစ်ယောက်က ဒီစားသောက်ဆိုင်ထဲမှာ အလုပ်လုပ်ခဲ့ပါတယ်။ ဒါကအရမ်းကို အုတ်အုတ်ကျက်ကျက် ဖြစ်စေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါရမီရှင် အဆင့်ဇယားပေါ်က ဒီလူတွေက သေချာပေါက် ပန်းဖူးအဆင့်ကို အဆင့်တက်နိုင်မဲ့ လူတွေပဲ ဖြစ်ပါတယ်။ အခုတော့ ပန်းဖူးအဆင့် အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ယောက်ကလည်း ဒီနေရာမှာ စားပွဲထိုးတစ်ယောက် အဖြစ်လုပ်ကိုင်ဖို့ ဆန္ဒရှိနေရုံတင်မက အစွမ်းထက်လှတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်က လက်ရွေးစင် တစ်ယောက်တောင်မှ အစားအသောက်တွေကို ချပေးတဲ့ ဘာမဟုတ်တဲ့ ကိစ္စလေးကို လုပ်ဆောင်ပေးနေခဲ့ပါတယ်။

အခုဒီနေရာမှာ သူတို့တွေ ပြောဆိုနေကြတာက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ပဲ ဖြစ်ပါတယ်။ မြောက်ပိုင်းဒေသထဲမှာ သိုင်းပညာမှာ အထွတ်အထိပ် တည်ရှိမှု တစ်ခုဖြစ်ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းတောင်မှ သံသယတချို့ ရှိနေပါလိမ့်မယ် ဟုတ်တယ်မလား။ သူတို့က ဆုလာဘ်နည်းနည်းမှ မရရှိပဲ တစ်ကြိမ်တည်းနဲ့ အရာအားလုံးကို အဆုံးရှုံးခံရမလား။ ဒါမှမဟုတ် သူတို့ရဲ့ ရန်သူကို နာကျင်အောင် ကြိုးစားပြီးတော့ နှစ်ဆတောင်

ဆုံးရှုံးခံရမှာလား။

သူတို့နှစ်ယောက်တင် မကပါဘူး။ ထန်ဇီမင်လည်း ကျိုးကျိုးနွံနွံနဲ့ ရောက်လာပြီးတော့ အလုပ်လုပ်နေပါတယ်။ ပြီးတော့ သူရဲ့အကြောင်းကို သိပ်မကြာခင်မှာ သိကုန်ကြပါတယ်။ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်။ ပြီးတော့ အလယ်ပိုင်းဒေသရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ထန်ဇီရှီရဲ့ သားစဉ်မြေးဆက် တိုက်ရိုက်ဆင်းသက်လာသူ။

လပြွတ်ပဲ။

ဒီသတင်းအချက်အလက်ကို သူတို့တွေ ကြားလိုက်ရတဲ့ အခါမှာ လူတိုင်းလူတိုင်းပဲ အံ့အားသင့်ကုန်ပြီးတော့ တအံ့တသြနဲ့ ပြောဆိုနေကြပါတယ်။ ဒါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့် အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ယောက်က စားပွဲထိုးတစ်ယောက် အနေနဲ့ အလုပ်လုပ်နေတာထက် ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းတဲ့အရာပဲ ဖြစ်ပါတယ်။ ထန်ကလန်ရဲ့ သခင်လေးမှာ ဘယ်လိုတော်ဂင်အဆင့်အတန်းမျိုးကို ပိုင်ဆိုင်ထားသလဲ။ မြောက်ပိုင်းဒေသရဲ့ မဟာဂိုဏ်းကြီးသုံးဂိုဏ်းနဲ့

ချိုင့်ပုမ်းတစ်ခုလို့ လူသိများထင်ရှားတဲ့ နေရာမှာတောင် သူ့စိတ်ကြိုက် လုပ်ဆောင်နိုင်ပါတယ်။ အစွမ်းထက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူတွေတောင်မှ သူ့ကိုလိုက်လျောပြီး သူတို့ရဲ့ခေါင်းတွေကို ဦးညွှန်ထားရ ပါလိမ့်မယ်။

အခုတော့ အဲဒီလိုမျိုး အဆင့်အတန်းရှိတဲ့ သူက ဒီနေရာမှာ လိမ်လိမ်မာမာနဲ့ စားပွဲထိုး တစ်ယောက်အဖြစ် အလုပ်လုပ်နေပါတယ်။

လပြွတ် လပြွတ် လပြွတ်ပဲပေါ့။

လင်းဟန်ကတော့ ဒါတွေအားလုံးကို လုံးဂကို စိတ်မဂင်စားပါဘူး။ သူက အစတုန်းက မိုးရေနိုင်ငံကို အလျင်စလို ပြန်ဖို့အတွက် အစီအစဉ် ချထားပါတယ်။ ဒါပေမဲ့ ကောင်းကင်လျှို့ပုက် နယ်မြေ ဆယ့်နှစ်ခုက သိပ်မကြာခင်မှာ ပွင့်တော့မှာ ဖြစ်ပြီးတော့ သူ့မှာ ခနေရာသီ နန်းတော် ခန်းမရဲ့ သော့ကို ရရှိထားပါတယ်။ တကယ်လို့ ဒီအခွင့်အရေးကို သူသာလွဲချော် သွားခဲ့မယ် ဆိုရင်တော့ သူ့အနေနဲ့ နောက်ထပ်နှစ်ပေါင်း တစ်ရာလောက် ထပ်ပြီးစောင့်နေရပါလိမ့်မယ်။

သေချာစဉ်းစားပြီးတဲ့ နောက်မှာတော့ သူက စိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို အရင်ဆုံး ဖော်စပ်ပြီးမှ တစ်စုံတစ်ယောက်ကို မိုးရေနိုင်ငံဆီ လွှတ်ပြီးတော့ ပို့ခိုင်းရပါမယ်။ ဒါမှပဲ လင်းဒေါင်ရှန်က သူ့ရဲ့စိတ်ဂိညာဉ် အခြေခံကို ကုသနိုင်ပါလိမ့်မယ်။ သူ့အနေနဲ့တော့ လျို့ဝှက်နယ်မြေကနေ ထွက်လာပြီးမှပဲ အိမ်ပြန်ခရီးထွက်ရပါလိမ့်မယ်။

ဒါအပြင် အခုဆို သူ့မှာ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကို ရရှိခဲ့ပါပြီ။ ဒါကို ဖြန်းတီးလိုက်ဖို့ မသင့်တော်ပါဘူး။ သူက ချက်ချင်းပဲ ဆောင်းလဂိုဏ်းဆီကို ပို့ဖို့အတွက် စာတစ်စောင်ကို ရေးလိုက်ပြီး သူ့ရဲ့မိခင်ကို လွှတ်ပေးဖို့ သူတို့ကို တောင်းဆိုလိုက် ပါတယ်။

ဒါပေမဲ့ သူ့အနေနဲ့ ယွဲ့ဟောင်ချန်က သူ့ရဲ့မိခင် ဖြစ်တယ်ဆိုတာကို ပြောလိမ့်မှာ မဟုတ်ပါဘူး။ အောင်းကလန်လိုမျိုး လူတချို့ရဲ့ ယွဲ့ဟောင်ချန်ကို အသုံးချပြီးတော့ သူ့ကိုထိန်းချုပ်ဖို့ ကြိုးစားမဲ့ မကောင်းတဲ့ အကြံအစည်ရှိတတ်တဲ့ လူတွေရဲ့ ရန်ကနေ ကာကွယ်တဲ့ အနေနဲ့ ဖြစ်ပါတယ်။ သူ့အနေနဲ့ သူတို့ကို အတင်းအကျပ် ထိန်းချုပ်ထားတာကနေ သူမကို လွှတ်ပေးဖို့ တစ်ခုပဲ

တောင်းဆိုပြီးတော့ သူမကို ယန်စွမ်းအားမြင့်မြို့ဆီကို ခေါ်လာပြီးတော့ မြောက်ပိုင်းဆေးစံအိမ်မှာ ယာယီပို့ဆောင်ထားဖို့ကို တောင်းဆိုခဲ့ပါတယ်။

သူကတခြားအကြောင်းပြချက်ကိုမှ မပြောခဲ့ပါဘူး။ တကယ်လို့ သူက အကြောင်းပြချက် မပေးတော့ရော ဘာဖြစ်မှာလဲ။ ငါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ။ ပြီးတော့ ငါတကယ်ပဲ ဒါကို ဆန္ဒရှိနေတယ်ဆိုရင် မင်းက ဘာလုပ်နိုင်မှာမိုလို့လဲ။

အခုချိန်ကနေ တစ်လအချိန် အကြာမှာ ကောင်းကင်လျှို့ဝှက်နယ်မြေ ဆယ့်နှစ်ခုကို တရားဝင်ဖွင့်ပြီးတော့ ဝင်ရောက်နိုင်ပါတယ်။ တစ်လဆိုတဲ့ အချိန်က သိပ်မကြာခင်မှာပဲ ကုန်လွန်သွားခဲ့ပြီး ၎င်းက လုံးဝကို ပွင့်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီရက်တွေအတွင်းမှာ လင်းဟန်က အရမ်းကို ဖြေရှင်းရခက်နေခဲ့ပါတယ်။

မြောက်ပိုင်းဆေးစံအိမ်မှာ မှော်ဆေးပညာရှင်တွေ အားလုံးက သူ့ကိုမြင်တွေ့ခဲ့ပြီးတော့ သူတို့ရဲ့ စံပြပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခဲ့ကြပြီး တစ်ယောက်ချင်းစီက အရှုံးအမူးကို

ဖြစ်နေကြပြီး နေ့စဉ်နေ့တိုင်း လာရောက်ပြီးတော့ သူတို့ရဲ့ ကြည်ညိုလေးစားမှု အပြည့်နဲ့ ဂါရဝလာပြု ကြပါတယ်။ တကယ်လို့ သူတို့အနေနဲ့ လင်းဟန်ကို ကိုယ်တိုင်ကိုယ်ကျ မတွေ့မြင်ရဘူး ဆိုရင်တောင်မှ အဆင်ပြေပါတယ်။ သူတို့က အပြင်ဘက်မှာ ဒူးထောက်ပြီး သူတို့ရဲ့ ကြည်ညို လေးစားမှုနဲ့ ဂါရဝ ပြုနေကြပါတယ်။ သူတို့က လင်းဟန်ကို သူတို့ရဲ့ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ကိုယ်စားပြုတဲ့ ရုပ်တုတစ်ခုလိုမျိုး အဖြစ်တောင် တွေးတောနေခဲ့ကြပါတယ်။

လူတွေအများကြီး လာရောက်ပြီးတော့ သူတို့ရဲ့ ကြည်ညိုလေးစားမှုနဲ့ ဂါရဝပြုမှုတွေကြောင့် လျှို့ဝှက်သတင်းဆိုတာ အမြဲတမ်း ထိန်းလို့မရနိုင်ပါဘူး။ ယန်စွမ်းအားမြင့်မြို့မှာ နေထိုင်သူတွေက နောက်ဆုံးတော့ ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်နဲ့ မှော်ဆေးဘုရင် စံအိမ်ရဲ့ ပိုင်ရှင်ဖြစ်သူက အမှန်တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်အသစ်အဖြစ် အဆင့်တက် သွားခဲ့တယ် ဆိုတာကို သိရှိသွားကြပါတယ်။

အရမ်းကို အရေးပါ အရာရောက်တဲ့ လူတွေအများကြီးက ဒီနေရာကို ပြေးလာပြီး အလုပ်လုပ်ကြတာ အံ့သြစရာ မရှိတော့ပါဘူး။ ပြီးတော့ မှော်ဆေးဘုရင် စံအိမ်က ဒီလိုမျိုး ကိုယ်ရည်သွေး ဂုဏ်ယူတတ်တာလည်း အံ့သြစရာ

မဟုတ်တော့ပါဘူး။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ဘုရင်တစ်ယောက်အဖြစ် သတ်မှတ်လို့ မရနိုင်ဘူးလား။

ဂျိတဲ့ရုန်နဲ့ ရှီကုချန်တို့အတွက်ကတော့ သူတို့အနေနဲ့ ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်မှာ အလုပ်လုပ်ခဲ့တဲ့ ကိစ္စကို အရှက်ရစရာ ကိစ္စတစ်ခုလို့ မသတ်မှတ်ကြတော့ပါဘူး။ တစ်ဖက်မှာတော့ ဒါက သူတို့အတွက် ဂုဏ်ယူစရာ ကိစ္စတစ်ခု ဖြစ်လာခဲ့ပါတယ်။ တစ်ချက်ကြည့်လိုက်လေ သူတို့နှစ်ယောက်က ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်မှာ ပထမဆုံး အလုပ်ဂင်လုပ်ခဲ့တဲ့ ကျင့်ကြံသူတွေပဲ ဖြစ်ပါတယ်။ ပြီးတော့ သိပ်မကြာခင်မှာပဲ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်နဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင် အလုပ်လာပြီး လုပ်ကြပါတယ်။

ဂါစဉ်နဲ့ ပတ်သက်လို့ရှိရင် ဒီလူနှစ်ယောက်က သူတို့နှစ်ယောက်ကို စီနီယာ အလုပ်သင် အစ်ကိုတွေလို့ သတ်မှတ်ရပါလိမ့်မယ်။

လင်းဟန်က အတော်လေးကို လွတ်လပ်နေပါတယ်။ သူက စိတ်ဂိညာဉ် ပြန်လည်ထိန်းသိမ်းခြင်း ဆေးလုံးကို

ဖော်စပ်ပြီးတော့ ယို့ဂျီထောင်ကို အထူးတလည် တောင်းဆိုပြီး လက်တိုလက်တောင်း ခိုင်းလိုက်ပါတယ်။ မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်က သူ့ရဲ့ဘေးမှာ ရှိနေတာနဲ့ဆိုရင် လင်းဒေါင်ရှန်ရဲ့ ပြန်လည်ကုသခြင်း လုပ်ငန်းစဉ်က လုံးဝကို ပြဿနာရှိလိမ့်မှာ မဟုတ်ပါဘူး။

ကုန်းရန်ထျန်းစွန်းက ကိုယ်တိုင်ကိုယ်ကျတောင်မှ ဆောင်းလဂိုဏ်းဆီကို ခရီးတစ်ခု ထွက်လာခဲ့ပါတယ်။ မြေကမ္ဘာ အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရယ် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမိန့်စာ လက်ရေးလက်သား တစ်ခုရယ်ဆိုရင် ဆောင်းလဂိုဏ်းအနေနဲ့ သူရဲ့မိခင်ကို လွှတ်ပေးဖို့အတွက် နှောင့်နှေးကြန့်ကြာပြီး ငြင်းဆန်လိမ့်မယ်လို့ မယုံကြည်ပါဘူး။

သူက နေ့တိုင်းပဲ ထန်ဒူကောင်းကင်ကြယ် အစီအရင်ကို လေ့လာသင်ယူ နေခဲ့ပါတယ်။ ဒီဆိုလိုချက်တွေကို နှိုင်းယှဉ်ပြီးတော့ ဒါနည်းစနစ်က သူရဲ့ဓားကျွမ်းကျင်မှုကို ပိုမိုလွယ်ကူ ချောမွေ့စေပြီး ပံ့ပိုးပေးနိုင်တဲ့ အရာတစ်ခုလို့ ခံစားရပါတယ်။

"သခင်လေးဟန် မိန်းကလေး ကျူးရွှမ်အာက တွေ့ဆုံဂါရဝပြုဖို့ တောင်းဆိုလာပါတယ်"

လင်းဟန်က အစီအရင်ရဲ့ တာအိုကို ခြံဝင်းထဲမှာ အဖြေထုတ်နေချိန်မှာပဲ ကျူးပုကျို့က အခန်းတံခါးကို ခေါက်ပြီးတော့ အသံနိမ့်နိမ့်နဲ့ ပြောပါတယ်။

လင်းဟန်က အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပြီးမှ ပြောလိုက်ပါတယ်။

"သူမကို အထဲကို ပေးဝင်လိုက်ပါ"

"ဟုတ်ကဲ့ပါ"

ကျူးပုကျို့က ပြန်ဖြေပြီးတော့ ထွက်သွားလိုက်ပါတယ်။ အမှန်တကယ်တော့ တကယ်လို့ တခြားဘယ်သူပဲဖြစ်ဖြစ် သူ့အနေနဲ့ လင်းဟန်ဆီကို လာပြီးတော့ သတင်းပို့လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ကျူးရွှမ်အာက မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး အလှပဂေး ဖြစ်ပြီး သူ့အနေနဲ့ အမှန်တကယ်ပဲ သူမကို လင်းဟန်ရဲ့ ဇနီးမယားဖြစ်လာဖို့ မျှော်လင့်နေပါတယ်။ မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး မိန်းကလေးကပဲ

လင်းဟန်လိုမျိုး ယောက်ျားတစ်ယောက်ရဲ့ ဘေးမှာနေဖို့ အဆင့်မီပါတယ်။

တစ်ခဏမျှအကြာမှာ ခြံဝင်းတံခါးကို အသာလေးခေါက်လိုက်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး လူနှစ်ယောက် ဝင်လာခဲ့ပါတယ်။

ကျူးရွှမ်အာအပြင် ကျူးလောင်ရှင်းလည်း ပါလာခဲ့ပါတယ်။

အခုဆိုရင် ကျူးရွှမ်အာက သူမရဲ့အပြုအမူတွေမှာ မာနကြီးတဲ့ အမူအရာမျိုး နည်းနည်းလေးမှ မရှိတော့ပါဘူး။ သူမက သူမရဲ့ခေါင်းကို ငုံ့ထားရုံသာမက အရမ်းကို နှိမ့်ချကျိုးနွံတဲ့ ဟန်ပန်အမူအရာနဲ့ ပြုမူပြီးတော့ နေနေပါတယ်။

"ရွှမ်အာက ဂရန်းမာစတာလင်းကို ဂါရဝပြုပါတယ်ရှင့်"

ကျူးရွှမ်အာက သူမရဲ့ခန္ဓာကိုယ်ကို နှိမ့်ပြီးတော့ ဂါရဝပြုလိုက်ပါတယ်။ သူမရဲ့အဖြူရောင် ဂါဝန်ရှည်က ပြန့်ကားသွားပြီး အလွန်လှပ သိမ်မွေ့ပြီး လန်းဆန်းတဲ့ ပန်းလေးတစ်ပွင့် ပွင့်လန်းသွားသလိုမျိုးနဲ့ တူပါတယ်။

ကျူးလောင်ရှင်းက အလျင်အမြန်ပဲ ခေါင်းကိုငုံ့ပြီးတော့ ဂါရဝပြုလိုက်ပြီး ပြောလိုက်ပါတယ်။

"ကျနော် ဂါရဝပြု နှုတ်ဆက်ပါတယ်။ သခင်လေးဟာန်"

လင်းဟာန်က သူရဲ့လက်ကို မြှောက်ပြီးတော့ မေးလိုက်ပါတယ်။

"ဘာကိစ္စရှိလို့လဲ"

သူ့မှာ အချိန်ဖြုန်းဖို့ အချိန်သိပ်မရှိပါဘူး။

"ဂရန်းမာစတာလင်း ရွှမ်အာကို ကောင်းကင်ဘုံ ကံကြမ္မာကျား နိမ်နင်းခြင်း ဆေးလုံးကို ဖော်စပ်ဖို့ ကူညီနိုင်မလား"

(ဆေးလုံးရဲ့ နာမည်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသူမှ ပြန်ပြောင်းရေးထားပါတယ်)

ကျူးရွှမ်အာက အရမ်းကို မျှော်လင့်တဲ့ အကြည့်နဲ့ လင်းဟာန်ကို ကြည့်ပြီးတော့ ပွင့်ပွင့်လင်းလင်း မေးလိုက်ပါတယ်။

"ငါကူညီနိုင်ပါတယ်"

လင်းဟန်က လျှင်မြန်စွာနဲ့ သဘောတူလိုက်ပါတယ်။

"မင်းငှါဆီကို ပါဂင်ပစ္စည်းတွေ ယူလာပေးတာနဲ့ ငါဖော်စပ်ပေးနိုင်တယ်။ ပြီးတော့ ငါတို့က သူငယ်ချင်းဆိုတော့ သူငယ်ချင်းအတွက် သီးသန့်ဈေးနှုန်းပဲ တောင်းမယ်။ အင်း အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုဆိုရင် လုံလောက်ပါပြီ။ ဒါမှမဟုတ် အဆင့်ရှစ် စိတ်ဂိညာဉ်ပစ္စည်း ဆယ်ခုဆိုရင်လည်း လက်ခံနိုင်ပါတယ်။ ဒါပေမဲ့လည်း အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းဆိုရင်တော့ အနည်းဆုံး ငါက အခုတစ်ထောင်မှ ကျေနပ်နိုင်မယ်"

ကျူးရှမ်အာရဲ့ မျက်နှာက လုံးဂကို ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူမက မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး မိန်းကလေး ဖြစ်နေတာတောင် တကယ်လို့ သူမကိုယ်သူမ ရောင်းချမယ်ဆိုရင် အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ အလဲအလှယ် လုပ်နိုင်ပါ့မလား။

"ဟားဟားဟား ငါမင်းကို စနေတာပါ။ ဘာပဲဖြစ်ဖြစ် ငါတို့က သူငယ်ချင်းတွေပဲလေ။ တကယ်တော့ မင်းငှါဆီကို

ပါဂင်ပစ္စည်းတွေပဲ ယူလာခဲ့ပေးပါ”

လင်းဟန်က စပ်ဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

ကျူးရှမ်အာက စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်နှာကတော့ အရမ်းကို ဒုက္ခတွေ့နေပုံ ဖြစ်နေဆဲပါပဲ။ ဆေးဖော်စပ်ဖို့ အခကြေးငွေ ပေးစရာ မလိုဘူး ဆိုပေမဲ့ ကောင်းကင်ဘုံ ကံကြမ္မာကျား နိမ်နင်းခြင်း ဆေးလုံးက စုစုပေါင်း ကောင်းကင်အဆင့် ပါဂင်ပစ္စည်း သုံးမျိုးလိုအပ်ပါတယ်။ ပြီးတော့ အဲဒီပါဂင်ပစ္စည်းသုံးမျိုးက အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုထက် ဈေးနှုန်းမချိုသာပါဘူး။ သူမလိုမျိုး စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်သာသာက လက်ထဲမှာ ဘယ်လိုလုပ်ပြီးတော့ ရှိမှာလဲ။

“ဂရန်းမာစတာလင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပါ။ ဒါကြောင့် ရှင့်မှာ ဒီအမိက ပါဂင်ပစ္စည်း သုံးမျိုးကို ရနိုင်မဲ့ နည်းလမ်းတချို့တော့ ရှိသင့်တယ် မဟုတ်လား”

သူမက အစ်အောက်မေးကြည့်လိုက်ပါတယ်။

လင်းဟန်က နာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"မင်းက တခြားသူတွေ အလိုလိုက်ထားလို့ ပျက်စီးနေတာလား။ ငါကမင်းနဲ့ ဘယ်လိုမျိုး ရင်းနှီးတဲ့ ပတ်သက်ဆက်နွယ်မှု ရှိလို့လဲ။ ဘာဖြစ်လို့ ငါကမင်းကို ကူညီရမှာလဲ။ မင်းကတကယ်ပဲ အတော်လေးကို ချောပါတယ်။ ဒါပေမဲ့ ဒါပဲလေ။ ဒီကမ္ဘာကြီးထဲက လူတွေအားလုံးကို အရူးတွေလို့ မထင်နဲ့"

လင်းဟန်ဆီကနေ ပြင်းပြင်းထန်ထန် ပြစ်တင်ကြိမ်းမောင်း ခံလိုက်ရတဲ့အတွက် ကျူးရှွမ်အာက ချက်ချင်းဆိုသလို မျက်ရည်တွေ ကျလာနိုင်တယ်လို့ ခံစားလိုက်ရပါတယ်။ သူမအနေနဲ့ ချောမောလှပမှုကြောင့် ကျေနပ်ပျော်ရွှင်ရတဲ့ အကြောင်းအရာ တစ်ခုလည်း ဖြစ်ပါတယ်။ တကယ်လို့ သူမက သိုင်းပညာမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီကို ပိုင်ဆိုင်ထားခြင်းသာ မရှိဘူးဆိုရင် တခြားသူတွေက သူမကို သူတို့ကြိုက်နှစ်သက်သလို အရုပ်ကလေး တစ်ရုပ်လိုမျိုး ကစားပစ်ပါလိမ့်မယ်။

ထန်ဇီမင်းလိုမျိုး တဇွတ်ထိုးလုပ်တတ်တဲ့ သခင်လေးတစ်ယောက်ရဲ့ အရှေ့မှာ သူမက

အကူအညီမဲ့သလို ခံစားရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ဖက်လူက သူမရဲ့ အားနည်းချက်ကို လွယ်လွယ်ကူကူနဲ့ ချုပ်ကိုင်ထားနိုင်ပြီး သူမရဲ့ခန္ဓာကိုယ်ကို ရယူဖို့တောင် အတင်းအဓမ္မနည်းလမ်းကို အသုံးပြုနိုင်ပါတယ်။

အားလုံးက ယိုဟိုင်ယွဲ့လို လူကြီးလူကောင်း ပီသကြတာ မဟုတ်ပါဘူး။

မြောက်ပိုင်းဒေသမှာတော့ ဘယ်သူကမှ သူမကို တစ်စုံတစ်ခု မလုပ်ပံ့တာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကမ္ဘာကြီး တစ်ခုလုံးမှာဆိုရင် မြောက်ပိုင်းဒေသက အစိတ်အပိုင်းလေး တစ်ခုသာသာပဲ ဖြစ်ပါတယ်။

"ဂရန်းမာစတာလင်း"

သူမက လင်းဟာန်ကို စိတ်မချမ်းမသာနဲ့ ကြည့်လိုက်ပါတယ်။ သူမရဲ့ လှပတင့်တယ်တဲ့ မျက်လုံးတွေမှာ ဂမ်းနည်းမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ကျောက်တုံးနှလုံးသားတစ်ခုတောင်မှ သူမအတွက် အရည်ပျော်သွားပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ သိုင်းဆန္ဒက သံမဏိထက်တောင်မှ ခိုင်မာတောင့်တင်း ပါသေးတယ်။

သူရဲ့နှလုံးသားက နည်းနည်းလေးမှ ပျော့ပျောင်းနူးညံ့ခြင်း မရှိပါဘူး။ သူက ဒီပါရမီရှင် မိန်းမချောလေးကို အေးစက်စက်နဲ့ပဲ ဆက်ပြီးတော့ စိုက်ကြည့်နေလိုက်ပါတယ်။

ကျူးရှွမ်အာက အံကိုကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ရှွမ်အာအခု ဘာလုပ်ရမလဲဆိုတာကို နားလည်ပါပြီ"

အဲဒီနောက်မှာ သူမက တကယ်ပဲ လှည့်ထွက်သွားလိုက်ပါတယ်။

လင်းဟန်က အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့ပါတယ်။ သူမက ဘာကို သိသွားတာလဲ။ ဒါပေမဲ့ ဘယ်သူက ဂရုစိုက်မှာလဲ။

"မင်းက ဘာဖြစ်လို့ မပြန်သေးတာလဲ"

သူက ကျူးလောင်ရှင်းကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

ကျူးလောင်ရှင်းက အနီးကို ခန္ဓာကိုယ် ကိုင်းညွှတ်ပြီး ပြောလိုက်ပါတယ်။

"ဟီးဟီး ယောက်ဖ"

ဖူး။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ ပါးစပ်နဲ့အပြည့် ရေတွေကို သူရဲ့မျက်နှာပေါ်ကို ထွေးထုတ် လိုက်ပါတယ်။

အပိုင်း(၄၅၈) လျှို့ဝှက်ဆန်းကြယ် ချိုင့်ဝှမ်းကို ရောက်ရှိခြင်း

အဟွတ် အဟွတ် အဟွတ်။

လင်းဟန်က မရပ်မနားကို ချောင်းတွေ ဆိုးသွားခဲ့ပါတယ်။ သူက ကျူးလောင်ရှင်းကို ကြည့်ပြီး မေးလိုက်ပါတယ်။

"မင်းက ဘယ်သူ့ကို ယောက်ဖလို့ ခေါ်နေတာလဲ"

"ဟီးဟီး ငါ့ရဲ့အစ်မက အရမ်းကို ချောတယ်။ ပြီးတော့ ယောက်ဖက အရမ်းကို တောက်ပပြီး အစွမ်းလည်းရှိတယ်။ ဒါကြောင့် မင်းကလွဲပြီးတော့ ငါ့ရဲ့အစ်မကို ဘယ်သူက လက်ထပ်နိုင်မှာလဲ။ မင်းတို့နှစ်ယောက်က ကောင်းကင်ကနေ ဖန်ဆင်းပေးလိုက်တဲ့ ဖူးစာစုံတွဲဆိုတာ

သေချာပေါက်ပဲ။ တခြားဘယ်အတွဲကမှ မင်းတို့ထက်ပိုပြီးတော့ မကောင်းသလို ရှိလည်းရှိမှာ မဟုတ်ဘူး”

ကျူးလောင်ရှင်းက အနားကို တိုးလာပြီး အရမ်းကို ခင်မင်ရင်းနှီးတဲ့ အပေါင်းအသင်း တစ်ယောက်လို ပြုမူလိုက်ပါတယ်။

“အမိုက်ပဲ”

လင်းဟာန်က သူ့ကို အကြည့်တစ်ချက် ပေ့ကြည့်လိုက်ပါတယ်။

ကျူးလောင်ရှင်းက နည်းနည်းလေးမှ မထိတ်လန့်တဲ့အပြင် ဆက်ပြီးတော့ ပြုံးနေပြီး ပြောလိုက်ပါတယ်။

“ယောက်ဖ မင်းငါ့အစ်မရဲ့ မျက်နှာကို မမြင်ဘူးလား။ တကယ်လို့ မင်းမြင်ဖူးတယ်ဆိုရင် သေချာပေါက် ငါ့အစ်မကို ချစ်ခင်နှစ်သက် စွဲလမ်းသွားလိမ့်မယ်။ သူမက အရမ်းကို ချောတာနော်။ အကြည့်တစ်ချက်နဲ့တင် မင်းကို ဆွဲဆောင်နိုင်စွမ်းရှိတယ်”

လင်းဟန်က သူ့ကို ထူးထူးဆန်းဆန်း ကြည့်လိုက်ပါတယ်။ ဒီကောင် ကျူးရွှမ်အာရဲ့ မောင်က သူရဲ့အစ်မကို တစ်စုံတစ်ယောက်ဆီ ထိုးထည့်ပေးဖို့ လုပ်နေတာလား။

ဒီလိုသာ ဆိုရင်တော့ ကျူးရွှမ်အာက တကယ်ပဲ အတော်လေးကို သနားဖို့ ကောင်းပါတယ်။ တာအိုဒဏ်ရာကို ခံစားနေရတဲ့ သူမရဲ့ ဆရာသခင်ရှိတဲ့ နေရာကို တစ်လျှောက်လုံး ထွက်ပြေးမှာကို အသာထားဦး။ သူမဆီမှာ ဒီလိုမျိုး စိတ်ပူစရာကောင်းတဲ့ မောင်လေးတစ်ယောက် ရှိနေပြီး သူမရဲ့မောင်က သူမကို အစွမ်းထက်တဲ့ တော်ဝင်လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ဆုံးဖြတ်ထားပြီး လေနဲ့မိုးဒဏ်ကနေ ကာကွယ်ဖို့ အဲဒီလူရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံဖို့ ကြံစည်နေပါတယ်။

လင်းဟန်က ဒေါသထွက်သွားပြီး သူရဲ့လက်ချောင်းလေးနဲ့ ကျူးလောင်ရှင်းကို အသာလေး ထိလိုက်ပါတယ်။

"ယောက်ဖ မင်းဘာလုပ်တာလဲ"

ကျူးလောင်ရှင်းက စိတ်ရှုပ်ထွေးပြီး မေးလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို မင်းရဲ့ ယောက်ျားတစ်ယောက် စွမ်းရည်တွေကို ယာယီဆုံးရှုံးအောင် လုပ်လိုက်တာ"

"ယောက်ျားတစ်ယောက်ရဲ့ ဘာစွမ်းရည်လဲ"

ပထမတော့ ကျူးလောင်ရှင်းက နလပိန်းတုံး တစ်ယောက်လို အမှုမဲ့အမှတ်မဲ့ ဖြစ်သွားပြီးမှ နောက်ဆုံးမှာ သူသတိပြုမိသွားခဲ့ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူက ထိတ်လန့်သွားပြီး ငယ်သံပါအောင် အော်ပြောလိုက်ပါတယ်။

"ယောက်ဖ။ မင်းဘာဖြစ်လို့ ငါ့ကို ဒီလိုလုပ်တာလဲ။ ငါက မင်းကို အရမ်းကို သစ္စာရှိပါတယ်ကွာ။ ပြီးတော့ ငါ့ရဲ့အစ်မနဲ့ မင်းကို လက်ထပ်ပေးဖို့ စိတ်ကူးအပြည့်အဝ ရှိပါတယ်"

လင်းဟာန်က သူရဲ့ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းငါ့ကို ယောက်ဖလို့ ခေါ်တာ ရပ်လိုက်ရင်။ ငါမင်းကို ပိတ်ဆို့ထားတာကနေ လွှတ်ပေးဖို့ စဉ်းစားပေးမယ်"

"ယောက်ဖ"

ကျူးလောင်ရှင်းက ဒီကိစ္စကို လုံးဝကို ဆုံးဖြတ်ချက် ချထားပုံရပါတယ်။

"မင်းတကယ်ပဲ ယောကျ်ားတစ်ယောက် မဖြစ်ချင်တော့ဘူးလား"

လင်းဟန်က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"ယောက်ဖ ငါမင်းရဲ့ စိတ်ပြောင်းသွားတဲ့အထိ စောင့်နေမယ်"

ကျူးလောင်ရှင်းက အရမ်းကို ယုံကြည်မှုရှိရှိနဲ့ ပြောလိုက်ပါတယ်။

သူက ငတုံးငအ တစ်ယောက် မဟုတ်ပါဘူး။ သူအရမ်းကို တော်တဲ့ သခင်လေး တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ဘယ်သူများလဲ။

သူက အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာတောင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ဒါက ဒီကမ္ဘာကြီး တစ်ခုလုံးမှာ

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဆိုတာက သုံးယောက်ပဲ ရှိပြီးတော့ မြောက်ပိုင်းဒေသ တစ်ခုလုံးမှာဆိုရင် အကြီးကျယ် အမြင့်မြတ်ဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ဒါ့အပြင် သူရဲ့ကျင့်ကြံခြင်းအဆင့်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်နေပြီးတော့ ပါရမီရှင် အဆင့်ဇယား ပြိုင်ပွဲရဲ့ တိုက်ပွဲစွမ်းအား စမ်းသပ်စစ်ဆေးမှုမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံး တိုက်ခိုက်မှု တစ်ခုကိုတောင် ထုတ်လွှတ်နိုင်ခဲ့ပါတယ်။

မှော်ဆေးပညာနဲ့ သိုင်းပညာနှစ်ခုလုံးမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှိတဲ့ ဒီလိုမျိုး ယောကျ်ား တစ်ယောက်က နှစ်ပေါင်းတစ်သောင်းကြာရင်တောင်မှ တစ်ယောက်ပေါ်ထွက် လာနိုင်လို့လား။ ဒီလိုလူတစ်ယောက်ထက် ပိုပြီးတော့ အင်အားကြီးတဲ့ နောက်ခံမျိုး ရှိသေးလို့လား။

လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်သွားပြီဆိုတဲ့ သတင်းကို ကျူးလောင်ရှင်း ကြားလိုက်ရတဲ့ အခိုက်အတန့်မှာ လင်းဟန်ကို သူရဲ့ယောက်ဖအဖြစ် သူကဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ လင်းဟန်ရဲ့ ယောက်ဖဖြစ်လာတာနဲ့

ဒီကမ္ဘာကြီး တစ်ခုလုံးမှာ ဘယ်သူကများ သူ့ခေါင်းက ဆံပင်မွေးတစ်ချောင်းကိုတောင် ထိပုံ့မှာလဲ။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ယောက်ဖ။ ဒါက ဆောင်းလဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်နဲ့ မြောက်ပိုင်းဆေးစံအိမ်ရဲ့ စံအိမ်အရှင်သခင်တို့ထက်တောင်မှ ပိုပြီးတော့ အံ့သြအားကျဖို့ မကောင်းဘူးလား။

ဒါကြောင့် သူ့အနေနဲ့ အခုချိန်မှာ အနည်းငယ် ခံစားရတာကို စိတ်ထဲမှာ မထားပါဘူး။ သူ့အနေနဲ့ အစ်မဖြစ်တဲ့ ကျူးရှမ်အာရဲ့ ဆွဲဆောင်မှုကို အရမ်းပဲ ယုံကြည်မှု ရှိပါတယ်။ ပြီးတော့ သူမက သေချာပေါက် လင်းဟန်ကို လှုပ်လှုပ်ရှားရှား ဖြစ်အောင်လို့ လုပ်နိုင်လိမ့်မယ်ဆိုတာကိုလည်း ယုံကြည်နေပါတယ်။ လင်းဟန်က သူရဲ့ယောက်ဖ ဖြစ်လာတဲ့အခါကျရင် သူ့အပေါ်မှာ ပိတ်ဆို့ထားတာကို ပြန်ပြီးတော့ မဖြည်ပေးမှာကို စိုးရိမ်ပူပန်နေစရာ လိုဦးမှာလား။ အဲဒီအချိန်ကျရင် သူက ကျန်းမာပြီးတက်ကြွတဲ့ အခြေအနေတစ်ခုကို ပြန်ရောက်လာပါလိမ့်မယ်။ မိန်းမချော မိန်းမလှတွေ ဘယ်လောက်တောင်များ သူရဲ့ ရင်ခွင်ထဲကို ပစ်ဝင်လာမလဲ ဆိုတာကို ဘယ်သူကသိနိုင်မှာလဲ။

တစ်ခဏတာမျှ သည်းခံလိုက်တာက တစ်ဘဝစာလုံး တောက်ပဖို့အတွက် ဆိုမှတော့ သူ့အတွက် လွယ်လွယ်ကူကူနဲ့ ရွေးချယ်မှုကို ပြုလုပ်နိုင်ပါတယ်။

ကျူးလောင်ရှင်းက လင်းဟာန်ရဲ့အနားကို တုတ်ချိုချဉ်ချောင်း တစ်ခုလိုမျိုး ပုံစံနဲ့ အချိုပေါ် ပျားသကာလောင်းထားတဲ့ မျက်နှာနဲ့ ကပ်လာပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ ထွက်သွားဖို့ကို ငြင်းပယ်ပြီး လင်းဟာန်ကို စိတ်ညစ်သွားစေခဲ့ပါတယ်။ သူက ကျူးလောင်ရှင်းကို သတ်ပစ်နိုင် ပါတယ်။ ဒါပေမဲ့ ကျူးလောင်ရှင်းက ဆိုးဆိုးဝါးဝါး ဘာမှမလုပ်ပါဘူး။ သူက လင်းဟာန်ကိုပဲ ယောက်ဖဆိုပြီး ခဏခဏခေါ်နေတာ ဖြစ်ပြီး ဒါကစော်ကားတာ မဟုတ်ပါဘူး။

လင်းဟာန်က သက်ပြင်းချပြီးတော့ မေးလိုက်ပါတယ်။

"ငါ့ကို ယောက်ဖလို့ ခေါ်တာကို ရပ်ဖို့အတွက် ဘာလုပ်ပေးရမှာလဲ"

"ယောက်ဖရာ ငါ့အစ်မကိုပဲ လက်ထပ်လိုက်ပါ။ ငါ့အစ်မက ဒီကမ္ဘာကြီး တစ်ခုလုံးမှာ အကောင်းဆုံး မိန်းမဆိုတာ

သေချာပါတယ်။ သူမက ကြင်နာတယ်။ နူးညံ့သိမ်မွေ့တယ်။ နောက်ပြီး ဒီကမ္ဘာကြီးထဲမှာ အချောဆုံး အလှဆုံး မိန်းကလေးလည်း ဖြစ်တယ်။ ယောက်ဖ မင်းသူမကို လက်ထပ်တာ လုံးဝကို မရှုံးဘူးနော်”

ကျူးလောင်ရှင်းက ချော့မော့မြှောက်ပင့်ပြီး နားချနေပါတယ်။

လင်းဟာန်က ကျူးလောင်ရှင်းကို ကြည့်ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

“မင်းကို အရူးတစ်ယောက်လို့ ခေါ်တဲ့လူတွေက သူတို့ကိုယ်တိုင် အရူးတွေဆိုတာ သေချာပေါက် ဖြစ်နိုင်တယ်”

ဘဝနှစ်ခုတောင် ရှင်သန်နေထိုင်တဲ့ လူတစ်ယောက် အနေနဲ့ ကျူးလောင်ရှင်းရဲ့ စိတ်ထဲမှာ ဘယ်လိုမျိုး အစီအစဉ်တွေ ဆွဲနေတယ်ဆိုတာကို သူကောင်းကောင်းကြီး သိပါတယ်။

ကျူးလောင်ရှင်းက နှိမ့်ချပြီးတော့ ပြုံးလိုက်ပြီး သူရဲ့အမူအရာကို အတတ်နိုင်ဆုံး ယဉ်ယဉ်ကျေးကျေး ဖြစ်အောင် ပြုမူလိုက်ပါတယ်။

ဒုတိယမြောက်နေ့မှာ လုံးဝကို မမျှော်လင့်ထားပဲ ကျူးရှွမ်အာက ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်ကို ရောက်လာပြီးတော့ ဟင်းပွဲချပေးတာ အစားအသောက်မှာတာ အရက်တွေ ချပေးတာစတဲ့ အသေးအဖွဲ့ တာဝန်တွေကို လုပ်နေပါတယ်။ ဒါက ချက်ချင်းဆိုသလိုပဲ စားသောက်ဆိုင်ကို ပိုပြီးတော့တောင်မှ လူတွေစိတ်ဝင်တစား ဖြစ်လာခဲ့ကြပါတယ်။ အထူးသဖြင့် လူတွေ စိတ်ဝင်တစား ပြောဆိုကြတဲ့ အကြောင်းအရာထဲမှာတော့ နံပါတ်တစ် ဖြစ်သွားခဲ့ပါတယ်။

မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး မိန်းမလှလေးက တကယ်ပဲ ဒီနေရာမှာ စားပွဲထိုးအလုပ်ကို တကယ်ပဲ လာလုပ်နေတာလား။

ဘယ်တော့မှ မမေ့ဘူး စားသောက်ဆိုင်က ပရိသတ်တွေအကြားမှာ လူပြောအများဆုံး နံပါတ်တစ် နေရာမှာ ရှိနေပြီးတော့ ချက်ချင်းဆိုသလိုပဲ အတွေ့အကြုံရချင်တဲ့ လူတန်းရှည်ကြီးက အပြင်ဘက်မှာ စောင့်ဆိုင်းလို့ နေကြပါတယ်။ ဒါကို လွဲချော်လို့ မဖြစ်ပါဘူး။ မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး မိန်းကလေးဆိုတဲ့ ဆွဲဆောင်မှုက ချက်ချင်းဆိုသလိုပဲ ပန်းဖူးအဆင့်နဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေ အပေါ်မှာ

စိတ်ဂင်စားမှုကို အနိုင်ယူသွားခဲ့ပါတယ်။ ဒီမှာ အကြီးအကဲရှိနဲ့ ကျိုးကုန်းဖန်းတို့က စားပွဲထိုးတွေအဖြစ် အလုပ်လုပ်နေတာကြောင့် စိတ်ဂင်စား ဆွဲဆောင်ခံရတဲ့ ညှော်သည်တွေ အများကြီး မရှိတော့ပါဘူး။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါဆိုရင် ကျူးရှမ်အာက စားပွဲထိုးလုပ်ဖို့ ပြန်လာခဲ့တာပေါ့ ဟုတ်လား။

သူ့အနေနဲ့ မိန်းမတွေရဲ့စိတ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ပါဘူး။

ကျူးရှမ်အာရဲ့ ဆွဲဆောင်မှုကို စကားလုံးနဲ့ ဖော်ပြလို့ မရပါဘူး။ နှစ်ရက်သုံးရက် ကုန်သွားတဲ့ နောက်မှာ ကျူးပုကျို့၊ ကန်းရှီနဲ့ ကွမ်းယွမ်တို့အားလုံးပဲ သူမရဲ့ အမာခံ ပရိသတ်တွေ ဖြစ်လာခဲ့ ကြပါတယ်။ လွီယုထန်ထန်နဲ့ လီစီရှန်းတောင်မှ အနိုင်ယူခံလိုက်ရပြီး သူမကို အပြင်လူ တစ်ယောက် အနေနဲ့ လုံးဂကို မဆက်ဆံကြတော့ပါဘူး။

ကျူးလောင်ရှင်းကိုတော့ ပြောနေစရာကို မလိုပါဘူး။ သူကတော့ လင်းဟန်ကို ယောက်ဖ ဆိုပြီးတော့ တစ်ကိုယ်တော် ထုတ်ဖော်ကြေညာထားခဲ့ပါတယ်။ သူရဲ့အရေပြားက တော်တော်ကို ထူပြီးတော့ ဘယ်မြားကမှ

ထိုးဖောက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

အခုဆိုရင် ဟူးညိုက လင်းဟန်နဲ့ တစ်ဖက်တည်းပါပဲ။ ဒီမိန်းကလေးက ကျူးရွှမ်အာကို နည်းနည်းလေးမှ ကြိုက်နှစ်သက်ခြင်း ဘယ်တုန်းကမှ မရှိပါဘူး။ အခုလို မြင်နေရတာက သူမကို ပိုပြီးတော့တောင်မှ မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ သူမက အမြဲတမ်းလိုလို ကျူးရွှမ်အာကို သူမရဲ့ သွားဖြူဖြူလေးတွေ ဖြဲပြပြီးတော့ သူမကို ခုန်အုပ်ပစ်ပြီး တစ်ချက်လောက် ကိုက်ပစ်ချင်နေပုံ ရပါတယ်။

ကောင်းကင်လျှို့ပုက် နယ်မြေ ဆယ့်နှစ်ခု ပွင့်မဲ့နေ့က နီးသထက် နီးကပ်လာခဲ့ပါပြီ။ ဒါကြောင့် လင်းဟန်က သူ့ရဲ့အဖွဲ့က အဖွဲ့သားအားလုံးကို ခေါ်ပြီးတော့ ထွက်လာခဲ့ပါတယ်။ ကျူးရွှမ်အာလည်း သူတို့နဲ့ အတူတူ ဘေးကနေ လိုက်လာခဲ့ပါတယ်။ သူမကိုကြည့်ရတာ သူမရဲ့ မောင်လေးဆီက အရေထူတဲ့ စွမ်းရည်ကို အမွေဆက်ခံထားပုံ ရပါတယ်။ သူတို့ရဲ့ အစီအစဉ်မှာ နည်းနည်းလေးမှ ထူးဆန်းနေသလိုမျိုး မခံစားရပါဘူး။

ကောင်းကင်လျှို့ပုက် နယ်မြေဆယ့်နှစ်ခု ပွင့်မဲ့နေရာက ယန်စွမ်းအားမြင့်မြို့နဲ့ မိုင်ပေါင်း တစ်သောင်း ဝေးတဲ့နေရာမှာရှိပါတယ်။ ပြီးတော့ လင်းဟန်က

အမြန်နှုန်းကိုလည်း ထည့်သွင်းတွက်ချက်ထားပြီး ဒီခရီးက လေးရက်ခန့် ကြာပါလိမ့်မယ်။ သူတို့အုပ်စုက မြင်းလှည်း နှစ်စီးငှားရမ်းပြီး အမျိုးသားတွေက တစ်စီးနဲ့ အမျိုးသမီးတွေက တစ်စီးနေကြရပါလိမ့်မယ်။

အရင်တုန်းက အတိုင်းဆိုရင် လင်းဟာန်က လို့ယုထန်နဲ့ တခြားသူတွေနဲ့အတူ သေချာပေါက် ထိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ကျူးရှွမ်အာ ရှိနေတဲ့အတွက် သူက ကန်းရီနဲ့ တခြားယောက်ျားလေးတွေနဲ့ အတူထိုင်ဖို့ ရွေးချယ်ခဲ့ပါတယ်။ ဒါမှလည်း ကျူးရှွမ်အာ မသိအောင် အနက်ရောင် မျှော်စင်ကို အသုံးပြုလို့ ရပါလိမ့်မယ်။

သူတို့ရဲ့ လမ်းတစ်လျှောက်လုံးမှာ သူခိုးဓားပြတွေနဲ့ အကြိမ်ပေါင်းမနည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ ကျူးပူကျို့၊ ကွမ်းယွမ်နဲ့ ကန်းရီတို့ထဲက တစ်ယောက်ယောက်က အကြိမ်တိုင်းလိုလို ထွက်ပြီးတော့ ပြဿနာတွေကို ဖြေရှင်းပစ်ခဲ့ပါတယ်။ သူတို့က ဒီသူခိုးဓားပြ အုပ်စုတွေကို လွယ်လွယ်ကူကူနဲ့ ရိုက်နက်ဆုံမးပြီး အနိုင်ယူခဲ့ကြပါတယ်။

လေးရက်ကြာပြီးတဲ့နောက်မှာ သူတို့က ဂူသိုင်းချိုင့်ပှမ်းဆီကို ရောက်လာခဲ့ကြပါတယ်။ အခုဆိုရင် ကျင့်ကြံသူ အများစုလည်း ရောက်ရှိလို့ လာခဲ့ပါပြီ။ သူတို့အားလုံး

ချိုင့်ပုမ်းရဲ့ အပြင်ဘက်မှာ တဲလေးတွေ ထိုးပြီးတော့ လက်ရှိအချိန်မှာတော့ လှို့ပှက်နယ်မြေတွေ ပွင့်လာဖို့အတွက် စောင့်ဆိုင်းနေကြပါတယ်။

ဒီချိုင့်ပုမ်းက အရမ်းကို ထူးခြားဆန်းကြယ် ပါတယ်။ ၎င်းက တစ်နှစ်ပါတ်လုံး မြူခိုးတွေ ဖုံးလွှမ်းပြီး ပျောက်ကွယ်နေခဲ့ပါတယ်။ ဘယ်သူမဆို အထဲကို ခြေလှမ်းစဝင်လိုက်တာနဲ့ အရပ်မျက်နှာတွေ အားလုံး ဘာမှန်းမသိအောင် ပျောက်ကွယ်ကုန်ပါတယ်။ ဒါကြောင့် အထဲမှာ ပိတ်မိပြီးတော့ သေသွားနိုင်ပါတယ်။ ဒီလှို့ပှက်နယ်မြေတွေ ပွင့်တဲ့ လရဲ့ရက်ကို ရောက်မှာပဲ ဒီနေရာကို ပိုင်းရံထားတဲ့ မြူခိုးတွေက ပျောက်ကွယ်သွားပြီး လှို့ပှက်နယ်မြေတွေရဲ့ ဝင်ပေါက်ကလည်း ချိုင့်ပုမ်းရဲ့ အနက်ဆုံး အစိတ်အပိုင်းထဲမှာ ရှိပါတယ်။

ဒါကြောင့် လှို့ပှက်နယ်မြေတွေ ပွင့်မပွင့် စစ်ဆေးဖို့ကိစ္စက အရမ်းကို ရိုးရှင်းပါတယ်။ လူတချို့ကို စေလွှတ်ပြီးတော့ ချိုင့်ပုမ်းရဲ့ ဝင်ပေါက်အပြင်ဘက်မှာ စောင့်ကြပ်ခိုင်းပြီး မြူခိုးတွေ ပျောက်ကွယ်တာကို စောင့်နေဖို့ပဲ လိုပါတယ်။

"နတ်သမီးကျူး"

မြင်းလှည်းပေါ်ကနေ ကျူးရှွမ်အာ ဆင်းလာတာကို မြင်လိုက်ရတဲ့ အခါမှာ လူငယ်ပေါင်း တစ်ရာလောက်က အပြေးအလွှား ရောက်လာခဲ့ကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက တောက်ပရွှန်းလဲ့ပြီး ကြည့်ရတာ အရမ်းကို အရူးအမူးဖြစ်နေပုံ ရပါတယ်။

မြောက်ပိုင်းဒေသရဲ့ အချောမောဆုံး ဆိုတဲ့ ဘွဲ့နာမည်ကို အလကား ပေးအပ်ထားတာမှ မဟုတ်တာ။

ကျူးရှွမ်အာက ဒီလိုမျိုး အခြေအနေမျိုး အမြဲလိုလို ကြုံတွေ့နေရဖူးတယ် ဆိုတာက သိသာထင်ရှားပါတယ်။သူမက ချောမွေ့စွာပဲ တုံ့ပြန်လိုက်ပါတယ်။ အေးစက်စက်နဲ့ တင့်တယ်မှု နှစ်ခုလုံးကြောင့် သူမအနားကို ကပ်မဲ့လူတွေအားလုံး ရှိန်သွားကြပါတယ်။ ဒါပေမဲ့ သူမကြောင့် အားလုံးက ဆိုးဆိုးဝါးဝါး ခံစားမှု မဖြစ်စေခဲ့ပါဘူး။ သူမရဲ့ လှပတင့်တယ်မှုနဲ့ နတ်သမီးလေး တစ်ပါးလို ဆွဲဆောင်နိုင်မှုကပဲ သူတို့အတွက် လုံးဝကို ကျေနပ်စရာ ကောင်းပါတယ်။

"ဟားဟားဟား မြောက်ပိုင်းဒေသမှ အရမ်းကို ချောမောလှပတဲ့ မိန်းကလေး ရှိတယ်ဆိုတာကို

ငါကြားဖူးနေတာ အတော်ကြာနေပြီ။ တကယ်ကိုပဲ ထင်ပေါ်ကျော်ကြားမှုနဲ့ အပြည့်အဝ ထိုက်တန်ပါတယ်”

လူအုပ်ကြားထဲက လူငယ်တစ်ယောက် ထွက်လာခဲ့ပါတယ်။ သူက အသက်နှစ်ဆယ်ကျော်ပဲ ရှိပါဦးမယ်။ အရပ်မြင့်ပြီးတော့ သန့်ရှင်းသပ်ရပ်ကာ တည်ကြည်ခန့်ညား ချောမောလွန်းပါတယ်။

ပိုပြီးတော့ အံ့ဩစရာကောင်းတဲ့ အကြောင်းက သူရဲ့အနောက်ဘက်မှာ အလင်းရောင် အတောင်ပံ တစ်စုံရှိနေပြီး တစ်ခါတရံ ဖြန့်ထုတ်နေပါတယ်။ အတောင်ပံကို ပေါ့ပေါ့ပါးပါး တစ်ချက်ခတ်လိုက်တာနဲ့ ၎င်းကနေ ထွက်ပေါ်လာတဲ့ အရှိန်အဟုန်က အရမ်းကို ကြီးစိုးလွန်းပါတယ်။ သူက တစ်ဖက်ကနေ လှသားခန့် ခန့်လာပြီးတော့ ဘယ်သူကမှ သူ့ကို တားဆီးနိုင်စွမ်း မရှိပဲနဲ့ သူတို့ရဲ့ စိတ်ဝိညာဉ်တွေ တုန်ခါသလို ဖြစ်လာပြီး ဒူးထောက်ကျမလို ခံစားလိုက်ရပါတယ်။

Chapter458 end

အပိုင်း(၄၅၉) အရှေ့ပိုင်းဒေသရဲ့ ပါရမီရှင်

ဒီလူက ကမ္ဘာမြေကြီးပေါ်ကို ဆင်းသက်လာတဲ့ နတ်ဘုရားတစ်ပါးရဲ့ စိတ်ဂိညာဉ်နဲ့ တူညီပါတယ်။ သူရဲ့တည်ရှိမှုက အံ့မခန်းပါပဲ။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက် ဖြစ်တယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ သူရဲ့သိုင်းဆန္ဒတွေ ပြန့်ထွက်သွားတာနဲ့ ၎င်းရဲ့ ခြိမ်းခြောက်နိုင်တဲ့ စွမ်းအားက ပန်းဖူးအဆင့်နဲ့ တူညီလုနီးပါ ဖြစ်သွားခဲ့ပါတယ်။

သူက ခြေလှမ်းကျဲကြီးတွေက ကျူးရွှမ်အာဆီကို လျှောက်လာခဲ့ပါတယ်။ သူရဲ့ပါးစပ် ထောင့်မှာတော့ မိန်းကလေးတွေ ရူးသွပ်သွားစေနိုင်မဲ့ အပြုံးတစ်ခု ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျူးရွှမ်အာ မင်းရဲ့ ဇာပဂါကို ဖယ်လိုက်ပါ။ ငါ့ရဲ့သတို့သမီးဖြစ်ဖို့ အဆင့်မီလားဆိုတာကို ငါကြည့်ပါရစေ"

"အရမ်းကို ချောလိုက်တာ"

"အရမ်းကို ယုံကြည်မှု ရှိလိုက်တာ"

"ဂမ်ရီကျန်း ငါ့ကို လက်ထပ်ပါ။ ငါနင့်ရဲ့ သတို့သမီး ဖြစ်ဖို့ ဆန္ဒရှိတယ်"

သိုင်းပညာရှင် အမျိုးသမီးတော်တော်များများက အရှုးအမူးနဲ့

အော်ဟစ်နေကြပါတယ်။

ကျူးရှမ်အာရဲ့ လှပတဲ့ မျက်နှာက အေးစက်သွားခဲ့ပါတယ်။ သူမက လင်းဟာန်ဘက်ကို တစ်ချက် မျက်စိဝေ့ကြည့်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ရှမ်အာက လင်းဟာန်ကို ဆရာသခင်အဖြစ် မှတ်ယူထားပါတယ်။ သခင်လေးဟာန်က သဘောတူရင် ရှမ်အာက ဇာပဂါကို ဖယ်ပေးပါမယ်"

ပြောရမယ်ဆိုရင် တကယ်လို့ လင်းဟာန်က သဘောမတူဘူးဆိုရင် မဖယ်ပေးနိုင်ဘူးလို့ ဆိုလိုတာပါပဲ။

ဘာ။

ဒီစကားတွေကို ပြောပြီးတာနဲ့ လူတိုင်းလူတိုင်း အံ့သြသွားကြပါတယ်။ မိန်းကလေးအများစုက ကျူးရှမ်အာကို မခံမရပ်နိုင်အောင် စိတ်ဆိုးမာန်ဆိုး ဖြစ်ကုန်ကြပါတယ်။ သူမက တကယ်ပဲ အရမ်းကို ချောမောခန့်ညားတဲ့ ဒီလိုမျိုး ယောက်ျားကို ငြင်းပယ်ခဲ့တယ်။ ပြီးတော့ အမျိုးသားတွေရဲ့ မျက်လုံးတွေက မနာလိုမှုတွေကြောင့် နီရဲနေကြပါတယ်။ လင်းဟာန်ကို ဆရာသခင်အဖြစ် မှတ်ယူတယ်။ ဒါကဘာကိုဆိုလိုတာလဲ။ မင်းရဲ့ခန္ဓာကိုယ်နဲ့ စိတ်ကိုပါ ပေးအပ်ထားတာလား။

အဲဒီအချိန်မှာ မရေတွက်နိုင်တဲ့ မျက်လုံးတွေက လင်းဟန်ကို ပစ်မှတ်ထား စိုက်ကြည့်နေကြပြီး သတ်ချင်နေတဲ့ ဆန္ဒတွေနဲ့ ပြည့်နေပါတယ်။ ဒီအကြည့်တွေက ဓားတွေသာ ဖြစ်ခဲ့မယ်ဆိုရင် လင်းဟန်အနေနဲ့ သေချာပေါက် အစိတ်စိတ်အပိုင်းပိုင်း ခုတ်ပိုင်းခံရမှာ ဖြစ်ပြီးတော့ အကြည့်တွေက မီးတောက်တွေနဲ့သာ တူမယ်ဆိုရင် လင်းဟန် သေချာပေါက် ပြာဖြစ်တဲ့အထိ လောင်ကျွမ်းခံရပါလိမ့်မယ်။

"ဟားဟားဟား မင်းက သခင်လေးလင်းလား"

နတ်ဘုရားနဲ့တူတဲ့ လူငယ်ရဲ့ အကြည့်တွေက လင်းဟန်ဆီမှာ ရောက်သွားပြီးတော့ အထင်သေးတဲ့ အပြုံးတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

"ငါ့နာမည် ဂမ်ရီကျန်းလို့ ခေါ်တယ်။ ပြီးတော့ အနာဂတ်ရဲ့ ကမ္ဘာနံပါတ်တစ် ဓားသမားပဲ။ အလယ်ပိုင်းဒေမှာရှိတဲ့ တချို့ငတုံးအကောင်တွေက သူတို့ကိုယ်သူတို့ ကမ္ဘာနံပါတ်နှစ် ဓားသမားဆိုပြီး ထုတ်ဖော်ကြေညာကြတယ်။ ကံကောင်းတာက သူ့ကိုယ်သူ နံပါတ်တစ် ဓားသမားလို့ မခေါ်တာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဓားလမ်းကြောင်းက ဘယ်လိုမျိုး ခေါ်သလဲ ဆိုတာကို သူ့ကိုသိသွားအောင် သေချာပေါက်

ငါလုပ်ပြရလိမ့်မယ်”

“အရမ်းကို ခန့်ညားတာပဲ”

ဒီသွေးရဲတဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ မိန်းကလေးအများစုက နောက်တစ်ကြိမ် အရူးအမူး ဖြစ်သွားကြပါတယ်။

လင်းဟာန်က ဂရုမစိုက်ဟန်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ယိုဟိုင်ယွဲ့က အနာဂတ်မှာ ကမ္ဘာဒုတိယ ဓားသမားလို့ ခေါ်မယ်ဆိုရင် အတော်လေးကို မှန်တယ်။ ဒါပေမဲ့ မင်းအတွက်ကတော့ သောက်ရေးမပါတာတစ်ခုပဲ မြင်နေရတယ်။ ပြီးတော့ မင်းက ကမ္ဘာအရေးမပါဆုံး ဖြစ်လာနိုင် မဖြစ်လာနိုင်ကတော့ မင်းဘယ်လောက်ထိ ကြိုးစားမလဲ ဆိုတဲ့အပေါ်မှာ မူတည်တယ်”

ဂမ်ရီကျန်းရဲ့ အမူအရာက ချက်ချင်းပဲ သုန်မှုန်သွားခဲ့ပါတယ်။ သူကပြောလိုက်ပါတယ်။

“မင်းငါ့ကို စော်ကားပုံတယ်ပေါ့ ဟုတ်လား”

“မင်းကို စော်ကားတယ် ဟုတ်လား။ ငါကတော့ အဲဒီလို မထင်ဘူး။ ငါကအမှန်ကိုပဲ ပြောခဲ့တာပါ”

လင်းဟာန်က သူရဲ့ပခုံးကို တွန့်လိုက်ပါတယ်။

ဂမ်ရီကျန်းက ကောင်းကင်ပေါ် မျက်နှာမော့ပြီးတော့ ဆိုးဆိုးဂါးဂါးကို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကမှ ငါ့ကို မစော်ကားနိုင်ဘူး"

"အိုး။ မင်းကိုယ်မင်း ဘာလို့ ထင်နေတာလဲ"

လင်းဟန်က အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။ အစတုန်းကတော့ သူ့အနေနဲ့ ဒီလိုမျိုး ယုံကြည်မှုတွေ ပေါက်ကွဲထွက်နေတဲ့ လူတစ်ယောက်ကို လုံးဝကို စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ဂမ်ရီကျန်းကတော့ ပြဿနာရှာနေပါပြီ။

"ငါ့ကိုတောင်းပန်ပါ။ တကယ်လို့ ငါကျေနပ်တယ်ဆိုရင် မင်းရဲ့ လက်မောင်းတစ်ဖက်ကိုပဲ မသန်မစွမ်း ဖြစ်အောင်လို့ လုပ်မယ်"

ဂမ်ရီကျန်းက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ပိုးလို့ တစ်ချက်အော်ပြီး ပြောလိုက်ပါတယ်။

"မင်းရဲ့လေသံကို သုံးသပ်ရရင် မြောက်ပိုင်းဒေသက လာခဲ့ပုံ မရဘူး"

"ဟာသမလုပ်နဲ့လေ။ ဘယ်လိုလုပ်ပြီးတော့

မြောက်ပိုင်းဒေသလို နေရာက ငါ့လိုမျိုး ပါရမီရှင် တစ်ယောက် ရှိနိုင်မှာလဲ။ ငါက အရှေ့ပိုင်းဒေသက လာခဲ့တဲ့ ဓားလမ်းကြောင်းမှာ နံပါတ်တစ် ပါရမီရှင်ပဲ”

ဂမ်ရီကျန်းက နည်းနည်းလေးမှကို နှိမ့်ချခြင်း မရှိပဲ ပြောဆိုလိုက်ပါတယ်။ သူကမျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့ အခါမှာ လူတွေအများကြီးက သူ့ကို ဒေါသထွက်နေတဲ့ အမူအရာကို တွေ့မြင်လိုက်ရပေမဲ့ ဂရုမစိုက်ပဲ သရော်ပြုံးပြုံးလိုက်ပါတယ်။

“ဘာလဲ။ မယုံဘူးလား။ ဒါဆိုရင် ခေါ်လာခဲ့လေ။ မင်းတို့ကောင်တွေ ယုံတဲ့အထိ မင်းကနေ စပြီးတော့ ရိုက်ပေးနိုင်တယ်”

သူက နောက်ဆုံးစကားလုံးတွေကို ပြောပြီးတော့ လင်းဟန်ကို နောက်တစ်ကြိမ် စိုက်ကြည့် လိုက်ပါတယ်။

“မင်းနဲ့တိုက်ခိုက်ဖို့ ဆရာသခင်လင်းတောင်မှ မလိုဘူး”

အဖြူရောင် ပုံရိပ်တစ်ခုက လျပ်ပြက်သလို ရောက်လာခဲ့ပါတယ်။ သူကတော့ ရှန်းဇောင်ချန်ပဲ ဖြစ်ပါတယ်။

“ငါမင်းကို အနိုင်ယူပြမယ်”

"အဖြူရောင် ဓားဘုရင်"

"ပါရမီရှင် အဆင့်ဇယားပေါ်က နံပါတ်ရှစ်"

"အဖြူရောင်ဓားဘုရင် ဒီအရှေ့ပိုင်းဒေသက လာတဲ့ကောင်ရဲ့ ဖင်ကို ပိတ်ကန်ပစ်လိုက်စမ်းပါ"

လူတွေအများကြီးက စပြီးတော့ အော်ဟစ်နေကြပါတယ်။ သူတို့ပုံစံကို ကြည့်ရတာ ဂမ်ရီကျန်းရဲ့ စိတ်ကြီးဝင် မောက်မာမှုကို ဒေါသထွက်နေတဲ့ အတိုင်းပါပဲ။ နောက်ထပ်လူတစ်ယောက်ကတော့ လူအုပ်ကြီးရဲ့ ရန်သူ ဖြစ်လာခဲ့ပြီးတော့ လင်းဟန်ကို သိသိသာသာနဲ့ ရန်စနေပါတယ်။ ဒါပေမဲ့လည်း လူတော်တော်များများက လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်တယ် ဆိုတာကို ကြားခဲ့ရပြီ ဖြစ်တဲ့အတွက် ဘယ်သူကများ သူ့ကို တိုက်ခိုက်ဖို့ ရွေးချယ်ပံ့မှာလဲ။

ဂမ်ရီကျန်းက အံ့အားသင့် သွားပြီးတော့ လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"မင်းက ဆရာသခင် ဟုတ်လား"

"ငါမင်းကို ပြောတဲ့အခါကျရင် ကြောက်သွားနိုင်တယ်"

လင်းဟန်က ပေ့ါပေ့ါပါးပါး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟား ဘယ်လိုဆရာသခင်က ငါ့ကို ထိတ်လန့်ကြောက်ရွံ့နိုင်မှာလဲ"

ဂမ်ရီကျန်းက အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"မင်းက အလွန်ဆုံး အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ ဖြစ်မှာပေါ့။ ဒါပေမဲ့ မင်းရဲ့အသက်အရွယ်နဲ့ဆိုရင် ဒါက အရမ်းကို အထင်ကြီးစရာ ကောင်းနေပြီ"

"ဟားဟားဟားဟား"

ပတ်ဂန်းကျင် တစ်ခုလုံး ချက်ချင်းဆိုသလို ရယ်သံတွေနဲ့ ပြည့်နှက်သွားခဲ့ပါတယ်။

ဂမ်ရီကျန်းက ရယ်သံတွေကြောင့် ခေါင်းခြောက်သွားပြီးတော့ ခြိမ်းခြောက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့စကားတွေက ရယ်စရာ ကောင်းနေလို့လား"

"ငတုံးကောင် သခင်လေးလင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကွ"

ကျူးပူကျို့က အော်လိုက်ပါတယ်။

"ဟားဟားဟားဟား"

ဒီတစ်ကြိမ်တော့ ဂမ်ရီကျန်းက အူလိုက်သည်းလိုက်နဲ့ကို မျက်ရည်ကျလုမတတ် အော်ဟစ် ရယ်မောလိုက်ပါတယ်။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်သလဲ။ ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲ ရှိတယ်ဆိုတာကို မသိတဲ့လူ ဘယ်သူရှိလို့လဲ။ ဒါပေမဲ့ ဒီလူနှစ်ယောက်က မှော်ဆေးပညာမှာ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ နှစ်မြုပ်ထားခဲ့ပါတယ်။ ဒါကြောင့်သူ့အရှေ့က အရွယ်မရောက်သေးတဲ့ လူငယ်လေးက အဲဒီထဲက တစ်ယောက် ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း သူရယ်မောပြီးလို့ ခဏကြာတဲ့ အခါမှာတော့ ဘယ်သူကမှ သူနဲ့အတူ မရယ်ဘူး ဆိုတာကို ရှာတွေ့သွားခဲ့ပြီး အားလုံးက သူ့ကို အရူးတစ်ယောက်ကို ကြည့်နေရသလိုမျိုး စိုက်ကြည့်နေကြပါတယ်။ အစောတုန်းက သူ့ကို အရူးအမူး အော်ဟစ်နေတဲ့ မိန်းမချောလေး တချို့တောင် ပါပါသေးတယ်။

"ဆရာသခင်လင်းက တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး ကမ္ဘာကြီးတစ်ခုလုံး ပြောင်းပြန်လည်သွားသလိုပါပဲ"

အဘိုးကြီးတစ်ယောက်က ပြောလိုက်ပါတယ်။ သူက အဆုံးမဲ့

အင်ပါယာဂိုဏ်းက ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ လျှို့ဝှက်နယ်ပယ်ထဲကို ဝင်ရောက်မဲ့ သူတို့ဂိုဏ်းရဲ့ တပည့်တွေကို စောင့်ကြပ်ပြီး လိုက်ပါပို့ဆောင်ပေးတဲ့ လူဖြစ်ပါတယ်”

မဟာပူဆွေးခြင်းဂိုဏ်းရဲက ပန်းဖူးအဆင့် လက်ရွေးစင်လည်းပဲ ပြောလိုက်ပါတယ်။

“အဲဒါအမှန်ပဲ။ ဆရာသခင်လင်းက မြောက်ပိုင်းဒေသရဲ့ ဂုဏ်အရှိဆုံး ပါရမီရှင်ပဲ။ တခြားဘယ်သူနဲ့မှ မတူဘူး”

“ဆရာသခင်လင်းကို လေးစားပါတယ်”

ပန်းဖူးအဆင့် လက်ရွေးစင် စစ်သည်တော်တွေက လင်းဟန်ကို တစ်ယောက်ပြီးတစ်ယောက် ဦးညွှတ်အရိုအသေ ပေးလိုက်ကြပါတယ်။ မှော်ဆေးပညာနဲ့ သိုင်းပညာတွေက မတူညီတဲ့ နယ်ပယ်တွေ ဆိုပေမဲ့ မရေတွက်နိုင်တဲ့ နည်းလမ်းတွေနဲ့ ချိတ်ဆက်ထားကြပါတယ်။ တကယ်လို့ လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်နိမ့်တာတောင်မှ ဒီပန်းဖူးအဆင့် စစ်သည်တော်တွေက ဒူးထောက်ပြီးတော့ သူတို့ရဲ့ ရိုသေလေးစားမှုကို ပြသကြပါလိမ့်မယ်။

နောက်ဆုံးတော့ ဂမ်ရီကျန်းက အကြီးအကျယ်ကို

ချောင်းဆိုးသွားခဲ့ပါတယ်။ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ဆိုရင်ပဲ ယောင်ချာချာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အခုက ဘယ်လိုမှ မဖြစ်နိုင်တဲ့ ပန်းဖူးအဆင့် သိုင်းပညာရှင်တွေ ရာပေါင်းများစွာ အားလုံးက ပြုမှုနေတာ ဖြစ်ပါတယ်။ လပြွတ်ပဲ။ သူ့အရှေ့က ဒီလူငယ်လေးက တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လား။

လပြွတ်ပဲပေါ့ကွာ။ ဒါက အရမ်းကို ငယ်ရွယ်လွန်းပါတယ်။

မှော်ဆေးပညာရှင်တွေရဲ့ အဆင့်အတန်းက သတ်မှတ်ချက်ရဲ့ နောက်ကွယ်မှာ ရှိပါတယ်။ သူတို့ကို အပြစ်ကျူးလွန်လို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အထူးသဖြင့် အဆင့်မြင့်တဲ့ မှော်ဆေးပညာရှင် တစ်ယောက်ကို အပြစ်ကျူးလွန်မိရင် လူအများကြီးက အဲဒီမှော်ဆေးပညာရှင် အတွက် အပြစ်ကျူးလွန်တဲ့သူကို စကားတောင် ပေးမပြောပဲ စေတနာဝန်ထမ်းအဖြစ် ဆောင်ရွက်ပြီး ဆွမ်းကြီးပိုင်းလောင်း ကြပါလိမ့်မယ်။

အဲဒီလို ဆိုမှတော့ သူ ဂမ်ရီကျန်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို အလေးအနက်မထားပဲ ပေါ့ပျက်ပျက် ပြောဆိုခဲ့တဲ့အတွက် ဒီကမ္ဘာကြီး တစ်ခုလုံးထဲမှာ သူ့အတွက် နေစရာနေရာ တစ်ခုတောင်မှ

ရှိပါဦးမလား။

ဂမ်ရီကျန်းက မောက်မာဟင့်ကြွားတတ်ပေမဲ့ တေုံးအေတော့ မဟုတ်ပါဘူး။ ဒါကြောင့် သူက ချက်ချင်းပဲ သူရဲ့မောက်မာမှုတွေကို နှိမ့်ချပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအရေးမပါတဲ့ လူက ဆရာသခင်လင်းကို သတိမပြုမိခဲ့ပါဘူး။ ကျနော်ကို ခွင့်လွှတ်ဖို့ ဆရာသခင်လင်းကို တောင်းပန်ပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက တခြားကောင်းကင်အဆင့် မှော်ဆေးပညာရှင်နဲ့ မတူဘူး။ သိုင်းပညာရှင် တစ်ယောက်လည်း ဖြစ်တယ်။ မင်းငါ့ကို သင်ခန်းစာ တစ်ခု မသင်ပေးတော့ဘူးလား။ လာလာ။ ငါတို့ရဲ့ နှလုံးသားကို ကျေနပ်တင်းတိမ်သွားအောင် တိုက်ခိုက်ကြစို့"

ဘယ်လိုငရဲလဲ။ မင်းကငါ့ကို တေုံးလို့ ထင်နေတာလား။

လင်းဟန်က စိတ်ဂိညာဉ် ပလ္လင်အဆင့်သာသာပဲ ရှိတဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် ဒီပန်းဖူးအဆင့် စစ်သည်တော် ရာပေါင်းများစွာက အတူတကွ ပူးပေါင်းပြီးတော့ လှုပ်ရှားလိမ့်မယ်လို့ ယုံကြည်နေပါတယ်။ ဒါက ဖြစ်နိုင်ပါ့မလား။ သူက ခြောက်ကပ်ကပ်နဲ့

ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်လင်းက တကယ်ပဲ ဘယ်လိုနောက်ပြောင်ရမလဲဆိုတာ သိတာပဲ"

သူကလည်း အရမ်းကို ပါးနပ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ လင်းဟာန်ရဲ့ စကားလုံးတွေကြောင့် လုံးဝကို အနင်းချေ မခံနိုင်ပါဘူး။

"ဂမ်ရီကျန်း လာခဲ့ တိုက်ကြမယ်"

ဒါပေမဲ့လည်း ရှန်းဖောင်ချန်ကတော့ တိုက်ခိုက်လိုစိတ်တွေ ပြည့်နေပါတယ်။ သူလည်းပဲ ဓားသမားတစ်ယောက် ဖြစ်ပြီးတော့ ဓားကျွမ်းကျင်သူ တစ်ယောက်ကို မြင်ရတဲ့ အခါမှာ သူ့အနေနဲ့ လက်ရည်မစမ်းပဲ မနေနိုင်အောင် ဖြစ်နေပါတယ်။

ဂမ်ကျန်းရီက သံမဏိပြားကို ကန်မိလိုက်တဲ့အတွက် အရမ်းကို စိတ်အနှောင့်အယှက် ဖြစ်နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မျက်နှာပြန်ပြီးတော့ လိုချင်နေပါလိမ့်မယ်။ နှာခေါင်းရှုံ့ပြီး သူကပြောလိုက်ပါတယ်။

"မင်းက ဆိုးဆိုးဝါးဝါးနဲ့ ရှုံးနိမ့်ချင်နေမှတော့ ငါမင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးမယ်"

Chapter 459 end

အပိုင်း(၄၆၀) အစွမ်းထက်တဲ့ ဂမ်ရီကျန်း

ရှန်းဇောင်ချန်က အပိုစကား တစ်ခွန်းမှ မဆိုတော့ပဲ သူရဲ့ဓားကို တန်းပြီးတော့ ထိုးထည့် လိုက်ပါတယ်။

ဟုမ်း။

ဂမ်ရီကျန်းကို သူထိုးလိုက်တဲ့ ဓားက ဓားတစ်လက်လို့တောင် မထင်ရပဲ ဓားတောင်ကြီး တစ်ခုလိုမျိုး လူတွေကို အရမ်းကို လေးလံတဲ့ ခံစားမှုမျိုးနဲ့ ဒီကမ္ဘာကြီးကို ထိုးဖောက်တော့မဲ့ ပုံစံမျိုး ခံစားစေပြီး လူတစ်ယောက်ကို သေချာပေါက် အပိုင်းအစတွေ ဖြစ်သွားပါလိမ့်မယ်။

ဒါက အဖြူရောင် ဓားဘုရင်ရဲ့ သိုင်းဆန္ဒဖြစ်ပြီးတော့ သူရဲ့ ကိုယ်ပိုင် ဓားလမ်းကြောင်းလည်း ပါဂင်ပါတယ်။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဒီလူငယ်မျိုးဆက်က လမ်းကြောင်း တစ်ခုပေါ်မှာ သူတို့ကိုယ်သူတို့ ပါဂင်လျှောက်လမ်းနေခဲ့ ကြပါတယ်။ ပါရမီရှင် အဆင့်ဇယားက လူတွေက သေချာပေါက် ပန်းဖူးအဆင့် စစ်သည်တော်တွေ ဖြစ်လာလိမ့်မယ်လို့ ပြောဆိုနေတာက အံ့သြစရာ မဟုတ်တော့ပါဘူး။ အားလုံးကိုယ်စီက သာမန်မဟုတ်ပဲ ထူးချွန်ထက်မြက်

ကြပါတယ်။

ဒါပေမဲ့လည်း ဂမ်ရီကျန်းရဲ့ အမူအရာက အထင်သေးမှုတွေနဲ့ ပြည့်နှက်နေပြီး စိတ်မပါတပါ ပုံစံနဲ့ လက်ချောင်းတစ်ချောင်းနဲ့ ညွှန်လိုက်ပါတယ်။ အစွမ်းထက်တဲ့ ဓားဆန္ဒက လည်ပတ်လာပြီး ဓားအလင်းရောင် တစ်ချက်လက်သွားခဲ့ပါတယ်။ ဟုမ်း။ သူ့နောက်ကျောက အတောင်ပံ နှစ်ခုကို အသာလေးခတ်လိုက်ပြီး သူ့ကို ကောင်းကင်ပေါ်ကနေ ကမ္ဘာကြီးကို ဆင်းသက်လာတဲ့ နတ်ဘုရားတစ်ပါးနဲ့ တူစေခဲ့ပါတယ်။

ထန်။

လက်ညှိုးလေး တစ်ချောင်းနဲ့ ထိုးညွှန်လိုက်တာနဲ့ ရှန်းဖောင်ချန်က ချက်ချင်းပဲ လွင့်ထွက် သွားခဲ့ပြီး သူရဲ့လက်ထဲက ဓားရှည်တောင်မှ လွတ်ထွက်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ သူရဲ့အရေပြားတောင် အက်ကွဲသွားပြီး သွေးတွေပန်းထွက်လာပြီး အရမ်းကို ဂမ်းနည်းစရာ ကောင်းပါတယ်။

အားလုံးပဲ အကြီးအကျယ် အံ့အားသင့် နေခဲ့ပါတယ်။ ဒါကအဖြူရောင် ဓားဘုရင် ရှန်းဖောင်ချန် ဖြစ်ပြီးတော့ လွန်ခဲ့တဲ့ ပါရမီရှင် ပြိုင်ပွဲတုန်းက အဆင့် ၂၉ နေရာမှာ ရှိပြီး ဒီနှစ်မှာတော့ ထိပ်ဆုံး ဆယ်ယောက်စာရင်း ဝင်ပါတယ်။

ပြီးတော့ မြောက်ပိုင်းဒေသရဲ့ လူငယ်မျိုးဆက်တွေထဲမှာ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းအားနဲ့ ကိုယ်စားပြုနိုင်ပါတယ်။

ဒါပေမဲ့လည်း သူက လက်ကလေး တစ်ချောင်းနဲ့ တစ်ကွက်တည်းမှာပဲ ရှုံးနိမ့်သွားခဲ့ပါတယ်။

ဟူး ကွာဟချက်က အရမ်းကို ကြီးမားလွန်းတယ်။

အားလုံးက နယ်မြေလေးခုနဲ့အတူ အလယ်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က အမြင့်ဆုံး ဆိုတာကို ကောင်းကောင်းသိထားကြပါတယ်။ ပြီးတော့ မြောက်ပိုင်းဒေသကတော့ နယ်မြေလေးခုမှာ အနိမ့်ဆုံး ဖြစ်ပြီးတော့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တောင်မှ မရှိပါဘူး။ ဒါပေမဲ့လည်း လူငယ်မျိုးဆက်တွေလည်း ဒီလိုမျိုး အရမ်းကြီး ကွဲပြားခြားနားတာပဲလား။

ဂမ်ရီကျန်းလည်းပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့် ဆိုတာ သိသာပါတယ်။ ပြီးတော့ တကယ်လို့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုး မှာဆိုရင်တောင်မှ ကွာဟချက်က ဒီလောက်ကြီးမား သင့်သလား။

“မင်းက ညံ့သေးတယ်”

ဂမ်ရီကျန်းက သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ကျင့်ကြံခြင်းမှာ နှစ်မြုပ်ပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိမယ် ဆိုရင် ငါနဲ့အတူတူ ဖြစ်လာလိမ့်မယ်။ အဲဒီနောက်မှာ မင်းက ငါ့ရဲ့ဓားကို အသုံးပြုဖို့အတွက် အဆင့်မီရုံလောက်ပဲ ရှိလိမ့်မယ်။ ဒါပေမဲ့လည်း ငါအတော်လေး စိတ်ပျက်မိတာက ဒါက မင်းတို့ ပြောနေတဲ့ ပါရမီရှင် အဆင့်ဇယားက နံပါတ်ရှစ် ဟုတ်လား"

လပြွတ်ပဲ။ ပရိသတ်ကို နောက်တစ်ကြိမ် လှောင်ပြောင် သရော်လိုက်ပြန်ပြီ။

"ဟီးဟီး အစ်ကိုဂမ် ဒါဆိုရင် ငါမင်းနဲ့ တိုက်ကြည့်မယ်"

ရန်ကျွင့်ပောင်က လျှောက်လာခဲ့ပြီး သူရဲ့အကြည့်တွေမှာ တိုက်ပွဲဆန္ဒတွေ တောက်လောင်လို့ နေပါတယ်။

ဂမ်ရီကျန်းက သူ့ကို တစ်ချက်ငေးကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာ ခွန်အားတချို့တော့ ရှိတယ်။ ပြီးတော့ ငါ့လိုပဲ သက်တူရွယ်တူနဲ့ ကျင့်ကြံခြင်း တူတယ်။ ဒါက ဘာကိုဆိုလိုသလဲဆိုတော့ မင်းမှာ ကျေနပ်ဖွယ်ရာကောင်းတဲ့ ပင်ကိုယ်စွမ်းရည် ရှိတယ်။ ဒါပေမဲ့လည်း တူညီတဲ့ သိုင်းပညာအဆင့်မှာ ငါတို့ရဲ့ စွမ်းအားတွေက နီးစပ်ပြီး အကျိုးရလဒ်က အတူတူပဲ။ ဒါပေမဲ့

စွမ်းအားက တိုက်ပွဲစွမ်းရည်ရဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်တယ်"

"မင်းဆိုလိုချင်တာက ငါတို့အဆင့်တွေက တူညီနေပေမဲ့ မင်းရဲ့တိုက်ပွဲစွမ်းရည်က ငါ့ထက် အများကြီး သာတယ်ပေါ့ ဟုတ်လား"

ရန်ကျွင့်ဟောင်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့လေသံကတော့ ဒေါသထွက်နေတယ် ဆိုတာကတော့ သိသာပါတယ်။

"ဒါက သဘာဝပဲလေ"

ဝမ်ရီကျန်းက သာသာယာယာပဲ ပြောလိုက်ပါတယ်။

"သေချာအောင်လို့ ငါကိုယ်တိုင်ပဲ ကြည့်ချင်သေးတယ်"

ရန်ကျွင့်ဟောင်က ဒေါသထွက်နေရာရဲ့ အစား ရယ်မောလိုက်ပါတယ်။ သူရဲ့လက်ကို ခါလိုက်ပြီး သူရဲ့ဓားရှည်ကို ဆွဲထုတ်လိုက်ပါတယ်။ ဒါက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဓားတစ်ခုလုံး ကြက်သွေးရောင် နီမြန်းနေပြီး သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေနဲ့ ဖုံးအုပ်ထားခဲ့ပါတယ်။

"မင်းကိုငါ တိုက်ကွက်သုံးကွက် အကျောပေးမယ်။ ပြီးတော့မှ

မင်းကို တစ်ကွက်တည်းနဲ့ အနိုင်ယူမယ်”

ဂမ်ရီကျန်းက ဟိန်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပြီးတော့ ဘေးပတ်ဂန်းကျင်က လူတွေကို အကြည့်တစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

ရန်ကျှင့်ဟောင်က သရော်ပြုံးပြုံးလိုက်ပြီးတော့ အပိုစကားတစ်ခွန်းမှ မဆိုပဲနဲ့ စွမ်းအားတွေကို ဓားရှည်ထဲကို ထည့်သွင်းပြီးတော့ သူရဲ့ စိတ်ဂိညာဉ် ပစ္စည်းကို စတင်အသက်သွင်း လိုက်ပါတယ်။ ဂုမ်း ဂုမ်း ဂုမ်း။ ဓားသွားအပေါ်က သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက တစ်ခုပြီးတစ်ခု မီးတောက်တွေလိုမျိုး တောက်ပလင်းလက် လာခဲ့ပြီး ချက်ချင်းဆိုသလို ပတ်ဂန်းကျင် တစ်ခုလုံးရဲ့ အပူချိန်က အတော်လေးကို မြင့်တက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း မီးတောက်တွေက သူရဲ့အရှေ့ကို ပန်းထွက်ပြီး ဒိုင်းတစ်ခုလိုမျိုး အတွင်းမှာ သူ့ကိုကာကွယ်ထားပါတယ်။

တိုက်ခိုက်မှုရော ခုခံမှုပါ နှစ်ခုစလုံးရတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု။

“ပင်လယ်နီနဲ့ ဒေါသကြီးတဲ့ ပင်လယ်လှိုင်းတွေ၊ ပြင်းထန်တဲ့ လေဓားသွားက လေဟာနယ်ကို ချိုးဖျက်မယ်”

ရန်ကျှင့်ဟောင်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး

မီးတောက်ပင်လယ်ကြီး တစ်ခုက အစွမ်းကုန် တောက်လောင်နေသလို ဖြစ်နေပါတယ်။

ဂမ်ရီကျန်းက သူရဲ့ခြေလှမ်းကို ရွှေ့ပြီးတော့ ညင်သာစွာနဲ့ ရှောင်တိမ်းလိုက်ပါတယ်။

ရွှစ် ရွှစ် ရွှစ်။

ရန်ကျွင့်ပောင်ရဲ့ တိုက်ခိုက်မှုတွေက ထပ်ခါထပ်ခါ ကျရောက်လာပြီး ဂမ်ရီကျန်းကတော့ ဆက်လက် ရှောင်တိမ်းနေပါတယ်။ မသိလို့ရှိရင်တော့ ရန်ကျွင့်ပောင်က အသာစီး ရယူထားတဲ့ ပုံစံနဲ့ တူပါတယ်။

"မျှော်လင့်ထားသလိုပဲ ပါရမီရှင် အဆင့်ဇယား နံပါတ်တစ်က တကယ်အစွမ်းထက်တာပဲ"

"ဒီခွန်းအားက အရမ်းကို အစွမ်းထက်လွန်းတယ်"

"အရှေ့ပိုင်းဒေသက ဒီမောက်မာဂင့်ကြွားတဲ့ တပည့်ကို အနိုင်ယူလိုက်စမ်းပါ။ ပြီးတော့ သူ့ကို ငါ့ကိုမြောက်ပိုင်းက စော်ကားလို့ မရဘူးဆိုတာကိုပါ သိအောင်လို့ လုပ်ပစ်လိုက်စမ်း"

လူတွေအားလုံးက တစ်ယောက်တစ်ပေါက်နဲ့ ဆူညံ့အော်ဟစ်လို့ နေကြပါတယ်။ ဂမ်ရီကျန်းကို အရှုးအမူး

ဖြစ်နေတဲ့ မိန်းကလေးတွေကတော့ အရမ်းကို စိတ်လှုပ်ရှားနေပြီး သူတို့ရဲ့ လက်တွေကို ရင်ဘက်အရှေ့မှာ တင်းတင်းကျပ်ကျပ် ဆုပ်ထားပြီးတော့ ဂမ်ရီကျန်းအတွက် ဆုတောင်းပေး နေကြပါတယ်။

"တိုက်ကွက်သုံးကွက် ပြီးသွားပြီ"

ဂမ်ရီကျန်းက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပြီးတော့ သူရဲ့ညာဘက်လက်ကို လှုပ်လိုက်တဲ့ အခါမှာ ဓားတစ်ချောင်း ပေါ်လာခဲ့ပြီး အရမ်းကို ရိုးရှင်းစွာနဲ့ ရန်ကျွင့်ဟောင်ကို ထိုးလိုက်ပါတယ်။ ဒီထိုးသွင်းလိုက်တဲ့ ဓားက ရန်ကျွင့်ဟောင်ရဲ့ တိုက်ခိုက်မှုတွေကို ချိုးဖျက်ပြီးတော့ မီးပင်လယ်ကို ခွဲပစ်ပြီး မီးဒိုင်းကို ထိုးဖောက်သွားခဲ့ပါတယ်။

ထန်။

ထိုဒိုင်းက တစ်ကြိမ်တုန်ခါသွားပြီးတော့ ဖျက်ဆီးသွားခဲ့ပြီး ဓားသွားက လုံးဂကို ရပ်တန့်ခြင်း မရှိပဲနဲ့ တိုးဝင်သွားခဲ့ပါတယ်။

ဖူး။

ရန်ကျွင့်ဟောင်ရဲ့ ညာဘက်ပခုံးက ထိုးဖောက်ခြင်း ခံလိုက်ရပါတယ်။

ဂမ်ရီကျန်းက သူရဲ့ဓားကို ရုတ်သိမ်းလိုက်ပြီး ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ဒီလောက်ပဲ ဆိုရင်တော့ ငါ့ကို တကယ်ပဲ စိတ်ပျက်စေတာပဲ"

"ဂမ်ရီကျန်း ဂမ်ရီကျန်း ဂမ်ရီကျန်း"

အစောတုန်းက အရမ်းကို စိတ်လှုပ်ရှားနေတဲ့ မိန်းကလေးတွေက စတင်ပြီးတော့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး မယုံနိုင်စရာကောင်းလောက်အောင် စိတ်လှုပ်ရှားနေပုံ ရပါတယ်။ ယောကျ်ားတွေရဲ့ စိတ်အားတက်ကြွမှုတွေက ကျဆင်းသွားပြီး လုံးဝမယုံကြည်နိုင်မှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

ရန်ကျွင့်ဟောင်လို သန်မာတဲ့ လူတောင်မှ တစ်ကွက်တည်းနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ တကယ်လို့ ဟူးညို ဒါမှမဟုတ် လင်းဟန်သာ ပြိုင်ပွဲကွင်းထဲကို ဝင်လာခဲ့မယ်ဆိုရင် ဘယ်လိုတွေများ ပြောင်းလဲသွားမလဲ။

ဟူးညိုက ရန်ကျွင့်ဟောင်နဲ့ နောက်ဆုံးအကြိမ် တိုက်ခိုက်ခဲ့တုန်းက နီးနီးကပ်ကပ်နဲ့ တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဟူးညိုက သူမရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သွားတွေကို အသုံးမပြုခဲ့ဘူး

ဆိုပေမဲ့ ဒါကရန်ကျွင့်ဟောင်ရဲ့ ထူးချွန်ထက်မြက်တဲ့ ခွန်အားကို သက်သေပြနေဆဲ ဖြစ်ပါတယ်။

ဂမ်ရီကျန်းလည်း အရမ်းကို သန်မာပါတယ်။ ဒီသန်မာတဲ့ အချက်ကြောင့်ပဲ လူတွေကို မျှော်လင့်ချက် ကင်းမဲ့အောင် လုပ်နေပါတယ်။

"ကျူးရွှမ်အာ။ လျို့ပှက်နယ်မြေကို စူးစမ်းလေ့လာဖော်ထုတ်ပြီးရင် ငါနဲ့အတူ အရှေ့ပိုင်း ဒေသကို ပြန်မယ်ဆိုရင်ရော ဘယ်လိုလဲ"

ဂမ်ရီကျန်းက ကျူးရွှမ်အာကို မေးလိုက်ပါတယ်။

ငဲ့ ဒီကောင်က တကယ်ပဲ ဆရာသခင်လင်းရဲ့ လူကို နှစ်သက်နေတာလား။

လူတိုင်း အံ့အားသင့် သွားခဲ့ပါတယ်။ ပထမတော့ ဂမ်ရီကျန်းက အလျော့ပေးတာကို ကြည့်ပြီး သူတို့ထင်တာက လင်းဟန်ကို သူက ကြောက်ရွံ့နေတာ ဖြစ်မယ်လို့ တွေးနေကြပါတယ်။ ဒါပေမဲ့ အခု သူက ကျူးရွှမ်အာကို ပွင့်ပွင့်လင်းလင်းနဲ့ ဖိတ်ခေါ်ခဲ့ပါတယ်။ သူက တကယ်ပဲ လင်းဟန်ကို လုံးဝကို ဂရုမစိုက်ပါဘူး။ ဒီကောင်လေးက ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်နဲ့ တိုက်ရိုက်ပြဿနာတက်မှာကို မလိုချင်ဘူးဆိုတာ

သိသာထင်ရှားပါတယ်။ ဒါပေမဲ့ သူက နည်းနည်းလေးမှ မကြောက်သလိုပါပဲ။

သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်နဲ့ ထိပ်တိုက်တွေ့ဂျင် ခုခံနိုင်မှာ မဟုတ်တာတော့ သေချာပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ တမင်သက်သက် စိတ်ရှည်လက်ရှည်နဲ့ သူ့ကို အလိုက်အထိုက်နေဖို့ မလိုပါဘူး။ သူ့အနေနဲ့ လင်းဟာန်ကို မှော်ဆေးလုံးတွေ ဖော်စပ်ခိုင်းဖို့ မလိုအပ်ခဲ့ပါဘူး။

ခြိမ်းခြောက်ခြင်းရဲ့ အနောက်မှာ လိုအင်ဆန္ဒတွေ လိုက်ပါလာပါတယ်။

ဒီကောင်က တကယ်ပဲ ဉာဏ်နီဉာဏ်နက် များလွန်းပါတယ်။ အစောပိုင်းတုန်းက သူဂန်ခံခဲ့တာက လင်းဟာန်နဲ့ တိုက်ခိုက်မှု ဖလှယ်ရမှာကို မလုပ်ပုံ့လို့ ဖြစ်ပါတယ်။ အခုတော့ တကယ်လို့ လင်းဟာန်က သူ့ကို ဒေါသပေါက်ကွဲထွက်မယ်ဆိုရင် လင်းဟာန်ရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ ပုံရိပ်က ဂုဏ်သိက္ခာစွန်းထင်းသွားမယ် မဟုတ်လား။

တကယ်လို့ စကားတွေ ထွက်လာမယ်ဆိုရင် လူတိုင်းက ဂုဏ်သိက္ခာရှိတဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တခြားသူတွေကို သည်းခံခြင်း မရှိပဲနဲ့

စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်ကိုတောင် သူ့ရဲ့အဆင့်နဲ့ အနိုင်ကျင့်တယ်လို့ ပြောဆိုကြ ပါလိမ့်မယ်။

လင်းဟန်ရဲ့ အကြည့်တွေက အေးစက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ တခြားသူတွေကို လက်ဂါးပေါ်မှာ ကစားစရာအရုပ်လိုမျိုး ထားတတ်တဲ့လူကို မနှစ်သက်ပါဘူး။

"ညိုးညိုး သူ့ကို မှတ်လောက်သားလောက်အောင် ရိုက်ပစ်မယ်"

ဟူးညိုက ခုန်ထွက်ပြီးတော့ လင်းဟန်ကို တားဆီးပြီး သူမရဲ့ လက်တွေကို အနောက်ဘက်မှာ ထားပြီးတော့ ဂမ်ရီကျန်းဆီကို လျှောက်သွားပြီး ပြောလိုက်ပါတယ်။

"ရုပ်ဆိုးတဲ့ မွန်းစတားကောင်။ ညိုးညိုး နင်နဲ့တိုက်မယ်။ တကယ်လို့ နင်ရှုံးရင် ဒီအမျိုးသမီးကို အပေးကို ခေါ်သွားလိုက်"

သူမက ကျူးရွှမ်အာဘက်ကို လှည့်ပြီးတော့ လက်ညိုးထိုး ညွှန်ပြလိုက်ပါတယ်။

အားလုံးပဲ အံ့သြမှင်တက် သွားခဲ့ကြပါတယ်။ ဘာကြောင့် ရှုံးနိမ့်လို့ရှိရင် ကျူးရွှမ်အာကို ခေါ်သွားခိုင်းရတာလဲ။ တကယ်လို့ အဲဒီလိုသာဆိုရင် သူတို့လည်း အရှုံးပေးချင်ပါတယ်။ သူတို့အနေနဲ့ တိုက်ပွဲကို

အစောကြီးကတည်းက တိုက်ခိုက်ဖို့တောင် ဆန္ဒရှိနေခဲ့ကြပါတယ်။

ဂမ်ရီကျန်းက ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ သကြားလုံး ချိုချဉ်တုတ်ချောင်း တစ်ခုကို ဆွဲထုတ်ပြီးတော့ ဟူးညိုကို ကမ်းပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"မိန်းကလေး ဒါကို ယူပြီးတော့ တစ်ဖက်မှာ သွားစားနေလိုက်ပါ"

ဟူးညိုက သွားရည်ယိုလာပြီးတော့မှ နှာခေါင်းရှုံ့လိုက်ပါတယ်။

"ညီးညီးကို အစားနဲ့ သွေးဆောင်ဖြားယောင်းလို့ ရမယ်လို့ ထင်နေတာလား"

ဂမ်ရီကျန်းက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမိန်းကလေးငယ်လေးက အတော်လေး စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဘယ်သူ့ကလေးလဲ"

အားလုံးက သူ့ကို သနားစရာကောင်းတဲ့ အကြည့်နဲ့ ကြည့်လိုက်ကြပါတယ်။ ဒီမိန်းကလေးရဲ့ ကိုက်တာက ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်အလုံးနှစ်ဆယ် ရှိတယ်။ ဘာဖြစ်လို့ မင်းမစမ်းကြည့်တာလဲ။

ရွှစ်။

ဟူးညိုက ခုန်ထွက်ပြီး ဂမ်ရီကျန်းကို ခုန်အုပ်လိုက်ပါတယ်။

ဘာ။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဟူးညိုက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပြီပေါ့လေ။

Chapter 460 end
အပိုင်း(၄၆၁) အပြစ်ဒဏ်

လင်းဟန်ရဲ့ ယခင်ဘဝက ကောင်းကင်အဆင့် အမြင်နဲ့တောင်မှ အရမ်းကို နည်းပါးတဲ့ လူနည်းစုကိုပဲ သူ့အနေနဲ့ ဖြတ်ပြီးတော့ မမြင်နိုင်တာပါ။ ဟူးညိုကတော့ သူတို့ထဲက တစ်ယောက်ပေါ့။

လုံးဝကို မသိလိုက်ပဲ ဒီမိန်းကလေးက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်ရှိလို့ သွားခဲ့ပါပြီ။

အရမ်းကို မြန်တာပဲ။

ဂမ်ရီကျန်းက သူရဲ့မျက်လုံးထဲမှာ ရိပ်ခနဲပဲ မြင်လိုက်ရပြီး

ဟူးညှိုရဲ့ လက်သီးသေးသေးလေးက သူရဲ့အရှေ့ကို ရောက်လာခဲ့ပြီး သူ့ကို ခတ်ထုတ်ဖို့ ဒါမှမဟုတ် ရှောင်တိမ်းဖို့ အခွင့်အရေးတောင် မပေးပါဘူး။ ဒါပေမဲ့လည်း သူက ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ တစ်ချက်လောက် စိုက်ကြည့်လိုက်တာနဲ့ သူရဲ့မျက်လုံးထဲက အလင်းရောင်တန်း နှစ်ခုပစ်လွှတ်လိုက်ပြီး ဟူးညှိုရဲ့ လက်သေးသေးဆီကို ပစ်လွှတ်လိုက်ပါတယ်။

ထန်။

အသံတစ်ခုနဲ့အတူ ဓားအလင်းတန်းနှစ်ခုက ဟူးညှိုရဲ့ လက်သီးနဲ့ ထိခိုက်မိ သွားခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုတွေရဲ့ နောက်ကပါလာတဲ့ စွမ်းအားတွေက မနည်းပါဘူး။ ဟူးညှိုရဲ့ လက်သီးက လမ်းကြောင်းလွဲသွားပြီး သူမရဲ့ပါးဘေးနားက ကပ်ဖြတ်သွားခဲ့ပါတယ်။

ဂမ်ရီကျန်းရဲ့ တိုက်ပွဲသတိရှိမှုက အရမ်းကို သန်မာလွန်းပါတယ်။ သူက ချက်ချင်းပဲ အန္တရာယ်ရှိတဲ့ အနေအထားကနေ တန်ပြန်တိုက်စစ်ဆင်ပြီးတော့ ဖြေရှင်းသွားခဲ့ပါတယ်။ လက်ချောင်းတစ်ချောင်းကို ဓားအဖြစ်နဲ့ သူကဟူးညှိုကို ထိုးလိုက်ပါတယ်။

ရွှစ်။ ဟူးညီရဲ့ ပုံရိပ်က လျပ်ပြက်သလို နောက်တစ်ကြိမ် ပြန်ပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဂမ်ရီကျန်းရဲ့ စိတ်ထဲမှာ မကောင်းတော့ဘူးလို့ တွေးလိုက်မိပါတယ်။ မျှော်လင့်ထားသလိုပဲ ဟူးညီက လေတိုက်ခတ်လိုက်သလို သူရဲ့နောက်ကျောမှာ ရောက်နေပြီး သူရဲ့ခေါင်းကို နောက်တစ်ကြိမ် လက်သီးနဲ့ ထိုးထည့်လိုက်ပါတယ်။ သူက အလျင်အမြန်ပဲ အရှေ့ကို ကိုင်းညွှတ်လိုက်ပြီး သူရဲ့ခေါင်းက အနက်ရောင်ဆံပင်တွေက မြင့်တက်လာခဲ့ပြီးတော့ ဓားတွေအဖြစ် ပြောင်းလဲသွားပြီး ဟူးညီကို တိုက်ခိုက်လိုက်ပါတယ်။

ထန်။

လက်သီးနဲ့ ထိမိသွားတာနဲ့ ဂမ်ရီကျန်းရဲ့ ထောင်နေတဲ့ ဆံပင်တွေ ရာပေါင်းများစွာက ချက်ချင်း ဆိုသလို ပြတ်သွားခဲ့ပြီး ဟူးညီရဲ့ လက်သေးသေးလေးမှာတော့ ဆံပင်ဓားတွေကြောင့် ပြတ်ရှမှု ဖြစ်ပေါ်ပြီး သွေးစီးကြောင်းလေးတွေ ပန်းထွက်လာခဲ့ပါတယ်။

ဟူးညီက ဒေါသထွက်သွားပြီး သူမရဲ့

လက်သီးသေးသေးလေးနဲ့ ထပ်ခါထပ်ခါ ထိုးလိုက်ပါတယ်။

ဂမ်ရီကျန်းက ဆံပင်ဓားသွားတွေကို ခုခံဖို့ ထိန်းချုပ်လိုက်ပြီး ပြန်လှည့်လာပြီးတော့ ဟူးညိုနဲ့ မျက်နှာချင်းဆိုင်လိုက်ပါတယ်။ လက်ညှိုးတစ်ချောင်းနဲ့ ထိုးညွှန်လိုက်တာနဲ့ ချက်ချင်းဆိုသလို ဓားချီအလင်း ကိုးခုက သိုင်းဆန္ဒတွေ ပြန့်နံ့လာပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဟုန်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ သူက ဓားလမ်းကြောင်းပေါ်က ကေရာဇ်တစ်ပါးနဲ့ တူပြီးတော့ ဘယ်သူကမှ သူ့ကို တိုက်ရိုက်မကြည့်ပွံ့ကြပါဘူး။

ဒါပေမဲ့လည်း ဟူးညိုကတော့ မကြောက်ပဲ သူမရဲ့ လက်သီးတွေကို လက်သည်းတွေအဖြစ် ပြောင်းပြီးတော့ ဓားချီတိုက်ခိုက်မှုတွေကို ပေ့ယမ်းပစ်လိုက်ပါတယ်။

ဖူး။ ဖူး။ ဖူး။

ဓားချီတွေ အားလုံး ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့ ဟူးညိုရဲ့ တိုက်ခိုက်မှုကလည်း အချည်းနှီး ဖြစ်သွားခဲ့ပါတယ်။

သူတို့နှစ်ယောက်ကြားက တိုက်ခိုက်မှု အနည်းငယ် ဖလှယ်မှုက အရမ်းကို လျင်မြန်လွန်း ပါတယ်။ လျှပ်စီးအလင်းတွေ လက်သွားသလိုမျိုးနဲ့ တူပြီးတော့ တိုက်ကွက်တစ်ခုစီနဲ့ ဟန်ပန်က အရမ်းကို အတိမ်းအစောင်း မခံပါဘူး။ တကယ်လို့ သူတို့ထဲက တစ်ယောက်ယောက်က အနည်းငယ် အမှားလုပ်မိမယ်ဆိုရင် ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ရသွားပါလိမ့်မယ်။

ပရိသတ်တွေ အားလုံးပဲ တိတ်ဆိတ်ငြိမ်သက်နေပြီး တမင်တကာမဟုတ်ပဲ အသက်တောင် မရှူဖြစ်ပဲ အသက်အောင့်ထား ကြပါတယ်။ တစ်ခါတရံမှာသာ အသက်ရှူသံ ပြင်းပြင်းကို ကြားရပြီး လူတိုင်းလူတိုင်းပဲ စိတ်ထဲမှာ ကျိတ်ပြီးတော့ အံ့အားသင့်နေခဲ့ ကြပါတယ်။

ဒီလူနှစ်ယောက်က ဒီအဆင့်ထိအောင် သန်မာနေကြတယ်ပေါ့။

ဘယ်သူမဆို ပြိုင်ပွဲကွင်းထဲကို ဝင်ရောက်ပြီး ဟူးညို့ရဲ့ တိုက်ခိုက်မှုတွေနဲ့ မျက်နှာချင်း ဆိုင်ရမယ် ဆိုရင် သူတို့အနေနဲ့ သေချာပေါက် ထိမိမှာ ဖြစ်ပြီး ဟူးညို့ရဲ့ နေရာမှာ ဂမ်ရီကျန်းရဲ့ တိုက်ခိုက်မှုနဲ့ မျက်နှာချင်းဆိုင်ရမယ် ဆိုရင် သူတို့အနေနဲ့ အံ့အားသင့်ပြီးနောက်မှာ

အပြင်းအထန်ကို ခံစားသွားရ ပါလိမ့်မယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်က လက်ရည်တူနေကြပြီး တကယ်ပဲ ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။

ဂမ်ရီကျန်းရဲ့ မျက်လုံးတွေက ပြူးလာခဲ့ပါတယ်။ ဒီမိန်းကလေးက အရမ်းကို ငယ်ရွယ်ပြီး သူ့ကိုတောင် ယှဉ်ပြိုင်နိုင်ပါတယ်။ တကယ်လို့ သူတို့သာ အသက်အတူတူ ဖြစ်မယ်ဆိုရင် သူ့ကို ဖိနှိပ်ထိန်းချုပ်ဖို့အတွက် ဟူးညိုက လက်တစ်ဖက်ပဲ လိုတယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

ဟူးညိုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဂက ထွက်ပေါ်လာခဲ့ပြီး သူမက အဆက်မပြတ် ဆက်လက်တိုက်ခိုက် နေပါတယ်။ သူမရဲ့ ပုံရိပ်လေးက လျှပ်စီးလက်သလို ဖျတ်ခနဲ ပျောက်ပျောက်သွားတာက ဂမ်ရီကျန်းကို တိုက်ခိုက်မှုတွေကို ခတ်ထုတ်ရင်းနဲ့ စိုးရိမ်စိတ် ဂင်လာစေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက အတော်လေးကို သန်မာပါတယ်။ ဒီလိုမျိုး အခြေအနေနဲ့ ကြုံတွေ့နေတာတောင်မှ သူကပြန်ပြီးတော့ တိုက်ခိုက်နိုင်စွမ်း ရှိနေပြီး ဟူးညိုအတွက် အတော်လေးကို ဖိအားတွေကို ဖန်တီးစေခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့အနေနဲ့

ဟူးညိုက အစွမ်းကုန် တိုက်ခိုက်တာကို ပထမဆုံး အကြိမ်မြင်ဖူးခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ မဟုတ်သေးပါဘူး။ ဟူးညိုက သူမရဲ့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ သွားကို အသုံးပြုပြီးတော့ တစ်ချက်တည်း တိုက်ခိုက်လိုက်ရင် အနိုင်ကို ဆုံးဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဟူးညိုမှာ အနီးကပ်ပြီးတော့ တိုက်ခိုက်ဖို့ အခွင့်အရေး မရရှိသေးပါဘူး။

ဂမ်ရီကျန်းရဲ့ တိုက်ပွဲစွမ်းရည်ကလည်း လုံးဂကို လျော့တွက်လို့ မရပါဘူး။ တကယ်လို့ ဟူးညိုက ဂမ်ရီကျန်းကို ကိုက်လိုက်မယ်ဆိုရင် သူမအနေနဲ့ ဂမ်ရီကျန်းရဲ့ ဓားချီကြောင့် သေချာပေါက် ထိခိုက်သွားပါလိမ့်မယ်။ ဒါကြောင့် ဒီရလဒ်ကို ပြောဖို့ဆိုတာက တကယ်ပဲ ခက်ခဲပါတယ်။

"ဟင့်"

ဟူးညိုက ရပ်လိုက်ပါတယ်။ သူမက လုံးဂကို အရည်အချင်း ရှိပါတယ်။ ပြီးတော့ ဂမ်ရီကျန်း အစတုန်းက သူမကို ပေးတဲ့ သကြားသုတ်ထားတဲ့ ချိုချဉ်တုတ်ချောင်းကို ဟူးညိုက လုယူသွားခဲ့ ပါတယ်။ ပြီးတော့ သူမက သကြားလုံးချိုချဉ်တုတ်ကို စပြီးတော့ အရသာရှိရှိ မြိန်ရေယှက်ရေ စားပြီးတော့ ပြောလိုက်ပါတယ်။

"ရုပ်ဆိုးတဲ့ မွန်းစတား။ နင်ဒီရုပ်ဆိုးဆိုး အမျိုးသမီးကို အဝေးကို ခေါ်သွားနိုင်ပြီ"

ဂမ်ရီကျန်းက ချက်ချင်းဆိုသလို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ မြောက်ပိုင်းဒေသက လူတွေကို လျော့တွက်ခဲ့မိပြီ။ မိန်းကလေးငယ် မင်းက ငါ့ကို ယှဉ်ပြိုင်နိုင်တယ်။ နောက်နှစ်ပေါင်းနှစ်ဆယ်ကြာတဲ့နောက် မင်းငါ့ကို လာစိန်ခေါ်ဖို့အတွက် ငါစောင့်မျှော်နေမယ်"

အဲဒီလို ပြောပြီးတာနဲ့ ဂမ်ရီကျန်းက လှည့်ထွက်သွားခဲ့ပါတယ်။

ဟူးညိုက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ အားကိုးလို့မရတဲ့ ယုံကြည်လို့မရတဲ့ လူတစ်ယောက် ရှိနေတာလဲ။ သူမရှင်းရှင်းလင်းလင်း ပြောပြီးပြီလေ။ တကယ်လို့ သူက သူမကို မတိုက်ခိုက်နိုင်ဘူးဆိုရင် ဒီရုပ်ဆိုးဆိုး အမျိုးသမီးကို အဝေးကို ခေါ်သွားဖို့ ပြောထားတာ။ အခုကျတော့ သူကဒီအတိုင်းပဲ ထွက်သွားတယ်။ တကယ်ပဲ အရမ်းမုန်းဖို့

ကောင်းတာပဲ။

"ဟူးညိုက ပိုပြီးတော့ အထင်ကြီးဖို့ ကောင်းတယ်။ သူမကတကယ်ပဲ ဂမ်ရီကျန်းနဲ့ သရေကျအောင် တိုက်ခိုက်နိုင်တယ်"

"ဟီးဟီး တကယ် စိတ်ဂင်စားစရာ ကောင်းတာပဲ။ ပါရမီရှင် နံပါတ်တစ် ရန်ကျွင့်ပောင်က တစ်ကွက်တည်းနဲ့ ရှုံးနိမ့်သွားခဲ့တယ်။ ဒါပေမဲ့ တတိယနေရာက ဟူးညိုကတော့ ဂမ်ရီကျန်းကို ဖိနှိပ်ထားနိုင်တယ်"

"တကယ်လို့ ရန်ကျွင့်ပောင်က ဒေါသထွက်သွားမယ်ဆိုရင် အံ့သြစရာပဲ မဟုတ်လား"

အားလုံးက တက်တက်ကြွကြွနဲ့ ဆွေးနွေးနေကြပါတယ်။ ဟူးညိုက သူတို့မျှော်လင့်ထားသလို စိတ်မပျက်စေခဲ့ပါဘူး။ ပြိုင်ဘက်က ပိုပြီးတော့ သန်မာလေ သူမကလည်း ပိုပြီးတော့ သန်မာလေ ပါပဲ။ အနည်းဆုံးတော့ မြောက်ပိုင်းဒေသက သိုင်းပညာရှင်တွေ အရှက်မရအောင် ကယ်တင်ပေး နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ ဂမ်ရီကျန်းကို ဖိနှိပ်နိုင်တဲ့ လူတွေအများကြီး ရှိတယ်ဆိုပေမဲ့ တကယ်လို့ ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်က

ဂင်ရောက်စွက်ဖက်လိုက်မယ်ဆိုရင် မြောက်ပိုင်းဒေသမှာ အစွမ်းထက်တဲ့ လူငယ်တွေ မရှိဘူးလားလို့ ပြောစရာဖြစ်ကုန်ပါလိမ့်မယ်။

တကယ်လို့ ဒီပန်းဖူးအဆင့် သိုင်းပညာရှင်က လူငယ်မျိုးဆက်ထဲက ဆိုရင်တော့ ပြဿနာ မရှိပါဘူး။ မြောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်ကို သက်သေပြလို့ ရပါတယ်။ ဒါပေမဲ့ လူကြီးမျိုးဆက်က လူတစ်ယောက်က သူ့ကို ဖိနှိပ်လိုက်မယ်ဆိုရင် ဒါက လုံးဂကို အရှက်ကွဲတာ ပါပဲ။

လင်းဟန်က ကျူးရှမ်အာကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နောက်လိုက်ခဲ့"

သူတို့နှစ်ယောက်က ပရိသတ်တွေရဲ့ အကြည့်ကို တားဆီးတဲ့အနေနဲ့ ရှက်ဖျင်တဲထဲကို ဂင်သွားခဲ့ပါတယ်။ ဒါက ပရိသတ်ရဲ့ ရင်ထဲမှာ ရှုစိရှုစိ မယိုးမယွ ဖြစ်စေခဲ့ပါတယ်။ ယောကျ်ား တစ်ယောက်နဲ့ မိန်းမတစ်ယောက်က အထဲမှာဆိုတဲ့ အချက်က သူတို့ကို ကသိကအောက် ဖြစ်စေတယ် မဟုတ်လား။

ရွက်ဖျင်တဲက ကြီးမားပြီး အထဲမှာ ကုလားထိုင်တွေ စားပွဲတွေတင်မက အိပ်ယာတွေပါ ရှိပါတယ်။ ဘယ်သူကမှ သိုလှောင်လက်စွပ် မကင်းမဲ့ပဲ သူတို့လိုချင်တာတွေ အားလုံးကို သယ်ယူလာနိုင် ပါတယ်။

လင်းဟာန်က ထိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါဘယ်တုန်းက မင်းရဲ့ ဆရာသခင် ဖြစ်သွားတာလဲ"

ကျူးရှွမ်အာက ဖြည်းညှင်းစွာနဲ့ ဒူးထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ရှွမ်အာက ဆရာသခင်ဟာန်အတွက် တစ်ခုခု လုပ်ပေးချင်ပါတယ်"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"စားသောက်ဆိုင်မှာ စားပွဲထိုးတစ်ယောက် လုပ်ပြီးတော့ ငါ့ဘေးကနေ လိုက်လာခဲ့တယ်။ ဒါကငါ့အတွက် လုပ်ပေးတာပဲ မဟုတ်လား"

"ကျေးဇူးပြုပြီးတော့ ကျမကို ညွှန်ကြားသင်ပြပေးပါ ဆရာသခင်ဟန်။ ရွှမ်အာ သေချာပေါက် ကြိုးစားပါ့မယ်"

လင်းဟန်ရဲ့ မျက်လုံးတွေ ပိုင်းသွားခဲ့ပါတယ်။ ဒီမိန်းကလေးက ဘယ်အချိန်တုန်းက ရှူးသလိုလို ပေါသလိုလိုနဲ့ ချစ်စရာ ကောင်းသွားတာလဲ။ လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီခံစားချက်က မကောင်းဘူး"

သူက စားပွဲကို လက်ညှိုးထိုး ညွှန်ပြလိုက်ပြီးတော့ ပြောပါတယ်။

"အဲဒီနေရာမှာ သွားလှဲလိုက်"

ကျူးရွှမ်အာရဲ့ လှပတဲ့ မျက်နှာလေးက အနီရောင်သန်းသွားပြီး ဖြူဖွေးသွားပါတယ်။ ဒီကောင်ရဲ့ တဏှာရာဂတွေ ထွက်ပေါ်လာပြီးတော့ သူမကို ဒီအပေါ်မှာ တင်ပြီးတော့ လိုချင်နေတာလား။ သူမက အလျှင်အမြန်ပဲ ပြောလိုက်ပါတယ်။

"ဆရာသခင်လင်း အထင်မမှားပါနဲ့။ ရွှမ်အာက ရှင့်အတွက်

တကယ်ပဲ အလုပ်လုပ်ပေး ချင်တာပါ”

“ငါက အထင်မမှားဘူး။ မင်းပဲ အထင်မှားနေတာ”

လင်းဟန်က ကြိမ်တုတ် တစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။

“စကားနားမထောင်တဲ့ သူကို ငါမကြိုက်ဆုံးပဲ။ ဒါကြောင့် ငါမင်းကို ရိုက်ရလိမ့်မယ်”

ကျူးရှမ်အာက လိမ်လိမ်မာမာနဲ့ စားပွဲခုံရဲ့ ဘေးကို လျှောက်သွားလိုက်ပြီး မှောက်ချလိုက်ပြီး သူမရဲ့ တင်ပါးတွေကို ထောင်ထားလိုက်ပါတယ်။

သူမအနေနဲ့ ဒီလိုအနေအထားနဲ့ နေရတာ မရှက်ပဲနဲ့ မနေပါဘူး။ စိတ်ကသိကအောက် အတော်ဖြစ်ဖို့ ကောင်းပါတယ်။

လင်းဟန်က ကျီစယ်တဲ့ သဘောနဲ့ ရယ်မောလိုက်ပါတယ်။ ဒီကြိမ်တုတ်နဲ့ ရိုက်နက် အပြစ်ပေးပြီး နောက်မှာ ဒီမိန်းကလေးက သူ့ကိုနောက်ထပ် စိတ်အနှောင့်အယှက် ပေးတော့မှာ မဟုတ်ဘူး။ ဟုတ်တယ်မလား။ ဖြန်း။

သူက နည်းနည်းလေးမှ မတုံ့ဆိုင်းပဲ ရိုက်လိုက်ပါတယ်။ တိုတိုပြတ်ပြတ် အသံတစ်ခု ထွက်ပေါ် လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီကြိမ်တုတ်က သာမန်ကြိမ်တုတ် တစ်ချောင်းပါပဲ။ ဒါကြောင့် စိတ်ဂိညာဉ် ပလ္လင်အဆင့်ဖြစ်တဲ့ ကျူးရှမ်အာကို နာကျင်စေဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

ဖြန်း။ ဖြန်း။

အသံတွေက မရပ်မနား ထွက်ပေါ်လာခဲ့ပါတယ်။ ကျူးရှမ်အာရဲ့ လှပတဲ့ မျက်နှာက ပိုပြီးတော့ နီရဲလာပြီး ပူလောင်လာပါတယ်။ ကြည့်ရတာ သူမက တစ်စုံတစ်ခုကို အထင်အမြင် လွဲမှားနေတာ ဖြစ်ပြီးတော့ မရှက်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

သူမအနေနဲ့ အခုဆိုရင် ဘယ်လိုပုံစံ ဖြစ်နေမလဲ ဆိုတာကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။ သူမရဲ့ ကြွရှပြီး တင်းကားဖွံ့ထွားတဲ့ တင်ပါးတွေက လင်းဟာန်နဲ့ မျက်နှာချင်း ဆိုင်နေတယ် မဟုတ်လား။

အရမ်းကို စိတ်ကသိကအောက် ဖြစ်ဖို့ကောင်းပြီး အရမ်းကို ရှက်စရာ ကောင်းပါတယ်။

သူမရဲ့ အသိစိတ်တွေက မှုန်ဝါးသွားပြီး သူမရဲ့ မျက်နှာက အံ့အားသင့်စရာ ကောင်းအောင် ပူနေတယ်လို့ ခံစားနေရပါတယ်။ မသိလို့ရှိရင် မီးလောင်သလိုမျိုး ပူလောင်နေပါတယ်။ အတွင်းထဲကနေ ခံစားချက် တစ်ခုထွက်ပေါ်လာပြီး ခြေပစ်လက်ပစ် လဲလျောင်းချင်စိတ်တွေ မြင့်တက်လာခဲ့ပါတယ်။

သူမတွေဝေနေတဲ့ အချိန်မှာပဲ ဟူးညိုပြောတာကို ကြားလိုက်ရပါတယ်။

"လင်းဟန် နင်ရိုက်တာ အရမ်းကို အားမပါဘူး။ ညိုးညိုး နင့်ကို ကူမယ်"

သူမရဲ့ အာရုံတွေ ပြန်ပြီးတော့ မစုရသေးခင် သူမရဲ့တင်ပါးက မခံမရပ်နိုင်အောင် နာကျင်မှု တစ်ခုကို ခံစားလိုက်ရပါတယ်။ တမင်တကာမဟုတ်ပဲ သူမကို အော်ငိုသွား စေခဲ့ပါတယ်။ သူမက လှည့်ကြည့်လိုက်တဲ့ အခါမှာ ဟူးညိုက သူမရဲ့ တင်ပါးကို ကိုက်နေတာကို မြင်လိုက်ရပါတယ်။

Chapter 461 end

အပိုင်း(၄၆၂) လျှို့ဝှက်နယ်မြေကို ဝင်ရောက်ခြင်း

"ဘာတွေဖြစ်ကုန်ပြီလဲ။ ဘာတွေဖြစ်ကုန်ပြီလဲ"

အပြင်ဘက်က လူအုပ်ကြီးက အရမ်းကို စိတ်မရှည်တော့ပဲ ခုန်ဆွခုန်ဆွ ဖြစ်နေကြပြီး ရူးတော့မလို ဖြစ်ကုန်ကြပါတယ်။

သူတို့က ဖြန်း ဖြန်း ဖြန်း ဆိုတဲ့ အသံကို အစောပိုင်းတုန်းက ကြားရပြီး အခု အူလိုက်သည်းလိုက် ငယ်သံပါအောင် အော်လိုက်တဲ့ အသံကို ကြားလိုက်ရပါတယ်။ အထဲမှာ ဘာတွေများ ဖြစ်နေပြီလဲ။

တကယ်လို့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ စွမ်းအားနဲ့ လွှမ်းမိုးမှုကို ကြောက်မနေဘူး ဆိုရင် သူတို့တွေအားလုံး ရွှက်ဖျင်တဲထဲကို တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ အထဲမှာ ဘာတွေဖြစ်ပျက်နေသလဲ ဆိုတာကို ဝင်ကြည့်ကြပါလိမ့်မယ်။

တခဏမျှ အကြာမှာ ရွှက်ဖျင်တဲက ပွင့်လာခဲ့ပြီး ကျူးရွှမ်အာက အပြင်ကို ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ခြေနစ်လှမ်းတောင် မရှိသေးဘူး သူမရဲ့ လက်တွေက သူမရဲ့ ဖွံ့ထွားစွင့်ကားနေတဲ့ တင်ပါးဆီကို ရောက်သွားခဲ့ပါတယ်။

သူမကိုကြည့်ရတာ အတော်လေး နာကျင်မှုကို ခံစားနေရပုံ ရပါတယ်။ သူမရဲ့ လမ်းလျှောက်ဟန်ကို ကြည့်ပြီးတဲ့နောက်မှာ ဒါက အားမပါပဲ ထော့နဲ့ထော့နဲ့ လျှောက်လာတာ ဖြစ်ပါတယ်။

ဒါ ပြီးသွားပါပြီ။ သူတို့ရဲ့ နတ်ဘုရားမလေးရဲ့ ဂုဏ်ကျက်သရေကို ညစ်ညမ်းစေခဲ့ပါပြီ။

ခွေးကောင်။

လင်းဟန်က ထူးဆန်းသလို ခံစားရပါတယ်။ ကောင်းကင်လျှို့ဝှက် နယ်မြေ ဆယ့်နှစ်ခုက မြောက်ပိုင်းဒေသမှာ ရှိတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ နယ်မြေတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ အရှေ့ပိုင်းဒေသက ပါရမီရှင် တစ်ယောက်က လာခဲ့တာလဲ။

အချိန်တွေက တစ်ရက်ပြီး တစ်ရက် ကုန်လွန်လာခဲ့ပြီး တောင်ကြားချိုင့်ဝှမ်းထဲမှာ လူတွေကလည်း ပိုပိုပြီးတော့ များလာခဲ့ပါတယ်။ ဆောင်းလဂိုဏ်း၊ သားရဲကေရာဇ်ဂိုဏ်းတို့ဆိုရင် အုပ်စုတွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြပါတယ်။

ဆောင်းလဂိုဏ်းလိုမျိုး အင်အားကြီးဂိုဏ်းတစ်ခုက ဂင်ခွင့်တံဆိပ်ပြား တော်တော်များများ ပိုင်ဆိုင်ထားပြီး မဟာပူဆွေးခြင်းဂိုဏ်းနဲ့ ရေအေးဂိုဏ်းတို့လို ဂိုဏ်းတွေကတော့ အနည်းငယ် အဆင့်နိမ့်တဲ့အတွက် ဂင်ခွင့်တံဆိပ် အနည်းငယ်ပဲ ရရှိကြပါတယ်။

ဒါပေမဲ့လည်း ကြောက်မက်ဖွယ်ရာ သတ္တဂါကြီးတွေနဲ့ တူတဲ့ပ မှော်ဆေးပညာရှင် အဖွဲ့အစည်းနဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်ကလွဲလို့ ဒီဂိုဏ်းတွေကတည်း ဂင်ရောက်ဖို့ အဆင့်မီတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မှော်ဆေးပညာရှင် အဖွဲ့အစည်းက ဒါကို လုံးဂကို ဂရုမစိုက်သလို စိတ်ဂိညာဉ် ရတနာ စံအိမ်ကလည်း ဂင်ခွင့်တံဆိပ်ပြားတွေကို ပါရမီရှင် အဆင့်က လူတွေကို လက်ဆောင် ပေးလိုက်ပါတယ်။

ဆောင်းလဂိုဏ်း ရောက်လာတာနဲ့ လင်းဟန်က ဆောင်းလဂိုဏ်းရဲ့ အဖွဲ့သားတွေထဲမှာ ဖန်းယန်ကို တွေ့မြင်လိုက်ရပါတယ်။ တစ်နှစ်ကုန်သွားပြီးတဲ့ နောက်မှာတော့ ဖန်းယန်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို အဆင့်တက်လာခဲ့ပြီး ဒုတိယအလွှာကိုတောင် ရောက်ရှိလို့ နေခဲ့ပါတယ်။ သူရဲ့တိုးတက်မှု အမြန်နှုန်းက အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။

ကြည့်ရတာတော့ သူရဲ့သွေးမျိုးဆက်က လုံးဝကို ဖွံ့ဖြိုးလာခဲ့ပုံ ရပါတယ်။ ရိုင်းစိုင်းပြီး ဒေါသကြီးတဲ့ ခွန်အားမျောက်ဂံက ရှေးဟောင်းအချိန်တွေမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ သွေးမျိုးဆက် နိုးထလာတဲ့ အချိန်မှာ သိုင်းပညာရပ် တိုးတက်မှု အပေါ်မှာ ကြီးမားတဲ့ အကျိုးအမြတ်ရှိပါတယ်။ ထို့အပြင် သူ့မှာ အဆုံးမရှိတဲ့ အရင်းအမြစ်တွေကို ပေးနိုင်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဆရာတစ်ယောက်လည်း ရှိပါတယ်။

ပန်းဖူးအဆင့် မရောက်မီအထိတော့ လူတစ်ယောက်ရဲ့ အမြန်နှုန်းက ဘယ်လောက်မြန်မြန် ကိစ္စမရှိပါဘူး။ လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ပန်းဖူးအဆင့်ကို ရောက်ပြီးတော့ ဆက်ပြီးတော့ မြန်ဆန်နေဦးမယ် ဆိုရင်တော့ တကယ့်ကို အထိတ်တလန့် ဖြစ်စရာ ကောင်းပါလိမ့်မယ်။

ဖန်းယန်လည်း လင်းဟန်ကို မြင်တွေ့ခဲ့ပြီး ခက်ခဲရှုပ်ထွေးတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီး သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပြင်းထန်လာခဲ့ ပါတယ်။

လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်

တစ်ယောက် ဖြစ်သွားပြီဆိုတာကို သူ့အနေနဲ့ သိနေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ပြီးတော့ ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် သူရဲ့ ဒီဘဝမှာတော့ လက်စားချေဖို့ အခွင့်အရေး ဘယ်တော့မှ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်က ရုတ်တရက် မြင့်တက်လာပြီး ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေမှာ ရှိသင့်တဲ့ စွမ်းအားကို မစုစည်းနိုင်သေးပါဘူး။ ဒါကြောင့် သူ့မှာအခွင့်အရေး တစ်ခု ရှိနေပါသေးတယ်။

လင်းဟန်ကို လျှို့ဝှက်ကြံစည်ပြီးတော့ သတ်ပစ်ရမယ်။ အထူးသဖြင့်တော့ လျှို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခု အထဲမှာဆိုရင် ဘယ်သူက သိနိုင်မှာလဲ။

ဒီကောင်က တကယ်ပဲ ပါရမီရှင် တိုက်ပွဲကို ဝင်မပြိုင်ခဲ့ဘူးလား။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပြီး ဖန်းယန်က ကျင့်ကြံခြင်းရဲ့ သော့ချက်အဆင့် တစ်ခုကို ရောက်နေတာ ဖြစ်နိုင်တယ်လို့ သုံးသပ်လိုက်ပါတယ်။ ဖြစ်နိုင်တာက စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အားထုတ်နေတဲ့ အချိန်

ဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း သူက အဲဒီအချိန်တုန်းက ပါရမီရှင်ပြိုင်ပွဲကို မဝင်ခဲ့တာပေါ့။

လူတိုင်းက လင်းဟန်ဆီကို လာပြီးတော့ ဂါရဝပြု နှုတ်ဆက်ကြပါတယ်။ အခုဆိုရင် လင်းဟန်က သိက္ခာရှိတဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဖြစ်ပြီးတော့ မြောက်ပိုင်းဒေသမှာ ဒီအချိန်မှာတော့ အမြင့်ဆုံး အဆင့်အတန်းရှိတဲ့ လူတစ်ယောက်လို့ ပြောဆိုနိုင်ပါတယ်။ တကယ်လို့ အင်အားကြီး ဂိုဏ်းကြီးသုံးဂိုဏ်းနဲ့ ချိုင့်ဝှမ်းရဲ့ ဆရာသခင်တွေ လာခဲ့ရင်တောင်မှ လင်းဟန်ရဲ့ အရှေ့မှာ သူတို့က ရိုသေလေးစားစွာနဲ့ ဂါရဝ ပြုရပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒါက မြောက်ပိုင်းဒေသ ဖြစ်ပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက အသန်မာဆုံး ဖြစ်ပါတယ်။ သန်မာတဲ့ လက်ရွေးစင်တွေတောင်မှ အခက်အခဲမရှိပဲနဲ့ မလာနိုင်ကြပါဘူး။ ဒါကြောင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေ အတွက်တော့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဒါမှမဟုတ် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပါစေ ကွဲပြားခြားနားမှု မရှိပါဘူး။

ဒါက ကြောင်အဖေးမှာ ရှိတဲ့ အချိန်မှာ ကြွက်တွေက ကစားနေတယ်လို့ ခေါ်လို့ရပါတယ်။ မြောက်ပိုင်းဒေသလည်း အဲဒီလိုပါပဲ။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက သိုင်းပညာမှာ အသန်မာဆုံးတွေ ဖြစ်ပြီးတော့ အလယ်ပိုင်းဒေသထဲမှာ အသန်မာဆုံးဖြစ်တဲ့ စကြာဂဠာဖျက်ဆီးခြင်းအဆင့်တွေလိုပါပဲ။ ဒါကြောင့် သူတို့အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ကြောက်ရွံ့နေစရာ မလိုပါဘူး။

ဒါပေ့ါ။ တကယ်လို့ လင်းဟန်ရဲ့ဘေးမှာ ကောင်းကင်အဆင့် ဒါမှမဟုတ် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် သိုင်းပညာရှင်တွေ တော်တော်များများ လိုက်ပါနေဂင်တော့ အခြေအနေတွေက လုံးဂကို ကွဲပြားခြားနားသွားပါလိမ့်မယ်။

ချိုင့်ဂှမ်းထဲက မြူခိုးတွေ အရပ်မျက်နှာ အသီးသီးကို ပျံ့နှံ့သွားပေမဲ့လည်း ဘယ်သူကမှ အထဲကို မဂင်ပံ့ပါဘူး။ ကောလာဟာလတွေ အရတော့ လျှို့ဂှက်နယ်မြေ မပွင့်ခင်မှာ ချိုင့်ဂှမ်းက မြူတွေ ပျံ့နှံ့သွားတာက အကြီးအကျယ်ကို နိမိတ်မကောင်းပါဘူး။ ဂင်သွားတဲ့ ဘယ်သူမဆို အသတ်ခံရလု နီးပါးဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် လူတိုင်းက အပြင်မှာပဲ အချိန်အတော်ကြာတဲ့အထိ နေနေကြပါတယ်။

တစ်လလုံး အချိန်ကုန်သွားပြီးတဲ့ နောက်မှာတော့ လူတိုင်းလူတိုင်းပဲ တစ်ယောက်ပြီး တစ်ယောက် ချိုင့်ဝှမ်းထဲကို ဝင်လာခဲ့ကပါတယ်။

မြောက်ပိုင်းဒေသရဲ့ အဓိကအင်အားစုတွေ ပေါင်းစည်းပြီးတော့ ဒီလျှို့ဝှက်နယ်မြေကို ထိန်းချုပ်ထားပြီး ဝင်ခွင့်တံဆိပ်ပြား မရှိတဲ့သူကို သူတို့က ပေးမဝင်ပါဘူး။

လင်းဟန်က ကွမ်းယွမ်နဲ့ လီစီရှန်းတို့ကို တခြားလမ်းကြောင်းကနေ ခေါ်လာခဲ့ပါတယ်။ အချိန်ကျလာတဲ့ အခါမှာ သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတော့ လျှို့ဝှက်သော့ကို အသုံးပြုပြီး လျှို့ဝှက်ဆန်းကြယ် နယ်မြေထဲကို ဝင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အားလုံးက ပစ်မှတ်ထားမှာကို မလိုချင်ပါဘူး။ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေဆက်ခံပစ္စည်းက အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိပြီးတော့ ပန်းဖူးအဆင့်နဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေတောင်မှ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဆိုတာကို လျစ်လျူရှုပြီးတော့ သူတို့ရဲ့ လက်တွေကို ဆန့်ထုတ်လာပါလိမ့်မယ်။

ဒါအပြင် ရှေးဟောင်းနယ်မြေ တစ်ခုရဲ့ အတွင်းမှာ အခွင့်အလမ်းတွေအတွက် ဖက်ပြိုင်တဲ့ နေရာမှာ ဘယ်သူကမှ တခြားလူတွေကို မျက်နှာသာ ပေးမှာ မဟုတ်ပါဘူး။ အဆိုးဆုံးက သူတို့က သူ့ကိုတောင် သတ်ပစ်နိုင်ပါတယ်။ တကယ်လို့ မျက်မြင်သက်သေတွေ မရှိပဲ အဝေးမှာ ရောက်နေမယ်ဆိုရင် သူတို့လုပ်တော့ရော ဘာဖြစ်သေးလဲ။

ဒီတစ်ကြိမ်တော့ ပန်းဖူးအဆင့် စစ်သည်တော်တွေ ဝင်ရောက်လို့ ရပါတယ်။ ဆောင်းလဂိုဏ်းက အောင်းဖန်လိုမျိုး အသက်ငါးဆယ်မပြည့်သေးတဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေကို သေချာပေါက် ငယ်ရွယ်တယ်လို့ သတ်မှတ်နိုင်ပြီး ကောင်းကင်လျှို့ဝှက် နယ်မြေဆယ့်နှစ်ခုရဲ့ ဝင်ခွင့်အခြေအနေနဲ့ ကိုက်ညီပါတယ်။

ဒါအပြင် သားရဲကေရာဇ်ဂိုဏ်း၊ သွေးမီးတောက်ချိုင့်ဝှမ်းနဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ပါရမီရှင် အဆင့်ဇယားအပေါ်မှာ မြင့်မြင့်မားမား နေရာရယူထားတဲ့ ပါရမီရှင်တွေလည်း ရှိပါတယ်။ ဒါကြောင့် ပန်းဖူးအဆင့် စစ်သည်တော်တွေက သာမန်ဆိုရင်တော့ အသက်ရှစ်ဆယ်လောက်မှ
ချိုးဖျက်ဝင်ရောက် နိုင်ပါလိမ့်မယ်။

ပန်းဖူးအဆင့် ပါဂင်ယှဉ်ပြိုင်သူတွေက ဘေးမှာရှိတဲ့အတွက် လင်းဟန်က ပိုပြီးတော့ သိုသိုသိပ်သိပ်နေဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

လှိုဝှယုထန်၊ ကန်းရီနဲ့ တခြားသူတွေက လမ်းတစ်လမ်းကို ရွေးချယ်ပြီးတော့ ကျူးပူကျို့ကိုပါ ဆွဲခေါ်သွားပြီး လှိုု့ပုက်ဆန်းကြယ် နယ်မြေရဲ့ ဂင်ပေါက်ရှိတဲ့ ချိုင့်ပှမ်းရဲ့ အောက်ခြေကို သွားလိုက်ကြပါတယ်။ လင်းဟန်ကတော့ ချိုင့်ပှမ်းထဲက တောအုပ်ထူထူ တစ်ခုထဲကို ကွမ်းယွမ်နဲ့ လီစီချန်းတို့ကို ခေါ်သွားပြီး ဘေးပတ်ဂန်းကျင်မှာ ဘယ်သူမှ မရှိတဲ့ အချိန်ကျမှ လင်းဟန်က သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတော့ ခနရာသီ နန်းတော်ခန်းမရဲ့ သော့ကို ဆွဲထုတ်လိုက်ပါတယ်။ ဂှမ်း။ သော့က ချက်ချင်းဆိုသလိုပဲ တောင်ကြားချိုင့်ပှမ်းထဲက စွမ်းအားအမျိုးအစားတစ်ခုနဲ့ ဆက်သွယ်တည်ဆောက်လိုက်သလိုမျိုး လင်းလက်တောက်ပ လာခဲ့ပါတယ်။ ဂှမ်း။ တောက်ပတဲ့ အလင်းရောင်တစ်ခုက သူရဲ့ဘေးနားမှာ ပိုင်းရံလိုက်ပြီး သူရဲ့ ပုံရိပ်က ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့ပါတယ်။

သူပြန်ပေါ်လာတဲ့ အချိန်မှာတော့ လုံးဂကို မရင်းနှီးတဲ့

နေရာတစ်ခုမှာ ရောက်ရှိလို့ နေပါတယ်။ ဒါက မြေရိုင်းလွင်ပြင်တစ်ခု ဖြစ်ပြီးတော့ နေရာအနှံ့ ကျောက်တုံးကျောက်ဆောင်တွေနဲ့ ပိုင်းရံထားပြီး မီးခိုးရောင် ကွင်းပြင်တစ်ခု ဖြစ်ပါတယ်။

"ဒါက ကမ္ဘာငယ်လေး တစ်ခုလား"

လင်းဟန်က အပေးကို ကြည့်လိုက်ပါတယ်။ ရှေးခေတ်အခါတုန်းက မြို့တစ်မြို့စာ ဒါမှမဟုတ် ပိုပြီးတော့ ကြီးမားတဲ့ နေရာတွေကို ကမ္ဘာမြေကြီးကနေ ခွဲထုတ်ပြီးတော့ လက်ရှိကမ္ဘာမှာပဲ လျှို့ဝှက်နယ်မြေတွေ ဖန်တီးထားတာမျိုး အဆန်းတကြယ် လုပ်ပြနိုင်တဲ့ မဟာကျင့်ကြံသူတွေ ရှိခဲ့ဖူးပါတယ်။

ဒီလိုမျိုး ကောင်းကင်ဘုံကိုတောင် ဆန့်ကျင်နိုင်တဲ့ လက်ရာက လင်းဟန်အနေနဲ့ သူရဲ့ယခင် ဘဝတုန်းကတောင်မှ မလုပ်နိုင်ပါဘူး။

ရုတ်တရက် ဆိုသလို သူက ထိတ်လန့်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူနဲ့မနီးမဝေးမှာ သူက ကွမ်းယွမ်နဲ့ လီစီရှန်းကို ထွက်လာခွင့် ပြုလိုက်သလိုမျိုး တစ်စုံတစ်ယောက်က အထဲကို တည်နေရာရွှေ့ပြောင်းပြီး

ရောက်လာခဲ့ပါတယ်။

အရမ်းကို ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့အသားအရေက ဖြူဖွေးနေပြီး အဆင့်မြင့်ကျောက်စိမ်းတစ်ခုလိုမျိုး ကြည်လင်တောက်ပနေပါတယ်။ သူမမှာ ရှည်လျားတဲ့ ခြေထောက်တွေ ရှိပြီး အရမ်းကို ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။ သူမက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေတာ သိသာပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ သူမကိုယ်သူမ စိတ်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ပြီးတော့ တစ်ချိန်တည်းမှာပဲ သူမက လင်းဟန်ကို ရှာတွေ့သွားခဲ့ပြီး နီးနီးကြားကြား ဖြစ်သွားတဲ့ အမူအရာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

လျို့ဝှက်ဆန်းကြယ် နယ်မြေတွေထဲမှာ ရတနာတွေအတွက် တိုက်ခိုက်တယ် ဆိုတာက လူတိုင်းလူတိုင်းက ပုန်းကွယ်နေတဲ့ ရန်သူတစ်ယောက် ဖြစ်ပါတယ်။ ဒါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတော့ရော ဘာအရေးလဲ။ ဒီနေရာထဲမှာ အရေးအကြီးဆုံး အရာကတော့ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

စိတ်ဝိညာဉ်ချီတွေက တကယ်ပဲ အလျှံပယ်ပေါ်များ

လွန်းပါတယ်။

လင်းဟန်က သူရဲ့အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ စိတ်ဂိညာဉ် ပလ္လင်အလွှာကိုယ်စီက အဆုံးမဲ့ မူလစွမ်းအင်တွေကို သုံးစွဲပြီးတော့ တည်ဆောက်ခဲ့ရပါတယ်။ ဒါကြောင့် သူ့အတွက်တောင်မှ သူရဲ့ကျင့်ကြံခြင်း အမြန်နှုန်းက အခုဆိုရင် အလွှာတစ်ဆင့်ကို တိုးဖို့အတွက် သုံးလလောက်ထိ လျော့ကျသွားခဲ့ပါတယ်။

ဒါက အမှန်တကယ်တော့ မနှေးကွေးပါဘူး။ နှစ်နှစ်လောက်ကြာပြီးတဲ့နောက်မှာ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ကျော်ဖြတ်သွားပါလိမ့်မယ်။ သူရဲ့အခြေခံက အရမ်းကို ခိုင်မာနေပြီး အဆင့်တူထဲမှာဆိုရင် ပြိုင်ဘက်ကင်းပါတယ်။ ဒါကြောင့်လည်း တန်ရာတန်ကြေးတော့ ပေးရမှာပါပဲ။

ဒါပေမဲ့လည်း ဒီနေရာမှာ လေ့ကျင့်မယ်ဆိုရင် သူ့အနေနဲ့ အလွှာတစ်ခု တိုးဖို့ဆိုရင် နှစ်လပဲ လိုအပ်ပါလိမ့်မယ်။

ကံမကောင်းတာက ကောင်းကင်လျှို့ဝှက်နယ်မြေဆယ့်နှစ်ခုက တစ်ကြိမ်မှာ လအနည်းငယ်ပဲ

ပွင့်ပါတယ်။ သူက အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာရဲ့ အလယ်အလတ် အဆင့်မှာ ရှိနေပြီး အံ့အားသင့်စရာ အဖြစ်အပျက်တချို့ မရှိဘူးဆိုရင် သူထွက်လာတဲ့ အချိန်ကျရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒုတိယအလွှာမှာပဲ ရှိပါလိမ့်မယ်။

ဟင်။

လင်းဟန်က ရုတ်တရက် ဆိုသလို အန္တရာယ် အငွေ့အသက်တစ်ခုကို ခံစားလိုက်ရပြီး ချက်ချင်းပဲ လက်ထဲမှာ ဓားတစ်ချောင်းကို ကိုင်ပြီးတော့ မားမားမတ်မတ် ရပ်နေလိုက်ပါတယ်။

မနီးမဝေးမှာရှိတဲ့ မိန်းကလေးကတော့ သူမကို လင်းဟန်က သတ်ဖြတ်ဖို့ ကြံစည်နေတယ်လို့ အတွေးပေါက်သွားပြီး ချက်ချင်းပဲ လှည့်ပြီးတော့ ပြေးလိုက်ပါတယ်။

ပုန်း။

ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ကျောက်တုံးတစ်တုံးက ထရပ်လာပြီး ၎င်းရဲ့ လက်သီးနဲ့ အရှေ့ကို ထိုးလိုက်တဲ့ အခါမှာ မိန်းကလေးက

ချက်ချင်းဆိုသလို ပျော့ဖတ်ပြီး သွေးအိုင်ထဲ လဲကျသွားခဲ့ပါတယ်။

Chapter 462 end

အပိုင်း(၄၆၃) ကျောက်တုံးစိတ်ဝိညာဉ်

ဒါကဂိုလမ်တစ်ကောင် ဖြစ်ပါတယ်။ အစပိုင်းတုန်းက ၎င်းရဲ့ခန္ဓာကိုယ်က သက်မဲ့ကျောက်တုံး တစ်တုံးလိုမျိုး အရွယ်ပမာဏ သေးငယ်နေပါတယ်။ ဒါပေမဲ့ အခုတော့ ၎င်းက ရုတ်တရက် ပရမ်းပတာဖြစ်ကာ ပန်းပွင့်နဲ့တူတဲ့ တင့်တယ်လှပတဲ့ မိန်းမချောလေးကို ပျော့ခွေသွားအောင် ရိုက်ပစ်လိုက်ပါတယ်။ ဒီမြင်ကွင်းက အရမ်းကို ဂမ်းနည်းစရာ ကောင်းပါတယ်။

ဂိုလမ်က သိပ်ပြီးတော့ မကြီးမားပါဘူး။ တစ်မီတာ ဒါမှမဟုတ် အဲဒီထက် နည်းနည်းပဲ ပိုရှည်ပါတယ်။ ၎င်းရဲ့ဦးခေါင်းနဲ့ ခြေလက်တွေက ၎င်းရဲ့ ထော်လော်ကန့်လန့် ခန္ဓာကိုယ်ကနေ ဆန့်ထွက်လာခဲ့ပြီး ကျောက်တုံးအပိုင်းအစတွေကို စုစည်းပြီးတော့ လုပ်ထားတာနဲ့ တူပါတယ်။

"ကျောက်တုံးစိတ်ဝိညာဉ်"

လင်းဟန်က ပေါ့ပေါ့ပါးပါး ပြောလိုက်ပါတယ်။

ကောင်းကင်နဲ့ မြေကြီးမှာ သက်ရှိအားလုံးကို မွေးဖွားရှင်သန်နိုင်တဲ့ စိတ်ဂိညာဉ် စွမ်းအားတွေ ရှိပါတယ်။ ပြီးတော့ တော်တော်များများက အရိုးတွေ အသားတွေနဲ့ ဖွဲ့စည်းထားတာမျိုး မဟုတ်ပါဘူး။

ဥပမာ သစ်ပင်တွေက အသိဉာဏ် ပိုင်ဆိုင်လာပြီးတဲ့ နောက်မှာ ဖြစ်ပေါ်လာခဲ့ မျိုးတစ်ခု။ ဥပမာ ထူးဆန်းသောမီး ဒါက နောက်ထပ် သက်ရှိသတ္တဂါ အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ၎င်းရဲ့ အထွတ်အထိပ် အချိန်မှာ လူသားတစ်ယောက်ရဲ့ ပုံစံကို ပြောင်းလဲနိုင်ပါတယ်။ ဒီလိုမျိုးကို သာမန်သိုင်းပညာရှင်တွေတောင်မှ လူသားစစ်စစ် တစ်ယောက်နဲ့ မတူဘူးလို့ ပြောဆိုနိုင်လိမ့်မှာ မဟုတ်ပါဘူး။

အခုသူနဲ့ မျက်နှာချင်း ဆိုင်နေရတာက ကျောက်တုံးစိတ်ဂိညာဉ် တစ်ခု ဖြစ်ပါတယ်။

ဒြပ်စင်ငါးခုရဲ့ သက်ရှိစိတ်ဂိညာဉ်တွေက တွေ့နေကျ အရာတချို့ပဲ ဖြစ်ပါတယ်။ သူတို့အားလုံးက သာမန်သက်ရှိ သတ္တဂါတွေလိုမျိုး နာကျင်မှုကို မခံစားရပဲ သတ်ရတာ

အရမ်းအရမ်းကို ခက်ခဲပါတယ်။

ထူးဆန်းတဲ့ မီးမှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပါဘူး။ ပြီးတော့ ကမ္ဘာမြေရဲ့ ဆွဲငင်အားကြောင့် ထိခိုက်ဒဏ်ရာ မရနိုင်ပါဘူး။ ရေအမျိုးအစား ပညာရပ်တစ်ခုကပဲ ၎င်းကို ချုပ်ထိန်းနိုင်ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ် တစ်ခုရဲ့ အထူးလက္ခဏာက ၎င်းရဲ့ ကြောက်စရာ ကောင်းလှတဲ့ ခုခံကာကွယ်စွမ်းအား ဖြစ်ပါတယ်။ လင်းဟာန်ရဲ့ ကျောက်သားနံရံ ခန္ဓာကိုယ်နဲ့ တူပါတယ်။ ၎င်းက အဆင့်တူ ရှားပါးတဲ့ သတ္တုတွေနဲ့ နှိုင်းယှဉ်လို့ မရပေမဲ့လည်း အရမ်းကို မာကျောကြမ်းတမ်းနေဆဲပါပဲ။

မိန်းကလေး ပျော့ခွေသွားပြီးတဲ့ နောက်မှာ ကျောက်တုံးစိတ်ဝိညာဉ်က လှည့်ပြီးတော့ လင်းဟာန်ကို မျက်နှာချင်း ဆိုင်လိုက်ပါတယ်။ မျက်နှာနဲ့ဆိုင်တဲ့ အင်္ဂါရပ်တွေ မပါပေမဲ့လည်း ၎င်းက လင်းဟာန်ကို စိုက်ကြည့်နေတယ်ဆိုတဲ့ ခံစားချက် တစ်ခုကို ပေးပါတယ်။

"ဒီနေရာက ကျင့်ကြံခြင်းအတွက် သန့်စင်မြင့်မြတ်တဲ့ ကုန်းမြေတစ်ခု ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အန္တရာယ်လည်း များတဲ့ နေရာတစ်ခုပဲ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဒါပေမဲ့လည်း တကယ်လို့ ငါက ကျောက်တုံးစိတ်ဝိညာဉ် တချို့ကို နှိမ်နင်းနိုင်ရင် စစ်သားအုပ်ထဲ ပဲတွေကျဲပေးလိုက်သလိုမျိုး လူတွေကို အကြီးအကျယ် အံ့အားသင့်သွားအောင် လုပ်ဖို့အတွက် လုံလောက်တယ်"

အလောင်းတစ်ထောင်ဂိုဏ်းက သူရဲ့လက်ထဲက သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းအတွက် အာသာဆန္ဒ ပြင်းပြနေပါတယ်။ ဒီပစ္စည်းက ကြီးမားတဲ့ စစ်တပ်ကြီး တစ်ခုကို အထဲမှာ ပုန်းအောင်းစေပြီး အရေးပေါ် အခြေအနေမှာ စုစည်းနိုင်ပါတယ်။ သူတို့ကို ထုတ်ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှု တစ်ခုအဖြစ် ထုတ်သုံးလိုက်မယ်ဆိုရင် ဒီအကျိုးရလဒ်က သေချာပေါက် အံ့အားသင့်သွားပါလိမ့်မယ်။

သူအတွေးတွေထဲ နစ်မြုပ်နေတဲ့ အချိန်မှာ ဂိုလမ်က တစ်ဟုန်ထိုး ပြေးဝင်လာပြီး လက်သီးတစ်ချက် ထိုးလိုက်ပါတယ်။ လေးလံပြီးတော့ လေကိုခွင်းလာတဲ့ အသံထက်မြန်တဲ့ အမြန်နှုန်းနဲ့ ဝင်လာတဲ့ အပြင် ချက်ချင်းဆိုသလို လက်သီးရဲ့ အနောက်မှာ အသံလှိုင်းပေါက်ကွဲမှု တစ်ခုလည်း ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ လက်သီးတစ်လုံးနဲ့ မိတ်ဆက်ပေးလိုက်ပြီး ပြောပါတယ်။

"ငါမင်းကို ကြောက်နေမယ်လို့ ထင်နေတာလား။ ဘယ်သူရဲ့ လက်သီးက ပိုပြီးတော့ မာသလဲ ဆိုတာကို ကြည့်ကြတာပေါ့"

ပုန်း။

လက်သီးနှစ်လုံး ထိမိသွားတဲ့ အချိန်မှာ ပြင်းထန်တဲ့ အားလှိုင်းတစ်ခုက အပြင်ဘက်ကို ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ဂိုလမ်ကတော့ လေထဲကို လွင့်ထွက်သွားပြီး ၎င်းရဲ့ ညာဘက် လက်သီးက ပျက်စီးသွားခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့က ဒီလက်သီးကို မထိန်းချုပ်ပဲ မညာမတာနဲ့ အားကုန်ထိုးခဲ့တာ ဖြစ်ပြီး လက်သီးချီ ဒါမှမဟုတ် ပညာရပ်တစ်ခုခုကို အသုံးပြုခဲ့တာ မရှိပါဘူး။ ဒါပေမဲ့ ဂိုလမ်ရဲ့ လက်မောင်းတစ်ဖက်တည်းကိုပဲ ပျက်စီးသွားခဲ့ပြီး ဂိုလမ်ကိုတော့ လုံးဂပေါက်ကွဲ သွားအောင်လို့ မလုပ်နိုင်ပါဘူး။ ဒါက ဂိုလမ်က ဘယ်လောက်တောင်

အစွမ်းထက်ပြီး ၎င်းရဲ့ ခန္ဓာကိုယ်က ဘယ်လောက်တောင် မာကျောကြမ်းတမ်းသလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

ဂိုလမ်တွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လုံးဝကို ညှာနေစရာ မလိုပါဘူး။

ဘာဖြစ်လို့လဲဆိုတော့

ဂိုလမ်ရဲ့ ပျက်စီးသွားတဲ့ လက်မောင်းက မရေတွက်နိုင်တဲ့ ကျောက်တုံးလေးတွေ အဖြစ်ကို ပြောင်းလဲသွားပြီး မြေကြီးပေါ်ကို ကျသွားခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို အသက်တွေ ရှိနေတဲ့ အတိုင်းပဲ စတင်လိမ့်လာခဲ့ပါတယ်။ ဂိုလမ်ရဲ့ ခြေထောက်အောက်မှာ ကျောက်တုံးတွေ စုပုံလာတဲ့ အခါမှာ ကျောက်တုံးတွေက တဖျပ်ဖျပ် လှုပ်ခါပြီးတော့ လက်မောင်းအဖြစ် ဆက်သွားခဲ့ပါတယ်။

မျက်စိတမှိတ် အတွင်းမှာပဲ ဂိုလမ်ရဲ့ လက်မောင်းက အကောင်းပကတိ ပြန်ဖြစ်သွားခဲ့ပါတယ်။

ထူးဆန်းတဲ့မီးက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပါဘူး။ ပြီးတော့ ရောမဖိအားကြောင့် ဒဏ်ရာမရနိုင်ပါဘူး။ တစ်ဖက်မှာတော့ ဂိုလမ်မှာ ထိပ်တန်းအဆင့်

ကြမ်းတမ်းမာကျောတဲ့ ခန္ဓာကိုယ် ရှိပြီးတော့ ၎င်းရဲ့ ပြန်လည်ကုသနိုင်တဲ့ စွမ်းရည်ကလည်း ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"ဂါး"

ဂိုလမ်ရဲ့ ဦးခေါင်းက ပွင့်လာပြီး ကြီးမားတဲ့ ပါးစပ်ကြီးတစ်ပေါက် ဟလိုက်သလိုမျိုး ဒေါသတကြီးနဲ့ ဟိန်းအော်လိုက်ပါတယ်။ သူ့အနေနဲ့ တစ်ခါမှ အကြီးအကျယ် မရှုံးနိမ့်ဖူးပါဘူး။ သူရဲ့လက်မောင်း တစ်ဖက်က တစ်စုံတစ်ယောက်ကြောင့် ပျက်စီးသွားခဲ့ပါတယ်။

ထန် ထန် ထန် ထန်။

၎င်းက လင်းဟန်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ ပြေးလာပြီးတော့ ခြေလှမ်းတိုင်းက မြေပြင်ကို အနည်းငယ် တုန်ခါသွားစေပြီး ၎င်းရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အင်အားကို ဖော်ပြနေ ပါတယ်။

၎င်းက နောက်ထပ် လက်သီးတစ်လုံး ထပ်ထိုးလိုက်ပါတယ်။

"မင်းကို အရှုံးပေးလာအောင်လို့ မရိုက်နိုင်ဘူးလား"

လင်းဟန်က ပြုံးပြီးတော့ လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ ထန်။ ဂိုလမ်ရဲ့ ညာဘက် လက်မောင်းက နောက်တစ်ကြိမ် ပျက်စီးသွားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ လင်းဟန်က ၎င်းကို ပြန်လည်ကောင်းမွန်လာအောင် မစောင့်တော့ပဲ တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ လက်သီးတွေ တရစပ် ထိုးထည့်လိုက်ပါတယ်။

ဂိုလမ်ရဲ့ ခန္ဓာကိုယ်က အရမ်းကို မာကျောပြီး အဆင့်တူ ရှားပါးတဲ့ သတ္တုတွေနဲ့ သိပ်ပြီးတော့ မကွာပါဘူး။ ဒါပေမဲ့ အသက်ရှုချိန် တစ်ရှိုက်စာအတွင်းမှာ ပြန်လည်ကောင်းမွန်လာမယ် ဆိုရင်တော့ ဂိုလမ်မဟုတ်ပဲ သံမဏိလူသားပဲ ဖြစ်ပါလိမ့်မယ်။

ကျောက်တုံးစိတ်ဂိညာဉ်က ရွှေစိတ်ဂိညာဉ်နဲ့ နှိုင်းယှဉ်လိုက်တဲ့ အခါမှာတော့ ခုခံမှုမှာ အတော်လေး အားနည်းပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ ပြန်လည်ကုသနိုင်စွမ်းအားက အတော်လေးကို သန်မာပါတယ်။

လက်သီးထိုးချက်တွေ တော်တော်များများ ခံလိုက်ရပြီးတဲ့

နောက်မှာတော့ ဂိုလမ်က လုံးဂကို အစိတ်စိတ် အပိုင်းပိုင်းအဖြစ် ပျက်စီးသွားခဲ့ပြီး မြေပြင်တစ်ခုလုံး ပျံ့နှံ့သွားပါတယ်။ ဒါပေမဲ့လည်း ဒီကျောက်တုံး အစိတ်အပိုင်း သေးသေးလေးတွေက ချက်ချင်းဆိုသလို ပြန်လိုမ့်လာပြီးတော့ ပြန်လည်ပေါင်းစပ် လာခဲ့ပါတယ်။ လင်းဟန်က လုံးဂကို မရပ်ပါဘူး။ ဒါပေမဲ့ ၎င်းက ပြန်လည် တည်ဆောက်ပြီးတဲ့ အခါမှာ သူက လက်သီးတစ်ချက် ထိုးထည့်လိုက်ပြီး ဂိုလမ်က နောက်တစ်ကြိမ် အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားခဲ့ပါတယ်။

ဂိုလမ်က စတင်ပြီးတော့ ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ အကြိမ်တိုင်းလိုလိုပဲ လင်းဟန်ရဲ့ ဖျက်ဆီးခြင်းကို ခံရပြီး ငါးကြိမ်ဆက်တိုက် ပြီးတဲ့နောက်မှာတော့ ၎င်းက နောက်ဆုံးမှာ ပြန်လည်တည်ဆောက်ခြင်းကို ရပ်လိုက်ပါတယ်။ ပျက်စီးနေတဲ့ ကျောက်တုံး အစိတ်အပိုင်း ရာဂဏန်းတော်တော်များများက စတင်ပြီးတော့ တွန့်လိမ်လှုပ်ရှားလာပြီး တစ်ခုပြီး တစ်ခု ဂိုလမ်အသေးစား ရာပေါင်းများစွာအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

"ဂါး"

ဒီဂိုလမ်တွေက ဒေါသတကြီးနဲ့

ဟိန်းဟောက်လိုက်ကြပါတယ်။ ချက်ချင်းဆိုသလိုပဲ မြေကွက်လပ်မှာ ရှိနေတဲ့ ကျောက်တုံးအစိတ်အပိုင်းတွေ အားလုံးပဲ မတ်တတ်ထရပ် လိုက်ကြပါတယ်။

ဒါတွေအားလုံးက ဂိုလမ်တွေချည်းပါပဲ။

"လပြွတ်ပဲဟ"

လင်းဟန်က အတော်လေးကို အံ့အားသင့်သွားခဲ့ပါတယ်။ သူက ဂိုလမ်သားရဲတွင်းထဲကို တကယ်ပဲ ခြေချမိခဲ့ပြီး ဒီကံကောင်းမှုက အရမ်းကို ထိတ်လန့်စရာ ကောင်းသလား ဒါမှမဟုတ် အရမ်းကို ကံကောင်းတာပဲလား။

"ဂါး"

ဂိုလမ်တွေ အားလုံးက ကောင်းကင်ပေါ်ကို ဟိန်းဟောက် မာန်ဖီလိုက်ပြီး ပွဲတင်သံတွေက တစ်ခုပြီး တစ်ခုထပ်သွားခဲ့ပါတယ်။

"ဟားဟားဟား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ဒီလောက်များပြားတဲ့ ဂိုလမ်တွေနဲ့ဆိုရင် သူ့အနေနဲ့ အစွမ်းထက်တဲ့ စစ်တပ်တစ်ခုကို ဖွဲ့စည်းနိုင်ပါတယ်။ သူကလက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အလဲထိုးခံရဖို့ မြန်မြန်လာစမ်း"

ဘုန်း ဘုန်း ဘုန်း ဘုန်း။

အနည်းဆုံး ဂိုလမ်ပေါင်း တစ်ရာခန့်က လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး ပျက်စီးနေတဲ့ ဂိုလမ်ကတော့ အခွင့်ကောင်းယူပြီးတော့ ပြန်လည်တည်ဆောက် နေခဲ့ပါတယ်။ ဒီလို စိတ်ဂိညာဉ် အမျိုးအစားရဲ့ အသက်ဓာတ်နဲ့ ပြန်လည်ကုစားခြင်း စွမ်းအင်က တကယ့်ကို အတော်လေး လွှမ်းမိုးနိုင်ပါတယ်။

လင်းဟန်က သူ့ဆီကို ပြေးဝင်လာတဲ့ ဂိုလမ်တွေကို ပြင်းထန်တဲ့ လက်သီးထိုးချက်တွေနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ လက်သီးတစ်ချက်စီက ဂိုလမ်တစ်ကောင်စီကို လွင့်ထွက်သွားစေခဲ့ပါတယ်။ ဒါပေမဲ့ ဒီဂိုလမ်တွေက

မနာကျင်တဲ့ ပုံစံမျိုးနဲ့ ချက်ချင်းပဲ နောက်ထပ်တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ကြပါတယ်။

ရင်ဆိုင်ဖို့တော့ အတော်လေးကို ခက်ခဲပါတယ်။

သူရဲ့လက်သီး နည်းစနစ်ကို အရောင်တင်ဖို့ အချိန်ကောင်းပဲ။

လင်းဟန်က တိုက်ပွဲဆင်လက်သီးနဲ့ ထိုးလိုက်ပြီ။ လက်သီးချီ ခုနစ်ခုက ထွက်ပေါ်လာပြီးတော့ ရှေးဟောင်းတိုက်ပွဲဆင် ရှစ်ခုအသွင်ကို ဆင့်ကဲပြောင်းလဲသွားပြီး ဒီဂိုလမ်တွေကို နင်းချေပစ် လိုက်ပါတယ်။ သူက လက်သီးထိုးချက်တွေမှာ မညှာတာပဲနဲ့ သူရဲ့တိုက်ပွဲစမ်းရည်က ချက်ချင်းပဲ မြင့်တက်သွားပြီး တိုက်ပွဲဆင်တွေက လွှမ်းမိုးသွားခဲ့ပါတယ်။ ဘယ်လိုဂိုလမ်ကိုပဲဖြစ်ဖြစ် ထိလိုက်တာနဲ့ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ကုန်ပါတယ်။

ဒါပေမဲ့လည်း ဒါက ဂိုလမ်တွေကို ဖိနှိပ်ထိန်းချုပ်နိုင်လို့ပဲ ရပါတယ်။ ဂိုလမ်တွေရဲ့ အားကောင်းတဲ့ ပြန်လည်ကုစားနိုင်စွမ်းကို ဖျက်ဆီးလို့ မရနိုင်ပါဘူး။ သူတို့က ပြန်လည်တည်ဆောက်ပြီး တိုက်ပွဲထဲကို နောက်တစ်ကြိမ် ပြန်ဝင်လာခဲ့ ကြပါတယ်။

လင်းဟာန်က သူတို့ကို အနက်ရောင် မျှော်စင်ထဲကို ထည့်သွင်းဖို့ စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ ဂိုလမ်တိုင်းမှာ ၎င်းတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ်ရှိပါတယ်။ သူတို့ရဲ့ အသိဉာဏ်တွေ ပျက်စီးသွား ပြီးတဲ့နောက်မှာ သူ့အနေနဲ့ ဒီဂိုလမ်တွေကို အနက်ရောင်မျှော်စင်ထဲကို ဘယ်လိုပဲဖြစ်ဖြစ် ထည့်သိမ်းနိုင်စွမ်း မရှိပါဘူး။

ကြည့်ရတာ ဒီကောင်တွေကို သင်ခန်းစာတစ်ခု မပေးခင် စွမ်းအားကို ပြည်စမ်းခိုင်းကြည့်ဖို့ လိုနေပုံ ရပါတယ်။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါတယ်။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းရဲ့ ဖျက်ဆီးမှု စွမ်းအားနဲ့ဆိုရင် ဒီဂိုလမ်တွေက ဓားချက်ကို ထိမှန်ခံရပြီးတဲ့နောက်မှာ ပြန်ပြီးတော့ ကုသကောင်းမွန်လာနိုင်လိမ့်မှာလား။

နတ်ဆိုးရှင်သန်ဓားနဲ့ ခုတ်လိုက်တာနဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းရဲ့ ကြောက်စရာ ကောင်းတဲ့ တည်ရှိမှုက ချက်ချင်းဆိုသလို ပတ်ဂန်းကျင်ကို စီးမျောသွားခဲ့ပါတယ်။ ဂိုလမ်တွေက သူတို့ရဲ့ ရက်စက်မှု တချို့ဆုံးရှုံးသွားပြီး စတင်တုံ့ဆိုင်းလာခဲ့ပါတယ်။ ဒီဂိုလမ်တွေက အရမ်းကို ရက်စက်ပြီးတော့ ကြင်နာမှု ကင်းမဲ့ပြီး နည်းနည်းလေးမှ စောင့်ထိန်းခြင်း မရှိပါဘူး။ ဒါပေမဲ့ အခုတော့။

"ဟားဟား မင်းတို့ကောင်တွေ ကြောက်ရွံ့မှုကို နားလည်နေပြီလား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ဒါပေမဲ့ ဒီဂိုလမ်တွေက သဘာဝအားဖြင့် ရက်စက်တတ်ကြပါတယ်။ သူတို့က ချက်ချင်းပဲ သူတို့ရဲ့ ရက်စက်မှု အပြုအမူတွေကို ပြန်လည်ရရှိသွားခဲ့ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ကြပါတယ်။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားနဲ့ ခုတ်လိုက်တဲ့ အခါမှာ ဓားချီအလင်းကိုးခုက ထွက်ပေါ်သွားပြီး ဂိုလမ်တွေဆီကို ပြေးဝင်သွားခဲ့ပါတယ်။

ဒီဂိုလမ်တွေက ဉာဏ်ရည်ဉာဏ်သွေး မြင့်မြင့်မားမား မရှိပါဘူး။ ဒါပေမဲ့ သူတို့မှာ ပင်ကိုယ်ဇရိုက် ရှိပါတယ်။ ဂိုလမ်တစ်ကောင်ချင်းစီက နတ်ဆိုးရှင်သန်ဓားရဲ့ ဓားသွားတွေကို ရှောင်တိမ်း လိုက်ကြပါတယ်။ ဒါပေမဲ့လည်း ဂိုလမ်တွေက ဓားချီကိုတော့ လုံးဝကို မရှောင်တိမ်း နိုင်ပါဘူး။ ပုန်း ပုန်း ပုန်း ပုန်း။ ဂိုလမ်တွေ အများကြီးက ချက်ချင်းဆိုသလို ဓားချီရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရပြီး

နှစ်ပိုင်းပြတ်ထွက် ကုန်ပါတယ်။

ဒီတစ်ကြိမ်မှာ ဂိုလမ်တွေရဲ့ ပြန်လည်တည်ဆောက်မှုက အရမ်းကို နှေးကွေးလာပါတယ်။ ဓားချီက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကနေ ခုတ်လိုက်တဲ့အတွက် ထွက်ပေါ်လာတာ ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးမှုစွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ ဂိုလမ်တွေရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ အမြန်နှုန်းနဲ့တောင် သူတို့က ချက်ချင်း ပြန်လည်တည်ဆောက်လို့ မရနိုင်ပါဘူး။

လင်းဟန်က ဂိုလမ်တွေ အကုန်လုံးကို ဖိနှိပ်ပြီးတော့ နောက်တစ်ကြိမ် သူ့ရဲ့ကိုယ်ပိုင် အစွမ်းနဲ့ သူ့ရဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိတဲ့ ပြိုင်ဘက်ကင်း အစွမ်းကို ထုတ်ဖော်ပြသ လိုက်ပါတယ်။

"ဂါး"

ဂိုလမ်တွေက တစ်ကောင်ပြီးတစ်ကောင် နောက်ကိုဆုတ်သွားပြီးတော့ အတူတကွ စုစည်းလိုက်ပြီး လူသားပိရမစ်တစ်ခု အဖြစ်ကို စုပြုံလာခဲ့ပါတယ်။

ဒီဂိုလမ်တွေက ဆက်တိုက်ဆိုသလို တခြားအကောင်တွေရဲ့ ခန္ဓာကိုယ်တွေကို ထိုးဖောက်တဲ့ မြင်ကွင်းကို ကြည့်ပြီးတော့ လင်းဟန်က မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

"ဒီဂိုလမ်တွေက အားလုံးကို ဖျက်ပြီးတော့ ဂိုလမ်ကြီးတစ်ကောင် ဖြစ်အောင်လို့ လုပ်နေတာ ဖြစ်နိုင်မလား"

Chapter463 end
အပိုင်း(၄၆၄) ဆယ်ခုမြောက် ဓားချီအလင်း

ဂိုလမ်တွေ အားလုံးက အရမ်းကြီး မမြင့်ကြပါဘူး။ တစ်မီတာလောက်ပဲ ရှိကြပါတယ်။ ဒါကြောင့် လုံးဝိုင်းပြီး ရိုးရိုးစင်းစင်းနဲ့ ဆွဲဆောင်မှု အတော်လေး ရှိပါတယ်။ ဒါပေမဲ့လည်း ဂိုလမ်တွေ အတူတကွ စုပေါင်းလိုက်ပြီး အခုဆိုရင် ဆယ်မီတာလောက် အမြင့်ကို ရောက်ရှိသွားခဲ့ပါတယ်။ ဒီရောမ ခန္ဓာကိုယ်ကြီးက နည်းနည်းလေးမှ ဆွဲဆောင်မှု မရှိပဲ အဲဒီအစား ကြောက်စရာကောင်းတဲ့ စွမ်းအားတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

တစ်ခဏအတွင်းမှာပဲ ရောမ ဂိုလမ်ကြီးကို တည်ဆောက်လို့ ပြီးသွားခဲ့ပြီး ၎င်းက လက်သီးနဲ့ လင်းဟန်ကို

ထိုးချလိုက်ပါတယ်။ ဂိုး ဂိုး ဂိုး။ လက်သီးရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး လေထုကို ထိုးခွဲသွားတဲ့ အသံက ကြောက်မက်ဖွယ်ရာ မြည်ဟိန်းနေပြီးတော့ အသံလှိုင်းတွေ ထပ်ခါထပ်ခါ ပဲ့တင်သံ ထပ်နေခဲ့ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ တိုက်ခိုက်ရေး စိတ်ဂိညာဉ်က မြင့်မားလာပြီး ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"လာခဲ့ လာခဲ့ ငါတို့တွေ အချိုသုံးထောင်လောက် တိုက်ခိုက်ကြရအောင်"

သူက လက်သီးတစ်ချက်နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

ပုန်း။

လက်သီးနှစ်လုံးက အရွယ်အစား အရမ်းကို ကွာခြားလွန်းပြီးတော့ မြေကြီးကိုတောင် တုန်ခါနိုင်တဲ့ ကျယ်လောင်စူးရှတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး အံ့မခန်း အားလှိုင်းတစ်ခု ချက်ချင်းဆိုသလို ဖြစ်ပေါ်လာပြီးတော့ နေရာအနှံ့အပြားကို တွန်းထုတ်ပစ်လိုက်ပါတယ်။ သူတို့နှစ်ယောက် ရပ်နေတဲ့ နေရာမှာ မှိုပွင့်ပုံစံ တိမ်တစ်ခု

မြင့်တက်လာပြီး မီတာထောင်ပေါင်းများစွာ အမြင့်ထိကို ထိုးတက်သွားပြီးတော့ လေထဲမှာ ဖုန်မှုန့်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ဒီလက်သီးနှစ်ခု ထိမိသွားတဲ့ စွမ်းအားက ဘယ်လောက်တောင် ရှိတယ်ဆိုတာကို ဖော်ပြနေပါတယ်။

လင်းဟန်ရဲ့ လက်သီးတစ်ဖက်က ရွှံ့ထဲမှ နစ်မြုပ်နေပြီး ဂိုလမ်ရဲ့ ရောမလက်သီးအပေါ်မှာ အက်ကွဲကြောင်းတွေ တော်တော်များများ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် အက်ကွဲကြောင်းက အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ပြန်လည်ပြုပြင်သွားခဲ့ပါတယ်။

ဒီလက်သီးချက်မှာတော့ ရောမဂိုလမ်ကြီးရဲ့ စွမ်းအားက အသာစီး ရယူထားခဲ့ပြီး လင်းဟန်က လက်သီးရဲ့ မာကျောမှု အပိုင်းမှာ အနည်းငယ် နိမ့်ကျနေပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ရောမ ဂိုလမ်ကြီးက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ ဂိုလမ်တွေ ရာပေါင်းများစွာ စုပေါင်းထားတဲ့ စွမ်းအားက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုး စွမ်းအားမှာ ရှိပါတယ်။ သူတို့ရဲ့ စွမ်းအားတွေ အားလုံးကို ပေါင်းစည်းလိုက်တဲ့ အခါမှာ ဘယ်လောက်တောင်မှ

ကြောက်စရာ ကောင်းလိုက်သလဲ။

တကယ်လို့ ဒါက ပန်းဖူးအဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်အကြားက ရောမ ကွာဟချက်ကြီး အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဂိုလမ်ရဲ့ စွမ်းအားက စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ သတ်မှတ်အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားတာ အတော်လေးကို ကြာမြင့်နေလောက်ပါပြီ။

လင်းဟန်က သူရဲ့ ခြေထောက်ကို မြှောက်ပြီးတော့ ရွံ့ထဲကနေ ထွက်ပြီး လျှောက်လာခဲ့ ပါတယ်။ အဲဒီအချိန်မှာပဲ ရောမ ဂိုလမ်ကြီး နောက်ထပ် လက်သီးတစ်ချက် ထိုးထည့်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် လက်သီးမှာတော့ မီးခိုးရောင် အလင်းတစ်ခုက ပိုင်းရံထားပြီး အတော်လေးကို စိတ်ပူစရာ ဖြစ်ပေါ်နေပါတယ်။

"သိုင်းဆန္ဒလား"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ဒါပေမဲ့ ဒြပ်စင်ငါးခုရဲ့ စိတ်ဝိညာဉ်တွေက သာမန်သက်ရှိ လူသားတွေလိုမျိုး ကျင့်ကြံနိုင်လို့လား။

ဒါကလုံးဝကို မဖြစ်နိုင်ဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒါကမွေးရာပါ စွမ်းရည်တစ်ခု ဖြစ်ပါလိမ့်မယ်။ ထူးဆန်းတဲ့မီးက အရာအားလုံးကို လောင်ကျွမ်းပစ်နိုင်တဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အပူချိန်ကို ပိုင်ဆိုင်ထားသလိုမျိုး ဖြစ်နိုင်ပါတယ်။

လင်းဟန်က မူလစွမ်းအင်ကို လည်ပတ်လိုက်ပြီးတော့ တိုက်ပွဲဆင်လက်သီး နည်းစနစ်ကို အသုံးပြီး ရောမ ဂိုလမ်ကြီးနဲ့ ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း။

သူတို့နှစ်ယောက်စလုံး ပန်းဖူးအဆင့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းအားက စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ အကန့်အသတ်ကို ချိုးဖျက်ကျော်လွန် သွားပြီးတော့ သီအိုရီအရ ပန်းဖူးအဆင့် ခြေလှမ်းတစ်ဝက်လို့ ခေါ်ဆိုနိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုက်ပွဲတွေက အရမ်းကို ပြင်းထန်ပြီး လက်သီးတွေ ထိမိလိုက်တာနဲ့ သူတို့ရဲ့ ပူးပေါင်းဖျက်ဆီးနိုင်တဲ့ စွမ်းအားက အံ့အားသင့်စရာ ကောင်းလှပါတယ်။

ကံကောင်းတာက ဒီမြေရိုင်းကွင်းပြင်ကြီးက သူတို့ရဲ့ နလုံးသားကို ကျေနပ်စေအောင် တိုက်ခိုက်ခွင့် ပြုထားပါတယ်။

ဒါက လင်းဟန်ကို စိတ်ဓာတ်တက်ကြွ စေပါတယ်။ ဘယ်စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်မှ သူ့ရဲ့ တိုက်ခိုက်ရေး စိတ်ဂိညာဉ်ကို ပြင်းပြလာအောင် လှုံ့ဆော်မှု မလုပ်နိုင်ပါဘူး။ ဒါပေမဲ့ ပန်းဖူးအဆင့် ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူ့အနေနဲ့ မကြာခဏ ဘယ်လိုမျိုး အသက်ရှင်အောင် နေရမလဲ ဆိုတာကို စဉ်းစားနေရတာ ဖြစ်ပြီးတော့ သူရဲ့ စိတ်ဂိညာဉ်ကို တိုက်ခိုက်ဖို့ ထည့်ထားနိုင်စွမ်း မရှိပါဘူး။

အခုတော့ ဒါကမတူညီတော့ပါဘူး။ တကယ့်ကို ဘက်ညီတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်နေ ရပါတယ်။ ရောမ ဂိုလမ်ကြီးရဲ့ စွမ်းအားက သူ့ထက် အနည်းငယ်တောင်မှ သန်မာပါတယ်။ နောက်ပြီးတော့ ပိုပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ပြန်လည်ကုသနိုင်စွမ်းက လင်းဟန်အတွက်တော့ သူရဲ့လက်ရည်စမ်းတဲ့ တွဲဖော်တွဲဖက်ကို အင်အားအများကြီး အသုံးပြုပြီးတော့ သတ်ပစ်လိုက်မိမှာကို စိုးရိမ်ပူပန်နေစရာမလိုပဲ သူ့စိတ်ကြိုက်

တိုက်ခိုက်နိုင်ပါတယ်။

ပုန်း။

သူလည်း လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး လက်သီးချီအလင်း ခုနစ်ခုက ထွက်ပေါ်လာခဲ့ ပါတယ်။

"ဟားဟား မျှော်လင့်ထားတဲ့ အတိုင်းပဲ။ တိုက်ပွဲတွေကပဲ သိုင်းပညာရပ်တွေကို အမြန်ဆုံးနည်းနဲ့ နားလည်သဘောပေါက်နိုင်စွမ်းရှိတဲ့ တိုက်ရိုက်နည်းလမ်းပဲ"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ ဒုတိယ အတွေးက ဒီလိုမျိုး ရှားပါးတဲ့ ပြိုင်ဘက်တစ်ယောက်ကို လက်သီးနည်းစနစ်ကို အရောင်တင်ဖို့ အသုံးပြုတာက အရမ်းကို ဖြုန်းတီးရာ ကျပါတယ်။

"ငါ့ဓားကိုကြည့်"

သူက နတ်ဆိုးရှင်သန်ဓားကို နောက်တစ်ကြိမ် ဆွဲထုတ်ပြီးတော့ ရောမ ဂိုလမ်ကြီးဆီကို တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

သူရဲ့ ဓားလမ်းကြောင်းကို ဖမ်းဆုပ်နိုင်မှုက လက်သီးထက် ပိုပြီးတော့ မြင့်မားတယ်ဆိုတာ သိသာထင်ရှားပြီး အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကိုပါ ထပ်ပေါင်းထည့်လိုက်တဲ့ အခါမှာ စွမ်းအားတွေက ပိုပြီးတော့တောင်မှ ပြင်းထန်လာခဲ့ပါတယ်။ မူလတုန်းက သူတို့နှစ်ယောက်က ဘက်ညီတဲ့ ပြိုင်ဘက်တွေ ဖြစ်ပြီး လင်းဟာန်က အနည်းငယ် နိမ့်နေပါတယ်။ ဒါပေမဲ့ အခုတော့ သူက ချက်ချင်းပဲ စားပွဲကို ပြောင်းပြန်လှန်လိုက်ပြီး အသာစီးရရှိသွားခဲ့ပါတယ်။

ဒါကအနည်းဆုံး ခုနစ်ပုံနဲ့ သုံးပုံ အခြေအနေတစ်ခု ဖြစ်ပြီး လင်းဟာန်က ခုနစ်ပုံကို ရယူထားပါတယ်။

"ဂါး"

ဧရာမဂိုလမ်က ဟိန်းသံတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ တကယ်လို့ ၎င်းက ဓားချီကြောင့် တိုက်ခိုက်ခံရမယ်ဆိုရင် ၎င်းရဲ့ ပြန်လည်ကုသနိုင်စွမ်း အမြန်နှုန်းက တစ်ဆလောက် နေးကွေး သွားပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ နတ်ဆိုးရှင်သန်ဓားနဲ့ တိုက်ရိုက်ပိုင်းဖြတ်ခံရမယ်ဆိုရင် ပြန်လည်ကုသနိုင်စွမ်းက ဆယ်ဆလောက်

နေးကွေးသွားပါလိမ့်မယ်။

ကျောက်တုံးစိတ်ဝိညာဉ်က ကြောက်ရွံ့မှု မရှိတာက သေချာပါတယ်။ ဒါပေမဲ့ နတ်ဆိုးရှင်သန်စားပဲ ဖြစ်ဖြစ် ဒါမှမဟုတ် စားချီပဲဖြစ်ဖြစ် နစ်ခုစလုံးမှာ သိုင်းဆန္ဒတွေ ပါဝင်နေပြီး ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ နတ်ဘုရားအာရုံအပေါ်မှာ အသုံးပြုပြီးတော့ သဲကြီးမဲကြီး တိုက်ခိုက်မှု တစ်ခုကို လုပ်လိုက်မယ်ဆိုရင် ရောမဂိုလမ်ကြီးကို အလွန့်အလွန် နာကျင်မှုကို ဖြစ်ပေါ်စေပါတယ်။

တကယ်လို့ ၎င်းမှာ နတ်ဘုရားအာရုံ မရှိဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ၎င်းက သက်ရှိစိတ်ဝိညာဉ် တစ်ခု ဖြစ်နိုင်မှာလဲ။ ပြီးတော့ တကယ်လို့ ၎င်းမှာ နတ်ဘုရားအာရုံ မရှိဘူးဆိုရင် လင်းဟာန်က ဒီကောင့်ကို သူရဲ့အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းလိုက်တာ ကြာပါပြီ။

ဒါပေမဲ့လည်း ရောမဂိုလမ်က တကယ်ကို မာကျောကြမ်းတမ်းပြီး အသာစီးမရဘူးဆိုတာ သိသာနေတာတောင်မှ လင်းဟာန်ကို မရပ်မနား တိုက်ခိုက်နေပြီး ၎င်းရဲ့ရက်စက် ကြမ်းကြုတ်မှု ပေါက်ကွဲထွက်နေပါတယ်။

"ဂါး"

ဂုဏ်ကရုတ်တရက် ပါးစပ်ကို ဟပြီးတော့ ဟိန်းလိုက်ပြီး အသံလှိုင်းတစ်ခုက လင်းဟာန်ဆီကို ဆူနာမီ မုန်တိုင်းတစ်ခုလိုမျိုး ရိုက်ခတ်လိုက်ပါတယ်။

ဒါက ကြီးမားကျယ်ပြန့်တဲ့ တိုက်ခိုက်မှုတစ်ခု ဖြစ်ပြီးတော့ လင်းဟာန်အနေနဲ့ ရှောင်တိမ်းလို့ မရနိုင်ပါဘူး။ ဒါကြောင့် သူက ဒါကို ထိပ်တိုက်ရင်ဆိုင်ဖို့ပဲ တတ်နိုင်ပါတယ်။

ဖူး။

လင်းဟာန်က ညည်းတွားလိုက်ပြီး သူရဲ့နှာခေါင်းနဲ့ နားရွက်တွေကနေ သွေးတွေယိုစိမ့်ကျလာခဲ့ ပါတယ်။ ဒီတိုက်ခိုက်မှုရဲ့ အကျိုးရလဒ်ကြောင့် သူရဲ့ခန္ဓာကိုယ်နဲ့ ဆက်နွယ်နေတဲ့ ပျော့ပြောင်းတဲ့ အင်္ဂါအစိတ်အပိုင်းနဲ့ ဦးနှောက်ကို အကျိုးသက်ရောက်သွားပြီး သူ့ကိုအဝေးကို လွင့်ထွက်သွားပြီး မူးသွားစေခဲ့ပါတယ်။

တကယ်လို့ လင်းဟာန်နေရာမှာသာ တခြား စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော် ဖြစ်နေမယ်ဆိုရင် စိတ်ဝိညာဉ်

ပလ္လင်အဆင့် အလှ္တာကိုးမှာ ရှိတဲ့ လူတစ်ယောက်တောင်မှ ဒီဟိန်းသံကြောင့် အကြီးအကျယ် ဒဏ်ရာရသွားနိုင်ပြီး သေတောင်သေသွားနိုင်ပါလိမ့်မယ်။

"မင်းမှာလည်း အဆုံးစွန် တိုက်ကွက်တစ်ခု ရှိနေတာပေါ့ ဟုတ်လား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူရဲ့တိုက်ခိုက်ရေး စိတ်ဂိညာဉ်က မိုးထိအောင် မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ ဂိုလမ်ကို လွယ်လွယ်ကူကူနဲ့ ကိုင်တွယ်လို့ ရမယ်ဆိုရင် အများကြီး တိုက်ခိုက်နေစရာအကြောင်း မရှိပါဘူး။ သူက တစ်ဟုန်ထိုး ပြေးဝင်သွားပြီး လက်ထဲက နတ်ဆိုးရှင်သန်ဓားကို လွှဲပြီးတော့ အဆုံးမရှိတဲ့ တိမ်တွေနဲ့ လေတွေကို မြင့်တက်လာစေခဲ့ပါတယ်။

သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ဆက်ပြီးတော့ တိုက်ခိုက်နေကြပါတယ်။ လင်းဟန်ရဲ့ ထုတ်လွှတ်လိုက်တဲ့ သူရဲ့တိုက်ပွဲစိတ်ဂိညာဉ်က သူရဲ့နှလုံးသားကို ကျေနပ်နှစ်သိမ့် စေပြီးတော့ သူရဲ့ ခန္ဓာကိုယ်အပေါ်မှာ ဒဏ်ရာတော်တော်များများ ရနေပေမဲ့ သူက အရမ်းကို သောကကင်းဝေးသလို ခံစားနေရပါတယ်။

သူရဲ့ခန္ဓာကိုယ်ကနေ တစ်စုံတစ်ခုက ထွက်လာသလိုမျိုး ဖြစ်ပါတယ်။

ဒါက ဆယ်ခုမြောက် ဓားချီဆိုတာကို သူသိပါတယ်။

ကိုးကနေ တစ်ဆယ်အထိက အခြေခံ ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။ ဓားချီအလင်း ဆယ်ခုမြောက်က ဓားအလင်းတန်း အဖြစ်ကို သိပ်သည်းစေနိုင်ပါတယ်။ ဒါကြောင့် ဒါလည်းပဲ ထူးခြားပြီးတော့ ကျင့်ကြံဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ဓားချီအလင်း ဆယ်ခုမြောက်ကို မေ့ထားပြီး ဓားအလင်းတန်းကိုလည်း မေ့ထားပါတယ်။ သူရဲ့နှလုံးသားက ကျေနပ်လောက်တဲ့အထိ တိုက်ခိုက်ဖို့တစ်ခုပဲ ဆန္ဒရှိနေပါတယ်။

ဒီလိုမျိုးပုက်ချက်က ကောင်းကင်ဘုံတွေရဲ့ နည်းလမ်းနဲ့အတူ တစ်ထပ်တည်း ကျပါတယ်။ တမင်တကာ ဖမ်းဆုပ်မယ်ဆိုရင် အလျင်လိုက အနှေးရ ဆိုသလို အနည်းနဲ့အများတော့ ထိခိုက်ပါလိမ့်မယ်။ ဒါကြောင့် သူရဲ့နှလုံးသား အနောက်ကို လိုက်ပြီးတော့ ပြုမူလှုပ်ရှားတာက အကောင်းဆုံး လမ်းကြောင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က သူရဲ့ဓားနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ပြီးတော့ ဓားချီအလင်း ကိုးခုထွက်ပေါ်လာပြီး နောက်မှာ ဓားချီအလင်း အသစ်တစ်ခု ထွက်လာခဲ့ပါတယ်။ ၎င်းရဲ့ အရှည်က ခြေထောက် တစ်ချောင်းလောက် ရှိပေမဲ့ ၎င်းကိုပစ်လွှတ်လိုက်တဲ့ အချိန်မှာ တစ်ကြိမ်ပျောက်ကွယ်သွားပေမဲ့ ၎င်းက စစ်မှန်တဲ့ ဆယ်ခုမြောက် ဓားချီအလင်းတစ်ခု ဖြစ်နေဆဲပါပဲ။

"ဟားဟား"

လင်းဟန်က ပိုပြီးတော့တောင် အားရကျေနပ်သလို ခံစားလာရပြီး နတ်ဆိုးရှင်သန်ဓားကို လွှဲယမ်း လိုက်ပါတယ်။ ဆယ်ခုမြောက် ဓားချီအလင်းက မကြာခင်မှာ တည်ငြိမ်လာခဲ့ပြီး တခြားဓားချီ အလင်းကိုးခုနဲ့ ပူးပေါင်းသွားခဲ့ပြီး စွမ်းအားတွေက အရှေ့ကို ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒါက အခြေခံကျကျ ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။

ဒီအချက်ကြောင့် လင်းဟန်ကို သိုင်းပညာရှင်တွေထဲမှာ စစ်မှန်တဲ့ ဘုရင်တစ်ပါးလို့ နောက်ဆုံးမှာ ခေါ်ဆိုနိုင်ပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းအားက မြင့်တက်သွားပြီး ချက်ချင်းဆိုသလို ရောမဂိုလမ်ရဲ့ တိုက်ပွဲစွမ်းအားကို လုံးဝကို ဖိနှိပ်ထိန်းချုပ် သွားပါတယ်။ အစွမ်းထက် ကျောက်တုံးစိတ်ဝိညာဉ်က လက်တုံ့ပြန်ဖို့ အခွင့်အရေး မရှိပဲ အနောက်ကို ဆက်တိုက်ဆုတ်နေရပါတယ်။

"ဂါး"

ရောမ ဂိုလမ်က သူရဲ့ လှည့်ဖြားမှု အပေါင်းကို အသုံးပြုပြီးတော့ နောက်တစ်ကြိမ် ပြင်းပြင်းထန်ထန် ဟိန်းလိုက်ပြီး လင်းဟန်ကို အသံလှိုင်းတွေနဲ့ အံ့အားသင့်သွားအောင် တိုက်ခိုက်ချင်နေပါတယ်။

"ချိုးဖျက်စမ်း"

လင်းဟန်က မျက်လုံးကို ပင့်လိုက်ပါတယ်။ နတ်ဆိုးရှင်သန်ဓားက ဓားချီအလင်း ဆယ်ခု ပျံသန်းထွက်လာခဲ့ပါတယ်။

ဖူး။ ဖူး။ ဖူး။ ဖူး။

အသံလှိုင်းတွေက ဒေါသပြင်းထန်နေတဲ့

မုန်တိုင်းတစ်ခုလိုမျိုး ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က တော်တော်များများကို ခုတ်ပိုင်းလိုက်ပါတယ်။ ကျန်ရှိနေတဲ့ အသံလှိုင်းတွေက နှစ်ပိုင်းကွဲထွက်လာပြီး သူရဲ့ဘေးကိုထိသွားပေမဲ့ သူ့ကို နည်းနည်းလေးမှ နာကျင်အောင် မလုပ်နိုင်ပါဘူး။

"ဟားဟားဟား။ ဓားချီအလင်း ဆယ်ခုမြောက်ရဲ့ မျှော်လင့်ထားသလိုပ အစွမ်းထက်တာပဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ရောမဂိုလမ်က သူရဲ့တိုက်ခိုက်မှုတွေကို ရပ်လိုက်ပြီး လင်းဟန်ကို အဝေးကနေ စိုက်ကြည့်နေ လိုက်ပါတယ်။

"ဟူး ထပ်ပြီးတော့ မတိုက်တော့ဘူးလား။ အရှုံးကို ဝန်ခံတော့မလို့လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူက ရုတ်တရက် ထိတ်လန့်သွားခဲ့ပါတယ်။ ရောမဂိုလမ်ရဲ့ ခန္ဓာကိုယ်က တအိအိလှုပ်လာပြီး ဂိုလမ်တစ်ကောင်နဲ့ မတူတော့ပဲ ရေနဲ့လုပ်ထားတဲ့ တစ်စုံတစ်ခုလိုမျိုးကို

မြင်လိုက်ရတဲ့ အတွက်ဖြစ်ပါတယ်။ ဒါကအရမ်းကို ပြင်းထန်ပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ အဆင့်တက်မှု တစ်ခုလိုမျိုး ဖြစ်ပါတယ်။

"လဖြွတ်ပဲ။ ဒီဂိုလမ်က အဆင့်တက်နေပြီ"

Chapter 464 end

အပိုင်း(၄၆၅) ကျောက်တုံးစိတ်ဂိညာဉ် အဆင့်တက်ခြင်း

"ဟော့ဟော့ဟော့ မဟုတ်ဘူးလေ။ ဒီလိုဆိုရင် ဘယ်လိုလုပ်ပြီးတော့ ကစားလို့ကောင်းတော့မှာလဲ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူကနောက်ဆုံးတော့ အသာစီးရယူပြီးတော့ ဆယ်ခုမြောက် ဓားချီအလင်းကို ထွက်ပေါ်လာအောင် ကျင့်ကြံနိုင်ခဲ့ပြီး အားလုံးက ပြီးပြည့်စုံလို့ နေပါတယ်။

ဒါပေမဲ့ သူရဲ့ပြိုင်ဘက်က ရုတ်တရက်ဆိုသလို နောက်ကလိုက်လာပြီး သူနဲ့အဆင့်တူတူမှာ ဆက်ပြီးတော့ မတိုက်ခိုက်တော့ပဲ ပန်းဖူးအဆင့်ကို မြင့်တက်နေပါတယ်။ သူ့အနေနဲ့ ဒါကို ဘယ်လိုလုပ် ကိုင်တွယ်နိုင်မှာလဲ။

လင်းဟန်က အရမ်းကို ထူးဆန်းတဲ့ လူထူးလူဆန်းတစ်ယောက် ဖြစ်ပြီး လက်ရှိမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ပထမအလွှာမှာ ရှိနေပါတယ်။ ဒါပေမဲ့ သူရဲ့တိုက်ပွဲစွမ်းအားက ပန်းဖူးအဆင့် ခြေလှမ်းတစ်ဂက်ကို ရောက်ရှိလို့နေပါတယ်။ တကယ်လို့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို အဆင့်တက်မယ်ဆိုရင်တောင် သူရဲ့တိုက်ပွဲစွမ်းရည်က ပန်းဖူးအဆင့် ခြေလှမ်းတစ်ဂက်ထက် သန်မာရုံပဲ ရှိပါလိမ့်မယ်။

ဘယ်လိုလုပ်ပြီးတော့ သေမျိုးအကန့်အသတ်ကို လွယ်လွယ်ကူကူနဲ့ ဖိနှိပ်ကျော်လွှားနိုင်မှာလဲ။

မိုးရေကေရာဇ်တောင်မှ မျိုးနွယ်စုရဲ့ စွမ်းအားအပေါ်မှာ မှီခိုပြီးတော့ ပန်းဖူးအဆင့် ခြေလှမ်းတစ်ဂက်ကနေ အတင်းအကျပ် ဖိအားပေးပြီး ပန်းဖူးအဆင့်ရဲ့ ခွန်အားအပြည့်အဂကို ထုတ်ဖော်ခဲ့ပါတယ်။ မျိုးနွယ်စုရဲ့ စွမ်းအား။ မိုးရေနိုင်ငံမှာ သိုင်းပညာရှင်တွေနဲ့ လူတွေဘယ်လောက်တောင်များ ရှိလို့လဲ။

အစောပိုင်းတုန်းက ရောမဂိုလမ်ကြီးက ဂိုလမ်သေးသေးတွေ အများကြီးအဖြစ် ကွဲထွက်နေတဲ့ အချိန်မှာ မြေကြီးပေါ်မှာ သာမန်ကျောက်တုံး တစ်တုံးလို လဲနေပြီးတော့

ကမ္ဘာမြေကြီးရဲ့ စွမ်းအားကို စုပ်ယူခဲ့ပါတယ်။ ပြီးတော့ နောက်ဆုံးအစွမ်းကုန် ထုတ်သုံးပြီး ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ လုပ်နေတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူနဲ့ မိန်းကလေး ရောက်လာတဲ့ အချိန်မှာ ဂိုလမ်က ချက်ချင်းဆိုသလို သတိဂီရိယ နိုးကြားလာခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၎င်းက အတိမ်းစောင်း မခံတဲ့ အခြေအနေရဲ့ အလယ်မှာ ရှိနေပါတယ်။

မိန်းကလေး လုံးဝသတိ မထားမိလိုက်ပဲ ကျောက်တုံးပေါ်ကို နင်းမိသွားပြီး ဂိုလမ်အနေနဲ့ သူ့ကို အန္တရာယ်ပေးတယ်ဆိုတဲ့ ခံစားချက် ဖြစ်စေပြီး သူမကို အသေရိုက်ပစ်လိုက်တာပဲ ဖြစ်ပါတယ်။ တကယ်လို့ သိုင်းပညာရှင် တစ်ယောက်က တံခါးပိတ် ကျင့်ကြံနေတဲ့အခါမှာ သူရဲ့ နှာခေါင်းကို သွားပုတ်လိုက်မယ်ဆိုရင် သိုင်းပညာရှင်က ဒေါသထွက်ပြီးတော့ တစ်စုံတစ်ယောက်ကို သတ်ပစ်ချင်တယ် မဟုတ်လား။

လက်ရှိမှာ ရောမဂိုလမ်က လင်းဟန်ကို ထိခိုက်အောင် မလုပ်နိုင်ပါဘူး။ ပြီးတော့ ၎င်းရဲ့ အဆင့်တက် ချိုးဖျက်မှုကို စတင်ဖို့ အတင်းအကျပ် ဖိအားပေးလုပ်တာ တစ်ခုပဲ တတ်နိုင်ပါတယ်။ ၎င်းက ပန်းဖူးအဆင့်ကို ရောက်သွားတဲ့ အခါမှာ လက်ဖဝါးကို လှန်လိုက်သလိုမျိုး လင်းဟန်ကို

သတ်ပစ်ဖို့ဆိုတာ အရမ်းကို လွယ်ကူသွားပါလိမ့်မယ်။ ဒါက လက်စားချေဖို့အတွက်ပဲ မဟုတ်ပါဘူး။ ၎င်းရဲ့အသက်ရှင်သန်ဖို့ အတွက်လည်း ဖြစ်ပါတယ်။ သူ့အနေနဲ့ပ အခွင့်အရေးကို ရယူရပါမယ်။

လင်းဟန် အနေနဲ့ ဂိုလမ်ကို ဒီအဆင့်ကို ရယူခြင်းကနေ တားဆီးချင်ပါတယ်။ ဒါပေမဲ့ တစ်ခဏမျှ စဉ်းစားပြီးတဲ့ နောက်မှာတော့ သူကဒီအတွေးကို လက်လျှော့လိုက်ပါတယ်။

သူက ဒီရောမ ဂိုလမ်ကို နိမ်နင်းဖို့ ဆန္ဒရှိခဲ့ပါတယ်။ ဒါကြောင့် ပိုပြီးတော့ သန်မာလေ ပိုကောင်းလေ ပါပဲ။

ဂိုလမ်က သေမင်းခံတွင်းဂနေ ပြန်လာနိုင်ပါတယ်။ ဒါပေမဲ့ သူကရော လုပ်နိုင်မလား။

"မျှော်စင်လေး မင်းကြားဂင် နှောင့်ယှက်နိုင်လား"

လင်းဟန်က မေးလိုက်ပါတယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခု ဖြစ်ပြီးတော့ ၎င်းကိုယ်ပိုင် ကမ္ဘာငယ်လေး တစ်ခု ဖြစ်ပါတယ်။

မျှော်စင်လေးက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ဒါက ကမ္ဘာငယ်လေး တစ်ခုဆိုပေမဲ့ ငါက အရင်းအမြစ်စွမ်းအား တချို့ကို စုပ်ယူခဲ့တယ်။ အဲဒါက ကြားဂင်နောင့်ယှက်တဲ့ အချိန်မှာ စွမ်းအင်အတက်အကျကို ဖုံးထားဖို့ မလုံလောက်သေးဘူး"

လင်းဟန်က ချက်ချင်းပဲ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။ တကယ်တော့ ဒီမျှော်စင်လေးကို အသုံးပြုလို့ မရနိုင်သေးပါဘူး။ ကြည့်ရတာတော့ သူ့အနေနဲ့ ဒီရောမဂိုလမ် အဆင့်တက်တာကို တားဆီးဖို့ပဲ လုပ်နိုင်ပြီးတော့ ဒါမှမဟုတ်ရင် လှည့်ထွက်ပြေးတာပဲ လုပ်နိုင်ပါလိမ့်မယ်။

"ဒါပေမဲ့လည်း တကယ်လို့ အနက်ရောင် မျှော်စင်ကို ထုတ်လွှတ်လိုက်မယ် ဆိုရင် သူရဲ့အစွမ်းကို အသုံးပြုလို့ မရဘူး။ ငါက ဒီလိုမျိုး စွမ်းအင်အတက်အကျကို ထိန်းချုပ်နိုင်လိမ့်မယ်"

မျှော်စင်လေးက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"အိုး"

လင်းဟန်က လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ အနက်ရောင် မျှော်စင်ကို ထုတ်လွှတ်လိုကရင် ရောမ ဂိုလမ်က အထဲကို ဖြားယောင်းသွေးဆောင် ခံရပြီး အနက်ရောင် မျှော်စင်ရဲ့ အထဲမှာဆိုရင် ဒီဂိုလမ်က တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် သက်ရှိတစ်ခု ဖြစ်နေရင်တောင်မှ လိမ်လိမ်မာမာနဲ့ နားထောင်ရပါလိမ့်မယ်။ ပန်းဖူးအဆင့် ဆိုတာကို အသာထားလိုက်တော့။

သူက ချက်ချင်းပဲ သူရဲ့စိတ်ကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ရောမဂိုလမ်ကို အဆင့်တက်ခွင့် ပေးပြီးတော့မှ ပန်းဖူးအဆင့် ကျောက်တုံးစိတ်ဝိညာဉ်ကို နှိမ်နင်းပစ်ပါမယ်။

ဒြပ်စင်ငါးခု စိတ်ဝိညာဉ်တွေက ကိုယ်စီကိုယ်ငှ ထူးခြားတဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထား ကြပါတယ်။

ထူးဆန်းတဲ့မီးက သူ့ကို ဆေးလုံးသန့်စင်ရာမှာ ထောက်ပံ့ကူညီပေးနိုင်ပါတယ်။ ကျောက်တုံး စိတ်ဝိညာဉ်ကတော့ မြေပြင်ကို အာဟာရ ဖြည့်ဆည်းပေးနိုင်ပါတယ်။ ရွှေစိတ်ဝိညာဉ်က လက်နက်တွေကို မာကျောပြီး ခိုင်မာအောင် ပြုလုပ်ပေးနိုင်ပြီး သစ်သားစိတ်ဝိညာဉ်က အသက်ဓာတ်ရဲ့ အရင်းအမြစ်ဖြစ်ပြီး

အံ့အားသင့်စရာကောင်းတဲ့ ကုသနိုင်စွမ်း အာနိသင်တွေ ရှိပါတယ်။ ရေစိတ်ဂိညာဉ်က တိမ်နဲ့လေကို စုစည်းနိုင်ပြီး မိုးခေါင်ခြင်းကို စိတ်သက်သာရာ ရစေပါတယ်။

လင်းဟန်က ရောမ ဂိုလမ်ရဲ့ အဆင့်တက်ခြင်းအတွက် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်နေခဲ့ ပါတယ်။ ဘာမှလုပ်စရာ မရှိတဲ့အတွက် သူက ကွမ်းယွမ်နဲ့ လီစီရှန်းတို့ကို အနက်ရောင် မျှော်စင်ထဲကနေ ထုတ်ပြီးတော့ သူတို့သုံးယောက် စတင်ပြီး အတူတကွ လေ့ကျင့်လိုက်ကြ ပါတယ်။

ဒီနေရာမှာ စိတ်ဂိညာဉ် ချီတွေက အရမ်းကို သိပ်သည်းပြီး စိတ်ဂိညာဉ်ချီမြူခိုးတွေလိုမျိုး ဖြစ်ပေါ်နေပါတယ်။ ဒီမှာ တစ်ရက်လေ့ကျင့်တာက အပြင်ဘက်မှာ ဆယ်ရက်လေ့ကျင့်တာနဲ့ ညီမျှပါတယ်။

လင်းဟန်နဲ့ ကွမ်းယွမ်တို့က သိုင်းပညာနဲ့ ပတ်သက်ရင် အရူးအမူးလူတွေ ဖြစ်ပြီးတော့ ချက်ချင်းပဲ သတ်မှတ်နယ်မြေထဲကို သွားခဲ့ပါတယ်။ လီစီရှန်းက ဆေးလုံးဖော်စပ်ခြင်းမှာ အာရုံစိုက်တယ် ဆိုပေမဲ့ လေ့ကျင့်ဖို့လည်း လိုအပ်ပါတယ်။ သူမမှာ ထူးဆန်းတဲ့မီး တစ်ခုမှ မရှိပါဘူး။ ပြီးတော့ မှော်ဆေးပညာရဲ့

အဆင့်ကလည်း သိုင်းပညာကြောင့် အကန့်အသတ် ရှိပါတယ်။

ဒါကြောင့် သူမလည်း သိပ်မကြာခင်မှာ အတူတကွ ကျင့်ကြံလိုက်ပါတယ်။

သူတို့အားလုံးပဲ ကျင့်ကြံခြင်းကို အထောက်အကူပြုပေးနိုင်တဲ့ ဆေးလုံးတွေကိုလည်း အသုံးပြုပြီး ကျင့်ကြံခြင်း အမြန်နှုန်းကို မြှင့်တင်ထားကြပါတယ်။

ရောမဂိုလမ်က သူတို့တွေရဲ့ စိတ်ဂိညာဉ် စွမ်းအားကို အသုံးပြုနေတဲ့ အချိန်ထိအောင်ပဲ အဆင့်ချိုးဖျက် ဝင်ရောက်နေဆဲပါပဲ။ ၎င်းရဲ့ ခန္ဓာကိုယ်ပေါ်က ကျောက်တုံးတွေက အပိုင်းပိုင်း ကျိုးပဲ့လာပြီး ၎င်းရဲ့ခန္ဓာကိုယ်က တကယ်ပဲ လှုပ်ခါလို့ လာပါတယ်။

ဒီရောမ ဂိုလမ်က ကျဆုံးသွားလိမ့်မှာ မဟုတ်ဘူးဆိုတာကို လင်းဟန်က ရှင်းရှင်းလင်းလင်းနဲ့ မြင်နိုင်ပါတယ်။ ဂိုလမ်က သူရဲ့လမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ပ လမ်းလျှောက်လို့ နေပါပြီ။

ပန်းဖူးအဆင့် သက်ရှိတွေက တန်ခိုးရှင် ခန္ဓာကိုယ်ကို ရရှိတာ ဖြစ်ပြီးတော့ ကျောက်တုံးစိတ်ဝိညာဉ် အတွက်လည်း အတူတူပါပဲ။ ၎င်းရဲ့ ခန္ဓာကိုယ် အတွင်းမှာ သိပ်သည်း စေပြီးတော့ အသုံးမဝင်တဲ့ ကျောက်တုံးတွေကို ဖြတ်တောက်ပစ်ပြီး မြင့်မားတဲ့ သက်တမ်းအဆင့် တစ်ခုဆီကို ဆင့်ကဲပြောင်းလဲ တိုးတက်နေပါတယ်။

"ဒီရောမ အကောင်ကြီးက ဘာကြီးလဲ"

နောက်ဆုံးတော့ လီစီရှန်းက ထုတ်ဖော်မေးမြန်း လိုက်ပါတယ်။

"ကျောက်တုံး စိတ်ဝိညာဉ်။ ကမ္ဘာကြီးရဲ့ ရှားပါးတဲ့ ကျောက်တုံးတစ်တုံးက အသိဉာဏ်ပညာတွေ ရရှိပြီးတော့ သက်ရှိတစ်ခု အဖြစ်ကို ပြောင်းလဲသွားတာ"

လင်းဟာန်က ရှင်းပြလိုက်ပါတယ်။

"သူ့ကိုကြည့်ရတာ တစ်ခုခု ပြောင်းလဲနေတဲ့ အခြေအနေနဲ့တူတယ်"

ကွမ်းယွမ်က ပြောလိုက်ပါတယ်။

"ဟုတ်တယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"အဲဒီကောင်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နေတာ။ ငါက သူအောင်အောင်မြင်မြင်နဲ့ အဆင့်တက်တာကို စောင့်ကြည့်ပြီး အဲဒီနောက်မှာ သူ့ကို နှိမ်နင်းမလို့ပဲ"

ဖူး။

ကွမ်းယွမ်နဲ့ လီစီရုန်းတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း တံတွေးသီးကုန်ကြပြီး လင်းဟန်က ရူးသွားပြီလားလို့တောင် ခံစားနေကြပါတယ်။

ပန်းဖူးအဆင့်။

ဒီစကားလုံးသုံးလုံးက မလုံလောက်သေးဘူးလား။ ပန်းဖူးအဆင့် အောက်မှာ ရှိသမျှ အားလုံးက အစွမ်းမဲ့တဲ့ ပုရွက်ဆိတ်တွေလိုပါပဲ။ လင်းဟန်က ဘယ်လောက်ပဲ ထူးဆန်နေပါစေ ကိစ္စမရှိပါဘူး။ သူ့အနေနဲ့ ပန်းဖူးအဆင့် သက်ရှိတစ်ခုကို နှိုင်းယှဉ်ဖို့ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။

မိုးရေကောရာဇ်လိုမျိုး မျိုးနွယ်စု စွမ်းအားကို စုစည်းနိုင်ဖို့ သူ့အနေနဲ့ သရဖူဆောင်းနိုင်မှ လုပ်ဆောင် နိုင်ပါလိမ့်မယ်။

ကျောက်တုံးစိတ်ဂိုဏ်းက သနားငဲ့ညှာမှုကို ဖော်ပြမှာလား။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် မဟုတ်လား။

သိသိသာသာကိုပဲ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"သခင်လေးဟန်"

ကွမ်းယွမ်နဲ့ လီစီရှန်းတို့ကို ကြည့်ရတာ သူတို့ရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့မှုတွေ ဖြတ်သန်းသွားတာ တွေ့ရပါတယ်။

"ကိစ္စမရှိဘူး"

လင်းဟန်က အသာလေး ပြုံးလိုက်ပါတယ်။ သူက အနက်ရောင် မျှော်စင်ကို ပိုင်ဆိုင်ထားပြီး ဒါက သူရဲ့ အကြီးမားဆုံး ဖဲ့ဖ ဖြစ်ပါတယ်။

ကွမ်းယွမ်နဲ့ လီစီရှန်းတို့က ဒါကိုစဉ်းစားမိပါတယ်။

သူတို့အနေနဲ့ အနက်ရောင်မျှော်စင်က ဘာဆိုတာကို အတိအကျ မသိပေမဲ့ လင်းဟန်က အကျပ်အတည်း အခြေအနေ တစ်ခုမှာ ကျရောက်လာရင် အဲဒီနေရာမှာ လုံးဂကို လုံလုံခြုံခြုံနဲ့ ပုန်းအောင်းနိုင်တယ် ဆိုတာကိုပဲ သိထား ကြပါတယ်။

သူတို့တွေ ကျင့်ကြံပြီးတဲ့ နောက်မှာ ကွမ်းယွမ်နဲ့ လီစီရှန်းတို့က အနက်ရောင် မျှော်စင်ထဲကို ပြန်သွားခဲ့ပါတယ်။ ရောမ ဂိုလမ်က အချိန်မရွေး ၎င်းရဲ့ အဆင့်တက်မှုက ပြီးသွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီအချိန်ရောက်လာရင် သူတို့အနေနဲ့ ပျာယာခတ်သွားမှာကို မလိုချင်ပါဘူး။

ခန့်မှန်းထားတဲ့ အတိုင်းပဲ နောက်ထပ် နှစ်နာရီ ကုန်လွန်သွားတဲ့ အခါမှာ ရောမဂိုလမ်က ရုတ်တရက် ပေါက်ကွဲထွက်ပြီး ဟိန်းလိုက်ပါတယ်။ အသံလှိုင်းတွေက မိုးကောင်းကင်အပေါ်ကို မြင့်တက်သွားပြီး ကြောက်မက်ဖွယ်ရာကောင်းပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အရှိန်နဲ့ တိမ်တွေကို စုတ်ဖြဲပစ်လိုက်ပါတယ်။

၎င်းရဲ့အမြင့်က သုံးဆယ်စင်တီမီတာလောက် အနည်းငယ်

ကျုံ့သွားပါတယ်။ ဒါပေမဲ့ သာမန်လူ တစ်ယောက်ထက်တော့ အနည်းငယ် မြင့်နေပါသေးတယ်။ ဒါပေမဲ့လည်း အစောတုန်းက ဆယ်ပေလောက်ရှိတဲ့ အမြင့်နဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် နည်းနည်းလေး ပုသွားတယ်လို့ ပြောနိုင်ပါတယ်။

ပန်းဖူးအဆင့်။

ဒီကျောက်တုံး စိတ်ဝိညာဉ်က ၎င်းရဲ့ သေမျိုးခန္ဓာကိုယ်ကို ဖြတ်တောက်ပြီးတော့ သက်ရှိတွေ အားလုံးရဲ့ အိပ်မက်ဖြစ်တဲ့ အဆင့်ဆီကို တက်သွားခဲ့ပါပြီ။

ဒါကကွဲပြား ခြားနားပါတယ်။ လုံးဝကို မတူညီပါဘူး။ ရောမဂိုလမ်ရဲ့ တည်ရှိမှုက ပင်လယ်နဲ့ တူပြီးတော့ ၎င်းရဲ့ ရင်ဘတ်ပေါ်မှာ အစီအရင်တစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ ကြည့်ရတာ စကားလုံး တစ်ခုနဲ့ တူသလိုလို အစီအရင် တစ်ခုနဲ့လည်း အတော်လေးကို တူပါတယ်။ ခွဲခြားဖို့က အတော်လေးကို ခက်ခဲပြီး မဖြစ်နိုင်ပါဘူး။ ၎င်းက ရှေးကျတဲ့ အချိန်တွေတုန်းက တည်ရှိခဲ့တဲ့ ရှေးဟောင်းဘာသာစကားတစ်ခုလိုမျိုး အိုမင်းဟောင်းနွမ်းပြီး ရိုးရှင်းပါတယ်။

ရောမ ဂိုလမ်ကြီးက လင်းဟန်ကို ဟိတ်ကြီးဟန်ကြီးနဲ့ ကြည့်နေပါတယ်။ ၎င်းမှာ မျက်လုံးတွေ မပါဝင်ပေမဲ့လည်း လင်းဟန်ကို စိုက်ကြည့်နေတယ်လို့ ခံစားရပါတယ်။ ဂိုလမ်ရဲ့ ခြေထောက်တွေက မြေကြီးပေါ်ကနေ ကြွတက်လာပြီး လေထဲမှာ မျောလွင့်လို့ နေပါတယ်။

ပန်းဖူးအဆင့် ဖြစ်တည်ခြင်းက ပျံသန်းနိုင်ပါတယ်။

ဂတုတ်တုတ် ဂိုလမ်တစ်ကောင်က လေထဲမှာ မျောလွင့်နေတဲ့ ဒီမြင်ကွင်းက အတော်လေးကို ရယ်စရာ ကောင်းပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဉာဏ်မရှိတဲ့ ငတုံးကောင် ငါ့ကို လာရိုက်လေ"

တစ်ချိန်တည်းမှာပဲ သူကမျှော်စင်လေးကို အတွေးတစ်ခု ပို့လိုက်ပါတယ်။

"မင်းစလို့ရပြီ"

မျှော်စင်လေးက ပြန်မတုံ့ပြန်ပဲ တန်းပြီးတော့ အနက်ရောင်မျှော်စင်ကို ထုတ်လွှတ်လိုက်ပါတယ်။

ဟုမ်း။

ပိန်းပိတ်အောင် မှောင်နေတဲ့ မျှော်စင်တစ်ခု ပေါ်ထွက်လာခဲ့ပြီး ၎င်းရဲ့အရွယ်အစားက အစပိုင်းမှာ မီတာအနည်းငယ်ပဲ ကြီးမားပြီး ချက်ချင်းဆိုသလို အရွယ်အစားက မီတာရာဂဏန်း တော်တော်များများအထိ ကြီးမားလာခဲ့ပါတယ်။ အောက်ခြေမှာ တံခါးတစ်ချပ် ပွင့်နေပြီး ဂင်ပေါက်တစ်ခုက ဖြစ်ပေါ်နေပြီး အပြင်ဘက်ကနေ ဘာကိုမှ သဲသဲကွဲကွဲ မမြင်နိုင်ပါဘူး။

အနက်ရောင် မျှော်စင်က လုံးဝကို ပြောင်ချောကြီး ဖြစ်နေပြီး ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ရဲ့ ရွှေရောင်စာလုံးတစ်ခုမှ မရှိပါဘူး။ ၎င်းပုံစံက သာမန်တစ်ခု လိုပါပဲ။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုကို မျှော်စင်လေးက ထိန်းချုပ်ထားတယ် ဆိုတာကို သိပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ ပေါက်ကြားသွားမယ်ဆိုရင် အဆင့်မြင့်တဲ့ နယ်မြေက အစွမ်းထက်တဲ့ သက်ရှိတွေကို

အာရုံစိုက်လာအောင် ဆွဲဆောင်ပြီးတော့ ဒီနယ်မြေကို တန်းပြီးတော့ ဖျက်ဆီးပစ်ပြီး အနက်ရောင် မျှော်စင်ကို လုယူသွားကြ ပါလိမ့်မယ်။

"ငတုံးကောင် လာခဲ့လေ တိုက်ကြမယ်။ မျှော်စင်ထဲကို လာခဲ့"

Chapter 465 end

အပိုင်း(၄၆၆) ကျောက်တုံးစိတ်ဂိညာဉ်ကို နှိမ်နင်းခြင်း

ရောမ ဂိုလမ်က ဒေါသအိုး ပေါက်ကွဲသွားပါတယ်။ လူသားမျိုးနွယ်က သေးနုပ်တဲ့ သက်ရှိတစ်ယောက်က တစ်ကြိမ်ပြီးတစ်ကြိမ် သူ့ကို စော်ကားပံ့တယ်ပေါ့လေ ဟုတ်လား။ အထူးသဖြင့် သူက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားတဲ့ အခါမှာ ဘဂအဆင့်က လင်းဟန်ထက် မရေမတွက်နိုင်လောက်အောင် အဆပေါင်းများစွာ တိုးတက်ပြီးတော့ သာလွန်ခဲ့ပါပြီ။

တကယ်လို့ ၎င်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက သာမန်ဆိုရင်တော့ အနက်ရောင် မျှော်စင်က ရုတ်တရက် ပေါ်ထွက်လာတာကို သေချာပေါက် စဉ်းစားတတ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ကျောက်တုံး

စိတ်ဂိညာဥ်က သူရဲ့ပင်ကိုယ်ဗီဇကို အခြေခံပြီး လုပ်ရှားခဲ့ပါတယ်။ ဂိုလမ်က အနက်ရောင် မျှော်စင်ကို အတော်လေးကို သမာရိုးကျဆန်တယ်လို့ပဲ ခံစားရတဲ့အတွက် ဘာဖြစ်လို့ ကြောက်ရွံ့မှုကို ခံစားနေရမှာလဲ။

ရှစ်။

ဂိုလမ်က ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တည်ရှိမှု တစ်ခုအဖြစ် ပေါ့လည်ပြီး ကောင်းကင်ကို ဖြတ်ပြီးတော့ ဂဲပျံလာခဲ့ပြီး မြေကြီးကိုတောင်မှ တုန်ခါသွားစေခဲ့ပါတယ်။ လင်းဟာန်ရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူရဲ့အရေပြားက ကြက်သီးတောင် ထနေခဲ့ပါတယ်။

ဒါက စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု ရိုးရိုးလေး တစ်ခု မဟုတ်ပါဘူး။ ပန်းဖူးအဆင့် တည်ရှိမှုက ရုပ်ပိုင်းဆိုင်ရာ အာရုံကိုပါ ဖိနှိပ်နိုင်ပြီး အထူးသဖြင့်တော့ ကောင်းကင်နဲ့ မြေကြီးကနေ မွေးဖွားလာတဲ့ ကျောက်တုံးစိတ်ဂိညာဥ်လို အထူးအမျိုးအစားတစ်ခုက အရမ်းကို သန်မာပြီး ဖိနှိပ်နိုင်စွမ်းအား ရှိပါတယ်။

လင်းဟာန်က ဖြည်းညင်းစွာ နောက်ဆုတ်ပြီး အနက်ရောင်

မျှော်စင်ရဲ့ ဂင်ပေါက်ဆီကို ရောက်လာခဲ့ပါတယ်။

"ဂါး"

ရောမဂိုလမ်က ဟိန်းလိုက်ပါတယ်။ လက်သီးတစ်ချက်နဲ့ သူရဲ့ခေါင်းနဲ့ လက်တွေကို ဖျက်ဆီးပုံ့တဲ့ ဒီလူသားကို နင်းချေနိမ်နင်း ပစ်ရပါမယ်။

လင်းဟန်က ထပ်ပြီးတော့ နောက်ဆုတ်လိုက်ပြီး သူရဲ့တစ်ကိုယ်လုံး အနက်ရောင် မျှော်စင်ထဲကို ဂင်လိုက်ပါတယ်။

ရောမဂိုလမ်က တုံ့ဆိုင်းမှု မရှိပဲ အထဲကို တစ်ဟုန်ထိုး ပြေးဂင်လာခဲ့ပါတယ်။ လင်းဟန်က ၎င်းနဲ့ အဝေးကြီး မဟုတ်ပဲ မြင်နေရတဲ့အတွက် ၎င်းရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေက ချက်ချင်းဆိုသလို ပေါက်ကွဲထွက်လာခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ထဲကို ခြေချမိတာနဲ့ ဂိုလမ်က လင်းဟန်ရဲ့ ဦးခေါင်းထိပ်ဆီကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။

၎င်းက လင်းဟန်ကို ပျော့ဖတ်သွားအောင် တိုက်ခိုက်ပစ်ချင်နေပါတယ်။

"အေးခဲစမ်း"

လင်းဟန်က အသာလေး ပြောလိုက်ပါတယ်။ ရောမ ဂိုလမ်ကြီးရဲ့ လှုပ်ရှားမှုက ရုတ်တရက် ရပ်သွားခဲ့ပါတယ်။

အနက်ရောင်မျှော်စင်ထဲမှာတော့ သူက ဇာတ်ညွှန်းရေးသူ တစ်ယောက် ဖြစ်ပါတယ်။

အဲဒီအချိန်မှာ မျှော်စင်လေးက အနက်ရောင် မျှော်စင်ကို မျက်စိနဲ့တောင် မမြင်နိုင်တဲ့ အစေ့အရွယ်ကို ပြောင်းလဲလိုက်ပါတယ်။ အနက်ရောင်မျှော်စင်ကို ထုတ်လိုက်တာတောင်မှ ၎င်းရဲ့ တည်ရှိမှုကို မပေါက်ကြားအောင် ထိန်းချုပ်ရတာက မျှော်စင်လေးအတွက် ဂန်ထုပ်ဂန်ပိုး တစ်ခု ဖြစ်ပါတယ်။ ၎င်းက အရင်းအမြစ်စွမ်းအားကို သုံးစွဲရပြီး မျှော်စင်လေး အနေနဲ့တော့ မဖြုန်းတီး ပစ်ချင်ပါဘူး။

ရောမဂိုလမ်က အတော်လေး ခေါင်းခြောက်သွားခဲ့ပါတယ်။ ဘာဖြစ်လို့ ရုတ်တရက်ကြီး လှုပ်ရှားလို့ မရတော့တာလဲ။ ၎င်းရဲ့ဉာဏ်ရည်ဉာဏ်သွေးက အကြောင်းအရာကို အဖြေပေါ်အောင် စဉ်းစားဖို့ လုံလောက်မှု မရှိပါဘူး။ ၎င်းက

ဦးနှောက်ခြောက်အောင် စဉ်းစားနေသလိုမျိုး ခေါင်းကိုရှုတ်ခနဲ ခါယမ်းလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ရဲ့လက်ချောင်းကို အထက်အောက် ကစားလိုက်တာနဲ့ ရောမဂိုလမ်ကြီးက ချက်ချင်းပဲ အပေါ်နဲ့အောက် ပြောင်းပြန်လန်သွားပါတယ်။

"ဂါး"

ရောမ ဂိုလမ်က ပါးစပ်ကို ဖွင့်ဟပြီး ဟိန်းလိုက်တဲ့ အခါမှာ အသံလှိုင်းက ချက်ချင်းဆိုသလို မုန်တိုင်းတစ်ခုလို ပြေးဝင်လာခဲ့ပါတယ်။

"နှောက်တစ်ကြိမ် အေးခဲစမ်း"

လင်းဟန်က အသာလေး ပြောလိုက်ပါတယ်။ အသံလှိုင်းက ရုတ်ချည်းဆိုသလို ရပ်သွားခဲ့ပြီး လေထဲမှာ ခဲနေပါတယ်။ အချိန်တွေက ရပ်တန့်သွားသလိုမျိုးနဲ့တောင် တူပါတယ်။ လင်းဟန်က လမ်းလျှောက်လာပြီး အသံလှိုင်းကို ကွေးနေအောင် ဘောလုံးတစ်လုံးအဖြစ် နယ်လိုက်ပြီး ရောမ ဂိုလမ်ဆီကို ပစ်လွှတ်လိုက်ပါတယ်။

ထန်။

အသံလှိုင်းရဲ့ စွမ်းအားက ပေါက်ကွဲထွက်လာပြီး ချက်ချင်းဆိုသလို ဂိုလမ်ကို လွင့်ထွက်သွားပြီး ရင်ဘတ်နေရာမှာ ဧရာမအချိုင့်ကြီးတစ်ခုတောင် ပေါ်လာခဲ့ပါတယ်။

အခုဆိုရင် ဒီဂိုလမ်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခဲ့ပြီဖြစ်တဲ့အတွက် ၎င်းထုတ်လွှတ်တဲ့ အသံလှိုင်းရဲ့ စွမ်းအားကလည်း တိုးလာခဲ့ပါတယ်။ ပြီးတော့ ၎င်းက ဘောလုံးတစ်လုံးလို အတူတကွ ကွေးထားပြီး ပစ်မှတ်တစ်ခုတည်းမှာ ပေါက်ကွဲသွားတဲ့အတွက် ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

လင်းဟန်က အသာအယာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဦးနှောက်မရှိတဲ့ ငတုံးကောင် မင်းယုံပြီမဟုတ်လား"

ဧရာမဂိုလမ်က ထရပ်လိုက်ပါတယ်။ ၎င်းရဲ့ရင်ဘတ်က ဖျက်ဆီးသွားတဲ့ ကျောက်တုံးတွေက ချက်ချင်းပဲ

ပျံသန်းလာပြီးတော့ လျင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန်သွားခဲ့ပါတယ်။ လုံးဂကို ဒဏ်ရာမရဖူးတဲ့အတိုင်း ဒဏ်ရာအနာတရ တစ်ခုတောင် မမြင်ရပါဘူး။ ၎င်းက လင်းဟာန်ကို ပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပြီး နောက်တစ်ကြိမ် လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

လင်းဟာန်က သူရဲ့ လက်ချောင်းတွေကို အသာလေး လှုပ်လိုက်ပါတယ်။ ဒီအစွမ်းထက်တဲ့ ပြိုင်ဘက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ သူနဲ့ရင်ဆိုင်တိုက်ခိုက်တုန်းက ထိပ်တိုက်ရင်ဆိုင် နိုင်ပြီးတော့ လက်တုံ့ပြန်ဖို့ စွမ်းအား မရှိတဲ့အခါမှာ ပန်းဖူးအဆင့်ကိုတောင် တက်ခဲ့ပါသေးတယ်။

ရောမဂိုလမ်က သံချောင်းတွေလို မာကျောကြမ်းတမ်းပြီး လင်းဟာန်က ဘယ်လောက်ပဲ ညှဉ်းဆဲပြီး ထောင်ပေါင်းများစွာသော အစိတ်အပိုင်းတွေ ဖြစ်အောင်လို့ ဖျက်ဆီးပစ်ပါစေ ကိစ္စမရှိပါဘူး။ လင်းဟာန် ရပ်လိုက်တဲ့ အခါမှာ ပြန်လည်ကုသ တည်ဆောက်ပြီး လုံးဂကို အညံ့မခံပါဘူး။ လင်းဟာန်က သူ့ကို လွှတ်ပေးလိုက်တိုင်း ဂိုလမ်က လင်းဟာန်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ပါတယ်။

လင်းဟာန်က စိတ်ရှည်သည်းခံမှုတွေ ကုန်ဆုံးသွားခဲ့ပါတယ်။

ဘယ်လောက်အချိန်ထိ ဆက်ပြီးတော့ လုပ်နေရဦးမှာလဲ။

"ငါလုပ်မယ်"

မျှော်စင်လေးက ပေါ်လာပြီးတော့ သိမ်မွေ့ညင်သာစွာ လှုပ်ယမ်းလိုက်ပါတယ်။

ပုန်း။

လင်းဟန်ရဲ့ မျက်လုံးတွေ ကျွတ်ထွက်လုမတတ် ဖြစ်သွားတဲ့ မြင်ကွင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ ရောမဂိုလမ်က မျှော်စင်လေးနဲ့ မျက်နှာချင်းဆိုင်ပြီးတော့ တကယ်ပဲ ဒူးထောက်လဲကျနေပါတယ်။ ဒါက သေချာပေါက် ဂိုလမ်တစ်ခုပါပဲ။ ဒါပေမဲ့ လင်းဟန်က အမှန်တကယ်ပဲ ၎င်းရဲ့မျက်နှာပေါ်မှာ ရိုးသားမှုကို မြင်တွေ့လိုက်ရပါတယ်။

ဘာလဲဟ။

တကယ်လို့ သူ့အနေနဲ့ မျှော်စင်လေးက အတော်လေးကို ရမ်းကားတယ် ဆိုတာကို မသိဘူးဆိုရင် ဒီကိစ္စကို ဒီအတိုင်းလွှတ်ထားလိုက်မှာပါ။

လင်းဟန်က မြေကြီးကြောင် မွေးဖွားလာတဲ့ သက်ရှိတစ်ခုလို ဖြစ်တဲ့ ကျောက်တုံး စိတ်ဝိညာဉ်မျိုးက လုံးဝကို သေမှာကို မကြောက်ရွံ့ဘူးဆိုတာကို သိထားပါတယ်။ သူတို့အတွက်တော့ သေတယ်ဆိုတာက ကောင်းကင်နဲ့မြေကြီးကို ပြန်လာခြင်းပဲ ဖြစ်ပါတယ်။ သူတို့က ကောင်းကင်နဲ့ မြေကြီးကြောင့် မွေးဖွားလာတာကို ဂုဏ်ယူပြီးတော့ အမြင့်မှာနေပြီး အများစုကို နှိမ့်ချပြီး ကြည့်တတ်ကြပါတယ်။

ဒါကြောင့် လင်းဟန်က ၎င်းကို ဘယ်လိုပဲ ဖိနှိပ်ဖိနှိပ် ၎င်းရဲ့ဒေါသကို လှုံ့ဆော်သလို ဖြစ်ပြီးတော့ ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ အလျှော့မပေးတဲ့ စိတ်ဓာတ်ကိုပါ လှုံ့ဆော်နေပါတယ်။

ဒါပေမဲ့လည်း မျှော်စင်လေးရဲ့ အသက်အဆင့်က ကျောက်တုံးစိတ်ဝိညာဉ်ထက် အများကြီး သာလွန်ပြီး ဘုရင်တစ်ပါးလို မွေးဖွားလာတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောက်တုံးစိတ်ဝိညာဉ်က မျှော်စင်လေးကို မြင်တဲ့အခါမှာ ဒူးထောက်ရုံပဲ တတ်နိုင်ပါတယ်။

မျှော်စင်လေးက အသာလေး လှုပ်ခါပြီးတော့ လိုင်းတွေ တစ်ခုပြီးတစ်ခု ထုတ်လွှတ်လိုက်တဲ့ အခါမှာ

ကျောက်တုံးစိတ်ဂိညာဥ်က ထပ်ခါထပ်ခါ ခေါင်းညိတ်နေပါတယ်။ ပုံစံကြည့်ရတာ သူတို့နှစ်ယောက် ဆက်သွယ်နေကြပုံ ရပါတယ်။

တစ်ခဏမျှ အကြာမှာ ရောမဂိုလမ်က ထရပ်ပြီးတော့ လင်းဟန်ရဲ့ ဘေးနားကို ကျိုးကျိုးနွံနွံနဲ့ လျှောက်လာပြီး လင်းဟန်ရဲ့ ပခုံးကို ခွေးတစ်ကောင်လိုမျိုး သူရဲ့ခေါင်းနဲ့ ပွတ်လိုက်ပါတယ်။

လင်းဟန်ရဲ့ ပါးစပ်နှုတ်ခမ်းထောင့်တွေ တွန့်သွားခဲ့ပါတယ်။ စောစောတုန်းက ရိုင်းစိုင်းပြီး ကြမ်းတမ်းနေတဲ့ကောင်က အခုတော့ ခွေးတစ်ကောင်လို လိမ်မာနေတာက သူ့ကို အတော်လေး လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

"ဆ ဆရာသခင်"

ဂိုလမ်က နတ်ဘုရားအာရုံတစ်ခုကို စိတ်နဲ့ပို့လွှတ်လိုက်ပါတယ်။

ကျောက်တုံးစိတ်ဂိညာဥ်က မီးစိတ်ဂိညာဥ်နဲ့ တူတူပါပဲ။ ပါးစပ်ကို ဖွင့်ဟပြီးတော့ မပြောနိုင်ပါဘူး။ ဒါပေမဲ့ သူတို့အတွက် မလိုအပ်ပါဘူး။ သူတို့က စိတ်နဲ့

အတွေးတွေကို ပို့လွှတ်နိုင်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ မျှော်စင်လေးကို ပြောလိုက်ပါတယ်။

"မင်းဘာတွေ ပြောလိုက်ပြီးတော့ ဒီကောင့်ကို လိမ်မာအောင် လုပ်လိုက်တာလဲ"

"ငါပြောလိုက်တာက မင်းကင့်ါရဲ့ ဆရာသခင်ပဲ။ ဒါကြောင့် သူရဲ့ဆရာသခင်ပဲလို့ ပြောလိုက်တာ"

မျှော်စင်လေးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ဒီလောက်တောင် လွယ်ရတာလား။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ အနက်ရောင်မျှော်စင်က တကယ့်ကို ဖင်ဆောင့်ကန်လိုက်သလိုပါပဲ။ ပန်းဖူးအဆင့် ကျောက်တုံးစိတ်ဝိညာဉ်ကို နှိမ်နင်းတာ ဒီလောက်တောင် လွယ်ကူရသလား။ တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက် ရောက်လာမယ် ဆိုရင်တောင်မှ သုံးစားလို့ရလိမ့်မှာ မဟုတ်ပါဘူး။ အများဆုံး သူတို့က ကျောက်တုံး

စိတ်ဂိညာဉ်ကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင်လို့ ရိုက်နက်ရုံပဲ တတ်နိုင်ပါမယ်။ ၎င်းကိုနှိမ်နင်းဖို့ ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"ဆရာသခင် ဗိုက်ဆာရင် စား ကျောက်တုံးတွေ"

ဧရာမ ဂိုလမ်က လင်းဟန်ကို နောက်ထပ်အတွေးတစ်ခု ပို့လိုက်ပါတယ်။

လခွမ်း။ ဘယ်လိုသောက်ကျိုးနည်း အကောင်လဲဟ။ ဘာဖြစ်လို့ သူက နောက်ထပ် အိမ်မွေးခွေး တစ်ကောင် ထပ်ရတာလဲ။

လင်းဟန်က သူရဲ့နဖူးကို လက်ဖါးနဲ့ ရိုက်လိုက်ပါတယ်။ ဒီကောင်ကြီးကလည်း ဟူးညို့လိုပဲ အစားအသောက် မက်မောတဲ့အကောင်တော့ မဖြစ်သင့်ပါဘူး။ ထူးဆန်းတဲ့မီးနဲ့ပဲ တူသင့်ပါတယ်။ သူကိုယ်တိုင် သန်မာဖို့အတွက်ပဲ အစာစားခြင်းကို လိုအပ်ပါတယ်။ ထူးဆန်းတဲ့မီးက တခြားထူးဆန်းတဲ့မီးကို ဖျက်ဆီးဝါးမျိုပြီး ၎င်းကိုယ်တိုင် အဆင့်တက်နိုင်ပါတယ်။ ကျောက်တုံး စိတ်ဂိညာဉ်တွေလည်း တခြားကျောက်တုံး စိတ်ဂိညာဉ်တွေကို ဖျက်ဆီးဝါးမျိုပြီး အဆင့်တက်

နိုင်ပါတယ်။

သူကချက်ချင်းပဲ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကို စဉ်းစားမိလိုက်ပါတယ်။ ဒီကျောက်တုံးက ကောင်းကင်နဲ့ မြေကြီးကြောင့် မွေးဖွားလာတဲ့ ရှားပါးတဲ့ ကျောက်တုံးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူက အလျင်အမြန်ပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ပါရမီရှင် တစ်ယောက်ကို ပြုစုပျိုးထောင်နိုင်တဲ့ ဒီပစ္စည်းကို ကျောက်တုံးစိတ်ဝိညာဉ်ဆီ ဂါးမျိုးဖျက်ဆီးဖို့ ပေးလိုက်တာက အရမ်းကို ဖြုန်းတီးရာရောက်ပါလိမ့်မယ်။

ဒီကမ္ဘာကြီးထဲမှာ ရှားပါးတဲ့ကျောက်တုံးတွေ အများကြီး ရှိပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငှါလိုမျိုး ခေါင်းဆောင်နောက်ကို လိုက်တာက သေချာပေါက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ"

ရောမ ဂိုလမ်က နုံနုံအအ ပုံစံနဲ့ ပြုံးလိုက်ပါတယ်။ ကမူးရှူးထိုးလုပ်တတ်တဲ့ အရူးကောင် ငတိတစ်ယောက်နဲ့ တူပါတယ်။

လင်းဟန်က ဂိုလမ်ကို ကြည့်ပြီးတော့ ရုတ်တရက် အကြံတစ်ခု ရသွားခဲ့ပါတယ်။ သူက အလျင်အမြန် ပြောလိုက်ပါတယ်။

"မင်းက မင်းရဲ့ခန္ဓာကိုယ်ကို ဆန္ဒရှိသလို ပြောင်းလဲလို့ ရနိုင်တယ်။ အိုး ဟုတ်ပြီ။ ပထမဆုံး မင်းကို ငါနာမည်တစ်ခု ပေးရမယ်။ ဒီမှာ မျှော်စင်လေးနဲ့ မီးတောက်လေးလည်း ရှိနေပြီဆိုတော့ မင်းကို ကျောက်တုံးလေးလို့ ခေါ်ရမယ်"

ရောမဂိုလမ်က လုံးဝကို ဆန့်ကျင်ငြင်းဆန်ပုံ မရပဲ ရိုးရိုးလေးပဲ သူ့ရဲ့ခေါင်းကို ညိတ်ပြီးတော့ လက်ခံတဲ့ အတွေးတစ်ခုကို ပို့လွှတ်လိုက်ပါတယ်။

လင်းဟန်က ၎င်းရဲ့ခေါင်းအပေါ်ကို တုတ်ချောင်းသုံးဆယ့်ခြောက်ချောင်း ပစ်ထည့်လိုက်ပါတယ်။ တုတ်ချောင်းတွေက အရမ်းကိုတိုပြီးတော့ လက်ညှိုးတစ်ချောင်းရဲ့ အရှည်သာသာပဲ ရှိပါတယ်။

ရောမဂိုလမ်ကတော့ ဘာကြောင့်လဲ ဆိုတာကို မသိပါဘူး။ ဘာမှကိုမပြောပဲ လိမ်လိမ်မာမာနဲ့ပဲ နေနေပါတယ်။ ရုတ်တရက်ကြည့်လိုက်မယ်ဆိုရင် သူ့ရဲ့ခေါင်းပေါ်မှာ

ဆံပင်တွေ ပေါက်လာသလို ပုံစံမျိုးနဲ့ တူပါတယ်။

"ဒါက အလုပ်ဖြစ်သားပဲ"

လင်းဟန်က နောက်ထပ်အတွေးတစ်ခု ပို့လိုက်ပြီး တုတ်ချောင်းတွေရဲ့ တည်နေရာကို ပြောင်းလိုက်တဲ့ အခါမှာ ထူးခြားတဲ့ ပုံစံတစ်ခု ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က ဒါကို ပျော်ဖို့ရွှင်ဖို့ သက်သက်နဲ့ လုပ်နေတာ မဟုတ်ပါဘူး။

အစောပိုင်း သူရုတ်တရက် အတွေးပေါက်သွားတာက ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ခန္ဓာကိုယ်က အရမ်းကို ကျစ်လျစ်ပြီး တူညီတဲ့အဆင့်က ရှားပါးတဲ့ သတ္တုတွေနဲ့ဆိုရင် အတော်လေးကို နိမ့်ကျနေပါသေးတယ်။ တကယ်လို့ သူက ကောင်းကင်ဘုံ မိုးကြိုးလျှပ်စီးငှက် အစီအရင်ကို အဲဒီအပေါ်မှာ ရေးဆွဲလိုက်မယ်ဆိုရင် အလုပ်ဖြစ်လိမ့်မလား။

ဒါကတော့ ကြိုးပမ်းအားထုတ်မှု တစ်ခုပဲ ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ အလုပ်ဖြစ်ခဲ့မယ် ဆိုရင် သူက အဆင့်ခြောက် အစီအရင်နဲ့ အဆင့်ခုနစ် အစီအရင်တွေကို ဒီအပေါ်မှာ နောက်ပိုင်းကျရင် ရေးထွင်းရပါလိမ့်မယ်။

Chapter 466 end

အပိုင်း(၄၆၇) အထူး အစီအရင်တစ်ခု

လင်းဟန်က သူတွေးလိုက်တာနဲ့ ထလုပ်တတ်တဲ့ လူစားမျိုး ဖြစ်ပါတယ်။ သူက ချက်ချင်းပဲ ရောမ ဂိုလမ်ရဲ့ခေါင်းပေါ်က ဆံပင်လိုမျိုးစိုက်ထားတဲ့ ဒီသုံးဆယ့်ခြောက်ချောင်း တုတ်ချောင်းတွေနဲ့ ချက်ချင်းပဲ အစီအရင်ပုံစံတွေကို ရေးထွင်းလိုက်ပါတယ်။ ဒါတွေအားလုံးက အစီအရင် မျက်လုံးတွေ ဖြစ်ပါတယ်။

အခုဆိုရင် ထန်ဒူမိုးကြိုးကြယ် အစီအရင်ကို သူလက်ခံရရှိခဲ့တာ ရက်အနည်းငယ် ရှိနေပါပြီ။ သူက အစီအရင်ပုံစံတွေကို နားလည်သဘောပေါက်နေတာ အတော်လေး ကြာပေမဲ့ ဒါတွေကို ဖြစ်ပေါ်ဖို့ ပစ္စည်းတွေ သူ့မှာပြတ်လပ်နေခဲ့ပါတယ်။ အခု သူ့ရဲ့အရှေ့မှာ ကြီးမားတဲ့ ပစ္စည်းအပိုင်းအစကြီး တစ်ခုရှိနေပြီး ချက်ချင်းဆိုသလိုပဲ သူ့ကို ကြိုးစားကြည့်ဖို့ လှုံ့ဆော်နေပါတယ်။

သူက ကျောက်တုံးတွေအပေါ်မှာ အစောပိုင်းတုန်းက အစီအရင်ပုံစံတွေကို ရေးထွင်းခဲ့ပါတယ်။ ဒါကြောင့် ဒါက အခုဆိုရင် ကိတ်မုန့်ကို လှီးရသလို လွယ်ကူပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို တက်လာပြီးတဲ့ နောက်မှာ သူရဲ့နတ်ဘုရား အာရုံလည်း အတော်ကြီး တိုးလာခဲ့ပါတယ်။ ဒါကြောင့် သူက အခုဆိုရင် တစ်ခါတည်းနဲ့ အစီအရင်ပုံစံ သုံးခုကို တစ်ခါတည်း ရေးထွင်းနိုင်ပါတယ်။ ငါးနာရီ ခြောက်နာရီလောက် အနားယူပြီးတဲ့ နောက်မှာ သူက အစီအရင်ပုံစံ သုံးခုထက်မနည်း ရေးထွင်းနိုင်ခဲ့ပါတယ်။

ဒီပုံအတိုင်း တွက်ချက်ကြည့်ရင် တစ်ရက်မှာ သူ့အနေနဲ့ အစီအရင် ပုံစံတွေ ဆယ်ခု ဒါမှမဟုတ် ဒီထက်ပိုပြီး ရေးထွင်းနိုင်ပါတယ်။ ပြီးတော့ အနည်းဆုံး လေးရက်လောက်ဆိုရင် သူက အစီအရင် မျက်လုံးပေါင်း သုံးဆယ့်ခြောက်ခုလုံးကို ဖန်တီးနိုင်ပါလိမ့်မယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ မိုးကောင်းကင်နဲ့ မြေကြီးရဲ့ တာအိုမရှိပါဘူး။

လင်းဟန်က ရောမ ဂိုလမ်ကို ဆင့်ခေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစီအရင် မျက်လုံးတွေကို ထုတ်လွှတ်လိုက်စမ်း"

ချွမ် ချွမ် ချွမ်။

တုတ်ချောင်းတွေက ရောမ ဂိုလမ်ရဲ့ခေါင်းထိပ်ကနေ မြင့်တက်လာခဲ့ပြီး ဂဏ်ပါအစီအရင်တစ်ခု ဖြစ်လာခဲ့ပြီး ချက်ချင်းဆိုသလို အစီအရင်ပုံစံတွေက လင်းလက်တောက်ပလာပြီး ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားတွေ စုစည်းလာခဲ့ပြီး အစီအရင်တစ်ခုလုံးက အဖြူရောင် မိုးကြိုးအလင်းတွေနဲ့ လိမ်ယှက်ထားသလို ဖြစ်လာခဲ့ပါတယ်။

ရောမဂိုလမ်က လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ ဇီ ဇီ ဇီ။ လျှပ်စီးအလင်းတန်းတွေ ထွက်ပေါ်လာပြီး ၎င်းရဲ့ စွမ်းအားက မယုံနိုင်လောက်အောင် အံ့အားသင့်စရာ ကောင်းပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းလွန်းပါတယ်။

"ဟားဟားဟားဟား"

လင်းဟန်က ဟားတိုက်ရယ်မောလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို စိတ်ကျေနပ် နှစ်သိမ့်နေပုံ ရပါတယ်။

ဒါကတကယ်ပဲ လှုပ်ရှားခြင်း အစီအရင်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က သူ့မေးစေ့ကို ပွတ်ပြီးတော့ ရင်ဟောင်ရဲ့ ခန္ဓာကိုယ်ပေါ်က အစီအရင်ပုံစံကို စဉ်းစားလိုက်ပြီး အဲဒီအစီအရင်က ဟူးညိုရဲ့ တိုက်ခိုက်မှုကိုတောင်မှ ခုခံကာကွယ်နိုင်တဲ့ အံ့အားသင့်စရာ ကာကွယ်နိုင်စွမ်းတစ်ခု ရှိပါတယ်။ ဒါက လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အစီအရင်မျက်လုံးတွေအဖြစ်နဲ့ အသုံးချလို့ ရနိုင်တယ် ဆိုတာကို သက်သေပြနေပြီး အဲဒါကြောင့် သူလည်းပဲ ချက်ချင်းအကြံရသွားခဲ့တာ ဖြစ်ပါတယ်။

"ငါက သံမဏိခန္ဓာကိုယ်ကို လေ့ကျင့်ခဲ့ပြီး ငါ့ရဲ့ခန္ဓာကိုယ် မာကျောကြမ်းတမ်းမှုက အဆင့်တူ ရှားပါးတဲ့ သတ္တုတွေနဲ့ နှိုင်းယှဉ်နိုင်တယ်။ ဒါကြောင့် အစီအရင်အဆင့်က ငါ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို မကျော်လွန်သေးသရွေ့ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို အစီအရင်ပုံစံတွေနဲ့ ဆွဲထုတ်ယူဖို့ကို သည်းခံသင့်တယ်"

လင်းဟန်က တွေးတွေးဆဆနဲ့ ပြောလိုက်ပါတယ်။

တကယ်လို့ သူ့အနေနဲ့ ရင်ဟောင်လိုမျိုး အစီအရင် ပုံစံကိုရေးထွင်းနိုင်မယ် ဆိုရင်တော့ သူရဲ့ ခုခံကာကွယ်မှု စွမ်းအားက နောက်ထပ်တစ်ဆင့်ကို တိုးသွားနိုင်ပါတယ်။

"ဒီနေရာမှာ နေတာ လေးရက်တောင် ရှိပြီပဲ။ အခုတော့ ထွက်ဖို့အချိန် ကျပြီ"

လင်းဟန်က ရောမဂိုလမ်ကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်ထားလိုက်ပါတယ်။ ရောမ ဂိုလမ်က အခုဆိုရင် ခွေးတစ်ကောင်လိုမျိုး သူ့အပေါ်မှာ သစ္စာရှိနေပြီ ဖြစ်တဲ့အတွက် သူရဲ့ နတ်ဘုရား အာရုံကို မခုခံတော့ပဲ အနက်ရောင် မျှော်စင်ထဲကို ကြိုက်သလိုထည့် ကြိုက်သလို ထုတ်လို့ ရပါပြီ။

လင်းဟန်က ကွမ်းယွမ်၊ လီစီရှန်းတို့နဲ့အတူ ဆက်လက်ချီတက်လာခဲ့ပါတယ်။ သူတို့အနေနဲ့ ဘယ်ကို သွားရမယ်ဆိုတာ တကယ်ပဲ မသိပါဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူ့တို့အနေနဲ့ အရင်ဆုံး လှုပ်ရှားဖို့ လိုပါတယ်။

ဒါက ကမ္ဘာအစစ်တစ်ခု မဟုတ်ပါဘူး။ ကောင်းကင်ပေါ်မှာ တိမ်တွေက ဖုံးအုပ်ထားပြီး နေ့နဲ့ညက လုံးဝကို ခွဲခြားလို့ မရသလို အလင်းအမှောင် ပြောင်းလဲမှုကိုလည်း ခွဲခြားလို့ မရပါဘူး။ ဒီမှာ နေတစ်စင်း ဒါမှမဟုတ် လတစ်စင်းတောင်မှ မရှိပါဘူး။

သူတို့သုံးယောက်က တစ်ခဏမျှ လမ်းလျှောက်လာပြီးတဲ့

မြက်ရိုင်းလွင်ပြင်ကနေ ထွက်လာခဲ့ ကြပါတယ်။ ကျယ်ပြန့်တဲ့ မြေပြန့်လွင်ပြင် တစ်ခုက သူတို့ရဲ့ အရှေ့မှာ ပေါ်လာပြီး မြက်ခင်းပြင်တွေနဲ့ ဖုံးလွှမ်းလို့နေပါတယ်။ ညင်သာတဲ့ လေပြည်လေညင်းက တိုက်ခတ်နေပြီး သူတို့ကို သက်တောင့်သက်သာ ခံစားစေခဲ့ပါတယ်။

"နေဦး"

လင်းဟန်က ရုတ်တရက် ပြောလိုက်သည်။ သူက အရှေ့ကို ခြေလှမ်းအနည်းငယ်မျှ ဆက်သွားပြီး သူရဲ့ခြေထောက်နဲ့ မြက်ပင်တွေကို ခွဲဖယ်လိုက်တဲ့ အခါမှာ သွေးစသွေးနတချို့ ပေကျံနေတဲ့ အရိုးတွေကို မြင်လိုက်ရပါတယ်။

ကွမ်းယွမ်ကလည်း အနားကို ရောက်လာခဲ့ပါတယ်။ တစ်ခဏတာမျှ စစ်ဆေးပြီးတဲ့ နောက်မှာ သူက ပြောလိုက်သည်။

"ဒါက လူသားတစ်ယောက်ရဲ့ ညှပ်ရိုးတစ်ခုပဲ"

လင်းဟန်က ခေါင်းကိုညိတ်ပြီး ပြောလိုက်သည်။

"ဒါကအထဲကို ဝင်လာတဲ့ သိုင်းပညာရှင်တစ်ယောက်

ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဒီဒဏ်ရာက တကယ်လို့ လူလုပ်တာဆိုရင် အရိုးအပိုင်းအစတွေ ကျန်နေခဲ့စရာအကြောင်း လုံးဝမရှိဘူး။ နောက်ပြီးတော့ အက်ကွဲရာတွေကို ကြည့်မယ်ဆိုရင် ချွန်ထက်တဲ့ သွားတွေနဲ့ အတင်းကိုက်ဖြတ် ထားတယ်ဆိုတာ သိသာတယ်"

"မြွှစ္စာသားရဲကောင်တွေ"

သူတို့သုံးယောက်က တစ်ပြိုင်နက်တည်း သုံးသပ်ချက် ချလိုက်ပါတယ်။

"အရင်တုန်းက ဘာကြောင့် ဒီမှာ မရှိကြတာလဲ"

လီစီရှန်းက အတော်လေးကို ပဟေဠိဖြစ်နေခဲ့သည်။

လင်းဟန်က တစ်ချက် စဉ်းစားလိုက်ပြီးတော့ ပြောလိုက်သည်။

"အရင်တုန်းက ဒီနေရာက ကျောက်တုံးလေးရဲ့ ပိုင်နက်ဖြစ်နေတယ်။ ဒါကြောင့် သားရဲတွေက မကျူးကျော်ပံ့ဘူး။ ဒါကိုကြည့်မယ်ဆိုရင် ဒီသားရဲ ဒါမှမဟုတ် သားရဲအစုအဝေးက ကျောက်တုံးလေးရဲ့

ပြိုင်ဘက်မဟုတ်ဘူးဆိုတာ အတည်ပြုလို့ ရနိုင်တယ်”

လီစီရှန်းနဲ့ ကွမ်းယွမ်တို့ကတော့ ဂရုမစိုက်ပဲ အမှုမဲ့ အမှတ်မဲ့ မနေပုံ့ကြချေ။ ကျောက်တုံး စိတ်ဂိညာဥ်က အရင်တုန်းက စိတ်ဂိညာဥ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိနေပြီး လင်းဟာန် တစ်ယောက်ပဲ အဲဒီအကြောင်းကို ဂရုမစိုက်ပဲ နေနိုင်သည်။ သူတို့နှစ်ယောက်ထဲက တစ်ယောက်က စိတ်ဂိညာဥ် ပင်လယ်အဆင့် အလွှာကိုးမှာ ဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်က နွေဦးစမ်းရေ အဆင့်ကို ဂင်ရောက်ကာစပဲ ရှိသေး၏။ ကျောက်တုံးစိတ်ဂိညာဥ်ရဲ့ ယခင်တုန်းက စွမ်းအားနဲ့ အကွာကြီး ဖြစ်၏။

သူတို့တွေက အရှေ့ကို ဆက်တိုးလာပြီး နောက်ထပ်လမ်းဖြောင့်တစ်ခုကို ရောက်တဲ့ အခါမှာ လေပြင်းတစ်ချက်က ရုတ်တရက် တိုက်ခတ်သွားခဲ့သည်။

“သားရဲတွင်းတစ်ခု”

လင်းဟာန်က ရုတ်တရက်ပြောပြီး လွှားခနဲ ခုန်လိုက်သည်။ ခြေလှမ်းအနည်းငယ်မျှ ခုန်ကျော်ပြီးတဲ့ နောက်မှာ မြေပြင်ပေါ်ကို ခြေချလိုက်ပြီး မြက်ခင်းပြင်ပေါ်က ကျတ်တီးမြေတစ်ခု အပေါ်မှာ အထဲကနေ ဆိုးဂါးတဲ့

အနံ့အသက်တွေ ထွက်လာတဲ့ တွင်းပေါက်ကြီးတစ်ခုကို ရှာတွေ့သွားခဲ့၏။

လင်းဟန်ရဲ့ အသံကို ကြားလိုက်ရတဲ့ အခါမှာ တွင်းထဲကနေ သားရဲ့တစ်ကောင်က ခုန်ထွက်လာခဲ့သည်။ ၎င်းက သုံးပေခန့်ရှည်ပြီး တစ်ကိုယ်လုံး မီးခိုးရောင်ရှိပြီးတော့ ဂံပုလွေ တစ်ကောင်နဲ့ အတော်လေး ဆင်တူ၏။ ဒါပေမဲ့ ၎င်းရဲ့ပါးစပ်က ဘဲတစ်ကောင်ရဲ့ နှုတ်သီးလို ပြားနေသည်။

"နှုတ်သီးပြား မြွေပါဆိုး"

လင်းဟန်က ပြုံးလိုက်သည်။

"မြွေပါဆိုးရဲ့ ခေါင်းဆောင်က ဘုရင်အဆင့် သွေးမျိုးဆက် ဖြစ်နိုင်တယ်။ ဒါက အရမ်းကို ကြီးမားတဲ့ အာဟာရ ဖြစ်စေတယ်"

သာမန်မြွေပါဆိုး တစ်ကောင်တောင်မှ စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ ရှိပြီးတော့ အနက်ရောင် မျှော်စင်ထဲမှာ မွေးမြူပြီးမှ နောက်ပိုင်းမှာ ချက်စားရင် သေချာပေါက် သွားရည်ယိုစရာ အရသာရှိတဲ့ ဟင်းပွဲတစ်ပွဲ ဖြစ်လာနိုင်သည်။

"စီရှန်း မင်းအရင်ဆုံး အထဲဝင်နှင့်"

လင်းဟန်က ပြောပြီးတော့ လက်တစ်ဖက်ကို ဝှေ့ယမ်းပြီး လီစီရှန်းကို အနက်ရောင် မျှော်စင်ထဲ ပြန်ပို့လိုက်သည်။

"ဆရာလေးဟန် ငါအရင်ဆုံး တိုက်ပါရစေ"

ကွမ်းယွမ်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့သည်။

သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုး ဆိုပေမဲ့ ယခင်တုန်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို တက်ရောက်ဖူးပြီးတော့ လင်းဟန်ရဲ့ ထောက်ပြလမ်းညွှန်မှုတွေကိုလည်း လက်ခံရရှိခဲ့သည်။ တိုက်ပွဲဆင်လက်သီး နည်းစနစ်ကို သင်ယူခဲ့ပြီး သူရဲ့တိုက်ပွဲစွမ်းရည်က သာမန်စိတ်ဂိညာဉ် ပင်လယ်အဆင့်အထဲမှာ အတော်လေးကို ထူးချွန်ထက်မြက်တယ်လို့ ပြောလို့ရသည်။

ဒါပေမဲ့လည်း ဒါက သားရဲတွင်းတစ်ခု ဖြစ်၏။

မြွေပါဆိုးတွေ တစ်ကောင်ပြီးတစ်ကောင် ခုန်ထွက်လာကြပြီး ၎င်းတို့အများစုက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ဖြစ်ကြသည်။ အနည်းစုကတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ဖြစ်ပြီးတော့ ထူးခြားတဲ့ နတ်ဘုရားအလင်းတစ်ခုက ၎င်းတို့၏ ဦးခေါင်းထက်မှာ စူးရှတောက်ပတဲ့ အလင်းတစ်ခုလို ပုံစံတစ်ခု ရှိနေသည်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီးကွမ်း စိတ်ဂိညာဉ် ပင်လယ်အဆင့် သားရဲကောင် အကုန်လုံးကို ခင်ဗျားတာဝန် ယူလိုက်ပါ။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အနည်းစုကိုတော့ ကျနော် တာဝန်ယူလိုက်မယ်။ ဒါပေမဲ့ သူတို့ကို မသတ်ရဘူးနော်။ ဒီကောင်တွေက နောက်ပိုင်းကျရင် ကျနော်တို့အတွက် အရသာရှိတဲ့ အသားတွေ ဖြစ်လာလိမ့်မယ်"

"ဆရာသခင်လေးဟန် ဒီတောင်းဆိုမှုက အတော်လေးကို မြင့်မားတယ်"

ကွမ်းယွမ်က တိုက်ခိုက်နေရင်းနဲ့ လင်းဟန်ကို စောဒက တက်လိုက်၏။

ဒီမှာ အနည်းဆုံး မြွေပါဆိုး လေးကောင်က စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးကို ရောက်ရှိလို့ နေ၏။ သူ့အတွက်တော့ ဒီကောင်တွေကို ဒဏ်ရာမရပဲ နှိမ်နင်းဖို့ဆိုတာ အသာထားဦး။ အနိုင်ရဖို့တောင်မှ အတော်လေးကို ခက်ခဲနေသည်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

"ဒါကို မလုပ်နိုင်ဘူးလား"

"ငါအကောင်းဆုံး ကြိုးစားမယ်"

ကွမ်းယွမ်က အံကိုကြိတ်ပြီးတော့ လက်သီးနှစ်ဖက်ကို မြှောက်ပြီး မြွေပါဆိုးတွေကို တိုက်ခိုက် လိုက်သည်။

စိတ်ဂိညာဉ်ပလ္လင်အဆင့် မြွေပါဆိုး အနည်းငယ်က သွားကူညီချင်နေကြပေမဲ့ လင်းဟန်က ၎င်းတို့ကို တားဆီးထားလိုက်သည်။

"မင်းတို့ရဲ့ ပြိုင်ဘက်က ငါပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး လက်သီးတချို့ကို

သာမန်ကာလျှံကာ ပစ်သွင်းလိုက်၏။ ဘုန်း ဘုန်း ဘုန်း ဘုန်း။ ဒီမြွေပါဆိုးတွေက အထိုးခံရပြီး အောက်ကို လဲကျသွားကုန်၏။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အတွင်းမှာတော့ လင်းဟာန်နဲ့ ရင်ဆိုင်တိုက်ခိုက်နိုင်တာဆိုလို့ အရမ်းကို နည်းပါးတဲ့ အရေအတွက်ပဲ ရှိသည်။

သူက ထိုမြွေပါဆိုးများကို အနက်ရောင် မျှော်စင်အထဲမှာ သိမ်းဆည်းလိုက်ပြီး ကွမ်းယွမ်နဲ့ တခြားမြွေပါဆိုးတွေ အကြားက တိုက်ပွဲကို ကြည့်နေလိုက်သည်။

"ဟင်"

သူက အနည်းငယ် ထိတ်လန့်သွားခဲ့ပြီး အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားမိလိုက်သည်။ ထို့ကြောင့် ပတ်ဂန်းကျင်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ တွင်းပေါက်ထဲကနေ အိုမင်းနေတဲ့ မြွေပါဆိုး တစ်ကောင် ခုန်ထွက်လာတာကို သတိပြုမိလိုက်၏။ ၎င်းရဲ့အမွေးထိပ်တွေက မီးခိုးရောင်ကို အဖြူရောင်သန်းနေ၏။ ဒါပေမဲ့ ၎င်းက ထုတ်လွှတ်တဲ့ အရှိန်အဝါကြောင့် လင်းဟာန်အနေနဲ့ ဂရုမစိုက်ပဲ မနေပုံပေ။

"မျှော်လင့်ထားတဲ့အတိုင်း ဘုရင်အဆင့် တစ်ကောင်ပဲ"

လင်းဟန်က မျက်ခုံးကို ပင့်လိုက်သည်။ ဒီအိုမင်းနေတဲ့ မြွေပါခဆိုးက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာရှိတဲ့ အကောင်တစ်ကောင် ဖြစ်ပြီးတော့ ၎င်းရဲ့ခွန်အားကို ခွဲခြမ်းစိတ်ဖြာ ရမည်ဆိုလျှင် ဘုရင်အဆင့် သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတဲ့ အတွက်တော့ အတော်လေးကို ကွဲပြားခြားနားသည်။ ၎င်း၏ တိုက်ပွဲစမ်းရည်ကား သာမန်စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးထက် အပုံကြီးသာလွန်ပေလိမ့်မည်။

ဒါပေမဲ့လည်း ၎င်းက ဘုရင်တစ်ပါးကို ဘုရင်တစ်ပါးက ရင်ဆိုင်ခြင်း ဖြစ်ပေသည်။ လင်းဟန်ကား လုံးဝကို ကြောက်ရွံ့သွားခြင်း မရှိပဲ ပြုံးပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီးကွမ် ခင်ဗျား စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို နောက်တစ်ကြိမ် တက်မယ်ဆိုရင် ဒီဘုရင်အဆင့် သားရဲကောင်က ခင်ဗျားရဲ့ အဆင့်တက်ဖို့ ခြေလှမ်းကို အထောက်အကူပြု ကူညီပေးနိုင်တယ်"

"ကျေးဇူးအများကြီး တင်ပါတယ် ဆရာသခင်လေးဟန်"

ကွမ်းယွမ်ကား ပျော်ရွှင်မြူးထူး သွားခဲ့သည်။

အဆင့်ကြီး တစ်ခုကို တက်ရောက်ဖို့အတွက် ကြီးမားတဲ့ စွမ်းအင်ပမာဏ တစ်ခုကို အထောက်အပံ့အဖြစ် လိုအပ်သည်။ ဒါမှမဟုတ် လူတစ်ယောက်က တချိန်လုံး စုစည်းပြီးတော့မှ အဆင့်တက်တဲ့ အခါမှာ တစ်ခါတည်း အရှိန်အဟုန်ပြင်းပြင်းနဲ့ ဖောက်ခွဲပစ်ဖို့ လိုအပ်သည်။ ဒါပေမဲ့လည်း ဒါကအချိန် အတော်ကြာကြာ လိုအပ်ပြီး ဒုတိယ အချက်က အောင်မြင်မှုနိုင်မှု မရှိပေ။

ဒါပေမဲ့လည်း ဘုရင်အဆင့် သားရဲတစ်ကောင်က မတူညီကွဲပြားအောင် လုပ်နိုင်၏။ အရိုးနဲ့ အသားအဆီအနှစ်တွေက ရတနာဆေးလုံးနဲ့ တူညီပြီး လုံလောက်တဲ့ စွမ်းအင်ကို သေချာပေါက် ထောက်ပံ့ပေးနိုင်သည်။

Chapter 467 end

အပိုင်း(၄၆၈) အရိုးပုံစံများ

ထိုအိုမင်းနေတဲ့ မြွေပါဆိုးက အရမ်းကို ဒေါသထွက်နေခဲ့သည်။ ဒီလူသားနှစ်ယောက်က သူ၏ ဂျူနီယာတွေကို လုယူရုံတင်မက သူ့ကိုပါ စားချင်နေကြ၏။ တကယ်ပဲ ကိုယ့်သေလမ်းကို ကိုယ်ရှာနေတဲ့

နှစ်ယောက်ဖြစ်သည်။

ထိုအရာကား သားရဲကောင်တွေထဲမှာ ဘုရင်အဆင့် သားရဲတစ်ကောင် ဖြစ်သည်။

လင်းဟန်က အချိန်မဖြုန်းချင်တော့ပဲ သူ၏ခွန်အား အကုန်လုံးနဲ့ ပေါက်ကွဲပြီး နတ်ဆိုးရှင်သန်ဓားနဲ့ အိုမင်းနေတဲ့ မြွေပါဆိုးကို ထိုးထည့်လိုက်၏။

အိုမင်းနေတဲ့ မြွေပါဆိုးက အရမ်းကို ရဲဝင့်လှသည်။ ဘုရင်အဆင့်ဆိုတာက ဒီအဆင့်ရဲ့ အထွတ်အထိပ်မှာ ရပ်တည်နေပြီး ပြိုင်ဘက်ကင်းသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ၎င်း၏ ဦးခေါင်းထက်ပေါ်တွင် သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက လင်းလက်တောက်ပပြီး အရမ်းကို လျှင်မြန်စွာနဲ့ ခုန်ထွက်လာခဲ့သည်။ ပြီးနောက် လင်းဟန်ရဲ့ ရင်ဘက်နားကို လျှပ်ပြက်သလို ပေါ်လာခဲ့ပြီး ၎င်း၏ပါးစပ်ကို ဟကာ လင်းဟန်၏ လည်ပင်းကို ကိုက်လိုက်သည်။

"အတော်လေးကို မြန်တာပဲ"

လင်းဟန်က အသာအယာ ပြုံးပြီးတော့ သူရဲ့လက်ကို မြှောက်ပြီး အိုမင်းနေတဲ့ မြွေပါဆိုး၏ ချွန်ထက်သော

သွားများကို ခုခံကာကွယ်လိုက်သည်။

အမြန်နှုန်းနဲ့ ပတ်သက်ရင် မြွေပါဆိုးအိုကြီးကား လျင်မြန်ပေမဲ့ ဟူးညိုနဲ့တော့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ချေ။

ရုတ်တရက် အသံမြည်သွားပြီး မြွေပါဆိုးအိုကြီးက လင်းဟန်၏ လက်ဂါးကို ကိုက်လိုက်သည်။ ထိုလူသား၏ လက်မောင်းကို ပြတ်ထွက်သွားအောင် ကိုက်ပစ်ချင်နေခဲ့သည်။ သို့ပေမဲ့လည်း ၎င်းကိုက်ချလိုက်တာနဲ့ မရေမတွက်နိုင်တဲ့ မီးပွားတွေ ထွက်ပေါ် လာခဲ့သည်။

မြွေပါဆိုးအိုကြီးကား မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားခဲ့သည်။ ဒီကောင်စုတ်လေးက တကယ်ပဲ လူသားတစ်ယောက်မှ ဟုတ်ပါလေစ။ သူရဲ့လက်ဂါးက ဘယ်လိုလုပ်ပြီး မာကျောနေရတာလဲ။ ၎င်းအနေနဲ့ မူလစွမ်းအင်ရဲ့ အတက်အကျကို ခံစားလို့ မရတာ သေချာ၏။ ထို့ကြောင့် ဤအရာကား လင်းဟန်၏ အသားရဲ့ ရိုးရှင်းသော ခုခံနိုင်စွမ်း ဖြစ်ပေသည်။

ဘယ်လိုဟာကြီးလဲ။ ၎င်း၏သွားများပင်

အလျှော့ပေးရပေသည်။

လင်းဟန်က လက်သီးတစ်လုံးဖြင့် တန်ပြန်တိုက်စစ်ဆင်လိုက်သည်။ ချက်ချင်းဆိုသလို မြွေပါဆိုးအိုကြီးကား လွင့်ထွက်သွားခဲ့သည်။ လင်းဟန်က အနည်းငယ် ထိတ်လန့်သွားပြီး ပြောလိုက်သည်။

"တကယ်ပဲ မသေသွားဘူးလား"

ဘုရင်အဆင့် သားရဲတစ်ကောင်ရဲ့ မျှော်လင့်ထားတဲ့အတိုင်း လင်းဟန်၏ လက်သီးချက်ကို မိမိရရ ထိသွားခဲ့သည့်တိုင် သေဆုံးမသွားခဲ့ပေ။

မြွေပါဆိုးအိုကြီးကား ဒေါသတွေ အလိပ်လိုက် ထွက်လာခဲ့သည်။ ဘုရင်အဆင့်ဆိုတာ ဘာကိုကိုယ်စားပြုသလဲ။ ၎င်းကား ဒီအဆင့်တွင် ပြိုင်ဘက်ကင်း၏။ ထို့ပြင် ဘုရင်တစ်ပါးက တခြားဘုရင်တစ်ပါးနှင့် ကြုံတွေ့သည် အချိန်တွင် အောင်နိုင်မှုကား မည်သူ၏ အဆင့်က ပိုပြီးတော့ မြင့်သလဲဆိုသည့် အချက်ပေါ်တွင် မူတည်၏။ လင်းဟန်က စိတ်ဂိညာဉ် ပလ္လင်အဆင့်၏ ပထမအလွှာပဲ ရှိသေးတာ ဖြစ်ပြီးတော့ ၎င်းကတော့ အလွှာကိုးဖြစ်ပြီး သိသိသာသာကို

အသာစီးရရှိနေသည်။

ဒါပေမဲ့လည်း ၎င်းက ရှုံးနိမ့်သွားခဲ့ပြီး ဤအချက်ကြောင့် အလွန်အမင်း ဒေါသထွက်နေရခြင်း ဖြစ်ပေသည်။ ဒါအပြင် လင်းဟန်က အမှန်တကယ်ပဲ ၎င်းကို လက်သီးတစ်ချက်နဲ့ သတ်ပစ်ချင်ပြီး ဤခံစားချက်ကြောင့် ချက်ချင်းဆိုလသို သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ မထွက်လာသင့်ဘူးလား။

ထိုကဲ့သို့ အထင်သေးခြင်းကြောင့် နောင်တတရားကို ခံစားစေရမည်။

မြွေပါဆိုးအိုကြီးကား နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြီး ၎င်း၏ပါးစပ်ကိုဟကာ လင်းဟန်ဆီကို လေဓားသွားကဲ့သို့ အလင်းကိုးခုဖြင့် ပေ့ပိုက်ပစ်လွှတ် တိုက်ခိုက်လိုက်သည်။

"ဘုရင်အဆင့် သားရဲကောင် တစ်ကောင်က ခန့်မှန်းထားတဲ့အတိုင်း ချီအလင်းကိုးခုကို ကျင့်ကြံနိုင်တာပဲ"

သားရဲကောင်တွေအထဲမှာ ဘုရင်အဆင့် သားရဲကောင်တစ်ကောင် အနေနဲ့ အံ့အားသင့်စရာ ကောင်းသည့် တိုက်ပွဲစွမ်းရည်ကို မူလကတည်းက ရှိပြီးတော့ သိုင်းပညာရှင်တွေထဲက ဘုရင်တွေလိုပဲ ချီတွေကို

ထုတ်ဖော်နိုင်သည်။ ၎င်းတို့၏တိုက်ပွဲစွမ်းရည်က ပိုပြီးတော့တောင် ထိတ်လန့်ဖွယ်ရာ ကောင်းပေသည်။

ရှပ် ရှပ် ရှပ်။

လေဓားသွား အလင်းကိုးခုက လင်းဟန်ကို ပြင်းပြင်းထန်ထန်နဲ့ ပြိုင်တူခုတ်ပိုင်းလိုက်၏။ လေဓားသွား တစ်ခုစီတိုင်းတွင် ရှုပ်ထွေးသော သွေးကြောနဲ့တူသည့် ပုံစံများ ပါဝင်နေပြီး ရှေးဟောင်းအငွေ့အသက် ပါဝင်သည့် ကြီးကျယ်ခမ်းနားသော တည်ရှိမှု တစ်ခုကို ထုတ်လွှတ်နေသည်။

လင်းဟန်က အနည်းငယ် ထိတ်လန့်သွားခဲ့သည်။ ထိုသွေးကြောနဲ့တူသည့် ပုံစံများကား သူ့ကိုတောင်မှ ခေါင်းခြောက်သလို ခံစားစေခဲ့သည်။ ၎င်းက သေချာပေါက် အရေးမပါသည့် အသေးအမွှားအရာ မဟုတ်ဘူးဆိုတာကို ပြသနေသည်။

လင်းဟန်က ဂရုမစိုက်ပဲနဲ့ မနေပဲ နတ်ဆိုးရှင်သန်းဓားနဲ့ တွန်းထည့်လိုက်ပြီး လေဓားသွားတွေနဲ့ မိတ်ဆက်ပေးလိုက်သည်။ ဓားတစ်ချောင်းရဲ့ ခုတ်ချက်တစခုနဲ့အတူ ဓားချီအလင်း ကိုးခုလည်း

ပြိုင်တူပုံသန်း ထွက်လာခဲ့၏။

ဓားချိန်နဲ့ လေဓားသွားတွေ တွေ့ဆုံမိတဲ့ အခါမှာတော့ နှစ်ခုစလုံး ပျက်စီးသွားခဲ့ကြသည်။

လင်းဟန်ကား ကြောက်မက်ဖွယ်ရာကောင်းသည့် သိုင်းဆန္ဒကြောင့် နောက်တစ်ကြိမ် အံ့အားသင့် သွားခဲ့သည်။ နတ်ဆိုးရှင်သန်ဓားကို အသုံးပြုပြီး ပစ်လွှတ်လိုက်တဲ့ သူ၏ဓားချိကု ပြိုင်ဘက်ဖြစ်သူရဲ့ လေဓားသွားနဲ့ လက်ရည်တူ သရေကျနေခဲ့သည်။ ဤကား သားရဲကောင်များ အကြားမှ ဘုရင်အဆင့် သားရဲတစ်ကောင်၏ စစ်မှန်သော ခွန်အားလား။

"ဟားဟား လာခဲ့ ထပ်တိုက်မယ်"

လင်းဟန်၏ တိုက်ခိုက်ရေး စိတ်ဂိညာဉ်ကား မိုးထိအောင် ထိုးတက်သွားခဲ့သည်။ အစောပိုင်းက သူ့အနေနဲ့ ထိုမြွေပါဆိုးအိုကြီးက ဘုရင်အဆင့် သားရဲကောင် တစ်ကောင်ဆိုတာကို သိထားပြီး ခေါင်းထဲမှာ သိပ်ပြီးတော့ မထည့်ထားပေ။ ၎င်းကို ဘာမဟုတ်သည့် ပါမွှားကောင်လေးအဖြစ် မြင်ခဲ့၏။ သို့ပေမဲ့ ဒီတိုက်ခိုက်မှု အပြီးမှာတော့ နောက်ဆုံးမှာသူက ၎င်းကို အလေးအနက်

ထားလာခဲ့သည်။

သူက ဓားကို ပေ့ယမ်းလိုက်ပြီး မိုးကြိုးလျှပ်စီး မီးဓားဆိုသည့် ဓားနည်းစနစ် အသစ်တစ်ခုကို အသုံးပြုလိုက်သည်။

ဤဓားသိုင်းကား မြေကမ္ဘာအဆင့် နည်းစနစ် တစ်ခုဖြစ်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ရောက်မှ ကျင့်ကြံနိုင်ပြီး လေးရာသီ ဓားသိုင်းနည်းစနစ်ကို ဆင့်ကဲပြောင်းလဲ အစားထိုးထားခြင်း ဖြစ်သည်။ ရက်ပေါင်းများစွာ ကြာပြီးသည့်နောက်တွင် သူ့အနေနဲ့ ဤဓားသိုင်း နည်းစနစ်ကို ကျွမ်းကျင်စွာနဲ့ ဖမ်းဆုပ်မိခဲ့ပြီး ဓားရှည်ကို လှုပ်ယမ်းလိုက်သည်နှင့် မိုးခြိမ်းသံကဲ့သို့ တုန်လှုပ်စရာကောင်းသည့် အသံနှင့် ပြင်းထန်သည့် မီးတောက်များ လောင်ကျွမ်းလာခဲ့သည်။

သူ့မှာ ဒြပ်စင်ငါးခု စိတ်ဂိညာဉ် အခြေခံတစ်ခု ရှိပြီး သူ၏မူလစွမ်းအင်ကို ဒြပ်စင်ငါးခု၏ မည်သည့်ဒြပ်စင်ကိုမဆို ပြောင်းလဲနိုင်ပေသည်။ ထို့ကြောင့် ဤဓားသိုင်းနည်းစနစ်ထဲတွင် မီးရှိနေသည်။ ဒါပေမဲ့လည်း သူကား လျှပ်စီးအမျိုးအစား ပညာရပ်များကို မကျင့်ကြံခဲ့ပေ။ ထို့ကြောင့် သူ့အနေဖြင့် ကောင်းကင်နဲ့ မြေကြီးအတွင်းက မိုးကြိုးလျှပ်စီး ဒြပ်စင်ကို စုစည်းပြီး လျှပ်စီးမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာဖို့ ဓားဆန္ဒအပေါ် တစ်ခုတည်းပဲမှာ

မှီခိုနေသည့်အတွက် စွမ်းအားကတော့ အတော်လေး လျော့ကျနေခဲ့သည်။

မြေကမ္ဘာအဆင့် နည်းစနစ်များကား အစွမ်းထက်လှသည်။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်း၏ ထက်မြက်မှုနဲ့ ပေါင်းစည်းလိုက်လျှင် လင်းဟန်က အမြင့်မှ နေရာယူနိုင်၏။ သူကရှည်လျားတဲ့ အော်သံတစ်ခုနဲ့ ဓားချီအလင်း ဆယ်ခုမြောက်ကို ထုတ်လွှတ်လိုက်ပြီး ချက်ချင်းဆိုသလို သူ၏အစွမ်းက သိသိသာသာ တိုးလာခဲ့သည်။

ဓားချီအလင်း ဆယ်ခုမြောက်နှင့် အလင်းကိုးခုတို့၏ ယှဉ်ပြိုင်မှု။ အရည်အသွေးပိုင်းတွင် ပင်ကိုယ်အားဖြင့် မတူညီ ကွဲပြားမှု တစ်ခုဖြစ်ပေသည်။

ထိုကဲ့သို့သော အစွမ်းဖြင့် ရင်ဆိုင်ရသည့် အခါတွင် မြွေပါဆိုးအိုကြီးကား တစ်လှမ်းပြီး တစ်လှမ်း အနောက်ကို ဆုတ်လာခဲ့ရသည်။ ၎င်းက အတော်လေးကို အစွမ်းထက်သည့် ဘုရင်တစ်ပါး ဖြစ်သည်။ သို့သော်လည်း ကံမကောင်းသည့် အချက်ကား လူထူးလူဆန်းတွေထက်တောင် ပိုပြီးတော့ ထူးဆန်းသည့် တစ်စုံတစ်ယောက်နဲ့ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ၎င်းအနေဖြင့် အရှုံးဆိုသည့် သစ်သီးကို ခါးသက်စွာ

ကိုက်ပြီးတော့ မျိုချနေရသည်။ တိုက်ကွက်ပေါင်း တစ်ရာကျော် ကြာပြီးသည့်နောက်မှာ လင်းဟန်က မြွေပါဆိုးအိုကြီးကို သတ်ပစ်ခဲ့သည်။

သူကအလျင်အမြန်ပဲ မြွေပါဆိုးအိုကြီး၏ အလောင်းကို အနက်ရောင် မျှော်စင်ထဲကို သယ်ဆောင် လာခဲ့သည်။ ဤသည်ကား သားရဲတွေကြားမှ ဘုရင်အဆင့် တစ်ကောင်ဖြစ်ပြီး သွေးစက်တစ်စက် စွန့်ပစ်လိုက်လျှင်ပင် အကြီးအကျယ် ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ပေသည်။

လင်းဟန်က ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ၎င်း၏ အရေခွံကို ဆုတ်ခွာပြီး မြန်မြန်ဆန်ဆန်ဖြင့် ၎င်း၏အရိုးများကို ချိုးဖြတ်လိုက်သည်။ သူသေသေချာချာ မလုပ်ရသေးခင် ဟူးညိုက လိမ်လိမ်မာမာနဲ့ ကောက်ယူပေးလိုက်ပြီးသည့် နောက်မှာတော့ သူက အစားအသောက်တွေကို ပေါ့ပါးဖျတ်လတ်စွာနဲ့ ထုတ်ယူပေးလိုက်ပါတယ်။

"ဘာလဲဟ"

သူက မြွေပါဆိုးအိုကြီး၏ ဦးခေါင်းခွံပေါ်တွင် ထူးခြားတဲ့ အမှတ်တစ်ခုကို ရှာတွေ့လိုက်၏။ ၎င်းက ပန်းတစ်ပွင့်ပုံစံ ရှိပြီးတော့ အရမ်းကို ရုပ်ထွေးလွန်းပေသည်။

"ဒါကဒီကောင် ပစ်လွှတ်လိုက်တဲ့ လေဓားသွားတွေ အပေါ်က သွေးကြောပုံစံတွေနဲ့ အရမ်းကို တူညီတယ်"

လင်းဟန်က ပြန်စဉ်းစားပြီးတော့ ပြောလိုက်သည်။

"အတိအကျပဲ။ ဒီလိုမျိုး သိုင်းဆန္ဒကြောင့် ကံထူးပြီးတော့ လေဓားသွားတွေက နတ်ဆိုးရှင်သန် ဓားကနေ လွှတ်ထုတ်လိုက်တဲ့ ဓားချီတွေကို ယှဉ်ပြိုင်နိုင်စွမ်း ရှိနေတာပဲ။ ဒီဦးခေါင်းခွံ အစိတ်အပိုင်းကြောင့်ဆိုတာ ဖြစ်နိုင်မလား"

ဘယ်လိုပဲဖြစ်ဖြစ် သူက ယခင်ဘဝတုန်းက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့သည်။ ပြီးတော့ ရှေးဟောင်းနယ်မြေတွေရဲ့ နက်ရှိုင်းထဲ နေရာတွေထဲကို ဂင်ရောက်ခဲ့ပြီး အစွမ်းထက်တဲ့ သားရဲကောင် တော်တော်များများနဲ့ ကြုံတွေ့ခဲ့ရပြီး ဘုရင်အဆင့် ပြိုင်ဘက်တွေ မရှားခဲ့ပါဘူး။ ဒါပေမဲ့လည်း သူ့အနေနဲ့ ဝင်းသားရဲကောင်တွေရဲ့ အရိုးတွေ အပေါ်မှာ အရိုးပုံစံရှိတဲ့ အကောင်မျိုးကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။

သူက အနီးကပ် နောက်တစ်ကြိမ် ကြည့်လိုက်ပြီး သူရဲ့

စိတ်ဂိညာဉ်က ချက်ချင်းဆိုသလို အရိုးတွေအပေါ်က ပုံစံကြောင့် ဆွဲဆောင်ခံလိုက်သည်။ တည်ငြိမ်နေတဲ့ ပုံစံတွေက အသက်ဝင်လာပုံ ထင်ရပြီး ကောင်းကင်နဲ့မြေကြီးရဲ့ တာအိုကို အသေးစိတ် ရှင်းပြနေသလိုမျိုး တွန့်လိမ်လှုပ်ရှားနေသည်။

"စစ်မှန်တဲ့ ရတနာ တစ်ခုကို ရလိုက်တာပဲ"

လင်းဟန်က စိတ်လှုပ်ရှားလာသလို ခံစားလိုက်ရ၏။ သူ့ခန့်မှန်းသုံးသပ်ချက် အရဆိုရင် မြွေပါဆိုးအိုကြီး၏ လေဓားသွားတွေရဲ့ နောက်ထပ်စွမ်းအားက အရိုးပုံစံအစီအရင်တွေကနေ လာခဲ့တာ ဖြစ်၏။ အကယ်၍ သူကရင်းကို စေ့စေ့စပ်စပ် ဖမ်းဆုပ်နိုင်မယ်ဆိုရင် သူပစ်လွှတ်တဲ့ ချီတွေရဲ့ အရည်အသွေးက တိုးလာပါလိမ့်မည်။

"အာ ကွမ်းယွမ်ကို မေ့တော့မလို့ဟ"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ လျပ်ပြက်သလို ခုန်ထွက်လိုက်သည်။ ထို့နောက် ကွမ်းယွမ်က တခြားမြွေပါဆိုးတွေနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေဆဲပဲ ဆိုတာကို မြင်တွေ့လိုက် ရသည်။ သူ၏ ခန္ဓာကိုယ်ပေါ်တွင်

နေရာဆယ်ခုထက်မနည်း ဒဏ်ရာရနေပေမဲ့ ဘေးတစ်ဖက်မှာ မြွေပါးဆိုး တော်တော်များများက လဲကျနေပါတယ်။ ထိုမြွေပါးဆိုးများကား သေနေခြင်း မဟုတ်ပဲ သတိလစ် မေ့မျောနေခြင်းသာ ဖြစ်ပေသည်။

အကယ်၍ ထိုကဲ့သို့သာ မဟုတ်ဘူးဆိုလျှင် သူ၏ပြိုင်ဘက်ကို သတ်နိုင်စွမ်းရှိမှတော့ ကွမ်းယွမ်အနေနဲ့ ဤကဲ့သို့ ပွတ်ကာသီကာနဲ့ အနိုင်ယူလိမ့်မည် မဟုတ်ချေ။ ဒါပေမဲ့လည်း ပြိုင်ဘက်တစ်ယောက်ကို အသက်ရှင်လျက် ဖမ်းဆီးရတာနှင့် ပြိုင်ဘက်တစ်ယောက်ကို သတ်ပစ်ရတဲ့ ဒီတာဂန်နှစ်ခုက လုံးဂကို မတူညီကွဲပြားသလို ခက်ခဲမှုအဆင့်လည်း မတူညီပါဘူး။

လင်းဟန်က စိတ်ထဲမှ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်သည်။ ကွမ်းယွမ်၏ တိုက်ပွဲစွမ်းရည်က အတော်လေးကို တိုးလာခဲ့ပြီး စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို နောက်တစ်ကြိမ် ပြန်လည်ပြီး ကျင့်ကြံခြင်းက သူ့အတွက်တော့ ဆိုးဂါးတဲ့ အရာတစ်ခု မဟုတ်တော့ပေ။ ယခင်က ကွမ်းယွမ်အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို အလျင်စလို ထိုးဖောက်ဂင်ရောက်ခဲ့ပြီး သူ၏ အခြေခံလည်း အတော်လေးကို ခိုင်မာခြင်း မရှိခဲ့ပေ။

လမ်းဟောင်းကို နောက်တစ်ကြိမ် ပြန်လျှောက်လမ်းခြင်းက သူ၏ ယခင်က အမှားတွေကို မှန်ကန်ဖို့ အတွေ့အကြုံ ရှိသွားခဲ့သည်။ ထို့ပြင် ဒုတိယအချက်က သူ့အနေနဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို တစ်ဟုန်ထိုး ဂင်ရောက်ဖို့ အလျင်မလိုတော့ပဲ သူ၏အခြေခံကို မာကျောခိုင်မာ ကျစ်လျစ်စေနိုင်ခဲ့သည်။

နောက်ထပ် နာရီဂက်ခန့် အကြာမှာတော့ ကွမ်းယွမ်က ကျန်ရှိနေသေးတဲ့ မြွေပါဆိုးတွေကို ဖမ်းဆီးနိုင်ခဲ့ပြီး အဲဒီနောက်မှာ တောက်ပစွာနဲ့ ပြုံးလိုက်သည်။

"ဆရာသခင်လေးဟန် ကျေးဇူးအများကြီး တင်ပါတယ်။ ငါ့တာဂန်ကို ကျေပွန်ခဲ့ပြီ"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်သည်။

"မူလစွမ်းအင်ကို ပြန်ပြီးတော့ ဖြည့်ဆည်းလိုက်။ မင်းရဲ့အထွတ်အထိပ်အဆင့်ကို ထိန်းညှိပြီးတဲ့ အခါမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို တစ်ဟုန်ထိုး ဂင်ရောက်ရမယ်။ ဒီနေရာမှာရှိတဲ့ စိတ်ဂိညာဉ် ချီတွေက အရမ်းကို ပေါများကြွယ်ဂပြီးတော့ အဆင့်တက်တဲ့အခါမှာ အကြီးအကျယ် အကူအညီ ဖြစ်စေလိမ့်မယ်။ မင်းရဲ့

နောက်ဆုံး စုစည်းခြင်းအတွက် ထပ်ပေါင်းထည့်ဖို့ မြွေပါဆိုးအိုကြီးရဲ့ အရိုးနဲ့ အသား အဆီအနှစ်တွေကို ငါသန့်စင်ပေးထားမယ်"

"ကျေးဇူးတင်ပါတယ် ဆရာသခင်လေးဟန်"

ကွမ်းယွမ်က ကျေးဇူးတင်စွာဖြင့် ပြောလိုက်သည်။ အကယ်၍ တခြားလူအနောက်ကိုသာ သူလိုက်ခဲ့မယ်ဆိုရင် ဘယ်သူကများ ဘုရင်အဆင့် သားရဲတစ်ကောင်ရဲ့ သွေးနဲ့အသား အဆီအနှစ်တွေကို အခြွေအရံ နောက်လိုက် တစ်ယောက် အပေါ်မှာ အသုံးပြုပေးဖို့ ဆန္ဒရှိမှာလဲ။

ဒီအချက်တွေကြောင့်လည်း သူ့အနေနဲ့ လင်းဟန်အတွက်ဆို ဓားတောင်ကိုပဲ ကျော်ရကျော်ရ မီးပင်လယ်ကိုပဲ ဖြတ်ရဖြတ် အမြဲတမ်း အဆင့်သင့် ရှိနေတာပဲ ဖြစ်သည်။

Chapter468 end

အပိုင်း(၄၆၉) ငါးဖမ်းခြင်း

လင်းဟန်က မြွေပါဆိုးအိုကြီးကို ပြုတ်လိုက်ပြီး ကွမ်းယွမ်အတွက် အဆီအနှစ်ရဲ့ အများစုကို ချန်ထားပေးပြီး သူနဲ့ လီစီချန်းတို့က အနည်းငယ်ပဲ

စားသောက်လိုက်ကြသည်။

အဲဒီနောက်တွင် ကွမ်းယွမ်က ချက်ချင်းပဲ တံခါးပိတ် ကျင့်ကြံလိုက်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို နောက်တစ်ကြိမ် တစ်ဟုန်ထိုး ဖင်ရောက်ဖို့ ပြင်ဆင်လိုက်ပြီး လင်းဟန်နဲ့ လီစီရှန်းတို့လည်း ကောင်းမွန်တဲ့ အကျိုးအမြတ်တွေ ရရှိခဲ့ပြီး သူတို့နှစ်ယောက်လုံးကိုယ်စီ အဆင့်သေးလေး တစ်ခုရဲ့ အတားအဆီးကနေ တစ်ဟုန်ထိုး အဆင့်တက်ဖို့ ပြင်ဆင်လိုက်ကြသည်။

အဆင့်ပိုမြင့်လေ အဆင့်လေးတစ်ခုရဲ့ အတားအဆီးက ပိုပြီးတော့ ခိုင်မာလေ ဖြစ်ပြီးတော့ ထိုးဖောက်ဖင်ရောက်ရတာ မလွယ်တော့ပါဘူး။ ပန်းဖူးအဆင့်အောက်မှန်သမျှ အဆင်ပြေသည်။ သို့ပေမဲ့ နောက်ပိုင်းတွင် အဆင့်သေး တစ်ခုစီတိုင်းလည်း အဆင့်ကြီးတစ်ဆင့်လို ချိုးဖျက်ဖင်ရောက်ရန် ခက်ခဲမည် ဖြစ်ပြီးတော့ ရတနာပစ္စည်း အမြောက်အများနဲ့ ဆေးလုံးတွေ များစွာကိုလည်း လိုအပ်ပေမည်။

ပန်းဖူးအဆင့် မတိုင်မီ မော်ဆေးလုံး၏ အာနိသင်များက သိုင်းပညာရှင်တွေအတွက် မူလစွမ်းအင် စုစည်းခြင်းကို လျင်မြန်အောင် ကူညီပေးနိုင်သည်။ ထို့နောက်

ပန်းဖူးအဆင့်ကနေစပြီး နောက်ပိုင်းအဆင့်တွေအတွက်ကတော့ လူတစ်ယောက်က အဆင့်တစ်ခုရဲ့ အချုပ်အနှောင်ကို ထိုးဖောက်ဖင်ရောက်ဖို့ ကူညီနိုင်တဲ့ အာနိသင်ရှိတဲ့ မှော်ဆေးလုံးတွေရဲ့ အရေးပါမှုက တိုးလာခဲ့သည်။

ဘုရင်အဆင့် သားရဲကောင် တစ်ကောင်၏ အသွေးနဲ့အသားတွေက တူညီတဲ့ အဆင့်ရဲ့ ရတနာဆေးတစ်မျိုးလို့ ယူဆနိုင်သည်။ ထို့ကြောင့် အာနိသင်တွေက ဆွဲဆောင်မှု တစ်ခုလိုမျိုး အလုပ်လုပ်ပြီး ပိုမြင့်တဲ့ အဆင့်ဆီကို တစ်ဟုန်ထိုးဖင်ရောက်ရန် မူလစွမ်းအင်ကို စုစည်းတဲ့ နေရာမှာ ကူညီပေးသည်။

နစ်နာရီ ကြာပြီးတဲ့နောက်မှာ လင်းဟန်က ပထမဆုံး ထိုးဖောက်ကျော်လွှားခဲ့ပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ ဒုတိယအလွှာကို အဆင့်တက်သွားခဲ့သည်။ သူ့အနောက်ကနေ လီစီရှန်းက လိုက်လာပြီး နွေဦးစမ်းရေအလွှာ တတိယ အဆင့်ကို ရောက်သွားခဲ့သည်။ ဤအဆင့်က မမြင့်ပေမဲ့ သူမ၏ သိုင်းပညာပါရမီ၊ ကျင့်ကြံခြင်းနဲ့ အသက်အရွယ်အရ မိုးရေနိုင်ငံကို ပြန်သည့်အခါတွင် ပါရမီရှင်တစ်ယောက်အဖြစ် ထည့်တွက်နိုင်ပေသည်။

ကွမ်းယွမ်က အတိတ်တုန်းက ထိုးဖောက်ကျော်လွှားခဲ့တဲ့ အချိန်၏ အားသာချက်ကို ရယူပြီး အတိုင်းအတာတစ်ခုထိ ရောက်နေတဲ့ အချိန်အခိုက်အတန့်မှာ လင်းဟန်က အစီအရင်တံဆိပ်ပါတဲ့ အရိုးအပိုင်းအစကို ဆွဲထုတ်ယူလိုက်သည်။

ဤအရာကား အရိုးအစီအရင် တစ်ခုဆိုတာ လုံးဝကို ရှင်းသည်။ ကြည့်ရတာ သဘာဝအတိုင်း ဖြစ်ပေါ်နေပုံ ရပြီးတော့ လင်းဟန်ကို နက်နဲသိမ်မွေ့သည့် ခံစားချက်တစ်မျိုးကို ပေးစွမ်းသည်။ အစီအရင် တစ်ခုထဲမှ အလွန်အမင်း ဆန်းသစ်တဲ့ ပညာရပ်အမျိုးအစား တချို့ရှိနေသလိုမျိုး ခံစားစေသည်။

သူက ကြိုးစားပြီးတော့ ၎င်းကို ဆွဲထုတ်ယူဖို့ ကြိုးစားခဲ့သည်။ အရိုးအစီအရင်က သူ၏ အမြင်တွင် အဆက်မပြတ် ဆင့်ကဲတိုးတက်ပြီး အရမ်းကို ရှုပ်ထွေးလွန်းသည်။

"ငါဒါကို ဖမ်းဆုပ်မိမှ ဖြစ်မယ်။ ဒါတွေအားလုံးက ငါ့ရဲ့တိုက်ပွဲစွမ်းအားကို အတော်ကြီး တိုးမြင့်စေတယ်"

လင်းဟန်က ပြောလိုက်သည်။

အပြောက လွှယ်ပြီးတော့ လုပ်ရတာ အရမ်းကို ခက်ခဲသည်။

ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရသည့် မှော်စာလိပ်အပြင် လင်းဟန်အနေနဲ့ ချက်ချင်းကို နားလည်သဘောပေါက်နိုင်စွမ်း မရှိတဲ့ ပညာရပ်တစ်ခုနဲ့ ပထမဆုံးအကြိမ် ကြုံတွေ့ရခြင်း ဖြစ်သည်။ ဤအချက်ကြောင့် သူ့ကို အံ့အားသင့်စေပြီး ပိုလို့တောင် စိတ်ဝင်စားသွားစေသည်။

မြွေပါဆိုးအိုကြီးက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာပဲ ဖြစ်သည့်တိုင်အောင် ၎င်းက အရိုးအစီအရင် ပုံစံတွေကို ဖမ်းဆုပ်နိုင်ခဲ့သည်။ ထို့ကြောင့် သူ့အနေနဲ့ သားရဲတစ်ကောင်ထပ် နှိမ့်ကျနေသလား။

အချိန်နှစ်ရက် ကုန်လွန်သွားခဲ့သည်။ နောက်ဆုံးမှာတော့ ကွမ်းယွမ်က တံခါးပိတ် ကျင့်ကြံခြင်းမှ ထွက်လာပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ပြန်လည်ရောက်ရှိ လာခဲ့သည်။

"ဂုဏ်ပြုပါတယ်။ အစ်ကိုကြီးကွမ်"

လီစီရှန်းက ချိုသာစွာဖြင့် ပြောလိုက်သည်။ သူမရဲ့

ဂရုမစိုက်တဲ့ဟန်က အပြင်လူတွေ အတွက်ပဲ ရည်ရွယ်တာ ဖြစ်သည်။

ကွမ်းယွမ်က အလွန်အမင်းကို ပီတိဖြစ်နေသည်။ သူ့အနေနဲ့ နှစ်ဂက်ကြာပြီးတဲ့နောက်မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ပြန်ရောက်ရှိ လာခဲ့မည်ဟု လုံးဂကို မတွေးမိခဲ့ပါဘူး။ ထို့ပြင် ပိုပြီးတော့တောင် အစွမ်းထက်လာခဲ့သည်။ အကယ်၍များ သူ့အနေဖြင့် သွမ့်ကျန်းရှီနှင့် နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့မည် ဆိုပါက သူ၏ကိုယ်ပိုင် စွမ်းရည်ဖြင့် တစ်ဖက်လူကို သတ်ပစ်နိုင်ပါပြီ။

"သခင်လေးဟန် မင်းရဲ့ ကူညီမှုအတွက် ကျေးဇူးတင်ပါတယ်"

သူက လင်းဟန်ကို ပြောလိုက်ပြီး ဒူးတစ်ဖက် ထောက်လိုက်သည်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး မြွေပါဆိုးအိုကြီး၏ ဦးခေါင်းခွံကို သိမ်းဆည်းလိုက်သည်။ နှစ်ရက်ဆိုသည့် အချိန်အတွင်းမှာ သူ့အနေနဲ့ အရိုးအစီအရင် ပုံစံတွေကို နားလည်သဘောပေါက် နိုင်စွမ်း မရှိခဲ့ပေ။ ထို့ကြောင့် သူရဲ့စိတ်ခံစားမှုက အချဉ်ပေါက်နေသည်။

သူတို့တွေ ထွက်လာခဲ့ကြသည်။ မပီပြင် မသဲကွဲတဲ့ အလင်းရောင် ထောက်တိုင်ကြီး တစ်ခုက မိုးထိအောင် ထိုးတက်နေတာကို တော်တော်ဝေးတဲ့ အကွာအဝေးတစ်ခုကနေ မြင်နိုင်သည်။ ၎င်းထောက်တိုင်ကြီးကား သူတို့၏ လမ်းကြောင်းကို လမ်းညွှန်ပြနေသလိုပင်။ သူတို့တွေထဲက ဘယ်သူကမှ ဘယ်ကိုသွားရမယ်ဆိုတာကို မသိမှတော့ ထိုနေရာကို ဦးတည်ပြီးတော့ လျှောက်သွားဖို့ကိုပဲ ဆုံးဖြတ်ချက်ချလိုက်ကြသည်။

နေ့တစ်ဝက်ခန့် အကြာမှာတော့ သူတို့၏ အရှေ့တွင် ရေကန်တစ်ခု ပေါ်လာခဲ့သည်။ ၎င်း၏အနားကို မချည်းကပ်ပဲနှင့်တောင် ကြောက်မက်ဖွယ်ရာကောင်းတဲ့ အေးစိမ့်မှုဒဏ်ကို ခံလိုက်ရပြီး သူတို့၏သွေးတွေ အေးခဲသွားသလို ခံစားလိုက်ရသည်။ ရေကန်၏ဘေးပတ်လည်တွင် အနည်းဆုံး လူပေါင်းတစ်ရာခန့် ဝိုင်းရံနေပြီး ထိုသူတို့က အမှန်တကယ်ပဲ ငါးမျှားနေကြ၏။

ဤလူများကား ရောက်လာသည်မှာ မကြာသေးပဲ သေချာပေါက် ဒီကမ္ဘာငယ်၏ ဒေသခံတွေ မဟုတ်နိုင်ပေ။

ဤနေရာတွင် ဒေသခံများ ရှိသည်ဟု မကြားဖူးကြပေ။

လင်းဟန်က မျက်စိတချက်ဖျော့ကြည့်လိုက်သည့် အခါတွင် သူ၏အစ်ကိုဂမ်းကွဲဖြစ်သူ ယွဲ့ခိုင်ယူကို မြင်တွေ့သွားခဲ့သည်။ ဒီကောင်ကား ရေမှ ပိုက်ကွန်ကြီးတစ်ခုကို ယူပြီးတော့ ရေကန်ထဲကို ပစ်လိုက်ပြီး ပိုက်ကွန်ကို ပြန်ဆွဲယူလိုက်သည်။ သူ၏ ခန္ဓာကိုယ် အပေါ်ပိုင်းကား ခါးထိအောင် ဗလာကျင်းနေပြီး တောင့်တင်းတဲ့ ကြွက်သားတွေကို ထုတ်ဖော်ပြသနေသည်။ သူက ကာယဗလမောင် ပြနေတာများလား။

ဤနေရာတွင် လူတော်တော်များများ ငါးမျှားနေကြသည်။ ဆိုလိုတာက။

ဤနေရာမှ ငါးများကား သေချာပေါက် သာမန်တော့ မဟုတ်နိုင်ပေ။

လင်းဟန်က ရေကန်ဆီကို လျှောက်လာပြီး မူလစွမ်းအင်ကို ထုတ်ဖော်ပြီး အအေးဒဏ်ကို ခုခံလိုက်သည်။ ကံကောင်းတာက အအေးဒဏ်က အရိုးများတစ်လျှောက် အေးစိမ့်နေပေမဲ့ တစ်စုံတစ်ယောက် အနေဖြင့် ဒြပ်စင်စုစည်းခြင်း အဆင့်ကို ရောက်နေလျှင် ခုခံနိုင်စွမ်း

ရှိပေသည်။ ထိုအေးစိမ့်မှုကား ရေကန်မှ လာခဲ့သည်မှာ သိသာပေသည်။ သို့ပေမဲ့ ရေကန်၏ အပေါ်ယံ မျက်နှာပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ ရိုက်ခတ်နေပြီး အေးခဲနေတဲ့ လက္ခဏာ မတွေ့ရပါဘူး။ ကြည့်ရတာ အရမ်းကို ထူးဆန်းလွန်းသည်။

"ဆရာသခင်လင်း"

"ဆရာသခင်လင်းကို ဂါရဝပြုပါတယ်"

လင်းဟန်က ရေကန်ဆီကို လျှောက်လာတဲ့ အခါမှာ လူတော်တော်များများက သူ့ကို ဂါရဝပြု နှုတ်ဆက်ကြသည်။ ဒီနေရာမှာ လူနည်းစုက သူ့ကိုလျစ်လျူရှုထားခဲ့သည်။ သူတို့အနေနဲ့ လင်းဟန်ကို မှော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ တောင်းဆိုစရာ မလိုဘူးလို့ စဉ်းစားနေတဲ့အတွက် ကပ်ပါးရပ်ပါး လုပ်နေစရာ လိုဦးမှာလား။

အဓိကအားဖြင့်တော့ လင်းဟန်က အရမ်းကို ငယ်ရွယ်ပြီး လူတွေကို မနာလိုဖြစ်စေခဲ့သည်။ အဲဒီလိုမှ မဟုတ်ပဲ အကယ်၍များ သူကိုကြည့်ရတာ အသက်ရှစ်ဆယ် ကိုးဆယ်အရွယ် အဘိုးကြီးတစ်ယောက်နဲ့ တူမယ်ဆိုလျှင် ဒီနေရာမှ ထိုလူငယ်များက သူ့ကို မျက်နှာသာပေးဖို့

အာမခံနိုင်ပေသည်။

ဤလူငယ်များကား မာနကြီးပြီး စိတ်ကြီးဝင်ကာ မိမိကိုယ်မိမိ ဂုဏ်ယူနေကြပြီး လူကြီးပိုင်းကိုပဲ သူတို့၏ ခေါင်းကို နိမ့်ချဖို့ဆိုတာကို လက်ခံနိုင်သည်။ လင်းဟန်ကတော့ ငယ်ရွယ်ပြီး ဤနေရာမှ လူအများစုထက်တောင်မှ ငယ်ရွယ်သည့်အတွက် လူတွေကို မနာလိုအားကျပြီး လက်မခံနိုင် ဖြစ်နေကြသည်။

လင်းဟန်က သူနဲ့ပတ်သက်ပြီး လူတွေက ရိုးသားမှု ရှိတာမရှိတာကို အချိန်ကုန်ခံပြီး ဂရုစိုက် မနေပေ။ သူကပြုံးပြီးတော့ ခေါင်းညိတ်လိုက်ပြီး တစ်စုံတစ်ယောက်ကို မေးလိုက်သည်။

"ဒီနေရာမှာ ဘာငါးကို မင်းတို့တွေ ဖမ်းနေကြတာလဲ"

"အကြွင်းမဲ့ အေးစိမ့်ရေခဲနလုံးသား ငါး"

ထိုလူက ပြန်ဖြေလိုက်ပြီး ရုတ်တရက် ထိတ်လန့်သွားပြီး ငါးတဲ့လုပ်ထားတဲ့ ငါးမျှားတံကို ဆွဲယူလိုက်ပြီး တစ်ပေခန့်ရှည်တဲ့ အဖြူရောင်ငါးတစ်ကောင်ကို ဖမ်းမိသွားခဲ့သည်။ ၎င်း၏ အစာအိမ်က ဖောက်ထွင်းပြီး

မြင်နိုင်လောက်အောင် ဖြူဖွေးကြည်လင်နေပြီး ရေခဲအလွှာတွေကဲ့သို့ အထဲကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်သည်။

ထိုလူကား ပျော်ရွှင်မြူးထူးသွားကာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ဆရာသခင်လင်းက တကယ်ပဲ ကံကောင်းစေတာပဲ။ သင်ရောက်လာတာနဲ့ ကျနော် ငါးတစ်ကောင် ဖမ်းမိတယ်။ ဒီငါးက ကျနော်ဖမ်းနေတဲ့ သုံးရက်အတွင်းမှာ ပထမဆုံးမိတဲ့ အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသား ငါးပဲ"

လင်းဟာန်၏ စိတ်ထဲတွင် အကြွင်းမဲ့ အေးစိမ့်ရေခဲနှလုံးသား ငါးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ချက်ချင်းပဲ ပြန်ရှာဖွေလိုက်သည်။ ထိုငါးကို ငါးတွေထဲမှာ ရတနာဆေးတစ်မျိုးအဖြစ် လူသိများ ထင်ရှားပြီး အထူးသဖြင့်တော့ သိုင်းပညာရှင်များအတွက် ကြီးမားတဲ့ အာဟာရ ပြည့်ဝစေသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းငါးက ချီနဲ့ သွေးကို ပြန်လည်ပြည့်ဝစေပြီး မူလစွမ်းအင်ကို တိုးလာစေနိုင်ပြီး မော်ဆေးလုံး အများစုထက်တောင် အကျိုးအာနိသင် ပိုရစေနိုင်သည်။

ဘာဖြစ်လို့လဲဆိုတော့ ၎င်းက သဘာဝကနေ ဖြစ်ပေါ်လာသည့် သက်ရှိအမျိုးအစားတစ်ခု ဖြစ်ပြီး စားသုံးလိုက်မည်ဆိုပါက မည်သည့်မေ့ဆေးကိုမဆို ခုခံနိုင်ပြီး အဆိပ်ဆေးဝါး အမျိုးအစား တချို့ကိုလည်း ကာကွယ်နိုင်သည်။ လူတစ်ယောက်အနေဖြင့် ထိုငါးကို ကြိုက်သလောက် စားနိုင်ပေသည်။ ပိုမြင့်တဲ့ အဆင့်က လူတစ်ယောက်အတွက် အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသား ငါးကို ပိုပြီးတော့ စားသုံးမယ်ဆိုရင် အာနိသင်က သိသိသာသာ ပေါ်လွင်ပါလိမ့်မည်။

ဘယ်သူမှ ရေကန်ထဲကို ဆင်းပြီးတော့ ငါးမမျှားကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ရေရဲ့အပူချိန်က အရမ်းကို အေးစိမ့်လွန်း၏။ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေတောင် ရေထဲကို ဆင်းသွားပြီး အချိန်အကြာကြီး မနေနိုင်ကြပေ။ အဲဒီလိုမှ မဟုတ်လျှင် သူတို့အနေနဲ့ ရေခဲတုံးကြီးအဖြစ်ကို အေးခဲသွားပေလိမ့်မည်။

လင်းဟန်က ချက်ချင်းပဲ စိတ်အားထက်သန်လာပြီး ကွမ်းယွမ်နှင့် လီစီရှန်းတို့ကို ပြောလိုက်သည်။

"ငါတို့လည်း ငါးသွားမျှားကြစို့"

အနက်ရောင် မျှော်စင်၏ အတွင်းထဲတွင် ပစ္စည်းအမျိုးအစားပေါင်း အားလုံးနီးပါး ရှိသည်။ ထို့နောက် သိပ်မကြာခင် အချိန်မှာပဲ သူတို့သုံးယောက်စလုံး ငါးမျှားတံ ကိုယ်စီကိုယ်ငှ ရရှိသွားကြသည်။ လင်းဟန်အသုံးပြုသည့် ငါမျှားတံကား သွေးစုပ်ယူခြင်း မူလရွှေကို ပုံစံပြောင်းထားခြင်း ဖြစ်ပြီးတော့ သူက အနက်ရောင် မျှော်စင်ထဲမှ ဂျင်ဆင်းပင်တစ်တွဲကို ထုတ်ယူလိုက်သည်။ ၎င်းကား ငါးစာဖြစ်ပေသည်။

အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသား ငါးတွေက သူတို့ကိုယ်တိုင် အရမ်းကို အာဟာရ ပြည့်ဝစေတဲ့ အဆင့်လွန် ဆေးတစ်မျိုး ဖြစ်သည်။ ထို့ကြောင့် ၎င်းငါးတွေကလည်း စိတ်ဂိညာဉ် ဆေးပင်ကို စားရတာကို နှစ်သက်၏။ ဤဂျင်ဆင်းပင်များကား အကောင်းဆုံး ငါးစာပင် ဖြစ်ချေမည်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် ဆေးပင်တွေက အရမ်းကို တန်ဖိုးကြီးသည်။ ထို့ကြောင့် ဒီနေရာက လူဘယ်လောက်ကများ အဆင့်နှစ် သို့မဟုတ် အဆင့်သုံး စိတ်ဂိညာဉ် ဆေးပင်တစ်ပင်ကို ထုတ်နိုင်မှာလဲ။ ပိုပြီးတော့ အဆင့်မြင့်တာမျိုးဆို သူတို့ဆီမှာ ရှိလိမ့်မည် မဟုတ်ချေ။ အကယ်၍များ သူတို့မှာ ရှိတယ်ဆိုရင်တောင် ဘယ်လောက်များများ ရှိနိုင်မှာလဲ။

ထို့ကြောင့် လူတိုင်းလူတိုင်း၏ ရရှိမှုတွေက အနည်းငယ်သာ ဖြစ်၏။ ငါးစာက အာနိသင် သိပ်မရှိကြသည့်အတွက် အကြွင်းမဲ့ အေးစိမ့်ရေခဲ နလုံးသားငါးတွေက ဘယ်လိုကြောင့် ငါးစာကို ဟပ်မည်နည်း။

လင်းဟန်မှာ ဘယ်လိုစိတ်ဂိညာဉ် ဆေးပင်က ရှားပါးမှာလဲ။ သေချာပေါက် သူ့ထံတွင် အဆင့်ငါးအောက် စိတ်ဂိညာဉ်ဆေးပင်တွေ လုံးဂမရှားပေ။

သူကနှစ်ပေါင်းတစ်ရာ သက်တမ်းရှိသည့် ဂျင်ဆင်းပင်တွေကို ဆွဲထုတ်ယူလိုက်ပြီး အားလုံးက သက်တမ်းတစ်ရာ ရှိကြသည်။ သူ့မှာ သက်တမ်းတစ်ထောင်ရှိသည့် ဂျင်ဆင်းပင်များ မရှိတာ မဟုတ်ပေ။ ဒါပေမဲ့လည်း ငါးမျှားဖို့အတွက် အသုံးပြုလိုက်မည် ဆိုပါက အရမ်းကို ဖြုန်းတီးလွန်းရာ ကျပေမည်။

လင်းဟန်က ကွမ်းယွမ်နဲ့ လီစီရှန်းကို ဂျင်ဆင်းပင်တချို့ ပစ်ပေးလိုက်ပြီး ထိုအခိုက်အတန့်မှာ လူတိုင်းက ထိုဂျင်ဆင်းပင်များကို ကြည့်လိုက်ကြ၏။ ဂျင်ဆင်းပင်များကား လက်မောင်းတစ်ဖက်မျှ ထူပြီးတော့ မုန်လာဉကဲ့သို့ လုံးဂန်းသည့် ပုံသဏ္ဍာန် ရှိပေသည်။ သူတို့၏ မျက်နှာများကား တမင်သက်သက် မဟုတ်ပဲ

တွန့်လိမ်ရှုံ့မဲ့ကုန်ကြသည်။

အိုး မုန်းစရာကောင်းပြီး မနာလိုစရာ ကောင်းလိုက်တာ။ သူကတကယ်ပဲ အရမ်းကို ချမ်းသာ ကြွယ်ဝလွန်းတယ်။

လင်းဟန်က ဂျင်ဆင်းပင်ကို သွေးစုပ်ယူခြင်း မူလရွှေနဲ့ ရစ်ပတ်လိုက်ပြီး ပစ်လွှတ်လိုက်၏။ ၎င်းကား ကန်၏အလယ်ကို ကျရောက်သွားပြီး လှိုင်းတွန့်လေးများ ဖြစ်ပေါ်စေခဲ့သည်။

Chapter 469 end
အပိုင်း(၄၇၀) စိတ်လွတ်ကိုယ်လွတ် သတ်ဖြတ်ခြင်း

အချိန်တစ်ခဏ အတွင်းမှာ လင်းဟန်က ပြုံးလိုက်ပြီး သူ၏ညာဘက်လက်ကို လှုပ်ပြီးတော့ ချက်ချင်းပဲ သွေးစုပ်ယူခြင်း မူလရွှေကို ပြန်ဆွဲတင်လိုက်သည်။ ရွှစ်။ ရောမ ငါးကြီးတစ်ကောင်က ရေထဲမှ ပေါ်ထွက်လာသည်။ ထိုငါးကား နစ်ပေခန့် ရှည်ပြီးတော့ ၎င်း၏အမြီးနဲ့ အားသွန်ခွန်စိုက် ရုန်းကန်နေဆဲ ဖြစ်သည်။

တခြားလူများ၏ ငါးစာနှင့် နှိုင်းယှဉ်လျှင် နှစ်ပေါင်းတစ်ရာ သက်တမ်းရှိ ဂျင်ဆင်းပင်၏ ဆွဲဆောင်မှုကား

ကြီးမားလွန်းပေသည်။ ထို့ပြင် တခြားလူများ၏ ငါးမျှားတံကား ရေကန်၏ အလယ်ကိုရောက်အောင် မဆန့်ထုတ်နိုင်ပဲ လင်းဟာန်တစ်ယောက်ပဲ လုပ်နိုင်၏။ ထို့ကြောင့် ကြီးမားတဲ့ ငါးကြီးတစ်ကောင်က ငါးစာကို ဟပ်လိုက်ခြင်း ဖြစ်သည်။

လင်းဟာန်က ရုတ်တရက် အကြံတစ်ခု ရသွားပြီး မျှော်စင်လေးကို ပြောလိုက်သည်။

"အနက်ရောင် မျှော်စင်ထဲမှာ စိတ်ဂိညာဉ် အပင်တွေရဲ့ ကြီးထွားမှုနှုန်းကို အရှိန်မြှင့်တင်နိုင်တယ်။ အဲဒီနောက် ကြမ်းတမ်းခက်ထန်နဲ့ ပတ်ဂန်းကျင်မှာ ရှင်သန်ဖို့ လိုအပ်တဲ့ ဒီငါးတွေကို တိုးလာအောင်လို့ မွေးမြူနိုင်မလား"

အကယ်၍များ လုပ်လို့ရမည် ဆိုပါက သူ့အနေနဲ့ ဒီငါးတွေကို စားလိမ့်မည် မဟုတ်ချေ။ ဒီငါးတွေအားလုံးကို အထဲမှာ တိုးလာစေတာက နောက်ထပ်ရတနာ တစ်ခုကို ရရှိလိုက်တာနဲ့ တူပေသည်။

"မရဘူး"

မျှော်စင်လေးက ချက်ချင်းပဲ ပြန်ပြောလိုက်သည်။

လင်းဟန်က စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။ သူ့အနေဖြင့် တတ်နိုင်သမျှ ငါးဖမ်းသွားပြီး အဲဒီနောက်မှာ ငါးတွေကို အခြောက်ခံပြီးတော့ ငါးသားခြောက်လုပ်ပြီးတော့ အားလုံးကို သယ်ယူသွားရပေမည်။

သူကနောက်ထပ် ဂျင်ဆင်းတစ်ပင် လဲလိုက်ပြီး ရေကန်၏ အလယ်ဆီကို ပစ်လွှတ်လိုက်သည်။ တစ်ခဏမျှ အကြာတွင် နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ မိ၏။

ငါးစာက အရမ်းကို ထူးခြားကောင်းမွန်နေသည့်အတွက် ကွမ်းယွမ်နှင့် လီစီရှန်းတို့လည်း မကြာခဏ ဖမ်းမိကြ၏။ သို့ပေမဲ့လည်း သူတို့က ရေကန်၏ ဘေးမှာပဲ ငါးမျှားတာ ဖြစ်ပြီး သူတို့ဖမ်းမိတဲ့ ငါးများက တစ်ပေခန့်သာ ရှည်ပြီးတော့ လင်းဟန်ဖမ်းမိသည့် ငါးနှင့် နှိုင်းယှဉ်လျှင် မကြီးမားကြပေ။

ဒါတောင်မှ ရေကန်၏ ဘေးတွင် ငါးမျှားနေကြသော တခြားသိုင်းပညာရှင်များက လိုချင်တပ်မက်မှု ပြည့်နှက်နေသည့် အကြည့်များဖြင့် စူးစိုက်ကြည့်နေပြီး တချို့ဆို ခိုးယူချင်သည့် ဆန္ဒတွေ တဖွားဖွား ပေါ်ပေါက်လာခဲ့သည်။ ဒါပေမဲ့လည်း ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်နှင့် မျက်နှာချင်းဆိုင်ရမှာ

ဖြစ်ပြီးတော့ ဘယ်သူကများ မဆင်မခြင် လှုပ်ရှားပွဲမှာလဲ။ အကယ်၍ ဒီနေရာမှာ ရှိနေတဲ့ ဘယ်သူမဆို မတွေးကြတဲ့သူ မရှိပါဘူး။ အကယ်၍များ သူတို့က သတ်ပစ်လိုက်မယ်ဆို ဘယ်သူက သိနိုင်မှာလဲ။ ဒါကအဆင်ပြေနိုင်သည်။

ဤနေရာတွင် အခြားပြဿနာ ရှိနေသည်။ လင်းဟန်၏ တိုက်ပွဲစွမ်းရည်က အလွန်အမင်း အံ့အားသင့်စရာ ကောင်းလွန်းပြီး သူ့အနေနဲ့ ပါရမီရှင်ပြိုင်ပွဲမှာ ဝင်မပြိုင်ခဲ့ပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကြယ်အလုံးနစ်ဆယ်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။ အကယ်၍များ ဒါကစိတ်ဂိညာဉ် ပစ္စည်းတစ်ခု၏ အထောက်အပံ့ကြောင့် ဆိုလျှင်တောင်မှ ခုခံကာကွယ်ဖို့ တူညီတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုတော့ အကြမ်းဖျင်းအားဖြင့် ရှိရပါမည်။ ဟုတ်တယ်မလား။

ထို့ကြောင့် သူတို့ကား ဘေးမှာပဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ သွားရည်ယိုရုံပဲ တတ်နိုင်ကြသည်။

ဒါပေမဲ့လည်း ဂနာမငြိမ်တဲ့ လူတွေက အမြဲတစေ ရှိတတ်ကြသည်။ အကယ်၍ မင်းဆီကနေ ငါခိုးလို့ မရဘူးဆိုရင် မင်းကို အများကြီး မရစေရဘူး။ ပြဿနာ ဘယ်လိုရှာရမလဲ ဆိုတာကို မသိတဲ့လူ ရှိလို့လား။

လူတော်တော်များများက ရေကန်ထဲကို ကျောက်တုံးတွေ ပစ်လိုက်ကြပြီး ရေကန်မှာ လှိုင်းတွေထကုန်သည်။ ချက်ချင်းဆိုသလိုပဲ ငါးအုပ်ကြီးက ထိတ်လန့်သွားပြီး ရေကန်၏ အနက်ပိုင်းထဲကို ပြေးဝင်သွားခဲ့ကြသည်။

လင်းဟန်က ချက်ချင်းဆိုသလို မျက်မှောင်ကြုတ်လိုက်ပြီးတော့ ကွမ်းယွမ်ကို ပြောသည်။

"ဒီလူတွေကို အဝေးကို နှင်ထုတ်ပစ်လိုက်"

"ဟုတ်ကဲ့ ဆရာသခင်ဟန်"

ကွမ်းယွမ်က ချက်ချင်းပဲ မတ်တတ်ထရပ်လိုက်ပြီး ဆော်ပလော်တီးဖို့ ပြင်လိုက်သည်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ပြန်ရောက်လာပြီး သူက တိုက်ခိုက်ဖို့ ယွစိယွစိ ဖြစ်နေသည်။

ကွမ်းယွမ်က ခြေလှမ်းကျဲကြီးတွေနဲ့ လှမ်းလာပြီး သတ်ဖြတ်ချင်သည့် ဆန္ဒတွေက စီးဆင်းလို့နေသည်။

ချက်ချင်းဆိုသလိုပဲ အနီးဆုံးမှာရှိတဲ့ ပြဿနာရှာတဲ့လူ၏ အမူအရာက ပြောင်းလဲသွားပြီးတော့ ကွမ်းယွမ်ကို

အော်ဟစ်လိုက်သည်။

"ခင်ဗျား ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

"မင်းထွက်သွားအောင် လုပ်မလို့"

ကွမ်းယွမ်က လက်သီးတစ်ချက် ပစ်သွင်းပြီး တိုက်ခိုက်လိုက်သည်။ တိုက်ပွဲဆင်ငါးကောင်က ထွက်ပေါ်လာပြီး ထိုလူဆီ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။

"သေစမ်းကွာ"

ထိုလူက စူးရှကျယ်လောင်သော လေချွန်သံ တစ်ခုကို အော်လိုက်ပြီး အလျင်အမြန်ပဲ ပုတ်ထုတ်လိုက်သည်။

"ဆရာသခင်လင်း ခင်ဗျားက အရမ်းကို တင်စီးလွန်းနေပြီ။ ဒီရေကန်က ခင်ဗျားကိုယ်ပိုင် မဟုတ်ဘူး။ ဘာဖြစ်လို့ ခင်ဗျားရဲ့ နောက်လိုက်က ကျုပ်ကို တိုက်ခိုက်လုပ်ကြံတာကို ခွင့်ပြုနေတာလဲ။ ဒီနေရာတစ်ခုလုံးကို ခင်ဗျားရယူမလို့ ကြိုးစားနေတာလား"

"အဲဒါဟုတ်တယ်။ အရမ်းကို တင်စီးလွန်းတယ်။

လောကရတနာတွေက ကမ္ဘာကြီးထဲက လူတွေ အားလုံးနဲ့ သက်ဆိုင်တယ်။ မင်းကဘာလုပ်ဖို့ ကြိုးစားနေတာလဲ”

တစ်စုံတစ်ယောက်က ပါဝင်ပြီး စောဒကတက်လိုက်သည်။ ထိုသူလည်းပဲ ပြဿနာရှာသူများထဲမှ တစ်ယောက်ဖြစ်၏။

“အကြိမ်တိုင်း လူတွေကို အဝေးကို မောင်းထုတ်ပစ်တယ်။ ဒါကအရမ်းကို လွန်နေပြီ”

ပြဿနာရှာတဲ့သူတွေ ပိုပိုပြီးတော့ ထွက်လာပြီး ကွမ်းယွမ်ဆီ ချဉ်းကပ်လာခဲ့ကြသည်။

သူတို့အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ လင်းဟန်ကို ပင်ကိုယ်အားဖြင့် ဘာမှမလုပ်ပံ့ကြချေ။ သို့ပေမဲ့ ကွမ်းယွမ်ကတော့ မတူပါဘူး။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်၏ ခွေးတစ်ကောင်ပဲ ဖြစ်သည်။ ခွေးတစ်ကောင်ကို သတ်တယ်ဆိုရင် ကိစ္စတော့ မကြီးလောက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့အားလုံးက အင်အားကြီးဂိုဏ်းတွေကနေ လာခဲ့တာ ဖြစ်တဲ့အတွက် မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု ရှိကြသည်။

မြေကဗ္ဗာအဆင့် မော်ဆေးပညာရှင်ကိုတောင် ဂရုမစိုက်တဲ့ ယိုဟိုင်ယွဲ့နှင့် တူပါတယ်။ ဤလူများကား မရိုင်းစိုင်းဘူးဆိုပေမဲ့ အတိုင်းအတာ ပမာဏတစ်ခုပဲ ရှိပြီးတော့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို သူတို့အတွက် တောင်းဆိုဖို့ ဖြစ်နိုင်ချေက လုံးဝကို သုညပဲ ဖြစ်သည်။ ထို့ကြောင့် သူတို့အနေဖြင့် သူ့ကို ဘာကြောင့်များ မျက်နှာသာ ပေးသင့်သနည်း။

အဓိကအားဖြင့် သူတို့က ငယ်ရွယ်ပြီး မောက်မာဂင့်ကြွားကာ မာနကြီးသူများ ဖြစ်ကြပြီး လင်းဟန်က အရမ်းကို ငယ်ရွယ်သေးတဲ့အတွက် သူတို့ကို မနာလို ဂန်တိုမှုတွေ ဖြစ်စေခဲ့သည်။

သူတို့က လင်းဟန်ကို အကြောင်းမဲ့ ဂန်ထုပ်ဂန်ပိုးတစ်ခု ပေးခဲ့သည်။ ပထမအနေဖြင့် သူတို့ကား အကြောင်းပြချက် ခိုင်ခိုင်မာမာနှင့် ရပ်တည်နေပြီး အကယ်၍ လင်းဟန်က အနာဂတ်တွင် သူတို့ဂိုဏ်းမှာ ပြဿနာလာရှာလျှင်တောင် သူတို့အနေဖြင့် အကြောင်းပြချက် ခိုင်လုံပြီး ယုံကြည်မှု ရှိကြသည်။ တကယ်တော့ မြောက်ပိုင်းဒေသထဲမှာ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်နှင့် မြေကဗ္ဗာအဆင့် မော်ဆေးပညာရှင် တစ်ယောက်အကြားမှာ ဘာကွာခြားမှုများ ရှိလို့လဲ။

ဂိုဏ်းတွေက အဆင့်မြင့်မော်ဆေးပညာရှင်များကို ရှိသေလေးစားကြသည်။ သို့သော်လည်း သူတို့၏ စကားများကိုတော့ သေချာပေါက် ခေါင်းထဲထည့်လိမ့်မည် မဟုတ်ချေ။

ကွမ်းယွမ်၏ တိုက်ပွဲစွမ်းရည်က အရမ်းကို သန်မာလွန်းသည်။ ဒါပေမဲ့ သူက တကယ်တမ်းတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ဂင်ရောက်ကာစပဲ ရှိသေး၏။ ဤတစ်ကြိမ်တွင် ထိုးဖောက်ကျော်လွှားခြင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးမှ အကျိုးအမြတ်တွေကို သူမသယ်လာ နိုင်ခဲ့ပါဘူး။ ထို့ကြောင့် သူ၏တိုက်ပွဲစွမ်းရည်က ကြယ်လေးလုံးခန့်ပဲ ရှိ၏။ အင်အားကြီးဂိုဏ်းများ၏ လက်ရွေးစင် တပည့်များနှင့် မျက်နှာချင်းဆိုင် ရင်ဆိုင်သည့် အခါတွင် တစ်ယောက် နှစ်ယောက်က အဆင်ပြေ၏။ သို့သော်လည်း ပိုများလာလျှင် သူ့အနေဖြင့် ကြာကြာခုခံနိုင်စွမ်း မရှိတော့ချေ။

လူခြောက်ယောက်၏ ပိုင်းရံတိုက်ခိုက်မှုကြောင့် ချက်ချင်းဆိုသလို ကွမ်းယွမ်က အန္တရာယ် နယ်နိမိတ်ထဲကို ကျရောက်နေခဲ့သည်။

ပြဿနာ မရှာသူများကတော့ ဘေးကနေ ပွဲကြည့်နေခဲ့ကြသည်။ လင်းဟန်က အရမ်းကို ငယ်ရွယ်ပြီး သူတို့က ထိုကဲ့သို့ လူငယ်တစ်ယောက်ကို ရိုသေလေးစားစွာဖြင့် ဆရာသခင်ဟု ခေါ်ဆိုနေရသည်။ ထို့ကြောင့် သူတို့၏ စိတ်ထဲတွင် ပင်ကိုယ်အားဖြင့် စိတ်တိုနေပြီး ထိုပြပွဲကို အရမ်းကို စိတ်ကျေနပ်စွာဖြင့် ကြည့်နေကြသည်။

လင်းဟန်၏ အကြည့်များက အေးစက်သွားပြီး ရုတ်ချည်းဆိုသလို မတ်တတ်ထရပ်ကာ တိုက်ပွဲဆီကို လမ်းလျှောက်သွားလိုက်သည်။

"ဆရာသခင်လင်း မင်းကိုယ်တိုင်ပဲ ဝင်ရောက်စွက်ဖက်တော့မလို့လား"

ပြဿနာရှာသူ တစ်ယောက်က သရော်တဲ့ လေသံနှင့် ပြောလိုက်သည်။ သူက ပါရမီရှင် အဆင့်ပေါ်က လူတစ်ယောက် မဟုတ်ချေ။ သို့သော်လည်း ကိုယ့်ကိုကိုယ် အရမ်းကို အထင်ကြီး ဘဝင်မြင့်နေပြီး လင်းဟန်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တိုက်ပွဲစွမ်းအား ကြယ်နှစ်ဆယ်လုံးကို ထုတ်ဖော်နိုင်သည့် အချက်အား

လုံးဂကို အယုံအကြည်မရှိခဲ့ပေ။ တစ်စုံတစ်ယောက်က လိမ်ညာပြီး လင်းဟန်ကို မြှောက်ပင့်ချီးကျူးနေခြင်းသာ ဖြစ်မည်ဟု တွေးတောနေခဲ့သည်။

လင်းဟန်က အေးစက်တဲ့ အပြုံးတစ်ခုကို ပြုံးပြီးတော့ ပြောလိုက်သည်။

"မင်းတို့ကောင်တွေက ထွက်မသွားချင်ဘူး ဆိုမှတော့ မင်းတို့အားလုံး ဒီနေရာမှာ နေနိုင်တယ်"

လင်းဟန်က သူ၏ညာဘက်လက်ကို လှုပ်ပြီးတော့ နတ်ဆိုးရှင်သန်ဓားဖြင့် ခုတ်ပိုင်းလိုက်သည်။ ထိုခုတ်ချက်ကြောင့် ပြဿနာရှာသူ၏ ဦးခေါင်းကား ပြတ်ထွက်သွားခဲ့သည်။ ဖူး။ သွေးတွေက လည်ပင်းမှ ဆိုးဆိုးဝါးဝါး ပန်းထွက်လာပြီး တစ်ပေခန့်အမြင့်ကို ပန်းထွက်ပြီးမှ အနောက်ကို လဲကျသွားခဲ့သည်။

ဘုန်း။

ဦးခေါင်းပြတ်ကြီးက မြေကြီးပေါ်ကို လိမ့်ကျသွားပြီး မျက်နှာပေါ်တွင် မယုံကြည်နိုင်သည့် အမူအရာ တစ်ခုက ထင်ကျန်နေခဲ့သည်။ သူ့အနေဖြင့် လင်းဟန်က သူ့ကို

ရုတ်တရက် သတ်ပစ်လိမ့်မည်ဟု လုံးဝကို မမျှော်လင့်ထားခဲ့ချေ။

သူက မြောက်ပိုင်းဒေသမှာ အသန်မာဆုံး ဂိုဏ်းတစ်ခု ဖြစ်သည့် သွေးမီးတောက်ချိုင့်ဝှမ်း၏ တပည့်တစ်ယောက် ဖြစ်သည်။ ဘယ်သူမဆို သူ့ကိုတိုက်ခိုက်မည် ဆိုပါက မလှုပ်ရှားခင် သေချာစဉ်းစားရပေလိမ့်မည်။

ဤသွေးချောင်းစီးသော သတ်ဖြတ်မှုက လူတိုင်းကို ရုတ်တရက်ဆိုသလို မြိမ်းခြောက်လျက်ရှိ၏။ သွေးမီးတောက်ချိုင့်ဝှမ်းက တပည့်တစ်ယောက်ကို တုံ့ဆိုင်းခြင်း မရှိပဲ သတ်ဖြတ်လိုက်တာက လင်းဟာန်အနေဖြင့် စိတ်ထင့်ခြင်း မရှိဟု ဆိုလိုခြင်း ဖြစ်ပေသည်။ လပြွတ်ပဲ။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တကယ်ပဲ တစ်ဖွတ်ထိုးလုပ်တတ်တာပဲလား။

လင်းဟာန်က ကွမ်းယွမ်ဆီကို လျှောက်လာခဲ့သည်။ သူ၏ သတ်ချင်ဖြတ်ချင်သည့် ဆန္ဒကား စီးဆင်းလျက် ရှိနေပြီး ပြဿနာရှာတဲ့လူ ခြောက်ယောက်ကို မထင်မှတ်ပဲ နောက်ဆုတ်သွားဖို့ ဖိအားပေးနေသလို ခံစားစေခဲ့သည်။ ဒါပေမဲ့လည်း အရမ်းကို နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

လင်းဟန်က တိုက်ခိုက်လိုက်ပြီး ဓားချီအလင်း ခြောက်ခုက လူခြောက်ယောက်ဆီ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့၏။

ဖူး ဖူး ဖူး ဖူး။

ထိုလူခြောက်ယောက်ကား ခုခံနိုင်စွမ်း လုံးဝမရှိပဲ ချက်ချင်းဆိုသလို နှစ်ပိုင်းပြတ်သွားခဲ့သည်။ ခြေတွေလက်တွေနှင့် ဦးခေါင်းပြတ်များ လွင့်စင်ကုန်ပြီး နေရာအနှံ့ သွေးချောင်းစီးသွားခဲ့သည်။

လူတိုင်းပဲ ကြောက်လန့်တစ်ကြား ဖြစ်ကုန်ကြသည်။

မော်ဆေးပညာရှင်များ၏ အဆင့်အတန်းက သာမန်မဟုတ်ပေ။ အကြောင်းပြချက် ကြီးကြီးမားမား တစ်ခုက သူတို့အနေဖြင့် သိုင်းပညာရှင်များနှင့် ငြင်းခုံပွားရန် စိတ်မဝင်စားကြပေ။ ထို့ကြောင့် သူတို့က သာမန်မဟုတ်ပဲ နေနိုင်ကြသည်။ အဲဒီလိုမှ မဟုတ်ပဲ ပြဿနာရှာပြီး ခွန်းကြီးခွန်းငယ် အချေအတင် ငြင်းခုံနေမည်ဆိုလျှင် ဘယ်လိုလုပ်ပြီးတော့ သူတို့က သတ်မှတ်ချက်ထက် ကျော်လွန်ပြီး နေနိုင်မည်နည်း။

မော်ဆေးပညာရှင် တစ်ယောက်အတွက် ရတနာများအတွက်

ငြင်းခုံမှုလုပ်တာကို မကြားဖူးကြချေ။ အဘယ်ကြောင့်ဆိုသော် မော်ဆေးပညာရှင်များက ဘာကြောင့်သူတို့၏ အဆင့်အတန်းက သတ်မှတ်ချက်ထက် ကျော်လွန်နေလဲ ဆိုတာကို သိနားလည်ထားကြသည်။ သူတို့ကိုယ်သူတို့ အကျိုးအမြတ်အတွက် ယှဉ်ပြိုင်မှုများနှင့် သီးခြားစီ ခွဲထုတ်ထားကြသည်။

ဒါပေမဲ့လည်း လင်းဟန်က ထိန်းချုပ်ခြင်းမရှိပဲ လျို့ဂှက်ဆန်းကြယ် နယ်မြေထဲကို ဂင်ရောက်လာ ရုံတင်မက ပြတ်ပြတ်သားသားနဲ့ ညှာတာမှုကင်းမဲ့စွာဖြင့် သတ်ဖြတ်နေခြင်းက လူတွေကို ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်။

ပြဿနာရှာသူ ခုနစ်ယောက်က အမြစ်ပြတ်သုတ်သင်ခြင်း ခံလိုက်ရသည်။ လင်းဟန်က သူရဲ့ဓားကို ဓားအိမ်ထဲ ထည့်လိုက်ပြီး သူရဲ့မူလနေရာကို ပြန်ပြီးတော့ ငါးဆက်မမျှားခင် ပတ်ဂန်းကျင်က လူတွေကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်သည်။

သူ့အနေနဲ့ ဘာမှမဖြစ်ပျက်ခဲ့သလို ဟန်ဆောင်နေနိုင်ပေမဲ့ တခြားသူတွေကတော့ မလုပ်နိုင်ကြချေ။ အလောင်းခုနစ်လောင်းနှင့် ခေါင်းပြတ်တွေက ဒီနေရာမှာ

ရှိနေပြီး ဘယ်သူက မမြင်ချင်ယောင် ဆောင်နိုင်မှာလဲ။ လင်းဟန်၏ ဘေးမှာရှိတဲ့ လူတချို့က ထိတ်လန့်ကြောက်ရွံ့ပြီး တုန်လှုပ်နေကြသည်။ သူတို့ကိုလည်း တစ်ပုံစံတည်း မျက်မြင်သက်သေဖြစ်နေတာကြောင့် သတ်ပစ်နိုင်သည်။

ထိုလူတွေက တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ထွက်ခွာသွားကြပေမဲ့ လူတချို့ကတော့ အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးကို လက်မလျှော့သေးပဲ ဆက်လက်ငါးမျှားနေကြသည်။

Chapter 470 end

အပိုင်း(၄၇၁) ထူးကဲသော သားရဲတစ်ကောင် ပေါ်လာခြင်း

တစ်မွန်းတည့်အချိန်နှင့်ပင် လင်းဟန်က အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသား ငါးတစ်ရာကျော်ခန့် ဖမ်းမိခဲ့သည်။ လီစီရှန်းနှင့် ကွမ်းယွမ်တို့ ရတာထက် အပေါ်စီးရရှိပြီး သူတို့၏ စုစုပေါင်းက ငါးအကောင်ရေ တစ်ရာ့ငါးဆယ်ကျော် ဖမ်းမိခဲ့ပြီး ဤနေရာမှာ လူအားလုံး စုစုပေါင်း ရရှိတာထက် ပိုမိုသာလွန်ခဲ့သည်။

ဤသည်ကား အလုပ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင်နဲ့

အောင်မြင်မှုရှိဖို့အတွက် ကောင်းမွန်သည့် ပစ္စည်းများလည်း လိုအပ်သည်ဆိုသည့် အခြေခံအချက်များကို ထင်ဟပ်ပြသနေခဲ့သည်။

မွန်းလွဲပိုင်း အချိန်ကို ရောက်သည့်အခါ လင်းဟန်က မီးပုံတစ်ခု ဖိုလိုက်ပြီးတော့ ရတနာငါးတွေကို ပြုတ်လိုက်သည်။

လေးကောင်ကို ကင်ပြီး လေးကောင်ကို စွပ်ပြုတ်လုပ်ခဲ့သည်။ လင်းဟန်က စိတ်ဝိညာဉ် ဆေးပင် တော်တော်များများကိုလည်း ထည့်သွင်းချက်ပြုတ်ခဲ့သည်။ စွပ်ပြုတ်က ပွက်ပွက်ဆူလာသည့် အခါ မွှေးကြိုင်သော ရနံ့များက ပြန့်နှံ့သွားပြီး လူတိုင်းကို သွားရည်တမြားမြား ကျလာစေခဲ့သည်။ ထို့အပြင် အမွှေးရနံ့တစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ စွပ်ပြုတ်အိုးထဲက တောက်ပတဲ့ အလင်းတွေက မိုးကောင်းကင်ထိ ထိုးတက်နေတဲ့ အံ့အားသင့်စရာ မြင်ကွင်းတစ်ခုကိုလည်း တွေ့မြင်ရသည်။

ထိုအရာကား အာဟာရ အကြီးအကျယ် ပြည့်ဝစေသည့် အစားအစာက ကောင်းကင်နဲ့ မြေကြီး၏ စိတ်ဝိညာဉ်ချီကို ဆွဲဆောင်ပြီး ထင်ရှားတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေခြင်းပင် ဖြစ်သည်။

လူတိုင်းက မနာလိုစွာနဲ့ ကြည့်ပြီးတော့ အလျင်အမြန်ပဲ သူတို့ကိုယ်တိုင်အတွက် ဖမ်းမိထားတဲ့ ငါးတွေကို ပြုတ်လိုက်ကြသည်။ ဒါပေမဲ့လည်း သူတို့ဆီမှာက ထည့်သွင်းဖို့ စိတ်ဂိညာဉ်ဆေးပင် နည်းနည်းလေးမှ မရှိကြပေ။ ထို့ကြောင့် သူတို့ပြုလုပ်သည့် စွပ်ပြုတ်အိုးက လင်းဟန်၏ အိုးနှင့် ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်နိုင်မည်နည်း။

လင်းဟန်က ယွဲ့ခိုင်ယုကို ကြည့်ပြီးတော့ ရုတ်တရက် ပြောလိုက်သည်။

"အစ်ကိုယွဲ့ ငါတို့နဲ့ အတူလာပြီးတော့ စားလေ"

ယွဲ့ခိုင်ယုကား ထိတ်လန့်သွားခဲ့သည်။ သူ့အနေဖြင့် လင်းဟန်က သူ့ကိုအမှန်တကယ်ပဲ ဖိတ်ခေါ် လိမ့်မည်ဟု လုံးဝမထင်ထားမိခဲ့ပါဘူး။ တစ်ခဏမျှ ထိတ်လန့်ပြီးတဲ့နောက်မှာ ယွဲ့ခိုင်ယုက သူ့ကိုယ်သူ လက်ညှိုးထိုးပြပြီးတော့ ပြောလိုက်သည်။

"ငါ့ကိုပြောတာလား"

"ဘာလဲ အစ်ကိုယွဲ့က ငါ့ကို မျက်နှာသာ မပေးဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"မင်းနဲ့ အစ်ကိုကြီးကွမ်က သူငယ်ချင်း ဆက်ဆံရေး ရှိတယ်လို့ ငါကြားတယ်"

ယွဲ့ခိုင်ယုက ပင်ကိုအားဖြင့်တော့ ကွမ်းယွမ်ကို သတိထားမိခဲ့သည်။ ယခင်က သူတို့သုံးယောက်က တိမ်လေညင်းမြို့ထဲက အလောင်းတစ်ထောင်ဂိုဏ်း၏ အဖွဲ့ခွဲထဲကို ဝင်ရောက်ပြီးတော့ တိုက်ခိုက်ရင်း ခင်မင်ခဲ့ကြသည်။ ဒါပေမဲ့လည်း အဲဒီတုန်းက နောက်တစ်ယောက်က ဟန်လင်း ဖြစ်ပြီးတော့ လင်းဟန် မဟုတ်ပါဘူး။ ထို့ကြောင့် ယွဲ့ခိုင်ယုက အနားကို မချဉ်းကပ်ဝံ့ပါဘူး။ လင်းဟန်က တကယ်လည်း ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေသည်။

"ဟားဟားဟား ဆရာသခင်လင်းရဲ့ ဖိတ်ခေါ်ခြင်းကို ခံရတာကို ဘယ်လိုလုပ်ပြီးတော့ ကျုပ်က ငြင်းဆန်ဝံ့မှာလဲ"

သူက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီးတော့ မြေကြီးပေါ်မှာ ထိုင်ချလိုက်သည်။

သူတို့လေးယောက်က ထောင့်တစ်ခုစီမှာ နေရာယူထားကြသည်။

လင်းဟန်က ပန်းကန်ပြားတွေကို ဆွဲထုတ်လိုက်သည်။ ၎င်းက လူတစ်ယောက်စီအတွက် ငါးကင်တစ်ကောင်နဲ့ ငါးစွပ်ပြုတ် တစ်ဇလုံ အတိအကျပင် ဖြစ်သည်။ ငါးစွပ်ပြုတ်၏ အထဲတွင် ငါးရော စိတ်ဂိညာဉ် ဆေးပင်ကိုပါ မြင်တွေ့နိုင်၏။ အဆီအနှစ်အားလုံး စွပ်ပြုတ်ထဲကို ဂင်သွားပြီး နှင်းတွေလို ဖြူဖွေးဆွတ်နေပုံ ပေါ်နေခဲ့သည်။

ယွဲ့ခိုင်ယု၏ အမူအရာက အတော်လေးကို ထူးဆန်းနေသည်။ ငါးကင်လေးကောင်။ လင်းဟန်က သူ့ကို ဖိတ်ခေါ်ဖို့ အစကတည်းက အကြံစည်ရှိနေတာလား။

"ဒီမှာ သူစိမ်းတစ်ယောက်လို မနေနဲ့"

လင်းဟန်က ငါးကင်တစ်ကောင်ကို ယူပြီးတော့ စတင်စားသောက်လိုက်သည်။

လီစီရှန်းနဲ့ ကွမ်းယွမ်တို့လည်း တုံ့ဆိုင်းနေခြင်း မရှိကြပါဘူး။ ဟူးညိုနဲ့ အတူတူ စားသောက်ဖူးတဲ့ လူတိုင်းက

အစားအသောက်ကို လျင်လျင်မြန်မြန်နဲ့ စားတတ်တဲ့ အလေ့အကျင့်တစ်ခု ဖြစ်ပေါ်ခြင်းပင် ဖြစ်သည်။ အဲဒီလိုမှ မလျင်မြန်လျှင် သေချာပေါက် ဘာအစားအသောက်မှ စားရလိမ့်မည် မဟုတ်ချေ။ ဤသည်ကား ခက်ခက်ခဲခဲ သင်ယူလေ့လာခဲ့ရသော သင်ခန်းစာတစ်ခု ဖြစ်ပေသည်။

ယွဲ့ခိုင်ယုက ထိန်းထိန်းသိမ်းသိမ်း လုံးဝမရှိပဲ အရှက်သိက္ခာကင်းမဲ့သော ပင်ကိုယ်ဗီဇရှိသူ တစ်ဦးဖြစ်သည်။ ချက်ချင်းပဲ ဟန်ကြီးပန်ကြီး ပုံစံကို လွှင့်ပစ်လိုက်ပြီး သူက အငမ်းမရနဲ့ စတင်စားသောက်လိုက်သည်။

"အံ့သြစရာပဲ။ အံ့သြစရာပဲ"

သူကချက်ချင်းကို အကြီးအကျယ် ချီးကျူးနေသည်။

"ငါးကြီးတွေက အတော်လေးကို ကွဲပြားခြားနားကြတယ်။ အသားရဲ့ နူးညံ့မှုတင်မက အဆီလည်း ရွှမ်းပြီး ရတနာဆေးပင်တွေရဲ့ အဆီအနှစ်တွေကလည်း ပေါများတယ်။ တကယ်လို့ ငါးဆယ်ကောင်လောက် စားလိုက်မယ်ဆိုရင် အဆင့်သေးတစ်ခုကိုတောင် တိုးနိုင်တယ်လို့ သုံးသပ်လို့ရတယ်"

ကွမ်းယွမ်လည်း ခေါင်းညိတ်လိုက်သည်။ ဒီဟင်းတွေက သူ့ကို ကြီးကြီးမားမား ကူညီပေး၏။

လီစီရှန်းက စကားမပြောနိုင်ပေ။ သူမ၏ လက်ရာမြောက်တဲ့ ခန္ဓာကိုယ်ကနေ အဆုံးမရှိ အလင်းရောင်ပေါင်းစုံ ထွက်ပေါ်လာသလိုမျိုး ဖြစ်ပေါ်နေပြီး အသားနဲ့ ရတနာဆေးပင်တွေရဲ့ အာနိသင်တွေက ဂင်လာပြီး သူမ၏ ကျင့်ကြံခြင်းကို အကြီးအကျယ် ထိုးဖောက်ကျော်လွှား လာခဲ့သည်။

အဓိကအားဖြင့်တော့ သူမ၏ အဆင့်က အရမ်းကို နိမ့်လို့ဖြစ်၏။ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်များက အဆင့်တက်ရန် ငါးဆယ်ကောင်လောက် လိုအပ်နေချိန်တွင် နွေဦးစမ်းရေ အဆင့်အတွက်တော့ အဆင့်သေးတစ်ခုအတွက် တစ်ကိုက်ဆိုရင် လုံလောက်ပေသည်။

လင်းဟာန်က အရမ်းကို ကျေနပ်သွားခဲ့သည်။ သူက ငါးခြောက်တချို့ကို လင်းဒေါင်ရှန်အတွက် ပြန်ယူသွားရပါလိမ့်မည်။ လင်းဒေါင်ရှန်၏ စိတ်ဂိညာဉ် အခြေခံ ပြန်လည်ကုသပြီးတဲ့အချိန်ကျရင်

သူ၏ကျင့်ကြံခြင်းက အံ့အားသင့်စရာ ကောင်းလောက်တဲ့ ပေါက်ကွဲမှုနဲ့ ကြီးထွားလာလိမ့်မယ် ဆိုတာကို ခန့်မှန်းနိုင်သည်။ သုံးနှစ်အတွင်း စိတ်ဂိညာဉ် ပလ္လင်အဆင့်အလွှာကိုးကို ရောက်ရှိဖို့ဆိုတာ သေချာပေါက် အိပ်မက်တစ်ခုတော့ ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

လီစီရှန်းက ဒုတိယတစ်ကိုက်တောင် မစားနိုင်တော့ပဲ ချက်ချင်းပဲ မြေကြီးပေါ်မှာ ကြက်ခြေခတ်ပုံစံ ထိုင်ချပြီးတော့ ထိန်းညှိလိုက်ပြီး နွေဦးစမ်းရေ အလွှာလေးအဆင့်ကို တစ်ဟုန်ထိုး ပြေးဝင်ဖို့ ပြင်ဆင်လိုက်သည်။

ယွဲ့ခိုင်ယုက ထူးဆန်းသလို ခံစားလိုက်ရသည်။ လူငယ်ပါရမီရှင်များပဲ ဝင်ရောက်နိုင်ပြီး လူငယ်တွေတောင် အသက်နဲ့အဆင့် ပတ်သက်ပြီး ဆက်နွယ်မှု ရှိပါတယ်။ နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို သေချာပေါက် လူငယ်စာရင်းထဲမှာ ထည့်သွင်းရသည်။

ဒါပေမဲ့လည်း လီစီရှန်းက နွေဦးစမ်းရေ အဆင့်မှာပဲ ရှိပြီးတော့ သူမရဲ့အသက်က အကြမ်းဖျင်း နှစ်ဆယ်ရှိသည်။ ဤကဲ့သို့သော ပါရမီရှင်တစ်ယောက်ကို နေရာအနှံ့မှာ တွေ့မြင်နိုင်သည်။ ထို့ကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမက

လျို့ဝှက်ဆန်းကြယ် နယ်မြေထဲကို ဝင်လာဖို့ အဆင့်မီနေရတာလဲ။

ဒါပေမဲ့လည်း ငါးစွပ်ပြုတ်ကို သောက်ပြီး ငါးကင်ကို စားပြီးတဲ့နောက်မှာတော့ မကြာခင်မှာပဲ ဒီခေါင်းစဉ်ကို မေ့သွားခဲ့သည်။ စားသောက်လို့ ပြီးတဲ့နောက်မှာ သူက ချက်ချင်းပဲ ကြက်ခြေခတ်ပုံစံ ထိုင်ပြီးတော့ သူ၏ခန္ဓာကိုယ် အတွင်းမှ အကျိုးအမြတ်များကို အတတ်နိုင်ဆုံး အမြန်ဆုံးနဲ့ သန့်စင်မွမ်းမံ ထိန်းညှိဖို့ လုပ်ဆောင်လိုက်ပြီး ခန္ဓာကိုယ်ကနေ စုပ်ယူလိုက်သည်။

ကွမ်းယွမ်လည်း တူညီစွာပဲ လုပ်ဆောင်လိုက်သည်။ သူက အဆင့်တက်ကာစ ဖြစ်သည့်အတွက် ထိုကဲ့သို့ ရတနာများ၏ အာဟာရ ဖြည့်ဆည်းပေးမှုကို လိုအပ်၏။

လင်းဟန်တစ်ယောက်ပဲ ညီးငယ်ထိုင်းမှိုင်းလို့ နေသည်။ သူ၏ စိတ်ဝိညာဉ် ပလ္လင်က အရမ်းကို ကြီးမားပြီး ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့က တစ်ဆင့်တက်ဖို့ ငါးဆယ်ကောင်ကျော်မျှ လိုအပ်နေတဲ့ အချိန်မှာ သူက ရာပေါင်းများစွာ လိုအပ်နေခဲ့သည်။

ဒို့အပြင် ဒါက စိတ်ဝိညာဉ် ပလ္လင်အဆင့် ဒုတိယ အလွှာပဲ

ရှိပါသေးသည်။ အကယ်၍များ ဒါက အလှောင်း ဒါမှမဟုတ် အလှာရှစ်ဆိုရင် ဒီပမာဏက ဘယ်လောက်တောင်များ တိုးလာမလဲ ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

ထို့ကြောင့် သူလုပ်နိုင်တာဆိုလို့ ငါးတွေပိုပြီးတော့ ဖမ်းရုံပဲ တတ်နိုင်၏။

လင်းဟန်က အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးကို ဆက်ပြီးတော့ ပြုတ်နေခဲ့သည်။ သူ့ကိုယ်သူ အစားကြီးသူတစ်ယောက်အဖြစ် ပြောင်းလဲဖို့ ပြင်ဆင်လိုက်ပြီး ငါးမျှားရင်းနဲ့ ဆက်ပြီးတော့ စားနေခဲ့သည်။

ဤနေရာမှ ငါးများကား လုံးဝကို တုံးအကြသည်။ မည်သူမျှ နှစ်ပေါင်းတစ်ရာလောက် ငါးမျှားနေလိမ့်မည် မဟုတ်ချေ။ ငါးများကား တစ်ကောင်ပြီးတစ်ကောင် ရောက်လာပြီး သူတို့၏ မိတ်ဆွေတွေ ရာဂဏန်းမျှ ပျောက်ကွယ်သွားတာတောင် လာရောက်နေကြဆဲ ဖြစ်သည်။ ရှေးဟောင်း စကားပုံ တစ်ခုရှိ၏။ လူသားတွေက ချမ်းသာမှုနောက်ကို လိုက်ရင်းနဲ့ သေဆုံးကြပြီး ငှက်တွေကတော့ အစားနောက်ကို လိုက်ရင်း သေဆုံးကြသည်။

ညရောက်တော့ လင်းဟန်က အကြွင်းမဲ့ အေးစိမ့်ရေခဲနလုံးသားငါး စုစုပေါင်း သုံးရာကျော် ဖမ်းမိခဲ့သည်။ ငါးတွေအားလုံးကို သတ်ပြီးတော့ အနက်ရောင် မျှော်စင်အထဲမှာ သိုလှောင်သိမ်းဆည်း ထားလိုက်သည်။ ငါးတွေမှာပါဝင်တဲ့ အဆီအနှစ်တွေ အလေအလွင့် ဖြစ်ခြင်းမှ ကာကွယ်ရန် သေချာအောင်လို့ လုပ်လိုက်ခြင်း ဖြစ်သည်။

နောက်တစ်ရက် ကုန်ဆုံးသွားပြီးနောက် လင်းဟန်၏ ဖမ်းဆီးရမိသည့် ငါးအရေအတွက်က တတိယမြောက်နေ့တွင် လျော့ကျလာခဲ့ပြီး တစ်ရာကျော်ခန့်သာ ရှိတော့သည်။

လူတိုင်းလူတိုင်း သူတို့၏ ခေါင်းတွေကို ခါလိုက်ကြသည်။ ဤရေကန်ကား သေးငယ်ကောင်း သေးငယ်နိုင်သည်။ ဒါပေမဲ့ ဧင်းထောက်ပံ့နိုင်သည့် အကြွင်းမဲ့ အေးစိမ့်ရေခဲ နလုံးသား ငါးပမာဏကား အကန့်အသတ်ရှိပေသည်။

ပုန်း ပုန်း ပုန်း။

ရုတ်တရက်ဆိုသလို ရေကန်၏ အလယ်တွင် ဂဲကတော့တစ်ခု ဖြစ်ပေါ် လာခဲ့သည်။

မူလတုန်းက လူတော်တော်များများက ထွက်သွားဖို့ ကြံစည်ထားကြသည်။ သို့ပေမဲ့ ဒီမြင်ကွင်းကို သူတို့တွေ မြင်လိုက်ရတဲ့ အခါမှာ မအံ့ဩပဲနဲ့ မနေနိုင်ကြပါဘူး။ ဘယ်လိုမျိုး ရတနာတချို့က ဒီကမ္ဘာကြီးထဲမှာ ထွက်ပေါ်လာတာလဲ။

ဤအချက်ကား မဖြစ်နိုင်စရာ မရှိပေ။ အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါး နေထိုင်တဲ့ နေရာတစ်ခုက ဘယ်လိုလုပ်ပြီးတော့ သာမန်နေရာလေးတစ်ခု ဖြစ်နိုင်မှာလဲ။

ဂဲကန်တော့က ပြင်းပြင်းထန်ထန် လည်ပတ်နေပြီး ပိုပိုပြီးတော့ ကြီးမားလာခဲ့သည်။ ပုန်း။ ဂဲကတော့ကနေ ထူးဆန်းတဲ့ သက်ရှိတစ်ကောင် ပေါ်ထွက်လာပြီး အံ့အားသင့်စရာ မြင်ကွင်းတခု ဖြစ်လာခဲ့သည်။ ၎င်းမှာ ခြင်္သေ့တစ်ကောင်၏ ဦးခေါင်းရှိပြီး ခန္ဓာကိုယ်က မိကျောင်းတစ်ကောင်နဲ့ တူ၏။ ၎င်းမှာ ခြေထောက်ခြောက်ချောင်းရှိပြီး ၎င်း၏နောက်ကျောဘက်တွင် သိမ်းငှက်ကဲ့သို့ အတောင်ပံတစ်စုံ ပါရှိပြီး ၎င်း၏ ခန္ဓာကိုယ် တစ်ခုလုံး အရှည်ကား သုံးပေခန့် ရှိသည်။

ယခု ထိုမွန်းစတားကောင်က သူ၏သိမ်းငှက်အတောင်ပံများကို ခတ်ပြီးတော့ ကမ်းစပ်ဆီသို့ ပျံလာခဲ့သည်။ ၎င်း၏အတောင်ပံကို ဖွင့်လိုက်ခြင်းက ကြောက်မက်ဖွယ်ရာကောင်းသည့် တည်ရှိမှု တစ်ခုကို ထုတ်ဖော်ပြသနေသည်။

လူတိုင်းလူတိုင်း ထိတ်လန့်ကြောက်ရွံ့ သွားခဲ့သည်။ ထိုမွန်းစတားကား ပန်းဖူးအဆင့် သားရဲတစ်ကောင် ဖြစ်သည်။

အားလုံးသွားပြီ။ ဒီနေရာမှာ ပန်းဖူးအဆင့် သိုင်းပညာရှင်တွေ တစ်ယောက်မှ မရှိပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဒီလိုမျိုး မွန်းစတား တစ်ကောင်ကို သူတို့တွေ ခုခံနိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟန်က ကျေနပ်ပီတိဖြစ်နေပြီး အံ့အားသင့်တဲ့ အမူအရာ ဖြစ်ပေါ်နေခဲ့သည်။ ဒီသားရဲကောင် ထုတ်ဖော်ပြသသည့် တည်ရှိမှုက သာမန်ပန်းဖူးအဆင့် သားရဲကောင်များထက် အများကြီး သာလွန်ပြီး အမှောင်နတ်ဆိုး တောအုပ်ထဲက ရွှေရောင်သွေးမျိုးဆက် နတ်ဆိုးမျောက်ဂံထက် ဘယ်လိုမှ အားမနည်းပါဘူး။

ဘုရင်အဆင့် သတ္တဂါတစ်ကောင်။

လျှို့ပုက်ဆန်းကြယ် နယ်မြေတစ်ခုကား မျှော်လင့်ထားသလိုပင် သူဂင်ရောက်လာသည့် ရက်အနည်းငယ် အတွင်းမှာပဲ ဘုရင်အဆင့် သားရဲကောင် နှစ်ကောင်နှင့် ထိပ်တိုက်တွေ့ဆုံခဲ့ ရသည်။ ဘုရင်အဆင့် သားရဲကောင်များကား အဆင့်တူ ရတနာဆေးများနှင့် တူညီသည်။ ၎င်းတို့က အဆင့်မြင့်ဆုံး အရည်အသွေးတွေ ရှိကြ၏။ ယခု ၎င်းတို့ကား တစ်ကောင်ပြီး တစ်ကောင် ပေါ်ထွက်လာခဲ့ပြီး ဒါက အံ့သြပြီးတော့ ကျေနပ်စရာ မကောင်းဘူးလား။

ထို့အပြင် ကျောက်တုံးစိတ်ဂိညာဉ်ကိုလည်း ဘုရင်အဆင့်လို့ သတ်မှတ်ယူဆနိုင်သည်။ ပြီးတော့ သာမန်ဘုရင်အဆင့် သားရဲကောင်တွေထက်တောင် ပိုမိုသန်မာပေသည်။ ဘာကြောင့်လဲဆိုတော့ ၎င်းက ဒြပ်စင်ငါးခု၏ စိတ်ဂိညာဉ် တစ်ခုဖြစ်ပြီး ကောင်းကင်နှင့် မြေကြီးကြောင့် မွေးဖွားလာ၍ ဖြစ်သည်။

"ပြေး"

ဘယ်သူကမှန်းမသိ စပြီးတော့ အော်ဟစ်လိုက်ပြီး လူတိုင်းလူတိုင်း ကစဥ့်ကလျားဖြစ်ပြီး

ထွက်ပြေးသွားကြသည်။ စိတ်ဂိညာဉ် ပင်လယ်အဆင့်နှင့် စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူများက ပန်းဖူးအဆင့် သက်ရှိတစ်ကောင်နှင့် ဆုံတွေ့မှတော့ ထွက်ပြေးရုံကလွဲပြီး သူတို့အနေနှင့် ဘာများတတ်နိုင်မှာလဲ။

သားရဲကောင်က ၎င်း၏အတောင်ပံကို ပေါ့ပေါ့ပါးပါး ရိုက်ခတ်လိုက်ပြီး ချက်ချင်းဆိုသလို အေးစိမ့်တဲ့ လေတစ်ခုက ရေခဲဓားသွားတွေ ဖြစ်ပေါ်လာပြီး လူတိုင်းလူတိုင်းကို ခုတ်ပိုင်းလိုက် သည်။ ဤတိုက်ခိုက်မှုကား ပန်းဖူးအဆင့်ကိုရောက်နေသည့် ဘုရင်အဆင့် သားရဲကောင်၏ တိုက်ခိုက်မှု ဖြစ်သည်။ ထို့ကြောင့် ၎င်း၏အစွမ်းကား ပင်ကိုယ်အားဖြင့် ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပေသည်။ ရှပ် ရှပ် ရှပ်။ ရေခဲဓားသွားများ၏ တိုက်ခိုက်မှုကား သူတို့နဲ့ နီးကပ်လာပြီး လူတွေကို မထိခိုက်မိတာတောင် အေးခဲတဲ့ တုတ်ချောင်းတစ်ခုအသွင် ပြောင်းသွားပြီး ရေခဲဓားသွားများဖြင့် တိုက်ရိုက်ထိမိသူများ၏ အဆုံးသတ်က ပို၍ဆိုးဝါးလွန်းသည်။ ပထမ အေးခဲပြီးနောက် အစိတ်စိတ်အပိုင်းပိုင်း ဖြစ်သွားပြီး အလောင်းအစိတ်အပိုင်းတောင် မကျန်ခဲ့ပေ။

အရမ်းကို သန်မာတယ်။

Chapter 471 end

အပိုင်း(၄၇၂) ကျောက်တုံးစိတ်ဝိညာဉ်၏ ဆောင်ရွက်ချက်

လင်းဟန်က ချက်ချင်းပဲ ထူးဆန်းသောမီးကို လမ်းညွှန်ပြီး သူ့အနီးပတ်ဝန်းကျင်မှာ မီးတောက်ဇရီယာ တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ လီစီရှန်း၊ ကွမ်းယွမ်နှင့် ယွဲ့ခိုင်ယုတို့ကို သူ၏အနောက်မှာ ထားပြီးတော့ ကာကွယ်ထား၏။

ရှပ် ရှပ် ရှပ်။

ရေခဲဓားသွားတွေက မာန်ဟုန်ပြင်းပြင်း တိုးဝင်လာခဲ့ပေမဲ့ မီးတောက်များကြောင့် အရည်ပျော်ကျ သွားခဲ့ပြီး ရေငွေ့အဖြစ် လေထဲကို မြင့်တက်သွားခဲ့သည်။ ဒါပေမဲ့လည်း ရေခဲဓားသွားများ၏ အထဲတွင် အစွမ်းထက်သည့် သိုင်းဆန္ဒ ပါဝင်နေပြီး လုံးဝပျောက်ကွယ် မသွားပဲ သူတို့လေးယောက်ကို တရစပ်တိုက်ခိုက်နေသည်။

ကျန်သည့်သုံးယောက်က ညည်းတွားနေချိန်မှာ လင်းဟန်က မခံမရပ်နိုင်အောင် ခေါင်းတွေကိုက်ခဲ နာကျင်တဲ့ ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။

ပန်းဖူးအဆင့် တစ်ယောက်၏ သိုင်းဆန္ဒတိုက်ခိုက်မှု ခံရခြင်းက သူတို့အတွက်တော့ ဘယ်လိုမှ ကောင်းမွန်တဲ့ အရာတစ်ခု မဟုတ်ပေ။ လင်းဟန်က ကောင်းကင်အဆင့် နတ်ဘုရားအာရုံ တစ်ခုပိုင်ဆိုင်ထားသည့်အတွက် အဆင်ပြေ၏။ ကောင်းကင်အဆင့် သိုင်းဆန္ဒတစ်ခုပဲ သူ၏ နတ်ဘုရားအာရုံကို ခြိမ်းခြောက်နိုင်ပေမည်။

ဤတိုက်ခိုက်မှုအောက်မှာ လူပေါင်းရာဂဏန်းကျော် သေကြေပျက်စီးကြပြီး ငါးဆယ် ခြောက်ဆယ်ခန့်ပဲ အသက်ရှင် ကျန်ရစ်ခဲ့သည်။

"မျှော်လင့်ချက် မရှိဘူး။ မျှော်လင့်ချက် မရှိတော့ဘူး။ ငါတို့တွေ သေရတော့မယ်"

ယွဲ့ခိုင်ယုက မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်သည်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်သည်။

"အစ်ကိုယွဲ့ မင်းရဲ့လေးစားအားကျ အထင်ကြီးရတဲ့ အဖေက မင်းထွက်မလာခင် စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ ဒါမှမဟုတ် အမိန့်စာလွှာလိုမျိုး ပစ္စည်းတွေ နည်းနည်းလေးမှ မပေးလိုက်ဘူးလား။ ဒါက ပန်းဖူးအဆင့်

သားရဲတစ်ကောင်ပါပဲ။ ငါတို့ကို သတ်ပစ်ဖို့ဆိုတာ မလုံလောက်သေးပါဘူး။ ဟုတ်တယ်မလား”

ဖန်းယန်တောင်မှ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာ တစ်ခုကို ရရှိနိုင်တာ ယွဲ့ခိုင်ယုက ဘယ်သူရဲ့ မြေးလဲ။

ထူးကဲတဲ့ သားရဲက ၎င်း၏တည်ရှိမှုနှင့် သူတို့ကို ဖိနှိပ်ချုပ်ချယ်ထားပြီး လူတွေကို ထိတ်လန့် ကြောက်ရွံ့အောင် လုပ်ပြီးတော့မှ ရုတ်တရက် အဆုံးစွန်သော တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ခဲ့ခြင်း ဖြစ်သည်။ အများစုကို သတ်ဖြတ်ခဲ့ပြီး တခြားသူတွေအတွက်တော့ သူတို့၏ ပုက်ဖဲများကို အသုံးပြုဖို့ အခွင့်အရေး မရှိခဲ့ကြပေ။

ယွဲ့ခိုင်ယုက ကျီစယ်တဲ့သဘောဖြင့် ရယ်မောပြီး ပြောလိုက်သည်။

“ဆရာသခင်လင်းက ငါ့ဘေးမှာ ရှိနေမှတော့ ငါ့မှာရှိတဲ့ဟာတွေကို ထုတ်ပြောဖို့တောင် မထိုက်တန်ပါဘူး။ ဒါက ငါ့ကို စိတ်အနှောင့်အယှက်ပဲ ဖြစ်စေလိမ့်မယ်”

လင်းဟန်က သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ပန်းဖူးအဆင့်မှာရှိတဲ့ ဘုရင်အဆင့် ထူးကဲတဲ့ သားရဲကောင်ရဲ့ အရသာရှိမှုကို မမြည်းစမ်း ချင်ဘူးလား"

ယွဲ့နိုင်ယုက အံ့အားသင့်သွားပြီး ကျောက်ရုပ်တစ်ခုလို တောင့်တောင့်ကြီးဖြစ်ကာ မှင်တက်သွားခဲ့သည်။

"ဆရာသခင်လင်း မင်းကတယ်ပဲ ဒီသားရဲကောင်ကို အမြစ်ပြတ် သုတ်သင်ပစ်ဖို့ ယုံကြည်မှု ရှိနေတာလား။ နေဦး။ ဒီကောင်က တကယ်ပဲ ဘုရင်အဆင့်ရှိတဲ့ ထူးခြားတဲ့ သားရဲတစ်ကောင် ဟုတ်လား"

သူ့မှာ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်၏ အမိန့်စာလွှာက သူနှင့်အတူ ပါရှိသည်။ စိတ်ဝိညာဉ် ပလ္လင်အဆင့် သက်ရှိတွေကို ဖိနှိပ်ဖို့အတွက် အသုံးပြုခြင်းက လက်ဖါးကို မှောက်သလို လွယ်ကူ၏။ ဒါပေမဲ့လည်း ဘုရင်အဆင့်နှင့် ရင်ဆိုင်တဲ့ အခါမှာ ၎င်း၏ အရည်အသွေး အာနိသင်က အကြီးအကျယ် လျော့ကျပြီး ပန်းဖူးအဆင့်လူတစ်ယောက်နှင့် ရင်ဆိုင်တဲ့ အခါမှာ လုံးဝကို အသုံးမကျလု နီးပါးဖြစ်သွားသည်။

သူ့အရှေ့က သားရဲကောင်က ပန်းဖူးအဆင့်တောင်မက ဘုရင်အဆင့်ပါ ဖြစ်နေသည်။ ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ ခြေလှမ်းတစ်ဝက်ရှိသည်ဟု မြင်နိုင်ပေသည်။ သူလွတ်မြောက်ဖို့ အတွက် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်လွှာ၏ အစွမ်းကို အသုံးပြုလိုက်မည် ဆိုပါက သေချာပေါက် အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ကတော့ အမှန်တကယ်ပဲ ဒီထူးကဲတဲ့ သားရဲကို အမြစ်ပြတ်သုတ်သင် ပစ်ချင်နေခဲ့သည်။ ဒါက လုံးဝကို ဟာသတစ်ပုဒ်ပဲ ဖြစ်သည်။

"ငါ နောက်နေတာ မဟုတ်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

ယွဲ့ခိုင်ယုက သူ့ကို လုံးဝမယုံကြည်ပဲ ပြောလိုက်၏။

"တကယ်လို့ မင်းမှာလည်း စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်လွှာတစ်ခု ရှိရင်တောင်မှ အမိန့်လွှာရဲ့ အစွမ်းက အကန့်အသတ်ရှိတယ်။ ပြီးတော့ သာမန်ပန်းဖူးအဆင့် သက်ရှိ တစ်ကောင်ကိုပဲ တားဆီးနိုင်လိမ့်မယ်။ ဒါပေမဲ့

ဘုရင်အဆင့်တစ်ကောင်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် အဲဒါက သေချာပေါက် အလုပ်လုပ်လိမ့်မှာ မဟုတ်ဘူး”

သူက ခဏရပ်လိုက်ပြီးမှ ဆက်ပြီးတော့ ပြောလိုက်သည်။

“လုပ်လုပ် ငါတို့တွေ အမြန်ပြေးကြရအောင်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

“နောက်ကျရင် ငါနဲ့အတူတူ ပူးပေါင်းပြီးလုပ်ပါ။ မင်းကို အမိန့်စာလွှာကို အသုံးပြုတော့လို့ ပြောတဲ့ အချိန်ကျရင် မင်းအဲဒါကို သုံးလိုက်”

“ဟော့ဟော့ဟော့။ မင်းဒီလိုမျိုး လုပ်လို့ မရဘူးလေ”

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ အော်ဟစ်လိုက်သည်။ ဒါပေမဲ့ လင်းဟန်က သူ့စကားကို လုံးဝကို နားမထောင်ပါဘူး။ အဲဒါက သူ့အတွက်တော့ မျက်နှာကြီး သုန်မှုန်သွားစေပြီး ဒီလိုမျိုး အခြေအနေကို တစ်နေရာရာမှာ အတွေ့အကြုံ ရှိခဲ့သလို ရင်းနှီးတဲ့ ခံစားမှုတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

လင်းဟန်က ထိုဘုရင်အဆင့် သားရဲကောင်ကို

ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့ တိုက်ခိုက်မှာ မဟုတ်ပါဘူး။ သူက လူထူးလူဆန်းတစ်ယောက် ဆိုပေမဲ့ သူ့အနေနဲ့ သေမျိုးအကန့်အသတ်ကို ကျော်ဖြတ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ သူက ရောမ ဂိုလမ်ကို ဆင့်ခေါ်ပြီးတော့ ပြောလိုက်သည်။

"ကျောက်တုံးလေး သွားလိုက်"

"ရုပ်သေးရုပ်တစ်ရုပ်"

ယွဲ့ခိုင်ယုက ထိတ်လန့်တကြား အော်လိုက်သည်။

ဒြပ်စင်ငါးခု၏ စိတ်ဂိညာဉ်များက အရမ်းကို ရှားပါးပြီး သိုလှောင်လက်စွပ်များ အထဲတွင် ထည့်သွင်းထား၍ မရနိုင်ပေ။ ဤသည်ကား သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သည်။ ထို့အပြင် ဂိုလမ်က သာမန်စိတ်ဂိညာဉ်များနှင့် အရမ်းကို ကွဲပြားခြားနားသည်။ ထို့ကြောင့် ယွဲ့ခိုင်ယုက ဒီရုပ်သေးရုပ်တစ်ကောင်လိုမျိုး ဂိုလမ်ကို အစီအရင် ဆရာသခင်များက ဖန်တီးထားသည်ဟု တွေးမိလိုက်ခြင်း ဖြစ်သည်။

မျက်မြင်အတိုင်း ပြောရမည်ဆိုလျှင် ရုပ်သေးရုပ်က

အလောင်းကောင် စစ်သားတစ်ကောင် ဖြစ်ပြီး သေမှာကို မကြောက်ရွံ့သလို နာကျင်မှုကိုလည်း မသိကြပါဘူး။

လင်းဟန်က မရှင်းပြခဲ့ပါဘူး။ ဒီအစ်ကိုဂမ်းကွဲက မှုးနေအောင် သောက်လို့ရှိရင် လုံးဂကို နှုတ်မလုံပါဘူး။ အရာအားလုံး ပေါက်ကြားသွားနိုင်ဖို့ကိုတော့ အာမခံသည်။ ဘယ်လို လျှို့ဝှက်ချက်ပဲ ဖြစ်ဖြစ် သူ့ဆီကနေ ပေါက်ကြားဖို့အတွက်ဆို သူ့ကို မှုးနေအောင် တိုက်လိုက်ဖို့ပဲ လိုအပ်သည်။

ရောမဂိုလမ်ကား ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို ပျံတက်သွားပြီး ထူးခြားသော သားရဲကောင်ကို တိုက်ခိုက်လိုက်သည်။

ပန်းဖူးအဆင့်နဲ့ ပန်းဖူးအဆင့် တိုက်ခိုက်ခြင်း။ ဘုရင်အဆင့်တစ်ယောက်နဲ့ ဘုရင်အဆင့် တစ်ယောက် ရင်ဆိုင်ခြင်း။

ထန်။

ဂိုလမ်နဲ့ သားရဲကောင်က လုံးလားထွေးလား သတ်ပုတ်နေကြသည်။ အေးစိမ့်တဲ့ ချီတွေက လေထဲမှာ ပြည့်နှက်နေပြီး ပတ်ဂန်းကျင် တစ်ခုလုံးကို ရေခဲနှင့်ဆီနှင်း

ကမ္ဘာကြီးတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့သည်။ ဘုရင်အဆင့် သားရဲကောင်၏ ပထမဆုံး တိုက်ခိုက်မှုကနေ လွတ်မြောက်ခဲ့တဲ့ လူတွေက အလျင်အမြန်ပဲ သူတို့၏ ပှက်ဖဲများကို တစ်ယောက်ပြီး တစ်ယောက် ထုတ်ယူလိုက်ကြသည်။ တချို့က စိတ်ဂိညာဉ် ပစ္စည်းများဖြစ်ပြီး တချို့က စိတ်ဂိညာဉ် အဆောင်များ ပါဝင်သည်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ အမိန့်လွှာများတောင် ပါဝင်ကြသည်။

ဤလို့ပှက်ဆန်းကြယ် နယ်မြေထဲကို ဝင်ရောက်လာနိုင်သည့် လူများကား ဂိုဏ်းတချို့၏ မျှော်လင့်ချက်များကို သယ်ဆောင်လာခဲ့ကြသည်။ အကယ်၍များ သူတို့က ရှေးဟောင်းပညာရပ် တချို့ကို ရယူနိုင်ခဲ့မယ်ဆိုရင် သူတို့က စွမ်းအားတွေ ပြည့်ဝလာပြီး တခြားနယ်မြေသုံးခုနဲ့ အလယ်ပိုင်းဒေသက တော်ဝင်ဂိုဏ်းတွေကိုတောင်မှ စိန်ခေါ်နိုင်စွမ်း ရှိကောင်းရှိနိုင်ပါလိမ့်မည်။

ထို့ကြောင့် လူတိုင်းလူတိုင်းက အနည်းနဲ့အများဆိုသလို သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် ရတနာတချို့ ရှိကြပြီး ရတနာများ၏ အရည်အသွေးနဲ့ အဆင့်အတန်းက အမျိုးမျိုး ရှိနေကြသည်။

"ဒီလိုမျိုး အစွမ်းထက်တဲ့ ရုပ်သေးရုပ်တစ်ရုပ်"

ယွဲ့ခိုင်ယုက တီးတိုးရွတ်ဆိုလိုက်သည်။ ၎င်းက အမှန်တကယ်ပဲ ပန်းဖူးအဆင့်မှာရှိတဲ့ ဘုရင်အဆင့် သားရဲတစ်ကောင်နဲ့ လက်ရည်တူ တိုက်ခိုက်နိုင်ပြီး တကယ်ကို အစွမ်းထက်လှ၏။

ဂိုလမ်က ပန်းဖူးအဆင့်ကို ဂင်ကာစပဲ ရှိသေးပေမဲ့ ထူးခြားတဲ့သားရဲကတော့ ဒီအဆင့်မှာ ရောက်နေတာ အချိန်အတော် ကြာပြီးတော့ ပန်းဖူးအဆင့်အလွှာ ၇ ကိုရောက်နေပါပြီ။ သီအိုရီအရဆို ကျောက်တုံးစိတ်ဝိညာဉ်က ထူးခြားတဲ့သားရဲကောင်အတွက် ပြိုင်ဘက်လုံး၀ မဟုတ်ပါဘူး။ ဘုရင်အဆင့် တစ်ယောက်နဲ့ ဘုရင်အဆင့် နောက်တစ်ယောက်တို့၏ ထိပ်တိုက်ရင်ဆိုင်မှုမှာ ဘယ်သူ့အဆင့်က ပိုမြင့်သလဲဆိုပြီးတော့ အောင်ပွဲကို ပင်ကိုယ်အားဖြင့် ဆုံးဖြတ်ထားကြသည်။

သို့ပေမဲ့လည်း ရောမဂိုလမ်ကား သာမန်ဘုရင်အဆင့် တစ်ကောင် မဟုတ်ချေ။ ဒြပ်စင်ငါးခု စိတ်ဝိညာဉ်များထဲမှ တစ်ခု အပါအဝင် ဖြစ်ချေသည်။

၎င်းမှာ မာကျောကြမ်းတမ်းသည့် အရေပြား ရှိရုံတင်မက အံ့အားသင့်စရာကောင်းသည့် ပြန်လည်ကုသနိုင်စွမ်းလည်း ရှိ၏။ အကယ်၍ ဆိုးဆိုးဝါးဝါး ပျက်စီးသွားရင်တောင်မှ ၎င်း၏ ခန္ဓာကိုယ်က လျင်မြန်စွာ ပြန်လည်ကောင်းမွန်လာပြီး လင်းဟန်အနေနဲ့ ဒီအခြေအနေကို သူကိုယ်တိုင် အတွေ့အကြုံ ရှိခဲ့သည်။ အဲဒီအချိန်တုန်းက လင်းဟန်က အသာစီး ရယူထားတဲ့ အချိန်မှာ ထိုဂိုလမ်လေးတွေကို အမြစ်ပြတ် သုတ်သင်ပစ်နိုင်ခြင်း မရှိခဲ့ချေ။ ဤကား ကျောက်တုံး စိတ်ဂိညာဉ်၏ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းသလဲ ဆိုတာကို ခန့်မှန်းနိုင်သိရှိနိုင်သည်။

အခုလည်း အတူတူပါပဲ။ ထူးခြားတဲ့ သားရဲကောင်က လုံးဂကို အသာစီးရယူထားပြီး ကျောက်တုံး စိတ်ဂိညာဉ်ကို ၎င်း၏အတောင်ပံ ခတ်ပြီးတော့ဖြစ်ဖြစ် ဒါမှမဟုတ် ပါးစပ်ကိုဟပြီးဖြစ်ဖြစ် ပျက်စီးကြေမွအောင် လွယ်လွယ်ကူကူနဲ့ လုပ်နိုင်၏။ ဒါပေမဲ့ ရောမဂိုလမ်က လျင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန်လာပြီး မကြာခင်မှာပဲ အကောင်းပကတိ ဖြစ်သွားခဲ့သည်။

ဒါပေမဲ့လည်း ကျောက်တုံးစိတ်ဂိညာဉ်၏ ပြန်လည်ကောင်းမွန်နိုင်စွမ်းက အဆုံးမရှိတာမျိုးတော့

မဟုတ်ပေ။ ၎င်းက ပိုပိုပြီးတော့ နေးကွေးလာတဲ့ အချိန်မှာ ထူးခြားတဲ့သားရဲကောင်၏ တိုက်ပွဲစွမ်းရည်ကလည်း အကန့်အသတ် ရှိလာခဲ့သည်။ ဤသည်ကား ခံနိုင်ရည်ပြိုင်ပွဲတစ်ခု ဖြစ်သည်။

လင်းဟန်က ကျောက်တုံးစိတ်ဂိညာဉ် ခြေကုန်လက်ပန်းကျသည်အထိ စောင့်နေဖို့ အဲဒီမတိုင်ခင် ဂင်ရောက်စွက်ဖက်လိုက်ပြီး ယွဲ့ခိုင်ယုကို အလျင်အမြန်ပဲ ပြောလိုက်သည်။

"အမိန့်စာလွှာကို အသုံးပြုရမဲ့ အချိန်ပဲ"

ယွဲ့ခိုင်ယုက ခေါင်းညိတ်လိုက်သည်။ မူလတုန်းကတော့ သူ့အနေနဲ့ မျှော်လင့်ချက် နည်းနည်းမှ မရှိခဲ့ပေ။ ဒါပေမဲ့ ဒီရုပ်သေးရုပ်ကား တကယ်ပဲ ရက်စက်ကြမ်းကြုတ်ပြီး ပန်းဖူးအဆင့်မှာရှိတဲ့ ဘုရင်အဆင့် သားရဲကောင်ကိုတောင် ခုခံနိုင်သည်။ ရုပ်သေးရုပ် တစ်ရုပ်က ၎င်း၏ အမြုတေနဲ့ အစီအရင်ပုံစံတွေ မထိခိုက် မပျက်စီးသေးသရွေ့ အဆုံးမရှိ အသုံးပြုနိုင်သည်။

သူက အမိန့်စာလွှာ တစ်ခုကို ထုတ်ယူလိုက်ပြီး ၎င်းကို ဖွင့်လိုက်သည်။ ချက်ချင်းဆိုသလို

ရွှေရောင်အလင်းတန်းတွေ စီးမျောလာပြီး အဆုံးမရှိ အစွမ်းထက်တဲ့ ဖိနှိပ်မှု အစွမ်းတစ်ခုက ပြန့်နှံ့လာခဲ့သည်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာတစ်ခုက ဘယ်လိုလုပ်ပြီး သာမန်ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း ဖိနှိပ်နိုင်တဲ့ အစွမ်းတစ်ခုတည်းဆို အသုံးမဝင်ပါဘူး။ ပန်းဖူးအဆင့် ထူးခြားတဲ့ သားရဲက ၎င်းကို လုံးဝကို ကြောက်ရွံ့မှု မရှိပါဘူး။ ထို့ကြောင့် ယွဲ့ခိုင်ယုက အမိန့်စာလွှာကို ပစ်ထုတ်ပြီး ထူးခြားတဲ့သားရဲကောင် အပေါ်ကို မလှုပ်ရှားနိုင်အောင် ထိန်းချုပ်ပြီးတော့ ပြောလိုက်သည်။

"ဖိနှိပ်စမ်း"

ဟုမ်း။

အမိန့်စာလွှာက စတင်ပြီးတော့ ပြင်းထန်တဲ့ မီးတောက်တွေ လောင်ကျွမ်းလာပြီး ကျောက်ကြိတ်ဆုံခန့် အရွယ်အစားရှိတဲ့ ရွှေရောင်လက်သီးတစ်စုံ ဖြစ်ပေါ်လာပြီးတော့ ထူးခြားသော သားရဲကောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

ဤသည်ကား စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ တိုက်ခိုက်မှု တစ်ခုဖြစ်သည်။ ထူးခြားတဲ့ သားရဲကောင်တောင်မှ ၎င်း၏စွမ်းအားကို မျက်နှာချင်း မဆိုင်ပံ့ပဲ အလျင်အမြန် တိမ်းရှောင်လိုက်သည်။ ဒါပေမဲ့လည်း ရောမဂိုလမ်က ၎င်းဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး တင်းကျပ်စွာ ဖမ်းဆုပ်လိုက်သည်။

ထူးခြားတဲ့သားရဲကောင်က အံ့အားသင့်သွားပြီး ဒေါသအကြီးအကျယ် ထွက်သွားခဲ့သည်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ တိုက်ခိုက်မှုက သန်မာကောင်း သန်မာနိုင်ပေမဲ့ ၎င်း၏ အတောင်ပံကို ခတ်လိုက်ရုံနဲ့ ချိုးဖျက်ပစ်နိုင်သည်။ ဒါပေမဲ့ ယခုတော့ ဂိုလမ်၏ ဖမ်းဆုပ်မှုကို ခံရပြီး လေးလံတဲ့ အင်အားကြောင့် ပျံသန်းလို့ မရတော့ပါဘူး။

၎င်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင် ခုခံနိုင်မှု မရှိပေမဲ့ အကယ်၍ ၎င်းကို မသတ်နိုင်ရင်တောင် ဂိုလမ်ကို ပြင်းထန်တဲ့ ဒဏ်ရာရစေနိုင်သည်။

ဤအချက်ကိုကြည့်ခြင်းဖြင့် ဂိုလမ်က မျှော်လင့်ချက်

ကင်းမဲ့လောက်အောင် တုံးအလွန်းသည်။ သက်ရှိတွေအားလုံးက အသက်ရှင်သန်ဖို့ကို ပထမဦးစားပေး နေရာမှာ ထားကြပြီး ကိုယ်ပိုင် အသက်ကို အသုံးပြုပြီး စွန့်စားတဲ့သူက ဒီကမ္ဘာကြီးထဲမှာတောင် မရှိနိုင်ပါဘူး။ ကျောက်တုံး စိတ်ဝိညာဉ်က ဒီလိုမျိုး အရာတစ်ခုကို လုပ်လိမ့်မယ်လို့ ၎င်းက ဘယ်တုန်းကမှ ထင်မှတ်မထား ခဲ့ပါဘူး။ ယခုတော့ ၎င်းက မျက်နှာသုန်မှုန်စွာနဲ့ ရွှေရောင်လက်သီး တစ်စုံကို စိုက်ကြည့်ရုံပဲ တတ်နိုင်၏။

ဘုန်း။

ကျယ်လောင်ပြီး ဆူညံတဲ့ အသံတစ်ခုနဲ့အတူ ကောင်းကင်က ဖုန်မှုန့်တွေနဲ့ ပြည့်နှက်သွားခဲ့သည်။ ထူးခြားတဲ့သားရဲကောင်လည်း ပြင်းထန်တဲ့ ဒဏ်ရာရရှိသွားခဲ့ပြီး အတောင်ပံကျိုးကာ အောက်သို့ ပြုတ်ကျလာခဲ့သည်။

Chapter472 end

အပိုင်း(၄၇၃) ငါ့ကို လုယက်ပုံ့သလား

ဒဏ်ရာရသွားပေမဲ့ မသေပါဘူး။ ဒီအချက်က ပန်းဖူးအဆင့်က ဘုရင်အဆင့် သားရဲကောင်

တစ်ကောင်ဆိုတာကို ၎င်းကိုယ်တိုင် သက်သေပြခဲ့သည်။ ဤသားရဲကောင်ကား စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး အသက်ရှင်သန်နိုင်ခဲ့သည်။ ၎င်းက အတော်လေး အံ့အားသင့်စရာ ကောင်း၏။

လင်းဟန်က လက်ထဲမှာ သူ၏ဓားကို ကိုင်ပြီးတော့ ခုန်ထွက်ပြီး ထူးခြားသောသားရဲကောင်ကို တိုက်ခိုက်လိုက်သည်။

ထူးခြားတဲ့သားရဲကောင်ကို အချိန်ပေးလိုက်လျှင် အတော်လေးကို ပြန်လည်ကောင်းမွန်လာနိုင်ပြီး အကယ်၍ ရေကန်ထဲကို ဝင်ရောက်ထွက်ပြေးသွားမည် ဆိုပါက ၎င်းကိုရှာဖွေရန် မည်သည့်နည်းလမ်းမှ မရှိနိုင်တော့ချေ။

ဒါကို ဖျားနာနေတုန်း သတ်ဖြတ်ခြင်းလို့ ခေါ်သည်။

ရွှစ်။

ရွှေရောင်လက်သီးများ ပျောက်ကွယ်သွားသည်နှင့် တိုက်ခိုက်လိုက်သည်။ တကယ်တော့ ဒါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်၏ အမိန့်စာလွှာထဲမှာ

ချိတ်ပိတ်ထားသည့် တိုက်ခိုက်မှု တစ်ခုသာ ဖြစ်သည်။

လင်းဟန်က အော်ဟစ်ပြီးတော့ အချိန်ကိုက် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ထူးခြားသောသားရဲကောင်က ဒေါသထွက်တဲ့ အကြည့်နဲ့ ကြည့်လိုက်သည်။ ၎င်းက ဘုရင်အဆင့် သားရဲတစ်ကောင် ဖြစ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်သာရှိတဲ့ သိုင်းပညာရှင် တစ်ယောက်က စတင်ပြီးတော့ တိုက်ခိုက်ပုံတာက သူ့ကို အရမ်းပဲ နှိမ့်ချစော်ကားလွန်းနေသည် မဟုတ်ပါလား။

အကယ်၍ အကျပ်အတည်း အချိန်မှာသာ မဟုတ်လျှင် ရေခဲဓားသွားတစ်ခုကို ပစ်လွှတ်လိုက်တာနှင့် လင်းဟန်ကို အမြစ်ပြတ်သုတ်သင်ပစ်ဖို့ လုံလောက်၏။ ဒါပေမဲ့ ယခုကား ၎င်း၏အားအနည်းဆုံး အခိုက်အတန့် ဖြစ်သည့်အပြင် ၎င်း၏အတောင်ပံများတောင် လှုပ်ရှားနိုင်စွမ်း မရှိသည့်အတွက် ဘယ်လိုလုပ်ပြီးတော့ ရေခဲဓားသွားများကို ပစ်ထုတ်နိုင်လိမ့် မည်နည်း။

၎င်းအနေဖြင့် သေခြင်းတရားကို အကူအညီမဲ့စွာဖြင့် စောင့်ဆိုင်းနေလိမ့်မည် မဟုတ်ချေ။ စိန်းစိန်းဂါးဂါး

အကြည့်တစ်ချက်နှင့်အတူ ၎င်းက သိုင်းဆန္ဒကို လင်းဟန်ဆီသို့ ပစ်လွှတ်လိုက်သည်။

အကယ်၍ သိုင်းဆန္ဒ၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်လိုက်မည် ဆိုပါက ဤလူသား ကောင်စုတ်လေးကား ငတုံးတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားဖို့ အာမခံပေသည်။

ထူးခြားသောသားရဲကား အလွန်အမင်း ယုံကြည်မှုရှိနေသည်။ ၎င်းက ပန်းဖူးအဆင့်မှာ ရှိနေတဲ့ ဘုရင်အဆင့်သားရဲ တစ်ကောင်ဖြစ်ပြီး ၎င်း၏ သိုင်းဆန္ဒက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်း၏။

ဒါပေမဲ့လည်း ၎င်းက ချက်ချင်းဆိုသလို အရမ်းကို အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ထွက်ပေါ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လင်းဟန်၏ တိုက်ခိုက်မှုက နည်းနည်းလေးမှ နှေးကွေးသွားခြင်း မရှိခဲ့ပေ။ ဓားကိုလွှဲယမ်းလိုက်သည်နှင့် ဓားချီအလင်းဆယ်ခုက ထွက်ပေါ်လာပြီး အကြမ်းမခံ နုနုသော လည်ပင်းဆီကို တိုးဝင်လာခဲ့သည်။

ဒါကဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

အကယ်၍များ ထိုသားရဲကောင်က လူသားဘာသာစကားကို ပြောနိုင်မည်ဆိုလျှင် သေချာပေါက် ချက်ချင်းကို အော်ဟစ်ငိုကြွေး ပါလိမ့်မည်။ ဒါပေမဲ့ ၎င်းအနေနဲ့ အားအင်ချိနဲ့စွာဖြင့် ၎င်း၏ ပါးစပ်ကို ဟရင်း အရှိန်အဟုန်ပြင်းစွာဖြင့် တိုးဝင်လာသည့် ဓားချီအလင်း ဆယ်ခုကို အကူအညီမဲ့စွာ ကြည့်နေရုံပဲ တတ်နိုင်ပါသည်။

ဖူး ဖူး ဖူး ဖူး ဖူး။

ဓားချီအလင်းက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းကြောင့် ထွက်ပေါ်လာခြင်း ဖြစ်ပြီးတော့ ၎င်း၏ဖျက်ဆီးနိုင်မှု စွမ်းအားကား အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းသည်။ ပန်းဖူးအဆင့်၏ ဘုရင်အဆင့် ထူးကဲသော သားရဲတစ်ကောင်တောင်မှ ၎င်း၏ ခန္ဓာကိုယ်ဖြင့် ဓားချီအလင်းများကို ခုခံနိုင်စွမ်း မရှိနိုင်ချေ။ ဓားချီအလင်း ဆယ်ခုကား သားရဲကောင်၏ လည်ပင်းကို ချက်ချင်းပဲ နက်ရှိုင်းသော ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ဒါပေမဲ့လည်း ၎င်းက သေစေနိုင်လောက်အောင်တော့ မဟုတ်ချေ။

နတ်ဆိုးရှင်သန်ဓား တိုက်ခိုက်မှုက အရမ်းကို ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသည့် တိုက်ခိုက်မှု တစ်ခုဖြစ်သည်။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကား မည်မျှထက်မြက် လိုက်သနည်း။ နတ်ဆိုးရှင်သန်ဓားဖြင့် တိုက်ရိုက်တိုက်ခိုက်မှုကို အသာထားဦး။ ဓားချီတောင်မှ ၎င်း၏အသားကို ပြတ်ရှသွားအောင် လုပ်ပစ်နိုင်သည်။

ထူးကဲသောသားရဲကောင်က ထိတ်လန့်ကြောက်စွာဖြင့် ကြည့်လိုက်သည်။ ၎င်းအနေဖြင့် မသေချင်သေးပေ။ ထို့ပြင် စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိသေးသည့် လူသားတစ်ယောက်၏ လက်ချက်ကြောင့် ပိုလို့တောင် မသေချင်ပါဘူး။

ဖူး။

နတ်ဆိုးရှင်သန်ဓားက ခြသေ့်ပုံစံ ဦးခေါင်းကို ခုတ်ဖြတ်လိုက်ပြီး ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို ဦးခေါင်းပြတ်ကြီးက လွင့်ထွက်သွားခဲ့သည်။ လင်းဟာန်က အရမ်းကို လျင်မြန်စွာဖြင့် ရောက်လာပြီး ထူးခြားသော သားရဲကောင်၏ ခန္ဓာကိုယ်ကို ဖမ်းဆုပ်ယူလိုက်ပြီး အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့

ထည့်သိမ်းလိုက်ပြီး မည်သည့်အစိတ်အပိုင်းကိုမှ မဖြုန်းတီးစေခဲ့ပါဘူး။ ဒါပေမဲ့လည်းသူက လျင်မြန်တယ် ဆိုပေမဲ့လည်း သွေးတော်တော်များများ အပြင်ကို ပန်းထွက်သွားခဲ့၏။

ရှစ်။

ပုံရိပ်တစ်ခုက လှစ်ခနဲပြေးလာပြီး ခြသေ့်ဦးခေါင်းကို ဆုပ်ကိုင်ပြီးတော့ ချက်ချင်းပဲ တစ်ကြိုးတည်း လစ်ပြေးသွားခဲ့သည်။

ဒီလိုရဲတင်းမှု။

လင်းဟန်က ချက်ချင်းပဲ သူ၏ခန္ဓာကိုယ်ကို လှုပ်လိုက်ပြီး ထိုလူ့နောက်ကို လိုက်ဖမ်းလိုက်သည်။ ဒီလူက သူ့ဆီကနေ လုယက်ပံ့တာလား။ သူ့အနောက်မှာတော့ ကျောက်တုံးစိတ်ဂိညာဉ်က ကျောက်တုံးလေးတွေကို ဖြည်းညင်းစွာ စုစည်းပြီးတော့ ၎င်းကိုယ်တိုင် ပြန်လည်တည်ဆောက် နေခဲ့သည်။

လုယက်သူ၏ အမြန်နှုန်းကား လျင်မြန်လှပေသည်။ ထိုကဲ့သို့ မလျင်မြန်လျှင် သူ့အနေဖြင့် ဤသို့သော အရာတစ်ခုကို

လုပ်ပုံလိမ့်မည် မဟုတ်ချေ။ ယခုလို လုယူပုံသည့်အတွက် သူ၏ လှုပ်ရှားမှု ပညာရပ်အပေါ်မှာ လုံးဝကို ယုံကြည်မှုအပြည့် ရှိနေသည်ဟု ဆိုလိုသည်။

ဒါပေမဲ့လည်း သူက သူ့ကိုယ်သူ အထင်ကြီးပြီး လင်းဟန်ကို လျော့တွက်ခဲ့မိသည်။

လင်းဟန် ပြောင်းလဲပြီး အသုံးပြုသည့် မြေကျွမ်းအဆင့် လှုပ်ရှားမှု ပညာရပ်ကို ပုံရိပ်ယောင် တစ်ရာမှ တစ်ထောင်သို့ ကူးပြောင်းခြင်းဟု ခေါ်သည်။ ၎င်းပညာရပ်ကား တိုက်ပွဲအတွင်းမှာ ပြိုင်ဘက်ဖြစ်သူများကို ပုံရိပ်ယောင်တွေ ဖြစ်ပေါ်ပြီး ခေါင်းခြောက်စေရုံတင်မက လိုက်လံဖမ်းဆီးခြင်း သို့မဟုတ် ပြေးခြင်းတို့အတွက်လည်း အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်လွန်းလှသည်။

လင်းဟန်နဲ့ လှုပ်ရှားမှု ပညာရပ်တွေမှာ ယှဉ်ပြိုင်ချင်တာလား။ ရူးခါသွားဦးမယ်။ ဟူးညို့လိုမျိုး မွန်းစတားကလွဲလို့ ဘယ်သူကများ အဆင့်တူထဲမှာ ဒီလိုမျိုး လုပ်နိုင်မှာလဲ။

ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ လင်းဟန်က ထိုလူကို မီသွားခဲ့သည်။

"ဟင့် ရော့ ပြန်ယူလိုက်"

ထိုလူက ဘွင်းဘွင်းရှင်းရှင်းသမား ဖြစ်သည်။ သူမလွတ်မြောက်နိုင်ဘူး ဆိုတာကို သိလိုက်ရတဲ့ အခါမှာ သူရဲ့ညာဘက်လက်ကို လှုပ်ပြီးတော့ ခြသေ့်ဦးခေါင်းကို အပေးကို လွှင့်ပစ်လိုက်သည်။ လင်းဟန်က အဲဒီဦးခေါင်းကို ပြန်သွားကောက်တဲ့ အချိန်မှာ အခွင့်ကောင်းယူပြီးတော့ နောက်ထပ် ထပ်ပြေးဖို့ စီစဉ်ထားတယ် ဆိုတာက သိသာထင်ရှား၏။

လင်းဟန်က သူ၏ဘယ်ဘက်လက်ကို အသာလေး လှုပ်လိုက်ပြီး သွေးစုပ်ယူခြင်း မူလရွှေကို ပစ်လွှတ်လိုက်သည်။ သူက ခြသေ့်ဦးခေါင်းကို ရစ်ပတ်ပြီး ပြန်ဆွဲယူလိုက်ကာ အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်သည်။ သူရဲ့ ပုံရိပ်က နည်းနည်းလေးမှ မလှုပ်ပဲ ထိုလူ၏ အနောက်ကို ဆက်ပြီးတော့ လိုက်ဖမ်းနေခဲ့သည်။ သူ၏မျက်လုံးများကား ဓားတွေလိုမျိုး စူးရှထက်မြက်နေပြီး ပြောလိုက်သည်။

"ဒီလိုမျိုး ထွက်သွားလို့ ရမယ်လို့ မင်းထင်နေတာလား"

လင်းဟန်က သူ၏လက်ကို လှုပ်ပြီးတော့ ဓားနဲ့ခုတ်လိုက်သည်။

"ဆရာသခင်လင်း ရတနာတွေအတွက် ယှဉ်ပြိုင်တယ်ဆိုတာက သာမန်ကိစ္စပဲလေ။ ဘာဖြစ်လို့ အလေးအနက်ကြီး ထားနေတာလဲ"

ထိုလူကလည်း အားမနည်းပါဘူး။ သူ၏ဆေဘာဓားကို လှုပ်ပြီးတော့ ဆေဘာဓားချီ ခုနစ်ခုနဲ့ ခုတ်ထုတ်လိုက်သည်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်သည်။

"တကယ်လို့ မင်းက ထူးကဲတဲ့သားရဲကောင်နဲ့ တိုက်ခိုက်တဲ့ အချိန်မှာ ပါဝင်ယှဉ်ပြိုင်ခဲ့မယ်ဆိုရင် အဲဒီတိုက်ပွဲအတွက် မင်းအနေနဲ့ ဝေစုတစ်ခု ရသင့်တယ်ဆိုတာက မှန်တယ်။ ဒါပေမဲ့လည်း မင်းက အခုတော့ သူခိုးတစ်ယောက်လို သူများပစ္စည်းကို ခိုးယူပြီးတော့မှ အရှက်မရှိပဲ အခုလိုမျိုး ပြောရဲသေးတာ တကယ့်ကို ဟာသပဲ"

ဒင် ဒင် ဒင် ဒင်။

ဆေဘာနဲ့ ဓားက ထိမိသွားခဲ့ပြီး မီးပွားတွေက

ပတ်ဂန်းကျင်အနှံ့ တောက်ပလာခဲ့သည်။ ထို့ပြင် သိုင်းဆန္ဒတွေက နတ်ဘုရားအလင်းတွေလိုမျိုး မျက်စိကျိန်းလောက်အောင် တစ်ဟုန်ထိုး ထွက်လာခဲ့ကြသည်။

လင်းဟန်၏ တိုက်ပွဲစွမ်းရည်က မည်မျှသန်မာသနည်း။ တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးသည့် နောက်မှာတော့ ထိုလူ၏ အမူအရာက ပြောင်းလဲသွားခဲ့သည်။ သူက ပြိုင်ဘက်တစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ချေ။

သူကအလျင်အမြန်ပဲ အော်ဟစ်လိုက်သည်။

"ငါက ရေအေးဂိုဏ်းက တပည့်တစ်ယောက်ဖြစ်တဲ့ ဖန်ကျန်းရှန်ပဲ။ တကယ်လို့ မင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေရင်တောင်မှ မစဉ်းစားမဆင်ခြင်ပဲနဲ့ မလုပ်နိုင်ဘူး"

"ငတုံးပဲ"

လင်းဟန်က ကျိန်ဆဲလိုက်ပြီး သူ၏ဓား အရှိန်အဟုန်ကိုတော့ လုံးဝမပြောင်းလဲခဲ့ပေ။

သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်ပါ။ ထို့ကြောင့် သူ့အနေနဲ့ တခြားလူတစ်ယောက်ယောက်ကို အပြစ်ကျူးလွန်မိမှာကို ကြောက်နေစရာ လိုဦးမှာလား။ အမှောင်ရိပ်ထဲမှာ လမ်းလျှောက်နေတဲ့ အလောင်းတစ်ထောင်ဂိုဏ်းလို အဖွဲ့တစ်ခုကပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက်ကို ကြောက်လိမ့်မည် မဟုတ်ပေ။ တခြားဂိုဏ်းများ အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို အပေါ်ယံအားဖြင့် မျက်နှာသာ မပေးပံ့သည့်ဂိုဏ်း ရှိမှာလား။

"ငါမင်းနဲ့ သေတဲ့အထိ တိုက်မယ်"

ဖန်ကျန်းရှန်က အော်ဟစ်လိုက်ပြီး သိုလှောင်လက်စွပ်ထဲကနေ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တစ်ခုကို ဆွဲထုတ်ယူလိုက်ပြီး ပစ်လွှတ်လိုက်သလို ဟန်ဆောင်လိုက်သည်။

"ဒါက ငါတို့ဂိုဏ်းရဲ့ ပန်းဖူးအဆင့် စီနီယာတစ်ယောက် ဖန်တီးထားတဲ့ ပြင်းထန်းသောမီးတောက် ကောင်းကင်လောင်ကျွမ်းခြင်း အဆောင်လက်ဖွဲ့ဖြစ်ပြီးတော့ သူ့တိုက်ခိုက်မှုရဲ့ ဆယ်ပုံတစ်ပုံနဲ့ ညီမျှတယ်။ မင်းငါ့ကို

ဖိအားမပေးနဲ့နော်”

လင်းဟန်က ဒီတစ်ကြိမ်မှာ ကျိန်ဆဲဖို့ကိုတောင် ပျင်းရိသွားပြီး သူ၏ဓားရှည်ဖြင့် မရပ်မနား တိုက်ခိုက်လိုက်သည်။

“သေစမ်းကွာ”

ဖန်ကျန်းရှန်က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို ပစ်လွှတ်လိုက်သည်။ ဟုမ်း။ ချက်ချင်းဆိုသလို စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကနေ ပြင်းထန်တဲ့ မီးတောက်တစ်ခု ထွက်ပေါ်လာပြီး မီးပင်လယ်ကြီး တစ်ခုအဖြစ်ကို ပြောင်းလဲပြီးတော့ လင်းဟန်ဆီကို လောင်ကျွမ်းရင်း ပြေးဝင်လာခဲ့သည်။

လင်းဟန်က မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်သည်။ ချက်ချင်းဆိုသလို မိုးကြိုးအတားအဆီးတစ်ခု ဖြစ်ပေါ်လာပြီး မီးပင်လယ်၏ တိုက်ခိုက်မှုကို ထိခိုက်မှု မရှိအောင် အထဲမှာ ကာကွယ်ထားလိုက်ပြီး လင်းဟန်က သူ၏ဓားနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။

“ဘာ”

ဖန်ကျန်းရှီက မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့သည်။ ဒါက ပန်းဖူးအဆင့် လူတစ်ယောက်၏ တိုက်ခိုက်မှု ဖြစ်ပြီးတော့ လင်းဟန်က အမှန်တကယ်ပဲ ၎င်းကို တားဆီးနိုင်ခဲ့သည်။ ဒါကအရမ်းကို လွန်လွန်းနေသည်။ ဒါပေမဲ့လည်း ဒုတိယအတွေးအတွက် သူ့ကိုအချိန်တောင် မပေးပဲ နတ်ဆိုးရှင်သန်ဓားက သူ၏ခန္ဓာကိုယ် အပေါ်ကနေ အောက်ထိကို ချက်ချင်းပဲ နှစ်ပိုင်း ဖြတ်လိုက်သည်။

လင်းဟန်က သူ၏ဓားကို ဓားအိမ်ထဲ ပြန်သိမ်းလိုက်သည်။ သူ၏လက်ရှိ စွမ်းအားနဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းပြီး သူ၏ခွန်အား အားလုံးနှင့်တကွ အဆင့်နိမ့်ပန်းဖူးအဆင့်၏ တိုက်ခိုက်မှုကို ခုခံကာကွယ်ဖို့ လုံလောက်၏။

လူတိုင်းလူတိုင်း လင်းဟန်ကို ကြောက်ရွံ့စွာနဲ့ ကြည့်နေကြပြီး သူတို့၏ အကြည့်များတွင် အရမ်းကို စိတ်ရှုပ်ထွေးနေမှုများ ပါဝင်နေသည်။

ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့တင် ဘယ်သူကမှ သူ့ကို

ထင်ထင်ရှားရှား ဆန့်ကျင်ပွဲမှာ မဟုတ်ပါဘူး။ ထို့ပြင် သူ၏တိုက်ပွဲ စွမ်းရည်က ပိုပြီးတော့တောင် ယုတ္တိမဆန်ပဲ အစွမ်းထက်လှသည်။ လင်းဟန်နဲ့ တစ်ချိန်တည်း ခေတ်တစ်ခုမှာ အတူတူ မွေးဖွားလာရတာက အကြီးအကျယ် ကံဆိုးမိုးမှောင်ကျခြင်းပဲ ဖြစ်ပေလိမ့်မည်။

လင်းဟန်က တခြားသူတွေ သူ့ကို ဘယ်လိုပဲကြည့်ကြည့် ဂရုမစိုက်ပါဘူး။ သူက ယွဲ့ခိုင်ယုကို ပြုံးပြီးတော့ ပြောလိုက်သည်။

"ဘုရင်အဆင့်သားရဲကောင်ရဲ့ ပိုပြီးတော့ အာဟာရပြည့်စေတဲ့ အသားကိုတော့ ညကျမှ စားကြတာပေါ့"

ယွဲ့ခိုင်ယုက ထိတ်လန့်သွားပြီးတော့ လင်းဟန်ကို ပြောလိုက်သည်။

"နောက်ထပ်လား"

ဒါဆိုရင် ဒီလိုမျိုး အံ့မခန်း အာဟာရ ဖြည့်စေတဲ့ အရာကို သူ့ထပ်ပြီးတော့ စားလို့ရနိုင်ဦးမှာပေါ့။ သူ့အနေနဲ့ ဒါကို မယုံကြည်နိုင်အောင် ဖြစ်နေခဲ့သည်။ လင်းဟန်က

မှားယွင်းပြီးတော့ ပြောနေတာလားဟုတောင် စဉ်းစားလိုက်ပြီးမှ ရယ်ရယ်မောမောနဲ့ ပြောလိုက်သည်။

"ဒီသားရဲကောင်ကို သုတ်သင်ပစ်ဖို့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်လွှာတစ်ခုကို ဖြုန်းတီးလိုက်မှတော့ ဒီအသားကို ပြန်စားဖို့ ထိုက်တန်တာပေါ့"

လင်းဟန်က သူ၏ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်သည်။

"မင်းမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာ တစ်ခုထက်မက သေချာပေါက် ရှိပါတယ်။ ငမွဲတစ်ယောက်လို ဟန်ဆောင်မနေပါနဲ့"

ယွဲ့ခိုင်ယုက ခါးခါးသီးသီး ပြုံးလိုက်သည်။ ကြည့်ရသည်မှာ လင်းဟန်၏ စကားများက ချက်ကောင်း ထိသွားပုံရသည်။

"စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာတွေက ဈေးပေါတယ်လို့ မင်းထင်နေတာလား။ အသုံးပြုရတဲ့ ဒီစာရွက်တွေ မင်တွေ စုတ်တံတွေ အားလုံးက အရမ်းကို တန်ဖိုးကြီးတဲ့ ပစ္စည်းတွေနဲ့ လုပ်ထားတာပဲ။ နောက်ပြီးတော့ ငါ့ရဲ့အဘိုးကလည်း အမိန့်စာလွှာတစ်ခုကို ရေးဆွဲပြီးရင် ပြန်လည်ကောင်းမွန်လာဖို့ လပေါင်းများစွာ အနားယူဖို့

လိုအပ်တယ်”

လင်းဟန်က သူ့ကိုဂရုမစိုက်တော့ပဲ အရမ်းကို ပျင်းရိစွာဖြင့် ရေကန်ကို စူးစိုက်ကြည့်ပြီးတော့ ပြောလိုက်သည်။

“ဒီကြောက်စရာကောင်းတဲ့ အအေးဓာတ်က တဖြည်းဖြည်းနဲ့ လျော့နည်းပြီး အနွေးဓာတ်တွေ စပြီးတော့ ရောက်လာပြီ။ ဒီနေရာတစ်ခုလုံး အေးနေတာက ဒီထူးခြားတဲ့ သားရဲကောင်ကြောင့် ဖြစ်နေမလား”

Chapter 473 end

အပိုင်း(၄၇၄) ရေကန်၏ အောက်ခြေမှ ဗိမာန်များ

ထူးခြားသော သားရဲ သေသွားသည်နှင့် ရေကန်မှ ထွက်ပေါ်နေသော အအေးဓာတ်က သိသာစွာ လျော့ကျသွားခဲ့သည်။ ဤထူးခြားသော သားရဲကောင်က ရေခဲဓားသွားတွေကို ဘယ်လိုမျိုး ထုတ်လွှတ်တိုက်ခိုက်ခဲ့သည် ဆိုတာကို ပြန်စဉ်းစားကြည့်လိုက်မည် ဆိုပါက ၎င်းက ရေအမျိုးအစားနဲ့ ရေခဲဒြပ်စင် သားရဲတစ်ကောင် ဖြစ်လိမ့်မည်။ ၎င်း၏တည်ရှိမှုက ပတ်ဂန်းကျင်ကို အကျိုးသက်ရောက်စေပြီး ရေကန်ကို အေးသွားစေခဲ့ပြီး

နောက်ပိုင်းတွင် အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးများကို တည်ရှိလာစေခဲ့သည်။

"မကောင်းတော့ဘူး။ ဒီသားရဲသေသွားတာနဲ့ ရေကန်ကလည်း ပြန်ပြီးတော့ နွေးထွေးလာပြီး ဒီအကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးတွေ အားလုံးသေကုန်လိမ့်မယ်"

လင်းဟန်က အတော်လေးကို ဂမ်းနည်းစွာဖြင့် ပြောလိုက်သည်။

သို့ပေမဲ့လည်း ဤနေရာတွင် အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါး အများကြီး မကျန်တော့ပါဘူး။

"ဒါတွေကို မဖြုန်းတီးသင့်ဘူး"

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ ပြောလိုက်သည်။

"ရေထဲကို ဆင်းပြီးတော့ ငါးဖမ်းကြစို့"

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး လီစီရှန်းကို ပြောလိုက်သည်။

"ကမ်းစပ်မှာပဲ နေခဲ့"

အေးစိမ့်မှုတွေက စတင်လျော့ပါးသွားပေမဲ့ နွေဦးစမ်းရေအဆင့် အတွက်တော့ ခံနိုင်စွမ်း မရှိသေးပါဘူး။ ရေကန်၏ အပူချိန်က နောက်တစ်ရက် နှစ်ရက်ခန့် ကြာသည့်အခါ မူလအခြေအနေကို ပြန်လည်ရောက်ရှိသွားဖို့ဆိုတာ ဖြစ်နိုင်ချေရှိ၏။

လီစီရှန်းက ခေါင်းညိတ်လိုက်သည်။ သူမကိုယ်သူမ သိုင်းပညာမှာ ဘယ်တုန်းကမှ ကြိုးစားပြီး တွန်းအားမပေးခဲ့ပါဘူး။

သူတို့သုံးယောက်စလုံး ရေကန်ထဲကို ဆင်းသွားခဲ့ကြသည်။ တခြားလူတွေထဲက လူတချို့လည်း ရေကန်၏ အပူချိန်က ပြောင်းလဲသွားတာကို ခံစားရပြီး တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းသွားပြီး မူလစွမ်းအင်ကို ဒိုင်းတစ်ခုကဲ့သို့ ထုတ်လွှတ်ထားပြီး ရေထဲမှာ ထင်ရာမြင်ရာကို ကူးခတ်သွားကြသည်။

စိတ်ဝိညာဉ် ပလ္လင်အဆင့် သိုင်းပညာရှင်များအတွက် အသက်တစ်ခါရှူပြီး တစ်နာရီခန့် အသက်အောင့်ထားနိုင်ပြီး ဒိုင်းကာအတွင်းမှ လေနှင့်ပေါင်းလိုက်လျှင်

တစ်ရက်လောက်ထိ ရေကန်ထဲမှာ နေနိုင်ပြီး ပြဿနာလုံးဝ မရှိနိုင်ပေ။ ထို့ကြောင့် အားလုံးပဲ ရေကန်၏ အောက်ခြေထိ အသက်ရှူကျပ်မှာကို စိုးရိမ်ပူပန်နေစရာမလိုပဲ သူတို့စိတ်ကြိုက်သွားလာနိုင်ပေသည်။

ရေကန်က ရေတွေက အတော်လေးကို အေးစက်နေဆဲ ဖြစ်ပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူများအတွက်တော့ ခံနိုင်ရည်ရှိပေသည်။ လူတိုင်းလူတိုင်း နေရာအနှံ့ ပြန့်ကျက်ပြီး အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးကို ရှာဖွေနေကြသည်။

သူတို့သုံးယောက်လည်း လူစုကွဲသွားခဲ့ကြသည်။ ရေခဲနှလုံးသားငါးတွေက အထင်ကြီးလောက်တဲ့ သားရဲတွေမဟုတ်ပဲ သူတို့တွေ ပူးပေါင်းပြီး ဖမ်းနေစရာ မလိုပေ။

မိနစ်အနည်းငယ် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ကန်၏အောက်ခြေကို ရောက်ရှိသွားပြီး တော်တော်လေးကို ပျက်စီးနေတဲ့ အဆောက်အအုံများစွာကို မြင်တွေ့လိုက်သည်။ ကြည့်ရသည်မှာ ထိုအဆောက်အအုံများက မြေငလျင်ဒဏ်ခံရပြီးတဲ့ နောက်မှာ ရေကန်၏ အောက်ခြေကို နစ်မြုပ်လာတာ

ဖြစ်ပါလိမ့်မည်။

လင်းဟာန်ရဲ့ နလုံးသားက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ထိုနေရာသို့ ကူးခတ်သွားလိုက်သည်။

ရေကန်ထဲက ငါးတွေကို သုံးရက်တိုင်တိုင် ဖမ်းဆီးခဲ့သည့်အတွက် ကန်ထဲမှာ အများကြီး မကျန်တော့ပါဘူး။ ထို့ပြင် အခုလူတွေအများကြီးက ရေကန်ထဲဆင်းပြီး ငါးဖမ်းနေတာ ဖြစ်တဲ့အတွက် လူဘယ်နှစ်ယောက်များ ဖမ်းမိနိုင်မှာလဲ။ သူက စုစုပေါင်း ခြောက်ရာ ခုနစ်ရာခန့် ရရှိခဲ့ပြီး ဆယ်ဂဏန်းလောက်ကို လုံးဝဂရုမစိုက်ပါဘူး။

ရေကန်၏ အောက်ခြေတွင် အဆောက်အအုံပေါင်း ရှစ်ခုကိုးခုခန့် ရှိနိုင်သည်။ ဘာကြောင့်လဲဆို ၎င်းအဆောက်အအုံများက ရေကန်၏ ရွှံ့နွံအောက်မှာ မြုပ်နေပြီး ထိပ်ပိုင်းလောက်ပဲ ထွက်ပေါ်နေတာ ဖြစ်သည်။ လင်းဟာန်အနေဖြင့် ရေကန်၏ အောက်ဘက် ပိုနက်သော နေရာတွင် အဆောက်အအုံ မည်မျှရှိသလဲ ဆိုတာကို မသိပါဘူး။

သူ၏လက်ဝါးများဖြင့် ညင်သာစွာ ဖိနှိပ်လိုက်မှုကြောင့်

အားတစ်ခုက ထွက်ပေါ်လာခဲ့သည်။ သူ၏အရှေ့တွင် အထပ်နှစ်ဆင့်ပါသည့် အဆောက်အဦးတစ်ခု ပေါ်လာခဲ့ပြီး သူကဒုတိယထပ်၏ ပြတင်းပေါက်ထဲကို တန်းပြီးတော့ ကူးခတ်ဝင်ရောက် သွားလိုက်သည်။

ဒီအခန်းက စာကြည့်ခန်းတစ်ခု ဖြစ်သည်။ သို့ပေမဲ့ စာအုပ်စင်ပေါ်က စာအုပ်များကတော့ အချိန်၏ တိုက်စားမှုဒဏ်ကြောင့် ဆွေးမြေ့ပျက်စီးကုန်ပြီး အဖုံးတချို့ပဲ ကျန်တော့ပြီး ရေထဲမှာ မျောနေသည်။ လင်းဟန်က ရောက်ရှိသွားခဲ့ပြီး စာအုပ်တစ်အုပ်ကို ညင်သာစွာဖြင့် ဖမ်းဆုပ်လိုက်သည်။

"ဖူနိုင်ငံ၏ မြေမျက်နှာသွင်ပြင် မှတ်တမ်း"

ဤကြီးမား ကျယ်ပြန့်သော ကုန်းမြေကြီးထဲမှာ ဖူနိုင်ငံလို့ခေါ်တဲ့ နေရာတစ်ခု ရှိခဲ့တာလား။

လင်းဟန်က သိပ်ပြီးတော့ မသေချာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ယခင်ဘဝတုန်း ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီး၏ နေရာနာမည်တွေက အခုချိန်နဲ့ နှိုင်းယှဉ်ရင် 'အကြီးအကျယ် ကွဲပြားခြားနားသွားခဲ့ပြီ ဖြစ်သည်။ လွန်ခဲ့တဲ့ နှစ်ပေါင်း

နှစ်သောင်း ဒါမှမဟုတ် ငါးသောင်းက နေရာတွေရဲ့ နာမည်တွေက တူညီဦးမယ်လို့ ဘယ်သူက အာမခံနိုင်မှာလဲ။

ဒီနေရာက ဖူနိုင်ငံလို့ ခေါ်တဲ့ နေရာတစ်ခု ဖြစ်နိုင်ပေသည်။

သူက နောက်ထပ် အဖုံးတစ်ခုကို ဖမ်းဆုပ်လိုက်သည်။

"ဂေါ်ပါအစီအရင်များအပေါ် လွတ်လပ်စွာ ပြောင်းလဲနိုင်သည့် သုံးဆယ့်ခြောက်မျိုး"

လင်းဟန်က ချက်ချင်းဆိုသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။ ဂေါ်ပါအစီအရင်တွေ။

ဘယ်လောက်တောင် ကံမကောင်းလိုက်တာလဲ။ ဒါကအဖုံးပဲ ကျန်ပါတော့တယ်။ အကယ်၍များ သူ့အနေနဲ့ တချက်လောက် ကြည့်ရှုနိုင်မယ်ဆိုရင် သူရဲ့ ဂေါ်ပါအစီအရင် ထိန်းချုပ်နိုင်ခြင်း အဆင့်အတွက် အကြီးအကျယ် ကူညီမှု ပေးနိုင်ပေလိမ့်မည်။

သူက နောက်ထပ် မျက်နှာဖုံးသုံးခုကို ဆုပ်ယူလိုက်ပြီး မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့ အခါမှာ လင်းဟန်၏ အမူအရာက မထင်မှတ်ပဲ ပြောင်းလဲသွားခဲ့သည်။

"ဟင်းလင်ပြင်ဆေးလုံး မွန်းမံခြင်းအပေါ် ထိုးထွင်းသိမြင်နိုင်စွမ်း၊ အနီရောင်သစ်ရွက်ဆေးလုံး၊ ခရမ်းရောင်ရွှေအဆင်း ဆေးလုံး"

ဒါက မှော်ဆေးပညာရှင် တစ်ယောက်၏ လက်ရေးမူ ဖြစ်ပြီး မှော်ဆေးလုံး အမျိုးအစား သုံးမျိုးကို မွမ်းမံဖော်စပ်ခြင်း၏ အသေးစိတ် အချက်အလက်တွေကို ထည့်သွင်းရေးသားထားတာ ဖြစ်နိုင်သည်။ ဒါက သူနဲ့ သိပ်မကျွာပါဘူး။ သူရဲ့ယခင်ဘဝတုန်းကလည်း ရေးမှတ်ထားဖူး၏။ လင်းဟန်ကလည်း သူ့ရဲ့မှော်ဆေးပညာရှင် တပည့်နှစ်ယောက် မှီငြမ်းကိုးကားနိုင်ဖို့အတွက် ဆေးလုံးဖော်စပ်ပြီးတဲ့နောက်မှာ မှတ်စုထုတ်ခဲ့သည်။

လင်းဟန်ကို အံ့သြသွားစေခဲ့တာက စကားလုံးလေးလုံးကြောင့် ဖြစ်သည်။ ခရမ်းရောင်ရွှေအဆင်း မှော်ဆေးလုံး။

ဤသည်ကား နတ်ဘုရားဆေးလုံး အမျိုးအစား တစ်ခုဖြစ်သည်။

ယခင်ဘဂတုန်းက သူရဲ့နောက်ပိုင်းအချိန် အများစုကို ရှေးဟောင်းနယ်မြေ တော်တော်များများထဲ ဂင်ရောက်ခဲ့ပြီး ကြီးကျယ်ခမ်းနားတဲ့ ရှေးခေတ်က မှော်ဆေးပညာရှင်များ နေထိုင်ရာ နေအိမ်များမှ ကိုယ်တိုင်ရေး မှတ်စုအနည်းငယ်ကို ရရှိခဲ့သည်။ အဲဒီမှတ်စုများ အပေါ်တွင် ခရမ်းရောင် ရွှေအဆင်းဆိုသည့် ဆေးလုံးနာမည်ကို တစ်ကြိမ်မြင်တွေ့ခဲ့ဖူးသည်။

ခရမ်းရောင်ရွှေအဆင်း ဆေးလုံး။ ဤဆေးတစ်လုံးကို စားလိုက်တဲ့အခါမ ပေါက်ကွဲပြီးတော့ မသေသရွှေ့ သေမျိုးတွေက နတ်ဘုရားများ ဖြစ်လာနိုင်သည်။

ဒါက ဘယ်လိုမျိုး နတ်ဘုရားဆေးလုံး အမျိုးအစားလဲ။

လင်းဟာန်က နတ်ဘုရားဆေးလုံးတွေကိုလည်း အဆင့်တွေ ခွဲခြားထားလိမ့်မယ်လို့ ယုံကြည်သည်။ ထို့ပြင် သာမန်နတ်ဘုရား ဆေးလုံးတစ်လုံးက ဘယ်လိုလုပ်ပြီးတော့ သေမျိုးတစ်ယောက်ကို နတ်ဘုရားတစ်ပါး အဖြစ်ကို ပြောင်းလဲသွားနိုင်မှာလဲ။ ဒါပေမဲ့လည်း ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ ဘယ်လိုနတ်ဘုရားဆေးလုံး အမျိုးအစားကိုမှ ဖော်စပ်ဖို့ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဤနေရာတွင် ပါဂင်ပစ္စည်းများ

မရှိပေ။

ဤနေရာတွင် ဆေးလုံးအမျိုးအစား သုံးမျိုးကို ဘေးတစ်ဖက်တစ်ချက်စီတွင် ထားထားသည်။ အားလုံးက နတ်ဘုရားဆေးလုံးတွေ ဖြစ်နိုင်၏။

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ လူတစ်ယောက်က နတ်ဘုရားဆေးလုံးတွေကို ဖော်စပ်နိုင်ပြီး အရမ်းကို အဆင့်မြင့်တဲ့ နတ်ဘုရားဆေးလုံးတွေ ဖြစ်နိုင်သည်။

လုံးဝကို မဖြစ်နိုင်ဘူး။

လင်းဟာန်၏လက်များက အနည်းငယ် တုန်လှုပ်သွားပြီး စိတ်ထဲကနေ သုံးသပ်နေခဲ့သည်။ ဒီလျှို့ဝှက်ဆန်းကြယ် နယ်မြေက နတ်ဘုရားတစ်ပါး ပိုင်ဆိုင်ပြီး နတ်ဘုရားနယ်မြေထဲက ဆေးဖော်စပ်တဲ့ နေရာတစ်ခုဖြစ်ပြီးတော့ အဆင့်နိမ့်အောက်ဘုံကို သယ်ယူလာခဲ့တာရော ဖြစ်နိုင်မလား။

ဒီခန့်မှန်းသုံးသပ်ချက်က မှန်နိုင်ဖို့ရာ အရမ်းကို ကြီးမားတဲ့ အခွင့်အရေးရှိသည်။ ဘာဖြစ်လို့လဲဆို ရန်ထန်းဇောင်က ဓနေရာသီနန်းတော်ကနေ တစ်စုံတစ်ခုကို လိုချင်နေခဲ့သည်။

ရန်ထန်းဇောင်က ဘယ်သူလဲ။

သေမျိုးခန္ဓာကိုယ်နဲ့ ဆိုပေမဲ့ သူက နတ်ဘုရားတစ်ပါး၏ မှတ်ဉာဏ်တွေကို လက်ခံရရှိခဲ့ပြီး လင်းဟန်လို ကောင်းကင်အဆင့်ကနေ ပြန်လည်မွေးဖွားလာသူထက်တောင် ပိုမိုပြီးတော့ အသိဉာဏ် ပြည့်ဝနေသည်။ ဤကဲ့သို့သော လူစားမျိုးက ငမ်းငမ်းတက် လိုချင်နေတဲ့ ပစ္စည်းက ဘယ်လိုလုပ်ပြီး သာမန်ဖြစ်နိုင်မှာလဲ။

၎င်းက နတ်ဘုရားပစ္စည်းတစ်ခု ဖြစ်ပေမည်။

အကယ်၍ ဒီနေရာက နတ်ဘုရားနယ်မြေကနေ ခွာထုတ်လာတဲ့ အစိတ်အပိုင်းတစ်ခု ဆိုလျှင် ဘာကြောင့် ဒီနေရာက စိတ်ဂိညာဉ်ချီတွေက အရမ်းကို ထူထပ်ပေါများ ကြွယ်ဝနေရသလဲ ဆိုတာကို နားလည်ဖို့အတွက် အရမ်းကို လွယ်ကူသွားပါလိမ့်မယ်။ ထို့အပြင် ဘာကြောင့် ဒီနေရာမှာရှိတဲ့ သားရဲကောင်တွေ၏ ဦးခေါင်းခွံပေါ်မှာ အရိုးပုံစံတွေ ရှိနေတာလဲ။ ဘာကြောင့်လဲဆိုတော့ ဒီအကောင်တွေက နတ်ဘုရား နယ်မြေက သားရဲကောင်တွေ ဖြစ်နေလို့ ဖြစ်ပြီး အရမ်းကို ရိုးရှင်းလှသည်။

လင်းဟာန်၏ နလုံးခုန်နှုန်းတွေက မြန်ဆန်လာပြီးတော့ သူ့အနေနဲ့ နတ်ဘုရားနယ်မြေက အမွေခံ ပစ္စည်းတစ်ခုကို ရရှိနိုင်လိမ့်မှာလား။

လပြွတ်ပဲ။ အရမ်းကို ထူးခြားအံ့ဩဖို့ ကောင်းပေသည်။

ဒီထင်မြင်ချက်နှင့်အတူ လင်းဟာန်က ပိုပြီးတော့ ဂရုစိုက်ပြီး ရှာဖွေလိုက်သည်။ ဤနေရာမှာ ရှာလို့တွေ့သမျှ ဘယ်အရာမဆို နတ်ဘုရားအဆင့် ရတနာတစ်ခု ဖြစ်နိုင်လိမ့်မည်။

ဒါပေမဲ့လည်း သူက စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့သည်။ အခန်းထဲက ပစ္စည်းအများစုက သာမန်ပဲ ဖြစ်ပြီးတော့ စာအုပ်တွေထဲက စက္ကူတွေလည်း ပျက်စီးသွားပါပြီ။ သစ်သားတွေလည်း နတ်ဘုရားသစ်သား အမျိုးအစားတွေ မဟုတ်ပဲ ဆွေးမြည့်ကုန်ပါပြီ။ အုတ်တွေလည်း အတူတူပဲ ဖြစ်ပြီးတော့ အနည်းငယ်ပဲ ပိုမိုမာကျောသည်။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အကုန်လုံးယူသွားမယ်။

အတွေးတစ်ချက်နဲ့ ထိလိုက်ပြီး လင်းဟာန်က စံအိမ်တစ်ခုလုံး

အနက်ရောင် မျှော်စင်ထဲကို သိမ်းဆည်းလိုက်သည်။ အနက်ရောင် မျှော်စင်ထဲက နေရာက အရမ်းကို ကြီးမားပြီး ပြည့်သွားမှာကို စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

သူက နောက်ထပ် စံအိမ်တစ်ခုဆီကို ကူးခတ်သွားပြီး နောက်တစ်ကြိမ် ထည့်သိမ်းလိုက်သည်။ ထို့နောက် တတိယမြောက် အဆောက်အဦးကိုလည်း အနက်ရောင် မျှော်စင်ထဲကို ရွှေ့လိုက်သည်။

အဲဒီအချိန်မှာ တစ်စုံတစ်ယောက်က ရေကူးပြီးတော့ ရောက်လာခဲ့ပြီး အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးရဲ့ စိတ်ဂင်စားစရာ အရိပ်အယောင်တစ်ခုမှ မတွေ့မြင်ရပဲ ရေကန်၏ အောက်ခြေက ရွံ့တွေနှုန်းတွေထဲမှာ နစ်မြုပ်နေတဲ့ အဆောက်အအုံများကို စိုက်ကြည့်လိုက်သည်။

ဒါက မိန်းကလေး တစ်ယောက်ဖြစ်ပြီး သူမ၏ ကျင့်ကြံခြင်းက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိသည်။ ဒါပေမဲ့ သူမက အသက်သုံးဆယ်ကျော်ဖြစ်ပြီး ယခင်ပါရမီရှင် အဆင့်ဇယား မျိုးဆက်ထဲက တစ်ယောက် ဖြစ်နိုင်ပေသည်။ သူမကို ကြည့်ရတာ အလှပဆုံး အချိန်တွေကို ကုန်လွန်သွားခဲ့ပြီ ဆိုပေမဲ့ အကောင်းဆုံး ထိန်းသိမ်းထားနိုင်ပုံရသည်။ သူမ၏ မျက်လုံးများကား

ဆေးခြယ်ထားသလို တူပြီးတော့ သူမ၏ ချယ်ရီနှုတ်ခမ်းများက သွေးလိုမျိုး အနီရောင်တောက်ပနေပြီး အရမ်းကို ဆွဲဆောင်မှု ရှိပေသည်။

အသက်နှစ်ဆယ်အရွယ် မိန်းမပျို တစ်ယောက်နှင့် နှိုင်းယှဉ်ရမယ်ဆိုရင် ဤအသက်အရွယ် အမျိုးသမီးတစ်ယောက်က သူမ၏ ဖွံ့ထွားနေတဲ့ ခန္ဓာကိုယ်နဲ့ ရာဂစိတ်ကို နှိုးဆွနိုင်မှုမှာ အနိုင်ရရှိပြီး မှည့်ဝင်းပြည့်ဖြိုးပြီး အရည်ရွှမ်းနေတဲ့ မက်မွန်သီးတစ်လုံးနဲ့ တူသည်။

လင်းဟာန်ကို မြင်လိုက်တဲ့ အခါမှာ အမျိုးသမီးက လင်းဟာန်ကို ခေါင်းညိတ်ပြလိုက်သည်။ ဒါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အတွက် ရှိသေလေးစားမှုတစ်ခု ဖြစ်သည်။

သူမက အဆောက်အဦးတစ်ခု အထဲကို ကူးခတ်ဝင်ရောက်သွားပြီးတော့ စတင်ရှာဖွေ လိုက်သည်။

လင်းဟာန်က အဆောက်အဦးတွေကို လက်လွတ်စပယ်နဲ့ကို ဆက်ပြီးတော့ သိုလှောင်သိမ်းဆည်း နေပါသည်။

Chapter474 end

အပိုင်း(၄၇၅) နတ်ဘုရားကျောင်းဆောင်

မိနစ်အနည်းငယ်မျှ ကြာပြီးတဲ့နောက်မှာ အမျိုးသမီးက အဆောက်အဦးထဲကနေ ထွက်လာပြီး ပဟေဋ္ဌိဖြစ်နေတဲ့ အမူအရာ ဖြစ်ပေါ်နေခဲ့ပါတယ်။

သူမအသေအချာ မှတ်မိတာက ဒီအနီးအနား တပိုက်မှာ ပျက်ဆီးနေတဲ့ အဆောက်အဦးနဲ့ ဆိုင်ငယ်လေးတွေ တော်တော်များများရှိခဲ့ပါတယ်။ ဒါပေမဲ့ အခု ဘယ်လိုလုပ်ပြီးတော့ အားလုံး ပျောက်ကုန်တာလဲ။ သူမရဲ့ အတွေးတွေကို မျှားယူနေစရာတောင် မလိုတော့ပဲ လင်းဟန်က ကူးခတ်လာပြီး တစ်ချက်ရိုက်လိုက်တာနဲ့ သူမအနောက်က အဆောက်အဦးက ပျောက်ကွယ် သွားခဲ့ပါတယ်။

ဘာကြီးလဲ။

အမျိုးသမီးရဲ့ မျက်နှာပေါ်မှာ ထူးခြားဆန်းကြယ်ပြီး အံ့အားသင့်နေတဲ့ အမူအရာတွေ ဖြတ်သွားခဲ့သည်။ ဒါဆိုရင် ဒီအဆောက်အဦးတွေနဲ့ ဆိုင်ငယ်လေးတွေ အားလုံးကို လင်းဟန်က ယူသွားတာပေါ့။

မင်းက အမိုက်ကောက်သမား တစ်ယောက်လား။ သူမက အဆောက်အဦးထဲမှာ တန်ဖိုးရှိတဲ့ အရာတွေ လုံးဝမရှိဘူး ဆိုတာကို မြင်တွေ့ခဲ့ပြီးပါပြီ။ သူမတောင်မှ ယူဖို့အတွက် ကြိုက်နှစ်သက်မှု မရှိတာ ဂုဏ်သိက္ခာရှိတဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုရင် ပိုလောပေါ့။

ဒါပေမဲ့လည်း သူမက ချက်ချင်းဆိုသလို အံ့အားသင့်သွားခဲ့ပါတယ်။ အဆောက်အဦးတစ်ခုကို အခုလိုမျိုး သိုလှောင်သိမ်းဆည်းနိုင်တယ်ဆိုတော့ အဲဒီသိုလှောင်လက်စွပ်က ဘယ်လောက်များ ကြီးမားနေတာလဲ။

လင်းဟန်က လုံးဝကို ဂရုမစိုက်ပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က သူရဲ့ သိုလှောင်လက်စွပ်က ဧရာမကြီးဆိုတာ သိသွားရင်တောင်မှ ဘယ်သူက သူ့ဆီကနေ လုယက်ပုံ့မှာလဲ။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သိုလှောင်လက်စွပ် တစ်ကွင်းအတွက် အပြစ်ပြုမိတာက လုံးဝကို မတန်ပါဘူး။ သိုလှောင်လက်စွပ်ရဲ့ နေရာလွတ်က ဘယ်လောက်ပဲကြီးကြီး ကိစ္စမရှိပါဘူး။

ဒါပေါ့ တကယ်လို့ သူတို့က အနက်ရောင် မျှော်စင်ရဲ့ အစစ်အမှန် အသုံးပြုပုံကို သိသွားမယ် ဆိုရင်တော့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပါဦးတော့ ပြဿနာက ရှိလာပါပြီ။ နတ်ဘုရားတွေတောင်မှ အတင်းအကျပ် သူ့ကို ဓားပြတိုက်ကြပါ လိမ့်မယ်။

လင်းဟန်က အဆောက်အဦးတွေရဲ့ အောက်ခြေက မြေကြီးကို စပြီးတော့ တူးလိုက်ပါတယ်။ အဆောက်အဦး တော်တော်များများရဲ့ ထိပ်ဖျားတွေ ထွက်ပေါ်လာခဲ့သည်။

တစ် နှစ် သုံး။ စုစုပေါင်း အဆောက်အဦး သုံးခုဖြစ်ပြီးတော့ သူက အရမ်းကို ကျေနပ်ပီတိ ဖြစ်ပြီးတော့ အားလုံးကို သိုလှောင်သိမ်းဆည်း လိုက်ပါတယ်။ တကယ်လို့ ဒါတွေက ဘာမှ မဟုတ်ဘူး ဆိုရင်တောင်မှ အချိန်အများကြီး ဖြုန်းတီးစရာမှ မလိုတာ။ ဒါပေမဲ့ တကယ်လို့ အဲဒီမှာ အခွင့်အရေး နည်းနည်းကြောင့် ပစ္စည်းတချို့ ရရှိခဲ့မယ်ဆိုရင် အကျိုးအမြတ်က အရမ်းကို ကြီးမားပါလိမ့်မယ်။

ဘာလဲဟ။

လင်းဟန်က ခေါင်းမိုးတစ်ခုကို ရှာတွေ့ခဲ့ပြီး ၎င်းကို ဖိပြီးတော့

အထဲမှာ ထည့်သိမ်းလိုက်ပါတယ်။ ဟုတ်ပါတယ်။ အဲဒီခေါင်မိုးက အဲဒီနေရာမှာပဲ ဆက်ပြီးတော့ ရှိနေပြီး အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလို့ မရဘူးဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။ သူကနောက်တစ်ကြိမ် ထပ်ကြိုးစားတယ်။ ဒါပေမဲ့ လုံးဝမထိရောက်ပဲ အချည်းနှီးပါပဲ။ ဒါက ထူးဆန်းတယ်ဆိုတာ သိလိုက်ရပြီး သူက အနီးကပ် သေချာလေ့လာကြည့်ပါတယ်။ ဒီခေါင်မိုးက တကယ်ပဲ အတော်လေးကို ကွဲပြားခြားနား နေပါတယ်။

ဒါက ဘုရားရှစ်ခိုးကျောင်းလိုမျိုး နေရာတစ်ခုရဲ့ ခေါင်မိုးနဲ့တူပါတယ်။ ခေါင်းမိုးထိပ်တစ်ခုလုံး အုတ်ကြွပ်ပြားတွေနဲ့ မဟုတ်ပဲ လုံးဝကို ရွှေသားအတိ ပြီးနေပါတယ်။

ဘာဖြစ်လို့ ဒါကို အနက်ရောင် မျှော်စင်ရဲ့ အထဲကို ထည့်သိမ်းလို့ မရတာလဲ။

လင်းဟာန်က သူရဲ့ လက်တွေနဲ့ ပွတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရေကန်ရဲ့ အောက်ခြေက ဖုန်တွေထကုန်ပြီး ရေနဂါးတစ်ကောင် တွန့်လိမ်လိုက်သလို ရေကန်ရဲ့အောက်ခြေ တစ်ခုလုံး နောက်ကျိသွားခဲ့ပါတယ်။ လူတစ်ယောက်အနေနဲ့ သူ့ရဲ့ကိုယ်ပိုင် လက်ချောင်းတွေကို

မြင်ဖို့တောင်မှ တော်တော်လေး ခဲယဉ်းသွားပါတယ်။

လင်းဟန်က ပိုပိုပြီးတော့ အံ့အားသင့်လာခဲ့ပါတယ်။ ရေကန်ရဲ့အောက်ခြေမှာ အဆောက်အဦးရဲ့ အစိတ်အပိုင်းက ပိုပိုပြီးတော့ ထွက်ပေါ်လာခဲ့ပါတယ်။ ရွှေရောင်နံ့ရံတွေက တခြားသော အဆောက်အဦးတွေနဲ့ လုံးဝကို မတူညီ ကွဲပြားခြားနားပြီး သုံးပေလောက် တူးပြီးတဲ့ နောက်မှာတောင် အဆောက်အဦး တစ်ခုလုံးက ပေါ်ထွက်မလာသေးပါဘူး။

ထူးဆန်းတဲ့ အရာတစ်ခုက ဒီအဆောက်အဦးက အမှန်တကယ်ပဲ တြိဂံပုံစံ ရှိပြီးတော့ အပေါ်ကနေ အောက်ကို ဆင်းသွားပြီး အဆောက်အဦး မျက်နှာပြင် ဧရိယာရဲ့ အကြီးမားဆုံး ဖြစ်ပါတယ်။ အစောပိုင်းတုန်းက လင်းဟန်တွေ့ခဲ့တာက အဆောက်အဦးရဲ့ ခေါင်မိုးထိပ် အပိုင်းလေး တစ်ခုပဲ ဖြစ်ပါတယ်။

ထူးဆန်းတာက လင်းဟန်အနေနဲ့ ပြတင်းပေါက် တစ်ခုတလေကိုတောင် မမြင်တွေ့ရပါဘူး။ သူက သတ္တုအပိုင်းအစ တစ်ခုကို တူးထုတ်လိုက်ရသလိုမျိုးပါပဲ။ မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလွန်းပါတယ်။

သူက ပိုပိုပြီးတော့ သိချင်စိတ်တွေ ပြင်းပြလာခဲ့ပါတယ်။ ပြီးတော့ တစ်ဖက်က အမျိုးသမီးလည်း စိတ်ဝင်စားလာခဲ့ပြီး တဖက်ကနေ တူးနေပါတယ်။

ရေကန်ရဲ့ အောက်ခြေမြေသားက ပျော့ပျောင်းပြီး အစွမ်းထက်တဲ့ စိတ်ဂိုဏ်ဥ ပလ္လင်အဆင့် စစ်သည်တော် နှစ်ယောက်ရဲ့ တူးဆွမှုကြောင့် ပေပေါင်းသုံးရာကို တူးဖော်လိုက်ပြီး ရွှေအဆောက်အဦးကြီးကလည်း ပိုပိုပြီးတော့ ပေါ်လွင်ထင်ရှား လာခဲ့ပါတယ်။

ဒါပေမဲ့လည်း အခုထိ အောက်ခြေကို မရောက်သေးသလို အဆောက်အဦးမှာ ပြတင်းပေါက် မရှိ တံခါးပေါက်လည်း မတွေ့ရှိရသေးပါဘူး။

ထူးဆန်းတယ်။

လူတွေကလည်း ပိုပိုပြီးရောက်လာကြပါတယ်။ ဒီနေရာမှာ အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါး အများကြီး မကျန်တော့ပါဘူး။ ဒါကြောင့် တစ်ခဏမျှ ယှဉ်ပြိုင်ပြီးတဲ့နောက်မှာ လူတိုင်းလူတိုင်း ငါးမျှားတာကို ရပ်ပြီးတော့ သူတို့ရဲ့ အကြည့်တွေက ဒီနေရာကို ပြောင်းလာခဲ့ပါတယ်။

ရေကန်ရဲ့ အောက်ခြေမှာ ဒီလိုမျိုး အဆောက်အအုံတစ်ခု ရှိနေတာက တကယ်ပဲ ထူးဆန်းပါတယ်။

လူတိုင်းလူတိုင်းပဲ ရေကန်၏ အောက်ခြေကို စတင်တူးဆွလိုက်ကြပါတယ်။

ပေထောင်ပေါင်းများစွာ တူးဆွပြီးတဲ့နောက်မှာတော့ သူတို့က အောက်ခြေအထိကို တူးလို့ ပြီးသွားပြီး အဆောက်အဦးတစ်ခုလုံးရဲ့ ပုံပန်းသွင်ပြင်က ထွက်ပေါ်လာခဲ့ပါတယ်။

"နတ်ဘုရားကျောင်းဆောင်တစ်ခု"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်သည်။ သူ့အနေနဲ့ ရှေးဟောင်းမှတ်တမ်းတွေထဲမှာ ဒီလိုမျိုး တူညီတဲ့ အဆောက်အဦးအကြောင်း ဖော်ပြထားတာမျိုး လုံးဝမမြင်တွေ့ခဲ့ဖူးပါဘူး။ ဒီတိုက်ပုံ အဆောက်အဦးက နတ်ဘုရားနယ်မြေထဲမှာ တည်ရှိတာဖြစ်ပြီး ယဇ်ပူဇော်တဲ့ ပစ္စည်းတွေ အတွက် ဒါမှမဟုတ် တခြားကိစ္စတွေအတွက် ဖြစ်နိုင်ပါတယ်။

ရွှေရောင်နတ်ဘုရား ကျောင်းဆောင်က ကြီးမားပြီး ခံ့ညားထယ်ဝါပြီး ကျောင်းဆောင်တစ်ခုလုံးက ပေတစ်ထောင်ခန့် မြင့်မားပါတယ်။ လင်းဟန်က ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ ဒီလိုမျိုး တည်ဆောက်ရေး စွမ်းရည်ရှိတဲ့လူ ရှိမရှိ ဆိုတာကို မသိပါဘူး။ ဒါပေမဲ့ တကယ်လို့ ဒီအဆောက်အဦးက နတ်ဘုရားနယ်မြေထဲက ဆိုရင်တော့ ပုံပြင်တွေက မတူညီတော့ပါဘူး။

နတ်ဘုရားကျောင်းဆောင်ရဲ့ အောက်ခြေသုံးဘက်က တစ်ဖက်စီမှာ ဆယ်ပေမြင့်ပြီး ငါးပေခန့် ကျယ်တဲ့ တံခါးတွေ ရှိပါတယ်။ ရွှေတံခါးနဲ့ နံရံတွေက ဂဟေဆက်ထားသလို ဆက်လုနီးပါး ဖြစ်နေပြီး တကယ်လို့ တံခါးတွေရဲ့ အပေါ်မှာ တိရိစ္ဆာန်တွေရဲ့ ပုံတွေကိုသာ ရေးဆွဲထားခြင်း မရှိဘူးဆိုရင် ရှာတွေ့ဖို့ အရမ်းကို ခက်ခဲပါလိမ့်မယ်။

လင်းဟန်က ကြီးမားတဲ့ တံခါးကြီးတွေထဲက တစ်ခုရဲ့ အရှေ့မှာ မတ်တတ်ရပ်လိုက်ပါတယ်။ ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့လည်း ရောက်လာပြီး နှစ်ယောက်စလုံး အရမ်းကို သိချင်စိတ်တွေ ပြင်းပြနေပါတယ်။

ကြီးမားတဲ့ တံခါးပေါ်က တိရိစ္ဆာန်ပုံအများကြီးကို

လင်းဟန်အနေနဲ့ ဘယ်တုန်းကမှ မမြင်ဖူးပါဘူး။

နတ်ဘုရားနယ်မြေရဲ့ သက်ရှိစိတ်ဝိညာဉ်တွေများလား။

တခြားတစ်ဖက်မှာ တစ်စုံတစ်ယောက်က ဘာလုပ်ရမှန်းမသိပဲ တံခါးကြီးကို တွန်းဖွင့်လိုက်သည်။

ပုန်း ကျွိ ကျွိ။

ချက်ချင်းဆိုသလိုပဲ ကျန်တဲ့ တံခါးကြီး သုံးခုကလည်း ဆက်တိုက်ပဲ ပွင့်သွားခဲ့ပြီး လှုသွားလမ်း သုံးခု ပေါ်လာခဲ့ပါတယ်။ ကန်ရေတွေက ချက်ချင်းဆိုသလို အထဲကို စီးမျောလာပြီး နတ်ဘုရား ကျောင်းဆောင် အထဲကို တစ်ရှိန်ထိုး တရေဟောတိုးဝင်လာခဲ့သည်။

နတ်ဘုရားကျောင်းဆောင်က ကောင်းကင်ကိုတောင် ဝါးမျိုနိုင်တဲ့ ရောမဝေလငါးကြီး အသွင်ကို ပြောင်းလဲသွားသလိုမျိုး အစွမ်းထက်တဲ့ စုပ်ယူခြင်းစွမ်းအားတစ်ခုကို ထုတ်ဖော်နေပါတယ်။ လူနည်းစုက တောင့်ခံမထားနိုင်ပဲ ချက်ချင်းဆိုသလို နတ်ဘုရားကျောင်းဆောင် အထဲကို စုပ်ယူခံ လိုက်ရပြီး လူအများစုက အလျင်အမြန်ပဲ ရေရဲ့စုပ်ယူခြင်း စွမ်းအားကို

တွန်းပြီးတော့ တောင့်ခံထား လိုက်ကြပြီး နတ်ဘုရားကျောင်းဆောင်က ရေကန်ရဲ့ မျက်နှာပြင်ပေါ်ကို မြင့်တက်လာခဲ့ပါတယ်။

စုပ်ယူခြင်း စွမ်းအားက အရမ်းကို အံ့အားသင့်စရာ ကောင်းလှပါတယ်။ ဆယ်မိနစ်ကြာတဲ့ နောက်မှာတော့ ရေကန်တစ်ခုလုံး ပျောက်ကွယ်သွားပြီး ရောမ ချိုင့်ပွမ်းကြီးတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ နတ်ဘုရားကျောင်းဆောင်တစ်ခု ထီးထီးကြီး ထွက်ပေါ်လာပြီး မျက်စိကျိန်းလောက်တဲ့ ရွှေရောင်အလင်းတွေ ထွက်ပေါ်နေပြီးတော့ ၎င်းကို သန့်စင်တဲ့ ရွှေနဲ့ သွန်းလုပ်တည်ဆောက်ထားမှန်း သိသာပါတယ်။

သိုင်းပညာရှင်တွေအတွက်တော့ ရွှေတွေငွေတွေကို အမိုက်သာသာ ယူဆထားကြပေမဲ့ သူတို့ရဲ့ အရှေ့မှာ ရောမ အမိုက်ကြီးတစ်ခုက မျှော်စင်ကြီးတစ်ခုလိုမျိုး လင်းလက်တောက်ပနေတဲ့ မီးအိမ်ကြီး တစ်ခုလို ဖြစ်နေတာကို မြင်လိုက်ကြရတော့ အရမ်းကို အံ့သြဆန်းကြယ်မှုကို ခံစားနေ ရပါတယ်။

ကန်ရေတွေ အားလုံး ပျောက်ကွယ်ပြီးတဲ့ အချိန်မှာတော့

နတ်ဘုရား ကျောင်းဆောင်က ထပ်ပြီးတော့ စုပ်ယူခြင်း စွမ်းအင်တွေ မထွက်ပေါ်လာတော့ပဲ တောင်ကြီးတစ်လုံးလို မားမားမတ်မတ်နဲ့ တိတ်ဆိတ်ငြိမ်သက်စွာ ထီးထီးကြီး ရပ်တည်နေပါတယ်။ အဲဒါက လူတွေကို သူတို့ရဲ့ နှလုံးသားထဲကနေ နက်နက်ရှိုင်းရှိုင်းကို ကြည်ညိုတဲ့ စိတ်တွေ အလိုအလျောက် ဖြစ်ပေါ်လာစေခဲ့ပါတယ်။

လူတိုင်းလူတိုင်း အံ့အားသင့်ပြီးတော့ အော်ဟစ်နေကြပြီး ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ အဆောက်အဦးက ရေကန်ရဲ့ အောက်ခြေမှာ နစ်မြုပ်ဖုံးကွယ်နေလိမ့်မယ်လို့ သူတို့တွေက ဘယ်တုန်းကမှ မတွေးမိထားခဲ့ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို သတိထားနေပါတယ်။ အစောပိုင်းတုန်းက နတ်ဘုရား ကျောင်းဆောင်ရဲ့ စုပ်ယူခြင်းကို ခံလိုက်ရတဲ့ လူတွေက ထွက်ပေါ်လာခြင်း မရှိပါဘူး။

အဲဒါက ဘာကိုဆိုလိုတာလဲ။

ပထမအချက်က အထဲမှာ အရမ်းကို အန္တရာယ်များပြီးတော့ သူတို့တွေ ထောင်ချောက်မိနေတာ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် သေသွားတာလည်း ဖြစ်နိုင်ပါတယ်။ ဒုတိယ

အချက်က နတ်ဘုရား ကျောင်းဆောင်ထဲမှာ ရတနာတွေ အများကြီး ရှိနေတဲ့အတွက် အဲဒီလူတွေက လိုက်လံရှာဖွေယူနေပြီး ထွက်မလာသေးတာလည်း ဖြစ်နိုင်ပါတယ်။

ဘယ်အချက်က ဖြစ်နိုင်မလဲ။

လင်းဟန်ရဲ့ သိချင်စိတ် ပြင်းပြမှုတွေက ထုထည်ကြီးမားစွာနဲ့ တောက်လောင်လို့ လာခဲ့ပါတယ်။ သူကအထဲကို ဝင်ပြီးတော့ စူးစမ်းလေ့လာဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ သူတစ်ယောက်တည်းပဲ ဒီလိုမျိုး တွေးနေတာ မဟုတ်ပဲ လူတော်တော်များများက အဖွဲ့တွေ ဖွဲ့ပြီးတော့ အုပ်စုတစ်ခု အနေနဲ့ အထဲကို ဝင်ရောက်ဖို့ ဆုံးဖြတ်ထားကြပါတယ်။ အထဲမှာ အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ဖြစ်နိုင်သလို တကယ်လို့ ရတနာတွေ ရှိခဲ့မယ်ဆိုရင် အတူတကွ ပူးပေါင်းလိုက်တာက အောင်မြင်နိုင်မဲ့ အခွင့်အရေး ကြီးကြီးမားမား ရှိလာပါလိမ့်မယ်။

အချိန်အနည်းငယ် အတွင်းမှာပဲ အဝေးက လူတွေက ပိုပိုပြီးတော့ ရောက်လာကြပြီး လူအရေအတွက်က နောက်တစ်ကြိမ် တိုးလာခဲ့ပါတယ်။

"မင်းတို့ကောင်တွေ အထဲကို ဝင်မလား မဝင်ဘူးလား"

လင်းဟန်က ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုကို မေးလိုက်ပါတယ်။ လီစီရှန်းကလည်း သူတို့ဆီကို လျှောက်လာနေပါပြီ။

"ဝင်မယ်။ ဒါပေါ့ ဝင်ရမှာပေါ့"

ယွဲ့ခိုင်ယုက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"တကယ်လို့ ဆရာသခင်ဟန်က ဝင်မယ်ဆိုရင် ငါသေချာပေါက် အနောက်ကနေ လိုက်မယ်"

ကွမ်းယွမ်က ပြောလိုက်သည်။

"ကောင်းပြီလေ။ ဒါဆိုရင် အထဲကို သွားပြီးတော့ တစ်ချက်လောက် ကြည့်တာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အနက်ရောင် မျှော်စင်က သူ့လက်ထဲမှာ ရှိမှတော့ အားလုံးကို လုံခြုံအောင်လို့ လုပ်ပေးနိုင်ပါတယ်။

"သွားစို့"

သူတို့လေးယောက်က ထွက်လာပြီး ရေကန်ရဲ့ နံရံတွေတစ်လျှောက် တက်လာခဲ့ကြပါတယ်။ ဒါက ပေတစ်ထောင်လောက် မြင့်ပြီးတော့ အခုဆိုရင် ရေတွေက ခြောက်သွေ့ကုန်ပြီး အဖြူရောင် ကျောက်တုံးတွေ ထွက်ပေါ်လို့ နေပါတယ်။ တကယ်လို့ လူတစ်ယောက်သာ ပြုတ်ကျသွားမယ်ဆို လုံးဝကို သက်သာလိမ့်မှာမဟုတ်ပါဘူး။

လီစီရှန်းက နွေဦးစမ်းရေ အဆင့်မှာပဲ ရှိတဲ့အတွက် တက်တာက အရမ်းကို နှေးကွေးပါတယ်။ လင်းဟန်က သူမရဲ့ ခါးကို လက်တစ်ဖက်နဲ့ ပွေ့ဖက်ပြီးတော့ အပေါ်ကို တက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူက ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ထက် ပိုပြီးတော့ ပေါ့ပါးဖျတ်လတ်ပြီး သွက်လက်စွာနဲ့ အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ရေကန်အောက်ခြေကို ဦးတည်သွား လိုက်ပါတယ်။

ရေကန်က အခုဆိုရင် အသူတရာနက်တဲ့ ချောက်နက်ကြီး တစ်ခု ဖြစ်နေပါတယ်။ ဒါက ရွှံ့တွေနဲ့ ချောနေတဲ့ နံရံတစ်ခု ဖြစ်ပြီးတော့ ခြေလှမ်းတစ်လှမ်း မှားလိုက်တာနဲ့ အောက်ကို ပြုတ်ကျ သွားနိုင်ပါတယ်။

မိနစ်အနည်းငယ် အကြာမှာတော့ လင်းဟန်က ရေကန်ရဲ့ အောက်ခြေကို ပထမဆုံး ရောက်ရှိ သွားခဲ့ပြီး လီစီရှန်းကို

ဘေးမှာ အသာလေး ချပေးလိုက်ပါတယ်။ လီစီရှန်းရဲ့ လှပချောမောတဲ့ မျက်နှာလေးက ရှက်သွေးဖြာပြီးတော့ နီရဲနေပြီး သူမရဲ့ မျက်လုံးတွေက စမ်းရေလို ကြည်လင်တောက်ပပြီးတော့ အရမ်းကို ချစ်စရာ ကောင်းပါတယ်။

Chapter 475 end

အပိုင်း(၄၇၆) သွေးစုပ်ပိုးကောင်များ

မိနစ်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်လည်း သူရဲ့ဘေးကို ရောက်လာခဲ့ ပါတယ်။ သူတို့ရဲ့ အမြန်နှုန်းက မမြန်ပဲ အဖွဲ့လေးဖွဲ့ ရှိနေပြီး နတ်ဘုရားကျောင်းဆောင်ထဲကို မတူညီတဲ့ ဂင်ပေါက်သုံးခုကနေ ဂင်သွားကြပါတယ်။

လင်းဟန်က စကြံလမ်း တစ်ခုကို ရွေးလိုက်ပြီးတော့ စတင်လျှောက်လှမ်းသွားခဲ့ပါတယ်။

ယွဲ့ခိုင်ယုနဲ့ ကျန်တဲ့သူတွေလည်း အလျင်အမြန်ပဲ နောက်ကနေ လိုက်လာခဲ့ကြပါတယ်။ အမှတ်မထင်ပဲ လင်းဟန်က သူတို့ရဲ့ ခေါင်းဆောင်အဖြစ် မှတ်ယူလိုက်ပြီး သူရဲ့အကြံအစည်တွေ အတိုင်းပဲ နာခံလိုက်ကြပါတယ်။

သူတို့က နတ်ဘုရား ကျောင်းဆောင်ထဲကို ဝင်လာခဲ့ပါတယ်။ အထဲမှာ အတော်လေးကို မှောင်မည်းနေပေမဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်ရဲ့ အမြင်အာရုံတွေနဲ့ဆိုရင် သူတို့ရဲ့ ဘေးပတ်လည် သုံးမီတာ အကွာအဝေးအထိ မြင်နိုင်နေဆဲပါပဲ။ လင်းဟန်က ဆယ်ဆလောက်ပိုပြီးတော့ မြင်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မှသားမဲ့ မျက်လုံးကို ကျင့်ကြံထားလို့ပဲ ဖြစ်ပြီးတော့ အဆင့်တူထဲက သိုင်းပညာရှင်တွေထက် အမြင်အာရုံမှာ သာလွန်ပါတယ်။

နတ်ဘုရား ကျောင်းဆောင်ရဲ့ အတွင်းမှာ ထောက်တိုင်တစ်ခု မရှိပဲ ဗလာကျင်းနေပါတယ်။ ဒီနေရာလွတ်က ဘယ်လောက်တောင် ကျယ်ပြန့်သလဲ ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။ ဒီအလွှာက အမြင့်တစ်မီတာ ရှိပြီး ထိပ်မှာ အဖြူရောင်အနည်းငယ် သန်းနေတဲ့ အနက်ရောင် နံရံတွေကြောင့် လူတွေရဲ့ စိတ်ကို အကြောက်တရားကို ခံစားစေပါတယ်။

ဒီနေရာက အရမ်းကို တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ လမ်းလျှောက်သံတွေရဲ့ ပဲ့တင်သံတွေကိုပါ ကြားနေရတဲ့အထိ ဆိတ်ငြိမ်လွန်းပါတယ်။

ဒီနေရာမှာ ဘာမှမရှိပါဘူး။ လုံးဝ ဗလာနတ္ထိပါပဲ။

သူတို့က ဆက်ပြီးတော့ ရှေ့ကို လျှောက်လာခဲ့ကြပါတယ်။ တကယ်လို့ ဒီအထပ်မှာ ဘာမှမရှိဘူး ဆိုရင် နောက်ထပ် ဒုတိယနဲ့ တတိယအလွှာ ရှိနေပါသေးတယ်။ ပြီးတော့ နတ်ဘုရား ကျောင်းဆောင်ရဲ့ အမြင့်ကို အခြေခံပြီးတော့ တွက်ချက်ကြည့်မယ်ဆိုရင် နောက်ထပ် အထပ်ပေါင်း ရာပေါင်းများစွာ ရှိနိုင်ပါသေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက လုံးဝကို ဗလာနတ္ထိ ဖြစ်နေတာကြောင့် သူတို့လည်း လုံးဝ နှောင့်နှေးခြင်း မရှိပဲ သိပ်မကြာခင်မှာပဲ ဒီအထပ်ရဲ့ အဓိကအချက်အချာ နေရာကို ရောက်သွားခဲ့ပါတယ်။ ဒုတိယအလွှာကို တက်ရမဲ့ လှေကားက ဘယ်နားမှာ ရှိတယ် ဆိုတာကို မြင်လိုက်ရပါတယ်။ သူတို့က ပထမဆုံး ရောက်တာ မဟုတ်ဘူး ဆိုတာသိသာပါတယ်။ သူတို့အရှေ့ကနေ ဝင်သွားတဲ့ အဖွဲ့လေးဖွဲ့ အားလုံး ရောက်နေပါတယ်။ ဒါပေမဲ့ ရှေ့ကိုဆက်ပြီး မတိုးပါဘူး။

အကြောင်းက လှေကားရဲ့ အနီးမှာ အလောင်းခြောက်လောင်းက လဲလျောင်းနေတဲ့ အတွက် ဖြစ်ပါတယ်။

ဒီလူတွေက ကန်ရေရဲ့ စုပ်ယူမှုကို ခံလိုက်ရပြီး နတ်ဘုရားကျောင်းဆောင်ထဲကို ရောက်သွားတဲ့ လူတွေနဲ့ တူပါတယ်။

အားလုံး သေကုန်ပါပြီ။ ပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်အထဲက အရည်ဓာတ်တွေအားလုံး ကုန်ခမ်းပြီး ခြောက်သွေ့သွားသလိုမျိုး မျက်နှာတွေက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ရှုံ့တွပြီး အသားတွေခြောက်ကပ်နေတဲ့ အလောင်းကောင်တွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ လင်းဟာန်နဲ့ တခြားသူတွေက ဒီလူတွေက အစောပိုင်းတုန်းက ဂင်သွားခဲ့တဲ့ လူတွေဆိုတာကို သူတို့ဂတ်စားထားတဲ့ အဂတ်တွေကို ကြည့်ပြီးတော့ သတိပြုမိ သွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်နှာတွေကတော့ လုံးဂကို ခြောက်ကပ်နေတဲ့ အလောင်းကောင် တစ်ကောင်လိုမျိုး ဖြစ်နေပြီး မှတ်မိနိုင်ဖို့အတွက်တော့ အတော်လေးကို ခဲယဉ်းပါတယ်။

ဒီနေရာက ဗလာကျင်းနေပြီး တကယ်လို့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့မယ်ဆိုရင် အသံတွေက တံခါးတွေဆီကို ရောက်လာသင့်ပါတယ်။ ဒါပေမဲ့ ဒီလူခြောက်ယောက်က အသံတောင် မထွက်ပဲ သေသွားခဲ့ပြီး ကြောက်ရွံ့ထိတ်လန့်တဲ့ အသံတစ်ခုတောင်မှ မကြားရတာ

ဘယ်လိုလုပ်ပြီးတော့ ဒါကို ရှင်းပြလို့ ရနိုင်မှာလဲ။

ဒီလူခြောက်ယောက်က ဆက်တိုက်အသတ်ခံလိုက်ရတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဘယ်သူကမှ အသံတွောင် မထွက်နိုင်သလို တိုက်ပွဲဖြစ်ပွားတဲ့ သဲလွန်စလည်း မကျန်နေခဲ့ပါဘူး။

လူသတ်သမားရဲ့ ခွန်အားက အတော်လေးကို သန်မာပါလိမ့်မယ်။

ဒီအချက်အလက်တွေကို အခြေခံပြီးတော့ သုံးသပ်လိုက်တဲ့ အခါမှာ ဒီနေရာကို ရောက်လာတဲ့ လူတွေက တုံ့ဆိုင်းသွားခဲ့ပါတယ်။ လူတိုင်းလူတိုင်းက အခွင့်အရေးကို ရယူဖို့အတွက် စွန့်စားရမယ် ဆိုတာကို သိပေမဲ့လည်း အကြောင်းပြချက် မရှိပဲနဲ့တော့ ဘယ်သူကမှ သူတို့ရဲ့ အသက်ကို မစွန့်လွှတ်ချင်ပါဘူး။ သူတို့ရဲ့ သိချင်စိတ်တွေက ပိုပိုပြီးတော့ များလာခဲ့ပါတယ်။

လင်းဟန်က စူးစမ်းလေ့လာ လိုက်ပါတယ်။ ဒီနေရာက လုံးဂကို ဗလာနတ္တိဖြစ်ပြီး ဘယ်အရာကမှ ပုန်းကွယ်လို့ မရနိုင်ပါဘူး။ ပြီးတော့ ဒီနေရာမှာ တကယ်ပဲ ဘာမှမရှိဘူးဆိုတာကို သူ့အနေနဲ့ ရှင်းရှင်းလင်းလင်းကို

မြင်နိုင်ပါတယ်။ လှေကားက ပြောစရာကို မရှိအောင် သန့်ရှင်းသပ်ရပ်ပြီး ဘယ်နေရာမှ ထူးခြားတာမျိုး မတွေ့ရပါဘူး။

လူသတ်သမားက ဘယ်နေရာမှာ ပုန်းနေနိုင်မလဲ။

တစ်ချိန်တည်းမှာပဲ လူတိုင်းရဲ့ အကြည့်တွေက လှေကားရဲ့အဆုံးဖြစ်တဲ့ နတ်ဘုရား ကျောင်းဆောင်ရဲ့ ဒုတိယအလွှာကို စူးစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။

တကယ်လို့ လူသတ်သမားက ဒုတိယအလွှာရဲ့ ဂင်ပေါက်မှာ ပုန်းနေပြီးတော့ ဒီလူခြောက်ယောက် လှေကားထစ်တွေအတိုင်း တက်လာတဲ့ အခါမှာ အခွင့်ကောင်းယူပြီးတော့ သူတို့ကို ရုတ်တရက် သတ်ပစ်လိုက်ပြီး အလောင်းတွေကို အောက်ကို ပစ်ချလိုက်တာနေပါလိမ့်မယ်။ ဒါက ဖြစ်နိုင်ချေ ရှိတယ်မဟုတ်လား။

"ဟင် ဒီမှာ လူတစ်ယောက် ပျောက်နေတယ်"

ရုတ်တရက် လူတစ်ယောက်က ထအော်လိုက်ပါတယ်။

"အထဲကို ရောက်သွားတဲ့ လူတွေစုစုပေါင်း အရေအတွက်ကို ငါမသိပေမဲ့ သူတို့ထဲက တစ်ယောက်ကိုတော့ ငါသတိထားမိခဲ့တယ်။ ပြီးတော့ သူရဲ့အလောင်းက သူတို့ထဲမှာ မပါဘူး"

နောက်တစ်မျိုး ပြောရမယ်ဆိုရင် အဲဒီလူက လွတ်မြောက်သွားခဲ့တာလား။

ပထမအလွှာမှာ လူတွေက ပုန်းနေလို့ မရပါဘူး။ ဒါကြောင့် တကယ်လို့ အဲဒီလူက လွတ်မြောက်သွားခဲ့တာ ဆိုရင် ဒုတိယအလွှာကို ဝင်သွားတာက တစ်ခုတည်းသော ဖြစ်နိုင်ချေပါပဲ။

ဒါကြောင့် သူတို့တွေ တွေးမိလိုက်ပေမဲ့ ဘယ်သူကမှ မစဉ်းစားပဲနဲ့ မျက်ကန်းတစ်ယောက်လို မလှုပ်ရှားကြပါဘူး။ တကယ်လို့ လူသတ်သမားက ဒုတိယအထပ်ရဲ့ ဝင်ပေါက်မှာ လုပ်ကြံသတ်ဖြတ်ဖို့ ဆက်စောင့်နေမယ်ဆိုရင် လျှပ်စီးလို လျင်မြန်တဲ့ တိုက်ခိုက်မှုတစ်ခုကို ထုတ်နိုင်အောင် ပြင်ဆင်ရမယ် မဟုတ်လား။

လူတစ်ယောက်က အလင်းထဲမှာ ရှိနေတဲ့ အချိန်မှာ ရန်သူက အမှောင်ထဲမှာ ဖြစ်နေပါတယ်။ ဒါက အရမ်းကို

အခွန်ရာယ်ရှိပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က အချိန်မဖြုန်းပဲ အရှေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ လိုက်ပါတယ်။ သူကယုံကြည်ချက် အပြည့်ရှိပါတယ်။

"မျှော်လင့်ထားတဲ့ အတိုင်းပဲ။ ဆရာသခင်လင်းက သတ္တိအရမ်းကောင်းတာပဲ"

လူတိုင်းက မြှောက်ပင့်ချီးကျူးလိုက်ပါတယ်။ သိပ်ပြီးတော့ ဟန်မဆောင်နိုင်ကြဲ့ လင်းဟန်ကို ဦးဆောင်စေချင်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်ကတော့ လုံးဝကို ဂရုမစိုက်ပါဘူး။ သူက ဒီကျောင်းဆောင်အတွင်းမှာ ဖုံးကွယ်ထားတဲ့ အရာကို တိတိကျကျ သိချင်စိတ်တွေ ပြင်းပြနေပါတယ်။ ဒါက နတ်ဘုရား နယ်မြေကလို့ ထင်ရပါတယ်။ ဘာကြောင့် ရေကန်ရဲ့ အောက်ခြေမှာ နှစ်မြုပ်နေရတာလဲ။

သူက လှေကားတွေရဲ့ ဘေးကို လျှောက်လာခဲ့ပါတယ်။ အရာအားလုံးက ပုံမှန်ပါပဲ။ သူက လှေကားအပေါ် ခြေတစ်လှမ်း လှမ်းလိုက်ပါတယ်။ အရာအားလုံးက

ပုံမှန်အတိုင်းပဲ ရှိနေဆဲပါပဲ။

အွန္တရာယ်က ဒုတိယအထပ်ရဲ့ ဂင်ပေါက်ကနေ လာခဲ့တာပါ။

ဒီအခိုက်အတန့်က အားလုံး ဖြစ်စေချင်တဲ့ ဆန္ဒဖြစ်ပြီးတော့ အဲဒီအချိန်မှာ လီစီရှန်း၊ ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့က စိတ်လှုပ်ရှားနေကြပြီး သူတို့ရဲ့ လက်သီးတွေကို တင်းကျပ်နေအောင ်ဆုပ်ထားပြီး မျက်လုံးဝိုင်းကြီးတွေနဲ့ စိုက်ကြည့်နေကြပါတယ်။

နောက်ထပ် ခြေလှမ်းတစ်လှမ်းဆို လင်းဟန်ရဲ့ ခေါင်းက ဒုတိယအထပ်ကို ဖြတ်သွားပါတော့မယ်။

လင်းဟန်က ခဏတဖြုတ် ရပ်လိုက်ပြီး ခေါင်းကို မော့ပြီးတော့ အပေါ်ကို ကြည့်လိုက်ပါတယ်။ လေ့ကားထစ်တွေရဲ့ အဆုံးမှာ အလင်းရောင် မှုန်ဝါးဝါးနဲ့ လည်နေတဲ့ ကွင်းတစ်ခုကို ဒီနေရာကနေ မြင်ရပြီး ဘာကိုမှ ရှင်းရှင်းလင်းလင်း မမြင်နိုင်ပါဘူး။

ကြည့်ရတာ ဒုတိယအထပ်ကို ဘယ်သူကမှ ဂင်ရောက်လာနိုင်ခဲ့ပုံ မပေါ်ပါဘူး။

"ဆရာသခင်လင်း"

လီစီရှန်းနဲ့ ကွမ်းယွမ်တို့က စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပြီးတော့ ခြေလှမ်းပြင်းပြင်း လှမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို လည်နေတဲ့ အလင်းရောင်ကွင်းလေးက အရမ်းကို လျှင်မြန်စွာနဲ့ မြားတစ်စင်း ပစ်လွှတ်လိုက်သလို တိုးပွေ့ဂင်လာခဲ့ပါတယ်။

ရွှစ်။

လင်းဟန်ရဲ့ ပုံရိပ်က လျှပ်ပြက်သလို လှုပ်ရှားသွားပြီး နောက်ထပ် နေရာလွတ်တစ်ခုမှာ ပေါ်လာခဲ့ပါတယ်။

ဒီနေရာက ပတ်ဂန်းကျင်က ထူးထူးခြားခြားကို မှုန်မှိုင်းနေပြီး ပထမအလွှာက မည်းမှောင်တဲ့ နေရာနဲ့ နှိုင်းယှဉ်ရင်တော့ အတော်လေးကို တောက်ပတယ်လို့ ပြောရမှာ ဖြစ်ပြီးတော့ သာမန် စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေရဲ့ အမြင်အာရုံက မီတာသုံးရာပတ်လည်ကိုတော့ အနည်းဆုံး မြင်နိုင်ပါတယ်။ သူရဲ့ခြေထောက်အောက်က မီတာတစ်ထောင် အချင်းရှိတဲ့ ကြမ်းပြင်က လုံးဂကို

မည်းမှောင်နီရဲနေပြီး လတ်ဆတ်တဲ့ သွေးတွေ ခဲသွားတာကြောင့် ဖြစ်ပေါ်လာသလိုမျိုး ထင်ရပါတယ်။

လပြွတ်ပဲ။ ဒီလိုမျိုး နေရာအကျယ်ကြီးကို အရောင်ဆိုးဖို့အတွက် သွေးတွေ ဘယ်လောက်တောင် လိုမလဲ။

နောက်ပြီးတော့ ဒီနေရာက တကယ်ပဲ ကြီးမားလွန်းပါတယ်။

လင်းဟာန်က အပေးကို လှမ်းကြည့်လိုက်ပြီး ကောင်းကင်က ဒီနေရာကနေ ပေပေါင်း တစ်ထောင်ကျော် ဝေးကွာပြီးတော့ နတ်ဘုရားကျောင်းဆောင်ရဲ့ အမြင့်ကို သာလွန်ပါတယ်။

ဒါက နောက်ထပ် သေးငယ်တဲ့ ကမ္ဘာငယ်လေး တစ်ခု ဖြစ်ပြီး ဒီနေရာလွတ်ကို အစွမ်းထက်တဲ့ သက်ရှိတစ်ယောက်က လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တွေနဲ့ ဖိနှိပ်ထားပြီးတော့ ၎င်းကိုယ်ပိုင် ကမ္ဘာတစ်ခုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

သူ့ရဲ့အတွေး မဆုံးသေးခင် ဂိုးဂိုးဂိုး ဆိုတဲ့ အသံကို ကြားလိုက်ရပြီး ကြမ်းပြင်ပေါ်မှာ အနက်ရောင် အစက်အပြောက်လေးတွေ အဆုံးအစ မရှိတဲ့အတိုင်း သူ့ဆီကို ရုတ်တရက် ပြုံတိုးလာခဲ့ပါတယ်။ လင်းဟာန်ရဲ့

အထင်ကြီးလောက်စရာကောင်းတဲ့ အမြင်အာရုံနဲ့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ ဒီအရာတွေက သေးငယ်တဲ့ ပိုးကောင်လေးပျံလေးတွေ ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရပါတယ်။ ဒီပိုးကောင်လေးတွေက ခြင်တွေနဲ့ ပုံစံတူပြီး သူတို့ရဲ့ ပါးစပ်အစိတ်အပိုင်းတွေက ချွန်ပြီးတော့ ရှည်ပါတယ်။ သူတို့ရဲ့ အတောင်ပံတွေ ခတ်လိုက်တဲ့ အခါမှာ ဂွီး ဂွီး ဂွီး ဆိုတဲ့ အသံတွေ ထွက်ပေါ် လာခဲ့ပါတယ်။

ကြမ်းပြင်က အစက သွေးတွေနဲ့ ဆေးဆိုးထားသလိုဖြစ်နေရာကနေ ဒီပိုးကောင်တွေနဲ့ ပြည့်နှက်သွားပြီး သူတို့တွေ ပျံလာတဲ့အခါမှာ မြေပြင်က မြေကြီးအဂါရောင်ပုံစံ ဖြစ်လာပြီးတော့ အပြင်ဘက်က ကုန်းမြေနဲ့ မကွာခြားတော့ပါဘူး။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ အစောတုန်းက လူခြောက်ယောက်က ဒီပိုးကောင်တွေကြောင့် သူတို့ရဲ့ သွေးတွေကုန်စင်တဲ့အထိ စုပ်ယူခံလိုက်ရတယ်ဆိုတာ ချက်ချင်းပဲ သတိပြုမိ သွားခဲ့ပါတယ်။

လူသတ်သမားတွေကို တွေ့ပါပြီ။

ဘာမှမသိရတာက ပိုပြီးတော့ ထိတ်လန့်ကြောက်ရွံ့ဖို့ကောင်းပါတယ်။ လူသတ်သမား အစစ်အမှန်ကို သူသိနေမှတော့ လင်းဟန်က ချက်ချင်းဆိုသလို တည်ငြိမ်လာသလို ခံစားရပါတယ်။ ဟုမ်း။ သူက ထူးဆန်းတဲ့မီးကို အသက်သွင်းလိုက်ပြီး ချက်ချင်းဆိုသလို မီးတောက်ကွင်းပြင်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ရှဲရှဲရှဲ ဒီပိုးကောင်တွေက စူးရှတဲ့ အသံတွေ ထွက်လာပြီး ရာပေါင်းများစွာကနေ ထောင်ပေါင်းများစွာ မီးလောင်ကျွမ်းပြီး ပြာမှုန်တွေ ဖြစ်ကုန်ပြီး ကျလာပါတယ်။

ဒါပေမဲ့လည်း ပိုးကောင်တွေ အများကြီးက ဆက်လက်ပျံသန်းလာနေဆဲ ဖြစ်ပြီးတော့ သေမှာကို မကြောက်တဲ့ ပိုးဖလံမျိုး မီးကိုတိုးဆိုသလိုပါပဲ။ သူတို့ရဲ့ အပေါင်းအဖော်တွေ မရှိတော့ဘူး ဆိုမှတော့ လင်းဟန်က သူတို့ကို မီးနဲ့ မမြိုက်ခင် ရောက်အောင် ပျံသန်းထိုးဖောက်ရပါမယ်။

"မင်းတို့ရဲ့ သွားတွေက ဘယ်လောက်တောင် ကောင်းလဲဆိုတာကို ကြည့်ရတာပေါ့"

လင်းဟန်က အသာအယာ ပြုံးလိုက်ပါတယ်။ ဒီပိုးကောင်တွေမှာ ဟူးညိုလိုသွားမျိုး မရှိသရွေ့တော့

သူ့အနေနဲ့ အဆင့်တူ အတွင်းမှာ ဘယ်အရာကမှ သူရဲ့ သံမဏိ ခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်နိုင်မှာ မဟုတ်ဘူးဆိုပြီး ယုံကြည်ချက် ရှိနေဆဲပါ။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ ဒီပိုးကောင်တွေက သူရဲ့အရေပြားကို တုပ်ပြီးတော့ သွေးစုပ်ယူပါ လိမ့်မယ်။ ဒါပေမဲ့ သူတို့ရဲ့ ပါးစပ်အစိတ်အပိုင်းတွေက လုံးဝကို မထိုးဖောက်နိုင် ပါဘူး။

ဒါပေမဲ့ လင်းဟန်လည်း အနည်းငယ် နာကျင်တဲ့ ဒဏ်ကို ခံစားလိုက်ရပါတယ်။ ဒီပိုးကောင်တွေရဲ့ ပါးစပ်အစိတ်အပိုင်းတွေက သူ့အပေါ်မှာ အတော်လေး သက်ရောက်မှု ရှိနေခဲ့ပါတယ်။

ဒါကအတော်လေးကို ထူးဆန်းပါတယ်။ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူ ရှားပါးတဲ့ သတ္တုတွေထက် ဘယ်လိုမှ အားမနည်းပါဘူး။ ဒါပေမဲ့ သူက အနည်းငယ် နာကျင်မှုဒဏ်ကို ခံစားလိုက်ရပါတယ်။ ဆိုလိုတာက ဒီပိုးကောင်တွေရဲ့ ဖျက်ဆီးမှုစွမ်းအားက အတော်လေးကို အံ့အားသင့်စရာ ကောင်းနေပါတယ်။

အစောပိုင်းတုန်းက လူခြောက်ယောက်က ဝင်ပေါက်မှာ

သေသွားခဲ့တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူတို့တွေက ဒုတိယအလွှာကို ဖြင်လာတဲ့ အခိုက်အတန့်မှာပဲ သွေးစုပ်တဲ့ ပိုးကောင်တွေရဲ့ တိုက်ခိုက်မှုကို ချက်ချင်းကြီး ခံစားလိုက်ရပြီး လင်းဟန်လိုမျိုး သူတို့ရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်နိုင်တဲ့ ခုခံနိုင်တဲ့စွမ်းအားမျိုး မရှိပဲနဲ့ မရနိုင်ပါဘူး။ သူတို့က ပထမအလွှာကို ပြန်ပြေးပြီး လွတ်မြောက်ဖို့ စဉ်းစားပေမဲ့လည်း နောက်ကျသွားခဲ့တာ ဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ပိုးကောင်တွေက တစ်ဟုန်ထိုး ပြေးဝင်လာပြီး သူတို့ခြောက်ယောက်ရဲ့ သွေးတွေကို ခန်းခြောက်သွားတဲ့အထိ စုပ်ယူပစ်ခဲ့ပုံ ရပါတယ်။

Chapter 476 end

အပိုင်း(၄၇၇) အစုံအပြုံတွေရဲ့ နာမည်

လင်းဟန်က သူရဲ့ဓားနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ဓားချီအလင်း ဆယ်ခုက နတ်ဆိုးရှင်သန်ဓားက ထွက်လာပြီး ဒီပိုးကောင်တွေကို မထိပဲ အစွမ်းထက်တဲ့ ဖျက်ဆီးခြင်း စွမ်းအားကပဲ ပိုးကောင်တွေကို အပိုင်းပိုင်းအစစ ဖြစ်သွားအောင် လုပ်လိုက်ပြီး အဝေးကို လွင့်ထွက်သွားစေပါတယ်။ ထူးဆန်းတဲ့ မီးကလည်း လောင်ကျွမ်းလာပြီး သူရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားက ပိုပြီးတော့တောင် ကြောက်စရာ ကောင်းပါတယ်။

တစ်မိနစ် နှစ်မိနစ် အတွင်းမှာပဲ လင်းဟန်က သွေးစုပ်ပိုးကောင် တစ်သောင်းလောက်ကို အမြစ်ပြတ် သုတ်သင်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီပိုးကောင်တွေက အဆုံးမရှိတဲ့အတိုင်း မြေပြင်ကနေ သွေးစုပ်ပိုးကောင်တွေက ပိုများလာပြီးတော့ ပျံသန်းထွက်လာခဲ့ပါတယ်။

လင်းဟန်က အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ ဒီနေရာရဲ့ အကျယ်အဝန်းက မီတာရာပေါင်းများစွာ ရှိပြီး သွေးစုပ်ပိုးကောင် အစုံလိုက်အပြုံလိုက် ရှိနေတဲ့အတွက် စုစုပေါင်း ပမာဏက ဘီလျံထိတောင် ရှိနိုင်မလား။

သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ တကယ်လို့ ဘီလျံနဲ့ချီတဲ့ သွေးစုပ်ပိုးကောင်တွေရဲ့ ကိုက်တာကို အဆက်မပြတ် ခံလိုက်ရမယ်ဆိုရင် သူနဲ့ အဆင့်တူတဲ့ ရှားပါးသတ္တုတွေကိုတောင် နိုင်းယှဉ်နိုင်တဲ့ သူရဲ့ သံမဏိခန္ဓာကိုယ်တောင်မှ ပေါက်ထွက်သွား နိုင်ပါလိမ့်မယ်။

ဒီသွေးစုပ်ပိုးကောင် အသိုက်က ဒုတိယအလွှာ ဂင်ပေါက်မှာ ရှိနေပြီး ဘယ်လောက်တောင် တိုက်ဆိုင်လိုက်သလဲ။ ဒါက ဘယ်သူ့ကိုမှ ဖြတ်ကျော်ခွင့် မပေးနိုင်ဘူး ဆိုတဲ့

အကြံအစည်ပဲ မဟုတ်လား။

နောက်ဆုတ်ရမလား။

လင်းဟန်က အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ အသေအကြေ တိုက်ခိုက်တာက သိပ်ပြီးတော့ အကျိုးသက်ရောက်မှု မရှိဘူးဆိုတာ သိသာပါတယ်။ ဒီသွေးစုပ်ပိုးကောင်တွေက တစ်ကောင်ချင်းစီကပဲ စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးမှာ ရှိပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်ဆိုရင် ဒီသွေးစုပ်ပိုးကောင် အနည်းငယ်ကို ရင်ဆိုင်နိုင်စွမ်း ရှိပေမဲ့ ဒီလောက်အများကြီး စုစည်းလိုက်တဲ့ အခါမှာတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် ဘယ်လက်ရွေးစင်မဆို ကြောက်ရွံ့ထိတ်လန့်ပြီး တုန်လှုပ်သွားပါလိမ့်မယ်။

သူက နောက်ဆုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကသူ့ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ သေတဲ့အထိ တစ်ယောက်တည်း တိုက်ခိုက်နေစရာ မလိုပါဘူး။

ကံမကောင်းတာက အနက်ရောင် မျှော်စင်ထဲက ရောမဂိုလမ်ရဲ့ ပြန်လည်ကောင်းမွန်လာမှုက နှေးကွေးနေဆဲ ဖြစ်ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာရဲ့

တိုက်ခိုက်မှု တစ်ခုကို လက်ခံရရှိလိုက်တာက ၎င်းရဲ့ ပြန်လည်ကောင်းမွန်လာနိုင်တဲ့ စွမ်းရည်အပေါ်မှာ အကျိုးသက်ရောက်မှု ရှိသွားပြီး အချိန်အတိုလေး အတွင်းမှာတော့ ပြန်လည်ကောင်းမွန် လာနိုင်စွမ်း မရှိပါဘူး။

သူရဲ့တိုက်ပွဲစွမ်းရည်နဲ့ ဒီသွေးစုပ်ပိုးကောင်တွေ အားလုံးကို လုံးဝအမြစ်ပြတ် သုတ်သင်ပစ်ဖို့ ဆိုတာက အတော်လေးကို ခက်ခဲပါတယ်။ ဒါပေမဲ့ တစ်ဟုန်ထိုး ဖြတ်ပြေးသွားမယ် ဆိုရင်တော့ သက်တောင့်သက်သာရှိမဲ့ လွယ်ကူတဲ့ ကိစ္စတစ်ခုပါပဲ။

သူက ပိုးကောင်ပျံတွေကို နှစ်ပိုင်းကွဲအောင်လုပ်ပြီးတော့ လမ်းရှင်းလိုက်ပြီး ဂင်ပေါက်ကို ဆုတ်ခွာပြီး ဖြတ်လာခဲ့ပါတယ်။

သူ့ရဲ့မျက်လုံးထဲက အရာအားလုံး ရုတ်တရက် အမှောင်ထု ကျသွားပြီး သူက ပထမအထပ်က နေရာလွတ်ဆီကို ပြန်ရောက်လာခဲ့ပါတယ်။ ဒီနေရာက အတော်လေးကို မည်းမှောင်ပါတယ်။

"သူပြန်လာပြီ"

လူတစ်ယောက်က ထအော်လိုက်ပါတယ်။

"ဒါဆိုရင် ဘယ်လိုလဲ။ အထဲမှာ ဘာတွေရှိလဲ"

လူတိုင်းလူတိုင်းက တစ်ပြိုင်နက်တည်း မေးလိုက်ကြပါတယ်။

လင်းဟာန်က သူတို့ကို လျစ်လျူရှု ထားလိုက်ပါတယ်။

"ဟေ့ဟေ့ဟေ့ ဆရာသခင်လင်း မင်းဘာတွေဖြစ်ပျက်ခဲ့တယ် ဘာတွေရှာတွေ့ခဲ့တယ် ဆိုတာကို အားလုံးကို မပြောပြချင်ဘူးလား"

တစ်စုံတစ်ယောက်က မေးလိုက်ပါတယ်။

"အဲဒါဟုတ်တယ်။ အခုဆိုရင် အားလုံးက ဘေးချင်းကပ်ပြီး တိုက်ခိုက်နေကြတာ။ မင်းက ငါတို့ကို အခြေအနေတွေကိုတောင် မပြောပြဘူး။ ဘယ်လောက်တောင် သဘောထားသေး လိုက်သလဲ။ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင် တစ်ယောက်ရဲ့ ဂုဏ်သိက္ခာ အကျင့်စာရိတ္တမျိုး လုံးဝကို မရှိဘူး"

"ငါမင်းကို အထင်ကြီးမိတာ မှားသွားပြီ"

လင်းဟန်က နာခေါင်းရှုံ့လိုက်ပါတယ်။ ဒီလူတွေက သူ့ကို အပြစ်တင် ပြောဆိုပုံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူရဲ့အဆင့်က မြင့်ပေမဲ့ သူ့မှာ လက်ရွေးစင်အဆင့် နောက်လိုက်သူတွေ မရှိလို့ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မြေကျွှာ အလယ်အလတ်အဆင့် မှော်ဆေးပညာရှင် ဘယ်သူမဆို ပန်းဖူးအဆင့် လက်ရွေးစင် နောက်လိုက်သူတွေက သူတို့ရဲ့ ဘေးမှာ မရှားပါဘူး။ ဘယ်ဂျူနီယာကမှ သူ့ရဲ့အရှေ့မှာ အပြစ်တင် ဝေဖန်တာမျိုး လုပ်ပုံလိမ့်မှာ မဟုတ်ပါဘူး။

သူက ပတ်ဝန်းကျင်က လူတွေအားလုံးကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းတို့သိချင်ရင် ကိုယ့်ဘာသာကိုယ် သွားကြည့်ကြလေ"

လူတိုင်းလူတိုင်း ဒေါသထွက်ကုန်ပြီး လင်းဟန်က အတော်လေး သဘောထား သေးသိမ်တယ်လို့ ခံစားလိုက်ရပါတယ်။ သူက အထဲကို ဝင်သွားခဲ့ပြီး ဘာဖြစ်လို့ တစ်ဖက်က အကြောင်းကို သူတို့နဲ့ သတင်းမမျှဝေတာလဲ။ နောက်ပြီးတော့ လင်းဟန်က ကသုတ်ကရိုက်

ထွက်ပြေးလာတာကို ကြည့်မယ်ဆိုရင် အထဲမှာ အန္တရာယ်တွေနဲ့ ပြည့်နှက်နေတယ် ဆိုတာက သိသာထင်ရှားပါတယ်။

သူတို့အနေနဲ့တော့ ပင်ကိုယ်အားဖြင့် ဘယ်လိုပတ်ဝန်းကျင်ရှိပြီးတော့ ဘယ်လိုအရာတွေနဲ့ မျက်နှာချင်း ဆိုင်ရမလဲ ဆိုတာကို သိချင်နေကြပါတယ်။ ဒါကြောင့် သူတို့က အထဲကိုဝင်နိုင်ဖို့ ပြင်ဆင်နေကြပါတယ်။

"ဆရာသခင်လင်း မင်းက အရမ်းကို လွန်တာပဲ"

"ငါတို့ တစ်လျှောက်လုံး တစ်ခရီးတည်းသွားနေတာပါ။ မင်းတစ်ကိုယ်ကောင်း မဆန်သင့်ဘူး"

လူတိုင်းက ဆက်ပြီးတော့ အပြစ်ရှာ ဝေဖန်ပြီးတော့ လင်းဟန်ကို လူအုပ်ကြီးရဲ့ ဒေါသနဲ့ မျက်နှာချင်းဆိုင်ရအောင် ဖိအားပေးနေကြပါတယ်။

"ငတုံးတွေပဲ"

လင်းဟန်က လူတိုင်းကို သတိပေးဖို့ စီစဉ်ထားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူ့စိတ်တွေ ပြောင်းသွားခဲ့ပါပြီ။ ဒီလူတွေ

သေသေ ရှင်ရှင် သူနဲ့ဘာဆိုင်လဲ။ သူက လီစီရှန်းတို့ဆီကို လျှောက်သွားပြီးတော့ အသံကိုနှိမ့်ပြီး ပြောလိုက်ပါတယ်။

"ဒုတိယအထပ်က ကျယ်ပြန့်တဲ့ နေရာတစ်ခုဖြစ်ပြီးတော့ ကြောက်စရာကောင်းတဲ့ သွေးစုပ်ပိုးကောင်တွေနဲ့ ပြည့်နေတဲ့ နေရာတစ်ခုပဲ။ အစောတုန်းက သေသွားတဲ့ လူခြောက်ယောက်က သွေးစုပ်ပိုးကောင်တွေရဲ့ သွေးစုပ်တာကို ခံလိုက်ရတာပဲ"

သွေးစုပ်ပိုးကောင်တွေနဲ့ တိုက်ပွဲက ဘယ်လောက်တောင် ပြင်းထန်သလဲ ဆိုတာကို လင်းဟန်က ပြောပြနေစရာတောင်မလိုပဲ သေသွားတဲ့ အလောင်းခြောက်လောင်းကို ကြည့်တာနဲ့ ဒီသွေးစုပ်ကောင်တွေက သေချာပေါက် ကြောက်စရာကောင်းတယ် ဆိုတာကို သိနိုင်ပါတယ်။

သူတို့သုံးယောက်က အံ့အားသင့် သွားကြပါတယ်။ လီစီရှန်းနဲ့ ကွမ်းယွမ်ကတော့ အဆင်ပြေ ပါတယ်။ သူတို့က လင်းဟန်ဆီမှာ အနက်ရောင်မျှော်စင် ပိုင်ဆိုင်ထားပြီး အဆိုးတကာ့ အဆိုးဆုံး အခြေအနေမှာတောင်မှ ပုန်းအောင်းနေလို့ ရတယ်ဆိုတာကို သိထားကြပါတယ်။ ဒါပေမဲ့ ယွဲ့ခိုင်ယုကတော့ မျက်မှောင်ကြီးကို

ကြုတ်နေခဲ့ပါတယ်။

"ဒါဆိုရင် ငါတို့ဘာလုပ်ကြမလဲ"

ယွဲ့ခိုင်ယုက မေးလိုက်သည်။

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"စောင့်တာပေ့ါ"

ကျောက်တုံးစိတ်ဂိညာဉ် ပြန်လည်ကောင်းမွန်လာတဲ့ အချိန်ကျရင် ပန်းဖူးအဆင့်ရဲ့ စွမ်းအားက ဒီပိုးကောင်အသိုက်ကို လွယ်လွယ်ကူကူနဲ့ ကျော်ဖြတ်နိုင်ပါတယ်။

ထူးဆန်းတာ တစ်ခုက သူပြေးထွက်ခဲ့ပေမဲ့ အနောက်ကနေ သွေးစုပ်ပိုးကောင်တွေက လိုက်မလာခဲ့တဲ့အတွက် ကြည့်ရတာ တံခါးကို ဖြတ်ကျော်နိုင်စွမ်း မရှိဘူးဆိုတာ သိသာပါတယ်။

ဒီနေရာက လူတွေအားလုံးက အင်အားကြီးဂိုဏ်းတွေက လက်ရွေးစင်နဲ့ ပါရမီရှင်တွေ ဖြစ်ပြီးတော့ သူတို့မှာ

သေချာပေါက် အသက်ကယ်နိုင်တဲ့ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့၊ အမိန့်စာလွှာလို ရတနာပစ္စည်းတွေ ပါရှိပြီး သေချာပေါက် ဒီအရာတွေက သူတို့အတွက် အချိန်ဆွဲနိုင်ပါလိမ့်မယ်။

လင်းဟန်က တိတ်တိတ်ဆိတ်ဆိတ်နဲ့ နေပြီးတော့ တခြားသူတွေက ဘာပဲလုပ်လုပ် စိတ်မဝင်စားပါဘူး။ ဘယ်သူကများ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ပွင့်ပွင့်လင်းလင်း ဖိအားပေးနိုင်မှာလဲ။ အဲဒီအချိန်မှာ လူတွေက ပိုပိုပြီးတော့ နတ်ဘုရား ကျောင်းဆောင်ထဲကို ဝင်လာကြပြီး အကုန်လုံး ဒီနေရာမှာ စုနေကြပါတယ်။

အသက်သုံးဆယ်အရွယ် ပန်းဖူးအဆင့် စစ်သည်တော်တွေ အများကြီးကလည်း လှို့ဝှက်ဆန်းကြယ် နယ်မြေထဲကို ဝင်ရောက်လာခဲ့ကြပေမဲ့ ဘယ်သူကမှ ဒီအနီးနားတပိုက်မှာ ပေါ်မလာကြပါဘူး။ ဒါကြောင့် ဒီနေရာမှာ စိတ်ဝိညာဉ် ပလ္လင်အဆင့် အနည်းစုနဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်တွေပဲ စုစည်းနေပြီး လီစီရှန်း တစ်ယောက်ပဲ နွေဦးစမ်းရေ အဆင့်ဖြစ်ပါတယ်။

တကယ်တမ်းတော့ ရတနာတစ်ခုကို လုယူနိုင်စွမ်းမရှိအောင်

အားနည်းတဲ့ လူတစ်ယောက်ကို တကယ်လို့ သူတို့ရှာတွေ့သွားရင်တောင် ပတ်ဂန်းကျင်ကနေ အကူအညီ ယူပြီးတော့ပဲ ဒီနေရာမှာ လေ့ကျင့်ဖို့ ရယူနိုင်မှာ ဖြစ်ပြီးတော့ သူတို့တွေ ထွက်ခွာသွားတဲ့ အချိန်ကျရင်တော့ အဆင့်သေး တစ်ဆင့် နှစ်ဆင့်လောက်တော့ မြင့်တက်နိုင်ပါတယ်။

"သွားကြစို့။ တစ်ယောက်ယောက်က အသက်ရှင်လျက်နဲ့ ပြန်ထွက်လာနိုင်သေးတာပဲ။ ငါတို့က ဘာဖြစ်လို့ မထွက်လာနိုင်ရမှာလဲ"

တစ်စုံတစ်ယောက် စတင်ပြီးတော့ တခြားလူတွေကို လှုံ့ဆော်စည်းရုံးပြီး ဒုတိယအလွှာကို တစ်ဟုန်ထိုး ပြေးဂင်သွားဖို့ အစီအစဉ်ဆွဲနေပါတယ်။

"ဟုတ်တယ်။ အကုန်လုံးက စိတ်ဂိညာဉ် ပလ္လင်အဆင့်ပဲ။ တကယ်လို့ သူတောင် သွားနိုင်ရင် ငါလည်း သွားနိုင်ရမှာပေ့ါ"

"သွားစို့"

ဒီလူတွေက လူငယ်တွေ ဖြစ်ပြီးတော့ စိတ်အားထက်သန်ပြီး တက်ကြွကြပါတယ်။ သူတို့က လင်းဟန်နဲ့တော့ ပွင့်ပွင့်လင်းလင်း ရန်မလိုပ့ံကြပါဘူး။ ဘယ်သူကမှလဲ သူ့ကို

ဆူညံပွက်လောရိုက်အောင်အထိ မတောင်းဆိုပုံကြပါဘူး။

အနည်းဆုံး လူအယောက်တစ်ရာ ပါဝင်တဲ့ အဖွဲ့တစ်ခု ဖွဲ့ပြီးတဲ့နောက်မှာ ဒုတိယ အလွှာကို တစ်ဟုန်ထိုး ပြေးဝင်ဖို့ စီစဉ်လိုက်ကြပါတယ်။

သူတို့က အမှန်တကယ်တော့ အရူးတွေ မဟုတ်ပါဘူး။ ခေါင်းဆောင်လုပ်တဲ့သူက မြေကမ္ဘာ အမျိုးအစား ပညာရပ်တွေကို အာရုံစိုက်လေ့ကျင့်ထားတဲ့ သန်မာတောင့်တင်းတဲ့ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက်က ဦးဆောင်ပါတယ်။ အဲဒီထဲက လူတွေကလည်း သူတို့ရဲ့ ခုခံကာကွယ်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေကို ကိုင်ဆောင်ထားပြီး တက်ယလို့ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်က ချောင်းမြောင်းလုပ်ကြံမယ် ဆိုရင်တောင်မှ သူ့အနေနဲ့ မသေအောင်လို့ ထိန်းနိုင်ပြီး ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှု တစ်ခုလုပ်နိုင်ပါလိမ့်မယ်။

ဒီလူတွေက အသံတစ်စက်ကလေးမှ မထွက်စေပဲ သွားလိုက်ကြပါတယ်။

ဝင်ပေါက်က ကမ္ဘာနှစ်ခုကို ပိုင်းခြားထားသလိုပါပဲ။ အလင်းရောအသံရော တစ်ဖက်နဲ့တစ်ဖက်

မြင်တွေ့ကြားသိရခြင်း မရှိပါဘူး။

တစ်ခဏမျှ စောင့်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ အသိဉာဏ်က အနက်ရောင်မျှော်စင်ထဲကို ဝင်သွားခဲ့ပြီး ကျောက်တုံးစိတ်ဝိညာဉ်က ၎င်းရဲ့စွမ်းအင်ကို ပြန်လည်ဖြည့်ဆည်းပြီး လုံးဝကို တည်ဆောက်ပြီးသွားတာကို မြင်လိုက်ရပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သွားစို့။ အခု ငါတို့သွားသင့်ပြီ။ စီရှန်း မင်းအပြင်မှာပဲ နေခဲ့"

ယွဲ့ခိုင်ယုက တစ်ဖက်ကို လှည့်သွားတဲ့ အခိုက်အတန့်မှာ သူက လီစီရှန်းကို အနက်ရောင် မျှော်စင်ထဲ တန်းပြီးတော့ ထည့်လိုက်ပါတယ်။

"ဟင် မိန်းကလေးလီ ဘယ်ရောက်သွားလဲ"

ယွဲ့ခိုင်ယု ပြန်လှည့်ကြည့်တဲ့ အခါမှာ လီစီရှန်းကို မမြင်ရတဲ့အတွက် သူ့ရဲ့မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေ ပြည့်နှက်လို့ နေပါတယ်။

"သူမထွက်သွားပြီ"

လင်းဟန်က နည်းနည်းလေးမှ မစဉ်းစားပဲ ပြောလိုက်ပါတယ်။

"ဟင် ဒီလောက်မြန်ရသလား"

ယွဲ့ခိုင်ယုက အံ့ဩတကြီးနဲ့ ပြောလိုက်ပါတယ်။ သူတစ်ခဏလေးပဲ လှည့်လိုက်ရသေးတယ်။ ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"အင်းဟုတ်တယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

ကွမ်းယွမ်ကတော့ အူလှိုက်သည်းလှိုက်ကို ရယ်မောနေပါတယ်။

လင်းဟန်က ဦးဆောင်ပြီးတော့ သူတို့သုံးယောက်က လှေကားကနေ ဒုတိယ အထပ်ကို တက်လာခဲ့ပါတယ်။

ချက်ချင်းဆိုသလို သူတို့ရဲ့ အရှေ့မှာ ပိုးကောင်တွေနဲ့ လူသားတွေအကြားက ပြင်းထန်တဲ့ တိုက်ပွဲ တစ်ခု

ထွက်ပေါ်လာခဲ့ပါတယ်။

အဆုံးမရှိတဲ့ သွေးစုပ်ပိုးကောင်တွေက လေထဲမှာ ပျံသန်းပြီးတော့ သိုင်းပညာရှင် လူသားတွေကို တိုက်ခိုက်နေကြပါတယ်။ ပိုးမွှားအသေကောင်တွေကလည်း မြေကြီးပေါ်မှာ ထူထပ်နေပြီး လူသားတွေဘက်ကလည်း အယောက်နှစ်ဆယ်ကျော် မြေကြီးပေါ်မှာ လဲနေပြီးတော့ အားလုံးက ခြောက်သွေ့နေတဲ့ အလောင်းကောင်တွေ အဖြစ်ကို ပြောင်းလဲသွားပါပြီ။

သွေးစုပ်ပိုးကောင်တွေ ပိုပိုပြီးတော့ သေလာတာနဲ့ ဒီနေရာတစ်ခုလုံးမှာရှိတဲ့ သွေးစုပ်ပိုးကောင်တွေက ရှုံ့သွပ်သွားသလို ဖြစ်လာကြပါတယ်။ မီတာတစ်ရာ အချင်းဝက် ပမာဏလောက်အထိ ပိုးကောင်တွေ အားလုံးက ကောင်းကင်ပေါ်မှာ စက်ဝိုင်းပုံစံ ပျံသန်းပြီးတော့ လူတွေဆီကို မုန်တိုင်းတစ်ခုလိုမျိုး တိုးဝင်လာပါတယ်။

ဒါက လုံးဝကို မတူညီ ကွဲပြားခြားနားတဲ့ တိုက်ပွဲပုံစံ တစ်ခု ဖြစ်ပါတယ်။ ပထမတော့ သွေးစုပ်ပိုးကောင်တွေက အရေအတွက်အပေါ် မှီခိုပြီးတော့ အသာစီးရယူခဲ့ပြီး ဘက်ပေါင်းစုံကနေ တိုက်ခိုက်မှုတွေကို ပြုလုပ်နေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခြေခံကျကျ ပြောရမယ်ဆိုရင်

သူတို့ကိုယ်ပိုင် ဆက်ပြီးတော့ တိုက်ခိုက်နေတာပဲ ဖြစ်ပြီးတော့ အရပ်မျက်နှာတွေပဲ နည်းသွားတာပါ။

အခုတော့ လုံးဂကို ကွဲပြားခြားနားသွားပြီး ဘီလျံချီတဲ့ သွေးစုပ်ပိုးကောင်တွေက ခန္ဓာကိုယ် တစ်ခုတည်း ရှိတဲ့ ပုံစံမျိုးနဲ့ အားလုံးကို လှဲချသွားခဲ့တာ ဖြစ်ပါတယ်။

Chapter 477 end

အပိုင်း(၄၇၈) အနက်ရောင် ကျောင်းဆောင်လေး

သွေးစုပ်ပိုးကောင်တွေက ကောင်းကင်တစ်ခုလုံးကို ကျိုင်းကောင်ကပ်ဘေးတစ်ခု ကျရောက်သလို ဖုံးအုပ်နေပါတယ်။ သူတို့က အသီးအနှံတွေ မစားပါဘူး။ ဒါပေမဲ့ အသားနဲ့အသွေးကိုတော့ နှစ်ချိုက်ကြပါတယ်။

ပိုးကောင်မှန်တိုင်းကြီးက တံမြက်စည်းလှဲသလို လှဲကျင်းလိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလို ခြောက်သွေ့နေတဲ့ အလောင်းကောင် တော်တော်များများ တစ်မုဟုတ်ချင်း ပေါ်ထွက်လာပြီး တစ်ယောက်မှ ပြန်ပြီးတော့ မတိုက်ခိုက်နိုင်ကြပါဘူး။

အခုလိုမျိုး ပူးပေါင်းလိုက်တာက ပိုးကောင်တွေရဲ့ အစွမ်းကို

ဆတိုးပြီး တိုးတက်လာခဲ့ပြီး ပန်းဖူးအဆင့်နဲ့ နီးကပ်တဲ့အထိကို ရောက်ရှိလို့ လာခဲ့ပါတယ်။

ကျန်ရှိနေတဲ့ သိုင်းပညာရှင်တွေက အကြီးအကျယ်ကို အံ့အားသင့် သွားခဲ့ပြီး သူတို့ရဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့၊ အမိန့်စာလွှာတို့လိုမျိုး အသက်ကယ် နောက်ဆုံးတိုက်ကွက်တွေကိုတောင် ထုတ်မသုံးနိုင်ပဲ ဖြစ်နေပါတယ်။ အစတုန်းကတော့ သူတို့က တန်ဖိုးကြီးမားတဲ့ ရတနာအတွက် ယှဉ်ပြိုင်ကြတဲ့ အခါမှ ထုတ်သုံးဖို့ စိတ်ကူးထားကြတာပါ။ ဒါပေမဲ့ အခုတော့ သူတို့ရဲ့ အသက်ကို ကယ်တင်နိုင်ဖို့ ဘာကိုများ ထပ်ပြီးတော့ ဂရုစိုက်နေကြဦးမှာလဲ။

သူတို့သာ အသက်မရှိတော့ဘူးဆိုရင် အားလုံးပြီးဆုံးသွားပါပြီ။

ဟုမ်း။

ချက်ချင်းဆိုသလိုပဲ လူသားသိုင်းပညာရှင်တွေရဲ့ ဘေးကနေ ခန့်ညားထယ်ဝါတဲ့ အရှိန်အဟုန် အဟန့်တစ်ခု ရှိလာခဲ့ပါတယ်။ ပိုးကောင်တွေက ပန်းဖူးအဆင့်ကို ဘယ်လောက်ပဲ နီးကပ်နေပါစေ ကိစ္စမရှိပါဘူး။

ပန်းဖူးအဆင့်က လူတွေဖန်တီးထားတဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေက ယှဉ်ပြိုင်နိုင်ပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာက တိုက်ရိုက်တန်းပြီး အမြစ်ပြတ် သုတ်သင်ပစ်နိုင်ပါတယ်။

ဒီသွေးစုပ်ပိုးကောင်တွေက ဘုရင်အဆင့် သားရဲကောင်တွေ မဟုတ်ဘူးဆိုတာ သိသာနေပြီး ဘယ်လိုလုပ် ဒီလိုမျိုး ပြင်းပြင်းထန်ထန် တရစပ်ထိုးနက်တာကို ကြံ့ကြံ့ခံနိုင်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ ပိုးကောင်အစုလိုက် အပြုံလိုက်ကြီးက ချက်ချင်းဆိုသလို ကွယ်ပျောက်လုနီးပါး ဖြစ်သွားသည်။

ပှမ်း။

လူတစ်ယောက်ရဲ့ ဦးခေါင်းအရွယ်အစားရှိတဲ့ သွေးစုပ်ပိုးကောင် တစ်ကောင်က ပိုးကောင်မုန်တိုင်းကနေ ပျံသန်းထွက်လာခဲ့ပါတယ်။ ၎င်းရဲ့အတောင်ပံတွေက အတော်လေးကို စုတ်ဖွာနေပြီး ပျံသန်းနိုင်ရုံ သာသာပဲ ဖြစ်ပါတယ်။

အသိုက်ကို ဖြတ်ပြီးတော့ လွတ်ထွက်လာတဲ့ ပိုးကောင်တစ်ကောင် တကယ်ပဲ ရှိသေးတာလား။

"ဒါက ဒီပိုးကောင်တွေရဲ့ ဘုရင်ပဲ ဖြစ်ရမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒီပိုးကောင်ဘုရင် ရောက်လာတာကြောင့် ပိုးကောင်တွေရဲ့ အစုလိုက်အပြုံလိုက် တိုက်ပွဲဝင်တဲ့ ပုံစံကို ပြောင်းလဲသွားခဲ့တာ ဖြစ်ပါလိမ့်မယ်။ အစောပိုင်းက အဆုံးမရှိတဲ့ သွေးစုပ်ပိုးကောင်တွေက သူတို့ဘာသာသူတို့ လှုပ်ရှားနေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပိုးကောင်ဘုရင်ရဲ့ အမိန့်အောက်မှာ ပိုးကောင်တွေအားလုံး စုစည်းပြီးတော့ တိုက်ခိုက်တဲ့ အခါမှာ သူတို့ရဲ့ စွမ်းအားတွေက အဆင့်တွေ အများကြီး တက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ပိုးကောင်တွေ အားလုံးစုစည်း လိုက်တာကြောင့် အားလုံးကို တစ်ခါတည်းနဲ့ ပြောင်သွားအောင် လှဲကျင်းပစ်ဖို့ အခွင့်အရေးတစ်ခုကို လုပ်လိုက်တာ ဖြစ်ပြီးတော့ လွတ်မြောက်ဖို့ အခွင့်အရေးက ကျဉ်းမြောင်းပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် အလှာကိုး။

ပိုးကောင်ဘုရင်ရဲ့ ခွန်အားက လွှမ်းမိုးနိုင်ဖို့ လုံလောက်ပြီး

ဒုတိယအချက်က ပိုးကောင်တွေရဲ့ အလယ်မှာနေတဲ့အတွက် အထိအခိုက်နည်းပြီးတော့ အသက်ကို လုံခြုံစေခဲ့ပါတယ်။

ပိုးကောင်ဘုရင်က လူတွေအားလုံးကို မုန်းတီးမှုတွေ ပြည့်နေတဲ့ မျက်လုံးနဲ့ ကြည့်ပြီး တိုက်ခိုက်မှုတော့ မလုပ်ပဲ အဲဒီအစား သူရဲ့အတောင်ပံတွေကို ခတ်ပြီးတော့ ပိုမြင့်တဲ့ နေရာကို ပျံသန်းသွားပါတယ်။

"မင်းလွတ်မယ်များ ထင်နေလား"

အားလုံးက သရော်လိုက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် တိုက်ခိုက်မှုတွေကို ပစ်လွှတ်လိုက် ပါတယ်။ ချက်ချင်းဆိုသလို ဓားချီတွေ ဆေဘာချီတွေက မုန်တိုင်းတိုက်သလို ကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ပိုးကောင်ဘုရင်က စိတ်ဝိညာဉ် ပလ္လင်အလွှာ ၉ အဆင့်မှာ ဖြစ်ပြီးတော့ အမဲရောင်ဒိုင်းတစ်ခုနဲ့ အားလုံးရဲ့ တိုက်ခိုက်မှုကို ကာကွယ်ပြီးတော့ အပေါ်ကို ဆက်ပြီးတော့ ပျံသန်းသွားပါတယ်။

အတော်လေးမြင့်တဲ့ နေရာကို ရောက်တဲ့ အခါမှာတော့

လူတွေအားလုံးက ၎င်းကို မျက်နှာတွေ မည်းပြီးတော့ စိုက်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ အမှန်တကယ်တော့ တကယ်လို့ ပန်းဖူးအဆင့်ကို မဖင်နိုင်ဘူးဆိုရင် ပျံသန်းနိုင်တဲ့ ပြိုင်ဘက်တွေနဲ့ ရင်ဆိုင်တဲ့အခါမှာ ဘာမှ လုပ်နိုင်ကြမှာ မဟုတ်ပါဘူး။

ပိုးကောင်ဘုရင်က အားလုံးကို အေးစက်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒီလူသားတွေက သူ့ဘက်သားတွေ အားလုံးကို အမြစ်ပြတ်သုတ်သင် ပစ်လိုက်ပါတယ်။ သူအနေနဲ့ နောက်တစ်ကြိမ် သေချာပေါက် ပြန်လာပြီးတော့ ဒီလူသားတွေ အားလုံးကို သတ်ပစ်ရပါ လိမ့်မယ်။ သူ့ရဲ့ဘက်တော်သားတွေ ကြီးမားတဲ့ ပမာဏတစ်ခု ပြန်လည်မွေးမြူပြီးရင် ဒါက သိပ်တော့ ကြာလိမ့်မှာ မဟုတ်ပါဘူး။

ပိုးကောင်ဘုရင်က စိုက်ကြည့်ပြီးတဲ့နောက်မှာ အတောင်ပံတွေကို ခတ်ပြီးတော့ ပျံသန်းရင်း သူ့ရဲ့ အတောင်ပံ စစ်တပ်ကို ပြန်လည်တည်ဆောက်ဖို့ လုံခြုံတဲ့ နေရာကို ရှာဖွေဖို့အတွက် ထွက်လာလိုက်ပါတယ်။

ရှစ် ရှစ် ရှစ် ရှစ်။ ဓားရှည်အလင်းတစ်ခုက တိုက်ခိုက်လာပြီး ခန့်ညားထယ်ဂါတဲ့ အလင်းတစ်ခုကို ထုတ်လွှတ်လို့

နေပါတယ်။

ပိုးကောင်ဘုရင်က ပထမတော့ ဒီလောက်အမြင့်မှာဆိုရင် ဘယ်သူကမှ သူ့ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်နိုင်လိမ့်မှာ မဟုတ်ဘူးဆိုပြီး အလေးမထားခဲ့ပါဘူး။ ဒါပေမဲ့လည်း မျက်စိ တစ်မှိတ်အတွင်းမှာပဲ ၎င်းကတိုက်ခိုက်ခံ လိုက်ရပြီးတော့ စိုးရိမ်စရာကောင်းတဲ့ အမှားကြီးတစ်ခု ဆိုတာကို သိလိုက်ရပါတယ်။ ဖူး ဆိုတဲ့ အသံနဲ့အတူ ၎င်းရဲ့ အတောင်ပံက ပြင်းပြင်းထန်ထန်ကို ကျိုးသွားခဲ့ပါတယ်။

ပိုးကောင်ဘုရင်က အံ့အားသင့်စွာနဲ့ အောက်က လူသားကို ကြည့်လိုက်ပြီး ဒီလိုမျိုး အံ့မခန်းတဲ့ ပြိုင်ဘက်ကင်းဓားတစ်လက် ရှိလိမ့်မယ်လို့ လုံးဝကို မယုံနိုင်အောင် ဖြစ်နေပါတယ်။ ပိုးကောင်ဘုရင်က သူရဲ့ပျံသန်းမှုကို ကြာကြာမထိန်းနိုင်တော့ပဲ ကောင်းကင်ကနေ တိုက်ရိုက် ပြုတ်ကျလာခဲ့ပါတယ်။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ နတ်ဆိုးရှင်သန်ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပါတယ်။

"သတ်ကြ"

လူတိုင်းလူတိုင်းပဲ တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ကြပြီး ပိုးကောင်ဘုရင်က တိုက်ခိုက်မှု အနည်းငယ်ကို ထိမှန်ခံလိုက်ရပြီး သေသွားခဲ့ပါတယ်။

ကံမကောင်းတာက ပိုးကောင်ဘုရင်က စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိပေမဲ့လည်း ၎င်းက ညစ်ပတ်ပြီး အော်ဂလီဆန်စရာကောင်းပါတယ်။ ဘယ်သူကမှ ၎င်းရဲ့အသားကို ယူဖို့နည်းနည်းမှ စိတ်မဝင်စားကြပါဘူး။ ပိုးကောင်ဘုရင် သေသွားပြီ ဆိုတာကို အတည်ပြုပြီးတဲ့နောက်မှာ ဘယ်သူကမှ နောက်တစ်ကြိမ် လှည့်မကြည့်တော့ပါဘူး။

သူတို့အားလုံးက လင်းဟန်ကို ကြည့်နေကြပြီး ဒီဓားတိုက်ခိုက်မှုက သူတို့အားလုံးကို ကျိတ်ပြီး တုန်လှုပ်သွားစေခဲ့ပါတယ်။ ပိုးကောင်ဘုရင်က အရမ်းကို မြင့်တဲ့နေရာမှာ ပျံသန်းနေပြီး လင်းဟန်ရဲ့ ဓားချီက ပိုးကောင်ဘုရင်ကို ထိခိုက်ဒဏ်ရာရစေခဲ့ပါတယ်။ အတောင်ပံတွေက အထိခိုက်မခံပဲ နနယ်တယ် ဆိုပေမဲ့ ဒါကလူတိုင်းကို အကြီးအကျယ် အံ့အားသင့် သွားစေခဲ့ပါတယ်။

လင်းဟန်က ပိုးကောင်ဘုရင်အသေကောင်ရဲ့ ဘေးနားကို လျှောက်လာပြီးတော့ ပိုးကောင်ဘုရင်ရဲ့ ခန္ဓာကိုယ်ကို သူရဲ့ဓားနဲ့ လှီးဖြတ်လိုက်ပါတယ်။ ခဏကြည့်လိုက်တာနဲ့ သူက ပိုးကောင်မှာ အရိုးတွေမရှိတာကို မြင်လိုက်ရပြီး အဲဒီအတွက်လည်း အရိုးပုံစံ အစီအရင် ရှိမနေပါဘူး။

မျှော်လင့်ထားတဲ့ အတိုင်းပဲ ဒါက ဘုရင်အဆင့် သားရဲတစ်ကောင် မဟုတ်ပဲ အရိုးပုံစံ အစီအရင် တစ်ခုမှ မရှိပါဘူး။

လူတွေအားလုံးပဲ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားပြီး ဒီနေရာက အရမ်းကို စိတ်ဝင်စားစရာ ကောင်းပြီးတော့ အကုန်လုံးကို စူးစမ်းလေ့လာချင်နေကြပါတယ်။

ဒီနေရာက အရမ်းကို ထူးဆန်းနေပါတယ်။ သူတို့က ပထမ အထပ်ကနေ သေသေချာချာပဲ တက်လာခဲ့တယ် ဆိုပေမဲ့ အခု တစ်ဖက်မှာ ရွှေရောင်နံရံတစ်ခု ဖြစ်နေတဲ့အတွက် သူတို့က နတ်ဘုရား ကျောင်းဆောင်ဘက်ကနေ လာခဲ့သလို ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး ကြီးမားတဲ့ နေရာတစ်ခုက မထူးဆန်းဘူး ဆိုမှသာ ထူးဆန်းနေပါလိမ့်မယ်။

ဒီမှာ သွားစရာ ဦးတည်ချက် တစ်ခုတည်း ရှိမှတော့ သူတို့သုံးယောက်လည်း တခြားသူတွေရဲ့ အနောက်ကို လိုက်ပြီးတော့ အရှေ့ကို တိုးလာခဲ့ကြပါတယ်။

မိနစ်နှစ်ဆယ်ခန့် လမ်းလျှောက်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ရှေ့မှာ ရုတ်တရက် အဆောက်အဦး တစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းရဲ့ပုံပန်းသွင်ပြင်က အပြင်ဘက်က ရွှေရောင်ကျောင်းဆောင်နဲ့ အတိအကျ ထပ်တူညီပေမဲ့ အများကြီး သေးငယ်ပြီးတော့ သုံးမီတာ အမြင့်လောက်ပဲ ရှိပါတယ်။ ၎င်းက လုံးဝကို အနက်ရောင်ဖြစ်ပြီးတော့ ဂင်ပေါက်တစ်ခုပဲ ရှိပါတယ်။

လူတိုင်းပဲ တုံ့ဆိုင်းသွားခဲ့ပါတယ်။ အဆောက်အဦးတစ်ခုရဲ့ ပုံပန်းသွင်ပြင်တစ်ခု ရုတ်တရက် ပေါ်လာခဲ့တဲ့အတွက် လူတွေက ပြေးပြီးတော့ တစ်ချက်ကြည့်လိုက်ကြပါတယ်။

ဒါပေမဲ့လည်း ဒီနေရာက အတော်လေးကို ထူးဆန်းတဲ့အတွက် အားလုံးက အထဲက အန္တရာယ် အကြောင်းကို စဉ်းစားပြီးတော့ စိုးရိမ်ပူပန်နေကြပါတယ်။ ဘယ်သူကမှ အပြင်မှာ ရပ်နေဖို့ ဆန္ဒမရှိပဲ ပထမဆုံးလူအဖြစ် အထဲကို ဂင်ဖို့လုပ်နေပါတယ်။

ဂိုး ဂိုး ဂိုး ဂိုး ။ ထူးဆန်းတဲ့ အသံတစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ အမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"မကောင်းတော့ဘူး။ နောက်ထပ် သွေးစုပ်ပိုးကောင်တွေ ဒီနေရာမှာ ရှိနေသေးတယ်"

သူ့အသံထွက်လာတာနဲ့ အနက်ရောင် တိမ်တိုက်တစ်ခုက ကျောင်းဆောင်အတွင်းကနေ အပြင်ကို ပျံသန်းထွက်လာခဲ့ပြီး ကောင်းကင်ကို ဖုံးအုပ်ပြီး မြေကြီးကို ဖုံးကွယ်လိုက်သလိုမျိုး အားလုံးကို တိုက်ချလိုက်သည်။

"မကောင်းတော့ဘူး"

အားလုံးက အော်ဟစ်လိုက်ပါတယ်။ သူတို့တွေက ပထမဆုံး ပိုးကောင်အုပ်စုနဲ့ တိုက်ခိုက်တုန်းက သူတို့ရဲ့ပှက်ဖဲတွေ အားလုံးကို အသုံးပြုခဲ့ပါပြီ။ ဒါပေမဲ့ အခု နောက်ထပ် ပိုးကောင်အုပ်တစ်ခု ရှိနေပြီး သူတို့ဘာများ လုပ်နိုင်မှာလဲ။

ပိုးကောင်အုပ်စု မှန်တိုင်းကို လူတိုင်းက အလျင်အမြန်ပဲ ခုခံလိုက်ပါတယ်။ သူတို့အနေနဲ့ သူတို့ရဲ့ သေခြင်းတရားကို ဒီအတိုင်းတော့ စောင့်မနေနိုင်ပါဘူး။

တိုက်ခိုက်မှု တစ်ခုနဲ့ပဲ လူတိုင်းလူတိုင်း တစ်ယောက်ပြီး တစ်ယောက် နောက်ဆုတ်သွား ရပါတယ်။ ပိုးကောင်အုပ်ကြီးက အရင်က အုပ်စုထက် ပိုပြီးတော့ ကြီးမားပြီး အားလုံးရဲ့ ခွန်အားတွေက လျော့ကျနေတဲ့ အတွက်ကြောင့် သူတို့က တိုက်ရင်းနဲ့ ဆုတ်ခွာရုံပဲ တတ်နိုင်ပါတယ်။

"သွားသွား ကျောင်းဆောင်အထဲကို သွားကြ"

လင်းဟန်က နောက်မဆုတ်ပဲ အရှေ့ကို ဆက်တိုးဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ဒီကျဉ်းမြောင်းတဲ့ နေရာအထဲမှာ ပိုးကောင်အုပ်ကြီးရဲ့ အရေအတွက် အားသာချက်ကို သူတို့က အားနည်းသွားနိုင်ပါတယ်။

သူတို့သုံးယောက်က အနက်ရောင် ကျောင်းဆောင်ထဲကို ဝင်လာခဲ့ကြပါတယ်။ ဒီနေရာမှာ တစ်ထပ်ပဲ ရှိပြီးတော့

ဘာမှမရှိသလောက်ပါပဲ။ အလယ်မှာတော့ ကျောက်စားပွဲတစ်ခု ရှိပြီးတော့ တစ်စုံတစ်ယောက်ရဲ့ ရုပ်အလောင်းတစ် ရှိနေပြီး အခုတော့ အရိုးကျနေပါပြီ။

ဒါက နတ်ဘုရားတွေကို ရှိသေလေးစားတဲ့ အနေနဲ့ ယစ်ပူဇော်တဲ့အနေနဲ့ အသုံးပြုတာများလား။

ဒီပိုးကောင်အစုလိုက် အပြုံလိုက်ကြီးကရော ဘာများလဲ။

"ဆရာသခင်လင်း မင်း သတိလက်လွတ် ဒေးမနေနဲ့လေ"

ယွဲ့ခိုင်ယုက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူနဲ့ ကွမ်းယွမ်က ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်နေပြီး လင်းဟန်ကတော့ အမှန်တကယ်ပဲ ရုပ်ကလာပ်ကြောင့် ဝင်ပေါက်မှာ ရပ်နေပြီး သူတို့ရဲ့ ဖိအားက ချက်ချင်းဆိုသလို တိုးလာစေခဲ့ပါတယ်။

"သွေးစွန်းတဲ့ တိုက်ပွဲက မင်းတို့ရဲ့ ခွန်အားကို တိုးလာစေနိုင်တယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ရုပ်ကလာပ်ရဲ့ဘေးကို ခြေလှမ်းကျဲကြီးနဲ့

လျှောက်သွားလိုက်ပါတယ်။ ဒါပေမဲ့ အနီးနားကို မရောက်သေးပဲနဲ့ ပြင်းထန်တဲ့ ဖိအားတစ်ခုကို ခံစားလိုက်ရပြီး သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးတောင် ပျက်စီးသွားမလို ခံစားလိုက်ရပါတယ်။

ဘယ်လောက် ကြောက်စရာ ကောင်းလိုက်သလဲ။

လင်းဟန်က အံ့အားသင့်တဲ့ အမူအရာ တစ်ခုဖြစ်သွားခဲ့ပါတယ်။ ရုပ်ကလာပ်ရဲ့ ပိုင်ရှင်က အသက်ရှင်နေတဲ့ အချိန်တုန်းက သေချာပေါက် သာမန်တစ်ခု မဟုတ်ပဲ အနည်းဆုံး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က တည်ရှိမှု တစ်ခုဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း သူရဲ့နတ်ဘုရား အာရုံက ဓားတွေဆေဘာတွေနဲ့ ထိုးခုတ်နေသလို ခံစားနေရတဲ့ အကြောင်းရင်းရဲ့ တစ်ခုတည်းသော ရှင်းပြချက်ပဲ ဖြစ်ပါတယ်။

ဒါက နတ်ဘုရားအဆင့် သက်ရှိတစ်ယောက်တောင် ဖြစ်နိုင်ပါတယ်။

Chapter 478 end

အပိုင်း(၄၇၉) ဒြပ်စင်ငါးခုရဲ့ မဟာစိတ်ဂိညာဉ် နှစ်ခု

ဒါက နတ်ဘုရား အရိုးတွေ အစုံလိုက် ဖြစ်ပါတယ်။ မရေတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ဖြတ်ကျော်သွားခဲ့ပေမဲ့ ၎င်းရဲ့ နတ်ဘုရား သဘာဂကတော့ ကျန်နေရစ်ဆဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒါက ရိုးရိုးသာမန်လူ တစ်ယောက်ရဲ့ အကြွင်းအကျန် ရုပ်ကလာပ်တစ်ခု လုံးဝ မဟုတ်ပါဘူး။

နဖူးနေရာမှာ ဦးချိုတစ်ချောင်း ရှိနေပါတယ်။

ဦးချိုက အရမ်းကို ပျက်စီးနေတယ်ဆိုတာ သိသာပါတယ်။ နဖူးပေါ်မှာ တစ်ဝက်သာသာပဲ ကျန်ပါတော့တယ်။ နောက်ပြီးတော့ ခြေထောက်တွေနဲ့ လက်တွေမှာလဲ အတောင်ပံအရိုးတွေ ပါရှိပြီး ပျက်စီးနေပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီနတ်ဘုရား အသက်ရှင်စဉ်တုန်းက ၎င်းရဲ့ လက်မောင်းတွေနဲ့ ခြေထောက်တွေက ဓားသွားတွေလိုမျိုး အရမ်းကို ထက်မြက်တဲ့ အရိုးတွေနဲ့ ဝေါထွက်နေမှန်း ခန့်မှန်းသုံးသပ်လို့ ရနိုင်ပါတယ်။

"ဒါက လူသားတစ်ယောက် မဟုတ်ဘူး။ ဒါပေမဲ့ သားရဲ့တစ်ကောင်က လူသားအသွင် ပြောင်းလဲခြင်းများ ဖြစ်နိုင်မလား"

လင်းဟန်ရဲ့ နှလုံးသားက တဒိတ်ဒိတ်ခုန်နေခဲ့ပါတယ်။ သူဖတ်ဖူးတဲ့ ရှေးဟောင်းမှတ်တမ်းတွေ အထဲမှာတော့ သားရဲကောင်တွေက နတ်ဘုရားအဆင့်ကို ပြောင်းလဲအဆင့်တက် သွားတဲ့အခါမှာ သူတို့ရဲ့ သားရဲခန္ဓာကိုယ်ကို စွန့်ပယ်ပြီးတော့ လူသားတစ်ယောက် ပုံစံကို ပြောင်းလဲနိုင်တယ်လို့ ပါရှိထားပါတယ်။

လူတချို့က ဖန်းယန်လိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ရှေးဟောင်းသားရဲကောင်တွေရဲ့ သွေးမျိုးဆက်တွေကို ပိုင်ဆိုင်ထားကြပါတယ်။ ဒါကြောင့် ဒီရုပ်ကလာပ်က သားရဲတစ်ကောင်က နတ်ဘုရားဖြစ်လာပြီး လူသားတစ်ယောက်နဲ့ သားသမီးတွေ ရရှိလာတာကြောင့် သားရဲကောင်ရဲ့ သွေးမျိုးဆက်ကို အမွေဆက်ခံတဲ့ လူသားတွေ ရှိနေတာ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

ဘာပဲဖြစ်ဖြစ် ဒါတွေက တန်ဖိုးမဖြတ်နိုင်တဲ့ အရိုးတွေ ဖြစ်ပါတယ်။

နောက်ထပ်စကား မဆိုတော့ပဲ လင်းဟန်က ရုပ်ကလာပ်ကို အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူရဲ့အကြံက အလုပ်မဖြစ်ဘူး

ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။

ဘာဖြစ်တာလဲ။ နတ်ဘုရားအဆင့် ပစ္စည်းတွေကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းလို့ မရဘူးလား။

မဟုတ်ဘူး။

သူက ချက်ချင်းပဲ လက်သီးတစ်လုံး အရွယ်အစားရှိတဲ့ သွေးစုပ်ပိုးကောင် တစ်ကောင်က ရုပ်ကလာပ်ရဲ့ အတွင်းကနေ ထွက်လာတာကို တွေ့လိုက်ရပါတယ်။ ထိုပိုးကောင်က လင်းဟန်ကို စိုက်ကြည့်နေပြီး အံ့အားသင့်စရာကောင်းတဲ့ အေးစိမ့်မှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

ပန်းဖူးအဆင့် တည်ရှိမှုတစ်ခု။

လပြွတ်ပဲ။

လင်းဟန်က ရုတ်တရက် နားလည်သွားခဲ့ပါတယ်။ ဒီသွေးစုပ်ပိုးကောင်တွေက နတ်ဘုရား ရုပ်ကလာလပ်ကနေ မွေးဖွားလာတာ ဖြစ်နိုင်မလား။ အဲဒါက သေပြီးတဲ့ နတ်ဘုရားတစ်ပါးရဲ့ ဖိနှိပ်ချုပ်ခြယ်မှုကို မကြောက်ရွံ့တာနဲ့

စားဖို့အတွက် အစာမရှိပဲ သေမှာကို စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ သူတို့က နတ်ဘုရား ရုပ်ကလာပ်အတွင်းမှာ နေထိုင်ပြီးတော့ နတ်ဘုရားရဲ့ အဆီအနှစ်တွေကို စုပ်ယူနေကြတာ ဖြစ်ပါတယ်။

သေစမ်းကွာ။ ဒီနေရာက ဘယ်လို ငရဲမျိုးလဲ။ နတ်ဘုရား တစ်ပါးကိုတောင်မှ ယင်ဖိုကောင်အဖြစ် ပူဇော်ဖို့ အသုံးပြုတာလား။

"အမေရေ"

ယွဲ့ခိုင်ယုက ထိတ်လန့်စွာနဲ့ပ အော်ဟစ်မြည်တမ်းလိုက်ပါတယ်။ သူတို့ကို အပြင်ဘက်ကနေ သွေးစုပ်ပိုးကောင်တွေ အားလုံးက တားဆီးခြင်းကို ခံထားရပြီး ကျဉ်းမြောင်းတဲ့ လမ်းကြောင်းမှာပဲ ခုခံရုံသာ တတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ နောက်ထပ် ပိုးကောင်ဘုရင် တစ်ကောင်နဲ့ ရင်ဆိုင်နေရပြီး ပန်းဖူးအဆင့်မှာ ရှိပါတယ်။

"ကြောက်မနေနဲ့။ မင်းတို့ကောင်တွေက အငယ်ကောင်တွေနဲ့ ဆက်ပြီးတော့ ရင်ဆိုင်နေလိုက်။ ဒီအကောင်ကြီးကိုတော့ ငါ့တာဝန်ထား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ရင်း သူ့ရဲ့ညာဘက်ကို ဝှေ့ယမ်းလိုက်ပြီး ကျောက်တုံး စိတ်ဝိညာဉ်ကို ဆင့်ခေါ်လိုက်ပါတယ်။ ဒီအချိန်မှာ ကျောက်တုံးစိတ်ဝိညာဉ်က လုံးဝကို ပြန်လည်ကောင်းမွန် လာခဲ့ပါပြီ။

မြေကြီးက ခိုင်မာတောင့်တင်းပြီး ကျောက်တုံးစိတ်ဝိညာဉ်က မြေကြီးကနေ မွေးဖွားလာတဲ့အတွက် ဒီသန်မာတဲ့ အချက်ကို အမွေဆက်ခံထားပါတယ်။ ၎င်းရဲ့ခုခံနိုင်မှု စွမ်းအားက အံ့အားသင့် စရာကောင်းပြီး ၎င်းရဲ့ ပြန်လည်ကုသနိုင်စွမ်းကလည်း အံ့သြဖို့ ကောင်းပါတယ်။ ၎င်းက အမြစ်ပြတ် သုတ်သင်ခြင်းကို မခံရသရွေ့တော့ မကြာခင်မှာပဲ မူလအတိုင်း ပြန်လည်ကောင်းမွန် လာပါလိမ့်မယ်။

"ဂါး"

ကျောက်တုံးစိတ်ဝိညာဉ်က ပေါ်လာတာနဲ့ ပိုးကောင်ဘုရင်ကို ဟိန်းဟောက်လိုက်ပြီး ဓားသွားနဲ့ တူတဲ့ အသံလှိုင်းတွေက တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့ပါတယ်။

ပိုးကောင်ဘုရင်က သေးငယ်ပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ ပန်းဖူးအဆင့် ခွန်အားကို မြင်နိုင်ပါတယ်။ ပိုးကောင်ဘုရင်က မကြောက်မရွံ့နဲ့ ၎င်းရဲ့ အတောင်ပံတွေကို ခတ်လိုက်ပါတယ်။ ဗိုး ဗိုး ဗိုး။ လေပြင်းတစ်ခု တိုက်ခိုက်သွားပြီး အသံလှိုင်းတွေနဲ့ မိတ်ဆက်သွားခဲ့ပါတယ်။ ဖူး ဖူး ဖူး။ လေပြင်းနဲ့ အသံလှိုင်းတွေက ရစ်ပတ်ရှုပ်ထွေးသွားပြီးတော့ အသံလှိုင်းတစ်ခုက မြင့်တက်လာခဲ့ ပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်ရဲ့ အသံလှိုင်းက အသာစီးရတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ၎င်းက အနည်းငယ် အားနည်းပေမဲ့လည်း လေပြင်းနှစ်ခုကို ဖျက်ဆီးပစ်နိုင်ဆဲ ဖြစ်ပြီးတော့ ပိုးကောင်ဘုရင်ဆီကို ဆက်ပြီးတော့ တိုးဝင်တိုက်ခိုက်နိုင်ဆဲ ဖြစ်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က သားရဲတစ်ကောင် မဟုတ်ပါဘူး။ ဒါပေမဲ့ ၎င်းက ကောင်းကင်နဲ့ မြေကြီးကနေ မွေးဖွားလာတဲ့ အံ့မခန်းသက်ရှိတစ်ခု ဖြစ်ပါတယ်။ အဆင့်သတ်မှတ်ချက် အရဆိုရင် ၎င်းက သားရဲကောင်များ အကြားမှာ ဘုရင်တစ်ပါး ဖြစ်ရုံသာမက ဘုရင်တွေရဲ့ အကြားက

ဘုရင်တစ်ပါး ဖြစ်ပါတယ်။

ဓားချီအလင်း ခုနစ်ခုကို ကျင့်ကြံနိုင်တဲ့ လူကို ဓားသမားတွေ အကြားမှာ ဘုရင်တစ်ပါးလို့ ခေါ်ဆိုတာနဲ့ တူညီပါတယ်။ ပြီးတော့ ဓားချီအလင်း ဆယ်ခုကို ကျင့်ကြံနိုင်သူကလည်း ဘုရင်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ ဘုရင်နှစ်ယောက်က တူညီတဲ့ အမျိုးအစား ဖြစ်နိုင်မှာလဲ။

ပိုးကောင်ဘုရင်က သူရဲ့အတောင်ပံတွေကို ခတ်ပြီးတော့ ကျောက်တုံးစိတ်ဝိညာဉ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ အရမ်းကို လျင်မြန်လွန်းပါတယ်။ ပိုးကောင်ဘုရင်က ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ နေးကွေးလေးကန်မှု အပေါ်မှာ အခွင့်ကောင်းယူပြီးတော့ အသာစီး ရယူဖို့ ကြိုးစားတယ်ဆိုတာ သိသာထင်ရှားပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ လှုပ်ရှားမှုက သွေးစုပ်ပိုးကောင်ဘုရင်လောက် လျင်မြန်မှု မရှိပါဘူး။ ပိုးကောင်ဘုရင်က ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ နလုံးသား အနားကို နောက်ဆုံးတော့ ပျံသန်း ရောက်ရှိလာခဲ့ပြီး သူရဲ့ပါးစပ်ကို ဟပြီးတော့ ကိုက်လိုက်ပါတယ်။

ပိုးကောင်ဘုရင်က သွေးစုပ်ယူဖို့ စတင်လိုက်ပါတယ်။ ၎င်းရဲ့ပြိုင်ဘက်ဖြစ်သူ သွေးတွေကို ခြောက်သွားအောင် လုပ်နိုင်တာနဲ့ ဘယ်လောက်ပဲ သန်မာနေပါစေ ကိစ္စမရှိတော့ပါဘူး။ ပြိုင်ဘက်က အလောင်းကောင် တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း သူစုပ်ယူလိုက်တဲ့အခါမှာ ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ လဖြွတ်ပေါ့။ သွေးတွေက ဘယ်မှာလဲ။

ပုန်း။

ကျောက်တုံး စိတ်ဂိညာဉ်ရဲ့ လက်ဂါးက ထိမှန်သွားခဲ့ပါတယ်။ ၎င်းရဲ့အမြန်နှုန်းက အရမ်းကြီး မမြန်ပေမဲ့ တိုက်ခိုက်မှုကို ထုတ်ဖော်လိုက်တဲ့ အခါမှာတော့ သူ့အမြန်နှုန်းရဲ့ အထွတ်အထိပ်ကို ရောက်လာပြီး မတရားကို လျင်မြန်ပါတယ်။

ဒါက ယင်ကောင်တစ်ကောင်ကို ရိုက်ချလိုက်တာမျိုးနဲ့ တူပါတယ်။ ကျောင်းတုံးစိတ်ဂိညာဉ် လက်နဲ့ ထိမှန်သွားပြီး ပိုးကောင်ဘုရင်က ချက်ချင်းဆိုသလို ပြုတ်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့ အောက်ကိုပြုတ်ကျတဲ့ လမ်းတစ်ဝက်မှာပဲ ၎င်းကနောက်တစ်ကြိမ် အပေါ်ကို ပျံသန်းသွားပါတယ်။ ၎င်းက ကျောက်တုံးစိတ်ဂိညာဉ်ကို

စိတ်ရှုပ်ထွေးပြီး အမုန်းတရားတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။

`သွေးစုပ်လို့ မရဘူး။ ဒါက အလောင်းတစ်ကောင်များ ဖြစ်နေမလား။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး အလောင်းတစ်ကောင်က အသက်ရှင်ပြီးတော့ တိုက်ခိုက်နိုင်နေရတာလဲ`

ကြီးထွားဖွံ့ဖြိုးလာမှုရဲ့ ပတ်ဂန်းကျင် အကန့်အသတ်ကြောင့် ပိုးကောင်ဘုရင်က ပန်းဖူးအဆင့်ကို ရောက်နေပေမဲ့လည်း သူရဲ့အတွေ့အကြုံနဲ့ ဉာဏ်ရည်ဉာဏ်သွေးက အတော်လေးကို အကန့်အသတ်ရှိနေပါတယ်။ ဒါကြောင့် သူက ရုတ်တရက်ဆိုသလို ခေါင်းခြောက်သွားခဲ့တာပါ။

ပိုးကောင်ဘုရင်က ခေါင်းခြောက်နေပေမဲ့ ကျောက်တုံးစိတ်ဂိညာဉ်ကတော့ သူ့လိုမျိုး မဟုတ်ပါဘူး။ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူရဲ့ခေါင်းထိပ်ပေါ်မှာ ဆံပင်သုံးဆယ့် ခြောက်ချောင်း ထွက်ပေါ်လာပြီး ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို ငှားယူပြီးတော့ ချက်ချင်းဆိုသလို ၎င်းရဲ့လက်သီးနဲ့အတူ တောက်ပလင်းလက်တဲ့ အဖြူရောင် မိုးကြိုးလျှပ်စီး တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

ထန်ဒူမိုးကြိုးကြယ် အစီအရင်။

ကံဆိုးတာက ဒါက အဆင့်ငါး အစီအရင်တစ်ခုပဲ ဖြစ်ပြီးတော့ ၎င်းရဲ့အာနိသင်က ပန်းဖူးအဆင့် ပိုးကောင်ဘုရင် တစ်ကောင်နဲ့ ရင်ဆိုင်တဲ့အခါမှာ မသင့်တော်ပါဘူး။ ဒါပေမဲ့လည်း သာမန် သွေးစုပ်ပိုးကောင်ငယ်တွေနဲ့ ရင်ဆိုင်တဲ့ အခါမှာတော့ ၎င်းရဲ့ ဖျက်ဆီးမှု စွမ်းအားက အရမ်းကို ကြီးမားပြင်းထန်ပါတယ်။

"အားလုံးဒီကိုလာခဲ့"

လင်းဟန်က အော်ခေါ်လိုက်ပါတယ်။ ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့နှစ်ယောက် အလျင်အမြန်ပဲ ပြေးလာကြပါတယ်။ ဒါပေမဲ့ သွေးစုပ်ပိုးကောင်တွေ အများကြီးကလည်း အထဲကို တစ်ဟုန်ထိုး ပြေးဝင်လာကြပြီး ချက်ချင်းဆိုသလို စွမ်းအားပြင်းတဲ့ လျှပ်စီးရဲ့ တရစပ်ထိုးနက်မှုကြောင့် ဓာတ်လိုက်ခံရပြီး ပြာအဖြစ်ကို ပြောင်းလဲသွားကြပါတယ်။

ဒါက ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားကို မှီခိုပြီးတော့ အစီအရင်တစ်ခုကနေ ထုတ်လွှတ်တာ ဖြစ်ပြီးတော့

ကျောက်တုံးစိတ်ဂိညာဉ်အတွက် ဒါကို အစပျိုးဖို့ မလိုပါဘူး။ ကျောက်တုံး စိတ်ဂိညာဉ်က လျှပ်စီးကြောင်းကို ထိန်းချုပ်ဖို့ပဲ လိုအပ်တာ ဖြစ်ပြီးတော့ သူတို့သုံးယောက်ကို ထိခိုက်မှု မရှိစေခဲ့ပါဘူး။

ကျွိ ကျွိ။

ပိုးကောင်ဘုရင်က ဒေါသတကြီး ဖြစ်သွားပြီးတော့ နားမခံသာနိုင်တဲ့ အော်သံတစ်ခု ထုတ်လွှတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို မရေတွက်နိုင်တဲ့ သွေးစုပ်ပိုးကောင်တွေက ပိုးကောင်ဘုရင်ကို အလယ်မှာထားပြီးတော့ စုဝေးလာပြီး အနက်ရောင် မုန်တိုင်းတစ်ခုအဖြစ် ပြောင်းလဲသွားပါတယ်။

ဒါက အစုလိုက်အပြုံလိုက်ရဲ့ ပေါင်းစည်းထားတဲ့ စွမ်းအားဖြစ်ပြီး အစိတ်အပိုင်းတွေ အများကြီးကို တစ်ခုတည်းအဖြစ် တပ်ဆင်ထားတာမျိုး ဖြစ်ပါတယ်။ ပိုးကောင်ဘုရင်ကို အမိက အချက်အချာ အူတိုင်အဖြစ် အလယ်မှာ ထိန်းညှိပြီးတော့ အစုလိုက်အပြုံလိုက်ရဲ့ စွမ်းအားကို တစ်ခုတည်း အဖြစ်နဲ့ ပစ်လွှတ်တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ပြဿနာတစ်ခုက ချက်ချင်းပဲ ထွက်ပေါ်လာခဲ့ပါတယ်။ အနက်ရောင် ကျောင်းဆောင်က

သုံးမီတာပဲ မြင့်ပြီးတော့ ကျောက်တုံးစိတ်ဂိညာဉ်အတွက် ဆယ်ဆလောက် နိမ့်ပြီးတော့ ၎င်းရဲ့ အမြင့်က စွမ်းရည်တွေကို ထုတ်ဖော်ပြသဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ ပိုးကောင်တွေအစုလိုက် အပြုံလိုက် အတွက်တော့ ဒါက အရမ်းကို ကျဉ်းမြောင်းပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က အခွင့်အရေး ရယူပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ လျှပ်စီးကြောင်းရဲ့ စွမ်းအားက ထွက်ပေါ်လာပြီး မကောင်းဆိုးဂါး အရာတွေနဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့ အခါမှာ အစွမ်းထက်တဲ့ ထိန်းချုပ်နိမ်နင်းနိုင်တဲ့ စွမ်းအားတစ်ခု ရှိပါတယ်။ မုန်တိုင်းက ကျောက်တုံး စိတ်ဂိညာဉ်ရဲ့ လက်သီးထဲက စွမ်းအားကြောင့် အားနည်းလာပြီး ဒါပေမဲ့လည်း အကုန်လုံးကိုတော့ အကျိုးသက်ရောက်မှု မရှိပဲ အဓိကအူတိုင်နေရာမှာရှိနေတဲ့ ပိုးကောင်ဘုရင်ကို ဆက်ပြီးတော့ လက်သီးချက်တွေနဲ့ ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

ထန်။

လက်သီးချက် ထွက်ပေါ်လာပြီး ပိုးကောင်အစုလိုက် အပြုံလိုက် တစ်ခုလုံးကို ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ ပိုးကောင်ဘုရင်က

ပျံထွက်လာပြီး ထူးဆန်းတဲ့ အသံတွေ မြည်ပြီး အရမ်းကို ဒေါသထွက်နေပုံ ရပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မီးတောက်လေး ထွက်ပြီးတော့ လာကူညီဦး"

ဟုမ်း။

မီးတောက်တစ်ခုက ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ ခြေထောက်တွေကို ခွေးပေါက်လေး တစ်ကောင် ပုံစံကို ပြောင်းလဲပြီး လှည့်ပတ်နေပါတယ်။

လင်းဟန်ရဲ့ ပါးစပ်ထောင့်က တမင်သက်သက်မဟုတ်ပဲ ရှုံ့မဲ့သွားခဲ့ပါတယ်။ သူက ထူးဆန်းတဲ့ မီးကို ကျောက်တုံး စိတ်ဝိညာဉ်ရဲ့ ဘေးကနေ ကူညီဖို့ ဆင့်ခေါ်လိုက်တာ ဖြစ်ပေမဲ့ ဒီကောင်ကို ရှုးနေတဲ့ ခွေးတစ်ကောင်လိုမျိုး ချစ်စရာအမူအရာ လှုပ်ခိုင်းနေတာ မဟုတ်ပါဘူး။

"သွား"

သူက ထူးဆန်းတဲ့မီးကနေ ပြောင်းလဲထားတဲ့

ခွေးပေါက်လေးကို ပိုးကောင်အစုလိုက် အပြုံလိုက်ဆီကို ကန်ထုတ်လိုက်ပါတယ်။

သွေးစုပ်ပိုးကောင် အုပ်စုလိုက်ကြီးက ထူးဆန်းတဲ့မီးကို သူတို့ရဲ့အစာလို့ တကယ်ပဲ တွေးထင်ထားပြီး တစ်ကောင်ပြီးတစ်ကောင် နှစ်သက်မြတ်နိုးနေကြပါတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ မီးက ချစ်စရာကောင်းတဲ့ သူရဲ့မျက်နှာဖုံးကို ခွာချလိုက်တဲ့ အခါမှာတော့ ကြောက်စရာကောင်းတဲ့ ကမ္ဘာပျက်ကိန်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ဟုမ်း။

မီးတောက်က ငွေလည်ဖြတ်သွားပြီး ချက်ချင်းဆိုသလို ပိုးကောင်တွေ အစုလိုက် အပြုံလိုက်ကြီးကို လောင်ကျွမ်းပြီး ပြာတွေအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

လက်ရှိမှာ ထူးဆန်းတဲ့မီးက လင်းဟန်ကို ကောင်းကင်အဆင့် မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ကို ကူညီနိုင်ပြီး အနည်းဆုံး ပန်းဖူးအဆင့်နဲ့ နှိုင်းယှဉ်လို့ရပါတယ်။ ပြီးတော့ ထူးဆန်းတဲ့မီးနဲ့ ပိုးကောင်တွေက သဘာဝရန်သူတွေပဲ ဖြစ်ပါတယ်။ ထူးဆန်းတဲ့မီး ထွက်ပေါ်လာတာနဲ့အတူ

ပိုးကောင်အုပ်လိုက်ကြီးက အလျင်အမြန်ပဲ သူတို့ရဲ့ သဘာဝ ရန်သူနဲ့ ကြုံတွေ့လိုက်သလိုမျိုး အပေးမှာပဲ နေလိုက်ကြပြီး ပိုးကောင်ဘုရင်တောင်မှ ထိတ်လန့်ကြောက်ရွံ့နေပုံ ရပါတယ်။

အရာအားလုံးမှာ သဘာဝ ရန်သူတွေ ရှိကြပါတယ်။ ပြီးတော့ ထူးဆန်းသောမီးနဲ့ သွေးစုပ်ပိုးကောင်က သဘာဝရန်သူတွေ ဖြစ်ပြီးတော့ တကယ်လို သွေးစုပ်ပိုးကောင် ဘုရင်က ထူးဆန်းတဲ့မီးနဲ့ တိုက်ခိုက်ချင်တယ်ဆိုရင် အနည်းဆုံးတော့ အဆင့်သေး ငါးခု ခြောက်ခုလောက် မြင့်နေဖို့ လိုအပ်ပါတယ်။

ဒါအပြင် ဒီနေရာမှာ နောက်ထပ် ဒြပ်စင်ငါးခုရဲ့ စိတ်ဝိညာဉ်လည်း ရှိနေပါသေးတယ်။

Chapter 479 end

အပိုင်း(၄၈၀) ဆံပင်နီသားရဲကောင်များ

ကြီးမားတဲ့ ဂိုလမ်ကြီးက တံခါးကို ပိတ်ဆို့ထားခဲ့ပြီး ထူးဆန်းတဲ့ မီးတောက်ကတော့ နောက်ပြန်ဆုတ်နေတဲ့ ရန်သူတွေကို ပိတ်ဆို့ထားလိုက်ပြီး ပိုးကောင်စစ်တပ်ကြီးကို ဆက်တိုက် ချေမှုန်းနေခဲ့ကြပါတယ်။

ဆယ်မိနစ်မျှ ကြာပြီးတဲ့နောက် ပိုးကောင်ဘုရင်က စစ်တပ်မရှိတဲ့ ဗိုလ်ချုပ်တစ်ယောက် ဖြစ်သွားခဲ့ပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က ပိုးကောင်ဘုရင်ကို အကြမ်းပတမ်း ဖိနှိပ်နေခဲ့ပြီး ထူးဆန်းသော မီးတောက်က လောင်ကျွမ်းအောင် မီးလောင်တိုက်သွင်းနေခဲ့ပါတယ်။

မိနစ်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ပန်းဖူးအဆင့် ပိုးကောင်ဘုရင်ကို ပြာကျသွားအောင် မီးမြိုက်ပစ်နိုင်ခဲ့ပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်ကတော့ မီးကျွမ်းရုံပဲ ဖြစ်သွားခဲ့ပြီး ညင်သာစွာ သုတ်ပစ်လိုက်ရုံနဲ့ ပုံမှန်အတိုင်းဖြစ်သွားခဲ့ပါတယ်။

တကယ်လို့ ကျောက်တုံးစိတ်ဂိညာဉ်က ထူးဆန်းတဲ့ မီးတောက်နဲ့ တိုက်ခိုက်ခဲ့ရင် မီးတောက်ရဲ့ မြင့်မားတဲ့အပူချိန်က ကျောက်တုံးစိတ်ဂိညာဉ်ကို ဆန့်ကျင်တိုက်ခိုက်ဖို့ အချည်းနှီးပဲ ဖြစ်ပါလိမ့်မယ်။ ကျောက်တုံးစိတ်ဂိညာဉ်ရဲ့တိုက်ခိုက်မှုက ထူးဆန်းတဲ့မီးတောက်ရဲ့ အစစ်အမှန်ခန္ဓာကိုယ်ကို ထိခိုက်အောင်လို့လည်း မလုပ်နိုင်ပါဘူး။ ဒါကြောင့် သူတို့နှစ်ခုက တစ်ခုကိုတစ်ခု ဘာမှမလုပ်နိုင်တဲ့ ပတ်သက်မှုတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဟုတ်တာပေါ့။ သူတို့နှစ်ခုက အဆင့်တူတဲ့ အခြေအနေတစ်ခုမှာ ရှိနေခဲ့တာကြောင့် ဖြစ်ပါတယ်။ မဟုတ်ရင် ထူးဆန်းတဲ့ မီးတောက်က ကျောက်တုံးတွေကိုလည်း ပြာတွေအဖြစ် လောင်ကျွမ်းနိုင်လိမ့်မှာဖြစ်ပြီး ကျောက်တုံး စိတ်ဝိညာဉ်ကလည်း မီးတောက်တွေကို ငြိမ်းသက်နိုင်လိမ့်မှာ ဖြစ်ပါတယ်။

"ဆရာအရှင်သခင်လင်းက အမှန်တကယ်ပဲ ကောင်းကင်ဘုံကို ဖီဆန်နိုင်တဲ့ ကံကြမ္မာ ရှိနေခဲ့တာပဲ။ ထူးဆန်းတဲ့ မီးတောက်ရဲ့ထိပ်မှာ အားကောင်းတဲ့ ရုပ်သေးတစ်ခုနဲ့ဆိုရင် ပန်းဖူးအဆင့်တွေအကြား အရှင်သခင်လင်း လုပ်ချင်တာမှန်သမျှ လုပ်နိုင်မှာပဲ"

ယွဲ့ခိုင်ယုက အထင်ကြီးလေးစားစွာနဲ့ ချီးကျူးလိုက်ပါတယ်။

ပန်းဖူးအဆင့် သတ္တဝါတွေက သေမျိုးများထက် သာလွန်ပါတယ်။ သူက စိတ်ဝိညာဉ် ပလွှင်အဆင့် အလွှာကိုးကို မရောက်သေးပေမဲ့လည်း အဲဒီအဆင့်ကိုရောက်ဖို့ နှစ်နှစ် သုံးနှစ်ဝန်းကျင်လောက် လိုသေးတာ ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပလွှင်အဆင့်

အလှောကိုးကနေ ပန်းဖူးအဆင့်ကို တိုးတက်ဖို့ ငါးနှစ် ဒါမှမဟုတ် ဆယ်နှစ်ကြာနိုင်ပါတယ်။ နှစ်နှစ်ဆယ်ဆိုရင်တောင်မှ ကြုံတောင့်ကြုံခဲ ကိစ္စတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

အောင်းဖန်က ဆောင်းလကိုဏ်းရဲ့ နှစ်တစ်ရာအတွင် အသန်မာဆုံး ပါရမီရှင် တစ်ယောက်ဖြစ်ပေမဲ့ သူပန်းဖူးအဆင့်ကို တက်ခဲ့တဲ့အချိန်က သူ့အသက်လေးဆယ်ကျော်နေခဲ့ပြီ မဟုတ်ပါလား။ ယွဲ့ကျန်းရှန်းက အခု ပန်းဖူးအဆင့် ခြေလှမ်းတစ်ဝက်မှာပဲ ရှိနေတုန်းပဲဖြစ်ပြီး မနက်ဖြန်အတွင်း နောက်ခြေလှမ်းတစ်ဝက်ကို ဖြတ်ကျော်နိုင်ချင် ဖြစ်ကျော်နိုင်မှာ ဖြစ်သလို ဒါမှမဟုတ် နောက်ထပ် အနှစ်နှစ်ဆယ်လုံးလုံးလည်း ကြာနိုင်ပါတယ်။ ဒီဘဝမှာ မျှော်လင့်ချက် မရှိတော့တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

လင်းဟာန်က ခပ်ယဲ့ယဲ့ပြုံးပြီး ပြောလိုက်ပါတယ်။

"အစ်ကိုယွဲ့ ကျွန်တော့ကို နာမည်ခေါ်ရင်ခေါ်ပါ။ ဒါမှမဟုတ်လည်း အရှင်သခင်ဟာန်လို့ခေါ်ပေါ့။ ဆရာအရှင်သခင်လင်းလို့ ခေါ်တာက ကျွန်တော်ကို

အိုနေတယ်လို့ ထင်ရစေတယ်"

ယွဲ့ခိုင်ယုက လင်းဟန်ကို နာမည်တပ်ခေါ်ဖို့ မဝံ့ရဲခဲ့ပါဘူး။ ဒါက ပန်းဖူးအဆင့် ပိုးကောင်ဘုရင်ကိုတောင် သတ်နိုင်ခဲ့တဲ့ အံ့သြဖွယ်ပြယုဂ် တစ်ခုဖြစ်တဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ သူက အတိုင်းအဆ မသိတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

"ဒါဆိုလည်း အရှင်သခင်ဟန်လို့ ခေါ်ပါမယ်"

လင်းဟန်က ကျိတ်ရယ်မောလိုက်ပါတယ်။ တကယ်လို့ ယွဲ့ခိုင်ယုသာ သူ့ရဲ့ အစစ်အမှန် နောက်ကြောင်းကို သိခဲ့ရင် ရှက်ကိုးရှက်ကန်းနဲ့ ဒေါသတွေများ ထွက်သွားလိမ့်မလား။

သူက အကြွင်းအကျန် ရုပ်ကလာပ်ဆီ ထပ်ပြီးတော့ လျှောက်သွားခဲ့ပါတယ်။ သူရဲ့စိတ်ဝိညာဉ်က နာကျင်မှုတွေကို အခက်အခဲ ကြီးမားစွာနဲ့ ဖြတ်တောက်ခုခံနေခဲ့ပြီး အနက်ရောင် မျှော်စင်အတွင်းထဲကို ရုပ်ကလာပ် အကြွင်းအကျန်ကို သိုလှောင်ဖို့ လွှမ်းခြုံလိုက်ပါတယ်။

"အား"

သူ့ရဲ့ ပါးစပ်၊ နှာခေါင်း၊ နားတွေနဲ့ မျက်လုံးတွေမှာ သွေးတွေ စီးထွက်လာတာကြောင့် သူက ဝမ်းနည်းဖွယ်ရာ အော်ဟစ်လိုက်ရပါတယ်။ သူက အတော်လေးကို ကြေကွဲဝမ်းနည်းဖွယ်ရာ ပုံပေါက်နေခဲ့ပါတယ်။ ဒါပေမဲ့ နတ်ဘုရားအရိုးတွေကို အနက်ရောင်မျှော်စင်အတွင်းထဲ သိုလှောင်နိုင်ခဲ့တာကြောင့် အဲဒါက အချည်းနှီးတော့ မဖြစ်ခဲ့ပါဘူး။

သူက မြေပြင်ပေါ်ကို လဲကျသွားပြီး အသက်ကိုပြင်းစွာ ရှူနေခဲ့ပါတယ်။

"အရှင်သခင်ဟန် အဆင်ပြေရဲ့လား"

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်လုံးက မေးလိုက်ကြပါတယ်။ သူတို့တွေက အကြွင်းအကျန်တွေ ပျောက်ကွယ်သွားတာကို မြင်တွေ့ခဲ့ပေမဲ့ အလောင်းကောင်တစ်ခုကို ဒီအတိုင်း သိုလှောင်သိမ်းဆည်းတာက လင်းဟန်ရဲ့ ဒွါရခုနစ်ပေါက်ကို သွေးထွက်စေနိုင်တယ် ဆိုတာက သူတို့အတွက်တော့ အမှန်တကယ်ပဲ ထူးဆန်းနေခဲ့ပါတယ်။

လင်းဟန်က သူ့မျက်နှာပေါ်က သွေးတွေကို သုတ်ပစ်ပြီး ပြောလိုက်ပါတယ်။

"ငါ အဆင်ပြေပါတယ်"

သူတို့သုံးဦးက အနက်ရောင်ဘုရားကျောင်းကို လှည့်ပတ်သွားလာပြီး ကျန်ရှိနေတဲ့ အရာမှန်သမျှကို ရှာဖွေနေခဲ့ကြပါတယ်။ သူတို့တွေက ဘာမှမတွေ့ရှိပါဘူး။ ဒါပေမဲ့ ပတ်ပတ်လည်က နံရံတွေပေါ်မှာတော့ အက္ခရာတွေ ဒါမှမဟုတ် သင်္ကေတတွေ များစွာဖြင့် ရေးထွင်းထားပါတယ်။

သူတို့တွေ ဘာတစ်ခုမှ နားမလည်ခဲ့ပါဘူး။

သူတို့သုံးယောက်က ဘယ်တုန်းကမှ စာဖတ်ခြင်းကို မသင်ယူခဲ့ဖူးသလို ခံစားလိုက်ရပါတယ်။ စာလုံးတွေအပြည့်နဲ့နံရံကို ကြည့်ပြီး တစ်ခုတစ်လေကိုတောင် သတိပြုမိသွားတာမျိုး မရှိခဲ့ပါဘူး။

`ဒီအက္ခရာတွေက နတ်ဘုရားနယ်မြေကလား`

လင်းဟန်က စိတ်ထဲကနေ ပြောလိုက်မိပါတယ်။ အခြားသူတွေ မသိတဲ့ တစ်စုံတစ်ရာကို သူသိနေခဲ့ပါတယ်။

ဒီလှို့ဂှက်ဆန်းကြယ် နယ်မြေက နတ်ဘုရားနယ်မြေကနေ ခွဲထွက်လာခဲ့ခြင်း ဖြစ်နိုင်တာကြောင့် ဒီနေရာမှာ ပေါ်ပေါက်လာတဲ့ စာလုံးတွေကလည်း နတ်ဘုရားစာလုံးတွေ ဖြစ်နိုင်ပါတယ်။

နတ်ဘုရား စာလုံးတွေကို သေမျိုးတွေ နားမလည်နိုင်တာ ပုံမှန်ပဲ မဟုတ်ဘူးလား။

"ဘာပဲဖြစ်ဖြစ်ပါ။ သွားကြစို့"

သူတို့က အနက်ရောင် ဘုရားကျောင်းကို စွန့်ခွာခဲ့ကြပြီး ကမ္ဘာကြီးကလည်း နဂိုအတိုင်း ပြန်လည်တောက်ပနေခဲ့ပါပြီ။ ပိုးကောင်ဘုရင်ကိုတောင်မှ ချေမှုန်းနိုင်ခဲ့တာကြောင့် ကျန်ရှိတဲ့ ပိုးကောင်တွေက ကန့်သတ်ခံထားရပြီး မကြာမီမှာပဲ အကုန်အစင် သုတ်သင်ခံလိုက်ရပါတယ်။

ဒါပေမဲ့ စောစောတုန်းက တိုက်ပွဲက အနည်းငယ် ဖရိုဖရဲဖစ်နေခဲ့ပြီး လူတွေက ပတ်ဂန်းကျင်ကို မမြင်နိုင်ကြပဲ ပြေးမိပြေးရာ ပြေးကုန်ကြပါတယ်။

လင်းဟန်ကတော့ နည်းနည်းလေးမှ ဂရုမစိုက်ခဲ့ပါဘူး။ သူတို့သုံးယောက်က ရှေ့ဆက်သွားခဲ့ရာ မီတာငါးထောင်ခန့်

သွားပြီးတဲ့နောက် နောက်ထပ် အနက်ရောင် ဘုရားကျောင်း တစ်ခုက သူတို့ရှေ့မှာ ပေါ်ပေါက်လာခဲ့ပါတယ်။

"အဲဒီနေရာမှာ နောက်ထပ်ပိုးကောင်အုံကြီး ရှိနေတယ်လို့တော့ ငါ့ကို မပြောပါနဲ့လား"

ယွဲ့ခိုင်ယုက စိုးရိမ်ကြောက်ရွံ့စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒါဆိုလည်း ပိုကောင်းတာပေါ့"

လင်းဟန်က ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။ ပိုးကောင်အုံကြီးနဲ့ဆိုရင် အဲဒါက အထဲမှာ သူရယူဖို့အတွက် နောက်ထပ် နတ်ဘုရားအရိုးစု ရှိလိမ့်မယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

ယွဲ့ခိုင်ယုတစ်ယောက် မျက်စိလှန် ကြည့်လိုက်မိပါတယ်။ ဒီလိုထူးဆန်းတဲ့ လူတစ်ယောက် ဒီနေရာမှာ ဘယ်လိုလုပ် ရှိနေနိုင်တာလဲ။ ဒီဘုရားကျောင်းမှာ ဘာရတနာမှ မရှိဘူး မဟုတ်လား။ အဲဒီပိုးကောင်တွေနဲ့ တိုက်ခိုက်ရတာကို သူက ဒီလောက်တောင် ကြိုက်နေတာလား။

ကွမ်းယွမ်ကတော့ သူ့ကို စာနာတဲ့ အကြည့်တစ်ခုနဲ့

ကြည့်လိုက်ပါတယ်။ လင်းဟန်နောက် ခဏတာ လိုက်ခဲ့ပြီးတဲ့နောက် လင်းဟန်က စွန့်စားရတာကို ဘယ်လောက်တောင် နှစ်ခြိုက်ကြောင်း သူသိနေခဲ့ပါတယ်။

သူတို့တွေက အနက်ရောင်ဘုရားကျောင်းထဲကို ဝင်ရောက်ခဲ့ပြီး မျှော်လင့်ထားသလိုပဲ ပိုးကောင်အသိုက်တစ်ခုနဲ့ ကြုံတွေ့လိုက်ရပါတယ်။ လင်းဟန်က ဂိုလမ်နဲ့ ထူးဆန်းတဲ့ မီးတောက်ကို နောက်ထပ်တစ်ကြိမ် ဆင့်ခေါ်လိုက်ပြီး ပိုကောင်တွေကို လွယ်ကူချောမွေ့စွာ ချေမှုန်းနေခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ပိုးကောင်ဘုရင်က အသေအကြေ မတိုက်ခိုက်ခဲ့ပဲ ထွက်ပြေးသွားခဲ့ပါတယ်။

လင်းဟန်က လိုက်ဖမ်းဖို့ မစဉ်းစားခဲ့ပဲ ယစ်ပူဇော်တဲ့ ပလ္လင်အပေါ်က နတ်ဘုရား အရိုးတွေကို ယူလိုက်ပါတယ်။ အရင်အတိုင်းပဲ သူ့ရဲ့ ဒွါရရခုနစ်ပေါက်ကနေ သွေးတွေစီးထွက်လာခဲ့ပြီး သူရဲ့နတ်ဘုရားအာရုံက ဖြတ်တောက်ခံလိုက်ရသလို အပိုင်းပိုင်းစုတ်ပြဲလုနီးပါး ဖြစ်စေခဲ့ပါတယ်။

`ငါ နောက်ထပ် တောင့်မခံနိုင်တော့ဘူး`

တကယ်လို့ သူသာ နောက်ထပ်အလောင်းကောင်ကို ယူဆောင်ရင် သူ့ရဲ့စိတ်ဝိညာဉ်က သေချာပေါက် ပြန့်ကျဲသွားလိမ့်မှာဖြစ်ပြီး သူ့ကို အခွံလွတ် တစ်ခုအဖြစ် ပြောင်းလဲသွား စေလိမ့်မှာပါ။

လင်းဟန်က နက်နက်ရှိုင်းရှိုင်း နောင်တရနေခဲ့ပါတယ်။ အဲဒါတွေက နတ်ဘုရား အကြွင်းအကျန် ရုပ်ကလာပ်တွေဖြစ်ပြီး နတ်ဘုရားအဆီအနှစ်တွေ မကြွင်းကျန်ခဲ့ရင်တောင်မှ အရိုးတစ်ခုထဲနဲ့တင် ကြီးမားတဲ့ ရှာဖွေလေ့လာမှု တန်ဖိုးကို ပေးစွမ်းနိုင်ပါတယ်။

သူက အဲဒါကို နောက်ထပ်ရယူဖို့ သူ့ရဲ့နတ်ဘုရားအာရုံ ပြန်လည်ကောင်းမွန်တဲ့အထိ စောင့်ရပါလိမ့်မယ်။

သူတို့သုံးယောက်က ဆက်သွားခဲ့ပါတယ်။ ဒီအလွှာရဲ့နယ်မြေက ကြီးမားပြီး မီတာငါးထောင်စီတိုင်းမှာ အနက်ရောင် ဘုရားကျောင်း တစ်ကျောင်းစီ ရှိပါလိမ့်မယ်။ သူတို့တွေက အဲဒါတွေကို ဝေးဝေးမှ ရှောင်ရှားခဲ့တာကြောင့် သူတို့ကို တိုက်ခိုက်မဲ့ ပိုးကောင်အုပ်တွေ မရှိခဲ့ပါဘူး။ မီတာငါးထောင် လျှောက်ခဲ့ပြီးတဲ့နောက်မှာ သူတို့က နောက်ဆုံးတော့ အလွှာရဲ့အဆုံးကို ရောက်လာခဲ့ပါတယ်။ ရှေ့တွင် ကြီးကျယ်ခမ်းနားတဲ့ နံရံကြီးတစ်ခုရှိပြီး

ဘေးဘက်မှာတော့ နောက်အလွှာအတွက် လှေကားထစ်တွေ ရှိနေပါတယ်။

သူတို့တွေက ပထမဆုံး ရောက်လာတာတော့ မဟုတ်ပါဘူး။ အစောပိုင်းမှာ ကွဲကွာနေတဲ့ လူတွေအထဲက သုံးပုံတစ်ပုံက ဒီနေရာကို ရောက်လာခဲ့ပြီး လူနှစ်ဆယ်ဝန်းကျင်ခန့်တော့ ရှိပါတယ်။

ဘယ်သူမှ တတိယအလွှာဆီသို့ မဆင်မခြင် ဦးတည်မသွားခဲ့ကြပါဘူး။ ဘာကြောင့်လဲဆိုရင် သူတို့တွေက ဒုတိယအလွှာမှာ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရပြီး စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့တွေနဲ့ အမိန့်စာလွှာတွေကိုတောင် ဖြုန်းတီးခဲ့ရပြီး ဘာကိုမှပြန်လည် မရရှိခဲ့ကြပါဘူး။ တကယ်လို့ တတိယအလွှာလည်း အတူတူပဲ ဖြစ်နေပြီးတော့ ပိုပြီးတောင်မှ အန္တရာယ်ကြီး နေခဲ့မယ်ဆိုရင် သူတို့တွေ သေချာပေါက် ဆက်မတက်ချင်ကြတော့ပါဘူး။

လင်းဟာန်ကတော့ ကြောက်ရွံ့ခြင်း မရှိပါဘူး။ ဒါပေမဲ့ သူလှေကားထစ်တွေဆီ ဝင်ရောက်ခါနီးမှာ တစ်ချက်ကြောင်သွားပြီး အဝေးနေရာ တစ်ခုဆီ သူ့ခေါင်းကိုလှည့်ပြီး ကြည့်လိုက်ပါတယ်။

သူ့ရဲ့အပြုအမူကြောင့် ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့လည်း သူစူးစိုက်ကြည့်နေတဲ့ နေရာကို လိုက်ကြည့်ခဲ့ကြပေမဲ့ ဘာကိုမှ မမြင်တွေ့ကြပါဘူး။

သူတို့တွေက မုသားမဲ့မျက်လုံးကို မကျင့်ကြံခဲ့တာကြောင့် သူတို့ရဲ့အမြင်အာရုံက လင်းဟာန်နဲ့ လုံးဝနှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

"တစ်ခုခု လာနေတယ်"

လင်းဟာန်က သတိပေးလိုက်ပါတယ်။

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့က တိုက်ပွဲအတွက် မြန်မြန်ဆန်ဆန်ပဲ ပြင်ဆင်လိုက်ကြပါတယ်။ တခြားသူတွေကတော့ ဘာကိုမှမမြင်တွေ့ကြတဲ့အတွက် လူအချို့က လင်းဟာန်ကို မထီမဲ့မြင်ပြုပြီး စိတ်ထဲကနေ ကျိန်ဆဲလိုက်ကြပါတယ်။

ဒါပေမဲ့ တစ်ခဏအတွင်းမှာပဲ အနီရောင် အရာတစ်ခုက အဝေးမှာ ဖျတ်ခနဲပေါ်လာပြီး ချက်ချင်းဆိုသလို အရမ်းကို နီးကပ်လာခဲ့ပါတယ်။

လူတိုင်း အဲဒါကို မြင်နိုင်တဲ့အခါ သူတို့တွေအကုန်လုံး အံ့အားသင့်မှုကြောင့် ပင့်သက်ရှိုက် လိုက်ရပါတယ်။ အဲဒါက လူသားတွေရဲ့ ဖွဲ့စည်းပုံနဲ့ အမွေးနီသားရဲ ခြောက်ကောင်ပဲ ဖြစ်ပါတယ်။ သူတို့တွေရဲ့အမြင့်က သာမန်ပဲဖြစ်ပြီး သူတို့ရဲ့ပုံပန်းသွင်ပြင်ကို ရှင်းရှင်းလင်းလင်း မမြင်နိုင်လောက်အောင် ခန္ဓာကိုယ်တစ်ခုလုံးကို အနီရောင်အမွေးတွေနဲ့ ပြည့်နှက်နေပါတယ်။ တစ်ချိန်ထဲမှာပဲ အနီရောင်မျက်လုံး တောက်တောက်တစ်စုံနဲ့ ကြမ်းကြုတ်တဲ့ ပုံပန်းရှိတဲ့ ပါးစပ်ကို မြင်နိုင်ပါတယ်။

အဲဒီ အမွေးနီသားရဲတွေက ရောက်တာနဲ့ သူတို့ကို ချက်ချင်းပဲ တိုက်ခိုက်လိုက် ကြပါတယ်။ သူတို့တွေက မယုံနိုင်စရာ ကောင်းလောက်တဲ့ အမြန်နှုန်းတွေနဲ့ လူတစ်ဦးဆီသို့ ခုန်ဝင်လိုက်ကြပါတယ်။

လူတွေအကုန်လုံးက ရုတ်တရက် တစ်ယောက်ကိုတစ်ယောက် ကာကွယ်ပေးတတ်တဲ့ သဘောထားမျိုး မရှိတော့ပါဘူး။ တိုက်ခိုက်တာ မခံရတဲ့သူတွေက မဆင်မခြင်နဲ့ ဝင်ရောက်စွက်ဖက်ခြင်း မရှိပဲ ဂရုတစိုက် စောင့်ကြည့်လေ့လာ နေခဲ့ကြပါတယ်။ တိုက်ခိုက်ခံ နေရတဲ့ လူတစ်ယောက်က လျှောင်ပြုံးပြုံးပြီး

ပြောလိုက်ပါတယ်။

"ပြန့်ကျဲစမ်း"

သူက ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။ သိုင်းဆန္ဒတွေ ထုတ်လွှတ်လိုက်တာကြောင့် ဓားချီအလင်း ခုနစ်ခုထွက်ပေါ်လာခဲ့ပြီးနောက် တောင်ကြီးခုနစ်တောင်အဖြစ် ဖွဲ့စည်းသွားခဲ့ပြီး အမွေးနီ သားရဲခြောက်ကောင်ကို ချေမှုန်းတော့မဲ့ ပုံစံအတိုင်း ဖြစ်ပေါ်လာခဲ့ပါတယ်။

သူက မြေကမ္ဘာအမျိုးအစား သိုင်းပညာတွေကို ကျင့်ကြံခဲ့တာကြောင့် သိုင်းဆန္ဒတွေကို ထုတ်ဖော်တဲ့အခါ အလွန်မြင့်မားသော တောင်ကြီးအဖြစ် ပြောင်းသွားခဲ့ပါတယ်။ အဲဒါက ပုံရိပ်တစ်ခုဖြစ်ပေမဲ့ သူရဲ့အလေးချိန်ကတော့ လုံးဝအတုအယောင် မဟုတ်ပါဘူး။ သူနဲ့ခွန်အားခြင်း ညီမျှတဲ့သူတွေတောင်မှ အရိုက်ခံခဲ့ရရင် မခံမရပ်နိုင်လောက်အောင် ခံစားသွားရပါလိမ့်မယ်။

Chapter 480 end

အပိုင်း(၄၈၁) သတ်၍မရသော သားရဲကောင်များ

အမွေးနီသားရဲ ခြောက်ကောင်က လုံးဝမရှောင်တိမ်းပဲ ဆက်ပြီးတော့ သဲကြီးမဲကြီး တိုက်ခိုက်နေခဲ့ ကြပါတယ်။ အလွန်မြင့်မားတဲ့ တောင်ကြီးက အရှိန်ပြင်းပြင်းနဲ့ ကျဆင်းလာပြီး တစ်ကောင်ကို ထိုးချက်တစ်ခုစီ ပစ်သွင်းလိုက်ကြပါတယ်။ မှုလစွမ်းအားတွေ မေးမိုန်လာတာနဲ့အမျှ တောင်ကြီးပေါ်မှာ အက်ကွဲကြောင်းတွေ ပေါ်လာခဲ့ပေမဲ့ ကွဲကြေသွားခြင်းတော့ မရှိပါဘူး။

သားရဲကောင်တွေကို တစ်ချက်ပြီးတစ်ချက် ရိုက်ချခဲ့ပေမဲ့ မွေးနီသားရဲတွေက ဒယီးဒယိုင်ပဲ ဖြစ်သွားခဲ့ပြီး သဲကြီးမဲကြီးတိုက်ခိုက်မှုတွေကို ပြင်းထန်စွာနဲ့ ဆက်လက်ထုတ်ဖော်နေခဲ့ကြပါတယ်။

"ခုခံကာကွယ်မှုက အရမ်းကို ကြံ့ခိုင်တာပဲ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ အဲဒါက သူ့ရဲ့ သံမဏိခန္ဓာကိုယ်ကို မယှဉ်နိုင်ပေမဲ့ အတော်လေး အံ့အားသင့်စရာ ကောင်းနေတုန်းပဲ ဖြစ်ပါတယ်။ ခုခံကာကွယ်မှုကို ဒီလောက်ထိ ကျင့်ကြံနိုင်တဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် သတ္တဝါတွေက များစွာရှားပါးလှပါတယ်။

"ဟမ့် ဒီထက်ပိုပြီး မတတ်နိုင်တော့ဘူးလား"

တိုက်ခိုက်ခံရတဲ့လူက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပါတယ်။ သူက လျှောထွက်လိုက်ပြီးနောက် သူ့ရဲ့ဓားကို နောက်တစ်ကြိမ် မြှောက်လိုက်ပြီး ဓားချီခုနစ်ခုကို ထပ်မံပစ်လွှတ်လိုက်ပါတယ်။

"ကူညီပေးကြရအောင်"

အခြားလူတွေကလည်းပဲ အမွေးနီသားရဲတွေရဲ့ ခွန်အားက သိပ်ပြီးတော့ မကြီးမားလွန်းတာကို မြင်ခဲ့တာကြောင့် သူတို့က အကြောက်အရွံ့ ကင်းမဲ့နေခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်တစ်ခဏမှာ အမွေးနီသားရဲခြောက်ကောင်က တစ်ပြိုင်နက်တည်း ကြက်သွေးရောင်အလင်းတွေ ထုတ်လွှတ်ပြီး အဲဒီလူရဲ့ ဓားချီတွေကို တစ်ဟုန်ထိုး ဖြတ်ကျော်ပြီးနောက် သူရဲ့ရှေ့ကို ရောက်လာခဲ့ပါတယ်။ အမွေးနီသားရဲငါးကောင်က သူ့ရဲ့ဦးခေါင်းနဲ့ ခြေလက်လေးဖက်ကို ဖမ်ကိုင်လိုက်ပြီး နောက်ဆုံးတစ်ကောင်က သူ့ရဲ့ခန္ဓာကိုယ်ကို ချုပ်ကိုင်ထားပါတယ်။

ဖူး။

လူတိုင်းရဲ့ တုန်လှုပ်ချောက်ချားတဲ့ အကြည့်တွေအောက်အောက်မှာပဲ အမွေးနီသားရဲငါးကောင်က အကုန်လုံးစုပေါင်း အင်အားသုံးလိုက်ကြပြီး ထိုလူရဲ့ ဦးခေါင်းနဲ့ ခြေလက်လေးဖက်လုံးကို စုတ်ဖြဲလိုက်ကြပါတယ်။

သွေးတွေက ကောင်းကင်ကို အနီရောင်ဆေးဆိုးလိုက်သလို နေရာအနှံ့ ပြန့်ကျဲသွားခဲ့ပါတယ်။

အရမ်းကို ရက်စက်ကြမ်းကြုတ်လွန်းပြီး အနိဋ္ဌာရုံဆန်လွန်းလှပါတယ်။

ဒီလိုမျိုး လက်မခံနိုင်စရာ မြင်ကွင်းတစ်ခုကြောင့် လူတိုင်း အေးခဲသွားခဲ့ပါတယ်။

အမွေးနီသားရဲခြောက်ကောင်က သူတို့ရဲ့လက်ထဲက ခေါင်းနဲ့ ခြေလက်တွေကို လွှတ်ပစ်လိုက်ပြီး နောက်ထပ်တခြား လူတစ်ယောက်ကို ပြိုင်တူပစ်မှတ်ထား တိုက်ခိုက်လိုက်ကြပါတယ်။

"အတူတကွ ပေါင်းပြီးတော့ တိုက်ကြ"

လူအများက အလျင်အမြန် အော်ဟစ်လိုက်ကြပါတယ်။ သူတို့တွေက သေချာပေါက် အဲဒီအမွေးနီသားရဲ ခြောက်ကောင်ရဲ့ တစ်ယောက်ချင်းစီ ဖျက်ဆီးတာကို ခံရဖို့အတွက် စောင့်နေမှာ မဟုတ်ပါဘူး။

နှစ်ဖက်စလုံး ပြင်းထန်စွာ တိုက်ပွဲဝင်နေခဲ့ကြပါတယ်။ လူသားတွေဖက်က အရေအတွက် အားသာချက်ရှိပြီး တိုက်ပွဲစွမ်းအားတွေ ပိုမိုသန်မာပါတယ်။ ဒါပေမဲ့ အဲဒီအမွေးနီသားရဲတွေက မသေဆုံးနိုင်တဲ့ မကောင်းဆိုးရွားတွေလိုပါပဲ။ သူတို့တွေက ဆေဘာနဲ့ ပိုင်းဖြတ်ခံရခြင်း ဒါမှမဟုတ် ဓားနဲ့ထိုးဖောက်ခြင်းတွေ ခံခဲ့ရပေမဲ့ ရုပ်သေးရုပ် မကောင်းဆိုးရွားတွေလို့ ထင်ရလောက်အောင် သွေးတစ်စက်တောင် မထွက်ခဲ့ပါဘူး။

ဒါအပြင် သူတို့မှာ အထူးစွမ်းရည်တစ်ခု ရှိနေခဲ့ပါတယ်။သူတို့ရဲ့ ခန္ဓာကိုယ်က အနီရောင် အလင်းတွေ တောက်ပလာတဲ့အခါ သူတို့တွေကို ဖြတ်ကျော်သွားခြင်းဖြင့် မူလစွမ်းအားတွေရဲ့ တိုက်ခိုက်မှုတွေကို လျစ်လျူရှုနိုင်ခဲ့ပြီး လူတိုင်းအတွက် ကြီးမားတဲ့ ပြဿနာတစ်ခုကို

ဖြစ်နေခဲ့ပါတယ်။

သူတို့တွေက အရေအတွက် ပိုမိုများပြားပြီး ပိုမိုသန်မာတာ သိသာထင်ရှားပေမဲ့ အမွေးနီ သားရဲခြောက်ကောင်ရဲ့ ရိုက်နှက်မှုကို သနားစဖွယ်ခံနေခဲ့ရပါတယ်။

"ထူးဆန်းလိုက်တာ။ ဒါက ဘယ်လိုစွမ်းရည်မျိုးလဲ"

လင်းဟန်က တိတ်တိတ်လေး ရေရွတ်လိုက်မိပြီး သူ့ရဲ့အကြည့်တွေထဲမှာ စိတ်ဝင်စားမှုတွေ ဖြတ်ပြေးသွားပါတယ်။ အဲဒါက နတ်ဘုရားနယ်မြေက သတ္တဝါတွေရဲ့ နောက်ထပ် ထူးခြားတဲ့ စွမ်းရည်များ ဖြစ်နိုင်မလား။

"အရှင်သခင်ဟန် ကျွန်တော်တို့ ကူညီသင့်လား"

ကွမ်းယွမ်က မေးလိုက်ပါတယ်။

"ကူညီပေးလိုက်။ ဂရုလည်းစိုက်ဦး"

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဟုတ်ကဲ့"

ကွမ်းယွမ်က ချက်ချင်း တစ်ဟုန်ထိုး ဝင်ပြီးတိုက်ခိုက်လိုက်ပါတယ်။ အဲဒီအချိန်မှာ ယွဲ့ခိုင်ယုက သူ့ရဲ့ခေါင်းကို ကုတ်ခြစ်ပြီး ပြောလိုက်ပါတယ်။

"ထူးဆန်းတယ်။ ငါက ဘာလို့ အဲ့ဒီကောင်လေးရဲ့စကားကို နားထောင်သင့်တာလဲ"

သူက ပြောနေရင်းနဲ့ပဲ တိုက်ခိုက်ရေး စိတ်ဝိညာဉ်အပြည့်နဲ့ တစ်ဟုန်ထိုးဝင်ရောက် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က ဝင်ရောက်စွက်ဖက်ခြင်း မရှိပဲ ဆက်လက် စောင့်ကြည့်လေ့လာ နေခဲ့ပါတယ်။ ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်က အန္တရာယ်နဲ့ ကြုံတွေ့တဲ့ အခါကျရင်တော့ သူ့အနေနဲ့ ဝင်ရောက်စွက်ဖက် ပါလိမ့်မယ်။ ဒါပေမဲ့ သူက အဲဒီထူးခြားတဲ့ အမွေးနီ သားရဲတွေအကြောင်း တစ်ခါမှ မကြားခဲ့ဖူးတာကြောင့် သတိထား စောင့်ကြည့်ဦးမှာ ဖြစ်ပါတယ်။

'ဟမ်'

လင်းဟန်က သတိထား စောင့်ကြည့်နေရင်းနဲ့ ခြေပြတ် လက်ပြတ်တွေမှာ မမျော်လင့်ထားတဲ့ ပြောင်းလဲမှု တစ်ခုဖြစ်နေတာကြောင့် အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ ကိုယ်ခန္ဓာ အစိတ်အပိုင်းတွေဆီမှာ အနီရောင် အမွေးအမျှင်တွေ ပေါက်လာပြီး အသက်ရှိနေသလို ဦးခေါင်း၊ လက်တွေနဲ့ ခြေထောက်တွေက ကိုယ်ထည်ပိုင်းဆီကို လူလွန့်သွားခဲ့ပါတယ်။

မကြာခင်မှာပဲ အစိတ်အပိုင်းခြောက်ခုက စုဝေးသွားခဲ့ပြီး ပြည့်စုံတဲ့ လူခန္ဓာကိုယ်တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ခန္ဓာကိုယ် တစ်ခုလုံးကိုတော့ အနီရောင်အမွေးတွေနဲ့ ဖုံးလွှမ်းနေခဲ့ပါတယ်။

အမွေးနီသားရဲ အသစ်တစ်ကောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ ထင်မြင်ချက်တစ်ခု စတင်ဖြတ်ပြေးသွားခဲ့ပါတယ်။ အဲဒီအမွေးနီ သားရဲခြောက်ကောင်က အစောပိုင်းအချိန်တွေတုန်းက သုတ်သင်ရှင်းလင်းထားတဲ့ အလောင်းကောင် ခြောက်ခုများ ဖြစ်နေနိုင်မလား။ သူက ချက်ချင်းပဲ တစ်ဟုန်ထိုးပြေးပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပြီး အမွေးနီ သားရဲတစ်ကောင်ကို လှီးဖြတ်လိုက်ပါတယ်။

ဓားချီတွေက လှိုင်းထသွားတာနဲ့အမျှ အနီရောင်အမွေးတွေက ကောင်းကင်မှာ ဝဲပျံသွားခဲ့ပြီး အမွေးနီသားရဲတွေက ချက်ချင်းပဲ အမွေးတွေ ပြောင်စင်အောင် အရိုတ်ခံလိုက်ရပါတယ်။ အဲဒါတွေက ခြောက်သွေ့နေတဲ့ အလောင်းကောင် ခန္ဓာကိုယ်တစ်ခုလို ဖြစ်ပေါ်နေပြီး သူတို့တွေရဲ့အပေါ်မှာ စုတ်ဖွာနေတဲ့ အဝတ်အစားအပိုင်းအစ အနည်းငယ်တောင်မှ ရှိနေခဲ့ပါတယ်။

"လှျို... လှျိုဟန့်လား"

သိုင်းသမားတစ်ယောက်က တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။

"သူက လှျိုဟန့်ပဲ။ ငါ သူ့လက်ပေါ်က တတ်တူးကို မှတ်မိတယ်"

လင်းဟန်က အာရုံစိုက် ကြည့်လိုက်ပါတယ်။ အမွေးနီသားရဲရဲ့ လက်မောင်းပေါ်မှာ တတ်တူးတစ်ခု ရှိနေခဲ့ပါတယ်။ အဲဒါက ခွဲခြားသိမြင်ဖို့ အတော်လေး ခက်ခဲပေမဲ့ ရိုင်းစိုင်းခက်ထန်တဲ့ ကျားတစ်ကောင်ပုံ

ရေးဆွဲထားတယ်ဆိုတာကို မြင်နိုင်ရုံတော့ ရှိနေပါသေးတယ်။

လူတိုင်းက အံ့အားသင့်သွားခဲ့ကြပါတယ်။ လှိုဟန့်က ဒုတိယအလွှာကို အစောဆုံးဝင်သွားခဲ့ပြီး သွေးစုပ်ယူတဲ့ ပိုးကောင်တွေကြောင့် ခြောက်သွေ့တဲ့ အလောင်းကောင် တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့တဲ့ လူခြောက်ယောက်ထဲက တစ်ယောက်အဖြစ် အဆုံးသတ်သွားခဲ့ပါတယ်။ သူက ဘာလို့ ရုတ်တရက်ကြီး အမွေးနီသားရဲတစ်ကောင်အဖြစ် ပြန်လည်ရှင်သန်လာခဲ့တာလည်း။

"နောက်ထပ်တစ်ယောက်"

လူတစ်ယောက်က ခုနစ်ကောင်မြောက် အမွေးနီသားရဲကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ အဲဒီအကောင်က ဒယီဒယိုင်နဲ့ ထရပ်နေခဲ့ပေမဲ့ အခုထိ တိုက်ပွဲကို ဝင်ရောက်မပူးပေါင်းသေးပါဘူး။

"ရှမင်ရဲ့ အလောင်းက ဘယ်မှာလဲ"

လူတစ်ယောက်က တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပြန်ပါတယ်။

လူတိုင်းက မထိန်းချုပ်နိုင်စွာ အော်ဟစ်မိလိုက်ကြပါတယ်။ အဲဒီခြောက်သွေ့နေတဲ့ အလောင်းကောင်တွေက အမွေးနီသားရဲတွေအဖြစ် ပြောင်းလဲနိုင်ကြပါတယ်။ ဒါဆို အပိုင်းပိုင်းပြတ်နေတဲ့ ရုပ်အလောင်းတွေကရော ဘာလို့မပြောင်းလဲ နိုင်ရမှာလည်း။

ဒီနေရာက ငရဲပါပဲ။ သေပြီးသူတွေက ပြန်လည်ရှင်သန်ထမြောက်နိုင်ကြပေမဲ့ အစစ်အမှန် ပြန်လည်ရှင်သန်တာလို့ မသတ်မှတ်နိုင်ပါဘူး။

လင်းဟန်က ထပ်မံရိုက်ထုတ်လိုက်ပြီး နတ်ဆိုးရှင်သန်ဓားပေါ်က သွေးကြောနှစ်ခုကို အသက်သွင်းလိုက်ပါတယ်။ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်က ဒီမကောင်းဆိုးရွားတွေကို မသတ်နိုင်ဘူးလို့ သူမယုံကြည်ပါဘူး။

လင်းဟန်ရဲ့ပုံရိပ်က လျပ်ပြက်သွားသလို လှုပ်ရှားသွားပြီးတော့ ဓားချက်တစ်ချက်နဲ့ အမွေးနီသားရဲတစ်ကောင်က နှစ်ပိုင်းဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ အရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ အမွေးနီသားရဲရဲ့ ခန္ဓာကိုယ်နှစ်ပိုင်းက အတူတကွ ပြန်လည်ပေါင်းစည်းသွားပြီ

ပကတိအတိုင်း ပြန်လည်ကောင်းမွန်သွားခဲ့ပါတယ်။

မသေဆုံးနိုင်တဲ့ မကောင်းဆိုးရွားတွေပဲ။

လင်းဟန်က ချက်ချင်း ဆုံးဖြတ်ချက်ချပြီး ပြောလိုက်ပါတယ်။

"တတိယအလွှာကို သွားကြ"

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်က သူ့ရဲ့စကားတွေကို ကန့်ကွက်စရာအကြောင်း မရှိပါဘူး။ ချက်ချင်းပဲ လှေကားပေါ်ကိုတက်ပြီး တတိယအလွှာဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို သိမ်းဆည်းလိုက်ပြီး သူလည်းပဲ လှေကားတွေဆီ ခုန်တက်လိုက်ပါတယ်။

ဒီလိုတိုက်ပွဲစွမ်းအားတွေနဲ့ လင်းဟန်တောင်မှ ပြေးထွက်သွားတယ်ဆိုမှတော့ တခြားလူတွေက ဘယ်လိုလုပ် စိတ်ရှုပ်ထွေးနေဝံ့ဦးမှာလဲ။ ဒီအမွေးနီသားရဲတွေကို သတ်ဖြတ်လို့ မရနိုင်ပါဘူး။ တကယ်လို့ တစ်စုံတစ်ယောက်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်လွှာ တစ်ခုကို ဝှက်ထားခဲ့ရင်တောင်မှ အဲဒါတွေကို ဖိနှိပ်နိုင်ပါ့မလား။

လင်းဟန်က ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ထက် နောက်ကျပြီးမှ လှေကားတွေပေါ်သို့ တက်ခဲ့ပေမဲ့ သူတို့တွေကို မှီလာပြီး ကျော်တက်သွားခဲ့ပါတယ်။ သူက ရုတ်တရက် အရှေ့ကို လှွားခနဲ ခုန်ကျော်တက်လိုက်ပြီး တတိယအလွှာကို ပထမဆုံး ဝင်ရောက်သွားခဲ့ပါတယ်။

ရှုခင်းတွေက ရုတ်တရက် ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီမြင်ကွင်းက အမှန်တကယ်ပဲ နေရာဒေသ တစ်ခုလုံးမှာ ရှည်လျားတဲ့ သစ်ပင်နွယ်ပင်တွေ ရောယှက်နေတဲ့ နားခိုစရာ နေရာတွေ ရှိနေတဲ့ ကမ္ဘာဦးက သစ်တောတစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီအဆောက်အအုံတွေပေါ်မှာ မရေတွက်နိုင်တဲ့ သက်တမ်းကြီးရင့်တဲ့ နွယ်ပင်တွေ လိမ်ယှက်နေပြီး အိမ်တစ်လုံးထက် ပိုမိုကြီးမားပြီး ပိုမိုထူထပ်ပါတယ်။ အဲဒီလောက် အတိုင်းအတာအထိ ကြီးထွားလာဖို့ နှစ်ပေါင်းဘယ်လောက်များ ကြာလိမ့်မလဲ။

ဒါပေမဲ့ အဝေးမှာတော့ မြင့်မားမတ်စောက်တဲ့ တောင်ထိပ်တစ်ခုရှိပြီး အဲဒီအပေါ်မှာ ရွှေရောင်တွေ ထွန်းလင်းတောက်ပနေတဲ့ နတ်ဘုရားဗိမာန်တစ်ခု တည်ရှိနေခဲ့ပါတယ်။

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်လည်း ခုန်တက်လာခဲ့ပြီး လူများစွာလည်း ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ အလှဲ့တစ်ခုချင်းစီမှာ ကန့်သတ်ချက်တွေ ရှိနေသည့်အတိုင်း အမွေးနီသားရဲ တစ်ကောင်တစ်လေမှ တတိယ အထပ်ကို ကျော်တက်မလာခဲ့ကြပါဘူး။

"ဝေါင်း"

သားရဲတစ်ယောင်ရဲ့ ဟိန်းဟောက်သံက ကောင်းကင်ကိုတောင် ဆုတ်ဖြဲတော့မည့်အတိုင်း ဝေးကွာတဲ့အရပ်မှ ထွက်ပေါ်လာခဲ့ပါတယ်။

လူတိုင်းက တုန်လှုပ်သွားခဲ့ကြပါတယ်။ အဲဒီလောက် အကွာအဝေး တစ်ခုကနေတောင် ဒီဟိန်းဟောက်သံရဲ့ တုန်လှုပ်ဖွယ် ဖိနှိပ်ချုပ်ချယ်တဲ့ စွမ်းအားကို ခံစားနိုင်ကြပါတယ်။ အဲဒါက အနည်းဆုံးတော့ ပန်းဖူးအဆင့်မှာ ဖြစ်ပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သားရဲတစ်ကောင်လည်း ဖြစ်နိုင်ပါတယ်။

ဘာလုပ်ရမလဲ။ အောက်မှာက သတ်ဖြတ်လို့မရနိုင်တဲ့ အမွေးနီ သားရဲတွေဖြစ်ပြီး အရှေ့မှာက ပန်းဖူးအဆင့် သားရဲတွေဖြစ်ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်

သားရဲတွေတောင်မှ ဖြစ်နေနိုင်ပါတယ်။ ဒါက တကယ်ပဲ ဆုပ်လဲစူး စားလဲရူး အခြေအနေ ဖြစ်နေခဲ့ပါပြီ။

လင်းဟန်က အဝေးမှာရှိတဲ့ တောင်ထိပ်တစ်ခုပေါ်မှ ရွှေရောင်နတ်ဘုရား ဗိမာန်ကိုပဲ ကြည့်နေခဲ့ပါတယ်။ သူက အဖြေတွေကို အဲဒီနေရာမှာ ရရှိနိုင်လိမ့်မယ်လို့ ခံစားနေခဲ့ရပါတယ်။ လျှို့ဝှက်ချက်တွေက အဲဒီဗိမာန်နဲ့ ဆက်နွယ်နေပါတယ်။

"သွားကြစို့"

သူက ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်ကို ခေါင်းညိတ်ပြလိုက်ပါတယ်။

သူတို့သုံးယောက်က ထွက်ခွာသွားခဲ့ပြီး အဝေးမှ နတ်ဘုရားဗိမာန်ဆီကို လျှောက်သွားခဲ့ကြပါတယ်။ တခြားသူတွေက မယုံကြည်ဟန်နဲ့ ပခုံးတွန့်နေခဲ့ကြပါတယ်။ တောင်ထိပ်က ဝေးကွာတဲ့ပုံ မထင်ရပေမဲ့ အဲဒီနေရာမှာ သူတို့တွေ ဘယ်လောက်တောင် ကြောက်မက်ဖွယ်ကောင်းတဲ့ သားရဲတွေနဲ့ ကြုံတွေ့ရလိမ့်မလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ။

"ပြန်ဆုတ်ကြစို့"

"ဟုတ်တယ်။ အမွေးနီသားရဲတွေက သတ်ဖြတ်လို့မရနိုင်ပေမဲ့ သူတို့ရဲ့တိုက်ပွဲစွမ်းအားတွေက မဖြစ်နိုင်လောက်အောင် သန်မာနေခဲ့တာ မဟုတ်ဘူး။ အဲဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သားရဲတွေနဲ့ ရင်ဆိုင်ရတာထက်တော့ ပိုကောင်းတယ်"

"ပြန်သွားကြစို့"

လူအများစုက နောက်ပြန်လှည့်လိုက်ကြပြီး သူတို့သုံးယောက်နဲ့အတူ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်တဲ့သူတွေကတော့ လူအနည်းငယ်ပဲ ရှိပါတယ်။ အနည်းဆုံးတော့ သူတို့သုံးယောက်က ရန်သူကို ထောက်လှမ်းပေးနိုင်မှာ ဖြစ်ပြီးတော့ အမှန်တကယ်ပဲ အန္တရာယ်ရှိနေခဲ့ရင် သူတို့သုံးယောက်က ပထမဆုံး အန္တရာယ်နဲ့ ကြုံရမဲ့သူတွေ ဖြစ်လိမ့်မှာပါ။

ဒါပေမဲ့ အဲဒီလူတွေက ချက်ချင်း ကြောင်အသွားကြပါတယ်။ ဘာကြောင့်လဲဆိုရင် လင်းဟာန်က ဂိုလမ်ကို ဆင့်ခေါ်လိုက်ပြီး သူတို့သုံးယောက်က ဂိုလမ်ရဲ့ နောက်ကျောပေါ်ကို တက်လိုက်တာကြောင့် ဖြစ်ပါတယ်။

ဂိုလမ်က သူတို့တွေကို သယ်ဆောင်ပြီး တောင်ထိပ်ဆီ ပျံတက်သွားခဲ့ပါတယ်။

Chapter 481 end

အပိုင်း(၄၈၂) နောက်ဆုံး နတ်ဘုရားကျောင်းဆောင်

ဘယ်လိုများ လုပ်လိုက်တာလဲ။

လင်းဟာန်ကို အကျိုးရှိရှိနဲ့ အသုံးချချင်တဲ့သူ အနည်းငယ်က စိတ်ပျက်သွားခဲ့ရပါတယ်။ လင်းဟာန်မှာ ပျံသန်းနိုင်တဲ့ ကိရိယာတစ်ခုရှိပေမဲ့ သူတို့တွေကတော့ ခြေထောက်တွေကို အသုံးပြုပြီးတော့ပဲ ပြေးလွှားနိုင်ကြပြီး သူတို့အတွက် အန္တရာယ်တွေကို ပိတ်ဆို့ပေးဖို့ လင်းဟာန်အပေါ် မှီခိုဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

သူတို့တွေက နောက်ကလိုက်ဖို့ ချက်ချင်းလက်လျှော့လိုက်ကြပြီး ပြန်လှည့်လာတဲ့အခါ လူသုံးယောက်က လျှပ်တပြက် ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒီလူသုံးယောက်က အသက်သုံးဆယ်အရွယ်ရှိပုံရပြီး အကုန်လုံး ယောကျာ်းလေးချည်းပဲ ဖြစ်ပြီးတော့ သူတို့ဆီကနေ တုန်လှုပ်ဖွယ် တည်ရှိမှု တစ်ခုစီကို

ထုတ်လွှတ်နေခဲ့ပါတယ်။ လူတိုင်းလူတိုင်းက သူတို့ရဲ့ ဦးခေါင်းတွေကို နိမ့်ချပြီးတော့ ဦးညွှတ်ချင်အောင် လုပ်နိုင်ပါတယ်။

ပန်းဖူးအဆင့် စစ်သည်တော်တွေ။

"အရှင်သခင်မြောင်၊ အရှင်သခင်ကုနဲ့ အရှင်သခင်ကမ်တို့ကို အရိုအသေပေးပါတယ်"

လူတိုင်းက ဒူးထောက်လိုက်ကြပြီး ထိုလူသုံးယောက်ကို အရိုအသေပေးလိုက်ကြပါတယ်။

မြောင်ချီစီ၊ ကုယွမ်လိန်၊ ကမ်ကျန်းရှန်တို့က လွန်ခဲ့တဲ့ အစဉ်အဆက်က ပါရမီရှင်စာရင်းပေါ်က ပုံရိပ်တွေဖြစ်ပြီး အခုအခါ ပန်းဖူးအဆင့်ကို အဆင့်တက်သွားပြီး သူတို့ရဲ့ကိုယ်ပိုင်ဂိုဏ်းများရဲ့ အဓိကအစိတ်အပိုင်းများ ဖြစ်လာခဲ့ကြပါတယ်။ သူတို့တွေက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ထိတောင်မှ တိုးတက်နိုင်ပြီး မြောက်ပိုင်းနယ်မြေမှာ စွမ်းအားအကြီးဆုံး ပုံရိပ်တွေ ဖြစ်လာနိုင်ပါတယ်။

မြောင်ချီစီက သူ့ရဲ့လက်ကို မြှောက်လိုက်ပြီး လူတိုင်းကို ထဖို့အမူအယာ ပြလိုက်ပါတယ်။ သူ့ရဲ့အကြည့်ကတော့

ကုယွမ်လိန်နဲ့ ကမ်ကျန်းရှန်းတို့လို တောင်ထိပ်ပေါ်ရှိ နတ်ဘုရားကျောင်းကို စူးစိုက်ကြည့်နေခဲ့ကြပါတယ်။

"သွားကြစို့"

ကုယွမ်လိန်က သူ့ရဲ့ခြေထောက်နဲ့ မြေကြီးကို အသာဆောင့်လိုက်တဲ့အခါ သူ့ရဲပုံရိပ်က လေထဲမှာ လွင့်မျောသွားခဲ့ပါတယ်။ မြောက်ရှီစီနဲ့ ကမ်ကျန်းရှန်းတို့ကလည်းပဲ နောက်လိုက်သွားခဲ့ပါတယ်။

"ဟဟ ပန်းဖူးအဆင့် လက်ရွေးစင်သုံးယောက်ရဲ့ အဆင့်အတန်းနဲ့ဆိုရင် လင်းဟန်က ရတနာကို ရှာတွေ့ခဲ့ရင်တောင်မှ သူရယူနိုင်လိမ့်မှာ မဟုတ်ဘူး"

လူတစ်ယောက်က နှစ်ထောင်းအားရစွာနဲ့ ပြောလိုက်ပါတယ်။

"ဟမ့် ပန်းဖူးအဆင့် ရုပ်သေးတစ်ကောင်လောက်က အစစ်အမှန် ပန်းဖူးအဆင့်တွေကို ယှဉ်ပြိုင်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"သူက ကောင်းကင်အဆင့်မှော်ဆေးပညာရှင်တစ်ယောက်

ဖြစ်နေတော့ရော ဘာအရေးလဲ။ လျှို့ဝှက်ဆန်းကျယ်တဲ့ နယ်မြေတွေမှာ စွန့်စားသွားလာတဲ့အခါ ဘယ်သူမှ သူ့ကို မျက်နှာသာပေးဖို့ မလိုအပ်ဘူး"

"မှန်တယ်။ မှော်ဆေးပညာရှင်တစ်ယောက်အနေနဲ့ သူက ဆေးလုံးတွေ သန့်စင်ဖို့ပဲ စွဲစွဲမြဲမြဲ အာရုံစိုက်နေသင့်တာ"

သူတို့လူစုက တညီတညွတ်ထဲ လင်းဟန်ကို မနာလိုမရှုစိမ့် ဖြစ်နေခဲ့ကြပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က အနည်းငယ် မိုက်မဲပုံရပြီး သူ့ရဲ့ပေါက်ကွဲနိုင်တဲ့ စွမ်းအားက အစပိုင်းမှာ အနည်းငယ် အားနည်းပေမဲ့ သူ့ရဲ့အရှိန်နှုန်း မြင့်တင်လိုက်တာနဲ့ ပန်းဖူးအဆင့် စစ်သည်တစ်ယောက်ထက် ပိုပြီးတော့ နှေးကွေးစရာ အကြောင်းမရှိပါဘူး။ သူတို့တွေက မိနစ်အနည်းငယ် ကြာပြီးတဲ့နောက်မှပဲ တောင်ထိပ်ပေါ်ကို ရောက်လာခဲ့ပါတယ်။

ရောမကိုလမ်ကြီးက မြေပြင်ပေါ် ဆင်းသက်နေတဲ့အချိန်မှာ သူတို့သုံးယောက်က ခုန်ဆင်းလိုက်ကြပါတယ်။

ဒီအလွှာမှာ သက်ရှိသတ္တဝါတွေ အမျိုးမျိုးရှိနေခဲ့ပေမဲ့

နေရာက ကြီးမားလွန်းနေတာတော့ မဟုတ်ခဲ့ပါဘူး။ လင်းဟာန်က ပျံသန်းနေစဉ်အတွင်း ပတ်ဝန်းကျင်ကို ဖြန့်ကျက်စစ်ဆေးခဲ့ပြီး စတုတ္ထအလွှာကိုသွားတဲ့ လှေကားထစ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါဘူး။ တစ်နည်းပြောရရင် ဒီအလွှာက နောက်ဆုံးအလွှာ ဖြစ်ပါတယ်။

သူ့ရဲ့ခန့်မှန်းချက်က အတော်လေး မှန်ကန်ခဲ့ပါတယ်။ ဒီနောက်ဆုံး နတ်ဘုရားဗိမာန်က ဒီနေရာနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်နိုင်ဖို့ ကြီးမားတဲ့ ဖြစ်နိုင်ချေတစ်ခု ရှိနေခဲ့ပါတယ်။

ရွှေရောင်နတ်ဘုရားဗိမာန်က မီတာသုံးဆယ်ရှည်လျားပြီး ရွှေရောင်အတိ ပြီးပါတယ်။ အပြင်ပန်းက ကြီးမားတဲ့ နတ်ဘုရား ဗိမာန်ကြီးလို ဖြစ်ပေမဲ့ အနားရောက်တဲ့အခါ ဆယ်ဆလောက် ကျုံ့သွားခဲ့ပါတယ်။

"ကျောက်တုံးလေး ရှေ့ကဦးဆောင်လိုက်"

လင်းဟာန်က ကျောက်တုံးစိတ်ဂိညာဉ်ကို ခပ်ဖွဖွလေး ပုတ်လိုက်ပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က မငြင်ဆန်ခဲ့ပဲ ရှေ့ကနေလျှောက်သွားခဲ့ပါတယ်။

သူတို့သုံးယောက်က အနောက်ကနေ နီးကပ်စွာ လိုက်သွားခဲ့ပါတယ်။ ပန်းဖူးအဆင့် ကျောက်တုံးစိတ်ဂိညာဉ်ရဲ့ ပိတ်ဆို့ပေးမှုနဲ့ဆိုရင် လင်းဟန်က အန္တရာယ်အရှိဆုံး အချိန်မှာ ကွမ်းယွမ်၊ ယွဲ့ခိုင်ယုနဲ့ ကျောက်တုံးစိတ်ဂိညာဉ်ကို အနက်ရောင် မျှော်စင်အထဲကို သိုလှောင်ဖို့ လုံလောက်တဲ့ အာမခံချက် ရှိနေခဲ့ပါတယ်။

မျှော်လင့်ထားတာထက်ကို ကျော်လွန်ပြီး နတ်ဘုရားဗိမာန်ရဲ့ အတွင်းဖက်ကို အတော်လေး တောက်ပတဲ့ ရွှေရောင်နံ့ရံတွေနဲ့ ပြုလုပ်ထားပြီး ဘာမှမရှိတဲ့ အနက်ရောင်ဘုရားကျောင်းတွေနဲ့ မတူခြားနားပါတယ်။ ဒီနေရာမှာ တစ်မီတာခန့် ရှည်လျားတဲ့ ကျောက်တိုင်လုံးတွေ ရှိနေခဲ့ပြီး ထိပ်ဖျားမှာ အင်တုံပုံစံ အလွတ်တစ်ခုအဖြစ် ထုလုပ်ထားပါတယ်။

နတ်ဘုရား ဗိမာန်တစ်ခုလုံးက တစ်လှာထဲပဲ ရှိတာကြောင့် နေရာက အတော်လေး ကြီးမားပါတယ်။ အထဲမှာ လျှောက်သွားနေတာက သူတို့ကိုယ်သူတို့ မဖြစ်စလောက် ပမွှားလေးတွေဆိုတဲ့ ခံစားချက်ကို ရရှိစေပါတယ်။

ဗိမာန်အတွင်းဘက်မှာတော့ ထောက်တိုင်တွေ မရှိပါဘူး။ အဲဒါက အလေးချိန်ကို ထောက်ပံ့ဖို့ အချင်းချင်း ထောက်မှီနေတဲ့ နံရံသုံးခုပေါ်မှာပဲ ရိုးရှင်းစွာ မှီခိုနေခဲ့ပါတယ်။

ကျောက်တိုင်တန်းများက လေထဲမှာ ဆက်တိုက်လည်ပတ်နေတဲ့ ခြောက်မြောင့်ပုံ အရာဝတ္ထုတစ်ခု တည်ရှိနေတဲ့ နတ်ဘုရားဗိမာန်ရဲ့ အလယ်ဗဟိုထိ ရောက်ရှိနေခဲ့ကြပါတယ်။

အဲဒါက အတော်လေး ဆန်းပြားလှပါတယ်။

"ဟမ် အရမ်းမွှေးတာပဲ"

သူတို့သုံးယောက်က သူတို့ရဲ့နှာခေါင်းတွေကို တရှုံ့ရှုံ့လုပ်နေခဲ့ကြပါတယ်။

"စားမယ်"

ကျောက်တုံးစိတ်ဂိညာဉ်က လင်းဟန်ဆီကို အတွေးတစ်ခု ပို့လွှတ်ခဲ့ပါတယ်။ ဒါပေမဲ့ သူက မြေပြင်ပေါ်က ကျောက်တိုင်တွေကို စိုက်ကြည့်နေခဲ့ပါတယ်။

"သွားစား"

လင်းဟန်က သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

"ဒါပေမဲ့ မင်းကိုယ်မင်း အလွန်အကျွံမဖြစ်စေနဲ့"

ကျောက်တုံးစိတ်ဂိညာဉ်က ချက်ချင်းပဲ အတော်လေးကို ဝမ်းသာအားရ ဖြစ်သွားခဲ့ပါတယ်။ သူက ကျောက်တိုင်တစ်ခုရဲ့ရှေ့ကို ဒိုင်ဗင်ပစ်ဝင်သွားခဲ့ပြီး သူ့ပါးစပ်ကြီး ပွင့်ထွက်သွားတော့မည့်အတိုင်း ကျောက်အင်တုံကို ကိုက်နေခဲ့ပါတယ်။ ရုတ်တရက် ဂျွတ်ခနဲအသံတစ်ခုနဲ့အတူ ကျောက်အင်တုံ တစ်ဝက်ကို ကိုက်ဖြတ်လိုက်ပြီးနောက် သူက စတင်ကိုက်ဝါးလိုက်ပြီး စိတ်ကျေနပ်အားရစွာ စားနေခဲ့ပါတယ်။

သူတို့သုံးယောက်က ခြောက်မြောင့်ပုံ အရာဝတ္ထုနဲ့ အနီးဆုံး ကျောက်တိုင်ဆီ ပြေးသွားခဲ့လိုက်ပါတယ်။ ကျောက်အင်တုံထဲမှာ အမှန်တကယ်ပဲ အံ့ဩဖွယ်ကောင်းတဲ့ ရနံ့တွေကို ထုတ်လွှတ်နေတဲ့ နို့နှစ်ရောင်အရည် အနည်းငယ်ရှိနေခဲ့ပါတယ်။

"ဒီအရာက ဘာလဲ"

ယွဲ့ခိုင်ယုက မေးလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကိုခါပြီး ပြောလိုက်ပါတယ်။

"ငါလည်းမသိဖူး။ ဒါပေမဲ့ အဲဒါက အတော်လေး ကြီးမားတဲ့ တန်ဖိုးကို ပိုင်ဆိုင်ထားတဲ့ ပကတိ စိတ်ဝိညာဉ် အရည်ဆိုတာတော့ သေချာတယ်"

"အဲဒီတော့ မင်းတို့ကောင်တွေ ထွက်သွားနိုင်တယ်"

အေးစက်တဲ့အသံတစ်ခုက ထွက်ပေါ်လာခဲ့ပြီး မြောင်ရှီစီနဲ့ပ တခြားလူနှစ်ယောက်က ခြေလှမ်းကျဲကြီးတွေနဲ့ ရောက်လာခဲ့ပါတယ်။ သူတို့က လင်းဟန်ရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်ဆိုတဲ့ အဆင့်အတန်းကို ဂရုမစိုက်ခဲ့ပါဘူး။

ပြင်ပကမ္ဘာမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေက ပုံမှန်အားဖြင့် သတ်မှတ်ချက်ကို ကျော်လွန်တဲ့ အဆင့်အတန်းတစ်ခု ရှိပါတယ်။ ဒါပေမဲ့ ရတနာတွေအတွက် ယှဉ်ပြိုင်ကြတဲ့ အခါမှာတော့ အရာအားလုံးက

ခွန်အားအပေါ်မှာသာ အခြေခံပါတယ်။ တခြားသူတစ်ဦးက စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ သားတစ်ယောက် ဖြစ်တာကြောင့်နဲ့ ရတနာတွေကို လက်လွှတ်ပေးဖို့ဆိုတာ တခြားသူတွေအတွက် မဖြစ်နိုင်ပါဘူး။

အဲဒါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်အတွက်လည်း အတူတူပဲ ဖြစ်ပါတယ်။

လင်းဟန်က ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုကို ပြောလိုက်ပါတယ်။

"မင်းတို့တွေ စိတ်ဝိညာဉ်အရည်ကို သိုလှောင်လိုက်"

သူက ပြန်လှည့်လိုက်ပြီး ကျောက်တုံးစိတ်ဝိညာဉ်ကို လက်ဝှေ့ယမ်းပြပြီး ပြောလိုက်ပါတယ်။

"ကျောက်တုံးလေး လာခဲ့။ တိုက်ခိုက်ရမဲ့ အချိန်ရောက်ပြီ"

ကျောက်တုံးစိတ်ဝိညာဉ်က ကျေနပ်ပျော်ရွှင်စွာနဲ့ အစားစားနေခဲ့တာကြောင့် လာဖို့အတွက် အနည်းငယ် အင်တင်တင် ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ကို သူ့ရဲ့အရှင်သခင်အဖြစ် ဘယ်သူက သူ့ကို အသိအမှတ်ပြုစေခဲ့တာ မို့လို့လဲ။ သူက မြောင်ရှီစီနဲ့

အခြားသူတွေကို အလိုလို စူးစူးရဲရဲ စိုက်ကြည့်လိုက်မိပါတယ်။ အဲဒီသုံးယောက်က သူ့ရဲ့အရသာရှိတဲ့ အစားအစာတွေ စားနေတာကို အနှောင့်အယှက် ဖြစ်စေခဲ့တာကြောင့် အတော်လေး ဒေါသထွက်စေခဲ့ပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်ပေါ်က လျှို့ဝှက်ဆန်းကြယ်တဲ့ ပုံစံတွေကို မြင်လိုက်တဲ့အခါ မြောင်ရှီစီနဲ့ အခြားသူတွေက အံ့သြတကြီး ပြောလိုက်မိပါတယ်။

"ရုပ်သေးတစ်ကောင်လား"

သူတို့တွေက အဲဒီပုံစံတွေကို အစီအရင်ပုံစံတွေအဖြစ် မြင်ခဲ့ကြပြီ သူတို့တွေတောင်မှ အထင်မသေးဝံ့တဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေတဲ့ ဂိုလမ်ရဲ့ စွမ်းအားကို ခံစားနိုင်ခဲ့ ကြပါတယ်။

"ဆရာသခင်လင်း ခင်ဗျားက ကမ္ဘာကြီးကို ပြောင်းပြန်လှန်နိုင်တဲ့ မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နိုင်ပေမဲ့ ယှဉ်ပြိုင်အနိုင်လုဖို့ သမိုင်းဝင်နေရာကို ဝင်ရောက်လာခဲ့တာဆိုတော့ သိုင်းပညာရှင် တစ်ယောက်အနေနဲ့ သတိထားဖို့တော့ လိုလိမ့်မယ်"

ကုယွမ်လိန်က ဆက်ပြောလိုက်ပါတယ်။

"တကယ်လို့ ငါ့ကို တိုက်ခိုက်ဖို့ ဖိအားပေးခဲ့ရင်တော့ ငါသက်ညှာနေမှာ မဟုတ်ဘူး"

လင်းဟန်က အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"အဲဒါက သေချာရဲ့လား"

"ရပ်လိုက်စမ်း"

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့နှစ်ယောက် ကျောက်အင်တုံထဲက စိတ်ဝိညာဉ်အရည်တွေကို ရယူဖို့ ကျောက်စိမ်းပုလင်းတစ်ခု ထုတ်ယူလိုက်တာကို မြင်တဲ့အခါ မြောင်ရှီစီနဲ့ အခြားသူတွေ ထိန်ထားဖို့ မဖြစ်နိုင်တော့ပါဘူး။ စိတ်ဝိညာဉ် အရည်တွေ ယူဆောင်တာကို တားဆီးဖို့အတွက် တစ်ယောက်ပြီး တစ်ယောက် ဂင်ရောက်တိုက်ခိုက် လိုက်ကြပါတယ်။

"ဂါး"

ကျောက်တုံးစိတ်ဂိညာဉ်က ဒေါသတကြီး ဟိန်းဟောက်လိုက်ပြီး သူတို့တွေကို တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်ကတော့ နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပြီးနောက် မိုးကြိုးလျှပ်စီးချပ်ဝတ်ကို အသက်သွင်းလိုက်ပြီး မူလစွမ်းအင် လက်ကြီးသုံးခုကို ခုတ်ပိုင်းပစ် လိုက်ပါတယ်။

ဖူး။

ဓားချီတွေကို ဝှေ့ယမ်းလိုက်သလိုပဲ လင်းဟန်က မူလစွမ်းအား လက်ကြီးသုံးခုကို ပိုင်းဖြတ်လိုက်ပြီး ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ကို ထိခိုက်စေဖို့ကိုတော့ ခွင့်မပြုခဲ့ပါဘူး။ ဒါပေမဲ့ သူက စိတ်ဝိညာဉ် ပလ္လင်အလွှာ ဒုတိယအဆင့်ပဲ ဖြစ်ပြီးတော့ မိုးကြိုးလျှပ်စီး ချပ်ဝတ်ရဲ့ ကာကွယ်ပေးမှုနဲ့တောင်မှ အလွန်ကြီးမားတဲ့ ထိတ်လန့်မှုကို မခံနိုင်ခဲ့ပါဘူး။

"အော့"

လင်းဟန်က သွေးတစ်ချက်အန်လိုက်ရပါတယ်။

အဲဒါက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားလိုပဲ ဖြစ်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ခေါင်းတလားကို ဖျက်ဆီးဖို မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့

တကယ်လို့ ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်က အထဲမှာ ရှိနေခဲ့ရင် သူတို့တွေက ထိတ်လန့်ဖွယ် လှိုင်းလုံးတွေနဲ့အတူ သေချာပေါက် စိစိညက်ညက် ကြေသွားပါလိမ့်မယ်။

တိုက်ရိုက်တိုက်ခိုက်မှုကို ပိတ်ဆို့နိုင်ခြင်းနဲ့ သက်ရောက်မှု စွမ်းအားချေဖျက်ခြင်းက မတူညီတဲ့ အရာနှစ်ခု ဖြစ်ပါတယ်။

လင်းဟန်မှာက မမျှော်လင့်ထားလောက်အောင် မြင့်မားတဲ့ စိတ်ဝိညာဉ်တွေ ရှိပါတယ်။ မိုးကြိုးလျှပ်စီးချပ်ဝတ်ရဲ့ ကာကွယ်မှုနဲ့အတူ ဒီလိုမျိုး သက်ရောက်မှု တစ်ခုကို ကြံ့ကြံ့ခံနိုင် ခဲ့ပါတယ်။ အဲဒါက တစ်ချက်ထဲ အသေသတ်တာ မဟုတ်သရွေ့ သူက ဖျက်ဆီးလို့ မရနိုင်သော ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းနဲ့ဆိုရင် သူက ချက်ချင်း နဂိုအတိုင်း ပကတိကောင်းမွန် လာပါလိမ့်မယ်။

ဟုတ်ပါတယ် သူကျင့်ကြံထားတဲ့ သံမဏိခန္ဓာကိုယ်က အရေးအကြီးဆုံးပဲ ဖြစ်ပါတယ်။ တကယ်လို့ တခြားသူတစ်ယောက်သာ လာခဲ့ရင် မိုးကြိုးလျှပ်စီးချပ်ဝတ်ရဲ့ ခုခံကာကွယ်မှုနဲ့ ဆိုရင်တောင်မှ သူ့ကို ပြင်းထန်စွာ ဒဏ်ရာရရှိ စေလိမ့်မှာပါ။

နောက်ဆုံးတော့လည်း ပန်းဖူးအဆင့် လက်ရွေးစင်တွေက စွမ်းအားကြီးမားလွန်းလှပါတယ်။

"ကဲ တိုက်ပွဲစကြရအောင်"

လင်းဟန်က ပြောလိုက်ပါတယ်။

Chapter 482 end

အပိုင်း(၄၈၃) အံ့မခန်း ပန်းဖူးအဆင့် ပြိုင်ဘက်နှစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခြင်း

စိတ်ဝိညာဉ် ပလ္လင်အဆင့် ဒုတိယအလွှာပဲရှိတဲ့ ပြိုင်ဘက်လေး တစ်ယောက်က ပန်းဖူးအဆင့်ဖြစ်တဲ့ သူတို့ကို ရင်ဆိုင်မယ်လို့ အမှန်တကယ်ပဲ ပြောဝံ့တယ်လား။ ဘယ်လောက်တောင် ရဲ့ရင့်လိုက်သလဲ။

အတော်လေး ရဲရင့်လွန်းတယ်။

တကယ်လို့ တခြားတစ်ယောက် ဖြစ်နေခဲ့ရင် အဲဒါက သေချာပေါက် မိုက်မဲတဲ့ အပြုအမူတစ်ခု ဖြစ်ပေမဲ့ လင်းဟန်ကတော့ ပန်းဖူးအဆင့်သုံးယောက်ရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေကို ဓားချက်တစ်ချက်ထဲနဲ့

သူ့ရဲ့အံ့ဖွယ်ခွန်အားတွေကို ပြသခဲ့ပါတယ်။ ဒါကြောင့် အဲဒါက ရဲရင့်တာပဲ ဖြစ်လိမ့်မှာပါ။

"ဆရာသခင်လင်းရဲ့ တိုက်ပွဲစွမ်းအားက အတော်လေး အံ့အားသင့်ဖွယ်ကောင်းပြီး စိတ်ဝိညာဉ် လက်နက်တစ်ခုအပေါ်မှာ မှီခိုနေတဲ့ ပါရမီရှင် တိုက်ပွဲစွမ်းအား စမ်းသပ်စစ်ဆေးမှုမှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကြယ်အလုံးနှစ်ဆယ် တိုက်ပွဲစွမ်းအားကို ထုတ်ဖော်ခဲ့တယ်လို့ ကြားခဲ့ဖူးတယ်။ ကြည့်ရတာ အဲဒါက အတုအယောင် ချဲ့ကားပြောနေကြတာ မဟုတ်တဲ့ပုံပဲ"

မြောင်ရှီစီက ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

ကုယွမ်လိန်နဲ့ ကမ်ကျန်းရှန်းတို့ရဲ့ အမူအယာတွေက လေးနက်နေခဲ့ပါတယ်။ လင်းဟန်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ပစ္စည်းတစ်ခုအပေါ်မှာ မှီခိုပြီး ဒီလိုကြောက်မက်ဖွယ် တိုက်ပွဲစွမ်းအားတွေကို ထုတ်ဖော်နိုင်ခဲ့ရင်တောင်မှ စိတ်ဝိညာဉ်နတ်သူငယ်အဆင့် စစ်သည်တွေ ဘယ်လောက်များများက ဒီလိုတိုက်ပွဲစွမ်းအား ကြယ်အလုံးနှစ်ဆယ်ကို ပိုင်ဆိုင်နိုင်လို့လဲ။

အနည်းဆုံးတော့ ဒီလိုမျိုးလူတစ်ယောက်ကို

မြောက်ပိုင်းနယ်မြေမှာ မကြားဖူးခဲ့ပါဘူး။

အမိန့်စာလွှာတစ်ခုနဲ့ ချိတ်ပိတ်ထားတဲ့ စွမ်းအားတွေက အချိန်နေရာမရွေး ထုတ်လွှတ်နိုင်ပါတယ်။ အဲဒါက သေချာပေါက် အတော်လေး ထူးကဲတဲ့ ဗိုလ်ကျစိုးမိုးနိုင်တဲ့ လက်နက်တစ်ခုဖြစ်ပေမဲ့ ပြဿနာက ချိတ်ပိတ်ထားတဲ့ လက်နက်တစ်ခုက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ပွဲစွမ်းအားကို အမှန်တကယ်ပဲ ယှဉ်ပြိုင်ပြီး တိုက်ခိုက်ဖို့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကြယ်အလုံးနှစ်ဆယ် တိုက်ပွဲစွမ်းအားကို ချိတ်ပိတ်ဖို့အတွက် အဲဒီ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်က ဘယ်လောက်တောင် သန်မာရမှာလဲ။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကြယ်နှစ်ဆယ့်တစ်လုံး ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်လား။ အဲဒါက ဖြစ်နိုင်လို့လား။

မြောက်ပိုင်းနယ်မြေမှာ နတ်အသွင်ပြောင်းလဲခြင်း အဆင့်တွေ တစ်ယောက်မှ မရှိပါဘူး။

ဒါက အတော်လေး ထူးဆန်းပါတယ်။

နောက်ပိုင်းမှာ အဲဒီသတင်း ထွက်ပေါ်လာတဲ့အခါ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ လင်းဟန်ရဲ့ ဖိနပ်ကိုယက်ဖို့ ချဲကားပြောဆိုနေကြတာလို့ ယူဆပြီး လူအများစုက အတော်လေး မယုံကြည်ခဲ့ပါဘူး။

ဒါပေမဲ့ လင်းဟန်က ပန်းဖူးအဆင့် ပြိုင်ဘက်သုံးယောက်ရဲ့ တိုက်ခိုက်မှုတွေကို အမှန်တကယ်ပဲ ကွယ်ပျောက်သွားစေခဲ့ပါတယ်။ အဲဒါက မြောင်ရှီစီနဲ့ သူ့အဖော်နှစ်ယောက်ကို လင်းဟန်မှာ အမှန်တကယ်ပဲ နတ်အသွင်ပြောင်းလဲခြင်းအဆင့် အမိန့်စာလွှာတစ်ခု ရှိနေနိုင်တယ်လို့ ပြန်လည်စဉ်းစား မိစေခဲ့ပါတယ်။ ဖြစ်ကောင်းဖြစ်နိုင်တာက အဲဒါကို အလယ်ပိုင်းနယ်မြေမှ ဝယ်လာခဲ့တာ ဖြစ်နိုင်ပြီး ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ ဒီလိုမျိုး အဆင့်အတန်းရှိတာက သဘာဝကျပါတယ်။

သူတို့တွေ လင်းဟန်ကို အထင်မသေးနိုင်တော့ပါဘူး။

"အရှင်သခင်လင်း ငါတို့ရဲ့ ဆက်ဆံရေးကို ဘာကြောင့် ထိခိုက်စေမှာလဲ။ စိတ်ဝိညာဉ် အရည်ကို ငါတို့ခွဲယူကြရင် ဘယ်လိုလဲ"

မြောင်ရှီစီက အကြံပြုလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"ငါ မင်းပြောတာကို လက်ခံတယ်ပဲ ထားပါဦး။ ငါတို့ ဘယ်လို ခွဲယူကြမှာလဲ"

"ငါတို့လေးယောက် တစ်ယောက်ကို ဝေစုတစ်ခုစီယူကြမယ်"

ကုယွမ်လိန်က ကြားဖြတ်ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ နှစ်ယောက်စလုံး မကျေနပ်ပေမဲ့ ပန်းဖူးအဆင့် စစ်သည်တော်တွေရဲ့ ရှေ့မှောက်မှာ စျေးဆစ်ဖို့ သူတို့မှာ အခွင့်အရေး မရှိပါဘူး။ သူတို့ရဲ့ မကျေမနပ်မှုတွေကို ဆက်လက်ထိန်းသိမ်း ထားဖို့ပဲ ဖိအားပေးနေခဲ့ရပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေ ရက်ရောတဲ့ပုံ မရပေမဲ့ မင်းတို့ရဲ့အတွေးတွေကတော့ တကယ်ကိုပဲ"

"ဆရာသခင်လင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပေမဲ့ ကျင့်ကြံခြင်းက စိတ်ဝိညာဉ် ပလ္လင်အဆင့် ဒုတိယ အလွှာမှာပဲ ရှိနေသေးတယ်။ လှိုု့ဝှက်ဆန်းကြယ် နယ်မြေတွေမှာ ရတနာတွေအတွက် ယှဉ်ပြိုင်တဲ့အခါ လူတိုင်းက အဆင့်အတန်းကို မကြည့်ပဲ ခွန်အားကိုပဲ ကြည့်ကြတာလေ"

မြောင်ရှီစီက အေးစက်စွာ ပြောလိုက်ပြီး စိတ်ဝိညာဉ် အရည်အပေါ် လက်လျော့ဖို့ ဆန္ဒမျိုး သူ့မှာ ရှိမနေဘူးဆိုတာ သိသာပါတယ်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"အဲဒါက ခွန်အားအပေါ် အခြေခံတယ်ဆိုရင်လည်း အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ဘာလို့ ဒီလောက်အများကြီး ပြောနေရတာလဲ။ အဲဒါက ငါ့ရဲ့အချိန်တွေကို ဖြုန်းနေတာ မဟုတ်ဘူးလား"

ဘယ်လောက်တောင် မောက်မာလိုက်သလဲ။

မြောင်ရှီစီနဲ့ တခြားသူတွေက ဒေါသထွက်သွားခဲ့ပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က သေချာပေါက် မြင့်မားတဲ့ အဆင့်အတန်းတစ်ခုမှာ ရှိပေမဲ့ သူက သူ့ရဲ့ကိုယ်ပိုင် ခွန်အားကိုတောင် မဖော်ဆောင်နိုင်သေးပါဘူး။ နည်းနည်းလောက်ဖြစ်ဖြစ် သူ့အနေနဲ့ နှိမ့်ချပြီး မနေသင့်ဘူးလား။ ဒါအပြင် ဒီနေရာက လျို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခု ဖြစ်ပြီးတော့ ဒီလောက်မောက်မာနေတာက သူ့အတွက် ဉာဏ်ရှိရာ ရောက်လို့လား။ သူက အသတ်ခံရနိုင်ပြီး ဘယ်သူသတ်သွားလဲ ဆိုတာတောင် ဘယ်သူမှ သိကြလိမ့်မှာ မဟုတ်ပါဘူး။

"ဒါဆိုရင်လည်း အရှင်သခင်လင်း။ ခွင့်ပြုပါ"

ကမ်ကျန်းရှန်းက အန္တရာယ်ရှိတဲ့ အငွေ့အသက်တွေနဲ့ ပြောလိုက်ပါတယ်။ လင်းဟန်က သူတိုရဲ့တိုက်ခိုက်မှုတွေကို ဓားချက်တစ်ခုထဲနဲ့ ကွယ်ပျောက်စေခဲ့ပေမဲ့ တိုက်ခိုက်မှု သုံးခုက ဖြတ်သန်းသွားပြီးနောက် လင်းဟန် ဒဏ်ရာရသွားခဲ့ပြီး သွေးတွေ အန်ခဲ့ရပါတယ်။ အလွန့်အလွန် ကြီးမားတဲ့ ခွန်အားကွာခြားချက်ကို စာလုံးပေါင်းပြနေစရာ လိုသေးလို့လား။

"ကျောက်တုံးလေး သူတို့ထဲက ဖွတ်ကျားတစ်ကောင်ကို

ရိုက်ပစ်လိုက်"

လင်းဟာန်က အမိန့်ပေးလိုက်ပါတယ်။

ပုန်း။

စကားတစ်ခွန်းမှ မဆိုပဲ ကျောက်တုံးစိတ်ဝိညာဉ်က တစ်ဟုန်ထိုးပြေးဝင်ပြီး ပြင်းထန်ရက်စက်စွာ တိုက်ခိုက်လိုက်ပါတယ်။ သူမှာ အတော်လေး ဆိုးရွားတဲ့ စိတ်အခြေအနေ ရှိနေခဲ့ပါတယ်။ သူ့အနေနဲ့ ပျော်ရွှင်စွာ စားသောက်နေတဲ့ အချိန်မှာ ဒီလူတွေက ရုတ်တရက် ရောက်ချလာပြီး ကြားဖြတ်နှောင့်ယှက်ခဲ့ပါတယ်။ ဘယ်လိုလုပ် ဒေါသမထွက်ပဲ နေနိုင်ပါ့မလဲ။ ဒါကြောင့် သူအနေနဲ့ မဆိုင်းမတွ သူတို့ကို မြေပြင်ပေါ် ရိုက်ချဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ အဲဒါမှပဲ သူကကျောက်တွေကို ဆက်လက်စားနိုင်လိမ့်မှာ ဖြစ်ပါတယ်။

မြောင်ရှီစီက ကျောက်တုံးစိတ်ဝိညာဉ်ကို ကြားဖြတ်တိုက်ခိုက်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေ စိတ်ဝိညာဉ်အရည်ကို သွားယူကြ။ ဒီရုပ်သေးကို ငါနဲ့ထားခဲ့"

"ကောင်းပြီ"

ကုယွမ်လိန်နဲ့ ကမ်ကျန်းရှန်းတို့ နှစ်ဦးလုံးက ခေါင်းညိတ်လိုက်ပါတယ်။ ပန်းဖူးအဆင့် စစ်သည်နှစ်ယောက် ပူးပေါင်းမှုနဲ့ဆိုရင် စိတ်ဝိညာဉ် ပလ္လင်အဆင့် ရန်သူသုံးယောက်က ဘယ်လို လှည့်ကွက်တွေ ထုတ်သုံးနိုင်မှာမို့လို့လဲ။

"ဆရာသခင်ဟန် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်က မေးလိုက်ပါတယ်။

"စိတ်အေးအေးထား"

လင်းဟန်က ပြုံးပြီး ပြောလိုက်ပါတယ်။

"အစ်ကိုယွဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာနဲ့ မြန်မြန်လေး လုပ်လိုက်"

ယွဲ့ခိုင်ယုတစ်ယောက် မျက်စိလှန်လိုက်မိပါတယ်။ ဒါဆို မကြာခင်မှာ သူက နောက်ထပ် စိတ်ဝိညာဉ်

နတ်သူငယ်အဆင့် အမိန့်စာလွှာကို အသုံးရဦးမှာပေါ့။ ဒီအမိန့်စာလွှာက လေတိုက်ပြီးတော့ အိမ်အရှေ့တံခါးဂကို ရောက်လာတယ်လို့ ထင်နေတာလား။သူက ဒီမျိုးဆက်မှာ ယွဲ့မိသားစုရဲ့ တစ်ဦးတည်းသော သားဖြစ်နေခဲ့ရင်တောင်မှ သူ့ရဲ့ဘိုးဘေးတွေက သူ့ကို အမိန့်စာလွှာသုံးခုသာ ထောက်ပံ့ပေးခဲ့ပါတယ်။

ပထမအနေနဲ့ သိုင်းပညာတွေက ရှားပါးလွန်းလှပြီး ဒုတိယအနေနဲ့ကတော့ တစ်ခုကို သန့်စင်ပြီးရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တစ်ယောက်က ပြန်လည်ကောင်းမွန်ဖို့ အချိန်တစ်လယူဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် အဲဒါတွေကို အစုလိုက်အပြုံလိုက် ထုတ်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေနဲ့ ထိပ်တိုက်တွေ့တဲ့အခါ ရတနာတွေကို ကာကွယ်ချင်ရင် သူ့ရဲ့ဝှက်ဖဲတွေနဲ့သာ သူတို့တွေကို ရှောင်နိုင်ပါတယ်။ ရတနာတွေအတွက် ယှဉ်ပြိုင်တဲ့အခါ လူတစ်ယောက်ရဲ့ နောက်ခံက ဘယ်လောက်ပဲ ကြီးမားပါစေ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားနိုင်နေသရွေ့ လူတစ်ယောက်ကို တိတ်တိတ်လေး သတ်ပစ်နိုင်ပါတယ်။

ယွဲ့ခိုင်ယုက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်

အမိန့်စာလွှာတစ်ခုကို ထုတ်ယူလိုက်ပြီး အော်ပြောလိုက်ပါတယ်။

"ငါ့ရဲ့နောက်ဆုံးတိုက်ကွက်ကို အသုံးပြုရအောင် ဖိအားမပေးကြနဲ့"

ကုယွမ်လိန်က နာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တစ်ယောက် ကိုယ်တိုင်ကိုယ်ကျ ရောက်လာခဲ့ရင်တော့ ငါတို့ နောက်ဆုတ်ပေးလိမ့်မယ်။ ဒါပေမဲ့ အမိန့်စာလွှာလေး တစ်ခုလောက်ပဲ ဆိုရင်တော့ ဟမ့်"

သူက သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ အမိန့်စာလွှာတစ်ခုကို အသက်သွင်းခဲ့ပြီးရင် တိုက်ခိုက်မှု တစ်ခုကိုပဲ ထုတ်လွှတ်နိုင်ပါလိမ့်မယ်။ အဲဒီတိုက်ခိုက်မှုကို ရှောင်တိမ်းနိုင်ခဲ့ရင် အမိန့်စာလွှာထဲက အစွမ်းတွေက ကုန်ခမ်းသွားလိမ့်မှာ ဖြစ်ပါတယ်။

အပြန်အလှန်အားဖြင့် သူတို့မှာရော စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာတွေ မရှိပဲနေပါ့မလား။

လင်းဟန်က တားဆီးဖို့ လက်လှမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"မဖြုန်းတီးနဲ့။ ဒါက ပန်းဖူးအဆင့် အလှ္ဘာသုံးက လူနှစ်ယောက်ပဲဟာ။ အမိန့်စာလွှာတွေကို ဖြုန်းတီးဖို့ မလိုအပ်ဘူး"

ဖူး။

ပန်းဖူးအဆင့် အလှ္ဘာသုံးက လူနှစ်ယောက်ပဲဆိုတာက ဘာကိုဆိုလိုတာလဲ။

ဒီသတ်မှတ်အဆင့်ကို ကျော်ဖြတ်လိုက်တာနဲ့ လူတစ်ယောက်က သေမျိုးတွေကို ကျော်နိုင်မှာ ဖြစ်တာကြောင့် သေမျိုးတွေက သူတို့လို ပန်းဖူးအဆင့်တွေကို ယှဉ်ပြိုင်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ကုယွမ်လီနဲ့ ကမ်ကျန်းရှန်းတို့ နှစ်ယောက်က အတော်လေး ဒေါသထွက်နေခဲ့ကြပြီး ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောင်တောင်မှ အားတင်းပြုံးလိုက်ရပါတယ်။ သူတို့နှစ်ယောက် အနေနဲ့ လင်းဟန်က အတော်လေး မျက်နှာပြောင်တိုက် ပြောနေတယ်လို့ ခံစားနေခဲ့ရပါတယ်။

လင်းဟန်က သူ့ရဲ့လက်ကို ဖွဖွယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းတို့တွေ အခုခဏလောက် နောက်ဆုတ်နေကြ။ ငါ ဒီနစ်ယောက်ကို ကိုင်တွယ်လိုက်မယ်"

"မောက်မာလိုက်တာ"

ကုယွမ်လိန်က လင်းဟန်ကို ရိုက်ချက်တစ်ခုနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူက လေးလေးနက်နက် တိုက်ခိုက်ခဲ့ပြီး မရေတွက်နိုင်တဲ့ သွေးကြောပုံစံတွေ လှည့်ပတ်နေတဲ့ မူလစွမ်းအင် လက်ကြီးတစ်ဖက်ကို ထုတ်ဖော်လိုက်ပါတယ်။ ဒီလက်ဝါးထဲမှာ စွမ်းအင်တွေကို ထိထိရောက်ရောက် တိုးမြှင့်စေဖို့ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီမှ စိတ်ဝိညာဉ်ချီတွေကို ဆွဲယူထားတဲ့ ပန်းဖူးအဆင့် သိုင်းဆန္ဒတွေ ပါဝင်လို့ နေပါတယ်။

ပန်းဖူးအဆင့်တွေက သူတို့ရဲ့ တိုက်ပွဲစွမ်းအားတွေကို တိုးမြှင့်ဖို့ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီက စွမ်းအားတွေကို ဆွဲယူနိုင်တာကြောင့် စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေထက်

နိုင်းဆလို့ မရနိုင်လောက်အောင် ပိုမိုသန်မာပါတယ်။ ဒါကြောင့် ဘယ်လောက်ပဲ ပါရမီရှင်တစ်ယောက် ဖြစ်နေပါစေ အဲဒီလောက် ကွာဟချက်ကို မချိုးနှိမ်နိုင်ပါဘူး။

လူတစ်ယောက်ရဲ့ စွမ်းအားက ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့စွမ်းအားကို ယှဉ်ပြိုင်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မဟုတ်ခဲ့ရင်တော့ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စွမ်းအားကို ရင်ဆိုင်ဖို့ အခြားစွမ်းအားပုံစံတွေကို ငှားယူနိုင်တဲ့ လူမျိုးစုစွမ်းအားကို လူတစ်ယောက်က စုစည်းနိုင်ပါတယ်။

ပုန်း ပုန်း ပုန်း။ ရောမလက်ကြီးတစ်ဖက်က အထွတ်အထိပ်စွမ်းအားတွေနဲ့အတူ ပြင်းထန်စွာ တိုက်ခိုက်လာခဲ့ပါတယ်။

လင်းဟန်က လျှပ်စီးစက်ကွင်း ဖြန့်ကျက်လာတဲ့အထိ မိုးကြိုးလျှပ်စီးချပ်ဝတ်ကို အပြည့်အဝ အသက်သွင်းလိုက်ပါတယ်။ ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်ကို သူ့ရဲ့ကိုယ်ပိုင်ခွန်အားနဲ့ တိုက်ခိုက်မယ်လို့ ဘယ်တုန်းကမှ မစဉ်းစားခဲ့ပါဘူး။ သူက မိုးကြိုးလျှပ်စီးချပ်ဝတ်ရဲ့အပေါ်မှာ မှီခိုအားထားရမှာဖြစ်ပြီး သံမဏိခန္ဓာကိုယ်က သူရဲ့တခြားဝှက်ဖဲတစ်ခု ဖြစ်ပါတယ်။

`နောက်ထပ် လျှပ်စီးတွေလား`

ယွဲ့ခိုင်ယုက သူရဲ့မေးစေ့ကို ပွတ်သပ်လိုက်ပါတယ်။ အဲဒါက မိုးကြိုးလျှပ်စီးချပ်ဝတ်များ ဖြစ်နေမလား။ ဒါပေမဲ့ အဲဒီချပ်ဂတ်က ဂျူနီယာတပည့်ဟန်ရဲ့ ချပ်ဝတ်မဟုတ်ဘူးလား။ အင်း မိန်းကလေးလီနဲ့ ကွမ်းအစ်ကိုကြီးက သူ့ရဲ့နောက်ကို လိုက်ကြတယ်။ ဂျူနီယာတပည့်ဟန်နဲ့ အရှင်သခင်လင်းက အချင်းချင်းသိနေကြပြီး အတော်လေး ကောင်းမွန်တဲ့ ဆက်ဆံရေး တစ်ခုခုရှိတာများ ဖြစ်နိုင်မလား။

သူ့ရဲ့ဦးနှောက်က အတော်လေးကို ညံ့ဖျင်းပါတယ်။ လင်းဟန်နဲ့ ဟန်လင်းတို့က တစ်ယောက်ထဲဆိုတဲ့ ဖြစ်နိုင်ချေကို သူ လုံးဝမတွေးမိခဲ့ပါဘူး။

ဂုန်း။

ပန်းဖူးအဆင့် စစ်သည်တွေရဲ့ ရောမလက်ကြီးတစ်ဖက်က ပြိုဆင်းလာခဲ့ပေမဲ့ လျှပ်စီးအတားအဆီးရဲ့ ပိတ်ဆို့ခြင်းကို ခံလိုက်ရပါတယ်။ လျှပ်စီးတွေက ပြင်းထန်စွာ တောက်ပသွားပြီး လက်ကြီးက အစိတ်စိတ်အမွှာမွှာ

ပေါက်ကွဲသွားခဲ့ပါတယ်။

လင်းဟန်က နောက်တစ်ကြိမ် သွေးအန်လိုက်ရပါတယ်။ တိုက်ခိုက်မှုရဲ့ တိုက်ရိုက်စွမ်းအားကို လျှပ်စီးအတားအဆီးက ပယ်ဖျက်ပေးပေမဲ့ ကြီးမားတဲ့စွမ်းအားကနေ ထွက်ပေါ်လာတဲ့ တုန်လှုပ်ဖွယ်ရာ အားလှိုင်းတွေကိုတော့ မပယ်ဖျက်နိုင်ခဲ့ပါဘူး။ နောက်ဆုံးတော့လည်း တိုက်ပွဲချပ်ဝတ်က အစစ်အမှန် ပြီးပြည့်စုံသည့်အထိ အသက်သွင်းခြင်း မခံခဲ့ရသေးပါဘူး။

ကုယွမ်လိန်နဲ့ ကမ်ကျန်းရှန်းတို့ နှစ်ယောက်လုံး ထိတ်လန့်တုန်လှုပ် သွားခဲ့ကြပါတယ်။ သူတို့ရဲ့တိုက်ခိုက်မှုတွေ နောက်တစ်ကြိမ် ပိတ်ဆို့ခံလိုက်ရပြန်ပြီလား။

လင်းဟန်က ပြုံးလိုက်ပြီးနောက် မြောင်ရှီစီကို ညွှန်ပြပြီး ပြောလိုက်ပါတယ်။

"မင်းတို့ရဲ့အဖော်က ဒီထက်ပိုပြီး ထိန်းမထားနိုင်တော့မှာ မဟုတ်ဘူး"

သူတို့ရဲ့ခေါင်းတွေကို လှည့်ကြည့်လိုက်တဲ့အခါ မြောင်ရှီစီက

ရုပ်သေးရဲ့ ဖိနှိပ်မှုကို လုံးဝခံနေခဲ့ရတာကို မြင်လိုက်ရတာကြောင့် ထပ်မံတုန်လှုပ်သွားခဲ့ကြပါတယ်။ အခြေအနေတွေက အတိမ်းအစောင်း လုံးဝမခံတဲ့ အခြေအနေတွေ ဖြစ်နေခဲ့ပါပြီ။

Chapter 483 end

အပိုင်း(၄၈၄) ထိပ်တန်းပိုးကောင်ဘုရင်

ကျောက်တုံးစိတ်ဝိညာဉ်က

ကောင်းကင်နဲ့ကမ္ဘာမြေကြီးကနေ မွေးဖွားခဲ့တဲ့ သက်ရှိစိတ်ဝိညာဉ် တစ်ကောင် ဖြစ်ပါတယ်။ အဲဒါက တူညီတဲ့ အလွှာမှာရှိတဲ့ ဘုရင်အဆင့် သားရဲတွေထက် အားမနည်းပါဘူး။ ကြောက်မက်ဖွယ် စွမ်းအားနဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းတွေကို ပိုင်ဆိုင်ထားတာကြောင့် အနည်းငယ်ပိုပြီးတော့တောင် သန်မာနိုင်ပါတယ်။

သူက ပန်းဖူးအဆင့်ကို တက်ရောက်တာ မကြာသေးပေမဲ့ သူ့ရဲ့တိုက်ပွဲအစွမ်းက အနည်းဆုံး ကြယ်ငါးလုံးရှိပါတယ်။ ဆန့်ကျင်ဘက်အနေနဲ့ မြောင်ရှီစီက ပန်းဖူးအဆင့် တတိယ အလွှာမှာ ဖြစ်ပေမဲ့ သူရဲ့တိုက်ပွဲစွမ်းအားက ကြယ်လေးလုံးပဲ ရှိပါတယ်။ ဒါပေမဲ့လည်း သူ့ကို လျှော့တော့မတွက်သင့်ပါဘူး။ ပန်းဖူးအဆင့်မှာ ကြယ်တစ်လုံး အသာစီးနဲ့ တိုက်ခိုက်တာကို

ခံနိုင်ရည်ရှိတာက အတော်လေး အထင်ကြီးစရာဖြစ်ပြီး ထူးချွန်တဲ့ ပါရမီရှင်တစ်ယောက်လို့ ခေါ်ဆိုနိုင်ပါတယ်။

စိတ်မကောင်းစရာက သူက ကျောက်တုံးစိတ်ဝိညာဉ်နဲ့ ဘာကြောင့်များ ဆုံတွေ့ခဲ့ရတာလဲ။

သူ့ရဲ့တိုက်ခိုက်မှုတွေက ကျောက်တုံး စိတ်ဝိညာဉ်ကို ထိမှန်စေပြီး ကျောက်စကျောက်န အနည်းငယ်သာ ပဲ့ထွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ထပ်အချိန် တစ်ခဏမှာတော့ ကျောက်စကျောက်နတွေက ဘာမှမဖြစ်ခဲ့သလို အလိုအလျောက် ပျံတက်လာခဲ့ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ထိုးချက်တစ်ခုကို ရရှိခဲ့ရင်ရော။

အဲဒါဆိုရင်တော့ သူက သွေးချောပေါက် သွေးတွေ မရပ်မနား ထွေးထုတ်နေခဲ့ရမှာပါ။

ဒီလိုတိုက်ခိုက်နေတာက မြောင်ရှီစီကို ဝမ်းနည်းဖွယ်ရာ ရှုံးနိမ့်မှုနဲ့ သွေးချောပေါက် အဆုံးသတ် သွားစေပါလိမ့်မယ်။

ကုယွမ်လိန်နဲ့ ကမ်ကျန်းရှန်းတို့ နှစ်ယောက်လုံးက အံ့သြတုန်လှုပ်နေကြပါတယ်။ ဒီရုပ်သေးရဲ့

ပြန်လည်ကောင်းမွန်နိုင်စွမ်းက အစွမ်းထက်လွန်းလှပြီး သူတို့တွေ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာတစ်ခုကို ထုတ်ပြန်ခဲ့ရင်တောင်မှ အဲဒီရုပ်သေးကို သူတို့တွေ အကြီးအကျယ် ပျက်စီးစေနိုင်ပါ့မလား။

အဓိကအချက်က စိတ်ဝိညာဉ်အရည် တချို့အတွက် ယှဉ်ပြိုင်ဖို့ အမိန့်စာလွှာတစ်ခုကို အသုံးပြုဖို့ အမှန်တကယ်ပဲ ထိုက်တန်လို့လား။

မြောင်ရှီစီကလည်း ချီတုံချတုံဖြစ်နေခဲ့ပြီး အဲဒီလိုချီတုံချတုံဖြစ်နေခြင်းကပဲ သူ့အတွက် ပိုပိုပြီး အခွင့်မသာ ဖြစ်လာစေခဲ့ပါတယ်။ သူကို ကျောက်တုံးစိတ်ဂိညာဉ်ရဲ့လက်သီးထိုးချက် ထိမှန်သွားခဲ့ပြီး သူက သူ့ရဲ့မျက်နှာကို ကာကွယ်ဖို့ လက်နှစ်ဖက်ကို ကာပြီးတားဆီးလိုက်ပေမဲ့ အင်အားကြီးမားသော စွမ်းအားက သူ့ကို လွင့်ပျံသွားစေခဲ့ပါတယ်။

ကျယ်လောင်တဲ့ အသံတစ်ခုနဲ့အတူ သူက နတ်ဘုရားဗိမာန်ရဲ့အလယ်ဗဟိုမှာရှိတဲ့ ခြောက်မြှောင့်ပုံ အရာဝတ္ထုဆီ ဝင်ဆောင့်သွားခဲ့ပြီး အဲဒီအရာက ပြင်းထန်စွာ

လှုပ်ခါသွားခဲ့ပါတယ်။

မြောင်ရှီစီက မတ်တတ်ရပ်ဖို့ ရုန်းကန်နေခဲ့ပေမဲ့ ရုတ်တရက် အံ့အားသင့်တဲ့ အမူအယာတစ်ခု ဖြစ်ပေါ်သွားခဲ့ပြီး သူ့ရဲ့မျက်နှာတောင်မှ တွန့်လိမ်သွားခဲ့ပါတယ်။ အရင်က နီရဲနေတဲ့ သူ့ရဲ့မျက်နှာက ချက်ချင်း ဆိုးဆိုးရွားရွား ဖြူဖျော့သွားခဲ့ပြီး သူ့ရဲ့မျက်လုံးတွေတောင်မှ အတွင်းကို နိမ့်ဆင်းသွားပါတယ်။

မြောင်ရှီစီက အတော်လေး တုန်လှုပ်ချောက်ချားသွားပြီး သူ့ရဲ့ညာလက်ကို လှုပ်ခါလိုက်ရာ အမိန့်စာလွှာတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ သူက တံ့ဆိုင်းတွေဝေနေခြင်းမရှိပဲ သူ့နောက်မှာရှိတဲ့ အရာဝတ္ထုကို ဖိနှိပ်လိုက်ပါတယ်။

အမိန့်စာလွှာက လောင်ကျွမ်းသွားပြီး ခြောက်မြောင့်ပုံ အရာဝတ္ထုဆီ ပစ်လွှတ်လိုက်ရာ မီးလိုရဲရဲနီနေတဲ့ ကြီးမားတဲ့ လက်ကြီးတစ်ဖက် ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တစ်ယောက်ရဲ့ တိုက်ခိုက်မှုတစ်ခုဖြစ်ပါတယ်။

ကုယွမ်လိန်နဲ့ ကမ်ကျန်းရုန်းတို့ နှစ်ယောက်လုံးက အံ့အားသင့်ပြီး စိတ်ရှုပ်ထွေးသွားခဲ့ပါတယ်။ တကယ်လို့

မြောင်ရှီစီက အမိန့်စာလွှာတစ်ခုကို အသုံးပြုခဲ့ရင်လည်း ကျောက်တုံးစိတ်ဝိညာဉ်ဆီ အဲဒါကို ပစ်လွှတ်သင့်တာ မဟုတ်ဖူးလား။ ဘယ်လိုလုပ်ပြီး သူ့နောက်က အရာဝတ္ထုဆီ ပစ်လွှတ်ရတာလဲ။ သူ့ရဲ့ခေါင်းကို ဆောင့်မိသွားလို့များ ရောထွေးကုန်တာလား။

မြောင်ရှီစီကလည်း အတော်လေး နီးကပ်နေခဲ့တာကြောင့် ဒီတိုက်ခိုက်မှုက သူ့ကိုလည်း အကျိုးသက်ရောက်လိမ့်မှာဖြစ်ပါတယ်။ ဘယ်လိုပဲကြည့်ကြည့် အဲဒါက ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်တာနဲ့ အတူတူပါပဲ။

ဟုမ်း။

မီးတောက်တွေက လည်ပတ်နေခဲ့ပြီး ကြောက်မက်ဖွယ် စွမ်းအားတွေက ထုနှက်နေခဲ့ရာ ကျောက်တိုင်တွေက တစ်ခုပြီးတစ်ခု ကျိုးပဲ့သွားခဲ့ပါတယ်။ လင်းဟန်က သွေးစုပ်ယူခြင်းမူလရွှေကို ဖြန့်ကျန့်လိုက်ပြီး ကျိုးပဲ့နေတဲ့ ကျောက်တိုင်တွေ အကုန်လုံးကို သိမ်းကျုံးဆွဲယူလိုက်ပြီး အနက်ရောင်မျှော်စင်ထဲ သိုလှောင်လိုက်ပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်း

ညစ်ကျယ်ကျယ်ပြုံးလိုက်ပါတယ်။ အဲဒါက လင်းဟန်က ကျောက်တုံးတွေစားဖို့အတွက်တော့ သူနဲ့တိုက်ခိုက်လိမ့်မှာ မဟုတ်တာကို ထင်ရှားစွာ သိနေလို့ပဲ ဖြစ်ပါတယ်။

မီးတောက်တွေ ပျောက်ကွယ်သွားတဲ့အခါ သိသာထင်ရှားစွာပဲ မြောင်ရှီစီက မီးကျွမ်းနေတဲ့ ရုပ်အလောင်းတစ်ခုအဖြစ်သာ ကျန်ခဲ့ပါတယ်။ ဒီလောက်နီးကပ်တဲ့ အကွာအဝေးအတွင်းမှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေ ပါဝင်ခဲ့တာကြောင့် ပန်းဖူးအဆင့် အလွှာကိုးမှ လူတစ်ယောက်တောင်မှ မရှင်သန်နိုင်ပါဘူး။

သံမဏိခန္ဓာကိုယ်လို ခုခံကာကွယ်မှုမျိုးကို ပိုင်ဆိုင်ထားပြီး မိုးကြိုးလျှပ်စီး ချပ်ဝတ်လို ထိပ်တန်းခုခံကာကွယ်မှုရှိတဲ့ လင်းဟန်လို တမူထူးခြားတဲ့ လူတစ်ယောက် မဖြစ်ခဲ့ရင်တော့ ရှင်သန်နိုင်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ခြောက်မြှောင့်ပုံ အရာဝတ္ထုက အမှန်တကယ်ပဲ ပြောင်းလဲသွားခဲ့ပါတယ်။

အဲဒါက မူလက ရွှေမည်း(အနက်ရောင်ရွှေ)အပိုင်းအစတစ်ခုလို

အကုန်လုံးမည်းနက်နေခဲ့ပေမဲ့ အခုတော့ အဲဒါက ပယင်းအဖြစ် ပြောင်းလဲသွားသလိုမျိုး ဖောက်ထွင်းမြင်နိုင်တဲ့အထိ လောင်ကျွမ်းသွားခဲ့ပါတယ်။ လင်းဟာန်နဲ့ တခြားသူတွေက ခြောက်မြှောင့်ပုံ အရာဝတ္ထု အတွင်းထဲမှာရှိတဲ့ မြင်ကွင်းကို မြင်လိုက်ရတဲ့အခါ သူတို့တွေအကုန်လုံး ပြောပြလို့ မတတ်အောင် အံ့အားသင့် သွားခဲ့ကြပါတယ်။

ပယင်းရဲ့အောက်မှာ လူသားပုံစံ သက်ရှိတစ်ကောင်ကို သံကြိုးတစ်ဆယ့်ရှစ်ခုနဲ့ ချုပ်နှောင်ထားပါတယ်။ သံကြိုးတွေက မြေပြင်ပေါ် တွယ်စိုက်နေပေမဲ့ ထူးဆန်းတာက အစောပိုင်းတုန်းက သူတို့တွေ ဘယ်သူမှ အဲဒါကို သတိမပြုမိခဲ့ကြတာပဲ ဖြစ်ပါတယ်။ အဲဒီသက်ရှိရဲ့ အပေါ်မှာက ကြီးမားတဲ့ သွေးစုပ်ပိုးကောင် တစ်ကောင်ဖြစ်ပြီး သူ့ရဲ့ ထူထဲရှည်လျားတဲ့ ပါးစပ်အစိတ်အပိုင်းက သက်ရှိရဲ့သွေးကို စုပ်ယူနေသည့်အတိုင်း သူ့ရဲ့နလုံးကို ထွင်းဖောက်နေခဲ့ပါတယ်။

ထိုလူသားပုံစံ သက်ရှိက အနီရောင်အမွေးတွေနဲ့ ခန္ဓာကိုယ်တစ်ခုရှိပြီး မီးခြစ်ဆံ တစ်ခုလောက်နီးပါး ပါးလွှာနေခဲ့ပါတယ်။ သွေးစုပ်ပိုးကောင်က အမှန်တကယ်ပဲ တစ်မီတာ ရှည်လျားပြီး သူ့ရဲ့အတောင်ပံတွေက

ရွှေရောင်ဖြစ်ပါတယ်။ အဲဒါက သွေးကိုစုပ်ယူ နေတယ်ဆိုတာ ရှင်းလင်းထင်ရှားနေပေမဲ့ လူတွေကို အထွတ်အမြတ်ထားဖွယ် ခံစားချက်တစ်ခုကို ပေးစွမ်းနေခဲ့ပါတယ်။

ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ။

ဒါပေမဲ့လည်း မြောင်ရှီစီက အမိန့်စာလွှာတစ်ခုကို ပယင်းရောင်အစိတ်အပိုင်းဆီ ပစ်လွှတ်လိုက်ပေမဲ့ သူရဲ့ကိုယ်ပိုင် အသက်ကိုတော့ ပေးဆပ်လိုက်ရတယ် ဆိုတာက သူတို့တွေ စိတ်ရှုပ်ထွေးနေကြဆဲပဲ ဖြစ်ပါတယ်။ ဒါအပြင် အဲဒီပယင်းရောင် အရာက ဘယ်လိုသတ္တုမျိုးမလို့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်ရဲ့ တိုက်ခိုက်မှုမျိုး တစ်ခုကို လက်ခံရရှိခဲ့တာတောင် လုံးဝကို ပျက်စီးထိခိုက်သွားခြင်း မရှိရတာလဲ။

လင်းဟန်က သွေးစုပ်ပိုးကောင်ကို စိုက်ကြည့်နေခဲ့ပြီး သူ မတုန်လှုပ်မိပဲ မနေနိုင်ခဲ့ပါဘူး။ သွေးစုပ်ပိုးကောင်တွေက သူတို့ရဲ့ အရွယ်အစားပိုကြီးမားလေ ပိုအဆင့်မြင့်လေပဲဆိုတာ ထင်ရှားပါတယ်။ လက်သီးဆုပ်အရွယ် သွေးစုပ်ပိုးကောင်က ပန်းဖူးအဆင့်ရှိပြီး ဖြစ်ပါတယ်။ အခု ဒီတစ်ကောင်က တစ်မီတာ

ရှည်လျားတယ်ဆိုတော့ သူ့ရဲ့အဆင့်က ဘယ်လောက်တောင်များလဲ။

ကောင်းကင်အဆင့်လား။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်လား။ ဒါမှမဟုတ် နတ်ဘုရား အဆင့်တောင်မှ ဖြစ်နေမလား။

တကယ်လို့ ဒီလျို့ဝှက်ဆန်းကြယ် နယ်မြေကို နတ်ဘုရား နယ်မြေကနေ ဖယ်ထုတ်ခဲ့တာ ဆိုရင်တော့ အဲဒါက နတ်ဘုရားအဆင့် သက်ရှိတွေ ပေါ်ပေါက်လာနိုင်တယ် ဆိုတာက မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။

ဒီနယ်မြေမှာ သွေးစုပ်ပိုးကောင်နဲ့ အမွေးနီသားရဲတွေဆိုတဲ့ မကောင်းဆိုးဝါးကြီး နှစ်မျိုးရှိနေခဲ့ပါတယ်။ အခု အဲဒီမကောင်းဆိုးဝါး နှစ်မျိုးက နတ်ဘုရားဗိမာန်ရဲ့ အနက်ရှိုင်းဆုံး နေရာမှာ ပေါ်ပေါက်လာခဲ့ပေမဲ့ ရေနဲ့မီးလို သဟဇာတ မဖြစ်သလိုတောင် ထင်ရပါတယ်။

ပြီးတော့ စောစောတုန်းက မြောင်ရှီစီက ဘာလို့ ကိုယ်ကိုယ်ကို သက်သေတာမျိုး လုပ်ရတာလဲ။

လူတိုင်း စိတ်ရှုပ်ထွေးနေတဲ့ အချိန်မှာ ထူးခြားတဲ့

ပိုးကောင်ဘုရင်ရဲ့မျက်လုံးတွေက မျက်တောင်ခတ် သွားခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ်က စတင် မြင့်တက်လာခဲ့ပါတယ်။

၎င်းရဲ့အတောင်ပံတွေကို ခတ်နေခဲ့တာ မဟုတ်ပေမဲ့ အချုပ်အနှောင်များမှ ခွဲမထွက်နိုင်တဲ့ ပုံစံခ အတိုင်း ခိုင်မာကပ်တွယ်နေတဲ့ ပယင်းရောင်သတ္တုက စတင်မျောလွင့်လာခဲ့ပါတယ်။ မြင့်တတ်သွားတာနဲ့ အမွေးနီသားရဲက ပယင်းရောင်သတ္တု သံကြိုးဆယ့်ရှစ်ခုက တချွင်ချွင် မြည်သံနဲ့အတူ မြေပြင်ပေါ်ကို ဘုတ်ခနဲ ကျလာခဲ့ပါတယ်။

အဲဒီမြင်ကွင်းက ဘယ်လိုပဲကြည့်ကြည့် အတော်လေး ထူးဆန်းနေခဲ့ပါတယ်။

လင်းဟန်က သာမာန်လို့ထင်ရတဲ့ သံကြိုးဆယ်ရှစ်ခုကို စူးစိုက်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ တစ်ကြိမ်နီးကပ်စွာ ဆန်းစစ်လိုက်တာနဲ့ အဲဒါတွေက နတ်ဘုရား သံကြိုးတွေလို အနည်းငယ်တောက်ပနေတဲ့ ပုံစံတွေနဲ့ ဆင်ယင်ထားပါတယ်။

"အရှင်သခင်ဟန်"

ကွမ်းယွမ်နဲ့ ယွဲ့ခိုင်ယုတို့ နှစ်ယောက်လုံးက အော်ဟစ်လိုက်ကြပါတယ်။ ထူးခြားတဲ့ ပိုးကောင်ဘုရင်က တုန်လှုပ်ချောက်ချားဖွယ် ပျံသန်းနေခဲ့ပေမဲ့ သူရဲ့အမြန်နှုန်းက ရယ်စရာ ကောင်းလောက်အောင် နှေးကွေးနေခဲ့ပါတယ်။

ကုယွမ်လိန်က သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ရိုက်ချက်တစ်ခု တိုက်ခိုက်လိုက်ပါတယ်။ အဲဒီရိုက်ချက်က ပယင်းရောင်သတ္တုကို ရိုက်မိသွားခဲ့ပေမဲ့ ဘာအကျိုးသက်ရောက်မှုမှ မရှိခဲ့ပဲ ထူးကဲသော ပိုးကောင်ဘုရင်ရဲ့အာရုံက သူ့ဘက်လှည့်လာခဲ့ပါတယ်။ ထူးထဲရှည်လျားတဲ့ ပါးစပ်အစိတ်အပိုင်းက သူ့ကိုညွှန်ပြီး ပြင်းထန်စွာ စုပ်ယူလိုက်တာကြောင့် ကြောက်မက်ဖွယ် စုပ်ယူအားက သူ့ကို ချက်ချင်း သယ်ဆောင်သွားခဲ့ပါတယ်။ ကုယွမ်လိန်က လုံးဝခုခံနိုင်စွမ်း မရှိခဲ့ပဲ ပယင်းရောင် သတ္တုအစိတ်အပိုင်းဆီ ပျံသန်းသွားခဲ့ပါတယ်။

သိသာထင်ရှားစွာပဲ သူက အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေခဲ့ပြီး အဝေးကို ပျံသန်းသွားချင်နေခဲ့ပေမဲ့ ကြောက်မက်ဖွယ် စုပ်ယူနိုင်စွမ်းကို သူမယှဉ်နိုင်ခဲ့ပါဘူး။ ဖူးဆိုတဲ့ အသံတစ်ခုနဲ့အတူ သူက ပယင်းရောင်သတ္တုပေါ်ကို ဝင်ဆောင့်သွားခဲ့ပြီး ချွန်ထက်တဲ့

ပိုးကောင်ဘုရင်ရဲ့ ပါးစပ်အစိတ်အပိုင်းက သူရဲ့နလုံးကို ချက်ချင်း ဖောက်ဝင်သွားခဲ့ပါတယ်။

တစ်ခဏအတွင်းမှာပဲ သူရဲ့ခန္ဓာကိုယ်တစ်ခုလုံးက ယိုကျနေတဲ့ ရေအိတ်တစ်လုံးလို လျင်မြန်စွာ ရှုံ့တွလာနေပြီး သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက ဘာမှမကျန်တော့အောင် စုပ်ယူခံလိုက်ရတဲ့အတိုင်း သူရဲ့မျက်နာက ဆိုးဆိုးရွားရွား ဖြူဖျော့လာခဲ့ပါတယ်။

ဂုဏ်သရေရှိ ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်က အမှန်တကယ်ပဲ သူ့ရဲ့သွေးတွေ အကုန်လုံး ခမ်းခြောက်တဲ့အထိ ချက်ချင်း စုပ်ယူခံလိုက်ရပါတယ်။

ဒါပေမဲ့ ပန်းဖူးအဆင့်တွေက အလျှော့မပေးတတ်တဲ့ စိတ်တွေက သန်မာနေတုန်းပဲ ဖြစ်ပါတယ်။ ကုယွမ်လီန်က သိုလှောင်လက်စွပ်ထဲက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာ တစ်ခုကို ထုတ်ယူလိုက်ပြီး သူလည်း မြောင်ရှီစီလို သူ့နောက်မှာရှိတဲ့ ပိုးကောင်ဘုရင်ကို ဖိနှိပ်လိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ အေးခဲနေတဲ့စွမ်းအားတွေက လွတ်လပ်စွာ စီးဆင်းသွားခဲ့ပြီး နတ်ဘုရား ဗိမာန်တစ်ခုလုံးရဲ့

အတွင်းဘက်က ရေခဲတွေနဲ့ ဖုံးလွှမ်းခံလိုက်ရပါတယ်။ သက်ရောက်မှုရဲ့ ဗဟိုက ပယင်းရောင် အစိတ်အပိုင်းပဲဖြစ်ပြီး အဲဒါက လုံးဝ အေးခဲသွားတယ် ဆိုတာက ထင်ရှားပါတယ်။ ကုယွမ်လိန်လည်း မလွတ်မြောက်နိုင်ခဲ့ပါဘူး။ သူရဲ့ခန္ဓာကိုယ်တစ်ခုလုံးက အေးခဲနေခဲ့ပြီး သူရဲ့မျက်နှာက စိတ်သက်သာရာရတဲ့ အမူအယာတစ်ခုကို ဖော်ပြနေခဲ့ပါတယ်။

စောစောတုန်းက မြောင်ရှီစီကလည်း သူ့ရဲ့သွေးတွေ ခမ်းခြောက်တဲ့အထိ စုပ်ယူခံနေခဲ့ ရတာကြောင့် သူနဲ့အတူ ပိုးကောင်ဘုရင်ကို ဖြိုချရန် ကြိုးပမ်းခဲ့တာလား။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ပိုးကောင်ဘုရင်ရဲ့ ပါးစပ်အစိတ်အပိုင်းက အမွေးနီသားရဲရဲ့ ခန္ဓာကိုယ်ထဲမှာ ရှင်းရှင်းလင်းလင်း ထိုးဖောက်ဝင်ရောက် နေခဲ့တာလေ။ သူ့ရဲ့သွေးတွေက ဘယ်လိုလုပ်ပြီး ခမ်းခြောက်တဲ့အထိ စုပ်ယူခံခဲ့ရတာလဲ။

ကုယွမ်လိန်ရဲ့ ရုပ်အလောင်းနဲ့အတူ ပယင်းရောင်သတ္တုပေါ်က ရေခဲအလွှာက ချက်ချင်းပြိုကွဲသွားခဲ့ပါတယ်။ ပိုးကောင်ဘုရင်က နေးကွေးစွာ ပျံတက်လာပြီး သူ့ရဲ့အာရုံစူးစိုက်မှုကို အခြားသူတွေအပေါ် လှည့်လိုက်ပါတယ်။ သူကတော့ လုံးဝမထိခိုက်ခဲ့ပါဘူး။

Chapter 484 end
အပိုင်း(၄၈၅) လွှတ်မြောက်ခြင်း

"သွားကြစို့"

အသက်ရှင်ကျန်ခဲ့သော သူတို့လေးယောက်က နောက်ထပ် တံ့ဆိုင်းတွေဝေမနေကြတော့ပါဘူး။ ဒီပိုးကောင်ဘုရင်က သေချာပေါက် သူတို့ယှဉ်ပြိုင်နိုင်တဲ့အရာ မဟုတ်ခဲ့ပါဘူး။ သူက ပယင်းရောင်သတ္တုထဲမှာ ကပ်တွယ်နေရုံသာမက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တိုက်ခိုက်မှုတွေတောင်မှ သူ့ကို မထိခိုက်နိုင်ခဲ့ပါဘူး။ တကယ်လို့သာ ပယင်းရောင်သတ္တုက ချိတ်တံဆိတ်တစ်ခုအနေနဲ့ မလုပ်ဆောင်ခဲ့ဘူးဆိုရင် သူ့ရဲ့အမြန်နှုန်းက သေချာပေါက် အဆပေါင်း မရေတွက်နိုင်လောက်အောင် မြင့်တတ်လာနိုင်ပြီး အဲဒါက အစစ်အမှန် ပြီးပြည့်စုံတဲ့ ဖျတ်ဆီးခြင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ ပြေးဖို့တောင်မှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

နတ်ဘုရားဗိမာန်ရဲ့ အရေးအကြီးဆုံး အခန်းကဏ္ဍက ယဇ်ပူဇော်ပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ရှေးလူမျိုးတွေရဲ့ ယဇ်ပူဇော်ခြင်းပစ်မှတ်က ဒီပိုးကောင်ဘုရင်များ

ဖြစ်နေနိုင်မလား။ ဒါပေမဲ့ ဒီပိုးကောင်ဘုရင်ကို တင်မြှောက်ထားတယ်ဆိုရင်လည်း ဘာလို့ ပယင်းရောင်သတ္တုထဲမှာ ချိတ်ပိတ်ထားလိမ့်မှာလဲ။

အဲဒီ အမွေးနီသားရဲကရော ဘယ်လိုဟာကြီးလဲ။ ပိုးကောင်ဘုရင်က အစောပိုင်းတုန်းက အမွေးနီသားရဲရဲ့သွေးတွေကို စုပ်ယူနေခဲ့တာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဒီလောက် နှစ်တွေအများကြီး ကြာပြီးခဲ့တာတောင် အဲဒီသွေးတွေအားလုံးကို ထုတ်ယူနိုင်ခြင်း မရှိသေးတာလား။

အဲဒီအချက်ကို စဉ်းစားရင်း လင်းဟန်မတုန်လှုပ်မိပဲ မနေနိုင်ခဲ့ပါဘူး။ အဲဒီအမွေးနီသားရဲက မသေနိုင်ခဲ့ပါဘူး။

ထူးဆန်းလွန်းပါတယ်။ ဒီနေရာက တကယ်ကို ထူးဆန်းလွန်းပါတယ်။

လင်းဟန်ရဲ့အတွေးတွေ ပျံ့သန်းနေချိန်မှာ သူတို့တွေက နတ်ဘုရားဗိမာန်ကနေ ထွက်ပြေးပြီးနှင့် နေခဲ့ပြီဖြစ်ပြီး ပိုးကောင်ဘုရင်က သူတို့နောက် ကောက်ကောက်ပါအောင် လိုက်လာခဲ့ပါတယ်။ သူက ချည့်နဲ့စွာပျံသန်းရင် သူတို့တွေကို စုပ်ယူလိုက်ပါတယ်။

ကံကောင်းတာက ပိုးကောင်ဘုရင်ရဲ့ အမြန်နှုန်းက နှေးကွေးလွန်းနေတာပဲ ဖြစ်ပါတယ်။ သူတို့လေးယောက်က ပိုးကောင်ဘုရင်ရဲ့လှုပ်ရှားမှု အပြောင်းအလဲကိုသာ ကြည့်ဖို့လိုပြီး သူတို့တွေ ချက်ချင်း တုံ့ပြန်နိုင်ကြပါတယ်။ ပိုးကောင်ဘုရင်ရဲ့ ပါးစပ်အစိတ်အပိုင်းကို သူတို့ဆီကို သေချာပေါက် ညွှန်ခွင့်မပြုခဲ့ကြပါဘူး။

နတ်ဘုရားဗိမာန်မှ ထွက်ပြေးပြီးတဲ့နောက်မှာ ကမ်ကျန်းရှန်းက ချက်ချင်း ပျံထွက်သွားခဲ့ပါတယ်။ အဲဒီအချိန်တစ်ခဏမှာ လင်းဟန်နဲ့ အခြားသူတွေဆီမှ စိတ်ဝိညာဉ်အရည်ကို တောင်းဖို့ သူမေ့နေခဲ့ပါတယ်။ သေချာပေါက် သူ့ရဲ့အသက်က ပိုပြီး အရေးကြီးနေခဲ့ပါတယ်။

လင်းဟန်တို့ သုံးယောက်ကလည်း ကျောက်တုံးစိတ်ဂိညာဉ် အပေါ်ကို ခုန်တက်လိုက်ကြပြီး ပျံထွက်သွားခဲ့ပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က ပျံသန်းနေစဉ်မှာ သူခေါင်းကို လှည့်ကြည့်နေခဲ့ပြီး နတ်ဘုရားဗိမာန်အတွင်းမှ အဲဒီကျောက်တိုင်တွေနဲ့ ပတ်သက်ပြီး တွေးနေတုန်းပဲ ဖြစ်ပါတယ်။ အဲဒီကျောက်တိုင်တွေက သူ့အတွက် အလွန် သန်မာစေတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

ပိုးကောင်ဘုရင်က သူတို့နောက်က လိုက်ဖမ်းနေဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အမြန်နှုန်းက နေးကွေး လွန်းနေခဲ့ပါတယ်။ အဲဒါက နောက်မှာ ပိုပိုပြီး ဝေးကျန်ခဲ့ပြီး အဆုံးမှာတော့ အဝေးမှ သေးငယ်တဲ့ အစက်လေးတစ်ခုအဖြစ်သာ မြင်ရပါတော့တယ်။

ကမ်ကျန်းရှန်းနဲ့ ကျောက်တုံးစိတ်ဂိညာဉ်တို့ကတော့ တတိယအထပ်ကို ရောက်ရှိနှင့်နေပြီဖြစ်ပြီး ယခုအချိန်မှာ အဲဒီနေရာမှာ စောင့်နေတဲ့ လူများစွာ ရှိနေတုန်းပဲ ဖြစ်ပါတယ်။ သူတို့တွေ ပြန်လာတာကို မြင်တဲ့အခါ သူတို့အားလုံးက သိချင်စိတ်အပြည့်နဲ့ ကြည့်နေခဲ့ကြပါတယ်။ ထင်ရှာစွာပဲ သူတို့တွေက နတ်ဘုရား ဗိမာန်အတွင်းမှာ ဘာတွေရှိလည်းဆိုတာ သိချင်နေခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သတိရှိတဲ့သူအချို့က ပန်းဖူးအဆင့်သုံးယောက် အတူထွက်သွားခဲ့ပေမဲ့ ကမ်ကျန်းရှန်း တစ်ယောက်ပဲ ပြန်လာခဲ့တာကို ချက်ချင်းရှာဖွေ တွေ့ရှိသွားခဲ့ပါတယ်။ ဒါက ဘာကို ဆိုလိုတာလဲ။

"အရှင်သခင် ကမ်"

စိတ်မသက်သာတဲ့ လူတစ်ယောက်က စကားပြောဖို့ ချဉ်းကပ်လိုက်ပါတယ်။

ကမ်ကျန်းရှန်းက ချက်ချင်းပဲ ထိုသူ လွင့်ပျံသွားအောင် ဒေါသတကြီးရိုက်ပုတ်လိုက်ပြီးနောက် အကူးအပြောင်းလမ်းဆီ တိုက်ရိုက်ပျံသန်းသွားခဲ့ပြီး ဒုတိအလွှာကို ပြန်သွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာရယ်မောပြီး ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေ မသေချင်သေးရင် မြန်မြန်ထွက်ကြ။ ဘာလို့လည်း ငါ့ကိုလာမမေးနဲ့ မင်းတို့တွေကို ရှင်းပြဖို့ ငါ့မှာ အချိန်မရှိဘူး"

လင်းဟန်က အဲဒီလိုပြောလိုက်ပြီးတဲ့နောက် ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ နှစ်ယောက်နဲ့အတူ ဒုတိယအလွှာကို ဝင်သွားခဲ့ကြပါတယ်။

ဒုတိယအလွှာရဲ့လှေကားမှာတော့ အဲ့ဒီနေရာကို စောင့်ကြပ်နေတဲ့ အမွေးနီသားရဲ ခုနစ်ကောင် ရှိနေတုန်းပဲဖြစ်ပေမဲ့ ကမ်ကျန်းရှန်းက ပထမဦးဆုံး ပေါ်လာခဲ့တာကြောင့် အမွေးနီသားရဲ ခုနစ်ကောင်က

သူ့နောက်ကို လိုက်လံဖမ်းဆီးခဲ့ပါတယ်။ သူတို့သုံးယောက်ထွက်ပေါ်လာတာကို ရှာဖွေတွေ့ရှိသွားတဲ့အခါ အမွေးနီသားရဲလေးကောင်က ကမ်းကျွန်းရှန်းကို ဆက်လိုက်နေခဲ့ပြီး တခြားသုံးကောင်က ခပ်သုတ်သုတ် ပြန်လှည့်လာပြီးတော့ သူတို့သုံးယောက်ကို ဟိန်းဟောက်မာန်ဖီ လိုက်ပါတယ်။

"မင်းက ဘာတွေ ဟိန်းဟောက်နေရတာလဲ"

လင်းဟန်က ပျံထွက်သွားခဲ့ပြီး ဓားအလင်းတစ်ခုက ဖြတ်ကျော်ရိုက်ခက်သွားရာ အမွေးနီသားရဲသုံးကောင်က ချက်ချင်း အပိုင်းအစအနေလေးတွေအဖြစ် ခုတ်လှီးခံလိုက်ရပါတယ်။

"သွား"

သူက လုံးဝမရပ်တန့်ခဲ့ပဲ ရှေ့ကို တစ်ဟုန်ထိုး ဆက်သွားခဲ့ပါတယ်။

သူတို့နောက်က ပိုးကောင်ဘုရင်က ရက်စက်ကြမ်းကြုတ်လွန်းပြီး တကယ်လို့သာ သူတို့ကို ဖမ်းမိခဲ့ရင် အခြေအနေတွေက သေချာပေါက် သူတို့တွေကို

ဆန့်ကျင်လိမ့်မှာ ဖြစ်ပါတယ်။

သူတို့ရဲ့နောက်မှာတော့ တခြားလူတွေလည်းပဲ ထွက်ပြေးနေခဲ့ကြပါတယ်။ အဲဒီလူတွေက သူတို့တွေ ဘာကြောင့်ပြေးနေရလည်းဆိုတာ မသိကြပေမဲ့ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ပျံသန်းပြီး ထွက်ပြေးခဲ့တာကြောင့် ဒီနေရာက အခွန္တရာယ်တွေက အတော်လေး ကြောက်မက်ဖွယ် ကောင်းနေခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

ရုတ်တရက်ပဲ တိမ်မဲကြီးတစ်ခု ဖုံးလွှမ်းသွားခဲ့တာကြောင့် လူတိုင်း ချက်ချင်း တုန်လှုပ်သွားခဲ့ပါတယ်။ အဲဒါက သွေးစုပ်ပိုးကောင်အုံကြီးတစ်ခုပဲ ဖြစ်ပါတယ်။

လူတိုင်း တိုက်ခိုက်ရန် ပြင်ဆင်လိုက်တဲ့အခါ ထူဆန်းတဲ့ မြင်ကွင်းတစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။ ပိုးကောင်အုံကြီးက အမှန်တကယ်ပဲ သူတို့တွေကို လျစ်လျူရှုခဲ့ပြီး ဒုတိယအလွှာရဲ့ လေ့ကားဆီ ပျံသန်းသွားခဲ့ပြီးနောက် တတိယ အလွှာရဲ့နယ်မြေထဲ ဝင်သွားခဲ့ပါတယ်။

လူတိုင်းက ချက်ချင်းပဲ စိတ်သက်သာရာ ရသွားခဲ့ကြပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အမူအယာက ပြောင်းလဲသွားခဲ့ပြီး

ရုတ်တရက် အလွန်အရေးတကြီး အော်ဟစ်လိုက်ပါတယ်။

"ကျောက်တုံးလေးပေါ်တက်ကြ။ အရှိန်နှုန်းအပြည့်နဲ့ ဆက်သွား"

ပိုးကောင်အုံကြီးက တတိယအလွှာကို ဝင်ရောက်သွားခဲ့ပါတယ်။ အဲဒါက ထူးခြားတဲ့ ပိုးကောင်ဘုရင်ရဲ့ အမိန့်ပေးမှုကြောင့်ဆိုတာ အတော်လေး ဖြစ်နိုင်ဖွယ် ရှိပါတယ်။ အဲဒီအကောင်ကြီးက နှေးကွေးစွာသာ ရွေ့လျားနိုင်ပေမဲ့ တစ်ကယ်လို့သာ ပိုးကောင်အုံကြီး တစ်ခုလုံးက အဲဒါကို သယ်ဆောင်ပေးခဲ့ရင်ရော။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ကလည်း အဲဒီဖြစ်နိုင်ချေကို တွေးမိခဲ့ကြပြီးနောက် ချက်ချင်း ကြောက်ရွံ့မှုကြောင့် ဖြူဖျော့သွားခဲ့ပြီး အလျင်အမြန် ကျောက်တုံး စိတ်ဂိညာဉ် အပေါ်ကို ခုန်တက်လိုက်ကြပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က မပျံသန်းပဲ ရိုးရှင်းစွာ သူ့ရဲ့ခြေထောက်တွေမှာ စွမ်းအင်တွေ သိုလှောင်ပြီး မီတာရာပေါင်းများစွာ အရှေ့ကို ခုန်ထွက်သွားခဲ့ပါတယ်။

ပျံသန်းခြင်းကသာ အလျင်မြန်ဆုံးမဟုတ်ပဲ မြေအနေအထားကို ကျော်ဖြတ်တဲ့အခါ အားသာချက် ရှိမှပဲ

အမြန်ဆုံးဖြစ်ပါတယ်။ ပြန့်ပြူးတဲ့ မြေပြင်တွေပေါ်မှာဆိုရင် ကျောက်တုံးစိတ်ဝိညာဉ်လို သူ့ရဲခြေထောက်နစ်ဖက်အပေါ် ပေါက်ကွဲနိုင်တဲ့ စွမ်းအားအမျိုးအစား တစ်ခုနဲ့ တွန်းအားပေးလိုက်ရင် ပိုမိုမြန်ဆန်ကြောင်း ထင်ရှားပါတယ်။

အခြားလူတွေအားလုံးက စိတ်ရှုပ်ထွေးခဲ့ကြပါတယ်။ ပန်းဖူးအဆင့် ရုပ်သေးရုပ် တစ်ကောင်ကိုတောင်မှ စီးပြီးထွက်ပြေးရလောက်အောင် သူတို့သုံးယောက်က ဘာကို ဒီလောက်ထိ ကြောက်နေခဲ့ရတာလဲ။

ဉာဏ်ကောင်းတဲ့ လူအချို့က အဆင့်မြင့် အထက်တန်းလွှာ ပန်းဖူးအဆင့် လက်ရွေးစင် နှစ်ယောက်တောင်မှ အထဲမှာ ဘယ်လိုဆုံးရှုံး သွားခဲ့လဲဆိုတာကို တွေးမိသွားခဲ့ကြပါတယ်။ တတိယအလွှာမှာ ကြောက်မက်ဖွယ် မကောင်းဆိုးဝါးအချို့ ပါဝင်နေနိုင်ပါတယ်။ သူတို့တွေ နောက်ထပ်တုံ့ဆိုင်း တွေဝေမနေဝံ့တော့ပဲ စိတ်ဝိညာဉ်အဆောင် လက်ဖွဲ့တွေကို ထုတ်ယူလိုက်ကြပြီး သူတို့ရဲ့ခန္ဓာကိုယ်ပေါ် ကပ်လိုက်ကြပါတယ်။ အဲဒီနောက်မှာ သူတို့တွေက ပထမအလွှာရဲ့ ဝင်ပေါက်ဆီ တစ်ဟုန်ထိုး ထိုးထွက်သွားခဲ့ကြပါတယ်။

အချို့လူတွေကတော့ တစ်ခုတောင်မှာ ဖြုန်းတီးချင်တဲ့

ဆန္ဒမရှိကြပါဘူး။ သူတို့တွေက သူတို့ရဲ့ ပင်ကိုယ် အရှိန်နဲ့ပဲ ဆက်သွားနေခဲ့ကြပါတယ်။

ဟူး။

တတိယအလှိုင်းမှာမှ ပိုးကောင်အုံကြီးက ပြန်လာခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ ပိုးကောင်တွေက ပယင်းရောင် သတ္တုအပိုင်းအစတစ်ခုကို ဗဟိုပြု သယ်ဆောင်နေပြီး မြင့်မားတဲ့အရှိန်နှုန်းတစ်ခုနဲ့ လူတွေနောက် လိုက်လံဖမ်းဆီးနေခဲ့ပါတယ်။

နောက်ကျကျန်ရစ်ခဲ့တဲ့ လူအနည်းငယ်က ပိုးကောင်အုံကြီးရဲ့ ဝန်းရံမှုကို မကြာခင်မှာပဲ ခံလိုက်ရပါတယ်။ ထူးခြားတဲ့ ပိုးကောင်ဘုရင်က တစ်ယောက်ပြီး တစ်ယောက်ကို တိုက်ခိုက်လိုက်ရာ အဲဒီလူတွေ အကုန်လုံးက ခြောက်ကပ်နေတဲ့ လူတွေအဖြစ် ပြောင်းလဲသွား ခဲ့ပါတယ်။ ပိုးကောင်အုပ်ကြီး တစ်ခုလုံးက မရပ်တန့်ပဲ သူတို့အရှေ့မှာရှိတဲ့ လူတွေကို ဆက်လက် လိုက်လံဖမ်းဆီးနေခဲ့ကြပါတယ်။

လမ်းတစ်လျှောက်မှာရှိတဲ့ နတ်ဘုရားဗိမာန်တွေမှ ပိုးကောင်အုံတွေ ပျံထွက်လာခဲ့ကြပြီးနောက် ထူးကဲသော

ပိုးကောင်ဘုရင်တပ်ကြီးနဲ့ ပူးပေါင်းသွားခဲ့ပြီး အဲဒီအုပ်စုကြီးကို ပိုပြီးတောင်မှ တုန်လှုပ်ဖွယ် ကောင်းသွားစေခဲ့ပါတယ်။ အဲဒီမြင်ကွင်းက နောက်ကျကျန်နေခဲ့တဲ့သူတွေကို ပိုမို ကြောက်လန့်စေခဲ့ပြီး သူတို့ရဲ့အသက်အတွက် အသည်းအသန် ပြေးစေခဲ့ပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က လျင်မြန်စွာ ပြေးသွားခဲ့ပြီး မကြာခင်မှာပဲ ကမ်ကျန်းရှန်းနဲ့အတူ ဘေးချင်းယှဉ်ပြီး ပြေးဝင်သွားခဲ့ပါတယ်။ အဲဒါက ပန်းဖူးအဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ ဆိုးယုတ်ရက်စက်မှုတွေကို ပွင့်ထွက်စေခဲ့ပါတယ်။ ကမ်ကျန်းရှန်းက သူတို့သုံးယောက်ကို ကျန်ရစ်ခဲ့စေချင် နေပါတယ်။ လိုက်လံဖမ်းဆီးခြင်းနဲ့ ထွက်ပြေးခြင်းမှာ သင့်ထက် တစ်စုံတစ်ယောက်က နှေးကွေးနေသမျှ ကာလပတ်လုံး အမြန်ဆုံး ထွက်ပြေးနေစရာ မလိုအပ်ပါဘူး။

သူတို့သုံးဦးကို နေခဲ့စေခြင်းက သဘာဝကျစွာပဲ သူ့ကိုအချိန်အနည်းငယ် ပိုရစေလိမ့်မှာပါ။

ဒါပေမဲ့ ကျောက်တုံးစိတ်ဂိညာဉ်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ကောင်းကြောင်း တွေးမိတဲ့အခါ တိုက်ခိုက်ဖို့ စိတ်ကူးကို သူလက်လျှော့လိုက်ပြီး

ပြေးလွှားခြင်းအပေါ်မှာပဲ သူ့ရဲ့ မူလစွမ်းအားတွေ အကုန်လုံးကို အာရုံစိုက်ထားလိုက်ပါတယ်။

ပထမအလွှာရဲ့ဝင်ပေါက်က သူတို့ရဲ့ မြင်ကွင်းမှာပေါ်ပေါက်လာခဲ့ပါပြီ။

သူတို့တွေက တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်သွားခဲ့ပြီးနောက် ဝင်ပေါက်ဆီကို တစ်ကွဲတစ်ပြားစီ ပြေးသွားခဲ့ကြပါတယ်။

"မကောင်းတော့ဘူး။ မိန်းကလေးလီက ဘယ်နေရာမှာလဲ"

ယွဲ့ခိုင်ယုက ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားခဲ့ပါတယ်။ အစောပိုင်းတုန်းက လီစီချန်းက ပထမအလွှာမှာ နေခဲ့တာ မဟုတ်လား။

"အဆင်ပြေပါတယ်။ သူမက ထွက်သွားနှင့်ပြီ"

လင်းဟာန်က မစဉ်းစားပဲ ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုက အယုံအကြည် ကင်းမဲ့နေခဲ့ပေမဲ့ လင်းဟာန်က ဒီလိုပြောနေမှတော့ အဲဒါကိုသာ သူ ယုံကြည်နိုင်ပါလိမ့်မယ်။

အချိန်တိုအတွင်းမှာ အခြားသူတွေက ဝင်ပေါက်ကနေ ပျံသန်းလာခဲ့ပြီး စက္ကန့်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ဖုံးလွှမ်းနေသည့်အတိုင်း သွေးစုပ်ပိုးကောင်အုပ်ရဲ့အထက်မှာ သွေးစုပ်ပိုးကောင်အုပ်စုတွေက ပျံထွက်လာခဲ့ပါတယ်။ အဆုံးမှာတော့ လက်သီးဆုပ်အရွယ် ပိုးကောင်ဘုရင် ရာပေါင်းများစွာက ပယင်းရောင် သတ္တုကို ဝန်းရံနေခဲ့ပြီး ထူးခြားတဲ့ ပိုးကောင်ဘုရင်အတွက် ကိုယ်ရံတော်တွေအဖြစ် အသုံးတော်ခံ နေခဲ့ကြတာဖြစ်ပါတယ်။

အဲဒီနောက် ပိုးကောင်အုံကြီးက ပြန့်ကျဲသွားပြီး သီးခြားထွက်ပေါက် သုံးခုဆီ ပျံထွက်သွားခဲ့ကြပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်ရဲ့ ဦးဆောင်မှုနဲ့ သူတို့သုံးယောက်က မိနစ်အနည်းအတွင်း နတ်ဘုရားဗိမာန်ကနေ ထွက်ပြေးလာခဲ့ကြပြီး အခုတော့ ရေကန်ဘေးမှာ ရှိနေခဲ့ကြပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူတို့တွေက ကျောက်တုံးတွေကို နေးကွေးစွာတက်ဖို့ အချိန်မရှိတော့ပါဘူး။ ကျောက်တုံးစိတ်ဂိညာဉ်က လေထဲကိုပျံတက်သွားခဲ့ပြီး သူတို့တွေကို ကန်စပ်ဆီ ခေါ်ဆောင်လာခဲ့တာပါ။

ဒီတစ်ကြိမ်မှာတော့ အခုမှရောက်လာတဲ့ လူတချို့ ရှိနေပြီး ကန်ထဲမှ ကြီးကျယ်ခမ်းနားတဲ့ နတ်ဘုရား ဗိမာန်ကို အံ့အားသင့်စွာ ကြည့်နေခဲ့ကြပါတယ်။

"ပြေးကြတော့။ ဒီနေရာရဲ့ အောက်ခြေမှာ အကောင်ကြီးကြီး တစ်ကောင်ရှိနေတယ်။ မင်းတို့တွေ အခုမပြေးဖူးဆိုရင် မင်းတို့ အဲဒါအတွက် အသုံးသတ်သွားရလိမ့်မယ်"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

"အဲဒါက အရှင်သခင်လင်းပဲ"

လူတစ်ယောက်က လင်းဟန်ကို မှတ်မိသွားခဲ့ပါတယ်။

လင်းဟန် အဲဒီလောက် အလောတကြီးနဲ့ ပြေးထွက်သွားတာကိုကြည့်ရင်း လူအချို့က ယုံကြည်ဖို့ ရွေးချယ်လိုက်ကြပေမဲ့ အချို့လူတွေက မယုံကြည်ခဲ့ပဲ ထွက်သွားဖို့ အစီအစဉ် မရှိရုံသာမက စွန့်စားသွားလာဖို့ အောက်ကိုတောင် ဆင်းသွားခဲ့ပါတယ်။ ခဏတာအတွင်းမှာပဲ မရေတွက်နိုင်တဲ့ သွေးစုပ်ပိုးကောင်တွေ ပျံထွက်လာခဲ့ပြီး

ပိုးကောင်ဘုရင်တွေလည်း ပေါ်လာတဲ့အခါ အဲဒါက ရှောင်လွှဲ၍မရတဲ့ အစုလိုအပြုံလိုက် သွေးစွန်းသတ်ဖြတ်မှုတစ်ခု ဖြစ်သွားပြီး ကမ္ဘာပျက်ကိန်း ကပ်ဘေးတစ်ခုလို ဖြစ်သွားပါတယ်။

Chapter 485 end

အပိုင်း(၄၈၆) ပုံပြင်တစ်ခုလုံး

တတိယအလွှာရှိ နတ်ဘုရားဗိမာန်တွင် အထဲမှာ ဆယ်ဆပိုမိုသေးငယ်တဲ့ ရွှေရောင်နတ်ဘုရား ကျောင်းဆောင်တစ်ခု ရှိပါတယ်။

သံကြိုးဆယ်ရှစ်ခုက လူသေတစ်ယောက်ဖြစ်နေသည့်အတိုင်း အချိန်အတော်အကြာအထိ မလှုပ်ရှားနိုင်တဲ့ အမွေးနီသားရဲတစ်ကောင်ကို ချုပ်နှောင်ထားဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်ပမာဏတစ်ခု ကြာပြီးတဲ့နောက်မှာ သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ အနီရောင် အလင်းစက်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒါက သွေးစက်တစ်စက်ပဲ ဖြစ်ပါတယ်။

မူလက သွေးစုပ်ပိုးကောင်ဘုရင်ရဲ့ ပါးစပ်အစိတ်အပိုင်းကို သူ့ရဲ့နလုံးထဲ ထိုးစိုက်ထားခဲ့တာဖြစ်ပြီး သွေးတစ်စက်ဖြစ်ပေါ်လာတာနဲ့ အဲ့သွေးစက်က ထုတ်ယူခြင်းခံရလိမ့်မှာပဲ ဖြစ်ပါတယ်။ အခု ပိုးကောင်ဘုရင် ထွက်သွားခဲ့တာကြောင့် ဒီလတ်ဆတ်တဲ့ သွေးစက်က တည်မြဲနိုင်ခဲ့ပါတယ်။

အံ့သြဖွယ်မြင်ကွင်းတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ လတ်ဆတ်တဲ့ သွေးစက်က လှည့်ပတ်သွားခဲ့ပြီး အမွေးနီသားရဲက အမှန်တကယ်ပဲ အားမာန်အပြည့်နဲ့ တောက်ပလာပြီး သူရဲ့ခန္ဓာကိုယ်ပေါ်က အမွေးနီတွေက ပြန်လည် ငုပ်လျှိုးသွားခဲ့ပါတယ်။ အဲဒါက သူ့ရဲ့အရိုးပေါ်တင်းတင်းကျပ်ကျပ် ကပ်နေတဲ့ ဆိုးဆိုးရွားရွားကို ဖြူဖျော့နေတဲ့ အရေပြားတစ်ခုကို ပေါ်လာစေခဲ့ပါတယ်။

အဲဒီသတ္တဝါက အမှန်တကယ်ပဲ အမျိုးသမီးတစ်ယောက် ဖြစ်နေခဲ့ပေမဲ့ သူမက အခုအချိန်မှာတော့ အမွေးတစ်ချောင်းတောင် မရှိပဲ ခြောက်ကပ်နေတဲ့ ရုပ်အလောင်း တစ်ခုလိုမျိုး ဖြစ်နေပါတယ်။ သူမရဲ့အသွင်အပြင်က အလွန်အမင်း ထိတ်လန့်ဖွယ်ရာ ကောင်းတယ်လို့ပဲ ပြောနိုင်ပါတယ်။

ဒါပေမဲ့လည်း အချိန်အတော်လေး ကြာမြင့်ပြီးတဲ့နောက်မှာ ဒုတိယသွေးစက် ဖွဲ့စည်းလာခဲ့ပြီး သူမရဲ့ခန္ဓာကိုယ်တစ်ခုလုံး လှည့်ပတ်သွားခဲ့ပါတယ်။ သူမရဲ့အာမာန်တွေက အခုအခါမှာတော့ ပိုမိုသန်စွမ်းလာခဲ့ပြီး သူမရဲ့အရေပြားက ပိုမိုစိုပြေချောမွေ့လာခဲ့ပါတယ်။ ထို့အတူ သူမရဲ့ တင်နဲ့ရင်ကလည်း လုံးဝန်းလာပြီးတော့ ဖြောင့်စင်းတဲ့ အနီရောင် ဆံပင်ရှည်တွေက သူမရဲ့တင်ပါးထိ ရှည်လျားလာခဲ့ပြီး သူမရဲ့ လျှို့ဝှက်သင့်တဲ့ နေရာတွေကို ဖုံးလွှမ်းသွားခဲ့ပြီး မထင်မရှား မြင်ကွင်းတစ်ခု ချန်ထားရစ်ခဲ့ပါတယ်။

သူမက မီးလိုနီရဲနေတဲ့ အနီရောင်နှုတ်ခမ်းတစ်စုံနဲ့အတူ ပန်းချီကားတစ်ချပ်လို အနုစိတ်သော မျက်နှာပေါက်နဲ့ အသက်ရှုမှားဖွယ် အမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ တကယ်ကို ညို့ချက်ပြင်းပြီး မာယာတွေ အပြည့်နဲ့ ဖြစ်ပါတယ်။ သူမရဲ့နောက်ကျောပေါ်ကနေ လင်းနို့တောင်ပံလို အသွင်နဲ့ အနက်ရောင် တောင်ပံတစ်စုံ ဖြန့်လာပါတယ်။ အဲဒီတောင်ပံ တစ်ခုစီက သုံးမီတာခန့် ရှည်လျားပြီး အမွေးအတောင်တစ်ချောင်းမှ မရှိပါဘူး။

သူမက အပျင်းကြောဆန့်လိုက်ရင်း မကျေမနပ်

ဖြစ်နေပုံရပေမဲ့လည်း သူမရဲ့ စွဲမက်ဖွယ်ရာ လှို့ဝှက်သင့်တဲ့နေရာတွေက ပိုပြီးတောင်မှ ထင်ရှားလာခဲ့ပါတယ်။ သံကြိုးတွေက တဒင်ဒင် မြည်နေခဲ့ပြီး သူမက လက်ခုပ်တစ်ချက် တီးလိုက်ရင်း ပြောလိုက်ပါတယ်။

"ငါလို အရှင်မကို နှစ်ပေါင်းတစ်သောင်းကြာအောင် ချုပ်နှောင်ထားတာ။ ဒါက အရမ်း ပျင်းစရာ ကောင်းတာပဲ"

"သွေးစုပ်ပိုးကောင်ရဲ့ ဖိနှိပ်မှုမရှိရင် ဒီနတ်ဆိုးဖိနှိပ်သံကြိုးတွေက ငါ့အရှင်မကို ဒီထက်ပိုပြီး ချုပ်နှောင်ထားနိုင်မှာ မဟုတ်ဘူး"

သူမက သူမရဲ့စိတ်ဝိညာဉ်ကို ထောက်လှမ်းခြင်းစနစ်နဲ့ ထုတ်လွှတ်လိုက်ပြီးနောက် သူမက ရုတ်တရက် ရယ်မောလိုက်ပြီး သူမကိုယ်သူမ ပြောနေခဲ့ပါတယ်။

"လေတောင်ပံ မျိုးနွယ်စုက ငါ့အရှင်မကို ထိန်းချုပ်ထားခဲ့ပေမဲ့ ငါ့အရှင်မကို သတ်တာက သူတို့တွေကို ရှင်းပစ်နိုင်တဲ့ စွမ်းအားပြည့် မျိုးနွယ်ဝင်တွေကို ဒေါသထွက်စေမှာကိုတော့ ကြောက်ရွံ့ခဲ့ကြတယ်။ ဒါကြောင့် ငါ့အရှင်မကို ထိန်းချုပ်ပြီး သွေးအဆီအနှစ်တွေကို ထုတ်ယူဖို့ သွေးစုပ်ပိုးကောင်ဘုရင်ကို အသုံးပြုခဲ့ပြီး လွတ်မြောက်ဖို့

အခွင့်အရေး လုံးဝမပေးခဲ့ကြဘူး"

"လေတောင်ပံမျိုးနွယ်စုနဲ့ သွေးစုပ်ပိုးကောင်ဘုရင်က သဘောတူညီချက်တစ်ခု ချုပ်ဆိုခဲ့ကြတယ်။ ငါ့အရှင်မကို သွေးစုပ်ပိုးကောင်ဘုရင် ထိန်းချုပ်ပေးဖို့အတွက် လေတောင်ပံမျိုးနွယ်စုနဲ့ လဲလှယ်မှုက သွေးစုပ်ပိုးကောင်ဘုရင်ကို ထာဝရ တရိုတသေ ကာကွယ်ထိန်းသိမ်း ထားဖို့ပဲ ဖြစ်တယ်။ နှစ်ထောင်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ လေတောင်ပံမျိုးနွယ်စုက သူတို့ရဲ့ကာကွယ်ထိန်းသိမ်းပေးမှုကို ရပ်တန့်လိုက်လိမ့်မယ်လို့ ဘယ်သူက တွေးမိလိမ့်မှာလဲ။ ပိုးကောင်ဘုရင် ဒေါသပေါက်ကွဲသွားခဲ့တာလည်း အံ့သြစရာတစ်ခု မဟုတ်တော့ပါဘူး"

"ထူးဆန်းတယ်။ ဒီနေရာက လေတောင်ပံမျိုးနွယ်စုရဲ့ရှေးဟောင်းနယ်မြေမဟုတ်ပဲ ပုံမှန်မဟုတ်တဲ့ နယ်မြေအချို့ဆီ တွန်းပို့ခံထားရသလို ဘာလို့ ငါ့အရှင်မ ခံစားနေရတာလဲ"

"ဘာပဲဖြစ်ဖြစ်လေ။ ဦးစားပေးကိစ္စက လွတ်မြောက်ဖို့ပါပဲ။ ပြီးတော့ အဲဒီလူသားကောင်လေးကို ရှာရမယ်။ သူ့အပေါ်မှာ

အံ့အားသင့်ဖွယ် ရတနာတွေ ရှိနေတယ်လို့ ငါအရှင်မ အာရုံရနေတယ်”

***

သူတို့သုံးယောက်က သွေးရူးသွေးတန်း ဆက်လက်ပြေးနေခဲ့ကြပြီး မီတာရာပေါင်းများစွာ ပြေးပြီးမှသာ သူတို့တွေ စိတ်သက်သာရာရပြီး သက်ပြင်းချနိုင်ကြပါတယ်။

ပိုးကောင်အုပ်အများအပြား ရှိနေသေးပေမဲ့ ဒီလိုကမ္ဘာကြီးတစ်ခုမှာ ဒီလောက်ကတုန်လှုပ်စရာ မဟုတ်ခဲ့ပါဘူး။ အသန်မာဆုံးတစ်ကောင်ဖြစ်တဲ့ ပိုးကောင်ဘုရင် မလိုက်လာသေးသရွေ့ သူတို့ကြောက်ရွံ့ဖို့ မလိုအပ်ပါဘူး။

သူတို့သုံးယောက်က အနားယူဖို့ ရပ်တန့်လိုက်ပါတယ်။ဒီနေရာမှာရှိတဲ့ စိတ်ဝိညာဉ်ချီတွေက ပေါများလွန်းလှပါတယ်။ နေ့တိုင်း သူတို့လုံလုံလောက်လောက် ကျင့်ကြံရပါမယ်။ မဟုတ်ရင် ဖြုန်းတီးရာကျလွန်းသွားပါလိမ့်မယ်။
ကျောက်တုံးစိတ်ဂိညာဉ်က လင်းဟန်ဆီမှ ကျောက်တိုင်တွေ

အနည်းငယ် တောင်းဆိုလိုက်ပြီး တကျွတ်ကျွတ်ဝါးစားနေခဲ့ပါတယ်။

နာရီအနည်းငယ်ကြာပြီးတဲ့နောက်မှာ သူတို့သုံးယောက် ကျင့်ကြံခြင်းတွေ ပြီးစီးသွားခဲ့ပါတယ်။ သူတို့ရဲ့ကျင့်ကြံခြင်းအဆင့်တွေက အနည်းငယ်စီ တိုးတက်ခဲ့ပါတယ်။

"ဒီတစ်ကြိမ် အကျိုးအမြတ်က အမှန်တကယ်ပဲ ကြီးမားလွန်းတယ်"

ယွဲ့ခိုင်ယုက စိတ်ဝိညာဉ်အရည်တွေ ပါဝင်တဲ့ ကျောက်စိမ်းပုလင်းတစ်ခုကို ထုတ်ယူလိုက်ပါတယ်။ သူတို့တွေက ဒီအရာက ဘာလည်းဆိုတာ မသိခဲ့ပဲ သေချာပေါက် ကောင်းမွန်တဲ့ အရာတစ်ခု ဆိုတာကိုပဲ သိနေခဲ့ကြပါတယ်။ ဘယ်လိုအသုံးပြုရမလဲ ဆိုတာကတော့ အင်း သူတို့တွေ ငေးစိုက်ကြည့်နေရုံသာ တတ်နိုင်ပါတယ်။

စိတ်ဝိညာဉ်အရည်က ကောင်းမွန်ပေမဲ့ မဆင်မခြင်စားလို့ မရနိုင်ပါဘူး။ အဲဒါက လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အဆင့်ထက် အများကြီးကျော်လွန်နေခဲ့ပါက ပေါက်ကွဲပြီး သေသွားနိုင်ပါတယ်။

စိတ်ဝိညာဉ်ဆေးကို စားရင်းသေဆုံးတာက အမှန်တကယ်ပဲ ရှက်ရွံ့ဖွယ်ကောင်းနေပါလိမ့်မယ်။

လင်းဟန်က အဲဒါကို ယူလိုက်ပြီး ပြောလိုက်ပါတယ်။

"အဲဒါကို နည်းနည်းလောက် လေ့လာကြည့်ရအောင်။ ငါဘယ်လိုသုံးရမလဲဆိုတာ သိသင့်တယ်"

လင်းဟန်က ခြသေ့်ခေါင်း၊ မိကျောင်းကိုယ်နဲ့ ကြီးမားတဲ့ သားရဲအသေကောင်ကို ထုတ်ယူလိုက်ပြီး အဲဒါကို ချက်ပြုတ်ဖို့ မီးကို စတင် ဖော်ထုတ်လိုက်ပါတယ်။

ဒါက ပန်းဖူးအဆင့်ရဲ့ ဘုရင်အဆင့် သားရဲတစ်ကောင်ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ အဲဒီအရာတစ်ခုလုံးကို စားလိုက်မယ်ဆိုရင် အကျိုးကျေးဇူးတွေ အကုန်လုံးကို မခြေဖျက်နိုင်ပဲ သူတို့သုံးဦးသာ ပေါက်ကွဲပြီးသေဆုံးလိမ့်မှာကို အာမခံနိုင်ပါတယ်။ ဒါကြောင့် လင်းဟန်က ရိုးရှင်းစွာပဲ ခြေထောက်တစ်ချောင်းကိုသာ ဖြတ်ထုတ်လိုက်ပါတယ်။

ချက်ပြုတ်တဲ့အိုးက သာမန်သံအိုးတစ်လုံး မဟုတ်ခဲ့ပဲ

ဆေးလုံးတွေသန့်စင်ဖို့ အသုံးပြုတဲ့ အိုးတစ်ခုဖြစ်ပါတယ်။ ပန်းဖူးအဆင့် သားရဲတစ်ကောင်ရဲ့အသားကို အပြည့်အဝ ပြုတ်ဖို့ အတော်လေး မြင့်မားတဲ့ အပူချိန်ကို လိုအပ်ပါတယ်။ သာမန်အိုးတွေသာဆိုရင် သတ္တုရည်တွေအဖြစ် အရည်ပျော်သွားနိုင်ပါတယ်။

တကယ်တော့ လင်းဟန်က ထူးဆန်းသော မီးတောက်ကိုလည်း အသုံးပြုခဲ့ပြီး အဲဒီအသားအိုးကို ဆေးလုံး သန့်စင်ခြင်းအဖြစ် လုံးဝမှတ်ယူနေခဲ့တာပဲ ဖြစ်ပါတယ်။

သူက အနက်ရောင်မျှော်စင်ထဲမှ အဖိုးတန် ဆေးပင်များစွာကိုလည်း ထည့်လိုက်ပါတယ်။ အတော်များများက နှစ်ပေါင်းတစ်ထောင်လောက် သက်တမ်းရှိပြီး အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးကိုလည်း ထည့်သွင်းလိုက်ပါတယ်။ အဲဒီဟင်းအိုးက စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တွေကိုတောင်မှ နာခေါင်းသွေး ကျစေနိုင်လောက်တဲ့ထိ သေချာပေါက် သန်မာစေနိုင်တဲ့ အားဆေးတစ်ခွက်ပဲ ဖြစ်ပါတယ်။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့က ရွက်ဖျင်တဲတစ်ခု တည်ဆောက်ဖို့

ထွက်သွားခဲ့ပါတယ်။ သူတို့နှစ်ယောက် တည်ဆောက်ပြီးတဲ့နောက်မှာ လင်းဟန်က အနက်ရောင်မျှော်စင်ထဲက လီစီချန်းကို ဆင့်ခေါ်လိုက်တာကြောင့် ယွဲ့ခိုင်ယုက အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်နဲ့ ကွမ်းယွမ်တို့နှစ်ယောက်လုံးက လီစီချန်ထွက်ပြေးလာတာကို သူတို့မြင်ခဲ့တာလို့ ပြောခဲ့တာကြောင့် ယွဲ့ခိုင်ယုကို အတော်လေး ရှုပ်ထွေးစေခဲ့ပါတယ်။

နွေဦးစမ်းရေအဆင့်တစ်ယောက် ထွက်ပြေးလာခဲ့တာကိုတောင် မပြောနိုင်ရလောက်အောင် ဘယ်အချိန်တုန်းက သူရဲ့အာရုံတွေ ဒီလောက် အားနည်းလာခဲ့ရတာလဲ။ ဒါအပြင် ဒါက အတော်လေး မတိုက်ဆိုင်လွန်းဖူးလား။ သူတို့တွေက သူတို့ရဲ့အသက်အတွက် ထွက်ပြေးရခဲ့ပြီး ဘယ်လမ်းကြောင်းရယ်ဆိုပြီး မရွေးချယ်ခဲ့ကြပါဘူး။ ဒါကြောင့် ဘယ်လိုတောင် ကံကောင်းတဲ့ တိုက်ဆိုင်မှုကြောင့် လီစီချန်းကလည်းပဲ ဒီလမ်းကြောင်းကနေ ပြေးလာခဲ့ရတာလဲ။

ဒါပေမဲ့လည်း သူ့ရဲ့အစာအိမ်ထဲ အရည်အနည်းငယ် ဆင်းသွားပြီးတဲ့နောက်မှာ သူက အရာအားလုံးကို

ချက်ချင်းမေ့လျော့သွားခဲ့ပါတယ်။

သူတို့လေးယောက်က ငါးနဲ့အသားတွေကို စားသောက်ဖို့ စတင်လိုက်ကြပါတယ်။ လီစီချန်းက တစ်လုတ်ပဲစားခဲ့ရပြီး သူမရဲ့ခန္ဓာကိုယ်တစ်ခုလုံးက နောက်တစ်ကြိမ် အလင်းတွေနဲ့ တောက်ပလာခဲ့ပါတယ်။ သူမက ရွေးချယ်စရာမရှိပဲ ထိုင်ချလိုက်ရပြီး အလွန်အားကောင်းသော ဆေးအဆီအနှစ်တွေကို သန့်စင်ဖို့ လုပ်ဆောင်လိုက်ပါတယ်။

ပန်းဖူးအဆင့်ရဲ့ ဘုရင်အဆင့် သားရဲတစ်ကောင်က ဘယ်လောက်တောင် ကြီးမားတဲ့ သန်မာစေတဲ့ အရာဖြစ်လိုက်မလဲ။

ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့တောင်မှ ပန်းကန်လုံးတစ်လုံးစာသာ စားခဲ့ပြီး ရွေးချယ်စရာမရှိပဲ ရပ်တန့်လိုက်ရပြီး အဲဒါတွေကို သန့်စင်ဖို့ အလျင်အမြန် စွမ်းရည်တွေကို အသက်သွင်းလိုက်ရပါတယ်။ လင်းဟန်တစ်ယောက်ပဲ အစားသူရဲဟူးညို ဝင်စားနေတဲ့အတိုင်း တစ်ပန်းကန်ပြီး တစ်ပန်းကန်စားနေခဲ့ပြီး ယွဲ့ခိုင်ယုရဲ့မျက်လုံးတွေကို ပြူတ်ကျလုမတတ်ဖြစ်စေခဲ့ပါတယ်။

တကယ်လို့ သူသာ ဒီလောက်များပြားတဲ့ ရတနာအသားကို စားခဲ့ပါက သူသေချာပေါက် ပေါက်ကွဲထွက်သွားလိမ့်မှာပါ။

လင်းဟန်က စားကောင်းသောက်ဖွယ်တွေကို တစိမ့်စိမ့် အရသာခံနေခဲ့ပေမဲ့ စိတ်ထဲမှာ တိတ်တိတ်လေး သက်ပြင်းချနေခဲ့ပါတယ်။ သူရဲ့စိတ်ဝိညာဉ် ပလ္လင်ကို အလွန်ကြီးမားလွန်းစွာ တည်ဆောက်ထားခဲ့ပြီး အပေါ်မှာတစ်ခု အောက်ခြေမှာတစ်ခု ရှိနေခဲ့ပါတယ်။ သေးငယ်တဲ့ အလွှာတစ်ခု တိုးတက်ဖို့ လိုအပ်တဲ့ စုဆောင်းမှုတွေက အခြားလူတွေအတွက် ဆယ့်နှစ်ဆယ်လောက် လိုအပ်ပါတယ်။

အဲဒါက တူညီသောအလွှာမှာ ဘယ်သူမှ မကျော်လွှားနိုင်တဲ့ ဖြစ်တည်ခြင်း တစ်ခုအတွက် ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးပဲ ဖြစ်ပါတယ်။

လင်းဟန်က ဘာပဲဖြစ်ဖြစ် စိတ်ကျေနပ်နေခဲ့ပါတယ်။ သူက သွေးရူးသွေးတန်း အရူးတစ်ယောက်လို စားနေခဲ့ပြီး မကြာခင်မှာပဲ ငါးစွတ်ပြုပ်အိုးက အပြောင်ရှင်းခံလိုက်ရပါတယ်။ လင်းဟန်က ဆေးဖက်ဝင်စွမ်အားတွေကို သန့်စင်ဖို့ ကောင်းကင်အဆင့် ဒြပ်စင်ငါးခု စိတ်ဂိညာဉ် အခြေခံကို ဖော်ဆောင်ဖို့

စတင်လိုက်ပါတယ်။

သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးက နတ်ဘုရားအလင်းတွေ အပြင်ကို ပေါက်ကွဲထွက်လာပြီ အတွင်းပိုင်းမှာ အကြီးအကျယ်ပြောင်းလဲမှုတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။

ဖျက်ဆီးမရနိုင်သော ကောင်းကင်မှော်စာလိပ်ကို အသက်သွင်းလိုက်ရင် သံမဏိခန္ဓာကိုယ် အဆင့်ကနေ စိန်တုံးအဆင့်ထိ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာဖြစ်စဉ်ကို တိုးတက်စေမှာ ဖြစ်ပေမဲ့ အဲဒီအဆင့်အတွက် လိုအပ်တဲ့ ရတနာဆေး အဆီအနှစ်တွေက များပြားလွန်းလှပါတယ်။ ဒါကြောင့် တိုတောင်းတဲ့ အချိန်ပမာဏနဲ့ သေချာပေါက် မပြီးမြောက်နိုင်ပါဘူး။

ကိုးရိုးကားယားနိုင်တဲ့အရာက ဖျက်ဆီးမရနိုင်သော ကောင်းကင်မှော်စာလိပ်က ဆေးအဆီအနှစ် အများစုကို ထုတ်ယူခဲ့ပြီး သူ့ရဲ့အဆင့်တိုးတက်ဖို့အတွက် သနားစဖွယ် အနည်းငယ်သာ ကျန်ခဲ့တာပဲ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ ကျင့်ကြံခြင်းကို ပထမဆုံး တိုးမြှင့်ချင်ခဲ့ပေမဲ့ ကောင်းကင်အဆင့် ဒြပ်စင်ငါးခုက ဖျတ်ဆီးမရနိုင်သော ကောင်းကင်မှော်စာလိပ်ထက်

ပိုမိုများပြားစွာ မဖမ်းဆုပ်နိုင်ခဲ့ပါဘူး။ သူ့ကို မရှုနိုင်မကယ်နိုင်နဲ့ အော်ဟာစ်ချင်လောက်အောင်ပဲ ချန်ထားခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ပိုင်းဆိုင်ရာ သန်မာခြင်းက သိသာထင်ရှားစွာ ကောင်းမွန်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ သူက စိန်တုံးအဆင့်ကို ရောက်ခဲ့ရင်တောင်မှ ဖျက်ဆီးမရသော ကောင်းကင်မှော်စာလိပ်ရဲ့ ပထမအလွှာကိုပဲ ပြီးမြောက်နိုင်ပါလိမ့်မယ်။ ဒီစွမ်းရည်မှာ အလွှာဘယ်လောက်ရှိလဲဆိုတာ လင်းဟန်အနေနဲ့ အခုထိတောင်မှ မသိသေးပါဘူး။ ဘာကြောင့်လဲဆိုရင် သူက အဲဒီစွမ်းရည်ကို အပြည့်အဝ နားမလည်နိုင်တာကြောင့် ဖြစ်ပါတယ်။

အဲဒါက သူ့ရဲ့အဆင့် နိမ့်လွန်းနေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

လင်းဟန်က ရွက်ဖျင်တဲထဲကို ဝင်လိုက်ပြီး အနားယူချင်ဟန်ဆောင်ပြီး အနက်ရောင်မျှော်စင်ထဲ ဝင်သွားခဲ့ပါတယ်။ သူ့အနေနဲ့ စိတ်ဝိညာဉ်အရည်ကို တစ်ခဏလောက် လေ့လာဖို့ လိုပါတယ်။

Chapter 486 end

အပိုင်း(၄၈၇) စိတ်ဝိညာဉ် အရည်

အဲဒီအချိန်တုန်းက စိတ်ဝိညာဉ်ရည်က ကျောက်အင်တုံမှာ ခပ်တိမ်တိမ်ပဲ ရှိနေခဲ့တာဖြစ်ပြီး သနားစဖွယ် ကောင်းလောက်အောင် နည်းပါးပါတယ်။ အဲဒါကို ကျောက်စိမ်းပုလင်းထဲ ထည့်ပြီးတဲ့နောက်မှာ ပုလင်းရဲ့ တစ်ဝက်စာပဲ ရှိပါတယ်။ ဒါအပြင် ယွဲ့ခိုင်ယုနဲ့ ကွမ်းယွမ်တို့ နှစ်ယောက်က တခြားပုလင်းနှစ်ခုထဲကို ခွဲယူထားတာကြောင့် ပိုပြီးတော့တောင်မှ နည်းပါးသွားခဲ့ပါတယ်။

စိတ်ဝိညာဉ်အရည်က ဘယ်လိုအရာလည်းဆိုတာ သူတို့တွေ မသိခဲ့တာကြောင့် လင်းဟန်က သူ့ကိုယ်သူ စမ်းသပ်ဖို့ ပြင်ဆင်ရန်အတွက် အနက်ရောင်မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

အနက်ရောင်မျှော်စင်ထဲမှာတော့ သူက နတ်ဘုရားတစ်ပါးလိုပဲ ဖြစ်ပါတယ်။ တကယ်လို့ သူက အဆိပ်ဖြစ်စေတဲ့ ဆေးကိုယူဆောင်သွားခဲ့ရင်တောင် အဲ့ဒါကို ဖြေရှင်းနိုင်ပါတယ်။ အဲဒီလိုပဲ ဖြစ်သင့်တယ်မဟုတ်လား။

သူက မျှော်စင်လေးကို မေးလိုက်ပါတယ်။

"ဒီနေရာကို အဆိပ်ဖြစ်စေတဲ့ဆေးကို ငါယူလာခဲ့ရင် ငါသေမှာတော့ မဟုတ်ဘူးမလား"

မျှော်စင်လေးက အနည်းငယ် တုန်ခါသွားပြီး ပြောလိုက်ပါတယ်။

"မင်း သေခြင်းတရားကို ရှာဖွေချင်နေခဲ့ရင်တော့ ဘယ်သူမှ မင်းကို ကယ်တင်နိုင်မှာ မဟုတ်ဘူး"

ဒီစကားလုံးတွေက တကယ်ကိုပဲ။

လင်းဟန်က ကျောက်စိမ်းပုလင်းကို ထုတ်ယူလိုက်ပြီး မျှော်စင်လေးကို လှုပ်ခါပြပြီး ပြောလိုက်ပါတယ်။

"ဒါက ဘာလည်းဆိုတာ မင်းသိလား"

"အဲဒါက ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့စွမ်းအင်အနည်းငယ်မျှပါပဲ။ ဒါပေမဲ့ အတော်အတန်တော့ သန့်စင်ပါတယ်"

မျှော်စင်လေးက တည်ငြိမ်စွာပြောနေခဲ့ပေမဲ့ လင်းဟန်က အထင်သေးတဲ့ဟန် အရိပ်အငွေ့ကို ခံစားနိုင်ခဲ့ပါတယ်။

ထင်တဲ့အတိုင်းပဲ ဒီကောင်က ဖရိုဖရဲမူလအရင်းအမြစ် ကျောက်တုံးကို ဝါးမြိုခဲ့ပြီးကတည်းက စိတ်ကြီးဝင်နေတာကို မရှောင်လွှဲနိုင် ဖြစ်နေပါတယ်။

လင်းဟန်က ခဏရပ်တန့်လိုက်ပြီးနောက် ပြောလိုက်ပါတယ်။

"ငါဒါကို တိုက်ရိုက်သောက်လို့ ရနိုင်လား"

မျှော်စင်လေးက တွေးဆပြီးနောက် ပြောလိုက်ပါတယ်။

"မဖြစ်ဘူး။ မင်းက အရမ်းအားနည်းလွန်းတယ်။ အဲဒါကို တိုက်ရိုက်သောက်ချလိုက်ရင် သေချာပေါက် မင်းကို ပေါက်ကွဲပြီး သေစေလိမ့်မယ်။ အနက်ရောင်မျှော်စင်ရဲ့အစွမ်းနဲ့တောင်မှ အချိန်မီ ဖိနှိပ်နိုင်လိမ့်မှာ မဟုတ်ဘူး"

"အဲ့လောက်တောင် စွမ်းအားပြည့်ဝတာလား"

"ကြိုးစားကြည့်နိုင်တယ်"

မျော်စင်လေးက သူ့ကို ပြက်ရယ်ပြုလိုက်ပါတယ်။

လင်းဟန်တစ်ယောက် မျက်စိလှန်လိုက်မိပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် ငါက မင်းရဲ့အရှင်သခင်ပဲလေ။ ငါ့ကို ဒီလိုတိုက်တွန်းတာက မင်းအတွက် တကယ်ပဲ ကောင်းလို့လား"

"အားအင်ပြည့်ဖြိုးစေတဲ့ ဆေးတွေစားပြီး သေဆုံးနိုင်တဲ့ အရှင်သခင်တစ်ယောက်က တကယ်ကိုပဲ မိုက်မဲလွန်းတယ်လေ။ အရှင်သခင်ပြောင်းဖို့ အချိန်တန်ရုံပဲပေါ့"

မျော်စင်လေးက ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းကို စိတ်ပျက်စေမိတဲ့အတွက် တောင်းပန်ပါတယ်။ ငါက မသေရုံတင်မကဘူး အချိန်အကြာကြီး အကြာကြီး အသက်ရှင်နေဦးမှာ။ ဟုတ်ပြီလား။ ဒါကြောင့် ကြိတ်မှိတ်နေဦး"

သူက ကျောက်စိမ်းပုလင်းကို လှုပ်ခါပြီး မေးလိုက်ပါတယ်။

"ငါဒါကို ရေရောလိုက်ရင်ရော အလုပ်ဖြစ်နိုင်မလား"

"ရတယ်"

မျှော်စင်လေးက လိုရင်းတိုရှင်းပြန်ဖြေလိုက်ပါတယ်။

"အဲဒါကို ဖျော်ဖို့ ရေဘယ်နှစ်ဆလောက် ရောရမလဲ"

လင်းဟန်က ထပ်မေးလိုက်ပါတယ်။

"အဆတစ်သောင်းလောက်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

ဖူး။ လင်းဟန် ရုပ်ချည်းချောင်းဆိုးလိုက်ရပါတယ်။ အဆတစ်သောင်းတဲ့လား။ မူလက စိတ်ဝိညာဉ်အရည်ကို သနားစဖွယ် ကောင်းလောက်အောင် နည်းပါးတယ်လို့ သူ ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒါကို ခံနိုင်ရည်ရှိဖို့ အဆတစ်သောင်းလောက် ရေရောရမယ်ဆိုတော့ ဒီစိတ်ဝိညာဉ်ရည်ကို ရေကန်လေးတစ်ခုစာလောက်အဖြစ်

အမှန်တကယ် မြင်ကြည့်နိုင်ပါတယ်။

အဲဒါကို သောက်သုံးနိုင်ရုံသာမက ချိုးရေအဖြစ်တောင် အသုံးပြုနိုင်ပါတယ်။

"ထိုက်တန်ပါပေတယ်"

လင်းဟန် ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ နတ်ဘုရားနယ်မြေက စိတ်ဝိညာဉ်ရည်ဆိုတဲ့ အတိုင်းပဲ သူ့ရဲ့အကျိုးသက်ရောက်မှုက အမှန်တကယ်ပဲ အံ့အားသင့်ဖွယ် ကောင်းခဲ့ပါတယ်။

သူက ရေကန်ငယ်လေး တစ်ခုထဲကို စိတ်ဝိညာဉ်ရည်တစ်စက် လောင်းထည့်လိုက်ပေမဲ့ အနည်းငယ်တွေးဆပြီးနောက် မျှော်စင်လေးကို မေးလိုက်ပါတယ်။

"အနက်ရောင်မျှော်စင်ထဲမှာဆိုရင် ဒါက ဆိုးဝါးသွားလိမ့်မှာတော့ မဟုတ်ဘူးမလား"

"မဖြစ်ဘူး"

မျှော်စင်လေးက သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပါတယ်။

လင်းဟန်က ပုလင်းကို ဆက်သွန်လိုက်ပြီး ရေကန်လေးထဲကို စိတ်ဂိညာဉ် အရည်တစ်စက် လောင်းထည့်လိုက်ပါတယ်။ အဲဒီနောက် ရေနည်းနည်းကို သောက်သုံးဖို့ သူ့လက်ခုပ်နှစ်ဖက်နဲ့ ခပ်ယူလိုက်ပါတယ်။ ချက်ချင်းပဲ သူ့ပါးစပ်က အမွှေးရနံ့တွေနဲ့ ပြည့်သွားခဲ့ပြီး သူ့ရဲ့လူသားခန္ဓာကိုယ် တစ်ခုလုံးက မသေမျိုးတစ်ယောက်လို ဖြစ်လာပြီး ပျံသန်းတော့မဲ့ အတိုင်းပဲ ဖြစ်လာပါတယ်။

စွမ်းအင်တွေက ပေါများလွန်းလှပါတယ်။

ကံမကောင်းစွာပဲ စွမ်းအင်တွေအတွက် ကောင်းကင်အဆင့် ဒြပ်စင်ငါးခုနဲ့ ယှဉ်ပြိုင်ဖို့ ဖျက်ဆီးမရသော ကောင်းကင်ဘုံမှော်စာလိပ်က အလိုအလျောက် အသက်မဝင်ခဲ့ပါဘူး။ ဆိုလိုတာက ဖျက်ဆီးမရသော ကောင်းကင်ဘုံမှော်စာလိပ်က ဒီစွမ်းအင်အမျိုးအစားကို မလိုချင်ခဲ့တာကြောင့် အဲဒါနဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာကို တိုးတက်အောင်လုပ်ဖို့ မဖြစ်နိုင်ပါဘူး။

အဲဒါက လင်းဟန်ကို စိတ်ကျေနပ်မှုဖြစ်စေခဲ့သလို

စိတ်လည်းပျက်စေခဲ့ပါတယ်။

ထင်ရှားစွာပဲ အဲဒီစွမ်းအင်တွေက ပေါများလှပေမဲ့ သူ့ရဲ့အရည်အသွေးက ဘုရင်အဆင့် သားရဲတစ်ကောင်ရဲ့ စွမ်းအင်ကို ယှဉ်ဖို့ မဖြစ်နိုင်ခဲ့ပါဘူး။

အဲဒါက စိတ်ဝိညာဉ်ရည်က ကျင့်ကြံခြင်း အဆင့်တစ်ခုရဲ့ စုဆောင်းခြင်းကိုသာ ပြီးမြောက်စေ နိုင်တယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

လင်းဟန်က အမှန်တကယ်ပဲ ဂရုမစိုက်ခဲ့ပါဘူး။ အနည်းဆုံးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မတိုင်ခင် အဆင့်တွေအကုန်လုံးက သူ့အတွက်တော့ အတားအဆီးတွေ မရှိနိုင်ပါဘူး။ သူ့အတွက် အဆင့်တစ်ခုမှာ မြန်ဆန်စွာ စုဆောင်းရန်သာလိုအပ်တာကြောင့် အဲဒီအကျိုးသက်ရောက်မှုက လုံလောက်ပါတယ်။

အချိန်တစ်နာရီကျော်လောက် ကုန်ဆုံးပြီးတဲ့နောက်မှာ နောက်ဆုံးတော့ လင်းဟန်က စိတ်ဝိညာဉ်ရည်ကို သန့်စင်နိုင်ခဲ့ပါတယ်။ သူက ကျောက်စိမ်းပုလင်း အနည်းငယ်ကို ထုတ်ယူလိုက်ပြီး ရေနဲ့ရောထားတဲ့ စိတ်ဝိညာဉ်ရည်တွေကို ပုလင်းတွေထဲ ထည့်လိုက်ပါတယ်။

"မူလစိတ်ဝိညာဉ်ရည်ရဲ့စွမ်းအင်တွေက ပြင်းထန်လွန်းပြီး ဘယ်သူမဆို သောက်သုံးလိုက်တာနဲ့ သေဆုံးရလိမ့်မယ်။ ဒါက ရေရောထားတာပဲ။ မင်းတိုတွေလည်း အလွယ်လေး သောက်နိုင်တယ်။ အစ်ကိုယွဲ့နဲ့ အစ်ကိုကြီးကွမ်းတို့က အကြိမ်တိုင်းမှာ တစ်ငုံစာစီ သောက်နိုင်တယ်။ လီစီချန်း အတွက်ကတော့ အများဆုံး ဆယ်စက်ပဲ။ မင်းတို့တွေရဲ့ ကိုယ်ပိုင်အခြေအနေတွေအလိုက် အဲဒါကို ချိန်ဆသောက်ကြ"

သူတို့သုံးယောက်က ခေါင်းညိတ်လိုက်ပြီး ကျောက်စိမ်းပုလင်းကို တစ်ယောက်ပြီးတစ်ယောက် လွှဲပြောင်းယူလိုက် ကြပါတယ်။ သူတို့တွေ အဲ့ဒါကိုယူဖို့ စတင်လက်လှမ်းတဲ့ အချိန်မှာ သူတို့ရဲ့ပျော်ရွှင်မှုတွေကို ခက်ခဲစွာ ထိန်းချုပ်ခဲ့ရပါတယ်။

လင်ဟန်ကလည်း အနက်ရောင်မျှော်စင်ထဲ ဝင်သွားခဲ့ပြီး သူကိုယ်တိုင်အတွက် အလွန်များပြားတဲ့ တစ်ငုံစာကို တစ်ကျိုက်ထဲ မျိုချလိုက်ပြီး အဲဒါကို ဆက်လက် သန့်စင်နေခဲ့ပါတယ်။

ဒါပေမဲ့ အဲဒါက မျော်ဆေးလုံးတွေနဲ့ အတူတူပဲဖြစ်ပြီး

ဆေးယဉ်ခြင်းလို တူညီတဲ့အရာမျိုး ရှိပါတယ်။ လင်းဟန် တတိယအကြိမ်မြောက် ပါးစပ်အပြည့် သောက်လိုက်တဲ့အခါ ဆေးစွမ်းအားတွေကို လုံးဝ သန့်စင်လို့ မရတော့သလိုမျိုး ခံစားလိုက်ရပြီး သူ့ရဲ့စွမ်းဆောင်ရည်က ချက်ချင်း တစ်ဝက်လောက်ကျဆင်းသွားခဲ့ပါတယ်။

သူက အနက်ရောင်မျှော်စင်ထဲက ထွက်ခွာလိုက်ပြီး အနားယူဖို့ လှဲလျောင်းလိုက်ပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေတောင်မှ အိပ်ချိန် အတော်အသင့် လိုအပ်ပါတယ်။ အိပ်ချိန်နေရာမှာ ကျင့်ကြံခြင်းကို အစားထိုးဖို့အတွက်က လုံးဝ မဖြစ်နိုင်ပါဘူး။ အဲဒါက ဝိညာဉ်စွမ်းအားအချို့ကို ပြန်လည်ရရှိဖို့အတွက် အဓိကပဲ ဖြစ်ပါတယ်။

အာရုဏ်တက်ပြီးတဲ့နောက်မှာ သူတို့လေးယောက် ဆက်ပြီးတော့ ခရီးဆက်ခဲ့ကြပါတယ်။

သွေးစုပ်ပိုးကောင်တချို့က သူတို့တွေကို ဖမ်းမိခဲ့ပေမဲ့ သူတို့တွေရဲ့အဆင့်တွေက သာမန်ပဲ ဖြစ်တာကြောင့် လင်းဟန်နဲ့ တခြားသူတွေက ဂရုမစိုက်ခဲ့ပါဘူး။ သူတို့တွေက ချက်ချင်း အဲဒီပိုးကောင်တွေကို အဆုံးသတ်လိုက်ပါတယ်။ မဟုတ်ရင် အဲဒီအကောင်တွေထဲက တချို့က

သတင်းတွေကို ပြန်လည်ယူဆောင်သွားခဲ့ပြီး ပိုးကောင်ဘုရင်ကို ဆွဲဆောင်နိုင်ခဲ့ရင် သူတို့တွေ ကိုယ်ကျိုးနည်းသွားရ ပါလိမ့်မယ်။

နေ့တစ်ဝက်ပြီးတဲ့နောက်မှာ သူတို့ရဲ့ရှေ့မှာ တိမ်တွေအထိ မြင့်မားနေတဲ့ နံရံကြီးတစ်ခု ပေါ်လာခဲ့ပါတယ်။ မြို့ထဲမှာတော့ ကောင်းကင်ထိ တစ်ရှိန်ထိုးတတ်နေတဲ့ အလင်းကျောက်တိုင် တစ်ခုရှိပါတယ်။ အဲဒါအလင်းကျောက်တိုင်က သူတို့တွေကို ဒီနေရာထိလာရောက်ဖို့ ဆွဲဆောင်ခဲ့တဲ့ အရာဖြစ်ပါတယ်။

"ဒီနေရာကို ပျံသန်းပြီး ဖြတ်ကျော်လို့ ရနိုင်မလား"

သူတို့လေးယောက်က အံ့အားသင့်နေခဲ့ကြပါတယ်။

လင်းဟန်က ကျောက်တုံးစိတ်ဝိညာဉ်ကို ပျံသန်းရန် ကြိုးစားကြည့်ဖို့ စေခိုင်းလိုက်ပါတယ်။ ဒါပေမဲ့ ကျောက်တုံးစိတ်ဝိညာဉ်က ပြန်ပြုတ်အကျခင်မှာ မီတာရာဂဏန်း အနည်းငယ်အထိပဲ ပျံသန်းနိုင်ခဲ့ပါတယ်။ ကျောက်တုံး စိတ်ဝိညာဉ်က လင်းဟန်ကို အပေါ်မှာ ကြောက်မက်ဖွယ် ဖိအားတစ်ခု ရှိနေတာကြောင့် မီတာရာဂဏန်း အနည်းငယ် အမြင့်ထိပဲ ပျံသန်းနိုင်တယ်လို့

အတွေးတစ်ခု ပို့လိုက်ပါတယ်။

ဒီနံရံကို ဖြတ်ကျော်နိုင်ဖို့ လူတစ်ယောက်က ကျင့်ကြံခြင်းအဆင့် ဘယ်လောက်တောင်ရှိရမှာလဲ။

သူတို့လေးယောက်က မြို့ရိုးနဲ့ယှဉ်၍သာ လမ်းလျှောက်သွားနိုင်ခဲ့ကြပါတယ်။ မြို့ရိုးတွေ ရှိနေမှတော့ မြို့ဝင်ဂိတ်ပေါက်လည်း ရှိသင့်ပါတယ်။

မျှော်လင့်ထားသလိုပဲ နာရီအနည်းငယ် ကြာပြီးတဲ့နောက်မှာ သူတို့ရဲ့ရှေ့မှာ ရောမ မြို့တံခါးကြီး ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအရှေ့မှာ ရပ်လိုက်တဲ့ ဘယ်သူမဆို ချက်ချင်းပဲ ကိုယ့်ကိုကိုယ် ပုရွက်ဆိတ်လေး တစ်ကောင်လို့တောင် ခံစားရပါလိမ့်မယ်။

မြို့တံခါးဝမှာ လူတွေအများကြီးရှိပြီး တချို့ကမြို့ထဲကို ဝင်ရောက်တော့မလို ဖြစ်ပေမဲ့ လူအများစုကတော့ ဘေးမှာ ကြက်ခြေခတ် ပုံသဏ္ဍာန် ထိုင်နေခဲ့ကြပါတယ်။

လင်းဟာန်က ပထမတော့ ဘာထင်မြင်ချက်မှ မရှိခဲ့ပေမဲ့ ၊မြို့ထဲကို ဝင်ရောက်နေတဲ့ အဲဒီလူတွေက အတော်လေး နှေးကွေးစွာ လျှောက်နေတာကို မကြာခင်မှာပဲ

ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ တချို့လူတွေဆိုရင် နာကျင်တဲ့ အမှုအယာတွေတောင်မှ ဖြစ်ပေါ်နေကြပြီး သွေးတွေကို အန်ထုတ်ပြီးတဲ့နောက် ဒဏ်ရာပြင်းထန်စွာ ရသွားတဲ့ ပုံစံမျိုးနဲ့ ပြန်လည် ဆုတ်ခွာလာခဲ့ ကြပါတယ်။

"မြို့တံခါးတွေကို ဝင်ရောက်ဖို့ စွမ်းရည်တွေနဲ့အတူ လူတစ်ယောက်က စစ်ဆေးခြင်းကို လက်ခံဖို့ အဆင့်မီလိမ့်မယ်။ အဲဒီနောက်မှာ နန်းတော်ဆယ့်နှစ်ခုရဲ့ တပည့်တစ်ယောက် ဖြစ်လာလိမ့်မယ်"

မြို့တံခါးရဲ့ဘေးမှာတော့ ကြီးမားပြီး ဟိတ်ဟန်များတဲ့ စာတန်းသုံးတန်း ရှိနေခဲ့ပါတယ်။

လင်းဟန်က အလွန်အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါဆို ဝင်ပေါက်သော့ တစ်ခုမရှိရင်တောင်မှ လူတစ်ယောက်က နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေကို လက်ခံနေနိုင်တုန်းပေါ့"

"အဲဒီသဘောပဲ။ ဒီဂိုဏ်းရဲ့တတိယမျိုးဆက် တည်ထောင်သူက အဲဒီစမ်းသပ်ချက်ကို အောင်မြင်ပြီး ပြင်ပတပည့်တစ်ယောက် ဖြစ်လာတဲ့ အံ့မခန်းပါရမီရှင်

တစ်ယောက်ဖြစ်တယ်။ သူက နတ်ဘုရားသိုင်းတချို့ကို လက်ခံရရှိခဲ့ပြီး သူ့ရဲ့ဂိုဏ်းကို မြောက်ပိုင်းနယ်မြေမှာ အသန်မာဆုံး အင်အားစုဖြစ်စေခဲ့တယ်"

ယွဲ့ခိုင်ယုက လေးစားမှုအပြည့်နဲ့ အေးဆေးစွာ ပြောနေခဲ့ပါတယ်။

သူက ခဏရပ်တန့်လိုက်ပြီးနောက် ပြောလိုက်ပါတယ်။

"အမှန်တကယ်တော့ တတိယမျိုးဆက်တည်ထောင်သူက စကြာဂဠုဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်လာဖို့ အခွင့်အရေးရှိခဲ့ပေမဲ့ ကမ္ဘာကြီးရဲ့ ပတ်ဝန်းကျင်သဘာဝက ခွင့်မပြုခဲ့ပါဘူး။ တကယ်လို့ ကျွန်တော်တို့သာ နန်းတော်ဆယ့်နှစ်ခုရဲ့ စစ်မှန်တဲ့ အမွေအနှစ်ကို ရခဲ့ရင် ဒီဂိုဏ်းက သေချာပေါက် အလယ်ပိုင်းနယ်မြေက ဂိုဏ်းကြီးတွေထက် အားနည်းလိမ့်မှာ မဟုတ်ဘူး"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ပြင်ပတပည့်တစ်ယောက်ဖြစ်လာခြင်းနဲ့ စစ်မှန်တဲ့ အမွေအနှစ်ကို ရရှိခြင်းက သေချာပေါက် မတူညီတဲ့အရာ ဖြစ်ပါတယ်။ မဟုတ်ရင် ရန်ထန်းဖောင်က နန်းတော်ထဲမှ

အရာတစ်ခုကို ဒီလောက်အများကြီး လိုချင်နေလိမ့်မှာ မဟုတ်ပါဘူး။

နတ်ဘုရားတစ်ပါးကိုတောင် လှုပ်လှုပ်ရှားရှား ဖြစ်စေနိုင်တဲ့အရာ အဲဒါက ဘယ်လိုရတနာမျိုးများ ဖြစ်နေလိမ့်မလဲ။

ဒါပေမဲ့ တကယ်လို့ သူမှာ ဝင်ပေါက်သော့ ရှိနေခဲ့ရင်တောင်မှ မြို့တံခါးတွေကို ဖြတ်ကျော်ဖို့ စမ်းသပ်ချက်ကို အောင်မြင်ဖို့ လိုနေတုန်းပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှ နန်းတော်ဆယ့်နှစ်ခုဆီ သွားဖို့အခွင့်အရေး ရှိလိမ့်မှာ ဖြစ်ပါတယ်။ ကြည့်ရတာ ကြံ့ရာကံကောင်းတတ်တဲ့ ကောင်လေး တစ်ယောက်ဖြစ်နေရုံနဲ့တော့ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို လက်ခံရရှိနိုင်ပုံမရပဲ လူတစ်ယောက်က အရည်အချင်းရှိဖို့လည်း လိုအပ်ပါတယ်။

"အရှင်သခင်ဟန်"

အဲဒီအချိန်မှာ လို့ယုထန်နဲ့ အခြားသူတွေရဲ့အသံတွေက ပဲ့ထင်ထပ်သွားခဲ့ပြီး ကန်းရှီ၊ ကျူးပူကျို့၊ ကျူးရွှမ်အာနဲ့ အခြားသူတွေ အကုန်လုံးက ပူးတွဲပြီး လျှောက်လာခဲ့ကြပါတယ်။

"လူဆိုးကြီး"

ဟူးညိုက ခုန်အုပ်လိုက်ပြီး သူ့ရဲ့ခြေထောက်တစ်ဖက်ကို စေးကပ်နေတဲ့ သကြားခဲတစ်ခုလို ဖက်ထားခဲ့ပါတယ်။

Chapter 487 end

အပိုင်း(၄၈၈) မြို့ဂင်ပေါက်ရဲ့ စမ်းသပ်စစ်ဆေးမှု

"ဒီကိုလာတဲ့ လမ်းမှာ မင်းတို့တွေ ဘာအွန္တရာယ်နဲ့ ကြုံတွေ့ခဲ့သေးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"အဆင်ပြေပါတယ်။ ကျွန်တော်တို့တွေ သားရဲတချို့နဲ့ဆုံတွေ့ခဲ့ပြီး အဲဒီသားရဲတွေ အကုန်လုံးကိုလည်း အနိုင်ယူနိုင်ခဲ့တယ်။ ပြီးတော့ စိတ်ဝိညာဉ်ဆေးပင် အနည်းငယ်ကိုလည်း ရိတ်သိမ်းနိုင်ခဲ့တယ်"

ကျူးပူကျို့က ပြုံးရွှင်စွာ ပြောလိုက်ပါတယ်။

လွှိုယုထန်က အတော်လေး ရင်းနှီးကျွမ်းဝင်တဲ့ပုံနဲ့ ကျူးရှွမ်အာရဲ့လက်ကို ဆွဲယူလိုက်ပြီး ပြောလိုက်ပါတယ်။

"အဲဒါတွေအကုန်လုံးက ရှွမ်အာရဲ့ ကျေးဇူးကြောင့်ပဲ။ တကယ်လို့ သူမက ကိစ္စတော်တော် များများမှာ ကြာမဝင်ပေးခဲ့ဘူးဆိုရင် အနည်းဆုံးတော့ ဒဏ်ရာတွေ ရခဲ့လိမ့်မယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျူးရှွမ်အာကလွဲရင် သူတို့ရဲ့အဖွဲ့တစ်ခုလုံးက စိတ်ဝိညာဉ်ပင်လယ်အဆင့် ကျင်ကြံခြင်းပဲရှိကြပြီး စိတ်ဝိညာဉ် ပလ္လင်အဆင့် သားရဲတွေနဲ့ ကြုံတွေ့တဲ့အခါ ဖိအားတွေကို ခံစားရပါလိမ့်မယ်။ တကယ်လို့ သူတို့တွေ ပန်းဖူးအဆင့် သားရဲတွေနဲ့ ဆုံတွေ့ခဲ့ရင် ကျူးရှွမ်အာဆိုရင်တောင်မှ ထွက်ပြေးရုံပဲ တတ်နိုင်ပါလိမ့်မယ်။

ဒါ့အပြင် ကျူးရှွမ်အာရဲ့ဆရာသခင်က တာအိုဒဏ်ရာတစ်ခု ခံစားနေခဲ့ရပြီး သူ့အတွက် ရှင်သန်ဖို့တောင် အတော်လေး ခက်ခဲနေတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သူက သူမအတွက် အမိန့်စာလွှာတစ်ခု သန့်စင်ပေးဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဂိုဏ်းတစ်ခုအတွင်းမှာ အမျိုးမျိုးသော အင်အားစုများအကြား အတွင်းရေးပဋိပက္ခ အမျိုးမျိုးရှိပါတယ်။ ဥပမာအနေနဲ့ ဆောင်းလဂိုဏ်းဆိုရင် တကယ်လို့ ယွဲ့မိသားစုရဲ့ အကြီးအကဲ သေဆုံးသွားခဲ့ရင် အောင်းမိသားစုရဲ့ အကြီးအကဲက ယွဲ့ခိုင်ယုကို အမိန့်စာလွှာတွေ ထောက်ပံ့ပေးပါဦးမလား။

တကယ်ပဲ ဒါက ဟာသတစ်ခုဖြစ်ပါတယ်။

"ဒီမြို့တံခါးကို ဖြတ်သန်းနိုင်ခဲ့သေးလား"

လင်းဟန်က မေးလိုက်ပါတယ်။

"အဲဒါက ခက်ခဲလိမ့်မယ်"

လွီယုထန်က သူမရဲ့ခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါတို့ထဲမှာ ကျူးရှမ်အာနဲ့ ဟူးညိုတို့ပဲ လွယ်လွယ်ကူကူနဲ့ ဖြတ်သန်းနိုင်တယ်။ ကန်းရီနဲ့ငါကတော့ နောက်မှာ အနည်းငယ်ကျန်ခဲ့ပြီး မအောင်မြင်ခဲ့ဘူး။ ကျူးပူကျို့ကတော့ သုံးပုံနှစ်ပုံလောက်ပဲ ဖြတ်သန်းသွားလာနိုင်ခဲ့တယ်

ထင်တယ်"

တစ်နည်းပြောရရင် မြို့တံခါးကို ဖြတ်ကျော်ဖို့က ပါရမီရှင် အဆင့်ဇယားအတွက် တိုက်ခိုက်ယှဉ်ပြိုင် ရတာထက်ပိုပြီး ခက်ခဲပါတယ်။

လင်းဟန်က လှည့်ပတ်ကြည့်လိုက်ရာ ယုခွမ်လွမ်၊ ရန်ကျွင့်ဟောင်နဲ့ အခြားသူတွေကို ရှာမတွေ့ခဲ့ပါဘူး။ ဖြစ်နိုင်တာက သူတို့တွေ အကုန်လုံး မြို့တံခါးတွေကို ဖြတ်ကျော်နိုင်ခဲ့တာ ဖြစ်နိုင်ပါတယ်။

"ငါတို့ အလျင်လိုစရာမလိုပါဘူး။ ပထမဆုံး ဘေးဖက်ကို အရင်သွားကြစို့"

သူက လူတိုင်းကို လူနည်းနည်းရှင်းတဲ့ ဘက်ကိုခေါ်သွားပြီး သားရဲကြီးတစ်ကောင်ရဲ့ ခြေထောက်အသား၊ အကြွင်းမဲ့ အေးစိမ့်ရေခဲငါးနဲ့ ရေရောထားတဲ့ စိတ်ဝိညာဉ်ရည်တွေကို ထုတ်ယူလိုက်ပါတယ်။

"ဒီနေရာမှာ မင်းတို့ရဲ့ခန္ဓာကိုယ်တွေကို နည်းနည်းငယ်လောက် အာဟာရဖြည့်ပေးပြီး မင်းတို့ရဲ့ခွန်အားတွေကို တိုးမြှင့်မယ်ဆိုရင် အဲဒီနောက်မှာ

ငါတို့တွေအကုန်လုံး အထဲကို ဝင်နိုင်လိမ့်မယ်"

ဟူးညိုက လင်းဟန်ရဲ့ပေါင်ကို ချက်ချင်း လွှတ်လိုက်ပြီး ပထမဆုံး သားရဲခြေထောက်အသားကို ကောက်ယူလိုက်ပါတယ်။ အဲဒီနောက် ငါးကိုလှမ်းဆွဲလိုက်ပြီး အလျင်အမြန်ပြောလိုက်ပါတယ်။

"လာမလုကြနဲ့။ ဒါတွေအကုန်လုံးက ညီးညီးဟာ"

လူတိုင်းက ချက်ချင်း ကျယ်လောင်စွာ ရယ်မောလိုက်ကြပါတယ်။ အစားအသောက်နဲ့ ပတ်သက်လိုက်တာနဲ့ ဒီကလေးမလေးက သူမရဲ့အစားအသောက်မက်တဲ့ သဘာဝကို ပြသနေခဲ့ပါတယ်။

လင်းဟန်က ချက်ပြုတ်ဖို့ စတင်လိုက်ပါတယ်။ သူက သားရဲကြီး အသားတစ်ခုက အဆီအနှစ်တွေကို ချက်ပြုတ်ပြီး ထုတ်ယူဖို့ ထူးဆန်းသော မီးတောက်ကို ထိန်းချုပ်ခဲ့ပါတယ်။ လင်းဟန်က ဆေးဖက်ဝင် ပါဝင်ပစ္စည်း အမျိုးမျိုးကို ထည့်သွင်းလိုက်ပါတယ်။ တိုတောင်းတဲ့ အချိန်အတွင်းမှာပဲ အမွှေးရနံ့တွေက လူတိုင်းရဲ့နှာခေါင်းတွေကို ပြင်းပြင်းထန်ထန် ထိုးနှက်နေခဲ့ပြီး လူတိုင်းကို

သွားရည်ယိုစေခဲ့ပါတယ်။

"နတ်သမီးကျူး မင်းအမုန်တကယ်ပဲ အရှင်သခင်ဟန်ရဲ့ မကောင်းဆိုးဝါးလက်ခုပ်ထဲ သက်ဆင်းသွားခဲ့ပြီပဲ"

ယွဲ့နိုင်ယုက ပူဆွေးသောကတွေ၊ ဒေါသတွေနဲ့ စိတ်ထိခိုက်စွာ ပြောလိုက်ပါတယ်။ သူမက သူ့မျက်လုံးထဲမှာ ပြီးပြည့်စုံတဲ့ နတ်မိမယ် တစ်ပါးပဲ ဖြစ်ပါတယ်။

ကျူးရွှမ်အာတစ်ယောက် ချက်ချင်းပဲ မျက်စိလှန်လိုက်မိပြီး သူမရဲ့ လှပတဲ့ မျက်နှာလေးက ရှက်ရွံ့မှုကြောင့် နီမြန်းသွားခဲ့ပါတယ်။ သူမက ဘွင်းဘွင်းရှင်းရှင်းနဲ့ ဖြောင့်မတ်တဲ့ လူတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ ကံကောင်းစွာပဲ သူမက အဖြူရောင် ဇာပဝါပါး တစ်ခုကို ဝတ်ဆင်ထားခဲ့တာကြောင့် တခြားလူတွေ သူမရဲ့ရှက်ရွံ့မှုကို မမြင်နိုင်ခဲ့ပါဘူး။

"မင်းရဲ့သေးငယ်တဲ့ မဆိုစလောက် နလုံးသားလေးနဲ့ ငါ့ရဲ့မြင့်မြတ်တဲ့ ကိုယ်ကျင့်တရားကို နားလည်သဘောပေါက်ဖို့ မကြိုးစားပါနဲ့"

လင်းဟန်က တရားမျှတတဲ့ ဟန်ပန်တစ်ခုနဲ့

ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုက ချက်ချင်းအထင်သေးစွာ ပြုံးလိုက်ပါတယ်။ လင်းဟန်နဲ့အတူ ရက်အနည်းငယ်အကြာ ပုခုံးချင်းယှဉ် တိုက်ခိုက်ခဲ့ပြီးနောက် သဘာဝကျစွာပဲ သူကပိုမို ရဲဝံ့လာခဲ့ပြီး လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့အဆင့်အတန်း ရှိနေတုန်းဆိုတာကိုတောင် မေ့နေပုံရပါတယ်။ သူက လင်းဟန်ကို အမှန်တကယ်ပဲ သက်တူရွယ်တူ လူတစ်ယောက်လို ဆက်ဆံနေခဲ့ပါတယ်။

အဓိကက သူ့ရဲ့စရိုက်က ဒီလိုလမ်းကြောင်းနဲ့ စတင်ခဲ့တာကြောင့်ဖြစ်ပြီး ဘွင်းဘွင်းရှင်းရှင်းနဲ့ ကြိုးကိုင်ခြယ်လှယ်ခြင်း မရှိပါဘူး။

"လင်းဟန်က ညီုးညီုးရဲ့လူ"

ဟူးညိုက ချက်ချင်းအကာအကွယ်ပေးလာခဲ့ပြီး သူမရဲ့အပိုင်ဖြစ်ကြောင်း ကြေညာဖို့ လင်းဟန်ရဲ့ လည်ပင်းကို လှမ်းဆွဲလိုက်ပါတယ်။

လင်းဟန်က မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်ပါတယ်။

"ညီးညီး ဒီထက်ပိုပြီး ဖျစ်ညှစ်ရင် ငါ အသေကောင်လင်းဟန်တစ်ယောက် ဖြစ်သွားလိမ့်မယ်"

ဟူးညိုက အလျင်အမြန် လွှတ်လိုက်ပြီး လင်းဟန်ကို ချက်ချင်းနမ်းလိုက်ပြီးနောက် ကျူူးရွှမ်အာကို စူပုတ်ပုတ် မျက်နှာပေးနဲ့ ကြည့်လိုက်ပါတယ်။

"ကောင်းပြီ။ စားကြရအောင်"

လင်းဟန်က လူတိုင်းကို စွပ်ပြုတ်တစ်ပန်းကန်စီ ချပေးလိုက်ပြီးနောက် တစ်ယောက်စီကို ရေရောထားတဲ့ စိတ်ဝိညာဉ်ရည် ကျောက်စိမ်းတစ်ပုလင်းစီ ပေးလိုက်ပါတယ်။

လူတိုင်းက စိတ်ဝိညာဉ်ရည်ကို ဝိုင်အဖြစ် မှတ်ယူကြပြီး အသားကိုစား၊ စွတ်ပြုတ်ကို သောက်ခဲ့ကြပြီးနောက် မကြာခင်မှာပဲ သူတို့တွေရဲ့ ခန္ဓာကိုယ်တွေကနေ ရောင်စုံအလင်းတွေ ထွက်လာခဲ့ပါတယ်။ သူတို့ရဲ့သွေးနဲ့ချီတွေက တစ်ရှိန်ထိုးတက် လာတာနဲ့အမျှ သူတို့တွေ အကုန်လုံးက တစ်ယောက်ပြီးတစ်ယောက် စတင်ပြီး အသားကျအောင်ညှိယူနေခဲ့ကြပါတယ်။

အစီအစဉ်အတိုင်းပဲ လူတိုင်းရဲ့ကျင့်ကြံခြင်းနဲ့ သိုင်းပညာ အရည်အချင်းတွေကို မြင်နိုင်ပါတယ်။ သိသာထင်ရှားစွာပဲ လီစီချန်းက အရင်တုန်းကထက် နှစ်ဆပိုမိုကောင်းမွန်လာခဲ့ပေမဲ့ အဖွဲ့ထဲမှာ အားအနည်းဆုံးဖြစ်ပြီး အသားကျအောင် စတင်မပြုလုပ်မီ စွပ်ပြုတ်နှစ်ငုံစာနဲ့ အသားတစ်ကိုက်ပဲ စားခဲ့ပါတယ်။

သူမနောက်မှာ ကျူးပုကျို့က လိုက်လာခဲ့ပြီး အဲဒီနောက်မှာ ကန်းရီ၊ လွီယုထန်၊ ကွမ်းယွမ်နဲ့ ကျူးရွှမ်အာတို့က အစဉ်အတိုင်း လိုက်လာခဲ့ပါတယ်။

ဒါပေမဲ့ လင်းဟန်နဲ့ဟူးညိုတို့ကတော့ ဟိုဟာစားလိုက် ဒီဟာစားလိုက်နဲ့ သရေစာစားနေသလို စားနေကြတုန်းပဲဖြစ်ပြီး သူတို့ရဲ့ကြောက်မက်ဖွယ် သဘာဝကို ပြသနေခဲ့ပါတယ်။

ဆေးမီးဖိုထဲမှာ အစားအသောက်တွေအကုန်လုံး ပြောင်စင်ပြီး စွပ်ပြုတ်ရည် တစ်စက်တောင် မကျန်တော့မှသာ လင်းဟန်က ဆေးဝါးတွေကို စုပ်ယူဖို့နဲ့ သန့်စင်ဖို့ စွမ်းရည်တွေကို အသက်သွင်းလိုက်ပါတယ်။ ဟူးညိုကတော့ ဒီအဆင့်ကိုတောင်မှ ချန်လုပ်ခဲ့ပါတယ်။ သူမရဲ့အစာအိမ်ထဲကို ဝင်သမျှ သူမရဲ့စိတ်ဝိညာဉ်

စွမ်းအားစုဆောင်းခြင်းအဖြစ်ကို ဘာမှလုပ်စရာ မလိုပဲနဲ့ ကူးပြောင်းသွားပါလိမ့်မယ်။

နာရီအနည်းငယ် ကြာပြီတဲ့နောက်မှာ လူတိုင်းက တိုးတက်မှုတွေ မြန်ဆန်အောင် ပြုလုပ်လိုက်ကြပြီး အကုန်လုံးက မြို့တံခါးကို တစ်ဟုန်ထိုး ဖြတ်ကျော်ရန် ကြိုးပမ်းဖို့ တရှုရှုဖြစ်နေခဲ့ ကြပါတယ်။

လင်းဟန်က ဂရုမစိုက်ခဲ့ပါဘူး။ လူအချို့ ဖြတ်သန်းမသွားနိုင်ခဲ့ရင်တောင်မှ ကိစ္စမရှိပါဘူး။ သူတို့တွေ အကုန်လုံး အနက်ရောင်မျှော်စင်ထဲကို ဝင်နိုင်တာကြောင့် သူနဲ့အတူ ယူဆောင်သွားနိုင်မှာပါ။ ဒါပေမဲ့ စိတ်ဝိညာဉ်နဲ့ နလုံးသားကို မှော်ဆေးပညာအပေါ် မြုပ်နှံထားတဲ့ လီစီချန်းကလွဲရင် အခြားသူတွေ အကုန်လုံးက သိုင်းပညာလမ်းကြောင်းတွေအပေါ်မှာ မြုပ်နှံထားကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က သူတို့ရဲ့ကိုယ်ပိုင်ခွန်အားတွေနဲ့ ဖြတ်ကျော်နိုင်ဖို့ မျှော်လင့်နေခဲ့တာပဲဖြစ်ပါတယ်။

ဒါက သူတို့ရဲ့အရည်အချင်းနဲ့ ခွန်အားတွေကို အတည်ပြုရုံသာမက သူတို့ရဲ့ ယုံကြည်ချက်ကိုလည်း ကြီးမားစွာ တိုးပွားစေနိုင်ပါလိမ့်မယ်။

နောက်ဆုံးတော့လည်း လွှီယုထန်နဲ့ အခြားသူတွေအကုန်လုံးက မိုးရေနိုင်ငံလို နေရာလေးတစ်ခုမှ လာခဲ့ကြတာဖြစ်ပြီး မြောက်ပိုင်းနယ်မြေမှ ဂိုဏ်းကြီးတွေရဲ့ တပည့်တွေနဲ့ ရင်ဆိုင်ကြတဲ့အခါ ပိုမိုအားနည်းတဲ့ စိတ်နေစိတ်ထားတစ်ခု ရှိနေတာက ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။

"နောက်တစ်ကြိမ် ကြိုးစားကြည့်ရအောင်"

သူတို့တွေက မြို့တံခါးကို လျှောက်သွားခဲ့ကြပြီး ဖြတ်ကျော်ရန် စတင်ကြိုးစားလိုက်ကြပါတယ်။

ကြောက်မက်ဖွယ် အတားအဆီး အင်အားတစ်ခုက ချက်ချင်း ဝင်ရောက်စီးနင်းလာခဲ့ပါတယ်။ သူတို့တွေက ရွှံ့နွံထဲမှာ လျှောက်နေတဲ့ သာမန်လူတွေလိုမျိုး ခြေတစ်လှမ်းစီအတိုင်း အတွက်ကို ကြီးမားစွာ အားစိုက်ထုတ်နေခဲ့ ရပါတယ်။ ဒါအပြင် သူတို့တွေ ပိုပြီးရှေ့ဆက်တိုးလေလေ အတားအဆီးအင်အားက ပိုပြီးကြီးမားလာလေလေ ဖြစ်ပါတယ်။

လွှီယုထန်နဲ့ ကန်းရီတို့တောင် လုပ်နိုင်ရုံသာသာဖြစ်ခဲ့တာ

အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒါကတကယ်ပဲ သာမန်အရာတစ်ခု မဟုတ်ခဲ့ပါဘူး။

"ဒါက သေချာပေါက် လေ့ကျင့်ဖို့ကောင်းတဲ့အရာပဲ"

လင်းဟန်က ပြောလိုက်ပါတယ်။

"သခင်လေးဟန် ငါတို့တွေကို သရော်နေတာလား"

လင်းဟန်က လေ့ကျင့်ဖို့ကောင်းတဲ့ အရာတစ်ခုရှိတယ်လို့ ပြောလိုက်တာကြောင့် Zhu ကျူးပုကျို့တစ်ယောက် ငိုချင်ရဲ့ လက်တို့ပုံစံ ဖြစ်သွားပါတယ်။။ လင်းဟန်က သူ့ရဲ့လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး အတော်လေး သက်တောင့်သက်သာ ရှိနေပုံ ပေါက်ပါတယ်။

“ခစ်ခစ်ခစ်ခစ်”

ဟူးညိုက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ရှေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ ပြေးသွားခဲ့ပြီး ဘာမှမဖြစ်တဲ့ ပုံစံနဲ့ ခြေလှမ်းကျဲကြီး ပြန်ပြေးလာခဲ့ပါတယ်။

လင်းဟန်က ကျိတ်ပြီး ခေါင်းညိတ်လိုက်ပါတယ်။

စမ်းသပ်ချက်က တစ်ဦးချင်းစီအလိုက် ကွဲပြားခြားနားပါတယ်။ လူတစ်ယောက်ရဲ့အဆင့်က ပိုပြီးမြင့်မားလေလေ အလားတူပဲ အတားအဆီးရဲ့ အင်အားကလည်း ပိုပြီးကြီးမားလေလေ ဖြစ်ပါတယ်။ မဟုတ်ရင် စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တွေ ဖြတ်သန်းဖို့ မဖြစ်နိုင်တာကို စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေ အကုန်လုံး ဖြတ်သန်းနိုင်ပါလိမ့်မယ်။

လွီယုထန်နဲ့ ကန်းရီတို့နှစ်ယောက်က သူတို့ရဲ့ခွန်အားတွေ ကြီးမားစွာ တိုးတက်လာခဲ့တာနဲ့အမျှ ဖိအားဒဏ်ကလည်း ပိုပြီးတော့ အင်အားပြင်းထန် လာခဲ့ပါတယ်။ သူတို့နှစ်ယောက်က ပထမတစ်ခေါက်တုန်းက ဖြတ်ကျော်ဖို့ အနည်းငယ်ပဲ လိုအပ်ခဲ့တာပါ။ ဒါကြောင့် ဒီတစ်ကြိမ်မှာ ပိုပြီး သက်တောင့်သက်သာနဲ့ လျှောက်လှမ်းနေခဲ့ကြပါတယ်။

ကျူးပူကျို့အတွက်တော့ ခက်ခဲနေခဲ့ပါတယ်။ ခြေလှမ်း တစ်ဒါဇင်လောက် လှမ်းပြီးတဲ့နောက်မှာ သူ့ခေါင်းကနေ ချွေးတွေစီးကျလာခဲ့ပြီး သူ့ရဲ့မျက်နှာက အတော်လေး အားစိုက်နေရတဲ့ပုံနဲ့ စတင်ပြီး ရှုံ့မဲ့လာခဲ့ပါတယ်။

လင်းဟန်နဲ့ ဟူးညို့တို့နှစ်ယောက်က မြို့တံခါးမှ စမ်းသပ်ချက်ကို ဘာဖိအားမှမရှိပဲ ဖြတ်ကျော်သွားခဲ့ပါတယ်။

သူတို့တွေ မြို့တံခါးကို မီတာတစ်ရာလောက် ဖြတ်ကျော်ပြီးသွားတဲ့အခါ အတားအဆီးအင်အားက အလိုအလျောက် ပျောက်ကွယ်သွားခဲ့ပြီး သာမန်အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။ ယွဲ့ခိုင်ယု၊ လှီယုထန်နဲ့ ကန်းရှီတို့တွေလည်း တစ်ယောက်ပြီးတစ်ယောက် ထွက်လာခဲ့ကြပါတယ်။

ကွမ်းယွမ်နဲ့ ကျူးပူကျို့တို့နှစ်ယောက်ပဲ လမ်းရဲ့ လေးပုံသုံးပုံလောက် လျှောက်နိုင်ခဲ့ပါတယ်။

"သခင်လေးဟန် ကျွန်တော်တို့ ဒီနေရာမှာပဲ ကျင့်ကြံဖို့ စီစဉ်ထားတယ်"

သူတို့နှစ်ယောက်က အတော်လေး ပြတ်ပြတ်သားသား ဆုံးဖြတ်ထားတဲ့ပုံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အဲဒါနဲ့ပတ်သက်ပြီး စဉ်းစားပြီးပြောလိုက်ပါတယ်။

"ကောင်းပြီ။ ဒါက စမ်းသပ်မှုတစ်ခု ဖြစ်နိုင်ပေမဲ့ ကျင့်ကြံဖို့ ကောင်းမွန်တဲ့ နေရာတစ်ခုလည်း ဖြစ်တယ်။ မင်းတို့တွေ မင်းတို့ကိုယ်မင်းတို့ အကန့်အသတ်ထိ ရောက်အောင်လို့

တွန်းပို့တဲ့ အကြိမ်တိုင်း မူလစွမ်းအားတွေကို အရောင်တင်နိုင်ရုံသာမက ကျင့်ကြံခြင်းကိုလည်း မြန်စေလိမ့်မယ်"

"ဟုတ်တယ်"

သူတို့နှစ်ယောက်လုံး ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ သူတို့နှစ်ယောက် ရှေ့ဆက်သွားခဲ့ရင်တောင်မှ လင်းဟာန်ကို ကူညီနိုင်တာ ဘာမှမရှိပါဘူး။ အနာဂတ်မှာ လင်းဟာန်ကို ကူညီနိုင်ဖို့ ဒီနေရာမှာ ကျင့်ကြံပြီး သူတို့ရဲ့အဆင့်တွေကို တိုးတက်အောင် ပြုလုပ်တာကပဲ ပိုမိုကောင်းမွန်ပါလိမ့်မယ်။

လင်းဟာန်က လီစီချန်းကို အနက်ရောင်မျှော်စင်ထဲ ထည့်ထားခဲ့ပါတယ်။ ဒီလိုမျိုး ချောမောလှပပြီး ချစ်စရာကောင်းသူ တစ်ယောက်ကို အပြင်မှာ ချန်ထားခဲ့ရင် အနှောင့်အယှက် တော်တော်များများကို ဆွဲဆောင်နိုင်ပါလိမ့်မယ်။ ဒါ့အပြင် သူမက သိုင်းပညာအတွက် မကြိုးပမ်းတာကြောင့် ဒီနေရာမှာ ကျင့်ကြံဖို့ မလိုအပ်ပါဘူး။

ဒါကြောင့် လင်းဟာန်၊ ဟူးညို၊ လွီယုထန်၊ ကျူးရှမ်အာ၊ ကန်းရီနဲ့ ယွဲ့ခိုင်ယုတို့ ခြောက်ယောက်ပဲ

ရှေ့ဆက်သွားခဲ့ကြပါတယ်။

Chapter 488 end

အပိုင်း(၄၈၉) ပထမအဆင့်

တစ်ခဏလေး အတွင်းမှာပဲ သူတို့က သာမန်ရိုးရိုး အိမ်တစ်လုံးနဲ့တူတဲ့ အဆောက်အဦး တစ်ခုရဲ့ အရှေ့မှာ ရပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း လူတွေအများကြီးက တံခါးဝမှာ စုစည်းနေကြပြီး ယုခွမ်လွမ်၊ ရန်ကျွင့်ဟောင်နဲ့ ရုံဟွမ်ရှွမ်တို့ကို မြင်တွေ့လိုက်ရပါတယ်။

ဒီအလောင်းတစ်ထောင်ဂိုဏ်းရဲ့ အမွေဆက်ခံသူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား အထဲမှာ လဲလျောင်းနေဆဲ ဖြစ်ပြီးတော့ သူကနောက်ထပ် ခေါင်းတလား နှစ်ခုကိုပါ သယ်ယူလာခဲ့ပါတယ်။ ဖြစ်နိုင်တာက ဂူသချိုင်းတွေကနေ တခြားအလောင်းကောင် စစ်သားတွေကို တူးယူရရှိလာခဲ့ပုံ ရပါတယ်။

ဖန်းယန်လည်း ဒီနေရာမှာ ရှိနေပြီးတော့ အမုန်းတရားတွေနဲ့ ဖျတ်ခနဲကြည့်လိုက်ပြီး အဲဒါက အောင်းဖန်ကိုတောင် အနည်းငယ် ထိတ်လန့်သွားစေခဲ့ပါတယ်။ သူ့အနေနဲ့ ဖန်းယန်နဲ့ လင်းဟန်တို့ အကြားက ရန်စကို မသိထားပါဘူး။

အောင်းမိသားစုရဲ့ သားခုနစ်ယောက်ထဲက သုံးယောက်လည်း ရောက်နေပြီး သုံးယောက်လုံး စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိပြီးတော့ ထူးချွန်ထက်မြက်ပုံ ရပါတယ်။

"ခိုင်ယုက အကြီးအကဲ အောင်းကို ဂါရဝပြုပါတယ်"

ယွဲ့ခိုင်ယုက အောင်းဖန်ကို ဦးညွှတ်လိုက်ပါတယ်။

အောင်းဖန်က သူရဲ့လက်ကို အနည်းငယ် မြှောက်ပြီးတော့ အသိအမှတ်ပြုလိုက်ပါတယ်။

"လူတွေအားလုံး ဒီနေရာမှာ ဘာကိုစောင့်နေကြတာလဲ"

လင်းဟန်က အဖြူရောင်ဓားဘုရင်ကို မေးလိုက်ပါတယ်။ ဒီလူတွေထဲမှာ သူက ရှန်းဇောင်ချန်ကို ကောင်းမွန်တဲ့ အမြင်ရှိပါတယ်။

"မြို့ဂင်ဂိတ်ကို ငါတို့တွေ ဖြတ်လာပြီးတော့ ဒီကိုရောက်တဲ့ အခါမှာ ဂက်ပါအစီအရင် စိတ်ဂိညာဉ် တစ်ခုက ဒီနေရာမှာ စမ်းသပ်မှုတစ်ခု ရှိတယ်လို့ပြောတယ်။ ပြီးတော့ ထိပ်ဆုံးသုံးနေရာကို ရအောင်လို့ လုပ်နိုင်တဲ့ ဘယ်သူမဆို

အုံ့မခန်း လက်ဆောင်တွေ ရလိမ့်မယ်တဲ့"

"ဂေါက်ပါအစီအရင် စိတ်ဂိညာဉ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

"အဲဒါအမှန်ပဲ။ ဒီလျို့ပုက်ဆန်းကြယ်နယ်မြေ တစ်ခုလုံးကို ဂေါက်ပါအစီအရင် စိတ်ဂိညာဉ်က ထိန်းချုပ်ထားတယ်"

ကျူးရွှမ်အာကလည်း စကားဖြတ်ပြောလိုက်ပါတယ်။ သူမရဲ့ ဆရာသခင်က သူမကို ပြောပြထားတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒီလူတွေက လျို့ပုက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုထဲကို ပထမဆုံး ဝင်ရောက်လာခဲ့တယ် ဆိုပေမဲ့ အရင်က ရောက်လာခဲ့ဖူးတဲ့ သူတို့ရဲ့ စီနီယာတွေက သူတို့ကို အကြောင်းအရာ အနည်းငယ် ပြောပြထားခဲ့တာ သဘာဝ ကျပါတယ်။

"ဂိုး ဘာဆုတွေရမှာလဲ"

လင်းဟန်က အတော်လေးကို သိချင်စိတ် ပြင်းပြသွားခဲ့ပါတယ်။

"မပြောပြထားဘူး"

ရှန်းဇောင်ချန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

လင်းဟန်ရဲ့ နှုတ်ခမ်းတွေ တွန့်လိမ်သွားခဲ့ပါတယ်။ သူကပြောလိုက်ပါတယ်။

"မပြောပြထားဘူး ဟုတ်လား။ ဒါဆိုရင် မင်းတို့ကောင်တွေက ဒီနေရာမှာ ဘာလို့ စောင့်နေတာလဲ"

"ဒါပေမဲ့ တန်တယ်လေ"

ယွဲ့နိုင်ယုက ပြောလိုက်ပါတယ်။

"ငါတို့ တတိယမျိုးဆက် တည်ထောင်သူက မဟာအခွင့်အရေးကြီးတွေ ဒီနေရာမှာ ရရှိခဲ့ပြီး သိုင်းပညာမှာ မိုးပေါ်ကို ပျံတက်သွားသလိုမျိုး တစ်ဟုန်ထိုး တိုးတက်လာခဲ့တယ်"

ဒီပါရမီရှင်တွေက တခြားနေရာတွေကို အလျှင်စလိုနဲ့ မသွားပဲ ဒီနေရာမှာပဲ ရပ်တန့်နေခဲ့ကြတာ အံ့သြစရာ မရှိတော့ပါဘူး။ တကယ်လို့ ဒီလူတော်ပါက နန်းတော်ဆယ့်နှစ်ခုကို ရောက်လာခဲ့ရင် သော့မရှိပဲနဲ့ သူတို့က မဝင်နိုင်ပါဘူး။ ဒါကြောင့် သူတို့ရဲ့ အမြင်အာရုံတွေကို လက်တွေ့ကျတဲ့ ဆုလာဘ်ဆောင်တွေ အပေါ်မှာပဲ ရွေးချယ်ထားတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

"အစီအရင် စိတ်ဝိညာဉ်က ဘယ်မှာလဲ။ ငါကြည့်ဦးမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ၎င်းနဲ့ ဆက်သွယ်နိုင်ပြီးတော့ သတင်းတွေကို နှိုက်ထုတ်ကောင်း နှိုက်ထုတ်နိုင်ပါလိမ့်မယ်။

"သူက စကားအနည်းငယ် ပြောပြီးတာနဲ့ ပျောက်ကွယ်သွားတယ်"

ရှန်းဇောင်ချန်က ပြောလိုက်ပါတယ်။

"ငါတို့တွေ ဘယ်လောက်တောင်ကြာအောင်လို့ စောင့်နေရမှာလဲ"

"လှို့ပှက်ဆန်းကြယ် နယ်မြေဖွင့်ပြီး ဆယ်ရက်မြောက်နေ့အထိ"

လင်းဟန်က တွက်ချက်ကြည့်လိုက်တဲ့ အခါမှာ ရက်အနည်းငယ် ကျန်ပါသေးတယ်။ ဒါကို အစောကြီးကတည်း သူသိမယ်ဆိုရင် သူ့အနေနဲ့ ပတ်ဂန်းကျင်တစ်ပိုက်ကို လှည့်လည်သွားလာပြီး တန်ဖိုးကြီးတဲ့ စိတ်ဂိညာဉ် ဆေးပင်တချို့ကို သွားရှာနေပါလိမ့်မယ်။ ဒါပေမဲ့လည်း လမ်းမှာ ထိပ်တန်းပိုးကောင်ဘုရင်နဲ့ တိုက်ခိုက်ရမလားဆိုတာကို ဘယ်သူမှ မသိနိုင်ပါဘူး။ အဲဒီကောင်ကြီးက သေချာပေါက် ကြောက်စရာကောင်းပါတယ်။ ပြီးတော့ တကယ်လို့ ၎င်းက ဖမ်းမိသွားခဲ့ရင် ဒီနေရာက လူတွေအတွက်တော့ ကပ်ဘေးတစ်ခု ကျတာနဲ့ အတူတူပဲ ဖြစ်ပါလိမ့်မယ်။

အစီအရင် စိတ်ဂိညာဉ်က ဂင်ရောက်စွက်ဖက်ခြင်း မပြုသရွေ့တော့ ကပ်ဘေးကြီးတစ်ခု ဖြစ်လာမှာ အသေအချာပါပဲ။

ဒီနေရာက အစီအရင်က ဘယ်အဆင့်လဲ ဆိုတာကို လင်းဟန်က မသိပါဘူး။ ဒါပေမဲ့ ၎င်းက နတ်ဘုရား

နယ်မြေကနေ ခွဲထုတ်လာနိုင်တယ် ဆိုမှတော့ အနည်းဆုံး ၎င်းက နတ်ဘုရား အဆင့်မှာ ရှိပါလိမ့်မယ်။

အားလုံးက စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေခဲ့ကြပါတယ်။ ဒီနေရာက စိတ်ဂိညာဉ် ချီတွေက ပေါများကြွယ်ဂပြီး ကျင့်ကြံခြင်းအတွက် မြင့်မြတ်သန့်စင်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ရက်လေ့ကျင့်တာက အပြင်ဘက်မှာ ရက်ပေါင်းတစ်ရာ လေ့ကျင့်တာနဲ့ ညီမျှပါတယ်။ ဒါကြောင့် တကယ်လို့ ဒီနေရာမှာ သူတို့တွေက ထိုင်စောင့်နေရရင်တောင်မှ အချိန်ကို ဖြုန်းလို့ မဖြစ်ပါဘူး။ သူတို့ရဲ့ ကျင့်ကြံခြင်းကို လျင်မြန်စွာနဲ့ တိုးတက်အောင် လုပ်ရပါမယ်။

လင်းဟန်က ပိုပြီးတော့တောင် တရားလွန်ပါတယ်။ နေ့တိုင်းလိုလို သားရဲကောင် အသားပမာဏ အများကြီးကို စားတဲ့အပြင် အကြွင်းမဲ့ အေးစိမ့်ရေခဲ နှလုံးသားငါးနဲ့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဆေးပင်အမျိုးအစားတွေ အများကြီးကို ထည့်ပြီးတော့ ချက်ပြုတ်တဲ့အခါမှာ ပန်းဖူးအဆင့် လက်ရွေးစင်တွေကိုတောင်မှ သွားရည်တမြားမြား ကျစေနိုင်အောင် အနံ့တွေက မွှေးကြိုင်ပြီး ရောင်စဉ်တန်းတွေကလည်း မိုးပေါ်ထိအောင် မြင့်တက်လို့

နေခဲ့ပါတယ်။

သူတို့တွေ စားနေတာကို ကြည့်ပြီးတော့ သူတို့ရဲ့ နှလုံးသား အလိုဆန္ဒအရ လည်ပင်းတွေ အာခေါင်တွေ ခြောက်ကပ်လာပြီး တံတွေးတွေကို ခဏခဏမျိုချနေရပါတယ်။ အခုလိုမျိုး စားသောက်နေတာကို ဘေးကနေ ကြည့်နေရတာက တကယ့်ကို ကံဆိုးမိုးမှောင်ကျပြီး ကျိန်စာတိုက်ခံထားရသလိုပါပဲ။

ကံမကောင်းတာက ဘယ်သူကများ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို လုယက်ပံ့မှာလဲ။

မြောက်ပိုင်းဒေသမှာ လူတချို့ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို မျက်နှာသာ မပေးပဲ နေနိုင်တာပါ။ ဒါပေမဲ့ မျက်နှာသာ ပေးစရာ မလိုတာနဲ့ပဲ သူတို့က အပြစ်ကျူးလွန်နိုင်တယ်လို့ ဆိုလိုလိုက်တာ မဟုတ်ပါဘူး။ တကယ်တော့ လူတိုင်းလူတိုင်းက ရတနာတွေအတွက် ယှဉ်ပြိုင်ရတဲ့ အခါမှာ ဘယ်သူကမှ စကားပြောနေစရာ မလိုပါဘူး။ ဒါပေမဲ့ တကယ်လို့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အသားကို မင်းက လုယူဖို့ ကြိုးစားတာက တစ်ကမ္ဘာလုံးက

လူတွေက သေချင်စိတ် ပေါက်သွားအောင် လှောင်ပြောင်သရော်ကြပါလိမ့်မယ်။

ချီပတ္တာလန်နဲ့ လင်းရှန်းချင်တို့လို လူတချို့ကတော့ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ဖိတ်ကြားခံရခြင်း မရှိပဲနဲ့ သူတို့အဖွဲ့ဆီကို လာရောက်ပူးပေါင်းခဲ့ကြပါတယ်။ သူတို့ရဲ့ အလှအပကို မှီခိုပြီးတော့ အခွင့်ရေးယူပြီး တူနဲ့ပန်းကန်လုံးတွေ ကောက်ယူပြီးတော့ အသားနဲ့ စွပ်ပြုတ်တွေ ခပ်ပြီးတော့ စားလိုက်ပါတယ်။ အဲဒါက ဟူးညိုကို ကျယ်လောင်စွာနဲ့ အော်ဟစ်သွားစေခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီး သူတို့က သူမရဲ့ အစားအသောက်တွေကို ခိုးယူရတာလဲ။

ကံကောင်းတာက လင်းဟန်ကလွဲပြီး ဘယ်သူကမှ အများကြီး မစားနိုင်ပါဘူး။ ဒါကြောင့် မကြာခင်မှာပဲ ဟူးညိုက တည်တည်ငြိမ်ငြိမ် ပြန်ဖြစ်သွားပြီးတော့ အစားအသောက်ကို လင်းဟန်နဲ့ လုယူစားသောက် လိုက်ပါတယ်။

"လင်းဟန် မင်းလည်း ရောက်လာသားပဲ"

ရှုံဟွမ်ရှမ်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား အထဲကနေ လျှောထိုးပြီးတော့

ချဉ်းကပ်လာခဲ့ပါတယ်။

"ဘာလဲ။ မင်းလည်းပဲ အသားစားချင်နေတာတော့ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား"

လင်းဟန်က အံ့အားသင့်သလို ဟန်ဆောင်လိုက်ပါတယ်။

"မင်းက လူသေတစ်ယောက် မဟုတ်လား။ လူသေက အသားစားလို့လား"

"လေပေါ်မနေနဲ့"

ရှုံဟွမ်ရွှမ်က အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ဆီမှာ သက်ရှိတွေကို သိလှောင်နိုင်တဲ့ စိတ်ဂိုဏ်ဥ်ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုတာနဲ့ ဓနရာသီနန်းတော်ရဲ့ သော့ကိုလည်း ရရှိထားတယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို မပေါက်ကြားစေခဲ့ပါဘူး။ ဒါကလည်း သူနဲ့လင်းဟန်က ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခု ရှိနေတာကြောင့် မဟုတ်ပဲ သူကိုယ်တိုင် အဲဒီပစ္စည်းတွေကို လိုချင်နေခဲ့တာကြောင့် ဖြစ်ပါတယ်။

"ဒါဆိုရင် ဒီနေရာကို မင်းဘာလာလုပ်တာလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက မင်းရဲ့ နောက်ဆုံးစကားတွေကို ကြားချင်လို့ပဲ။ မင်းကို မကြာခင်မှာ ငါ့ရဲ့ အလောင်းကောင် စစ်သားတစ်ကောင် အဖြစ်ကို မွမ်းမံသန့်စင်ရလိမ့်မယ်"

ရုံဟွမ်ရှမ်က မနစ်မြို့စရာကောင်းအောင် စူးစူးဝါးဝါးရယ်လိုက်ပါတယ်။

"ပြီးတော့ မင်းရဲ့ဘေးနားက ဒီလူတွေ အကုန်လုံး တစ်ယောက်မှ မလွတ်စေရဘူး"

မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ လင်းဟန်ကို သေစေချင်တဲ့လူတွေ အနည်းအကျဉ်းတော့ ရှိပါတယ်။ ဒါပေမဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ပစ်မယ်လို့ လူသိထင်ရှား ထုတ်ဖော်ကြိမ်းခြောက်တာက ရုံဟွမ်ရှမ် တစ်ယောက်တည်းပဲ ရှိပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းကဒီကိုလာပြီးတော့ ဟာသတွေ ပြောနေတာပေါ့။ ကောင်းပြီလေ ဒါဆိုလည်း လက်ခုပ်တီးပေးရမှာပေါ့"

လွှိယုထန်နဲ့ ကျန်တဲ့သူတွေက တစ်ယောက်ပြီးတစ်ယောက် စတင်ပြီးတော့ လက်ခုပ်တီး ရယ်မောလိုက်ကြပါတယ်။

ရုံဟွမ်ရှမ်က ဒေါသမထွက်ပဲ ပျင်းစရာကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"လင်းဟန် မကြာခင်မှာပဲ ဒါက ဟာသတစ်ခု မဟုတ်ဘူးဆိုတာကို မင်းသိလာလိမ့်မယ်"

"ဒါဆိုရင်လည်း အဲဒါကို ကြည့်ဖို့အတွက် ငါစောင့်နေပေါ့မယ်"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"ဟင့်"

ရုံဟွမ်ရှမ်က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲကနေ လျှောထိုးပြီး ပြန်သွားခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆင့်ခေါ်ပြီးတော့

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ခုတ်ချလိုက်ပါတယ်။ ထန်ဆိုတဲ့ အသံနဲ့အတူ မီးပွားလေးတွေက နေရာအနှံ့ကို ပြန့်နှံ့သွားခဲ့ပါတယ်။

"မင်းဘာလုပ်တာလဲ"

ရှံ့ဟွမ်ရှမ်က ဒေါသထွက်သွားပြီး ပြောလိုက်ပါတယ်။

"ဘာမှမရသွားတာက မကောင်းဘူးလေ။ ဒါကြောင့် လိပ်အခွံကို နည်းနည်းလေး ထိကြည့်တာပါ"

လင်းဟန်က ပြုံးပြီးတော့ အဆက်မပြတ် ခုတ်ပိုင်းလိုက်ပါတယ်။

ရှံ့ဟွမ်ရှမ်က စိတ်ဆိုးဒေါသထွက်သွားပါတယ်။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ အကာအကွယ်နဲ့ဆိုရင် သူ့အနေနဲ့ လင်းဟန်ရဲ့ ခုတ်ချက်တွေကို ကြောက်စရာ မလိုဘူးဆိုတာ အသိသာကြီးပါ။ ဒါပေမဲ့ လင်းဟန်က အခုလိုမျိုး ပြင်းပြင်းထန်ထန် ခုတ်နေတာက သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေပါလိမ့်မယ်။ ဒါအပြင် တိုက်ခိုက်မှုတိုင်းရဲ့ အားလှိုင်းတွေက

ခေါင်းတလားတစ်လျောက်လုံး ပျံ့နှံ့သွားပြီး အဲဒါက သူ့ကိုထိခိုက် နာကျင်အောင် မလုပ်နိုင်ပေမဲ့ အဆက်မပြတ် တုန်ခါနေခြင်းက သူ့ကို အရမ်းပဲ သက်တောင့်သက်သာ မဖြစ်အောင် လုပ်နေပါတယ်။

လင်းဟာန်က ရပ်ဖို့စိတ်ကူး နည်းနည်းလေးမှ ရှိတဲ့ပုံ မမြင်ရပဲ အချက်ပေါင်းများစွာ တိုက်ခိုက်နေတဲ့ အတွက်ကြောင့် ရှံ့ဟွမ်ရှမ်လည်း ဘာမှမတတ်နိုင်ပဲ အော်ဟစ်လိုက်ပါတယ်။

"မင်းမပြီးသေးဘူးလား"

"ဒါပေါ့ မပြီးသေးဘူးလေ။ မင်းက အပူအပင် အကြောင့်အကြမဲ့ အပြေးလာပြီးတော့ ခြိမ်းခြောက်ပြီးတော့မှ အဝေးကို ပြန်သွားချင်နေတယ်ပေါ့။ ဒီလိုမျိုး လွယ်လွယ်နဲ့ ပြီးနိုင်ပါ့မလား"

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ရှံ့ဟွမ်ရှမ်က ပြောစရာစကား မဲ့သွားခဲ့ပါတယ်။ သူရဲ့ပါးစပ်ကြောင့် လင်းဟာန်ကို ဒေါသထွက် သွားစေခဲ့တာလား။

သူကအလျင်အမြန်ပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို ထိန်းချုပ်ပြီး မြို့အဝင်ဂိတ်တွေဆီကို ပြေးသွားလိုက်ပါတယ်။ ဒီနေရာမှာ စမ်းသပ်မှုစဖို့ နှစ်ရက်လောက် လိုပါသေးတယ်။ ပြီးတော့ဒီနေရာမှာ လူတွေအများကြီး ရှိနေမှတော့ သူက အဲဒီအချိန်အတွင်းမှာ ပုန်းအောင်းနေချင်ပါတယ်။ နောက်ပြီးတော့ ဒီနေရာမှာ အစီအရင် စိတ်ဂိညာဉ်လည်း ရှိနေပြီး သူ့အနေနဲ့ သူရဲ့ပုက်ဖဲကို အစောကြီး ထုတ်မပြချင်ပါဘူး။

လင်းဟန်က လိုက်ပြီးတော့ မဖမ်းခဲ့ပါဘူး။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားနဲ့ဆိုရင် ရုံပွမ်ရှမ်ကို သတ်ပစ်ဖို့ဆိုတာ မလွယ်ပါဘူး။

နှစ်ရက်ဆိုတဲ့အချိန်က မကြာခင်မှာပဲ ကုန်ဆုံးသွားခဲ့ပါတယ်။ ပုမ်း။ လူသားတစ်ယောက် ပုံရိပ်က လေထဲမှာ ထွက်ပေါ်လာခဲ့ပါတယ်။ ပုံရိပ်ကို ကြည့်ရတာက အသက်ငါးနှစ် ခြောက်နှစ် အရွယ်ပဲ ရှိတဲ့ ကလေးတစ်ယောက်နဲ့တူပြီးတော့ အစီအရင်စိတ်ဂိညာဉ်ရဲ့ ပုံရိပ်ယောင် တစ်ခုလိုပဲ ဖြစ်ပါတယ်။

"စမ်းသပ်မှု စပြီ။ မင်းတို့တွေ ဒီတံခါးကို ဖြတ်ပြီးတော့ ဝင်ပြီးတဲ့နောက်မှာ မတူညီတဲ့ ပြိုင်ဘက် သုံးယောက်ကို

ရွေးချယ်ရမယ်။ ပြီးတော့ အကောင်းဆုံး တိုက်ပွဲရလဒ်ကို မှတ်ထားမယ်။ နောက်ဆုံးမှာ မင်းတို့ရဲ့ အဆင့်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည် ကြယ်အရေအတွက် အပေါ်မှာ အခြေခံပြီးတော့ အဆင့်သတ်မှတ် ရရှိလိမ့်မယ်။ ဒါက စိတ်နယ်ပယ် တစ်ခုပဲဖြစ်တယ်။ မင်းတို့ရဲ့ နတ်ဘုရားအာရုံ တစ်ခုပဲ ဝင်ရလိမ့်မယ်။ ဒါကြောင့် မင်းတို့တွေက တခြားအထောက်အပံ့ နည်းလမ်းတွေ အသုံးပြုလို့ မရသလို ထိခိုက်ဒဏ်ရာလည်း ရလိမ့်မှာ မဟုတ်ဘူး"

"တိုက်ပွဲကြယ်များများ သာလွန်လေ မင်းရရှိနိုင်မဲ့ ဆုလာဘ်က ပိုကောင်းလေပဲ။ တကယ်လို့ မင်းတို့က အမျိုက်တွေချည်းပဲ ဖြစ်ပြီးတော့ ကြယ်လေး နစ်လုံး သုံးလုံးလောက်ပဲ သာလွန်တယ်ဆိုရင် အများဆုံး မင်းတို့ကောင်တွေ မြေကြီးမှာအဆင့် ပညာရပ်တစ်ခုလောက်ပဲ ရနိုင်လိမ့်မယ်။ ဒါမှမဟုတ် တစ်ခုခုပေ့ါ။ ထိပ်ဆုံးသုံးယောက်အတွက်ပဲ ဆုလက်ဆောင် အကြီးကြီး ရှိတယ်"

Chapter 489 end

ဂုဇ ppသလား

အပိုင်း(၄၉၀) ပြိုင်ဘက်များကို ရွေးချယ်ခြင်း

ဂဏ်ပါအစီအရင် စိတ်ဂိညာဉ်က ပြောလို့ပြီးတာနဲ့ နောက်တစ်ကြိမ် ပြန်ပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး မည်းနက်နေတဲ့ တံခါးရှိတဲ့ အဆောက်အဦးဆီကို လမ်းလျှောက်သွားလိုက်ကြပါတယ်။ အထဲမှာ ဘာမှကို မမြင်နိုင်ပါဘူး။

"သွားကြစို့"

လင်းဟန်နဲ့ တခြားသူတွေလည်း လျှောက်သွားခဲ့ပါတယ်။ အဆောက်အဦးရဲ့ ပုံစံကိုကြည့်ရတာ အဆုံးမရှိတဲ့ ပုံစံနဲ့တူပြီးတော့ လူတွေဘယ်လောက်များများ အထဲကို ဝင်လာပါစေ ပြည့်ကျပ်သွားတယ် ဆိုတာမျိုး မရှိပါဘူး။

လင်းဟန်အထဲကို ဝင်လိုက်တာနဲ့သူက ကျောက်တုံးတွေနဲ့ ပတ်ပတ်လည် ပိတ်လှောင်ထားတဲ့ အခန်းတစ်ခုထဲမှာ ပေါ်လာခဲ့ပါတယ်။ ဒီနေရာက ပေတစ်ရာပတ်လည်ခန့် ကျယ်ပြီးတော့ ပေတစ်ရာလောက် မြင့်ပါတယ်။

အစီအရင် စိတ်ဂိညာဉ် ပြောခဲ့တာကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာ လင်းဟန်က အလျင်အမြန်ပဲ စမ်းသပ်ကြည့်တဲ့

အခါမှာ သူနဲ့ အနက်ရောင် မျှော်စင်ရဲ့ ဆက်သွယ်မှု ပျောက်ဆုံးနေတယ် ဆိုတာကို ရှာဖွေတွေ့ရှိ သွားခဲ့ပါတယ်။

သူရဲ့ နတ်ဘုရား အာရုံက ဆွဲထုတ်ခံလိုက်ရပါတယ်။

လပြွတ်ပဲ။

သူက အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ လူတွေက သူတို့ရဲ့ နတ်ဘုရားအာရုံ ဆုံးရှုံးသွားတယ် ဆိုတာက ဘာမှမရှိတဲ့ အခွံကြီးတစ်ခုနဲ့ တူပါတယ်။ တကယ်လို့ သူရဲ့ နတ်ဘုရား အာရုံသာ ဒီအထဲမှာ ရာသက်ပန် ပိတ်လှောင်ခံထားရမယ် ဆိုရင် သူရဲ့ခန္ဓာကိုယ်က အစာရေစာ ငတ်မွတ်ပြီး သေသွားပါလိမ့်မယ်။

တကယ်လို့ သေမျိုးအဆင့်ကို ကျော်လွန်တဲ့ ပန်းဖူးအဆင့် သက်ရှိတွေတောင်မှ အသက်ရှင်ဖို့ စိတ်ဂိညာဉ် ချီတွေကို စုပ်ယူဖို့ လိုအပ်ပါတယ်။ သူတို့က အသက်အရှယ်ကြောင့် ဖြည်းညှင်းစွာနဲ့ သေသွားပါလိမ့်မယ်။

တကယ်လို့ အစီအရင် စိတ်ဂိညာဉ်က သူတို့ကို ဖျက်ဆီးပစ်လိုက်ချင်တယ် ဆိုရင်တော့ ဒီကိစ္စအတွက် ဘာကိုမှ စဉ်းစားနေစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့

နတ်ဘုရား အာရုံတွေ ဆွဲထုတ်နိုင်တယ် ဆိုမှတော့ သူတို့ကို လွယ်လွယ်ကလေးနဲ့ အကုန်လုံး ရှင်းထုတ်ပစ်နိုင်ပါလိမ့်မယ်။

မျှော်လင့်ထားတဲ့အတိုင်း နတ်ဘုရားအဆင့် အစီအရင်တစ်ခု ဖြစ်ပြီးတော့ သူရဲ့ နတ်ဘုရားအာရုံ ဘယ်လိုဆွဲထုတ်ခံလိုက်ရသလဲ ဆိုတာကိုတောင် သူမသိခဲ့ပါဘူး။

ဟွမ်း။

လူငယ်ကလေးက ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ပြိုင်ဘက်ကိုရွေးပါ။ ဘယ်အဆင့်နဲ့ တိုက်ပွဲစွမ်းရည်ကြယ်ဘယ်လောက်လဲ"

လင်းဟာန်က ချင့်ချိန်စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကြယ်အလုံးနှစ်ဆယ်ရှိတယ်"

"မင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒုတိယ အလွှာမှာ

ဖြစ်ပြီးတော့ ကြယ်ဆယ့်ရှစ်လုံးတောင် သာလွန်နေတာလား”

အစီအရင်စိတ်ဂိညာဉ်က လူသားတစ်ယောက်နဲ့ အတော်လေးကို တူပြီးတော့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

“မဆိုးဘူး။ တကယ်လို့ မင်းက ဒီလိုမျိုး စမ်းသပ်မှုတစ်ခုကို တကယ်ပဲ ကျော်ဖြတ်နိုင်ခဲ့မယ် ဆိုရင်တော့ မဟာဗဟားများထဲမှာ ထားရမယ်။ ဒါက အတော်အတန် အထင်ကြီးစရာကောင်းတဲ့ ခွန်အား ဖြစ်ပါလိမ့်မယ်”

လင်းဟန်က ပိုပြီးတော့တောင်မှ အံ့အားသင့်သွားခဲ့ပါတယ်။ ကြယ်ဆယ့်ရှစ်လုံး သာလွန်တာကို အတော်အတန်ပဲ အထင်ကြီးစရာ ကောင်းတာလား။ မဟာဖန်ဆင်းသူကဘာလဲ။ ဒီနေရာက နတ်ဘုရားနယ်မြေထဲက တစ်ခုပဲလား။

“မင်းဘာလက်နက်ကို အသုံးပြုလဲ”

အစီအရင် စိတ်ဂိညာဉ်က နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

"ဓား"

ရှပ်။

ဓားရှည်တစ်လက်က လေထဲကနေ ထွက်ပေါ်လာပြီးတော့ လင်းဟန်ရဲ့ ခြေထောက်အနားမှာ စိုက်သွားခဲ့ပါတယ်။

လင်းဟန်က အစီအရင် စိတ်ဂိညာဉ်ကို မဟာဖန်ဆင်းသူနဲ့ ပတ်သက်ပြီး သတင်းတွေ စုံစမ်းချင်နေသေးပေမဲ့ သူမမေးရသေးခင် ဂင်္ကပါ အစီအရင် စိတ်ဂိညာဉ်က ပျောက်ကွယ်သွားပြီး ၎င်းရဲ့နေရာမှာ အမူအရာကင်းမဲ့တဲ့ ဓားသမားတစ်ယောက် ပေါ်လာခဲ့ပါတယ်။

ဒါက အစော်ကို သန်မာတာပဲ။

လင်းဟန်က စိတ်ထဲမှာ မတုန်လှုပ်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ဒီဓားသမားရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကနေ ထွက်ပေါ်နေတဲ့ အံ့အားသင့်စရာ ဓားဆန္ဒတွေကြောင့် တကယ့်စစ်မှန်တဲ့ ဓားသမား တစ်ယောက်ဆိုတာ သိနိုင်ပါတယ်။

သူရဲ့တိုက်ပွဲဆန္ဒတွေ လောင်ကျွမ်းလို့နေပြီး လက်ထဲမှာ ဓားတစ်လက်ကို ကိုင်ထားပြီးတော့ သူကပြောလိုက်ပါတယ်။

"တိုက်ပွဲစရအောင်"

ဓားသမားက သူရဲ့ဒူးကို အနည်းငယ် နှိမ့်လိုက်ပြီး အဲဒီနောက်မှာ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ပါတယ်။ ၎င်းရဲ့အမြန်နှုန်းက မတရားကို လျင်မြန်ပြီး ၎င်းရဲ့ဓားရှည်က ဓားအိမ်ထဲကနေ မထုတ်ရသေးပဲ အံ့အားသင့်စရာကောင်းတဲ့ အေးစက်စက် အလင်းရောင်တွေ တောက်ပနေ ပါတယ်။

လင်းဟန်က အကြောက်တရားကင်းမဲ့စွာနဲ့ သူရဲ့ဓားနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်နေခဲ့ပါတယ်။ ဒါက နတ်ဘုရား အာရုံနယ်ပယ် တစ်ခုဖြစ်တယ် ဆိုပေမဲ့ တကယ့်အစစ်အမှန် တစ်ခုလိုပါပဲ။ သူတို့နှစ်ယောက်ရဲ့ ဓားဓားချင်း ထိသွားတဲ့ အခါမှာ ထွက်ပေါ်လာတဲ့ မီးပွားတွေကအစ အတုအယောင်

မဟုတ်ပါဘူး။

ဓားသမားက သူ့ရဲ့ဓားကို လွှဲခုတ်လိုက်ပြီး ချက်ချင်းဆိုသလို ဓားချီအလင်း ဆယ်ခုက လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"မဆိုးဘူး။ ဓားချီအလင်း ဆယ်ခု။ အခု ငါကတကယ့် ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့နေတာပဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ရဲ့ဓားကိုလည်း တစ်ပုံစံတည်း ခုတ်လိုက်တဲ့ အခါမှာ ဓားချီအလင်း ဆယ်ခုက ထွက်လာပါတယ်။

ဓားချီတွေက တစ်ခုနဲ့တစ်ခု ထိမှန်သွားပြီး အားလုံး ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ပြိုင်ဘက်ဖြစ်သူရဲ့ ဓားချီအရည်အသွေးက သူ့ထက်မနိမ့်ကျတာကြောင့် အံ့အားသင့် နေခဲ့ပါတယ်။ ဒါက အရမ်းကို ရှားပါတယ်။ သူက ကျေနပ်ပျော်ရွှင်လာပြီး ပြောလိုက်ပါတယ်။

"ငါ့ရဲ့ဒီတိုက်ခိုက်မှုကို ခံယူစမ်း"

သူက လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်ကို စတင်ပြီးတော့ လည်ပတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ဓားရဲ့အစွမ်း မဖြစ်ပေါ်လာခင်မှာပဲ သူကရပ်ဖို့အတွက် ဖိအားပေး ခံလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဓားသမားမှာ အံ့အားသင့်စရာကောင်းတဲ့ တိုက်ပွဲအာရုံခံနိုင်စွမ်း ရှိပြီး လင်းဟန်ရဲ့ အစွမ်းတွေ စုစည်းမှု ရပ်တန့်သွားအောင် သူကချက်ချင်းပဲ ဓားနဲ့တစ်ချက် ခုတ်လိုက်ပါတယ်။

"စိတ်ဂင်စားစရာပဲ။ တကယ် စိတ်ဂင်စားဖို့ကောင်းတယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းက အဆင့်တူထဲက ပြိုင်ဘက်တွေထဲမှာ ငါ့ရဲ့တိုက်ခိုက်မှုကို ရပ်အောင်လို့ လုပ်နိုင်တဲ့ တစ်ဦးတည်းသောလူပဲ"

ဓားသမားက တိုက်ခိုက်ဖို့ပဲ စိတ်အာရုံရှိနေပြီး ဆက်တိုက်ပဲ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ အရိပ်တစ်ထောင်ပြောင်းလဲခြင်း လှုပ်ရှားမှု ပညာရပ်ကို ထုတ်ဖော်ပြီးတော့ ပြိုင်ဘက်ဖြစ်သူရဲ့ ဓားကွက်လွှမ်းမိုးမှုအောက်ကနေ ခြေလှမ်းအနည်းငယ်နဲ့ ရှောင်တိမ်းလိုက်ပါတယ်။ သူက လျှို့ဝှက်ဆန်းကြယ်မှုသုံးထောင်ကို တိုက်ပွဲအဆုံးသတ်ဖို့အတွက် ပစ်လွှတ်ဖို့ စုစည်းနေပါတယ်။

ဓားသမားရဲ့ တိုက်ခိုက်မှုက ပြင်းသထက် ပြင်းထန်လို့ လာပါပြီ။ ပြီးတော့ ရုတ်တရက် ၎င်းရဲ့ ဓားရှည်ကို အနည်းငယ် တန့်ပြီးတော့မှာ အောက်ဘက်ကို လွှဲခုတ်လိုက်ပြီး ကြီးမားတဲ့ ပုံရိပ်ယောင်တောင်ကြီးဆယ်ခုက လင်းဟန်ဆီကို ပြေးဝင်လာခဲ့ပါတယ်။

ခရက် ခရက် ခရက် ခရက်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်က ချက်ချင်းပဲ အရိုးတွေ ကျိုးကြေသွားသလိုမျိုး မြည်သွားပါတယ်။ ဒါပေမဲ့ လင်းဟန်က နည်းနည်းလေးမှ ဘာမှမဖြစ်သလိုပါပဲ။ သူက သံမဏိ ခန္ဓာကိုယ်ကို ကျင့်ကြံထားပြီး သူရဲ့ခန္ဓာကိုယ်က အဆင့်တူထဲက ရှားပါးတဲ့ သတ္တုတွေနဲ့ နှိုင်းယှဉ်လို့ရပြီး သူရဲ့ ခန္ဓာကိုယ် အပေါ်မှာ လွှမ်းမိုးချင်တယ် ဆိုရင်တော့

အနည်းဆုံး ပန်းဖူးအဆင့် တိုက်ခိုက်မှု ရှိမှပဲ ရပါလိမ့်မယ်။

ဒီစိတ်နယ်ပယ်ထဲမှာ အစီအရင် စိတ်ဂိညာဉ်ကလည်း သူ့ခန္ဓာကိုယ်ရဲ့ မာကျောကြမ်းတမ်းမှုကို မလွဲစတမ်း ပုံတူပွားပေးထားခဲ့ပါတယ်။ ပြီးတော့ အနက်ရောင်မျှော်စင်၊ နတ်ဆိုးရှင်သန်ဓားနဲ့ တခြားလက်နက်တွေကိုလည်း ဒီနေရာထဲကို သယ်လာလို့ မရပါဘူး။ သူရဲ့စစ်မှန်တဲ့ ခန္ဓာကိုယ်ပဲ ဘာမှမကွာခြားပဲ ရှိနေခဲ့တာပါ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ရွှပ် ရွှပ် ရွှပ်။ ဓားအလင်းပေါင်း တစ်ထောင်က ချက်ချင်းဆိုသလို ထွက်လာပြီးတော့ ထိုဓားသမားဆီကို ပြင်းပြင်းထန်ထန်နဲ့ ပြေးဝင်သွားခဲ့ပါတယ်။

ဒီဓားအလင်းတွေက အရမ်းကို ပြင်းထန်ပြီး ဒီဓားသမားမှာလည်း မှသားမဲ့ မျက်လုံးကို ပိုင်ဆိုင်ထားပြီး လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို နားလည်ထားမှုက လင်းဟန်အောက် မနိမ့်ကျမှပဲ ဒီဓားအလင်းတွေကို တစ်ချိန်တုန်းက ယိုဟိုင်ယွဲ့နဲ့ တိုက်ခိုက်တုန်းက လင်းဟန် ရောင်တိမ်းခဲ့သလိုမျိုး လုပ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီဓားသမားမှာ ဒီအချက်နှစ်ချက်နဲ့ မပြည့်စုံဘူးဆိုတာ သိသာထင်ရှားနေတာကြောင့် ထိမှန်သွားခဲ့ပါတယ်။ ဖူး ဖူး ဖူး ဖူး။ ၎င်းကအရမ်းကို ရဲစွမ်းသတ္တိရှိပြီး သူရဲ့ဓားရှည်နဲ့ ခုတ်ထုတ်ပြီး ဓားချီအလင်းငါးရာကျော်ကို အမှန်တကယ်ပဲ ခုတ်ထုတ်ပစ်နိုင်ပေမဲ့ နောက်ပိုင်းမှာတော့ ဓားချီတွေက ထိုဓားသမားကို လွှမ်းမိုးသွားခဲ့ပါတယ်။

ဓားအလင်းတွေအားလုံး ပျောက်ကွယ်သွားပြီးတဲ့ နောက်မှာတော့ ဓားသမားလည်း မြူခိုးတွေ မီးခိုးငွေ့တွေလိုမျိုး ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒါက စိတ်နယ်ပယ်တစ်ခု ဖြစ်ပြီး ထိုဓားသမားကလည်း အစစ်အမှန် တည်ရှိမှုတစ်ခု မဟုတ်ပါဘူး။

"အရမ်းကောင်းတယ်။ မင်းအောင်မြင်တယ်"

အစီအရင် စိတ်ဝိညာဉ်က နောက်တစ်ကြိမ် ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာ ပြိုင်ဘက်ကိုရွေးချယ်ဖို့ အခွင့်အရေးနှစ်ခု ရှိသေးတယ်"

လင်းဟန်က ချက်ချင်းပဲ မေးလိုက်ပါတယ်။

"ငါ့ရဲ့ရလဒ်က ပထမနေရာ ရနိုင်လား"

"စည်းမျဉ်းစည်းကမ်းတွေ ကန့်သတ်ထားတာကြောင့် ငါမင်းကို ဖြေလို့မရဘူး"

အစီအရင် စိတ်ဂိညာဉ်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မဟာဖန်ဆင်းသူ အကြောင်းကို မင်းပြောပြနိုင်မလား"

လင်းဟန်က မေးခွန်းပြောင်းလိုက်ပါတယ်။ ဒါကမှ သူတကယ်မေးချင်နေတဲ့ မေးခွန်း ဖြစ်ပါတယ်။

"စည်းမျဉ်းစည်းကမ်းတွေ ကန့်သတ်ထားတာကြောင့် ငါမင်းကို ဖြေလို့မရဘူး"

အစီအရင် စိတ်ဂိညာဉ်က ထူးမခြားနားပဲ ဖြေလိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူကစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်ငါးလုံး စိတ်ဂိညာဉ် ပလ္လင်အဆင့် တစ်ယောက် ထပ်လုပ်ပေးပါ"

"မင်းသဘောပဲ"

အစီအရင် စိတ်ဂိညာဉ်က ပျောက်ကွယ်သွားခဲ့ပြီး နောက်ထပ်ဓားသမား တစ်ယောက် ပေါ်လာခဲ့ပါတယ်။ ဒီဓားသမားက အရင်က ဓားသမားထက် ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ၎င်းရဲ့ဆံပင်တွေက လေမတိုက်ပဲနဲ့ လှိုင်းထနေတဲ့ ပုံစံမျိုးဖြစ်ပေါ်နေပါတယ်။

လင်းဟန်က အံ့အားသင့်သွားခဲ့ပါတယ်။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ အဆင့်တစ်ခုရဲ့ တိုက်ပွဲစွမ်းရည် အကန့်အသတ်က ကြယ်နှစ်ဆယ်လုံး ဖြစ်ပါတယ်။ ပြီးတော့ ပိုမြင့်သွားရင် အဆင့်ကြီး တစ်ခုထဲကို ကူးသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် ပလ္လင်အဆင့်နဲ့ ပန်းဖူးအဆင့်အကြားက ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့်လည်း စိတ်ဂိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်က ဘယ်လောက်ပဲ သန်မာအားကောင်းနေပါစေ ပန်းဖူးအဆင့် လူတစ်ယောက်နဲ့ တိုက်ခိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်

တိုက်ပွဲစွမ်းရည် တန်ဖိုးလည်း ကွာဟချက် ရှိပါတယ်။

လင်းဟန်အနေနဲ့ အစီအရင် စိတ်ဂိညာဉ်က တကယ်ပဲ သူ့အတွက် စိတ်ဂိညာဉ် ပလ္လင်အဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်ငါးလုံးရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို လုပ်ပေးလိမ့်မယ်လို့ လုံးဝကို မထင်မှတ်ထားခဲ့ပါဘူး။

သူက တိုက်ခိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

လင်းဟန်က တစ်ဟုန်ထိုး ပြေးဝင်သွားပြီးတော့ သူတို့နှစ်ယောက်က ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲကြီးတစ်ခုကို ယှဉ်ပြိုင်နေခဲ့ပါတယ်။ ဒီဓားသမားက အစောတုန်းက ဓားသမားထက် မျှော်လင့်ထားတဲ့ အတိုင်းပဲ ပိုပြီးသန်မာ အားကောင်းပါတယ်။ ပြီးတော့ နည်းနည်းလေး မဟုတ်ပဲ တိုက်ပွဲစွမ်းရည်က ကြယ်ငါးလုံးတောင် တိုးလာခဲ့ပြီး ဒါက သာမန်ပါရမီရှင်များတောင်မှ ဒီအကန့်အသတ်ကို မကျော်လွန်နိုင်ပါဘူး။

ဒီတိုက်ပွဲမှာ လင်းဟန်က အရမ်းကို ခက်ခက်ခဲခဲနဲ့ တိုက်ခိုက်ရပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်က မရေတွက်နိုင်တဲ့ ဓားချက်တွေနဲ့ ခုတ်ပိုင်းခံမိပြီး သံမဏိ ခန္ဓာကိုယ်တောင်မှ ကြံ့ကြံ့မခံနိုင်ပါဘူး။ သူ့အနေနဲ့ ပိုပြီးတော့ စိတ်မချမ်းမသာ

ဖြစ်စေတာက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကို အသုံးမပြုနိုင်ပါဘူး။

အစီအရင် စိတ်ဂိညာဉ်က တကယ်ပဲ ဒီပညာရပ်အစုံလိုက်ကို အသွင်တူအောင် မပြုလုပ် ပေးနိုင်ဘူးလား။

ဒါဆိုရင် ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ရဲ့အဆင့်က ဒီဂက်ပါ အစီအရင်ထက် ပိုပြီးတော့ မြင့်မားနေတာကြောင့်လား။

လင်းဟန်က နားနားနေနေ စဉ်းစားလိုက်တာကြောင့် တန်ရာတန်ကြေး ပေးဆပ်ပြီးတဲ့ နောက်မှာ သူလည်းပဲ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို ပစ်လွှတ်ဖို့ အခွင့်အရေး ရယူလိုက်ပါတယ်။ သူရဲ့လက်ထဲက ဓားလှုပ်ရှားသွားတာနဲ့ ကောင်းကင်တစ်ခုလုံး ဓားအလင်းတွေကြောင့် ဖုံးအုပ်သွားခဲ့ပါတယ်။

ဒုတိယဓားသမားက တကယ်ပဲ သန်မာလွန်းပါတယ်။ သူက ဓားအလင်းပေါင်း တစ်ထောင်ကို တကယ်ပဲ ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။ နောက်ဆုံးကျန်တဲ့ ဓားအလင်းတစ်ရာက သူရဲ့ခန္ဓာကိုယ်ကို ထိသွားခဲ့ပေမဲ့ သူကမပျောက်ကွယ်သွားခဲ့ပဲ ဘယ်ဘက်ခြေထောက်နဲ့

ညာဘက်လက်မောင်း တစ်ဖက်စီပဲ ဆုံးရှုံးသွားခဲ့ပါတယ်။ ပြီးတော့ သူရဲ့ရင်ဘတ်မှာ ကြီးမားတဲ့ အပေါက်ကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။ သူက ခြေထောက်တစ်ချောင်းနဲ့ ရပ်နေနိုင်ဆဲ ဖြစ်ပြီးတော့ သူရဲ့ဓားကို မြဲမြံစွာ ဆုပ်ကိုင်ထားပါတယ်။

လင်းဟန်က ခါးသီးစွာနဲ့ ပြုံးလိုက်ပါတယ်။ ဒါက စိတ်ဂိညာဉ်ပလ္လင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်ငါးလုံး ဖြစ်ပြီးတော ့တကယ်ပဲ ရက်စက်ပြင်းထန်ပါတယ်။

Chapter 490 end

အပိုင်း(၄၉၁) တစ်ခုချင်းစီရဲ့ ကိုယ်ပိုင်ဖွင့်ဆိုချက်

လင်းဟန်က နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။ ထန် ထန် ထန် ထန်။ သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက ပြင်းထန်လှပေသည်။ ကံကောင်းတာက ဒုတိယဓားသမားက ခြေထောက်တစ်ဖက်နဲ့ လက်တစ်ဖက်ကို ဆုံးရှုံးထားပါတယ်။ ဒါကြောင့် သူရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကို ကျဆင်းလို့ နေပါတယ်။ နောက်ဆုံးတော့ လင်းဟန်က အသာစီး ရယူလိုက်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ပြိုင်ဘက်ကို မဖိနှိပ်နိုင်ခင်မှာ တိုက်ကွက်ပေါင်း တစ်ထောင်ကျော်လောက် တိုက်ခိုက်ရပြီးမှ အနိုင်ရခဲ့တာ ဖြစ်ပြီးတော့ လင်းဟန်အနေနဲ့လည်း အရမ်းကို ပင်ပန်းလာသလို ခံစားရတာကြောင့် မြေကြီးပေါ်မှာ ခြေပစ်လက်ပစ်နဲ့ လှဲချပြီးတော့ အချိန်အတော်ကြာအောင် အိပ်ပစ်ချင်တဲ့ စိတ်တွေတောင် ဖြစ်လာပါတယ်။

သူက စိတ်နယ်ပယ်ထဲက သရုပ်ဖော်ပုံရိပ် တစ်ခုဖြစ်တာကြောင့် သူ့အနေနဲ့ မပင်ပန်းသင့်ပါဘူး။ ဒါက စိတ်စွမ်းအားတွေ တော်တော်များများ လျော့ကျသွားတာကြောင့် သူကအရမ်းကို အားနည်းသလို ခံစားနေရတာ ဖြစ်နိုင်ပါတယ်။

"မင်းဆယ်မိနစ် နားနိုင်တယ်"

အစီအရင် စိတ်ဝိညာဉ်က ပေါ်လာခဲ့ပြီး ၎င်းရဲ့လက်ကို တစ်ချက်ဝှေ့လိုက်တာနဲ့ လင်းဟန်ရဲ့ ခန္ဓာကိုယ် အပေါ်က ဒဏ်ရာတွေအားလုံး ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်သည်။ ဒီနေရာမှာ ထိန်းညှိတာက အဓိပ္ပါယ် မရှိပေမဲ့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ

ခန္ဓာကိုယ်ကြီးကို ဒီအတိုင်း ရပ်မနေချင်ပါဘူး။ သူရဲ့ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီး အနည်းငယ် လှုပ်လိုက်တဲ့အခါမှာ လင်းဟန်ကို ကြည့်ရတာ အရမ်းကို ကျေနပ်ပီတိ ဖြစ်သွားပုံ ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူရဲ့လက်ပေါ်မှာ နတ်ဆိုးပုံစံကို အစီအရင် စိတ်ဝိညာဉ်က ပုံတူပွားပေးထားလို့ ဖြစ်ပါတယ်။

ဒါက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ဆီကနေ ရယူခဲ့တာ ဖြစ်ပြီးတော့ နတ်ဘုရားအဆင့် တည်ရှိနေတဲ့ အရာတစ်ခု ဖြစ်နိုင်ပါတယ်။ ၎င်းရဲ့အစွမ်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ အနည်းဆုံး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကြယ်နှစ်ဆယ်လုံးမှာ ရှိပါတယ်။

လင်းဟန်က စိတ်ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတစ်ကြိမ်မှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကြယ်နှစ်ဆယ်လုံး တစ်ယောက်နဲ့ ငါတိုက်ချင်တယ်"

****
****

နောက်ထပ်စမ်းသပ်စစ်ဆေးတဲ့ အခန်းတစ်ခုထဲမှာ ရုံဟွမ်ရှမ်က အံ့အားသင့်စရာကောင်းအောင်ပဲ ပန်းဖူးအဆင့် သက်ရှိရန်သူ တစ်ယောက်နဲ့ မျက်နှာချင်းဆိုင် တိုက်ခိုက်နေပါတယ်။

သူက တစ်ခိခိနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါကအလောင်းနဲ့အတူ ချိုးဖျက်မယ်"

ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူရဲ့ဂမ်းဗိုက်အောက်ခြေက ပွင့်ထွက်လာပြီး အလောင်းကောင် တစ်ကောင်က တွားသွားပြီး ထွက်လာခဲ့ပါတယ်။ ဒါက အံ့အားသင့်စရာကောင်းတဲ့ အဆင့်သုံးငွေချပ်ဂတ် အလောင်းကောင်ဖြစ်ပြီး ပန်းဖူးအဆင့် ပြိုင်ဘက်တစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။

"တကယ်လို့ ငါ့ရဲ့ကျင့်ကြံခြင်းအဆင့် နိမ့်ကျနေတာ မဟုတ်ဘူးဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလောင်းကောင် စစ်သားတွေကို ပေါင်းစည်းနိုင်မှာ ဖြစ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ပြိုင်ဘက်တစ်ယောက်ကိုတောင် ရွေးလို့ရနိုင်တယ်"

ရုံဟွမ်ရှမ်ရဲ့ မျက်နှာပေါ်မှာ မရှိတင်ကဲ ဖြစ်နေတဲ့ အမူအရာတွေနဲ့ ပြည့်နှက်နေပါတယ်။

"ဒါပေမဲ့လည်း ဒါကလုံလောက်ပါပြီ။ ငါက စိတ်ဝိညာဉ် ပလ္လင်အဆင့် ကြယ်သုံးလုံးပဲရှိတယ်။ ဒါတောင် ပန်းဖူးအဆင့် ကြယ်ငါးလုံးတစ်ယောက်ကို ရင်ဆိုင်ပြီး အနိုင်ယူနိုင်တယ်။ ငါဖြတ်ကျော် သာလွန်တဲ့ ကြယ်အရေအတွက်ကို ဘယ်သူကမှ လိုက်မီလိမ့်မှာ မဟုတ်ဘူး"

သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ပန်းဖူးအဆင့် ပြိုင်ဘက်ဆီကို လက်ညှိုးထိုးညွှန်ပြလိုက်ပြီး အလောင်းကောင် စစ်သားကို အမိန့်ပေးလိုက်ပါတယ်။

"သူ့ကို သတ်ပစ်"

****

နောက်ထပ်နေရာလွတ် တစ်ခုမှာ ရန်ထန်းဖောင်က ရုတ်တရက် ထွက်ပေါ်လာပါတယ်။

သူက တစ်ချိန်လုံးလိုလို အရိပ်တစ်ခုလိုမျိုး

ပုန်းကွယ်နေခဲ့ပါတယ်။ ဒါက သူ့အနေနဲ့ လင်းဟန်ကို ကြောက်ရွံ့လို့ မဟုတ်ပါဘူး။ သူကအချိန်ကောင်းကို စောင့်နေပြီးမှ သူရဲ့ပန်းတိုင်ကို ရရှိအောင်မြင်ဖို့ တစ်ချက်တည်းနဲ့ တိုက်ခိုက်ပြီး လင်းဟန်ရဲ့ လက်ထဲက သော့ကိုလုယက်ဖို့ ဖြစ်ပါတယ်။ ရန်ထန်းဇောင်ရဲ့ ပြိုင်ဘက်ကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် ပန်းဖူးအဆင့် သက်ရှိတစ်ယောက် ဖြစ်ပါတယ်။

"ဟားဟား ဒါက စိတ်နယ်ပယ်တစ်ခုပဲ။ ပြီးတော့ ငါက နတ်ဘုရားတစ်ပါးရဲ့ မှတ်ဉာဏ်နဲ့ ပေါင်းစည်းခဲ့ပြီး ငါ့ရဲ့နတ်ဘုရားအာရုံက အားလုံးထက်ပိုပြီးတော့ သန်မာတယ်"

သူက အရမ်းကို ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ စစ်မှန်တဲ့ တိုက်ပွဲစွမ်းအားက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ ပန်းဖူးအဆင့်အကန့်အသတ်မှာ ရှိတယ်"

ဒါက ကောင်းကင်မြစ်ဘုရင်ရဲ့ စစ်သူကြီး ဆယ့်နှစ်ယောက်က တည်ဆောက်ခဲ့တဲ့ လျှို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခု ဖြစ်ပါတယ်။ ဒဏ္ဍာရီတွေအရတော့

ကောင်းကင်မြစ် ဘုရင်က အထွတ်အထိပ် အမွေဆက်ခံပစ္စည်း တစ်ခုကို ရရှိခဲ့ပြီး မဟာဖန်ဆင်းသူကို လွှမ်းမိုးနိုင်လုနီးပါး ဖြစ်ခဲ့ပါတယ်။ အဆုံးသတ်မှာ သူကသေဆုံးသွားပေမဲ့ သူရဲ့နာမည်ကတော့ အံ့ဖွယ် ကောင်းလောက်အောင် ထင်ရှားကျော်ကြားပြီး သူရဲ့စစ်သူကြီး ဆယ့်နှစ်ယောက်တောင်မှ အရမ်းကို ကြည်ညိုလေးစား ကြရပါတယ်။

"ငါက ကောင်းကင်မြစ်ဘုရင်ရဲ့ အမွေအနှစ်ကို ရယူဖို့ ဆုံးဖြတ်ထားခဲ့တယ်။ ဒါပေမဲ့ အဲဒါကို မဟာဖန်ဆင်းသူဆီကို ပြန်တဲ့အခါကျမှ ရရှိနိုင်လိမ့်မယ်။ အခု ငါပထမဆုံး စစ်သူကြီး ဆယ့်နှစ်ယောက်ရဲ့ အမွေအနှစ်ကို စုစည်းရမယ်။ အဲဒါကငါ့ရဲ့ခွန်အားကို ကြီးကြီးမားမား တိုးတက်လာမဲ့ အကျိုးအမြတ်ရဖို့ သေချာလိမ့်မယ်"

ဟုမ်း။ သူရဲ့ပြိုင်ဘက်ဖြစ်သူ လက်တစ်ဖက်က ဆန့်ထုတ်လာပြီး အံ့မခန်း အရှိန်အဂါတွေ ထွက်ပေါ်လို့ လာပါတယ်။ ဒါက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပန်းဖူးအဆင့် ကြယ်နှစ်ဆယ်လုံး ဖြစ်ပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကြယ်နှစ်ဆယ့်ငါးလုံးနဲ့ တိုက်ခိုက်ယှဉ်ပြိုင်တာက လင်းဟန်ရဲ့ အကန့်အသတ်

ဖြစ်ပါတယ်။ ကြယ်နောက်တစ်လုံးဆိုရင် သူ့အနေနဲ့ အနိုင်ရကောင်း ရနိုင်ပါသေးတယ်။ ဒါပေမဲ့ ကြယ်တစ်လုံးပဲ ပိုလာတာက ဘာများအဓိပ္ပါယ် ရှိမှာလဲ။ ဒါကြောင့် သူက အကြီးကြီး လုပ်ချင်ပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကြယ်နှစ်ဆယ်လုံး။

သူရဲ့ဖျက်ဆီးခြင်းစွမ်းအားက ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ကို အနိုင်ယူဖို့ လုံလောက်ပါတယ်။ အဓိကသော့ချက်ကတော့ ဒီဓားသမားက ဘယ်လိုပေါ်လာသလဲ ဆိုတာကို သူမြင်တွေ့ခဲ့ပါတယ်။ ဒါကြောင့် တတိယဓားသမား ပေါ်လာမဲ့ နေရာမှာ အချိန်ကိုက် လဲလျောင်းပြီး လုပ်ကြံရပါမယ်။ ဒါကြောင့် အနက်ရောင်ပုံစံကို ပစ်လွှတ်ဖို့ အဆင့်သင့် ဖြစ်နေပါပြီ။

"မင်းဆန္ဒအတိုင်းပဲ"

အစီအရင် စိတ်ဂိညာဉ်က စကားပြောပြီးတာနဲ့ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပြီး တတိယ ဓားသမားက ပေါ်လာခဲ့ပါတယ်။ သူက အရမ်းကို သန်မာလွန်းပါတယ်။ ပြီးတော့ လင်းဟန်က မြေကြီးပေါ်မှာ လဲလျောင်းပြီးတော့ သူ့ကိုစောင့်နေတာကို မြင်လိုက်ရပေမဲ့ ဒီတစ်ကြိမ်မှာ

သူရဲ့ဓားရှည်ကို လွှဲမခုတ်ပဲ သူက လင်းဟန်ဆီကို နတ်ဘုရားအာရုံတစ်ခု ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

နတ်ဘုရားအာရုံ တိုက်ခိုက်မှုတစ်ခုက ဘယ်လောက်တောင် မြန်လိုက်သလဲ။ နောက်ပြီးတော့ ဒါက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ နတ်ဘုရားအာရုံ လွှမ်းမိုးမှု ဖြစ်ပြီး အသာလေး ထိလိုက်တာနဲ့ စိတ်ဂိညာဉ် ပလွှင်အဆင့် လူတစ်ယောက်ကို အကြိမ်ပေါင်း ရာပေါင်းများစွာ ထိခိုက်ပျက်စီးသွားနိုင်ပါတယ်။

ဒါပေမဲ့ လင်းဟန်က ဘယ်သူမိုလို့လဲ။ သူ့မှာ ကောင်းကင်အဆင့် နတ်ဘုရားအာရုံ တစ်ခုရှိနေပြီး သူ့ကိုနတ်ဘုရားအာရုံနဲ့ ဒဏ်ရာရအောင် လုပ်ဖို့ဆိုတာက အနည်းဆုံးတော့ ကောင်းကင်အဆင့် ရှိရမယ် မဟုတ်လား။

ဟုမ်း။

ဒီတိုက်ခိုက်မှုကြောင့် လင်းဟန်က မတုန်မလှုပ်နဲ့ သူရဲ့ဘယ်ဘက်လက်ကို တတိယမြောက် ဓားသမားရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖိလိုက်တဲ့အခါမှာ နတ်ဆိုးပုံစံတွေက လင်းလက်သွားခဲ့ပါတယ်။ ဖျောက်။ တတိယမြောက်ဓားသမားက ပေါ်လာပြီးတာနဲ့ မကြာခင်ပဲ

ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီလိုမျိုးလည်း ရတာပဲလား။

အစီအရင် စိတ်ဂိညာဉ်က နောက်တစ်ကြိမ် ပေါ်လာပြီးတော့ ပြောစရာစကားကို ကင်းမဲ့နေပုံ ရပါတယ်။ လင်းဟန်က ဒီတိုက်ပွဲမှာ ဈေးပေါပေါနဲ့ လှည့်စားလိုက်ပြီး ဒါက စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည်ကို သေချာပေါက် ထင်ဟပ်စေခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ ခန္ဓာကိုယ်က ဒီလိုမျိုး စွမ်းရည်ကို ၎င်းရဲ့ဓားသမားက ပုံစံတူ ကူးယူလို့ မရပဲ လင်းဟန်က ဒီအပေါက်ကို တွေ့သွားပြီးမှ အသုံးချလိုက်တာလား။

ဆန့်ကျင်ဘက်ပါပဲ။ တကယ်လို့ လင်းဟန်ရဲ့ အစွမ်းထက်တဲ့ နတ်ဘုရားအာရုံသာ မရှိဘူးဆိုရင် ဒီတိုက်ခိုက်မှုရဲ့အောက်မှာပဲ လင်းဟန်က သေချာပေါက် သေသွားပါလိမ့်မယ်။ အဲဒါဆိုရင် ဘယ်လိုမျိုး လှည့်ကွက်ကိုမှ သုံးလို့ကို မရတော့ပါဘူး။

"ငါ့သုံးသပ်ချက်အရတော့ မင်းအောင်မြင်တယ်"

အစီအရင် စိတ်ဂိညာဉ်က အတော်လေးကို စိတ်မချမ်းမသာ ဖြစ်သွားစေခဲ့ပါတယ်။ သူ့အနေနဲ့ မွန်းစတားတစ်ကောင်နဲ့

အစောလေးက ကြုံတွေ့ခဲ့ပြီးတော့ အဲဒီမိန်းကလေးရဲ့ နတ်ဘုရား အာရုံကို ဆွဲမထုတ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် အဲဒီမိန်းကလေးငယ်လေးကို စမ်းသပ်မှုမှာ ပါဝင်ယှဉ်ပြိုင်ခွင့် မရခဲ့ပါဘူး။

"ငါ့အပြင်ထွက်လို့ မရဘူးလား"

လင်းဟန်က မေးလိုက်ပါတယ်။

"တခြားသူတွေအားလုံး ပြီးတဲ့အထိကို စောင့်ပါ။ ထိပ်ဆုံးသုံးယောက် လက်ခံရရှိမဲ့ ဆုတွေကို ဒီနေရာမှာပဲ ပေးသွားမယ်"

အစီအရင် စိတ်ဂိညာဉ်က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ စောင့်နေခဲ့လိုက်ပါတယ်။

တစ်ရက်နဲ့တစ်ညတိတိ စောင့်ပြီးတဲ့နောက်မှာတော့ စမ်းသပ်မှုမှာ ပါဝင်တဲ့ လူတွေက အပြင်ကို ထွက်လာခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီနေ့ ကုန်သွားတဲ့ နောက်မှာတော့ စမ်းသပ်မှု တစ်ခုလုံး ပြီးဆုံးသွားပြီလို့

တရားဝင်ကြေညာလိုက်ပြီး ထိပ်ဆုံးသုံးယောက်ကိုတော့ အားလုံးရဲ့ မှတ်တမ်း အပေါ်မှာ အခြေခံပြီးတော့ တွက်ချက်နေပါတယ်။

ရွှစ်ရွှစ်ရွှစ်။

ထိပ်ဆုံးသုံးယောက်ထဲ မဝင်တဲ့လူတွေ အားလုံးရဲ့ နတ်ဘုရားအာရုံတွေက ပြန်လည်ရရှိလာပြီး အခန်းထဲကနေ ထွက်လာကြပါတယ်။

"ဘာ ငါက ကြယ်ခုနစ်လုံးသာတဲ့ ပြိုင်ဘက်ကိုတောင် အနိုင်ယူခဲ့တာကို ထိပ်ဆုံးသုံးယောက်ထဲ မပါသေးဘူး ဟုတ်လား"

"ထွက်သွားစမ်း ငါက ကြယ်ရှစ်လုံးအသာကို အနိုင်ယူနိုင်ခဲ့တာကွ"

တစ်ယောက်ပြီးတစ်ယောက် လူတိုင်းလူတိုင်းက အော်ဟစ်လို့ နေကြပါတယ်။ သူတို့ကလည်း သန်မာသူတွေ ဖြစ်ကြပေမဲ့ ထိပ်ဆုံးသုံးနေရာကိုတောင်မှ ဝင်အောင်လို့ မလုပ်နိုင်ပါဘူး။ ဒါက အရမ်းကို များသွားပါပြီ။

ယုခွမ်လွမ်၊ ရန်ကျှင့်ဟောင်နဲ့ အရင်မျိုးဆက်ထဲက ပါရမီရှင် အဆင့်ဇယားရဲ့ နံပါတ်တစ်တွေ အားလုံးကို ကြည့်ရတာ တုန်လှုပ်နေပုံ ရပါတယ်။ သူတို့က တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးကို ကျော်လွန်နိုင်ခဲ့တာတောင်မှ ထိပ်ဆုံးသုံးယောက် နေရာကို မရရှိခဲ့ပါဘူး။ ဒီအံ့အားသင့်မှုက အရမ်းကို ကြီးမားပါတယ်။

အောင်းဖန်နဲ့ တခြားလူပေါင်း သုံးဆယ်ကျော်လည်း မျက်နှာတွေ မှုန်မှိုင်းလို့ နေကြပါတယ်။ သူတို့လည်း တိုက်ပွဲကြယ် ငါးလုံးသာလွန်နိုင်ခဲ့ပြီး ပန်းဖူးအဆင့်ကြယ်ငါးလုံးဆိုတာက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကြယ်ဆယ်လုံးနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဆင့်က ပိုမြင့်လာလေ လူတစ်ယောက်ရဲ့အဆင့်ကို ကျော်လွန်ပြီး တိုက်ခိုက်ဖို့က ပိုပြီးတော့ ခက်ခဲလို့ ဖြစ်ပါတယ်။ အစီအရင် စိတ်ဂိညာဉ်က ဒါကိုရော ထည့်ပြီးတော့ မစဉ်းစားထားဘူးလား။

သူတို့အားလုံး ဘေးပတ်ဂန်းကျင်ကို ကြည့်လိုက်တဲ့ အခါမှာ ဒီနေရာမှာ အခုလက်ရှိ ပန်းဖူးအဆင့် စစ်သည်တော် ဆယ့်ငါးယောက်ရှိတာကို မြင်လိုက်ရပါတယ်။ ဒီဆယ့်ငါးယောက်က အရင်တုန်းက ရှိနေတဲ့သူတွေ ဖြစ်တာကြောင့် ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်မှ

ထိပ်ဆုံး သုံးယောက်ထဲ ဝင်ရောက်ခဲ့ခြင်း မရှိပါဘူး။

ဒါက သူတို့ကို မမျှတသလို ခံစားစေရပါတယ်။ အစီအရင် စိတ်ဂိညာဉ်က အဆင့်ကြီးတိုင်းရဲ့ ခက်ခဲမှုတွေကို မစဉ်းစားခဲ့တာက သူတို့ကို မမျှမတလုပ်နေတယ်လို့ ခံစားနေရပါတယ်။

"ငါမယုံဘူး"

"ငါလည်းပဲ မယုံနိုင်ဘူး"

"ငါတို့အားလုံး မယုံကြည်နိုင်ဘူး"

လူတိုင်းလူတိုင်းက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက်ကြပြီး အစီအရင် စိတ်ဂိညာဉ်ကို ဖြေရှင်းချက်တစ်ခု သူတို့ကို ပေးစေချင်ပါတယ်။

အစီအရင် စိတ်ဂိညာဉ်က ထွက်ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေက ငါ့ရဲ့တရားမျှတမှုကို သံသယဝင်နေတာလား"

"အစီအရင် စိတ်ဂိညာဉ်အရှင် သင်က ပန်းဖူးအဆင့်မှာ လူတစ်ယောက်ရဲ့ အဆင့်က ကျော်လွန်ပြီး တိုက်ခိုက်ဖို့ ခက်ခဲတယ် ဆိုတာကို ထည့်ပြီးတော့ စဉ်းစားခဲ့ပါသလား"

အောင်းဖန်က ယဉ်ကျေးစွာနဲ့ မေးလိုက်ပါတယ်။

အစီအရင် စိတ်ဂိညာဉ် လူငယ်လေးက အထင်အမြင်သေးစွာနဲ့ နှာခေါင်းရှုံ့လိုက်ပါတယ်။

"ဒီအရှင်သခင်က မင်းထက် နှစ်ထောင်ပေါင်းများစွာ အသက်ရှင်နေလာခဲ့တာ။ မင်းက ဒီအရှင်သခင်ကို ဒီလိုမျိုး မေးခွန်းတစ်ခုကို ဘယ်လိုလုပ် မေးပွံ့တာလဲ"

မယုံကြည်နိုင်ဖြစ်နေတဲ့ လူတစ်ယောက်က ပြောလိုက်ပါတယ်။

"ဒါဆိုရင် အစီအရင် စိတ်ဂိညာဉ် အရှင်သခင် ခင်ဗျာ။ ထိပ်ဆုံးသုံးယောက်က ကြယ်ဘယ်နှစ်လုံး ကျော်ဖြတ်တိုက်ခိုက်ခဲ့ပါသလဲ"

"ဟုတ်တယ် ကျနော်တို့ကို ပြောပြပါ"

"ထိပ်ဆုံးသုံးယောက်က ဘယ်လောက်တောင် အထင်ကြီးဖို့ကောင်းသလဲဆိုတာကို သေသေချာချာ မြင်ချင်တယ်"

အစီအရင် စိတ်ဝိညာဉ် အရှင်သခင်က ခဏလောက်ရပ်ပြီးတော့မှ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ တတိယနေရာက စိတ်ဝိညာဉ် ပလ္လင်အဆင့်ဖြစ်ပြီးတော့ ပန်းဖူးအဆင့် အလှဲ့ငါးက ပြိုင်ဘက်တစ်ယောက်ကို အနိုင်ယူခဲ့တယ်"

ဖူး။

ချက်ချင်းဆိုသလိုပဲ လူတွေအများကြီးက ပါးစပ်အဟောင်းသား ဟပြီးတော့ သွားရည်တွေကျပြီး မယုံကြည်နိုင်အောင် ဖြစ်နေတဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

လူတိုင်းလူတိုင်းက စိတ်ဝိညာဉ် ပလ္လင်အဆင့်နဲ့ ပန်းဖူးအဆင့်ကြားက ကွာဟချက်ကို သိရှိနားလည်ထားကြပါတယ်။ ဒါက ရောမ ချောက်နက်ကြီး တစ်ခုလိုပါပဲ။ ဒါပေမဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော်

တစ်ယောက်က တကယ်ပဲ ပန်းဖူးအဆင့် ပြိုင်ဘက်တစ်ယောက်ကို အနိုင်ယူခဲ့တဲ့အပြင် အဲဒါက ပန်းဖူးအဆင့် အလွှာငါး အဆင့်မှာ ရှိပါတယ်။ ဒါက ဟာသကြီး တစ်ခု မဟုတ်ဘူးလား။

Chapter 491 end

အပိုင်း(၄၉၂) စစ်ပွဲနတ်ဘုရား အကယ်ဒမီ

"အစီအရင် စိတ်ဂိညာဉ်အရှင်သခင် အဲဒါက ဖြစ်နိုင်ပါ့မလား"

ချောင်ထန်းရီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက လွန်ခဲ့တဲ့ မျိုးဆက်နှစ်ခုအလွန်က ပါရမီရှင် အဆင့်ဇယားရဲ့ နံပါတ်တစ်ဖြစ်ပြီးတော့ ပန်းဖူးအဆင့်ရဲ့ ခြေလှမ်းတစ်ဂက် အဆင့်ကို ရောက်နေပြီး သူရဲ့ခွန်အားက အထင်ကြီးလောက်စရာ ကောင်းပြီးတော့ သူလည်းပဲ မယုံနိုင် ဖြစ်နေပါတယ်။

အစီအရင် စိတ်ဂိညာဉ်က သူ့ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ပြောလိုက်ပါတယ်။

"မင်းက ဒီအရှင်သခင်ကို သံသယရှိနေတာလား"

"အစီအရင် စိတ်ဂိညာဉ် အရှင်သခင်ကရော ဒါကို သံသယဖြစ်ဖွယ် မကောင်းဘူးလို့ မထင်ဘူးလား"

ချောင်ထန်းရီက ထေ့ငေါ့ပြီး ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင် ပြုမှုပြောဆိုတာမျိုးကို ခွင့်မပြုဘူး"

အစီအရင် စိတ်ဂိညာဉ်က အေးစက်စွာပြောပြီးတော့ သူရဲ့လက်ကို ချောင်ထန်းရီဆီကို ဖျော့ယမ်း လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရောမ ကျားဖြူကြီးတစ်ကောင်က လေထဲမှာ ပေါ်လာပြီး ချောင်ထန်းရီကို ခုန်အုပ်လိုက်ပါတယ်။

အဖြူရောင်ကျားကြီး ထွက်ပေါ်လာတာနဲ့ လူတိုင်းလူတိုင်းက အေးစိမ့်သွားပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့မှုတွေနဲ့အတူ သူတို့ရဲ့ စိတ်ဂိညာဉ်ကို နက်နက်ရှိုင်းရှိုင်းအထိ တုန်လှုပ်သွားခဲ့ပါတယ်။ ဒါကအရမ်းကို သန်မာလွန်းတယ်။ လုံးဝပဲ ဘယ်လိုရှုထောင့်ကပဲ ကြည့်ပါစေ စဉ်းစားလို့ကိုမရအောင် သန်မာလွန်းပါတယ်။

ချောင်ထန်းရီလည်း အကြီးအကျယ် အံ့အားသင့်သွားခဲ့ပြီး အစီအရင် စိတ်ဂိညာဉ်က သူ့ကို တိုက်ခိုက်လိမ့်မယ်လို့ လုံးဂမမျှော်လင့်ခဲ့ပါဘူး။ တိုက်ခိုက်မှုကလည်း အရမ်းကို ကြောက်မက်ဖွယ် ကောင်းပါတယ်။ သူကနည်းနည်းလေးမှ သံသယ မရှိပဲ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာကို ထုတ်ပြီးတော့ အဖြူရောင်ကျားကြီးဆီကို ပစ်လွှတ်လိုက်ပါတယ်။

ဟုမ်း။

အမိန့်စာလွှာက လောင်ကျွမ်းသွားပြီးတော့ ရေခဲလင်းတငှက်ကြီး တစ်ကောင်အဖြစ်ကို ပြောင်းသွားပြီး ၎င်းရဲ့အတောင်ပံတွေကို ခတ်ပြီးတော့ အဖြူရောင်ကျားကြီးကို ရေခဲလေအေးနဲ့ ထိုးဖောက်တိုက်ခိုက် လိုက်ပါတယ်။

ဒါပေမဲ့လည်း အဖြူရောင်ကျားကြီးက ရိုးရိုးရှင်းရှင်းပဲ သူရဲ့ပါးစပ်ကို ဟပြီးတော့ ရေခဲလင်းတငှက် တစ်ခုလုံးကို ကိုက်တောင်မကိုက်ပဲ ငါးမျိုလိုက်ပြီး ချောင်ထန်းရီလည်း သူရဲ့ပါးစပ်ထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

လပြွတ်။

အားလုံးက တစ်ပြိုင်နက်တည်း အသံတောင် မထွက်ရဲကြပါဘူး။ ဒါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်က အမိန့်စာလွှာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အဖြူရောင်ကျားကြီးက တစ်ကိုက်တောင် မကိုက်ပဲ ဂါးမျိုပစ်လိုက်ပါတယ်။ ကျားကြီးရဲ့ ခွန်အားက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်သလဲ။ ဒီနေရာရဲ့ အမွေအနှစ်ကို လူတိုင်းရယူချင်နေတာ မထူးဆန်းတော့ပါဘူး။ အစီအရင် စိတ်ဂိညာဉ် တစ်ခုတည်းတောင် ဒီလောက်အစွမ်းထက်တာ တကယ်လို့ တစ်စုံတစ်ယောက်က စစ်မှန်တဲ့ အမွေအနှစ်ကို ရရှိခဲ့မယ်ဆိုရင် ဘယ်လောက်တောင်များ သန်မာလိုက်မလဲ။

အစီအရင် စိတ်ဂိညာဉ်က အဖြူရောင် ကျားကြီးကို ပြန်ရုပ်သိမ်းပြီးတော့ အားလုံးဆီကို ဂရုမစိုက်တဲ့ဟန်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမှာ ငါ့အရှင်သခင်ကို သံသယရှိနေသေးတဲ့ လူတွေရှိသေးလား"

အားလုံးပဲ သူတို့ရဲ့ ခေါင်းတွေကို အလျင်အမြန်ပဲ ခါလိုက်ကြပါတယ်။ တကယ်လို့ အစီအရင် စိတ်ဂိညာဉ်က

အဲဒါကို စိတ်ထဲကနေ ကျိတ်ပြီးတော့ ဖုံးကွယ်ထားမယ်ဆိုရင်တောင်မှ ဘယ်သူကများ အရေးဆိုပုံ့မှာလဲ။ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူမဆို အသန်မာဆုံး ဖြစ်ရင် သူ့ရဲ့စကားက နောက်ဆုံးစကားအတည်ပဲ ဖြစ်ပါတယ်။ စောဒကတက်တယ်ဆိုတာက အားနည်းတဲ့ သူတွေရဲ့ အမှုအကျင့်ပဲ ဖြစ်ပါတယ်။

ဂက်ပါစိတ်ဝိညာဉ်က ကျန်နေတဲ့ ထိပ်ဆုံးနှစ်ယောက်ရဲ့ မှတ်တမ်းကို ပြောဖို့အတွက် အချိန်ဖြုန်း မနေတော့ပဲ ဟူးညိုကို အကြိမ်အနည်းငယ်မျှ ကွက်ကြည့်ကွက်ကြည့် ကြည့်နေပါတယ်။ အထဲက လူသုံးယောက်က အတော်လေးကို ထူးဆန်းပါတယ်။ သူတို့အားလုံးမှာ လှည့်ကွက်တွေနဲ့ ပြည့်နှက်နေကြပါတယ်။ ဒါပေမဲ့ အဲဒီအဆင့်က နားလည်နိုင်တဲ့ အဂန်းအပိုင်းထဲမှာပဲ ရှိပါတယ်။

ဒီမိန်းကလေးငယ်လေး တစ်ယောက်တည်းကိုပဲ သူမရဲ့ နတ်ဘုရားအာရုံကို ဆွဲထုတ်ယူလို့ မရနိုင်ပဲ ရှိနေတာပါ။ ဒါကမှ အထူးဆန်းဆုံး အရာဖြစ်ပြီးတော့ သမိုင်းတစ်လျှောက်မှာ ပထမဆုံး ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။

စိတ်နယ်ပယ်ထဲမှာ လင်းဟာန်နဲ့ ကျန်တဲ့နှစ်ယောက်က

သူတို့က ထိပ်ဆုံးသုံးယောက်ထဲမှာ ပါဝင်တယ်ဆိုတာကို သိရှိပြီးတော့ မျှော်လင့်ချက်တွေနဲ့ ပြည့်နှက်လို့နေပါတယ်။

ဘယ်လိုဆုလာဘ်တွေကို သူတို့တွေ လက်ခံရရှိကြမှာလဲ။

"ရှုံဟွမ်ရွှမ် မင်းက ဒီတစ်ကြိမ်စမ်းသပ်မှုမှာ တတိယနေရာကို ရရှိခဲ့တယ်။ ဒီမှာ ထူးခြားနက်နဲတဲ့ ပညာရပ်သုံးခုပဲ။ မင်းတစ်ခုကို ရွေးချယ်နိုင်တယ်"

ဂက်ပါစိတ်ဂိညာဉ်က ရှုံဟွမ်ရွှမ်ရဲ့ ဘေးနားမှာ ပထမဆုံး ပေါ်လာခဲ့ပါတယ်။

အဟွတ် အဟွတ်

ချက်ချင်းဆိုသလို ရှုံဟွမ်ရွှမ်က ချောင်းဆိုးသွားခဲ့ပါတယ်။

အစတုန်းက သူ့အနေနဲ့ ပထမနေရာကို ရလိမ့်မယ်လို့ သေချာပေါက်ကို ယုံကြည်ချက်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကနေ ကူးဖြတ်ပြီးတော့ ပန်းဖူးအဆင့်ကို တိုက်ခိုက်တာတောင် မလုံလောက်သေးဘူးလား။ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကများ နိုင်းယှဉ်နိုင်မှာလဲ။ ဒါပေမဲ့လည်း

သူကအမှန်တကယ်ပဲ တတိယနေရာ ရတာလား။

လပြွတ်ပဲ။ ဒါမဖြစ်နိုင်ဘူး။

"မှားများမှားနေသလား။ ကျုပ်က တတိယပဲ ရတာလား"

ရှုံဟွမ်ရှမ်က မကျေမနပ် ဖြစ်တာထက် မယုံကြည်နိုင်မှုက ပိုပါတယ်။

ဂင်္ကပါစိတ်ဂိညာဉ်ရဲ့ ဒေါသတွေက မလျော့ကျသွားသေးပါဘူး။ ပြီးတော့ ရှုံဟွမ်ရှမ်က ဒါကို စိန်ခေါ်လိုက်တာကို ကြည့်ပြီးတော့ ချက်ချင်းဆိုသလို ဒေါသတွေ တလိပ်လိပ် တက်လာပြီး ရှုံဟွမ်ရှမ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး ပြင်းပြင်းထန်ထန် ရိုက်နက်ပစ်ပါတယ်။ ရှုံဟွမ်ရှမ်ကို ရိုက်နက်ဆုံးမပြီးတဲ့ နောက်မှာတော့ ဂင်္ကပါစိတ်ဂိညာဉ်က အလင်းရောင်ဘောလုံး တစ်လုံးကို ကြုံသလို ရွေးချယ်ပြီးတော့ ရှုံဟွမ်ရှမ်ရဲ့ ခေါင်းပေါ်ကို ပစ်ပေးလိုက်ပြီး ၎င်းကအထဲကို နစ်ဝင်သွားခဲ့ပါတယ်။

"ထွက်သွားစမ်း"

ဂက်ပါစိတ်ဂိညာဉ်က ရုံဟွမ်ရွှမ်ကို အခန်းအပြင်ဘက်ကို ကန်ထုတ်ပစ်လိုက်ပြီး ချက်ချင်းပဲ သူရဲ့နတ်ဘုရား အာရုံက ပြန်လည်ရရှိလာခဲ့ပါတယ်။

"အား"

ရုံဟွမ်ရွှမ်က မြေကြီးပေါ်မှာ လူးလိမ့်နေခဲ့ပါတယ်။ သူရဲ့နတ်ဘုရားအာရုံ ပြန်ရရှိခဲ့သလို သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံး နာကျင်တဲ့ ဒဏ်ကိုလည်း ခံစားရပြီး တကယ်ပဲ အပြင်မှာ ရိုက်နက်ခံရသလို ခံစားနေရပါတယ်။ ဒါပေမဲ့လည်း လူတိုင်းလူတိုင်းက သူ့ကို အထူးတလည် စိုက်ကြည့်နေတာကို တွေ့လိုက်ရတဲ့ အခါမှာ အလျင်အမြန်ပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲ ခုန်ဝင်သွားခဲ့ပါတယ်။

ဘယ်လောက်ပဲ မာနကြီးပြီး စိတ်ကြီးဝင်နေပါစေ သူ့အနေနဲ့ ပန်းဖူးအဆင့် လက်ရွေးစင် စစ်သည်တော် ငါးယောက်ကို တစ်ပြိုင်နက်တည်း ရန်မစပံ့ပါဘူး။

"မဟုတ်ဘူး"

သိပ်မကြာခင်မှာ ရုံဟွမ်ရွှမ်က ဂမ်းနည်းဖွယ်ရာ

အော်ဟစ်လိုက်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူလက်ခံရရှိခဲ့တဲ့ လျှို့ဝှက်ချက်တွေက မှော်ဆေးလုံး တစ်မျိုးကို ဘယ်လိုမျိုး သန့်စင်ဖော်စပ် ရမလဲဆိုတာပဲ ဖြစ်ပါတယ်။

လပြွတ်ပဲ။

သူက မှော်ဆေးပညာရှင် တစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူ့ကို မှော်ဆေးလုံး လျှို့ဝှက်ချက်တွေ ပေးရတာလဲ။

ဒါက ဂင်္ကါပါစိတ်ဝိညာဉ်ကို အပြစ်ပြုမိတဲ့ သူရဲ့အမှားကြောင့် ဖြစ်ပါတယ်။ ပြီးတော့ အခုဆိုရင် ဒါနဲ့ပတ်သက်ပြီးတော့ ဘာမှလုပ်မရတော့သလို ငြင်းခုံလို့လည်း မရတော့ပါဘူး။

ဂင်္ကါပါ စိတ်ဝိညာဉ်က နောက်တစ်ကြိမ် ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ရန်ထန်းဖောင်ရဲ့ နေရာမှာ ဖြစ်ပါတယ်။

"ရန်ထန်းဖောင် မင်းက ဒီတစ်ကြိမ် စမ်းသပ်မှုမှာ ဒုတိယနေရာ ရရှိတယ်။ ဒီမှာ မှော်ဆေးလုံး အမျိုးအစား သုံးခုရှိတယ်။ မင်းတစ်ခုကို ရွေးနိုင်တယ်"

ဂက်ပါစိတ်ဝိညာဉ်က အရင်အတိုင်းပဲ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဆုလာဘ်ကတော့ ပြောင်းလဲ သွားခဲ့ပါတယ်။

"ဘာ"

ရန်ထန်းဇောင်က အံ့အားသင့်သွားပြီး မတ်တတ်ထရပ်လိုက်ပါတယ်။ သူက ပန်းဖူးအဆင့်က ကြယ်နှစ်ဆယ်လုံးရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို စိတ်ဝိညာဉ် ပလ္လင်အဆင့်နဲ့ပဲ အနိုင်ယူခဲ့ ပါတယ် ဒါက အစားမထိုးနိုင်တဲ့ အံ့ဖွယ်သရဲတစ်ခု ဖြစ်ပါတယ်။ သူက နတ်ဘုရား တစ်ပါးရဲ့ မှတ်ဉာဏ်တွေကိုလည်း ပိုင်ဆိုင်ပြီးတော့ နတ်ဘုရားအာရုံနဲ့ တိုက်ခိုက်ခဲ့ပြီး သူက မတရားကို သန်မာအားကောင်းတယ် မဟုတ်လား။

ဒါပေမဲ့လည်း ဒါက သူ့ကို ပထမနေရာကိုတောင် မရစေခဲ့ဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့အနေနဲ့ ဒါကိုယုံကြည်နိုင်မှာလဲ။

"ဘာလဲ။ မင်းလည်းပဲ ဒီအရှင်သခင်ကို သံသယဝင်နေတာလား"

ဂက်ပါ စိတ်ဝိညာဉ်က အလေးအနက်နဲ့ ပြောလိုက်ပါတယ်။

သူက တစ်စုံတစ်ယောက်ကို နောက်တစ်ကြိမ် ရိုက်နှက်ချင်နေပါတယ်။

"ကျနော် မလုပ်ပွံ့ပါဘူး"

ရန်ထန်းဇောင်က ပိုပြီးတော့ စဉ်းစားချင့်ချိန် တတ်ပါတယ်။ သူ့အနေနဲ့က ဒီဂက်ပါ စိတ်ဂိညာဉ်က ဘယ်လိုမျိုး စွမ်းအားတွေ ပိုင်ဆိုင်ထားသလဲ ဆိုတာကို ကောင်းကောင်းကြီး သိနားလည် ထားပါတယ်။ သူရဲ့ဂုဏ်ကျက်သရေ ထွန်းလင်းတောက်ပခဲ့တဲ့ အစောပိုင်းနှစ်တွေတုန်းကတောင် သူ့အနေနဲ့ ဒါကိုမစော်ကားပွံ့ပါဘူး။ အခုလိုမျိုး မှတ်ဉာဏ် အစိတ်အပိုင်း တချို့ပဲ ရှိတယ်ဆိုမှတော့ ဘာများတတ်နိုင်ဦးမှာလဲ။

"အရမ်းကောင်းတယ်။ မင်းက မလုပ်ပွံ့ဘူး ဆိုမှတော့ ဒီမှာ မြန်မြန်လေး ရွေးချယ်လိုက်"

ဂက်ပါ စိတ်ဂိညာဉ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ၎င်းရဲ့လက်ထဲမှာ အလင်းရောင် ဘောလုံးသုံးလုံး ရှိနေပြီးတော့ အထဲမှာ မှော်ဆေးလုံး တစ်လုံးစီက ပျံသန်းနေပါတယ်။

သိပ်မကြာခင်မှာပဲ ဂက်ပါ စိတ်ဂိညာသ်က လင်းဟန်ရှိတဲ့ဆီကို ရောက်လာခဲ့ပါတယ်။

"လင်းဟန် မင်းက ဒီတစ်ကြိမ် စမ်းသပ်မှုရဲ့ ပထမဆုရှင်ပဲ။ ဒီမှာ ထူးခြားနက်နဲတဲ့ ပညာရပ် သုံးခုရှိတယ်။ မင်းတစ်ခုကို ရွေးချယ်နိုင်တယ်"

ဆုလာဘ်က နောက်တစ်ကြိမ် ပြောင်းသွားခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ချက်ချင်းပဲ မေးလိုက်ပါတယ်။

"ဒုတိယနဲ့ တတိယရတဲ့ သူတွေရဲ့ မှတ်တမ်းက ဘယ်လောက်ရှိလဲ"

"သူတို့နှစ်ယောက်စလုံး စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိကြတယ်။ တစ်ယောက်က ပန်းဖူးအဆင့် ကြယ်ငါးလုံးကို အနိုင်ယူခဲ့ပြီး နောက်တစ်ယောက်ကတော့ ကြယ်နှစ်ဆယ်လုံးကို အသီးသီး အနိုင်ယူခဲ့ကြတယ်"

ဂက်ပါ စိတ်ဂိညာဉ်က ပျင်းစရာကောင်းစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ကတော့ မအံ့သြပဲ မနေနိုင်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ တစ်စုံတစ်ယောက်က အရမ်းကို သန့်မာရတာလဲ။ မဟုတ်ဘူး သူတို့က သူ့လိုမျိုးပဲ ဟာကွက်တစ်ခုခုကို အသုံးပြုတာ ဖြစ်နိုင်တယ်။

"မြန်မြန်ရွေးလိုက်"

ဂက်ပါ စိတ်ဝိညာဉ်က အတော်လေးကို စိတ်မရှည်ဖြစ်နေပါတယ်။

လင်းဟန်က ၎င်းရဲ့လက်ထဲက အလင်းရောင်ဘောလုံး သုံးလုံးကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီထူးခြားနက်နဲတဲ့ ပညာရပ်တွေက ဘာတွေလဲ"

"အလင်းရောင် ဘောလုံးတွေကို မင်းရဲ့နဖူးအပေါ်မှာ တင်လိုက်ရင် ထူးခြားနက်နဲတဲ့ ပညာရပ်ရဲ့ အနှစ်ချုပ်ကို မြင်ရမယ်။ တကယ်လို့ မင်းက မရေတွက်နိုင်တဲ့ ကြယ်တွေသာလွန်ခဲ့တာ မဟုတ်ခဲ့ဘူးဆိုရင် ဒီထူးခြားနက်နဲတဲ့ ပညာရပ်သုံးခုထဲက ဘာကိုမှ ရွေးချယ်ရယူဖို့ အဆင့်မီမှာ မဟုတ်ဘူး"

လင်းဟာန်က ချက်ချင်းဆိုသလို အံ့အားသင့်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

ဒီထူးခြားနက်နဲတဲ့ ပညာရပ်တွေ အားလုံးက ကျောက်မျက်ရတနာတွေပါပဲ။

"ကောင်းကင်စိတ်ဂိုဏ်ဥ မဟာပုံရိပ်ယောင် ဂဏ်ပါ အစီအရင်"

"မှော်ဆေးပညာရဲ့ တစ်ရာ့ရှစ်ခု အယူဂါဒ"

"နဂါးကိုးကောင်ခန္ဓာကိုယ် ကျင့်စဉ်ပညာရပ်"

အချက်အလက်တွေ အရတော့ ဂဏ်ပါအစီအရင်တွေ၊ မှော်ဆေးပညာနဲ့ သိုင်းပညာရပ်တွေပဲ ဖြစ်ပါတယ်။

သူက မရွေးချယ်ခင်မှာ အနည်းငယ် တုံ့ဆိုင်းပြီးမှ နဂါးကိုးကောင်ခန္ဓာကိုယ် ကျင့်စဉ်ပညာရပ်ကို ရွေးချယ်ခဲ့ပါတယ်။

သူက ဂဏ်ပါ အစီအရင်တွေကို ဟိုစပ်စပ် ဒီစပ်စပ် စပ်စုရုံတင် ဖြစ်ပြီးတော့ သိုင်းပညာရပ်လောက် ထိပ်ဆုံးအဆင့်မှာ

မထားနိုင်ပါဘူး။ မှော်ဆေးပညာရပ် အတွက်ကတော့ သူ့အနေနဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ အချိန်အများကြီး လိုပါသေးတယ်။ ဒါကြောင့် နတ်ဘုရားအဆင့် မှော်ဆေးလုံးဖော်စပ်နည်း ရှိတော့ရော ဘာအဓိပ္ပါယ်ရှိမှာလဲ။

ဒါကြောင့် သူက ထူးခြားနက်နဲတဲ့ သိုင်းပညာရပ်ကိုပဲ ရွေးချယ်ခဲ့ပါတယ်။

နဂါးကိုးကောင် ခန္ဓာကိုယ်ကျင့်စဉ် ပညာရပ်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာတစ်ခု ဖြစ်ပြီး ဒီပညာရပ်ကို အထွတ်အထိပ်ရောက်အောင် ကျင့်နိုင်ခဲ့ရင် နတ်ဘုရားတစ်ပါးရဲ့ ခန္ဓာကိုယ် တစ်ခု ဖြစ်လာနိုင်ပြီး စစ်မှန်တဲ့ နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်နိုင်ပါတယ်။

စစ်မှန်တဲ့ နဂါးတစ်ကောင်ဆိုတာ ထူးခြားဆန်းကြယ်တဲ့ သားရဲကောင်တွေထဲက အသန်မာဆုံး တစ်ကောင် ဖြစ်ပြီးတော့ စစ်မှန်တဲ့ နဂါးကိုးကောင်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားကို ပိုင်ဆိုင်မယ်ဆိုရင် ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းလိမ့်မလဲ။ ဒါပေမဲ့လည်း ဒီနဂါးကိုးကောင် ခန္ဓာကိုယ်ကျင့်စဉ်က မပြည့်စုံသေးပဲ သုံးပုံတစ်ပုံခန့်သာ

ရှိပါတယ်။ ဒါကို ကျင့်ကြံမယ်တဲ့ လူတစ်ယောက်အနေနဲ့ အစစ်အမှန် နဂါးသုံးကောင်ရဲ့ စွမ်းအားကိုပဲ ပိုင်ဆိုင်နိုင်ပါလိမ့်မယ်။

"ဘယ်လောက်တောင် ကပ်စေးနဲလိုက်သလဲ။ ဘာဖြစ်လို့ ဒါက သုံးပုံတစ်ပုံပဲ ရှိရတာလဲ"

လင်းဟာန်က ကန့်ကွက်လိုက်ပါတယ်။

"အရှေ့မှာ နောက်ထပ် စမ်းသပ်မှု နှစ်ကြိမ်မက ရှိသေးတယ်။ ပြီးတော့ တကယ်လို့ မင်းက ပထမနေရာကို နှစ်ကြိမ်ရခဲ့မယ်ဆိုရင် မင်းမှာဒီကျင့်စဉ်ကို ပြည့်စုံသွားမဲ့ အခွင့်အရေး ရှိတယ်"

ဂင်္ဂါပါ စိတ်ဝိညာဉ်က ဂရုမစိုက်တဲ့ ဟန်နဲ့ ပြောလိုက်ပြီး အလင်းရောင် ဘောလုံးကို ဖြတ်ခနဲ လုယူပြီးတော့ လင်းဟာန်ရဲ့ ခေါင်းပေါ်ကို ဖိနှိပ်ချလိုက်ပါတယ်။ ချက်ချင်းဆိုသလို ရွှေရောင်စာလုံးတွေက လင်းဟာန်ရဲ့ ခန္ဓာကိုယ်ထဲကို စီးဝင်သွားပြီးတော့ သူနဲ့အတူ ပေါင်းစည်းသွားခဲ့ပြီါတယ်။

"ထွက်သွားတော့"

ဂျက်ပါ စိတ်ဝိညာဉ်က လင်းဟန်ကိုလည်း အပြင်ကို ထုတ်လိုက်ပါတယ်။

လင်းဟန်က ဘာတုံ့ပြန်မှုမှ မရှိပါဘူး။ သူ့ရဲ့နတ်ဘုရားအာရုံက နဂါးကိုးကောင် ခန္ဓာကိုယ်ကျင့်စဉ်အပေါ်မှာ အပြည့်အဝရှိနေပြီး သူ့ရဲ့မှတ်ဉာဏ်တွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီစာလုံးပုံစံတွေက နားလည်ဖို့ အရမ်းကို ခက်ခဲပါတယ်။ သူတောင်မှ အတော်လေးကို ခက်ခဲပင်ပန်းသလို ခံစားရပါတယ်။

Chapter 492 end
အပိုင်း(၄၉၃) မိုးပြာရောင်မီးတောက်လင်းတ

ပုန်း။

လင်းဟန်ရဲ့ နတ်ဘုရားအာရုံ ပြန်ဝင်ရောက်လာပြီး အပြင်မှာ ထွက်ပေါ်လာခဲ့ပါတယ်။

အားလုံးက လင်းဟန်ကို ကြည့်လိုက်ကြပါတယ်။ ဒီကောင်လေးက နောက်ဆုံးမှ ထွက်လာတာ ဖြစ်ပါတယ်။

ဒါကြောင့် သူက ဒီတစ်ကြိမ် စမ်းသပ်မှုမှာ ပထမနေရာ ရတာဖြစ်ပါလိမ့်မယ်။

တတိယဆုရှင်မှာက ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးရှိခဲ့ပါတယ်။ ဒါဆိုရင် ဒီကောင့်ရဲ့ တိုက်ပွဲစွမ်းရည်ကရော ဘယ်လောက်တောင် သန်မာလိုက်သလဲ။ ဒါပေမဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်သာသာပဲ ရှိတဲ့ စစ်သည်တော်တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သေမျိုးတွေရဲ့ အကန့်အသတ်ကို ကျော်လွန်နိုင်မှာလဲ။

"ဆရာသခင်လင်း မင်းဘာရတနာတွေကို ရခဲ့သလဲ"

ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်က မေးလိုက်ပါတယ်။

ပြောနေကြ စကားတစ်ခွန်း ရှိတာကတော့ လူတစ်ယောက်က တခြားလူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်တွေကို ဘယ်တော့မှ မမေးသင့်ပါဘူးတဲ့။ ဒါပေမဲ့ သူရဲ့အဆင့်မြင့်တာကို အခွင့်ကောင်း ရယူပြီးတော့ ထိုလူက လွှန်လွှန်ကဲကဲကို ပြုမှုလိုက်ပါတယ်။ နောက်ပြီး သူ့အနေနဲ့ လင်းဟန်ရဲ့ ကောင်းကင်အဆင့်

မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ ပုံရိပ်ကို စိုးရိမ်ပူပန်နေသေးတာကြောင့် မဟုတ်ရင် သူ့အနေနဲ့ လင်းဟန်ကို လုယက်တိုက်ခိုက် ပါလိမ့်မယ်။

လင်းဟန်က သူ့ကိုစိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်ဘာသာကျုပ် ဘာရတနာပဲရရ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

ပန်းဖူးအဆင့် လက်ရွေးစင်က တံတွေးတောင်သီးသွားခဲ့ပါတယ်။ သူ့ရဲ့အမူအရာက ပြောင်းလဲသွားပြီးတော့ ဒေါသအိုး ပေါက်ကွဲသွားပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းကို စဉ်းစားလိုက်တဲ့ အခါမှာ လင်းဟန်က သူ့ထက်တောင် ပိုမြင့်မားပြီး တကယ်လို့ လင်းဟန်က သူ့ကိုကျိန်ဆဲမယ်ဆိုရင်တောင်မှ ဘာဖြစ်ဦးမှာလဲ။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ကြောက်တာ မကြောက်တာက တစ်ကဏ္ဍ၊ ဒါပေမဲ့ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ပြုမူဆက်ဆံတာက တစ်ခြားတစ်ကဏ္ဍ ဖြစ်ပါတယ်။

သူရဲ့အကြည့်တွေမှာ အေးစိမ့်မှုတွေနဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။ လင်းဟန်ထွက်သွားတာနဲ့ ဒါမှမဟုတ် တခြားပန်းဖူးအဆင့် စစ်သည်တော်တွေက သူ့အနားမှာ မရှိတဲ့ အချိန်မှာ သူ့အနေနဲ့ ရတနာကို သိမ်းပိုက်ပြီးတော့ မျက်မြင်သက်သေတွေ အားလုံးကို သတ်ပစ်ပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ လင်းဟန်က ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ အခုသူက လျှို့ပှက်နယ်မြေထဲကို ဝင်ရောက်လာခဲ့ပြီး သူ့ရဲ့ကိုယ်ပိုင် အသက်ရှင်သန်ရေးအတွက်က သူရဲ့ကိုယ်ပိုင်တာဝန်ပဲ ဖြစ်ပါတယ်။

လင်းဟန်က သူရဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ရရှိခံစားမိပြီးတော့ အေးစက်စက် အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ ဒြပ်စင်ငါးခုရဲ့ မဟာစိတ်ဝိညာဉ် နှစ်ခုနဲ့ပဆိုရင် ပန်းဖူးအဆင့် ပြိုင်ဘက်ကို သူ့အနေနဲ့ ကြောက်ရွံ့ထိတ်လန့်နေစရာ လိုဦးမှာတဲ့လား။ တကယ်လို့ သူက ယွဲ့ခိုင်ယုကို နောက်ထပ် အမိန့်စာလွှာကို အသုံးပြုခိုင်းလိုက်ရင် ဒီလူကို သတ်ပစ်ဖို့ဆိုတာတောင်

ဖြစ်နိုင်ချေ ရှိပါတယ်။

တချို့က မနာလိုတွေဖြစ်ပြီး တချို့ကတော့ မုန်းတီးနေကြပါတယ်။ ရုံဟွမ်ရှမ်က အနည်းငယ် မျက်နှာမှုန်မှိုင်းနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဂင်္ကပါ စိတ်ဂိညာဉ်ကို အပြစ်ပြုမိခဲ့ပြီး ဘာကိုမှ ရွေးချယ်ခွင့် မရှိခဲ့ပဲ မှော်ဆေးပညာ နည်းစနစ်များကို ရရှိခဲ့ပါတယ်။ အဲဒီမှာ ရေးမှတ်ထားသမျှ အားလုံးက ကောင်းကင်အဆင့် မှော်ဆေးလုံး ဖော်စပ်နည်းတွေ ဆိုပေမဲ့ သူ့အတွက် ဘာများအသုံးဝင်လို့လဲ။

ရန်ထန်းဇောင်က ပိုပြီးတော့ ကံကောင်းခဲ့ပါတယ်။ သူက ပန်းဖူးအဆင့်ကို ချိုးဖျက်နိုင်ဖို့အတွက် လုံလောက်တဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မှော်ဆေးလုံး တစ်လုံးကို ရရှိခဲ့ပါတယ်။ ဒါကြောင့် သူရဲ့ အကြည့်တွေကို လင်းဟာန်အပေါ်မှာပဲ အာရုံစိုက်ထားပြီး လင်းဟာန်ရရှိခဲ့တဲ့ ထူးခြားနက်နဲတဲ့ ပညာရပ်က ပိုပြီးတော့တောင် တန်ဖိုးမဖြတ်နိုင်ဘူးဆိုတာကို ယုံကြည်နေပါတယ်။

ပန်းဖူးအဆင့် လက်ရွေးစင်တွေ အားလုံးက လင်းဟာန်၊ ရန်ထန်းဇောင်နဲ့ ရုံဟွမ်ရှမ်တို့ကို ကြည့်လိုက်ကြပါတယ်။ သူတို့ကိုယ်ပေါ်က ရတနာတွေကို သူတို့တွေက

လိုချင်နေကြပါတယ်။ ပြီးတော့ ပိုပြီးတော့ သိချင်နေတာက သူတို့သုံးယောက်စလုံးက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိနေတဲ့ အချိန်တွင်း ပန်းဖူးအဆင့် ပြိုင်ဘက်တွေကို ဘယ်လိုများ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သလဲ ဆိုတဲ့ လျှို့ဝှက်ချက်တွေပဲ ဖြစ်ပါတယ်။

ဂင်္ဂါပါ စိတ်ဝိညာဉ်က သူတို့ကို ဖိနှိပ်လိုက်တာနဲ့ တောင်တွေနဲ့ ကွင်းပြင်ကျယ် မြေကွက်လပ်ရှိတဲ့ နေရာဆီကို ရောက်သွားပြီး အဲဒီနေရာက သားရဲကောင်တွေက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ရိုင်းစိုင်းပြီး ပြေးလွှားနေကြပါတယ်။ ဂင်္ဂါပါစိတ်ဝိညာဉ်က သူတို့ကို ဖိနှိပ်လိုက်ရုံနဲ့ပ ဒုတိယစမ်းသပ်စစ်ဆေးတဲ့ နေရာဆီကို ရောက်သွားကြပါတယ်။ စည်းမျဉ်းစည်းကမ်းတွေက အတူတူပါပဲ။ ထိပ်ဆုံးသုံးယောက်က ဆုလက်ဆောင်တွေကို ရရှိနိုင်မယ်။ ဒါပေမဲ့ စမ်းသပ်မှုကတော့ တိုက်ပွဲစွမ်းရည်ကို ကျော်လွန်တဲ့ အဆင့်မျိုး မဟုတ်တော့ပါဘူး။ ဒါမှမဟုတ်ရင်တော့ အဓိပ္ပါယ်ရှိတော့မှာ မဟုတ်ပါဘူး။

သူတို့ခြောက်ယောက်က ထွက်လာခဲ့ကြပါတယ်။ လှီယုထန်နဲ့ပ တခြားသူတွေလည်း လင်းဟန်က ဘယ်လိုရတနာမျိုးကို လက်ခံရရှိခဲ့တယ် ဆိုတာကို သိချင်စိတ်တွေ အရမ်းကို ပြင်းပြနေကြပါတယ်။ လင်းဟန်က

သူတို့ကို နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်အကြောင်းကို ပြောခဲ့ပြီးတော့ အားလုံးကို အကြီးအကျယ် မနာလို ဖြစ်စေခဲ့ပါတယ်။ နာမည်တစ်ခုတည်း ကြားရတာနဲ့တင် အရမ်းကို အထင်ကြီးစရာ ကောင်းနေပါပြီ။

"ဟူးညို မင်းဘာဖြစ်လို့ ထိပ်ဆုံးသုံးနေရာထဲကို မဝင်နိုင်ရတာလဲ"

လင်းဟန်က ဒါအရမ်းကို ထူးဆန်းနေသလို ခံစားရပါတယ်။ ဟူးညိုရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လိုက်မယ်ဆိုရင် ပန်းဖူးအဆင့် ကြယ်နစ်ဆယ်လုံး ပြိုင်ဘက် တစ်ယောက်ကို အသေကိုက်ဖို့က အရမ်းကို ဖြစ်နိုင်ပါတယ်။

"ညိုးညိုး ဘာမှမသိဘူး။ ဂင်လို့မရဘူး"

ဟူးညိုက ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က သေသေချာချာ ရှင်းရှင်းလင်းလင်း မေးပြီးတဲ့နောက်မှာ အံ့အားသင့်သွားခဲ့ပါတယ်။ ဟူးညိုက စမ်းသပ်စစ်ဆေးမှုမှာ တကယ်ပဲ မယှဉ်ပြိုင်ခဲ့ပါဘူး။ သူမက အိမ်ထဲကို မဝင်ခဲ့တာ မဟုတ်ပဲ ဂက်ပါ စိတ်ဝိညာဉ်က သူမရဲ့

နတ်ဘုရားအာရုံကို ဆွဲထုတ်ဖို့ နည်းလမ်းမရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် စမ်းသပ်စစ်ဆေးမှုကို ပါဝင်ဖို့ နည်းလမ်းမရှိခဲ့ခြင်း ဖြစ်ပါတယ်။

လပြွတ်ပေါ့။ နတ်ဘုရားအဆင့် ဂက်ပါ စိတ်ဂိညာဉ် တစ်ခုတောင်မှ ဟူးညိုရဲ့ ဂိညာဉ်ကို မထုတ်နိုင်ဘူး။ ဒီမိန်းကလေးရဲ့ ဂိညာဉ်က အမှန်တကယ်ပဲ တည်ငြိမ်လှချည်လား။

ဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးတောင်မှ သူမအပေါ်မှာ အကျိုးသက်ရောက်မှု မရှိနိုင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။

"သခင်လေးဟန် ငါတို့ရဲ့ လမ်းကြောင်းက ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်မှာတော့ မဟုတ်ဘူးထင်တယ် ဟုတ်တယ်မလား"

ကန်းရီက မေးလိုက်ပါတယ်။

"ဒါပေါ့ သေချာတာပေါ့ကွာ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ပြီးတော့ ခဏရပ်ပြီးတော့ ဆက်ပြောလိုက်သည်။

"ထူးဆန်းတယ်။ ငါ့ဘာဖြစ်လို့ ဂမ်ရီကျန်းကို မမြင်တာလဲ"

"သူက တခြားတစ်နေရာရာကို ရောက်နေလို့များလား"

"ဒါမှမဟုတ်လည်း အရမ်းကို ကြမ်းတမ်းတဲ့ သားရဲကောင်နဲ့ တွေ့ပြီးတော့ သေသွားတာလဲ ဖြစ်နိုင်တာပဲ"

ယွဲ့ခိုင်ယုက မကောင်းဆိုးဂါးဆန်တဲ့ ဆန္ဒတွေနဲ့ အပြည့်နဲ့ ပြောလိုက်ပါတယ်။ ဒီကောင်က လူတွေ မနာလိုချင်စရာ ကောင်းအောင် ခန့်ညားချောမော နေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူရဲ့ခေါင်းကို ခါပြီးပြောလိုက်ပါတယ်။

"ဂမ်ရီကျန်းက အသက်တိုတိုပဲ နေရမဲ့ လူတစ်ယောက် မဟုတ်ဘူး။ ဒီလူက အနာဂတ်မှာ မုန်တိုင်းတစ်ခုလိုပဲ မွှေမဲ့လူစားမျိုးပဲ။ သူကအချိန်ကိုက် ရောက်မလာနိုင်တာ သူ့မှာ တခြားကိစ္စတွေ ရှိနေလို့ပဲ ဖြစ်လိမ့်မယ် ဘာလဲဟ"

သူက ရုတ်တရက် ထိတ်လန့်သွားပါတယ် ဘာဖြစ်လို့ ဂမ်ရီကျန်းက မြောက်ပိုင်းဒေသကို သူဘာသာသူ

လာခဲ့တာလဲ။ တကယ်ပဲ ကျူးရွှမ်အာရဲ့ အလှအပကို နှစ်သက်သဘောကျလို့လား။ ဂမ်ရီကျန်းလို ပါရမီရှင် တစ်ယောက်က အမျိုးသမီးတစ်ယောက်ရဲ့ အလှအပသတင်းကို ကြားပြီးတော့ မိုင်ပေါင်းတစ်သောင်းကို သေချာပေါက် ခရီးသွားလိမ့်မှာ မဟုတ်ပါဘူး။

သူရောက်လာတာက လျို့ပုက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခု ပွင့်တဲ့အချိန်နဲ့ မထင်မှတ်ပဲ ကြုံရတာလား။

ရုတ်တရက် အတွေးတစ်ခု ပေါက်သွားခဲ့သည်။ ရဲတင်းတဲ့ သုံးသပ်ချက် တစ်ခု ဖြစ်ပါတယ် ဂမ်ရီကျန်းကရော သော့တစ်ချောင်းကို ပိုင်ဆိုင်ထားတာ ဖြစ်နိုင်တယ်။

ဒီဆွဲဆောင်မှုကြောင့် ဂမ်ရီကျန်းက နယ်မြေဒေသကို ကူးဖြတ်လာပြီးတော့ တစ်ယောက်တည်း ဒီကိုလာခဲ့တာ ဖြစ်ပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အခွင့်အလမ်းကို သူများခိုးယူသွားမှာကို ကြောက်ရွံ့နေလို့ ဖြစ်ပါလိမ့်မယ်။ နောက်ပြီးတော့ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးပဲ ရှိပါတယ်

ဒါပေါ့။ ဒါက သုံးသပ်ချက် တစ်ခုမျှသာ ဖြစ်ပါတယ်။ ဒါပေမဲ့

လင်းဟန်ကတော့ ဒီကိစ္စက အတော်လေး ဖြစ်နိုင်ချေများတယ်လို့ ထင်နေပါတယ်။

မြို့ကနေ ထွက်လာပြီးတော့ တောင်တွေနဲ့ တောအုပ်တွေ ရှိတဲ့ နေရာဆီကို ဦးတည်သွားကြ ရပါတယ်။ သစ်ပင်တွေက ပေရာနဲ့ချီ မြင့်မားပြီးတော့ နေရာအနှံ့ကို မြင်နိုင်ပါတယ် ပြီးတော့ အပင်တွေက ရောင်စုံတွေ တောက်ပနေပြီးတော့ လှပတဲ့ ပန်းခင်းကြီးတစ်ခုထဲကို ရောက်သွားသလိုပါပဲ။

ဒါပေမဲ့လည်း တောင်တွေနဲ့ တောအုပ်တွေဆိုတာက သေချာပေါက် မလုံခြုံပါဘူး။

မြို့တံခါးတွေကို ဖြတ်သန်းပြီးတော့ ပထမအကြိမ် စမ်းသပ်စစ်ဆေးမှုကို လက်ခံပြီးတော့မျ ဆုလာဘ်တွေကို ရယူတာမျိုးလိုပဲ ဒုတိယ စမ်းသပ်စစ်ဆေးမှုမှာ ဒုတိယမြောက် ဆုလာဘ်တွေကို ရယူနိုင်ပါလိမ့်မယ်။ ပထမတုန်းက လူတစ်ယောက်ရဲ့ ခွန်အားကို သက်သေပြရပြီး အခုက ကံကောင်းခြင်းကို ဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သားရဲကောင်တွေ ရှိပါတယ်။ တကယ်လို့ သူတို့က အဲဒီထဲကို ခုန်ဝင်မိသွားတာနဲ့ သူတို့ရဲ့ ဘဝက ပြီးဆုံးသွားပါလိမ့်မယ်။

"ဂရုစိုက်ကြ။ ငါတို့ဒီနေရာမှာ သားရဲကောင်တွေနဲ့တင်မကဘူး ပန်းဖူးအဆင့် ဓားပြတွေနဲ့ပါ ကြုံတွေ့နိုင်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

အားလုံးက ခေါင်းညိတ်လိုက်ပြီးတော့ သတိဂိရိယ အပြည့်နဲ့ တိတ်ဆိတ်ငြိမ်သက် နေကြပါတယ်။ အထူးသဖြင့်တော့ ယွဲ့ခိုင်ယုက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာကို သူ့လက်ထဲမှာ တန်းပြီးတော့ ကိုင်ထားပြီးတော့ တကယ်လို့ တစ်စုံတစ်ယောက်က အတင်းအကျပ်နဲ့ ဝင်တိုးလာခဲ့မယ်ဆိုရင် သူ့အနေနဲ့ အဲဒီအမိန့်စာလွှာကို ပစ်ထုတ်မဲ့ ပုံစံနဲ့ တူပါတယ်။

တောအုပ်ထဲကို ဝင်လာတာနဲ့ လူအုပ်ကြီးက ကွဲသွားကြပါတယ်။ ဒါက လျှို့ပုက်ဆန်းကြယ် နယ်မြေရဲ့ အထဲမှာ ဖြစ်ပြီးတော့ အရမ်းကို ရင်းနှီးတဲ့ သူငယ်ချင်းမဟုတ်ရင် တခြားလူကို လွယ်လွယ်ကူကူနဲ့ ယုံကြည်နိုင်မှာလား။ တကယ်လို့ သူတို့က နောက်ကျောကနေ ဓားနဲ့ထိုးရင် ဘယ်လိုလုပ်မလဲ။ ဘယ်သူက သူတို့အတွက် ငိုကြွေးပေးပြီးတော့

လက်စားပြန်ချေပေးမှာလဲ။

"ဂီး ဂီး ဂီး"

ငှက်အော်သံတွေက တောအုပ်အထဲမှာ ပဲ့တင်သံထပ်နေပါတယ် ရောမ ငှက်တွေက မိုးကောင်းကင်ပေါ်မှာ လေဟုန်စီးနေကြတာကို မြင်တွေ့နိုင်ပါတယ်။ သူတို့ရဲ့ အတောင်ပံတွေက ပေတစ်ရာကျော်လောက် ရှိပြီးတော့ အတောင်ပံမွေးတွေက ဓားသွားတွေနဲ့ တူပါတယ်။ တချို့က အတောင်ပံမွေးတွေတောင် မရှိပဲ အဲဒီအစား ရှည်သွယ်သွယ် အနက်ရောင် အကြေးခွံနက်များက အေးစက်စက် သံမဏိပြားတစ်ချပ်လိုမျိုး ပြန့်ကားထွက်နေပါတယ်။

သူတို့က နွားရိုင်းတစ်ကောင်ကို ကြက်ကလေး ငှက်ကလေးတစ်ကောင်လို သုတ်ချီသွားတဲ့ ရောမ မိုးပြာရောင်လင်းတကြီး တစ်ကောင်ကို မြင်တွေ့လိုက်ရပါတယ်။

သံမဏိအကြေးခွံ နီမည်းနွားသိုး။ လူတိုင်းလူတိုင်း ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရတဲ့ အခါမှာ သူတို့အားလုံးပဲ အံ့အားသင့် သွားကုန်ကြပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သံမဏိကြေးခွံ နီမည်းနွားသိုးက

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သက်ရှိတစ်ကောင် ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ မိုးပြာရောင်လင်းတငှက်ကြီးက လွယ်လွယ်ကူကူနဲ့ ချီသွားခဲ့ပါတယ်။ ဒါကြောင့် ဒီမိုးပြာရောင် လင်းတငှက်ကြီးက ဘယ်အဆင့်မှာလဲ။

လင်းဟန်ရဲ့ အာရုံတွေ တင်းကျပ်သွားခဲ့ပါတယ်။ ဒီမိုးပြာရောင် လင်းတငှက်ကြီးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်သားရဲ ဖြစ်ပြီးတော့ မိုးပြာရောင်မီးတောက်လင်းတလို့ ခေါ်ပါတယ်။ ဒီငှက်ကြီးက မိုးပြာရောင် မီးတောက်ကို မှုတ်ထုတ်နိုင်ပြီး အဆင့်ရှစ် ရှားပါးသတ္တုတွေကိုတောင် အရည်ပျော်သွားစေပါတယ်။

ဟုတ်ပါတယ်။ ဒါက သားရဲတွေထဲက ဘုရင်တစ်ပါး ဖြစ်ပါတယ်။ သာမန်နတ်အသွင် ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေမှာ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းမရှိပါဘူး။

တကယ်လို့ ဒီမိုးပြာရောင် လင်းတက သူတို့ကို တိုက်ခိုက်လာမယ်ဆိုရင် သူ့အနေနဲ့ပ အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်ပစ်ရပါလိမ့်မယ်။ ဒါပေမဲ့ ယွဲ့ခိုင်ယုနဲ့ ကျူးရှွမ်အာတို့ကိုတော့ သူ့အနေနဲ့ စိတ်မချပါဘူး။

ယွဲ့ခိုင်ယုက အရမ်းကို ပါးစပ်ဖွာပါတယ်။ ပြီးတော့ ကျူးရှွမ်အာက သူရဲ့ယုံကြည်မှုကို မရသေးပါဘူး။ ဒါကြောင့် ဒီနှစ်ယောက်ကို အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို သေချာပေါက် သိသွားလို့ မဖြစ်ပါဘူး။

ကံကောင်းတာက မိုးပြာရောင် လင်းတကြီးက သူတို့ကို အေးစက်စက် အကြည့်တစ်ချက်ပဲ ကြည့်လိုက်ပြီးတော့ သနားစရာကောင်းတဲ့ သတ္တဂါလေးတွေလိုမျိုး သူရဲ့အာရုံစိုက်ဖို့ မတန်သလိုနဲ့ အဝေးကို ပျံသန်းသွားပါတယ်။

Chapter 493 end

အပိုင်း(၄၉၄) ဥတွေကို ခိုးယူခြင်း

သူတို့ခြောက်ယောက်က အမှုမဲ့ အမှတ်မဲ့ မနေပံ့ကြတော့ပါဘူး။ ဒါက အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ သူတို့ကို အကြိမ်တစ်ရာလောက် သတ်ပစ်နိုင်တဲ့ အစွမ်းထက် သားရဲတွေ ရှိပါတယ်။ ဒါပေမဲ့ သူတို့ရယူနိုင်မဲ့ အခွင့်အလမ်းတွေကို စဉ်းစားလိုက်တဲ့ အခါမှာတော့ ဘယ်သူကမှ အမြီးကုပ် မသွားခဲ့ပါဘူး။

နောက်ပြီးတော့ ဒါကသူတို့ကိုယ်သူတို့ အကြမ်းခံနိုင်စေမဲ့ ရှားပါးတဲ့ အခွင့်အရေးတစ်ရပ်လည်း ဖြစ်ပါတယ်။ သေခြင်းနဲ့ ရှင်ခြင်းကြားမှာ ကူးလူးဆက်ဆံနေတာက သိုင်းပညာရှင်တွေရဲ့ ကျင့်ကြံခြင်း လုပ်ငန်းစဉ်ကို အကြီးအကျယ် တိုးတက်လာစေပါတယ်။

သူတို့ရဲ့ ကံက မဆိုးပါဘူး။ နေ့တဂက် ကြာတဲ့အထိ အစွမ်းထက်တဲ့ သားရဲကောင် တစ်ကောင်နဲ့မှ ဆုံတွေ့ရခြင်း မရှိပါဘူး။ သားရဲတစ်ကောင် ထွက်ပေါ်လာတဲ့ အခါမှာတော့ ၎င်းသားရဲက ဆယ်ပေခန့် ရှည်လျားပြီး အမွေးတွေက နက်မှောင်တောက်ပလို့ နေပါတယ်။ ၎င်းမှာ ရှည်လျားထူထဲတဲ့ ခြေလေးချောင်း ရှိပြီးတော့ သုံးပေခန့် ရှည်လျားတဲ့ အမြီးတစ်ခု ပါရှိပါတယ်။

ဒါပေမဲ့လည်း ဒီသားရဲမှာ မြွေတစ်ကောင်ရဲ့ ဦးခေါင်းရှိပြီးတော့ တစ်ပေခန့်ရှည်လျားတဲ့ လျှာနီနီကြီးကို ပြူတစ်ပြူတစ်နဲ့ ထုတ်နေပါတယ်။

"ပန်းဖူးအဆင့်ပါလား"

လူတိုင်းလူတိုင်း လေအေးတစ်ချက် မှုတ်ထုတ်လိုက်ပါတယ်။ ဒီနေရာက အရမ်းကို ရင်းနှီးကျွမ်းဝင်မှု မရှိပဲနဲ့

ပန်းဖူးအဆင့်မှာရှိတဲ့ သားရဲကောင်တွေကလည်း ကြုံရင်ကြုံသလို ထွက်ပေါ်လာတတ်ပါတယ်။ လူသားတွေအတွက်တော့ အသက်ရှင်လျက်နဲ့ ထွက်ခွာသွားဖို့ဆိုတာ လုံးဝကို နည်းလမ်းမရှိပါဘူး။

စကားတစ်ခွန်းမှ မဆိုပဲ လင်းဟန်က ကျောက်တုံးစိတ်ဝိညာဉ်ကို ဆင့်ခေါ်လိုက်ပါတယ်။ ဒီသားရဲကောင်က သူတို့အတွက် စမ်းသပ်မှုတစ်ခု မဟုတ်ပါဘူး။ ၎င်းက သူတို့ရဲ့ အသက်ကို နှုတ်ယူဖို့ ဒီနေရာကို လာခဲ့တာပါ။

"ဂါး"

ကျောက်တုံးစိတ်ဝိညာဉ်က မြွေဦးခေါင်းနဲ့ သားရဲကောင်ဆီကို ဟိန်းဟောက်လိုက်ပါတယ်။ နောက်မှပေါက်တဲ့ ရွှေကြာပင်က လုံးဝကို အကြောက်အရွံ့ မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။

မြွေဦးခေါင်းနဲ့ သားရဲကောင်က ထိတ်လန့်သွားပုံ ရပါတယ်။ ၎င်းက သားရဲတွေအကြားမှာ ဘုရင်တစ်ကောင် မဟုတ်ပါဘူး။ ဒါကြောင့် ထိုသားရဲကောင်ရဲ့ အဆင့်က ကျောက်တုံး စိတ်ဝိညာဉ်ထက် ပိုမြင့်တယ်ဆိုတာ

သိသာထင်ရှားပေမဲ့လည်း ၎င်းပုံစံက အနည်းငယ် တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေပြီးတော့ အလျင်စလိုနဲ့ မတိုက်ခိုက်ပုံ့ပါဘူး။

"ဂါး ရောမ ကျောက်တုံးကောင်ကြီး"

ဟူးညိုက မျက်စိလှန်ပြီး ကြည့်လိုက်ပါတယ်။ ဒါက သူမအတွက် ကျောက်တုံး စိတ်ဂိညာဉ်ကို ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်ပါတယ်။ ချက်ချင်းဆိုသလိုပဲ ကျောက်တုံးစိတ်ဂိညာဉ်ရဲ့ ဦးခေါင်းပေါ်ကို ခုန်တက်လိုက်ပြီးတော့ မြွေဦးခေါင်းနဲ့ သားရဲကို လက်ညိုးထိုး ညွှန်ပြလိုက်ပြီး ပြောလိုက်ပါတယ်။

"မြန်မြန် မြန်မြန်လေး လုပ် ညိုးညိုး အသားစားချင်နေပြီ။ အဲဒီ ရောမ မွန်းစတားကောင်ကြီးကို ချပစ်လိုက်စမ်း"

ကျောက်တုံးစိတ်ဂိညာဉ်က ဒေါသထွက်သွားခဲ့ပါတယ်။ လင်းဟန်ကလွဲရင် တခြားလူတွေ အားလုံးကို နှိမ့်ချပြီး ကြည့်ပါတယ်။ ဘယ်သူကများ သူရဲ့ခေါင်းပေါ်မှာ စီးနင်းပုံ့တာလဲ။ ဒြပ်စင်ငါးခု စိတ်ဂိညာဉ်တွေမှာ ဂုဏ်သိက္ခာ ကျက်သရေ ရှိပါတယ်။ လင်းဟန်က ၎င်းကို ဆိုးဆိုးဂါးဂါး ပြောင်းဆန်အောင် လုပ်ခဲ့ပေမဲ့လည်း ၎င်းကလုံးဝ

အရှုံးမပေးခဲ့ပေ။ မျှော်စင်လေးက ၎င်းကို ထိတ်လန့်တကြားဖြစ်အောင် ဖိနှိပ်လှုပ်ရှားလာမှပဲ အရှုံးပေးခဲ့ပါတယ်။ ဒါကြောင့် ဒီမိန်းကလေးငယ်လေးက ဘာမိုလို့လဲ။

ဒါက သူ့ရဲ့ဒေါသကို နှိုးဆွလိုက်သလိုပါပဲ။ ဒါပေမဲ့ ဟူးညိုဆီကနေ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ တည်ရှိမှုတစ်ခုကို ခံစားလိုက်ရသလိုမျိုး ၎င်းက ရုတ်တရက် ထိတ်လန့်သွား ခဲ့ပါတယ်။ ချက်ချင်းပဲ ၎င်းက ခွေးတစ်ကောင်လိုမျိုး လိမ္မာသွားပြီးတော့ ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပြီး မြွေဦးခေါင်း သားရဲကောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"ချ ချချ ထိအောင်ချ ဆော်ပစ်။ ပိတ်တီးပစ်လိုက်စမ်းပါ"

ဟူးညိုက လက်ခုပ်တီးပြီးတော့ ရယ်မောရင်းနဲ့ ကျောက်တုံးစိတ်ဂိညာဉ်ကို အမိန့်ပေးနေ ခဲ့ပါတယ်။

လင်းဟန်က ဒါကို ထူးဆန်းသလို ခံစားနေရပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က တကယ်ပဲ ဟူးညိုရဲ့ စကားကို နားထောင်နေတာလား။ သူရဲ့ ဦးနှောက်က ကျောက်တုံးတွေနဲ့ ပြည့်နှက် နေပြီလား။

မြွေဦးခေါင်းနဲ့ သားရဲကောင်က ကျောက်တုံးစိတ်ဝိညာဉ်နဲ့ အလုညှ့်အနည်းငယ် တိုက်ခိုက်ပြီး ထွက်ပြေးဖို့ စတင်လိုက်ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်နဲ့ ရောမစွမ်းအင်ကို သိရှိလိုက်ရပြီး ၎င်းအနေနဲ့ ကျောက်တုံးစိတ်ဝိညာဉ်နဲ့ ပြိုင်ဘက်လုံးဝ မဟုတ်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ ထွက်ပြေးဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

"အဲဒီကောင်ကို ထွက်မပြေးစေနဲ့။ လိုက်ဖမ်းစမ်း"

ဟူးညိုက အမိန့်ပေးပြီးတော့ ကျောက်တုံးစိတ်ဝိညာဉ်ကို ထိန်းချုပ်ပြီး လိုက်ဖမ်းခိုင်းလိုက်ပါတယ်။

ဒါပေမဲ့လည်း အချိန်အနည်းငယ် အတွင်းမှာပဲ ကျောက်တုံးစိတ်ဝိညာဉ်ကို ခေါ်ပြီးတော့ ဟူးညိုက ပြန်လာခဲ့ပါတယ်။ ဟူးညိုက မျက်နှာသုန်မှုန်ပြီးတော့ စိတ်ကောက်လို့ နေပါတယ်။ သူမက ကျောက်တုံးစိတ်ဝိညာဉ်ကို မျက်စောင်းထိုးပြီးတော့ ဆူပူကြိမ်းမောင်း ပြောဆိုလိုက်ပါတယ်။

"ဘယ်လောက်တောင် သုံးစားမရလိုက်တဲ့

နလပိန်းတုံးကောင်လဲ။ ညိုးညိုးရဲ့ အသားကို ထွက်ပြေးခိုင်းတယ်။ တကယ်လို့ နင်က ကျောက်တုံးတွေချည်းပဲ မဟုတ်ရင် ညိုးညိုး နင့်ကို စားပစ်ရလိမ့်မယ်”

ကျောက်တုံးစိတ်ဂိညာဉ်က ဘာမှပြန်မပြောရဲပဲ လိမ်လိမ်မာမာနဲ့ပဲ ခေါင်းတညိတ်ညိတ် လုပ်နေပြီး ဟူးညိုရဲ့ အကြိုက်ကို ဆောင်ပြီးတော့ ဖော်လံဖား လုပ်နေပါတယ်။

ဒီကျောက်တုံး စိတ်ဂိညာဉ်က ကြမ်းထော်ပြီးတော့ ဉာဏ်မရှိတဲ့ ငတုံးငအတစ်ကောင်ရော ဟုတ်သေးရဲ့လား။

“ဒီလိုမျိုး အစွမ်းထက်တဲ့ ရုပ်သေးရုပ်တစ်ကောင်”

ကျူးရှမ်အာက တကယ်ပဲ အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်ပါတယ်။ ဒါက ပန်းဖူးအဆင့် ရုပ်သေးရုပ် တစ်ခုဖြစ်ပါတယ်။ သူမက လင်းဟာန်ကို ကြည်ညိုလေးစားခြင်းတွေနဲ့ ကောက်ကာငင်ကာ အံ့အားသင့်ပြီး ကြည့်လိုက်ပါတယ်။

“သခင်လေးဟာန်က ပါရမီရှင် တစ်ယောက်ဆိုတာကို သက်သေပြတာပဲ။ မှော်ဆေးပညာမှာ ဘုရင်တစ်ပါးနဲ့ ဂက်ပါ

အစီအရင်တွေမှာ အံ့အားသင့်စရာကောင်းတဲ့ စွမ်းရည်တွေလည်း ပြသခဲ့တယ်။ ရွှမ်အာ လုံးဂကို အထင်ကြီး လေးစားမိပါတယ်ရှင်”

သူမရဲ့ ယစ်မူးစေတဲ့ ဟန်ပန်အမူအရာက လင်းဟန့်လို လူကိုတောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ပြီး ကောင်းမွန်တဲ့ ခံစားမှုတစ်ခု စိတ်ထဲမှာ ဖြစ်ပေါ်လာပါတယ်။

ဟူးညို့က မကျေမနပ် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ကျောက်တုံးကောင်ကြီး ဒီရုပ်ဆိုးဆိုးမိန်းမကို ပြားနေအောင် ရိုက်ပစ်လိုက်စမ်း”

ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်းဆိုသလို ကျူးရွှမ်အာကို ရန်လိုတဲ့ အကြည့်နဲ့ စိုက်ကြည့် လိုက်ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ကျောက်တုံးစိတ်ဝိညာဉ်ကို ရပ်တန့်သွားအောင် ပြောလိုက်ပါတယ်။

“မကြိုးစားနဲ့”

ဟူးညို့က သူမရဲ့ လက်ချောင်းလေးတွေကို ကစားပြီးတော့

တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ညိုးညိုးက ကျီစားနေတာမှ မဟုတ်တာ။ ညိုးညိုးက အတည်ပြောနေတာ"

ကျူးရွှမ်အာက တုန်လှုပ်သွားခဲ့ပါတယ်။ ဒီမိန်းကလေးက အရမ်းကို မနာလိုဂန်တိုလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။

ကျောက်တုံးစိတ်ဂိညာဉ်က လင်းဟန်စကားကို ပိုပြီးတော့ နားထောင်ခဲ့ပါတယ်။ တကယ်တော့ လင်းဟန်က သူရဲ့အရှင်သခင် ဖြစ်ပါတယ်။ လင်းဟန်က ဒီကျောက်တုံး စိတ်ဂိညာဉ်ကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းမထားတော့ဖို့ တွေးလိုက်ပါတယ်။ ဒီနေရာက တကယ်ပဲ အန္တရာယ်များလွန်းပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သားရဲကောင် တစ်ကောင်တောင်မှ ထွက်လာနိုင်ကောင်း ထွက်လာနိုင်ပါတယ်။ ဒါကြောင့် ကျောက်တုံးစိတ်ဂိညာဉ်ကို အပြင်ဘက်မှာပဲ ကင်းစောင့်ခိုင်းတာက ပိုပြီးတော့ ကောင်းမွန်ပါလိမ့်မယ်။

သူတို့တွေက ရှေ့ဆက်လမ်းလျှောက်လာကြပြီး အတော်လေး ကြာတဲ့နောက်မှာ မိုးကောင်းကင်ထိ မြင့်မားတဲ့

သစ်ပင်ကြီးတစ်ပင် ပေါ်လာခဲ့ပါတယ်။ ၎င်းရဲ့ သစ်မြစ်တွေက အရမ်းကို ထူထဲနေပြီး လူပေါင်းတစ်ရာကျော်လောက် သူတို့ရဲ့ လက်တွေကို ချိတ်ဆက်ထားလို့ ရနိုင်ပါတယ်။ ပြီးတော့ ၎င်းရဲ့အမြင့်က ပေရာပေါင်းများစွာ မြင့်မားပါတယ်။ ဒါပေမဲ့လည်း ထူးဆန်းတဲ့ အရာတစ်ခုက အဲဒီအပင်မှာ အကိုင်းအခွဲ အခက်အလက်တွေ နည်းနည်းလေးမှ မရှိပါဘူး။ ၎င်းက ပင်စည်တစ်ခု သက်သက်ပဲ ဖြစ်ပြီးတော့ ထောက်တိုင်ကြီး တစ်ခုနဲ့ ဆင်တူပါတယ်။ ၎င်းမှာ ကြုံတောင့်ကြုံခဲ သစ်ကိုင်းအနည်းငယ် ရှိပြီး အရမ်းကို သေးငယ်ပြီးတော့ တိုတောင်းလွန်းပါတယ်။

သစ်ပင်ရဲ့ ထိပ်မှာ ရောမ သရဖူကြီးတစ်ခု ရှိနေပါတယ်။ ဒါပေမဲ့ အနီးကပ် သေသေချာချာ လေ့လာကြည့်လိုက်မယ်ဆိုရင် ၎င်းက သရဖူကြီးတစ်ခု မဟုတ်ပဲနဲ့ ငှက်တစ်ကောင်ရဲ့ အသိုက် ဖြစ်ပါတယ်။

သောက်ကျိုးနည်း ဘယ်လောက်တောင် ကြီးမားတဲ့ အသိုက်ကြီးတစ်ခုလဲ။

လင်းဟန်က မသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ တစ်ချက်ကြည့်လိုက်ပြီးတော့

သူ့ပုံစံကြည့်ရတာ ကျေနပ်ပျော်ရွှင်ပြီး အံ့အားသင့်နေပုံ ရပါတယ်။ အဲဒီနောက်မှာ သူက ပြောလိုက်ပါတယ်။

"ငှက်သိုက်ရဲ့ အထဲမှာ ဥတစ်လုံးရှိတယ်။ ပြီးတော့ ဥခွံပေါ်က အစီအရင်ပုံစံတွေကြောင့် ဒီဥက မိုးပြာရောင် မီးတောက်လင်းတရဲ့ ဥပဲ။ ပြီးတော့ မိုးပြာရောင် မီးတောက်လင်းတငှက်က ဒီနေရာမှာ ရှိမနေဘူး"

ယွဲ့ခိုင်ယုက ပါးစပ်ကို အကျယ်ကြီး ဟလိုက်ပြီးတော့ ပြောပါတယ်။

"သခင်လေးဟန်။ မင်းဒီဥကို ယူမလို့ စဉ်းစားနေတာတော့ မဟုတ်ပါဘူးနော်"

သူက တကယ်ပဲ ထိတ်လန့်နေခဲ့တာပါ။ မိုးပြာရောင် မီးတောက်လင်းတက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဖြစ်ပြီးတော့ မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ ၎င်းရဲ့ပြိုင်ဘက် လုံးဝရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်ကတော့ ၎င်းရဲ့ကလေးကို အမှန်တကယ်ပဲ ခိုးယူဖို့နေပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ မလုပ်ရမှာလဲ"

အဲဒီနောက်မှာ သူက ယုံကြည်လောက်အောင် အသေးစိတ် ပြင်ဆင်ပါတယ်။

"ဒီနေရာမှာ မိုးပြာရောင် မီးတောက် လင်းတာက နေရာသေးသေးလေးမှာပဲ ပိတ်လှောင်ခံထားရ သလိုမျိုး ဖြစ်နေမှာပေါ့။ ဒါပေမဲ့ ငါတို့အနောက်ကိုသာ လိုက်လာမယ်ဆိုရင် လွတ်လွတ်လပ်လပ် ပျံနိုင်မယ် မဟုတ်လား။ ငါက ကောင်းတဲ့အရာတစ်ခုကို လုပ်တာပါကွာ"

ကျူးရွှမ်အာက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"သူခိုးတစ်ယောက် လုပ်ဖို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြီးတော့ တရားနည်းလမ်းကျတယ် ဆိုတဲ့ လူစားမျိုးကို ရွှမ်အာရဲ့ ဘဝမှာ ဒါပထမဆုံးအကြိမ် ကြုံတွေ့ဖူးတာပဲ"

"ငါရောပဲ"

"ငါကတော့ ဒုတိယအကြိမ်"

လှိုယုထန်နဲ့ ကန်းရီက တစ်ယောက်ပြီးတစ်ယောက် စကားပိုင်းထဲ ဝင်ပါလာခဲ့ကြပါတယ်။

ဟူးညို့ကတော့ လက်ခုပ်တီးပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးက လင်းဟန်ကို ထောက်ခံတယ်။ ဥကိုကော်ပြီးတော့ ပြုတ်စားရမယ်"

ရှွစ်။

သူမက တကယ်ပဲ စဉ်းစားတဲ့အတိုင်း လုပ်တဲ့သူ တစ်ယောက် ဖြစ်ပါတယ်။ ချက်ချင်းပဲ ပင်စည်ပေါ်ကို မျောက်လွှဲကျော် တစ်ကောင်လိုမျိုး တက်သွားခဲ့ပါတယ်။

ဟူးညို့ရဲ့ အမြန်နှုန်းက ကျောက်တုံးစိတ်ဂိညာဉ် မိုးပေါ်ကို ပျံတက်သွားတာထက် နည်းနည်းလေးမှ မနေးကွေးပါဘူး။ ဒါကိုကြည့်ပြီးတော့ လင်းဟန်က ကျောက်တုံး စိတ်ဂိညာဉ် အပေါ်ကို တက်ပြီးတော့ သစ်ပင်ထိပ်ဖျားကို ပျံတက်မဲ့ အကြံအစည်ကို လက်လျှော့လိုက်ပါတယ်။

အချိန်တစ်ခဏ အကြာမှာတော့ ဟူးညို့က

လက်တစ်ဖက်ထဲနဲ့ အောက်ကို ပြန်ဆင်းလာခဲ့ပါတယ်။ တခြားလက်တစ်ဖက်မှာတော့ သူမနဲ့ အရွယ်အစားခြင်း မကွာတဲ့ ဥတစ်လုံးကို ပွေ့ဖက်ပြီးတော့ ဆင်းလာခဲ့ပြီး တခြားသူတွေအားလုံးကို သစ်ပင်ပေါ်ကနေ ဥနဲ့အတူ ပြုတ်ကျလာမလားဆိုပြီး ကြည့်ရင်းနဲ့ ရင်ထိတ်နေကြပါတယ်။

သူမက ဥကို လွယ်လွယ်ကူကူနဲ့ ခိုးလာခဲ့ပေမဲ့ မိုးပြာရောင် မီးတောက်လင်းတရဲ့ အငွေ့အသက်က အသိုက်ထဲမှာ ကျန်နေရစ်ပါမယ်။ ဒါက သိုင်းပညာရှင်တွေနဲ့ ဘယ်လိုသားရဲကောင်တွေ အတွက်မဆို ကြီးမားတဲ့ အပန်းအတား ဖြစ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သက်ရှိတွေတောင် အနီးကို ကပ်လာပံ့မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ခြေတွေလက်တွေ ပျော့သွားပြီးတော့ လှုပ်ရှားနိုင်စွမ်းတောင် ရှိတော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဟူးညိုလို လူထူးလူဆန်းတစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ ဒါတွေက အသုံးမဝင်တော့ပေ။

မကြာခင်မှာ ဟူးညိုက မြေကြီးပေါ် ရောက်လာပြီးတော့ ဥကို ပျော်ရွှင်စွာနဲ့ ပွေ့ဖက်ထားရင်း ပြောလိုက်ပါတယ်။

"ပြုတ်မလား ဒါမှမဟုတ် ကြော်မှာလား"

"တစ်ခုမှ မလုပ်ဘူး"

လင်းဟန်က ဥကို ဖျတ်ခနဲ လုလိုက်ပါတယ်။

"ဒါကို အကောင်ဖောက်မှာ။ ဒီအကြောင်းကို နည်းနည်းလေးမှ မစဉ်းစားနဲ့တော့"

"ဟင့်အင်း ညီးညီး စားချင်တယ်"

ဟူးညိုက နှုတ်ခမ်းစူလိုက်ပြီးတော့ သူမရဲ့ မကျေမနပ်မှုတွေကို ထုတ်ဖော်လိုက်ပါတယ်။

လင်းဟန်က သူမကို လျစ်လျူရှု ထားလိုက်ပြီးတော့ ငှက်ဥကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်ထားလိုက်ပါတယ်။ ယွဲ့ခိုင်ယုနဲ့ ကျူးရွှမ်အာတို့ တဂဲလည်လည်နဲ့ ဖြစ်နေပါတယ်။ သက်ရှိတစ်ယောက်ကို သိုလှောင်လက်စွပ်တစ်ခု အထဲမှာ ထည့်သိမ်းလို့ ရနိုင်သလား။ သက်ရှိက သေသွားနိုင်တယ် မဟုတ်လား။

"ပြေးကြစို့"

သူတို့ခြောက်ယောက်က အလျင်အမြန်ပဲ ထွက်လာခဲ့ကြပါတယ်။ တကယ်လို့ မိုးပြာရောင် မီးတောက် လင်းတက အခုပြန်လာခဲ့ရင် အားလုံး မသာပေါ်သွားပါလိမ့်မယ်။

သူတို့ခြောက်ယောက် တကယ်ပဲ အဝေးကြီးထိ လျှောက်လာခဲ့ပြီး ရုတ်တရက်ဆိုသလို မြေလျင် လှုပ်သလိုမျိုး တော်လဲသံကြီးတစ်ခု ကြားလိုက်ရပါတယ်။ အသံလှိုင်းတွေက ဓားတွေလိုမျိုး ထက်ရှပြီး ပတ်ဂန်းကျင်က သစ်ပင်တွေက အပိုင်းပိုင်းဖြစ်အောင် လှီးဖြတ်ခံလိုက်ရပါတယ်။ သူတို့တွေက ခွန်အားအပြည့်အဝနဲ့ ခုခံပေမဲ့လည်း ကန်းရီနဲ့ လွီယုထန်တို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး အပေါ်မှာ ပြတ်ရှဒဏ်ရာတွေ ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့နှစ်ယောက်ရဲ့ အဆင့်က အနည်းငယ် နိမ့်လို့ ဖြစ်ပါတယ်။

"မိုးပြာရောင် မီးတောက်လင်းတ ပြန်လာပြီ"

"ပြေးကြ"

သူတို့ခြောက်ယောက်က အလျင်အမြန်ပဲ အရှိန်မြှင့်တင်လိုက်ကြပြီး လင်းဟန်က တကယ်လို့ မိုးပြာရောင်မီးတောက်လင်းတက သူတို့ရဲ့ လှည့်ကွက်တွေကို သတိထားမိသွားမယ်ဆိုရင် ချက်ချင်းပဲ အားလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်ဖို့ကို စဉ်းစားထားပါတယ်။

ရွှစ်။

အဲဒီအချိန်မှာပဲ ဓားအလင်းတစ်ချက်က လက်သွားပြီး ဘေးကနေ ရုတ်တရက် ထွက်ပေါ်လာခဲ့ ပါတယ်။ ဓားအလင်းက မျက်စိကျိန်းလောက်အောင် တောက်ပပြီးတော့ လင်းဟန်ရဲ့ နံရိုးအောက် ထိုးဖောက်ဝင်ရောက် သွားခဲ့ပါတယ်။

Chapter 494 end

အပိုင်း(၄၉၅) ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ခြင်း

ဒီအလစ်ဖမ်းတိုက်ခိုက်မှုရဲ့ ချိန်သားကိုက်မှုက တကယ်ပဲ မယုံနိုင်စရာ ကောင်းပါတယ်။ လူတိုင်းက သူတို့ရဲ့ အသက်ဘေးက လွတ်မြောက်အောင်လို့ ထွက်ပြေးနေတဲ့ အချိန်မှာ ဘယ်သူကမှ ရုတ်တရက် သူတို့ကို

ဓားတစ်လက်က တိုက်ခိုက်လိမ့်မယ်လို့ မမျှော်လင့်ထားပါဘူး။

လင်းဟန်တောင်မှ လုံးဝကို မမျှော်လင့် ထားခဲ့ပါဘူး။ သူရဲ့ နတ်ဘုရားအာရုံက အနီးအနားက အစွမ်းထက်တဲ့ ဂိညာဉ်တွေကို ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပဲ အများဆုံး မြေကြီးအောက်က တီကောင်တွေနဲ့ တွင်းပေါက်တွေထဲက ကြွက်တွေလို သာမန်အရာတွေကိုပဲ အာရုံခံနိုင်ခဲ့တာ ဖြစ်ပြီးတော့ သူ့အနေနဲ့ အသာလေးပဲ ဖြတ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီဓားတိုက်ခိုက်မှုက အရမ်းကို ထူးချွန်ပြောင်မြောက်ပြီး အစွမ်းလည်း ထက်ပါတယ်။ ဓားချီအလင်း ကိုးခုနဲ့အတူ ဓားရဲ့ထက်မြက်မှုတို့က တိုက်ခိုက်မှု စွမ်းအင်ကို အကြီးအကျယ် တိုးလာစေပြီး ပစ်မှတ်ကို လုံးဝကို အသေရှင်းပစ်တဲ့ တိုက်ခိုက်မှုဆိုတာ သိသာထင်ရှားပါတယ်။

ဒီလိုမျိုး အလျင်စလို အချိန်အတွင်းမှာ လင်းဟန်က သူရဲ့ခေါင်းကို မော့ပြီးတော့ ချောင်းမြောင်း တိုက်ခိုက်သူရဲ့ မျက်နှာကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

ရန်ထန်းဇောင်။ သူက ပန်းဖူးအဆင့်ကို တက်သွားပြီပေါ့လေ။

ဒီတိုက်ခိုက်မှုကို လင်းဟန်က မရှောင်တိမ်းနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ သူ့မှာ အနက်ရောင် မျှော်စင်ရှိပြီးတော့ တကယ်လို့ အချိန်တွေကို သုံးဆလောက် မြန်လိုက်မယ် ဆိုရင်တောင်မှ သူ့အနေနဲ့ ဒီဓားသွားက သူရဲ့ခန္ဓာကိုယ်မှာ ထိနေတာတောင်မှ အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ဖို့ လုံလောက်တဲ့ အချိန်ရှိပါတယ်။

သူကအမှန်တကယ်ပဲ စဉ်းစားလိုက်ပါတယ်။ ဒီကောင်က နတ်ဘုရားတစ်ပါးရဲ့ မှတ်ဉာဏ်ကို လက်ခံရရှိတာကို ဘယ်လိုများသက်သေပြနေတာလဲ။ ပန်းဖူးအဆင့်ကို တက်သွားတာများ ခြေလှမ်းလေး နှစ်လှမ်းလောက် လျှောက်လိုက်သလိုပါပဲ။ နည်းနည်းလေးမှတောင် အခက်အခဲ မရှိပါဘူး။ ဒါပေမဲ့လည်း သူက အစောပိုင်းတုန်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု သူက ပန်းဖူးအဆင့်ကို ရုတ်တရက်ကြီး ဘယ်လိုလုပ် အဆင့်တက်သွားတာလဲ။ ဒီအမြန်နှုန်းက အရမ်းကို ထိတ်လန့်စရာ ကောင်းလွန်းတယ် မဟုတ်လား။

နေပါဦး။ သူတို့က ပထမအဆင့်မှာ ဆုလာဘ်တွေကို လက်ခံရရှိခဲ့တယ်။ သူကတော့ နဂါးကိုးကောင် ခန္ဓာကိုယ်

ကျင့်စဉ်ကို ရရှိခဲ့ပြီး တကယ်လို့ ရန်ထန်းဇောင်က မှော်ဆေးလုံးတွေ ရရှိခဲ့မယ်ဆိုရင် ပန်းဖူးအဆင့်ကို ရုတ်တရက်ကြီး ကူးဖြတ်သွားတာက သူ့အတွက်တော့ ထူးဆန်းလိမ့်မည် မဟုတ်ချေ။

သူရဲ့စိတ်ထဲမှာ ဒီအတွေးတွေ လက်ခနဲ့ ဖြတ်သွားပြီး လင်းဟန်က အနက်ရောင် မျှော်စင်ထဲ ဝင်ပြီးတော့ ဂိုလမ်ကို ခေါ်ပြီးတိုက်ခိုက်ဖို့ စဉ်းစားပြီးတဲ့ နောက်မှာပဲ အဲဒီအခိုက်အတန့်လေးမှာ အဖြူရောင် ပုံရိပ်တစ်ခုက သူရဲ့အရှေ့ကို ရောက်လာပြီး သူ့ကိုပွေ့ဖက်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်နဲ့ ဒိုင်းတစ်ခုလိုမျိုး ကာကွယ်လိုက်ပါတယ်။

သူမကတော့ ကျူးရွှမ်အာပဲ ဖြစ်ပါတယ်။

ငတုံးမလေး။ သူက လုံးဝကို အခြေအနေ ကောင်းပါတယ်။ ဒါပေမဲ့ အပွေ့ဖက်ခံနေရပြီး သူ့အနေနဲ့ အနက်ရောင် မျှော်စင်ထဲကိုတောင် ဝင်လို့မရနိုင်ပါဘူး။ သူက ချက်ချင်းပဲ သူမကို သတိလစ် သွားအောင်လုပ်ပြီးမှ အထဲမှာ ထားဖို့ လုပ်လိုက်ပေမဲ့ ရန်ထန်းဇောင်ရဲ့ တိုက်ခိုက်မှုက သူရဲ့လက် မြှောက်လိုက်တာနဲ့ သူ့ကို ထိုးဖောက်သွားခဲ့ပါတယ်။

လင်းဟန်က ရယ်လည်းရယ်ချင် ငိုလည်းငိုချင်တဲ့

အခြေအနေ နှစ်ခုအကြားမှာ ခံစားနေရ ပါတယ်။ မင်းကင့်ါကို ကူညီဖို့ ကြိုးစားနေတာလား။ ဒါမှမဟုတ် ငါ့ကို ဒဏ်ရာရအောင် လုပ်နေတာလား။

ဖူး။

ဒီအတွေးတွေ မပြောင်းရသေးခင် ကျူးရှမ်အာက ဓားနဲ့တိုက်ခိုက်ခံ လိုက်ရပါတယ်။ ဓားက သူမရဲ့ ခန္ဓာကိုယ်ထဲကို ထိုးဖောက်ဝင်ရောက်သွားပြီးတော့ လုံးဝကို မရပ်ပဲ လင်းဟန်ကို ထိုးဖောက် သွားခဲ့ပါတယ်။ ပန်းဖူးအဆင့်ရဲ့ စွမ်းအားက အရမ်းကို သန်မာလွန်းပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်တောင်မှ သူတို့ရဲ့အသက်ကို ကာကွယ်ဖို့အတွက် တိုက်ခိုက်မှုတွေကို အများကြီး လျော့ကျနိုင်ခြင်း မရှိခဲ့ပါဘူး။

ဓားက လင်းဟန်ရဲ့ ခန္ဓာကိုယ် ထိုးဖောက်တဲ့ အချိန်မှာ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကြောင့် ချက်ချင်းပဲ ရပ်တန့်သွားခဲ့ပါတယ် ဒါက အဆင့်တစ်ဆယ် ချပ်ဂတ်ရတနာ တစ်ခု ဖြစ်ပြီးတော့ အရမ်းကို မာကျောခိုင်ခံတဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒါကိုထိုးဖောက် နိုင်မှာလဲ။ ဒါပေမဲ့

ပန်းဖူးအဆင့်ရဲ့ စွမ်းအားက အရမ်းကို သန်မာပြီး ဓားရှည်ရဲ့ စွမ်းအားက မိုကြိုးလျှပ်စီး ချပ်ဂတ်ကို ဖြတ်ကူးပြီးတော့ လင်းဟန်ရဲ့ ခန္ဓာကိုယ်အတွင်းက ကလီစာတွေရဲ့ လုပ်ဆောင်မှုကို အကြီးအကျယ် ပြောင်းဆန်ပြီး ထိခိုက်ပျက်စီး သွားစေခဲ့ပါတယ်။ သူ့မှာ သံမဏိခန္ဓာကိုယ် ရှိနေပေမဲ့ ဒါတောင်မှ အသုံးမဝင်ပဲ ဖျက်ဆီးခြင်း စွမ်းအားရဲ့ အကျိုးသက်ရောက်မှုကို သူ့ကို သွေးအန်ထွက်စေပြီး သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးက သွေးကြောတွေကို တစ်ခုပြီးတစ်ခု ပေါက်ကွဲထွက်မတတ် ဖြစ်သွားပါတယ်။

သူက ဒီလိုမျိုး အခြေအနေမှာ ရှိနေတဲ့ အချိန် ကျူးရွှမ်အာက ပိုပြီးတော့တောင် ဆိုးဝါးနေပါတယ်။ သူမရဲ့ လှပတင့်တယ်တဲ့ ခန္ဓာကိုယ်က ပျော့ကျလာပြီးတော့ သူမရဲ့ အသက်ဓာတ်က လျင်မြန်စွာနဲ့ လျော့ကျလာခဲ့ပါတယ်။

လင်းဟန်က ဒေါသတွေ အကြီးအကျယ် ထွက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"ကျောက်တုံးလေး သူ့ကို သတ်ပစ်"

လင်းဟန်က ကျူးရွှမ်အာကို ပွေ့ချီပြီးတော့ အနက်ရောင် မျှော်စင်ထဲကို လျှပ်ပြက်သလို ဝင်ရောက် သွားခဲ့ပါတယ်။

"သူတို့အားလုံး သွားပြီ"

ယွဲ့ခိုင်ယုက အော်ဟစ်လိုက်ပြီး တခြားသူတွေကို တစ်ယောက်ပြီးတစ်ယောက် ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ တခြားသုံးယောက်က အံ့အားသင့်နေပုံ မရပါဘူး။ သူ့အနေနဲ့ ရူးသွားသလိုတောင် ဖြစ်သွားပါတယ်။

"ငါတစ်ယောက်ပဲ ထူးထူးဆန်းဆန်းတွေ တွေးနေတာလား။ သက်ရှိလူသား နှစ်ယောက်က ရုတ်တရက် ပျောက်ကွယ်သွားခဲ့တာလေ"

"ညီးညီးရဲ့ လင်းဟန်ကို ထိခိုက်အောင် လုပ်ပုံ့တယ်ပေါ့လေ။ ညီးညီး အရမ်းကို စိတ်ဆိုးတယ် နင့်ကို သေအောင်ကို ကိုက်ပစ်မယ်"

ဟူးညိုရဲ့ မျက်နှာပေါ်မှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့နေပြီးတော့ သူမက ရန်ထန်းဇောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး ဂိုလမ်နဲ့အတူ ပူပေါင်းပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်လိုက်ပါတယ်။

ရန်ထန်းဇောင်ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပါတယ်။

သူက လင်းဟန်ဆီမှာ ရတနာ ချပ်ဂတ်တစ်ခု ရှိတယ်ဆိုတာကို သိထားပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို အဲဒီချပ်ဂတ်ကို အသက်သွင်းဖို့ အခွင့်အရေး လုံးဝမပေးပဲ ခိုးကြောင်ခိုးဝှက်နဲ့ ချိန်သားကိုက် တွက်ချက်ပြီးမှ တိုက်ခိုက်ခဲ့တာပါ။

သူက နတ်ဘုရား တစ်ပါးရဲ့ မှတ်ဉာဏ်တွေကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ဒါကြောင့် သူ့ဆီမှာ အရှိန်အဝါနဲ့ အငွေ့အသက်ကို ဖုံးကွယ်ထားနိုင်မဲ့ နည်းလမ်းတစ်ခု ရှိပြီးတော့ လင်းဟန်ရဲ့ နတ်ဘုရားအာရုံကနေ ပုန်းအောင်းပြီးတော့ မိုးပြာရောင် မီးတောက်လင်းတ တိုက်ခိုက်ချိန်မှာ အခွင့်ကောင်းရယူပြီး တစ်ချက်တည်းနဲ့ အောင်အောင်မြင်မြင် တိုက်ခိုက်ခဲ့ပါတယ်။

ဒါပေမဲ့လည်း မျှော်လင့်မထားတဲ့ အရာတွေက ဖြစ်ပျက်လာခဲ့ပါတယ်။ ပထမ လင်းဟန်အတွက် မိန်းကလေး တစ်ယောက်က သူမရဲ့ ခန္ဓာကိုယ်ကို အသုံးပြုပြီးတော့ ကာကွယ်ပေးခဲ့ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်က သိပ်ပြီးတော့ မဟုတ်ပေမဲ့လည်း ၎င်းရဲ့ လွှမ်းမိုးမှုက အတော်လေး ရှိပါတယ်။ သူ့အနေနဲ့ ပိုပြီးတော့ မျှော်လင့်မထားတဲ့ အရာကတော့ လင်းဟန်နဲ့ မိန်းကလေးက အတူတကွ ပျောက်ကွယ်သွားခဲ့တာကိုပဲ ဖြစ်ပါတယ်။

လေဟာနယ် ဆုတ်ဖြဲသွားတာမျိုးကိုလည်း သူ့အနေနဲ့ လုံးဂကို မခံစားရပါဘူး။ ဒါဆိုရင် သူတို့က တည်နေရာ ရွှေ့ပြောင်းခြင်းနဲ့ ထွက်သွားတာ မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်တာ တစ်ခုကတော့ လင်းဟန်မှာ သက်ရှိတွေကိုတောင် ထည့်ထားနိုင်တဲ့ ရတနာတစ်ခု ရှိနေတာများလား။

လပြွတ်ပဲ။ ဒီလိုမျိုး ရတနာဆိုတာက သူရဲ့ကမ္ဘာကြီးထဲမှာတောင် အရမ်းကို တန်ဖိုးမဖြတ်နိုင်တဲ့ အရာတစ်ခုလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ တော်ဂင်အဆင့်အတန်း မရှိတဲ့လူတွေ လုံးဂကို မပိုင်ဆိုင်နိုင်ပါဘူး။

သူရဲ့မျက်လုံးတွေထဲမှာ ချက်ချင်းပဲ လိုချင်တပ်မက်မှုတွေ လောင်ကျွမ်းလာခဲ့ပါတယ်။ ဒီလိုမျိုး ရတနာ တစ်ခုကို သူ့အနေနဲ့ သေချာပေါက် အရယူရပါလိမ့်မယ်။

ပုန်း။

ဂိုလမ်ရဲ့ တိုက်ခိုက်မှုက ရောက်လာခဲ့ပြီး ဟူးညိုက သူမရဲ့ လှုပ်ရှားမှု ပညာရပ်ကို ထုတ်သုံး လိုက်ပါတယ်။ သူမရဲက အမြန်နှုန်းက အရမ်းကို လျင်မြန်လွန်းပြီးတော့

သူရဲ့အနောက်ကနေ ကိုက်တော့မလို ဖြစ်သွားပါတယ်။ ရန်ထန်းဇောင်က ရန်သူတစ်ယောက်ကိုပဲ အရင်ဆုံး မိတ်ဆက်နိုင်ပါလိမ့်မယ်။ ဒြပ်စင်ငါးခုရဲ့ စိတ်ဂိဉာဉ်တစ်ခုကို သူတောင်မှ လျော့မတွက်ပံ့ပါဘူး။ တကယ်တော့ သူ့ဆီမှာ အခုက နတ်ဘုရားတစ်ပါးရဲ့ ခန္ဓာကိုယ် မရှိသေးပါဘူး။

****

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က အလျင်အမြန်ပဲ မျှော်စင်ရဲ့ စွမ်းအားကို သူ့ကိုယ်သူ ကုသဖို့အတွက် ဆင့်ခေါ်လိုက်ပါတယ်။ ဒါပေမဲ့ အသုံးပြုမရတာကို တွေ့လိုက်ရပါတယ်။

"မျှော်စင်လေး ဘာဖြစ်လို့ ငါ့ရဲ့ဒဏ်ရာတွေကို ကုသလို့ မရတာလဲ"

သူက မေးလိုက်ပါတယ်။

"အနက်ရောင် မျှော်စင်က ဒဏ်ရာတွေကို ကုသနိုင်တယ်လို့ မင်းကိုဘယ်သူပြောလဲ"

မျှော်စင်လေးက ပေါ်လာပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"အနက်ရောင်မျှော်စင်က မကောင်းဆိုးဝါး စွမ်းအားတွေကို အပေးကို မောင်းထုတ်ပစ် နိုင်တယ်။ ဒါပေမဲ့ ကုသခြင်းအတွက်တော့ အသုံးပြုလို့ မရဘူး"

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါသေသွားရင် မင်းက ဆရာသခင်အသစ်တစ်ယောက်ကို ရှာရလိမ့်မယ် မဟုတ်လား။ ဘာဖြစ်လို့ မင်းက တည်ငြိမ်နေနိုင်သေးတာလဲ"

"အိုး သခင်အသစ်တစ်ယောက် ပြောင်းတာပဲဟာ ဘာဖြစ်လို့လဲ။ ငါ့ရဲ့သက်တမ်းက အကန့်အသတ် မရှိဘူးလေ"

မျှော်စင်လေးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

လပြွတ်ပဲပေါ့။

လင်းဟန်မှာ ဒေါသထွက်နေဖို့ အချိန်မရှိပါဘူး။ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် တစ်စက်ကို လည်ပတ်လိုက်ပါတယ်။ သူ့အနေနဲ့ ချက်ချင်းမသေသေးသရွေ့တော့ ဖျက်ဆီးလို့ မရတဲ့ အရည်စက်က သူ့ကို ကယ်တင်နိုင်ပါတယ်။ သူက ကျူးရွှမ်အာရဲ့ ဒဏ်ရာကို အလျင်စလို စစ်ဆေးကြည့်လိုက်ပြီး ချက်ချင်းပဲ မျက်မှောင်ကြုတ်သွားခဲ့ပါတယ်။ ဒီအရှူးမလေးက သူမရဲ့ အသက်ဓာတ် နေရာကို တိုက်ခိုက်မခံ ရပါဘူး။ ဒါပေမဲ့ ပန်းဖူးအဆင့်ရဲ့ ဖျက်ဆီးနိုင်မှု စွမ်းအားက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီး သူမရဲ့ ကလီစာတွေအားလုံး ပျက်စီးသွားပါတယ်။ သူမရဲ့ ခန္ဓာကိုယ် အတွင်းပိုင်းမှာ သွေးအများကြီး ထွက်နေပြီးတော့ အချိန်အကြာကြီး တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူမကို ကယ်တင်စရာ မလိုပေမဲ့ သူ့အတွက်နဲ့ တစ်စုံတစ်ယောက်က သေသွားမှာကို ခွင့်မပြုပါဘူး။

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"မျှော်စင်လေး။ သူမရဲ့အခြေအနေကို တည်ငြိမ်စေမဲ့ နည်းလမ်းကို စဉ်းစားပါ။ ငါဆေးသွား ဖော်လိုက်မယ်"

မျှော်စင်လေးက အနည်းငယ် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"သူမက သေခါနီးနေပြီ။ သူမရဲ့အခြေအနေကို ထိန်းသိမ်းထားဖို့ ဆိုရင်တော့ မူလအရင်းအမြစ် စွမ်းအင်ကို သုံးစွဲဖို့လိုတယ်။ ဒါကြောင့် ဒါက မတန်ဘူး။ မင်းသေသေချာချာ စဉ်းစားနော်။ ငါ့ရဲ့ မူလအရင်းအမြစ် စွမ်းအားက အခုအကန့်အသတ်ရှိတယ်။ တစ်ကြိမ်အသုံးပြုလိုက်တာနဲ့ မင်းကို နောက်တစ်ကြိမ် ကူညီနိုင်စွမ်းရှိမှာမဟုတ်ဘူး"

"စဉ်းစားနေစရာ မလိုဘူး။ သူမသေလို့ မဖြစ်ဘူး"

လင်းဟန်က နည်းနည်းလေးတောင် တုံ့ဆိုင်းခြင်း မရှိပဲ ဖြေလိုက်ပါတယ်။

"ကောင်းပြီလေ"

မျှော်စင်လေးက အနည်းငယ် တုန်ခါသွားပြီး နတ်ဘုရား အလင်းက ချက်ချင်းပဲ ကျူးရှမ်အာရဲ့ ခန္ဓာကိုယ်ကို ပိုင်းရံထားလိုက်ပါတယ်။ သေးငယ်တဲ့

အသက်ဓာတ်စွမ်းအင်ကို ပိတ်လှောင် ထားသလိုမျိုး သူမရဲ့ အခြေအနေကို ဒီထပ်ပိုပြီးတော့ ဆိုးရွားသွားတာကနေ တားဆီးထား လိုက်ပါတယ်။

လင်းဟန်ရဲ့ နတ်ဘုရားအာရုံကို ထုတ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ အပြင်ကို ကြည့်လိုက်ပြီး ကျောက်တုံးစိတ်ဝိညာဉ်နဲ့ ဟူးညီတို့က အတူတကွ ပူးပေါင်းတိုက်စစ်ဆင်နေပြီး အသာစီး ရယူထားနိုင်တာကို တွေ့လိုက်ရတဲ့ အခါမှာ စိုးရိမ်ပူပန်နေတာကို ရပ်ပြီးတော့ မှော်ဆေးလုံး ဖော်စပ်တဲ့အပေါ်မှာ အာရုံစိုက်ထားလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ စိတ်ဝိညာဉ် ဆေးပင်တွေ တော်တော်များများရှိပါတယ်။ ဒါပေမဲ့ အဆင့်မြင့်တာက အရမ်းကို နည်းပါတယ်။ ဒါကြောင့် အခုမြေကမ္ဘာအဆင့်နိမ့် ဆေးလုံးဖြစ်တဲ့ ဖီးနစ်ငှက်ဖြူရဲ့ စစ်မှန်သော မျက်ရည် ဆေးလုံးကို ဖော်စပ်နိုင်ပြီး ပြန်လည်ကုသခြင်း ဆေးလုံး တစ်မျိုး ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီဆေးလုံးက ကျူးရှမ်အာရဲ့ ဒဏ်ရာတွေကို ကုသနိုင်မလား ဆိုတာတော့ လင်းဟန်အနေနဲ့ အနည်းငယ် မသေချာ ဖြစ်နေပါတယ်။

သူ့အနေနဲ့ ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည်တစ်စက်ကို

ထည့်ရမလား။

လင်းဟန်က ရုတ်တရက် စဉ်းစားလိုက်ပါတယ်။ ဒါက အရမ်းကို ကြောက်စရာကောင်းတဲ့ ပြန်လည်ကုသတဲ့ ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ လူတစ်ယောက်အနေနဲ့ မသေဆုံးသေးသရွေ့ အရည်တစ်စက်က ဒဏ်ရာတွေကို ချက်ချင်းပဲ ပြန်လည်ကောင်းမွန် လာစေနိုင်ပါတယ်။ သူက စောစောတုန်းက အရည်တစ်စက်ကို လည်ပတ်ခဲ့ပြီး အခုဆိုရင် သူရဲ့ဒဏ်ရာတွေက လုံးဝကို ပြန်လည်ကောင်းမွန် လာပါပြီ။

ဒါပေမဲ့လည်း ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်တစ်စက်ကို ဘယ်လိုလုပ်ပြီးတော့ အပြင်ကို ထုတ်ယူနိုင်မှာလဲ။

"မျှော်စင်လေး မင်းမှာ နည်းလမ်းရှိလား"

လင်းဟန်က မေးလိုက်ပါတယ်။

Chpater 495 end
အပိုင်း(၄၉၆) နောက်ဆုံးအားထားစရာ

"ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်က ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံတဲ့ သူအတွက်ပဲ အကျိုးသက်ရောက်မှုရှိတယ်။ တကယ်လို့ မင်းက အဲဒါကို ဆွဲထုတ်ယူ လိုက်မယ်ဆိုရင်တောင် အာနိသင်က အတော်လေးကို လျော့ကျသွားလိမ့်မယ်"

မျှော်စင်လေးက ဂရုမစိုက်တဲ့ ဟန်နဲ့ ပြောလိုက်ပါတယ်။

"အတော်လေး လျော့ကျသွားပေမဲ့ အာနိသင်တွေ ရှိနေဦးမယ် ဟုတ်တယ်မလား"

လင်းဟန်က မျှော်လင့်ချက် အပြည့်နဲ့ မေးလိုက်ပါတယ်။

"ဟုတ်တယ်။ ဒါက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကနေ ဆွဲထုတ်ယူထားတဲ့ လူသားတွေရဲ့ ခန္ဓာကိုယ်အတွက် ရတနာဆေး တစ်မျိုးပဲ။ သူရဲ့အာနိသင်က ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံထားတဲ့ သူအတွက် အကောင်းဆုံးပဲ။ တခြားလူတွေ အတွက်ကတော့ အာနိသင် သက်ရောက်မှုက အဆတစ်ရာလောက် လျော့ကျသွားလိမ့်မယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"ဒီလိုဆိုရင်တောင် အသုံးဝင်သေးတယ်"

လင်းဟန်က မှော်ဆေးပညာရဲ့ ဂရန်းမာစတာ တစ်ယောက် ဖြစ်ပါတယ်။ သူက ဖျက်ဆီးလို့မရတဲ့ အရည်စက် ငါးစက်ကို အဖြူရောင် ဖီးနစ်ငှက်မျက်ရည် ဆေးလုံးထဲကို ပေါင်းထည့်လိုက်ပါတယ်။ ဒီစုစုပေါင်း ပမာဏနဲ့ဆို သူ့ကိုယ်သူ အစောတုန်းက ကယ်တင်ခဲ့တဲ့ အရည်တစ်စက်နဲ့ ညီမျှလောက်ပါတယ်။

နာရီဝက် အတွင်းမှာပဲ သူက ဆေးလုံးကို ဖော်စပ်ခဲ့ပါတယ်။ ဒီထဲမှာ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက် ငါးစက်ရဲက အဆီအနှစ်တွေ ပါဝင်ပြီး အံ့မခန်း ပြန်လည်ကောင်းမွန်တဲ့ အာနိသင် ရှိပါတယ်။

"နောက်ဆုံး အားထားစရာပဲ"

လင်းဟန်က ကျူးရှွမ်အာရဲ့ ပါးစပ်လေးထဲကို ဆေးလုံးထည့်ပေး လိုက်ပါတယ်။ ဒါပေမဲ့ သူမက သေခါနီး ဖြစ်နေတဲ့အတွက် သူမရဲ့ မေးရိုးတွေက တင်းတင်းစေ့ပိတ်ထားပါတယ်။ ဒါကြောင့်

ဘယ်လိုလုပ်ပြီးတော့ သူမအနေနဲ့ ဆေးလုံးကို မျိုချနိုင်မှာလဲ။

လင်းဟန်က သူမရဲ့ ဇာပဂါကို ဖယ်ပြီးတော့ သူမရဲ့ မေးရိုးကို ကိုင်ပြီး ဆေးလုံးကို ပါးစပ်ထဲ ထည့်ပေးပြီးတော့ စိတ်ဝိညာဉ် အရည် အနည်းငယ်ကို လောင်းထည့်ပေးလိုက်ပါတယ်။ ဆေးလုံးက သူမရဲ့ ပါးစပ်ထဲကို ရောက်သွားပေမဲ့ ဘယ်လိုလုပ်ပြီးတော့ မျိုချနိုင်မှာလဲ။

"စီရှန်း လာကူဦး။ သူမကို လေနည်းနည်းပေးပြီးတော့ ဆေးလုံးကို ပါးစပ်ထဲဝင်အောင် လုပ်လိုက်"

လင်းဟန်က အလျင်အမြန်ပဲ လီစီရှန်းကို ခေါ်လိုက်ပါတယ်။

ကျူးရှမ်အာက ပြင်းထန်တဲ့ ဒဏ်ရာရပြီး အသက်ရှူရခက်ခဲနေပုံကို ကြည့်ပြီး လီစီရှန်းက ပထမဆုံး ထိုင်ချပြီးတော့ အံ့အားသင့် မှင်တက်သွားခဲ့ပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ မယုံကြည်နိုင်မှုတွေ ပြည့်နှက်နေပြီး တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လှပချောမောတဲ့ လူတစ်ယောက် ရှိနေရတာလဲ"

လင်းဟန်က ကျူးရှမ်အာရဲ့ ဇာပဂါကို ပင့်တင်လိုက်တုန်းက သူမက မျက်နှာအစစ်အမှန်ကို သတိထားမိခဲ့ပါတယ်။ သူမက မျှော်လင့်ထားတဲ့ အတိုင်းပဲ အသက်ရှူမှားလောက်အောင် လှပချောမောပြီး အဲဒီနှစ်ပိုင်းတွေတုန်းက ကောင်းကင်ဖီးနစ် နတ်မိမယ်ထက် လှပချောမောမှုမှာ နည်းနည်းလေးမှ မနိမ့်ကျပါဘူး

မတူညီတာဆိုလို့ ကောင်းကင်ဖီးနစ် နတ်မိမယ်က စစ်ပွဲနတ်ဘုရားမ တစ်ပါးလို သူရဲကောင်းမ အသွင်အပြင်ရှိပြီး ထွန်းလင်းတောက်ပစွာနဲ့ ချောမောလှပပြီး ဆွဲဆောင်နိုင်မှုက သူမရဲ့ အဓိက အချက်အချာပဲ ဖြစ်ပါတယ်။ ကျူးရှမ်အာကတော့ ကမ္ဘာကြီးကို အေးစက်စက်နဲ့ အလင်းရောင် ပေးတဲ့ လမင်းကြီး တစ်စင်းနဲ့ တူပါတယ်။

ပင်ကိုယ်စရိုက်နဲ့ ပတ်သက်ရင်တော့ ကောင်းကင်ဖီးနစ် နတ်မိမယ်က ထိပ်မှာပါပဲ။ တကယ်တော့ သူမက သူရဲ့ယခင်ဘဝတုန်းက ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်ပြီးတော့ ဘယ်လိုလုပ်ပြီးတော့ သာမန်လူတွေလိုမျိုး ဟန်ပန်အမူအရာ ရှိနိုင်မှာလဲ။

"သိပ်ပြီးတော့ အတွေးမလွန်နဲ့။ မြန်မြန်လုပ်"

လင်းဟန်က အလျင်အမြန်ပဲ နှိုးဆော်လိုက်ပါတယ်။ မျှော်စင်လေးရဲ့ မူလစွမ်းအင် အရင်းအမြစ်က မကြာခင်မှာ ကုန်သွားပါလိမ့်မယ်။

လီစီရှန်းက အလျင်အမြန်ပဲ အသက်ကို ပြင်းပြင်းရှူပြီးတော့ ကျူးရွှမ်အာရဲ့ ပါးစပ်ထဲကို မှုတ်သွင်းလိုက်ပြီး အဖြူရောင် ဖီးနစ်ငှက်မျက်ရည် ဆေးလုံးကို မျိုချနိုင်အောင် ကူညီပေးလိုက်ပါတယ်။

ကျူးရွှမ်အာရဲ့ ဒဏ်ရာတွေက မယုံနိုင်စရာ အမြန်နှုန်းနဲ့ ပြန်လည်ကောင်းမွန်လာတာကို မျက်စိနဲ့ မြင်တွေ့နိုင်ပါတယ်။ ပြီးတော့ သူမရဲ့ အတွင်းကလီစာတွေလည်း သက်သာလာပေမဲ့ သူမက သတိပြန်မရသေးပါဘူး။ ပန်းဖူးအဆင့်ရဲ့ သိုင်းဆန္ဒတိုက်ခိုက်မှု အကျိုးသက်ရောက်မှု အောက်မှာ သူမရဲ့ နတ်ဘုရား အာရုံက ပျက်စီးလုနီးနီး ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ နတ်ဘုရားအာရုံ ဒဏ်ရာ။ သူလည်းပဲ ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့ပါတယ်။

အခု ကျူးရှမ်အာရဲ့ အသက်က စိတ်ချရတဲ့ အခြေအနေမှာ ဆိုပေမဲ့ သူမက နိုးထလာနိုင်မလား ဒါမှမဟုတ် မနိုးထလာနိုင်ဘူးလား ဆိုတာကတော့ သူမရဲ့ အသက်ရှင်ဖို့ ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့ ဖွဲ့နပဲ အပေါ်မှာပဲ မူတည်ပါတော့တယ်။

"စီရှန်း သူမကို စောင့်ရှောက်ထားလိုက်"

လင်းဟာန်က ပြောပြီးတာနဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ လောင်ကျွမ်းပြီး အနက်ရောင် မျှော်စင်ထဲကနေ ဖြတ်ခနဲ ထွက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ရန်ထန်းဇောင်က မရှိတော့ပါဘူး။

"သူထွက်ပြေးသွားပြီ။ ဟူးညီနဲ့ ကျောက်တုံးလေးက နောက်ကနေ လိုက်သွားတယ်"

ကန်းရီက ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုရဲ့ ပါးစပ်က တွန့်လိမ်ရှုံ့မဲ့သွားပြီးတော့ သူကတီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဘာဖြစ်လို့ ငါတစ်ယောက်တည်းပဲ လူနှစ်ယောက်

လေထဲမှာ ပျောက်ကွယ်သွားတာကို ထူးထူးဆန်းဆန်းနဲ့ မြင်လိုက်ရပြီးတော့ အခုကျတော့ တစ်ယောက်က လေထဲကနေ ထွက်ပေါ်လာတယ်။ အားလုံးက ပုံမှန်ဖြစ်နေပြီး ငါတစ်ယောက်တည်းပဲ ပုံမှမဟုတ်တာလားဟ"

"သခင်လေးဟန် နတ်သမီးလေးကျူးရော ဘယ်လိုနေလဲ"

သူက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။

"မသေနိုင်တော့ပါဘူး"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

သူတို့တွေ စကားပြောနေတုန်းမှာပဲ ကျောက်တုံးစိတ်ဂိညာဉ်က ဟူးညိုကို သူရဲ့ပခုံးမှာ တင်ပြီး ပြန်လာခဲ့ပါတယ်။

"မုန်းစရာကြီး။ သူက အဖေးကို ထွက်ပြေးသွားတယ်။ ညိုးညိုးက အဲဒီသေနာကောင်ရဲ့ လက်မောင်း တစ်ဖက်ကိုပဲ ကိုက်ဖြတ်ပစ်လိုက်နိုင်တယ်။ တော်တော်ကို ပုပ်စော်နံတယ်"

ဟူးညိုက လက်မောင်းတစ်ဖက်ကို ပစ်ချလိုက်ပါတယ်။

လွှီယုထန်နဲ့ တခြားလူတွေက အံ့အားသင့် သွားခဲ့ကြပါတယ်။ ကျောက်တုံးစိတ်ဂိုဏ်းရဲ့ အကူအညီနဲ့ ပန်းဖူးအဆင့်တစ်ယောက်နဲ့ ပန်းဖူးအဆင့်တို့ ရင်ဆိုင်တိုက်ခိုက်နေတာတောင်မှ ဟူးညိုက ရန်ထန်းဇောင်ရဲ့ လက်မောင်းတစ်ဖက်ကို ပြတ်ထွက်အောင် ကိုက်လိုက်နိုင်တယ်။ ဟူးညိုရဲ့ တိုက်ပွဲစွမ်းရည်က တကယ်ပဲ သန်မာလွန်းတယ်။

လင်းဟန်က အမူအရာက အေးစက်စက် ရှိနေဆဲပါပဲ။ ရန်ထန်းဇောင်က နတ်ဘုရား တစ်ပါးရဲ့ မှတ်ဉာဏ်တွေကို ပိုင်ဆိုင်ထားပြီး အရင်တုန်းက သူက ရုံဟွမ်ရှွမ်ကြောင့် နှစ်ပိုင်းပြတ်တာတောင် နောက်ပိုင်းမှာ လုံးဝကို အကောင်းပကတိ ပြန်လည်ကောင်းမွန်လာနိုင်သေးတာပဲ။ ဒီလိုမျိုး လူတစ်ယောက်က ခြေလက်ကလေး ပြတ်သွားကို ပြန်ပေါက်ဖို့အတွက်တော့ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

နောက်တစ်ကြိမ် ရန်ထန်းဇောင်နဲ့ တွေ့တဲ့အခါမှာ သူ့အနေနဲ့ ပန်းဖူးအဆင့်ကို မရောက်သေးရင် မျှော်စင်လေးဆီကနေ သူ့ကို စွမ်းအားတွေ အဆင့်မြှင့်တင်ခိုင်းပြီးတော့ ရန်ထန်းဇောင်ကို သေချာအောင် အပြတ်တိုက်ပစ်ဖို့

ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သတိလစ် မေ့မျောနေတဲ့ အခြေအနေကနေ ရန့်ထန်းဇောင် နိုးထလာရခြင်းမှာ သူဖော်စပ်ပေးတဲ့ နိစ္စရူဂ ဆေးလုံးကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကြောင့် နိုးထလာရပြီး သူ့ကြောင့်ပဲ အဆုံးသတ်တာက သဘာဝကျပါလိမ့်မယ်။

"သခင်လေးဟန် သခင်လေးဟန်"

ယွဲ့ခိုင်ယုက ပြေးလာခဲ့ပါတယ်။

"စောစောတုန်းက မင်းဘယ်ကို သွားလိုက်တာလဲ။ ပြီးတော့ နတ်သမီးလေးကျူးကရော ဘယ်ရောက်သွားလဲ။ မင်းတို့ကောင်တွေကရော အဲဒါကို ထူးဆန်းတယ်လို့ မထင်ဘူးလား။ ဘာဖြစ်လို့ ငါတစ်ယောက်တည်းကပဲ သိချင်စိတ်တွေ ပြင်းပြနေရတာလဲ"

လင်းဟန်က မျက်စိပေကလတ်ပေကလတ် လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ မျက်စိအမြင်က ဝေဝါးနေတာ ဖြစ်လိမ့်မယ်"

`လဖြွတ်ပဲ အမြင်ပေဂါးပေ့ါ။ ကျူးရွှမ်အာက ဒီနေရာမှာ မရှိတာ အသိသာကြီး။ ဘာဖြစ်လို့ မင်းက ငါ့ကို အကြောင်းပြချက် တစ်ခုတောင် မပေးတာလဲ`

လင်းဟန်က ရှင်းမပြခဲ့ပါဘူး။ ဒါကြောင့် ယွဲ့ခိုင်ယုက ပါးစပ်အပေါင်းသား ဟပြီးတော့ မတ်တတ်ရပ်နေရုံပဲ တတ်နိုင်ပါတယ်။ သူက လင်းဟန်ဘေးကို သွားပြီးတော့ သူရဲ့လည်ပင်းကို ဆုပ်ကိုင်ပြီး အတင်းအကျပ် ရှင်းပြခိုင်းရမှာလား။

"ဒီနေရာကနေ အရင်ဆုံး ထွက်သွားကြတာပေ့ါ"

သူတို့ငါးယောက်အုပ်စုက ရှေ့ကို ခရီးဆက်လာခဲ့ ကြပါတယ်။ ရန်ထန်းဇောင်ရဲ့ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်မှုကြောင့် သူတို့က ပိုပြီးတော့ သတိဂီရိယ ထားနေခဲ့ကြပေမဲ့ လမ်းမတစ်လျှောက်လုံး ချောမွေ့နေပြီး သားရဲကောင်တွေရဲ့ ချောင်းမြောင်းတိုက်ခိုက်ခြင်းကိုတောင် မခံရပဲ တောင်နဲ့ တောအုပ်တွေထဲကနေ ချောချောမွေ့မွေ့နဲ့ လမ်းလျှောက်ထွက်လာခဲ့ကြပါတယ်။

မိုးပြာရောင်မီးတောက် လင်းတရဲ့ ထုတ်ဖော်ပြသလိုက်တဲ့ စွမ်းအားကြောင့် တခြားသားရဲကောင် အားလုံးက သူတို့ရဲ့

နေရာတွေမှာပဲ ပုန်းခိုနေကြပြီး ဘယ်သူမှ မထွက်လာပုံတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ကျယ်ပြန့်တဲ့ ကုန်းပြင်ကျယ်ကြီးရဲ့ အရှေ့တည့်တည့်က အတော်လေးကို ဝေးကွာတဲ့ နေရာမှာ အဆောက်အဦးတစ်ခု ပေါ်လာခဲ့ပြီး စိမ်းပြာရောင်ကုန်းမြေပေါ်မှာ အရမ်းကို ထင်သာမြင်သာ ရှိပါတယ်။

ဒီနေရာက ဒုတိယ စမ်းသပ်စစ်ဆေးမှု ပြုလုပ်တဲ့ နေရာဖြစ်ပါလိမ့်မယ်။

သူတို့ငါးယောက်က လျင်မြန်စွာနဲ့ပ လျှောက်လာခဲ့ကြပြီး မကြာခင်မှာပဲ အဆောက်အဦးရဲ့ အရှေ့ကို ရောက်လာခဲ့ကြပါတယ်။ သူတို့ထက်စောပြီးတော့ ရောက်နေတဲ့ လူဆယ်ယောက်က ရှိနေပါတယ်။

ဂေါ်ပါ စိတ်ဂိညာသ် ပေါ်လာပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"နောက်တစ်ရက်ကျော်မှ စမ်းသပ်စစ်ဆေးမှုကို စလိမ့်မယ်"

အဲဒီနောက်မှာ သူက လင်းဟန်ကို မျက်စိတစ်ချက်

ပေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တော်တော်လေးကို ပြဿနာမွှေနိုင်တာပဲ"

လင်းဟန်က ထူးဆန်းစွာဖြင့် ပြောလိုက်ပါတယ်။

"ငါက ဘာပြဿနာတွေများ ဖြစ်စေလို့လဲ"

"တောအုပ်တစ်ခုလုံး ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကုန်တာက မင်းရှာလိုက်တဲ့ ပြဿနာပဲ မဟုတ်လား"

ဂက်ပါ စိတ်ဂိညာဉ်က ထေ့ငေါ့ပြီး ပြောလိုက်ပါတယ်။

လင်းဟန်က ကျိတ်ရယ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာမှမလုပ်ရဘူးလို့ စည်းမျဉ်းစည်းကမ်း မရှိဘူးလေ ဟုတ်တယ်မလား"

"ငါ့အတွက်တော့ ပြဿနာတွေ အများကြီး ဖြစ်စေတယ်"

ဂက်ပါ စိတ်ဂိညာဉ်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းသာ ဒီပြဿနာကို မရှာခဲ့ဘူးဆိုရင် ဒုတိယ အဆင့်ကို ရောက်လာနိုင်တဲ့ အရေအတွက်က တစ်ဂက်လောက်ထိ လျော့ကျသွားလိမ့်မှာ မဟုတ်ဘူး"

သူတို့အရင် ရောက်နေတဲ့ လူဆယ်ယောက်က အုံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်က ဘာတွေများ လုပ်ခဲ့ပါလိမ့်။

လင်းဟန်က နောက်ပိုင်းမှာ နတ်အသွင်ပြောင်းလဲခြင်း အဆင့်ရှိတဲ့ ငှက်တစ်ကောင်ကို ဥဖောက်ဖို့ မိုးပြာရောင် မီးတောက်လင်းတရဲ့ ဥကို ခိုးယူလာခဲ့တယ် ဆိုတာကိုတော့ ပြောပြလိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ပါးစပ်ကို ပိတ်ထားပြီးတော့ တခြားသူတွေကို စိတ်ထဲကနေ သိချင်စိတ်တွေ တရှရှ ဖြစ်လာစေပါတယ်။

နောက်တစ်ရက် အကြာမှာတော့ ဒုတိယအဆင့်ကို လူတွေပိုပိုပြီး ရောက်လာခဲ့ကြပြီး စုစုပေါင်း အယောက် ၇ဂကျော် ရှိပါတယ်။ ပြောရမယ်ဆိုရင် ပထမအဆင့်က လူတစ်ဂက်ကျော်လောက် ရောက်လာခဲ့ပြီလို့ ပြောနိုင်ပါတယ်။

လင်းဟန်က ရွက်ဖျင်တဲတစ်ခု ဆောက်ပြီးတော့ အခွင့်အရေးရတာနဲ့ အနက်ရောင် မျှော်စင်ထဲကို

ဂင်လာခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျူးရှွမ်အာက သတိပြန်ရလာပါပြီ။

သူမရဲ့ ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေက လုံးဝကို ပျောက်ကင်းသက်သာ သွားပေမဲ့ သူမရဲ့ နတ်ဘုရား အာရုံကတော့ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးနေပါသေးတယ်။ ဒါကို ပြန်လည်ကောင်းမွန်လာဖို့ တစ်ရက် နှစ်ရက်နဲ့တော့ မရပဲ တစ်လ နှစ်လလောက် အချိန်ပေးရ ပါလိမ့်မယ်။ ဒါပေမဲ့ သူမက တကယ်လို့ ဒီအဆင့်ကို ဖြတ်ကျော်ပြီး ကြံ့ကြံ့ခံနိုင်ခဲ့မယ် ဆိုရင်တော့ သူမရဲ့ သိုင်းပညာရပ် လမ်းစဉ်မှာ အကြီးအကျယ် အကူအညီ ဖြစ်စေပါလိမ့်မယ်။

ဒီလိုမျိုး ဒဏ်ရာတစ်ခုကနေ ပြန်လည်နိုးထလာခြင်းက အပျက်အစီးများထဲမှ ဖန်တီးခြင်း အမျိုးအစား တစ်ခု ဖြစ်ပါတယ်။

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပဲ ကျူးရှွမ်အာက မေးလိုက်ပါတယ်။

"သခင်လေးဟန် ဒါက ဘယ်လိုနေရာကြီးလဲ"

ဒီ့အပြင် သူမက လီစီရှန်းကိုတောင်မှ ဒီနေရာမှာ မြင်တွေ့ရပါတယ်။

Chapter 496 end

အပိုင်း(၄၉၇) ဂဏ်ပါအစီအရင်များကို ဖြေရှင်းခြင်း

ကျူးရှမ်အာက သူ့အတွက် ခုန်ဝင်ပြီးတော့ ရန်ထန်းဇောင်ရဲ့ တိုက်ခိုက်မှုကို ကာကွယ်ပေးတဲ့ အခိုက်အတန့်ကနေ စပြီးတော့ လင်းဟန်က ကျူးရှမ်အာကို သူငယ်ချင်း တစ်ယောက်အဖြစ် သတ်မှတ်လိုက်ပါပြီ။

ကျူးရှမ်အာက လျှို့ဝှက်ချက်တွေကို ထိန်းသိမ်းထားနိုင်စွမ်း မရှိတဲ့ လူစားမျိုး မဟုတ်ပါဘူး။ ဒါကြောင့် သူက အနည်းငယ် တုံ့ဆိုင်းပြီးမှ ပြောလိုက်ပါတယ်။

"ဒါက ငါ့ရဲ့ စိတ်ဂိညာဉ် သိုလှောင်ပစ္စည်း အတွင်းပိုင်းထဲမှာပဲ"

ကျူးရှမ်အာက ပထမတော့ ကြောင်တောင်တောင် ဖြစ်သွားပြီးတော့မှ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းတွေက သက်ရှိတွေကို ထည့်ထားနိုင်လို့လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကအခု အဲဒီအထဲမှာ ရောက်နေတာပဲ မဟုတ်လား"

ကျူးရွှမ်အာက တဒင်္ဂတော့ ထိတ်လန့်သွားပြီး နောက်ဆုံးမှာ အမှန်တရားကို လက်ခံလိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဘယ်လိုလုပ်ပြီး ဒီသိုလှောင်စိတ်ဂိညာဉ် ပစ္စည်းက အရမ်းကို ကြီးမားရတာလဲ။ ဒါက ကမ္ဘာကြီး တစ်ခုလိုပဲ"

"ဒါကြောင့်ပဲ ဒီလျှို့ဝှက်ချက်ကို တခြားလူတွေ သိသွားလို့ မရဘူး"

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

ကျူးရွှမ်အာက အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။ သက်ရှိတွေကို သိုလှောင်နိုင်ပြီး မဆုံးမရှိ ကျယ်ပြန့်တဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့ တန်ဖိုးက ရှုးသွားနိုင်ပါတယ်။ လင်းဟန်က ဒီလျှို့ဝှက်ချက်ကို

တစ်ချိန်လုံး ထိန်းသိမ်းထားတာ အံ့သြစရာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း အခုတော့ လင်းဟန်က သူမကို ဒီလျှို့ဝှက်ချက်ကို ပေးသိထားလိုက်ပြီး ချက်ချင်းဆိုသလို ပျားရည်ချိုချိုလေး စားလိုက်ရသလိုမျိုး ခံစားလိုက်ရပြီး သူမရဲ့ နှလုံးသား အောက်ခြေထိအောင် ချိုမြိန်သွားသလို ခံစားလိုက်ရပါတယ်။

"ရှမ်အာ ဒီလျှို့ဝှက်ချက်ကို သေချာပေါက် ထိန်းသိမ်းထားပါမယ်"

သူမကလည်း မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"အားပြန်ဖြည့်ဖို့ကို အာရုံစိုက်ထား။ ဒီနေရာမှာ စိတ်ဝိညာဉ် ဆေးပင်တွေ အလျှံပယ်ရှိတယ်။ မူလစွမ်းအင် ပုံဆောင်ခဲကို မင်းစိတ်ကြိုက် အသုံးပြုပါ။ အရင်ဆုံး စိတ်ဝိညာဉ်ရဲ့ ဒဏ်ကို ပြန်လည်ကောင်းမွန်လာအောင်လုပ် အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းထပ်ပြီးတော့ ကျင့်ကြံနိုင်မှာ မဟုတ်တော့ဘူး"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့"

ကျူးရှမ်အာက သူမရဲ့ခေါင်းကို အောက်ကျို့ပြီးတော့ ညိတ်လိုက်ပါတယ်။ သူမက ဇာပဂါကို မဂတ်ဆင်တော့ပဲ သူမရဲ့ အသိအမှတ်ပြုလောက်တဲ့ ချောမောလှပ တင့်တယ်တဲ့ မျက်နှာကို ဖော်ပြထားပါတယ်။ ဒါကြောင့် အသက်ရှူတောင်မှားသွားပြီး လင်းဟန်အနေနဲ့ သူ့ရဲ့ နှလုံးခုန်နှုန်းတောင် မြန်လာတယ်လို့ ခံစားလိုက်ရပါတယ်။

ကံကောင်းတာက သူ့အနေနဲ့ ယခင်ဘဂတုန်းက ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ အလှအပကို မြင်ခဲ့ပါတယ် အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒီဆွဲဆောင်မှုရဲ့အောက်မှာ အနည်းနဲ့အများ ကျဆုံးသွားရပါလိမ့်မယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ချက်ချင်းထွက် မသွားခဲ့ပါဘူး။ နတ်ဘုရား ကျောင်းဆောင်ကနေ ထွက်လာပြီးတဲ့နောက်မှာ သူ့ယူလာတဲ့ သားရဲကောင်ရဲ့ အရိုးတွေ အစိတ်အပိုင်း နှစ်ခုနဲ့ နတ်ဘုရား အကြွင်းအကျန် ရုပ်ကလာဘ် နှစ်ခုကိုလည်း လေ့လာစူးစမ်းဖို့ အခွင့်အရေး မရှိသေးပါဘူး။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ သူ့အနေနဲ့ နတ်ဘုရားတွေရဲ့ နိုင်ထက်စီးနင်း ပြုတတ်တဲ့ ဖိအားကို ကြောက်ရွံ့စရာ နည်းနည်းလေးမှ မလိုပဲ အသေးစိတ် စူးစမ်းလေ့လာလိုက်ပါတယ်။ ဒီနတ်ဘုရား ရုပ်ကလာဘ်နှစ်ခုက ကြည့်ရတာ ပြည့်စုံပေမဲ့ အထဲက နတ်ဘုရား အဆီအနှစ်တွေ ကုန်ခမ်းသွားခဲ့ပါပြီ။ အားလုံးကို သွေးစုပ်ပိုးကောင်တွေက အချိန်အကြာကြီး စုပ်ယူခဲ့တာ သိသာထင်ရှားပါတယ်။

"နတ်ဘုရား အရိုးတွေကို အမှုန့်ဖြစ်အောင် ကြိတ်ချေပြီးတော့ ဆေးဖော်စပ်တဲ့ အထဲမှာ ထည့်လို့ ရနိုင်မလား"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

"သူတို့က လူသားတွေ မဟုတ်ပေမဲ့ လူသားပုံစံ ရှိကြတယ်။ ပြီးတော့ လူသားတွေရဲ့ အရိုးကို ဆေးအဖြစ် မွမ်းမံသန့်စင်ဆိုတာ အတော်လေးကို စက်ဆုပ်ရွံရှာစရာပဲ။ ဒီအကြောင်းကို မေ့လိုက်တော့။ အခုဒါကို ခဏထားထားလိုက်ဦး"

လင်းဟန်က သားရဲနှစ်ကောင်ရဲ့ ဦးခေါင်းခွံတွေကို

ကောက်ယူပြီးတော့ အရိုးအစီအရင် ပုံစံများကို ဂရုတစိုက်နဲ့ လေ့လာလိုက်ပါတယ်။ တကယ်လို့ သူက ဒီအထဲက နက်နဲသိမ်မွေ့မှုတွေကို နားလည်ဆင်ခြင်နိုင်ရင် သူရဲ့တိုက်ပွဲစွမ်းရည်ကို အများကြီး တိုးလာပါလိမ့်မယ်။

တစ်ညကုန်လွန် သွားခဲ့ပါတယ်။ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး ဒုတိယ အဆင့်ရဲ့ စမ်းသပ်မှုကို ခံယူဖို့ စောင့်နေပါတယ်။

"ဒီစမ်းသပ်မှုထဲမှာ ပါဝင်ယှဉ်ပြိုင်ချင်တဲ့သူ ဘယ်သူမဆို အထဲကို ဝင်ပါ။ ပြီးတော့ ပြန်ထွက်လာနိုင်တဲ့သူ အားလုံးက ဆုလာဘ်ဆောင် တစ်ခုစီ ရရှိလိမ့်မယ်။ ထိပ်ဆုံး သုံးယောက်ကတော့ ကြီးမားတဲ့ ဆုလာဘ်ကြီး တစ်ခုစီ ရလိမ့်မယ်။ အချိန်နည်းနည်းနဲ့ ထွက်လာနိုင်ရင် ဆုလာဘ် ပိုပြီးတော့ ကောင်းလိမ့်မယ်"

ဂက်ပါ စိတ်ဝိညာဉ်က ပြောလိုက်ပါတယ်။

အားလုံးက စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ ပထမ အဆင့်တုန်းက ထိပ်ဆုံးသုံးယောက်ပဲ ဆုရရှိ ခဲ့ပါတယ်။ ဒါပေမဲ့ ဒီအဆင့်မှာတော့ အောင်မြင်တဲ့သူတွေ အားလုံးပဲ ဆုတစ်ခုစီ ရရှိနိုင်ပါတယ်။ ခက်ခဲမှုကလည်း

အတော်လေးကို တိုးလာနိုင်ပါလိမ့်မယ်။

သူတို့အားလုံး ထိုအဆောက်အဦးထဲကို ဝင်လာခဲ့ကြပြီး အဲဒီနောက်မှာ သူတို့ရဲ့ မျက်လုံး အရှေ့က သဘာဝ ရှုခင်းက ချက်ချင်းပဲ ပြောင်းလဲသွားပြီးတော့ နေရာတစ်ခုလုံး မြူတွေနဲ့ ပြည့်နှက် သွားခဲ့ပါတယ်။ ပတ်ဝန်းကျင်က ကျောက်တိုင်တွေပေါ်မှာ အစီအရင် ပုံစံအမျိုးမျိုး ရေးထွင်းထား ပါတယ်။

လူတွေအများကြီးက တစ်ပြိုင်နက် ဝင်သွားကြပေမဲ့ အခုတော့ အားလုံးကိုယ်စီက တစ်ယောက်တည်း ဖြစ်နေပြီး တခြားသူတွေကို မြင်နိုင်စွမ်း မရှိကြတော့ပါဘူး။

"ဂင်္ပါ အစီအရင်တွေ"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ဒါဆိုရင် ဒုတိယအဆင့်က ဂင်္ပါ အစီအရင်တွေ ဖြစ်ပါတယ်။ ဂင်္ပါ အစီအရင်တွေကို ဖြေရှင်းပြီးတော့ ထွက်လာနိုင်ရင် အောင်မြင်တယ်လို့ ထည့်တွက်ပါလိမ့်မယ်။ ပြီးတော့ အမြန်ဆုံးလူက ရောမ ဆုလာဘ်ဆောင်ကို ရရှိနိုင်ပါတယ်။

သူက ဂင်္ပါထဲ စတင်ပြီးတော့ လှည့်လည် လိုက်ပါတယ်။

မြူခိုးတွေက ရေနွေးငွေ့တွေလိုမျိုး သိပ်သည်းပြီးတော့ ဟုမ်းဆိုပြီး ရုတ်တရက် သားရဲတစ်ကောင် ပေါ်လာပြီး သူ့ကို ခုန်အုပ် လိုက်ပါတယ်။ သူက အဲဒီသားရဲကို တစ်ချက်တည်းနဲ့ အပိုင်းပိုင်း ဖြစ်အောင်လို့ ခုတ်ပိုင်းလိုက်ပေမဲ့ သွေးတွေ ပန်းထွက်လာခြင်း မရှိပါဘူး။

ဒါက ဂင်္ဂါပါ အစီအရင်ရဲ့ လှည့်ဖျားခြင်း စွမ်းရည် တစ်ခု ဖြစ်တယ်ဆိုတာ အရမ်းကို သိသာထင်ရှားပါတယ်။

"သားရဲကောင်ရဲ့ ခွန်အားကို ကြည့်ရတာတော့ ဒါက အဆင့်ငါး ဂင်္ဂါပါတစ်ခု ဖြစ်နိုင်တယ်။ အထူးသဖြင့် စိတ်အာရုံကို ထွေပြားစေတဲ့ ဂင်္ဂါပါမျိုးပဲ။ ပြီးတော့ ဒီဂင်္ဂါပါရဲ့ အရန်စွမ်းအားက သားရဲကောင်တွေကို စိတ်ဝိညာဉ် ချီကနေ ဖြစ်ပေါ်လာတာ ဖြစ်လိမ့်မယ်"

သိပ်မကြာခင်မှာပဲ လင်းဟန်က ဂင်္ဂါပါရဲ့ လျှို့ဝှက်ချက်တွေကို ဖြတ်မြင်သွားခဲ့ပါတယ်။ ဒါက လူတစ်ယောက်ချင်းစီရဲ့ အဆင့်ပေါ်မှာ မူတည်ပြီးတော့ ထိန်းညှိထားတာ ဖြစ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ပန်းဖူးအဆင့် သားရဲကောင် တစ်ကောင်ရောက်လာရင် ဘယ်လိုလုပ်ပြီးတော့ သူက အဲဒါကို တားဆီးကာကွယ်နိုင်မှာလဲ။

ဂေါ်ပါ အစီအရင်ကို ဖြေရှင်းနိုင်ဖို့အတွက် မရှိမဖြစ် လိုအပ်ချက်က ဂေါ်ပါရဲ့ တိုက်ခိုက်မှုကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဲဒီလူက အသက်မရှိတော့ဘူး ဆိုရင် ဘယ်လိုလုပ်ပြီးတော့ ဂေါ်ပါကို ဖြေရှင်းနိုင်မှာလဲ။

လင်းဟန်ရဲ့ စိတ်တွေက ရှင်းလင်းလို့ နေပါတယ်။ သူက ယခင်ဘဝတုန်းက ရှေးဟောင်းနယ်မြေ တော်တော်များများကို ဝင်ရောက်ခဲ့ပြီး ဂေါ်ပါနဲ့ ပတ်သက်တဲ့ နားလည်နိုင်စွမ်းတွေ မကင်းမဲ့ ခဲ့ပါဘူး။ ဂေါ်ပါ တစ်ခုကို နေရာချထားခြင်းမှာတော့ သူက လူသစ်တစ်ယောက် ဖြစ်နိုင်ပေမဲ့ ဂေါ်ပါတွေကို ဖြေရှင်းတဲ့ နေရာမှာတော့ သူက ခေါင်းချုပ်တစ်ယောက် ဖြစ်ပါတယ်။

မကြာခင်မှာပဲ သူက ဂေါ်ပါရဲ့ အရိပ်အမြွက်တစ်ခုကို သိနားလည် သွားပြီးတော ့ဂေါ်ပါထဲမှာ လမ်းလျှောက်သွားခဲ့ပါတယ်။ တစ်ခါတရံမှာ ဘယ်ဘက်ကို လျှောက်သွားပြီး တစ်ခါတစ်ရံမှာ ညာဘက်ကို လျှောက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဆယ်မိနစ် ကြာပြီးတဲ့ နောက်မှာတော့ ရှေ့က မြင်ကွင်းက ရုတ်တရက် ကြည်လင် လာခဲ့ပြီး သူက ဂေါ်ပါရဲ့ အပြင်ဘက်ကို လမ်းလျှောက်

ထွက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက ပထမဆုံး ရောက်တဲ့သူ မဟုတ်ပါဘူး။

ဟူးညို့က သူရဲ့အရှေ့မှာ ရှိနေပြီးတော့ အသားခြောက်တစ်ခုကို ပျင်းပျင်းနဲ့ ဂါးနေပါတယ်။ လင်းဟန်ကို မြင်လိုက်တာနဲ့ သူမက ပျော်ရွှင်စွာနဲ့ ချက်ချင်းပဲ ပြေးလာပြီး သူမရဲ့ ဆီတွေ ပေနေတဲ့ လက်ကိုတောင်မှ ဂရုမစိုက်ပဲ လင်းဟန်ကို ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး သတိရနေတာ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ကြည့်ရတာ တော်တော်တော့ ကြာနေပြီ"

ဟူးညို့က သူမရဲ့ လက်ချောင်းတွေကို ကိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကလေးမက အရမ်းကို ထူးဆန်းတယ်"

ဂျက်ပါ စိတ်ဂိုညာဉ်က ပေါ်လာခဲ့ပြီး ဟူးညိုကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ငါဒီလိုမျိုး လူတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ဂျက်ပါက နည်းနည်းလေးမှ သက်ရောက်မှု မရှိသလို ဂျက်ပါရဲ့ စည်းမျဉ်းစည်းကမ်းတွေ နောက်ကိုလည်း လိုက်ပြီးတော့ မလှုပ်ရှားပဲ ဂျက်ပါရဲ့ အပြင်ဘက်ကို ထွက်လာခဲ့တယ်လေ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက ဂျက်ပါထဲကနေ သူလမ်းလျှောက် သွားလာတုန်းက ဂျက်ပါ နေရာချမှတ်ထားတဲ့ အတိုင်းပဲ လမ်းလျှောက်လိုက်လာခဲ့ရတာ ဖြစ်ပြီးတော့ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လာတာမဟုတ်ပါဘူး။ အဲဒီအစား စက်ပိုင်းပတ်ပုံ ပတ်လိုက် အရှေ့ကတိုးလိုက် အနောက်ကို ဆုတ်လိုက်နဲ့ အရူးတစ်ယောက်လို လမ်းလျှောက် ထွက်လာခဲ့ရတာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဂျက်ပါ စိတ်ဂိုညာဉ် ပြောတာက ဟူးညိုက ဂျက်ပါအတိုင်း လမ်းမလျှောက်ပဲ ဒီအတိုင်း ရိုးရိုးပဲ မျဉ်းဖြောင့်အတိုင်း ပြေးထွက်လာခဲ့တယ်လို့ ဆိုလိုတာပါ။

ဒါက တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"ညီးညီးက ပါရမီရှင် တစ်ယောက်လေ"

ဟူးညိုက သူ့မကိုယ်သူမ ကျေနပ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ထိုင်ချပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီး နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို သူ့ဆီမှာ တောင်းလိုက်"

"ကောင်းပြီ"

ဟူးညိုက သဘောတူပြီးတော့ အသံကျယ်ကျယ်နဲ့ ပြောလိုက်ပါတယ်။

"ညီးညီး နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို လိုချင်တယ်။ အဲဒါကို လင်းဟန်ကို ပေးလိုက်"

ဂင်္ကပါ စိတ်ဝိညာဉ်က လင်းဟန်ကို မျက်စိတစ်ချက်

ပေ့ကြည့်လိုက်ပြီးတော့ ဟူးညိုကို ပြောလိုက်ပါတယ်။

"ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေး တစ်ခုကို တခြားလူကို မင်းက ပေးမလို့လား"

"ညိုးညိုးက ဒီလိုပဲ လုပ်ချင်တယ်"

ဟူးညိုက ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ ခါးထောက်ပြီး ပြောလိုက်ပါတယ်။

ဂင်္ဂပါ စိတ်ဂိညာဉ်က ပြောစရာစကား ကင်းမဲ့သွားပြီး အလင်းရောင် ဘောလုံးတစ်လုံးကို လင်းဟန်ဆီကို ပစ်ပေးပြီး ပြောလိုက်ပါတယ်။

"မင်းကံကောင်းတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းရဲ့ မှတ်တမ်းနဲ့ဆိုရင် ဒီအစိတ်အပိုင်းကို ရရှိဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ဘူး"

လင်းဟန်က ရယ်မောပြီးတော့ အလင်းဘောလုံးကို သူ့ရဲ့ဦးခေါင်းပေါ် ဖိနှိပ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို မရေတွက်နိုင်တဲ့ အလင်းရောင်တွေက သူ့ရဲ့ အသိဉာဏ်ထဲကို တိုးဝင်သွားခဲ့ပြီး အစောပိုင်းက

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်နဲ့ ပေါင်းစည်းသွားခဲ့ပါတယ်။ အခုဆို တကယ်လို့ သူက အထွတ်အထိပ်ထိ ကျင့်ကြံမယ်ဆိုရင် သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စစ်မှန်တဲ့ နဂါးခြောက်ကောင်ရဲ့ ခွန်အားကို ရောက်သွားနိုင်ပါပြီ။

ဒါပေမဲ့လည်း အခုစမ်းသပ်မှုအတွက် လင်းဟန်က ဒုတိယ နေရာ ရရှိခဲ့ပါတယ်။ ဒုတိယအဆင့် စမ်းသပ်မှုက တစ်နေ့လုံး သွားပါလိမ့်မယ်။ တစ်စုံတစ်ယောက်က ရောက်လာတာနဲ့ စမ်းသပ်မှုကို စတင်လိုက်ရင် သူရဲ့မှတ်တမ်းကို ဒီနေ့ကုန်ဆုံးပြီးတဲ့ နောက်မှာမှ အတည်ပြုပါလိမ့်မယ်။

လူတွေက တစ်ယောက်ပြီးတစ်ယောက် ထွက်လာခဲ့ပါတယ်။ ဒီဂိုက်ပါက အရမ်းကြီး မခက်ခဲပါဘူး။ စစ်မှန်တဲ့ ပါရမီရှင်တွေကို နှင်းချေပစ်ဖို့ အတွက်တော့ မလုံလောက်ပါဘူး။ ဒီဂိုက်ပါကို ဖြေရှင်းဖို့ အချိန်တစ်ခုပဲ လိုပါတယ်။

တစ်ရက်က မကြာခင်မှာပဲ ကုန်ဆုံးသွားခဲ့ပါတယ်။ မျှော်လင့်ထားတဲ့ အတိုင်းပဲ လင်းဟန်က ဒုတိယ နေရာမှာပဲ ရှိနေခဲ့ပြီး တတိယ နေရာကတော့ လင်းရှန်းချင် ဖြစ်ပါတယ်။

"ဒါကို မမျှော်လင့်ထားဘူး မဟုတ်လား။ ဒီမိန်းကလေးရဲ့ ရင်သားတွေက ကြီးထွားကောင်း ကြီးထွားမယ်။ ဒါပေမဲ့ သူမရဲ့ဦးနှောက်ကလည်း မြန်ပါတယ်"

သူမက လင်းဟန်ကို မျက်စလေးပစ်ပြီးတော့ သူမရဲ့ ငွားငွားစွင့်စွင့် ဖြစ်နေတဲ့ ရင်သားတွေကို ကော့ပြီးတော့ လင်းဟန်ကို ဆွဲဆောင်ဖြားယောင်းတဲ့ အမူအရာတွေ လုပ်နေပါတယ်။

လင်းဟန်က မော်ဆေးလုံး သုံးမျိုးထဲကနေ ရွေးနိုင်ပါတယ်။ ဒါက သူ့ကို စိတ်ဓာတ်ကျအောင် လုပ်ခဲ့ပါတယ်။ ဘယ်ဆေးလုံးကိုများ သူမဖော်စပ်နိုင်တာ ရှိလို့လဲ။ သူက ဂက်ပါတွေရဲ့ အနှစ်သာရ စာအုပ်တစ်အုပ်ကို ပိုလိုချင်ခဲ့ပါတယ်။ လင်းဟန်က ဂက်ပါ စိတ်ဝိညာဉ်ကို တခြားဆုလာဘ်တွေနဲ့ လဲလှယ်ပေးဖို့ တောင်းဆိုလိုက်ပေမဲ့ အေးစက်စက်နဲ့ ငြင်းပယ်ခံ လိုက်ရပါတယ်။

"ဘယ်လောက်တောင် ခေါင်းမာလိုက်သလဲ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ စောဒက တက်နေခဲ့ပါတယ်။

Chapter 497 end

အပိုင်း(၄၉၈) မျောလွင့်နေတဲ့ ကျောက်တုံးလှေကားထစ်များ

လင်းဟန်အနေနဲ့ မှော်ဆေးလုံးတွေကို ဆုအဖြစ် ရရှိတာကို မကြိုက်နှစ်သက်ပေမဲ့ ဒီအခွင့်အရေးကို မဖြုန်းတီးပစ်ချင်ပါဘူး။ ဒါကြောင့် ဆေးလုံးတစ်လုံးကို ရွေးယူလိုက်ပါတယ်။

ဒီဆေးလုံးသုံးလုံးရဲ့ အဆင့်တွေက မနိမ့်ပါဘူး။ ပြီးတော့ အတော်လေးကို တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီဆေးလုံးတွေထဲမှာ ကျူးရှမ်အာရဲ့ ဆရာသခင်ကို ကုသပေးနိုင်တဲ့ ပုန်းကွယ်နေတဲ့ ကောင်းကင်ဘုံကျား ကံကောင်းခြင်း ဆေးလုံးလည်း ပါဝင်နေပြီး အဲဒါကြောင့် လင်းဟန်က ထိုဆေးလုံးကို ရွေးချယ်လိုက်ပါတယ်။

ကျန်တဲ့ဆေးလုံး နှစ်လုံးကတော့ ကောင်းကင်အဆင့်ကို ချိုးဖြတ်ကျော်လွှားတဲ့ အခါမှာ အကူအညီအဖြစ် အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အဲဒီဆေးလုံးတွေကို မလိုအပ်ခဲ့ ပါဘူး။ ပြီးတော့ ဒုတိယအချက်က သူလည်း ဒီဆေးလုံးတွေကို ဖော်စပ်နိုင်ပါတယ်။ ဒါကြောင့် ဒါတွေကို ကျော်လိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူရဲ့ဘေးနားက လူတွေအားလုံးက

နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်တဲ့ အခါကျရင် သူ့အနေနဲ့ ဒီလိုမျိုး ဆေးလုံးတွေကို ဖော်စပ်ဖို့ ပါဝင်ပစ္စည်းတွေ ရှားပါးလိမ့်မှာ မဟုတ်ပါဘူး။

ဒါက ကျူးရှမ်အာအတွက် ဆုလက်ဆောင် တစ်ခုလည်း ဖြစ်ပါတယ်။

"ဒီအရှေ့တည့်တည့်မှာ နောက်ဆုံးစမ်းသပ် စစ်ဆေးမှု တစ်ခုရှိတယ်။ အဲဒီနေရာကို ဆယ်ရက်အတွင်း ရောက်တဲ့လူ ဘယ်သူမဆို စမ်းသပ်မှုကို ခံယူဖို့အတွက် အဆင့်မီတယ်"

ဂေါ်ပါ စိတ်ဝိညာဉ်က ထွက်သွားပါတယ်။ ဂေါ်ပါကို ဖြတ်ကျော်လာနိုင်တဲ့ လူအကုန်လုံး ဆုတစ်ခုစီ ရရှိခဲ့ကြပါတယ်။ ဒါပေမဲ့ ထိပ်ဆုံးသုံးယောက်ထက်တော့ ဆုလာဘ်တွေက အထင်ကြီးစရာ မကောင်းပါဘူး။

အားလုံးက ထွက်ခွာသွားကြပါတယ်။ ပြီးတော့ ဂေါ်ပါထဲကနေ ဖြတ်ပြီးတော့ ထွက်မလာတဲ့ လူတွေတောင် ထွက်လာခဲ့ကြပါပြီ။ ဒါက တတိယ အဆင့်ကို သွားဖို့အတွက် အဆင့်မီခြင်း မမီခြင်းနဲ့ ပတ်သက်ပြီးတော့ အကျိုးသက်ရောက်မှု မရှိပါဘူး။ အဓိကသော့ချက်က တတိယအဆင့် စမ်းသပ်မှု ပြုလုပ်တဲ့ နေရာကို သူတို့တွေ

ရောက်နိုင် မရောက်နိုင်ပဲ ဖြစ်ပါတယ်။ ဒုတိယ အဆင့်လိုမျိုးပဲ သူတို့တွေက တောအုပ်ထဲကို ဖြတ်သွားရပြီး အဲဒီနေရာမှာ သားရဲကောင်တွေကို သတိထားပြီး သွားရပါတယ်။

လင်းဟန်တို့ အုပ်စုကလည်း ထွက်လာခဲ့ကြပါတယ်။ နဂါးကိုးကောင် ခန္ဓာကိုယ်ကျင့်စဉ် အစိတ်အပိုင်း နှစ်ခုကို ရရှိခဲ့ပြီ ဆိုမှတော့ လင်းဟန်အနေနဲ့ ပြီးပြည့်စုံတဲ့ ပညာရပ်တစ်ခု ဖြစ်ပေါ်ဖို့ နောက်ဆုံး အပိုင်းကို ပိုပြီးတော့တောင် ရယူချင်ခဲ့ပါတယ်။

လမ်းခရီး တစ်လျှောက်လုံးမှာ သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို စတင်လေ့လာ သင်ယူလိုက်ပါတယ်။

သာမန်ပညာရပ်တွေနဲ့ မတူညီပဲ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က မူလစွမ်းအင်ကို မကျင့်ကြံ ရပါဘူး။ ဒီပညာရပ်က လူသားတစ်ယောက် ခန္ဓာကိုယ်ရဲ့ အလားအလာကောင်းတွေကို တူးဖော်ပြီး အသားတွေ အရိုးတွေ သွေးကြောတွေနဲ့ ကြွက်သားတွေရဲ့ စွမ်းအားကို အနည်းဆုံး နတ်ဘုရားတစ်ပါးရဲ့ အသွေးအသား အကန့်အသတ်ထိ ချိုးဖြတ်ကျော်လွှားပြီး တိုးလာစေပါတယ်။

ဒီပညာရပ်ကို ကျင့်ကြံဖို့က တော်တော်လွယ်ကူပါတယ်။

ပထမဆုံးက အရမ်းကို ကောင်းမွန်တဲ့ ရတနာတွေနဲ့ အာဟာရ ပြည့်ဝတဲ့ အရာတွေကို စားနိုင်သမျှ စားဖို့ ဖြစ်ပြီးတော့ ဒုတိယ အချက်က အားလုံးကို တစ်ခုတည်းအဖြစ် ထိုက်သင့်တဲ့ ပမာဏရောက်အောင် လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အကန့်အသတ်ထိ တိုးဝင်သွားအောင် ကျင့်ကြံရပါမယ်။

ဒီအတွက် အရမ်းကို သန်မာတဲ့ ခန္ဓာကိုယ် လိုအပ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြောက်စရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ စွမ်းအားမျိုးကို ထိန်းသိမ်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ရွှံ့စေး လူသားတစ်ယောက်လိုမျိုး တကယ်လို့ ၎င်းရဲ့ လက်သီးမှာ ပေါင်တစ်ထောင်ကျော် ခွန်အားရှိပြီး နံရံတစ်ခုကို ထိုးလိုက်မယ် ဆိုရင်တောင် နံရံက ပျက်စီးကောင်း ပျက်စီးသွား နိုင်ပေမဲ့ ရွှံ့စေးလူသားလည်း ပျက်စီးသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ အဲဒီနေရာမှာ ဂိုလမ် တစ်ကောင်သာ ဖြစ်မယ်ဆိုရင် လက်သီးတစ်ချက်က နံရံကို ကျိုးပဲ့ကြေမွသွားမှာ သေချာပေမဲ့ ဂိုလမ်ကတော့ ဘာမှဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်အတွက်တော့ နဂါးကိုးကောင် ခန္ဓာကိုယ်

ကျင့်စဉ်က သူ့အတွက် တီထွင်ထားတဲ့ ပညာရပ်လို ကွက်တိကျနေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံထားပြီး သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူက ရှားပါးသတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ တကယ်လို့ သူက စိန်တုံးအဆင့်ကို အဆင့်တစ်ဆင့် ထပ်တက်ခဲ့မယ်ဆိုရင် ပိုပြီးတော့တောင်မှ ကြောက်ဖို့ကောင်းပါလိမ့်ဦးမယ်။

ဒီလိုမျိုးသန်မာတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ဆိုရင် သူ့အနေနဲ့ ဒီပညာရပ်ကို ကျင့်ကြံတဲ့အခါမှာ ရလဒ်က နှစ်ဆလောက်အထိ ရသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း အခုသူ့မှာ ကျင့်ကြံအားထုတ်ဖို့ အချိန်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံး လမ်းပေါ်မှာ အလျင်လိုနေကြပါတယ်။ ဂင်္ကပါ စိတ်ဂိညာဉ်က သူတိုပကို ဆယ်ရက်ပဲ အချိန်ပေးပါတယ်။ ဆိုလိုတာက ဒီလမ်းက အရမ်းကို ရှည်လျားတာမျိုး ဒါမှမဟုတ် အန္တရာယ်တွေနဲ့ ပြည့်နှက်နေတာမျိုး ဖြစ်ပါလိမ့်မယ်။ ပြီးတော့ သူတို့က အဆုံးကို မရောက်ခင် အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင်ကျော်လွှား ရပါလိမ့်မယ်။

မြေပြန့်လွင်ပြင်ကြီးက မကြာခင်မှာ ပျောက်ကွယ်သွားခဲ့ပြီး အရှေ့တည့်တည့်မှာ လမ်းမရှိတော့ ပါဘူး။ အဲဒီအစား လေထဲမှာ ကျောက်တုံးတွေက တစ်ဆင့်ပြီးတစ်ဆင့် ပိုပိုမြင့်မြင့်နဲ့ မိုးကောင်းကင်ထိ မြင့်တက်မျောလွင့်နေပါတယ်။

"တတိယအဆင့်က ကောင်းကင်ပေါ်မှာ ဖြစ်နိုင်ပါ့မလား"

"ကြည့်ရတာ အဲဒီပုံစံပဲ"

"ဒါက ကောင်းကင်ကိုတက်တဲ့ လှေကားတွေလား"

"ဟားဟား ဒါကို လှေကားတစ်ခုလို့ ထည့်တွက်ရမှာလား"

အားလုံးက ဒီအဆင့်က စမ်းသပ်မှု တစ်ခု မဟုတ်သေးဘူးလို့ ခံစားနေရပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ပန်းဖူးအဆင့် စစ်သည်တော်တွေက ပျံသန်းနိုင်ကြပါတယ်။ တကယ်လို့ သူတို့က ထိပ်ဆုံးထိကို တစ်ကြိမ်တည်းနဲ့ မပျံသန်းနိုင်ခဲ့ဘူး ဆိုရင်တောင်မှ လမ်းတစ်လျှောက် လေထဲမှာ မျောလွင့်နေတဲ့ ကျောက်တုံးတွေ ရှိပြီးတော့ သူတို့အတွက် အနားယူလို့ ရပါတယ်။

"ကြိုးစားကြည့်တာပေါ့"

လင်းဟန်က လှွားခနဲ ခုန်လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့အမူအရာက ချက်ချင်းကြီး ပြောင်းလဲသွား ခဲ့ပါတယ်။ ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အားက ထူးထူးခြားခြား အားကောင်းလာတာကို တွေ့လိုက်ရ ပါတယ်။ ပုံမှန်အားဖြင့်တော့ သူက အနည်းဆုံး ပေရာပေါင်းများစွာ ခုန်နိုင်ပါတယ်။ ဒါပေမဲ့ အခုတော့ ငါးပေအမြင့်ကို ခုန်ဖို့တောင် တော်တော်လေး ခက်ခဲနေပါတယ်။

ကံကောင်းတာက အဲဒီမျောနေတဲ့ ကျောက်တုံးပေါ်ကို ခုန်တက်နိုင်ခဲ့ပါတယ်။

ထူးဆန်းတာက ကျောက်တုံးပေါ်ကို သူခြေချမိလိုက်တဲ့ အချိန်မှာ မြေဆွဲငင်အားက ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီးတော့ သူ့အပေါ်မှာ ဘာဖိအားမှ မရှိတော့ပါဘူး။

ပုံစံကြည့်ရတာတော့ မြေဆွဲငင်အားက ပန်းဖူးအဆင့် စစ်သည်တော်တွေ ပျံသန်းသွားမှာကို တားဆီးဖို့ တည်ရှိနေတာဖြစ်ပြီးတော့ သူတို့ရဲ့ ခက်ခဲမှုတွေကလည်း အဆင့်တက် တိုးလာနိုင် ပါတယ်။

"မင်းတို့အားလုံး တက်ခဲ့ကြ။ ဒီလမ်းကတော့ လွယ်လွယ်နဲ့ လျှောက်လို့တော့ ရလိမ့်မှာ မဟုတ်ဘူး"

ဒါက ပထမအဆင့်က မြို့အဝင်ဂိတ်နဲ့ အတော်လေး ဆင်တူပါတယ်။ ဒါပေမဲ့ အဲဒီဂိတ်မှာက အပန်းအတား ဖြစ်စေတဲ့ စွမ်းအားတစ်ခု ဖြစ်ပြီးတော့ ဒီနေရာက ဆွဲငင်အားကတော့ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဂင်္ဂါ စိတ်ဝိညာဉ် ပြောသွားတဲ့ အဓိက သော့ချက်က ဆယ်ရက်အတွင်းမှာ ရောက်ရှိဖို့ လိုအပ်ပါတယ်တဲ့။ အဲဒါက ဘာကိုဆိုလိုတာလဲ။

ဒီလမ်းက အရမ်းကို ရှည်တယ်လို့ ပြောတာပဲ မဟုတ်လား။

ဒါကြောင့် ဒီစမ်းသပ်မှုက ခံနိုင်ရည်နဲ့ စိတ်စွမ်းအားကို စမ်းသပ်ထားပြီး အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး အရမ်းကိုသန်မာတဲ့ ဆွဲငင်အား ပတ်ဝန်းကျင်တစ်ခု အောက်မှာ ဘယ်သူက သူတို့ရဲ့ ခြေလှမ်းတွေကို ဆယ်ရက်ဆိုတဲ့ အချိန်အထိ ထိန်းသိမ်းထားနိုင်မှာလဲ။

လူတိုင်းလူတိုင်းက တစ်ယောက်ပြီး တစ်ယောက် ခုန်တက်လိုက်ပါတယ်။ တချို့လူတွေက လုံလောက်တဲ့ အမြင့်အထိ မခုန်နိုင်ကြပဲ နောက်တစ်ကြိမ် ထပ်ပြီးတော့

ခုန်နေကြပါတယ်။ ပြီးတော့ ဒါက မျောလွင့်နေတဲ့ ကျောက်တုံးတွေရဲ့က ပထမအဆင့်ပဲ ရှိပါသေးတယ်။ မျောလွင့်နေတဲ့ ကျောက်တုံးလှေကားထစ်ရဲ့ အဆုံးကိုတော့ မမြင်နိုင်ပါဘူး။ ဒါကြောင့် ဒီလမ်းက ဘယ်လောက်တောင် ဝေးသလဲ ဆိုတာကို ဘယ်သူမှ မသိနိုင်ကြပါဘူး။

တကယ်လို့ ဒီနေရာမှာ လမ်းဆုံးတစ်ခုသာ ရှိမယ်ဆိုရင် အနည်းဆုံးတော့ လူတိုင်းလူတိုင်းက သူတို့ရဲ့ စိတ်ထဲမှာ ပန်းတိုင်တစ်ခုကို ဖမ်းဆုပ်နိုင်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်လုံးတွေနဲ့ မြင်တွေ့ရသလောက်တော့ အဆုံးမရှိတဲ့ လမ်းတစ်ခု ဖြစ်ပြီးတော့ ရှေ့ဆက်တိုး ရတာလည်း အရမ်းကို ခက်ပါတယ်။ ဒါက လူတော်တော်များများကို ဖွဲလုံ့လ ဂီရိယတွေ လွယ်လွယ်နဲ့ လျော့ကျသွားအောင် လုပ်နိုင်ပါတယ်။

လူတိုင်းလူတိုင်းက စတင်ပြီးတော့ ရှေ့ဆက်တိုး လှုပ်ရှားခဲ့ပါတယ်။ အစမှာတော့ အားလုံးက တက်တက်ကြွကြွနဲ့ လေထဲမှာ လွင့်မျောနေတဲ့ ကျောက်တုံးလှေကားထစ်တွေပေါ်ကို တစ်ခုပြီး တစ်ခု ခုန်တက်နေခဲ့ပါတယ်။ ဒါပေမဲ့ ဆယ်မိနစ်ခန့် ကြာပြီးတဲ့နောက်မှာတော့ သူတို့ရဲ့ အမြန်နှုန်းတွေက နှေးကွေးသထက် နှေးကွေးလာပြီး သူတို့ရဲ့

နောက်ကျောမှာလည်း ချွေးတလုံးလုံးနဲ့ စိုရွှဲလို့ နေပါတယ်။

လင်းဟန်က သက်တောင့်သက်သာ ဖြစ်နေဆဲပါပဲ။ သူက လွှဲယုထန်နဲ့ တခြားသူတွေကို အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတော့ ထိပ်ဆုံးထိ ခေါ်သွားလို့ ရနိုင်ပေမဲ့ သူက မလုပ်ခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီနေရာက အားလုံးအတွက် ကြီးကြီးမားမား တိုးတက်စေနိုင်တာကြောင့် ဖြစ်ပါတယ်။

ဆယ်ရက်အတွင်းမှာ အဆုံးထိ လျှောက်လှမ်းနိုင်သူတွေက သိုင်းပညာရပ် ပါရမီမှာ ထူးချွန်ထက်မြက်ပြီး အနည်းဆုံးတော့ သူတို့မှာ ဘယ်တော့မှ နောက်ပြန်မဆုတ်တတ်ဘူး ဆိုတဲ့ နှလုံးသားတွေ ပိုင်ဆိုင်ထားတယ် ဆိုတာကို သက်သေပြနေပါလိမ့်မယ်။

ဒါက သိုင်းပညာ အထွတ်အထိပ်ကို သွားတဲ့ လမ်းကြောင်းပေါ်မှာ မရှိမဖြစ် လိုအပ်တဲ့ အရည်အသွေး တစ်ခုပဲ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က တခြားသူတွေ အတွက်နဲ့ စောင့်မနေတော့ပဲ သူရဲ့လှုပ်ရှားမှု ပညာရပ်ကို အသုံးပြုပြီးတော့ အထက်ကို လျင်မြန်စွာနဲ့

တက်လှမ်းသွားလိုက်ပါတယ်။

ပန်းဖူးအဆင့် ကျင့်ကြံသူတွေလည်း ဒီနေရာမှာ တစ်ဆင့်ခြင်း ခုန်တက်လှမ်း နေရပါတယ်။ ဒ့ါအပြင် အဆင့်ပိုမြင့်လေ မြေဆွဲငင်အားက ပိုပြီးတော့ ပြင်းထန်လေ ဖြစ်ပြီးတော့ သူတို့အနေနဲ့ တခြားလူတွေထက် အသာစီး မရပါဘူး။ ဒီနေရာက စမ်းသပ်မှုက ကျင့်ကြံခြင်းထက် စိတ်စွမ်းအင်နဲ့ ပတ်သက်တဲ့ အကြောင်းပဲ ဖြစ်ပါတယ်။

သိပ်မကြာခင်မှာပဲ လင်းဟန်က အားလုံးကို အနောက်မှာ ချန်ထားခဲ့ပြီး သူ့နဲ့အတူတူ ဆက်ပြီး တက်လာနိုင်တဲ့သူက ဟူးညိုပဲ ဖြစ်ပါတယ်။ ဒီမိန်းကလေးရဲ့ အမြန်နှုန်းလည်းပဲ ထိန်းချုပ်ခံ ထားရတယ်ဆိုတာ ထင်သာမြင်သာ ရှိပါတယ်။ ဒါပေမဲ့ သူမက မြန်ဆန်နေဆဲပဲ ဖြစ်ပြီးတော့ လင်းဟန်ထက် နည်းနည်းလေးမှ မနေးပါဘူး။

ခုန်တယ်။ ဆက်ပြီးတော့ ထပ်ခုန်တယ်။ ပြီးတော့ မမောမချင်း ခုန်နေကြပါတယ်။ သူတို့ မောလာရင် ကျောက်တုံးတွေအပေါ်မှာ အနားယူ တရားထိုင်ပြီး စိတ်ဂိညာဉ် ချီတွေကို စုပ်ယူပြီးတော့ အမောဖြေနေကြပါတယ်။ ဒါက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို အကြီးအကျယ် တိုးလာနိုင်စေတဲ့

အကျိုးအမြတ်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို ကောင်းမွန်တဲ့ အရာတွေ အများကြီး စားခဲ့ပါတယ်။ အဲဒီအရာတွေက သူတို့ရဲ့ အာနိသင်တွေကို ဖော်ပြဖို့ အချိန်က အရမ်းကို တိုတောင်းပြီး သူ့ရဲ့ခန္ဓာကိုယ် အတွင်းမှာ စုစည်းနေခဲ့ပါတယ်။ အခု သူ့ရဲ့ ခန္ဓာကိုယ် လုပ်ငန်းစဉ်က အကန့်အသတ်ကို ကျော်လွန်လာပြီး နောက်ဆုံးမှာ အာနိသင်တွေက ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ကျင့်ကြံခြင်း ပြီးသွားတဲ့ နောက်မှာတော့ လင်းဟန်က နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို စတင်ပြီး ကျင့်ကြံအားထုတ်လိုက်ပါတယ်။

ဒါကို တစ်ရက်မှာ တစ်နာရီလောက်ပဲ ကျင့်ကြံဖို့ လိုအပ်တာ ဖြစ်ပြီးတော့ ဒီထပ်ပိုပြီးတော့ မလိုပါဘူး။ အကန့်အသတ်ကို ကျော်လွန်ပြီးသွားရင် အဲဒီအစား ခန္ဓာကိုယ်က နာကျင်လာပါ လိမ့်မယ်။ ကျင့်ကြံအားထုတ်နေချိန်မှာလည်း အသွေးအသား၊ သွေးကြောနဲ့ အရိုးတွေကနေ စွမ်းအင်နဲ့ အဆီအနစ်တွေ ကြီးမားတဲ့ ပမာဏကြီး စုပ်ယူပါလိမ့်မယ်။ တကယ်လို့ ထိန်းသိမ်းဖို့ ကျွမ်းရတနာတွေ လုံလုံလောလောက် မရှိဘူးဆိုရင် သူ့ကိုယ်သူ

နောက်ပြန်ဆွဲချလိုက်သလို ဖြစ်သွားပါလိမ့်မယ်

လင်းဟန်က အခု ကျင့်ကြံတယ် ဆိုတာက ရတနာဆေးတွေရဲ့ အနှစ်သာရက သူ့ရဲ့ ခန္ဓာကိုယ် အတွင်းမှာ စုစည်းနေခဲ့ပြီး အားလုံးကို ပြင်းပြင်းထန်ထန် လေ့ကျင့်ပြီးတော့မှ လွှတ်ပေးရ ပါလိမ့်မယ်။ တကယ်လို့ သူက အခုချိန်မှာ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို မကျင့်ကြံဘူး ဆိုရင် ဒါကတကယ်ပဲ ကြီးကြီးမားမား ဖြုန်းတီးမှု တစ်ခု ဖြစ်ပါတယ်။

သူက ထူးဆန်းတဲ့ ကိုယ်ဟန်တစ်ခုပုံစံနဲ့ ချက်ချင်းဆိုသလို ခရက် ခရက် ခရက်ဆိုတဲ့ အသံတွေ မြည်လာပြီး သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးက အရိုးတွေ အက်ကွဲလာခဲ့ပါတယ်။ သူ့ကိုယ်သူ ကွေးကောက်လုမတတ် ဖြစ်သွားပြီး ချီနဲ့သွေးတွေက ချက်ချင်းဆိုသလို ပုံမှန်အတိုင်း လည်ပတ်မှု မရှိတော့ပါဘူး။ ဒါက အရမ်းကို နာကျင်ခံစားရပြီး သူ့ကို သွေးအန်ထုတ်လုမတတ် ဖြစ်သွား စေခဲ့ပါတယ်။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ ကနဦးအဆင့်မှာ စုစုပေါင်း ဒီလိုမျိုး ထူးဆန်းတဲ့ ကိုယ်ဟန် ဆယ့်နှစ်မျိုး ရှိပြီးတော့ ဒီပညာရပ်ရဲ့ ဒုတိယပိုင်းကို မကျင့်ခင်အထိ

ကိုယ်ဟန်ခြောက်ခုပဲ ရှိပါတယ်။ ပြီးတော့ ဒီအတိုင်းဆိုရင် ပြီးပြည့်စုံတဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်မှာ စုစုပေါင်း ကိုယ်ဟန် ဆယ့်ရှစ်ခု ရှိပုံရပါတယ်။

Chapter 498 end

အပိုင်း(၄၉၉) ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း

တစ်မိနစ် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ဒုတိယ ကိုယ်ဟန်ကို ပြောင်းလဲလိုက်ပါတယ်။ ခရက် ခရက် ခရက်။ သူရဲ့ ခန္ဓာကိုယ်ထဲက အရိုးတွေက နောက်တစ်ကြိမ် တဖြောက်ဖြောက်နဲ့ မြည်နေပြီး ဆီပူပူနဲ့ ကြော်တဲ့ ပဲပုပ်တွေလို ဖြစ်နေပါတယ်။ သူက သံမဏိအဆင့် ခန္ဓာကိုယ် ကျင့်ကြံခြင်းကို ရောက်သွားခဲ့ပြီးတော့ သူ့အရိုးတွေက အဆင့်တူထဲက ရှားပါးတဲ့ သတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရနိုင်တယ် ဆိုပေမဲ့လည်း သူ့ရဲ့အရိုးတွေက အတော်လေးကို အားနည်းနေသေးတယ်လို့ ခံစားနေရဆဲ ဖြစ်ပါတယ်။

သူက ဒီလိုမျိုး ကိုယ်ဟန်တစ်ခုကို အတင်းအကျပ်နဲ့ လုပ်ဆောင်နေတာက သူ့ကိုယ်သူ ပြင်းပြင်းထန်ထန်နဲ့ ရင်ဆိုင်တိုက်ခိုက်နေရသလို ညီမျှပါတယ်။ ဒါကြောင့် တကယ်လို့ အဆင့်တူ ရှားပါးသတ္တုတစ်ခု ဖြစ်ရင်တောင်မှ နတ်ဘုရား သတ္တုကလည်း ချိုးဖြတ်ပစ်ပါလိမ့်မယ်။

ဒီထူးဆန်းတဲ့ ကိုယ်ဟန်ပုံစံအောက်မှာ သူရဲ့အသွေးအသားနဲ့ အရိုးတွေက သူတို့ကိုယ်စီ အသက်ရှိနေသလိုမျိုး စွမ်းအင်တွေကို ထူးထူးဆန်းဆန်းနဲ့ စုပ်ယူစုစည်းပြီး သူ့ရဲ့စွမ်းအား အဖြစ်ကို ပြောင်းလဲပစ်ပါတယ်။ ဒါက မူလစွမ်းအင် မဟုတ်ပါဘူး။ ဒါပေမဲ့ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ အကြမ်းပတမ်း အားတစ်ခု ဖြစ်ပါတယ်။

ကြွက်သားတွေက သေချာပေါက် ဖုထစ်ဖောင်းကားနေမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆဲလ်ကိုယ်စီက တက်ကြွမှုတွေနဲ့ ပြည့်နှက်နေသလို ခံစားနေရပြီး သူ့အနေနဲ့ အလွန်မြင့်တဲ့ တောင်တစ်လုံးကိုတောင်မှ အနည်းငယ် တွန်းလိုက်ရုံနဲ့ ဖျက်ဆီးပစ်နိုင်တယ်လို့ ခံစားနေရပါတယ်။

ဒါက ပုံရိပ်ယောင် တစ်ခုဆိုတာ သိသာပါတယ်။ သူက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်ကို ကျင့်ကြံရုံပဲ ရှိသေးတာ ဖြစ်ပြီးတော့ ဒီလိုမျိုး အံ့အားသင့်စရာ ကောင်းလွန်းတဲ့ အာနိသင်တွေ ပိုင်ဆိုင်ထားဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါပေမဲ့လည်း သူက အမှန်အကန်နဲ့ ပြီးပြည့်စုံအောင် ကျင့်ကြံနိုင်ပြီး နတ်ဘုရားတစ်ပါးလို အသွေးအသား ခန္ဓာကိုယ်တစ်ခု ဖြစ်လာမယ်ဆိုရင်

လက်သီးတစ်ချက်မှာပဲ စစ်မှန်တဲ့ နဂါးကိုးကောင်ရဲ့ ကြောက်စရာကောင်းတဲ့ စွမ်းအားတွေ ရှိနေပါလိမ့်မယ်။

လင်းဟန်က တတိယ ကိုယ်ဟန်ကို ပြောင်းလဲလိုက်ပြီး သူရဲ့အရိုးတွေက ဆက်ပြီးတော့ တဖျစ်ဖျစ် တဖြောက်ဖြောက် မြည်နေဆဲပါပဲ။ သူက သွေးတစ်လုတ် အန်ထုတ်လိုက်ပြီး သွေးအရောင်က အနက်ရောင်ဖြစ်နေပါတယ်။ ဒါက သူ့ရဲ့ ခန္ဓာကိုယ်အတွင်းက မသန့်စင်မှု တချို့ ဖြစ်ပြီးတော့ သူ့ကိုတောင် အံ့အားသင့်ပြီးတော့ မှင်တက်သွားစေခဲ့ပါတယ်။ အကျိုးသက်ရောက်မှု အရမ်းကို သိသာထင်ရှားလွန်းပါတယ်။

သူ့ခန္ဓာကိုယ်ပေါ်က ချွေးတွေက မိုးရေတွေအလား စီးကျနေပြီး သူရဲ့ဆံပင်တွေ အားလုံးလည်း စိုစွတ်နေပါတယ်။ ချွေးစက်တွေ ကျဆင်းနေတဲ့ အသံနဲ့ လေပူတွေ တိုက်လာပြီးတော့ အဖြူရောင် ရေနွေးငွေ့တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟူးညို့က စိတ်ဝင်စားသွားပြီးတော့ လင်းဟန်ရဲ့ ကိုယ်ဟန်ကို အတုလိုက်ခိုးပါတယ်။

"အိုး အား အား ဂိုး"

ဟူးညို့က မရပ်မနားကို အော်ဟစ်ငိုပြီး မျက်နှာရှုံ့မဲ့မဲ့နဲ့ ခြေဆောင့်နေပါတယ်။

"ပျော်ဖို့မကောင်းဘူး။ လုံးဝ ပျော်စရာမကောင်းဘူး"

လင်းဟန်က ရယ်ချင်နေပါတယ်။ ဒီမွန်းစတားနဲ့တူတဲ့ ကလေးမက ကဏ္ဍအားလုံးမှာ အံ့အားသင့် စရာကောင်းပြီး ထူးဆန်းနေတာတော့ မဟုတ်ပါဘူး။

ဆယ့်နှစ်မိနစ် ကြာပြီးတဲ့နောက်မှာ သူက ကိုယ်ဟန်အားလုံးကို လုပ်လို့ပြီးသွားပါပြီ။ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ချွေးသီးချွေးပေါက်တွေနဲ့ ရွှဲစိုနေခဲ့ပါတယ်။ သူက ပထမကိုယ်ဟန်ကို နောက်တစ်ကြိမ် ပြန်ပြောင်းလိုက်ပြီးတော့ ဆက်လက်လုပ်ဆောင်နေပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ်က ခန္ဓာကိုယ်ရဲ့ အတွင်းမှာရှိတဲ့ စွမ်းအင်အဆီအနှစ်တွေကို ဆက်ပြီးတော့ စုပ်ယူနေခဲ့ပါတယ်။ ပြီးတော့ အတော်ကို ထူးဆန်းပါတယ်။ သူက ကောင်းကင်အဆင့် ဒြပ်စင်ငါးခု နည်းစနစ်ကို အသက်သွင်းလိုက်တဲ့ အခါမှာ ဒီအဆီအနှစ်တွေက

မူလစွမ်းအင်အဖြစ်ကို ပြောင်းလဲသွားပြီး သူရဲ့ဒန်တန်နဲ့ စိတ်ဂိညာဉ် ပင်လယ်အထဲ သို့လျောင်ထားခဲ့ပါတယ်။ ဒါက နေရာအနှံ့ကနေ ဆဲလ်တွေက စုပ်ယူထားပြီးတော့ သန့်စင်တဲ့ ရောမအားတစ်ခု အဖြစ် ပြောင်းလဲသွားပါတယ်။

မူလစွမ်းအင် ဒါမှမဟုတ် ရောမအားတစ်ခု ဒါကဘာများ ကွာခြားသွားလို့လဲ။

လင်းဟန် ကြားဖူးတာတော့ တချို့သက်ရှိ စိတ်ဂိညာဉ်တွေက မွေးဖွားလာကတည်းက အရမ်းကို ကြီးမားပြီး သူတို့ရဲ့ ခန္ဓာကိုယ် အရွယ်အစားက အရွယ်ရောက်လာတဲ့ အခါမှာ မြို့တစ်မြို့စာ ရှိပါတယ်။ သူတို့အနေနဲ့ ကျင့်ကြံဖို့ မလိုအပ်ပဲ လက်သီးတစ်ချက် ခြေထောက်ကန်ချက် တစ်ချက်နဲ့ပဲ မြင့်မားတဲ့ တောင်တစ်လုံးကို ဖျက်ဆီးပစ်နိုင်ပါတယ်။ လူသားတွေက ပုရွက်ဆိတ်တွေကို မြင်တဲ့ ရှုထောင့်ကအတိုင်းပဲ သူတို့ကလည်း မြင်ကြပါတယ်။ လူသားတစ်ယောက်ရဲ့ ပကတိ ခွန်အားတစ်ခုကို ကြံ့ခိုင်သန်မာအောင်လို့ အဆင့်ဘယ်လောက်ထိ ကျင့်ကြံဖို့များ လိုအပ်လိမ့်မလဲ။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ခန္ဓာကိုယ် ကျင့်ကြံခြင်း အပေါ်မှာပဲ အာရုံစိုက်ပြီး ကျင့်ကြံတဲ့

ရောမခွန်အားနဲ့ မွေးဖွားလာတဲ့ တချို့သော သက်ရှိစိတ်ဝိညာဉ်တွေက ဖန်တီးထားတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က အတွေးတွေ အားလုံးကို ပြန်ရုပ်သိမ်းလိုက်ပြီး သူရဲ့စိတ်အာရုံ တစ်ခုလုံးကို သွေး၊ အသား၊ သွေးကြောနဲ့ အရိုးတွေကို လမ်းညွှန်ပြီးတော့ စွမ်းအင်တသွင်သွင် စီးဆင်းစုပ်ယူပြီး သူရဲ့ပကတိ ခွန်အားအဖြစ်ကို ပြောင်းလဲတဲ့ နေရာမှာ အာရုံစိုက်ထားလိုက်ပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူစားထားတဲ့ အရာတွေက တကယ်ပဲ အရမ်းကို များပြားလွန်းပြီးတော့ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ ပကတိ စွမ်းအားတွေနဲ့ ပြည့်နေသလိုမျိုး သူ့ကိုခံစားစေပါတယ်။

တစ်နာရီခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ရပ်တန့်ပြီးတော့ ကြမ်းပြင်ပေါ် ရုတ်တရက် ထိုင်ချက်ပြီး အသက်ကို ပြင်းပြင်းရှုထုတ်လိုက်ပါတယ်။

ဒါက တကယ်ပဲ အရမ်းကို မောပန်းနွမ်းနယ်စေသလို မယုံနိုင်စရာ ကောင်းလောက်အောင်လည်း သက်တောင့်သက်သာ ဖြစ်စေပြီး ထူးဆန်းတဲ့ ခံစားမှု တစ်ခုကို ဖြစ်ပေါ်စေပါတယ်။

ခဏကတဖြုတ် ထိုင်ပြီးတဲ့ နောက်မှာတော့ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ရေမိုးချိုး အဝတ်အစားလဲပြီးတော့ သူရဲ့ ပကတိ ခွန်အားကို စမ်းသပ်စစ်ဆေးခဲ့ပါတယ်။

ဒါက ဒြပ်စင်စုစည်းခြင်း အဆင့်နဲ့ နှိုင်းယှဉ်လို့ ရနေပါတယ်။

နတ်ဘုရားတွေရေ။ သူက တစ်နာရီပဲ ကျင့်ကြံခဲ့တာ ဖြစ်ပြီးတော့ သိုင်းပညာအဆင့် တစ်ခုကို ကူးဖြတ်ကျော်လွှားသွားခဲ့ပါတယ်။

လင်းဟန်က သူ့ကိုယ်သူ အားရကျေနပ်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ဒါကလည်း အမြင့်မတူတာ တစ်ခုပဲ ဆိုတာကို သူနားလည်သဘောပေါက်လိုက်ပါတယ်။ အခု သူက စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာရှိပြီးတော့ အရမ်းကို များပြားတဲ့ အာဟာရ ပြည့်ဝစေတဲ့ အရာတွေကို စားသုံးခဲ့ပါတယ်။ ပြီးတော့ ဒီအရာတွေက တစ်ကြိမ်အငွေ့ပျံသွားခဲ့ပြီး သာမန်လူ တစ်ယောက်အတွက် ကိုယ်ခန္ဓာပြုပြင်မွမ်းမံခြင်း အဆင့်ကို ချက်ချင်းကူးဖြတ်ဖို့ မလုံလောက် သေးဘူးလား။

ဆန့်ကျင်ဘက်လို့ ပြောရပါမယ်။ တကယ်လို့ ကိုယ်ခန္ဓာပြုပြင် မွမ်းမံခြင်း အဆင့်က ကျင့်ကြံသူ

တစ်ယောက်က အာဟာရပြည့်ဝစေတဲ့ အရာတွေ အများကြီးစားရင် သူတို့အနေနဲ့ ပြည့်ဝလွန်းပြီး သေသွားနိုင်ပါတယ်။

"ဒါပေမဲ့လည်း ငါက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိတာကြောင့်မို့ အစမှာတော့ မြန်လိမ့်မယ်။ ဒါပေမဲ့ နောက်ပိုင်းကျရင်တော့ ဒီလောက်ထိ မြန်မှာမဟုတ်လောက်ဘူး"

လင်းဟန်က သူ့ကိုယ်သူ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ခန္ဓာကိုယ် ကျင့်စဉ်က အနာဂတ်မှာ သူရဲ့ ပုက်ဖဲတွေ အထဲက တစ်ခု ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ကို အစွန်းမှာ ရောက်နေပြီလို့ ထင်နေတဲ့ အချိန်ကျရင် ရုတ်တရက်ဆိုသလို ကြောက်မက်ဖွယ်ရာ ခန္ဓာကိုယ် ခွန်အားသက်သက်ကို ထုတ်ဖော်ဖျက်ဆီး ပစ်လိုက်ပြီးတော့ တစ်ချက်တည်းနဲ့ အနိုင်အရှုံး ရလဒ်ကို ပြောင်းပြန်လှန်ပစ်နိုင်ပါလိမ့်မယ်။

သူက အနက်ရောင် မျှော်စင်ထဲကနေ ထွက်ပြီးတော့ ဟူးညိုနဲ့အတူ မီးတစ်ခု ဖိုပြီးတော့ အသားတွေ စွပ်ပြုတ်လုပ်နေပါတယ်။ အခုဆိုရင် သူ့မှာ အစားအသောက်အတွက် နေရာလွတ် တစ်ခု ရှိနေပြီး

အစားတွေကို ပိုပိုပြီးတော့ စားနိုင်ပါလိမ့်မယ်။

"နောက်ပိုင်းကျရင် အနက်ရောင်မျှော်စင်မှာ သားရဲကောင်တွေ ပိုပြီးတော့ မွေးမြူရမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူနဲ့ဟူးညိုရဲ့ အစာအိမ်ကို တင်းတိမ်ရောင့်ရဲစေဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ဟုတ်တယ်။ဟုတ်တယ်"

ဟူးညိုက အကြီးအကျယ်ကို ထောက်ခံနေပါတယ်။ ပြီးတော့ လင်းဟန်ကို စပြီးတော့ ပူဆာလိုက်ပါတယ်။

"ဒီဥကို စားချင်တယ်"

"ဒီဥကို စားလို့မရဘူး"

လင်းဟန်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ ဒီမိန်းကလေးက တကယ်ကို မလွန်ပါဘူး။ သူမက မိုးပြာရောင်မီးတောက် လင်းတငှက်ဥကို မေ့တဲ့ပုံ လုံးဝ မပေါ်ပါဘူး။

"ဟင့် ကပ်စေးကလည်း နဲလိုက်တာ"

ဟူးညိုက နှုတ်ခမ်းစူလိုက်ပါတယ်။ ဒါပေမဲ့ အစားအသောက်တွေ ချက်ပြုတ်လို့ ပြီးသွားတဲ့ အခါမှာတော့ သူမက ပျော်ရွှင်မြူးထူးပြီးတော့ ချက်ချင်းပဲ စားလိုက်ပါတယ်။

သူတို့နှစ်ယောက် စားလို့သောက်လို့ ပြီးသွားတဲ့ အခါမှာ လူတစ်ယောက် ခက်ခဲကြမ်းတမ်းစွာနဲ့ တက်လာတာကို မြင်လိုက်ရပါတယ်။

သူကတော့ ရှန်းဇောင်ချန် ဖြစ်ပါတယ်။

လင်းဟန်အနေနဲ့ တတိယနေရာကနေ တစ်ဟုန်ထိုး တက်လာနိုင်တဲ့ သူက ယခင်မျိုးဆက်က ပန်းဖူးအဆင့် တစ်ယောက် မဟုတ်သလို သူတို့နှစ်ထဲက ပါရမီရှင် အဆင့်ဇယားပေါ်က ထိပ်ဆုံးလူတွေ မဟုတ်ပဲ ဒီနှစ်ရဲ့ နံပါတ်ရှစ် နေရာကို ရယူထားနိုင်တဲ့ အဖြူရောင် ဓားဘုရင် ဖြစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့ပါဘူး။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တတိယအဆင့်ရဲ့

စမ်းသပ်မှုက ခွန်အားနဲ့ မဆိုင်ပါဘူး။ တကယ်လို့ လင်းဟန်နဲ့ ဟူးညိုတို့လို စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒုတိယအလွှာနဲ့ တတိယ အလွှာမှာရှိပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာ၉ နဲ့ နှိုင်းယှဉ်နိုင်တဲ့ မွန်းစတားတွေပဲ သံသယ ရှိစရာ မလိုအောင် အောင်မြင်နိုင်တယ် ဆိုပေမဲ့ ဒါက နောက်ထပ်အကြောင်းအရာ တစ်ခုဖြစ်သွားပါပြီ။

ဒီအဆင့်တစ်ခုလုံးက လူတွေရဲ့ ဖွဲ့လုံ့လဂီရိယကို စမ်းသပ်တာပဲ ဖြစ်ပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေမှာ စိတ်ဂိညာဉ် ပင်လယ်တစ်ခု ရှိပြီးတော့ မူလစွမ်းအင်တွေက အဆက်မပြတ် စီးဆင်းလို့ နေပြီးတော့ ကောင်းကင်နဲ့ ချိတ်ဆက်နိုင်တဲ့ ပလ္လင်တစ်ခုကို တည်ဆောက်ထားခဲ့ပါတယ်။ အခုလိုမျိုး တက်တာက မူလစွမ်းအင်တွေ ကုန်ခမ်းသွားနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း မြေဆွဲငင်အားက အရမ်းကို အားကောင်း လွန်းတာကြောင့် လူတွေကို အရမ်းကို လွယ်လွယ်ကူကူနဲ့ စိတ်ပျက်အားလျော့မှုတွေ ခံစားသွား စေခဲ့ပါတယ်။ ဒါကြောင့် ဘယ်သူကမြန်ပြီးတော့ ဘယ်သူက နှေးကွေးတယ် ဆိုတာက လူတစ်ယောက်ချင်းစီရဲ့ ဆုံးဖြတ်ချက်နဲ့ သက်ဆိုင်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။

တကယ်လို့ သင်က ခြေလှမ်းအနည်းငယ် လျှောက်ပြီးတော့ အနားယူတယ်ဆိုရင် ဘယ်လိုလုပ်ပြီး သင်က မြန်နိုင်လိမ့်မှာလဲ။

ဒီဓားသမားရဲ့ မျက်လုံးတွေက ဓားတွေလိုမျိုးပဲ တောက်ပပြီး ဖွဲ့မလျှော့မှုတွေနဲ့အတူ အဆုံးသတ် မရောက်ခင်အထိ ရပ်တန့်ဖို့ စိတ်ကူး နည်းနည်းလေးမှ ရှိပုံ မရပါဘူး။

သူ့ရဲ့ခန္ဓာကိုယ်က စောစောတုန်းက လင်းဟန်လိုမျိုး ချွေးတရွဲရွဲနဲ့ ဆံပင်တွေကလည်း ချွေးတွေနဲ့ ရွှဲနစ်နေခဲ့ပါတယ်။ ဒါပေမဲ့ ယောက်ျားတစ်ယောက်က ချွေးတွေယိုစီးကျနေတာက လူတွေကို ဗရုတ်သုတ်ခ ဖြစ်နေတယ်ဆိုတဲ့ ခံစားမှုမျိုး မပေးပဲ အရမ်းကို ဆွဲဆောင်မှုရှိတယ်လို့တောင် ခံစားစေရပါတယ်။

ယောက်ျားဆိုတာ ဒီလိုမျိုးပဲ ဖြစ်သင့်ပါတယ်။

လင်းဟန်က အစားစားဖို့ သူ့ကိုဖိတ်ခေါ်မဲ့ အကြံအစည်ကို လက်လျှော့လိုက်ပါတယ်။ ရှန်းဖောင်ချန်က သူ့ရဲ့ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချထားပြီးတော့ ဒါကပဲ သူ့ကို အကြီးအကျယ် တိုးတက်မှုကို ရရှိစေပါလိမ့်မယ်။

ကျင့်ကြံခြင်းမှာ တစ်ဟုန်ထိုး တက်သွားခြင်း ဒါမှမဟုတ် ဓားလမ်းကြောင်းမှာ အကြီးအကျယ် ဖြတ်ကျော်သွားနိုင်တာမျိုး ဖြစ်ပါလိမ့်မယ်။

"ဟူးညို ငါတို့တွေ ဆက်ပြီးတော့ ပျင်းနေလို့ မဖြစ်တော့ဘူး။ ထိပ်ဆုံးထိကို တစ်ခါတည်းနဲ့ ရောက်အောင်လို့ သွားကြစို့"

လင်းဟန်က ပြောလိုက်ပါတယ်။

"ရေး သွားကြမယ်"

ဟူးညိုက သူမရဲ့ လက်သီးသေးသေးလေးကို ဆုပ်ပြီးတော့ လက်ကိုမြှောက်ပြီး အော်လိုက်ပါတယ်။

သူတို့နှစ်ယောက်က နောက်တစ်ကြိမ် ဆက်ပြီးတော့ တက်လိုက်ကြပါတယ်။ သူတို့ရဲ့ စွမ်းအားက သူတို့အဆင့်တွေထက် သာလွန်ပြီး ဒီနေရာက မြေဆွဲငင်အားက လူတိုင်းလူတိုင်းရဲ့ အဆင့်ကို အခြေခံပြီးတော့ အကန့်အသတ်ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ အမြန်နှုန်းတွေက မတရား လျင်မြန်ပြီးတော့ ရှန်းဇောင်ချန်ကို အချိန်တိုတိုလေး အတွင်းမှာ ကျော်ဖြတ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူကအရမ်းကို သက်တောင့်သက်သာ ရှိနေပါတယ် ဒါကြောင့် သက်သာလို့လည်း သူရဲ့ကိုယ်ပိုင် အကန့်အသတ်ကို သူ့အနေနဲ့ တွန်းအား မပေးနိုင်ခဲ့ပါဘူး။ ဒါကပဲ သူ့ကို အရမ်းပဲ စိတ်ပျက်စေပြီး ဘယ်လောက်တောင် ကံဆိုးလိုက်သလဲ။

တကယ်လို့များ ဆန့်ကျင်ဘက် ဖြစ်နေမယ်ဆိုရင် သူ့အနေနဲ့ ဒီအဆင့်မှာ သူရဲ့ အကန့်အသတ်ကို တွန်းအားပေးနိုင်ပါလိမ့်မယ်။ အခုတော့ သူကသက်တောင့်သက်သာ ရှိပြီးတော့ ဒီအဆင့်ကို ကျော်ဖြတ်နိုင်ပါတော့မယ်။ ပြောရမယ်ဆိုရင်တော့ သူ့အနေနဲ့ ဘဲစားဘဲခြေ ဆိုသလိုပဲ မျှခြေအတွင်းမှာပဲ ရှိပါတယ်။

Chapter 499 end

အပိုင်း(၅၀၀) သားရဲသုံးကောင် ဖြစ်စဉ်

တခြားသူတွေအတွက် ဒါက ကောင်းကင်ကိုတက်တဲ့ လှေကားစမ်းသပ်ချက်က ကြီးမားတဲ့ စမ်းသပ်မှု တစ်ခု ဖြစ်ပေမဲ့ လင်းဟန်နဲ့ ဟူးညို့လို

ဒီမွန်းစတားနှစ်ယောက်အတွက်ကတော့ ဒါက အနည်းငယ် အားသွန်ခွန်စိုက်ပြီး လုပ်ရတဲ့ အလုပ်တစ်ခု ဖြစ်ပြီးတော့ သူတို့ရဲ့ အကန့်အသန်ထိ ရောက်အောင်လို့ လုံးဝကို ဖိအားပေး တွန်းပေးနိုင်ခြင်း မရှိပါဘူး။

ဒါကြောင့် လင်းဟန်က မကြာခင် စိတ်ဝင်စားမှုတွေ ကုန်သွားပြီး တစ်ရက်လောက် တက်ပြီးတဲ့ နောက်မှာ သူကရပ်ပြီးတော့ မူလစွမ်းအင်ကို ကျင့်ကြံပြီး သူရဲ့ခွန်အားသက်သက်ကို တိုးလာစေ ခဲ့ပါတယ်။ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံခြင်းက အလွန်အမင်း နာကျင်စေပြီး ကိုယ်ဟန်အမူအရာတိုင်းက သာမန်လူတွေ လိုက်ပြီးတော့ လုပ်နိုင်တဲ့ အရာတွေ မဟုတ်ပဲ အကြိမ်တိုင်းလိုလို လင်းဟန်ကို သွေးအန်ပြီး ပျို့တက်စေပါတယ်။

သူ့မှာ အာဟာရ ပြည့်ဝစေတဲ့ အရာတွေကို စားသုံးခဲ့လို့ သွေးတွေ အများကြီး အန်ထုတ်ပေမဲ့ မသေသွားခဲ့တာ ဖြစ်ပါတယ်။ နေ့တိုင်းလိုလို အခုလိုမျိုး သွေးအန်နေတာက ကျင့်ကြံခြင်း ငရဲကျနေသလိုပါပဲ။

အကြိမ်တိုင်းလိုလို လင်းဟန် ကျင့်ကြံပြီးတဲ့နောက်မှာ ဟူးညီနဲ့အတူတူ အစားအစာတွေကို စားပြီး အဖြူရောင်

ဓားဘုရင်က သူတို့နောက်ကနေ လိုက်တက်လာတာကို မြင်ရပါတယ်။ နေ့စဉ်နေ့တိုင်း သူရဲ့အမူအရာက နည်းနည်းလေးမှ အခြေအနေယိုင်သွားတာ မရှိပဲ သူရဲ့အကြည့်စူးစူးတွေက ပိုပြီးတော့ တောက်ပလာခဲ့ပါတယ်။

လင်းဟန်က ဒီဓားသမားရဲ့ နှလုံးသား အထဲမှာ တစ်စုံတစ်ခု အမြစ်တွယ်နေပြီ ဆိုတာကို မြင်နိုင်ပါတယ်။ ပြီးတော့ ၎င်းက ဖူးသစ်စ အပင်တစ်ခုလို အစို့ထွက်လာပြီး အံ့အားသင့်စရာ ကောင်းတဲ့ ပြောင်းလဲမှု တစ်ခုဖြစ်ပေါ်လာပါလိမ့်မယ်။

ဒါက ရှန်းဇောင်ချန်ရဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။

ကိုးရက်တိုင်တိုင် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်နဲ့ ဟူးညိုတို့ နှစ်ယောက်စလုံး ကောင်းကင် လှေကားထစ်ရဲ့ အဆုံးကို တက်ရောက်လာနိုင်ခဲ့ပါတယ်။ ပြီးတော့ ဒီနေရာက တကယ်ပဲ ကျယ်ပြန့်တဲ့ ကုန်းမြေတစ်ခု ရှိပြီးတော့ မယုံနိုင်စရာ ကောင်းလောက်အောင် ထူးဆန်းပါတယ်။ ဒီနေရာက မူလတုန်းကတော့ ကုန်းမြေအစိတ်အပိုင်း တစ်ခုဖြစ်ပြီးတော့ အစွမ်းထက်တဲ့ သက်ရှိတစ်ယောက်က အတင်းအကျပ် ခွဲထုတ်ပြီး အောက်ခြေကနေ မိုးပေါ်မှာ နေရာချထားခြင်း ခံရပြီး ရောမလှေကားလမ်းကြောင်းကြီး

တစ်ခုကို ဖြစ်ပေါ်ထားစေခဲ့ပုံ ရပါတယ်။

ရုတ်တရက် ဆိုသလို အောက်ဘက်ကနေ ထူးဆန်းတဲ့ စွမ်းအားလှိုင်းတစ်ခု ထွက်ပေါ်လာပြီး ဒီရေလှိုင်းတွေလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ အစွမ်းတွေက အဆက်မပြတ် တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။

"ဘာလဲဟ။ တစ်ယောက်ယောက်တော့ အဆင့်တက်သွားပြီပဲ။ နောက်ပြီးတော့ ဒါက ပန်းဖူးအဆင့်ကို တက်သွားတာပဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

အချိန်တစ်ခဏလေး အတွင်းမှာ အားလှိုင်းတွေက နောက်တစ်ကြိမ် မြင့်တက်လာခဲ့ပါတယ်။

"ဒုတိယ လူတစ်ယောက်လည်း ပန်းဖူးအဆင့်ကို ချိုးဖြတ်ဝင်ရောက်သွားပြီ"

လင်းဟန်က ပိုပြီးတော့တောင်မှ အံ့အားသင့်သွားခဲ့ပါတယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့်ကနေ ပန်းဖူးအဆင့်ကို

ကူးဖြတ်တယ် ဆိုတာက သေမျိုးအဆင့်ကနေ တန်ခိုးရှင်အဆင့်ကို ကူးပြောင်းတဲ့ လုပ်ငန်းစဉ် တစ်ခုဖြစ်ပါတယ်။ ပန်းဖူးအဆင့်တွေက နတ်ဘုရား သက်ရှိတွေလို့ ခေါ်ဆိုဖို့ အလှမ်းဝေးနေသေးပေမဲ့လည်း ပန်းဖူးအဆင့် သက်ရှိတွေက ပျံသန်းနိုင်ပြီး အစာမစားပဲ စိတ်ဂိညာဉ် ချီတွေကို စုပ်ယူပြီးတော့ ရှင်သန်နိုင်ကြပါတယ်။ ဒီအရာတွေက သေမျိုးတွေ အနေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ဒါကြောင့် ဒီအဆင့်ကို ကူးဖြတ်တယ်ဆိုတာ အရမ်းကို ခက်ခဲကြမ်းတမ်းပြီး ဖြစ်ပေါ်လာတဲ့ ပတ်ဂန်းကျင် လှုပ်ရှားမှုကလည်း ပြင်းပြင်းထန်ထန်ကို ကြီးမားကျယ်ပြန့်ပါတယ်။

နေ့တစ်ဂက်ခန့် ကြာပြီးတဲ့နောက်မှာ ပန်းဖူးအဆင့်ကို လူခုနစ်ယောက် ကူးဖြတ်ရောက်ရှိ သွားတယ်လို့ လင်းဟာန်က တကယ်ပဲ ခံစားလိုက်ရပါတယ်။ ပြီးတော့ ဒါက လူတစ်ယောက်တည်း ခုနစ်ကြိမ်လုံး ဆက်တိုက်အဆင့်တက် သွားခဲ့တာမျိုး မဟုတ်ပါဘူး။

ဖြစ်နိုင်တာကတော့ မူလတုန်းက ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဂက်ခန့် ရောက်နေတဲ့ ပါရမီရှင် အဆင့်ဇယားပေါ်က စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ

ရှိနေကြတဲ့ ပါရမီရှင်တွေပဲ ဖြစ်ပါလိမ့်မယ်။ ပန်းဖူးအဆင့်ကို ကူးဖြတ်ရတဲ့ ခက်ခဲမှု အကန့်အသတ်ကြောင့် သူတို့က ဒီအဆင့်ကို မကျော်ဖြတ်နိုင်သေးပဲ အရှိန်ရပ်နေကြတာ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ ဒီနေရာမှာတော့ သူတို့ရဲ့ အကန့်အသတ်ကို ဖိအားပေးပြီးတော့ သူတို့ကတောင် ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ ဒါက စိတ်စွမ်းအင်ကို မွမ်းမံပေးတဲ့ အမျိုးအစားတစ်ခု ဖြစ်ပြီးတော့ လူသားတွေကို ကောင်းကင်နဲ့ မြေကြီးကို အရမ်းကို လွယ်လွယ်ကူကူနဲ့ တစ်သားတည်း ဖြစ်တည်တဲ့ အခြေအနေကို ဝင်ရောက်သွားစေပြီး သူ့ကိုယ်သူ ပြန်မြင်ယောင်စေပြီးတော့ ချက်ချင်းဆိုသလို နားလည်သဘောပေါက်သွားစေတာကြောင့် ဒီအဆင့်ရဲ့ အဓိကသော့ချက်ကို ဖမ်းဆုပ်နိုင်စေခဲ့ပါတယ်။

လူတွေအများကြီး ဒီထဲကို ဝင်ရောက်ချင်ကြတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ တကယ်လို့ သူတို့က ဘာရတနာကိုမှ မရရှိနိုင်ဘူး ဆိုရင်တောင်မှ ဒီခက်ခဲကြမ်းတမ်းတဲ့ အတွေ့အကြုံ တစ်ခုလောက်နဲ့ပဲ သူတို့အတွက် ထိုက်တန်နေပါပြီ။

လူခုနစ်ယောက် အဆင့်တက်သွားတာကလည်း သူတို့ရဲ့ စိတ်ဂိညာဉ် ပလ္လင်အဆင့်က အရမ်းကို နက်နက်ရှိုင်းရှိုင်းနဲ့ စုစည်းထားခဲ့လို့ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ ရှိနေတဲ့ သူတွေက ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်ချင်တာကြောင့် ဒီလမ်းကို တက်လှမ်းပြီးတော့ အောင်အောင်မြင်မြင် ဖြစ်သွားပါလိမ့်မယ်။ ဒါက တကယ့်ဟာသ တစ်ပုဒ် ဖြစ်သွားပါမယ်။

ဒါက အားပေးထောက်ပံ့မှု တစ်ခုပဲ ဖြစ်ပြီးတော့ အာနိသင်တွေကို အရှိန်မြှင့်တင်ပေးတဲ့ သဘောပါပဲ။ အဓိက သော့ချက်ကတော့ မိမိကိုယ်နဲ့ ဆိုင်ပါတယ်။

လူခုနစ်ယောက်က အဆုံးသတ် မဟုတ်သေးပါဘူး။ ဆယ်ရက်မြောက်နေ့ရဲ့ နေ့လယ်မှာ နောက်ထပ် လူသုံးယောက်လည်း တစ်ယောက်ပြီးတစ်ယောက် ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက် သွားခဲ့ပါတယ်။ ဒီလူဆယ်ယောက်က ဒီနေရာကို ဆယ်ရက်အတွင်းမှာ လာနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်တာက အနည်းဆုံး ဆယ်ရက်လောက် အချိန်ပေးရပါတယ်။

သူတို့တွေ အဆင့်တက်လို့ ပြီးတဲ့အခါကျရင် တစ်လဆိုတဲ့ အချိန်အကန့်အသတ်ကို ရောက်ရှိသွားပြီး အားလုံးပဲ လျှို့ဝှက်ဆန်းကြယ် နယ်မြေကနေ ထွက်ခွာရပါလိမ့်မယ်။

အဖြူရောင်ဓားဘုရင်က တတိယနေရာကနေ ရောက်ရှိလာခဲ့ပါတယ်။ ပြီးတော့ သူကနောက်ဆုံး အဆင့်ကို ကူးဖြတ်ပြီးတဲ့ အခါမှာ ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပြီး စိတ်ဝိညာဉ်ချီတွေ ထွက်ပေါ်လာပြီး သူရဲ့ခန္ဓာကိုယ်ထဲကို ပုံသဏ္ဍာန်မဲ့တဲ့ လက်တွေနဲ့ စိတ်ဝိညာဉ် ချီတွေကို ဆွဲယူပြီးတော့ ပေါင်းထည့်နေသလိုမျိုး မျက်စိနဲ့ မြင်တွေ့နေရပါတယ်။

အနီးကပ် သေချာကြည့်မယ်ဆိုရင် စိတ်ဝိညာဉ် ချီတွေက ရက်စက်ကြမ်းကြုတ်တဲ့ တိရိစ္ဆာန်သုံးကောင် အဖြစ်ကို ပြောင်းလဲပြီးတော့ ရှန်းဖောင်ချန်ရဲ့ ခန္ဓာကိုယ်မှာ မတူညီတဲ့ နေရာသုံးခုကနေ တလိပ်လိပ်တက်လာခဲ့ပါတယ်။

"ဘာ သားရဲသုံးကောင် ဖြစ်စဉ်"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒဏ္ဍာရီတွေက အမှန်တကယ်ပဲ စစ်မှန်ပါတယ်။ ဒါက ကောင်းကင်နဲ့ မြေကြီးထဲက လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေရဲ့

တုံ့ပြန်မှုတစ်ခု ဖြစ်ပြီးတော့ ပြောကြတာတော့ လူတစ်ယောက်က အပြင်ကိုဆွဲထုတ်နိုင်တဲ့ စိတ်ဝိညာဉ် သားရဲကောင် အရေအတွက် ပိုပြီးတော့ ကြီးမားလေ အဲဒီလူ ချိုးဖြတ်နိုင်မဲ့ အဆင့်ငယ်ရဲ့ အရေအတွက်လည်း ပိုပြီးတော့ ကြီးမားပါတယ်။ အခု ရှန်းဇောင်ချန်က တကယ့်ကို အကျိုးအမြတ် အကြီးကြီးတစ်ခု ရရှိသွားပါပြီ။

စိတ်ဝိညာဉ် ချီတွေက ထွက်ပေါ်လာပြီးတော့ သားရဲကောင်ပုံစံတွေ အဖြစ်ကို ဆက်ပြီးတော့ ပြောင်းလဲနေခဲ့ပါတယ်။ သားရဲသုံးကောင်က နောက်တစ်ကြိမ် ရှန်ဇောင်ချန်ဆီကနေ တလိပ်လိပ် တက်လာခဲ့ပြီး သူရဲ့ကျင့်ကြံခြင်းကလည်း အဆက်မပြတ် တိုးတက်လာခဲ့ပါတယ်။

ဒီအဖြစ်အပျက်က နာရီဂက်ခန့်အကြာမှာ ရှန်းဇောင်ချန်ရဲ့ ခန္ဓာကိုယ်ကနေ အစွမ်းထက်တဲ့ စွမ်းအားတစ်ခုက ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ရှန်းဇောင်ချန်က ရုတ်တရက် သူရဲ့မျက်လုံးတွေ ဖွင့်လိုက်တဲ့ အခါမှာ သူ့မျက်လုံးတွေက နေလုံးသေးသေး နှစ်ခုလို တောက်ပနေပါတယ်။ ဒါပေမဲ့ ရောင်စဉ်တန်းတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားပြီး သူရဲ့ မျက်လုံးတွေထဲမှာ ထက်ရှတဲ့ ဓားသွားတွေလိုမျိုး ဖြိမ်းခြောက်မှုတွေနဲ့ ပြည့်နက်နေပါတယ်။

စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာငါး။

မျှော်လင့်ထားတဲ့ အတိုင်းပဲ သူရဲ့ကျင့်ကြံခြင်းက အဆင့်သေး သုံးခုတောင် တိုးလာခဲ့ပါတယ်။

လင်းဟန်က အရမ်းကို မနာလိုအားကျနေပါတယ်။ ဘာဖြစ်လို့ သူက အရမ်းကို သန်မာနေရတာလဲ။ ဒီလိုမျိုး သန်မာနေတာကြောင့်လည်း ဒီစမ်းသပ်မှုက သူ့ရဲ့ အကန့်အသတ်ကို ဖိအားမပေးနိုင်ခဲ့ပါဘူး။

စတုတ္ထမြောက် ရောက်လာတဲ့ လူကတော့ တကယ်ကို ကန်းရီ ဖြစ်နေပါတယ်။

သူရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက သူရဲ့တစ်ကိုယ်လုံးမှာ စီးမျောနေခဲ့ပါတယ်။ သူ့ရဲ့ ညာဘက်လက်ထဲမှာ ဆေဘာဓားတစ်လက်ကို ကိုင်ဆောင်ထားပြီး သူရဲ့မျက်လုံးတွေကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စူးရှတောက်ပတဲ့ အလင်းတွေ ထွက်ပေါ်နေပြီး အခုအချိန်မှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် တစ်ယောက်က သူ့အရှေ့တည့်တည့်မှာ ပေါ်လာမယ် ဆိုရင်တောင်မှ နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့

သူရဲ့ဆေဘာဓားနဲ့ အကြောက်အလန့်မရှိ ခုတ်ပိုင်းပစ်တော့မဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ဒီစိတ်စွမ်းအားကို မွမ်းမံသန့်စင်မှုက နောက်ဆုံးတော့ သူရဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို လုံးဝကို ထုတ်ဖော်ပစ်ခဲ့ပါတယ်။

ကန်းရီလည်း ချက်ချင်းပဲ ထိုင်ချလိုက်ပြီး ဟုမ်းဆိုတဲ့ အသံနဲ့အတူ စိတ်ဝိညာဉ် ချီတွေက ရစ်ပတ်ယှက်နွယ်လာခဲ့ပြီး သူရဲ့ခန္ဓာကိုယ်ကနေ သားရဲသုံးကောင်ပုံစံ ဖြစ်ပေါ်လာပြီးတော့ တလိပ်လိပ် ထွက်ပေါ်လာခဲ့ပါတယ်။

`ဟူး အားလုံးက ငါ့ကို ဒေါသထွက်အောင်လို့ ကြိုးစားနေကြတာလား`

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်သလို ပြုံးလည်းပြုံးလိုက်ပါတယ်။ ဒီအဖြစ်အပျက်ကြောင့် ကန်းရီက တကယ်ပဲ လက်ရွေးစင်တွေရဲ့ လမ်းကြောင်းကို ရောက်ရှိသွားသလိုမျိုး ဖြစ်သွားပြီး သူရဲ့အနာဂတ် အောင်မြင်မှုကလည်း အကန့်အသတ် ရှိတော့မှာ မဟုတ်ပါဘူး။ မိုးရေနိုင်ငံတုန်းက သူ့မှာ ကန်းရီအနေနဲ့ ဒုတိယ နေသတ်ဖြတ်သူ ဆေဘာဓားကောရာဇ်

ဖြစ်လာလိမ့်မယ်လို့ ခံစားချက် ရှိနေပါတယ်။ ဒါပေမဲ့ ဒီခံစားမှုက အခုဆိုရင် ခိုင်မာတဲ့ ယုံကြည်မှု တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါပြီ။

ကန်းရီအနေနဲ့ အသက်ရှင်နေသရွေ့ ကာလပတ်လုံး တိုက်ပွဲတွေ ဆက်တိုက်ပြီးတော့ ဒီလိုမျိုး လက်ရွေးစင် တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ ကန်းရီကို သူ့ဘာသာသူ တိုးတက်ခွင့် ပြုလိုက်သင့် သလား။ သူရဲ့ဘေးနားမှာပဲ လိုက်ခိုင်းပြီးတော့ သူရဲ့ကာကွယ်စောင့်ရှောက်မှုကိုပဲ အမြဲတမ်း ပေးရမလား။ ကန်းရီက စစ်မှန်တဲ့ လက်ရွေးစင် တစ်ယောက် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပဲ အစွမ်းထက်တဲ့ နောက်လိုက်တစ်ယောက်လည်း ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။

လူတွေက ပန်းတိုင်ဆီကို ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ အရမ်းကို နည်းပါးတဲ့ လူနည်းစုပဲ ဖြစ်ပြီးတော့ ယုခွမ်လွမ်နဲ့ အရင်မျိုးဆက်က ပါရမီရှင်အဆင့်က ထိပ်ဆုံးလူတချို့ ဒါမှမဟုတ် မျိုးဆက်နှစ်ခု အကျော်က လူတွေကိုတော့ မမြင်တွေ့ရပါဘူး။ ဖြစ်နိုင်တာက သူတို့အားလုံး

ပန်းဖူးအဆင့်ကို ကူးဖြတ်ဝင်ရောက်နေတဲ့ ဆယ်ယောက်ဆိုတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က ခဏလေး အတွင်းမှာ အတွေးတွေကို ဘေးဖယ်ပစ်လိုက်ပါတယ်။ သူ့အနေနဲ့ တတိယ အဆင့်ကို ကျော်ဖြတ်ပြီးတော့ ပြီးပြည့်စုံတဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ရယူရပါမယ်။

ဒီနေ့ကုန်ဆုံးသွားတဲ့ အခါမှာ လူဆယ့်လေးယောက်ပဲ အောင်မြင်ခဲ့ပါတယ်။ လှီယုထန်နဲ့ ယွဲ့ခိုင်ယုတို့ကတော့ တက်မလာနိုင်သေးပါဘူး။ ကြည့်ရတာ သူတို့ရဲ့ စိတ်စွမ်းအားတွေက မလုံလောက်သေးတဲ့ပုံ ရပါတယ်။

ရှန်းဇောင်ချန်က ကိုးရက်တိုင်တိုင် အချိန်ကုန်ခံပြီးတော့မှ ရောက်လာခဲ့ပြီး သားရဲသုံးကောင် အဖြစ်အပျက်ကိုတောင် ဆွဲထုတ်နိုင်ခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီစမ်းသပ်မှုက စိန်ခေါ်ဖို့ ဘယ်လောက်တောင် ကောင်းသလဲဆိုတာ မြင်နိုင်ပါတယ်။

ဒါကြောင့် သူတို့ထဲက သာမန်လူတွေက ရောက်ရှိလာနိုင်ခြင်း မရှိခဲ့ကြပါဘူး။

ဂျက်ပါ အစီအရင် စိတ်ဂိညာဉ်က ပေါ်လာခဲ့ပြီးတော့ လူဆယ့်လေးယောက်ကို စိုက်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"တတိယ အဆင့်ရဲ့ စမ်းသပ်မှုက ဆေးလုံးဖော်စပ်မွမ်းမံမှုပဲ။ အဆင့်တွေဘာတွေကို မသတ်မှတ်ထားဘူး။ ငါက ဂေဖန်ပိုင်းခြားပြီး ဆုံးဖြတ်ပေးမယ်"

ချက်ချင်းဆိုသလိုပဲ လူဆယ့်လေးယောက်ထဲက ဆယ့်သုံးယောက်က လက်လျှော့ပြီးတော့ နောက်ဆုတ်လိုက်ကြပါတယ်။

ဘာကြောင့်လဲ။ လဖြတ်ပဲ။ သူတို့တွေက မှော်ဆေးပညာရှင်မှ မဟုတ်တာ။ ဒါကြောင့် ဒီစမ်းသပ်မှုကို ဘာလုပ်ရမှာလဲ။

ဂျက်ပါ အစီအရင် စိတ်ဂိညာဉ်ရဲ့ အမူအရာက အတော်လေးကို မရေမရာ ဖြစ်သွားတဲ့ပုံစံနဲ့ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက မှော်ဆေးပညာရှင ်တစ်ယောက်လား။ ပြီးတော့ ဒီနေရာမှာ တကယ်ပဲ မင်းတစ်ယောက်ပဲ မှော်ဆေးပညာရှင် ရှိတာလား"

"ဒါက တိုက်ဆိုင်မှုတစ်ခုပါပဲ။ တမင်သက်သက်လုပ်တာ မဟုတ်ပါဘူး"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။

ဂက်ပါ စိတ်ဝိညာဉ်က တစ်ခဏမျှ တွေးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းတစ်ယောက်တည်း စမ်းသပ်ခံရမယ် ဆိုရင်တောင်မှ မင်းဖော်စပ်တဲ့ ဆေးလုံးရဲ့ အဆင့်က မမီဘူးဆိုရင် မင်းအနေနဲ့ ကောင်းမွန်တဲ့ ဆုလာဘ်တွေကို ရနိုင်လိမ့်မှာ မဟုတ်ဘူးနော်"

မှော်ဆေးပညာရဲ့ ဂုဏ်ရန်းမာစတာကို အထင်သေးနေတာလား။

Chapter 500 end

အပိုင်း(၅၀၁) နတ်ဘုရားကျင့်စဉ်တစ်ခု ပြီးပြည့်စုံခြင်း

"မြန်မြန်လေးသာ စလိုက်ပါ"

လင်းဟန်က ဆက်ပြီးတော့ မစောင့်နိုင်တော့ပါဘူး။ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ နောက်ဆုံးအပိုင်းက သူ့ကိုပြုံးပြနေသလိုမျိုး မြင်နေရပါတယ်။

"ကောင်စုတ်လေး မင်းကအရမ်းကို စိတ်ကြီးဝင်နေတာပဲ"

ဂင်္ဂါပါ စိတ်ဝိညာဉ်တောင်မှ အချေအတင် စကားပြောနေပါတယ်

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အရှေ့တည့်တည့်က အဆောက်အဦးထဲကို ဝင်သွားခဲ့ပါတယ်။

ရွှစ်။

လင်းဟန်ရဲ့ပုံရိပ်က လှုပ်ခါသွားပြီးတော့ နံရံပတ်ပတ်လည် ပိတ်လှောင်ထားတဲ့ ဆေးဖော်ခန်းထဲ ပေါ်လာခဲ့ပြီး နံရံတွေမှာ ဆေးပင်အမျိုးအစား စုံလင်စွာ ထည့်ထားတဲ့ စင်မြင့်တွေရှိပြီးတော့ အခန်းရဲ့ အလယ်မှာတော့ မှော်ဆေးကျိုအိုးတစ်လုံး ရှိနေပါတယ်။

သူက ဒါကို ခဏလောက် အာရုံခံ ကြည့်တဲ့အခါမှာ သူရဲ့ နတ်ဘုရား အာရုံက နောက်တစ်ကြိမ် ဆွဲထုတ်ယူခြင်း ခံလိုက်ရပါပြီ။

လင်းဟန်က သူ့ကိုယ်သူ သနားသွားပါတယ်။ ဒီနေရာက ပါဂင်ပစ္စည်း ဆေးပင်တွေက အနည်းဆုံး အဆင့်ကိုး ရှိပြီးတော့ ဒါတွေကို မွမ်းမံသန့်စင်ပြီးတော့ ဖော်စပ်ပြီးတဲ့ အခါမှာ အဲဒီဆေးလုံးကို အပြင်ကို ပြန်ယူသွားချင်ခဲ့ပါတယ်။ သူ့အနေနဲ့ ဒီနေရာက စိတ်နယ်ပယ် တစ်ခုဖြစ်ပြီးတော့ ပုံရိပ်ယောင်တွေပဲ ဆိုတာကို မစဉ်းစားခဲ့ပါဘူး။

"ဒီမှာ မီးရဲ့ အပူချိန် အကန့်အသတ်ကို မင်းအနေနဲ့ စိုးရိမ်ပူပန်နေစရာ မလိုဘူး။ မင်းလိုချင်တဲ့ ပါဂင်ပစ္စည်း ဆေးပင်တွေ အကုန်လုံးကို စင်တွေပေါ်မှာ ထားထားတယ်။ တကယ်လို့ မင်းလိုချင်တာ ဒီမှာမရှိဘူးဆိုရင် ငါ့ကိုပြောနိုင်တယ်။ ငါမင်းအတွက် သွားယူပေးမယ်"

ဂဏ်ပါ စိတ်ဂိညာဉ်လည်း ပေါ်လာခဲ့ပါတယ်။

လင်းဟန်က မမေးပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။

"နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ နောက်ဆုံး အပိုင်းကို ရယူနိုင်ဖို့ ဘယ်လိုအဆင့် မှော်ဆေးလုံး အမျိုးအစားကို ဖော်စပ်ဖို့ လိုအပ်သလဲ"

ဂေါ်ပါ စိတ်ဝိညာဉ်ရဲ့ မျက်လုံးတွေ ပြူးသွားပါတယ် မင်းက ဆေးဖော်စပ်မှုတောင်မှ မစရသေးဘူး ဆုအပေါ်မှာ မျက်စိကျနေပြီလား။ မင်းမှာ ဒီလောက်တောင် ယုံကြည်မှုတွေ ရှိနေတာလား။ စိတ်ဝိညာဉ်က ခဏရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့အသက်အရွယ်ကို အခြေခံပြီးတော့ အနည်းဆုံး မြေကဏ္ဍာအဆင့်မြင့် မှော်ဆေးလုံးဆိုရင် အဆင့်မီတယ်။ ပြီးတော့ မှော်ဆေးလုံးဖြစ်ပေါ်ပြီးတော့ အရည်အသွေး အပေါ်မှာလည်း မူတည်တယ်"

"မင်းက ဘာဖြစ်လို့ အစောကြီးကတည်းက မပြောတာလဲ"

ရှစ် ရှစ် ရှစ်။ လင်းဟန်က စင်မြင့်တွေပေါ်က ဆေးပင်တွေကို ကောက်ယူလိုက်ပြီး အရမ်းကို လျင်မြန်လွန်းပါတယ်။

"ပိုပြီးတော့ သေချာအောင်လို့ ကောင်းကင်အဆင့်နိမ့် မှော်ဆေးလုံးကို ငါဖော်စပ်မယ်။ အပြာရောင်သက်တံ ဝိညာဉ်

သန့်စင်ဆေးလုံး”

ဂက်ပါ စိတ်ဂိညာဉ်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားခဲ့ပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးလုံးလား။ မင်းက တကယ့်ကို လေအိုးပဲ။

ဒါပေမဲ့လည်း လင်းဟန် စတင်လိုက်ပြီး လက်နစ်ဖက်လုံးက ချောမွေ့ညင်သာပြီး ဆေးပင်ရွေးချယ်ခြင်း၊ သန့်စင်ခြင်းနဲ့ နောက်ဆုံး ဆေးလုံးကို ဖော်စပ်ဖို့ မှော်ဆေးကျိုအိုးရဲ့ အဖုံးကို ဖွင့်လိုက်တဲ့ လုပ်ငန်းစဉ် တစ်ခုလုံးကို တစ်ခါတည်းနဲ့ မယုံနိုင်စရာ ကောင်းအောင်ပဲ ချောမွေ့ညင်သာပြီး လွယ်ကူစွာနဲ့ ပြုလုပ်သွားခဲ့ပါတယ်။

ဂက်ပါ စိတ်ဂိညာဉ်ရဲ့ ပါးစပ်က ဖြည်းညှင်းစွာနဲ့ ဟလာပြီးတော့ စက်ဝိုင်းတစ်ခုလို ပုံစံမျိုး ဖြစ်လာပြီး သူ့ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ရပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လူထူးလူဆန်းတစ်ယောက် ရှိနိုင်ရတာလဲ။

သိုင်းပညာရပ်တွေမှာ အံ့အားသင့်စရာကောင်းတဲ့ ပါရမီနဲ့ ဂက်ပါအစီအရင် စွမ်းဆောင်မှုမှာ ထူးချွန်ထက်မြက်ပြီး

နောက်ဆုံး မှော်ဆေးပညာမှာလည်း မှင်တက်အံ့သြစရာ ကောင်းလောက်အောင် ပြိုင်ဘက်ကင်းနေပါတယ်။ ဒီလိုမျိုး အားလုံးမှာ ထူးချွန်နေတဲ့ လူထူးလူဆန်း တစ်ယောက်က တကယ်ပဲ ဒီကမ္ဘာကြီးထဲမှာ ပေါ်လာခဲ့တာလား။

ကောင်းကင်အဆင့် မှော်ဆေးလုံး တစ်လုံးကို ဖော်စပ်တာက သုံးရက်နဲ့ သုံးညတိုင်တိုင် အချိန်ယူရပြီး အရမ်းကို အာရုံစိုက်ပြီးတော့ ငြီးငွေ့စရာကောင်းပါတယ်။

တကယ်တော့ ဒါက ကောင်းကင်အဆင့် မှော်ဆေးလုံး တစ်လုံးဖြစ်ပြီး လက်ရှိသူရဲ့ နတ်ဘုရား အာရုံရဲ့ ခွန်အားက အရမ်းကို အားနည်းပြီးတော့ မှော်ဆေးကျိုအိုး တစ်အိုးထက် ပိုပြီးတော့ မွန်းမံသန့်စင်ဖို့ဆိုတာ အာမခံချက် မရှိပါဘူး။

ဂျက်ပါ စိတ်ဂိညာဉ်က မှော်ဆေးလုံး ဖြစ်လာတာကိုတောင် မကြည့်တော့ပါဘူး။ ၎င်းရဲ့ ဂျက်ပါ အတွင်းမှာ ပုံရိပ်ယောင်တွေ အားလုံးက ပြောင်းလဲသွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ ဆေးလုံး ဖော်စပ်တဲ့ အဆင့်တိုင်းကို ကြည့်ပြီးတော့ ဒီဆေးလုံးကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ပြီး ကြယ်ဘယ်နှစ်လုံး ရှိမယ်ဆိုတာကို ကောင်းကောင်းကြီး သိပါတယ်။

"ဒါကို ယူလိုက် ဒါကိုယူလိုက်တော့"

ဂျက်ပါ စိတ်ဂိညာဉ်က အလင်းရောင် ဘောလုံးတစ်လုံးကို ပစ်ပေးလိုက်ပါတယ်။ ပြောစရာကို မလိုလောက်အောင်ပဲ ဒါက သေချာပေါက် နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ နောက်ဆုံး အပိုင်းဆိုတာ သေချာပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ အလင်းဘောလုံးကို ဖမ်းပြီးတော့သူရဲ့ နဖူးထက်မှာ ဖိချလိုက်ပါတယ်။ မျှော်လင့်ထားတဲ့ အတိုင်းပဲ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က နောက်တစ်ကြိမ် ပြောင်းလဲသွားပြီးတော့ နောက်ဆုံးမှာ လုံးဝကို ပြီးပြည့်စုံသွားခဲ့ပါတယ်။

"ကောင်လေး မင်းက နန်းတော်ဆယ့်နှစ်ခုရဲ့ အတွင်းစည်း တပည့်တစ်ယောက် ဖြစ်ဖို့အတွက် အဆင့်မီတယ်။ ဒါကြောင့် ဘယ်နန်းတော်ရဲ့ တပည့်ဖြစ်ချင်သလဲ"

ဂျက်ပါ စိတ်ဂိညာဉ်က ရုတ်တရက် မေးလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အရင်ဆုံး ငါ့ရဲ့နတ်ဘုရား အာရုံကို ငါ့ခန္ဓာကိုယ်ထဲ

ပြန်ပို့ပေး။ ငါမင်းကို တစ်ခုခု ပြမယ်။ ဒါပေမဲ့ တခြားဘယ်သူ့ကိုမှ မသိစေနဲ့”

“အရမ်းကို လျှို့ဝှက်ဆန်းကြယ်သလို လုပ်နေသေးတယ်”

ဂျက်ပါ စိတ်ဂိညာဉ်က လှောင်ပြုံးပြုံးလိုက်ပေမဲ့ လင်းဟန်ပြောသလို လုပ်ပေးလိုက်ပါတယ်။

လင်းဟန်ရဲ့ နတ်ဘုရားအာရုံ ပြန်ရရှိ သွားခဲ့ပါတယ်။ သူက အဆောက်အဦးရဲ့ အထဲမှာပဲ ရှိနေသေးတာ ဖြစ်ပေမဲ့ ကျောက်တုံးတွေနဲ့ အလုံပိတ်ထားတဲ့ အခန်းထဲမှာတော့ မဟုတ်တော့ပါဘူး။ လင်းဟန်က အနက်ရောင် မျှော်စင်နဲ့ ဆက်သွယ်မှုကို ပြန်လည်တည်ဆောက် လိုက်ပါတယ် သူက ခနေရာသီ နန်းတော်ရဲ့ သော့ကို ဆွဲထုတ်ပြီးတော့ လက်ထဲမှာ ပျော့ယမ်းပြလိုက်ပါတယ်။

“ဟူး မင်းမှာတကယ်ပဲ ခနေရာသီ နန်းတော်ကို ဖွင့်တဲ့ သော့ရှိနေတာလား။ ဘာဖြစ်လို့ အစောကြီးကတည်းက ထုတ်မပြတာလဲ”

ဂျက်ပါ စိတ်ဂိညာဉ်က အော်လိုက်ပါတယ်။

“တကယ်လို့ ငါက ဒီသော့ကို အစောကြီးကတည်းက ထုတ်လိုက်မယ်ဆိုရင် ဘယ်လိုလုပ်ပြီး နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ငါရတော့မှာလဲ”

လင်းဟန်က မေးခွန်းတစ်ခုနဲ့ ပြန်မေးလိုက်ပါတယ်။

“သောက်ကောင်စုတ်လေး”

ဂင်္ကပါ စိတ်ဝိညာဉ်က တီးတိုးရွတ်ဆိုပြီးမှ ရုတ်တရက် ဂင့်ကြွားစွာနဲ့ ရယ်မောလိုက်ပါတယ်။

“မင်းကို သတင်းဆိုးတစ်ခု ပြောရဦးမယ်။ ခနေရာသီ နန်းတော်က အခုမှ ပထမဆုံးအကြိမ် ပွင့်တာမဟုတ်ဘူး။ ဒါကြောင့် နန်းတော်အထဲက ရတနာတွေလည်း ယူသွားလို့ ကုန်ပြီ။ အထဲမှာ ယူသွားလို့ မရလို့ ချန်ထားတဲ့ အရာနှစ်ခုပဲ ကျန်တော့တယ်”

“ဟား လပ္ပြတ်ပေ့ါ”

“ဟားဟားဟား”

ဂင်္ကပါ စိတ်ဝိညာဉ်က ကျယ်လောင်စွာ

ရယ်မောလိုက်ပါတယ်။ သူက လင်းဟန်ကို အချိန် အတော်ကြာကြာကတည်းက စိတ်အနှောင့်အယှက် ဖြစ်နေပြီး အခုတော့ လင်းဟန်ကို တစ်ခါတည်း လက်စားချေလိုက်နိုင်ပြီ ဖြစ်တာကြောင့် သူ့ကိုတကယ်ပဲ ကျေနပ်သွားစေခဲ့ပါတယ်။ ၎င်းက ခဏရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ဓနရာသီ နန်းတော်ထဲမှာ တန်ဖိုးအကြီးဆုံး စစ်မှန်တဲ့ ပစ္စည်းတွေက ယူသွားလို့ မရပဲ ကျန်နေတဲ့ အဲဒီအရာနှစ်ခုပဲ ဖြစ်တယ်"

"အဲဒါက ဘာတွေလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"လျှို့ပုက်ဆန်းကြယ် စွမ်းအားတစ်ခုနဲ့ မြေပုံညွှန်းတစ်စုံ"

ဂင်္ဂပါ စိတ်ဂိညာဉ်က ဖြေလိုက်ပါတယ်။

လျှို့ပုက်ဆန်းကြယ် စွမ်းအားတစ်ခု။

လင်းဟန်က ပျော်ရွှင်သွားခဲ့ပါတယ်။ ဒါက တကယ့်ကို

ကြီးကျယ်ခမ်းနားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ မြေပုံညွှန်းတစ်ခုဆိုတာ ဘာကြီးလဲ။ သူကမေးလိုက်ပါတယ်။

"ဘာမြေပုံညွှန်းလဲ"

"အဲဒီနှစ်တွေတုန်းက ကောင်းကင်မြစ်ဘုရင်က အလွန်အံ့အားသင့်စရာ ကောင်းလောက်တဲ့ နတ်ဘုရားရဲ့ ပစ္စည်းတွေသိုလှောင်ထားတဲ့ နေရာကို ရှာတွေ့သွားခဲ့တယ်။ ပြီးတော့ အဲဒီထဲက ပစ္စည်းအနည်းငယ်ကို ယူခဲ့ပြီးတော့ မဟာဖန်ဆင်းသူထဲမှာ အစွမ်းထက်ဆုံး လူတစ်ယောက် ဖြစ်လာစေခဲ့ပါတယ်။ ဒီမြေပုံညွှန်းက နတ်ဘုရားရဲ့ ပစ္စည်းတွေ သိုလှောင်ထားတဲ့ နေရာရဲ့ တည်နေရာကို ညွှန်ပြထားတာပဲ"

ဂျက်ပါ စိတ်ဝိညာဉ်က ဖြေလိုက်ပါတယ်။

လင်းဟန်က ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ ဒီမြေပုံညွှန်းက ရန်ထန်းဇောင် လိုချင်နေတဲ့ ပစ္စည်းသေချာပေါက် ဖြစ်ပါလိမ့်မယ်။

"ဒီမြေပုံညွှန်းက ဓနရာသီ နန်းတော်ထဲမှာပဲ ရှိတာလား"

လင်းဟန်က နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

"မဟုတ်ဘူး။ နန်းတော်ဆယ့်နှစ်ခုလုံးမှာပဲ။ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ဆက်ခံနိုင်စွမ်း ရှိရင် အဲဒီလူက ကောင်းကင်မြစ်ဘုရင်ရဲ့ ကျန်ရစ်ခဲ့တဲ့ ရတနာတွေကို ရရှိလိမ့်မယ်"

ဂဂ်ပါ စိတ်ဝိညာဉ်က ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါနဲ့ မဟာဖန်ဆင်းသူ ဆိုတဲ့ နေရာက ဘယ်လိုဟာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

ဂဂ်ပါ စိတ်ဝိညာဉ်ရဲ့ မျက်လုံးပြူးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ဒီဂဂ်ပါရဲ့ အမြုတေတစ်ခုပဲလေ။ အားလုံးကို ဘယ်လိုလုပ်သိမှာလဲ။ ဒါကြောင့် ငါမသိဘူး"

`သေစမ်း။ ဂဂ်ပါ စိတ်ဝိညာဉ် တစ်ခုရဲ့ လှောင်ပြောင်သရော်တာ ခံနေရတယ်`

လင်းဟန်က စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတစ်ကြိမ် တခြားလူတစ်ယောက်က သော့တစ်ချောင်းကို ယူလာတာ ရှိတယ်မဟုတ်လား"

"ဘာ။ မင်းကဒါကိုတောင် ခန့်မှန်းနိုင်တာပဲလား"

ဂျက်ပါ စိတ်ဂိညာဉ်က အံ့အားသင့် သွားခဲ့ပါတယ်။

"မင်းမတိုင်ခင်က။ ကောင်လေးတစ်ယောက်က သော့တစ်ချောင်းကို အလျင်စလို ယူလာပြီးတော့ စမ်းသပ်မှုတွေကိုတောင် မလုပ်ခဲ့ဘူး"

"သူ့နာမည် ဂမ်ရီကျန်းလို့ ခေါ်တယ်မဟုတ်လား"

လင်းဟန်က စိုးရိမ်ပူပန်သလို ခံစားလိုက်ရပါတယ်။

"မှန်တယ်"

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ ဂမ်ရီကျန်းက ကောင်းကင်လျှို့ဝှက်နယ်မြေ ဆယ့်နှစ်ခု ပွင့်တာကို

အမှတ်မထင် ကြုံခဲ့ရတာ မဟုတ်ပဲနဲ့ သူ့ဆီမှာ သော့တစ်ချောင်းကို ရယူပိုင်ဆိုင်ထားတဲ့ အတွက်ကြောင့် မြောက်ပိုင်းဒေသကို လာရောက်ခဲ့တာပဲ ဖြစ်ပါတယ်။

"သူက ဘယ်နန်းတော်ကို ဖွင့်လိုက်တာလဲ"

"ကင်းမြီးကောက်နန်းတော်"

လင်းဟန်က ခဏစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ခနရာသီ နန်းတော်က ပွင့်ပြီးသားဆိုတော့ အဲဒီနတ်ဘုရား သိုလှောင်ပစ္စည်း ထားတဲ့နေရာကို ယူမသွားကြသေးဘူးလား"

"ဟင့်အင်း"

ဂျင်ပါ စိတ်ဂိညာဉ်က သူရဲ့ခေါင်းကို ခါလိုက်ပြီး လင်းဟန်ကို သော့ပြန်ပေးလိုက်ကာ ပြောလိုက်ပါတယ်။

"ဒါက ခနနန်းတော်ကို ဖွင့်လှစ်တဲ့ သော့တစ်ချောင်းပဲမဟုတ်ဘူး။ နတ်ဘုရားရဲ့ သိုလှောင်ပစ္စည်း နေရာကို ဝင်ဖို့အတွက်

သက်သေအထောက်အထားလည်း ဖြစ်တယ်။ အဲဒီမှာ ကောင်းကင်မြစ် ဘုရင်ချထားတဲ့ အတားအဆီးတွေရှိတယ်။ သော့မရှိပဲနဲ့ မင်းဖင်လို့ မရနိုင်ဘူး။ ဒါပေမဲ့လည်း သော့က တစ်ခါအသုံးပြုပြီးတာနဲ့ ပျောက်ကွယ်သွားလိမ့်မယ်။ ဒါက နောက်တစ်ကြိမ် ပြန်ပေါ်လာတယ်ဆိုတော့ အရင်ဆက်ခံသူက နတ်ဘုရား သိုလှောင်ပစ္စည်းနေရာကို မဝင်ခဲ့ဘူး ဆိုတာကို သက်သေပြနေတာပဲ"

"မင်းဒီနေရာကနေ ထွက်တာနဲ့ မင်းကို ခနေရာသီ နန်းတော်ကို ငါခေါ်သွားပေးမယ်"

ဂက်ပါ စိတ်ဝိညာဉ်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

လင်းဟန်က အပြင်ကို ထွက်လာခဲ့ပါတယ်။ လူတချို့ရဲ့ အကြည့်တွေက သူ့ကိုပစ်မှတ်ထား နေကြပါတယ်။ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာကို အားလုံးက သိထားပါတယ်။ ပြီးတော့ သူက ဒီအဆင့်ကို ဖြတ်ကျော်ရုံသာမက အရမ်းကို ကောင်းမွန်တဲ့ မှတ်တမ်းတစ်ခုကိုလည်း သေချာပေါက် ရရှိခဲ့ပြီးတော့ သူက အံ့အားသင့်စရာ ကောင်းလောက်တဲ့

ရတနာတွေကို ရရှိခဲ့တာ ဖြစ်နိုင်ပါတယ်။

အောင်းဖန်းနဲ့ တခြားပန်းဖူးအဆင့် စစ်သည်တော်တွေရဲ့ မျက်လုံးထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ ထွက်ပေါ်လို့ နေပါတယ်။ တကယ်လို့ ဂျက်ပါ စိတ်ဂိညာဉ်ကိုသာ မကြောက်ဘူး ဆိုရင်တော့ သူ့တို့က သေချာပေါက် တိုက်ခိုက်ပြီးတော့ ရတနာတွေကို လုယူပါလိမ့်မယ်။

"မင်း မင်း မင်း မင်းနဲ့ မင်း"

ဂျက်ပါ စိတ်ဂိညာဉ်က ဆယ်ရက်အတွင်း ရောက်လာတဲ့ လူတွေကို လက်ညိုးထိုး ညွှန်ပြလိုက် ပါတယ်။

"မင်းတို့အားလုံး နန်းတော်ဆယ့်နှစ်ခုရဲ့ အပြင်စည်း တပည့်ဖြစ်ဖို့ အဆင့်မီတယ်။ စိတ်ဂင်စားတဲ့သူတွေ ငါ့အနောက်ကို လိုက်လာခဲ့"

လူဆယ့်သုံးယောက်လုံး အလျင်အမြန်ပဲ နောက်ကနေလိုက်လာခဲ့ကြပါတယ်။ ဒီအခွင့်အရေးအတွက် သူတို့တွေ လာခဲ့ကြတာ မဟုတ်လား။

ဟူးညိုက ဂရုမစိုက်ပါဘူး။ သူမကတော့ လင်းဟန်အနောက်ကိုပဲ လိုက်သွားခဲ့ပါတယ်။

Chapter 501 end

အပိုင်း(၅၀၂) ကြယ်နဂါး ဖျက်ဆီးခြင်း မြား

ဂင်္ဂါပါ စိတ်ဝိညာဉ်က သူတို့ကို အခန်းထဲ ခေါ်သွားပြီးတော့ မှတ်ဉာဏ်တံဆိပ်ပြား တချို့ရဲ့ အရေးမှာ ဆုတောင်းခြင်း ပွဲတစ်ခုကို ကျင်းပခဲ့ပါတယ်။ သူတို့က အခုဆိုရင် နန်းတော်ဆယ့်နှစ်ခုရဲ့ အပြင်စည်း တပည့်တွေ ဖြစ်သွားပြီးတော့ လူတိုင်းကိုယ်စီ ပညာရပ်တစ်ခုနဲ့ ကျွမ်းကျင်မှု တစ်ခုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း တခြားသူတွေကို ပေးလို့ မရပါဘူး။ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် တားမြစ်မှု တချို့က သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို အမြစ်ပြတ် သုတ်သင်ပစ်ပါလိမ့်မယ်။

ဟူးညိုက အဲ့ဒါကို မလိုချင်ပါဘူး။ ဟူးညိုက သူမရဲ့စိတ်ထဲမှာ တခြားလူတွေက တားမြစ်မှု တစ်ခုကို ချန်ထားခဲ့မှာကို ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ခနရာသီ နန်းတော်ရဲ့ အမွေအနှစ်ကို ဆက်ခံရနိုင်ပါတယ်။ သူရဲ့အဆင့်အတန်းက မကြာခင်မှာ

မြင့်မားလာပြီးတော့ လျှို့ဝှက်ဆန်းကြယ် နယ်မြေရဲ့ ဆရာသခင်တွေထဲက တစ်ယောက်လို့ ခေါ်ဆိုနိုင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ပညာရပ်တွေ နည်းစနစ်တွေကို တောင်းဆိုနေစရာ မလိုပါဘူး။

လူတိုင်းကိုယ်စီ အမွေအနှစ်ကို လက်ခံရရှိပြီးတာနဲ့ သူတို့တွေက တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြပါတယ်။

"ကောင်းပြီ။ စမ်းသပ်မှုတွေအားလုံး ပြီးဆုံးပြီ။ မင်းတို့ကြိုက်တဲ့နေရာကို သွားပေတော့။ ဒီနေရာမှာ ဆယ်ရက်လောက် လေ့ကျင့်လို့ ရသေးတယ်။ အချိန်ကျလာတဲ့ အခါ မင်းတို့အားလုံးကို ငါအပြင်ကို ပြန်ပို့ပေးမယ်"

ဂက်ပါစိတ်ဝိညာဉ်က ပြောလိုက်ပါတယ်။

ဒါကိုကြားပြီးတော့ အားလုံးပဲ လူစုတွေ ခွဲလိုက်ကြပြီးတော့ သူတို့ကိုယ်တိုင်ပဲ သိထားတဲ့ နေရာတွေဆီကို ထွက်ခွာသွားပါလိမ့်မယ်။

သူတို့ရဲ့ အကြည့်တွေက လင်းဟန်ပေါ်မှာ

ကျရောက်သွားပါတယ်။

ဂက်ပါ စိတ်ဂိညာဉ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူ့အနေနဲ့ တခြားသူတွေကို ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ လင်းဟန်ကတော့ ဓနရာသီနန်းတော်ရဲ့ အရှင်သခင်ဖြစ်နေပါပြီ။ ဒါကြောင့် တခြားသူတွေက သူရဲ့မျက်စိအောက်မှာ အပြစ်ကျူးလွန်မှာကို ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုနိုင်မှာလဲ။

၎င်းက လင်းဟန်ရဲ့ ပခုံးကို ဖမ်းဆုပ်ပြီးတော့ ရွှစ်ခနဲ နစ်ယောက်စလုံး သဲလွန်စတောင် မကျန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

"သူဘယ်ရောက်သွားလဲ"

ဖုံးကွယ်ထားတဲ့ စိတ်မိုက်စိတ်ရိုင်းတွေ ထွက်ပေါ်လာပေမဲ့ လင်းဟန်နဲ့ ဂက်ပါ စိတ်ဂိညာဉ်ကို ဘယ်နေရာမှာ သွားရှာလို့ ရမှာလဲ။

"လင်းဟန်က ဆုလာဘ်ကို ရရှိပြီးနေပြီပဲ။ ဒါဆိုရင် ဘာဖြစ်လို့ ဂက်ပါ စိတ်ဂိညာဉ်က သူနဲ့အတူ ရှိနေသေးတာလဲ"

လူတစ်ယောက်က တွေးဆပြီး ပြောလိုက်ပါတယ်။

"ဖြစ်နိုင်ပါ့မလား"

"ဒါကဖြစ်နိုင်ပါ့မလား"

"ကျန်းမိသားစုရဲ့ အခိုးခံလိုက်ရတဲ့ သော့က သူ့ဆီမှာပေါ့"

အားလုံးက အော်ဟစ်လိုက်ကြပါတယ်။

ကျန်းမိသားစုမှာ လျှို့ဝှက်နယ်မြေရဲ့ သော့တစ်ချောင်း ရှိပါတယ်။ ပြီးတော့အစပိုင်းမှာ သိုင်းပညာ ပြိုင်ပွဲကို ကျင်းပပြီးတော့ အသန်မာဆုံး သားမက်ကို ရွေးချယ်ပြီး ရတနာကို ထုတ်ပေးဖို့ စီစဉ်ထား ခဲ့ပါတယ်။ ဒါပေမဲ့ သိုင်းပညာပြိုင်ပွဲ ကျင်းပနေစဉ်မှာပဲ သော့ကိုလုယက်သွားခြင်း ခံလိုက်ရပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ပြန်ပြီးတော့ မသိမ်းယူ နိုင်ခဲ့ပါဘူး။

သော့ကို ရှုံဟွမ်ရှမ် ခိုးယူသွားတယ် ဆိုတာကို အားလုံးက ယုံကြည်နေခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်က သိသိသာသာကို

အောက်ခြေမှာပဲ ရှိပြီးတော့ ကျောက်တုံးခြေလှမ်းကို ပြီးဆုံးအောင်မြင်အောင်လို့တောင် မတက်နိုင်ပါဘူး။

ရုံဟွမ်ရွှမ် ပြောတာက မှန်ပါ့မလား။ သူရဲ့သော့က တကယ်ပဲ လုယက်ခံလိုက်ရတာလား။

လျို့ပုက်နယ်မြေထဲကို ဝင်ပြီးတဲ့နောက်မှာ ရုံဟွမ်ရွှမ်က သူ့ဆီမှာ သော့မရှိတော့ဘူး ဆိုတဲ့အကြောင်းကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူကများ အဲဒါကို ယုံကြည်နိုင်မှာလဲ။ ဒါပေမဲ့လည်း အခုကြည့်ရတာတော့ အဲဒီကောင်က လိမ်ညာနေတာ မဟုတ်ပဲ သော့ကို လင်းဟာန်က ရရှိသွားခဲ့တာ ဖြစ်ပါလိမ့်မယ်။

ချက်ချင်းဆိုသလိုပဲ အားလုံးရဲ့ အကြည့်တွေက ကန်းရီနဲ့ ဟူးညိုပေါ် ကို ကျရောက်သွားခဲ့ပါတယ်။

"ရှင်တို့က ဘာကိုလိုချင်လို့လဲ။ ညိုးညိုးနဲ့ အစားအသောက်အတွက် တိုက်ခိုက်မယ်ဆိုရင် လုံးဝကို စိတ်တောင်မကူးနဲ့"

ဟူးညိုက လေးလေးနက်နက်နဲ့ ပြောလိုက်ပြီးတော့ သူမရဲ့အနောက်မှာ အသားကင်ကို ဖွက်ထားလိုက်ပါတယ်။

"သူတို့ကို ဖမ်းပြီးတော့ လင်းဟန်ကို သူတို့ကိုအသုံးပြုပြီး အကျပ်ကိုင်ရမယ်။ သူ့ကို ဖိအားပေးပြီး ရတနာတွေကို ပေးခိုင်းရမယ်"

လူတိုင်းလူတိုင်းက တစ်ယောက်ပြီးတစ်ယောက် ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က မြေကွက်လပ်တစ်ခုဆီကို ရောက်ရှိသွားခဲ့ပါတယ်။ မြေကွက်လပ်ရဲ့ ပတ်ဝန်းကျင်မှာ ထူးခြားဆန်းကျယ်တဲ့ နန်းတော်ဆယ့်နှစ်ခုရှိပြီးတော့ နန်းတော်တိုင်းရဲ့ တံခါးတွေက တင်းတင်းကျပ်ကျပ်နဲ့ ပိတ်ထားပါတယ်။

နန်းတော်တစ်ခုစီရဲ့ အထိမ်းအမှတ် ပုံစံတွေကအားလုံး မတူညီကွဲပြားကြပါတယ်။ အဖြူရောင် သိုးတစ်ကောင်၊ ရွှေနွားတစ်ကောင် ငါးပုံစံ စသည်ဖြင့် ပုံစံအမျိုးမျိုး ရှိနေပါတယ်။

"ဒီမှာပဲ။ ခနရာသီနန်းတော်က အဲဒါပဲ။ မင်းက သော့ကိုအသုံးပြုပြီးတော့ နန်းတော်ခန်းမ တံခါးကို ဖြတ်ကျော်ပြီးတော့ ဝင်သွားနိုင်တယ်"

ဂေါ်ပါ စိတ်ဂိညာဉ်က ပြောလိုက်ပြီးတော့ အနည်းငယ် ထိတ်ထိတ်ပျာပျာနဲ့ ထူးဆန်းတဲ့ အမူအရာ တစ်ခုဖြစ်ပေါ်ပြီး ပြောလိုက်ပါတယ်။

"တစ်ယောက်ယောက်ကတော့ မင်းရဲ့အဖော်တွေကို ထိခိုက်အောင်လို့ လုပ်နေပြီ"

လင်းဟာန်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို ပြန်ခေါ်သွားပေး"

"မလိုပါဘူး။ မင်းအစား ငါသူတို့ကို ကာကွယ်ပေးထားမယ်"

ဂေါ်ပါ စိတ်ဂိညာဉ်က ပြုံးပြီးတော့ ပြောလိုက်ပြီး ဖျတ်ခနဲဆိုသလို သူရဲ့ပုံရိပ်က နောက်တစ်ကြိမ် ပျောက်ကွယ်သွားခဲ့ပါတယ်။

ဂေါ်ပါ စိတ်ဂိညာဉ်ရဲ့ ကာကွယ်စောင့်ရှောက်မှုနဲ့ဆိုရင် သူတို့က သေချာပေါက် လုံခြုံစိတ်ချ ရပါတယ်။ တကယ်လို့ ထိပ်တန်းပိုးကောင်ဘုရင် လာရင်တောင်မှ ၎င်းက ပိုးကောင်ဘုရင်ကို တားဆီးထားနိုင်ပါတယ်။

လင်းဟန်က သော့ကို ဆွဲထုတ်ပြီးတော့ ဓနရာသီနန်းတော် ခန်းမရဲ့ ဂင်ပေါက်ဆီကို လျှောက်လာခဲ့ပါတယ်။ ဒီသော့က နန်းတော်ရဲ့ တံခါးတွေကို ဖွင့်ဖို့အတွက် အသုံးပြုရတာ မဟုတ်ပဲ နန်းတော်ရဲ့ တံခါးမှာ လေဟာနယ်တစ်ခု ဖြစ်လာပြီးတော့ အဲဒီကနေ သူက ဖြတ်သန်း ဂင်ရောက်သွားလို့ ရပါတယ်။

မျှော်လင့်ထားသလိုပါပဲ။ နန်းတော်က အခွံသက်သက်ဖြစ်ပြီးတော့ ဘာတစ်ခုမှ မကျန်တော့သလို ပါပဲ။

ဒါက တကယ်ပဲ ဘာမှကို မကျန်တော့တာပါ။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဘယ်စီနီယာကများ သူ့အတွက် သူတော်ကောင်း တရားကို လက်ကိုင်ထားပြီးတော့ ချန်ထားရစ်ခဲ့မှာလဲ။ နောက်ကျလို့ရှိရင် သူ့အနေနဲ့ အဲဒီလူရဲ့ ဘိုးဘေးသချိုင်းဂူကို တူးဆွသင့်သလား။ မကောင်းဆိုးဂါးဆန်တဲ့ အတွေးတွေ ပြည့်နှက်နေပြီး လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ သူရဲ့အကြည့်တွေက နန်းတော်အထဲက ကျောက်ဆစ်ပန်းပုရုပ် တစ်ခုအပေါ်ကို

ကျရောက်သွားခဲ့ပါတယ်။ ပန်းပုရုပ်ရဲ့ ပုံစံက သိုင်းပညာရှင် တစ်ယောက်က ကောင်းကင်ပေါ်ကို မြားတစ်စင်း ပစ်လွှတ်နေပုံ ဖြစ်ပါတယ်။ ၎င်းက ပန်းပုရုပ်တစ်ခု ဆိုပေမဲ့ လင်းဟန်ကို အကြီးအကျယ် အံ့အားသင့် သွားစေခဲ့ပါတယ်။ တကယ်လို့ သူရဲ့လက်ချောင်းတွေကို လွှတ်လိုက်မယ်ဆိုရင် ဒီမြားက ကောင်းကင်ပေါ်က နေကိုတောင်မှ ပစ်ချနိုင်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

"လျို့ဝှက်ဆန်းကြယ် စွမ်းအား။ ဒါက မြားပစ်နည်းစနစ် တစ်ခုပဲ"

လင်းဟန်ကို ကြည့်ရတာ မြူးကြွရွှင်လန်းနေပုံ ရပါတယ်။

"နေပါဦး။ တကယ်လို့ ဒါက မြားပစ်နည်းစနစ်တစ်ခုဆိုရင် မှသားမဲ့ မျက်လုံးနဲ့ ကိုက်တာပဲ။ ဒီမှာ ဘယ်လိုမျိုး အာနိသင် ရှိနေမလဲ"

သူက အတော်လေးကို စိတ်လှုပ်ရှားနေသလို ခံစားရပါတယ်။ လျို့ဝှက်ဆန်းကြယ်စွမ်းအား နှစ်ခုက တစ်ခုကို ပေါင်းစပ်နိုင်တာက နှစ်ခုရှိနေတာနဲ့ မတူညီပဲနဲ့ အများကြီးတောင် သာလွန်ပါသေးတယ်။

"ဒါတွေအားလုံးကို ဂရုစိုက်မနေနဲ့တော့။ ဒီလှို့ဂှက်ဆန်းကြယ် စွမ်းအားကိုပဲ အရင်ဆုံးရအောင် ယူရမယ်"

လင်းဟန်က ပန်းပုရုပ်ဆီကို သွားပြီးတော့ အဲဒီအပေါ်ကို သူရဲ့လက်နဲ့ ဖိလိုက်ပါတယ်။

ချက်ချင်းဆိုသလို သူရဲ့အသိဉာဏ်တွေက ဂင်းလက်တောက်ပသွားပြီး အရမ်းကို အစွမ်းထက်တဲ့ သက်ရှိလူသားတစ်ယောက်က သောက်ရှူးကြယ်တစ်စင်းလိုမျိုး ကောင်းကင်ပေါ်မှာ မတ်တတ်ရပ်နေပြီး ကောင်းကင်ပေါ်က ကြယ်တွေကို ပစ်ချနေပြီး အံ့သြမှင်သက်စရာ ကောင်းပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

လင်းဟန်က သူရဲ့ခေါင်းတောင်မှ နှစ်ခြမ်းကွဲထွက်သွားတော့မလို ခံစားလိုက်ရပါတယ်။ ဒီလူရဲ့ တည်ရှိမှုက အရမ်းကို အစွမ်းထက်ပြီးတော့ သူ့အနေနဲ့ အဲဒီလူရဲ့ အစောပိုင်းနှစ်တွေတုန်းက မြင်ကွင်းတချို့ပဲ မြင်ခဲ့တာတောင်မှ သူရဲ့ခေါင်းကို ပေါက်ကွဲထွက်တော့မလို ခံစားရပါတယ်။ ဒါက သူရဲ့ နတ်ဘုရား အာရုံပေါ်မှာ အကြီးအကျယ်ကို အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။

သူက အားတင်းပြီးတော့ ကြံ့ကြံ့ခံ သည်းခံပေမဲ့ နားရွက်၊ နှာခေါင်းနဲ့ ပါးစပ်ကနေ သွေးတွေယိုစီး ကျလာခဲ့ပါတယ်။ ဒီအကျိုးသက်ရောက်မှုက အရမ်းကို ထိတ်လန့်စရာကောင်းလွန်းပါတယ်။

"ဒါဆိုရင် ဒါကဘယ်လိုမျိုးလဲ"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

မုသားမဲ့ မျက်လုံးတုန်းက သူ့အနေနဲ့ ပျက်စီးနေတဲ့ မျက်လုံးအိမ်တစ်ခုကို ရရှိခဲ့ပြီး သူကိုယ်တိုင်ပဲ လေ့လာစူးစမ်းရှာဖွေခဲ့ရပါတယ်။ အခုကျတော့ လက်ရွေးစင်တစ်ယောက်ရဲ့ ပုံရိပ်တစ်ခု ပေါ်လာပြီးတော့ သူ့အတွက် စွမ်းအားတွေကို ဖော်ထုတ်ပြသပြီး အသေးစိတ် အရာတွေကို ရှင်းလင်းပြသခဲ့ပါတယ်။

"ကြယ်နဂါး ဖျက်ဆီးခြင်းမြား"

ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အမည်ဖြစ်ပါတယ်။ ဒါကအရမ်းကို ထူးခြားပါတယ်။ ကြယ်တစ်လုံးကို မြားတစ်စင်းလိုမျိုး ဆွဲထုတ်ပြီးတော့ စစ်မှန်တဲ့

နဂါးတစ်ကောင်ကို သတ်ပစ်နိုင်ပါတယ်။

"အင်း ငါက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို လက်ခံရရှိခဲ့တယ်။ ပြီးတော့ အဲဒါက ငါ့ကို စစ်မှန်တဲ့ နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်နိုင်စေတယ်။ အခု ဒါက နဂါးတစ်ကောင်ကို သတ်ပစ်နိုင်တဲ့ မြားတစ်စင်းဖြစ်နေတယ်။ ငါ့ကိုငါ သတ်သေပစ်ရမလိုတောင် ဖြစ်နေပြီ"

လင်းဟန်က သူ့ကိုယ်သူ သဘောကျစွာနဲ့ ရယ်မောလိုက်ပါတယ်။

"သေစမ်း။ ဒါက ခနေရာသီနန်းတော်ဆိုတာ ထင်ရှားတာပဲ။ ငါ့အတွက် လေးတစ်ခုတောင် မချန်ထားခဲ့ဘူးလား"

"ဒါပေမဲ့ ပန်းဖူးအဆင့်ကို ကူးဖြတ်ပြီးတဲ့ အခါကျရင် ငါ့ရဲ့ခန္ဓာကိုယ်ကို လေးတစ်စင်းလို အသုံးပြုနိုင်တယ်။ ပြီးတော့ ကောင်းကင်နဲ့ မြေကြီးက စိတ်ဂိညာဉ် ချီကို ဆွဲထုတ်ပြီး မြားတစ်စင်း အဖြစ်နဲ့ အသုံးပြုနိုင်တယ်။ ရတနာ လေးတစ်စင်း မရှိပဲနဲ့တောင်မှ ဒါက အရမ်းကို အစွမ်းထက်တဲ့ စွမ်းအင်ကို ပေါက်ကွဲထုတ်ဖော်နိုင်တယ်။ နောက်ပြီးတော့ ငါက ခန္ဓာကိုယ် ကျင့်စဉ်ကိုလည်း ကျင့်ကြံထားပြီးတော့

ခွန်အားသက်သက်မှာ ထိပ်တန်းအဆင့်မှာ ရှိတယ်။ မြားရဲ့အစွမ်းက သေချာပေါက်ကို အံ့အားသင့်စရာ ကောင်းများပဲ။ ဒီအတိုင်းဆိုရင် ငါ့မှာ အဝေးကနေ တိုက်ခိုက်နိုင်တဲ့ နည်းလမ်းတစ်ခု ရှိပြီပေါ့”

လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်ချပြီးတော့ ပန်းပုရုပ် အထဲက အမွေအနှစ်ရဲ့ စွမ်းအားကို ဆွဲထုတ်ယူခြင်း အပေါ်မှာပဲ အာရုံစိုက်ထားခဲ့ပါတယ်။ သူ့မှာ အချိန်ဆယ်ရက်ပဲ ရှိပါတော့တယ်။ တစ်လဆိုတဲ့ အချိန်ရောက်လာရင် လျှို့ပုက်ဆန်းကြယ် နယ်မြေထဲကနေ ကန်ထုတ်ခံရ ပါလိမ့်မယ်။ တကယ်လို့ သူက ဒီလျှို့ပုက်ဆန်းကြယ် စွမ်းအားကို မဖမ်းဆုပ်နိုင်ခဲ့ဘူးဆိုရင် နောက်နှစ်ပေါင်း တစ်ရာကျမှပဲ ပြန်လာလို့ ရပါလိမ့်မယ်။

သူကမနားမနေ ဆက်ပြီးတော့ ကျောက်ဆစ်ပန်းပုရုပ်ထဲက အမွေအနှစ်ကို စုပ်ယူပြီး အားလုံးကို သူရဲ့ကိုယ်ပိုင် နားလည်နိုင်စွမ်း အဖြစ်ကို ပြောင်းလဲလိုက်ပါတယ်။ ဒါ့အပြင် ဒီကျောက်ဆစ်ပန်းပု အရုပ်အထဲမှာ မြေပုံညွှန်းတစ်စုံလည်း ရှိပါတယ်။ ဒါပေမဲ့ အဲဒါက အခုချိန်မှာ အသုံးမဝင်ပေမဲ့ နတ်ဘုရားနယ်မြေထဲကို ရောက်ပြီးတော့ မဟာဖန်ဆင်းသူအထဲမှာ ရှိပါလိမ့်မယ်။

အမွေအနှစ်ကို စုပ်ယူနေတဲ့ အချိန်အတွင်းမှာ ကျောက်ဆစ်ပန်းပုရုပ်က သူနဲ့ပေါင်းစည်းသွားသလို ဖြစ်ပြီးတော့ သူရဲ့စိတ်ဂိညာဉ် အခြေခံနေရာမှာ အစားထိုးဝင်ရောက်ပြီး စိတ်ဂိညာဉ်ချီတွေကို အဆက်မပြတ် စုပ်ယူနေပါတယ်။ သူ့အတွက် အဲဒါကို ပြောင်းလဲပစ်ဖို့ မလိုအပ်ပဲ သူ့ဘာသူ မူလစွမ်းအင် အဖြစ်ကို ပြောင်းလဲပြီးတော့ စိတ်ဂိညာဉ် ပလ္လင်ကို တည်ဆောက်နေပါတယ်။

ဒီနေရာက စိတ်ဂိညာဉ် ချီတွေက အရမ်းကို ပေါကြွယ်ဝပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ ကျင့်ကြံခြင်းက နေ့တိုင်းလိုလို တစ်ဆင့်စီ မြင့်တက်လာပြီး အရမ်းကို အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။

ဒီကျောက်ဆစ်ပန်းပုရုပ်က အမှန်တကယ်ပဲ ဓနရာသီ နန်းတော်ရဲ့ တန်ဖိုးအရှိဆုံး ရတနာ ဖြစ်ပါတယ်။

နေ့ရက်တွေ ကုန်လွန်သွားခဲ့ပြီး လင်းဟန်က ဘုန်းတော်ကြီးအို တစ်ယောက်လို အချိန်ကာလတွေ မေ့ပြီးတော့ ထိုင်နေခဲ့ပါတယ်။

ဟူး။ သူရဲ့ခန္ဓာကိုယ်က တုန်ခါသွားပြီးတော့ ချိုင့်ဂှမ်းတစ်ခုရဲ့

အတွင်းမှာ ပေါ်လာခဲ့ပြီး ကောင်းကင်ထက်မှာတော့ နေမင်းကြီးက မျက်စိကျိန်းလောက်အောင် တောက်ပလင်းလက်လို့ နေပါတယ်။

လင်းဟန်က ပထမဆုံး ထိတ်လန့်သွားပြီးမှ သတိပြန်ဝင်လာခဲ့ပါတယ်။ ဒါဆိုရင် သူက လျှို့ပုက်ဆန်းကြယ် နယ်မြေကနေ ထွက်လာပြီးတော့ မြောက်ပိုင်းဒေသကို ပြန်ရောက်သွားခဲ့ပြီပေါ့။

"ရန်ထန်းဖောင်"

သူရဲ့မျက်လုံးတွေက အေးစက်စက် အကြည့်တွေနဲ့ ရန်ထန်းဖောင်ကို ကြည့်လိုက်ပါတယ်။ ရန်ထန်းဖောင်က သူနဲ့ဆယ်ပေအကွာမှာ ရှိနေပါတယ်။

Chapter 502 end

အပိုင်း(၅၀၃) ရန်ထန်းဖောင်ကို သတ်ဖြတ်ခြင်း

ရန်ထန်းဖောင်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

"လင်းဟန် ငါအဲဒီပစ္စည်းကို မင်းလက်ထဲမှာ ချန်ထားခဲ့မယ်။ နောက်ကျရင်တော့ အဲဒါကို ပြန်ပြီးတော့ ယူမယ်"

"မင်းမှာ နောက်ထပ်ဆိုတာ ရှိသေးလို့လား"

လင်းဟန်ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒက ထွက်ပေါ်လာခဲ့ပါတယ်။

"ဒီနေ့ မင်းသေရလိမ့်မယ်"

"ဟားဟား မင်းက အရူးတစ်ယောက်လိုလည်း စကားတွေ လျှောက်ပြောတတ်တာပဲလား"

ရန်ထန်းဇောင်က တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။ ပြီးတော့ ချက်ချင်းပဲ အံ့အားသင့်ပြီးတော့ အော်လိုက်ပါတယ်။

"မင်းတကယ်ပဲ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာရှစ်ကို ရောက်သွားပြီလား"

သူက နောက်တစ်ကြိမ် နှာခေါင်းရှုံ့လိုက်ပါတယ်။ ဘာဖြစ်ဖြစ် ဒါက ပန်းဖူးအဆင့်နဲ့ အရမ်းကို ဝေးကွာလွန်းပါသေးတယ်။

ရွှစ်ရွှစ်ရွှစ်။

လျှို့ပှက်ဆန်းကြယ် နယ်မြေထဲကို ဝင်သွားခဲ့တဲ့ လူတွေက တစ်ယောက်ပြီးတစ်ယောက် ပေါ်လာခဲ့ပါတယ်။ ယုခွမ်လွမ်၊ ပိုင်ဟဲရှန်းနဲ့ ပါရမီရှင် အဆင့်ဇယားပေါ်က ယခင်မျိုးဆက်က လူသိများထင်ရှားပြီး ပန်းဖူးအဆင့်ကို ကူးဖြတ်သွားခဲ့တဲ့ လူတွေအားလုံး ပေါ်လာခဲ့ပါတယ်။ သူတို့က အချိန်ကြာမြင့်စွာ တန့်နေကြပြီး နောက်ဆုံးတော့ ဒီဖြတ်ကျော်ဖို့ အခက်ခဲဆုံးအဆင့်ကို လျှို့ပှက်ဆန်းကြယ် နယ်မြေရဲ့ အကူအညီနဲ့ ကျော်လွှားနိုင်ခဲ့ပါပြီ။

ပန်းဖူးအဆင့်ကို ဝင်ရောက်တယ်ဆိုတာက သေမျိုးခန္ဓာကိုယ်ကို စွန့်ပယ်ပစ်လိုက်တာ ဖြစ်တာကြောင့် သူတို့အားလုံးပဲ ယုံကြည်မှုတွေ မြင့်တက်နေပြီး ပြောမပြနိုင်လောက်အောင် အားမာန်တွေ တက်ကြွနေပါတယ်။

သူတို့က လင်းဟာန်ကိုလည်း ကြည့်လိုက်ကြပါတယ်။ အရင်တုန်းက ကျန်းမိသားစုက သားမက်လောင်း ရွေးချယ်ပွဲ ကျင်းပတဲ့အခါမှာ သူတို့အားလုံးက လင်းဟာန်နဲ့ ရန်ထန်းဇောင်ကို ရှုံးနိမ့်သွားခဲ့ပါတယ်။ အခု သူတို့က ပန်းဖူးအဆင့်ကို ကူးဖြတ်ခဲ့ပြီး ဖြစ်တာကြောင့် နောက်ထပ် ကုလားဖန် ထိုးလို့ ရနေပါပြီ။

အထူးသဖြင့်တော့ လင်းဟန်က ပန်းဖူးအဆင့်ကို မရောက်သေးတဲ့အတွက် ဒီနေရာမှာ သူတို့အားလုံးနဲ့ တတန်းထဲ ထားဖို့အတွက် အဆင့်မမီပါဘူး။

"မျှော်စင်လေး ငါ့ကို စွမ်းအားမြှင့်တင်ပေးပါ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးမှာ စွမ်းအားမြင့်တင်တာက အကျိုးအမြတ် အများဆုံး ရရှိနိုင်တယ် ဆိုပေမဲ့ အခုချိန် သူ့မှာ အတွေးတစ်ခုပဲ ရှိပါတယ်။ အဲဒါက ရန်ထန်းဇောင်ကို သတ်ပစ်ဖို့ ဖြစ်ပြီးတော့ သူမျိုးကြဲခဲ့တဲ့ ကံကြမ္မာကို သူကိုယ်တိုင် အဆုံးသတ်ပေး ရပါမယ်။

ဟုမ်း။

လင်းဟန်ရဲ့ တည်ရှိမှုက မိုးထိအောင် ထိုးတက်လာခဲ့ပြီး ချက်ချင်းဆိုသလို ပန်းဖူးအဆင့်ကို ကူးဖြတ်ဂင်ရောက် သွားပြီးတော့ ပန်းဖူးအဆင့် အလွှာရှစ်ထိအောင် တစ်ဟုန်ထိုး မြင့်တက်သွား ခဲ့ပါတယ်။

"ဟင်"

ပန်းဖူးအဆင့် လက်ရွေးစင်တွေ အားလုံး လင်းဟန်ကို ကြည့်နေကြပါတယ်။ ဘာတွေဖြစ်နေတာလဲ။ သူရဲ့အဆင့်က ချက်ချင်းပဲ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာ ကောင်အောင် ပြောင်းလဲနိုင်တယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အထူးသဖြင့်တော့ လင်းဟန်ကို မတိုက်ခိုက်ရပဲ နောက်ဆုတ်ပေးခဲ့ရတဲ့အတွက် အရှက်ကွဲခဲ့တဲ့ ယုခွမ်လွမ်က ဒီအရှက်ကွဲမှုကို ပြန်ဆေးကြောဖို့အတွက် လင်းဟန်နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းချင်နေခဲ့တာ ဖြစ်ပါတယ်။ အစတုန်းကတော့ သူက ယုံကြည်မှုတွေနဲ့ ပြည့်နှက်လို့ နေပြီး အခုလိုမျိုး အဖြစ်အပျက်ကြောင့် သူရဲ့နှလုံးသားထဲမှာ ညှိုးငယ်လို့ သွားခဲ့ပါတယ်။

ရန်ထန်းဇောင်က သတိဂီရိယ နိုးကြားတဲ့ အမူအရာ ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို သန်မာအားကောင်းပြီး သူ့အနေနဲ့ အရင်ကတည်းက အတွေ့အကြုံ ရထားပါတယ်။ အဲဒီအခြေအနေမှာတုန်းက သူက အဆင့်သာလွန်ပြီး သူတို့နှစ်ယောက်က လက်ရည်တူခဲ့ကြပါတယ်။ ဒါပေမဲ့ အခုတော့ လင်းဟန်ရဲ့အဆင့်က အသာစီးဖြစ်သွားပြီး ဒီတိုက်ခိုက်မှုက

သေချာပေါက်ကို ခက်ခဲပါလိမ့်မယ်။

"သေစမ်း"

လင်းဟန်က သူရဲ့ဓားကို လွှဲခုတ်လိုက်တဲ့အခါမှာ ဓားချီအလင်းဆယ်ခုက တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့ပါတယ်။

ရန်ထန်းဖောင်ကလည်း ပြန်လည်တိုက်ခိုက်လိုက်ပါတယ်။ သူရဲ့စွမ်းအားထိန်းချုပ်နိုင်မှုက ပြီးပြည့်စုံတဲ့ အခြေအနေတစ်ခုကို ရောက်ရှိနေပြီး တစ်ရာခိုင်နှုန်းစွမ်းအင်ကို ဆယ်ရာခိုင်နှုန်း စွမ်းအင်အဖြစ် အကျိုးရှိရှိနဲ့ အသုံးချနိုင်ပါတယ်။ တကယ်တော့ သူ့ကို အထူးနတ်ဘုရား အမျိုးအစား တစ်ယောက်အဖြစ် မြင်နိုင်ပြီး ဘယ်လိုလုပ် သာမန်ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို ထူးချွန်ပြောင်မြောက်လွန်းပါတယ်။ နတ်ဆိုးရှင်သန်ဓားနဲ့ ခုတ်လိုက်တာက ၎င်းရဲ့စွမ်းအင်ကို ပိုပြီးတော့ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းပြီး ဓားအလင်းက ပိုမိုစူးရှတောက်ပပြီးတော့ သူ့ကို လုံးဝကို ပိတ်လှောင်ထားသလိုမျိုးပါပဲ။ ဒါကြောင့်လည်း

ရန်ထန်းဇော်က စွမ်းအင်ထိန်းချုပ်မှုမှာ သာလွန်နေပေမဲ့ အရေးနိမ့်တဲ့ အခြေအနေကို ကျဆင်းသွားခဲ့ရပါတယ်။

"ဟားဟား မင်းက မင်းရဲ့အစွမ်းကို ပန်းဖူးအဆင့်ကိုရောက်အောင် အတင်းအကျပ် ဖိအားပေး တိုးလာစေခဲ့တယ်။ ပြီးတော့ ဒါက စစ်မှန်တဲ့ ပန်းဖူးအဆင့်မှ မဟုတ်တာ"

ရန်ထန်းဇော်ရဲ့ စကားလုံးတွေက ထက်ရှပြီးတော့ ချက်ချင်းဆိုသလို လင်းဟန်ရဲ့ အားနည်းချက်ကို မြင်တွေ့သွားခဲ့ပါတယ်။

ပန်းဖူးအဆင့် သက်ရှိတွေက ဘာဖြစ်လို့ အစွမ်းထက်ဆုံး ဖြစ်နေရတာလဲ။ သူတို့က ပတ်ဂန်းကျင်မှာ ရှိနေတဲ့ ကောင်းကင်နဲ့ မြေကြီးက စိတ်ဂိညာဉ်ချီတွေကို ပင့်ဖိတ်ပြီး သူတို့ကိုယ်သူတို့ သန်မာအောင် လုပ်ပြီးတော့ ရန်သူရဲ့ တိုက်ခိုက်မှုကို ဆယ်ဆကနေ တစ်ဆ ဒါမှမဟုတ် အဆတစ်ရာကနေ တစ်ဆအဖြစ်တောင် ပြောင်းလဲပစ်နိုင်ပါတယ်။ လင်းဟန်က ပန်းဖူးအဆင့်ရဲ့ အလွှာရှစ် စွမ်းအားကိုပဲ ပိုင်ဆိုင်ထားတာ ဖြစ်ပြီးတော့ ကောင်းကင်နဲ့ပ မြေကြီးရဲ့ စိတ်ဂိညာဉ် ချီတွေကို အသုံးချလို့ မရနိုင်ပါဘူး။

သူရဲ့အဆင့်က အချိန်တစ်ခဏတာမျှသာ ရရှိတာပါ။

ဒါပေမဲ့လည်း ပန်းဖူးအဆင့်မှာ အဆင့်သေးတစ်ဆင့်ချင်းစီရဲ့ စွမ်းအင်ကွာဟမှုက အရမ်းကို ကြီးမားတဲ့ ကွာဟချက်ဖြစ်ပါတယ်။ ဒါကြောင့် ပန်းဖူးအဆင့် အလွှာရှစ်ဆိုတာက ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဂိညာဉ်ချီ အာနိသင် ချဲ့ကားခြင်းကို ဆယ်ဆ ဒါမှမဟုတ် အဆတစ်ရာလောက် လုပ်ဖို့အတွက် လုံလောက်ပါတယ်။ ဒါကြောင့် လင်းဟန်က အသာစီးရယူထားနိုင်ဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး အသာစီရယူထားတာက အလွှာရှစ်နဲ့ ပထမအလွှာတို့ ထိပ်တိုက်ရင်ဆိုင် နေရတာမျိုး မဟုတ်ပဲ အများဆုံး ဒုတိယ အလွှာနဲ့ ပထမအလွှာ ထိပ်တိုက်ရင်ဆိုင်နေရတာမျိုးပဲ ဖြစ်ပါတယ်။

ရန်ထန်းဇောင်က ကြောက်ရွံ့မှု မရှိပဲ လင်းဟန်နဲ့ တိုက်ကွက်တွေ ဖလှယ်နေခဲ့ပါတယ်။ သူရဲ့စွမ်းအင် ဖမ်းဆုပ်နိုင်မှုက အရမ်းကို အစွမ်းထက်ပြီး မကြာခင်မှာ အခြေအနေကို တည်ငြိမ်အောင် ထိန်းထားနိုင်ပါတယ်။ ဒါပေမဲ့လည်း နတ်ဆိုးရှင်သန်ဓားရဲ့ ထက်မြက်မှုကြောင့် သူ့အနေနဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေကို

ထိပ်တိုက်ရင်ဆိုင်ပြီး ခတ်မထုတ်ပုံ့တာကြောင့် အရေးနိမ့်နေဆဲပဲ ဖြစ်ပါတယ်။

ဒီမြင်ကွင်းက ဘေးကနေ ကြည့်နေကြတဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေကို နာကျင်စေပြီး ပါးစပ်အဟောင်းသား ဟသွားစေခဲ့ပါတယ်။ ဒီလူနှစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ပန်းဖူးအဆင့် ကြယ်ခြောက်လုံးမှာ ရှိပြီးတော့ များစွာသော ပန်းဖူးအဆင့် ဂါရင့်စစ်သည်တွေထက် သာလွန်ပါတယ်။

"လင်းဟန် မင်းငေါ့ကို သတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ရပ်လိုက်ပြီးတော့ မင်းရဲ့အသက်ကို ဖက်နဲ့ထုပ်ထားလိုက်။ အချိန်ကျလာလို့ရှိရင် ငါမင်းကိုလာရှာမယ်"

ရန်ထန်းဖောင်က ကျယ်လောင်စွာ အော်ရယ်လိုက်ပါတယ်။

သူဆိုလိုတဲ့ အချိန်ကျလာရင်ဆိုတာက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို သူကူးဖြတ်ရောက်ရှိတဲ့ အချိန်ကျမှ လေဟာနယ်ကို ဖျက်ဆီးပြီး နတ်ဘုရား ဖြစ်ဖို့အတွက် အဆင့်မီပါလိမ့်မယ်။ သူကမြေပုံညွှန်းကို ရယူပြီးတော့ မဟာဖန်ဆင်းသူ နေရာကို ပြန်လာပြီး ကောင်းကင်မြစ်ဘုရင် ရှာဖွေတွေ့ရှိခဲ့တဲ့ နတ်ဘုရားရဲ့ ရတနာသိုက်ကို ဖွင့်နိုင်စွမ်း

ရှိပါလိမ့်မယ်။

"နောက်ထပ်ဆိုတာ မရှိနိုင်တော့ဘူး။ ဒီနေ့မင်းသေရလိမ့်မယ်"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက ခွန်အားတွေကို စုစည်းထားပြီးတော့ အခုဆို လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်က အဆင်သင့်ဖြစ်လို့ နေပါပြီ။ ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်တာနဲ့ ဓားချီဆယ်ခုက ဓားအလင်းပေါင်း တစ်ထောင်အဖြစ်ကို စတင်ပြောင်းလဲ သွားခဲ့ပါတယ်။

ရန်ထန်းဇောင်ရဲ့ အမူအရာက အတော်လေးကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုက အရမ်းကို အစွမ်းထက်ပြီးတော့ သူ့အနေနဲ့ ထိပ်တိုက်ရင်ဆိုင် ပယ်ထုတ်ဖို့ မပွံ့ရဲပါဘူး။ ဒါကြောင့် ချက်ချင်းပဲ လှည့်ပြီးတော့ အဝေးကို ထွက်ပြေးသွားပါတယ်။ ပန်းဖူးအဆင့် သက်ရှိတွေက ပျံသန်းနိုင်ပါတယ်။ ဒါကြောင့် သူက ကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန် မင်းစောင့်နေလိုက်ပါ"

"ဟင့် စောင့်နေစရာကို မလိုဘူး"

လင်းဟန်က သူရဲ့ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီးတော့ လေးတစ်စင်းကို ဆွဲတင်နေတဲ့ ကိုယ်ဟန်တစ်ခုကို ပြုလုပ်လိုက်ပါတယ်။ သူရဲ့လက်ထဲမှာ လေးတစ်စင်းမှ မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ လေထဲကနေ မြားတစ်ချောင်းက ပေါ်လာခဲ့ပါတယ်။ ဒီမြားက ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ် ချီတွေကနေ ဖြစ်ပေါ်လာတယ်ဆိုတာ အတိအကျပါပဲ။ သူကမုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ရန်ထန်းဇောင်ရဲ့ အားနည်းချက် နေရာကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီး မြားကို ပစ်လွှတ်လိုက်ပါတယ်။

ရွှစ်။

ကျောချမ်းဖွယ်ရာကောင်းတဲ့ အေးစိမ့်စိမ့် အလင်းတန်းတစ်ခုက အရမ်းကို လျှင်မြန်တဲ့ အမြန်နှုန်းနဲ့ ထွက်သွားပါတယ်။

"အား"

ရန်ထန်းဇောင်က ဂမ်းနည်းစရာ ကောင်းလောက်အောင်

ထိတ်လန့်တကြား အော်ဟစ်လိုက် ပါတယ်။ သူရဲ့ဘယ်ဘက်နံရိုးက အပစ်ခံလိုက်ရပြီး အစိမ်းရောင်သွေးတွေက ပန်းထွက်လာခဲ့ပြီး ကြည့်ရတာ အရမ်းကို ထူးဆန်းနေပါတယ်။ ဘယ်ဘက်နံရိုးက သူရဲ့အထိမခံနိုင်တဲ့ နေရာဖြစ်ပြီး အခုဆိုရင် စိတ်ဝိညာဉ် ချီကြောင့် ဖြစ်ပေါ်လာတဲ့ မြားနဲ့ ထိုးဖောက်ခံလိုက်ရပါတယ်။ ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်ထဲက မူလစွမ်းအင်တွေ ထွက်သွားပြီး သူရဲ့ပုံရိပ်က တုန်ခါပြီးတော့ ကောင်းကင်ကနေ အောက်ကို ထိုးကျလာခဲ့ပါတယ်။

လင်းဟာန်က သူရဲ့ဓားကို ဆုပ်ကိုင်ပြီးတော့ ရန်ထန်းဖောင် ကောင်းကင်ပေါ်ကနေ အောက်ကို ထိုးကျလာတဲ့ အချိန်မှာ နောက်ထပ် လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို ထပ်ထုတ်ဖော် လိုက်ပါတယ်။

ရန်ထန်းဖောင်ရဲ့ မျက်လုံးထဲမှာ ကြောက်ရွံ့မှု အလင်းရောင် လက်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ သေခြင်းတရားက နီးကပ်လာခဲ့ပြီလို့ တကယ်ပဲ ခံစားနေရပါတယ်။ သူမသေချင်သေးပါဘူး။ သူက နတ်ဘုရားတစ်ပါးရဲ့ မှတ်ဉာဏ်တစ်ခုကို ရရှိခဲ့ပြီး အနာဂတ်မှာ နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ ကိုးဆယ်ရာခိုင်နှုန်း ဖမ်းဆုပ်ထားနိုင်ပါတယ်။

ဒါအပြင် သူ့အနေနဲ့ လုပ်စရာတွေ အများကြီးကို စီမံဆောင်ရွက်မှု မလုပ်ရသေးပါဘူး။ တကယ်လို့ သူက လင်းဟန်နဲ့ သေခြင်းရှင်ခြင်း တိုက်ပွဲတစ်ခုကို တိုက်ခိုက်နေမယ်ဆိုရင် ဘယ်သူက အနိုင်ရမလဲဆိုတာ မသေချာပါဘူး။

ဒါပေမဲ့အခု အားလုံးက နောက်ကျသွားခဲ့ပါပြီ။ ဓားအလင်းပေါင်း တစ်ထောင်က ထိုးဖောက်လာပြီး ဒါက လင်းဟန်ရဲ့ အကောင်းဆုံး လူသတ်တိုက်ကွက် ဖြစ်ပါတယ်။ ရန်ထန်းဇောင်ရဲ့ အထိခိုက် မခံနိုင်တဲ့ နေရာကလည်း ဒဏ်ရာရရှိနေပြီးတော့ ကောင်းကင်ပေါ်ကနေ ထိုးကျလာတာကြောင့် သူ့အနေနဲ့ ဘယ်လိုမှ ရှောင်တိမ်းလို့ မရနိုင်ပါဘူး။

သူရဲ့အသက်ရှင်လိုတဲ့ စိတ်ဆန္ဒကြောင့် သူကတံဆိပ်တစ်ခုကို သူရဲ့လက်တွေနဲ့ ဖန်တီးပြီးတော့ အစိမ်းရောင် ပိုက်ကွန်တစ်စုကို ပစ်လွှတ်လိုက်ပြီး သူရဲ့အရှေ့မှာ အကာအကွယ်သဘောမျိုးနဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို တတ်နိုင်သမျှ တားဆီးလိုက်ပါတယ်။

ဖူး ဖူး ဖူး ဖူး။

ဓားအလင်းတွေက မိုးစက်မိုးပေါက်အလား ကျဆင်းလာပြီးတော့ ချက်ချင်းဆိုသလို အစိမ်းရောင် ပိုက်ကွန်တွေကို ထိုးဖောက်သွားခဲ့ပါတယ်။ အနည်းဆုံးတော့ ဓားအလင်းငါးရာခန့်က ရန်ထန်းဇောင်ရဲ့ ခန္ဓာကိုယ်ပေါ် ကျရောက်သွားပြီးတော့ ကြွက်တွေက အသားတွေကို ကိုက်ဖြတ်စားသောက်သလိုမျိုး ရန်ထန်းဇောင်ကို လေထဲမှာပဲ အရိုးစုအဖြစ်ကို ပြောင်းလဲသွား စေခဲ့ပါတယ်။

ဘုတ် ဘုတ် ဘုတ်။

ရန်ထန်းဇောင်ရဲ့ အသည်းနဲ့ အတွင်းကလီစာတွေက ခြေလှမ်းလိုက်သလိုမျိုး လျှောဆင်းလာခဲ့ပါတယ်။ သူရဲ့ခေါင်းအပေါ်မှာ အရမ်းကို နက်ရှိုင်းတဲ့ ဓားဒဏ်ရာအမှတ်အသား တစ်ခုလည်း ရှိနေပါတယ်။

အားလုံးက သူတို့ရဲ့ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ရန်ထန်းဇောင်ရဲ့ ဦးခေါင်းက ပြင်းပြင်းထန်ထန် ဒဏ်ရာရနေပြီ သူက သေခြင်းတံခါးဝမှာ အပြင်းအထန် ရုန်းကန်လှုပ်ရှား နေပါတယ်။ သူက အများဆုံး အသက်ရှူချိန် အနည်းငယ် အတွင်းမှာပဲ သေသွားပါလိမ့်မယ်။

ရန်ထန်းဇောင်က လင်းဟာန်ကို

တုန်လှုပ်ချောက်ချားဖွယ်ကောင်းအောင် ကြည့်နေပါတယ်။ သူရဲ့မျက်လုံးတွေလည်း ပြူတ်ကျလာပြီးတော့ မျက်တွင်းပေါက်ပက်ကြီးဖြစ်နေပြီး အရမ်းကို ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။ သူ့အနေနဲ့ အခုထိအောင် မယုံကြည်နိုင်အောင် ဖြစ်နေပြီး ရန်သူ့ကို အထင်သေးပြီးတော့ ဒီအတိုင်းလေး လင်းဟန်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ချင်တာက သူ့ကို အမှန်တကယ်ပဲ ပျက်စီးသွားစေခဲ့မယ်ဆိုတာကို ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

ရန်သူတွေက အရမ်းကို ကျဉ်းမြောင်းတဲ့ လမ်းကြောင်းလေး တစ်ခုမှာ မျက်နှာချင်းဆိုင် ရင်ဆိုင်တွေ့ကြတဲ့ အခါမှာ သတ္တိကောင်းသူက အနိုင်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ရိုးရှင်းတဲ့ အရာတစ်ခုကိုတောင်မှ သူမေ့လျော့နေခဲ့ပါတယ်။

"ဟားဟားဟားဟား လင်းဟန်။ အခု ငါသေတော့မယ်။ ဒါပေမဲ့ လွယ်လွယ်လေးနဲ့ ရလိမ့်မယ်လို့ မင်းမထင်လိုက်နဲ့"

ရန်ထန်းဇောင်က သူရဲ့အာရုံတွေကို စုစည်းပြီးတော့ ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီကောင့်ဆီမှာ ကျန်းမိသားစုရဲ့ သော့ရှိတယ်။ ပြီးတော့

ဓနရာသီ နန်းတော်ကို ဖွင့်ခဲ့တယ်။ အဲဒါက နတ်ဘုရားတွေကိုတောင်မှ အုတ်သော်သောင်းတင်း ဖြစ်အောင်လို့ ဂယက်ထစေနိုင်တဲ့ နတ်ဘုရားတစ်ပါးရဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာသိုက် တစ်ခုနဲ့ ဆက်စပ်နေတယ် ပြီးတော့ သူ့မှာလည်း ရတနာပစ္စည်း တစ်ခုရှိပြီးတော့ အဲဒါက စုစည်းနိုင်”

ဖူး။

လင်းဟန်ရဲ့မှားက ထိုးဖောက်သွားပြီးတော့ သူရဲ့အသက်ကို နှုတ်ယူလိုက်ပါတယ်။

ဒီမျိုးစေ့ကို သူကိုယ်တိုင် ပျိုးကြဲခဲ့တယ် ဆိုပေမဲ့ သူကိုယ်တိုင်ပဲ အဆုံးသတ်လိုက်ပါတယ်။ လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့အခါမှာ မရေမတွက်နိုင်တဲ့ လူတွေက သူ့ကို လိုချင်တပ်မက်မှုတွေ လောင်ကျွမ်းနေတဲ့ မျက်လုံးနဲ့ ကြည့်နေပြီးတော့ သူတို့ သူ့အသက်ကို ဖျက်ဆီးပစ်ဖို့ ဆန္ဒရှိနေတာကို တွေ့လိုက်ရပါတယ်။

နတ်ဘုရားရဲ့ ရတနာသိုက်။

Chapter 503 end

အပိုင်း(၅၀၄) အရှုပ်ထုပ်ထဲ ဆွဲထည့်သည်

လင်းဟန်ကတော့ အကြောက်အရွံ့ကင်းပါတယ်။ သူ့အနေနဲ့ ဒါကိုလုံးဝ မငြင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရတနာပစ္စည်းတွေလိုမျိုး အရာတွေ ပါဝင်လာရင် လူတွေအများကြီး ထွက်ပေါ်လာလိမ့်မယ် ဆိုတာကို ယုံကြည်ရပါလိမ့်မယ်။ ဒါအပြင် သေခါနီး လူတစ်ယောက်ရဲ့ စကားတွေက အမှန်တွေ ဖြစ်လောက်ပါတယ်။ ဒါကြောင့် ရန်ထန်းဇောင်ရဲ့ စကားတွေက အတော်လေးကို လက်ခံနိုင်လောက်ပါတယ်။

လင်းဟန်က မျက်စိဝေ့ကြည့်လိုက်တဲ့ အခါမှာ ဝမ်ရီကျန်းကို တွေ့မြင်သွားပြီးတော့ ချက်ချင်းပဲ သူ့ရဲ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ဂျူနီယာညီလေး ဝမ်"

အဟွတ်။

လူတော်တော်များများ ချောင်းဆိုးကုန်ပါတယ်။ လင်းဟန်က ဘာဖြစ်လို့ ဝမ်ရီကျန်းကို ဂျူနီယာ ညီလေးလို့ ခေါ်ရတာလဲ။ သူတို့နှစ်ယောက်က ဘယ်လိုမှ ပတ်သက်ဆက်နွယ်မှု

မရှိဘူးလေ။ ဟုတ်တယ်မလား။

ဂမ်ရီကျန်းက အနည်းငယ် ထိတ်လန့်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်လင်းက ဘာဖြစ်လို့ ကျနော့်ကို ဂျူနီယာ ညီလေးလို့ ခေါ်တာလဲဆိုတာကို မသေချာဘူး"

"မင်းရော ငါရော နှစ်ယောက်စလုံးက နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်တွေကို ရရှိခဲ့တယ်။ ဒါကြောင့် ငါတို့က ရောင်းရင်းညီအစ်ကိုတွေဆိုလည်း မမှားဘူးလေ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဂမ်ရီကျန်းကို သူရဲ့ဒုက္ခတချို့ကို မျှဝေပြီးတော့ ပြဿနာအရှုပ်ထုပ်ထဲကို ဆွဲသွင်းလိုက်ပါတယ်။ သူ့အနေနဲ့ ဒီပန်းဖူးအဆင့် စစ်သည်တော်တွေကို လုံးဝမကြောက်ရွံ့ပါဘူး။ ဒါပေမဲ့ တကယ်လို့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တစ်စုံတစ်ယောက် လာခဲ့မယ်ဆိုရင် ရင်ဆိုင်ဖို့အတွက်တော့ ခက်ခဲပါလိမ့်မယ်။

နောက်ပြီးတော့ သတင်းတွေက ပြန့်သွားပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက ဘယ်လိုပဲ

ပေးဆပ်ရ ပေးဆပ်ရ မြောက်ပိုင်းဒေသကို ကူးဖြတ်လာလိမ့်မယ် မဟုတ်လား။ ဒါဆိုရင် တကယ်လို့ သူ့မှာ အနက်ရောင်မျှော်စင်ရဲ့ ကာကွယ်မှု ရှိနေတယ်ဆိုရင်တောင် သူရဲ့ဘဝ တစ်ခုလုံးအတွက် လိပ်ခွံထဲမှာ ခေါင်းဝင်နေသလို ပုန်းကွယ်နေနိုင်မှာလား။

ဂမ်းရီကျန်းက အရှေ့ပိုင်းဒေသက လူတစ်ယောက် ဖြစ်ပြီးတော့ အကျိုးအမြတ် ရရှိဖို့အတွက် မြောက်ပိုင်းဒေသကို အပြေးအလွှား လာရောက်ခဲ့ပါတယ်။ ဒါကြောင့်သူ့အတွက်လည်း ဖိအားတချို့ကို မျှဝေပေးရပါမယ်။ ဒီဒုက္ခကို သူတစ်ယောက်တည်း အမြဲတမ်း ယူထားလို့တော့ ဘယ်ဖြစ်မလဲ ဟုတ်တယ်မလား။

"ဟီးဟီး ဆရာသခင်လင်းက ဟာသတွေ ပြောရတာကို ကြိုက်တာပဲ"

ဂမ်ရီကျန်းက ဟားတိုက်ရယ်လိုက်ပြီးတော့ သူ့ပုံစံကိုကြည့်ရတာ ဒီကိစ္စက သူနဲ့ဘာမှ မပတ်သက်သလိုမျိုးပါပဲ။ ဟုတ်ပါတယ်။ စဉ်းစားကြည့်လေ တကယ်လို့ သူတို့နှစ်ယောက်က ပညာသင်ဖက် ညီအစ်ကိုတွေဆိုရင် လင်းဟန်က စီနီယာတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က ကျိတ်ရယ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဂျူနီယာ ညီလေးဂမ်က ကင်းမြီးကောက် နန်းတော်ရဲ့ အမွေအနှစ်ကို ရရှိခဲ့တယ်။ ဒါဆိုရင် ငါပြောတာ မှားပါတယ်ဆိုပြီးတော့ ပြောမယ်လို့ မင်းရဲ့နှလုံးသားထဲက သစ္စာဆိုပုံ့လား"

နှလုံးသားထဲက သစ္စာဆိုတယ်ဆိုတာ လူတစ်ယောက်က သိုင်းပညာရဲ့ အခြေခံ သဘောတရားတွေကို တိုင်တည်ပြီးတော့ သစ္စာဆိုရတာ ဖြစ်ပြီးတော့ တကယ်လို့ ဒါက အတုအယောင် လိမ်ညာတာဆိုရင် မိုးကြိုးလျှပ်စီးပြစ်ဒဏ်ကို ခံရပါလိမ့်မယ်။ ဒါပေမဲ့ ဒါက လူတစ်ယောက်ရဲ့ သိုင်းပညာလမ်းကြောင်းပေါ်မှာ ပြင်းပြင်းထန်ထန်ကို လွှမ်းမိုးမှု ရှိပါတယ်။ ဒါကြောင့် ဘယ်သူကမှ အလျင်စလိုနဲ့ မလုပ်ပုံ့ကြပါဘူး။

ဂမ်ရီကျန်းရဲ့ မျက်လုံးတွေထဲမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ဖြစ်ပေါ်လာခဲ့ပေမဲ့ သူရဲ့အမူအရာကတော့ အရမ်းကို တည်ငြိမ်နေပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ငါကဘာဖြစ်လို့ နလုံးသားကျိန်ဆိုမှုကို လုပ်ရမှာလဲ။ အဓိပ္ပါယ်မရှိတာ"

လင်းဟန်က ဘာမှဆက်မပြောတော့ပဲ အားလုံးကို ရိုးရိုးလေးပဲ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါနဲ့ ဂျူနီယာ ညီလေးဂမ်တို့က သိုင်းပညာရှင်တွေထဲက ဘုရင်တွေပဲ။ ပြီးတော့ ပန်းဖူးအဆင့်ကို နှစ်ယောက်လုံး ဖြတ်ကျော်သွားခဲ့တယ်။ ဒီပန်းဖူးအဆင့်မှာရှိတဲ့ ဘုရင်အဆင့် ရုပ်သေးရုပ်ရဲ့ ထိပ်မှာ"

လင်းဟန်က ကျောက်တုံးစိတ်ဝိညာဉ်ကို ဆင့်ခေါ်လိုက်ပါတယ်။

"တကယ်လို့ မင်းလိုချင်ရင် လာပြီးတော့တိုက်ပါ။ လူတွေဘယ်လောက်တောင် သူတို့ရဲ့ သွေးတွေနဲ့ ကောင်းကင်ကိုပက်ဖြန်းပြီးတော့ ဒီနေရာမှာ သူတို့အသက်တွေ ချန်ထားတာကို ကြည့်ကြတာပေါ့"

ဂမ်ရီကျန်းရဲ့ ပါးစပ်တွန့်သွားခဲ့ပါတယ်။ ဘာကြောင့်လင်းဟန်က သူ့ကိုနောက်တစ်ကြိမ် ထည့်သွင်းရတာလဲ။ ဒီလူက နားရွက်မရှိတဲ့အတိုင်းပဲ

သူဘာပဲပြောပြော နားမထောင်ဘူးလား။

သူကပိုပြီးတော့တောင် အံ့အားသင့်နေခဲ့ပါတယ်။ ကင်းမြီးကောက်နန်းတော်ကနေ ကြီးမားတဲ့ အကျိုးအမြတ်ကို ရရှိခဲ့ပြီး နောက်ဆုံးမှာတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ခဲ့သလို သူရဲ့ကျင့်ကြံခြင်းကို ဖုံးကွယ်နိုင်တဲ့ ထူးခြားနက်နဲတဲ့ ပညာရပ်တစ်ခုကိုလည်း ရရှိခဲ့ပြီး ဘယ်လိုပဲ ကြည့်ကြည့် စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးလို့ပဲ တူနေပါသေးတယ်။ ဒါဆိုရင် လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သူဖုံးကွယ်ထားတာကို ဘယ်လိုလုပ်ပြီးတော့ မြင်သွားတာလဲ။

ဒီထူးခြားနက်နဲတဲ့ ပညာရပ်က ဘယ်လိုဟာကြီးလဲ။

"သိပ်ပြီးတော့ ဂရုစိုက်မနေကြနဲ့။ သူတို့နှစ်ယောက်လုံးကို ဖမ်းလိုက်"

ပန်းဖူးအဆင့် ကျင့်ကြံသူတွေက သူတို့ရဲ့ သဘောထားတွေကို ဖလှယ်လိုက်ကြပါတယ်။ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ပဲဖြစ်ဖြစ် ဒါမှမဟုတ် နတ်ဘုရားရဲ့ ရတနာသိုက်ပဲဖြစ်ဖြစ် နှစ်ခုစလုံးက အရမ်းကို

ဆွဲခေါ်ဆောင်နိုင်ပါတယ်။ သူတို့အနေနဲ့ ဒီအခွင့်အရေးကို သေချာပေါက် လွဲချော်သွားလို့ မဖြစ်ပါဘူး။

"မင်းတို့မြောက်ပိုင်းက အရူးကောင်တွေနဲ့ မကစားချင်တော့ဘူး"

ဂမ်ရီကျန်းက ရုတ်တရက် တစ်ဟုန်ထိုး တက်လာပြီး ပန်းဖူးအဆင့်ရဲ့ တည်ရှိမှုက သံသယ ရှိစရာ မလိုပဲ ပျံ့နှံ့သွားခဲ့ပါတယ်။ ခြေတစ်လှမ်းလှမ်းလိုက်တာနဲ့ နတ်ဘုရားအလင်းက ဖျတ်ခနဲ လင်းလက်သွားပြီးတော့ ကောင်းကင်ပေါ်ကို ထိုးတက်သွားခဲ့ပါတယ်။

"ထွက်သွားချင်တာလား"

ချက်ချင်းဆိုသလိုပဲ တိုက်ခိုက်မှုပေါင်း ဆယ်ခုထက်မနည်း ပျံသန်းထွက်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ ဂမ်ရီကျန်းရဲ့ တိုက်ပွဲစွမ်းရည်က ထူးချွန်ထက်မြက်နေရင်တောင်မှ သူကအဆင့် တက်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီလောက်များပြားတဲ့ တိုက်ခိုက်မှုတွေကို ထိပ်တိုက်ရင်ဆိုင် ခုခံနိုင်ခြင်း မရှိတာကြောင့် မြေကြီးပေါ်ကို ဆင်းသက်လာဖို့ ဖိအားပေးခဲ့ပါတယ်။

"ဂျူနီယာညီလေးဂမ် ငါတို့ပခုံးချင်းယှဉ်ပြီး တိုက်ခိုက်ကြစို့"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ဂမ်ရီကျန်းက ဒေါသထွက်လွန်းတာကြောင့် နှာခေါင်းတွေတောင် နီရဲလို့ နေပါတယ်။ သူက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ထွက်သွားပြီးတော့ လျှို့ဝှက်စွာ ချမ်းသာကြွယ်ဝမှုကို ရရှိနိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကိုအရှုပ်ထုပ်ထဲ ဆွဲသွင်းခဲ့ပါတယ်။ အခုဆိုရင် သူက အွန္တရာယ်ထဲကို ကျရောက်နေပြီး အဲဒါက သူ့ရဲ့မျက်နှာကို အလွန်အမင်း မှုန်မှိုင်းသွားစေခဲ့ပါတယ်။

"လင်းဟန် ငါမင်းကို ဘယ်တုန်းက အပြစ်လုပ်ခဲ့လို့ အခုလိုမျိုး ငါ့ကို သပွတ်အူထဲကို ဆွဲထည့်နေရတာလဲ"

သူကအေးစက်စွာနဲ့ ပြောလိုက်ပြီး လင်းဟန်ကို ဆရာသခင်လင်းလို့တောင် မခေါ်တော့ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ တရားမျှတဲ့ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ဂျူနီယာညီလေးဂမ် ငါတို့တွေက မိသားစုတွေပဲလေ။

ငါတို့က အခုလိုအခြေအနေမျိုးမှာ အတူတူရှိနေသင့်တာပေါ့။ မစိုးရိမ်ပါနဲ့ ငါမင်းကို ကာကွယ်ပေးပါ့မယ်”

`မင်းညီမကိုပဲ ကာကွယ်လေ။ ငါက တည်တည်ငြိမ်ငြိမ်နဲ့ ထွက်သွားလို့ ရနိုင်တယ်`

ဂမ်ရီကျန်းရဲ့ မျက်နှာက ရှုံ့မဲ့နေပြီး သူရဲ့မျက်စိအရှေ့က ဒီအခြေအနေက သူဆန္ဒရှိသလိုမျိုး မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ ကံကောင်းတာက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက အစောကြီးကတည်းက ပြန်သွားခဲ့ကြပါပြီ။ အဲဒီလိုမှမဟုတ်ရင် အဲဒီလက်ရွေးစင်တွေ ဝင်ရောက်စွက်ဖက်မယ်ဆိုရင် သူ့အနေနဲ့ အရှုံးပေးဖို့ တစ်ခုတည်းပဲ တတ်နိုင်ပါလိမ့်မယ်။

အခုတော့ သူ့အနေနဲ့ တိုက်ခိုက်ပြီးတော့ ထွက်သွားလို့ရပြီး ဒီအခြေအနေတွေကို ချိုးဖျက်ပစ်လို့ ရနိုင်ပါတယ်။

“လင်းဟာန် ဒီအကြွေးကို ငါသေချာပေါက် မင်းဆီကနေ ပြန်ယူရလိမ့်မယ်”

ဂမ်ရီကျန်းက ကျိန်ဆိုလိုက်ကြီးတော့ လင်းဟာန်နဲ့အတူတူ

ရပ်လိုက်ပါတယ်။ သူတို့နှစ်ယောက်နဲ့ ကျောက်တုံးစိတ်ဂိညာဉ်တို့က ထောင့်သုံးခုမှာနေပြီး ကျောချင်းကပ်နေကြပါတယ်။

"ဟင့် အဲဒါအားလုံးက နောက်ကျမှပါ"

လင်းဟန်က စိတ်မပါတပါနဲ့ ပြောလိုက်ပါတယ်။

လွှီယုထန်နဲ့ တခြားလူတွေက လိမ္မာပါးနပ်စွာနဲ့ ရှေ့မထွက်လာခဲ့ကြပါဘူး။ တကယ်လို့ သူတို့သာ အခုချိန်မှာ အရှေ့ထွက်လာခဲ့မယ်ဆိုရင် လင်းဟန်ကို ကူညီနိုင်မှာ မဟုတ်သလို သူတို့က ဒုက္ခပေးသလိုတောင် ဖြစ်နေပါလိမ့်မယ်။ ဒါကသူတို့စိတ်ထဲမှာ မကျေမနပ်ဖြစ်သလို ခံစားနေရပါတယ်။ သူတို့ရဲ့ လျှင်မြန်လှတဲ့ ကျင့်ကြံခြင်းတွေနဲ့ မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် အဆင့်ထဲကို တိုက်ခိုက်ဝင်ရောက်နိုင်ခဲ့တာတောင်မှ သူတို့တွေက လင်းဟန်ရဲ့ စိုးရိမ်ပူပန်မှုနဲ့ ဒုက္ခတွေ တစ်စိတ်တစ်ပိုင်းကိုတောင်မှ မျှဝေခံစားနိုင်ခြင်း မရှိသေးပါဘူး။

"လာခဲ့ လာခဲ့။ ရတနာကို လိုချင်တဲ့ ဘယ်သူမဆို

တိုက်ခိုက်ကြတာပေါ့"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဒါပေမဲ့ မင်းတို့ကောင်တွေ သေသေချာချာ စဉ်းစားကြနော်။ ငါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်တယ်။ တကယ်လို့ မင်းတို့က ငါ့ရဲ့ဆံပင်မွှေး တစ်ချောင်းကို နာကျင်အောင် လုပ်ခဲ့ရင် မှော်ဆေးပညာရှင် အဖွဲ့အစည်းတစ်ခုလုံးက မင်းတို့ကို ခက်ခဲတဲ့ အချိန်တွေဖြစ်သွားစေမယ်ဆိုတာကို သတိထားပေါ့"

ပန်းဖူးအဆင့် လက်ရွေးစင်တွေ အားလုံးရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ကြပါတယ်။ လင်းဟန်က အတော်လေး သတ္တိရှိပြီး ရဲပုံ့သလို တစ်ချိန်တည်းမှာပဲ အတော်လေးကို ညစ်ပတ်ဆိုးယုတ်တဲ့ လူပေလူညစ် တစ်ယောက်ဖြစ်ပါတယ်။

တစ်ယောက်တည်းနဲ့ တစ်ပုံတစ်ခေါင်းကြီးကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာက သတ္တိအရမ်းကို ကောင်းတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့လည်း သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်ဆိုတဲ့ သူရဲ့အဆင့်အတန်းကို ထုတ်ဖော်ပြီးတော့ သူတို့ကို

ခြိမ်းခြောက်ပြီး သူတို့တိုက်ခိုက်တဲ့အခါမှာ ထိန်းထိန်းသိမ်းသိမ်း တိုက်ခိုက်အောင်လို့ လုပ်ခဲ့ပါတယ်။ ဒါက အရမ်းကို ညစ်ပတ်တာပဲ မဟုတ်ဘူးလား။

ဒါကတော့ အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်တစ်ယောက်နဲ့ မတူတော့ပါဘူး။ လုံးဂကို အရွယ်ရောက်ပြီးတော့ ဉာဏ်နီဉာဏ်နက်များလွန်းတဲ့ မြေခွေးအိုကြီးတစ်ကောင်နဲ့ ပိုပြီးတော့ တူပါတယ်။

"သူတို့ကို အရင်ဆုံးဖမ်းလိုက်မယ်။ သူတို့ကို ဒဏ်ရာမရအောင်တော့ အကောင်းဆုံး ကြိုးစားပြီး လုပ်ကြ"

ပန်းဖူးအဆင့် လက်ရွေးစင် စစ်သည်တော်တွေ အကုန်လုံး သဘောတူလိုက်ကြပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ စွမ်းဆောင်နိုင်မှုက အရမ်းကို ကြီးမားပါတယ်။ အဲဒီလို လူတစ်ယောက်ကို လျို့ဝှက်စွာနဲ့ သတ်ဖြတ်လိုက်မယ်ဆိုရင် အားလုံး အဆင်ပြေပါတယ်။ ဒါပေမဲ့ လင်းဟန်ကို လူပုံအလယ်မှာ သတ်ဖြတ်မယ်ဆိုရင် ကမ္ဘာကြီး တစ်ခုလုံးကို ဒီသတင်းက သေချာပေါက် ပျံ့နှံ့သွားပါလိမ့်မယ်။ ဘယ်သူမဆို ဒီလိုမျိုး လုပ်ရှားလိုက်မယ်ဆိုရင် ကမ္ဘာကြီး တစ်ခုလုံးက မှော်ဆေးပညာရှင်တွေရဲ့ ဒေါသတွေကို ဖြေသိမ့်ဖို့အတွက်

ကြားခံဆောင်ရွက်ပေးဖို့ ဂိုဏ်းတစ်ခုခု ဒါမှမဟုတ် အစွမ်းထက်တဲ့ လူတွေက ထွက်ပေါ်လာပြီးတော့ သေချာပေါက် အပြစ်ဒဏ်ခတ် ပါလိမ့်မယ်။

အိုး ငါက ရတနာကိုတောင် မရရှိသေးဘူး ငါ့ရဲ့အသက်ကို အဲဒီအတွက် စွန့်လွှတ်လိုက်ရမှာလား။ ဘယ်သူက ဒီလိုမျိုး လုပ်ချင်မှာလဲ။

ဒါကြောင့် အားလုံးမျှော်လင့်ထားတာက လင်းဟာန်ကို တစ်ယောက်ယောက်က မတော်တဆ သတ်ပစ်လိုက်ဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်တိုင်တော့ သေချာပေါက် ဒါကို လုပ်လိမ့်မှာ မဟုတ်ပါဘူး။

"တိုက်"

ပန်းဖူးအဆင့် ကျင့်ကြံသူပေါင်း နှစ်ဆယ်ကျော်က တစ်ပြိုင်နက်တည်း အတူတကွ တိုက်ခိုက်လိုက်ပြီး သူတို့ရဲ့ လှုပ်ရှားမှုတွေက ကျယ်ပြန့်ပြီး အစွမ်းထက်ပါတယ်။

လင်းဟာန်၊ ဂမ်ရီကျန်းနဲ့ ကျောက်တုံးစိတ်ဂိညာဉ်တို့က မာန်သွင်းပြီးတော့ သူတို့ရဲ့ ဓားတွေကို လှုပ်ယမ်းတာတို့ သူတို့ရဲ့ လက်သီးတွေကို ဆုပ်ပြီးတော့

တစ်ယောက်ပြီးတစ်ယောက် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြပါတယ်။

ဘေးကနေ ရပ်ကြည့်နေတဲ့ ဟူးညိုက သူမရဲ့ ခြေထောက်ကို ဆောင့်လိုက်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ အားလုံးက ဗရမ်းဗတာ တိုက်ခိုက်နေကြပြီး ပန်းဖူးအဆင့်တွေရဲက တိုက်ခိုက်မှုတွေက နေရာတစ်ခုလုံးမှာ ပြည့်နှက်လို့နေပြီး သူမအနေနဲ့ ဘယ်လောက်ပဲ မြန်မြန် ဒီတိုက်ခိုက်မှုတွေကနေ ထွက်ပေါ်လာတဲ့ အံ့အားသင့်စရာ အားလှိုင်းတွေကို ရှောင်တိမ်းဖို့က ဘယ်လိုမှ မဖြစ်နိုင်သလို ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင်လည်း တစ်ခုတည်းသောရလဒ်က ဒဏ်ရာရသွားပါလိမ့်မယ်။

သူမရဲ့ တိုက်ခိုက်ရေး ပင်ကိုယ်ဗီဇက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ ချက်ချင်းဆိုသလိုပဲ ဒေါသထွက်သွားပြီး ဘာဖြစ်လို့ သူမက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လို့ မရရတာလဲ။

"ညီးညီး သန်မာချင်တယ်။ ညီးညီး သန်မာတဲ့လူတစ်ယောက် ဖြစ်ချင်တယ်"

ဟူးညိုက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူမရဲ့

ခန္ဓာကိုယ်အထဲက တစ်စုံတစ်ခု နိုးထလာပုံရပြီး နတ်ဘုရားအစွမ်းရဲက အလင်းရောင်တစ်ခု ထွက်ပေါ်လာပြီး သေမျိုးတွေအနေနဲ့ အဲဒါကို အာရုံခံနိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ၎င်းက ကောင်းကင်ပေါ်ကို ပစ်လွှတ်လိုက်ပြီး ဒီကမ္ဘာကြီးတောင် ပျက်စီးသွားသလိုမျိုး ထင်ရပါတယ်။

လင်းဟန်က အခု ပန်းဖူးအဆင့်ရဲ့ အလွှာရှစ် စွမ်းအင်ရှိနေပြီး ယခင်ဘဂတုန်းက ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံလည်းရှိနေတာကြောင့် သူ့အနေနဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဂိညာဉ်ချီတွေကို ခန့်ခွဲနိုင်ဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပမာဏက နည်းတာကြောင့် သူရဲ့ အမှန်တကယ် ကျင့်ကြံခြင်းက ပန်းဖူးအဆင့်ရဲက တတိယအလွှာနဲ့ ထပ်တူညီပါတယ်။

သူနားလည်သဘောပေါက်ထားတဲ့ ပညာရပ်အမျိုးမျိုးကိုပါ ထည့်လိုက်မယ်ဆိုရင် သူရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်ဆယ်လုံးကို တစ်ဟုန်ထိုး မြင့်တက်သွားခဲ့ပါတယ်။

ကြယ်ခုနစ်လုံး ကျော်လွန်ခြင်း။

အဓိကကတော့ သူရဲ့စွမ်းအားက အတင်းမြှင့်တင်ထားလို့ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ သူက

ပန်းဖူးအဆင့်ကို အစစ်အမှန်ကူးဖြတ်ခဲ့မယ်ဆိုရင် ပန်းဖူးအဆင့် ပထမ အလွှာပဲ ဖြစ်နေရင်တောင် သူရဲ့တိုက်ပွဲစွမ်းအားက ကြယ်ဆယ်လုံးကို ရောက်နိုင်ပါလိမ့်မယ်။

ဒါ့အပြင် အောင်းဖန်နဲ့ ပါရမီရှင်အဆင့်ရဲ့ သက်ကြီးပိုင်း လူတချို့တောင်မှ ပန်းဖူးအဆင့်ကို ကူးဖြတ်တာ မကြာသေးပါဘူး။ တစ်နှစ် ဒါမှမဟုတ် နှစ်နှစ်ခန့်ပဲ ရှိပါဦးမယ်။ အများဆုံး ဆယ်နှစ်ပေါ့။ ဒါပေမဲ့ ဆယ်နှစ်အတွင်းမှာ သူတို့အနေနဲ့ ပန်းဖူးအဆင့်ရဲ့ ဘယ်အလွှာကို ရောက်နိုင်ဦးမှာလဲ။

အရင်တုန်းက ရွှေရောင်သွေးနတ်ဆိုး မျောက်ဝံနဲ့ တိုက်ခိုက်ခဲ့တုန်းကလည်း အဲဒီမှာ ပန်းဖူးအဆင့် စစ်သည်တော်တွေ နှစ်ဆယ်ကျော်လောက်ရှိပြီး အလွှာကိုး တစ်ယောက် ရှိနေတာတောင်မှ သူတို့တွေက နေရာအနှံ့ကို ထွက်ပြေးကြရသေးတာပဲ မဟုတ်လား။

Chapter 504 end

အပိုင်း(၅၀၅) တကယ်လို့ မင်းအရှုံးကို ဝန်ခံပြီဆိုရင် ပေးပေတော့

လင်းဟန်ရဲ့ဘေးမှာ ဂမ်ရီကျန်းနဲ့ ကျောက်တုံးစိတ်ဂိညာဉ်တို့ ရှိပါတယ်။

ဂမ်ရီကျန်းက အရမ်းအရမ်းကို သန်မာပြီးတော့ သူစိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိတုန်းက ရန်ကျွင့်ဟောင်ကို လွယ်လွယ်ကူကူနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အခု သူက ပန်းဖူးအဆင့်ကို ကျော်ဖြတ်ခဲ့ပြီးဖြစ်တာကြောင့် ပြိုင်ဘက်ကင်းတဲ့ဟန်အမူအရာတစ်ခု ထုတ်ဖော်ပြသနေပြီး အနည်းဆုံး သူနဲ့ဆယ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က ပိုပြီးတော့တောင် ထိတ်လန့်စရာ ကောင်းပါတယ်။ အဆင့်တူထဲက ဘုရင်အဆင့် သားရဲကောင်တွေထက်တောင် ပိုမိုကြမ်းတမ်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၎င်းက ဒြပ်စင်ငါးခုရဲ့ စိတ်ဂိညာဉ် တစ်ခုဖြစ်ပြီးတော့ မြင့်မားတဲ့ ဘဂပုံစံမှာ ရှိပါတယ်။

သူတို့သုံးယောက် အတူတကွ ပူးပေါင်းတိုက်ခိုက်မှုက အမှန်တကယ်ပဲ ပန်းဖူးအဆင့် ပြိုင်ဘက်ပေါင်း နှစ်ဆယ်ကျော်ကို ထိန်းချုပ်ထားခဲ့ပါတယ်။

"ကောင်းတယ် ကောင်းတယ်"

တိုက်ပွဲစလိုက်တာနဲ့ ဂမ်ရီကျန်းက အားလုံးကို မေ့သွားပြီး အရူးတစ်ယောက်လိုမျိုး သူရဲ့ဓားကို လွှဲခုန်နေပြီး ဓားရဲ့အရှိန်အဟုန်က ကြောက်စရာကောင်းလွန်းပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက်နဲ့ ထူးဆန်းတဲ့ တံဆိပ်ပုံစံ တစ်ခုကို ဖန်တီးလိုက်ပါတယ်။

"မင်းတို့ကောင်တွေက နန်းတော်ဆယ့်နှစ်ခုရဲ့ ထူးခြားနက်နဲတဲ့ ပညာရပ်ကို သည်းကြီးမဲကြီး လိုချင်နေမှတော့ မင်းတို့တွေကို ပထမဆုံး အတွေ့အကြုံ ရသွားအောင်လို့ လုပ်ပေးရမှာပေါ့"

ဂမ်ရီကျန်းက သူရဲ့ဘယ်ဘက်လက်နဲ့ တံဆိပ်ပုံစံကို ပစ်လွှတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရောမ ကင်းမြီးကောက်မည်းကြီးတစ်ကောင် ပေါ်လာခဲ့ပြီး ၎င်းရဲ့ကြီးမားတဲ့ လက်မကြီးတွေနဲ့ လူတွေကို ညှပ်ပြီး တစ်ချိန်တည်းမှာပဲ ၎င်းရဲ့အမြီးကို မြှောက်ပြီးတော့ အဆက်မပြတ် ပေါက်လိုက်ပါတယ်။

ဒီကင်းမြီးကောက်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်နေပြီး လင်းဟန်တောင်မှ ကြောက်ရွံ့မှုနဲ့အတူ အတော်လေးတုန်လှုပ်သွားခဲ့ပါတယ်။

ကင်းမြီးကောက်နန်းတော်ရဲ့ လှို့ဝှက်ဆန်းကြယ် စွမ်းအားလား။

သူတို့သုံးယောက်က အစကတည်းက အသာစီး ရထားကြတာ ဖြစ်ပြီးတော့ ဂမ်ရီကျန်းရဲ့ ရုတ်တရက် ထုတ်ဖော်လိုက်တဲ့ ဖျက်စီးခြင်း စွမ်းအားကိုပါ ထည့်ပေါင်းလိုက်တော့ သူတို့က ချက်ချင်းပဲ အားလုံးကို သာလွန်သွားပြီးတော့ အဲဒီလူတွေက သူတို့ရဲ့ ခေါင်းတွေကို ကာပြီးတော့ သုတ်သုတ်ပျာပျာနဲ့ ပြေးကုန်ကြပါတယ်။

ရန်ကျွင့်ဟောင်နဲ့ တခြားသူတွေက ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်နေကြပါတယ်။

သူတို့လည်း ဒီမျိုးဆက်ရဲ့ ပါရမီရှင်တွေပဲ မဟုတ်ဘူးလား။ ဂမ်ရီကျန်းကို ကြည့်လိုက်လိုက်ပါ။ သူက အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးပြီးတော့ သူရဲ့တိုက်ပွဲစွမ်းရည်က ယခင်မျိုးဆက် ပါရမီရှင် အုပ်စုတစ်ခုလုံးကို ဖျက်ဆီးနင်းချေပစ်နိုင်ပါတယ်။ နှိုင်းယှဉ်ရမယ်ဆိုရင် သူတို့ကိုသူတို့ ပါရမီရှင်တွေလို ခေါ်ပြီးတော့ မျက်နှာတွေ ဘယ်နားသွားထားရမှာလဲ။

"လင်းဟန်က သူရဲ့အစွမ်းကို မှော်ဆေးလုံး တစ်မျိုးနဲ့ အတင်းအကျပ် တိုးလာစေခဲ့တာ ဖြစ်လိမ့်မယ်။ သူက သေချာပေါက် ပန်းဖူးအဆင့်မှာ မဟုတ်ဘူး"

"ဟုတ်တယ်။ စောစောတုန်းက ပန်းဖူးအဆင့်က ကောင်တွေ ပြောသလိုပဲ လင်းဟန်ရဲ့ အမှန်တကယ် စွမ်းအားက ပန်းဖူးအဆင့်ရဲ့ ဒုတိယအလွှာ ဒါမှမဟုတ် တတိယ အလွှာမှာပဲ ရှိတယ်"

"ဒါပေမဲ့ ဒါကိုက တကယ့်ကို ထူးဆန်းလွန်းနေပြီ။ ကြည့်ရတာ သူရဲ့လက်ရှိတိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်ဆယ်လုံးမှာရှိတယ် ဟုတ်တယ်မလား"

"သူတစ်ယောက်တည်းမဟုတ်ဘူး။ ဂမ်ရီကျန်းလည်း ထိတ်လန့်စရာ ကောင်းပြီးတော့ လင်းဟန်အောက် မနိမ့်ကျဘူး"

ပွဲကြည့်ပရိသတ်တွေက အပြင်းအထန် ဆွေးနွေးနေကြပါတယ်။ တကယ်လို့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေ မလာဘူးဆိုရင် ဒီနေရာမှာရှိတဲ့ ပန်းဖူးအဆင့် စစ်သည်တော် အများကြီးက လင်းဟန်နဲ့ ဂမ်ရီကျန်းကို ထိန်းချုပ်နိုင်မှာ မဟုတ်ဘူးလို့

စဉ်းစားနေ ကြပါတယ်။ သူတို့က အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တွေ ဖြစ်ပြီးတော့ သာမန်လူတွေရဲ့ နားလည်နိုင်စွမ်းထက် ကျော်လွန်တဲ့ အချက်တွေ ရှိပါတယ်။

အောင်းဖန်နဲ့ တခြားပန်းဖူးအဆင့် စစ်သည်တော်တွေ မူးမေ့ကုန်ကြပါတယ်။

သူတို့အားလုံးဆီမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စီနီယာတွေရဲ့ ရတနာတွေကို သယ်ဆောင်လာခဲ့ပြီး တချို့က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့နဲ့ တချို့က အမိန့်စာလွှာတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့တွေအားလုံးပဲ လျို့ဝှက်ဆန်းကြယ် နယ်မြေအတွင်းမှာ စွန့်စားသွားလာရင်းနဲ့ အကုန်လုံးနီးပါး အသုံးပြုခဲ့ပြီး လူအနည်းငယ်မှာပဲ ကျန်ပါတော့တယ်။

ဒီအခြေအနေကို ရောက်မှတော့ သူတို့က ဒီရတနာတွေကို တစ်ခုပြီးတစ်ခု ထုတ်ဖော်ပစ်လွှတ် လိုက်ကြပါတယ်။

သူတို့အနေနဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သတ်ဖြတ်ဖို့ ဆန္ဒမရှိသလို ဂျူနီယာ နှစ်ယောက်ကို လူပုံအလယ်မှာ ရှုံးနိမ့်ပြီးတော့ သိက္ခာကျ

အရှက်ကွဲမှာကိုလည်း မလိုလားပါဘူး။ သူတို့က ဒီလူနှစ်ယောက်ကို ဖမ်းထားချင်တာပါ။

ပုန်း။

အမိန့်စာလွှာတစ်ခုက မြင့်တက်လာပြီး ချက်ချင်းဆိုသလို ကောင်းကင်မှာ ပြာမှုန်အဖြစ် လောင်ကျွမ်းသွားခဲ့ပါတယ်။ ပြီးတော့ မြင့်မားမတ်စောက်တဲ့ တောင်ကြီးတစ်လုံး ပေါ်လာပြီး ကမ္ဘာမြေကြီးရဲ့ မရပ်မနားတဲ့ စွမ်းအားတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ဂမ်ရီကျန်းရဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ရပ်သွားပြီး မြေကြီးပေါ်ကို ပြုတ်ကျလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ စွမ်းအားက အရမ်းကို အားကောင်းပါတယ်။ ဒါက အမိန့်စာလွှာ တစ်ခုရဲ့ အထဲမှာ ပိတ်လှောင်ထားတဲ့ တိုက်ခိုက်မှု တစ်ခုပဲ ဆိုပေမဲ့လည်း အရမ်းကို ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲပါပဲ။

"စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာလေး တစ်ခုပဲဟာ"

ဂမ်ရီကျန်းက လက်တစ်ဖက်နဲ့ ရှာပြီးတော့ ခရုသင်း တစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။

"မင်းတို့ကောင်တွေက ကစားချင်နေမှတော့ ငါမင်းတို့နဲ့ ကစားပေးရမှာပေါ့"

သူက ခရုသင်းကို မှုတ်လိုက်ပါတယ်။

"ပူ"

စစ်ခရာတစ်ခုရဲ့ ရှေးကျတဲ့ အသံတွေက ပဲ့တင်ထွက်လာပြီး ကောင်းကင်နဲ့ မြေကြီးပေါ်မှာ အော်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

အပြာရောင် စာလုံးပုံစံတွေက ခရုသင်းထဲကနေ ထွက်လာပြီးတော့ ထူးခြားတဲ့ စိတ်ဝိညာဉ် တစ်ခုပုံစံ ဖြစ်ပေါ်သွားပြီး ၎င်းရဲ့အပေါ်ပိုင်းခန္ဓာကိုယ်က လူသားတစ်ယောက်နဲ့ တူပြီးတော့ အောက်ပိုင်းခန္ဓာကိုယ်က ငါးတစ်ကောင်ရဲ့ အမြီးနဲ့တူပါတယ်။ ၎င်းရဲ့လက်ထဲမှာ ခက်ရင်းခွ တစ်ခုကို ကိုင်ဆောင်ထားပြီး ကောင်းကင်ပေါ်က အနက်ရောင် တောင်ကြီးဆီကို ပစ်လွှတ်လိုက်ပါတယ်။

ပုန်း။

အနက်ရောင်တောင်က ချက်ချင်းပဲ ပေါက်ကွဲသွားခဲ့ပြီး လွင့်စဉ်ပျောက်ကွယ်သွားပြီး လူတွေကို ထိတ်လန့်သွားစေခဲ့ပါတယ်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ တိုက်ခိုက်မှု ဖြစ်ပြီးတော့ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေကိုတောင် ချက်ချင်းဆိုသလို တစ်ပိုင်းတစ်စစီ ဖြစ်သွားအောင် သတ်ပစ်နိုင်ပါတယ်။

ကံကောင်းတာက ဒီရေသူထီးရဲ့ ခက်ရင်းခွ လက်ချက်အောက်မှာ အနက်ရောင် တောင်ကြီးက ၎င်းရဲ့အစွမ်းတွေ ဆုံးရှုံးသွားခဲ့ပြီး ဖျက်ဆီးခြင်း စွမ်းအားကို နည်းနည်းလေးမှတောင် မထုတ်ဖော်လိုက်နိုင်ပဲ လူတွေအားလုံး သွေးကြောထဲကနေ သတိပေး ခေါင်းလောင်းသံတွေ ထိုးလာသလို ဖြစ်သွားစေခဲ့ပါတယ်။

"ဒီပစ္စည်းက အရမ်းကို ထူးခြားတာပဲ"

လင်းဟန်က သိချင်စိတ် ပြင်းပြနေတဲ့ မျက်လုံးတွေနဲ့ လင်းလက်တောက်ပစွာ ပြောလိုက်ပါတယ်။

"ဂျူနီယာညီလေးဝမ် ဒီပစ္စည်းကို ငါ့ကိုစားဖို့

ရက်အနည်းငယ်လေး ငှားမလား"

ဂမ်ရီကျန်းက မျက်လုံးပြူးသွားပြီး ခရုသင်းကို အလျင်အမြန်ပဲ သိမ်းလိုက်ပါတယ်။

"အိပ်မက်ထဲမှာပဲ ရမယ်"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဂျူနီယာ ညီလေးဂမ် ဆက်လုပ်ပါ။ သူတို့အားလုံးကို သတ်ပစ်လိုက်"

ဂမ်ရီကျန်းက စကားတစ်ခွန်းမှ မဆိုပါဘူး။ တစ်ခုသိထားရမှာက ဒီခရုသင်းကို အခွင့်အရေး တစ်ခုကြောင့် သူရရှိခဲ့တာ ဖြစ်ပြီး တစ်လမှ တစ်ကြိမ်ပဲ အသုံးပြုလို့ ရနိုင်ပါတယ်။ တကယ်လို့ ရက်သုံးဆယ် အတွင်းမှာ နောက်တစ်ကြိမ် အသုံးပြုမယ်ဆိုရင် ၎င်းကို အသက်သွင်းဖို့အတွက် သူရဲ့ အသက်စွမ်းအင်ကို တန်ဖိုးအတိုင်း ပေးရပါမယ်။ တစ်ကြိမ်အသက်သွင်းရင် ဆယ်နှစ်၊ နှစ်ကြိမ်ဆိုရင် နှစ်တစ်ရာပေးရပါလိမ့်မယ်။ သူက ပန်းဖူးအဆင့်ကို အဆင့်တက်ခဲ့ပေမဲ့ သူ့အနေနဲ့ ဒါကို အကြိမ်အများကြီး မှုတ်လို့ မရနိုင်ပါဘူး။

ဒါပေမဲ့လည်း တခြားလူတွေက ဒါကိုမသိပါဘူး။ ပြီးတော့ သူတို့ရဲ့ အမိန့်စာလွှာက လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးခံလိုက်ရတာကို ကြည့်ပြီးတော့ ဒီလူငယ်နှစ်ယောက်ကို ထိန်းချုပ်ဖို့ တခြားဘာနည်းလမ်းများ ရှိဦးမှာလဲ။

"ငါတို့ထပ်မတိုက်တော့ဘူး"

သူတို့က တစ်ယောက်ပြီးတစ်ယောက် ပြောလိုက်ကြပါတယ်။ တကယ်လို့ ဆက်ပြီးတော့ တိုက်နေမယ်ဆိုရင် သူတို့ကိုယ်သူတို့ စိတ်ပျက်အားငယ်ရုံပဲ တတ်နိုင်ပါလိမ့်မယ်။ သူတိုက အလျင်အမြန်ပဲ ပြန်ပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို ဒီဂျူနီယာ နှစ်ယောက်ကို ထိန်းချုပ်ဖို့ တောင်းဆိုရပါမယ်။ မင်းက အမိန့်စာလွှာကို ဆန့်ကျင်နိုင်ပေမဲ့ တကယ့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို ဆန့်ကျင်နိုင်မှာလား။

"မတိုက်တော့ဘူးလား"

လင်းဟန်က အားလုံးကို မျက်စိတစ်ချက်

ငေ့ကြည့်လိုက်ပါတယ်။

"မင်းတို့ကောင်တွေကပဲ တိုက်ခိုက်မယ်ဆိုပြီး တိုက်ကြတယ်။ အခု မင်းတို့တွေက မတိုက်တော့ဘူး ရပ်တော့မယ်လို့ ပြောတယ်။ မင်းတို့ကောင်တွေက ငါနဲ့ဂျူနီယာ ညီလေးဂမ်ကို အပျော်လုပ်နေတာလား"

`လပြွတ်ပဲ ဘာဖြစ်လို့ ငါ့ကို နောက်တစ်ကြိမ် ဆွဲထည့်နေပြန်တာလဲ`

ဂမ်ရီကျန်းက စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။ ဒါပေမဲ့ သူလည်းပဲ အရမ်းကို ဂုဏ်ယူဂင့်ကြွားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီလူတွေရဲ့ နေရာပေါင်းစုံက တိုက်ခိုက်မှုက သူ့ကို သိသိသာသာကို စိတ်ဆိုးဒေါသထွက်စေခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို ဆက်ပြောခွင့် ပြုထားလိုက်ပါတယ်။

"ဆရာသခင်လင်းက ဘာများလိုချင်သလဲ"

အောင်းဖန်က ပွင့်ပွင့်လင်းလင်း မေးလိုက်ပါတယ်။

လင်းဟန်က အေးစက်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တဲ့ ငါကို အကြောင်းပြချက် မရှိပဲနဲ့ ခြိမ်းခြောက်ပြီး တိုက်ခိုက်ကြတယ်။ အဲဒီအတွက် လျော်ကြေး ပေးရမယ်။ ပြီးတော့ လျှို့ပုက်ဆန်းကြယ် နယ်မြေထဲမှာလည်း ငါ့သူငယ်ချင်းတွေကို ဒီလိုပဲ ဆက်ဆံတယ်။ မင်းတို့ကောင်တွေက အခုလိုမျိုး ခြိမ်းခြောက်ပြီးမှ အပေးကို ထွက်သွားချင် နေကြတာလား"

လှီယုထန်နဲ့ တခြားသူတွေကို ထိပါးခဲ့တယ်။ ဒါဆိုရင် လင်းဟန်က အကုန်သိတယ်ပေါ့

အောင်းဖန်နဲ့ တခြားပန်းဖူးအဆင့် လက်ရွေးစင်တွေရဲ့ မျက်နှာက အရမ်းကို မှုန်မှိုင်းလို့ နေပါတယ်။ သူတို့က လှီယုထန်နဲ့ တခြားလူတွေကို ဖမ်းပြီးတော့ လင်းဟန်ကို ခြိမ်းခြောက် အကျပ်ကိုင်ချင်ခဲ့တာပါ။ ဒါပေမဲ့ သူတို့ကို ဂင်္ဂါပါ စိတ်ဂိညာဉ်က တားခဲ့ပြီးတော့ အဲဒီတုန်းက လုပ်ခဲ့တာအတွက် အခုသူတို့က လျော်ကြေးပေးရတော့မှာလား။

"လျော်ကြေးမပေးဘူးဆိုရင်လည်း ငါတို့တွေ ဆက်ပြီးတော့

တိုက်ခိုက်ကြတာပေါ့"

လင်းဟန်က ပြောလိုက်ပြီး အလျှင်အမြန်နဲ့ လိုက်လျောညီထွေအောင် ပြင်ဆင်လိုက်ပါတယ်။

"သေချာတာတော့ မင်းတို့အားလုံးကို ဒီနေရာမှာ ထိန်းမထားနိုင်ဘူး။ ဒါပေမဲ့ တစ်ယောက် နှစ်ယောက်လောက်ကတော့ စာမဖွဲ့ဘူး။ ဘယ်သူက မျက်စိစပါးမွေး စူးစရာကောင်းလဲ ဆိုတာကို ကြည့်ဦးမယ်။ အဲဒီအချိန်ရောက်လာမှ သူ့ကို ငါက နေခဲ့ခိုင်းပြီးတော့ သူ့ရဲ့ခေါင်းကို ဖြတ်ပြီး အရက်ထည့်ဖို့ ပန်းကန်လုံးတစ်လုံးအဖြစ် အသုံးပြုရလိမ့်မယ်"

ဒီခြိမ်းခြောက်မှုက အရမ်းကို ရက်စက်ကြမ်းကြုတ်ပေမဲ့လည်း အောင်းဖန်နဲ့ တခြားသူတွေကို ပြောစရာစကားတွေ ကင်းမဲ့သွားစေခဲ့ပါတယ်။

"ငါတို့က ဘယ်လိုမျိုး လျော်ကြေးပေးရမလဲ"

အောင်းဖန်က အံကြိတ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့လို ဂျိုကြွနေတဲ့ လူတွေကို တောင်းပန်ခိုင်းမယ်ဆို အတော်လေးကို ဖြစ်နိုင်ချေ မရှိဘူး။ ပြီးတော့ အဓိပ္ပါယ်လည်း မရှိဘူး။ ပါးစပ်ကသာ တောင်းပန်ပါတယ်လို့ ပြောပေမဲ့ စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲမနေဘူးလို့ ဘယ်သူသိနိုင်မှာလဲ"

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"လူတစ်ယောက်ကို မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်ပေးရမယ်"

တစ်ထောင်လား။ အားလုံးက စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ပန်းဖူးအဆင့် စစ်သည်တော်တွေ အတွက်ကတော့ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်ဆိုတာက တကယ်ပဲ ပြဿနာ သေးသေးလေး တစ်ခုဖြစ်ပါတယ်။

"လူတစ်ယောက်ကို ကြယ်သုံးလုံး မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်"

လင်းဟန်က ထပ်ပေါင်းထည့်ပြီး ပြောလိုက်ပါတယ်။

အဟွတ် အဟွတ် အဟွတ်။

အောင်းဖန်နဲ့ တခြားသူတွေ တံတွေးသီးကုန်ကြပါတယ်။ မင်းကဘာဖြစ်လို့ စားပြသွား မတိုက်တာလဲ။ ကြယ်သုံးပွင့်မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုကို ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်က မွမ်းမံသန့်စင်မယ်ဆိုရင် တစ်လမှာ တစ်ခုလောက်ရပါတယ်။ ဒါကိုတောင် မင်းက တကယ်ပဲ ပုံဆောင်ခဲတစ်ထောင် တောင်းဆိုတယ်ပေါ့လေ။

"ဂရုစိုက်ပြီးတော့ သေချာစဉ်းစားကြနော်။ အရင်ဆုံး ငြင်းဆန်တဲ့ ဘယ်သူ့ကိုမဆို ဒီနေရာမှာ နေရဖို့ ငါလုပ်ရလိမ့်မယ်"

လင်းဟန်က ခြိမ်းခြောက်သံနဲ့ ရယ်မောလိုက်ပါတယ်။

ဒီပန်းဖူးအဆင့် ကျင့်ကြံသူတွေက ချက်ချင်းဆိုသလို စိတ်မထိန်းနိုင်ပဲ အလျင်စလို ပြန်ပြီးတော့ စိတ်ဝိညာဉ်နတ်သူငယ်အဆင့် စီနီယာတွေကို အကူအညီတောင်းချင်နေကြပြီး လင်းဟန်နဲ့ ရန်မဖြစ်ချင်တော့ပါဘူး။ ဒါကြောင့် သူတို့ရဲ့ သိုလှောင်လက်စွပ်တွေကို တစ်ယောက်ပြီး တစ်ယောက် ချွတ်ပြီးတော့ ပစ်ပေးလိုက်ပါတယ်။

တချို့လူတွေမှာ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်မရှိပါဘူး။ ဒါကြောင့် အဲဒီအစား သူတို့က ရှားပါးတဲ့ ပစ္စည်းတွေနဲ့ စိတ်ဝိညာဉ် ဆေးပင်တွေကို အစားထိုး ပေးခဲ့ပါတယ်။

Chapter 505 end

အပိုင်း(၅၀၆) ရေလိုသိမ်မွေ့ ညင်သာတဲ့ အချစ်

လင်းဟန်ရဲ့ ချမ်းသာကြွယ်ဝမှုက အရှုံးအမူးကို စုပုံလာတာကို ကြည့်ပြီးတော့ ဂမ်ရီကျန်းက မနေနိုင်ပဲ မေးလိုက်ပါတယ်။

"ငါရောဝေစု မရဘူးလား"

"ဂျူနီယာညီလေးဂမ် မင်းက အရှေ့ပိုင်းဒေသက ဂိုဏ်းကြီးတစ်ခုကနေ လာခဲ့တာပဲ။ ဘယ်လိုလုပ် ဒီလိုမျိုး သေးငယ်တဲ့ အရာတွေကို လိုချင်စိတ် ဖြစ်နိုင်မှာလဲ"

လင်းဟန်က သူရဲ့လက်တွေကို မနားတမ်း လှုပ်ရှားလိုက်ပြီး သိုလှောင်လက်စွပ် နှစ်ဆယ်ကျော်ကို သူ့အိတ်ထဲကို ထည့်သိမ်းလိုက်ပါတယ်။

သေစမ်း။ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲတွေ။ သူစိတ်မဝင်စားဘူးလို့ ဘယ်သူပြောလဲ။ ဒါပေမဲ့လည်း လင်းဟန်ကြောင့် ဒီလိုမျိုး ဖြစ်သွားမှတော့ သူက ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှတွယ်ကပ်နေစရာ မလိုတော့ပဲ လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"မင်းလည်း ဒီမြေပုံညွှန်းတွေကို ရရှိခဲ့တယ်ဆိုတော့ ငါတို့တွေက အနာဂတ်မှာ ပြိုင်ဘက်တွေ ဖြစ်လာလိမ့်မယ်"

"ဖြစ်နိုင်ပ့ါမလား။ ငါတို့တွေ ရတနာကို အတူတူ သွားယူလို့ ရနိုင်တာပဲလေ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီလို ဖြစ်နိုင်မယ်လို့ မင်းထင်နေတာလား"

ဂမ်ရီကျန်းက သရော်ပြုံး ပြုံးလိုက်ပါတယ်။ နတ်ဘုရားတစ်ပါးရဲ့ ရတနာသိုက်။ ဘယ်သူကများ အကုန်လုံး မလိုချင်ပဲ နေမှာလဲ။

"ဘာလို့ မရရမှာလဲ"

လင်းဟန်ရဲ့ အပြုံးကို ကြည့်ပြီးတော့ ချက်ချင်းဆိုသလို ဂမ်ရီကျန်းက ပဟေဠိဖြစ်သွားပြီး သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ့်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပဲ"

"မင်းလည်း အရမ်းကို သန်မာတာပဲ။ အနာဂတ်မှာ ငါ့ကို စိန်ခေါ်ဖို့အတွက် အဆင့်မီဖို့ ငါမျှော်လင့်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ဂမ်ရီကျန်းက မျက်လုံးတွေ နောက်တစ်ကြိမ် ပြူးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ပန်းဖူးအဆင့် အစစ်အမှန် ဖြစ်နေပြီ။ မင်းကတော့ ဆေးလုံးအပေါ် မှီခိုပြီး အဆင့်တက်နေတာ။ တကယ်လို့ တစ်ယောက်ယောက်က စိန်ခေါ်ဖို့ ကြိုးစားမယ်ဆိုရင်တောင် မင်းကငါ့ကို စိန်ခေါ်ဖို့ ကြိုးစားရမှာလေ။ ဘာပဲဖြစ်ဖြစ် ငါမင်းနဲ့ အဓိပ္ပါယ် မရှိတာတွေကို ပြောမနေတော့ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းကြောင့် ဒေါသထွက်ရလွန်းလို့ ငါသေသွားလိမ့်မယ်"

သူက ထွက်သွားဖို့ လှည့်လိုက်ပြီး သူရဲ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"နောက်တစ်ကြိမ် ငါတို့တွေ ပြန်တွေ့ရင် ငါမင်းကို သေချာပေါက် သတ်ပစ်ပြီး အကုန်လုံး ယူရလိမ့်မယ်"

သူက ဘယ်လိုလုပ်ပြီးတော့ ယိုဟိုင်ယွဲ့လိုမျိုး ပြုမူနေတာလဲ။

"ဂျူနီယာ ညီလေးဂမ် နေပါဦး"

လင်းဟန်က ရုတ်တရက် အော်လိုက်ပါတယ်။

ဂမ်ရီကျန်းက တုံ့ဆိုင်းသွားပြီးတော့ လှည့်လိုက်ပါတယ်။ သူရဲ့မျက်နှာမှာ မသင်္ကာတဲ့ အမူအရာတွေ ရှိနေပါတယ်။

"မင်းတကယ်ပဲ အဲဒီခရုသင်းကို ငါ့ကစားဖို့ ရက်နည်းနည်းလောက် မငှားပေးနိုင်ဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဂမ်ရီကျန်းက သွေးအန်ထွက်လုမတတ် ဖြစ်သွားပြီး

အံ့ကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ထွက်သွားစမ်း"

ဒီစကားကို သူ့ပါးစပ်ကနေ ထွက်သွားပြီးတဲ့နောက်မှာ သူက ချက်ချင်းပဲ ပျံသန်းပြီးတော့ အလျင်အမြန် ထွက်ခွာသွားပါတယ်။ သူက အရှေ့ပိုင်းဒေသကို ပြန်သွားတာလား ဒါမှမဟုတ် လူသူကင်းမဲ့တဲ့ နေရာတစ်ခုကို ရှာပြီးတော့ ပုန်းနေမှာလား ဆိုတာကိုတော့ မသိနိုင်ပါဘူး။

တကယ်တော့ ကင်းမြီးကောက် နန်းတော်ရဲ့ အမွေအနှစ်ကို သူရရှိခဲ့တယ်ဆိုတဲ့ သတင်းက မကြာခင်မှာ အရှေ့ပိုင်းဒေသ တစ်ခုလုံးကို ပျံ့နှံ့သွားပါလိမ့်မယ်။ ပြီးတော့ သူရဲ့ဆရာသခင်တောင် ဒီအမွေအနှစ်ကို အရမ်းစိတ်ဝင်စားသွားပါလိမ့်မယ်။

လင်းဟာန်က ရယ်မောပြီးတော့ လှီယုထန်နဲ့ တခြားလူတွေကို လက်ယပ်ခေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့လည်း သွားကြစို့"

"ဆရာသခင်လင်း ဘယ်ကိုသွားကြမလဲ"

လှိုင်ယုထန်က မနေနိုင်ပဲ မေးလိုက်ပါတယ်။

"ဒါပေါ့။ ယန်စွမ်အားမြင့်မြို့ကို ပြန်ကြမယ်လေ"

"ဒါပေမဲ့ နင်က နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရရှိထားပြီး အဲဒီသတင်းက ကမ္ဘာတစ်ခုလုံး မကြာခင်မှာ ပျံ့နှံ့သွားလိမ့်မယ်။ အဲဒီအခါကျရင် လူတိုင်းလူတိုင်းက နင့်ကိုလာရှာ ကြလိမ့်မယ်"

အားလုံးက တညီတညွတ်တည်း ပြောလိုက်ပါတယ်။

ဒဏ္ဍာရီတွေအရတော့ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရယူပြီးတာနဲ့ အဲဒီလူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ကူးဖြတ်ဖို့ အခွင့်အရေးရှိပြီး ဒီမက်လုံးတစ်ခုတည်းနဲ့ကိုပဲ တားမနိုင် ဆီးမရ ဖြစ်စေပါလိမ့်မယ်။ ဒါအပြင် လင်းဟန်ရော ဂမ်ရီကျန်းပါ နတ်ဘုရားရဲ့ ရတနာသိုက် နေရာကို သိထားကြပြီး အဲဒါက ပိုပြီးတော့တောင်မှ မယုံကြည်နိုင်စရာ ကောင်းပါတယ်။

အလယ်ပိုင်းဒေသက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ လှုပ်ရှားလာနိုင် ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက အတော်လေးကို ပြဿနာရှိတယ်။ ငါစိုးရိမ်တာက ငါ့ရဲ့ကောင်းကင်အဆင့် မော်ဆေးပညာရှင်ဆိုတဲ့ အဆင့်အတန်းတောင်မှ မကူညီနိုင်မှာကိုပဲ။ ဒါပေမဲ့လည်း ယန်စွမ်းအားမြင့်မြို့ကို တစ်ခါတော့ ပြန်သွားရလိမ့်မယ်"

သူရဲ့အမေက အဲဒီမှာ ရောက်နေလိုက်ပါပြီ။ ဒါကြောင့် အခုလိုမျိုး ရှားရှားပါးပါး အခွင့်အရေးကို လက်လွှတ်လို့ ဘယ်ဖြစ်မလဲ။

လွီယုထန်နဲ့ တခြားလူတွေက စိုးရိမ်နေကြပါတယ်။ ဒါပေမဲ့ လင်းဟန်မှာ အနက်ရောင် မျှော်စင် ရှိနေတဲ့ အကြောင်းကို စဉ်းစားလိုက်တဲ့ အခါမှာ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ဆိုတာ ပြဿနာ မရှိတော့ပါဘူး။ ယွဲ့ခိုင်ယု တစ်ယောက်ပဲ မျက်နှာကြီး မှုန်မှိုင်းလို့ နေပြီးတော့ လင်းဟန်အတွက် စိုးရိမ်ပူပန်နေပါတယ်။ ဒါပေမဲ့လည်း လျှို့ဝှက်ဆန်းကြယ် နယ်မြေက ပိတ်သွားပြီး ဖြစ်တာကြောင့် ယွဲ့ခိုင်ယုက ဆောင်းလဂိုဏ်းကို ပြန်ရပါတော့မယ်။ သူက လင်းဟန်ကို နှုတ်ဆက်လိုက်ပြီးတော့ ဂိုဏ်းကို ပြန်ရောက်တဲ့ အခါမှာ လင်းဟန်အတွက် ကာကွယ်ထောက်ပံ့ပေးဖို့

အကြီးအကဲတွေကို သူ့အနေနဲ့ အကောင်းဆုံး ကြိုးစားပေးမယ်ဆိုပြီးတော့ ပြောလိုက်ပါတယ်။

ချီဟွာလန်၊ လင်းရှန်းချင်၊ ရှန်းဇောင်ချန်နဲ့ တခြားသူတွေကလည်း လင်းဟန်ကို တစ်ယောက်ပြီး တစ်ယောက် စကားအနည်းငယ် လာပြောကြပြီး နှုတ်ဆက်သွားကြပါတယ်။ ပါရမီရှင် တိုက်ပွဲလည်း ပြီးဆုံးသွားပြီး လျှို့ပှက်ဆန်းကြယ် နယ်မြေလည်း ပြန်ပိတ်သွားခဲ့ပြီး ဒီလူငယ်လေးတွေက နှစ်ပေါင်းဘယ်လောက်ကြာမှ ဆုံတွေ့ရလိမ့်မလဲ ဆိုတာကို မသိနိုင်ပါဘူး။

လင်းဟန်က သူ့လူတွေကို ဦးဆောင်ပြီးတော့ တောင်ကြားချိုင့်ပှမ်းကနေ ခြေလှမ်းမြန်မြန်နဲ့ ထွက်လာခဲ့ပြီး အနက်ရောင် မျှော်စင်ရဲ့ စွမ်းအင်မြှင့်တင်မှုက မကြာခင်မှာ ကုန်ဆုံးပါတော့မယ်။

တောင်ကြားချိုင့်ပှမ်းကနေ ထွက်လာပြီးတဲ့နောက်မှာ လင်းဟန်က အားလုံးကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်လိုက်ပြီး သူလည်းပဲ အထဲကို ဝင်သွားခဲ့ပါတယ်။ စီစဉ်စရာရှိတာ တချို့ကို စီစဉ်ပြီးတဲ့နောက်မှာ သူကအပြင်ကို ထွက်လာပြီးတော့ အနီးနားက မြို့ငယ်လေး

တစ်မြို့ဆီကို သွားပြီးတော့ မြင်းလှည်းတစ်စီးကို ငှားယူပြီး ယန်စွမ်းအားမြင့် မြို့ဆီကို ပြန်လာခဲ့ပါတယ်။

မြင်းလှည်းထဲမှာ ထိုင်ပြီးတဲ့နောက်မှာ လင်းဟန်က မြင်းလှည်းမောင်းသမားကို သူ့ကို မနှောင့်ယှက်ဖို့နဲ့ အစားသောက်စားဖို့အတွက်နဲ့ မခေါ်ဖို့ မှာကြားပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့ပါတယ်။

ဒီခရီးစဉ်မှာ အားလုံးက အကျိုးအမြတ် တော်တော်များများ ရရှိခဲ့ကြပါတယ်။

ကျူးပုကျို့နဲ့ ကွမ်းယွမ်တို့က စိတ်ကိုချုပ်ထိန်းထားပြီး ပထမအဆင့်ရဲ့ မြို့အဝင်ဂိတ်မှာ သူတို့ကိုသူတို့ အကန့်အသတ်ကိုရောက်အောင် တွန်းအားပေးခဲ့ပါတယ်။ ပြီးတော့ တန်ဖိုးအနန္တ ထိုက်တန်တဲ့ ရတနာတွေကို ကျင့်ကြံဖို့ စားသုံးခဲ့ပြီး လျို့ပုက်ဆန်းကြယ် နယ်မြေအတွင်းက စိတ်ဂိညာဉ်ချီတွေ ပေါကြွယ်ဝတဲ့ ပတ်ဝန်းကျင်ကြောင့် သူတို့ရဲ့ တိုးတက်မှုတွေက တစ်ဟုန်ထိုး တိုးလာခဲ့ပါတယ်။

ကျူးပုကျို့က အခုဆိုရင် စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးမှာ ရှိပြီးတော့ စိတ်ဂိညာဉ် ပလွှင်အဆင့်ကို အချိန်မရွေး တိုးဝင်နိုင်ပါပြီ။ ကွမ်းယွမ်က စိတ်ဂိညာဉ်

ပလ္လင်အဆင့် အလွှာခြောက်မှာ ရှိပြီးတော့ ဒီလိုမျိုး မြန်ဆန်တဲ့ လုပ်ငန်းစဉ်က သူတို့ကို မိုးရေနိုင်ငံကို ပြန်သွားဖို့ စိတ်တောင်ကူးမိ ကြလိမ့်မှာ မဟုတ်ပါဘူး။

ကန်းရီနဲ့ လွှီယုထန်တို့ရဲက စိတ်စွမ်းအားက မျှောလွင့်နေတဲ့ ကျောက်တုံးအဆင့်ပေါ်မှာ ထက်မြက်လာခဲ့ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက ကျူးပူကျို့နဲ့ ကွမ်းယွမ်တို့လို မဟုတ်ပေမဲ့လည်း စိတ်စွမ်းအားမှာ ကျားကုတ်ကျားခဲ ဖွဲ့နပဲ ကြိုးခဲ့မှုရဲ့ အကျိုးရလဒ်က အနာဂတ်မှာ ဖြည်းညှင်းစွာနဲ့ ခံစားရပါလိမ့်မယ်။ အထူးသဖြင့်တော့ ပန်းဖူးအဆင့်ကို တစ်ဟုန်ထိုး ကူးဖြတ်တဲ့ အချိန်မှာ သိသာပါလိမ့်မယ်။

မြင်းလှည်းနဲ့ နှစ်ရက်ခရီး ရောက်လာတဲ့ အချိန်မှာပဲ လွှီယုထန်၊ ကျူးပူကျို့နဲ့ ကန်းရီတို့က ဆက်တိုက်ဆိုသလို အဆင့်တက်သွားခဲ့ပါတယ်။ သူတို့သုံးယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ရောက်သွားပြီးတော့ ဒါက စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ဂင်ရောက်ပြီး အချိန်နှစ်လ သုံးလပဲ ကြာပါသေးတယ်။ ဒီအကြောင်းကို ပြန်စဉ်းစားလိုက်တော့ သူတို့အနေနဲ့ သူတို့ကိုယ်သူတို့တောင် မယုံကြည်နိုင်အောင် ဖြစ်နေကြပါတယ်။

ကျူးရွှမ်အာရဲ့ နတ်ဘုရားအာရုံ ထိခိုက်ဒဏ်ရာက ပိုပြီးတော့ သက်သာကောင်းမွန် လာခဲ့ပါတယ်။ အဓိက အချက်ကတော့ သူမမှာ ထူးချွန်ထက်မြက်တဲ့ သိုင်းပညာပါရမီ ရှိနေတာကြောင့် ပန်းဖူးအဆင့် လက်ရွေးစင်ရဲ့ သိုင်းဆန္ဒကို ခုခံတဲ့နေရာမှာ သူမရဲ့ နတ်ဘုရားအာရုံက အရမ်းကို ကြံ့ခိုင်သန်မာနေပါတယ်။ သူမရဲ့ ဒဏ်ရာသက်သာ ကောင်းမွန်ပြီးတဲ့ နောက်မှာတော့ သူမကသေချာပေါက် ပေါက်ကွဲထွက်မဲ့ အခြေအနေတစ်ခုမှာ ရောက်နေပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းက မိုးကောင်းကင်ထိ လျင်မြန်စွာနဲ့ တစ်ဟုန်ထိုး မြင့်တက်သွားပါလိမ့်မယ်။

လင်းဟန်က သူမကို အနားခေါ်လိုက်ပြီးတော့ ဆေးပုလင်းတစ်လုံး ပစ်ပေးလိုက်ပါတယ်။

"ဆရာသခင်ဟန် ရွှမ်အာရဲ့ ဒဏ်ရာတွေက အားလုံးနီးပါး သက်သာနေပါပြီ။ ဆေးထပ်ပြီး စားဖို့မလိုတော့ပါဘူး"

ဒီအဲ့မခန်း အလှပိုင်ရှင်က ချစ်ခင်နှစ်သက်စရာ ကောင်းပါတယ်။ လင်းဟန်က သူမရဲ့ ဖာပဂါကို ဖယ်လိုက်မှတော့ သူမက အဲဒါကို ဆက်ပြီးတော့ မဂတ်ဆင်တော့ပါဘူး။ သူမရဲ့ မှင်တက်အံ့သြစေတဲ့ ပုံပန်းသွင်ပြင်က လွှီယုထန်နဲ့ လီစီရှန်းတို့ကိုတောင်

ညှို့ဓာတ်မိသွား စေခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက မင်းစားဖို့အတွက် မဟုတ်ဘူး။ မင်းရဲ့ဆရာအတွက်ပဲ"

ကျူးရှမ်အာက ပထမတော့ ကြောင်သွားပြီးတော့ စိတ်လှုပ်ရှားတဲ့ အမူအရာတစ်ခု ဖြစ်လာပြီး တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။

"ဒါက ဒါက"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ပုန်းကွယ်နေတဲ့ ကံကောင်းခြင်း ကောင်းကင်ဘုံကျားဆေးလုံး"

"ဒုတိယအဆင့်ကို ငါကျော်ဖြတ်တုန်းက ဒီဆေးလုံးကို ရရှိခဲ့တာပဲ။ ပြီးတော့ ရန်ထန်းဇောင်ရဲ့ ဓားချက်ကို မင်းကတားဆီးပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ငါသေသွားရင် ဒီဆုလာဘ်ကို လက်ခံနိုင်လိမ့်မှာ မဟုတ်ဘူး။ ဒါကြောင့် ဒါက

လက်ဆောင်တစ်ခု”

လင်းဟန်က သူရဲ့စကားကိုတောင် မဆုံးသေးခင် ကျူးရှမ်အာက ရုတ်တရက် သူ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ပါတယ်။

ဒီအရူးမလေးက တကယ်ပဲ သူ့ကိုပွေ့ဖက်ပြီးတော့ စွဲအောင်လုပ်နေတာလား။

ဒါပေမဲ့လည်း သူမရဲ့ အံ့မခန်း လှပမှုနဲ့ ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို ပြောနေစရာ မလိုပဲ သူမရဲ့ ပွေ့ဖက်မှုကြောင့် သူတို့နှစ်ယောက်ရဲ့ ခန္ဓာကိုယ်တွေက အရမ်းကို ပူးကပ် သွားခဲ့ပါတယ်။ ခန္ဓာကိုယ်ရဲ့ ထူးဆန်းတဲ့ ရနံ့တစ်ခု ပြန့်သွားပြီး လင်းဟန်ရဲ့ နှလုံးသားကို ကစုန်ပေါက်သွားပြီး စိတ်ကူးယဉ်တဲ့ အတွေးထဲမှာ ပျံသန်းနေရသလို ဖြစ်သွားပါတယ်။

“ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်”

ကျူးရှမ်အာက စိတ်ခံစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ ရှိသေလေးစားရတဲ့ ဆရာဖြစ်သူ အတွက် စိတ်ဂိညာဉ်ဆေး ရှာဖွေဖို့က သူမရဲ့ အကြီးမားဆုံး ဆန္ဒပဲ

ဖြစ်ပါတယ်။

လင်းဟန်က ခဏအကြာမှာ အိပ်မက်ထဲက နိုးလာပြီး သူမရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကိတ်မုန့်အပိုင်းလေး တစ်ခုလိုပါပဲ။ မင်းရဲ့ဒဏ်ရာတွေ ပျောက်ကင်းသွားတဲ့ အခါကရင် လခြမ်းဂိုဏ်းဆီကို မြန်မြန်ပြန်သွားလိုက်ပေါ့"

"ဟုတ်ကဲ့ပါ"

ကျူးရှမ်အာက ညင်သာသိမ်မွေ့စွာနဲ့ ခေါင်းညိတ်လိုက်ပြီး အရမ်းကို နူးညံ့သိမ်မွေ့နေပါတယ်။

"ကောင်းပြီ မင်းအခု ငါ့ကို လွှတ်ပေးလိုက်ရပြီ။ ဒါမှမဟုတ်ရင် နောက်ဆက်တွဲ ဘာတွေဖြစ်မလဲ ဆိုတာကို ငါအာမမခံနိုင်ဘူး"

လင်းဟန်က ဟာသလုပ်လိုက်ပါတယ်။

"ဆရာသခင်ဟန် ရှမ်အာကို ဘာပဲလုပ်ခိုင်းလုပ်ခိုင်း ရှမ်အာလုပ်ပေးဖို့ ဆန္ဒရှိပါတယ်"

ဒီလိုမျိုး ပြန်ဖြေလိမ့်မယ်လို့ ဘယ်သူသိမှာလဲ။ တိုးညှင်းပြီးတော့ ခြင်တစ်ကောင်ရဲ့ တဂီဂီ အော်သံနဲ့ တူပြီးတော့ သူရဲ့ လင်းဟန်ကြားလိမ့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ကြားနိုင်တဲ့ စွမ်းရည်နဲ့ဆိုရင် သူ့အတွက်တော့ ဒီတိုးညှင်းတဲ့ အသံကို သဲသဲကွဲကွဲ မကြားပဲနေမှာလား။

ဒီကမ္ဘာကြီးထဲမှာ ဒီစကားတွေထက် ပိုပြီးတော့ ဆွဲဆောင်နိုင်တာမျိုး ရှိဦးမှာလား။

လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲက သွေးတွေအားလုံး ဆူပွက်လာပြီးတော့ ဒီအလှပဂေးလေးကို ပွေ့ဖက်ပြီးတော့ လှဲချလိုက်ဖို့ တိုက်တွန်းနှိုးဆော်နေပါတယ်။

အလှအပကို မကြိုက်တဲ့လူ ဘယ်သူရှိလို့လဲ။ အထူးသဖြင့်တော့ ဒီလိုမျိုး အသိမှတ်ပြုစရာ အလှအပမျိုးကိုပေါ့။ သူက သူမကို ဖိအားမပေးခဲ့ပါဘူး။ ပြီးတော့ သူမကို ကတိတွေနဲ့လည်း မဆွဲဆောင်ခဲ့ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ သူမက ဆန္ဒရှိနေမှတော့ လူကြီးလူကောင်း တစ်ယောက်လိုမျိုး ဟန်ဆောင်ထိန်းသိမ်းစရာ မလိုဘူးလေ။ ဟုတ်တယ်မလား။

ဒါပေမဲ့လည်း အကြောင်းပြချက် မရှိပဲနဲ့ လင်းဟန်ရဲ့ စိတ်ထဲမှာ ရုတ်တရက် ပုံရိပ်မည်းတစ်ခု လက်ခနဲ ဖြစ်သွားပြီး သူရဲ့စိတ်မိုက်စိတ်ရိုင်း အတွေးတွေကို ချက်ချင်းပဲ လုံးဝကို ဖျက်ဆီးပစ် လိုက်ပါတယ်။

အဲဒီပုံရိပ်မည်းက အမှန်တကယ်ပဲ ကောင်းကင်ဖီးနစ် နတ်မိမယ် ဖြစ်နေပါတယ်။

Chapter 506 end
အပိုင်း(၅၀၇) အထိုင်မကျသေးတဲ့ ကိစ္စ

လင်းဟန်က ကျူးရွှမ်အာကို အသာလေး တွန်းပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ဒဏ်ရာတွေက အကုန်မပျောက်သေးဘူး။ အရင်ဆုံး သွားနားလိုက်ပါ"

ကျူးရွှမ်အာက အစောတုန်း သူမပြောခဲ့တဲ့ စကားတွေကြောင့် ရှက်တက်တက် ဖြစ်နေပြီးတော့ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ပူလောင်လို့ နေပြီးတော့ အခုရုတ်တရက် ကျောက်ရုပ်လိုမျိုး ဖြစ်သွားခဲ့ပါတယ်။

တကယ်လို့ လင်းဟန်က အခွင့်ရေးယူပြီးတော့ သူမကို တွန်းလှဲလိုက်မယ် ဆိုရင် အဲဒီနောက်မှာ အရမ်းကို စိတ်လှုပ်ရှားစရာကောင်းတဲ့ ရင်းနှီးမှု ရသွားပါလိမ့်မယ်။ သူမအနေနဲ့လည်း လင်းဟန်ရဲ့ အရှေ့မှာ အပြင်လူ တစ်ယောက်လို ဖြစ်တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ သူမရဲ့ မျက်လုံးတွေကိုတောင် မဖွင့်နိုင်တော့ပဲ အလျင်အမြန်နဲ့ သုတ်ခြေတင် ထွက်သွားလိုက်ပါတယ်။

"ဟူး ဒီလိုမျိုး အလှပဂေးလေးတစ်ယောက်က သူမကိုယ်သူမ ငါ့ရဲ့ရင်ခွင်ထဲကို အလိုက်သင့် ဝင်လာခဲ့တယ်။ ငါတကယ်ပဲ ဒါကို အခွင့်ရေး မယူနိုင်ခဲ့ဘူး"

လင်းဟန်က မြက်ခင်းပေါ်မှာ လှဲချလိုက်ပြီးတော့ ကြယ်တွေလတွေမရှိတဲ့ မိုးကောင်းကင်ကို ကြည့်လိုက်ပါတယ်။

"ငါ့ဦးနှောက်ကပဲ ပြဿနာတစ်ခုခု ရှိနေတာလား။ ဒီလိုမျိုး အချိန်ကျမှ အဲဒီ ရက်စက်တဲ့ အမျိုးသမီး အကြောင်းကို စဉ်းစားမိရတယ်လို့ကွာ"

အဲဒီနောက် လင်းဟန်က ရုတ်ချည်းဆိုသလို ထထိုင်လိုက်ပြီး မျက်နှာကြီး ရှုံ့မဲ့သွားပါတယ်။

"လပြွတ်ပဲ။ ငါအဲဒီ ရက်စက်ကြမ်းကြုတ်တဲ့ အမျိုးသမီးကို တကယ်ပဲ ကြွေဆင်းနေတာလား"

"အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုအခြေအနေမျိုးမှာ ဘယ်ယောက်ျားက ငြင်းဆန်နိုင်မှာလဲ။ ငါက ထူးဆန်းတဲ့ မိန်းမမလိုချင်ဘူး။ ဒါကြောင့် ဘယ်မိန်းမပဲယူယူ ကိစ္စမရှိဘူးလေ။ ဟုတ်တယ်မလား။ လွှီယုထန်ပဲဖြစ်ဖြစ် လီစီရှန်းပဲဖြစ်ဖြစ် ဘာဖြစ်လို့ သူတို့ကို ထိဖို့ မစဉ်းစားခဲ့တာလဲ"

"ထားလိုက်တော့ ထားလိုက်တော့။ ဒါက နှစ်ပေါင်းတစ်သောင်းကျော် ကြာခဲ့ပြီ။ ငါက ဒီရက်စက်ကြမ်းကြုတ်တဲ့ မိန်းမကို ရုတ်တရက် သတိရတာပဲရှိတာပါ"

"ဘယ်လိုရောက်လာတာလဲ"

"တခြားသူတွေထက် ပိုပြီးတော့ ချစ်စရာကောင်းတာ၊ ပိုပြီးတော့ သန်မာတာ၊ သိုင်းပညာ ပါရမီ ပိုပြီးတော့ ထူးချွန်ထက်မြက်တာနဲ့ တခြားသူတွေထက် ခန္ဓာကိုယ်ကောက်ကြောင်း လှပပြီး တောင့်တင်းတာတွေ

သူမကိုကြည့်ရတာ အဲဒီအချက်တွေအပြင် ဘာများကောင်းတာ ရှိသေးလို့လဲ။ အဓိကသော့ချက်ဖြစ်တဲ့ ရက်စက်တာက ငါ့ရဲ့တပည့်လေးယောက်ကို အနိုင်ကျင့်တာပဲ။ ပြီးတော့ ငါ့အိမ်ကိုလာပြီးတော့ အမြဲတမ်း မော်ဆေးလုံးတွေ အကုန်လုံး သူ့စိတ်ကြိုက် သိမ်းကြုံးရယူသွားတာပဲ။ သူမကိုယ်သူမက အပြင်လူတစ်ယောက်လို ဘယ်တုန်းကမှ ပြုမှုဆက်ဆံတာမျိုး မရှိခဲ့ဘူး။ ဒီလိုမျိုး ဆိုးယုတ်တဲ့ အမျိုးသမီး တစ်ယောက်ကို ငါတကယ်ပဲ ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးဘူး"

"ဘာလဲဟ"

လင်းဟန်ရဲ့ အမူအရာက ထူးဆန်းသွားပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ အပြုအမူတွေက သူမကိုယ်သူမ အိမ်ထောင်ရှင်မ တစ်ယောက်နဲ့ တူပါတယ်။ ဖြစ်နိုင်တာက ဖြစ်နိုင်တာက။

"ငါတကယ့်ကို ငတုံးတစ်ယောက်ပဲ"

လင်းဟန်က ကောင်းကင်ပေါ်ကို မော့ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

မျှော်စင်လေးက ပေါ်လာပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ သူ့ကိုပြောလိုက်ပါတယ်။

"မင်းက တော်တော်လေးကို တုံးတဲ့ ငတုံးတစ်ယောက်ပဲ"

"ငါက မစဉ်းစား မဆင်ခြင်ပဲနဲ့ ပြောနေခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်က ဘယ်သူမှ နှိုင်းယှဉ်လို့မရအောင် ဉာဏ်ကောင်းတဲ့ငါက ငတုံးတစ်ယောက် ဖြစ်နေတာပဲ"

လင်းဟန်က ချက်ချင်းပဲ တစ်ခြားဘာကိုမှ မသိချင်တော့သလိုမျိုး ပူပင်ကြောင့်ကြမဲ့တဲ့ ပုံစံမျိုး ပြန်ဖြစ်သွားပြီး သူရဲ့စိတ်ထဲမှာ ဘာတွေဖြစ်နေလဲ မသိရတော့ပါဘူး။

"မင်းငါ့ကို ဖုံးကွယ်ထားလို့ မရပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းဆိုတဲ့ အတိတ်တုန်းက ငါမင်းရဲ့ စိတ်ဝိညာဉ်ကို မူလအခြေအနေအတိုင်းဖြစ်အောင် ထိန်းသိမ်းထားခဲ့တယ်။ အဲဒီနှစ်တွေက မင်းရဲ့မှတ်ဉာဏ်တွေ အားလုံးကို ငါရှင်းရှင်းလင်းလင်းမြင်တွေ့ခဲ့ရတယ်"

မျှော်စင်လေးကတော့ ပေါ့ရွှတ်ရွှတ်ပုံစံအတိုင်း

ရှိနေပါသေးတယ်။

"ဟော့ဟော့ဟော့။ တခြားလူတွေရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို သူလျှိုလုပ်တာ မင်းအတွက် ကောင်းတဲ့အရာ မဟုတ်ဘူးနော်"

လင်းဟန်က တစ်ယောက်ယောက်ကို ထိုးပစ်ချင်နေပါတယ်။

"ငါကြည့်ချင်နေတယ်လို့ မင်းထင်နေတာလား"

မျှော်စင်လေးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ပြီးတော့ ခဏရပ်ပြီး ဆက်ပြောလိုက်ပါတယ်။

"ဒါကရှင်းပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်က မင်းကို စိတ်ဝင်စားနေတယ်။ ဒါပေမဲ့ မင်းက အဲဒါကို သတိမပြုမိဘူး"

မျှော်စင်လေးတောင် သိနေမှတော့ လင်းဟန်က ဆက်ပြီးတော့ ဟန်ဆောင်မနေတော့ပဲ သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီ ရက်စက်ကြမ်းကြုတ်တဲ့ အမျိုးသမီးက အရမ်းကို အနိုင်ကျင့်ဗိုလ်ကျတယ်။ တကယ်လို့

ငါ့ကိုကြိုက်နေရင်တောင် မပြောရင်လည်း နည်းနည်းလောက် သိမ့်မွေ့လို့ရတာပဲ”

ဒါပေမဲ့လည်း သူကချက်ချင်းပဲ ခေါင်းကိုခါလိုက်ပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်က သူ့ရဲ့ ယခင်ဘဝတုန်းက ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်ပြီး အရမ်းကို လှပတဲ့ တိုက်ပွဲနတ်ဘုရားမဖြစ်ပြီးတော့ ဓားကေရာဇ်ရဲ့နောက် ဒုတိယနေရာမှာ ရှိပြီး ထိပ်တန်းပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမရဲ့ ယောကျ်ားတစ်ယောက်အပေါ် စိတ်ဝင်စားမှုတွေကို သာမန်အမျိုးသမီးတွေလိုမျိုး ပြမှုလုပ်ဆောင် ပြသလိမ့်မှာလဲ။

တကယ်လို့ အခုလိုမျိုး တကယ်ပဲဆိုရင် ကောင်းကင်ဖီးနစ် နတ်မိမယ်က ဘာများဆက်လုပ် ဦးမှာလဲ။

“မင်းရဲ့ နူးညံ့သိမ့်မွေ့ခြင်းတွေ ငါတကယ်ပဲ နားမလည်နိုင်ဘူး”

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်က သူ့ရဲ့နေရာကို အမြဲတမ်းလိုလို

အပြေးအလွှားရောက်လာပြီး ဘယ်ဘက်လက်မှာရော ညာဘက်လက်မှာပါ ပစ္စည်းတွေ ဆုပ်ကိုင်ပြီး အပြင်လူတစ်ယောက်လိုမဟုတ်ပဲ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကတကယ်ပဲ သိသာထင်ရှားတဲ့ သဲလွန်စတစ်ခု ဖြစ်ပါတယ်။

ကံမကောင်းတာက အဲဒီတုန်းက သူက အရမ်းကို မာနကြီးပြီး စကြာဂဠာဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး ဒီရက်စက်ကြမ်းကြုတ်တဲ့ အမျိုးသမီးကို ထိန်းချုပ်ချင်ခဲ့ပါတယ်။ တကယ်လို့ သူသာ ခြေတစ်လှမ်း ဆုတ်လိုက်မယ်ဆိုရင် ကောင်းကင်ဖီးနစ် နတ်မိမယ်လည်း သူမရဲ့ အပြုအမူတွေကို စွန့်လွှတ်ပြီး သူတို့နှစ်ယောက်က စုံတွဲတွေ ဖြစ်သွားပါလိမ့်မယ်။

အခုတော့ သူတို့က နှစ်ပေါင်းတစ်သောင်းကြာအောင် ဝေးကွာနေကြပါပြီ။

"ကျန်းယွဲ့ဖုန်းလို ဘာကိုမှ အာရုံမစိုက်တဲ့သူက နတ်ဘုရားတစ်ပါး ဖြစ်လာရင်တောင် ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ ပါရမီနဲ့ဆိုရင် သူမက သေချာပေါက် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်ပြီး နတ်ဘုရားတစ်ပါး ဖြစ်လာလိမ့်မယ်။ ပြီးတော့ နတ်ဘုရားဖြစ်သွားရင်

လူတစ်ယောက်ရဲ့ သက်တမ်းက အဆုံးမရှိတော့ဘူး။ အဲဒီအခါမှာ နှစ်ပေါင်းတစ်သောင်း တစ်သိန်းဆိုတာ ပြဿနာမဟုတ်တော့ဘူး"

လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။

"ငါစကြာဝဠာဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်ပြီး နတ်ဘုရားတစ်ပါး ဖြစ်လာတာကို စောင့်နေပါ။ ငါသေချာပေါက် မင်းကိုလာရှာမယ်။ ရက်စက်ကြမ်းကြုတ်တဲ့ အမျိုးသမီး။ တကယ်လို့ မင်းတခြား ယောက်ျားတစ်ယောက်ကို လက်ထပ်ပွဲတယ်ဆိုရင် မင်းနဲ့ငါနဲ့ တကယ်ပဲ ဇာတ်လမ်းပြတ်ပြီ"

မြင်းလှည်းက တစ်ဟုန်ထိုး ပြေးနေပြီး ခုနစ်ရက်ခန့် ကြာတဲ့အခါမှာ ယန်စွမ်းအားမြင့်မြို့ကို ပြန်ရောက်လာကြပါတယ်။

လင်းဟန်က ချက်ချင်းပဲ လီစီရှန်းနဲ့ လီယုထန်တို့ကို စားသောက်ဆိုင်နဲ့ မော်ဆေးဘုရင် ဆေးအိမ်ကို သွားပြီးတော့ ဒီရက်တွေမှာ ရောင်းချလို့ရရှိတဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေကို သွားယူခိုင်းလိုက်ပါတယ်။ ဒါတွေက

တကယ်ပဲ အသုံးဝင်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ငွေကြေးဆိုရင်တော့ ကိစ္စမရှိပါဘူး။

သူက မြောက်ပိုင်းဆေးစံအိမ်ကို ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့ ကုန်းရန်ထျန်းစွန်းကို သွားရှာလိုက်ပါတယ်။ သူ့ရဲ့ အမေကို ခေါ်ပြီးတော့ မိုးရေနိုင်ငံကို ပြန်ပြီး သူ့အဖေနဲ့ ဇာတ်ပြန်ပေါင်းထုပ် ပေးရပါမယ်။

မှော်ဆေးပညာရှင်တွေက သူတို့ရဲ့ နလုံးသားနဲ့ စိတ်ဂိညာဉ်ကို ဆေးလုံးတွေ ဖော်စပ်တဲ့ နေရာမှာ နှစ်မြုပ်ထားကြပြီး လျှို့ပုက်ဆန်းကြယ် နန်းတော်ဆယ့်နှစ်ခုအတွက် ဝင်ခွင့်ကိုတောင် လက်လွှတ်ထားကြပါတယ်။ သူတို့က သိုင်းပညာရှင်တွေနဲ့ ပြိုင်ဘက်မဟုတ်ပေမဲ့ သူတို့အုပ်စုက သိုင်းပညာရှင်တွေနဲပ သိပ်မကွာခြားပါဘူး။ ဒါကြောင့် သူတို့အထဲမှာ လက်ရွေးစင် လူနည်းစုလည်း ရှိပါတယ်။

ဥပမာ မြောက်ပိုင်းဆေးစံအိမ်ရဲ့ မှော်ဆေးပညာရှင်တွေထဲမှာ ကုန်းရန်ထျန်းစွန်း တစ်ယောက်ပဲ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ရောက်ရှိခဲ့ပါတယ်။

လင်းဟာန်အနေနဲ့ သူ့ရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်ဆိုတဲ့ အဆင့်အတန်းကို ကုန်းရန်ထျန်းစွန်းက သေချာပေါက် ကြည်ညိုလေးစားပြီးတော့ သူ့ဆီက နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရယူချင်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ သူ့အနေနဲ့ပ တစ်စုံတစ်ယောက်ကို သေသေချာချာ မသိပဲနဲ့ လုံးဝကို အယုံအကြည် မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်နဲ့ဆိုရင် အဆိုးဆုံး အခြေအနေတွေ ကြုံလာရင်တောင်မှ သူ့အနေနဲ့ လုံခြုံစိတ်ချစွာနဲ့ လွတ်မြောက်နိုင်ပါတယ်။

မြောက်ပိုင်းဆေးစံအိမ်ကို ရောက်တဲ့အခါမှာ သူရဲ့မူလ ရုပ်ရည်သွင်ပြင်ကိုပဲ အားလုံးကို ပြသထားခဲ့ပါတယ်။

"ဆရာသခင်လင်းကို ဂါရဝပြုပါတယ်"

သူရဲ့လမ်းတစ်လျှောက်လုံး မှော်ဆေးပညာရှင်အားလုံးက ဂါရဝပြု နှုတ်ဆက်ကြပါတယ်။

လင်းဟာန်က ခေါင်းကို အနည်းငယ် ညိတ်ပြပြီးတော့ တုံ့ပြန်လိုက်ပြီး မကြာခင်မှာ ကုန်းရန်ထျန်းစွန်းရဲ့ သီးသန့်အိမ်ဆီကို ရောက်လာခဲ့ပါတယ်။

ကုန်းရန်ထျန်းစွန်းက လင်းဟာန် ရောက်လာတဲ့ သတင်းကို ကြားသိရတာနဲ့ သူလည်းပဲ ချက်ချင်းထွက်လာပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

"ဆရာသခင်ဟာန်။ ဒီအဘိုးကြီးက အသုံးမကျပါဘူး။ ဆရာသခင် ခိုင်းတဲ့ ကိစ္စကို အောင်မြင်အောင် မလုပ်နိုင်ခဲ့ဘူး"

ကုန်းရန်ထျန်းစွန်းက လင်းဟာန်ကို ခရီးရောက်မဆိုက် ပြောလိုက်ပါတယ်။

လင်းဟာန်ရဲ့ စိတ်ထဲမှာ မကောင်းတဲ့ အတိတ်နိမိတ်လက္ခဏာတွေ ခံစားလိုက်ရပြီး မျက်မှောင်ကြုတ်ကာ မေးလိုက်ပါတယ်။

"ဘာတွေဖြစ်လို့လဲ"

"ဆောင်းလဂိုဏ်းက သူမကို လွှတ်မပေးခဲ့ဘူး"

ကုန်းရန်ထျန်းစွန်းက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ စာရွက်ပေါ်က အမိန့်စာလွှာနဲ့ မြေကျွှမှာ

အလယ်အလတ်အဆင့် မော်ဆေးပညာရှင်ဖြစ်တဲ့ သူကိုယ်တိုင် သွားခဲ့တာကိုတောင် လူတစ်ယောက်ကို ရအောင်လို့ မခေါ်လာနိုင်ခဲ့ပဲ သူ့ကိုတောင်မှ အရမ်းကို စိတ်ပျက်သွားစေခဲ့ပါတယ်။

လင်းဟန်က မေးစေ့ကို ပွတ်ပြီးတော့ စဉ်းစားလိုက်ပါတယ်။ ဆောင်းလဂိုဏ်းက သူရဲ့အမေကို အသုံးချပြီးတော့ သူ့ကိုခြိမ်းခြောက်ဖို့ စဉ်းစားနေတာလား။

ဒါကမဖြစ်နိုင်ပါဘူး။ ဆောင်းလဂိုဏ်းက လင်းဟန်နဲ့ ယွဲ့ဟောင်ချန်ရဲ့ ပတ်သက်ဆက်နွယ်မှုကို သိစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်က ဆောင်းလဂိုဏ်းရဲ့ အပြစ်သား တစ်ယောက်ကို လွှတ်ပေးခိုင်းတာက ထူးဆန်းနေတယ် ဆိုတာကို တစ်စုံတစ်ယောက်က ရှာတွေ့သွားပါလိမ့်မယ်။ ပိုပြီးတော့ အရေးကြီးတာက မြောက်ပိုင်းဒေသက အလယ်ပိုင်းဒေသ မဟုတ်ပါဘူး။ ဒီနေရာမှာ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်က မြေကြီးမှာ အလယ်အလတ်အဆင့် မော်ဆေးပညာရှင် တစ်ယောက်နဲ့ အမှန်တကယ်ပဲ မခြားနားပါဘူး။

တကယ်လို့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက မျက်နှာသာ မပေးဘူးဆိုရင် မင်းဘာများ တတ်နိုင်ဦးမှာလဲ။ သူတို့ကို ထိန်းချုပ်ဖို့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လူတစ်ယောက်ကို ဆင့်ခေါ်မှာလား။

အလယ်ပိုင်းဒေသမှာလိုမျိုး ယိုဟိုင်ယွဲ့နဲ့ ထိပ်တန်းအင်အားကြီးဂိုဏ်းက တပည့်တွေက မှော်ဆေးပညာရှင်တွေကို နည်းနည်းလေးမှ ရှိသေလေးစားခြင်း မရှိကြပါဘူး။

"ငါသိပြီ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ကြည့်ရတာတော့ သူကိုယ်တိုင်ပဲ ဆောင်းလဂိုဏ်းကို သွားရပါတော့မယ်။

"ဆရာသခင်ဟန်။ ဒီအဘိုးကြီးက သင်နဲ့အတူတူ ခရီးထွက်တဲ့အခါမှာ လိုက်ပါပေးပါမယ်"

ကုန်းရန်ထျန်းစွန်းက စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်။ လင်းဟန်က နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရရှိခဲ့တယ် ဆိုတာကို သူကြားထားတယ်ဆိုတာ

သိသာထင်ရှားပါတယ်။ ပြီးတော့ ဆောင်းလဂိုဏ်းက မဆင်မခြင် လုပ်မှာကိုလည်း ကြောက်ရပါတယ်။

"မလိုဘူး ငါ့မှာကိုယ်ပိုင် ဗျူဟာရှိတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူက မြောက်ပိုင်းဆေးစံအိမ်ကနေ ထွက်လာပြီး သူရဲ့ကိုယ်ပိုင်စံအိမ်ကို ပြန်လာခဲ့ပါတယ်။ လို့ယုထန်နဲ့ တခြားသူတွေလည်း တစ်ယောက်ပြီးတစ်ယောက် ပြန်လာကြပြီး သတင်းဆိုးတွေကို သယ်လာခဲ့ကြပါတယ်။

နေရာနှစ်ခုစလုံး ဖျက်ဆီးခံလိုက်ရပါတယ်။

ဘယ်သူလုပ်သွားတယ် ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။ ဒါပေမဲ့ ညဘက်မှာ ဆိုင်ကို ပိတ်ထားပြီး ဒုတိယမြောက်နေ့မှာ တံခါးကပွင့်နေပြီးတော့ အထဲမှာ အလောင်းတွေလည်း ရှိနေပါတယ်။ အလောင်းတွေရဲ့ နံ့စော်နေတဲ့ အပုပ်နံ့တွေက လေထဲမှာ ပျံ့လွင့်နေပြီး ဘယ်သူကများ အစားအသောက်တွေ စားချင် ဆေးလုံးတွေ ဝယ်ချင်ဦးမှာလဲ။

အလောင်းတစ်ထောင်ဂိုဏ်း။

အင်အားကြီးတဲ့ ဂိုဏ်းတစ်ခုက အခုလိုမျိုး နိမ့်ကျတဲ့ နည်းဗျူဟာကို အသုံးပြုခဲ့တယ်။ ဘယ်လောက်တောင် အဆင့်မရှိလိုက်သလဲ။

"ဒါက ငါ့ကို ခံရခက်အောင်လို့ ကြိုးစားလုပ်နေတာလား"

လင်းဟာန်က တိုးတိုးရေရွတ်လိုက်ပါတယ်။ ကံကောင်းတာက ဒီဆိုင်နစ်ခုက လင်းဟာန်အတွက် တည်ငြိမ်တဲ့ ဂင်ငွေတစ်ခုကို ယူပေးခဲ့ပါတယ်။ သူ့ကိုလျင်လျင်မြန်မြန်နဲ့ ချမ်းသာစေဖို့က မှော်ဆေးလုံးတွေကို လေလံတင်လို့ရတာပဲ။ ဒါကြောင့် ဒါကသူ့ကို ပြင်းပြင်းထန်ထန် မထိခိုက် စေခဲ့ပါဘူး။

"ဒါကိုမေ့လိုက်တော့။ ငါကအခု နန်းတော်ဆယ့်နစ်ခုရဲ့ အမွေအနစ်ကို ရရှိခဲ့ပြီ။ ပြီးတော့ ငါ့ရဲ့ နောက်ခံအင်အားကလည်း မကြာခင်မှာ ပိုပြီးတော့ တောင့်လာဦးမယ်။ ဒါကြောင့် အတတ်နိုင်ဆုံး မကြာခင်မှာ ငါ့အမေကို ကယ်ပြီးတော့ အဲဒီနောက်မှာ အဖေ့ကိုခေါ်ပြီး မိုးရေနိုင်ငံကနေ ထွက်ရမယ်။ ငါ့ကို တခြားလူတွေ ထိန်းချုပ်လို့ မရစေရဘူး"

"ဆောင်းလဂိုဏ်းကို သွားကြတာပေါ့"

Chapter 507 end
အပိုင်း(၅၀၈) အမိက ဂိတ်တံခါးကို ဂါးမျိုမယ်

လင်းဟန်က စားသောက်ဆိုင်နဲ့ မှော်ဆေးဘုရင် ဆေးဆိုင်ကို ပိတ်သိမ်းလိုက်ပါတယ်။ အဲဒီ အချိန်အတွင်းမှာ ရင်ဟောင်က တစ်ကြိမ်လာရောက်ခဲ့ပြီးတော့ လင်းဟန်က သူရဲ့ အရင်က ကတိပေးထားတဲ့ နှစ်ကုန်တဲ့အခါမှာ မြောက်ပိုင်းဒေသရဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်ကို ကိုယ်စားပြုပြီး ယှဉ်ပြိုင်ရမဲ့ ပြိုင်ပွဲအတွက် ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကတိထပ်ပေးလိုက်ပါတယ်။

အဲဒီနောက်မှာ သူကယန်စွမ်းအားမြင့် မြို့ကနေ ထွက်ခွာလာပြီး ဆောင်းလဂိုဏ်းဆီကို ဦးတည် လိုက်ပါတယ်။

ကျူးရှမ်အာက လခြမ်းဂိုဏ်းဆီကို မပြန်သွားခဲ့ပါဘူး။ သူမရဲ့ဒဏ်ရာတွေက မပျောက်သေးပါဘူး။ ပြီးတော့ သူမရဲ့ မှင်တက်လောက်အောင် ချောမောလှပမှုရဲ့ ထင်ပေါ်ကျော်ကြားမှုကြောင့် တကယ်လို့ တစ်စုံတစ်ယောက်က သူမဒဏ်ရာရနေတယ် ဆိုတာကို သိသွားခဲ့ပြီးတော့ အဲဒီအပေါ်မှာ အခွင့်ကောင်းယူပြီး သူမကို

ဖမ်းဆီးခေါ်ဆောင်သွားပြီး အိမ်ထောင်ရှင်မ တစ်ယောက်အဖြစ် သော့ခတ်ပိတ်ထားမှာ စိုးရိမ်ရပါတယ်။

ဒါကြောင့် သူမက အနက်ရောင် မျှော်စင်အထဲမှာ ထူထူထောင်ထောင်ဖြစ်ဖို့ အားပြန်ဖြည့်ရင်းနဲ့ လင်းဟန်နောက်ကနေ ဆောင်းလဂိုဏ်းဆီ လိုက်လာခဲ့ပါတယ်။

လင်းဟန်က မြင်းလှည်းတစ်စီးကို ငှားရမ်းပြီးတော့ နေ့တိုင်းပဲ ကြိုးကြိုးစားစားနဲ့ ကျင့်ကြံနေခဲ့ပါတယ်။

ဆောင်းလဂိုဏ်းဆီကို သွားတဲ့ ဒီခရီးစဉ်က တစ်လခန့် ကြာမြင့်ပါတယ်။ သူအဲဒီကို ရောက်တဲ့အခါ စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို ရောက်နေပါလိမ့်မယ်။

အနက်ရောင်မျှော်စင်ရဲ့ အထဲမှာ လူတိုင်းလူတိုင်း ကြိုးကြိုးစားစားနဲ့ ကျင့်ကြံအားထုတ် နေကြပါတယ်။ အထူးသဖြင့် ဟူးညီဖြစ်ပြီးတော့ ပထမဆုံးအကြိမ် စတင်ကျင့်ကြံပြီးတော့ လင်းဟန်အနေနဲ့ တစ္ဆေသရဲတစ်ကောင်ကို မြင်တွေ့နေရသလို ဖြစ်သွားပါတယ်။

တစ်လကြာပြီးတဲ့နောက်မှာ မြင်းလှည်းက ဆောင်းလဂိုဏ်းရဲ့ ကျောက်ခင်းလမ်းပေါ်ကို ရောက်လာခဲ့ပါတယ်။ လင်းဟန်ကလည်း စိတ်ဝိညာဉ် ပလ္လင်အဆင့် အလွှာကိုးကို အဆင့်တက်သွားခဲ့ပါတယ်။ ပြီးတော့ သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ ကျင့်ကြံခြင်းမှာ စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း ပကတိစွမ်းအားသက်သက် တိုးလာတာက တစ်သမတ်တည်းဖြစ်ပြီးတော့ မူလစွမ်းအင်နဲ့ မတူပါဘူး။ မူလစွမ်းအင်တိုးလာတာက နောက်တစ်လွှာကို ချိုးဖျက်ဝင်ရောက်ဖို့ ပေါက်ကွဲထွက်ပြီး တိုးလာတာပါ။ ပကတိစွမ်းအားကတော့ တန်းကျော်သွားတာမျိုး မရှိပါဘူး။ ၎င်းကို ကြိုးကြိုးစားစားနဲ့ ကျင့်ကြံအားထုတ်ပြီး စုစည်းရတာဖြစ်ပါတယ်။ ပြီးတော့ အဓိက အရေးကြီးတာက လူတစ်ယောက်ရဲ့ အာဟာရကို ထိန်းသိမ်းထားဖို့ပါပဲ။

နတ်ဘုရား ဖြစ်လာတဲ့ အခါကျရင် ခန္ဓာကိုယ်က အတားအဆီးက သိသာထင်ရှား လာပါလိမ့်မယ်။ လင်းဟန်က ၎င်းကို အချိန်တိုတိုလေး အတွင်းမှာ ဆန်းစစ်နိုင်ခဲ့ပါတယ်။ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က ခန္ဓာကိုယ်အတွင်းက အကြောကိုးခုရဲ့ အတားအဆီးကို

ဖွင့်ပေးပါလိမ့်မယ်။ ပြီးတော့ အတားအဆီးတစ်ခုဆီ ပွင့်သွားတဲ့အခါမှာ စစ်မှန်တဲ့ နဂါးတစ်ကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်ပါလိမ့်မယ်။ အတားအဆီးကိုးခုလုံး ပွင့်သွားတဲ့ အချိန်ကျရင် အဲဒီလူက နတ်ဘုရား တစ်ပါးရဲ့ ခန္ဓာကိုယ် ဖြစ်လာပါလိမ့်မယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ လူတစ်ယောက်မှာ စစ်မှန်တဲ့ နဂါးများရဲ့ စွမ်းအားရှိမယ် ဆိုရင် သေမျိုးတွေရဲ့ နယ်မြေမှာပဲ ပိတ်လှောင်ထားခံနေရဦးမယ်ဆိုရင် သေမျိုးထဲမှာ အရမ်းကို သန်မာတဲ့ လူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေလိုပဲ ဘယ်လောက်ပဲ အစွမ်းထက်ထက် ကိစ္စမရှိပါဘူး။ ဒါက ပန်းဖူးအဆင့်မှ မဟုတ်တာပဲ။

ကံမကောင်းတာက လင်းဟန်က အရိုးပုံစံ အစီအရင် နှစ်ခုကို လေ့လာတဲ့ နေရာမှာ တစ်ဆို့တဲ့ အဆင့်ကို ရောက်သွားခဲ့ပြီး ၎င်းတို့ကို အကြာကြီး နားလည်နိုင်စွမ်း မရှိတော့ပါဘူး။ ဖြစ်နိုင်တာက သူရဲ့အဆင့်က မလုံလောက်သေးတာကြောင့် ၎င်းကိုနားလည်ဖို့ ပန်းဖူးအဆင့်ကို ကူးဖြတ်ရပါမယ်။

အဲဒီအစား သူက ဓားလမ်းကြောင်းပေါ်မှာ ဆက်ပြီးတော့ စူးစမ်းလေ့လာနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဓားချီအလင်း ဆယ်ခုမြောက်ရဲ့ တစ်ဆို့နေတဲ့ အခြေအနေက ပွင့်သွားခဲ့ပါပြီ။ ဒါက သူ့ကို ဓားအချီအလင်း တစ်ခုပဲ ရှိတဲ့အခြေအနေကို ပြန်ရောက်သွားသလိုမျိုး တူပါတယ်။ တစ်လဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ သူက နောက်ထပ် ဓားချီအလင်း သုံးခုကို ကျင့်ကြံခဲ့ပါတယ်။

ဓားချီအလင်း ဆယ့်သုံးခု။ ဒါက ယိုဟိုင်ယွဲ့ကို သာလွန်သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း ယိုဟိုင်ယွဲ့က အဲဒီအချိန်တုန်းက ဓားချီအလင်း ဆယ်ခုမြောက်ကို ချိုးဖြတ်ခဲ့ပြီ ဖြစ်တာကြောင့် သိပ်မကြာခင်မှာ ဆယ့်တစ်ခုမြောက် ဓားချီကို ဖမ်းဆုပ်နိုင်ခဲ့ပါလိမ့်မယ်။ သူက အခုဆိုရင် ဓားချီအလင်း ဆယ့်သုံးခုထက် သိပ်ပြီးတော့ မနိမ့်ကျလောက်ပါဘူး။

လင်းဟာန်က ယိုဟိုင်ယွဲ့ရဲ့ ခွန်အားကို ယုံကြည်ပါတယ်။ ဒါအပြင် ဂမ်ရီကျန်းကလည်း တချိန်လုံး ခွန်အားအပြည့် မတိုက်ခိုက်ခဲ့ပါဘူး။ ဒီကောင်ရဲ့ အကန့်အသတ်ကလည်း ချီအလင်း ဆယ်ခု အကန့်အသတ်ကို သာလွန်တယ်ဆိုတာ သေချာသလောက် ရှိပါတယ်။

လင်းဟာန်က သူရဲ့လက်ကို ပွေ့ယမ်းပြပြီးတော့ မြင်းလှည်းကို ရပ်ဖို့ အချက်ပြလိုက်ပါတယ်။ သူတစ်ယောက်တည်း ဆောင်းလဂိုဏ်းရဲ့ အဓိက ဂိတ်တံခါးဆီကို လမ်းလျှောက်သွားမဲ့ ပုံစံပါပဲ။

ဒီရင်းနှီးနေတဲ့ လမ်းကြောင်းနဲ့ ဂိတ်တံခါး။ သူက ဒီနေရာကို ရောက်ဖူးပေမဲ့ အခုတော့ ပိတ်ထားပါတယ်။ ဂိုဏ်းကြီးတစ်ခုအနေနဲ့ တခြားလူတွေ စိတ်တိုင်းကျ ဖြတ်သွားဖို့ကို ခွင့်မပြုတာ သဘာဝ ကျပါတယ်။

လင်းဟာန်မှာ အမှန်တကယ်တော့ ဟာန်လင်းရဲ့ အသိအမှတ်ပြု တံဆိပ်ပြား ရှိပါတယ်။ ဒါပေမဲ့ သူက အဲဒါကို မထုတ်ပါဘူး။ အစတုန်းကတော့ ဟာန်လင်းအနေနဲ့ သူရဲ့အမေ ဘယ်မှာရှိတယ် ဆိုတာကို လျှို့ဝှက်စုံစမ်းဖို့ စိတ်ကူးထားပါတယ်။ ဒါပေမဲ့ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခဲ့ပြီးတော့ သူ့အနေနဲ့ သူ့အမေအတွက် တန်းပြီးတော့ တန်းပြီးတော့ အားထုတ်ပြီး မလိုလားအပ်တဲ့ ပြဿနာတွေ မဖြစ်ချင်ခဲ့ပါဘူး။

"ငါ့နာမည်လင်းဟာန်။ မင်းတို့ရဲ့ ဂိုဏ်းခေါင်းဆောင်ကို

မြန်မြန်ထွက်လာခိုင်းပြီးတော့ ငှါကို လာတွေ့ခိုင်းလိုက်"

ဂိုဏ်းခေါင်းဆောင်က မင်းကို ထွက်ပြီးတော့ တွေ့ရမယ် ဟုတ်လား။

ဒါက အဓိက ဂိတ်ဂအနီးမှာရှိတဲ့ တပည့်အနည်းငယ်ကို ချက်ချင်းဆိုသလို မှင်တက်အံ့ဩ သွားစေခဲ့ပါတယ်။ ဒီလူငယ်လေးက ဒီလိုမျိုး အရာတစ်ခုကို ပြောဖို့အတွက် ဆောင်းလဂိုဏ်းဆီကို ငတုံးအေ တစ်ယောက်လိုမျိုး ပြေးလာခဲ့တာလား။ သူက အသက်ရှင်ရတာ ပင်ပန်းနေပြီလား။

လင်းဟန်က ဒီနေရာမှာ စကားများနေဖို့ စိတ်မဝင်စားပဲ ချက်ချင်းပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ တည်ရှိမှုကို ထုတ်ဖော်လိုက်ပြီး ရုတ်ချည်းဆိုသလို ဒီလူအနည်းငယ်ကို ဖိနှိပ်ပြီး သူတို့ရဲ့ မျက်နှာတွေကို ဖြူဖပ်ဖြူရော် ဖြစ်သွားစေခဲ့ပါတယ်။ သူတို့က အလျင်အမြန်ပဲ ပြေးသွားပြီး အဆင့်မြင့်တဲ့ သူတွေကို ထွက်လာဖို့ အလျင်အမြန် တောင်းဆိုလိုက်ပါတယ်။

တစ်စုံတစ်ယောက်က အဓိက ဂိတ်တံခါးဂကို လာပြီးတော့ ချိုးဖြတ်နေပါတယ်။

မကြာခင်မှာ ကျွမ်းကျင်သူ တချို့ပေါ်လာခဲ့ပါတယ်။ သတို့က စိတ်ဂိုညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေနဲ့ စိတ်ဂိုညာဉ် ပလ္လင်အဆင့် တစ်ယောက်ပါပြီးတော့ နွေဦးစမ်းရေ အဆင့်မှာရှိတဲ့ သာမန်တပည့်တွေလည်း ပါရှိကြပါတယ်။ လူတိုင်းလူတိုင်းက အရမ်းကို သိချင်စိတ် ပြင်းပြနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းလဂိုဏ်းက မြောက်ပိုင်းဒေသရဲ့ အားအကောင်းဆုံး အဖွဲ့ကြီး လေးခုထဲက တစ်ခု ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က အမှန်တကယ်ပဲ ပြဿနာ လာရှာပုံတာပဲလား။

"ဟင် လင်းဟန်လား"

တစ်စုံတစ်ယောက်က သူ့ကို မှတ်မိသွားခဲ့ပါတယ်။ သူက မြောက်ပိုင်းအစွန်အဖျား ဒေသက နိုင်ငံကိုးခုက သူငယ်ချင်း တစ်ယောက်ဖြစ်ပါတယ်။

ပိုင်ယုချင်၊ ဇောင်ဟဲကွမ်၊ ချူရှီယွမ်နဲ့ မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခုက တခြားပါရမီရှင်တွေ အားလုံး ဖြစ်ပါတယ်။ သူတို့ရဲ့ တိုးတက်မှုက အရမ်းကို ထင်ရှားပြီး အားလုံးက စိတ်ဂိုညာဉ် ပင်လယ်အဆင့်ကို ရောက်နေကြပါပြီ။

မြောက်ပိုင်းအစွန်အဖျားကို ပြန်သွားကြမယ်ဆိုရင် သူတို့က မိသားစုကြီးတွေရဲ့ အဓိက အစိတ်အပိုင်းတွေ ဖြစ်လာပါလိမ့်မယ်။

သူတို့က ပိုပြီးတော့တောင်မှ အံ့အားသင့်နေကြပါတယ်။ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာတယ်ဆိုတာကို သူတို့တွေကြားထားခဲ့ပါတယ်။ သူတို့အတွက်တော့ ဒါက အိပ်မက်တစ်ခုနဲ့တူပြီးတော့ မှန်းဆလို့ကို မရပါဘူး။

အခု မြောက်ပိုင်းဒေသအစွန်အဖျားက ဒီဒဏ္ဍာရီလူသားက သူတို့အရှေ့မှာ ပေါ်လာခဲ့ပါပြီ။ အသက်ဆယ့်ရှစ်နှစ်ဆိုတာ အတော်လေးကို ရင့်ကျက်မှု မရှိသေးပါဘူး။

"ဒါဆိုရင် ဒီက ဆရာသခင်လင်းပေါ့"

စိတ်ဂိညာဉ် ပလ္လင်အဆင့်ခေါင်းဆောင်က လျှောက်လာပြီးတော့ သူရဲ့လက်တွေကို ဆုပ်ပြီး လင်းဟန်ကို အရိုအသေပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီနေရာကို ရောက်လာတဲ့အတွက် ကျုပ်တို့ အရမ်းကို ဂုဏ်ယူရပါတယ်။ ဘာကိစ္စများရှိလို့ လာခဲ့တာပါလဲ"

လင်းဟန်က သူ့ကို မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းကဘယ်သူမို့လို့ ငါ့ကို စကားပြောတာလဲ။ ဘာမှမဟုတ်တဲ့လူက ဘေးမှာပဲ ရပ်နေသင့်တယ်။ လူကြီးတွေကို ထွက်လာခိုင်းလိုက်"

အဲဒီ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်က တံတွေးသီးသွားပြီးတော့ ဒေါသထွက်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတဲ့ လူငယ်လေး တစ်ယောက်ကများ။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်လို့ သူ့ကို လေးလေးစားစားနဲ့ ယဉ်ယဉ်ကျေးကျေး စကားတွေ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အေးစက်တဲ့ စကားလုံးတွေနဲ့ ပြန်ဖြေလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။ ဆောင်းလဂိုဏ်းက မြောက်ပိုင်းဒေသက အစွမ်းထက်ဆုံး ဂိုဏ်းတွေထဲက တစ်ခု ဖြစ်ပါတယ်။ မှော်ဆေးပညာရှင်တွေက လူသိများ ထင်ကြားကြတယ် ဆိုပေမဲ့ သူကဂိုဏ်းရဲ့ ဂိတ်တံခါးအရှေ့ကို

မြင်းစီးပြေးလာပြီးတော့ သူ့ကိုယဉ်ယဉ်ကျေးကျေးနဲ့ ပြောနေစရာ လိုလို့လား။

အများတကာထက် သာလွန်တဲ့ ဂုဏ်အဆင့်အတန်းဆိုတာကလည်း သူယူထားတဲ့ ရာထူးက သာမန်ထက် ပိုပြီးတော့ အဆင့်မြင့်မားနေလို့ပဲ မဟုတ်လား။ ဒါပေမဲ့ သာမန်အငြင်းပွားစရာ ကိစ္စတွေမှာ ဝင်ပါနေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး အများတကာထက် အဆင့်အတန်း မြင့်မားနေတော့မှာလဲ။

"ဆောင်းလဂိုဏ်းက မင်းကို မကြိုဆိုဘူး။ ကျေးဇူးပြုပြီးတော့ ပြန်လိုက်ပါ"

အဲဒီစိတ်ဂိညာဉ် ပလ္လင်အဆင့်လူက မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"မင်းမှာ ဒီလိုပြောဖို့ အကြောင်းလုံးဝမရှိဘူး။ ဒါကြောင့် ဘာဖြစ်လို့ စကားတွေများနေရတာလဲ"

လင်းဟာန်ကလည်း မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"တရားလွန်နေပြီနော်"

ထိုစိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက ဒေါသထွက်သွားပြီး လင်းဟန်ကို တိုက်ခိုက်လိုက် ပါတယ်။ သူရဲ့အကြံအစည်က ဒီလူငယ်ကို သင်ခန်းစာတစ်ခု ပေးပြီးတော့ ဆောင်းလဂိုဏ်း ဆိုတာက မော်ဆေးပညာရှင် အဖွဲ့အစည်း မဟုတ်ဘူးဆိုတာကို သိသွားစေဖို့ပါ။

"စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ကများ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို တိုက်ခိုက်ပုံသလား"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပြီးတော့ သူရဲ့ပုံရိပ်က အဲဒီ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်ရဲ့ အရှေ့ကို လျပ်ပြက်သလို ရောက်သွားခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ သူက အရမ်းကို လျင်မြန်ရတာလဲ။

တစ်ဖက်လူက အံ့အားသင့် သွားခဲ့ပါတယ်။ ဒါပေမဲ့ ပြန်ပြီးတော့ တုံ့ပြန်ဖို့ အချိန်တောင် မရှိပဲ လင်းဟန်ရဲ့လက်က ပျော့ယမ်းသွားပြီး သူ့မျက်နှာကို ဖြတ်သွားခဲ့ပြီးတဲ့ နောက်မှာတော့ ဘာကိုမှ သူမသိတော့ပါဘူး။

သေသွားပြီ။

လပြွတ်။ ပတ်ဂန်းကျင်ကနေ အုံ့အားသင့်သွားတဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက စိတ်ဂိညာဉ် ပလ္လင်အဆင့် ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက တစ်ချက်တည်းနဲ့ အသတ်ခံလိုက်ရပါတယ်။ အရမ်းကို လွန်းလွန်ပါတယ်။

လင်းဟာန်က ပန်းဖူးအဆင့်မှာ ဖြစ်နေနိုင်မလား။

မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခု လူတွေက ပိုပြီးတော့တောင် အံ့အားသင့်နေခဲ့ပါတယ်။ လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ အရမ်းကို သန်မာနေတာလဲ။ အားလုံးက မြောက်ပိုင်း အစွန်အဖျား ဒေသကနေ ထွက်လာခဲ့ကြတာပါ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် တစ်နစ်ပဲ မတွေ့ရသေးပဲ ကွာဟချက်က ကောင်းကင်နဲ့ မြေကြီးရဲ့ ကွာဟချက်နဲ့တူပါတယ်။

ဘုန်း။

ထိုစိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့အလောင်းက မြေကြီးပေါ်ကို

လဲကျသွားပြီး ဖုန်အနည်းငယ် ထသွားပါတယ်။

လင်းဟန်က သူရဲ့လက်သီးကို ရုပ်သိမ်းလိုက်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ပြောရေးဆိုခွင့်ရှိတဲ့ လူတစ်ယောက် ထွက်မလာသေးဘူးလား"

"ဆရာသခင်လင်း ဆောင်းလဂိုဏ်းကို လာပြီးတော့ လူသတ်တာက ဉာဏ်ပညာရှိတာမျိုး မဟုတ်ဘူးနော်"

လှောင်ပြောင်သံနဲ့အတူ တောင်တွေကနေ လူတော်တော်များများ ပျံထွက်လာပြီး လေထဲမှာ ဟိတ်ကြီးဟန်ကြီးနဲ့ ရပ်နေကြပါတယ်။

"ငါပြောစရာ တစ်ခုပဲရှိတယ်။ ယွဲ့ဟောင်ချန်ကို လွှတ်ပေးလိုက်ပါ"

လင်းဟန်က ခြိမ်းခြောက်ပြောဆိုလိုက်ပါတယ်။

"အဟက်။ ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက်ကို သတ်ပြီးတော့ တစ်ယောက်ယောက်ကို

ခေါ်သွားချင်နေသေးတာလား”

အောင်းဖန်လည်း ထွက်ပေါ်လာခဲ့ပါပြီ။

“လျော်ကြေးအဖြစ် နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို လက်လွှတ်လိုက်စမ်း”

“ခင်ဗျားက ဟာသဘယ်လိုပြောရမလဲ ဆိုတာကို ကောင်းကောင်းကြီး သိတာပဲ”

လင်းဟန်က သူ့ရဲ့ညာဘက်လက်ကို ယမ်းလိုက်ပြီးတော့ ကျောက်တုံးစိတ်ဂိညာဉ်ကို ဆင့်ခေါ်လိုက်ပါတယ်။

“ဒီတောင်တစ်ခုလုံးကို စားပစ်လိုက်စမ်း”

ကျောက်တုံးစိတ်ဂိညာဉ်က အေးစက်စက်ချွေးတွေကို သုတ်ပစ်လိုက်ပါတယ်။ သူက ကျောက်တုံးတွေကို စားရတာကို နှစ်သက်ပါတယ်။ ဒါပေမဲ့ အဲဒါတွေက ထူးခြားတဲ့ ကျောက်တုံးတွေ ဖြစ်ပြီးတော့ သူ့ရဲ့ခွန်အားကို တိုးလာစေနိုင်တဲ့ ထိပ်တန်းစွမ်းအင်တွေကို ပိုင်ဆိုင်ထားပါတယ်။ သူက ဘယ်လိုအမျိုးအစား ကျောက်တုံးကိုပဲဖြစ်ဖြစ် ဂါးစားမနိုင်ပါဘူး။

ဒါပေမဲ့ ဆရာသခင်က ပြောမှတော့ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ မနာခံပဲ နေလို့ ရနိုင်မှာလဲ။

ရောမ ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်းပဲ ပြေးသွားလိုက်ပါတယ်။ သူရဲ့ပထမဆုံး ပစ်မှတ်က အဓိက ဂိတ်တံခါးဖြစ်ပါတယ်။ ၎င်းက လက်ဝါးတစ်ဖက်နဲ့ ရိုက်ချက်လိုက်ပြီး ပျက်စီးသွားတဲ့ ထောက်တိုင်တွေကို ကောက်ပြီးတော့ ဝါးစားလိုက်ပါတယ်။

လူတိုင်းလူတိုင်း အံ့အားသင့်သွားပြီးတော့ ဒေါသတွေ ထွက်ကုန်ကြပါတယ်။ အဓိက တံခါးဆိုတာ ဂိုဏ်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို ကိုယ်စားပြုပါတယ်။

Chapter 508 end

အပိုင်း(၅၀၉) ပုက်ဖဲတစ်ချက် ထုတ်ဖော်ခြင်း

"လင်းဟန်"

ပန်းဖူးအဆင့် စစ်သည်တော် အများကြီးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ကြပါတယ်။ ဒီလူငယ်လေးက အရမ်းကို ငယ်ရွယ်ပြီးတော့ ကောင်းကင်အဆင့် မော်ဆေးပညာရှင်

တစ်ယောက် အဖြစ် သူ့ကိုရှိသေလေးစားဖို့ ဆိုတာက သူတို့အတွက်တော့ ခက်ခဲပါတယ်။

လင်းဟန်က မထီမဲ့မြင် ပြုံးပြီးတော့ သူတို့ကို မကြားသလို ဟန်ဆောင်နေလိုက်ပါတယ်။

ဧရာမ ဂိုလမ်ကလည်း အရမ်းကို စိတ်ပျက်နေပါတယ်။ ကျောက်တုံးထောက်တိုင်တွေက တကယ်ပဲ အရသာ မကောင်းပါဘူး။ ၎င်းရဲ့ ခေါင်းကို မကြာခဏ လင်းဟန်ဆီကို လှည့်ကြည့် လိုက်ပြီးတော့ သူရဲ့ဆရာသခင်က ဒီကျောက်တုံးတွေကို ဆက်ပြီးတော့ မစားခိုင်းတော့ဖို့ အမိန့်ကို လက်ခံရရှိဖို့ မျှော်လင့်နေပါတယ်။

"ကောင်းပြီလေ။ မင်းက ယွဲ့ဟောင်ချန်ကို တွေ့ချင်နေမှတော့ ငါကလည်း သူမနဲ့ မင်းကို တွေ့ပေးရမှာပေါ့"

အောင်းဖန်က ပြောလိုက်ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့် စစ်သည်တော် တစ်ယောက်ရဲ့ မျိုးဆက်တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူရဲ့စကားလုံးတေါက သာမန်ပန်းဖူးအဆင့် ကျင့်ကြံသူတွေထက် ပိုပြီးတော့ ထိရောက်ပါတယ်။ သူရဲ့လက်ကို ဝှေ့ယမ်းလိုက်တာနဲ့ လူတစ်ယောက်က

ချက်ချင်းပဲ ထွက်ခွာသွားခဲ့ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ အောင်းဖန်ရဲ့ဒေါသက အရမ်းကို ခါးခါးသီးသီးနဲ့ ပြင်းထန်ပါတယ်။ ပြီးတော့ သူ့ရဲ့မျက်လုံးအထဲမှာ ဟိတ်ကြီးဟန်ကြီးနဲ့ သရော်တဲ့ အပြုံးတစ်ခုကို မြင်လိုက်ရပါတယ်။ အောင်းဖန်က တကယ်ပဲ သူနဲ့ယွဲ့ပေါင်ချန်ရဲ့ ပတ်သက်ဆက်နွယ်မှုကို ခန့်မှန်းမိသွားခဲ့ပြီလား။

ဒါက မဖြစ်နိုင်စရာ အကြောင်းမရှိပါဘူး။ တကယ်တော့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တစ်ခါမှမမြင်ဖူးတဲ့ လူတစ်ယောက်အတွက် အကြောင်းပြချက် မရှိပဲနဲ့ တောင်းဆိုစရာ မရှိပါဘူး။ ဒါကို လေးလေးနက်နက်နဲ့ စဉ်းစားကြည့်လိုက်ရင် မရိုးသားဘူးဆိုတာ သိသာနေတာပဲ မဟုတ်လား။ လူနှစ်ယောက်ရဲ့ အသက်တွေ ကွာဟမှုနဲ့ ဆောင်းလဂိုဏ်းက မိုးရေနိုင်ငံက တပည့်အုပ်စု အသစ်ကို စုဆောင်းခဲ့ပြီးတော့ အောင်းဖန်အနေနဲ့ လင်းဟန်ရဲ့ သတင်းတချို့ကို စုံစမ်းရရှိနိုင်တယ် မဟုတ်လား။

အခု သူက လင်းဟန်အကြောင်းကို စုံစမ်းထားတာကို

ဟန်ဆောင်နေတာလား။

လင်းဟန်က သရော်ပြုံးပြုံးလိုက်ပါတယ်။ သူက စိတ်လိုက်မာန်ပါကြောင့် ပြေးလာခဲ့တာ မဟုတ်ပါဘူး။ သူ့မှာလည်း ပုက်ဖဲတစ်ခု ရှိပါတယ်။

အချိန်ခဏလေး အတွင်းမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ နှစ်ယောက်က အမျိုးသမီး တစ်ယောက်ကို အကျဉ်းချထားရာကနေ ခေါ်လာခဲ့ပါတယ်။ ထိုအမျိုးသမီးက အသက်လေးဆယ် ဂန်းကျင်ခန့် ရှိပြီးတော့ သူမရဲ့ မျက်နှာပေါ်မှာ စိတ်ဓာတ်ကျနေပုံ ရပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ လှပချောမောမှုကို မဖုံးကွယ်ထားနိုင်ပါဘူး။ အနီးကပ် သေချာလေ့လာ ကြည့်မယ်ဆိုရင် လင်းဟန်နဲ့ အတော်လေးကို ရုပ်တူတာကို တွေ့မြင်နိုင်ပါတယ်။

ထိုအမျိုးသမီးကတော့ သေချာပေါက် ယွဲ့ဟောင်ချန်ပဲ ဖြစ်ပါတယ်။

လင်းဟန်အနေနဲ့ မေးနေစရာတောင် မလိုပါဘူး။ သွေးကစကားပြောတယ် ဆိုတဲ့အတိုင်းပဲ ထိုအမျိုးသမီးက သူ့ကိုမွေးဖွားခဲ့တဲ့ သူ့ရဲ့မိခင်ပဲ ဖြစ်ပါတယ်။

"ဆရာသခင်လင်း အခုမင်းတွေ့ချင်တဲ့လူကို ခေါ်လာခဲ့ပြီ။ သူ့ကို ဘာများပြောချင်သလဲ"

အောင်းဖန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ ကြည့်ရတာ သူက အားလုံးကို ခန့်မှန်းမိ သွားပုံ ရပါတယ်။

လင်းဟန်က လက်ကိုနောက်ပစ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"သူမကို လွှတ်လိုက်"

"ပညာသင်ဘက် ညီမလေး ယွဲ့ဟောင်ချန်။ ဒီလူငယ်လေးကို ကြည့်ရတာ ရင်းနှီးနေသလို မခံစားရဘူးလား"

အောင်းဖန်က ယွဲ့ဟောင်ချန်ကို ရုတ်တရက် မေးလိုက်ပါတယ်။

ယွဲ့ဟောင်ချန်က လင်းဟန်ကို မြင်သွားပြီးတော့ သူမရဲ့အကြည့်တွေက လင်းဟန်အပေါ်မှာ ကျရောက်နေပြီး မယုံကြည်မှုနဲ့ စိတ်လှုပ်ရှားမှု နှစ်ခုလုံးကို ခံစားနေရတဲ့ အမူအရာ ဖြစ်ပေါ်နေပြီ။ သူမရဲ့ ခန္ဓာကိုယ်ကလည်း စပြီးတော့ တုန်လှုပ်လာခဲ့ပါတယ်။ သူမက အောင်းဖန်ကို

လုံးဂကို အာရုံမစိုက်ပဲ လင်းဟန်ကိုပဲ ကြည့်လို့မဂတဲ့ ပုံစံနဲ့ စိတ်ဂင်တစား ကြည့်နေလိုက်ပါတယ်။

"ဆရာသခင်လင်း ပြောကြတာတော့ မင်းက မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခုထဲက မိုးရေနိုင်ငံကနေ လာခဲ့တာဆို။ မြို့ကြီးတစ်မြို့ရဲ့ အုပ်ချုပ်မှုအောက်က မြို့ငယ်လေး တစ်ခု ဖြစ်ပြီးတော့ မင်းရဲ့ အဖေနာမည်က လင်း ဘာဆိုလားပဲ"

အောင်းဖန်က လင်းဟန်ကို နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

ဒီစကားကို ကြားလိုက်ရတော့ ယွဲ့ပောင်ချန်ရဲက အမူအရာက ပိုပြီးတော့တောင်မှ စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ ဒါပေမဲ့ သူမက ချက်ချင်းပဲ ဂရုမစိုက်တဲ့ပုံစံအဖြစ် ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါဒီလူငယ်လေးကို မသိဘူး။ ငါ့ကို ပြန်ပို့ပေးတော့"

"ပညာသင်ဘက် ညီမလေး ပောင်ချန်။ ဆယ့်ရှစ်နှစ်လောက် ကွဲကွာနေတဲ့ မင်းရဲ့သားကို မြင်တာတောင်မှ

အေးစက်စက်နိုင်လိုက်လှချည်လား”

အောင်းဖန်က အောင်နိုင်သူ အပြုံးမျိုးကို ပြုံးလိုက်ပြီးတော့ ပုံးကြီးကြီးတစ်လုံးကို ပစ်လွှတ်လိုက် ပါတယ်။

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ဆောင်းလဂိုဏ်းရဲ့လူတွေက အုတ်အော်သောင်းတင်း ဖြစ်လာကြပါတယ်။ ဒီလိုဆိုမှတော့ လင်းဟန်ရဲ့ အမေက ဆောင်းလဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်နေတာပေါ့။ နောက်ပြီးတော့ သူမရဲ့ နောက်ခံကလည်း သာမန်မဟုတ်ပါဘူး။ လင်းဟန်က အကြောင်းပြချက် မရှိပဲ လူတစ်ယောက်ကို တောင်းဆိုတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ တကယ်တော့ အကြောင်းပြချက် တစ်ခု ရှိနေပါတယ်။

“နင်ဘာဖြစ်လို့ အဓိပ္ပါယ် မရှိတာတွေကို လျှောက်ပြောနေတာလဲ ဆိုတာကို ငါမသိဘူး”

ယွဲ့ဟောင်ချန်ကို ကြည့်ရတာ တည်ငြိမ်နေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ပြုံးပြလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အမေ။ ဘာမှ ဖုံးကွယ်နေစရာ မလိုပါဘူး။ ဒီနေ့ ကျနော်လာခဲ့တာ အမေ့ကို ပြန်ခေါ်ပြီးတော့ အဖေနဲ့ ပြန်ဆုံစည်းဖို့ပဲ"

ချက်ချင်းဆိုသလို တောင်တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဆူညံသွားပါတယ်။ ခန့်မှန်းသုံးသပ်ချက်က အစုဆိုရင် အတည်ပြုလိုက်သလို ဖြစ်သွားပါပြီ။ ဂုဏ်သိက္ခာကြီးတဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က တကယ်ပဲ ဆောင်းလဂိုဏ်းနဲ့ လေးနက်တဲ့ ပတ်သက်မှု တစ်ခုရှိနေပါတယ်။

ဒါပေမဲ့လည်း အဖွဲ့နှစ်ခုအကြားက ဆက်ဆံရေးကို ကြည့်ရတာ လုံးဂကို အေးချမ်းတဲ့ ပုံစံမျိုးတော့ မဟုတ်ပါဘူး။

လင်းဟန်က အမေလို့ ခေါ်လိုက်တာကြောင့် ချက်ချင်းဆိုသလို ယွဲ့ဟောင်ချန်က မျက်ရည်တွေ ဝေ့လာခဲ့ပါတယ်။ သူမအနေနဲ့ သူမရဲ့သားကို အသိအမှတ်ပြုဖို့ ငြင်းဆန်တာက မချစ်လို့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆောင်းလဂိုဏ်းက သူမကို ဓားစာခံအဖြစ် အသုံးပြုပြီး သူမရဲ့သားဖြစ်သူကို အကျပ်ကိုင်မှာကို ခွင့်မပြုချင်လို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း

သူမရဲ့ သားဖြစ်သူက လူပုံအလယ်မှာ သူမကို အသိအမှတ်ပြု ဂန်ခံလိမ့်မယ်လို့ လုံးဂကို မထင်ထားခဲ့ ပါဘူး။

သူမရဲ့ သားဖြစ်သူကို ဆယ့်ရှစ်နှစ်လောက်တောင် မတွေ့မြင်ခဲ့ရပဲ လင်းဟန်က သူမကို အမေလို့ ခေါ်သံကို ကြားလိုက်ရတာနဲ့ သူမရဲ့ ခံစားချက်တွေက လုံးဂကို ထိန်းချုပ်မှု လွတ်သွားခဲ့ ပါတယ်။ သူမကိုယ်သူမ မထိန်းနိုင်တော့တဲ့ ပုံစံနဲ့ အသည်းအသန် ငိုကြွေးပြီးတော့ လင်းဟန်ကို သူမရဲ့ ရင်ခွင်ထဲ ထွေးပွေ့ထားပြီးတော့ တစ်စိမ့်စိမ့် ကြည့်နေချင်ပါတယ်။

ဆယ့်ရှစ်နှစ်။ ဆယ့်ရှစ်နှစ်လုံးလုံး သူမရဲ့ သားနဲ့ တစ်ခါမှ မတွေ့ခဲ့ရပါဘူး။

"ဟားဟားဟားဟား"

အောင်းဖန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ အတိတ်တုန်းက ရုတ်တရက် စိတ်ကောင်းဂင်ပြီး ချမ်းသာပေးခဲ့တဲ့ ကလေးငယ်လေးက အမှန်တကယ်ပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာခဲ့ပြီး ဂိုဏ်းခေါင်းဆောင်ရဲ့အဆင့်နဲ့တောင်

နိုင်းယှဉ်နိုင်တဲ့ ပုံရိပ်တစ်ခု ဖြစ်လာခဲ့ပါတယ်။

အခု လင်းဟန်ကို သတ်ပစ်ဖို့ဆိုတာ အရမ်းကို ခက်ခဲသွားပါပြီ။ အထူးသဖြင့် လင်းဟန်မှာ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်လည်း ရှိပြီးတော့ နတ်ဘုရား တစ်ပါးရဲ့ ရတနာသိုက်နဲ့လည်း ပတ်သက်နေပါတယ်။ တကယ်လို့ ဆောင်းလဂိုဏ်းက သူ့ကို တန်းသတ်ပစ်လိုက်ပြီး ရတနာကို လုယူလိုက်မယ်ဆိုရင် မြောက်ပိုင်းဒေသ တစ်ခုလုံးက အင်အားတွေက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အတွက် လက်စားချေတယ်ဆိုပြီးတော့ နာမည်တပ်ပြီး ဆောင်းလဂိုဏ်းကို အတူတကွ တိုက်ခိုက်ကြပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟန်က ဆောင်းလဂိုဏ်းမှာ နေမယ်ဆိုရင် ပြဿနာ ရှိလိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်က ဒီနေရာမှာ နေဖို့ကို သူ့မှာ ဆန္ဒရှိတယ်လို့ ဂန်ခံသရွှေ့ ဘယ်သူကများ သူတို့ရဲ့ အလုပ်မှာ လာရောက်နှောင့်ယှက်နိုင်မှာလဲ။ လင်းဟန်ကို သူ့သဘောဆန္ဒအတိုင်း နေအောင်လုပ်ဖို့က လွယ်ကူပါတယ်။ ဒီနေရာမှာ ယွဲ့ဟောင်ချန် ရှိနေသရွှေ့ အားလုံး အေးဆေးပါပဲ။

ယွဲ့ပေဟောင်ချန်ရဲ့ အသက်နဲ့ သူ့ကို အတင်းအကျပ် ခိုင်းမယ်ဆိုရင် လင်းဟန်က မနာခံမှာကို သူ့အနေနဲ့ ကြောက်နေစရာ မလိုပါဘူး။

ဒါပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် အောင်းဖန်ကိုကြည့်ရတာ ပျော်ရွှင်နေပုံ မမြင်ရပါဘူး။ ဒီဂြိုလ်ကောင်လေးက သူ့ဘဝမှာ အစွန်းအထင်း တစ်ခုဖြစ်ပါတယ်။ သူရဲ့ဇနီးမယား ဖြစ်ရမဲ့ အမျိုးသမီးက တခြားလူတစ်ယောက်ရဲ့ သားကို မွေးဖွားခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ကို မြင်နေရတာက သူ့ကို စိတ်ထဲမှာ မသက်မသာ ခံစားစေရပါတယ်။

ကံမကောင်းတာက လင်းဟန်ကို သတ်တာမျိုး ဒါမှမဟုတ် တစ်ခုခု လုပ်ဖို့ကို သူ့အနေနဲ့ ဆုံးဖြတ်လို့ မရပါဘူး။ ဒါကို ဆောင်းလဂိုဏ်းရဲ့ အထက်အကြီးအကဲတွေရဲ့ ဆုံးဖြတ်ချက် တစ်ခု ဖြစ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာရှိတဲ့ မွန်းစတားအိုကြီး ကိုးယောက်ရဲ့ ဆန္ဒအတိုင်းပဲ ဖြစ်ပါလိမ့်မယ်။

"ဆရာသခင်လင်း မင်းရဲ့သွေးဆိုတာကို မင်းကိုယ်တိုင် အသိအမှတ်ပြုနေမှတော့ နောက်ပိုင်းမှာ ဂိုဏ်းမှာပဲ နေပါ။ ငါမင်းအဖေကိုလည်း ဖိတ်ခေါ် ပေးပြီးတော့ မင်းတို့မိသားစုကို ပြန်ဆုံစည်း ပေးပါမယ်"

အောင်းဖန်က ခြိမ်းခြောက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ ကြင်နာစိတ် ရှိပါတယ်။ ရန်သူ့ရဲ့ သားကို မထည့်တွက်ထားခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ရည်းစားလုဘက် ယောကျ်ားကို ခေါ်ပြီးတော့ သူမျက်စိအရှေ့မှာ နေ့တိုင်းလိုလို ထားနိုင်လိမ့်မှာလား။

ဓားစာခံအတွက် ဆိုရင်တော့ တစ်ယောက်တည်းနဲ့ လုံလောက်ပါပြီ။ ပြီးတော့ တခြားသူကို သတ်တာက ကြက်ကလေး ငှက်ကလေး သတ်သလို သတ်လို့ရပါတယ်။

"ဆရာသခင်လင်း ငါတို့က ရိုးရိုးသားသားနဲ့ ပြောဆိုနေမှတော့ မင်းလည်းပဲ မင်းရဲ့ရိုးသားမှုကို ဖော်ပြသင့်တယ် မဟုတ်လား"

အောင်းဖန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သူများတွေ ပြောတာတော့ မင်းက လျှို့ပှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုအထဲမှာ ရတနာတွေ အများကြီး ရခဲ့တယ်ဆိုပဲ။ ငါတို့ကြည့်ရအောင်လို့ အားလုံးကို ထုတ်ပြပါလား"

လင်းဟန်က ပြုံးနေပေမဲ့လည်း အရမ်းကို အေးစက်စက်နိုင်ဆဲ ဖြစ်ပါတယ်။

"မင်းတို့နားတွေမှာ ပြဿနာ ရှိနေတာလား။ ငါပြောခဲ့တယ်။ ဒီနေ့ ငါဒီကိုလာခဲ့တာ လူတစ်ယောက်ကို ခေါ်ဖို့လာခဲ့တာလို့ ပြောခဲ့တယ်လေ"

"တကယ်လို့ ဆရာသခင်လင်း ထွက်သွားချင်တယ်ဆိုရင် ကျေးဇူးပြုပြီးတော့ ထွက်သွားပါ"

တခြား ပန်းဖူးအဆင့် လက်ရွေးစင်က ပြောလိုက်ပါတယ်။ သူ့နာမည်က လီပိုင်ယွမ်လို့ ခေါ်ပြီးတော့ လီမိသားစုမှာလည်း အစွမ်းထက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက် ရှိပါတယ်။

"ဒါပေမဲ့လည်း ပညာသင်ဘက် ညီမလေး ဟောင်ချန်က ဆောင်းလဂိုဏ်းက လူတစ်ယောက် ဖြစ်နေတဲ့အတွက် သူမက ဂိုဏ်းမှာပဲ နေရပါမယ်"

လင်းဟန်က သူ့အရှေ့က ပန်းဖူးအဆင့် လက်ရွေးစင်တွေကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါက အတင်းအကျပ် ခေါ်သွားမယ်ဆိုရင်ရော ဘာဖြစ်သေးလဲ"

"ဟားဟားဟားဟား"

လူတိုင်းလူတိုင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ အောင်းဖန်က အရှေ့ကို တိုးလာပြီး ပြောလိုက်ပါတယ်။

"ဆရာသခင်လင်း မင်းရဲ့ မှော်ဆေးပညာ အောင်မြင်မှုက အတော်လေးကို ချီးကျူးစရာ ကောင်းပါတယ်။ ဒါပေမဲ့ မင်းကအခုမှ စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ပဲ ရှိသေးတယ်။ နောက်ပြီးတော့ မင်းမှာ အဆင့်ကြီးတစ်ဆင့်ကို တိုးစေနိုင်တဲ့ မှော်ဆေးလုံးတွေ ရှိတယ်ဆိုပေမဲ့ ဒီဂိုဏ်းမှာ ပန်းဖူးအဆင့် လက်ရွေးစင်တွေပဲ ရှိတာမဟုတ်ဘူးနော်"

အမှန်တကယ်တော့ လင်းဟန်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ခြင်းကို အသုံးပြုခဲ့တာပါ။ ပြီးတော့ အခုဆို ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူကဘာဖြစ်လို့ ဒီလိုမျိုး ပြောရတာလဲ။

"သတ်ဖြတ်ခြင်းဆိုတာက ရက်စက်ကြမ်းကြုတ်တဲ့ လူတွေလုပ်တာပဲ"

လင်းဟန်က အထင်သေးစွာနဲ့ ပြောလိုက်ပြီးတော့ သူရဲ့ညာဘက်လက်ကို ဝှေ့ယမ်းလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ အဓိက တံခါးမှာ အလောင်းရုပ်ကလာပ်တစ်ခု ပေါ်လာခဲ့ပါတယ်။

ပုန်း။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှုတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒါက နတ်ဘုရားတစ်ပါးရဲ့ အလောင်းရုပ်ကလာပ် တစ်ခုဖြစ်ပါတယ်။

Chapter 509 end

အပိုင်း (၅၁၀) လူတစ်ယောက်နဲ့ ဂိုဏ်းတစ်ခု

အားလုံးပဲ အားအင်ချည့်နဲ့စွာနဲ့ မြေကြီးပေါ်ကို ပြုတ်ကျလာခဲ့ပါတယ်။ နတ်ဘုရား ရုပ်ကလာပ်ရဲ့

နိုင်ထက်စီးနင်းတဲ့ စွမ်းအားက အရမ်းကို အားကောင်းလွန်းပါတယ်။ ပြီးတော့ ဒါက နတ်ဘုရားရဲ့ တည်ရှိမှုကို ထိန်းချုပ်နိုင်တဲ့ နတ်ဘုရား ကျောင်းဆောင်အထဲမှာ မဟုတ်ပါဘူး။ အဲဒီစွမ်းအားက ချက်ချင်းဆိုသလို ထောင်ထိပ်ပေါ်ကိုပါ ရိုက်ခတ်သွားပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို ထိတ်လန့်တုန်လှုပ်သွားစေပြီး ကောင်းကင်ပေါ်ကို တစ်ယောက်ပြီး တစ်ယောက် တစ်ဟုန်ထိုး ပျံတက်သွားကြပြီးတော့ အနားကို မကပ်ပံ့ကြပါဘူး။

ဘယ်သူမဆို ကံကောင်းခြင်းတွေ ကုန်ဆုံးသွားပါလိမ့်မယ်။

လင်းဟန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်လေ။ ငါမပြောဘူးလား။ ငါက သတ်ဖြတ်ရတာကို မကြိုက်ဘူး။ ဒီနည်းလမ်းက သတ်ဖြတ်တာနဲ့ အဝေးကြီးပဲ"

တကယ်လို့ လွိုယုထန်သာ ဒီစကားတွေကို ကြားမယ်ဆိုရင် သေချာပေါက် သရော်လှောင်ပြောင် ပါလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဟန်က မကြာခဏဆိုသလို သူ့စိတ်ကြိုက် သတ်ဖြတ်ခဲ့ပါတယ်။ သူ့ရဲ့ဂုဏ်ပုဒ်ကို အသုံးပြုပြီးတော့ ပြဿနာတွေကို ရှင်းလင်းအောင်

ဖြေရှင်းနိုင်ပေမဲ့ သူကလက်သီးကိုပဲ အသုံးပြုခဲ့ပါတယ်။

အခု ဘယ်သူကမှ ခွန်းတုံ့ပြန် မပြောနိုင်ကြပါဘူး။ နတ်ဘုရား အလောင်းရုပ်ကလာပ်ရဲ့ နိုင်ထက်စီးနင်းတဲ့ စွမ်းအားအောက်မှာ ဘယ်သူကမှ ပါးစပ်မဟနိုင်ကြပါဘူး။

လင်းဟန်က ယွဲ့ပောင်ချန်ရဲ့ဘေးကို လျှောက်သွားပြီးတော့ သူမကို ကူညီပြီးတော့ ရပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"အမေ ဒီနှစ်တွေအတွင်းမှာ အမေအရမ်းကို ခံစားခဲ့ရပြီ"

ယွဲ့ပောင်ချန်က စကားမပြောနိုင်ပဲ သူမရဲ့ မျက်လုံးတွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။

လင်းဟန်က မိခင်ဖြစ်သူကို ကူညီပြီးတော့ ဘေးမှာထိုင်ပြီး သူ့အဖေရဲ့ အကြောင်းကို အနည်းငယ် ပြောပြီးတော့ သူ့ပုံစံကို ကြည့်ရတာ ဒီနေရာမှာ စကားအနည်းငယ် ပြောဖို့ကို စိတ်ဂင်စားနေပုံ ရပါတယ်။ ဒီအပြုအမူက ဆောင်းလဂိုဏ်းရဲ့ လူတွေကို ပြောစရာ စကားမရှိအောင် ဖြစ်သွားခဲ့ပါတယ်။ သူတို့အားလုံးပဲ ခြေကားရား လက်ကားရားနဲ့ ဆက်လှဲနေရပါတယ်။

ဒါပေမဲ့လည်း အေးစက်တဲ့ ချွေးတွေစို့လာရုံကလွဲပြီးတော့ သူတို့တတ်နိုင်တာ ဘာမှမရှိပါဘူး။

"အမေ့ကို ကျနော်အရင်ဆုံး တစ်နေရာကို ပို့ပေးမယ်"

လင်းဟန်က ယွဲ့ဟောင်ချန်ရဲ့ အနောက်ဘက်ကို လျှောက်သွားပြီး ကျောက်တုံးတစ်တုံးနဲ့ ယွဲ့ဟောင်ချန်ရဲ့ခေါင်းကို ထုပြီးတော့ သတိမေ့အောင်လို့ လုပ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲ သူမကို ထည့်လိုက်ပါတယ်။

ဆောင်းလဂိုဏ်းက ဒီကိစ္စကို သေချာပေါက် လွယ်လွယ်နဲ့ လက်လွှတ်လိုက်မှာ မဟုတ်ပါဘူး။ သူတို့မှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ကိုးယောက်ရှိနေဆဲ ဖြစ်ပြီးတော့ သူတို့အနေနဲ့ အခုချိန်မှာ အနားကို မကပ်ပံ့ပေမဲ့လည်း လင်းဟန်က နတ်ဘုရားရဲ့ ရုပ်အကြွင်းအကျန်ကို ပြန်သိမ်းလိုက်မယ်ဆိုရင် သူတို့က သေချာပေါက် ချက်ချင်းပဲ တိုက်ခိုက်ပါလိမ့်မယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အထဲကို အချိန်မရွေး ပုန်းကွယ်နိုင်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ထပ် ပိုလာရင် မတော်တဆတွေက မလွဲသာ မရှောင်သာ

ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ယွဲ့ဟောင်ချန်ကတော့ သေချာပေါက် မတော်တဆမှုတစ်ခု မဟုတ်နိုင်ပါဘူး။

လင်းဟန်က အောင်းဖန်ရဲ့အရှေ့ကို လျှောက်လာခဲ့ပါတယ်။

အောင်းဖန်က သူ့ရန်သူရဲ့ သားဖြစ်သူကို ကြည့်ရုံပဲ တတ်နိုင်ပါတယ်။ ပြီးတော့ သူရဲ့ နှလုံးသားထဲမှာ စိတ်ဓာတ်ရေးရာ ထိခိုက်ပျက်စီးနေပြီး အကြီးအကျယ်ကို အံ့အားသင့် နေခဲ့ပါတယ်။

ဘုန်း။

လင်းဟန်က အောင်းဖန်ရဲ့ မျက်နှာပေါ်ကို အားမာန်အပြည့်နဲ့ ဆောင့်နင်းချလိုက်ပြီး အောင်းဖန်ကို နာကျင်မှုဒဏ်ကြောင့် အော်ဟစ်သွားစေခဲ့ပါတယ်။ သူ့မှာက သံမဏိခန္ဓာကိုယ် မပြောနဲ့ ကျောက်သားနံရံ ခန္ဓာကိုယ်တောင် မရှိပါဘူး။ ပြီးတော့ မူလစွမ်းအင်အတားအဆီး တစ်ခုမရှိရင် သူရဲ့ခန္ဓာကိုယ် ခုခံနိုင်စွမ်းက သာမန်လူတစ်ယောက်ရဲ့ သန်မာမှုထက် အနည်းငယ်ပဲ ပိုမိုသာလွန်ပါလိမ့်မယ်။

"ငါမင်းရဲ့ အသက်ကို ယူသင့်တယ်။ ဒါပေမဲ့ သားတစ်ယောက် အနေနဲ့ ငါ့အဖေရဲ့ အလုပ်မှာ ပိတ်ပင်တားမြစ်တာမျိုး

မလုပ်သင့်ဘူး။ ဒါကြောင့် မင်းရဲ့အသက်ကို ငါ့အဖေကိုယ်တိုင် လာယူဖို့ ချန်ထားပေးမယ်”

လင်းဟန်က အောင်းဖန်ကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ဆောင့်ကန်လိုက်ပြီး အောင်းဖန်ရဲ့ စိတ်ဂိညာဉ် အခြေခံကို မသန်မစွမ်း ဖြစ်အောင်လုပ်လိုက်ပါတယ်။

ဒါကအတိတ်တုန်းက အောင်းဖန်က သူ့ရဲ့အဖေ ဖြစ်သူကို ခံစားစေခဲ့တာ ဖြစ်ပြီးတော့ အခု လင်းဟန်က တန်ရာတန်ကြေးကို အပြည့်အဝ ပြန်ယူလိုက်တာပါပဲ။

အခုကစပြီး အောင်းဖန်ရဲ့ ကျင့်ကြံခြင်းက ပန်းဖူးအဆင့်ရဲ့ တတိယအလွှာမှာပဲ တန့်နေမှာ ဖြစ်ပြီးတော့ လင်းဒေါင်ရှန်ရဲ့ ကျင့်ကြံခြင်း အဆင့်က မကြာခင်မှာ လိုက်လို့မီသွားပါလိမ့်မယ်။

စိတ်ဂိညာဉ် အခြေခံ တစ်ခုကို ပြန်လည်ကုသဖို့လား။ မဖြစ်နိုင်ပါဘူး။ လင်းဟန်ကြောင့် ထိခိုက်ပျက်စီးသွားတဲ့ စိတ်ဂိညာဉ် အခြေခံတစ်ခုကို ပြန်လည်ကောင်းမွန်လာဖို့ ဘယ်လိုမျိုး စိတ်ဂိညာဉ်ဆေးအဆင့် လိုအပ်လိမ့်မလဲ။ အနည်းဆုံးတော့ ကောင်းကင်အဆင့် ဆေးလုံး ဖြစ်ရပါလိမ့်မယ်။ အောင်းမိသားစုက ဘယ်နေရာမှာ

အဲဒီဆေးလုံးကို သွားရှာလို့ ရလိမ့်မှာလဲ။ သူက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ သေခြင်းတရားကို စောင့်မျှော်နေသင့်ပါတယ်။

အောင်းဖန်က အော်တောင်မအော်နိုင်ပဲ နာကျင်မှုကို ညည်းတွားနေပါတယ်။

သူက ဆောင်းလဂိုဏ်းရဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ အသက်ငါးဆယ် အရွယ်မတိုင်ခင်မှာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ခဲ့ပြီး အနာဂတ်မှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ကူးဖြတ်ဖို့ အခွင့်အရေးတစ်ခု ရှိပါတယ်။ ဒါပေမဲ့ အခုတော့ သူရဲ့စိတ်ဂိညာဉ် အခြေခံက ဖျက်ဆီးခံလိုက်ရပြီး သူရဲ့တိုးတက်မှု လမ်းကြောင်းက ပျက်စီးသွားခဲ့ပါပြီ။

သူက အံ့အားသင့် ဒေါသထွက်ပြီးတော့ တုန်လှုပ်နေပြီး ချက်ချင်းဆိုသလို မူးမေ့လဲမလို ဖြစ်သွားပါတယ်။

ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ကို စိတ်ဂိညာဉ် ပလ္လင်အဆင့် စစသ်ညတော် တစ်ယောက်က ထိတ်လန့်တုန်လှုပ်ပြီး မူးမေ့လဲအောင် လုပ်နိုင်တာကြောင့် လင်းဟန်က သမိုင်းတစ်လျှောက်မှာ ပထမဆုံးလူအဖြစ်

မှတ်တမ်းရေးထိုးနိုင်ခဲ့တယ်လို့ ဆိုရပါမယ်။

လင်းဟန်က အသာအယာ ပြုံးလိုက်ပြီးတော့ သူရဲ့အကြည့်တွေကို ဖန်းယန်ဘက်ကို ပေ့ကြည့်လိုက်ပြီးတော့ ခြေလှမ်းကျဲကျဲနဲ့ လျှောက်သွားလိုက်ပါတယ်။

"ငါကမင်းကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ပေမဲ့ အခုငါရောက်လာခဲ့ပြီဆိုတော့ မင်းကို ကောင်းကောင်းကြီး ဂရုစိုက်ပေးရမှာပေါ့"

ဖန်းယန်ရဲ့ နှုတ်ခမ်းတွေ တုန်နေတာကို ကြည့်ခြင်းဖြင့် သူ့အနေနဲ့ စကားပြောဖို့ကို ခက်ခက်ခဲခဲ ကြိုးစားနေရမှန်း သိသာပါတယ်။ လင်းဟန်က ဖန်းယန်ကို ကောက်ကိုင်လိုက်ပြီးတော့ နတ်ဘုရား အရိုးစု အလောင်းရုပ်ကြွင်းရဲ့ အပေးကို ခေါ်လာခဲ့ပါတယ်။

"လင်းဟန်။ မင်းက မင်းရဲ့ အဆက်အသွယ်တွေကို အသုံးပြုပြီးတော့ တခြားသူတွေကို အနိုင်ကျင့်ပြီး အသာစီးယူတယ်။ မင်းက သူရဲကောင်းတစ်ယောက်မှ ဟုတ်ရဲ့လား"

ဖန်းယန်က လှောင်ပြောင်လိုက်ပါတယ်။

လင်းဟန်က အံ့အားသင့်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နားတွေကပဲ ပြဿနာရှိနေတာလား။ မင်းကတကယ်ပဲ ဒီလိုမျိုး အခြေအမြစ်နဲ့ ပြောတယ်ပေါ့။ မင်းမိုးရေနိုင်ငံမှာ ရှိတဲ့အချိန်တုန်းက ငါ့ကိုလူပုံအလယ်မှာ သတ်ဖြတ်ဖို့အတွက် မင်းမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ဆရာတစ်ယောက် ရှိတာကို အခွင့်ကောင်း မယူခဲ့ဘူးလား။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာ တစ်ခုကို ယူပြီးတော့ အကြောင်းမဲ့ အမိန့်တစ်ခုလို ပုံဖမ်းပြီးတော့ ထိန်းမနိုင်သိမ်းမရ စိတ်ကြိုက်လုပ်ခဲ့တာ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် အဲဒါတွေ အားလုံးက ငါ့ရဲ့ကိုယ်ပိုင် စွမ်းအားကို အခြေခံထားခဲ့တာပါ။ ဒါက ဘယ်လိုလုပ် အဆက်အသွယ်ရဲ့ အသာစီးမှုကို ရယူထားတာ ဖြစ်နိုင်မှာလဲ"

"ဖန်းယန် မင်းကတကယ့်ကို နိမ့်ကျတာပဲ"

ဒီစကားလုံးတွေက ဖန်းယန်ရဲ့ မျက်နှစ်တစ်ခုလုံးကို နီရဲသွားစေခဲ့ပါတယ်။ အဲဒီအချိန်တုန်းက သူ့ကိုယ်သူ

အားကျကျေနပ်နေခဲ့ပြီး မိုးရေဇကရာဇ်ကိုတောင်မှ ဂရုမစိုက်ခဲ့ပါဘူး။ အဆုံးမှာတော့ သူလျစ်လျူရှုထားတဲ့ မိုးရေဇကရာဇ်ကပဲ ဆောင်းလဂိုဏ်းက လွှတ်လိုက်တဲ့ ပန်းဖူးအဆင့် စစ်သည်တော်ကို အံ့အားသင့်စရာကောင်းတဲ့ ခွန်အားနဲ့ တိုက်ခိုက်နှင်ထုတ်ပစ်ခဲ့ပါတယ်။

တကယ်လို့ အဲဒီအချိန်တုန်းက သူရဲ့အပြုအမူကို နိမ့်ချထားမယ်ဆိုရင် မိုးရေဇကရာဇ်က ဂင်ရောက်စွက်ဖက်လိမ့်မှာ မဟုတ်ပါဘူး။

ကံမကောင်းတာက ဒီအရာတွေ အားလုံးကို ပြန်ပြီးတော့ ပြင်ဆင်လို့ မရတော့ပါဘူး။

"လင်းဟန် တကယ်လို့ မင်းသတ္တိရှိတယ်ဆိုရင် ငါ့ကို အချိန်သုံးနှစ်ပေးမလား။ ငါပန်းဖူးအဆင့်ကို ရောက်တဲ့အထိ စောင့်ပြီးတော့ နောက်တစ်ကြိမ် တိုက်ခိုက်ရအောင်"

ဖန်းယန်က တည်တည်ကြည်ကြည်နဲ့ မကြောက်မရွံ့ ပြောလိုက်ပါတယ်။ သူ့မှာ ရှေးဟောင်း နတ်ဘုရား သားရဲတစ်ကောင်ရဲ့ သွေးမျိုးဆက်တစ်ခု ပိုင်ဆိုင်ထားပြီးတော့ သူရဲ့ကျင့်ကြံခြင်း အရှိန်အဟုန်ကလည်း အံ့အားသင့်စရာ

ကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။

"ဉာဏ်နည်းလိုက်တာ"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းရဲ့အစ်ကို ငါက အလယ်ပိုင်းဒေသကို သွားကစားတော့မှာမို့ အချိန်အများကြီး မရှိဘူး။ မင်းအတွက် ဘာဖြစ်လို့ သုံးနှစ်တောင် စောင့်ရမှာလဲ။ အဲဒီအချိန်ကျရင် မင်းရဲ့ ခန္ဓာကိုယ်ကို မြုပ်နှံထားတဲ့ ဂူသချိုင်းပေါ်က မြက်ပင်တောင်မှ တော်တော်လေးကို ရှည်နေလောက်ပြီ"

"မင်း မင်း တကယ်ပဲ ငါ့ကို သတ်ချင်နေတာလား။ ဒါက ဆောင်းလဂိုဏ်းနော်"

ဖန်းယန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

"မင်းက မင်းကိုယ်မင်း အထင်ကြီးလွန်းနေပြီ။ တကယ်လို့ ငါကမင်းကို သတ်လိုက်မယ်ဆိုရင်ရော ဘာဖြစ်မှာလဲ။ ငါ့ကို ဘာမှမဖြစ်စေဘူးလို့ ငါအာမခံတယ်"

လင်းဟန်က ဖန်းယန်ရဲ့ မျက်နှာကို ပုတ်ပြီးတော့

ပြောလိုက်ပါတယ်။

"နောက်ဆုံးအနေနဲ့ မင်းပြောချင်တဲ့ စကားရှိလား။ ငါတို့နှစ်ယောက်လုံးက မိုးရေနိုင်ငံက လာခဲ့ကြတာဆိုတော့ မင်းအတွက် ငါအကောင်းဆုံး ဖြစ်အောင်လို့ ကြိုးစားပေးပါမယ်"

"မင်းငါ့ကို သတ်လို့မရနိုင်ဘူး။ ငါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တပည့်ပဲ"

ဖန်းယန်က ရုတ်တရက်ဆိုသလို နှလုံးတွေ ကွဲထွက်မတတ် အော်ဟစ်လိုက်ပါတယ်။

"ဆရာ ကျနော့်ကို ကယ်ပါ။ ကျနော့်ကို ကယ်ပါဦး"

"အော်စမ်း။ မင်းရဲ့ လည်ချောင်း ကွဲထွက်တဲ့အထိ အော်လိုက်စမ်းပါ။ ဘယ်သူကမှ မင်းကို ကယ်ဖို့ လာလိမ့်မှာ မဟုတ်ဘူး"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်လင်း မင်းငါ့ကို မျက်နှာသာ

နည်းနည်းလောက "ပေးပြီးတော့ ဒီတပည့်လေးကို လွှတ်ပေးလို့ ရမလား"

အဲဒီအချိန်မှာ အဝေးကနေ အသံတစ်ခု ထွက်ပေါ်လာပြီးတော့ အဖြူရောင် မျက်ခုံးမွှေးရှည်နဲ့ အဘိုးကြီးတစ်ယောက်က လေထဲမှာ ရပ်နေတာကို မြင်တွေ့နိုင်ပါတယ်။ သူရဲ့ခန္ဓာကိုယ်က တောင့်တင်းကြံ့ခိုင်ပြီးတော့ အဖြူရောင် ဂတ်စုံကို ဂတ်ဆင်ထားပြီး ကောင်းကင်တန်ခိုးရှင် တစ်ယောက်နဲ့ အရမ်းကို တူညီပါတယ်။

အဲဒီအဘိုးကြီးကတော့ ဖန်းယန်ရဲ့ ဆရာလည်းဖြစ်တဲ့ ဆောင်းလဂိုဏ်းရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်သူ ရှီဟဲချွမ်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ကျုပ်က ဘာကြောင့် ခင်ဗျားကို မျက်နှာသာ ပေးရမှာလဲ။ ခင်ဗျားကရော ဘယ်သူလဲ"

လပြွတ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ သူကဒီလိုမျိုး

ပြောဆိုပုံ့တာလဲ။

လူတိုင်းလူတိုင်း အရင်ဆုံး ထိတ်လန့်သွားခဲ့ပါတယ်။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်တော့ လင်းဟန်က တကယ်ပဲ မှန်ကန်ပါတယ်။

တကယ်လို့ မြောက်ပိုင်းဒေသရဲ့ သိုင်းပညာ အဆင့်အတန်းက အလယ်ပိုင်းဒေသနဲ့ မကွဲပြား မခြားနားခဲ့ဘူးဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေကို ရှိရှိကျိုးကျိုး ဆက်ဆံရပါလိမ့်မယ်။ ဒါကြောင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကိုတောင်မှ မျက်နှာသာ ဘယ်လိုလုပ် ပေးနိုင်မှာလဲ။ ဒါပေမဲ့လည်း တကယ်တမ်းတော့ ဒါက မြောက်ပိုင်းဒေသဖြစ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက အားလုံးရဲ့ အထက်မှာရှိပြီး ပြိုင်ဘက်ကင်းကြပါတယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို အခုလိုမျိုး ကြိမ်းမောင်းပြောဆိုတာက တကယ်ပဲ ဉာဏ်ရှိတာမှ ဟုတ်ရဲ့လား။

ရှီဟဲချွမ်ရဲ့ မျက်နှာက ချက်ချင်းပဲ ရှုံ့မဲ့သွားပြီးတော့

သူတော်စင်တစ်ယောက်နဲ့တူတဲ့ သူရဲ့အမူအရာ တည်ရှိမှုတွေက ရုတ်ချည်းဆိုသလို ပျောက်ကွယ်သွားခဲ့ပါတယ်။ သူက လင်းဟန်ကို ခြိမ်းခြောက်တဲ့ပုံစံနဲ့ လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ဂျူနီယာလေး။ မင်းက ငါအဘိုးကြီး တပည့်ရဲ့ ခေါင်းပေါ်က ဆံပင်မွှေးတစ်ချောင်းကို ထိပ့ံတယ် ဆိုရင် ဒီအဘိုးကြီးက မင်းကို အရှင်လတ်လတ် အရေခွံဆုတ်ပစ်ရလိမ့်မယ်"

"ကျုပ်က ခင်ဗျားနဲ့ ပူးပေါင်းပြီးတော့ ကြောက်ရွံထိတ်လန့်သလိုမျိုး ဟန်ဆောင်ပြသင့်လား"

လင်းဟန်က လှောင်ပြုံးပြုံးလိုက်ပါတယ်။

"စိတ်မကောင်းစရာပဲ။ ခင်ဗျားက နှစ်တွေအရမ်းကြာအောင် အသက်ရှင်ခဲ့ပြီးပြီဆိုပေမဲ့ ခင်ဗျားက ကျုပ်ရဲ့ ရိုသေလေးစားမှုနဲ့ မထိုက်တန်ဘူး။ တကယ်လို့ ခင်ဗျားက သူ့ကိုကယ်ချင်တယ် ဆိုရင်လည်း လာခဲ့လေ။ ကျုပ်က ခင်ဗျားကိုလည်း သတ်ပစ်ရလိမ့်မယ်။ ခွေးအိုကြီး"

ရှီဟဲချွမ်က ကောင်းကင်ပေါ်ကနေ ဒေါသတကြီးနဲ့

အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ နတ်ဘုရား တစ်ပါးရဲ့ အရိုးစု ရုပ်ကလာပ်ရဲ့ ဖိနှိပ်မှုနဲ့ဆိုတော့ သူ့အနေနဲ့ တကယ်ဆိုရင် အနားကို မကပ်ပုံ့ပါဘူး။ သူလည်းပဲ တခြားသူတွေလိုပဲ ဒီအဆင့်လွန် တည်ရှိမှုရဲ့ ဖိနှိပ်မှုကြောင့် လှုပ်ရှားနိုင်စွမ်း မရှိပါဘူး။

လင်းဟန်က ဖန်းယန်ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်လိုက်စမ်းပါဦး။ မင်းရဲ့ ဆရာမှာတောင်မှ နည်းလမ်းမရှိဘူး။ မင်းရဲ့ ကံကြမ္မာကို လက်ခံလိုက်တာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

Chapter 510 end

အပိုင်း(၅၁၁) ထွက်ပြေးလွတ်မြောက်ခြင်း

"မဟုတ်ဘူး မဟုတ်ဘူး"

ဖန်းယန်က အော်ဟစ်လိုက်ပါတယ်။ သူ့အနေနဲ့ မသေချင်သေးပါဘူး။ သူကအခုမသေနိုင်ပါဘူး။

သူ့မှာ နတ်ဘုရားသားရဲ့တစ်ကောင်ရဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားပြီးတော့ အနာဂတ်မှာ စကြာဝဠာ

ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ဖြစ်လာဖို့ အခွင့်အရေးတစ်ခု ရှိပါတယ်။ နောက်ပြီးတော့ သူရဲ့ညီသေဆုံးမှုအတွက် လက်စားမချေရသေးသလို သူရဲ့ခြေထောက် ဆုံးရှုံးမှုရဲ့ အမုန်းတရားကိုလည်း မတုံ့ပြန်ရသေးပါဘူး။ သူ့ရန်သူဖြစ်သူရဲ့ လက်ထဲမှာ တကယ်ပဲ သေရတော့မှာလား။

လက်မခံနိုင်ဘူး။ သူလုံးဝကို လက်မခံနိုင်ပါဘူး။

"မှန်တာပေါ့ ဒါကို ဘယ်လိုလုပ် ကျေနပ်လိမ့်မှာလဲ"

လင်းဟန်က ပြောလိုက်ပါတယ်။""

"မင်းလူတွေကို အရှက်မရှိ သတ်ပြီးတော့ ဒဏ်ရာရအောင် လုပ်ခဲ့တုန်းက မင်းအနိုင်ကျင့်ခဲ့တဲ့ လူတွေက ဘယ်လိုမျိုး ခံစားရတယ် ဆိုတာကို မင်းစဉ်းစားမိခဲ့ရဲ့လား။ ဒါဆို အခုလည်း မင်းလုပ်ခဲ့သလိုမျိုးပဲ။ မင်းကို အပြစ်ပေးနိုင်တဲ့ တစ်စုံတစ်ယောက်က အမြဲတမ်းလိုလို ရှိနေလိမ့်မယ်"

"ပြီးတော့ မင်းကင့်ါနဲ့ ကြုံတွေ့ရတာ အရမ်းကို ကံဆိုးတာပဲ"

"နောက်ဘဝကျရင်တော့ လူကောင်းတစ်ယောက်

ဖြစ်ပါစေကွာ။ ဘာပဲဖြစ်ဖြစ် ဒီဘဂက မင်းရဲ့ အပြုအမူတွေကြောင့် မင်းကယောက်ျားတစ်ယောက် ဖြစ်ချင်သေးလား။ မင်းရဲ့အပြစ်တွေ အတွက် မစင်တွေစားတဲ့ ဂက်တစ်ကောင် ဖြစ်တာက ပိုပြီးတော့ ကောင်းလိမ့်မယ်”

လင်းဟန်က ဖန်းယန်ရဲ့ ခေါင်းတစ်ခုလုံးကို ပြင်းပြင်းထန်ထန် ဆောင့်နင်းချလိုက်ပြီး ချက်ချင်းဆိုသလို ဖန်းယန်ရဲ့ခေါင်းက မြေကြီးထဲကို နစ်ဝင်သွားပြီးတော့ သူရဲ့ခြေလက်တွေက တခဏမျှ အကြောဆွဲပြီးတော့ မကြာခင်မှာ ပြုတ်ကျသွားခဲ့ပါတယ်။

ဖန်းယန် သေသွားခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။

“လင်းဟန် လင်းဟန် လင်းဟန်”

ရှီဟဲချွမ်က ကောင်းကင်ပေါ်ကနေ ဒေါသတကြီးနဲ့ အော်ဟစ်နေပြီးတော့ ဒေါသတွေ ပြည့်နှက်နေတဲ့ အကြည့်တွေနဲ့ စိန်းစိန်းဂါးဂါးကို ကြည့်နေပါတယ်။ သူတကယ်ပဲ အရမ်းကို ဒေါသထွက်နေပါပြီ။

“တကယ်လို့ ခင်ဗျားမှာ သတ္တိတွေရှိနေတယ်ဆိုရင်

လာခဲ့လေ။ ဒီအရှင်သခင်က ခင်ဗျားနဲ့အတူ အချိုးသုံးရာလောက် တိုက်ခိုက်ရမှာပေါ့”

လင်းဟန်က စိန်ခေါ်လိုက်ပါတယ်။

ရှီဟဲချွမ်က စိန်ခေါ်မှုကို လက်ခံဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူပြေးသွားလိုက်တာနဲ့ နတ်ဘုရား အရိုးစု ရုပ်ကလာပ်ရဲ့ ဖိနှိပ်မှုကို ခံရပါလိမ့်မယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ မင်းတို့ကောင်တွေ ဒီနေရာကို မလာဘူးဆိုရင် ဒီအရှင်သခင် ပြန်တော့မယ်။ နောက်ပြီးတော့ မင်းတို့ကောင်တွေ ဒါကို ကောင်းကောင်းစဉ်းစားထား။ တကယ်လို့ ဒီအရှင်သခင်ရဲ့ အနောက်ကနေ လိုက်ဖမ်းချင်တယ်ဆိုရင် မင်းတို့အသက်တွေ ထွက်သွားအောင် ငါလုပ်ပေးရလိမ့်မယ်”

သူက အပြတ်အသတ် အနိုင်ရသွားပြီး သူရဲ့လက်ကို ဝှေ့ယမ်းပြီးတော့ နတ်ဘုရား အရိုးစု ရုပ်အလောင်းကို အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့

အကြောင်နာမဲ့တဲ့ စိတ်စွမ်းအားလှိုင်းက ချက်ချင်းဆိုသလို သူရဲ့အသိဉာဏ်ထဲကို တစ်ဟုန်ထိုး ဝင်ရောက်လာပြီး သူ့ကိုသွေးအန်ထွက်လုမတတ် ဖြစ်သွားခဲ့ပါတယ်။

သူက နတ်ဘုရား ရုပ်အလောင်းရဲ့ တည်ရှိမှုအောက်မှာ လွတ်လွတ်လပ်လပ်နဲ့ လှုပ်ရှားနိုင်ပါတယ်။ ဒါပေမဲ့ နတ်ဘုရားရဲ့ အရိုးစု အကြွင်းအကျန်ကို ထိတာကတော့ တခြားကိစ္စ ဖြစ်သွားပါပြီ။

လင်းဟန်က အရမ်းကို ခက်ခက်ခဲခဲနဲ့ ခုခံလိုက်ရပြီးတော့ တခြားသူတွေကို တစွန်းတစ်စတောင် မြင်တွေ့ခွင့် မပြုခဲ့ပါဘူး။

"တကယ်လို့ မင်းတို့တွေက ဒီအရှင်သခင်ကို လိုက်ဖမ်းချင်တယ်ဆိုရင် ဒါကိုပါ ခေါ်လာခဲ့"

လင်းဟန်က ပြန်သတိရလာပြီဖြစ်တဲ့ အောင်းဖန်ကို နောက်တစ်ကြိမ် ကြည့်လိုက်ပါတယ်။

"ခင်ဗျား မသေစေနဲ့။ ခင်ဗျားရဲ့အသက်ကို ကျုပ်အဖေကိုယ်တိုင် နတ်ယူဖို့ ချန်ထားရ လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျုပ်အဖေက နောင်တတွေ

တပွေ့တပိုက်နဲ့ ကျန်နေရလိမ့်မယ်"

အောင်းဖန်က လင်းဟန်ကို လက်ခလယ် ထောင်ပြပြီးတော့ ကျိန်ဆဲပစ်လိုက် ချင်ပါတယ်။ ဒါပေမဲ့ သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး အေးစက်စက်ချွေးတွေနဲ့ ဖြစ်နေပြီးတော့ သူ့မှာအားလုံး၇ မရှိပါဘူး။ ဒါကြောင့် သူရဲ့လက်ချောင်းကိုတောင်မှ မြှောက်ပြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန်က တောင်ပေါ်ကနေ ခြေလှမ်းကျဲတွေနဲ့ ဆင်းလာခဲ့ပါတယ်။ ကောင်းကင်ပေါ်မှာတော့ နတ်ဘုရားအာရုံ ကိုးခုက သူ့အပေါ်မှာ မကြာခဏ ချုပ်ထားခဲ့ပါတယ်။ အဲဒီထဲက ရှစ်ခုမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်နေပြီး တစ်ခုမှာတော့ ဖော်ရွေမှု တစ်စွန်းတစ်စ ရှိနေပါတယ်။

ဒါကသေချာပေါက် ယွဲ့မိသားစုရဲ့ အကြီးအကဲ ဖြစ်ပါလိမ့်မယ်။

အကြောင်းက သူကပိုပြီးတော့ ယုတ်မာရိုင်းစိုင်းပြလေ ယွဲ့မိသားစုရဲ့ အကြီးအကဲက ပိုပြီးတော့ ပျော်ရွှင်ကျေနပ်လေ ဖြစ်ပါလိမ့်မယ်။ သူရဲ့မျိုးရိုးနာမည်က ယွဲ့မဟုတ်ပေမဲ့လည်း

သူက ယွဲ့မိသားစုရဲ့ မျိုးဆက်ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တခြားစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ရှစ်ယောက်ကလည်း မတိုက်ခိုက်ပါဘူး။ ဖြစ်နိုင်တာက နတ်ဘုရားရဲ့ အရိုးစု ရုပ်အကြွင်းအကျန်ကို စိတ်စတိုးစနောင့် ဖြစ်နေကြပုံ ရပါတယ်။ ဒါမှမဟုတ် သူတို့က လင်းဟာန်ကို သတိလက်လွတ်ဖြစ်မဲ့ အချိန်ကို စောင့်ပြီးမှ ရုတ်တရက် အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှုတစ်ခုကို ပြုလုပ်ပြီးတော့ သူ့ကို သတ်ပစ်ပါလိမ့်မယ်။

ဒါအပြင် တကယ်လို့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က ဆောင်းလဂိုဏ်းမှာ သေသွားခဲ့မယ် ဆိုရင်တော့ သူတို့အနေနဲ့ အရမ်းကို ပြဿနာတက်သွားစေမဲ့ ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟာန်ကို တော်တော်ဝေးတဲ့ နေရာကို ရောက်တဲ့အထိ စောင့်ပြီးမှ တိုက်ခိုက်ချင်နေတယ် ဆိုတာလည်း သိသာထင်ရှားပါတယ်။

"လင်းဟာန် လင်းဟာန်"

ယွဲ့ခိုင်ယုက လျှင်မြန်စွာနဲ့ ပြေးလာပါတယ်။ လျှို့ပုက်ဆန်းကြယ် နယ်မြေကနေ ထွက်လာပြီးတဲ့ နောက်မှာတော့ သူက ဆောင်းလဂိုဏ်းကို တန်းပြီးတော့

ပြန်လာခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်ထက် ရက်တော်တော်များများ စောပြီးတော့ ရောက်နေတယ်ဆိုတာ သိသာပါတယ်။

"အစ်ကိုယွဲ့"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

"ဆရာသခင်ဟန်"

"ဘုန်း"

ယွဲ့ခိုင်ယုက ပြေးလာပြီးတော့ လင်းဟန်ကို ရင်ဘတ်ချင်း တိုက်လိုက်ပါတယ်။

"မင်းတော်တော်ဆိုးတဲ့ကောင်ပဲ။ ငါကမင်းရဲ့ ဂမ်းကွဲအစ်ကိုဆိုတာကို မင်းသိနေရဲ့သားနဲ့ ငါ့က မင်းကို ဆရာသခင်ဟန်လို့ ခေါ်နေရအောင် လုပ်နေသေးတယ်။ ဆရာသခင်ဟန်။ ငါ့ရဲ့အဒေါ်ကို ထွက်ခိုင်းပြီးတော့ မှားလား မှန်လားဆိုတာကို စီရင်ချက် ချခိုင်းရမယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့

ပြောလိုက်ပါတယ်။

"ပြောစမ်းပါဦး။ အစ်ကိုဂမ်းကွဲ ငါတို့တွေ အလောင်းအစားတစ်ခု လုပ်ထားတာကို မင်းမှတ်မိသေးလား။ မင်းငါ့ဒါအပေါ်မှာ အကြွေးတစ်ခု တင်နေသေးတယ် မဟုတ်လား"

"ဒီလိုမျိုး အလောင်းအစား တစ်ခုကို ဘယ်တုန်းက ငါတို့လုပ်ခဲ့တာလဲ"

ယွဲ့ခိုင်ယုက ဘာပြောရမှန်း မသိအောင်လို့ ကြောင်သွားခဲ့ပါတယ်။

လင်းဟန်က တံဆိပ်ပြားတစ်ခုကို ထုတ်ပြီးတော့ ယွဲ့ခိုင်ယုကို ပစ်ပေးလိုက်ပါတယ်။

"ဟန်လင်း"

ယွဲ့ခိုင်ယုက တံဆိပ်ပြားကို လက်ခံပြီးတော့ အဲ့အပေါ်က နာမည်ကို ဖတ်ပြီးတော့မှ နောက်ဆုံးတော့ လင်းဟန်ဘာကို ပြောတာလဲဆိုတာကို တိတိကျကျ သိသွားခဲ့ပါတယ်။ လင်းဟန်။ သူတို့တွေ သွမ့်ကျန်းရှီရဲ့

မြေအောက်သချိုင်းထဲကို ဂင်တဲ့အခါတုန်းက လင်းဟန်က သူနဲ့အတူ အလောင်းအစားတစ်ခု လုပ်ခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ အချိန်တစ်ခု အတွင်းမှာ လင်းဟန်က အလောင်းကောင် စစ်သားတွေကို အဆုံးသတ်စေခဲ့ပြီး သိသိသာသာကို သူရှုံးသွားခဲ့ပါတယ်။

ဒါဆိုရင် ဒီကောင်က ဒါကိုလည်း ကြိုတင်ပြင်ဆင်ထားခဲ့တာပေါ့။

"မင်းက အရမ်းကို လည်တာပဲ"

ယွဲ့ခိုင်ယုက ဆန်းစစ်ဝေဖန်လိုက်ပါတယ်။ နောက်ဆုံးတော့ ဘာကြောင့် ဟန်လင်းက သူ့ကို စိတ်ဂိညာဉ် ထိန်းသိမ်းခြင်း ဆေးလုံးတွေကို ငတုံးတစ်ယောက်လိုမျိုး ရက်ရက်ရောရောနဲ့ လက်ဆောင်ပေးလဲ ဆိုတာကို နားလည်သဘောပေါက်သွားပါတယ်။ တကယ်တော့ အဖြေတွေ အားလုံးက ထွက်ပေါ်လာခဲ့ပါပြီ။ သူလည်းပဲ လင်းဟန်ကို ရက်တက်တက် ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ပိုင်းကျရင် ငါမင်းကို လာတွေ့ပါမယ်။ အခုတော့ မင်းရဲ့ခေါင်းကို အရင်ဆုံး ပြန်လှည့်လိုက်ပါ။ ယုတ်မာတဲ့ အဘိုးကြီးတွေက ရုတ်တရက် တိုက်ခိုက်ပြီးတော့ မင်းကိုပါ ဆွဲသွင်းနေမှာကို ငါကြောက်တယ်"

"မင်းအဲဒါကို တားနိုင်သလား"

ယွဲ့ခိုင်ယုက လေးလေးနက်နက် မေးလိုက်ပါတယ်။

"ကိစ္စမရှိဘူး"

လင်းဟန်က ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

ယွဲ့ခိုင်ယုက ခေါင်းညိတ်လိုက်ပါတယ်။ သူက လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခု အထဲမှာ လင်းဟန်ရဲ့ ဘေးကနေ တိုက်ခိုက်လာခဲ့ပြီး လင်းဟန်ကို အရမ်းယုံကြည် နေခဲ့ပါတယ်။ လင်းဟန်က ပြဿနာ မရှိဘူးလို့ ပြောနေမှတော့ သေချာပေါက် ပြဿနာ လုံးဝရှိလိမ့်မှာ မဟုတ်ပါဘူး။

"ကောင်းပြီလေ။ မှတ်ထားနော်။ မင်းငါ့ရဲ့ အဒေါ်နဲ့ ဦးလေးကို ခေါ်ပြီးတော့ ငါ့ဆီကို လာလည်ရမယ်"

သူက နောက်တစ်ကြိမ် သတိပေးလိုက်ပါတယ်။

"ရပြီ ရပြီ။ ဘာဖြစ်လို့ မင်းက အဘွားအိုကြီး တစ်ယောက်နဲ့ တူနေရတာလဲ"

လင်းဟန်က သူရဲ့လက်ကို ပွေ့ယမ်းလိုက်ပြီးတော့ သူ့ကို ပလပ်လိုက်ပါတယ်။

"မင်းကပဲ အဘွားအိုကြီး"

ယွဲ့ခိုင်ယုက ပြန်ချေပလိုက်ပြီးတော့ လင်းဟန်ကို လက်ပွေ့ယမ်းပြပြီးတော့ လှည့်ထွက်သွား လိုက်ပါတယ်။

လင်းဟန်ကလည်း သူရဲ့လက်ကို ပွေ့ယမ်း နှုတ်ဆက်ပြီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်ခွာလာခဲ့ပါတယ်။

သူရဲ့စိတ်ဂိညာဉ်က အကန့်အသတ်ကို မြင့်တက်လာခဲ့ပါပြီ။ သူက အနည်းငယ် ကမန်းကတန်း ထွက်လာသလို ခံစားရပါတယ်။ တခြားသူတွေ အခုချိန်မှာ ဘာတွေစဉ်းစားနေလဲဆိုတာကို ကြောက်မနေပဲ

အနက်ရောင် မျှော်စင်ထဲကို ချက်ချင်းပဲ ဝင်သွားလို့ ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နတ်ဘုရားရဲ့ ရတနာသိုက် သတင်းက ပျံ့နှံ့သွားတယ် ဆိုမှတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ သူ့ကိုတိုက်ခိုက်နိုင်ချေ ရှိပါတယ်။ ဒါကြောင့် တကယ်ဆိုရင် အခုဘာကိုကြောက်နေစရာ လိုဦးမှာလဲ။

စဉ်းစားကြည့်မယ်ဆိုရင် အရင်တုန်းက ခနေရာသီနန်းတော်ကို ဖွင့်ခဲ့တဲ့ တစ်စုံတစ်ယောက်က မရှိတော့ဘူးလား။ ဘာဖြစ်လို့ သော့က ကျန်းမိသားစုရဲ့ လက်ထဲမှာ ရောက်နေရတာလဲ။ အဲဒီလူက အသတ်ခံလိုက်ရတယ်ဆိုတာ သိသာထင်ရှားပါတယ်။

နေ့တစ်ဝက်ခန့် ကြာပြီးတဲ့နောက်မှာ သူက ဆောင်းလဂိုဏ်းနဲ့ အတော်လေး ဝေးတဲ့နေရာကို ရောက်လာခဲ့ပြီး သူ့အနောက်က လိုက်လာတဲ့ လူရှစ်ယောက်ကလည်း မကြာခင်မှာ တိုက်ခိုက်သင့်ပါပြီ။

လင်းဟန်က ပြုံးပြီးတော့ ကြီးမားတဲ့ မြစ်ကြီးတစ်စင်းရဲ့ အထဲကို ခုန်ချလိုက်ပါတယ်။ ပုန်း။ ရေတွေက နေရာအနှံ့ကို လွင့်စဉ်သွားပါတယ်။ ဒါပေမဲ့ သူက ရေစီးနဲ့အတူ မျောမသွားပဲ အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့

ဂင်လိုက်ပါတယ်။

ရှွစ် ရှွစ် ရှွစ် ရှွစ်။

ကောင်းကင်ပေါ်ကနေ ပုံရိပ်ကိုးခုက ဆင်းသက်လာခဲ့ပါတယ်။ အားလုံးကိုယ်စီကို ကြည့်ရတာ အုံ့အားသင့်နေပုံ ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က လင်းဟန်ရဲ့ အငွေ့အသက်ကို မခံစားရတော့ပါဘူး။ ဒါပေမဲ့လည်း အဘိုးကြီးတစ်ယောက်ကတော့ အံ့အားသင့်နေသလို ကျေနပ်ပီတိဖြစ်တဲ့ အပြုံးတစ်ခုလည်း သူ့ရဲ့နှုတ်ခမ်းထောင့်မှာ တွဲလွဲခိုနေပါတယ်။

အဲဒီအဘိုးကြီးကတော့ ယွဲ့မိသားစုရဲ့ အကြီးအကဲဆိုတာ သိသာပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ သူပျောက်သွားရတာလဲ"

ရှီဟဲချွမ်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

"ဒီကောင်လေးမှာ သူရဲ့တည်ရှိမှုကို ကာကွယ်နိုင်တဲ့ အထူးလှည့်ဖျားခြင်း နည်းလမ်းတချို့ ရှိလိမ့်မယ်"

အောင်းမိသားစုရဲ့ အကြီးအကဲက ထင်ကြေးပေးလိုက်ပါတယ်။ သူရဲ့အကြည့်တွေက အရမ်းကို အန္တရာယ်ရှိနိုင်ပါတယ်။ သူရဲ့မျိုးဆက်ထဲက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို အဆင့်တက်ဖို့ ဖြစ်နိုင်ချေ အများဆုံးရှိတဲ့ အောင်းဖန်က သူရဲ့စိတ်ဂိညာဉ် အခြေခံ မသန်မစွမ်း ဖြစ်သွားခဲ့ပါပြီ။

"လူစုခွဲပြီးတော့ လိုက်ဖမ်းကြမယ်"

လူကိုးယောက်က ချက်ချင်းပဲ လူစုခွဲပြီးတော့ လှုပ်ရှားလိုက်ပါတယ်။ ယွဲ့မိသားစုရဲ့ အကြီးအကဲမှာ တခြားအစီအစဉ်တွေ ရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။ တကယ်လို့ သူက လင်းဟန်နဲ့ ကြုံတွေ့ခဲ့မယ်ဆိုရင် လင်းဟန်ကို သူ့အနေနဲ့ မဖမ်းဆီးပဲနဲ့ သူနဲ့အတူ အဂေးကိုခေါ်သွားဖို့လည်း စဉ်းစားထားပါတယ်။

ဒါပေမဲ့လည်း အနက်ရောင်မျှော်စင်က အမှုန်လေးတစ်ခုအဖြစ် ပြောင်းလဲပြီးတော့ ရေစီးကြောင်းနဲ့ အဂေးကို အလျင်အမြန် မျောပါသွားလိမ့်မယ်ဆိုတာကို သူတို့တွေလုံးဝ မသိခဲ့ပါဘူး။ ဒီမြစ်က နောက်ဆုံးမှာ ပင်လယ်ထဲကို ပြန်ရောက်သွားပြီး မြောက်ပိုင်းအစွန်းအဖျားရဲ့ ထွက်ပေါက် ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကြီး ဂရုစိုက် မနေပါဘူး။ သူကအနက်ရောင် မျှော်စင်ထဲကို ဝင်လာခဲ့ပြီး သူရဲ့မိခင်နဲ့ ပြန်လည်ဆုံးစည်းခဲ့ပါတယ်။

"သား"

လင်းဟန်ကို တွေ့လိုက်တာနဲ့ ငိုနေတာ ရပ်နေတဲ့ ယွဲ့ပောင်ချန်က နောက်တစ်ကြိမ် ငိုပြီးတော့ မျက်ရည်တွေ စီးကျလာပြီး လင်းဟန်ကို ဘယ်ကိုမှ ထွက်မသွားအောင် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါတယ်။ သူမက ဆယ့်ရှစ်နှစ်တောင် စောင့်ခဲ့ရပြီး ဒီဘဝမှာ သူမရဲ့ မိသားစုနဲ့ ပြန်လည်ဆုံစည်းဖို့ အခွင့်အရေး ရှိလိမ့်မှာ မဟုတ်ဘူးလို့ ယူဆထားခဲ့ပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်က သူမကို မျက်နှာမလွှဲထားပါဘူး။ နောက်ဆုံးတော့ သူမရဲ့သားကို နောက်တစ်ကြိမ် ပြန်တွေ့ခွင့်ရခဲ့ပါပြီ။

လင်းဟန်လည်းပဲ စိတ်လှုပ်ရှား ခံစားနေရပါတယ်။ နောက်ဆုံးဒီဘဝမှာတော့ သူ့မှာ အဖေတစ်ယောက်နဲ့ အမေတစ်ယောက် ရှိပါပြီ။

Chapter 511 end

အပိုင်း(၅၁၂) တစ်ဦးတည်း သွားခြင်း

မိခင်နဲ့ သားဖြစ်သူတို့က အချိန်အတော်ကြာအောင် စကားတွေ ပြောနေကြပါတယ်။ အထူးသဖြင့် ယွဲ့ဟောင်ချန်က လင်းဟန်ကို ဒီနှစ်တွေမှာ ဘာတွေဖြစ်ပျက်ခဲ့တယ် ဆိုတာကို မေးနေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ကောင်းတာကိုပဲ ပြောပြီးတော့ မကောင်းတာကိုတော့ မပြောခဲ့ပါဘူး။ ပြီးတော့ သူမရဲ့ သားဖြစ်သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာတယ် ဆိုတာကို သိလိုက်ရတဲ့ အခါမှာ ယွဲ့ဟောင်ချန်က ပြောစရာ စကားမရှိအောင် အံ့အားသင့် သွားခဲ့ပါတယ်။ အောင်းဖန်နဲ့ တခြားလူတွေက လင်းဟန်ကို ဆရာသခင်လင်းလို့ ခေါ်နေတာကို အံ့သြစရာ မရှိတော့ပါဘူး။

နေ့တစ်ဝက်ခန့် စကားပြောဆိုပြီးတဲ့ နောက်မှာတော့ လင်းဟန်က သူ့မိခင်ကို ပြောလိုက်ပါတယ်။

"အမေ့ကို လူတချို့နဲ့ မိတ်ဆက်ပေးရဦးမယ်"

သူက ယွဲ့ဟောင်ချန်ကို ခေါ်လာပြီး လှိုင်ယုထန်နဲ့ တခြားလူတွေကို တွေ့ပေးလိုက်ပါတယ်။

"သခင်မကို တွေ့ရတာ ကျနော်တို့ ဂုဏ်ယူပါတယ်"

ကန်းရီ၊ ကျူးပုကျို့နဲ့ ကွမ်းယွမ်တို့က ဒူးတစ်ဖက်ထောက်ပြီးတော့ အရိုအသေပေး လိုက်ကြပါပြီး မိန်းကလေး သုံးယောက်ကတော့ သူမကို ချိုသာစွာနဲ့ အဒေါ်လို့ ခေါ်ကြပါတယ်။ ဟူးညိုကတော့ အတော်လေးကို ကမောက်ကမ ဖြစ်နေပြီး လက်ချောင်း တစ်ချောင်းကို ကိုက်နေပါတယ်။

ယွဲ့ဟောင်ချန်က ချက်ချင်းဆိုသလို သူမရဲ့ ပျော်ရွှင်မှုကို မထိန်းနိုင်အောင် ဖြစ်နေပါတယ်။ ဒီမိန်းကလေး သုံးယောက်စလုံးက ဆွဲဆောင်မှုလည်းရှိပြီး အထူးသဖြင့် ကျူးရွှမ်အာက အရမ်းကို ချောမောလှပပြီး သူမတောင်မှ ထိကိုင်ချင်မိပါတယ်။ သူမရဲ့ သားက တကယ်ပဲ ကံကောင်းပြီး ဒီလိုမျိုး ချောမောလှပတဲ့ ဇနီးမယားတွေကို ရှာဖွေနိုင်ပါတယ်။

ဒီမိန်းကလေး သုံးယောက်က တမင်သက်သက် မျက်နှာချိုသွေးနေကြတယ် ဆိုတာက သိသာပါတယ်။ ဒါက

သူမတို့ရဲ့ အနာဂတ် ယောက္ခမဖြစ်သူပါ။ တကယ်လို့ လင်းဟာန်က သူမတို့ကို စိတ်မဝင်စားဘူး ဆိုရင်တောင်မှ သူမတို့က ယောက္ခမဖြစ်သူရဲ့ နှလုံးသားကို ရယူသိမ်းသွင်းနိုင်ရင် လင်းဟာန်ရဲ့ ဇနီးမယား မဖြစ်လာဖို့ကို ကြောက်နေစရာ လိုဦးမှာလား။

"သား ဒါက မင်းရဲ့ သမီးလား"

ဟူးညိုကို ကြည့်ပြီးတော့ ယွဲ့ဟောင်ချန်က အတော်လေးကို မှင်တက်အံ့သြနေခဲ့ပါတယ်။ သူမရဲ့ သားဖြစ်သူက အရွယ်ရောက်ရုံပဲ ရှိသေးတာ ဖြစ်ပြီးတော့ သူ့မှာ အခုလိုမျိုး အသက်အရွယ်နဲ့ သမီးတစ်ယောက် ရှိနေပြီလား။

ဟူးညိုက သူမရဲ့ လက်တွေကို သူမရဲ့ တင်ပါးပေါ် ထောက်ပြီးတော့ အလေးအနက်နဲ့ ပြောလိုက်ပါတယ်။

"သေချာပေါက် လုံးဝကို မဟုတ်ဘူး။ ညိုးညိုးက လင်းဟာန်ရဲ့ မိန်းမပဲ"

ယွဲ့ဟောင်ချန်က ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။ ဒီမိန်းကလေးက ငယ်ငယ်လေး

ရှိသေးပြီးတော့ သူမသားရဲ့ ဇနီးဖြစ်ချင်တယ်လို့ ပြောနေပါတယ်။ သူမရဲ့သားက ဘယ်လောက်တောင် စောင့်ရမှာလဲ။ သူမကရော မြေးချီရဖို့အတွက် အချိန်တွေ ဘယ်လောက်တောင် စောင့်ရမှာလဲ။

ဒါပေမဲ့လည်း ဒီမိန်းကလေးငယ်လေးလည်း တကယ်ပဲ ဆွဲဆောင်မှုရှိပြီးတော့ လှပချောမောပြီး ချစ်စရာကောင်းပါတယ်။ သူမအရွယ်ရောက်တဲ့ အခါမှာ သူမရဲ့ ရုပ်ရည်က ကျူးရှွမ်အာထက် ဘယ်လိုမှ နိမ့်ကျစရာ အကြောင်း မရှိပါဘူး။

ဟီးဟီး။ အရွယ်ရောက်နေတဲ့ မိန်းကလေးတွေရော ငယ်ငယ်လေးကိုရော အားလုံးက အနာဂတ်မှာ လင်းမိသားစုရဲ့ လူတွေ ဖြစ်လာပါလိမ့်မယ်။

တကယ်လို့ လင်းဒေါင်ရှန်က လက်မခံပွဲဘူး ဆိုရင်တော့ ယွဲ့ပေါင်ချန်က သေချာပေါက် ခြင်္သေ့မ တစ်ကောင် အဖြစ်ကို ပြောင်းပြီးတော့ မျက်နှာထားတင်းတင်းနဲ့ ပြောရပါလိမ့်မယ်။ သူမရဲ့ သားအတွက်လည်း အတူတူပါပဲ။ မိန်းမတွေ အများကြီး ရှိတာက ပိုကောင်းပါတယ်။ ပြီးတော့ ဒီမိန်းကလေးတွေရဲ့ တင်ပါးတွေက ကားစွင့်ပြီး ကြီးမားတဲ့အတွက် သူမအတွက် မြေးတွေ အများကြီး

မွေးပေးနိုင်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က ဘာကိုမှ ဂရုမစိုက်ပဲ ဝင်ပြီးတော့ မစွက်ဖက်ပါဘူး။ ယွဲ့ဟောင်ချန်က လွီယုထန်နဲ့ တခြားမိန်းကလေး နှစ်ယောက်ကို ဆွဲခေါ်သွားပြီးတော့ မိသားစုတစ်ခုလိုမျိုး စကားတွေ ပြောဆိုနေကြပါတယ်။ ဟူးညိုကတော့ ဒီလိုမျိုး အခြေအနေနဲ့ လိုက်လျောညီထွေမှု မရှိပဲ အစားကိုပဲ နောက်ထပ်စားနေပါတယ်။ အနာဂတ် ယောက္ခမကြီးက သူမရဲ့ အရမ်းကို စားနိုင်စွမ်းကို ထိတ်လန့်သွားမှာကို မကြောက်ပါဘူး။

"ကန်းရီ မင်းရဲ့ သိုင်းပညာလမ်းကြောင်းက ငါ့ရဲ့ဘေးမှာ မဟုတ်ဘူး"

လင်းဟန်က ကန်းရီကို ခေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အနောက်ကို လိုက်နေရင် မင်းက အနာဂတ်မှာ ကျွမ်းကျင်သူ တစ်ယောက်ပဲ ဖြစ်လိမ့်မယ်။ မျိုးဆက်တစ်ခုရဲ့ ဆရာသခင်တစ်ယောက် ဖြစ်မှာမဟုတ်ဘူး"

သူက ခဏလောက် ရပ်ဆိုင်းပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ငါက မင်းကို ဆေးဘာဝါးလမ်းကြောင်းမှာ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာသခင်တစ်ယောက် ဖြစ်ဖို့မျှော်လင့်တယ်။ ဆေးဘာဝါတွေရဲ့ ကေရာဇ် တစ်ယောက်ပေါ့"

ကန်းရီရဲ့ အသက်ရှူသံတွေက ချက်ချင်းဆိုသလို လျင်မြန်လာခဲ့ပြီး လင်းဟာန်က သူ့ကို ဒီလိုမျိုး မြင့်မြင့်မားမား မျှော်လင့်ထားလိမ့်မယ်လို့ လုံးဝကို မထင်ထားခဲ့ပါဘူး။ သူက တစ်ခဏမျှ စဉ်းစားပြီး ဒူးတစ်ဖက်ကို ထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်ဟာန်ရဲ့ မျှော်လင့်ချက်တွေကို ကျနော် သေချာပေါက် စိတ်မပျက်စေရပါဘူး"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို အရင်းအမြစ် လုံလုံလောက်လောက် ပေးလိုက်မယ်။ ဒါပေမဲ့ အများဆုံး အဲဒါတွေက မင်းကို စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးထိပဲ ရောက်အောင်လို့ ပို့ပေးနိုင်မယ်။ ကျန်တဲ့ လမ်းကိုတော့ မင်းကိုယ်တိုင်ပဲ မင်းလျှောက်လှမ်းရလိမ့်မယ်။ မင်းကိုယ်တိုင်

လျှောက်လှမ်းတဲ့ လမ်းကြောင်းက စစ်မှန်တဲ့ သိုင်းပညာလမ်းကြောင်း ဖြစ်ပြီးတော့ မင်းနဲ့အတူ အမြဲတမ်း လိုက်ပါလိမ့်မယ်”

“ကျနော် နားလည်ပါတယ်”

ကန်းရီက ခေါင်းညိတ်လိုက်ပါတယ်။

လင်းဟာန်က စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“အလယ်ပိုင်းဒေသကို မင်းအရင်ဆုံး သွားနိုင်တယ်။ ငါလည်းနောက်ကျရင် အဲဒီကို လာခဲ့မှာပဲ။ ဒါပေမဲ့ လင်းဟာန်ဆိုတဲ့ ပုံစံနဲ့တော့ မဟုတ်ဘူး”

ကန်းရီ နားလည်ပါတယ်။ လူတိုင်းလူတိုင်းက နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို လင်းဟာန်ရရှိခဲ့တယ် ဆိုတာကို သိထားကြပါတယ်။ ပြီးတော့ လင်းဟာန်က နတ်ဘုရားတစ်ပါးရဲ့ ရတနာသိုက် တည်နေရာကိုပါ သိထားပါတယ်။ တကယ်လို့ လင်းဟာန်က အလယ်ပိုင်း ဒေသကို အပြေးအလွှား သွားရောက်ခဲ့မယ်ဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကြောင့် အစိတ်စိတ်အပိုင်းပိုင်း ကျိုးပဲ့ပျက်စီးသွားပါလိမ့်မယ်။

“ငါ့ကို ဟန်လင်းလို့ပဲ ဆက်ပြီးတော့ ခေါ်ဦးမယ်။ မင်းမှတ်သွားနိုင်တယ်။ ဒါပေမဲ့ စိတ်ထဲမှာပဲ ထားပါ”

“ဟုတ်ကဲ့”

ကန်းရီက ခေါင်းကို ထပ်ခါထပ်ခါ ညိတ်လိုက်ပါတယ်။

လင်းဟန်က ကန်းရီကို ဆေးပစ္စည်း အမျိုးအစားတွေ အများကြီးနဲ့ အနက်ရောင် မျှော်စင်အထဲက ပါဂင်ပစ္စည်း တချို့တွေနဲ့ ဖြည့်ထားတဲ့ သိုလှောင်လက်စွပ် အများကြီး ပစ်ပေးလိုက်ပါတယ်။ သိုလှောင်လက်စွပ်တွေ အများကြီးနဲ့ ထည့်သိမ်းဖို့ လိုတယ်ဆိုတော့ အထဲမှာ ဘယ်လောက်တောင် များပြားတဲ့ ပစ္စည်းတွေ ပါမလဲဆိုတာကို ခန့်မှန်းနိုင်ပါတယ်။

ကန်းရီက သူရဲ့ နှလုံးသားထဲမှာ ကျေးဇူးတရားကို ထည့်သိမ်းထားပါတယ်။ တကယ်လို့ လင်းဟန်က အနာဂတ်မှာ တစ်ခုခု လိုအပ်လာရင် သူက လင်းဟန်ရဲ့ လက်ထဲက ဆေဘာဓား တစ်လက် ဖြစ်ပြီးတော့ ဘယ်လိုရန်သူကိုမဆို သတ်ဖြတ်ပစ်ရပါလိမ့်မယ်။

"သွားတော့"

လင်းဟန်က ကန်းရီကို အနက်ရောင် မျှော်စင်ရဲ့ အပြင်ကို ထုတ်လိုက်ပါတယ်။ အပြင်မှာ စီးဆင်းနေတဲ့ မြစ်ရေက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော် တစ်ယောက်ကို ဘာမှမလုပ်နိုင်ပါဘူး။

အနက်ရောင် မျှော်စင်က ရေစီးနဲ့အတူ စီးမျောနေပြီး ဆယ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အပြင်ကို ထွက်လာခဲ့ပါတယ်။ ဒီအချိန်မှာ သူက ဆောင်းလဂိုဏ်းရဲ့ ပိုင်နက်နဲ့ အရမ်းကို ဝေးနေပါပြီ။ လင်းဟန်ကို ဒီရက်တွေမှာ ရှာမတွေ့တာကြောင့် ဒီစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက သူ့ရဲ့လမ်းကြောင်းကို လုံးဝမသိကြတော့ပါဘူး။

ဒါပေမဲ့လည်း ဒီလူတွေက လမင်းကျဆင်းချောက်နက်မှာ သူ့ကို ချောင်းမြောင်းလုပ်ကြံခဲ့တုန်းကနဲ့ အရမ်းကို တူညီစွာနဲ့ မြောက်ပိုင်းအစွန်အဖျား ဒေသကို သူဝင်ရောက်ခြေချတဲ့ အချိန်ကျရင် ချောင်းမြောင်းလုပ်ကြံနိုင်ပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ လက်ရွေးစင်တွေက စိတ်ဂိညာဉ် ပလ္လင်အဆင့်

လူတစ်ယောက်ကို ချောင်းမြောင်းလုပ်ကြံတယ်ဆိုတာက တကယ်တော့ ရယ်စရာကြီးပါ။ ဒါပေမဲ့ လင်းဟန်မှာက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ အနားကို မကပ်ပံ့တဲ့ နတ်ဘုရား အရိုးစု အကြွင်းအကျန် ရှိနေပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လင်းဟန်ကို ချောင်းမြောင်းလုပ်ကြံရုံပဲ တတ်နိုင်ပါတယ်။ လင်းဟန်ကို နတ်ဘုရား ရုပ်အကြွင်းကို ဆင့်ခေါ်ဖို့ ခွင့်မပြုပံ့ကြပါဘူး။

လင်းဟန်က သူခေါင်းကို ကျိတ်ပြီးတော့ ခါလိုက်ပါတယ်။ ဒီနတ်ဘုရား ရုပ်အလောင်း နှစ်ခုက ကောင်းကောင်းမွန်မွန် မရှိတော့ပဲ သူတို့ရဲ့ နတ်ဘုရားအဆီအနှစ်တွေက စုပ်ယူခံထား ရပါတယ်။ ဒါကြောင့် နတ်ဘုရားအဆင့်ရဲ့ နိုင်လိုမင်းထက် စွမ်းအင်းတွေက အမှန်တကယ်ပဲ အဆက်မပြတ် အရောင်မှိန်လျက် ရှိပါတယ်။ သိပ်မကြာခင်မှာပဲ သာမန်အရိုးစုတွေ အဖြစ်ကို လုံးဝကို ပြောင်းလဲသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း သူကဂရုမစိုက်ပါဘူး။ နတ်ဘုရား အရိုးတွေနဲ့ တခြားလူတွေကို ဖိနှိပ်တာက သူရဲ့ သိုင်းပညာလမ်းကြောင်းကို တကယ်တော့ အကူအညီ မပေးပါဘူး။ ပြီးတော့ တကယ်လို့ ဒီတစ်ကြိမ်မှာ သူ့အမေကို ကယ်တင်ဖို့အတွက် မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒါကိုအသုံး

မပြုချင်ပါဘူး။

အနက်ရောင် မျှော်စင်ထဲမှာ အရင်းအမြစ်တွေ အများကြီး ရှိပါတယ်။ ဘုရင်အဆင့် သားရဲကောင် အသား၊ အဆင့်မြင့် မှုလစွမ်းအင် ပုံဆောင်ခဲ၊ အမျိုးမျိုးသော ဆေးဖါးပါဂင်ပစ္စည်းနဲ့ စိတ်ဂိညာဉ် အရည်တွေ ရှိပါတယ်။ ဒီအရာတွေကို ပေါင်းထည့်လိုက်မယ်ဆိုရင် လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က ရက်အနည်းငယ် အတွင်းမှာပဲ စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးရဲ့ နောက်ပိုင်းအဆင့်ကို မြင့်တက်သွားပြီး ပန်းဖူးအဆင့်နဲ့ သိပ်မကွာဝေးတဲ့ အဆင့်ကို ရောက်သွားပါလိမ့်မယ်။

သူရဲ့ ခွန်အားသက်သက်ကလည်း နောက်ဆုံးမှာ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို အဆင့်တက် သွားခဲ့ပါတယ်။ ဒါပေမဲ့ တိုးတက်မှု နှုန်းကတော့ စတင်ပြီးတော့ နှေးကွေးလာပါပြီ။ တကယ်တော့ ဒါက လင်းဟန်ရဲ့ အဆင့်ကို လိုက်မီသွားတာကြောင့် ဖြစ်ပါတယ်။

အားလုံးရဲ့ တိုးတက်မှုတွေက သိသိသာသာကို တိုးတက်လာခဲ့ပါတယ်။ ယွဲ့ဟောင်ချန်က အစတုန်းက စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာသုံးမှာ ရှိပြီးတော့ လဂက်အချိန်အတွင်းမှာ အလွှာလေးကို တိုးလာခဲ့ပါတယ်။

အနက်ရောင် မျှော်စင်ကနေ သူမအနေနဲ့ အကျိုးအမြတ်တွေ ဘယ်လောက်တောင် ရရှိခဲ့သလဲ ဆိုတာက သိသာပါတယ်။

"လဂက်အတွင်းမှာ ငါပန်းဖူးအဆင့်ကို ဝင်ရောက်နိုင်လိမ့်မယ်"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"တကယ်လို့ ဒီအဘိုးကြီးတွေက ငါ့ကို အနိုင်ကျင့်ပုံသေးတယ်ဆိုရင် အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်တာကို အသုံးပြုပြီးတော့ သူတို့အားလုံးထဲက တစ်ယောက်စီကို ထိပ်တိုက် ရင်ဆိုင်ပြီး သတ်ပစ်မယ်"

ပန်းဖူးအဆင့်ကို အဆင့်တက်သွားတယ်ဆိုတာက သူ့အနေနဲ့ နောက်ဆုံးမှာ သိုင်းပညာ လမ်းကြောင်းမှာ အစစ်အမှန်ခြေတစ်လှမ်း ချလိုက်နိုင်ပြီလို့ ဆိုလိုတာ ဖြစ်ပြီးတော့ သေမျိုးတစ်ယောက် အဖြစ်ကနေ စွန့်ခွာပြီး နောက်ထပ်သက်တမ်း နှစ်ပေါင်းနှစ်ရာ ပိုင်ဆိုင်ပြီးတော့ လေထဲမှာပါ ပျံနိုင်စွမ်း ရှိလာတယ်လို့ ဆိုလိုတာပါ။

နောက်ထပ် တစ်ရက်အကြာမှာ ဆန်းကြယ်တဲ့

လမင်းကျဆင်း ချောက်နက်က သူ့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ ဒီချောက်နက်က နတ်ဘုရား ဆေဘာစားနဲ့ အမှတ်အသား တစ်ခုအဖြစ် ဖြတ်တောက်ခံလိုက်ရသလိုမျိုး ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပြီးတော့ အံ့အားသင့်စရာ ကောင်းပါတယ်။

သူက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ လင်းဟန်က ကြယ်စင်ကာကွယ်ရေး နန်းတော်ခန်းမဆီကို သွားလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လောင်ယုချန်နဲ့ တခြားသူတွေကို စိတ်ဂိညာဉ်အခြေခံ ကုသခြင်း ဆေးလုံးကို ဖော်စပ်တာကို စောင့်ကြည့်လေ့လာခွင့် ပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ နောက်ဆုံးမှာ သူကအဲဒီဆေးလုံးကို မိုးရေနိုင်ငံကို ပြန်ပို့ပေးဖို့ လွီယုထန်ကို ခိုင်းလိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ သူဖော်စပ်နိုင်တဲ့ မြေကမ္ဘာအလယ်အလတ်အဆင့် မှော်ဆေးလုံး အများကြီး ရှိပါသေးတယ်။ ဒါကြောင့် သူကနောက်တစ်ခုကို ပြောင်းပြီးတော့ ဖော်စပ်လိုက်ပါတယ်။

ရှုပ်။

တိုက်ခိုက်မှုတစ်ခုက လျှပ်စီးလက်သလို လျင်မြန်စွာနဲ့

ကျရောက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ အလိုအလျောက် တုံ့ပြန်မှုက သူရဲ့စိတ်ထက်တောင် မြန်ပါသေးတယ်။ လင်းဟန်က အချိန်ကိုက်ပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ရောက်နေပါပြီ။ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းဖို့ အချိန်ရှိမရှိကို အသာထားဦး။ တကယ်လို့ သူလုပ်နိုင်တယ် ဆိုရင်တောင်မှ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှု တစ်ခုကို တားဆီးနိုင်စွမ်း မရှိပါဘူး။ ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။

ပုန်း။

အစတုန်းက လင်းဟန်ရပ်နေတဲ့ နေရာက ချက်ချင်းဆိုသလို နက်ရှိုင်းတဲ့ ကျွင်းကြီးတစ်ခု ဖြစ်သွားပြီး ဖုန်မှုန့်သဲမှုန့်တွေက ကောင်းကင်ပေါ်ကို ရောမ မှိုပွင့်ကြီးတစ်ခုအလား မြင့်တက်သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဒါက သူ့အသက်ကို နုတ်ယူဖို့ ရည်ရွယ်ထားတာပါ။

Chapter 512 end

အပိုင်း(၅၁၃) ချောင်းမြောင်းလုပ်ကြံတိုက်ခိုက်ခြင်း

အနက်ရောင် မျှော်စင်ထဲကနေ လင်းဟန်က စောင့်ကြည့်လိုက်တဲ့ အခါမှာ ပိန်ကပ်မဲခြောက်နေတဲ့ အဘိုးကြီးတစ်ယောက် ပေါ်လာတာကို မြင်လိုက်ရပါတယ်။ သူကြည့်တာတော့ သာမန်ပါပဲ။ ဒါပေမဲ့ အန္တရာယ်ရှိနိုင်တဲ့ အငွေ့အသက် တစ်ခုကို ထုတ်လွှတ်နေပြီး လူတွေကို အရိုးထဲကနေ စိမ့်အောင်လို့ ထိတ်လန့်ကြောက်ရွံ့စေပါတယ်။

ဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စေတာက ဒီအဘိုးကြီးမှာ သေခြင်းရဲ့ အငွေ့အသက် ရှိနေပါတယ်။

အလောင်းချီ။

ဒီအဘိုးကြီးက အလောင်းတစ်ထောင် ဂိုဏ်းက ဖြစ်ပါတယ်။

အချိန်တော်တော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နေပြီးတော့မှ အလောင်းတစ်ထောင် ဂိုဏ်းက နောက်ဆုံးမှာ လှုပ်ရှားလာခဲ့ပါပြီ။

ဒီအဘိုးကြီး တစ်ယောက်ပဲ မဟုတ်ပါဘူး။ နောက်ထပ် ဂတုတ်တုတ် အဘိုးကြီး တစ်ယောက်လည်း ပေါ်လာခဲ့ပြီး ကြည့်ရတာ ကုန်သည်တစ်ယောက်နဲ့ တူပါတယ်။ သူရဲ့မျက်လုံးတွေကို မှေးပြီးတော့ ကြည့်နေပေမဲ့ သူရဲ့မျက်လုံးကို ဖွင့်လိုက်ပိတ်လိုက ်လုပ်တဲ့ အခါမှာ အံ့အားသင့်စရာကောင်းတဲ့ ရက်စက်ပြီး အကြင်နာမဲ့တဲ့ အငွေ့အသက် ထွက်ပေါ်လာခဲ့ပါတယ်။

"မထိဘူး"

ပိန်ခြောက်ခြောက် အဘိုးကြီးက ပြောလိုက်ပါတယ်။

"ဒီသိုလှောင် စိတ်ဂိညာဉ် ပစ္စည်းက တကယ့်ကို သာမန်မဟုတ်ဘူးပဲ။ မင်းရဲ့ တိုက်ခိုက်မှုကို ကာကွယ်နိုင်စွမ်းရှိတယ်"

ပုပုဂဂနဲ့ အဘိုးကြီးက ပြောလိုက်ပါတယ်။

"အဲဒီပစ္စည်းက အတော်လေးကို အသိအမှတ်ပြုစရာကောင်းတယ်"

ပိန်ခြောက်ခြောက် အဘိုးကြီးက ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း တကယ်လို့ ဒီပစ္စည်းကို ငါ့တို့ဂိုဏ်းက ရအောင်လို့ ယူနိုင်မယ်ဆိုရင် ငါတို့ဂိုဏ်းက ဘယ်သူ့ကို ကြောက်နေစရာ လိုတော့မှာလဲ"

"ဟားဟားဟား အဲဒါအမှန်ပဲ"

ဂတုတ်တုတ် အဘိုးကြီးက သူရဲ့ လက်ဖဝါးတွေကို ပွတ်ပြီးတော့ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ပြဿနာရှိတာက ဒီရတနာကို သူတို့ဘယ်လိုရအောင် ယူရမလဲ။ လင်းဟာန်က ဘယ်ဆီဘယ်ဂယ် ရောက်သွားလဲ ဆိုတာကိုတောင် သူတို့တွေ မသိပါဘူး။ ဒါကြောင့် သူတို့အနေနဲ့ လင်းဟာန်ကို သတ်လို့တောင် မရနိုင်ပါဘူး။

"တိမ်ကိုးခု မင်းက ဒီကောင်လေးနဲ့ ယှဉ်ဆိုင်ဖူးတာပဲ။ ဘယ်အားနည်းချက်ကို ငါတို့တွေက အသာစီး ယူနိုင်မလဲ"

ဂတုတ်တုတ်အဘိုးကြီးက တစ်ဖက်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

အကြီးအကဲ တိမ်ကိုးခုရဲ့ မျက်နှာမှာ ရှိသေလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

"အကြီးအကဲ ထျန်းချဲ။ ဒီကောင်လေးရဲ့ သိုင်းပညာပါရမီက အံ့အားသင့်စရာ ကောင်းတယ်ဗျ။ ပြီးတော့ သူ့မှာ စိတ်ဝင်စားစရာကောင်းတဲ့ နတ်ဘုရားအာရုံတစ်ခုလည်း ရှိတယ်။ ငါသူ့ကို ထပ်ခါ ထပ်ခါ တိုက်ခိုက်ချင်ပေမဲ့ လက်ဗလာနဲ့ပဲ ပြန်လာခဲ့ရတယ်"

"ဟင့်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေ ဘုရင်ဖြစ်နေတဲ့ မြောက်ပိုင်း ဒေသလေးပဲ။ ဒီအဘိုးကြီးက ပန်းဖူးအဆင့် ဂျူနီယာ တစ်ယောက်ကို ကိုင်တွယ်မဖြေရှင်း နိုင်ဘူးဆိုတာကို မယုံကြည်ဘူး"

အကြီးအကဲ ထျန်းချဲက ဆုံးဖြတ်လိုက်ပါတယ်။ သူရဲ့မျက်လုံးကနေ အံ့အားသင့်စရာကောင်းတဲ့ အေးစိမ့်စိမ့် အလင်းရောင်တစ်ချက် လက်သွားခဲ့ပါတယ်။

“ဒီမှာစောင့်ကြပ်ထား။ သူနောက်တစ်ကြိမ် ပေါ်လာတာနဲ့ ချက်ချင်းပဲ သူ့ရဲ့အသက်ကို ခြွေပစ်လိုက်”

ပိန်ခြောက်ခြောက် အဘိုးကြီးက ပြောလိုက်ပါတယ်။

“ဘာ”

သူတို့နှစ်ယောက်စလုံး ဆက်တိုက်ဆိုသလို ထိတ်လန့်သွားပြီးတော့ ချိုင့်ပုမ်းရဲ့ ဂင်ပေါက်ဆီကို လှည့်ကြည့်လိုက်တဲ့ အခါမှာ အဘိုးကြီးရှစ်ယောက်က ဖြည်းဖြည်းလေး လျှောက်လာတာကို မြင်တွေ့လိုက်ရပါတယ်။ ခြေလှမ်းအနည်းငယ် အတွင်းမှာပဲ သူတို့နှစ်ယောက်ရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။

“ဒါဆိုင် ဒါက ဆောင်းလဂိုဏ်းက ရောင်းရင်းတွေပေါ့”

အကြီးအကဲ ထျန်းချဲက သူရဲ့လက်ကို ဆုပ်ပြီးတော့ အရိုအသေ ပေးလိုက်ပါတယ်။

“ဟင့်။ မင်းကိုဘယ်သူက ဆောင်းလဂိုဏ်းရဲ့ ရောင်းရင်းလို့ ခေါ်နေလို့လဲ”

ရှီဟဲချွမ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါတို့ကို မြင်နေမှတော့ မြန်မြန်ထွက်မသွားကြသေးဘူးလား"

"ထွက်သွားရမယ် ဟုတ်လား"

အကြီးအကဲ ထျန်းချဲက လှောင်ပြုံးပြုံးလိုက်ပါတယ်။

"ရှီဟဲချွမ်။ ငါတို့ဂိုဏ်းက ဘာလဲဆိုတာကို မင်းမသိဘူးလား။ ငါတို့ဂိုဏ်းရဲ့ အကြီးအကဲက အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ပဲ။ ဂိုဏ်းစောင့် စီနီယာ ခုနစ်ယောက်လုံးက ကောင်းကင်အဆင့်တွေပဲ။ စည်းကမ်းထိန်းသိမ်းရေးဘုရင် သုံးဆယ့်သုံးယောက်ကလည်း နတ်အသွင်ပြောင်းလဲခြင်း အဆင့်တွေ ဖြစ်ပြီးတော့ ငါတို့လိုမျိုး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျွမ်းကျင်သူတွေက ရာနဲ့ချီပြီးတော့ ရှိတယ်"

သူရဲ့စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ရှီဟဲချွမ်နဲ့ ကျန်တဲ့ခုနစ်ယောက်က မွန်းကျပ်လာ ပါတယ်။

ဒီအင်အားက အရမ်းကို အစွမ်းထက်လွန်းပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျွမ်းကျင်သူ ရာနဲ့ချီပြီးတော့ ရှိတယ်။ မြောက်ပိုင်းဒေသက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ အားလုံးကို ပေါင်းရင်တောင်မှ ဒီပမာဏ နီးနီးတောင် ရှိပါ့မလား။ အလောင်းတစ်ထောင်ဂိုဏ်းက ရှေးဟောင်းဂိုဏ်းကြီးတစ်ခုဆိုတာကို သက်သေပြနေပါတယ်။ ပြာမှုန်အဖြစ်ကနေ မြင့်တက်လာတာတောင် ဒီအဆင့်ထိတောင် ရောက်နေပါပြီ။

"အဲဒီတော့ ဘာဖြစ်လဲ"

အောင်းမိသားစုရဲ့ အကြီးအကဲက သူရဲ့မျက်လုံးကို လှန်ပြီးတော့ ကြည့်လိုက်ပါတယ်။

"မြောက်ပိုင်းဒေသရဲ့ အသန်မာဆုံး လက်ရွေးစင်တွေက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲ။ ပြီးတော့ စိတ်ဂိညာသ် နတ်သူငယ်အဆင့် ကျွမ်းကျင်သူတွေက နယ်မြေစည်းကို ကူးကျော်ဖြတ်ရင် သူတို့ရဲ့ သက်တမ်းတောင် အဖြတ်ခံရလိမ့်မယ်။ အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အုတ်မြစ်က အလယ်ပိုင်းဒေသမှာ ရှိလိမ့်မယ်။ ဒါကြောင့် ဘာဖြစ်လို့ မင်းတို့တွေက နတ်အသွင်ပြောင်းလဲခြင်းအဆင့်

လက်ရွေးစင် တစ်ယောက်ကို လာခဲ့ဖို့ မတောင်းဆိုတာလဲ"

"ငါတို့ဂိုဏ်းက မကြာခင် ဒါမှမဟုတ် နောက်ပိုင်းကျရင် ဒီကုန်းပြင်ကျယ်ကြီးကို ပေါင်းစည်း လိမ့်မယ်။ အဲဒီအချိန်ရောက်လာတဲ့ အခါကျရင် တကယ်လို့ မင်းတို့တွေက အလောင်းကောင် စစ်သားတွေ မဖြစ်ချင်ဘူး ဆိုရင်တောင် မင်းတို့အသက်ကို ငါတို့ သနားကြင်နာမှ ရလိမ့်မယ်"

အကြီးအကဲ ထျန်းချဲက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

"နယ်နိမိတ် တံတိုင်းလေးတစ်ခုများ ငါတို့ဂိုဏ်းရဲ့ လက်ရွေးစင်တွေက အဲဒါကို မဖျက်ဆီးပစ် နိုင်ဘူးလို့ မင်းထင်နေတာလား"

ရှီဟဲချွမ်နဲ့ တခြားလူ ခုနစ်ယောက်စလုံး အံ့အားသင့် သွားခဲ့ပါတယ်။ ဟုတ်ပါတယ်။ နယ်နမိတ်စည်း နံရံက ဘယ်လိုမျိုး ဖြစ်လာမလဲ။ အများဆုံး ၎င်းက စကြာဝဠာ ဖျက်ဆီးခြင်း လက်ရွေးစင် တစ်ယောက်ရဲ့ လက်ရာတစ်ခု ဖြစ်ပါတယ်။ အဲဒီလို ဆိုမှတော့ ဘယ်လိုလုပ်ပြီး တခြားစကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကို

တားဆီးနိုင်မှာလဲ။

"ငါတို့နဲ့ ပူးပေါင်းတဲ့ ဘယ်သူမဆို အသက်ရှင်လိမ့်မယ်။ ပြီးတော့ ငါတို့ကို ဆန့်ကျင်တဲ့သူ မှန်သမျှ ပျက်စီးရလိမ့်မယ်"

ပိန်ခြောက်ခြောက် အဘိုးကြီးနဲ့ အကြီးအကဲ ထျန်းချဲတို့က တစ်ပြိုင်နက်တည်း အော်လိုက်ကြပါတယ်။

"သောက်ရေးမပါတာတွေ"

အောင်းမိသားစုရဲ့ အကြီးအကဲက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

"မကောင်းဆိုးဝါးဆိုတာ ဘယ်တော့မှ လူကောင်းတွေကို မလွှမ်းမိုးနိုင်ဘူးကွ။ တကယ်လို့ မင်းတို့ ဂိုဏ်းခေါင်းဆောင်က အလျင်စလို လုပ်ပုံ့ရင် အလယ်ပိုင်းဒေသက ကောင်းကင်ဓားဂိုဏ်းနဲ့ တိမ်ဖီးနစ်ဂိုဏ်းက မင်းတို့ကောင်တွေကို ဂင်ရောက်စွက်ဖက်ပြီးတော့ မတားပဲ နေမှာလား။ အဓိပ္ပါယ်မရှိတာတွေကို မပြောနဲ့ ထွက်သွားမလား။ ဒါမှမဟုတ် အသေခံမလား"

ကျန်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ခုနစ်ယောက်လည်း ကြည့်ရတာ အေးစက်စက် ဖြစ်လာပါတယ်။ သူတို့တွေက စစ်မှန်ပြီး အံ့အားသင့်စရာကောင်းတဲ့ တရားသဖြင့် နည်းလမ်းကျတဲ့ လူတွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ကိုယ်ပေါ်မှာရှိတဲ့ အရာက အရမ်းကို တန်ဖိုးမဖြတ်နိုင်ပါဘူး။ ပြီးတော့ သူတို့အနေနဲ့ အဲဒီအတွက်ကို လက်မလွှတ်နိုင်ပါဘူး။ တကယ်လို့ အဲဒါက သာမန်ပစ္စည်းလေး တစ်ခုပဲဆိုရင် သူတို့အနေနဲ့ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ စကားများ ခိုက်ရန်ဖြစ်နေစရာအကြောင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အလောင်းတစ်ထောင်ဂိုဏ်းကို အားလုံးက စက်ဆုပ်ရွံ့ရှာ ကြပါတယ်။ ဒါပေမဲ့ အဓိက သော့ချက်က ဒီနေရာက လူနှစ်ယောက်က ကြွက်တွေ မဟုတ်ပါဘူး။ သူတို့က ကြီးမားတဲ့ ကျားကြီးတွေ ဖြစ်ပြီးတော့ သူတို့ကို တိုက်ခိုက်တာက ကိုယ့်ရဲ့ကိုယ်ပိုင် အရိုးကို နာကျင်စေနိုင် ပါတယ်။ ဒါကြောင့် ဘယ်သူက စပြီးတော့ တိုက်ခိုက်ဖို့ ဆန္ဒရှိလိမ့်မှာလဲ။

အကြီးအကဲ ထျန်းချဲနဲ့ ပိန်ခြောက်ခြောက် အဘိုးကြီးက နာခေါင်းရှုံ့ပြီးတော့ ဆွဲဆွဲငင်ငင် လေချွန်လိုက်ပါတယ်။ နားထဲကို စူးခနဲ အသံတစ်ခု ကြားလိုက်ရပြီး အဝေးကနေ

ခေါင်းတလား လေးခုက လျောထိုးပြီး လာနေပါတယ်။ ကြောက်စရာကောင်းတဲ့ အလောင်းချီတွေက လေထဲမှာ ပြည့်နှက်နေပြီးတော့ အရမ်းကို ပေးတဲ့နေရာကနေတောင်မှ ခံစားလို့ ရနိုင်ပါတယ်။

ဒီလူနှစ်ယောက် လင်းဟန်ကို လုပ်ကြံသတ်ဖြတ်ဖို့ အစီအစဉ် ချထားပြီး သူတို့က အလောင်းကောင် စစ်သားတွေကို မသယ်လာဘူး ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ပုန်း ပုန်း ပုန်း ပုန်း။

ခေါင်းတလားအထဲကနေ အလောင်းကောင် စစ်သား လေးယောက်က ခုန်ထွက်လာခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာတွေက လုံးဝကို ထိတ်လန့်စရာ ကောင်းပြီးတော့ ရွှေရောင်အလင်း အလွှာတစ်ခုက သူတို့ရဲ့ ခန္ဓာကိုယ်ကို ဖုံးအုပ်ထားပြီး လူတွေကို အံ့အားသင့်စေပါတယ်။

အဆင့်တစ် ရွှေရောင်ချပ်ဂတ် အလောင်းကောင်စစ်သား။ ဒါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်နဲ့ ညီမျှပါတယ်။

ဒီအချက်ကြောင့်လည်း လူတွေက အလောင်းတစ်ထောင်ဂိုဏ်းကို ကြောက်ရွံ့ကြတာ

ဖြစ်ပါတယ်။ အလောင်းကောင် စစ်သားတွေက သေမှာကို မကြောက်သလို နာကျင်မှုကိုလည်း လျစ်လျူရှု ထားပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ခုခံကာကွယ်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေအဆင့်က ပိုပြီးတော့ မြင့်လေ အလောင်းကောင် စစ်သားတွေ ပိုပြီးတော့ သူတို့နဲ့အတူ သယ်လာနိုင်ပါတယ်။ ဒီနေရာမှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နှစ်ယောက် ရှိနေပါတယ်။ ဒါပေမဲ့ သူတို့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ခြောက်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားပါတယ်။

"ကဲ ဒါဆိုရင် အခုဘယ်လိုလဲ"

အကြီးအကဲ ထျန်းချဲက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

ရှီဟဲချွမ်နဲ့ ကျန်တဲ့လူခုနစ်ယောက်စလုံး မျက်မှောင်ကြုတ်လိုက်ပါတယ်။ ရှစ်ယောက်နဲ့ ခြောက်ယောက် ရင်ဆိုင်ရမယ်ဆိုရင် သူတို့က အသာစီး ရနေဆဲပါပဲ။ ဒါပေမဲ့ ပြဿနာရှိတာက တကယ်လို့ သူတို့အနိုင်ရခဲ့မယ် ဆိုရင်တောင်မှ သူတို့ဘက်က

တန်ဖိုးကြီးကြီးမားမားတစ်ခု ပြန်ပေးရပါလိမ့်မယ်။

"ဟင့်။ အားလုံးရဲ့ ပစ်မှတ်က ဒီကောင်လေး ဖြစ်နေမှတော့ ဘာဖြစ်လို့ သူ့အပြင်ထွက်လာတဲ့ အထိကို မစောင့်ပဲနဲ့ အတူတူ မသတ်ကြတာလဲ။ အချိန်ရောက်လာရင် လူတိုင်းလူတိုင်းက ရတနာကို ရယူနိုင်တယ်"

ရှီဟဲချွမ်က ပြောလိုက်ပါတယ်။

"ဒါအကောင်းဆုံးပဲ"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျွမ်းကျင်သူ နှစ်ယောက်လည်း စတင်တိုက်ခိုက်ဖို့ကို ဆန္ဒမရှိပါဘူး။ တကယ်တော့ သူတို့က အရေအတွက်အရ အရေးနိမ့်နေပါတယ်။

အဖွဲ့နှစ်ခု သဘောတူညီမှု ရသွားပြီးတော့ သူတို့ရဲ့ ရန်လိုမှုတွေကို ပြန်ရုပ်သိမ်းလိုက်ပြီးတော့ လင်းဟန် နောက်တစ်ကြိမ် ပြန်ပေါ်လာမှာကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်မျှော်နေကြပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ လင်းဟန်က

သက်ပြင်းတွေ ချနေပါတယ်။ အစောပိုင်းတုန်းက တိုက်ခိုက်မှုနဲ့အတူ အနက်ရောင် မျှော်စင်က အစက်အပြောက်လေး တစ်ခုအဖြစ်ကို ပြောင်းပြီးတော့ လေနဲ့အတူ မျောလွင့်သွားခဲ့ပြီး အဝေးတစ်နေရာကို ရောက်နေပါပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက နတ်ဘုရားအရိုးစု အကြွင်းအကျန်ကို ပစ်ထုတ်လိုက်ရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ဆယ်ယောက်ကို ခြေကားယား လက်ကားယားနဲ့ မြေကြီးပေါ်ကို ကျသွားအောင်လို့ သေချာပေါက် ဖိနှိပ်ထိန်းချုပ် နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒါက အလောင်းကောင် စစ်သားတွေနဲ့ ရင်ဆိုင်တဲ့ အခါမှာ အကျိုးသက်ရောက်မှု ရှိပါ့မလား။

လင်းဟာန် မသိပါဘူး။ အလောင်းကောင် စစ်သားတွေက သေပြီးသားတွေ ဖြစ်ပြီးတော့ ရုပ်သေးရုပ်တွေနဲ့ ညီမျှပါတယ်။ ဒီအရာတွေကို တခြားတည်ရှိမှုတွေကြောင့် ဖိနှိပ် ထိန်းချုပ်ဖို့ ပြောရခက်ပါတယ်။

ဘာလုပ်ရမလဲ။ သူတို့တွေ စိတ်မရှည်ပဲ ပျောက်ကွယ်သွားတဲ့အထိ ခဏနေရမလား။

လင်းဟန်က ချက်ချင်းပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလူတွေက လင်းဒေါင်ရှန်ကို သွားပြီးတော့ ရှာဖွေနိုင်ပါတယ်။

သူက ပန်းဖူးအဆင့်ကို အမြန်ဆုံး ဖြစ်နိုင်သမျှ ချိုးဖျက်ဝင်ရောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပြီးတော့ ဒီလူယုတ်မာ အဘိုးကြီးတွေကို အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုနဲ့ ရိုက်နှက်ပစ်ရပါလိမ့်မယ်။

သူက ချက်ချင်းဆိုသလို ဘက်ပေါင်းစုံကနေ စဉ်းစားဖြေရှင်းလိုက်ပြီးတော့ နှလုံးသား တစ်ခုလုံး နှစ်မြုပ်ပြီးတော့ ကျင့်ကြံလိုက်ပါတယ်။ သူက အစကတည်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးရဲ့ အလယ်အလတ်အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် ဆယ်ရက်လောက် ကျင့်ကြံပြီးတဲ့ နောက်မှာတော့ သူက အထွတ်အထိပ်အဆင့်ကို ရောက်သွားပါတယ်။

သူရဲ့ဒန်တန်အတွင်းက စိတ်ဂိညာဉ် ပင်လယ်က ကျယ်ပြန့်ပြီးတော့ အင်အားကြီးမားပါတယ်။ ၎င်းအထဲကနေ စိတ်ဂိညာဉ် ပလ္လင်နှစ်ခုက မြင့်တက်နေပြီးတော့ အဆုံးအစမရှိတဲ့အတိုင်း မြင့်မားလွန်းပါတယ်။

"လအနည်းငယ်လောက် အချိန်ယူပြီးတော့ ပြီးပြည့်စုံတဲ့ အဆင့်ကို ရောက်အောင် လုပ်တာက အကောင်းဆုံးပဲ။ ပြီးတော့မှ ထပ်ပြီးတော့ တိုးတက်မှု မရှိတော့ဘူးဆိုမှ အဆင့်တက်ရမှာ။ ဒါပေမဲ့ အခုက အချိန်သိပ်မရှိတော့ဘူး။ ငါချက်ချင်းပဲ ပန်းဖူးအဆင့်ကို တစ်ဟုန်ထိုး စတင်ဂင်ရောက်မှ ဖြစ်လိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

သူရဲ့ ခန္ဓာကိုယ် အထဲက အရိုးတွေက တဖြောက်ဖြောက်နဲ့ မြည်လာပြီး တာအိုကို သံပြိုင်ဟစ် နေသလိုမျိုးပါပဲ။ လွီယုထန်နဲ့ တခြားသူတွေက အနီးနားမှာ ကြက်ခြေခတ်ပုံစံ ထိုင်ပြီးတော့ သူတို့လည်းပဲ ကြီးမားတဲ့ အကျိုးအမြတ်တွေကို ရရှိစေပါတယ်။

Chapter 513 end

အပိုင်း(၅၁၄) စိတ်ဝိညာဉ် ပလ္လင်မှ တာအိုပန်းပွင့် မွေးဖွားခြင်း

စိတ်ဝိညာဉ် ပလ္လင်အဆင့်ကနေ ပန်းဖူးအဆင့်ကို

ကူးဖြတ်တယ် ဆိုတာက အရည်အသွေးပိုင်း ဆိုင်ရာတစ်ခုကို ပြောင်းလဲပစ်တာပါပဲ။ စိတ်ဂိညာဉ် ပလ္လင်အပေါ်မှာ သိုင်းပညာရဲ့ ကောင်းကင်ဘုံ ပန်းပွင့်က ပွင့်လန်းလာပါလိမ့်မယ်။ ပြီးတော့ အဲဒီကနေ စပြီးတော့ သေမျိုးအကန့်အသတ်ကို စွန့်ပယ်ပြီးတော့ ပန်းဖူးအဆင့်ကို ရောက်ရှိလာပါလိမ့်မယ်။

ပန်းဖူးအဆင့် စစ်သည်တော်တွေက ဘာဖြစ်လို့ ကောင်းကင်နဲ့ မြေကြီးကနေ စိတ်ဂိညာဉ် ချီတွေကို တိုက်ခိုက်မှုမှာ ပေါင်းထည့်နိုင်တာလဲ။ ဘာဖြစ်လို့လဲဆိုတော့ သိုင်းပညာရဲ့ ကောင်းကင်ဘုံ ပန်းပွင့်က မိုးကောင်းကင်နဲ့ မြေကြီးက စိတ်ဂိညာဉ်ချီတွေကို ဆွဲယူနိုင်ပြီးတော့ စိတ်ဂိညာဉ် အခြေခံတစ်ခုနဲ့ တူပါတယ်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် အခြေခံက စုပ်ယူထားတဲ့ စိတ်ဂိညာဉ် ချီတွေကို ကိုယ်ပိုင်မူလစွမ်းအင် အဖြစ်ကို ပြောင်းလဲရပါသေးတယ်။ ဒါပေမဲ့ ကောင်းကင်ဘုံ ပန်းပွင့်ကတော့ တန်းပြီးတော့ တိုက်ခိုက်မှုမှာ ပေါင်းထည့်နိုင်ပါတယ်။

ဒါပေမဲ့ လူတစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ပြီး သိုင်းပညာရဲ့ ကောင်းကင်ဘုံ ပန်းပွင့်ကို ထုတ်လုပ်နိုင်မှာလဲ။

စိတ်ဂိညာဉ် ပလ္လင်ရဲ့အပေါ်မှာ သိုင်းပညာရဲ့ ကောင်းကင်ဘုံ

ပန်းပွင့်မျိုးစေ့ကို စိုက်ပြီးတော့ ကောင်းကင်ဘုံ ပန်းပွင့်ကြီးထွားရှင်သန် ပွင့်လန်းလာတဲ့အထိ စောင့်ရပါမယ်။ အဲဒီနောက်မှာ ပန်းဖူးအဆင့် ကျွမ်းကျင်သူတစ်ယောက်ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း ပထမခြေလှမ်းက မျိုးစေ့ကို စိုက်ပျိုးဖို့ မဟုတ်ပဲ ဘယ်လိုမျိုး သိုင်းပညာမျိုးစေ့ကို စိုက်မလဲဆိုတာကို ရွေးချယ်ရမှာပါ။

`သိုင်းပညာမျိုးစေ့တစ်ခုကို စိုက်ပြီးတော့ ငါက ကောင်းကင်ဘုံ ပန်းပွင့်ကို ပွင့်လန်းလာစေပြီး ပန်းဖူးအဆင့်ကို ဖြတ်ကျော်သွားရမယ်။ အရင်ဘဝတုန်းက ငါက မီးစိတ်ဂိညာဉ် မျိုးစေ့တစ်စေ့ကို စိုက်ပျိုးခဲ့တယ်။ ပြီးတော့ ကောင်းကင်ဘုံ ပန်းပွင့် ပွင့်လန်းလာတဲ့ အခါမှာ ကောင်းကင်နဲ့ မြေကြီးအထဲက မီးစိတ်ဂိညာဉ် ချီတွေကို တောင်းခံနိုင်တယ်`

"ဒါပေမဲ့လည်း တချို့ပြောကြတော့ လူတချို့က သိုင်းပညာမျိုးစေ့ သုံးခုကို စိုက်ပျိုးနိုင်ပြီးတော့ အဆုံးမှာ ကောင်းကင်ဘုံ ပန်းပွင့်သုံးပွင့် ပွင့်လန်းလာပြီး ပန်းသုံးပွင့်သရဖူလို့ ခေါ်ဆိုကြတယ်"

"ငါက ဒြပ်စင်ငါးခု စိတ်ဂိညာဉ် အခြေခံတစ်ခုကို ပိုင်ဆိုင်ထားပြီး ဘာဖြစ်လို့ မျိုးစေ့ငါးခု စိုက်ပျိုးဖို့ မကြိုးစားကြည့်ရမှာလဲ"

"သိုင်းပညာမျိုးစေ့က စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်မှာပဲ စိုက်ပျိုးလို့ ရနိုင်တယ်။ ဒါကြောင့် ငါဆုံးဖြတ်ချက် တစ်ခုကိုတော့ ချမှရမယ်"

"သိပ်ပြီးတော့ စဉ်းစားနေစရာ မလိုပါဘူး။ ငါက အသန်မာဆုံး လမ်းကို လျှောက်မှာပဲ။ ဒါကြောင့် ငါက သိုင်းပညာမျိုးစေ့ ငါးခုကို စိုက်ပျိုးရမယ်"

လင်းဟန်ရဲ့ အမူအရာက ယတိပြတ် ဆုံးဖြတ်ပြီးတဲ့ ပုံစံနဲ့ သူက စတင်ပြီးတော့ ဒြပ်စင်ငါးခု ဖရိုဖရဲ ကြာပန်းရဲ့ အရင်းအမြစ်ကနေ ဆွဲထုတ်လိုက်ပါတယ်။ ဒီစိတ်ဂိညာဉ် အခြေခံက ရွှေဒြပ်စင်၊ သစ်သားဒြပ်စင်၊ ရေဒြပ်စင်၊ မီးဒြပ်စင်နဲ့ မြေကြီးဒြပ်စင်ဆိုပြီး အသီးသီး ရှိပါတယ်။ ဒါကြောင့် ဒီမျိုးစေ့တွေနဲ့ သိုင်းပညာရဲ့ ကောင်းကင်ဘုံ ပန်းပွင့်ကို သူက ပွင့်လန်းစေခဲ့မယ်ဆိုရင် မတူညီတဲ့ ဒြပ်စင်ငါးမျိုးကိုလည်း ပိုင်ဆိုင်နိုင်ပါတယ်။

အဲဒီအချိန်ကျရင် သူရဲ့တိုက်ခိုက်မှု တစ်ခုမှာ စိတ်ဂိညာဉ်ချီ

ငါးမျိုးကို ထည့်ပြီးတော့ တိုက်ခိုက်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ ပြီးတော့ အဲဒီတိုက်ခိုက်မှုစွမ်းအားက လုံးဂကို အထင်ကြီး အံ့သြစရာ ကောင်းပါလိမ့်မယ်။

ဒါပေမဲ့လည်း စိတ်ဝိညာဉ် အခြေခံရဲ့ အရင်းအမြစ် ဒြပ်စင်ကနေ ဆွဲထုတ်ယူတာက ဆေဘာဓား တစ်လက်နဲ့ လှီးဖြတ်သလိုမျိုး နာကျင်မှုကို ခံစားရပြီးတော့ သူရဲ့အမူအရာက တွန့်လိမ်ရှုံ့မဲ့ နေပြီး ပြင်းထန်တဲ့ နာကျင်မှုကို ခံစားနေရတဲ့ အမူအရာ ဖြစ်ပေါ်နေပါတယ်။

လွှီယုထန်နဲ့ တခြားမိန်းကလေးတွေရဲ့ နှလုံးသားတွေ နာကျင်သွားခဲ့ရပါတယ်။ အထူးသဖြင့် ယွဲ့ပောင်ချန်ပါ။ သူမရဲ့ သားကို သူမရဲ့ ခန္ဓာကိုယ်ကနေ မွေးထုတ်ထားရတာ ဖြစ်တာကြောင့် မျက်ရည်တွေ ထွက်ကျလုမတတ် ဖြစ်သွားပါတယ်။ လွှီယုထန်နဲ့ လီစီရှန်းက သူမကို အနည်းငယ် တည်တည်ငြိမ်ငြိမ် ဖြစ်သွားအောင်လို့ သူမရဲ့ လက်တွေကို တစ်ဖက်စီ ဆုပ်ကိုင်ထားပေးပါတယ်။

စိတ်ဝိညာဉ် အခြေခံတစ်ခုရဲ့ အရင်းအမြစ်ဒြပ်စင်ကို ဆွဲထုတ်တာက အရမ်းကို နာကျင်ခံစား ရပါတယ်။ ဒါပေမဲ့ အန္တရာယ်တော့ မရှိပါဘူး။ လင်းဟာန်က သူ့အရင်ဘဝတုန်းက တစ်ကြိမ် လုပ်ဖူးပါတယ်။ ဒါပေမဲ့ သူ့မှာ

မီးစိတ်ဂိညာဉ် အခြေခံပဲ ပြန်ရရှိခဲ့ပါတယ်။ ပြီးတော့ တစ်ကြိမ် ဆွဲထုတ်ဖို့ပဲ လိုအပ်ပြီးတော့ ပြီးဆုံးသွားခဲ့ပါတယ်။ အခုက ငါးကြိမ်တိုင်တိုင်ပါ။

ကံကောင်းတာက ဒီအဖြစ်အပျက်က နောက်ဆုံးမှာ လုံးဂကို ပြီးပြည့်စုံသွားပါတယ်။

ဒြပ်စင်အရင်းအမြစ်ကို ဖယ်ရှားပြီးတော့ ဒြပ်စင်ငါးမျိုး ဖရိုဖရဲ ကြာပွင့်ကို ကြည့်ရတာ အားပြတ်ပြီး သေသွားတဲ့ ပုံစံမျိုး ဖြစ်နေပြီး ၎င်းရဲ့ အဓိကအူတိုင်က အတော်လေး ထိခိုက်သွားပုံ ရပါတယ်။ ဒါပေမဲ့ ၎င်းအနေနဲ့ အချိန်တချို့ အနားယူပြီးရင် ပြန်လည်ကောင်းမွန်လာပါလိမ့်မယ်။ လင်းဟန်ကလည်း ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေမှတော့ စိတ်ဂိညာဉ် အခြေခံတစ်ခု ထိခိုက်ပျက်စီးတာကို သူ့အနေနဲ့ ကြောက်နေရမှာလား။

လင်းဟန်က စိတ်ဂိညာဉ်မျိုးစေ့တွေကို စတင်ပြီးတော့ စိုက်ပျိုးလိုက်ပါတယ်။ ဒါပေမဲ့ ဒါက ငါးခုဖြစ်ပြီးတော့ ဒီမျိုးစေ့တွေ အစိတ်အပိုင်းတွေ အဖြစ် ကျိုးပဲ့ပျက်စီးလို့ မရနိုင်ပါဘူး။ သူက တဒင်္ဂ စဉ်းစားလိုက်ပါတယ်။ ပြီးတော့ မြေစိတ်ဂိညာဉ် ပင်လယ်ရဲ့ စိတ်ဂိညာဉ် ပလ္လင်အတွက် ဂရုစိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တခြားဟာတွေအတွက်ကတော့ နောက်ပိုင်းမှပေါ့။

စိတ်ဂိုညာဉ် ပလ္လင်တွေက စိတ်ဂိုညာဉ် မျိုးစေ့တွေအတွက် အကောင်းဆုံး မြေဆီလွှာ ဖြစ်ပါတယ်။ စိတ်ဂိုညာဉ်မျိုးစေ့ကို ပျိုးကြဲပြီးတဲ့ အခါမှာ စိတ်ဂိုညာဉ် မျိုးစေ့ အဖူးထွက်လာစေပြီး ကောင်းကင်ဘုံ ပန်းပွင့်တစ်ခု ပွင့်လာပြီးတော့ ဧရာမစွမ်းအင် ပမာဏတစ်ခု ထောက်ပံ့ဖို့ လိုအပ်ပါတယ်။ သိုင်းပညာရပ်တွေကို နားလည်သဘောပေါက်နိုင်စွမ်းလည်း လိုအပ်ပါတယ်။ ဒီအရာနှစ်ခုက စိတ်ဂိုညာဉ် မျိုးစေ့ ကြီးထွားရှင်သန်ဖို့ မြေဩဇာတွေ ဖြစ်ပြီးတော့ လွဲချော်လို့ မရနိုင်ပါဘူး။

လင်းဟန်က စိတ်ဂိုညာဉ် ဆေးတွေနဲ့ စိတ်ဂိုညာဉ် အရည်တွေကို တစ်ကျိုက်တည်း မော့သောက် လိုက်ပါတယ်။ သိုင်းပညာရပ်တွေကို နားလည်သဘောပေါက်နိုင်စွမ်း အတွက်တော့ သူ့အနေနဲ့ လွဲချော်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူက ဒီအချိန်မှာ မျိုးစေ့ငါးခုကို စိုက်ပျိုးခဲ့ရင်တောင် သူက အများကြီး လွယ်ကူနေပါသေးတယ်။ သူရဲ့ အရင်ဘဝ ကောင်းကင်အဆင့်ရဲ့ နားလည်သဘောပေါက် နိုင်စွမ်းတွေကို ပြန်ပြီးတော့ ထည့်သွင်းရရှိပါတယ်။

သိုင်းပညာမျိုးစေ့ အဖူးထွက်လာပါလိမ့်မယ်။ အဲဒီအချိန်မှာ ၎င်းက ဘယ်လောက်ကြာကြာ ကြီးထွားမလဲနဲ့ ဘယ်လိုကောင်းကင်ဘုံ ပန်းပွင့် ပွင့်လန်းမလဲ ဆိုတာကိုတော့ ပြောရခက်ပါတယ်။ မြေဩဇာ လုံလုံလောက်လောက် ပေးနိုင်မပေးနိုင် အပေါ်မှာ မူတည်ပြီးတော့ တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်းမှာ အောင်မြင်နိုင်ချေ ရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ မြေဩဇာ မလုံလောက်ဘူး ဆိုရင်တော့ နှစ်ပေါင်းများစွာ ဒါမှမဟုတ် ဆယ်စုနှစ်ပေါင်းများစွာ ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာ ကြာမြင့်နိုင်ပါတယ်။

နှစ်ပေါင်းတစ်ရာကိုတော့ ကျော်လွန်လိမ့်မှာ မဟုတ်ပါဘူး။ လူတစ်ယောက်ရဲ့ သက်တမ်းက နှစ်တစ်ရာသာသာပဲ ရှိပါတယ်။ တကယ်လို့ ပန်းဖူးအဆင့်ကို မဟင်ရောက်နိုင်ဘူးဆိုရင်တော့ အဲဒီလူက သေသွားရပါလိမ့်မယ်။

လင်းဟန်ကတော့ မြေဩဇာ လုံလောက်တာပေါ့။ ပန်းဖူးအဆင့်ကို တန်းပြီးတော့ ကူးဖြတ်အောင် လုပ်နိုင်တဲ့ မှော်ဆေးလုံးတွေ မရှိဘူး ဆိုပေမဲ့ အရမ်းကို အာဟာရ ပြည့်ဝစေတဲ့ အရာတွေ အများကြီး ရှိနေပါတယ်။ သူက ပန်းဖူးအဆင့်ကို တန်းပြီးတော့ ကူးဖြတ်ဖို့ ဆန္ဒမရှိပါဘူး။

ပန်းဖူးအဆင့်ကို အဆင့်တက်တာက ကောင်းကင်နဲ့ မြေကြီးရဲ့ တာအိုကို နားလည်သဘောပေါက် ပြီးတော့ အကျိုးအမြတ် ကြီးကြီးမားမား ရရှိစေပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ ဒါကို လွဲချော်စေရမှာလဲ။

လင်းဟန်က ဆက်ပြီးတော့ စားနေပြီးတော့ စိတ်ဂိညာဉ် မျိုးစေ့ငါးခုကလည်း မကြာခင်မှာ အဖူးထွက်လာခဲ့ပြီး ရွှံ့ကနေ တိုးထွက်လာပြီး စိတ်ဂိညာဉ် ပလ္လင်အပေါ်မှာ လှုပ်ခါနေပါတယ်။ ထူးဆန်းတဲ့ အရာက ကောင်းကင်စိတ်ဂိညာဉ် ပင်လယ်အထဲက စိတ်ဂိညာဉ် ပလ္လင်ရဲ့ ထိပ်မှာလည်း စိတ်ဂိညာဉ် မျိုးစေ့ငါးခု အစို့ထွက်လာခဲ့ပါတယ်။

ဘာတွေဖြစ်ကုန်တာလဲ။ သူက စိတ်ဂိညာဉ် မျိုးစေ့ငါးခုပဲ သေသေချာချာ စိုက်ပျိုးခဲ့တာပါ။

ဒါပေမဲ့ ဒါကကောင်းတဲ့ အရာတစ်ခု မဟုတ်ဘူးလား။

လင်းဟန်မှာ အခုချိန် ဂရုစိုက်နေဖို့ အချိန်မရှိတော့ပါဘူး။ သူ့အနေနဲ့ စိတ်ဂိညာဉ် မျိုးစေ့ငါးခု ကျေနပ်တင်းတိမ်အောင်လို့ အာဟာရဖြည့်ဆည်းပေးနေပါတယ်။ ဒီစိတ်ဂိညာဉ်

မျိုးစေ့တွေက ဆက်ပြီးတော့ ကြီးထွားနေပြီး သွေးကြောနဲ့တူတဲ့ ပုံစံတွေ ဖုံးအုပ်နေပြီးတော့ မျက်စိစူးစရာ ကောင်းလောက်အောင် တလက်လက် တောက်ပလို့နေပါတယ်။ ဒါက လင်းဟန်ရဲ့ သိုင်းပညာရပ် နားလည်သဘောပေါက်ခြင်း ဖြစ်ပါတယ်။

စိတ်ဂိညာဉ် မျိုးစေ့တွေက အရမ်းကို လျင်မြန်စွာနဲ့ ကြီးထွားလာပြီးတော့ တစ်ရက်ကြာပြီးတဲ့ နောက်မှာတော့ ထိပ်ဖျားမှာ ပန်းတစ်ပွင့် ပွင့်ဖူးနေတဲ့ မိုးကောင်းကင် သစ်ပင်တစ်ပင်အဖြစ် ကြီးထွားရှင်သန်လာခဲ့ပါတယ်။ ကောင်းကင်ဘုံ ပန်းပွင့်က ပွင့်လန်းလုဆဲဆဲ ဖြစ်နေပါတယ်။

ကောင်းကင်ဘုံ ပန်းပွင့် ပွင့်လန်းလာတဲ့ အခါမှာ လင်းဟန်က ပန်းဖူးအဆင့်ကို တရားဂင် အဆင့်တက်သွားပါလိမ့်မယ်။ အခုသူက ပန်းဖူးအဆင့် ခြေလှမ်းတစ်ဂက်မှာ ရှိနေပါတယ်။

လင်းဟန်က ကြက်ခြေခတ်ပုံစံ ထိုင်လိုက်ပါတယ်။ ဒါက အခက်ခဲ အကြမ်းတမ်းဆုံခြေလှမ်း ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအင်ပမာဏ ထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။ ဆန့်ကျင်ဘက်ဆိုသလို သိုင်းဆန္ဒတွေကလည်း သိပ်သည်းပြီးတော့ ကောင်းကင်ဘုံ ပန်းပွင့်ကို ဖုံးအုပ်ပြီး နတ်ဘုရားအစီအရင် ပုံစံတွေ

ရောယှက်နေပါတယ်။ ဒါက လုံလောက်လို့ နေပါပြီ။

စားစမ်း စားစမ်း။

လင်းဟန်က သူရဲ့အသက်က အဲဒီအပေါ်မှာ မူတည်နေသလိုမျိုး ငမ်းငမ်းတက် ဂါးမျိုနေပါတယ်။ သူရဲ့ခန္ဓာကိုယ် အတွင်းက မီးတာအိုတစ်ခု မြင့်တက်လာပြီး သူရဲ့ခန္ဓာကိုယ် လောင်ကျွမ်းစေပြီးတော့ စွမ်းအင်တွေနဲ့ မရပ်မနားကို အာဟာရဖြည့်ဆည်းပေးနေပါတယ်။

"သေစမ်း ဘယ်လိုလုပ် စွမ်းအင်တွေ အများကြီး ဖြစ်လာနေရတာလဲ မလုံလောက်သေးဘူးလား"

သူက စိတ်ထဲကနေ အော်ဟစ်ငိုကြွေးလိုက်ပါတယ်။ အရင်ဘဂတုန်းက သူပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်တုန်းက သူကအများဆုံး ဒီစွမ်းအင်ရဲ့ တစ်ရာပုံတစ်ပုံပဲ အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အဆတစ်ရာကျော် ရှိနေပြီးတော့ အဆုံးအစမရှိတဲ့ တွင်းနက်ကြီးတစ်ခုထဲကို ဖြည့်နေရသလိုမျိုး လုံလောက်သွားမဲ့ လက္ခဏာမရှိပါဘူး။

သူက သတိပြုမိသွားခဲ့ပါတယ်။ ဒါက သူကျင့်ကြံခဲ့တဲ့

ဖျက်ဆီးလို့မရတဲ့ ကောင်းကင်ဘုံရဲ့ မှော်စာလိပ်ကြောင့် ဖြစ်ပါတယ်။ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ကြံ့ခိုင်မာကျောမှုက အဆင့်တူထဲက ရှားပါးသတ္တုနဲ့ ညီမျှပြီးတော့ ပြဿနာက တူညီတဲ့ အဆင့်ဖြစ်နေပါတယ်။

သူက ပန်းဖူးအဆင့်ကို အဆင့်တက်ချင်နေမှတော့ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အဆင့်ခြောက် ရှားပါးသတ္တုတစ်ခုရဲ့ မာကျောမှုကို တိုးရမယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဒါက လေထဲကနေ ထွက်ပေါ်လာဖို့ ဖြစ်နိုင်ချေ မရှိနိုင်ပါဘူး။ သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တိုးလာဖို့ လိုအပ်တဲ့ စွမ်းအင်ပမာဏကို စုပ်ယူရမယ်ဆိုတာ သိသာထင်ရှားပါတယ်။

ဒါက ရောမ စွမ်းအင်ပမာဏ တစ်ခု မလိုအပ်နိုင်ဘူး မဟုတ်လား။ လင်းဟာန်က အခုဆိုရင် လူသားပုံစံ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ ညီမျှနေပါပြီ။ အဆင့်ငါး စိတ်ဂိညာဉ် ပစ္စည်း တစ်ခုကို အဆင့်ခြောက် ပစ္စည်းတစ်ခုအဖြစ် တိုးလာအောင်လုပ်ပြီး ဒီအပြောင်းအလဲက မကြီးမားဘူးလား။

ဒါဆိုလည်း ဆက်ပြီးတော့ စားစမ်းကွာ။

လင်းဟန်က ဟူးညီ့လို အစားသောင်းကျန်းသူ အဖြစ်ကို ပြောင်းလဲသွားပြီး လွီယုထန်နဲ့ တခြားသူတွေက မျက်လုံးတွေ ဖွင့်ပြီးတော့ မျက်လုံးပြူးပြီး စိုက်ကြည့်နေကြပါတယ်။ နင်က အဆင့်တက်နေတာလား။ ဒါမှမဟုတ် ဆာလောင်မွတ်သိပ်နေတဲ့ တစ္ဆေသရဲ တစ်ကောင်ရဲ့ ပြန်လည်မွေးဖွားခြင်း အဖြစ်ကို ပြောင်းလဲနေတာလား။ ဟူးညီ့တောင်မှ အတော်လေးကို အံ့အားသင့်နေပြီး တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ညီးညီးရဲ့ လင်းဟန်က မျှော်လင့်ထားတဲ့အတိုင်းပဲ ညီးညီးထက်တောင် အများကြီး စားနေတယ်"

လင်းဟန်က နှစ်ရက်နဲ့ နှစ်ညတိုင်တိုင် စားနေပြီး နောက်ဆုံးမှာတော့ ဒီတွင်းကြီး ပြည့်သွားခဲ့ပါပြီ။ ပန်းဖူးငါးခုက အနည်းငယ် လှုပ်လာပြီးတော့ အချိန်မရွေး ပွင့်လန်းတော့မဲ့ ပုံစံဖြစ်နေပါတယ်။ ကောင်းကင်စိတ်ဂိညာဉ် ပင်လယ်ရဲ့ စိတ်ဂိညာဉ် ပလ္လင်အပေါ်က ကောင်းကင်ဘုံ ပန်းဖူးငါးခုလည်း အတူတူပါပဲ။

ဒါက ကြေးမုံပြင် တစ်ခုနဲ့တူပါတယ်။ မြေစိတ်ဂိညာဉ် ပင်လယ်ရဲ့ စိတ်ဂိညာဉ် ပလ္လင်က ပြောင်းလဲမှုအတိုင်း ကောင်းကင်စိတ်ဂိညာဉ် ပင်လယ်ရဲ့ စိတ်ဂိညာဉ်

ပလ္လင်ကလည်း လိုက်ပြီးတော့ ပြောင်းလဲနေပြီး အရမ်းကို လှို့ပှက်ဆန်းကြယ်လွန်းပါတယ်။ ဒါဆိုရင်တော့ ကျေးဇူးတင်ရပါမယ်။ လင်းဟန်မှာ စိတ်ဂိညာဉ် ပလ္လင်နှစ်ခုမှာ ကောင်းကင်ဘုံ ပန်းပွင့်တွေ ဆက်တိုက်ပွင့်လန်းဖို့ စိတ်ဂိညာဉ်မျိုးစေ့အပို မရှိပါဘူး။

ဖြည်းညင်းစွာနဲ့ ကောင်းကင်ဘုံ စိတ်ဂိညာဉ် ပန်းပွင့်လန်း လာခဲ့ပါတယ်။

ဒန် ဒန် ဒန်။

အနက်ရောင် မျှော်စင်အတွင်းမှာ တာအိုအသံတွေက ပဲ့တင်သံ ထပ်နေပြီး လွီယုထန်နဲ့ တခြားသူတွေက သူတို့ရဲ့ ကျင့်ကြံခြင်းတွေကို မေ့လျော့နေတာကနေ သတိဂင်သွားအောင် စေ့ဆော်တိုက်တွန်းလိုက်သလို ဖြစ်သွားပြီး အားလုံးက ဆင်ခြင်သုံးသပ်တဲ့ အခြေအနေ တစ်ခုကို ဂင်ရောက်သွားခဲ့ပါတယ်။

အထူးသဖြင့်တော့ သေမျိုးအဆင့်ကို ဖိနှိပ်ပြီးတော့ ကြီးကြီးမားမား ပြောင်းလဲသွားတဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်ခြင်းကို လေ့လာစူးစမ်းခြင်းမှာ ကြီးမားတဲ့ အကျိုးအမြတ်တွေ အများကြီး ရှိပါတယ်။

လင်းဟန်ကတော့ သေချာပေါက် အကြီးမားဆုံး ပြောင်းလဲသွားတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ မြေစိတ်ဂိညာဉ် ပင်လယ်ရဲက စိတ်ဂိညာဉ် ပလ္လင်ပေါ်မှာ သိုင်းပညာကောင်းကင်ဘုံ ပန်းငါးပွင့်က တစ်ပွင့်ပြီးတစ်ပွင့် ပွင့်လန်းလာခဲ့ပါတယ်။

မိုးပြာရောင် ပန်းပွင့်တစ်ပွင့်က သစ်သားကို ကိုယ်စားပြုပါတယ်။ အနီရောင်ပန်းပွင့်က မီး၊ အဖြူရောင် ပန်းပွင့်က ရွှေ၊ အနက်ရောင် ပန်းပွင့်က ရေနဲ့ ရွှေရောင်ငပန်းပွင့်က မြေကြီးကို ကိုယ်စားပြုပါတယ်။

ဒြပ်စင်ငါးခုရဲ့ ပန်းပွင့်တွေက အားလုံးအတူတကွ ပွင့်လန်းလာခဲ့ပါတယ်။

ပန်းဖူးအဆင့်။

Chapter 514 end

အပိုင်း(၅၁၅) စိတ်ဂိညာဉ် နတ်သူငယ်အဆင့်တွေ ထောင်ချောက်ဆင်ခံရခြင်း

ကောင်းကင်စိတ်ဂိညာဉ် ပင်လယ်ရဲ့ စိတ်ဂိညာဉ်

ပလွင်မှာလည်း အရောင်ငါးမျိုးနဲ့ ကောင်းကင်ဘုံ ပန်းပွင့်တွေ ပွင့်လန်းလာပါတယ်။ ဒီနေရာမှာ လေမတိုက်ပဲ ပန်းပွင့်တွေက အနည်းငယ် ယိမ်းနေပြီးတော့ သေမျိုးတွေကို ကျော်လွန်သွားတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေပါတယ်။

လင်းဟန်က သူရဲ့မျက်လုံးကို ရုတ်တရက် ဖွင့်လိုက်ပါတယ်။ နောက်ဆုံးတော့ သူက ပန်းဖူးအဆင့်ကို ပြန်ရောက်ရှိလာခဲ့ပါပြီ။ တချို့အမြင်မှာတော့ အထွတ်အထိပ်အဆင့်ကို ပြန်ရောက်ဖို့အတွက် သူက ပထမခြေလှမ်းကို ချလိုက်တယ်လို့ ကိုယ်စားပြုနိုင်ပါတယ်။

"သခင်လေးဟန်"

အားလုံးက ဝိုင်းလာပြီးတော့ တစ်ယောက်ပြီးတစ်ယောက် အနားကို ကပ်လာခဲ့ကြပါတယ်။

"သားလေး နာနေသေးလား"

ယွဲ့ဟောင်ချန်က လင်းဟန်ရဲ့ လက်မောင်းကို ဆွဲကိုင်ပြီးတော့ သူ့ကို အပေါ်အောက် သေချာ ကြည့်လိုက်ပါတယ်။ လင်းဟန်ရဲ့ နာကျင်မှုတွေ အစောပိုင်းတုန်းက မြင်တွေ့ခဲ့ရတာကြောင့် သူမအနေနဲ့

စိတ်ပူပြီးတော့ မမေးပဲမနေနိုင်ပါဘူး။

"မနာတော့ပါဘူး။ အားလုံး အဆင်ပြေပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဂုဏ်ပြုပါတယ်။ သခင်လေးဟန်"

ကျူးပုကျို့နဲ့ ကွမ်းယွမ်တို့က အနောက်ဝေးဝေးမှာ မတ်တတ်ရပ်နေကြပါတယ်။ သူတို့အနေနဲ့ ဒီအမျိုးသမီးတွေနဲ့ ဖက်မပြိုင်ရဲဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ သူတို့လည်းပဲ အရမ်းကို စိတ်လှုပ်ရှားနေကြပါတယ်။ ဒါက အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေးက ပန်းဖူးအဆင့်ရဲ့ ထိပ်တန်းလက်ရွေးစင်တစ်ယောက် ဖြစ်လာခဲ့တာပါ။

မြောက်ပိုင်းအစွန်အဖျား ဒေသမှာဆိုရင် ဒါက သေချာပေါက်ကို ပြိုင်ဘက်ကင်းတဲ့ တည်ရှိမှု တစ်ခုဖြစ်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါအမိုက်တချို့ကို ရှင်းပြီးတာကို စောင့်ဦး။ ပြီးတော့မှ ဒီညမှာ စားကြသောက်ကြတာပေါ့"

လင်းဟာန်က ပြောပြီးတာနဲ့ အနက်ရောင် မျှော်စင်ကနေ ခုန်ထွက်လာခဲ့လိုက်ပါတယ်။

"ကောင်လေး"

အကြီးအကဲ ထန်းချဲနဲ့ ပိန်ခြောက်ခြောက် အဘိုးကြီးတို့က သူ့ကိုတိုက်ခိုက်ဖို့ စောင့်နေကြပါတယ်။ သူတို့ရဲ့ အနောက်မှာ ရွှေရောင်တောက်ပြောင်နေတဲ့ အလောင်းကောင် စစ်သားလေးကောင် ရှိနေပါတယ်။ ဒါပေမဲ့ ဆောင်းလဂိုဏ်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ရှစ်ယောက်ကတော့ ထိုင်ပြီးတော့ စောင့်ကြည့်နေဖို့ကို ရွေးချယ်ထားပါတယ်။

ပုံစံကိုကြည့်ရတာတော့ သူတို့က လင်းဟာန်ရဲ့ လက်ထဲက နတ်ဘုရား ရုပ်အလောင်း အကြွင်းအကျန် အကြောင်းကို စိတ်ထင့်နေပုံ ရပါတယ်။ လင်းဟာန်က အဲဒါကို အသုံးမပြုသေးတာ ကြည့်ခြင်းအားဖြင့် သူတို့အနေနဲ့ သေချာပေါက် တစ်ဟုန်ထိုး ပြေးဝင်သွားပုံမှာ မဟုတ်ပါဘူး။ ဒါက သူတို့ရဲ့ အသက်ကို လွယ်လွယ်လေးနဲ့ ပေးလိုက်သလို

ဖြစ်သွားပါလိမ့်မယ်။

ဘယ်လောက်တောင် ကံဆိုးလိုက်သလဲ။ အစတုန်းက သူက တော်တော်များများကို ထောင်ခြောက်ဆင်ချင်ခဲ့တာပါ။

အကြီးအကဲထျန်းချဲနဲ့ ပိန်ခြောက်ခြောက် အဘိုးကြီးတို့ အနားကို ရောက်လာတဲ့ အချိန်မှာ လင်းဟန်က သူ့ရဲ့လက်ကို မြှောက်လိုက်ပြီးတော့ နတ်ဘုရား အရိုးစု အကြွင်းအကျန် တစ်ခုကို ပစ်ထုတ်လိုက်ပါတယ်။ ဒီနတ်ဘုရားက သေသွားခဲ့တာ နှစ်ပေါင်းမရေမတွက်နိုင်အောင် ကြာမြင့်ခဲ့ပါပြီ။ ဒါကြောင့် အခုလိုမျိုး ထပ်ခါထပ်ခါ ပစ်ထုတ်နေတာကို စိတ်ထဲထားမှာတော့ မဟုတ်ပါဘူးနော်။

"အစ်ကိုကြီး နောက်ပိုင်းကျရင် မင်းအတွက် ကြီးကျယ်ခမ်းနားတဲ့ ဂူသချိုင်းတစ်ခု ဆောက်ပေးပါမယ်"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။

ဘုန်း ဘုန်း။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကြီးအကဲနှစ်ယောက်က ချက်ချင်းပဲ မြေကြီးပေါ်ကို ပြုတ်ကျလာခဲ့ပါတယ်။ နတ်ဘုရားတစ်ပါး တည်ရှိမှုရဲ့ ဖိနှိပ်မှုအောက်မှာ သူတို့အနေနဲ့ ခုခံနိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့လည်း အလောင်းကောင် စစ်သားလေးယောက်ကိုတော့ နည်းနည်းလေးမှ ထိရောက်မှု မရှိခဲ့ပါဘူး။ သူတို့က အစကတည်းက အသိဉာဏ်မရှိပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူတို့ကို နတ်ဘုရားတစ်ပါးရဲ့ တည်ရှိမှုတစ်ခုနဲ့ ဖိနှိပ်နိုင်မှာလဲ။

ရွှေချပ်ဂတ် အလောင်းကောင် စစ်သားလေးယောက်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်တွေ ဖြစ်ကြပြီးတော့ သူတို့က ဘယ်လောက်တောင်မှ ကြောက်စရာကောင်းလိုက်မလဲ။

လင်းဟာန်က အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကို ချက်ချင်း အသုံးမပြုခဲ့ပါဘူး။ အဲဒီအစား မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို လျှပ်စီးမိုးကြိုးတွေ လက်လာပြီးတော့ သူ့ပတ်ဝန်းကျင်မှာ လျှပ်စီးအတားအဆီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက ချက်ချင်းပဲ နောက်ဆုတ်လိုက်ပါတယ်။ သူ့အနေနဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အလောင်းကောင် လေးကောင်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရအောင်အထိ

မရှုံးသေးပါဘူး။

လင်းဟန်ရဲ့ စိတ်ထဲမှာ မှတ်ဉာဏ်အလင်းတွေ လက်သွားပြီးတော့ သူရဲ့ခြေလှမ်းတွေကို စတင်ပြီး လှုပ်ရှားလိုက်ပါတယ်။

ဒဏ္ဍာရီလာ နတ်ဆိုးခြေလှမ်း။

ဒါက ကောင်းကင်အဆင့် လှုပ်ရှားမှု ပညာရပ်တစ်ခု ဖြစ်ပါတယ်။ ၎င်းကို ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးမှ အသုံးပြုလို့ ရနိုင်ပါတယ်။ သေမျိုးအဆင့်တွေမှာ မရပါဘူး။ သူရဲ့အရင်ဘဝက ဒဏ္ဍာရီလာ နတ်ဆိုးခြေလှမ်း ကျင့်ကြံခြင်းမှာ အထူးကျွမ်းကျင်ပြီး ကောင်းကင်အဆင့်မှာတောင် အသုံးပြုခဲ့ပါတယ်။

အတိတ်ကို ပြန်သတိရ လွမ်းမောတဲ့ ခံစားချက်က မြင့်တက်လာပါတယ်။ လင်းဟန်က ဘာမှမတတ်နိုင်ပဲ သတ္တိတွေပြစားလိုက်ရပြီး စိတ်ဝိညာဉ် နတ်သူငယ် အဆင့် အလောင်းကောင် စစ်သားလေးယောက်ရဲ့ တိုက်ခိုက်မှုတွေကို အံ့အားသင့်စရာ ကောင်းလောက်အောင် လွယ်လွယ်ကူကူနဲ့ ဖြတ်ကျော်သွားခဲ့ပါတယ်။ အဆင့်မြင့် ကောင်းကင်အဆင့် လှုပ်ရှားမှု ပညာရပ် တစ်ခုက

မမြန်နိုင်ဘူးလား။

မြောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က အရမ်းကို နိမ့်ပါတယ်။ ဆောင်းလဂိုဏ်းနဲ့ သားရဲကေရာဇ်ဂိုဏ်းလိုမျိုး အသန်မာဆုံး ဂိုဏ်းတွေမှာတောင်မှ မြေကျွှာ အလယ်အလတ် ပညာရပ်တွေပဲ ရှိပါတယ်။ သူတို့ရဲ့ ကျွမ်းကျင်မှုတွေကလည်း တူညီပြီးတော့ အများဆုံး မြေကျွှာ အဆင့်မြင့် အဆင့်မှာပဲ ရှိပါတယ်။

ဒီအရာတွေက ကောင်းကင်အဆင့် နည်းစနစ်တစ်ခုနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာတဲ့လား။

အလောင်းကောင် စစ်သားတွေရဲ့ အကြီးမားဆုံး အားသန်တဲ့ ကိစ္စက သူတို့ရဲ့ အကြမ်းပတမ်းဒဏ် ခံနိုင်မှု၊ သေမှာနာကျင်မှာကို မကြောက်ရွံ့မှုတို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က တိုက်ပွဲမှာတော့ သူတို့ရဲ့ ပင်ကိုယ်စရိုက်ပေါ်မှာ မူတည်ပါတယ်။ တကယ်လို့ သူတို့က အသက်ရှင်တဲ့ အချိန်တုန်းက ပညာရပ်တွေနဲ့ နည်းစနစ်တွေကို အသုံးပြုနိုင်မယ်ဆိုရင် သူတို့ကို ရင်ဆိုင်ရတာက တကယ့်ကို ခက်ခဲပါလိမ့်မယ်။

ဒါဆိုရင် ဒဏ္ဍာရီလာ နတ်ဆိုးခြေလှမ်းကို အသုံးပြုနေတဲ့

လင်းဟန်က ဒီလိုမျိုး တိုက်ခိုက်မှုတွေကို ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"ဒါက နန်းတော်ဆယ့်နှစ်ခုကနေ ဒီကောင်လေး ရရှိလာခဲ့တဲ့ အမွေအနှစ်များ ဖြစ်နေမလား"

"ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းတာပဲ။ အလောင်းကောင် စစ်သားလေးယောက်ရဲ့ တိုက်ခိုက်မှု ပိုင်းရုံထားမှုကို လွယ်လွယ်ကူကူနဲ့ ရှောင်တိမ်းနိုင်တာက တကယ်ပဲ အံ့သြစရာ ကောင်းတယ်။ ဒါပေမဲ့ သူဂုတ်ဆင်ထားတဲ့ တိုက်ပွဲချပ်ဂုတ်ကလည်း အဲဒါကို ခုခံဖို့ လုံလောက်တယ်"

"ဟင် ဘာဖြစ်လို့ ဒီတိုက်ပွဲချပ်ဂုတ်က မိုးကြိုးလျှပ်စီးချပ်ဂုတ်နဲ့ တူနေရတာလဲ"

"မဖြစ်နိုင်ပါဘူး။ မိုးကြိုးလျှပ်စီး ချပ်ဂုတ်ကို ရှင်သန်တက်ကြွလာအောင် မလုပ်နိုင်ဘူး။ ပြီးတော့ အဲဒါက ငါတို့ဂိုဏ်းက တပည့်တစ်ယောက်ရဲ့ လက်ထဲမှာ မဟုတ်လား။ သူ့ကို ဟန် ဘာဆိုလား ခေါ်တယ်လေ"

"ဟန်လင်း"

"လပြွတ်"

ဆောင်းလဂိုဏ်းရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက ဆက်တိုက်ဆိုသလို အံ့အားသင့်သွားခဲ့ပါတယ်။ ဟန်လင်းကို ပြောင်းပြန်ဖတ်ကြည့်လိုက်ရင် လင်းဟန် မဟုတ်ဘူးလား။

လပြွတ်ပဲပေါ့။ သူတို့တွေ အမှန်တကယ်ပဲ လင်းဟန်ရဲ့ လှည့်စားမှုကို ခံလိုက်ရပါပြီ။ သူတို့ရဲ့ ဆောင်းလဂိုဏ်းက ရတနာတစ်ခုကို ကလိမ်ကျ ရယူသွားခဲ့ပါတယ်။ လင်းဟန် ဝတ်ဆင်ထားတဲ့ ဒီမိုးကြိုးလျှပ်စီး ချပ်ဝတ်ရဲ့ စွမ်းအားက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ စွမ်းအားကိုတောင်မှ ခုခံတားဆီးနိုင်ပါတယ်။ ဒါကဘယ်လောက်တောင် အဖိုးတန်လိုက်သလဲ။

"ငါတို့အဲဒါကို ရအောင်လို့ ပြန်ယူရမယ်"

ဆောင်းလဂိုဏ်းက အဘိုးကြီး ရှစ်ယောက်စလုံး အတူတကွ ပြောလိုက်ကြပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ လိုချင်တပ်မက်မှုတွေ တောက်လောင်လို့ နေပါတယ်။

"ဟီးဟီး။ အလောင်းကောင် စစ်သားလေးယောက်ရဲ့ တိုက်ခိုက်မှုတွေ အောက်မှာ ဒီကောင်ကလေးက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အလောင်းအရိုးတွေကနေ အမှုမဲ့ အမှတ်မဲ့ လှုပ်ရှားသွားနိုင်တယ်"

"ကောင်းတယ်။ သူတစ်ကြိမ်လောက် နည်းနည်းလေး မှားလိုက်တာနဲ့ ငါတို့အားလုံး အခွင့်အရေး ယူပြီးတော့ တိုက်ခိုက်လိုက်ကြရအောင်"

"ကောင်းပြီ။ အဲဒီအချိန်ကျရင် ငါတို့တွေ သူ့ကို တစ်ချက်တည်းနဲ့ သတ်ပစ်ရမယ်"

လူရှစ်ယောက်က စောင့်ကြည့်လေ့လာပြီးတော့ အခွင့်အရေးကို စောင့်မျှော်နေကြပါတယ်။

လင်းဟန်ပုံစံကို ကြည့်ရတာ တိုက်ခိုက်မှုကြောင့် ဒေါသတွေ ထွက်နေပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ရှစ်ယောက်က သူ့ကိုချောင်းမြောင်းလုပ်ကြံဖို့ ကျန်နေသေးတယ် ဆိုတာကို မေ့လျော့နေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒါကို နားလည်သဘောပေါက် နိုင်ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အလောင်းကောင် စစ်သားလေးယောက်ရဲ့ တိုက်ခိုက်မှုကို

ခံနေရပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘယ်ပြန်ညာပြန် ကြည့်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

သူက တိုက်ခိုက်နေရင်းနဲ့ နတ်ဘုရား အလောင်းရုပ်ကလာပ်နဲ့ ပိုပိုဝေးတဲ့ နေရာဆီကို ဆုတ်ခွာလာခဲ့ရပါတယ်။

"အခုပဲ တိုက်ကြ"

အောင်းမိသားစုရဲ့ အကြီးအကဲနဲ့ တခြားသူတွေက တရကြမ်း ပြေးဝင်လာခဲ့ကြပါတယ်။ လင်းဟာန်က အခုဆိုရင် နတ်ဘုရား ရုပ်ကလာပ်ရဲ့ လွှမ်းမိုးမှု အကွာအဝေးကနေ လွတ်မြောက် လာခဲ့ပါပြီ။ ပြီးတော့ ဒါက တိုက်ခိုက်ဖို့အတွက် အကောင်းဆုံး အခွင့်အလမ်း ဖြစ်ပါတယ်။

ရှပ် ရှပ် ရှပ်။

ငါးယောက်က အရှေ့ကနေ တိုက်ခိုက်ပြီးတော့ သုံးယောက်ကတော့ အနောက်ကနေ တိုက်ခိုက်လိုက်ပါတယ်။ သူတို့က တစ်ယောက်ပြီးတစ်ယောက် စတင်တိုက်ခိုက် လိုက်ကြတာပါ။

"ကျုပ်က ခင်ဗျားတို့တွေကို စောင့်နေတာဗျ"

လင်းဟန်က သရော်လိုက်ပါတယ်။ သူ့မှာ ကောင်းကင်အဆင့် နတ်ဘုရားအာရုံတစ်ခု ရှိနေပြီး ဘယ်လိုလုပ်ပြီးတော့ သူက ဒီအဘိုးကြီးတွေကို လျစ်လျူရှုထားဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ ဒါက သူရေးဆွဲထားတဲ့ တိုက်ပွဲဗျူဟာတစ်ခု ဖြစ်ပါတယ်။ နတ်ဘုရားအလောင်း ရုပ်ကလာပ်ရဲ့ အငွေ့ကို ရွှေ့လာပြီးတော့ ဒီအဘိုးကြီးတွေ ထွက်လာအောင် ဆွဲဆောင်ဖြားယောင်းဖို့ ဖြစ်ပါတယ်။

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ အောင်းမိသားစုရဲ့ အကြီးအကဲနဲ့ တခြားခုနစ်ယောက်က သူတို့ရဲ့ နှလုံးသားတွေ တင်းကျပ်လာသလို ခံစားလိုက်ရပြီး အကြောင်းပြချက် တစ်စုံတစ်ရာ မရှိပဲနဲ့ မလွယ်ကူတဲ့ ခံစားချက်တစ်ခု သူတို့စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက ပင်ကိုယ်အသိနဲ့ တုံ့ပြန်မှု တစ်ခုဖြစ်ပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ရောက်ရှိပြီးတဲ့ နောက်မှာ ရရှိလာတာဖြစ်တာကြောင့် သူတို့ရဲ့ ပင်ကိုယ်အသိစိတ်ကို အရမ်းပဲ ယုံကြည်ကြပါတယ်။

ဒါကြောင့် သူတို့က ချက်ချင်းပဲ တုံ့ဆိုင်းပြီးတော့ အနောက်ကိုလှည့်ပြီး ဆုတ်ခွာချင်နေကြပါတယ်။

"အရမ်းကို နောက်ကျသွားပြီ"

လင်းဟန်က သူရဲ့ညာဘက်လက်ကို မြှောက်ပြီးတော့ နောက်ထပ် နတ်ဘုရား အလောင်း ရုပ်ကလာပ် တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

ဟုမ်း။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှုတစ်ခု ပျံ့လွင့်လာပြီးတော့ အရှေ့ကနေ တိုက်ခိုက်ဖို့ ပြေးဝင်လာတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ငါးယောက်က ချက်ချင်းပဲ ဘုန်းဘုန်းဘုန်း ဆိုပြီးတော့ မြေကြီးပေါ်ကို ပြုတ်ကျသွားခဲ့ပါတယ်။ ကျန်တဲ့သုံးယောက်ကတော့ ဒယိမ်းဒယိုင် ဖြစ်သွားပြီး သူတို့က နတ်ဘုရားတည်ရှိမှုရဲ့ လွှမ်းမိုးတဲ့ ဧရိယာကနေ လွတ်မြောက်နေဆဲ ဖြစ်ပါတယ်။

တကယ်တော့ သူတို့က ဝေးဝေးမှာနေရင် လွှမ်းမိုးနိုင်မှု သိပ်မခံရပါဘူး။

"ဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အော်ဟစ်ငိုကြွေးလိုက်ပါတယ်။ ဒါပေမဲ့ အောင်းမိသားစုရဲ့ အကြီးအကဲနဲ့ ရှီဟဲချွမ်တို့ နှစ်ယောက်က မြေကြီးပေါ်ကို ပြုတ်ကျတဲ့ လူငါးယောက်ထဲမှာ ပါဝင်နေတာက သူ့ကို အရမ်းပဲ ကျေနပ်စေခဲ့ပါတယ်။ ဒီလူတွေက သူသေချာပေါက် သတ်ပစ်ရမဲ့ လူတွေပဲ ဖြစ်ပါတယ်။

သူရဲ့ခြေလှမ်းတွေကို လှုပ်ရှားပြီးတော့ နတ်ဆိုးရှင်သန်ဓားနဲ့ ရှီဟဲချွမ်ဆီကို ထိုးခုတ်တိုက်ခိုက် လိုက်ပါတယ်။

"မင်းလုပ်ပွဲ့သလား"

အဝေးက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် သုံးယောက်က သူတို့ရဲ့ ခြေထောက်ကို ကပျာကယာနဲ့ ဆောင့်နင်းချလိုက်ပါတယ်။ ဆောင်းလဂိုဏ်းမှာ စုစုပေါင်း စိတ်ဝိညာဉ် နတ်သူငယ် အဆင့် လက်ရွေးစင် ကိုးယောက်ပဲ ရှိပါတယ်။ တကယ်လို့ ဒီနေရာမှာ ငါးယောက်သာ သေသွားမယ်ဆိုရင် သူတို့ရဲ့ ခွန်အားက တစ်ဝက်လောက်ထိ လျော့ကျသွားပါလိမ့်မယ်။ အများဆုံး အသန်မာဆုံး အင်အားစုလေးခုကနေတောင် လျော့ကျသွားနိုင်ပါတယ်။

"ကျုပ်က ဘာဖြစ်လို့ မလုပ်ပံ့ရမှာလဲ"

လင်းဟန်က အေးစက်စွာနဲ့ သူရဲ့ဓားနဲ့ လှီးခုတ်လိုက်ပါတယ်။ ဖူး။ ရှီဟဲချွမ်ရဲက ခေါင်းက ပြုတ်ထွက်သွားပြီးတော့ သွေးတွေက ချက်ချင်းဆိုသလို ပြင်းပြင်းထန်ထန်နဲ့ ပန်းထွက်လာခဲ့ပါတယ်။

ဂုဏ်သိက္ခာကြီးမြတ်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တစ်ယောက် ပြီးတော့ မြောက်ပိုင်းဒေသရဲ့ အသန်မာဆုံး သက်ရှိတွေထဲက တစ်ယောက်ကတော့ အခုလိုမျိုး ဘာမှမဟုတ်ပဲ သေဆုံးသွားခဲ့ပါပြီ။

မသေခင်မှာ ဘာပညာရပ်ကိုမှ ထုတ်ဖော်နိုင်စွမ်းမရှိပဲနဲ့ မြေကြီးပေါ်မှာ ခွေးသေကောင် တစ်ကောင်လိုမျိုး လဲနေပြီးတော့ တစ်ဖက်သားက စိတ်ကြိုက်ကို သတ်ဖြတ်ပစ်သွားတာက သူတို့အနေနဲ့ အရေးမပါတဲ့ စစ်သည်တော် တစ်ယောက်နဲ့ ဘာများကွာခြားဦးမှာလဲ။

ရှီဟဲချွမ်ရဲ့ မျက်လုံးတွေက ပြူးပြီးတော့ ပွင့်နေပါတယ်။ သူရဲ့မျက်နာက ဖြူဖပ်ဖြူရော် ဖြစ်နေပြီး သူဘယ်လိုသေသွားတယ် ဆိုတာကို သိပြီးတော့

နာကြည်းချက်တွေနဲ့ ပြည့်နက်နေပါတယ်။

Chapter 515 end

အပိုင်း(၅၁၆) ကံကြမ္မာ အဆုံးသတ်ခြင်း

လင်းဟန်က ရှေ့ဆက်တိုးလာပါတယ်။ ရွှေချပ်ဂတ်အလောင်းကောင် စစ်သားလေးယောက်က သူ့ကိုလိုက်ဖမ်းနေပြီး တကယ်လို့ လင်းဟန်က သူတို့စိတ်ကြိုက် တိုက်ခိုက်ခွင့် ပေးထားမယ်ဆိုရင် မိုးကြိုးလျှပ်စီးချပ်ဂတ်က သူ့ကို ကယ်တင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ စိတ်ဝိညာဉ်နတ်သူငယ်အဆင့်တွေကို ဘယ်လိုလုပ်ပြီးတော့ လျော့တွက်လို့ ရနိုင်မှာလဲ။

အောင်းမိသားစုရဲ့ အကြီးအကဲ မျက်နှာပေါ်မှာ နာကျင်မှုဝေဒနာ ဖိစီးနေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။ သူအခုနေနဲ့ မသေချင်သေးပါဘူး။ အထူးသဖြင့်တော့ ဘာမဟုတ်တဲ့ လူတစ်ယောက်ရဲ့ လက်ထဲမှာ မသေချင်ပါဘူး။

လင်းဟန်က သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ။ ငါကိုယ်တိုင်ကိုယ်ကျ သတ်ဖြတ်တာကို ခံရတာတောင်မှ ခင်ဗျားအတွက် ဂုဏ်ယူဖို့ မလုံလောက်သေးဘူးလား"

နတ်ဆိုးရှင်သန်စားက အောင်းမိသားစုရဲ့ အကြီးအကဲခေါင်းကိုလည်း ဖြတ်သွားပါတယ်။

သူက ထပ်ခါ ထပ်ခါ ခုန်ပေါက်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ငါးယောက်ရဲ့ အသက်တွေကို နတ်ယူလိုက်ပါတယ်။ ပြီးတဲ့နောက် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူနှစ်ယောက်ကိုလည်း နောက်ဆုံးတော့ သတ်ဖြတ်ပစ်လိုက်ပါတယ်။

နတ်ဘုရားအလောင်း ရုပ်ကလာပ်ရဲ့ ဖိနှိပ်ထိန်းချုပ်ထားမှု အောက်မှာတော့ ဒီလူတွေအနေနဲ့ သနားငဲ့ညှာဖို့အတွက် တောင်းပန်ဖို့ခွန်အားတောင် မရှိပါဘူး။ ပြီးတော့ သေခြင်းတရား တစ်ခုတည်းကိုပဲ စောင့်မျှော်နေရပြီး အရမ်းကို မကျေမနပ်ဖြစ်ပြီးတော့ သေဆုံးသွားကြပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက မြောက်ပိုင်းဒေသမှာတော့ ပြိုင်ဘက်ကင်းတဲ့ သက်ရှိတွေ

ဖြစ်ပါတယ်။ တကယ်လို့ သူတို့က မနိုင်ရင်တောင်မှ အေးအေးလူလူနဲ့ ထွက်သွားနိုင် ကြပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်က သတ်ချင်တာလား။ ခက်ခဲပါတယ်။

ဒါပေမဲ့ အခုတော့ သူတို့က ဂျုံပင်တွေ ရိတ်သိမ်းခံလိုက်ရသလို အလွယ်တကူနဲ့ အသတ်ခံ လိုက်ကြရပါတယ်။

အကြီးအကဲ ထျန်းချဲနဲ့ ပိန်ခြောက်ခြောက် အကြီးအကဲ သေသွားတာနဲ့ ရွှေချပ်ဂဝတ် အလောင်းကောင် စစ်သားလေးယောက်က ချက်ချင်းပဲ ထိန်းချုပ်မှုတွေ လွတ်သွားခဲ့ပါတယ်။ သူတို့က လင်းဟာန်ကို ဆက်ပြီးတော့ အာရုံမစိုက်တော့ပဲ အဲဒီအစား အသွေးနဲ့အသားနဲ့ ရှိနေတဲ့ ဘယ်လိုသက်ရှိကိုမဆို သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်ပြီး အသွေးအသားတွေကို ဂါးမျိုချင်လာကြပါတယ်။

ဒါက အလောင်းကောင် စစ်သားတွေရဲ့ ပင်ကိုယ်ဗီဇပဲ ဖြစ်ပါတယ်။

လင်းဟာန်က သက်ပြင်းချလိုက်ပါတယ်။ နတ်ဘုရား

ရုပ်အလောင်းကို ထုတ်လိုက်တာနဲ့ သူက အခြေအနေတွေကို လွယ်လွယ်ကူကူနဲ့ ထိန်းချုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဒါက သေနေပြီးသား ဖြစ်တဲ့ အလောင်းကောင် စစ်သားလေးယောက်ကို အကျိုးသက်ရောက်မှု မရှိပါဘူး။ သူက အစတုန်းက အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကို အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံခြင်းနဲ့တော့ ဒီအလောင်းကောင် စစ်သားလေးယောက်ကို သူ့အနေနဲ့ ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။ ဒီအလောင်းကောင် စစ်သားတွေကို သူတို့စိတ်လွတ်ကိုယ်လွတ် သတ်ဖြတ်ဖို့ လွှတ်ထားပေးရမှာလား။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလောင်းကောင် စစ်သားတော်က အရမ်းကို မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရှိပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ အများကြီး ပေါင်းပြီးတော့မှပဲ သတ်ပစ်နိုင်ပါလိမ့်မယ်။ တကယ်လို့ ဒီအလောင်းကောင်တွေက မြောက်ပိုင်းအစွန်အဖျား ဒေသကို လွှတ်ပေးလိုက်မယ်ဆိုရင် အဲဒီကလူတွေက သေချာပေါက် ကံဆိုးမိုးမှောင်ကျပြီးတော့ ကပ်ဘေးကို ခံစားရပါလိမ့်မယ်။

"ဒီကံကြမ္မာရဲ့ ဂန်ထုပ်ဂန်ပိုးကို ငါသည်းမခံနိုင်ဘူး"

လင်းဟန်က ထူးဆန်းစွာ ပြောလိုက်ပါတယ်။

"မျှော်စင်လေးရေ"

ပုန်း။

မျှော်စင်လေးက ချက်ချင်းပဲ အနက်ရောင်မျှော်စင်ရဲ့ ရောမ စွမ်းအင်တွေကို သူ့ဆီကို ထည့်သွင်းပေးလိုက်ပြီး လင်းဟန်ရဲ့ ကျင့်ကြံခြင်းကို တစ်ဟုန်ထိုး မြင့်တက်စေခဲ့ပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ပထမအလွှာ။

ဖူး။

ဆောင်းလဂိုဏ်းက ကျန်နေတဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် မွန်းစတား အဘိုးကြီး သုံးယောက်က သူတို့ရဲ့ မျက်လုံးတွေ ပြူတ်ထွက်ကျလုမတတ် ဖြစ်သွားပါတယ်။ သူတို့ အစတုန်းက ထင်ထားကြတာက လင်းဟန်ရဲ့ ပန်းဖူးအဆင့် ကျင့်ကြံခြင်းက ဆေးလုံးတွေ

စားထားပြီးတဲ့ နောက်မှာ ဖြစ်လာတဲ့ အခြေအနေတစ်ခုလို့ ထင်ထားကြပြီးတော့ ဒီလူငယ်လေးက စိတ်ဂိညာဉ် ပလ္လင်အဆင့်ထက် မပိုပါဘူး။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ ကျင့်ကြံခြင်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ထိအောင် ရုတ်တရက် ထိုးတက်လာခဲ့ပါတယ်။ နောက်ဆုံးတော့ သူတို့က လင်းဟာန်အနေနဲ့ ပန်းဖူးအဆင့်ကို အမှန်တကယ် အဆင့်တက်သွားခဲ့တယ် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

ဒီလူငယ်လေးက အရမ်းကို ကြောက်စရာကောင်းပါတယ်။

လင်းဟာန်က ဒီလူသုံးယောက်ကို ယာယီအားဖြင့်တော့ အာရုံမထည့်ထားပါဘူး။ အလောင်းကောင် စစ်သားလေးယောက်မှာ ရှိနေတဲ့ဖျက်ဆီးနိုင်မှု စွမ်းအားက အရမ်းကို အန္တရာယ် ကြီးမားပါတယ်။

လင်းဟာန်က သူရဲ့လက်ထဲက နတ်ဆိုးရှင်သန်ဓားကို မြှောက်လိုက်ပြီးတော့ လျှို့ပှက်ဆန်းကြယ် သုံးထောင်နည်းစနစ်ကို ထုတ်လွှတ်လိုက်ပါတယ်။ ဓားအလင်းပေါင်း လေးထောင်လှိုင်းလုံးက တလိပ်လိပ်တက်လာပြီး သူရဲ့ဒန်တန်အထဲက

သိုင်းပညာမျိုးစေ့ ပန်းပွင့်ဆယ်ပွင့်က ဖြည်းညှင်းစွာ တအိအိ လှုပ်လာပါတယ်။ ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ် ချီတွေကို ဆွဲယူပြီးတော့ ဓားအလင်းတွေရဲ့ အစွမ်းထဲကို ထည့်ပေါင်းလိုက်ပါတယ်။

ဟုမ်း။

ဓားသိုင်းပညာရဲ့ စွမ်းအားက ချက်ချင်းဆိုသလို အဆတစ်ရာခန့် ကြီးထွားလာခဲ့ပါတယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဖူး ဖူး ဖူး ဖူး။ ဓားအလင်းတွေက အမိုက်ကို တံမြက်စည်းနဲ့ လှဲလိုက်သလိုမျိုး ရွှေချပ်ဂတ် အလောင်းကောင်ကို တန်းပြီးတော့ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လို့ ခုတ်ပိုင်းပစ်ပါတယ်။

အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုနဲ့ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်းနည်းကို တွဲပြီးတော့ ကောင်းကင်ဘုံပန်းပွင့်ဆယ်ပွင့်ရဲ့ စွမ်းအားမြှင့်တင်မှုနဲ့ ရလဒ်က အရမ်းကို အံ့အားသင့်စရာကောင်းပါတယ်။ ရွှေချပ်ဂတ် အလောင်းကောင်တောင်မှ ချက်ချင်းကို

သတ်ပစ်လိုက်နိုင်ပါတယ်။

ဆောင်းလဂိုဏ်းရဲ့ မွန်းစတား အဘိုးကြီးသုံးယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး သူတို့ရဲ့ မျက်နှာကိုယ်စီပေါ်မှာ အရမ်းကို ကြောက်ရွံ့ထိတ်လန့်နေမှုတွေကို တွေ့မြင်နိုင်ပါတယ်။ သံသယ ရှိစရာကို မလိုအောင်ပဲ သူတို့တွေက သုတ်ခြေတင် ထွက်ပြေးသွားကြပါတယ်။ ဒီလူငယ်က အရမ်းကို သန်မာပါတယ်။ ဒီလိုသန်မာမှုကြောင့်လည်း သူတို့အနေနဲ့ လင်းဟာန်နဲ့ ဆက်ပြီးတော့ တိုက်ခိုက်ဖို့ကို သတ္တိတောင် မရှိနိုင်ကြတော့ပါဘူး။

ဂိုဏ်းကိုပြန်ပြီးတော့ နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ တောင်ကာကွယ်ခြင်း အစီအရင်ရဲ့ ကာကွယ်မှုကို ရယူတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ နောက်ထပ် နှစ်ပေါင်းတစ်ရာ ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာကျော်လောက် စောင့်လိုက်မယ်ဆိုရင် ဆောင်းလဂိုဏ်းရဲ့ အုတ်မြစ်ခိုင်မာမှုနဲ့ သူတို့ရဲ့ ထိခိုက်ပျက်စီးတဲ့ နေ့ရက်ကနေ ပြန်လည်ကောင်းမွန် လာပါလိမ့်မယ်။

လင်းဟာန်က လိုက်မဖမ်းပါဘူး။ သူက အောင်းမိသားစုရဲ့

အကြီးအကဲနဲ့ ရှိဟဲချွမ်ကိုပဲ သတ်ပစ်ချင်ခဲ့တာပါ။ ပြီးတော့ အဲဒီလူနှစ်ယောက် သေသွားမှတော့ သူ့အနေနဲ့ပ တခြားသူတွေကို သတ်ပစ်ဖို့ကို လုံးဝကို ဂရုမစိုက်ပါဘူး။

သူအနည်းငယ် ပြန်လည်အားပြည့်လာပြီးတဲ့ နောက်မှာတော့ လျှို့ဟုက်ဆန်းကြယ်မှု သုံးထောင် ဓားသိုင်းကို နောက်တစ်ကြိမ် ပစ်လွှတ်လိုက်ပြီး နောက်ထပ် အလောင်းကောင် စစ်သားကို သတ်ဖြတ်ပစ်လိုက်ပါတယ်။

တကယ်လို့ သူတို့က သိုင်းပညာရှင်တွေသာဆိုရင် ၎င်းတို့ရဲ့ အဖော်နှစ်ယောက် အသတ်ခံရတာ မြင်တွေ့ပြီးရင်တော့ သူတို့က သေချာပေါက် ထွက်ပြေးပါလိမ့်မယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေက သေမှာကို မကြောက်ကြပါဘူး။ သူတို့က အသွေးအသားတွေကို ဝါးမျိုဖို့ ပင်ကိုယ်စရိုက်တစ်ခုပဲ ရှိပါတယ်။ လင်းဟန်က အသက်ဂိညာဉ် ရှိနေမှတော့ သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် ပန်းဖူးအဆင့်ပဲဖြစ်ဖြစ် ဂရုမစိုက်ပါဘူး။ တကယ်လို့ သူက စကြာဝဠာဖျက်ဆီးခြင်းအဆင့် ဒါမှမဟုတ် ကောင်းကင်အဆင့်မှာ ရှိနေမယ် ဆိုရင်တောင်မှ သူတို့က တစ်ဟုန်ထိုး ပြေးဝင်လာဦးမှာပါ။

ဆယ်မိနစ်ကျော်လောက် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ရွှေချပ်ဂဝတ် အလောင်းကောင် စစ်သားလေးကောင်စလုံးကို အမြစ်ပြတ် ချေမှုန်းပစ်လိုက်ပါတယ်။

လင်းဟန်က အသက်ကို ပြင်းပြင်းရှူပြီးတော့ နတ်ဘုရားအဆင့် အလောင်းနှစ်ခုကို အနက်ရောင် မျှော်စင်ထဲကို သိမ်းလိုက်ပါတယ်။ နတ်ဘုရားအဆင့် ဖိနှိပ်မှုက အသုံးပြုလိုက်ရင် အကြိမ်တိုင်း အနည်းငယ် လျော့ကျသွားပြီးတော့ နောက်တစ်ကြိမ်ကျရင် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို ဖိနှိပ်နိုင်မလား ဆိုတာကိုတော့ ပြောရခက်ပါတယ်။

သူက အနက်ရောင် မျှော်စင်ကနေ အားလုံးကို ဆင့်ခေါ်ထုတ်လိုက်ပြီးတော့ လမင်းကျဆင်း ချောက်နက်ဆီကို လမ်းလျှောက်သွားလိုက်ပါတယ်။

ယွဲ့ဟောင်ချန်က စိတ်လှုပ်ရှားနေခဲ့ပါတယ်။ အရင်တုန်းက သူမနဲ့ လင်းဒေါင်ရှန်တို့ ဒီနေရာကို လာတဲ့အချိန်တုန်းက သူတို့ကို အောင်းဖန်က ဖမ်းမိသွားခဲ့ပါတယ်။ အဲဒီနောက် သူမရဲ့ ယောက်ျားနဲ့ သားဖြစ်သူတို့နဲ့ ကွဲကွာသွားခဲ့ရပြီး မျက်စိတစ်မှိတ် အတွင်းမှာ ဆယ့်ရှစ်နှစ်တောင် ကုန်လွန်သွားခဲ့ပါပြီ။

လွှီယုထန်နဲ့ လီစီရှန်းတို့က သူမကို အလျင်အမြန်ပဲ ဘယ်တစ်ဖက် ညာတစ်ဖက်ကနေ ထိန်းလိုက် ပါတယ်။ သူမကို သာမန်အသက် ခုနစ်ဆယ် ရှစ်ဆယ်အရွယ် အမျိုးသမီးကြီး တစ်ယောက်လို ပြုစုဆက်ဆံနေတာကို ကြည့်ပြီးတော့ လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

လင်းဟန်က တိုက်ပွဲမြေပြင်ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ခုနစ်ယောက်ရဲ့ သိုလှောင်လက်စွပ်တွေကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းထားခဲ့ပါတယ်။ လက်စွပ်ရဲ့ အတွင်းထဲမှာ အများဆုံးက မူလစွမ်းအင် ပုံဆောင်ခဲတွေ ဖြစ်ပြီးတော့ တချို့က ကြယ်လေးလုံးအဆင့် ရှိပါတယ်။ အဲဒီမှာ ပညာရပ်တချို့နဲ့ နည်းစနစ် တချို့လည်း ရှိပါတယ်။ ဒါပေမဲ့ လင်းဟန်အတွက်တော့ အဲဒါတွေကို စိတ်ဝင်စားဖို့ဆိုတာ တစ်ခုမှ အဆင့်မမီပါဘူး။

အကောင်းဆုံးက မြေကျွမ်ဟာ အလယ်အလတ်အဆင့် အမိုက်ပဲ ဖြစ်ပါတယ်။

သူတို့က လမင်းကျဆင်း ချောက်နက်ဆီကို ဝင်ရောက်လာပြီးတော့ တောက်ပသော ကြယ်နန်းတော်

ခန်းမဆီကို ရောက်လာခဲ့ကြပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ရောက်လာတယ်ဆိုတဲ့ သတင်းကြောင့် မှော်ဆေးပညာရှင် အားလုံးရောက်လာပြီးတော့ ဒူးထောက်ပြီး ဂါရဝ ပြုကြပါတယ်။ လုံလောင်ကျန်းနဲ့ တခြားမြေကွက်မှာအဆင့် မှော်ဆေးပညာရှင် နှစ်ယောက်လည်း ချွင်းချက်မရှိပဲ မြေကြီးပေါ်မှာ အရမ်းကို လှိုက်လှိုက်လှဲလှဲနဲ့ ဂါရဝပြုနေကြပါတယ်။

လင်းဟန်က အဘိုးကြီး သုံးယောက်ကို တစ်ယောက်ပြီးတစ်ယောက် ကူညီပြီးတော့ မတ်တတ်ထရပ်စေပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"ငါ စိတ်ဂိညာဉ် အခြေခံ ဆေးလုံးကို ဖော်စပ်မယ်။ ဒါပေမဲ့ နောက်ထပ် မြေကွက်မှာ အလယ်အလတ် အဆင့်ရှိတဲ့ ဆေးလုံးကိုလည်း နောက်ကျရင် ထပ်ဖော်စပ်မယ်။ မင်းတို့အားလုံး လာပြီးတော့ လေ့လာနိုင်တယ်"

"ကျေးဇူးတင်ပါတယ် ဆရာသခင်လင်း"

အဘိုးကြီးသုံးယောက်က အရမ်းကို ဂမ်းသာပီတိ

ဖြစ်နေကြပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး ရောက်ရှိလာတာကြောင့် သူတို့တွေ ဘယ်လိုမျိုး ခံစားနေရတယ် ဆိုတာကို လင်းဟန်က ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူကတော့ သူတို့တွေကို နှလုံးသားထဲကနေ နွေးနွေးထွေးထွေးနဲ့ ဆက်ဆံနေတာက သူတို့ကို အရမ်းပဲ ရင်ထဲထိသွား စေခဲ့ပါတယ်။

လင်းဟန်က တောက်ပသော ကြယ်နန်းတော် ခန်းမမှာ တစ်ရက်ပဲ နေထိုင်ခဲ့ပါတယ်။ သူက ဆေးဖော်စပ်ပြီးတဲ့နောက်မှာ မိုးရေနိုင်ငံကို ထွက်လာခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့ မိဘတွေကို အလျင်အမြန် ဆုံစည်းစေချင်နေပြီးတော့ ပိုပြီးတော့ မြင်တွေ့ချင်တာက လင်းဒေါင်ရှန်က လက်ရှိ အခြေအနေက ဘယ်လိုဖြစ်နေသလဲ ဆိုတာကိုပါ။

ခရီးစဉ်ကို အလျင်အမြန်ပဲ လုပ်ရှားဖို့အတွက် အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပြီးတော့ ဒဏ္ဍာရီလာ နတ်ဆိုးခြေလှမ်းကို အသုံးပြုပြီး ဒုယွန်မြို့ဆီကို ကတိုက်ကရိုက် ထွက်ခွာလာခဲ့ပါတယ်။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ သူက ဒုယွန်မြို့ကို ရောက်လာခဲ့ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ အားလုံးကို နောက်တစ်ကြိမ် ဆင့်ခေါ်ထုတ် လိုက်ပါတယ်။ လင်းဟန်က ဒုယွန်ဘုရင်ဆီကို အရင်ဆုံး သွားတွေ့လိုက်ပါတယ်။

"ဆရာသခင်လင်း"

လင်းဟန်ကိုတွေ့လိုက်တာနဲ့ ဒုယွန်ဘုရင်က အလျင်အမြန်ပဲ သူ့ရဲ့လက်တွေကို ဆုပ်ပြီးတော့ ရိုရိုကျိုးကျိုးနဲ့ ဂါရဝပြုလိုက်ပါတယ်။ ဒါက အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီးတော့ သူရဲ့အဆင့်အတန်းထက် ပိုပြီးတော့ မြင့်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာခဲ့ရုံတင်မက သိုင်းပညာမှာလည်း သူနဲ့အရမ်းကို ဝေးကွာပြီး ပန်းဖူးအဆင့်ကို တက်သွားပြီဆိုတာကို မသိသေးပါဘူး။

လင်းဟန်က သူရဲ့အဆင့်အတန်းကို ထုတ်ဖော်ပြီးတော့ ဒုယွန်ဘုရင်ကို ဖိအားမပေးခဲ့ပါဘူး။ အမှန်တကယ်တော့ ဒီနေရာမှာ အနက်ရောင်အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းက လုံလောက်ပါပြီ။ တကယ်လို့ သူသာ အမှန်အတိုင်းပဲ ကောင်းကင်အဆင့်

မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်လာပြီးတော့ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာတယ်ဆိုတာကိုပါ ပြောလိုက်မယ်ဆိုရင် ဒုယွန်ဘုရင်က ကြောက်လန့်ပြီးတော့ မြေကြီးပေါ်ကို လဲကျသွားပါလိမ့်မယ်။

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒုယွန်ဘုရင်။ မတွေ့ရတာ တစ်နှစ်တောင် ရှိသွားပြီ။ အခြေအနေတွေ ဘယ်လိုရှိလဲ”

“ကျေးဇူးတင်ပါတယ် ဆရာသခင်။ အားလုံး ကောင်းပါတယ်”

ဒုယွန်ဘုရင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ မလိမ်ပါဘူး။ မိုးရေစကောရာဇ် အသစ်က လင်းမိသားစုကို အကြီးအကျယ် ဂရုစိုက်ပြီးတော့ ဒုယွန်ဘုရင် ပိုင်နက်ရဲ့ အဆင့်အတန်းနဲ့ သူတို့ကိုတောင် ခေါ်ယူထားပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ကျုပ်ရဲ့ အဖေရော ဘယ်လိုလဲ”

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က ပြည်ပကလူတော်တော်များများ ရောက်လာကြပြီးတော့ မင်းရဲ့အဖေ ဘယ်မှာရှိတယ်ဆိုတာကို စုံစမ်းနေကြတယ်။ ဒါကြောင့် ငါကိုယ်တိုင်ပဲ လှုပ်ရှားပြီးတော့ မင်းရဲ့အဖေနဲ့ လင်းမိသားစုကို နေရာအသစ်တစ်ခုကို ရွှေ့ပြောင်းပေးခဲ့တယ်"

ဒုယွန်ဘုရင်က ပြန်ဖြေလိုက်ပါတယ်။

"အရမ်းကောင်းတယ်"

လင်းဟန်က သူရဲ့ပခုံးကို ပုတ်ပြီးတော့ လက်ကိုပြန်ရုပ်လိုက်ပြီး သူရဲ့လက်တွေကို စားပွဲပေါ်ကို ပျော့ယမ်းလိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလို မှော်ဆေးလုံးပုလင်းတွေ တော်တော်များများ ပေါ်လာခဲ့ပါတယ်။

"ဒုယွန်ဘုရင် ငါ့အဖေကို အလျင်အမြန် တွေ့ချင်နေပြီ။ ဒီပစ္စည်းတွေကို လက်ခံလိုက်ပါ။ ငါအခု သွားတော့မယ်"

Chapter 516 end

အပိုင်း(၅၁၇) မိဘများ ပြန်လည်ပေါင်းဆုံခြင်း

ဒုယွန်ဘုရင်က သူ့ရဲ့ကျေးဇူးတင်မှုကို အမူအရာဖြင့် သိသိသာသာ ဖော်ပြပြီးတော့ လင်းဟန်ကို လင်းမိသားစု လက်ရှိနေထိုင်တဲ့ နေရာကို အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူက လင်းဟန်ကို အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင်အဖြစ်ပဲ ရှိသေးတယ်လို့ ယူဆနေပြီးတော့ သူလက်ဆောင်ပေးတဲ့ မှော်ဆေးလုံးတွေက သေချာပေါက် အသိအမှတ်ပြုစရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ထွက်သွားပြီးတဲ့ နောက်မှာတော့ သူက ဆေးပုလင်းတွေကို ကောက်ယူပြီး ဆေးလုံးတွေကို စမ်းစစ်ကြည့်လိုက်တဲ့အခါမှာ မြေကြီးပေါ်ကို ဘိုင်းခနဲ လဲကျလုမတတ် အံ့အားသင့် သွားခဲ့ပါတယ်။

နတ်ဘုရားတွေ။

ဆေးတစ်လုံးစီတိုင်းက မြေကဏ္ဍာအဆင့်မှာ ရှိပြီးတော့ ပုလင်းတိုင်းမှာ အကျိုးအာနိသင် သက်ရောက်မှုနဲ့ သုံးစွဲရမဲ့ အညွှန်းတွေကို ရေးထားပါတယ်။ ဒါက ဒုယွန်ဘုရင်ရဲ့ တစ်ကိုယ်လုံး တုန်လှုပ်သွားစေခဲ့ပါတယ်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်ကို ချိုးဖြတ်ဂင်ရောက်မဲ့ သူရဲ့စိတ်ကူးတွေ

အခုတော့ သေချာပေါက် ဖြစ်လာနိုင်ပါတော့မယ်။

သူ့အနေနဲ့ စိတ်မလှုပ်ရှားပဲနဲ့ မနေနိုင်အောင် ဖြစ်သွားပါတယ်။ လင်းမိသားစုကို သာမန်ပဲ ကြည့်ရှုပေးရတာ လက်တစ်ဖက်ကို မြှင့်တင်သလိုမျိုး ရိုးရိုးလေးပါပဲ။ ဒါပေမဲ့ အဲဒီအတွက် ပြန်ပြီးတော့ ရရှိတဲ့ ဆုလာဘ်က ဒီလိုမျိုး အံ့မခန်းနိုင်စရာ ကောင်းမွန်လွန်းပါတယ်။

ဆရာသခင်လင်းက တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ လူတစ်ယောက်ပဲ။

လင်းဟန်ကတော့ ဘာကိုမှ ဂရုစိုက်တဲ့ပုံ မပေါ်ပါဘူး။ မြေကျွှာအဆင့် မှော်ဆေးလုံးတွေက သူ့အတွက်တော့ သာမန်ပါပဲ။ သူက အဲဒီဆေးလုံးတွေကို ပေ့ါပေ့ါတန်တန်ပဲ ဖော်စပ်ခဲ့တာပါ။ မျက်နှာသာပေးမှုကို ပြန်တုံ့ပြန်ပြီးတဲ့ နောက်မှာတော့ သူက ချက်ချင်းပဲ သူ့အမေနဲ့ တခြားလူတွေကို သွားရှာပြီးတော့ ဒယွန်မြို့ကနေ ထွက်လာခဲ့ကြပါတယ်။ အနောက်ဘက် အရပ်ကို ဦးတည်ပြီးတော့ သွားခဲ့ကြပြီး သူတို့က မြို့သေးသေးလေး တစ်မြို့ကို ရောက်လာခဲ့ပါတယ်။

လင်းဒေါင်ရှန်နဲ့ လင်းမိသားစုဂင်တွေက အဲဒီမှာ နေထိုင်ကြပါတယ်။

သူတို့တွေ ပိုပိုပြီး နီးကပ်လာလေ ယွဲ့ဟောင်ချန်က ပိုပြီးတော့ စိတ်လှုပ်ရှားလာလေပါပဲ။ သူမက သူမရဲ့ ဆံပင်နဲ့ မျက်လုံးထောင့်တွေကို ထိကိုင်ပြီးတော့ သူမက အတော်လေးကို အသက်အရွယ် အိုမင်းရင့်ရော်နေမှာကို စိုးရိမ်ပူပန်နေပါတယ်။ ပြီးတော့ လင်းဒေါင်ရှန်က သူမကို ပထမဆုံး မြင်တွေ့တဲ့အခါမှာ သတိပြုမိပါ့မလား စတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ ရှုပ်ထွေးလို့နေပါတယ်။

မြို့ထဲကို ဂင်လာပြီးတဲ့ နောက်မှာတော့ သူတို့က ကြီးမားတဲ့ ခြံဂင်းကြီး တစ်ခုဆီကို ရောက်လာပြီး တံခါးကတော့ ပိတ်ထားပါတယ်။

လင်းဟန်က တံခါးကို ခေါက်လိုက်ပြီး အချိန်အနည်းငယ် အကြာမှာ အထဲကနေ အသံတစ်ခု ထွက်လာခဲ့ပါတယ်။

"မင်းဘယ်သူ့ကို လာရှာတာလဲ"

"ငါ လင်းဟန်ပဲ"

ဘုန်း။

ချက်ချင်းဆိုသလို အထဲကနေ အသံတစ်ခု ကြားလိုက်ရပြီးတော့ အဲဒီလူ ချော်လဲသွားတယ်ဆိုတာ သိသာပါတယ်။ အဲဒီနောက်မှာ တံခါးပွင့်သွားပြီးတော့ သက်လတ်ပိုင်းအရွယ် ယောက်ျားကြီး တစ်ယောက် ပေါ်လာပြီး လင်းဟန်ကို အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

"သခင်လေးဟန် မင်းပြန်လာပြီပေါ့"

သူက လင်းမိသားစုရဲ့ အစေခံတစ်ယောက် ဖြစ်ပါတယ်။ အရင်တုန်းက ချန်ကလန်က လင်းမိသားစုကို ပျက်စီးလုနီးပါး ဖြစ်အောင်လို့ လာရောက်တိုက်ခိုက်ခဲ့တုန်းက သူက လွတ်မြောက်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ သူက လင်းမိသားစုမှာပဲ ဆက်ပြီးတော့ အလုပ်လုပ်နေပြီး သစ္စာရှိရှိနဲ့ နေထိုင်ခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော်ပြန်လာပါပြီ။ အဖေရော ဘယ်မှာလဲ"

"သခင်ကြီးက ပုံဆွဲတဲ့ အခန်းထဲမှာ ညှော်သည်လက်ခံတွေ့ဆုံနေပါတယ်"

အစေခံက ပြောလိုက်ပါတယ်။

"ဘယ်လိုညှော်သည်တွေလဲ"

လင်းဟန်က ဘာမှမစဉ်းစားပဲ မေးလိုက်ပါတယ်။

"သခင်ကြီးကို လက်ထပ်ဖို့အတွက် စကားကြောင်းလမ်းပြောဆိုတဲ့ အောင်သွယ်တော်ပါ"

အစေခံက ပြောလိုက်ပါတယ်။

ယွဲ့ဟောင်ချန်က အစကတည်းက စိတ်လှုပ်ရှားနေခဲ့ပါတယ်။ ဒါပေမဲ့ ဒါကိုကြားလိုက်ရတဲ့ အခါမှာ သူမက ပေါက်ကွဲသွားပြီး အရှေ့ကို အလျင်အမြန်ပဲ တိုးလာပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့သခင်ကြီးက မိန်းမတစ်ယောက် ယူလိုက်ပြီလား"

အစေခံက ယွဲ့ဟောင်ချန်ကို သတိမပြုမိပါဘူး။ ဒါပေမဲ့

သူမက လင်းဟန်နဲ့အတူ လာခဲ့တာ ဆိုတော့ သူ့အနေနဲ့ လျစ်လျူမရှုပံ့ပဲ ပြောလိုက်ပါတယ်။

"သခင်ကြီးက သူရဲ့ဇနီး ဆုံးပါးသွားတာ နှစ်ပေါင်းအများကြီး ရှိနေပါပြီ။ ပြီးတော့ ကျုပ်တို့ အစေခံတွေက သခင်ကြီးကို ထပ်ပြီးတော့ လက်ထပ်စေချင်နေကြပါတယ်။ အဖော်အဖြစ် တစ်ယောက်ယောက် ရဖို့အတွက်ပါ"

"အဲဒါကောင်းတယ်။ ငါသေချာအောင်လို့ ကြည့်ချင်သေးတယ်"

ယွဲ့ဟောင်ချန်ရဲ့ မျက်နှာက အေးစက်သွားပါတယ်။ ပြီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ ဉယျာဉ်ကို ဖြတ်ပြီးတော့ ပန်းချီခန်းဆီကို လျှောက်သွားလိုက်ပါတယ်။

အစေခံက သူမကို တားဆီးချင်ပါတယ်။ သူမက ညှော်သည်တစ်ယောက် ဖြစ်ပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း မပြုမူသင့်ဘူးလေ ဟုတ်တယ်မလား။

လင်းဟန်က အလျင်အမြန်ပဲ သူ့ကိုဆွဲထားပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"ဦးလေးဖူ။ ခင်ဗျား ကိုယ့်အတွက်ကိုယ် ဆုတောင်းနေတာက အကောင်းဆုံးပဲ"

"သခင်လေးဟန် ဘာကိုဆိုလိုတာလဲ"

ဦးလေးဖူက ပဟေဋ္ဌိ ဖြစ်နေပါတယ်။

"အဲဒါ ကျနော့် အမေလေ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဦးလေးဖူက ထိတ်လန့်သွားပါတယ်။ သူက သံသယအတွေးနဲ့အတူ မေးလိုက်ပါတယ်။

"သခင်လေးရဲ့ အမေက သခင်ကြီးရဲ့ ဇနီးမဟုတ်လား။ ဒါပေမဲ့ သခင်မကြီး ဆုံးသွားတာ ကြာလှပြီမဟုတ်လား။ အိုး သေစမ်း။ ဒါဆိုရင် သခင်မကြီးက မသေသေးဘူးပေါ့"

သူက ချက်ချင်းပဲ မျက်လုံးပြူးသွားခဲ့ပါတယ်။ သူက သခင်ကြီးကို နောက်ထပ် လက်ထပ်စေချင်တဲ့ အကြောင်းကို သခင်မကြီး အရှေ့မှာ ပြောမိခဲ့ပါတယ်။ တကယ်လို့ သခင်မကြီးက အနာဂတ်မှာ သူ့ကို မကျေမနပ်နဲ့

ရန်လိုနေမယ်ဆိုရင် ပြဿနာတက်တာပဲ မဟုတ်ဘူးလား။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူရဲ့ပခုံးကို ပုတ်ပြီးပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ ထားလိုက်ပါ။ ဘာမှ မစိုးရိမ်နဲ့။ ဒါကဘာမှမဟုတ်ပါဘူး"

"သခင်လေးဟန် ငါ့ကို အခုလိုမျိုး ခက်ခဲအောင် မလုပ်ပါနဲ့။ ငါ့ကို စောစောကတည်းက မပြောဘူး"

ဦးလေးဖူရဲ့ မျက်နှာက ရှုံ့မဲ့လို့ နေပါတယ်။ တကယ်လို့ သူ့ကို မကျေမနပ် မဖြစ်ဘူးဆိုရင်တော့ အဲဒါက အတော်လေးကို ထူးဆန်းပါလိမ့်မယ်။

ယွဲ့ပေါင်ချန်က အဲဒီလိုမျိုး စိတ်ထားရှိတဲ့သူတစ်ယောက် မဟုတ်ဘူးဆိုတာ သိသာပါတယ်။ ပြီးတော့ လင်းဟန်က ဦးလေးဖူကို စနောက်နေတာဖြစ်ပြီးတော့ ဒီလိုမျိုး သစ္စာရှိပြီး ရိုးသားတဲ့ အစေခံတစ်ယောက်ကို ဘယ်နေရာကများ ရှာလို့ရနိုင်မှာလဲ။

သူရယ် လှီယုထန်နဲ့ တခြားသူတွေက ဂင်မသွားပါဘူး။

အချိန်အနည်းငယ် အတွင်းမှာ အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ယောက်က ပါးပေါ်မှာ လက်ဝါးရာတစ်ခုနဲ့အတူ ပြေးထွက် လာခဲ့ပါတယ်။ ဒီလက်ဝါးရာရဲ့ အရွယ်အစားကို ကြည့်ရတာ ယွဲ့ဟောင်ချန် လုပ်လိုက်တာ မဟုတ်ရင် ဘယ်သူကလုပ်မှာလဲ။

အော်သွယ်တော် အမျိုးသမီးက အများကြီး မတွေးမိပဲ ပြောချင်ရာတွေ ဖွတ်ပြောခဲ့တာက ယွဲ့ဟောင်ချန်ကို ဒေါသထွက်စေခဲ့ပါတယ်။ ဒါပေမဲ့ သူမကို ပါးတစ်ချက်ပဲ ရိုက်ခဲ့ပြီးတော့ သူမရဲ့ ခေါင်းကိုတော့ မဖြတ်ခဲ့တာကို ကြည့်ခြင်းအားဖြင့် ယွဲ့ဟောင်ချန်ရဲ့ ပင်ကိုယ်စရိုက်ကို မြင်တွေ့ နိုင်ပါတယ်။

ပန်းချီအခန်းထဲကနေ မသဲမကွဲ အော်ဟစ်တဲ့ အသံတစ်ခု ထွက်ပေါ်လာပါတယ်။ လင်းဟာန်က စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အရင်ဆုံး နေဖို့အတွက် နေရာတစ်ခုရှာကြ။ ငါ့အဖေနဲ့ ငါ့အမေက ဒီနေ့တော့ ငါတို့အတွက် အချိန်ပေးနိုင်လိမ့်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

ဟူးညိုက သူမရဲ့ ခေါင်းကို ကုတ်ပြီးတော့ မေးလိုက်ပါတယ်။

လင်းဟန်က အူလိုက်သည်းလိုက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"သူတို့က ပွတ်သီးပွတ်သပ်လုပ်မလို့ မအားကြတော့ဘူး"

လွီယုထန်နဲ့ တခြားမိန်းကလေးတွေရဲ့ မျက်နှာက နီမြန်းသွားပါတယ်။ ဟူးညိုက လင်းဟန်ရဲ့ လည်ပင်းကို ဖက်ပြီးတော့ ချိုသာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"လင်းဟန်က ညိုးညိုးနဲ့ ပွတ်သီးပွတ်သပ် လုပ်ရမယ်"

လင်းဟန်က ချက်ချင်းဆိုသလို ရှုံ့နိမ့်ပြီးတော့ နောက်ဆုတ်သွားပါတယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ ဒုတိယမြောက်နေ့ရဲ့ ညနေအချိန်မှာ လင်းဒေါင်ရှန်က လင်းဟန်ကို လာခဲ့ဖို့ ခေါ်လိုက်ပါတယ်။ ယွဲ့ဟောင်ချန်ကတော့ သူ့အဖေရဲ့က ဘေးနားမှာ ပူးကပ်ထိုင်နေပြီး မနေ့တုန်းက ခြသေ့မလို အမူအရာမျိုး နည်းနည်းလေးမှ မရှိတော့ပါဘူး။

အဖေနဲ့ သားပြန်လည် တွေ့ဆုံပြီး တစ်ယောက်နဲ့တစ်ယောက ် တင်းတင်းကျပ်ကျပ်နဲ့ ပွေ့ဖက်နေကြပါတယ်။

ယွဲ့ဟောင်ချန်ရဲ့ ဆန္ဒကတော့ လက်စားချေဖို့အတွက် မလိုအပ်ပါဘူး။ မိသားစုတစ်ခုအဖြစ် ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်သွားတာက တခြားအရာတွေထက် ပိုပြီးတော့ ကောင်းပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်နဲ့ လင်းဒေါင်ရှန်တို့က လက်စားချေဖို့ အာသီသ ပြင်းပြနေပါတယ်။ ပြီးတော့ အောင်းဖန်နဲ့ ရန်ငြိုးရန်စကို လွှတ်ချလိုက်ဖို့ဆိုတာ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

အထူးသဖြင့် လင်းဟာန်က အောင်းဖန်ရဲ့ စိတ်ဝိညာဉ် အခြေခံကို မသန်မစွမ်း ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် လင်းဒေါင်ရှန်က သူ့ကို ကိုယ်တိုင်ကိုယ်ကျ သတ်ပစ်နိုင်ပါပြီ။

"အဖေ့ရဲ့ စိတ်ဝိညာဉ် အခြေခံက အခုပြန်ကောင်းသွားပြီ မဟုတ်လား"

လင်းဟာန်က မေးလိုက်ပါတယ်။

"အင်း ပြန်ကောင်းပြီ"

လင်းဒေါင်ရှန်က စိတ်ဓာတ်တွေ တက်ကြွနေပါတယ်။ သူ့ရဲ့ စိတ်ဂိညာဉ် အခြေခံ ပြန်ကောင်းပြီး နွေဦးစမ်းရေ အဆင့်ကိုလည်း မကြာခင်မှာ ချိုးဖြတ်ဂင်ရောက် နိုင်ပါလိမ့်မယ်။

"အိုး ဟုတ်သားပဲ။ သားလွှတ်လိုက်တဲ့ မော်ဆေးပညာရှင်က ဒီမှာဆက်နေတုန်းပဲ"

အိုး ယွီဂျိထန်က တကယ်ပဲ ဒီမှာဆက်ပြီးတော့ နေနေတာပေါ့။ သူ့ကို မြောက်ပိုင်းဆေးစံအိမ်မှာ မမြင်တွေ့ရတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော် အောင်းဖန်ရဲ့ စိတ်ဂိညာဉ် အခြေခံကို မသန်မစွမ်းဖြစ်အောင် လုပ်ပြီးတော့ အောင်းမိသားစုရဲ့ အကြီးအကဲကို သတ်ခဲ့တယ်။ အဖေက ကိုယ်တိုင်ကိုယ်ကျ လက်စားမချေခင် ပန်းဖူးအဆင့်ကို ရောက်နေဖို့ လိုတယ်"

လင်းဒေါင်ရှန်က အံ့အားသင့်သွားခဲ့ပါတယ်။

အောင်းမိသားစုရဲ့ အကြီးအကဲ။ စိတ်ဂိညာဉ်နတ်သူငယ်အဆင့် သက်ရှိတစ်ယောက်ကို သူရဲ့သားက တစ်ကယ်ပဲ သတ်ပစ်ခဲ့တာလား။ ဒါပေမဲ့ လင်းဟန်က သူ့ကို ဘယ်လိုလုပ်ပြီးတော့ လိမ်မှာလဲ။ သူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး ဒီသားက အရမ်းကို ပြောင်မြောက်ပြီးတော့ သူ့ကို အရမ်းကို ကျေနပ်ပီတိ ဖြစ်စေပါတယ်။

လင်းဟန်နဲ့ လင်းဒေါင်ရှန်တို့က သူတို့ရဲ့ နောက်ပိုင်းအစီအစဉ်တွေကို ဆွေးနွေးခဲ့ကြပါတယ်။ လင်းဟန်က နတ်ဘုရားတစ်ပါးရဲ့ ရတနာသိုက်မြေပုံညွှန်းကို ရရှိခဲ့တယ်ဆိုတဲ့ သတင်းက ကမ္ဘာတစ်ခုလုံးကို မကြာခင်မှာ ပျံ့နှံ့သွားပြီး သေချာပေါက် မရေမတွက်နိုင်တဲ့ လူတွေက အမှောင်ထဲကနေ သူ့ကို အဲဒီမြေပုံကို ရယူဖို့အတွက် သတ်ပစ်ချင်နေကြပါလိမ့်မယ်။

လင်းဒေါင်ရှန်နဲ့ တခြားသူတွေက သူရဲ့ အားနည်းချက်ဖြစ်လာလိမ့်မှာ ဖြစ်ပြီးတော့ အင်အားစု အများကြီးက သေချာပေါက် သူတို့ကို ဖမ်းဆီးချင်နေကြမှာ ဖြစ်ပြီး လင်းဟန်ကို အကျပ်ကိုင် ခြိမ်းခြောက်ကြပါလိမ့်မယ်။

ဒါကြောင့် သူတို့က နေရာရွှေ့ပြောင်းပြီးတော့ သူတို့ရဲ့ နာမည်တွေကို အချိန်အတိုင်းအတာ တစ်ခုအထိ

ဖုံးကွယ်ထားဖို့ စီစဉ်ဆွဲထားခဲ့ပါတယ်။

လင်းဟန်က သူ့အဖေရဲ့ ခွန်းအားနဲ့ သူ့ကိုယ်ပိုင် ကျင့်ကြံခြင်းကို တိုးလာဖို့အတွက် ဒီအချိန်အတွင်းမှာ အသုံးပြုဖို့ကိုလည်း စီစဉ်ထားပါတယ်။ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကနေ ပန်းဖူးအဆင့်ကို သူက အရမ်းကို အလျင်လိုပြီးတော့ တက်ခဲ့ပါတယ်။ ပြီးတော့ သူရဲ့အခြေခံကို ခိုင်မာကျစ်လစ်အောင် လုပ်ရပါမယ်။ ဒါမှပဲ အနာဂတ်မှာ ပြဿနာတော်တော်များများကို ရှောင်ရှားနိုင်ပါလိမ့်မယ်။

ယွဲ့ဟောင်ချန်ကတော့ ဆွေးနွေးစရာ မရှိပါဘူး။ သူမအတွက်တော့ မိသားစုနဲ့ ပြန်လည်ဆုံစည်း ရတာက လုံလောက်ပါပြီ။ သူမရဲ့ တောင်းဆိုချက်က အရမ်းကို ရိုးရှင်းပါတယ်။

"ရွှေ့မယ်"

လင်းဟန်က အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ ဒီနည်းလမ်းနဲ့ သူတို့က ဘာသဲလွန်စမှ ကျန်လိမ့်မှာ မဟုတ်ပါဘူး။

ဒုယွန်ဘုရင်အတွက် စာတစ်စောင် ချန်ထားပြီးတဲ့နောက်မှာ

လင်းဟန်က လေထဲကို ခုန်တက် ပျံသန်းပြီးတော့ မိုးရေနိုင်ငံကနေ ထွက်လာလိုက်ပါတယ်။ အနည်းငယ်မျှ တုံ့ဆိုင်းပြီးတော့မှ သူက မီးနိုင်ငံဆီကို ဦးတည်သွားဖို့ ရွေးချယ်လိုက်ပါတယ်။

တောင်တွေနဲ့ မြစ်တွေကို ဖြတ်ကျော်လာပြီးတော့ မကြာခင်မှာပဲ လင်းဟန်ရဲ့ မျက်စိ အရှေ့မှာ မီးနိုင်ငံရဲ့ နယ်နိမိတ်ထဲက မြို့ငယ်လေးတစ်မြို့ ပေါ်လာခဲ့ပါတယ်။ ဒီမြို့လေးက လေပြင်းနိုင်ငံရဲ့ ပိုင်နက်နဲ့ ထိကပ်နေပါတယ်။ မြို့ရဲ့ နာမည်ကတော့ ပေါင်းရန်လို့ ခေါ်ပြီးတော့ စည်းမျဉ်းစည်းကမ်း မရှိတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် မွဲတေစုတ်ပြတ်ပြီး ဥပဒေရဲ့ ကာကွယ်မှုအောက်မှာ မရှိတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

တကယ်လို့ ဒီနေရာမှာ မျက်နှာသစ် လူစိမ်းတွေ ပေါ်လာရင်တောင် ဘယ်သူကမှ အဲဒါကို ထူးဆန်းတယ်လို့ ထင်ကြလိမ့်မှာ မဟုတ်ပါဘူး။ လူတွေက သူတို့ကိုယ်ပိုင် အာလူးတွေကို စိုက်ပျိုးပြီး တခြားလူတွေရဲ့ အလုပ်မှာ ဝင်ရောက်စွက်ဖက်ခြင်း မရှိပါဘူး။

လင်းဟန်က ကြီးမားတဲ့ ခြံဝင်းကြီး တစ်ခုကို ငှားရမ်းပြီးတော့

အားလုံးကို ထုတ်လိုက်ပါတယ်။ ဒီခြံဝင်းက တကယ့်ကို ကျယ်ပြီးတော့ အရမ်းကို ကြီးမားတဲ့ ဟင်းသီးဟင်းရွက် စိုက်ခင်းလည်း ရှိပါတယ်။ တကယ်လို့ သူတို့က အသားအတွက် ဥစားကြက်တွေ ဘဲတွေကို တိုးပွားအောင် မွေးမြူမယ်ဆိုရင် သူတို့ကိုယ်တိုင်အတွက် လုံလောက်ပါလိမ့်မယ်။

Chapter 517 end

အပိုင်း(၅၁၈) ချစ်ခင်တွယ်တာမှု အသိုက်အမြုံ

အရင်ဆုံး ဒီမှာ စံအိမ်ထဲကို အစားအသောက် ထောက်ပံ့မှု မရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ လင်းဟန်မှာ အနက်ရောင် မျှော်စင် ရှိပြီးတော့ ပါဝင်ပစ္စည်းတွေလည်း အလျှံပယ် ရှိနေပါတယ်။ အနာဂတ်မှာ သူထွက်ခွာသွားတဲ့ အခါကျရင် စိုက်ပျိုးရေး ဥယျာဉ်ကြီးက ကြီးထွားရှင်သန်ပြီးတော့ အပြင်ဘက်က ဘယ်သူကမှ ဒီနေရာမှာ လူတွေဘယ်လောက်များ နေထိုင်ခဲ့တယ် ဆိုတာကို အတိအကျ သိလိမ့်မှာ မဟုတ်ပါဘူး။

လူအားလုံးက တစ်သီးတစ်ခြားစီ နေထိုင်ခဲ့ကြပါတယ်။ အမှန်တကယ်တော့ မြောက်ပိုင်း အစွန်အဖျား ဒေသမှာ ပြစရာအများကြီး မရှိပါဘူး။ ဒီနေရာက အရမ်းကို

နိမ့်ကျပြီးတော့ ဖွံ့ဖြိုးတိုးတက်မှု မရှိပါဘူး။ အားလုံးက သူတို့ကိုယ်သူတို့ ကျင့်ကြံခြင်းမှာပဲ နှစ်မြုပ်နေခဲ့ကြပါတယ်။

လင်းဒေါင်ရှန်က ဆယ့်ရှစ်နှစ်တောင် အချိန်ဖြုန်းခဲ့ရပြီး အခုဆို သူရဲ့စိတ်ဂိညာဉ် အခြေခံက ပြန်လည်ကောင်းမွန်လာခဲ့ပါပြီ။ လင်းဟန်ရဲ့ နမြောမှုမရှိပဲ အဆက်မပြတ် ထောက်ပံ့ပေးတဲ့ စိတ်ဂိညာဉ်ဆေးတွေ၊ သားရဲကောင်အသားနဲ့ စိတ်ဂိညာဉ် အရည်တွေကို ထပ်ပေါင်းလိုက်မယ် ဆိုရင်တော့ လင်းဒေါင်ရှန်ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အရှူးအမူးကို တိုးလာတယ်လို့ သတ်မှတ်နိုင်ပါတယ်။

လင်းဟန်က ဒီနေရာမှာ နှစ်ဂက်ခန့် နေထိုင်ဖို့ စီစဉ်ထားခဲ့ပါတယ်။ အဲဒီနောက်မှ ယန်စွမ်းအားမြင့်မြို့မှာ ရင်ဟောင်ကို ရှာပြီးတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ ယှဉ်ပြိုင်ပွဲကို အတူတကွ တက်ရောက်ရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်ကျရင်တော့ သူ့ကိုယ်သူ အနည်းငယ် ရုပ်ဖျက်ထားရပါလိမ့်မယ်။

တကယ်လို့ ရင်ဟောင်က သူ့ကိုရောင်းစားရင်တော့ သူမအပေါ်မှာ သူ့ရဲ့သုံးသပ်မှုက အမှားအယွင်း ရှိနေတယ်လို့ပဲ မြင်ရပါလိမ့်မယ်။ ဒါပေမဲ့ သူ့အနေနဲ့

ဘယ်လိုမျိုး အသက်အရွယ် ခြိမ်းခြောက်မှုမျိုးကိုမဆို စိုးရိမ်စရာ ရှိလိမ့်မှာမဟုတ်ပါဘူး။

ဒီကိစ္စက သူကတိပေးထားတဲ့ အရာတစ်ခု ဖြစ်တာကြောင့် သူရဲ့စကားကို သေချာပေါက် ထိန်းသိမ်းရပါလိမ့်မယ်။

လွီယုထန်နဲ့ တခြားသူတွေရဲ့ တိုးတက်မှုက ပထမတော့ နှေးကွေးလာခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က စိတ်ဝိညာဉ် ပလ္လင်အဆင့်ကို ချိုးဖြတ်ဝင်ရောက်ကာစပဲ ရှိပါသေးတယ်။ အစွမ်းကုန် ပေါက်ကွဲတဲ့ အချိန်ကို ကျော်လွန်ခဲ့ပြီး တည်ငြိမ်တဲ့ အချိန်ပိုင်းကို ပြောင်းလဲ ရောက်ရှိလာခဲ့တာပါ။ ဒ့ါအပြင် အဆက်မပြတ် ပေါက်ကွဲထွက်ပြီး ကြီးထွားမှုက အမှန်တကယ်တော့ သိုင်းပညာကျင့်ကြံခြင်းကို အကျိုးအမြတ် သိပ်မရှိပါဘူး။

ငြိမ်းချမ်းတဲ့ နေ့ရက်တွေ တော်တော်များများ ဖြတ်ကျော်လာပြီးတဲ့နောက်မှာ ယွဲ့ဟောင်ချန်က အားမရဖြစ်ပြီးတော့ မကျေမနပ် ဖြစ်နေပါတယ်။

ဒါက သူမရဲ့သားဖြစ်သူ အခြေအနေကြောင့် ဖြစ်ပါတယ်။ ဒီနေရာမှာ အရမ်းကို လှပသိမ်မွေ့တဲ့ မိန်းကလေးသုံးယောက် ရှိတာကို မင်းက အခုလိုမျိုး ကြည့်ရုံပဲ

ကြည့်တယ်ပေါ့လေဟုတ်လား။ ဘယ်လောက်တောင် အသုံးမကျတဲ့ သားလဲ။ တော်တော်ကို ရှက်ဖို့ကောင်းတာပဲ။

ယွဲ့ဟောင်ချန်က လင်းဟန်ကို နေ့တိုင်းပဲ ဒီမိန်းကလေးတွေနဲ့ အချိန်ကုန်ဆုံးဖို့ အမိန့်ချ လိုက်ပါတယ်။

ဒါကသူရဲ့ မိခင်ပါ။ ဒါကြောင့် လင်းဟန်က အမိန့်ကို လိုက်နာရုံပဲ တတ်နိုင်ပါတယ်။

ပထမဆုံး အလှည့်ကျသူက လွှီယုထန် ဖြစ်ပါတယ်။

သူတို့နှစ်ယောက်က စံအိမ်ကနေ ထွက်လာပြီးတော့ မြို့ငယ်လေးအပြင်ဘက်ကို လမ်းလျှောက် ထွက်လာကြပါတယ်။ လေပြေလေညင်းလေးက တိုက်ခတ်နေပြီးတော့ သူမက နေရောင်အောက် တလက်လက် တောက်ပနေတဲ့ ကျောက်စိမ်းတုံးလေး တစ်ခုနဲ့ တူပြီးတော့ ညနေခင်းရဲ့ အလင်းရောင် မှိန်ဖျော့ဖျော့က လွှီယုထန်ရဲ့ မျက်နှာပေါ်မှာ အရောင်ဟပ်နေပြီး နီရဲတောက်ပ နေပြီးတော့ အရမ်းကို မျက်စိပသာဒ ဖြစ်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်နေရသလို စိတ်လက်ပေါ့ပါး ကြည်နူးစေပါတယ်။

"အမယ်လေး"

ရုတ်တရက်ဆိုသလို လွီယုထန်က ဒယိမ်းဒယိုင်ဖြစ်သွားပြီးတော့ မြေကြီးပေါ်ကို လဲကျသွား ပါတယ်။ လင်းဟန်က အလျင်အမြန်ပဲ သူမကို အောက်မရောက်ခင် ထိန်းပွေ့လိုက်ပါတယ်။

"ဘာဖြစ်တာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

လွီယုထန်က သူရဲ့ ခန္ဓာကိုယ်ပေါ်မှာ မှီပြီးတော့ အတော်လေးကို တုန်ယင်နေတဲ့ လေသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"ကျမရဲ့ ခြေကျင်းဝတ် လည်သွားပြီ"

ခြေကျင်းဝတ်လည်တယ် ဟုတ်လား။ ခန့်ညားတဲ့ စိတ်ဂိညာဉ်ပလ္လင်အဆင့် ကျွမ်းကျင်သူ တစ်ယောက်က လမ်းလျှောက်နေတဲ့ အချိန်အတွင်းမှာ သူမရဲ့ ခြေကျင်းဝတ်လည် သွားနိုင်လို့လား။

လင်းဟန်က ချက်ချင်းပဲ ကောက်ချက်ချလိုက်တာက လို့ယုထန်က ဟန်ဆောင်နေတာပဲ ဖြစ်ရပါလိမ့်မယ်။

ဒါပေမဲ့ သူက သူမကို ရဲရဲတင်းတင်းနဲ့ ထုတ်ဖော်ပြောရမှာလား။

မိန်းမချောလေး တစ်ယောက်ရဲ့ အခွင့်အရေးပေးမှုကို ရရှိဖို့က အခက်ခဲဆုံး အရာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက အရူးတစ်ယောက်လို ဟန်ဆောင်လိုက်ရုံပဲ တတ်နိုင်ပါတယ်။

"ဒါဆိုရင် ငါတို့ပြန်ကြရအောင်လေ"

လင်းဟန်က ပြောလိုက်ပါတယ်။

"အင်း"

လို့ယုထန်က ခေါင်းညိတ်ပြီးတော့ လင်းဟန်ရဲ့ ရင်ခွင်ထဲကို မှီချလိုက်ပါတယ်။ သူရဲ့ခန္ဓာကိုယ်က ထွက်ပေါ်နေတဲ့ ယောကျ်ားဆန်တဲ့ အငွေ့အသက်ကို အနံ့ကို ရှုမိပြီးတော့ သူမက မူးမေ့လဲမလို ဖြစ်သွားပြီး သူမရဲ့ စိတ်တွေက ပေါက်ကွဲထွက်မလို ခံစားရပြီးတော့ တခြားဘာကိုမှ မတွေးနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းမှာ သူမက တိမ်တွေပေါ်မှာ လျှောက်နေရသလိုမျိုး ခံစားနေရပြီး လုံးဂကို အလေးချိန်မရှိသလို ပေါ့ပါးနေပါတယ်။ သူမရဲ့ ပါးပြင်က နီသထက် နီရဲလာပြီး ပိုပြီးတော့တောင် လှပပြီး ချစ်စရာကောင်းလာပါတယ်။

သူတို့တွေ လျှောက်လာတဲ့ အချိန်မှာ သူမက အားတင်းပြီးတော့ သတ္တိမွေးပြီး လင်းဟာန်ရဲ့ ခါးကို ဖက်လိုက်ပြီး သူမရဲ့ ဦးခေါင်းကိုတော့ လင်းဟာန်ရဲ့ ရင်ဘတ်ပေါ်မှာ အတင်းကို မှီထားလိုက် ပါတယ်။ သူမရဲ့ နလုံးသားထဲမှာ တရုတ်နဂါးလှည့်သလို တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ ရင်ခုန် စိတ်လှုပ်ရှားနေပြီး ဒီလိုအတိုင်းပဲ ထာဂရ လျှောက်လှမ်းချင်နေခဲ့ပါတယ်။

ဒါပေမဲ့ အဆုံးမှာတော့ သူတို့က အိမ်ထိပဲ လမ်းလျှောက်လာခဲ့ပါတယ်။ လင်းဟာန်က သူမသွားဖို့ လွှတ်ပေးလိုက်တဲ့ အခါမှာ လွီယုထန်က ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီးတော့ မကျေမနပ်နဲ့ ဆောင့်အောင့်ပြီး ထွက်သွားတဲ့ပုံစံက လင်းဟာန်ကို ရယ်မောသွားစေပါတယ်။ မင်းရဲ့ ခြေကျင်းဂတ်က လည်နေတာ မဟုတ်ဘူးလား။ ဘယ်လိုလုပ်ပြီးတော့ မင်းက မြန်မြန် ပြေးနိုင်သေးတာလဲ။

ဒီအမှုအရာက လုံးဝကို ကျွမ်းကျင်တဲ့ အတတ်ပညာရှင် တစ်ယောက် မပီသဘူးနော်။

ဒုတိယမြောက်နေ့မှာ လီစီရှန်းကို သူ့ရဲ့အဖော်အဖြစ် ခေါ်ပြီးတော့ လမ်းလျှောက်ထွက် ရပါတယ်။

"အမယ်လေး"

သူတို့လမ်းလျှောက်နေရင်းနဲ့ လီစီရှန်းလည်း ခလုတ်တိုက်ပြီး လဲပါတယ်။

ကောင်းပြီလေ။ သူမရဲ့ ခြေကျင်းဝတ်လည်း လည်သွားခဲ့ပြီပေ့ါ။

မင်းတို့တွေကို ဆရာတစ်ယောက်ကပဲ သင်ပေးလိုက်တာ မဟုတ်လား။

လင်းဟန်က သူမကို ကူညီပြီးတော့ ပြန်လာရင်းနဲ့ ဒီအကြံအစည်က သေချာပေါက် သူ့မိခင်ရဲ့ အကြံပဲ ဖြစ်ရမယ်လို့ စဉ်းစားလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီမိန်းကလေး နှစ်ယောက်က ဒီလိုမျိုး အရှက်ကင်းမဲ့လိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့

သူတို့တွေ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းလာတာ နှစ်နှစ်လောက် ရှိနေပါပြီ။ ဒါကြောင့် သူမတို့က အရင်တုန်းက ခြေကျင်းဝတ် မလည်ပဲနဲ့ ဘာဖြစ်လို့ အခုကျမှ အားလုံးက ခြေကျင်းဝတ် လည်နေကြတာလဲ။

တတိယမြောက်နေ့မှာတော့ ကျူးရွှမ်အာ အလှည့်ကို ရောက်လာပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"မင်းလည်းပဲ လမ်းလျှောက်နေရင်းနဲ့ မင်းရဲ့ခြေကျင်းဝတ် လည်မှာတော့ မဟုတ်နိုင်ဘူးမလား။ ကိုယ်ပိုင်ဟန်တချို့တော့ ရှိရမယ်လေ။ အမြဲတမ်း မင်းတို့ရဲ့ ခြေကျင်းဝတ်တွေ လည်နေရင် ရိုးသားမှု ဘယ်ရှိတော့မလဲ"

ကျူးရွှမ်အာက ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပါတယ်။ ဒီအကြံအစည်က ဘာဖြစ်လို့ အလုပ်မဖြစ်တော့တာလဲ။ သူမက လိမ္မာပါးနပ်စွာနဲ့ စဉ်းစားလိုက်ပြီး သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်က ပျော့လာပြီးတော့ လင်းဟန်ဘက်ကို လှဲချလိုက်ပါတယ်။ ရှင့်ဆီမှာ ကျမကို မြေကြီးပေါ်ကို လဲကျသွားအောင် ခွင့်ပြုမဲ့ နှလုံးသားတော့ ရှိလိမ့်မှာ မဟုတ်ဘူးမလား။

လင်းဟန်က အမှန်တော့ သူမကို မဖမ်းထားချင်ပါဘူး။ ဒါပေမဲ့ တကယ်လို့ သူ့အမေသာ သိသွားရင် သူ့အနေနဲ့ ပြင်းပြင်းထန်ထန်ကို ဆူပူကြိမ်းမောင်း ခံရမယ်ဆိုတာကို စဉ်းစားမိလိုက်တဲ့ အခါမှာတော့ သူက ဒီပန်းပွင့်လေးကို ကာကွယ်ရပါလိမ့်မယ်။ သူက ကျူးရှွမ်အာကို ပွေ့ဖက်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ အရမ်းကို ကောင်းမွန်တဲ့ အထိအတွေ့အာရုံ တစ်ခုက သူ့ကို တိုက်ခိုက်လာပြီး သူရဲ့နှလုံးသားက မရပ်မနားနဲ့ တဒိန်းဒိန်း တဒိုင်းဒိုင်း ခုန်လာစေခဲ့ပါတယ်။

ဒါက ထူးထူးခြားခြားကို အံ့သြစရာကောင်းလောက်အောင် ချောမောလှပတဲ့ မိန်းကလေး ဖြစ်ပြီး သူမရဲ့ မျက်နှာကို ဖုံးထားတာတောင်မှ အလယ်ပိုင်းဒေသက ပါရမီရှင်တွေရဲ့ နှလုံးသားကို လှုပ်ခါနိုင်စေတဲ့သူ ဖြစ်ပါတယ်။ သူမရဲ့ ဆွဲဆောင်မှုက ဘယ်လောက်တောင် အစွမ်းထက်သလဲ ဆိုတာကို ကောက်ချက်ချနိုင်ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို ထိန်းချုပ်မရတော့သလို ခံစားလိုက်ရပါတယ်။ သူ့အနေနဲ့ ကျူးရှွမ်အာနဲ့အတူ အချိန်အကြာကြီး ထိတွေ့ချင်စိတ်တွေ ပြင်းပြလာခဲ့ပါတယ်။ သူ့အတွက် အခက်ခဲဆုံးက သူမရဲ့ ဆွဲဆောင်မှုကို

ဆန့်ကျင်ဖို့ပဲ ဖြစ်ပါတယ်။ သူက ကျူးရှမ်အာကို ဘေးဘက်ဆီ အသာလေး တွန်းလိုက်ပေမဲ့ ဒီထူးခြားတဲ့ မိန်းမချောလေးက သူ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါတယ်။ သူမရဲ့ မှင်တက်အံ့သြစရာကောင်းတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းနဲ့ လုံးဝကို နီးကပ်ပြီးတော့ နွေးနွေးထွေးထွေးနဲ့ ဖိမ်ကျနေရတာက သူမရဲ့ ခန္ဓာကိုယ်က ဘယ်လောက်တောင်မှ ဆွဲဆောင်မှု ကြီးမားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း ခံစားစေပါတယ်။

"အစ်ကိုဟာန်"

သူမက ချစ်စိတ်ပြင်းပြနေတဲ့ အသံနဲ့ တိုးတိုးလေး ခေါ်လိုက်ပါတယ်။

လင်းဟာန်က နာခေါင်းသွေးယိုကျလုနီးပါး ဖြစ်သွားပါတယ်။ ကောင်းကင်ဘုံက နတ်သမီးလေး တစ်ယောက်လို ချောမောလှပတဲ့ မိန်းကလေးက သူရဲ့ရင်ခွင်ထဲမှာ မှီနေပြီးတော့ အခုလိုမျိုး ရင်ကိုထိစေတဲ့ အသံနဲ့ ခေါ်လိုက်တာက တကယ်လို့ သူ့အနေနဲ့ မတုံ့ပြန်ဘူးဆိုရင် သူက ယောကျာ်းမပီသတဲ့ လူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

"ရှင့်ရဲ့ နှလုံးသားထဲမှာ တစ်စုံတစ်ယောက် ပုန်းကွယ်ပြီးတော့ ရှိနေတယ်ဆိုတာကို ရွှမ်အာ သိပါတယ်။ ဒါပေမဲ့ ရွှမ်အာဂရုမစိုက်ဘူး။ နောက်ပိုင်းကျရင် အစ်ကိုဟန်ရဲ့ နှလုံးသားထဲမှာ ရွှမ်အာအတွက် နေရာလေးတစ်ခု ချန်ထားပေးရင်ပဲ လုံလောက်ပါပြီ"

ကျူးရွှမ်အာက အိပ်မက်မက်နေတဲ့ အသံမျိုးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ နှလုံးသားက ပြင်းပြင်းထန်ထန်ကို ခုန်ပေါက်သွားခဲ့ပါတယ်။ ဒီလိုမျိုး ချစ်စရာကောင်းတဲ့ စကားလုံးတွေထပ် ပိုပြီးတော့ ရင်ခုန်စိတ်လှုပ်ရှားစေတာမျိုး ဒီကမ္ဘာကြီးထဲမှာ ရှိပါဦးမလား။

သူ့အနေနဲ့ နှစ်ပေါင်းတစ်သောင်း ကြာပြီးတာတောင်မှ ကောင်းကင်ဖီးနစ် နတ်မိမယ်ကို လုံးဝကို လက်မလွှတ်နိုင်ပါဘူး။ သူ့အနေနဲ့ သူမက နတ်ဘုရားတစ်ပါး ဖြစ်လာပြီးတဲ့နောက်မှာ အခုချိန်ထိ ဆက်ပြီးတော့ အသက်ရှင်နေဦးမယ်လို့ တွေးနေဆဲ ဖြစ်ပါတယ်။ ပြီးတော့ သူမအနေနဲ့ တခြားတစ်ယောက်နဲ့ ချစ်နိုင်လိမ့်မယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ယူဆထားပါတယ်။

ဒီအခြေအနေအောက်မှာ သူ့အနေနဲ့ ဒုတိယ မိန်းကလေးတစ်ယောက် ရှာဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။ ပြီးတော့ ဒါကြောင့်လည်း လွီယုထန်နဲ့ လီစီရှန်းတို့နဲ့အတူ အချိန်အကြာကြီး သွားလာနေတာတောင်မှ သူ့မှာ ထူးဆန်းတဲ့ အတွေးတွေ မဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကျူးရွှမ်အာက ချစ်စိတ်ပြင်းထန်ပြီး အထိမခံနိုင်တဲ့ ကြီးမားကျယ်ပြန့်တဲ့ ပိုက်ကွန် တစ်ခုကို ဖြန့်ထုတ်ပစ်လိုက်ပြီး သူ့အပေါ်ကို ကျရောက်စေကာ တည်တည်ငြိမ်ငြိမ်နဲ့ သိမ်းသွင်းလိုက်ပါတယ်။

မိန်းမတစ်ယောက်ရဲ့ စစ်မှန်တဲ့ ဆွဲဆောင်ဖြားယောင်းမှုက ဘာလဲ။

လင်းဟန်က သူမကို ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းနစ်ပေါင်းတစ်ရာကျော်လောက်
စောင့်ကောင်းစောင့်ရလိမ့်မယ်"

ဒါက ချဲ့ကားပြီးတော့ ပြောတာမဟုတ်ပါဘူး။ သူ့အတွက်တော့ ကောင်းကင်အဆင့်ကို ပြန်ရောက်ဖို့

မြန်ကောင်းမြန်ပါလိမ့်မယ်။ ပြီးတော့ ကောင်းကင်အဆင့်ကနေ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်၊ အဲဒီနောက်မှာ စကြာဝဠာဖျက်ဆီးခြင်း အဆင့်ကနေ နတ်ဘုရားအဆင့်ကို အချိန်ဘယ်လောက် လိုအပ်မလဲဆိုတာ ပြောရခက်ပါတယ်။ ဒါပေမဲ့လည်း နှစ်ပေါင်းတစ်ရာ ဆိုတာက သိပ်ပြီးတော့ မကြာပါဘူး။

"ရွှမ်အာ စောင့်မျှော်နေဖို့ ဆန္ဒရှိပါတယ်"

ကျူးရွှမ်အာက ချစ်စိတ်ပြင်းပြနေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူမအနေနဲ့ ပန်းဖူးအဆင့်ကို သေချာပေါက် ကူးဖြတ်နိုင်ပါလိမ့်မယ်။ ပြီးတော့ အနည်းဆုံး သက်တမ်း နှစ်ပေါင်းသုံးရာကို ပိုင်ဆိုင်ရရှိပါလိမ့်မယ်။ နှစ်ပေါင်းတစ်ရာကျော် စောင့်မျှော်နေရတာက သာမန်လူတစ်ယောက်ရဲ့ ဘဝသက်တမ်းနဲ့ဆိုရင် အသက်သုံးဆယ်နဲ့ ညီမျှပါတယ်။ ဒါအပြင် လင်းဟာန်အနောက်ကို လိုက်ပြီးတော့ သူမရဲ့ ပါရမီနဲ့ဆိုရင် ပန်းဖူးအဆင့်ဆိုတာက သူမရဲ့ အကန့်အသတ် လုံးဝ မဖြစ်နိုင်ပါဘူး။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်၊ နတ်အသွင်ပြောင်းလဲခြင်းအဆင့်၊ ကောင်းကင်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တောင်မှ ဖြစ်နိုင်ချေ ရှိပါတယ်။

ကျူးရွှမ်အာတောင်မှ စောင့်မျှော်နေဖို့ ဆန္ဒရှိနေမှတော့ လင်းဟန်က ဘာကို အကြောင်းပြပြီးတော့ မရဘူးလို့ ပြောနေရဦးမှာလဲ။ တကယ်လို့ သူပြောပုံ့တယ်ဆိုရင် သူ့မိခင်က သူ့ကို ကျာပွတ်နဲ့ ဆော်ပါလိမ့်မယ်။

လင်းဟန်က အံ့သြဖွယ်ရာကောင်းလောက်အောင် လှပချောမောတဲ့ မိန်းမချောလေးကို ပွေ့ဖက်လိုက်ပါတယ်။ နှစ်ယောက်စလုံး စကားမပြောကြပဲ သူတို့အကြားမှာ နွေးထွေးမှုတွေက ပျံ့နှံ့သွားပါတယ်။

ကျူးရွှမ်အာက အရမ်းကို လိမ္မာပါးနပ်ပါတယ်။ လင်းဟန်ရဲ့ နှလုံးသားထဲကလူက ဘယ်သူလဲ ဆိုတာကို မမေးသလို ပြိုင်လည်းမပြိုင် နှိုင်းယှဉ်မှုလည်း မလုပ်ပဲ ဒီကမ္ဘာကြီးထဲမှာ သူမတစ်ယောက်ပဲ ရှိနေသလိုမျိုး တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နေနေလိုက်ပါတယ်။

ပတ်ဝန်းကျင်လေထုက သက်တောင့်သက်သာရှိပြီးတော့ နွေးနွေးထွေးထွေးနဲ့ ချစ်စရာ ကောင်းပါတယ်။

"အစ်ကိုဟန်။ ရှင့်ရဲ့ဘောင်းဘီအောက်မှာ ဘာကြီးလဲ။ မာနေပြီးတော့ ရွှမ်အာကို နည်းနည်းထိုးနေတာလား"

ခဏလောက် ပွဲဖက်ပြီးတဲ့နောက်မှာ ကျူးရှမ်အာက ရုတ်တရက် ဒီလိုမျိုး မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ ထမေးလိုက်ပြီး အဲဒီအရာကို လက်လှမ်းပြီးတော့ ထိလိုက်ပါတယ်။

အာ့။

Chapter 518 end

အပိုင်း(၅၁၉) ရေခြားမြေခြားက သူငယ်ချင်းဟောင်းတွေ ပြေးလွှားခြင်း

လေးရက်မြောက်နေ့မှာတော့ ဟူးညိုက အဲဒီနေရာမှာ စောင့်နေပါတယ်။ လင်းဟာန်ရဲ့ မျက်လုံး ပြူးသွားပြီးတဲ့နောက်မှာတော့ ဟူးညိုက သူမရဲ့ တင်ပါးပေါ်ကို လက်တွေတင်ပြီးတော့ ကျယ်လောင်စွာ ရယ်မောပြီး လင်းဟာန်ကို အသားကင်ဖို့အတွက် ဆွဲခေါ်သွားခဲ့ပါတယ်။ သူမက ဒီလိုမျိုး အရာတွေကို တသမတ်တည်းလုပ်ဖို့ မရှိပါဘူး။ ခဏအကြာမှာ သူမက ကျင့်ကြံဖို့ ကြိုးစားအားထုတ်ခဲ့ပေမဲ့ ရက်အနည်းငယ် ကြာပြီးတဲ့ အခါမှာ သူမက အရှိန်လျော့လာတယ်ဆိုပြီး ပြောခဲ့ပါတယ်။

တခြားလက်မခံနိုင်စရာ ကိစ္စကတော့ သူမရဲ့ ကျင့်ကြံခြင်းက တကယ်ပဲ လျင်မြန်စွာနဲ့ တိုးတက်နေဆဲ ဖြစ်ပါတယ်။ သူမက ပန်းဖူးအဆင့်ကို အသံတောင် မထွက်ပဲနဲ့ ချိုးဖျက်ဝင်ရောက်သွားခဲ့ပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်ကလည်း မခန့်မှန်းနိုင်လောက်အောင် သန်မာပါတယ်။

ဒီရက်တွေမှာ လင်းဟန်က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အနားယူပြီးတော့ ဖိအားတွေ အားလုံးကို မေ့ထားပြီး သူမိဘတွေရဲ့ ချစ်ခင်မှုနဲ့ ပျော်ရွှင်ကျေနပ်နေပြီးတော့ ချောမောလှပတဲ့ မိန်းမလှလေးတွေရဲ့ ကြင်နာယုယမှုတွေနဲ့ ပျော်ရွှင်နေပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သိုင်းပညာပေါ်မှာ အံ့မခန်း တိုးတက်မှုကိုလည်း ရရှိခဲ့ပါတယ်။

သူဆုပ်ကိုင်နိုင်တဲ့ ဓားချီက အခုဆိုရင် ချီအလင်း ဆယ့်ကိုးခုထိ ရှိလာပြီးတော့ ပေါက်ကွဲကြီးထွားမှုရဲ့ အချိန်ကာလတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်ဆယ်ခုမြောက် ချီအလင်းက နောက်ထပ် အခက်အခဲတစ်ခု ဖြစ်ပြီး သူ့အတွက် အချိန်အနည်းငယ် ယူရပါလိမ့်ဦးမယ်။ ဒါအပြင် သူက ဒေါသပေါက်ကွဲတဲ့ မြွေပါဆိုးအိုကြီးနဲ့ အမည်မသိသားရဲဘုရင်ဆီကနေ ရရှိခဲ့တဲ့ အရိုးပုံစံ

အစီအရင်နှစ်ခုကိုလည်း နောက်ဆုံးမှာ နားလည်သဘော ပေါက်ခဲ့ပါတယ်။

မြွေပါဆိုးအိုကြီးရဲ့ အရိုးအစီအရင်ပုံစံက ထောက်ပံ့မှု အမျိုးအစား ပညာရပ်တစ်ခု ဖြစ်ပြီးတော့ အဲဒီပညာရပ်ကို ဘယ်လိုခေါ်ဆိုလို့ ရနိုင်မလဲ ဆိုတာကို လင်းဟန်တောင်မှ မသိပါဘူး။ ၎င်းက စိတ်ဂိညာဉ် အစီအရင် ပုံစံတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဓားတစ်လက်အပေါ်မှာ တွဲချည်ထား နိုင်ပြီးတော့ ဓားချီရဲ့ ဖျက်ဆီးခြင်းစွမ်းအားကို အကြီးအကျယ် တိုးမြင့်စေနိုင်ပါတယ်။ တကယ်တော့ ၎င်းမှာ ထိုးစစ်ဆင်ဖို့ စွမ်းရည်မရှိပါဘူး။ ထောက်ပံ့မှု အမျိုးအစား စွမ်းရည်တွေကို ပိုင်ဆိုင်ထားတဲ့ အရာတစ်ခုပဲ ဖြစ်နိုင်ပါတယ်။

ဒါက အရမ်းကို လက်တွေ့ကျပြီးတော့ လင်းဟန်တောင်မှ ၎င်းရဲ့အာနိသင်က တခြား အရိုးပုံစံ အစီအရင်တွေထက် သာလွန်တယ်လို့ ခံစားရပါတယ်။

နောက်တစ်ခုက အေးစက်တဲ့ ရေခဲဓားသွားတွေကို ပစ်လွှတ်နိုင်တဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က အဖေးပစ်တိုက်ခိုက်မှု တစ်ခုဖြစ်တဲ့ ကြယ်စင်နဂါး အမြစ်ပြတ် သုတ်သင်ခြင်း များ

လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို နားလည်သဘောပေါက်ပြီးပါပြီ။ ဒါပေမဲ့ စဉ်းစားကြည့် လိုက်တဲ့ အခါမှာ ကြယ်နဂါးအမြစ်ပြတ် သုတ်သင်ခြင်းများကို ပစ်လွှတ်နိုင်ဖို့အတွက် ၎င်းကို စုစည်းဖို့ အချိန်အတော်လေးကို လိုအပ်ပါတယ်။ ပြီးတော့ ၎င်းတိုက်ခိုက်မှုက အရမ်းကို ဝေးကွာလွန်းတဲ့ နေရာကို ပစ်လွှတ်တိုက်ခိုက်မှု ဖြစ်ပြီးတော့ ဒီအေးစက်တဲ့ ရေခဲဓားသွားကတော့ အလယ်အလတ် ဒါမှမဟုတ် တိုတောင်းတဲ့ အကွာအဝေးအတွင်း ပစ်လွှတ်တိုက်ခိုက်မှု ဖြစ်ပါတယ်။ ဒါကြောင့် ဒီပညာကလည်း သူ့အတွက် အထောက်အပံ့ ဖြစ်စေပါတယ်။

ဘာပဲဖြစ်ဖြစ် နည်းစနစ်တွေ အများကြီး ရှိနေတာက ကိစ္စမရှိပါဘူး။ တစ်နေရာမဟုတ် တစ်နေရာတော့ အသုံးဝင်လာနိုင်ပါလိမ့်မယ်။

နောက်ကျရင် သူက အလယ်ပိုင်းဒေသကို သွားရပါမယ်။ ပြီးတော့ အဲဒီမှာ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်နည်းစနစ်ကို အလျင်စလိုနဲ့ အသုံးပြုလို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်ဓားဂိုဏ်းက မွန်းစတားအဘိုးကြီးတွေ ထွက်ပေါ်လာပါလိမ့်မယ်။ ဒါက ရယ်စရာကိစ္စ

တစ်ခုမဟုတ်ပါဘူး။ ဒါကြောင့် သူ့ရဲ့ အတွေးတွေထဲမှာ နည်းစနစ်တချို့ကို လှန်လျောရှာဖွေ လိုက်ပြီးတော့ ဓားသိုင်းနည်းစနစ် တစ်ခုကို တွေ့သွားပါတယ်။

အထီးကျန် ဝရဲဓား။

လင်းဟန်က ဒီဓားသိုင်းကို ရှေးဟောင်းနယ်မြေ တစ်ခုကနေ ရရှိခဲ့တာပါ။ ဒီဓားသိုင်းနည်းစနစ်က ရှေးဟောင်းဘုန်းတော်ကြီးများလို့ ခေါ်ကြတဲ့ ထူးဆန်းတဲ့ အင်အားစု တစ်ခုရဲ့ အမွေအနှစ်တစ်ခုလို့ ပြောကြပါတယ်။ ဒီဓားသိုင်းနည်းစနစ် တစ်စုံက ယောက်ျားတွေ၊ သားရဲကောင်တွေနဲ့ လူသားတွေ အားလုံးအပြစ်ကို ခံယူရပါတယ်။ ၎င်းမှာ စုစုပေါင်း သိုင်းကွက် ရှစ်မျိုးရှိပါတယ်။ ပထမခုနှစ်ကွက်က သက်ညှာမှုရှိပြီးတော့ ပြိုင်ဘက်ဖြစ်သူရဲ့ အသက်ကို အားနည်းချည့်နဲ့ပြီး ချန်ထားပေးပြီးတော့ အဓိကက ခုခံမှုအတွက် အသုံးပြုပါတယ်။ နောက်ဆုံးတိုက်ကွက်ကတော့ အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး နတ်ဆိုးတစ်ကောင် ဖြစ်လာတာမျိုးနဲ့ တူပါတယ်။

ဒီဓားသိုင်းနည်းစနစ်ကလည်း ကောင်းကင်အဆင့် နည်းစနစ် တစ်ခုဖြစ်ပါတယ်။ ဒါက လင်းဟန်

နားလည်သဘောပေါက်တဲ့ တစ်ခုတည်းသော ကောင်းကင်အဆင့် ဓားသိုင်းလည်း ဖြစ်ပါတယ်။ ဒီဓားသိုင်းက အတော်လေးကို ထူးဆန်းတယ်ဆိုပေမဲ့ လင်းဟန်က ဒါကို လေ့ကျင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကောင်းကင်အဆင့် နည်းစနစ်တစ်ခုကို နားလည်သဘောပေါက်ဖို့က ကျင့်ကြံနေချိန် အတွင်းမှာ ၎င်းရဲ့ ရည်ရွယ်ချက်ကို သိုင်းဆန္ဒနဲ့ တိုက်ကွက်တွေ အကြားက ဆက်နွယ်ပက်သတ်မှုကို အရင်ဆုံး ချိတ်ဆက်မိအောင် လုပ်ပြီးတော့မှသာ နည်းစနစ်ရဲက စွမ်းအားကို အပြည့်အဝ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

ဒါကြောင့် အထီးကျန်ငရဲဓားသိုင်းကို အပြည့်အဝ နားလည်သဘောပေါက်ဖို့အတွက် လင်းဟန်အနေနဲ့ ပထမဆုံး တိုက်ကွက်ခုနစ်ကွက်ကို လူသားတစ်ယောက်ရဲ့ သနားဂရုဏာတရား ကြီးမားမှုကို အကောင်အထည် ဖော်ရမှာ ဖြစ်ပြီးတော့ နောက်ဆုံးတိုက်ကွက်ကို ထုတ်ဖော်တဲ့ အခါမှာ သူက ငရဲက သတ်ဖြတ်သူ နတ်ဆိုးဘုရင် အဖြစ်ကို ပြောင်းလဲသွားပြီးတော့ အရာအားလုံးကို ဖြတ်တောက်ပစ်ရပါလိမ့်မယ်။

သူက ဓားသိုင်းနည်းစနစ်ကို လေ့လာနေပြီးတော့

ဒီဓားသိုင်းကို ဖန်တီးခဲ့ချိန်တုန်းက ရှေးဟောင်းဘိုးဘေးရဲ့ စိတ်အခြေအနေကိုပါ အာရုံပြု ဆင်ခြင်နေပြီးတော့ ဒီနည်းလမ်းနဲ့ ဓားသိုင်းကို ပိုပြီးတော့ နားလည်သဘောပေါက်မှု ကြီးထွားလာစေပါတယ်။

"ဒါပေမဲ့လည်း တစ်စုံတစ်ယောက်ရဲ့ နည်းစနစ်ကို ကျင့်ကြံတာက အဲဒါက ဘယ်လောက်ပဲ သန်မာပါစေ ကိစ္စမရှိဘူး။ ဒါက တစ်စုံတစ်ယောက်ရဲ့ တီထွင်ဖန်တီးမှုကို အသုံးပြုနေ သေးတာပဲ။ လူတိုင်းကိုယ်စီမှာ သူတို့ရဲ့ ကိုယ်ပိုင်လမ်းကြောင်းတွေ ရှိကြတယ်။ ပြီးတော့ တကယ်လို့ ဒါက ဘုရင်အဆင့် တူညီတဲ့ လမ်းကြောင်းတစ်ခု၊ နလုံးသားမဲ့တဲ့ လမ်းကြောင်းတစ်ခု၊ ဒါက လုံးဝကို တူညီဖို့ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိဘူး"

"ဒါဆိုရင် အသန်မာဆုံး ဖြစ်ဖို့ဆိုရင် ငါ့ရဲ့ကိုယ်ပိုင် နည်းစနစ်တစ်ခုကို ငါတီထွင်ဖန်တီးသင့်တယ်"

"ကောင်းကင်၏သားတော် လက်သီးသိုင်းကို ဖန်တီးခဲ့တဲ့ မိုးရေကောရာဇ်လိုမျိုး အဲဒါက အသန်မာဆုံး လက်သီးသိုင်းနည်းစနစ် မဖြစ်နိုင်ပေမဲ့ မိုးရေကောရာဇ် အတွက်တော့ အရမ်းကို သင့်တော်တဲ့ လက်သီးသိုင်း နည်းစနစ်တစ်ခု ဖြစ်နေသေးတာပဲ။ သူရဲ့အဆင့်

မြင့်မားလာသလို လက်သီးသိုင်း နည်းစနစ်ရဲ့ စွမ်းအားကလည်း တိုးလာလိမ့်မယ်။ အနည်းဆုံး ကျွမ်းကျင်တဲ့ ဆရာသခင် အဆင့်ကို ရောက်ပြီးတော့ မိုးရေဇကေရာဇ် သွားနိုင်တဲ့ အမြင့်အပေါ်မှာ မူတည်လိမ့်မယ်”

“ဒီဘဂမှာ ငါက ဓားအပေါ်မှာ အာရုံစိုက်ထားမှတော့ ငါ့ရဲ့ကိုယ်ပိုင် ဓားလမ်းကြောင်း ပါဂင်တဲ့ ဓားသိုင်းနည်းစနစ် တစ်ခုကို တီထွင်ဖန်တီးရလိမ့်မယ်။ ပြီးတော့ ငါ့ရဲ့အဆင့် မြင့်လာရင် အဲဒီဓားသိုင်း အဆင့်ကလည်း တိုးလာလိမ့်မယ်”

“ငါဒါကို အရင်က စဉ်းစားခဲ့ဖူးတယ်။ ဒါပေမဲ့ ဘယ်တုန်းကမှ မလေ့ကျင့်ခဲ့ဖူးဘူး။ အခုဆိုရင် ငါက ပန်းဖူးအဆင့်ကို အဆင့်တက်ပြီ ဆိုမှတော့ နေ့စဉ် အချိန်ဇယား တစ်ခုထားပြီး လေ့ကျင့်သင့်ပြီ”

လင်းဟန်က အထီးကျန် ငရဲဓားကို ကျင့်ကြံခဲ့ပြီး သူရဲ့ ဓားလမ်းကြောင်းကို အဖြေထုတ် ကောက်ချက်ချပြီး ရုတ်တရက် ဉာဏ်ကွန့်မြူးပြီးတော့ ဉာဏ်အလင်းရတဲ့ တစ်ရက်မှာ အချိန်ယူပြီးတော့ သူရဲ့နားလည်သဘောပေါက်မှုတွေကို စုစည်းပြင်ဆင် လိုက်ပါတယ်။

ဒါက သူတစ်ယောက်တည်း မဟုတ်ပါဘူး။ လွီယုထန်နဲ့ တခြားသူတွေလည်း အတော်အတန် အတွေ့အကြုံ ရရှိခဲ့ကြပါတယ်။ အဲဒီနောက်မှာ သူတို့လည်း နောက်တစ်ကြိမ် အရှေ့ကို ခုန်ကျော်သွားပါတယ်။ ဒါကသူ့လိုမျိုး တိုးတက်တာ မဟုတ်ပေမဲ့ လူအများစုထက် ပိုပြီးတော့ မြန်ဆန်ပါသေးတယ်။

လင်းဟန်က လင်းဒေါင်ရှန်ကို အများဆုံး အာရုံစိုက်ပြီး လုပ်ဆောင်ပေးတယ်ဆိုတာ သိသာပါတယ်။ သုံးလခန့် ကြာပြီးတဲ့နောက်မှာတော့ လင်းဒေါင်ရှန်က စိတ်ဂိညာဉ် ပင်လယ် အဆင့်ကို ကူးဖြတ်သွားခဲ့ပါတယ်။ ဒီအမြန်နှုန်းက တကယ်ပဲ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ကျင့်ကြံခြင်းကို မြင့်မားအောင် အတင်းအကျပ် ပြုလုပ်တာက သိပ်တော့ မကောင်းပါဘူး။ အဲဒါက သူတို့ရဲ့ ကြီးထွားရှင်သန်မှု မျိုးစေ့ကို ဆွဲထုတ်ယူလိုက်တာနဲ့ အတော်လေးကို တူပါတယ်။ အဲဒါက သိုင်းပညာရှင်တွေရဲ့ အုတ်မြစ်အခြေခံကို ထိခိုက်နာကျင်စေပြီး သူတို့အနာဂတ် အလားအလာကို လျှော့မိုးစေပါတယ်။ ဒါပေမဲ့လည်း လင်းဟန်မှာ တခြားနည်းလမ်း မရှိတော့ပါဘူး။ သူ့အဖေက အသက်မငယ်တော့ပါဘူး။ ပြီးတော့ တကယ်လို့ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာကိုးကနေ ပန်းဖူးအဆင့်ကို

တစ်ရှိန်ထိုး ဂင်ရောက်နိုင်ခြင်း မရှိဘူးဆိုရင် လင်းဒေါင်ရှန်က နှစ်ပေါင်းတစ်ရာ သက်တမ်းပဲ ရှိပါလိမ့်မယ်။

ဒီဘဂမှာ မိဘတွေ ရှိခြင်းနဲ့ နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ ယုံကြည်ချက်တွေ ရှိလာသလို လင်းဟန်က သူရဲ့ မိဘတွေနဲ့ နှစ်အနည်းငယ်ပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ပေါင်းစည်းနိုင်ရုံလောက်တော့ မလိုချင်ခဲ့ပါဘူး။ ဒါကြောင့် အနည်းဆုံးတော့ သူရဲ့မိဘတွေကို ပန်းဖူးအဆင့်ကို ရောက်ရပါမယ်။ သူနတ်ဘုရား တစ်ပါးဖြစ်လာတဲ့ အခါကျရင် နတ်ဘုရားဆေးပင်တွေကို ရှာဖွေဖို့ အချိန်ရှိပြီး အဲဒီဆေးပင်တွေကို နတ်ဘုရားဆေးလုံးအဖြစ် ဖော်စပ်ပြီးတော့ သူရဲ့မိဘတွေကို ခြေတစ်လှမ်းထဲနဲ့ နတ်ဘုရားတွေ ဖြစ်လာအောင် လုပ်ရပါလိမ့်မယ်။

မိန်းကလေး သုံးယောက်နဲ့ တစ်ရက်ပြီးတစ်ရက် ပိုမိုလိုက်လျောညီထွေမှု ရှိလာပါတယ်။ သူတို့က အရမ်းကို ရင်းနှီးတဲ့ ဆက်သွယ်မှု မရှိပေမဲ့လည်း သူတို့ရဲ့ ခံစားမှုတွေက တစ်ရက်ပြီးတစ်ရက် နက်ရှိုင်းလာခဲ့ပါတယ်။ ကျူးရွှမ်အာက ဖုဖောင်းနေတဲ့ အရိုးချောင်းကို ကိုင်မိပြီးတဲ့ နောက်မှာတော့ လင်းဟန်ကို ပေးမဖက်ပုံတော့ပါဘူး။ ပြီးတော့ လင်းဟန်ရဲ့ ခန္ဓာကိုယ် အောက်ပိုင်းကို စားတော့ဂါးတော့မဲ့ ပုံစံနဲ့တောင် ကြည့်ကြည့်ပြီးတော့

မျက်နှာနီနီသွားပါတယ်။

အဲဒီည လင်းဟန်က ကျင့်ကြံအားထုတ်ပြီးတဲ့ နောက်မှာ သူရဲ့အိပ်ယာပေါ်မှာ အနားယူနေပြီး မကြာခင်မှာ အိပ်ပျော်သွားခဲ့ပါတယ်။

သူက ပန်းဖူးအဆင့်ကို ရောက်ပြီးတော့ သေမျိုးအဆင့်ကို စွန့်ပယ်ခဲ့တယ် ဆိုပေမဲ့ ခန္ဓာကိုယ်ရဲ့ ပင်ပန်းနွမ်းနယ်မှုကို ပြန်လည်ကောင်းမွန်လာစေနိုင်မဲ့ အမြန်ဆုံးနဲ့ အကောင်းဆုံး နည်းလမ်းက အိပ်စက်ခြင်းပဲ ဖြစ်နေပါသေးတယ်။ တကယ်လို့ သူက လဂက်လောက် မအိပ်ပဲ နေရင်တောင်မှ သူ့အနေနဲ့ စွမ်းအင်တွေ ပြည့်ဂနေဆဲ ရှိနိုင်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ညတိုင်းညတိုင်း ဘာဖြစ်ဖြစ် အိပ်စက်ရပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီနေ့ညက အတော်လေးကို တိတ်ဆိတ်ငြိမ်သက်ခြင်း မရှိပါဘူး။

လင်းဟန်က သူရဲ့မျက်လုံးကို ရုတ်ချည်းဆိုသလို ဖွင့်လိုက်ပါတယ်။ ပြီးတော့ အခန်းရဲ့ ပြတင်းပေါက်က အနည်းငယ် လှုပ်သွားပြီး ဓားကိုင်ထားတဲ့ လူနစ်ယောက်က တိုးဂင်လာခဲ့ပါတယ်။ လရောင်က ရှင်းရှင်းလင်းလင်းကို

ကျရောက်နေပြီး ဓားသွားပေါ်က အေးစိမ့်စိမ့် အလင်းပြန်မှုကို မြင်တွေ့နိုင်ပါတယ်။

သူခိုးတွေလား။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်ပြုံးပြုံးလိုက်ပါတယ်။ သူ့ဆီကနေ ခိုးမယ် ဟုတ်လား။ အဲဒါက ကိုယ့်သေတွင်းကိုယ် တူးတာပါပဲ။

သူက တိုက်ခိုက်ဖို့ စဉ်းစားလိုက်ပေမဲ့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ သူရဲ့အမြင် အာရုံနဲ့ ညအမှောင်ထဲမှာတောင်မှ အရောင်ဂတ္တုတွေကို ရှင်းရှင်းလင်းလင်းနဲ့ ထိုးဖောက်ပြီး မြင်နိုင်ပါတယ်။ ဒါကြောင့် ဒီလူနှစ်ယောက်ကို သူလှမ်းကြည့်လိုက်ပြီးတော့ မြင်သွားတဲ့ အခါမှာတော့ ဒီသူခိုးနှစ်ယောက်ကို သူသတိပြုမိသွားခဲ့ပါတယ်။

သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြုံးနေပြီး အိပ်ယာပေါ်မှာ ထထိုင်လိုက်ပါတယ်။

ရှုပ် ရှုပ်။

ဓားနှစ်လက် သူရဲ့ပခုံးပေါ်ကို လာတင်လိုက်ပြီးတော့ မိန်းကလေး တစ်ယောက်က လေသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"မလှုပ်နဲ့ မဟုတ်ရင် ငါနင့်ကို သတ်ပစ်ရလိမ့်မယ်"

"အစ်မရယ် သူ့ကို ကြောက်အောင်လို့ မခြောက်ပါနဲ့။ တကယ်လို့ ဒီကောင်က ကြောက်လန့်ပြီးတော့ ဆတ်ခနဲ အသံကျယ်နဲ့ အော်လိုက်ရင် ဘယ်လိုလုပ်မလဲ"

နောက်ထပ်မိန်းကလေး တစ်ယောက်ရဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။

ဒီမြင်ကွင်းကို ကြည့်ရတာ တကယ့်ကို ရင်းနှီးနေပါတယ်။

"နင့်ပါးစပ်ကို ပိတ်ထား"

အကြီးမက ဆူလိုက်ပါတယ်။

ညီမလုပ်သူက ဟွန့်ဆိုပြီးတော့ လက်မခံပဲ ရှိနေပါသေးတယ်။ သူမက အတော်လေးကို လက်တွေ့ကျပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့ ငါကတော်ရုံနဲ့ မထိတ်လန့်တတ်ပါဘူး။ ငါမအော်ပါဘူးစိတ်ချ"

မိန်းကလေးတွေက ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ သူမတို့က သတ္တိကောင်းတဲ့လူ တော်တော်များများကို မြင်တွေ့ဖူးခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးတော့ မဟုတ်ဘူးမလား။ ဒါက တကယ့်ကို ရှားပါတယ်။ မင်းက အရမ်းကို လွန်နေပါပြီ။ ဒီဓားနှစ်ချောင်းက နင့်ရဲ့ လည်ပင်းပေါ်မှာ ရှိနေတာကို မသိဘူးလား။

ဟုမ်း။

အဲဒီအချိန်မှာ အပြင်ဘက်က ကျယ်လောင်တဲ့ ဆူညံသံ တစ်ခုထွက်ပေါ်လာပြီး အစွမ်းထက်တဲ့ အသံတစ်ခု ထွက်လာခဲ့ပါတယ်။

"အထဲကနှစ်ယောက်။ အပြင်ကို ထွက်ခဲ့စမ်း"

Chapter 519 end

အပိုင်း(၅၂၇) ထူးဆန်းထိတ်လန့်ဖွယ်ရာ သတ္တုတွင်း

လင်းဟာန်က သက်ပြင်းချပြီးတော့ မေးလိုက်ပါတယ်။

"ငါ့ကိုပြောစမ်း။ နင်တို့တွေက လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတာ နောက်တစ်ကြိမ် ကျရှုံးပြန်ပြီ မဟုတ်လား။ တခြားလူတွေကို ရန်စပြီးတော့ အခုတော့ မင်းတို့ကို လိုက်ရှာနေတာကို ခံနေရပြီ မဟုတ်လား"

"ဟင် နင်ဘယ်လိုလုပ်ပြီးတော့ ငါတို့က လုပ်ကြံသတ်ဖြတ်ရေးသမားတွေဆိုတာကို သိနေတာလဲ"

ညီမဖြစ်တဲ့သူက အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"နင်တို့တွေ အခုထိ ငါ့အသံကို မမှတ်မိသေးဘူးလား"

လင်းဟာန်က ပြောစရာ စကားကို မရှိတော့ပါဘူး။ ဒီမိန်းကလေးတွေကို တကယ်ပဲ လုပ်ကြံသတ်ဖြတ်ရေးသမားတွေလို့ ခေါ်လို့ သင့်တော်ပါ့မလား။

ညီမဖြစ်သူက အလျင်အမြန်ပဲ ရေနံ့ဆီမီးအိမ်ကို

ထွန်းပြီးတော့ လင်းဟန်ရဲ့ မျက်နှာအနီး လှုပ်ယမ်းကြည့်လိုက်ပါတယ်။ ပြီးတော့ အထိတ်တလန့်နဲ့ အမေ့လို့ အော်လိုက်ပြီးတော့ လင်းဟန်ကို လက်ညိုးထိုးညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"နင်ပေါ့လေ။ ဘယ်လိုလုပ်ပြီးတော့ နင်က ဒီနေရာမှာ ရှိနေတာလဲ။ ငါတစ္ဆေသရဲ တစ်ကောင်ကို မြင်နေပြီလား"

ဒီလုပ်ကြံသတ်ဖြတ်ရေးသမား နှစ်ယောက်က လွီဖန်းအာနဲ့ လွီရှုအာတို့ ညီအစ်မ နှစ်ယောက် ဖြစ်ပြီးတော့ ရှုခက်ရှင်းကို လုပ်ကြံသတ်ဖြတ်တာ ကျရှုံးပြီး ယွမ်ရှန်းရှန်းနဲ့အတူ ထွက်သွားတဲ့ ညီအစ်မနှစ်ယောက် ဖြစ်ပါတယ်။ အခု အဲဒါကို ပြန်စဉ်းစားလိုက်တဲ့ အခါမှာ သူမတို့က မီးနိုင်ငံကနေ လာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါက အရမ်းကို တိုက်ဆိုင်လွန်းပါတယ်။ သူတို့က အရမ်းကို ကြီးမားတဲ့ နိုင်ငံတစ်ခုက မြို့ငယ်လေးတစ်မြို့မှာ ပြန်ပြီးတော့ ဆုံတွေ့ရပါပြီ။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါဘာကြောင့် ဒီနေရာကို ရောက်နေသလဲ ဆိုတာကို ဂရုစိုက်ဖို့ မလိုဘူး။ မင်းတို့ရဲ့ ကိစ္စကို ငါတို့တွေ

ဘယ်လိုဖြေရှင်းရမလဲ”

“ငါတို့ညီအစ်မကို နောက်တစ်ကြိမ် ဖွက်ထားပေးဖို့ သခင်လေးဟန်ကို ဒုက္ခပေးရဦးမယ်”

လွီဖန်းအာက ပြုံးပြီး ပြောလိုက်ပါတယ်။ ဒီလူငယ်လေးက အရမ်းကို တည်ငြိမ်ပြီးတော့ တည်တည်တံ့တံ့ ရှိပါတယ်။ လုံးဝကို ဆယ်ကျော်သက်အရွယ် လူတစ်ယောက်နဲ့ မတူပါဘူး။ ဒါက သူမကို မယုံနိုင်စရာ ကောင်းလောက်အောင် လုံခြုံမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

“ဟင့် ငါတို့ဘယ်သူ့ကို ရန်စခဲ့တယ် ဆိုတာကိုတောင် မသိသေးပဲနဲ့ အခုလိုမျိုး ချောင်ကျတဲ့ မြို့ကို ပြေးလာရတာကိုတောင်မှ နင်က ငါတို့ကို ကာကွယ်ပေးချင်သေးတာလား”

လွီရှုအာက စိတ်မသက်မသာ ဖြစ်စေမဲ့ ရန်စကား တချို့ကို ပြောလိုက်ပါတယ်။

လင်းဟန်က နှုတ်ခမ်းကို တွန့်ပြီးတော့ ပြောလိုက်ပါတယ်။

“ကောင်းပြီ။ ငါတကယ်ပဲ တောင်းပန်ပါတယ်။

ကျေးဇူးပြုပြီးတော့ မင်းတို့တွေ ဘယ်ကိုပဲ ဖြစ်ဖြစ် ထွက်သွားကြပါ”

“ညံ့လိုက်တာ။ ငါက ဒီအတိုင်းပြောရုံပဲ။ နင်ကတကယ်ပဲ အလေးအနက်ထားနေတယ်”

လွီရှုအာက နှုတ်ခမ်းစူ လိုက်ပါတယ်။

“အတည်ပြောစမ်းပါ။ မင်းတို့တွေ ဒီတစ်ကြိမ် ဘယ်သူ့ကို ရန်စခဲ့တာလဲ”

လင်းဟန်က မေးလိုက်ပါတယ်။

လွီရှုအာက ချက်ချင်းဆိုသလို တည်တည်ငြိမ်ငြိမ် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ငါတို့က မီးနိုင်ငံရဲ့ အရေးပါတဲ့ ဂန်ကြီးဖြစ်သူ နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့တယ်”

“ဘာ ဘာပြောတယ်။ ဘယ်လောက်တောင် ထူးဆန်းလိုက်တဲ့ နာမည်လဲ”

လင်းဟန်က ကြားဖြတ်ပြီးတော့ ပြောလိုက်ပါတယ်။

"နဇီရန်။ မိန်းမလျာ နာမည်နဲ့တူတဲ့ ညစ်ပတ်တဲ့ ယောက်ျားတစ်ယောက်ပဲ"

လွီရှူကို ကြည့်ရတာ ယုံကြည်မှု တစ်ခုရသွားပုံပါပဲ။ မျက်နှာအမူအရာက သူမပြောတာ မှန်ကန်တယ် ဆိုတဲ့ပုံစံပါပဲ။

"အဲဒါဟုတ်တယ်။ ငါပြောသလိုပဲ ဒီလူရဲ့ နာမည်က ထိတ်လန့်စရာ ကောင်းတယ်"

လွီဖန်းအာက ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ပြီးတော့ ပြောလိုက်ပါတယ်။

"နာမည်က အရေးမပါဘူး။ အဓိကသော့ချက်က ဒီနဇီရန်က လွန်ခဲ့တဲ့ နှစ်ဂက်လောက်က ရုတ်တရက် ပေါ်လာပြီးတော့ မီးကေရာဇ်ရဲ့ အလေးထားဆုံး ခံရတဲ့ လူတစ်ယောက် ဖြစ်လာခဲ့တယ်။ သူက မီကေရာဇ်ရဲ့စိတ်ကို အရမ်းကို ထူးဆန်းထိတ်လန့်စရာကောင်းတဲ့ သတ္တုတွင်းတစ်ခုနဲ့ ညှိုယူဖမ်းစားခဲ့တယ်။ အဲဒီသတ္တုတွင်းက အလုပ်သမားတွေ ပြန်လာတိုင်း သူတို့က ဒုတိယမြောက်နေ့မှာ ရုတ်တရက်

သေသေသွားကြတယ်”

“ဒါပေမဲ့လည်း မီးကေရာဇ်က လုံးဝကို လက်မလျှော့ခဲ့ဘူး။ နိုင်ငံအနှံ့က လူသားစွမ်းအင် အရင်းအမြစ်တွေကို အသုံးပြုပြီးတော့ အဲဒီသတ္တုတွင်းကို တူးထုတ်နေတယ်။ အမိန့်ကို မနာခံတဲ့ ဘယ်သူမဆို သတ်ပစ်တယ်။ အခု နိုင်ငံအတွင်းက မရေမတွက်နိုင်တဲ့ လူတွေက ထိတ်လန့်ကြောက်ရွံ့ကုန်ကြပြီ။ ဒါကြောင့် နိုင်ငံအတွက် မကောင်းဆိုးဝါး တစ်ကောင်လို ဖြစ်နေတဲ့ နဇီရန်ကို ငါတို့တွေက မျိုးဖြုတ်သတ်ပစ်မလို့ပဲ”

“ဟင့် လုပ်ကြံသတ်ဖြတ်ရေး သမားတွေ ဖြစ်ပြီးတော့ မင်းတို့က မြင့်မြတ်သလို ခံစားနေ သေးတာပဲလား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ငါတို့ကို မနှိမ်ပါနဲ့။ ငါတို့က လူသုံးမျိုးကို မသတ်ဘူး”

လီရှုအာက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

“ကလေးတွေကို မသတ်ဘူး။ သက်ကြီးရွယ်အိုတွေကို မသတ်ဘူး။ ပြီးတော့ လူကောင်းတွေကို မသတ်ဘူး”

လင်းဟန်က ပြုံးပြုံးလေးနဲ့ ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"အဲဒီနောက် ဘာဖြစ်လဲ။ မင်းတို့တွေက နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားပြီးတော့ အဆုံးမှာ မအောင်မြင်ပဲ မိုင်းတစ်သောင်းလောက်အထိ လိုက်ဖမ်းတာ ခံနေရတာလား"

လီရှုအာက နှုတ်ခမ်းစူပြီးတော့ ပြောလိုက်ပါတယ်။

"နင်ငါတို့ကို နည်းနည်းလေးလောက် အထင်ကြီးပေးလို့ မရနိုင်ဘူးလား။ ငါတို့က သူ့ကို အောင်အောင်မြင်မြင်နဲ့ လုပ်ကြံသတ်ဖြတ်နိုင်ခဲ့ပြီး လိုက်လံဖမ်းဆီးတဲ့ စစ်သားတွေ လက်ထဲကနေ အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးလာနိုင်တယ်ဆိုပြီးတော့ တွက်ပေးလို့ မရဘူးလား"

"ဟီးဟီး"
"ဘာဟီးဟီးလဲ"

လီရှုအာက သူမရဲ့ တင်ပါးတွေပေါ်ကို လက်ထောက်ပြီးတော့ အရမ်းကို အားမလို အားမရ ဖြစ်နေပုံ ပေါ်လာခဲ့ပါတယ်။

ဟုမ်း။

အပြင်ဘက်ကနေ အသံကြီးတစ်ခု ထွက်ပေါ်လာပြီး အိမ်တစ်ခုလုံး ပျက်စီးသွားနိုင်ပါတယ်။ အဲဒီအသံက အနောက်မှာ နောက်ထပ်အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"အင်ပါယာ အစောင့်အရှောက်တွေက တရားမျှမျှတတ ကိုင်တွယ်ဖြေရှင်း တတ်ကြတယ်။ ငါတို့က အရင်ဆုံး လုပ်ရှားပြီး နောက်ကျမှ သတင်းပို့နိုင်တယ်။ တကယ်လို့ ဒီမြို့ထဲက လူတွေအားလုံး ဆယ့်ငါးမိနစ်အတွင်းမှာ မြို့ရဲ့ အရှေ့ဂိတ်ကို မရောက်လာဘူးဆိုရင် ကျန်နေတဲ့ သူတွေအားလုံး အသတ်ခံရမယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာတော့ နဇီရန်က အတော်လေးကို အလေးပေးခံထားရတာပဲ။ သူ့ကို လုပ်ကြံသတ်ဖြတ်မှု လုပ်တာနဲ့ သူက တကယ်ပဲ အင်ပါယာ အစောင့်အရှောက်တွေကို စေလွှတ်ပြီးတော့ တရားခံကို လိုက်ဖမ်းခိုင်းနိုင်တယ်"

"ငါတို့ကို လိုက်ဖမ်းတာ စိတ်ဂိညာဉ် ပင်လယ် အဆင့်မြင့် စစ်သည်တော် ခုနစ်ယောက်ပဲ။ ကံကောင်းတာက ငါတို့က ဉာဏ်ထက်လို့ အလျင်အမြန်နဲ့ အဝေးကို ပြေးလာနိုင်တာပဲ"

လှီရှူအာက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

"သခင်လေးဟန်"

ကျူးပုကျို့ရဲ့ အသံက တံခါးအပြင်ဘက်ကနေ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က တစ်ချက် စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီလူတွေကို သင့်တော်မဲ့ သင်ခန်းစာတစ်ခု ကောင်းကောင်းပေးပြီးတော့ နှင်ထုတ်ပစ်လိုက်။ ဒါပေမဲ့ သတ်ပစ်ဖို့ မလိုဘူး"

"ဟုတ်ကဲ့ပါ သခင်လေး"

ကျူးပုကျို့က အမိန့်ကို လက်ခံပြီးတော့ ထွက်သွားပါတယ်။

သူက အခုဆိုရင် စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာသုံးမှာ ရှိပြီးတော့ ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံးကိုလည်း မွမ်းမံသန့်စင်ခဲ့ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်တစ်ပွင့်ကို တစ်ဟုန်ထိုး မြင့်တက်လာပြီး သူ့အနေနဲ့ မီးနိုင်ငံထဲက လက်ရွေးစင်ထဲမှာ သေချာပေါက် ပါဝင်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒီအနောင့်အယှက်နဲ့ဆိုရင် ကြည့်ရတာ လင်းမိသားစုက နောက်တစ်ကြိမ် နေရာရွှေ့ရပါလိမ့်မယ်။

ဒီညီအစ်မတွေ တကယ်ပဲ ဘာမှမဖြစ်စေပေနဲ့ သူ့အတွက်တော့ ပြဿနာ တက်နိုင်ပါတယ်။

"ဟော့ဟော့ဟော့။ နင့်ရဲ့ နောက်လိုက်လူငယ်လေးက အပြင်ဘက်က ဒီအင်ပါယာ အစောင့်အရှောက်တွေကို ထိန်းနိုင်ပါ့မလား။ သူတို့တွေက အဆင့်မြင့် စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေနော်"

လွီရှုအာက မယုံနိုင်စွာနဲ့ ပြောလိုက်ပါတယ်။

"စိတ်ရှုပ်အောင် မလုပ်နဲ့"

လင်းဟန်က လက်ဟန်ခြေဟန်နဲ့ လက်ကိုဖိပြပြီးတော့ မစဉ်းစားပဲ ပြောလိုက်ပါတယ်။

"ယွမ်ရှန်းရှန်းတစ်ယောက်ရော ဘယ်လိုလဲ"

"လုံးဝကို မယုံနိုင်စရာပဲ။ သူမက အင်ပါယာမြို့မှာ ထင်ရှားတဲ့ ဖျော်ဖြေသူ တစ်ယောက် ဖြစ်နေပြီ။ လူတိုင်းလူတိုင်းက မိန်းကလေးရှမ်းရှမ်းရဲ့ သီချင်းတစ်ပုဒ် တီးခတ်တာကို နားထောင်ရရင်ပဲ ဂုဏ်ယူနေကြတယ်။ မရေမတွက်နိုင်တဲ့ လူတွေက သူမကို လက်ထပ်ချင်နေကြတယ်"

လှီရှုအာက ပြောပြီးတော့ လင်းဟန်ကို ကောက်ကျစ်စဉ်းလဲပုံနဲ့ ကြည့်လိုက်ပြီး စိတ်ပျက်သွားတဲ့ အမူအရာတစ်ခုကို မြင်တွေ့ရဖို့ မျှော်လင့်နေပါတယ်။

လင်းဟန်က ယွမ်ရှန်းရှန်း အကြောင်းကို ဘယ်လိုလုပ်ပြီးတော့ ဂရုစိုက်မှာလဲ။ သူက ဒီညီအစ်မကို မြင်တွေ့လိုက်ရပြီးတဲ့နောက်မှာ ဒီအတိုင်းပဲ စဉ်းစားမိပြီးတော့ အမှတ်တမဲ့ မေးလိုက်တာပါပဲ။

အချိန်တိုလေး အတွင်းမှာ ကျူးပုကျို့က

ပြန်ရောက်လာပြီးတော့ တံခါးအပြင်ဘက်ကနေ ပြောလိုက်ပါတယ်။

"သခင်လေးဟန်။ အပြင်က ကိစ္စကို ဖြေရှင်းပြီးပါပြီ။ နောက်ထပ် အမိန့်ပေးစရာ ရှိသေးလား"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"သွားအနားယူလိုက်တော့"

"ဟုတ်ကဲ့ပါ"

ကျူးပုကျို့က ထွက်ခွာသွားပါတယ်။

ညီအစ်မ နှစ်ယောက်ရဲ့ အမူအရာတွေက အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ခဏအကြာမှာ လွီရှုအာက နောက်ဆုံးတော့ စကားစပြောလိုက်ပါတယ်။

"ဟော့ဟော့ဟော့ နင့်ရဲ့ နောက်လိုက်က အဓိပ္ပါယ်မရှိတဲ့ စကားတွေပြောဆိုနေတာလား"

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီခွေးတွေ ဟောင်နေတာကို နင်ကြားနေသေးလို့လား"

လွီရှုအာက ပထမတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး နောက်ဆုံးမှာတော့ လင်းဟာန်က အင်ပါယာ အစောင့်အရှောက်တွေကို ခွေးလို့ ခေါ်လိုက်တာကို တုံ့ပြန်တဲ့ အနေနဲ့ တခစ်ခစ်နဲ့ ရယ်ပြီးတော့ ချက်ချင်းပဲ သူမရဲ့ ပါးစပ်ကို လက်နဲ့ကာပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ နောက်ထပ် သူတို့အသံတွေကို မကြားတော့ဘူး"

လွီဖန်းအာရဲ့ အမူအရာကလည်း အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

"သခင်လေးဟာန် သူတို့က အဆင့်မြင့် စိတ်ဂိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေနော်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ပြဿနာ ဖြေရှင်းပြီးသွားပြီး။ မင်းတို့တွေ

အခုထွက်သွားလို့ရပြီ။ ငါတို့နောက်တစ်ကြိမ် ထပ်ပြီးတော့ မဆုံပါစေနဲ့။ ဟူး မင်းတို့နဲ့ ဆုံလိုက်တိုင်း ဘယ်တော့မှ ကောင်းတာမရှိဘူး"

"ထွီ။ ငါတို့က ကံကြမ္မာဆိုးတွေကို သယ်ဆောင်တဲ့ လူတွေမဟုတ်ဘူး"

လွီရှုအာရဲ့ အမူအရာက မခံမရပ်နိုင်အောင် ဖြစ်နေပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"နင့်ရဲ့နောက်လိုက်က အထင်ကြီးစရာ ကောင်းနေမှတော့ နဇီရန်ကို သတ်ဖို့အတွက် ငါတို့ကို ကူညီပေးဖို့ ဘာဖြစ်လို့ ရက်အနည်းငယ်လောက် သူ့ကို မငှားတာလဲ"

လင်းဟန်က သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာ ဒီလိုမျိုးပြောဖို့ ဘယ်တုန်းက သတ္တိရှိလာတာလဲ။ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်အဖြစ် မင်းကို ဘယ်ရှုထောင့်ကနေပဲကြည့်ကြည့် အဲဒါက တကယ့်ကို စိတ်ပျက်စရာပဲ"

"ငါတို့က လူတွေအတွက် မကောင်းဆိုးဝါးကို အမြစ်ပြတ်

သုတ်သင်ပေးနေတာ”

လွှီရှူအာက လင်းဟန်ကို ပြောလိုက်ပါတယ်။

“နင်က အခု မီးနိုင်ငံထဲမှာဆိုမှတော့ ငါတို့နဲ့ ဂင်တိုးမိတာက ကံကောင်းမှုတစ်ခု ရှိနေသလိုမျိုး ကောင်းကင်က စီမံပေးတာပဲ။ နင်ဒါကို ကြိုးစားအားထုတ်ကြည့်ဖို့ လိုမယ်နော်”

လင်းဟန်က မှတ်ချက်ပေးဖို့ ငြင်းဆိုပေမဲ့ ဒီကိစ္စက အရမ်းကို တိုက်ဆိုင်တာ မဟုတ်ဘူးလို့တော့ ငြင်းဆန်လို့ မရနိုင်ပါဘူး။ ဒီညီအစ်မက နေရာအနှံ့ကို ပြေးနိုင်ပါတယ်။ ဒါပေမဲ့ တစ်သီးတခြား ဖြစ်နေတဲ့ သူရဲ့နေရာကိုမှ ပြေးလာကြပါတယ်။

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ တကယ်လို့ မီးဧကရာဇ်က အကျင့်ပျက်နေရင် လင်းမိသားစုက ဘယ်နေရာကိုပဲ ပြောင်းပြောင်း အရေးမပါပါဘူး။ သူတို့အနေနဲ့ အင်ပါယာ မိသားစုရဲ့ အတင်းအကျပ် စေခိုင်းမှုကြောင့် အဲဒီသတ္တုရိုင်းတွေကို တူးနေရပါလိမ့်မယ်။

သူတို့ မီးနိုင်ငံကနေ ထွက်မသွားခဲ့ဘူး ဆိုရင်ပေါ့။

ဒါပေမဲ့လည်း ဒီသတ္တုတွင်းက ဘာမိုလို့ မီးကေရာဇ်ကို အရှုံးအမူး ဖြစ်စေပြီး ကိုယ်တိုင်ကိုယ်ကျ ဒီနိုင်ငံရဲ့ အခြေခံ လူ့စွမ်းအား အရင်းအမြစ်တွေကို ဖျက်ဆီးပစ်နေရတာလဲ။

လင်းဟန်က မေးလိုက်ပါတယ်။

"မင်းတို့တွေ အဲဒီ ထိတ်လန့်စရာကောင်းတဲ့ သတ္တုတွင်းက ဘာလဲဆိုတာကို သိလား"

"ငါတို့မသိဘူး။ ငါတို့သိတာက အဲဒီထူးဆန်းတဲ့ သတ္တုရိုင်းတုံးတွေကို နေ့တိုင်းတူးထုတ်ပြီး အင်ပါယာ မိသားစုဆီကို ပို့ပေးရတယ် ဆိုတာကိုပဲ သိတယ်"

လှိုဖန်းအာက သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ သိချင်စိတ်တွေ ပြင်းပြလာခဲ့ပါတယ်။

Chapter 520 end

အပိုင်း(၅၂၁) အင်ပါယာမြို့သို့ သွားခြင်း

လင်းဟန်လို လူတစ်ယောက် အတွက်ကတော့ သူသိချင်စိတ်တွေ ပြင်းပြလာတာက နာကစ်သွားခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကို ဘယ်လိုမှ ရပ်တန့်လို့ မရနိုင်ပါဘူး။

သူက သေချာကို စဉ်းစားကြည့်တဲ့ အခါမှာ ဒါကထူးဆန်းနေပါတယ်။ သတ္တုတွင်းထဲကို ဝင်သွားတဲ့ လူမှန်သမျှ ကျင့်ကြံသူ ဟုတ်သည်ဖြစ်စေ ကျင့်ကြံသူ မဟုတ်သည်ဖြစ်စေ၊ ဒါမှမဟုတ် သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်မားသည်ဖြစ်စေ နိမ့်သည်ဖြစ်စေ သူတို့ဝင်သွားပြီးတော့ ဘယ်တော့မှ ထွက်မလာသရွေ့ နောက်ရက်မှာပဲ သေချာပေါက် ရုတ်တရက်သေသွားရပါလိမ့်မယ်။

ဒါက ဘယ်လိုစွမ်းအင် အမျိုးအစားလဲ။

ပြီးတော့ သတ္တုရိုင်းတွေမှာ ဘယ်လိုအာနိသင်တွေ ပါဝင်နေလို့ မီးကေရာဇ်က ဒီသတ္တုတွေ အပေါ်မှာ အရမ်းကို အရေးကြီးသလိုမျိုး ဖြစ်နေရတာလဲ။ သူ့အတွက် တူးဖော်ဖို့ နိုင်ငံသားတွေ သေဆုံးတာကိုတောင်မှ တုံ့ဆိုင်းခြင်းမရှိပဲ တူးဖော်စေရတာလဲ။

လင်းဟန်က အင်ပါယာမြို့ကို ခရီးတစ်ခုထွက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံခြင်းနဲ့

တိုက်ပွဲကြေယ် ဆယ့်သုံးလုံးရယ်ဆိုရင် မီးနိုင်ငံ တစ်ခုလုံးမှာ သူ့ကို ဘယ်သူကများ ဒုက္ခပေးနိုင်မှာလဲ။

လင်းဟန်က အင်ပါယာမြို့ကို ဦးတည်သွားတယ် ဆိုတာကို သိလိုက်ရတော့ လွီညီအစ်မ နှစ်ယောက်က ပျော်ရွှင်မြူးတူးသွားတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ လင်းဟန်က အဲဒီအစွမ်းထက်တဲ့ နောက်လိုက်ကို မခေါ်ခဲ့ပါဘူး။ ဟူးညိုတစ်ယောက်ပဲ လိုက်လာတာကို မြင်လိုက်ရတဲ့ အခါမှာ သူမတို့တွေက မှင်တက်အံ့သြသွားခဲ့ပါတယ်။

ဘာဖြစ်လို့ နင်တို့နှစ်ယောက်ပဲ သွားတာလဲ။ ရှူခင်းတွေ ကြည့်မလို့လား။

"သခင်လေးဟန်။ နင့်ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ နောက်လိုက်ကို ခေါ်မလာတော့ဘူးလား"

လွီဖန်းအာက မေးလိုက်ပါတယ်။

"အဲဒါဟုတ်တယ်။ အဲဒါအမှန်ပဲ။ ဒါက အင်ပါယာမြို့လေ။ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်တွေ ရှားပါးမှာမဟုတ်ဘူး။ ပြီးတော့ တော်ဝင်မိသားစုမှာ

ပန်းဖူးအဆင့် လက်ရွေးစင်တွေတောင် စောင့်ကြည့်ဖို့ ရှိလိမ့်မယ်”

လွီရှုအာက စိတ်မြန်လက်မြန်နဲ့ ပြောလိုက်ပါတယ်။

“ဟင့်။ ညီးညီးက ဆယ်ယောက်ကိုတောင် တိုက်ခိုက်နိုင်တယ်”

ဟူးညိုက လက်မခံတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

ညီအစ်မ နှစ်ယောက်က ဒီဟူးညိုက အတော်လေးကို ထူးဆန်းတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ဒီကလေးမလေးက စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒါမှမဟုတ် ပန်းဖူးအဆင့် စစ်သည်တော်တွေနဲ့ နှိုင်းယှဉ်နိုင်လိမ့်မယ်လို့ လုံးဝကို မစဉ်းစားထားပါဘူး။ သူမတို့က လင်းဟန်ကို ကျူးပူကျို့ကို ခေါ်လာဖို့ တိုက်တွန်းနေကြပါတယ်။

“မလိုဘူးလို့ ငါပြောပြီးပြီ”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟန်က လက်ဖျောက်တစ်ချက် တီးပြီးတော့ ပြောလိုက်ပါတယ်။

"သွားကြစို့"

ညီအစ်မ နှစ်ယောက်က ဘာမှမတတ်နိုင်ပဲ လိုက်လာဖို့ပဲ တတ်နိုင်ပါတယ်။ သူမတို့ အနေနဲ့ လင်းဟန်က အပ်နဲ့ထိုးခံပြီးတဲ့ အခါကျမှ ပြန်လာပြီးတော့ ကျူးပုကျို့ကို ခေါ်ရလိမ့်မယ်လို့ ယုံကြည်နေပါတယ်။ အများဆုံး နောက်တစ်ခါ ခရီးထပ်ထွက်ရုံပဲရှိတာပေါ့။

သူတို့လေးယောက်က အင်ပါယာမြို့ဆီကို ဦးတည်ထွက်လာခဲ့ ကြပါတယ်။

လင်းဟန်အတွက်ကတော့ ဒါက ခရီးသေးသေးလေး တစ်ခုပါပဲ။ သူ့အနေနဲ့ လှို့ယုထန်နဲ့ တခြားလူတွေကို မခေါ်ခဲ့ပါဘူး။ ဒီကိစ္စကို ရက်အနည်းငယ် အတွင်းမှာပဲ စာရင်းရှင်းနိုင် လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

သူတို့က ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ အင်ပါယာမြို့ကို ရောက်လာခဲ့ကြပါတယ်။

လင်းဟန်က နဇီရန် အကြောင်းကို စုံစမ်းလေ့လာခဲ့ပါတယ်။ သူက အရမ်းကို ထူးခြားလျို့ဝှက်တဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ဂက်ကမှ ရုတ်တရက်

ပေါ်ထွက်လာခဲ့ပြီး မီးဇကေရာဇ်ရဲ့ အနှစ်သက်ဆုံး လူတစ်ယောက် ဖြစ်လာပြီး ထူးဆန်းထိတ်လန့်ဖွယ်ရာကောင်းတဲ့ သင်္ချိုင်းကို တူးဖော်ဖို့ စီမံခန့်ခွဲရပါတယ်။

အစတုန်းက ဘယ်သူကမှ စိတ်မဝင်စားကြပါဘူး။ ဒါပေမဲ့ တူးဖော်မှုကို စတင်လိုက်တာနဲ့ ပြဿနာတွေက မြင့်တက်လာခဲ့ပါတယ်။ သင်္ချိုင်း အလုပ်သမားတွေက အပြင်ကို ထွက်လာပြီး ဒုတိယမြောက်နေ့မှာ ရုတ်တရက် သေဆုံးသွားကြရပါတယ်။

ရှေးဟောင်းမှတ်တမ်းတွေကို လှန်လှောရှာဖွေပြီးတဲ့ နောက်မှာတော့ ဒီထိတ်လန့်ဖွယ်ရာ ထူးဆန်းတဲ့ သင်္ချိုင်းမိုင်းတွင်းက အမှန်တကယ်တော့ ဟိုးယခင်ကတည်းက ပြဿနာတွေ ရှိပါတယ်။ ဒါကြောင့် အဲဒါကို ချိတ်ပိတ်ထားခဲ့တာ ဖြစ်ပြီးတော့ နဇီရန်ရဲ့ အကြံပြုချက်ကြောင့် ပြန်ပြီးတော့ ဖွင့်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒီထူးဆန်းပြီး ထိတ်လန့်စရာကောင်းတဲ့ သင်္ချိုင်းတွင်းထဲမှာ ဘာတွေကို တူးဖော်တယ်ဆိုတာကိုတော့ ဘယ်သူကမှ တိတိကျကျ မသိပါဘူး။ ဒါပေမဲ့ တော်ဝင်နန်းတော်ဆီကိုတော့ နီမြန်းတဲ့ ကြက်သွေးရောင် ကျောက်တုံးတွေကို အဆက်မပြတ် ပို့နေကြပါတယ်။

နေ့တိုင်းလိုလို မိုင်းလုပ်သားတွေ အများအပြား သေဆုံးနေပေမဲ့ နန်းတော်အဖွဲ့ဝင်တွေက တူးဖော်ရေး လုပ်ငန်းကို ထပ်ခါထပ်ခါ ခိုင်းစေခဲ့ပြီး မီးကေရာဇ်ကလည်း အကျင့်ပျက်ဆိုးယုတ်ကာ ဒီသတ္တုတွင်းကို သေချာပေါက် ချိတ်မပိတ်ပစ်ပဲ အဲဒီအစား နိုင်ငံတစ်ဝန်းက နိုင်ငံသားတွေကို သတ္တုတွင်းထဲကို ဝင်ဖို့ကိုပဲ စေလွှတ်ခဲ့ပါတယ်။

ပထမတော့ သေဒဏ်ကျခံရတဲ့ အကျဉ်းသားတွေကို ခိုင်းစေပြီး နောက်ပိုင်း သာမန်အကျဉ်းသားနဲ့ အခုဆိုရင် ဖမ်းမိတဲ့ ဘယ်သူ့ကိုမဆို သတ္တုမိုင်းတွင်းဆီကို ပို့လွှတ်ခြင်း ခံနေရပါတယ်။ ဒါကြောင့် သတ္တုမိုင်းတွင်းထဲကို ဝင်ရောက်ပြီးတော့ မတူးချင်တဲ့ လူတွေက အင်ပါယာမြို့ ပတ်ဝန်းကျင်က အစွန်အဖျားတွေဆီမှာ ကျီးလန့်စားစား နေထိုင်နေကြရပါတယ်။

"ဒီ နဇီရန်က ဘယ်သူများလဲ။ သူက ဘာကို တိုးတိုးတိတ်တိတ် ကျိတ်လုပ်နေတာလဲ"

လင်းဟာန်က သိချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ သူက သတ္တုတွင်းဆီကို အရင်ဆုံး သွားပြီးတော့ ကြည့်ဖို့ကို

ဆုံးဖြတ်လိုက်ပါတယ်။

"သွားကြစို့။ ငါတို့နှင့်ကို အရင်ဆုံး အချစ်ဟောင်းကြီးနဲ့ တွေ့ဖို့ ခေါ်သွားပေးမယ်"

လှိုရှုအာက လင်းဟန်ကို ဖမ်းဆုပ်ပြီးတော့ ယွမ်ရှမ်းရှမ်းနဲ့ တွေ့ဖို့ကို ခေါ်သွားလိုက်ပါတယ်။

ယွမ်ရှမ်းရှမ်းက အချစ်ပန်း စံအိမ်မှာ မွေးဖွားခဲ့တာ ဖြစ်တဲ့အတွက် သူမက မီးနိုင်ငံမှာလည်း လမ်းဟောင်းအတိုင်းပဲ လျှောက်လှမ်းခဲ့ပါတယ်။ သူမက အင်ပါယာမြို့ထဲမှာ တင့်တယ်လှပတဲ့ စံအိမ်တစ်ခုကို ငှားရမ်းပြီးတော့ တော်ဂင်အဆင့်အတန်းရှိတဲ့ လူတချို့ကို ဖျော်ဖြေပြီးတော့ ဂင်ကြေးတော်တော်များများကို စုဆောင်းမိခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမနဲ့ ကျူးကျူးလွန်လွန် မှောက်မှားဖို့ကိုတော့ မစဉ်းစားပါနဲ့။ သူမက သူမရဲ့ အနုပညာ တစ်ခုတည်းကိုပဲ ရောင်းတာ ဖြစ်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်ကို မရောင်းပါဘူး။

သူမရဲ့ အဆင့်အတန်းက တည်တည်ငြိမ်ငြိမ်နဲ့ မြင့်မားလာပြီး မရေမတွက်နိုင်တဲ့ လူတွေက သူမ တီးခတ်သီဆိုတဲ့ သီချင်းတစ်ပုဒ်ကို နားထောင်ရဖို့ ငွေအများကြီး သုံးစွဲဖို့

ဆန္ဒရှိနေကြပါတယ်။ ရှေးစကားပုံ တစ်ခုတောင် ရှိပါသေးတယ်။ မရနိုင်တဲ့ ပစ္စည်းက အကောင်းဆုံးပါပဲ။

အခုဆိုရင် တော်ဝင်အဆင့်မြင့် လူကြီးတွေရဲ့ သားတွေတောင်မှ ဒီအံ့မခန်း လှပတဲ့ အချောအလှလေးကို လက်ထပ်နိုင်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်း တိုက်ခိုက်နေကြသလို ခိုးကြောင်ခိုးဝှက်နဲ့ အကွက်ဆင်တိုက်ခိုက် နေကြပါတယ်။ သူတို့အားလုံးက ရက်ရောကြပါတယ်။ ဒီနေ့မှာ အိမ်တစ်လုံး လက်ဆောင်ပေးရင် နောက်နေ့မှာ လက်ဝတ်ရတနာတွေကို လက်ဆောင်ပေးကြပါတယ်။ ယွမ်ရှန်းရှန်းရဲ့ လက်ရှိပိုင်ဆိုင်မှုက သေချာပေါက် လုံးဝကို အံ့အားသင့်စရာ ကောင်းပါတယ်။

သူတို့လေးယောက်က ယွမ်ရှမ်းရှမ်းရဲ့ စံအိမ်ကို ရောက်လာခဲ့ပါတယ်။ ဒီစံအိမ်ကြီးက ရေကန်တစ်ခုရဲ့ ဘေးနားမှာ တည်ဆောက်ထားပြီး ပတ်ဝန်းကျင် တစ်ခုလုံးက အရမ်းကို ကျက်သရေရှိပါတယ်။

နဇီရန်က မီးနိုင်ငံကို အစွန်းရောက်အောင်လို့ လုပ်ကောင်းလုပ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အဆင့်မြင့်တဲ့ လူကုံတန်နဲ့ အရာရှိတွေကတော့ သူတို့ရဲ့

အသက်တွေကိုတော့ အဆုံးရှုံး မခံပဲ ဘဂတစ်လျှောက်လုံး သောက်စားပျော်ပါးပြီးတော့ ဆက်လက်နေထိုင်လို့ ရပါတယ်။

စံအိမ်ရဲ့ ဂင်ပေါက်မှာ ရှည်လျားတဲ့ လူတန်းရှည်ကြီးတစ်ခု ရှိနေပါတယ်။

ယွမ်ရွှမ်းရွှမ်းရဲက စံအိမ်က ကြိုတင်ပြီးတော့ သီးသန့်မှာထားတာမျိုး လက်မခံပါဘူး။ တကယ်လို့ မင်းက ယွမ်ရွှမ်းရွှမ်း သီချင်းသံကို နားထောင်ချင်တယ်ဆိုရင် စောစောစီးစီး လာပြီးတော့ တန်းစီရပါလိမ့်မယ်။ ဒါပေမဲ့လည်း မိန်းကလေးရွှမ်းရွှမ်းမှာ အိပ်ရာကနေ ထပြီးတော့ နေ့လယ်ကျမှ တံခါးဖွင့်ပြီး ဧည့်သည်တွေကို နှုတ်ဆက်တတ်တဲ့ အကျင့်တစ်ခု ရှိပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ ဘယ်တော့မှ မမေ့နဲ့ စားသောက်ဆိုင်ရယ် ဆေးဘုရင်စံအိမ်ကို စီမံခန့်ခွဲဖို့ ယွမ်ရွှမ်းရွှမ်းလက်ထဲ ထည့်လိုက်မယ်ဆိုရင် အဲဒီစီးပွားရေးက အရမ်းကို ကောင်းမွန်နိုင်ပါလိမ့်မယ်။

"မင်းတို့ကောင်တွေက ဘာလုပ်နေတာလဲ။ တန်းစီကြလေ။

ဘယ်လိုတန်းစီရမယ် ဆိုတာကို မသိဘူးလား”

လင်းဟန်က ဂင်ပေါက်ဆီကို တည့်တည့်တန်းသွားနေတာကို ကြည့်ပြီးတော့ အားလုံးက အမြင်မကြည် ဖြစ်ကုန်ပါတယ်။

လှိုင်ညီအစ်မ နှစ်ယောက်က လုံးဂကို ဂရုမစိုက်ပဲ ဂင်ပေါက်ဆီကို လျှောက်လာခဲ့ကြပြီး အနက်ရောင် တံဆိပ်ပြား တစ်ခုကို ဆွဲထုတ်ပြီးတော့ တွဲလဲဆွဲထား လိုက်ပါတယ်။ ဂင်ပေါက်က အစေခံ အဘိုးကြီးက သူတို့ကို ချက်ချင်းပဲ အထဲကို ပေးဂင်လိုက်ပါတယ်။ လင်းဟန်က ဟူးညိုရဲ့ လက်ကိုဆွဲပြီးတော့ အထဲကို လိုက်ပါလာခဲ့ပါတယ်။

ဒါကိုကြည့်ပြီးတော့ လူအုပ်ကြီးက မကျေမနပ် ဖြစ်သွားပြီးတော့ သိချင်စိတ်တွေ ပြင်းပြလို့ နေပါတယ်။ မိန်းကလေးရွှမ်းရွှမ်းရဲ့ စံအိမ်ထဲကို ဂင်သွားတဲ့ လူငယ်လေး တစ်ယောက်၊ အဲဒီမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေးတွေ အများကြီးဆိုတော့ ဘာတွေများ ဖြစ်ပျက်ကုန်မလဲ။

ဘယ်လောက်တောင် ယုတ်မာတဲ့ ကောင်လဲ။ မိန်းကလေးလေး တစ်ယောက်ကိုတောင် ခေါ်သွားတယ်။

"သခင်လေးဟန်"

ခဏအကြာ စံအိမ်ထဲကို လင်းဟန် ဝင်သွားပြီးတဲ့ နောက်မှာ ယွမ်ရွှမ်းရွှမ်းက အလောတကြီး လျှောက်လာခဲ့ပါတယ်။ သူမက ညအိပ်ဝတ်စုံ ပါးပါးတစ်ထည်ကို ဝတ်ဆင်ထားပြီး သူမရဲ့ ဆံပင်တွေက ရှုပ်ပွနေပြီး သူမက အိပ်ပျော်နေပြီးတော့ လင်းဟန်ရောက်လာတာကို သိတာနဲ့ပ အလျင်အမြန်ပဲ ပြေးထွက်လာတယ်ဆိုတာ သိသာပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မတွေ့တာ ကြာပြီ"

ယွမ်ရွှမ်းရွှမ်းက အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ သူမရဲ့ လှပတဲ့ မျက်လုံးလေးတွေထဲမှာ မျက်ရည်တွေ ဝေ့သီလာခဲ့ပါတယ်။ သူမအတွက်တော့ လင်းဟန်က သူမဒုက္ခရောက်နေတဲ့ အချိန်မှာ ဘာကိုမှ မမျှော်ကိုးပဲနဲ့ ကူညီခဲ့တဲ့ ကယ်တင်ရှင်တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ အလှအပကို ပစ်မှတ်ထားကြတဲ့ တခြားလူတွေနဲ့ လုံးဝကို မတူပါဘူး။

"သွားကြစို့"

ဟူးညိုက လင်းဟန်ရဲ့ လက်ကို လှုပ်လိုက်ပါတယ်။ သူမရဲ့ သဂန်တိုမှုက အရမ်းကို ကြီးမားလို့ နေပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ယွမ်ရှမ်းရှမ်းကို ပြောလိုက်ပါတယ်။

"မင်းလုပ်တာတွေ ကောင်းတယ်။ မင်းကိုယ်မင်း ဆက်ပြီးတော့ ကောင်းကောင်း ထိန်းသိမ်းပါ"

ယွမ်ရှမ်းရှမ်းက စိတ်ပျက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးဟန်က ဒီမှာ နည်းနည်းကြာအောင်တောင် မနေတော့ဘူးလား"

"ငါ့အလုပ်နည်းနည်း ရှုပ်နေလို့ပါ"

လင်းဟန်က ပြုံးပြီးတော့ လွှီညီအစ်မကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"နဇီရန်ရဲ့ ကိစ္စကို မေ့ထားလိုက်တော့။ ငါ့မှာကိုယ်ပိုင်

အစီအစဉ်ရှိတယ်။ မင်းတို့တွေ မင်းတို့လုပ်ချင်တာကို လုပ်ကြပါ။ ဒါပေမဲ့ တကယ်လို့ မင်းတို့နောက် တစ်ကြိမ် လိုက်ဖမ်းခံ ရရင်တော့ ငါနောက်တစ်ကြိမ် ဂင်စွက်ဖက်နိုင်မှာ မဟုတ်ဘူး"

"ဟင့် တကယ်လို့ နင်က အထင်ကြီးစရာ ကောင်းတယ်ဆိုရင်တော့ ဒီလိုမျိုး ပြောလို့ရတယ်"

လွီရှုအာက နှုတ်သီးကောင်းလျှာပါး ရန်တွေ့ လိုက်ပါတယ်။

လင်းဟန်က သူမနဲ့အတူ ငြင်းခုံဖို့ စိတ်မဝင်စားပါဘူး။ သူက ဟူးညိုနဲ့အတူ ထွက်လာပြီးတော့ ထူးခြားထိတ်လန့်ဖွယ်ရာကောင်းတဲ့ သတ္တုတွင်းကို သွားပြီး နဇီရန်ကို ရှာရပါမယ်။ တကယ်လို့ နဇီရန်က သတ်ပစ်ရလောက်အောင် ဆိုးယုတ်နေတယ်ဆိုရင် သူ့အနေနဲ့ နဇီရန်ကို သတ်ပစ်ချင် သတ်ပစ်မယ်။ ဒါမှမဟုတ် မသန်မစွမ်းဖြစ်အောင် လုပ်ပစ်ပါလိမ့်မယ်။ ဒီနေရာမှာ အချိန်ဖြုန်းနေဖို့ စိတ်ကူးမရှိပါဘူး။

လူရွယ်တစ်ယောက်နဲ့ ကလေးတစ်ယောက် ထွက်လာခဲ့ပါတယ်။ အပြင်ဘက်က လူတွေက ချက်ချင်းပဲ စိုက်ကြည့်ပြီး အရမ်းကို မကြည်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

"ရပ်လိုက်စမ်း"

လူငယ်တစ်ယောက် ခုန်ထွက်လာခဲ့ပါတယ်။ နှစ်ဆယ့်သုံး နှစ်ဆယ့်လေးနှစ်ခန့်ပဲ ရှိပြီးတော့ နွေဦးစမ်းရေ အလှခုနစ် ကျင့်ကြံခြင်းရှိကာ မြောက်ပိုင်းအစွန်းအဖျားလို ဒေသမျိုးမှာတော့ ဒါက ပါရမီရှင် အဆင့်ဖြစ်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဘာဖြစ်လို့များ လူတွေက အမြဲလိုလို ပြဿနာရှာဖို့ပဲ လုပ်နေကြတာလဲ။

"မင်းနဲ့ မိန်းကလေး ရွှမ်းရွှမ်းတို့ ဘယ်လိုမျိုး ပတ်သက်ဆက်နွယ်နေလဲ"

အဲဒီလူငယ်က မေးလိုက်ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ မနာလိုဂန်တိုမှုတွေ ပြည့်နက်လို့ နေပါတယ်။

မိန်းကလေး ရွှမ်းရွှမ်းရဲ့ စံအိမ်ထဲကို ယောကျ်ားလေး တစ်ယောက်တည်း ဝင်သွားတယ်။ လင်းဟန်က ပထမဆုံးပဲ ဖြစ်ပါတယ်။ သူဝင်သွားတာက အချိန်ခဏလေး ဖြစ်ပြီးတော့ ဘာမှမဖြစ်နိုင်ဘူး ဆိုပေမဲ့ အဲဒါက အပြင်ဘက်က ဒီယောကျ်ားထုကြီးကို မနာလိုဂန်တိုမှုတွေ

လောင်ကျွမ်းစေပါတယ်။

"မင်းအလုပ်မဟုတ်ဘူး"

လင်းဟန်က ခြိမ်းခြောက်တဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ဘေးဖယ်နေစမ်း။ ပြဿနာ လာမရှာနဲ့"

"ဘယ်လောက်တောင် စိတ်ကြီးဝင်နေလိုက်သလဲ"

လူငယ်က သရော်ပြုံးပြုံးပြီးတော့ ဓားရှည်တစ်လက်ကို သူ့ရဲ့ခါးကနေ ဆွဲထုတ်ပြီး အနည်းငယ် လှုပ်လိုက်ပါတယ်။ ဓားရှည်ရဲ့ ကျောစိမ့်စရာကောင်းတဲ့ အေးစိမ့်မှုက ထိုးဖောက်သွားပါတယ်။

"ပိုမိသားစုရဲ့ မျိုးဆက်ကို မရှိမသေလုပ်ပုံ့တယ်ပေါ့။ သေစမ်း"

လူငယ်က အရှက်မရှိ သူ့ရဲ့ဓားနဲ့ တိုက်ခိုက်လိုက်ပြီး ကိုယ်ရေးကိုယ်တာ အမုန်းတရားကို တရားမျှတမှုရဲ့ အောက်မှာ ဖုံးကွယ်ထားခဲ့ပါတယ်။ ဓားတိုက်ခိုက်မှုက လင်းဟန်ရဲ့ အသက်ဓာတ် အစိတ်အပိုင်း နေရာကို

ဦးတည်သွားပြီး လင်းဟန်ရဲ့အသက်ကို နှုတ်ယူဖို့ ရည်ရွယ်ထားတယ် ဆိုတာ သိသာထင်ရှားပါတယ်။

Chapter 521 end

အပိုင်း(၅၂၂) ပိုမိသားစုရဲ့ ခုနစ်ယောက်မြောက် သခင်လေး

"ဟားဟား ဒါက ပိုမိသားစုရဲ့ လူသိများ ထင်ရှားတဲ့ ပိုမိသားစုရဲ့ ခုနစ်ယောက်မြောက် သခင်လေးပဲ"

"မိန်းကလေး ရွှမ်းရွှမ်းကို သုံးရက်ဆက်တိုက် မတွေ့မြင်ရတဲ့ နောက်မှာ ပိုယွန်ဖန်ရဲ့ စိတ်နေစိတ်ထားက အရမ်းကို ကြောက်စရာကောင်းလာပြီ။ ဒီကောင်လေးကတော့ မီးစကိုမှ သွားထိမိတာပဲ"

"ပိုမိသားစုက အင်ပါယာမြို့ရဲ့ အင်အားကြီး မိသားစု ခုနစ်ခုထဲက တစ်ခုဖြစ်ပြီးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက်က အုပ်ချုပ်တယ်။ တော်ဝင်မိသားစုတောင်မှ မျက်နှာသာ ပေးရတယ်။ ဒါကြောင့် တကယ်လို့ သူတို့က တစ်ယောက်ယောက်ကို သတ်ပစ်တော့ရော ဘာဖြစ်မှာလဲ"

"သွားပြီ။ ဒီကောင်လေးတော့ အဆုံးသတ်ပြီ"

လူတိုင်းလူတိုင်းက တက်တက်ကြွကြွနဲ့ ဆွေးနွေးနေကြပြီး လင်းဟန်ရဲ့ ကံကြမ္မာဆိုးအတွက် ကျေနပ်ပီတိ ဖြစ်နေကြပါတယ်။ သူတို့လည်းပဲ မိန်းကလေး ရွှမ်းရွှမ်းရဲ့ စံအိမ်ထဲကို လင်းဟန်ကိုယ်တိုင် ဝင်သွားခဲ့တာကြောင့် အမြင်မကြည် ဖြစ်နေကြပါတယ်။ သူတို့အနေနဲ့ ပိုယွန်ဖန်လိုမျိုး လူပုံအလယ်မှာ တိုက်ခိုက်ဖို့တော့ သတ္တိမရှိပါဘူး။

ရွှပ်။

ဓားရှည်တစ်လက် ထွက်လာပြီး အေးစိမ့်တဲ့ ချီက ထက်ရှတဲ့ ဆေဘာဓားတစ်လက်နဲ့ တူပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ အစတုန်းကတော့ သူ့အနေနဲ့ တစ်ဖက်လူကို သင်ခန်းစာ တစ်ခုပဲ ပေးချင်ခဲ့တာပါ။ ဒါပေမဲ့ တစ်ဖက်လူက သူရဲ့အသက်ကို နှုတ်ယူဖို့ ရည်ရွယ်ပြီး တိုက်ခိုက်မှတော့ သူ့အနေနဲ့လည်း သနားကြင်နာမှုကို ဖော်ပြနေစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။ လက်ချောင်းလေး တစ်ချောင်းကို သာမန်ကာလျှံကာ လှုပ်လိုက်ပြီး လေပြင်းတစ်ခု ထွက်ပေါ်လာပြီး ဓားရှည်က ချက်ချင်းပဲ ပိုယွန်ဖန်းရဲ့ နဖူးကို

ပြန်ထိုးဖောက်သွားခဲ့ပါတယ်။

ဦးခေါင်း တစ်လျှောက်လုံး ထိုးဖောက်ခံလိုက်ရတာကြောင့် လူက သေချာပေါက် သေဆုံးသွား ပါတယ်။

ပိုယွန်ဖန်က လင်းဟာန်ကို ဘာမှနားမလည်တဲ့ ပုံစံနဲ့ ကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး သေဆုံသွားရတာကို လုံးဂယုံကြည်နိုင်ပုံ မရပါဘူး။ သူရဲ့မျက်လုံးတွေကနေ သွေးစီးကြောင်းနှစ်ခု စီးကျလာပြီးတော့ ခန္ဓာကိုယ်က မြေကြီးပေါ်ကို လဲကျသွားပြီး မြေကြီးကနေ ဖုန်တွေက တစ်ထောင်းထောင်း ထလာခဲ့ပါတယ်။

ချက်ချင်းဆိုသလို အသံတွေအားလုံး ပျောက်ကွယ်သွားပြီးတော့ အသက်ရှူသံပြင်းပြင်းတွေပဲ ကျန်ပါတော့တယ်။

ပိုယွန်ဖန်းက အင်ပါယာမြို့ထဲမှာ လက်ရွေးစင် တစ်ယောက်လို့ သတ်မှတ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ နွေဦးစမ်းရေအလွှာခုနစ် အဆင့်ဆိုတာက မနိမ့်ကျပါဘူး။ ဒါအပြင် လင်းဟာန်က ငယ်ရွယ်ပြီး ကြည့်ရတာ ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ပဲ ရှိပါဦးမယ်။ ဒါကြောင့် သူက ဘယ်လောက်တောင် သန်မာနိုင်မှာ မိုလို့လဲ။

ဒါပေမဲ့လည်း သူက ပိုယွန်ဖန်းကို လက်ချောင်းကလေး တစ်ချောင်းနဲ့ သတ်ပစ်ခဲ့ပါတယ်။

ပိုယွန်ဖန်းက ပိုမိသားစုရဲ့ လူငယ်မျိုးဆက်တွေ အကြားမှာ ထူးချွန်ထက်မြက်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူက ပျော်ရွှင်မှုအတွက် သွေးသားဆန္ဒနောက်ကို လိုက်တယ်ဆိုပေမဲ့ အဲဒါက လူငယ်တွေအတွက် သာမန်ပဲ မဟုတ်လား။ ပိုမိသားစုက မိသားစု အဖွဲ့ဝင်တွေ အပေါ်မှာ မျှော်လင့်ချက် အကြီးကြီး ထားရှိကြပြီး စိတ်ဂိုညာဉ် ပလ္လင်အဆင့် လူတစ်ယောက် ဖြစ်လာနိုင်တဲ့ လူအပေါ်မှာ မျှော်လင့်ချက်ရှိကြပါတယ်။

ဒါပေမဲ့လည်း ဒါက အခုတော့ မြူမှုန်တွေလို ပျောက်ကွယ်သွားပါပြီ။

ဒီလိုမျိုး သတ္တိကောင်းပြီး ပိုမိသားစုရဲ့ သခင်လေးကိုတောင် သတ်ပစ်ခဲ့တယ်။ ဒါက အရမ်းကို ဆိုးပါတယ်။ ပိုမိသားစုရဲ့ ဒေါသက အင်ပါယာမြို့ တစ်ခုလုံးကို တုန်လှုပ်စေပါလိမ့်မယ်။

စံအိမ်ထဲက လသာဆောင်ပေါ်မှာတော့ ယွမ်ရှမ်းရှမ်းနဲ့

လွီညီအစ်မနှစ်ယောက်က လင်းဟန် ထွက်သွားတာကို စောင့်ကြည့်နေကြပါတယ်။ ဒါပေမဲ့ ဒီမြင်ကွင်းကို မြင်လိုက်တာနဲ့ သူတို့လည်း အံ့အားသင့် သွားခဲ့ပြီး သူတို့ရဲ့ ပါးစပ်တွေ အဟောင်းသား ဟသွားခဲ့ပါတယ်။ ဒီကောင့်ရဲ့ တိုက်ခိုက်မှုက အရမ်းကို ပြင်းထန်လွန်းပြီး တန်းပြီးတော့ လူသတ်ပစ်ပါတယ်။

"ဒီကောင်စုတ်က ငါ့ထက်တောင်မှ ပြဿနာတွေ ပိုဆွဲခေါ်နိုင်တာပဲ"

လွီရှုအာက တီးတိုးရွတ်ဆိုလိုက်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို တားချင်သေးတဲ့လူ ရှိသေးလား"

လူတိုင်းလူတိုင်း သူတို့ရဲ့ ခေါင်းတွေကို တညီတညာတည်း ခါလိုက်ကြပါတယ်။ လူငယ်မျိုးဆက် အထဲမှာ စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျွမ်းကျင်သူတွေ ပေါ်မလာခဲ့ပါဘူး။ ဒါကြောင့် ဘယ်သူကမှ လင်းဟန်ရဲ့ ရန်သူတစ်ယောက် မဖြစ်ပုံ့ကြပါဘူး။

ပိုယွန်ဖန်းကို တစ်ချက်တည်းနဲ့ သတ်ပစ်ခဲ့တာကြောင့် အားလုံးက လင်းဟန်ကို သူရဲ့အသက်ကို အခြေခံပြီးတော့ စိတ်ဂိုညာဉ် ပင်လယ်အဆင့် ကျွမ်းကျင်သူ တစ်ယောက်လို့ သတ်မှတ်ယူဆ ထားကြပါတယ်။ ဒါက အရမ်းကို အထင်တကြီးနဲ့ သုံးသပ်ထားတာပါ။

"သွားကြစို့"

လင်းဟန်က ဟူးညိုကို ပြောလိုက်ပါတယ်။

"အင်း"

ဟူးညိုက အသံချိုချိုလေးနဲ့ သဘောတူပြီးတော့ လင်းဟန်ရဲ့ အနောက်ကနေ လိုက်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း သူတို့ထွက်သွားတာကိုပဲ ကြည့်နေနိုင်ပါတယ်။ လင်းဟန်တို့ ထွက်သွားပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ နောက်ကျောတွေမှာ အေးစက်စက်ချွေးတွေနဲ့ ဖုံးနေတယ်ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သူတို့အလျင်အမြန်ပဲ အုတ်အော်သောင်းတင်း ဖြစ်သွားကြပါတယ်။ ပိုမိသားစုရဲ့ သခင်လေးက အသတ်ခံလိုက်ရပါတယ်။ ဒါကြောင့် သူတို့က

ဒီသတင်းကို ဖြန့်ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ လူသတ်တရားခံသာ လွတ်မြောက်သွားရင် ပိုမိသားစုရဲ့ ဒေါသတွေက သူတို့အပေါ် ပုံကျလာနိုင်ပါတယ်။

"အစ်မ ညီမလေး အခုမှ သတိထားမိတယ်။ ညီမလေး အဲဒီကောင်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို တကယ်ပဲ မမြင်နိုင်ခဲ့ဘူး"

လှီရှုအာက ရုတ်တရက် ပြောလိုက်ပါတယ်။

လှီဖန်းအာလည်း ခေါင်းညိတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ရှိနေပြီ။ ဒါပေမဲ့ သခင်လေးဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ငါဖြတ်ပြီးတော့ မမြင်နိုင်ဘူး။ ဖြစ်နိုင်တာက...."

လှီညီအစ်မနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးတော့ ဆက်တိုက်ပဲ ပြောလိုက်ကြပါတယ်။

"စိတ်ဂိညာဉ် ပလ္လင်အဆင့်"

"ဒါက ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သခင်လေးဟန်က အသက်နည်းနည်းလေးပဲ ကြီးလာတာလေ။ လွန်ခဲ့တဲ့ နှစ်နှစ်တုန်းက သူက ဒြပ်စင်စုစည်းခြင်း အဆင့်မှာပဲ ရှိသေးတယ်။ ဘယ်လိုလုပ်ပြီး သူက အခုစိတ်ဂိညာဉ် ပလ္လင်အဆင့် ဖြစ်နိုင်မှာလဲ"

ယွမ်ရှမ်းရှမ်းက မယုံနိုင်စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒါမှန်တယ်"

လှီညီအစ်မက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ပါတယ်။ ဒါက အရမ်းကို အဓိပ္ပါယ် မရှိပါဘူး။

"အားယား။ ငါတို့တော့ သွားပါပြီ။ ပိုယွန်ဖန်းက ဒီနေရာမှာ သေသွားပြီ။ ပြီးတော့ တကယ်လို့ သူတို့တွေက ငါ့တို့ကို ဦးတည်စုံစမ်းရင် ငါတို့တွေ သွားပြီ"

လှီညီအစ်မ နှစ်ယောက်က ကပျာကယာနဲ့ ထွက်သွားကြပါတယ်။ သူမတို့က ဂရမ်းပြေးတွေလေ။

လင်းဟန်နဲ့ ဟူးညိုက အေးအေးလူလူနဲ့ လမ်းလျှောက်နေကြပါတယ်။ သူတို့ရဲ့ နောက်ထပ်

ပစ်မှတ်က အင်ပါယာမြို့ရဲ့ အရှေ့ဘက် မီတာတစ်သောင်းခွဲအကွာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ကျော်တုန်းက ထူးဆန်းပြီး ထိတ်လန့်ဖွယ်ရာကောင်းတဲ့ သတ္တုတွင်းကို အကျိုးရှိရှိ အသုံးပြုခဲ့ကြပါတယ်။ အဲဒီမှာ ထူးဆန်းတဲ့ သတ္တုရိုင်းတချို့ ရှိပါတယ်။ ဒါပေမဲ့ ဆိုးဂါးတဲ့ မတော်တဆမှု တစ်ခုကြောင့် သတ္တုတွင်းကို နှစ်ပေါင်းများစွာတိုင်အောင် ချိတ်ပိတ်ထားခဲ့ ပါတယ်။ လွန်ခဲ့တဲ့ နှစ်ဂက်ကမှ ပြန်ပြီးတော့ ဖွင့်ခဲ့တာ ဖြစ်ပါတယ်။

သိပ်မကြာခင်မှာပဲ လင်းဟာန်က သူတို့အနောက်ကနေ လိုက်လံချောင်းမြောင်းနေသူတွေ ရှိတယ်ဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။ မီးနိုင်ငံလို နိုင်ငံသေးသေးလေး တစ်ခုမှာ ဘယ်သူကမှ သူ့ကိုခြိမ်းခြောက်နိုင်စွမ်း မရှိနိုင်ပါဘူး။

မြို့တံခါးကနေ ထွက်လာပြီးတဲ့ အခါမှာ သူနဲ့ဟူးညီတို့က အရှေ့ဘက်ကို ဦးတည်ပြီးတော့ ဆက်သွားလိုက်ကြပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ နီမြန်းတဲ့ မြူခိုးတစ်ခုက ကောင်းကင်ကို ဖုံးအုပ်နေတာကို မြင်လိုက်ရပြီး လင်းဟာန်ရဲ့ အမြင်အာရုံနဲ့တောင်မှ ထိုးဖောက်ပြီး မမြင်နိုင်ပါဘူး။

"ဟင်"

လင်းဟန်က အတော်လေးကို အံ့အားသင့်သွားခဲ့ပါတယ်။

"ဒီနေရာက မကောင်းဘူး။ အရမ်းကို မကောင်းဘူး"

ဟူးညိုလည်း သူမရဲ့ခေါင်းကို ခါပြီးတော့ သတိဂီရိယနဲ့ နိုးနိုးကြားကြား ရှိနေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့ပါတယ်။

ဟူးညိုတောင် ဒီလိုမျိုး ပြောလာခဲ့ပါတယ်။

လင်းဟန်က ပိုပြီးတော့တောင်မှ အံ့အားသင့် သွားခဲ့ပါတယ်။ ဟူးညိုက ကောင်းကင်နဲ့ မြေကြီးထဲက ဘာကိုမှ ကြောက်ရွံ့မှု မရှိပါဘူး။ အရင်တုန်းက သူမက နတ်ဆိုးချီ အတင်းထဲကို ခုန်ဂင်ကျော်လွှားခဲ့ပေမဲ့ အခုတော့ သူမကတကယ်ပဲ ကြောက်ရွံ့ပုံ ဖော်ပြနေခဲ့ပါတယ်။ သေချာပေါက်ကို ဒီမိုင်းတွင်းက မျက်စိနဲ့ မြင်ရတာထက် ပိုပြီးတော့ တစ်ခုခု ထူးခြားနေပါပြီ။

ကြည့်ရတာ သူက နဇီရန်ကို အတော်လေးကို လျော့တွက်ခဲ့မိပုံ ရပါတယ်။

ဒီနေရာမှာ လူတွေနေ့တိုင်းလိုလို သေဆုံးနေတာကို ကောင်းကောင်းကြီး သိရဲ့သားနဲ့ သူက ဆက်ပြီးတော့ တူးဖော်နေပြီး အကျင့်ပျက်နေပါတယ်။ ဒီမိုင်းတွင်းအထဲမှာ ရတနာတချို့ မြုပ်နှံထားတာများ ဖြစ်နိုင်မလား။ ဒါပေမဲ့လည်း နီမြန်းနေတဲ့ ကြက်သွေးရောင် ချီတွေ ပျံနှံ့နေတာကို ကြည့်ရင် အဲဒါက ရတနာတစ်ခု မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အဲဒီအစား မကောင်းတဲ့ အရာတစ်ခု ဖြစ်နိုင်ပါတယ်။

အရမ်းကို ဆိုးဂါးလွန်းတဲ့ အရာတစ်ခု။

"အဲဒါကို သွားကြည့်ဖို့တောင် ပိုပြီးတော့ အကြောင်းပြချက် ရှိလာပြီပေါ့"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူရဲ့မိဘနဲ့ မိသားစုတွေ အားလုံးက မီးနိုင်ငံမှာ ရှိနေကြပါတယ်။ သူက ဒီအရာကို အလောင်းတစ်ထောင်ဂိုဏ်းလိုမျိုး လျှို့ဝှက်ပူးပေါင်း ကြံစည်နေတဲ့ အရာတစ်ခုခု ဖြစ်မလားဆိုပြီး ကြောက်နေမိပါတယ်။ အဲဒါဆိုရင် မြောက်ပိုင်းအစွန်အဖျား ဒေသတစ်ခုလုံးကို ကျတ်တီးမြေ တစ်စပြင်ဖြစ်အောင် လုပ်ပြီးတော့ ချောင်းမြောင်းတိုက်ခိုက် ဘေးအန္တရာယ် သင့်စေပြီးတော့ အမြစ်ပြတ်

သုတ်သင်ပစ်ပါလိမ့်မယ်။

"ညီးညီး အနက်ရောင် မျှော်စင်ထဲကို အရင်ဆုံး ဝင်ထားချင်လား"

လင်းဟာန်က မေးလိုက်ပါတယ်။

ဟူးညိုက သူမရဲ့ကလက်ချောင်းတွေကို ကိုက်ပြီးတော့ စဉ်းစားလိုက်ပြီး ပြောလိုက်ပါတယ်။

"အခုတော့ မလိုသေးဘူး"

နောက်တစ်မျိုးပြောရမယ်ဆိုရင် သူတို့တွေက ထူးဆန်းပြီး ထိတ်လန့်ဖွယ်ရာကောင်းတဲ့ မိုင်းတွင်းထဲကို ဝင်သွားတဲ့အခါ ဒါမှမဟုတ် အဲဒီမှာ အချိန်အရမ်းကို ကြာအောင်နေမိရင် ဟူးညိုတောင်မှ အဲဒါကို ကြံ့ကြံ့ခံနိုင်ဖို့ဆိုတာ မသေချာပါဘူး။

လင်းဟာန်က ပိုပြီးတော့တောင် သတိဂရုထားပြီး နိုးနိုးကြားကြား ရှိနေပါတယ်။ ဒါပေမဲ့ ကံကောင်းတာက အဲဒီမိုင်းတွင်းထဲကို ဝင်သွားတဲ့သူတွေက ဒုတိယမြောက်နေ့ သူတို့တွေ ထွက်လာတဲ့ အခါကျမှ ရုတ်တရက် သေသွားခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့

ချက်ချင်း မသေသေးသရွေ့ သူ့အနေနဲ့ပ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ အဲဒီစွမ်းအားတွေက ဘယ်လိုအရာပဲဖြစ်ဖြစ် ခုခံနိုင်ပါလိမ့်မယ်။

သူနဲ့ဟူးညီတို့ နှစ်ယောက်က မိုင်းတွင်းဆီကို လမ်းလျှောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အနောက်က လိုက်လာတဲ့ လူတွေက ပိုပိုပြီးတော့ အတင့်ရဲလာကြပြီးတော့ လင်းဟန်က သူ့ကို ရှာဖွေတွေ့ရှိသွားမှာကိုတောင် မကြောက်ရွံ့ပဲ လူလုံးပြလာခဲ့ပါတယ်။

မိုင်းတွင်းကို သူတို့တွေ ရောက်လုရောက်ခင်မှာပဲ လူဆယ်ယောက်က သူတို့ကို မီသွားခဲ့ပါတယ်။

"ခဏရပ်ဦး"

သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်ပြီးတော့ ခြေလှမ်းကျဲ အနည်းငယ် အတွင်းမှာ မီသွားခဲ့ပါတယ်။ သူရဲ့မျက်နှာမှာတော့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူကတော့ ပိုယွန်ဖန်းရဲ့ အဖေဖြစ်သူ ပိုဂမ်လင်းပဲ ဖြစ်ပါတယ်။ ပြီးတော့ သူရဲ့ကျင့်ကြံခြင်း အဆင့်က

စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာခုနစ် ဖြစ်ပါတယ်။ သူ့ရဲ့သားကို တစ်စုံတစ်ယောက်က သတ်သွားတယ်ဆိုတာကို သတင်းရလိုက်တာနဲ့ သူကချက်ချင်းပဲ ထွက်ပြီးတော့ လိုက်ဖမ်းတာပဲ ဖြစ်ပါတယ်။

"ငါ့သားကို သတ်ပြီးတော့ အဝေးကို ထွက်သွားချင်နေသေးတယ်ပေါ့လေ"

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီတော့ ခင်ဗျားက ဘာလုပ်ချင်လဲ"

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ပိုဂမ်လင်းက ရက်စက်ကြမ်းကြုတ်စွာနဲ့ ပြောလိုက်ပါတယ်။

"အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်းပဲ"

လင်းဟာန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ခင်ဗျားတိုက်ခိုက်မယ်ဆိုရင် သားဖြစ်သူရော ဖအေဖြစ်သူပါ သေသွားလိမ့်မယ်။ ကျုပ်ခင်ဗျားကို

အခွင့်အရေးတစ်ခုပေးမယ်။ အခုထွက်သွားလိုက်။ တကယ်လို့ ခင်ဗျားက ကျုပ်ကို တိုက်ခိုက်မယ်ဆိုရင် ခင်ဗျားသေတွင်းကို ခင်ဗျားတူးတာပဲ”

လင်းဟန်က ချာကနဲ လှည့်ပြီးတော့ သတ္တုတွင်းဆီကို လမ်းလျှောက်သွားလိုက်ပါတယ်။

လင်းဟန်ဆီက အကြည့်စူးစူးကြောင့် ဂမ်ပိုလင်းက သူရဲ့နှလုံးသားထဲထိအောင် အေးစိမ့်တဲ့ ကြောက်ရွံ့မှုကို ချက်ချင်းဆိုသလို ခံစားလိုက်ရပြီးတော့ တိုက်ခိုက်ဖို့ကို မပံ့မရဲ ဖြစ်သွားပါတယ်။ သူက လင်းဟန်ထွက်သွားတာကို လက်သီးကို တင်းတင်းဆုပ်ပြီးတော့ မျက်နှာထား တင်းတင်းနဲ့ မနှစ်မြို့စရာ အပြုံးတစ်ခု ပြုံးပြီးတော့ ကြည့်နေခဲ့ပါတယ်။

လူတိုင်းလူတိုင်းက မိုင်းတွင်းထဲကို ဂင်သွားတယ်ဆိုတာက သေလမ်းကို လျှောက်လှမ်းတယ်လို့ သိနားလည်ထားကြပါတယ်။ ကောင်းပြီလေ။ သူ့အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ လက်စားမချေနိုင် ပေမဲ့လည်း အဓိက အရေးအကြီးဆုံးက ရလဒ်ပဲ ဖြစ်ပါတယ်။

လင်းဟန်က မိုင်းတွင်းထဲကို ဂင်သွားခဲ့တယ်ဆိုတာ

အတည်ပြုဖို့အတွက် သူက စိုက်ကြည့်နေပါတယ်။

Chapter 522 end
ဒီနေ့တစ်ပိုင်းတည်းနော် □□
အပိုင်း(၅၂၃) သတ္တုမိုင်းတွင်းထဲကို ဝင်ရောက်ခြင်း

သတ္တုမိုင်းတွင်းကို အစောင့်အကြပ်တွေ ထူပြောစွာနဲ့ ချထားပါတယ်။ လူတွေဝင်တာကို တားဆီးဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ထွက်ပြေးမဲ့ လူတွေကို တားဆီးဖို့အတွက်ပဲ ဖြစ်ပါတယ်။

ဒီနေရာက ဘယ်လိုနေရာမျိုးလဲ ဆိုတာကို သိသွားပြီးတဲ့နောက်ပိုင်းမှာ ဘယ်သူကများ ထွက်မပြေးပဲ နေကြမှာလဲ။ နေ့တိုင်းနေ့တိုင်း လူတွေအများကြီးကို အစောင့်အကြပ်အများကြီးက ထိန်းသိမ်းထားပြီးတော့ မိုင်းတွင်းလုပ်သား အရင်အုပ်စု သေသွားရင် နောက်ထပ်လူအုပ်အသစ်ကို စေလွှတ်ကြပါတယ်။

အောက်ဆင်းဖို့ ငြင်းဆန်တာလား။ ချက်ချင်းပဲ ခေါင်းဖြတ်ကွပ်မျက်ပစ်ပါတယ်။

ပြင်းထန်တဲ့ ဖိအားတွေရဲ့ အောက်မှာ တကယ်လို့ သူတို့က

ရက်အနည်းငယ်ပဲ အသက်ရှင်နိုင်မယ် ဆိုရင်တောင် လူအများကြီးက သူတို့ရဲ့ ကံကြမ္မာကို လောင်းကြေးထပ်ချင်ကြပါသေးတယ်။ သူတို့အနေနဲ့ မျှော်လင့်ထားသလို သေမှာလား ဒါမှမဟုတ် မသေပဲနဲ့ အသက်ရှင်နိုင်မှာလား။

မိုင်းတွင်းလုပ်သားတွေ ထွက်ပြေးမှာကို ကာကွယ်တဲ့အနေနဲ့ ဒီနေရာမှာ ယာယီနေထိုင်သူတွေ ထွက်မပြေးဖို့ မြင့်မားတဲ့ နံရံတစ်ခု တည်ဆောက်ထားပြီး ကြီးမားလေးလံတဲ့ ကျောက်တုံးတွေနဲ့ စုပုံထားပါတယ်။ သာမန်လူတွေအနေနဲ့ တူးဆွပြီးတော့ ထွက်ပြေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါက မဟာတံတိုင်းကြီးနဲ့ တူပြီးတော့ အမြင့်ခြောက်ဆယ့်ငါးမီတာရှိပြီး ခုန်ကျော်သွားဖို့လည်း ခက်ခဲပါတယ်။

ဒ့ါအပြင် မိုးထိအောင်မြင့်မားနေတဲ့ နံရံကို ခဲရာခဲဆစ် တက်ပြီးတော့ ထွက်ပြေးဖို့ ကြိုးစားနေသူတွေ မရှိအောင်လို့ မြင့်မားတဲ့ နံရံကြီးရဲ့အောက်ခြေမှာ အစောင့်တွေက ကင်းလှည့်နေကြပါတယ်။

ဒါတွေအားလုံးက သာမန်လူတွေနဲ့ပဲ ပတ်သက်ပါတယ်။

လင်းဟာန်နဲ့ ဟူးညိုက ခုန်ကျော်သွားပြီးတော့ မြင့်မားတဲ့ နံရံရဲ့ တစ်ဖက်ဆီကို ရောက်သွားခဲ့ ကြပါတယ်။

"မင်းတို့က ဘယ်သူတွေလဲ"

အစောင့်တစ်ယောက်က ချက်ချင်းဆိုသလို မေးလိုက်ပါတယ်။ အဲ့ဒီနောက်မှာ လှံခုနစ်ချောင်းက ဆက်တိုက်ဆိုသလို သူတို့ကို ညွှန်ထိုးထားခဲ့ပါတယ်။

"သူတို့ကို ပေးဝင်လိုက်"

ဝေးဝေးက မြင့်မားတဲ့ နံရံကြီးရဲ့ အပေါ်မှာ ပိုဂမ်လင်းက မတ်တတ်ရပ်လျက်သား ပေါ်လာခဲ့ပါတယ်။ လင်းဟာန်က သတ္တုမိုင်းတွင်းထဲကို ဝင်သွားဖို့ကို သူ့အနေနဲ့ တစ်လျှောက်လုံး ကူညီပေးရပါလိမ့်မယ်။ ရန်သူက ကိုယ့်ကိုကိုယ် သတ်သေချင်နေမှတော့ သူ့အနေနဲ့ အဲဒါကို တိုက်တွန်းအားပေး ရလိမ့်မှာပေါ့။

တကယ်တမ်းတော့ သူ့ကို အလွန်အမင်း အန္တရာယ်ပေးနိုင်တဲ့ အာရုံတစ်ခုကို လင်းဟာန်ဆီကနေ ရရှိပြီးတော့ သူ့အနေနဲ့ လင်းဟာန်ရဲ့ ကျင့်ကြံခြင်းကို ဖြတ်ပြီးတော့ မမြင်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သူက လင်းဟာန်နဲ့ ထိပ်တိုက်ရင်ဆိုင်ကိုတော့

မလုပ်ပါဘူး။

"ဟုတ်ကဲ့ပါ အရှင်သခင်ပို"

အစောင့်တွေက ပြန်ဖြေလိုက်ပါတယ်။

သူတို့ရဲ့ တာဝန်က မိုင်းတွင်းလုပ်သားတွေ ထွက်ပြေးတာကို တားဆီးဖို့ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က အထဲကို ဝင်ချင်နေတာလား။ အရေးမကြီးပါဘူး။ သူတို့က ဘယ်လိုပဲဖြစ်ဖြစ် ထွက်လာတဲ့နောက်ပိုင်း ဒုတိယနေ့မှာ သေသွားကြပါတယ်။

လင်းဟာန်က ပတ်ဝန်းကျင်ကို လေ့လာဆန်းစစ်ခဲ့ပါတယ်။ သူ့အရှေ့မှာ မြေကြီးအနက်ထဲထိ ဆင်းသွားတဲ့ လိုဏ်ခေါင်းတွေက ရှုတ်ယှက်ခတ်နေပါတယ်။ အရမ်းကို နက်အောင်လို့ တူးထားတာတောင်မှ အောက်ခြေကနေ ရေတွေ ပန်းမထွက်လာခဲ့ပါဘူး။

ဒီနေရာကနေ ကြည့်တာတောင် မိုင်းလုပ်သား တစ်ယောက်ကိုမှ မမြင်တွေ့နိုင်ပါဘူး။ ကြည့်ရတာ သူတို့တွေက မိုင်းတွင်းရဲ့ အထဲပိုင်း အနက်ကြီးထဲကို ဝင်သွားခဲ့ပုံ ရပါတယ်။

မိုင်းတွင်းထဲကနေ ကြက်သွေးရောင် နီရဲတဲ့ အငွေ့တွေ မြင့်တက်လာပြီးတော့ မီတာ နှစ်ထောင် သုံးထောင်ခန့် အရောက်မှာ ရပ်သွားပြီး ကြီးမားတဲ့ ရောမ အနီရောင် တိမ်တစ်ခု ဖြစ်ပေါ်သွား ခဲ့ပါတယ်။

လင်းဟန်က အမှုမဲ့ အမှတ်မဲ့ မနေပုံပါဘူး။ သတိထားပြီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ မိုင်းတွင်းဆီကို လျှောက်သွားလိုက်ပါတယ်။ လင်းဟန်ရဲ့ ပုံရိပ်က သတ္တုတွင်းဆီကို တအိအိနဲ့ ပျောက်ကွယ်သွားတာကို ကြည့်ပြီးတော့ ပိုဂမ်လင်းက အေးစက်စက် အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ အခုဆိုရင် လင်းဟန်က သူ့ရဲ့ဘဝတစ်ခုလုံး မိုင်းတွင်းအထဲမှာ မနေသရွေ့ အပြင်ကို ထွက်လာတာနဲ့ သေဖို့သေချာသွားပါပြီ။

ဒါပေမဲ့ သူက ဘာမှမစား မသောက်ပဲနဲ့ နေနိုင်မှာလား။

လင်းဟန်က သတ္တုတွင်း ဧရိယာထဲကို ဝင်လာခဲ့ပါတယ်။ သူ့ခြေထောက်ရဲ့ အောက်ခြေက အပေါ်ယံမြေဆီလွှာက ပျော့အိအိ ဖြစ်နေပါတယ်။ အနီရောင်သန်းတဲ့ မြေဆီလွှာတွေက ရှားပါးတဲ့ မြင်ကွင်းတစ်ခုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေရာမှာတော့ မတရားကြီး

နီမြန်းနေပြီး သွေးတွေနဲ့ ဖြန်းပက်ထားသလား အောက်မေ့ရပါတယ်။ အထူးသဖြင့် ဒီနေရာမှာ အနီရောင် အငွေ့တွေ အဆက်မပြတ် မြင့်တက်လာတဲ့ အချိန်မှာ အရမ်းကို အံ့ဩထိတ်လန့်စရာ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

"ငါမကောင်းတဲ့ နိမိတ်အာရုံ တစ်ခုရနေတယ်"

လင်းဟာန်က အလိုအလျောက် ပင်ကိုအသိစိတ်ကို အခြေခံပြီးတော့ မကောင်းတဲ့ နိမိတ်တစ်ခုကို အာရုံရနေပါတယ်။

"ဟုတ်တယ်"

ဟူးညိုကလည်း အပြတ်အသတ်ကို ထောက်ခံပြီး ခေါင်းညိတ်လိုက်ပါတယ်။

သူတို့နှစ်ယောက်က ဆက်ပြီးတော့ ရှေ့ဆက်တိုးလာပါတယ်။ သူတို့က ပျံသန်းနိုင်ပေမဲ့ အဲဒီလို မလုပ်ဖို့ကိုပဲ ရွေးချယ်ထားခဲ့ပါတယ်။ ဒီနေရာက မြေဆီလွှာနဲ့ ကျောက်တုံးတွေ အားလုံးက လင်းဟာန်ကို အရမ်းကို ထူးဆန်းတဲ့ ခံစားမှုကို ပေးပါတယ်။ သူက ကျောက်တုံးနဲ့ မြေဆီလွှာ တချို့ကို ကောက်ယူပြီးတော့ အနက်ရောင်

မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပြီး အဲဒီနောက်မှာ ဟူးညိုကိုပါ ခေါ်ပြီးတော့ မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

"မျှော်စင်လေး။ ဒီအရာတွေကနေ ထူးခြားတာ တစ်ခုခုကို မင်းမြင်နိုင်လား"

လင်းဟန်က မေးလိုက်ပါတယ်။

မျှော်စင်လေးက ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"ကျိန်စာသင့်နေတဲ့ မြေဆီလွှာပဲ။ မွေးဖွားရာ ကံကြမ္မာ ဇာတာခွင်က လုံလုံလောက်လောက် မသန့်မာဘူး ဆိုရင်တော့ အဲဒီမြေနဲ့ ထိတဲ့လူက မကြာခင်မှာ သေသွားရလိမ့်မယ်"

"ကျိန်စာသင့်တယ် ဟုတ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့က ဒီလိုမျိုး စွမ်းအားအမျိုးအစားကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ဒါက သေခြင်းတရားရဲ့ မန္တန်တစ်ခုလို ဖြစ်ပြီးတော့ လူတွေကို တကယ်ပဲ သေစေနိုင်တာလား။ ပြီးတော့ မွေးဖွားရာ ကံကြမ္မာ ဇာတာဆိုတာကရော ဘာလဲ။

"ကျိန်စာဆိုတာကလည်း မဟာတာအိုကနေ ဆင်းသက်လာတဲ့ စွမ်းအားအမျိုးအစား တစ်ခုပဲ ဖြစ်တယ်။ ဒါက အဆုံးမရှိသလို ပုံစံအမျိုးမျိုးနဲ့လည်း ဖော်ပြလို့ရတယ်"

မျှော်စင်လေးက ပေါ့ပျက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါလည်းအခု ဒီကျိန်စာရဲ့ အကျိုးသက်ရောက်မှုကို ခံနေရပြီပေါ့ ဟုတ်လား"

လင်းဟန်က မေးလိုက်ပါတယ်။

"ဟုတ်တယ်။ ကျိန်စာသင့်နေတဲ့ မြေပေါ်ကို ခြေလှမ်းစလှမ်းလိုက်တာနဲ့ မင်းက ကျိန်စာသင့် ခံစားနေရတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ မင်းရဲ့ မွေးဖွားရာ ဇာတာခွင့် ကံကြမ္မာက အရမ်းကို ကြံ့ခိုင်တဲ့အတွက် မင်းမသေနိုင်ဘူး။ အနည်းဆုံးတော့ ဒီပမာဏကနေ မင်းမသေနိုင်ဘူး။ ဒီကျိန်စာသင့်စွမ်းအားရဲ့ အဆင့်က ငါလွယ်လွယ်လေးနဲ့ အာနိသင် ပျက်ပြယ်အောင် လုပ်ပေးနိုင်တယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"ပြီးတော့ အဲဒီမွေးဖွားရာ ဇာတာခွင် ကံကြမ္မာဆိုတာ ဘာကြီးလဲ"

လင်းဟန်က နောက်တစ်ကြိမ် ထပ်မေးလိုက်ပါတယ်။

မျှော်စင်လေးက အနည်းငယ် လှုပ်ယမ်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဘာဖြစ်လို့ မေးခွန်းတွေ အများကြီး မေးနေရတာလဲ"

"မင်းမသိတော့ဘူးဆိုရင်လည်း ပြောလေ။ အဲဒါက ကောင်းတဲ့ အမူအကျင့်ပါပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မွေးဖွားရာ ဇာတာခွင်၊ ကံစီမံထားတဲ့ မွေးဖွားမှုက မင်းရဲ့ ကံကြမ္မာနဲ့ ပတ်သတ်ရင် အကြီးအကျယ် လွှမ်းမိုးမှုရှိတယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"မင်းရဲ့ ဘဝဂနှစ်ခုမှာ မင်းရဲ့မွေးဖွားရာ ဇာတာခွင်က

အတူတူပဲ။ ဒါက စိတ်ဂိညာဉ် နှစ်ခုကို ပေါင်းစည်းလိုက်တာမျိုး ဖြစ်နိုင်ချေရှိတယ်။ ပြီးတော့ ရိုးရိုးပိုင်ဆိုင်မှု တစ်ခုပဲ မဟုတ်ဘူး”

“အသေးစိတ် စီစဉ်ထားတာ”

လင်းဟန်က ရုတ်တရက် စိတ်ဝင်စားလာခဲ့ပါတယ်။

“ငါ့မှာ မင်းရဲ့ သိချင်စိတ် ပြင်းပြနေမှုကို စိတ်ကျေနပ်စေမဲ့ စိတ်ဝင်စားစရာမျိုး မရှိဘူး”

မျှော်စင်လေးက ချက်ချင်းပဲ မာန်တက်သွားပါတယ်။

“ဒီနေရာက မြေဆီလွှာထဲမှာ ကျိန်စာအစွမ်းတွေ အများကြီး မပါဘူး ဆိုပေမဲ့ ဒီလောက်ထိကို အဲဒီကနေ စီးဆင်းရောက်ရှိလာကြောင့် သေချာပေါက် မြေကြီးရဲ့ အောက်ခြေမှာ ကျိန်စာပစ္စည်း တစ်ခု ဒါမှမဟုတ် အထူးမွေးဖွားရာ ဇာတာခွင်နဲ့ လူတစ်ယောက်ကို မြှုပ်ထားတာ ဖြစ်လိမ့်မယ်”

“ဟူးညီရော ဘယ်လိုလဲ။ သူမရော အကျိုးဆက် သက်ရောက်မှု ရှိလိမ့်မလား”

လင်းဟန်က နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

"ဒီမိန်းကလေးရဲ့ မွေးဖွားရာ ဇာတာခွင်က အရမ်းကို ထူးခြားတယ်။ တကယ်လို့ ငါက မူလအရင်းအမြစ်ရဲ့ စွမ်းအင်ကို အသုံးမပြုဘူးဆိုရင် သူမကိုဖြတ်ပြီးတော့ မမြင်နိုင်ဘူး"

မျှော်စင်လေးက မကြည်မလင်နဲ့ ပြောလိုက်ပါတယ်။

နောက်ဆုံးမှာတော့ လင်းဟန်ရဲ့ စိုးရိမ်ပူပန်မှုတွေ လျော့ကျသွားခဲ့ပြီး အနက်ရောင် မျှော်စင်ကနေ ဟူးညို့နဲ့ အတူတူ ထွက်လာပြီးတော့ ဆက်ပြီးအရှေ့ကို တိုးသွားခဲ့ပါတယ်။

နဇီရန်နဲ့ မီးကောရာဇ်က ဘာတွေများ လျှို့ဝှက်ပူးပေါင်းပြီး ကြံစည်တာလဲ။ ဒီသတ္တုမိုင်းတွင်း ဧရိယာ အတွင်းက ကျိန်စာပစ္စည်းအတွက် ဖြစ်နိုင်မလား။ ဒါက အလောင်းတစ်ထောင်ဂိုဏ်း မဟုတ်သရွေ့တော့ ဘယ်သူကမှ သေနေတဲ့ လူတွေကို ခိုးယူလိမ့်မှာ မဟုတ်ပါဘူး။

သူတို့နှစ်ယောက်က အနည်းငယ် စိုစွတ်နေတဲ့ ကုန်းမြေပေါ်ကို နင်းဖြတ်လျှောက်လာပြီးတော့ အောက်ဘက်ကို ဆင်းလာခဲ့ပါတယ်။ ဒါက ဖောက်နက်တဲ့ ခွက်တစ်လုံးနဲ့တူပါတယ်။ နောက်ကအပြင်ဘက်က ပိုပြီးတော့ ကျယ်လာပါတယ်။ ပြီးတော့ အထဲကို ပိုရောက်လာလေ အဲဒါက ကျဉ်းမြောင်းလာပါတယ်။ သူတို့က အတွင်းဘက် နက်နက်ရှိုင်းရှိုင်း အရဲစွန့်သွားနေပြီး ပတ်ဂန်းကျင်က မှိန်လာခဲ့ပါတယ်။ ပြီးတော့ လင်းဟာန်နဲ့ ဟူးညို့ရဲ့ ထူးချွန်ထက်မြက်တဲ့ အမြင်အာရုံအတွက်လည်း သူတို့က မျက်လုံးတွေ ဖွင့်ပြီးတော့ ကန်းနေသလိုပါပဲ။

ဒါပေမဲ့လည်း အောက်ကိုဆင်းနေရင်း လမ်းသွယ်တစ်ခုကို ချိုးကွေ့လိုက်တဲ့ အခါမှာ မီးရောင်မှိတ်တုတ် မှိတ်တုတ်တွေကို မြင်နိုင်ပါတယ်။ ဒီလိုမျိုး မည်းမှောင်နေတာ တကယ်တော့ သတ္တုတွေကို တူးဖော်ထုတ်လုပ်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။

လင်းဟာန်ရဲ့ အပူပင်အကြောင့်ကြမဲ့တဲ့ ပုံစံနဲ့ မိန်းကလေး ငယ်ငယ်လေး တစ်ယောက်က ဘေးကနေ သူရဲ့အဂတ်စကို ဆွဲပြီးတော့ လိုက်လာတာကို ကြည့်ပြီး မိုင်းတွင်းအလုပ်သမား အနည်းငယ်က မယုံနိုင်တဲ့ အမူအရာတွေ ဖြစ်ပေါ်နေပြီး သူတို့ရဲ့ မျက်လုံးတွေထဲမှာ

သံသယ တချို့ စတင်ဖြစ်လာပါတယ်။ ဒါက တကယ်ပဲ အုံ့ညြစရာကောင်းပြီးတော့ ပုံရိပ်ယောင် အတုလား အစစ်လားဆိုပြီး သံသယ ဝင်နေကြပါတယ်။

လင်းဟန်က မျက်စိဝေ့ကြည့်လိုက်ပါတယ်။ ဒီလူတွေရဲ့ မျက်နှာတွေက အားလုံးလိုလို ထုံထိုင်းနေတဲ့ ပုံစံမျိုး မြင်လိုက်ရပါတယ်။ သူတို့က ဒီအထဲကို ဝင်လာပြီးတဲ့ နောက်မှာ လူသေတွေနဲ့ မခြားတော့ပါဘူး။ ဒါကြောင့် ဘယ်သူကများ တက်ကြွမှု ရှိနေဦးမှာလဲ။

"အစား။ အစား"

ဟူးညိုရဲ့ လက်ထဲက အသားခြောက်ကို မြင်လိုက်တဲ့ အခါမှာ သူတို့ရဲ့ မျက်လုံးတွေက သဲကန္တရထဲကို ခရီးသွားနေတဲ့ လူတွေက ရေရှားပါးပြတ်လပ်နေချိန်မှာ အိုအေစစ်လေး တစ်ခုကို တွေ့လိုက်ရသလိုမျိုးပါပဲ။ အပြေးအလွှားပြေးလာကြပြီး သူတို့ပုံစံ ကြည့်ရတာ အတင်းအကျပ် လုယူတော့မဲ့ ပုံစံမျိုးတွေပါ။

လင်းဟန်က ရယ်ချင်သွားပါတယ်။ သာမန်လူအနည်းငယ်က သူနဲ့ ဟူးညိုကို လုယက်ချင် နေတာလား။

ဟူးညိုက သူမရဲ့ အစားအစာကို ပိုပြီးတော့ ကာကွယ်တတ်ပါတယ်။ ပြီးတော့ ချက်ချင်းပဲ ရက်စက်ကြမ်းကြုတ်စွာနဲ့ ကြည့်လိုက်ပါတယ်။ သူတို့က သူမရဲ့ အစားအစာကို လုယက်ပွဲတယ်ပေါ့လေ ဟုတ်လား။

လင်းဟန်က ဟူးညိုကို ဆွဲထားပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"အစားအသောက် လိုချင်တာလား။ ကောင်းပြီလေ။ ဒါပေမဲ့ မေးခွန်းတချို့ကိုတော့ ဖြေပေးရမယ်"

လင်းဟန်က သူရဲ့လက်ချောင်းကို လှုပ်လိုက်တာနဲ့ ချက်ချင်းပဲ ကျောက်တုံးတစ်ခု အပေါ်မှာ နက်ရှိုင်းတဲ့ အမှတ်အသားတစ်ခု ဖြစ်ပေါ်သွားခဲ့ပြီး ချက်ချင်းပဲ မိုင်းတွင်းလုပ်သားတွေကို ထိတ်လန့်သွားစေပြီးတော့ တုံ့ဆိုင်းသွားခဲ့ပါတယ်။

အဲဒီလူတွေက ဟူးညိုရဲ့ လက်ထဲက အသားခြောက်ကို စိုက်ကြည့်ပြီးတော့ သွားရည်တမြားမြား ကျပြီးတော့ မေးလိုက်ပါတယ်။

"မင်းက ဘာကိုသိချင်တာလဲ"

"ဒီကအခြေအနေတွေပဲ။ ခင်ဗျားတို့သိသမျှအားလုံး ပြောပြပါ"

အဲဒီလူတွေက တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးတော့ ခေါင်းညိတ်လိုက်ကြပါတယ်။ အဲဒီနောက် တစ်ယောက်ပြီးတစ်ယောက် စတင်ပြောလိုက်ပါတယ်။

သူတို့ကို လွန်ခဲ့တဲ့ တစ်ပါတ်လောက်က ဒီနေရာကို ပို့လွှတ်ခြင်း ခံခဲ့ရပါတယ်။ ပြီးတော့ မိုင်းတွင်းထဲကို နှစ်ရက်စာ အစားအသောက်နဲ့ ရေတွေကို သယ်ယူလာခဲ့ကြပါတယ်။ တကယ်လို့ သူတို့က အစားအသောက်တွေ ပိုပြီးတော့ လိုချင်တယ်ဆိုရင် သူတို့အနေနဲ့ အကောင်းဆုံး ကြိုးစားပြီးတော့ သတ္တုရိုင်းတွေကို တူးဖော်ပြီး အစားအသောက်နဲ့ အလဲအလှယ် လုပ်ရပါတယ်။ ဒါပေမဲ့လည်း ဒီနေရာက သတ္တုရိုင်းတွေက အရမ်းကို ရှားပါးပါတယ်။ ဒါကြောင့် သူတို့အားလုံး ပုံစံကို ကြည့်ရတာ အစားမစားရတဲ့ ဂံပုလွေတွေလို ဆာလောင်မွတ်သိပ်ပြီး တစ်ယောက်ကို တစ်ယောက် ဇာတ်တူသား စားလုနီးပါး ဖြစ်နေကြပါတယ်။

လင်းဟန်က ထူးဆန်းတာ တစ်ခုကို ရှာတွေ့သွားပြီးတော့

မေးလိုက်ပါတယ်။

"အပြင်ဘက်က လူတွေက ခင်ဗျားတို့ကို တကယ်ပဲ အစားအသောက်တွေ ဖြည့်ဆည်းပေးရဲ့လား။ သူတို့က ခင်ဗျားတို့ကို ဘယ်လိုများ ပေးသလဲ"

Chapter 523 end

မနေ့က ပေးဖို့ မေ့သွားလို့ တစ်ပိုင်းတည်း အက်မင်က တင်တာပါ ကျန်တာ အခုတင်ပေးပြီ

အပိုင်း(၅၂၄) သွေးရောင်သတ္တုရိုင်းများ

မိုင်းတွင်းအလုပ်သမားတွေက တစ်ယောက်ပြီးတစ်ယောက် ရှင်းပြကြပါတယ်။ လင်းဟန်က သူတို့ကို သို့လောသို့လော ဒွိဟဖြစ်မှုတွေ ပပျောက်သွားအောင် အစားအသောက်တွေ ပေးခဲ့ပြီး သူတို့ကလည်း လင်းဟန်ကို သူသိချင်သမျှ အားလုံးကို မခြွင်းမချန် ပြောပြခဲ့ကြပါတယ်။

ဒါဆိုရင် မိုင်းတွင်းကနေ လူတစ်ယောက် ထွက်လို့ရှိရင် ဒုတိယနေ့မှာ သေရမှာပေါ့။ အဲဒါက မှန်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်က မသေဘူးဆိုရင် ထွက်လို့မရဘူးလို့ မဆိုလိုပါဘူး။ ဒီနေရာမှာ လူတချို့က သုံးရက် လေးရက်ခန့်

ကြာပြီးတဲ့နောက်မှာ ရုတ်တရက် သေသွားကြ ပါလိမ့်မယ်။ ပြီးတော့ လူတချို့က ဆယ်ရက်ကနေ လဂက်လောက် တူးဖော်နိုင်ကြ ပါတယ်။ ဒါပေမဲ့ အဆုံးမှာတော့ ခြွင်းချက်မရှိ သေသွားကြရပါလိမ့်မယ်။

တစ်ရက်တာ အချိန်မှာ သူတို့အနေနဲ့ သေခြင်းတံခါးဂကို သွားပြီးတော့ ခေါက်နေရသလိုပါပဲ။ သူတို့အတွက်တော့ သူတို့ရဲ့ အစာအိမ်ကို ဖြည့်ဆည်းဖို့အတွက် တစ်ခုပဲ လိုအပ်ပါတယ်။

အစောင့်အကြပ်တွေက သတ္တုမိုင်းတွင်း အထဲကို မဂင်ပံ့ကြပါဘူး။ သတ်မှတ်ခွဲခြားထားတဲ့ မိုင်းတွင်းဧရိယာမှာပဲ မိုင်းလုပ်သားတွေ တူးဖော်ရရှိတဲ့ သတ္တုရိုင်းတွေနဲ့ အစားအစာတွေကို လဲလှယ်တာ တစ်ခုကိုပဲ အရှေ့နဲ့အနောက် ပစ်ပေးတာမျိုးပဲ လုပ်ကြပါတယ်။ ဒါပေမဲ့လည်း ဘယ်သူကမှ သတ္တုမိုင်းတွင်း ဧရိယာထဲမှာ အစားအသောက်တွေကို မဖွက်ပံ့ကြပါဘူး။ အဲဒီလို ဖွက်ထားခဲ့ရင် တခြားလူတွေရဲ့ လုယက်ခြင်းကို ခံရပါလိမ့်မယ်။ သူတို့က ချက်ချင်းပဲ သူတို့ရရှိတာကို နည်းနည်းလေးမှတောင် မချန်ထားပဲနဲ့ ချက်ချင်းပဲ စားပစ်ကြပါတယ်။

ဒါကသတ္တုမိုင်းတွင်းတစ်ခု ဆိုပေမဲ့လည်း ဒီနေရာမှာ သွေးရောင်သတ္တုရိုင်း အများကြီး မရှိပါဘူး။ ဒါကြောင့် လူတချို့က ကျိန်စာကြောင့် အသတ်မခံရပဲ အကြမ်းခံနိုင်တဲ့ အသက်တစ်ခု ရှိပေမဲ့ အစာရေစာ ပြတ်လပ်ပြီး ဆာလောင်မွတ်သိပ်မှုကြောင့် သေဆုံးကြရပါတယ်။ ဘယ်သူကမှ သူတို့ရဲ့ အလောင်းကို စားဖို့စိတ်ကူးကြလိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူသေအသားက မည်းနက်ပြီး အရမ်းကို အဆိပ်အတောက် ဖြစ်စေပါတယ်။ ပြီးတော့ စားတဲ့သူ ဘယ်သူပဲဖြစ်ဖြစ် သေသွားပါလိမ့်မယ်။

ဒါကြောင့် တခြားလူတွေထက် မကောင်းမှုကို ပြုလုပ်တဲ့လူတချို့ကတော့ အရင်ဆုံး တခြားလူတွေကို အရင်စားတာကြောင့် လူသေအလောင်းကို စားတာမျိုးတော့ ဘယ်တော့မှ ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

အားလုံးက အကောင်းဆုံး ကြိုးစားအားထုတ်ပြီးတော့ သတ္တုရိုင်းတွေ တူးတာမျိုး မလုပ်ကြပါဘူး။ လူတချို့က အတူတကွ အုပ်စုဖွဲ့ပြီး သူတို့တွေ လုံလုံလောက်လောက် သန်မာအားကောင်းလာရင် လုယက်ခြင်း လုပ်ငန်းတွေကို စတင်လုပ်ဆောင်ကြပါတယ်။ ဒါပေမဲ့လည်း ဒီနေရာက လူတွေက အရမ်းကို လျင်မြန်စွာနဲ့ သေဆုံးနေတာကြောင့် အုပ်စုတွေနဲ့ လက်ရွေးစင်တွေလည်း မကြာခင်မှာ

လေထဲမှာပဲ လွင့်စဉ်ပျောက်ကွယ် သွားခဲ့ကြပါတယ်။

လင်းဟန်က နားထောင်နေပေမဲ့ သူ့အနေနဲ့ ဘယ်လိုခံစားရမလဲဆိုတာ မသိပါဘူး။

"သူတို့တွေက အရမ်းကို သနားဖို့ ကောင်းတာပဲနော်"

ဟူးညိုက ပြောလိုက်ပါတယ်။

ဒီမိန်းကလေးက တခြားလူတွေကို သနားစရာ ကောင်းလိမ့်မယ်ဆိုတာ ဘယ်တုန်းကမှ မတွေးဘူးလို့ ဘယ်သူပြောလဲ။ လင်းဟန်က ဟူးညိုရဲ့ ခေါင်းကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုး ကြီးလာလို့ရှိရင် တခြားလူတွေအတွက် ဂရုစိုက်ဖို့ သိနားလည်လာလိမ့်မယ်"

"ဒါပေမဲ့လည်း သူတို့က ညိုးညိုးရဲ့ အစားအစာတွေကို စားဖို့ ခိုးပုက်လို့ မရနိုင်ဘူး"

ဟူးညိုက ချက်ချင်းပဲ သူမအတွက် ကာကွယ်လိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ မိုင်းတွင်းလုပ်သားတွေကို ပြောလိုက်ပါတယ်။

"ခင်ဗျားတို့တွေ သတ္တုရိုင်းတွေ တူးဖော်ရရှိသေးလား။ ကျနော့်ကို အဲဒါပေးပါ။ အဲဒီသတ္တုရိုင်းကို ရောင်းပေးပါ"

သူက အစားအသောက်နဲ့ ရေတွေကို ထပ်ပြီးတော့ ထုတ်လိုက်ပါတယ်။

"ငါမင်းကိုပေးမယ်"

"ငါလည်းမင်းကိုပေးမယ်"

"ငါ့ဟာကို ယူပါ"

အဲဒီမိုင်းတွင်းအလုပ်သမားတွေ အလျင်အမြန်ပဲ အုတ်အော်သောင်းတင်း ဖြစ်ကုန်ပြီး စမ်းတဝါးဝါးနဲ့ သွေးရောင်ကျောက်တုံးတွေကို ထုတ်လိုက်ပြီး အဲဒါတွေက သနားစရာ ကောင်းလောက်အောင် သေးငယ်ပါတယ်။ အကြီးဆုံး တစ်ခုက လက်သန်းအရွယ်အစားလောက် ရှိပါတယ်။ လင်းဟန် စိတ်ကျေနပ်မှု မရှိမှာကို စိုးရိမ်ပူပန်နေကြပြီး သူတို့က လင်းဟန်ကို

မျှော်လင့်ချက်တွေ ပြည့်နှက်နေတဲ့ မျက်လုံးနဲ့ ကြည့်နေကြပြီး လင်းဟန်က မရဘူးလို့ ပြောမှာကို စိုးရိမ်ပူပန်နေကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က အပြင်က အစောင့်အကြပ်တွေထက် သူတို့ကို အစားအသောက်တွေ အများကြီး ပေးခဲ့ပြီးတော့ အဲဒါတွေကလည်း ပိုပြီးတော့တောင် အရသာ ရှိပါတယ်။

လင်းဟန်က ခံစားချက်တွေ ရောထွေးလို့ နေပါတယ်။ ဒါက အစားအသောက် နည်းနည်းလေးပဲ ဖြစ်ပါတယ်။ အဲဒါက လူတွေကို အောက်ကျို့ပြီးတော့ တိုးလျှိုးတောင်းပန်လာအောင် လုပ်နိုင်ပါတယ်။ သူက အားလုံးကို အစားအသောက်တွေ ဝေငှပေးလိုက်ပြီး အဲဒီသတ္တုရိုင်းတွေကို ထည့်သိမ်းလိုက်ပါတယ်။ အရမ်းကို နည်းပါးတဲ့ ပမာဏတစ်ခုကလည်း အားလုံးကို ပေါင်းလိုက်ရင် အနည်းငယ်တော့ ဖမ်းဆုပ်မိနိုင်ပါတယ်။

သူရဲ့လက်ထဲမှာ သတ္တုရိုင်းကို ထည့်လိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် အတွင်းက သိုင်းပညာပန်းပွင့်က ဒီကျောက်တုံးတွေကို စုပ်ယူပြီးတော့ ဂါးမျိုချင်တဲ့ လောဘဇောတွေ ငမ်းငမ်းတက်

နီးကြွလာတယ်လို့ ခံစားလိုက်ရပါတယ်။ ကျောက်တုံးတွေအထဲမှာ တစ်စုံတစ်ခု ရှိနေတာ သံသယရှိစရာ မလိုတော့ပါဘူး။ အဲဒီအချိန်မှာပဲ ဗလတောင့်တောင့်နဲ့ လူငါးယောက်က အောက်ခြေက မိုင်းတွင်းလမ်းကြောင်းကနေ ထွက်ပေါ်လာခဲ့ပြီး လူတွေရဲ့ လက်ထဲက အစားအသောက်တွေကို မြင်တွေ့သွားတာနဲ့ ချက်ချင်းဆိုသလို လိုချင်တပ်မက်မှုတွေ လောင်ကျွမ်းနေတဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထိုလူတွေ အားလုံးကိုယ်စီ ခြိမ်းခြောက်တဲ့ အကြည့်တွေ ထုတ်ဖော်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"အစားအသောက်တွေ အားလုံးကို ငါတို့ကို ပေးစမ်း"

ဗလတောင့်တောင့်နဲ့ နောက်လိုက်တစ်ယောက်က ဟူးညိုကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ရန်အစ်ကို ဒီမှာ မိန်းကလေးငယ်လေး တစ်ယောက်လည်း ရှိတယ်

"ဘာ မိန်းကလေးဟုတ်လား"

ရန်အစ်ကိုလို့ ခေါ်ခံရတဲ့ သူက ဟူးညိုကို မြင်သွားတာနဲ့

ချက်ချင်းဆိုသလို နှုတ်ခမ်းကို လျှာနဲ့ သပ်လိုက်ပါတယ်။

"ငါက ပေါက်စနလေးတွေကိုလည်း ချစ်တယ်။ ဟားဟား။ ငါဆယ်ရက်လောက်တော့ အေးအေးဆေးဆေး နပ်ရမှာပေါ့။ ဒီနေ့ ငါတို့က အရသာရှိတဲ့ အသားတွေကို ရရုံတင်မကဘူး ပျော်စရာတချို့ကိုလည်း ခံစားနိုင်တာပဲ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သတ္တမိုင်းတွင်းရဲ့ အထဲမှာ လူသားတွေရဲ့ ရုပ်ဆိုးအကျည်းတန်တဲ့ သဘာဝစရိုက်က အဆုံးအစမရှိ ကျယ်ပြန့်လာခဲ့ပြီး မနက်ဖြန်ကို ရောက်မရောက် ဆိုတာကိုတောင် မသိပဲ တစ်နေ့တာကို ဖြတ်သန်းနေရတဲ့အတွက် မကောင်းတဲ့ စိတ်မိုက်စိတ်ရိုင်းတွေ မထွက်ပေါ်လာပဲနဲ့ နေနိုင်မှာလား။ ဘာပဲဖြစ်ဖြစ် တကယ်လို့ လူတစ်ယောက်က ရက်တွေအများကြီး အသက်မရှင်ရတော့ဘူးဆိုရင် ဘာဖြစ်လို့များ တစ်ကြိမ်လောက် စိတ်ကျေနပ်စေမဲ့ အရာတွေကို မလုပ်ပဲနဲ့ နေမှာလဲ။

ဒီရန်အစ်ကို ဆိုတဲ့လူကလည်း အဲဒီလိုမျိုး လူစားပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီလူရဲ့ မွေးဖွားရာဇာတာခွင်က တကယ်ပဲ

အကြမ်းခံပါတယ်။ ဒီနေရာမှာ ဆယ်ရက်ခန့် နေတာတောင်မှ သူက မသေဆုံးသေးပါဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ရှေးစကားပုံ တစ်ခုဖြစ်တဲ့ လူဆိုးလူမိုက်တွေက နှစ်ပေါင်းတစ်ထောင်လောက်အထိ အသက်ရှည်ရှည် နေရတယ် ဆိုတာကို အတည်ပြုပေး လိုက်သလိုပါပဲ။

ဒီလူငါးယောက်ကို မြင်လိုက်တာနဲ့ မိုင်းတွင်းလုပ်သားတွေ အားလုံးပဲ ကြောက်ရွံ့မှုနဲ့အတူ တုန်လှုပ်သွားကြပါတယ်။ ဒီလူငါးယောက်က နာမည်ဆိုးနဲ့ ကျော်ကြားကြပါတယ်။ အရင်ရောက် နေတဲ့ လူတွေပြောတာတော့ ဒီလူငါးယောက်က ဒီနေရာမှာ အမြဲတမ်း အနိုင်ကျင့် ဗိုလ်ကျတဲ့ အာဏာရှင်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်တုန်းကမှ မသေဆုံး သွားပါဘူး။ နတ်ဘုရားတွေက တကယ်ပဲ မျက်နှာလွှဲထားပါတယ်။ သူတို့က အမြဲတမ်း ဒီလိုမျိုး ကြုံတွေ့ရပြီး ဒီလူတွေရဲ့ ခြောက်လှန့် အနိုင်ကျင့်မှုကို ခံရပါတယ်။

"မိန်းမချောလေး။ ဒီအစ်ကိုက မင်းနဲ့အတူ ပျော်စရာလေးတွေ လုပ်ဖို့ ခေါ်သွားမယ်လေ"

ရန်အစ်ကိုက ဟူးညိုကို စိုက်ကြည့်ပြီးတော့ သူရဲ့ပါးစပ်ကလည်း ပြုတ်ထွက်လုနီးပါး ဟနေပါတယ်။

"နတ်ဘုရားတွေက မင်းတို့ကို မျက်ကွယ်ပြုထားမှတော့ ငါကပဲ လုပ်ပေးရမှာပေါ့"

လင်းဟန်က ထူးဆန်းစွာ လှောင်ပြုံးပြုံးလိုက်ပြီးတော့ လက်ညှိုးတစ်ချောင်းနဲ့ ညွှန်လိုက်ပါတယ်။ ဖူး။ အစ်ကိုရန်ရဲ့ ခေါင်းမှာ အပေါက်တစ်ခု ဖြစ်သွားပြီးတော့ ထုတ်ချင်းပေါက်ထွက်သွားပြီး သွေးတွေနဲ့အတူ အဖြူရောင် ဦးနှောက်အပိုင်းအစတွေကလည်း ရောထွေးပြီးတော့ ပျံ့နှံ့ထွက်ကုန် ပါတယ်။

အားလုံးက ပထမတော့ ထိတ်လန့်သွားခဲ့ပါတယ်။ ပြီးတော့ အစ်ကိုရန်ရဲ့ နောက်လိုက်တွေက ချက်ချင်းပဲ ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ကြပါတယ်။ တကယ်လို့ လူတစ်ယောက်က ကိုယ်တိုင်ကိုယ်ကျ ဒီအသံကိုသာ မကြားဘူးဆိုရင် ဒီဗလတောင့်တောင့်နဲ့ ယောကျာ်းကြီး လေးယောက်က တကယ်ပဲ အမျိုးသမီးတွေလို ထိတ်လန့်တကြားနဲ့ အော်ဟစ်နိုင်တယ် ဆိုတာကို တကယ်ပဲ ခန့်မှန်းနိုင်ကြလိမ့်မှာ မဟုတ်ပါဘူး။

"မင်းတို့အားလုံးလည်း အတူတူပဲ နေနိုင်တယ်"

လင်းဟန်က သူ့ရဲ့လက်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်ပြီး ဓားချီအလင်း လေးခုက ထွက်ပေါ်လာခဲ့ပါတယ်။ ဖူး ဖူး ဖူး ဖူး။ လူလေးယောက်က ချက်ချင်းဆိုသလို မြေကြီးပေါ်ကို လဲကျသွားပြီး သေဆုံးသွားခဲ့ပါတယ်။

မိုင်းတွင်းလုပ်သားတွေက လင်းဟန်ကို ကြည်ညိုလေးစားတဲ့ အကြည့်တွေနဲ့ ကြည့်နေပြီးတော့ လေးစားမှုတွေနဲ့လည်း ပြည့်နှက်လို့နေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လင်းဟန်က သူ့ရဲ့ခွန်အားကို တစ်ကြိမ်ထုတ်ဖော်ပြသလိုက်တာနဲ့ သူတို့တွေက ရိုးရိုးသားသားနဲ့ကို ပြန်ဖြေခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူတို့နဲ့ အစားအသောက်တွေကို အသုံးပြုပြီး အလဲအလှယ်လုပ်ဖို့ကို ရွေးချယ်ခဲ့ပြီး သူတို့ကို လူသားတစ်ယောက်လို ဆက်ဆံတယ် ဆိုတာ သိသာထင်ရှားပါတယ်။

`ဒါဆိုရင် ငါတို့က လူသားတွေ ဖြစ်နေသေးတာပေ့ါ`

မိုင်းတွင်းလုပ်သားတွေရဲ့ မျက်လုံးတွေထဲမှာ စိတ်ဂိုညာဉ်တချို့ မီးတောက်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့က အလောင်းကောင် လမ်းလျှောက်သလို

သေခြင်းတရားက သူတို့အပေါ် ကျရောက်လာမှု မရှိတော့ပါဘူး။

လင်းဟန်က ဒါကိုမြင်ပြီးတော့ ချက်ချင်းပဲ မီးဇကေရာဇ်နဲ့ နလဇီတို့ကို ဆက်သွယ်ပြီးတော့ သတ္တုမိုင်းတွင်းကို တူးဖော်ထုတ်လုပ်တဲ့ အကြံဉာဏ်ကို လက်လျှော့ဖို့အတွက် ပြောဖို့ကို ဆုံးဖြတ်ထားပါတယ်။ အဲဒီနောက်မှာတော့ သူကအနက်ရောင် မျှော်စင်ထဲကို မိုင်းလုပ်သား အားလုံးကို ထည့်ပြီးတော့ သူတို့အပေါ်က ကျိန်စာတွေကို သန့်စင်ပေးပြီး သူတို့ကို ထားပြီ ထွက်ခဲ့ပါတယ်။

ဒါက သာမန်လူနည်းစုပဲ ဖြစ်ပါတယ်။ ဒါကြောင့် အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ရှာတွေ့ဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။ သူတို့က အိပ်ပျော်သွားသလို ခံစားလိုက်ရပြီး အဲဒီနောက်မှာ အာလုံးက ပုံမှန်အတိုင်း ပြန်ဖြစ်သွားပါတယ်။

သူ့စိတ်ကို ဆုံးဖြတ်ချက် ချပြီးတာနဲ့ လင်းဟန်က ချာခနဲ လှည့်ထွက်သွားခဲ့ပါတယ်။

သူခန္ဓာကိုယ်အတွင်းက ကောင်းကင်ဘုံပန်းပွင့်က ဒီသတ္တုရိုင်းတွေကို ဂါးမျိုပစ်ဖို့ လုံ့ဆော်နေတဲ့ စိတ်ဆန္ဒကို

ကြာကြာဆက်ပြီးတော့ တောင့်မခံနိုင်တော့ပါဘူး။ လင်းဟန်က အသေးဆုံး ကျောက်တုံးကို သန့်စင်ဖို့ ကြိုးစားလိုက်ပါတယ်။ သတ္တုရိုင်းအထဲက ထူးဆန်းတဲ့ စွမ်းအား တစ်ခုက သူ့ရဲ့ခန္ဓာကိုယ်အထဲက ဒန်ထန်ထဲကို ဝင်သွားပြီး သိုင်းပညာကောင်းကင်ဘုံ ပန်းပွင့်ရဲ့ စုပ်ယူခြင်းကို ခံလိုက်ရပါတယ်။

ကောင်းကင်ဘုံ ပန်းပွင့်ရဲ့ အပေါ်မှာ သွေးကြောနဲ့တူတဲ့ ပုံစံတွေ ဖြာလင်းလာပြီး အနီရောင် ချိုလှိုင်းတစ်ခု မြင့်တက်လာပြီး ကောင်းကင်ဘုံ ပန်းပွင့်ကို အနည်းငယ် ကြီးထွားလာစေ ပါတယ်။

ဒီမြင့်တက်လာမှုက တကယ့်ကို သနားစရာ ကောင်းပါတယ်။ ဒါပေမဲ့ လင်းဟန်အနေနဲ့ သိုင်းပညာ ကောင်းကင်ဘုံ ပန်းပွင့်က အနည်းငယ် ကြီးထွားလာတယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ သွေးဆာမှုကလည်း ဆက်တိုက်မြင့်တိုက်လာပြီး သူ့ကို ပြင်းပြင်းထန်ထန် လှုပ်ရှားဖို့ကို လှုံ့ဆော်နေပါတယ်။

ဒါက အံ့အားသင့်စရာ ကောင်းပါတယ်။ သိုင်းပညာ ကောင်းကင်ဘုံ ပန်းပွင့်ရဲ့ ကြီးထွားမှုက လူတစ်ယောက်ရဲ့ သိုင်းပညာရပ်တွေ နားလည်မှုကို ခွဲခြားပစ်တာမျိုး

မလုပ်နိုင်ပါဘူး။ သိုင်းပညာ နားလည်သဘောပေါက်နိုင်စွမ်း နက်ရှိုင်းမှု မရှိရင် ကောင်းကင်ဘုံ ပန်းပွင့်က ကြီးထွားလာလိမ့်မှာ မဟုတ်ပဲ အဆုံးမှာ စိတ်ဂိညာဉ် နတ်သူငယ် အသီးကို မွေးဖွားဖို့ တာဝန်ယူရပါလိမ့်မယ်။ လင်းဟန်က သိုင်းပညာရပ် နားလည်သဘောပေါက်မှုမှာ ပြည့်စုံပါတယ်။ ဒါကြောင့် သူ့အနေနဲ့ သိုင်းပညာ နားလည်သဘောက်ပေါက်နိုင်စွမ်း မလိုအပ်တာ သဘာဝကျပါတယ်။ ဒါပေမဲ့ တခြားလူတွေ အတွက်တော့ သိုင်းပညာ နားလည်သဘောက်နိုင်စွမ်းက ပန်းဖူးအဆင့်ကို ကူးဖြတ်ပြီးတဲ့ အခါမှာ အရေးအကြီးဆုံး အရာဖြစ်ပါတယ်။

မယုံနိုင်စရာကောင်းလိုက်တာ။ တကယ်လို့ ဒီနေရာမှာ ဒီသတ္တုရိုင်းတွေ ပိုပြီးတော့ အများကြီး ရှိနေမယ်ဆိုရင် ပန်းဖူးအဆင့်၊ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်တောင်မဟုတ်ဘူး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တစ်ယောက်တောင် လွယ်လွယ်ကူကူနဲ့ အောင်မြင်နိုင်ချေ ရှိနိုင်တယ် မဟုတ်လား။

လင်းဟန်က ချက်ချင်းပဲ ကျန်နေတဲ့ သတ္တုရိုင်းတွေကို အနက်ရောင် မှော်စင်ထဲကို သိုလှောင် ထည့်သွင်းပြီးတော့ ပြောလိုက်ပါတယ်။

"မျှော်စင်လေး ဒါကိုတစ်ချက် လေ့လာကြည့်ပေးပါ။ ဒါတွေက ဘာတွေလဲ"

Chapter 524 end

အပိုင်း(၅၂၅) သေမိန့်စောင့်နေတဲ့ ရာဇဝတ်သားတွေ

"ဒါက အရင်းအမြစ်စွမ်းအား အနည်းငယ်ပါတဲ့ သာမန်ကျောက်တုံးလေး တစ်ခုပါပဲ"

မျှော်စင်လေးက လင်းဟန်ကို နတ်ဘုရားအာရုံနဲ့ မက်ဆေ့တစ်ခု အရမ်းကို လျင်မြန်စွာ ပို့လွှတ်လိုက်ပါတယ်။

"သာမန်ပဲ ဟုတ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သိုင်းပညာရပ် ဆိုင်ရာ ကျင့်ကြံခြင်းကို တန်းပြီးတော့ မြင့်တက်စေနိုင်စွမ်းရှိတဲ့ ကျောက်တုံးတစ်တုံးက တကယ်ပဲ သာမန်ဖြစ်နိုင်ပါ့မလား။ တကယ်လို့ ဒီနေရာမှာ ဒီသာမန်ကျောက်တုံးတွေ မရေမတွက်နိုင်တဲ့ ပမာဏတစ်ခု ရှိခဲ့မယ်ဆိုရင် ဂက်တစ်ကောင်တောင်မှ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်သွားနိုင်ဖို့ အာမခံချက် ရှိနေပြီး

တန်ခိုးရှင်တစ်ယောက်တောင် ဖြစ်လာနိုင်စွမ်း ရှိကောင်းရှိနိုင်ပါလိမ့်မယ်။

ဒီကျောက်တုံးတွေကို နတ်ဘုရား ကျောက်တုံးတွေလို့ ခေါ်တာက ပိုပြီးတော့ သင့်တော်လိမ့်မယ် မဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ သာမန်ဖြစ်နိုင်မှာလဲ။

"မူလစွမ်းအင်လား"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"ဘာကြောင့်ငါကအဲဒါကို အာရုံခံလို့ မရနိုင်တာလဲ"

"မူလစွမ်းအင် မဟုတ်ဘူး။ အရင်းအမြစ်စွမ်းအား"

မျှော်စင်လေးက ရှင်းပြလိုက်ပါတယ်။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

"မူလဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးထဲမှာ ပါဝင်တဲ့ အရင်းအမြစ် စွမ်းအားနဲ့ အမျိုးအစား အတူတူပဲလား"

"အဲဒါအမှန်ပဲ။ ဒါပေမဲ့ အထဲမှာရှိတဲ့ အရင်းအမြစ် စွမ်းအားရဲ့ ပမာဏက သနားစရာ ကောင်းလောက်အောင် နည်းလွန်းတယ်။ ငါအဲဒါကို စုတ်ယူဖို့တောင် စိတ်မဝင်စားနိုင်ဘူး"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်က အံ့ကိုကြိတ်လိုက်ပါတယ်။ မင်းက တမင်သက်သက် လုပ်တာပေါ့ မဟုတ်ဘူးလား။ သူ့ကိုဒေါသထွက်အောင် ကြိုးစားနေတယ်ပေါ့ ဟုတ်လား။ လင်းဟန်က ပြောလိုက်ပါတယ်။

"တကယ်လို့ ငါ့ကိုနည်းနည်းပေးရင် စိတ်ထဲမထားပါဘူး။ ပိုများရင်တော့ အကောင်းဆုံးပေါ့"

သူ့အတွက် သိုင်းပညာ နားလည်သဘောပေါက်နိုင်စွမ်း မလိုအပ်ပါဘူး။ ဒါပေမဲ့ သူ့မိဘတွေ အတွက်ကတော့ လိုအပ်ပါတယ်။ တကယ်လို့ ဒီလိုအမျိုးအစား သတ္တုရိုင်း ကျောက်တုံးရဲ့ ထောက်ပံမှု အများကြီး ရှိမယ်ဆိုရင် လင်းဒေါင်ရှန်နဲ့ ယွဲ့ဟောင်ချန်ကို ပန်းဖူးအဆင့်ဆီ ချောချောမွေ့မွေ့နဲ့ တက်လှမ်းနိုင်လိမ့်မယ်ဆိုတာ

သေချာပါတယ်။

သူက ရုတ်တရက် နားလည်သွားခဲ့ပါတယ်။ ဘာကြောင့် မီးကေရာဇ်က ဒီသတ္တုရိုင်းတွေကို ရရှိဖို့ အခွင့်ကောင်းကို လက်လွှတ်ဖို့ ဆန္ဒဘာကြောင့် မရှိတာလဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ နားလည်သဘောပေါက်တဲ့ စွမ်းရည်လုံလုံလောက်လောက် မရှိတာနဲ့ ကျင့်ကြံခြင်း နည်းစနစ် မပိုင်ဆိုင်တဲ့ လူကိုတောင်မှ ဒီနဂါးဂိတ်ဂကို ခုန်ကျော်လွှားပြီးတော့ သေမျိုးကမ္ဘာကို စွန့်ခွာပြီး ပန်းဖူးအဆင့်ကို ရောက်အောင်လို့ လုပ်နိုင်လို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ ဒီလိုမျိုးသာဆိုရင် မီးကေရာဇ်ကို ရပ်တန့်ဖို့ သူ့အနေနဲ့ ဖျောင်းဖျပြောဆိုဖို့ အနည်းငယ် ခက်ခဲပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီအထဲမှာ ကျင့်ကြံခြင်း အဓိက အဆင့်ကြီး နောက်တစ်ဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်မှု ပါဝင်နေပြီးတော့ နောက်ထပ် ဘဝသက်တမ်း နှစ်ပေါင်း နှစ်ရာလည်း ထပ်ပေါင်းပါဝင်နေပါတယ်။ ပန်းဖူးအဆင့်ကို မချိုးဖျက်ပနဲ့တော့ သေမျိုးတွေက ဘဝသက်တမ်း နှစ်ပေါင်းတစ်ရာခန့်ပဲ ပိုင်ဆိုင်ကြပါလိမ့်မယ်။ မီးကေရာဇ်က အနည်းဆုံး သူ့ရဲ့သက်တမ်း တစ်ဝက်ခန့်ကို

ကျော်လွှန်လာခဲ့ပြီး ဖြစ်ပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ သူ့ကိုတားဆီးခြင်းက သူရဲ့အသက်ကို နှုတ်ယူတာနဲ့ ညီမျှပါလိမ့်မယ်။ ဒီကေရာဇ်ကို လွယ်လွယ်နဲ့ ဖျောင်းဖျနိုင်မှာ မဟုတ်ဘူးဆိုတာကိုတော့ သူ့အနေနဲ့ သေချာပါတယ်။

"သူက ဖျောင်းဖျပြောဆိုတာကို နားထောင်ဖို့ ဆန္ဒမရှိဘူး ဆိုရင်တော့ ငါက သူ့ကို နာခံတဲ့အထိ ရိုက်နက်ပစ်ရုံပဲ တတ်နိုင်တော့မယ်"

လင်းဟန်က အရမ်းကို ကြမ်းတမ်းစွာနဲ့ တွေးလိုက်ပါတယ်။

"ဒီကျောက်တုံးတွေမှာ ရက်စက်ကြမ်းကြုတ်တဲ့ဉာဉ်တွေ အရမ်းကို များပြားလွန်းတယ်။ တကယ်လို့ မင်းက အဲဒါကို အများကြီး စုပ်ယူမယ်ဆိုရင် မင်းရဲ့လက်ရှိ ကျင့်ကြံခြင်း အဆင့်နဲ့ အဲဒါကို လုံးဝထိန်းချုပ်နိုင်လိမ့်မှာ မဟုတ်ဘူး။ မင်းရဲ့ ပင်ကိုယ်ဗီဇ ပြောင်းလဲတာကို တွေ့ကြုံရလိမ့်မယ်။ ပြီးတော့ သတ်ဖြတ်ဖို့နဲ့ သွေးဆာလောင်တာ တစ်ခုပဲသိတဲ့ လူရိုင်းတစ်ယောက် ဖြစ်လာလိမ့်မယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်က ဒါကိုကြားလိုက်ရတဲ့အခါမှာ သူ့ရဲ့မိဘတွေအတွက် ဒီသတ္တုရိုင်း ကျောက်တုံးတချို့ ယူသွားပေးမဲ့ အတွေးတွေကို ချက်ချင်းပဲ လက်လျော့လိုက်ပြီးတော့ မေးလိုက်ပါတယ်။

"အနက်ရောင် မျှော်စင်တောင်မှ ဒီဟာတွေရဲ့ အထဲက ဒီစိတ်ခံစားချက်တွေကို ပျက်ပြယ်အောင် လုပ်နိုင်စွမ်း မရှိဘူးလား"

"ဖမ်းဆုပ်ဖို့ အခက်ခဲဆုံး အရာက လူသားတွေရဲ့ သဘာဝပဲ။ ငါက မင်းရဲ့ မှတ်ဉာဏ်တွေ အားလုံးကို လုံးဝကို ဖျက်ပစ်လိုက်မှပဲ ရမယ်"

မျှော်စင်လေးက အကြံပြုလိုက်ပါတယ်။

"အဲဒါကို မေ့လိုက်တော့"

လင်းဟန်က အလျင်အမြန်ပဲ သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့အနေနဲ့ သူ့မိဘရဲ့ မှတ်ဉာဏ်တွေကို ဖျက်ဆီးပစ်ဖို့ လုံးဝကို ဆန္ဒမရှိပါဘူး။ ပြီးတော့ သူတို့အတွက် လုံးဝကို သူစိမ်းတွေ ဖြစ်လာပါလိမ့်မယ်။ ဒါ့အပြင် သူ့အနေနဲ့ သူ့ရဲ့မိဘတွေကို ပန်းဖူးအဆင့်ကို ပို့ဆောင်ပေးနိုင်ဖို့

ယုံကြည်ချက် အများကြီး ရှိနေပါတယ်။ အချိန်နှစ်ပေါင်း နှစ်ရာကိုပါ ထပ်ပေါင်းထည့်လိုက်ရင် သူ့အနေနဲ့ တန်ခိုးရှင်အဆင့်ကို ဂင်ရောက်ပြီး တန်ခိုးရှင်အဆင့် မှော်ဆေးလုံးတွေကို သူ့မိဘနှစ်ပါးအတွက် ရအောင်ယူပြီး သူတို့ကို ချက်ချင်းပဲ အောင်မြင်အောင် လုပ်ပေးနိုင်ပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့ မှော်ဆေးပညာ ပါရမီအပေါ်မှာ အတော်လေးကို ယုံကြည်မှု ရှိနေဆဲပဲ ဖြစ်ပါတယ်။

လင်းဟန်က နဇီရန်နဲ့ မီးကေရာဇ်ကို အရင်ဆုံး ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီနောက် ဒီသတ္တုမိုင်းတွင်းကို ပြန်လာပြီးတော့မှ အထဲမှာ ဘာကို မြုပ်နှံထားသလဲ ဆိုတာကို တိတိကျကျ ရှာဖွေစူးစမ်းရပါလိမ့်မယ်။

သူတို့နှစ်ယောက် အရမ်းကို လျင်မြန်စွာနဲ့ သတ္တုမိုင်းတွင်းကနေ ထွက်လာခဲ့ပြီးတော့ မြို့တံတိုင်းတွေဆီကို လမ်းလျှောက်လာခဲ့ကြပါတယ်။

"ရပ်စမ်း"

အစောင့်အကြပ်တွေက အော်ဟစ်တားဆီး လိုက်ပါတယ်။

သူတို့ရရှိထားတဲ့ အမိန့်က ဘယ်သူကမှ ဒီနေရာကနေ ထွက်ခွာသွားခွင့် မပြုဖို့ပဲ ဖြစ်ပါတယ်။

"ဟင်"

ပိုဂမ်လင်းလည်း ပေါ်လာခဲ့ပါတယ်။ သူရဲ့နှုတ်ခမ်းထောင့်မှာ အေးစက်စက် အပြုံးတစ်ခုက တွဲခိုလို့ နေပါတယ်။ သူက ပြောလိုက်ပါတယ်။

"လူငယ်လေး။ မင်းက တကယ့်ကို အလျင်စလို နိုင်တာပဲ။ မင်းက ဒီသေခြင်းတရား သတ္တုမိုင်းတွင်း အထဲကိုတောင် ဝင်သွားပုံ့တယ်။ အခု မင်းအသက်ရှင်ဖို့ နေ့တစ်ဝက်ပဲ အချိန်ရှိတော့တယ်"

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ သူရဲ့ မွေးဖွားရာ ဇာတာခွင်က အရမ်းကို ကြံ့ခိုင်ကြမ်းတမ်းပါတယ်။ သူ့အနေနဲ့ သတ္တုမိုင်းတွင်း အထဲမှာ နှစ်ပေါင်းများစွာ မနေသရွေ့တော့ ကျိန်စာရဲ့အစွမ်းက သူ့ကို အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါ့အပြင် တကယ်လို့ ကျိန်စာသင့်မယ် ဆိုရင်တောင်မှ သူ့မှာ အနက်ရောင် မျှော်စင် ရှိနေသေးတယ် မဟုတ်လား။ ဒီနတ်ဘုရား ပစ္စည်းက မကောင်းဆိုးဝါးနဲ့ ကျိန်စာတွေလိုမျိုး အရာတွေကို အမြစ်ပြတ် ချေမှုန်းတဲ့

နေရာမှာ အရမ်းကို ကျွမ်းကျင်ပါတယ်။

"ကျုပ်မှာ နေ့တစ်ဂက်ပဲ အချိန်ရှိနေတာ့တယ် ဆိုမှတော့ အားလုံးကို ပြောင်းဆန်အောင်လို့ လုပ်သင့်တယ် ထင်တာပဲ"

သူက မျက်နှာကို အရူးတစ်ယောက်လိုမျိုး ပုံစံဖမ်းပြီးတော့ ပြောလိုက်ပါတယ်။

ပိုဂမ်လင်းက ချက်ချင်းဆိုသလို စိုးရိမ်ပူပန်သွားပုံ ရပါတယ်။ အစောပိုင်းတုန်းက သူက တစ်ချက်မှ မလှုပ်ရှားခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ လင်းဟန်က အသေးအဖွဲ့ လူတစ်ယောက် မဟုတ်ဘူးလို့ အာရုံရနေလို့ပဲ ဖြစ်ပါတယ်။ အခုတော့ ဒီကောင်က အသေးအဖွဲ့ မဖြစ်စလောက် မဟုတ်တဲ့အပြင် အသက်နေ့တစ်ဂက်ပဲ ကျန်တော့ပြီး ပိုပြီးတော့တောင်မှ ထိတ်လန့်စရာ ကောင်းနေပါတယ်။ ဘယ်သူကများ အရဲစွန့်ပြီးတော့ သူတို့ရဲ့ အသက်ကို အသေခံဖို့အတွက် ရင်ဆိုင်ဖို့ ဆန္ဒရှိကြမှာလဲ။

"ကောင်လေး။ မင်းက သေချာပေါက်ကို သေရတော့မယ်။ မင်းရဲ့အဆင့်ထိ ငါ့ကိုယ်ငါ နှိမ့်ချဖို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့လည်း ငါမင်းအနောက်ကို လိုက်ပြီးတော့ မင်းသေတာကို စောင့်ကြည့်နေမယ်"

ပိုဂမ်လင်းက ပြောလိုက်ပါတယ်။

လင်းဟန်က မထီမဲ့မြင် ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"တကယ်ကြီးလား။ ခင်ဗျားက ကျုပ်ဘယ်ကိုသွားသွား အနောက်ကနေ လိုက်မှာဟုတ်လား။ ခင်ဗျားလိုက်ပွံ့လို့လား"

"ဟားဟား ဒီကမ္ဘာကြီးထဲမှာ ကျုပ် ဂမ်ပိုလင်း မသွားပွံ့တဲ့ နေရာဆိုတာ ရှိသေးလို့လား"

ဂမ်ပိုလင်းက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"ဒါဆိုရင်လည်း လိုက်ခဲ့ပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ အရှေ့ကို လျှောက်လာခဲ့ပါတယ်။ သူရဲ့ဦးတည်ရာကတော့ အင်ပါယာမြို့ကို ဖြစ်ပြီး ဂမ်ပိုလင်းက ဒီနေရာက အစောင့်အကြပ်တွေကို လိုက်မဖမ်းဖို့ တားဆီးလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်လည်း ဒီလူတွေက လင်းဟန်ကို တားဆီးနိုင်ဖို့ ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်လိမ့်မှာလဲ။

လင်းဟန်က အရမ်းကို မြန်မြန်ဆန်ဆန်နဲ့ လျှောက်မသွားပါဘူး။ သူက နောက်ထပ် နာရီဝက်နီးပါး ကြာမှပဲ အင်ပါယာမြို့ထဲကို ဝင်လာခဲ့ပါတယ်။

"မြန်မြန်သွားပြီးတော့ ကြည့်ရအောင်။ မြန်မြန်လာ။ လုပ်ကြံသတ်ဖြတ်သူ အမျိုးသမီး နစ်ယောက် အဖမ်းခံထားရပြီး ဒီနေ့ အရှေ့ဘက်ဂိတ်တံခါးက မြေကွက်လပ်ထဲမှာ လူပုံအလယ် ခေါင်းဖြတ် ကွပ်မျက်တော့မယ်"

လင်းဟန်က မြို့ထဲကို ဝင်လာရုံပဲ ရှိပါသေးတယ် အနီးအနားက ဖြတ်ပြေးသွားတဲ့ လူတွေ အော်ဟစ်ပြောဆိုနေတာကို တစ်စွန်းတစ်စ ကြားလိုက်ရပါတယ်။ သူကြည့်လိုက်တဲ့ အခါမှာ လူတွေအများကြီး စိတ်လှုပ်ရှားပြီးတော့ သူ့အနောက်ကနေ ပြေးလွှားနေတာကို မြင်လိုက်ရပါတယ်။

အမျိုးသမီး လုပ်ကြံသတ်ဖြတ်သူတွေ။ ပြီးတော့ နစ်ယောက်တောင် ဟုတ်လား။ အဲဒါက လွီဖန်းအာနဲ့ သူမရဲ့ ညီမ ဖြစ်နိုင်မှာတော့ မဟုတ်ပါဘူးလေ ဟုတ်တယ်မလား။

လင်းဟန်လည်း ချက်ချင်းပဲ ခေါင်းစဉ်ပြောင်းလိုက်ပြီးတော့ မြို့ရဲ့အရှေ့ဘက် ဂိတ်တံခါးဆီကို ဦးတည်လာခဲ့ပါတယ်။ ဘယ်လိုလုပ် ဒီမိန်းကလေးနှစ်ယောက်က သူတို့ရဲ့ အကြောင်းတွေ ပေါက်ကြားပြီး အင်ပါယာမိသားစုရဲ့ လက်ထဲကို တကယ်ပဲ ဘယ်နားမှာ ကျရောက်သွားခဲ့ ကြတာလဲ။

သူက အနည်းငယ် အရှိန်မြင့်လိုက်ပါတယ်။ မိနစ်အနည်းငယ် အတွင်းမှာ သူက မြို့ရဲ့ အရှေ့ဘက် ဂိတ်တံခါးဆီကို ရောက်သွားခဲ့ပါတယ်။ မြင့်မားတဲ့ စင်မြင့်ကြီး တစ်ခုကို ပြည်သူ့ရင်ပြင်မှာ တည်ဆောက်ထားတာကို မြင်လိုက်ရပြီး ဓားစက်ပေါ်မှာ လည်စင်းထားတဲ့ မိန်းကလေး နှစ်ယောက်ကို မြင်လိုက်ရပါတယ်။ သူမတို့ရဲ့ ဆံပင်တွေက ရှုပ်ပွနေပေမဲ့ အဲဒါက သူမတို့ရဲ့ မျက်နှာသွင်ပြင်ကို ဖုံးကွယ်မထားနိုင်ပါဘူး။

ဒါပေမဲ့ လင်းဟန်က ဒီမိန်းကလေး နှစ်ယောက်နဲ့ ဘယ်လောက်တောင်မှ ရင်းနှီးနေသလဲ။ သူက စင်မြင့်ထက်က မိန်းကလေးတွေက လီ့ညီအစ်မ ဖြစ်တယ်ဆိုတာ အတည်ပြုနိုင်ပါတယ်။

ဟုး။ ဒီနှစ်ယောက်က တကယ်ရော

လုပ်ကြံသတ်ဖြတ်သူတွေမှ ဟုတ်ရဲ့လား။

ဘေးဘက်မှာတော့ လူတစ်ယောက်က ဒီမိန်းကလေး နှစ်ယောက်ရဲ့ ပြစ်မှုများကို ကြေညာနေပါတယ်။ သူမတို့က အရမ်းကို အရေးပါတဲ့ ဂန်ကြီး နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ပြီး အင်ပါယာရဲ့ ဩဇာအာဏာကို ဆန့်ကျင်ခဲ့ပါတယ်။ အခု သူမတို့ကို လူပုံအလယ်မှာ ခေါင်းဖြတ်သတ်ဖြတ်ခြင်းဖြင့် အားလုံးကို သတိပေးတာပဲ ဖြစ်ပါတယ်။

ဒီမိန်းမလှလေး နှစ်ယောက်ကို လူပုံအလယ်မှာ ခေါင်းဖြတ်ကွပ်မျက်တာက မီးကေရာဇ်ရဲ့ အတင်းအဓမ္မ ခိုင်းစေမှုနဲ့ သတ္တုမိုင်းတွင်းကို တူးဖော်ထုတ်လုပ်ခိုင်းမှုကို နိုင်ငံသူ နိုင်ငံသားတွေ အထဲမှာ မကျေမနပ်ဖြစ်နေတဲ့ သူတွေလည်း ရှိပြီးတော့ အဲဒီလူတွေကို သတိပေး တားမြစ်လိုက်ရာ ကျပါတယ်။ ဒါကြောင့် ဒီမိန်းကလေးနှစ်ယောက်ကို လူပုံအလယ်မှာ ခေါင်းဖြတ် ကွပ်မျက်ဖို့ကို ရွေးချယ်လိုက်ပြီး နိုင်ငံတစ်ခုလုံး ဆူပူထကြွမှုကို ထိန်းချုပ်နိုင်ပါလိမ့်မယ်။ အထူးသဖြင့်တော့ အင်ပါယာမြို့ထဲမှာ ထကြွသောင်းကျန်းလိုတဲ့ စိတ်ရှိတဲ့သူတွေကို အဓိက ပစ်မှတ်ထားတာပဲ ဖြစ်ပါတယ်။

"နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတယ် ဟုတ်လား။ ထွီ။ အဲဒါဆိုရင် ဒီမိန်းကလေး နှစ်ယောက်က သေချာပေါက် လူကောင်းတွေပဲ ဖြစ်လိမ့်မယ်"

"နတ်ဘုရားတွေက မျက်စိကန်းနေကြတာပဲ။ သူတို့က တကယ့် လူယုတ်မာတွေကိုတော့ သတ်ဖြတ်ခွင့်ကို ခွင့်မပြုဘူး။ အဲဒီအစား လူကောင်းနှစ်ယောက်ကို ပေးသေဦးမယ်"

"ရှူးတိုးတိုး မင်းအသက် မရှင်ချင်တော့ဘူးလား"

လူစုလူဝေးကြီးက ဒေါသတကြီးနဲ့ ဆွေးနွေးပြောဆိုနေကြပါတယ်။ သူတို့အားလုံး လှိုဖန်းအာနဲ့ သူမရဲ့ ညီမဖြစ်သူအတွက် ဂရုဏာသက်နေကြသလို သူတို့ရဲ့ စိတ်ထဲမှာ နဇီရန်ကို အမုန်းကြီး မုန်းတီးနေကြပါတယ်။

လင်းဟန်က သူမတို့ကို ကယ်တင်ဖို့အတွက် ချက်ချင်းကြီး မလှုပ်ရှားခဲ့ပါဘူး။ ဒီမိန်းကလေး နှစ်ယောက်ကို ပိုပြီးတော့ ယဉ်ကျေးပြီး နာခံတတ်အောင် သင်ယူစေချင်ခဲ့ပါတယ်။ အဲဒါမှ သူမတို့ အနေနဲ့ အနာဂတ်မှာ လုပ်ကြံသတ်ဖြတ်မှုတွေ မလုပ်ပဲ နေကြပါလိမ့်မယ်။ ဒါက

သူမတို့အတွက် လုံးဂကို သင့်တော်တဲ့ အလုပ်မဟုတ်ပါဘူး။

ပိုဂမ်လင်းကလည်း သူ့အနောက်ကနေ ဒီနေရာကို လိုက်လာခဲ့ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ရပါတယ်။ နေ့တစ်ဂက်ခန့်ပဲ အသက်ရှင်တော့မဲ့ လူတစ်ယောက်က တခြားလူတွေကို ခေါင်းဖြတ်ကွပ်မျက်တာကို အေးအေးလူလူနဲ့ လာကြည့်နေပါတယ်။ သူရဲ့ အကြောတွေက ဘယ်လောက်တောင် ထူလိုက်သလဲ။

"အချိန်ကျပြီ။ ခေါင်းဖြတ်ကွပ်မျက်မှုကို စတော့"

အာဏာပါးကွပ်သား တစ်ယောက်က စင်မြင့်ပေါ်ကို လမ်းလျှောက်တက်လာခဲ့ပါတယ်။ သူရဲ့အပေါ်ပိုင်း ခန္ဓာကိုယ်က ဗလာကျင်းနေပြီး သူရဲ့လက်ထဲမှာ ရောမ ဓားပြားကြီး တစ်ချောင်းကို ကိုင်ဆောင်ထားပါတယ်။ သူက အရက်တစ်ခွက်ကို သောက်ပြီးတော့ အဲဒီဓားသွား အပေါ်မှာ မှုတ်ပြီးဖြန်းလိုက်ပါတယ်။ အဲဒီနောက် သူက ဓားကို မြှောက်ပြီးတော့ နေရောင်ရဲ့ အောက်မှာ သူရဲ့ဓားသွားကနေ အလင်းရောင်တွေ တောက်ပပြီး ရောင်ပြန်ဟပ်နေပါတယ်။

လွှီဖန်းအာနဲ့ သူမရဲ့ ညီမဖြစ်သူတို့ ကျင့်ကြံခြင်းကို

ပိတ်ဆို့ထားတယ်ဆိုတာ သိသာထင်ရှား နေပါတယ်။ ကျင့်ကြံသူတွေအတွက် အဓိကကတော့ တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်းကို ပိတ်ဆို့ထားတယ်ဆိုရင် သူတို့ကိုယ်သူတို့ ကာကွယ်ဖို့အတွက် မူလစွမ်းအင်တွေကို လည်ပတ်နိုင်စွမ်း မရှိတော့ပါဘူး။ အဲ့ဒါဆိုရင် သူတို့ရဲ့ ခုခံနိုင်စွမ်းက သာမန်လူ တစ်ယောက်ထက် အများကြီး မြင့်မားခြင်း မရှိတော့ပါဘူး။ အာဏာပါးကွပ်သားက ဒြပ်စင်စုစည်းခြင်း အဆင့်မှာ ရှိပြီးတော့ သူရဲ့ဓားကို ဝှေ့ယမ်းလိုက်တာနဲ့ ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်က သေချာပေါက် ခေါင်းပြတ်သွားပါလိမ့်မယ်။

ရှပ်။

ဓားပြားကြီးက အောက်ဘက်ကို ခုတ်ချလာခဲ့ပါတယ်။

ဒါပေမဲ့ ခေါင်းပြတ်ကြီးတစ်ခု မြေကြီးပေါ်ကို လိမ့်ကျပြီး သွေးတွေ ပန်းထွက်လာမဲ့ မြင်ကွင်းကို မျှော်လင့်ထားပေမဲ့ မဖြစ်ပေါ်လာခဲ့ပါဘူး။ အဲ့ဒီအစား လူငယ်တစ်ယောက်က ရုတ်တရက် ဆိုသလို စင်မြင့်အပေါ်မှာ ပေါ်လာခဲ့ပြီး ဓားသွားအပေါ်ကို လက်တစ်ဖက်နဲ့ ကိုင်ထားတာကို မြင်တွေ့လိုက်ရပါတယ်။

Chapter 525 end

အပိုင်း(၅၂၆) လူသတ်ကွင်းမှ အတင်းဆွဲခေါ်သွားခြင်း

အဲဒါဘယ်သူလဲ။ တကယ်ပဲ လူသတ်ကွင်းကနေ တရားခံတွေကို အတင်းအဓမ္မ လုယူကယ်ထုတ်ဖို့ စီစဉ်နေတာလား။

"မင်းအတင့်ရဲလှချည်လား"

အရာရှိတစ်ယောက်က လူသတ်ကွင်း စင်မြင့်ပေါ်ကို ခုန်တက်လာခဲ့ပါတယ်။ သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ မီးနိုင်ငံလို နေရာလေး တစ်ခုမှာ သူ့ကို အရှင်သခင် တစ်ယောက် အဖြစ် သေချာပေါက် သတ်မှတ်ယူဆနိုင်ပါတယ်။ သူက ဒေါသတကြီးနဲ့ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီရှူးနေတဲ့လူက ဘယ်နေရာကနေ လာပြီးတော့ ဒီလောက်တောင် အတင့်ရဲ နေရတာလဲ"

လင်းဟန်က အနည်းငယ်ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဂမ်ပိုလင်းရဲ့ အမိန့်နဲ့ ဒီခေါင်းဖြတ်ကွပ်မျက်မှုကို ကျေးဇူးပြုပြီး ရပ်ဆိုင်းထားပေးပါ"

အပတ္တ်

သိပ်မဝေးတဲ့ နေရာက ဂမ်ပိုလင်းက ချက်ချင်းပဲ ချောင်းတစ်ပွတ်ပွတ် ဆိုးသွားခဲ့ပါတယ်။

ဒါက လုံးဂကို မတရားပါဘူး။ ရောမ မတရားမှုကြီးတစ်ခုပါ။ ဒီကောင်စုတ်လေးက တကယ်ပဲ မျက်နှာပြောင်လွန်းပါတယ်။ သူတို့ ပိုကလန်ရဲ့ အဖွဲ့သား တစ်ယောက်ကို သတ်ပစ်ရုံသာမက အတုအယောင်ဆောင်ပြီး သူ့အပေါ် အပြစ်ပုံချနေပါတယ်။ ဒါပေမဲ့ ဒီကောင်စုတ်လေးက သေလူတစ်ယောက် ဖြစ်နေပါပြီ။ ဒါကြောင့် သူမလုပ်ပဲ့ဘူးဆိုရင် သူထွက်သွားတဲ့ အခါမှာ ဘယ်လိုမျိုး အုတ်အော်သောင်းတင်း အဖြစ်မျိုး ချန်ထားခဲ့နိုင်မှာလဲ။

ပိုဂမ်လင်းက စိတ်ဂိညာဉ် ပင်လယ်အဆင့် မဟာအရှင်သခင် တစ်ယောက် ဖြစ်သလို ပိုကလန်ရဲ့ လူသိများ ထင်ရှားကျော်ကြားမှုကိုပါ ထည့်ပေါင်းလိုက်ရင် အင်ပါယာမြို့မှာ မသိသူ မရှိပါဘူး။ ချက်ချင်းဆိုသလို မရေတွက်နိုင်တဲ့ မျက်လုံးတွေက သူ့အပေါ်ကို

ကျရောက်လာခဲ့ပါတယ်။

သူတို့အားလုံးရဲ့ အမူအရာတွေကြောင့် အရာရှိကလည်း ပိုဂမ်လင်းကို သတိထားမိ သွားခဲ့ပါတယ်။ သူက ချက်ချင်းဆိုသလို ဒေါသထွက်သွားပြီးတော့ အော်လိုက်ပါတယ်။

"ဆရာပို။ ခင်ဗျားတကယ်ပဲ လူသတ်ကွင်းမှာ ဂတ္တာရားနှောင့်ယှက်ဖို့ အမိန့်ပေးဂုံ့တယ်ပေါ့။ ဒါက နိုင်ငံတော် သစ္စာဖောက်မှု တစ်ခုပဲနော်"

လပြွတ်ပဲပေါ့။

ပိုဂမ်လင်းက အလျှင်အမြန်ပဲ ခုန်ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာကို ကျေးဇူးပြုပြီးတော့ အထင်မလွဲပါနဲ့။ ကျုပ်ဒီကောင်စုတ်လေးကို တကယ်ပဲ မသိပါဘူး"

"ဆရာပို ခင်ဗျားရဲ့ စကားလုံးတွေက ကျုပ်ကို တကယ်ပဲ ဂမ်းနည်းစေတာပဲ"

လင်းဟန်က ဂမ်းနည်းချင်ယောင် ဆောင်လိုက်ပါတယ်။

"ကျုပ်ကို လုံးဂထောက်ခံပေးဖို့ ခင်ဗျား သဘောမတူခဲ့ဘူးလား။ ဘာကိစ္စပဲဖြစ်ဖြစ် ခင်ဗျားက ကျုပ်အနောက်မှာ မားမားမတ်မတ် ရပ်တည်ပေးနေမယ်ဆို။ ဆရာပို ဒါတွေက မင်းရဲ့ အတုအယောင် စကားလုံးတွေပဲလား။ ကျုပ်ဘယ်ကိုပဲသွားသွား ခင်ဗျားနောက်က လိုက်မယ်ဆို မဟုတ်ဘူးလား"

အဲဒီအချိန်မှာ ပိုဂမ်လင်းက မငြင်းဆန်နိုင်အောင် ဖြစ်သွားပါတယ်။ သူကတကယ်ပဲ လင်းဟန် ဘယ်နေရာကိုသွားသွား လိုက်ခဲ့မယ်လို့ ပြောခဲ့ပါတယ်။ သူက နောက်ကနေ လိုက်ပံ့ပါတယ်။ ဒါပေမဲ့ လင်းဟန်က ဒီစကားလုံးတွေကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ထုတ်ဖော်ပြောဆိုတာက အဓိပ္ပါယ် လုံးဂကို ကွဲပြားခြားနားပါတယ်။ သူက မြင့်မားတဲ့ နေရာတစ်ခုမှာ ရပ်တည်နေခဲ့ပြီး အတိတ်တုန်းက ဒီလိုမျိုး ဒီလိုမျိုး အခြေအနေတွေနဲ့ ဘယ်လိုလုပ်ပြီးတော့ တွေ့ဆုံဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ သူကမှင်တက်သွားရာကနေ ချက်ချင်းပဲ ဒေါသထွက်သွားပြီး သူ့အနေနဲ့ ဒီထောင်ချောက်ကနေ ဘယ်လိုမျိုး ရုန်းထွက်သင့်သလဲ ဆိုတာကို မသိအောင် ဖြစ်သွားခဲ့ပါတယ်။

ဒါပေမဲ့ တခြားလူတွေရဲ့ အမြင်မှာတော့ ဒါက ဖွင့်ပြောစရာမလိုပဲ ထောက်ခံတယ် ဆိုတာက သိသာနေပါတယ်။

"ဟင့်။ ပိုကလန်ရဲ့ အဘိုးကြီးကိုးယောက်က တကယ့်ကို သတ္တိကောင်းတာပဲ။ လူသတ်ကွင်းက တရားခံကိုတောင်မှ အင်အားသုံးပြီးတော့ လုယူပွံ့တယ်"

"ဆရာပိုက တကယ့်ကို လူကောင်းတစ်ယောက်ပဲ။ မီးနိုင်ငံအတွက် မီးစတွေ ချန်ထားချင်နေတဲ့ နဇီရန်လို အကျင့်ပျက် အရာရှိတွေကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတဲ့ ဘယ်သူမဆို လူကောင်းတွေ ဆိုတာကို သူသိတာပဲ"

"ဒါက အတော်လေးကို ထူးဆန်းတယ်။ ပိုဂမ်လင်းက ဘယ်တုန်းက ဒီလိုမျိုး တခြားလူ တစ်ယောက်လို လုံးဝပြောင်းလဲသွားခဲ့ပြီးတော့ ဒီလိုမျိုး အရာတွေကို သူတကယ် လုပ်နေတာလဲ"

တချို့က ပိုဂမ်လင်းကို ချီးကျူးကြပြီး တချို့ကတော့ သံသယတွေ ဝင်နေကြပါတယ်။ ဒါက တကယ်ပဲ သူရဲ့ပုံမှန် ပြုမှုလုပ်ဆောင်နေမှုတွေနဲ့ အခုလုပ်နေတာတွေက လုံးဝကို

အကြီးအကျယ် ကွာခြားလွန်းပါတယ်။

ပိုဂမ်လင်းက စိတ်ဂိညာဉ် ပင်လယ်အဆင့် ဆရာသခင်တစ်ယောက် ဖြစ်ပြီးတော့ ဘေးက အုတ်အော်သောင်းတင်း ဖြစ်နေတဲ့ အသံတွေကို သူ့အနေနဲ့ ကြားလိုက်ရပြီး ကျိတ်ပြီးတော့ သွေးအန်ပစ်ချင် နေပါတယ်။ သူက တကယ်ပဲ ဒီလိုမျိုး လူစားမျိုးတစ်ယောက် မဟုတ်ပါဘူး။ တကယ်လို့ သာမန်လူတွေ သေတာရှင်တာက သူနဲ့ဘာဆိုင်လို့လဲ။ လင်းဟာန်က သူရဲ့သားကို သတ်ဖြတ်ခဲ့တာ တစ်ခုတည်းကြောင့် သူ့အနေနဲ့ လင်းဟာန်ကို ဆန့်ကျင်ပြီးတော့ မတ်တပ်ရပ် ကြည့်နေဖို့ပဲ လုပ်ခဲ့တာ ဖြစ်ပါတယ်။ ရလဒ်ကတော့ လင်းဟာန်က သူ့ကို အခုလိုမျိုး ဧရာမ ထောင်ချောက်တစ်ခုထဲကို ဆွဲသွင်းခဲ့တာပါ။

"ဆရာပို ကျနော့်ရဲ့ တာဂန်ကတော့ ပြီးသွားပြီ။ ဒါကြောင့် ဒါကို ခင်ဗျားလက်ထဲကို အခုပဲ လွှဲပြောင်းပေးရတော့မယ်"

လင်းဟာန်က ပြုံးပြီးတော့ မိန်းကလေး နှစ်ယောက်ကို ပြောလိုက်ပါတယ်။

"ဆရာပိုကို မင်းတို့ရဲ့ အသက်ကို ကယ်တင်ပေးတဲ့ အတွက်

သူရဲ့ကြင်နာမှုကို မြန်မြန် ကျေးဇူးတင်လိုက်လေ”

လွှဲဖန်းအာနဲ့ လွှဲယုအာတို့ရဲ့ သံကြိုးတွေကို လင်းဟာန်က ဖယ်ရှားပေးခဲ့ပြီး သူမတို့ရဲ့ ကျင့်ကြံခြင်း ပိတ်ဆို့ထားမှုကိုလည်း ဖယ်ပေးခဲ့ပါတယ်။ ဒါကြောင့် သူမတို့ရဲ့ ကျင့်ကြံခြင်းတွေ ပြန်လည်ရရှိ သွားခဲ့ပါတယ်။ သူမတို့က နည်းနည်းလေးမှတောင် မှင်တက်အံ့သြ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ လင်းဟာန်ရဲ့ လှုပ်ရှားမှုနဲ့အတူ ပူးပေါင်းဆောင်ရွက်လိုက်ပါတယ်။ ပိုဂမ်လင်းရှိတဲ့ နေရာကို ရိုရိုသေသေနဲ့ ဦးညွှန်ဂါရဝ ပြုပြီးတော့ တစ်ပြိုင်နက်တည်း ပြောလိုက်ပါတယ်။

“ဆရာပိုကို ကျေးဇူးအများကြီး တင်ပါတယ်”

ကောင်းပြီလေ။ တကယ်လို့ သူက မြစ်ဂါမြစ်ထဲကို ခုန်ချလိုက်မယ် ဆိုရင်တောင် သူ့ကိုယ်သူ သန့်ရှင်းစင်ကြယ်အောင် ဆေးကြောဖို့ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

“သွားကြစို့”

လင်းဟာန်က လက်တစ်ဖက်စီ ဆန့်ထုတ်ပြီးတော့

မိန်းကလေးနှစ်ယောက်ကို ဆုပ်ကိုင်ပြီး ချက်ချင်း ထွက်ပြေးပါတယ်။

"ဆရာပို ငါတို့တွေ ဆုံနေကျ နေရာမှာပဲ နောက်တစ်ကြိမ် ပြန်ဆုံကြတာပေါ့"

"မင်းတို့တွေ တစ်ယောက်မှ ထွက်သွားလို့ မရဘူး"

ကြီးကြပ်သူ အရာရှိတွေထဲက တစ်ယောက်က အလျင်အမြန်ပဲ လှုပ်ရှားလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ နောက်ကျောကို ဖမ်းဆုပ်ကိုင်ဖို့ သူရဲ့ညာဘက်လက်ကို ဆန့်ထုတ်လိုက်ပါတယ်။ သူက လက်ဝါးနည်းစနစ်တွေမှာ ကျွမ်းကျင်ပြီးသူရဲ့ ဒီလက်ဝါးတိုက်ကွက်ကနေ တောက်ပပြီး ရှုပ်ယှက်ခတ်နေတဲ့ အစီအရင် ပုံစံတွေ လက်သွားခဲ့ပါတယ်။ နတ်ဆိုးသစ်ပင်တစ်ပင်က ၎င်းရဲ့ အမြစ်တွေကို ဖြန့်ထုတ်လိုက်သလိုမျိုး လင်းဟန်ဆီကို တွားသွားဝင်သွားခဲ့ပါတယ်။

အမှန်တကယ်တော့ အသက်တစ်ရှိုက်စာ အချိန်လေးအတွင်းမှာ လင်းဟန်က ဒီအရာရှိကို လွယ်လွယ်ကူကူနဲ့ သတ်ပစ်လို့ ရပါတယ်။ ဒါပေမဲ့လည်း သူက တန်ခိုးရှင်မို့စွာခြေလှမ်းကို အသုံးပြုခဲ့ပါတယ်။

သူရဲ့ပုံရိပ်က ထူးခြားဆန်းကျယ်တဲ့ ကိုယ်ဟန်နဲ့ လှုပ်ရှားသွားပြီး သူ့ကိုတိုက်ခိုက်သူရဲ့ လက်ဂါးတိုက်ခိုက်မှုကို လွယ်လွယ်ကူကူနဲ့ ရှောင်တိမ်းသွားခဲ့ပါတယ်။ အဲဒီနောက် သူရဲ့ပုံရိပ်က အရှိန်မြင့်တက်သွားပြီး အဝေးကို လျင်လျင်မြန်မြန်နဲ့ လှုပ်ရှားသွားခဲ့ ပါတယ်။

ပိုဂမ်လင်းက အလျင်အမြန်ပဲ လိုက်ဖမ်းဖို့ ဟန်ပြင်လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို ထိန်းသိမ်းထားဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူရဲ့နာမည် အစွန်းအထင်းကို ဖယ်ရှားနိုင်မှာ မဟုတ်တော့ပါဘူး။

"ဆရာပို မင်းကလည်း ထွက်ပြေးချင်နေတာပဲလား"

ကြီးကြပ်သူ အရာရှိက မျက်နာမည်းနေပြီး သရော်ပြုံးပြုံးလိုက်ပါတယ်။ သူရဲ့ပုံစံ ထက်ရှသွားပြီး ပိုဂမ်လင်းရှိရာဆီကို လက်ဂါးတိုက်ခိုက်မှုတစ်ခု ပစ်လွှတ်လိုက်ပါတယ်။

"သောက်ရေးမပါတာ"

ပိုဂမ်လင်းရဲ့ နှာခေါင်းက ဒေါသကြောင့် လောင်ကျွမ်းလုနီးပါး ဖြစ်သွားခဲ့ပြီး သူက အော်ဟစ် လိုက်ပါတယ်။

"ဆရာဂို ငါက ထွက်ပြေးသွားတဲ့ တရားခံ သုံးယောက်ကို ပြန်ပြီးတော့ ဖမ်းပေးဖို့ သွားမလို့ပါ"

"ဟင်းဟင်း။ ဆရာပိုက အစောတုန်းက လှုပ်ရှားတာကို ဘာဖြစ်လို့ ငါမမြင်ခဲ့တာပါလိမ့်။ ပြီးတော့ အခုမှ မင်းက တက်ကြွတဲ့ ကြက်ဖလို ဖြစ်နေတာလား။ ဆရာပို မင်းက ငါ့ကို ဒီတရားခံတွေကို လိုက်ဖမ်းမှာကို တားဆီးမှာတော့ မဟုတ်လောက်ပါဘူးနော်။ မင်းလုပ်မှာလား"

ကြီးကြပ်သူ အရာရှိက အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ သူရဲ့အမူအရာက ရှင်းရှင်းလင်းလင်းနဲ့ ပိုဂမ်လင်းရဲ့ လိမ်လည်လှည့်ဖြားမှုကို မြင်နေတဲ့ ပုံစံမျိုးပါပဲ။

`မင်းညီမ ငါ့မယား ဖြစ်ရပါစေကွာ။ မင်းကပဲ အခု ငါ့ကို တားနေတာ မဟုတ်လား`

ပိုဂမ်လင်းက ဘာမှ မတတ်နိုင်တော့ပါဘူး။ ဒါပေမဲ့ သူကိုယ်တိုင်ပဲ လှုပ်ရှားလိုက်ပါတယ်။ သူ့မှာလည်း ဒီကြီးကြပ်သူ အရာရှိလို တူညီတဲ့ စွမ်းအားမျိုး ရှိပါတယ်။

ဒါကြောင့် သူ့အနေနဲ့ ဒီအရာရှိက သူ့ကိုစိတ်တိုင်းကျ တိုက်ခိုက်မှာကို ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုလို့ ဖြစ်မှာလဲ။ ဒါပေမဲ့လည်း ဒီတိုက်ကွက်က သူ့ကိုယ်သူ ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ တကယ်လို့ သူက ဒီအရာရှိတွေနဲ့ တိုက်ခိုက်နေမယ်ဆိုရင် လင်းဟန်ကို ကူညီဖို့ ကြိုးစားနေတယ်ဆိုတဲ့ စွပ်စွဲချက်ကို အတည်ပြုလိုက်သလို ဖြစ်သွားမှာ ဖြစ်ပြီးတော့ ဒီကြီးကြပ်သူ အရာရှိက ထပ်ခါထပ်ခါ လှောင်ပြောင်သရော် နေပါလိမ့်မယ်။

ဒီခွေးကောင်ကတော့။ လဖြတ်ပဲပေါ့ကွာ။

အဲဒီအချိန်မှာ သူရဲ့နှလုံးသားထဲမှာ ကျိန်ဆဲနည်းပေါင်း တစ်သောင်းလောက် ဖြတ်သန်း စီးမျော သွားခဲ့ပါတယ်။

လင်းဟန်က မိန်းကလေး နှစ်ယောက်ကို မြို့အပြင်ဘက်ဆီကို ခေါ်လာပြီးတော့ သူတို့ကို အဝေးကို ပစ်ထုတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းတို့မှာ ရှိတဲ့ လုပ်ကြံသတ်ဖြတ်မှု စွမ်းရည်က အရမ်းကို နိမ့်ကျတယ်။ ဒါကတကယ်ပဲ လုံလောက်ပြီ။ ရိုးသားတဲ့ ယောကျ်ားတစ်ယောက်ကို ရှာပြီးတော့ သူ့ကိုလက်ထပ်ပြီး အိမ်မှာပဲ လိမ်လိမ်မာမာနေပြီး မင်းတို့ရဲ့ ယောကျ်ားတွေကို

ဂရုစိုက်ပြီး ကလေးတွေကို သင်ကြားပေးရင်း နေထိုင်ကြတော့”

“ဟင့်။ အဲဒါအားလုံးက နင့်ရဲ့အမှားတွေပဲ။ တခြားသူတွေကို အထင်လွဲမှားယွင်းမှု ဖြစ်စေခဲ့တာ နင့်ကြောင့်ပဲ။ အဆုံးသတ်မှာ ငါတို့တွေ ယွမ်ရှွမ်းရှွမ်းရဲ့ နေရာကနေ ထွက်သွားတဲ့အခါ လူတွေအများကြီး စုဝေးလာပြီးတော့ ငါတို့ကို ဝိုင်းရံပြီးတော့ မေးကြတယ်။ အဲဒါကြောင့်ပဲ ပြဿနာတွေ ဖြစ်လာခဲ့တာ”

လီှရှုအာက ရန်တုံ့ပြန်လိုတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်က မျက်လုံးပင့်ပြီးတော့ မေးလိုက်ပါတယ်။

“ဒါဆိုရင် အဲဒါကငါ့အမှားပေါ့ ဟုတ်လား”

“သေချာတာပေါ့”

လီှရှုအာက လင်းဟာန်အပေါ်မှာ အားလုံးပုံချပြီး အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

လင်းဟာန်က သူရဲ့လက်ကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါမင်းတို့နှစ်ယောက်နဲ့ မငြင်းနိုင်ဘူး။ တိုတိုတုတ်တုတ် ပြောရမယ်ဆိုရင် မင်းတို့နှစ်ယောက် အင်ပါယာမြို့ကနေ ချက်ချင်းပဲ ထွက်သွားကြတော့"

"ဒါဆိုရင် နဇီရန်ကိုရော ဘယ်လိုလုပ်မလဲ"

"ငါသူ့ကို ရင်ဆိုင်လိုက်မယ်"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြန်ပြောလိုက်ပါတယ်။

"နင်သေချာလို့လား။ နင်လေလုံးထွားနေတာတော့ မဟုတ်ပါဘူးနော်"

လွီရှုအာရဲ့ အမူအရာက သံသယတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်က သက်ပြင်းမှုတ်ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းတို့နှစ်ယောက် ထွက်မသွားနိုင်သေးဘူးဆိုရင် ငါမင်းတို့နှစ်ယောက်ကို

ပြန်ပို့ပေးရလိမ့်မယ်။ နဇီရန်က မင်းတို့နှစ်ယောက်ရဲ့ ခေါင်းပြတ်တွေကို မြင်ဖို့ အရမ်းကို မျှော်လင့်နေမယ်ဆိုတာ ငါသေချာပေါက် ပြောရဲတယ်"

"ငါတို့ထွက်သွားမယ် ကောင်းပြီလား"

လို့ရှူအာက ဒေါသူပုန် ထသွားပါတယ်။

"ငါတို့ကို နောက်တစ်ကြိမ် ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် သခင်လေးဟန်"

လို့ဖန်းအာက ပိုပြီးတော့ နားလည်သဘောပေါက် လွယ်ပါတယ်။ သူမက လင်းဟန်ကို ရိုရိုသေသေနဲ့ ဂါရဝပြု ဦးညွှန်ပြီး သူမရဲ့ ညီမဖြစ်သူကိုလည်း အတင်းဆွဲပြီးတော့ ဦးညွှန်ခိုင်း လိုက်ပါတယ်။

"ကျေးဇူးပဲ"

လို့ရှူအာက မပြောချင်ပြောချင်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ရက်အနည်းငယ် အတွင်းမှာ မင်းတို့နှစ်ယောက် နဇီရန် သေသွားပြီဆိုတဲ့ သတင်းကို ကြားရလိမ့်မယ်။ ဒါကြောင့် အခုတော့ မင်းတို့နှလုံးသားတွေ အေးအေးချမ်းချမ်းနဲ့ ထွက်သွားကြတော့"

"ဟုတ်ကဲ့"

လွှီဖန်းအာက လွှီရှုအာကို သူမနဲ့အတူ အတင်းဆွဲခေါ်ပြီးတော့ ထွက်သွားပါတယ်။

အဲဒီအချိန်မှာ လွှီရှုအာက အတင်းကို ရုန်းကန်ပြီး သူမအနေနဲ့ အနောက်ကို ပြန်လှည့်ပြီး လင်းဟာန်နဲ့ ဆက်ပြီးတော့ ငြင်းခုံချင်နေသေးပုံ ပေါက်နေပါတယ်။

"ညီမလေး။ သူက မိုးကောင်းကင်ပေါ်က နေမင်းလိုပဲ ငါတို့တွေ ဘယ်လိုမှ ရောက်နိုင်မှာ မဟုတ်တဲ့ လူတစ်ယောက်ပဲ။ တကယ်လို့ ငါတို့ကိုယ်ငါတို့ အတင်းအဓမ္မ ရောက်အောင်လုပ်မယ် ဆိုရင် ငါတို့ပဲ အကြြင်နာတရား ကင်းမဲ့ပြီး အပူဟပ်ခံရလိမ့်မယ်"

လွှီဖန်းအာက သူမရဲ့ ညီမဖြစ်သူ ခံစားချက်ကို သတိပြုမိပါတယ်။ သူမက လင်းဟာန်နဲ့ ပြင်းပြင်းထန်ထန်

စကားများနေတာကို မကြည့်ပါနဲ့။ အမှန်တော့ သူမက စိတ်ခံစားချက်ကို ထိန်းချုပ်နိုင်တဲ့ စွမ်းရည်နည်းပါးပြီး သူမရဲ့ခံစားချက်ကို ဘယ်လိုမျိုး ထိန်းချုပ်ရမယ် ဆိုတာကို မသိပါဘူး။ ဒါကြောင့် သူမက လင်းဟန်ရဲ့ အာရုံစိုက်မှုကို ဆွဲဆောင်ဖို့ သူ့ကို ဒုက္ခပေးပြီး နားပူနားဆာ လုပ်နေတာပါ။

လွီရှုအာက သူမရဲ့ခေါင်းကို ပြန်လှည့်လာပြီး သူမရဲ့ မျက်နှာပေါ်မှာတော့ မျက်ရည်တွေ စီးကျလို့ နေပါတယ်။

လင်းဟန်က အင်ပါယာမြို့ကို ပြန်သွားခဲ့ပါတယ်။ ပြီးတော့ မြို့ရဲ့ဂင်ပေါက်ကိုတောင် မရောက်သေးပဲ သူက ဂမ်ပိုလင်းနဲ့ ကြီးကြပ်သူ အရာရှိတို့က ပူးပေါင်းပြီးတော့ သူ့ကိုလိုက်လံ ဖမ်းဆီးရင်း ရောက်လာတာကို မြင်တွေ့လိုက်ရပါတယ်။ သူတို့တွေက နားလည်မှု လွဲမှားနေတာ ဘယ်လိုမျိုး ဖြေရှင်းခဲ့ကြတယ်ဆိုတာ ဘယ်သူသိမှာလဲ။ ဟူးညိုက တစ်ချိန်လုံး အသံမထွက်ပဲ နေနေခဲ့ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ အရမ်းကို ခံစားချက် ကောင်းနေပုံ ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မုန်းစရာကောင်းတဲ့ မိန်းကလေးနှစ်ယောက် ထွက်သွားခဲ့ပြီး သူမက လင်းဟန်ကို နောက်တစ်ကြိမ် လက်ဂါးကြီးအုပ်ထားနိုင်စွမ်း ရှိပါပြီ။

"ကောင်စုတ်လေး မင်းတကယ်ပဲ ပြန်လာပုံတယ်ပေါ့လေ

ဟုတ်လား"

ပိုဂမ်လင်းက မျက်နှာကြီး မည်းပြီးတော့ မေးလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ အပြုအမူကြောင့် တကယ့်ကို သေချင်လောက်အောင် ဒေါသထွက်နေပါတယ်။

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဆရာပိုက ကျနော့် အနောက်မှာ ရှိနေမှတော့ ဘာဖြစ်လို့ မလုပ်ဝံ့မှာလဲ"

"သေစမ်းကွာ"

ပိုဂမ်လင်းက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ သူက ကိုယ်တိုင်ကိုယ်ကျ လင်းဟန်ကို သေချာပေါက် ဖမ်းဆီးပြီးတော့ သူနဲ့လင်းဟန်က တကယ်ပဲ ဘာမှမပတ်သက်ဘူး ဆိုတာကို သက်သေပြရပါမယ်။

Chaper 526 end
အပိုင်း(၅၂၇) နဇီရန်

"ဆရာပို ခင်ဗျားက တကယ့်ကို ဆိုးတာပဲ"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

ရှုပ်။

ဟူးညိုက လွှားခနဲ ခုန်ထွက်လာပြီးတော့ ပိုဂမ်လင်းရဲ့ ဂမ်းဗိုက်အောက်ကို လက်သီးတစ်လုံး တန်းပြီးတော့ ထိုးလိုက်ပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။ အဓိက အဆင့်ကြီး နှစ်ဆင့်ရဲ့ ရောမ အသာစီး ရရှိမှုကိုပါ ထည့်ပေါင်းလိုက်ရင် ဒါက သံသယ ရှိစရာ မလိုအောင် ဖိနှိပ်ထိန်းချုပ် ဖျက်ဆီးပစ် နိုင်တယ်ဆိုတာ သိသာပါတယ်။ ဘုန်းဆိုတဲ့ အသံနဲ့အတူ ပိုဂမ်လင်းရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ပုဇွန်တုပ်ကြီး တစ်ကောင်လိုမျိုး ကွေးသွားခဲ့ပါတယ်။

လင်းဟန်က မမြင်ချင်ယောင် ဆောင်ပြီးတော့ မေးလိုက်ပါတယ်။

"ဆရာပို ခင်ဗျား ဘာဖြစ်လို့ ဒီလိုမျိုးပုံစံ လုပ်နေရတာလဲ"

ကြီးကြပ်သူ အရာရှိရဲ့ မျက်လုံးတွေက ပြူးထွက်လာပြီးတော့

ပြုတ်ကျတော့မဲ့အတိုင်း အန္တရာယ် ရှိနေပါတယ်။ ဒါက သူနဲ့ ကျင့်ကြံခြင်း အဆင့်ရော စွမ်းရည်ပါ လက်ရည်တူ အဆင့်မှာရှိတဲ့ ဂမ်ပိုလင်း ဖြစ်ပါတယ်။ မီးနိုင်ငံမှာ ဂမ်ပိုလင်းက အရမ်းကို ထင်ရှားပြီး အားကောင်းသန်မာတဲ့ ပုံရိပ်ရှိပါတယ်။ သူက အမှန်တကယ်ပဲ မိန်းကလေးငယ်လေး တစ်ယောက်ရဲ့ လက်သီး တစ်ချက်ကြောင့် မှောက်သွားခဲ့ပါတယ်။ ဒါက အရမ်းကို လွန်းလွန်းပါတယ်။ ဟုတ်တယ်မလား။

တကယ်လို့ သူအရှေ့ထွက်လာခဲ့မယ်ဆိုရင် သူ့ရဲ့ကံကြမ္မာကလည်း အခုလိုမျိုးပဲ ဖြစ်လိမ့်မှာ မဟုတ်လား။

လပြွတ်ပဲ။ ဒီမွန်းစတား နှစ်ကောင်က ဘယ်ကနေ လာခဲ့တာလဲ။

လင်းဟာန်က ကြီးကြပ်သူ အရာရှိကို ထူးဆန်းစွာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ခင်ဗျားရော ဆိုးသလား။ ကောင်းသလား"

"ကောင်းပါတယ်။ ငါက အရမ်းကို ကောင်းတဲ့

လူတစ်ယောက်ပါ”

ကြီးကြပ်သူ အရာရှိက အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။ ဟူးညိုက လက်ရှိမှာ သူ့ကို ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ ကြည့်နေတာ ဖြစ်ပြီးတော့ ဒီအကြည့်ကြောင့် သူရဲ့ နှလုံးသား တုန်လှုပ်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဂမ်ပိုလင်းကို ကြီးကြပ်သူ အရာရှိဆီကို ကန်ထုတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီမှာ မင်းသူ့ကို ခေါ်သွားပြီးတော့ ပြန်သတင်းပို့လိုက်။ ဒါဆိုရင် မင်းရဲ့တာဝန် ပြီးဆုံးပြီ”

`မင်းမေကြီးတော်ကို သတင်းပို့ရမှာလား`

အစပိုင်းမှာတော့ ကြီးကြပ်သူ အရာရှိက အရမ်းကို ဒေါသတွေ ထွက်နေတာ တစ်ခုပဲ ရှိပါတယ်။ ဒါပေမဲ့ လေးလေးနက်နက်နဲ့ စဉ်းစားကြည့်လိုက်တဲ့ အခါမှာတော့ ပိုကလန်ရဲ့ အဘိုးကြီး ကိုးက တရားခံဖြစ်သူတွေနဲ့ မဟာမိတ် အဖွဲ့တွေ ဖြစ်တယ်ဆိုတာ ဘယ်လိုလုပ် ယုတ္တိရှိနိုင်မှာလဲ။ သူက ချက်ချင်းပဲ ပိုဂမ်လင်းရဲ့

ရှင်းပြချက်ကို ယုံကြည်သွားပြီးတော့ လင်းဟန် ဒါမှမဟုတ် အမျိုးသမီး တရားခံနှစ်ယောက်နဲ့ လုံးဝကို ပတ်သက်ဆက်နွယ်မှု မရှိဘူးဆိုတာ လက်ခံသွားခဲ့ပါတယ်။

ဂမ်ပိုလင်းက နာကျင်မှုကြောင့် ညည်းတွားနေခဲ့ပါတယ်။ ဟူးညိုရဲ့ ဒီလက်သီးချက်က သူရဲ့အသက်ကို နှုတ်ယူမသွားဘူး ဆိုပေမဲ့ ဒီမိန်းကလေးက သူမရဲ့ ခွန်အားကို မထိန်းချုပ်ခဲ့ ပါဘူး။ ဒီတိုက်ခိုက်မှုက သူ့ရဲ့ အတွင်းကလီစာတွေကို ပြောင်းပြန်လှန်ပစ်လိုက်သလို ခံစားသွား စေခဲ့ပါတယ်။ ဒါက မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်ဖို့ကောင်းတဲ့ ခံစားချက်တစ်ခု ဖြစ်ပါတယ်။ အခုဆိုရင် သူကစကားတောင် မပြောနိုင်တော့ပါဘူး။

လင်းဟန်က ဂမ်ပိုလင်းကို နောက်တစ်ကြိမ် လက်တစ်ဖက် လှုပ်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာပို ခင်ဗျားကျုပ်အနောက်ကို ကမ္ဘာအဆုံးထိ လိုက်မယ်လို့ မပြောခဲ့ဘူးလား။ ကျေးဇူးပြုပြီး အလန့်တကြား ဖြစ်အောင်လို့ မလုပ်ပါနဲ့"

လင်းဟန်က ခြေလှမ်းကျဲကြီးတွေနဲ့ ချာခနဲ

လှည့်ထွက်သွားခဲ့ပါတယ်။

ကြီးကြပ်သူ အရာရှိက သူ့ကို မတားပွံ့ပါဘူး။ အဲဒီအစား သူက ဂမ်ပိုလင်းကို လျင်မြန်စွာ ကောက်ချီပြီးတော့ အနောက်ကနေ လင်းဟန်ရဲ့ အစေခံတစ်ယောက် ပုံစံမျိုးနဲ့ ကပ်လိုက် လာခဲ့ပြီး အဲဒါက သူ့ကို မယုံနိုင်လောက်အောင် ရှုသိုးသိုးနဲ့ သုန်သုန်မှုန်မှုန် ဖြစ်စေပါတယ်။

တခဏကြာမျှ သွားပြီးတဲ့နောက်မှာ ဂမ်ပိုလင်းက နောက်ဆုံးတော့ အသက်ကောင်းကောင်း ရှုလို့ ရသွားပြီး သူ့ဘာသာသူ လမ်းလျှောက်နိုင်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူရဲ့ခြေလှမ်းတွေ လှမ်းလိုက်တိုင်း သူရဲ့ဂမ်းဗိုက်အောက်ခြေကနေ နှလုံးသားကို တစ်ခုလုံး ဆွဲဆောင့်သလို ခံစားလိုက်ရပါတယ်။ သူရဲ့ဘေးနားက ဂတ်ရုံကို ဆွဲမပြီး တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ သူရဲ့ ဂမ်းဗိုက်အောက်ပိုင်းပေါ်မှာ အပြာရောင်သမ်းနေတဲ့ ဒဏ်ရာတစ်ခုကို မြင်လိုက်ရပါတယ်။ ဒဏ်ရာရဲ့ အလယ်တည့်တည့်က စတင်ပြီးတော့ ညိုမည်းလာခဲ့ပါတယ်။

လပြွတ်ပဲ။ ဒီမိန်းကလေးငယ်လေးက သူမရဲ့တိုက်ခိုက်မှုမှာ အကြင်နာကင်းမဲ့လွန်းပါတယ်။

"သူတို့တွေ ဦးတည်ပြီးတော့ သွားနေတဲ့ နေရာက"

"နဇီရန်ရဲ့ အိမ်တော်ပဲ"

"မကောင်းတော့ဘူး"

ပိုဂမ်လင်းရော ကြီးကြပ်သူ အရာရှိရဲ့ မျက်နှာ အမူအရာပါ ချက်ချင်းပြောင်းသွားခဲ့ပါတယ်။ ဒါက အရမ်းကို လွယ်ကူစွာနဲ့ သုံးသပ်လို့ ရပါတယ်။ အဲဒီမိန်းကလေး တရားခံနှစ်ယောက်က နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ ရာဇဂတ်မှုကို ကျူးလွန်ခဲ့ပြီး လင်းဟန်က သူမတို့နဲ့ စိတ်တူကိုယ်တူ အပေါင်းအပါတွေ ဖြစ်ပြီးတော့ သူ့ကိုလည်း အဖြေထုတ် ကောက်ချက်ချကြည့်ရမယ်ဆိုရင် လင်းဟန်မှာ နဇီရန်ကို လုပ်ကြံသတ်ဖြတ်ဖို့ အကြံစည် ရှိနေပါတယ်။

နဇီရန်က လက်ရှိမှာ မီးဧကရာဇ်ရဲ့ အလေးပေးခံထားရသူ တစ်ဦးဖြစ်ပြီးတော့ အာဏာတွေ အားလုံးကို သူကချုပ်ကိုင်ထားခဲ့ပါတယ်။ တကယ်လို့ သူတို့အနေနဲ့ နဇီရန်ကို သတ်ဖြတ်ဖို့ လင်းဟန်က ခွင့်ပြုလိုက်မယ်ဆိုရင် သူတို့နှစ်ယောက်ကလည်း ပတ်သက်ဆက်နွယ်သူတွေအဖြစ် သေချာပေါက်

ပြစ်တင်ကြိမ်းမောင်းခံရပါလိမ့်မယ်။

"မြန်မြန် မြန်မြန်သွားပြီးတော့ အရာရှိတွေကို သတင်းပို့ရမယ်"

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီးတော့ သူတို့ရဲ့ တာဝန်အသီးသီးကို ဆောင်ရွက်ဖို့ အလျင်အမြန်ပဲ လူစုခွဲလိုက်ကြပါတယ်။

လင်းဟန်က သူတို့ကို တခြားလူတွေကို သတင်းပို့ဖို့ အချိန်ပေးသလိုမျိုးနဲ့ အရမ်း အမြန်ကြီး မလျှောက်ပါဘူး။ သူက ဖြေးညှင်းစွာနဲ့ လမ်းလျှောက်ပြီး အလျင်မလိုပါဘူး။ ဒါပေမဲ့ သူရဲ့ဦးတည်ချက် ပန်းတိုင်ဆီကို မိနစ် နှစ်ဆယ်ကျော်နောက်ပိုင်းမှာ ရောက်ရှိသွားခဲ့ပါတယ်။

နဇီရန်ရဲ့ အိမ်တော်က အစတုန်းက အင်ပါယာမင်းသား တစ်ယောက် ပိုင်ဆိုင်ခဲ့တာပါ။ ဒါပေမဲ့ အင်ပါယာ မင်းသားက သူရဲ့နေရာကို သိပ်ပြီးတော့ ကျေနပ်မှု မရှိပဲ အာဏာကို လုယူဖို့ လျှို့ဝှက်စွာ အစီအစဉ် ဆွဲခဲ့ပါတယ်။ အဆုံးမှာတော့ သူရဲ့အစီအစဉ်တွေကို အကောင်အထည် မဖော်ခင်မှာပဲ အင်ပါယာရဲ့ အစွမ်းနဲ့ လုံးဝကို ထိန်းချုပ်ခံလိုက်ရပါတယ်။

ဒီစံအိမ်ကလည်း ချိတ်ပိတ်သိမ်း ခံထားလိုက်ရပြီး အခုမှ နဇီရန်ကို ပေးအပ် ချီးမြင့်မြှောက်စားခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဧကရာဇ်က သူ့ကို ဘယ်လောက်တောင် မျက်နှာသာ ပေးသလဲ ဆိုတာကို ဖော်ပြနေပါတယ်။

ရှုပ်။

စစ်သည်တော် အုပ်စုတစ်ခုက ပင်မတံခါးကြီးမှာ စောင့်ကြပ်နေပြီး သူတို့အားလုံးက လက်နက်အမျိုးမျိုးကို ကိုင်ဆောင်ထားပြီး ကြည့်ရတာ အတော်လေးကို ရက်စက်ကြမ်းကြုတ်ပုံ ရပါတယ်။ စစ်သည်တော် အုပ်စုရဲ့ ခေါင်းဆောင်ဖြစ်ပုံရတဲ့ လူတစ်ယောက်က ထွက်လာပြီး သူရဲ့ခါးမှာ ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားပြီး ငွေရောင်ခေါင်းဆောင်းတစ်ခုကို ဂုတ်ထားပြီး အဲဒါက သူ့ကိုကြည့်ရတာ ခံ့ညားထယ်ဝါနေသလို ဖြစ်စေပါတယ်။

ဒီလူက တကယ်ပဲ စိတ်ဝိညာဉ် ပလ္လင်အဆင့် တစ်ယောက် ဖြစ်ပါတယ်။

"ငါက အတွင်းပိုင်း အင်ပါယာအစောင့် အရှောက်တွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ စီခုန်ရှန်းပဲ။ မကောင်းဆိုးဝါးကောင် မင်းကဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ။ မခုခံပဲနဲ့

အမြန်ဆုံး အညှံ့ခံလိုက်ပါ”

စစ်ခုန်ရှန်းက ကျယ်လောင်စွာ အော်လိုက်ပါတယ်။

လင်းဟန်က စစ်သည်တွေကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြုံးလိုက်ပါတယ်။

“ဆရာပို ခင်ဗျားက ကျုပ်အတွက် အားလုံးစီစဉ်ပေးထားမယ်လို့ မပြောခဲ့ဘူးလား။ ကျုပ်လုပ်ရမှာ တစ်ခုက စံအိမ်ထဲကို ဝင်ပြီးတော့ နဇီရန်ကို သတ်ပစ်ရမှာ မဟုတ်လား။ ဘာဖြစ်လို့ ကျုပ်တို့ အစောတုန်းက အစီအစဉ် ဆွဲထားတာနဲ့ မတူညီ ဖြစ်နေရတာလဲ”

ပိုဂမ်လင်းက ဒေါသတွေ အရမ်းထွက်သွားပြီး သူရဲ့ဒေါသကြောင့် ခလုတ်တိုက်ပြီး လဲကျလုမတတ် ဖြစ်သွားခဲ့ပါတယ်။ ငါ့ကို လိမ်လည်လှည့်ဖြားနေတဲ့ မင်းရဲ့သောက်သုံးမကျတဲ့ အစီအစဉ်ကို ဘယ်အချိန်ကျမှ ရပ်မှာလဲ။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ သူ့ရဲ့ကလန်က စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်တွေထဲက တစ်ယောက်ကလည်း ရှေ့ကိုထွက်လာခဲ့ပါတယ်။ ဒါကြောင့် သူအနေနဲ့ စကားပြောစရာ မလိုပါဘူး။ ဒါကြောင့် သူက

အဲဒီသူ့ကလန်က လက်ရွေးစင်ရဲ့ အနောက်မှာပဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကျိုးကျိုးနွံနွံ ရပ်နေလိုက်ပါတယ်။

"မကောင်းဆိုးဝါးလေး။ မင်းရှုးချင်ယောင် ဆောင်မနေနဲ့"

စီခုန်ရှန်းက လင်းဟန်ကို အေးစက်စွာနဲ့ စိုက်ကြည့်ပြီး အလျင်စလိုတော့ တိုက်ခိုက်မှု မလုပ်ပုံ့ပါဘူး။

သူက လင်းဟန်ရဲ့ ဘေးက မိန်းကလေးငယ်လေးက လက်သီးတစ်ချက်တည်းနဲ့ ပိုဂမ်လင်းကို အမှောက်သိပ်ပစ်နိုင်စွမ်း ရှိတယ်ဆိုတဲ့ သတင်းကို ရရှိခဲ့ပါတယ်။ ဒါက အရမ်းကို ထူးခြားဆန်းကျယ် နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အရမ်းသတိထားဖို့ ရွေးစရာမရှိတော့ပါဘူး။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်က နဇီရန်နဲ့ စကားစမြည် ပြောဖို့လာခဲ့တာပါ။ ဒါကြောင့် ဒီလိုမျိုး စစ်သည်တော် အများကြီးနဲ့ အင်အားပြနေဖို့ ဘာဖြစ်လို့ လိုအပ်မှာလဲ။ နဇီရန်ကို ထွက်လာဖို့ သွားပြောလိုက်ပါ။ တကယ်လို့ ကိစ္စတွေအားလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အဆင်ပြေသွားမယ်ဆိုရင် ဒီညမှာ

ကျုပ်တို့အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ သောက်စားပျော်ပါးနေလို့ ရနိုင်သေးတာပဲ”

“နာမည်တောင် မရှိတဲ့ လူတစ်ယောက်က ဆရာသခင်နနဲ့ တွေ့ဆုံဖို့ ဘယ်လိုလုပ်ပြီး အဆင့်မီနိုင်မှာလဲ”

စီခုန်ရှန်းက အေးစက်စက်နဲ့ မေးလိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“ဒီစကားလုံးတွေက အရမ်းကို ကြမ်းတမ်းပါတယ်။ ငါတကယ်ပဲ ဒါတွေကို ကြားရတာ မကြိုက်ဘူး။ ညီးညီး ငါတို့ဘာလုပ်သင့်တယ်လို့ ထင်လဲ”

“သူတို့ကို ရိုက်ပစ်မယ်”

ဟူးညိုက သူမရဲ့ လက်သီးသေးသေးလေးတွေကို လေထဲမှာ ဝှေ့ယမ်းလိုက်ပါတယ်။

“သူတို့တွေ အညံ့ခံလာတဲ့အထိ ဆော်ပလော်တီးပစ်ရမယ်”

ဘယ်လောက်တောင် ကြမ်းတမ်းတဲ့ မိန်းကလေးငယ်လေး

တစ်ယောက်လဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး ဒါကိုကြားတယ် မဟုတ်လား။ ငါတို့အစွမ်းကို အသုံးပြုပြီးတော့ အသုံ့ခံအောင် အတင်းအကျပ် လုပ်ဆောင်ရလိမ့်မယ်။ နဂါးရန်က အပြင်ထွက်လာဖို့ ဆန္ဒမရှိမှတော့ ငါတို့က သူ့ကို တန်းပြီးတော့ ဆွဲခေါ်လာပြီး ညှိနှိုင်းဖို့ပဲ လုပ်ရတော့မှာပေါ့"

လင်းဟန်က အရှေ့ကို ဆက်တိုးဖို့ ကြံစည်နေတယ် ဆိုတာကို မြင်လိုက်ရတဲ့ အခါမှာ စီခုန်ရှန်းက ချက်ချင်းပဲ သူ့ရဲ့လမ်းကြောင်းကို ပိတ်ရပ်လိုက်ပါတယ်။ သူက ဓားရှည်ကို ဆွဲထုတ်ပြီးတော့ လင်းဟန်ဆီကို ခုတ်ချလိုက်ပါတယ်။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ ဂမ်ပိုလင်းနဲ့ လူသတ်ကွင်းက အရာရှိထက် စွမ်းရည်အများကြီး သာလွန်ပါတယ်။ သူ့ရဲ့ဓားခုတ်ချက်တင် မကပါဘူး။ ဓားချီအလင်း လေးခုကိုပါ ဖြစ်ပေါ်စေခဲ့ပြီး မီးတောက်တွေက ခုန်ပေါက်ထွက်လာပြီး ဒီတိုက်ခိုက်မှုကို ကြည့်ရတာ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"ညိုးညိုးရဲ့ သံမဏိ လက်သီးလေး"

ဟူးညိုက တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ ဘုန်း။ လက်သီးတစ်ချက်ကပဲ စီခုန်ရှန်းကို လွင့်ထွက်သွားဖို့ လုံလောက်ပါတယ်။

အဟွတ် အဟွတ်။

ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ အားလုံးက တံတွေးတွေသီးကုန်ပြီး ချောင်းဆိုးကုန်ပါတယ်။

သူတို့မြင်လိုက်ရတာ စစ်ခုန်ရှန်း ဖြစ်ပါတယ်။ သူက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာခုနစ် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ မီးနိုင်ငံ တစ်ခုလုံးမှာ သူ့ထက်အားကောင်းတဲ့ သူတွေကို လက်ဆယ်ချောင်းနဲ့ပဲ ရေတွက်နိုင်ပါတယ်။ ဒါပေမဲ့ အခု သူကအမှန်တကယ်ပဲ မိန်းကလေးငယ် တစ်ယောက်ရဲ့ လက်သီးတစ်ချက်ကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ ဒီအရာကို ဘယ်သူကများ ယုံကြည်လက်ခံဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

လပြွတ်။ ဒီမိန်းကလေးက မွန်းစတား တစ်ကောင်များလား။ ဒီလိုမျိုး အရာတစ်ခုကို လုပ်ဆောင်နိုင်စွမ်း ရှိနေတဲ့ သူမမှာ

ဘယ်လိုကျင့်ကြံခြင်း အဆင့်များ ရှိနေတာလဲ။

ဒါအပြင် ဒါကကလေး တစ်ယောက် ဖြစ်ပါတယ်။

ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း။

လက်ခုပ်တီးသံတစ်ခု ထွက်ပေါ်လာပြီး စံအိမ်ထဲကနေ အဖြူရောင် ဂတ်စုံနဲ့ ယောက်ျား တစ်ယောက် လမ်းလျှောက်ပြီး ထွက်လာခဲ့ပါတယ်။ အဲဒီလူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနဲ့ ကြည့်ကောင်းပြီး ချောမောပါတယ်။ သူရဲ့အနက်ရောင် ဆံပင်တွေက စိတ်ဂိညာဉ် မြွေတစ်ကောင်လို လေတိုက်တာတောင်မှ နည်းနည်းလေးမှ လှုပ်ရှားမှု မရှိတဲ့ပုံစံပါပဲ။

သူက လင်းဟန်ကို ကြည့်ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"အဝေးကနေ လာခဲ့တဲ့ ဒီလိုမျိုး သူငယ်ချင်းတွေနဲ့ တွေ့ဆုံရတာ ဂမ်းသာကြည်နူးမိပါတယ်။ ငါက နဇီရန်လို့ ခေါ်ပါတယ်။ ဒီကသူငယ်ချင်းတွေကို ဘယ်လိုခေါ်ရမလဲ"

လင်းဟန်ရဲ့ မျက်လုံးတွေထဲမှာ အံ့အားသင့်မှု အရိပ်အယောင် ဖျတ်ခနဲ လက်သွားခဲ့ ပါတယ်။ ဒီနဇီရန်က

အမှန်တကယ်ပဲ ပန်းဖူးအဆင့်မှာ ရှိပါတယ်။

ထူးဆန်းတယ်။ ဒါက အရမ်းကို ထူးဆန်းတယ်။ မြောက်ပိုင်းဒေသ အစွန်အဖျား နိုင်ငံကိုးခုမှာ စစ်မှန်တဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူဆိုတာ အမှန်တကယ်ပဲ မရှိပါဘူး။ ဒီမှာခေါ်ဆိုနေတဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက အမှန်တကယ်တော့ ပန်းဖူးအဆင့် တစ်ဂက်ပဲ ရှိသေးတာ ဖြစ်ပြီးတော့ မျိုးနွယ်စုရဲ့ စွမ်းအား အထောက်အပံ့နဲ့ အဲဒီကျင့်ကြံခြင်း အဆင့်ကို ဂင်ရောက်နိုင်တာပဲ ရှိပါတယ်။ သူတို့မှာ သွေးမျိုးထက် သာလွန်မှု ရှိပေမဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်များ အစွမ်းထက်မလဲ။ ပြီးတော့ သူတို့ရဲ့ သက်တမ်းကရော ဘယ်လောက်များ တိုးလာနိုင်မှာမိုလို့လဲ။

မိုးရေဧကရာဇ်လို မာန်ပါပါနဲ့ စိုးမိုးခြယ်လှယ်နိုင်တဲ့ စရိုက်ရှိသူ တစ်ယောက်ကလွဲလို့ပေါ့။ လင်းဟာန်အနေနဲ့ မြောက်ပိုင်းအစွန်အဖျား နိုင်ငံကိုးခုထဲက ပါရမီရှင်တစ်ယောက်က အကူအညီ အထောက်အပံ့မပါပဲနဲ့ စစ်မှန်တဲ့ ပန်းဖူးအဆင့်ထဲကို ခြေလှမ်းဂင်ရောက်နိုင်စွမ်း ရှိလိမ့်မယ်လို့ လုံးဂကို မယုံကြည်ပါဘူး။

ဒါပေမဲ့ သူ့အရှေ့မှာ ရပ်နေတဲ့ နဇီရန်ကတော့

ပန်းဖူးအဆင့်မှာဆိုတာ အမှန်တကယ်ပဲ ဖြစ်ပါတယ်။ ပြီးတော့ မျိုးနွယ်စုရဲ့ စွမ်းအားပေါ်မှာ မူတည်ပြီးမှ ဒီလိုမျိုး ကျင့်ကြံခြင်းကို စုစည်းထားတယ်ဆိုတာ လုံးဝ မဟုတ်ပါဘူး။

ဒီလိုမျိုး စွမ်းအားနဲ့ သူက မြောက်ပိုင်းအစွန်အဖျား ဒေသမှာ အရေးပါတဲ့ အရာရှိတစ်ယောက် ဖြစ်ဖို့ လာခဲ့တာလား။

လင်းဟန်က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ နဇီရန်ရဲ့ ပစ်မှတ်က သေချာပေါက် အဲဒီသတ္တုမိုင်းတွင်းမှာ ရှိပါတယ်။

ခက်ခက်ခဲခဲနဲ့ ကြံစည်ပြီးတော့ မီးကေရာဇ်ကို ရှေးဟောင်းသတ္တုမိုင်းကို ပြန်ဖွင့်ဖို့ ရုတ်တရက် ကောက်ကာငင်ကာ အကြံပေးခဲ့တာက အဲဒီရှုံးသွပ်မှုကို ဖြစ်စေနိုင်တဲ့ သတ္တုမိုင်းတွင်းတွေကို ရည်ရွယ်ထားတယ် ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ သူက အဲဒီသတ္တုမိုင်းရဲ့ အောက်မှာ မြုပ်နှံထားတဲ့ ကျိန်စာပစ္စည်းကိုပဲ ရည်ရွယ်ထားတာ ဖြစ်ပါလိမ့်မယ်။

Chapter 527 end

အပိုင်း(၅၂၈) ရက်စက်မှုကို အသုံးချပြီး အတင်းအကျပ် အညှဉ့်ခံခိုင်းခြင်း

“နဇီရန် ငါတကယ် သိချင်စိတ် ပြင်းပြနေတယ်။ သတ္တုမိုင်းတွင်းရဲ့ အောက်ခြေမှာ ဘာပစ္စည်းများ မြုပ်နှံထားလို့ မင်းလိုမျိုး ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို နည်းနည်းလေးမှ မတုံ့ဆိုင်းပဲ အရေးပါတဲ့ ဂန်ကြီးတစ်ယောက် ဖြစ်လာအောင် လုပ်နိုင်တာလဲ။ စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်အတွက် ရှေ့တိုးမဲ့ အစီစဉ်တွေ လုပ်ဖို့ဆန္ဒ ရှိနေတာလား”

လင်းဟန်က ပြောလိုက်ပါတယ်။

လပ္ပြတ်ပေ့ါ။

ချက်ချင်းဆိုသလို အားလုံးပဲ အံ့အားသင့် သွားခဲ့ပါတယ်။ နဇီရန်က ပန်းဖူးအဆင့်မှာ ဟုတ်လား။ အဲဒါ ဖြစ်နိုင်ပါ့မလား။

ဒါက သေချာပေါက် မဖြစ်နိုင်ပါဘူး။ ဒီစကားလုံးတွေက လူငယ်တစ်ယောက်ရဲ့ ပါးစပ်ကနေ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေက ယုံကြည်နိုင်မှာလဲ။

အဲဒီအချိန်မှာ နဇီရန်ကလည်း ပြုံးပြီးတော့

ပြောလိုက်ပါတယ်။

"ဒါကြောင့်ဒါအတွက်တော့ မင်းလိုမျိုး ပန်းဖူးအဆင့်မှာရှိတဲ့ လူငယ်လေး တစ်ယောက်ကို ပထမဆုံးအကြိမ် မြင်ဖူးတာပဲ။ အနာဂတ်မှာ ဒီလိုမျိုး မဖြစ်လာနိုင်ဘူးလို့ ငါမပြောနိုင်ပေမဲ့ အနည်းဆုံးတော့ သမိုင်းတစ်လျှောက်မှာ ဒီလိုအရွယ်နဲ့ ပန်းဖူးအဆင့်ကျင့်ကြံသူ တစ်ယောက် လုံးဝမရှိခဲ့ဖူးဘူး"

ပုန်း ဘုန်း။

ဒီတစ်ကြိမ်မှာတော့ လူတော်တော်များများက တုန်လှုပ်ပြီးတော့ မြေကြီးပေါ်ကို ပစ်လဲကျသွားခဲ့ကြပါတယ်။

လင်းဟန်ကလည်း ပန်းဖူးအဆင့်မှာ ဟုတ်လား။

ဒီကောင်လေး နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မြောက်ပင့်နေတာ ပြီးပါဦးမလား။

ဒီလူငယ်လေးက အသက်ဘယ်လောက် ရှိဦးမှာမိုလို့လဲ။ အများဆုံး အသက်နှစ်ဆယ်ပေါ့ ဟုတ်တယ်မလား။ မြောက်ပိုင်းအစွန်အဖျား ဒေသမှာ ဒီအသက်အရွယ်နဲ့

လူတစ်ယောက်က အများဆုံး နှေ့ဦးစမ်းရေ အဆင့်ပဲ ရှိပါတယ်။ ဒါအပြင် ပန်းဖူးအဆင့်ကို ခြေလှမ်းရတာ ဘယ်လောက်တောင်မှ ခက်ခဲလိုက်သလဲ။ တကယ်လို့ နှစ်ပေါင်းနှစ်ဆယ် အချိန်ပေးရင်တောင်မှ တစ်ယောက်လောက် အောင်မြင်ဖို့တောင် ဖြစ်နိုင်ချေ မရှိပါဘူး။ ဒီကောင်လေးကို ကြည့်ရတာ ဒီလောက် အသက်အကြာကြီး နေဖူးသူ ဖြစ်နေတာလား။

ဒါပေမဲ့လည်း ပိုဂမ်လင်းက သူရဲ့နှလုံးသားထဲမှာ အေးစက်စက် ခံစားမှုတစ်ခုက မြင့်တက်လာတာ ခံစားထိတွေ့နိုင်ခဲ့ပါတယ်။ လင်းဟန်က သူ့ကိုစိုက်ကြည့်တာနဲ့ပဲ သူတစ်ကိုယ်လုံး အားနည်းသွား ခဲ့တာကို သူသတိရမိသွားခဲ့ပါတယ်။ ဒီလိုမျိုး စွမ်းအားက လုံးဂကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တည်ရှိမှု တစ်ခုရဲ့ သန်မာမှု ဖြစ်ပါတယ်။

တကယ်လို့ လင်းဟန်က ပန်းဖူးအဆင့်မှာ ရှိနေတယ်ဆိုရင် ဘာလုပ်ရမှာလဲ။

သူသားဖြစ်သူအတွက် လက်စားချေဖို့။ အဲဒါကို မေ့လိုက်ပါတော့။ ဒါက ပိုကလန်တစ်ခုလုံး ပျက်စွးသွားစေမဲ့ ကံကြမ္မာကို ယူဆောင်လာနိုင်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်နက အတွေ့အကြုံနုသေးတာပဲ။ ဒီဘက်ခေတ်ထဲမှာ ကျုပ်တစ်ယောက်ပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းဖူးအဆင့်မှာ ရှိတာ မဖြစ်နိုင်လောက်ပါဘူး။ ဒါပေမဲ့ အတိတ်တုန်းကတော့ ဒီလိုမျိုးကိစ္စ ဖြစ်ပျက်သွားတာမျိုး မရှိနိုင်ဘူး။ အဲဒါကလည်း ကျုပ်တို့ရဲ့ သမိုင်းကြောင်းတွေ ကြာညောင်းပြီး ပျက်စီးကုန်တာကြောင့်လည်း လွန်ခဲ့တဲ့ နှစ်ထောင်သောင်းကျော်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို လုံးဝမသိနိုင်တာ ဖြစ်လိမ့်မယ်

"မင်းပြောတာ မှန်တယ်"

နဇီရန်က ခေါင်းညိတ်လိုက်ပါတယ်။ အဲဒီနောက် သူက အကြောင်းအရာ ပြောင်းပြော လိုက်ပါတယ်။

"ဒါပေမဲ့လည်း မင်းလိုမျိုး ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းဖူးအဆင့် လူတစ်ယောက် အတွက်ကတော့ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကမှ မင်းနဲ့ယှဉ်လို့ ရလိမ့်မှာ မဟုတ်ဘူးဆိုတာ သေချာပေါက် ပြောနိုင်တယ်"

"ညိုးညိုး သူက မင်းကို အထင်သေးနေတယ်"

လင်းဟန်က ဟူးညိုကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သူ့ကို ဆော်ပလော် တီးပစ်မယ်"

လျှပ်ပြက်သွားသလိုမျိုး ဟူးညို့ရဲ့ ပုံရိပ်က အားလုံးရဲ့ အမြင်ကနေ ပျောက်သွားခဲ့ပြီး ရွှစ်ဆိုတဲ့ အသံနဲ့အတူ နဇီရန်ရဲ့ အရှေ့မှာ ပေါ်လာပြီး သူမရဲ့ လက်သီးသေးသေးလေးနဲ့ သူ့ကို ထိုးပစ် လိုက်ပါတယ်။ သူမက ဘယ်တော့မှ သိုင်းပညာနည်းစနစ် အမျိုးအစား တစ်ခုခုကို အသုံးပြုတာ မရှိပါဘူး။ သူမရဲ့ လက်သီးတွေကို ထိုးဖို့အတွက် အသုံးပြုပြီး သူမရဲ့လက်သည်းတွေကိုတော့ ကုတ်ခြစ်ဖို့နဲ့ သူမရဲ့သွားတွေကို ကိုက်ဖို့အတွက် စသည်ဖြင့် ဒီရိုးရှင်းတဲ့ တိုက်ကွက်သုံးခုက သူမအတွက် လုံလောက်နေပါပြီ။

နဇီရန်က ရုတ်တရက် အင့်ခနဲမြည်သံ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့အနေနဲ့ ဟူးညိုက အရမ်းကို လျင်မြန်စွာ လှုပ်ရှားနိုင်လိမ့်မယ်လို့ ကြိုတင်သိမြင်ထားခြင်း မရှိပါဘူး။

မဟုတ်ဘူး မဟုတ်ဘူး။ သူက တကယ်တော့ ဒီလိုမျိုး ငယ်ရွယ်သေးတဲ့ မိန်းကလေး တစ်ယောက်က အမှန်တကယ်ပဲ ကျင့်ကြံသူတစ်ယောက် ဖြစ်လိမ့်မယ်ဆိုတာကို မမျှော်လင့် ထားခဲ့ပါဘူး။ ဒါ့အပြင် ဒီတိုက်ကွက် တစ်ခုကနေ သူမရဲ့ တိုက်ခိုက်မှုနောက်ကွယ်က စွမ်းအားကို သူအာရုံခံနိုင်ခဲ့ပါတယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဒီတိုက်ခိုက်မှုမှာ အနည်းဆုံး ပန်းဖူးအဆင့်ရဲ့ ခွန်အားရှိနေပါတယ်။ တကယ်လို့ သူက ဒီလိုမျိုး လက်သီးချက်ကြောင့် ထိုးနက်ခံလိုက်ရမယ်ဆိုရင် သူ့အနေနဲ့ သေသွားလိမ့်မှာ မဟုတ်ပေမဲ့ သူရဲ့လဖြွတ်ကတော့ ပေါက်ကွဲထွက် သွားနိုင်ပါတယ်။

ဘာဖြစ်လို့ ဒီလိုမျိုး ဖြစ်ရမှာလဲ။ ဟူးညိုက အရမ်းကို ပုပါတယ်။ ဒါကြောင့် တကယ်လို့ သူမရဲ့ လက်သီးချက်သာ ထိမိသွားခဲ့မယ်ဆိုရင် သူမရဲ့ လက်သီးက ဘယ်နေရာကို ထိမယ်လို့ မင်းထင်သလဲ။

နဇီရန်ကို ကြည့်ရတာ အရမ်းကို ချောမောလှပတယ် ဆိုပေမဲ့ သူက သေချာပေါက် မိန်းကလေး တစ်ယောက် မဟုတ်ပါဘူး။ ဘယ်လိုလုပ်ပြီး သူ့အနေနဲ့ ဟူးညိုရဲ့ လက်သီးထိုးချက်ကို ဒီလိုမျိုး နေရာဆီ ထိခိုက်မှာကို

ခွင့်ပြုနိုင်မှာလဲ။ သူကအလျင်အမြန်ပဲ လက်တစ်ဖက်ကို ပင့်ယမ်းလိုက်ပြီး သူရဲ့အရှေ့မှာ ရေခဲနံရံတစ်ခုက အေးခဲပြီးတော့ ပေါ်လာခဲ့ပါတယ်။ ရေခဲနံရံအပေါ်မှာ ရှေးဟောင်းစာလုံး ပုံစံတွေ တလက်လက် တောက်ပလို့ နေပါတယ်။

ဒီလိုမျိုး ပုံစံက တကယ်ပဲ မြင်တွေ့ရတာ ရှားပါးပါတယ်။

လင်းဟန်က အရမ်းကို သိချင်စိတ် ပြင်းပြသွားခဲ့ပါတယ်။ အစီအရင် ပုံစံတွေက လူတစ်ယောက်ရဲ့ သိုင်းဆန္ဒကို ဖော်ပြနေပါတယ်။ ပြီးတော့ လူအများစုက သူတို့ရဲ့ သက်ဆိုင်ရာ ပုံစံအသီးသီးမှာ မတူညီ ကွဲပြားခြားနားကြတယ် ဆိုပေမဲ့ အခြေခံအားဖြင့်တော့ တူညီကြဆဲပါပဲ။ လူတစ်ယောက် အနေနဲ့ တခြားလူရဲ့ အစီအရင်အပေါ်က ၎င်းရဲ့အရင်းအမြစ်ကို သဲလွန်စ ကောက်နိုင်ပါတယ်။ ဥပမာ ဒီအဆင့်မှာ ကျင့်ကြံခြင်း နည်းစနစ်တွေ အားလုံးနဲ့ သိုင်းပညာ နည်းစနစ်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်က ရှေးဟောင်းပညာရပ်တွေကနေ တိုးတက်ဖွံ့ဖြိုး လာခဲ့တာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ လိုက်လျောညီထွေတဲ့ တူညီမှုတွေကို ရှာဖွေတွေ့ရှိနိုင်ဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့ နဇီရန်ရဲ့ အစီအရင်ပုံစံတွေက အရမ်းကို ရင်းနှီးမှု မရှိပါဘူး။ ဒါတွေက ရှေးဟောင်းပညာ တစ်ခုကနေ မွေးဖွားလာတာ သေချာပေမဲ့ လုံးဝကို သတ်မှတ်ချက်နဲ့ ကွာခြားပါတယ်။

ဘယ်လောက် ထူးဆန်းလိုက်သလဲ။

ဒီလူမှာ ထူးဆန်းတဲ့ ပင်ကိုယ်မူရင်း တစ်ခု ရှိပြီးတော့ သူရဲ့ရည်ရွယ်ချက်ကလည်း အတော်လေး ထူးဆန်းပါတယ်။

ထန်။

ဟူးညိုရဲ့ လက်သီးတွေက ရေခဲနံရံအပေါ်ကို ထိုးမိသွားခဲ့ပါတယ်။ ခရက် ခရက် ခရက်။ ချက်ချင်းဆိုသလိုပဲ ရေခဲအပေါ်မှာ အက်ရာတွေ ပေါ်လာပြီးတော့ ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒါကပဲ နဇီရန်ကို အန္တရာယ်ကနေ သူ့ကိုယ်သူ ဖယ်ရှားဖို့ လုံလောက်တဲ့ အချိန်တစ်ခု ရရှိသွားအောင် ကူညီပေးနိုင်ခဲ့ပါတယ်။ ဟူးညိုက ဆက်ပြီးတော့ တိုက်ခိုက်မှု တွဲလုံးတွေကို နဇီရန် အနောက်ကို ဆက်လိုက်ပြီး တိုက်ခိုက်လိုက်ပါတယ်။ ဒါကြောင့် သူက သူမရဲ့ တိုက်ခိုက်မှုတွေကနေ အဝေးကို ဆက်ပြီးတော့

ရှောင်တိမ်းဖို့ပဲ တစ်ခုပဲ တတ်နိုင်ခဲ့ပါတယ်။

ရေခဲနံရံတွေ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပြီး ဆက်တိုက်ဆိုသလို အားလုံးက ပျက်စီးသွားခဲ့ပါတယ်။ တစ်ယောက်က အနောက်ကို အဆက်မပြတ် ဆုတ်ခွာနေပြီး တခြားတစ်ယောက်ကတော့ ပိုပြီးတော့တောင် လျင်လျင်မြန်မြန်နဲ့ လိုက်ဖမ်းနေပါတယ်။ နောက်ဆုံးမှာတော့ ဒါက ဟူးညီုရဲ့ တစ်ဖက်သတ် ဆုံးမမှုတစ်ခု ဖြစ်လာပြီး သူမအနေနဲ့ သူမရဲ့သားကောင်ကို ပြန်တိုက်ခိုက်ဖို့ အခွင့်အရေး နည်းနည်းလေးမှကို မပေးခဲ့ပါဘူး။

"ဟင့်"

နဇီရန်က နောက်ဆုံးမှာ ဒေါသထွက်လာပြီး အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ သူရဲ့အနောက်မှာ ပင်လယ်ထဲက လှိုင်းလုံးတစ်ခု မြင့်တက်လာတဲ့ ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာပါတယ်။ သူက သူ့ပါးစပ်ကို ရုတ်တရက် ဟလိုက်ပြီးတော့ ရေတွေကို မြားတစ်စင်းလို မှုတ်ထုတ်လိုက်ပါတယ်။ အနီးကပ်ကြည့်လိုက်ရင် ဒီရေမြား အားလုံးအပေါ်မှာ တူညီတဲ့ ရှေးဟောင်းစာလုံးတွေ ပျံ့နှံ့နေပါတယ်။

ဒါကသာမန်ရိုးရိုး ရေမြားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေနဲ့ ပြည့်နှက်နေပြီး ပန်းဖူးအဆင့် ကျင့်ကြံသူတွေကို ခြိမ်းခြောက်မှုနိုင်တဲ့ အရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဟူးညိုက နောက်ဆုံးမှာ တုံ့ဆိုင်းသွားခဲ့ပြီး ချာခနဲလှည့်ကာ ဒီတိုက်ခိုက်မှုကို ပွတ်ကာသီကာနဲ့ ရှောင်တိမ်းလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီဖလှယ်မှုမှာ ပထမဆုံးအကြိမ်အဖြစ် အစွန်းကို ကျော်လွန်သွားပြီး သူရဲ့အမူအရာကို နောက်ဆုံးမှာ ပြန်ရရှိဖို့ အချိန်လုံလောက် သွားခဲ့ပါတယ်။

နဇီရန်ရဲ့ မျက်နှာမှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါကဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အရမ်းကို ငယ်ပြီးတော့ ပန်းဖူးအဆင့်ကို ရောက်နေပြီလား"

ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်အနေနဲ့ သူရဲ့အသက် နှစ်ဆယ်အရွယ်မှာ ရောက်နေရင်ပဲ အံ့အားသင့်ဖို့ လုံလောက်နေပြီး ဒါကသူ့ရဲ့ မျက်လုံးအိမ်တွေ သူ့ခေါင်းကနေ ပြုတ်ထွက်လုမတတ် ဖြစ်သွားစေခဲ့ပါတယ်။ ဘယ်လိုပဲကြည့်ကြည့် ဟူးညိုက အသက် ငါးနှစ်

ခြောက်နှစ်အရွယ်ပဲ ရှိပါဦးမယ်။ တကယ်လို့ သူမက မိခင်ဂမ်းဗိုက်မှာကတည်း ကျင့်ကြံခြင်းကို စတင်မယ် ဆိုရင်တောင် ဘယ်လိုလုပ်ပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းက ဒီအဆင့်ကို ရောက်နိုင်ဦးမှာလဲ။

တခြားလူတွေဆိုရင် အံ့အားသင့်ပြီးတော့ သတိလစ် မူးမေ့သွားကုန် ကြပါတယ်။

ဒီတိုက်ခိုက် ဖလှယ်မှုတွေကနေ ပန်းဖူးအဆင့်ရဲ့ အရှိန်အဝါတွေက အပြည့်အဝကို ပေါက်ကွဲ ထွက်ပေါ်နေပြီး သူတို့ရဲ့ နလုံးသားတွေ အားလုံးမှာ ကြောက်ရွံ့မှုတွေနဲ့ ကြည်ညိုလေးစားမှုတွေ မြင့်တက်လာခဲ့ ကြပါတယ်။ ဒါကဘာဖြစ်လို့လဲဆိုတော့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက သူတို့ရဲ့ သွေးမျိုးအဆင့်ကို လုံးဝကို ပယ်ခွာနိုင်ပြီး သွေးမျိုးကဏ္ဍမှာကနေ တက်သွားခဲ့တာကြောင့် ဖြစ်ပါတယ်။ ဒါ့အပြင် သိုင်းပညာရပ်မှာ အုပ်ချုပ်သူ အဆင့်မှာ ရှိနေတာကြောင့် ဒီလိုအရှိန်အဝါမျိုးက အားလုံးကို လုံးဝထိန်းချုပ်ပြီး ဖိနှိပ်နိုင်ပါတယ်။

ဒီတစ်ကြိမ် သူတို့အနေနဲ့ သူတို့အရှေ့မှာရှိနေတဲ့ အကြောင်းအရာတွေကို ယုံကြည်လိုက်ဖို့က လွဲရင် ရွေးချယ်စရာ မရှိတော့ပါဘူး။ နဇီရန် ဒါမှမဟုတ် လင်းဟန်

ဒါမှမဟုတ် အသက်ငါးနှစ် ခြောက်နှစ်ပဲရှိတဲ့ ကလေးမလေးတောင်မှ အားလုံးက ပန်းဖူးအဆင့်မှာ ရှိနေကြပါတယ်။

ဒါက သဘာဂမကျပါဘူး။ လုံးဂကို သဘာဂ မကျပါဘူး။ ပန်းဖူးအဆင့်တွေက ဘယ်အချိန်က ပေါ်လာခဲ့တာလဲ။ အားလုံးက ရုတ်တရက်ဆိုသလို ဒီလိုမျိုး အင်အားကြီးမားတဲ့ ကျင့်ကြံသူ သုံးယောက် ရှိနေပါတယ်။ နောက်ပြီးတော့ သူတို့ထဲက နှစ်ယောက်ဆိုရင် အရမ်းကို ငယ်ရွယ်နေပါသေးတယ်။

လင်းဟန်က ပြုံးဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

"ရေတွင်းအောက်ခြေမှာ ထိုင်နေတဲ့ ဖားသူငယ်ပဲ။ မင်းအခုသိပြီလား။ ဘယ်သူ ဘယ်လောက်ပဲ ကောင်းကောင်း သူ့ထက်ပိုတော်ပိုထက်မြက်တဲ့သူက အမြဲတမ်းလိုလို ပေါ်လာစမြဲပဲ"

ဟူးညိုက နဇီရန်ကို သူမရဲ့ သွားလေးတွေကို ဖြဲပြနေပါတယ်။ သူမရဲ့ အသန်မာဆုံး လက်နက်ကို အသုံးပြုဖို့ ရှိပါတယ်။

နဇီရန်ကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ရပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့က ကောင်းကင်ဓားဂိုဏ်း ဒါမှမဟုတ် တိမ်ဖိုးနစ်ဂိုဏ်းရဲ့ ထူးချွန်တပည့်တွေလား"

"တစ်ခုမှမဟုတ်ဘူး"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းငါတို့ရဲ့ အကြောင်းကို သုံးသပ်ချက် ချနိုင်မှာ မဟုတ်ဘူး။ ငါက တစ်ခုပြောဖို့ လာခဲ့တာပဲ။ ရှေးဟောင်းသတ္တုမိုင်းတွင်းကို တူးဖော်နေတာကို ချက်ချင်းပဲ ရပ်လိုက်ပါ"

"မင်းရဲ့ ဆန္ဒအတိုင်း ငါမလိုက်လျောနိုင်တာကို ဝမ်းနည်းပါတယ်"

နဇီရန်ကလည်း သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"ကောင်လေး မင်းက ဘယ်အဖွဲ့အစည်းကနေပဲ လာလာ အရေးမပါဘူး။ မင်းအနေနဲ့ သေချာပေါက် ဒီကိစ္စမှာ

ဂင်ရောက်စွက်ဖက်ဖို့ မသင့်တော်ဘူး။ ငါမင်းကို စကားတစ်ခု အကြံပေးလိုက်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းရဲ့တစ်ခုတည်းသော လမ်းကြောင်းက သေခြင်းပဲ"

"အိုး အဲဒါက တကယ့်ကို စိတ်လှုပ်ရှားစရာ ကောင်းတာပဲ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ငါဒီထပ်ပိုပြီးတော့ နည်းနည်းလေး ကစားချင်သေးတယ်"

နဇီရန်ရဲ့ မျက်နှာက မကျေနပ်မှုတွေနဲ့ ပြည့်နှက်သွားပြီးတော့ သူကမေးလိုက်ပါတယ်။

"ငါ့ရဲ့အစွမ်းကို မင်းဘယ်လိုထင်လဲ"

"သိပ်အကောင်းကြီးမဟုတ်ပါဘူး။ ငါမင်းကို သုံးကွက်အတွင်းမှာ အနိုင်ယူနိုင်လိမ့်မယ်"

လင်းဟာန်က သာမန်ကာလျှံကာပဲ ပြောလိုက်ပါတယ်။

နဇီရန်က ဒေါသထွက်လွန်းလို့ သေလုမတတ်

ဖြစ်သွားပါတယ်။ သူရဲ့ဒေါသတွေကို အတင်းကို မျိုသိပ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"ငါလာခဲ့တဲ့နေရာမှာ တကယ်လို့ တစ်သိန်းမဟုတ်ရင်တောင်မှ အနည်းဆုံး ငွေအဆင့်ရှိတဲ့ လူတွေ ရှစ်သောင်းရှိတယ်။ ပြီးတော့ အနည်ဆုံး တစ်သောင်း ဒါမှမဟုတ် နှစ်သောင်းလောက်က ငွေထက် အစွမ်းပိုထက်တယ်"

လပြွတ်။

မီးနိုင်ငံက လူတွေအားလုံးရဲ့ မျက်နှာတွေက ထိန်းမနိုင် သိမ်းမနိုင်အောင် တွန့်လိမ်ရှုံ့မဲ့ သွားကုန်ကြပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူ အရေအတွက် တစ်သောင်းလောက်ရှိတဲ့ ဘယ်လိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အဖွဲ့အစည်းလဲ။ တစ်ခု နားလည်ထားရမှာက မီးနိုင်ငံ တစ်ခုလုံးမှာတောင် လွန်ခဲ့တဲ့ မျိုးဆက်လေးခုလေက်က ဧကရာဇ်ဟောင်းတစ်ယောက်ပဲ မျိုးနွယ်စုရဲ့ စွမ်းအား အထောက်အပံ့အကူအညီနဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ရောက်ရှိ နိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ခုရဲ့ မျိုးနွယ်စု စွမ်းအားက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကိုပဲ ထွက်ပေါ် လာဖို့ လုံလောက်ရုံပဲ ရှိပါတယ်။

ဒါအပြင် ပန်းဖူးအဆင့်ထက် အားကောင်းတဲ့ လူတွေတောင် ရှိပါတယ်။ ပြီးတော့ အဲဒီမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းထက်တဲ့လူတွေ တစ်သောင်း ဒါမှမဟုတ် နှစ်သောင်းတောင် ရှိနေပါတယ်။

အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဘယ်လိုအဖွဲ့အစည်းများလဲ။

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ အိုးလို့ တစ်ချက်အော်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်တော့ ငါတကယ်ပဲ သိချင်လာပြီ။ မင်းက ဘယ်အဖွဲ့အစည်းကနေ လာခဲ့တာလဲ"

"ဟင့် ဒါက မင်းအလုပ်မဟုတ်ဘူး။ မင်းတစ်ခု သိရမှာက တကယ်လို့ မင်းငါ့ကို ဆန့်ကျင်ဖို့ ရပ်တည်မယ်ဆိုရင် မင်းက ဂမ်းနည်းစရာ ဇာတ်သိမ်းကို ခံစားရလိမ့်မယ်"

နဇီရန်က အေးစက်စွာ ပြောလိုက်ပါတယ်။

"ညီးညီး ငါ့ကိုပြောစမ်းပါ။ ငါတို့တွေက

ခြောက်တိုင်းကြောက်တတ်တဲ့ လူတွေလား”

လင်းဟန်က ရုတ်တရက် ဟူးညိုကို မေးလိုက်ပါတယ်။

“မဟုတ်ဘူး”

ဟူးညိုက ရှင်းရှင်းလင်းလင်းနဲ့ ဖြေလိုက်ပါတယ်။

“ဒါဆိုရင် တကယ်လို့ တစ်ယောက်ယောက်က ငါတို့ကို ခြိမ်းခြောက်လာရင် ငါတို့ဘာလုပ် သင့်လဲ”

လင်းဟန်က ထပ်မေးလိုက်ပါတယ်။

“သူ့ကို အညှံ့ခံအောင် ဆော်ပလော်တီးပစ်ရမယ်။ သူ့ကိုပြင်းပြင်းထန်ထန်ကို ဆော်ပလော်တီးပြီး အောက်ကျို့တောင်းပန် အရှုံးပေးလာအောင် လုပ်ရမယ်”

ဟူးညိုက ရက်စက်ကြမ်းကြုတ်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

Chapter 528 end

အပိုင်း(၅၂၉) ပင်လယ်မျိုးနွယ်စု

လင်းဟာန်က နဇီရန်ဆီကို ကြည့်ပြီးတော့ ပြုံးပြီးတော့ ပြောလိုက်သည်။

"ငါတို့ရဲ့ ဆောင်ပုဒ်က ခပ်ကြမ်းကြမ်းနည်းကို အသုံးပြုပြီးတော့ အရှုံးပေးအောင် လုပ်တာပဲ။ တကယ်လို့ မင်းက အရှုံးမပေးဘူးဆိုရင် ငါတို့က မင်းအရှုံးပေးလာတဲ့အထိ ရိုက်ပစ်ရလိမ့်မယ်"

နဇီရန်ရဲ့ အမူအရာက ပိုပိုပြီးတော့တောင် အေးစက်လာပြီးတော့ သူကပြောလိုက်သည်။

"လူငယ်လေး။ မဆင်မခြင်မလုပ်နဲ့နော်။ တကယ်လို့ မင်းလုပ်မယ်ဆိုရင် လပြွတ်ပေ့ါ"

သူ့ရဲ့စကားတွေတောင် မဆုံးသေးပါဘူး။ လင်းဟာန်က သူ့ကို တစ်ဟုန်ထိုး ပြေးဂင်တိုက်ခိုက် လိုက်ပါတယ်။ လင်းဟာန်က လေထဲကို လွှားခနဲ ခုန်တက်ပြီးတော့ ချက်ချင်းပဲ သူ့မျက်နှာ တည့်တည့်ကို ခြေထောက်နဲ့ တစ်ချက်ကန်ထုတ်လိုက်ပါတယ်။

တကယ်တမ်း ပြောရမယ်ဆိုရင် တိုက်ပွဲတစ်ခုမှာ

ဘယ်တော့မှ မျက်နှာကို မရည်ရွယ်ကြပါဘူး။ ပြီးတော့ လင်းဟန်က နဇီရန်ရဲ့ မျက်နှာကို ထိခိုက်စေချင်ရုံသာမက သူကအမှန်တကယ်ပဲ ခြေထောက်ကိုတောင် အသုံးပြုခဲ့ပါသေးတယ်။ လင်းဟန်က တကယ်ပဲ သူ့ကို အရမ်းကို နှိမ်ချလွန်းပါတယ်။

"ဂျူနီယာ မင်းက အရမ်းကို မောက်မာတာပဲ"

နဇီရန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူက သူ့လက်ကို မြှောက်ပြီးတော့ လင်းဟန်ရဲ့ ခြေကန်ချက်ကို လက်ဝါးနဲ့ ပုတ်ထုတ်လိုက်ပါတယ်။ ဟုမ်း။ ရေခဲဆူးချွန် ခုနစ်ခု ပျံ့နှံ့ထွက်ပေါ် လာခဲ့ပါတယ်။ အေးစက်စက် လေတွေက အစွမ်းထက်ပြီး ချက်ချင်းဆိုသလို ပတ်ဝန်းကျင်ရဲ့ အပူချိန်က အတော်လေးကို လျော့ကျလာခဲ့ပါတယ်။ လေထဲမှာ ရေခဲမှုန်လေးတွေ ဖြစ်ပေါ်လာပြီး မြေကြီးအပေါ်ကို အဆုံးအစမဲ့စွာဖြင့် ကျဆင်းလာခဲ့သည်။

ရေခဲဆူးချွန်တွေ အပေါ်မှာ သာမန်အစီအရင် ပုံစံတွေက တောက်ပနေပြီး စကားလုံးတချို့ ပုံစံတွေ ဖြစ်ပေါ်နေခဲ့ပါတယ်။ ၎င်းရေခဲဆူးချွန်တွေကို ကြည့်ရတာ နတ်ဘုရား လက်နက်တွေ အဖြစ်ကို

ပြောင်းလဲသွားသလိုမျိုးနဲ့ တူပါတယ်။

နဇီရန်က အေးစက်စွာနဲ့ လှောင်ပြုံးပြုံးလိုက်ပါတယ်။

"မင်းက ခြေကန်ချက် နည်းစနစ်မှ ကျွမ်းကျင်သူ တစ်ယောက် ဖြစ်နေပေမဲ့ တကယ်လို့ မင်းရဲ့ ပြိုင်ဘက်က သန်မာနေပြီး မင်းရဲ့ အားနည်းချက် နေရာကို တိုက်ခိုက်လိုက်မယ်ဆိုရင် မင်းက အကြီးအကျယ်ကို ခံစားသွားရလိမ့်မယ်"

ဘုန်း။

ခြေကန်ချက်က ပြင်းပြင်းထန်ထန်နဲ့ကို ကျဆင်းလာခဲ့ပါတယ်။ ရေခဲဆူးချွန်တွေက ချက်ချင်းပဲ ပျက်စီးသွားပြီးတော့ အမှုန်အမွှားတွေအဖြစ် လေထဲမှာ ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါအပြင် လင်းဟန်ရဲ့ ခြေထောက်က အတားအဆီးမဲ့နေတဲ့ ပုံစံမျိုးနဲ့ နဇီရန်ရဲ့ မျက်နှာဆီကို ပြင်းပြင်းထန်ထန်နဲ့ ဆက်ပြီးတော့ တိုးဝင်လာခဲ့ပါတယ်။

ဒါကဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

နဇီရန်က ထိတ်လန့်တုန်လှုပ် မသွားခဲ့ပေမဲ့

သူရဲ့မျက်နှာမှာတော့ အံ့အားသင့်တဲ့ အမူအရာ ဖြစ်ပေါ်နေပါတယ်။ သူက မျက်စိတွေ ပြူးသွားခဲ့ပါတယ်။ သူတို့နှစ်ယောက်ရဲ့ အကြားက စွမ်းအား ကွာဟချက်က ဘယ်လောက်တောင်များ ကြီးမားလို့ ရလဒ်က အခုလိုမျိုး တစ်ဖက်သတ် အခြေအနေတွေ ဖြစ်နေရတာလဲ။

ဘုန်း။

နဇီရန်က ဒီအကြောင်း မသိသေးခင်မှာပဲ လင်းဟန်ရဲ့ ခြေထောက်က သူရဲ့မျက်နှာပေါ်ကို အကြင်နာတရား ကင်းမဲ့စွာနဲ့ တိုက်ရိုက် ထိမှန်သွားခဲ့ပါတယ်။ ဒီခြေကန်ချက်ရဲ့ အကျိုးသက်ရောက်မှုကြောင့် နဇီရန်က မြေကြီးပေါ်ကို ချက်ချင်းဆိုသလို မှောက်ပြီးတော့ လဲကျသွားခဲ့ပါတယ်။ သူရဲ့ခေါင်းတစ်ခုလုံးကလည်း ထုံးကျောက်နဲ့ခင်းထားတဲ့ လမ်းပေါ်ကို ပြင်းပြင်းထန်ထန် ဆောင့်မိသွားပြီးတော့ သူ့ပုံစံကို ကြည့်ရတာ ခေါင်းမရှိတဲ့ မွန်းစတား တစ်ကောင်နဲ့တူသွားသလို ဖြစ်သွားခဲ့ပါတယ်။

ဟူး ဒါက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ ဂုဏ်သိက္ခာရှိပြီး အင်အားကြီးမားတဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူက အမှန်တကယ်ပဲ ထိတ်လန့်စရာ ကောင်းလောက်အောင် ရိုက်နှက်ဆုံးမ ခံနေရပါတယ်။

ကျောက်တုံးအပိုင်းအစလေးတွေက နဇီရန်ရဲ့ နောက်ကျောဘက်ကနေ လွင့်စဉ်ထွက်သွားပြီး သူ့ရဲ့အမူအရာက လုံးဝကို မည်းမှောင်နေပါတယ်။ ဒီလိုမျိုး နေရာသေးသေးလေးတစ်ခု မြောက်ပိုင်းဒေသရဲ့ သာမန်မျှသာဖြစ်တဲ့ နေရာလေးမှာ သူက ဒီလိုမျိုး အရှက်ခွဲခံရတယ်။ ဒါက သူ့ကိုယ်သူ သတ်သေပစ်ချင်လောက်တဲ့ စိတ်တွေတဖွားဖွား ပေါ်ပေါက်လာစေခဲ့ပါတယ်။ ကျေးဇူးတင်ရမှာက သူ့အဖွဲ့အစည်းက တခြားအဖွဲ့သားတွေ မျက်မြင်သက်သေ မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ဂုဏ်သိက္ခာ နည်းနည်းလေးမှတောင် ကျန်မှာမဟုတ်တော့ပါဘူး။

"ဂျူ"

ဘုန်း။

သူက စကားတစ်လုံးပဲ ပြောရပါသေးတယ်။ ချက်ချင်းဆိုသလို လင်းဟန်ဆီကနေ နောက်ထပ် ကန်ချက်တစ်ချက် အကန်ခံလိုက်ရပါတယ်။ သူ့ရဲ့ခေါင်းက နောက်တစ်ကြိမ် ထုံးကျောက်လမ်းပေါ် နစ်မြုပ်သွားခဲ့ပါတယ်။

ဘေးနားက ရပ်ကြည့်နေတဲ့ သူတွေရဲ့ မျက်နှာပေါ်မှာ သနားဂရုဏာသက်တဲ့ အမူအရာ တစ်စွန်းတစ်စ ဖြတ်ခနဲ လက်သွားခဲ့ပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ ပန်းဖူးအဆင့် ကျင့်ကြံသူ ဆိုတာက နတ်ဘုရားတွေလိုမျိုး တည်ရှိမှုတစ်ခုလို့ သတ်မှတ်ထားခဲ့တာပါ။ ဒါပေမဲ့ အဲဒီလိုမျိုး သက်ရှိတစ်ယောက်က လက်ရှိမှာတော့ အရမ်းကို ထိတ်လန့်စရာ ကောင်းလောက်အောင် ခံစားနေရပြီး သူရဲ့ခေါင်းကို တခြားတစ်ယောက်က ထပ်ခါထပ်ခါ နင်းတာကို ခံနေရပါတယ်။ တကယ်တော့ သူတို့အနေနဲ့ ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။

"လဗ္ဗတ်"

နဇီရန်က ဒုတိယအကြိမ် မြေကြီးပေါ်ကနေ ခုန်ထလိုက်ပေမဲ့ အရင်ကလိုပဲ သူက စကားတစ်လုံးပဲ ပြောရပါသေးတယ်။ နောက်တစ်ကြိမ် လင်းဟာန်ရဲ့ ခြေကန်ချက်ကြောင့် မြေပြင်ပေါ်ကို ဆောင့်ကန်ခံလိုက် ရပါတယ်။

သုံးကြိမ်၊ ငါးကြိမ်၊ ဆယ်ကြိမ်။

ဆယ်ကြိမ်မြောက်မှာ နဇီရန်က နောက်ဆုံးတော့ သူက

လင်းဟန်အတွက် ပြိုင်ဘက်မဟုတ်ဘူး ဆိုတာကို လုံးဂကို နားလည်သွားခဲ့ပါတယ်။ ဒါကြောင့် သူက ပိုပြီးတော့ နာခံဖို့ကို ဆုံးဖြတ်ခဲ့ ပါတယ်။ သူကကြမ်းပေါ်ကနေ ပြန်ပြီးတော့ ခုန်မထတော့သလို အသံတစ်စက်မှလည်း မထွက်တော့ပါဘူး။ သူက မျက်စိစုံမှိတ်ပြီး မျက်ကွယ်ပြုထားတဲ့ ပုံစံမျိုး လုပ်လိုက်ပေမဲ့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူကဘာများ လုပ်နိုင်မှာလဲ။

ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်အတွက် ဒီလိုမျိုး လုပ်နေရတာ ဘယ်လိုအရှက်ခွဲခံ ရတာလဲ။

ဒါပေမဲ့ အားလုံး သိနားလည်ထားရတဲ့ အကြောင်းရင်းကတော့ လင်းဟန်က အရမ်းကို အစွမ်းထက်ပြီး သူ့မှာ လုံးဂကို သာလွန်တဲ့ တိုက်ပွဲစွမ်းရည် ရှိတယ်ဆိုတာကိုပါပဲ။ အဲဒီလိုမှ မဟုတ်ရင် နဇီရန်ကို အရှုံးပေးအောင်လို့ လုပ်နိုင်မှာလား။

"ပျော်စရာကြီး"

ဟူးညိုက လက်ခုပ်တီးပြီးတော့ ပရိသတ်တွေကို ခြိမ်းခြောက်တဲ့ အကြည့်နဲ့ ဝေ့ကြည့်ပြီး မကျေမနပ်နဲ့ မေးလိုက်ပါတယ်။

"ညီးညီးက ဘာကြောင့် လက်ခုပ်တီးသံတွေကို မကြားရတာလဲ"

ဖြောင်းဖြောင်း ဖြောင်း ဖြောင်း ဖြောင်း။

လူတိုင်းလူတိုင်း အမြန်ပဲ လက်ခုပ်တီးလိုက်ပါတယ်။ သူတို့အနေနဲ့ ဒီမိန်းကလေးငယ်လေးကို ဆန့်ကျင်နိုင်စွမ်း လုံးဝကို မရှိပါဘူး။

လင်းဟန်က အသာလေးပြုံးပြီးတော့ မြေပြင်ကို ကုန်းပြီးတော့ မေးလိုက်ပါတယ်။

"ဆရာသခင်န ငါတို့အခု တည်တည်ငြိမ်ငြိမ်နဲ့ ဆွေးနွေးလို့ ရပြီလား"

နဇီရန်က အော်ဟစ်ငိုကြွေးလိုက်ချင်ပေမဲ့ မျက်ရည်မရှိပါဘူး။ သူက ဒီကိစ္စကို အေးအေးချမ်းချမ်းနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့ပေမဲ့ တဖက်လူကတော့ ရက်စက်ကြမ်းကြုတ်ပါတယ်။ ပထမ လင်းဟန်မှာ ပါလာတဲ့ မိန်းကလေးငယ်လေးက သူ့ကို တိုက်ခိုက်ခဲ့ပြီး အဲဒီနောက်မှာ သူကိုယ်တိုင် တိုက်ခိုက်ခဲ့ပါတယ်။ အခုဆိုရင် ဘယ်နှစ်ကြိမ်တောင်

ရိုက်နှက်ခံထားရပြီးပြီလဲ။ ဒါပေမဲ့ ဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ စရိုက်ရှိတဲ့ လူနှစ်ယောက်ရဲ့ အရှေ့မှာ သူ့အနေနဲ့ပ ဘယ်လိုလုပ်ပြီး ကန့်ကွက်တဲ့ အသံတွေ ထုတ်ဖော်ပံ့မှာလဲ။ သူက အလျင်အမြန်ပဲ လက်တစ်ဖက်ကို မြေကြီးပေါ် ဆုပ်ပြပြီးတော့ သူ့အနေနဲ့ အေးအေးဆေးဆေး စကားပြောချင်တဲ့ ဆန္ဒရှိတယ်ဆိုတဲ့ အမူအရာကို ထုတ်ဖော်ပြသလိုက်ပါတယ်။

"ဒါဆိုရင် စကားကောင်းကောင်း ပြောကြတာပေါ့။ မင်းရဲ့ခေါင်းကို မြေကြီးထဲကို အနက်ကြီးထိ နှစ်မထားနဲ့ဦး။ အဲဒီလိုမှ မဟုတ်ရင် မင်းမှာစောဒက တက်စရာတချို့ ရှိနေဦးမယ်လို့ ငါထင်ရလိမ့်မယ်။ အိုး ဟုတ်ပြီ။ မင်းမှာ ငါ့ကို စောဒကတက်ဖို့ တစ်ခုမှ မရှိဘူးပေါ့။ မင်းမှာရှိရဲ့လား"

နဇီရန်က သူရဲ့ခေါင်းကို မြေကြီးကနေ ဆွဲထုတ်ပြီးတော့ သူရဲ့ခေါင်းကို လျင်မြန်စွာနဲ့ ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါမလုပ်ပံ့ပါဘူး။ မလုပ်ပံ့ပါဘူး"

"မလုပ်ပံ့တာလား မလုပ်တာလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မလုပ်ပါဘူး။ ပြီးတော့ မလုပ်ပုံ့ပါဘူး"

နဇီရန်က နောက်ဆုံးမှာတော့ ပိုပြီးတော့ ပါးနပ်လာခဲ့ပါတယ်။

လင်းဟန်က သူရဲ့ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစပိုင်းက အရမ်းကို ကောင်းတာပဲ။ ငါအရမ်းကို ကျေနပ်တယ်။ မင်းက ငါ့ရဲ့ခံစားချက်ကို ဆက်ပြီးတော့ ပိုကောင်းအောင် လုပ်ပါ။ အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ ငါမကျေနပ်ဘူးဆိုရင် မင်းခံစားသွားရလိမ့်မယ်"

"နားလည်ပါတယ်။ ကျနော်နားလည်ပါတယ်"

နဇီရန်က လျင်မြန်စွာ ခေါင်းညိတ်လိုက်ပါတယ်။

"အရင်ဆုံး မင်းရဲ့အကြောင်းကို ပြောပြစမ်း"

လင်းဟန်က အရမ်းကို သိချင်စိတ် ပြင်းပြလို့နေသည်။ နဇီရန်ရဲ့ သိုင်းပညာရပ် အမွေကို ကြည့်ရတာ ဒီကဲ့မှာကြီးရဲ့ ရိုးရာတာအိုကနေ အကြီးအကျယ် ကွဲပြားခြားနားလို့ နေသည်။

"အာ"

နဇီရန်က တုံ့ဆိုင်းလို့ နေ၏။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

"အမှန်တကယ်တော့ ငါမင်းရဲ့ စိတ်ဝိညာဉ်ကိုလည်း ရှာဖွေနိုင်တယ်"

နဇီရန်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။ တကယ်လို့ သူရဲ့ စိတ်ဝိညာဉ်ကို ရှာဖွေခံလိုက်ရရင် အဲဒီနောက်မှာ သူရဲ့ စိတ်ဝိညာဉ်က လုံးဝကို ပျက်စီးသွားခဲ့ ပါလိမ့်မယ်။ ပြီးတော့ သူက သေတာထက်တောင် ဆိုးသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း စိတ်ဝိညာဉ် ရှာဖွေမှုက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် အသုံးပြုနိုင်တဲ့ အရာမဟုတ်ပါဘူး။ ဒါပေမဲ့ ပြဿနာက တခြားပန်းဖူးအဆင့် ကျင့်ကြံသူတွေက လင်းဟန်လိုမျိုး ငယ်ငယ်ရွယ်ရွယ် ဖြစ်နိုင်လို့လား။

ဒါကြောင့် သူ့အနေနဲ့ လင်းဟန်က ခြိမ်းခြောက်တယ် ဆိုတာထက် နောက်ပိုင်းမှာ နောင်တရ ရသွားနိုင်တာကို

ယုံကြည်ရပါလိမ့်မယ်။

"ငါက ပင်လယ်မျိုးနွယ်စုက လာခဲ့တာပါ"

သူက လျင်မြန်စွာနဲ့ အဖြေပေးလိုက်ပါတယ်။

"ပင်လယ်မျိုးနွယ်စု ဟုတ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူရဲ့ဘဂနစ်ခုလုံးမှာ ပင်လယ်မျိုးနွယ်စုကို သူ့အနေနဲ့ လုံးဂကို မကြားခဲ့ဖူးပါဘူး။ ဒီအဖွဲ့အစည်းက ဘယ်နေရာကနေ လာခဲ့တာလဲ။ နေပါဦး။ မြောက်ပိုင်းအစွန်အဖျား ဒေသရဲ့ အပြင်ဘက်က ပင်လယ်တွေပဲ။ ဒါကြောင့် ပင်လယ်မျိုးနွယ်စုက ပင်လယ်တွေမှာ အခြေချနေတာများလား။

နဇီရန်က ခေါင်းညိတ်ပြီးတော့ လင်းဟန်မေးတာကိုတောင် မစောင့်ပဲ စပြီးတော့ ရှင်းပြလိုက် ပါတယ်။

"အမှန်တကယ်တော့ ဒီကမ္ဘာကြီးရဲ့ အဓိက အစိတ်အပိုင်းက ပင်လယ်ဖြစ်တယ်။ ငါက မြောက်ပိုင်း ပင်လယ်ကနေ လာခဲ့တယ်။ အဲဒါအပြင် နောက်ထပ် ပင်လယ်လေးခုလည်း

ရှိသေးတယ်။ အရှေ့ဘက်ပင်လယ်၊ အနောက်ဘက် ပင်လယ်၊ တောင်ဘက်ပင်လယ်နဲ့ အလယ်ပိုင်း ပင်လယ်တို့ ဖြစ်ပါတယ်”

နဇီရန်က သူလာခဲ့တဲ့ နေရာမှာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ တစ်သိန်းလောက် ရှိတယ်လို့ ပြောတာက အံ့သြစရာ မဟုတ်တော့ပါဘူး။ ပြီးတော့ ပန်းဖူးအဆင့်ထက်တောင် ပိုပြီးတော့ အစွမ်းထက်တဲ့ လူတွေ အနည်းဆုံး တစ်သောင်း ဒါမှမဟုတ် နှစ်သောင်းတောင် ရှိပါတယ်။

“မင်းပြောခဲ့တဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်သိန်းဆိုတာက ပင်လယ်အားလုံးကို ရည်ညွှန်းတာလား။ ဒါမှမဟုတ် မင်းလာခဲ့တဲ့ မြောက်ဘက်ပင်လယ်ကို ပြောတာလား”

လင်းဟန်က မေးလိုက်ပါတယ်။

“ငါတို့ရဲ့ မြောက်ဘက်ပင်လယ်ကို ပြောတာပါ”

နဇီရန်က ရိုးရိုးသားသားပဲ ဖြေလိုက်ပါတယ်။

လင်းဟန်ရဲ့ အမူအရာက အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ သူက အလယ်ပိုင်း စီရင်စုနဲ့

တခြားနယ်မြေ သုံးခုကို ဘယ်တုန်းကမှ မသွားခဲ့ဖူးပေမဲ့ အကြမ်းဖျင်း ကောက်ချက်ချရမယ်ဆို အားလုံးပေါင်းမှ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ တစ်သိန်းလောက်ပဲ ရှိပါလိမ့်မယ်။ မြောက်ပိုင်းဒေသမှာ အနည်းဆုံး ဖြစ်ပြီးတော့ တစ်သောင်းတောင် ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ မြောက်ဘက်ပင်လယ်မှာ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်သိန်းတောင် ရှိပါတယ်။ တကယ်လို့ ပင်လယ်ငါးခုစလုံးမှာ စွမ်းအားအခြေခံ တူညီမယ်ဆိုရင် ပင်လယ်မျိုးနွယ်စုက ဘယ်လောက်တောင်မှ အစွမ်းထက်လိမ့်မလဲ။

"မင်းတို့ပင်လယ် မျိုးနွယ်စုထဲမှာ ဘယ်ပင်လယ်က အစွမ်းအထက်ဆုံးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"အလယ်ပိုင်း ပင်လယ်ပဲ။ အဲဒါက ငါတို့ ပင်လယ်ဧကရာဇ် နေထိုင်တဲ့နေရာ ရှိပြီးတော့ ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားအားလုံး ရောက်ဖို့မျှော်လင့်တဲ့ နေရာပဲ"

နဇီရန်က အောက်မေ့သတိရမှုတွေ ပြည့်နက်စွာနဲ့

ပြောလိုက်ပါတယ်။

"ငါ့ကို မင်းတို့မြောက်ဘက်ပင်လယ်ရဲ့ သိုင်းပညာအဆင့်တွေအကြောင်း အသေးစိတ် ပြောဦး"

လင်းဟန်က မေးလိုက်ပါတယ်။

နဇီရန်က စကားတော်တော်များများ ပြောပြီးပြီ ဆိုမှတော့ သူ့အနေနဲ့ ကိစ္စတွေကို ဖုံးကွယ်ထားဖို့ ဆန္ဒမရှိတော့ပါဘူး။ သူက ပြောလိုက်ပါတယ်။

"ငါတို့မြောက်ဘက် ပင်လယ်မှာ ပင်လယ်မျိုးနွယ်စုရဲ့ တော်ဝင်ကလန်က ခေါင်းဆောင်ပဲ။ သူရဲ့အောက်မှာ အင်အားကြီး မဟာကလန်တွေ အများကြီး ရှိတယ်"

လင်းဟန်က သူ့ကို စိုက်ကြည့်နေတာကို မြင်လိုက်ရတဲ့ အခါမှာ သူကအလျင်အမြန် ထပ်ပြီး ဖြည့်စွက်ပြောလိုက်ပါတယ်။

"အကြမ်းဖျင်းအားတော့ ကလန်တွေမှာ အနည်းဆုံး နတ်အသွင်ပြောင်းလဲခြင်းအဆင့် အစွမ်းထက် လက်ရွေးစင်တွေ ရှိပြီးတော့ တော်ဝင်ကလန်မှာတော့

အနည်းဆုံး အဆုံးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှိကြတယ်။ ကောလာဟာလတွေ အရတော့ ဘုရင်တချို့တောင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီး သူတို့က ကမ္ဘာကြီး တစ်ခုလုံးမှာ အစွမ်းအထက်ဆုံး တည်ရှိမှုတွေ ဖြစ်ကြတယ်”

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်။

လင်းဟန်က မချိတင်ကဲ ဖြစ်ပြီးတော့ နောင်တရသလို ခံစားလိုက် ရပါတယ်။ အရေးအကြီးဆုံးက ခေတ်ကောင်းတစ်ခုမှာ မွေးဖွားတာ မဟုတ်လား။ သူရဲ့ယခင်ဘဝတုန်းက ကမ္ဘာကြီး တစ်ခုလုံးမှာ စိတ်ဂိညာဉ်ချီရဲ့ ပြတ်လပ်ရှားပါးမှုက အရမ်းကို ကြီးကျယ်ပါတယ်။ ပြီးတော့ သိုင်းပညာရှင်တွေ အတွက် ပတ်ဝန်းကျင်က ထိတ်လန့်စရာ ကောင်းပါတယ်။ မားကေရာဇ်လို မွန်းစတားတွေတောင် ကောင်းကင်အဆင့်မှာပဲ ပိတ်မိနေခဲ့ပါတယ်။ ပြီးတော့ သူရဲ့မှော်ဆေးပညာ ပါရမီနဲ့ တကယ်လို့ လက်ရှိဒီဘက်ခေတ်လိုမျိုးမှာသာ မွေးဖွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ သေချာပေါက် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ဒါမှမဟုတ် စစ်မှန်တဲ့ တန်ခိုးရှင် တစ်ယောက်တောင် မှော်ဆေးပညာနဲ့ပဲ အဆင့်တက် ချိုးဖျက်ပြီးတော့

ဖြစ်လာနိုင်ပါတယ်။

လက်ရှိမှာ သူ့အနေနဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင် ရပ်တည်ဖို့ လုံးဂကို အဆင့်မမီပါဘူး။

Chapter 529 end

အပိုင်း(၅၃၀) ဆေးပုလင်းတစ်ခု

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အကြောင်းအရာကို ပြောလိုက်တဲ့ အခါမှာ နဇီရန်ကို ကြည့်ရတာ ယုံကြည်မှု ပြန်လည်ရရှိသွားပုံ ရပါတယ်။ သူကပြောလိုက်ပါတယ်။

"လူသားမျိုးနွယ်စုရဲ့ ဆရာ တကယ်လို့ မင်းရဲ့တိုက်ပွဲစွမ်းရည်က မွန်းစတားဆန် နေတယ်ဆိုရင်တောင် မင်းက တကယ်တော့ ပန်းဖူးအဆင့်မှာပဲ ရှိပါသေးတယ်။ မင်းအနေနဲ့ ငါတို့မြောက်ဘက် ပင်လယ်က ပင်လယ်မျိုးနွယ်စုရဲ့ ပြိုင်ဘက်ဘယ်လိုမှ ဖြစ်လာနိုင်လိမ့်မှာ မဟုတ်ဘူး။ ဒါအပြင် ငါက မဟာကလန်တွေရဲ့ ကလန်တစ်ခုက အရှင်သခင်တစ်ယောက် အမိန့်ကြောင့် ဒီနေရာကို လာပြီးတော့ ရှေးဟောင်းပစ္စည်း တစ်ခုကို ပြန်သိမ်းယူဖို့

လာခဲ့တာပါ။ အဲဒီပစ္စည်းကို ယူပြီးရင် ငါထွက်သွားရလိမ့်မယ်။ ငါတို့ ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားတွေက ကုန်းမြေတွေကို မနှစ်သက်ကြဘူး။ ပြီးတော့ ကုန်းမြေက အရှုပ်အယှက်တွေကို လုံးဝကို ဂင်ပြီးတော့ စွက်ဖက်လိမ့်မှာ မဟုတ်ဘူး”

ဒီစကားတွေက အတော်လေးကို ယုံကြည်နိုင်စရာ ရှိပါတယ်။ အနည်းဆုံး လင်းဟန်က သူရဲ့ ယခင်ဘဝတုန်းက ပင်လယ်မျိုးနွယ်စုအကြောင်းကို တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ သူတို့က သူတို့ကိုယ်ပိုင် လုပ်ငန်းကိုယ်စီမှာပဲ စိတ်ပါတယ်ဆိုတာ သိသာပြီးတော့ တခြားပိုင်နက် ကိုယ်စီအပေးမှာ ကျူးကျော်မှုတွေ နည်းနည်းလေးမှ မလုပ်ခဲ့ကြပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“မင်းရဲ့ဦးနှောက်က မြည်းတစ်ကောင် အကန်ခံလိုက်ရပြီလား။ ငါတို့လူသား မျိုးနွယ်စုရဲ့ ပိုင်နက်ထဲမှာ တခြားလူတွေရဲ့ လုပ်ငန်းကို ဂင်ရောက်စွက်ဖက်ခြင်း မရှိဘူးလို့ မင်းကငါ့ကို ပြောရဲသေးတာလား”

နဇီရန်က ချက်ချင်းပဲ အေးစက်သွားသလို ခံစားလိုက်ရပါတယ်။ ပင်လယ်မျိုးနွယ်စုက ဘယ်လောက် အစွမ်းထက်တယ်ဆိုတာက အကြောင်းအရာ တစ်ခုဖြစ်ပါတယ်။ အခုပြဿနာ ရှိတာက သူက လင်းဟန်ရဲ့ လက်ထဲကို ကျရောက်နေပါတယ်။ ပြီးတော့ သူ့သေတာ ရှင်တာက လင်းဟန်ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာပဲ ရှိပါတယ်။ သူကအလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"ငါ့အမှားကို ငါသိပါပြီ။ ငါ့အမှားကို ငါသိပါပြီ"

ဘယ်လောက်တောင် အရှက်ခွဲခံရတာလဲ။ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်က တကယ်ပဲ တုန်လှုပ်ကြောက်ရွံ့နေပုံ ပြုလုပ်နေရပါတယ်။

လင်းဟန်နဲ့ နဇီရန်တို့ ဘာတွေပြောနေတယ်ဆိုတာကို လူတွေမကြားနိုင်ဘူး ဆိုပေမဲ့ နဇီရန်ရဲ့ ကျိုးကျိုးနွံနွံနဲ့ ထိတ်ထိတ်ပျာပျာ ပြုမူနေပုံကို ကြည့်ရုံနဲ့ လင်းဟန်ရဲ့ ဖိနှပ်ကိုတောင် နဇီရန်က အခုပဲ ပြေးယက်တော့မဲ့အတိုင်းပဲဆိုတာ သတိပြုမိကြပါတယ်။

မတူမတန် အထင်သေးဖို့ ကောင်းလိုက်တာ။

"ကလန်အများစုမှာ ကောင်းကင်အဆင့် ကျင့်ကြံသူတွေ ရှိလား"

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"မင်းရဲ့ ပင်လယ်မျိုးနွယ်စုက အရမ်းကိုအစွမ်းထက် နေမှတော့ ဘာဖြစ်လို့ မင်းလိုလူကို စေလွှတ်လိုက်ရတာလဲ"

နဇီရန်က အရမ်းကို ဂမ်းနည်းညိုးငယ်သွားသလို ခံစားလိုက်ရပါတယ်။ မြောက်ပိုင်း အစွန်အဖျား ဒေသရဲ့ သိုင်းပညာအဆင့်က မမြင့်ပါဘူး။ သူ့လိုမျိုး လူတစ်ယောက်တောင်မှ သူ့စိတ်ကြိုက် လုပ်ဖို့ လုံလောက်တဲ့ သန်မာမှု ရှိသင့်ပါတယ်။ သူက ပြောလိုက်ပါတယ်။

"ငါက ပင်လယ်နတ်ဆိုး မျိုးနွယ်စုက လူတစ်ယောက်ပဲ။ ပြီးတော့ငါက ညှိုယူဖမ်းစားတဲ့ နေရာမှာ ကျွမ်းကျင်တယ်။ ကလန်က အရှင်သခင်မှာ အုတ်အော်သောင်းတင်းတွေ ဖန်တီးဖို့ ဆန္ဒမရှိဘူး။ ဘာဖြစ်လို့လို့လဲဆိုတော့ သတ္တုမိုင်းတွင်းက အရမ်းကို ထူးဆန်းတယ်။ တကယ်လို့ ဒီနေရာမှာ ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားတွေ အများကြီး

သေကုန်မယ်ဆိုရင် အဲဒါက တော်ဂင်ကလန်ကို ဆွဲဆောင်ပြီး အာရုံစိုက်ခံရလိမ့်မယ်"

"ဒါဆိုရင် မင်းရှာနေတဲ့ ပစ္စည်းက ဘာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

နဇီရန်က အနည်းငယ် တုံ့ဆိုင်းသွားပြီး အဲဒီနောက်မှာ ဖြေလိုက်ပါတယ်။

"ပြောတာကတော့ အဲဒါက ဆေးပုလင်းတစ်ခု ဖြစ်နိုင်တယ်။ ဒါပေမဲ့ ငါလည်းသိပ်တော့ မသေချာဘူး"

"အဲဒါကို ဘာအတွက် အသုံးပြုလဲ"

"ငါတစ်ခုမှ မသိဘူး။ ငါသိတာက အရှင်သခင်က အဲဒါကို အရမ်းကို တန်ဖိုးထားပြီးတော့ အဲဒီအရာကို တိတ်တိတ်ဆိတ်ဆိတ် လုပ်ဖို့ အမိန့်ပေးထားတယ်။ ဒါပေမဲ့ ငါက အဲဒီ ဆေးပုလင်းကို သေချာပေါက် ရအောင်ယူရလိမ့်မယ်"

"မင်းလုပ်နေတဲ့ အရာက တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နိုင်မဲ့

နည်းလမ်းလား”

လင်းဟာန်က နှာခေါင်းရှုံ့လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်းကို သူစဉ်းစားလိုက်တဲ့အ ခါမှာ ပင်လယ်နဲ့ ကုန်းမြေအကြားမှာ ကူးလူးဆက်ဆံမှု မရှိပါဘူး။ မြေပြင်ပေါ်မှာ လူတွေက ဘယ်လောက်ပဲသေသေ ပင်လယ်မျိုးနွယ်စုနဲ့ ဘာမှမပတ်သက်ဘူးလေ ဟုတ်တယ်မလား။ သူတို့က ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် နဇီရန် တကယ်ပဲ ဒီအရာကို တိတ်ဆိတ်ငြိမ်သက်စွာ လုပ်ပါတယ်။

“ဆရာ”

နဇီရန်က သနားစရာ ကောင်းလောက်အောင် ပြောလိုက်သည်။ သူရဲ့တိုက်ပွဲစွမ်းရည်က မြောက်ပိုင်းအစွန်အဖျား ဒေသမှာဆိုရင် ထိပ်တန်းအဆင့်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ ပင်လယ်မျိုးနွယ်စု အထဲမှာတော့ သူက သန်မာတဲ့ ကျင့်ကြံသူ တစ်ယောက်လို့ပဲ သတ်မှတ်ယူဆ နိုင်ပါတယ်။ ဒါကြောင့် သူ့မှာ အစွမ်းထက်တဲ့ အရှိန်အဝါမျိုး မရှိသလို စစ်မှန်တဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ အလျှော့မပေးတတ်တဲ့ စိတ်နေစိတ်ထားမျိုးလည်း မရှိပါဘူး။

ပြောရမယ်ဆိုရင် သူက စိတ်ပျော့ပါတယ်။

လင်းဟန်က တစ်ချက်တွေးပြီးတော့ ပြောလိုက်သည်။

"မင်းဒီနေရာမှာ ငါနဲ့အတူ ခဏလောက်နေဦး"

သူက နဇီရန်ကို သတိလစ် မေ့မျောသွားအောင်လို့ လက်ဝါးနဲ့တစ်ချက် ရိုက်ပြီးတော့ သူ့ကို အနက်ရောင် မျှော်စင်ထဲ ပစ်ထည့်လိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့ဝင်လက်ချက်ကြောင့် လူသားတွေ ဘယ်လောက်တောင်မှ သေသွားခဲ့လဲဆိုတာ ဘယ်သူသိမှာလဲ။ လင်းဟန်က သူ့ကို လွယ်လွယ် ကူကူနဲ့ ထွက်သွားခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက နဇီရန်ဆီက ပင်လယ်မျိုးနွယ်စုအကြောင်း သတင်းတွေ ပိုပြီးတော့ မေးရပါဦးမယ်။ ဒါကြောင့် နဇီရန်ကို ဒီအချိန်မှာ သတ်ပစ်လိုက်ဖို့ အစီအစဉ် မရှိသေးပါဘူး။

ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို လင်းဟန်က လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်ဖြေရှင်း လိုက်တာကို မြင်တွေ့လိုက်ရပြီး လူတိုင်းလူတိုင်းရဲ့ နှလုံးသားထဲမှာ

စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်လို့ နေပါတယ်။ တကယ်လို့ လင်းဟန်က သူတို့ကို သတ်ပစ်ချင်တယ်ဆိုရင် သူရဲ့လက်ကို အသာလေး လှုပ်လိုက်သလို လွယ်ကူပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက သေမျိုးအဆင့်ကို ကျော်လွန်သွားပြီးတော့ ပြိုင်ဘက်ကင်းလောက်အောင် အစွမ်းထက် ပါတယ်။

လင်းဟန်က ပိုဂမ်လင်းကို ပြုံးပြီးတော့ ကြည့်လိုက်ပြီး ခေါ် လိုက်ပါတယ်။

"ဆရာပို"

"မဟုတ်ဘူး မဟုတ်ဘူး"

ပိုဂမ်လင်းက အလျင်အမြန်ပဲ သူ့ရဲ့လက်ကို ခါလိုက်ပါတယ်။ တကယ်လို့ သူက ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်က သူ့ကိုဆရာပိုလို့ ခေါ် ဆိုခံမယ်ဆိုရင် အဲဒါက မီးပုံအပေါ် မှာ သူ့ကိုတံစို့နဲ့ထိုးပြီး အသားကင်တာတာမျိုးနဲ့ တူပါတယ်။

လင်းဟန်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"ဆရာပိုကို ကြည့်ရတာ ပြောထားတဲ့ စကားတွေကို မေ့ပစ်တော့မလို့လား"

ပိုဂမ်လင်းက တကယ်ပဲ သေချင်စိတ် ပေါက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်က သူ့ကို ရှိသေလေးစားမှုနဲ့ ခေါ်ဆိုတာကို တကယ်ပဲ မလိုချင်ပါဘူး။ သူဘာအများများ ထပ်ပြီးတော့ လုပ်မိလို့လဲ။ ဒါပေမဲ့ လင်းဟန်က အခုလိုပြောလိုက်တဲ့ အခါမှာ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ပြန်ပြောပုံ့မှာလဲ။ သူရဲ့ပါးစပ်ကို ပိတ်ပြီးတော့ပဲ ရိုးရိုးကျိုးကျိုးနဲ့ နေလိုက်ပါတယ်။

"ငါနဲ့အတူ လိုက်ပြီးတော့ မီးကေရာဇ်ကို သွားတွေ့တာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ပိုဂမ်လင်းက ချက်ချင်းဆိုသလို တုံ့ဆိုင်းသွားခဲ့ပါတယ်။ မင်းဆီမှာ သတ်ချင်ဖြတ်ချင်တဲ့ စိတ်ခံစားမှုတချို့ ရှိနေပြီးတော့ မီးကေရာဇ်ကိုတောင်မှ သတ်ပစ်ချင်နေတာလား။ ဟုတ်လား။

"အာ ဆရာပိုက ကျုပ်ဘယ်ကိုသွားသွား အနောက်ကနေ လိုက်လာမယ်လို့ မပြောခဲ့ဘူးလား။ ခင်ဗျားပြောခဲ့တဲ့

စကားလုံးတွေကို အသေးစိတ် ကျုပ်ကောင်းကောင်းကြီး မှတ်မိသေးတယ်နော်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ကျုပ်အမုန်းဆုံးအရာက ပြောထားတဲ့ စကားကို ပြန်ရုပ်သိမ်းတတ်တဲ့ လူတွေပဲ။ ကျုပ်က ခင်ဗျားကို မုန်းမှာကို ခင်ဗျားလိုချင်နေတာလား”

ဟူးညိုက သူမရဲ့သွားတွေကိုဖြိပြီးတော့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက မိုးထိအောင် မြင့်တက် လာခဲ့ပါတယ်။ ဘယ်သူမဆို လင်းဟန်က မုန်းတယ်ဆိုရင် သူမရဲ့ လက်သီး သေးသေးလေးတွေ အသုံးပြုပြီးတော့ အဲဒီလူကို အစိတ်စိတ်အပိုင်းပိုင်း ဖြစ်အောင်လို့ လုပ်ပစ်လိုက်ဖို့ အရမ်းကို ဆန္ဒရှိနေပါတယ်။

ပန်းဖူးအဆင့် ကျင့်ကြံသူ နစ်ယောက်က သူ့ကိုစိုက်ကြည့်နေတော့ ပိုဂမ်လင်းက ဘာများပြော နိုင်ဦးမှာလဲ။ သူပြောနိုင်တာတစ်ခုပဲ ရှိပါတယ်။

“ကျနော် ဆရာနဲ့ အတူတူသွားဖို့ ဆန္ဒရှိပါတယ်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း သွားကြတာပေါ့"

သူတို့သုံးယောက် ထွက်သွားပြီးတဲ့နောက်မှာတော့ တခြားသူတွေအားလုံး စိတ်သက်သာရာ ရသွားကြပါတယ်။ သူတို့အားလုံးရဲ့ နောက်ကျောဘက်မှာ အေးစက်စက်ချွေးတွေ စီးကျနေတာကို ခံစားရပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ထုတ်လွှတ်တဲ့ ဖိအားက တကယ်ပဲ အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ဒီလိုမျိုး သက်ရှိတွေက သူတို့နဲ့ လုံးဝကို ကွာခြားတဲ့ အဆင့်မှာ ဖြစ်ပါတယ်။

"အဲဒီအစွမ်းထက်တဲ့ ကျင့်ကြံသူတွေက ပိုဂမ်လင်းကို တမင်သက်သက် ခေါ်သွားခဲ့တာက ပိုကလန်ရဲ့ အဘိုးကြီးကိုးက သူ့ကို ဘယ်လိုအပြစ်များ လုပ်ခဲ့တာလဲ"

"အဲဒါ မဖြစ်နိုင်ဘူး။ ဟုတ်တယ်မလား။ တကယ်လို့ သူက အပြစ်ကျူးလွန်မိတယ်ဆိုရင် ဒီလက်ရွေးစင် ကျင့်ကြံသူက သူ့ရဲ့လက်ချောင်းလေး တစ်ချောင်းကို အသာလေး လှုပ်လိုက်ရုံနဲ့ ပိုဂမ်လင်းကို ပျော့ဖတ်သွားအောင် လုပ်ပစ်နိုင်တာပဲလေ"

"ငါသိတယ်။ ပိုဂမ်လင်းရဲ့ သားက အရင်တုန်းက ဒီလက်ရွေးစင် ကျင့်ကြံသူကို ဆန့်ကျင်ခဲ့ပြီး အဲဒီအတွက် သူက အသတ်ခံလိုက်ရတယ်။ ပိုကလန်ရဲ့ အဘိုးကြီးကိုးက ဒီကိစ္စကို ဒီအတိုင်း လွှတ်မထားနိုင်ဘူး။ ဒါကြောင့် သူက လက်ရွေးစင် ကျင့်ကြံသူကို အပြေးအလွှားသွားပြီး ရှာဖွေခဲ့တယ်။ အဲဒီနောက်မှာတော့ ဒီလိုမျိုး ဖြစ်လာခဲ့တာပဲ"

"ငါသိပြီ"

"ကြည့်ရတာ ငါတို့တွေ အားလုံးပဲ ငါတို့ကလန်က ဂျူနီယာတွေကို ထူးခြားပြီး အစွမ်းထက်တဲ့ ကျင့်ကြံသူတွေကို အပြစ်မပြုဖို့ တင်းတင်းကျပ်ကျပ် စည်းကမ်းတွေ ထုတ်ရတော့မယ်။ မဟုတ်ရင် အဲဒါက ကလန်တစ်ခုလုံးကို ပျက်စီးပြီးတော့ သေခြင်းတရားကို ဦးဆောင်ပြီး ခေါ်လာသလို ဖြစ်နိုင်တယ်"

"အမှန်ပဲ"

သူတို့အားလုံး နောင်တရစွာနဲ့ သက်ပြင်းချလိုက်ကြပါတယ်။ လင်းဟန်က သူရဲ့အကြံအစည်ကို အောင်မြင်သွားခဲ့ပါတယ်။ သူက ပိုဂမ်လင်းကို နှိပ်စက်ဖို့အတွက် မဟုတ်ပဲ

ပျော်စရာကောင်းဖို့ အတွက်ပဲ ခေါ်သွားခဲ့တာပါ။ ဒါပေမဲ့ သူ့ကိုအသုံးချပြီးတော့ ဒီအင်အာကြီး ကာလန်တွေရဲ့ မောက်မာမှု ဂင့်ကြွားမှု မာန်တက်မှုတွေကို သူတို့ကိုယ်တိုင် အသိတရားဝင်ပြီး ခဂါချအောင်လို့ လုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒီထူးဆန်းတဲ့ ကမ္ဘာကြီးထဲမှာ အမြဲတမ်းလိုလို သူတို့ထက်ပိုပြီးတော့ အစွမ်းထက် သန်မာတဲ့ တစ်စုံတစ်ယောက်က အမြဲရှိတတ်ကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ အရမ်းကို မောက်မာ ဂင့်ကြွားမှု မရှိသင့်ပါဘူး။

အကြောင်းအရာကို ပြန်သွားရမယ်ဆိုရင် လင်းဟန်နဲ့ တခြားလူတွေက အင်ပါယာ နန်းတော်ဆီ ဦးတည်ပြီး လျှောက်လာခဲ့ကြပါတယ်။ သူတို့က အရမ်းကို လျင်မြန်စွာနဲ့ လျှောကကြတာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့တွေ အင်ပါယာ နန်းတော်ကို ရောက်သွားတဲ့ အချိန်မှာ အင်ပါယာ နန်းတော်တစ်ခုလုံးက အရေးပေါ် အခြေအနေမှာ တပ်လှန့်ထားခဲ့ပါတယ်။ နန်းတော်ကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစီအရင် တစ်ခုနဲ့ အသက်သွင်းထားပြီး သူတို့အနေနဲ့ တကယ့်ကို ကြီးကျယ်တဲ့ ရန်သူနဲ့ ရင်ဆိုင်ဖို့ ပြင်ဆင်ထားသလိုမျိုးပါပဲ။

"ရပ်"

တစ်စုံတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"ဒါက မီးနိုင်ငံရဲ့ အရေးအကြီးဆုံး နေရာတစ်ခု ဖြစ်တယ်။ အပြင်လူတွေ ဝင်လို့မရဘူး"

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ငါ့မှာ မီးဧကရာဇ်ကို ပြောစရာ နည်းနည်းရှိတယ်။ သူ့ကို ထွက်လာဖို့ ပြောလိုက်။ ပြီးတော့ ငါတို့တွေ အားလုံးပဲ အေးအေးဆေးဆေးနဲ့ စကားပြောနိုင်တယ်။ ငါ့ကို အဆုံးစွန်လုပ်ရအောင်လို့ ဖိအားတော့ မပေးနဲ့။ အမှန်ဆိုရင် ငါက အင်အားသုံးပြီးတော့ အရမ်းကို ကြမ်းကြမ်းတမ်းတမ်း လုပ်ရတာမျိုး မကြိုက်တဲ့ လူတစ်ယောက်ပဲ"

ပိုဂမ်လင်းရဲ့ ပါးစပ်က တမင်သက်သက် မဟုတ်ပဲ မဲ့ရွဲ့သွားခဲ့ပြီး သူ့ရဲ့နှလုံးသားထဲကနေ လျှို့ဝှက်ပြီး သရော်လိုက်ပါတယ်။ ဒါဆိုရင် ဘယ်သူကများ ပြင်းပြင်းထန်ထန် ဆော်ပလော်တီးပြီး အရှုံးပေးဖို့ကို လုပ်တဲ့သူလဲ။

"ချက်ချင်းပဲ ထွက်သွားစမ်း"

အင်ပါယာ နန်းတော်ကနေ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အခုဆို အားလုံးက လင်းဟန်ဟာ ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို ကောင်းကောင်းကြီး သတိပြုမိ ထားပါတယ်။ ဘယ်သူကများ ကာကွယ်ရေး အစီအရင်ကို ပိတ်ရဲလိမ့်မှာလဲ။ ဒီအစီအရင် နည်းစနစ်ရဲ့ ခုခံကာကွယ်မှု အထောက်အပံ့မရှိဘူးဆိုရင် သူတို့အနေနဲ့ ဘယ်လိုလုပ်ပြီး ပန်းဖူးအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို တားဆီးနိုင်စွမ်း ရှိမှာလဲ။ တကယ်လို့ မီးနိုင်ငံရဲ့ ဧကရာဇ်ဟောင်း ရောက်လာမယ် ဆိုရင်တောင် သူတို့အားလုံးကို ကာကွယ်နိုင်ဖို့ အခွင့်အရေး သူ့မှာရှိချင်မှ ရှိပါလိမ့်မယ်။

လင်းဟန်က ပိုဂမ်လင်းရဲ့ ပုခုံးပေါ်ကို လက်တစ်ဖက် တင်ပြီးတော့ ပြုံးပြီး ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး ဒီလူကို သတိမထားမိဘူးလား။ ငါမင်းတို့ကို အသက်ဆယ်ကြိမ်စာ အချိန်ပေးမယ်။ တကယ်လို့ မီးဧကရာဇ်ကို အဲဒီအချိန်ထိ ငါမတွေ့ရဘူးဆိုရင်တော့ ဒီလူကို ငါသတ်ပစ်ရလိမ့်မယ်"

ပိုဂမ်လင်းက ချက်ချင်းဆိုသလို တုန်လှုပ်သွားခဲ့ပါတယ်။ သူ့အတွက်နဲ့ မီးဧကရာဇ်က သူ့အသက်ကို စွန့်စားဖို့ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သူက သေချာပေါက် သေရပါလိမ့်မယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်သည်။

"ငါက သူတို့နဲ့ ဟာသလုပ်နေရုံ သက်သက်ပါ"

ပိုဂမ်လင်းက စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချကာ စဉ်းစားလိုက်ပါတယ်။ ဒီကောင်လေး ကစားနေတာနဲ့ပဲ ငါလည်း တကယ်ပဲ ကျိုးပဲ့ပျက်စီး သွားရလိမ့်မယ်။

"ငါကမင်းရဲ့ ခြေတွေလက်တွေကို မသန်မစွမ်း ဖြစ်ရုံလောက်ပဲ လုပ်မှာပါ"

လင်းဟန်က ဆက်ပြောလိုက်သည်။

"အား"

ပိုဂမ်လင်းက နောက်တစ်ကြိမ် ထိတ်လန့်တုန်လှုပ် သွားခဲ့ပြီးတော့ နောက်တစ်ကြိမ် တုန်ယင်လို့ လာပါတယ်။

"အားပါး။ ခင်ဗျားက တကယ်ပဲ ဟာသတွေကို ဘယ်လိုမျိုး ပူးပေါင်းပါဝင်ရမလဲ ဆိုတာကို တကယ်ကို နားမလည်ဘူးပဲ။ မေ့လိုက်တော့။ ကျုပ်ခင်ဗျား ထပ်ပြီးတော့ မကျီစယ်တော့ပါဘူး။ ကျုပ်တည့်တည့်ပဲ ဆက်သွားပြီးတော့ အစီအရင် နည်းစနစ်ကို တိုက်ရိုက်ဖျက်ဆီးပြီးတော့ မီးကေရာဇ်နဲ့ တွေ့ဆုံတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က ရှေ့တည့်တည့်ကို ကြည့်ပြီးတော့ မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ သူက ဒီအစီအရင် နည်းစနစ်ကို စတင်စူးစမ်းလေ့လာလိုက်ပြီးတော့ အားနည်းချက်တွေကို ရှာဖွေလိုက်ပါတယ်။

အခုဆိုရင် သူက အနည်းဆုံး အဆင့်ငါး ဂဏ်ပါ အစီအရင် အရှင်သခင် တစ်ယောက် ဖြစ်ပါတယ်။ အဆင့်ခြောက် ဂဏ်ပါ အစီအရင် နည်းစနစ်တစ်ခု ခင်းကျင်းရမယ်ဆိုရင် အခုသူ့အတွက် ဘယ်လိုမှ မဖြစ်နိုင်ပေမဲ့ တကယ်လို့ တစ်ခုလောက် ဖြေရှုံပဲဆိုရင်တော့ အသေးအဖွဲ့ပါပဲ။ တကယ်တော့ အခုချိန်မှာ သူ့ကို နှောင့်ယှက်မဲ့သူ

တစ်ယောက်မှ မရှိပါဘူး။ ဒါကြောင့် သူ့အနေနဲ့ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနဲ့ စဉ်းစားတွေးခေါ်နိုင်ပါတယ်။

Chapter 530 end

အပိုင်း(၅၃၁) မီးနိုင်ငံ၏ အလျော့ပေးမှု

ဂဏ်ပါ အစီအရင် နည်းစနစ်တွေက အမျိုးစုံ အများအပြား ရှိကြသည်။ တချို့က အမြင်အာရုံကို ညို့ယူဖမ်းစားမှု အပေါ်မှာ အာရုံစိုက်ပြီးတော့ သူတို့ရဲ့ ရန်သူတွေကို သေခြင်းတရား ဆီကို ရောက်အောင် တွန်းပို့ပြီးတော့ ပိတ်လှောင်ထားနိုင်စွမ်း ရှိပါတယ်။ သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်မျိုးလည်း ရှိပြီးတော့ အထဲကို ဝင်သွားတဲ့ မည်သူ့ကိုမဆို အဆုံးမရှိတဲ့ သတ်ဖြတ်မှု ထောင်ချောက်တွေက ဆီးလို့ကြိုနေပါလိမ့်မယ်။ နောက်ပြီးတော့ ခုခံကာကွယ်ရေး အတွက်ကို အသုံးပြုတဲ့ အစီအရင် တချို့လည်း ရှိပြီးတော့ ၎င်းအစီအရင်တွေက သံမဏိ အတားအဆီး တစ်ခုလို ကြံ့ကြံ့ခံနိုင်ပါလိမ့်မယ်။

တောင်ကာကွယ်ရေး မဟာအစီအရင် အမျိုးအစားက ခုခံကာကွယ်ဖို့ သီးသန့်ပဲ ဖြစ်ပြီးတော့ မီးနိုင်ငံရဲ့ အင်ပါယာနန်းတော်အတွက် ခင်းကျင်းထားတဲ့ အမျိုးအစားနဲ့

အတူတူပါပဲ။ ဒါက အဆင့်မြောက် အစီအရင် နည်းစနစ်တစ်ခု ဆိုပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက် အတွက်တောင်မှ အင်အားသုံး ဖျက်ဆီးဖို့ အရမ်းကို ခက်ခဲပါလိမ့်မယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုရင် ဒီအစီအရင်ကို တစ်ကြိမ်ဖွင့်လိုက်တာနဲ့ ခုခံကာကွယ်မှုတွေကို ဖန်တီးလိုက်ပြီး အဲဒါက အရမ်းကို လျင်မြန်စွာနဲ့ ပိတ်သွားခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က ရောမ အပေါက်ကြီးတစ်ခုကို ဖန်တီးနိုင်တဲ့ စွမ်းအားသာ ရှိမယ်ဆိုရင် ဖွင့်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ သူက ဖြတ်သွားနိုင်ပါလိမ့်မယ်။

အဲဒါက အနည်းဆုံး စိတ်ဂိညာဉ် နတ်သူငယ် အလတ်အလတ်အဆင့် တစ်ယောက် ဖြစ်ရပါလိမ့်မယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က တကယ့်ကို ထူးခြားလွန်းပါတယ်။ ဒါပေမဲ့ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ တားမြစ်မှုတွေကို ချိုးဖျက်နိုင်ခြင်း အထိကို မရောက်သေးပါဘူး။ ဒါကြောင့် သူ့အနေနဲ့ ရောမ မဟာဂိုက်ပါ အစီအရင်ကို အင်အားသုံး စုတ်ဖြဲပစ်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိနိုင်ပါဘူး။ ဒါပေမဲ့လည်း ဒီဂိုက်ပါအစီအရင် နည်းစနစ်ကို ဖြေရှင်းဖို့ဆိုတာက အသေးအဖွဲ တစ်ခုပါပဲ။

မှသားမဲ့ မျက်လုံးကို အသုံးပြုပြီးတော့ ဒီဂဏ်ပါ အစီအရင် နည်းစနစ်ကို သူရဲ့မျက်လုံးနဲ့ အဖြေထုတ်လို့ ရပါတယ်။

"ဂဏ်ပါ အစီအရင်ကို ဖြေရှင်းဖို့ အလွယ်ကူဆုံး နည်းလမ်းက အထဲက အစီအရင် မျက်လုံး အနည်းငယ်ကို ဖျက်ဆီးပစ်တာပဲ။ ဒါပေမဲ့ အစီအရင် မျက်လုံးတွေက ဂဏ်ပါအထဲမှာ တည်ရှိနေတယ်။ ဒါကြောင့် ဒီဖြေရှင်းနည်းက ကွဲလွဲခြားနားတယ်။ အထဲက တစ်စုံတစ်ယောက် ငါ့ကို မကူညီသရွေ့တော့ အဆင်မပြေဘူး။ ဒါပေမဲ့လည်း အစီအရင် ဂဏ်ပါကို ဖြေရှင်းဖို့ အနည်းငယ် ပြဿနာရှိတဲ့ နည်းလမ်းလည်း ရှိသေးတာပဲ။ အဲဒါက အားနည်းချက် နေရာတချို့ကို တပြိုင်နက်တည်း တိုက်ခိုက်ပြီးတော့ ယာယီဂင်ပေါက် တစ်ခုကို ဖန်တီးတာပဲ"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆိုပြီးတော့ သူရဲ့အမြင်အာရုံထဲမှာ နေ၊ လနဲ့ ကြယ်တွေက အံ့အားသင့်စရာ ကောင်းလောက်အောင် ပေါ်လာခဲ့ပါတယ်။

"တကယ်လို့ ငါက ကြယ်စင်နဂါး အမြစ်ပြတ်သုတ်သင်ခြင်း များကို အသုံးပြုပြီးတော့ အမှတ်ခုနစ်ကို တစ်ပြိုင်နက်တည်း အကုန်တိုက်ခိုက်မယ်ဆိုရင် ဂင်ပေါက်ကြီး တစ်ခုကို ဖန်တီးနိုင်လိမ့်မယ်ဆိုတာ သေချာတယ်"

လင်းဟန်က အသက်ကို ပြင်းပြင်းရှူက်လိုက်ပြီးတော့ လေးကြိုးတစ်ချောင်းကို ဆွဲလိုက်သလိုမျိုး သူရဲ့လက်မောင်းကို ဆွဲဆန့်လိုက်ပါတယ်။ ရုတ်တရက်ဆိုသလို အလင်းရောင် ခုနစ်ခု ပေါ်လာပြီးတော့ မြားခေါင်းခုနစ်ချောင်း အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီနောက်မှာ မြားရဲ့ခန္ဓာကိုယ်တွေကလည်း အလင်းရောင်တွေကနေ ဖြစ်ပေါ်လာပြီးတော့ စာလုံးပုံစံတွေနဲ့ တလက်လက် တောက်ပနေပါတယ်။ ဒီမြားတွေမှာ လက်ရှိကျင့်ကြံခြင်း စနစ်တွေ တစ်ခု ပါဝင်ခြင်း မရှိပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

မုသားမဲ့ မျက်လုံးနဲ့ ကြယ်စင်နဂါး အမြစ်ပြတ် သုတ်သင်ခြင်း မြားကို ပေါင်းစပ်ပြီး ဒီလျှို့ဝှက် ဆန်းကြယ် စွမ်းအားနစ်ခုကို အတူတစ်ကွ ပူးပေါင်းလိုက်တာက တကယ့်ကို ပြီးပြည့်စုံတဲ့ လိုက်ဖက်မှု တစ်ခုပဲ ဖြစ်ပါတယ်။

အကြောင်းပြချက် တချို့ကြောင့် အင်ပါယာ နန်းတော်ထဲက လူတွေအားလုံး သူတို့ရဲ့ ပတ်ဝန်းကျင်က အဆုံးမရှိ အေးစိမ့်လာသလိုမျိုး ခံစားလာရပြီး သူတို့ရဲ့ နောက်ကျောက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ကျောချမ်းမှုကို

ခံစားလိုက်ရပါတယ်။

ရွှပ်။

လင်းဟန်ရဲ့ ညာဘက်လက်ချောင်း ငါးချောင်းက လွှတ်လိုက်တဲ့ အခါမှာ အလင်းရောင် မြားခုနစ်ချောင်းက ချက်ချင်းဆိုသလို မဟာအစီအရင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ လေးညို့ကနေ လွှတ်လိုက်တာနဲ့ မြားခုနစ်စင်းက မတူညီတဲ့ တည်နေရာ ခုနစ်ခုဆီကို ကြယ်ကြွေကျသလို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ရွှေ့လျားလို့ နေပါတယ်။ ဘယ်သူကမှ ဒီမြားတွေ ထွက်သွားတာကို ဖမ်းဆုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုး ပစ်ချက်က ၎င်းရဲ့ရည်ရွယ်ထားတဲ့ ပစ်မှတ်ဘယ်သူ့ကိုမဆို သေချာပေါက် သေခြင်းတရားကို ခေါ်ဆောင်သွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပုံမှန်အခြေအနေမှာ ဘယ်သူကများ မူလစွမ်းအင်နဲ့ သူတို့ကိုယ်သူတို့ ခန္ဓာကိုယ် တစ်ခုလုံးကို အပြည့်အဝ ကာကွယ်ထိန်းသိမ်း နိုင်လိမ့်မှာလဲ။

ပုန်း ပုန်း ပုန်း။

များတွေက တစ်ဟုန်ထိုး ပြေးဝင်သွားပေမဲ့ အင်ပါယာနန်းတော်ကိုတော့ တိုက်ရိုက်ထိမှန် သွားခြင်းမျိုး မရှိပါဘူး။ ခုခံကာကွယ်ရေး မျက်နှာပြင်တစ်ခု ထွက်ပေါ်လာပြီး ဒီများတွေ တိုးဝင်လာတာကို တားဆီးလိုက်ပါတယ်။ ဒါပေမဲ့ ဒီအလင်းမျက်နှာပြင်အပေါ်မှာ မရေတွက်နိုင်တဲ့ အက်ကြောင်းတွေ ဖြစ်ပေါ်လာပြီးတော့ ၎င်းက ကျိုးလွယ်ဆတ်လွယ်တဲ့ ပစ္စည်းတစ်ခုခုနဲ့ ပြုလုပ်ထားသလိုမျိုး ရုတ်တရက်ကြီး ပျက်စီးသွားခဲ့ပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့ရဲ့မှသားမဲ့ မျက်လုံးနဲ့ဆိုရင် ဒီမဟာဂင်္ဂါပါ အစီအရင်က တိုက်ခိုက်မှု တစ်ခုကိုတောင် ကြံ့ကြံ့ခံနိုင်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက သူရဲ့ လေးတစ်ချက်နဲ့ များခုနစ်ချောင်းကြောင့် တန်းပြီးတော့ ဖြေရှင်းခံလိုက်ရပါတယ်။

ဒါကဘာဖြစ်လို့လဲဆိုတော့ ကြယ်စင်နဂါး အမြစ်ပြတ် သုတ်သင်ခြင်းများက ထူးထူးခြားခြား အစွမ်းထက်လွန်းတာကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ တစ်စုံတစ်ယောက်က အားနည်းချက်တွေကို ရှာတွေ့သွားမယ်ဆိုရင်တောင်မှ အစီအရင်ကို ဖြေရှင်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဒီအားနည်းချက် နေရာတွေက

တခြားနေရာတွေထက် ပိုပြီးတော့ အားနည်းနေရုံလောက်ပဲ ဖြစ်ပြီးတော့ ဘယ်လိုလပ်ပြီး သာမန်တိုက်ခိုက်မှုတွေကြောင့် ပျက်စီးသွားနိုင်မှာလဲ။

ဒါပေမဲ့လည်း ဂက်ပါ အစီအရင်အတွက် အစီအရင် မျက်လုံးတွေက မပျက်စီးသွားခဲ့ပဲ ပတ်ဂန်းကျင်က စိတ်ဂိညာဉ်ချီတွေကို ဆက်ပြီးတော့ စုစည်းပြီး မဟာဂက်ပါ အစီအရင်ကို စတင်ပြီး ပြန်လည်တည်ဆောက် နေပါတယ်။

"သွားကြစို့"

လင်းဟန်က ဒီနေရာမှာ သူ့ရဲ့မြားပစ်စွမ်းရည်ကို လေ့ကျင့်နေဖို့ အချိန်မရှိပါဘူး။ သူက ဟူးညိုကို တန်းပြီးတော့ ကောက်ချီပြီးတော့ အင်ပါယာနန်းတော်ထဲကို ဂင်လိုက်ပါတယ်။ အဲဒီအချိန်မှာ တကယ်လို့ မဟာဂက်ပါ အစီအရင်က ပြန်အသက်ဂင်လာခဲ့ရင်တောင်မှ အသုံးပြုလို့ မရသေးပါဘူး။ လင်းဟန်က အစီအရင်ထဲကို ဂင်ရောက်လာခဲ့ပြီ ဖြစ်တာကြောင့် သူ့အနေနဲ့ အတွင်းပိုင်းကနေ အစီအရင်ကို ဖြေရှင်းရတာ ပိုမိုလွယ်ကူသွားပါလိမ့်မယ်။ သူက အစီအရင် မျက်လုံးတွေကို ဖျက်ဆီးပစ်ဖို့ပဲ လိုအပ်တာ ဖြစ်ပါတယ်။

"ဘာ"

"သူတကယ်ပဲ အစီအရင်ကို ဖြေရှင်းပြီးတော့ အထဲကို လာနိုင်တယ်"

"ဒါမဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ ဒီမဟာဂဏ်ပါ အစီအရင်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ချိုးဖျက်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

အားလုံးက အံ့အားသင့်စွာနဲ့ ပြောဆိုနေကြပါတယ်။ ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ အဖြစ်အပျက် တစ်ခုပဲ ဖြစ်ပါတယ်။ လင်းဟန်က ပန်းဖူးအဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့အနေနဲ့ အင်ပါယာနန်းတော်အတွက် ကာကွယ်တဲ့ ဂဏ်ပါ အစီအရင်ကို ရုတ်ချည်းဆိုသလို ဖြေရှင်းနိုင်စွမ်း ရှိတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒီကောင်လေးရဲ့ တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ထက်တောင် ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းနေတာများ ဖြစ်နိုင်မလား။

သူတို့အနေနဲ့ အခုဘာများ လုပ်နိုင်မှာလဲ။ သူတို့ရဲ့

ခုခံကာကွယ်ရေး မဟာအစီအရင်တောင်မှ အသုံးမဝင်တာ ဘယ်သူကများ အခုဆိုရင် လင်းဟန်ကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာလဲ။

"သူငယ်ချင်းလေး။ တကယ်လို့ မင်းမှာ ပြောစရာ အကြောင်းအရာရှိတယ်ဆိုရင် ကျေးဇူးပြုပြီး ငါ့ကိုပြောပါ။ ဒီကိစ္စက ဘယ်လောက်ပဲ ကြီးမားပါစေ ငါဆုံးဖြတ်ချက်တစ်ခု ချပေးနိုင်မယ်လို့ ယုံကြည်ပါတယ်"

အဲဒီအချိန်မှာ အဘိုးကြီးတစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ အသက်ခုနစ်ဆယ် ရှစ်ဆယ်အရွယ် ရှိပြီးတော့ သူ့ပုံစံက ထာဝရ အိပ်စက်နေသလို သူရဲ့မျက်လုံးတွေကို ပိတ်ထားတဲ့ ပုံစံမျိုးနဲ့ တူပါတယ်။ သူရဲ့ဦးခေါင်းအပေါ်မှာ မီးတောက်မီးလျှံတွေ ထွက်ပေါ်လို့ နေပါတယ်ယ။

အဲဒီမီးတောက်တွေက မီးတောက်အစစ်တွေ မဟုတ်ပဲ သိုင်းဆန္ဒရဲ့ မီးတောက်တွေပဲ ဖြစ်ပါတယ်။

ဒီသိုင်းဆန္ဒ မီးတောက်ရဲ့ ပုံပန်းသွင်ပြင်က ဘာကိုသွယ်ပိုက်ပြီးတော့ ညွှန်းဆိုတာလဲ။

ကိုယ်ပိုင်အသက်ကို လောင်ကျွမ်းပြီးတော့ သက်တမ်းစွမ်းအားကို အတင်းအကျပ် မြှင့်တင်ပြီး သိုင်းဆန္ဒနဲ့ သူတို့အသက်ရဲ့ နောက်ပိုင်းအချိန်ကာလမှာ သူတို့ရဲ့ အကောင်းဆုံး အခြေအနေကို ရောက်ရှိစေပါတယ်။ ဒါကဘယ်လိုမှ ကူညီလို့ မရနိုင်တဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။ ကျင့်ကြံသူ တစ်ယောက်က အရွယ်အိုမင်းတဲ့ အချိန်ကို ဝင်ရောက်လာတဲ့ အခါမှာ သူရဲ့သွေးနဲ့ အသက်ဓာတ်က ကုန်ခမ်းလာပြီးတော့ တိုက်ပွဲစွမ်းရည်ကလည်း ယခင်တုန်းက အသုံးပြုခဲ့သလို အချိန်တော်တော်ကြာအောင် အစွမ်းထက်မှု မရှိတော့ပါဘူး။ သိုင်းဆန္ဒရဲ့ မီးတောက် လောင်ကျွမ်းခြင်း တစ်ခုတည်းနဲ့ပဲ သူတို့ရဲ့ တိုက်ခိုက်မှု တစ်ခုအတွက် အမြင့်ဆုံး အဆင့်ထိ မြှင့်တင်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့ ဒီလိုမျိုး ပြုလုပ်တာက ဘယ်သူပဲ အနိုင်ရရ အရေးမပါပါဘူး။ သူတို့ရဲ့ အသက်ဓာတ် စွမ်းအင်က အကြီးအကျယ် ထိခိုက်ပျက်စီး သွားပါလိမ့်မယ်။ အရင်ဆုံး သူတို့အနေနဲ့ အသက်ရှင်ဖို့ နှစ်အများကြီး မကျန်တော့ပဲ ဒီလိုမျိုး ပြုလုပ်ခြင်းဖြင့် သူတို့ရဲ့ ကျန်ရှိနေတဲ့ သက်တမ်းကို ဟိုးကျောက်တုံးအောက်ခြေထိ ကျဆင်းသွားစေနိုင်ပါတယ်။ အဲဒါက ဒီတိုက်ပွဲ ပြီးတဲ့ အခါမှာ သူတို့ကို တန်းပြီးတော့တောင် သေသွားနိုင်စွမ်း ရှိပါလိမ့်မယ်။

"ကေရာဇ်ပောင်း"

အားလုံးက ကြမ်းပြင်ပေါ် ဒူးထောက်ပြီးတော့ အရမ်းကို လေးလေးစားစားနဲ့ ကြည်ညိုနေ ကြပါတယ်။

ဒီအဘိုးကြီးက လွန်ခဲ့တဲ့ မျိုးဆက်လေးခုက မီးကေရာဇ် ဖြစ်ပြီးတော့ မီးနိုင်ငံရဲ့ တစ်ယောက်တည်းသော ပန်းဖူးအဆင့် ကျင့်ကြံသူလည်း ဖြစ်ပါတယ်။ သူက မျိုးနွယ်စုရဲ့ စွမ်းအား အကူအညီနဲ့ ပန်းဖူးအဆင့်ကို အတင်းအကျပ် ချိုးဖျက်ဂင်ရောက်ခဲ့ပြီး မီးနိုင်ငံ အတွင်းမှာ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို ပိုင်ဆိုင်စေခဲ့ပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် နိုင်ငံနယ်နိမိတ်ကနေ သူထွက်သွားတာတဲ့ အခိုက်အတန့်မှာ နှစ်ပေါင်းသုံးရာ နီးပါးလောက် သူနေထိုင်ခဲ့တဲ့ အချက်ကြောင့် သူ့အနေနဲ့ ချက်ချင်းပဲ သေချာပေါက်ကို ဆွေးမြည့်ပုပ်သိုး သွားပါလိမ့်မယ်။

မြောက်ပိုင်းဒေသရဲ့ အစွန်အဖျားမှာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက နိုင်ငံကို ကာကွယ်ဖို့နဲ့ ပြည်ပက ရန်သူတွေကို ခုခံကာကွယ်ဖို့ တာဝန်ပေးအပ် ခံရတဲ့ နတ်ဘုရား ပစ္စည်းတွေပဲ ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို အစွမ်းထက်ပါတယ်။ မဟာဂေါ်ပါ အစီအရင်ကို တစ်ချက်တည်းနဲ့ ဖြေရှင်းနိုင်ပြီး ကောရာဇ်ဟောင်း ထွက်ပေါ်လာအောင် ဖိအားပေးနိုင်ခဲ့ပါတယ်။ ဒါက မီးနိုင်ငံအတွက် အရမ်းကို ခက်ခဲကျပ်တည်းဆုံး အခြေအနေကို တကယ်ပဲ ရောက်ရှိလို့ နေခဲ့ပါတယ်။

"ကျုပ်မှာ တောင်းဆိုစရာ တစ်ခုပဲရှိတယ်။ အဲဒီရှေးဟောင်း သတ္တုမိုင်းတွင်းကို တူးဖော်ထုတ်လုပ်နေတာ ချက်ချင်းရပ်ပါ"

လင်းဟန်က ပြောလိုက်ပါတယ်။

ကောရာဇ်ဟောင်းကို ကြည့်ရတာ အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။

ဒီသတ္တုမိုင်းတွင်းဟောင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ ကျင့်ကြံသူတွေကို အဆင့်ချိုးဖျက် ဂင်ရောက်နိုင်ဖို့ မျှော်လင့်ချက် တချို့ကို ပေးပါတယ်။ တကယ့်ကို စစ်မှန်တဲ့ အဆင့်ချိုးဖျက် ဂင်ရောက်ခြင်း ဖြစ်ပါတယ်။ အဲဒါက ဘာကိုဆိုလိုတာလဲ။ အဲဒါက မီးနိုင်ငံမှာ အဆုံးမဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေ တစ်ယောက်ထက်မက

ပေါ်ထွက်လာနိုင်တယ်လို့ ဆိုလိုတာပါ။ အဲဒီနောက် မီးနိုင်ငံက တခြားကျန်တဲ့ နိုင်ငံရှစ်ခုကို သိမ်းပိုက်နိုင်ဖို့ အခွင့်အရေးတစ်ခု သေချာပေါက် ရရှိမှာ ဖြစ်ပြီးတော့ မြောက်ပိုင်းအစွန်းအဖျား ဒေသတစ်ခုလုံးကို ၎င်းရဲ့လက်အောက်ခံ အဖြစ် သိမ်းသွင်းနိုင်ပါလိမ့်မယ်။

ကုန်းမြေတွေ များပြီးတော့ နိုင်ငံသူ နိုင်ငံသားတွေ များပြားလာတာက နိုင်ငံတစ်ခုရဲ့ စွမ်းအားကို ပိုပြီးတော့တောင် အားကောင်းစေနိုင်ပါတယ်။ အဲဒီနောက်ဆိုရင် မီးနိုင်ငံမှာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင်မှ ပိုပြီးတော့ ထွက်ပေါ်လာပါလိမ့်မယ်။ တကယ်လို့ သတ္တုမိုင်းတွင်းက ကုန်ခမ်းသွားတယ် ဆိုရင်တောင်မှ နိုင်ငံရဲ့စွမ်းအားက ခြောက်သွေ့သွားလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ မီးနိုင်ငံရဲ့ ကြီးကျယ်ခမ်းနားတဲ့ အင်ပါယာက မျိုးဆက်တွေ အများကြီး ဆင်းသက်လာပါလိမ့်မယ်။

ဒီကိစ္စမှာ တော်တော်များများ ပါဝင်နေခဲ့ပါတယ်။ ဒါကြောင့် ကေရာဇ်ဟောင်းက တုံ့ဆိုင်းနေတယ် ဆိုတာက သဘာဝကျပါတယ်။

"ကောင်းပြီလေ ငါသဘောတူတယ်"

အနည်းငယ်မျှ အချိန်ကြာပြီးတဲ့နောက်မှာ ဇေကရာဇ်ဟောင်းက သဘောတူ ခွင့်ပြုတဲ့ပုံစံနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

တကယ်လို့ သူတို့အနေနဲ့ပ လက်ရှိမှာ ရင်ဆိုင်နေတဲ့ ဆုပ်လည်းစူး စားလည်းရူးတဲ့ အခြေအနေကို ကျော်ဖြတ်နိုင်ခြင်း မရှိဘူးဆိုရင်တောင်မှ သူတို့ရဲ့ အနာဂတ် အကြောင်းအရာကို ချင့်ချိန်စဉ်းစား ရမယ်မဟုတ်လား။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျားက သဘောမတူချင် တူချင်နဲ့ စိတ်မပါလက်မပါပဲ လက်ခံပေးလိုက်ရတာမျိုး မဟုတ်ဘူးလို့တော့ မျှော်လင့်တာပဲ။ တကယ်လို့ ခင်ဗျားက"

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ တစ်ချက်ပွေ့လိုက်တဲ့ အခါမှာ ဓားချီအလင်း ဆယ့်ကိုးခုက တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့ပါတယ်။ ဓားချီအလင်း တစ်ခုစီတိုင်းမှာ ရှေးဟောင်းပုံစံတွေ ဖုံးအုပ်ထားပါတယ်။

အဲဒီပုံစံတွေက ဒေါသအိုးမြွေပါဆိုးအိုကြီးကနေ သူရရှိခဲ့တဲ့

အရိုးအမှတ်အသားတွေပဲ ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပေါင်းစည်းပေးနိုင်ပါတယ်။ အဲဒီအမှတ်အသားတွေကို သူတို့ရဲ့ ကိုယ်ပိုင်လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုလို့ အကြမ်းဖျင်း သတ်မှတ်ယူဆနိုင်ပါတယ်။

သူရဲ့ခုတ်ချက်က မိုးကောင်းကင်ပေါ် ကို ထိုးလိုက်တာ ဖြစ်ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ မြင်ကွင်းတစ်ခု ပေါ်လာခဲ့ပါတယ်။ မိုးကောင်းကင်က ၎င်းကိုယ်တိုင် အက်ကွဲသွားသလိုမျိုး အနက်ရောင် လေဟာနယ်တစ်ခု ပေါ်လာခဲ့ပါတယ်။

အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ ဒီဓားချက်ရဲ့ နောက်ကွယ်မှာရှိတဲ့ စွမ်းအားက မတွေးတတ်အောင်ပဲ ခက်ခဲနက်နဲပြီးတော့ သန်မာလွန်းပါတယ်။

လူအားလုံးက ကြောက်ရွံ့မှုကြောင့် တုန်လှုပ်သွားခဲ့ပါတယ်။ ဒါက ဓားချီအလင်း ဆယ့်ကိုးခု ဖြစ်ပါတယ်။ ဒီကောင်လေးက တကယ်ပဲ လူသားတစ်ယောက်ရော ဟုတ်ရဲ့လား။ ချီအလင်းဆယ်ခုဆိုရင် အရမ်းကို ထိပ်တန်းအဆင့်မြင့် အုပ်ချုပ်သူ တစ်ယောက်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

ဒါဆိုရင် ချီအလင်း ဆယ့်ကိုးခု ဆိုတာကရော ဘယ်လိုအမျိုးအစားလဲ။

ပန်းဖူးအဆင့်မှာ သူကသေချာပေါက် ပြိုင်ဘက်ကင်း အတုမရှိသူ တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒီတစ်ကြိမ်မှာ ကေရာဇ်ဟောင်းမှာရှိတဲ့ လင်းဟာန်နဲ့ တောင်းဆိုမှုကို အတွေ့အကြုံမရှိတဲ့ လူငယ်တစ်ယောက်ကို ပြီးစလွယ် သဘောတူလိုက်တာဆိုတဲ့ အတွေးတွေကို လုံးဝကို စွန့်လွှတ်လိုက်ပါတယ်။ အချိန်တွေကို ဆွဲပြီးတော့ မီးနိုင်ငံရဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ ရှစ်ယောက် ဒါမှမဟုတ် ဆယ်ယောက်လောက် ထွက်ပေါ်တဲ့ အချိန်ကျမှာသာ သူ့အနေနဲ့ လင်းဟာန်ကို ရင်ဆိုင်ရပ်တည်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ တကယ်လို့ ပန်းဖူးအဆင့် ကျင့်ကြံသူ ရှစ်ဆယ် တစ်ရာခန့် ရှိရင်တောင်မှ သူတို့ကိုယ်သူတို့ သေတွင်းထဲကို ပို့လိုက်သလို ဖြစ်သွားမယ်ဆိုတာကို သတိပြုမိခဲ့ပါတယ်။ ရှစ်ယောက် ဆယ်ယောက်က ဘာများလုပ်လို့ ရမှာလဲ။

"ကျုပ် မလုပ်ပံ့ပါဘူး"

သူရဲ့အပြုအမူကို အတတ်နိုင်ဆုံး ရိုကျိုးပြီးတော့ လေသံကို

ထိန်းပြီးပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ချာခန်လှည့်ထွက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ နဇီရန်ကို စစ်ဆေးမေးမြန်းချင်ပါသေးတယ်။

Chapter 531 end

အပိုင်း(၅၃၂) ကျောက်စိမ်းဖန်ပုလင်း

လင်းဟန်က မြို့အဂင်ဂိတ်ဆီသို့ ရောက်လာခဲ့တာနဲ့ အနက်ရောင် မျှော်စင်ထဲကို ဟူးညိုနဲ့အတူ ဂင်ရောက်သွားပြီး နဇီရန်ကို စတင်မေးမြန်းစစ်ဆေးလိုက်သည်။

သူက ပင်လယ်မျိုးနွယ်စုနဲ့ ပတ်သတ်သည့် သတင်းအချက်လက်များကို ပိုမို၍ သိချင်နေခဲ့သည်။

အနက်ရောင် မျှော်စင်၏ အထဲတွင် နဇီရန် အနေနှင့် ခုခံကာကွယ်ဖို့ဆိုတာ ဘယ်လိုမှ အခွင့်အရေး မရှိနိုင်ပေ။ လင်းဟန်ဘာကိုပဲမေးမေး သူက ရိုးရိုးသားသားနှင့် ဖြေရပြီး အနည်းငယ်မျှတောင် တွေဝေခြင်းမျိုး မလုပ်ဂုံ့ပေ။

ဒီစစ်သူကြီး ကလန်ရဲ့ အဖွဲ့သား ဖြစ်သူ နဇီရန်က

ရှုခုန်ယွမ်လို့ခေါ်တဲ့ လူတစ်ယောက်ရဲ့ အမိန့်အောက်မှာ အလုပ်လုပ်ရသူ တစ်ဦးဖြစ်သည်။ ရှုကလန်က မြောက်ဘက်ပင်လယ်ရဲ့ စစ်သူကြီး ကလန်တွေ အထဲမှာ အရမ်းကို အစွမ်းထက်တဲ့ တည်ရှိမှုတစ်ခု ဖြစ်ပြီး ရှုခုန်ယွမ်က နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ကာ ထိုကလန်၏ အရေးပါဆုံး လူတစ်ယောက်လည်း ဖြစ်၏။ နဇီရန်၏ ကိုယ်ပိုင်စုံစမ်းမှုတွေအရ သူကအရမ်းကို ရည်မှန်းချက်ကြီးသူတစ်ယောက်လည်း ဖြစ်သည်။

ဘာကြောင့် ရှုခုန်ယွန်က တခြားလူတွေကို မစေလွှတ်ပဲ အဲဒီအစား နဇီရန် တစ်ဦးတည်းကိုပဲ ဒီတာဂန်ကို ထမ်းဆောင်ဖို့ ရွေးချယ်စေလွှတ်ရတာလဲ။

ပထမ အချက်က နဇီရန်မှာ အထူးစွမ်းရည်တစ်ခု ရှိသည်။ ပင်လယ်နတ်ဆိုးတွေက မွေးရာပါ ညို့ယူဖမ်းစားနိုင်မှုမှာ ကျွမ်းကျင်မှုနဲ့အတူ မွေးဖွားလာကြပြီး သူတို့ရန်သူများ၏ စိတ်သည်တွေကို ပြန်တောင်မှ မတိုက်ခိုက်နိုင်အောင် လုပ်ဆောင်နိုင်ကြသည်။ သူတို့က ရန်သူများကို ညို့ယူထားခြင်း ခံထားရတယ် ဆိုတာကိုတောင်မှ သတိမပြုမိပဲ ဂေခွဲလို့မရအောင် စွမ်းဆောင်နိုင် ကြသည်။ ဥပမာ မီးကေရာဇ် အနေနှင့် သူ့အသိဉာဏ်ဖြင့်

ရှေးဟောင်းသတ္တုမိုင်းကို အတင်းအကျပ် တူးဖော်ထုတ်လုပ်မှုကို သတိပြုမိသင့်သည်။ ဒီအဖြစ်အပျက်ကား နိုင်ငံတစ်ခု၏ အခြေခံကို အားနည်းစေပြီးတော့ မျိုးနွယ်စုရဲ့ စွမ်းအားတစ်ခုလုံးရဲ့ ပျက်စီးခြင်းကို သယ်ဆောင် လာနိုင်သည်။

သူက ခေါင်းမာမာဖြင့် သူ၏လမ်းကြောင်းကို ဖက်တွယ်ဖို့ ရွေးချယ်ထားပြီး အနာဂတ်မှာ သူက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အံ့သြစရာကောင်းတဲ့ စွမ်းရည်ပိုင်ဆိုင်ရမည်ဆိုကာ လေထဲတွင် တိုက်အိမ်ဆောက်နေခဲ့၏။ ထိုအတွက် အကြောင်းပြချက် တစ်ခုကား သတ္တုမိုင်းတွင်း၏ အကူအညီက အကြီးအကျယ်ကို ဆွဲဆောင်နေပြီး နောက်တစ်ချက်ကား နဇီရန်၏ ညှို့ယူဖမ်းစားထားမှုကြောင့် ဖြစ်သည်။

ဒုတိယ အချက်ကား ရှုခုန်ယွမ်က တခြားသူတွေကို သတိဂီရိယ နိုးကြားသွားမှာကို မလိုချင်မှန်း သိသာထင်ရှားသည်။ ရှေးဟောင်းသတ္တုမိုင်းတွင်းနဲ့ လျို့ဝှက်ဆန်းကြယ်ပြီး ထူးခြားတဲ့ ဆေးရည် အကြောင်းကို သူ့ကိုယ်ပိုင် ကလန်ကလူတွေကိုတောင် မသိစေချင်ခဲ့ပေ။ သူက ရှေးဟောင်း မှတ်တမ်းစာအုပ် တချို့ကနေ ထိုအကြောင်းကို ဖတ်ရှုမိပြီး ၎င်းကို သူတစ်ဦးတည်းသာ

ပိုင်ဆိုင်ချင်ခဲ့တာ ဖြစ်နိုင်ပေသည်။

ဤသည်ကား နဇီရန် တစ်ဦးတည်းကိုပဲ သူစေလွှတ်ရတဲ့ အကြောင်းအရာများကို အခြေခံပြီး အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်သည်။ လူတစ်ယောက်တည်းဆိုလျှင် သတင်းမပေါက်ကြားဖို့အတွက် သူ့ကိုသတ်ပစ်ရတာ အရမ်းကို လွယ်ကူပါလိမ့်မည်။

လင်းဟန်၏ သိချင်စိတ်ကား ပိုပိုပြီးတော့တောင် လောင်ကျွမ်းလို့နေသည်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကိုတောင် အပင်ပန်းခံ ဒုက္ခခံပြီးတော့ ကြိုးစားအားထုတ်စေတဲ့ ထိုရတနာကား သေချာပေါက် မယုံနိုင်စရာ ကောင်းလောက်အောင် အဖိုးတန်ပေလိမ့်မည်။ ထိုဆေးပုလင်းကား မျှော်စင်လေး ရည်ညွှန်းသည့် ကျိန်စာပစ္စည်းတစ်ခု သေချာပေါက် ဖြစ်ပေလိမ့်မည်။ သို့ပေမဲ့လည်း ၎င်းကို မည်သည့်အတွက် အသုံးပြုသနည်း။

အဖြေကို သိလိုလျှင် အရမ်းကို ရိုးရှင်းပါတယ်။ သူ့အနေဖြင့် ထိုပစ္စည်းကို ထွက်ပေါ်လာအောင် တူးဆွရပါလိမ့်မည်။

လင်းဟန်မှာ အရမ်းကို ကြမ်းတမ်းခိုင်မာသည့် မွေးဖွားရာ ဇာတာခွင်တစ်ခု ရှိပြီး အနက်ရောင် မျှော်စင်၏ တည်ရှိမှုကိုပါ

ထည့်တွက်လိုက်မည် ဆိုပါက သူ့အနေနှင့် ကျိန်စာသင့်ခံရမည့် အရေးကို စိုးရိမ်ပူပန်နေစရာ လုံးဝလိုအပ်လိမ့်မည်မဟုတ်ချေ။ သူ့အနေဖြင့် ရှေးဟောင်းသတ္တုမိုင်း အတွင်းမှာ သူ့စိတ်ကြိုက် ဘယ်နေရာကိုဖြစ်ဖြစ် သွားနိုင်ပြီးတော့ ဘာကိုပဲဖြစ်ဖြစ် သူ့စိတ်ကြိုက် ပြုလုပ်နိုင်ပေသည်။

ထို့အပြင် သူ့မှာတခြားလုပ်စရာ တစ်ခုလည်း ရှိ၏။ ထိုသည်ကား မိုင်းတွင်းလုပ်သားများကို အနက်ရောင်မျှော်စင်ထဲမှာ သယ်သွားပြီး သူတို့အပေါ်က ကျိန်စာအကျိုးသက်ရောက်မှုများကို ဖယ်ရှားပေးနိုင်သည်။

လင်းဟန်က ရှေးဟောင်းသတ္တုမိုင်းတွင်းဆီကို ရောက်လာခဲ့သည်။ အဲဒီအချိန်မှာ အင်ပါယာအစောင့်အရှောက်တွေက အလျင်စလို ရောက်လာခဲ့ကြပြီး သူတို့ဆီမှာ မီးဧကရာဇ်ရဲ့ အင်ပါယာ အမိန့်စာလွှာကိုလည်း ယူဆောင်လာခဲ့ကြသည်။ သူတို့က မကြာခင်မှာ သတ္တုမိုင်းတွင်းဟောင်းကို ချိတ်ပိတ်ပြီးတော့ လင်းဟန်၏ အမိန့်ကို နာခံရပါလိမ့်မည်။

လင်းဟန်က မိုင်းတွင်းလုပ်သားတွေ အားလုံးကို အပေါ်မှာ စုစည်းစေခဲ့သည်။ အဲဒီနောက်မှာ ပန်းဖူးအဆင့်ရဲ့ အရှိန်အဝါကို အသက်သွင်းပြီး သူတို့ကို

သတိလစ်မေ့မျောစေကာ အနက်ရောင် မျှော်စင်ထဲသို့ သူတို့ကို ထည့်သွင်းလိုက်သည်။ ထို့နောက် သူတို့အားလုံးကို ထုတ်ပြီးတော့ သတ္တုမိုင်းတွင်းကနေ ထွက်သွားစေခဲ့သည်။ သူတို့၏ အသိစိတ်တွေ ပြန်လည်ရရှိ လာသည့် အချိန်တွင် မေးခွန်းတွေအတွက် လင်းဟန်အနေနဲ့ ဘာမှဂရုစိုက်နေစရာ မလိုချေ။

"သခင်လေးဟန် မင်းအနေနဲ့ တကယ်ပဲ သခင်စုန်ယွမ်နဲ့ ရင်ဆိုင်လို့ ရနိုင်မှာမဟုတ်ဘူး"

နဇီရန်က နောက်တစ်ကြိမ် ကုန်းအော်လိုက်သည်။

"ကျုပ်က ဒီကအကြောင်းအရာတွေကို ဆယ်ရက်ပြည့်တိုင်း သခင်စုန်ယွမ်ကို သတင်းပို့ရတယ်။ မနက်ဖြန်ဆိုရင် ကျုပ်သတင်းပို့ရမဲ့ ရက်ကိုရောက်လာပြီ။ သခင်စုန်ယွမ်က လက်ရှိ လုပ်ငန်းရဲ့ အမြန်နှုန်းကို အရမ်းပဲ အားမလိုအားမရ ဖြစ်နေခဲ့တယ်။ တကယ်လို့ ဒီကကိစ္စတွေသာ နှောင့်နှေးကြန့်ကြာနေမယ်ဆိုရင် သခင်စုန်ယွမ်ကိုယ်တိုင် ရောက်လာမလားဆိုတာတော့ အာမမခံနိုင်ဘူး။ အဲဒီအချိန်ကျရင် ငါတို့အားလုံး ပြဿနာ အကြီးကြီးတက်ပြီ"

ဤသည်ကား နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်

ကျင့်ကြံသူ တစ်ယောက် ဖြစ်ပေသည်။ အတွေးတချက်နဲ့တင် သူ့အနေဖြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို သေအောင်လို့ ဖျက်ဆီးပစ်နိုင်သည်။ လင်းဟန်က ဘယ်လောက်ပဲ မွန်းစတား ဆန်နေပါစေ အရေးမပါပါဘူး။ သူ့အနေနှင့် ဤကဲ့သို့သော တည်ရှိမှုတစ်ခုကို ဆန့်ကျင်ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်း မည်သည့်နည်းမှ ရှိလိမ့်မည် မဟုတ်ပေ။

"ဒါဆိုရင် မကြာခင်ပေါ့"

လင်းဟန်က မျက်မှောင်ကြုတ်လိုက်သည်။ အကယ်၍ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က တကယ်ပဲ ရောက်လာခဲ့မည် ဆိုပါက သူ့အနေနှင့် ဘယ်လိုမျိုး ခုခံကာကွယ်ရမည်နည်း။ ရက်တွေအများကြီး ကြာပြီးသည့်နောက် နတ်ဘုရား ရုပ်အလောင်း နှစ်ခုကလည်း တန်ခိုးရှင်အဆင့် ဖိအားတွေ အများကြီး လျော့ကျသွားခဲ့ပါပြီ။ ယခုချိန်မှာ ၎င်းရုပ်အလောင်းတွေက အများဆုံး ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကိုပဲ ဖိနှိပ်ထိန်းချုပ် နိုင်ပါလိမ့်မည်။ ထို့ပြင် ဤသည်ကား သူ့အတွက် အသုံးမဝင်တော့ပေ။ သူ့အနေဖြင့် ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ဦးနှင့် ရင်ဆိုင်ရသည့် အခါတွင် အကူအညီ လိုအပ်နေဦးမှာလား။

"သခင်လေးဟန် ငါတို့ရဲ့ အသက်တွေအတွက် ကျေးဇူးပြုပြီးတော့ ဒီကိစ္စမှာ ဂင်ပြီးတော့ မစွက်ဖက်ပါနဲ့။ မင်းမှာ ဂင်ပြီးတော့ စွက်ဖက်နိုင်စွမ်း မရှိဘူး"

နဇီရန်က အကြံပြုလိုက်သည်။ ဒ့ါအပြင် ဒီဆေးပုလင်းက ရှုခုနှ်ယွမ်လို နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုတောင် အရမ်းကြီး အလေးအနက် ထားနေတာကို သက်ာမကင်း ဖြစ်နေပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် ထိပ်တန်းအဆင့်မြင့် ကျင့်ကြံသူ တစ်ယောက်ကိုတောင်မှ ဆွဲဆောင်နိုင်လိမ့်မည်ဟု သံသယဂင်နေသည်။

အကယ်၍များ ထိုသို့ဆိုလျှင် ၎င်းမှာ မယုံနိုင်စရာ ကောင်းလောက်သည့် ထူးခြားမှု ရှိလိမ့်မည်။ အကယ်၍ ထိုဆေးပုလင်း၏ သတင်းများသာ ပေါက်ကြားသွားပါက တော်ဂင်ကလန်တောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားနိုင်ပေသည်။

လင်းဟန်က သူ၏ခေါင်းကို ခါလိုက်သည်။ သူ့အနေဖြင့် ထိုသတ္တုမိုင်းတွင်းဟောင်းကြီးကို တူးဖော်ထုတ်လုပ်ခြင်းကို မည်သည့်နည်းနဲ့မှ ခွင့်ပြုနိုင်မည် မဟုတ်ချေ။ သို့ပေမဲ့လည်း

သူ့အနေနှင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်၏ ခြိမ်းခြောက်မှုလည်း လျစ်လျူရှုလို့ မရနိုင်ပေ။ ထို့ကြောင့် မည်ကဲ့သို့ ဆက်လုပ်ရမည်နည်း။ သူက ထိုကျိန်စာ ပစ္စည်းကို ရယူလိုက်တာနဲ့ ထိုနတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူက ရုတ်ချည်းဆိုသလို သူ့ကို အမဲလိုက်သလို လိုက်လံရှာဖွေနိုင်သည်။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ့မှာ အလယ်ပိုင်း စီရင်စုနယ်မြေဆီကို ဦးတည်သွားဖို့ အစီအစဉ် ဆွဲထား၏။ ထိုနေရာတွင် နယ်မြေအသီးသီးကို ခွဲခြားသတ်မှတ်ထားသည့် သဘာဝ အတားအဆီးတစ်ခု ရှိနေပြီး အကယ်၍ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ထိုလမ်းအတိုင်း ဦးတည်လာမည် ဆိုပါက အကြီးအကျယ် အားနည်းသွား စေနိုင်သည်။ ထို့အပြင် နတ်အသွင်ပြောင်းလဲခြင်း ကျင့်ကြံသူများကား ထိုနေရာတွင် အစွမ်းထက်ဆုံးဟု သတ်မှတ်ယူဆ၍ မရနိုင်ပေ။

ဆုံးဖြတ်ချက်ကို ချလိုက်သည်။

လင်းဟန်က ပထမဆုံး အနေဖြင့် ကျိန်စာပစ္စည်းကို တူးဖော်ဖို့ အစီအစဉ် ချမှတ်လိုက်သည်။ ဤကား

လက်ရှိသူ၏ အစီစဉ်များတွင် အရေးတကြီးလုပ်ဆောင်ရမည့် ကိစ္စတစ်ခု ဖြစ်ပေသည်။

သူက သတ္တုမိုင်းတွင်းဟောင်းဆီ ပြန်လာပြီး အတွင်းပိုင်း နက်နက်ဆီသို့ ဂင်ရောက်ပြီးတော့ ဟူးညိုကို သူ့ဘေးနားထားပြီး စတင်ရှာဖွေကြသည်။

သတ္တုမိုင်းတွင်းဟောင်းကား အရမ်းကို ထူးခြားသည့် နေရာတစ်ခု ဖြစ်ပေသည်။ ကျိန်စာပစ္စည်း၏ အရှိန်အဂါက သွေးအမျှင်ပါးပါးနဲ့ တူပြီးတော့ နတ်ဘုရားအာရုံ တစ်ခုပျံ့နှံ့နေကာ မိုးထိအောင် ထိုးတက်လို့နေသည်။ ထို့ကြောင့် လင်းဟန်က ထိုအရာကို စူးစမ်းလေ့လာဖို့ အချိန်မရှိတော့ပဲ အတော်ဂေးတဲ့ အကွာအဂေးတစ်ခုကို ရောက်နေသည်။ ဒါပေမဲ့ ထိုဆေးပုလင်းလေးကား ကျိန်စာချီရဲ့ အရင်းအမြစ် ဖြစ်လိမ့်မည်ဆိုတာ သူသိနားလည်ထားသည်။ လင်းဟန်က သူဘာလုပ်ရမည် ဆိုသည်ကို သိရှိပြီး ကျိန်စာချီ အားအကောင်းဆုံး နေရာဆီသို့ ဦးတည်သွားလိုက်သည်။

ထိုနေရာကို ရှာဖွေတွေ့ရှိသည်နှင့် သူက စတင်ပြီးတော့ တူးဆွလိုက်သည်။

တူးဖော်ခြင်းကိစ္စအတွက်ကတော့ သူနဲ့အတူ မိုင်းတွင်းလုပ်သား တစ်သောင်းကျော်ထက် ပိုပြီးတော့ စွမ်းဆောင်နိုင်ပေသည်။

ပန်းဖူးအဆင့်လူတွေက ဘယ်လိုမျိုး စွမ်းအင်အမျိုးအစားကို ပိုင်ဆိုင်ထားသလဲ။ ကျောက်တုံး သို့မဟုတ် ရွှံ့နွံကိုတောင် သူတို့က လွယ်ကူစွာနဲ့ ထိုးဖောက်နိုင်သည်။ ထို့အပြင် သူ့အတွက် မလိုအပ်ပဲ ကြိုးစားအားထုတ်ပြီး ညစ်ပတ်ပေကျံနေအောင် တူးဆွဖို့ မလိုအပ်ပဲ အနက်ရောင် မျှော်စင်ထဲကို အားလုံးလွယ်လွယ်ကူကူနဲ့ ပစ်ထည့်လို့ ရနိုင်ပါတယ်။

အထဲက နေရာလွတ်ကား မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပြီး အထဲမှာ တောင်တွေ မြစ်တွေ ဘယ်လောက်တောင်များ ထည့်သိမ်းနိုင်လဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။

သူရဲ့စွမ်းဆောင်ရည် နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် မြင့်မားလှပေသည်။ ထို့ကြောင့် နေ့တစ်ဝက်ခန့် ကြာပြီးသည့်နောက်မှာ မြေကြီးကနေ မိုးထိအောင် ထိုးတက်နေတဲ့ အရိုန်အဝါက သွေးရောင်လို နီမြန်းလာပြီး သူရဲ့ အရေပြားတောင်မှ ချက်ချင်းပဲ

သွေးနီရောင်အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူရဲ့နှလုံးသားထဲမှာ သွေးဆာလောင်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ ကိစ္စတွေကို ကျူးလွန်ချင်တဲ့ မကောင်းဆိုးဝါးစိတ်တွေ လှုံ့ဆော်လို့ လာခဲ့ပြီး သက်ရှိတွေ အားလုံးကို သတ်ဖြတ်ပစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လို့ လာပါတယ်။

ဒီအကျိုးသက်ရောက်မှုကြား အရမ်းကို ကြီးမားပြီး အချိန်ခဏလေး အတွင်းမှာ လင်းဟန်နဲ့ ဟူးညီတို့ နှစ်ယောက်စလုံး မယုံနိုင်လောက်စရာ ဖိအားကို ခံစားလိုက်ရပါတယ်။ သူတို့က အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲ ဝင်သွားပြီးတော့ အသက်ရှူလိုက်ရပါတယ်။

"ဒါက ကျိန်စာရဲ့ စွမ်းအား မဟုတ်ဘူး။ ဖြစ်နိုင်တာက ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝရှိတဲ့ အဆုံးမဲ့ ကျင့်ကြံသူ တစ်ယောက်က ဒီနေရာမှာ သေဆုံးသွားခဲ့တာ ဖြစ်မယ်။ အချိန်တွေ ကြာညောင်းလာတဲ့ အခါမှာ ဒီနေရာ ပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှုတွေ ဖြစ်လာခဲ့တာပဲ"

မျှော်စင်လေးက ပြောလိုက်သည်။

"အဲဒီလူက ဒီကျိန်စာပစ္စည်းကြောင့် အသတ်ခံရတာ

ဖြစ်နိုင်တယ်”

မျှော်စင်လေးက ကောက်ချက် ချလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ အချိန်အတော်ကြာအောင် နေပြီးတော့ သူတို့ခန္ဓာကိုယ်က ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ကို လှုံ့ဆော်နေမှုတွေ နောက်ဆုံးမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူတို့နှစ်ယောက်က နောက်တစ်ကြိမ် အနက်ရောင် မျှော်စင်ထဲကနေ ထွက်ပြီးတော့ ဆက်တူးလိုက်ကြပါတယ်။ ဟူးညိုရဲ့ လက်သည်းသေးသေးလေးတွေက အရမ်းကို ထက်မြက်တဲ့အတွက် သူမက ကောင်းကောင်းကြီး ကူညီပေးနိုင်ပါတယ်။

“ဘယ်လောက်တောင် မကျေမနပ်ဖြစ်စရာ ကောင်းလိုက်သလဲ”

မိနစ်တော်တော်များများ တူးဆွပြီးတဲ့နောက်မှာ တစ်စုံတစ်ခုက သူရဲ့ ခန္ဓာကိုယ် အထဲကို ဂင်လာသလိုမျိုး ခံစားလိုက်ရပြီး လင်းဟန်က ရုတ်တရက် အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက ထူးဆန်းတဲ့ ခံစားမှုတစ်ခု ဖြစ်ပြီးတော့ သူ့ကိုအကြောင်းတစ်စုံတစ်ခုကြောင့် ထိတ်လန့်တဲ့

ခံစားမှုမျိုး ဖြစ်စေခဲ့ပါတယ်။

ဒါက ကျိန်စာရဲ့ စွမ်းအားများလား။

ဒါက လူတစ်ယောက်ရဲ့ အသက်ကို ချက်ချင်းကြီး နုတ်ယူသွားလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မသိမသာနဲ့ လွှမ်းမိုးပြီးတော့ နောက်ဆုံးမှာ လူတစ်ယောက်ကို ရုတ်တရက် သေသွားအောင် လုပ်နိုင်ပါတယ်။

"ဖန်ပုလင်း"

ဟူးညို့က အံ့အားသင့်စွာနဲ့ အော်ပြောပြီးတော့ မြေကြီးကို လက်ညိုးထိုး ညွှန်ပြလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ အဲဒီနေရာမှာ ဖန်ပုလင်းရဲ့အဂ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် သူက အလျင်အမြန်ပဲ ဆက်ပြီးတော့ တူးလိုက်ပါတယ်။ သိပ်မကြာခင်မှာ ဖန်ပုလင်း တစ်ခုလုံး ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းက တစ်ပေခန့် ရှည်ပြီးတော့ အရမ်းကို ပိန်သွယ်ပါတယ်။ ၎င်းကို ကျောက်စိမ်းနဲ့ ပြုလုပ်ထားပြီး မြေကြီးရဲ့အောက်မှာ နှစ်ပေါင်းများစွာ မြုပ်နှံထားတာတောင် အနည်းငယ်မျှ ထိခိုက်ထားပုံ

မရပါဘူး။

ဖန်ပုလင်းရဲ့ ခန္ဓာကိုယ်ပေါ်မှာ ပုံစံတွေ အများကြီး ရှိပါတယ်။ ၎င်းက ကျိန်စာတွေနဲ့ ပတ်သက်ဆက်နွယ်နေတဲ့ သိုင်းဆန္ဒသဘောတရား အမျိုးအစားတချို့ ဖြစ်နိုင်ပါတယ်။

သူက ကျောက်စိမ်းဖန်ပုလင်းကို ကောက်ယူချင်ပါတယ်။ ဒါပေမဲ့ သူကြိုးစားကြည့်တဲ့ အခါမှာ ဘယ်လိုမှ ကောက်ယူလို့ မရဘူးဆိုတာကို တွေ့မြင်လိုက်ရပါတယ်။

ဒါက မြေကြီးမှ အမြစ်တွယ်နေတာလား။

သူက ခွန်အားကို တိုးမြှင့်ပြီးတော့ ဆွဲထုတ်ယူလိုက်တဲ့ အခါမှာ ကျောက်စိမ်းပုလင်းက နောက်ဆုံးမှာ ကြွတက်ပြီး အပေါ်ကို ပါလာခဲ့ပါတယ်။ ဒါပေမဲ့လည်း မြေကြီးကနေ ကြွတက်လာတဲ့ အခါမှာ သွေးရောင်ရေပန်းတစ်ခု အပေါ်ကို ပန်းထွက်လာခဲ့ပြီး ကြောက်မက်ဖွယ် အရှိန်အဟုန် တစ်ခုက နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။ လင်းဟန်မှာ ကောင်းကင်အဆင့် နတ်ဘုရားအာရုံ ရှိနေတာတောင်မှ ကြီးမားတဲ့ မဟာကပ်ဘေးတစ်ခု ရုတ်တရက် ဖြစ်သွားသလို တဆတ်ဆတ်တုန်သွားသလို ခံစားလိုက်ရပါတယ်။

"သွားကြစို့"

လင်းဟန်က ကျောက်စိမ်းပုလင်းကို သိမ်းထားပြီးတော့ အလျင်အမြန်ပဲ ဟူးညိုကို ကောက်ချီပြီး အပေါ်ကို ပျံတက်သွားခဲ့ပါတယ်။

Chapter 532 end
အပိုင်း(၅၃၃) ကွဲလွဲချက်

ဟုမ်း။

သွေးရောင် ရေပန်း၏ ခက်ထန်ပြင်းထန်မှုကား ပိုပြီးတော့ တိုးလာခဲ့သည်။ ပထမ ၎င်းကား လက်မောင်းတစ်ဖက်ကဲ့သို့ ကျယ်ပြီး မကြာခင်မှာ အရွယ်ရောက်တဲ့ ယောကျ်ားတစ်ယောက်လို ကျယ်ပြန့်ကြီးထွား လာခဲ့သလို ရှည်ပြီးမြင့်တက်လာခဲ့သည်။ နောက်ဆုံးမှာ ၎င်းက သဘာဝ ရေပူစမ်း တစ်ခုလိုမျိုးနဲ့ တူပြီးတော့ သွေးရောင်လှိုင်းတွေက မိုးထိအောင် ထိုးတက်နေပြီး ကမ္ဘာကြီး တစ်ခုလုံးကို စီးမျောတော့မဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

လင်းဟန်က အပေါ်ကို တစ်ချိန်လုံး ပျံတက်သွားခဲ့သည်။ သူရဲ့အောက်ခြေကနေ ရေ၏အမြင့်က လျင်မြန်စွာနဲ့

မြင့်တက်လာခဲ့သည်။ သူရဲ့ခြေဖဝါးအောက်ခြေတောင် အတော်လေး ပူလောင် လာခဲ့ပါတယ်။ ဇီ ဇီ ဇီ။ ၎င်း၏ကြောက်မက်ဖွယ်ရာ တိုက်စားခြင်း စွမ်းအင်နဲ့အတူ လင်းဟန်၏ ဖိနပ်များ စတင်ပြီးတော့ ပျက်စီးယိုယွင်းလာခဲ့ပြီး သူ၏ခြေအိတ်များအတိုင်း လိုက်လာခဲ့သည်။ သူရဲ့ခြေဖဝါးတွေလည်း ထူးထူးခြားခြား ယားယံလာပြီး အရေပြား အလွှာတစ်ခုပြီး တစ်ခုက ကျွတ်ထွက်သလို ခံစားရပြီး တကယ်လို့ သူရဲ့အသွေး အသားတွေတောင်မှ အရည်ပျော်ပြီးတော့ အရိုးစုပဲ ကျန်ရစ်တော့မဲ့အတိုင်း ခံစားနေရပါတယ်။

ဒါက တကယ်ပဲ အရမ်းကို ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။ ဒီသွေးရောင်အရည်ကနေ သေးငယ်တဲ့ ရေငွေ့တစ်ခုက အခုလိုမျိုး တိုက်စားနိုင်တဲ့ စွမ်းရည်တောင် ရှိနေပါတယ်။ တကယ်လို့များ သူက ဒီသွေးလိုင်းရဲ့ ဂါးမျိုခြင်းကို တကယ်ပဲ ခံလိုက်ရမယ်ဆိုရင် သူတောင်မှ အသက်ရှင်ပါဦးမလား။

တစ်ခုသိထားရမှာက သူက ဖျက်ဆီးလို့မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို ကျင့်ကြံထားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူရဲ့ ရှားပါးပြီး တန်ဖိုးမဖြတ်နိုင်တဲ့

သတ္တုတွေနဲ့ အဆင့်တူရှိပါတယ်။ တကယ်လို့ တခြားပန်းဖူးအဆင့် ကျင့်ကြံသူတွေသာ သူ့နေရာမှာဆိုရင် အရည်ပျော်ပြီးတော့ သွေးရောင်ရေအိုင်ထဲကို ပြုတ်ကျသွားနိုင်ပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ ဟူးညိုကို အနက်ရောင်မျှော်စင်ထဲကို ထည့်ပြီးတော့ သူအစွမ်း ရှိသလောက် အမြင့်ကို ဆက်ပြီးတော့ ပျံလိုက်ပါတယ်။

ဒီမြေပြင်က အမှန်တကယ်ကို ကြီးမားတဲ့ ဂင်္ဂါပါ့အစီအရင်တစ်ခု ဖြစ်ပြီးတော့ ကျောက်စိမ်းဖန် ပုလင်းက အစီအရင်ရဲ့ မျက်လုံးဖြစ်နိုင်ပါတယ်။ ၎င်းရဲ့ နှလုံးသားများလား။ အခုဆိုရင် သူက အစီအရင်ရဲ့ မျက်လုံးကို ဆွဲထုတ်ယူလိုက်ပြီး ရောမဂင်္ဂါပါ အစီအရင်က လုပ်ငန်းတွေ ရပ်သွားပြီး အထဲမှာ ဘယ်လိုသက်ရှိမျိုးကို ဖိနှိပ်ထားသည်ဖြစ်စေ ချက်ချင်းပဲ ထွက်ပေါ်လာခဲ့ပါတယ်။

ဒါဆိုရင် သူက ပြဿနာကြီး တစ်ခုကို ဖြစ်စေခဲ့ပြီလား။

ကံကောင်းတာက ဒီမှာရှိတဲ့ လူတွေအားလုံး ထွက်ခွာသွားခဲ့ပါပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီနေရာမှာရှိတဲ့ သတ္တုမိုင်း လုပ်သားတွေက

ဒီသွေးပင်လယ်ရဲ့ ဂါးမျိုခြင်းကို ခံသွားရ ပါလိမ့်မယ်။

ပုန်း။

လင်းဟန်က ကောင်းကင်ပေါ်ကို ပျံတက်လာခဲ့ပြီး မကြာခင်မှာ သတ္တုမိုင်းတွင်းရဲ့ အထက်နေရာကို ရောက်လာခဲ့ပါတယ်။

သွေးစီးကြောင်းက ကောင်းကင်ပေါ်ကို မြင့်တက်လာပြီး အနည်းဆုံး ပေတစ်ရာအမြင့်ကို ရောက်ပြီးတော့မှ အောက်ကို ပြန်ပြီးကျသွားပါတယ်။ သွေးပမာဏ အများကြီးက အပေါ်ကို ပန်းထွက်လာခဲ့ပြီး ရှေးဟောင်းမိုင်းတွင်း တစ်ခုလုံးက ရုတ်ချည်းဆိုသလို ရေကန်တစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ မျက်စိတစ်ဆုံး သွေးရောင်တွေချည်း မြင်တွေ့နိုင်ပါတယ်။

လင်းဟန်က ရေကန်ရဲ့ ကမ်းစပ်မှာ မတ်တတ်ရပ်ပြီးတော့ အသက်ကို ပြင်းပြင်းရှုလိုက်ပါတယ်။ ဒီသွေးရောင်ရေကန်ကနေ အားကောင်းတဲ့ သံအနံ့တစ်ခု ထွက်လာပြီး စောစောလေးကမှ အစုလိုက် အပြုံလိုက် တိုက်စားခံလိုက်ရပြီး ဖြစ်ပေါ်လာသလိုမျိုးပါပဲ။ အနံ့က အတော်လေးကို အားကောင်းပြီး သူ့ကိုတောင်မှ ရောမ

မွန်းစတား တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး ဒီကမ္ဘာထဲက အားလုံးကို သတ်ဖြတ်ပစ်ချင်လောက်တဲ့ ခံစားမှုကိုတောင် ဖြစ်ပေါ်စေပါတယ်။

ဒါတွေက တကယ်ပဲ သွေးတွေများလား။ တကယ်လို့ သွေးတွေဆိုရင် ဒီလိုမျိုး လွှမ်းမိုးနိုင်တဲ့ ပမာဏတစ်ခုကို ဖန်တီးဖို့ လူတွေဘယ်လောက်တောင်များ သေခဲ့ရသလဲ။

လင်းဟန်က သူရဲ့ဆံပင်တွေတောင် ထောင်လာသလိုမျိုး ခံစားလိုက်ရပါတယ်။ ဒီရှေးဟောင်း သတ္တုမိုင်းက ဘယ်လောက်တောင် ကြီးမားသလဲ ဆိုတာကို သူကအရမ်းကို ရှင်းလင်းသွားပါပြီ။ ဒါပေမဲ့ သူက ကျောက်စိမ်းဖန်ပုလင်း အောက်မှာ ချိတ်ပိတ်ခံထားရတဲ့ နေရာအရွယ်အစားကို လုံးဝကို လျှော့မတွက်ခဲ့ပါဘူး။ ဒါပေမဲ့ ရှေးဟောင်းသတ္တုမိုင်းရဲ့ အထဲက နေရာတစ်ခုလုံးကို ပြည့်စေဖို့ဆိုရင် လူဆယ်သန်းရဲ့ သွေးတွေတောင် လုံလောက်ချင်မှ လုံလောက်ပါလိမ့်မယ်။

"မင်းရဲ့ သုံးသပ်ချက်က မှားနေပြီ။ အများဆုံး အဲဒီမှာ လူဆယ်ဂဏန်းရဲ့ သွေးတွေပဲ ရှိတယ်"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"အဲဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

လင်းဟန်က ချက်ချင်းဆိုသလို အံ့အားသင့်ပြီးတော့ တအံ့တသြနဲ့ ပြောလိုက်ပါတယ်။ တကယ်လို့ ဒါက လူဆယ်ဂဏန်းကျော်ရဲ့ သွေးတွေပဲဆိုရင် ဒီလူတွေက ဘယ်လောက်တောင်မှ ကြီးမားလို့လဲ။ တောင်ရဲ့ အရွယ်အစားကရော။

"ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းရည်တွေ မြင့်မားလာလေ သူတို့က သွေးတွေအများကြီးကို ပိုင်ဆိုင်လာကြတယ်။ သွေးနည်းနည်းလေးကတောင် ပင်လယ်တစ်ခုလောက် ဖြစ်ပေါ်ဖို့ လုံလောက်လိမ့်မယ်။ အဲဒါက ဒီလောက်တောင် အံ့သြစရာ ကောင်းနေလို့လား"

မျှော်စင်လေးက တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

"ဒီနေရာက သွေးတွေက မတူညီတဲ့ အရင်းအမြစ် ဆယ်ခုကျော်ကနေ လာခဲ့တာပဲ။ ဒါကြောင့် အများဆုံး အဲဒီသွေးတွေက လူဆယ်ဂဏန်း အထက်ကနေ လာခဲ့တာ ဖြစ်လိမ့်မယ်"

လင်းဟန်က စကားပြောမလို့ ပြင်ပြီးကာမှ ရပ်လိုက်ပါတယ်။ သူက သွေးရေကန်အထဲမှာ အဖြူရောင် အလင်းတစ်ခု လက်သွားတာကို မြင်တွေ့လိုက်ရပြီး မကြာခင်မှာပဲ ရေအပေါ်မှာ အဖြူရောင် အလောင်းကောင် တစ်ခုရဲ့ ပုံပန်းသွင်ပြင်က ထွက်ပေါ်လာပြီး ရေမျက်နှာပြင် အပေါ်မှာ ရေပူစီပေါင်းလေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအလောင်းကောင်က ယောကျ်ား တစ်ယောက်ရဲ့ ရုပ်အလောင်း ဖြစ်ပြီးတော့ သူအသက်ရှင်နေတဲ့ အချိန်တုန်းက သေချာပေါက် အရမ်းကို တည်ကြည်ခံ့ညားမှု ရှိပါလိမ့်မယ်။ အဲဒီအချိန်က သူ့တစ်ကိုယ်လုံး အဖြူရောင် ဂတ်စုံကို ဂင်ဆင်ထားပုံ ရပြီးတော့ သူရဲ့ရင်ဘတ်ပေါ်မှာ ဒဏ်ရာတစ်ခုရှိနေပြီး အဲဒီဒဏ်ရာက သူရဲ့ရင်ဘက်ကနေ နှလုံးသားကို တိုက်ရိုက်ပေါက်ကွဲထွက် သွားစေခဲ့ပုံ ရပါတယ်။

နောက်ထပ်အလောင်းတစ်ခု ပေါ်လာခဲ့ပါတယ်။ ဒီတစ်ခုကတော့ အပြာရောင် ရွှံ့စေးအရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ ထိပ်ပြောင်ပြောင် ယောကျ်ားတစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ဦးခေါင်း အပေါ်မှာ အစက်အပြောက် ကိုးခုရှိနေပြီး သူရဲ့ရင်ဘတ်မှာ စိတ်ပုတီးတစ်ကုံး ဂတ်ဆင်ထား ပါတယ်။ သူရဲ့ဂတ်စားဆင်ယင်ပုံက အရမ်းကို ထူးဆန်းပါတယ်။ သူလည်းပဲ ရင်ဘတ်မှာ အပေါက်တစ်ခု

ရှိနေပြီး ဒီဒဏ်ရာကနေ သူရဲ့နှလုံးသားကို တိုက်ရိုက်ဖျက်ဆီးပစ်ခြင်း ခံလိုက်ရပုံ ပေါ်ပါတယ်။

"ဒါက လူတွေခေါ်ဆိုနေကြတဲ့ ရှေးဟောင်းဘုန်းတော်ကြီးလား"

လင်းဟန်က ရှေးဟောင်းဘုန်းတော်ကြီးတွေ ဘယ်လိုမျိုးဂုတ်စားတယ် ဆိုတာကို ကြားဖူးခဲ့ ပါတယ်။ သူတို့က အသားနဲ့ငါးစားခြင်းကို ရှောင်ကျဉ်ပြီးတော့ သတ်ဖြတ်ခြင်းကိုလည်း တားမြစ်ထားပါတယ်။ သူတို့က အရမ်းကို စည်းကမ်းတင်းကြပ်တဲ့ ပညတ်တော်တွေကို လိုက်နာစောင့်ထိန်း ကြရပါတယ်။

တတိယ အလောင်းကောင် ပေါ်လာခဲ့ပါတယ်။ ဒီတစ်ယောက်က ပြိုင်ဘက်ကင်းလောက်အောင် ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ သူမက အနီရောင် ဂါဝန်ရှည်တစ်ထည် ဝတ်ဆင်ထားပြီး သွေးရေနဲ့ လုံးဝကို လိုက်ဖက်နေပြီးတော့ သူမရဲ့ ဂါဝန်ရှည်က ဘယ်မှာ အဆုံးသတ်ပြီး သွေးရေတွေက ဘယ်မှာစတင်တယ် ဆိုတာကို ခွဲခြားလို့ မရပါဘူး။

သူမကတော့ နှလုံးသား ပျက်စီးပြီးတော့ သေဆုံးတာ

မဟုတ်ပေမဲ့ သူမရဲ့ ကျောက်စိမ်းနဲ့တူတဲ့ နဖူးပြင်ပေါ်မှာ အပေါက်တစ်ခု ဖြစ်နေပြီး အရမ်းကို ကြေကွဲဂမ်းနည်းဖွယ်ရာကောင်းတဲ့ သေခြင်းပဲ ဖြစ်ပါတယ်။

ဒီမိန်းကလေးက အရမ်းကို ဆွဲဆောင်မှုရှိသူ တစ်ယောက်ဖြစ်ပါတယ်။ ဘယ်သူမဆို သူမကို မြင်လိုက်တာနဲ့ သူမရဲ့သေခြင်းအတွက် စုတ်သပ်ပြီးတော့ ဂမ်းနည်းကြေကွဲ လာနိုင်ပါတယ်။

သိပ်မကြာခင် သူမရဲ့ အနောက်မှာ စတုတ္ထမြောက် အလောင်းပေါ်လာခဲ့ပါတယ်။

လင်းဟန် ရေတွက်ကြည့်တဲ့ အခါမှာ စုစုပေါင်း အလောင်းဆယ့်နှစ်ခု ရှိပါတယ်။ ဒီအလောင်းတွေ ကြည့်ရတာ မြေအောက်မှာ အရင်ကတည်းက ဖိနှိပ်ထိန်းချုပ်ခံထားရပြီး အခုမှ အားလုံးက တစ်ပြိုင်နက်တည်း ထွက်ပေါ်လာပုံ ရပါတယ်။

ဒီသွေးရေတွေမှာ ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်စားခြင်း စွမ်းရည်တွေ ပိုင်ဆိုင်ထားတယ် ဆိုတာကို လင်းဟန်က အရမ်းကို ရှင်းရှင်းလင်းလင်းနဲ့ သိထားပါတယ်။ ဒါပေမဲ့လည်း

ဒီအလောင်းတွေက နှစ်ပေါင်းရာဂဏန်း ဒါမှမဟုတ် နှစ်ပေါင်း သောင်းနဲ့ချီအောင် မြုပ်နှံထားခြင်းကို ခံထားရပေမဲ့ အားလုံးက ပုပ်သိုးဆွေးမြည့်ခြင်း မရှိသေးပါဘူး။ ဒါဆိုရင် သူတို့တွေ အသက်ရှင်တဲ့ အချိန်တုန်းက ဘယ်လောက်တောင်မှ အစွမ်းထက်လိုက်မလဲ။

ကောင်းကင်အဆင့် ကျင့်ကြံသူတွေက ဒီလိုမျိုး သန်မာနိုင်လို့လား။

လင်းဟန်က မသေချာပါဘူး။ သူက အခုဆို ကောင်းကင်အဆင့် နတ်ဘုရားအာရုံ တစ်စိတ်တစ်ဒေသကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ပြီးတော့ အကြွမ်းဖျင်း သုံးသပ်မှုတစ်ခုကို လုပ်ရမယ်ဆိုရင် သူအသက်ရှင်ခဲ့တုန်းက တူညီတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခု ဖြစ်ပါတယ်။ သူမှာ သေချာတဲ့ အဖြေတစ်ခု ရယူနိုင်စွမ်း မရှိပါဘူး။

ဒါမှမဟုတ် ဒီလူတွေက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာတောင် ဖြစ်နိုင်ချေ ရှိပါတယ်။

ပြဿနာက ဒီလူတွေအားလုံးက သေစေလောက်တဲ့ နေရာအမျိုးမျိုးကို ဆိုးဆိုးရွားရွား တိုက်ခိုက်ခံရပြီး သေသွားခဲ့ကြတယ် ဆိုပေမဲ့ သူတို့က လက်သီးတွေကြောင့်

ဆိုးဆိုးရွားရွားနဲ့ တိုက်ခိုက်ခံလိုက်ရပုံပါပဲ။ သူတို့မှာ လက်သီးချက်ကြောင့် နလုံးသားတွေ ကွဲကြေသွားတာ ဒါမှမဟုတ် သူတို့ရဲ့ ခေါင်းတွေ ထုတ်ချင်းပေါက်ခံရပုံမျိုး ဖြစ်နေပါတယ်။ သူတို့ပုံစံက ပြိုင်ဘက်ကင်း နတ်ဘုရားတစ်ပါးနဲ့ ရင်ဆိုင်တွေ့ပြီး သူတို့ရဲ့ တစ်ခုတည်းသော ကံကြမ္မာက ချက်ချင်းဆိုသလို သေဆုံးသွားခဲ့ပုံ ရပါတယ်။

ဒီအဆုံးမဲ့ လက်ရွေးစင် ဆယ့်နှစ်ယောက်ရဲ့ သွေးတွေက ပေါင်းစည်းသွားပြီးတော့ ဒီသွေးရေကန် ဖြစ်ပေါ်လာခဲ့ပါတယ်။

"ဘာလဲဟ"

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ရေကန်ရဲ့ မျက်နှာပြင်ပေါ်မှာ တောင်တစ်လုံး အရွယ်အစားရှိတဲ့ ငွေရောင်ပင့်ကူတစ်ကောင် ထွက်ပေါ်လာ ခဲ့ပါတယ်။ ၎င်းရဲ့ခြေချောင်းတိုင်းက နတ်ဘုရား လှံတစ်ချောင်းနဲ့ တူပြီးတော့ မယုံနိုင်လောက်တဲ့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါတစ်ခု ထွက်ပေါ်နေပြီး သူ့ကိုယ်သူတောင် အထိခိုက် မခံနိုင်တဲ့ အရာတစ်ခုနဲ့ ပြုလုပ်ထားသလို

ခံစားနေရပါတယ်။

ဒါက ပုံရိပ်ယောင် မဟုတ်ပါဘူး။ လင်းဟန်က ငုံ့ကြည့်လိုက်တဲ့ အခါမှာ သူရဲ့လက်ပေါ်မှာ အက်ကွဲရာတွေ ပေါ်လာသလိုမျိုး ခံစားလိုက်ရပါတယ်။ အဲဒီအချိန် ဒီအက်ကွဲကြောင်းတွေကနေ သွေးမျှင်တွေ စီးကျလာခဲ့ပြီး ပိုပိုပြီးတော့ ပေါ်လာခဲ့ပါတယ်။ ဒီသွေးစီးကြောင်းတွေက မျဉ်းတစ်ဖြောင့်အတိုင်း ဖြစ်ပေါ်လာပြီး အဆုံးမရှိ အောက်ဘက်ကို ကျဆင်းလာခဲ့ပါတယ်။

အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ သူက ဒီလောက်အပေးကြီးမှာ ရပ်နေတာတောင်မှ သူ့ကိုယ် ပျက်စီးသွားတော့မလို ခံစားစေဖို့ လုံလောက်ပါတယ်။

ကောင်းကင်အဆင့် ကျင့်ကြံသူမှာ ဒီလိုမျိုး စွမ်းအင်အဆင့်ကို မရောက်ရှိနိုင်ပါဘူး။ ပြီးတော့ ဒီကမ္ဘာကြီးမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စွမ်းအားအဆင့် တစ်ခုကိုပဲ ခွင့်ပြုပါတယ်။ ဒါကြောင့် ဒီငွေရောင်ပင့်ကူက သေချာပေါက် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ ရှိတယ်ဆိုတာ သေချာပေါက်ပါပဲ။

ဒီရောမ ငွေရောင်ပင့်ကူက လင်းဟန်ကို မျက်စိတစ်ချက်

ပျော့ကြည့်လိုက်ပြီး ဘာအမူအရာမှ မရှိပါဘူး။ ၎င်းရဲ့ အပြုအမူက မြင့်မားပြီး ခွန်အားကြီးမားကာ ပြိုင်ဘက်ကင်းတဲ့ သက်ရှိတစ်ခု ပုံစံမျိုးပါပဲ။

၎င်းအနေနဲ့ လင်းဟန်ကို စိတ်ဝင်တစားနဲ့ စိုက်ကြည့်နေဖို့ မလိုအပ်ပါဘူး။ ဘာဖြစ်လို့လည်းဆို နှစ်ဖက်စလုံးက အဆင့်တူတွေ မဟုတ်ပါဘူး။ လင်းဟန်ကိုကြည့်ရတာ ဘယ်လောက်တောင် သာမန်လူ တစ်ယောက်နဲ့ တူလိုက်သလဲ။

ဒါက မျက်စိနဲ့ အသာလေး ပျော့ကြည့်လိုက်တာ ဖြစ်ပြီးတော့ လင်းဟန်က သူရဲ့ခန္ဓာကိုယ်က ပျက်စီးတော့မလိုတောင် ခံစားလိုက်ရပါတယ်။ သူရဲ့စိတ်ဝိညာဉ်လည်း တူညီစွာနဲ့ပဲ ပျက်စီးယို့ယွင်းတော့မလို ခံစားလိုက်ရပါတယ်။

လင်းဟန်က ကောင်းကင်အဆင့်ကို ပြန်ရောက်ရှိသွားမယ် ဆိုရင်တော့ ဒီလိုမျိုး အရှိန်အဝါကို မားမားမတ်မတ် ရင်ဆိုင်နိုင်ပါလိမ့်မယ်။ ပြီးတော့ ဒါက အရှိန်အဝါမျှသာ ဖြစ်ပါတယ်။

ပုန်း။

အဲဒီအချိန်မှာပဲ သွေးရေကန်ထဲမှာ ရောမဂဲကန်တော့ကြီးတစ်ခု ပေါ်လာခဲ့ပါတယ်။ ရေတွေက ချက်ချင်းဆိုသလို နိမ့်ဆင်းသွားပြီး အရှိန်နှုန်းကလည်း တိုးလာပါတယ်။ အသက်အနည်းငယ် ရှူချိန်အတွင်းမှာ သွေးရေကန်ထဲက ရေတွေအားလုံး လုံးဂကို ပျောက်ကွယ်သွားခဲ့ပါတယ်။ ပြီးတော့ အလေောင်းဆယ့်နစ်ခုလည်း ရေတွေနဲ့အတူ ပျောက်ကွယ်သွားခဲ့ပါတယ်။

ငွေရောင်ပင့်ကူက ၎င်းရဲ့ရောမ ခြေလက်ကြီး ရှစ်ချောင်းကို ဆန့်ထုတ်ပြီး လျပ်ပြက်သလိုမျိုး သတ္တုမိုင်းတွင်း အထဲကနေ လွှားခနဲ ခုန်ထွက်သွားပြီး နောက်ထပ်မမြင်တွေ့နိုင်တော့ပါဘူး။

ဒီရှေးဟောင်းသတ္တုမိုင်းမှာ ဘာလုပ်ရမှာလဲ။

လင်းဟာန်က မျက်မှောင်ကြီး ကြုတ်လိုက်ပါတယ်။ အစပိုင်းမှာတော့ သူက ဒီနေရာမှာ ကျိန်စာပစ္စည်း တစ်ခု ဒါမှမဟုတ် အံ့မခန်း ကြီးကျယ်တဲ့ အဆုံးမဲ့ ကျင့်ကြံသူ တစ်ယောက်ကို မြုပ်နှံထားပြီး အဲဒီကနေတစ်ဆင့် ဒီကုန်းမြေအစိတ်အပိုင်းမှာ အကျိုးသက်ရောက်မှု ရှိခဲ့တယ်လို့ ထင်နေခဲ့တာပါ။ ဒါပေမဲ့လည်း သူက

ကျိန်စာပစ္စည်းတစ်ခုကို ရရှိခဲ့ပေမဲ့ အသက်ရှိစဉ်အခါက အရမ်းကို ခွန်အားကြီးမားခဲ့ပုံရတဲ့ အလောင်းဆယ့်နှစ်ခုလည်း ပေါ်လာခဲ့ပါတယ်။ ဒါအပြင် ဧရာမ ငွေရောင်ပင့်ကူကြီး တစ်ကောင်လည်း ရှိပြီးတော့ အသက်ရှင်နေသေးလို့ စိတ်မချဖွယ်ရာ ဖြစ်နေပါတယ်။

ဒါက အမြင်အာရုံ မှားယွင်းတာလား ဒါမှမဟုတ် တစ်ကယ့်သက်ရှိ တစ်ခုလားဆိုတာကိုတောင် သူ့အနေနဲ့ မသေချာပါဘူး။

ဒီလိုမျိုး စွမ်းအားနဲ့ဆိုရင် သူ့အနေနဲ့ အဲဒီအနီးကို ကပ်သွားဖို့ဆိုတာ နည်းလမ်းတစ်ခုမှ မရှိပါဘူး။ ဒါကြောင့် နီးနီးကပ်ကပ်သွားပြီးတော့ စူးစမ်းလေ့လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

Chapter 533 end

အပိုင်း(၅၃၄) ကျိန်စာပစ္စည်းကို ကြိုးစားထုတ်ယူခြင်း

အရင်ကတော့ လျှို့ဝှက်ဆန်းကြယ်မှုတွေ အားလုံးက ဒီသတ္တုမိုင်းတွင်းကို လုံးဂကို တူးဖော်လိုက်ရင် ဖြေရှင်းပြီးသား ဖြစ်သွားလိမ့်မယ်လို့ ထင်နေခဲ့ပါတယ်။ ဒါပေမဲ့ ပိုပြီးတော့ များပြားတဲ့ ပဟေဠိတွေ

ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူကများ ထင်ထားမိမှာလဲ။

သွေးရေတွေ အားလုံး လုံးဂကို ပျောက်ကွယ်သွားခဲ့ပြီး ရှေးဟောင်းသတ္တုမိုင်းတွင်းဟောင်းလည်း ပြန်လည်ပြီးတော့ တည်ငြိမ်သွားခဲ့ပါပြီ။ ဒါပေမဲ့လည်း လင်းဟန်ကတော့ နည်းနည်းလေးမှ မအေးဆေးနိုင်ပါဘူး။ သူမြင်ခဲ့တဲ့ မြင်ကွင်းတွေကြောင့် ဒီကမ္ဘာကြီးထဲမှာ ကြီးမားဆန်းကြယ်တဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေဆဲ ဖြစ်ပါတယ်။

သူရဲ့ယခင်ဘဝတုန်းက သူကရှေးဟောင်း နယ်မြေတွေ အမြောက်အများကို စူးစမ်းရှာဖွေ လေ့လာခဲ့ပါတယ်။ ဒါပေမဲ့ အဆင့်နဲ့ ပတ်သက်ရင်တော့ ဒီတစ်ကြိမ်က အဆင့်နှစ်လို့တောင် သတ်မှတ်ယူဆနိုင်ပါတယ်။

ပထမဆုံး နံပါတ်တစ်က အနက်ရောင် မျှော်စင်နဲ့ ကြုံတွေ့ခဲ့ရတဲ့ အချိန်ဖြစ်ပြီး သူ့ကိုတိုက်ရိုက် ပျက်စီးယို့ယွင်းသွားစေခဲ့ပါတယ်။ ဒါအပြင် မျှော်စင်လေးကလည်း မကြာခဏဆိုသလို ဒီကမ္ဘာကြီး တစ်ခုလုံးကို တစ်ချက်တည်းနဲ့ ပျက်စီးပစ်နိုင်တယ်ဆိုပြီး ပေါ့ပျက်ပျက်နဲ့ ပြောတတ်ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဂင်လာခဲ့ပါတယ်။

သူ့အနေနဲ့ ဒီအချိန်မှာ ဘာကိုမှ စဉ်းစားပြီး အဖြေထုတ်လို့ မရနိုင်သေးမှတော့ ပထမဆုံး သူလုပ်ရမှာက ဒီဖန်ပုလင်းကို ရင်ဆိုင်ဖို့ ဖြစ်ပါတယ်။

"မျှော်စင်လေး ဒါက ဘာပစ္စည်းလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ကျိန်စာပစ္စည်းတစ်ခု"

မျှော်စင်လေးက ဘယ်ကနေမှန်းမသိ ပေါ်လာပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

ဒီစိတ်ဂိညာဉ် ပစ္စည်းက အမြဲတမ်းလိုလို အရမ်းပဲ အေးတိအေးစက် နိုင်လွန်းပါတယ်။ ၎င်းက ဘာကိုပဲ မြင်လိုက်မြင်လိုက် သူတွေးတာက အဲဒါတွေနဲ့ သူနဲ့ လုံးဝကို အဆင့်မတူဘူးဆိုတဲ့ ပုံစံပါပဲ။ ဒါတွေကြောင့် လင်းဟန်က ပိုပြီးတော့ စိတ်ပျက်အားငယ်လာပြီး မျှော်စင်လေး အပေါ်မှာ ဖြိုခွင်းဖို့ အခွင့်အရေး နည်းနည်းလေးမှ မရှိခဲ့ပါဘူး။

"ငါဒါကို ဘယ်လိုမျိုး အသုံးပြုရမလဲ"

လင်းဟန်က ရှက်မနေတော့ပဲ မျက်နှာပြောင်ပြောင်နဲ့ မေးလိုက်ပါတယ်။

"တကယ်လို့ မင်းက တစ်ယောက်ယောက်ကို ကျိန်စာသင့်ချင်တယ်ဆိုရင် အဲဒီလူရဲ့ ခန္ဓာကိုယ်က ဆံပင်မွေး ဒါမှမဟုတ် လက်သည်းခွံလိုမျိုး တစ်ခုခုကို ယူပြီးတော့ ဖန်ပုလင်းထဲကို ထည့်လိုက်။ မင်းဒီဖန်ပုလင်းရဲ့ အပေါ်က ပုံစံတွေကို မြင်တယ်မလား။ အဲဒါက ကျိန်စာတွေရဲ့ အာနိသင်ကို ကိုယ်စားပြုတယ်"

"ဥပမာဆိုရင် ဖျားနာခြင်း၊ ရူးသွပ်ခြင်း၊ သေခြင်းနဲ့ ကံမကောင်းခြင်းတွေပဲ"

"မင်းကျိန်စာတိုက်ချင်တဲ့ ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ် သက်ဆိုင်ရာ ပုံစံကို အသက်သွင်းလိုက်။ အသွေး အသား၊ ဆံပင်နဲ့ အရေပြားတွေက အဓိက ခန္ဓာကိုယ်နဲ့ အရမ်းကို နီးစပ်တယ်။ တကယ်လို့ မိုင်ပေါင်း တစ်သောင်းကျော် အကွာအဝေးထဲမှာ ရှိမယ်ဆိုရင်တောင် ကျိန်စာရဲ့ အာနိသင် သက်ရောက်နိုင်စွမ်း ရှိလိမ့်မယ်"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ အစပိုင်းတုန်းက သူထင်ထားတာက ဒီပုံစံတွေက

သိုင်းဆန္ဒသဘောတရားတွေလို့ ထင်ပြီးတော့ လူတစ်ယောက်ကို ကျိန်စာတိုက်ဖို့အတွက် အသုံးပြုတဲ့ အမှတ်သင်္ကေတတွေလို့ လုံးဝကို အတွေးမရှိခဲ့ပါဘူး။ သူက တစ်ခဏမျှ စဉ်းစားလိုက်ပြီး အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"အဲဒီလိုသာဆိုရင် တကယ်လို့ တစ်ယောက်ယောက်က ငါ့ရဲ့ဆံပင်၊ လက်သည်းခွံ ဒါမှမဟုတ် သွေးကို ယူပြီးတော့ ငါ့အပေါ်မှာ ကျိန်စာတိုက်နိုင်တာပေါ့"

"အသေအချာပဲ"

မျှော်စင်လေးက ခေါင်းညိတ်လိုက်ပါတယ်။

"ဒါကြောင့် ကျေးဇူးပြုပြီးတော့ အတတ်နိုင်ဆုံး သတိထားပါ။ ဒါပေမဲ့လည်း ကျိန်စာတွေက လူတစ်ယောက်နဲ့ တစ်ယောက် ခြားနားပါတယ်။ မင်းရဲ့စွမ်းရည် သန်မာပြီး မင်းရဲ့ မွေးဖွားရာ ဇာတာခွင်က ခိုင်မာကြံ့ခိုင်နေမယ်ဆိုရင် မင်းအပေါ်မှာ အောင်အောင်မြင်မြင်နဲ့ ကျိန်စာတိုက်ဖို့ ကျိန်စာအရှင်သခင် ဒါမှမဟုတ် အဆင့်မြင့်မားတဲ့ ကျိန်စာပစ္စည်းလိုအပ်တယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ အခုကနေစပြီးတော့

သူသတိထားရပါတော့မယ်။ တစ်နေ့နေ့မှာ ကျိန်စာအရှင်သခင် တချို့က သူ့ကို လျှို့ဝှက်စွာနဲ့ ပစ်မှတ်ထားမလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

"ဒီကျိန်စာပစ္စည်းက နတ်အသွင် ပြောင်းလဲခြင်း ကျင့်ကြံသူ တစ်ယောက်ကို အာနိသင် သက်ရောက်နိုင်စွမ်း ရှိသလား"

သူရဲ့ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ တကယ်လို့ ဒါကအများကြီး မလုပ်နိုင်ဘူး ဆိုရင် ရှုခုန်ယွမ်က ဒီပစ္စည်းကို ဘာအတွက်နဲ့ လိုချင်ဦးမှာလဲ။

ကောင်းကင်အဆင့် ဒါမှမဟုတ် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေတောင်မှ အကျိုးသက်ရောက်မှုဒဏ် ခံရနိုင်ပါတယ်။ ဒီကျိန်စာပစ္စည်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ ရှေးဟောင်းအလောင်း ဆယ့်နှစ်ခုကို ထိန်းချုပ်ထားခဲ့ပါတယ်။ ဒါ့အပြင် တောင်တစ်လုံး အရွယ်အစားရှိတဲ့ ငွေရောင်ပင့်ကူလည်း ရှိပါသေးတယ်။ ၎င်းပင့်ကူရဲ့ ခွန်အားကလည်း အရမ်းကို ကြီးမားလွန်းပါတယ်။

"အရင်ဆုံး ငါတို့တွေ စမ်းကြည့်တာပေါ့"

လင်းဟန်က နဇီရန်ကို ဆင့်ခေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အတွက် မင်းရဲ့ဆံပင်တစ်ချောင်း နှုတ်ပေးစမ်း"

"သခင်လေးဟန်က ဘာအတွက်ကြောင့် ကျနော့်ရဲ့ ဆံပင်ကို လိုချင်တာလဲဆိုတာကို သိပါရစေ"

နဇီရန်က သူ့ခေါင်းက ဆံပင်ကို လက်နဲ့ကိုင်ပြီးတော့ ဦးနှောက်ခြောက်သွားသလိုမျိုး မေးလိုက်ပါတယ်။ နဇီရန်က ဘယ်လိုလုပ်ပြီးတော့ ခုခံရဲမှာလဲ။ ဒါက ဆံပင်လေး တစ်ချောင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကို ရောင်းစားဖို့မှ မဟုတ်တာ။

လင်းဟန်က ပြုံးပြီးတော့ ဆံပင်ကို ဖန်ပုလင်းထဲ ပစ်ထည့်လိုက်ပါတယ်။ အဲဒီနောက်မှာ သူက ကျောက်စိမ်းဖန်ပုလင်းကို လှုပ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းဒီပစ္စည်းနဲ့ ရင်းနှီးသလား"

ရင်းနှီးလား။

နဇီရန်က ဦးနှောက်ခြောက်သွားပါတယ်။ ဒါက ဖန်ပုလင်း

တစ်လုံးပဲ ဖြစ်ပါတယ်။ လင်းဟန်က သူ့ရဲ့အိမ်တော်ကို သွားပြီးတော့ ဒီပုလင်းကို ယူလာခဲ့တာ ဖြစ်နိုင်လို့လား။ ဒါပေမဲ့ ဒီပုလင်းနဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေးမှကို သူ့ခေါင်းထဲ မမှတ်မိပါဘူး။

လင်းဟန်က သူ့ရဲ့ပုခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့စိတ်ပိုင်းဆိုင်ရာကို ပြင်ဆင်မှုတချို့ ပြုလုပ်ထားဖို့ ငါအကြံပေးပါရစေ"

လင်းဟန်က ပုံစံတစ်ခု အပေါ်ကို လက်ချောင်းတစ်ချောင်းနဲ့ ဖိလိုက်ပြီး မျှော်စင်လေး ပြောသလို မူလစွမ်းအင် နည်းနည်းကို ထည့်သွင်းလိုက်ပါတယ်။

ချက်ချင်းဆိုသလို အဲဒီပုံစံက အသက်ဝင်သွားခဲ့ပါတယ်။ ဟွမ်း။ ၎င်းက အသက်ဝင်လာသလိုမျိုး ဖြစ်လာပြီးတော့ ဖန်ပုလင်းကနေ ပန်းတစ်ပွင့်က အမှန်တကယ်ပဲ ကြီးထွားရှင်သန်ပြီး ပွင့်လာခဲ့ပါတယ်။

"သခင်လေးဟန် ဒါက မော်ပညာလှည့်စားမှု တစ်ခုလား"

နဇီရန်က မနေနိုင်တော့ပဲ မေးလိုက်ပါတယ်။

ဒါက ဘာမှမလုပ် မဖြစ်ဘူးလား။ ဟုတ်မှဟုတ်ရဲ့လား။ လင်းဟန်က နဇီရန်ဆီကနေ ဆံပင် တစ်ချောင်းယူပြီးတော့ ဖန်ပုလင်းထဲကို ပစ်ထည့်လိုက်တာ တကယ်ပဲ ပန်းတစ်ပွင့် ပွင့်လာခဲ့တာလား။ ဒါက မှော်ပညာလှည့်စားမှု တစ်ခုများလား။ ဒါပေမဲ့ ဒီလိုမျိုး ဆိုရင်တောင်မှ လင်းဟန်က သူ့ရဲ့လက်တွေကို ကျေနပ်အားရပြီး ဆုပ်ကိုင်သင့်သလား။

"အားရှိရှိ"

နဇီရန်ရဲ့ ပါးစပ်က အနည်းငယ် ရှုံ့မဲ့သွားခဲ့ပါတယ်။

"ဘာဖြစ်လို့ ငါ့ရဲ့ အစာအိမ်က အနည်းငယ် နာကျင်သလို ခံစားနေရတာလဲ"

ဒါက တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေမှာ သေခြင်းတရားကို ဆန့်ကျင်နိုင်စွမ်း ရှိပြီးတော့ သူတို့တွေ အဆိပ်မမိသရွေ့ ဖျားနာမှုကို ခံစားရဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူကထူးဆန်းတာ တစ်ခုခုကို စားမိခဲ့တယ်လို့ မထင်ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက အဆိပ်မိတယ်ဆိုတာ ဖြစ်နိုင်မှာလဲ။

"သ သ သခင်လေးဟန်"

ဒါပေမဲ့လည်း သူရဲ့အစာအိမ် နာကျင်မှုဒဏ်က ပိုပိုပြီးတော့ ပြင်းထန်ဆိုးဂါး လာခဲ့ပြီး ချက်ချင်းဆိုသလို သူ့အစာအိမ်ကနေ နာကျင်မှုတွေ ဒလဟောခံစားနေရပြီး သူရဲ့ခြေထောက်တွေ တွန့်လိမ်သလိုတောင် ဖြစ်စေပါတယ်။

"ကျေးဇူးပြုပြီးတော့ ငါ့ကို အရင်သွားခွင့်ပြုပါ။ ငါ့ကိုယ်ငါ အရင်ဆုံး သက်သာဖို့ လိုနေပါတယ်။ ပြီးတော့မှ ပြန်လာပြီးတော့ ဂါရဝပြုပါရစေ"

ကျိန်စာရဲ့ အာနိသင် သက်ရောက်မှုက အရမ်းကို လျင်မြန်တာပဲ။

လင်းဟန်က မျှော်စင်လေး ပြောတာကို သတိရသွားပါတယ်။ ကျိန်စာရဲ့ အာနိသင် သက်ရောက်မှု ဘယ်လောက်တောင် လျင်မြန်သလဲ ဆိုတာက ကျိန်စာပစ္စည်းရဲ့ အဆင့်အပေါ်မှာ လုံးဂကို မူတည်ပြီးတော့ ကျိန်စာတိုက်ခံရမဲ့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းနဲ့ ကျိန်စာတိုက်သူရဲ့ အကြားက ကွာဟချက်အပြင် ကျိန်စာတိုက်ခံရမဲ့လူရဲ့ မွေးဖွားရာ ဇာတာခွင် အပေါ်မှာလည်း မူတည်ပါသေးတယ်။

ကွာဟမှု ကြီးမားလေ အကျိုးသက်ရောက်မှုက မြန်မြန်ဆန်ဆန်နဲ့ ထွက်ပေါ်လာပါလိမ့်မယ်။ တကယ်လို့ ကျိန်စာသင့်ခံရမဲ့ လူရဲ့ မွေးဖွားရာ ဇာတာခွင်က ကျိန်စာတိုက်မဲ့ လူထက် ပိုပြီးတော့ နိုင်မာကြမ်းတမ်းနေမယ်ဆိုင် ကျိန်စာက အောင်မြင်မှု ရှိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါက လျှို့ဝှက်ပြီးတော့ တိုက်ခိုက်ဖို့အတွက် အသုံးပြုလို့ကောင်းတဲ့ ပစ္စည်းကောင်းတစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်က ရယ်ပြီးတော့ မူလစွမ်းအင် စီးဆင်းနေမှုကို ရပ်တန့်လိုက်ပါတယ်။ ဖန်ပုလင်းပေါ်က လင်းလက်တောက်ပနေတဲ့ ပုံစံက ချက်ချင်းပဲ အရောင်မှိန်သွားပြီး အဲဒီပန်းကလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

"ဟင် ငါ့အစာအိမ်က နာကျင်မှုတွေ မဖြစ်တော့ပါလား"

နဇီရန်က ခေါင်းရှုပ်သွားပြီးတော့ မေးလိုက်ပါတယ်။ ဒါကိုတကယ်ပဲ နားလည်နိုင်စွမ်း မရှိတော့ပါဘူး။ ဗိုက်နာတာက ရုတ်တရက် ရောက်လာပြီး ရုတ်တရက် ပျောက်သွားခဲ့ပါတယ်။ တကယ်လို့ ဒါက

သာမန်လူတစ်ယောက်မှာ ဖြစ်တယ်ဆိုရင် ယုံကြည်လို့ ရနိုင်ပါသေးတယ်။ ဒါပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်မှာ ဖြစ်လာနိုင်စရာအကြောင်း လုံးဝမရှိပါဘူး။

သူက လင်းဟာန်ကို အံ့အားသင့်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးဟာန်။ ဒါက မင်းတစ်ခုခုများ လုပ်လိုက်တာလား"

လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ် အတွေ့အကြုံကို ထပ်ပြီးတော့ ခံစားကြည့်လိုက်"

လင်းဟာန်က နောက်ထပ် ပုံစံတစ်ခုကို အသက်သွင်းလိုက်ပါတယ်။

"သခင်လေးဟာန်။ မင်းကငါ့ကို ဘာလုပ်ချင်နေတာလဲ"

နဇီရန်ရဲ့ မျက်နှာက အံ့အားသင့်မှုကြောင့် အစိမ်းရောင်ကို ပြောင်းလဲသွားခဲ့ပါတယ်။ လခွမ်း ဒါက ဘယ်လိုမျိုး

ပစ္စည်းလဲ။ ရုတ်ချည်းဆိုသလို သူရဲ့မျက်နှာက လူသေတစ်ယောက်လိုမျိုး ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး နဖူးနဲ့ ကြမ်းပြင်ဆောင့်မိသွားပါတယ်။ အဲဒီနောက်မှာ သူက မျှော်လင့်ချက်တွေ ပျက်သုန်းသွားသလိုမျိုး အော်ဟစ်လိုက်ပါတယ်။

"ငါ့လိုမျိုး လူတစ်ယောက်က ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုမှ မနေသင့်ဘူး။ နတ်ဘုရားများ ကျေးဇူးပြုပြီးတော့ ကျုပ်ကို မိုးကြိုးနဲ့ ပစ်ချပြီး အသေသာ သတ်လိုက်ပါတော့ဗျာ"

"ကျုပ်က နံ့စော်ပုပ်ဟောင်နေတဲ့ အမှိုက်သရိုက် တစ်ခုဖြစ်ပြီးတော့ ပုပ်စော်နံတဲ့ ပိုးကောင် တစ်ကောင်လို့တောင် သတ်မှတ်လို့ မရနိုင်ပါဘူး"

အံ့သြစရာပဲ။ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်တောင် ကျိန်စာတိုက်ခံလိုက်ရပြီး အသက်ရှင် နေထိုင်ချင်တဲ့ ဆန္ဒတွေ အားလုံး ပျောက်ကွယ်သွားပါတယ်။

တစ်ခုသိထားရမှာက သက်ရှိတွေ အားလုံးရဲ့ ပထမဦးစားပေးတဲ့ ကိစ္စက အသက်ရှင်ဖို့ကလွဲလို့ ကျန်တာတွေက အရေးမပါကြပါဘူး။ ဒါက ရိုးသားတဲ့ ပင်ကိုယ်စရိုက် ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ နဇီရန်ပုံစံကို

ကြည့်ရတာ သူရဲ့ပင်ကိုယ်စရိုက်က လုံးဝကို ပျောက်ကွယ်သွားပုံ ရပါတယ်။ ဘယ်လောက်တောင်မှ ကြောက်ဖို့ကောင်းလိုက်သလဲ။

လင်းဟန်က နောက်တစ်ကြိမ် ရပ်လိုက်ပါတယ်။

နဇီရန်က ချက်ချင်းဆိုသလို ခုန်ထလိုက်ပါတယ်။ သူရဲ့မျက်နှာက ထိန်းမနိုင် သိမ်းမနိုင်အောင် ရှုံ့မဲ့လို့ နေပါတယ်။ သူရဲ့မျက်နှာပေါ်မှာ ဖြေမဆည်နိုင်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။ ကြောက်ဖို့ကောင်းတယ်။ ဒါက တကယ့်ကို ကြောက်စရာကောင်းလွန်းပါတယ်။ စောစောတုန်းက သူရဲ့မျှော်လင့်ချက်တွေ အားလုံးက မြူမှုန်အဖြစ်ကို ပြောင်းလဲသွားပြီးတော့ ဘာကိုမှ ထပ်ပြီးတော့ မလိုချင်တော့ပဲ အရာအားလုံးကို အဆုံးသတ်ပြီးတော့ သေချင်နေသလိုမျိုး ခံစားလိုက် ရပါတယ်။

ဒါပေမဲ့ အခုတော့ ဒီအကြောင်းကို သူစဉ်းစားလိုက်တဲ့ အခါမှာ သူ့မှာ သေချင်လောက်အောင် ဘာအကြောင်းပြချက်များ ရှိနေလို့လဲ။

ဒီအချက်တွေကြောင့် သူ့အနေနဲ့ ကြောက်ရွံ့ပြီးတော့

မတုန်လှုပ်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ ဒီတိုက်ကွက်က တကယ့်ကို သဘာဝလွန် ယုတ္တိမတန်ပါဘူး။

လင်းဟန်က ကျောက်စိမ်းဖန်ပုလင်းကို လှည့်လိုက်တဲ့အခါမှာ ဆံပင်မွေးတစ်ချောင်းရဲ့ တဝက်ခန့်က အထဲမှာ ကျန်နေသေးတာကို မြင်တွေ့လိုက်ရပါတယ်။ ဒီပစ္စည်းအပေါ် အသုံးပြုပြီး နောက်ထပ်ကျိန်စာတွေကို ဆက်တိုက်ပဲ ကျိန်စာတိုက်နိုင်ပါတယ်။ ဒါကို အဆုံးမရှိ အသုံးပြုလို့ ရနိုင်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။

နဇီရန်က ရုတ်တရက ်သတိပြုမိသွားပြီးတော့ မေးလိုက်ပါတယ်။

"ဒီ ဒီကျောက်စိမ်း ဖန်ပုလင်းက သခင်ခုန်ယွမ် ရှာနေတဲ့ဟာပဲလား"

ဒီလိုရတနာ အမျိုးအစားကပဲ ရှုခုန်ယွမ်ကို သွေးဆောင်ဖြားယောင်း နိုင်ပါလိမ့်မယ်။

သူက အစတုန်းက အဲ့ဒါကို သတိမပြုမိခဲ့ပါဘူး။ နစ်ဂက်အချိန် နီးပါးလောက် ဒီကိစ္စအပေါ်မှာ သူ့ကိုယ်သူ နစ်မြုပ်ထားခဲ့ရပြီး လင်းဟန်ဒီကိုရောက်တာမှ

ဘယ်လောက်ကြာသေးလို့လဲ။ လင်းဟန်က အမှန်တကယ်ပဲ သူကြိုးစားပြီးတော့ ရှာဖွေနေတဲ့ တစ်စုံတစ်ခုကို တွေ့သွားပြီလား။ ဒါကြောင့်လည်း သူ့အနေနဲ့ တာဝန်ယူပြီး ရှာဖွေနေတဲ့ ဒီကျောက်စိမ်း ဖန်ပုလင်းကို လုံးဝကို သတိမမူမိပဲ ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ပုခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို တာဝန်တစ်ခု ပေးစရာရှိတယ်"

နဇီရန်က ကြောက်ရွံ့မှုနဲ့ စိုးရိမ်ပူပန်ခြင်းတွေ ပြည့်နက်လို့ နေပါတယ်။ သူဘယ်လိုမျိုး စွမ်းဆောင်ရမှာလဲ။ လင်းဟန်က သူ့ကို လွှယ်ကူတဲ့ အရာတစ်ခုခုကို လုပ်ခိုင်းမှာတော့ မဟုတ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူက သတ္တိကို စုစည်းပြီးတော့ မေးလိုက်ပါတယ်။

"သခင်လေးဟန်က ဘာများ အမိန့်ပေးမလဲဆိုတာ သိပါရစေ"

လင်းဟန်က အသာလေး ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"အရမ်းကို ရိုးရှင်းပါတယ်။ ရှုခုန်ယွမ်ကို ဒီကျောက်စိမ်း

ဖန်ပုလင်းရဲ့ အကြောင်းက အဆုံးသတ် နိဂုံးချုပ်သွားပြီ ဆိုတဲ့အကြောင်းကို သတင်းပို့လိုက်။ အဲဒီနောက်မှာ မင်းကိုယ်တိုင်ကိုယ်ကျ သူ့ကို သတင်းပို့ရလိမ့်မယ်။ အဲဒီအချိန်မှာ မင်းက သူရဲ့ဆံပင်၊ လက်သည်းခွံနဲ့ သူ့ခန္ဓာကိုယ်ပေါ်က သဘာဂအတိုင်း ပေါက်နေတဲ့ ဘယ်အရာမဆို ငါ့အတွက် နည်းနည်းလောက် ခိုးလာပေးရမယ်”

နဇီရန်ရဲ့ မျက်နှာက ကြောက်ရွံ့ထိတ်လန့်မှုကြောင့် အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။ လင်းဟန်က ရှုခုန်ယွမ်အပေါ်မှာ ကံကြမ္မာဆိုးတစ်ခု စီစဉ်ဖို့ ကြံစည်နေပါတယ်။

Chapter 534 end

အပိုင်း(၅၃၅) ပင်လယ်ထက်က စစ်တပ်

“မင်းက ငြင်းဆန်ချင်နေတာလား”

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

အဖြေကိုတောင် စောင့်မနေတော့ပဲနဲ့ပ လင်းဟန်က နဇီရန်ရဲ့ ခေါင်းပေါ်က ဆံပင်မွေးတစ်စုကို

ဆွဲနုတ်ယူပြီးတော့ ဆံပင်တစ်ချောင်းကို ကျောက်စိမ်းဖန်ပုလင်းထဲကို ပစ်ထည့်လိုက်ပါတယ်။ သူရဲ့အတွေးထဲမှာတော့ ဒီဖန်ပုလင်းကို ကျိန်စာများရဲ့ ဖန်ပုလင်းလို့ နာမည်ပေးလိုက်ပါတယ်။ အဲဒီနောက်မှာ သူက ပြောလိုက်ပါတယ်။

"မင်းသေသေချာချာ စဉ်းစားဖို့တော့လိုတယ်နော်"

ဒါက တစ်ယောက်ယောက်ကို ခြိမ်းခြောက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

နဇီရန်က အော်ဟစ်ငိုကြွေးပစ် လိုက်ချင်ပေမဲ့ မျက်ရည်ကတော့ ထွက်မလာပါဘူး။ အစောပိုင်း နှစ်ကြိမ်တုန်းက သူခံစားရတဲ့ ကျိန်စာတွေက သူ့ရဲ့နှလုံးသားကို ဆုပ်ကိုင်လိုက်သလို ခံစားမှုမျိုး ကျန်နေပါတယ်။ အထူးသဖြင့် ဒုတိယ အကြိမ်မှာ သူ့အနေနဲ့ အသက်ရှင်သန်လိုစိတ်တွေ လုံးဝကို ပျောက်ဆုံးသွားခဲ့ပါတယ်။ အခု အဲဒါကို ပြန်စဉ်းစားမိတော့ ဒါက တကယ့်ကို ကြောက်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က ကျိန်စာတစ်ခုကို အသက်သွင်းဖို့အတွက် သူ့ခန္ဓာကိုယ်ကနေ ပစ္စည်းတစ်ခုပဲ ရရှိဖို့ လိုအပ်တယ်ဆိုတာ

သိသာပါတယ်။ ပြီးတော့ အခုဆိုရင် လင်းဟန်က သူ့ဆီကနေ ဆံပင်တစ်စု ယူသွားပါပြီ။ ဒါကြောင့် လင်းဟန်က အဲဒါတွေနဲ့ သူ့ကို ဘယ်နှစ်ကြိမ်လောက်တောင် သတ်ပစ်နိုင်လဲ ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

ဒါအပြင် အစာအိမ်နာတာနဲ့ သေချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတာက ကျိန်စာရဲ့ အစွမ်းအကုန်ပဲလို့ ဘယ်သူက ပြောနိုင်မှာလဲ။

"မဟုတ်ပါဘူး။ သခင်လေးဟန်အတွက် တစ်ခုခုကို လုပ်ပေးရတာက ကျုပ်အတွက် ဂုဏ်ယူစရာပါ"

နဇီရန်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူရဲ့ အမူအရာက တရားနည်းလမ်းကျမှုတွေနဲ့ ပြည့်နှက်နေတဲ့ အတိုင်းပါပဲ။

လင်းဟန်က သူရဲ့ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မဆိုးပါဘူး။ ငါကဒါကိုပဲ ကြားချင်တာ။ လူတစ်ယောက် အနေနဲ့ မင်းက ပိုပြီးတော့ တောက်ပလာရင် မင်းရဲ့သူငယ်ချင်းတွေကို ပိုပြီးတော့ သစ္စာရှိရမယ်"

"ဟုတ်ကဲ့။ သခင်လေးဟန် ပြောတာ မှန်ပါတယ်"

နဇီရန်က မြောက်ပင့်ချီးကျူးလိုက်ပါတယ်။

လင်းဟန်က သူ့ကို သတိလစ်အောင် ရိုက်လိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကနေ ထုတ်လိုက်ပါတယ်။ သူ့မှာ နဇီရန်ကို ထိန်းချုပ်ဖို့ ကျိန်စာပစ္စည်း ရှိတယ်ဆိုပေမဲ့ တကယ်လို့ အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေကို လူသိများလာတာကနေ ရှောင်ရှားဖို့အတွက်တော့ လင်းဟန်က ဒီလိုမျိုး လုပ်ဖို့ကိုပဲ ဆက်ရွေးချယ်နေပါဦးမယ်။

သူက နဇီရန်ကို အင်ပါယာမြို့ကို ပြန်ခေါ်လာခဲ့ပြီး လင်းဟန်က သူ့ကို သတိပြန်ရအောင် လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"သွားတော့။ အော် ဟုတ်သားပဲ။ မင်းအဖေးကို ထွက်ပြေးသွားလိုက်တာနဲ့ အာနိသင် ခံစားရတော့မှာ မဟုတ်ဘူးလို့ မထင်လိုက်နဲ့။ သုံးရက်ကြာပြီးတဲ့နောက်မှာ နည်းနည်းပျော်စရာ ကောင်းအောင်လို့ မင်းကို အတွေ့အကြုံ ခံစားခိုင်းရမယ်"

"သခင်လေးဟန် ကျုပ် သခင်လေးကို ယုံကြည်ပါတယ်။

နောက်ထပ် စမ်းသပ်ဖို့ မလိုပါဘူး”

နဇီရန်က သူ့ရဲ့လက်တွေကို အလျင်အမြန် ခါပြီးတော့ ပြောလိုက်ပါတယ်။

“ဒီလိုမျိုး ခွင့်ပြုလိုက်လို့ ဘယ်ဖြစ်မှာလဲ။ တကယ်လို့ ငါတို့က ဒါတွေကို မစမ်းသပ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး ငါ့ရဲ့ရိုးသားမှုကို သက်သေပြနိုင်မှာလဲ”

လင်းဟန်က မကျေမနပ်နဲ့ မေးလိုက်ပါတယ်။

ကောင်းပြီလေ။ တစ်ယောက်ယောက်ကို ခြိမ်းခြောက်တာတောင် ရိုးသားတာတွေ မရိုးသားတာကို ခေါင်းစဉ်တွေ ခွဲနေသေးတာလား။

နဇီရန်က လိမ်လိမ်မာမာနဲ့ နေခဲ့ဖို့ပဲ တတ်နိုင်ပါတယ်။ သူ့အနေနဲ့ သေချာပေါက် ဒီတာဝန်ကို ပြီးမြောက်အောင် လုပ်ဖို့လိုပါတယ်။ ဒီတစ်နည်းပဲ သူ့အတွက် အသက်ရှင်သန်ဖို့ အခွင့်အရေး တစ်ခုကို ရရှိပါလိမ့်မယ်။ တကယ်လို ရှုခုန်ယွမ် သေသွားခဲ့မယ်ဆိုရင် သူဘာလုပ်ခဲ့တယ် ဆိုတာကို ဘယ်သူကမှ သိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

တစ်စုံတစ်ယောက်ကို သေအောင်လို့ ကျိန်စာတိုက်တာလား။ ဟားဟား။ ဒီလိုမျိုးအရာကို ယုံကြည်ကြမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

အစောပိုင်းတုန်းကလိုမျိုး သူ့မှာ သေချင်စိတ် တစ်ခုပဲ ရှိခဲ့ပါတယ်။ တကယ်လို့ သူသာ တကယ်သေသွားမယ် ဆိုရင်တောင်မှ ဘယ်သူကများ သူ့ကို လူသတ်သွားတယ် ယုံကြည်ကြမှာလဲ။

ဒါပေမဲ့လည်း သူ့အနေနဲ့ သံသယအနည်းငယ်တော့ ရှိနေပါတယ်။ အရမ်းကို ကြီးမားတဲ့ အကွာအဝေးကနေ ဒီအရာက တကယ်ရော သူ့ကိုကျိန်စာသင့်စေနိုင်တုန်းပဲလား။ ဒီအချက်ကို သူ့အနေနဲ့ သေချာပေါက် အတည်ပြုရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ရှုစုန်ယွမ်ကို အောင်အောင်မြင်မြင်နဲ့ ကလိန်ကျပြီးခါမှ ကျိန်စာကြောင့် မသေဘူးဆိုရင် သူက သေချာပေါက် သေရမဲ့သူ ဖြစ်သွားပါလိမ့်မယ်။

သုံးရက်ဆိုတဲ့ အချိန်အတွင်းမှာ သူ့ရဲ့စွမ်းအားတွေ အားလုံးကို အသုံးပြုပြီးတော့ ခရီးအပြင်း နှင်လာပြီး ဖြစ်နိုင်သမျှ လင်းဟာန်နဲ့ အဝေးဆုံးကို ရောက်ရှိဖို့

ရည်ရွယ်ထားပြီးတော့ တကယ်လို့ ဒီရတနာက တကယ်ပဲ မိုင်ပေါင်းများစွာ ပေးကွာတဲ့ နေရာက လူတစ်ယောက်ကို မသိမသာနဲ့ သတ်ပစ်နိုင်စွမ်း ရှိမယ်ဆိုရင် ပေးလိုက်တဲ့ အမိန့်တာဝန်ကို ထမ်းဆောင်ရပါလိမ့်မယ်။

မကြာခင်မှာ သူက ပင်လယ်ထဲကို ဝင်လာခဲ့ပြီး ကောင်းကင်ပေါ်ကို ပျံတက်ဖို့ ရွေးချယ်လို့ မရတော့ပါဘူး။

ပင်လယ်ထဲကို သူဝင်သွားတာနဲ့ သူရဲ့ခြေထောက်တွေက အမှန်တကယ် ထူးခြားဆန်းကြယ်စွာနဲ့ ပျောက်ကွယ်သွားပြီး ရှည်လျားတဲ့ ငါးအမြီးတစ်ခု ဖြစ်လာခဲ့ပါတယ်။ ပုန်းဆိုပြီး အမြီးတစ်ချက် ခါလိုက်တာနဲ့ သူရဲ့အမြန်နှုန်းက ချက်ချင်းဆိုသလို တစ်ဟုန်ထိုး မြင့်သွားခဲ့ပါတယ်။ သူက ပင်လယ်ရဲ့ အနက်ရှိုင်းဆုံး နေရာဆီကို ကူးခတ်လာပြီးတော့ သူရဲ့အမြန်နှုန်းက ကုန်းပေါ်မှာ ရှိတုန်းက မိုးပေါ်မှာ ပျံသန်းထားထက် ပိုပြီးတော့ မြန်ဆန်ပါတယ်။

ပင်လယ်မျိုးနွယ်စုတွေက ပင်လယ်ထဲမှာ နေထိုင်ဖို့ အရမ်းကို သင့်တော်ပါတယ်။ ပင်လယ်တစ်ခု အထဲမှာပဲ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက အမြင့်ဆုံး ရရှိနိုင်ပါလိမ့်မယ်။

ပင်လယ်ကြမ်းပြင်က အရမ်းကို မှောင်မည်းနေပါတယ်။

ဒါပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်အတွက်တော့ ဒါကဘာမှမဟုတ်ပါဘူး။ သူရဲ့လမ်းတစ်လျှောက် သူနဲ့ရင်းနှီးနေတဲ့ မြင်ကွင်းအမျိုးမျိုး အဖုံဖုံ ပေါ်လာခဲ့ပါတယ်။ ဒါကြောင့် ပင်လယ်မျိုးနွယ်စု အမျိုးအစား မျိုးစုံလည်း ရှိပါတယ်။ ပန်းဖူးအဆင့် သက်ရှိတွေကို ပင်လယ်မျိုးနွယ်စုထဲမှာ ထိပ်တန်းအဆင့် လက်ရွေးစင်တွေလို့ သတ်မှတ်ယူဆလို့ မရနိုင်ပေမဲ့ သူတို့ကလည်း လက်ရွေးစင်တွေထဲက တစ်ယောက်လို အဆင့်မျိုးမှာ ရှိနေဆဲပါပဲ။ ဒါကြောင့် သူရဲ့လမ်းတစ်လျှောက်မှာ ပင်လယ်မျိုးနွယ်စုက လူတော်တော်များများက သူ့ကိုဂါရဝပြု နှုတ်ဆက်ကြပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ မိန်းကလေးငယ် တချို့ကလည်း သူ့ကို ရှက်ကိုးရှက်ကန်း အကြည့်တွေနဲ့ အရှုးအမူးကို ပျော့ကြည့်နေကြပါတယ်။ ပင်လယ်နတ်ဆိုး မျိုးနွယ်စုက သူတို့ရဲ့ ဆွဲဆောင်နိုင်တဲ့ အလှပအတွက် လူသိများ ထင်ရှားပါတယ်။ ဒါကြောင့် သူကလည်း မရေတွက်နိုင်တဲ့ မိန်းမပျိုလေးတွေကို ဆွဲဆောင်နိုင်ပါတယ်။

"အာ"

နဇီရန်က လူတွေရဲ့ အာရုံစိုက်ခြင်းကို ခံရတာကြောင့် အရမ်းကို ကျေနပ်တဲ့ ခံစားချက်နေတုန်း ထူးဆန်းတဲ့ မြင်ကွင်းတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာခဲ့ပါတယ်။ နဇီရန်က ရုတ်တရက် ပင်လယ်အောက် ကြမ်းပြင်တည့်တည့်ကို စီးမျောနေတုန်း သူရဲ့ပါးစပ်ကနေ ပူစီပေါင်းတွေ ပလုံစီ ထလာပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ပုတ်စော်နံ့ဟောင်နေတဲ့ ပိုးကောင်လေး တစ်ကောင်ပါ။ ငါသေပါရစေ"

ဒီမြင်ကွင်း တကယ်ကို ဖြစ်ပျက်သွားခဲ့ပြီး လူတော်တော်များများက အံ့အားသင့်ပြီး သူတို့ရဲ့ မျက်လုံးတွေ ပြူးထွက်လာခဲ့ကြပါတယ်။

ဒါက အကျိုးသက်ရောက်မှု ရှိတာပဲ။

ရုတ်တရက် ဆိုသလို နဇီရန်က အရမ်းကို ရှုပ်ထွေးနေတဲ့ ခံစားချက်တွေ ပြေရှင်းပြီးသွားသလို ခံစားလိုက်ရပါတယ်။ သူ့စိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတယ်။ အဲဒါက သူ့အနေနဲ့ လင်းဟာန်က သူ့ကိုတာဝန်ပေးထားတဲ့ အလုပ်ကို သေချာပေါက် ပြီးဆုံးအောင် လုပ်ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ သေချာပေါက်

သေရပါလိမ့်မယ်။

လင်းဟန်က ဒီအချိန်မှာတော့ နဇီရန်နဲ့ ရှုခုန်ယွမ် အကြောင်းကို မစဉ်းစားသေးပါဘူး။ ဘာပဲဖြစ်ဖြစ် တကယ်လို့ နဇီရန်က ရှုခုန်ယွမ်ရဲ့ ဆံပင်တချို့ ဒါမှမဟုတ် အရေပြားကို ယူလာနိုင် ပါလိမ့်မယ်။ တကယ်လို့ သူကမလုပ်နိုင်ရင်လည်း အဲဒီနောက်မှာ သူက အလယ်ပိုင်း ဒေသကို တည့်တည့်ပဲ ဦးတည်သွားပြီး ရှုခုန်ယွမ်က သူ့ကို လိုက်ဖမ်းပါစေ။

လင်းဟန်က အိမ်ကိုပြန်လာခဲ့ပါတယ်။ ရက်ပေါင်းများစွာ အိမ်ကနေ ထွက်လာပြီးတဲ့ နောက်မှာ သူကအချိန်တချို့ကို သူရဲ့မိသားစုနဲ့အတူ ကုန်ဆုံးချင်ပါတယ်။ တကယ်လို့ သူက ပင်လယ်မျိုးနွယ်စုရဲ့ ကိစ္စကို လုံးဝဖြေရှင်းနိုင်မယ်ဆိုရင် လင်းကလန်က ပြောင်းရွှေ့စရာ မလိုပါဘူး။ တကယ်လို့ သူကမလုပ်နိုင်ဘူးဆိုရင် သူတို့အတွက် အကောင်းဆုံးက တစ်နေရာရာကို ရွှေ့ပြောင်းတာပဲ ဖြစ်ပါတယ်။

လွီယုထန်နဲ့ တခြားမိန်းကလေးတွေကတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် နူးညံ့သိမ်မွေ့နေတာပါပဲ။ ဒါပေမဲ့လည်း ကျူးရှွမ်အာရဲ့ ဒဏ်ရာတွေက သက်သာပျောက်ကင်းသွားတာ ရက်အနည်းငယ် ရှိနေပါပြီ။ ဒါကြောင့် သူမအနေနဲ့ အချိန်တွေ

နောင့်နေးကြန့်ကြာနေစရာ မရှိတော့ပါဘူး။ ဒါကြောင့် လခြမ်းဂိုဏ်းကို ဆေးလုံးပြန်ပြီးတော့ ပို့ဖို့အတွက် သူမက ထွက်ခွာဖို့ တောင်းပန်လိုက်ပါတယ်။ အဲဒီနောက်မှာ သူမက ယန်စွမ်းအားမြင့်မြို့ကို တန်းသွားပြီး လင်းဟာန်ရောက်လာမဲ့ အချိန်ကို စောင့်နေပါမယ်။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ သူက အင်ပါယာမြို့ကို နောက်တစ်ကြိမ် ပြန်လာခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နဇီရန်နဲ့ ဆယ်ရက်အကြာမှာ ပြန်ပြီးတော့ တွေ့ဆုံဖို့ သဘောတူထား ခဲ့ကြပါတယ်။

အင်ပါယာမြို့မှာ တစ်ရက်ခန့် နေပြီးတဲ့ နောက်မှာတော့ နဇီရန်က ပြန်ရောက်လာခဲ့ပါပြီ။ သူက အိတ်တစ်လုံးကို ပေးပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးဟာန် ကျနော် အရှင်သခင်ခုန်ယွမ်ကနေ ကျွတ်ကျနေတဲ့ အကြေးခွံသုံးခုကို ရအောင်လို့ ယူနိုင်ခဲ့ပါတယ်"

သူက လင်းဟာန်မကျေမနပ် ဖြစ်မှာကို ကြောက်နေပါပြီး အလျင်အမြန်ပဲ ဆက်ပြောလိုက်ပါတယ်။

"အရှင်သခင် ခုန်ယွမ်က ရှေးခေတ်တုန်းက ဆင်းသက်လာတဲ့ ရေလက်ကြား သတ္တဝါတစ်ကောင်ဖြစ်ပါတယ်။ သူကျွတ်ကျခဲ့တဲ့ အကြေးခွံတွေက ခုခံကာကွယ်တဲ့ ချပ်ဝတ်ကို သွန်းလုပ်ဖို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေပါ။ ဒါကြောင့် အဲဒါတွေကို ရရှိဖို့ အရမ်းကို ခက်ခဲ့ပါတယ်။"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံး အဆင်ပြေပါတယ်။ ဒီအကြေးခွံတွေက သူခန္ဓာကိုယ်ကနေ ကျွတ်ခဲ့တာဆိုရင် ဒီလိုပဲ ဖြစ်သင့်ပါတယ်"

သူက နဇီရန်ကို သတိလစ် မေ့မျောသွားအောင် ရိုက်ပစ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဆွဲခေါ်လာခဲ့ပါတယ်။ အဲဒီနောက် သူက ကျိန်စာများရဲ့ ဖန်ပုလင်းကို ဆွဲထုတ်ပြီး အကြေးခွံတစ်ခုကို အနည်းငယ် ဖဲ့ပြီးတော့ ဖန်ပုလင်းအထဲကို ပစ်ထည့်လိုက်ပါတယ်။ အဲဒီနောက် သူကတန်းပြီးတော့ သေခြင်းကျိန်စာကို အသက်သွင်းလိုက်ပါတယ်။

ချက်ချင်းဆိုသလို ပန်းတစ်ပွင့် ပွင့်လန်းလာခဲ့ပါတယ်။

ဆိုလိုတာက ဒီကျိန်စာက အောင်အောင်မြင်မြင်နဲ့ နေရာချပြီးသွားပြီလို့ ပြောလိုက်တာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ကျိန်စာသင့်ခံရမဲ့ လူတစ်ယောက်က အရမ်းကို မြင့်မားတဲ့ အဆင့် ဒါမှမဟုတ် အရမ်းကို ခိုင်မာကြမ်းတမ်းတဲ့ မွေးဖွားရာ ဇာတာခွင်တစ်ခု ရှိနေမယ်ဆိုရင် ကျိန်စာက အကျိုးသက်ရောက်မှု ရှိမှာမဟုတ်သလို ဒီပန်းပွင့်ကလည်း ပွင့်လာလိမ့်မှာ မဟုတ်ပါဘူး။

အစွမ်းထက်ပြီး ခွန်အားကြီးတဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တစ်ယောက်က အခုလိုမျိုး မိုင်ပေါင်းများစွာ အဝေးက ကျိန်စာတစ်ခုကြောင့် အသတ်ခံရတော့မှာလား။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ အေးစိမ့်မှုတွေ မြင့်တက်လာခဲ့ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ ရှားပါးပြီးတော့ သဘာဝယုတ္တိမရှိပဲ ထူးခြားဆန်းကြယ်တဲ့ နည်းစနစ်တွေ ရှိနေပါတယ်။ တကယ်လို့ ကျိန်စာများရဲ့ ဖန်ပုလင်းလိုမျိုး အရမ်းကို ဝေးကွာတဲ့ နေရာတစ်ခုကနေ လူတစ်ယောက်ကို သတ်ပစ်နိုင်တဲ့ တခြားစွမ်းအားအမျိုးအစား တချို့လည်း ရှိလိမ့်မလား ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

ဒါပေမဲ့လည်း ဒီလိုမျိုး နည်းစနစ်တွေက သူတို့ကိုယ်ပိုင် အကန့်အသတ်တွေ ရှိပါလိမ့်မယ်။ အမှန်တကယ်တော့ တကယ်လို့ လူတစ်ယောက်က အရမ်းကို ဂရုစိုက်ပြီး နေမယ်ဆိုရင် ဒါကိုရှောင်တိမ်းဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိပါသေးတယ်။

ကျိန်စာက အောင်မြင်သွားပြီ ဆိုမှတော့ လင်းဟန်က အိမ်ကို ပြန်လာပြီးတော့ ယန်စွမ်းအားမြင့် မြို့ကိုမသွားခင်မှာ နှစ်လလောက် နေပြီးတော့မှ ရင်ဟောင်နဲ့ ကျူးရှမ်အာတို့နဲ့အတူ အလယ်ပိုင်း ဒေသဆီကို ခရီးထွက်ဖို့ ဆုံးဖြတ်ထားပါတယ်။

ဒါပေမဲ့လည်း သူရဲ့ ငြိမ်းချမ်းတဲ့ နေ့ရက်တွေက လဂက်လောက်ပဲ ခံပါတယ်။

အဲဒီနေ့က ပင်လယ်ပြင်ပေါ်မှာ ရုတ်တရက်ဆိုသလို လှိုင်းလုံးကြီးတစ်လုံး မြင့်တက်လာပြီး အကြီးအကျယ်ကို ပြောင်းဆန်သွားပါတယ်။

လင်းဟန်က အပြင်ဘက် ကမ္ဘာနဲ့ ချိတ်ဆက်မှု အနည်းငယ်ပဲ ရှိတယ်ဆိုပေမဲ့ ကလန်သား တချို့ကို အပြင်ဘက်မှာ နေရာရွှေ့ပြောင်းထားပါတယ်။ မကြာခင်မှာပဲ

သူတို့သိရတာက ရှေ့ရက်အနည်းငယ်က မြို့ထဲမှာ ဒုက္ခသည်တွေ ပေါ်လာခဲ့ပါတယ်။ ဒါအပြင် အရေအတွက်က ပိုပိုပြီးတော့ တိုးလာခဲ့ပါတယ်။ ဒီဒုက္ခသည်တွေကို မေးမြန်းကြည့်တဲ့ အခါမှာ သူတို့သိရတာက ပင်လယ်ပြင်ရဲ့ အထက်မှာ စစ်သားတွေ ပေါ်လာပြီးတော့ သူတို့ရဲ့ လမ်းကြောင်းတစ်လျှောက်က အရာတွေအားလုံးကို ဖျက်ဆီးပြီးတော့ အင်ပါယာမြို့ဆီကို တိုက်ရိုက်ဦးတည် လာခဲ့ကြပါတယ်။

ပင်လယ်ထက်က စစ်သည်တော်တွေ ဟုတ်လား။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီရှုခင်းယွမ်က မသေသေးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ နေပါဦး ဒီလူက အရမ်းကို သိုပုက်ပြီးနေတာ မဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ အခုလိုမျိုး ရုတ်တရက်ကြီး အကြီးအကျယ် ထွက်ပေါ်လာရတာလဲ။ သူက ဟူးညိုကို ခေါ်ပြီးတော့ အင်ပါယာမြို့ဆီကို အလျင်စလိုပဲ တစ်ဟုန်ထိုး ခရီးနှင်လာခဲ့ပါတယ်။

သူတို့တွေ ရောက်သွားတဲ့ အခါမှာတော့ ပင်လယ်စစ်တပ်ကြီးက အဲဒီကို မရောက်သေးပါဘူး။ ဒါကြောင့် လင်းဟာန်က ပင်လယ်ဘက်ကို ဦးတည်ပြီးတော့

သွားလိုက်ပါတယ်။ တစ်ရက်ခန့် သွားပြီးတဲ့နောက်မှာ နောက်ဆုံးတော့ ပင်လယ်ထက်က စစ်သည်တော်တွေကို မြင်တွေ့ရပါပြီ။

သူတို့ကို ကြည့်ရတာ လူသားစစ်သည်တော်တွေနဲ့ အများကြီး မကွာခြားပါဘူး။ ဒါပေမဲ့ အားလုံးက အခြေခံ စစ်သည်တော်တွေပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ အရေအတွက်က တစ်ထောင်ခန့် ရှိပြီးတော့ သူတို့ရဲ့ အရှေ့တည့်တည့်မှာ အဖွဲ့တစ်ခုက အလံတွေကို ကိုင်ဆောင်ထားပါတယ်။ သူတို့အားလုံး အကြေးခွံချပ်ဂတ်တွေကို ဂင်ဆင်ထားပြီး သာမန်စစ်တပ်တစ်ခုနဲ့ အတော်လေး ကွာခြားပါတယ်။ သူတို့ရဲ့ လက်နက်တွေ အများစုက လှံရှည်တွေနဲ့ တိုက်ပွဲဂင်ပုဆိန်တွေပဲ ဖြစ်ပါတယ်။

အဲဒါတွေအပြင် အရေပြားဆက်နေတဲ့ လက်တွေနဲ့ ခြေထောက်တွေရှိတဲ့ အရေအတွက် တော်တော်များများလည်း ရှိပါသေးတယ်။ သူတို့က ဖိနပ်တွေ ဂင်ဆင်ထားခြင်း မရှိတဲ့တွက် လွယ်ကူစွာနဲ့ မြင်နိုင်ပါတယ်။

ပင်လယ်မျိုးနွယ်စု။

Chpater 535 end

အပိုင်း(၅၃၆) ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီး

စစ်တပ်က လူအရေအတွက်က တစ်ထောင်ကျော်ကျော်လေးပဲ ရှိပါတယ်။ ဒါပေမဲ့ စစ်သည်တော်တွေရဲ့ အနိမ့်ဆုံးအဆင့်က စိတ်ဂိညာဉ် ပလ္လင်အဆင့် ဖြစ်ပါတယ်။ ဒါအပြင် ပင်လယ်ရေမြင်းနစ်ကောင် ဆွဲလာတဲ့ လှည်းအိမ်တစ်ခုလည်း ရှိပါတယ်။ လှည်းအိမ်ရဲ့ နံရံတွေကို ရှေးဟောင်းအစီအရင် ပုံစံတွေနဲ့ အလှဆင်ထားပြီး လက်နက်တွေကို အထဲကနေ ပစ်လွှတ်လို့ ရအောင်လို့ ဖောက်ထားတဲ့ အပေါက်တွေလည်း ရှိပါတယ်။ ဒါပေမဲ့လည်း ဒါတွေက လှည်းအိမ်ရဲ့ ကြီးကျယ်ခမ်းနားပြီး ရင်သပ်ရှုမောဖွယ်ရာကောင်းမှုကို မထိခိုက်စေပဲ ကြည့်ရတာ ပိုပြီးတော့တောင် လျှို့ပှက်ဆန်းကြယ်သလိုမျိုး ဖြစ်ပေါ် စေပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက အဲဒီနေရာကို ရောက်သွားတဲ့ အခါမှာ သူရဲ့စိတ်တွေက ရုတ်တရက် အသိစိတ် လွတ်သွားပါတယ်။ လေထဲကနေ သူ့ကို ဖမ်းဆုပ်ဖို့အတွက် ရည်ရွယ်လာတဲ့ ဧရာမ လက်ကြီးတစ်ဖက် ထွက်ပေါ် လာတာကိုပဲ မြင်လိုက်ရပါတယ်။

ဒီဧရာမ လက်ကြီးက တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ မိုးကောင်းကင် ကိုယ်တိုင်တောင် ပျက်စီးယို့ယွင်းလာရင်တောင်မှ ဧရာမ လက်ကြီးက ၎င်းကို မတင်ပြီး ထောက်ပံ့ပေးလို့တောင် ရနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သေသေချာချာ အနီးကပ် လေ့လာကြည့်ရင် ဒါကတကယ်ပဲ မိန်းကလေး တစ်ယောက်ရဲ့ လက်တစ်ဖက် ဖြစ်ပြီး အရေပြားက နှင်းတွေလို ဖြူစွတ်ပြီးတော့ ချောမွေ့ကာ ပြီးပြည့်စုံပါတယ်။

အရမ်းကိုအစွမ်းထက်လွန်းတယ်။

လင်းဟန်မှာ တခြားအတွေး တွေးနေဖို့ အချိန်မရှိပါဘူး။ သူက ဟူးညိုကို ခေါ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့ ခုန်ဝင်လိုက်ပါတယ်။ သူ့ရဲ့နှလုံးသားက ပြင်းပြင်းထန်ထန်ကို တဆတ်ဆတ် ခုန်လို့နေပါတယ်။ ဒါကခဏလေး ဆိုပေမဲ့ ဒီဘဝမှာ အန္တရာယ် အများဆုံး အခြေအနေကို ရုတ်ချည်းဆိုသလို ကြုံတွေ့လိုက်ရတာပဲ ဖြစ်ပါတယ်။

တကယ်လို့ သူကအနည်းငယ် နှေးကွေးသွားမယ်ဆိုရင် ဒီဧရာမ လက်ကြီးရဲ့ ဖမ်းဆုပ်မှုကို သူ့အနေနဲ့ သေချာပေါက် ခံရမှာ ဖြစ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ဖို့

အခွင့်အရေးတောင် ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဆင့်မြင့် ကောင်းကင်အဆင့် ဒါမှမဟုတ် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တောင် ဖြစ်နိုင်ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူအနေနဲ့ ဒီလူရဲ့ စစ်မှန်တဲ့ စွမ်းအားကို လုံးဝကို ကောက်ချက်ချနိုင်ခြင်း မရှိပါဘူး။ သူ့မှာက ကောင်းကင်အဆင့်ရဲက နတ်ဘုရားအာရုံ တစ်စွန်းတစ်စပဲ ကျန်ရှိနေခဲ့တာပါ။ သူ့အနေနဲ့ သာမန်ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ဖြတ်ပြီးတော့ မြင်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအဆင့်မြင့် ကောင်းကင်အဆင့် ကျင့်ကြံသူတွေကိုတော့ သူတို့က သူ့ထက်တောင်မှ လုံးဝကို ထူးခြားဆန်းကျယ် ပါလိမ့်မယ်။

ထို့အပြင် ပင်လယ်မျိုးနွယ်စု အထဲတွင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေလည်း အမှန်တကယ် တည်ရှိနေကြသည်။

ဒါပေမဲ့လည်း သူအနေနဲ့ အချက်တစ်ခုကို အတည်ပြုနိုင်ပါတယ်။ အဲဒါကတော့ ဒီလှည်းအိမ် အထဲက လက်ရွေးစင် ကျင့်ကြံသူက ရှုခုန်ယွမ် လုံးဝဖြစ်နိုင်ချေ

မရှိပါဘူး။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်သာသာပဲ ရှိပါတယ်။

"ဟင်"

လှည်းအိမ်အတွင်းကနေ အံ့အားသင့်သွားတဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"သခင်မ ဒီနေရာမှာ တစ်ခုခုများ မှားနေသလား"

ပင်လယ်မျိုးနွယ်စုက စစ်သည်တော် တစ်ယောက်က ချက်ချင်းပဲ မေးလိုက်ပါတယ်။

"အရမ်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ ပြဿနာကောင်တစ်ယောက် ရှိနေတယ်"

မြင်းလှည်းထဲက လူက ပြန်ဖြေလိုက်ပါတယ်။ သူမရဲ့အသံက ဆွဲဆောင်မှု ရှိပြီးတော့ အဆုံးမရှိ ညို့ဓာတ်တွေနဲ့ ပြည့်နှက်နေတဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ စစ်သည်တော်က သူရဲ့အကြည့်တွေကို ဖြန့်ကျက်လိုက်ပြီး မင်းသမီးလေး ပြောတဲ့

ပြဿနာကောင်ကို ရှာဖွေချင်နေခဲ့ပါတယ်။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ရှာတွေ့နိုင်မှာလဲ။ ဒါကြောင့် သူ့ရဲ့ ရှာဖွေမှုက မအောင်မြင်ပါဘူး။

"သူ တည်နေရာ ရွှေ့ပြောင်းသွားခဲ့ပြီ"

လှည်းအိမ်ထဲက လူက ပြောလိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို သူမကိုယ်သူမ တီးတိုးရေရွတ် လိုက်ပါတယ်။

"သူတကယ်ပဲ တည်နေရာ ရွှေ့ပြောင်းသွားတာမှ ဟုတ်ရဲ့လား။ လေဟာနယ် စုတ်ဖြဲသွားတာမျိုး နည်းနည်းလေးမှ မခံစားရဘူး။ ဒါပေမဲ့ တကယ်လို့ ဒါက တည်နေရာ ရွှေ့ပြောင်းခြင်း မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ရုတ်တရက်ကြီး သူကပျောက်ကွယ် သွားခဲ့တာလဲ"

မြင်းလှည်းရဲ့ ဘီးတွေက လည်သွားပြီး စစ်တပ်ကြီးကလည်း အင်ပါယာမြို့ဆီကို ဆက်ပြီးတော့ ချီတက်သွားခဲ့ ကြပါတယ်။

ဒီရောမ စစ်တပ်ကြီး မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားတာနဲ့ လင်းဟန်နဲ့ ဟူးညို့တို့က အနက်ရောင် မျှော်စင်ထဲကနေ ပြန်လည်ထွက်ပေါ် လာခဲ့ကြပါတယ်။

"ညိုးညိုး ကြောက်ပြီးတော့ သေတော့မယ်။ ဒီအမျိုးသမီးက အရမ်းကို အစွမ်းထက်တယ်"

ဟူးညို့က သူမရဲ့ ရင်ဘတ်လေးကို ပုတ်ပြီးတော့ သက်ပြင်းချပြီး အံ့သြတကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါက ပင်လယ်မျိုးနွယ်စုရဲ့ ဂုဏ်အမြင့်ဆုံး လူတွေထဲက တစ်ယောက်ဖြစ်ပြီး ပြိုင်ဘက်ကင်းအဆင့်ထိ သန်မာပါတယ်။ နဇီရန်က သဲလွန်စ တစ်ချို့ကျန်ခဲ့တာ ဖြစ်နိုင်မလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ရှုခုန်ယွမ်ကို သေအောင်လို့ ကျိန်စာတိုက်ပြီးတဲ့ နောက်မှာ ကိစ္စတစ်ခုလုံး ပြီးဆုံးသွားခဲ့သင့်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ပင်လယ်မျိုးနွယ်စုရဲ့ စစ်တပ်တစ်ခုလုံးက အခုလိုမျိုး ထွက်ပေါ်လာလိမ့်မှာလဲ။ ပြီးတော့ သူတို့နဲ့ အတူ ပြိုင်ဘက်ကင်း အစွမ်းထက်တဲ့ အမျိုးသမီးတစ်ယောက်လည်း ပေါ်လာစရာအကြောင်း

မရှိပါဘူး။

အဆိုးမဲ့ အင်အားကြီးမားတဲ့ အဆင့်မြင့် ကောင်းကင်အဆင့် ကျင့်ကြံသူတစ်ယောက် ဒါမှမဟုတ် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တောင်မှ ဖြစ်နိုင်တဲ့ ကျင့်ကြံသူတစ်ယောက် တကယ်လို့ သူမက မြောက်ပိုင်းအစွန်အဖျား ဒေသလို နေရာမျိုးမှာ သူမစိတ်ကြိုက် လုပ်ချင်တာကို လုပ်မယ်ဆိုရင် ဘယ်သူကများ သူမရဲ့လမ်းကြောင်းမှာ ရပ်တည်နိုင်မှာလဲ။

လင်းဟာန်က နဇီရန်ကို ထုတ်ပြီးတော့ အစောပိုင်းတုန်းက ဖြစ်ပျက်ခဲ့တာကို အကျဉ်းချုပ်ပြောပြီး မေးလိုက်ပါတယ်။

"အဲဒီအမျိုးသမီးက ဘယ်သူလဲ။ ဒီကိစ္စတွေကို မင်းဘယ်သူ့ကို ပြောခဲ့သေးလဲ"

နဇီရန်က မျက်ရည်တွေ စီးကျလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒီလိုမျိုး လျှို့ဝှက်ချက်ကို သူ့အနေနဲ့ ဘယ်သူ့ကို ထုတ်ဖော်ပြောကြားဝံ့မှာလဲ။ တကယ်လို့ ပင်လယ်မျိုးနွယ်စုက ဒါကိုသာ သိသွားရင် ရှုခန်ယွမ်က ကျိန်စာကြောင့် သေဆုံးသွားတဲ့ ကိစ္စမှာ သူကပါဝင်ပတ်သက်နေပါတယ်။ အဲဒီနောက် သူက

အပိုင်းပိုင်း အစစ ဖြစ်သွားနိုင်တယ် မဟုတ်လား။ သူကတုန်လှုပ်နေတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"ဒီလူ ဒီလူက တောင်ဂင်ကလန်ရဲ့ ခုနစ်ယောက်မြောက် မင်းသမီး ဖြစ်လိမ့်မယ်။ သူမနာမည်က မိန်းကလေး ဟောဲလျန်ချွင်ရှယ်ပဲ"

"သူမရဲ့ ကျင့်ကြံခြင်းက ဘယ်အဆင့်မှာ ရှိလဲ"

လင်းဟန်က ထပ်ပြီးတော့ မေးလိုက်ပါတယ်။

"ကြည့်ရတာတော့ ကောင်းကင်အဆင့်မှာပဲ"

နဇီရန်က နည်းနည်းစဉ်းစားပြီးတော့ သေချာတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"သူမက ကောင်းကင်အဆင့်မှာပဲ ရှိဦးမယ်။ ခုနစ်ယောက်မြောက် မင်းသမီးလေးက ဟောဲလျန် တော်ဂင်ကလန်ရဲ့ အထူးချွန်ဆုံး ပါရမီရှင် တစ်ယောက်ဖြစ်ပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်မတက်သေးဘူး"

လင်းဟန်က ဒီအကြောင်းကို အရင်ကတည်းက သူနဲ့စကားပြောတုန်းက ကြားဖူးပါတယ်။ မြောက်ဘက်ပင်လယ်ထဲမှာ မဟာတော်ဂင်ကလန် စုစုပေါင်း သုံးခုရှိပါတယ်။ အဲဒါတွေက ဟော့လျန်၊ ရှမ်းယုနဲ့ ဂမ်ရန်တို့ ဖြစ်ပါတယ်။ ဒီကလန်သုံးခုလုံးမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ စစ်သည်တော် တစ်ယောက်စီ ရှိပါတယ်။ ပြီးတော့ သူတို့တွေက စွမ်းအားနဲ့ ပတ်သက်ရင် အလယ်ပိုင်း ဒေသက အင်အားကြီးဂိုဏ်းတစ်ခုနဲ့ ညီမျှပါတယ်။

တကယ်လို့ ဟော့လျန်ချွင်ရွှယ်က စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်မှာ မဟုတ်ပဲ ကောင်းကင်အဆင့်မှာပဲ ရှိနေရင်တောင်မှ သူမအနေနဲ့ မြောက်ပိုင်းဒေသက ခုခံမှု အားလုံးကို သိမ်းကျုံးရှင်းထုတ် ပစ်နိုင်ပါတယ်။ ဒါ့အပြင် သူမက သူရဲ့ယခင်ဘဝတုန်းက ကောင်းကင်အဆင့် ထက်တောင်မှ ပိုပြီးတော့ သန်မာတယ်လို့ ခံစားရပါတယ်။ ဓားရောဇ်ရယ် တခြားလူတွေနဲ့ လက်ရည်တူနိုင်သလားဆိုတဲ့ မေးခွန်းအတွက်ကတော့ လွယ်လွယ်ကူကူနဲ့ တွက်ချက်လို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူ့အနေနဲ့ သူမနဲ့ တစ်ခါမှ မျက်နှာချင်း မဆိုင်ဖူးပါဘူး။

ဒီအရာတွေကို ကြည့်ခြင်းအားဖြင့် သူမက ကျိန်စာများရဲ့

ဖန်ပုလင်းအတွက် လာခဲ့ပုံ ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင်နဲ့ သူမက ထွက်ပေါ်လာစရာ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ နဇီရန်က လျှို့ဝှက်ချက်ကို မပေါက်ကြားခဲ့ဘူးဆိုရင် သူမက ဘယ်လိုလုပ်ပြီးတော့ ဒီအကြောင်းကို သိသွားရတာလဲ။ ရှုခုန်ယွမ်က သူမသေခင်မှာ ဒီသတင်းတွေကို သူမဆီကို ပေါက်ကြားစေခဲ့တာရော ဖြစ်နိုင်မလား။

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ နဇီရန်ကို နောက်တစ်ကြိမ် သတိမေ့သွားအောင် ရိုက်ပစ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲကို ပစ်ထည့်လိုက်ပါတယ်။ အဲဒီနောက်မှာ သူလည်းပဲ အင်ပါယာမြို့ဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။ မတူညီတဲ့ လမ်းကြောင်း တစ်ခုကနေ သွားပြီးတော့ ပင်လယ်မျိုးနွယ်စုရဲ့ စစ်တပ်ကို ကျော်ပြီးတော့ အင်ပါယာမြို့ကို သူတို့ထက်အရင် ရောက်သွားခဲ့ပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆိုရင်တော့ ဒီစစ်တပ်ရဲ့ ချီတက်မှုက တကယ်တော့ အရမ်းကြီး မလျင်မြန်ပါဘူး။

ဒါပေမဲ့ သူတို့က ဘယ်လောက်ပဲ နှေးကွေးနေပါစေ နောက်ထပ် နှစ်ရက်ကြာပြီးတဲ့နောက်မှာ

ပင်လယ်မျိုးနွယ်စုက အင်ပါယာမြို့ရဲ့ အပြင်ဘက်ကို ရောက်လာခဲ့ပါပြီ။

မီးနိုင်ငံက လူတိုင်းလူတိုင်းက သူတို့အနေနဲ့ မဟာကပ်ဘေးကြီး တစ်ခုနဲ့ ရင်ဆိုင်နေရသလိုမျိုး ခံစားနေရပါတယ်။ မြို့ရဲ့နံရံတွေ အပေါ်ကနေ စစ်သည်တော်တိုင်းရဲ့ လက်ထဲမှာ ဓားတစ်လက် ဒါမှမဟုတ် မြားတပ်ထားတဲ့ လေးတစ်လက်ကို ကိုင်ထားပြီး အချိန်မရွေး စစ်ပွဲစတော့မဲ့ ပုံစံ ဖြစ်နေကြပါတယ်။ ဒါပေမဲ့လည်း အနိမ့်ဆုံးအဆင့် စိတ်ဂိညာဉ် ပလ္လင်အဆင့်ရှိတဲ့ စစ်တပ်တစ်ခုရဲ့ အရှေ့မှာတော့ ခုခံမှုတွေရဲ့ပုံစံက အချည်းနှီးပါပဲ။

ဒါကို တကယ်တော့ စစ်တပ်တစ်ခု အဖြစ် သတ်မှတ်ယူဆလို့ မရနိုင်ပါဘူး။ ဒါက ဟော့လျန်ချွင်ရှယ်ရဲ့ သီးသန့်အစောင့်အရှောက်တွေပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီပမာဏက အရမ်းကို နည်းပါးတဲ့ စစ်တပ်တစ်ခုလို့ပဲ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။

"အဲဒီပစ္စည်းကို ဘယ်သူယူထားတယ် ဆိုတာကို ငါဂရုမစိုက်ဘူး။ ချက်ချင်းပဲ လက်လွှတ်လိုက်စမ်း။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သုံးရက်ကြာပြီးတဲ့နောက်မှာ ရောမ ဆူနာမီ

လိုင်းလုံးတစ်ခုကို လုံ့ဆော်ပြီးတော့ မြောက်ပိုင်းအစွန်အဖျားဒေသ တစ်ခုလုံးကို ရေလွှမ်းမိုးပစ်မယ်”

လှည်းအိမ်ရဲ့ အတွင်းကနေ ဟော့လျန်ချွင်ရွှယ်ရဲ့ သာယာကြည်နူးဖွယ်ရာ အေးစက်စက် အသံကို ကြားနိုင်ပါတယ်။

သူမရဲက အရှိန်အဂါ တစ်စွန်းတစ်စကို ထုတ်လွှတ်လိုက်ပြီး ချက်ချင်းဆိုသလို ကောင်းကင်တောင်မှ အရောင်ပြောင်းလဲသွားခဲ့ပါတယ်။ ပုန်း ပုန်း ပုန်း ပုန်း။ သူတို့ရဲ့ လက်နက်တွေ အကုန်လုံး ပြုတ်ကျကုန်ပါတယ်။ သိုင်းပညာရပ်တွေအတွက် အုပ်ချုပ်သူ အဆင့်မှာ ရှိတဲ့ လူတွေက သူတို့ရဲ့ ဒူးတွေကို ထောက်ဖို့ ဖိအားပေးခံလိုက်ရပါတယ်။

လူတိုင်းလူတိုင်း အံ့အားသင့်နေတဲ့ အခြေအနေ တစ်ခုမှာ ရှိနေကြပါတယ်။ တိုက်ပွဲတောင်မှ မစသေးဘူး အခုလိုမျိုးတွေ ဖြစ်သွားပါပြီ။ ရန်သူက အရမ်းကို သန်မာလွန်းပါတယ်။

သူတို့ဘာများ တတ်နိုင်ဦးမှာလဲ။

သူမပြောတဲ့ ပစ္စည်းအကြောင်းကို သူတို့အနေနဲ့ လုံးဝကို မသိပါဘူး။ ဒါကြောင့် အဲဒါကို ဘယ်လိုလုပ်ပြီး လက်လွှဲပြောင်း ပေးလို့ရမှာလဲ။ ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာ သူတို့က တကယ်ပဲ အရမ်းကို ဆိုးဝါးတဲ့ ကံကြမ္မာတစ်ခု ရှိနေကြပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က တစ်စုံတစ်ယောက်က အင်ပါယာနန်းတော်ထဲကို တစ်ဟုန်ထိုး ဝင်ရောက်ပြီး အတင်းဖိအားပေး သဘောတူညီမှု လုပ်ခိုင်းခဲ့ပြီး အဲဒါက သူတို့ကို အကြီးအကျယ် အရှက်ရစေ ခဲ့ပါတယ်။ ပြီးတော့ အခုလူတစ်ယောက်က အင်ပါယာမြို့ကို ရောက်လာပြီး သူတို့ကို ခြိမ်းခြောက် နေပါတယ်။

သူမမှာ ဒီလိုမျိုး စွမ်းအားရှိပြီးတော့ တစ်ချိန်တည်းမှာပဲ သူမပြောသလို တကယ်ပဲ လုပ်နိုင်ပါ လိမ့်မယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ အခုဆို သူ့အနေနဲ့ သူမလိုချင်တဲ့ ပစ္စည်းက ကျိန်စာများရဲ့ ဖန်ပုလင်းဆိုတာကို လုံးဝအတည်ပြု နိုင်ခဲ့ပါပြီ။ အနည်းငယ် တုံ့ဆိုင်းပြီး သူက ဟူးညိုကို အနက်ရောင် မျှော်စင်ထဲကို အရင်ဆုံး ပေးဝင်ပြီးတော့မှ မြို့ရဲ့နံရံပေါ်ကို ဆင်းသက် လာခဲ့ပါတယ်။

"အရှင်သခင်"

"အရှင်သခင်"

"အရှင်သခင်"

လင်းဟန်ကို မြင်လိုက်တာနဲ့ သူတို့တွေရဲ့ ကယ်တင်ရှင်ကို မြင်လိုက်ရသလိုမျိုး လူတိုင်းလူတိုင်း ဒူးထောက်လိုက်ပါတယ်။

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်သည်။

"ငါ့ကိုမကြည့်နဲ့။ အခု တကယ်လို့ ဒီနေရာမှာ ငါ့အယောက်ပေါင်း တစ်သောင်းရှိရင်တောင်မှ သူမရဲ့ လက်ချောင်းလေး တစ်ချောင်းကိုတောင် ရင်ဆိုင်နိုင်ဖို့ လုံလောက်မှာ မဟုတ်ဘူး"

လင်းဟန်ပြောတဲ့ စကားကို ကြားလိုက်တဲ့ အခါမှာ အားလုံးက စိတ်ပျက်အားငယ်သွားတဲ့ အမူအရာတွေ ဖြစ်ကုန်ကြပါတယ်။ လင်းဟန်တောင်မှ သူမအတွက် ပြိုင်ဘက်မဟုတ်ဘူးဆိုတော့ သူတို့က

ဘာများတတ်နိုင်ဦးမှာလဲ။

လင်းဟန်က အဲဒီမြင်းလှည်းရှိတဲ့ဆီကို ကြည့်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်ပြောလိုက် ပါတယ်။

"ငါတို့တွေ ညှိနိုင်းလို့ ရနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ငါ့ကို ရင်ဆိုင်ဖို့ နောက်တစ်ကြိမ် လုပ်ရှားမယ်ဆိုရင် ငါချက်ချင်းပဲ ထွက်ပြေးသွားရလိမ့်မယ်။ ပြီးတော့ မင်းငါ့ကို နောက်ထပ် ဘယ်တော့မှ ရှာလို့တွေ့မှာ မဟုတ်ဘူးဆိုတာ အာမခံတယ်"

"မိုက်ရိုင်းလိုက်တာ"

"ငါတို့ရဲ့ သခင်မကို မင်းကဒီလိုမျိုး ပြောပံ့တယ်ပေါ့လေ"

ပင်လယ်မျိုးနွယ်စုရဲ့ စစ်သည်တော်တွေ အားလုံးက ဒေါသတွေ ပေါက်ကွဲပြီးတော့ အော်ဟစ် လိုက်ကြပါတယ်။ သူတို့ရဲ့ နှလုံးသားထဲမှာတော့ ဟော့လျန်ချျင်ရွှယ်က နတ်ဘုရားတစ်ပါးရဲ့ တည်ရှိမှုလိုမျိုးပါပဲ။ ပြီးတော့ သူမကို မရိုမသေ မလေးမစား ဆက်ဆံတာမျိုးကို နည်းနည်းလေးမှ ခွင့်မပြုနိုင်ပါဘူး။ လူသားတစ်ယောက်က သူတို့ရဲ့ အရှင်သခင်မနဲ့ ညှိနိုင်းဖို့ တောင်းဆိုပံ့တယ် ဟုတ်လား။

သူက အရမ်းကို မုန်းစရာ ကောင်းလွန်းပါတယ်။

လှည်းအိမ်ထဲကနေ အသံတစ်ခု ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။

"ဒါဆိုရင်လည်း ငါတို့တွေ ညှိနှိုင်းကြတာပေါ့"

ဟော့လျန်ချွင်ရှယ်က အနည်းဆုံးတော့ သူမလက်ထဲကနေ လင်းဟန်က အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးလွတ်မြောက်အောင် လုပ်နိုင်စွမ်းရှိတယ် ဆိုတာကို ဝန်ခံလိုက်တာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမအနေနဲ့ သူနဲ့အတူ ညှိနှိုင်းဆွေးနွေးဖို့ထက်စာရင် ဖမ်းဆီးပြီးလိုက်ရုံပါပဲ။ ဒါကြောင့်လည်း သူ့ကို ညှိနှိုင်းဆွေးနွေးဖို့အတွက် အခွင့်အရေးတစ်ခု ပေးလိုက်ခြင်း ဖြစ်ပါတယ်။

Chapter 536 end

အပိုင်း(၅၃၇) ထောင်ချောက်တစ်ခုဆီသို့ ဦးတည်သွားခြင်း

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ သူမကတကယ့်ကို ညှိနှိုင်းဆွေးနွေးဖို့ ဆန္ဒရှိတယ် ဆိုတာကို သူကောင်းကောင်းကြီး သိပါတယ်။

"အရှင့်သမီးတော်ကို ကျနော် မေးခွန်းအနည်းငယ် မေးစရာရှိပါတယ်"

သူကကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"အိုး ဒါဆိုရင် ရှင်က ကျမဆီက မေးခွန်းတစ်ခုကို အရင်ဆုံး ဖြေပေးရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နောက်ထပ် ဆွေးနွေးဖို့အတွက် လုပ်နေစရာ မလိုတော့ဘူး"

ဟော့လျန်ချွင်ရှယ်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒီဖန်ပုလင်းကို ရှင်ပိုင်ဆိုင်ထားတာလား"

တကယ်ပါပဲ။

လင်းဟာန်က ငြင်းဆိုမှု လုံးဝမလုပ်ပဲ ပြောလိုက်ပါတယ်။

"အဲဒါအမှန်ပဲ။ အဲဒါကို ကျုပ်အခု ပိုင်ဆိုင်ထားတယ်"

တဒင်္ဂအခိုက်အတန့်တော့ လှည်းအိမ်အတွင်းကနေ ဘာအသံမှ မကြားရတော့ပါဘူး။ ဒီသတင်းကြောင့်

ဟော့လျန်ချွင်ရှယ်က အရမ်းကို စိတ်လှုပ်ရှားသွားတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ လက်ရှိမှာ သူမရဲ့ ခံစားချက်တွေကို ပြန်ပြီးတော့ ထိန်းချုပ်နေပုံ ရပါတယ်။ တစ်ခဏမျှ အကြာမှာ သူမရဲ့အသံကို နောက်တစ်ကြိမ် ကြားရပါတယ်။

"ကောင်းပြီလေ။ ရှင်ကဘာကို သိချင်တာလဲ"

"အရှင့်သမီးတော်က ဘယ်လိုလုပ်ပြီးတော့ ဒီဖန်ပုလင်းရဲ့ ကိစ္စအကြောင်းတွေကို သိနေရတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

"ဒီထဲမှာ လူတွေအများကြီး သိစရာမလိုတဲ့ အကြောင်းအရာတချို့ရှိတယ်။ ငါတို့တွေ ဆွေးနွေးဖို့ နေရာပြောင်းရအောင်"

ဟော့လျန်ချွင်ရှယ်က ပြောလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါ့နောက်ကို လိုက်ခဲ့ပါ။ ဒါပေမဲ့ အရမ်းကြီး မကာပ်ပါနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့

ငါကြောက်ပြီးတော့ နောက်တစ်ကြိမ် ပြန်ပေါ်လာပါဦးမလားဆိုတာ ဘယ်သူ သိနိုင်မှာလဲ”

ဟော့လျန်ချွင်ရှယ်က အေးစက်စက်နဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီး အရမ်းကို မကျေမနပ် ဖြစ်နေမှန်း သိသာပါတယ်။

လင်းဟန်က ရှေ့ကနေ လမ်းလျှောက်တဲ့ အချိန်မှာ ပင်လယ်မျိုးနွယ်စုက သူ့အနောက်ကနေ လိုက်လာခဲ့ကြပါတယ်။ လင်းဟန်သွားနေတဲ့ နေရာကတော့ သတ္တုမိုင်းတွင်းဟောင်း ရှိတဲ့နေရာ ဖြစ်ပါတယ်။ တကယ်လို့ ဟော့လျန်ချွင်ရှယ်က သူ့ကိုတိုက်ခိုက်မှု လုပ်လာခဲ့မယ်ဆိုရင် သူတို့ကို ထောင်ချောက်တစ်ခုထဲ သိမ်းသွင်းခေါ်ဆောင်သွားပြီး သတ်ပစ်ရပါမယ်။

ကုန်းမြေပေါ်မှာတော့ ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားတွေက အရမ်းကို မလျင်မြန်ကြပါဘူး။ ကံကောင်းတာက သတ္တုမိုင်းတွင်းက အင်ပါယာမြို့ကနေ အရမ်းကြီး မဝေးပါဘူး။ ဒါကြောင့် နာရီဝက်ခန့် အကြာမှာပဲ သူတို့ရဲ့ပန်းတိုင်ဆီကို သူတို့တွေ ရောက်ရှိလာခဲ့ကြပါတယ်။

“ရပ်”

ဟော့လျန်ချင်ရှယ်က လှည်းအိမ်ထဲကနေ အမိန့်ပေးပြီးတော့ ရပ်တန့်ခိုင်းပြီး အော်ဟစ် လိုက်ပါတယ်။

"လူသား ဒီနေရာက ရှေးဟောင်းသတ္တုမိုင်းတွင်းလား"

သူမကို လိမ်လည်လှည့်ဖြားတာမျိုး မခံချင်ပါဘူး။

လင်းဟာန်က ရပ်ပြီးတော့ ချာခနဲလှည့်ပြီး ပြောလိုက်ပါတယ်။

"အမှန်ပဲ"

လှည်းအိမ်ထဲကနေ ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ခရမ်းရောင် နတ်ဘုရား အလင်းတွေနဲ့ ဖုံးကွယ်ထားပြီး သူမရဲ့ ပုံပန်းသွင်ပြင်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရဖို့ နည်းလမ်းလုံးဝ မရှိပါဘူး။ သူမရဲ့ပုံရိပ်က အရပ်မြင့်လား အရပ်ပုလား၊ ယောက်ျားလား မိန်းမလား ဆိုတာကိုတောင် ရှင်းရှင်းလင်းလင်းနဲ့ မြင်တွေ့နိုင်စရာ မရှိပါဘူး။ ထူးထူးဆန်းဆန်းနဲ့ မြင်တွေ့နိုင်တာက ဒီပုံရိပ်က ကျောက်စိမ်းရောင် အဝတ်အစား တခုခုကို ဝတ်ဆင်ထားပြီး အရမ်းကို ရှည်လျားတဲ့ ဆံပင်လည်း ရှိနေပါတယ်။

"မင်းတို့အားလုံး ဒီနေရာမှာ စောင့်နေကြ"

သူမရဲ့လူတွေကို သူမက အမိန့်ပေးလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ အရှင့်သမီးတော်"

အားလုံးက သူမရဲ့အမိန့်ကို တသွေမတိမ်း လိုက်နာကြပါတယ်။

ဟော့လျန်ချွင်ရှယ်က လင်းဟာန်ဆီကို လမ်းလျှောက်လာခဲ့ပါတယ်။ သူမက သေချာအောင်လို့ သူ့ဆီကို လုံလုံလောက်လောက် နီးကပ်ဖို့ လိုပါတယ်။ သူမအနေနဲ့ လင်းဟာန်ကို တန်းပြီးတော့ အမှောက်သိပ်ပြီး သူ့ကို တည်နေရာရွှေ့ပြောင်းပြီး လွတ်မြောက်သွားဖို့ အခွင့်အရေး နည်းနည်းလေးမှ ပေးလိုက်လို့ မဖြစ်ပါဘူး။

"ဒါက အရမ်းကို နီးကပ်နေပြီ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အမှန်တကယ်တော့ သူရဲ့နတ်ဘုရား အာရုံနဲ့ဆိုရင် သူမကို အတော်လေး နီးကပ်တဲ့အထိ လျှောက်လာဖို့ သူ့အနေနဲ့ ခွင့်ပြုလို့ ရပါတယ်။ ဒါပေမဲ့ သူမကို သူရဲ့အကန့်အသတ်နဲ့

ပုက်ဖဲတွေ အကြောင်းကို ပေးသိလို့ မဖြစ်ပါဘူး။

ဟော့လျန်ချွင်ရှယ်က ဘာမှမတတ်နိုင်ပဲ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ တကယ်လို့ ဒီအကွာအဝေးကနေ သူမက တိုက်ခိုက်မယ်ဆိုရင် သူမမှာ သုံးဆယ်ရာခိုင်နှုန်းပဲ ရှိပါတယ်။

"အရှင့်သမီးတော် မင်းအခု ပြောလို့ ရပါပြီ"

လင်းဟန်က ပြောလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က တိုးညင်းစွာနဲ့ ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။ ပန်းဖူးအဆင့်ပဲရှိတဲ့ ကျင့်ကြံသူတစ်ယောက်က သူမနဲ့အဆင့်အတန်းချင်း တူနေတဲ့ ပုံစံမျိုး အမှန်တကယ်ပဲ ပြုမှုံ့နေတာက သူမကို အရမ်းပဲ စိတ်မကျေမနပ် ဖြစ်အောင်လို့ လုပ်နေသလို ပါပဲ။ ဒါပေမဲ့ အဲဒီဖန်ပုလင်းအတွက်တော့ သူမရဲ့ ဒေါသတွေကို ဖိနှိပ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်တော့ ရှုရှန်ယွမ်ဆီကို အဲဒီသတင်းတွေ ပေါက်ကြားအောင်လို တမင်သက်သက် လွှင့်လိုက်တဲ့လူက ကျမပဲ"

လင်းဟန်က မျက်လုံးပြူးသွားခဲ့ပါတယ်။ ရှုခုန်ယွမ်က နယ်ရုပ်ကလေး တစ်ရုပ်ပဲလား။

ကျိန်စာပစ္စည်းနဲ့ သတ်ပစ်လိုက်တာက ဘာသဲလွန်စမှ ကျန်နေစရာ ရှိမှာမဟုတ်ပါဘူး။ ဘယ်လိုပဲ ထူးထူးခြားခြားနဲ့ သေပါစေ အရေးမပါပါဘူး။ ဒါကို သဘာဝအတိုင်း သေတယ်လို့ပဲ သတ်မှတ်ကြမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ကို သတ်ဖြတ်ဖို့အတွက် ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားဖို့ မလိုအပ်လို့ပဲ ဖြစ်ပါတယ်။

ဒါဆိုရင် ဒီကစားပွဲကို အဝေးကို လွှင့်ပစ်လိုက်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့ တကယ်လို့ လူတစ်ယောက်က ကျိန်စာပစ္စည်းကို အသုံးပြုခဲ့မယ်ဆိုင် ရှင်းလင်းတဲ့ အကြောင်းအရာ တစ်ခုပဲ ရှိပါတယ်။ အဲဒါက ရန်သူက အရမ်းကို အစွမ်းထက်ပြီး သူနဲ့မျက်နှာချင်းဆိုင် တိုက်ခိုက်ဖို့ဆိုတာက အသုံးပြုသူအနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါမှမဟုတ် ရန်သူရဲ့ အဆင့်အတန်းက အရမ်းကို ပြိုင်ဘက်ကင်းနေပြီး ကျိန်စာပစ္စည်းကို အသုံးပြုသူက သူ့ကိုလူသိရှင်ကြား

တိုက်ခိုက်မှု မလုပ်နိုင်တာကြောင့် ဖြစ်ပါတယ်။

ဟော့လျန်ချွင်ရှယ်က ဘယ်လိုခေါင်းစဉ်မျိုးအောက်မှာ ပါဝင်ပတ်သက်နေတာလဲ။

"ဒါဆိုရင် ရှခုန်ယွမ်သေသွားတာက မယုံကြည်နိုင်စရာ ကောင်းတာကြောင့် သူ့ကို ကျိန်စာပစ္စည်းနဲ့ သတ်ပစ်လိုက်တာလို့ မင်းက ချက်ချင်းပဲ ကောက်ချက်ချပြီး မင်းရဲ့လူတွေနဲ့ ဒီနေရာကို ပြေးလာခဲ့တာပေါ့"

လင်းဟန်က ကောက်ချက်ချလိုက်ပါတယ်။

"ဟုတ်တယ်။ တကယ်လို့ ရှင်ကထွက်ပြေးသွားပြီး အချိန်တွေ အများကြီး ကုန်သွားတာတောင် ဘာဖြစ်လို့ ကျွမက ရှင်ကို နောက်တစ်ကြိမ် ရှာဖွေနိုင်စွမ်း မရှိရတာလဲ"

ဟော့လျန်ချွင်ရှယ်က ပြောလိုက်ပါတယ်။

လင်းဟန်က သိချင်စိတ်ပြင်းပြပြီး မေးလိုက်ပါတယ်။

"မင်းက အနည်းဆုံး အဆင့်မြင့် ကောင်းကင်အဆင့်ကျင့်ကြံသူ တစ်ယောက်ပဲ။ မင်းက

ကျိန်စာပစ္စည်းကို ရှာနေတယ်ဆိုတော့ ဖြစ်နိုင်တာက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကို မင်းကသတ်ပစ်ချင်နေတာလား”

တကယ်လို့ ဒီကျိန်စာက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူကို သေစေနိုင်တယ်ဆိုရင် ဒီကျောက်စိမ်းပုလင်းက ဘယ်အဆင့်မှာ ရှိနိုင်လိမ့်မလဲ။

နတ်ဘုရားပစ္စည်း တစ်ခုလား။

“ဒါက ရှင်နဲ့ပတ်သက်စရာ လုံးဝမရှိတဲ့ ကိစ္စပဲ”

ဟော့လျန်ချွင်ရွှယ်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီလိုမျိုး ရတနာက ရှင်ပိုင်ဆိုင်နိုင်တဲ့ အရာမဟုတ်ဘူး။ ကျမကိုသာ ပေးလိုက်ပါ။ ပြီးတော့ ပထမအချက် ရှင့်ရဲ့လုံခြုံမှုကို အာမခံတယ်။ ပြီးတော့ဒုတိယ အချက်က ဒီပစ္စည်းအတွက် ရှင်ကိုလျော်ကြေးအနေနဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ပေးနိုင်တယ်”

“အိုး ဘယ်လိုမျိုး စိတ်ဂိညာဉ် ပစ္စည်းအမျိုးအစားလဲ။ အဲဒါက

ဒီတစ်ခုလိုပဲ တန်ဖိုးရှိရဲ့လား”

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါတယ်။

ဟော့လျန်ချွင်ရွှယ်ရဲ့ ပုံရိပ်က အနည်းငယ် မှာတောင့်သွားတယ်ဆိုတာ အရမ်းကို သိသာပါတယ်။ သူမအနေနဲ့ ဒီနတ်ဆိုးရှင်သန်ဓားရဲ့ အဆင့်ကို သေချာပေါက် မြင်နိုင်ပါတယ်။

ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ လင်းဟန်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် သူမအနေနဲ့ ဘာကိုများ ထုတ်ပေးနိုင်မှာလဲ။

သူမက တကယ်ပဲ ဒီလူသားကို လျော့တွက်မိခဲ့ပါတယ်။ သူရဲ့ချမ်းသာကြွယ်ဝမှုက တကယ့်ကို အံ့မခန်း အံ့သြစရာ ကောင်းလွန်းပါတယ်။

သူမက ခဏရပ်ပြီးတဲ့နောက်မှာ ဆက်ပြောလိုက်ပါတယ်။

“ဒီဖန်ပုလင်းကို အရယူဖို့ ကျုမဆုံးဖြတ်ထားတယ်။ ဒါကြောင့် အဲဒါကို လွှတ်ချလိုက်ဖို့ အကြံပေးပါရစေ။ တကယ်လို့ မလုပ်ဘူးဆိုရင်တော့ အဲဒီနောက်မှာ ရှင်က ကမ္ဘာအဆုံးထို

ထွက်ပြေးမယ် ဆိုရင်တောင် ကျမက ရှင်ကို လိုက်ပြီးတော့ ရှာဖွေရလိမ့်မယ်”

လင်းဟန်က ပြုံးလိုက်ပြီးတော့ အဲဒီနောက်မှာ မေးလိုက်ပါတယ်။

“တကယ်လား။ ငါဘယ်နေရာကိုသွားသွား မင်းက အနောက်ကနေ လိုက်မယ်ဆိုတာ သေချာလို့လား”

ဟော့လျန်ရှုင်ရွှယ်က အေးအေးစက်စက်နဲ့ နှာခေါင်းရှုံ့လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာ သူမက အရှေ့တည့်တည့်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ရှင်ကဘာကို အားကိုးနေတာလဲ။ ဒီသတ္တုမိုင်းတွင်းဟောင်းကနေ လွတ်မြောက်ချင်နေတာလား။ အတွေ့အကြုံနည်းလိုက်တာ”

သူမက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

“အခုဆို အဲဒီကျိန်စာပစ္စည်းက ဆွဲထုတ်ခံလိုက်ရပြီး ဒီနေရာအထဲမှာ ကျိန်စာချီတွေကလည်း စတင်ပြီးတော့ လျော့လာပြီ။ ပြီးတော့ ကျမက ဘယ်သူလဲ။

မြောက်ဘက်ပင်လယ်က တော်ဝင်ကလန်ရဲ့အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။ ကျမရဲ့ မွေးဖွားရာ ဇာတာခွင်ကို နတ်ဘုရားတွေက ဆုံးဖြတ်တယ်။ ဒါကြောင့် ဒီနေရာက ကျိန်စာချီတွေက ကျမကို ဒဏ်ရာရဖို့ ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ”

သူမက တကယ်ပဲ အတော်လေးကို ပါးနပ်သူ တစ်ယောက် ဖြစ်ပါတယ်။ ကံမကောင်းတာက ဒီနေရာမှာ ဘာတွေပြောင်းလဲသွားတယ် ဆိုတာကို သူမအနေနဲ့ မသိပါဘူး။ ကျိန်စာချီတွေက တကယ်ကို နှိုင်းယှဉ်စရာ မရှိပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ငါ့ကိုလာပြီးတော့ ဖမ်းလေ။ ဘယ်သူပြောနိုင်မှာလဲ။ မင်းကငါ့ကို မိအောင်ဖမ်းနိုင်ရင် နင့်ကို ဒီပုလင်းပေးချင် ပေးလိုက်မှာပေါ့။ ဟီးဟီးဟီး”

သူက ရုတ်ချည်းဆိုသလို ပြေးပြီးတော့ သတ္တုမိုင်းတွင်းဟောင်းထဲကို ထွက်ပြေးသွားပါတယ်။

ဟော့လျန်ချွင်ရှယ်က ဟီးဟီးဟီးရဲ့ အဓိပ္ပါယ်က ဘာကိုဆိုလိုသလဲ ဆိုတာကို မသိပါဘူး။ ဒါပေမဲ့ တဒင်္ဂမျှ စဉ်းစားပြီးတဲ့နောက်မှာ သေချာတာတော့ မြောက်လုံးပင့်လုံး မဟုတ်ဘူး ဆိုတာပါပဲ။ ချက်ချင်းပဲ သူမက အေးစက်စက်နဲ့ ဟမ့်ခနဲ တစ်ချက်လုပ်ပြီး သူ့အနောက်ကို လိုက်ပြီး အထဲကို ဝင်သွားပါတယ်။

လင်းဟန်က ဘာကိုမှမစဉ်းစားပဲ အရှုံးအမှူးကို တိုက်ခိုက်လိုက်ပါတယ်။ သူကဒီနေရာမှာ မြေကြီးအောက် နစ်မြုပ်နေတဲ့ ရှေးဟောင်းအလောင်း ဆယ့်နှစ်ခုကို ဆွဲထုတ်ချင်နေတာ ဖြစ်ပြီး သွေးရေကန်ကိုလည်း ဆွဲထုတ်ချင်နေတာပါ။ အဓိက ပစ်မှတ်ကတော့ ငွေရောင်ပင့်ကူပဲ ဖြစ်ပါတယ်။ ခဏလေးအတွင်းမှာ ဘယ်အရာပဲဖြစ်ဖြစ် ဟော့လျန်ချွင်ရှယ်ကို ဖိနှိပ်ထိန်းချုပ်နိုင်ပါလိမ့်မယ်။

ပြီးတော့ ဒီတိုက်ပွဲအပြီးမှာ ဘယ်ပင်လယ်မျိုးနွယ်စုက ဒီနေရာကို လာပံ့ဦးမှာလဲ။

"ရှင်က ခက်ခက်ခဲခဲလုပ်ဖို့ လမ်းကို ရွေးလိုက်တယ်ဆိုပါတော့"

ဟော့လျန်ချွင်ရှယ်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့လိုက်ပါတယ်။ လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပြီး သူမရဲ့ မူလစွမ်းအင်က လှပတဲ့ ဧရာမ လက်ဂါးတစ်ဖက် အဖြစ်ကို ပြောင်းလဲသွားပြီးတော့ လင်းဟန်ဆီကို ဖိနှိပ်လိုက်ပါတယ်။

လက်ဂါးတိုက်ခိုက်မှုရဲ့ ခွန်အားက သူ့ကိုမထိခိုက်သေးခင်မှာပဲ ဒီတိုက်ခိုက်မှုရဲ့ အနောက်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားက လင်းဟန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ အက်ရာတွေ ဖြစ်ပေါ်လာစေပြီး အဲဒီဒဏ်ရာတွေကနေ သွေးတွေက အရှူးအမူး ယိုစိမ့်ထွက်လာခဲ့ပါတယ်။

တစ်ခုသိထားရမှာ လင်းဟန်မှာ သံမဏိခန္ဓာကိုယ် ရှိပြီးတော့ သူ့ခန္ဓာကိုယ်ရဲ့ မာကျောကြံခိုင်းတမ်းမှုက အဆင့်တူထဲက ရှားပါးလှတဲ့ သတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ဒီလက်ဂါးတိုက်ခိုက်မှုရဲ့ ဖိအားလေးကတောင် သူ့ရဲ့အရေပြားကို အက်ကွဲပျက်စီးသွား စေပါတယ်။ တကယ်လို့ သူက ဒီတိုက်ခိုက်မှုကို ခံစားရမယ်ဆိုရင် သူ့မှာ အသက်ရှင်ဖို့ အခွင့်အရေး ရှိပါဦးမလား။

"လခွမ်း အတော်ကို အစွမ်းထက်တဲ့ အမျိုးသမီးပဲ"

လင်းဟန်က အံ့အားသင့်စွာ ရေရွတ်လိုက်ပြီးတော့ နတ်ဘုရားရုပ်အလောင်း နှစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။ အဲဒီရုပ်အလောင်းတွေကို ပြန်ယူဖို့ သူ့မှာအစီအစဉ် မရှိပါဘူး။ ဒီနတ်ဘုရား ရုပ်အလောင်း နှစ်ခုကို ဒီနေရာ မြုပ်နှံထားတာက အရမ်းကြီး ဆိုးဝါးစရာတော့ မရှိပါဘူး။

ဒီနေရာမှာ အရမ်းကို အစွမ်းထက်တဲ့ နောက်ခံတွေရှိတဲ့ ရှေးဟောင်းရုပ်အလောင်း ဆယ့်နှစ်ခု ရှိပါတယ်။ ပြီးတော့ ဒီရုပ်အလောင်းတွေက သူပိုင်ဆိုင်ထားတဲ့ နတ်ဘုရားရုပ်အလောင်း နှစ်ခုထက် သေချာပေါက် နိမ့်ကျလိမ့်မှာ မဟုတ်ပါဘူး။

"ဟင်"

ဟော့လျန်ချင်ရှယ်က တုံ့ဆိုင်းသွားခဲ့ပါတယ်။ သူမက နတ်ဘုရား ရုပ်အလောင်း နှစ်ခုရဲ့ အရှေ့ကို ရောက်လာပြီး သူမရဲ့ မျက်နှာပေါ်မှာ ဘယ်သူမှ မမြင်တွေ့နိုင်တဲ့ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"ဒါက နတ်ဘုရား ရုပ်အလောင်းပဲ"

သူမက တီးတိုးရွတ်ဆို လိုက်ပါတယ်။ ပြီးတော့ သူမရဲ့ မယုံကြည်နိုင်တဲ့ အမူအရာက ပိုပြီးတော့ ထင်ရှားလာပါတယ်။

လင်းဟန်မှာ တကယ်ပဲ နတ်ဘုရား ရုပ်အလောင်း နှစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒီလူသားက တကယ့်ပဲ အရမ်းကို ထူးဆန်းလွန်းပါတယ်။

ဒါပေမဲ့လည်း ဒီနတ်ဘုရားရုပ်အလောင်းတွေရဲ့ နတ်ဘုရားစွမ်းရည်တွေက လုံးဝကို ကုန်ခမ်းလို့ သွားပါပြီ။ ဒါအပြင် ဒါက သေမျိုးနယ်မြေဖြစ်ပါတယ်။ ဒီမှာဂုဏ်းကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ နတ်ဘုရားအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက်ထက် ပိုပြီးတော့ သန်မာနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ လင်းဟန်က ဒီနတ်ဘုရား ရုပ်အလောင်းနှစ်ခုကို အသုံးပြုပြီးတော့ သူမကို ကြောက်ရွံ့ပြီး ရုပ်သွားစေချင်တာလား။

ဘယ်လောက်တောင် နုံအလိုက်သလဲ။

သူမရဲ့လက်ကို သာမန်ကာလျှံကာ ဝှေ့ယမ်းလိုက်တာနဲ့ ဒီနတ်ဘုရား ရုပ်အလောင်းနှစ်ခုက အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားခဲ့ပါတယ်။ ဒီရုပ်အလောင်းတွေရဲ့ အဆီအနှစ်တွေ

ကုန်ခမ်းသွားမှတော့ သူတို့မှာရှိတဲ့ ဘယ်လိုတန်ဖိုးမဆို ကုန်ဆုံးသွားခဲ့ပါပြီ။ သူမအနေနဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး စိတ်မဝင်စားပါဘူး။

"ဘယ်လိုနည်းနဲ့မှ ရှင်လွတ်မြောက်စရာအကြောင်း မရှိဘူး"

ဟော့လျန်ချွင်ရှယ်က ရေခဲတမျှ အေးစက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါကထွက်ပြေးချင်တယ်လို့ ဘယ်သူပြောတာလဲ"

သူက ကျိန်စာပစ္စည်းကို မြုပ်ထားဖူးတဲ့ နေရာကို ရောက်လာခဲ့ပါပြီ။ လက်သီးတစ်ချက်နဲ့အတူ ကြောက်မက်ဖွယ်ရာကောင်းတဲ့ မူလစွမ်းအင် ပမာဏကို ထည့်သွင်းထားပြီး သူ့ကိုယ်ပိုင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို ပေါင်းထည့်ပြီး အရမ်းကို ထိတ်လန့်ကြောက်မက်ဖွယ် ကောင်းလျတဲ့ ဖျက်ဆီးခြင်းစွမ်းအား ပမာဏ တစ်ခုကို ဖန်တီးလိုက်ပါတယ်။

ပုန်း။

သွေးတန်းကြီးက အပေါ်ကို ထိုးထွက်လာခဲ့ပါတယ်။

Chapter 537 end

အပိုင်း(၅၃၈) တစ်ချက်လေးတောင်မှ ကြံ့ကြံ့မခံနိုင်ဘူး

သွေးရေပန်းကြီးက မိုးကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ထိုးထိုးထွက်လာခဲ့ပြီး ထိတ်လန့်ဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ကြယ်တွေကြွေကျလာပြီး ကမ္ဘာကြီးရဲ့ အဆုံးသတ်ကို ရောက်လာတော့မဲ့အတိုင်း ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က အနည်းငယ်မျှတောင် တုံ့ဆိုင်းခြင်း မရှိပဲနဲ့ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ဒီကပ်ဘေးဒုက္ခကို ရှောင်တိမ်းဖို့ အရင်ဆုံး အခွင့်အရေး ရရှိခဲ့ပါတယ်။

သွေးရဲ့ပုတ်စော်နံ့ဟောင်တဲ့ အနံ့အသက်တွေက စိမ့်ဝင်ပျံ့နှံ့လာပြီး ခန္ဓာကိုယ်ရဲ့ အပြင်ဘက် ဆန့်ထုတ်ခြင်းကနေ နတ်ဘုရားအာရုံကို ကာဆီးထားတာကြောင့် ဟော့လျန်ချွင်ရွှယ်က လင်းဟန် ပျောက်ကွယ်သွားတာကို ပထမတော့ ရှာမတွေ့ပဲ သူမက လင်းဟန်ကို ရှာဖွေချင်နေပြီး သူ့ကို ဖမ်းဆီးပြီးတော့

ကျိန်စာများရဲ့ ဖန်ပုလင်းကို အဝေးကို လုယူသွားချင်ခဲ့ပါတယ်။

ဒါပေမဲ့ ဒါက တဒင်္ဂ အခိုက်အတန့်လေးပဲ ဖြစ်ပါတယ်။ သွေးပင်လယ်ကြီး တစ်ခုက ကောင်းကင်ပေါ် ထိုးတက်လာပြီး ၎င်းရဲ့ထိတ်လန့်ဖွယ်ရာ အစွမ်းကို အပြည့်အဝ ထုတ်ဖော်နေ ပါတယ်။

ဟော့လျန်ချွင်ရှယ်ရဲ့ အမူအရာက အတော်လေးကို ပြောင်းလဲသွားခဲ့ပါတယ်။ သူမရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ဒီသွေးရေတွေက ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတာကို ရှင်းရှင်းလင်းလင်းကို မြင်သာနိုင်စွမ်း ရှိပါတယ်။ သူမက အလျင်အမြန်ပဲ အထက်ကို ခုန်တက် လိုက်ပါတယ်။ လင်းဟန်က အစောကြီးကတည်းက တည်နေရာ ရွှေ့ပြောင်းသွားပြီ ဆိုတာကို သူမအနေနဲ့ သေချာသွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့လိုမျိုး ပန်းဖူးအဆင့်ပဲ ရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားနဲ့ အစွမ်းရှိတဲ့ သွေးရေတွေကို ကြံ့ကြံ့ခံနိုင်မှာလား။

အခုတော့ အရမ်းကို နောက်ကျသွားခဲ့ပါပြီ။

သွေးရောင်ဆူနာမီ လှိုင်းလုံးကြီးတစ်ခု လျင်မြန်စွာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ အလောင်းကောင် ဆယ့်နှစ်ခုက ထွက်ပေါ်လာခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း ရောမ ငွေပင့်ကူကြီး ပေါ်လာခဲ့ပါတယ်။ ပြီးတော့ ၎င်းရဲ့ တောင်တစ်လုံး အရွယ်အစားရှိတဲ့ ခန္ဓာကိုယ်ကနေ ထိတ်လန့်ကြောက်မက်ဖွယ်ရာ အရှိန်အဝါကို ထုတ်လွှတ်လို့ နေပါတယ်။

၎င်းက တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းပါတယ်။ အရင်က လင်းဟန်ကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်ရုံက သူရဲ့စိတ်ဝိညာဉ် အပေးကို ပျံသန်းထွက်ပြီး ပျက်စီးလုနီးပါး ဖြစ်စေခဲ့ပြီး ကောင်းကင်အဆင့် နတ်ဘုရားအာရုံ တစ်စွန်းတစ်စကို ပိုင်ဆိုင်ထားပြီး သံမဏိခန္ဓာကိုယ်ကို ဖြစ်ပေါ်စေတာတောင်မှ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပေါက်ကွဲထွက်တော့မဲ့ အတိုင်းပါပဲ။

လင်းဟန်တောင်မှ ဒီလိုမျိုးဖြစ်မှတော့ တခြားသူတွေဆိုရင်တော့ ဘယ်လိုဖြစ်မလဲ။

အပေးတစ်နေရာက ပင်လယ်မျိုးနွယ်စု စစ်တပ်က သူတို့ရဲ့ ခန္ဓာကိုယ်တွေ တစ်ခုပြီးတစ်ခု ပေါက်ကွဲထွက်သလိုမျိုး

ထိတ်လန့်တကြားနဲ့ အော်ဟစ်ငိုကြွေးကုန်ကြပါတယ်။

ရောမ ပင့်ကူကြီးရဲ့ အကြည့်က ဟော့လျန်ချွင်ရှယ် အပေါ်ကို ကျရောက်လာခဲ့ပါတယ်။ ပြီးတော့ ဒီတစ်ကြိမ်က ပိုးကောင်လေး တစ်ကောင်ကို စိုက်ကြည့်တာနဲ့ မတူတော့ပဲ ၎င်းရဲ့အမူအရာက ဒေါသရဲ့ အရိပ်အယောင်ကို ဖော်ပြလို့ နေပါတယ်။ ရောမ လက်ကြီးတစ်ချောင်း မြင့်တက်လာပြီး လေထုကို ဖြတ်သန်းပြီးတော့ ဟော့လျန်ချွင်ရှယ်ဆီကို ထိုးစိုက်လိုက်ပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲမှာ ပုန်းနေတယ် ဆိုပေမဲ့ သူရဲ့အမူအရာက ဒီတိုက်ခိုက်မှုကို ကြည့်ပြီးတော့ အတော်လေးကို ပြောင်းလဲသွားခဲ့ပါတယ်။

ဒါက အရမ်းကို အစွမ်းထက်လွန်းပါတယ်။ အရမ်းကို အစွမ်းထက်လွန်းပြီး ကောင်းကင်ပေါ်က ကြယ်တွေကိုတောင် ကြွေကျစေနိုင်ပါတယ်။

ဟော့လျန်ချွင်ရှယ်က လုံးဝကို ရှောင်တိမ်းနိုင်ခြင်း မရှိပါဘူး။ ဖူးဆိုတဲ့ အသံနဲ့အတူ သူမရဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်သွားခဲ့ပါတယ်။ ပင့်ကူရဲ့ လက်တစ်ဖက်က သူမရဲ့ ခန္ဓာကိုယ်ကို ထိုးစိုက်သွားပြီး

ငွေရောင်လုံတစ်ချောင်းနဲ့တူတဲ့ လက်ပေါ်မှာ သွေးစတွေ စွဲကျန်ခဲ့ပါတယ်။

ဖူး။

ဟော့လျန်ချွင်ရှယ်က သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို နတ်ဘုရား အလင်းတွေကသူမရဲ့ ခန္ဓာကိုယ်ပတ်ပတ်လည်မှာ လင်းလက်တောက်ပသွားပြီး ထိတ်လန့်စရာနဲ့ တပ်မက်ဖွယ်ရာ ရှေးဟောင်းအငွေ့အသက်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ရောမ ငွေရောင်ပင့်ကူကြီးက အမှန်တကယ်ပဲ လူသားတစ်ယောက်လိုမျိုး အမူအရာတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ ၎င်းက ရုတ်တရက် ၎င်းရဲ့လက်ကို ရုတ်သိမ်းလိုက်ပြီး ၎င်းရဲ့အရွယ်အစားက မြန်ဆန်စွာ ကျုံ့သွားပြီးတော့ ငွေရောင်အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး လိုဂိုင်းတွေကြားထဲကို ပစ်ဝင်သွားခဲ့ပါတယ်။ ဒါအပြင် သွေးရေတွေလည်း မြန်မြန်ဆန်ဆန်နဲ့ နိမ့်ဝင်သွားပြီး အရမ်းကို လျင်မြန်စွာဖြင့် သတ္တုမိုင်းတွင်းထဲ လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့ပြီး အစောတုန်းက အဖြစ်အပျက်တွေက တစ်ခါမှ မဖြစ်ဖူးသလိုမျိုး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ စစ်တပ်လည်း အသားကြိတ်စက်နဲ့ နုတ်နုတ်စဉ်းထားသလို မိုင်းတွင်းရဲ့ အပြင်ဘက်မှာ လဲနေကြပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ ဒီနေရာက တစ်စုံတစ်ယောက်ကို ထောင်ချောက်ဆင်ဖို့ တကယ့်ကို ပြီးပြည့်စုံတဲ့ နေရာတည်တစ်ခု ဖြစ်တယ်ဆိုတာကို စဉ်းစားမိ လိုက်ပါတယ်။ အဆင့်မြင့် ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ တစ်ချက်တည်းနဲ့ အသတ်ခံရပါတယ်။ ပြီးတော့ သူလည်းပဲ ကောင်းကင်အဆင့်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကြားက ကွာဟချက်ကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

တစ်ချက်လေးတောင်မှ ကြံ့ကြံ့ခံနိုင်ခြင်း မရှိပါဘူး။

လူတစ်ယောက်ရဲ့ သိုင်းပညာရပ် အဆင့်ပိုမြင့်လေ မတူညီတဲ့ ကျင့်ကြံခြင်း အဆင့်တွေအကြားမှာ စွမ်းအားကွာဟချက်က ကြီးမားလေ ဖြစ်ပါလိမ့်မယ်။ ဟော့လျန်ချင်ရှယ်လို အစွမ်းထက်တဲ့ တစ်စုံတစ်ယောက်တောင်မှ ရောမ ငွေပင့်ကူနဲ့

မျက်နှာချင်းဆိုင် ရင်ဆိုင်တဲ့ အခါမှာ ပြန်ပြီးတော့ မတိုက်ခိုက်နိုင်ခဲ့ပါဘူး။

သူက ဟော့လျန်ချွင်ရှယ်ဆီကို ပျံသန်းသွားခဲ့ပါတယ်။ အစောတုန်းက ဒီအမျိုးသမီးကို ပိုင်းရံထားတဲ့ နတ်ဘုရားအလင်းက ပျောက်ကွယ်သွားခဲ့ပြီး သူမရဲ့ မျက်နှာအစစ်အမှန်က ထွက်ပေါ်လာခဲ့ပါတယ်။

သူမက တကယ့်ကို လှပချောမောပါတယ်။ နှာတံလေးကစင်းနေပြီး ချယ်ရီရောင် နှုတ်ခမ်းလေး ရှိပါတယ်။ သူမရဲ့ မျက်ခုံးတွေက ထွန်းသစ်စ လမင်းနဲ့ တူပြီးတော့ အသားအရေက ကျောက်စိမ်းလို နူးညံ့ချောမွတ်လို့ နေပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မျက်လုံးတွေက တင်းကျပ်စွာ ပိတ်ထားပါတယ်။ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် သူမရဲ့အလှအပကို နောက်တစ်ဆင့်ထိ ရောက်အောင်လို့ ထည့်ပေါင်းလို့ရမဲ့ အရာတစ်ခု ဖြစ်ပါလိမ့်မယ်။ ပြီးတော့ သူမရဲ့ ဘယ်ဘက် ပခုံးပေါ်မှာ သွေးတွေယိုစိမ့်နေတဲ့ အပေါက်တစ်ခု ရှိပါတယ်။ ဒါက ငွေရောင်ပင့်ကူကြီးက သူမကို ထိုးစိုက်လိုက်တဲ့ နေရာဆိုတာ သိသာထင်ရှားပြီး လက်ရှိမှာ သွေးတွေက ပန်းထွက်နေပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဟော့လျန်ချွင်ရှယ်က အမှန်တကယ်ပဲ မသေဆုံး သေးပါဘူး။

ဧရာမ ငွေရောင်ပင့်ကူကြီးရဲ့ အစွမ်းတွေက သူမရဲ့ အသက်ဓာတ် နေရာတွေကို တစ်ခုမှ မထိမှန်ဘူး ဆိုပေမဲ့ တကယ်လို့ လူတစ်ယောက်က ထိုးစိုက်ခံရမယ်ဆိုင် တိုက်ခိုက်မှုက အဲဒီလူရဲ့ ခန္ဓာကိုယ်အထဲမှာ ပေါက်ကွဲထွက်ပြီး ဒီလိုမျိုး တိုက်ခိုက်မှုရဲ့ စွမ်းအားက ပျက်စီးစေဖို့ လုံလောက်ပါလိမ့်မယ်။

ကြည့်ရတာ ဧရာမ ငွေပင့်ကူမှာ သနားညှာတာမှု ရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်ရဲ့ အကြည့်တွေက သူမအပေါ်ကို ကျရောက်သွားပြီး ချက်ချင်းဆိုသလို သူရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက မြင့်တက်လို့ လာခဲ့ပါတယ်။

ဒီမိန်းကလေးက အရမ်းကို အန္တရာယ်ရှိပါတယ်။ ဒါ့အပြင် သူမက သူပိုင်ဆိုင်ထားတဲ့ ကျိန်စာများရဲ့ ဖန်ပုလင်းကိုလည်း လိုချင်နေပါတယ်။ ပြီးတော့ သူမအနေနဲ့ အဲဒါကို မရမချင်း လွယ်လွယ်နဲ့ လက်လွှတ်မဲ့ပုံ မပေါ်ပါဘူး။

သူ့အနေနဲ့ သေချာပေါက်ကို ဒီပြဿနာဂြိုလ်ကောင်ကို အသက်ရှင်လျက် ထားခဲ့လို့ မရနိုင်ပါဘူး။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါတယ်။ ရန်သူအပေါ်မှာ သနားစိတ်ဝင်တာက မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းတွေ အပေါ်မှာ တာဝန်မဲ့ရာကျပါတယ်။ သူက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ခုတ်ပိုင်းလိုက်ပါတယ်။

ဟွမ်း။

အလင်းရောင် စက်ဝန်းတစ်ခုက ဟော့လျန်ချင်ရွှယ်ရဲက ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာပြီး ကာကွယ်တဲ့ အလွှာတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ နတ်ဆိုးရှင်သန်ဓားရဲ့ တိုက်ခိုက်မှုကို ခုခံတားဆီးလိုက်ပါတယ်။

လပြွတ်ပဲပေ့ါ။

လင်းဟာန်က အဲဒါကို အနည်းငယ် အာရုံရရှိခဲ့ပါတယ်။ ဒီအလင်းစက်ဝန်းက ဟော့လျန်းချင်ရွှယ် ဝတ်ဆင်ထားတဲ့ လည်ဆွဲကနေ တောက်ပလာခဲ့တာပါ။ ပိုပြီးတော့ တိတိကျကျ ပြောမယ်ဆိုရင် အဲဒါက လည်ဆွဲပေါ်က

ဆွဲသီးကနေ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

အစောပိုင်းတုန်းက ရောမ ငွေပင့်ကူက ဒီဆွဲသီးက လင်းလက်တောက်ပမှုကြောင့် ရောမ ငွေပင့်ကူက ငဲ့ညှာခွင့်လွှတ်ပြီး ဟော့လျန်းချွင်ရွှယ်ကို အဆုံးသတ် မသွားခဲ့တာ ဖြစ်ပါတယ်။ အခု ၎င်းက လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ခုခံတားဆီးလိုက်ပါတယ်။

ကြည့်ရတာတော့ ဒီပစ္စည်းက အလိုအလျောက် ခုခံကာကွယ်ပေးတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ရောမ ငွေပင့်ကူက အရမ်းကို အစွမ်းထက်ပါတယ်။ ဒါကြောင့် ဒီစိတ်ဂိညာဉ် ပစ္စည်းကို အသက်သွင်းဖို့တောင် အချိန်မရှိပါဘူး။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လင်းဟန်က ပိုပြီးတော့ အားနည်းပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ပစ္စည်းက သူ့ရဲ့တိုက်ခိုက်မှုကို လွယ်ကူစွာနဲ့ တားဆီးနိုင်ခဲ့တာပါ။

"စိတ်ပျက်စရာပဲ"

လင်းဟန်က အံ့ကြိတ်လိုက်ပါတယ်။ ပထမတော့ သူက မြောက်ပိုင်းဒေသ တစ်ခုလုံးမှာ အသန်မာဆုံး လူတစ်ယောက်လို့ ထိုက်ထိုက်တန်တန်နဲ့ကို

သတ်မှတ်ထားခဲ့ပါတယ်။ သူက မြောက်ပိုင်းအစွန်အဖျား ဒေသထဲမှာပဲ ပိုပြီးတော့တောင် အကူအညီမဲ့နေတာကို ဘယ်သူကများ ကြိုတင်သိမြင်နိုင်မှာလဲ။ အနည်းဆုံးတော့ ဒီနေရာမှာ လူတိုင်းလူတိုင်းက သူ့ကိုရိုသေလေးစားမှု အပြည့်နဲ့ ဂရန်းမာစတာလင်းလို့ ခေါ်ရပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ ဘယ်လိုဖြစ်နေတာလဲ။ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက ဟော့လျန်ချွင်ရှယ် ဒါမှမဟုတ် ရောမ ငွေပင့်ကူအပေါ်မှာ အကျိုးသက်ရောက်မှု ဒါမှမဟုတ် လွှမ်းမိုးနိုင်မှု မရှိဘူးလား။

သူက မကျေမနပ်နဲ့ တိုက်ခိုက်မှုတချို့ကို ထုတ်ဖော်လိုက်ပါတယ်။ သူက ဓားချီကိုတောင်မှ အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ ဒီအလင်းစက်ဝန်းရဲ့ ခုခံကာကွယ်နိုင်တဲ့ စွမ်းရည်က တကယ်ပဲ အရမ်းကို အားကောင်းလွန်းပါတယ်။ သူဘယ်လိုပဲလုပ်လုပ် အရေးမပါပဲ လုံးဝကို အသုံးမဝင်ပါ

လင်းဟာန်က သူလုပ်လို့ ရနိုင်သမျှ အရာတွေ အားလုံးကို စဉ်းစားပြီးတော့ လုပ်လိုက်ပေမဲ့ အဲဒါတွေအားလုံး အသုံးမဝင်ပါဘူး။

သူက သူမကို အနက်ရောင် မျှော်စင်ထဲကိုတောင်မှ

ဆွဲထည့်ချင်ခဲ့ပါတယ်။ ဒီနည်းအတိုင်းဆို သူမကို သတ်ပစ်မလား ဒါမှမဟုတ် သူမရဲ့လက်ကျန် ဘဝတစ်ခုလုံးအတွက် ဒီပင်လယ်မျိုးနွယ်စု မင်းသမီးကို ဖိနှိပ်ထိန်းချုပ်ထားမလား ဆိုတာက အရေးမကြီးတော့ပါဘူး။ ဒါပေမဲ့လည်း ဒီအတိုင်းမသိ အလင်းစက်ဝန်းက သူမရဲ့ အနားမှာ ပေါ့ပိုက်နေပြီး လင်းဟန်ရဲ့ နတ်ဘုရား အာရုံကို တားဆီးလိုက်ပါတယ်။

ဒီတဒင်္ဂ အခိုက်အတန့်မှာ ဟောဲလျန်ချွင်ရွှယ်က သတိလစ်မေ့မျောနေပုံ ရပေမဲ့ သူမက ဖြူကောင်တစ်ကောင်လိုမျိုး သူ့အနေနဲ့ ထိလို့တောင် မရနိုင်ပါဘူး။

လင်းဟန်က နောက်ထပ်ဘာမှကို မလှုပ်ရှားတော့ပါဘူး။ ဒီလည်ဆွဲသီးကလည်း ထပ်ပြီးတော့ မတောက်ပတော့ပါဘူး။ ဟောဲလျန်ချွင်ရွှယ်က လမင်းအလင်းရောင်လို တောက်ပပြီး ချောမောလှပတဲ့ မျက်နှာနဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်က ထွက်ပေါ်လို့ နေပါတယ်။ လင်းဟန်က သူမကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီးတော့ သနားဂရုဏာသက်စွာနဲ့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ရင်ဘတ်က ပြားလိုက်တာ"

အမှန်တကယ်တော့ သူမရဲ့ ရင်ဘတ်က အဲဒီလောက်လည်း မပြားကပ်နေပါဘူး။ ဒါပေမဲ့ လွှိုယုထန်၊ လီစီရှန်းနဲ့ ကျူးရွှမ်အာတို့နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူမတို့တွေက အံ့အားသင့်စရာ ကောင်းလောက်တဲ့ အဆင့်တစ်ခုထိ ကြီးထွားဖွံ့ဖြိုးနေပြီး သူမကတော့ အတော်လေးကို ယှဉ်လို့ မရတဲ့ အဆင့်တစ်ခု ဖြစ်ပါတယ်။

အံ့အားသင့်စရာကောင်းတဲ့ အရာကတော့ သူမရဲ့ ဘယ်ဘက်ပခုံးပေါ်က ဒဏ်ရာက အရမ်းကို လျင်မြန်စွာနဲ့ သက်သာပျောက်ကင်းလာခဲ့ပြီး သွေးတွေထွက်နေတာလည်း ရပ်သွားပြီးတော့ ဒဏ်ရာက ဖြည်းညှင်းစွာနဲ့ အနာကျက်သွားခဲ့ပါတယ်။

တစ်ခုသိထားရမှာ ဒီဒဏ်ရာက ထိပ်တန်းသက်ရှိတစ်ခုကြောင့် ရရှိခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ ဒီဒဏ်ရာအထဲမှာ ရောမ ငွေပင့်ကူရဲ့ သိုင်းဆန္ဒလည်း ကျန်ခဲ့ပါတယ်။ ဒီသိုင်းဆန္ဒ ရှိနေသမျှ ဒဏ်ရာက သက်သာပျောက်ကင်းဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သိုင်းဆန္ဒက ဘယ်လောက်ကြာအောင် ကျန်ရစ်နိုင်မလဲ။ နှစ်ပေါင်းတစ်သောင်းလား။

ဟော့လျန်ချွင်ရှယ်မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲက သိုင်းဆန္ဒကို ပျောက်ကွယ်သွားဖို့ စွမ်းရည်တွေ မရှိနိုင်ပါဘူး။ ငွေရောင်ပင့်ကူကြီးက သူရဲ့လက်ကို ပြန်ရုတ်သိမ်း လိုက်သလို သူရဲ့သိုင်းဆန္ဒကိုလည်း ပြန်ရုပ်သိမ်းသွားတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဟော့လျန်ချွင်ရှယ်ရဲ့ ဒဏ်ရာက အရမ်းကို ရိုးရှင်းပြီးတော့ သူမရဲ့ပခုံးမှာ ထိုးဖောက်ခံရတဲ့ အပေါက်တစ်ခုပဲ ကျန်ရစ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

သူမအနေနဲ့ သတိလစ် မေ့မျောနေရတာက ဘာကြောင့်လဲဆိုတော့ သူမက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သိုင်းဆန္ဒ အဟာန့်အတားကို ခံစားခဲ့ရလို့ ဖြစ်ပါတယ်။ သူမရဲ့ နတ်ဘုရားအာရုံနဲ့ဆို သူမက သေချာပေါက် ဒါကို ကြံ့ကြံ့ခံနိုင်မှာ မဟုတ်ပါဘူး။

ဆိုလိုတာက သူမအနေနဲ့ အချိန်မရွေး သတိပြန်ရနိုင်ပါတယ်။

လပြွတ်ပေ့ါ။ သူကတကယ်ပဲ သူမအနားကို ကပ်လာခဲ့တာလား။

လင်းဟန်ရဲ့ နှလုံးသားက တုန်လှုပ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ပ ပင်လယ်မျိုးနွယ်စုရဲ့ ဒီမင်းသမီးကို သတ်ပစ်နိုင်စွမ်း မရှိမှတော့ ထွက်ပြေးဖို့ တစ်ခုပဲ ရွေးစရာ ရှိပါတော့တယ်။ ပြီးတော့ အလယ်ပိုင်းဒေသမှာ သူ့ကို အမဲလိုက်ခိုင်းရမှာပေ့ါ။

ဒါပေမဲ့ ဒါကအရမ်းကို နောက်ကျသွားခဲ့ပါပြီ။

ဟော့လျန်ချွင်ရှယ်ရဲ့ မျက်ခုံးတွေက အနည်းငယ် လှုပ်လာပြီး သူမရဲ့မျက်လုံးတွေကို ဖွင့်လိုက်ပါတယ်။

ဘယ်လောက်တောင် လှပချောမောတဲ့ မိန်းကလေးလဲ။

သူမက အမှန်တကယ်ပဲ ပင်လယ်အပြာရောင်လို မျက်လုံးတစ်စုံကို ပိုင်ဆိုင်ထားပြီး ကျောက်စိမ်းလို ချောမွတ်တဲ့အသားအရေနဲ့ လိုက်ဖက်ပြီး ရေခြားမြေခြားဒေသကနေ လာခဲ့တဲ့ ဆွဲဆောင်မှုရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

"ရှင်ဘယ်သူလဲ"

သူမက လင်းဟန်ကို စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်ပြီးတော့ သူမကိုယ်သူမ ပြန်ကြည့်လိုက်ပါတယ်။

"ပြီးတော့ ကျမကရော ဘယ်သူလဲ"

သူမက မှတ်ဉာဏ်တွေ ဆုံးရှုံးပြီး အတိတ်မေ့သွားတာလား။

Chapter 538 end

အပိုင်း(၅၃၉) အတိတ်မေ့ရောဂါ

ရောမ ငွေပင့်ကူရဲ့ တိုက်ခိုက်မှုကို ခံရပြီးတဲ့နောက်မှာ ဟော့လျန်ချွင်ရွှယ်က သူမရဲ့ မှတ်ဉာဏ်တွေ တကယ်ပဲ ပျောက်ဆုံးသွားပြီလား။

ဒါက အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ နတ်ဘုရားအာရုံမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ခိုက်မှုကို ခံစားခဲ့ရပြီး အတိတ်မေ့ခြင်းက သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ မေးစရာရှိတဲ့ မေးခွန်းက ဒီအတိတ်မေ့ရောဂါက ခဏတဖြုတ် မှတ်ဉာဏ်ချို့ယွင်းတာလား ဒါမှမဟုတ် ရာသက်ပန် မှတ်ဉာဏ်ပျောက်ဆုံးတာလား။ တကယ်လို့ ယာယီပဲဆိုရင်တော့ ဒီမှတ်ဉာဏ်ပျောက်ဆုံးမှုက ဘယ်လောက်ကြာနိုင်မှာလဲ။ ရက်အနည်းငယ်၊ လအနည်းငယ် ဒါမှမဟုတ် နှစ်အနည်းငယ်လား။

လင်းဟန်က အံ့အားသင့်လို့ နေပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က မူလစွမ်းအင် လှုပ်ရှားမှုကို နည်းနည်းလေးမှ သူအာရုံခံလို့ မရပါဘူး။ သူမရဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားပြီးတဲ့ နောက်မှာ သူမက မူလစွမ်းအင်ကို ဘယ်လိုမျိုး လည်ပတ်ရမလဲ ဆိုတာကိုပါ မသိတော့တာများ ဖြစ်နိုင်မလား။

ဒါက တကယ်ရော ဖြစ်နိုင်ပါ့မလား။

လင်းဟန်က ဒါကို အတည်မပြုနိုင်ပါဘူး။ ဒါပေမဲ့ ဒီပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက မူလစွမ်းအင်ကို မလည်ပတ်နိုင်မှတော့ သူမက သူ့ကိုဘယ်လိုလုပ် ခြိမ်းခြောက်နိုင်မှာလဲ။ တစ်ခုသိထားရမှာက ကျင့်ကြံသူတွေ အနေနဲ့ တောင်တွေကို လှန်ပြီး ပင်လယ်ကို ခမ်းအောင်လို့ လုပ်နိုင်တာက သူတို့အနေနဲ့ မူလစွမ်းအင်ကို

ကျင့်ကြံတာကြောင့် ဖြစ်ပါတယ်။ မူလစွမ်းအင်သာ မရှိဘူးဆိုရင် ကျင့်ကြံသူတွေရဲ့ သန့်စင်တဲ့ခွန်အားက သာမန်လူတွေထက် အများကြီး မသန်မာတဲ့အပြင် သူတို့ရဲ့ ခုခံကာကွယ်နိုင်စွမ်းကလည်း အများကြီး သန်မာမှု မရှိပါဘူး။

ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကို သူရဲ့မူလစွမ်းအင်ကို ခုခံဖို့အတွက် လည်ပတ်လို့ မရအောင် လုပ်ကြည့်လိုက်ပါ။ ပြီးတဲ့နောက်မှာ သာမန်စစ်သားတွေကို လေးမြားတွေနဲ့ သူ့ကို ပစ်လွှတ်တိုက်ခိုက်ခိုင်းမယ်ဆိုရင် သူရဲ့ခန္ဓာကိုယ်မှာ အပေါက်တွေ အများကြီး ဖြစ်ပေါ်ပြီး ပျားအုံတစ်ခုနဲ့ တူသွားလိမ့်မယ်ဆိုတာကို အာမခံနိုင်ပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ချင်ရှယ်မှာ ရှိနေတဲ့ စိတ်ဂိညာဉ် ပစ္စည်းက ၄င်းကိုယ်တိုင် အသက်ဝင် နိုင်ပြီးတော့ တကယ်လို့ တစ်ယောက်ယောက်က သူမကို သတ်ချင်တယ်ဆိုရင် အဲဒါက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။ သူ့အနေနဲ့ ပြန်ပြီးတော့တောင် တိုက်ခိုက်နိုင်စွမ်း မရှိတဲ့ အမျိုးသမီး တစ်ယောက်ကို တကယ်ပဲ ဘာမှကို မလုပ်နိုင်ပါဘူး။

အခု သူ့အနေနဲ့ မျှော်လင့်ရတာက ဒီပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက အချိန်တော်တော် ကြာသည့်တိုင်အောင် အတိတ်မေ့နေဖို့ပါပဲ။ အချိန်ကြာမြင့်မှပဲ သူ့အနေနဲ့ သူမကို ကြောက်ရွံ့နေစရာ မလိုတဲ့အထိ တိုးတက်လာနိုင်ဖို့ လုံလောက်ပါလိမ့်မယ်။

ဟော့လျန်ချင်ရွယ်က လင်းဟာန်ကို ကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေပြီး သူမရဲ့ အကြည့်တွေမှာ လင်းဟာန်က သူမဘယ်သူလဲ ဆိုတာကို ပြောပြနိုင်ဖို့ မျှော်လင့်နေတဲ့ အကြည့်တွေ ဖြစ်ပါတယ်။ သူမရဲ့ ပင်လယ်ပြာအရောင် မျက်လုံးတွေထဲမှာ စိတ်လှုပ်ရှားမှုတွေကို မြင်တွေ့နိုင်ပါတယ်။

လင်းဟာန်က ဒီတဒင်္ဂ အချိန်လေးမှာ နည်းနည်းလေး ချစ်စရာကောင်းသလိုမျိုး ခံစားလိုက် ရပါတယ်။ အစောပိုင်းတုန်းက သူမက လုံးဝကို စိတ်ကြီးဝင် မောက်မာနေပြီး အခုကျတော့ ချစ်စရာကောင်းတဲ့ ခွေးပေါက်လေး တစ်ကောင်နဲ့ တူပါတယ်။

သူ့အနေနဲ့ မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည်က လင်းဟာန်။ မင်းနာမည်ကတော့ ဟော့လျန်ချင်ရှယ်လို့ခေါ်တယ်။ မင်းဒီနာမည်နဲ့ ရင်းနှီးတယ်လို့ သတိထားမိသလား"

"ဟော့လျန်ချင်ရှယ်။ ဟော့လျန်ချင်ရှယ်"

ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက သူမရဲ့ခေါင်းကို အပြင်းအထန်ကို ခါလိုက်ပြီး သူမရဲ့ လက်ချောင်းတစ်ချောင်းကို ကိုက်ပြီးတော့ တစ်ခုခု ပျောက်ဆုံးနေတဲ့ ဟန်ပန်အမူအရာမျိုး ဖြစ်နေပါတယ်။ အချိန်အနည်းငယ် ကြာပြီးတဲ့နောက်မှာ သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့် ကျေနပ်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ကျမနာမည် ဟော့လျန်ချင်ရှယ် ဟုတ်လား"

လင်းဟာန်က ရှုံ့နိမ့်သွားခဲ့ပါတယ်။ ဒီအမျိုးသမီးက ချစ်စရာကောင်းအောင်လို့ ငတုံးငအ တစ်ယောက်လို လုပ်နေတာလား။

"ကျမတို့အခု ဘယ်ကိုရောက်နေတာလဲ။ ဘာဖြစ်လို့ ကျမတို့ ဒီမှာရှိနေတာလဲ။ ကျမတို့ နှစ်ယောက်ကရော

ဘယ်လိုပတ်သက်လဲ"

ဟော့လျန်ချွင်ရှယ်က သိချင်စိတ် ပြင်းပြနေတဲ့ ကလေးငယ်လေး တစ်ယောက်လိုမျိုး မေးခွန်းတွေ တရစပ် မေးလိုက်ပါတယ်။

လင်းဟန်က ချင့်ချိန်စဉ်းစားပြီးတော့ အဖြေပေးလိုက်ပါတယ်။

"ဒါက မီးနိုင်ငံလို့ခေါ်တယ်။ မင်းအတွက်ကတော့ ငါကမင်းကို လမ်းမှာတွေ့လို့ ကောက်လာတာပဲ။ မင်းဘယ်သူလဲ ဆိုတာကိုတော့ ငါလည်း အတိအကျမသိဘူး။ ဒီနေရာကတော့ ငါတို့တွေ လမ်းလျှောက်ရင်းနဲ့ ရောက်လာတာပဲ။ ကောင်းပြီလေ။ အခု ငါတို့တွေ လမ်းလျှောက်လို့ ပြီးပြီဆိုတော့ ငါတို့နှစ်ယောက်လုံး ငါတို့ရဲ့ မိခင်တွေဆီကို ပြန်ကြတာပေါ့။ တာတာ"

လင်းဟန်က ထွက်သွားဖို့ ချာခနဲ လှည့်လိုက်ပါတယ်။ သူ့အနေနဲ့ အဆင့်မြင့် ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ ဘေးချင်းယှဉ်ပြီးတော့ တကယ်ပဲ မနေချင်ပါဘူး။ ဘယ်သူသိမှာလဲ။ ဒီအမျိုးသမီးက သူမရဲ့ မှတ်ဉာဏ်တွေ ပြန်ရလာမှာလား ဆိုတာကိုပေါ့။ တကယ်လို့

သူမက အဲဒီအချိန်မှာ ရုတ်တရက် သူ့ကိုတိုက်ခိုက်လာရင် သူတော့ သွားပြီလေ။

ဒီအခြေအနေမှာ သူ့အနေနဲ့ နှလုံးသား နူးညံ့နေလို့ မရပါဘူး။

သူက ခြေတစ်လှမ်းပဲ လှမ်းရပါသေးတယ်။ သူရဲ့ခြေထောက်တွေကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ခံလိုက်သလိုမျိုး ခံစားရပါတယ်။ လင်းဟန်က ငုံ့ကြည့်လိုက်တဲ့ အခါမှာ ပျော့လျှန်ချွင်ရွှယ်က သူမရဲ့ လက်တွေနဲ့ သူ့ခြေထောက်ကို ဖက်တွယ်ထားပါတယ်။ ဒီမိန်းကလေးက ကြွက်စုတ်တစ်ကောင်ရဲ့ အပြုအမူမျိုး ရှိနေတာပဲ။ သူမရဲ့ပုံရိပ်ကိုတောင် လုံးဝ ဂရုမစိုက်ပဲ မြေကြီးအပေါ်မှာ ထိုင်ချပြီးတော့ သူရဲ့ခြေထောက်ကို သူမရဲ့လက်တွေနဲ့ ပွေ့ဖက်ထားပါတယ်။

ပိုပြီးတော့ အရေးကြီးတာက ဒီအမျိုးသမီးက ကြောက်မက်ဖွယ်ရာကောင်းအောင် သန်မာပြီး လင်းဟန်အနေနဲ့ သူမရဲ့ ရေဘဝဲလို ရစ်ပတ်ထားမှုကနေ လွတ်မြောက်အောင်လို့ ရုန်းထွက်နိုင်စွမ်း မရှိပါဘူး။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူမက မူလစွမ်းအင်ကို လည်ပတ်နိုင်စွမ်း မရှိဘူး မဟုတ်လား။ ဘယ်လိုလုပ်ပြီး သူမမှာ ဒီလိုမျိုး ဧရာမခွန်အား ပိုင်ဆိုင်နေတုန်း ဖြစ်နေရတာလဲ။

ဖြစ်နိုင်တာက။

လင်းဟာန်က ချက်ချင်းပဲ တစ်ခုခုကို သတိပြုမိသွားခဲ့ပါတယ်။ ဒီမိန်းကလေးက သူ့လိုမျိုးပဲ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် နည်းစနစ် တစ်ခုကို လေ့ကျင့်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဒီအချိန်မှာ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အားသက်သက်ကိုပဲ အသုံးပြုတာ ဖြစ်ပါလိမ့်မယ်။ ပြီးတော့ သူခန့်မှန်းရသလောက်တော့ အနည်းဆုံး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာ ရှိပါလိမ့်မယ်။ ဒါက လင်းဟာန်ကို နတ်ဘုရား သတ္တုကနေ လုပ်ထားတဲ့ ချိန်းကြိုးတွေနဲ့ ပိတ်လှောင်ထားသလိုမျိုး ခံစားရပြီး ကြွက်သားတစ်ခုတောင်မှ လှုပ်နိုင်ခြင်း မရှိပါဘူး။

"လွှတ်လိုက်စမ်း"

လင်းဟာန်က ပြောလိုက်ပါတယ်။

"မလွှတ်ဘူး"

ပေဟာ့လျန်ချွင်ရှယ်က လုံးဂကို ဆုံးဖြတ်ထားပုံ ရပါတယ်။ သူမက သူ့ကိုတကယ်ပဲ လွှတ်မပေးပါဘူး။ ယခင်ကထက်တောင် ပိုပြီးတော့ တင်းတင်းကျပ်ကျပ် ဖြစ်လာသလိုတောင် ခံစားရပါတယ်။

လခွမ်း။

ချက်ချင်းဆိုသလို လင်းဟာန်ခြေထောက်က အရိုးတွေ အက်သွားတဲ့ အသံကိုတောင် ကြားနိုင်ပါတယ်။ သူရဲ့ ရုပ်ပိုင်ဆိုင်းရာ ခန္ဓာကိုယ်က သံမဏိခန္ဓာကိုယ် ဖြစ်ပြီး အဆင့်တူထဲက ရှားပါးသတ္တုတွေနဲ့တောင် မာကျောမှုခြင်း နှိုင်းယှဉ်လို့ ရပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြဿနာရှိတာက အဆင့်ခြောက် သတ္တုက ဘယ်လိုလုပ်ပြီးတော့ အနည်းဆုံး အဆင့်ခုနစ် အားကို ကြံ့ကြံ့ခံနိုင်မှာလဲ။

တကယ်လို့ ဒီအတိုင်းသာ ဆက်ဖြစ်နေမယ်ဆိုရင် သူ့ခြေထောက် အရိုးတွေက အစိတ်စိတ် အပိုင်းပိုင်း ကျိုးပဲ့ပျက်စီးသွားပါလိမ့်မယ်။

လင်းဟာန်က အလျင်အမြန်ပဲ အညံ့ခံလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ မင်းငါ့အနောက်ကို ဆက်လိုက်ဖို့ ငါခွင့်ပြုတယ် ဟုတ်ပြီလား"

ဟော့လျန်ချင်ရွှယ်က သူမရဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးကုန်ပေမဲ့ ဉာဏ်ရည်ဉာဏ်သွေးကတော့ နိမ့်ကျသွားပုံ မမြင်ရပါဘူး။ သူမက ခေါင်းကို မော့ပြီးတော့ လင်းဟာန်ကို သံသယနဲ့ ကြည့်ပြီး မေးလိုက်ပါတယ်။

"တကယ်လား။ ရှင်ကျမကို လိမ်နေတာလား"

"တကယ်လို့ ငါမင်းကို လိမ်မယ်ဆိုရင် အဲဒီနောက်မှာ ငါက ပင်လယ်နတ်ဆိုးတစ်ယောက် ဖြစ်ပါစေ"

လင်းဟာန်က ရှေ့နောက်မစဉ်းစားပဲ ဂရုမစိုက်တဲ့ဟာန်နဲ့ ပြောလိုက်ပါတယ်။

ဟော့လျန်ချင်ရွှယ်က ပင်လယ်မျိုးနွယ်စုရဲ့ ထိပ်တန်းနေရာက အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ပင်လယ်နတ်ဆိုးတွေနဲ့ ရင်ဆိုင်တွေ့ဆုံးခြင်းမျိုး မရှိခဲ့ပါဘူး။ သူမဖမ်းထားတာကို လွှတ်လိုက်ပြီးတော့ မတ်တတ်ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ သူမက လင်းဟာန်ရဲ့

လက်တစ်ဖက်ကို ချက်ချင်းပဲ ကိုင်ပြီးတော့ သူ့ထွက်ပြေးသွားမှာကို ကြောက်ရွံ့နေသေးတဲ့ ပုံစံပါပဲ။

လင်းဟန်က အံကြိတ်လိုက်ပါတယ်။ ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက သူမရဲ့ မှတ်ဉာဏ်တွေ ပြန်ရလာတဲ့ အခါမှာ သူနဲ့အတူ လက်ချင်းချိတ်ထားတယ် ဆိုတာကိုသာ သိသွားမယ်ဆိုရင် ဒီအရှက်ရမှုကနေ ဒေါသအဖြစ်ကို ပြောင်းပြီးတော့ သူ့ကို အစိတ်အပိုင်းတစ်ရာ တစ်ထောင်ထိ စုတ်ဖြဲပစ်နိုင်ပါတယ်။

"ပင်လယ်မိန်းကလေး မှတ်ထားပါ။ မင်းကအရင်ဆို ငါ့လက်ကို လာကိုင်တာနော်။ နောက်ကျမှ ဒီအကြောင်းကို ရှူးသလိုလို ပေါ်သလိုလို ကြောင်တောင်တောင် လာမလုပ်နဲ့"

လင်းဟန်က အလေးအနက်ကို ပြောလိုက်ပါတယ်။

"အင်း"

ဟောဒ့လျှန်ချွင်ရွှယ်က သူမရဲ့မှတ်ဉာဏ်တွေ ပျောက်ဆုံးနေတာ ဖြစ်ပါတယ်။ ဒါကြောင့် သူမအခုနေနဲ့ နည်းနည်းလေးမှ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

"မဟုတ်ဘူး မင်းကျိန်ဆိုရမယ်"

လင်းဟန်က သူမကို ဖြစ်နိုင်မယ်ဆိုရင် တစ်ခုခုကို အသုံးပြုပြီးတော့ ထိန်းချုပ်ထားချင်ပါတယ်။ ဒီနည်းလမ်းနဲ့မှ တကယ်လို့ သူမရဲ့ မှတ်ဉာဏ်တွေက နောက်ပိုင်းမှာ ပြန်လည်ကောင်းမွန် လာမယ်ဆိုရင် သူမရဲ့ ဒေါသကို ပျောက်ကွယ်ဖို့အတွက် သူ့အနေနဲ့ အဓိပ္ပါယ်မရှိတာတွေကို လျှောက်ပြောလို့ ရနိုင်မှာပါ။ ဒါဆိုရင် သူ့အတွက် အသက်ရှင် ထွက်ပြေးဖို့ အချိန်အနည်းငယ် ရပါလိမ့်မယ်။

"ဘယ်လိုမျိုး ကျိန်ဆိုရမှာလဲ"

ဟော့လျန်ချွင်ရွှယ်က နည်းနည်းလေး ကြောင်တောင်တောင်ပုံစံနဲ့ မေးလိုက်ပါတယ်။

"ဒီအတိုင်းလေးပဲ မင်းက ငါ့လက်ကို အရင်ဆုံး လာကိုင်တာပါလို့ ပြောလိုက်ရုံပဲ။ တကယ်လို့ နောက်ပိုင်းမှာ မင်းကငါ့ကို မှားယွင်းစွပ်စွဲခဲ့မယ်ဆိုရင် ပင်လယ်ကောရာဇ်က တကယ့်ကို ကြီးကျယ်တဲ့ ငတုံးကြီး ဖြစ်ပါစေလို့ "

လင်းဟန်က ပြောလိုက်ပါတယ်။

ဟောဲ့လျန်ချင်ရှယ်က သံသယမရှိပဲ သူမရဲ့ ချောမွေ့လှပတဲ့ ညာဘက်လက်ကို မြှောက်ပြီးတော့ ကျိန်ဆိုလိုက်ပါတယ်။

လင်းဟာန်ရဲ့ခေါင်းထဲမှာ သူ့အနေနဲ့ ကျိန်စာများရဲ့ ဖန်ပုလင်းကို အသုံးပြုလို့ ရနိုင်မလားဆိုတဲ့ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ သူမကိုကြည့်ရတာ အနည်းငယ် ကြောင်တောင်တောင် နိုင်ပေမဲ့ ဒီအချိန်မှာ ချစ်စရာ ကောင်းပါတယ်။ အရင်က ရက်စက်ကြမ်းကြုတ်တဲ့ ဒီမိန်းကလေးက ဘယ်လိုလုပ်ပြီး အခုလိုမျိုး ပြောင်းလဲသွားသလဲ ဆိုတာကို လုံးဝကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။

သူမရဲ့ မှတ်ဉာဏ်တွေကို ပြန်လည်ရရှိသွားတဲ့ အခိုက်အတန့်မှာ လင်းဟာန်အနေနဲ့ပ လုံးဝကို အကူအညီမဲ့နေပါလိမ့်မယ်။

လင်းဟာန်က သူမရဲ့ခေါင်းက ဆံပင်တစ်ပင်ကို ဆွဲနှုတ်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို အဲဒီလည်ဆွဲသီးက တောက်ပလာပြီး လင်းဟာန်ရဲ့ လက်ကို ရှေ့ဆက်တိုးလို့ မရအောင် တားဆီးလိုက်ပါတယ်။ လင်းဟာန်မှာ ရွေးစရာမရှိတော့ပဲနဲ့ ပြောလိုက်ပါတယ်။

"မင်းရဲ့ခေါင်းက ဆံပင်တစ်ချောင်းကို နှုတ်ပြီးတော့ ငါ့ကိုပေး"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ လက်ချောင်းလေးတွေကို အချင်းချင်း ထိနေပြီး ခဏအကြာမှာ သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကျွမ မပေးနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့ မှတ်ဉာဏ်တွေကို ပြန်ရဖို့ အစပျိုးနေတာ ဖြစ်နိုင်မလား။

"အရင်က အမေကပြောဖူးတယ်ထင်တယ်။ ကျွမခန္ဓာကိုယ်က တစ်ခုခုကို အလျင်စလိုနဲ့ ယောကျ်ားတစ်ယောက်ကို မပေးလိုက်ဖို့ မှာထားတယ်"

ဟော့လျန်ချွင်ရှယ်က လုံးဝကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ဒါ ဒါက"

လင်းဟန်က တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် တကယ်လို့ အမျိုးသမီး တစ်ယောက်က တောင်းတာဆိုရင်ရော အဆင်ပြေလား"

တကယ်လို့ ဒီလိုသာဆိုရင် သူ့အနေနဲ့ ဟူးညီုကို ဆွဲထုတ်လိုက်ရုံပါပဲ။

"မရဘူး"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ ခေါင်းကို အပြင်းအထန် ခါလိုက်ပါတယ်။

လင်းဟန်က ပြောစရာစကား မရှိတော့ပါဘူး။ ဘာကြောင့်လဲ။ ဘာကြောင့်မို့ မှတ်ဉာဏ်တွေ ပျောက်ဆုံးပြီး ငတုံးအလို ချစ်စရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ကိုတောင် လှည့်စားလို့ မရနိုင်ရတာလဲ။ ဒါက အရမ်းကို ကျရှုံးမှု တစ်ခုဖြစ်ပါတယ်။

"ဟူး"

လင်းဟန်က သက်ပြင်းတစ်ချက် ချပြီးတော့ ထွက်သွားဖို့ ခြေတစ်လှမ်း လှမ်းလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က အလျင်အမြန်ပဲ သူ့အနောက်ကနေ လိုက်လာခဲ့ပါတယ်။ လက်တစ်ဖက်နဲ့ လင်းဟန်ရဲ့ အကျီစကို ကိုင်ဆွဲပြီးတော့ လိုက်လာပြီး သူများတွေအမြင်မှာ ဇနီးမယား တစ်ယောက်လို့တောင် အထင်မှားစေပါလိမ့်မယ်။

လင်းဟန်က ပင်လယ်မျိုးနွယ်စုရဲ့ စစ်တပ်ရှိတဲ့ နေရာဆီကို လမ်းလျှောက်လာခဲ့ပါတယ်။ မြေပြင်ပေါ်မှာ အတုန်းအရုန်း လဲနေပြီးတော့ သွေးအလိမ်းလိမ်းနဲ့ လူသေအလောင်းတွေ ပြည့်နှက်နေတဲ့ မြင်ကွင်းတစ်ခုကိုပဲ တွေ့မြင်လိုက်ရပါတယ်။ သူတို့အားလုံး ခန္ဓာကိုယ်တွေ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ပြီးတော့ သေနေကြပါတယ်။ ခြေလက်အင်္ဂါ ပြည့်စုံတဲ့ အလောင်း တစ်ခုမှ မရှိပဲ အားလုံးက အရိုးတခြား အသားတခြားနဲ့ မြေပြင်အနှံ့ သွေးတွေပြည့်နှက်လို့ နေပါတယ်။

"အား"

ဟော့လျန်ချွင်ရှယ်ရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်တဲ့

အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပြီး လင်းဟန်ရဲ့ ရင်ခွင်ထဲကို သူမကိုယ်သူမ ပြေးဝင်သွားပြီးတော့ သူ့ကို တင်းတင်းကျပ်ကျပ်နဲ့ ဖက်ထား လိုက်ပါတယ်။

ခရက် ခရက် ခရက်။

ချက်ချင်းဆိုသလို လင်းဟန်ရဲ့ နံရိုးတွေကနေ ကျယ်လောင်တဲ့ ဆူညံသံတွေ ကြားလိုက် ရပါတယ်။

လပြွတ်ပဲ။ နည်းနည်းလောက် ညင်သာပါဦးဟ။ ဒီလိုမျိုး မင်းကငါ့ကို ဆက်ပြီးတော့ ဖက်နေမယ်ဆိုရင် မင်းရဲ့ပွေ့ဖက်မှုကြောင့် ငါလည်း မြေပြင်ပေါ်က ဒီလူတွေနဲ့ အတူပူးပေါင်း သွားတော့မှာပဲ။ နောက်ပြီးတော့ မင်းရဲ့ရင်သားသေးသေးလေးတွေက တကယ်ပဲ လုံးဂကို အဆင့်မမီဘူး။ ငါ့ရဲ့ရင်ဘတ်အပေါ်မှာ ဒီအသားလုံးနှစ်လုံးက ဖိကပ်ထားတာတောင်မှ နည်းနည်းလေးမှ ခံစားလို့ မရဘူး။

"တကယ်လို့ မင်းဆက်ပြီးတော့ ဒီလိုမျိုး ကိုင်ထားမယ်ဆိုရင် ငါသေသွားလိမ့်မယ်"

လင်းဟန်က ပင့်သက်ရှိုက်ပြီး အသည်းအသန်

ပြောလိုက်ပါတယ်။

Chapter 539 end
အပိုင်း(၅၄၀) ပြန်ပေးဆွဲမှု

နောက်ဆုံးတော့ ဟော့လျန်ချွင်ရှယ်က လင်းဟန်ကို လွှတ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ သူမကိုယ်သူမ လင်းဟန်ရဲ့ အနောက်မှာ ပုန်းနေပြီး လင်းဟန်ရဲ့ အင်္ကျီထောင့်စွန်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပါတယ်။ လင်းဟန်က သူမရဲ့ တုန်လှုပ်နေမှုကိုတောင် ခံစားသိရှိ နိုင်ပါတယ်။

ဒီလိုမျိုး လှပ်မ်းမိုးအနိုင်ကျင့်တဲ့ စွမ်းအားရှိတဲ့ အမျိုးသမီးတစ်ယောက်က တကယ်ပဲ တခြားတစ်ဖက်မှာ ဒီလိုမျိုး နူးညံ့သိမ်မွေ့မှုတွေ ရှိနေတာလား။

အတိတ်မေ့တဲ့ ရောဂါက လူတစ်ယောက်ရဲ့ ပင်ကိုယ်ဗီဇကို အကြီးအကျယ် ပြောင်းလဲပစ် နိုင်တာလား။ ဒါမှမဟုတ် တခြားတစ်ဖက်မှာ ဖုံးကွယ်နေတဲ့ သူတို့ရဲ့ ပင်ကိုယ်စရိုက်တွေကို ဖော်ပြလာအောင် လုပ်နိုင်တာလား။

လင်းဟန်က မသိသလို ဂရုလည်း မစိုက်ပါဘူး။ အခု သူ့အတွက် အကြီးမားဆုံး ပြဿနာက ဒီရောမ

ပြဿနာကြီးကို အပေးကို ဘယ်လိုမျိုး လှပ်ပစ်ရမလဲ ဆိုတာပါပဲ။ ဒါက ချိန်ကိုက်ဗုံး တစ်ခုပါပဲ။ သူမရဲ့ မှတ်ဉာဏ်တွေကို အမှန်တကယ် ပြန်လည်ရရှိသွားတဲ့ အခါကျရင် ဒီချိန်ကိုက်ဗုံးက ပေါက်ကွဲသွားပါလိမ့်မယ်။ ဒီအတွေးနဲ့တင် သူ့ကို အကြီးအကျယ် ခေါင်းစားစေ ပါတယ်။

"ပင်လယ်မိန်းကလေး မင်းဘယ်လောက်မြန်မြန် ပြေးနိုင်မလဲ ဆိုတာကို ကြည့်ရအောင်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက ဟော့လျန်ချွင်ရွှယ်ကို ဦးဆောင်ပြီးတော့ နောက်ထပ် ထိတ်လန့်စရာ မြင်ကွင်းတွေ မြင်တွေ့ပြီးတော့ စိတ်လှုပ်ရှားပြီး သူ့ကို အလောင်းတစ်ကောင်အဖြစ် ပွေ့ဖက်မခံရအောင် သတ္တုမိုင်းတွင်းကနေ အပေးကို ခေါ်လာခဲ့ပါတယ်။

"အင်း"

ဟော့လျန်ချွင်ရွှယ်က ခေါင်းညိတ်ပြီးတော့ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ရှင်က ကျမကို ဘာဖြစ်လို့ ပင်လယ်မိန်းကလေးလို့ ခေါ်တာလဲ"

"ဘာဖြစ်လို့လည်းဆိုတော့ ငါခေါ် ချင်လို့ပေါ့"

လင်းဟန်က သူမကို စိုက်ကြည့်လိုက်ပါတယ်။

ချက်ချင်းဆိုသလို ဟောလျှန်ချင်ရှယ်ရဲ့ မျက်လုံးတွေမှာ မျက်ရည်တွေဝေ့လာခဲ့ ပါတယ်။ အဲဒီနောက် သူမက နှုတ်ခမ်းကို စူပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ ရှင်က ကျမကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတာလဲ"

ချက်ချင်းဆိုသလို လင်းဟန်က သူရဲ့သွားတွေကို ကျိတ်လိုက်ပါတယ်။ တကယ်လို့ မင်းငိုချင်တယ် ဆိုရင်လည်း ငိုချလိုက်ပါ။ ဘာဖြစ်လို့ ငါ့ရဲ့လည်ပင်းနားကို လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ရတာလဲ။ ဒီလိုလုပ်တာက သေစေနိုင်တယ်ဆိုတာကို သူမတကယ်ပဲ မသိဘူးလား။ ဒါပေမဲ့လည်း ဒီလိုမျိုး ချိန်ကိုက်ဗုံးကို သူ့အနေနဲ့ ဂရုမစိုက်ပဲ အဝေးကို ပစ်မလွှတ်ပံ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူမသာ တကယ်ပေါက်ကွဲရင် သူမပိုင်ဆိုင်ထားတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားတစ်ခုကပဲ

အတော်လေးကို ကြောက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

နောက်ပြီးတော့ ဒါက သူရဲ့ခန့်မှန်းမှုတစ်ခုပဲ ရှိပါတယ်။ တကယ်လို့ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားက ကောင်းကင်အဆင့်ကို ရောက်နေမယ် ဆိုရင်ရော။

"ငါမင်းကို နောက်ဆိုရင် ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံတော့ပါဘူး။ ဟုတ်ပြီလား"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်နဲ့ ရင်ဆိုင်တဲ့ အခါမှာ အဓိကအချက်က သူ့အနေနဲ့ အနည်းငယ်မှ ရှုံးနိမ့်လို့ မဖြစ်ပါဘူး။ ပြီးတော့ သူမကို အောင်အောင်မြင်မြင်နဲ့ လှည့်စားနိုင်ရပါမယ်။ တကယ်လို့ သူမမှာ အရမ်းကို အစွမ်းထက်တဲ့ စိတ်ဝိညာဉ် ပစ္စည်းကိုသာ မပိုင်ထားဘူးဆိုရင် သူရဲ့ထောင်ချောက်ကြောင့် သူမက သေနေလောက်ပါပြီ။

ဒါပေမဲ့ လက်ရှိသူမက မူလစွမ်းအင်ကို လည်ပတ်နိုင်ခြင်း မရှိသလို ဉာဏ်ရည်ဉာဏ်သွေးကလည်း ချစ်စရာကောင်းအောင် အနည်းငယ် နိမ့်ကျနေပါတယ်။

ဒါပေမဲ့ အခုတော့ ပြောင်းပြန်ပါပဲ။ သူမက တကယ်ပဲ လင်းဟာန်ကို ဖိနှိပ်ထားနိုင်ပါတယ်။

ဘာကြောင့် ဒီလိုမျိုး အရာတွေ ဖြစ်လာရတာလဲ။

ဟော့လျန်ချွင်ရှယ်က လွှတ်လိုက်ပြီး သူမရဲ့ အမူအရာက တည်တည်ကြည်ကြည်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ ရှင်က ကျမကို ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံပုံ့ဦးမယ်ဆိုရင် ကျမက ရှင်ကို လည်ပင်းအစ်အောင် ဆက်ပြီးတော့ ညှစ်ပစ်မယ်"

သူမရဲ့ပုံစံက တကယ့်ကို ဇနီးမယား တစ်ယောက်လို အပြည့်အဝ သရုပ်ဆောင်နေပါတယ်။

လင်းဟာန်က ချွေးစေးတွေ ပျံလာပါတယ်။ သူ့အနေနဲ့ သူမနဲ့ ခန္ဓာကိုယ်ချင်း အကြိမ်အနည်းငယ် ထိတွေ့ပြီးပါပြီ။ တကယ်လို့ ဒီမိန်းကလေးသာ သူမရဲ့ မှတ်ဉာဏ်တွေကို ပြန်ရရှိသွားပြီးတဲ့ နောက်မှာ သူမအနေနဲ့ အရှက်ရပြီးတော့ ဒေါသတွေ သေချာပေါက် ထွက်ပါလိမ့်မယ်။ ဒါအပြင် သူကလည်း သူမရဲ့ တကယ့်အားနည်းချက် ဖြစ်တဲ့ ပြားချပ်နေတဲ့ ရင်သားရဲ့ အတိုင်းအထွာကို

ခန့်မှန်းသုံးသပ်ထားခဲ့ပါသေးတယ်။

"ဒါဆိုရင် သွားကြစို့"

သူရဲ့ခြေထောက်တွေထဲမှာ အားထည့်ပြီး သူရဲ့တစ်ကိုယ်လုံးက ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို မြင့်တက်သွားခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်က လင်းဟာန်လိုမျိုး လျင်မြန်စွာနဲ့ လွှားခနဲ ခုန်တက်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမက လျင်မြန်ပြီးတော့ ပိုပြီးတော့မြင့်တဲ့ နေရာကို ရောက်ရှိသွားပြီ။ မကြာခင်မှာပဲ သူမက လင်းဟာန်ကို ကျော်လွန်သွားခဲ့ပါတယ်။ ပထမတော့ သူမက အကြီးအကျယ်ကို အံ့အားသင့်နေပြီး သူမကတကယ်ပဲ အရမ်းကို မြင့်တဲ့နေရာကို ခုန်နိုင်တာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီနောက်မှာ သူမက ချက်ချင်းချင်းပဲ စိတ်လှုပ်ရှားလာပြီး ဆည်းလည်းသံလို အသံလွင်လွင်နဲ့ ရယ်မောလိုက်ပါတယ်။

လင်းဟာန်က သက်ပြင်းချလိုက်ပါတယ်။ ဒီကောင်မလေးက အခုလိုမျိုး ထာဝရ နေသွားပြီး သတ်တဲ့ဖြတ်တဲ့ အလုပ်တွေကို ယောက်ျားတွေရဲ့ တာဝန်လို့ပဲ

ထားလိုက်မယ်ဆိုရင် အရမ်းကို ကောင်းမှာပဲ။

သူရဲ့ခေါင်းထဲမှာ အကြံတစ်ခု ရသွားပါတယ်။ ဒီအချိန်ကို အသုံးချပြီးတော့ သူအနေနဲ့ ပျော့လျန်ချွင်ရွှယ်နဲ့ လှပပြီး ငြိမ်းချမ်းတဲ့ သဘောထား အမြင်တချို့ကို သွင်သွင်းပေးနိုင်မလား။ သူမရဲ့ မှတ်ဉာဏ်တွေ ဆုံးရှုံးကုန်တယ် ဆိုပေမဲ့ သူမရဲ့လက်ရှိအတွေ့အကြုံတွေက နောက်ပိုင်းမှာ သူမရဲ့မှတ်ဉာဏ် အစိတ်အပိုင်းတွေ ဖြစ်လာနိုင်ပြီးတော့ သူမအပေါ်မှာ လွှမ်းမိုးမှု တချို့သေချာပေါက် ရှိလာပါလိမ့်မယ်။

ကိုယ်တိုင်ကိုယ်ကျ သူမကို လေ့ကျင့်ပေးဖို့လား။

`ဒါက အရမ်းကို သရဲဘောကြောင်တဲ့ အစီအစဉ် တစ်ခုပဲ။ ဒါပေမဲ့ ငါကြိုက်တယ်`

သူတို့နှစ်ယောက်လုံး ဘယ်သူကမှ နည်းစနစ် တစ်ခုမှ အသုံးမပြုပေမဲ့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေရဲ့ သန့်စင်တဲ့ခွန်အားတွေက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ ဒ့ါအပြင် ခွန်အားသက်သက်ရဲ့ အားသာချက်က အနည်းဆုံး အချိန်ကြာသလို မိစ္ဆာသားရဲတွေရဲ့ ခွန်အားမျိုးနဲ့တူပြီးတော့ သူတို့ရဲ့

ဒန်တျန်ထဲမှာ အကန့်အသတ် အရွယ်အစားရှိတဲ့ ကျင့်ကြံသူတွေနဲ့ မတူပါဘူး။ သူတို့ရဲ့ မူလစွမ်းအင်တွေ လုံးဝကို ကုန်ခမ်းသွားတဲ့ အခိုက်အတန့်မှာ သူတို့က လုံးဝကို အသုံးမဝင်သလို ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် သူတို့နှစ်ယောက်က တစ်နာရီလောက် ပြေးလွှားပြီးတဲ့ နောက်မှာပဲ လင်းဟန်နေထိုင်ရာ မြို့ငယ်လေးဆီကို မကြာခင်မှာ ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်လုံး မောပန်းခြင်း မရှိပါဘူး။

လင်းဟန်က တကယ်ပဲ အနည်းငယ် စိုးရိမ်ပူပန်နေပါတယ်။ ဒီမိန်းကလေးကို အိမ်ကို ခေါ်လာတာက စွန့်စားမှုတစ်ခု ဖြစ်ပါတယ်။ သွေးသံတရဲရဲ သတ်ဖြတ်နေတဲ့ မြင်ကွင်းတွေ မမြင်တွေ့ရဖို့ကိုပဲ မျှော်လင့်ပါတယ်။ ဒါပေမဲ့ ငြိမ်းချမ်းတဲ့ အကြောင်းအရာတချို့ကို ထိတွေ့ခံစားဖို့ အတွက်ကတော့ သူ့အနေနဲ့ ဒီမိန်းကလေးကို ဘယ်အရာက ချစ်ဖို့ကောင်းပြီး ဂရုစိုက်ဖို့ ကောင်းတယ်ဆိုတဲ့ ခံစားချက်ကို တွေ့ကြုံခံစားစေရပါဦးမယ်။

သူတို့က လင်းအိမ်တော်ထဲကို ဝင်လာခဲ့ပါတယ်။ အစေခံတွေက လင်းဟန်ကို မြင်တဲ့အခါမှာ အားလုံးက ခါးညွှန့်ပြီးတော့ ဂါရဝပြုကြပါတယ်။ ဒါပေမဲ့

တခြားအစေခံတွေနဲ့ မတူပဲ သူတို့တွေက ရင်းရင်းနှီးနှီးနဲ့ ဖော်ဖော်ရွေရွေရှိပါတယ်။ မကြာခင်မှာ လင်းဒေါင်ရှန်နဲ့ ယွဲ့ပောင်ချန်တို့ ပြေးထွက်လာခဲ့ပါတယ်။ သူတို့ရဲ့သားက ရက်အနည်းငယ် ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကို မမြင်ရတာ နှစ်ပေါင်းအနည်းငယ် ရှိနေသလို ခံစားနေကြပါတယ်။

"သူ သူက"

ယွဲ့ပောင်ချန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့သားက တကယ့်ကို အံ့သြစရာ ကောင်းပါတယ်။ ရက်အနည်းငယ်ပဲ ရှိသေးတယ် နောက်ထပ် ချောမောလှပတဲ့ ချွေးမ တစ်ယောက်ကို ခိုးပြေးလာခဲ့ပါတယ်။ သူမဘာများ တတ်နိုင်ဦးမှာလဲ။ ဒီမိန်းကလေးကို ကြည့်ရတာ အရမ်းကို ရှက်နေပုံရပြီး သူမသားရဲ့ အကျီထောင့်စွန်းကို ကိုင်ထားပြီးတော့ သူမနဲ့ သူက ဘယ်လောက်ထိ ရင်းနှီးနေပြီလဲ ဆိုတာကို ပြသနေပါတယ်။

သူမက တကယ့်ကို လှပချောမောပါတယ်။ နောက်ပြီးတော့ သူမမှာ ထူးခြားတဲ့ အပြာရောင် မျက်လုံးတစ်စုံ ရှိပြီးတော့ ခန္ဓာကိုယ် ကောက်ကြောင်းကလည်း ရင်သပ်ရှုမောဖွယ် ကောင်းပါတယ်။ အထူးသဖြင့်တော့ သူမရဲ့

ခြေထောက်တွေဖြစ်ပါတယ်။ ခြေထောက်တွေက ရှည်လျားသေးသွယ်ပြီး သူမရဲ့တင်ပါးတွေက အတော်လေးကို မြင့်ပြီး အရမ်းကို အံ့အားသင့်စရာ ရှိုက်ကြီးဖိုင် အသွယ်သွယ်ရှိပါတယ်။

ဒါပေမဲ့ သူမရဲ့ ရင်သားတွေကတော့ နည်းနည်းလေး သေးငယ်ပါတယ်။

ကိစ္စမရှိပါဘူးလေ။ တကယ်လို့ သူမက ကလေးမွေးရင်တောင်မှ ကလေးကို သူမ အများကြီး နို့တိုက်စရာ မလိုပါဘူး။

ယွဲ့ဟောင်ချန်က နှစ်ပေါင်းများစွာကို ကြိုတင်မှန်းဆ တွေးတောလိုက်ပြီး သူမရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို တောက်ပတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူမက ဟော့လျန်ချွင်ရွှယ်ဆီ လျှောက်သွားပြီးတော့ မေးလိုက်ပါတယ်။

"မိန်းကလေး မင်းနာမည် ဘယ်လိုခေါ်လဲ"

သူမက သူမရဲ့သားကိုတောင်မှ ဂရုမစိုက်ပါဘူး။

"ဟောလျန်ချွင်ရှယ်လို့ ခေါ်ပါတယ်"

ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက ပြန်ဖြေလိုက်ပါတယ်။

"မိန်းကလေး လာလာ အဒေါ်နဲ့လိုက်ခဲ့"

ယွဲ့ပောင်ချန်က ဟောလျန်ချွင်ရှယ်ရဲ့ လက်ကိုကိုင်ပြီးတော့ ထွက်သွားပါတယ်။ သူမရဲ့ ယောက္ခမ တစ်ယောက် အနေနဲ့ သူမရဲ့သားကို ဘယ်လိုမျိုး ကိုင်တွယ်ရမလဲ ဆိုတာကို လျှို့ဝှက်နည်းစနစ် တချို့ကို သင်ပေးရပါမယ်။

လင်းဒေါင်ရှန်က လင်းဟန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်နေဖို့ အမူအရာ ပြလိုက်ပါတယ်။ ပြီးတော့ သားအဖ နှစ်ယောက်လုံး ဘာပြောလို့ ပြောရမှန်း မသိအောင်ကို ဖြစ်သွားကြပါတယ်။

လင်းဟန်က ဟူးညိုကို ထုတ်လိုက်ပါတယ်။ ဟူးညိုက ဟောလျန်ချွင်ရှယ်ကို မြင်လိုက်တဲ့ အခါမှာ သူမရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ သဘာဝကို အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။ ဒီအမျိုးသမီးက သူမကို အရမ်းကို ထူးဆန်းတဲ့ စိတ်လေးစေတဲ့ ခံစားမှုတစ်ခုကို ပေးပြီးတော့ သူမရဲ့ လည်ပင်းကို ကိုက်ဖြတ်ပစ်ချင်တဲ့ စိတ်တွေတောင်

ပေါ်လာပါတယ်။

"လာလာ စားကြရအောင်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညို့ရဲ့ အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပြီးတော့ လင်းဟန်ရဲ့ အနောက်ကို ပြုံးပြီးတော့ လိုက်သွားပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ ကိစ္စက အခုလိုမျိုး ရိုးရိုးလေးနဲ့ အဆုံးသတ်သွားဖို့ ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အမှန်တကယ်ဆို မင်းသမီးတစ်ပါး သေသွားခဲ့ရင် သေချာပေါက်ကို အုတ်အော်သောင်းတင်း ဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း သတ္တုမိုင်းတွင်းရဲ့ တိုက်ပွဲလှုပ်ရှားမှုကို အင်ပါယာမြို့ထဲက ဝေးကွာတဲ့ နေရာကနေတောင် ခံစားနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ ပင်လယ်မျိုးနွယ်စုက အဲ့ဒီနေရာကို စုံစမ်းလေ့လာဖို့ ဦးတည်သွားခဲ့မယ် ဆိုရင်တော့ သူတို့အနေနဲ့ လွယ်လွယ်ကူကူနဲ့ ထွက်လာနိုင်မှာ မဟုတ်ပါဘူး။

အဲ့ဒီနေရာမှာ ရှိနေတဲ့ ရောမ ငွေပင့်ကူနဲ့ပဆိုရင်

မြောက်ပိုင်းအစွန်အဖျား ဒေသအကြောင်း စိုးရိမ်ပူပန်နေစရာ မလိုဘူးလို့ သူယုံကြည့်ပါတယ်။

လင်းဟန်က အဲဒီသတ္တုမိုးတွင်းနဲ့ ပတ်သက်ပြီးတော့ ဘယ်အရာကို စိုးရိမ်တာလဲဆိုတော့ အဲဒီမြေအောက်မှာ ဘာကိုများ မြုပ်နှံထားတာလဲ။

ရှေးဟောင်းအလောင်း ဆယ့်နှစ်ခုနဲ့ တောင်တစ်လုံး အရွယ်အစားရှိတဲ့ ပင့်ကူတစ်ကောင်ပဲလား။ တကယ်တော့ သူ့က ဒါကို မယုံကြည်ပါဘူး။

ဒါပေမဲ့ အဲဒီမှာ ရောမ ငွေပင့်ကူကြီး ရှိနေမှတော့ သူ့အနေနဲ့ ဟိုးအနက်ပိုင်း အဆင့်ထိအောင် သွားရှာနိုင်မှာလား။

တကယ်လို့ သတ္တုမိုင်းတွင်းအောက်မှာ ဘာကိုမြုပ်နှံထားလဲ ဆိုတာကို သူ့အနေနဲ့ တိတိကျကျ သိချင်တယ် ဆိုရင်တော့ အရမ်းကို ကြီးမားတဲ့ စွမ်းအား လိုအပ်ပါတယ်။ အနည်းဆုံး သူရဲ့ကျင့်ကြံခြင်း အဆင့်က ကောင်းကင်အဆင့်ကို ပြန်ရရှိပြီး အနက်ရောင် မျှော်စင်နဲ့ စွမ်းအားမြှင့်တင် နိုင်ဖို့လိုပါတယ်။ စိတ်အချရဆုံး နည်းလမ်းကတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို သူ့အနေနဲ့ ချိုးဖျက်ဝင်ရောက်ရမှာ ဖြစ်ပြီးတော့ တရကြမ်း

ပြေးဝင်နိုင်ပါလိမ့်မယ်။

အလယ်ပိုင်း ဒေသကို မသွားခင် အိမ်မှာ ရက်အနည်းငယ် နေဖို့ကို သူအစီအစဉ်ဆွဲလိုက်ပါတယ်။

လို့ယုထန်နဲ့ လီစီရှန်းတို့ နှစ်ယောက်လုံးက လင်းအိမ်တော်မှာ နေထိုင်ပြီးတော့ လင်းဟာန် ပြန်လာတာကို စောင့်နေဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ ပထမအချက်က သူမတို့က ကျင့်ကြံခြင်း အတွက်ကို လုံလောက်တဲ့ အရင်းအမြစ်တွေ ရှိပါတယ်။ ပြီးတော့ ဒုတိယအချက်က သူတို့က လင်းကလန်ကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ လီစီရှန်းက လင်းဒေါင်ရှန်နဲ့ ယွဲ့ဟောင်ချန်တို့အတွက် မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ ကူညီပေးရပါမယ်။

လင်းဟာန်ရဲ့ လေ့ကျင့်ပေးမှုနဲ့ လီစီရှန်းက မှော်ဆေးပညာရပ်မှာ အရမ်းကို လျင်မြန်စွာနဲ့ တိုးတက်လာခဲ့ပါတယ်။ အခုဆိုရင် သူမရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်ကြောင့် တားဆီးပိတ်ပင် နေရတာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမအနေနဲ့ အနက်ရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် လွှားခနဲ ခုန်ကျော်ပစ်လိုက်နိုင်ပါတယ်။

သူမတို့ရဲ့ ယောက္ခထီးနဲ့ ယောက္ခမတို့ကို မဟာဗျူဟာကျကျနဲ့ သိမ်းသွင်းနိုင်ရင်ပဲ သူမတို့အနေနဲ့ လင်းဟန်က သူမတို့ကို သူရဲ့ဇနီးမယားတွေအဖြစ် မသတ်မှတ်ပဲ နေမှာကို စိုးရိမ်ပူပန်နေစရာ လိုဦးမှာလား။

လင်းဟန်က ကွမ်းယွမ်နဲ့ ကျူးပူကျို့ကိုလည်း လင်းကလန်ကို စောင့်ကြပ်ပေးဖို့ ချန်ထားခဲ့ပါတယ်။ သူတို့ရဲ့ ပါရမီက အကန့်အသတ်ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူတို့က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ချင်တယ်ဆိုရင် အနည်းဆုံး နှစ်ပေါင်းဆယ်ဂဏန်း အထက်တော့ စွမ်းအင်တွေ စုစည်းနေဖို့ လိုအပ်ပါသေးတယ်။ သူတို့က တကယ်လို့ လင်းဟန်အနောက်ကို လိုက်ရင်လည်း အကူအညီ အများကြီး မဖြစ်ပါဘူး။ ဒါကြောင့် သူတို့ကို နေခဲ့ခိုင်းပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်းမှာ ကြိုးစားအားထုတ်ခိုင်းတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ရက်အနည်းငယ် အကြာမှာ လင်းဟန်၊ ဟူးညို့နဲ့ ဟော့လျန်ချွင်ရှယ်တို့က ယန်စွမ်းအားမြင့်မြို့ဆီကို ဦးတည်ပြီးတော့ ထွက်လာခဲ့ကြပါတယ်။

ဒီပင်လယ်မိန်းကလေးကို ထွက်သွားအောင် လုပ်ဖို့ ဘယ်လိုမှ နည်းလမ်းမရှိပါဘူး။ တကယ်လို့ ယွဲ့ဟောင်ချန်က

သူမကို အောင်အောင်မြင်မြင်နဲ့ အမေလို့ ညာခေါ်နိုင်းတာတောင်မှ သူမက အခုမှမွေးကာစ ကြက်ပေါက်စလေး တစ်ကောင်လိုပါပဲ။ သူမရဲ့ မျက်လုံးတွေနဲ့ ပထမဆုံး မြင်တွေ့ခဲ့သူက လင်းဟန်ဖြစ်နေမှတော့ သူမက သူ့အနောက်ကို လိုက်ဖို့ပဲ ဆုံးဖြတ်ခဲ့ပါတယ်။

Chapter 540 end

အပိုင်း(၅၄၁) ယန်စွမ်းအားမြင့်မြို့သို့ ပြန်လာခြင်း

မိန်းကလေး နှစ်ယောက်ကို ခေါ်ပြီးတော့ လင်းဟန်က ယန်စွမ်းအားမြင့်မြို့ဆီသို့ ထွက်ခွာလာခဲ့သည်။

ဟူးညိုနှင့် ဟော့လျန်ချွင်ရွှယ်တို့ကား ပြိုင်ဘက်များအဖြစ် မွေးဖွားလာခြင်း ဖြစ်သည်။ သူမတို့က အစားအသောက်အတွက်လည်း တိုက်ခိုက်ကြသလို လင်းဟန်ကို ကပ်ခွင့်ရဖို့အတွက်လည်း တိုက်ခိုက်ကြပါတယ်။ ထို့အပြင် နောက်ဆုံးမှာ ဟူးညိုကား ပြိုင်ဘက်ကောင်း တစ်ယောက်နှင့် တွေ့ဆုံရပါပြီ။ အဘယ်ကြောင့်ဆိုသော် ဟော့လျန်ချွင်ရွှယ်၏ အစားအသောက် ဆန္ဒကလည်း သူမထက် ဘယ်လိုမှ မနိမ့်ကျပါဘူး။ နောက်ပြီးတော့ သူမက အရမ်းကို

သန်မာတာကြောင့် အပေါ်စီး နေရာကနေ ရအောင်ယူနိုင်ခဲ့သည်။

လင်းဟန်က နဇီရန်ကို နောက်တစ်ကြိမ် စစ်ဆေးမေးမြန်းဖို့အတွက် ဆင့်ခေါ်လိုက်ပြီး ဟော့လျန်ရဲ့ တော်ဂင်ကလန်က အမှန်တကယ်ပဲ စစ်မှန်တဲ့ နဂါးများရဲ့ သွေးမျိုးဆက်ကို ဆက်ခံထားသည် ဆိုတဲ့အချက်ကို ရှာတွေ့ခဲ့သည်။

အလယ်ဘက်ပင်လယ်ရဲ့ အင်ပါယာကလန်က စစ်မှန်သော နဂါးများ၏ အသန့်စင်ဆုံး သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသည်။ မျိုးဆက်အားလုံးရဲ့ ပင်လယ်ကေရာဇ်က ပင်လယ်လေးခု၏ အုပ်ချုပ်သူ ဖြစ်ပြီးတော့ ကေရာဇ်ဘွဲ့ထူးနဲ့ ထိုက်တန်သူ တစ်ယောက်ဖြစ်သည်။ ထို့အပြင် ပင်လယ်လေးခု၏ တော်ဂင်ကလန်အားလုံးသည် သာမညသောင်ည ပုံရိပ်ရှိသူများ မဟုတ်ချေ။ သူတို့လည်း စစ်မှန်သော နဂါးများ၏ သွေးမျိုးဆက်ရှိကြ၏။ သို့ပေမဲ့ သူတို့၏ သွေးမျိုးဆက်ကား သန့်စင်မှုတွင် အနည်းငယ် နိမ့်ကျသည်။

အံ့သြစရာ မရှိတော့ပေ။

လင်းဟန်ကား ခေါင်းညိတ်လိုက်သည်။ သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံခဲ့ပြီး အောင်မြင်မှု အဆင့်ကို ရောက်ရှိသည့် အခါတွင် စစ်မှန်သော နဂါးကိုးကောင်၏ စွမ်းအားကို ပိုင်ဆိုင်နိုင်ပေလိမ့်မည်။ ဘာကြောင့် သူက စစ်မှန်တဲ့ နဂါးတွေကို အသုံးပြုပြီးတော့ နှိုင်းယှဉ်မှု တစ်ခုကို လုပ်ရမှာလဲ။ ဘာကြောင့်လဲဆိုတော့ စစ်မှန်သော နဂါးများသည် နတ်ဘုရား သားရဲကောင်များ ဖြစ်ကြပြီး အစွမ်းထက်ဆုံး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များ ရှိကြသည်။

ဟော့လျန်ချွင်ရွှယ်က စစ်မှန်သော နဂါးများ၏ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသည် ဆိုမှတော့ တကယ်လို့ ၎င်းက အရမ်းကို မသန့်စင်ဘူးဆိုလျှင်တောင် သူမ၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်၏ ခွန်အားကား သေချာပေါက် ကြောက်ရွံ့စရာ ကောင်းပေလိမ့်မည်။

ဟူးညိုက လူထူးလူဆန်း တစ်ယောက်ဖြစ်ပေမဲ့ သူတို့၏ ကျင့်ကြံခြင်း အဆင့်တွေအကြားက ကွာဟချက်က အရမ်းကို ကြီးမားသည်။ ထို့ကြောင့် သူမအနေနဲ့ ဟော့လျန်ချွင်ရွှယ်နှင့် နှိုင်းယှဉ်လို့ မရသည်က သဘာဝကျ၏။ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံထားတဲ့ လင်းဟန်ကိုပဲ တစ်ချက်ကြည့်ပါဦး။ လင်းဟန်တောင် ဟော့လျန်ချွင်ရွှယ်ကို

ဘာမှတောင် မလုပ်နိုင်ပါဘူး။

ဟော့လျန်ချွင်ရွှယ်ကား ယခုအခိုက်အတန့်တွင် အဖြူထည် စာရွက်တစ်ခုနှင့် တူပြီးတော့ ၎င်းအပေါ်မှာ ဆန္ဒရှိတာကို နှစ်သက်သလို လွတ်လွတ်လပ်လပ် ရေးနိုင်၏။ လင်းဟန်က အတတ်နိုင်ဆုံး ပျော်ရွှင်တဲ့ အတွေ့အကြုံတွေကို သူမလက်ခံနိုင်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ အကယ်၍ သူမက ဟူးညိုနဲ့ ဘာမဟုတ်တာလေးကို ငြင်းခုံနေရင်တောင်မှ ပျော်စေပြက်စေသဘောနဲ့ ကစားတာပဲ ဖြစ်ပြီးတော့ သေမျိုးရန်သူတွေ အကြားမှာ အသေအကျေ တိုက်ခိုက်တာမျိုး မဟုတ်ပေ။

နိုင်းယှဉ်ကြည့်မယ် ဆိုရင်တောင် ဟူးညိုကို ကြည့်ရတာ အရွယ်ရောက်နေသူ တစ်ယောက်နှင့် ပိုတူပြီး အော်ငိုတာမျိုး ပုန်းဒိုင်းကြဲတာမျိုးတွေ ဘယ်တော့မှ မလုပ်ခဲ့ချေ။ တစ်ဖက်က ဟော့လျန်ချွင်ရွှယ်ကတော့ အော်ဟစ်ငိုကြွေးတတ်သလို ပုန်းဒိုင်းကြဲပြီး ဒေါသူပုန် ထတတ်သည်။ သူမမှာ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းသည့် ခွန်အားတစ်ခု ပိုင်ဆိုင်ထားတာက သိသာထင်ရှားပြီး အနည်းငယ် မကျေမနပ် ဖြစ်လာပြီဆိုရင် သူမ၏ ပိုင်းစက်နေသည့် မျက်လုံးများထဲမှာ ဂမ်းနည်းပူဆွေးမှုတွေ ဖြစ်ပေါ်လာပြီး အချိန်မရွေး

ငိုကြွေးတော့မည့် ပုံစံနှင့် တူလာသည်။

သူမက ချစ်စရာကောင်းသည့် အမူအရာ လုပ်ရသည့်ကို စွဲလမ်းနေပုံရသည်။

သူတို့တွေက မြောက်ပိုင်းဒေသကို သွားတဲ့ သူတို့၏လမ်းမှာ လမင်းကျဆင်း ချောက်နက်ကို ဖြတ်ကျော်လာခဲ့ကြသည်။ သူတို့၏ အမြန်နှုန်းဖြင့် ယန်စွမ်းအားမြင့်မြို့ဆီသို့ ရောက်ရှိရန် လအနည်းငယ်မျှ ကြာမြင့်စရာအကြောင်း မရှိပေ။ ဆယ်ရက်မျှ အချိန်အတွင်းမှာ သူတို့တွေက နောက်တစ်ကြိမ် ထိုရှေးဟောင်းမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ယခင်အစောပိုင်းတုန်းက သူတို့က အရှိန်အဟုန် အပြည့်ဖြင့် ခရီးထွက်လာခဲ့ကြပြီး သူတို့၏ လမ်းတစ်လျှောက် မြို့ပေါင်းများစွာကို မြင်တွေ့ခဲ့ကြတယ် ဆိုပေမဲ့ ဝင်ရောက်ခြင်း မရှိပဲ ဖြတ်သန်းသွားခဲ့သည်။ ထို့ကြောင့် ယခုသူတို့က မြို့ထဲကို ဝင်လာသည့် အချိန်တွင် ဟော့လျန်ချွင်ရွှယ်က ချက်ချင်းဆိုသလို စိတ်လှုပ်ရှားလာပြီး ဟိုနေရာ ဒီနေရာက ပတ်ဝန်းကျင် ရှုခင်းတွေကို ကြည့်ရှုနေခဲ့သည်။

သကြားလုံးချိုချဉ်လား။ သူမက ထိုအရာကို ယူလိုက်သည်။ သကြားနဲ့လုပ်ထားတဲ့ အရုပ်မုန့်လား။ သူမက ထိုဟာကိုလည်း ယူလိုက်သည်။ သစ်သားမြင်းရုပ်လား။ ထိုဟာကိုလည်း ယူလိုက်သည်။

လင်းဟန်က သူမအနောက်ကနေ တကောက်ကောက် လျှောက်လိုက်ပြီး သူမယူတဲ့ ပစ္စည်းများအတွက် ပေးချေရပါတယ်။ ဤပင်လယ်မိန်းကလေးကား အရူးမလေး တစ်ယောက်လို ကစားနေပြီး ကျေနပ်ပီတိ ဖြစ်တဲ့အခါမှာ ရယ်မောနေသည်။

"ကလေးဆန်လိုက်တာ"

ဟူးညိုက အထင်သေးစွာဖြင့် ပြောလိုက်သည်။ သူမကိုလည်း မေ့ထားလို့ မရပေ။ သူမလည်း သကြားနဲ့လုပ်ထားတဲ့ မုန့်အရုပ်တစ်ခုကို ကိုင်ထားပြီး လက်ရှိမှာတော့ ပျော်ရွှင်စွာဖြင့် လျှာနဲ့ယက်နေသည်။

"ဒီမိန်းကလေးက ဘယ်ကနေ လာတာလဲ။ သူမကိုကြည့်စမ်း အရမ်းကို ချစ်စရာ ကောင်းတာပဲ"

ဟော့လျန်ချွင်ရွှယ်က နတ်သမီးလေး တစ်ပါးလို

ချောမောလှပပြီး လူမျိုးခြားတစ်ယောက်၏ ဆွဲဆောင်နိုင်မှုနှင့် ပြည့်နှက်နေတာကြောင့် မျက်စိကျစရာ ဖြစ်လာသည်။ သိပ်မကြာခင်မှာပဲ လူတချို့၏ မျက်လုံးများက သူမကို စိုက်ကြည့်နေကြသည်။

အပျော်အပါး မက်တဲ့ သခင်လေး တစ်ယောက်က ဟော့လျန်ချွင်ရွှယ်၏ ချစ်စရာ မျက်နှာလေးကို ရိုင်းပျစွာဖြင့် စိုက်ကြည့်နေသည်။ သူ၏သွားရည်တွေက သူ့ပါးစပ်ကနေ အောက်ကို စီးကျနေ၏။ ဒါပေမဲ့လည်း သူရဲ့အကြည့်တွေက အောက်ဘက်ကို စိုက်ဆင်းလာပြီး ဟော့လျန်ချွင်ရွှယ်ရဲ့ တောင်ပူစာနှစ်လုံးကြောင့် ညို့ဓာတ်မိပြီး အံ့အားသင့် သွားခဲ့သည်။ ထို့နောက် သူရဲ့မျက်လုံးတွေကို အလျင်အမြန်ပဲ အပေါ်ကို ပြန်လွှဲလိုက်သည်။

အရမ်းဆိုးတယ်။ သူမရဲ့ ရင်ဘတ်က ပြားကပ်နေတာပဲ။

ဟော့လျန်ချွင်ရွှယ်က သူမ၏ ခေါင်းကိုစောင်းပြီးတော့ သူ့ကိုကြည့်လိုက်ပြီး အနည်းငယ် စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။

"ရှင်က ဘာကြောင့် ကျမရဲ့လမ်းကြောင်းမှာ ပိတ်နေတာလဲ"

ထိုပေါ့ပျက်ပျက်သခင်လေးက ကျိတ်ရယ်ပြီးတော့ ပြောလိုက်သည်။

"မိန်းကလေး ငါ့အနောက်ကို လိုက်ခဲ့ပါ။ ငါတို့တွေ ပျော်စရာလေးတွေ ရှာရအောင်လေ"

သူက သိသာထင်ရှားစွာပင် သူလုပ်ချင်ရာကို လုပ်တတ်တဲ့ လူတစ်ယောက်ဖြစ်ပြီး သူ့ရဲ့လက်ကို ပေ့ယမ်းပြီးတော့ အမိန့်ပေးလိုက်သည်။

"သူမကို ခေါ်လာခဲ့"

"ဟုတ်ကဲ့ပါ သခင်လေး"

ချက်ချင်းဆိုသလို သူ့ရဲ့အနောက်က ဗလတောင့်တောင့် အစေခံလေးယောက်က ထွက်လာခဲ့သည်။ သူတို့အားလုံးကိုကြည့်ရတာ ဂံပုလွေတွေ ကျားတွေလို ရက်စက်ကြမ်းကြုတ်မဲ့ ပုံစံမျိုးတွေ ဖြစ်နေကြသည်။

ဟော့လျန်ချွင်ရွှယ်က အရမ်းကို ထိတ်လန့်သွားပြီး စူးစူးဝါးဝါးနဲ့ အော်ဟစ်ပြီးတော့ လင်းဟန်ရဲ့ အနောက်ဘက်မှာ အလျင်အမြန် ပုန်းလိုက်သည်။ သူမ၏

အမြန်နှုန်းနဲ့ဆိုရင် ထိုလူတွေ အများကြီးက သူမကို ဖမ်းနိုင်စရာအကြောင်း မရှိပေ။ ထို့အပြင် အကာယ်၍များ သူတို့က သူမကို ဖမ်းချင်တယ်ဆိုရင်ရော ရနိုင်မည်လား။ သူမ၏ ရောမခွန်းအားနဲ့ဆိုရင် လင်းဟန်တောင်မှ သူရဲ့အရိုးတွေ ကျိုးပဲ့သွားပါလိမ့်မယ်။

သူမမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားရှိတာ သိသာထင်ရှားပေမဲ့ တမင်သက်သက်ကို အားနည်းချင်ယောင် ဆောင်နေခဲ့သည်။ သူမသာ မကြောက်ဘူးဆိုရင် လျှပ်စီးလက်သလို တိုက်ခိုက်ပါလိမ့်မည်။

လင်းဟန်က သူမ၏ အပြုအမူကို ကျိတ်ပြီးတော့ လှောင်ပြောင်နေပြီး အဲဒီနောက်မှာ ချာခနဲ လှည့်ပြီးတော့ ဟော့လျန်ချွင်ရွှယ်ကို ပြောလိုက်သည်။

"ကြည့်စမ်း ဒီအမိုက်ကောင်က ဘာလုပ်နေလဲ။ အဲဒါက လူတစ်ယောက်ရဲ့ အဆင့်အတန်းကို အားသာချက်ယူပြီး တခြားလူတွေကို အနိုင်ကျင့်စော်ကားတယ်လို့ ခေါ်တယ်။ ပင်လယ်မိန်းကလေး ဒီလိုမျိုး လူစားမျိုးက တကယ်ပဲ စက်ဆုပ်ရွံ့ရှာစရာ ကောင်းတယ်လို့ မထင်ဘူးလား"

ဟော့လျန်ချင်ရွှယ်က သူမရဲ့ခေါင်းကို လျင်မြန်စွာ ခေါင်းညိတ်ပြီးတော့ သူမရဲ့ ရင်ဘတ်ကို ပုတ်ပြလိုက်သည်။ ကြောက်ရွံ့မှု ကျန်နေသေးတဲ့ ပုံစံနဲ့ သူမက ပြောလိုက်သည်။

"စက်ဆုပ်ရွံရှာစရာ ကောင်းလိုက်တာ။ ကျမက ထိတ်လန့်ကြောက်ရွံ့ပြီးတော့ သေတော့မလို့ ဖြစ်သွားတယ်"

"ဒါဆိုရင် ဒီလိုလူစားမျိုးလို ငါတို့တွေ မလုပ်သင့်ဘူး။ ဟုတ်တယ်မလား"

လင်ဟန်က သူမကို လမ်းညွှန်ပြီးတော့ အခွင့်သာတုန်းမှာ စကားလုံးတွေ ပစ်ထည့်လိုက်သည်။

"ဟုတ်တယ်။ ကျမတို့က ဒီလိုလူစားမျိုးတွေလို မလုပ်နိုင်ဘူး"

ဟော့လျန်ချင်ရွှယ်က ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့လည်း ငါတို့တွေက ဒီလိုမျိုး အမိုက်တွေက ငါတို့ကို အနိုင်ကျင့် စော်ကားတာမျိုးကို ခွင့်ပြုလို့ မရဘူး။ မှတ်ထားနော်။ ငါတို့က စပြီးတော့ တခြားသူတွေနဲ့ ပြဿနာ မဖြစ်ရဘူး။ အဲဒါက မှန်ကန်တဲ့ အရာမဟုတ်ဘူး။ ဒါပေမဲ့ တကယ်လို့ တခြားသူတွေက ငါတို့ကို ပြဿနာ လာရှာရင်

ငါတို့ရဲ့ လက်သီးတွေကို ထိန်းထားလို့ မရနိုင်ဘူး။ ငါတို့ပြန်တိုက်ခိုက်သင့်တဲ့အခါ ငါတို့က ပြန်ကိုတိုက်ခိုက်ရမယ်။ ငါတို့က သဲအိတ်တွေ မဟုတ်ဘူး။ ဟုတ်တယ်မလား"

လင်းဟန်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

ဒီစကားတွေက နည်းနည်းလေး ရှည်သွားတာကြောင့် ဟောင့်လျန်ချွင်ရှယ်က အနည်းငယ် အူကြောင်ကြောင် ဖြစ်သွားခဲ့သည်။ ဒါပေမဲ့လည်း သူမရဲ့ အကျင့်အတိုင်း ခေါင်းကိုညိတ်ပြီး ပြောလိုက်သည်။

"မှန်တယ်"

"ငါ့ရဲ့အလုပ်မှာ ဂင်ပြီးတော့ စွက်ဖက်ရဲလောက်အောင် မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ"

ပေါ့ပျက်ပျက် သခင်လေးက အခုဆို မကျေမနပ် ဖြစ်နေခဲ့ပါပြီ။ ဒီနှစ်ယောက်က သူ့ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်တဲ့အတိုင်း ပြောဆိုနေကြတာလား။ သူတို့အနားမှာ ဘယ်သူမှ မရှိတဲ့အတိုင်း အကြောင်းမဲ့သက်သက် စကားပြောဆိုနေကြသည်။

သူရဲ့လက်ကို တစ်ချက်ပွေ့ယမ်းပြီးတော့ အမိန့်ပေးလိုက်သည်။

"ဒီကောင်ကို မသန်မစွမ်းဖြစ်အောင်ထိ ရိုက်နှက်ဆုံးမလိုက်စမ်း။ ပြီးရင် ဒီမိန်းကလေးကို အိမ်တော်ဆီကို ခေါ်လာခဲ့လိုက်"

"ဟုတ်ကဲ့ပါ သခင်လေး"

အစေခံလေးယောက်က နောက်တစ်ကြိမ် အရှေ့ကို တိုးလာခဲ့သည်။

လင်းဟန်ရဲ့ လက်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်တာနဲ့ စွမ်းအင်အလင်းတစ်ခုက လျှပ်စီးလေးခု အဖြစ်ကို ပြောင်းလဲသွားပြီး အစေခံလေးယောက်ရဲ့ နဖူးတွေကို ထိမှန်သွားခဲ့သည်။ ရုတ်တရက် ဆိုသလို အစေခံလေးယောက်ရဲ့ နဖူးပေါ်မှာ အပေါက်ကိုယ်စီ ဖြစ်ပေါ်သွားပြီး မြေကြီးပေါ်ကို ပုန်းခနဲ လဲကျသွားကုန်ပါတယ်။

"မင်း မင်းအတင့်ရဲလှချည်လား။ မင်းတကယ်ပဲ ငါ့ကျန်းကလန်က အဖွဲ့သားတွေကိုတောင်

ထိပါးပွံတယ်ပေါ့လေ”

အပျော်အပါးမက်တဲ့ သခင်လေးက ဒေါသနဲ့ အော်ဟစ်လိုက်ပြီး အံ့အားသင့်သလို ကြောက်လည်း ကြောက်ရွံ့နေပါတယ်။

“မင်းဘယ်သူလဲဆိုတာကို ဘယ်သူကသိမှာလဲ”

လင်းဟန်က သူရဲ့လက်ချောင်းကို နောက်တစ်ခါ ဆတ်ခနဲ လှုပ်လိုက်ပြီး အပျော်အပါးမက်တဲ့ သခင်လေးကလည်း အစေခံလေးယောက်ရဲ့ ခြေလှမ်းအတိုင်း လိုက်သွားခဲ့ပါတယ်။ သူရဲ့နဖူးပေါ်မှာ သွေးတွေထွက်နေတဲ့ အပေါက်တစ်ပေါက် ဖြစ်ပေါ်လာပြီး မြေကြီးပေါ်ကို ဖုတ်ခနဲကျသွားခဲ့ပါတယ်။

သူတို့ဘေးနားက လမ်းသွားလမ်းလာတွေ အားလုံးက အနောက်ကို ဆုတ်သွားကြသည်။ ပြဿနာတော့ ကြီးပြီ။ ဒါက ကျန်းကလန်ရဲ့ သခင်လေး ဖြစ်ပါတယ်။ သူက ဒီနေရာမှာ တကယ်ပဲ သေသွားပါပြီ။ ကျန်းကလန်က သေချာပေါက် ဒေါသပေါက်ကွဲပါလိမ့်မယ်။ ပြီးတော့ ဒီမြင်ကွင်း အနီးမှာ ရှိနေတဲ့ ဘယ်သူမဆို အရမ်းကို ကံဆိုးပါလိမ့်မယ်။

သူတို့အနေနဲ့ အလျင်အမြန် ထွက်ပြေးတာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က လုံးဝကို ဂရုမစိုက်ပါဘူး။ မြောက်ပိုင်းဒေသမှာ သနားစရာ ကောင်းလောက်တဲ့ လူနည်းစု အရေအတွက်တစ်ခုပဲ သူ့ကို စိုးရိမ်ပူပန်အောင် လုပ်နိုင်ပါတယ်။ နောက်ပြီးတော့ သူ့မှာ အရမ်းကို သန်မာတဲ့ ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးတစ်ပါးက သူ့ဘေးမှာ ရှိမနေဘူးလား။ တကယ်လို့ လိုအပ်လာခဲ့မယ်ဆိုရင် သူမကို လေ့ကျင့်ပေးဖို့ အခွင့်အရေး တော်တော်များများ ရနိုင်ပါလိမ့်မယ်။

"သွားကြစို့"

သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ဆီကို ဦးတည်ပြီးတော့ ဆက်သွားလိုက်ပါတယ်။ အဲဒီအချိန်မှာ ပော့လျန်ချွင်ရှယ်နဲ့ ဟူးညိုတို့ နှစ်ယောက်လုံးက ဘေးတစ်ဖက် တစ်ချက်ကနေ သူရဲ့လက်တွေကို ကိုင်ဆွဲပြီးတော့ လိုက်လာကြပါတယ်။

ယန်စွမ်းအားမြင့်မြို့ကို မဂင်ခင်မှာ လင်းဟန်က သူရဲ့ရုပ်သွင်ကို အသက်နှစ်ဆယ်ကျော် လူငယ်

တစ်ယောက်နဲ့တူအောင် ရုပ်ဖျက်ခဲ့ပါတယ်။ ဒါက ဟော့လျန်ချွင်ရှယ်ကို အတော်လေး အံ့အားသင့်သွားစေခဲ့ပါတယ်။ ဒါပေမဲ့ သူမက တစ်ချက်ကြည့်လိုက်တာနဲ့ သူရုပ်ဖျက်ထားတာကို မြင်နိုင်ပါတယ်။

သူမရဲ့ မူလစွမ်းအင်ကို ဘယ်လိုမျိုး လည်ပတ်ရမယ်ဆိုတာကို ယာယီအားဖြင့် မေ့လျော့နေတယ် ဆိုရင်တောင်မှ သူမရဲ့ ထိုးထွင်းဉာဏ်ကို မလျော့ကျသွားစေခဲ့ပါဘူး။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလောက်အောင် မြင့်မားပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်က ယန်စွမ်းအားမြင့်မြို့ရဲ့ အလယ်မှာ တည်ရှိပါတယ်။ သူတို့က လမ်းတစ်လျှောက်လုံး လည်ပတ်ကစားလာခဲ့တာတောင်မှ တစ်နာရီ အကြာမှာ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အရှေ့ကို ရောက်ရှိသွားခဲ့ကြပါတယ်။

"အဲဒီနေရာမှာ ရပ်နေစမ်း"

လူတစ်အုပ်က ပြေးလွှားလို့ လာနေပါတယ်။ သူတို့က ကျန်းကလန်က လူတွေ ဖြစ်ပါလိမ့်မယ်။ သူတို့ကလန် အဖွဲ့သားတွေကို နေ့ခင်းကြောင်တောင် လူပုံအလယ်မှာ

သတ်ဖြတ်သွားတယ် ဆိုတာကို ကြားသိရလိုက်တဲ့ အခါမှာ သူတို့အနေနဲ့ လက်စားချေဖို့အတွက် အပြေးအလွှားနဲ့ ရှာဖွေခြင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က သူတို့ကို အာရုံစိုက်ဖို့ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ထဲကို တန်းပြီးတော့ ဝင်ရောက်သွားခဲ့ပါတယ်။ ဟူးညိုကတော့ ချာခနဲ လှည့်ပြီး အဲဒီလူတွေကို မျက်နှာပြောင် လျှာထုတ်ပြလိုက်ပါတယ်။

"သေစမ်းကွာ"

ကျန်းကလန်ရဲ့ လူတွေအားလုံးပဲ ဒေါသတကြီးနဲ့ အော်ဟာစ်နေကြပါတယ်။ ယန်စွမ်းအားမြင့်မြို့မှာ အစွမ်းထက်ဆုံး နေရာနှစ်ခုက စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မော်ဆေးပညာ အစည်းအရုံးပဲ ဖြစ်ပါတယ်။ ဘယ်သူကများ အဲဒီနေရာ နှစ်ခုမှာ ပြဿနာရှာပွဲမှာလဲ။ သူတို့အနေနဲ့ အပြင်ဘက်မှာ စောင့်နေဖို့ တစ်ခုတည်းကိုပဲ ရွေးချယ်လိုက်ရပါတယ်။ လင်းဟန်က သူရဲ့ဘဂသက်တမ်း တစ်လျှောက်လုံး အထဲမှာ ပုန်းအောင်းနေဖို့ ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား။

လင်းဟန်နဲ့ မိန်းကလေးတွေက စိတ်ဂိညာဉ် ရတနာ စံအိမ်အထဲကို ဝင်လာခဲ့ပြီး ချက်ချင်းဆိုသလို ချောမောလှပတဲ့ အချွေရံ အမျိုးသမီးတစ်ယောက်က အနားကို ကပ်လာပြီး ချိုသာတဲ့ အသံနဲ့ မေးလိုက်ပါတယ်။

"ဂုဏ်သရေရှိ ဧည့်သည်တော် နှစ်ယောက်က ဘာများဝယ်ယူချင်လို့ပါလဲ"

ဟူးညိုက အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပြီး သူမရဲ့ တင်ပါးပေါ်ကို လက်ထောက်ပြီးတော့ နှုတ်ခမ်းစူပြီး ပြောလိုက်ပါတယ်။

"ညိုးညိုးလည်း ဒီမှာရှိနေတာပဲ"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ရင်ပေါင်ဆီကို သတင်းစကားတစ်ခု ပို့ပေးပါ။ သဘောတူညီမှု တစ်ခုကို ဖြည့်ဆည်းပေးဖို့ လူတစ်ယောက်က ဒီနေရာကို ရောက်လာပြီလို့ပဲ ပြောလိုက်ပါ"

Chapter 541 end

အပိုင်း(၅၄၂) အလယ်ပိုင်းဒေသသို့ ထွက်ခွာခြင်း

"ကျွမ်အနေနဲ့ အရဲစွန့်ပြီးတော့ မေးပါရစေ။ ဒီကသခင်လေးရဲ့ မျိုးရိုးနာမည်က ဟန်လား"

အမျိုးသမီး အချေအရံက မေးမြန်းလိုက်သည်။

"ငါ့နာမည် ဟန်လင်း"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ရင်ဟောင်နဲ့ သဘောတူညီမှု လုပ်ခဲ့တုန်းက သူ့ရဲ့နာမည်ကို ဟန်လင်းအဖြစ် အသုံးပြုခဲ့ပါတယ်။

"ဒါဆိုရင် တကယ်ပဲ မစ်စတာဟန်ပေါ့"

အမျိုးသမီး အချေအရံက အံ့အားသင့်ပြီးတော့ ဖော်ဖော်ရွေရွေနဲ့ ကြည့်လိုက်ပါတယ်။

"အရှင်သခင်မလေးက ရှင့်ကို စောင့်နေတာ တော်တော်လေးကို ကြာနေပါပြီ။ ကျေးဇူးပြုပြီးတော့ ကျွမ်နဲ့အတူ လိုက်ခဲ့ပေးပါ။ သခင်မလေးက မစ်စတာဟန် ရောက်လာရင် သူမဆီကို ချက်ချင်းခေါ်လာခဲ့ရမယ်လို့

ကျမတို့ကို အမိန့်ပေးထားပါတယ်”

လင်းဟန်က ခေါင်းညိတ်ပြီးတော့ အမျိုးသမီး အစ္စေအရံကို ရှေ့ကနေ ဦးဆောင်းလမ်းပြ စေလိုက်ပါတယ်။

အမျိုးသမီး အစ္စေအရံရဲ့ ဦးဆောင်မှုနဲ့ သူတို့က မကြာခင်မှာပဲ ရင်ပောင်ရှိတဲ့ ခြံဝင်းထဲကို ရောက်လို့ လာခဲ့ပါတယ်။ အမျိုးသမီး အစ္စေအရံက အရင်ဆုံး ဝင်သွားပြီးတော့ သူတို့တွေ ရောက်လာတဲ့ အကြောင်းကို သတင်းပို့လိုက်ပါတယ်။

“အိုး ငါပြောသားပဲ။ နောက်ဆုံးတော့ မစ်စတာဟန် ရောက်လာပြီပေါ့”

ရင်ပောင်က ထွက်လာခဲ့ပြီး သူမရဲ့ ရှိုက်ကြီးဖိုငယ် အသွယ်သွယ်နဲ့ ပြည့်စုံတဲ့ ကိုယ်လုံးလေးက အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ သွားရည်တမြားမြားကျပြီး သူမကို သက်ပြင်းခဏခဏချကာ ငေးကြည့်နိုင်လောက်အောင် ဆွဲဆောင်မှု ရှိပါတယ်။ သူမက ဟော့လျှန်ချွင်ရွှယ်ကို တစ်ချက်ကြည့်ပြီး အံ့သြမှင်တက်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ သူမက ပြောလိုက်သည်။

"သခင်လေးဟန် နင်က တကယ့်ပဲ အရမ်းကို အံ့ဩစရာကောင်းတာပဲ။ ငါ့သူငယ်ချင်းလေး ရွှမ်အာကိုလည်း ဆွဲဆောင်သိမ်းသွင်းသွားခဲ့တယ်။ ပြီးတော့အခု နောက်ထပ် မိန်းကလေး အသစ်တစ်ယောက်ကို ထပ်ပြီးတော့ ဆွဲဆောင်ထားပြန်တယ်"

"ငါက မစ်စတာဟန်လား ဒါမှမဟုတ် သခင်လေးဟန်လား"

လင်းဟန်က ကိုယ်ရေးကိုယ်တာ မေးခွန်းတွေကို လျစ်လျူရှုထားပြီး အဲဒီမေးခွန်းတွေကို ကျော်ခွပြီး ခေါင်းစဉ်ပြောင်းမေးလိုက်ပါတယ်။

ဒါပေမဲ့ ရင်ဟောင်က ဒီအတိုင်း လက်လျှော့လိုက်ဖို့ ဆန္ဒမရှိပဲ ကျီစယ်တဲ့ ပုံစံနဲ့ ပြုံးရယ်ပြီးတော့ ပြောလိုက်သည်။

"ဟီးဟီး နင်က ညီမလေး ရွှမ်အာကို နောက်ကျရင် ဘယ်လိုမျိုး ဖြေရှင်းချက် ပေးမလဲဆိုတာကို ငါတကယ်ပဲ မြင်ချင်မိတယ်"

"အဲဒါက မင်းအတွက် ရန်ဖြစ်ဖို့အတွက် အစပျိုးလိုက်ဖို့ သင့်လျော်လို့လား"

လင်းဟန်က မေးလိုက်သည်။

"ငါ့မှာ ရင်သားကြီးကြီးတွေ ရှိတယ်။ ဒါကြောင့် ငါလုပ်နိုင်တယ်လေ"

ဒီအမျိုးသမီးက နည်းနည်းလေးမှကို အရှက်မရှိပဲ မျက်နှာပြောင်တိုက်ပြီးတော့ ပြောပါတယ်။

အမျိုးသမီး လူဆိုးပဲ။

ထိုအချိန်မှာ ဟော့လျန်ချွင်ရှယ်က သူမရဲ့ကိုယ်ပိုင် ရင်သားတွေကို ငုံ့မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားပြီး သူမရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ရင်သားတွေက သိပ်မကြီးလို့များ လင်းဟန်က သူမကို အပြစ်တင် ဝေဖန်မှုတွေ လုပ်နေတာများ ဖြစ်နိုင်မလား။ သူမက ရင်ဟောင်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ကြည့်လိုက်ပါတယ်။ တကယ်ပါပဲ။ ဒီအမျိုးသမီးရဲ့ ရင်သားတွေက ကြီးမားတဲ့ လိုင်းလုံးကြီးတွေလို ဖြစ်ပြီးတော့ သူမနဲ့ နှိုင်းယှဉ်ဖို့ဆို အရမ်းကို ဝေးကွာလွန်းပါတယ်။

သူမရဲ့ စိတ်ထဲမှာ နောက်ပိုင်းကျရင် ရင်ဘတ်ကြွက်သားတွေကို ကျကျနနကို လေ့ကျင့်မယ်လို့ လျှို့ဝှက်စွာနဲ့ ဆုံးဖြတ်လိုက်ပါတယ်။

"လာခဲ့။ ညီမလေး ရွှမ်အာက နင့်ကို စောင့်နေတာ ရက်တွေတောင် တော်တော်ကို ကြာနေပြီ"

ရင်ဟောင်က အကြောင်းအရာကို ပြောင်းလိုက်ပြီး သူမရဲ့ မျက်လုံးတွေနဲ့ ဟော့လျန်ချွင်ရှယ်ကို ကလိမ်ကကျစ်ပုံစံမျိုးနဲ့ ကြည့်လိုက်ပါတယ်။ သူမအနေနဲ့ ဒီမိန်းကလေး နှစ်ယောက် ဆုံတွေ့ပြီးတဲ့ နောက်မှာ ဓားမြှောင်တွေ ဆွဲထုတ်ပြီး တိုက်ခိုက်တော့မဲ့ မြင်ကွင်းကို အရမ်းပဲ မျှော်လင့်နေမိပါတယ်။

သူမက လင်းဟန်နဲ့ မိန်းကလေးနှစ်ယောက်ကို ဦးဆောင်ပြီးတော့ ခြံဝင်းထဲကို ဝင်လာခဲ့ပြီး အစေခံ တစ်ယောက်ကို လွှတ်ပြီးတော့ ကျူးရွှမ်အာကို ခေါ်ခိုင်းလိုက်ပါတယ်။

ခဏအကြာမှာ မွှေးပျံ့တဲ့ ရနံ့တစ်ခုက လေနဲ့အတူ လွင့်ပျံ့လို့ လာခဲ့ပြီး ကျူးရွှမ်အာတစ်ယောက် ပေါ်လာခဲ့သည်။ သူမရဲ့ မျက်နှာကို အဖြူရောင်ဇာပဝါပါး တစ်ခုနဲ့ နောက်တစ်ကြိမ်

ဖုံးအုပ်ထားပါတယ်။ သူမရဲ့ အမူအရာကို မမြင်နိုင်ပေမဲ့ သူမရဲ့ အကြည့်တစ်ခုတည်းကနေပဲ အံ့အားသင့်ပြီး အရမ်းကို ကျေနပ်ပျော်ရွှင်နေမှုကို မြင်တွေ့နိုင်ပါတယ်။

အရမ်းကို ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် အနေနဲ့ မျက်စိတစ်ချက် ပျော့ကြည့်လိုက်ရုံပဲ ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်ဖို့ လုံလောက်ပါလိမ့်မယ်။

"အစ်ကိုဟန်"

သူမက အော်ခေါ်လိုက်ပြီး လင်းဟန်ရဲ့ လက်မောင်းကို တွဲခိုချင်တဲ့ ဆန္ဒနဲ့ အပြေးလေး လှမ်းလာခဲ့ပါတယ်။

သူမက လင်းဟန်ရဲ့ ဘေးကိုတောင် ခြေမချရသေးပါဘူး။ သူမရဲ့ လက်မောင်းနှစ်ဖက်စလုံးကို အနောက်ကနေ တစ်ပြိုင်နက်တည်း ဆွဲတာကို ခံလိုက်ရပါတယ်။ ဒါအပြင် တစ်ယောက်တည်းက ဆွဲတာမဟုတ်ပဲ နှစ်ယောက်တောင် ဖြစ်နေပါတယ်။ ဟူးညီနဲ့ ဟော့လျန်ချွင်ရွှယ်။

"ညီးညီးရဲ့ လင်းဟန်ကိုထိဖို့ နင့်ကိုခွင့်မပြုဘူး"

ဟူးညိုက ဒေါပွသွားခဲ့သည်။

"နင်ကဘယ်သူလဲ"

အဲဒီအချိန်မှာ ဟော့လျန်ချွင်ရှယ်ကလည်း သူမရဲ့ မျက်နှာပေါ်မှာ တူညီတဲ့ စိမ်းစိမ်းကားကား အမူအရာ တစ်ခုနဲ့ ကြည့်လိုက်ပါတယ်။ သူတို့ ထွက်မလာခင်မှာ လွီယုထန်နဲ့ လီစီရှန်းတို့က သူမကို အကြံဉာဏ်တွေ အများကြီး ထည့်သွင်းပေးလိုက်ပါတယ်။ ဥပမာ လင်းဟန်အနားကို တခြားအမျိုးသမီးတွေ ကပ်တာကို ခွင့်မပြုဖို့ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်ကို သူတို့တွေက အဖေးကို ခိုးပြေးသွားလိမ့်မယ်လို့ သူမကို မှာထားပါတယ်။

သူမရဲ့ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တဲ့ အခိုက်အတန့်မှာ ပထမဆုံး သူမမြင်တွေ့ရတဲ့သူက လင်းဟန်ဖြစ်ပါတယ်။ တချို့တိရိစ္ဆာန်တွေက သူတို့တွေ မွေးဖွားလာပြီး မျက်စိကို ဖွင့်ကြည့်တဲ့ အခါမှာ ပထမဆုံး မြင်တွေ့ရတဲ့ သက်ရှိကို သူတို့ရဲ့ မိဘတွေလို့ ယူဆသလိုမျိုး သူမကလည်း လင်းဟန်ကို ဖက်တွယ်ထားပါတယ်။ ဒါကြောင့် သူမက အရမ်းကို သတိထားပါတယ်။ သူမအနေနဲ့ လင်းဟန်ကို တခြားအမျိုးသမီးတွေက အဖေးကို ခိုးပြေးသွားမှာကို လုံးဝကို ခွင့်မပြုနိုင်ပါဘူး။

ကျူးရွှမ်အာက အံ့အားသင့် သွားခဲ့ပါတယ်။ ဟူးညိုတစ်ယောက်တည်းရဲ့ မနာလို ဝန်တိုမှုကို လွယ်လွယ်ကူကူနဲ့ ရရှိတာကပဲ အခရမ်းကို လုံလောက်နေပါပြီ။ ဘာဖြစ်လို့ နောက်ထပ် မိန်းကလေး တစ်ယောက် ပေါ်လာရတာလဲ။ ဘာဖြစ်လို့ ဒီမိန်းကလေးမှာ အပြာရောင် မျက်လုံးတွေ ရှိနေရတာလဲ။ ဒီမျက်လုံးတွေကို ကြည့်ရတာ ထူးဆန်းပေမဲ့ ဆွဲဆောင်မှု ရှိပါတယ်။

"ဒါက ကျူးရွှမ်အာလို့ခေါ်တယ်။ သူငယ်ချင်းပဲ"

လင်းဟန်က ဟော့လျန်ချွင်ရွှယ်ကို ပြောလိုက်ပါတယ်။

"အိုး"

ဟော့လျန်ချွင်ရွှယ်က ချက်ချင်းပဲ လွှတ်လိုက်ပါတယ်။ ဒါပေမဲ့ ဟူးညိုကတော့ သူမကိုယ်သူမ လင်းဟန်နဲ့ ကျူးရွှမ်အာရဲ့ အကြားမှာ နေလိုက်ပြီး သူမရဲ့ မျက်နှာပုံစံက အနားကို ဒီထပ်ပိုပြီး ကပ်လာဖို့ မစဉ်းစားနဲ့လို့ ပြောနေသယောင်ပါပဲ။

ကျူးရွှမ်အာက သူမရဲ့ နှလုံးသားထဲက စိတ်ဆန္ဒကို ဖိနှိပ်ထားရုံပဲ တတ်နိုင်ပြီးတော့ လင်းဟန်ကို လွမ်းဆွေးတဲ့

အကြည့်နဲ့ ကြည့်လိုက်ပါတယ်။

တကယ်ပါ သူမက အရမ်းကို လှပချောမောလွန်းပါတယ်။ ဒီအကြည့်ကြောင့် လင်းဟန်ရဲ့ နှလုံးသား ကန့်ရေပြင်မှာ လှိုင်းတွေထပြီး သူမကို တွန်းလှဲပစ်ချင်တဲ့ စိတ်ဆန္ဒတွေ တဖွားဖွား ပေါ်ပေါက်လာခဲ့သလို ခံစားရပါတယ်။

"ခစ်ခစ်ခစ်။ ငါပြောသားပဲ။ ညီမလေး ရွှမ်အာ နင်က အစ်ကိုလို့ ခေါ်တာ အရမ်းကို မြန်မနေဘူးလား"

ရင်ဟောင်က တစ်ဖက်ကနေ တစ်စိတ်ကို တစ်အိတ်လုပ်ကာ ချဲ့ကားပြောလိုက်သည်။

"ငါသာဆိုရင် အလုခံလိုက်ရရင် သေသွားနိုင်တယ်"

"တကယ်လို့ မင်းစကားမပြောရင် ဘယ်သူကမှ မင်းကို အသံမထွက်ပဲ နှုတ်ဆိတ်နေအောင် မလုပ်ဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ငါ့ရဲ့ကိုယ်ပိုင် ပိုင်နက်ထဲမှာ နင်က ငါ့ကို စကားတောင် ပြောဖို့ခွင့်မပြုဘူးလား"

ရင်ပောင်က နှာခေါင်းရှုံ့လိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါပေမဲ့ ငါတို့တွေ မကြာခင်မှာပဲ ခရီးမထွက်သင့်ဘူးလား"

"ငါတို့အားလုံးက နင့်ကို စောင့်နေကြတာ။ အခု နင်လည်းဒီမှာ ရောက်နေပြီဆိုတော့ ငါတို့ ထွက်ကြတာပေါ့"

သူမက ချက်ချင်းပဲ ထွက်မယ်လို့ ပြောလိုက်ပေမဲ့လည်း သူတို့တွေက နာရီအနည်းငယ်မျှ ပြင်ဆင်ရပါသေးတယ်။ အလယ်ပိုင်းဒေသကို သွားပြီးတော့ စိတ်ဝိညာဉ် ရတနာ စံအိမ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့က ကြီးမားတဲ့ ကိစ္စတစ်ခု ဖြစ်တာကြောင့် သူတို့အနေနဲ့ ဘာမှမပြင်ဆင်ပဲ ဒီအတိုင်းကြီး ထွက်သွားဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူတို့က ခရီးမထွက်ခင် ပြင်ဆင်မှု အနည်းငယ် ပြုလုပ်တာက သဘာဝကျပါတယ်။

သူတို့စီးနင်းလိုက်ပါလာတဲ့ မြင်းလှည်းက အရမ်းကို ကြီးမားကျယ်ပြန့် လွန်းပါတယ်။ မြင်းလှည်းအိမ်ထဲမှာ ခုံတွေ အိပ်ယာတွေ ပါဝင်ရုံသာမက အကန့်သုံးကန့် ခွဲခြားထားပါတယ်။ နေ့ဘက်မှာ ပထမအကန့်မှာ

ထိုင်ပြီးတော့ စကားပြောဆိုနိုင်ပြီး ညရောက်တဲ့ အခါမှာတော့ အမျိုးသမီးတွေက ဒုတိယ အကန့်မှာ အိပ်နိုင်ပြီး လင်းဟန်ကတော့ တတိယ အခန်းကို တစ်ယောက်တည်း မောင်ပိုင်စီးထားပါတယ်။

မြောက်ပိုင်းဒေသက အရမ်းအရမ်းကို ကြီးမားပါတယ်။ ယန်စွမ်းအားမြင့် မြို့ကနေ မြောက်ပိုင်းဒေသနဲ့ အလယ်ပိုင်းဒေသရဲ့ ထိကပ်နေတဲ့ နယ်နိမိတ်ဆီကို သွားတာတင်ပဲ ရက်ပေါင်း တော်တော်များများ လိုအပ်ပြီး အလယ်ပိုင်းဒေသက ပိုပြီးတော့တောင် ကျယ်ပြန့်ပါတယ်။ တကယ်လို့ လူတစ်ယောက်က စိတ်ဂိညာဉ်ရတနာစံအိမ်ရဲ့ ဌာနချုပ် တည်ရှိတဲ့ ရတနာတစ်သန်းမြို့ကို ခရီးထွက်ချင်တယ်ဆိုရင် ရက်ပေါင်းနှစ်ဆယ်ကျော်မျှ ခရီးထွက်ရ ပါလိမ့်မယ်။

ခရီးစဉ်က အနည်းဆုံး တစ်လခန့် အချိန်ယူရပါလိမ့်မယ်။ ပြီးတော့ ဒါတောင်မှ သူတို့ရဲ့ မြင်းလှည်းက အရမ်းကို လျင်မြန်နေလို့ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ သူတို့က သာမန်မြင်းလှည်း တစ်စီးကို အသုံးပြုမယ်ဆိုရင် တကယ်လို့ ဒီခရီးက ရှစ်နှစ် ဆယ်နှစ်ခန့် အချိန်ပေးရတယ် ဆိုရင်တောင်မှ အရမ်းကို နှေးတယ်လို့ တွက်ချက်လို့ မရနိုင်ပါဘူး။

ဒါပေမဲ့လည်း စိတ်ဂိညာဉ် ရတနာ စံအိမ်ကနေ သူတို့ထွက်လာတာနဲ့ သူတို့ရဲ့ လမ်းမှာ ရန်လိုတဲ့ အကြည့်နဲ့ လူတစ်အုပ်က တားဆီးထားတာကို မြင်လိုက်ရပါတယ်။

ရင်ဟောင်က အံ့အားသင့် သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ ဂင်ပေါက်မှာ သူမလို သခင်မလေးကို တစ်စုံတစ်ယောက်က တကယ်ပဲ သူမရဲ့လမ်းကြောင်းမှာ ပိတ်ဆို့ထားပွဲတာလား။ ဒါက ဘာကိုဆိုလိုတာလဲ။

"ကောင်စုတ်လေး မင်းရဲ့ အသက်ကို ပေးစမ်း"

လင်းဟန်ထွက်လာတာကို သူတို့တွေ မြင်လိုက်ရတဲ့ အခါမှာ ချက်ချင်းဆိုသလို တောက်ပနေတဲ့ လက်နက်ငါးခုကို အရှေ့ကို ပွေ့ယမ်းလိုက်ပါတယ်။

"အတင့်ရဲလှချည်လား"

စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အစောင့်က ဒါကိုမြင်လိုက်တဲ့ အခါမှာ သူကချက်ချင်းပဲ လှုပ်ရှားလိုက်ပါတယ်။ သူရဲ့ဓားကို တစ်ချက်ပွေ့ယမ်းလိုက်တာနဲ့ လက်နက်ငါးခုက သူတို့ရဲ့ ပိုင်ရှင်တွေ လက်ထဲကနေ လွင့်ပျံထွက်ကုန်ပါတယ်။

ကျန်းကလန်ရဲ့ အဖွဲ့သားတွေက ဒါကိုမြင်လိုက်ရတဲ့ အခါမှာ ချက်ချင်းဆိုသလို မကျေမနပ် ဖြစ်သွားပြီး ပြောလိုက်ပါတယ်။

"ဒီကောင်စုတ်လေးက ငါတို့ရဲ့ သခင်လေးကို သတ်သွားခဲ့တယ်။ အစောတုန်းက သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ထဲမှာ ပုန်းနေခဲ့တယ်။ ငါတို့က မင်းတို့ကို မျက်နှာသာ ပေးတဲ့ အနေနဲ့ အထဲကို တရကြမ်း ဂင်ပြီးတော့ သူ့ကို မဖမ်းဆီးခဲ့ဘူး။ ဒါပေမဲ့ အခု သူကအပြင်ကို ထွက်လာပြီ။ မင်းတို့အားလုံးက သူ့ကို ကာကွယ်ပေးချင်သေးတာလား"

စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အစောင့်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးလိုက်ပါတယ်။ ဘယ်လောက်တောင် တုံးလိုက်တဲ့ ငတုံးတစ်စုလဲ။ သူတို့က တကယ်ပဲ သခင်မလေးရဲ့ ဂုဏ်သရေရှိ ဧည့်သည်ကို ထိပါးပုံ့တယ်ပေါ့။ သူတို့က တကယ်ပဲ အသက်ရှင်ရတာ ပင်ပန်းနေပြီ ထင်တယ်။ ကျန်းကလန်ဟုတ်လား။ စိတ်ဂိညာဉ် ပင်လယ်ကျင့်ကြံသူတွေလောက်ပဲရှိတဲ့ ကလန်လေး တစ်ခုက စိတ်ဂိညာဉ် ရတနာ စံအိမ်ကို အကြောင်းပြချက် ထုတ်ခိုင်းပုံ့တယ်ပေါ့လေ။

"ထွက်သွားကြစမ်း"

သူက ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေကို အပြည့်အဝ ထုတ်ဖော်ထားလိုက်သည်။

"တကယ်လို့ မင်းတို့တွေ ဆက်ပြီးတော့ နှောင့်ယှက်နေဦးမယ်ဆိုရင် မင်းတို့အားလုံးကို ငါသတ်ပစ်ရလိမ့်မယ်"

ကျန်းကလန်ရဲ့ အဖွဲ့ဝင်တွေက အလျော့ပေးဖို့ ဆန္ဒမရှိကြပဲ စတင်ပြီးတော့ အော်ဟစ် လိုက်ကြပါတယ်။

"စိတ်ဂိညာဉ် ရတနာ စံအိမ်တောင်မှ မလျော်မကန်နဲ့ မလုပ်နိုင်ဘူး"

"ငါတို့ရဲ့ သခင်လေးကို သတ်ပြီးတာတောင်မှ မင်းက ကိန်းကြီးခမ်းကြီးနဲ့ ထွက်ပြေးဖို့ လုပ်နေသေးတာလား"

"တရားခံကို လွှဲပြောင်းပေးစမ်း"

အစောင့်က အေးစက်စက်နဲ့ သရော်ပြုံး ပြုံးလိုက်ပြီးတော့ သူရဲ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒီနောက်မှာ သူကပြောလိုက်သည်။

"တကယ့်ကို မဆင်မခြင်လုပ်တတ်တဲ့ မျက်မမြင် ငတုံးအေ တစ်စုပဲ"

ရှပ် ရှပ် ရှပ်။

သူတို့ထဲက လူတချို့ကို ဆက်တိုက် သတ်ဖြတ်ပြီးတဲ့ နောက်မှာတော့ ကျန်နေတဲ့ သူတွေက ထိတ်လန့်ကြောက်ရွံ့သွားကြပြီး သူတို့ရဲ့အသက်ကို ဖက်နဲ့ထုပ်ကာ အလျင်အမြန်ပဲ ချာခနဲ လှည့်ထွက်ပြီး ထွက်ပြေးသွားကြပါတယ်။

လင်းဟာန်နဲ့ တခြားလူတွေက ဒီကိစ္စကို နည်းနည်းလေးမှတောင် ခေါင်းထဲမထည့်ကြပါဘူး။ ဒီလိုအဆင့် တိုက်ပွဲမျိုးက သူတို့ရဲ့ မျက်စိထဲမှာတော့ ကလေးကစားနေသလိုပါပဲ။

မြင်းလှည်းက အလယ်ပိုင်း ဒေသဆီကို စတင်ပြီးတော့ ထွက်ခွာလာခဲ့ပါပြီ။

လင်းဟန်က သက်တောင့်သက်သာနဲ့ ထိုင်ချလိုက်ပါတယ်။ ဟူးညိုက သူရဲ့ပေါင်ပေါ်မှာ ထိုင်ပြီးတော့ ဖရဲသီးစေ့တွေကို ဂါးစားနေပါတယ်။ သူမက လင်းဟန်ကို နီးနီးကပ်ကပ်ကို နေပြီးတော့ စောင့်ကြပ်နေပြီး ကျူးရွှမ်အာကို နည်းနည်းလေးမှတောင် အနားကို တိုးကပ်လာဖို့ အခွင့်အရေး မပေးပါဘူး။

"အရင်ဆုံး လူတွေအများကြီးက နင့်ကို အမဲလိုက်ပြီး ငါတို့ဘက်အတွက် ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့မှာကို ငါစိုးရိမ်ပူပန်မိသေးတယ်။ နင့်မှာ ဒီလိုမျိုး အစွမ်း တကယ်ပဲ ရှိလိမ့်မယ်လို့ ငါမထင်ထားမိခဲ့ဘူး"

ရင်ဟောင်က လင်းဟန်ရဲ့ မျက်နှာကို စိုက်ကြည့်နေပြီး သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"အခုတလော ပြဿနာကြီးကြီးမားမား ဖြစ်သွားခဲ့လို့လား"

"ဟုတ်တယ်။ သေချာပေါက်ကို ရှိတာပေါ့"

ရင်ဟောင်က ချက်ချင်းပဲ ပြန်ဖြေလိုက်ပါတယ်။

Chapter 542 end

အပိုင်း(၅၄၃) အမျိုးသမီး လူရမ်းကား

"ဘယ်လိုမျိုး ကိစ္စကြီးလဲ"

လင်းဟန်က မေးလိုက်သည်။

"ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရရှိခဲ့ပြီး တန်ခိုးရှင်တစ်ပါးရဲ့ ရတနာသိုက် တည်နေရာကိုပါ ရှာတွေ့ခဲ့တယ်လေ။ အဲဒါကို အရမ်းကို ကြီးကျယ်တဲ့ ကိစ္စတစ်ခုလို မသတ်မှတ်သင့်ဘူးလား"

ရင်ဟောင်က တန်ပြန်တိုက်စစ် ဆင်လိုက်သည်။

လင်းဟန်က ခြောက်ကပ်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်သည်။

"ဒီဟာသက နည်းနည်းလေးမှတောင် ရယ်စရာ

မကောင်းဘူး”

“ဒါဆိုရင် အလယ်ပိုင်းဒေသမှာ ဖြစ်ပျက်သွားခဲ့တဲ့ ကြီးမားတဲ့ အရာတစ်ခု အကြောင်းကို ပြောကြတာပေါ့”

ရင်ဟောင်က လေးလေးနက်နက်နဲ့ ပြောလိုက်သည်။

“လွန်ခဲ့တဲ့ တစ်လလောက်က အလယ်ပိုင်း ဒေသမှာ လျှို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခု ပွင့်လာခဲ့တယ်။ ပြီးတော့ အဲဒီအထဲကနေ ဆုလာဘ်တွေ အမြောက်အများကို ရရှိခဲ့ကြတယ်။ အဲဒီမှာ တစ်ခါမှ နာမည်တောင်မကြားဖူးတဲ့ လူသစ်တွေ အများကြီးက ရုတ်တရက်ဆိုသလို နေ့ချင်းညချင်း နာမည်ကြီးလာခဲ့ကြတယ်”

“အိုး ဘယ်လိုလျှို့ဝှက်ဆန်းကြယ် နယ်မြေလဲ”

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ မေးလိုက်သည်။ ဘယ်လိုပါရမီရှင်တွေပဲ ပေါ်ထွက်လာပါစေ သူ့အတွက်တော့ သိပ်ပြီးတော့ ဂရုစိုက်စရာ မလိုပါဘူး။ ကျင့်ကြံခြင်းအဆင့် တူညီတဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ သူ့အကြားမှာ တိုက်ပွဲတစ်ခု ဖြစ်မယ်ဆိုရင် သူ့အနေနဲ့ ရှုံးနိမ့်လိမ့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။

"ကောင်းကင်တိုက်ကွင်း"

ရင်ဟောင်က ပြန်ဖြေလိုက်ပါတယ်။

"အဲဒါ ဘယ်လိုမျိုး လျို့ဝှက်ဆန်းကြယ်နယ်မြေလဲ"

လင်းဟန်က ဒီအကြောင်းကို မကြားဖူးပါဘူး။

"ကောင်းကင်က လူတွေအများကြီးကို လျို့ဝှက်ဆန်းကြယ်နယ်မြေကို ဝင်ဖို့အတွက် ရွေးချယ်ပြီး အဖွဲ့ဆယ့်ရှစ်ခုအဖြစ်ကို ခွဲလိုက်တယ်။ သူတို့တွေက အတားအဆီးအမျိုးမျိုးကို ဖြတ်ကျော်ပြီး နောက်ဆုံးမှာ အသက်ရှင်ခွင့်ရတဲ့အဖွဲ့က အသေအကြေ တိုက်ပွဲတစ်ခုကို ယှဉ်ပြိုင်ရမယ်။ အနိုင်ရပြီး ထွက်လာနိုင်တဲ့ အဖွဲ့က အံ့အားသင့်စရာကောင်းတဲ့ ဆုလာဘ်တွေကို ရရှိလိမ့်မယ်။ ပြီးတော့ အဲဒါက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို နှစ်ဆင့်သုံးဆင့်ထိ တန်းပြီးတော့ မြင့်သွားစေနိုင်တယ်"

ရင်ဟောင်က ပြောလိုက်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ အရမ်းကို

ထူးဆန်းလိုက်တာ။ အဲဒါက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို နှစ်ဆင့် ဒါမှမဟုတ် သုံးဆင့်တောင်မှ တကယ်ပဲ တိုးလာနိုင်စေတာလား။ ဒါပေမဲ့ သူက ချက်ချင်းပဲ သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်က အခုလိုမျိုး တစ်ချက်ခုန်ပြီး အောင်မြင်မှုကို မလိုချင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျင့်ကြံခြင်းကို အရောင်တင်ဖို့ လိုအပ်ပါတယ်။ တကယ်တော့ အရမ်းကို မြန်ဆန်တဲ့ ကျင့်ကြံခြင်းရဲ့ အခြေခံက ခိုင်မာကျစ်လျစ်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ အခြေခံ ကျစ်လျစ်မှုက ကျင့်ကြံခြင်း လုပ်ငန်းမှာ အကျိုးသက်ရောက်မှု မရှိဘူးဆိုရင် ဒီလိုမျိုး ကျင့်ကြံသူ တစ်ယောက်ကို တူညီတဲ့ ကျင့်ကြံခြင်းအဆင့်မှာ အရည်အချင်းရှိတဲ့ လက်ရွေးစင်တစ်ယောက်လို့ ခေါ်ဆိုနိုင်လိမ့်မှာ မဟုတ်ပါဘူး။

"အဲဒီမှာ လျှို့ဝှက်ဆန်းကြယ် နယ်မြေကနေ ကောင်းမွန်တဲ့ ပစ္စည်းတချို့ကို ရရှိခဲ့လူတွေလည်း ရှိတယ်။ စိတ်ဝိညာဉ် ရတနာ စံအိမ်ရဲ့ ဌာချုပ်ကို သွားတဲ့ ဒီခရီးမှာ အဲဒီလူတွေက သူတို့ကိုယ်တိုင် အသုံးပြုလို့ မရနိုင်တဲ့ ရတနာတချို့ကို လေလံတင် ရောင်းချကြလိမ့်မယ်"

ရင်ဟောင်က ဆက်ပြီးတော့ ပြောလိုက်သည်။

ဒီတစ်ချက်ကိုတော့ လင်းဟန်က စိတ်ဝင်စားသွားပုံရပါတယ်။ သူကခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုကိစ္စတွေ ရှိတယ်ဆိုရင်တော့ သွားရတာ ထိုက်တန်ပါလိမ့်မယ်"

"ကောလာဟလတွေ အရတော့ လူသစ်တချို့က အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ တွန်းအားတွေ ရှိကြတယ်။ သူတို့က တခြားနယ်မြေတွေက အဖွဲ့ခွဲတွေကနေ စေလွှတ်လိုက်တဲ့ လူတွေဖြစ်နေမှာကို ငါတကယ်ပဲ စိုးရိမ်ပူပန်မိတယ်။ ဒါဆိုရင် သိုင်းပညာ ယှဉ်ပြိုင်ပွဲမှာ ငါတို့တွေ အများကြီး အသာစီး ရနိုင်လိမ့်မှာ မဟုတ်ဘူး"

ရင်ဟောင်က စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်။

"ပိုး ရှွမ်အာထက် သန်မာတာလား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့ နတ်ဘုရားအာရုံဒဏ်ရာကနေ ပြန်လည်သက်သာ ကောင်းမွန်လာတယ်ဆိုပေမဲ့ ကျူးရှွမ်အာရဲ့ အစွမ်းကလည်း အရမ်းကို လျင်မြန်စွာနဲ့ တိုးတက်လာခဲ့ပါတယ်။ ပထမအချက်က

သူမက ပြန်ကန်တက်လာမှု တစ်ခုကို လက်ခံရရှိခဲ့ပါတယ်။ ပြီးတော့ ဒုတိယအချက်က လင်းဟန်က သူမကို မှော်ဆေးလုံးတွေ အများကြီး ပေးခဲ့ပြီး ဘုရင်အဆင့် သားရဲကောင်ရဲ့ အသွေးအသားလိုမျိုး သဘာဝ ရတနာတွေ၊ စိတ်ဝိညာဉ် အရည်တို့လည်း ပါပါတယ်။ သူမရဲ့ ကျင့်ကြံခြင်း လုပ်ငန်းက မယုံနိုင်စရာ လျင်မြန်ပါလိမ့်မယ်။

ရင်ဟောင်က လေးနက်စွာနဲ့ ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"အရမ်းအရမ်းကို သန်မာတယ်။ ပန်းဖူးအဆင့်မှာပဲ။ အဲဒီမှာ ပန်းဖူးအဆင့် နောက်ပိုင်း အဆင့်ကို အဆင့်တက်သွားတဲ့ လူနှစ်ယောက်ရှိပြီး ဒုတိယအကြီးကျယ်ဆုံး ဓားသမားလိုမျိုး ပါရမီရှင် အုပ်ချုပ်သူတွေကို စိန်ခေါ်နိုင်တဲ့အထိ အဆင့်မီတယ်"

သူတို့က ယိုဟိုင်ယွဲ့နဲ့ အဆင့်တူကြတာလား။

ဒီအချက်ကြောင့် လင်းဟန်လည်း အရမ်းကို သိချင်စိတ် ပြင်းပြတဲ့ အမှုအရာတစ်ခု ဖြစ်ပေါ် လာခဲ့ပါတယ်။ အဆင့်တူတွေအကြားက တိုက်ပွဲတစ်ခုမှာ သူ့အနေနဲ့ ယိုဟိုင်ယွဲ့အပေါ် မှာ အနိုင်ရနိုင်တယ် ဆိုတာကို

ယုံကြည်ပါတယ်။ ဒါပေမဲ့ တကယ်လို့ ကျင့်ကြံခြင်းအဆင့် ကွာဟချက် လေးခု သို့မဟုတ် ငါးခုရှိမယ်ဆိုရင် ရလဒ်ကို ပြောပြဖို့ အတော်လေးကို ခက်ခဲပါတယ်။ တကယ်တော့ ယိုဟိုင်ယွဲ့က ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ရုံသာမက ရှေးဟောင်း အင်အားကြီး ဂိုဏ်းတစ်ခုကနေ လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ဂတ်ရုံအောက်မှာ အစွမ်းထက်တဲ့ ပုက်ဖဲတွေ အများကြီး ရှိနေနိုင်ပါတယ်။

သူတို့က အရင်တုန်းက တိုက်ခိုက်ဖူးတယ် ဆိုပေမဲ့ လင်းဟန်က မိုးကြိုးချပ်ဂတ်အပေါ်မှာ မှီခိုပြီး ဒုတိယ အချက်က ယိုဟိုင်ယွဲ့က သူ့ကိုယ်သူ တိုက်ကွက်သုံးကွက်နဲ့ ကန့်သတ်ထားခဲ့ပါတယ်။ အဆုံးမှာတော့ သူ့ရဲ့တတိယမြောက် တိုက်ကွက်အတွက် အစွမ်းအစ အကုန်လုံး ထုတ်ဖော်ပေမဲ့ အဲဒါက တိုက်တိုက်ဆိုင်ဆိုင်ကို လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်သိုင်းကွက် ဖြစ်နေပြီး ဒါကြောင့်လည်း လင်းဟန်က သူ့ရဲ့တိုက်ခိုက်မှုကို ချိုးဖျက်နိုင်ခဲ့ရတဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် အဲဒီတိုက်ပွဲက ယိုဟိုင်ယွဲ့ရဲ့ စစ်မှန်တဲ့ စွမ်းအားကို လုံးဝမဖော်ပြနိုင်ပါဘူး။

"အဲဒီလူသစ်တွေက ဘယ်သူလဲ"

လင်းဟန်က မေးလိုက်သည်။

"ရှယုရန်၊ ဂျိုဂမ်ရှန်း၊ ဖေးဟောင်၊ ပူဟွာယွမ်၊ လန်ပူရှင်း"

ရင်ဟောင်က သူမရဲ့ လက်ချောင်းတွေကို ချိုးပြီးတော့ ရေတွက်လိုက်ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မေးလိုက်ပါတယ်။

"သူတို့အားလုံးက ပန်းဖူးအဆင့် ကျင့်ကြံသူတွေလား"

"သေချာတာပေါ့"

"အားလုံးက အသက်သုံးဆယ်အောက်တွေလား"

"အကုန် သုံးဆယ်အောက်ပဲ"

လင်းဟန်က တုန်လှုပ်သွားခဲ့သည်။ ဒီခေတ်က လူသစ်တွေက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက အများဆုံး သူရယ်၊ ဓားကေရာဇ်နဲ့ တခြားလူတွေပဲ အသက်သုံးဆယ်အောက် အရွယ်မှာ

ပန်းဖူးအဆင့်ကို ချိုးဖျက်နိုင်ခဲ့ပြီး အရမ်းကို နည်းပါးတဲ့ အရေအတွက် တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီဘဂအချိန်မှာတော့ မရေတွက်နိုင်တဲ့ ပါရမီရှင်တွေ ထွက်ပေါ်လာခဲ့ပြီး ဘူးထဲကနေ လောင်းချလိုက်သလိုမျိုးပါပဲ။

မဟုတ်ဘူး။ ဒါက မမှန်သေးဘူး။ ဒီခေတ်က ပါရမီရှင်တွေက ပိုပြီးတော့ အစွမ်းထက်တာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီဘဂမှာ သိုင်းပညာရပ်တွေအတွက် ပတ်ဂန်းကျင်က တကယ်ပဲ အရမ်းကို ကောင်းမွန်နေလို့ ဖြစ်ပါတယ်။ အမျိုးမျိုးသော လျှို့ဝှက်ဆန်းကြယ် နယ်မြေတွေက ပွင့်ပြီး ကျင့်ကြံသူတွေကို သူတို့ရဲ့ ကျင့်ကြံခြင်းမှာ လျင်မြန်စွာနဲ့ တိုးတက်စေခဲ့ပါတယ်။ နောက်ပြီးတော့ ဒီပတ်ဂန်းကျင်မှာရှိတဲ့ စိတ်ဂိညာဉ် ချီတွေကလည်း မြင့်တက်နေပြီး သဘာဂ ရတနာတွေကလည်း ပိုပိုပြီးတော့ ထွက်ပေးလာခဲ့ပြီး သိုင်းပညာရဲ့ တိုးတက်မှုတွေကို လျင်မြန်စွာနဲ့ ဦးဆောင်သွား ခဲ့ပါတယ်။

ဒီလိုအခြေခံတွေနဲ့ဆိုရင် ဟိုးအရင်ကထက် ပိုပြီးတော့ သန်မာတဲ့ ပါရမီရှင်တွေ အမြောက်အများ ရှိတာက သဘာဂကျပါတယ်။

လင်းဟန်က မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ မရေတွက်နိုင်တဲ့ ပါရမီရှင်တွေနဲ့ တိုက်ပွဲတွေ ဖလှယ်ရတာက သူရဲ့တိုက်ပွဲစွမ်းရည်ကို တိုးတက်လာစေဖို့ အရမ်းကို အကျိုးအမြတ် ရှိပါတယ်။ နောက်ပြီးတော့ ဘာမဟုတ်တဲ့ အသေးအဖွဲ့လူတွေ အပေါ်မှာ ဆက်ပြီးတော့ နင်းချေဖို့ဆိုတာက တကယ်ပဲ စိတ်ဝင်စားစရာ မကောင်းပါဘူး။

"ငါတကယ်ပဲ ဒီလူတွေနဲ့ တိုက်ခိုက်ချင်တယ်"

လင်းဟန်က ပြတ်ပြတ်သားသားနဲ့ ပြောလိုက်သည်။

"ဒီလူတွေထဲက တချို့ကို တခြားအဖွဲ့ခွဲတွေက ဒီစိတ်ဂိညာဉ် ရတနာစံအိမ် ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားတယ်ဆိုတာ သေချာတယ်။ ဒါကြောင့် နင်က သေချာပေါက် ဒီအခွင့်အရေး ရလိမ့်မယ်"

ရင်ဟောင်က ပြောလိုက်သည်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

"ငါက မော်ဆေးပညာ ပြိုင်ပွဲတစ်ခုမှာပဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့

ကတိပေးထားတယ်လေ။ တကယ်လို့ မင်းကင့်ါကို သိုင်းပညာ ပြိုင်ပွဲမှာ ဂင်ရောက်ယှဉ်ပြိုင် စေချင်တယ်ဆိုရင် အဆင်ပြေပါတယ်။ ဒါပေမဲ့ မင်းင့်ါအတွက် တန်ရာတန်ကြေး တိုးမြှင့်ပေးဖို့ လိုလိမ့်မယ်”

“ဟော့ဟော့ဟော့ နင်ပဲ သူတို့နဲ့ တိုက်ခိုက်ချင်တယ်လို့ ပြောခဲ့တာလေ။ ငါက နင့်အတွက် အခွင့်အရေးတစ်ခုကို ဖန်တီးပေးတာပါ”

ရင်ဟောင်ရဲ့ မျက်လုံးတွေ ပြူးသွားပါတယ်။

“နင့်လိုမျိုး ကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့လူစားမျိုးကို ဘယ်တုန်းကမှ မတွေ့ဖူးဘူး။ နင်က ပိုက်ဆံအကြောင်းပဲ စဉ်းစားနေတာပဲ”

လင်းဟန်က ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက တကယ်ပဲ မင်းကိုယ်မင်း စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီး တစ်ယောက်လို့ သက်သေပြ နေတာပဲ။ ဒီကိစ္စမှာ မင်းကသိသိသာသာကို အသာစီးရယူထားတာ ထင်ရှားနေတာပဲ။ ဒါပေမဲ့ မင်းက ဆုံးရှုံးတယ်လို့ ပြောနေတယ်။ ကောင်းပြီလေ ဘာပဲဖြစ်ဖြစ်

မင်းကြိုက်သလိုပေါ့။ တကယ်လို့ ငါ့ကိုလုပ်ရှားချင်တယ်ဆိုရင် မင်းရဲ့ ရိုးသားမှု အဆင့်ကို ကြည့်ရမှာပေါ့"

ရင်ဟောင်က အံကိုကြိတ်ပြီးတော့ မေးလိုက်သည်။

"ကြယ်နစ်ပွင့် မူလစွမ်းအင်ပုံဆောင်ခဲ တစ်သိန်းက ရိုးသားမှုကို ဖော်ပြဖို့ လုံလောက်ပြီလား"

"ကြယ်နစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ဟုတ်လား။ ဒီလိုမျိုး အမှိုက်တွေကို ငါမယူနိုင်ဘူး"

လင်းဟန်က အထင်သေးစွာဖြင့် ပြောလိုက်ပါတယ်။ သူက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပါပြီ။ ပြီးတော့ သူ့အတွက် ကြယ်နစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲဆိုတာက လုံးဝကို အသုံးမဝင်ပါဘူး။

"ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်"

ရင်ဟောင်က စားပွဲပေါ်ကို လက်တစ်ဖက်နဲ့ ရိုက်ချလိုက်ပါတယ်။ သူမရဲ့ အသွေးအသားတွေ တဆတ်ဆတ် တုန်ခါနေသလိုမျိုးပုံစံ ဖြစ်နေပြီး သူမရ

အရမ်းကို ထိတ်လန့်နာကျင်နေတဲ့ ခံစားချက် အမူအရာတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။

"ညီးညီး ငါ့ကိုကြည့်ရတာ သူတောင်းစား တစ်ယောက်နဲ့ တူတယ်လို့ ထင်သလား"

လင်းဟန်က ဟူးညိုဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"မတူဘူး"

ဟူးညိုကတော့ သူ့ဘက်ကပဲ ဖြစ်ပါတယ်။

သူက ရွှမ်အာဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"ရွှမ်အာ နင်ရောဘယ်လိုထင်လဲ"

"ဒါပေါ့ အစ်ကိုဟန်က ဘယ်လိုလုပ် တူမှာလဲ"

ကျူးရွှမ်အာက ချက်ချင်းပဲ ချိုသာစွာ ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က ပော့လျန်ချွင်ရွှယ်ဘက်ကို လှည့်လိုက်ပါတယ်။

ဒါပေမဲ့ သူမေးတာကိုတောင် မစောင့်ပဲ ပင်လယ်မျိုးနွယ်စုရဲ့ မင်းသမီးက ချက်ချင်းကို ပြောလိုက်ပါတယ်။

"လင်းဟန်က သူတောင်းစား တစ်ယောက် မဟုတ်ဘူး"

ကောင်းပြီလေ။ သူမက မမေးခင်မှာ ဘယ်လိုမျိုး ဖြေရမယ်ဆိုတာကို နားလည်သွားပါပြီ။ ကြည့်ရတာ သူမရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အတော်လေးကို တိုးတက်လာခဲ့ပုံ ရပါတယ်။

လင်းဟန်က ပြန်လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမြင်လား။ အားလုံးက ငါ့ကို သူတောင်းစား တစ်ယောက်နဲ့ မတူဘူးလို့ ပြောကြတယ်။ ဒါပေမဲ့ မင်းကတော့ ငါ့ကို သူတောင်းစားကို စွန့်ကျဲသလို နည်းမျိုးဘာကြောင့် သုံးတာလဲ။ အဲဒါက ငါ့ကို အထင်သေးတာပဲ မဟုတ်လား"

ရင်ဟောင်က တစ်ယောက်ယောက်ကို တကယ်ပဲ လည်ပင်းထညှစ်ပစ် ချင်နေပါပြီ။ ဟေ့။ ဘယ်သူကများ သူတောင်းစားကို ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်ကို စွန့်ကြဲလို့လဲ။ သူမက စိတ်ဂိညာဉ် ရတနာ

စံအိမ်ရဲ့ ဌာနခွဲများထဲမှ တစ်ခုက စံအိမ်အရှင်သခင် ဖြစ်သူရဲ့ သမီးပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူမက စီးပွားရေး လုပ်ငန်းရှင် အမျိုးသမီး တစ်ယောက် အဖြစ် မွေးဖွားလာတာ သဘာဝ ကျပါတယ်။ ချက်ချင်းဆိုသလို သူမက မျက်နှာပြောင်ပြောင်နဲ့ ပြောလိုက်ပါတယ်။

"တစ်ထောင်ပဲ အဲဒီထက် မပိုဘူး။ တကယ်လို့ နင်လိုချင်ရင်တော့ ငါ့မှာစိတ်ဂင်စားစရာ တစ်ခုတော့ရှိတယ်။ နင်ကဘာဖြစ်လို့ ငါနဲ့မအိပ်လဲ။ ငါ့ရဲ့အဆင့်အတန်းနဲ့ဆိုရင် ငါနဲ့တစ်ကြိမ် အိပ်တာက အနည်းနဲ့အများတော့ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲတစ်ထောင်တော့ တန်ပါလိမ့်မယ်။ တကယ်လို့ နင်ကငါနဲ့အတူ အကြိမ်နည်းနည်းလောက် အိပ်မယ်ဆိုရင် ငါ့ကိုတောင်မှ နင်ကပြန်ပြီးတော့ ပေးရလိမ့်မယ်"

လင်းဟန်က ချက်ချင်းပဲ ရှုံ့နိမ့်သွားခဲ့ပါတယ်။ ဒီလိုမျိုး မျက်နှာပြောင်တိုက်တဲ့ အမျိုးသမီး လူဆိုးမနဲ့ဆို သူက တကယ်ပဲ အကူအညီမဲ့သလို ခံစားလိုက်ရပြီး သူကဖြူကောင်ကို လက်နဲ့သွားကိုင်ဖို့ ကြိုးစားနေသလိုမျိုးနဲ့ တူပါတယ်။ သူ့မှာလုံးဂကို အကြံမရှိတော့ပါဘူး။ သူက သက်ပြင်းချပြီးတော့ မေးလိုက်ပါတယ်။

"မင်းဒီလောက်တောင် အရက်ကင်းမဲ့တာ မင်းမိသားစုကရော သိရဲ့လား"

"ငါ့မှာ ရင်သားကြီးကြီးတွေရှိတယ်။ အဲဒီတော့ ငါကနည်းနည်းလောက် အရက်မဲ့တော့ ဘာဖြစ်မှာလဲ"

ရင်ဟောင်က ဂုဏ်ယူဂုဏ်ယူဂုဏ်ကြွားစွာနဲ့ မေးလိုက်ပါတယ်။

"တကယ်လို့ နတ်ဘုရားတွေက မကျေနပ်ဘူးဆိုရင် ငါ့ကို မိုးကြိုးလျှပ်စီးနဲ့ ပစ်ချလိုက်မှာပေါ့"

ဒိန်း။

သူမရဲ့ စကားတွေကို ပြောလို့ပြီးရုံပဲ ရှိပါသေးတယ်။ ချက်ချင်းဆိုသလို ကျယ်လောင်တဲ့ ဆူညံသံ တစ်ခုကို ကြားလိုက်ရပါတယ်။ ၎င်းအသံက မိုးကြိုးပစ်သံနဲ့ တူပြီးတော့ မြင်းနှစ်ကောင်ကို ထိတ်လန့်သွားစေပြီး မြင်းလှည်းကို အဆွန်ရာယ်ရောက်စေနိုင်အောင် ဆွဲပြေးသွားစေပါတယ်။

ရင်ဟောင်ရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ နတ်ဘုရားတွေက နေရာအနှံ့မှာ ရှိပါတယ်။ သူမက လုံးဝကို ကံမကောင်းပဲ နတ်ဘုရားတွေကို တကယ်ပဲ သူမပြောတဲ့

စကားတွေကို ကြားသွားစေခဲ့တာလား။

"မပာတ်သေးဘူး။ တစ်ယောက်ယောက်က တိုက်ခိုက်နေပြီ"

လင်းဟန်က ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

Chapter 543 end
အပိုင်း(၅၄၄) ထူးကဲသော ပါရမီရှင်နှစ်ဦး

လင်းဟန်က မြင်းလှည်းထဲကနေ ခုန်ထွက်လိုက်ပြီး သိပ်မဝေးတဲ့ ကောင်းကင်ပေါ်မှာ လူနှစ်ယောက်က ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်နေတာကို မြင်တွေ့လိုက်ရပါတယ်။

သူတို့တွေက ကောင်းကင်ထက်မှာ အပြင်ဘက် အထောက်အကူမပါပဲ ပျံသန်းနေနိုင်မှတော့ သူတို့က အနည်းဆုံး ပန်းဖူးအဆင့်မှာ ရှိကြပါတယ်။

သူတို့က အရမ်းကို ဝေးကွာနေရင် လင်းဟန်အနေနဲ့ တိုက်ခိုက်နေသူ နှစ်ယောက်ရဲ့ အရှိန်အဝါကို မမြင်တွေ့နိုင်ပဲ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်က ဘယ်လောက်မှာ ရှိတယ်ဆိုတာကို ကောက်ချက်မချနိုင်တာက

သဘာဂကျပါတယ်။ ဒါပေမဲ့လည်း သူရဲ့အမြင်စွမ်းအားနဲ့ဆိုရင် မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ တိုက်ခိုက်နေသူ နှစ်ယောက်ရဲ့ မျက်နှာသွင်ပြင်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ဖို့ လုံလောက်ပါတယ်။ သူတို့နှစ်ယောက်လုံးကို ကြည့်ရတာ အသက်နှစ်ဆယ် ဂန်းကျင်အရွယ်တွေ ဖြစ်ပြီးတော့ အရမ်းကို ငယ်ရွယ်ကြပါတယ်။

သူတို့ကိုကြည့်ရတာ ငယ်ရွယ်တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်ကို ငယ်ရွယ်တာပါ။ သူတို့ရဲ့ သွေးနဲ့ချီတွေက ထူးခြားဆန်းကြယ်မှုတွေနဲ့ မိုးကောင်းကင်ထက်ဆီကို မြင့်တက်နေပြီး သူတို့ရဲ့ အံ့မခန်း အသက်ဓာတ်ကို ဖော်ပြနေပါတယ်။

ဟုန်း။

သူတို့နှစ်ယောက်က နောက်ထပ်တိုက်ကွယ် ဖလှယ်လိုက်ကြပါတယ်။ တစ်ယောက်က ဆေဘာဓားကို ကိုင်ဆောင်ထားပြီး ကျန်တဲ့တစ်ယောက်ကတော့ ဓားတစ်လက်ကို ကိုင်ဆောင် ထားပါတယ်။ သူတို့ရဲ့ လက်နက်တွေကို ခုတ်ပိုင်းလိုက်တာနဲ့ ဓားချီအလင်း ဆယ့်ကိုးခုနဲ့ ဆေဘာချီအလင်း ဆယ့်ကိုးခုက

ခုန်ပေါက်ထွက်လာပြီး ကောင်းကင်နဲ့ မြေကြီးကို ပိုင်းဖြတ်ပစ်တော့မဲ့အတိုင်း အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေပါတယ်။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက ဓားချီအလင်း ဆယ့်ကိုးခုကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကောင်းကင်ပေါ်က တိုက်ခိုက်နေတဲ့ လူငယ်နှစ်ယောက်ကလည်း တကယ့်ပဲ သူ့ထက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။

ဒါက လုံးဝကို အဓိပ္ပါယ် မရှိပါဘူး။ ဟုတ်တယ်မလား။ သူတို့က အခုမှ ခရီးထွက်လာရုံပဲ ရှိပါသေးတယ်။ ဒီလိုမျိုး အဆင့်မှာရှိတဲ့ လူငယ်လက်ရွေးစင်တွေနဲ့ ကြုံတွေ့နေရပြီလား။

ဒါပေမဲ့လည်း သူရဲ့သွေးတွေက လျင်မြန်စွာနဲ့ ဆူပွက်လာပြီး တိုက်ပွဲဝင်ချင်တဲ့ စိတ်ဆန္ဒတွေက မိုးထိအောင် ထိုးတက်လာခဲ့ပါတယ်။ သူလည်းပဲ တိုက်ပွဲကို ဝင်ရောက်တိုက်ခိုက်ချင်နေပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း။

မိုးကောင်းကင်ပေါ်မှာ လက်ရွေးစင် ကျင့်ကြံသူ လူငယ်နှစ်ယောက်က အမျိုးမျိုးသော ထူးထွေဆန်းပြားတဲ့ နည်းစနစ်တွေကို အသုံးပြုပြီး သူတို့ရဲ့ သိုင်းဆန္ဒအသီးသီးက မည်သည့် စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူကိုမဆို လွယ်လွယ်ကူကူနဲ့ ဖြိုခွင်းပြီးတော့ လုံးဝကို သတိလစ် မေ့မျောသွားစေနိုင်တဲ့ အစွမ်းတွေကို ထုတ်ဖော်ပြသနေပါတယ်။ ပန်းဖူးအဆင့်မှာ သိုင်းပညာရပ်တွေရဲ့ နတ်ဘုရားပန်းပွင့်တွေလည်း ပွင့်လန်းလာပြီးပါပြီ။ ဒါကြောင့် ကျင့်ကြံသူတွေက သူတို့ရဲ့ ပတ်ဝန်းကျင်က စိတ်ဂိညာဉ် ချီတွေကို စုစည်းနိုင်ပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်တိုက်ခိုက်မှု အပေါ်မှာ ပေါင်းထည့်နိုင်ကြပါတယ်။ တကယ်လို့ သူတို့က လေထဲမှာ တိုက်ပွဲဆင်နွဲနေတယ် ဆိုရှိုတောင်မှ သူတို့ရဲ့ တိုက်ခိုက်မှုတွေကနေ ထွက်ပေါ်လာတဲ့ အားလှိုင်းတွေက ကျောက်နံရံ အစိတ်အပိုင်းတွေကို လွယ်လွယ်ကူကူနဲ့ လှီးဖြတ်နိုင်စွမ်း ရှိနေဆဲပါပဲ။ ဒါက ကမ္ဘာကြီးရဲ့ အဆုံးသတ်က ကျရောက်လာသလိုမျိုးပါပဲ။

ထန်။

ကျောက်နံရံတစ်ခု ပျက်စီးသွားပြီး တိုက်တိုက်ဆိုင်ဆိုင်

ဆိုသလို လင်းဟန်ရဲ့ ခေါင်းတည့်တည့်ပေါ် ကျောက်တုံးကြီးက လွင့်ကျလာခဲ့ပါတယ်။ လင်းဟန်က သူရဲ့ဓားကို တစ်ချက်ပေ့ယမ်းလိုက်ပြီး သူ့ခေါင်းတည့်တည့်ပေါ် ကျလာတဲ့ ကျောက်တုံးကို နှစ်ပိုင်းတောင် ပြတ်ထွက်သွားစေပြီးတော့ သူရဲ့ဘေးတစ်ဖက် တစ်ချက်စီကို ကျဆင်းသွားစေခဲ့ပါတယ်။ ဘုန်း ဘုန်း။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အကျိုးသက်ရောက်မှုကြောင့် မြေပြင်က ချက်ချင်းဆိုသလို တုန်ခါသွားခဲ့ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို တိုက်ပွဲထဲကို ဝင်ရောက်တိုက်ခိုက်ဖို့အတွက် အကွက်ကောင်းကို ရှာတွေ့သွားခဲ့ပါတယ်။ ရှူး။ သူလည်းပဲ ကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"ဟေ့ မင်းတို့နှစ်ကောင်က ငါ့ကို ကျောက်တုံးတွေနဲ့ ပစ်ထုတ်ပုံ့တယ်ပေ့ါလေ ဟုတ်လား။ ငါ့ရဲ့ ဓားကိုကြည့်"

လင်းဟန်ရဲ့ဓားက တိုက်ခိုက်နေတဲ့ လူငယ်နှစ်ယောက်ဆီကို ဦးတည်ပြီးတော့ ခုတ်ပိုင်းလိုက်ပါတယ်။

လူငယ်နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို

စိတ်ရောကိုယ်ပါ နှစ်ပြီးတော့ တိုက်ခိုက်နေပြီး သူတို့ရဲ့ တိုက်ပွဲထဲကို တတိယမြောက် လူတစ်ယောက်က ဝင်ရောက်စွက်ဖက်လိမ့်မယ်လို့ မမျှော်မှန်းထားခဲ့ပါဘူး။ ဒါကြောင့် သူတို့က ဒေါသတွေ ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ တိုက်ခိုက်မှုက အရမ်းကို အစွမ်းထက်ပြီး သူတို့အနေနဲ့ ကာကွယ်ရုံကလွဲပြီး ရွေးချယ်စရာ မရှိပါဘူး။ သူတို့နှစ်ယောက်က သူတို့ရဲ့ တိုက်ပွဲကို ခဏဘေးဖယ်ထားပြီး လင်းဟန်ရဲ့ တိုက်ခိုက်မှုကို လှည့်ပြီးတော့ ခုခံလိုက်ကြပါတယ်။

ထန်။

အခုဆို ပါရမီရှင် နှစ်ယောက်ရဲ့ ပူးပေါင်းအင်အားနဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ်ပဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ လင်းဟန်လိုမျိုး မွန်းစတားနဲ့တူတဲ့ လူတစ်ယောက်တောင် ဒီအင်အားရဲ့ အကျိုးသက်ရောက်မှုကြောင့် အနောက်ကို ဆုတ်သွားခဲ့ရပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ တိုက်ပွဲဝင်ချင်တဲ့ စိတ်တွေက ပိုပြီးတော့ စီးမျောလာခဲ့ပါတယ်။ ဒီလူငယ်နှစ်ယောက်လုံးက ပန်းဖူးအဆင့် အလွှာခုနစ်ဖြစ်ပြီးတော့ သူကတော့

ပန်းဖူးအဆင့် အလှဿနစ်မှာရှိပြီး အလှဿငါးခုတောင် သူ့ထက်ပိုမြင့်ပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည် အသီးသီးရဲ့ အကြားမှာ ကွာဟချက်က သိပ်ပြီးတော့ မရှိပါဘူး။ ဒီလိုမျိုး ပြိုင်ဘက်တွေကို ရှာဖွေရတာ တကယ်ပဲ အရမ်းကို ခက်ခဲပါတယ်။

သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ လက်လျှော့လို့ ဖြစ်မှာလဲ။ သူကဒီတိုက်ပွဲထဲကို ဝင်ရောက်ဖို့ အကြောင်းမရှိ အကြောင်းရှာခဲ့ပြီးတော့ အခုလိုမျိုး လွယ်လွယ်နဲ့ လက်လျှော့လိမ့်မှာ မဟုတ်ပါဘူး။ ကျယ်လောင်တဲ့ အသံနဲ့အတူ သူက မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး အထီးကျန်ငရဲဓားသိုင်း နည်းစနစ်ကို ထုတ်ဖော်လိုက်ပါတယ်။ ဒါက နောက်ဆုံးတိုက်ကွက် ဖြစ်ပြီးတော့ သူ့ကိုယ်သူ ငရဲကို ဆင်းသက်လာခဲ့ သတ်ဖြတ်သူ တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး သူရဲ့သတ်ချင်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေက မိုးကောင်းကင်ကို ထိုးတက်လို့ လာခဲ့ပါတယ်။

လူငယ်နှစ်ယောက်စလုံး ဒေါသထွက်နေသလို အံ့အားသင့်လို့လည်း နေကြပါတယ်။ သူတို့က သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲအလယ်မှာ ကျေနပ်အားရမှု အပြည့်နဲ့ တိုက်ခိုက်နေချိန်မှာ ရုတ်တရက်

ဂင်ရောက်စွက်ဖက်ခြင်းကို ခံခဲ့ရပါတယ်။

"ဒီကောင့်ကို အရင်သတ်ပြီးမှ ငါတို့တိုက်ပွဲကို ဆက်ပြီးတော့ တိုက်ခိုက်ကြတာပေါ့"

"ကောင်းပြီလေ"

လူငယ်နှစ်ယောက်က သဘောတူညီမှုတစ်ခု ရရှိသွားပြီးတော့ လင်းဟန်ကို ပူးပေါင်းတိုက်ခိုက် လိုက်ကြပါတယ်။

ဟုမ်း။

တစ်ယောက်က ဓားသမားဖြစ်ပြီးတော့ အဆုံးမဲ့ မီးတောက်များကို စုစည်းနိုင်စွမ်းရှိပြီး ဆေဘာဓား ကိုင်ဆောင်ထား သူကတော့ ရက်စက်ကြမ်းကြုတ်တဲ့ ရွှေရောင်အလင်းတွေနဲ့ လင်းလက်တောက်ပ နေပါတယ်။ ဒီထူးကဲတဲ့ ပါရမီရှင် လူငယ်နှစ်ယောက်က တစ်ယောက်ချင်းစီ ကိုယ်တိုင်ကပဲ ပန်းဖူးအဆင့်က ပြိုင်ဘက်တွေ အားလုံးကို သိမ်းကျုံးပြီး အနိုင်ယူနိုင်စွမ်း ရှိပါတယ်။ အခုသူတို့နှစ်ယောက်က ပူးပေါင်းပြီး တိုက်ခိုက်တဲ့ အခါမှာတော့ သူတို့က ပိုပြီးတော့

ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

လင်းဟန်လိုမျိုး သန်မာတဲ့ လူတောင်မှ ဖိနှိပ်ခံနေရပါတယ်။ ဒါပေမဲ့လည်း ဒါက သူ့ကိုပိုပြီးတော့ စိတ်လှုပ်ရှားစေခဲ့ပါတယ်။ မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး အထီးကျန်ငရဲဓားကို ခုခံတဲ့ အကွက်ကိုတောင် အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့ တိုက်ခိုက်မှုရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေက တိုးလာခဲ့ပါတယ်။

ပထမတော့ လူငယ်နှစ်ယောက်က လင်းဟန်ကို သတ်ပြီးမှ သူတို့ရဲ့ တိုက်ပွဲကို ဆက်ပြီးတော့ တိုက်ခိုက်ဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါပေမဲ့ တိုက်ပွဲကို ဆက်လက်တိုက်ခိုက်နေချိန် အတွင်းမှာ သူတို့ရဲ့ တိုက်ပွဲဝင်ဆန္ဒတွေကလည်း မြင့်မားလာခဲ့ပါတယ်။ သူတို့အားလုံး တိုက်ပွဲထဲမှာ စိတ်နှစ်သွားရုံသာမက သူတို့ရဲ့ မဟာမိတ်အဖွဲ့ကလည်း ပျက်စီးသွားခဲ့ပြီး သူတို့သုံးယောက် အကြားမှာ ခမ်းနားကြီးကျယ်တဲ့ တိုက်ပွဲတစ်ခုအသွင်ကို ပြောင်းလဲသွားခဲ့ပါတယ်။

သူတို့အားလုံးက ပါရမီရှင်တွေ ဖြစ်ကြပြီးတော့ အဆင့်တူ ကျင့်ကြံခြင်းမှာ ဘယ်သူကမှ သူတို့ကို ရင်ဆိုင်လို့ မရနိုင်တဲ့ ပြိုင်ဘက်ကင်းတွေ ဖြစ်ကြတယ် ဆိုတာကို ယုံကြည်မှု

ရှိကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ တခြားလက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို ရှုံးနိမ့်သွားစေဖို့အတွက် ပူးပေါင်းပြီး တိုက်ခိုက်ရတာကို အထင်အမြင်သေးကြပါတယ်။

မိုးကောင်းကင်ပေါ်က တိုက်ပွဲက ဆက်လက်ပြီး ပြင်းထန်လာခဲ့ပါတယ်။ မီးမိုးတွေ ရွာချပြီး ရွှေရောင်အလင်းတွေက အောက်ကို စီးမျောလာပြီး ကမ္ဘာကြီးကိုတောင် ဖျက်ဆီးပစ်တော့မဲ့ ပုံစံနဲ့ တူပါတယ်။

ကျူးရှမ်အာက ခုခံမှု ဒိုင်းတစ်ခုကို ဖွင့်လိုက်ပါတယ်။ သူမက စိတ်ဂိညာဉ် ပလ္လင်အဆင့် အလွှာခုနစ်မှာပဲ ရှိသေးတယ် ဆိုပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ အကြားက တိုက်ပွဲတစ်ခုက ထွက်ပေါ်လာတဲ့ အားလှိုင်းတွေကို ကြံ့ကြံ့ခံနိုင်တဲ့ အရည်အချင်းတော့ ရှိပါတယ်။

ဟူးညိုကလည်း ကောင်းကင်ပေါ်က တိုက်ပွဲကို ကြည့်နေပြီး သူမက ပိုပိုပြီးတော့ စိတ်လှုပ်ရှား လာခဲ့ပြီး သူမရဲ့ သွားတွေကို ဖြဲပြီးတော့ မာန်ဖီနေပါတယ်။ သူမလည်း တိုက်ပွဲထဲကို ဂင်ရောက်တိုက်ခိုက်ချင် နေပါတယ်။ အဲဒီအချိန်မှာ ဟော့လျန်ချွင်ရွှယ်က နီးကြားတက်ကြွတဲ့ အမူအရာ တစ်ခုနဲ့ မေးလိုက်ပါတယ်။

"လင်းဟန်က ဒဏ်ရာရသွားမလား"

"ခစ်ခစ် တကယ်လို့ သူဒဏ်ရာ ရသွားမယ်ဆိုရင်လည်း အဲဒါက သူ့အပြစ်ပဲလေ။ ဘယ်သူက သူ့ကို ပြေးဝင်တိုက်ခိုက်ခိုင်းလို့လဲ"

ရင်ဟောင်က လင်းဟန် ဒုက္ခရောက်နေတာကို သဘောကျနေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"နင်က စိတ်ထားတော်တော်ပုပ်တာပဲ"

ဟော့လျန်ချင်ရှယ်က နှုတ်ခမ်းစူပြီးတော့ ပြောလိုက်သည်။

"ငါ့မှာ ရင်သားကြီးကြီးတွေ ရှိတယ်။ ဒါကြောင့် ငါက ဆိုးနိုင်တယ်"

ရင်ဟောင်က ဟော့လျန်ချင်ရှယ်ရဲ့ အရှေ့မှာ သူမရဲ့တင်ပါးတွေပေါ် လက်ထောက်ပြီးတော့ သူမရဲ့ ရင်သားကို လှုပ်ခါပြပြီး ပြောလိုက်တာက ဟော့လျန်ချင်ရှယ်ကို စိတ်ပျက်လက်ပျက် ဖြစ်သွားသလို ခံစားရစေပါတယ်။ ဒီအမျိုးသမီးက ဘယ်လိုလုပ်ပြီး ဒီလိုမျိုး

ရမ်းကားရတာလဲ။

"ဟားဟားဟားဟားဟား"

ကောင်းကင်ပေါ်မှာတော့ တိုက်ခိုက်နေတဲ့ လူသုံးယောက်က အဆက်မပြတ် ရယ်မောပြီးတော့ တိုက်ခိုက်နေမှုတွေကို ရပ်တန့်လိုက်ကြပါတယ်။

"ဘယ်လောက်တောင် စိတ်ကျေနပ်ဖို့ ကောင်းပြီးတော့ ပျော်စရာ ကောင်းလိုက်သလဲ"

ဓားသမားက ပြောလိုက်ပါတယ်။

"ငါ့နာမည် ဖေးဟောင်ပါ။ ဒီကညီအစ်ကိုကို နာမည်ဘယ်လိုခေါ်ရမလဲ ဆိုတာကို အတင့်ရဲပြီး မေးပါရစေ"

ဒါဆိုရင် သူက မကြာသေးခင်ကမှ ထွန်းလင်းတောက်ပလာတဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက်ဖြစ်တဲ့ ဖေးဟောင်ပေါ့။ စောစောလေးတုန်းကမှ သူ့အကြောင်းကို ရင်ဟောင်ဆီကနေ ကြားသိခဲ့ရပါတယ်။ ဒီကမ္ဘာကြီးထဲမှာ ပါရမီရှင်တွေ အရမ်းကို များပြားပြီးတော့ သူတို့က ဒီလိုမျိုး ပါရမီရှင် တစ်ယောက်နဲ့ လွယ်လွယ်ကူကူ

ကြုံတွေ့ရတာ အံ့သြစရာ မရှိတော့ပါဘူး။

"ငါ့နာမည် ဟန်လင်းပါ"

လင်းဟန်က ပြန်ဖြေပြီးတော့ ပြုံးလိုက်ပြီး ဆေးဘားကိုင်ဆောင်သူကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"ပြီးတော့ ဒီဘက်က"

"လန်ပူရှင်း"

ဒီကောင်က အတော်လေးကို အေးစက်စက်နိုင်ပြီး အေးတိအေးစက် အမူအကျင့် ရှိတဲ့ပုံစံ ပေါက်ပါတယ်။ ဒါပေမဲ့ သူတိုက်ခိုက်နေတဲ့ အချိန်မှာ သူ့ကိုကြည့်လိုက်တာနဲ့ ဒီလူရဲ့ သွေးတွေက ဘယ်လောက်တောင် ဆူပွက်ပြီး တိုက်ခိုက်ခြင်းကို ဘယ်လောက်နှစ်သက်တဲ့ လူတစ်ယောက်လဲ ဆိုတာကို မြင်တွေ့နိုင်ပါတယ်။

"ဟင်း ငါတကယ်ပဲ အစ်ကိုဟန်ရဲ့ နာမည်ကို မကြားဖူးဘူး"

ဖေးဟောင်ကို ကြည့်ရတာ အံ့အားသင့်နေပုံ ပေါက်ပါတယ်။

"အစ်ကိုဟန်လို ပါရမီရှင် တစ်ယောက်က နာမည်ကျော်ကြား လူသိများသင့်တယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်ပဲ။ ငါက အခုမှာ အလယ်ပိုင်းဒေသကို ဦးတည်ပြီး ထွက်လာခဲ့တာပါ။ အံ့သြစရာကောင်းတဲ့ ဒီကမ္ဘာကြီးထဲမှာ နည်းနည်းလောက် တောက်ပတဲ့ ကံကြမ္မာတစ်ခုကို ရရှိဖို့ပေါ့"

ဖေးဟောင်က သူ့နဲ့အတူ ရယ်မောပြီး လန်ပူရှင်းကတော့ သစ်သားနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ် တစ်ခုလိုမျိုး ခံစားချက် ကင်းမဲ့နေတဲ့ ပုံစံမျိုးနဲ့ပါ။ သူ့ရဲ့နာမည်ကို ပူရှောင်လို့တောင် ပြောင်းလဲသင့်ပါတယ်။

"မင်းတို့နှစ်ယောက်က အလယ်ပိုင်းဒေသကနေ လာခဲ့တာ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ဘာကြောင့် ဒီနေရာကို ရောက်လာရတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ငါက ဒီကောင်နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းမယ်လို့ ကတိရှိထားခဲ့တယ်။ ငါတို့တွေ လဂေက်လောက် တိုက်ခိုက်လာပြီးတဲ့နောက်မှာ လမ်းတစ်လျှောက်လုံး တိုက်ခိုက်ရင်းနဲ့ ဒီနေရာကို ရောက်လာခဲ့ကြတာပဲ"

ဖေးဟောင်က ပြန်ဖြေလိုက်ပါတယ်။

သူတို့တွေက အလယ်ပိုင်း ဒေသကနေ မြောက်ပိုင်းဒေသအထိ လမ်းတစ်လျှောက်လုံး တိုက်ခိုက်လာတာလား။ ဒီနှစ်ယောက်က တကယ်ပဲ တိုက်ခိုက်မှုမှာ အရူးအမူးကို နှစ်သက်ကြတာပဲ။

"ကဲ လာလာ သွားသောက်ကြရအောင်"

လင်းဟန်က ဖော်ဖော်ရွေရွေနဲ့ သူတို့နှစ်ယောက်က သူတို့ရဲ့ မြင်းလှည်းဆီကို ဖိတ်ခေါ် လိုက် ပါတယ်။ အထဲကို ရောက်တဲ့ အခါမှာ အနက်ရောင် မျှော်စင်အထဲက စိတ်ဂိညာဉ် ဆေးပင်တွေ အမျိုးမျိုးနဲ့ ဖော်စပ်ထားတဲ့ ဆေးအရက်ကို ထုတ်ယူလိုက်ပါတယ်။

ဒါက အားကောင်းစေတဲ့ အရက်တင်မက အရမ်းကိုလည်း အာဟာရ ပြည့်ဝစေပါတယ်။

တကယ်လို့ ကျင့်ကြံသူတစ်ယောက်က သာမန်အရက်ကို သောက်မယ်ဆိုရင် အကျိုးအာနိသင် နည်းနည်းလေးမှ မရှိပါဘူး။ ဒီအရက်ကတော့ လုံးဝကို ကွဲပြားခြားနားပါတယ်။

အရက်တစ်ခွက်မျှ သောက်ပြီးတဲ့နောက်မှာ ဖေးဟောင်က စိတ်ပင်ပန်းမှုကို လန်းဆန်းတက်ကြွ စေပြီးတော့ လန်ပုရှင်းတောင်မှ သူ့ရဲ့သစ်သားရုပ် အမူအရာက အသက်နည်းနည်း ဝင်လာသလို သက်တောင့်သက်သာ ဖြစ်သွားပါတယ်။

သူတို့က ပျော်ပျော်ပါးပါးနဲ့ အရက်ကို ဆက်သောက်နေပြီး ဒီကမ္ဘာကြီးထဲက လူငယ်လူစွမ်းကောင်း အားလုံးရဲ့ အကြောင်းတွေကို စကားစမြည် ပြောဆိုနေကြပါတယ်။

"အစ်ကိုဟန် ဒါဆိုရင် မင်းက စိတ်ဂိညာဉ် ရတနာ စံအိမ်ပြိုင်ပွဲမှာ ကိုယ်စားပြုပြီး ယှဉ်ပြိုင်မှာပေါ့။ ဒါဆိုရင်တော့ မင်းဂရုစိုက်မှ ဖြစ်လိမ့်မယ်။ ငါကြားတာတော့ တောင်ပိုင်းဒေသအတွက် ရွှမ်ယွမ်ဇီကွမ်းလည်း တိုက်ခိုက်ဖို့ ကိုယ်စားပြုလိမ့်မယ်တဲ့"

အရက်ခွက် အနည်းငယ် သောက်ပြီးတဲ့နောက်မှာ

ဖေးဟောင်က လင်းဟန်ရဲ့ ပခုံးပေါ်ကို သူ့လက်တစ်ဖက် တင်ပြီးတော့ သူတို့က ညီအစ်ကိုတွေလို့ ကြွေးကြော်လိုက်ပါတယ်။

"သူက အရမ်းကို အစွမ်းထက်လို့လား"

လင်းဟန်က မေးလိုက်ပါတယ်။ သူကအမှန်တကယ်တော့ ပြိုင်ပွဲမှာ မှော်ဆေးပညာ ယှဉ်ပြိုင်မှုမှာ ပါဝင်မယ်ဆိုတာကို မပြောခဲ့ပါဘူး။ ဒါပေမဲ့ သူ့အတွက်တော့ သိုင်းပညာရပ်တွေ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် နိုင်ပါတယ်။

"အရမ်းကို အစွမ်းထက်တယ်"

ရုတ်တရက်ဆိုသလို လန်ပူရှင်းက ပြောလိုက်ပြီး သူရဲ့ သဘောထားကို အရမ်းကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ငါက သူ့အတွက် ပြိုင်ဘက်တောင် မဟုတ်ဘူး"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ လန်ပူရှင်းက စကားအများကြီး မပြောတတ်ဘူး ဆိုပေမဲ့ ဒီလိုလူစားမျိုးက စကားတစ်ခွန်း ပြောပြီပဲ့ ဆိုရင်လည်း

အသိအမှတ်ပြုလောက်တဲ့ စကားကိုပဲ ရွေးချယ်ပြီး ပြောတတ်ကြပါတယ်။ သူ့ကိုယ်သူတောင် ရှမ်ယွမ်ဇီကွမ်းရဲ့ ပြိုင်ဘက်တစ်ယောက် မဖြစ်နိုင်ဘူးလို့ သုံးသပ်ထားတာကို ကြည့်မယ်ဆိုရင် အဲဒီလူက တကယ်ပဲ အရမ်းကို သန်မာလို့ ဖြစ်ပါလိမ့်မယ်။

Chapter 544 end

အပိုင်း(၅၄၅) ကောင်းကင်မျက်လုံး တာအို

အစောပိုင်းတုန်းက သူတို့သုံးယောက်ရဲ့ ခမ်းနားကြီးကျယ်တဲ့ တိုက်ပွဲအကြားမှာ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က သိပ်ပြီးတော့ ကွာခြားခြင်း မရှိပါဘူး။ လင်းဟန်က လျှို့ဝှက်ဆန်းကြယ် သုံးထောင်လိုမျိုး အဆုံးစွန် နည်းစနစ်တွေကို အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့ ဒီနှစ်ယောက်မှာလည်း လက်သီးပုန်းတွေ ဝှက်ထားလိမ့်မယ်ဆိုတာ သူ့အနေနဲ့ သေချာပါတယ်။ သူတို့မှာလည်း လျှို့ဝှက်နည်းစနစ် တချို့ရှိပြီးတော့ သေခြင်းရှင်ခြင်း အခြေအနေ တစ်ခုမှာပဲ အသုံးပြုပါလိမ့်မယ်။

လန်ပူရှင်းက ရိုးရိုးသားသားနဲ့ပဲ သူက ရှမ်ယွမ်ဇီကွမ်းအတွက် ပြိုင်ဘက်မဟုတ်ဘူး ဆိုတာကို ဝန်ခံခဲ့ပြီး အဲဒါက သူ့အနေနဲ့

သန်မာရုံတင် မကပဲ သိသာထင်ရှားစွာနဲ့ သန်မာပြီးတော့ လန်ပူရှင်းလို မာနကြီးတဲ့ လူတစ်ယောက်တောင်မှ သူ့ကနိမ့်ကျတယ် ဆိုတာကို ဂန်ခံသွားစေ ခဲ့ပါတယ်။

"အဲဒီကောင်က တကယ်ပဲ အရမ်းကို အစွမ်းထက်တယ်"

ဖေးဟောင်က ခေါင်းညိတ်ပြီးတော့ သဘောတူလိုက်ပါတယ်။

"ဒါပေမဲ့လည်း သူက ပန်းဖူးအဆင့် အလွှာကိုးကို အဆင့်တက်သွားခဲ့လိုပါ။ တကယ်လို့ ကျင့်ကြံခြင်းအဆင့် အတူတူမှာ တိုက်ခိုက်ရမယ်ဆိုရင် ငါ့အနေနဲ့ သူ့ကိုရှုံးနိမ့်လိမ့်မှာ မဟုတ်ဘူး ဆိုတာကို ယုံကြည်တယ်"

"မဟုတ်သေးဘူး။ တကယ်လို့ ငါတို့တွေက ကျင့်ကြံခြင်းအဆင့် အတူတူမှာ တိုက်ခိုက်ရမယ် ဆိုရင်တောင် သူနဲ့ငါတို့က ပြိုင်ဘက်တွေ မဟုတ်သေးဘူး"

လန်ပူရှင်းက သဘောမတူတဲ့ ပုံစံနဲ့ သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းက သူနဲ့အရင်တုန်းက တစ်ခါမှ မတိုက်ဖူးဘူးလေ"

ဖေးဟောင်က ပြန်ငြင်းခုံလိုက်ပါတယ်။

"ငါတို့ရဲ့ ကိုယ်ပိုင်အကန့်အသတ်ကို ချိုးဖျက်နိုင်ခြင်း မရှိသရွေ့တော့ အနိုင်ရနိုင်မှာ မဟုတ်ဘူး။ အဲဒီလိုမှ မဟုတ်ပဲ ကျင့်ကြံခြင်းအလွှာ နောက်ထပ်အနည်းငယ် တိုးရုံပဲဆိုရင် သူနဲ့ ငါတို့အကြားက တိုက်ပွဲစွမ်းရည် ကွာဟချက်က လုံလောက်ဦးမှာ မဟုတ်ဘူး။ တစ်ဖက်က ဟန်လင်းကတော့ ရွှမ်ယွမ်ဇီကွမ်းနဲ့ တိုက်ခိုက်ဖို့ အဆင့်မီလိမ့်မယ်။ ဒါပေမဲ့ သူတို့နှစ်ယောက် ကျင့်ကြံခြင်းအဆင့် အတူတူမှာ ရှိဖို့တော့ လိုတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ရလဒ်က ရှုံးနိမ့်နေဦးမှာပဲ"

လန်ပူရှင်းက လုံးဂကို သေချာတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ ဖေးဟောင်က အလျော့ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုဟန်က ပန်းဖူးအဆင့် အလွှာဒုတိယ အဆင့်မှာပဲ ရှိသေးပေမဲ့ ငါတို့နဲ့ လက်ရည်တူ တိုက်ခိုက်နိုင်တယ်။ တကယ်ပဲ သူရဲ့တိုက်ပွဲစွမ်းရည်က ငါတို့ထက် ပိုပြီးတော့

ထူးချွန်ထက်မြက် နေတာပဲ။ အဲဒါက ငါတို့ကို အားရကျေနပ်နေလို့ မဖြစ်ဘူးလို့ ပြောနေတာပဲ။ အစတုန်းက ငါတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို လုံလုံလောက်လောက် အရောင်တင်ပြီးပြီလို့ ထင်ခဲ့မယ်။ နောက်ထပ် သန်မာတဲ့ လူတွေ ထပ်ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိခဲ့ဘူး။ အစ်ကိုဟန်က ငါတို့ထက်တောင်မှ ပိုပြီးတော့ မွန်းစတားဆန်တဲ့ လူတစ်ယောက်ပဲ”

“ရွှမ်ယွမ်ဇီကွမ်းက ရှေးဟောင်းမဟာဂိုဏ်း တချို့ကနေ လာခဲ့လို့များ သူကအစွမ်းထက် နေတာလား”

လင်းဟန်က အနည်းငယ် မယုံနိုင်သလို ခံစားလိုက်ရပါတယ်။

“သူရဲ့နောက်ကြောင်း သိပ်မရှင်းပဲ အတော်လေးကို လျှို့ဝှက်ဆန်းကြယ်တယ်။ ဘယ်သူမှ သူ့အကြောင်းကို တိတိကျကျ မသိကြဘူး။ ဒါပေမဲ့လည်း ငါသူနဲ့အရင်တုန်းက တိုက်ခိုက်ခဲ့တယ်။ သူရဲ့သွေးမျိုးဆက် အရမ်းကို အစွမ်းထက်တယ်။ အဲဒါက သူ့ကို ကြယ်သုံးပွင့် စွမ်းအား တစ်ခုကို မြှင့်တင်ပေးနိုင်တယ်”

လန်ပုရှင်းက အတော်လေးကို သေချာတဲ့ လေသံနဲ့

ပြောလိုက်ပါတယ်။

ကြယ်သုံးပွင့်။

ဒီတိုက်ပွဲစွမ်းရည် ကြယ်သုံးပွင့်ကို လျော့တွက်လို့ မရနိုင်ပါဘူး။ သူတို့လို ပါရမီရှင်တွေ အတွက်တော့ အကန့်အသတ်ထိ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းနဲ့အများ အဆင့်တက် လာခဲ့ပြီး အမြင့်ဆုံး အဆင့်ထိကို နောက်ထပ်ကြယ်သုံးပွင့် ပေါင်းထည့်ထားတဲ့ စွမ်းရည်နဲ့ဆိုရင် တိုက်ပွဲကို ပြောင်းပြန်လှန်ပစ်ဖို့ လုံလောက်ပါတယ်။

လန်ပူရှင်းက ခဏရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"တကယ်လို့ သူသာ သူ့ရဲ့သွေးမျိုးဆက် စွမ်းရည်ကို အသုံးမပြုပဲ ငါနဲ့အတူ ကျင့်ကြံခြင်းအဆင့် အတူတူမှာ တိုက်ခိုက်မယ်ဆိုရင် သူရဲ့တိုက်ပွဲစွမ်းရည်က ငါနဲ့အတူတူလောက်ပဲ။ ဒါပေမဲ့ တကယ်လို့ သူရဲ့တိုက်ပွဲစွမ်းရည်ကို သူရဲ့သွေးမျိုးဆက်နဲ့ ပေါင်းလိုက်မယ်ဆိုရင် ငါ့ထက် ပိုပြီးတော့ အစွမ်းထက်လိမ့်မယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ တကယ်ပဲ အရမ်းကို စွမ်းဆောင်နိုင်တဲ့ လူတွေအများကြီး ရှိပါတယ်။ သူ့ကိုယ်သူ ကျေနပ်အားရနေတဲ့ အခြေအနေတစ်ခုမှာ ရပ်နေဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ရပ်တန့်နေတာနဲ့ အရှေ့ကို ဆက်မတိုးတော့တာက အဆုံးစွန် အဆင့်ကို ငြင်းပယ်လိုက်ခြင်း တစ်ခုနဲ့ ထပ်တူညီမျှပါလိမ့်မယ်။

"အစ်ကိုဟန်။ ငါတို့တွေ အလယ်ပိုင်း ဒေသမှာ နောက်တစ်ကြိမ် ပြန်ဆုံကြတာပေါ့"

ဖေးဟောင်နဲ့ လန်ပုရှင်းတို့က သူတို့နှလုံးသားတွေ တင်းတိမ်ရောင့်ရဲအောင် သောက်ပြီးတဲ့ နောက်မှာ သူတို့က လင်းဟန်ကို နှုတ်ဆက်လိုက်ပါတယ်။

"မင်းနဲ့အတူ ဒီတိုက်ပွဲ ပြီးတဲ့နောက်မှာ ရောမ ဖိအားတစ်ခုကို ငါတို့တွေ ခံစားရတယ်။ ငါတို့တွေက အရမ်းကို ကောင်းမွန်တဲ့ တိုက်ပွဲတွေ ရရှိဖို့ အန္တရာယ်များတဲ့ နေရာတစ်ခုကို ရှာဖို့တော့ လိုနေပြီ။ တကယ်လို့ ငါတို့တွေ မသေခဲ့ဘူးဆိုရင် ငါတို့ရဲ့ တိုက်ပွဲစွမ်းရည်က အကြီးအကျယ် တိုးလာလိမ့်မယ်။ အဲဒီနောက်မှာ ငါတို့မင်းကို နောက်တစ်ကြိမ် ပြန်ရှာမယ်။ တစ်ယောက်စီကနေ တစ်ယောက် နောက်တစ်ကြိမ်

လေ့လာသင်ယူကြတာပေ့ါ”

“ကောင်းတယ်”

လင်းဟန်က ကျေနပ်ပျော်ရွှင်စွာနဲ့ သဘောတူလိုက်ပါတယ်။ ပါရမီရှင်တွေက ကိန်းကြီးခန်းကြီးနဲ့ နေလိမ့်မယ်လို့ သူတို့ကို ဘယ်တော့မှ မသုံးသပ်သင့်ပါဘူး။ ဘယ်ပါရမီရှင်ကများ သူတို့ရဲ့ အသက်တွေကို မစွန့်စားပဲ ဒီအဆင့်ထိ ရရှိနိုင်လိမ့်မှာလဲ။

လူငယ်နှစ်ယောက်က ကောင်းကင်ပေါ်ကို ပျံတက်သွားပေမဲ့ သူတို့နှစ်ယောက်က မတူညီတဲ့ ဦးတည်ရာဆီကို ထွက်ခွာသွားကြပါတယ်။ ဖြစ်နိုင်တာက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ထိ အကန့်အသတ်ကို ရောက်အောင်လို့ သူတို့ကို တွန်းအားပေးဖို့ တစ်ခုတည်းပဲ ဖြစ်ပါလိမ့်မယ်။ သူတို့က ဒီလိုအဆင့်က မျိုးနွယ်စုသားရဲ့တွေ ဒါမှမဟုတ် အစွမ်းထက်တဲ့ လူသားကျင့်ကြံသူတွေနဲ့ တိုက်ခိုက်ဖို့ ရွေးချယ်ပြီး သူတို့ရဲ့ ကိုယ်ပိုင်တက်လမ်းတွေကို သေခြင်းရှင်ခြင်း တိုက်ပွဲထဲကို အတင်းပြေးဝင်ပြီး သူတို့ရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်းနဲ့ တိုက်ပွဲစွမ်းရည်တွေကို မြှင့်တင်ပါလိမ့်မယ်။

"ဟူး"

ရင်ဟောင်က ချက်ချင်းပဲ သက်ပြင်းချ လိုက်ပါတယ်။

"အစတုန်းကတော့ သိုင်းပညာ ယှဉ်ပြိုင်ပွဲမှာ အနိုင်ရဖို့ ငါတို့အတွက် အခွင့်အရေး ကြီးကြီးမားမား ရှိတယ်လို့ ထင်ထားခဲ့တယ်။ ဒါပေမဲ့ မမျှော်လင့်ပဲနဲ့ မွန်းစတားတွေ အများကြီး ရုတ်တရက် ထွက်ပေါ်လာလိမ့်မယ်လို့ မထင်ထားမိခဲ့ဘူး။ တကယ်ပဲ ငါဒေါသတွေ ထွက်ပြီးတော့ သေတော့မယ်။ နင်တို့တွေက နောက်တစ်နှစ် ကြာပြီးမှ ထွက်ပေါ်လာလို့ မရဘူးလား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို အကြံပြုပေးမယ်။ ရွှမ်ယွမ်ဇီကွမ်းကို မျက်စိတစ်ချက် ပျော့ကြည့်လိုက်တာနဲ့ပဲ အားနည်းသွားလိမ့်မယ်လို့ ငါအာမခံနိုင်တယ်"

"အိုး အဲဒီလက်ရွေးစင် ကျင့်ကြံသူက နင်ပဲလို့ ပြောမှာတော့ မဟုတ်နိုင်လောက်ပါဘူးနော်"

ရင်ဟောင်က သူ့ကို သံသယတွေ ပြည့်နှက်နေတဲ့ အမူအရာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါနင့်ကို ပြောပြီးပြီ။ ငါက လုပ်အားခအဖြစ် ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်ထောင်ကိုပဲ ပေးနိုင်မယ်။ တကယ်လို့ နင်က ဒီထပ်ပိုပြီးတော့ လိုချင်သေးတယ် ဆိုရင်တော့ ငါ့ရဲ့ခန္ဓာကိုယ်နဲ့ပဲ နင့်ကိုပေးချေနိုင်လိမ့်မယ်"

"ထပ်သရီး"

လင်းဟာန်က မျက်လုံးပြူး သွားခဲ့ပါတယ်။

"ငါအကြံပြုချင်တဲ့ လက်ရွေးစင် ကျင့်ကြံသူ ဆိုတာက သူပဲ"

လင်းဟာန်က ဟော့လျန်ချွင်ရှယ်ကို လက်ညိုးထိုးပြီး ညွှန်ပြလိုက်ပါတယ်။

အဟွတ် အဟွတ်။

ရင်ဟောင်က ချက်ချင်းဆိုသလို သူမရဲ့တံတွေးနဲ့ ပြန်သီးသွားခဲ့ပါတယ်။ ဒါကဘယ်လို ဟာသအမျိုးအစားလဲ။

ပေဟာ့လျှန်ချင်ရှယ်လည်း ကြည့်ရတာ ရှက်ရွံ့သွားပုံရပြီးတော့ သူမကိုယ်သူမ လင်းဟန်ရဲ့ အနောက်ဘက်မှာ ပုန်းကွယ်လိုက်ပါတယ်။ သူမရဲ့ သေးသွယ်တဲ့ လက်လေးနှစ်ဖက်နဲ့ လင်းဟန်ရဲ့ အကျီထောင့်စွန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး လင်းဟန်က သူမကို ရောင်းစားသွားမှာကို ကြောက်ရွံ့နေသလိုမျိုး ဖြစ်နေပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒါက တကယ့်ကို အထာကျတဲ့ သရုပ်ဆောင်မှုပဲ ဖြစ်ပါတယ်။

နောက်ထပ်ရက် အနည်းငယ် ကြာပြီးတဲ့နောက်မှာ သူတို့တွေက လူသိများ ထင်ရှားတဲ့ နယ်နိမိတ် အဟန့်အတားဆီကို ရောက်လာခဲ့ကြပါတယ်။

၎င်းက မိုးတိမ်တွေထိအောင် မြင့်မားတဲ့ ဖောက်ထွင်းကြည်လင်တဲ့ အဟန့်အတား တစ်ခုပဲ ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းက ဒီအတားအဆီးကို ဂဏ်ပါ အစီအရင် တစ်ခုနဲ့ ဖန်တီးထားတာ ဖြစ်မယ်လို့ ကောက်ချက်ချလိုက် ကြပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ဂဏ်ပါ အစီအရင် မျက်လုံးတွေကို ရှာတွေ့ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် ဒါက ခန့်မှန်းရုံ သက်သက် တစ်ခုပါပဲ။

နယ်နိမိတ် အတားအဆီးက အလယ်ပိုင်း ဒေသနဲ့ တခြားနယ်မြေ လေးခုကို ပိုင်းခြားထားပါတယ်။ ကုန်းမြေပြင်ကြီးကို သေတ္တာငါးခု အဖြစ်ကို ခွဲခြားထား သလိုမျိုးနဲ့ တူပါတယ်။ အခုလို ခွဲခြားထားတာကလည်း နယ်မြေအားလုံးရဲ့ သိုင်းပညာ အဆင့်အတန်းတွေက လုံးဝကို ကွဲပြားခြားနားနေလို့ ဖြစ်ပါတယ်။ နယ်နိမိတ် အတားအဆီးက သာမန်လူတွေအပေါ်မှာ အကျိုးသက်ရောက်မှု နည်းနည်းလေးမှ မရှိပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ စွမ်းအားက ပိုပြီးတော့ အစွမ်းထက်လေ ပိုပြီးတော့ အကျိုးသက်ရောက်မှု ပိုရှိလေ ဖြစ်ပါတယ်။ တကယ်လို့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်က ဖြတ်သွားမယ်ဆိုင် သူရဲ့ ကျင့်ကြံခြင်း အဆင့်က ယာယီအားဖြင့် လျော့ကျသွားတာကို တွေ့ကြုံခံစားရမှာ ဖြစ်ပြီးတော့ သူရဲ့အသက်ဓာတ် စွမ်းအင်ကလည်း အတော်လေးကို လျော့ကျသွားပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ လူတစ်ယောက်က ကမ္ဘာအနှံ့ကို ခရီးထွက်ချင်တယ်ဆိုရင် အစောပိုင်း ကတည်းက သွားတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ အကောင်းဆုံး ကျင့်ကြံခြင်းအဆင့်က ပန်းဖူးအဆင့် ဖြစ်ပါတယ်။ နယ်နိမိတ်

အတားအဆီးရဲ့ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်နာကျင်မှာကို ကြောက်ရွံ့နေစရာ မလိုတဲ့အပြင် လူတစ်ယောက်ရဲ့ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်မှုလည်း လုံလုံလောက်လောက် ရှိပါလိမ့်မယ်။

နယ်နိမိတ် အတားအဆီးက ကောင်းကင်ပေါ်ကို ထိုးတက်နေပြီးတော့ အဆုံးမရှိတဲ့ အတိုင်းပါပဲ။

"ကောင်းကင်ရဲ့ အဆုံးမှာ ဘာရှိလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ကောင်းကင်ရဲ့ အဆုံးမှာ ဟုတ်လား။ တန်ခိုးရှင်တွေရဲ့ ဒဏ္ဍာရီနယ်မြေ ရှိကောင်း ရှိနိုင်လိမ့်မယ်"

ရင်ဟောင်က ဖြေလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက ကောင်းကင်ပေါ်ကို အဆက်မပြတ် တစ်ကြိမ်လောက် ပျံတက်ဖူးပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ ကြံ့ကြံ့မခံနိုင်တဲ့ ကြောက်မက်ဖွယ်ရာ

အားကောင်းတဲ့ လေပြင်းမုန်တိုင်း တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ သူ့အနေနဲ့ ကောင်းကင်ရဲ့ အဆုံးသတ်မှာ ဘာရှိသလဲ ဆိုတာကို မြင်တွေ့ချင်တဲ့ စိတ်အကြံကို ဘာမှမတတ်နိုင်ပဲ လက်လျှော့အရှုံးပေးရုံပဲ တတ်နိုင်ခဲ့ပါတယ်။

"တစ်နေ့မှာ ဒီကောင်းကင်ကို ဖြတ်ပြီးတော့ ငါ့မျက်စိနဲ့ငါ ရှင်းရှင်းလင်းလင်း မြင်နိုင်စေရမယ်"

လင်းဟန်က ကြီးကြီးကျယ်ကျယ်နဲ့ ကြွေးကြော်လိုက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက လေဟာနယ်ကို စုတ်ဖြဲပြီး တန်ခိုးရှင်တွေ ဖြစ်လာပါတယ်။ အဲ့ဒါက ကောင်းကင်ရဲ့ အဆုံးမှာ တခြားစီ စုတ်ဖြဲလို့ ရနိုင်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

ဟမ်း။

ရတ်ချည်းဆိုသလို ကြည်လင်သာယာနေတဲ့ ရာသီဥတုက ချက်ချင်းပဲ ပြောင်းလဲသွား ခဲ့ပါတယ်။ ၎င်းက အမှန်တကယ်ပဲ မှောင်မည်းလို့ မလာခင်မှာ တိမ်မည်းတွေက လျင်မြန်စွာနဲ့ ဖြစ်ပေါ်လာပြီး တိမ်မည်းတွေ အတွင်းမှာ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် လျှပ်စီးတွေ

လက်နေပါတယ်။

မိုးကြိုးလျှပ်စီး ကပ်ဘေး။

ဒါမဖြစ်နိုင်ဘူး။ ဟုတ်တယ်မလား။ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က ဘယ်လိုလုပ်ပြီး အမှန်တကယ်ကို မိုးကြိုးလျှပ်စီး ကပ်ဘေးတစ်ခုကို ဆွဲဆောင်နိုင်မှာလဲ။ မှော်ဆေးပညာ ကပ်ဘေးကို အသာထားဦး ကောလဟာလတွေအရ လူတစ်ယောက်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဂင်ရောက်တဲ့ အခါမှာ မိုးကြိုးလျှပ်စီး ကပ်ဘေးတစ်ခုကို လှုံ့ဆော်နိုင် ပါလိမ့်မယ်။

တိမ်မည်းတွေရဲ့ အထဲမှာ မယုံနိုင်စရာ စူးရှတဲ့ မြင်ကွင်းတွေ တွေ့မြင်နိုင်ပါတယ်။ မျက်လုံးတစ်လုံး ပေါ်လာခဲ့ပြီး ၎င်းက ဧရာမ တောင်ကြီးတစ်လုံးလိုမျိုးနဲ့ လင်းဟန်နဲ့ တခြားလူတွေ ရပ်နေတဲ့ နေရာဆီကို ငုံ့ပြီးတော့ စိုက်ကြည့်နေပါတယ်။

လင်းဟန်က သေချာတာတော့ ဒီမျက်လုံးက သူ့ကိုယ်ပဲ အာရုံစိုက်ထားတယ်ဆိုတာ သေချာပါတယ်။ ပြီးတော့ သူ့မှာပဲ ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ တစ်စွန်းတစ်စ ရှိတယ် ဆိုပေမဲ့ ဒီအချိန်မှာ သူက အနက်ရောင် မျှော်စင်ရဲ့ အထဲကို ထွက်ပြေးဖို့ကို လှုံ့ဆော်လို့

လာသလိုမျိုး ခံစားနေရပါတယ်။ ဖိအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူ့ရဲ့စိတ်ဝိညာဉ်က ပေါက်ကွဲထွက်တော့မဲ့အတိုင်း ခံစားနေရပါတယ်။

ဒါပေမဲ့လည်း သူက ထွက်မပြေးချင်ပါဘူး။ ဒီမျက်လုံးမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ နည်းနည်းလေးမှ မရှိသလို မတူမတန်တဲ့ ပုံစမျိုးပဲ ရှိပြီးတော့ ၎င်းက သူ့ကို သရော်လှောင်ပြောင် နေသလိုမျိုးပါပဲ။

ကောင်းကင်မျက်လုံး တာအို။

လင်းဟန်က ကျိတ်ပြီးတော့ အံ့အားသင့် သွားခဲ့ပါတယ်။ သူက ရှေးဟောင်းမှတ်တမ်းတွေကနေ ဖတ်ရှုဖူးတာက တကယ်လို့ သေမျိုးလူတစ်ယောက်က တစ်စုံတစ်ခုကို ထကြွပုန်ကန်ဖို့ ပြောတာမျိုး ဒါမှမဟုတ် ကမ္ဘာကြီးရဲ့ မျှခြေကို အကျိုးသက်ရောက်မှု ဖြစ်အောင်လို့ တစ်ခုခုကို လုပ်နိုင်တဲ့ အခါမှာ ကောင်းကင်မျက်လုံး တာအိုက ပေါ်လာပြီးတော့ သတိပေးတာမျိုး ဒါမှမဟုတ် ဆန့်ကျင်သူကို တန်းပြီးတော့ သတ်ပစ်တာမျိုးတောင် လုပ်နိုင်ပါတယ်။

ဟုတ်တာပေါ့။ သာမန်လူတစ်ယောက်ရဲ့ ကျိန်ဆဲခြင်းက

ကောင်းကင်မျက်လုံး တာအိုကို ထွက်ပေါ်လာဖို့ လှုံ့ဆော်နိုင်လိမ့်မှာတော့ မဟုတ်ပါဘူး။ အဲဒီလူက ဒီကမ္ဘာကြီးရဲ့ စကြာဝဠာ မျှခြေကို လှုပ်ခါနိုင်တဲ့ အလားအလာ ရှိဖို့တော့ လိုပါတယ်။ အဲဒီလိုမှပဲ ကောင်းကင်မျက်လုံး တာအိုက ထွက်ပေါ်လာပါလိမ့်မယ်။ ဘယ်သူသိနိုင်မှာလဲ။ ၎င်းကိုယ်တိုင်က အနာဂတ်ရဲ့ ဂန်ထုပ်ဂန်ပိုး တစ်ခု ဖြစ်လာနိုင်မဲ့ အကြောင်းတစ်ခုတည်းနဲ့ တန်းပြီးတော့ ဖယ်ရှားရှင်းလင်း ပစ်တာမျိုးတောင် လုပ်နိုင်ပါလိမ့်မယ်။

ဖြစ်နိုင်တာက သူက တစ်နေ့မှာ ကောင်းကင်ကို ဖြတ်ပစ်ချင်တယ်လို့ ပြောခဲ့တာကြောင့် ကမ္ဘာကြီးကို ကြောက်ရွံ့ထိတ်လန့်မှုတစ်ခု တကယ်ပဲ ပေးနိုင်ခဲ့တာလား။ ဒါအပြင် ဖြစ်နိုင်ချေ ရှိတာက အနာဂတ်မှာ သူ့အနေနဲ့ ဒါကိုအောင်မြင်နိုင်တယ်လို့ ပြောတာမဟုတ်လား။

တကယ့်ကို သူ့ရဲ့အနာဂတ် ကြိုတင်ခန့်မှန်းမှု တစ်ခုပဲလား။

"ရုပ်ဆိုးလိုက်တာ။ ထွက်သွားစမ်း။ ညိုးညိုး နင့်ကို မကြိုက်ဘူး"

ဟူးညိုက မြင်းလှည်းအိမ်ရဲ့ ခေါင်းမိုးပေါ်ကို

ခုန်တက်ပြီးတော့ သူမရဲ့ တင်ပါးပေါ် လက်ထောက်ပြီး အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ ပုံစံနဲ့ ကြည့်နေပါတယ်။

ကောင်းကင်မျက်လုံး တာအိုက ဟူးညီုကို လှည့်ကြည့်လိုက်တဲ့ အခါမှာ ၎င်းရဲ့အကြည့်ထဲ တကယ့်ကို အနည်းငယ် ထိတ်လန့်ကြောက်ရွံ့သွားပုံတစ်ခု ဖြစ်ပေါ်သွားတာ အရမ်းကို သိသာပါတယ်။ ရုတ်တရက်ဆိုသလို တိမ်မည်းတွေက ချာခနဲလှည့်ပြီးတော့ လှန်လိုက်ပြီး မျက်လုံးအိမ်ကို ဖုံးကွယ်ပြီးတော့ လျှင်မြန်စွာနဲ့ အတူတကွ ပျောက်ကွယ်သွားခဲ့ပါတယ်။ တိမ်မည်းတွေ လုံးဂကို ပျောက်ကွယ်သွားတဲ့ အချိန်မှာ ကောင်းကင်မျက်လုံး တာအိုလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

လဗ္ဗတ်ပဲပေ့ါ။ အဲဒါက တကယ်ပဲ ဟူးညီုရဲ့ အပြစ်တင် ကြိမ်းမောင်းမှုကြောင့် ထွက်ပြေး သွားခဲ့တာလား။

Chapter 545 end

အပိုင်း(၅၄၆) နတ်ဘုရားတစ်ပါးရဲ့ သားတစ်ယောက်ကဲ့သို့ သန်မာတဲ့ လူငယ်တစ်ယောက်

ဟူးညီုကို ကြည့်ရတာ သူမကိုသူမ အရမ်းကို ကျေနပ်နေပုံ

ရပါတယ်။ သူမမှာ ဘယ်လိုမျိုး အံ့အားသင့်စရာကောင်းတဲ့ ကံကြမ္မာအမျိုးအစား ရှိနေတယ်ဆိုတာကို သူမကလုံးဝကို မသိပါဘူး။ ဒါပေမဲ့ သူမက ကလေးငယ် တစ်ယောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် သူမရဲ့ သဘာဝ အတိုင်းပဲ ပြုမူလုပ်ဆောင်နေတာ ဖြစ်ပါတယ်။

လင်းဟန်ကတော့ အံ့အားသင့်လို့ နေပါတယ်။ ဒါက ကောင်းကင်တာအိုရဲ့မျက်လုံး ဖြစ်ပါတယ်။

ရှေးဟောင်းပုံပြင်တွေ အထဲမှာတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးက ဒီကမ္ဘာကြီးရဲ့ မျှခြေကို ကာကွယ်စောင့်ရှောက်သူ ဖြစ်ပါတယ်။ ပြီးတော့ နယ်မြေတစ်ခုလုံးရဲ့ စွမ်းအားကိုလည်း အမိန့်ပေးနိုင်စွမ်း ရှိပါတယ်။ တန်ခိုးရှင်တွေလို သန်မာတဲ့ သက်ရှိတွေက အဆင့်နိမ့် နယ်မြေကို ဝင်ရောက်လာရင် သူတို့ရဲ့ ကျင့်ကြံခြင်းကို ဖိနှိပ်ထိန်းချုပ်ထားပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စွမ်းအားကိုပဲ အသုံးပြုလို့ ရနိုင်တယ် မဟုတ်လား။ တကယ်လို့ ဒီဖိနှိပ်ထားတဲ့ အဆင့်ထက် ပိုလွန်ခဲ့ရင် သူတို့တွေက ဘာကြောင့် အတင်းအကျပ် နှင်ထုတ်ခံ ရတာလဲ။

ဒါက ဘာဖြစ်လို့လည်းဆိုတော့ ကောင်းကင်တာအိုရဲ့

မျက်လုံးကြောင့် ဖြစ်ပါတယ်။ ၎င်းက အမိန့်ကို ကာကွယ်စောင့်ရှောက်နေပြီး ဒီနယ်မြေရဲ့ စည်းမျဉ်းစည်းကမ်းတွေကို တန်းပြီးတော့ အသုံးပြုနိုင်ပြီး ဘယ်သူက ဒီစည်းမျဉ်းစည်းကမ်းတွေကို ဆန့်ကျင်လို့ ရနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဟုတ်ပါတယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုက ဟူးညို့ရဲ့ အပြစ်တင် ကြိမ်းမောင်းမှုကြောင့် တကယ်ကြီး ထွက်ပြေးသွားခဲ့ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ၎င်းက အပြစ်တင် ကြိမ်းမောင်းမှုကြောင့် ထွက်သွားတာမျိုး မဟုတ်ပေမဲ့ ကြည့်ရတာ မတူပဲ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ထွက်သွားတာနဲ့ ပိုတူပါတယ်။

ဒီမိန်းကလေးက အရမ်းကို မထူးဆန်းဘူးလား။

လင်းဟန်က သူမရဲ့ ဒန်တန်အထဲမှာ လူသားပုံစံ စိတ်ဂိညာဉ် အခြေခံတစ်ခု ပိုင်ဆိုင်ထားတယ် ဆိုတာကို သိထားပြီး ၎င်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူရဲ့ ကောင်းကင်အဆင့် နတ်ဘုရား အာရုံကိုတောင်

လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးနိုင်စွမ်းရှိမှန်း သိပါတယ်။ ဒါပေမဲ့ သူကကောင်းကင်အဆင့်ရဲ့ အဆင့်မှာပဲ ရှိပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က ကျင့်ကြံသူ တစ်ယောက်လည်း တူညီစွာပဲ လွယ်လွယ်နဲ့ လုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ အဲဒီအချိန်မှာ ကောင်းကင်တာအိုရဲ့ မျက်လုံးက ပိုပြီးတော့တောင် အစွမ်းထက်ပါတယ်။ အခုတော့ သူ့ကို တဒင်္ဂပဲ စိုက်ကြည့်ရုံ ရှိသေးတယ် သူရဲ့ နတ်ဘုရား အာရုံက ပျက်စီးသွားမလို ခံစားလိုက်ရပါတယ်။

ဟူးညိုကတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးကို တကယ်ပဲ ထိတ်လန့်သွားအောင် လုပ်ခဲ့ပါတယ်။

သေစမ်း။ ဒီနယ်မြေရဲ့ အားအကောင်းဆုံး တည်ရှိမှုကို ထိတ်လန့်သွားအောင် လုပ်နိုင်စွမ်း ရှိတယ်ဆိုတာက ဘယ်လိုမျိုးကြီးလဲ။ တစ်ခုနားလည်ထားရမှာက တကယ်လို့ တန်ခိုးရှင်တွေတောင် ဆင်းသက်လာခဲ့ရင် သူတို့က အတင်းအကျပ် ထိန်းချုပ်ခံရပါတယ်။ ပြီးတော့ စိတ်ထဲမှာ ဒါကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဟူးညိုဆီမှာရှိတဲ့ ဒီလူသားပုံစံ စိတ်ဝိညာဉ် အခြေခံက ဘယ်လောက်တောင်မှ သန်မာလိမ့်မလဲ။

ဒါက တကယ်ရော စိတ်ဝိညာဉ် အခြေခံတစ်ခုပဲလား။

လင်းဟန်က စိုးရိမ်ပူပန် လာခဲ့ပါတယ်။ တကယ်လို့ ဒီစိတ်ဂိညာဉ် အခြေခံက အိပ်ပျော်နေရုံပဲ ဆိုရင်တော့ တစ်နေ့မှာ နိုးထလာတဲ့ နောက်ကျရင် ဟူးညိုရဲ့ ခန္ဓာကိုယ်ကို လုံးဂကို ယူသွားပြီး နောက်ပိုင်းမှာ ဘာတွေများ ဖြစ်ပျက်လာမှာလဲ။ ဒီလိုမျိုး တည်ရှိမှု တစ်ခုနဲ့ မျက်နှာချင်း ဆိုင်တဲ့အခါ ဟူးညိုရဲ့ စိတ်ဂိညာဉ်ကရော ကြံ့ကြံ့ခံဖို့ သန်မာပါ့မလား။

"ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ"

ရင်ပေါင်က မထိန်းနိုင် မသိမ်းနိုင်အောင် တုန်လှုပ်သွားပါတယ်။ အရမ်းကို ကြောက်ဖို့ ကောင်းပါတယ်။ သူမက မြေပြင်ပေါ်ကိုတောင် ထိုင်လျက်အနေအထားနဲ့ ပြုတ်ကျသွားခဲ့ပါတယ်။ သူမက လုံးဂကို အေးစက်စက်ချွေးတွေနဲ့ ဖုံးလွှမ်းလို့ နေပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးကြောင့် ထွက်ပေါ်လာတဲ့ ဖိအားက တန်ခိုးရှင်တွေကိုတောင် ဖိနှိပ်ထိန်းချုပ်နိုင်ပြီး ဒီနယ်မြေ အတွင်းမှာ အနည်းဆုံးတော့ ဗင်းကအစွမ်းထက်ဆုံး တည်ရှိမှုတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က တဒင်္ဂမျှ စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"တကယ်လို့ ငါခန့်မှန်းသုံးသပ်တာ မမှားဘူးဆိုရင် အဲဒါက ကောင်းကင်တာအိုရဲ့ မျက်လုံးပဲ ဖြစ်လိမ့်မယ်"

"ကောင်းကင်တာအိုက တကယ်ပဲ မျက်လုံးတစ်လုံး ရှိတာလား"

ကျူးရှမ်အာက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ဖြစ်နိုင်တယ်"

လင်းဟန်က သူ့ကိုယ်သူတောင် သိပ်ပြီးတော့ မသေချာပါဘူး။ တကယ်တော့ ကောင်းကင်တာအိုရဲ့ မျက်လုံးဆိုတာက ဒဏ္ဍာရီ တစ်ပုဒ်မျှသာ ဖြစ်ပြီး ၎င်းမှာ တခြားနာမည်တစ်ခု ရှိကောင်းရှိပါလိမ့်မယ်။

"ဘယ်လိုမျိုး ခွင့်မလွှတ်နိုင်စရာ ပြစ်မှုကို နင်ကျူးလွန်ထားလို့ ကောင်းကင်တာအိုရဲ့ မျက်လုံးကို အာရုံစိုက်လာအောင်လို့တောင် ဆွဲဆောင်နိုင်ရတာလဲ"

ရင်ပေါင်က ကြောင်တောင်တောင် ဖြစ်လုနီးပါး ဖြစ်နေပါတယ်။ သူမက လုံးဂကို အမြစ်ပြတ် သုတ်သင်ခံရဖို့

ဆန္ဒမရှိပါဘူး။

လင်းဟန်က အရမ်းကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ရိုးရိုးသားသား မှန်မှန်ကန်ကန်နဲ့ ကောင်းမွန်တဲ့ စိတ်ထားရှိတဲ့ ငါ့လိုလူငယ် တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ခွင့်မလွှတ်နိုင်တဲ့ အရာတွေကို ကျူးလွန်မှာလဲ။ ကျေးဇူးပြုပြီးတော့ ငါ့ကို နာမည်ပျက်အောင် မလုပ်ပါနဲ့"

ရင်ဟောင်က အရူးတစ်ယောက်လိုမျိုးပဲ မျက်လုံးကြီး ပြူးလာပါတယ်။

ဒီဖြစ်ရပ်လေး ပြီးတဲ့နောက်မှာတော့ ဘယ်သူကမှ ကောင်းကင်တာအိုရဲ့ မျက်လုံးကို နောက်တစ်ကြိမ် မပြောကြတော့ပါဘူး။ ကံကောင်းတာက မြင်းလှည်းမောင်းသမား နှစ်ယောက်က သတိလက်လွတ်ဖြစ်ပြီးတော့ ကြောက်ရွံ့တုန်လှုပ်နေပေမဲ့ ခဏအကြာမှာတော့ တည်တည်ငြိမ်ငြိမ်နဲ့ ဖြစ်လာကြပါတယ်။ သူတို့နှစ်ယောက် ပြန်လည်ကောင်းမွန် လာတဲ့နောက်မှာ သူတို့တွေက ခရီးဆက်ပြီးတော့

ထွက်လာခဲ့ကြပါတယ်။

နယ်နိမိတ် အတားအဆီးကို သူတို့တွေ ဖြတ်ကျော်လာတဲ့ အချိန်မှာ အရမ်းကို ထူးဆန်းတဲ့ ခံစားမှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီမတိုင်ခင် လင်းဟန်က ၎င်းရဲ့အာရုံကို နည်းနည်းခံနိုင်ပြီး အလယ်ပိုင်းဒေသကို သူတို့တွေက တရားဝင် ဖြတ်သန်းဝင်ရောက် လာခဲ့ပါတယ်။

"ဟူး"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအလယ်ပိုင်း ဒေသက တကယ့်ကို ကွဲပြားခြားနား ပါတယ်။ သူဝင်လာတဲ့ အခိုက်အတန့်မှာ ဒီနေရာက စိတ်ဂိညာဉ် ချီတွေက ပိုပြီးတော့ သိပ်သည်းကျစ်လျစ်တယ် ဆိုတာကို ခံစားထိတွေ့နိုင်ခဲ့ပါတယ်။ ပြီးတော့ လေထုထဲမှာ သိုင်းပညာရပ်တွေရဲ့ လုပ်ငန်းစဉ်တွေကို ပိုပြီးတော့ အားသာမှုတွေ ရရှိစေနိုင်မဲ့ တစ်စုံတစ်ခု ရှိနေသလိုမျိုး ခံစားရပါတယ်။

ဒါကြောင့်လည်း အလယ်ပိုင်း ဒေသရဲ့ သိုင်းပညာရပ်တွေ အဆင့်အတန်းက ပိုပြီးတော့ မြင့်မားရတဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။

မြင်းလှည်းက ရတနာတစ်သန်းမြို့ဆီကို ဆက်လက်ပြီးတော့ မောင်းနှင်လာခဲ့ပါတယ်။ သူတို့ရဲ့ လမ်းတစ်လျှောက်မှာ အန္တရာယ် တစ်စုံတစ်ရာမှ မကြုံတွေ့ခဲ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ အလံကို မြင်းလှည်းခေါင်မိုးပေါ်မှာ လွှင့်ထူထားပါတယ်။ ဒါက သူခိုးတွေနဲ့ ဓားပြတွေ တော်တော်များများကို သူတို့ရဲ့ မြင်းလှည်းကို ဓားပြတိုက်မဲ့ အတွေးတွေ မရှိဖုံ့အောင်လို့ လက်ဦးမှု ရယူထားတာပါပဲ။

ပြီးတော့ ဒါကလည်း စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ စွမ်းအားကို သက်သေပြရာ ရောက်ပါတယ်။ ၎င်းရဲ့ နာမည်က လူသိများ ထင်ရှားပြီး တကယ်လို့ မြင်းလှည်းတစ်စီးပဲ ဆိုရင်တောင်မှ ဘယ်သူကမှ သူတို့ကို မလုယက်ပံ့ကြပါဘူး။

တစ်လခန့် ကြာပြီးတဲ့ နောက်မှာတော့ မြင်းလှည်းက ရတနာတစ်သန်းမြို့ဆီကို ရောက်ရှိလို့ လာခဲ့ပါပြီ။

ဒီနေရာက စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ ဌာနချုပ် တည်ရှိရာ နေရာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ဌာနချုပ်လည်း တည်ရှိပါတယ်။ ဒီအဖွဲ့အစည်း

နှစ်ခုက အမြွှာကလေးငယ် နှစ်ယောက်လိုမျိုးပဲ တစ်ဖွဲ့နဲ့တစ်ဖွဲ့ သိပ်ပြီးတော့ မဝေးကြပါဘူး။ ဒါပေမဲ့ ဒါကို နားလည်နိုင်ရပါမယ်။ အဆင့်မြင့် စိတ်ဂိညာဉ် ဆေးလုံးတွေကို စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ လေလံပစ္စည်းမှာပဲ အကြီးမားဆုံး ဝေစုကို ရရှိစေပါတယ်။ ပြီးတော့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကလည်း စိတ်ဂိညာဉ် ရတနာ စံအိမ်ကို သူတို့ရဲ့ မှော်ဆေးလုံးတွေကို မြင့်မားတဲ့ အကျိုးအမြတ် ရရှိစေဖို့အတွက် လိုအပ်ပါတယ်။ ဒါကြောင့် အဖွဲ့အစည်း နှစ်ခုက အမြဲတစ်စေ ရင်းရင်းနှီးနှီးနဲ့ အလုပ်လုပ်ပြီး ပတ်သက်ဆက်နွယ်မှုကို ထိန်းသိမ်းထားကြပါတယ်။

မြင်းလှည်းပေါ်ကနေ လူငါးယောက် အုပ်စုဆင်းလာပြီး ရင်ဟောင်ရဲ့ ဦးဆောင်မှုနဲ့ သူတို့က တည်းခိုဖို့ နေရာကို ရှာဖွေဖို့အတွက် ထွက်သွားကြပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်က မြင့်မားတဲ့ မျှော်စင်ကြီး တစ်ခုလို အဆောက်အဦးတစ်ခု ဖြစ်ပါတယ်။ အဆောက်အဦးရဲ့ အခြေကနေ မီတာနှစ်ထောင်လောက် မြင့်မားပါတယ်။ နောက်ပြီး ဒီလိုမျိုး နန်းတော်နဲ့တူတဲ့ အဆောက်အဦးက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလွန်းပါတယ်။ ၎င်းကတကယ်ပဲ စိတ်ဂိညာဉ် ရတနာ

စံအိမ်ရဲ့ ဗျာနချုပ်တစ်ခုဖြစ်ဖို့ အဆင့်မီအောင် ခမ်းနားကြီးကျယ် ထည်ဝါလွန်းပါတယ်။

ပြီးတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်က သူတို့ရဲ့ လေလံပွဲတွေကို ကျင်းပတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ၎င်းရဲ့အနောက်မှာ နောက်ထပ် အဆောက်အဦး အများအပြား ရှိပြီးတော့ စိတ်ဂိညာဉ် ရတနာစံအိမ်က မရေမတွက်နိုင်တဲ့ လူတွေတည်းခိုရာ နေရာအဖြစ် အသုံးပြုပါတယ်။ ဒီလူတွေက လုံခြုံရေးကို အသေးစိတ် ပြုလုပ်ပေးကြပါတယ်။ တကယ်လို့ အရမ်းကို သန်မာတဲ့ အစွမ်းတစ်ခုကို မပိုင်ဆိုင်ထားဘူးဆိုရင် စိတ်ဂိညာဉ် ရတနာ စံအိမ်က ဘယ်လိုလုပ်ပြီးတော့ သူခိုးတွေနဲ့ ဓားပြတွေရဲ့ လုယက်တိုက်ခိုက်မှဲ့ ရန်ကနေ သူတို့ရဲ့ စိတ်ဂိညာဉ် ရတနာစံအိမ် အလံကို မြင်တာနဲ့ ထိတ်လန့်ကြောက်ရွံ့အောင်လို့ လုပ်နိုင်မှာလဲ။

အပေါ်ကို တက်ဖို့အတွက် လှေကားတစ်ခုရှိပြီး ၎င်းကို ကျောက်စိမ်းဖြူနဲ့ ပြုလုပ်ထားပြီး အဝေးကနေ ကြည့်မယ်ဆိုရင် အလင်းရောင်တွေ ရောင်ပြန်ဟပ်ပြီးတော့ တောက်ပနေတဲ့ တိမ်တစ်ခုနဲ့ တူပါတယ်။ အဲဒါက ဒီနေရာက တိမ်တွေအပေါ်မှာ တည်ဆောက်ထားသလိုမျိုး မြင်စေပြီး အရမ်းကို ခမ်းနားကြီးကျယ်ပြီး ထည်ဝါလွန်းပါတယ်။

ရင်ပောင်ရဲ့ ဦးဆောင်မှုနဲ့ သူတို့က လှေကားကနေ လမ်းလျှောက်တက်လာခဲ့ပါတယ်။

လှေကားရဲ့ တစ်ဝက်ပဲ ရှိသေးတဲ့ အချိန်မှာ နန်းတော်ထဲကနေ တစ်စုံတစ်ယောက်က ထွက်လာတာကို မြင်လိုက်ရပါတယ်။

အမှန်တော့ ဂင်တယ်ထွက်တယ် ဆိုတာက သာမန်အရာ တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီလူရဲ့ အရှိန်အဝါက အရမ်းကို အစွမ်းထက်ပါတယ်။ သူရဲ့ခန္ဓာကိုယ်မှာ နတ်ဘုရား အလင်းတွေက ပိုင်းရံလို့ နေပြီးတော့ သူရဲ့ခြေလှမ်းတိုင်းက တောက်ပတဲ့ အလင်းတွေ လင်းလက်လို့ နေပါတယ်။ ဒါက နတ်ဘုရား တစ်ပါးရဲ့ သားထွက်လာသလိုမျိုး အံ့မခန်း အရှိန်အဝါ တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

လမ်းတစ်လျှောက်လုံး လူတိုင်းလူတိုင်းက ကောင်းကောင်းတောင် မရပ်နိုင်ပဲ ဒီအံ့မခန်း အရှိန်အဝါကို ပိုင်ဆိုင်ထားတဲ့ လူငယ်ကို လေးစားကြည်ညိုစွာနဲ့ ကြည့်နေကြပါတယ်။ သူတို့အနေနဲ့ ဒူးထောက်ပြီးတော့ သူ့အတွက်ကို အလုပ်လုပ်ပေးချင်တဲ့ စိတ်ကလွဲလို့ ဘာကိုမှ

မလိုချင်အောင် ဖြစ်နေကြပါတယ်။

ဒီလူငယ်က အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ကိုယ်လုံးကိုယ်ပေါက် ရှိပါတယ်။ သူရဲ့ ဆံပင်တွေက နက်မှောင်ထူထဲပြီး အသားအရေက အကောင်းဆုံး အရည်အသွေးနဲ့ လုပ်ထားတဲ့ ကျောက်စိမ်းလို ချောမွေ့ပြီး ကြည်လင်နေပါတယ်။ သူလည်းပဲ အရမ်းကို ချောမောခန့်ညားပါတယ်။ သူက ဒီနေရာမှာ ရပ်နေလိုက်တာနဲ့ မရေမတွက်နိုင်တဲ့ မိန်းကလေးတွေက သူ့အတွက် ကြွေကျလာဖို့ လုံလောက်ပါလိမ့်မယ်။

သူက အံ့အားသင့်စရာ ကောင်းလောက်အောင် ပန်းဖူးအဆင့် အလွှာကိုးမှာရှိတဲ့ ထိပ်တန်းကျင့်ကြံသူ တစ်ယောက်ဖြစ်ပါတယ်။ သူရဲ့အသက်ရှူမှုတွေကို ကြည့်ရတာ ကမ္ဘာကြီး တစ်ခုလုံးက သူနဲ့အတူ ဟိန်းထွက်နေသလိုမျိုး ဖြစ်နေပါတယ်။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလူငယ်ရဲ့ အသက်ဓာတ်စွမ်းအားက သန်မာပြီး မယုံနိုင်စရာကောင်းလောက်အောင် ငယ်ရွယ်ပါတယ်။ နောက်ပြီးတော့ ဒီလူငယ်က အံ့အားသင့်စရာ ကောင်းလောက်အောင် ပန်းဖူးအဆင့်ရဲ့ အလွှာကိုးကို

ရောက်လို့နေပါတယ်။ ဒီလိုမျိုး ပါရမီက တကယ်ပဲ အတော်လေးကို ထိတ်လန့်စရာ ကောင်းပါတယ်။

ဒီလူငယ်က တစ်လှမ်းပြီးတစ်လှမ်း ဆင်းလာပြီး သူရဲ့ အရှိန်အဝါကို ကြည့်ရတာ သဘာဝ အတိုင်းပါပဲ။ သူရဲ့အရှိန်အဝါ နှိုးဆွမှုကြောင့် လူတိုင်းလူတိုင်းက အဆုံးမရှိ ကြည်ညိုမှုတွေနဲ့ ကျန်ရစ်ခဲ့ပါတယ်။

သိပ်မကြာခင်မှာ လင်းဟန်တို့ အုပ်စုကို သူက ဖြတ်ကျော်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက ရုတ်တရက် ရပ်လိုက်ပြီးတော့ ခြေနှစ်လှမ်းကို နောက်ဆုတ်လိုက်ပါတယ်။ သူရဲ့မျက်လုံးတွေက ဟော့လျန်ချွင်ရွှယ်အပေါ်မှာ ကျရောက်နေပြီး သူရဲ့အချစ်ရဆုံး ချစ်သူကို စိုက်ကြည့်နေသလိုမျိုး အကြည့်စူးစူးတွေနဲ့ စိုက်ကြည့်နေပါတယ်။

"ဟော့ မင်းက ငါတို့လမ်းကို ပိတ်နေပြီ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ထွက်သွားစမ်း"

လူငယ်က သူရဲ့လက်ကို မြှောက်ပြီးတော့ မတုမတန်သလိုမျိုး အားပါပါနဲ့ ရိုက်ချလိုက်ပါတယ်။

လင်းဟန်က အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူရဲ့ဓားကို ဆွဲထုတ်ဖို့ အရမ်းကို နောက်ကျသွားပါပြီ။ ဒါကြောင့် သူက လက်သီးတစ်လုံးကို ပစ်သွင်းလိုက်ပြီးတော့ သူကိုယ်တိုင်ပဲ ပုတ်ထုတ်လိုက်ပါတယ်။ တိုက်ပွဲဆင်လက်သီးက အပြည့်အဝ ထွက်ပေါ်လာပြီး ငွေရောင်နဂါး ဆယ့်ခုနစ်ကောင်ရဲ့ ပုံရိပ်တွေက ထွက်ပေါ်လာပြီး လူငယ်ဆီကို လိမ့်ဝင်လာခဲ့ပါတယ်။ လင်းဟန်ရဲ့ ဓားချီက အလင်းဆယ့်ကိုးခုထိ တိုးလာခဲ့ပြီးပါပြီ။ ဒါကြောင့် လက်သီးသိုင်း နည်းစနစ်ကို သူရဲ့ဖမ်းဆုပ်နိုင်မှုကလည်း မြင့်တက်လာခဲ့ပါတယ်။

"ဟင်"

လူငယ်က အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်ပါတယ်။ သူက လင်းဟန်ရဲ့ အစွမ်းကို လျှော့တွက်မိပြီ ဆိုတာ သိသာထင်ရှားပါတယ်။ သူ့အနေနဲ့ နလုံးသားထဲတောင် မထည့်ထားပါဘူး။ သူရဲ့ညာဘက်လက်ကို လှည့်လိုက်ပြီး ဒီလက်ဝါးတိုက်ခိုက်မှုရဲ့ နောက်ကစွမ်းအားက

ချက်ချင်းဆိုသလို ပေါက်ထွက်လာခဲ့ပါတယ်။

ပုန်း။

အမှန်တကယ်တော့ လက်ဂါးနဲ့ လက်သီးက မထိမိကြပါဘူး။ ဒါပေမဲ့ လူငယ်နှစ်ယောက်ရဲ့ မူလစွမ်းအင်တွေက လိမ်ယှက်သွားပြီး ချက်ချင်းဆိုသလို အစွမ်းထက်တဲ့ အကျိုးသက်ရောက်မှု တစ်ခုကို ဖန်တီးလိုက်ပါတယ်။ ဖျက်ဆီးခြင်း စွမ်းအားတွေနဲ့ ပြည့်နှက်နေတဲ့ အားလှိုင်းတစ်ခု ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလို ကျောက်တုံးလှေကားပေါ်မှာ အက်ရာတွေ ဖြစ်ပေါ်လာခဲ့ကြပါတယ်။

လင်းဟန်က အနောက်ဘက်ကို ဆက်တိုက်ဆိုသလို ဆုတ်သွားပြီး ခြေဆယ့်ခုနစ်လှမ်းလောက် ဆက်တိုက်နောက်ဆုတ် ပြီးတဲ့နောက်မှာ သူ့ရဲ့ခန္ဓာကိုယ်ကို ပြန်ပြီးတော့ ထိန်းနိုင်သွားခဲ့ပါတယ်။

Chapter 546 end

အပိုင်း(၅၄၇) ရွှမ်ယွမ်ဇီကွမ်း

လူငယ်ရဲ့ မျက်နှာပေါ်မှာ နောက်ဆုံးတော့ အံ့အားသင့်နေတဲ့

အမှုအရာတစ်ခု ထွက်ပေါ်လို့ လာခဲ့ပါတယ်။ သူက လင်းဟန်ဘက်ကို လှည့်ကြည့်ပြီးတော့ လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"မင်းက တကယ်ပဲ ငါ့ရဲ့တိုက်ခိုက်မှုကို ခုခံနိုင်တာလား။ မဆိုးဘူး။ မဆိုးဘူး။ မင်းဘယ်သူလဲ။ ငါ့အတွက်တော့ မင်းရဲ့နာမည်ကို သိဖို့အတွက် မင်းကအဆင့်မီတယ်"

"မင်းက ဉာဏ်နဲ့နည်းလား"

လင်းဟန်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ ဒီလူငယ်က တကယ်ပဲ သူ့ကိုယ်သူ ဒီကမ္ဘာကြီးရဲ့ ဘုရင်တစ်ပါးလို့ ထင်နေပြီးတော့ အရာအားလုံးက သူရဲ့လက်အောက်မှာ ရှိတယ်လို့များ မှတ်နေတာလား။

"အတင့်ရဲလှချည်လား"

လူငယ်က ချက်ချင်းဆိုသလို ဒေါသထွက်သွားပြီး နောက်ထပ်လက်ဂါး တိုက်ခိုက်မှု တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို မီးတောက်ကျားစုစုပေါင်း နှစ်ဆယ့်သုံးကောင် ပေါ်လာပြီးတော့ လင်းဟန်ဆီကို ခုန်အုပ်လိုက်ကြပါတယ်။

ကျားတစ်ကောင်ချင်းစီရဲ့ ရက်စက်ကြမ်းကြုတ်မှုက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ သာမန် ပန်းဖူးအဆင့် အလှ္ဘာကိုးမှာရှိတဲ့ မည်သည့်ကျင့်ကြံသူကိုမဆို နှိမ်နင်းနိုင်အောင် သန်မာပါတယ်။ ဒီမီးတောက်ကျား နှစ်ဆယ့်သုံးကောင်ရဲ့ ပူးပေါင်းထားတဲ့ အသွင်အပြင်က အတော်လေးကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ မြင်ကွင်းတစ်ခုပဲ ဖြစ်ပါတယ်။

ချီအလင်း နှစ်ဆယ့်သုံးခု။

လင်းဟန်က မအံ့ဩပဲနဲ့ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူကဓားချီအလင်း ဆယ့်ကိုးခုကိုပဲ ဖမ်းဆုပ်နိုင်ပါသေးတယ်။ ပြီးတော့ လက်သီးချီမှာဆိုရင် သူရဲ့တိုးတက်မှုက သိသိသာသာကို နောက်မှာ ကျန်ရစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူကအေးစက်စက်နဲ့ နှာခေါင်းကို တစ်ချက်ရှုံ့ပြီး ဂင်လာတဲ့ တိုက်ခိုက်မှုကို လက်သီးကို မြှောက်ပြီးတော့ မျက်နှာချင်း ဆိုင်လိုက်ပါတယ်။ ငွေရောင်နဂါးပုံရိပ် ဆယ့်ခုနစ်ခုက တစ်ဟုန်ထိုး ပြေးထွက်သွားခဲ့ပါတယ်။

နဂါးပုံရိပ်တွေနဲ့ မီးတောက်ကျားတွေက လုံးထွေးရစ်ပတ်သွားပြီး တစ်ခုနဲ့တစ်ခု ပြိုကွဲသွားခဲ့ပါတယ်။

မီးတောက်ကျားတွေက အသာစီး ရရှိတယ်ဆိုတာ သိသာထင်ရှားပြီး ၎င်းတို့အထဲက ဆယ့်သုံးကောင်က ဒီနဂါးပုံရိပ် ဆယ်ခုနစ်ကို ဆန့်ကျင်ရင်ဆိုင်နိုင်ပြီး ကျန်ရှိနေတဲ့ ဆယ်ကောင်က လင်းဟန်ဆီကို တစ်ဟုန်ထိုး ဆက်ပြီးတော့ ပြေးဝင်လာပါတယ်။

လင်းဟန်က မိုဓာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ ဒီတိုက်ခိုက်မှုကို အောင်အောင်မြင်မြင် ရှောင်တိမ်းနိုင်ခဲ့ပါတယ်။ သူရဲ့မျက်လုံးထဲမှာ အစွမ်းထက်တဲ့ တိုက်ပွဲဝင် စိတ်ဆန္ဒတွေ လောင်ကျွမ်းလို့ နေပြီးတော့ သူကအော်ဟစ်လိုက်ပါတယ်။

"ငါ့ဆီက နောက်ထပ်လက်သီးကို ထပ်ပြီးတော့ ယူစမ်း"

လင်းဟန်က နောက်ထပ်လက်သီးတစ်လုံး ထိုးလွှတ်လိုက်ပြီး ဒီတစ်ကြိမ်မှာတော့ ရှေးဟောင်းအရိုးပုံစံ အစီအရင်ကို ထည့်သွင်းထားခဲ့ပြီး ချက်ချင်းဆိုသလို သူရဲ့ သိုင်းဆန္ဒက ထူးထူးခြားခြားကို တောက်ပကြီးထွား လာခဲ့ပါတယ်။ နဂါးဆယ့်ခုနစ်ကောင်ပုံရိပ်ရဲ့ စွမ်းအားက အဆတော်တော်များများ တိုးလာပြီး လူငယ်ဆီကို ပျံသန်းတိုက်စစ် ဆင်လိုက်ပါတယ်။

"စိတ်ဂင်စားစရာပဲ"

လူငယ်က လက်ဂါးတိုက်ခိုက်မှု တစ်ခုကို ပျော့ယမ်းထုတ်ဖော်လိုက်ပြီး နောက်တစ်ကြိမ် ရက်စက်ကြမ်းကြုတ်တဲ့ မီးတောက်ကျား နှစ်ဆယ့်သုံးကောင်က ခုန်အုပ်ထွက်ပေါ် လာခဲ့ပါတယ်။

ထန်။

ဒီတစ်ကြိမ်မှာတော့ နဂါးပုံရိပ် ဆယ့်ခုနစ်က သူတို့ရဲ့ လမ်းကြောင်းမှာ မီးတောက်ကြား ဆယ့်ခုနစ်ကောင်ကို ရပ်တန့်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကျန်နေတဲ့ မီးတောက်ကျား ခြောက်ကောင်က ဆက်ပြီးတော့ လင်းဟန်ဆီကို ခုန်အုပ်ဂင်ရောက် လာခဲ့ပါတယ်။

လုပ်နိုင်တာ ဘာတစ်ခုမှ မရှိပါဘူး။ ဒီလူငယ်က သိုင်းပညာရပ် နားလည်သဘောပေါက်နိုင်စွမ်းမှာ လင်းဟန် ထက်ပိုပြီးတော့ မြင့်မားပါတယ်။ ဒါမှမဟုတ် အနည်းဆုံး ချီနဲ့ပတ်သက်ရင် ပိုပြီးတော့ မြင့်မားနေတာကြောင့် သူက ဒီတိုက်ကွက်ဖလှယ်မှုမှာ အသာစီး ရယူထားနိုင်တာက သဘာဂ ကျပါတယ်။ ဒါကတော့ လင်းဟန်အနေနဲ့ ဘာမှလုပ်နိုင်တာ မရှိပါဘူး။

ပိုပြီးတော့ အရေးကြီးတာက သူလည်းပဲ ပါရမီရှင် တစ်ယောက်ဖြစ်ပြီးတော့ ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်တဲ့ ကြုံးဝါးသံ တစ်ခုကို အော်ဟစ်ပြီး မို့ဆွာတန်နိုးရှင် ခြေလှမ်းကို အသုံးပြုပြီး လျှပ်ပြက်သလို သူရဲ့ပြိုင်ဘက် အရှေ့ကို ရောက်လာခဲ့ပြီး လူငယ်နဲ့ အနီးကပ် တိုက်ပွဲဝင်ဖို့ ဆန္ဒရှိနေပါတယ်။ သူက သံမဏိ ခန္ဓာကိုယ် ဖြစ်ပေါ်စေခဲ့ပြီး သူရဲ့နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကလည်း ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးသားဆိုတဲ့ အချက်ပါ ထည့်ပေါင်းလိုက်မယ် ဆိုရင်တော့ မည်သည့်အနီးကပ် တိုက်ခိုက်မှုမှာမဆို သူက တူညီတဲ့ အဆင့်မှာ သေချာပေါက် အကောင်းဆုံးဖြစ်ပါမယ်။

သူရဲ့ပြိုင်ဘက်ကလည်း သူ့လိုမျိုး မွန်းစတား မဆန်ပဲ ထိပ်တန်းခန္ဓာကိုယ် ကျင့်စဉ်တစ်ချို့ကို မကျင့်ကြံထားသရွေ့တော့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ကြောက်မက်ဖွယ်ရာ ခွန်အားနဲ့ နှိုင်းယှဉ်လို့ မရတဲ့ ခန္ဓာကိုယ်မာကျောမှုမှာ သူကအသာစီး ရပါလိမ့်မယ်။

လျှို့ဟုက်ဆန်းကြယ်တဲ့ မို့ဆွာတန်နိုးရှင် ခြေလှမ်းကို

အသုံးပြုပြီးတော့ လင်းဟန်က လူငယ်ရဲ့ အရှေ့ကို အောင်အောင်မြင်မြင်နဲ့ လျှပ်ပြက်သလို ရောက်သွားပြီး လက်သီးတစ်လုံးနဲ့ သူ့ကို ထိုးလွှတ်လိုက်ပါတယ်။

"ငါနဲ့ အနီးကပ်တိုက်ခိုက်ဖို့ မင်းမှာ ဘယ်နေရာကနေ ယုံကြည်မှုတွေ ရနေတာလဲ"

လူငယ်က သရော်လိုက်ပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ လက်ဝါးရိုက်ချက် တစ်ခုနဲ့ ပုတ်ထုတ်လိုက်ပါတယ်။

အမြဲလိုလို ကျင့်ကြံသူ အများစုက အနီးကပ် တိုက်ပွဲတွေကို ရှောင်ရှားကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က မူလစွမ်းအင်ကို ကျင့်ကြံကြပြီး အများစုရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောကြံ့ခိုင်မှုတွေ အရမ်းတာရမင်းတိုင်း မရှိပါဘူး။ မျက်စိတစ်မှိတ်မှာ ကျင့်ကြံသူ တစ်ယောက်က မူလစွမ်းအင်ရဲ့ အလင်းဆယ်ခု ဒါမှမဟုတ် နှစ်ဆယ်တောင်မှ ပစ်ထုတ်နိုင်ပါတယ်။ ဒါပေမဲ့ လုံလောက်တဲ့ ခန္ဓာကိုယ်ရဲ့ ခွန်အားမရှိပဲနဲ့ ဒီတိုက်ခိုက်မှုတွေကို ပစ်လွှတ်နိုင်မှာလား။

အဆင်ပြေတဲ့ အကွာအဝေးတစ်ခုကို ထိန်းသိမ်းထားနိုင်သရွေ့တော့ ကျင့်ကြံသူက သူရဲ့လက်ကို

လှန်ပစ်လိုက်ဖို့ ဒါမှမဟုတ် သူရဲ့ဓားကို အကြိမ်အနည်းငယ် ပေ့ယမ်းလိုက်ဖို့ပဲ လိုအပ်တာ ဖြစ်ပြီး သူ့အနေနဲ့ အဝေးက သူ့ရဲ့ရန်သူကို ဒဏ်ရာရသွားအောင် လုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ရန်သူက ခြေတစ်လှမ်းနဲ့ ပိုပြီးမြန်မြန်ဆန်ဆန် ထွက်ပြေးနိုင်မှာလား ဒါမှမဟုတ် သူကပဲ သူရဲ့လက်ကို မြှောက်လိုက်ဖို့ပဲ လိုအပ်တာ မဟုတ်လား။

ဒါပေမဲ့လည်း အနီးကပ်တိုက်ပွဲတစ်ခုမှာ လက်တစ်ဖက်ကို မြှောက်ခြင်းနဲ့ သူရဲ့လက်ဂါးကို လှန်ပစ်ခြင်းတွေက အရမ်းကို ဖြုန်းတီးမှု တစ်ခုဖြစ်လာပါလိမ့်မယ်။ ပြောနေကြ စကားပုံတစ်ခုက ကျားပွတ်က ရောက်လာဖို့ အရမ်းကို တိုတယ်။ ဒါပေမဲ့ တကယ်လို့ ကျားပွတ်က အရမ်းကို ရှည်ရင် အသုံးပြုတဲ့ အခါမှာ ၎င်းက အရမ်းကို မကွေးမညွတ်ပဲ တောင့်တင်းနေပါလိမ့်မယ်။

ဒီလူငယ်က အမှန်တကယ်ကို အနီးကပ် တိုက်ပွဲမှာ ကျွမ်းကျင်မှု ရှိပါတယ်။ သူရဲ့ လက်ဂါးပုတ်ထုတ်တဲ့ တိုက်ခိုက်မှုကလည်း အရမ်းကို ကောင်းကောင်းမွန်မွန်နဲ့ လေ့ကျင့်ထားသလိုမျိုး သူရဲ့ကျွမ်းကျင်မှုကို အပြည့်အဝ ထုတ်ဖော်နေပါတယ်။

ဆိုလိုတာက ဒီလူငယ်မှာ သေချာပေါက် သန်မာအားကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုရှိနေပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲဂင်စိတ်က မိုးထိအောင် ထိုးတက်သွားခဲ့ပါတယ်။ ကျယ်လောင်တဲ့ ဟစ်ကြွေးသံ တစ်ခုနဲ့အတူ သူက လူငယ်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို စလိုက်ပါတယ်။ ပုန်း ပုန်း ပုန်း။ သူတို့နှစ်ယောက်စလုံးက အရမ်းကို နီးနီးကပ်ကပ်နဲ့ လျင်လျင်မြန်မြန် တိုက်ခိုက်နေခဲ့ ကြပါတယ်။ မျက်စိနောက်စရာ တိုက်ကွက်တွေ အများကြီး မရှိပဲ သိုင်းဆန္ဒတွေကို ထုတ်ဖော်ရုံသာ ဖြစ်ပြီးတော့ ရှုပ်ထွေးတဲ့ ပုံစံတွေ တောက်ပလာပြီး အဆုံးမရှိ ပျက်စီးပြီး စက်ပိုင်းပုံစံတွေ တစ်ကြိမ်ပြီးတစ်ကြိမ် ပြန်လည်ဖြစ်ပေါ် လာခဲ့ပါတယ်။

ဒီတိုက်ပွဲမှာ သူတို့နှစ်ယောက်က အမှန်တကယ်ပဲ လက်ရည်ညီကြပါတယ်။

လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သံသယလုံးဝကို ရှိစရာ မလိုအောင် သန်မာပါတယ်။ ဒါကလည်း ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ရဲ့

မွမ်းမံသန့်စင်ပေးမှုနဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံခြင်းနဲ့အတူ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ လူငယ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း လင်းဟာန်အောက် နိမ့်ကျလို့နေပါတယ်။ ဒါပေမဲ့လည်း သူရဲ့အားကောင်းတဲ့ မူလစွမ်းအင်က ဒီအရေးနိမ့်မှုကို ဖာထေးပေးနိုင်ခဲ့ပါတယ်။

"ငါကတကယ်ပဲ မင်းကိုလျှော့တွက်ထားမိခဲ့တာပဲ"

လူငယ်က အေးစက်စက်နဲ့ ပြောလိုက်ပါတယ်။ သူရဲ့မျက်လုံးထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ တောက်ပသွားခဲ့ပြီး သူရဲ့ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုက ပျံ့နှံ့လာပြီးတော့ မီးတောက်ဓားသွားပေါင်း တစ်ထောင်အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟာန်ဆီကို ပစ်လွှတ်လိုက်ပါတယ်။

တကယ်လို့ လင်းဟာန်က သံမဏိ ခန္ဓာကိုယ် ဖြစ်ပေါ်ထားတယ် ဆိုရင်တောင်မှ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက တန်ဖိုးကြီး သတ္တုတွေလိုမျိုး မာကျောမှုပဲ ရှိသေးတာ ဖြစ်ပြီး သူ့အနေနဲ့ စိုးရိမ်ပူပန်မှုကို ခံစားနေရဆဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ နောက်ကို မဆုတ်လို့

မဖြစ်ပါဘူး။ ပြီးတော့ သူတို့နှစ်ယောက် အကြားက အကွာအဝေးက ဆန့်ထွက်လာခဲ့ ပါတယ်။

"ဟားဟားဟား ဆယ်ကွက်အတွင်းမှာ ငါမင်းကို ငါ့အရှေ့မှာ ဦးညွှန်လာအောင် လုပ်ရလိမ့်မယ်"

လူငယ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ကောင်းကင်ကို ခွဲခြမ်းပြီး မြေကြီးကို ခုတ်ပိုင်းနိုင်စွမ်းရှိတဲ့ အဆုံးစွန် တည်ရှိမှု တစ်ခုလိုမျိုးပုံစံနဲ့ လက်ဖါးရိုက်ချက် တော်တော်များများကို ထုတ်ဖော်တိုက်ခိုက်လိုက်ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းရည်က ချက်ချင်းဆိုသလို အဆင့်သစ်တစ်ခုကို ထိုးတက်သွားခဲ့ပါတယ်။

လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားက မူလစွမ်းအင်ရဲ့ အဆင့်ကို မသာလွန် သရွေ့တော့ အကောင်းဆုံး လှုပ်ရှားမှုက အကွာအဝေးကို ထိန်းသိမ်းထားတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအဆင့်မှ ဘယ်သူကမှ သူရဲ့မူလစွမ်းအင်ထက် သာလွန်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အား မရှိပါဘူး။

လူငယ်က အရမ်းကို တော်ပါတယ်။ နောက်ပြီးတော့ သူက မာနကြီးကောင်း ကြီးနိုင်ပေမဲ့ ငတုံးတစ်ယောက်တော့

မဟုတ်ပါဘူး။ သူ့မှာ အရင်တုန်းက လင်းဟန်အပေါ် အထင်သေးမှုတွေ ဖော်ပြခဲ့ပေမဲ့ သူအခုနေနဲ့ လင်းဟန်နဲ့ အနီးကပ်တိုက်ပွဲတစ်ခု တိုက်ခိုက်ဖို့ ဆန္ဒမရှိပါဘူး။ ဒါက သူရဲ့အသန်မာဆုံး နယ်ပယ်မဟုတ်ပါဘူး။

မူလစွမ်းအင်ကို ကျင့်ကြံသူတွေ အတွက်တော့ သူရဲ့ပြိုင်ဘက်နဲ့ အကွာအဝေး တစ်ခုကို ထိန်းသိမ်းထားပြီး သိုင်းပညာ နည်းစနစ်တွေကို စိတ်ကြိုက် ထုတ်ဖော်လို့ ရပါတယ်။

လင်းဟန်က ဖိနှိပ်ခံနေရတယ် ဆိုပေမဲ့ အခြေအနေကို ပြောင်းပြန်လှန်ပစ်နိုင်တဲ့ စွမ်းရည်မရှိဘူးလို့ မဆိုလိုပါဘူး။ သူရဲ့အကျွမ်းကျင်ဆုံးက ဓားသိုင်းမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက နတ်ဆိုးရှင်သန်ဓားကို ဆွဲမထုတ်သလို လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကိုလည်း အသုံးမပြုခဲ့ပါဘူး။ ဒါတွေက သူ့ရဲ့ဝှက်ဖဲတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒါက အလယ်ပိုင်း ဒေသမှာ ဖြစ်ပါတယ်။ ဘယ်သူသိမှာလဲ။ တကယ်လို့ တစ်စုံတစ်ယောက်က လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်သိုင်းဟန်ကို သတိပြုမိပြီး ကောင်းကင်ဓားဂိုဏ်းက မွန်းစတားအိုကြီးတွေကို ဆွဲထုတ်လာနိုင်မလား ဆိုတာကိုပေါ့။

"ရပ်လိုက်စမ်း"

အေးစက်စက် နာခေါင်းရှုံ့သံ တစ်ခုကို ကြားလိုက်ရပြီး သူတို့အထက်က နန်းတော်ကနေ မကျေမနပ် ဖြစ်နေတဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"ဒီနေရာမှာ မင်းတို့နှစ်ယောက် စိတ်တိုင်းကျ လုပ်ခွင့်ပြုရအောင် ဒီနေရာကို မင်းတို့က ဘယ်လိုများ ထင်နေတာလဲ"

ဒီပြစ်တင်ကြိမ်းမောင်းမှုမှာ ဩဇာအာဏာတွေနဲ့ ပြည့်နှက်လို့နေပြီး လင်းဟန်နဲ့ လူငယ်က ချက်ချင်းပဲ လှုပ်ရှားနေမှုတွေကို တစ်ပြိုင်နက်တည်း ရပ်လိုက်ကြပါတယ်။

မာနကြီးတယ်ဆိုတာ နေရာအပေါ်မှာလည်း မူတည်ပါသေးတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မာနကြီးတာ မဟုတ်ပဲ တုံးအလွန်းရာ ကျသွားပါမယ်။ သူတို့ကို ကြိမ်းမောင်းပြောဆိုတဲ့လူက အနည်းဆုံး နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိပါတယ်။ ပြီးတော့ လင်းဟန်နဲ့ အဲဒီလူငယ်က ဘယ်လောက်ပဲ မွန်းစတားဆန်နေပါစေ ဒီလိုမျိုး လူတစ်ယောက်နဲ့

ရင်ဆိုင်ရတဲ့ အခါမှာ သူတို့ရဲ့ တစ်ခုတည်းသော ကံကြမ္မာက ဖိနှိပ်ခံရပြီး နှိမ်နင်းခံရရုံပဲ ရှိပါလိမ့်မယ်။

မနာခံတဲ့လူ ဘယ်သူပဲဖြစ်ဖြစ် အရိုက်နှက်ခံရဖို့ ရှာဖွေနေတာနဲ့ အတူတူပါပဲ။ လင်းဟာန်နဲ့ သူ့ရဲ့ပြိုင်ဘက်ကတော့ ရိုက်နှက်ဆုံးမခံချင်ပုံ မပေါ်ပါဘူး။

လူငယ်က အရမ်းကို မာနကြီးနေဆဲပါပဲ။ လင်းဟာန်ကို ပေစောင်းစောင်းကြည့်ပြီးတဲ့ နောက်မှာ သူကလုံးဝကို အာရုံမစိုက်တော့ပဲ အဲဒီအစား ဟော့လျန်ချွင်ရွှယ်ကို လှည့်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် ရွှမ်ယွမ်ဇီကွမ်းလို့ ခေါ်တယ်။ ငါမင်းကို သဘောကျတယ်။ ငါ့ရဲ့ အမျိုးသမီး ဖြစ်ပေးပါ"

ဒါဆိုရင် သူက ရွှမ်ယွမ်ဇီကွမ်းပေါ့။

သူက အတော်လေး အစွမ်းထက်နေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

ဟော့လျန်ချွင်ရွှယ်က အလျင်အမြန်ပဲ လင်းဟာန်ရဲ့ အနောက်မှာ ပုန်းလိုက်ပြီး သူမရဲ့ လှပတဲ့ မျက်နှာလေးကို

ခေါင်းပြုကြည့်ပြီး ရွှမ်ယွမ်ဇီကွမ်းကို လှျာထုတ်ပြလိုက်ပါတယ်။ သူမသိတာက ဒီလူက ခေါင်းရှုပ်ဖို့ကောင်းပြီး စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။

လင်းဟန်က ရွှမ်ယွမ်ဇီကွမ်းကို ဂရုဏာသက်သလို ကြည့်လိုက်ပါတယ်။ ဒီကောင်က သူ့ကိုယ်သူ အရမ်းကို အလေးထားတဲ့ သဘောထားအမြင်တစ်ခု ရှိပြီး ကောင်းကင်အဆင့်မှာရှိတဲ့ ဒီနူးညံ့သိမ်မွေ့တဲ့ မိန်းကလေးနဲ့မှ လုံးဝကို အကြံမရှိတော့ပါဘူး။ သူမက လက်ရှိမှာ အတိတ်မေ့နေပေမဲ့ တစ်နေ့သူမရဲ့ မှတ်ဉာဏ်တွေ ပြန်လည်ရရှိလာပါလိမ့်မယ်။ အဲဒီအခါကျရင် သူကလူသေအလောင်း ဖြစ်သွားပါလိမ့်မယ်။

ရွှမ်ယွမ်ဇီကွမ်းက ဒွကိုမြင်လိုက်တဲ့ အခါမှာ လင်းဟန်ဆီကို ကြည့်လိုက်ပြီး အစွမ်းထက်တဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာပါတယ်။ သူနှစ်သက် သဘောကျနေတဲ့ မိန်းကလေးက တခြားယောက်ျားတစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်နေပြီလား။ သူကဒါကို သည်းမခံနိုင်ပါဘူး။ ပြီးတော့ အဲဒီယောက်ျားကို သေချာပေါက် သတ်ပစ်ရပါလိမ့်မယ်။ တကယ်လို့ မသတ်ပစ်ဖူးဆိုရင် သူရဲ့နှလုံးသားထဲက ကြိုးထုံးကို ဘယ်တော့မှ ပယ်ဖျက်ပစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"မင်းဒီနေရာကနေ ထွက်သွားတာနဲ့ မင်းကလူသေ တစ်ယောက် ဖြစ်သွားရလိမ့်မယ်"

သူက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုရင်လည်း မင်းရဲ့ဘဝတစ်သက်တာလုံး ဒီနေရာမှာပဲ ငါ့ကို စောင့်နေပေတော့"

ရှမ်ယွမ်ဇီကွမ်းက ဘာပြောရမှန်းကို မသိအောင် ဖြစ်သွားပါတယ်။ သူ့အနေနဲ့ လင်းဟန်က လုံးဝကို အရှက်ကင်းမဲ့လိမ့်မယ်လို့ မထင်ထားမိပါဘူး။ သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ပြောလိုက်ပါတယ်။

"ဟမ့် ငါမင်းကို စောင့်နေမယ်"

Chapter 547 end

အပိုင်း(၅၄၈) အကန့်အသတ်မဲ့ တောင်အတွက် ရှာဖွေခြင်း

ရှမ်ယွမ်ဇီကွမ်းက ချာခနဲ လှည့်ပြီးတော့

ထွက်သွားလိုက်ပါတယ်။ ဒါပေမဲ့ ခြေလှမ်း အနည်းငယ်ပဲ လှမ်းရပါသေးတယ်။ လင်းဟန်တီးတိုးရွတ်ဆိုတာကို ကြားလိုက်ရပါတယ်။

"ငတုံး"

သူက အနောက်ကို ပြန်လှည့်ပြီးတော့ ရေခဲတမျှ အေးစက်တဲ့ အကြည့်နဲ့ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းဘာပြောလိုက်တာလဲ"

"အိုး မင်းက ငတုံးတစ်ယောက်လို့ ငါပြောလိုက်တာပဲ။ မင်းကိုမင်း ကောင်းကောင်းသိလိမ့်မယ်လို့ ငါမထင်ဘူး။ ဒါကြောင့် ငါကမင်းကို ဒီလိုမျိုး ခေါ်တာပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

ချက်ချင်းဆိုသလို ရွှမ်ယွမ်ဇီကွမ်းက ဒေါသထွက်သွားပြီး သူရဲ့ခေါင်းထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ဆူပွက်ပြီး မြင့်တက်လာပြီး မီးတောက်လျှာတွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ နဂါးအစစ်နဲ့ ဖီးနစ်ငှက်ရဲ့ပုံရိပ်တွေ ပေါ်လာခဲ့ပြီး ဒီလူငယ်ပိုင်ဆိုင်ထားတဲ့ အရမ်းကို

ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းရည်ကို ညွှန်ပြနေပါတယ်။

သူက တကယ့်ကို အရမ်းအစွမ်းထက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဓားကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ထက်တောင် နိမ့်ကျကွာခြားခြင်း ရှိချင်မှ ရှိပါလိမ့်မယ်။

"မင်းဒီနေရာကနေ ထွက်သွားတာနဲ့ ငါမင်းရဲ့ခေါင်းကို သေချာပေါက် ဖြတ်ပစ်မယ်"

သူက အေးစက်စွာ ကြေညာလိုက်ပြီး သူရဲ့လေသံမှာ ဆုံးဖြတ်ချက် ပြတ်သားမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

"ဒါဆိုရင်လည်း မင်းစိတ်ရှည်လက်ရှည်နဲ့ စောင့်နေပေါ့ ငတုံးရယ်။ ငါ့ရဲ့စိတ်နေစိတ်ထား တိုးလာအောင် စောင့်ပြီး အဲဒီအခါကျရင် မင်းရဲ့အသက်ကို ငါနှုတ်ယူရလိမ့်မယ်"

လင်းဟန်က ပျင်းရိစွာနဲ့ ပြောလိုက်ပါတယ်။ ယခင်ဘဝတုန်းက ကောင်းကင်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ သူ့အတွက်တော့ ဒီလူငယ်မျိုးဆက်တွေက ဘယ်လောက်ပဲ အစွမ်းထက်ပါစေ

အရေးမပါပါဘူး။ သူ့အတွက်တော့ စစ်မှန်တဲ့ ပြိုင်ဘက်တွေအဖြစ် သူတို့ကို အလေးအနက်ထားပြီး ကြည့်ဖို့ဆိုတာက မဖြစ်နိုင်သေးပါဘူး။

သူရဲ့မျက်လုံးထဲမှာ သူဖြတ်ကျော်ဖို့ လိုအပ်တဲ့လူတွေက ဓားကေရာဇ်၊ နေသတ်ဖြတ်သူ ဆေဘာဓား ကေရာဇ်နဲ့ တခြားလူတွေ ဖြစ်ပြီးတော့ တန်ခိုးရှင်အဆင့်ကို ဂင်ရောက်သွားခဲ့သူတွေ ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ တန်ခိုးရှင် အဆင့်ကို ဂင်သွားနိုင်ခဲ့မယ် ဆိုရင်ပေါ့။

ရွှမ်ယွမ်ဇီကွမ်းက လင်းဟန်နဲ့ ဆက်ပြီးတော့ ငြင်းခုံမနေတော့ပါဘူး။ ဒါက အဓိပ္ပါယ်လုံးဝ မရှိပဲ အချိန်ဖြုန်းတာ သက်သက်ပါပဲ။ သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူရဲ့ဂတ်ရုံကို ဟန်ပါပါနဲ့ ဝှေ့ယမ်းပြီးတော့ ထွက်ခွာသွားပါတယ်။

ဒီတစ်ကြိမ်တော့ လင်းဟန်ကလည်း ဘာမှကို တီးတိုးရွတ်ဆိုခြင်း မရှိတော့ပါဘူး။

တကယ်လို့ သူက ရွှမ်ယွမ်ဇီကွမ်းရဲ့ ဆံပင်လိုမျိုး တစ်ခုခုကို ယူပြီးတော့ ကျိန်စာများရဲ့ ပုလင်းထဲ ပစ်ထည့်ပြီး သူ့ကို ကျိန်စာတိုက်တာကမှ အံ့သြဖို့ ကောင်းပါလိမ့်မယ်။

ဒါပေမဲ့လည်း ပန်းဖူးအဆင့်ကို ရောက်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ သေမျိုးအရာတွေကို ပစ်ပယ်လိုက်ပြီး ဆံပင်မွေး တစ်ချောင်းတောင်မှ ကျန်ခဲ့တာမျိုး မရှိပါဘူး။ သူတို့က သူတို့ရဲ့ လက်သည်းတွေ ကြီးထွားရှင်သန်မှုကို လွတ်လွတ်လပ်လပ်နဲ့ ထိန်းချုပ်နိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံတဲ့ မိုစ္စာသားရဲတွေပဲ ဆက်ပြီးတော့ ကြီးထွားရှင်သန်ပါလိမ့်မယ်။

ဒါကြောင့် ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ကနေ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ရှူးကို ရရှိဖို့ဆိုတာက အတော်လေးကို ခက်ခဲတဲ့ ကံကြမ္မာတစ်ခု ဖြစ်ပါတယ်။

ဒါကိုမေ့လိုက်တော့။ ရှမ်ယွမ်ဇီကွမ်းက ပန်းဖူးအဆင့် အလွှာကိုး အဆင့်ပဲ ရှိသေးတာ သူ့ကို သတ်ပစ်ဖို့ဆိုတာက လင်းဟာန်အနေနဲ့ သူရဲ့ကျင့်ကြံခြင်းကို အဆင့်နည်းနည်းလောက် တိုးအောင်လို့ လုပ်ပြီးမှ သတ်ဖြတ်မယ်ဆိုရင် အရမ်းကို ခက်ခဲမဲ့ ကိစ္စတော့ မဟုတ်ပါဘူး။

"သွားကြစို့။ နင်တို့ တည်းခိုဖို့ နေရာကို စီစဉ်ရဦးမယ်"

ရင်ဟောင်က ပြောလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ

အပြုံးတစ်စ တွဲခိုနေပါတယ်။ သူမ အနေနဲ့ လင်းဟန်နဲ့ ရွှမ်ယွမ်ဇီကွမ်း အကြားမှာ ပြဿနာ မြင့်တက်လာတာကို မြင်ရခြင်းက အရမ်းကို ကျေနပ်နေတယ် ဆိုတာက သိသာထင်ရှားပါတယ်။ ဒီအတိုင်းဆို လင်းဟန်က သူရဲ့အစွမ်းအစကို အကုန်လုံး ထုတ်သုံးပြီးတော့ သူမကို ကူညီပြီး ပိုမိုမြင့်မားအောင် လုပ်ပေးနိုင်မဲ့ အခွင့်အရေးတစ်ခုပဲ ဖြစ်ပါတယ်။

"တခြားလူတွေ ကံကြမ္မာဆိုးငင်နေတာက မင်းအတွက်တော့ တကယ်ပဲ အရမ်းကို ကျေနပ်ပျော်ရွှင်စရာ ကောင်းနေတာလား"

လင်းဟန်က နောက်ပြောင်ကျီစယ် လိုက်ပါတယ်။

"ဒါပဲလေ ငါလိုချင်တာ။ ပြီးတော့ အဲဒီအတွက် နင်က ဘာလုပ်နိုင်မှာလဲ"

ရင်ဟောင်က သူမရဲ့ ရင်သားတွေကို လှုပ်ခါပြလိုက်ပါတယ်။

"ဘယ်လောက်တောင် အရှက်မရှိလိုက်သလဲ"

လင်းဟန်က အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

သူတို့ငါးယောက်က စိတ်ဝိညာဉ် ရတနာ စံအိမ်အထဲကို ဝင်လာခဲ့ပြီး ရင်ဟောင်က သူမရဲ့ အဆင့်အတန်းကို ထုတ်ပြလိုက်ပါတယ်။ အဲဒီနောက်မှာ သူတို့ကို ခန်းမကြီးရဲ့ အနောက်က ဧရာမ အဆောက်အဦးထဲကို ဖိတ်ခေါ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း မြောက်ပိုင်းဒေသက သိုင်းပညာ အဆင့်မှာ အားအနည်းဆုံး ဖြစ်တာကြောင့် ဒီနေရာမှာ မြောက်ပိုင်းဒေသရဲ့ စိတ်ဝိညာဉ် ရတနာ စံအိမ်ရဲ့ အဆင့်အတန်းက အနိမ့်ဆုံး ဖြစ်ပါတယ်။ ရင်ဟောင်ရဲ့ အရှိန်အဝါက သိသိသာသာကို အားနည်းနေပါတယ်။

"ဟင့် ဒီပြိုင်ပွဲမှာ ပထမနေရာကို ငါယူပြီးတဲ့အထိ စောင့်လိုက်ပါ။ အဲဒီအခါကျရင် နင်တို့အားလုံး ဘယ်လိုစကားတွေ ပြောကြမလဲဆိုတာကို ငါကြည့်ဦးမယ်"

ရင်ဟောင်က ဒေါပွပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"အစ်ကိုဟန် အဲဒီရှမ်ယွမ်ဇီကွမ်းက တကယ်ပဲ ထူးချွန်ထက်မြက်တယ်။ ဒါကြောင့် နင် သေချာပေါက် ဂရုမစိုက်လို့တော့ မဖြစ်ဘူးနော်"

ကျူးရှမ်အာက လင်းဟန်ကို ညင်ညင်သာသာနဲ့

ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့ ငါက ဘယ်သူ့ကိုမှ မကြောက်ဘူး။ ဒါပေမဲ့ ဘယ်ပါရမီရှင်ကိုမှ လျော့တွက်လိမ့်မှာ မဟုတ်ဘူး။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူ့ရဲ့လက်ရှိစွမ်းအားက ငါ့ထက်သာတယ်။ ဒါပေမဲ့ တကယ်လို့ သူကငါ့ကို သတ်ချင်တယ် ဆိုရင်တောင်မှ အဲဒါက စိတ်ကူးယဉ်မှု တစ်ခုပဲ ဖြစ်လိမ့်မယ်"

ဒီအချက်ကိုတော့ သူ့အနေနဲ့ လုံးဝကို သေချာပြောပံ့ပါတယ်။ သူ့ဂုတ်ရိုးအောက်မှာလည်း ဂုက်ဖဲတွေ အများကြီး ရှိပါတယ်။

"အိုး ဟုတ်ပြီ။ ငါနင့်ကို မေးစရာရှိတယ်"

လင်းဟန်က ရင်ဟောင်ကို မေးလိုက်ပါတယ်။

"နင် အကန့်အသတ်မဲ့ တောင်ကို သိလား"

"ဘာတောင်"

ရင်ဟောင်က ကြောင်တောင်တောင်နဲ့ ပြန်မေးလိုက်ပါတယ်

"အကန့်အသတ်မဲ့တောင်"

"ခစ်ခစ် ငါအလယ်ပိုင်းဒေသမှာ နှစ်အနည်းငယ်ပဲ နေခဲ့တာ။ နောက်ပြီးတော့ အလယ်ပိုင်းဒေသက အရမ်းကို ကြီးမားတဲ့ေနရာတစ်ခုဖြစ်တယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အကန့်အသတ်မဲ့တောင်က ဘယ်နားမှာရှိတယ် ဆိုတာကို ငါသိနိုင်မှာလဲ။ နေပါဦး။ ငါလူတစ်ယောက်ကို ရှာပြီးတော့ နင့်အတွက် မေးပေးမယ်"

ရင်ဟောင်က ချာခနဲ လှည့်ထွက်သွားလိုက်ပါတယ်။ ဒါပေမဲ့ အချိန်အနည်းငယ ်အတွင်းမှာ မျက်နှာနီနီနဲ့ ပြန်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး နင်ကငါ့ကို ကျီစယ်နေတယ်ပေါ့လေ ဟုတ်လား။ ငါလူတွေအများကြီးကို မေးပြီးပြီး ဒါပေမဲ့ ဘယ်သူကမှ အဲဒီတောင်ကို ကြားတောင်မကြားဖူးကြဘူး"

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ နှစ်ပေါင်းတစ်သောင်းကျော် ကြာပြီးတဲ့နောက်မှာ နေရာဒေသတွေရဲ့ နာမည်တွေ ပြောင်းလဲကုန်တာ

သဘာဂကျပါတယ်။ ဒါပေမဲ့ ပြဿနာတော့ တက်ပါပြီ။ အလယ်ပိုင်းဒေသက အရမ်းကို ကြီးမားတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ ဘယ်လိုလုပ်ပြီး တောင်အားလုံးကို စစ်ဆေးဖို့ ခရီးသွားနိုင်မှာလဲ။

"ဟဲ့ ငါနင့်ကို မေးနေတယ်။ နင်ငါ့ကို လှည့်စားနေတာလား"

ရင်ဟောင်က ဒေါသူပုန်ထပြီး မေးလိုက်ပါတယ်။

"မင်းစကားပြောတာ ကြည့်ပြော။ မဟုတ်လရင် ဘယ်သူကမှ မင်းကို လက်ထပ်ပံ့မှာ မဟုတ်ဘူး"

လင်းဟန်က သတိပေးလိုက်ပါတယ်။

"အော့ ငါ့မှာ ရင်သားကြီးကြီးတွေ ရှိတယ်။ ဒါကြောင့် တကယ်လို့ ငါကလက်ထပ်ချင်တယ်ဆိုရင် ငါ့ကိုလက်ထပ်မဲ့သူတွေ တန်းစီနေမှာပဲ။ ဒီကိစ္စက အသေးအမွှားလေး တစ်ခုပဲ"

ရင်ဟောင်က နှာခေါင်းရှုံ့လိုက်ပါတယ်။

"လောလောဆယ် နင်တို့အားလုံး ဒီမှာခဏတော့

နေရလိမ့်ဦးမယ်။ အော် ဒါနဲ့ ရွှမ်ယွမ်ဇီကွမ်းနဲ့ နောက်ထပ်ပြဿနာတွေ မဖြစ်အောင် ရှောင်နေတာ အကောင်းဆုံးပဲ။ ဟူး တောင်ပိုင်းဒေသက ဒီလိုမျိုး မွန်းစတား တစ်ကောင်ကို တစ်ကယ်ကို ခန့်ထားနိုင်တာပဲ။ ကြည့်ရတာ သိုင်းပညာရပ် ပြိုင်ပွဲအတွက် ငါတို့တွေ အမှတ်အများကြီး ရနိုင်တော့မယ် မထင်ဘူး"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မှာ နည်းလမ်းတစ်ခုတော့ ရှိတယ်"

"ဘာနည်းလမ်းလဲ"

"ရွှမ်ယွမ်ဇီကွမ်းရဲ့ ဆံပင်ကို ရအောင်ယူနိုင်မဲ့ နည်းလမ်းတစ်ခုကို နင်စဉ်းစားလိုက်။ ပြီးရင် သူ့ကို ကျိန်စာတိုက်ဖို့ ဗူဒူးအရုပ်တစ်ခုကို ငါလုပ်ပေးမယ်။ သူ့ရဲ့စွမ်းရည်တွေ အကြီးအကျယ် ကျဆင်းသွားဖို့ ငါအာမခံတယ်။ ပြီးတော့ သူက ရွှမ်အာရဲ့ ပြိုင်ဘက်တောင် မဖြစ်နိုင်တော့ဘူး"

လင်းဟန်က ပြုံးပြီးတော့ ဆွေးနွေးလိုက်ပါတယ်။

"ဘယ်လို"

ရင်ဟောင်ရဲ့ မျက်လုံးတွေက သူမရဲ့ ရင်သားတွေလို ပြူးထွက်သွားပါတယ်။ ဒီကောင်စုတ်က တကယ်ပဲ သူမကို နောက်တစ်ကြိမ် ကျီစယ်နေပြန်ပြီ။

"ငါသွားတော့မယ်။ နင်တို့တွေ ခဏတော့ နားလိုက်ကြဦး။ ဒါပေမဲ့လည်း အေးအေးဆေးဆေးပါပဲ။ တကယ်တော့ ပြိုင်ပွဲစဖို့ တစ်လလောက် အချိန်လိုပါသေးတယ်။ ဒါကြောင့် နင်တို့ရဲ့ ခန္ဓာကိုယ်တွေ မပျက်စီးသွားစေနဲ့ဦး"

"ထွက်သွားတော့"

ရင်ဟောင် ထွက်သွားပြီးတဲ့နောက်မှာ မိန်းကလေး သုံးယောက်က သူမတို့ရဲ့ အခန်းအသီးသီးကို ဂင်ပြီးတော့ သူမတို့ရဲ့ ခရီးဆောင်အိတ်တွေကို အရင်ဆုံး နေရာချထားလိုက်ပါတယ်။ သူမတို့မှာ ခရီးဆောင်အိပ်တွေ အများကြီးတော့ မပါရှိပါဘူး။ တကယ်တော့ သူတို့မှာ အနက်ရောင် မျှော်စင် ရှိနေသလို အားလုံးမှာလည်း သိုလှောင်လက်စွပ်ကိုယ်စီ ရှိကြပါတယ်။

အဲဒီအချိန်မှာ လင်းဟာန်က ထိုင်ချပြီးတော့ အကန့်အသတ်မဲ့

တောင်ရဲ့ ကိစ္စကို ဆက်ပြီးတော့ စဉ်းစားနေပါတယ်။

သူ့ရဲ့ယခင်ဘဝမှာ အကန့်အသတ်မဲ့တောင်ကို ကြားဖူးပါတယ်။ ဒါပေမဲ့ အဲဒီကိုတော့ တစ်ခါမှ မရောက်ဖူးပါဘူး။ သူသိတာ တစ်ခုတည်းက အဲဒီနေရာက အလယ်ပိုင်းဒေသမှာ တည်ရှိတယ် ဆိုတာပါပဲ။ ဒီလိုဆိုမှတော့ သူ့အနေနဲ့ အဲဒီတောင်ရဲ့ တည်နေရာ အကြမ်းဖျင်းကို အရင်ဆုံး ရှာပြီးတော့မှ နောက်ပိုင်းကျရင် ဖြည်းဖြည်းနဲ့ တိကျတဲ့ တည်နေရာကို ရှာရပါလိမ့်မယ်။

အတိတ်တုန်းက ဒါက ပင်လယ်ကနေ ငါးမျှားတာနဲ့ တူပါတယ်။ ပြီးတော့ အခုက ကန်တစ်ခုကနေ ငါးမျှားတာနဲ့ တူပါတယ်။ ဒါက အရမ်းကို နှေးကွေးတဲ့ အလုပ်တစ်ခု ဖြစ်ပေမဲ့ ရည်ရွယ်ချက် မရှိပဲ အလယ်ပိုင်းဒေသ တစ်ခုလုံးကို ပတ်ပြီးတော့ ရှာရတာထက်စာရင်တော့ ပိုကောင်းပါတယ်။

စိတ်ဝိညာဉ် ရတနာ စံအိမ်ရဲ့ ဥည့်သည်အခန်းတွေက အရမ်းကို မြင့်မားတဲ့ အရည်အသွေး ရှိပါတယ်။ အခန်းတိုင်းမှာ အလယ်ပိုင်း ဒေသရဲ့ မြေပုံတစ်ခုလည်း ရှိတယ်ဆိုပေမဲ့ အရမ်းကြီးတော့ အသေးစိတ် ရေးဆွဲထားခြင်း မရှိပါဘူး။ နောက်ပြီးတော့ ဧရိယာ အကြီးကြီး တချို့ကိုပဲ အမှတ်အသား ပြုလုပ်ထားပြီး

မြို့ငယ်လေးတွေနဲ့ တောင်သေးသေးလေးတွေရဲ့ အမည်တွေကိုတောင် မရေးထားပါဘူး။

လင်းဟန်က အကောင်းဆုံး ကြိုးစားပြီးတော့ မှတ်မိဖို့ကြိုးစားပြီး နောက်ဆုံးမှာ မြေပုံပေါ်ကို လက်နဲ့ထောက်လိုက်ပါတယ်။

"ဒီနေရာပဲ မိုးပျံပွင့်လန်းခြင်းနိုင်ငံ"

အလယ်ပိုင်း ဒေသက တကယ်ပဲ အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် ၎င်းကို နိုင်ငံပေါင်း သုံးဆယ့်ခြောက်နိုင်ငံနဲ့ ထပ်ပြီးတော့ ပိုင်းခြားထားပါတယ်။ မိုးပျံပွင့်လန်းခြင်း နိုင်ငံက အဲဒီနိုင်ငံတွေထဲက တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အလယ်ပိုင်းဒေသကို နိုင်ငံပေါင်း သုံးဆယ်ခြောက်နိုင်ငံအဖြစ် ခွဲခြားထားတာတောင်မှ မိုးပျံပွင့်လန်းခြင်း နိုင်ငံက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားနေဆဲပါပဲ။ အနည်းဆုံးတော့ မြောက်ပိုင်းဒေသ တစ်ခုလုံးထက်တောင် ပိုပြီးတော့ ကြီးမားပါတယ်။

တကယ်လို့ သူ့အနေနဲ့ အဲဒီနေရာမှာ တောင်တလုံးကို တိတိကျကျ ရှာချင်တယ်ဆိုရင် ခက်ခဲပါလိမ့်မယ်။

`မိုးပျံပွင့်လန်းခြင်း နိုင်ငံမှာ တောင်တွေအများကြီး ရှိမနေဖို့ကို မျှော်လင့်ရမှာပဲ`

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

ဒီလိုမျိုး မြေပုံတစ်ခု အပေါ်မှာ အနီးစပ်ဆုံး နေရာတစ်ခုကို ရှာဖွေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လင်းဟန်က အစေခံတစ်ယောက်ကို ခေါ်ပြီးတော့ သူ့အတွက် မိုးပျံပွင့်လန်းခြင်း နိုင်ငံရဲ့ မြေပုံတစ်ခုကို သွားဂယ်ဖို့ အမိန့်ပေးလိုက်ပါတယ်။ စိတ်ဂိညာဉ် ရတနာ စံအိမ်အထဲမှာ ဘယ်လိုအရာမျိုးကိုမဆို ဂယ်ယူနိုင်ပါတယ်။ ဒါကြောင့် သူကအပြင်ကို ခြေတစ်လှမ်းတောင် မထွက်ရပဲ သူလိုချင်တဲ့ ဘယ်အရာပစ္စည်းကိုမဆို ဂယ်ယူနိုင်ပါတယ်။

အဲဒီအတွက် သူမှာ ငွေရှိနေဖို့တော့ လိုတာပေါ့။

မကြာခင်မှာပဲ အစေခံက ပြန်ရောက်လာပါတယ်။ သူပြောတာက စုစုပေါင်း အဆင့်သုံးခုနဲ့ မြေပုံသုံးခု ရှိပါတယ်။ သာမန်မြေပုံကို ငွေနဲ့ ဂယ်ယူလို့ရပါတယ်။ အလယ်အလတ်အဆင့် မြေပုံကိုတော့ ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲနဲ့ တန်ရာတန်ဓာကား ပေးချေရပြီး

အဆင့်မြင့် မြေပုံကိုတော့ ကြယ်နှစ်ပွင့် မူလစွမ်းအင်ပုံဆောင်ခဲနဲ့ ပေးချေရပါတယ်။ နောက်ဆုံးအဆင့် မြေပုံရဲ့ တန်ကြေးက မူလစွမ်းအင် ပုံဆောင်ခဲ ဆယ်ခုလောက် မြင့်မားပါတယ်။

လင်းဟန်က စိတ်ထဲကနေ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အမြတ်ကြီးစားမှုအတွက် ကျိတ်ပြီး သရော်လိုက်ပါတယ်။ ဒါပေမဲ့ သူ့အတွက် အဆင့်မြင့် မြေပုံကို ဂယ်ယူပေးဖို့ အစေခံကို အမိန့်ပေးလိုက်ပြီး ကြယ်နှစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ဆယ်ခုကိုပါ ပေးလိုက်ပါတယ်။

နောက်ထပ် အချိန်အနည်းငယ် အတွင်းမှာ လင်းဟန်ရဲ့ လက်ထဲကို မြေပုံရောက်ရှိလို့ လာခဲ့ပါတယ်။

မြေပုံတစ်ခုကို ကြယ်နှစ်ပွင့် မူလစွမ်းအင်ပုံဆောင်ခဲ ဆယ်ခုနဲ့ ရောင်းချတယ်ဆိုတော့ ၎င်းမြေပုံမှာ ပေးရတာနဲ့ တန်အောင်တော့ အရမ်းကို ထူးခြားတဲ့ အင်္ဂါရပ်တွေ ပါဝင်ပါလိမ့်မယ်။ ပထမဆုံး အချက်က မြေပုံကို ရေးဆွဲထားတဲ့ ပစ္စည်းက အရမ်းကို တန်ဖိုးကြီးပါတယ်။ ၎င်းကို နဂါးအကြေးခွံနဲ့လိပ်ရဲ့ အခွံအပေါ်မှာ ရေးဆွဲထားပြီး လိပ်အခွံကို ပကတိအတိုင်း အသုံးပြု ထားခဲ့ပါတယ်။

နဂါးကြေးခွံနဲ့ လိပ်တွေက အဆင့်မြင့်မှိစ္ဆာသားရဲကောင်တွေတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ၎င်းရဲ့အခွံမှာ ထူးခြားတဲ့ စွမ်းရည်တစ်ခု ရှိပါတယ်။ ၎င်းရဲ့အရွယ်အစားကို စိတ်ဆန္ဒရှိတဲ့အတိုင်း ကျုံ့နိုင်ချဲ့နိုင်ပါတယ်။ ၎င်းကို အမြင့်ဆုံး မီတာတစ်ရာထိ ဆွဲဆန့်နိုင်ပြီး လူတစ်ယောက်ရဲ့ လက်ဂါးတစ်ဖက်သာသာလောက် အရွယ်အထိကိုလည်း ကျုံ့အောင်လုပ်နိုင်ပါတယ်။

ဒါကြောင့်လည်း နဂါးကြေးခွံနဲ့လိပ်သားရဲတွေက အကြီးအကျယ် အမဲလိုက် သတ်ဖြတ်တာကို ခံရပြီး အခုဆိုရင် ဒီလိုမျိုး မှိစ္ဆာသားရဲအမျိုးအစားက သနားစရာကောင်းလောက်အောင် အနည်းငယ်ပဲ ကျန်ရှိပါတော့တယ်။

လင်းဟန်က ခြံဝင်းထဲကို လမ်းလျှောက်လာပြီး လက်တစ်ဖက်ကိုဝှေ့လိုက်ပြီးတော့ သူ့ရဲ့လက်ထဲက သေးငယ်တဲ့ လိပ်ခွံက ချက်ချင်းပဲ ကြီးမားလာခဲ့ပြီး တောင်တွေ၊ ဒေသတွေနဲ့ မြစ်တွေရဲ့ အသေးစိတ်တည်နေရာ အချက်အလက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ ဖော်ပြထားပါတယ်။

Chapter 548 end

အပိုင်း(၅၄၉) နဂါးငါးကောင်နဲ့ ဖီးနစ်ငှက်အမြွာ

သေရေးရှင်ရေး အခက်အခဲ ကျပ်တည်းနေတဲ့ အခိုက်အတန့်မှာ အကန့်အသတ်မဲ့ တောင်က သဟာဇာတ နန်းတော်ခန်းမဆီမှာ လျှို့ဝှက်ချက်တွေအားလုံးကို ချန်ထားခဲ့တယ်ဆိုပြီးတော့ သတင်းစကားတစ်ခုကို ချန်ထားခဲ့ပါတယ်။ နောက်ဆုံးကပ်ဘေးတချို့ထဲက အရာတွေအားလုံးက အလိမ်အညာတွေလို့ သူမပြောခဲ့တာက ဘာကိုဆိုလိုချင်တာလဲ ဆိုတာကို သူ့အနေနဲ့ အရမ်းပဲ သိချင်စိတ်တွေ ပြင်းပြနေပါတယ်။

သေချာတာတော့ စိတ်ကယောင်ချောက်ချား ဖြစ်နေတဲ့ အခိုက်အတန့်တစ်ခု မဟုတ်ပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က အကြောင်းအရာ တစ်စုံတစ်ခု ရှိနေနိုင်တာကြောင့် သူမရဲ့မူရင်း ကလန်ကလူတွေကို ဆန့်ကျင်ရပ်တည်ဖို့ ဆန္ဒရှိနေပြီး သူမကိုယ်သူမ စွန့်လွှတ်အနစ်နာခံပြီးတော့ ဒီလျှို့ဝှက်ချက်ကို လူအများကို သိစေချင်နေခဲ့တာပါ။ ဒီကိစ္စမှာ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတွေ ပါဝင်ပတ်သက် နေပါလိမ့်မယ်။

သူတို့က အလယ်ပိုင်းဒေသကို ရောက်လာမှတော့ ဇီရှူရှန်း ချန်ထားခဲ့တဲ့ လျှို့ဝှက်ချက်ကို ရှာဖွေဖို့က အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

လိပ်ခွံက မီတာတစ်ရာခန့် ရှည်လျားပြီးတော့ အလေးချိန်က ကီလိုထောင်ဂဏန်း အနည်းငယ် လေးလာခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားက အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် သူက လက်တစ်ဖက်တည်းနဲ့ လွယ်လွယ်ကူကူပဲ သယ်ဆောင်ထား နိုင်ပြီး မူလစွမ်းအင်ကို အသုံးပြုစရာ နည်းနည်းလေးမှ မလိုပါဘူး။ မြေပုံကို ကြည့်ပြီးတော့ သူမှတ်မိခဲ့တာတွေနဲ့ နှိုင်းယှဉ်ဖို့ အကောင်းဆုံး ကြိုးစားပြီး တောင်တွေ ကုန်းမြေတွေက သေချာပေါက် ကွဲပြားခြားနားနေတယ် ဆိုတာကို တွေ့လိုက်ပါတယ်။

"ဒါတောင်မှ နေရာနှစ်ဆယ့်တစ်ခု ရှိနေသေးတယ်"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူကအများကြီး ပယ်လိုက်တာတောင်မှ တောင်တန်း နှစ်ဆယ့်တစ်ခု ကျန်နေပါသေးတယ်။ ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူမှတ်မိတဲ့ ဖော်ပြချက်တွေနဲ့ ကိုက်ညီတဲ့ နေရာတွေ ဖြစ်ပါတယ်။ တကယ်တော့ သူကတစ်ခါမှ အဲဒီနေရာကို

မရောက်ဖူးပါဘူး။ ဒါကြောင့် တိတိကျကျ သတ်မှတ်ဖို့ဆိုတာက သူ့အတွက်တော့ အတော်လေး ကံကောင်းနိုင်မှ ရပါလိမ့်မယ်။

"အခုသွားသင့်သလား။ ဒါမှမဟုတ် ပြိုင်ပွဲပြီးတဲ့အထိ စောင့်သင့်လား"

လင်းဟန်က တစ်ချက်စဉ်းစားလိုက်ပါတယ်။

"သဟဇာတ နန်းတော်ခန်းမကို ရှာဖွေတာက သေချာပေါက် တစ်ရက်နှစ်ရက်နဲ့ ရမှာမဟုတ်ဘူး။ ငါကလည်း ပြိုင်ပွဲမှာ ကူညီပြီး ဂင်ပြိုင်မယ်လို့ ကတိပေးခဲ့မှတော့ ငါ့ရဲ့စကားကို ဖျက်လို့တော့ မဖြစ်ဘူး။ ကောင်းပြီလေ ပြိုင်ပွဲပြီးဆုံးမှပဲ သွားတာပေါ့"

"ဒါပေမဲ့ ဒီတစ်လလုံး စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အထဲမှာပဲ နေဖို့လိုလို့လား"

"အား ဟုတ်သားပဲ။ အရင်တုန်းက ရင်ဟောင်ပြောခဲ့ဖူးတယ်။ ရှေးဟောင်း နယ်မြေတွေကနေ ထွက်လာတဲ့ လူတွေအများကြီး ရှိပြီးတော့ သူတို့ကိုယ်တိုင် အသုံးပြုလို့ မရတဲ့ ရတနာတွေကို လေလံပြိုင်ပွဲမှာ တင်ပြီးတော့

ရောင်းချမယ်တဲ့။ ကောလာဟလတွေ အရတော့ နတ်အသွင်ပြောင်းလဲခြင်းနဲ့ ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ မကြာခဏ ပေါ်လာတတ်ကြတယ်ဆိုပဲ”

ဒါပေမဲ့လည်း အဲဒီအတွက်က လတိုင်းမှာကျင်းပတဲ့ အကြီးကျယ်ဆုံး လေလံပွဲကို ဝင်ရောက်ပါဝင် ဆင်နွဲဖို့က ဖိတ်စာလိုပါတယ်။ ဒါကြောင့် လင်းဟန်က ရင်ဟောင်ကို နားပူနားဆာ လုပ်ပြီးတော့ သူ့ကိုကူညီပြီး ဖိတ်ကြားမှု တစ်ခုကို ရအောင်လို့ တောင်းခိုင်းလိုက်ပါတယ်။ သူ့အမြင်ကတော့ ရင်ဟောင်ရဲ့ အဆင့်အတန်းက အလယ်ပိုင်းဒေသရဲ့ စိတ်ဂိညာဉ် ရတနာစံအိမ်မှာ အရမ်းကြီး မမြင့်ပေမဲ့ ဖိတ်စာတစ်ခု သူ့အတွက် ရအောင်လို့ လုပ်ပေးဖို့က သူမအတွက် ပြဿနာတစ်ခု မဖြစ်နိုင်ဘူးလို့ ယူဆထားပါတယ်။

ဒါပေမဲ့လည်း ရလဒ်ကတော့ တကယ့်ကို အံ့အားသင့်စရာ ကောင်းပါတယ်။

ရင်ဟောင်က တကယ့်ကို လက်ဗလာနဲ့ ပြန်လာခဲ့ရပါတယ်။

“ငါတကယ်ပဲ ဒေါသထွက်လို့ သေတော့မယ်”

အခန်းထဲကို ဝင်လာတဲ့ အခိုက်အတန့်မှာ ရင်ဟောင်ရဲ့ အမူအရာက ဒေါသတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"အဲဒီခွေးမ ရင်ချီက ငါ့ကိုတကယ်ပဲ တားဆီးပုံ့တယ်။ ငါမေးလိုက်တဲ့ အခါမှာ သူမက အတတ်နိုင်ဆုံး ခေါင်းစဉ်ပြောင်းဖို့ ကြိုးစားပြီး ငါ့ကို ဖိတ်စာတစ်ခုတောင် မပေးခဲ့ဘူး"

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းအဲဒီ ဖိတ်စာကို မရခဲ့ဘူးပေါ့"

ရင်ဟောင်က တစ်ဖက်မှာ ထိုင်ပြီးတော့ မကျေမနပ်နဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"အဲဒီခွေးမက ငါ့ကို တားခဲ့တယ်။ ငါ့ကိုတစ်ခုတောင် မပေးဘူး"

"မင်းနဲ့သူက ရန်စရှိလား"

လင်းဟန်က မေးလိုက်ပါတယ်။

"အဲဒီလိုတော့ ပြောလို့ရတယ်"

ရင်ဟောင်က တခဏမျှ စဉ်းစားလိုက်ပါတယ်။

"ငါ့ရဲ့ ရင်သားတွေက သူမထက် ပိုကြီးနေလို့ မနာလိုဖြစ်နေတယ်လေ"

"အိုးဂိုး"

လင်းဟန်က သူမကို မယုံပါဘူး။

"သူမက ငါ့တတိယ ဦးလေးရဲ့ သမီးပဲ။ ပြီးတော့ တတိယ ဦးလေးနဲ့ပ ငါ့အဖေရဲ့ ဆက်ဆံရေးက သိပ်ပြီးတော့ မကောင်းကြဘူး"

သူမက အမှန်အတိုင်း ပြောလိုက်ပါတယ်။

ဒါဆိုရင် မိသားစု ပြဿနာ တစ်ခုပေါ့။

"ငါတစ်ခုခု စဉ်းစားလိုက်ဦးမယ်။ နင့်ကို ကူညီပြီးတော့ ဖိတ်စာတစ်စောင် ရအောင်လို့လေ"

ရင်ဟောင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ကိုယ်ပိုင် နည်းလမ်းကိုပဲ အသုံးပြုရတော့မှာပေါ့"

"နင်က ဟုတ်လား။ အခုနင်က ဘာများလုပ်နိုင်မှာလဲ"

ရင်ဟောင်က မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က မျက်နှာကြီး မှုန်ကုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့အစစ်အမှန်ပုံရိပ်ကို နင်မမေ့နဲ့"

ရင်ဟောင်က အံ့အားသင့် သွားခဲ့ပြီးတော့ မေးလိုက်ပါတယ်။

"မဖြစ်ဘူး။ နင်ကဒီလိုမျိုး စွန့်စားတော့မယ်ဆိုတာ သေချာပြီလား"

"ဒါကို စွန့်စားတယ်လို့ မခေါ်ဘူး။ ဒါပေမဲ့ ပြဿနာကို

လျော့ချတယ်ဆို ပိုမှန်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက သူ့ရဲ့အစစ်အမှန် ပုံရိပ်ကို ဖော်ထုတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က လေလံပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အဆင့်မမီဘူးလား။ ဘယ်လောက်ပဲ တန်ဖိုးကြီးတဲ့ ပစ္စည်းဖြစ်နေပါစေ လေလံပွဲမှာ ရအောင်လို့ သူဂယ်နိုင်ပါတယ်။ လူတိုင်းလူတိုင်းက ဟန်လင်းအစား လင်းဟန် အပေါ်မှာ သူတို့ရဲ့ အာရုံတွေ ပြောင်းလာပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ လေလံပွဲ ပြီးဆုံးသွားတဲ့ အခိုက်အတန့်မှာ လင်းဟန်က ပျောက်ကွယ် သွားပြီးတော့ ဟန်လင်းက ပေါ်လာပါလိမ့်မယ်။ ဟိဟိ လုံခြုံရေးလေ။

အခုဆို သူကဆုံးဖြတ်ချက် ချပြီးပြီ ဖြစ်တာကြောင့် လင်းဟန်က စိတ်လက်ပေါ့ပါးလို့ နေပါတယ်။ ညစာစားပွဲမှာ လင်းဟန်က အနက်ရောင် မျှော်စင်က အမျိုးမျိုးသော အစားအသောက် ပစ္စည်းတွေကို ထုတ်ပြီးတော့ တခြားသူတွေကိုဝေမျှပြီး သူတို့ရဲ့ နလုံးသားထဲက ကျေနပ်တဲ့အထိ စားသောက်ကြပါတယ်။ အထူးသဖြင့်တော့ ဟော့လျှန်ချှင်ရွှယ်နဲ့ ရင်ဟောင်တို့ပဲ ဖြစ်ပါတယ်။

သူမတို့နှစ်ယောက်လုံး ဒီလိုမျိုး အရသာရှိတဲ့ အစားအသောက်ကို မကြာခဏ မစားဖူးကြပါဘူး။ ဒါကြောင့် သူမတို့ရဲ့ နူးညံ့သိမ်မွေ့ပြီး မိန်းမတွေရဲ့ ပုံရိပ်တွေကို ဂရုမစိုက်ပဲ အစားအသောက်အတွက် တိုက်ခိုက်လုယူနေကြပါတယ်။

နောက်ပြီးတော့ တစ်ယောက်က အရှက်ကင်းမဲ့တဲ့ နေရာမှာ နံပါတ်တစ်ဖြစ်ပြီး ကျန်တစ်ယောက်ကတော့ မှတ်ဉာဏ်တွေ ပျောက်ဆုံးနေတဲ့လူ ဖြစ်တာကြောင့် သူမတို့က ဘာကိုများ ဂရုစိုက်နေဖို့ လိုဦးမှာလဲ။

"တကယ်လို့ ဒီလိုမျိုး အစားအစာတွေကို နေ့တိုင်းစားခွင့်ပေးမယ်ဆိုရင် ငါ့တစ်ကိုယ်လုံး နင့်ကို ပုံအပ်ပေးရမယ်ဆိုရင်တောင် ကိစ္စမရှိဘူးနော်"

အရှက်မရှိတဲ့ မိန်းမကတော့ မျက်နှာပြောင်ပြောင်နဲ့ကို ပြောလိုက်ပါတယ်။

လင်းဟန်ကတော့ ဘာမှကို မကြားတဲ့အတိုင်း ဟန်ဆောင်လိုက်ပါတယ်။ သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အပြင်ဘက်ကို ထွက်ပြီးတော့ သူ့မျက်နှာပေါ်က ရုပ်ဖျက်ထားတာတွေကို ဘယ်သူမှမသိအောင် ဖယ်ရှားပြီး

သူ့ရဲ့မူလရုပ်ရည်ကို ပြန်လည်ရရှိခဲ့ပါတယ်။ အဲဒီနောက် စိတ်ဂိညာဉ် ရတနာစံအိမ်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။

"ဧည့်သည်တော် ကျနော်တို့ စံအိမ်က ညဘက်မှာ လူအများအတွက် မဖွင့်ပါဘူး။ အထူးဧည့်သည်တော်တွေပဲ လက်ခံတာပါ"

လှေကားပေါ်ကို ခြေချရုံပဲ ရှိပါသေးတယ် သူ့ကို အစောင့်တစ်ယောက်က တားလိုက်ပါတယ်။

လင်းဟန်က သူရဲ့အဆင့်အတန်းကို တန်းပြီးတော့ ထုတ်ဖော်ပြီး ပြောလိုက်ပါတယ်။

"ငါ့နာမည်လင်းဟန်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ။ ငါ့ကို အထူးဧည့်သည်တော် အဖြစ် သတ်မှတ်လို့ ရနိုင်လား"

"ဘယ်လို"

အဲဒီလူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်ဆိုတဲ့ စကားကြောင့် အံ့အားသင့် သွားတယ်ဆိုတာ

သိသာထင်ရှားပါတယ်။ ပြီးတော့ အနည်းငယ် တုံ့ဆိုင်းသွားပြီးတဲ့ နောက်မှာတော့ သူကလျင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ဒီမှာခဏစောင့်ပေးပါ ဂုဏ်သရေရှိ ညွှန့်သည်တော်ခင်ဗျာ။ ကျုပ်ရဲ့ အထက်က အကြီးအကဲကို ချက်ချင်းပဲ သတင်းသွားပို့ခွင့်ပြုပါ"

အစောင့်က ကသောကမျောနဲ့ လှေကားထစ်တွေကို ကျော်ခွပြီး ပြေးသွားပါတယ်။

လေလံပွဲစတင်တော့မှာ ဖြစ်တာကြောင့် လူတွေအများကြီးက လင်းဟာန်ရဲ့ ဘေးကနေ ဖြတ်သွားကြပါတယ်။ စစ်သားတစ်ယောက်လိုမျိုး ဟန်ကြီးပန်ကြီးနဲ့ လမ်းလျှောက်နေတဲ့ အသက်သုံးဆယ်အရွယ် လူတွေရှိသလို ခန့်မှန်းလို့မရတဲ့ လူကြီးပိုင်းတွေလည်း ရှိပါတယ်။ ဒါ့အပြင် လူငယ်လေးတွေကတော့ သူတို့ကိုယ်သူတို့ ဟိတ်ကြီးဟန်ကြီးနဲ့ အရမ်းကို မြင့်မြတ်တဲ့ ပုံစံနဲ့ မာနတွေ မိုးထိုးနေတဲ့ လူတွေလည်း ရှိပါတယ်။

သူတို့အားလုံး ဖိတ်ကြားမှုတွေ ရရှိခဲ့ပြီး အထဲကို

လွယ်လွယ်ကူကူနဲ့ ဝင်ရောက်နိုင်ခွင့် ရှိကြပါတယ်။

သူတို့ထဲက တချို့ကတော့ လှေကားရင်းမှာ စောင့်နေတဲ့ လင်းဟာန်ကို အထင်အမြင်သေးစွာနဲ့ ကြည့်သွားကြပါတယ်။ သူက ဖိတ်ကြားမှုကို မခံရပဲနဲ့ အထဲကို ဝင်ချင်တာလား။ ဒီတောသားက ဘယ်ကနေ လာခဲ့တာလဲ။

"ဟေး ကောင်လေး တကယ်လို့ မင်းက ဒူးထောက်ပြီးတော့ ငါ့ကိုအရှင်သခင်လို့ ခေါ်မယ်ဆိုရင် အထဲမှာ လည်ပတ်ကြည့်ရှုဖို့အတွက် ငါမင်းကို ခေါ်သွားပေးမယ်လေ။ ဘယ်လိုသဘောရလဲ"

လင်းဟာန်က ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်ဆိုတောကို မစဉ်းစားပဲနဲ့ ပါးစပ်ဖွာတတ်တဲ့ လူတွေလည်း အမြဲလိုလို နေရာအနှံ့မှာ ရှိတတ်ကြပါတယ်။ တကယ်တော့ အလယ်ပိုင်း ဒေသမှာ ပန်းဖူးအဆင့် ကျင့်ကြံသူတွေကို အစွမ်းထက်တယ်လို့ သိပ်ပြီးတော့ သတ်မှတ်လို့ မရနိုင်ပါဘူး။

လင်းဟာန်ရဲ့ အကြည့်တွေက အေးစက်သွားခဲ့ပြီး မေးလိုက်ပါတယ်။

"ဒီလိုမျိုး မင်းရဲ့ ပါးစပ်ဖွာမှုနဲ့ မင်းကလန်အတွက် ပြဿနာတွေ ကျရောက်လာမှာကို မကြောက်ဘူးလား"

လင်းဟန်ကို စကားပြောလိုက်တဲ့ လူငယ်က အသက်နှစ်ဆယ်အရွယ် အပျော်အပါးမက်တဲ့ ပေါ့ပျက်ပျက် သခင်လေး တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာပဲ ရှိသေးပြီး မာနကြီးဘဝင်မြင့်နေပါတယ်။

"ကောင်းကင်ကြီးက အကြီးကျယ် အခမ်းနားဆုံး မြေကြီးကတော့ နံပါတ်နှစ် ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ငါကတော့ နံပါတ်သုံးပဲ"

"ကောင်စုတ်လေး ငါဘယ်သူလဲဆိုတာကို မင်းသိရဲ့လား"

ပေါ့ပျက်ပျက်နဲ့ သခင်လေးက ဘဝင်မြင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့မျိုးရိုးနာမည်က စွန်းပဲ"

"အိုး မြေးလေးပေါ့"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

လပြွတ်ပဲ။ အပျော်အပါးမက်တဲ့ သခင်လေးက ဒေါသချောင်းချောင်း ထွက်သွားပါတယ်။သူက ချက်ချင်းပဲ ဒေါသတကြီးနဲ့ လှားခနဲ ခုန်လိုက်ပါတယ်။ ဒီလူငယ်က တကယ်ပဲ သူ့ကိုဂုဏ်ငယ်စေ ပါတယ်။

"သခင်လေးစွန်း စိတ်မဆိုးပါနဲ့။ သူက တောသားတစ်ယောက်ပဲဟာ။ နောက်ပြီးတော့ ဒီနေရာက စိတ်ဂိညာဉ် ရတနာ စံအိမ်နော်။ ဒီမှာ ပြဿနာရှာတာကို ခွင့်မပြုထားဘူး"

တစ်စုံတစ်ယောက်က ချက်ချင်းပဲ ဂင်ရောက်ဖြန်ဖြေလိုက်ပါတယ်။

ပေါ့ပျက်ပျက်နဲ့ သခင်လေးက နှာခေါင်းရှုံ့ပြီးတော့ သူရဲ့အကျီလက်ရှည်ကို ဟိတ်ကြီးဟန်ကြီးနဲ့ ခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကံကောင်းတယ်မှတ်ပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းကို အရှင်လတ်လတ် အရေခွံစုတ်ပစ်တယ်"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလိုမျိုး အမှိုက်တစ်စကို သူရဲ့လက်ချောင်းကလေး တစ်ချောင်းကို လှုပ်လိုက်တာနဲ့ အသေသတ်ပစ်လိုက်လို့ ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့လိုမျိုး ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို မရေမတွက်နိုင်တဲ့ လူတွေက ပစ်မှတ်ထား ကြပါတယ်။ ဒါကြောင့် တကယ်လို့ နောက်ထပ် တစ်ယောက် နှစ်ယောက် တိုးလာရင်လည်း ဘာကိုများ ကြောက်နေစရာ လိုဦးမှာလဲ။

"နဂါးငါးကောင်နဲ့ ဖီးနစ်အမြွှာ ရောက်လာပြီဟေ့"

"တကယ်သူတို့ပါလား"

"ဒီအရှိန်အဝါက တကယ့်ကို အံ့သြဖို့ ကောင်းလိုက်တာ"

အဲဒီအချိန်လေးမှာပဲ လူအုပ်ကြီးရဲ့ ကြားထဲမှာ အုတ်အော်သောင်းတင်းနဲ့ ဆူညံပွက်လောရိုက်မှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ အားလုံးက အနောက်ဘက်ကို ချာခနဲ လှည့်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ လူခုနစ်ယောက်အုပ်စု လမ်းလျှောက်လာတာကို မြင်လိုက်ရပါတယ်။ အမျိုးသား ငါးယောက်နဲ့ အမျိုးသမီး နှစ်ယောက် ပါဝင်ကြပြီး သူတို့အားလုံးရဲ့ အသက်က

နှစ်ဆယ်ကျော် အရွယ်တွေပဲ ရှိပါတယ်။ အမျိုးသားတွေက ယောက်ျားတွေရဲ့ အကြားမှာ ရောမ လူ့ဘီလူးတွေလိုမျိုး ပုံစံနဲ့ တူပြီးတော့ သူတို့အားလုံးက ပန်းဖူးအဆင့်မှာ ရှိကြပါတယ်။

အလယ်ပိုင်းဒေသက ၎င်းရဲ့နာမည်ကျော် ထင်ပေါ်ကျော်ကြားမှုနဲ့ တကယ့်ကို ထိုက်တန်ပါတယ်။ ဒီနေရာမှာ အသက်သုံးဆယ်အောက် ပန်းဖူးအဆင့် ကျင့်ကြံသူတွေ အများကြီး ရှိကြပါတယ်။ ပြီးတော့ ဒါက ရတနာတစ်သန်းမြို့ တစ်ခုပဲ ရှိပါသေးတယ်။ ကောင်းကင်ဓားဂိုဏ်းနဲ့ တိမ်ဖီးနှစ် ဂိုဏ်းလိုမျိုး ရှေးဟောင်းအင်အားကြီး ဂိုဏ်းတွေမဟုတ်သေးပါဘူး။ အဲ့ဒီဂိုဏ်းတွေမှာဆို အစွမ်းထက်တဲ့ ပါရမီရှင်တွေ ဘယ်လောက်တောင် ရှိလိမ့်မလဲ။

နဂါးငါးကောင်နဲ့ ဖီးနှစ်အမြွှာတို့ ခုနစ်ယောက်က ရတနာတစ်သန်းမြို့က လူငယ်တွေ ကြားထဲမှာ ထူးချွန်ထက်မြက်ဆုံး လူတွေဖြစ်ပါတယ်။ သူတို့အားလုံးက မြို့ရဲ့အင်အားကြီး ကလန်တွေက အဖွဲ့သားတွေ ဖြစ်ပါတယ်။ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ကျင့်ကြံခြင်း အရင်းအမြစ်တွေ လုံလုံလောက်လောက် မရှိပဲနဲ့တော့ မင်းက ဘယ်လောက်ပဲ ပါရမီရှိနေပါစေ အသက်သုံးဆယ်

အရွယ်မတိုင်ခင် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုတာ ဘယ်လိုမှ နည်းလမ်းမရှိ နိုင်ပါဘူး။

ထိုလူခုနစ်ယောက်က အရှေ့ကို ဆက်လျှောက်လာပြီး မကြောက်မရွံ့နဲ့ အပေါ်ကို တက်လာ ကြပါတယ်။ သူတို့အားလုံးရဲ့ ခြေလှမ်းစီတိုင်းမှာ မယုံနိုင်စရာကောင်းတဲ့ ယုံကြည်မှုတွေ ထွက်ပေါ်လို့ နေပါတယ်။

"ဝိုး"

နဂါးငါးကောင်ထဲက တစ်ယောက်က လင်းဟန်ကို မျက်စိကျသွားပြီး မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

"ဒီလောက်ငယ်ရွယ်တဲ့ လူငယ်တစ်ယောက်က တကယ်ပဲ ပန်းဖူးအဆင့်ကို ရောက်နေလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်ထားဘူး။ ဟားဟား ကောင်ကလေး ငါ့ရဲ့ နောက်လိုက် လုပ်မလား"

Chapter 549 end

အပိုင်း(၅၅၀) မင်းက အဆင့်မီလို့လား

"ဘာပြောတယ်။ ကျားကျန်းက တကယ်ပဲ ဒီလူငယ်လေးကို သူ့ရဲ့နောက်လိုက်အဖြစ် ခေါ်ချင်နေတာလား"

"ဒီကောင်လေးတော့ တကယ့်ကို ကံကောင်းတာပဲ"

"ကျားကျန်းရဲ့ အဖေက ဂရန်းမာစတာခန်းရဲ့ အငယ်ဆုံး တပည့်ပဲ။ ပြီးတော့ ကောလာဟာလတွေ အရတော့ သူ့ရဲ့မှော်ဆေးပညာ ပါရမီက အံ့မခန်းပဲတဲ့။ သူရဲ့အနာဂတ် အောင်မြင်မှုက လုံးဂကို တိုင်းတာလို့ ရနိုင်လိမ့်မှာ မဟုတ်ဘူး"

"ဘယ်ဂရန်းမာစတာခန်းလဲ"

"ဟားဟား ရတနာတစ်သန်းမြို့မှာ ဘယ်သူကများ သူ့ကိုသူ ဂရန်းမာစတာ ခန်းလို့ ရည်ညွှန်းပံ့လို့လဲ"

"ဖြစ်နိုင်တာက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ခန်းဇီရှိကို ပြောတာလား"

"သေချာတာပေါ့"

အာမေဋိတ်သံတွေက နေရာအနှံ့အပြားမှာ အံ့အားသင့်စွာနဲ့

ထွက်ပေါ်လာခဲ့ပါတယ်။ လူတော်တော်များများက လင်းဟန်ကို မနာလိုတဲ့ အကြည့်တွေနဲ့ တိုက်ရိုက်ကြည့်ရှု လိုက်ကြပါတယ်။ တကယ်လို့ သူက ကျားကျန်းရဲ့ နောက်လိုက် ဖြစ်လာမယ်ဆိုရင် သူ့အတွက် မျှော်ဆေးလုံးတွေ ရရှိဖို့နဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေးမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။ တစ်ခုသိထားရမှာက ကျားကျန်းရဲ့ နောက်လိုက်ဖြစ်ရဖို့ အရှူးအမူးကိုဖြစ်နေတဲ့ လူတွေက ဘယ်လောက်တောင် များပြားသလဲ ဆိုတာ မသိနိုင်ပါဘူး။ ဒါပေမဲ့ ကျားကျန်းက သူတို့ကို တချက်လေးမှတောင် လှည့်မကြည့်ပါဘူး။

အစောပိုင်းတုန်းက အပျော်အပါးမက်တဲ့ သခင်လေးတောင်မှ အရမ်းကို မနာလိုဖြစ်သလို ခံစားနေ ရပါတယ်။ သူ့ရဲ့နောက်ခံက သိပ်မဆိုးပေမဲ့ ကျားကျန်းနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်သလို နဂါးတစ်ကောင်ကို ခွေးတစ်ကောင်နဲ့ နှိုင်းယှဉ်နေသလိုပါပဲ။

မျက်လုံးတွေ အားလုံးက လင်းဟန်ကို ကြည့်လိုက်ကြပြီး သူတို့တွေ ဘယ်လိုပဲ စဉ်းစားစဉ်းစား လင်းဟန်က ဒီအခွင့်အရေးကို ငြင်းပယ်စရာ လုံးဝမရှိဘူးလို့ ထင်နေကြပါတယ်။

လင်းဟန်က ကျားကျန်းကို တစ်ချက်ကြည့်ပြီးတော့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အတွက် မင်းရဲ့နောက်လိုက်လုပ်ဖို့ မင်းကအဆင့်မီတယ်ဆိုတာ သေချာရဲ့လား"

"ဟားဟားဟား"

ကျားကျန်းက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"လူငယ်လေး မင်းက ဒီလောက်ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက် နိုင်နေပြီးတော့ ဒါက တကယ့်ကို ချီးကျူးစရာကောင်းတဲ့ ကံကြမ္မာပဲ။ ဒါပေမဲ့လည်း ပန်းဖူးအဆင့်ကနေ ရှေ့ဆက်သွားမယ်ဆိုရင် မင်းအတွက် ဖြည့်စွက်ပေးနိုင်တဲ့ အာနိသင်တွေက အရမ်းကို သနားစရာကောင်းတဲ့ သဘာ၀ ရတနာတွေမှာပဲ ရှိတယ်။ မင်းက အဆင့်မြင့် မှော်ဆေးပညာရှင်တွေ ဖော်စပ်တဲ့ မှော်ဆေးလုံးတွေ အပေါ်မှာပဲ မှီခိုလို့ ရနိုင်တော့မယ်"

"ပြီးတော့ ငါ့အဖေက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ တပည့် ဖြစ်တယ်။ ဒါကြောင့် မင်းကငါ့နောက်လိုက်ဖြစ်ဖို့ ငါကမင်းအတွက်

အဆင့်မီတယ်လို့ မင်းမထင်ဘူးလား"

ဒါကတကယ့် အဓိက အချက်တစ်ခု ဖြစ်ပါတယ်။ ပန်းဖူးအဆင့်ကို မရောက်ခင် မှော်ဆေးလုံးတွေကို ပြန်လည်ဖြည့်ဆည်းဖို့နဲ့ ကုသဖို့အတွက် အဆင်သင့်ပြေရာကို အသုံးပြုနိုင်ပေမဲ့ ပန်းဖူးအဆင့်ကနေ ရှေ့လျှောက် မှော်ဆေးလုံးတွေက တကယ်ပဲ ဖြည့်စွက်ပစ္စည်းတွေ ဖြစ်လာပါလိမ့်မယ်။

ဒီကမ္ဘာကြီးရဲ့ သဘာဂတရား တာအိုကို သဘောပေါက်နားလည်နိုင်ဖို့ ဘယ်လောက်တောင်မှ ခက်ခဲလိုက်တဲ့ ကံကြမ္မာတစ်ခုလဲ။ ဒါပေမဲ့လည်း အဆင့်မြင့်တဲ့ မှော်ဆေးပညာရှင်တွေက ဆေးဖက်ဂင် ပစ္စည်းတွေကနေ သဘာဂအနှစ်သာရတွေကို ဆွဲထုတ်ယူနိုင်စွမ်း ရှိပြီးတော့ အဲဒါတွေကို အစီအရင်ပုံစံတွေအဖြစ် ပြောင်းလဲပြီး ကျင့်ကြံသူ တစ်ယောက်ကို ပိုမိုကောင်းမွန်တဲ့ သဘောပေါက် နားလည်နိုင်စွမ်း ရှိစေပြီးတော့ ကျင့်ကြံခြင်းရဲ့ အမြန်နှုန်းတိုးတက်မှုကို တိုးလာအောင် လုပ်ပေးနိုင်ပါတယ်။

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အသက်သုံးဆယ်မတိုင်ခင် ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့တယ်ဆိုတာကို ငါမြင်ပါတယ်။ ဒါကြောင့် မင်းကို ပါရမီရှင် တစ်ယောက်လို့တော့ သတ်မှတ်လို့ ရတယ်။ အနာဂတ်မှာ မင်းက ငါ့ရဲ့ဘေးကနေ လိုက်ပြီးတော့ အမျိုးသား အစေခံ တစ်ယောက်တော့ ဖြစ်နိုင်ပါတယ်"

အဟွတ် အဟွတ်။

လူတိုင်းလူတိုင်း ချောင်းဆိုးကုန်ပါတယ်။ ဒီကောင်လေးက တကယ်ပဲ အရမ်းကို ရူးသွပ်လွန်း ပါတယ်။ မဟုတ်လို့လား။ သူက နဂါးငါးကောင်ထဲက တစ်ယောက်ဖြစ်တဲ့ ကျားကျန်းကို သူ့အနောက်ကို တကယ်ပဲ လိုက်စေချင်တာလား။ ဒီလိုမျိုး ပြောဖို့အတွက် ဘယ်ကနေများ ယုံကြည်ချက်တွေ ရရှိခဲ့တာလဲ။

ကျားကျန်းက ဒါကိုကြို မသိမြင်ခဲ့ပါဘူး။ သူရဲ့နောက်ခံကို ထုတ်ဖော်ပြောဆိုခဲ့ပေမဲ့ လင်းဟန်က နည်းနည်းလေးမှ လှုပ်လှုပ်ရှားရှား ဖြစ်မသွားခဲ့ပါဘူး။ သူက အနည်းငယ် မှင်တက်သွားခဲ့ပါတယ်။

"ဟားဟား ကျားကျန်း မင်းတော့ ခံလိုက်ရပြီကွာ"

နဂါးငါးကောင်ထဲက တစ်ယောက်က ရယ်မောလိုက်ပါတယ်။

"အဲဒါအမှန်ပဲ။ အရင်တုန်းကဆို တခြားလူတွေရဲ့ မျက်နှာကို မင်းက အမြဲတမ်း မင်းမှာရှိတဲ့ မှော်ဆေးလုံးအမြောက်အမြားနဲ့ ပစ်ပေါက်လို့ရတယ်။ အခုနောက်ဆုံးတော့ မင်းက သံမဏိ နံရံတစ်ခုကို ပစ်ပေါက်မိလျက်သား ဖြစ်နေပြီ"

ကျားကျန်းကို ကြည့်ရတာ ဒေါသထွက်သွားပုံ ရပြီးတော့ သူကပြောလိုက်ပါတယ်။

"သံမဏိနံရံဟုတ်လား။ အများဆုံး အဲဒါက သစ်သားနံရံ တစ်ခုပဲ ဖြစ်ပါလိမ့်မယ်ကွာ"

"သူက အသက်နှစ်ဆယ်လောက်ပဲ ရှိဦးမယ်။ အဲဒါကို ပန်းဖူးအဆင့် ဒုတိယအလွှာကို ရောက်နေပြီ။ ဒါကိုတောင်မှ မင်းကသူ့ကို သစ်သားနံရံတစ်ခုလို့ ထင်နေသေးတာလား"

သူတို့ထဲက တစ်ယောက်က မီးလောင်ရာ လေပင့်ပေးပြီး ဖရိုဖရဲ အခြေအနေကို နှစ်သက်သဘော ကျနေပါတယ်။

ကျားကျန်းက အရက်ခွဲ ခံလိုက်ရသလို ခံစားလိုက်ရပြီး တန်ပြန်ပြောဆိုလိုက်ပါတယ်။

"သူက ပန်းဖူးအဆင့် ဒုတိယအလွှာပဲ ရှိပါတယ်။ ငါကသူ့ကို လက်တစ်ဖက်တည်းနဲ့တောင် ဖိနှိပ်နိုင်စွမ်း ရှိပါတယ်"

"ကျားကျန်း မင်းလည်း ပန်းဖူးအဆင့်ရဲ့ ဒုတိယအလွှာပဲ ရှိသေးတာလေ"

တစ်ယောက်က ဂင်ပြီးတော့ ထောက်ပြလိုက်ပါတယ်။

"ဟ ကျင့်ကြံခြင်း အဆင့်ကတော့ တူညီကောင်း တူညီနိုင်တယ်။ ဒါပေမဲ့ တိုက်ပွဲစွမ်းရည်မှာတော့ ရောမ ကွာဟချက်ကြီးတစ်ခု ဖြစ်နိုင်တာပဲ။ ပြီးတော့ ငါ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ခုနစ်ပွင့် ရှိတယ်"

ကျားကျန်းက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးကို ကျော်လွန်ပြီးတော့ ရှိနေတာက တကယ်ပဲ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ပုံမှန်အားဖြင့်တော့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ပွင့်

သာလွန်တယ် ဆိုရင်ပဲ ပါရမီရှင် တစ်ယောက်အဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။ ပြီးတော့ ကြယ်ငါးပွင့်က သေချာပေါက် ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

"အဲဒါကို မေ့လိုက်တော့"

ဖီးနစ်အမြွာထဲက တစ်ယောက်ဖြစ်တဲ့ အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းကလေး တစ်ယောက်က အကြံပေးလိုက်ပါတယ်။ သူမက အရမ်းကို လှပချောမောပြီး လွှီယုထန်နဲ့ လီစီရှန်းတို့အောက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ သူမကိုကြည့်ရတာ နတ်သမီးလေး တစ်ပါးနဲ့တူပြီး အရမ်းကို ချောမောလှပလွန်းပြီး စိတ်နှလုံးဘဝင်ခိုက်စေပါတယ်။

"လေလံပွဲက စတော့မယ်။ အစောကြီး ဂင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်"

"မိန်းကလေးလီပြောလို့ ဒီတစ်ကြိမ်တော့ ငါမင်းကို ချမ်းသာပေးလိုက်မယ်"

ကျားကျန်းက နှာခေါင်းရှုံ့လိုက်ပါတယ်။

အဲဒီအချိန်မှာ အနီရောင် ဂဝတ်စုံနဲ့ မိန်းကလေးက

တစ်မူထူးခြားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူမက လင်းဟန်ကို လက်တစ်ဖက်ပှေ့ပြပြီး ပြောလိုက်ပါတယ်။

"နင်ဒီနေရာမှာ စောင့်နေတာကို ငါမြင်တယ်။ ဒါကြောင့် နင့်မှာ ဖိတ်ကြားစာတစ်ခုမှ မရှိဘူး ဟုတ်တယ်မလား။ ဘာဖြစ်လို့ ငါတို့နဲ့အတူတူ မလိုက်တာလဲ။ ငါတို့ရဲ့ သီးသန့်ခန်းက ကျယ်ပါတယ်။ ဘာပဲဖြစ်ဖြစ် လူတစ်ယောက် ထပ်တိုးရင်လည်း အဆင်ပြေပါလိမ့်မယ်"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

"ဖိတ်ခေါ်မှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ လူသားတစ်ယောက် အနေနဲ့ ငါ့ရဲ့ကိုယ်ပိုင် အဆင့်အတန်း နိမ့်ကျသွားတာကို ရှောင်ကျဉ်ဖို့ ခွေးတွေကြောင်တွေနဲ့ ထိုင်တာမျိုးတော့ မလုပ်ချင်ပါဘူး"

ခွေးတွေကြောင်တွေဆိုတဲ့ စကားကို ပြောလိုက်တဲ့ အခါမှာ သူရဲ့မျက်လုံးတွေက ကျားကျန်းအပေါ် စိုက်ကြည့်လိုက်ပြီး ဘာကိုဆိုလိုသလဲ ဆိုတာက အရမ်းကို သိသာ ထင်ရှားပါတယ်။

သူက ကျားကျန်းကို တိရိစ္ဆာန်နဲ့ နှိုင်းလိုက်တာပဲ ဖြစ်ပါတယ်။

ဒီတစ်ကြိမ်တော့ ကျားကျန်းက အကြီးအကျယ်ကို ဒေါပွသွားခဲ့ရုံမက ကျန်တဲ့ လူခြောက်ယောက်လည်း အနည်းငယ် မကျေမနပ် ဖြစ်သွားကြပါတယ်။ သူတို့က ကျားကျန်းရဲ့ အုပ်စုတစ်စိတ်တစ်ပိုင်း ဖြစ်ကြပါတယ်။ ဒါကြောင့် သူတို့ကိုလည်း ခွေးတွေ ကြောင်တွေလို့ ဆိုလိုလိုက်တာပဲ မဟုတ်ဘူးလား။

"ကောင်လေး မင်းရဲ့ပါးစပ်ကို သတိထားပါ"

သူတို့ထဲက တစ်ယောက်က ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

"အိုး"

လင်းဟာန်ကတော့ လုံးဝကို ဂရုမစိုက်ပါဘူး။

"မင်းတို့အားလုံး ဒီကိုရောက်လာပြီး ငါ့ကို မင်းတို့ရဲ့ နောက်လိုက်လုပ်ဖို့ မင်းတို့ရဲ့ ပါးစပ်တွေက အရင်ဆုံး ပြောခဲ့တာလေ။ အဲဒါကရော မှုတလို့လား။ ဒါဆိုရင် မင်းတို့ အဖေတွေကို ဒီနေရာကို ခေါ်လာခဲ့ကြ။ ငါဒီနေ့မှာ စိတ်ကောင်းဝင်နေတယ်။ ဒါကြောင့် သူတို့ကို

ငါ့ရဲ့နောက်လိုက်အဖြစ် ရွေးချယ်ပေးမယ်”

“အတင့်ရဲလှချည်လား”

နဂါးငါးကောင်က ဆက်တိုက်ဆိုသလို အော်ဟစ်လိုက်ကြပါတယ်။ ဒီလူငယ်က ဦးနောက်မှ ကောင်းသေးရဲ့လား။ သူတို့ရဲ့ အဖေတွေထဲမှာ အရေးမပါပဲ လွှမ်းမိုးနိုင်ခြင်းမရှိတဲ့လူဆိုတာ ဘယ်မှာရှိလို့လဲ။ ဒီလူငယ်က သူရဲ့ပျက်စီးရာ ပျက်စီးကြောင်းကို ရှာနေတာပဲ။

လင်းဟန်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့တွေက မကျေနပ်ကြဘူး မဟုတ်လား။ ဒါဆိုရင် မင်းတို့ပါးစပ်ကနေ စကားမပြောခင် မင်းတို့ရဲ့ စကားလုံးတွေက တစ်ယောက်ယောက်ကို အပြစ်ပြုမိမလား ဆိုတာကို သေသေချာချာ စဉ်းစားကြပေါ့။ မင်းတို့တွေ အပြစ်ပြုလို့ မရတဲ့ လူတချို့က ဒီကမ္ဘာကြီးထဲမှာ ရှိတယ်”

ရှုံးနေပြီ။ သူကတကယ့်ကို ရှုံးနေပြီပဲ။

နဂါးငါးကောင်နဲ့ ဖီးနစ်အမြွှာရဲ့ အရှေ့မှာ တကယ်ပဲ သူတို့တွေ အပြစ်ကျူးလွန်လို့ မရတဲ့ လူလို့ သူ့ကိုယ်သူ

ပြောနေခဲ့ပါတယ်။ ဒါပေမဲ့ သူက ဘာကောင်မိုလို့လဲ။ ဒီလူခုနစ်ယောက်က ရတနာတစ်သန်းမြို့ထဲမှာ အသန်မာဆုံး အဖွဲ့ပအစည်း ခုနစ်ခုကို ကိုယ်စားပြုတယ်လို့ ပြောနိုင်ပါတယ်။

လင်းဟန်က အသက်နှစ်ဆယ်လောက်ပဲ ရှိပါဦးမယ်။ ပြီးတော့ ဒီလိုမျိုး လူငယ်လေး တစ်ယောက်က သူ့ကိုယ်သူ ဘယ်သူကမှ အရေးမပါဘူးလို့ ပြောနေပါတယ်။ နောက်ခံအင်အားနဲ့ ပတ်သက်လာရင် သူ့အနေနဲ့ နဂါးငါးကောင်နဲ့ ဖီးနစ်အမြွှာကို နှိုင်းယှဉ်နိုင်စရာအကြောင်း လုံးဝမရှိပါဘူး။ ဒါကြောင့် ဘယ်နေရာကနေ ဒီလိုမျိုး ကိုယ့်ကိုကိုယ် ယုံကြည်မှုတွေကို ရလာတာလဲ။

တစ်ခုပြောနိုင်တာကတော့ သူကအရမ်းကို ရှူးသွပ်လွန်းပါတယ်။

"ကြည့်ရတာတော့ ငါတို့ခုနစ်ယောက်ရဲ့ အစွမ်းတွေကို ထုတ်မပြတာ အချိန်တော်တော် ကြာနေပြီဆိုတော့ ဒီလူတွေက ငါတို့ရဲ့ အစွမ်းတွေကို မေ့နေကြပြီနဲ့တူတယ်"

သူတို့ထဲက တစ်ယောက်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့နာမည်က လိန်ချင်ယွမ်လို့

ခေါ်ပြီးတော့ နဂါးငါးကောင်ထဲက တစ်ယောက် ဖြစ်ပါတယ်။ သူ့ကလန်ရဲ့ အုပ်ချုပ်သူက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိပြီးတော့ သူ့ရဲ့နောက်ခံအင်အားက သူတို့ရဲ့ အုပ်စုထဲမှာ အဆိုးဆုံးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူရဲ့ သိုင်းပညာ ပါရမီကတော့ အရမ်းကို မြင့်ပြီးတော့ နဂါးငါးကောင်ထဲက တစ်ယောက်အဖြစ်နဲ့ နေရာယူထားနိုင်ခဲ့ပါတယ်။

ယှဉ်ကြည့်မယ်ဆိုရင် အစိမ်းရောင် ဂတ်စုံနဲ့ မိန်းကလေးက ကြင်နာတတ်ပါတယ်။ သူမက မျက်မှောင် အနည်းငယ် ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါကိုမေ့လိုက်တော့။ သူက အရူးလေး တစ်ယောက်ပါပဲ"

သူမရဲ့နာမည်က လီဖေးယွမ်လို့ ခေါ်ပါတယ်။ လီကလန်က ရတနာတစ်သန်းမြို့မှာ ကလန်ဟောင်းကြီး တစ်ခုဖြစ်ပါတယ်။ သူတို့မှာ အစွမ်းထက်တဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကောလာဟလတွေ ပြောဆိုနေ ကြတာတော့ အဲဒီမွန်းစတားအိုကြီးက ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွားပြီးတော့ ဒီကိစ္စရဲ့ အကြောင်းအရင်း အမှန်ကို ဘယ်သူမှ မသိကြပါဘူး။

အဲဒီအချိန်မှာ အနီရောင်ဂုတ်စုံနဲ့ မိန်းကလေးက ပြဿနာရှာရတာကို နှစ်သက်သဘောကျတယ် ဆိုတာက သိသာထင်ရှားပါတယ်။ သူမက ချက်ချင်းပဲ လီဖေးယွမ်ကို အနောက်ကို ဆွဲခေါ်ပြီး ပြောလိုက်ပါတယ်။

"အစ်မယွမ် ဒီကောင်လေးရဲ့ မာနက မိုးထိအောင်ထိုးနေတာကို သူက အဲဒီလောက်ထိ မာနကြီးဖို့ ထိုက်တန်ရဲ့လား ဆိုတာကို ငါတို့ကြည့်ကြတာပေါ့"

သူမရဲ့နာမည်က တင်းပန်ရှင်းလို့ ခေါ်ပြီးတော့ သူမရဲ့ကလန်ကလည်း ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို ပိုင်ဆိုင်ထားပါတယ်။

နဂါးငါးကောင်က လင်းဟန်ကို ဆက်တိုက်ဆိုသလို စိုက်ကြည့်လိုက် ကြပါတယ်။ သူတို့အားလုံးက ယောကျ်ားတွေထဲမှာ ဘီလူးတွေဖြစ်ပြီး သိုင်းပညာရပ်တွေမှာ အုပ်ချုပ်သူတွေ ဖြစ်ကြပါတယ်။ သူတို့အားလုံးရဲ့ ပူးပေါင်းထားတဲ့ ပုံစံက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားတစ်ခုကို ဖြစ်ပေါ်စေပါတယ်။ ပန်းဖူးအဆင့်မှာရှိတဲ့ သာမန်ကျင့်ကြံသူတွေက ဒီလိုမျိုး ဖိအားနဲ့

မျက်နှာချင်းဆိုင်ရမယ်ဆိုရင် ခြေထောက်တွေ တုန်ပြီးတော့ မားမားမတ်မတ်နဲ့ ရပ်နိုင်စွမ်းတောင် ရှိကြလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ပုံစံကို ကြည့်ရတာ ဘာကိုမှ မခံစားရသလိုပါပဲ။ ဒီငါးယောက်က တကယ်ပဲ အရမ်းကို သန်မာကြပါတယ်။ ဒါပေမဲ့ သူတို့က ယိုဟိုင်ယွဲ့နဲ့ ရှမ်ယွမ်ဇီကွမ်းတို့ရဲ့ အဆင့်နဲ့ အရမ်းကို ဝေးကွာလွန်းပါတယ်။ လန်ပူရှင်းရယ် ဖေးဟောင်တို့ နှစ်ယောက်နဲ့ နှိုင်းယှဉ်မယ် ဆိုရင်တောင် သူတို့က အတော်လေးကို အဆင့်နိမ့်ပါသေးတယ်။ ပြီးတော့ သူတို့က သူ့ကိုဖိနှိပ်ချင် နေတာလား။ ဒါကဘယ်လိုဟာသကြီးလဲ။

"မင်းတို့က မျက်စိနဲ့ စိုက်ကြည့်တိုင်း ကစားနေကြတာလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဒီကောင်ကတော့ တကယ့်ကို အရူးတစ်ယောက်ပါပဲ။ သူကတကယ်ပဲ သူတို့ကို နောက်ပြောင် ကျီစယ်ပုံ့သေးတာလား။

"ကောင်လေး မင်းနာမည်ကို ပြောစမ်း"

ကျားကျန်းက အော်လိုက်ပါတယ်။

"ဘာလဲ မင်းတို့ကောင်တွေက ငါ့ကို ရိုက်နှက်ချင်နေတာလား"

လင်းဟန်က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"ပါးစပ်ဖွာတတ်တဲ့ လူတွေကို အရေးယူ အပြစ်ပေးတာက ဖြစ်သင့်ပါတယ်"

လိန်ချင်ယွမ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

Chapter 550 end

အပိုင်း(၅၅၁) ဂရန်းမာစတာလင်း

အားပြိုင်မှုတွေက ပြင်းထန်လို့ လာပါတယ်။ နဂါးငါးကောင်က ဂုဏ်သတင်းကြီးမားတဲ့ နောက်ခံအင်အားတွေကနေ လာကြတာပါ။ တကယ်လို့ စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ ထိပ်တိုက်တွေ့ဆုံတာဆိုရင် သူတို့အနေနဲ့ ဘာမှကို လုပ်ပံ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ ဂင်ပေါက်အဂမှာ

တစ်စုံတစ်ယောက်ကို ရိုက်နှက်ဆုံးမတာကတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်က ဒီကိစ္စကို မျက်နှာလွှဲထားပြီး ခက်ခဲအောင်လို့ လုပ်လိမ့်မှာ မဟုတ်ဘူးဆိုတာ သူတို့တွေ ယုံကြည်နေပါတယ်။

သူတို့တွေ အနေနဲ့ စံအိမ်က အနည်းဆုံးတော့ သူတို့ကို ဒီပမာဏလောက်ကို ခွင့်ပြုလိမ့်မယ်လို့ ယုံကြည်ချက် ရှိနေကြပါတယ်။

နဂါးငါးကောင်က သူတို့ရဲ့ အာရုံတွေကို လင်းဟန်အပေါ်မှာ စူးစိုက်ထားပြီး သူတို့ရဲ့ မျက်လုံးတွေက ရေခဲတမျှ အေးစက်လို့ နေပါတယ်။ ဒီလူငယ်က သူတို့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုခဲ့တာက သူတို့အတွက်တော့ အရမ်းကို မကျေမနပ် ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က သူရဲ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက တိုက်ခိုက်ချင်နေတာလား။ ဒါဆိုရင်တော့ မင်းတို့တွေ ကောင်းကောင်း စဉ်းစားဖို့ လိုနေပြီ။ နောက်ကျရင် တကယ်လို့ မင်းတို့က ငါ့အရှေ့မှာ ဒူးထောက်ပြီးတော့ ငဲ့ညှာဖို့ တောင်းပန်ရင်တောင်မှ အဲဒါက

ငါ့ရဲ့စိတ်ခံစားချက်အပေါ်မှာ မူတည်လိမ့်မယ်”

“ဟားဟားဟား”

နဂါးငါးကောင်က လှောင်ရယ်လိုက်ကြပါတယ်။ ဒီလူငယ်က သေတယ်ဆိုတဲ့ စကားလုံးကို ဘယ်လိုမျိုး ရေးရမလဲ ဆိုတာကိုတောင် သိရဲ့လား။

ဘေးကနေ ကြည့်နေကြတဲ့ လူတွေကလည်း ကျယ်လောင်စွာနဲ့ ရယ်မောလိုက် ကြပါတယ်။ သူတို့က မာနကြီးတဲ့ လူတွေတော်တော်များများကို မြင်တွေ့ဖူးကြပါတယ်။ ဒါပေမဲ့ လင်းဟန်လိုမျိုး ဘာအခြေအမြစ်မှ မရှိပဲနဲ့ သူရဲ့ယုံကြည်မှုကိုပဲ အခြေခံပြီး မာနကြီး မောက်မာနေတာကိုတော့ ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်းပဲ ဖြစ်ပါတယ်။

“ဘယ်လောက်တောင် မိုက်ရိုင်းလိုက်သလဲ”

ဖေးကျန်းက လှုပ်ရှားလိုက်ပါတယ်။ သူတို့က အင်အားကြီးတဲ့ နဂါးငါးကောင် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က လူတစ်ယောက်ကို အုပ်စုဖွဲ့ ပူးပေါင်းပြီးတော့ တိုက်ခိုက်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း နဂါးငါးကောင်ထဲက တစ်ယောက် ဖြစ်ဖို့အတွက် အဆင့်မီတယ် ဆိုတာက သာမန်နဲ့ မတူလို့ပဲ ဖြစ်ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းရည်က ထူးချွန်ထက်မြက်ပါတယ်။ သူရဲ့လက်တစ်ဖက်ကို ရိုက်ထုတ်လိုက်ပါတယ်။ တင်းတင်းကျပ်ကျပ်နဲ့ ရစ်ပတ်လိမ်ယှက်နေတဲ့ အစီအရင်ပုံစံတွေ ဖြစ်ပေါ်လာပြီး ရွှေရောင်နတ်ဘုရား အလင်းတစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး လူသားတစ်ယောက်ရဲ့ လက်တစ်ဖက်မဟုတ်ပဲ နတ်နဂါးတစ်ကောင်ရဲ့ ရွှေရောင်လက်သည်း တစ်ခုနဲ့ တူပါတယ်။

လင်းဟန်ကို ကြည့်ရတာ မှင်တက်အံ့သြနေပုံ ရပြီးတော့ မည်သည့်တုံ့ပြန်မှုမျိုးကိုမှ မမြင်တွေ့ ရပါဘူး။

လူတိုင်းလူတိုင်း သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ သူ့ကိုယ်သူ အရမ်းကို ဟိတ်ကြီးဟန်ကြီးနဲ့ ပြမှုနေတာကို မြင်လိုက်ရတဲ့ အခါမှာ အစပိုင်းတုန်းကတော့ သူတို့က သူ့မှာအစွမ်းကြီးမားတဲ့ နောက်ခံတချို့ ရှိပြီးတော့ အင်အားကြီးမယ်လို့ ထင်နေကြပါတယ်။ ဒါပေမဲ့ အခုတော့ ကြည့်ရတာ သူ့အနေနဲ့ ဒီတိုက်ခိုက်မှု တစ်ခုကိုတောင်မှ မားမားမတ်မတ်နဲ့ ရင်ဆိုင်နိုင်စွမ်း ရှိမဲ့ပုံ မပေါ်ပါဘူး။

နဂါးလက်သည်းက ချဉ်းကပ်လာပြီး ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခုက တလိပ်လိပ် ထိုးတက် လာခဲ့ပါတယ်။ ပန်းဖူးအဆင့်ရဲ့ အဆင့်နိမ့်ကျင့်ကြံသူ တစ်ယောက်ရဲ့ အရေပြားတောင် ဖိအားကြောင့် စုတ်ဖြဲသွားနိုင်ပါတယ်။

လင်းဟန်က လက်တစ်ဖက်တောင် မလှုပ်ရှားခဲ့ပါဘူး။ မဟုတ်ဘူး သူ့ရဲ့ ခြေထောက်က လှုပ်ရှား သွားခဲ့တာပါ။ သူက ခြေထောက်နဲ့ ဖေးကျန်းရဲ့ မျက်နှာကို တန်းပြီးတော့ ကန်ပစ်လိုက်ပါတယ်။

ဒီခြေကန်ချက်ရဲ့ အချိန်အဆက အရမ်းကို တိကျသေချာပြီး ဖေးကျန်းရဲ့ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သလို ဖြစ်သွားပါတယ်။ နောက်ပြီး တကယ်လို့ ဖေးကျန်းကသာ လင်းဟန်ကို ပိုပြီးတော့ လေးလေးနက်နက် ထားမယ်ဆိုရင် သူ့အနေနဲ့ သေချာပေါက် အခုလိုမျိုး အနီးကပ် တိုက်ခိုက်မှု တစ်ခုကို လုပ်တာမျိုး ဒါမှမဟုတ် အနည်းဆုံး သူ့ရဲ့ပထမ တိုက်ခိုက်မှုကို မစဉ်းစား မဆင်ခြင်ပဲ အလျင်စလိုနဲ့ လုပ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အရမ်းကို ကံဆိုးစွာနဲ့ သူက မတရားအမှုမဲ့ အမှတ်မဲ့နဲ့ သူ့အတွက်တော့ လင်းဟန်ကို အမှောက်သိပ်ဖို့ဆိုတာ အရမ်းကို လွယ်ကူတဲ့ အရာတစ်ခုလို့ ထင်နေခဲ့ပါတယ်။ ဒါကြောင့်လည်း

လင်းဟန်ရဲ့ ခြေကန်ချက်က သူရဲ့မျက်နှာပေါ်ကို တိတိကျကျ ဝင်လာခဲ့ပါတယ်။

လက်တစ်ဖက်က ဘယ်လိုလုပ်ပြီး ခြေထောက်တစ်ဖက်ထက် ပိုရှည်နိုင်မှာလဲ။ ဒါကြောင့် ဖေးကျန်းက လင်းဟန်အနားကိုတောင် မရောက်သေးခင် လင်းဟန်ဆန့်ထုတ်ပြီး ကန်လိုက်တဲ့ ခြေကန်ချက်က ပြင်းပြင်းထန်ထန်နဲ့ကို ဝင်လာခဲ့ပါတယ်။

ဖေးကျန်းက အေးစက်စက်နဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ လျင်မြန်စွာနဲ့ သူ့ရဲ့ခေါင်းကို စောင်းပြီး ဒီကန်ချက်ကို ရှောင်တိမ်းလိုက်ပါတယ်။ တကယ်တော့ သူက နဂါးငါးကောင်ထဲက လူတစ်ယောက် ဖြစ်ပြီးတော့ လူငယ်မျိုးဆက်ထဲမှာ အရမ်းကို တော်တဲ့လူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အားနည်းစရာအကြောင်း မရှိပါဘူး။ သူကခြေလှမ်း အနည်းငယ် နောက်ဆုတ်လိုက်ပြီး သူရဲ့မျက်နှာပေါ်မှာ ပူလောင်စပ်ဖျဉ်းသွားပါတယ်။ သူရဲ့ လက်တစ်ဖက်နဲ့ မျက်နှာကို ကိုင်လိုက်ပြီးတော့ အံ့အားသင့်နေပြီး သူ့ရဲ့လက်ပေါ်မှာ သွေးစသွေးနတွေ ရှိနေတယ် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

လင်းဟန်ရဲ့ ခြေကန်ချက်ကို သူရှောင်တိမ်းလိုက်ပေမဲ့

ဒီခြေကန်ချက်က ထက်ရှတဲ့ ဓားသွား တစ်ခုလိုမျိုး လေပြင်းတစ်ခုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ သူက သံမဏိ ခန္ဓာကိုယ်ကိုလည်း မကျင့်ကြံထားပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ပန်းဖူးအဆင့်က လူတစ်ယောက်ရဲ့ တိုက်ခိုက်မှု တစ်ခုက နောက်ဆက်တွဲ ထွက်ပေါ်လာတဲ့ အခါမှာ သူ့မျက်နှာကို အသာအယာလေး ပွတ်သပ်သွားတာမျိုး ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လပြွတ်ပဲ။

အားလုံးက အသက်ကို ပြင်းပြင်း ရှုက်သွင်းလိုက် ကြပါတယ်။ နဂါးငါးကောင်ထဲက တစ်ယောက်ဖြစ်တဲ့ ဖေးကျန်းက တကယ်ပဲ တစ်ကွက်တည်းနဲ့ ရှုံးနိမ့်မှုကို ကြုံတွေ့သွားရတာလား။ ဒါကပြတ်ရှရာလေး တစ်ခုပဲ ဆိုပေမဲ့ သူရဲ့တိုက်ပွဲစွမ်းရည် အပေါ်မှာ အကျိုးသက်ရောက်မှု မရှိပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အသက်အရွယ်တန်းမှာ လူဘယ်နှစ်ယောက်က ဖေးကျန်းကို ဒဏ်ရာရအောင်လို့ စွမ်းဆောင်နိုင်စွမ်း ရှိလို့လဲ၊

တကယ်လို့ ဖေးကျန်းက အမှုမဲ့ အမှတ်မဲ့ ဆိုရင်တောင်မှ လင်းဟန်ရဲ့ တစ်ဦးချင်း စွမ်းရည်က ဒီလိုမျိုး ကံကြမ္မာတစ်ခုကို အောင်အောင်မြင်မြင်နဲ့ ဖြစ်ပေါ်စေဖို့

လုံလောက်တဲ့ စွမ်းရည်ရှိ ပါတယ်။

"ငါမင်းကို တကယ်ပဲ လျော့တွက်ခဲ့မိတယ်"

ဖေးကျန်းက သူ့မျက်နှာပေါ်က ကျန်နေတဲ့ သွေးစသွေးနတွေကို ပွတ်သပ်သန့်ရှင်း လိုက်ပြီး သူရဲ့မျက်လုံးတွေက အနည်းငယ် နီရဲလာခဲ့ပါတယ်။ အခုဆိုရင် သူကတကယ်ပဲ ဒေါသထွက်လို့ နေပါပြီ။

လင်းဟန်က ပြောလိုက်ပါတယ်။

"တစ်ဖက်က ငါကတော့ မင်းကို လျော့မတွက်ခဲ့ဘူး။ မင်းမှာတကယ်ပဲ စွမ်းရည်နည်းနည်းတော့ ရှိတာပဲ"

လပြွတ်ပဲ။ ဒါကအရမ်းကို လွန်းလွန်သွားပြီ။

ဖေးကျန်းတစ်ယောက်ပဲ စိတ်ဆိုးတာ မဟုတ်ပဲ ကျန်တဲ့ နဂါးလေးကောင်ကလည်း ဒါကို သည်းမခံနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ နဂါးငါးကောင်က အုပ်စုတစ်ခု ဖြစ်ပြီးတော့ ဖေးကျန်း တစ်ယောက်တည်းရဲ့ လုပ်ဆောင်မှုက သူတို့အားလုံးရဲ့ ကိုယ်ပိုင်အဆင့်တွေကို ဆွဲချသွားနိုင်ပါတယ်။ ဒါကသူတို့ကို ပိုပြီးတော့တောင်

မကျေမနပ်နဲ့ မပျော်မရွှင် ဖြစ်သွားစေခဲ့ ပါတယ်။

"နောက်တစ်ကြိမ်"

ဖေးကျန်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူရဲ့သင်ခန်းစာကို ကောင်းကောင်းကြီး သင်ယူထားပြီးပါပြီ။ ဒါကြောင့် လင်းဟန်နဲ့ နောက်တစ်ကြိမ် အနီးကပ် တိုက်ပွဲတစ်ခုကို ဆင်နွှဲတော့မှာတော့ မဟုတ်ပါဘူး။ ကျင့်ကြံသူတွေက သူတို့ကိုယ်ပိုင် ချီတွေကို ကျင့်ကြံကြပြီး အဲဒါကလည်း သူတို့ရဲ့ အသန်မာဆုံး လက်နက်စစ်စစ်တွေ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူရဲ့ချီစွမ်းအားကို အနီးကပ် အကွာအဝေးမှာ အမြင့်ဆုံးထိ စွမ်းဆောင်နိုင်မှာလဲ။

"ဂရန်းမာစတာလင်း"

အဲဒီအချိန်မှာ လှေကားရဲ့ထိပ်ကနေ အာမေဋိတ်အသံတစ်ခုကို ကြားလိုက်ရပါတယ်။ ဒုန်း ဒုန်း ဒုန်း။ ပုပုဂဂနဲ့ ဖက်တီးကြီး တစ်ယောက်က လှေကားထစ်တွေအတိုင်း ပြေးဆင်းလာခဲ့ပါတယ်။ ဒီလူကြီးက တကယ့်ကို အရမ်းဝပါတယ်။ အရမ်းကို ဝလို့လည်း သူရဲ့ခြေထောက်တွေကိုပဲ မြင်နိုင်ရုံသာသာပဲ

ရှိပါတယ်။ ဒါကြောင့် လူတိုင်းလူတိုင်းက လှေကားကနေ အသားလုံးကြီး တစ်လုံးက လိမ့်ဆင်းလာသလိုမျိုး ခံစားလိုက်ကြရပါတယ်။

သံသယရှိစရာ မလိုအောင် အရမ်းကို ရယ်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ကြည့်နေရ သလိုပါပဲ။ ဒါပေမဲ့ ဘယ်သူကမှ မရယ်ပံ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ လုံးဂကို ထိပါးလို့မရတဲ့ အကောင်ကြီးကြီး လူတစ်ယောက် ဖြစ်ပါတယ်။ သူရဲ့အဆင့်အတန်းက အရမ်းကို မြင့်သလို သူ့မှာ အရမ်းကို မြင့်မားတဲ့ ပုံရိပ်တစ်ခုလည်း ရှိပါတယ်။

ခုနစ်ခုမြောက် စံအိမ်အရှင်သခင် ရင်ရှုယန်။

အလယ်ပိုင်းဒေသရဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ စုစုပေါင်း စံအိမ်အရှင်သခင် ကိုးယောက် ရှိပါတယ်။ သူတို့က တကယ့်ကို အရေးပါ အရာရောက်တဲ့ လူတွေဖြစ်ပြီးတော့ ဂိုဏ်းခေါင်းဆောင်တွေနဲ့ ရှေးဟောင်းအင်အားကြီး ကလန်တွေရဲ့ အကြီးအကဲတွေနဲ့ အဆင့်ချင်း အတူတူပါပဲ။ နောက်ပြီးတော့ စံအိမ်အရှင်သခင် ကိုးယောက်စလုံးက ကောင်းကင်အဆင့်တွေပဲ ဖြစ်ပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်မှ မရှိဘူးလား။ ကောလာဟာလတွေ အရတော့ ရှိပေမဲ့ သူ့ကိုအရင်က ဘယ်သူမှ မြင်တွေ့ဖူးခြင်း မရှိကြပါဘူး။

အဆင့်မြင့်ပြီး အင်အားကြီးမားတဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်က တကယ်ပဲ ကိုယ်တိုင်ကိုယ်ကျ ရှေ့ကိုထွက်လာပြီး ဂရန်းမာစတာလင်းကို လက်ခံကြိုဆိုနေပါတယ်။ ဂရန်းမာစတာလင်းက ဘယ်လိုမျိုး အဆင့်အတန်းရှိတဲ့ လူတစ်ယောက် ဖြစ်လိမ့်မလဲ။

မြေကမ္ဘာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်လား။ မဟုတ်ဘူး မဟုတ်ဘူး မဟုတ်သေးဘူး။ မြေကမ္ဘာအဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်က အခုလိုမျိုး ပြုစုဆက်ဆံ ခံရဖို့ အဆင့်မမီသေးဘူး။ ဖြစ်နိုင်တာက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက ဒီကမ္ဘာကြီးထဲမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က နှစ်ယောက်ပဲ ရှိတာမဟုတ်လား။ ပြီးတော့ သူတို့နှစ်ယောက်တည်းက ဘယ်သူကမှ မျိုးရိုးနာမည်က လင်း မဟုတ်ကြပါဘူး။

နေဦး နေဦး။ မျိုးရိုးနာမည် လင်းနဲ့ ကောင်းကင်အဆင့်

မျော်ဆေးပညာရှင် တစ်ယောက် တကယ်ပဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလူက မြောက်ပိုင်းဒေသက ဖြစ်ပြီးတော့ ကောလာဟာလတွေ အရတော့ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကိုတောင် ဆက်ခံရရှိခဲ့ပါတယ်။ နောက်ပြီးတော့ သူက တန်ခိုးရှင်တစ်ပါးရဲ့ ရတနာသိုက် တည်နေရာကိုတောင် ရှာတွေ့ခဲ့တယ်လို့ ပြောကြပါတယ်။

အဲဒီကောင်းကင်အဆင့် မျော်ဆေးပညာရှင်လည်း ဒီကိုလာတာပဲလား။ ဘယ်မှာလဲ ဘယ်နားမှာလဲ။

လူတိုင်းလူတိုင်း သူတို့ရဲ့ ခေါင်းတွေကို ဘယ်ပြန်ညာပြန်နဲ့ လှည့်ပြီးတော့ ဒီဒဏ္ဍာရီလာ လူပုဂ္ဂိုလ်ကို ဖျတ်ခနဲ မြင်တွေ့ရဖို့ မျှော်လင့်နေပါတယ်။ အဲဒီလူက လင်းဟန်ဖြစ်နိုင်တယ်လို့ ဘယ်သူကမှ မထင်ကြပါဘူး။ သူက အရမ်းကို ငယ်ရွယ်ပါတယ်။ ဒီလိုမျိုး လူငယ်တစ်ယောက်က ဂရန်းမာစတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အသားဘောလုံးကြီးက အောက်ဘက်ကို လိမ့်ဆင်းလာပြီး သူရဲ့လမ်းကြောင်းမှာရှိတဲ့ လူတွေက အလျင်အမြန်ပဲ ဘေးကိုကပ်ပြီးတော့ ရှောင်တိမ်းလိုက်ကြပါတယ်။ ဒါပေမဲ့လည်း ဒီအသားလုံး လိမ့်လာတာက အရမ်းကို

လျှင်မြန်ပြီး ဘယ်သူကမှ ချိန်သားကိုက် မရှောင်တိမ်း နိုင်ကြပါဘူး။ ဒါကြောင့် သူတို့တွေက ချက်ချင်းဆိုသလို လေပေါ်ကို လွင့်ထွက်သွားကြပါတယ်။

ဒါပေမဲ့ ရင်ရှုရန်ကိုကြည့်ရတာ ရပ်တန့်ဖို့ စိတ်ကူး နည်းနည်းလေးမှ ရှိပုံမရပါဘူး။ ဒါက ကောင်းကင်အဆင့် လူတစ်ယောက် ဖြစ်ပြီးတော့ သူ့စိတ်ကြိုက် ဆန္ဒရှိသလို ပြုမှုလုပ်ဆောင်လို့ ရပါတယ်။

နဂါးငါးကောင်စလုံး ထိတ်လန့်သွားပြီး အလျှင်အမြန်နဲ့ ဘေးကို ရှောင်တိမ်းလိုက်ကြပါတယ်။ သူတို့အနေနဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ကို စိန်ခေါ်ဖို့ဆိုတာ နည်းနည်းလေးမှ အဆင့်မမီပါဘူး။ သူတို့မှ မဟုတ်ပါဘူး။ တကယ်လို့ သူတို့ရဲ့ ကလန်က အဆင့်မြင့်ဆုံး လူလာခဲ့မယ် ဆိုရင်တောင်မှ သူတို့က ရင်ရှုရန်ရဲ့ အရှေ့မှာ ယဉ်ယဉ်ကျေးကျေးနဲ့ နေရပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ သူတို့တွေ လွင့်ထွက်သွားမယ် ဆိုရင်တောင်မှ ဒါက သူတို့အတွက် ကံကြမ္မာဆိုး တစ်ခုနဲ့ တူပြီးတော့ သည်းခံလိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။

လင်းဟန်တော့ ရှောင်တိမ်းတာ ပုန်းကွယ်တာမျိုး တစ်ခုမှ

မလုပ်ပါဘူး။

လပြွတ်ပဲ။ ဒီကောင်စုတ်က သူ့ကိုယ်သူ ဘယ်သူလို့များ ထင်နေတာလား။ တကယ်လို့ သူက ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ နင်းချေမှုကြောင့် သေသွားမယ်ဆိုရင် သူ့ရဲ့ သေဆုံးခြင်းက အလကားပါပဲ။ ဘယ်သူကများ သူ့ကို မျက်မမြင်လို နေခိုင်းလို့လဲ။

အသားလုံးရဲ့ အရှိန်အဟုန်က အရမ်းကို လျှင်မြန်ပြီး မျက်စိတစ်မှိတ် အတွင်းမှာ လင်းဟန်ရဲ့ အနားကို ရောက်လို့လာပါတယ်။

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ လင်းဟန်လည်းပဲ သူရဲ့အရှေ့က လူတွေလို လွင့်ထွက်သွားပါလိမ့်မယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ရင်ရှုရန်က သူ့ရဲ့အဟုန်ကို တန့်ပြီးတော့ ခြေလှမ်းတွေကို ရပ်လိုက်ပြီး လင်းဟန်ရဲ့ အရှေ့တည့်တည့်မှာ တိခနဲ ရပ်သွားပါတယ်။ သူရဲ့မျက်နှာပိုင်းပိုင်းကြီး အပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက တကယ်ပဲ အရမ်းကို ဂတာကြောင့် သူရဲ့ လည်ပင်းကိုတောင် မမြင်နိုင်ပါဘူး။

သူ့ကိုကြည့်ရတာ ဘောလုံးအကြီးရဲ့ ထိပ်ပေါ်မှာ ဘောလုံးအသေး တစ်လုံးကို တင်ထားသလိုမျိုး ဖြစ်နေပြီး အရမ်းကို ရယ်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

ဘယ်သူမှတော့ မရယ်ပံ့ကြပါဘူး။ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ရုပ်ရည်နဲ့ ပတ်သက်ပြီး သူ့အရှေ့မှာ ရယ်မယ်ဆိုရင် အဲဒီလူက အသက်ရှင်ရတာ ပင်ပန်းနေတာကြောင့် ဖြစ်ပါလိမ့်မယ်။

လင်းဟန်ကတော့ ဟက်ဟက်ပက်ပက်ကို ရယ်မောလို့ နေပါတယ်။ သူရဲ့ရယ်သံတွေအတိုင်း ဘေးနားက လူတွေရဲ့ မျက်နှာပေါ်က ကြွက်သားတွေက မထိန်းနိုင်အောင် ရှုံ့မဲ့ပြီး သူတို့ရဲ့ နှလုံးသားထဲမှာ အေးစက်တဲ့ ခံစားမှုတစ်ခုက မြင့်တက်လာသလိုမျိုး ခံစားနေကြရပါတယ်။ ရင်ရှုရန်က အရူးတစ်ယောက်လိုမျိုး မည်းမည်းမြင်ရာ ဒေါသထွက်မနေဖို့ကိုပဲ မျှော်လင့်ရပါတယ်။ တကယ်လို့ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်က ဒေါသထွက်လာမယ်ဆိုရင် မျှော်လင့် မထားတဲ့ ကပ်ဘေးတစ်ခု ကျရောက်သွားပါလိမ့်မယ်။

လုံးဂကို မထင်မှတ်ထားမိပဲ ရင်ရှုရန်လည်း စတင်ပြီးတော့ ရယ်မောလိုက်ပါတယ်။ ပြီးတော့ သူ့ပုံစံကို ကြည့်ရတာ

အတော်လေးကို ကျေနပ်နေပုံ ရပါတယ်။

"ဂရန်းမာစတာလင်း မင်းအခုလို ကြွရောက်လာတဲ့အတွက် ငါတို့တွေ အရမ်းကို ဂုဏ်ယူမိပါတယ်။ ကိုယ်တိုင်ထွက်ပြီးတော့ မကြိုဆိုမိတာကို တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီးတော့ ဒီအပြစ်ကို ခွင့်လွှတ်ပေးပါ"

ရင်ရှုရန်က ဦးညွှန်ဂါရဝ ပြုလိုက်ပါတယ်။

လပြွတ်ပဲ။

ပရိသတ်တွေ အားလုံးရဲ့ အမြင်တွေအားလုံး ပြာထွက်သွားပါတယ်။ အစွမ်းရှိပြီး အင်အားကြီးမားတဲ့ ကောင်းကင်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က ပန်းဖူးအဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့အရှေ့မှာ ဦးညွှန်နေတယ်။ သူတို့ရဲ့ အမြင်တွေ မှုန်နေတာများလား။

နောက်ပြီးတော့ ဂရန်းမာစတာလင်း။ ဒီကောင်လေးက လင်းဟန်လား။

နဂါးငါးကောင်ရဲ့ အမှုအရာက ချက်ချင်းဆိုသလို မစဉ်းစားတတ်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်ကုန်ပါတယ်။

Chapter 551 end
အပိုင်း(၅၅၂) အုတ်ခဲ

ဒီလူငယ်က တကယ်ပဲ ဂရန်းမာစတာလင်းလား။ ဒါကဘယ်လို ဟာသကြီးလဲ။

အဆင့်မြင့်ပြီး အင်အားကြီးမားတဲ့ ကောင်းကင်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က သူတို့လိုမျိုး ဂျူနီယာအနည်းငယ်ကို နောက်ပြောင်ကျီစယ်ဖို့ ဒီလိုမျိုး အမူအရာတစ်ခုကို ဟန်ဆောင်ပြီးတော့ လုပ်လိမ့်မယ်ဆိုတာက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ သူတို့က ဒါကို စဉ်းစားမိလိုက်တဲ့ အခါမှာ သူတို့ကိုယ်သူတို့ အရမ်းကို အထင်ကြီးနေသလို ဖြစ်နေတယ်ဆိုတာ သိလိုက်ကြပါတယ်။

လူတိုင်းလူတိုင်း လင်းဟန်က ဘာပြောခဲ့လဲ ဆိုတာကို ပြန်စဉ်းစားမိလိုက် ကြပါတယ်။ တကယ်လို့ ဖေးကျန်းနဲ့ တခြားနဂါးလေးကောင်က သူ့အရှေ့မှာ ဒူးထောက်ပြီးတော့ ခွင့်လွှတ်ဖို့ တောင်းပန်မယ် ဆိုရင်တောင်မှ လင်းဟန်က

သူတို့ကို နည်းနည်းလေးမှ ဂရုစိုက်မှာ မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ သူတို့က အဲဒါကို ကြားတဲ့အချိန်မှာ သူတို့အားလုံးရဲ့ အတွေးထဲမှာ ဒါကလေကြွားရုံ သက်သက်ပဲလို့ ထင်ခဲ့ကြပါတယ်။ ဒါပေမဲ့ အခုတော့ အားလုံးက ဒီအချက်ကို အပြည့်အဝကို လက်ခံယုံကြည် သွားခဲ့ကြပါပြီ။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာ ဘယ်လိုမျိုး ထူးခြားဆန်းကြယ်တဲ့ တည်ရှိမှု အမျိုးအစား တစ်ခုလဲ။ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ ကိုယ်တိုင်ကိုယ်ကျ ထွက်တွေ့ပြီးတော့ လက်ခံကြိုဆိုခံရသူ တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူရဲ့အဆင့်အတန်းက ဘယ်လောက်တောင် အရေးပါပြီး ဘယ်လောက်တောင်မှ မြင့်မားသလဲ ဆိုတာကို ဒီတစ်ချက်ကို ကြည့်ခြင်းအားဖြင့် ပြောနိုင်ပါတယ်။

ပန်းဖူးအဆင့်မှာပဲရှိတဲ့ ဂျူနီယာတွေတောင်မှ သူ့အတွက် ဖိနပ်ကို သယ်ပေးဖို့တောင် အဆင့်မမီပါဘူး။

လင်းဟာန်က ထူးဆန်းစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားက အရမ်းကို ယဉ်ကျေးလွန်းတယ်။ ကျုပ်က

ခင်ဗျားကို ဘယ်လိုခေါ်ရမလဲ”

ကြည့်စမ်းပါဦး။ ဘယ်လောက်တောင်မှ လှပမ်းမိုးနိုင်စွမ်း ရှိလိုက်သလဲ။ ရင်ရှုရန်က ကိုယ်တိုင်ကိုယ်ကျ ထွက်လာပြီးတော့ သူ့ကိုကြိုဆိုရပါတယ်။ ပြီးတော့ လင်းဟန်က သူဘယ်သူလဲ ဆိုတာကိုတောင် မသိပါဘူး။ ဘယ်လောက်တောင် မိုက်လိုက်သလဲကွာ။

“ဟားဟားဟားဟား ကျနော်နာမည်က ရင်ရှုရန်လို့ ခေါ်ပါတယ်။ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ ခုနစ်ယောက်မြောက် စံအိမ်အရှင်သခင်ပါ။ တကယ်လို့ ဂရန်းမာစတာလင်းက စိတ်မရှိဘူးဆိုရင် ကျနော်ကို ရန်ကလေးလို့ ခေါ်နိုင်ပါတယ်”

ရင်ရှုရန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လူတိုင်းလူတိုင်း ချက်ချင်းဆိုသလို မနစ်မြို့စရာ ကောင်းလောက်အောင် ဖြစ်သွားပြီး တဆတ်ဆတ် တုန်သွားပါတယ်။ ဒီလူရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ပြီးတော့ သူ့ကို ဘယ်လိုလုပ်ပြီး ရန်ကလေးလို့ ခေါ်နိုင်မှာလဲ။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ သူ့ကို ရန်ကလေးကို ခေါ်ဆိုဖို့ အဆင့်မီတဲ့ လူတွေက ဘယ်လောက်တောင်များ ရှိလို့လဲ။ ပြိုင်ဘက်ကင်း

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အနည်းငယ်ကို ဘေးဖယ်ထားရင်တောင် အဆင့်မြင့်တဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ လူနည်းစုကပဲ ဒီလိုမျိုး အဆင့်မီပါလိမ့်မယ်။

"နံ့ပါတ်ခုနစ် စံအိမ်အရှင်သခင်"

လင်းဟာန်လည်း မနစ်မြို့သလို ဖြစ်သွားပါတယ်။ တကယ်လို့ သူကြီးစားရင်တောင်မှ ရန်ကလေးဆိုတဲ့ နာမည်ကို ခေါ်ဖို့ဘယ်လိုမှ မလုပ်နိုင်ပါဘူး။

"ဂရန်းမာစတာလင်း ဒီနေ့လေလံပွဲကို ပါဝင်ယှဉ်ပြိုင်မလို့လား"

ရင်ရှုရန်က မေးလိုက်ပါတယ်။

"ဟုတ်တယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

"ကြွပါ ကြွပါ"

ရင်ရှုရန်က အလျင်အမြန်ပဲ အထဲကို ဝင်ဖို့

ဖိတ်ခေါ်လိုက်ပါတယ်။

လင်းဟန်က အရှေ့ကို လျှောက်သွားခဲ့ပါတယ်။ အားလုံး အထူးသဖြင့်တော့ ဖေးကျန်းနဲ့ အပျော်အပါးမက်တဲ့ ပေါ့ပျက်ပျက် သခင်လေးတို့က စိတ်ထဲကျနေ ကျိတ်ပြီးတော့ သက်ပြင်းချ လိုက်ကြပါတယ်။ ဒါပေမဲ့ လင်းဟန်က ရပ်ပြီးတော့ ချာခနဲလှည့်ပြီး ရင်ရှုရန်ကို ပြောလိုက်ပါတယ်။

"နံပါတ်ခုနစ် စံအိမ်အရှင်သခင် တကယ်လို့ ငါက လူအနည်းငယ် ခေါ်ချင်တယ်ဆိုရင် အရမ်းကြီး အနိုင်ကျင့်ရာ ရောက်တယ်လို့တော့ ငါ့ကိုမြင်ကြလိမ့်မှာ မဟုတ်ပါဘူးနော်"

ရင်ရှုရန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို မည်းမှောင်သွားခဲ့ပါတယ်။ သူကမေးလိုက်ပါတယ်။

"အိုး ဂရန်းမာစတာလင်းကို တစ်ယောက်ယောက်ကများ အပြစ်ပြုမိလိုက်သလား"

"ဟင်းဟင်း တစ်ယောက်က သူ့ကို ငါက အဘိုးလို့ခေါ်တာကို ခံချင်တယ်။ နောက်တစ်ယောက်က ငါ့ကို သူ့ရဲ့နောက်လိုက် ဖြစ်စေချင်တယ်။ ပြီးတော့ ငါ့ကိုရိုက်နှက်ချင်တဲ့ လူနည်းနည်းလည်း ရှိသေးတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ဖေးကျန်းနဲ့ ပေ့ါပျက်ပျက် သခင်လေးက မျက်ရည်တွေ ဝေ့လာခဲ့ပါတယ်။ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာ သူတို့က ဘယ်လိုလုပ် သိမှာလဲ။ တကယ်လို့ သူတို့သိမယ်ဆိုရင် ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ဒီလိုမျိုးအရာတစ်ခုကို ပြောပုံ့ကြလိမ့်မှာ မဟုတ်ပါဘူး။

"ဘယ်သူလဲ"

ရင်ရှုရန်က လူအုပ်ကြီးကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုက ထွက်ပေါ်လာပြီး လူအုပ်ကြီးကို လွှမ်းမိုးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက ရယ်စရာကောင်းတဲ့ ဖက်တီးတစ်ယောက် မဟုတ်တော့ပဲ ကမ္ဘာကြီးကို ခြေတစ်ချက် ဆောင့်နင်းလိုက်တာနဲ့ တုန်လှုပ်သွားစေနိုင်တဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်သွားခဲ့ပါတယ်။

ပရိသတ်တွေက သူတို့ရဲ့ စိတ်ဂိညာဉ်တွေက စိုးရိမ်ပူပန်ပြီး တဆတ်ဆတ်တုန်နေသလို ခံစားလိုက်ရပြီး ခုခံကာကွယ်ဖို့ စွမ်းအင်နည်းနည်းလေးကိုတောင် စုစည်းဖို့ မလုပ်နိုင်အောင် ဖြစ်နေကြပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဒီလူဂကြီးရဲ့ ကျင့်ကြံခြင်းက ကောင်းကင်အဆင့် အလွှာလေး ဒါမှမဟုတ် ငါးအဆင့်မှာ ရှိနေပါလိမ့်မယ်။ သူ့အနေနဲ့ ရင်ရှုရန်ရဲ့ ကျင့်ကြံခြင်းက ဘယ်အလွှာမှာလည်း ဆိုတာကို အတိအကျတော့ အာရုံမခံနိုင်ခဲ့ပါဘူး။ တကယ်တော့ လင်းဟန်မှာက ကောင်းကင်အဆင်ရဲ့ နတ်ဘုရားအာရုံ တစ်စိတ်တစ်ပိုင်းပဲ ရှိတာပါ။

ဖေးကျန်းနဲ့ အပျော်အပါးမက်တဲ့ သခင်လေးက တုန်လှုပ်နေတဲ့ ခြေထောက်တွေနဲ့ အရှေ့ကို ထွက်လာခဲ့ပြီး သူတို့နှစ်ယောက်စလုံး မြေကြီးပေါ်မှာ ဒူးထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ကျနော်တို့ရဲ့ အပြစ်တွေကို ခွင့်လွှတ်ပေးပါ ဂရန်းမာစတာလင်းခင်ဗျား"

လင်းဟန်က သူတို့ကို မမြင်တဲ့ ပုံစံမျိုးနဲ့ ရင်ရှုရန်နဲ့ ဆက်ပြီးတော့ ပြဿနာတက်ရတဲ့ အကြောင်းကို စကားပြောဆိုနေခဲ့ပါတယ်။ သူက ဖေးကျန်းနဲ့ တခြားနဂါးလေးကောင်အပြင် အပျော်အပါးမက်တဲ့ သခင်လေးကိုပါ လျစ်လျူရှုထားတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က သူ့ရဲ့စကားတွေအတိုင်း ပြုမှုဆောင်ရွက်နေခဲ့ပါတယ်။ သူတို့အားလုံးက ဒူးထောက်နေကြပေမဲ့ လင်းဟန်က သူတို့ရဲ့ တောင်းပန်မှုကို သူ့ရဲ့စိတ်ခံစားချက် အပေါ်မှာ မူတည်ပြီးတော့ လက်သင့်ခံပါလိမ့်မယ်။

နဂါးငါးကောင်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပါတယ်။ သူတို့အားလုံးရဲ့ နလုံးသားတွေ မာကျောလာပြီးတော့ သူတို့ကိုယ်သူတို့ စတင်ပြီး ရိုက်လိုက်ကြပါတယ်။ ပေါ့ပျက်ပျက် သခင်လေးက ဒါကိုမြင်လိုက်တဲ့ အခါမှာ သူက လျင်မြန်စွာနဲ့ ဆက်တိုက် ဦးညွှန့်ဂါရဝ ပြုလိုက်ပါတယ်။ ရင်ရှုရန်က ဒေါသထွက်ပြီးတော့ သူတို့အားလုံးကို ရှင်းလင်းသုတ်သင်ပစ်မှာကို တကယ်ပဲ ကြောက်ရွံ့နေပါတယ်။

"ဂရန်းမာစတာလင်း လေလံပွဲက စပါတော့မယ်။ ငါတို့အရင်ဆုံး အထဲကို ဝင်ပြီးတော့ ထိုင်ကြတော့မလား"

ရင်ရှုရန်က မေးလိုက်ပါတယ်။ သူလည်းပဲ စိတ်ဂိညာဉ်ရတနာခစံအိမ်ရဲ့ ဝင်ပေါက်မှာ လူတွေအများကြီး ပိုင်းအုံနေတာကို မလိုချင်ပါဘူး။ တကယ်တော့ ဒါက ကောင်းမွန်တဲ့ ဂယက်ရိုက်ခြင်းတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က ခန်းမကျယ်ကြီးဆီကို ဝင်ရောက်ဖို့ လှေကားထစ်အတိုင်း မတက်သွားခင် ဖေးကျန်းနဲ့ တခြားနဂါးလေးကောင်ရယ် အပျော်အပါးမက်တဲ့ သခင်လေးကိုပါ ပြုံးပြီးတော့ ကြည့်လိုက်ပါတယ်။

ဖေးကျန်းတို့ နဂါးငါးကောင်နဲ့ အပျော်အပါးမက်တဲ့ သခင်လေးတို့ အားလုံးပဲ အေးစက်တဲ့ ချွေးစေးတွေ ပျံလာခဲ့ပါတယ်။ လင်းဟာန်က သူတို့ကို အပြစ်တင်ဝေဖန် ကြိမ်းမောင်းခြင်း မလုပ်ပေမဲ့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ကို အပြစ်ပြုပြီးတဲ့ နောက်မှာ ဒီကိစ္စက ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ ပြီးသွားနိုင်မှာလဲ။

ရင်ရှုရန်ရဲ့ ဦးဆောင်မှုနဲ့အတူ လင်းဟန်က စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အခမ်းနားဆုံး ဇိမ်ခံပစ္စည်းတွေနဲ့ ပြည့်နှက်နေတဲ့ သီးသန့်အခန်းတစ်ခုကို ရောက်ရှိလို့ လာခဲ့ပါတယ်။ ဒီအချိန်မှာ လင်းဟန် တစ်ယောက်ပဲ ဒီလိုမျိုး ဂုဏ်ပြုခံရမှုကို ရရှိခဲ့ပါတယ်။ ပုံမှန်အားဖြင့်တော့ ဒီလိုမျိုး ထိပ်တန်းအဆင့် သီးသန့်အခန်းကို နှစ်ပေါင်းဆယ်နှစ်ကျော်မှ တစ်ခါသာ ကျင်းပပြုလုပ်တဲ့ အထူးလေလံပွဲ အတွင်းမှာပဲ အသုံးပြုတာ ဖြစ်ပါတယ်။ ဒီအခန်းကို အထူးသဖြင့်တော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူတွေနဲ့ ၎င်းအဆင့်အတန်းနှင့် တူညီတဲ့ လူတွေအတွက်ပဲ အသုံးပြုတာ ဖြစ်ပါတယ်။ ဥပမာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်လို လူစားမျိုး အတွက်ပေါ့။

လင်းဟန်ကတော့ ဂုဏ်သတင်း ကျော်စောမှုနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှု မရှိပါဘူး။ သူ့အနေနဲ့ ဒီလိုမျိုး အထူးတလည် ပြုစုခံရတာမျိုးကို လုံးဝကို တည်တည်ငြိမ်ငြိမ်နဲ့ သီးသန့်ခန်းရဲ့ အတွင်းမှာ ထိုင်လိုက်ပါတယ်။ လေလံပွဲက ခဏအကြာမှာ စတင်ပါလိမ့်မယ်။

ရင်ရှုရန်က လင်းဟန်နဲ့ ခဏတဖြုတ်

စကားပြောဆိုပြီးတော့မှ တောင်းပန်ပြီးတော့ ထွက်ခွာသွားခဲ့ပါတယ်။ သူကလည်း လင်းဟန်ကို အရမ်းပဲ ရက်ရက်ရောရောနဲ့ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်သိန်းကို ပေးခဲ့ပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က အတော်လေးကို ချမ်းသာကြွယ်ဝတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူ့အနေနဲ့ လင်းဟန်ကို ဒီလိုမျိုး ပမာဏသေးသေးလေးကို မပေးနိုင်ရမှာလဲ။

ဒါက ရိုးရှင်းပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်နဲ့ ပတ်သက်ပြီး စိတ်ထဲမှာ လေးလေးနက်နက် ထားလိမ့်မှာ မဟုတ်ကြပါဘူး။ ဒါပေမဲ့ တန်ခိုးရှင် တစ်ပါးရဲ့ ရတနာသိုက်နဲ့ ပတ်သက်လာရင်တော့ ဒါက အရမ်းကို ကြီးကျယ်သွား ပါပြီ။

တကယ်လို့ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေရဲ့ ပစ်မှတ်ဖြစ်လာခဲ့မယ် ဆိုရင် လင်းဟန်က သေချာပေါက် ဂရုန်းသုန်းကား အခြေအနေ တစ်ခုနဲ့ ကြုံတွေ့ပါလိမ့်မယ်။ ဒါကြောင့် စိတ်ဝိညာဉ် ရတနာ စံအိမ်က ဒီလိုမျိုး မတည်ငြိမ်ပဲ ပြောင်းလဲနိုင်တဲ့ အရာတစ်ခုကို အများကြီး ရင်းနှီးမြှုပ်နှံလိမ့်မှာ မဟုတ်ပါဘူး။

သူ့ကို ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တစ်သိန်းကို ခွင့်ပြုပေးတယ်ဆိုတာက စိတ်ဂိညာဉ် ရတနာ စံအိမ်က တကယ့်ကို အရမ်းပဲ ရက်ရက်ရောရော ရှိပါတယ်။

လင်းဟာန် ထိုင်ပြီးတာနဲ့ အရောင်းအဝယ် တစ်ခုပြီး တစ်ခု ပြီးဆုံးသွားခဲ့ပါပြီ။ ဒါပေမဲ့လည်း တချို့လေလံ ပစ္စည်းတွေကို လူတွေက နှစ်သက်သဘောကျခြင်း မရှိတာကြောင့် ဝယ်ယူခြင်း မရှိကြပါဘူး။ ဒီလေလံပွဲက လတိုင်းလတိုင်း တစ်ကြိမ်ပဲ ကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။ ဒီလေလံပွဲ အတွင်းမှာ မြောက်များစွာသော ပစ္စည်းတွေကို လေလံတင်ပြီး အမျိုးမျိုးသော ပစ္စည်းတွေကလည်း တစ်ပုံတစ်ခါင်း များပြားလွန်းပေမဲ့ တစ်ခုမှတောင် လင်းဟာန်ရဲ့ စိတ်ဝင်စားမှုကို မရရှိခဲ့ပါဘူး။

တစ်ဖက်မှာတော့ ဒီလိုမျိုး လေလံပွဲက တစ်လမှ တစ်ကြိမ်သာ ကျင်းပတာ ဖြစ်ပါတယ်။ ဒါကြောင့် အရမ်းကို တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေ ထွက်ပေါ်လာနိုင်ချေ သိပ်မရှိပါဘူး။ နောက်ပြီးတော့ နောက်ထပ်တစ်လ အကြာမှာ အဲ့အားသင့်စရာကောင်းပြီး တန်ဖိုးကြီးမား ရတနာတွေကို လေလံတင် ရောင်းချမဲ့ နှစ်ပါတ်လည် ခမ်းနားကြီးကျယ်တဲ့ လေလံပွဲကြီးကို ကျင်းပပြုလုပ် ပါလိမ့်မယ်။

"ဟားဟားဟား"

ရုတ်တရက် ဆိုသလို လေလံပွဲကျင်းပတဲ့ နေရာကနေ ကျယ်လောင်တဲ့ ရယ်သံနဲ့ လူတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က အစောပိုင်းတုန်းက အိပ်ငိုက်နေပြီး အခုလို ဆူညံပူညံ အသံတစ်ခုကို ကြားလိုက်ရတဲ့ အခါမှာတော့ သူ့အနေနဲ့ မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ လေလံအစီအစဉ် တင်ဆက်သူက ကျောက်ခဲတစ်ခဲကို ကိုင်ဆောင်လာတာကို သူမြင်တွေ့လိုက်ရပါတယ်။

ကျောက်ခဲတစ်ခဲလား။

လင်းဟန်က အနည်းငယ် ရယ်ချင်စိတ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူက သေချာစဉ်းစား ကြည့်လိုက်တဲ့ အခါမှာ စိတ်ဂိညာဉ် ရတနာ စံအိမ်က ဒီလိုမျိုး လက်လုပ်ပစ္စည်းတစ်ခုဖြစ်တဲ့ ကျောက်ခဲတစ်ခဲကိုတော့ သူတို့ရဲ့ ဧည့်သည်တွေကို ရောင်းချလိမ့်မှာ မဟုတ်ပါဘူး။

ဒါက အမှန်တကယ်တော့ ကျောက်ခဲတစ်ခဲ မဟုတ်ပါဘူး။ ကြည့်ရတာတော့ အတော်လေးကို ဆင်တူပါတယ်။ ဒါပေမဲ့

အနီးကပ်ပြီး ကြည့်လိုက်မယ်ဆိုရင် ၎င်းရဲ့အစွန်းတွေက ပုံစံတကျ မရှိတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကြည့်ရတာ ၎င်းက အစတုန်းက ရောမ ကျောက်တုံးကြီး တစ်ခုကနေမှ ပဲ့ထွက်လာတဲ့ ပုံစံမျိုးနဲ့ တူပါတယ်။

ကျောက်ခဲရဲ့ တစ်ဖက်က ပြားပြီး တခြားတစ်ဖက် မျက်နှာပြင်မှာ စာလုံးတစ်ဂက် ရှိပါတယ်။ ဒါမှမဟုတ် လက်ရေးမှုရဲ့ အစလေး တစ်ခုလို့ ခေါ်မယ်ဆိုရင် ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ ၎င်းက ဘာလဲဆိုတာကိုတော့ တိတိကျကျ မြင်တွေ့နိုင်ခြင်း မရှိပါဘူး။

"ဒီကျောက်ခဲကို ကျုပ်တို့ စိတ်ဂိုညာဉ် ရတနာ စံအိမ်က ရာဖြတ်အရှင်သခင် တော်တော်များများ အနီးကပ် သေချာလေ့လာစစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့က ဒီကျောက်ခဲရဲ့ တည်ဆောက်မှု ပုံစံကို တိတိကျကျ လေ့လာဖော်ထုတ်နိုင်ခြင်း မရှိခဲ့သလို ဒါကိုဘာအတွက် အသုံးပြုလဲ ဆိုတာကိုလည်း တိတိကျကျ မသိပါဘူး။ အတည်ပြုနိုင်တာ တစ်ခုက ဒီပစ္စည်းက အနည်းဆုံး လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သိန်းလောက်က ကျောက်တုံးပြား တစ်ခုက ဖြစ်တယ်ဆိုတာပါပဲ"

"နောက်ပြီးတော့ ဒီကျောက်တုံးခဲက အရမ်းကို

မာကျောပြီးတော့ ထူးခြားတဲ့ ရေးဟောင်း သမိုင်းဝင် နယ်မြေတစ်ခုကနေ ရရှိခဲ့တာ ဖြစ်ပါတယ်”

လေလံတင်ဆက်သူက ကျောက်ခဲရဲ့အကြောင်းကို မိတ်ဆက်လိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ဒီအုတ်ခဲရဲ့ တခြားအာသာချက်တွေကို ရှာတွေ့နိုင်စွမ်း ရှိပုံမရပါဘူး။ ဒါကြောင့် တတ်နိုင်သလောက် လေလုံးထွားပြီးတော့ အများကြီး လျှောက်ပြောဖို့ ကြိုးစားနေပုံ ရပါတယ်။

လင်းဟာန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပေမဲ့ သူလည်း ဒီကျောက်ခဲရဲ့ ထူးခြားမှု အကြောင်းကို ပြောနိုင်ခြင်း မရှိပါဘူး။ ၎င်းအပေးမှာ ခြစ်ရာအနည်းငယ်ကို ရေးထားပြီး အဲဒါကို ကြည့်ရတာ သူရဲ့နှလုံးသားထဲမှာ တက်ကြွရှင်သန်မှု တစ်စုံတစ်ရာကို ခံစားရသလို ဖြစ်စေပါတယ်။

စိတ်ဝင်စားစရာပဲ။

“အခြေခံ တန်ကြေးကတော့ မူလစွမ်းအင်ပုံဆောင်ခဲ ဆယ်ခုပဲ ဖြစ်ပါတယ်”

လေလံအစီစဉ် တင်ဆက်သူက ဒီလေလံပစ္စည်း အပေါ်မှာ

အရမ်းကြီး မျှော်လင့်ချက် မထားထားဘူးဆိုတာ သိသာထင်ရှားလို့ နေပါတယ်။

"နှစ်ဆယ်"

"ငါးဆယ်"

"တစ်ရာ"

ဒီအချိန်မှာ ဒီကျောက်ခဲကို ဘာအတွက် အသုံးပြုတယ် ဆိုတာကို သူတို့အနေနဲ့ မပြောနိုင်ပေမဲ့ လူတော်တော်များများက ဒါကိုဂယ်ယူ စုဆောင်းချင်နေကြပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီပစ္စည်းက လွန်ခဲ့တဲ့ နှစ်ပေါင်းပင်းတစ်သိန်းလောက်က ပစ္စည်း ဖြစ်နေတာကြောင့်ပါ။

"တစ်ထောင်"

လင်းဟန်က စတင်ပြီးတော့ အော်လိုက်ပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲရဲ့ အဆင့်ကို မသတ်မှတ် ထားပေမဲ့ ဒီပစ္စည်းအတွက်က ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲပဲ ဆိုတာကို နားလည်ထားကြပါတယ်။ လင်းဟန်အတွက်တော့

ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲဆိုတာ ခေါင်းထဲမှာ အများကြီး ထည့်ပြီးတော့ စဉ်းစားနေစရာ မလိုပါဘူး။

"နှစ်ထောင်"

နောက်ထပ် လူတစ်ယောက်ကလည်း ဂင်ရောက်ယှဉ်ပြိုင်မှု တစ်ခုကို လုပ်လိုက်ပါတယ်။ အသံကို နားထောင်ရတာတော့ အတော်လေးကို ရင်းနှီးနေပါတယ်။

Chapter 552 end
အပိုင်း(၅၅၃) ကိုက်လို့တောင် မရဘူး

မှဖေးယောင်။

လင်းဟန်က ရုတ်တရက် မှတ်မိသွားခဲ့ပါတယ်။ သူမက သူတပည့်ဖြစ်သူ တည်ထောင်ထားတာ ဖြစ်မယ်လို့ ကောက်ချက်ချထားတဲ့ ရေခဲလုံ အဖွဲ့အစည်းက အဖွဲ့ဂင် တစ်ယောက် ဖြစ်ပါတယ်။ အဲဒီအချိန်တုန်း သူတစ်ခါတုန်းက အသုံးပြုဖူးတဲ့ မှော်ဆေးကျိုအိုးတစ်ခု အတွက်နဲ့ သူမက အဘိုးကြီး တစ်ယောက်နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ သူမက ငွေကိုရေလိုမျိုး သုံးခဲ့ပါသေးတယ်။

သူမကလည်း ဒီကိုရောက်လာလိမ့်မယ်လို့ သူ့အနေနဲ့ မထင်ထားမိခဲ့ပါဘူး။ ပြီးတော့ သူမကလည်း ဒီကျောက်ခဲကို မျက်စိကျနေပါတယ်။

နေပါဦး။ သူမက သူနဲ့ငြင်းခုံချင်တာအတွက်ကြောင့်ပဲ တမင်သက်သက် လုပ်နေတာတော့ မဟုတ်လောက်ပါဘူး။ ဟုတ်တယ်မလား။

ရေခဲလုံအဖွဲ့အစည်းက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းတုန်းက လင်းဟန်ကို အပြည့်အဝ ထောက်ခံအားပေးပြီး အဲဒီလင်းဟန်ကို ကြည်ညိုလေးစားမှုတွေ အမြဲတမ်း ပြည့်နှက်လို့ နေပါတယ်။ သူ့ကြောင့်ပဲ ဖြစ်မယ်ထင်ပါတယ်။ သူ့ကို လင်းဟန်လို့လည်း ခေါ်သလို မှော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်တာကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက လင်းဟန်ကို စော်ကားပြောဆိုတယ်လို့ အထင်ရောက်နေပုံ ဖြစ်ပါတယ်။

ဒါကြောင့် မဖြစ်နိုင်စရာ အကြောင်းတော့ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူမက သူ့ရဲ့အသံကို မှတ်မိသွားပြီးတော့ သူ့ကို မလိုမုန်းထားတဲ့ စိတ်ကြောင့် ယှဉ်ပြိုင်နေတာ ဖြစ်ပါလိမ့်မယ်။

ကောင်းကင်အဆင့် ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက အားလုံးနီးပါးကို ကာကွယ်ထားနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ အရာအားလုံးကိုတော့ ကာကွယ်ထားနိုင်စွမ်း မရှိပါဘူး။ ဥပမာ ရေခဲလှံအဖွဲ့အစည်းက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က သေဆုံးသွားတဲ့ လင်းဟာန်ကို ကြည်ညိုလေးစားမှုတွေ ပြည့်နှက်နေပေမဲ့ လက်ရှိသူ့ကိုတော့ အကန့်အသတ်မဲ့ အထင်သေးမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ပိုပြီးတော့ အရေးကြီးတာက ရေခဲလှံ အဖွဲ့အစည်းကို ကြည့်ရတာ မတရားကို ချမ်းသာကြွယ်ဝပုံ ရပါတယ်။

"သုံးထောင်"

လင်းဟာန်က သူ့ရဲ့လေလံကြေးကို တိုးမြှင့်လိုက်ပါတယ်။

"ငါးထောင်"

မုဖေးယောင်က သူရဲ့ခြေလှမ်းအတိုင်း နည်းနည်းလေးမှ မတွန့်ဆုတ်ပဲ လိုက်လာခဲ့ပါတယ်။

လပြွတ်ပဲ။

အဲဒီအချိန်တုန်းက သူမကို ကောင်းကောင်းကြီး မဆုံးမခဲ့လို့လား။ ဘာဖြစ်လို့ သူမက အခုသူ့ကို မတွန့်မဆုတ်နဲ့ ဆန့်ကျင်နေရတာလဲ။

"တစ်သောင်း"

လင်းဟန်က သူရဲ့ကြေးကို မြှင့်တင်လိုက်ပါတယ်။

"နှစ်သောင်း"

မုဖေးယောင်ကလည်း ပိုပြီးတော့တောင် ပျော်ပျော်ရွှင်ရွှင်နဲ့ သူမရဲ့လေလံကြေးကို မြှင့်တင်လိုက် ပါတယ်။

အချိန်ခဏလေး အတွင်းမှာ လေလံပစ္စည်းရဲ့ တန်ကြေးက တစ်သိန်းအထိကို မြှင့်တက်သွားခဲ့ ပါတယ်။ တစ်ခုသိထားရမှာက ဒီပစ္စည်းကို လေလံစတင်တုန်းက မူလစွမ်းအင် ပုံဆောင်ခဲ ဆယ်ခုနဲ့ စတင်ခဲ့တာ ဖြစ်ပါတယ်။ တကယ်ပါပဲ။ တကယ်လို့ ဒီပစ္စည်းက ဘာမှသုံးစားလို့မရတဲ့ အမှိုက်တစ်ခုဆိုရင်တောင်မှ သူတို့နှစ်ယောက်က

မျက်စိကျနေသရွှေ့တော့ ရွှေတုံးကြီး တစ်တုံးနဲ့ တူတူပါပဲ။

လင်းဟာန်က နည်းနည်းမှ မတွန့်ဆုတ်ပါဘူး။ ကြယ်တစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲဆိုတာက သူ့အတွက်တော့ အခုချိန်မှာ အရမ်းကို အသုံးမဝင်ပါဘူး။ ပြီးတော့ သူ့အတွက်တော့ ဒီလိုမျိုးအဆင့် မူလစွမ်းအင် ပုံဆောင်ခဲဆိုတာက ငွေကြေးတစ်ခုကို သုံးနေရသလိုပါပဲ ရှိပါတယ်။ ဒီအချိန်မှာ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲက ကျင့်ကြံခြင်းအတွက် အသုံးပြုလို့ ရပါတယ်။ ဒါကြောင့် သူတတ်နိုင်တဲ့ တန်ကြေးအကန့်အသတ်မှာ ရှိနေမယ်ဆိုရင် ငွေကိုရေလိုသုံးဖို့ဆိုတာ သူ့အတွက်တော့ အေးဆေးပါပဲ။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အနေနဲ့ သူကတကယ်ပဲ ငွေကြေးကို အရေးပါတဲ့ နေရာမှာ မထားပါဘူး။

လေလံတန်ကြေးက ဆက်ပြီးတော့ မြင့်တက်နေပြီး မူလစွမ်းအင် ပုံဆောင်ခဲ တစ်သန်းကို ရောက်တဲ့အခါမှာ မုဖေးယောင်က သရော်ပြုံးပြုံးပြီးတော့ နောက်ဆုံးမှာ ရပ်လိုက်ပါတယ်။

ဒီအမျိုးသမီးက သေချာပေါက်ကို တမင်သက်သက် လုပ်နေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က ငွေကို ဂရုမစိုက်ဘူးဆိုပေမဲ့ တစ်စုံတစ်ယောက်က မူလစွမ်းအင် ပုံဆောင်ခဲ တစ်သန်းပေးချေရအောင်လို့ ဖိအားပေးပြီး မြှင့်တက်စေခဲ့ပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆို သူ့အနေနဲ့ အရမ်းကို မကျေမနပ် ဖြစ်နေပါတယ်။ နောက်ပိုင်းမှာ သူ့အနေနဲ့ ဒီအမျိုးသမီးကို ရှာတွေ့ခဲ့မယ်ဆိုရင် ' သူမရဲ့မျက်နှာ အရမ်းကို အကျည်းတန်သွားအောင် လုပ်ပစ်ရပါမယ်။

အဲဒီအချိန်ကျရင် သူကအခွင့်အရေးကောင်းကို အသုံးချပြီးတော့ သူမကို လိမ်လိမ်မာမာနဲ့ ဒူးထောက်ခိုင်းပြီး သူ့ကို ဘိုးဘေးလို့ ခေါ်ခိုင်းရပါလိမ့်မယ်။

မကြာခင်မှာ စိတ်ဝိညာဉ် ရတနာ စံအိမ်ရဲ့ အစေခံတစ်ယောက်က အုတ်ခဲကို လာပို့ပေးပါတယ်။ လင်းဟန်က ဘယ်သူမိုလို့လဲ။ သူက ကျသင့်ငွေ တန်ဖိုးကို သူရဲ့ငွေစာရင်းမှာ မှတ်ထားခိုင်း နိုင်ပါတယ်။ ဒါပေမဲ့ ဒီအတွက် ငွေကြေးကို အခွင့်အရေး မယူချင်ပဲ ဒီအတိုင်းပဲ တန်းပြီးတော့ ရှင်းပေးလိုက်ပါတယ်။

သူက အုတ်ခဲကို အနီးကပ် သေချာလေ့လာ စူးစမ်းလိုက်ပါတယ်။ ဒီအရာက သေချာပေါက် ကျောက်တုံးနဲ့ ပြုလုပ်ထားတာ ဖြစ်ပြီးတော့ အရမ်းကို ခိုင်မာပါတယ်။ လင်းဟန်က ဒါကို ချိုးဖဲ့နိုင်စွမ်း မရှိပါဘူး။ နတ်ဆိုးရှင်သန်ဓားကို အသုံးပြုပြီးတော့ ခုတ်ကြည့်တာတောင်မှ အသုံးမဝင်ပါဘူး။ ၎င်းအပေါ်မှာ ခြစ်ရာလေး တစ်ခုတောင်မှ မချန်ထားခဲ့ နိုင်ပါဘူး။

တကယ်လို့ ဒါကို ဟူးညီကို ပေးပြီးတော့ ဝါးစားခိုင်းလိုက်မယ်ဆိုရင် ဘယ်လိုမျိုး ဖြစ်လာမလဲ ဆိုတာကို ဘယ်သူကသိနိုင်မှာလဲ။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အကြံတစ်ခု လက်သွားပြီးတော့ ကျောက်ခဲကို အနက်ရောင် မျှော်စင်အထဲကို ပစ်ထည့်ပြီးတော့ အတွေးနဲ့ ပြောလိုက်ပါတယ်။

"မျှော်စင်လေး ဒါက ဘယ်လိုပစ္စည်း အမျိုးအစားလဲ"

"ငါ့ကို စွယ်စုံကျမ်း တစ်ခုလို့ မင်းထင်နေတာလား"

ချက်ချင်းပဲ မျှော်စင်လေးက အရေးမစိုက်တဲ့ ပုံစံနဲ့

ပြောလိုက်ပါတယ်။

"ငါ့ရဲ့အရင်က မှတ်ဉာဏ်တွေ အားလုံးပျောက်သွားပြီ။ နောက်ပြီးတော့ ဒီကျောက်တုံးမှာ မူလအရင်းမြစ် စွမ်းအင် နည်းနည်းလေးမှတောင် မရှိတာ ဘယ်လိုလုပ်ပြီးတော့ ငါကသိနိုင်မှာလဲ"

မင်းရဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးသွားတာတောင်မှ မတူသလို မတန်သလို လုပ်နေသေးတယ်။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း။

အဲဒီအချိန်မှာ ကျောက်တုံစိတ်ဝိညာဉ်က အလျင်အမြန်နဲ့ ပြေးလာပြီး သူ့ရဲ့အာရုံတွေကို အဲဒီကျောက်ခဲ အပေါ်မှာ အာရုံတွေ စိုက်ထားပါတယ်။ သူ့ရဲ့ပါးစပ်က တစ်ဂက်ခန့်ဟနေပြီး သွားရည်တမြားမြား ကျနေပြီး ၎င်းရဲ့သွားရည်တွေက မြစ်တစ်စင်းတောင်မှ ဖြစ်နေသလိုမျိုး ပါပဲ။

"အရှင်သခင် စားမယ် စားမယ်"

ဂုဏ်းက လင်းဟန်ကို အတွေးတစ်ခု ပို့လိုက်ပါတယ်။

"ကောင်းပြီလေ။ ငါမင်းကို ဒီကျောက်ခဲ ပေးမယ်။ နေဦး ဒီကျောက်ခဲက တကယ်ပဲ အရမ်းကို မာကျောတယ်။ ဒါကြောင့် မင်းရဲ့သွားတွေ မကျိုးစေနဲ့."

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ သူက ဒီအတွက် မူလစွမ်းအင် ပုံဆောင်ခဲ တစ်သန်းပေးရတယ် ဆိုပေမဲ့ သူရဲ့လူတွေအတွက်ဆိုရင် နည်းနည်းလေးမှ တွန့်တိုခြင်း မရှိပါဘူး။ ကျောက်တုံး စိတ်ဂိညာဉ်ကိုတော့ လူလို့ပြောဖို့က တော်တော်လေးကို ခက်ခဲပေမဲ့ သူ့ရဲ့ အုပ်စုကပဲ ဖြစ်ပါတယ်။

ကျောက်တုံးစိတ်ဂိညာဉ်က အရမ်းကို ပျော်ရွှင်သွားပြီး အလျင်အမြန်နဲ့ အဲဒီကျောက်ခဲကို ခုန်အုပ်ပြီး စတင်ဂါးစားလိုက်ပါတယ်။

ခရက်ဆိုတဲ့ အသံနဲ့အတူ ဂုဏ်းက အတော်လေးကို ကျသွားခဲ့ပါတယ်။

ဒီကျောက်ခဲက အတော်လေးကို မာကျောပြီး ကျောက်တုံးစိတ်ဂိညာဉ်ရဲ့ ခေါင်းတောင်မှ

ပျက်စီးသွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ၎င်းက အားအရမ်း အသုံးပြုလိုက်တာကြောင့် ဖြစ်ပြီး ကျောက်ခဲကလည်း တကယ်ပဲ အရမ်းကို မာလွန်းပါတယ်။ ဒါကြောင့် ကျောက်ခဲက မပျက်စီးသွားပဲ ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ဦးခေါင်းကပဲ ပျက်စီးသွားခဲ့တာပါ။ ကံကောင်းတာက ကျောက်တုံးစိတ်ဝိညာဉ်က အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားရင်တောင်မှ ပြန်လည်စုစည်းပြီး ကောင်းမွန်လာနိုင်တဲ့ နေရာမှာနံပါတ်တစ် ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျောက်တုံးစိတ်ဝိညာဉ် တစ်ခုအတွက် သူတို့ရဲ့ လူသားပုံဆိုတာက ပုံစံတစ်ခုမျှသာ ဖြစ်ပြီးတော့ သူတို့ရဲ့ အသက်ဓာတ်က ခေါင်းနဲ့ရင်ဘတ်တွေမှာ မရှိသလို လက်မောင်းနဲ့ ခြေထောက်မှာလည်း လုံးဝမကွာခြားပါဘူး။

ဒါကြောင့်လည်း မရေတွက်နိုင်တဲ့ ကျောက်တုံးအပိုင်းအစတွေက ချက်ချင်းပဲ ပျံသန်းလာပြီးတော့ ၎င်းရဲ့ဦးခေါင်းက နောက်တစ်ကြိမ် ပြန်လည်ဖြစ်ပေါ်လာပြီး သူရဲ့မူလပုံစံကို ပြန်လည်ရရှိ သွားခဲ့ပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်က အလျှော့မပေးသေးပါဘူး။

နောက်တစ်ကြိမ် စတင်ပြီး ကိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုမှ ပြောင်းလဲမသွားပါဘူး။ ဒီကျောက်ခဲရဲ့ တစ်ပိုင်းကိုတောင် ဂါးစားနိုင်ခြင်း မရှိပါဘူး။ ယခင်တစ်ခေါက် အတိုင်းပဲ အားအသုံးလွန်ပြီး ၎င်းရဲ့ကိုယ်ပိုင် ဦးခေါင်းကပဲ ပျက်စီးသွားခဲ့ပြန်ပါတယ်။ ထို့အပြင် နောက်ထပ်အကြိမ်တွေလည်း ထိုနည်းလည်းကောင်း အတိုင်းပါပဲ။ ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ပြန်လည်ကောင်းမွန်လာတဲ့ အမြန်နှုန်းက အတော်လေးကို နှေးလာခဲ့ပါတယ်။

လင်းဟာန်က အနည်းငယ်တောင် စိုးရိမ်ပူပန်သွားခဲ့ပါတယ်။ ၎င်းက ကိုယ့်ကိုကိုယ် သန်မာအောင် လုပ်ဖို့အတွက် ကြိုးစားတဲ့ အခြေအနေမှာ သူ့ကိုယ်သူ ပြန်ပြီးတော့ သတ်ပစ်သလို ဖြစ်သွားမှာကို စိတ်ပူနေပါတယ်။ ဒါကြောင့် သူက အလျင်အမြန်ပဲ အဲဒီကျောက်ခဲတုံးကို ဆွဲယူလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဒီအချိန်မှာ ဒီကျောက်ခဲကို ချေဖျက်နိုင်စွမ်း မရှိသေးဘူး။ မင်းပိုပြီးတော့ သန်မာလာတဲ့ အထိကို စောင့်ဦး။ အဲဒီအခါကျရင် ငါမင်းကို ဒီကျောက်ခဲ ပြန်ပေးမယ်"

ကျောက်တုံးစိတ်ဝိညာဉ်က မြေကြီးပေါ်ကို

ဒူးထောက်ချလိုက်ပါတယ်။ ၎င်းရဲ့လက်တွေကိုလည်း မြေကြီးပေါ်ကို ထောက်ချလိုက်တာကြောင့် မြေပြင်က အနည်းငယ် တုန်ခါသွားခဲ့ပါတယ်။ ကျောက်တုံး စိတ်ဂိညာဉ်က စိတ်ပျက်လက်ပျက်နဲ့ ငိုကြွေးတဲ့ ပုံစံမျိုးနဲ့ ဟန်အမူအရာ လုပ်နေပါတယ်။ လင်းဟန်က ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ ကျောက်တုံးစိတ်ဂိညာဉ်က လူသားတစ်ယောက်လို အပြုအမူတွေ လုပ်နေတာက တကယ့်ကို ထူးခြားတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကျောက်တုံးစိတ်ဂိညာဉ်က ထူးဆန်းတဲ့ ကျောက်တုံးတွေကို ချေဖျက်နိုင်တဲ့နေရာမှာ ကျွမ်းကျင်ပါတယ်။ နောက်ပြီးတော့ လျှို့ပုက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုအထဲက နတ်ဘုရားကျောင်းဆောင်ရဲ့ ကျောက်တုံးတွေနဲ့ ပေါင်းစည်းပြီးတဲ့နောက်မှာ ၎င်းရဲ့ကျင့်ကြံခြင်းက အကြီးအကျယ်ကို မြင့်တက်လာခဲ့ပါတယ်။ အခုဆိုရင် ပန်းဖူးအဆင့်ရဲ့ အလွှာခုနစ်ကို ရောက်နေပြီး ဒီကျောက်တုံးခဲလေးကိုတောင် နည်းနည်းလေး ပဲ့သွားအောင် မလုပ်နိုင်ပါဘူး။ အဲဒါက ဒီကျောက်တုံးက ဘယ်လောက်ထိ အဆင့်မြင့်တယ် ဆိုတာကို ဖော်ပြနေရာ ရောက်ပါတယ်။

လင်းဟန်က ကျောက်တုံးခဲကို နောက်တစ်ကြိမ် ပြန်ဆွဲထုတ်ပြီးတော့ ၎င်းအပေါ်က ခြစ်ရာတချို့ကို လေ့လာစူးစမ်းလိုက်ပါတယ်။ ဘယ်လိုမျိုး ရေးသားထားတယ် ဆိုတာကို မပြောနိုင်ပေမဲ့ ၎င်းမှာ ထူးခြားလေးနက်တဲ့ အငွေ့အသက်တစ်ခု ရှိပြီး အားလုံးကို ဖိနှိပ်နိုင်တဲ့ ခွန်အားအမျိုးအစား တစ်ခု ရှိနေသလိုပါပဲ။

လေလံပွဲက ဆက်ပြီးတော့ ကျင်းပနေဆဲ ဖြစ်ပါတယ်။ ရှေးဟောင်းသမိုင်းဝင် နယ်မြေတချို့ကနေ ထွက်ပေါ်လာတဲ့ ရှေးဟောင်းသိုင်းပညာ နည်းစနစ်တချို့ကိုလည်း လေလံတင်ထားကြပါတယ်။ လင်းဟန်ကို အံ့အားသင့်သွားစေတဲ့ အချက်ကတော့ သူ့ရဲ့ယခင်ဘဝတုန်းက ခေတ်ကာလမှာ ပါဝင်တဲ့ ရှေးဟောင်းအမွေအနှစ်နှစ်ခုလည်း ရှိပါတယ်။ အခုဆိုရင် အဲဒီပစ္စည်းတွေက ရှေးကျပြီး တန်ဖိုးကြီးမားတာကြောင့် လူတွေက အလုအယက်ကို ဖြစ်နေကြပါတယ်။

သူက စိတ်မလှုပ်ရှားပဲ မနေနိုင်အောင် ခံစားလိုက်ရပါတယ်။ သူ့အတွက်တော့ နှစ်ပေါင်း တစ်သောင်း ဖြတ်ကျော်ခဲ့တာက အိပ်မက်တစ်ခု မက်နေတာနဲ့ တူပါတယ်။ သူနိုးထလာတဲ့ အခါမှာ အရာအားလုံး ပြောင်းလဲသွားပြီး ဒီကမ္ဘာကြီးထဲမှာ ဘယ်နေရာကိုပဲ သူကြည့်ကြည့် သူနဲ့ ရင်းနှီးကျွမ်းဝင်တဲ့

လူတစ်ယောက်မှ မရှိတော့ပါဘူး။

သူ့အနေနဲ့ ဖြစ်နိုင်သမျှ အမြန်ဆုံး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်မှ ဖြစ်ပါလိမ့်မယ်။ အဲဒီနောက်မှာ လေဟာနယ်ကို စုတ်ဖြဲပြီးတော့ တန်ခိုးရှင်တစ်ယောက် ဖြစ်လာပြီး ဓားကေရာဇ်နဲ့ တခြားလူတွေကို နောက်တစ်ကြိမ် ပြန်ဆုံနိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ ကောင်းကင်ဖီးနစ် နတ်မိမယ်လည်း ရှိပါတယ်။ သူမက သူ့ကိုနှစ်သက်ပေမဲ့ သူ့ကိုမပြောခဲ့ပဲ သူတို့ရဲ့ ဆက်ဆံရေးက မပြတ်မသားအခြေအနေ ဖြစ်နေပါတယ်။ သူက သေချာပေါက် သူမရဲ့ တင်ပါးကို လက်ဝါးနဲ့ ရိုက်ပြီးတော့ ကောင်းကောင်းကြီး ဆုံးမပစ်ရပါမယ်။

လေလံပွဲက အောင်မြင်စွာနဲ့ ပြီးဆုံးသွားခဲ့ပါပြီ။ နောက်ထပ်တစ်လအကြာ နှစ်ကုန်ဆုံးတဲ့ အချိန်မှာ ခမ်းနားကြီးကျယ်တဲ့ လေလံပွဲကြီးတစ်ခု ကျင်းပဖို့ ကျန်နေပါသေးတယ်။ အဲဒီအချိန်ကျရင် လေလံတင်မဲ့ ပစ္စည်းတွေက သာမန်ပစ္စည်းတွေ မဟုတ်ပဲ ခမ်းနားကြီးကျယ်တဲ့ လေလံပွဲမှာ တင်ချရောင်းချဖို့ ထိုက်တန်တဲ့ တန်ဖိုးကြီးမားပြီး ကောင်းမွန်တဲ့ ပစ္စည်းတွေချည်း ဖြစ်ပါလိမ့်မယ်။

လင်းဟန်က သူထွက်ပေါ်လာတဲ့ သတင်းက ရတနာတစ်သန်းမြို့ တစ်ခုလုံးကို ပျံ့နှံ့သွားမယ် ဆိုတာကို ကောင်းကောင်းကြီး သိပါတယ်။ အဲဒီအချိန်မှာ ကောင်းကင်အဆင့် ကျင့်ကြံသူတွေတောင်မှ သူ့ကိုဖမ်းဆီးပြီး နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်နဲ့ တန်ခိုးရှင် တစ်ပါးရဲ့ ရတနာသိုက် အကြောင်းကို ဖိအားပေးပြီး ရယူဖို့အတွက် ချောင်းမြောင်းလုပ်ကြံနိုင်ပါတယ်။

သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဆိုပေမဲ့ သူ့ရဲ့ကိုယ်ပိုင်အဖွဲ့ကို မတည်ဆောက်သေးပဲနဲ့ သူ့ကိုအရမ်းကို မြန်မြန်ဆန်ဆန်နဲ့ မြင့်တက်လာဖို့ ဘယ်သူက ပြောနေလို့လဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ဘေးမှာ ကောင်းကင်အဆင့် ကျင့်ကြံသူ ဆယ်ယောက်ထက်မနည်း လိုက်ပါနေမှာ ဖြစ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင် ဘေးမှာရှိနေနိုင်ပြီး ဘယ်အဖွဲ့ကများ သူ့ကို ပြဿနာရှာပုံ့မှာလဲ။

လင်းဟန်က သီးသန့်အခန်းထဲကနေ ထွက်လာခဲ့ပါတယ်။ ထောင့်တစ်ခုကို ရောက်တဲ့အခါမှာ အနက်ရောင်

မျှော်စင်ထဲကို တန်းဝင်သွားလိုက်ပါတယ်။ သူရဲ့မျက်နှာကို ရုပ်ဖျက်ပြီးတဲ့ နောက်မှာ ပြန်ထွက်ပေါ်လာပြီး လူအုပ်ကြီးထဲကို ဝင်ရောက်ပြီးတော့ ရောနှောလိုက်ပါတယ်။ သူက တည်တည်ငြိမ်ငြိမ်နဲ့ လေလံပွဲခန်းမကနေ ထွက်လာပြီး သူတည်းခိုရာ နေရာဆီကို ပြန်လာခဲ့ ပါတယ်။ ဘယ်သူမှ သူ့ကို သံသယ မဝင်ကြပါဘူး။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က သူ့ကိုယ်သူ စိတ်ဝိညာဉ် ရတနာ စံအိမ်ရဲ့ အထဲမှာ ပုန်းအောင်းနေလိမ့်မယ်လို့ ဘယ်သူကများ ထင်မိကြမှာလဲ။

Chapter 553 end

အပိုင်း(၅၅၄) လူဂကြီးမာရဲ့ ဖိတ်ကြားမှု

လင်းဟန်က သူတည်းခိုရာ နေရာကို ပြန်လာခဲ့ပါတယ်။ ဟူးညို့နဲ့ ဟော့လျန်ချွင်ရှယ်က ချက်ချင်းပဲ သူ့ကိုလာကြိုပြီးတော့ တစ်ယောက်တစ်ဖက်ဆီ သူ့ရဲ့လက်ကို ဖက်တွယ်ထား လိုက်ကြပါတယ်။

"ဘာဖြစ်လို့ အရမ်းကြီး နောက်ကျမှ ပြန်လာရတာလဲ။ ညီးညီး လွမ်းလို့ သေတော့မယ်"

ဟူးညို့က ချစ်စရာ အသံလေးနဲ့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ အရမ်းကြီး နောက်ကျမှ ပြန်လာရတာလဲ။ ချွင်ကလေး လွမ်းလို့ သေတော့မယ်"

ဟော့လျန်ချွင်ရှယ်ကလည်း သူမအတိုင်းပဲ လိုက်ပြောလိုက်ပါတယ်။ သူမရဲ့ ဉာဏ်ရည်က တကယ့်ကို စိုးရိမ်စရာပါပဲ။ သူမက တကယ်ပဲ ပုံစံတူကူးချတတ်တဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေပါတယ်။

ကျူးရွှမ်အာက ဘေးကနေ ပြုံးရုံပဲ ပြုံးနေလိုက်ပါတယ်။ သူမက မျက်နှာဇာပဝါကို ဖယ်ပြီး သူမရဲ့ ဆွဲဆောင်နိုင်တဲ့ အလှအပကို ထုတ်ဖော်ပြသလို့နေပါတယ်။ သူမက ဟော့လျန်ချွင်ရှယ်၊ ဟူးညို့တို့နဲ့ မတူပါဘူး။ သူ့ရဲ့အာရုံစိုက်မှုကို ရရှိဖို့အတွက် မတိုက်ခိုက်ပါဘူး။ ဒါပေမဲ့ လင်းဟန်ကို အနံ့မွှေးတဲ့ လက်ဘက်ရည်ကြမ်း တစ်ခွက်ကို ကမ်းပေးလိုက်ပါတယ်။

"ရွှမ်အာက အကောင်းဆုံးပဲ"

လင်းဟန်က ချီးကျူးလိုက်ပါတယ်။

"ဟွမ့်"

ဟူးညိုက မကျေမနပ် ဖြစ်သွားပါတယ်။ သူမရဲ့ နှုတ်ခမ်းကို စူပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးလည်း ဘယ်လိုလုပ်ရမလဲ ဆိုတာကို သိပါတယ်နော်"

အဲဒီနောက်မှာ သူမက သူ့အတွက် အနံ့မွှေးကြိုင်တဲ့ လက်ဘက်ရည်ကြမ်း တချို့ကို ယူဖို့အတွက် ပြေးသွားပါတယ်။

ဟော့လျန်ချွင်ရှယ်က ကြောင်တောင်တောင် ဖြစ်သွားပါတယ်။ သူမက ဟူးညိုလိုမျိုး လိုက်လုပ်ရမလား ဒါမှမဟုတ် လင်းဟန်ရဲ့ အကျႌကိုပဲ ဆုပ်ကိုင်ထားရမလား ဆိုတာကို မသိအောင် ဖြစ်နေပါတယ်။

အချိန်တစ်ခဏ အတွင်းမှာ ဟူးညိုက လက်ဘက်ရည်ပူပူ တစ်ခွက်နဲ့ ပြန်လာခဲ့ပါတယ်။ ဒီမိန်းကလေးက ဘယ်တော့မှ ယုံကြည်လို့ မရပါဘူး။ သူမက ပြေးလာပြီး ခွက်ထဲက လက်ဘက်ရည် တော်တော်များများက ဖိတ်ကျလို့ နေပါတယ်။ ဟူးညိုကတော့ စိတ်ထဲမှာ လုံးဝကို

ထည့်မတွက်ပါဘူး။ လင်းဟန်ရဲ့ အရှေ့ကို ရောက်တဲ့အခါမှာ သူမက စားပွဲပေါ်ကို ခွက်ကိုတင်လိုက်ပြီး လင်းဟန်ကလည်း သူမကို ချီးကျူးလိမ့်မယ်ဆိုတဲ့ ပုံစံနဲ့ ဂုဏ်ယူစွာနဲ့ ကြည့်လိုက်ပါတယ်။

လင်းဟန်က တစ်ချက်ကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ အနည်းဆုံး ခွက်ရဲ့ သုံးပုံနှစ်ပုံခန့် လက်ဘက်ခြောက်တွေ ရှိနေပါသေးတယ်။ လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးက တကယ့်ကို စေတနာ ကောင်းတာပဲ။ တခြားလူတွေက သူတို့ရဲ့ လက်ဘက်ရည်ထဲမှာ လက်ဘက်ခြောက် နည်းနည်းပဲ ထည့်ပေးတယ်။ ညီးညီးကတော့ လက်ဘက်ခြောက်တွေ လက်နဲ့အပြည့်ကို ထည့်လာခဲ့တာပဲ"

ဟူးညို့က ချက်ချင်းဆိုသလို တောက်ပစွာနဲ့ ပြုံးရယ်လိုက်ပါတယ်။ သူမအတွက်တော့ လင်းဟန်ရဲ့ ချီးကျူးမှုကို ရရှိမယ်ဆို အားလုံးကောင်းပါတယ်။ ဘာကိုမှ သူမက ဂရုစိုက်နေမှာ မဟုတ်ပါဘူး။

ညရောက်တော့ ဟူးညို့ရော ဟော့လျန်ချွင်ရှယ်ရော

အိပ်ယာဝင် သွားကြပါတယ်။ ဒါကိုကြည့်ရင် ရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံသူတွေရဲ့ လက္ခဏာတစ်ခု ဖြစ်ပါတ်။ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို မူလစွမ်းအင် ကျင့်ကြံတဲ့ ကျင့်ကြံသူတွေထက် ပိုပြီးတော့တောင် အရေးပါတဲ့ နေရာမှာ ထားပါတယ်။ မူလစွမ်းအင် ကျင့်ကြံသူတွေက တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာမှာ တရားထိုင် ကျင့်ကြံလို့ ရနိုင်ပါတယ်။

ကျူးရွှမ်အာက နောက်ဆုံးမှာ လင်းဟန်ရဲ့ အနားကို ကပ်ဖို့ အခွင့်အရေးတစ်ခုကို ရှာတွေ့သွား ခဲ့ပါတယ်။ သူမက လင်းဟန်ရဲ့ လက်မောင်းကို အနောက်ကနေ ဖက်တွယ်ပြီး သူမရဲ့ နှလုံးသားက အရမ်းကို အေးချမ်းနေသလို ခံစားလိုက်ရပါတယ်။ သူမက အရမ်းကို သက်တောင့်သက်သာ ခံစားနေရပါတယ်။

လင်းဟန်ဆီကနေ မှော်ဆေးလုံးကို ရရှိပြီးတဲ့နောက်မှာ သူမရဲ့ဆရာသခင်က သူမရဲ့တာအို ဒဏ်ရာကနေ ပြန်လည်သက်သာ ကောင်းမွန်လာခဲ့ပါတယ်။ ဒဏ်ရာအကြွင်းအကျန် အနည်းငယ် ရှိနေသေးတယ် ဆိုပေမဲ့ သူမရဲ့ စွမ်းအားက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ပြန်လည်ရရှိ လာခဲ့ပါပြီ။ မြောက်ပိုင်းဒေသလို နေရာတစ်ခုမှာတော့ ထိပ်တန်းလက်ရွေးစင် တစ်ယောက်လို့

သတ်မှတ်ယူဆလို့ ရပါတယ်။

အခုဆိုရင် သူမအနေနဲ့ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။ သူမရဲ့ စိတ်ထဲမှာ အတွေးတစ်ခုပဲ ကျန်ပါတော့တယ်။ အဲဒါက သူမနှစ်သက်ရတဲ့ သူနဲ့ ဘဝတစ်လျှောက်လုံး အတူနေသွားဖို့ပဲ ဖြစ်ပါတယ်။

သူတို့နှစ်ယောက်က စကားစမြည်ပြောပြီး တစ်ယောက်နဲ့တစ်ယောက် မျက်လုံးထဲမှာ မီးပွားတွေ တလက်လက် တောက်ပနေပါတယ်။ သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ်နဲ့ ပွေ့ဖက်လိုက်ကြပါတယ်။

လင်းဟန်ရဲ့ လက်တွေက နေရာအနှံ့ကို လှုပ်ရှားသွားပြီး ကျူးရွှမ်အာရဲ့ ဂုဏ်ယူရတဲ့ နေရာတွေကို ထိတွေ့လှုပ်ရှားနေပါတယ်။ အဲဒီအချိန်မှာ ကျူးရွှမ်အာက အရမ်းကို ရှက်ရွံ့နေပြီး သူမရဲ့ တောက်ပတဲ့ မျက်လုံးတွေကို မှိတ်ထားလိုက်ပါတယ်။ လင်းဟန်ရဲ့ လှုပ်ရှားမှုတွေက ရဲတင်းလာတဲ့ အခါမှာတော့ သူမရဲ့ နှာခေါင်းကနေ ထွက်လာတဲ့ အသက်ရှူသံ တိုးတိုးလေးကို ကြားနိုင်ပါတယ်။

လင်းဟန်က သူမရဲ့ နီရဲနုထွေးပြီး ဆွဲဆောင်မှုရှိတဲ့

နှုတ်ခမ်းရဲရဲလေးကို နမ်းလိုက်ပါတယ်။ အဲဒီအချိန်မှာ ကောင်းကင်ကြီးက တကယ်ပဲ အံ့ဩစရာ ကောင်းလိုက်တာဆိုတဲ့ အတွေးတောင် တွေးမိပါတယ်။ ကျူးရွှမ်အာရော ကောင်းကင်ဖီးနစ် နတ်မိမယ်ရော နှစ်ယောက်စလုံးက အရမ်းကို ချောမောလှပတဲ့ အလှပဂေးတွေ ဖြစ်ပါတယ်။ တစ်ယောက်က နူးညံ့သိမ်မွေ့ပြီး အေးစက်စက်နိုင်ပြီး ကျန်တစ်ယောက်က နန်းဆန်ပြီးတော့ မာန်ပါပါတယ်။

ကောင်းကင်ဖီးနစ် နတ်မိမယ်ကို သတိရသွားတဲ့ အခါမှာ သူရဲ့ကိုယ်ပေါ်ကို ရေခဲရေနဲ့ လောင်းချလိုက်သလိုမျိုး ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို သူရဲ့ရမ္မက်မီးတွေက နည်းနည်းမှ မကျန်အောင် ပျောက်ကွယ်သွားခဲ့ပါတယ်။ သူက ကျူးရွှမ်အာရဲ့ ကျောက်စိမ်းလို ချောမွတ်နေတဲ့ နောက်ကျောလေးကို ညင်ညင်သာသာနဲ့ပဲ ကိုင်ထားလိုက်ပါတယ်။ သူရဲ့နှလုံးသားထဲမှာ အဆုံးမရှိတဲ့ လွမ်းဆွေးတမ်းတမှုတစ်ခုပဲ ကျန်ပါတော့တယ်။

အဲဒီအချိန်မှာ ကျူးရွှမ်အာက လိမ်လိမ်မာမာနဲ့ သူရဲ့ ပွေ့ဖက်မှုကို ငြိမ်ခံနေပြီး လင်းဟာန်ရဲ့ နှလုံးခုန်သံကိုပဲ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နားထောင်နေလိုက်ပါတယ်။

လင်းဟန်က စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ ရက်အနည်းငယ် နေပြီးတော့ ဘာမှလည်း မယ်မယ်ရရ လုပ်စရာမရှိပဲ ကျင့်ကြံလိုက် မိန်းကလေးတွေနဲ့ ကစားလိုက်နဲ့ အချိန်ဖြုန်း နေလိုက်ပါတယ်။ သူရဲ့ နေ့ရက်တွေကို အရမ်းကို သက်တောင့်သက်သာနဲ့ အချိန်ဖြုန်းနေ လိုက်ပါတယ်။

ဒါပေမဲ့ ဘာမှလည်း မလုပ်ရပဲ စိတ်ဂိညာဉ် ရတနာ စံအိမ်အထဲမှာ နေလာရတာ ပျင်းရိငြီးငွေ့စရာ ကောင်းလာပါတယ်။ ဟူးညိုနဲ့ဟောင့်လျန်ချွင်ရွယ်တို့က အားပေးအားမြှောက် လုပ်မှုနဲ့အတူ လင်းဟန်က မိန်းကလေး သုံးယောက်ကို ခေါ်ပြီးတော့ ရတနာတစ်သန်းမြို့ ပတ်ဂန်းကျင်ကို လမ်းလျှောက်ထွက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူတို့က စိတ်ဂိညာဉ် ရတနာ စံအိမ်ကနေ ထွက်လာပြီးတော့ ရေးဟောင်းမြို့ရဲ့ မြို့အလယ်ကို လမ်းလျှောက်လာခဲ့ ကြပါတယ်။

ရတနာ တစ်သန်းမြို့က သမိုင်းကြောင်း ရှည်လျားတဲ့ ရှေးဟောင်းမြို့ တစ်ခုဖြစ်ပါတယ်။ နေရာတိုင်းလိုလိုမှာ ရှေးဟောင်းအငွေ့အသက်တွေကို ရရှိခံစားနိုင်ပြီး အုတ်ခဲတစ်လုံးစီတိုင်းမှာ ၎င်းရဲ့ကိုယ်ပိုင် ရှေးဟောင်းဒဏ္ဍာရီ ရှိပါတယ်။ ဒီရက်တွေမှာ သူတို့တွေက နေရာအနှံ့အပြားကို လျှောက်လည်ကြပြီး ညကျရောက်တဲ့ အခါမှာတော့

ရေကန်ဘေးက ဆိုင်တစ်ခုမှာ ထိုင်ပြီးတော့ ညဘက်ရဲ့ အရမ်းကို လှပတဲ့ ရေကန်ရှုခင်းကို ကျေနပ်ပီတိအပြည့်နဲ့ ကြည့်ရှုခံစားလေ့ ရှိပါတယ်။

တောက်ပနေတဲ့ လမင်းကြီးနဲ့ ကြယ်များစွာရဲ့ အလင်းရောင်တွေက ကန်ရဲ့မျက်နှာပြင်ပေါ်မှာ အရောင်ပြန်ဟပ်လို့ ရှိနေပါတယ်။ ကြယ်အလင်းနဲ့ လမင်းရဲ့ အလင်းတွေက ဆက်တိုက်ဆိုသလို တောက်ပနေပြီး အရမ်းကို လှပတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေပါတယ်။

လင်းဟန်တို့အုပ်စုက ရေကန်ရဲ့ ဘေးနားမှာ ထိုင်ပြီးတော့ အရမ်းကို လှပတဲ့ ရှုမျှော်ခင်းကို ကြည့်ရှုခံစားရင်း အသားကင်စားနေကြပါတယ်။

"အရမ်းကို အနံ့မွှေးတာပဲ။ မွှေးကြိုင်လိုက်တာ။ ငါ့ကို အသားတစ်ပိုင်းလောက် ပေးပါ"

အသံတစ်ခု ထွက်ပေါ်လာပြီး လုံးဂန်းပြီးအရမ်းကို ဂတဲ့ ပုံရိပ်တစ်ခု ပေါ်လာပြီးတော့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ကင်နေဆဲ အသားကင်တစ်ခုကို အပူလောင်မှာ စိုးရိမ်ကြောက်ရွံ့ခြင်း မရှိပဲနဲ့ ဖမ်းဆုပ်ဖို့ ကြိုးစားလိုက်ပါတယ်။

"ဖက်တီးစုတ် ဖက်တီးနာ အဲဒါက ညိုးညိုးရဲ့ အသား"

ဟူးညိုက ဒေါသထွက်သွားပါတယ်။ သူမရဲ့ အစားအသောက်ကို လုယူတဲ့ ဘယ်လိုလူမဆို ရန်သူကြီး တစ်ယောက်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ သူမက ချက်ချင်းပဲ အသစ်ရောက်လာတဲ့ လူကို ခြေထောက်နဲ့ ကန်ထုတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီယောက်ျားက ဖက်တီးတစ်ယောက် ဆိုပေမဲ့ အရမ်းကို လျင်မြန်တဲ့ ဖက်တီးစုတ် တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ခန္ဓာကိုယ်ကို တစ်ချက်လှုပ်လိုက်တာနဲ့ ဟူးညိုရဲ့ ကန်ချက်ကို ရှောင်တိမ်းလိုက်ပြီး သူရဲ့ဘယ်ဘက်လက်ကို ကြည့်ရတာ လုံးဂကို ထိရောက်မှု မရှိသလိုမျိုး ပါပဲ။ တစ်ကွက်တည်းနဲ့ သူက အသားကင်ကို အမိအရ ဖမ်းဆုပ်လိုက်ပါတယ်။

သူ့ရဲ့လုံးဂန်းတဲ့ အစာအိမ်က ချက်ချင်းဆိုသလို အတွင်းကို ချိုင့်ဝင်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ ဖက်တီးခန္ဓာကိုယ်က အရှိန်နဲ့ဝင်ဆောင့်တဲ့ ဒဏ်ကို လျော့ပါးစေတဲ့ ကြားခံပစ္စည်း တစ်ခုလိုမျိုး လုပ်ဆောင်နေပါတယ်။ ဟူးညိုရဲ့ လက်သီးနောက်ကွယ်က အင်အားလုံးဂကို ပျောက်ကွယ်သွားတဲ့ အခါမှာ အလယ်မှာ ချိုင့်ဝင်နေတဲ့

ခန္ဓာကိုယ်က ချက်ချင်းပဲ ပြန်ပြီးတော့ လုံးဝန်းလာပြီး မူလပုံစံအတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။

ဟူးညိုက နောက်တစ်ကြိမ် တိုက်ခိုက်ဖို့ လှုပ်ရှားလိုက်ပေမဲ့ လင်းဟန်က သူမကို ဆွဲထားလိုက် ပါတယ်။ သူမက လုံးဝကို အစာမကျေသေးပဲ ဖက်တီးကို သူမရဲ့ သွားတွေဆက်ပြီးတော့ ဖြဲပြီး မာန်ဖီလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဖက်တီးမာ ဒီကိုလာပြီးတော့ အခွင့်အလမ်း ရှာနေတာလား"

ဒီဖက်တီးက မာထို့ပေါင်ပဲ ဖြစ်ပါတယ်။

မာထို့ပေါင်က မြေကြီးပေါ်ကို ဖုတ်ခနဲ ထိုင်ချလိုက်ပါတယ်။ သူရဲ့ခန္ဓာကိုယ်က ရင်ရှူရန်နဲ့ သိပ်ပြီးတော့ မကွာပါဘူး။ သူရဲ့ခြေထောက်တွေကို အစတုန်းက မမြင်ရပါဘူး။ အခုလို ထိုင်ချ လိုက်တဲ့ အခါမှာ ဘောလုံးတစ်လုံး မြေကြီးပေါ်မှာ ကျနေသလိုမျိုးနဲ့ တူပါတယ်။ တစ်ခုစိုးရိမ် ရမှာက သူရဲ့ခန္ဓာကိုယ် ဟန်ချက်ပျက်သွားပြီး မြေပြင်ပေါ်တစ်လျှောက် လိမ့်သွားမှာကိုပဲ ဖြစ်ပါတယ်။

သူက အသားကင်ကို အရင်ဆုံး စားပြီးတော့ ပါးစပ်မှာပေနေတဲ့ ဆီတွေကို သုတ်ပြီးတော့မှ ပြောလိုက်ပါတယ်။

"ငါ့အစ်ကို လူညိုချော တကယ်လို့ လူတွေက နေရာတွေ ဝေးကွာနေပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ပြန်ဆုံစည်းဖို့ အခွင့်အရေးက အမြဲတမ်း ရှိကြတယ်။ ငါမင်းကို တွေ့လိုက်တဲ့ အခါတိုင်း မင်းကိုကြည့်ရတာ ဆီနဲ့ရေလို ကွာခြားလိုက်တာ။ ဒီမှာ ဘာတွေဖြစ်နေတာလဲ"

သူက ဆွံ့အသွားပါတယ်။

လင်းဟန်က ရှင်းမပြခဲ့ပါဘူး။ မာထို့ပေါင်က ယောကျ်ား တစ်ယောက် ဖြစ်တယ်ဆိုတာ သိသာ ထင်ရှားပါတယ်။ သူ့ကိုယ်သူ ဘယ်လောက်ပဲ ရုပ်ဖျက်ရုပ်ဖျက် မာထို့ပေါင်က အမြဲတမ်းလိုလို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သတိပြုနိုင်စွမ်း ရှိနေပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဖက်တီးစုတ် မင်းငါ့ရဲ့ အသားကို ခိုးယူဖို့အတွက် သက်သက်တော့ လာခဲ့တာ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား"

"မဟုတ်ဘူးလို့ ဘယ်သူပြောလဲ"

မာထို့ပေါင်က တကယ်ပဲ မထိန်းချုပ်တော့ပဲ အသားတံစို့ အနည်းငယ်ကို ဖျတ်ခနဲ ဆွဲလုလိုက် ပါတယ်။ ဟူးညိုက အရမ်းကို ပူဆွေးသွားပြီးတော့ မျက်ရည်တွေ ဝေ့လာခဲ့ပါတယ်။ သူမက မာထို့ပေါင်ကို ဒေါသတကြီးနဲ့ စိုက်ကြည့်နေပြီး ဒီဖက်တီးက တကယ်ပဲ စက်ဆုပ်ရွံ့စရာ ကောင်းတယ်လို့ စဉ်းစားနေပါတယ်။

လင်းဟန်က ကျိတ်ရယ်ပြီးတော့ အရက်အိုး အနည်းငယ်ကို ဆွဲထုတ်ပြီးတော့ သူ့ရဲ့ခွက်ထဲကို လောင်းထည့်လိုက်ပါတယ်။ အဲဒီနောက် သူက ပြောလိုက်ပါတယ်။

"လာလာလာ ငါတို့နည်းနည်းသောက် ကြတာပေါ့"

"ဟဲဟဲ အရှင်သခင်ပေါင်ရဲ့ အရက်သောက်ချင်တဲ့စိတ်က အရမ်းကို ကောင်းတယ်။ တကယ်လို့ မင်းက ငါ့ကို အရက်မူးတော့ ကျွဲခိုးပေါ် ဆိုသလို နှုတ်သွက်လျှာသွက် ဆိုရင်တော့ လုံးဝကို မဖြစ်နိုင်ဘူးနော်"

မာထိုဲ့ပေါင်က လင်းဟန်ဘယ်ခြေလှမ်း လှမ်းနေတယ် ဆိုတာကို မြင်တွေ့နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူက အရက်ခွက်ကို ကောက်ယူပြီးတော့ တစ်ကျိုက်တည်းနဲ့ မော့သောက်လိုက်ပါတယ်။ ချက်ချင်းဆိုသလို သူရဲ့ မျက်ခုံးတွေက တွန့်သွားပြီး ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"အရက်ကောင်းပဲ အရက်ကောင်းပဲ"

ဒီတစ်ကြိမ်တော့ သူကအနားက ချိုပုတ်ကို မရိုက်ပဲ ပြောလိုက်ပါတယ်။

"ငါ့အစ်ကို လူညိုချော အရှင်သခင်ပေါင်က အဖွဲ့တစ်ခု ဖွဲ့မလို့ စီစဉ်ထားတယ်။ မင်းကို ပူးပေါင်းဖို့ ဖိတ်ခေါ်ချင်တယ်။ ဘယ်လိုလဲ"

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"အခုငါ့ကို လူတွေအများကြီးက ပစ်မှတ်ထားကြတယ်။ ငါကမင်းအတွက် ပြဿနာတွေကို ဆွဲဆောင်မှာကို မင်းမကြောက်ဘူးလား"

"ဘယ်လိုပြဿနာလဲ။ အရှင်သခင်ပေါင်ရဲ့ လက်တစ်ဖက်က ကောင်းကင်တစ်ခုလုံးကို ဖုံးထားနိုင်တယ်။ မင်းအတွက် ပြဿနာတွေ အားလုံးကို ငါတားဆီးပေးမယ်"

မာထို့ပေါင်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ဘာမှတ်ချက်မှ မပေးပဲ အဲဒီအစား မေးလိုက်ပါတယ်။

"ဘယ်လိုအဖွဲ့အစည်းမျိုးကို တည်ဆောက်ဖို့ မင်းစီစဉ်နေတာလဲ။ ပြီးတော့ ဘာရည်ရွယ်ချက်နဲ့လဲ"

"မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်မလို့"

Chapter 554end

အပိုင်း(၅၅၅) မိုးကောင်းကင်ကို ခွဲမယ်

ဖူး။

လင်းဟန်က ချက်ချင်းဆိုသလို ပါးစပ်အပြည့်နဲ့ အရက်တွေကို ထွေးထုတ်လိုက်ပါတယ်။

တကယ်လို့ ဖက်တီးမာက ကမ္ဘာကြီးကို သိမ်းပိုက်စိုးမိုးဖို့အတွက် အဖွဲ့အစည်းတခုကို တည်ထောင်ချင်တယ် ဆိုရင်တောင် လင်းဟန်က အနည်းငယ် အံ့အားသင့် သွားပါဦးမယ်။ သမိုင်းစာမျက်နှာတွေထဲမှာ မရေတွက်နိုင်တဲ့ လူတွေက ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက်တွေ ရှိကြပါတယ်။ ဒါကြောင့် မာထို့ပေါင်က သူတို့လိုမျိုး ရည်ရွယ်ချက်ရှိတယ် ဆိုရင်တောင် သိပ်အံ့သြစရာတော့ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီမာထို့ပေါင်မှာ ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ စွမ်းအား မရှိနိုင်ဘူးလေ ဟုတ်တယ်မလား။ လင်းဟန်က သူ့ကို ဖြတ်ကြည့်လို့ မရဘူး ဆိုပေမဲ့ ဘယ်လိုပဲ သူတွေးတွေး မာထို့ပေါင်ရဲ့ စွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်နိုင်စရာ နည်းလမ်းမရှိပါဘူး။

ဒါပေမဲ့ မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်မယ်ဟုတ်လား။

နတ်ဘုရားတွေက နေရာအနှံ့မှာ ရှိပါတယ်။ ဒီနတ်ဘုရားတွေက မကောင်းဆိုးဝါးတွေကို အပြစ်ဒဏ်ပေးလိမ့်မှာ မဟုတ်ပေမဲ့ တကယ်လို့ လူတစ်ယောက်က ကမ္ဘာကြီးရဲ့ ဟန်ချက်ကို ပျက်စီးအောင် လုပ်မယ်ဆိုရင် ကောင်းကင်တာအိုရဲ့ မျက်လုံးက ပေါ်လာမှာ

ဖြစ်ပြီးတော့ အဲဒီလို လူစားမျိုးကို တန်းပြီးတော့ အမြစ်ပြတ် သုတ်သင်ပစ်ပါလိမ့်မယ်။

လင်းဟန်ကလည်း အရင်တုန်းက ဒီလိုမျိုး တူညီတဲ့ စကားမျိုးပြောခဲ့ပါတယ်။ ရလဒ်ကတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးပေါ် လာပြီးတော့ ဟူးညိုရဲ့ အော်ဟစ်ပြောဆိုမှုကြောင့်သာ ထိတ်လန့်ပြီး ထွက်သွားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူက အခုဆိုရင် အမှုမဲ့ အမှတ်မဲ့ စကားမပြောဆိုဝံ့တော့ပါဘူး။ လူတစ်ယောက်ရဲ့ နှလုံးသားထဲမှာ သိသင့်တဲ့ တစ်ခုတည်းသော အကြောင်းအရာက တကယ်လို့ လုံလောက်တဲ့ စွမ်းအင်သာ မရှိဘူးဆိုရင် စကားကို အမှုမဲ့ အမှတ်မဲ့ မပြောတာက အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

"ဖက်တီး မင်းက တကယ့်ကို ရည်မှန်းချက် ကြီးတာပဲ"

လင်းဟန်က မချိတင်ကဲ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ငါမေးပါရစေဦး။ ဘာရည်ရွယ်ချက်နဲ့ အဲဒီလိုမျိုး လုပ်မှာလဲ"

မာထိုပေါင်က စပ်ဖြဲဖြဲနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်တွေက လေဟာနယ်ကို စုတ်ဖြဲပြီးတော့ လူတစ်ယောက်ကို တန်ခိုးရှင် ဖြစ်စေတယ်။ ငါ့ရဲ့အစ်ကို လူညိုချော တကယ်လို့ ဒီကောင်းကင်ကြီး တစ်ခုလုံးကို စုတ်ဖြဲပြီးတော့ လူတိုင်းလူတိုင်းကို တန်ခိုးရှင်နယ်မြေကို ဝင်ရောက်ခွင့် ပြုမယ်ဆိုရင် အားလုံးက နဂါးတွေနဲ့ တူသွားမယ်လေ။ အဲဒါက ပိုပြီးတော့ ကောင်းလိမ့်မယ်လို့ မင်းမထင်ဘူးလား"

လင်းဟန်က ကျောက်ရုပ်လို မာတောင့်သွားခဲ့ပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းတဲ့ ရည်မှန်းချက်တစ်ခု ဖြစ်ပါတယ်။ မိုးကောင်းကင်ကို စုတ်ဖြဲပြီး လူတိုင်းလူတိုင်းကို တန်ခိုးရှင် နယ်မြေထဲကို ဝင်ရောက်နိုင်အောင် လုပ်မယ်ဟုတ်လား။

"အဲဒါက ဖြစ်နိုင်လို့လား"

လင်းဟန်က မေးလိုက်ပါတယ်။

"မကြိုးစားကြည့်ပဲနဲ့တော့ ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ မင်းဘယ်လိုလုပ်ပြီးတော့ သိမှာလဲ"

မာထို့ပေါင်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

ဒီဖက်တီးကောင်မှာ တကယ်ပဲ အခုလိုမျိုး ကြီးကျယ်ခမ်းနားပြီး ကမ္ဘာတစ်ခုလုံး အကျိုးအမြတ် ရရှိစေနိုင်မဲ့ လွှမ်းမိုးနိုင်တဲ့ ရည်မှန်းချက်တစ်ခု ရှိလိမ့်မယ်လို့ သူဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါဘူး။ သူကတကယ်ပဲ အားလုံးကို သူနဲ့အတူ တန်ခိုးရှင်နယ်မြေထဲကို ခေါ်သွားချင်နေပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် လင်းဟန်တောင်မှ ဒီလိုမျိုး အရာတစ်ခုကို မစဉ်းစားမိခဲ့ပါဘူး။ အစကနေ စပြီးတော့ တန်ခိုးရှင်ဖြစ်တဲ့အထိက အမြဲတမ်းလိုလို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ရတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဆွေမျိုးတွေနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကိုပါ သူနဲ့အတူ တပါတည်း တက်သွားဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့ ဒါကိုနောက်တစ်ကြိမ် ပြန်စဉ်းစားမိတဲ့ အခါမှာ တကယ်လို့ မိုးကောင်းကင်ကို စုတ်ဖြဲပြီး ကမ္ဘာမြေကြီးကို ခုတ်ပိုင်းဖို့က တကယ်ပဲ ဖြစ်နိုင်မယ်ဆိုရင် လူတစ်ယောက်က သူနဲ့အတူ သူ့ရဲ့အဖော်တွေကို တန်ခိုးရှင်နယ်မြေကို တက်သွားနိုင်ပါလိမ့်မယ်။

လူတစ်ယောက်က လုံလုံလောက်လောက်နဲ့ သန်မာအားကောင်းနေသရွေ့ပေါ့။

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အသံတိတ်သွားခဲ့ပါတယ်။ ကြည့်ရတာတော့ ဒါက တန်ခိုးရှင်တွေအတွက် အဆင့်နိမ့်နယ်မြေကို ဆင်းသက်လာဖို့ အရမ်းကို ခက်ခဲတဲ့ ကံကြမ္မာ တစ်ခုလိုမျိုး ခက်ခဲပါတယ်။ အဲဒီလိုမျိုးမှ မဟုတ်ဘူးဆိုရင် တန်ခိုးရှင်တွေက အဆင့်နိမ့်နယ်မြေ အထဲက ကမ္ဘာအနှံ့အပြားမှာ ပေါ်ထွက်လာတဲ့ ဒဏ္ဍာရီတွေ ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူက ဇီရှုရန်ရဲ့ မှတ်ဉာဏ်ခရစ်စတယ်ကို ရရှိခဲ့ပြီး သူရဲ့ကိုယ်ပိုင်မျက်လုံးနဲ့ မြင်တွေ့ခဲ့ပြီး ကိုယ်ပိုင်နားနဲ့ အဲဒီတန်ခိုးရှင်တွေက အဆင့်နိမ့်နယ်မြေကို သူတို့တွေက ဆင်းသက်လာတဲ့ အခါမှာ ဖိနှိပ်ထိန်းချုပ် ခံထားရတယ်ဆိုတာကို ဂရုစိုက်ခဲ့ပြီးတော့ အဲဒီနောက်မှာ သူတို့တွေ နှင်ထုတ်ခံရ နိုင်ပါတယ်။

တခြားနယ်မြေတစ်ခုကို ကူးဖြတ်ချင်းက အရမ်းကို ခက်ခဲတဲ့ အရာတစ်ခု ဖြစ်တယ်ဆိုတာ သိသာထင်ရှားပါတယ်။

"ဖက်တီး ငါမင်းကို ဒီတစ်ခွက်နဲ့ ဂုဏ်ပြုပါရစေ"

လင်းဟန်က သူရဲ့အရက်ခွက်ကို မြှောက်လိုက်ပါတယ်။ သူက ပူးပေါင်းသည်ဖြစ်စေ မပူးပေါင်းသည် ဖြစ်စေ အဲဒါကို အသာထားဦး။ ဖက်တီးမာထို့ပေါင်မှာ ဒီလိုမျိုး ရည်မှန်းချက် တစ်ခုရှိနေတာကပဲ သူရဲ့လေးစားမှုနဲ့ ထိုက်တန်နေပါပြီ။

မာထို့ပေါင်က အားရကျေနပ်စွာနဲ့ သူရဲ့အရက်ခွက်ကို ကောက်ကိုင်လိုက်ပြီး သူတို့နှစ်ယောက်လုံး ခွက်ကုန်အောင်လို့ တစ်ကျိုက်တည်း မော့သောက်လိုက်ကြပါတယ်။

"ငါ့ရဲ့အစ်ကို လူညီုချော"

"ကောင်းပြီလေ။ ငါ့နာမည်က လင်းဟန်။ ငါ့ကိုနာမည်ပဲ ခေါ်ပါ"

"ကောင်းပြီ ငါ့ရဲ့အစ်ကို လူညီုချော"

မာထို့ပေါင်က လင်းဟန်ရဲ့ တောင်းဆိုမှုကို အလျင်အမြန်ပဲ လက်ခံလိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့ အရင်က အခေါ်အဝေါ်ကို ပြောင်းလဲဖို့ လုံးဝကို ဆန္ဒမရှိပါဘူး။

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က သမိုင်းမှာ

ဘာဖြစ်လို့ ကွာဟချက်ကြီးတစ်ခု ရှိနေရသလဲ ဆိုတာကို မင်းစဉ်းစားမိဘူးလား”

လင်းဟန်က ကျိတ်ပြီးတော့ အံ့အားသင့် သွားသလို ခံစားရပါတယ်။ သူက ဇီရှုရန်နဲ့ သူရဲ့အရင် ဘဝကအချိန်တွေကို ပြန်သတိရသွားခဲ့ပါတယ်။

အဲဒီအချိန်က သူကမှာနည်းနည်းလေးမှ မသက်ာမှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ အခုအဲဒီအကြောင်းကို သူတွေးလိုက်တဲ့ အခါမှာ သူရဲ့ယခင်ဘဝ သမိုင်းထဲက လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးထောင်ကျော်မှာ ကွာဟချက်ကြီးတစ်ခု ရှိနေပါတယ်။ သမိုင်းထဲမှာ ကြီးကျယ်ခမ်းနားတဲ့ သိုင်းပညာရပ် အမွေအနှစ် အများကြီးက မြေမြုပ်သင်္ဂြိုလ်ခံထားရပြီး မှော်ဆေးပညာနဲ့ဆိုင်တဲ့ ပညာဗဟုသုတတွေလည်း အပါအဝင် ဖြစ်ပါတယ်။ ဂင်္ကပါအစီအရင်ပညာရပ်တွေက အဆိုးဆုံး အခြေအနေ ဖြစ်ပြီးတော့ အားလုံးက ပျောက်ကွယ်လုနီးပါးတောင် ဖြစ်ခဲ့ပါတယ်။

တွက်ချက်ကြည့်တဲ့ အခါမှာ ကြီးကျယ်လှတဲ့ ကပ်ဘေးတစ်ခု ရုတ်တရက် ဖြစ်ပွားပြီး အဲဒီခေတ်ကို ဖျက်ဆီးပစ်လိုက်ပြီး နှစ်ပေါင်းတစ်ထောင်လောက် ကြာပြီးတော့မှ နောက်ထပ်

နှစ်ပေါင်းတစ်သောင်း အချိန်မှာ သူကပြန်လည်ဖွင့်စားလာခဲ့ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ နှစ်ပေါင်းတစ်သောင်းပြည့်တိုင်း ကြီးမားတဲ့ ကပ်ဘေးတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာတတ်တာလား။

နောက်ပြီးတော့ ဇီရှုရန်က သူမရဲ့ နောက်ဆုံးစကားလုံးတွေကို ချန်ထားခဲ့ပြီး ပြောထားတာက ဒီကုန်လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက အရမ်းကို ကြီးမားတဲ့ လိမ်လည်လှည့်ဖျားမှုတစ်ခု ဖြစ်ပါတယ်။ ဒါကဘာကို သူမက ဆိုလိုတာလဲ။ အဲဒါက နှစ်ပေါင်းတစ်သောင်း ပြည့်တိုင်းပြည့်တိုင်း ကြီးမားတဲ့ ကပ်ဘေးကြီးတစ်ခု ဖြစ်တတ်တာနဲ့ ပတ်သတ်ဆက်နွယ်မှု တချို့ ရှိနေတာလား။

သူကခဏမျှ စဉ်းစားပြီးတဲ့နောက်မှာ ပြောလိုက်ပါတယ်။

"အစ်ကိုမာက သိနေတယ်ဆိုတာ ဖြစ်နိုင်ပဲ့မလား"

"ငါကောင်းကောင်းကြီး သိတာပေါ့။ ဒါပေမဲ့ နံရံတိုင်းမှာ နားရှိတယ်။ ဒါကြောင့် ငါက အဲဒါကို နှုတ်ကနေ မကြေညာနိုင်သေးဘူး"

နံရံတွေ။ ဘယ်မှာ နံရံတွေရှိလို့လဲ။ ပြီးတော့ နားရွက်တွေက ဘယ်မှာရှိနေလို့လဲ။

လင်းဟန်က နားမလည်ပဲနဲ့ မာထို့ပေါင်ကို ဆက်ပြီးတော့ ကြည့်နေလိုက်ပါတယ်။

မာထို့ပေါင်က လက်ချောင်းတစ်ချောင်းကို မြှောက်ပြီးတော့ ကောင်းကင်ပေါ်ကို တည့်တည့် ထိုးပြလိုက်ပါတယ်။

"ကောင်းကင်တာအိုရဲ့ မျက်လုံးလား"

လင်းဟန်က အံ့အားသင့်ပြီးတော့ မေးလိုက်ပါတယ်။

မာထို့ပေါင်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ သူ့လက်ချောင်းကို ပိုမြင့်အောင် ထောင်ပြလိုက်ပါတယ်။

လင်းဟန်က တစ်ခဏမျှ ကြောင်တောင်တောင် ဖြစ်သွားပြီး ချက်ချင်းပဲ ရိပ်မိသွားခဲ့ပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးက ဒီနယ်မြေရဲ့ အစောင့်အရှောက်မျှသာ ဖြစ်ပြီး သူတို့အားလုံးရဲ့ အထက်အမြင့်မှာ ရှိပါတယ်။ ဒါဆိုရင် အဲဒါထက် ပိုမြင့်တဲ့ နေရာက ဘာများဖြစ်နိုင်မလဲ။

တန်ခိုးရှင်နယ်မြေလား။

တန်ခိုးရှင်နယ်မြေက ဒီနယ်မြေကို မျက်ခြေမပြတ် စောင့်ကြည့်နေတာလား။ နောက်ပြီး ဇီရူရန် ကြုံတွေ့ခဲ့ရတဲ့ ရန်သူတွေက တန်ခိုးရှင် နယ်မြေက သူမရဲ့ ကလန်သားတွေ ဖြစ်ပါတယ်။ ဒီလူတွေက လူသားမျိုးနွယ်စုကို ဖျက်ဆီးပစ်ဖို့ အကြောင်းအရာကို ပြောခဲ့ပြီးတော့ ကြည့်ရတာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က ကြီးမားတဲ့ ကပ်ဘေးကြီးရဲ့ နောက်ကွယ်မှာ တရားခံတွေ ရှိပါလိမ့်မယ်။

လင်းဟန် နားမလည်နိုင်တာ တန်ခိုးရှင် နယ်မြေက ဘာဖြစ်လို့များ ဒီအဆင့်နိမ့် နယ်မြေကို ဖျက်ဆီးပစ်ချင်နေရတာလဲ။ တကယ်လို့ တန်ခိုးရှင်တွေက အဆင့်နိမ့် နယ်မြေကို ဆင်းသက်လာမယ်ဆိုရင် သူတို့ရဲ့ စွမ်းအားကိုတောင် ဖိနှိပ်ထားခံရပါလိမ့်မယ်။ တကယ်လို့ လူနည်းနည်းလောက် ပိုပြီးတော့ လာရင်ရော မကောင်းဘူးလား။ အမှန်တော့ ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက လူနည်းစုပဲ ရှိပါတယ်။ ဒါပေမဲ့ တန်ခိုးရှင် နယ်မြေထဲမှာ တန်ခိုးရှင်တွေ ဘယ်လောက်တောင်များ ရှိနေမလဲ။

"ငါ့ရဲ့အစ်ကို လူညိုချော နှစ်ပေါင်းတစ်သောင်းက

စက်ပိုင်းတစ်ခုပဲ။ နောက်ထပ်နှစ်ပေါင်း တစ်ရာ ဒါမှမဟုတ် ဆယ်စုနှစ် အနည်းငယ်ပဲ ကျန်တော့တယ်။ နောက်ထပ် ကပ်ဘေးကြီး တစ်ခုက ကမ္ဘာပေါ်ကို ကျဆင်းလာလိမ့်မယ်။ တကယ်လို့ ငါတို့တွေ တစ်ခုခုကို မစဉ်းစားဘူးဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက ကပ်ဘေးကြီးက ထပ်ပြီးတော့ ဖြစ်ပွားလာလိမ့်မယ်"

မာထို့ပေါင်က ပြောလိုက်ပါတယ်။

"အဲဒါမဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား"

ကျူးရှမ်အာက ဘေးကနေ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နားထောင်နေခဲ့တာ ဖြစ်ပါတယ်။ သူမကိုယ်တိုင်လည်း အနည်းငယ် ဖမ်းဆုပ်မိခဲ့ပါတယ်။ ဒီခေါင်းစဉ်က တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ဟော့လျန်ချွင်ရှယ်နဲ့ ဟူးညို့တို့ကတော့ လုံးဝကို ဂရုမစိုက်ကြပါဘူး။ သူတို့ထဲက တစ်ယောက်က သူမရဲ့ မှတ်ဉာဏ်တွေ ပျောက်ဆုံးနေပြီး တစ်ယောက်ကတော့ ကလေးတစ်ယောက်ပဲ ရှိပါသေးတယ်။ ဒါကြောင့် သူတို့က ဒီကမ္ဘာကြီး ပျက်စီးနဲ့ ကိစ္စနဲ့ လုံးဝကို မသက်ဆိုင်သလိုပါပဲ။

လင်းဟန်က မေးလိုက်ပါတယ်။

"အစ်ကိုမာက ဒီကိစ္စအားလုံးရဲ့ အရင်းအမြစ်ကို သိနေတာလား"

"ငါမပြောနိုင်ဘူး"

မာထို့ပေါင်က သူ့ရဲ့ခေါင်းကို ခါလိုက်ပြီး သူ့လက်ချောင်းကို ကောင်းကင်ပေါ်တည့်တည့်ကို ထိုးပြလိုက်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားပြီးတော့ မေးလိုက်ပါတယ်။

"အဲဒါကို နှုတ်ကနေ ကြေညာလိုက်တာနဲ့ ရောမ ကပ်ဘေးကြီး တစ်ခုကို ဦးတည်ခေါ်ဆောင် နိုင်တာလား"

"ဟီးဟီး တကယ်လို့ ကမ္ဘာကြီးတစ်ခုလုံး သာမန်လူတွေပဲ ရှိမယ်ဆိုရင် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ဖို့က အရမ်းကို လွယ်ကူလိမ့်မယ်"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါကြောင့် လိမ္မာပါးနပ်တဲ့ လူတွေကလည်း အရူးတွေလို

ဟန်ဆောင်နေကြတယ်။ ငါ့ရဲ့အစ်ကို လူညိုချော မင်းရဲ့ပါရမီက အံ့အားသင့်စရာ ကောင်းလောက်အောင် မြင့်မားတယ်။ ပြီးတော့ အနာဂတ်မှာ မင်းကအရေးပါတဲ့ လူတစ်ယောက် သေချာပေါက် ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ မင်းမှတ်ထားရမှာက ဒီကမ္ဘာကြီးထဲမှာ သန်မာတဲ့ လက်ရွေးစင်တွေ အများကြီး ရှိတယ်။ မင်းကိုယ်မင်း ကာကွယ်နိုင်ဖို့ လုံလုံလောက်လောက် စွမ်းအားမရှိသေးခင် မင်းရဲ့ခွန်အားကို ဖုံးကွယ်ထားပြီး အချိန်ကောင်းကို စောင့်နေသင့်တယ်ဆိုတာကို မှတ်ထားပါ"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အကြံပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

"ဒါဆိုရင် ငါ့ရဲ့အစ်ကို လူညိုချော မင်းငါနဲ့အတူ ပူးပေါင်းပြီးတော့ ဒီတရားမျှတမှုကို ဆောင်ရွက်ဖို့ စိတ်ဝင်စားလား"

မာထို့ပေါင်က မေးလိုက်ပါတယ်။

"အဟဲ ငါ့ရဲ့လက်ရှိ စွမ်းအားက အရမ်းကို နိမ့်နေသေးတယ်။ ငါ ကောင်းကင်အဆင့်ကို ရောက်တဲ့အခါမှ

ပြန်ဆွေးနွေးကြတာပေါ့”

လင်းဟန်က ပြောလိုက်ပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် မာထို့ပေါင်မှာ ကြီးကျယ်ခမ်းနားတဲ့ အစီအစဉ် တစ်ခုကို ဆွဲထုတ်ပြီး ကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက် တစ်ခု ရှိနေပြီး လင်းဟန်က ဘာကိုမှ ဂရုမစိုက်ပဲ အဖွဲ့အစည်းအောက်မှာ ပူးပေါင်းဖို့က ပုံမှန်အားဖြင့်တော့ ဖြစ်နိုင်ချေ မရှိပါဘူး။

မာထို့ပေါင်က ထပ်ပြီးတော့ မတိုက်တွန်းပါဘူး။ သူက လင်းဟန်ရဲ့ ပခုံးတစ်ဖက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်ပါတယ်။

“ငါ့အစ်ကို လူညီချော မင်းက မှန်ကန်တဲ့ ရွေးချယ်မှုကို လုပ်နိုင်လိမ့်မယ်ဆိုတာ ငါလုံးဝကို ယုံကြည်တယ်။ ကောင်းပြီလေ။ အရင်ရက်တွေက သိပ်ပြီးတော့ မငြိမ်းချမ်းခဲ့ဘူး။ ဒါကြောင့် မင်း မြို့ထဲမှာ ဆက်ပြီးတော့ နေတာက ပိုကောင်းလိမ့်မယ်။ နောက်ပြီး ဒီစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကိုလည်း ယူထားလိုက်။ အရမ်းကို အန္တရာယ်များတဲ့ အခိုက်အတန့်မှာ ဒါကမင်းရဲ့ အသက်ကို ကယ်တင်ပေးနိုင်လိမ့်မယ်”

မာထို့ပေါင်က လင်းဟန်က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို ပစ်ပေးလိုက်ပြီး လင်းဟန်ရဲ့ မေးခွန်းတွေကိုတောင်

မစောင့်တော့ပဲ အလျင်အမြန်နဲ့ ထွက်သွားလိုက်ပါတယ်။

လင်းဟန်နဲ့ ကျူးရှမ်အာတို့ နှစ်ယောက်ကတော့ သူရဲ့နောက်ဆုံး စကားတွေကို ဆက်ပြီးတော့ စဉ်းစားနေပါတယ်။ သူကဘာကို ဆိုလိုတာလဲ။

"ဖက်တီးစုတ် ဖက်တီးနာ ညီုးညီုးရဲ့အသားတွေ"

ညီုးညီုးက သနားစရာ ကောင်းလောက်အောင် ငိုကြွေးနေပါတယ်။ မာထို့ပေါင်က ထွက်သွားတယ် ဆိုပေမဲ့ အသားကင်နေတဲ့ နေရာပေါ်က အသားတံစို့တွေ အားလုံးကို ခိုးယူသွားခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီး သူမရဲ့နှလုံးသားက မနာကျင်ပဲနဲ့ နေနိုင်မှာလဲ။

လင်းဟန်က သူမကို နှစ်သိမ့်ပြီးတော့ အသားကင်ဖို့အတွက် အသားတချို့ကို ထုတ်ယူပေး လိုက်ပါတယ်။

သူနဲ့ ကျူးရှမ်အာက တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက် ကြပါတယ်။ သူတို့နှစ်ယောက်လုံး အရမ်းကို စိုးရိမ်ပူပန်နေသလို ခံစားနေကြ ရပါတယ်။ မာထို့ပေါင်ရဲ့ စကားတွေက အံ့အားသင့်စရာကောင်းတဲ့ သတင်းအပိုင်းအစ တစ်ခုကို ထုတ်ဖော်သွားပြီး ကြည့်ရတာ

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက ဒီကမ္ဘာကြီးကို ပျက်စီးစေခဲ့တဲ့ ရောမ ကပ်ဘေးကြီး တစ်ခုက နောက်တစ်ကြိမ် ပြန်ပြီးတော့ ဖြစ်ပေါ်လာနိုင်ချေ ရှိပါတယ်။

"ဒီဖက်တီးက မြို့ထဲကနေ မထွက်ဖို့ ပြောမှတော့ အပြင်ဘက်မှာ သိပ်ပြီးတော့ အေးချမ်းပုံ မရဘူး။ အဲဒါက ဘာကို ဆိုလိုတာလဲ"

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ ဒီဖက်တီးစုတ်က တကယ်ပဲ ယုံကြည်ဖို့ မကောင်းဘူးလို့ ခံစားနေရပါတယ်။ သူပြောခဲ့တာ အားလုံးထဲမှာ သတင်းတစ်ဝက်လောက်ပဲ ထုတ်ဖော်ခဲ့ပြီး ကျန်တာတွေကို လင်းဟန်ကိုယ်တိုင် ခန့်မှန်းသုံးသပ်စေချင်ခဲ့ပါတယ်။

ကျူးရွှမ်အာလည်း ဦးနှောင်ရှုပ်နေပါတယ်။ ဟူးညီနဲ့ ဟော့လျန်ချွင်ရှယ်တို့ နှစ်ယောက်ပဲ ဘာကိုမှ ဂရုမစိုက်ပဲ အသားတွေကို ဆက်ပြီးတော့ ကင်နေပြီး သူတို့မျက်လုံးတွေထဲမှာ အသားတွေကို လောဘတကြီးနဲ့ စိုက်ကြည့်နေကြပါတယ်။

Chapter 555 end

အပိုင်း(၅၅၆) ထောင်ချောက်

ညက ကုန်လွန်လာခဲ့ပြီး လင်းဟန်နဲ့ မိန်းကလေး သုံးယောက်ကလည်း စိတ်ဂိညာဉ် ရတနာ စံအိမ်ကို ပြန်လာခဲ့ကြပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက တကယ်လို့ လင်းဟန်အပြင်ကို ထွက်လာခဲ့မယ်ဆိုရင် သတ်ပစ်မယ်လို့ ပြောခဲ့ပေမဲ့ ရွှမ်ယွမ်ဇီကွမ်းက လင်းဟန်ကို တစ်ချိန်လုံး မျက်စိဒေါက်ထောက်ပြီး ကြည့်မနေနိုင်ခဲ့ ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ခမ်းနားကြီးကျယ်တဲ့ တိုက်ပွဲတစ်ခုက မြေကြီးလက်ခတ် မလွဲအောင် ဖြစ်လာပါလိမ့်မယ်။

နေ့လယ်အရောက်မှာတော့ ရင်ဟောင်က ကပျာကယာနဲ့ အလောတကြီး ပြေးလာခဲ့ပါတယ်။

"ဘာတွေဖြစ်နေလို့ အမူအရာတွေ ပျက်ပြီးတော့ ကပျာကယာနဲ့ ပြေးလာရတာလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟင့် ငါဆိုတဲ့ အမျိုးသမီးက မိန်းမကောင်း မိန်းမမြတ် တစ်ယောက်ပဲကို။ ဘာဖြစ်လို့ နင်က ကပျာကယာနဲ့

လာတယ်လို့ ပြောဆိုရတာလဲ”

ရင်ဟောင်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

“မိန်းမကောင်း မိန်းမမြတ်ရဲ့ လျှာဖျားကနေ ဒီလိုစကားမျိုး ထွက်လာတာ တကယ်ပဲ ဒါက ပထမဆုံး အကြိမ်မြင်ဖူးတာပဲ”

လင်းဟာန်က ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“အခု နင့်ကိုယ်တိုင် ဒါကိုမြင်ပြီမဟုတ်လား”

ရင်ဟောင်ကတော့ လုံးဝကို မရှက်မရွံ့ပဲ ပြောလိုက်ပါတယ်။

“အိုး ဟုတ်သားပဲ။ ရောမ ကိစ္စကြီး တစ်ခုကို နင်သိအောင်လို့ ငါလာပြောတာ”

“ဘာကိစ္စလဲ”

လင်းဟာန်က ဘာကိုမှ မစဥ်းစားပဲ မေးလိုက်ပါတယ်။

“ဒီရက်ပိုင်းအတွင်းမှာ မြို့ထဲကို ဘယ်သူမှ ဝင်လာတာ

မတွေ့ရဘူး”

ရင်ဟောင်က ပြောလိုက်ပါတယ်။

“ဒါကို ရောမ ကိစ္စတစ်ခုလို့ ထည့်တွက်နေတာလား”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ရတနာတစ်သန်းမြို့က ဘယ်လိုနေရာတစ်ခုလဲ ဆိုတာကို နင်သိတယ် မဟုတ်လား။ နေ့စဉ်နေ့တိုင်း လူတွေ ဘယ်လောက်တောင်များ ဝင်နေထွက်နေကြသလဲ။ သန်းနဲ့ချီတယ်လေ။ ဒါပေမဲ့ အခု လူတွေပဲ အပြင်ကို ထွက်ပြီးတော့ ဘယ်သူမှ ဝင်မလာကြဘူး။ မြို့တစ်ခုလုံးလည်း ပိုပိုပြီးတော့ ခြောက်ကပ်လာပြီ။ စားသောက်ဆိုင်ကြီးတွေမှာ ဆိုရင်လည်း ဧည့်သည်တွေလာတာ ဘယ်လောက်တောင်မှ နည်းသွားသလဲ ဆိုတာကို သွားကြည့်ကြည့်လိုက်”

ရင်ဟောင်က အသက်တစ်ချက်မှ မရှူပဲ ဆက်တိုက် ပြောလိုက်ပါတယ်။

လွန်ခဲ့တဲ့ရက်က မာထိုပေါင် ပြောသွားတဲ့ အကြောင်းတွေ အားလုံးကို ရုတ်တရက် စဉ်းစားမိ သွားခဲ့ပါတယ်။ ဒီရက်ပိုင်း အပြင်မှာ ငြိမ်းငြိမ်းချမ်းချမ်း မရှိဘူး။ ဒါကြောင့်

ရတနာတစ်သန်း မြို့ထဲမှာ နေတာက ပိုကောင်းလိမ့်မယ်လို့ ပြောသွားတာ ဒါကြောင့် ဖြစ်ပါလိမ့်မယ်။ ဒီဖက်တီးစုတ်က အကြောင်းအရာကို သိနေတာ ဖြစ်နိုင်ပြီးတော့ ဘာဖြစ်လို့ သူ့ကို ကျိတ်ပြီးတော့ သတိပေးခဲ့တာလဲ။

"ဘာကြောင့်ဆိုတာကို နင်သိလား"

ရင်ဟောင်က သူမရဲ့ ခေါင်းကို ခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အခြေအနေတွေကို လေ့လာစူးစမ်းဖို့ အုပ်စုအနည်းငယ်ကို စေလွှတ်ခဲ့ပေမဲ့ သူတို့လည်း ထွက်သွားပြီးတော့ ပြန်မလာခဲ့ကြဘူး"

သူမက ခဏရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

"ရတနာ တစ်သန်းမြို့ကို အင်အားတချို့က ပစ်မှတ်ထားပြီး ရန်သူတွေက အဓိက လမ်းမတွေ အပေါ်မှာ တားဆီးပိတ်ဆို့ထားမှပဲ အဲဒီလူတွေက ထွက်လို့ရပြီးတော့ ပြန်ဝင်လို့ မရမှာ"

လင်းဟာန်က စားပွဲခုံကို လက်ညှိုးနဲ့ ခေါက်ပြီးတော့

ပြောလိုက်ပါတယ်။

"ဘယ်အဖွဲ့အစည်းက ဒီလိုမျိုး အရာတစ်ခုကို လုပ်မှာလဲ။ ပြီးတော့ သူတို့အတွက် ဘာများကောင်းမွန်မှုတွေ ရရှိမှာလဲ"

စိတ်ဂိုညာဉ် ရတနာ စံအိမ်က စီးပွားရေး လုပ်ပြီးတော့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ဆေးလုံးတွေ ဖော်စပ်ပါတယ်။ ဒီနှစ်ဖွဲ့ပူးပေါင်းပြီး မှော်ဆေးလုံးတွေကို ကမ္ဘာအနှံ့အပြားကို ဖြန့်ဖြူးပေးပါတယ်။ သိုင်းပညာရှင်တွေအတွက် ဒါက အကျိုးအမြတ်ရှိတဲ့ အရာတစ်ခု ဖြစ်ပြီးတော့ ဘယ်သူကများ ဒါကို ဖျက်ဆီးပစ်ချင်မှာလဲ။

ကောင်းကင်ဓားဂိုဏ်း၊ တိမ်ဖီးနစ်ဂိုဏ်းနဲ့ တခြားရှေးဟောင်းဂိုဏ်းတွေမှာ သူတို့ကိုယ်ပိုင် မှော်ဆေးပညာရှင်တွေ ရှိတယ်ဆိုရင်တောင် သူတို့အနေနဲ့ ဒီလိုမျိုး အရာတစ်ခုကို လုပ်စရာ မလိုပါဘူး။ ဟုတ်တယ်မလား။

"ဒါက ဘာကြောင့် ငါတို့တွေ အခြေအနေဆိုးနေရသလဲ ဆိုတာပဲ"

ရင်ဟောင်က ပြောလိုက်ပါတယ်။

လင်းဟန်က သူမကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နင်က ငါ့ကို အသုံးချဖို့ စဉ်းစားနေတာလား"

"ဘယ်သူက အဲဒါကို လုပ်လဲဆိုတာကို နင်မသိချင်ဘူးလား"

ရင်ဟောင်က ကျိတ်ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"မိုးပြိုကျလာရင်တောင် တစ်ယောက်ယောက်က အဲဒါကို ကိုင်ထားပေးလိမ့်မယ်။ ငါက ပန်းဖူးအဆင့်ပဲ ရှိပါသေးတယ်။ ဒါက ငါ့အလုပ်မဟုတ်ဘူး"

လင်းဟန်က သူနဲ့လုံးဝကို မသက်ဆိုင်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

ရင်ဟောင်က ဆက်ပြီးတော့ မရယ်တော့ပဲ ပြောလိုက်ပါတယ်။

"အခြေအနေတွေက တကယ့်ကို ပုံမှန်မဟုတ်ဘူး။ ဆက်သွယ်ရေး ကျောက်တုံးကလည်း အပြင်ဘက်နဲ့

အဆက်အသွယ်တွေ ပြတ်တောက်ကုန်ပြီ။ အခု လူတွေက ထွက်လို့ပဲ ရပြီးတော့ ပြန်ဝင်လို့ မရတော့ဘူး။ ရတနာတစ်သန်းမြို့က အခုဆိုရင် စွန့်ပစ်ခံ မြို့တစ်ခုလို ဖြစ်သွားပြီး အပြင်ဘက်မှာ ဘာတွေဖြစ်ပျက်နေတယ် ဆိုတာကို မသိကြတော့ဘူး"

"ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှိနေတာပဲ မဟုတ်လား။ သူတို့ဘာသာ သွားကြည့်ပါစေ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဒါက တစ်ယောက်ယောက်နဲ့ လျှို့ပုက်ပြီးတော့ ပူးပေါင်းကြံစည်တယ်လို့ ထင်ထားကြတယ်။ တကယ်လို့ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ထွက်ပေါ်လာမယ် ဆိုရင်တောင် သူတို့က ပစ်မှတ်တွေ ဖြစ်သွားကြလိမ့်မယ်။ ရတနာ တစ်သန်းမြို့ရဲ့ ကာကွယ်ရေး ဂက်ပါ အစီအရင်က ပထမတန်းစားပဲ။ အဲဒါကို မူလစွမ်းအင် ပုံဆောင်ခဲတွေ လုံလုံလောက်လောက် ထောက်ပံ့ပေး နိုင်သရွေ့တော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်တောင် မဖျက်ဆီးနိုင်ဘူး"

ရင်ဟောင်က ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကော်ငးကင်အဆင့် ကျင့်ကြံသူတွေက သေမှာကို ကြောက်နေပြီး ပန်းဖူးအဆင့် ဂျူနီယာတွေက သူတို့ရဲ့ အသက်တွေကို အလကား စွန့်လွှတ်ပေးရမှာပေါ့"

"အဲလိုလည်းမဟုတ်သေးဘူး။ ပန်းဖူးအဆင့် စစ်သည်တော်တွေက အားနည်းတယ် ဆိုပေမဲ့ လက်ရွေးစင်တွေအစား ဂရုမစိုက်ာကဘူး။ ပြီးတော့ အန္တရာယ်လည်း မရှိနိုင်ဘူး"

ရင်ဟောင်က စိုးရိမ်တဲ့ အကြည့်တစ်ခုနဲ့ ကြည့်လိုက်ပါတယ်။

"အဓိကက ရတနာ တစ်သန်းမြို့က မျက်မမြင် တစ်ယောက်လို ဖြစ်လာပြီး ဘာနဲ့ရင်ဆိုင် နေရတယ် ဆိုတာကို မသိရဘူး။ အပြင်ဘက်ကနေ အကူအညီရဖို့ လိုအပ်တယ်"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူသွားတဲ့ နေရာတိုင်းလိုလို ဘာဖြစ်လို့ မငြိမ်းချမ်းရတာလဲ။

"ဒါကြောင့် ဒီပြဿနာထဲကို ငါ့ကိုပါ နင်ကဆွဲထည့်လိုက်တာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ခစ်ခစ် ငါတို့က တစ်လှေတည်းစီး တစ်ခရီးတည်း သွားပြီးတော့ နင်ကငါ့ရဲ့ လှေပေါ်ကို တက်လာမှတော့ နင့်ရဲ့ကံကြမ္မာကို လက်ခံလိုက်ပေါ့"

ရင်ဟောင်ကလည်း လင်းဟန်နဲ့အတူ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ဒါပေမဲ့လည်း အမှန်အားဖြင့်တော့ သတင်းတွေက မကောင်းလှပါဘူး။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ အခြေအနေတွေက ပိုပိုပြီးတော့ လုံခြုံမှု နည်းလာပြီး လူတွေက သူတို့ရဲ့ ခေါင်းကို မော့ပြီးတော့ ကြည့်တာတောင် မိုးကောင်းကင် တစ်ခုလုံးကို မမြင်တွေ့နိုင်ကြပါဘူး။ အဲဒီအစား အနက်ရောင် မြူခိုးတွေက နေရာအနှံ့မှာ မိုးကောင်းကင်ကို ဖုံးအုပ် နေရာယူထားကြပါတယ်။

အခုဆိုရင် လူတိုင်းလူတိုင်းက မလွယ်ကူသလို ခံစားနေကြရပါတယ်။ မြို့က ချက်ချင်းဆိုသလို ကြောက်ရွံ့မှုနဲ့ စိတ်ပျက်အားငယ်မှုတွေ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်က မာထို့ပေါင် သူ့ကိုပေးထားတဲ့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို ဆွဲထုတ်လိုက်ပါတယ်။ ဒီဖက်တီးက ဒီလိုမျိုး ဖြစ်လာလိမ့်မယ်ဆိုတာကို သိထားပြီးတော့ သူ့ကို မြို့ထဲကနေ မထွက်ဖို့ ပြောထားတာကို မစဉ်းစားမိပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ကြည့်ရတာ ဒါက အဆုံးသတ်မဟုတ်သေးပါဘူး။ ပြီးတော့ ပိုပြီးတော့တောင် အန္တရာယ်များတဲ့ အရာတွေ ဖြစ်ပျက်လာပါလိမ့်ဦးမယ်။

ဒီစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့က သူ့အသက်ကို ကယ်တင်နိုင်လိမ့်မယ်။

လင်းဟန်က ရယ်လိုက်ပါတယ်။ မာထို့ပေါင်က သူ့မှာအနက်ရောင် မျှော်စင် ပိုင်ဆိုင်ထားတယ် ဆိုတာကို မသိပါဘူး။ ဒါက သူ့ရဲ့ အသက်ကယ်တင်နိုင်တဲ့ အကြီးမားဆုံး ပုက်ဖဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီစိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကို ဖြုန်းတီးပစ်လို့ မဖြစ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ မာထို့ပေါင်မှာရှိတဲ့ အရာတွေက သေချာပေါက် အသိအမှတ်ပြုစရာ ကောင်းလောက်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

"ဒါက ချက်ချင်းတည်နေရာ ရွှေ့ပြောင်းတဲ့ အဆောင်လက်ဖွဲ့တစ်ခု ဖြစ်လိမ့်မယ်"

လင်းဟန်က မှန်းဆကြည့်လိုက်ပါတယ်။ သူရဲ့ယခင်ဘဝတုန်းက သူကကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်တာကြောင့် စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ အပေါ်က သွေးကြောနဲ့ တူတဲ့ အစီအရင်ပုံစံတွေကနေ ခန့်မှန်းနိုင်တာ ဖြစ်ပါတယ်။

"ချက်ချင်း တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့။ လူတွေကို ငါ့မှာ ချက်ချင်း တည်နေရာ ရွှေ့ပြောင်းနိုင်တဲ့ အဆောင်လက်ဖွဲ့တွေ ပိုင်ဆိုင်ထားတယ် ဆိုပြီးတော့ လှည့်စားခဲ့တယ် ဆိုပေမဲ့ အမှန်တကယ် တစ်ခုလောက် ရရှိလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားဘူး"

"ဒီပစ္စည်းကို အရင်ဘဝတုန်းက ဘယ်လိုမျိုး ဖန်တီးရတယ်ဆိုတာကို ငါတောင်မှ မသိခဲ့ဘူး။ ပြောနိုင်တာ တစ်ခုကတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်

တစ်ယောက်ပဲ ဒါကို မွန်းမံပြုလုပ်ဖို့ လောဟာနယ်ရဲ့ လျှို့ဝှက်ချက်တွေကို ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်ထားဖို့ လိုလိမ့်မယ်”

“မာထိုပေါင်မှာ တကယ်ပဲ ရတနာတွေ အများကြီး ရှိနေတာပဲ။ ဒီကောင်က ရှေးဟောင်း ရတနာသိုက် တစ်ခုကို ရရှိထားတာများလား။ သူ့ရဲ့ ပိုင်ဆိုင်မှုတွေက တကယ့်ကို အံ့အားသင့်ဖို့ ကောင်းတယ်”

“သူ့ရဲ့စွမ်းအားကလည်း ခန့်မှန်းလို့ မရဘူး။ အခု အဲဒီကောင် ဘယ်ကိုပြေးသွားလဲ ဆိုတာကို ဘယ်သူသိမှာလဲ”

လင်းဟန်က မြို့ကနေ ထွက်ပြီးတော့ တစ်ချက်လောက် ကြည့်ဖို့ကို ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ သေမှာကို ထိုင်စောင့်နေတာက သူ့ပုံစံသူ့ဟန်ပန် မဟုတ်ပါဘူး။ သူ့မှာ အနက်ရောင် မျှော်စင်ရှိပြီးတော့ မျှော်လင့်ချက် မဲ့နေတဲ့ အခြေအနေ တစ်ခုမှာတောင် ရှောင်လွှဲလို့ ရနိုင်ပါတယ်။ နောက်ပြီးတော့ သူကလည်း အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ ဒီရတနာ တစ်သန်းမြို့ကို ကောင်းကင်အဆင့် လက်ရွေးစင်တွေနဲ့ စောင့်ကြည့်ကြည့်ရှုထားပြီး တစ်စုံတစ်ယောက်က ဒါကိုဆန့်ကျင်ဖို့ ပူးပေါင်းကြံစည်နေပါတယ်။

အဲဒီအင်အားစုက ဘယ်လောက်တောင် အစွမ်းထက်နေလို့လဲ။

သူက မိန်းကလေးသုံးယောက်ကို အနက်ရောင် မျှော်စင်ထဲ ဝင်ခိုင်းလိုက်ပါတယ်။ တကယ်လို့ မတော်တဆမှု တစ်ခုက ရတနာ တစ်သန်းမြို့ကနေ သူထွက်သွားပြီးတဲ့နောက်မှာ ဖြစ်ပျက်ခဲ့မယ် ဆိုရင် သူမတို့တွေ ပေါက်ကွဲထွက် သွားနိုင်ပါတယ်။ အဲဒီအချိန်ကျရင် နောင်တရဖို့က အရမ်းကို နောက်ကျသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း ပြဿနာရှိနေတာက ကျူးရွှမ်အာ တစ်ယောက်ပဲ လိမ်လိမ်မာမာနဲ့ စကားကို နားထောင်ပေါတယ်။ ကံမကောင်းတာက လင်းဟန်စိုးရိမ်ပူပန်နေတာ တစ်ခုရှိပါတယ်။ ဟော့လျန်ချွင်ရွှယ်ကို အနက်ရောင် မျှော်စင်ထဲ ထည့်လို့မရမှာကို ဖြစ်ပါတယ်။ ဟူးညိုကတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်ဖို့ဆန္ဒ မရှိပါဘူး။ သူမကို သူနဲ့အတူတူ ပေးနေဖို့ တကျည်ကျည်နဲ့ နားပူနားဆာ လုပ်နေပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ သူတို့တွေ အတူတူ သွားလိုက်ကြပါတယ်။ ဟူးညိုက အန္တရာယ် ကျရောက်လာရင် အချိန်မရွေး အနက်ရောင် မျှော်စင်ထဲကို

ဂင်နိုင်ပါတယ်။ ဟော့လျန်ချွင်ရှယ်က ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သေခြင်းရှင်ခြင်း အခြေအနေ အခိုက်အတန့် တစ်ခုမှာ သူမရဲ့ ပင်ကိုယ်ဗီဇကို ပြန်လည်လှုံ့ဆော်ပြီး သူမရဲ့ ကြောက်မက်ဖွယ် ခွန်အားကို ပြန်လည်ရကောင်း ရနိုင်ပါတယ်။

မြို့ရဲ့ ဂဏ်ပါ အစီအရင်က ဘာမှန်းမသိတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ကာကွယ်ဖို့ အသက်သွင်း ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း အပြင်ဘက်ကို ထွက်သွားတာက အသေးအမွှားလေး တစ်ခုပဲ ဖြစ်ပါတယ်။ အားလုံးက တစ်ယောက်ယောက် အပြင်ထွက်ပြီးတော့ အခြေအနေကို စုံစမ်းကြည့်ရှုဖို့ မျှော်လင့်နေပြီး စိုးရိမ်စရာ ကောင်းတာက ဘယ်သူကမှ ဒီလိုမျိုး မလုပ်ချင်ကြပါဘူး။

သူတို့သုံးယောက်က မြို့ထဲကနေ အောင်အောင်မြင်မြင်နဲ့ ထွက်လာခဲ့ ကြပါတယ်။ အနက်ရောင် မြူခိုးတွေက လေထဲမှာ ပြည့်နှက်နေပြီး သူတို့ရဲ့ မြင်ကွင်းတွေကို ပိတ်ဆို့ထားပါတယ်။

လင်းဟာန်က မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။ ဒါပေမဲ့ အဲဒါက အသုံးမဝင်ပါဘူး။ မြူတွေက အရမ်းကို ထူထဲပြီးတော့

မုသားမဲ့ မျက်လုံးတောင်မှ ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။ ဒါက မုသားမဲ့ မျက်လုံးက လုံလုံလောက်လောက် အစွမ်းမထက်တာ မဟုတ်ပဲ လင်းဟန်ရဲ့ အဆင့်က အတော်လေးကို နိမ့်နေတာကြောင့် ဖြစ်ပြီး ၎င်းရဲ့ အကျိုးသက်ရောက်မှုကို မထုတ်ဖော် နိုင်တာပဲ ဖြစ်ပါတယ်။

"သတိထားကြ"

လင်းဟန်က ပြောပြီးတော့ ကျူးရှမ်အာကို အပြင်ကို ထုတ်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်ထဲကို လူတွေထည့်ဖို့ဆိုတာက တစ်ချက်လေး တွေးလိုက်ရုံနဲ့ ရတဲ့ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။

သူတို့လေးယောက်က အရှေ့ကို လျှောက်လာကြပြီး မကြာခင်မှာ အနက်ရောင် မြူတွေက သူတို့ကို အလယ်မှာထားပြီး ဝိုင်းရံထားပါတယ်။ သူတို့ရဲ့ မြင်နိုင်စွမ်းတွေက် ချက်ချင်းဆိုသလို နောက်တစ်ကြိမ် လျော့ကျလာခဲ့ပြီး တစ်မီတာ အကွာအဝေးလောက်က အရာတွေကိုပဲ မြင်နိုင်ပါတော့တယ်။

လင်းဟန်က အနည်းငယ် ပိုပြီးတော့ ကောင်းပါတယ်။ သူက နှစ်ဆလောက် အဝေးကို မြင်နိုင်ပါတယ်။

"ဒါက ဘာဂက်ပါ အစီအရင်လဲ"

ကျူးရှမ်အာက မေးလိုက်ပါတယ်။ မိန်းကလေး သုံးယောက်ထဲမှာ သူမက ပိုပြီးတော့ ယုံကြည်စိတ်ချ ရပါတယ်။ ဟော့လျန်ချွင်ရှယ်ရဲ့ အသိဉာဏ်က စိုးရိမ်စရာ ကောင်းပြီးတော့ ဟူးညိုကတော့ ကလေးတစ်ယောက်ပဲ ရှိပါသေးတယ်။

လင်းဟန်ရဲ့ အမူအရာက မှုန်မှိုင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါ့ခန့်မှန်းတာ မမှားဘူးဆိုရင် ဒါက လေးခုမြောက် သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်ပဲ"

Chapter 556 end

အပိုင်း(၅၅၇) ရှမ်ယွမ်ဇီကွမ်းနဲ့ တိုက်ခိုက်ခြင်း

"အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါအစီအရင် ဟုတ်လား"

ကျူးရှမ်အာက အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"ဒဏ္ဍာရီတွေ အရတော့ ကောင်းကင်နဲ့ မြေကြီးမှာ စိတ်ဝိညာဉ်တွေ ရှိပြီးတော့ သဘာဝ သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် ဆယ်ခုကို ဖြစ်ပေါ်စေခဲ့ကြတယ်"

လင်းဟန်က ရှင်းပြလိုက်ပါတယ်။

"သတ်ဖြတ်ခြင်း ဂင်္ဂါပါအစီအရင် ဆယ်ခုက အားလုံးအရမ်းကို ကြောက်ဖို့ကောင်းတယ်။ ဒုတိယအဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါအစီအရင်ကနေ ဆယ်ခုမြောက်အဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်အထိက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တွေကိုတောင် အမြစ်ပြတ် သုတ်သင်ပစ်နိုင်တယ်"

"ဒါဆိုရင် ပထမအဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်ကရော ဘယ်လိုလဲ"

ကျူးရွှမ်အာက မနေနိုင်ပဲ မေးလိုက်ပါတယ်။

"ပထမအဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်လား"

လင်းဟန်က ခဏရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

“အဲဒီ အစီအရင်ကို နတ်ဘုရားသတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်လို့လည်း လူသိများတယ်”

“အဲဒါက တကယ်ပဲ နတ်ဘုရားတွေကို သတ်ပစ်နိုင်လို့လား”

ကျူးရှမ်အာက အော်ဟစ်ငိုချင်စိတ် ပေါက်သွားပါတယ်။

“ဟုတ်တယ်”

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

“ပထမအဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က နတ်ဘုရားတွေကိုတောင် လွယ်လွယ်ကူကူနဲ့ သတ်ပစ်နိုင်တယ်။ ကမ္ဘာအကြီးကျယ် အခမ်းနားဆုံး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်ပဲ။ ဒါပေမဲ့လည်း ဂင်္ဂါပါ အစီအရင်ပိုင်းဆိုင်ရာ ပညာဗဟုသုတတွေ ပျောက်ဆုံးကုန်ပြီ။ ဒါကြောင့် ဘယ်သူကများ အခုချိန်မှာ ဒီလိုမျိုး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်ကို ခင်းကျင်းနိုင်မှာလဲ”

စတုတ္ထအဆင့် သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က

အဆင့်မြင့် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကိုတောင် အမြစ်ပြတ် သုတ်သင်ပစ်နိုင်ပါတယ်။ ဒီဘက်ခေတ် ဒီနေ့အချိန်မှာ တစ်စုံတစ်ယောက်က အမှန်တကယ်ပဲ အဲဒီဂင်္ကပါ အစီအရင်ကို ခင်းကျင်းထားနိုင်ပါတယ်။ ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ အစီအရင် အရှင်သခင် ရှိလားမရှိဘူးလား ဆိုတာကို အသာထားဦး။ ဒီဂင်္ကပါကို ခင်းကျင်းဖို့ အသုံးပြုတဲ့အခါမှာ လိုအပ်တဲ့ ပစ္စည်းတွေ တစ်ခုတည်းကပဲ အတော်လေး မတရား လွန်ကဲနေပါပြီ။

"ဒါဆိုရင် ငါတို့တွေ အရမ်းကို အန္တရာယ်ရှိနေပြီလား"

ကျူးရှမ်အာက မေးလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်အင်အားစုက ရတနာ တစ်သန်းမြို့ကို အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်နဲ့ ထောင်ချောက်ဆင်ထားလဲ ဆိုတာကို မသိဘူး။ သူတို့တွေက မြို့တစ်ခုလုံးကို ကျတ်တီးမြေ တစ်ခု အဖြစ်ကို ပြောင်းလဲမလို့ ကြိုးစားနေကြတာလား။ ဒါပေမဲ့ ရတနာ တစ်သန်းမြို့က အလယ်ပိုင်း ဒေသရဲ့ စီးပွားရေး အချက်အချာအကျဆုံး

အလယ်ဗဟိုပဲ။ အဲဒီမှာ စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်း ဌာနချုပ်တွေ ရှိတာပဲ။ တကယ်လို့ အားလုံးသေသွားမယ်ဆိုရင် သူတို့အတွက် ဘာအကျိုးအမြတ် ရမှာမိုလို့လဲ”

တကယ်လို့ ကောင်းမွန်တဲ့ တည်နေရာတစ်ခုကို ရယူဖို့အတွက် ဆိုရင်တော့ နားမလည်နိုင် တော့ပါဘူး။ ဒါပေမဲ့ ရတနာ တစ်သန်းမြို့ ကျင့်ကြံခြင်းအတွက် မြင့်မြတ်တဲ့ နယ်မြေတချို့ မဟုတ်သလို ကမ္ဘာရတနာတွေလည်း မရှိပါဘူး။ အဲဒါကို အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်နဲ့ ဖျက်ဆီးပစ်ဖို့ တကယ်ပဲ လိုအပ်လို့လား။

တကယ့်ကို ထူးဆန်းပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“ဒီဂဏ်ပါ အစီအရင်ကို ငါတို့တွေ ဘယ်လိုမှ ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး။ ပြီးတော့ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် လာမယ်ဆိုရင်တောင် အနည်းဆုံး အလွှာကိုးအဆင့်ရှိတဲ့ သူမှ ဒါကို ဖျက်ဆီးဖို့ အဆင့်မီလိမ့်မယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် ဆယ်ယောက်ကျော် လာမယ်ဆိုရင်တောင် သူတို့တွေ ကျရှုံးကုန်မှာပဲ”

ကျူးရှမ်အာကလည်း သိသိသာသာနဲ့ကို သဘောတူလိုက်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေက ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာ ဘယ်လောက်များ ရှိလို့လဲ။ ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့ အများဆုံး ဆယ်ဂဏန်း အနည်းငယ်သာ ဖြစ်ပါလိမ့်မယ်။ တကယ်လို့ သူတို့အားလုံး လာမယ်ဆိုရင်တောင် ဒီဂက်ပါ အစီအရင်ကို ဖြေရှင်းနိုင်စွမ်း ရှိချင်မှ ရှိပါလိမ့်မယ်။

သူတို့က ဒီဂက်ပါ အစီအရင်က တုံ့ပြန်ပြီးတော့ သူတို့ကို တစ်ခါတည်း သတ်ပစ်လိုက်မှာကို ကြောက်ရွံ့တဲ့ အတွက်ကြောင့် ဖြည်းညှင်းစွာနဲ့ နောက်ဆုတ်လာခဲ့ ကြပါတယ်။

ကံကောင်းတာက အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေကို သတ်ပစ်နိုင်ပြီး သူတို့လို လူတွေကိုတော့ လုံးဝကို ဂရုမစိုက်တဲ့ ပုံစံမျိုးပါပဲ။ ဂက်ပါ အစီအရင်က တန့်နေပြီးတော့ ဘာလှုပ်ရှားမှု တုံ့ပြန်မှုမှ မရှိပါဘူး။ သူတို့က ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်းထိ

မသွားတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်က သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင် တစ်ခုပါပဲ။ ပြီးတော့ ၎င်းရဲ့ပိုက်ကွန်က ကြီးမားတာကြောင့် ငါးသေးသေးလေးတွေ ပျောက်သွားနိုင်ပါတယ်။

သူတို့က ဂင်္ကပါ အစီအရင်ထဲကနေ နောက်ဆုတ်ပြီး ထွက်လာခဲ့ကြပါတယ်။ ပြီးတော့ သူတို့အရှေ့မှာ ရတနာတစ်သန်းမြို့ ပေါ်လာခဲ့ပါတယ်။ အမှန်တယ်တော့ ဒါက သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင် တစ်ခုလုံးရဲ့ အချက်အချာ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် ရတနာ စံအိမ်ကလည်း ၎င်းကို ခုခံကာကွယ်ဖို့ အစီအရင် တစ်ခုကို အသက်သွင်းထားပြီး ဒါက အရမ်းကို လုံခြုံတဲ့ နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

"ဟန်လင်း"

သူတို့အရှေ့မှာ ခန့်ညားပြီး လွှမ်းမိုးနိုင်တဲ့ ပုံရိပ်တစ်ခု ပေါ်လာခဲ့ပါတယ်။

ရှွမ်ယွမ်ဇီကွမ်း။

သူက လင်းဟန်ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ

ပြည့်နှက်နေတဲ့ အကြည့်နဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒါက စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ အရှေ့မှာ မဟုတ်ပါဘူး။ ပြီးတော့ ရတနာတစ်သန်းမြို့ရဲ့ အပြင်မှာတောင် ဖြစ်ပါတယ်။ ဘယ်သူကမှ ဒီနေရာမှာ လူသတ်တာကနေ သူ့ကို တားဆီးနိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူရဲ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေ မြို့ထဲကို အရင်ပြန်သွားနှင့်ကြ။ ငါဒီကောင်နဲ့ ရင်ဆိုင်လိုက်မယ်"

"သတိထားဦးနော်"

ကျူးရှွမ်အာက ကြင်ကြင်နာနာနဲ့ သတိပေးလိုက်ပါတယ်။

"သူ့ကို ရိုက်ထုတ်ပစ်လိုက်"

ဟူးညိုက သူမရဲ့ လက်သီးသေးသေးလေးတွေကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"သူ့ကိုရိုက်ပစ်"

ပော့လျန်ချင်ရှယ်က အခုဆိုရင် ဟူးညို့ဆီကနေ သင်ယူလေ့လာနေပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ လှိုင်ယုထန်နဲ့ လီစီရှန်းတို့ရဲ့ အယူအဆအသစ်တွေ ခေါင်းထဲကို ရိုက်ထည့်ပေး လိုက်တဲ့ နောက်မှာတော့ ကျူးရှမ်အာကို မယုံကြည်ဖြစ်နေတယ်ဆိုတာ သိသာထင်ရှားပြီး ဟူးညို့ရဲ့ အမူအရာကိုပဲ တုပပြီးတော့ လိုက်လုပ်နေတာ ဖြစ်ပါတယ်။

သူမတို့ သုံးယောက် မြို့ထဲကို ပြန်ဝင်သွားပြီးတဲ့ နောက်မှာတော့ လင်းဟန်က ရှမ်ယွမ်ဇီကွမ်းနဲ့ မျက်နှာချင်းဆိုင်လိုက်ပါတယ်။

လင်းဟန်က ပေါ့ပေါ့လေး မနေပုံပါဘူး။ အဆင့်တူထဲမှာ တိုက်ခိုက်ရမယ်ဆိုရင် ဘယ်သူ့ကိုမှ မရှုံးဘူးလို့ သူ့မှာယုံကြည်ချက် ရှိပါတယ်။ ဒါပေမဲ့လည်း ရှမ်ယွမ်ဇီကွမ်းက သူ့ထက်အဆင့် ပိုမြင့်တဲ့အပြင် ထိပ်တန်းအဆင့် တိုက်ပွဲစွမ်းရည်လည်း ရှိပါတယ်။ အမှန်ဆိုရင် လင်းဟန်ကတောင် အသာစီးလုံးဝ မရှိပါဘူး။

ရှမ်ယွမ်ဇီကွမ်းက အပိုစကားတွေ ဆိုမနေတော့ပဲ အဝေးကနေ လက်ဝါးတိုက်ကွက် တစ်ချက်ကို

ထုတ်ဖော်လိုက်ပါတယ်။ ဟုမ်း။ မီးပင်လယ် တစ်ခုက ပျံ့နှံ့လာပြီး လင်းဟာန်ဆီကို ပြင်းပြင်းထန်ထန် တိုးဝှေ့ဝင်လာခဲ့ပါတယ်။

လင်းဟာန်က မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး သူ့ရဲ့ပြိုင်ဘက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ သူနဲ့ သူ့ပြိုင်ဘက်ရဲ့ အကြားမှာ အဆင့်ကွာဟချက်က အရမ်းကို ကြီးမားပြီး တစ်ယောက်နဲ့တစ်ယောက် ဝေးဝေးကနေ တိုက်ခိုက်မယ်ဆိုရင် အရမ်းကို တုံးအလွန်းရာ ရောက်သွားပါလိမ့်မယ်။ တိုက်ပွဲမှာ ကိုယ်အားသန်ရာ အနေအထားကနေ တိုက်ခိုက်သင့်ပါတယ်။

"ဟင့် အိပ်မက်မက်နေတယ်"

ရွှမ်ယွမ်ဇီကွမ်းက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူလည်းပဲ လှုပ်ရှားမှု ပညာတစ်ခုကို ထုတ်သုံးပြီး သူတို့နှစ်ယောက် အကြားက အကွာအဝေးကို ဆန့်ထုတ်ပြီး အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေကို ဆက်လက်ထုတ်ဖော်ပြီးတော့ လက်ဦးမှုရယူကာ တိုက်ခိုက်လိုက်ပါတယ်။

သူ့ရဲ့ သိုင်းပညာပါရမီက လင်းဟာန်အောက် လုံးဝကို မနိမ့်ကျပါဘူး။ ပြီးတော့ သာတောင်မှ သာနေပါတယ်။

အနည်းဆုံး ချီအလင်း နှစ်ဆယ့်နှစ်ခုကို ထုတ်ဖော်နိုင်ပြီး လက်ရှိလူငယ် မျိုးဆက်မှာ နံပါတ်တစ် ဖြစ်ပြီးတော့ ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ်ချီရဲ့ တိုးချဲ့ပေးမှုနဲ့ လင်းဟန်ကို ချီအလင်းနှစ်ဆယ့်သုံးခုက အတူတကွ ပူးပေါင်းတိုက်ခိုက် နေသလို တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က အေးအေးဆေးဆေးနဲ့ တုံ့ပြန်လိုက်ပါတယ်။ သူ့မှာလည်း နတ်ဆိုးရှင်သန်ခြား၊ မိုးကြိုးလျှပ်စီးချပ်ဂိတ်နဲ့ သံမဏိခန္ဓာကိုယ်လို ပုက်ဖဲတွေ အများကြီး ရှိပြီးတော့ တိုက်ပွဲကို ပြောင်းပြန်လှန်ပစ်နိုင်တယ် မဟုတ်လား။ သူကလည်း အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အနီးကပ် မတိုက်ခိုက်ရဲမှတော့ ဒါကို မြည်းစမ်းကြည့်လိုက်"

လင်းဟန်ရဲ့ ပုံရိပ်က အနောက်ကို ဆက်တိုက်ဆုတ်ခွာပြီး ချက်ချင်းဆိုသလို ရွှမ်ယွမ်ဇီကွမ်းနဲ့ ဆယ်မီတာ အကွာအဝေးကို ဆုတ်ခွာလိုက်ပါတယ်။

အစောပိုင်းတုန်းက သူက သူတို့အကြားက အကွာအဝေးကို

နီးကပ်ဖို့ ကြိုးစားအားထုတ် ခဲ့ပါတယ်။ ဒါကြောင့် အခုလိုမျိုး ရုတ်တရက် ဆုတ်ခွာသွားတာက ရွှမ်ယွမ်ဇီကွမ်းအနေနဲ့ သူ့ကိုတားဆီးဖို့ မလုပ်လိုက်နိုင်ပဲ ချက်ချင်းကို တန်ပြန်တိုက်စစ် ဆင်တော့မယ်လို့ ထင်ပြီးတော့ ဒါကထောင်ချောက် တစ်ခုလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ရွှမ်ယွမ်ဇီကွမ်းက လင်းဟာန် နောက်ဘက်ကို ခုန်ဆုတ်တဲ့ အခါမှာ သူကအရှေ့ကို တိုးလာခဲ့ပါတယ်။

"ဟင့် ငါ့ရဲ့ကျင့်ကြံခြင်းအဆင့်က မင်းထက်ပိုပြီးတော့ မြင့်သလို ငါ့ရဲ့မူလစွမ်းအင်က ပိုပြီးတော့ သိပ်သည်းကျစ်လစ်တယ်။ အကွာအဝေးကို ဆန့်ထုတ်ချင်တာလား။ မင်းက ပြိုင်ဘက် တစ်ယောက်တောင် မဟုတ်ဘူး"

ရွှမ်ယွမ်ဇီကွမ်းက ဟိတ်ကြီးဟန်ပန်နဲ့ ပြောလိုက်ပြီး လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော် လိုက်တာနဲ့ မီးကျား နစ်ဆယ့်သုံးကောင်က ထွက်ပေါ်လာပြီး လင်းဟာန်ဆီကို ခုန်အုပ် လိုက်ပါတယ်။

ဒါက ဆယ်မီတာ အကွာအဝေးပဲ ဖြစ်ပါတယ်။ မူလစွမ်းအင်တွေ အတွက်ကတော့ ဒီလိုမျိုး အကွာအဝေး နည်းနည်းလေးမှာ ကုန်ခမ်းသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကိုယ်မင်း အရမ်းကို အထင်ကြီးနေတာပဲ"

လင်းဟန်က လေးတစ်ချောင်းကို ဆွဲလိုက်သလို ဟန်ပန်အမူအရာ တစ်ခု လုပ်လိုက်ပြီး ချက်ချင်းဆိုသလို အလင်းရောင် တစ်ခုပေါ်လာပြီးတော့ မြားတစ်စင်းရဲ့ ပုံစံအဖြစ်ကို ပြောင်းလဲ သွားခဲ့ပါတယ်။ ရှူပ်။ လင်းဟန်က အဲဒီမြားကို ရှမ်ယွမ်ဇီကွမ်းဆီကို ပစ်လွှတ်လိုက်ပါတယ်။

ကြယ်စင်နဂါး အမြစ်ပြတ် သုတ်သင်ခြင်းမြား။

အလင်းတန်းလို လျင်မြန်လွန်းပါတယ်။

ရှမ်ယွမ်ဇီကွမ်းက အံ့အားသင့် သွားပြီးတော့ မြန်မြန်ဆန်ဆန်နဲ့ မူလစွမ်းအင်ကို ဆင့်ခေါ်ပြီး အကာအကွယ်တစ်ခု လုပ်လိုက်ပါတယ်။ မြားက သူ့ရဲ့ရင်ဘတ်ဆီကို ပစ်လွှတ်လိုက်တာ ဖြစ်ပေမဲ့ မူလစွမ်းအင်ဒိုင်းအကာက အချိန်ကိုက် ပေါ်လာပြီး မြားကို တားဆီးလိုက်ပါတယ်။ ဒါတောင်မှ

သူ့ကိုညည်းတွားစေပါတယ်။ ပါးစပ်အပြည့်သွေးတစ်လုတ် အန်ထုတ်လုနီးပါး သူ့ကို နာကျင်စေ ခဲ့ပါတယ်။

စွမ်းအားနဲ့ ပတ်သက်ရင် သူက လင်းဟန်ထက် သိသိသာသာကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ လင်းဟန်က နေရာတစ်ခုတည်းကိုပဲ စွမ်းအင်တွေ အာရုံစိုက်ထားပြီး သူကတော့ ခန္ဓာကိုယ် တစ်ခုလုံးကို ကာကွယ်ထားရပါတယ်။ ဒါက လုံးဝကို နှိုင်းယှဉ်လို့ မရပါဘူး။

ဘယ်လိုမှ မကယ်နိုင်ပါဘူး။ မြားက အရမ်းကို လျင်မြန်ပြီး သူ့ရဲ့ဘယ်အစိတ်အပိုင်းကို ဦးတည်လာတယ် ဆိုတာကို သူမသိရပဲနဲ့ နေရာအနှံ့ကို ကာကွယ်ဖို့ ဖိအားပေးခဲ့ပါတယ်။

လင်းဟန်က လွယ်လွယ်ကူကူနဲ့ နောက်ဆုတ်လိုက်ပြီး မီးကျား နှစ်ဆယ့်သုံးကောင်ကနေ လွတ်မြောက်သွားပြီး ပြောလိုက်ပါတယ်။

"မင်းကတကယ်တော့ ဘာမှလည်း မဟုတ်ပါဘူး"

ရွှမ်ယွမ်ဇီကွမ်းရဲ့ မျက်နာက အရမ်းကို သုန်မှုန်သွားခဲ့ပါတယ်။ အဆင့်ပဲဖြစ်ဖြစ် တိုက်ပွဲစွမ်းရည်ပဲ ဖြစ်ဖြစ် သူ့အနေနဲ့ လင်းဟန်ထက် သာလွန်ပါတယ်။ ဒါကို

သူကအနည်းငယ် ထိနိုက်မိပြီး သူရဲ့ မိမိကိုယ်ကိုယ် တန်ဖိုးထားမှုက ပျက်စီးသွားခဲ့ပါတယ်။

သူ့လိုမျိုး နတ်ဘုရားနဲ့တူတဲ့ ယောကျ်ားတစ်ယောက်။ သူကအမြဲတမ်းလိုလို အဆင့်နိမ့်ထဲမှာ တခြားပါရမီရှင်တွေကို ရင်ဆိုင်ပြီးတော့ အနိုင်ရယူခဲ့တဲ့ နံပါတ်တစ်လူတစ်ယောက် ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ အဆင့်နိမ့်အဆင့်က တစ်စုံတစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတာလဲ။

သူက ဒေါသထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ခေါင်းအထက်မှာ မီးတောက်တစ်ခု မြင့်တက်လာပြီး နဂါးတစ်ကောင်၊ ဖီးနစ်ငှက်တစ်ကောင်နဲ့ တခြား ထူးခြားဆန်းကျယ်တဲ့ ရှေးဟောင်းသားရဲကောင် အဖြစ်ကို ပြောင်းလဲသွားပြီး သူရဲ့အရမ်းကို တုနိုင်းမဲ့လှတဲ့ သွေးမျိုးဆက်ကို ဖော်ပြနေပါတယ်။

"မင်းသေချာပေါက် သေရလိမ့်မယ်"

သူက အေးစက်စွာနဲ့ ကြေညာလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ့်ကို လေကြွားတဲ့ နေရာမှာ တော်တာပဲ။ ဘယ်လိုမျိုး ကြွားပြောရမလဲ ဆိုတာကို သိတာပဲ"

ဟုမ်း။

အဲဒီအချိန်မှာ အနက်ရောင် မြူတွေက ပန်းထွက်လာပြီး သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေ ဖုံးထားတဲ့ ဓားတွေနဲ့ ပုဆိန်တွေကို ပိုးတိုးဂါးတားနဲ့ မြင်တွေ့နိုင်ပြီး အေးစက်စက် အငွေ့အသက်တွေက ပျံ့နှံ့လို့ နေပါတယ်။

လင်းဟာန်ရဲ့ အမူအရာက ပြောင်းလဲသွားပြီး မြို့ဆီကို ချက်ချင်းပဲ ပြေးသွားလိုက်ပါတယ်။

ရှမ်ယွမ်ဇီကွမ်းက ဒေါသထွက်လို့ နေပါတယ်။ သူရဲ့စွမ်းအင်ကို ထုတ်ဖော်တော့မှာကို မြင်ပြီးတော့ ဒီကောင်စုတ်က တိုက်ပွဲကို စွန့်ခွာပြီးတော့ ထွက်ပြေးသွားတာလား။ သူက ကျိန်ဆဲလိုက်ပေမဲ့ အနက်ရောင်မြူခိုး အထဲက ပြောင်းလဲမှုတွေကို သူလည်းမြင်တွေ့လိုက်ရပြီး ချက်ချင်းဆိုသလို ကျောရိုးထဲစိမ့်တဲ့ ခံစားမှုတစ်ခုကို ရရှိလိုက်ပါတယ်။ သူရဲ့ကအစွမ်းတွေကို ခြေထောက်နှစ်ဖက်မှာ ထည့်ပြီးတော့

မြို့ရဲ့အဝင်ဂိတ်ဆီကို ပြေးသွားလိုက်ပါတယ်။

အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်က အသက်ဝင်လာခဲ့ပါပြီ။

Chapter 557 end

အပိုင်း(၅၅၈) အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်

သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်က အသက်ဝင်လာခဲ့ပြီး သာမန်ထက် လွန်ကဲထူးခြားတဲ့ ပုံရိပ်တွေ မြင့်တက်လာပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အန္တရာယ်ကြီး တစ်ခု ဖြစ်ပေါ်လာပါတယ်။

လင်းဟန်က မြို့ကို ပြန်ရောက်တဲ့ အခါမှာ သူက ရွှမ်ယွမ်ဇီကွမ်းကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းကင်ငေါ့အနောက်ကို လိုက်လာတာလဲ။ လာလာလာ။ ငါတို့ အချီသုံးရာလောက် တိုက်ခိုက်ကြရအောင်"

သူက တိုက်ခိုက်ဖို့လို့ ယူဆပြီးတော့ အဆင်သင့် ပြင်ထားလိုက်ပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက ဒေါသထွက်ပြီး သေမလို့တောင် ဖြစ်သွားပါတယ်။

မြို့ရဲ့အဝင်ဂိတ်မှာလည်း မင်းကစောင့်နေသေးတယ်။ ပြီးတော့ အချိုဝ၀ တိုက်ခိုက်မယ်လို့ ပြောသေးတယ်။ ဒီလိုမျိုး အပေါ်စားလူလည်း ရှိနိုင်သေးတာပဲလား။ အချိုဝ၀ မပြောနဲ့ တကယ်လို့ သူက နည်းနည်းလေးလောက် ရပ်လိုက်မယ် ဆိုရင်တောင်မှ သတ်ဖြတ်ခြင်း ဂင်္ဂါ အစီအရင်က သတ်ပစ်တာကို ခံလိုက်ရပါလိမ့်မယ်။

"နောက်ကျမှ မင်းဆီကနေ ဒီအကြွေးကိုပါ စုပြီးတော့ လာယူတော့မယ်"

သူက လေးလေးနက်နက် အသံနဲ့ ပြောလိုက်ပြီး မြို့ရဲ့ဂိတ်ဆီကို မြားတစ်စင်းလိုမျိုး တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်ပါတယ်။

လင်းဟန်က အစတုန်းက သူ့ကို ညစ်ပတ်မလို့ ကြံလိုက်ပါသေးတယ်။ ဒါပေမဲ့ အထင်ကြီးစရာ ကောင်းပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စိတ်ပိုင်းဆိုင်ရာ ဂိညာဉ်တွေ တော်တော်များများကို

ခံစားလိုက်ရပြီး ဒီအကြံကို စွန့်လွှတ်လိုက်ပါတယ်။ စစ်မှန်တဲ့ လက်ရွေးစင်တွေ လာနေပါပြီ။ ဒီနေရာမှာ ငတုံးတစ်ယောက်လို ထိုင်နေလို့ မဖြစ်ပါဘူး။ ရှမ်ယွမ်ဇီကွမ်းလို လိမ္မာပါးနပ်ဖို့ လိုပါတယ်။

ဘယ်လောက်တောင် ကံမကောင်းလိုက်တာလဲ။ သူ့အနေနဲ့ တစ်ဖက်လူကို ပိုပြီးတော့ ခံရအောင် လုပ်ချင်နေပါသေးတယ်။

ပုန်း။

ရတနာ တစ်သန်းမြို့ရဲ့ ခမ်းနားကြီးကျယ်တဲ့ ဂဏ်ပါ အစီအရင်ကလည်း လုံးဂကို အသက်ဝင်လာခဲ့ပြီး မြို့ရဲ့ကောင်းကင်တစ်ခုလုံးကို ကြက်ဥအခွံတစ်ခုလိုမျိုး အဖြူရောင် အလင်းတန်း တစ်ခုက ဖုံးအုပ်လိုက်ပါတယ်။ အမှန်တကယ်တော့ မြေအောက်မှာလဲ နောက်ထပ် ကြက်ဥအခွံတစ်ဂက်လည်း ကာကွယ်လိုက်ပြီး ရှေးဟောင်းမြို့က နည်းနည်းလေးမှ ဟာကွက် မရှိအောင် ဘက်ပေါင်းစုံအားလုံးကို ကာကွယ်ထားပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ ငွေဆိုတာက မနည်းပါဘူး။ ဒီကာကွယ်ရေး ဂဏ်ပါ အစီအရင်က ပထမတန်းစားဖြစ်ပြီး

မူလစွမ်းအင် ပုံဆောင်ခဲတွေ ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် လောင်ကျွမ်းသွားလိမ့်မလဲ ဆိုတာကို စဉ်းစားကြည့်လို့တောင် မရဲပါဘူး။

ပုန်း။

မီတာတစ်ရာခန့် ရှည်လျားတဲ့ ဓားနက်ကြီးတွေက သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် အတွင်းမှာ ဖြစ်ပေါ်လာပြီး အံ့အားသင့်စရာကောင်းတဲ့ အေးစက်စက် အငွေ့အသက်တွေ ထုတ်လွှတ်လို့ နေပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေ တော်တော်များများက မြို့ရဲ့ထိပ်မှာ ရှိတယ်ဆိုပေမဲ့ သူတို့အားလုံးတောင်မှ အဲဒီဓားနက်ကြီးတွေနဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အခါမှာ ကျောချမ်းတဲ့ ခံစားမှုတစ်ခုကို ခံစားလိုက်ကြရပါတယ်။

ဒါကို တားဆီးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

ဒီဓားနက်ကြီးတွေက စိတ်ဝိညာဉ် ပစ္စည်းတွေကို အသက်သွင်းတာနဲ့ လုံးဝကို တူညီပြီး ကောင်းကင်အဆင့် လက်ရွေးစင်တွေကို တကယ်လို့ သူတို့အနား ကပ်လိုက်တာနဲ့ သေချာပေါက် တစ်ချက်တည်းနဲ့

သတ်ပစ်နိုင်ပါလိမ့်မယ်။

ဓားနက်ကြီးက ခုတ်ပိုင်းလာခဲ့ပြီ။ ကံကောင်းတာက မြို့ရဲ့ ခမ်းနားကြီးကျယ်တဲ့ ဂဏ်ပါ အစီအရင်ကို အသက်သွင်းထားခဲ့ပြီးတာကြောင့် ဒိုင်းကာတစ်ခု အဖြစ်ကို ပြောင်းလဲပြီး ဒီဓားနက်ကြီးကို တားဆီးလိုက်ပါတယ်။ ဟုမ်း။ သွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေက တောက်ပပြီး လိမ်ယှက်လာပြီးတော့ မရေတွက်နိုင်တဲ့ အပိုင်းအစတွေ အဖြစ်ကို ပြောင်းလဲသွားပြီး ကောင်းကင်ပေါ်ကနေ အောက်ဘက်ကို ဟိုတစ်စ ဒီတစ်စနဲ့ ကျိုးတိုးကျဲတဲ ကျဆင်းလာခဲ့ပါတယ်။

ကံကောင်းတာပဲ။ ဒါကို တားဆီးခုခံလိုက် နိုင်ပါတယ်။

လူတိုင်းလူတိုင်း အကြီးအကျယ်ကို အံ့အားသင့် သွားကြပါတယ်။ ဘယ်အင်အားစုက ရတနာ တစ်သန်းမြို့ကို ပစ်မှတ်ထားနေတာလဲ။ စိတ်ဝိညာဉ် ရတနာ စံအိမ် ဒါမှမဟုတ် မော်ဆေးပညာရှင် အဖွဲ့အစည်းတို့ ရှိနေပြီး သူတို့က ဘယ်လောက်တောင် ချမ်းသာကြွယ်ဝနေလဲ ဆိုတာ အရေးမပါသေးပါဘူး။ သူတို့ရဲ့ အဆင့်အတန်းက သာမန်ထက် အများကြီး မြင့်မားပါတယ်။ ဘယ်အင်အားစုကမှ ရန်သူဖြစ်အောင် ဘယ်တော့မှ

မလုပ်ကြပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့က တစ်စုံတစ်ယောက်ကို ဒီလိုမျိုးသတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် တစ်ခုကို အသုံးပြုလာအောင် ဆွဲဆောင်ရမှာလဲ။

"ဒါက အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် ဖြစ်နိုင်တယ် မဟုတ်လား"

ရေးကျတဲ့ လူအိုကြီး တစ်ယောက် အော်ဟစ်လိုက်ပါတယ်။

"အဆင့်လေးသတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် ဟုတ်လား"

လူအများစုက ကြောင်အသွားကြပါတယ်။

"သတ်ဖြတ်ခြင်း အစီအရင်တွေကို ဒီကမ္ဘာကြီးကြောင့် သဘာဝအတိုင်း ဖြစ်ပေါ်လာခဲ့တာပဲ။ စုစုပေါင်း အစီအရင် ဆယ်ခုရှိတယ်။ အဆင့်တွေက တစ်ခုပြီး တစ်ခု ဆိုပေမဲ့ သူတို့ရဲ့ စွမ်းအားတွေက သိပ်ပြီး မကွာခြားလှဘူး။ ပြီးတော့ ဒဏ္ဍာရီတွေ အရတော့ သူတို့က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကိုတောင် သတ်ပစ်နိုင်တယ်တဲ့။ ပထမ သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်ကတော့ ကမ္ဘာကြီးရဲ့ နံပါတ်တစ်နေရာကနေ ဘယ်လိုမှ ချိုးဖျက်လို့ မရနိုင်တဲ့ အစီအရင်တစ်ခု ဖြစ်ပြီးတော့

နတ်ဘုရားတွေကိုတောင် သတ်ပစ်နိုင်တယ်လို့ ဆိုကြတယ်”

ရှေးကျတဲ့ အဘိုးကြီးက ရှင်းပြလိုက်ပါတယ်။

“ဘယ်လို”

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လူတိုင်းလူတိုင်းရဲ့ အမူအရာတွေက ပြောင်းလဲသွား ကြပါတယ်။

ဘာများတတ်နိုင်မှာလဲ။ အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က မြို့ကို ပိုင်းရုံထားပါတယ်။ ရတနာတစ်သန်းမြို့ရဲ့ ခုခံကာကွယ်ရေး ဂဏ်ပါ အစီအရင်က ဒါကို ဖက်ပြိုင်နိုင်မှာလား။ နောက်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်ကိုတောင် သတ်ပစ်နိုင်တယ်။ မြို့ရဲ့ခုခံကာကွယ်မှု ကျိုးပျက်သွားတာနဲ့ သူတို့အားလုံး ဘာမှမတတ်နိုင်ပဲ သေသွားကြပါလိမ့်မယ်။

ဘယ်သူကများ စိတ်ဖောက်ပြန်ပြီးတော့ မရှူးပဲ နေမှာလဲ။

လင်းဟာန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ အဆက်မပြတ် စူးစမ်းလေ့လာပြီး နှိုင်းယှဉ်ပြီးတော့ ပြောလိုက်ပါတယ်။

"အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က မပြည့်စုံဘူး။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက်က အဲဒါကို ချိုးဖျက်ပစ်နိုင်တယ်"

"ကောင်လေး မင်းဘာနားလည်လို့လဲ"

"မင်းကဘယ်သူမိုလို့လဲ"

"လူကြီးတွေ စကားပြောနေတာကို ကလေးတွေ ဝင်မရှုပ်နဲ့"

သူပြောလိုက်တာနဲ့ ချက်ချင်းဆိုသလိုပဲ လူတွေအများကြီးရဲ့ အထင်သေးမှုတွေနဲ့ ပြစ်တင်ကြိမ်းမောင်းခြင်းကို ခံလိုက်ရပါတယ်။ ဒီလူတွေက သူတို့ရဲ့ အတွေ့အကြုံတွေကို စိတ်ချပြီး အခုလိုမျိုး အခြေအနေ တစ်ခုမှာတောင်မှ သူတို့ရဲ့ အဆင့်အတန်းတွေကို ကြွားလုံးထုတ် နေကြပါသေးတယ်။ ဒါပေမဲ့လည်း စိတ်သဘောထား မသေးသိမ်တဲ့ လူတွေလည်း ရှိနေကြပြီးတော့ ရှင်လန်းတက်ကြွတဲ့ အမူအရာတစ်စွန်းတစ်စ ဖြစ်ပေါ်လာခဲ့ပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အကြီးအကဲ တစ်ယောက်က စောင့်ကြည့်လျက်ရှိတယ်လို့

ကောလာဟလ သတင်းတွေ ရှိနေခဲ့ပါတယ်။ တကယ်လို့ သူသာ ဂင်ရောက်လာမယ်ဆိုရင် ဒီဂဏ်ပါ အစီအရင်ကို ချိုးဖျက်ပစ်နိုင်လိမ့်မယ် မဟုတ်လား။

"ဒီသူငယ်လေးရဲ့ စကားသာမှန်မယ်ဆိုရင် အဲဒီအဘိုးကြီးက ထွက်လာရလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မြို့ရဲ့ ကာကွယ်ရေး ဂဏ်ပါ အစီအရင်က အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို တားဆီးနိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လောက်ဘူး"

ဒါက သဘာဂက ဖြစ်ပေါ်လာတဲ့ သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင် ဖြစ်ပြီးတော့ အတော်လေးကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ တခြားသတ်ဖြတ်ခြင်း ဂဏ်ပါအစီအရင် ရှစ်ခုကပဲ ၎င်းကို ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ ပထမအဆင့်သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင် အတွက်ကတော့ ၎င်းက နတ်ဘုရားတွေကိုတောင် သတ်ပစ်နိုင်တာကြောင့် တကယ်လို့ တခြားသတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင် ကိုးခုကို ပေါင်းလိုက်မယ် ဆိုရင်တောင် အတော်လေးကို အလှမ်းကွာဝေးနေဆဲပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က ဒီလိုပြောတယ် ဆိုပေမဲ့ ဘယ်သူကမှ မယုံကြည်ဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒီစကားတွေက လုံးဂကို ခေါင်းထဲထည့်ပြီးတော့ စဉ်းစားနေစရာ မလိုပါဘူး။ ဒါပေမဲ့လည်း ရှေးကျတဲ့ အဘိုးကြီးက အတည်ပြုလိုက်တဲ့အခါမှာ လူတွေက ဒီစကားကို ပိုပိုပြီးတော့ ယုံကြည်လာပြီး သူတို့ရဲ့ ယုံကြည်မှုတွေကလည်း အကြီးအကျယ်ကို တိုးလာခဲ့ကြပါတယ်။

"ကျေးဇူးပြုပြီးတော့ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ စီနီယာကို ဂင်ရောက်စွက်ဖက်ပြီးတော့ ဒီသတ်ဖြတ်ခြင်း အစီအရင်ကို ချိုးဖျက်ပေးဖို့ တောင်းဆိုရအောင်"

"အဲဒါဟုတ်တယ်။ ဒီထိပ်တန်း အဆင့်လွန် လူကြီးကပဲ ဒါကို လုပ်နိုင်လိမ့်မယ်"

လူတိုင်းလူတိုင်း တစ်ယောက်ပြီး တစ်ယောက် ပြောလိုက်ကြပါတယ်။ သူတို့က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို လှုပ်ရှားဖို့အတွက် တောင်းဆိုနိုင်စွမ်း မရှိကြပေမဲ့ သူတို့ရဲ့ အသက်တွေက ပါဂင်ပတ်သက်နေပါတယ်။ ဒါကြောင့် သူတို့က သတ္တိမွေးပြီး လူစုနိုင်ရုံ တစ်ခုပဲ တတ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ခေါင်းတွေက ပြတ်ထွက်ပြီး လမ်းမပေါ်မှာ လဲလျောင်းနေကြရပါလိမ့်မယ်။

ပုံရိပ်တစ်ခုက လျှပ်ပြက်သလို လှုပ်ရှားသွားပြီး ၎င်းက အံ့အားသင့်စရာ ကောင်းလောက်အောင် ဂုတုတ်နေတဲ့ ရင်ရှုရန်ပဲ ဖြစ်ပါတယ်။ သူက မြို့ရဲ့အပြင်ဘက်ကို ကြည့်လိုက်တဲ့ အခါမှာ နောက်ထပ် အနက်ရောင် လုံတစ်ချောင်း ဖြစ်ပေါ်လာပြီး ဒုတိယအကြိမ် တိုက်ခိုက်မှုက ဆင်းသက်လာခဲ့ပါတယ်။ သူက မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"စံအိမ်အရှင်သခင် တော်တော်များများက တခြားနေရာတွေကို လည်ပတ်ဖို့အတွက် ရတနာတစ်သန်း မြို့ကနေ ထွက်သွားကြပြီ"

"စံအိမ်အရှင်သခင် အကြီးအကဲလည်း ထွက်သွားပြီလား"

အားလုံးက အော်ဟစ်လိုက် ကြပါတယ်။

"သူလည်း ထွက်သွားပြီ"

ရင်ရှုရန်က သက်ပြင်းချလိုက်ပါတယ်။

"အခု ဒီစံအိမ်မှာ ငါတစ်ယောက်ပဲ ကျန်ပြီးတော့ စံအိမ်အရှင်

သခင်တစ်ယောက်ပဲ စောင့်ကြည့်နေတာ”

အားလုံးက စိတ်ပျက်လက်ပျက် ဖြစ်သွားကြပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေက အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်ကို မချိုးဖျက်နိုင်ကြပါဘူး။ တကယ်လို့ ဒါက မပြည့်စုံတဲ့ ဂင်္ကပါ အစီအရင် တစ်ခုဆိုရင်တောင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

“အဲဒီစီနီယာတွေ ပြန်မလာမချင်း ဒီအကာအကွယ် ဂင်္ကပါ အစီအရင်က မြို့ကို ကောင်းကောင်းမွန်မွန်နဲ့ ကာကွယ်နိုင်ဖို့ကိုပဲ ဆုတောင်းကြတာပေါ့”

လူတိုင်းလူတိုင်းက မျှော်လင့်နေကြပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သိချင်စိတ် ပြင်းပြနေပါတယ်။ ဒီစိတ်ဂိညာဉ် ရတနာ စံအိမ်က စံအိမ်အရှင်သခင်တွေက တကယ်ပဲ မြို့ကနေ ထွက်သွားကြပြီလား။ နောက်ပြီးတော့ တစ်ချိန်တည်းမှာပဲ ထွက်သွားကြတာလား။ စံအိမ်အရှင်သခင် ရှစ်ယောက်လုံး အတူတကွ လုပ်ရှားကြတယ်ဆိုတော့ ထူးခြားတဲ့ ရှေးဟောင်းနယ်မြေ တစ်ခုကို ရှာတွေ့သွားလို့များ ဖြစ်နိုင်မလား။

ရင်ရှုရန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"စံအိမ်အရှင်သခင် ရှစ်ယောက်က အချိန်တိုတိုလေး အတွင်းမှာ ပြန်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ တစ်နှစ်ကနေ နှစ်နှစ်တောင်မှ ပြန်လာဖို့ ခက်ခဲနိုင်တယ်"

ဘယ်လို ဘာလို့ ဒီလောက်တောင် ကြာရတာလဲ။

လူတိုင်းရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းလဲသွားခဲ့ပါတယ်။ တစ်နှစ်ကနေ နှစ်နှစ် ဟုတ်လား။ ဒီမဟာခုခံမှု ဂျက်ပါ အစီအရင်ကြီးက တစ်နှစ်ကနေ နှစ်နှစ်လောက် ထိန်းသိမ်းထားနိုင်မှာလား။

"ရတနာ တစ်သန်းမြို့က အလယ်ပိုင်းဒေသရဲ့ အရေးပါတဲ့ ကုန်းမြေတစ်ခု ဖြစ်တယ်။ အချိန်အကြာကြီး အဆက်အသွယ်တွေ ပြတ်တောက်နေမယ်ဆိုရင် လူတွေက သေချာပေါက် တစ်ခုခု မှားယွင်းနေပြီဆိုတာကို သတိပြုမိပြီးတော့ အပြေးအလွှားရောက်လာကြပြီး ဘာတွေဖြစ်နေလဲ ဆိုတာကို တိတိကျကျ မြင်သွားကြလိမ့်မယ်"

လူတစ်ယောက်က မျှော်လင့်ချက 'အပြည့်နဲ့

ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ငါတို့တွေက တကယ်ပဲ အဲဒီအချိန်ထိ တောင့်ခံနိုင်မှာလား"

တစ်ယောက်ယောက်က အားရစရာ မရှိတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

ပုန်း ပုန်း ပုန်း။

အဆင့်လေး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်က ရတနာ တစ်သန်းမြို့ကို အဆက်မပြတ် တိုက်ခိုက်နေပါတယ်။ မြို့ရဲ့ခုခံကာကွယ်မှု ဂျက်ပါ အစီအရင်က ဒိုင်းတစ်ခု ဖြစ်ပေါ်လာပြီး ၎င်းကို ခုခံကာကွယ်လိုက်ပါတယ်။ ဒါပေမဲ့ ၎င်းက အခုလို အရှုံးအမူး အဆက်မပြတ် အချိန်ကြာမြင့်စွာ တိုက်ခိုက်နေမှုကို ရပ်တည်နိုင်စွမ်း မရှိပါဘူး။ မကြာခင်မှာပဲ ၎င်းရဲ့အကာအကွယ် အပေါ်မှာ အက်ရာတွေ ဖြစ်ပေါ်လာပြီး ဘန်းဆိုပြီးတော့ ပျက်စီးသွားခဲ့ပါတယ်။

မြို့ရဲ့ ခုခံကာကွယ်မှု ဂျက်ပါ အစီအရင်က ဒုတိယ ဒိုင်းတစ်ခုကို ဖြစ်ပေါ်လာစေပြီး အဆင့်လေး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်ရဲ့ အဆက်မပြတ် တိုက်ခိုက်မှုကို

ဆက်ပြီးတော့ တောင့်ခံလိုက် ပါတယ်။ သိပ်မကြာခင်မှာ ခုခံကာကွယ်မှု စွမ်းအားက ဖျက်ဆီးခြင်း စွမ်းအားကို လုံးဂကို မီသွားပြီး ညီမျှသွားပြီးတော့ မြို့ရဲ့ ခုခံကာကွယ်မှုက လုံးဂကို မပျက်စီးတော့ပါဘူး။

ပြဿနာရှိတာက မြို့ရဲ့ခုခံကာကွယ်မှု ဂက်ပါ အစီအရင်က မူလစွမ်းအင် ပံ့ဆောင်ခဲတွေနဲ့ မောင်းနှင်ထားတာ ဖြစ်ပြီးတော့ ဒီလိုမျိုး မြင့်မားတဲ့ သုံးစွဲမှုနဲ့ ဘယ်လောက်ထိ ထိန်းသိမ်းထား နိုင်မှာလဲ။

ရင်ရှုရန်နဲ့ မော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တစ်ယောက်တို့ ခဏကြာမျှ ဆွေးနွေးပြီးတဲ့နောက်မှာ သူတို့က သုံးသပ်ချက်တစ်ခု ချလိုက်ပါတယ်။ ၎င်းကို နှစ်ဂက်အတွက် အာမခံနိုင်ပါတယ်။ တကယ်လို့ တခြားအင်အားစုတွေက သူတို့ရဲ့ မူလစွမ်းအင် ပံ့ဆောင်ခဲတွေကို ထောက်ပံ့ကူညီပေးမယ်ဆိုရင် ပိုပြီးတော့ ကြာကြာခံနိုင်ပါလိမ့်မယ်။

ဒီလိုမျိုး အချိန်မှာတော့ ဘယ်သူကမှ တစ်ကိုယ်ကောင်း မဆန်ပုံကြပါဘူး။ လူတိုင်းလူတိုင်းက သူတို့ရဲ့ မူလစွမ်းအင် ပံ့ဆောင်ခဲတွေကို တစ်ယောက်ပြီးတစ်ယောက် မျှဝေပြီး ဒီခုခံကာကွယ်ရေး ဂက်ပါ အစီအရင်ကြီးက အကူအညီတွေ

ရောက်လာတဲ့အထိ တောင့်ခံနိုင်ဖို့ကို မျှော်လင့်နေကြပါတယ်။

"မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ကျွမ်းကျင်သူတွေ ဘယ်မှာလဲ"

လူတစ်ယောက်က ထမေးလိုက်ပါတယ်။

မှန်ပါတယ်။ မှော်ဆေးပညာရှင်တွေက မှော်ဆေးလုံးတွေကို သန့်စင်ဖော်စပ်တယ် ဆိုပေမဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ဌာနချုပ်က ဒီနေရာမှာ ရှိနေပါတယ်။ ဒါကြောင့် သူတို့က လက်ရွေးစင် တချို့ကို စောင့်ကြည့်ဖို့ ငှားရမ်းထားပြီး အဲဒီထဲမှာ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် ထိပ်တန်းလက်ရွေးစင် တစ်ယောက်တောင် ရှိကောင်းရှိနိုင်ပါတယ်။

"ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်က မြို့ကနေ ထွက်သွားတာ ကြာနေပြီ။ သူတို့နဲ့အတူ ကောင်းအဆင့် နောက်လိုက်တွေလည်း လိုက်သွားတယ်"

မှော်ဆေးပညာရှင် တစ်ယောက်က ပြောလိုက်ပါတယ်။ သူရဲကအဆင့်အတန်းက အတော်လေး မြင့်တယ်လို့

ပြောလို့ရပါတယ်။ သူက မြေကြွမှာအဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။

စိတ်ဂိုညာဥ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက တစ်ချိန်တည်း ထွက်သွားကြပေမဲ့ ရတနာ တစ်သန်းမြို့ကတော့ အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါ အစီအရင်ရဲ့ ပိုင်းရံတိုက်ခိုက်မှုကို ခံစားနေရပါတယ်။ ဒါကို ဘယ်လိုပဲကြည့်ကြည့် တိုက်ဆိုင်မှု တစ်ခုလို့ ဘယ်လိုလုပ်ပြီး မြင်လို့ရနိုင်မှာလဲ။

Chapter 558 end

အပိုင်း(၅၅၉) အကျပ်ရိုက်ခြင်း

"စိတ်ဂိုညာဥ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ပူးပေါင်းလျှို့ဝှက် ကြံစည်ပြီးတော့ ငါ့တို့ကို သတ်ပစ်မလို့ လုပ်နေတာများလား"

လူတစ်ယောက်က သုံးသပ်ပြီးတော့ အော်ဟစ်ပြောလိုက်ပါတယ်။

ရင်ရှုရန်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းလိုမျိုး အမိုက်တစ်စကို သတ်ပစ်ဖို့ သူတို့မှာ ဒီလိုမျိုး မတိုးသာမဆုတ်သာ အခြေအနေကို အသုံးပြုဖို့ လိုအပ်လို့လား။ ဒီအရှင်သခင်က မင်းကို အကြိမ်ပေါင်း တစ်သောင်းလောက် ဖျက်ဆီးပစ်လို့ ရတယ်"

ဒါက အရမ်းကို သွေးထွက်အောင် မှန်ကန်ပြီးတော့ လူတော်တော်များများကို တည်ငြိမ်သွား စေခဲ့ပါတယ်။

အမိက သော့ချက်က စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက အကြောင်းပြချက် မရှိပဲနဲ့ ဒီလိုမျိုး လုပ်စရာ မရှိပါဘူး။

"စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ စံအိမ်အရှင်သခင် ရှစ်ယောက်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်နစ်ယောက်နဲ့အတူ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှေးဟောင်းသမိုင်းဂင် နယ်မြေတစ်ခုကို သွားကြတာများလား"

လင်းဟာန်က ရုတ်တရက် မေးလိုက်ပါတယ်။

ရင်ရှုရန်က လင်းဟာန်ကို နောက်တစ်ကြိမ် ကြည့်ပြီးတော့ အံ့အားသင့်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီလူငယ်လေးက နှစ်ကြိမ်တိုင်တိုင် ဂင်ရောက်စွက်ဖက် ပြောဆိုပြီး သူရဲ့ ဟန်ပန်အမူအရာကို ကြည့်ရတာ ယဉ်ကျေးဖွယ်ရာ မရှိပေမဲ့ သူပြောလိုက်တဲ့ စကားလုံးတိုင်းက ချက်ကောင်းကို တည့်တည့်မတ်မတ်ကို ထိပါတယ်။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်ပဲ။ စိတ်ဂိညာဉ် ရတနာ စံအိမ်က မှော်ဆေးကေရာဇ် လင်းဟန်ရဲ့ ရှေးဟောင်း ဂူသင်္ချိုင်းကို ရှာတွေ့ခဲ့တယ် ဆိုတဲ့သတင်းကို ရရှိခဲ့တယ်။ ပြီးတော့ အဲဒီအထဲက ရတနာတွေက မှော်ဆေးရောဇ် တစ်ဘဝစာလုံး စုစည်းထားတဲ့ ရတနာတွေ ရှိနေတယ်"

လူတိုင်းလူတိုင်း အုတ်အော်သောင်းတင်း ဖြစ်သွားကြပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က လင်းဟန်ဆိုတာ ဒဏ္ဍာရီတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ မှော်ဆေးပညာရပ်မှာ ထူးချွန်ထက်မြက်ရုံမက သိုင်းပညာရပ်မှာလည်း အထွတ်အထိပ်မှာ ရှိပါတယ်။ သူရဲ့ချမ်းသာကြွယ်ဂမှုက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိမ့်မလဲ။

ဒီအကြောင်းကို စဉ်းစားလိုက်တာနဲ့ လူတွေရဲ့ မျက်လုံးထဲမှာ လိုချင်တပ်မက်မှုတွေကြောင့် နီရဲလို့ လာခဲ့ပါတယ်။

အခုဆိုရင် သူ့ရဲ့ရှေးဟောင်းဂူသချိုင်းကို ရှာဖွေတွေ့ရှိခဲ့ပါပြီ။ မင်းအနေနဲ့ ကြားဖူးပြီးတော့ ဖြေရှင်းနိုင်ဦးမှာလား။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ အမူအရာကတော့ ထူးဆန်းသွားပါတယ်။ လပြွတ်ပဲ။ သူရဲ့အရင် ဘဝတုန်းက သူရဲ့အရိုးတွေ အသွေးအသားတွေက အနက်ရောင် မျှော်စင်ကြောင့် ပြာမှုန့်အဖြစ် ပြောင်းသွားခဲ့ပါတယ်။ သူ့ကိုမြုပ်နှံထားတဲ့ ရှေးဟောင်းဂူသချိုင်းတစ်ခုက ဘယ်နေရာမှာမှ မဖြစ်နိုင်ပါဘူး။ ဒါက ရတနာတစ်သန်းမြို့ရဲ့ လက်ရွေးစင်တွေကို အပြင်ကို ထွက်ဖို့ မျှားခေါ်တဲ့ ထောင်ချောက်တစ်ခု ဆိုတာ သိသာထင်ရှားပြီး ဒီအခွင့်ကောင်းကို စောင့်ပြီးတော့ မြို့ကို ပိုင်းရံထားတာ ဖြစ်ပါလိမ့်မယ်။

သူတို့ကို သတ်ဖို့အတွက် ဒီလိုမျိုး လျှို့ဝှက်ပူးပေါင်းကြံစည်မှုကြီး တစ်ခုကို လုပ်ဇာတ်ခင်းတာ ဖြစ်ပြီးတော့ စစ်သားတွေကို အသုံးမဝင်အောင် လုပ်တာလား။ ရင်ရှုရန်နဲ့ တခြားကောင်းကင် အဆင့် လက်ရွေးစင်တွေ ဒီမှာ ရှိနေသေးတယ် ဆိုပေမဲ့ အဆင့်လေး သတ်ဖြတ်ခြင်း ဂိုဏ်းပါ

အစီအရင်ကို ခင်းကျင်းပြီးတော့ ကောင်းကင်အဆင့် စစ်သည်တော် လူနည်းစုကို သတ်ဖြတ်ဖို့ ဆိုတာက လုံးဝကို မထိုက်တန်ပါဘူး။

မဟုတ်ဘူး မဟုတ်ဘူး။ ဒီမှာအကြံအစည် ကြီးကြီးမားမား တစ်ခု ရှိရမယ်။ သူ့အခုတွေးသလိုမျိုး မဖြစ်နိုင်ဘူး။

"ဒါကိုကြည့်မယ်ဆိုရင် ဒါက ကျားရဲတွင်းကနေ ကျားကို ထွက်လာအောင်လို့ မျှားခေါ်တဲ့ အကြံအစည် တစ်ခုပဲ။ မျှော်လင့်ရတာကတော့ စံအိမ်အရှင်သခင်တွေနဲ့ ဂရန်းမာစတာ နှစ်ယောက် အန္တရာယ်ကင်းကင်းနဲ့ ပြန်ရောက်လာဖို့ပဲ"

ရင်ရှုရန်က သက်ပြင်းချလိုက်ပါတယ်။ သူကလည်း ဒါကတိုက်ဆိုင်မှုသက်သက် တစ်ခုမဟုတ်ပဲ သေချာပေါက် ငါးစာတစ်ခု ဖြစ်မယ်ဆိုတာကို သိပုံရပါတယ်။

ရန်သူက အမှောင်ထဲမှာ ပုန်းနေပြီးတော့ ဒီလိုမျိုး အကြံအစည်ကြီး တစ်ခုကို စီစဉ်ရေးဆွဲထား ပါတယ်။ ဒါကြောင့် အချိန်တိုတိုလေး အတွင်းမှာ ကူညီမဲ့သူအင်အားစုတွေက ရောက်လာနိုင် လိမ့်မှာ မဟုတ်ပါဘူး။

"အခု ငါတို့ကို ငါတို့ပဲ အားကိုးရတော့မယ်"

ရင်ရှုရန်က သူ့ရဲ့လက်သီးကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ အစ်ကိုကြီး အစ်မကြီးတွေ ရတနာတစ်သန်းမြို့ရဲ့ အစောင့်အရှောက် ရန်ကလေးကို ရက်ရက်ရောရာနဲ့ ကူညီကြပါ"

"ရတနာ တစ်သန်းမြို့က ငါ့တို့အိမ်ပဲ။ ငါတို့တတ်နိုင်တဲ့ စွမ်းအားနဲ့ လုပ်လို့ရတာမှန်သမျှကို လုပ်ကြမယ်"

အသံတစ်ခုက မြို့ရဲ့အတွင်းကနေ ပျံ့နှံ့လို့ လာခဲ့ပါတယ်။ အသံက အရမ်းကို အိုမင်းနေပုံ ရပေမဲ့ စွမ်းအားနဲ့ လွှမ်းမိုးနိုင်မှုတွေ ပြည့်နှက်နေပြီး လူတွေအားလုံးကို တဆတ်ဆတ်တုန်ပြီးတော့ မားမားမတ်မတ် မရပ်နိုင်တော့ပဲ ဒူးထောက်ပစ်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

"ရန်ကလေး ဂင်စွက်ဖက်ဖို့ လိုအပ်တဲ့ အခါကျရင် ငါတို့တွေက ကျောက်ရုပ်တွေလိုမျိုး ရပ်မနေ နိုင်ဘူး"

ဒါက အဘွားကြီး တစ်ယောက်ရဲ့ အသံဖြစ်ပြီးတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် သံမဏိလို မာကျောပါတယ်။ သူမရဲ့ စကားကို ကြားပြီးတဲ့နောက်မှာ လူတော်တော်များများက နားထဲကနေ သွေးတွေယိုကျလာပြီး အော်ဟစ်ငိုကြွေးလိုက်ကြပြီး ဒီလိုမျိုး အစွမ်းကို တောင့်ခံနိုင်စွမ်း မရှိကြပါဘူး။

"ဟုတ်တယ်"

တတိယမြောက် အသံလည်း ထွက်ပေါ်လာခဲ့ပါတယ်။

မြို့ထဲမှာ ကောင်းကင်အဆင့် အင်အားစု အနည်းငယ် ရှိပါတယ်။ ဒါက ရတနာတစ်သန်းမြို့ရဲ့ သူများနဲ့ မတူတဲ့ အရည်အချင်း တစ်ခုပဲ ဖြစ်ပါတယ်။ အလယ်ပိုင်း ဒေသမှာ ဘယ်မြို့ကမှ ကောင်းကင်အဆင့် စစ်သည်တော်တွေရဲ့က စောင့်ကြည့်ခြင်းကို ခံရလိမ့်မှာ မဟုတ်ပါဘူး။

ရင်ရှုရန်က အသက်ရှုပေါက်ရသွားသလို ခံစားလိုက်ရပါတယ်။ ဒီကမ္ဘာကြီးထဲမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက သနားစဖွယ်ကောင်းလောက်အောင် နည်းပါးပြီး ကောင်းကင်အဆင့် တစ်ယောက်ကတော့ ရှားပါးတယ်လို့

ပြောလို့ရပါတယ်။ အခု ကောင်းကင်အဆင့် လေးယောက်ရဲ့ လက်တွေက ပူးပေါင်းလိုက်ပြီး သူ့ကိုပိုပြီးတော့ ယုံကြည်မှု ရစေပါတယ်။

ဒါအပြင် လျှို့ဝှက်ဆန်းကြယ်တဲ့ ရန်သူက အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို အသုံးပြုပြီး သူတို့ကို ထောင်ချောက်ဆင်ထားခဲ့ပါတယ်။ အဲဒီပြိုင်ဘက်မှာ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ညီမျှတဲ့ စွမ်းအားမရှိနိုင်ပါဘူး။ ဟုတ်တယ်မလား။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်အဆင့် လေးယောက်လည်း တားဆီးနိုင်မှာ မဟုတ်ပါဘူး။

ဒါကိုစဉ်းစားမိလိုက်တဲ့ အခါမှာ သူကအနည်းငယ် ပိုပြီးတော့ ယုံကြည်မှုတွေ တိုးလာခဲ့ပါတယ်။

လင်းဟာန်က သူ့ရဲ့မျက်လုံးထဲမှာ အားလုံးကို ကြည့်ပြီးတော့ သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ပုန်းကွယ်နေတဲ့ အင်အားစုမှာ သေချာပေါက် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ရှိပါလိမ့်မယ်။ ဒါမှမဟုတ်ရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ အတင့်ရဲစွာနဲ့ လုပ်ဆောင်ပုံမှာလဲ။ နောက်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်

စစ်သည်တော်တွေရဲ့ အစွမ်းမရှိပဲနဲ့ ဘယ်လိုလုပ်ပြီး သူတို့က အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို ခင်းကျင်းနိုင်မှာလဲ။

ပြိုင်ဘက်ရဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်က စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ မဟာအကြီးအကဲကို အချိန်မီပြန်လာနိုင်စွမ်း မရှိအောင်လို့ လုပ်နေတာ ဖြစ်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ရတနာတစ်သန်းမြို့က လက်ရှိမှာ အတော်လေးကို အန္တရာယ်ထဲ ကျရောက်နေ ပါပြီ။

ပုန်း ပုန်း ပုန်း ပုန်း။

အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က ဓားနက်ကြီးများ၊ ဆေဘာဓားနက်များ၊ လှံနက်ကြီးမား စသည်ဖြင့် လက်နက်အမျိုးအစား အမျိုးမျိုး ဖြစ်ပေါ်ပြီး မြို့ရဲ့ခုခံကာကွယ်မှု ဂဏ်ပါ အစီအရင်ကို အဆက်မပြတ် တိုက်ခိုက်နေပါတယ်။ မြို့ကိုခုခံကာကွယ်တဲ့ ဂဏ်ပါ အစီအရင်က ဒိုင်းတစ်ခုပုံစံ ဖြစ်ပေါ်ပြီးတော့ ကာကွယ်လိုက်ပါတယ်။

လူတွေက တစ်နေ့တာ အချိန်ကို စိုးရိမ်ပူပန်ပြီး စိတ်ထိခိုက်စွာနဲ့ ဖြတ်သန်းရပါတယ်။ နောက်တစ်ရက်မှာ လူတိုင်းလူတိုင်းက ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်တဲ့ အခါမှာ သူတို့အားလုံး အံ့အားသင့် သွားခဲ့ကြပါတယ်။

မနေ့တုန်းက အဆင့်လေး သတ်ဖြတ်ခြင်း ဂိမ်းပါ အစီအရင်က မြို့ရဲ့ ခုခံကာကွယ်တဲ့ ဂိမ်းပါ အစီအရင်ကို လက်နက်ပေါင်းစုံနဲ့ တချိန်လုံးလိုလို တရစပ် တိုက်ခိုက်နေပါတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ လက်နက် နှစ်ခုပဲရှိပါတယ်။ ဒါက ဖျက်ဆီးခြင်း စွမ်းအားကို နှစ်ဆဖန်တီးပြီး မူလစွမ်းအင်ပုံဆောင်ခဲကိုလည်း နှစ်ဆလောက် ကုန်ခမ်းစေတယ်ဆိုတာ သိသာထင်ရှားပါတယ်။

လူတွေရဲ့ စိတ်ထဲမှာ တစ်ခုတည်းသော အရာကတော့ မြို့ရဲ့ခုခံကာကွယ်မှု ဂိမ်းပါ အစီအရင်က နောက်ဆုံးထိ တောင့်ခံနိုင်ဦးမယ်ဆိုတာပါပဲ။

အစတုန်းကတော့ ဒိုင်းကာရဲ့ သိပ်သည်းကျစ်လျစ်မှုက ပျက်စီးမသွားခင်မှာ ဆယ်ကြိမ်တိုင်တိုင် ထိခိုက်မှုကို တောင့်ခံနိုင်ပါတယ်။ ဒါပေမဲ့ ၎င်းက အခုဆို ငါးကြိမ်ထိမိတာနဲ့ ပျက်စီးသွားခဲ့ပါတယ်။

၎င်းအကာအကွယ်က တစ်ချက်တည်း ထိမိတာနဲ့ မပျက်စီးသွားသရွေ့တော့ မြို့ရဲ့ဂင်ပေါက်တွေ ပျက်စီးသွားပြီး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်ရဲ့ အန္တရာယ်တိုက်ရိုက် ကျရောက်လာမှာကို စိုးရိမ်ပူပန်နေစရာ မလိုသေးပါဘူး။

အားလုံးရဲ့ အမူအရာက မှုန်မှိုင်းလို့ နေပါတယ်။ မနေ့ကတုန်းက တစ်ခုတိုက်ခိုက်ပြီး ဒီနေ့မှာ နှစ်ခု ဒါဆိုရင် မနက်ဖြန်မှာ သုံးခုဖြစ်လာပါလိမ့်မယ်။ ပြီးတော့ နောက်ရက်မှာ လေးခုလား။ ဒီနှုန်းအတိုင်း ဆက်ပြီးတော့ တိုးသွားမယ်ဆိုရင် မြို့ရဲ့အကာအကွယ် ဂက်ပါ အစီအရင်ရဲ့ ခုခံမှု အကန့်အသတ်က ရောက်လာပါလိမ့်မယ်။

လင်းဟန်လည်း သိချင်စိတ် ပြင်းပြစွာနဲ့ ကြည့်နေပါတယ်။ တကယ်လို့ သူ့မှာ အနက်ရောင် မျှော်စင်သာ မရှိခဲ့ဘူးဆိုရင် သူက ချက်ချင်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို သုံးပြီးတော့ တခြားလူတွေကို မကာယ်နိုင်ပဲ ထွက်ပြေးရပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုသူ့မှာက မြို့ထဲကလူတွေ အားလုံးကို ကယ်တင်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူ့ကိုယ်သူပဲ ကာကွယ်ဖို့ ရွေးချယ်လိုက်မယ်ဆိုရင် သူ့ရဲ့နှလုံးသားထဲမှာ မကျော်လွှားနိုင်တဲ့ အရိပ်မည်းကြီးတစ်ခု

ကျန်နေခဲ့ပါလိမ့်မယ်။

လူတွေကို ကယ်တင်ရတာက သူ့အတွက်တော့ လက်တစ်ဖက်ကို မသလိုမျိုး လွယ်ကူပါတယ်။ ဒါပေမဲ့ ဒါက သူပိုင်ဆိုင်ထားတဲ့ အနက်ရောင် မျှော်စင်ရဲ့ လျို့ဝှက်ချက်ကို ပေါက်ကြားသွား နိုင်ပါတယ်။ အဲဒီအချိန်ကျရင် လူတွေဘယ်လောက်တောင်များ သူ့ကို ပစ်မှတ်ထား ကြလိမ့်မလဲ။

"နေပါဦး အစကတည်းက ငါ့ကို မရေမတွက်နိုင်တဲ့ လူတွေက ပစ်မှတ်ထားနေတာပဲလေ။ ဒါကြောင့် တကယ်လို့ ငါက သက်ရှိတွေကိုတောင် စုစည်းနိုင်တဲ့ သိုလှောင်စိတ်ဂိုဏ်ဉ် ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတယ်ဆိုတာ ပေါက်ကြားသွားတော့ရော ဘာဖြစ်ဦးမှာလဲ"

လင်းဟန်က နောက်တစ်မျိုး စဉ်းစားလိုက်ပါတယ်။

သက်ရှိတွေကို ထည့်သိမ်းနိုင်တဲ့ သိုလှောင်စိတ်ဂိုဏ်ဉ် ပစ္စည်းတစ်ခုနဲ့ အနက်ရောင် မျှော်စင် ဒီနှစ်ခုက မတူညီပါဘူး။ လူတွေကို အနက်ရောင်မျှော်စင်ထဲ ထည့်ဖို့အတွက် သူတို့ရဲ့ အာရုံတွေ ပျောက်သွားအောင် လုပ်ရပါလိမ့်မယ်။ သူတို့တွေ အဲဒီအချိန်အတွင်းမှာ

ဘယ်နေရာကို သွားခဲ့တယ် ဆိုတာကို မသိအောင်လို့ လုပ်ရပါမယ်။

"ကောင်းပြီလေ တကယ်လို့ ကပ်ဘေးကြီး ရောက်လာခဲ့မယ်ဆိုရင် ငါ့ရဲ့ မူလမျက်နှာကို ပြန်ထုတ်ပြပြီးတော့ အားလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်ပြီး တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့နဲ့အတူ ထွက်ခွာရမှာပဲ"

လင်းဟန်က သူ့ရဲ့စိတ်ကို ပြင်ဆင်ထားလိုက်ပါတယ်။ သူ့ရဲ့အတွေးတွေက ရှင်းပါတယ်။ သူ့ရဲ့စိတ်ခံစားချက်ကလည်း ချက်ချင်းဆိုသလို ရွှင်လန်းတက်ကြွ လာခဲ့ပါတယ်။

တတိယမြောက်နေ့မှာ လူတိုင်းလူတိုင်း စိုးရိမ်ပူပန်နေတဲ့ အရာက ဖြစ်ပျက်လာခဲ့ပါတယ်။

အဆင့်လေး သတ်ဖြတ်ခြင်း ဂေါ်ပါ အစီအရင်က တစ်ပြိုင်နက်တည်း လက်နက်သုံးခုကို ဖြစ်ပေါ်စေပြီး ရတနာ တစ်သန်းမြို့ကို ပစ်လွှတ်တိုက်ခိုက်လိုက်ပါတယ်။ အခု မြို့ရဲ့ခုခံကာကွယ်မှု ဂေါ်ပါ အစီအရင်ကနေ ဖြစ်ပေါ်လာတဲ့ ဒိုင်းကာက သုံးချက်ပဲ ထိမိတာနဲ့ ပေါက်ကွဲသွားခဲ့ပါတယ်။

မြို့အတွင်းက လေထုက မွန်းကျပ်လာပြီး ထိန်းချုပ်မှုအောက်မှာ နေထိုင်ကြဖို့ လူထုကို စတင်ပြီး အမိန့်ပေးနေကြပါပြီ။ ညဘက်မှာ ဆိုးဂါးတဲ့ မတော်တဆမှုတွေ အများကြီး ဖြစ်ပျက်လာခဲ့ပါတယ်။ အဲဒါတွေက ဓားပြတွေ၊ လူသတ်သမားတွေနဲ့ အမျိုးသမီးတွေကို မုဒိန်းကျင့်တဲ့ အမှုတွေ ဖြစ်ပါတယ်။ ကမ္ဘာပျက်ခါနီး အချိန်မျိုးမှာ လူတွေရဲ့ နှလုံးသားထဲက ရိုင်းစိုင်းတဲ့ သဘာဝက ထွက်ပေါ်လာစမြဲ ဖြစ်ပါတယ်။

တကယ်လို့ သူတို့တွေ သေသွားမယ်ဆိုရင် မသေခင်မှာ သူတို့စိတ်ကျေနပ်မဲ့ ဘယ်အရာကိုမဆို ဘာကြောင့် မလုပ်ရမှာလဲ။

မြို့က ပိုပိုပြီးတော့ ဂရုန်းသုန်းကား ဖြစ်လာပြီး အဲဒီလိုမျိုး ရက်စက်ယုတ်မာမှုကို နှစ်သက်သူတွေ ပိုပိုပြီးတော့ ပူးပေါင်းမိလာကြပါတယ်။ ပထမတော့ သာမန်လူတွေပဲ ဖြစ်ပြီးတော့ နောက်ပိုင်းမှာ စိတ်ဓာတ်သေးသိမ်တဲ့ သိုင်းပညာရှင်တချို့လည်း ပူးပေါင်းပြီး ပြစ်မှုတွေကျူးလွန်လာပြီးတော့ ပိုပြီးတော့တောင် ထိတ်လန့်တဲ့ ဘေးဒုက္ခကို ဖြစ်စေပါတယ်။

ဒီနှုန်းနဲ့ဆို အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က မြို့ကို ဖျက်ဆီးပစ်ဖို့တောင် မလိုပါဘူး။ ရတနာ တစ်သန်းမြို့က သူ့ဘာသာသူ ပျက်စီးမှုကို သယ်ဆောင်လာပါလိမ့်မယ်။

မြို့ရဲ့ အစွမ်းထက် အင်အားစုတွေ ပူးပေါင်းပြီးတော့ ဥပေဒတွေ ထုတ်ပြန်ပြီး လူယုတ်မာတွေ အများကြီးကို သတ်ပစ်ခဲ့ပါတယ်။ ဂရုန်းသုန်းကား ဖြစ်နေတဲ့ အခြေအနေက နောက်ဆုံးမှာ ထိန်းချုပ်မှု အောက်ကို ပြန်လည်ရောက်ရှိ သွားခဲ့ပါတယ်။ ကံကောင်းတာက ငါးရက်မြောက်နေ့မှာ အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က လက်နက်ငါးခုကို မဖြစ်ပေါ်စေပဲ လေးခုမှာပဲ ရပ်တန့်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း အနည်းငယ် စိတ်သက်သာရာ ရသွားသလို ခံစားလိုက် ရပါတယ်။

Chapter 559 end

အပိုင်း(၅၆၀) အလောင်းတစ်ထောင်ဂိုဏ်း သဲကြီးမဲကြီး တိုက်ခိုက်မှု

လက်နက်လေးခုကပဲ ဆက်တိုက်တိုက်ခိုက်တယ် ဆိုပေမဲ့

အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲပါပဲ။ မြို့ရဲ့ခုခံကာကွယ်မှု ဂက်ပါ အစီအရင်ကနေ ဖြစ်ပေါ်လာတဲ့ ဒိုင်းကာက မပျက်စီးခင်မှာ တိုက်ခိုက်မှု နှစ်ခုကိုပဲ တားဆီးနိုင်ပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲ ကုန်ဆုံးမှုက အံ့အားသင့်စရာ ကောင်းလွန်းတဲ့ ပမာဏတစ်ခု ဖြစ်လာခဲ့ပါတယ်။

တကယ်လို့ စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက အရမ်းကို ချမ်းသာကြွယ်ဝတယ် ဆိုရင်တောင်မှ ဒီလိုမျိုး ကုန်ခမ်းမှုကို တစ်လလောက်ပဲ တောင့်ခံနိုင်ပါလိမ့်မယ်။

တစ်လကြာပြီးတဲ့ နောက်မှာ သူတို့တွေ ဘာဖြစ်သွားလိမ့်မလဲ။

ဆယ်ရက်မြောက်နေ့ကို ရောက်လာခဲ့ပါပြီ။

"ဒီမှာ လူတစ်ယောက်ဟေ့"

"မြို့ရဲ့ အရှေ့ဘက်မှာ"

သတင်းပျံ့နှံ့သွားပြီး လူတိုင်းလူတိုင်းက ပျားအုပ်ကြီးလိုပဲ

မြို့ရဲ့အရှေ့ဘက်ဆီကို ထွက်လာခဲ့ကြပါတယ်။ သူတို့တွေက မြို့နံရံတွေ အပေါ်ကို တက်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ မြို့အပြင်ဘက်မှာ လူငယ်လေးတွေနဲ့ မိန်းမပျိုလေး ဆယ်ယောက်က ရပ်နေတာကို မြင်တွေ့ လိုက်ကြပါတယ်။ သူတို့အနောက်မှာတော့ ရိုးဖြောင့်ပုံ မရတဲ့ အဘိုးကြီးတစ်ယောက် ရှိပြီး မျက်ခုံးတွေ အားလုံးက ဖြူနေပါတယ်။

"ဒီလူတွေက ဘယ်သူတွေလဲ"

"ငါတို့ကို ဒီနေရာမှာ ဘာကြောင့် ထောင်ချောက်ဆင်ထားတာလဲ"

"မင်းတို့ကောင်တွေက ဘာတွေလုပ်မလို့ ကြံနေတာလဲ"

လူတိုင်းလူတိုင်းက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက်ကြပါတယ်။ ဒီလူ ဆယ့်တစ်ယောက်ကို ဘယ်လိုပဲကြည့်ကြည့် ဒီနေရာရာကို မှားပြီးတော့ ရောက်လာတာမျိုး မဟုတ်ပါဘူး။

ရင်ရှုရန်လည်း မြို့ရဲ့အစွန်းကို ရောက်လာပြီး အောက်က အဘိုးကြီးကို ကြည့်ပြီးတော့ သူ့ရဲ့ အမူအရာက

ခက်ထန်တင်းမာမှုကို ပြောင်းသွားပါတယ်။

သူက ဒီအဘိုးကြီးကို ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။

ဒီလူက သေချာပေါက် ကောင်းကင်အဆင့်မှာ ဖြစ်ပြီးတော့ သူရဲ့ကျင့်ကြံခြင်းက ဘယ်လိုနည်းနဲ့မှ သူ့အောက်မနိမ့်ကျနိုင်ပါဘူး။

လူဆယ့်တစ်ယောက်က မတူညီတဲ့ အကွာအဝေးမှာ ရှိပြီးတော့ သူတို့က အတော်လေးကို မာနကြီးပုံရပြီးတော့ ပြန်ဖြေဖို့ နည်းနည်းလေးမှ စိတ်ကူးမရှိတဲ့ ပုံစံမျိုးပါပဲ။

"ကျုပ်မေးပါရစေ။ ဘယ်လိုမျိုး အပြစ်တွေကို ကျူးလွန်မိလို့ မင်းတို့တွေက ဒီလိုမျိုး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်တစ်ခုကို ဖွင့်ပြီးတော့ ငါတို့ကို ထောင်ချောက်ဆင်ရတာလဲ"

ရင်ရှုရန်က မေးလိုက်ပါတယ်။

ဒါက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

နောက်ဆုံးတော့ အဘိုးကြီးက ပြောလာခဲ့ပါတယ်။

"ရတနာတစ်သန်းမြို့မှာ ငါတို့ဂိုဏ်းက ရမှာကိုဖြစ်မဲ့ ပစ္စည်းတစ်ခု ရှိနေတယ်။ ဒါပေမဲ့ အဲဒါက ဘယ်မှာလဲဆိုတာကို ငါတို့မသိဘူး။ အဲဒါကို ရှာဖွေတဲ့ အခါမှာ လူတွေကို သတိပေးသလို ဖြစ်မှားလိမ့်မယ်။ ဒါကြောင့် ဒီနေရာကို ပိုင်းရံထားပြီးတော့ အားလုံးကို သတ်ပစ်လိုက်တာက ငါတို့ရဲ့လမ်းမှာ ဘယ်သူမှ ရှိကြလိမ့်မှာ မဟုတ်တော့ဘူး"

ဒါက တကယ့်ပဲ ဒီလိုမျိုး အကြောင်းပြချက် တစ်ခုအတွက်လား။ သူတို့ရဲ့လမ်းမှာ တခြားလူတွေ ရောက်လာမှာ ကြောက်တာကြောင့် သူတို့က မြို့တစ်ခုလုံးကို သတ်ဖြတ်ပစ်ဖို့ သက်ဖြတ်ခြင်း အစီအရင် တစ်ခုကို ခင်းကျင်းခဲ့ပါတယ်။ သူတို့က ဒီထပ်ပိုပြီးတော့ ကတ်သီးကတ်သတ်နဲ့ မစီစဉ်တတ်တော့ဘူးလား။

လူတိုင်းလူတိုင်းက ကြားပြီးတဲ့နောက်မှာတော့ သူတို့က ချက်ချင်းဆိုသလို ကျိန်ဆဲနည်းပေါင်း မျိုးစုံနဲ့ ကုန်းအော်ဆဲဆိုလိုက် ကြပါတယ်။

ဒါပေမဲ့လည်း လူတချို့က စဉ်းစားမိလိုက်တာက ဒီလိုမျိုး အင်အားစု တစ်ခုက ရတနာ တစ်သန်းမြို့လို အရေးပါတဲ့

နေရာတစ်ခုကို ပိုင်းရုံပြီးတော့ သတ်ဖြတ်ပစ်ဖို့ အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို ပြတ်ပြတ်သားသား ခင်းကျင်းပြီးတော့ လုပ်ဆောင်ခဲ့တာက သူတို့ရှာဖွေနေတဲ့ အဲဒီပစ္စည်းက အတော်လေးကို တန်ဖိုးမဖြတ်နိုင်တာကြောင့်ပဲ ဖြစ်ရမယ် ဟုတ်တယ်မလား။

ဒီအင်အားစုအတွက် အခုလိုမျိုး လုပ်ဆောင်ခြင်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတစ်ခုလုံးကို သူတို့ရဲ့ ရန်သူဖြစ်အောင်လို့ လုပ်လိုက်တာနဲ့ ညီမျှပါတယ်။

စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ စံအိမ်အရှင်သခင် ရှစ်ယောက်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်က ဘယ်တော့မှ ပြန်မလာတာမျိုး မဟုတ်ပါဘူး။ သူတို့တွေ ဒီအကြောင်းကို သိသွားရင် ဒီအတိုင်း လွှတ်ထားလိမ့်မှာလား။ စိတ်ဂိညာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းတို့ရဲ့ ပူးပေါင်းခြင်း အင်အားက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာ အစွမ်းအထက်ဆုံး တည်ရှိမှု တစ်ခု ဖြစ်ပါလိမ့်မယ်။ ဟုတ်တယ်မလား။

ဒီလိုမျိုး အင်အားစုကိုတောင် ဒီလိုအပြစ်ကျူးလွန်တယ်

ဆိုတော့ သူတို့ရှာဖွေနေတဲ့ အဲဒီပစ္စည်းက ဘယ်လောက်တောင် အစွမ်းထက်တယ်ဆိုတာကို သက်သေပြရာ ရောက်ပါတယ်။

"အိုး အဲဒါက ဘာများပါလိမ့်မယ်။ ဘာဖြစ်လို့ မင်းတို့တွေက အဲဒီပစ္စည်းကို ငါတို့ရှာတာကို ခွင့်မပြုတာလဲ။ ပြီးတော့ သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို ပြန်ပြီးတော့ ဖယ်လိုက်ပါလား"

ရင်ရှုရန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက အရမ်းကို ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ပြီး သူရဲ့ ခန္ဓာကိုယ်အထဲမှာ ဈေးသည်တစ်ယောက်ရဲ့ သွေးတွေက စီးဆင်းနေပြီးတော့ အပေးအယူ လုပ်တတ်တဲ့ အကျင့်တစ်ခုက ရှိနေပါတယ်။

"ဟီးဟီး စိတ်ရှုပ်မခံပါနဲ့။ အဲဒီပစ္စည်းကို ငါတို့ကိုယ်တိုင်ပဲ ရယူဖို့ ဆန္ဒရှိပါတယ်။ နောက်ပြီးတော့ ငါတို့ဂိုဏ်းက ဒီနေရာကို အတော်လေးကို သဘောကျနေတယ်။ ပြီးတော့ ဒီနေရာကို ငါတို့ဂိုဏ်းရဲ့ ပင်မစခန်းအဖြစ် ပြောင်းလဲပစ်ဖို့ စီစဉ်ထားတယ်"

မျက်ခုံးဖြူနဲ့ အဘိုးကြီးက ပြောလိုက်ပါတယ်။

"အိုး ဒီအရှင်သခင်ကို ဘယ်လိုခေါ်သလဲ ဆိုတာကို မေးပါရစေ။ ပြီးတော့ မင်းတို့ဂိုဏ်းကိုရော ဘယ်လိုခေါ်လဲ"

ရင်ရှုရန်က မေးလိုက်ပါတယ်။

မျက်ခုံးဖြူနဲ့ အဘိုးကြီးက ထိတ်လန့်စရာကောင်းတဲ့ အပြုံးတစ်ခုကို ထုတ်ဖော်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီအဘိုးကြီးရဲ့ မျိုးရိုးနာမည်က ပိုင် ဖြစ်ပြီးတော့နာမည်တစ်လုံးပဲ ရှိတယ်။ ယွမ်။ ငါတို့ဂိုဏ်း အတွက်ကတော့ ဟီးဟီးဟီး မင်းတို့တွေက တချို့အရာတွေကို မကြားသင့်ဘူး"

"အိုး ဒါဆိုရင်လည်း လူတိုင်းလူတိုင်း နည်းနည်းလောက် ကြည့်ညိုအောင်လို့ ဘာဖြစ်လို့ မပြောတာလဲ"

ရင်ရှုရန်က ပြန်ပြောလိုက်ပါတယ်။

"ပြောစရာမလိုဘူး။ မင်းတို့ဘာသာ မင်းတို့ကြည့်ကြ"

ပိုင်ယွမ်အဘိုးကြီးက ရယ်မောပြီးတော့ သူရဲ့ညာဘက်လက်ကို ဖွေ့ယမ်းလိုက်ပါတယ်။ ဟုမ်းပုန်း

ပုန်း။ ထူးဆန်းတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး အနက်ရောင် မြူခိုးအတွင်းကနေ ခေါင်းတလား ခုနစ်ခုက ခြေထောက်တွေ ပေါက်နေသလိုမျိုး လျှောတိုက်လာပြီး သူရဲ့ခြေထောက်တွေ အနားကို မရောက်ခင်မှာ ရပ်သွားပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်း"

ချက်ချင်းဆိုသလို လူအများကြီးက တပြိုင်နက်တည်း အော်ဟစ်လိုက်ကြပါတယ်။

"ဟင်းဟင်းဟင်းဟင်း ဒီဂိုဏ်းက ရတနာတစ်သန်းမြို့ကကို အသုံးချပြီး ကမ္ဘာကြီး တစ်ခုလုံးကို အလောင်းတစ်ထောင်ဂိုဏ်းက နောက်တစ်ကြိမ် ပြန်လာပြီဆိုတာကို ပြောရလိမ့်မယ်"

ပိုင်ယွမ်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

သူရဲ့ မောက်မာဂင့်ကြွားတဲ့ ရယ်သံကို ကြားရတဲ့ အခါမှာ မြို့ရိုးပေါ်က လူတွေက ဘာမှ မပြောနိုင်ပဲ လေထုက အရမ်းကို တင်းကျပ်လာသလိုမျိုး ခံစားလိုက်ကြရပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက အရှက်မရှိ ပြန်လာပြီး

ရတနာတစ်သန်းမြို့ကကို ဖျက်ဆီးဖို့ လုပ်နေပြီး သူတို့တွေကို ယစ်ပူဇော်ဖို့အတွက် အသုံးချဖို့ ကြိုးစားနေကြပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကို ကျိတ်ပြီးတော့ ခါလိုက်ပါတယ်။ တကယ်လို့ အလောင်းတစ်ထောင် ဂိုဏ်းက ရတနာတစ်သန်းမြို့ကို သူတို့ရဲ့ ဂိတ်တွေ ပြန်လည်ရှင်သန်လာဖို့အတွက် နေရာတစ်ခု လုပ်မယ်ဆိုရင် အဆင့်လေး သတ်ဖြတ်ခြင်း ဂါက်ပါ အစီအရင်ကို ဘယ်တော့မှ ရုပ်သိမ်းမှာ မဟုတ်ပါဘူး။ အဲဒါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တောင်ကာကွယ်မှု ဂါက်ပါ အစီအရင် ဖြစ်ပါလိမ့်မယ်။

သတ်ဖြတ်ခြင်း ဂါက်ပါ အစီအရင် ဆယ်ခုလုံးမှာ တူညီတဲ့ အရာတစ်ခု ရှိပါတယ်။ သတ်ဖြတ်ခြင်း ဂါက်ပါ အစီအရင်တွေက ကောင်းကင်နဲ့ မြေကြီးကနေ ဖြစ်ပေါ်လာပြီး ထိန်းသိမ်းဖို့အတွက် မူလစွမ်းအင် ပုဆောင်ခဲတွေ မလိုအပ်ပါဘူး။ ဂါက်ပါ အစီအရင်ကို ခင်းကျင်းဖို့ပဲ လိုအပ်ပါတယ်။ ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားက အဲဒီထဲကို လောင်းထည့်ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ သတ်ဖြတ်ခြင်း ကပ်ဘေးတစ်ခုကို ဖြစ်ပေါ်လာစေပါတယ်။

ဂိုဏ်းကာကွယ်ခြင်း ဂင်္ဂါပါ အစီအရင် တစ်ခုလို အသုံးချမယ်ဆိုရင် အဲဒါက ကမ္ဘာ့အကောင်းဆုံး ဖြစ်လာပါလိမ့်မယ်။

"မင်းတို့ကောင်တွေကို အသက်ရှင်ဖို့ အခွင့်အရေး တစ်ခု မပေးဘူးလို့တော့ မပြောနဲ့"

ပိုင်ယွမ်က ခိုးခိုးခိခိနဲ့ ရယ်မောလိုက်ပါတယ်။

"ဒီဆယ်ယောက်က ဂိုဏ်းခေါင်းဆောင်ရဲ့ တိုက်ရိုက်တပည့် ဆယ်ယောက်ပဲ။ အခု သူတို့က နောက်လိုက်တွေ ရွေးချယ်ဖို့ ဒီကိုလာခဲ့တာပဲ။ ဒီဆရာသခင် ဆယ်ယောက်က ရွေးချယ်တာ ခံရတဲ့သူတိုင်း အသက်ရှင်နိုင်တယ်"

လူငယ်နဲ့ မိန်းမပျိုတွေ ဆယ်ယောက်စလုံးက ဟိတ်ကြီးဟန်ကြီးနဲ့ နေနေကြပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်အပေါ်မှာ အလောင်းချီရဲ့ အတက်အကျ နည်းနည်းလေးမှ မရှိတာပဲ ရှင်းလင်းနေတာက အံ့အားသင့်စရာ ကောင်းပါတယ်။ ပိုင်ယွမ်နဲ့လုံးဝ မတူပါဘူး။ ပိုင်ယွမ်ရဲ့ ခန္ဓာကိုယ်မှာ အလောင်းချီတွေ ပိုင်းရုံထားပါတယ်။

အစိမ်းရောင် ဂဝတ်စုံနဲ့ လူငယ်တစ်ယောက်က ပြောလိုက်ပါတယ်။

"ဒီအထဲမှာ သက်တူရွယ်တူ အဆင့်တူထဲက ငါ့ရဲ့တိုက်ကွက်ဆယ်ခုကို တားဆီးနိုင်တဲ့ ဘယ်သူမဆို ငါ့ရဲ့နောက်လိုက်ဖြစ်ဖို့ အဆင့်မီလိမ့်မယ်"

"ဟားဟား နံပတ်ခုနစ် ဂျူနီယာ ညီဇလေးက သူတို့ကို ဆယ်ကွက်တောင် ခုခံဖို့ ပြောနေတာပဲ။ အရင်ရက်တွေက မင်းအတော်လေး ပျင်းရိလို့ ကျင့်ကြံခြင်းမှာ နောက်ကျန်ခဲ့တာလား"

ခရမ်းရောင် ဂဝတ်စုံနဲ့ လူငယ်တစ်ယောက်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့တိုက်ကွက် ငါးခုကို ကာကွယ်နိုင်တဲ့ ဘယ်သူမဆို ငါ့ရဲ့နောက်လိုက် ဖြစ်နိုင်တယ်"

သူ့ကိုယ်သူ ပိုပြီးတော့ သန်မာတယ်လို့ ထင်နေတယ်ဆိုတာ သိသာထင်ရှားပြီး ဒီနေရာမှာ ဘယ်သူကမှ သူ့တိုက်ကွက် ငါးကွက်ထက် ပိုပြီးတော့ ခုခံနိုင်တဲ့လူ မရှိဘူးလို့ ထင်နေပုံရပါတယ်။

ဒီလူငယ်တွေက အတော်လေးကို သန်မာကြပါတယ်။ သူတို့အားလုံးက ပန်းဖူးအဆင့်မှာ ဖြစ်ပြီးတော့ အနည်းစုကတောင် ပန်းဖူးအဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိကြပြီး ရွှမ်ယွမ်ဇီကွမ်းထက် အားမနည်းကြပါဘူး။

"ဟင့် ကြွက်တွေက လမ်းမကို ကူးဖြတ်ခုန်ပေါက်ပြေးလွှားပြီး စိတ်ကြီးဝင်နေကြတာပဲ။ မင်းတို့ကို ငါစမ်းကြည့်မယ်"

ကျားကျန်းက မြို့ဂင်ပေါက်ကနေ အောက်ကိုခုန်ဆင်းလိုက်ပြီး ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

"ငါဒီကိုလာတာ မင်းတို့ရဲက နောက်လိုက်ဖြစ်ဖို့ မဟုတ်ဘူး။ မင်းတို့ကောင်တွေကို မျက်စိထဲမှာ ကန့်လန့်ဖြစ်နေလို့ တစ်ယောက်ယောက်ကို သတ်မလို့ လာရာတာ။ ဘယ်သူသေချင်လဲ"

"ကောင်းတယ်ဟေ့"

မြို့ရိုးထိပ်က လူတွေအများကြီးက ချက်ချင်းပဲ အော်ဟစ်အားပေး လိုက်ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက သူတို့ကို သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင် တစ်ခုနဲ့ ထောင်ချောက် ဆင်ပြီးတော့ သူတို့ရဲ့အသက်ကို ယူရုံတင်မက သူတို့ကိုပါ အရှက်ခွဲနေပါသေးတယ်။ ဒါကြောင့် လူတွေအများကြီးရဲ့ သွေးတွေက ဆူပွက်လာပြီးတော့ ပေါက်ကွဲထွက်လာတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့လည်း လူတချို့မှာ တခြားအကြံတွေ ရှိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လက်ရှိအဖြစ်အပျက်တွေ အရတော့ အလောင်းတစ်ထောင်ဂိုဏ်းက အသာစီး ရနေတယ် ဆိုတာ သိသာထင်ရှားပြီး ငှက်တစ်ကောင်က သစ်ပင်ကောင်း တစ်ပင်ကို အသိုက်လုပ်ဖို့ ရွေးချယ်ရပါမယ်။

"ပန်းဖူးအဆင့်ရဲ့ ဒုတိယအလွှာလေး တစ်ယောက်ပဲ။ ဘယ်သူသွားမလဲ"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်ဆယ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး နောက်ဆုံးမှာ အသက်နှစ်ဆယ်ပြည့်ကာစ လူငယ်လေးကို ကြည့်လိုက်ပါတယ်။

"ဆယ့်ခုနစ်ဂျူနီယာ ညီလေး မင်းရဲ့အဆင့်က အနိမ့်ဆုံးပဲ။

ဒါကြောင့် ဒီတစ်ယောက်ကို မင်းတာဂန်ယူလိုက်”

အဲဒီလူငယ်ကို ကြည့်ရတာ အတော်လေးကို ရှက်ရွံ့သွားပုံ ရပြီးတော့ အားလုံးကို တိုးပျေ့ပြီးတော့ ထွက်လာပြီး ကျားကျန်းနဲ့ မျက်နှာချင်းဆိုင်လိုက်ပါတယ်။

“သေစမ်း”

ကျားကျန်းက ချက်ချင်းဆိုသလို တိုက်ခိုက်လိုက်ပြီး သူရဲ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ ရွှေရောင်နဂါးတစ်ကောင်ရဲ့ လက်သည်းအဖြစ်ကို ပြောင်းသွားပြီး လူငယ်ကို ဖိနှိပ်လိုက်ပါတယ်။ ဟုမ်း။ နဂါးလက်သည်းက လေနဲ့အတူ ကြီးထွားလာပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် သုံးမီတာခန့် ရှည်လျားလာခဲ့ပါတယ်။ သွေးကြောနဲ့တူတဲ့ အစီအရင်တွေ တောက်ပလာပြီးတော့ ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ် ချီတွေကို ဆွဲယူလိုက်ပါတယ်။ လက်သည်းက နောက်တစ်ကြိမ် ရှည်လာပြီး မီတာကိုးရာအထိ ရောက်လာခဲ့ပါတယ်။

ဟုမ်း။

နဂါးလက်သည်းက အောက်ကို ဖိချလာပြီးတော့ တကယ့်ကို စစ်မှန်တဲ့ နဂါးတစ်ကောင်က ကမ္ဘာကြီးကို ဖိနှိပ်ထိန်းချုပ်ဖို့ ထွက်လာသလိုမျိုးနဲ့ တူပါတယ်။

“မင်းမှာ အစွမ်းတချို့တော့ ရှိသားပဲ”

လူငယ်က ခေါင်းညိတ်ပြီးတော့ တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

သူတိုက်ခိုက်လိုက်တာနဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ထူးခြားတဲ့ ပုံစံတွေက ချက်ချင်းပဲ ပေါ်ထွက်လာပြီး အနက်ရောင် မကောင်းဆိုးဝါးချီတွေ ရစ်ပတ်ပြီးတော့ ကြောက်စရာကောင်းတဲ့ အရိုးစုတစ်ခု အဖြစ်ကို ပြောင်းလဲပြီးတော့ နဂါးလက်သည်းကို ပါးစပ်ဟပြီး ကိုက်ပစ်လိုက်ပါတယ်။

Chapter 560 end

အပိုင်း(၅၆၁) အလောင်းကောင် စစ်သားများ၏ စွမ်းရည်ပြသခြင်း

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက အရမ်းကို ပြင်းထန်နေပါတယ်။ ဒီအခြေအနေကို ကြည့်ရတာ

ဘယ်သူက ပိုပြီးတော့ အသာစီး ရတယ်ဆိုတာကို ပြောပြဖို့ တော်တော်လေးကို ခက်ခဲပါတယ်။

မြို့ရိုးရဲ့ ထိပ်ပေါ်မှာ လူတိုင်းလူတိုင်း အရမ်းကို စိတ်လှုပ်ရှားနေကြပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက အရမ်းကို လေကြီးပြီး အဆုံးမှာတော့ သူတို့က လေကြီးသလောက် အစွမ်းသိပ်မရှိပါဘူး။ ကျားကျန်းက နဂါးငါးကောင်ထဲက တစ်ယောက် ဆိုပေမဲ့ သူက အလယ်ပိုင်းဒေသက လူငယ်မျိုးဆက်တွေထဲမှာ ထိပ်ဆုံးအယောက် တစ်ရာထဲ မဝင်နိုင်ပါဘူး။

ရွှမ်ယွမ်ဇီကွမ်းနဲ့ ယိုဟိုင်ယွဲ့တို့လောက်ပဲ လူငယ်မျိုးဆက်တွေရဲ့ ပါရမီရှင်ကို ကိုယ်စားပြု နိုင်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် အလောင်းတစ်ထောင်ဂိုဏ်းက အင်အားကြီး ရှေးဟောင်းဂိုဏ်းကြီးတစ်ခု ဖြစ်ပြီးတော့ သူတို့ဂိုဏ်းက ထွက်လာတဲ့ တပည့်တွေက ဘာမှမဟုတ်တာတော့ မဖြစ်နိုင်ပါဘူး။ ကြည့်ရတာ အရမ်းကို ကြာရှည်ခဲ့တာကြောင့် သူတို့ရဲ့ဂိုဏ်းကလည်း

ယိုယွင်းလာတာ ဖြစ်ပုံရပါတယ်။ တကယ်လို့ အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်အတွက်ကြောင့်သာ မဟုတ်ရင် သူတို့က သေချာပေါက် တိုက်ခိုက်မှု တစ်ခုကိုတောင် တောင့်ခံနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်ကတော့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကျားကျန်း ရှုံးလိမ့်မယ်"

သူရဲ့အသံက သိပ်မတိုးပါဘူး။ ဘေးနားက လူတော်တော်များများက သူပြောတာကို ကြားပြီးတော့ ဒေါသမထွက်ပဲ မနေနိုင်အောင် ဖြစ်နေကြပါတယ်။

"ဟေး မင်းက ဘယ်ဘက်ကလဲ။ ဘာဖြစ်လို့ ကျားကျန်းရှုံးဖို့အတွက် မျှော်လင့်နေတာလဲ"

"သူက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ သူလျှိုများ ဖြစ်နေမလား"

"သူက မသင်္ကာစရာကောင်းတယ်လို့ ငါထင်တယ်"

အဲဒီလူတွေက လင်းဟန်ကို စိုက်ကြည့်နေပြီး သူတို့ရဲ့ အကြည့်တွေက ဖော်ရွေမှု မရှိပါဘူး။

ကျူးရှမ်အာက လိမ္မာပါးနပ်စွာနဲ့ အလျင်အမြန်ပဲ လင်းဟန်ဘာကို ဆိုလိုသလဲ ဆိုတာကို နားလည်သွားပြီး သူမက ပြောလိုက်ပါတယ်။

"သူက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်လေ။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည်က အလောင်းကောင် စစ်သားတွေ အပေါ်မှာပဲ တည်ရှိတာ မဟုတ်လား"

ကျူးရှမ်အာရဲ့ ရှင်းပြမှုကို ကြားလိုက်တာနဲ့ လူတိုင်းလူတိုင်း ချက်ချင်းဆိုသလို သတိပြုမိ သွားခဲ့ပါတယ်။

ဟုတ်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းကို လွှန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတုန်းက ကမ္ဘာကြီးထဲက လူတွေအားလုံး စက်ဆုပ်ရွံ့ရှာပြီးတော့ ပူးပေါင်းဖျက်ဆီးခဲ့ကြတယ် မဟုတ်လား။ အကြောင်းရင်းက သူတို့ဟာ အလောင်းကောင် စစ်သားတွေကို မွမ်းမံသန့်စင်ပြီး အသုံးပြုလို့ ဖြစ်ပါတယ်။

အလောင်းကောင် စစ်သားတွေက ဘယ်ကနေ လာခဲ့တာလဲ။ သူတို့သတ်ခဲ့တဲ့ သိုင်းပညာရှင်တွေနဲ့ လက်ရွေးစင် စစ်သည်တော်တွေရဲ့ အလောင်းကို မြုပ်နှံထားတဲ့ ဂူသင်္ချိုင်းတွေကို ဖောက်ထွင်းခိုးယူပြီးတော့မှ ရလာခဲ့တာ ဖြစ်ပါတယ်။

အလောင်းကောင် စစ်သားမရှိပဲနဲ့ အလောင်းတစ်ထောင်ဂိုဏ်းဆိုတာ ဒုတိယအဆင့် ဂိုဏ်းတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေနဲ့ဆိုရင် သူတို့က ကောင်းကင်ဓားဂိုဏ်းနဲ့ တိမ်ဖိုးနစ်ဂိုဏ်းတို့လို အစွမ်းထက်တဲ့ အင်အားစုတွေနဲ့ နှိုင်းယှဉ်လို့တောင် ရပါတယ်။

အခု အဲဒီလူငယ်က သူရဲ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်နဲ့ ကျားကျန်းကို ယှဉ်ပြိုင်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ အလောင်းကောင် စစ်သားကို ထုတ်ဖော်လိုက်တဲ့ အခါမှာ ဒီတိုက်ပွဲရလဒ်က ဘယ်လိုမျိုး ထွက်ပေါ်လာမလဲ။

လင်းဟန်က ကျားကျန်းရှုံးလိမ့်မယ်လို့ ပြောထားပါတယ်။ ပြီးတော့ အဲဒါက သေချာပေါက် မစဉ်းစားပဲ ပြောတာ မဖြစ်နိုင်ပါဘူး။ သူက အလောင်းတစ်ထောင်ဂိုဏ်းဘက်က လူတစ်ယောက် မဟုတ်ပဲ အကြောင်းအရာ

အချက်အလက်တွေ အပေါ်မှာ အခြေခံပြီးတော့ အမုန်ကိုပဲ ရိုးရိုးလေး ပြောလိုက်တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တိုက်ပွဲထဲမှာ ပါဂင်တိုက်ခိုက်နေတဲ့ ကျားကျန်းကတော့ သတိမပြုမိပါဘူး။ သူက လူငယ်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲကို တိုက်ခိုက်ယှဉ်ပြိုင်နေပြီး သူတို့နှစ်ယောက်ရဲ့ ခွန်အားတွေက လက်ရည်ညီနေပြီး သူလည်းပဲ သူ့ကိုယ်သူ အရမ်းကို ကျေနပ်အားရနေပါတယ်။ မြို့အထဲမှာ ဆယ်ရက်လောက် ထိန်းချုပ်ခံနေရတာက သူ့ကိုအလွန်အမင်း ဒေါသတွေ ထွက်စေပြီး သူရဲ့ဒေါသတွေကို ပုံချဖို့ တိုက်ပွဲကြီးတစ်ခု လိုပါတယ်။

"ဆယ့်ခုနစ်ဂျူနီယာ ညီလေး ဘာဖြစ်လို့ ပွဲကို အဆုံးမသတ်သေးတာလဲ"

"အရမ်းကို နေးတာပဲ"

"ဟုတ်တယ်။ ဘယ်နှစ်လ ဘယ်နှစ်နှစ်တောင်မှ တိုက်ခိုက်နေဦးမှာလဲ"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူငယ်ကိုးယောက်စလုံး စတင်ပြီးတော့ အော်ဟစ်လိုက် ကြပါတယ်။

လူငယ်က ရက်စက်ကြမ်းကြုတ်တဲ့ အပြုံးတစ်ခုကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ အစ်ကိုတွေနဲ့ အစ်မတွေက စိတ်မရှည် ဖြစ်နေမှတော့ ကျနော်က ဒီတိုက်ပွဲကို အမြန်ဆုံး ပွဲသိမ်းပေးရမှာပေါ့"

သူက တိုက်ခိုက်နေရင်း စူးစူးဝါးဝါးနဲ့ အော်လိုက်ပြီး နားမခံသာလောက်တဲ့ အသံတစ်ခုက အဝေးကနေ ထွက်ပေါ်လာပြီး ခေါင်းတလားလေးခုက လျှောတိုက်လာနေပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူတွေက အလောင်းကောင်တွေကို မွန်းမံသန့်စင်ပြီး သူတို့က ပိုသန်မာ အားကောင်းလာပြီးတော့ အလောင်းကောင် စစ်သားတွေ ပိုပြီးတော့ မွမ်းမံသန့်စင် နိုင်လာကြပါတယ်။ လူငယ်က ပန်းဖူးအဆင့်မှာ ရှိနေပြီး အများဆုံး အလောင်းကောင် စစ်သား ခြောက်ကောင်ကို မွန်းမံသန့်စင်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအတွက် တောင်းဆိုချက်က အရမ်းကို များပါတယ်။ သူ့ရဲ့အကာန့်အသတ်က အလောင်းကောင် စစ်သားလေးယောက်ပဲ ဖြစ်ပါတယ်။ သာမန်ပန်းဖူးအဆင့်

တပည့်တွေက အလောင်းကောင်စစ်သား နှစ်ယောက်ကိုပဲ မွန်းမံသန့်စင် နိုင်ပါတယ်။

အလောင်းကောင် စစ်သားတွေကို ထိန်းချုပ်ဖို့ လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံ တစ်ပိုင်းကို ခွဲထုတ်ပြီး ထည့်ပေးရပါတယ်။ ပြီးတော့ နတ်ဘုရားအာရုံတွေ ပိုပြီးတော့ ခွဲထုတ်တာက ခန္ဓာကိုယ် အပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် လူတစ်ယောက်က အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီ မရှိသရွေ့ အလောင်းကောင်း စစ်သားတွေရဲ့ အရည်အသွေးကိုပဲ တိုးတက်အောင် လေ့လာလိုက်စားတာက ပိုမိုသင့်တော်ပြီး အဲဒီနောက်မှ အရေအတွက်ပိုင်းကို ဂရုစိုက်သင့်ပါတယ်။

"သွားစမ်း"

လူငယ်က တိုးတိုးလေး အော်လိုက်ပြီး အလောင်းကောင် စစ်သား လေးယောက်က ချက်ချင်းပဲ သူတို့ရဲ့ ခေါင်းတလားထဲကနေ ခုန်ထွက်လာခဲ့ပါတယ်။ အလောင်းကောင် စစ်သားကိုယ်စီပဲ ပုပ်သိုးဆွေးမြေ့ပြီး အရိုးစုတွေပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့ သူတို့ရဲ့ အရိုးတွေက ငွေရောင်တလက်လက် တောက်ပနေပြီး

သတ္တုတစ်ခုခုနဲ့ လုပ်ထားသလိုမျိုး ဖြစ်နေပါတယ်။

အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင်စစ်သား။ ဒီအလောင်းကောင် စစ်သားတွေက ပန်းဖူးအဆင့်နဲ့ ညီမျှပါတယ်။

အဲဒီလူငယ်က ကျားကျန်းကို စိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

"မင်းက အရမ်းကို အားနည်းတယ်။ မင်းက ငါ စီတုယောင်ရဲ့ နောက်လိုက်တစ်ယောက် ဖြစ်ဖို့ လုံးဂကို အဆင့်မမီဘူး"

"မင်းမေကြီးတော်ပဲ"

ကျားကျန်းက ဒေါသထွက်သွားခဲ့ပါတယ်။ သူက သူ့ပြိုင်ဘက်ဖြစ်သူရဲ့ နောက်လိုက်တစ်ယောက် မဖြစ်ချင်ဘူးဆိုပေမဲ့ ပြိုင်ဘက်ဖြစ်သူရဲ့ အထင်သေးမှုကို သည်းမခံနိုင်ပါဘူး။ သူက မာန်သွင်း အော်ဟစ်လိုက်ပြီး သူ့ရဲ့လက်ထဲမှာ ကြေးမုံတစ်ချပ် ပေါ်လာခဲ့ပါတယ်။

"သတ္တုဂံ ကြေးမုံပြင်"

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ ကြေးမုံပြင်ကို လှုပ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရွှေရောင်အလင်းတန်းတစ်ခုက လင်းလက်တောက်ပစွာနဲ့ ထွက်ပေါ်လာပြီး စီတုယောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

စီတုယောင်ရဲ့ မျက်နှာကတော့ လုံးဝကို ဂရုမစိုက်တဲ့ဟန်နဲ့ပါပဲ။ မရှောင်လည်း မရှောင်တိမ်း ပုတ်ထုတ်မဲ့ပုံစံလည်း မရှိပါဘူး။ အလောင်းကောင် စစ်သားတစ်ယောက်က အရှေ့ကို ထွက်လာပြီး ရွှေရောင်အလင်းကို တားဆီးလိုက်ပါတယ်။ ဇီဆိုတဲ့ အသံနဲ့အတူ ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားရဲ့ နံရိုးကပွင့်သွားပြီး အငွေ့တွေ ပန်းထွက်လာခဲ့ပါတယ်။

"စိတ်ဝင်စားစရာပဲ"

အလောင်းကောင် စစ်သားရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက ရှားပါးသတ္တုတွေကို နှိုင်းယှဉ်လို့ မရနိုင်ပေမဲ့ အတော်လေးကို အထင်ကြီးစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း အလောင်းစစ်သားရဲ့ ခန္ဓာကိုယ်တောင်မှ တစ်ချက်တည်းနဲ့ ပေါက်ထွက်သွားတာကို ကြည့်မယ်ဆိုရင် ဒီစိတ်ဝိညာဉ် ပစ္စည်းက ဘယ်လောက်တောင်မှ

ကြောက်စရာ ကောင်းသလဲ ဆိုတာကို သိနိုင်ပါတယ်။

စီတုယောင်က လုံးဂကို ဂရုမစိုက်ပါဘူး။ သူက ကျားကျန်းကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"သူ့ကိုသတ်"

ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားလေးယောက်က ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာတဲ့ ဂံပုလွေတွေ ကျားတွေလိုမျိုး ကျားကျန်းဆီကို ခုန်ဝင်လာခဲ့ ကြပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းကို ရှေးနှစ်ပေါင်းများစွာ အချိန်ကတည်းက အင်အားကြီးမားတဲ့ အဖွဲ့တွေက မုန်းတီးပြီး ကြောက်ရွံ့ထိတ်လန့် စိုးရိမ်ပူပန်နေကြတယ် ဆိုတာက အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိပါတယ်။ သူတို့ရဲ့ လုပ်ဆောင်မှုတွေက မသတီစရာ ဆိုးညစ်ပြီးရုံတင်မက သူတို့က အစွမ်းလည်း ထက်ကြပါတယ်။ ကိုယ်ပိုင်တိုက်ပွဲစွမ်းရည်နဲ့ စီတုယောင်က ကျားကျန်းကို လက်ရည်တူ တိုက်ခိုက်နေခဲ့ပါတယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေ ထွက်လာတနဲ့ သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း အဆင့်တူဖို့

ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

အလောင်းကောင် စစ်သားလေးယောက်က ပန်းဖူးအဆင့် အလွှာကိုးမှာ ဖြစ်ပြီးတော့ အကြိမ် ရာနဲ့ချီ မွမ်းမံသန့်စင်ထားပြီး သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောကြမ်းတမ်းပြီး သူတို့က သေမှာနဲ့ နာကျင်မှာကို ကြောက်ရွံ့ခြင်း မရှိပါဘူး။ သူတို့တွေက လူသားပုံစံ လက်နက်တွေ ဖြစ်ပြီးတော့ ဘယ်ပန်းဖူးအဆင့် ကျင့်ကြံသူက သူတို့ကို မြင်လိုက်ရင် မကြောက်ရွံ့ပဲ နေနိုင်မှာလဲ။

ကျားကျန်းက သတ္တဂံ ကြေးမုံကို ထုတ်ဖော်ပြီး သူရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကို မြင့်တက်လာပါတယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားလေးယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ သူကတကယ့်ကို နောက်ကောက်ကျ ကျန်ခဲ့ပြီး လုံးဝကို ကိုင်တွယ်နိုင်စွမ်း မရှိပါဘူး။

"အားနည်းတယ်။ တကယ်ပဲ အရမ်းကို အားနည်းတယ်"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်ဆယ်ယောက်လုံးက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ပြီး သူကအရမ်းကို နိမ့်ကျတဲ့

ပုံစံမျိုးနဲ့ ကြည့်နေကြပါတယ်။

မြို့ရိုးထိပ်ပေါ်က လူတိုင်းလူတိုင်းက တိတ်ဆိတ်ငြိမ်သက်လို့ နေကြပါတယ်။

ကျားကျန်းက တကယ်တော့ အားမနည်းပါဘူး။ သူက ပန်းဖူးအဆင့် ဒုတိယအလွှာ ဖြစ်ပေမဲ့ သူရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ခုနစ်လုံးကို ရောက်နေပါပြီ။ ပြီးတော့ သတ္တဂံ ကြေးမုံကို ထုတ်ဖော် လိုက်တဲ့ အခါမှာ သူရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်ပွင့်အထိ ထိုးတက်သွားခဲ့ပါတယ်။ သူ့ရဲ့ပြိုင်ဘက်တွေက အရမ်းကို သန်မာတဲ့ အခါမှာတော့ ဒီအချက်တွေက သူ့ကိုမကူညီနိုင်တော့ ပါဘူး။ အလောင်းကောင် စစ်သားလေးယောက်စလုံးက ပန်းဖူးအဆင့် အလွှာကိုးတွေ ဖြစ်ကြပြီး တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင် သူတို့မှာ သေမှာနာကျင်မှာကို မကြောက်တဲ့အပြင် မာကျောတဲ့ ခုခံမှုလည်း ရှိတာကြောင့် ဘာမှမတတ်နိုင်ပါဘူး။

သူက သိပ်မကြာခင်မှာ အွန္တရာယ်ထဲ ကျရောက်ပြီး ဆယ်ကွက်အတွင်းမှာ သေချာပေါက် အသတ်ခံပါလိမ့်မယ်။

"တော်လောက်ပြီ"

ရင်ရှုရန်က လေးနက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ပိုင်ယွမ်က ညင်ညင်သာသာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဂျူနီယာတွေက လက်ရည်စမ်းနေကြတာ လူကြီးတွေက ဝင်ပြီးတော့ မစွက်ဖက်သင့်ပါဘူး"

"ဒီအရှင်သခင်ပြောနေတယ်။ ရပ်လိုက်ကြတော့"

ရင်ရှုရန်က အော်ဟစ်လိုက်ပြီး သူ့ရဲ့ အသံက လှိုင်းတွေအဖြစ်ကို ပြောင်းလဲပြီးတော့ တစ်ဖက်ကို လှိမ့်ဝင်သွားခဲ့ပါတယ်။

ဒါက ကောင်းကင်အဆင့် စစ်သည်တော်ရဲ့ ဒေါသနဲ့ ဟိန်းဟောက်သံ တစ်ခုဖြစ်ပါတယ်။ တကယ်လို့ ဒီအသံလှိုင်းတွေနဲ့သာ ထိမိမယ်ဆိုရင် ပန်းဖူးအဆင့်က ချက်ချင်းဆိုသလို သတိလစ် မေ့မျောသွားနိုင်ပါတယ်။

"ဖက်တီးစုတ် ဖက်တီးနာ မင်းက အရမ်းကို ဖိအားပေးတာပဲ"

ပိုင်ယွမ်က တိုက်ခိုက်လိုက်ပြီး သေခြင်းတရားမြူခိုးတစ်ခုက ထွက်ပေါ်လာပြီး ရင်ရှူရန်ရဲ့ အသံလှိုင်းတွေကို တားဆီးလိုက်ပါတယ်။

"အား"

ကျားကျန်းက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့လက်မောင်းနဲ့ ခြေထောက်တွေကို အလောင်းကောင် စစ်သားလေးယောက်ရဲ့ ဆုပ်ကိုင်ဆွဲဖြဲခြင်းကို ခံလိုက်ရပြီး အပိုင်းပိုင်း အစစ အဖြစ်ကို ပြောင်းသွားပါတယ်။ သူ့မှာ သံမဏိ ခန္ဓာကိုယ်မရှိသလို သူရဲ့ ခြေလက်တွေ အားလုံးကို ဖမ်းဆုပ်ပြီးတော့ ဆွဲခံလိုက်ရတာကြောင့် သူက သေဆုံးသွားခဲ့ ရပါတယ်။

"ဆယ့်ခုနစ် ဂျူနီယာ ညီလေး ဘာဖြစ်လို့ သူ့ကို ခြေလက်တွေ အစိတ်စိတ်အပိုင်းပိုင်း ခွဲပစ်လိုက် တာလဲ။ ခန္ဓာကိုယ် အကောင်းအတိုင်း ချန်ထားပြီး အလောင်းကောင် စစ်သားတစ်ကောင် အဖြစ် မွမ်းမံသန့်စင်တာက ပိုပြီးတော့ မကောင်းဘူးလား"

တစ်ယောက်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

စီတုယောင်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ပန်းဖူးအဆင့် ဒုတိယ အလွှာပဲ ရှိတဲ့ ငါးသေးသေးလေး တစ်ကောင်ကို အလောင်းကောင် စစ်သားအဖြစ် မွမ်းမံသန့်စင်တာက ခွန်အားကို အကန့်အသတ် ရှိလာလိမ့်မယ်။ နောက်ပြီးတော့ အခုလို ခြေလက်တွေ ဆွဲဖြဲခံပြီးရင်တောင်မှ သူ့ကိုအလောင်းကောင် စစ်သားတစ်ယောက် အဖြစ် မွမ်းမံသန့်စင်နိုင်ပါတယ်။ နည်းနည်းလေးတော့ ပိုပြီးတော့ အားထုတ်ရမှာပေါ့"

"ဘယ်သူ တိုက်ခိုက်ချင်သေးလဲ"

သူက မြို့ရိုးပေါ်က လူတွေကို အထင်အမြင်သေးတဲ့ အမူအရာနဲ့ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

ဘယ်လောက်တောင် မောက်မာလိုက်သလဲ။

ဒါပေမဲ့လည်း ကျားကျန်းရဲ့ ခွန်အားက အတော်လေးကို ကောင်းမွန်တယ် ပြောရပါမယ်။ ဒါတောင်မှ သူက ဒီလူရဲ့လက်ထဲမှာ မြန်မြန်ဆန်ဆန်နဲ့ အရေးနိမ့်သွားခဲ့ပါတယ်။ ဒီကောင်မှာ မောက်မာဖို့အတွက် စွမ်းရည်ရှိနေပါတယ်။

အနည်းဆုံးတော့ ကျားကျန်းနဲ့ တူညီတဲ့ တိုက်ပွဲစွမ်းရည်ရှိတဲ့သူတွေက စိန်ခေါ်ဖို့ အဆင့်မမီကြပါဘူး။ အဲဒီလိုမှ မဟုတ်ရင် သူတို့ရဲ့ အသက်တွေကို ပေးဆပ်လိုက်ရပါလိမ့်မယ်။

Chapter 561 end

အပိုင်း(၅၆၂) အနောက်ဘက်နယ်မြေက ပန်ရှမ်မင်း

"ဟဲဟဲ စိတ်ဂိညာဉ် ရတနာ စံအိမ်က သုံးနှစ် ဒါမှမဟုတ် ငါးနှစ်မှာတစ်ကြိမ် ပြိုင်ပွဲတစ်ခုကို ကျင်းပပြီး အဲဒီယှဉ်ပြိုင်ပွဲတွေထဲက တစ်ခုက သိုင်းပညာယှဉ်ပြိုင်ပွဲလို့ ငါကြားသိရတယ်။ ဒီမှာ တစ်ကယ်ပဲ တခြားပြိုင်ဘက်တွေ ဆင်းမလာကြတော့ဘူးလား"

စီတုယောင်က လူအုပ်ကြီးကို ရန်စလိုက်ပါတယ်။

လူတိုင်းလူတိုင်းက လက်မခံကြပါဘူး။ စီတုယောင်က အနိုင်ရတယ် ဆိုပေမဲ့ သူတို့ရဲ့ ထောင်ချောက်ထဲ ပိတ်မိနေတဲ့ ကံကြမ္မာက မပြောင်းလဲသေးပါဘူး။ ပြီးတော့ သူတို့က ထောင်ချောက်ထဲ ပိတ်မိနေပြီးတော့ အရှက်လည်းခွဲခံရပြီး သူတို့က အရမ်းကို ဆိုးဂါးတဲ့

ခံစားချက်တစ်ခုတောင် ခံစားနေကြပါတယ်။

"ငါမင်းနဲ့ တိုက်မယ်"

ဆံပင်နီနီနဲ့ လူငယ်တစ်ယောက်က ခုန်ဆင်းလာခဲ့ပါတယ်။ သူက ပန်းဖူးအဆင့်ကိုတောင် မရောက်သေးတဲ့ ဘာမှမဟုတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အနားကိုတောင် မကပ်နိုင်ပဲ အလောင်းကောင် စစ်သားတစ်ယောက်ရဲ့ သေအောင်လို့ ကိုက်ဖြတ်မှုကို ခံစားရပြီး သွေးတွေက မြေပြင်အနှံ့ကို ပြန့်နှံ့သွားခဲ့ပါတယ်။

စီတုယောင်က ကျားကျန်း အသုံးပြုခဲ့တဲ့ သတ္တဂံ ကြေးမုံကို ဆော့ကစားပြီးတော့ ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

"ဒီကောင်က သနားစရာ ကောင်းလောက်အောင် အားနည်းပေမဲ့ ဒီစိတ်ဂိညာဉ် ပစ္စည်းက တကယ်ပဲ အတော်လေးကို ကောင်းတာပဲ။ ပန်းဖူးအဆင့် အထွတ်အထိပ် စစ်သည်တော်တွေကို ခြိမ်းခြောက်နိုင်စွမ်း တစ်ခုတောင် ပိုင်ဆိုင်ထားတာပဲ"

"ရတနာကြေးမုံကို ပြန်ပေးစမ်း"

မြို့ရိုးပေါ်ကနေ အသက်လေးဆယ်ခန့် ယောကျ်ားကြီး တစ်ယောက်က ခုန်ဆင်းလာပြီးတော့ စီတုယောင်ကို အော်ဟစ်လိုက်ပြီး ရှိန်လောက်တဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

"ဟင့် ဒီလိုမျိုး အသက်အရွယ်နဲ့ ဂင်မစွက်နဲ့"

ပိုင်ယွမ်က အဲဒီလူကို လက်ဂါးတစ်ချက်နဲ့ လှမ်းရိုက်ပြီးတော့ ဂင်ရောက် စွက်ဖက်လိုက်ပါတယ်။

ရင်ရှုရန်လည်း အလျင်အမြန်ပဲ အဲဒီလူကို ကာကွယ်ဖို့ ဂင်ရောက်စွက်ဖက် လိုက်ပါတယ်။ ဘုန်း။ ကျယ်လောင်တဲ့ အသံတစ်ခုနဲ့ ပိုင်ယွမ်ရဲ့ တိုက်ခိုက်မှုက အာနိသင် ပျက်ပြယ်သွားခဲ့ပါတယ်။ ထိုသက်လတ်ပိုင်းလူရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး အလျင်အမြန်ပဲ ပြန်ပြေးလာခဲ့ပါတယ်။ သူက ကျားမိသားစုရဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ အစတုန်းက သူက ဒီရတနာကို ပြန်သိမ်းယူချင်ခဲ့ပြီး အခုလိုမျိုး လုပ်တာက သူ့ရဲ့အသက်ကိုတောင် ဆုံးရှုံးလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

"ဟီးဟီး"

ပိုင်ယွမ်က ရယ်မောလိုက်ပါတယ်။

"ဒီအဘိုးကြီးက မင်းတို့ကောင်တွေကို အခွင့်အရေး တစ်ခုတော့ ပေးရလိမ့်မယ်။ ဒီလူငယ်လေး ဆယ်ယောက်နဲ့ လက်ရည်စမ်းဖို့ အသက်သုံးဆယ်အောက်မှာရှိတဲ့ ဘယ်သူမဆို ခွင့်ပြုတယ်။ လူတစ်ယောက်စီတိုင်း အများဆုံး ဆယ်ပွဲတိုက်ခိုက်နိုင်တယ်။ ပြီးတော့ အနိုင်ရလို့ရှိရင် ဒီအဘိုးကြီးက လူဆယ်ယောက်ကို ဒီမြို့ကနေ ထွက်ခွာခွင့်ပြုမယ်"

ရင်ရှုရန်က ချက်ချင်းပဲ လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေက ယုံကြည်နိုင်စရာ ရှိလို့လား"

"ဟီးဟီး ဒါဆိုရင်လည်း ဒီအဘိုးကြီးက သစ္စာကျိန်ဆိုပြပါမယ်"

ပိုင်ယွမ်က ပြောပြီးတော့ သူရဲ့လက်ကို မြှောက်ပြီး ကျိန်ဆိုပြလိုက်ပါတယ်။

နတ်ဘုရားတွေက လူတစ်ယောက်ရဲ့ ဦးခေါင်းအထက်က သုံးပေအကွာမှာ ရှိကြပါတယ်။ တာအိုကျမ်းသစ္စာက အလျင်စလိုနဲ့ လုပ်လို့ရတဲ့ အရာတစ်ခု မဟုတ်ပါဘူး။

လူတိုင်းလူတိုင်း ချက်ချင်းဆိုသလို လွှတ်ခနဲ အကြည့်တစ်ချက် ကြည့်လိုက်ကြပါတယ်။ တစ်ပွဲနိုင်တာနဲ့ သူတို့တွေက ဆယ်ယောက်လောက် မြို့ကနေ ထွက်ခွာနိုင်ပါလိမ့်မယ်။ ပြီးတော့ သူတို့တွေက တိုက်ပွဲအနည်းငယ်ကို အနိုင်ရခဲ့မယ်ဆိုရင် သူတို့ရဲ့ မိသားစု တစ်ခုလုံးကို ဒီသတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကနေ လွတ်မြောက်အောင် ခေါ်သွားနိုင်ပါလိမ့်မယ်။

"ငါမင်းနဲ့ တိုက်မယ်"

တစ်စုံတစ်ယောက်က ချက်ချင်းပဲ ခုန်ဆင်းလာပြီးတော့ စီတုယောင်ကို တိုက်ခိုက်လိုက်ပါတယ်။

"သေချင်နေတာပဲ"

စီတုယောင်က လှောင်ပြုံးပြုံးပြီးတော့ အလောင်းကောင် စစ်သားတွေကို ဖျက်ဆီးပစ်လိုက်ဖို့ အမိန့်ပေးလိုက်ပြီး

ချက်ချင်းဆိုသလိုပဲ အဲဒီလူက ခြေလက်တွေ အပိုင်းပိုင်းပြတ်ပြီး သေသွားခဲ့ပါတယ်။

"ငါတို့အတွက်လည်း ပြိုင်ဘက်တစ်ယောက် ဆင်းလာခဲ့ အဲဒီလိုမှ မဟုတ်ရင် ဒီလိုမျိုး လောင်းကြေးလုပ်နေဖို့ မလိုဘူး"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တစ်ယောက်က စိတ်မရှည်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ငါက ပုရွက်ဆိတ်တွေကို သတ်ဖို့ စိတ်မဝင်စားဘူး"

မြို့ရဲ့ဂိတ်တံခါး အပေါ်က လူငယ်တွေက တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးတော့ သူတို့ရဲ့ မျက်လုံးတွေထဲမှာ ဒေါသတွေ လောင်ကျွမ်းလို့ နေပါတယ်။

"အတော်လေးကို မာနကြီးနေကြတယ်ပေါ့ ဟင့်"

အပြာရောင် ဂဝတ်စုံရှည်ကို ဂဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်က ငြီးငွေ့ဖွယ်ရာ အသံတစ်ခုနဲ့ ပြောလိုက်ပါတယ်။ သူရဲ့ပုံစံက ကလန်ကလားနိုင်ပြီး သူရဲ့နဖူးအပေါ်မှာ လမင်းပုံစံ အမှတ်အသား

တစ်ခုရှိပြီးတော့ မှိန်မှိန်လေး တောက်ပနေပါတယ်။

သူက လူအုပ်ကြားထဲကနေ ခံ့ညားထည်ဝါမှု မရှိပဲ မတ်တတ်ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ သူစကားတစ်ကြိမ် ပြောလိုက်တဲ့ အခါမှာ သူရဲ့တည်ရှိမှုက အဆုံးမရှိ မြင့်တက်လာပြီး ချက်ချင်းဆိုသလို ကြယ်တစ်စင်းလို တောက်ပလာပြီး လူတွေကြားကနေ ဖြတ်လာခဲ့ပါတယ်။

သူက ခုန်ဆင်းလိုက်ပြီး မြို့ဂင်ပေါက်မှာ ရပ်လိုက်ပါတယ်။

"ဟင့် ဒီပြိုင်ဘက်က မဆိုးဘူး"

မျက်စိတစ်ချက် ပေ့ကြည့်ပြီး စီတုယောင်က ကျေနပ်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"ဒီနောက်လိုက်က ငါ့အတွက်ပဲ"

အပြာရောင် ဂတ်စုံနဲ့ လူငယ်က သူရဲ့ညာဘက်လက်ကို မြှောက်လိုက်ပါတယ်။ ငွေရောင်ခေါင်းလောင်း တစ်ခုကို သူရဲ့ခါးမှာ ချည်နှောင်ထားပြီး ကြည့်ရတာ အတော်လေးကို မိန်းကလေးဆန်ပါတယ်။ သူက သူ့လက်ကို ခါလိုက်ပြီး ချက်ချင်းဆိုသလို ဒင် ဒင် ဒင် ဆိုတဲ့ ခေါင်းလောင်းသံတွေက

ပွဲတင်ထွက်ပေါ်လာပြီး နားထောင်ရတာ နှစ်လိုဖွယ်ကောင်းပါတယ်။ သူက စီတုယောင်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါအနိုင်ရရင် မြို့ကနေ ထွက်သွားဖို့ တံဆိပ်ပြား တစ်ခုမှ မလိုချင်ဘူး။ မင်းက မြေကြီးပေါ် ဒူးထောက်ပြီး သုံးကြိမ်တိတိ ရှစ်ခိုးကန်တော့ရင် ရပြီ"

စီတုယောင်ရဲ့ အမူအရာက ပြောင်းလဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး မာနကြီးတဲ့ အပြုအမူနဲ့ ဟင့်။ ငါမင်းကို အနိုင်ယူပြီးတဲ့ အခါမှာ ဘယ်လိုအမိန့် ပေးမလဲ ဆိုတာကို မင်းသိစေရမယ်"

အပြာရောင် ဂတ်စုံနဲ့ လူငယ်က အသာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တိုက်တော့။ ငါမင်းကို သုံးကွက်အကျောပေးတယ်"

"စိတ်ကြီးဝင်နေတာပဲ"

စီတုယောင်က လက်ဖျောက်တချက် တီးလိုက်ပါတယ်။

"ဂင်သွားကြ"

အလောင်းကောင် စစ်သားလေးယောက်က ချက်ချင်းပဲ ခုန်ထွက်ပြီးတော့ အပြာရောင် ဂတ်စုံနဲ့ လူငယ်ကို တိုက်ခိုက်လိုက်ပါတယ်။

လူငယ်က အရမ်းကို အခက်အခဲမရှိပဲ သူရဲ့ညာဘက်လက်ကို အရှေ့ကို တွန်းလိုက်ပါတယ်။ အလောင်းကောင် စစ်သားလေးယောက်က တစ်ပြိုင်နက်တည်း အေးခဲတဲ့ မှုန်နန်နဲ့ သူတို့ကို ပြုစားလိုက်သလိုမျိုး ရပ်သွားကြပါတယ်။

"ဘယ်လို"

အားလုံးက အော်ဟစ်လိုက်ကြပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။

လင်းဟန်က မှုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပြီး ချက်ချင်းဆိုသလို အရာအားလုံးကို ရှင်းလင်းပြတ်သားစွာနဲ့ တွေ့မြင်လိုက်ရပါတယ်။

အလောင်းကောင် စစ်သားလေးယောက်ကို ကြိုးမျှင်တွေနဲ့ ချည်နှောင်ထားပါတယ်။ ဒီကြိုးမျှင်တွေက သူတို့ကို ဘာမှလုပ်လို့မရအောင် တင်းတင်းကျပ်ကျပ်နဲ့ ကွက်တိချည်နှောင် ထားပါတယ်။ လင်းဟာန်က ပထမတော့ အဲဒီကြိုးမျှင်ကို သွေးစုပ်ယူခြင်း မူလရွှေလို့ စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ အနီးကပ် လေ့လာကြည့်တဲ့ အခါမှာတော့ အဲဒီကြိုးမျှင်တွေကို မူလစွမ်းအင်နဲ့ ဖြစ်ပေါ်ထားတယ်ဆိုတာကို ရှာတွေ့လိုက်ပါတယ်။

မူလစွမ်းအင်နဲ့ ကြိုးမျှင်တွေ ဖြစ်ပေါ်စေပြီး လူတွေကို ချည်နှောင်ထားနိုင်တယ်။ ဒါကဘယ်လိုမျိုး လျှို့ဝှက်ဆန်းကြယ် ပညာရပ် အမျိုးအစားလဲ။

အပြာရောင်ဂဝတ်စုံနဲ့ လူငယ်က သူရဲ့လက်တွေကို နောက်တစ်ကြိမ် ဆွဲလိုက်တာနဲ့ အလောင်းကောင် စစ်သားလေးယောက်က ချက်ချင်းဆိုသလို ရုပ်သေးရုပ်တွေလိုမျိုး လှုပ်ရှားလာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ လှုပ်ရှားမှုတွေက မာမာတောင့်တောင့်နဲ့ ကြည့်ရတာ တကယ့်ကို ရယ်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း ဘယ်သူကမှ မရယ်ကြပဲ စိတ်ထဲမှာ

ထိတ်လန့်ကြောက်ရွံ့တဲ့ ခံစားမှုတွေ ဖြစ်ပေါ်နေကြပါတယ်။

ဒါက ပန်းဖူးအဆင့် အလွှာကိုးမှာရှိတဲ့ စစ်သည်တော်တွေနဲ့ နိုင်းယှဉ်လို့ရတဲ့ အလောင်းကောင် စစ်သားလေးယောက် ဖြစ်ပါတယ်။ အခု လူငယ်ရဲ့ ထိန်းချုပ်မှုအောက်မှာ ရုပ်သေးရုပ်တွေလိုမျိုး ဖြစ်နေပြီး ဒါက အရမ်းကို လွန်လွန်းပါတယ်။

"ဒီကောင်က ဘယ်သူလဲ။ သူ့ကိုကြည့်ရတာ တကယ်ပဲ သန်မာတယ်"

"သူက အနောက်ဘက် စိတ်ဂိညာဉ် ရတနာ စံအိမ်က သိုင်းပညာယှဉ်ပြိုင်ဖို့ ခန့်အပ်ထားတဲ့ လူတစ်ယောက်ပဲ။ သူ့ကိုကြည့်ရတာ ပန်ရှမ်မင်းလို့ ခေါ်တယ်နဲ့တူတယ်"

"ဟုတ်တယ် သူ့နာမည် ပန်ရှမ်မင်းလို့ ခေါ်တယ်"

"အစွမ်းထက်လိုက်တာ"

လူတိုင်းလူတိုင်း အော်ဟစ်ဆူညံ သွားပါတယ်။ အလောင်းကောင် စစ်သားလေးယောက်ကို ထိန်းချုပ်ဖို့ မူလစွမ်းအင်ရဲ့ ကြိုးမျှင်တွေကို ပန်ရှမ်မင်းက

အသုံးပြုထားတယ် ဆိုတာကို လူတွေ အများကြီး မမြင်တွေ့ကြပါဘူး။ ဒါပေမဲ့ သူတို့အနေနဲ့ ဒါကို မယုံနိုင်စရာလို့ ခံစားနေကြပြီး သူ့ကို တန်ခိုးရှင်တစ်ယောက်လို မှတ်ယူနေတာကြောင့် ဖြစ်ပါတယ်။

လင်းဟန်လည်း ခေါင်းညိတ်လိုက်ပါတယ်။ ဒီစွမ်းရည်က အတော်လေးကို အကျိုးသက်ရောက်မှု ရှိပေမဲ့ ပန်ရှမ်မင်းက သက်တောင့်သက်သာ ဖြစ်ပုံ မပေါ်ပါဘူး။ တကယ်တော့ သူက ပန်းဖူးအဆင့် အလွှာကိုး လေးယောက်ကို သူ့ရဲ့ပန်းဖူးအဆင့် အလွှာငါး အဆင့်နဲ့ ထိန်းချုပ်ဖို့ ကြိုးစားနေရတာကြောင့် ဖြစ်ပါတယ်။

ဒါကလည်း သူ့အနေနဲ့ အားနည်းနေတဲ့ အချိန်မှာ ပိုမိုအားကောင်းတဲ့ ပြိုင်ဘက်နဲ့ တိုက်ခိုက်နိုင်တဲ့အထိ ထူးဆန်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ လေးယောက် တစ်ယောက်တောင် တိုက်ခိုက်နေတာ ဖြစ်ပြီး ဒါပေမဲ့လည်း ဒါက သူရဲ့အကန့်အသတ် ဖြစ်ပါလိမ့်မယ်။ ဆန့်ကျင်ဘက်ဆိုသလို
အလောင်းတစ်ထောင်ဂိုဏ်းကလည်း တကယ့်ကို ထူးဆန်းပါတယ်။ ပုံမှန်တပည့်တစ်ယောက်တောင်မှ သက်တူရွယ်တူထဲက ထူးချွန်ထက်မြက်ဆုံး ပါရမီရှင်တွေကို

ယှဉ်ပြိုင်နိုင်ပါတယ်။

စီတုယောင်လည်း ပထမတော့ အံ့အားသင့် သွားခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ နတ်ဘုရား အာရုံကနေ အလောင်းကောင် စစ်သားလေးယောက်နဲ့ ဆက်သွယ်ပြောဆိုနိုင်ပါသေးတယ်။ ပြီးတော့ မကြာခင်မှာ သူလည်းပဲ ပြိုင်ဘက်ဖြစ်သူရဲ့ ပုံမှန်မဟုတ်တဲ့ အခြေအနေကို ခံစားလိုက်ရပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"ဟားဟားဟား မင်းက အတော်လေးကို အထင်ကြီးစရာ ကောင်းတယ်လို့ ထင်ပါတယ်"

ထန် ထန် ထန် ထန်။

မျှော်လင့်ထားသလိုပဲ အလောင်းကောင် စစ်သားလေးယောက်က ထိန်းချုပ်ထားမှုကို ဖြတ်တောက်ပြီး ပန်ရှမ်မင်းကို တစ်ပြိုင်နက်တည်း တိုက်ခိုက်လိုက်ပါတယ်။

ပန်ရှမ်မင်းက အကြောက်အရွံ့ကင်းပါတယ်။ သူရဲ့လက်တွေကို လှုပ်လိုက်ပြီး အရမ်းကို မိန်းမဆန်တဲ့ ပုံစံပေါ်လာခဲ့ပြီး ကြည့်ရတာ မိန်းကလေး တစ်ယောက်က

ခန္ဓာကိုယ် မှားယွင်းပြီး ပြန်လည်ဂင်စားလာပုံမျိုးနဲ့ တူပါတယ်။ သူ့ရဲ့လက်တွေကို မြှောက်လိုက်ပြီး သစ်ခွပန်းပွင့်ပုံစံမျိုးကို သူ့ရဲ့လက်ချောင်းတွေနဲ့ ဖြစ်ပေါ်စေပြီး အရမ်းကို နူးညံ့သိမ်မွေ့ပုံ ရပါတယ်။ အလောင်းကောင် စစ်သားလေးယောက်က အနားကို ကပ်လာလို့ မရပါဘူး။ သူတို့တွေ ကပ်လာတာနဲ့ သူ့ရဲ့မူလစွမ်းအင်နဲ့ သူတို့ကို ဘောင်ခတ်ပစ်ပြီး သူတို့ဆီ လွှင့်ထုတ်ပစ် ပါလိမ့်မယ်။

စီတုယောင်က မာန်သွင်းအော်ဟစ်လိုက်ပြီး တိုက်ပွဲထဲကို ဂင်ရောက်လာခဲ့ပါတယ်။

"ကောင်းကင်နဲ့ မြေကြီးကို အလောင်းတွေ စီးမျောသွားစေ"

သူအော်ဟစ်လိုက်တာနဲ့ သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးကနေ အနက်ရောင် အလောင်းချီတွေ ပြန့်ထွက်လာခဲ့ပါတယ်။

"ငါ့အပေါ်မှာ အဲဒါက အလုပ်ဖြစ်လိမ့်မယ်လို့ မင်းထင်နေတာလား"

ပန်ရှမ်မင်းက လှောင်ပြုံးပြုံးပြီးတော့ မူလစွမ်းအင်တွေ ဖြန့်ထုတ်ပြီး အလောင်းချီတွေကို တားဆီးဖို့ ဒိုင်းတစ်ခု ထုတ်ဖော်လိုက်ပါတယ်။ သူက ပန်းဖူးအဆင့် အလွှာငါးမှာ

ဖြစ်ပါတယ်။ ဒါကြောင့် သူရဲ့မူလစွမ်းအင်က စီတုယောင်ထက် ပိုပြီးတော့ သိပ်သည်းကျစ်လျစ်ပါတယ်။ အလောင်းချီတွေက ၎င်းကို ဘယ်လိုမှ ထွင်းဖောက်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။

စီတုယောင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒါက မင်းအတွက် ပြင်ဆင်ထားတာ မဟုတ်ဘူး"

သူ့ရဲ့စကားသံ ဆုံးသွားတာနဲ့ အလောင်းကောင် စစ်သားလေးယောက်ရဲ့ မျက်လုံးအိမ်ပေါက် အထဲမှာ သွေးနီရောင် အလင်းတစ်ခု တောက်ပလာပြီး ပိုမိုရက်စက်ကြမ်းကြုတ်တဲ့ တည်ရှိမှု တစ်ခုတောင် ထုတ်ဖော်လာခဲ့ပါတယ်။ ထန် ထန် ထန် ထန်။ သူတို့တွေက ရုတ်တရက်ဆိုသလို ပန်ရှမ်မင်းရဲ့ မူလစွမ်းအင် ကြိုးမျှင်တွေရဲ့ ဘောင်ခတ်ထိန်းချုပ်ထားမှုကို ချိုးဖျက်လိုက်ပြီး သူ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ပန်ရှမ်မင်းက အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်။ အလောင်းချီကို စုပ်ယူပြီးတဲ့ နောက်မှာ အလောင်းကောင် စစ်သားတွေရဲ့ ခွန်အားက ပေါက်ကွဲထွက်လာပြီး

တိုးလာခဲ့ပါတယ်။ အနည်းဆုံးတော့ တိုက်ပွဲစွမ်းရည် ကြယ်တစ်ပွင့် တိုးလာခဲ့ပါတယ်။ ဒါက သူ့ကို ဖိအားအနည်းငယ် ခံစားစေခဲ့ပါတယ်။

Chapter 562 end

အပိုင်း(၅၆၃) မင်းအတွက် တိုက်ခိုက်ခြင်း

အလောင်းကောင် စစ်သားလေးယောက်က ဖန်းရှမ်မင်းဆီကို အတူတကွ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ကြသည်။ တိုက်ခိုက်မှုတိုင်းက မကောင်းဆိုးဝါးဆန်ဆန် အငွေ့အသက်တွေ ထုတ်လွှတ်နေပြီး သူတို့တွေက ငရဲကနေ တက်လာတဲ့ မကောင်းဆိုးဝါး နတ်ဆိုးတွေနဲ့ တူပါတယ်။

အလောင်းကောင် စစ်သားတွေနဲ့ အလောင်းချီတွေက မူလအရင်းမြစ် အတူတူပါပဲ။ အလောင်းကောင် စစ်သားတွေက စီတုယောင်ရဲ့ ကိုယ်ပိုင်အလောင်းချီတွေကို စုပ်ယူပြီးတဲ့ နောက်မှာ သူတို့ရဲ့ ခွန်အားတွေက ချက်ချင်းဆိုသလို ပေါက်ထွက်တိုးပွား လာခဲ့ပါတယ်။ တစ်ဖက်က စီတုယောင်ကို ကြည့်ရတာတော့ အလောင်းချီတွေ အကြီးအကျယ် ကုန်ခမ်းသွားပြီး အတော်လေးကို အားပြတ်သွားပုံ ရပါတယ်။

"ငါ့ကို အရိုးစုနည်းနည်းလေးနဲ့ ရင်ဆိုင်မလို့လား"

ဖန်းရှမ်မင်းက လှောင်ပြုံးပြုံးလိုက်ပါတယ်။ လခြမ်းပုံစံ အမှတ်အသားက အလင်းရောင်တန်းတစ်ခု ထွက်ပေါ်လာပြီး အဲဒီအချိန်မှာ သူရဲ့လက်တွေက ကခုန်လှုပ်ရှားလာပြီး အလောင်းကောင် စစ်သားလေးယောက်ကို နောက်တစ်ကြိမ် ပိတ်လှောင်ကန့်သတ်လိုက်ပါတယ်။

"ချိုးဖျက်စမ်း"

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး လက်ဖျောက်တစ်ချက် တီးလိုက်တာနဲ့ အလောင်းကောင် စစ်သားနှစ်ယောက်ရဲ့ လက်တွေနဲ့ ခြေထောက်တွေကို ဆွဲပစ်လိုက်ပါတယ်။

ဒီလိုမျိုး အထင်ကြီးလေးစားစရာ စွမ်းအား။

အလောင်းကောင် စစ်သားတွေကို မွမ်းမံသန့်စင်ပြီးတဲ့နောက်မှာ သူတို့ရဲ့ ခန္ဓာကိုယ်တွေက အရမ်းကို မာကျောပြီး အဆင့်တူ ရှားပါးသတ္တုတွေနဲ့ တူညီတဲ့ အဆင့်နီးနီး ဖြစ်လာပါတယ်။ ဘယ်လိုလုပ်ပြီး ၎င်းကို နီးကပ်အောင် လုပ်ရမလဲ ဆိုတဲ့အတွက်ကတော့

မွန်းမံသန့်စင်တဲ့ အပူနဲ့ ပါဂင်ပစ္စည်းတွေ ပေါင်းထည့်မှုပေါ် မူတည်ပါလိမ့်မယ်။

လက်ရွေးစင် အလောင်းကောင်တွေက အဆင့်အနည်းငယ် မြင့်သွားပါတယ်။ မူလပါဂင်ပစ္စည်း အတွက်ကတော့ အစွမ်းထက်တဲ့ အလောင်းကောင် စစ်သားတစ်ယောက်အဖြစ်ကို မွန်းမံပါတယ်။ သူတို့မှာ ကြီးမားတဲ့ တန်ကြေးတစ်ခု ရှိပါတယ်။

စီတုယောင်ရဲ့ အလောင်းကောင် စစ်သားလေးယောက်က ပန်းဖူးအဆင့် သက်ရှိတွေ အထဲမှာ ထူးချွန်ထက်မြက်သူတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင် အဖြစ်ကို မွမ်းမံသန့်စင်လိုက်တဲ့ အခါမှာ အတော်လေးကို အသိအမှတ်ပြုလောက်စရာ ကောင်းပါတယ်။ ဖန်းရှမ်မင်းက ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားနှစ်ယောက်ကို ရိုက်ချပစ်ခဲ့ပြီး ဖန်းရှမ်မင်းရဲ့ ထူးခြားမှုကို သက်သေပြဖို့ လုံလောက်ပါတယ်။

"သေစမ်းကွာ"

စီတုယောင်က ဟစ်ကြွေးလိုက်ပြီး အလောင်းကောင်

စစ်သားလေးကောင်နဲ့ နောက်တစ်ကြိမ် သဲကြီးမဲကြီး တိုက်ခိုက်လိုက်ပါတယ်။ အလောင်းကောင် စစ်သားတွေက နာကျင်မှု အာရုံမရှိပါဘူး။ ဒါကြောင့် လက်တစ်ဖက်နဲ့ ခြေထောက်တစ်ဖက် ဆုံးရှုံးသွားတာတောင်မှ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို အနည်းငယ်ပဲ အကျိုးသက်ရောက်မှု ရှိပါတယ်။

သူလည်းပဲ ကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲထဲကို ဝင်လာခဲ့ပြီး သူတို့နဲ့အတူ ဖန်းရှမ်မင်းကို တိုက်ခိုက်လိုက်ပါတယ်။

"ဖန်းရှမ်မင်းက အနိုင်ရနိုင်တယ်မဟုတ်လား"

ကျူးရှွမ်အာက လင်းဟာန်ကို မေးလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ စီတုယောင်မှာ ပုက်ဖဲတချို့ မရှိတော့ဘူးဆိုရင် ဖန်းရှမ်မင်းရဲ့ နိုင်ပွဲက သေချာတယ်"

သူရဲ့ သုံးသပ်မှုတွေ အပေါ်မှာ လူတော်တော်များများက စိတ်ချလက်ချနဲ့ လက်ခံယုံကြည် နေကြပါပြီ။ အများစုက ဖန်းရှမ်မင်းကို မသိပေမဲ့ အားလုံးက တစ်လေ့တည်းစီး

တစ်ခရီးတည်း သွားနေကြတာ ဖြစ်တာကြောင့် ဖန်းရှမ်မင်းအနိုင်ရဖို့ မျှော်လင့်နေကြပါတယ်။

လူတချို့က ဂုဏ်သိက္ခာတချို့ကကို ရရှိဖို့ လိုချင်နေကြပါတယ်။ တချို့ကတော့ ဖန်းရှမ်မင်း အနိုင်ရပြီးတဲ့ နောက်မှာတော့ သူတို့အနေနဲ့ မြို့ကနေ ထွက်ခွာဖို့ နေရာတချို့ ရလိမ့်မယ်လို့ တွေးနေကြပြီး သူ့အတွက်က တစ်ခုပဲ လိုအပ်တယ် မဟုတ်လား။

အစတုန်းကတော့ လူတိုင်းလူတိုင်းက သံမဏိတုံး တစ်ခုနဲ့ တူပြီးတော့ သူတို့ရဲ့ အသက်ရှင်သန်ဖို့ အတွက်ကို သေသည်အထိ တိုက်ခိုက်ချင်တဲ့ ဆန္ဒတွေ ရှိကြပါတယ်။ ဒါပေမဲ့ သူတို့မတိုင်ခင်မှာ အသက်ရှင်သန်ဖို့ အခွင့်အလန်းက ချည့်နဲ့မှေးမှိန်ဖျော့တော့သွားတဲ့ အခါမှာ လူတော်တော်များများရဲ့ နှလုံးသားတွေက တစ်ခုတော့ ပြောင်းလဲသွားပါတယ်။

ဖန်းရှမ်မင်းက မျှော်လင့်ထားသလိုပဲ တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ အလောင်းကောင် စစ်သားလေးယောက်က အိုနာကျိုးကန်း ဖြစ်သွားပါတယ်။ သူက စီတုယောင်ကိုလည်း ပြင်းထန်တဲ့ လက်ဂါးရိုက်ချက် တစ်ချက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့

သူ့ကိုမသတ်ခဲ့ပါဘူး။ အနက်ရောင် အလောင်းချီတွေက ရစ်ပတ်လိမ်ယှက်နေပြီး စီတုယောင်က လူအုပ်ထဲကို ပြန်ဆုတ်သွားပြီး ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပြီး ကြည့်ရတာ အတော်လေးကို အားပြတ်သွားပုံ ရပါတယ်။

"ဟားဟား ဆယ့်ခုနစ် ဂျူနီယာ ညီလေး ကြည့်ရတာတော့ မင်းက ဒီနောက်လိုက်ကို ရဖို့ အခွင့်အရေး မရှိတော့ဘူးပဲ"

အနက်ရောင် ဂတ်စုံနဲ့ လူငယ်တစ်ယောက်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ခြေလှမ်းကျယ် လှမ်းပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ အဲဒီနောက်မှာ သူက ပြောလိုက်ပါတယ်။

"ငါ့နာမည် ဘိုင်ဟောင်။ ဂိုဏ်းခေါင်းဆောင်ရဲ့ လက်အောက်က ဆယ့်လေးယောက်မြောက် တပည့်ပဲ"

ဖန်းရှမ်မင်းက အနက်ရောင် ဂတ်စုံနဲ့ လူငယ်ကို အေးစက်စွာ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အပေးကို ထွက်သွားစမ်း။ သူကငါ့ကို ဒူးထောက်ပြီး သုံးကြိမ်ကန်တော့ရမဲ့ အကြွေးရှိသေးတယ်"

"လူငယ်လေး မင်းကတကယ်ပဲ မြို့ကနေ ထွက်သွားလို့ရမဲ့ တံဆိပ်ပြား ဆယ်ခုကို မလိုချင်ဘူးလား"

ပိုင်ယွမ်က ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"မလိုချင်ဘူး"

ဖန်းရှမ်မင်းက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ ငြင်းဆန်လိုက်ပါတယ်။

လပြွတ်ပဲ မင်းက ငတုံးကောင်လား။

မြို့ရဲ့ထိပ်က လူတော်တော်များများက ချက်ချင်းပဲ အော်ဟစ်လိုက်ကြပါတယ်။ မင်းကအဲဒါကို မလိုချင်ဘူးလား။ ဒါဆိုရင်လည်း ငါ့ကို ပေးပါလားကွာ။ လပြွတ်လိုပဲ။ ဒီအရူးက ဘယ်ကနေ လာတာလဲ။ ရိုလေလေးစားမှု အနည်းငယ် ရဖို့အတွက် တကယ်ပဲ ဒီနေရာမှာ သေချင်နေတာလား။ ဘယ်လောက်တောင်မှ နုံအလိုက်သလဲ။

ဒါပေမဲ့လည်း လင်းဟန်က လက်ခုပ်တီးသြဘာပေးပြီးတော့ ပြုံးလိုက်ပါတယ်။ ဒီဖန်းရှမ်မင်းက အတော်လေးကို

ထူးခြားတဲ့ပင်ကို အရည်အသွေးတစ်ခု ရှိပါတယ်။ သူက ကယ်တင်ခြင်း ခံရဖို့ ထိုက်တန်ပါတယ်။

သူက ဘေးဘက်ကို အေးစက်စွာနဲ့ ကြည့်လိုက်ပါတယ်။ တချို့လူတွေကို ကယ်တင်ဖို့ သူစီစဉ်ထားပြီး တချို့ကကတော့ ဒီနေရာက ရွှံ့နွံတွေ အဖြစ်ပြောင်းလဲဖို့ အံဝင်ဂွင်ကျပါပဲ။

"ဟီးဟီး မင်းက တံဆိပ်ပြား ဆယ်ခုကို လက်လျှော့ဖို့ ဆန္ဒရှိနေမှတော့ အဲဒါက မင်းရဲ့ ရွေးချယ်မှုပဲ"

ပိုင်ယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း သူရဲ့ဒူးထောက် ကန်တော့ဖို့ကတော့ အဲဒါက မင်းရဲ့ တစ်ဖက်သတ် ဆန္ဒဖြစ်ပြီး သူကဘယ်တုန်းကမှ သဘောမတူခဲ့ဘူး"

ဘယ်လောက်တောင် ညစ်ပတ်ဆိုးဝါးလိုက်သလဲ။

ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်တော့ သုံးကြိမ်ကန်တော့ရမဲ့ လောင်းကြေးက ပန်မင်ရှမ်ရဲ့ တစ်ဖက်သတ် ထုတ်ပြန်ချက်ပဲ ဖြစ်ပါတယ်။ စီတုယောင်က သဘောမတူခဲ့ပါဘူး။ ဒါကြောင့်

တစ်ဖက်သတ်ဆန္ဒက အလုပ်မဖြစ်ပါဘူး။ ဟုတ်တယ်မလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီကမ္ဘာကြီးထဲမှာ မိန်းမလှလေးတွေ ပေါများလွန်းပါတယ်။ တကယ်လို့ သင်ကတစ်ယောက်ကို ကြိုက်နှစ်သက်လို့ရှိရင် အဲဒီတစ်ယောက်ကို အိမ်ကိုခေါ်လို့ ရနိုင်လို့လား။

ဖန်းရှမ်မင်းက ဒေါသတကြီးနဲ့ ကြည့်လိုက်ပြီး သူရဲ့ဒေါသကို မထိန်းချုပ်နိုင်ပဲ ဘိုင်ဟောင်ကို လက်ညှိုးထိုးပြီး အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျုပ်ခင်ဗျားကို သတ်ပစ်ရလိမ့်မယ်"

"ငါ့ကိုသတ်မယ် ဟုတ်လား။ မင်းက အဆင့်မမီဘူး"

ဘိုင်ဟောင်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူရဲ့ ကျင့်ကြံခြင်းက ပန်းဖူးအဆင့် အလွှာလေးမှာ ဖြစ်ပြီးတော့ စီတုယောင်ထက် အလွှာတစ်ခု မြင့်ပါတယ်။ ဒါပေမဲ့ အလောင်းတစ်ထောင်ဂိုဏ်းက အလောင်းကောင် စစ်သားတွေ အပေးမှာ မှီခိုနေဆဲ ဖြစ်ပါတယ်။ သူ့မှာ အလောင်းကောင် စစ်သားဘယ်လောက် ပိုင်ဆိုင်ပြီးတော့ အလောင်းကောင် စစ်သားတွေက ဘယ်လောက် သန်မာအားကောင်းတယ် ဆိုတဲ့အချက်က

အဓိကသော့ချက်ပဲ ဖြစ်ပါတယ်။

ကျွီ။ မြေပြင်ကို လျှောတိုက်လာတဲ့ အသံကို ကြားလိုက်ရပြီး ခေါင်းတလား လေးခုက လျှောထိုးပြီး ရောက်လာခဲ့ပါတယ်။ ဘုန်း ဘုန်း ဘုန်း ဘုန်း။ အလောင်းကောင် စစ်သားလေးယောက်က ခုန်ထွက်လာပြီး ၄င်းတို့က အဆင့်သုံး ငွေချပ်ဂတ် အလောင်းကောင်းတွေမှန်း သိသာထင်ရှား ပါတယ်။ သူတို့က အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို မပိုင်ဆိုင်သရွေ့တော့ သူတို့အနေနဲ့ သူတို့ကိုယ်ပိုင်အဆင့်ထက် သာလွန်တဲ့ စွမ်းအားနဲ့ အလောင်းကောင် စစ်သားတွေကို ထိန်းချုပ်နိုင်ခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကလည်း အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားရဲ့ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းပုံကို ဖော်ပြနေပါတယ်။

ဖန်းရှမ်မင်းက လုံးဂကို ကြောက်ရွံ့မှု မရှိဘူးဆိုတာ သိသာထင်ရှားပြီး ဘိုင်ဟောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ အလောင်းကောင် စစ်သားလေးယောက်က သူ့ကို တားဆီးလိုက်ပြီး သူတို့ရဲ့အရိုးစုလက်တွေကို ဝှေ့ယမ်းလိုက်ပြီး

ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ လေပြင်းတစ်ခု မြင့်တက်လာခဲ့ပါတယ်။

ဒီအလောင်းကောင် စစ်သားလေးယောက်က အတော်လေး အားကောင်းတယ်ဆိုတာ သိသာထင်ရှားပါတယ်။

"သူတို့တွေရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်သုံးပွင့်ကို ရောက်နေမှာကိုပဲ ငါကြောက်မိတယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"အရမ်းကို အစွမ်းထက်တာပဲ"

ကျူးရှွမ်အာက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

သိုင်းပညာရှင်တွေ သေသွားပြီးတဲ့နောက်မှာ သူတို့ရဲ့ ရုပ်ကလာပ်ပဲ ကျန်ရစ်ပါတော့တယ်။ တကယ်လို့ သူတို့ကို မွမ်းမံသန့်စင်မှု မခံရဘူးဆိုရင်တောင် ၎င်းတို့ရဲ့ ကိုယ်ပိုင်အဆင့်ကနဲ့ သက်ဆိုင်တဲ့ တိုက်ပွဲစွမ်းရည်က အတော်လေးကို အသိအမှတ်ပြုစရာ ကောင်းပါတယ်။ ပြီးတော့ ကြယ်အဆင့်ကို ကျော်လွန်ဖို့က အလောင်းကောင်က အသက်ရှင်နေတဲ့ အချိန်တုန်းက

တကယ့်ကို ထူးချွန်ထက်မြက်ဖို့ လိုအပ်ပါတယ်။

ဘယ်လိုပဲကြည့်ကြည့် ဘိုင်ဟောင်ရဲ့ အလောင်းကောင် စစ်သားလေးယောက်က ဖန်းရှမ်မင်းကို ဖိနှိပ်ထိန်းချုပ်ထားနိုင်ပြီး ဘိုင်ဟောင်ကို တိုက်ခိုက်ဖို့ အခွင့်အရေး နည်းနည်းလေးကိုမှ သူ့ကို မပေးပါဘူး။

ဖူး။

ဖန်းရှမ်မင်းရဲ့ ခါးကနေ သွေးစသွေးနတွေ ပန်းထွက်လာခဲ့ပါတယ်။ ဘိုင်ဟောင်က ဓားမြောင်တစ်လက်ကို ကိုင်ထားပြီး ၎င်းဓားမြောင်မှာ လက်ဆတ်တဲ့ သွေးတွေ စီးကျနေပါတယ်။ သူကလျှာနဲ့ ယက်လိုက်ပြီးတော့ သွေးဆာလောင်နေတဲ့ ပုံစံမျိုး ထုတ်ဖော်လိုက်ပါတယ်။

သူရဲ့ ဖန်းရှမ်မင်းကို လျှို့ဝှက်အကောက်ကြံပြီး တိုက်ခိုက်မှုက အောင်မြင်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး အခြေအနေတစ်ခုအောက်မှာ ဒါကို လျှို့ဝှက်အကောက်ကြံ တိုက်ခိုက်တယ်လို့ ပြောလို့မရပါဘူး။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူတွေက အလောင်းကောင်တွေနဲ့ အတူတစ်ယောက်တည်း ဖြစ်ကြပြီး

ဒါကအလောင်းကောင် စစ်သားလေးယောက်က ဖန်းရှမ်မင်းကို အရမ်းကို ဖိအားပေးနိုင်ခဲ့ပြီး ဘိုင်ပောင်ရဲ့ တိုက်ခိုက်မှုကို ထိမှန်ဖို့အတွက် အခွင့်အရေးတစ်ခုကို ဖန်တီးပေးလိုက်သလိုပါပဲ။

"ဟားဟားဟားဟား"

ဘိုင်ပောင်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းက ငါ့အလောင်းအဆိပ်ဒဏ်ကို ခံလိုက်ရပြီ။ မင်းငါ့ကို အရှုံးပေးရင် မင်းကို ငါကယ်တင် ပေးနိုင်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အလောင်းချီက မင်းကို ဖြည်းဖြည်းလေး တိုက်စားပြီး သွေးဆာလောင်တဲ့ အလောင်းကောင် စစ်သားအဖြစ်ကို ပြောင်းလဲသွားလိမ့်မယ်"

"ဟမ့်"

ဖန်းရှမ်မင်းက သူ့ကို မသိချင်ယောင်ဆောင် နေလိုက်ပြီး မြို့ရိုးရဲ့ ထိပ်ဆီကို တန်းပြီးတော့ ပျံသန်းသွားပြီး ထိုင်ချလိုက်ပါတယ်။ သူက သိုလှောင်လက်စွပ်တစ်ကွင်း အထဲကနေ ဆေးတစ်ပုလင်းကို ထုတ်ယူပြီးတော့ ပဲစေ့ခန့်အရွယ်ရှိတဲ့ ဆေးလုံးတချို့ကို ပါးစပ်ထဲ

လောင်းထည့်လိုက်ပြီး အလောင်းချီကို ထုတ်ယူဖို့ စတင်လိုက်ပါတယ်။

"မသိနားမလည်တဲ့ကောင်ပဲ"

ဘိုင်ဟောင်က နာခေါင်းရှုံ့ပြီးတော့ မြို့ဂိတ်ဆီကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်သူကများ ငါနဲ့တိုက်ခိုက်ချင်သေးလဲ"

သူက အလောင်းတစ်ထောင်ဂိုဏ်းက ဂိုဏ်းခေါင်းဆောင်ရဲ့ ဆယ့်လေးယောက်မြောက် တပည့်ဆိုတာထက် မပိုပါဘူး။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး မောက်မာနေရတာလဲ။

အားလုံးရဲ့ အကြည့်တွေက ရွှမ်ယွမ်ဇီကွမ်းရဲ့ အပေါ်မှာ စိုက်ကြည့်လိုက်ကြပါတယ်။ ဒီလူငယ်မှာ ထူးချွန်ထက်မြက်ပြီး လွှမ်းမိုးနိုင်တဲ့ ခွန်အားရှိပါတယ်။ ပြီးတော့ ယိုဟိုင်ယွဲ့ကို သာလွန်နိုင်တဲ့ အခြေအနေတစ်ရပ် ရှိပြီးတော့ တခြားပါရမီရှင်တွေကို ကျော်လွန်နိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းက ပန်းဖူးအဆင့် အလွှာကိုးမှာ ရှိပြီးတော့ လူငယ်မျိုးဆက်ရဲ့ ထိပ်မှာရှိပါတယ်။

တကယ်လို့ သူသာ တိုက်ခိုက်မယ်ဆိုရင် နိုင်ပွဲက သေချာပေါက် ရရှိပါလိမ့်မယ်။

ရွှမ်ယွမ်ဇီကွမ်းက ဂုဏ်ယူနေတဲ့ ဟန်ပန်နဲ့ ကျေနပ်နေပါတယ်။ မူလတုန်းကတော့ သူ့အနေနဲ့ အချိန်မကြာခင်မှာ ယှဉ်ပြိုင်ဖို့ စိတ်ကူးမရှိပါဘူး။ သူ့လိုမျိုး ပါရမီရှင် တစ်ယောက်က နောက်ဆုံးအခိုက်အတန့်မှာ ဂင်ရောက်စွက်ဖက်ပြီး ပြိုင်ပွဲတစ်ခုလုံးမှာ တောက်ပသင့်ပါတယ်။ ဒါပေမဲ့လည်း ရတနာတစ်သန်းမြို့မှာ တခြားသန်မာတဲ့ လူငယ်တွေ မရှိပါဘူး။ ပြီးတော့ တကယ်လို့ သူက အခုချိန်မှာ ရှေ့မထွက်ရင် ရန်သူတွေက မကြာခင်မှာပဲ စိန်ခေါ်ပါလိမ့်မယ်။

သူက ဟော့လျန်ချွင်ရွှယ်ကို ထူးဆန်းစွာ ပြုံးပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတိုက်ပွဲက မင်းအတွက် ငါတိုက်ခိုက်ရလိမ့်မယ်"

Chapter 563 end

အပိုင်း(၅၆၄) တခြားလူတွေရဲ့ ကောင်းမွန်တဲ့ အရည်အသွေး

သေစမ်းကွာ။ သူက ပြိုင်ကွင်းထဲ ဝင်တဲ့အချိန်မှာတောင် မိန်းကလေးတွေကို ဘယ်လိုမျိုး ဆွဲဆောင်ရမယ်ဆိုတာကို မမေ့ဘူးပဲ။

မိန်းမပျိုလေးတွေရဲ့ မျက်လုံးတွေက စိတ်လှုပ်ရှားမှုကြောင့် မျက်ခုံးတွေကို ပင့်လိုက်ပြီး သူမတို့ရဲ့ လက်တွေကို သူမတို့ရဲ့ ရင်ခွင်အရှေ့မှာ ဆုပ်ကိုင်ပြီးတော့ ရွှမ်ယွမ်ဇီကွမ်းရဲ့ နာမည်ကို အော်ဟစ်အားပေးနေပြီး သူမတို့ကိုယ်သူမတို့ သူ့ရင်ခွင်ထဲကိုတောင် ပြေးဝင်သွားချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေကြပါတယ်။

"ငတုံးပဲ"

လင်းဟန် သူရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"ငတုံးပဲ"

ဟော့လျန်ချွင်ရှယ်က သူ့ကိုအတုခိုးပြီး သူမရဲ့ လျှာကိုထုတ်ပြပြီး သူမရဲ့ကိုယ်ပိုင် ပင်ကိုယ်ဗီဇ အကျင့်စရိုက် အနည်းငယ်ကို ထည့်သွင်းပြီး အမူအရာ လုပ်လိုက်ပါတယ်။

"နောက်တစ်ကြိမ် မင်းဒီငတုံးကောင်နဲ့ တွေ့တဲ့အခါကျရင် သူ့ကို ရိုက်ပစ်လိုက်"

လင်းဟန်က အားပေးအားမြှောက် လုပ်လိုက်ပါတယ်။

"ဒါပေမဲ့ ကျမရဲ့လက်တွေ နာမှာကို ကြောက်တယ်"

ဟော့လျန်ချွင်ရှယ်က အားနည်းတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က တစ်ချက်စဉ်းစားလိုက်ပြီးတော့ အုတ်ခဲတစ်ခုကို ယူပြီး သူမရဲ့ လက်ထဲကို ထည့်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီဟာကို သုံးပြီးတော့ သူ့ကို ရိုက်ပစ်"

ဟော့လျန်ချွင်ရှယ်က ချက်ချင်းပဲ အူမြူးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

သူမက အုပ်ခဲကို ဆုပ်ကိုင်ပြီးတော့ ၎င်းကို ပွေ့ယမ်းပြီးတော့ သူမရဲ့ခွန်အားကို ကြိုးစားထုတ်ဖော်ပြီး

ဒါနဲ့တစ်ကြိမ်လောက် ကြိုးစားကြည့်ဖို့ စိတ်အားထက်သန်နေပုံ ရပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက နွားရိုင်းတစ်ကောင်လို နှာမှုတ်ထုတ်လိုက်ပြီး သူရဲ့အမူအရာက မှုန်မှိုင်းသွား ခဲ့ပါတယ်။ သိုင်းပညာရပ်မှာပဲဖြစ်ဖြစ် ချစ်မှုရေးရာမှာပဲဖြစ်ဖြစ် သူ့ရဲ့ကြိုးပမ်းအားထုတ်မှုတိုင်းမှာ အောင်မြင်မှု ရရှိခဲ့တာပါပဲ။ ဒါပေမဲ့ အခုတော့ သူက လင်းဟန်ကို သိုင်းပညာမှာ လုံးဝမသာလွန် နိုင်ခဲ့သလို ဟော့လျန်ချွင်ရှယ်ရဲ့ စိတ်နှလုံးကိုလည်း လွှမ်းမိုးနိုင်စွမ်း မရှိပါဘူး။

`ဟင့် ဒီအလောင်းတစ်ထောင်ဂိုဏ်းက အသုံးမကျတဲ့ ဒီကောင်တွေကို ငါရှင်းထုတ်ပစ်ပြီး အဆုံးမဲ့ အောင်မြင်မှုကို အနိုင်ရပြီးတဲ့ အခါကျရင် ငါတို့တွေကြသေးတာပေါ့`

ရွှမ်ယွမ်ဇီကွမ်းက အောက်ကိုခုန်ဆင်းလိုက်ပါတယ်။ ဘိုင်ပောင်ကို ဟိတ်ကြီးဟန်ကြီးနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းငါ့ရဲ့ တိုက်ကွက်တစ်ကွက်ကို ပိတ်ပင်တားဆီးနိုင်ရင် မင်းရဲ့အသက်ကို

ငါချမ်းသာပေးမယ်”

ဘယ်လောက်တောင် မာနကြီးလိုက်သလဲ။

ဘိုင်ဟောင်မှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်သုံးပွင့်ကို ရောက်နေတဲ့ အလောင်းကောင် စစ်သားလေးယောက်ကို ပိုင်ဆိုင်ထားပါတယ်။ ဒါက ရှမ်ယွမ်ဇီကွမ်းရဲ့ တိုက်ကွက်တစ်ခုကို ဟန့်တားဖို့ မလုံလောက်ဘူးလား။

ဘိုင်ဟောင်က မျက်နှာကြီး နီရဲပြီးတော့ ဒေါသထွက်သွားခဲ့ပါတယ်။ သူက အလောင်းတစ်ထောင် ဂိုဏ်းခေါင်းဆောင်ရဲ့ တပည့်ရင်းတစ်ယောက် ဖြစ်ပြီးတော့ ဂုဏ်ယူပြီး မာနကြီးပါတယ်။ ဒါပေမဲ့လည်း တစ်စုံတစ်ယောက်က သူ့ကို အထင်မြင်သေးစွာနဲ့ နှိမ့်ချပြီး ကြည့်နေတာကို ဘယ်လိုလုပ်ပြီးတော့ သူ့အနေနဲ့ သည်းခံနိုင်မှာလဲ။ သူကတိုက်ခိုက်ဖို့ ဟန်ပြင်လိုက်တဲ့ အခါမှာ သူရဲ့ပခုံးက နိမ့်သွားပြီး တစ်စုံတစ်ယောက်က သူ့ကိုဆွဲထားတာကို ခံစားလိုက်ရပါတယ်။

သူကတော့ ပိုင်ယွမ်ပဲ ဖြစ်ပါတယ်။

“အရှင်ပိုင် ကျေးဇူးပြုပြီး ကျတော့်ကို တိုက်ခိုက်ခွင့်ပြုပါ”

သူက ပြောလိုက်ပါတယ်။

ပိုင်ယွမ်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက သူ့ရဲ့ပြိုင်ဘက်မဟုတ်ဘူး။ နံပါတ်သုံးကို ပေးထွက်လိုက်”

“ဘယ်လို”

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေ အားလုံးက အော်ဟစ်လိုက်ကြပါတယ်။ သူတို့အားလုံး ဒီနေ့ ဒီနေရာမှာ မရှိပေမဲ့ နံပါတ်သုံး အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တတိယမြောက် တပည့်ရင်းဖြစ်သူ ကျိုထျန်းကောက သူတို့အဖွဲ့ထဲမှာ အသန်မာဆုံး ဖြစ်ပါတယ်။

အသန်မာဆုံး ကတ်ကို အခုပဲ လွှတ်ပြီးတော့ ရင်ဆိုင်ခိုင်းမလို့လား။ ပြိုင်ဘက်ဖြစ်သူက ဒီလောက်တောင်မှ သန်မာနေတာလား။

ကျိုထျန်းကောက တစ်ချိန်လုံး မျက်စိမှိတ်ထားခဲ့တာ ဖြစ်ပါတယ်။ အခု နောက်ဆုံးမှာတော့ သူရဲ့ မျက်လုံးတွေကို

ဖွင့်ပြီးတော့ ရွှမ်ယွမ်ဇီကွမ်းကို တခဏတာမျှ စိုက်ကြည့်ပြီးတော့ ရန်လိုတဲ့ အမူအရာတစ်ခုကို ထုတ်ဖော်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလူက ပြိုင်ဘက်ကောင်း တစ်ယောက်ပဲ။ သေချာပေါက် အနိုင်ရမယ်လို့ မပြောနိုင်ဘူး"

ဘိုင်ပေဟာင်နဲ့ တခြားတပည့်တွေက နောက်တစ်ကြိမ် အံ့အားသင့် သွားခဲ့ကပါတယ်။ တတိယ စီနီယာ အစ်ကိုကိုယ်တိုင်တောင် ဒီလိုမျိုး ပြောတယ်ဆိုတော့ ရွှမ်ယွမ်ဇီကွမ်းက တကယ်ပဲ သန်မာနေတာလား။

"ဒုတိယ စီနီယာအစ်ကိုက ပြတ်ပြတ်သားသား အနိုင်ယူနိုင်လိမ့်မယ်။ ပြိုင်ဘက်ကင်းတဲ့ ပထမ အစ်ကိုကြီးကို မပြောနဲ့ဦး ငါတို့အားလုံး ပေါင်းရင်တောင် ဒုတိယအစ်ကိုလောက်တောင် မကောင်းနိုင်ဘူး"

ကျို့ထျန်းကောက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဘိုင်ပေဟာင်နဲ့ တခြားတပည့်တွေ အားလုံးက ခေါင်းညိတ်လိုက်ကြပါတယ်။ သူတို့အားလုံးက ကျို့ထျန်းကောရဲ့ စကားတွေကို ပြတ်ပြတ်သားသားကို

လက်ခံယုံကြည်ကြပါတယ်။ သူတို့အားလုံး တစ်ယောက်စီတိုင်းက ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စီနီယာ အစ်ကိုနဲ့ဆိုရင် သူတို့က ငတုံးအေ သာသာပဲ ဖြစ်ပါတယ်။ ဒီလူက ဘယ်လောက်တောင် သန်မာမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ကျို့ထျန်းကောက ခြေလှမ်းကျဲကျဲတွေနဲ့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူရဲ့ခန္ဓာကိုယ် တည်ဆောက်ပုံက အရမ်းကို ရှည်ပြီးတော့ အရမ်းကို ကြံ့ခိုင်တောင့်တင်းပါတယ်။ အရင်ဆုံး မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီး သူ့ပုံစံကို ကြည့်ရတာ တောင်အပေါ်မှာ ထင်းခုတ်တဲ့ လူငယ်တစ်ယောက်နဲ့ အတော်လေးကို တူပါတယ်။

"မင်းရဲ့ အလောင်းကောင် စစ်သားတွေရော"

ရွှမ်ယွမ်ဇီကွမ်းက မေးလိုက်ပါတယ်။

"သူတို့ကို အသုံးပြုဖို့ ငါလိုအပ်တဲ့ အချိန်ကျရင် သူတို့တွေ ပေါ်လာလိမ့်မယ်"

ကျှိုထျန်းကောက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက လှောင်ပြုံးပြုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အလောင်းကောင် စစ်သားကို အသုံးမပြုဘူးဆိုရင် မင်းက ချက်ချင်း အသတ်ခံရလိမ့်မယ်"

"ဟားဟား တကယ်လို့ အဲဒီလိုဆိုရင်လည်း ငါ့ရဲ့ ညံ့ဖျင်းတဲ့ စွမ်းရည်ကိုပဲ အပြစ်တင်ရမှာပေါ့"

ကျှိုထျန်းကောက ကျယ်လောင်စွာ ပြောလိုက်ပါတယ်။

ကျွမ်းကျင်သူတွေ တိုက်ခိုက်ကြတဲ့ အခါမှာ သူတို့ရဲ့ တိုက်ပွဲအတွက် သူတို့ရဲ့ လက်တွေကို အသုံးမပြုခင် သူတို့ရဲ့ စကားပြောစွမ်းရည်နဲ့ တိုက်ခိုက်တတ်ကြပါတယ်။ ရွှမ်ယွမ်ဇီကွမ်းကလည်း ကျှိုထျန်းကောကို လျှော့မတွက်ပံ့ဘူးဆိုတာ သိသာပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ စကားပြောနေစရာတောင် မလိုပဲ ဒီအတိုင်း တိုက်ခိုက်လိုက်လို့ ရပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက သူ့ရဲ့လက်တစ်ဖက်ကို အနောက်မှာ

ထားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အလောင်းကောင် စစ်သားတွေကို အသုံးမပြုဘူးဆိုမှတော့ ငါကလည်း မင်းကို လက်တစ်ဖက်တည်းနဲ့ပဲ ရင်ဆိုင်ပါ့မယ်"

ဒါ ဒါက အရမ်းကို မောက်မာဂင့်ကြွားလွန်းပါတယ်။

ကျိုထျန်းကောက ဒေါသတစ်စွန်းတစ်စ ထွက်ပေါ်လာခဲ့ပါတယ်။ ပြိုင်ဘက်ဖြစ်သူက လက်တစ်ဖက်ပဲ အသုံးပြုပြီးတော့ အလောင်းကောင် စစ်သားတွေကို အသုံးပြုဖို့ သူ့ကို ဖိအားပေးချင်နေတာလား။ သူ့မှာ ဘယ်လောက်တောင် ယုံကြည်မှုတွေ ရှိနေတာလဲ။ သူက နှာခေါင်းရှုံ့ပြီးတော့ သူရဲ့ ပါးစပ်ကိုဟပြီး လက်တစ်ဖက်နဲ့ အနက်ရောင် ဓားရှည်တစ်လက်ကို ဆွဲထုတ်လိုက်ပါတယ်။

ဘယ်လိုကြီးလဲဟ။

မြို့ရိုးထိပ်က လူတိုင်းလူတိုင်း အံ့အားသင့် သွားခဲ့ပါတယ်။ မင်းက တကယ်ပဲ သိုလှောင်လက်စွပ် တစ်ကွင်းတောင် မရှိပဲ ဆင်းရဲလှချည်လား။ မင်းရဲ့ခန္ဓာကိုယ် အထဲမှာ ဓားတစ်လက်ကို ဖွက်ထားရတယ်ပေါ့လေ။

ဒါပေမဲ့လည်း လင်းဟန်ကတော့ အံ့အားသင့်စွာနဲ့ ကြည့်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဒဏ္ဍာရီတစ်ပုဒ်ဖြစ်တဲ့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ခန္ဓာကိုယ်နဲ့ ပစ္စည်းတစ်ခုကို ပြုစုပျိုးထောင်တယ် ဆိုတာက တကယ် အစစ်အမှန်ဖြစ်နေတာလား"

"လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ခန္ဓာကိုယ်နဲ့ ပစ္စည်းတစ်ခုကို ပြုစုပျိုးထောင်တယ် ဆိုတာက ဘာလဲ"

ကျူးရွှမ်အာက မေးလိုက်ပါတယ်။ သူမလည်း လင်းဟန်လိုပဲ ရုပ်ဖျက်ထားတာ ဖြစ်ပြီးတော့ သူမကိုယ်သူမ ရွှမ်အာနဲ့ လင်းဟန်ကို အစ်ကိုဟန် ဒါမှမဟုတ် အရှင်သခင်ဟန်လို့ မခေါ်ပါဘူး။

"စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို ခန္ဓာကိုယ် အတွင်းထဲမှာ ပြုစုပျိုးထောင်တယ် ဆိုတာက လူတစ်ယောက်ရဲ့ ကိုယ်ပိုင်သွေးနဲ့ ချီတွေကို အသုံးပြုပြီး အဲဒီစိတ်ဝိညာဉ် ပစ္စည်းကို ဆက်တိုက် အာဟာရ ဖြည့်ပေးတာလို့ ဆိုလိုတာပဲ။ အဲဒီလို လုပ်တာက စိတ်ဝိညာဉ် ပစ္စည်းကို ပိုပြီးတော့ အစွမ်းထက်စေတယ်။ ပြီးတော့ ပစ္စည်းရဲ့

စိတ်ဂိညာဉ် တစ်ခုကိုတောင် ပေါ်လာစေနိုင်တယ်”

လင်းဟန်က ပြောလိုက်ပြီးမှ ချက်ချင်းဆိုသလို သူ့ရဲ့ခေါင်းကို ခါပြီးတော့ ထပ်ဖြည့်ပြီး ပြောလိုက်ပါတယ်။

“ဘာစိတ်ဂိညာဉ် ပစ္စည်းပဲဖြစ်ဖြစ် အရေးမပါဘူး။ အဲဒါကို တိုက်ပွဲအတွက် ခဏထုတ်နိုင်တယ်။ ခန္ဓာကိုယ်ထဲမှာ ပြုစုပျိုးထောင်တဲ့ ကြောက်စရာကောင်းတဲ့ အချက်ကြောင့်လည်း ကိုယ့်ဘာကိုယ် သတ်တာနဲ့ အရမ်းကို တူတယ်”

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ကိုယ်ပိုင်ခန္ဓာကိုယ် အတွင်းမှာ ပြုစုပျိုးထောင်ခြင်းက စွန့်စားမှု တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ အပြင်ကိုထုတ်နိုင်တာနဲ့ အဲဒီစိတ်ဂိညာဉ် ပစ္စည်းက အရမ်းကို အစွမ်းထက်လာပါလိမ့်မယ်။

မြို့ရိုးရဲ့ အပေါ်မှာ လင်းဟန်ရဲ့ ရှင်းပြမှုကို နားထောင်နေကြတဲ့ လူတိုင်းလူတိုင်းက သူတို့ရဲ့ ခေါင်းတွေကို ထပ်ခါထပ်ခါ ညိတ်လိုက်ကြပါတယ်။ တချို့ကတော့ လင်းဟန်က ဘယ်သူဖြစ်မလဲ ဆိုပြီးတော့ ကောက်ချက်ချ သုံးသပ်နေကြပါတယ်။ သူ့ကိုကြည့်ရတာ အသက် နှစ်ဆယ့်လေး ဒါမှမဟုတ် နှစ်ဆယ့်ငါးပဲ ရှိပါဦးမယ်။

သူက လျှို့ဝှက်တဲ့ ဗဟုသုတတွေ အများကြီး သိနားလည်ထားပြီးတော့ သူရဲ့နောက်ခံက အရမ်းကို ထူးခြားမယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ရွှမ်ယွမ်ဇီကွမ်းက သိချင်စိတ် ပြင်းပြစွာနဲ့ အကြည့်တစ်ချက်ကို ထုတ်ဖော်ပြီး ပြောလိုက်ပါတယ်။

"လူတစ်ယောက်က ကိုယ်ပိုင်ခန္ဓာကိုယ် အထဲမှာ စိတ်ဝိညာဉ် ပစ္စည်းကို ပြုစုပျိုးထောင်တာလား။ ဟားဟား ဒါက ပထမဆုံး အကြိမ်ပဲ။ ငါစမ်းသပ်ကြည့် ပါရစေ"

ကျိုထျန်းကောက သူရဲ့လက်ထဲမှာ ဓားကို ဆုပ်ကိုင်ပြီးတော့ သူ့ရဲ့နှုတ်ခမ်းနေတဲ့ အမူအရာက ချက်ချင်းပဲ ပျောက်ကွယ်သွားပြီး အရမ်းကို စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုက်ပွဲဝင်ဆန္ဒကို ထုတ်ဖော်ပြီး ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။

"မင်းဆန္ဒအတိုင်းပဲ"

သူက ရွှမ်ယွမ်ဇီကွမ်းဆီကို တစ်ဟုန်ထိုး ပြေးထွက်သွားလိုက်ပါတယ်။ သူ့လက်ထဲက ဓားနက်ကို လွှဲခုတ်လိုက်ပြီး ဓားချီအလင်း ဆယ့်ခုနစ်ခု ဖြစ်ပေါ်လာပြီး

ရှမ်ယွမ်ဇီကွမ်းဆီကို ကျာပွတ်တွေလို တွန့်လိမ်ပြီး ဝင်လာခဲ့ပါတယ်။

"စိတ်ဝင်စားစရာပဲ"

ရှမ်ယွမ်စီကွမ်းက တီးတိုးရွတ်ဆိုလိုက်ပြီး လက်တစ်ဖက်ကို သူ့အနောက်မှာပဲ ဆက်ပြီးတော့ ထားထားလိုက်ပါတယ်။ သူရဲ့တခြားလက်တစ်ဖက်ကို ညင်ညင်သာသာနဲ့ လှုပ်လိုက်ပြီး မီးကျားတစ်ကောင် ပေါ်ထွက်လာပြီးတော့ ဓားချီတွေကို ကိုက်လိုက်ပါတယ်။

"ဘယ်လိုဟာသလဲ ငါ့ရဲ့ အမည်းရောင်နတ်ဆိုးဓားကို အာနိသင် ပျက်ပြယ်ချင်နေတာလား"

ကျို့ထျန်းကောက လှောင်ပြုံးပြုံး လိုက်ပါတယ်။

"ငါမလုပ်နိုင်ဘူးလား"

ရှမ်ယွမ်ဇီကွမ်းကလည်း မာနကြီးစွာနဲ့ ပြောလိုက်ပါတယ်။ အဲဒီမီးကျားက ရုတ်တရက် ဖောင်းလာပြီး ဆယ်မီတာခန့် ကြီးမားပြီး ကြောက်မက်ဖွယ်ရာ ရန်လိုတဲ့ တည်ရှိမှု တစ်ခု ထွက်ပေါ်နေပါတယ်။

"ချီကိုသိပ်သည်းစေပြီး အလင်းတန်းကိုပြောင်းတယ်"

ပိုင်ယွမ်ရဲ့ အကြည့်တွေက တင်းလာပါတယ်။

"ဒီလူငယ်က တကယ့်ကို ထူးခြားတာပဲ။ အလင်းတန်းတစ်ခုကို ဖြစ်ပေါ်လုနီးပါးပဲ။ သူက တမင်တကာ ဒါကို ချုပ်ထိန်းထားပြီး ချီအလင်းတွေကို ပိုပြီးတော့ ကျင့်ကြံချင်နေတယ်ဆိုတာ သိသာထင်ရှားတယ်။ ဘယ်လောက်တောင် သတ္တိကောင်းပြီး ရဲပုံ့လိုက်သလဲ"

အလင်းတန်းတွေက ချီကို အရည်အသွေးပိုင်းမှာ တစ်စစီဖြစ်အောင် နင်းချေပစ်ပါတယ်။ မိုးရေကောရာဇ်က လက်သီးအလင်းတန်းကို ကျင့်ကြံတဲ့ အချိန်တုန်းက ပန်းဖူးအဆင့် ပထမအလွှာ ကျင့်ကြံခြင်း အဆင့်နဲ့ သူက ပန်းဖူးအဆင့် အလွှာကိုးနဲ့ ဘုရင်အဆင့် နတ်ဆိုးမျောက်ဂံကို တိုက်ခိုက်ခဲ့ပါတယ်။ အလင်းတန်းတွေက ဘယ်လောက်တောင် အစွမ်းထက်လဲဆိုတာ သိသာပါတယ်။

ဒင်းက သိုင်းပညာရှင်တွေရဲ့ တိုက်ပွဲစွမ်းရည်ကို တိုးတက်လာစေတာက အဓိက အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ ရှမ်ယွမ်ဇီကွမ်းက အလင်းတန်းရဲ့ သိပ်သည်းမှုကို

အတင်းအကျပ် ထိန်းချုပ်ထားခဲ့ပါတယ်။ တစ်ဖက်မှာကြည့်ရင် ဒါက သူရဲ့ သိုင်းပညာပါရမီက ဘယ်လောက် ထူးချွန်သလဲ ဆိုတာဖော်ပြနေပါတယ်။ တစ်ဖက်မှာလည်း သူရဲ့ရည်မှန်းချက်က ချီအလင်း နှစ်ဆယ့်နှစ်ခုနဲ့ မတင်းတိမ်နိုင်သေးပါဘူး။

ပါရမီရှင်တွေ အားလုံးက အတူတူပါပဲ။ သူတို့က အမြဲတမ်းလိုလို အကန့်အသတ်ကို ချိုးဖျက်ဖို့အတွက် တည်ရှိနေကြခြင်း ဖြစ်ပါတယ်။

ဒီမီးကျားက ချီအလင်းမဟုတ်ပါဘူး။ အဲဒါက ချီအလင်း နှစ်ဆယ့်နှစ်ခုကနေ သိပ်သည်းပြီး ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါက အလင်းတန်းတစ်ခုရဲ့ ပေါင်းစပ်မှုနဲ့ ကွဲပြားခြားနား နေပါတယ်။ ဒါပေမဲ့ ပူးပေါင်းခြင်း တစ်ခုနဲ့ ပိုပြီးတော့ တူပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တခြားလူရဲ့ ကောင်းမွန်တဲ့ အရည်အသွေးက ကိုယ့်ကိုကိုယ် တိုးတက်ဖို့ ကူညီပေးနိုင်ပါတယ်။ ရွှမ်ယွမ်ဇီကွမ်းရဲ့ လုပ်ဆောင်မှုတွေက အရမ်းကို ကောင်းမွန်ပြီး ချီတွေစုစည်းပြီး အလင်းတန်းတစ်ခု ဖြစ်စေတာပါ။ ဒီနည်းလမ်းနဲ့ သူက စွမ်းအားတိုးလာတဲ့ အချိန်အတွင်းမှာ ချီကို ကျင့်ကြံနိုင်ပြီး တကယ့်ကို ထူးခြားတဲ့

ဖန်တီးမှု တစ်ခုဖြစ်ပါတယ်။

Chapter 564 end

အပိုင်း(၅၆၅) နိုင်ပွဲ

ရွှမ်ယွမ်ဇီကွမ်းနဲ့ ကျို့ထျန်းကောတို့ နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲနေကြပါတယ်။ သူတို့နှစ်ယောက်လုံး ထိန်းချုပ်ထားပြီးတော့ တစ်ယောက်က လက်တစ်ဖက်ပဲ အသုံးပြုပြီး ကျန်တစ်ယောက်က အလောင်းကောင် စစ်သားတွေကို အသုံးမပြုပါဘူး။ ကြည့်ရတာ တကယ်လို့ ရွှမ်ယွမ်ဇီကောင်းက အရင်ဆုံး လက်နှစ်ဖက်ကို အသုံးပြုပြီးတော့ ဖိအားပေးမယ် ဆိုရင်တောင် သူက အရေးနိမ့်ပါလိမ့်မယ်။ ပြောင်းပြန်ဆိုရရင် တကယ်လို့ သူက လက်တစ်ဖက်တည်းနဲ့ ကျို့ထျန်းကောကို အလောင်းကောင် စစ်သားတွေ အသုံးပြုဖို့ ဖိအားပေးနိုင်ခဲ့မယ် ဆိုရင်တော့ သူက အတော်လေးကို အသာစီး ရရှိပါလိမ့်မယ်။

ဒီအားသာချက်က သိပ်မများပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တိုက်ပွဲစွမ်းရည်က အဓိကအားဖြင့် အလောင်းကောင် စစ်သားတွေ အပေါ်မှာပဲ မူတည်ပါတယ်။ တကယ်လို့ ရွှမ်ယွမ်ဇီကောင်းက

သူရဲ့တိုက်ပွဲစွမ်းရည်ကို လက်တစ်ဖက်နဲ့ သုံးဆယ်ရာခိုင်နှုန်းပဲ ထုတ်ဖော်နိုင်ပြီး ကျို့ထျန်းကောက သူရဲ့တိုက်ပွဲစွမ်းရည်ကို အလောင်းကောင် စစ်သားတွေကို အသုံးမပြုပဲနဲ့ နှစ်ဆယ်ရာခိုင်နှုန်းပဲ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

မျှော်လင့်ထားသလိုပါပဲ။ တိုက်ကွက်ဆယ်ကွက်လောက် တိုက်ခိုက်ပြီးတဲ့နောက်မှာ ကျို့ထျန်းကောက အလောင်းကောင် စစ်သားတွေကို ဆင့်ခေါ်လိုက်ပါတယ်။

အလောင်းကောင် စစ်သားငါးကောင်။

ပန်းဖူးအဆင့်ရဲ့ အကန့်အသတ်က အလောင်းကောင် ခြောက်ယောက်ကို ထိန်းချုပ်ခြင်း ဖြစ်ပါတယ်။ ပြီးတော့ သူက ငါးကောင်ထိ ထိန်းချုပ်နိုင်ပါတယ်။ တစ်ကောင်ပဲ လိုတော့တယ် ဆိုပေမဲ့လည်း အကန့်အသတ်အနီးကို ရောက်လာတာကြောင့် ဒီအားနည်းချက် သေးသေးလေးက သိပ်ပြီးတော့ မပြောပလောက်ပါဘူး။

အလောင်းကောင် စစ်သားငါးယောက်က သေချာပေါက် လေးယောက်ထက် ပိုပြီးတော့ သန်မာပြီး အနည်းငယ်မျှ မဟုတ်ပါဘူး။

ရှမ်ယွမ်ဇီကွမ်းက အမှုမဲ့အမှတ်မဲ့ မနေပွံ့တော့ပဲ လက်နှစ်ဖက်လုံးကို ထုတ်သုံးပြီးတော့ ကျို့ထျန်းကောနဲ့ အလောင်းကောင် စစ်သားငါးယောက်ကို တိုက်ခိုက်ယှဉ်ပြိုင်လိုက်ပါတယ်။ တိုက်ပွဲရဲ့ ရလဒ်ကိုတော့ အချိန်တိုတိုလေး အတွင်းမှာ ဆုံးဖြတ်နိုင်မှာ မဟုတ်ပဲ ဒီလူငယ် နှစ်ယောက်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတာကို စောင့်ကြည့်နေတဲ့ လူတွေကို အသုံးတော် ခံနေကြပါတယ်။

"လူကြီးတွေက လုံးဂကို နှိုင်းယှဉ်လို့ မရနိုင်တော့ဘူး"

"ဒီနေ့ခေတ် လူငယ်တွေက တကယ့်ကို ကြောက်စရာကောင်းတယ်"

"သိုင်းပညာတွေရဲ့ တိုးတက်ထွန်းကားတဲ့ ခေတ်မှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် လူငယ်မျိုးဆက်တွေ ထွက်ပေါ်လာတယ်။ မျိုးဆက်တူထဲက ပါရမီရှင် တစ်ယောက် မဖြစ်သရွေ့ ဒီလူငယ်လေးတွေနဲ့ ဖက်ပြိုင်ဖို့ အဆင့်မီလိမ့်မှာ မဟုတ်ဘူးဆိုတာကို ရဲရဲကြီး ပြောပွံ့တယ်"

မြို့ရိုးထိပ်ပေါ်မှာ လူတော်တော်များများက ရှမ်ယွမ်ဇီကွမ်းနဲ့ ကျို့ထျန်းကောရဲ့ စွမ်းအားကို တအံ့တသြနဲ့

ပြောဆိုနေကြပါတယ်။

"ဒါပေမဲ့လည်း ဒီလိုမျိုး အစွမ်းထက်တဲ့ လူငယ်တွေ ပေါ်ထွက်လာဖို့ အတော်လေးကို ရှားပါတယ်"

"ဟုတ်တယ်။ အလယ်ပိုင်းဒေသမှာ ယိုဟိုင်ယွဲ၊ မန်ဒေးပူနဲ့ တခြားလူငယ် တချို့ပဲ ရှိလိမ့်မယ်။ ဒီလိုမျိုး အဆင့်ကို ရောက်နေတဲ့ လူငယ်တွေကို လက်တစ်ဖက်နဲ့တောင် ရေတွက်လို့ ရတယ်"

"သေချာပေါက် ဆယ်ယောက် မကျော်ဘူး"

အရမ်းကို အတွေ့အကြုံရှိတဲ့ ယောက်ျားကြီး တစ်ယောက်က အရမ်းကို သေချာတဲ့ အသံနဲ့ ကောက်ချက်ချလိုက်ပါတယ်။ အားလုံးကလည်း သူတို့ရဲ့ ခေါင်းတွေကို မရပ်မနား တဆတ်ဆတ် ညိတ်လိုက်ပါတယ်။

လင်းဟန်က ဒီစကားကို ကြားလိုက်တဲ့ အခါမှာ မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ အဲဒီနောက် သူက ပြောလိုက်ပါတယ်။

"ညီးညီး ဘာတွေလုပ်နိုင်တယ် ဆိုတာကို သူတို့ကို

နည်းနည်းလောက် ပြလိုက်ပါလား”

“ကောင်းပြီလေ။ သူတို့ကို ညီးညီးရဲ့ အံ့သြဖွယ်ရာတွေ ပြလိုက်မယ်”

ဟူးညိုက မြို့ရဲ့ဂင်ပေါက်ကနေ ခုန်ဆင်းပြီးတော့ သူမရဲ့ တင်ပါးပေါ်ကို လက်ထောက်ပြီး ပြောလိုက်ပါတယ်။

“ဘယ်သူ ညီးညီးနဲ့ တိုက်ခိုက်ချင်လဲ”

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူတွေက တစ်ယောက်ကို တစ်ယောက်က ကြည့်ပြီးတဲ့ နောက်မှာ အားလုံး ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဒါက အသက်ခြောက်နှစ် ခုနစ်နှစ်အရွယ် ကလေးမလေး တစ်ယောက် ဖြစ်ပြီးတော့ သူတို့အနေနဲ့ လက်ချောင်းတစ်ချောင်း ဆန့်ထုတ်ရုံနဲ့ သတ်ပစ်လိုက်နိုင်ပါတယ်။ တကယ်လို့ သူတို့က ဒီမိန်းကလေးငယ်လေးကို တိုက်ခိုက်မယ်ဆိုရင် အဲဒါက အရမ်းကို ရှက်ဖို့ကောင်းပါလိမ့်မယ်။

သူတို့အားလုံးက သူမကို လျစ်လျူရှုထားပြီး ဟူးညိုခုန်ဆင်းလာတဲ့ မြို့ရိုးတွေဆီကိုပဲ ကြည့်နေပြီး

ဘယ်သူမှ ထွက်မလာခဲ့ပါဘူး။

ဒါပေမဲ့လည်း ပိုင်ယွမ်က အံ့အားသင့်သွားတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆို သူ့အနေနဲ့ ဟူးညိုရဲ့ ကျင့်ကြံခြင်းကို ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။

တကယ်လို့ သူမက သာမန်မိန်းကလေးငယ်လေး တစ်ယောက်ပဲဆိုရင် ဒီလောက်မြင့်မားတဲ့ မြို့ဂင်ပေါက်ကနေ ဘယ်လိုလုပ်ပြီးတော့ အကောင်းပကတိအတိုင်း ခုန်ဆင်းချလာနိုင်မှာလဲ။ လူငယ်လေးတွေက ဂရုမစိုက်ပဲ အပေါ်ကိုပဲ ကြည့်နေကြပေမဲ့ သူကတော့ အမှုမဲ့ အမှတ်မဲ့ မနေပါဘူး။ သူက ဒီလူငယ်လေးတွေနဲ့ ယှဉ်လိုက်ရင် အရမ်းကို အတွေ့အကြုံများပါတယ်။ သတိကြီးစွာထားပြီးတော့ အသက်ရှင် နေထိုင်ခဲ့တာကလည်း အခုလိုမျိုး ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက် ဖြစ်လာရတဲ့ လျှို့ဝှက်ချက် တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက ပေါ့သေးသေး မထားဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အတွေ့အကြုံ များပြားတဲ့ အဘိုးကြီးတစ်ယောက် ဖြစ်နေတာကြောင့်ပါပဲ။

သူက တစ်ချက်စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ဘိုင်ဟောင် မင်းသွားပြီးတော့ သူမနဲ့ တိုက်ခိုက်ချေ"

"အရှင်သခင်ပိုင် ကျနော့်ကို ပြောတာလား"

ဘိုင်ဟောင်က သူနားကြားမှားတယ်လို့ ခံစားနေရပါတယ်။ သူကဘာဖြစ်လို့ သွားရမှာလဲ။ ဒါက တကယ်ပဲ ကလေးမ ငယ်ငယ်လေး တစ်ယောက်ပါ။ အရမ်းကို စိတ်ပျက်လက်ပျက်နဲ့ အရှေ့ကို ခြေတစ်လှမ်းချင်း တိုးလာခဲ့ပါတယ်။

"အမှုမဲ့ အမှတ်မဲ့ မလုပ်နဲ့"

ပိုင်ယွမ်က သတိပေးလိုက်ပါတယ်။

ဘိုင်ဟောင်က အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အရှင်သခင်ပိုင်ရဲ့ လေသံကို နားထောင်ရတာတော့ ဒီမိန်းကလေးငယ်လေးကို အတော်လေး ထူးခြားတယ်လို့ ထင်နေပုံ ရပါတယ်။ နောက်ဆုံးတော့ သူရဲ့ နှလုံးသား အထဲက သဘောမတူမှုတွေကို ရုပ်သိမ်းပြီး ခြေလှမ်းကျဲတွေနဲ့ အရှေ့ကိုတိုးလာပြီးတော့ ပြောလိုက်ပါတယ်။

“ကလေးမလေး မင်းငါနဲ့တိုက်ချင်လား”

ဟူးညိုက လက်ပိုက်ပြီးတော့ နှုးညံ့သိမ်မွေ့တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

“မတိုက်ဘူး ရိုက်မယ်လေ”

ဟူးညိုရဲ့ စကားက မြို့ရိုးထိပ်ပေါ်က လူတွေကို ကျယ်လောင်စွာ ရယ်မောသွားစေခဲ့ပါတယ်။ ဒီမိန်းကလေးငယ်လေးက ကျောက်စိမ်းတုံးလို ချောမွတ်နူးညံ့ပြီး လူတွေရဲ့ အာရုံကို ဆွဲဆောင်နိုင်ပါတယ်။

“ဟားဟားဟားဟား”

စီတုယောင်နဲ့ တခြားလူတွေက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ဘိုင်ဟောင်ကလည်း ဆက်ပြီးတော့ မတည်ငြိမ်နိုင်တော့ပါဘူး။

“ငါမင်းကို တစ်ကွက် အကျောပေးမယ်”

ဘိုင်ဟောင်က ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် ဦးလေး"

ဟူးညိုက နှိမ့်ချတဲ့ အမူအရာနဲ့ ဦးညွှန်လိုက်ပါတယ်။ လင်းဟန်ရဲ့ ဘေးနားမှာ တစ်လျှောက်လုံး နေလာခဲ့တာကြောင့် လူတွေကို ဘယ်လိုမျိုး လုပ်စားရမယ်ဆိုတာကို သူမက လေ့လာသင်ယူ ခဲ့ပါတယ်။

ဘိုင်ဟောင်က ခေါင်းညိတ်လိုက်ရုံပဲ ရှိပါသေးတယ် သူရဲ့မျက်စိတွေ ပြာသွားပြီး ပုံရိပ်သေးသေး တစ်ခုက သူရဲ့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ ဘုန်း။ သူရဲ့မျက်နှာပေါ်မှာ နာကျင်မှုကို ခံစားလိုက်ရပြီး သူရဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ထိန်းချုပ်မှု လွတ်သွားကာ မြေကြီးပေါ်ကို ဖင်ထိုင်ပြုတ်ကျသွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း ဟူးညိုကို အံ့အားသင့်စွာနဲ့ ကြည့်နေကြပါတယ်။ ဒီမိန်းကလေးကို ကြည့်ရတာ အရမ်းကို ချစ်စရာကောင်းတဲ့ မင်းသမီးလေး တစ်ပါးနဲ့ တူပါတယ်။ ဒါပေမဲ့ အခုတော့ မျက်စိတစ်မှိတ် အတွင်းမှာပဲ သူမက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်းနဲ့ သူမရဲ့ တိုက်ခိုက်မှုကို ထုတ်လွှတ်ပြီး ဘိုင်ဟောင်ကို မြေကြီးပေါ် ဖင်ထိုင်လျက် လဲကျသွား စေခဲ့ပါတယ်။

ဒါက မင်းသမီးငယ်လေး တစ်ပါးမဟုတ်ပါဘူး။ ဒါပေမဲ့ မကောင်းဆိုးဂါး အငယ်စားလေး တစ်ယောက် ဖြစ်ပါတယ်။

"ခစ်ခစ်"

ဟူးညိုက တခစ်ခစ်နဲ့ ရယ်မောပြီး နှင်းတွေလို ဖြူဆွတ်တဲ့ အပေါ်သွား အောက်သွားနှစ်တန်းကို ပေါ်နေအောင် ပြုံးပြီး ဘိုင်ဟောင်ကို ပြောလိုက်ပါတယ်။

"ဦးလေး ဘာဖြစ်သွားတာလဲ။ နေလို့မကောင်းဘူးလား"

အဲဒီအခိုက်အတန့်မှာ ဘိုင်ဟောင်က တကယ့်ကို သေချင်သွားပါတယ်။ နောက်ဆုံးတော့ ပိုင်ယွမ်က အကြောင်းပြချက် မရှိပဲ သတိမပေးဘူး ဆိုတာကို နားလည်သွားခဲ့ပါတယ်။ ဒီမိန်းကလေးငယ်လေးက အတော်လေးကို ရက်စက်ပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်က တိုင်းတာလို့ မရနိုင်ပါဘူး။ သူကနောက်တစ်ကြိမ် လွှားခနဲ ခုန်လိုက်ပြီး မာန်သွင်းအော်ဟစ် လိုက်ပါတယ်။ အလောင်းကောင် စစ်သားလေးယောက်က ချက်ချင်းဆိုသလို အားလုံးရောက်လာပြီး ဟူးညိုကို အတူတကွ တိုက်ခိုက်လိုက်ကြပါတယ်။

"ခစ်ခစ်ခစ် ဦးလေး ညီးညီးကို နောက်ထပ် တိုက်ကွက်တစ်ကွက် အကျောမပေးတော့ဘူးလား"

ဟူးညီရဲ့ ပုံရိပ်က ပေါ့ပါးဖျတ်လတ်ပြီး ပြေးရင်းလွှားရင်းနဲ့ အော်ဟစ်နေပါတယ်။ အလောင်းကောင် စစ်သားလေးယောက်ရဲ့ ဘက်ပေါင်းစုံက တိုက်ခိုက်မှု အကြားမှာ သူမက အေးအေးလူလူနဲ့ အပန်းဖြေ လမ်းလျှောက်နေတာနဲ့ တူနေပြီး အရမ်းကို သက်တောင့်သက်သာ ဖြစ်နေပုံ ရပါတယ်။ နောက်ပြီးတော့ ဒီမိန်းကလေးငယ်လေးက နည်းနည်းလေးမှ ထိခိုက်မှု မရှိပါဘူး။ သူမရဲ့ လက်သေးသေးလေးကို လက်ဂါးပုံစံကို ပြောင်းပြီးတော့ အလောင်းကောင် စစ်သားတစ်ယောက်ဆီကို ရိုက်ထုတ်လိုက်ပါတယ်။

အလောင်းကောင် စစ်သားတွေက အကြိမ်တစ်ရာလောက် မွန်းမံသန့်စင်ထားတော့ရော ဘာဖြစ်ဦးမှာလဲ။ ဟူးညီက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိတုန်းက သူမရဲ့ လက်သည်းတွေက ပန်းဖူးအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြွယ်နစ်ပွင့် ဖျက်ဆီးခြင်း စွမ်းအားရှိပြီး သူမရဲ့ ပစ်မှတ်ကို စုတ်ဖြဲပစ်နိုင်ပါတယ်။ အခု သမူက ပန်းဖူးအဆင့်ကို အဆင့်တက်လာခဲ့ပြီး ဒီလက်သည်းတွေက ပိုပြီးတော့တောင်

ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။

ဗျိုးဆိုတဲ့ အသံနဲ့အတူ အဆင့်တူ ရှားပါးသတ္တုတွေထက် သိပ်မနိမ့်ကျတဲ့ အရိုးစုခန္ဓာကိုယ်က ချက်ချင်းဆိုသလို စုတ်ဖြဲခံရပြီး ဟူးညိုကြောင့် တိုက်ကွက်အနည်းငယ် အတွင်းမှာ အရိုးအပိုင်းအစတွေ ပျက်စီးကြေပျက်မွ သွားခဲ့ပါတယ်။

ဖူး။

လူတိုင်းလူတိုင်း တံတွေးသီးပြီး နင်ကုန်ကြပါတယ်။ ဒီမိန်းကလေးငယ်လေးက အရမ်းကို ထူးဆန်းလွန်းပါတယ်။ သူမက ဘယ်လောက်တောင် သန်မာလိုက်သလဲ။ သူမက ရွှမ်ယွမ်ဇီကွမ်းထက် နည်းနည်းလေးမှ အားမနည်းပါဘူး။

"အလယ်ပိုင်းဒေသရဲ့ ပါရမီရှင်တွေ အထဲကို နောက်ထပ်တစ်ယောက် ထပ်ပြီးတော့ ပေါင်းထည့်ရလိမ့်မယ်"

ဂါရင့်သန္တာရင့်လူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဘာဖြစ်တယ်။ စောစောလေးကပဲ မင်းက

အလယ်ပိုင်းဒေသရဲ့ ပါရမီရှင်တွေက ဆယ်ယောက် မကျော်ဘူးလို့ ပြောခဲ့တယ် မဟုတ်လား”

“……”

ဂါရင့်သ္မာရင့်လူက မှားယွင်းမှုကြောင့် အရှက်ခွဲခံရပြီး သူရဲ့မျက်နှာက ချက်ချင်းဆိုသလို နီရဲသွားခဲ့ပါတယ်။ အစောပိုင်းတုန်းက ရွှမ်ယွမ်ဇီကွမ်းနဲ့ ကျွိုထျန်းကောတို့လို ပါရမီရှင်တွေက အလယ်ပိုင်းဒေသ တစ်ခုလုံးမှာတောင် ဆယ်ယောက်မကျော်ဘူးလို့ ပြောခဲ့ပါတယ်။ အခုဆို သာမန်ပုံစံရှိတဲ့ မိန်းကလေးငယ်လေးက ကောင်းကင်ကိုတောင် ဆန့်ကျင်နိုင်လောက်တဲ့ ခွန်အားရှိနေပါတယ်။

ဟူးညို့က အလောင်းကောင် စစ်သားလေးယောက်ကို လွယ်ကူစွာနဲ့ အနိုင်ယူပြီးတဲ့ နောက်မှာတော့ ဘိုင်ပောင်ကလည်း အရှုံးပေးလိုက်ဖို့တစ်ခုပဲ တတ်နိုင်ပါတော့တယ်။

သူက အလောင်းကောင် စစ်သားတွေနဲ့တောင် အနိုင်မရတာ။ သူတို့ရဲ့ အကူအညီ မပါပဲ တစ်ယောက်တည်း ဆိုရင်တော့ ပိုဆိုးပြီပေါ့။

ဟူးညိုက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ်ရှိသေးလား။ ညိုးညိုးက ဆယ်ပွဲလုံး တစ်ယောက်တည်း တိုက်ခိုက်ချင်နေတာ"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေက တိတ်ဆိတ်ငြိမ်သက်လို့ နေကြပါတယ်။ ဘိုင်ဟောင်က သူတို့တပည့် ဆယ်ယောက်ထဲမှာ ခွန်အားအရာမှာ နံပါတ်ရှစ် ဒါမှမဟုတ် နံပါတ်ကိုး အဆင့်လောက်ပဲ ရှိတယ်ဆိုပေမဲ့ ဟူးညိုက အရမ်းကို သက်တောင့်သက်သာနဲ့ အနိုင်ယူခဲ့ပါတယ်။ ဒါကြောင့် ဒီမိန်းကလေးငယ်လေးကို ဖိနှိပ်ဖို့ဆိုရင် ကျိုထျန်းကောကို လွှတ်ရပါလိမ့်မယ်။

ပြဿနာက ကျိုထျန်းကောက ရှမ်ယွမ်ဇီကွမ်းနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပါသေးတယ်။ ဒါကြောင့် စောင့်ရပါလိမ့်မယ်။

ပိုင်ယွမ်က ပြောလိုက်ပါတယ်။

"မင်းက ကိုးပွဲဆက်တိုက် နိုင်တယ်လို့ ငါတွက်ပေးလိုက်မယ်။

ဆယ်ပွဲမြောက်ကိုတော့ နံပါတ်သုံး တိုက်ပြီးတဲ့ အချိန်ထိ စောင့်ရလိမ့်မယ်”

“ဟင့် ညီးညီးကို စောင့်စေချင်တာလား။ ဒါဆိုရင် မကာစားနိုင်တော့ဘူး”

ဟူးညိုက သူမရဲ့ ခြေထောက်ကို ဆောင့်ချလိုက်ပြီး ပြန်သွားလိုက်ပါတယ်။

မြို့ရိုးထိပ်က လူတိုင်းလူတိုင်းရဲ့ အကြည့်တွေက အံ့အားသင့်မှုတွေနဲ့ ပြည့်နက်နေပြီး ဟူးညိုကို သူတို့တွေ ကြည့်လိုက်ပြီး တချို့ အဘိုးကြီးတွေက ဒီမိန်းကလေးငယ်လေးကို တပည့်အဖြစ် ရွေးချင်နေကြပါတယ်။ ဒီမိန်းကလေးငယ်လေးက အခုတောင် အရမ်းကို သန်မာနေပါတယ်။ တကယ်လို့ သူမအရွယ်ရောက်လာတဲ့ အခါမှာ ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိမ့်မလဲ။

အနာဂတ် ဒီကမ္ဘာကြီးရဲ့ လက်ရွေးစင်ထဲမှာ သူမအတွက် သေချာပေါက် နေရာတစ်ခု ရှိပါလိမ့်မယ်။

Chapter 565 end

အပိုင်း(၅၆၆) အုတ်ခဲတစ်လုံးနဲ့ အပြတ်ဆော်ပစ်လိုက်ပြီ

"ရှင်တို့တွေက ညီးညီးကို ဘာအတွက်နဲ့ ဒီလောက်တောင် စိုက်ကြည့်နေတာလဲ။ ရှင်တို့တွေ ဘယ်လိုပဲကြည့်ကြည့် ညီးညီးဆီက အသားတွေ ရလိမ့်မှာ မဟုတ်ဘူးနော်"

ဟူးညိုက အားလုံးကို ရန်လိုတဲ့ အကြည့်နဲ့ တစ်ချက်ဝေ့ကြည့်လိုက်ပါတယ်။ ဒီလူတွေက သူမဆီက အစားအသောက်ကို လုယူဖို့ စဉ်းစားနေကြတာလား။ သူတို့က အရမ်းကို ဆိုးဝါးပါတယ်။

ဂါရင့်သမ္မာရင့်လူက နောက်တစ်ကြိမ် သုံးသပ်ပြီးတော့ ကောက်ချက်ချလိုက်ပါတယ်။

"အလယ်ပိုင်းဒေသရဲ့ ပါရမီရှင်တွေထဲမှာ ဒီမိန်းကလေးငယ်လေးကိုလည်း ထည့်ပေါင်းရ လိမ့်မယ်"

သူ့ကိုကြည့်ရတာ အတော်လေးကို လူသိများထင်ရှားသူ တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် တစ်ကြိမ်မှားယွင်းမှုကြောင့် အရှက်ကွဲသွားပေမဲ့ ဒီစကားလုံးတွေကို လူတော်တော်များများက လက်ခံသဘောတူတဲ့ အရိပ်အယောင်တွေ

ဖြစ်ပေါ်နေပါတယ်။

"မဆိုးဘူး။ ဒီလိုမျိုး မိန်းကလေးငယ်လေးက နှစ်ပေါင်းတစ်သောင်းတောင်မှ တစ်ယောက် ပေါ်ထွက်လာဖို့ ခက်ခဲတယ်"

"အရမ်းကို ထူးဆန်းတယ်။ လုံးဝကို ခန့်မှန်းလို့ မရနိုင်ဘူး"

လင်းဟာန်က နားထောင်ပြီးတော့ မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားပြီး ပြောလိုက်ပါတယ်။

"ဟိုင်ညီး(ပင်လယ်မိန်းကလေး) မင်းအောက်ကိုဆင်းပြီး သွားတိုက်လိုက်"

ဟော့လျန်ချွင်ရွှယ်က ဒီစကားကို ကြားလိုက်တဲ့ အခါမှာ သူမရဲ့ မျက်နှာက ချက်ချင်းဆိုသလို ဖြူဖပ်ဖြူရော် ဖြစ်သွားပါတယ်။ သူမက အလျင်အမြန်ပဲ ခေါင်းကိုခါပြီးတော့ ပြောလိုက်ပါတယ်။

"ကျမ မလုပ်နိုင်ဘူး။ ကျမ မလုပ်နိုင်ဘူး"

"မင်းလုပ်နိုင်တယ်လို့ ငါပြောရင် မင်းသေချာပေါက်

လုပ်နိုင်လို့ပဲ။ မမေ့လိုက်နဲ့ ငါမင်းကို အုတ်ခဲတစ်လုံး ပေးထားတယ်။ မင်းအဲဒါနဲ့ ချပစ်လို့ ရတယ်”

လင်းဟန်က သူမကို သတ္တိရှိလာအောင် တိုက်တွန်းလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က အဆင့်တွေရဲ့ ကွာဟချက်ကို နားမလည်ပါဘူး။ အဲဒီလိုမှ မဟုတ်ပဲ သာမန်မိန်းကလေး တစ်ယောက်လို တွေးတတ်မယ်ဆိုရင် သူမက ပန်းဖူးအဆင့် ပြိုင်ဘက် တစ်ယောက်ကို တိုက်ခိုက်ပုံမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူမက ဘာကိုမှ မသိတာကြောင့် အကြောက်အရွံ့ကင်းပြီး လျစ်လျူရှုကာ ခေါင်းညိတ်လိုက်ပါတယ်။

သူမရဲ့ စိတ်ထဲမှာ လင်းဟန်က သူမမျက်စိတွေ ပွင့်လာတဲ့ အချိန်မှာ ပထမဆုံး မြင်တွေ့ရတဲ့ လူဖြစ်ပါတယ်။ ဒါကြောင့် သူမက သူနဲ့နီးကပ်သလို ခံစားရပြီး သူပြောတာကို နားထောင်ရမှာ သဘာဝကျပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ အောက်ဘက်ကို လှမ်းအော်လိုက်ပါတယ်။

"အခု ကျုပ်တို့က တံဆိပ်ပြား ကိုးဆယ် အနိုင်ရထားပြီပေါ့ ဟုတ်တယ်မလား"

ပိုင်ယွမ်က ခေါင်းညိတ်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"အမှန်ပဲ"

"ဒါဆိုရင်လည်း အနိုင်ပွဲ နည်းနည်းလောက် ထပ်ယူရတာပေါ့။ နောက်ထပ် ဒီဆော်လေးကို တိုက်ခိုက်ခိုင်းရလိမ့်မယ်"

လင်းဟန်က ဟော့လျန်ချွင်ရွှယ်ကို လက်ညိုးထိုးပြီး ပြောလိုက်ပါတယ်။

ချက်ချင်းဆိုသလို လူတိုင်းရဲ့ အကြည့်တွေက ပြောင်းလာပြီး အဲဒီနောက်မှာ သူတို့ရဲ့ ခေါင်းတွေကို ဆက်တိုက်ခါယမ်း လိုက်ကြပါတယ်။

မဖြစ်နိုင်ဘူး။

ဒီမိန်းကလေးက မူလစွမ်းအင် တက်ကျခြင်း

တစ်စွန်းတစ်စတောင် မရှိပါဘူး။ သူမကိုသာ ပြိုင်ကွင်းထဲ ပို့လွှတ်လိုက်မယ်ဆိုရင် ပြိုင်ဘက်ကို အလကားထိုးကျွေးလိုက်တာပဲ မဟုတ်လား။

"မင်းလုပ်ပုံလား"

ရှမ်ယွမ်ဇီကွမ်းက ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲရင်းနဲ့ နေရာပေါင်းစုံက အသံကို ကြားနိုင်ပြီး ချက်ချင်းဆိုသလို လင်းဟန်ဘက်ကို လှမ်းအော်လိုက်ပါတယ်။

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"မင်းအလုပ် တစ်ခုမှ မပါဘူး"

ဒါပေမဲ့လည်း ပိုင်ယွမ်က ဟော့လျန်ချွင်ရှယ်ကို စိုက်ကြည့်ပြီးတော့ လေးလေးနက်နက်နဲ့ စဉ်းစားနေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။ သူလည်းပဲ ဒီမိန်းကလေးကို ဖြတ်ပြီးတော့ ကြည့်လို့မရပါဘူး။ ဒါပေမဲ့ စောစောတုန်းက ကလေးမနဲ့ နှိုင်းယှဉ်ရင်တော့ လုံးဝကို ကွဲပြား ခြားနားပါတယ်။ ဟူးညို့က အရမ်းကို နက်ရှိုင်းတဲ့ ပင်လယ်တစ်ခုနဲ့ တူပြီးတော့ သူ့အနေနဲ့ အောက်ခြေအထိကို မမြင်နိုင်ပါဘူး။ ဒီမိန်းကလေးကျတော့ သူမက

မြူခိုးအလွှာတစ်ခုနဲ့ ဖုံးအုပ်ထားသလိုမျိုးနဲ့ တူပါတယ်။

ထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်။

ဟော့လျန်ချင်ရှယ်က မြို့ရိုးနံရံတွေရဲ့ အမြင့်ကို ကြည့်ပြီးတော့ ချက်ချင်းပဲ အားမရှိတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ကျမ အောက်ကို မဆင်းနိုင်ဘူး။ ဒါက အရမ်းကို မြင့်လွန်းတယ်။ ပြုတ်ကျသွားရင် သေသွားလိမ့်မယ်"

အားလုံးပဲ ရယ်မောလိုက်ကြပါတယ်။ မင်းတို့ကောင်တွေက မျောက်တစ်ကောင်ကို လူအုပ်ထဲ ဖိတ်ခေါ်ပြီးတော့ ဟာသလုပ်နေတာလား။

လင်းဟန်က ဟော့လျန်ချင်ရှယ်ကို ဖမ်းဆုပ်ပြီး မြို့နံရံတွေ အပေါ်ကနေ အောက်ကို ဆင်းချလာခဲ့ပါတယ်။ အဲဒီနောက် သူကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သွားတော့"

သူကတော့ လုံးဝစိုးရိမ် ပူပန်ခြင်း မရှိပါဘူး။

ဟောလျန်ချင်ရှယ်ရဲ့ စစ်မှန်တဲ့ ကျင့်ကြံခြင်းက အဆင့်မြင့် ကောင်းကင်အဆင့်မှာ ဖြစ်ပါတယ်။ ပြီးတော့ သူမမှာ စစ်မှန်တဲ့ နဂါးသွေးမျိုးဆက် ရှိပါတယ်။ တကယ်လို့ သူမရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လိုက်မယ်ဆိုရင် ပိုင်ယွမ်ကိုတောင်မှ လက်တစ်ဖက်တည်းနဲ့ ဖိနှိပ်ထိန်းချုပ်နိုင်ကောင်း နိုင်ပါလိမ့်မယ်။

ဟောလျန်ချင်ရှယ်က ရှိုးတိုးရှန်းတန့်နဲ့ အုတ်နီခဲကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး အရှေ့ကို တိုးလာခဲ့ပါတယ်။ ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အားလုံးက မနေနိုင်ပဲ ရယ်မောမိ ကြပါတယ်။

နောက်ထပ်ပြိုင်ဘက်တစ်ယောက်။ ကြည့်ရတာတော့ တစ်ချက်တောင် ခံမဲ့ပုံ မပေါ်ဘူး။

ပိုင်ယွမ်က တစ်ချက်စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"နံပါတ်ငါး မင်းသွားလိုက်"

ဘာပြောလိုက်တာလဲ။

ဘိုင်ပောင်နဲ့ တခြားလူတွေက အကြီးအကျယ် အံ့အားသင့်

သွားခဲ့ကြပါတယ်။ နံပါတ်ငါး ရှကျန်းက သူတို့အထဲမှာ တတိယမြောက် အသန်မာဆုံး လက်ရွေးစင် ဖြစ်ပါတယ်။ ပြီးတော့ သူ့ကို အခု စေလွှတ်လိုက်တာလား။

ရှကျန်းက ကျစ်လျစ်သွက်လက်ပြီး ခန့်ညားချောမောတဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ခန္ဓာကိုယ်မှာ နတ်ဘုရားအလင်းတွေ တလက်လက်တောက်ပနေပြီး ကြည့်ရတာ အရမ်းကို မျက်စိပသာဒ ဖြစ်ပြီး သူ့ပုံစံက နည်းနည်းလေးမှ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တစ်ယောက်နဲ့ မတူပါဘူး။ သူက လမ်းလျှောက်လာပြီး ဟော့လျန်ချွင်ရှယ်ကို ကြည့်ပြီး အသက်ရှူမှားသွားတဲ့ အမူအရာတစ်ခု ဖြစ်သွားပြီး ပြောလိုက်ပါတယ်။

"မိန်းမလှလေး ငါ့ရဲ့ တာအိုလက်တွဲဖော် ဖြစ်ပါလား။ ငါမင်းကို ကမ္ဘာမြေအနှံ့ ခေါ်ဆောင်သွား ပေးမယ်လေ"

"လူရှုပ်လူညစ်"

ဟော့လျန်ချွင်ရှယ်က တုန်တုန်ယင်ယင်နဲ့ သူ့ကိုဆူလိုက်ပါတယ်။

"အရမ်းကို ဖြူစင်တာပဲ။ ငါဒါကို သဘောကျတယ်"

ရှကျန်းက ကျယ်လောင်စွာ ရယ်မောပြီးတော့ ဟော့လျန်ချင်ရှယ်ရဲ့ မျက်နှာဆီကို လွှားခနဲ ခုန်ဝင်လာခဲ့ပါတယ်။

"မင်းလုပ်ပုံ့သလား"

ရွှမ်ယွမ်ဇီကွမ်းက ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ ဒါက သူမျက်စိကျနေတဲ့ မိန်းကလေး ဖြစ်ပါတယ်။ တကယ်လို့ ရှကျန်းက ဟော့လျန်ချင်ရှယ်ကိုသာ ထိကိုင်မိမယ်ဆိုရင် ရှကျန်းရဲ့ လက်ကို ဖြတ်ပစ်ပြီး သူရဲ့အရိုးတွေကို ချိုးပြီးတော့ ပြာချပစ်မယ်လို့ ကျိန်ဆိုလိုက် ပါတယ်။

"ဟင့် ငါနဲ့တိုက်ခိုက်နေပြီးတော့ မင်းရဲ့ နှလုံးသားက တခြားနေရာကို ကြည့်ချင်နေ သေးတာလား"

ကျှီထျန်းကောက လှောင်ပြုံးပြုံးလိုက်ပြီး သေစေနိုင်တဲ့ တိုက်ခိုက်မှုတွေကို အဆက်မပြတ် ထုတ်လွှတ်တိုက်ခိုက်လိုက်ပြီး ချက်ချင်းဆိုသလို ရွှမ်ယွမ်ဇီကွမ်းကို ဖိနှိပ်လိုက်ပါတယ်။

"ထွက်သွားစမ်း သေချင်းဆိုးကာလနာ လူရှုပ်လူညစ်ကောင်"

ဟော့လျန်ချွင်ရှယ်က ထိတ်လန့်တကြားနဲ့ အော်လိုက်ပြီး ရှကျန်းဆီကို အုတ်နီခဲနဲ့ ပြင်းပြင်းထန်ထန် လွှဲရိုက်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေကို မှိတ်ပြီးတော့ သူမရဲ့ ခေါင်းကိုလည်း တစ်ဖက်ကို လွှဲထားပြီး အားကုန်ရိုက်ချပစ်လိုက်ပါတယ်။

ဘုန်း။

ပြဿနာက သူမရဲ့ ရိုက်ချက်က လုံးဂကို ထိထိမိမိနဲ့ ထိမှန်သွားခဲ့ပါတယ်။

ဒါက ရှကျန်းရဲ့ သူမရဲ့ မျက်နှာကို ထိကိုင်ဖို့ အလေးအနက်မထားပဲ ရွှတ်နောက်နောက်နဲ့ ခုန်ဂင်လာတဲ့ အတွက်ကြောင့် ဖြစ်လာတဲ့ အမှားပဲ မဟုတ်လား။ မျက်နှာချင်းဆိုင်လည်းဖြစ် ဟော့လျန်ချွင်ရှယ်ရဲ့ ခွန်အားတွေကလည်း စုနေပြီး ဒီလိုမျိုး ကြောက်မက်ဖွယ်ရာ စွမ်းအားကို လင်းဟန်တောင်မှ ဟန့်တားဖို့မပြောနဲ့ ဟူးညီတောင်မှ အရှုံးပေးရပါလိမ့်မယ်။

"အား"

ရှကျန်းက အသည်းခိုက်မတတ် ထိတ်လန့်တကြား အော်ဟစ်လိုက်ပြီး မြေကြီးပေါ်ကို လဲကျသွား ခဲ့ပါတယ်။ သူရဲ့နဖူးကွဲသွားပြီး မြေကြီးပေါ်မှာ ဆန့်ဆန့်ကြီး လဲနေပါတယ်။

"ဘယ်လို"

လူတိုင်းလူတိုင်းရဲ့ မျက်နှာက တွန့်လိမ်ရှုံ့မဲ့ သွားခဲ့ပါတယ်။ ဒီမိန်းကလေးက တကယ်ပဲ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ကို မှောက်သွားအောင်လို့ ခုတ်ခဲတစ်လုံးနဲ့ ဆော်ပလော် တီးထည့်ပစ်လိုက်ပါတယ်။

"ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ"

ပိုင်ယွမ်ရဲ့ ပါးစပ်ကနေ စကားနှစ်လုံး ထွက်လာခဲ့ပါတယ်။ ဟော့လျန်ချွင်ရှယ်ကို ဘာကြောင့် သူက ဖြတ်ပြီးတော့ မမြင်နိုင်တာလဲ ဆိုတာကို နောက်ဆုံးတော့ သူနားလည်သဘောပေါက် သွားခဲ့ပါတယ်။ သူမက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက် ဖြစ်နေပါတယ်။ သူမရဲ့ စွမ်းအားတွေက သူမရဲ့ အရိုးတွေ

အသားတွေရဲ့ နေရာအနှံမှာ သိပ်သည်းကျစ်လစ်နေပြီး အစွမ်းထုတ်ဖော်မှု မရှိသရွေ့ အာရုံခံလို့ မရနိုင်ပါဘူး။

"ဒါဆိုရင် သူမက အံ့အားသင့်စရာကောင်းတဲ့ ခွန်အားရှိနေတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက်ပေါ့"

"ဟုတ်တယ်။ အနီးကပ်တိုက်ပွဲမှာဆိုရင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူတွေက လုံးဝကို အသာစီး ရကြတယ်"

"ဟားဟား။ အဲဒါက ဒီကောင်လေးရဲ့ တဏှာရူးပြီးတော့ သူမကို အမြတ်ထုတ်ချင်လို့ အနားကို ကပ်လာတာကြောင့် အုတ်ခဲနဲ့ ဆော်ပလော် တီးခံလိုက်ရတာပဲ။ ဒါက သူ့အမှားပဲ"

အားလုံးက တစ်ယောက်ပြီးတစ်ယောက် ခေါင်းညိတ်လိုက်ကြပါတယ်။ ရှကျန်းရဲ့ ရှုံးနိမ့်မှုက တကယ့်ကို မှားယွင်းပါတယ်။ သူရဲ့တဏှာစိတ်ကြောင့် ရှုံးနိမ့်သွားရတာပါ။

"ဟင့်။ မင်းက ကျွမ်းကျင်သူ တစ်ယောက်ဆိုမှတော့ ဘာဖြစ်လို့ နူးညံ့သိမ်မွေ့သလို ဟန်ဆောင်နေရတာလဲ"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ မိန်းကလေး တပည့်တစ်ယောက်က အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူမက နံပါတ်ကိုး ဖြစ်ပြီးတော့ သူမရဲ့ နာမည်က ဟန်ဂူယွမ်လို့ ခေါ်ပါတယ်။ နံပါတ်ငါး ဖြစ်သူက ရှုံးနိမ့်သွားတယ် ဆိုပေမဲ့ ရှကျန်းက အစွမ်းတောင် မပြလိုက်ရပါဘူး။

သူမကလည်း ထူးထူးခြားခြား လှပချောမောသူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဟော့လျန်ချွင်ရွှယ်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် အများကြီး နိမ့်ကျနေပါတယ်။ ဒါကဘာမှမတတ်နိုင်ပါဘူး။ တကယ်လို့ သူတို့ရဲ့ ရုပ်ရည်က အဆင့်တူမယ်ဆိုရင်တောင် ဟော့လျန်ချွင်ရွှယ်က ကောင်းကင်အဆင့် လက်ရွေးစင် ပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်က ဖက်ပြိုင်နိုင်မှာလဲ။

ဟန်ဂူယွမ်က ချက်ချင်းပဲ မာန်သွင်းအော်ဟစ်လိုက်ပြီး သူမရဲ့ အလောင်းကောင် စစ်သားတွေကို ဆင့်ခေါ်လိုက်ပါတယ်။ သူမရဲ့ အလောင်းကောင် စစ်သားတွေက လေးကောင်ပဲ ဆိုပေမဲ့ ဘိုင်ဟောင်ရဲ့ အလောင်းကောင် စစ်သားတွေထက် အနည်းငယ် သန်မာအားကောင်းပြီး တိုက်ပွဲစွမ်းရည် အနည်းဆုံး ကြယ်ပွင့်ဆယ့်လေးပွင့်လောက် ပိုင်ဆိုင်ပါတယ်။

ဟော့လျန်ချွင်ရှယ်က တုန်လှုပ်သွားပါတယ်။ ဒီအရိုးစုတွေက ဘာတွေလဲ။ သူမကို ထိတ်လန့်သွား စေခဲ့ပါတယ်။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

အလောင်းကောင် စစ်သားလေးယောက်က မကောင်းဆိုးဝါးဆန်ဆန် ရက်စက်ကြမ်းကြုတ်မှု အပြည့်နဲ့ ဆူညံပြီး တိုက်ခိုက်လိုက်ပါတယ်။

"အမေရေ"

ဟော့လျန်ချွင်ရှယ်က ထိတ်လန့်တကြား အော်ဟစ်လိုက်ပြီး သူမရဲ့ လက်ထဲက အုတ်နီခဲနဲ့ အလောင်းကောင် စစ်သားတွေကို မျက်စိစုံမှိတ်ပြီး လွှဲရိုက်ပစ်လိုက်ပါတယ်။ ပုန်း ပုန်း ပုန်း ပုန်း။ အလောင်းကောင် စစ်သားတွေက ချက်ချင်းဆိုသလို လေထဲကို လွင့်ပျံသွားပြီး သူတို့ရဲ့ ခေါင်းတွေ ခြေလက်တွေ ပြုတ်ထွက်ကုန်ပါတယ်။ မျက်စိတစ်မှိတ်အတွင်းမှာ အလောင်းကောင် စစ်သားလေးယောက်စလုံး ခြေပြတ်လက်ပြတ် မသန်မစွမ်း ဖြစ်ကုန်ပါတယ်။

အဟွတ် အဟွတ်။

လူတိုင်းလူတိုင်း နောက်တစ်ကြိမ် တံတွေးသီးကုန်ကြပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ ကျွမ်းကျင်သူ တစ်ယောက်။

ဒါက အရမ်းကို လွန်လွန်းပါတယ်။ အလောင်းကောင် စစ်သားလေးယောက်ကို သာမန်ကာလျှံကာ တိုက်ခိုက်မှု အနည်းငယ်နဲ့ လွင့်ထွက်သွားစေတဲ့ သူမက စောစောတုန်းက ကလေးမလေးထက် ပိုပြီးတော့တောင် ထိတ်လန့်စရာ ကောင်းပါတယ်။

သူမရဲ့ အသက်ကိုကြည့်ပါဦး။ သူမကိုကြည့်ရတာ အသက်နှစ်ဆယ်ခန့်ပဲ ရှိပါဦးမယ်။ သူမက ဘယ်လောက်တောင်မှ သန်မာနေပြီလဲ။

ရွှမ်ယွမ်ဇီကွမ်းရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ အစတုန်းက ဟော့လျန်ချွင်ရွှယ်က နူးညံ့သိမ်မွေ့ပြီး အားနည်းတဲ့ မိန်းမလှလေး တစ်ယောက်လို့ ထင်ထားခဲ့ပါတယ်။ ဒါပေမဲ့ သူမရဲ့ ခွန်အားက အခုလိုမျိုး ကြောက်မက်ဖွယ်ရာ ကောင်းလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိခဲ့ ပါဘူး။ အလောင်းကောင် စစ်သားလေးယောက်ကို

ချက်ချင်းဆိုသလို မြေပြတ်လက်ပြတ် ဖြစ်သွားအောင် ရိုက်ထုတ်ပစ်တာက သူတောင်မှ ဒီလိုမျိုး လုပ်ပစ်နိုင်စွမ်း မရှိပါဘူး။

"ပါ ပါ ပါရမီရှင်ပဲ။ သူမက ရွှမ်ယွမ်ဇီကွမ်းနဲ့ ယိုဟိုင်ယွဲ့တို့ထက်တောင်မှ ပိုပြီးတော့ ထူးခြားတယ်"

Chapter 566 end

အပိုင်း(၅၆၇) ခွန်အားကို ကြွားလုံးထုတ်ခြင်း

ဂါရင့်သွမ်ရှာရင့် ယောက်ျားကြီးက အစောပိုင်းတုန်းက တစ်ကြိမ် မှားယွင်းခဲ့ပြီးပါပြီ။ ဒီမိန်းကလေးက အတော်လေးကို ကြောင်တောင်တောင်နိုင်ပြီး ချစ်စရာလည်း ကောင်းပြီးတော့ စောစောက ကလေးမလေးထက်တောင်မှ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူမရဲ့တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ ကောင်းပြီးတော့ အလောင်းကောင် စစ်သားလေးယောက်ကို တခါတည်းနဲ့ ဖျက်ဆီးပစ်လိုက်နိုင်ပါတယ်။

"အလယ်ပိုင်းဒေသရဲ့ ပါရမီရှင်တွေ အထဲမှာ လူသစ်တွေက တစ်ယောက်တောင် မကတော့ဘူး"

သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး လူထူးလူဆန်းတွေ ထပ်မရှိနိုင်တော့ဘူး ဟုတ်တယ်မလား"

တစ်စုံတစ်ယောက်က ဂင်ပြောလိုက်ပါတယ်။

"သေချာပေါက် မရှိနိုင်တော့ဘူး"

ဂါရင့်သ္ဘာရင့် ယောက်ျားကြီးက အရမ်းကို သေချာတဲ့အသံနဲ့ ပြောလိုက်ပါတယ်။ တစ်ရက်တည်းမှာ ဒီလိုမျိုး ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်နှစ်ယောက် ထွက်ပေါ်လာတာက ကြီးမားတဲ့ ဆန်းကြယ်မှုတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး ထပ်ခါထပ်ခါ ဖြစ်ပျက်ဖို့ ဆိုတာက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်ချေ ရှိမှာလဲ။

ဟော့လျန်ချွင်ရှယ်က အံ့အားသင့်နေဆဲ ဖြစ်ပါတယ်။ သူမက အရိုးစုလေးခုဆီကို ကြည့်ပြီးတော့ သူတို့ကို ကစဥ့်ကလျားဖြစ်အောင် ရိုက်ထုတ်ပစ်လိုက်တာကို မယုံကြည်နိုင်တဲ့ပုံစံနဲ့ ကြည့်ပြီးမှ သူမရဲ့ ပြားချပ်နေတဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ လေးလေးနက်နက်နဲ့

ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျမက တကယ်ပဲ ဒီလိုမျိုး ထူးကဲနေတာလား"

ဟန်ဂူယွမ်က အစုဆို အကျပ်ရိုက်နေပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အသန်မာဆုံး အရာတွေက သေချာပေါက် အလောင်းကောင် စစ်သားတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားလေးယောက်စလုံး တစ်ပြိုင်နက်တည်း ခြေပြတ်လက်ပြတ်နဲ့ မသန်မစွမ်း ဖြစ်ကုန်ပါတယ်။ တကယ်လို့ သူမက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်မယ်ဆိုရင် သူမရဲ့အသက်ကို ပေးလိုက်တာနဲ့ အတူတူပဲ မဟုတ်လား။ ဒါပေမဲ့လည်း သူမရဲ့ ပြိုင်ဘက်ပုံစံကို ကြည့်လိုက်ရင် ကျွမ်းကျင်သူ တစ်ယောက်ရဲ့ အရှိန်အဝါမျိုး နည်းနည်းလေးမှတောင် မရှိပါဘူး။ ခွန်အားသက်သက်ပဲ အားကောင်းပုံ ရပြီးတော့ တကယ်လို့ သူမက မတိုက်ခိုက်ပဲ နောက်ဆုတ်လိုက်မယ်ဆိုရင် အဲဒါက အရမ်းကို စိတ်ပျက်စရာ ကောင်းနေလိမ့်မယ် မဟုတ်လား။

"နံပါတ်ကိုး နောက်ဆုတ်စမ်း"

ပိုင်ယွမ်က ပြောလိုက်ပါတယ်။ သူက လိမ္မာပါးနပ်ပြီး ထိုးထွင်းသိမြင်နိုင်တဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဟော့လျန်ချင်ရှယ်က တိုက်ပွဲအတွေ့အကြုံ ကင်းမဲ့တယ် ဆိုတာကို သိသိသာသာ မြင်နိုင်ပေမဲ့ သူမရဲ့ ခွန်အားက အရမ်းအရမ်းကို အစွမ်းထက်ပါတယ်။ သူမရဲ့ ပြိုင်ဘက်ကို ရင်ဆိုင်အနိုင်ရဖို့အတွက် သူမရဲ့ ပင်ကိုဗီဇအတိုင်း တိုက်ခိုက်ဖို့ပဲ လိုအပ်တာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူမရဲ့အဆင့်က ပန်းဖူးအဆင့်ကို ကျော်လွန်နေခဲ့ ပါပြီ။

တကယ်လို့ နံပါတ်သုံးက ထွက်ပြီးတော့ သူမနဲ့ ရင်ဆိုင်မယ်ဆိုရင်တောင် အသုံးမဝင်ပါဘူး။ နံပါတ်တစ် ဒါမှမဟုတ် နံပါတ်နှစ် လာမှပဲ ဖြစ်ပါလိမ့်မယ်။

"နောက်တိုက်ပွဲအားလုံးကို ငါတို့အရှုံးပေးတယ်။ မိန်းကလေး မင်းကအတော်လေးကို အစွမ်းထက်တာပဲ။ ငါတို့ဂိုဏ်းနဲ့ ပူးပေါင်းဖို့ စိတ်ဝင်စားလား"

ပိုင်ယွမ်က စတင်ချဉ်းကပ်လိုက်ပါတယ်။ ဒီနားဝေတိမ်တောင် ဖြစ်နေတဲ့ မိန်းကလေးကို ကြည့်ရတာ လွယ်လွယ်နဲ့ လှည့်စားလို့ ရနိုင်ပါလိမ့်မယ်။

"အိပ်မက်ထဲတောင် စိတ်ကူးယဉ်ပြီး ထည့်မမက်ဘူး"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ခေါင်းကို အလျင်အမြန်ခါပြီးတော့ မြို့ရိုးအပေါ်က လင်းဟာန်ဆီကို ကြည့်လိုက်ပြီး သနားစရာကောင်းတဲ့ အမူအရာလေး တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ သူမက ပြန်သွားချင်နေပါပြီ။ ဒါပေမဲ့ ဒါကအရမ်းကို မြင့်ပါတယ်။

လင်းဟာန်က စိတ်ရှည်လက်ရှည်နဲ့ လမ်းညွှန်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကိုယ်တိုင် ခုန်တက်လာခဲ့။ မင်းဒါကို လုပ်နိုင်ပါတယ်"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ခေါင်းကို ဆက်ပြီးတော့ ခါလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါက အရမ်းကို မြင့်လွန်းတယ်။ ကျမ ခုန်မတက်နိုင်ဘူး"

သူမမှာ လုံးဝကို ယုံကြည်ချက် မရှိပါဘူး။

"တကယ်လို့ မင်းက မကြိုးစားဘူးဆိုရင်

ဘယ်လိုလုပ်ပြီးတော့ သိမှာလဲ”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟော့လျန်ချင်ဌယ်က နှုတ်ခမ်းစူပြီးတော့ သူမရဲ့ ကိုယ်စွမ်းကိုယ်စ အားလုံးကို ထုတ်သုံးလိုက် ပါတယ်။ ရွှပ်။ သူမက ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို ထိုးတက်သွားပြီး မြို့ရိုးနံရံတွေကို ကျော်လွန်သွားရုံသာမက သေးငယ်လှတဲ့ အနက်ရောင် အစက်အပြောက်ကလေး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ခဏလေးအတွင်းမှာ ပုန်းဆိုပြီးတော့ ကောင်းကင်ပေါ်မှာ အလင်းရောင် ဘောလုံးကြီးတစ်လုံးက ရုတ်တရက် ပေါက်ကွဲသွားခဲ့ပါတယ်။

“မကောင်းတော့ဘူး။ သူမက မြို့ရဲ့ မဟာဂဏ်ပါ အစီအရင်ကို ဂင်ဆောင့်မိသွားပြီ”

“မဟာဂဏ်ပါ အစီအရင်က ခုခံကာကွယ်ဖို့အတွက် အဓိက ဆိုပေမဲ့ တကယ်လို့ လူတစ်ယောက်က ဂင်ပြီးတော့ ဆောင့်မိမယ်ဆိုရင် မဟာဂဏ်ပါ အစီအရင်ရဲ့ အကျိုးသက်ရောက်မှုကို ခံစားရလိမ့်မယ်။ နတ်အသွင်

ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တောင်မှ အမြစ်ပြတ်သုတ်သင် ခံရလိမ့်မယ်”

“သွားပါပြီ”

အဲဒီအခိုက်အတန့်မှာပဲ ပုံရိပ်တစ်ခုက အောက်ဘက်ကို ပြင်းပြင်းထန်ထန်နဲ့ ကျဆင်းလာပြီး မြို့ရဲ့ နံရံတွေဆီကို ဦးစောက်ကျွမ်းပြန်ပြီး ကျသွားခဲ့ပါတယ်။ ဒီကျဆင်းမှု အရှိန်အဟုန်ကြောင့် မြို့ရဲ့နံရံ တစ်စိတ်တစ်ပိုင်းက ပျက်စီးသွားခဲ့ပါတယ်။ လေထုထဲကို ဖုန်မှုန့်တွေ လွင့်ပျံတက်လာပြီး ပုံရိပ်မည်းမည်း တစ်ခုက ဖုန်တွေကြားထဲကနေ လမ်းလျှောက်ပြီး ထွက်လာခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်က လွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

လူတိုင်းလူတိုင်းရဲ့ မျက်နှာတွေက ရှုံ့မဲ့သွားကြပါတယ်။ ဒီမိန်းကလေးက မြို့ရဲ့ မဟာကာကွယ်ရေး ဂဏ်ပါ အစီအရင်ကို ဂင်ဆောင့်မိခဲ့ပါတယ်။ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘယ်လောက်တောင်မှ အစွမ်းထက်နေလို့ သူမက ဘာမှမဖြစ်ပဲ နေရတာလဲ။

"အိုး ဟိုးဟိုးဟိုး ကျွတ်ကျွတ်ကျွတ်"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ခေါင်းကို ပွတ်ပြီးတော့ ညည်းတွားနေပါတယ်။ သူမက အပေါ်အောက် ခန္ဓာကိုယ် တစ်ခုလုံး ထိခိုက်ဒဏ်ရာလုံးဝ မရှိပါဘူး။ ဒါကိုကြည့်ပြီးတော့ လူတိုင်းလူတိုင်း ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားကြပါတယ်။

လင်းဟန်လည်း စိတ်မချမ်းမမြေ့ ဖြစ်သွားခဲ့ပါတယ်။ သူမရဲ့ မှတ်ဉာဏ်တွေ ဆုံးရှုံးပြီးတော့ မူလစွမ်းအင်ကို အသုံးပြုနိုင်စွမ်းမရှိတာတောင် ပြတ်ပြတ်သားသားနဲ့ လွှမ်းမိုးခြယ်လှယ်နိုင်တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ ဒါက အမှတ်မထင် တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါဘူး။ ဒီမိန်းကလေးရဲ့ ကျင့်ကြံခြင်းက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အဆင့်တစ်ခုကို ရောက်နေပါပြီ။

ဟော့လျန်ချွင်ရှယ်က ကလေးငယ်လေး တစ်ယောက်လိုမျိုး လင်းဟန်ရဲ့ ဘေးနားကို လျှောက်လာပြီး သူရဲ့အကျီကို ဆုပ်ကိုင်ထားပြီး သူမကိုကြည့်ရတာ ငိုမဲ့မဲ့ပုံစံ ဖြစ်နေပါတယ်။ ဒါကိုကြည့်ပြီးတော့ လူတိုင်းလူတိုင်းက ပြောစရာစကားတွေ ကင်းမဲ့ကုန်ပါတယ်။ တကယ်လို့ ငိုတာပဲဖြစ်ဖြစ်

စိတ်ကောက်တာပဲဖြစ်ဖြစ် လုပ်ရမယ်ဆိုရင် မြို့ရိုးရဲ့ အောက်မှာရှိနေတဲ့ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ကောင်းကင်ပေါ်က မြို့ကာကွယ်ရေး မဟာဂဏ်ပါ အစီအရင်ပဲ ဖြစ်သင့်ပါတယ်။

လင်းဟန်က အောက်ကိုကြည့်ပြီးတော့ ပိုင်ယွမ်ကို ပြောလိုက်ပါတယ်။

"အခု ကျုပ်တို့မှာ တံဆိပ်ပြား တစ်ရာ့ကိုးဆယ် ရှိနေပြီ ဟုတ်တယ်မလား"

"ဟုတ်တယ်"

ပိုင်ယွမ်က ခေါင်းညိတ်လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ တစ်ခုခုကို မကျေမနပ် ဖြစ်နေသလိုပါပဲ။ သူ့အနေနဲ့ လုံးဂကို မထင်ထားမိခဲ့ပါဘူး။ အစတုန်းကတော့ ဒီလူငယ်ဆယ်ယောက်ကို သူတို့ရဲ့ အရမ်းကို မောက်မာဂင့်ကြွားမှုနေမှုတွေ မဖြစ်အောင် ရှောင်ရှားဖို့ အတွက် ခေါ်လာခဲ့တာ ဖြစ်ပြီးတော့ အခုဆိုရင် ကြည့်ရတာတော့ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာက အတော်လေးကို ထိခိုက်သွားပုံ ရပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက တော်ပါတယ်။ အနည်းဆုံးတော့ ကျိုထျန်းကောက သူ့ကိုယှဉ်ပြိုင်နိုင်ပါတယ်။ ဒါပေမဲ့ နောက်မှထွက်ပေါ်လာတဲ့ ဟူးညိုနဲ့ ဟော့လျန်ချင်ရှယ်တို့ နှစ်ယောက်ကတော့ သူတို့ရဲ့ ယုံကြည်မှုတွေက နင်းခြေဖျက်ဆီး ပစ်လိုက်ကြပါတယ်။

ခြောက်နှစ်ခုနှစ်နှစ်အရွယ် ကလေးမလေး တစ်ယောက်နဲ့ ကိုယ်ခန္ဓာစွမ်းအားသက်သက်နဲ့ ထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်။ သက်တူရွယ်တူထဲမှာ တိုက်ခိုက်ယှဉ်ပြိုင်မယ်ဆိုရင် သူမတို့က သေချာပေါက်ကို ပြိုင်ဘက်ကင်းတဲ့ လူတွေပဲ ဖြစ်ပါတယ်။

အခု အလောင်းတစ်ထောင်ဂိုဏ်းက ဒီလူငယ်ကိုးယောက်ရဲ့ ယုံကြည်မှုနဲ့ စိတ်ဓာတ်ခွန်အားတွေ မြှင့်တင်နိုင်ဖို့အတွက် နိုင်ပွဲတစ်ပွဲ ရရှိဖို့ လိုပါတယ်။

လင်းဟန်က မြို့ရိုးနံရံပေါ်ကနေ လွှားခနဲ ခုန်ဆင်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ငါက မင်းတို့ကောင်တွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီးတော့ မြို့ကနေ ထွက်ခွာဖို့ တံဆိပ်ပြားနည်းနည်းကို ယူမှဖြစ်တော့မှာပေါ့"

ဒီလူငယ်လေးရဲ့ ယုံကြည်မှုတွေက ဘယ်ကနေ လာတာလဲ။

ပိုင်ယွမ်က မျက်နှာထားတင်းတင်းနဲ့ ပြုံးလိုက်ပါတယ်။ ရှမ်ယွမ်ဇီကွမ်းက ပန်းဖူးအဆင့် အလွှာကိုး ဖြစ်ပြီးတော့ ဒီအသက်အရွယ် အပိုင်းအခြားမှာ တွေ့မြင်ရတာ ရှားပါးပါတယ်။ ပြီးတော့ သူက ချီအလင်း နှစ်ဆယ့်နှစ်ခုကို ကျင့်ကြံခဲ့ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားရှိပါတယ်။ သူ့အနေနဲ့ ဟော့လျန်ချွင်ရှယ်နဲ့ ဟူးညိုကို ဖြတ်သန်းပြီး မမြင်နိုင်ခဲ့ပါတယ်။ ပြီးတော့ သာမန်မဟုတ်တဲ့ဟာတွေကို မြင်နိုင်စွမ်းမရှိပါဘူး။

ဒါပေမဲ့ လင်းဟန်လား။

မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ ပန်းဖူးအဆင့် ဒုတိယအလွှာမှန်း သိသာထင်ရှားပါတယ်။

တကယ်လို့ ဒီကောင်လေးက တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးသာလွန်မယ် ဆိုရင်တောင် သူ့မှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးပဲ ရှိပါလိမ့်မယ်။ ပြီးတော့ ဒီနေရာက လူတစ်ဂက်လောက်က သူ့ကို ချေမှုန်းပစ်နိုင်ပါတယ်။

ကောင်းပြီလေ။ ဒီကောင်လေးကို အသုံးချပြီးတော့ သူတို့ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေး ရပါလိမ့်မယ်။

ပိုင်ယွမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"နံပါတ်လေး မင်းသွား"

နံပါတ်လေး ထန်ရှုနင်က လူဆယ်ယောက်ထဲမှာ ခွန်အားအရာမှာ နံပါတ်နှစ် ဖြစ်ပါတယ်။ သူက ပန်းဖူးအဆင့် အလွှာရှစ်မှာ ဖြစ်ပြီးတော့ သူထိန်းချုပ်နိုင်တဲ့ အလောင်းကောင် စစ်သားပမာဏက ငါးကောင်ကို ရောက်ရှိနေပြီး ကျွီထျန်းကောထက် သိပ်ပြီးတော့ မနိမ့်ကျပါဘူး။

ထန်ရှုနင်ကို တိုက်ကွင်းထဲ ပို့ပြီးတော့ သူတို့လူငယ်အုပ်စုရဲ့ စိတ်ဓာတ်ရေးရာကို နိုင်ပွဲရယူပြီး မြှင့်တင်ပေးဖို့ အစီအစဉ်ချလိုက်ပါတယ်။

ထန်ရှုနင်က ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်ပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူက အသက်သုံးဆယ်နား ကပ်နေပြီး အရပ်မြင့်မြင့်နဲ့ ဗလတောင့်ပါတယ်။ သူရဲ့နဖူးက

ပြောင်လက်နေပြီး မျက်ခုံးနည်းနည်းလေးမှတောင် မပေါက်ပါဘူး။ သူ့ရဲ့မျက်နှာတစ်ခုလုံးက လူတွေကို အရမ်းကို ထူးဆန်းတဲ့ ခံစားချက်တစ်ခုကို ပေးစွမ်းနိုင်ပါတယ်။

ဒါကိုကြည့်ပြီးတော့ လင်းဟန်က မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားပြီး ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"ထိပ်ပြောင်တဲ့ အထိကို ကျင့်ကြံတယ်ဆိုတော့ မင်းရဲ့သခင်ကြီးက မျှော်လင့်ထားသလို ထူးခြားတယ်ဖြစ်မယ်"

ထန်ရှူနင်ရဲ့ နှုတ်ခမ်းထောင့်စွန်းက ကွေးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး အရေးမပါတဲ့ စကားတွေမပြောပဲ မင်းရဲ့ ပါးစပ်ကို ပိတ်ထားလိုက်ပါ။ ဒါက မင်းရဲ့အသက်ကို ကပ်ဘေးတစ်ခု ကျရောက်အောင် ဆွဲဆောင်နိုင်တယ်"

"အိုး မင်းက ငါ့ရဲ့အသက်ကို နှုတ်ယူချင်နေတာလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စောစောတုန်းက မင်းရဲ့စကားတွေကြောင့် မင်းက သေသင့်နေပြီ"

ထန်ရှုနင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းကတကယ့်ကို အဓိပ္ပါယ်မရှိတာပဲ။ ကျင့်ကြံခြင်းက မင်းရဲ့ဦးနှောက်ကို ဖျက်ဆီးပစ် လိုက်ပြီလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မိုက်ရိုင်းလိုက်တာ"

ထန်ရှုနင်က သူ့ရဲ့လက်ဝါးနဲ့ လင်းဟန်ကို လွှဲရိုက်ပြီး တိုက်ခိုက်လိုက်ပါတယ်။ အနက်ရောင် အလောင်းချီတွေက အရိုးစုတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီးတော့ လင်းဟန်ဆီကို ကိုက်ဖြတ်ဖို့ တိုးဝင်လာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့လက်ချောင်းတွေကို သာမန်ကာလျှံကာ ဆတ်ခနဲ လှုပ်လိုက်တာနဲ့ ဘုန်းဆိုပြီး အရိုးစုက ချက်ချင်းဆိုသလို အစိတ်စိတ်အပိုင်းပိုင်း ပျက်စီးသွားခဲ့ပါတယ်။ သူက အသာလေး ပြုံးပြီးတော့

ပြောလိုက်ပါတယ်။

"အလောင်းကောင် စစ်သားတွေကို ဆင့်ခေါ်လိုက်တာက ပိုပြီးတော့ ကောင်းလိမ့်မယ်။ မင်းရဲ့ ခွန်အားနည်းနည်းလေးက တကယ်ပဲ မလုံလောက်ဘူး"

အဟွတ် အဟွတ်။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ လူတော်တော်များများ တံတွေးနင်ကုန် ကြပါတယ်။ သူတို့နှစ်ယောက်က တိုက်ကွက်တစ်ကွက်ပဲ ဖလှယ်ပြီး သူတို့ရဲ့ ခွန်အားတွေကို အပြည့်အဝ အသုံးမပြုခဲ့ဘူး ဆိုပေမဲ့ ထန်ရှူနင်က ပန်းဖူးအဆင့် အလွှာရှစ် အဆင့်ဖြစ်ပါတယ်။ သူရဲ့တိုက်ခိုက်မှုကို အခုလိုမျိုး သာမန်ကာလျှံကာပုံစံနဲ့ အာနိသင် ပျက်ပြယ်သွားစေတယ် ဆိုမှတော့ လင်းဟာန်ရဲ့ ခွန်အားကလည်း လျော့တွက်လို့ မရနိုင်ပါဘူး။

ထန်ရှူနင်က လင်းဟာန်ကို အေးစက်စက်နဲ့ ကြည့်လိုက်ပါတယ်။ တစ်ခဏမျှ ကြာပြီးတဲ့နောက်မှာ သူက ပြောလိုက်ပါတယ်။

"မင်းက နိပ်စက်ညှဉ်းပန်း ခံချင်နေတယ်ဆိုမှတော့ ငါမင်းကို

ကူညီပေးရမှာပေ့ါ”

သူက စူးရှရှအသံတစ်ခုကို အော်ဟစ်လိုက်ပြီး ချက်ချင်းဆိုသလို ခေါင်းတလား ငါးခုက လျှောတိုက်လာပြီး အထဲကနေ အလောင်းကောင် စစ်သားငါးယောက် ခုန်ထွက်လာခဲ့ပါတယ်။

“အလောင်းကောင် စစ်သားငါးယောက်တောင်ပဲလား”

ရှေးရိုးစွဲ အဘိုးကြီးက အော်ဟစ်လိုက်ပါတယ်။

“အလောင်းကောင် တစ်ကောင်ချင်းစီရဲ့က ကွာခြားမှုနဲ့ ခွန်အားကွာဟချက်က သိပ်မရှိဘူး။ ဒီလူငယ်လေး အခုတော့ ဒုက္ခလှလှတွေ့ပြီ”

Chapter 567 end
အပိုင်း(၅၆၈) အရိုးဓား

လင်းဟန်က သူ့ရဲ့လက်ချောင်းကို ကွေးချည်ဆန့်ချည်နဲ့ စိန်ခေါ်တဲ့ ပုံစံမျိုး လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

“အဲဒါကို ခေါ်ထုတ်လိုက်”

"မင်းဆန္ဒအတိုင်းပဲ"

ထန်ရှူနင်က စူးရှရှအသံတစ်ခု ထုတ်ဖော်ပြီးတော့ အလောင်းကောင် စစ်သားငါးကောင်ကို ထိန်းချုပ်ပြီး လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။ အလောင်းကောင် စစ်သားငါးယောက်က လင်းဟန်ကို ခုန်အုပ်လိုက်ပြီး သူရဲ့တစ်ကိုယ်လုံး ဖုံးသွားတဲ့ အခါမှာ လူတိုင်းလူတိုင်းက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ပါတယ်။ ဒီလူငယ်လေးကတော့ သေချာပေါက်ကို သေဆုံးသွား ရပါလိမ့်မယ်။

ဒါက ဒီနေ့သေဆုံးရတဲ့ ပထမဆုံးလူ မဟုတ်ပါဘူး။ ပြီးတော့ နောက်ဆုံးလည်း ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လူတိုင်းက သူတို့ရဲ့ နှလုံးသားထဲမှာ သိပ်ပြီးတော့ မထည့်ပါဘူး။ လူသိများ ထင်ရှားကျော်ကြားခြင်း မရှိတဲ့ လူတစ်ယောက်က ဘယ်သူကများ ဂရုစိုက်မှာလဲ။

ဒါပေမဲ့လည်း နောက်ပိုင်းမှာ တွေ့မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူတို့က မှင်တက်အံ့ဩ သွားခဲ့ကြပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်က အလောင်းကောင်

စစ်သားငါးယောက်ရဲ့ ဟာကွက်မရှိအောင် ပိတ်ဆို့တိုက်ခိုက်မှုကြားကနေ အံ့သြစရာ ကောင်းလောက်အောင် သွက်လက်လှုပ်ရှား နေပါတယ်။ သူရဲ့လက်တွေနဲ့ တိုက်ခိုက်မှုတွေကို တားဆီးလိုက်ပြီး ရှောင်တိမ်းခြင်း မလုပ်ပါဘူး။ ရွှေရောင်အလင်းတစ်ခု လက်သွားပြီး သူ့ကိုတိုက်ခိုက်နေတဲ့ အလောင်းကောင် စစ်သားကို အနောက်ဘက်ကို ဆောင့်တွန်းပစ်လိုက်ပါတယ်။

"ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

"ဒီကောင်လေးက ပန်းဖူးအဆင့် အလွှာဒုတိယ အဆင့်ပဲ ရှိသေးတယ် မဟုတ်လား။ ဘယ်လိုလုပ် သူရဲ့ခွန်အားက ဒီလောက်ထိ ကြောက်မက်ဖွယ်ရာ ကောင်းနေရတာလဲ"

"ဒီအလောင်းကောင် စစ်သားတွေက တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်လေးလုံးလောက် ရှိနိုင်တယ် မဟုတ်လား"

"သေချာပေါက် ကြယ်ဆယ့်လေးပွင့် ရှိတာပေါ့။ ဒါပေမဲ့ ဒီကောင်လေးက သူရဲ့လက်တွေကို သာမန်ကာလျှံကာ ဝှေ့ယမ်းပြီးတော့ ပုတ်ထုတ်ပစ်လိုက်နိုင်တယ်။ ဒီလိုမျိုး အစွမ်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတာပဲ"

"ပါရမီရှင်တစ်ယောက်။ လုံးဂကို ပါရမီရှင်ပဲ"

"သေချာပေါက်ကို ရှမ်ယွမ်ဇီကောင်းနဲ့ ယိုပဟိုင်ယွဲ့တို့ထက် မနိမ့်ကျဘူး"

ဂါရင့်သွမ်ာရင့် ယောက်ျားကြီးရဲ့ မျက်နှာက အစောပိုင်းကတည်းက တွန့်လိမ်ရှုံ့မဲ့ နေပါတယ်။ ခဏလေး အတွင်းမှာ ထိပ်တန်းပါရမီရှင် သုံးယောက်က ထွက်ပေါ်လာခဲ့ပြီး သူရဲ့မျက်နှာကို ပြင်းပြင်းထန်ထန် ရိုက်လိုက်သလို ခံစားလိုက်ရပြီး ဖြစ်နိုင်မယ်ဆိုရင် သူ့ဘေးမှာသာ ကျွင်းတစ်ခု ရှိမယ်ဆိုရင် ပြေးဂင်ပုန်းချင်တဲ့စိတ်တောင် ပေါက်နေပါတယ်။

"မင်းက အစွမ်းနည်းနည်းတော့ ရှိသားပဲ"

ထန်ရှူမင်က မျက်နှာထားတင်းတင်းနဲ့ ပြုံးပြီးတော့ တိုက်ပွဲထဲကို ဂင်ရောက်လာခဲ့ပါတယ်။

သူအသုံးပြုတဲ့ လက်နက်က အရိုးဓားတစ်ချောင်း ဖြစ်ပါတယ်။ ၎င်းရဲ့ပုံစံကို သုံးသပ်ရမယ်ဆိုရင် ကြည့်ရတာ ဧရာမ သားရဲကောင်တစ်ကောင်ရဲ့ ပေါင်ရိုးတစ်ချောင်းကနေ သွန်းလုပ်ထားတာနဲ့ တူပါတယ်။ ၎င်းရဲ့ထိပ်ပေါ်မှာ

သွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေ ရှိပြီးတော့ သဘာဝအတိုင်း ဖြစ်နေတဲ့ အစီအရင်ပုံစံတွေဆိုတာ သေချာပေါက်ပါပဲ။

တစ်ကြိမ်အသက်သွင်းလိုက်တာနဲ့ သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေက တောက်ပလာပြီး အတူတကွ ပေါင်းစည်းသွားပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အလင်းရောင်တန်းတစ်ခု ထွက်ပေါ်လာပါတယ်။

လင်းဟန်က ရောမ သားရဲကြီးတစ်ကောင်က ဓားသွားအပေါ်မှာ မျောလွင့်နေသလို ယောင်ဂါးဂါး မြင်တွေ့လိုက်ရပြီး သားရဲကောင်ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရောမ အရွယ်အစားက ကောင်းကင်နဲ့ မြေကြီးကိုတောင်မှ လွှမ်းမိုးနိုင်စွမ်း ရှိနေပုံ ရပါတယ်။ သူရဲ့မျက်လုံးတွေကို ပင့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက လိပ်ခွံနဂါးရဲ့ ပေါင်ရိုးကနေဆွဲထုတ်ပြီးတော့ မွန်းမံသန့်စင်ထားတာ မဟုတ်လား"

ဒဏ္ဍာရီတွေ အရတော့ နဂါးဘုရင်မှာ သားကိုးယောက်ရှိပါတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့

တစ်ယောက်က မတူညီ ကွဲပြားခြားနားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က မတူညီတဲ့ သားရဲကောင်တွေကနေ သန္ဓေတည် မွေးဖွားလာတာ ဖြစ်ပြီးတော့ နဂါးဘုရင်ရဲ့ သွေးမျိုးဆက်ကို အမွေဆက်ခံကြပါတယ်။ လိပ်ခွံနဂါး(ပွဲရှား)က သူတို့ထဲက တစ်ကောင် ဖြစ်ပါတယ်။ ၎င်းရဲ့ပုံစံက လိပ်တစ်ကောင်နဲ့ တူပြီးတော့ ခေါင်းကတော့ ခြသေ့်တစ်ကောင်ရဲ့ ခေါင်းနဲ့တူပါတယ်။ ၎င်းရဲ့ ခေါင်းပေါ်မှာ ဦးချိုတစ်စုံ ပေါက်နေပြီး ခန္ဓာကိုယ် တစ်ခုလုံးကို နဂါးအကြေးခွံတွေနဲ့ ဖုံးအုပ်ထား ပါတယ်။

၎င်းမှာ စစ်မှန်တဲ့ နဂါးတစ်ကောင်ရဲ့ သွေးမျိုးဆက် တစ်စွန်းတစ်စ ကျန်ရှိနေတဲ့ လက္ခဏာ ဆိုရင်တောင်မှ နဂါးဆိုတာက ဒီကမ္ဘာကြီးထဲမှာ သားရဲကောင်တွေ အားလုံးရဲ့ ခေါင်းဆောင် ဖြစ်ပါတယ်။ ၎င်းရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မားပြီးတော့ စစ်မှန်တဲ့ နဂါးတစ်ကောင်ရဲ့ သွေးမျိုးဆက် တစ်စွန်းတစ်စကိုပါ ပိုင်ဆိုင်ထားတာကြောင့် အရမ်းကို ထူးခြားပြီးတော့ ရရှိဖို့ အရမ်းကို ခက်ခဲပါတယ်။

ထန်ရှုနင်က အံ့အားသင့်တဲ့ အကြည့်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကတကယ်ပဲ ဒီဓားကို သတိပြုမိတယ်ပေါ့"

သူတောင်မှ ဒီဓားနဲ့အတူ ပေါင်းစည်းပြီးတဲ့ နောက်မှာမှ လိပ်ခွံနဂါးရဲ့ ဒဏ္ဍာရီကို သင်ယူလေ့လာ ခဲ့ပါတယ်။ ဒါပေမဲ့လည်း လိပ်ခွံနဂါးရဲ့ သွေးမျိုးဆက်က အတော်လေးကို အာနိသင် လျော့နည်းတယ် ဆိုရင်တောင်မှ ၎င်းက တကယ်ပဲ နဂါးဘုရင်ရဲ့ သားတစ်ယောက် ဖြစ်ပြီးတော့ လွယ်လွယ်ကူကူနဲ့ သတ်ပစ်လို့ ရနိုင်မှာ မဟုတ်သလို ၎င်းရဲ့ပေါင်ရိုးကို ဆွဲထုတ်ပြီးတော့ ဓားတစ်လက် အဖြစ်ကို ပြုလုပ်လို့ ရနိုင်မှာ မဟုတ်ပါဘူး။

"သွေးမျိုးဆက်က ပါးလွှာပြီးတော့ သွေးကြောပုံ အစီအရင်တွေကလည်း ရောထွေးနေတယ်။ ဒါက ဘာမှမဟုတ်ပါဘူး"

လင်းဟာန်က တန်ဖိုးဖြတ်လိုက်ပါတယ်။

ချက်ချင်းဆိုသလိုပဲ ထန်ရှုနင်ရဲ့ နှာခေါင်းက ဒေါသကြောင့် နီရဲသွားပါတယ်။ ပထမတော့ သူက အံ့အားသင့်သွားပြီးတော့မှ ဘာမှလည်း မဟုတ်ပါဘူးဆိုတဲ့ စကားကြောင့် ဒေါသထွက် သွားခဲ့တာ ဖြစ်ပါတယ်။

ဒါကိုဘယ်လိုလုပ်ပြီးတော့ သူက လက်ခံနိုင်မှာလဲ။ သူကနာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ဒါနဲ့ မင်းကို သတ်ပစ်ဖို့ဆိုတာ အလွယ်လေးပဲကွ"

သူက ဓားကိုဝှေ့ယမ်းလိုက်ပြီးတော့ လင်းဟန်ကို ခုတ်ပိုင်းလိုက်ပါတယ်။ ဒီအရိုးဓားက နတ်ဘုရား သားရဲကောင်တစ်ကောင်ရဲ့ ပေါင်ရိုးကနေ လုပ်ထားတာ ဖြစ်ပြီးတော့ တန်ဖိုးမဖြတ်နိုင်တဲ့ ပါဂင်ပစ္စည်း တော်တော်များများကို ပေါင်းထည့်ပြီးတော့ မွန်းမံသန့်စင်ထားတာ ဖြစ်ပါတယ်။ ၎င်းကို အဆင့်မြောက် စိတ်ဂိညာဉ် ပစ္စည်းတွေ အကြားမှာ ထင်ရှားတဲ့ ပစ္စည်းလို့ ခေါ်ဆိုနိုင် ပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် အရိုးဓားရဲ့ မျက်နှာပြင်ပေါ်မှာ ဧရာမ သားရဲကောင် တစ်ကောင်ရဲ့ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာပြီး လင်းဟန်ဆီကို ခုန်ဝင်လာခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီဓားက မဆိုးဘူးပဲ။ ငါဒါကို ယူလိုက်မယ်"

နတ်ဆိုးရှင်သန်စားကို အမြဲလိုလို ထုတ်ဖော်တိုက်ခိုက်လို့ မဖြစ်ပါဘူး။ ဒါကြောင့် ဒီအရိုးစားနဲ့ အစားထိုးတာက ကောင်းတဲ့ အကြံဉာဏ် ဖြစ်ပါလိမ့်မယ်။

"စော်ကားလိုက်တာ"

ထန်ရှုနင်က ဒေါသထွက်သွားခဲ့ပါတယ်။ ဒီကောင်လေးက အရမ်းကို မာနကြီးပြီးတော့ သူ့ကို ဘာမှမဟုတ်သလိုမျိုး နှိမ့်ချပြီးတော့ ကြည့်နေတာလား။

လင်းဟာန်က မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ ထန်ရှုနင်ရဲ့ အရှေ့ကို ရောက်လာပြီး လက်သီးနှစ်လုံးနဲ့ ဆက်တိုက် တိုက်ခိုက်လိုက်ပါတယ်။

အလောင်းကောင် စစ်သားတွေက အသက်ဝင်လှုပ်ရှားလာပြီးတော့ ဒေါသတကြီးနဲ့ ဟိန်းအော်ပြီး သူတို့က လင်းဟာန်ရဲ့ အနောက်ကနေ တစ်ဟုန်ထိုး ပြေးပြီးတော့ လိုက်ဖမ်းနေကြပါတယ်။

အခုဆိုရင် လင်းဟာန်နဲ့ ထန်ရှုနင်တို့ရဲ့ အကြားမှာ ထိပ်တိုက်တွေ့ဆုံ တိုက်ခိုက်မှု ဖြစ်ပွားနေပါတယ်။ ထန်ရှုနင်က ထိတ်လန့်ကြောက်ရွံ့မှု မရှိပဲ သူရဲ့စားကို

ပေ့ယမ်းလိုက်တဲ့ အခါမှာ ဓားချီအလင်း ကိုးခုက ဖြစ်ပေါ်လာခဲ့ပြီး အရိုးဓားရဲ့ စွမ်းအားမြှင့်တင်ပေးမှုအောက်မှာ ဓားချီတစ်ခုချင်းစီက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် နှစ်မီတာ အရှည်ခန့်ထိ ရှိလာခဲ့ပြီး လင်းဟန်ကို ခုတ်ချလိုက်ပါတယ်။

လင်းဟန်က လုံးဝကို ကြောက်ရွံ့ပုံ မပေါ်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူ့ရဲ့လက်သီးနဲ့ ထိုးပြီးတော့ တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ လူတိုင်းလူတိုင်းက သူတို့ရဲ့ခေါင်းကို ဆုပ်ကိုင်ပြီး အော်ဟစ်လိုက် ကြပါတယ်။

ဒါက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းပါတယ်။ ဓားချီအလင်း ကိုးခုက အရိုးဓားကနေ ထုတ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ သူတို့ရဲ့ ထက်မြက်မှုက ဓားရဲ့ ထက်မြက်မှုနဲ့ ညီမျှပါတယ်။ ဒီဓားကို လူတိုင်းလူတိုင်းက ရယူချင်နေတဲ့ ပထမတန်းစား စိတ်ဂိညာဉ် ပစ္စည်းဖြစ်နေရတဲ့ အကြောင်းအရင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ဓားချီတွေကို လက်သီးတစ်ချက်နဲ့ပဲ ပျက်စီးသွားစေခဲ့ပြီး သူ့ရဲ့လက်သီးက

ဘာဒဏ်ရာမှ မရရှိခဲ့ပါဘူး။ ဒါက အသွေးအသားနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ် တစ်ခုမှ ဟုတ်ပါလေစ။

ထန်ရှုနင်လည်း အံ့အားသင့် သွားခဲ့ပါတယ်။ မူလတုန်းက သူထင်ထားတာက လင်းဟန်အနေနဲ့ သူရဲ့လက်သီးနဲ့ ထိပ်တိုက်ရင်ဆိုင်တဲ့ အခါမှာ သွေးတွေက ကောင်းကင်အနှံ့ လွင့်စဉ်သွားမယ်လို့ ထင်ထားခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုမျိုး ဖြစ်ပျက်လာလိမ့်မယ်လို့တော့ လုံးဝကို ထင်မှတ်မထားခဲ့ပါဘူး။ သူ့အနေနဲ့ ဘာမှမတတ်နိုင်ပေမဲ့ လက်ထဲက အရိုးဓားကို သက်ာမကင်း ဖြစ်လာခဲ့ပါတယ်။ ဒီဓားက တကယ်ရော နတ်ဘုရားသားရဲ တစ်ကောင်ရဲ့ ကျန်ရစ်ခဲ့တဲ့ အစိတ်အပိုင်းဆိုတာ သေချာရဲ့လား။

"သံသယရှိနေစရာ မလိုပါဘူး။ ဘာမှမဖြစ်ဘူးဆိုတာ ငါ့ရဲ့လက်သီးတွေက မာကျောလို့ပဲလေ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို ကျင့်ကြံထားခဲ့ပြီး တကယ်လို့ စိန်အဆင့် ခန္ဓာကိုယ်ကို တကယ်ပဲ ရရှိခဲ့မယ်ဆိုရင် သူရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သေချာပေါက် စစ်မှန်တဲ့ နဂါးတစ်ကောင်ထက် မာကျောကြံ့ခိုင် ပါလိမ့်မယ်။

အခုသူက သံမဏိအဆင့် ဆိုပေမဲ့ ပြိုင်ဘက်ဖြစ်သူရဲ့ အရိုးဓားက လိပ်ခွံနဂါးရဲ့ မျိုးရိုးကနေ ဆင်းသက်လာတဲ့ သားစဉ်မြေးဆက် တစ်ယောက်ရဲ့ အရိုးကိုပဲ သန့်စင်ထားတာ ဖြစ်ပြီးတော့ နတ်ဘုရားသားရဲကောင်ရဲ့ ကလေးတစ်ယောက်လို့တောင် သတ်မှတ်ယူဆလို့ မရနိုင်ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ကို ထိခိုက်နာကျင်စေမှာလဲ။

သူ့ရဲ့အဆင့်ခြောက် သံမဏိခန္ဓာကိုယ်ကို ချိုးဖျက်ဖို့ဆိုရင် အဆင့်ခုနစ် စိတ်ဝိညာဉ် ပစ္စည်းကို အသုံးပြုရပါလိမ့်မယ်။

စကားပြောနေတဲ့ အခိုက်အတန့်မှာ လင်းဟန်က သူ့ရဲ့လက်သီး နှစ်လုံးနဲ့ ဆက်တိုက်ဆိုသလို တိုက်ခိုက်လိုက်ပြီး ထန်ရှုနင်ကို နောက်ဆုတ်ဖို့ ဖိအားပေးခဲ့ပါတယ်။

ဒါက အရမ်းကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ ထန်ရှုနင်က နောက်ကိုဆုတ်ပြီး လင်းဟန်က လိုက်လံ တိုက်ခိုက်နေတဲ့ အချိန်မှာ အလောင်းကောင် စစ်သားငါးယောက်က အနောက်ကနေ လိုက်ဖမ်းနေတာက

ပြေးတမ်းလိုက်တမ်း ကစားနေသလိုမျိုး ဖြစ်နေကြပါတယ်။

"ဟားဟား ဒီလူငယ်လေးက အလောင်းကောင် စစ်သားတွေရဲ့ အကြီးမားဆုံး အားနည်းချက်ကို ရှာဖွေတွေ့ရှိသွားခဲ့တာပဲ"

မြို့ရိုးရဲ့ ထိပ်ပေါ်က လူတစ်ယောက်က လက်ခုပ်လက်ဝါးတီးပြီးတော့ ရယ်မောလိုက်ပါတယ်။

"အမှန်ပဲ။ အလောင်းကောင် စစ်သားတွေရဲ့ အားနည်းချက်က သူတို့တွေ မြန်ဆန်မှု မရှိတာပဲ။ တကယ်တော့ သူတို့က အလောင်းကောင်တစ်ကောင်ပဲလေ။ လှုပ်ရှားမှု ပညာရပ်တွေကို ထုတ်ဖော်နိုင်တာမရှိဘူး"

"ဒါပေမဲ့လည်း သူတို့ရဲ့ စွမ်းအားကို ရိုးရိုးလေး ထုတ်ဖော်လိုက်ရင်ပဲ ပန်းဖူးအဆင့် အလွှာကိုးက လူတွေနဲ့ ညီမျှတယ်။ ပြီးတော့ ဒါက သူတို့ရဲ့ အမြန်နှုန်းကို အများကြီး မထိန်းချုပ်ထားနိုင်ဘူး"

"ဒီလူငယ်လေးရဲ့ လှုပ်ရှားမှု ပညာရပ်က သာမန်တော့ မဟုတ်ဘူး"

ထန်ရှူနင်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအတိုင်းဆိုရင် အလောင်းကောင် စစ်သားငါးယောက်က အသုံးမဝင်သလောက်နီးပါး ဖြစ်နေပါတယ်။ ပြီးတော့ သူကအခု လင်းဟာန်ကို တစ်ယောက်တည်း ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဓိက တိုက်ပွဲစွမ်းရည်က အလောင်းကောင်တွေကနေ လာတာဖြစ်ပြီး တကယ်လို့ သူတို့ကို ကစားပွဲထဲ ထည့်လို့မရဘူးဆိုရင် သူတို့ရဲ့ ကိုယ်ပိုင်ခွန်အားတွေက အကြီးအကျယ် လျော့ကျသွားပါလိမ့်မယ်။

သူ့ရဲ့ ကျင့်ကြံခြင်းက ပန်းဖူးအဆင့် အလွှာရှစ်မှာ ရှိပြီးတော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး ရောက်နေတဲ့ အတော်လေးကို ထူးချွန်ထက်မြက်သူ တစ်ဦးဖြစ်ပြီး သက်တူရွယ်တူ လူတွေကို အပေါ်စီးကနေ ကြည့်ရှုနိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်လိုမျိုး လူထူးလူဆန်းနဲ့ ကြုံတွေ့ရတဲ့ အခါမှာတော့ သူလည်းပဲ အလွန်အမင်း စိတ်ပျက်စရာ ကောင်းရုံပဲ တတ်နိုင်ပါတယ်။

လင်းဟာန်ရဲ့ လက်သီးပေါ်မှာ ရှေးဟောင်းအရိုးပုံစံ အစီအရင်တွေ စုစည်းလို့ နေပါတယ်။ အနီးကပ် တိုက်ခိုက်မှုက သူအားသန်တဲ့ ယှဉ်ပြိုင်မှု ဖြစ်ပြီးတော့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံခြင်းရဲ့ ခွန်အားကလည်း

မူလစွမ်းအင်နဲ့ အများကြီး မကွာခြားပါဘူး။ လက်သီးထိုးချက်တိုင်းက မိုးခြိမ်းသံလို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူတွေက အရမ်းကို လျင်မြန်စွာနဲ့ တိုက်ခိုက်နိုင်ကြပြီး မူလစွမ်းအင် ကျင့်ကြံသူတွေက ဆက်ပြီးတော့ ခံနိုင်ရည်မရှိပဲ အမြန်နှုန်းကို အစားထိုးတဲ့ အနေနဲ့ ချီပမာဏကို ပိုပြီးတော့ ထည့်သွင်းအသုံးပြုကြရပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

လက်သီးချက်ပေါင်း တစ်ရာကျော်ရဲ့ ဆက်တိုက်ထိုးနက် တိုက်ခိုက်မှုကြောင့် ထန်ရှုနင်ရဲ့ လက်ထဲက အရိုးဓားက ချက်ချင်းဆိုသလို လွတ်ကျသွားပြီး လင်းဟန်က အရိုးဓားကို ဖမ်းဆုပ် လိုက်ပါတယ်။

"ငါ့ဓားကို ပြန်ပေးစမ်း"

ထန်ရှုနင်က အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။ ဒီဓားက ဂိုဏ်းခေါင်းဆောင်က သူ့ကို ကိုယ်တိုင်ကိုယ်ကျ ပေးအပ်နှင်းခဲ့တဲ့ ရတနာ တစ်ပါးဖြစ်ပါတယ်။

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ လက်ထဲမှာ ထားလိုက်မယ်ဆိုရင် ဒီစိတ်ဝိညာဉ် ပစ္စည်းကို ဖြုန်းတီးလိုက်သလိုပဲ ဖြစ်နေမှာပေါ့"

အဲဒီနောက်မှာ လင်းဟန်က ချာခနဲ လှည့်ပြီးတော့ အလောင်းကောင် စစ်သားငါးယောက်ဆီ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

Chapter 568 end
အပိုင်း(၅၆၉) ဓားချီပေါင်းစပ်ခြင်း

လင်းဟန်က အလောင်းကောင် စစ်သားငါးယောက်ဆီသို့ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး အရိုးဓားကို ဝှေ့ယမ်းပြီးတော့ အထီးကျန်ဓားသိုင်း၏ ခုခံကာကွယ်မှုနည်းလမ်း သက်သက်ကိုပဲ ထုတ်ဖော်လိုက်သည်။

အဖြူရောင် အလင်းစက်ဝိုင်းကြီး တစ်ခုက ဝှေ့လည်ပြီး အလောင်းကောင် စစ်သားငါးယောက်ကို ဓားအလင်းရဲ့ အနောက်ကို စိမ့်ဝင်မလာနိုင်အောင် ပိတ်ဆို့တားဆီးထားတဲ့ အကာအကွယ်တစ်ခု ဖန်တီးဖြစ်ပေါ်လာခဲ့သည်။

အစောပိုင်းတုန်းက ရွှမ်ယွမ်ဇီကွမ်း၏ ဓားချီအလင်း နှစ်ဆယ့်နှစ်ခုကို သိပ်သည်းကျစ်လျစ်စေသည့် နည်းလမ်းကို မြင်တွေ့ခဲ့သည်။ ၎င်းက အလင်းတန်းတစ်ခုမဟုတ်ပေမဲ့ အလင်းတန်းတစ်ခု၏ တူညီသော စွမ်းအားကို ပိုင်ဆိုင်ထားပြီး သူ့ကို ရုတ်တရက် ဉာဏ်ကွန့်မြူးသွားစေခဲ့ပါသည်။ သူလည်းဘာကြောင့်မို့ ဒီလိုမျိုး မလုပ်နိုင်ရမှာလဲ။ ၎င်းက အလင်းတန်းတစ်ခုကို စုစည်းခြင်းဆိုပေမဲ့ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းလှသည့် ဖျက်ဆီးခြင်းစွမ်းအားများ ရှိနေသော အနက်ရောင်မှူလသုံးဟန်ရဲ့ ဒုတိယ သိုင်းကွက်ကို အသက်သွင်းကောင်း သွင်းနိုင်ပါလိမ့်မည်။

လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို ပစ်လွှတ်တိုက်ခိုက်လိုက်တဲ့ အခါမှာ ဓားအလင်း သုံးထောင်က အကန့်အသတ် ဆိုပေမဲ့ ၎င်းတို့၏ ဖျက်ဆီးနိုင်မှု စွမ်းအားက ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပေမဲ့ ပင်ကိုယ်အားဖြင့်တော့ ၎င်းက စက်ကွင်းကျယ် တိုက်ကွက်အမျိုးအစား အကုန်ထိ တိုက်ကွက်တစ်ကွက် ဖြစ်ပြီးတော့ တစ်သောင်းနည်းစနစ်မှ တစ်ခုသို့ ပေါင်းစည်းခြင်း ပညာရပ်ကတော့ အားလုံးကို သိမ်းပိုက်လွှမ်းမိုးနိုင်တဲ့ တိုက်ကွက်တစ်ခု ဖြစ်ပေသည်။

တိုက်ခိုက်မှု သုံးထောင်ကို ဓားချက်တစ်ချက်ထဲမှာ စုစည်းတိုက်ခိုက်တာက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းပြီးတော့ ဖျက်ဆီးခြင်းစွမ်းအားက ဘယ်လောက်များ ပြင်းထန်နေလိမ့်မလဲ။

လင်းဟန်က အလောင်းကောင် စစ်သားငါးယောက်ကို သူရဲ့ လေ့ကျင့်ဖော် လေ့ကျင့်ဖက်တွေလို သဘောထားပြီး တိုက်ခိုက်နေသည်။ အရိုးဓားကို လွှဲခုတ်လိုက်တာနဲ့ ဓားချီတွေဟေ့လည်း ထွက်ပေါ်လာပေမဲ့ အားလုံးက ရှုပ်ယှက်ခတ်နေ၏။

လင်းဟန်က နားလည်ဆင်ခြင်နေသည့် အချိန်မှာပဲ ရှိနေသေးတာ ဖြစ်ပြီးတော့ ၎င်းကို ဘယ်လိုမျိုး အလုပ်ဖြစ်အောင် လုပ်ရမလဲ ဆိုတာကို တိကျတဲ့ သဲလွန်စတစ်ခု မရရှိသေးပေ။ ထို့ကြောင့် ကလေးတစ်ယောက်က ဓားတစ်ချောင်းကို ကစားနေသလိုမျိုး ဖြစ်နေပြီး လုံးဝကို အဆက်အစပ် မရှိချေ။

ဒါပေမဲ့လည်း ကိစ္စတော့ မရှိပေ။ အထီးကျန်ဓားသိုင်းက ခုခံကာကွယ်တဲ့ စွမ်းရည်အတွက် လူသိများ ထင်ရှားတဲ့

ကောင်းကင်အဆင့် ပညာရပ်တစ်ခု ဖြစ်ပြီးတော့ ဝှင်းဓားသိုင်းကို ထုတ်ဖော်လိုက်တာနဲ့ သူရဲ့ခုခံကာကွယ်နိုင်စွမ်းက ထိုးဖောက်လို့ မရနိုင်အောင် ဖြစ်နေ၏။ လင်းဟာန်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည် မရှိသရွေ့ သူ၏ခုခံကာကွယ်မှု ဓားသိုင်းကို ကျော်လွှားနိုင်ဖို့ ခက်ခဲပေလိမ့်မည်။

ထန်ရှုနင်က ဒေါသပေါက်ကွဲ သွားခဲ့သည်။ သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး အလောင်းချီတွေ ထုတ်လွှတ်လာပြီး ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားငါးယောက်ရဲ့ တိုက်ပွဲစွမ်းရည်တွေ မိုးထိအောင် ထိုးတက်လာပြီး လင်းဟာန်ကို တစ်ခါတည်း အဆုံးသတ်ပစ်ဖို့ အမိန့်ပေးလိုက်သည်။

လင်းဟာန်က သူရဲ့ကိုယ်ပိုင် ကမ္ဘာထဲမှာ နစ်မျောလို့နေသည်။ အရိုးဓားက သူ၏ပင်ကိုယ်စရိုက်ပေါ် အခြေခံပြီး အများဆုံး လှုပ်ရှားနေသည်။ တစ်ခါတစ်ရံ သတိမမူမိပဲ အလောင်းကောင် စစ်သားတွေရဲ့ လှမ်း၍ဖမ်းဆီးတာကို ခံရလုနီးပါး ဖြစ်သွား၏။ သို့ပေမဲ့ အကယ်၍များ သူ့ကို ထိမိလျှင်လည်း ဘာအရေးလဲ။ သူ့တွင် သံမဏိခန္ဓာကိုယ် ရှိပြီးတော့ အဆင့်မြောက် ရှားပါး သတ္တုများဖြင့် မာကျောမှုတွင် နှိုင်းယှဉ်လို့ ရနိုင်ပေသည်။

အလောင်းကောင် စစ်သားတွေကို ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်ပြီး ဖိအားပေးလာမှုက သူတို့၏ အရိုးများကို ထိမုန်လွင့်စင်စေပြီး သူတို့ကို ပျက်စီးသွားစေမဲ့ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့စေပါတယ်။

ဒါက ပုံရိပ်ယောင်တစ်ခု မဟုတ်ပါဘူး။ ကျောက်တုံးလူသား တစ်ယောက်က သစ်သားလူသား တစ်ယောက်နဲ့ တိုက်ခိုက်နေသလိုမျိုး တူညီနေပြီး ကျောက်တုံးလူသားက ထိုင်လျက်သား အနေအထားနဲ့ သစ်သားလူရုပ်တွေကို စိတ်ကြိုက်တိုက်ခိုက်ခွင့် ပြုထားသလိုမျိုးနဲ့ တိုက်ခိုက်မှုတွေကို လွယ်လွယ်ကူကူ ပယ်ထုတ်ပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်နဲ့ အလောင်းကောင် စစ်သားတွေ အကြားက ကွာခြားမှုက တူညီတဲ့ အနေအထားကို မရောက်ရှိသေးပါဘူး။ ပြီးတော့ အကျိုးသက်ရောက်မှုရဲ့ စွမ်းအားက အစစ်အမှန်ဖြစ်ပြီး လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ်က အတော်လေးကို ထူးကဲကောင်းမွန်တယ် ဆိုပေမဲ့ သူ့ကိုအတော်လေး နေထိုင်မကောင်းတဲ့ ခံစားမှုကို ဖြစ်စေဆဲပါပဲ။

ကံကောင်းတာက သူက တစ်ခါတစ်ရံမှ တစ်ကြိမ် ဒါမှမဟုတ်

နှစ်ကြိမ်ခန့် တိုက်ခိုက်ခံရပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ခြင်းဖြင့် သူရဲ့ခန္ဓာကိုယ် ထိုးဖောက်ခံရမှုကို ချက်ချင်းပဲ လျော့ကျသွားစေခဲ့ပါတယ်။

ဒီလိုမျိုး တိုက်ပွဲတစ်ခုကို ကြည့်ပြီးတော့ လူတိုင်းလူတိုင်း ပြောစရာစကား ကင်းမဲ့ကုန်ပါတယ်။

သူတို့က အလောင်းကောင် စစ်သားလား မင်းက အလောင်းကောင် စစ်သားလား။ ဘာကြောင့် မင်းက ဒီလောက်တောင် မာကျောကြံ့ခိုင်နေတာလဲ။

လူတချို့က စောစောက တိုက်ပွဲမှာ လင်းဟာန်ရဲ့ ပေါ့ပါးဖျတ်လတ်မှုကိုပြီး ခေါင်းကို ခါလိုက်ကြ ပါတယ်။ အဲဒီတိုက်ပွဲမှာ အလောင်းကောင် စစ်သားတွေက အနောက်ကနေ လိုက်ပြီးတော့ လင်းဟာန်က ထန်ရှုနင်ကို တစ်ယောက်ချင်းစီ တိုက်ခိုက်ရင်ဆိုင်ခဲ့ပါတယ်။ အခု သူက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားနဲ့ ခုခံကာကွယ်မှုကို ထုတ်ဖော်ပြသနေခဲ့ပါတယ်။

ဒီကောင်လေးက အလှည့်တိုင်းမှာ အရမ်းကို လွန်ကဲလွန်းပါတယ်။ သူရဲ့တိုက်ခိုက်မှုတွေကလည်း

ကျော်လွှန်နေပြီးတော့ ခြေရာတောင် ခံလို့ မရပါဘူး။ ပြီးတော့ သူခုခံကာကွယ်မှု လုပ်လိုက်တဲ့ အချိန်မှာလည်း တောင်ကြီးတစ်လုံးလို မားမားမတ်မတ် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေပြီး အားနည်းချက် တစ်ခုမှတောင် မရှိသလောက်ပါပဲ။

အဆင့်တူထဲမှာ တိုက်ခိုက်မယ်ဆိုရင် ဘယ်သူကများ သူနဲ့ဖက်ပြီးတော့ ယှဉ်ပြိုင်နိုင်မှာလဲ။

ယိုဟိုင်ယွဲ့လား။ ရွှမ်ယွမ်ဇီကွမ်းလား။

လင်းဟန်ကတော့ လူတိုင်းလူတိုင်း အံ့အားသင့်နေမှုကို ဂရုမစိုက်ပါဘူး။ သူက အလောင်းကောင် စစ်သားငါးကောင်ကို ဓားသွေးကျောက်တွေလို သဘောထားပြီးတော့ သူရဲ့ဓားချီစုစည်းမှုကို အရောင်တင်သွေးနေခဲ့ပါတယ်။ နောက်ပြီးတော့ သိပ်မဝေးတဲ့ နေရာမှာ ရွှမ်ယွမ်ဇီကောင်းက ကျွိုထျန်းကောနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်ယှဉ်ပြိုင်နေပြီး သူ့အနေနဲ့ အချိန်မရွေး မှိုင်ြမ်းကိုးကား နိုင်ပြီးတော့ သူလေ့လာသင်ယူ ရရှိတဲ့ အချက်တွေကို လက်တွေ့လေ့ကျင့် နိုင်ပါတယ်။

ဒါက လူတစ်ယောက်ရဲ့ အသိပညာ ဗဟုသုတတွေကို

တန်းပြီးတော့ ရိုက်သွင်းထည့်တာနဲ့ တူညီပါတယ်။ လင်းဟန်မှာ မှသားမဲ့ မျက်လုံးလည်း ရှိနေပြီး ရွှမ်ယွမ်ဇီကောင်းရဲ့ ဓားချီအလင်း နှစ်ဆယ့်နှစ်ခု ပူးပေါင်းတဲ့ နည်းလမ်းကို ဆက်ပြီးတော့ လေ့လာနေပြီး သူရဲ့ကိုယ်ပိုင် နားလည်သဘောပေါက်မှု အဖြစ်ကို ဆက်ပြီးတော့ ပြောင်းလဲနေပါတယ်။

ထန်ရှုနင်က လင်းဟန်အဆင့်တက် ချိုးဖျက်ဖို့ လုပ်ဆောင်နေတယ် ဆိုတာကို မသိနိုင်ပါဘူး။ အဲဒီအစား အလောင်းကောင် စစ်သားငါးယောက်က လင်းဟန်ကို ဖိနှိပ်ထိန်းချုပ်ထားတယ်လို့ ယူဆနေပါတယ်။ အကြိမ်တိုင်းလိုလို သူတို့ရဲ့ တိုက်ခိုက်မှုတွေကို မြှင့်တင်ဖို့ အော်ဟစ်အမိန့်ပေး နေပြီးတော့ လင်းဟန်ကို အခွင့်အရေး ရတာနဲ့ သတ်ပစ်ဖို့ကိုလည်း ကျိန်ဆိုထားပါတယ်။

သူ့မှာ အသာစီး ရှိနေပုံ ရတယ်ဆိုပေမဲ့ နိုင်ပွဲအဖြစ်ကို ပြောင်းလဲပစ်နိုင်လောက်အောင်ထိ မလုပ်နိုင်ပါဘူး။ လင်းဟန်ကို ကြည့်ရတာ ဒီအခြေအနေကို ဆက်ပြီးတော့ ထိန်းသိမ်းထား နိုင်ပြီးတော့ သူ့ကိုယ်သူ လုံလုံခြုံခြုံနဲ့ အန္တရာယ်မဖြစ်အောင် ကာကွယ်ထားနိုင်ဆဲ ဖြစ်ပြီးတော့ တစ်ခါတစ်ရံ တန်ပြန်တိုက်စစ်ပါ ဆင်လိုက်ပါသေးတယ်။

လင်းဟန်ရဲ့ အကြည့်တွေက ပိုပိုပြီးတော့ တောက်ပသထက် တောက်ပလာခဲ့ပါတယ်။ ရုတ်တရက် သူက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါနားလည်ပြီ။ ငါနားလည်ပြီကွ"

မင်းက ဘာကို နားလည်တာလဲ။

ထန်ရှုနင်က လင်းဟန်ကို ကြည့်ပြီးတော့ သူရဲ့ပြိုင်ဘက်ဖြစ်သူ ဦးနှောက်က အတော်လေးကို ပုံမှန်မဟုတ်ဘူးလို့ပဲ စဉ်းစားလိုက်ပြီး အော်ဟစ်လိုက်ပါတယ်။

"မင်းနားလည်သွားတာကောင်းတယ်။ ငါ့ရဲ့ဓားကို ပြန်ပေးစမ်း"

"ကောင်းပြီလေ။ ရော့ဒီမှာ"

လင်းဟန်က ဓားကို လွှဲလိုက်ပြီး ဓားချီအလင်း တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီဓားချီအလင်းက အရမ်းကို ထူထဲလွန်းပါတယ်။ နောက်ပြီးတော့ ၎င်းက တွန့်လိမ်လှုပ်ရှားနေတဲ့ မြွေတစ်ကောင်နဲ့ တူပြီးတော့

အရမ်းကို မတည်မငြိမ်ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း ထန်ရှူနင်က အကြီးအကျယ်ကို အံ့အားသင့်သွားခဲ့ပါတယ်။ ဒီဓားချီအလင်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူ့ကိုတောင်မှ ကျောရိုးထဲထိ စိမ့်နေတဲ့ အေးစက်မှုကို ခံစားသွားစေပြီး ဒီဟာကို အပြင်းအထန် တားဆီးရင်တောင် ဟန့်တားနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ထန်။

ဒီဓားချီအလင်းက ပစ်လွှတ်ပြီး မကြာခင်မှာ သူ့ဘာသာသူ ပေါက်ကွဲသွားခဲ့ပြီး ပျက်စီးနေတဲ့ ဓားချီတွေ ထွက်ပေါ်လာပြီးတော့ ကောင်းကင်တစ်ခုလုံး ဖုန်မှုန့်တွေ မြှင့်တက်ပြည့်နက် လာခဲ့ပါတယ်။

"ဟားဟားဟားဟား"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တချို့က ချက်ချင်းဆိုသလို ဟားတိုက်လှောင်ပြောင် လိုက်ကြပေမဲ့ လူတော်တော်များများက အတွေးထဲမှာ နစ်မျောနေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီဓားချိုက ထူးခြားနေပါတယ်။

"သူ သူ သူက ဓားချိုကို သိပ်သည်းလိုက်တာပဲ"

နောက်ဆုံးမှာတော့ လူတစ်ယောက်က သဘောပေါက်သွားပြီး အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"ဟုတ်တယ် သူက အလင်းတန်းတစ်ခုကို ဖြစ်ပေါ်အောင် လုပ်နေတာပဲ"

"မဖြစ်နိုင်ဘူး။ အလင်းတန်းတစ်ခုက ဘယ်လိုလုပ်ပြီးတော့ ပျက်စီးသွားနိုင်မှာလဲ။ နောက်ပြီးတော့ ဒါက ဓားချိုအလင်းတစ်ခုဆိုတာ ရှင်းနေတာပဲ။ အဲဒီအထဲမှာ အလင်းတန်းတစ်ခုရဲ့ သဲလွန်စ တစ်ခုမှတောင် မပါဘူး"

"ငါသိပြီ။ ဒီကောင်လေးက ရွှမ်ယွမ်ဇီကွမ်းကို အတုခိုးပြီးတော့ ဓားချိုတွေကို ပေါင်းစည်းလိုက်ပြီး အလင်းတန်းတစ်ခုအဖြစ်ကို ပေါင်းစည်းလိုက်တာ မဟုတ်ဘူး"

လပြွတ်ပဲ။

အခုဆိုရင် လူတိုင်းလူတိုင်းက ပြောစရာစကားတွေ ကင်းမဲ့ကုန်ပါတယ်။ ဒီလူငယ်လေးက အရမ်းကို ထူးဆန်းလွန်းပါတယ်။ သူက ရွှမ်ယွမ်ဇီကွမ်းရဲ့ တိုက်ပွဲကို မြင်တွေ့ခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အဲဒါကို အတုခိုးဖို့ စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့လည်း မေးစရာရှိတာက ဒီလိုမျိုး ထူးခြားနက်နဲတဲ့ ပညာရပ်တစ်ခုကို အချိန်တခဏမျှ ကြည့်ပြီးတော့ လေ့လာသင်ယူ နိုင်လို့လား။

လူတွေအများကြီးက ဓားချီတွေနဲ့ ဆေဘာချီတွေကို မြင်တွေ့ခဲ့ဖူးပြီး လူဘယ်လောက်များများက အဲဒါကို ကျင့်ကြံအားထုတ်နိုင်လို့လဲ။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ဒါတွေကို ကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက်ရတယ် ဆိုတာ သိသာထင်ရှားပြီး ဒီအချက်နှစ်ခုက လုံးဝကို မတူညီ ကွဲပြားခြားနားတဲ့ အရာတွေ ဖြစ်ပါတယ်။

"မအောင်မြင်ဘူးပဲ"

လင်းဟန်ကသူရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ဒါပေမဲ့

သူ့ကိုကြည့်ရတာ စိတ်ပျက်သွားပုံ မရပါဘူး။ ဒါကစမ်းသပ်မှု တစ်ခုပဲ ဖြစ်ပါတယ်။

"နောက်တစ်ကြိမ်ပေါ့"

လင်းဟန်က ဓားနဲ့နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြီး ဓားချီတွေ စုစည်းထားတဲ့ အလင်းရောင်တန်း တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ရလဒ်ကတော့ အတူတူပါပဲ။ ဓားချီထွက်ပေါ်လာပြီး သိပ်မကြာခင်မှာပဲ သူ့ဘာသာသူ ပျက်စီးသွားခဲ့ပါတယ်။

နောက်တစ်ကြိမ် ကျရှုံးသွားခဲ့ပါပြီ။

"ဒါက အရမ်းကို သိသာနေတဲ့ ကိစ္စတစ်ခုပဲ။ ဒီလိုမျိုး အချိန်တိုတိုလေး အတွင်းမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တစ်ခုကို ဖမ်းဆုပ်နိုင်ဖို့ဆိုတာ ဒီလောက်လွယ်ကူနိုင်မှာလား"

"အဲဒါကို ထုတ်ဖော်ဖို့ သော့ချက်တစ်ခုတော့ သေချာပေါက် ရှိရမယ်။ အကြိမ်နည်းနည်းလေး ကြည့်ပြီးတော့

လေ့လာသင်ယူနိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး”

မြို့ရဲ့နံရံ ထိပ်ပေါ်မှာ လူတော်တော်များများက အဆိုးမြင်တဲ့ အမြင်နဲ့ မှတ်ချက်ချ သုံးသပ်နေ ကြပါတယ်။ လင်းဟန်က အရမ်းကို ထူးဆန်းပြီးတော့ လူတွေအများကြီးကို မနာလိုတဲ့ ခံစားမှုတွေ ဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့လည်း အာရုံစိုက်ပြီး ကြည့်နေတဲ့ လူတချို့က စောစောတုန်းက လင်းဟန် ပစ်လွှတ်လိုက်တဲ့ ဓားချီက ပထမ တစ်ခုနဲ့ နှိုင်းယှဉ်လိုက်ရင် အနည်းငယ်မျှ ရှည်ထွက်လာတာကို သိရှိသွားခဲ့ကြပါတယ်။

ဒါက သိပ်ပြီးတော့ မသိမသာ ရှည်ထွက်လာတယ် ဆိုပေမဲ့ နောက်ဆုံးတော့ ရှည်လာတာပဲလေ။

ဒီကိစ္စနဲ့ ပတ်သက်လို့ လင်းဟန်က ပိုပြီးတော့တောင် ရှင်းရှင်းလင်းလင်း သိမြင်ပါတယ်။ သူက ပြုံးပြီးတော့ ဓားကိုနောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပြီး သူရဲ့ကိုယ်ပိုင် ပျော့ကွက်ဟာကွက်တွေကို တိုးတက်လာအောင် လုပ်လိုက်ပါတယ်။

ဆယ်ကြိမ်၊ အကြိမ်နှစ်ဆယ်နဲ့ အကြိမ်သုံးဆယ်။ သူရဲ့တိုးတက်မှုက ပိုပိုပြီးတော့ သိသာလာပြီး လူအများစုက အဲဒီအချိန်မှာ သူရဲ့ဓားချီက ပိုပိုပြီးတော့

ကြာကြာခံနိုင်အောင် ထိန်းသိမ်းနိုင်တယ် ဆိုတဲ့အချက်ကို မြင်တွေ့သွားခဲ့ပါတယ်။

ထန်ရှုနင်က အံ့အားသင့်သွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ ဓားသွေးကျောက်လိုမျိုး လုပ်နေရတာလား။ သူက ဟစ်ကြွေးအော်ဟစ်လိုက်ပြီး ပြောလိုက်ပါတယ်။

"သွေးအရိုးတွေ ကျိုးပဲ့စမ်း"

ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားငါးယောက်က ရက်စက်ကြမ်းကြုတ်စွာနဲ့ အော်ဟစ်လိုက်ပြီး သားရဲကောင် တစ်ကောင်လို စီခန် ကျယ်လောင်စွာ အော်မြည်လိုက်ကြပါတယ်။ သူတို့ရဲ့ ညာဘက်လက်မောင်းက ထူးထူးခြားခြား ပြောင်းလဲမှု တစ်ခု ဖြစ်ပေါ်လာပြီး အရိုးလုံတွေအဖြစ်ကို ပြောင်းလဲသွားပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

အလောင်းကောင် စစ်သားငါးယောက်က သူတို့ရဲ့ အရိုးလုံတွေက ဆက်တိုက်ဆိုသလို ဝှေ့ယမ်းပြီး လင်းဟန်ကို ထိုးစိုက်လိုက်ပါတယ်။ အဲဒီအခိုက်အတန့်မှာ လုံတွေက ဘယ်လောက်ပဲ အစွမ်းထက်တဲ့ ကာကွယ်မှုမျိုးကိုမဆို

ထိုးဖောက်ဝင်ရောက်နိုင်သလိုမျိုး စွမ်းအားတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"ကျိုးပျက်စမ်း"

လင်းဟန်ကလည်း အသာအယာ အော်ဟစ်လိုက်ပြီး သူရဲ့ဓားနဲ့ အလွန်စူးရှတောက်ပတဲ့ အလင်းရောင် တစ်ခုနဲ့ တိုက်ခိုက်လိုက်ပါတယ်။

Chapter 569 end

အပိုင်း(၅၇၀) အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆိုးဆိုးဝါးဝါး ရှုံးနိမ့်မှု

ဓားကို ဝှေ့ယမ်းလိုက်တာနဲ့ စစ်မှန်တဲ့ နဂါးတစ်ကောင် ပြန်လည်နိုးထလာသလိုမျိုးပါပဲ။ ရှည်လျား ထူထဲတဲ့ ဓားချီက လက်သည်းတွေလို ပြန့်နှံ့ပြီး အလောင်းကောင် စစ်သားငါးယောက်ဆီကို ခုတ်ပိုင်းပစ်လိုက်ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

ဓားချီတွေက ဖြတ်သွားတာနဲ့ အလောင်းကောင် စစ်သားငါးယောက်က လေပြင်းတိုက်ခတ်မှုကို မခံနိုင်တဲ့

ငှက်မွေးတောင်လေးတွေလို လေထဲကို လွင့်ထွက်သွားခဲ့ပါတယ်။ တိုက်ခိုက်မှု တစ်ခုကိုတောင်မှ တောင့်ခံနိုင်ခြင်း မရှိပါဘူး။ အလောင်းကောင် စစ်သားတွေ မြေပြင်ကို ပြုတ်ကျပြီးတဲ့နောက်မှာ လူတိုင်းလူတိုင်းက ရှင်းရှင်းလင်းလင်းနဲ့ မြင်တွေ့လိုက်ရတာက ၎င်းတို့ရဲ့ အရိုးတွေပေါ်မှာ ပင့်ကူအိမ်လို အက်ရာတွေ ဖြစ်ပေါ်နေပါတယ်။

လပြွတ်။

လူတိုင်းလူတိုင်း အံ့အားသင့် သွားခဲ့ကြပါတယ်။ အလောင်းကောင် စစ်သားတွေမှာ အံ့ဩစရာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေ ရှိကြပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ ဓားတိုက်ခိုက်မှုကြောင့် အက်ရာတွေ တကယ်ပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက အရမ်းကို လွန်လွန်းတယ်လို့ မထင်ဘူးလား။

ဓားချိကို အဆင့်မြောက် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ ပစ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ အလောင်းကောင် စစ်သားတွေထက်တောင်မှ သန်မာအားကောင်းနေပါတယ်။ အဲဒါက ဒီလောက်ထိ အစွမ်းထက်စရာအကြောင်း မရှိဘူးမဟုတ်လား။

"သူ သူက ဓားချီကို သိပ်သည်းစေခဲ့ပြီ"

တစ်စုံတစ်ယောက်က တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ဓားအလင်းတန်း တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ ဓားချီအလင်းတွေကို သိပ်သည်းစေခဲ့ခြင်း ဖြစ်ပါတယ်။ သာမန်ဓားချီတွေထက် အစွမ်းပိုမို ထက်မြက်ပေမဲ့ ဓားအလင်းတန်းရဲ့ စွမ်းအားထက် နိမ့်ကျပါတယ်။ ဒါက လူတစ်ယောက်အတွက်တော့ ရှေ့တိုးနောက်ဆုတ် လုပ်လို့ရတဲ့ အဆင့်တစ်ခု ဖြစ်ပြီးတော့ ချီတွေထက် သာလွန်ပြီး အစွမ်းထက်မြက်တဲ့ အလင်းတန်းကို တည်ဆောက်နိုင်လို့ ရသလို ချီအလင်းပမာဏကိုလည်း တိုးလာအောင်လို့ ဆက်ပြီးတော့ လေ့ကျင့်လို့ ရပါတယ်။

လူထူးလူဆန်း ပါရမီရှင် တစ်ယောက်ပဲ။

ရွှမ်ယွမ်ဇီကွမ်းက ဘယ်လိုမျိုး ထုတ်ဖော်လဲ ဆိုတာကို အချိန်ခဏလေးအတွင်းမှာ ကြည့်ပြီးတော့ သူကအဲဒါကို သင်ယူလေ့လာနိုင်ခဲ့တာလား။ ဘုရားသခင်။ ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့

ကောင်လေးတစ်ယောက် တကယ်ပဲ ရှိနိုင်လို့လား။

ဒါပေမဲ့လည်း သူတို့မသိတာက လင်းဟာန်အနေနဲ့ ကောင်းကင်အဆင့်ရဲ့ အမြင့်မှာ ရပ်တည်နေနိုင်ပြီး ဒီဘဝမှာ သူက မုသားမဲ့ မျက်လုံးလိုမျိုး လျို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအား တစ်ခုကို ရရှိခဲ့ပါသေးတယ်။ ဒါက အရာအားလုံးရဲ့ အဆီအနှစ်ကို ရရှိစေနိုင်ပြီး သူ့ကိုလည်း ရွှမ်ယွမ်ဇီကွမ်းက ချီတွေကို ဘယ်လိုမျိုး အသုံးပြုပြီးတော့ ပေါင်းစည်းခဲ့တယ် ဆိုတာကိုပါ ရှင်းလင်းပြတ်သားစွာ မြင်နိုင်စေခဲ့ပါတယ်။

သူ့မှာ ရှတ်တရက် ဈာန်ဝင်စားပြီး ဉာဏ်ကွန့်မြူးလာတဲ့ အခါမှာ သူရဲ့ သိုင်းပညာပါရမီနဲ့ သူရပ်တည်နေတဲ့ အမြင့်ကြောင့် ဓားချီပေါင်းစည်းခြင်းက အသေးအဖွဲ့တစ်ခု ဖြစ်လာခဲ့ပါတယ်။

"သေစမ်းကွာ"

ထန်ရှုနင်က ဒေါသတကြီး အော်ဟစ်ပြီးတော့ သူရဲ့ခန္ဓာကိုယ်က အလောင်းချီ အားလှိုင်းတွေကို ထုတ်ဖော်လိုက်ပြီး အလောင်းကောင် စစ်သားငါးယောက်ကို လှုံ့ဆော်လိုက်ပါတယ်။ ချက်ချင်းဆိုသလို အလောင်းကောင် စစ်သားငါးယောက်ရဲ့ ခန္ဓာကိုယ်အပေါ်က

အက်ရာတွေက အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ သက်သာပျောက်ကင်း သွားခဲ့ပါတယ်။

ဒါက အလောင်းကောင် စစ်သားတွေရဲ့ အားသာချက် ဖြစ်ပြီးတော့ အလောင်းချီတွေကိုသာ အဆုံးမရှိ ထောက်ပံ့ပေးနေသရွေ့ ၎င်းတို့က မသေနိုင်တဲ့ သက်ရှိတွေလိုပါပဲ။ ဒီအချက်ကြောင့် ရှမ်ယွမ်ဇီကွမ်းက ဓားချီအလင်းပမာဏ နှစ်ဆယ့်နှစ်ခုကို ရောက်နေပြီး ချီပေါင်းစပ်ခြင်း လျှို့ဝှက်ဆန်းကြယ် နည်းပညာကို ဖမ်းဆုပ်ထားတာတောင်မှ ကျွီထျန်းကောနဲ့ ရင်ဆိုင်တိုက်ခိုက်ပြီး အနိုင်မယူ နိုင်သေးတာ ဖြစ်ပါတယ်။

တစ်ဖက်က ကျွီထျန်းကောကလည်း အရမ်းကို သန်မာအားကောင်းတယ်လို့ ပြောလို့ရပြီး တခြားတစ်ဖက်မှာ မသေနိုင်တဲ့ အသွင်လက္ခဏာရှိနေတဲ့ အလောင်းကောင် စစ်သားတွေလည်း ရှိပါတယ်။

"သတ်စမ်း"

ထန်ရှုနင်က အလောင်းကောင် စစ်သားတွေကို နောက်တစ်ကြိမ် ထိန်းချုပ်ပြီးတော့ လင်းဟာန်ကို တိုက်ခိုက်ဖို့ စေခိုင်းလိုက်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က တုန်လှုပ်ခြောက်ချားမှု မရှိပဲ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဓားချီပေါင်းစည်းမှုက အောင်မြင်သွားခဲ့ပြီ။ ဒါပေမဲ့ အဲဒီအထဲကို အရိုးအစီအရင် ပုံစံတွေ ထည့်မယ်ဆိုရင်တော့ အတော်လေး ခက်ခဲနိုင်တယ်"

သူက မြွေပါဆိုးအိုကြီးရဲ့ အရိုးပေါ်က အစီအရင် ပုံစံတွေကို ဓားချီပေါ်မှာ ပေါင်းထည့်ချင်နေပြီး ဒါက ဓားချီရဲ့ စွမ်းအားကို အကြီးအကျယ် တိုးလာစေနိုင်ပါတယ်။

ဒါပေမဲ့လည်း အခုမှ ဓားချီတွေကို ရောနှောပေါင်းစပ်လိုက်တာ ဖြစ်ပြီးတော့ အဲဒီအပေါ်မှာ အရိုးအစီအရင် ပုံစံတွေကို ပေါင်းထည့်ဖို့က အတော်လေးကို ခက်ခဲပါလိမ့်မယ်။

လင်းဟန်က အလောင်းကောင် စစ်သားငါးယောက်ကို လေ့ကျင့်ဖော် လေ့ကျင့်ဖက်အဖြစ် ဆက်ပြီးတော့ အသုံးချနေပြီး ဓားချီတွေကို ထုတ်ဖော်ပြီးတော့ ဆက်တိုက်တိုက်ခိုက် နေပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဓားချက်တွေ

ထွက်သွားတာနဲ့ အလောင်းကောင် စစ်သား ငါးယောက်က ထပ်ခါထပ်ခါ ဒဏ်ရာရသွားကြပါတယ်။ အထီးကျန် ငရဲခားသိုင်းက ခုခံကာကွယ်မှုကို အသားပေးတယ် ဆိုရင်တောင် ဓားချီရဲ့ ပူပေါင်းမှု စွမ်းအင်က အရမ်းကို သန်မာအားကောင်းနေပါတယ်။

ထန်ရှုနင်မှာ တိုက်ပွဲထဲကို ဂင်ရောက်တိုက်ခိုက်ဖို့ စွမ်းအင်နည်းနည်းမှ မရှိတော့ပဲ အလောင်းကောင် စစ်သားတွေကို ပြန်လည်ပြုပြင်ဖို့ အလောင်းချီတွေကို အဆက်မပြတ် ထုတ်လွှတ်နေပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီအလောင်းကောင် စစ်သားတွေ ပျက်စီးသွားတာနဲ့ တစ်ပြိုင်နက် သူလည်းပဲ ရှုံးနိမ့်သွားပြီးလို့ ဆိုလိုပါလိမ့်မယ်။

သူက အလောင်းတစ်ထောင်ဂိုဏ်းထဲမှာ အဆင့်မြင့်တဲ့ တပည့်တစ်ယောက် ဆိုပေမဲ့ အလောင်းချီတွေက အကန့်အသတ် ရှိနေပါတယ်။ မကြာခင်မှာ သူကအရမ်းကို ကြီးမားတဲ့ ဖိအားဒဏ်ကို ခံစားလိုက်ရပါတယ်။

မရေတွက်နိုင်တဲ့ ခုတ်ချက်တွေနဲ့ တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ ဓားချက်ကို ဘယ်အလောင်းကောင် စစ်သားကမှ မဟန့်တားနိုင်ဘူးဆိုတာကို ရှာဖွေတွေ့ရှိသွားခဲ့ပါတယ်။

သူက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ထန်ရှူနင်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဘာလို့ မတိုက်တာလဲ။ လခွမ်း။ မင်းဘာဖြစ်လို့ အရုပ်ဆိုးဆိုးနဲ့ ကြည့်နေရတာလဲ။ လူတွေကို ကြောက်လန့်ပြီး သေအောင်လို့ ကြိုးစားနေတာလား"

ထန်ရှူနင်က အရမ်းကို ချောမောခန့်ညားမှု မရှိပေမဲ့ သူက အရုပ်မြင့်မြင့်နဲ့ ယောကျ်ားပီသပြီး သူရဲ့ခန္ဓာကိုယ် တစ်ခုလုံးကနေ အလွန်အံ့အားသင့်စရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ထွက်ပေါ်လို့ နေပါတယ်။ ဒါပေမဲ့ အခုတော့ ဘယ်လိုလဲ။ သူက တကယ်ပဲ ပိန်ချုံးချည့်နဲ့ပြီး သူရဲ့အရေပြားက အရိုးနဲ့ ကပ်နေပြီးတော့ လပေါင်းများစွာ အစားအသောက် ငတ်ပြတ်နေတဲ့ လူတစ်ယောက်နဲ့ တူနေပါတယ်။

"မင်း မင်းငါ့ကို ထပ်ပြီးတော့ အရှက်ခွဲချင်သေးတာလား"

ထန်ရှူနင်က တုန်တုန်ယင်ယင် လေသံနဲ့ ပြောလိုက်ပါတယ်။ သူက အလောင်းကောင် စစ်သား ငါးယောက်ကို အဆက်မပြတ် ပြုပြင်နေရပြီး သူရဲ့အလောင်းချီတွေကလည်း ကုန်ခမ်းသွားခဲ့ပြီး

အလောင်းချီ အရင်းအမြစ်ရဲ့ တော်တော်များများတောင် ငါးမျိုးခြင်း ခံလိုက်ရပါတယ်။ ဒါကြောင့် သူက အရိုးစုသာသာ မွန်းစတား တစ်ကောင်အဖြစ်ကို ရှုံ့တွသွားခဲ့တာ ဖြစ်ပါတယ်။

"ဟားဟားဟား ဂရုမစိုက်နဲ့ ဂရုမစိုက်နဲ့"

လင်းဟန်က စိတ်မကောင်းတဲ့ အကြည့်နဲ့ ကြည့်လိုက်ပြီး နည်းနည်းလေးမှ ရိုးသားမှုမရှိတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူက ဓားချီပူးပေါင်းမှု အပေါ်မှာ အရိုးပုံစံ အစီအရင်ကို မပေါင်းထည့် ရသေးပါဘူး။ အဓိကအကြောင်းအရင်းက သူရဲ့ပြိုင်ဘက်တွေက အများကြီး ရိုက်နှက်လို့ မရနိုင်လို့ ဖြစ်ပါတယ်။

ထန်ရှုနင်က ကျန်ရှိနေတဲ့ ခွန်အားလက်ကျန်ကို စုစည်းပြီးတော့ သူရဲ့ဘက်ကို လွှားခနဲ ခုန်ဆုတ်သွားခဲ့ပါတယ်။ ဒီတိုက်ပွဲက သိသိသာသာကို ရှုံးနိမ့်သွားခဲ့ပါပြီ။

"နောက်တစ်ယောက်"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ပိုင်ယွမ်က လင်းဟန်ကို စိုက်ကြည့်ပြီး ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပါတယ်။

အလယ်ပိုင်း ဒေသမှာ ပုန်းကွယ်နေတဲ့ ပါရမီရှင်တွေ ရှိနေပြီးတော့ လက်ရှိပါရမီရှင်တွေက ရတနာ တစ်သန်းမြို့လို့ နေရာတစ်ခုတည်းမှာ စုပြုံပြီး ထွက်ပေါ်လာလိမ့်မယ်လို့ သူမထင်မှတ် ထားခဲ့ပါဘူး။ ဒါကြောင့် သူက ဂိုဏ်းခေါင်းဆောင်ရဲ့ တပည့်ရင်း ဆယ်ယောက်ကို ခေါ်လာပြီး ဒီနေရာမှာ လာရောက်စိန်ခေါ်စေခဲ့ပြီး ဒီလူငယ်လေးတွေကို ပွဲကြမ်းအောင်လို့ စီစဉ်ပေးခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တစ်ဖက်မှာတော့ ကျွိုထျန်းကောလည်း ပါနေတာကြောင့် ဘယ်လိုပြိုင်ဘက်ကိုမဆို လွယ်လွယ်ကူကူနဲ့ ဖိနှိပ်ထိန်းချုပ်နိုင်လိမ့်မယ် ဆိုတာကို သေချာနေခဲ့ပါတယ်။

အခု ကျွိုထျန်းကောက ပိတ်ဆို့တားဆီး ခံနေရပြီး တခြားတပည့်တွေက ဆိုးဆိုးဂါးဂါး ရှုံးနိမ့်မှုကို ခံစားသွားကြရပါတယ်။ သူတို့က လူတစ်ယောက်တည်းကို ရှုံးနိမ့်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ သုံးကြိမ်ဆက်တိုက်

ရှုံးနိမ့်သွားခဲ့တာပါ။ ပထမ ကလေးမလေး တစ်ယောက်ကို ရှုံးနိမ့်ပြီးတော့ ဒုတိယတစ်ကြိမ်က ကြောင်တောင်တောင် မိန်းကလေး တစ်ယောက်ကို ဖြစ်ပါတယ်။ ပြီးတော့ အခု ဒီလူငယ်လေးကိုပါ ရှုံးနိမ့်သွားခဲ့ပါတယ်။

ဘယ်လောက်တောင်မှ ကံမကောင်းတဲ့ နှစ်တစ်နှစ်လဲ။ ဒီမှာ ပါရမီရှင်တွေ အများကြီး ရှိနေပါတယ်။

"ဆက်တိုက်ဖို့ မလိုတော့ဘူး။ မင်းကို ကိုးပွဲဆက်တိုက် အနိုင်ရတယ်လို့ ငါမှတ်လိုက်မယ်။ နံပါတ်သုံး တိုက်ခိုက်ပြီးတဲ့အထိကို စောင့်ပြီးတော့မှ မင်းတိုက်ခိုက်ရလိမ့်မယ်"

ပိုင်ယွမ်က ဆောင့်ကြီးအောင့်ကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ရွှမ်ယွမ်ဇီကွမ်းကို လှည့်ပြီးပြောလိုက်ပါတယ်။

"ကွမ်းကွမ်းလေး မင်းသူ့ကို အနိုင်ယူနိုင်လား ဒါမှမဟုတ် မနိုင်ဘူးလား။ တကယ်လို့ မင်းမနိုင်ရင် ငါ့အတွက် နေရာပေးလိုက်ပါကွာ"

"သေချင်းဆိုးကောင်"

ရွှမ်ယွမ်ဇီကွမ်းက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီး သူရဲ့မျက်လုံးထဲမှာ နတ်ဘုရား အလင်းတစ်ခု တောက်ပလာသလိုမျိုး ခရမ်းရောင် မီးတောက်တွေက သူရဲ့ခန္ဓာကိုယ်ကနေ ထွက်ပေါ်လို့ လာခဲ့ပါတယ်။ သူရဲ့အရှိန်အဝါက တကယ်ပဲ မိုးထိအောင် ထိုးတက်သွားခဲ့ပါတယ်။

ဟုမ်း။

"သွေးမျိုးဆက်ရဲ့ စွမ်းအားလား"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပါတယ်။ အဲဒီအခိုက်အတန့်မှာ ရွှမ်ယွမ်ဇီကွမ်းက တကယ်ပဲ အစွမ်းထက်ပြီး ပန်းဖူးအဆင့်ရဲ့ အဆင့်တွေကို ကျော်လွန်သွားပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ အမြင့်ကိုတောင် ကူးဖြတ်ရောက်ရှိသွားသလိုမျိုး ခံစားလိုက်ရပါတယ်။

"သုံးကွက်အတွင်းမှာ ငါမင်းကို နင်းချေပစ်မယ်"

ရွှမ်ယွမ်ဇီကျွဲးက အော်ဟစ်လိုက်ပြီး တူကြီးနဲ့တူတဲ့ လက်သီးနှစ်ဖက်နဲ့ ကျိုထျန်းကောဆီကို ထိုးလွှတ်လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း ပုန်း။

မျှော်လင့်ထားတဲ့ အတိုင်းပဲ အလောင်းကောင် စစ်သားငါးယောက်က ရွှမ်ယွမ်ဇီကွမ်းကို မယှဉ်နိုင်ပါဘူး။ အစိတ်စိတ် အပိုင်းပိုင်း ပေါက်ကွဲကုန်ပြီးတော့ ပြန်လည်ပြုပြင်လိုဖို့ အခွင့်အရေးတောင် မရှိတော့ပါဘူး။

ကျိုထျန်းကောရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူက အလောင်းတစ်ထောင်ဂိုဏ်းဘက် အလျင်အမြန် နောက်ဆုတ်လိုက်ပြီး ဆက်လက်မတိုက်ခိုက်ဝံ့တော့ပါဘူး။

ဒါကသဘာဝပါပဲ။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက ပန်းဖူးအဆင့်ကို ဖိနှိပ်ထိန်းချုပ်နိုင်ပါတယ်။ ပြီးတော့ သူက အဲဒီလောက်ထိ မသန်မာသေးပါဘူး။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်ကို ဘယ်လိုလုပ်ပြီး သူက နင်းချေဖျက်ဆီးပစ်နိုင်မှာလဲ။ ဒါကြောင့် သူ့အနေနဲ့ တိုက်ပွဲကို အရှုံးပေးလိုက်ဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

ကျွိုထျန်းကောလည်း ရှုံးနိမ့်သွားခဲ့ပါတယ်။

ဒါကြောင့် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်ဆယ်ယောက်စလုံး ရှုံးနိမ့်သွားခဲ့ပြီး သူတို့အားလုံး မျက်နှာပျက်သွားခဲ့ကြပါတယ်။ သူတို့က အနိုင်ပွဲရယူဖို့ ခေါင်းမော့ရင်ကော့ပြီး လာခဲ့ကြပေမဲ့ သူတို့အားလုံး နင်းချေဖျက်ဆီးခံလိုက်ရပြီး ဘယ်သူမှ ခေါင်းတောင် မဖော်ပုံ့ကြတော့ပါဘူး။

ပိုင်ယွမ်က ကျိတ်ပြီးတော့ သက်ပြင်းချ လိုက်ပါတယ်။ တပည့်အကြီးဆုံးနဲ့ ဒုတိယတစ်ယောက်က မလိုက်လာခဲ့ပါဘူး။ ဒါကြောင့် ကြည့်ရတာ ဒီတစ်ကြိမ်တော့ သူတို့တွေက အရှုံးကို ခါးခါးသီးသီး မျိုချရုံကလွဲလို့ ဘာမှမတတ်နိုင်ကြတော့ပါဘူး။

"ဟန်လင်း မင်းငါနဲ့ တိုက်ခိုက်ပုံ့လား"

ရွှမ်ယွမ်ဇီကွမ်းက လင်းဟန်ကို ပစ်မှတ်ထားလိုက်ပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"တိုက်ခိုက်ချင်တာလား။ ဒါဆိုရင်လည်း တိုက်ကြတာပေါ့။ အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့ အလကား အချိန်ကုန်တယ်"

"ဟားဟားဟား ငါတကယ်ပဲ မင်းကို မနှစ်သက်ဘူး ဆိုပေမဲ့ ငါဂုန်ခံရလိမ့်မယ်။ မင်းကအတော်လေး သတ္တိကောင်းတာပဲ"

ရှမ်ယွမ်ဇီကွမ်းက တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ သူရဲ့လက်ဂါးနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ရောမ မီးကျားကြီးတစ်ကောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

"မင်းလို လူတစ်ယောက်ကို စစ်မှန်တဲ့ စွမ်းအားက ဘာလဲဆိုတာကို သင်ပေးရမှာပေါ့"

သူ့ရဲ့ သွေးမျိုးဆက် စွမ်းအားကို အသက်သွင်းပြီးတဲ့ နောက်မှာတော့ သူ့ရဲ့စွမ်းအားက မိုးထိအောင် ထိုးတက်သွားခဲ့ပြီး ပန်းဖူးအဆင့်ကို ချိုးဖျက်သွားခဲ့ပါတယ်။ နောက်တစ်ကြိမ် ချီအလင်းနှစ်ဆယ့် နှစ်ခုကို သိပ်သည်းစေပြီးတော့ မီးကျားကြီးက အဆင့်နိမ့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ပြိုင်ဘက်တစ်ယောက်ကိုတောင် အမြစ်ပြတ် သုတ်သင်ပစ်နိုင်ပါတယ်။ ဒါက အရမ်းကို

ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

လင်းဟန်က ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ပြီး တန်ပြန်တိုက်စစ် ဆင်လိမ့်မှာ မဟုတ်ဘူးဆိုတာ သိသာပါတယ်။ အစကတည်း သူရဲ့ကျင့်ကြံခြင်းက အတော်လေးကို နိမ့်ကျနေခဲ့ပါတယ်။ အခုလိုမျိုး သွေးမျိုးဆက်ရဲ့ စွမ်းအားကို အသက်သွင်းလိုက်တာကို အသာထားပါဦး အခုဆိုရင် ရွှမ်ယွမ်ဇီကွမ်းက ချက်ချင်းဆိုသလို အဆပေါင်းများစွာ ရက်စက်ကြမ်းကြုတ်လာခဲ့ပါတယ်။

လင်းဟန်က မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုလိုက်ပါတယ်။ သွေးမျိုးဆက်ရဲက စွမ်းအားကုန်ခမ်းသွားတဲ့ အချိန်ကျမှ သူက တန်ပြန်တိုက်စစ် ဆင်ရပါလိမ့်မယ်။

Chapter 570 end

အပိုင်း(၅၇၁) မျောက်မင်းအရက်

ဒါပေမဲ့လည်း လင်းဟန်နဲ့ ရွှမ်ယွမ်ဇီကောင်းက အဆုံးထိ မတိုက်ခိုက်ရပါဘူး။ ဘာဖြစ်လို့လဲဆို ရင်ရှူရန်က

ဂင်ရောက်စွက်ဖက်ပြီးတော့ သူတို့နှစ်ယောက်ကို ခွဲလိုက်ပါတယ်။

"ဟီးဟီး မနက်ဖြန် နေ့လယ်ကျရင် မင်း၊ မင်းနဲ့ မင်းတို့တွေ လူတွေကို ခေါ်ပြီးတော့ ဒီမြို့ကနေ ထွက်သွားလို့ ရတယ်"

ပိုင်ယွမ်က လင်းဟန်၊ ဟော့လျန်ချွင်ရှယ်နဲ့ ကျန်တဲ့သူတွေကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။ သူက စကားပြောပြီးတာနဲ့ ချာခနဲ လှည့်ပြီးတော့ ထွက်သွားပါတယ်။ သူတို့က ဆိုးဆိုးဂါးဂါးကို ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးတော့ နေလို့ဖြစ်မှာလဲ။

"ရန်ကလေး သူ့ကိုဒီမှာ ဖမ်းမထားလိုက်တာလဲ"

အဘွားကြီး တစ်ယောက်ရဲ့ အသံထွက်ပေါ်လာပြီး တောင်ဝှေးတစ်ချောင်းကို အကူအညီယူပြီး ထွက်လာတာကို မြင်လိုက်ရပါတယ်။ သူမကို ကြည့်ရတာ အရွယ်အိုမင်းပြီး တုန်တုန်ယင်ယင် ဖြစ်နေပါတယ်။ ဒါပေမဲ့ သူမရဲ့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ ခေါင်းတွေပေါက်ကွဲ ထွက်တော့မဲ့အတိုင်း ခံစားရပြီး ထိတ်လန့်ကြောက်ရွံ့သွားစေပါတယ်။ ဒါကပဲ ဒီအဘွားကြီးရဲ့

ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားကို ဖော်ပြနေပါတယ်။

"အစ်မကြီးမှာ တကယ်လို့ ကျနော်တို့တွေ ပူးပေါင်းကြမယ်ဆိုရင်တောင် ကောင်းကင်အဆင့် အလောင်းကောင် ခုနစ်ယောက်ကို အနိုင်ယူနိုင်မှာလား"

ရင်ရှုန်ရန်က မေးခွန်းတစ်ခုနဲ့ ပြန်ဖြေလိုက်ပါတယ်။

အဘွားကြီးမှာ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားခဲ့သည်။ အလောင်းတစ်ထောင်ဂိုဏ်းမှ လူများမှာ အဆင့်ပိုမိုမြင့်မားလာလေ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။ အဘယ်ကြောင့်ဆိုသော် အဆင့်ပိုမြင့်လာလေ ၎င်းတို့ထိန်းချုပ်နိုင်သော အလောင်းကောင် စစ်သားများ၏ အရေအတွက်မှာ ပိုများလာ၍ ဖြစ်၏။ သာမန်တပည့်များက အဆင့်တူ အလောင်းကောင် စစ်သား တစ်ကောင် နှစ်ကောင်မျှသာ ထိန်းချုပ်နိုင်ပြီး ပါရမီရှင်တွေကတော့ လွယ်လွယ်ကူကူနဲ့ အများကြီး ထိန်းချုပ်နိုင်ကြသည်။ ဒါပေမဲ့လည်း ပိုင်ယွမ်လို လူတစ်ယောက် အတွက်ကတော့ သူထိန်းချုပ်နိုင်တဲ့ အလောင်းကောင် စစ်သားအရေအတွက်မှာ အံ့အားသင့်စရာ ကောင်းလောက်အောင် ခုနစ်ကောင် ပမာဏအထိ

ရောက်ရှိနေသည်။

ထို့အပြင် အလောင်းကောင် စစ်သားများ၏ အဆင့်ကား မည်သည့်အဆင့်ဆိုသည်ကို မည်သူက သိနိုင်မည်နည်း။ အကယ်၍ ၎င်းတို့က အဆင့်နိမ့်ဆိုလျှင် အဆင်ပြေပေမဲ့ အကယ်၍ အလယ်အလတ်အဆင့်ဆိုလျှင် အတော်လေး ပြဿနာ ရှိနိုင်မည် ဖြစ်ပြီးတော့ အကယ်၍များ ၎င်းတို့က အဆင့်မြင့်အဆင့်ဆိုလျှင် ကျော်လွှားနိုင်ဖို့ မဖြစ်နိုင်ချေ။ အကယ်၍များ ၎င်းတို့က ကောင်းကင်အဆင့်၏ အထွတ်အထိပ်အဆင့်ဆိုလျှင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို လာဖို့အတွက် ဖိတ်ခေါ်လိုက်တာက အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

မြို့၏ခုခံကာကွယ်ရေး မဟာဂက်ပါ အစီအရင်ကြောင့် ပိုင်ယွမ်အနေဖြင့် သေချာပေါက် မြို့ထဲကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်၍ မရနိုင်ပေ။ ဒါပေမဲ့ သူ့အနေဖြင့် ဤကဲ့သို့ လုပ်နေစရာ မလိုချေ။ အဆင့်လေး သတ်ဖြတ်ခြင်း အစီအရင်ကို အသုံးပြုပြီး အနည်းငယ်မျှ အားစိုက်ပြီးတော့ တိုက်ခိုက်မည် ဆိုပါက ရတနာ တစ်သန်းမြို့က သမိုင်းထဲက မြူမှုန်အစက်အပြောက် တစ်ခုသာ ဖြစ်သွားပေလိမ့်မည်။

ဒါပေမဲ့လည်း မြို့ကနေ ထွက်ခွာဖို့ တံဆိပ်ပြား တော်တော်များများ ရှိနေသေးသည် မဟုတ်လား။

လင်းဟန်မှာ တံဆိပ်ပြား ကိုးဆယ်၊ ဟူးညိုမှာလည်း တံဆိပ်ပြား ကိုးဆယ်နှင့် ဟော့လျန်ချွင်ရှယ်က တံဆိပ်ပြား တစ်ရာကို ရယူနိုင်ခဲ့သည်။ ရွှမ်ယွမ်ဇီကွမ်းနှင့် ဖန်းရှမ်မင်းတို့က တံဆိပ်ပြား ဆယ်ခုစီ ရယူနိုင်ပေသည်။

စုစုပေါင်း တံဆိပ်ပြား တစ်ရာ့ကိုးဆယ် ရှိပြီးတော့ လင်းဟန်က တံဆိပ်ပြား ၁၈၀ကို ဝေပေးနိုင်သည်။

ထို့ကြောင့် ရင်ရှုရန်က လင်းဟန်နဲ့ ရွှမ်ယွမ်ဇီကွမ်းတို့၏ တိုက်ပွဲကို ရပ်တန့်ခိုင်းခဲ့ခြင်း ဖြစ်သည်။ ပိုင်ယွမ်က တာအိုသစ္စာကျိန်ဆိုခဲ့တာကြောင့် သူ့အနေဖြင့် ယုံကြည်စိတ်ချနိုင်ပေသည်။ အဓိက သော့ချက်ကား မြို့ထဲမှာ ဆက်ပြီးတော့ နေထိုင်မည်ဆိုပါက တစ်ခုတည်းသော အကြောင်းအရာမှာ သေခြင်းတရား ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အကယ်၍ ၎င်းတို့က စွန့်စားရမည် ဆိုလျှင်တောင် ကြိုးစားကြည့်ဖို့တော့ ထိုက်တန်ပေလိမ့်မည်။

လူတိုင်းလူတိုင်းက ထွက်ခွာခွင့် တံဆိပ်ပြား တစ်ခုကို

လိုချင်နေခဲ့ကြသည်။ လင်းဟန်က အကောင်းဆုံးဖြစ်မည့် အကြံတစ်ခုကို စဉ်းစားလိုက်သည်။ လေလံတင်ရောင်းချခြင်း။

သူ့အနေဖြင့် မြို့ထဲမှ တော်ဝင်မိသားစုလို့ ခေါ်ဆိုနေကြသည့် ထိုလူများ၏ မျက်နှာသာပေးခြင်းကို မလိုချင်ခဲ့ချေ။ ထို့ကြောင့် သူက အခွင့်အရေးကို အသုံးချပြီးတော့ သူတို့ဆီကနေ ရက်ရက်စက်စက် ဓားပြတိုက်ရပါလိမ့်မည်။

ညရောက်သည့်အခါ စိတ်ဂိညာဉ် ရတနာ စံအိမ်မှ လေလံပွဲတစ်ခုကို ကြီးမှူးကျင်းပခဲ့သည်။ ဤလေလံပွဲတွင် တင်ပြီးရောင်းချသည့် တစ်ခုတည်းသော ပစ္စည်းမှာ မြို့မှထွက်ခွာနိုင်သည့် တံဆိပ်ပြား တစ်ရာ့ရှစ်ဆယ် ဖြစ်၏။

လင်းဟန်က ရွှေငွေ မလိုချင်ပဲ မူလစွမ်းအင် ပုံဆောင်ခဲ တစ်ခုတည်းကိုပဲ လိုချင်ခဲ့သည်။ ထို့အပြင် ကြယ်သုံးပွင့်အဆင့် မူလစွမ်းအင် ပုံဆောင်ခဲ ဖြစ်ရပေမည်။ အကယ်၍ တစ်ယောက်ယောက်က ကြယ်လေးပွင့်၊ ကြယ်ငါးပွင့် ဒါမှမဟုတ် ကြယ်ခြောက်ပွင့်အဆင့် မူလစွမ်းအင် ပုံဆောင်ခဲများကို အသုံးပြုဖို့ ဆန္ဒရှိတယ်ဆိုရင်တောင် လင်းဟန်အနေဖြင့် စိတ်ဆိုးလိမ့်မည် မဟုတ်ပေ။

တံဆိပ်ပြားတစ်ခုစီရဲ့ သတ်မှတ်ဈေးနှုန်းကား ကြယ်သုံးပွင့်မူလစွမ်းအင် ပုံဆောင်ခဲ တစ်ရာဖြင့် စတင်ဈေးဖွင့်လှစ်ခဲ့ပြီး ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ အပြီးမှာတော့ ဈေးအချိုဆုံး တံဆိပ်ပြားက ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ငါးရာအထိ ရောက်ရှိသွားခဲ့သည်။ ဈေးအကြီးဆုံး တံဆိပ်ပြားကတော့ တစ်သောင်းခုနစ်ရာဖြင့် လေလံဆွဲသွားခဲ့၏။ ၎င်းက နောက်ဆုံးတံဆိပ်ပြား ဖြစ်ပြီးတော့ လူအများအပြားက ၎င်းတံဆိပ်ပြားအတွက် အရူးအမူး လေလံဆွဲခဲ့ကြသည်။

စိတ်ဝိညာဉ် ရတနာ စံအိမ်ကို ကော်မရှင်ခ ဆယ်ရာခိုင်နှုန်း ပေးချေပြီးတာတောင် လင်းဟာန်မှာ ကြယ်သုံးပွင့် မူလပုံဆောင်ခဲ စုစုပေါင်း နှစ်သောင်းနီးပါး ကျန်နေသေးတာကြောင့် သူ့ကို ကျေနပ်ပီတိ ဖြစ်စေခဲ့သည်။

ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်ပိုင်းမှာ သူ၏ကျင့်ကြံခြင်းက နှေးကွေးလာခဲ့ပေမဲ့ ဒီကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲတွေနဲ့ဆိုရင် သူ၏ကျင့်ကြံခြင်း အမြန်နှုန်းက နောက်တစ်ကြိမ် အရှိန်မြင့်လာပါလိမ့်မည်။ မူလစွမ်းအင် ပုံဆောင်ခဲတွေ အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းပြီးတော့ လင်းဟာန်မှာ အရမ်းကို

ကောင်းမွန်တဲ့ စိတ်ခံစားချက်တစ်ခု ရှိနေပြီး ကိုယ်ပိုင်ခြံဝင်းတစ်ခု အထဲမှာ ကျူးရှမ်အောတို့နဲ့ စတင်သောက်စားပျော်ပါး နေကြသည်။

စားလို့သောက်လို့ ပြီးတဲ့နောက်မှာ သူက အိပ်မပျော်တာကြောင့် ရေကန်ရဲ့ဘေးကို လမ်းလျှောက်ထွက်လာခဲ့သည်။ ဟော့လျန်ချွင်ရွှယ်က သူရဲ့ကဘေးကနေ လိုက်လာပြီး လက်တစ်ဖက်က သူ့အဝတ်ကို ကိုင်ဆွဲပြီး ကျန်တဲ့တစ်ဖက်မှာတော့ အုတ်ခဲကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး သူမကိုကြည့်ရတာ အကယ်၍ လင်းဟာန်က သူမကို တုန်လှုပ်ချောက်ချားအောင် လုပ်ပုံ့လျှင် သူမကလည်း အုတ်ခဲနဲ့ ရိုက်ပစ်မဲ့ ပုံစံပေါက်နေသည်။

သူတို့တွေ လမ်းလျှောက်လာရင်းနဲ့ ရေကန်ရဲ့ဘေးမှာ အရက်တစ်အိုးကို လက်ထဲမှာ ကိုင်ထားပြီး ရပ်နေတဲ့ အနက်ရောင် အရိပ်တစ်ခုကို မြင်တွေ့လိုက်ရပြီး ရေကန်ထဲကို အရက်တွေ လောင်းချနေတာကို မြင်တွေ့လိုက်ရပါတယ်။ အရက်ရဲ့မွှေးကြိုင်လှတဲ့ ရနံ့တွေက လေနဲ့အတူ လွင့်ပျံလာပြီး လင်းဟာန်ရဲ့ ခန္ဓာကိုယ်ကို သက်တောင့်သက်သာ ဖြစ်စေပါတယ်။

ဂင်းက အရမ်းကို ထူးခြားတဲ့ အရက်တစ်မျိုး ဖြစ်ပြီးတော့

အဲဒါကို သောက်သုံးမယ်ဆိုရင် သိုင်းပညာရှင်တွေက သေချာပေါက် အကျိုးအမြတ် အများကြီး ရရှိပါလိမ့်မယ်။

လင်းဟန်ကိုကြည့်ရတာ ဒီအတိုင်း အလဟဿ ဖြုန်းတီးနေတာကြောင့် မရှိတင်ကဲ ဖြစ်နေပုံ ရပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကမိတ်ဆွေ ဒီလိုမျိုး အရက်ကောင်းကို အခုလိုမျိုး ဖြုန်းတီးပစ်တာက အရမ်းနှမြောဖို့ မကောင်းဘူးလား"

ထိုလူက လင်းဟန်ရဲ့ စကားတွေကို ကြားပြီးတဲ့နောက်မှာ အနောက်ဘက်ကို ချာခနဲလှည့်ပြီးတော့ လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ သူရဲ့အကြည့်တွေက ဟော့လျန်ချွင်ရှယ်ဆီကို ရောက်သွားတဲ့ အခါမှာ အနည်းငယ် ရပ်တန့်သွားပြီးတော့ သူရဲ့မျက်လုံးထဲမှာ ခေါင်းခြောက်သွားပုံရတဲ့ အမူအရာတစ်ခု လက်သွားပြီး ချက်ချင်းဆိုသလို ကြည်လင်တောက်ပ သွားခဲ့ပါတယ်။

သူက ကျယ်လောင်စွာ ရယ်မောပြီးတော့ အရက်အိုးကို လင်းဟန်ဆီကို တိုက်ရိုက်ပစ်ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါဆိုင် ငါမင်းကို ဒီအရက်နည်းနည်း တိုက်လိုက်ပါမယ်"

လင်းဟန်က အရက်အိုးကို ဖမ်းယူပြီးတော့ ချက်ချင်းဆိုသလို အံ့အားသင့်စရာကောင်းတဲ့ ရနံ့တစ်ခုက ပျံ့နှံ့သွားသလို ခံစားလိုက်ရပြီး သူက တန်ခိုးရှင် တစ်ယောက် ဖြစ်လာသလိုမျိုး ခံစားလိုက်ရပါတယ်။ သူရဲ့အကြည့်တွေကို အာရုံစိုက်လိုက်တဲ့ အခါမှာ ရွှေရောင်အဆင်းရှိတဲ့ အရည်တမျိုးကို မြင်တွေ့လိုက်ရပါတယ်။

သူက မှော်ဆေးပညာရဲ့ ဂရန်းမာစတာ တစ်ယောက်ဖြစ်ပြီး ကမ္ဘာရတနာတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ကောင်းကောင်းကြီး နှံ့စပ်ကျွမ်းကျင်ပါတယ်။ ဒါကြောင့် သူက ရှေ့နောက် မစဉ်းစားပဲ ပြောလိုက်ပါတယ်။

"ဆေးဖက်ဝင် ခရမ်းရောင်လမင်း ဆေးပင်၊ လေပြင်းတစ်ထောင် သစ်သီး၊ ခရမ်းရောင်တိမ် စိတ်ဂိညဉ် အဆီအနှစ်၊ လေဟာနယ်ပန်း ဒါ ဒါ ဒါက မျောက်မင်းအရက်ပဲ"

မျောက်မင်းအရက်။ ဒဏ္ဍာရီတွေအရ မျောက်တွေက စိတ်ဂိညာဉ် သစ်သီးအမျိုးမျိုးနဲ့ ဆေးဖက်ဝင် ပစ္စည်းတွေကို

ခူးဆွတ်ပြီး အရက်ကောင်းကောင်း တစ်ခုကို ချက်လုပ်ကြပါတယ်။ ၎င်းက အရသာရှိပြီး အနံ့မွှေးကြိုင်ရုံတင်မက အရမ်းကို ကောင်းမွန်ပြီး အားကောင်းသန်မာစေပါတယ်။ မျောက်မင်းအရက်ကို ချက်လုပ်တဲ့ မျောက်သားရဲကောင်တွေရဲ့ အဆင့်ကွာဟချက်ကြောင့် အာနိသင်တွေလည်း ကွဲပြားခြားနားပါတယ်။ ပြီးတော့ လင်းဟာန်ရေရွတ်လိုက်တဲ့ ဆေးဖက်ဝင် ပစ္စည်းတွေမှာ ပိုင်ဆိုင်ထားတဲ့ ဆေးအာနိသင်တွေအရ ဒီမျောက်မင်းအရက်က သေချာပေါက် အစွမ်းထက်တဲ့ မျောက်သားရဲတွေ ချက်လုပ်ထားတာ ဖြစ်ပါလိမ့်မယ်။ လင်းဟာန်ရဲ့ ယခင်ဘဝကတောင် ဒီလိုမျိုး အရသာကို မြည်းစမ်းကြည့်ဖို့ အခွင့်အရေး မရရှိခဲ့ပါဘူး။

လူတွေပြောဆိုကြတာတော့ ဒီလိုမျိုး မျောက်မင်းအရက်ရဲ့ အရက်တစ်စက်ကတောင်မှ အရမ်းကို တန်ဖိုးမဖြတ်နိုင်အောင် ကြီးမားပါတယ်။ လင်းဟာန်က ဒီညမှာတော့ အကြီးအကျယ်ကို အကျိုးအမြတ် ရရှိခဲ့ပါတယ်။ သူ့မှာရှိသမျှ အရာအားလုံးကို ထုတ်ပြီးတော့ ဂယ်မယ်ဆိုရင် အရက်တစ်စက်ကိုတောင် ဂယ်ယူဖို့ မလုံလောက်ပါဘူး။

ဒါက အရမ်းကို တန်ဖိုးမဖြတ်နိုင်ပါဘူး။

"ဟင့် မင်းလိုမျိုး လူငယ်တစ်ယောက်က ဒီမျောက်မင်းအရက်ရဲ့ မူလပါဝင်ပစ္စည်းတွေကို သတိပြုမိတယ်ပေါ့လေ ဟုတ်လား"

အဲဒီလူလည်း အတော်လေးကို အံ့အားသင့် နေခဲ့ပါတယ်။ လရောင်ရဲ့ ရောင်ပြန်ဟပ်မှုကြောင့် ဒီလူက ကြံ့ခိုင်တောင့်တင်းတဲ့ ခန္ဓာကိုယ် ရှိပြီးတော့ မြင့်မားတဲ့ တောင်ကြီး တစ်လုံးလိုမျိုး ခံစားချက်ကို ပေးစွမ်းပါတယ်။ အကယ်၍ မိုးကောင်းကင်ကြီးသာ ပြိုကျလာမယ်ဆိုရင် သူက အဲဒါကို ထမ်းပိုးနိုင်စွမ်း ရှိနေသလိုမျိုးပါပဲ။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ ဒီသက်လတ်ပိုင်း ယောကျ်ားကို သူတကယ်ပဲ ဖြတ်ပြီးတော့ မမြင်နိုင်ပါဘူး။ ဒါကတော့ သာမန်တစ်ခုလို့ ပြောလို့ရပါတယ်။ ဒီရတနာတစ်သန်းမြို့ အထဲမှာ အဆင့်မြင့် ကောင်းကင်အဆင့် လက်ရွေးစင်တွေက မရှားပါးကြပါဘူး။

"အစ်ကိုကြီး ဒီအရက်က အရမ်းကို တန်ဖိုးကြီးလွန်းတယ်။ ကျုပ်ဒါကို မသောက်ပံ့ပါဘူး"

လင်းဟာန်က ပြုံးပြုံးလေး ပြောပြီးတော့ အရက်အိုးကို ပြန်ပစ်ပေးလိုက်ပါတယ်။

အဲဒီလူက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဒီမျောက်မင်းအရက်ကို သတိပြုမိတယ် ဆိုမှတော့ ဒါက ရေစက်ပါလို့ပဲ။ ကျေးဇူးပြုပြီး သောက်ပါ"

သူက အရက်အိုးကို လင်းဟာန်ဆီကို နောက်တစ်ကြိမ် ပစ်ပေးလိုက်ပါတယ်။ သူ့ရဲ့နှလုံးသားထဲက သဘောထားကြီးမှုကို မြင်တွေ့နိုင်ပါတယ်။

လင်းဟာန်ကလည်း ဆက်ပြီးတော့ ဟန်ဆောင်မနေတော့ပဲ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျေးဇူးတင်ပါတယ်"

သူက ခေါင်းကိုမော့ပြီးတော့ ချက်ချင်းဆိုသလို အရက်အိုးထဲက အရက်တွေကို လောင်းချလိုက်ပြီး အရက်တွေက သူ့ရဲ့ပါးစပ်ထဲကို ရေတံခွန်တစ်ခုလိုမျိုး စီးဆင်းသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ပါးစပ်တစ်လုတ်

ပြည့်သွားတဲ့နောက်မှာ မူးသလိုမျိုး ခံစားလိုက်ရပါတယ်။ ဒီမျောက်မင်းအရက်က အာဟာပြည့်ဂုပြီး အားအလွန်ကောင်းကာ နတ်ဘုရားအာရုံကို တိုက်ရိုက် အာနိသင် သက်ရောက်စေပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်နဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေပဲ လွယ်လွယ်ကူကူနဲ့ သောက်သုံးနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်က ကောင်းကင်အဆင့်ရဲ့ နတ်ဘုရားအာရုံ တစ်စွန်းတစ်စကို ပိုင်ဆိုင်ထားပြီး ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်တုံးရဲ့ သွေးထားမှုကြောင့် မာကျောကြမ်းတမ်း လာခဲ့ပါတယ်။ သူက ပါးစပ်အပြည့် ်တစ်လုတ်ကို သောက်လိုက်နိုင်ပေမဲ့ သူရဲ့မျက်လုံးတွေက ရီဝေဝေ ဖြစ်လာခဲ့ပါတယ်။

အရက်တစ်ငုံ သောက်ပြီးတဲ့နောက်မှာ လင်းဟန်က အရက်အိုးကို ပြန်ပစ်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီး ကျေးဇူးပြုပြီး သောက်ပါ"

အဲဒီလူက အရက်အိုးကို ဖမ်းယူပြီးတော့ တစ်ကျိုက်တည်း မော့ချလိုက်ပါတယ်။ သူက လင်းဟန်ထက် ပိုဆိုင်းပါတယ်။

အရက်အိုးထဲက တစ်ဂက်လောက်ကို သောက်ချလိုက်ပါတယ်။

လင်းဟန်က ပြုံးဖြီးဖြီး ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူသာ ဒီအရက်အိုးထဲက တစ်ဂက်ကို သောက်ရမယ်ဆိုရင် သူ့အနေနဲ့ သေချာပေါက် သေသွားမှာ ဖြစ်ပြီးတော့ ယမမင်းကို တန်းပြီး သွားတွေ့လိုက်ရုံပါပဲ။

"ဟူး ထပ်ပြီးတော့ မသောက်နိုင်တော့ဘူး"

ထိုလူက လုံးဝကို အခြေအနေ ကောင်းသွားသလိုမျိုး ပြောလိုက်ပါတယ်။

Chapter 571 end

အပိုင်း(၅၇၂) သွေးသောက်ညီအစ်ကိုများ ဖြစ်လာခြင်း

"အစ်ကိုကြီး ခင်ဗျားစိတ်ထဲမှာ တစ်ခုခုများ ဖြစ်နေလား"

လင်းဟန်က အဆင့်နိမ့်တယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ တခြားလူက သူရဲ့အကြောင်းကို ထုတ်မပြသေးတာကြောင့် ဘာမှမသိသလိုမျိုး ပျော်ပျော်ရွှင်ရွှင်နဲ့ ဟန်ဆောင်ပေးရပါလိမ့်မယ်။ ကောင်းကင်အဆင့်

လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့တာကြောင့် သူ့အနေနဲ့ ဘာမှမဟုတ်တဲ့ လူတချို့ကို စီနီယာလို့ မခေါ်ချင်ပါဘူး။

ဒီလူကြီးကတော့ မာန်ပါပါနဲ့ မျောက်မင်းအရက်ကို ရိုးရိုးလေး သောက်ခဲ့ပြီး သူ့ရဲ့မျက်လုံးထဲမှာ အသည်းကွဲနေတဲ့ အရိပ်အယောင်တွေ ဖြစ်ပေါ်နေပါတယ်။

"ပြောစရာမလိုပါဘူး။ သေချာပေါက် အချစ်အတွက် နာကျင်ခံစားနေရတာပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"မင်းက ဒါကိုတောင် မြင်နိုင်တာလား"

အဲဒီလူကြီးက လင်းဟန်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

လင်းဟန်က ကျိတ်ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော်က အတွေ့အကြုံရှိတဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒါကိုမမြင်ပဲ နေမှာလဲ"

"ဟားဟား ဒါဆိုရင်လည်း နောက်တစ်ကြိမ် လာထားကွာ ကမ်းပေ့"

ထိုလူကြီးက ရယ်မောပြီး သူရဲ့လက်ကို ပေ့ယမ်းကာ အရက်တစ်အိုးကို ဆွဲထုတ်ယူပြီးတော့ လင်းဟန်ဆီကို ပစ်ပေးလိုက်ပါတယ်။ အရက်အိုးထဲမှာ အရက်တွေ ပြည့်နှက်နေပြီး ကျွမ်းကျင်သူ တစ်ယောက်ရဲ့ စွမ်းရည်နဲ့ အရက်တစ်စက်မှတောင် ဖိတ်ကျသွားခြင်း မရှိခဲ့ဘူးဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က တစ်ကျိုက်တည်း မသောက်ပံ့ပါဘူး။ တကယ်လို့ သူက ပါးစပ်အပြည့် မော့သောက် လိုက်မယ်ဆိုရင် သေချာပေါက် မူးမေ့သွားပါလိမ့်မယ်။

ထိုလူကြီးက သူ့ကို ဖိအားမပေးခဲ့ပါဘူး။ သူ့ဘာသာသူပဲ တကျိုက်ချင်း မော့သောက်နေပါတယ်။ ဒီမြင်ကွင်းကို ကြည့်ပြီးတော့ လင်းဟန်က နာကျင်သလို ခံစားလိုက်ရပါတယ်။ ဒါကတကယ့်ကို အရသာခံစားမှု ကင်းမဲ့ပြီး လုံးဂကို ဖြုန်းတီးခြင်း တစ်ခု ဖြစ်ပါတယ်။ မျောက်မင်းအရက်က တန်ဖိုးကြီးတာထက် ပိုပြီးတော့ အခုလိုမျိုး သောက်တာက ၎င်းရဲ့တန်ဖိုးကို ဖျက်ဆီးပစ်သလိုမျိုး တူပါတယ်။

"အစ်ကိုကြီး ဘာတွေပဲ နလုံးသားက နာကျင်ခံစားနေပါစေ။ အဲဒါကို ပြောလိုက်တာက စိတ်သက်သာရာ ရစေလိမ့်မယ်"

လင်းဟန်က အကြံပေးလိုက်ပါတယ်။

ထိုလူကြီးက လင်းဟန်ကို လေးလေးနက်နက်နဲ့ ကြည့်ပြီးတော့ အဲဒီအကြောင်းကို စတင်ပြီး ပြောလိုက်ပါတယ်။

သူ့ရဲ့ပုံပြင်က အတော်လေးကို ရိုးရှင်းပါတယ်။ လူငယ်တစ်ယောက်နဲ့ မိန်းမပျိုလေး တစ်ယောက်တို့ ချစ်ကြိုက်မိကြတယ်။ သူတို့က ရေကန်တစ်ခုရဲ့ ဘေးမှာ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တာ ဖြစ်ပြီးတော့ မြင်မြင်ချင်းမှာပဲ ချစ်သွားခဲ့ကြတယ်။ အဲဒီနောက်မှာ သူတို့က ကမ္ဘာအနှံ့ကို အချစ်တွေ ပြည့်နက်ပြီး ပျော်ရွှင်စွာနဲ့ ခြေဆန့်ခဲ့ကြပါတယ်။

ဒါပေမဲ့လည်း သိပ်မကြာခင်မှာပဲ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းက အလွမ်းအဆွေး ဖြစ်လာခဲ့ပြီး မိန်းမပျိုလေးမှာ ကုသလို့မရတဲ့ ရောဂါတစ်မျိုး ခံစားလာခဲ့ရပါတယ်။ လူငယ်ရဲ့ ကျင့်ကြံခြင်းက ဘယ်လောက်ပဲ အသိအမှတ်ပြုစရာ ကောင်းနေပါစေ

အရေးမပါပါဘူး။ သူက အဲဒီရောဂါကို ကုသဖို့ စိတ်ဂိညာဉ် ဆေးပင်ကို မရှာဖွေနိုင်ခဲ့ပါဘူး။ အဆုံးမှာတော့ မိန်းမပျိုလေးက သူ့အနားကနေ တစ်သက်လုံး အဝေးကို ထွက်ခွာသွားပြီး လူငယ်တစ်ယောက်ပဲ အထီးကျန်စွာနဲ့ နေထိုင်လာခဲ့ရပါတယ်။

နှစ်တိုင်းနှစ်တိုင်း ဒီလိုအချိန်ကို ရောက်တဲ့အခါမှာ လူငယ်က သူနဲ့ မိန်းမပျိုလေးတို့ ပထမဆုံး တွေ့ဆုံခဲ့တဲ့ အမှတ်ရစရာ နေရာလေးဆီကို ရောက်လာခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ နှစ်တွေ ကုန်ဆုံးသွားခဲ့ပြီး လူငယ်လေးက အခုဆိုရင် သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

လင်းဟန်လည်း ကောင်းကင်ဖီးနှစ် နတ်မိမယ် အကြောင်းကို စဉ်းစားမိပြီးတော့ သတိရ လွမ်းဆွတ်သွားပါတယ်။ သူ့အနေနဲ့ ဒီအကြောင်းကို လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က ဖြစ်ပျက်ခဲ့တယ် ဆိုတာကို မပြောပဲ အနည်းငယ် ပြောင်းလဲခဲ့ပါတယ်။

အခုဆိုရင် သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆုံကြည့်ပြီး နားလည်သွားခဲ့ပါတယ်။

အမှန်တကယ်တော့ သူတို့နှစ်ယောက်ရဲ့ ခံစားချက်က လုံးဝကို ကွာခြားပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ အချစ်တွေကိုတော့ ဆုံးရှုံးမှုက တူညီကြပြီး သူတို့နှစ်ယောက်ကလည်း အနည်းငယ် မူးယစ်လာပြီးတော့ နှစ်ယောက်သား သွေးသောက်ညီအစ်ကို ဖွဲ့လိုက်ကြပါတယ်။

"ဒုတိယညီလေး။ ငါ့နာမည် ဖန်ပိုယွမ်လို့ခေါ်တယ်။ တကယ်လို့ နောက်ပိုင်းမှာ တစ်ယောက်ယောက်က မင်းကို အနိုင်ကျင့်လာရင် မင်းအစ်ကိုကြီးရဲ့ နာမည်ကိုသာ ပြောလိုက်"

ဖန်ပိုယွမ်က လင်းဟာန်ရဲ့ ပခုံးပေါ်ကို လက်တင်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီငယ်ရဲ့ နာမည်ကတော့ လင်းဟာန်လို့ ခေါ်ပါတယ်"

လင်းဟာန်က နာမည်အတုကို အသုံးမပြုခဲ့ပါဘူး။ ဖန်ပိုယွမ်က သတ္တိရှိပြီး သဘောထားကြီးတယ်လို့ သူခံစားရပါတယ်။ ဒီလိုမျိုး ပင်ကိုယ်ဗီဇရှိတဲ့ လူတစ်ယောက်ကို သူသဘောကျပါတယ်။ နောက်ပြီး ဒီလူက တကယ့်ကို ယောက်ျားပီသတဲ့ တဲ့တိုးသမားတစ်ယောက် ဖြစ်ပါတယ်။

"ဟူး မင်းရဲ့အစ်ကိုကြီးကတော့ ဆက်ပြီးတော့ မသောက်နိုင်တော့ဘူး"

ဖန်ပိုယွမ်က သူရဲ့ခေါင်းကို ထပ်ခါထပ်ခါ ခါလိုက်ပြီးတော့ အရမ်းကို စိတ်ပျက်ဂမ်းနည်းနေပုံ ရပါတယ်။ သူရဲ့အဆင့်က အရမ်းကို မြင့်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ သူ့လိုမျိုး သောက်နိုင်တဲ့လူ ရှာတွေ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒီအစ်ကိုကြီးက တကယ့်ကို အများနဲ့မတူ တမူထူးခြားပါတယ်။ ဒီမျောက်မင်းအရက်က သူသောက်ဖို့အတွက်ဆိုရင် ရှေးဟောင်းတောအုပ်ကြီး တစ်ခုထဲကို ဂင်ပြီးတော့ ရှာဖွေရပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ မျောက်သားရဲကောင်တွေနဲ့ တိုက်ပွဲကြီးတစ်ခုကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဘယ်လိုမှ သောက်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူရဲ့ရင်ဘတ်ကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီး စိတ်မပူပါနဲ့။ အရမ်းကို အရသာကောင်းတဲ့ အရက်ကို ကျနော်သေချာပေါက် ချက်ပေးမယ်။ ပြီးတော့

အစ်ကိုကြီး သုံးနှစ်လောက် ကောင်းကောင်းကြီး သောက်လို့ရအောင် ယူလာခဲ့ပေးမယ်”

သူက လေကြွားတာ မဟုတ်ပါဘူး။ အရင်ဘဝတုန်းက ရှေးဟောင်းနယ်မြေတွေ အများကြီးကို သူလည်းပဲ ဝင်ရောက်ခဲ့ဖူးပါတယ်။ ပြီးတော့ သိုင်းပညာရပ်တွေနဲ့ နည်းစနစ်တွေ အများကြီး ရရှိခဲ့တဲ့အပြင် ဒီလိုမျိုး သမာရိုးကျမဟုတ်တဲ့ ထူးထူးဆန်းဆန်း အရက်ချက်လုပ်တဲ့ နည်းလမ်းတွေကိုလည်း ရရှိခဲ့ပါတယ်။

နတ်ဘုရားအရက် အမျိုးအစားလည်း ရှိပြီးတော့ ၎င်းရဲ့အာနိသင်က သဘာဝနဲ့ ဆန့်ကျင်ပြီး နတ်ဘုရားတွေတောင်မှ သောက်ဖို့အတွက် တောင်းဆိုတတ်ကြပါတယ်။ ဒါပေမဲ့ ၎င်းအရက်ကို ချက်လုပ်ဖို့ လိုအပ်တဲ့ ပါဝင်ပစ္စည်းကတော့ မတာရားကို တန်ဖိုးမဖြတ်နိုင်ပါဘူး။ သူရဲ့အရင်ဘဝမှာတောင် အဲဒီပစ္စည်းတွေကို စုစည်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒီဘဝမှာတော့ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်ရှိဖို့ အဆင့်မီပါတယ်။ ပြီးတော့ နတ်ဘုရားအရက်ကို ဖန်တီးဖို့လည်း မျှော်လင့်လို့ ရပါတယ်။

လင်းဟန်က ဖန်ပိုယွမ်ကို အစ်ကိုကြီးလို့ ခေါ်ဖို့ဆန္ဒ

ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖန်ပိုယွမ်က လက်ရှိမှာ အသက်လေးရာခန့် ရှိပြီးတော့ လင်းဟန်ရဲ့ ဘဝနှစ်ခုစာ ပေါင်းထားတဲ့ အသက်ထက် ကြီးပါတယ်။ ဒါကြောင့် သူ့ကို အစ်ကိုကြီးလို့ ခေါ်တာက သင့်တော်ပါတယ်။ နှစ်ပေါင်း တစ်သောင်းက စိတ်ဝိညာဉ်နဲ့ပဲ တည်ရှိခဲ့တာ ဖြစ်ပြီးတော့ ခန္ဓာကိုယ် မရှိခဲ့ပါဘူး။ ဒါကြောင့် အဲဒါကို ထည့်တွက်လို့ မရနိုင်ပါဘူး။

"ဒါဆိုရင် အစ်ကိုကြီးက မင်းကို စောင့်နေပါ့မယ်"

ဖန်ပိုယွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

သူတို့သွေးသောက် ညီအစ်ကို နှစ်ယောက်က တွေ့တာမကြာသေးပေမဲ့ သူတို့က အကျင့်စရိုက်တူ တစ်ယောက်နဲ့တစ်ယောက် သဟဇာတ ဖြစ်နေကြပြီး စကားတွေ ပိုပိုပြောမိတာနဲ့ ပိုပြီးတော့ သဘောထားချင်း တိုက်ဆိုင်ကြပါတယ်။ လင်းဟန်က နှစ်ဘဝ အသက်ရှင်ခဲ့ပြီး အရင်ဘဝမှာ ကမ္ဘာကြီးရဲ့ ထိပ်ဆုံးမှာ ရပ်တည်ခဲ့ပါတယ်။ ဒါကြောင့် သူရဲ့အတွေ့အကြုံက ဘယ်လိုလုပ်ပြီး ဖန်ပိုယွမ်ထက် နိမ့်ကျနိုင်မှာလဲ။

သူတို့တွေက အချိန်အတော်ကြာအောင်

စကားပြောနေကြပြီး လင်းဟန်က နောက်ဆုံးမှာ မူးဝေနေခဲ့ပါတယ်။ သူရဲ့မျက်လုံးကို နောက်တစ်ကြိမ် ဖွင့်လိုက်တဲ့ အခါမှာ နှင်းတွေလို ဖြူဆွတ်နေတဲ့ လည်တိုင်ဖြူဖြူလေးနဲ့ အရမ်းကို လှပတဲ့ မေးစေ့လေးကို မြင်လိုက်ရပါတယ်။ သူရဲ့ခေါင်းက ဟော့လျန်ချင်ရွှယ်ရဲ့ ပေါင်တံတွေ အပေါ်မှာ အနားယူနေတာ ဖြစ်ပါတယ်။

မျှော်လင့်ထားတဲ့အတိုင်း ပြားကပ်နေတဲ့ ရင်သားတစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူရဲ့ရှုထောင့်ကနေဆို တောင်ပူစာနှစ်ခုကို မြင်တွေ့သင့်ပြီး သူမရဲ့ မေးစေ့ကို မြင်တွေ့စရာ အကြောင်းလည်း လုံးဝမရှိပါဘူး။ လည်ပင်းဆိုတာကတော့ ထားလိုက်တော့။

ဒါပေမဲ့လည်း ဟော့လျန်ချင်ရွှယ်က အနာဂတ်မှာ သူမရဲ့ မှတ်ဉာဏ်တွေ ပြန်လည်ကောင်းမွန်ပြီး ဒီမြင်ကွင်းကို ပြန်သတိရသွားမယ်ဆိုရင်......... လင်းဟန်က ချက်ချင်းဆိုသလို အေးစက်စက် ချွေးတွေက ရေတံခွန်လို စီးကျတယ်လို့ ခံစားလိုက်ရပါတယ်။ ဒီအဖြစ်အပျက်က သူ့ကို သားကောင်ဖြစ်သွား စေပါလိမ့်မယ်။

လင်းဟန်က ချက်ချင်းဆိုသလို ခေါင်းတွေ ကိုက်လာသလို ခံစားလိုက်ရပြီး သူရဲ့ခေါင်းကို လက်နဲ့ဖုံးထားလိုက်ပါတယ်။

ဒါက ငရဲကျနေသလို တကယ်ပဲ နာကျင်ပါတယ်။ သူ့အနေနဲ့ အရက်နာကျဖို့ဆိုတာ အရမ်းကို ရှားပါးပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူက အရက်အရမ်းကို မူးနေခဲ့ပါတယ်။

ဒီအရက်က တကယ်ပဲ အရမ်းကို ပြင်းထန်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ချက်ချင်းပဲ သူရဲ့ကျင့်ကြံခြင်း အဆင့်မှာ အဆင့်လေးနစ်ခု တက်လာခဲ့ပါတယ်။

ပန်းဖူးအဆင့်ကနေ ရွှေလျှောက် ကျင့်ကြံခြင်း အဆင့်တိုးတက်ဖို့က သိုင်းပညာမှာ နားလည်သဘောပေါက်မှုနဲ့ ပတ်သက်ဆက်နွယ်နေပါတယ်။ ဒါပေမဲ့ သူကတကယ်ပဲ အရက်နာကျနေတဲ့ အချိန်မှာ အဆင့်လေးနစ်ခု တိုးလာခဲ့ပါတယ်။

"မျောက်မင်းအရက်က အရမ်းကို အထင်ကြီးစရာပဲ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အံ့အားသင့် နေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘာဖြစ်လို့လဲ ဆိုတော့ကာ ဒါက သူရဲ့ပထမဆုံးအကြိမ် သောက်သုံးဖူးတာ ဖြစ်ပြီးတော့ အာနိသင် အကျိုးသက်ရောက်မှုက အရမ်းကို ကြီးမားပါတယ်။ ဒါကိုနောက်တစ်ကြိမ် သူသောက်မယ်ဆိုရင်

ဒီတစ်ကြိမ်လောက်တော့ အကျိုးအမြတ် ရရှိလိမ့်မှာတော့ မဟုတ်ပါဘူး။ ဒီမျောက်မင်းအရက်က စိတ်ဝိညာဉ် အရည်လိုမျိုးပဲ တစ်ကြိမ်ကို အနည်းငယ်ပဲ သောက်ရတာမျိုး ဖြစ်ပါလိမ့်မယ်။

ဒါအပြင် အခုလိုမျိုး သောက်လိုက်တာက သူ့ရဲ့ခေါင်း ပေါက်ကွဲထွက်လုမတတ် ကိုက်ခဲနေခဲ့ပါတယ်။

"လင်းဟန်"

ဟော့လျန်ချွင်ရှယ်က စိုးရိမ်တကြီးနဲ့ အော်ခေါ်လိုက်ပါတယ်။

"ပင်လယ်မိန်းကလေး အသံတိုးတိုးပြော တိုးတိုးလေးပဲပြော"

လင်းဟန်က အလျင်အမြန်ပဲ အသံတိုးတိုးပြောဖို့ ဟန်အမူအရာ လုပ်ပြလိုက်ပါတယ်။ ဒီအော်သံက သူ့ရဲ့ခေါင်းကို နောက်တစ်ကြိမ် ပေါက်ကွဲထွက်လုမတတ် နာကျင်ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ စိတ်ဝိညာဉ် အရည်တချို့ကို ထုတ်ယူပြီးတော့ အရက်မူးပြေအောင်လို့ ပါးစပ်အပြည့် သောက်လိုက်ပြီး ရေကန်ကရေနဲ့ မျက်နှာကို

သစ်ပြီးတော့ ဆေးကြောလိုက်ပါတယ်။ နောက်ဆုံးမှာတော့ အတော်လေးကို အခြေအနေ ကောင်းလာခဲ့ ပါတယ်။ သူက မေးလိုက်ပါတယ်။

"ငါ့ရဲ့ အစ်ကိုကြီး ဘယ်ရောက်သွားလဲ"

"သူထွက်သွားပြီ"

ဟော့လျန်ချင်ရွှယ်က ပြောလိုက်ပါတယ်။

"ဒါပေမဲ့ သူက နင့်အတွက် ပြဿနာတစ်ခုကို ဖြေရှင်းပေးဖို့ ပြန်လာခဲ့မယ်လို့ ပြောသွားတယ်"

ပြဿနာတစ်ခုကို ဖြေရှင်းပေးမယ် ဟုတ်လား။ ရတနာတစ်သန်းမြို့ထဲမှာ ပိတ်မိနေတဲ့ ပြဿနာကို ပြောတာများလား။

ဒီအစ်ကိုကြီးက အစွမ်းထက်တယ် ဆိုပေမဲ့ အပြင်မှာရှိနေတာက အဆင့်လေး သတ်ဖြတ်ခြင်း ဂုဏ်ပါ အစီအရင် တစ်ခု ဖြစ်ပါတယ်။

"အရင်ဆုံး ပြန်ကြတာပေါ့"

လင်းဟန်က အချိန်ကို ကြည့်လိုက်တဲ့ အခါမှာ နေ့လယ်အချိန်ကို ကျော်သွားခဲ့ပါပြီ။ မနေ့ညက အင်အားစုတွေက အရှုံးအမှုးကို တံဆိပ်ပြားတွေ ယူသွားကြပါတယ်။

မျှော်လင့်ထားသလိုပါပဲ။ မြို့ဂင်ပေါက်ကို သူရောက်သွားတဲ့ အချိန်မှာ လူတွေအများကြီးက သူ့ကိုဒေါသတကြီးနဲ့ စိုက်ကြည့်နေပြီး ဖော်ရွေမှု စိုးစိမျှ မရှိကြပေ။

"ဟန်လင်း မင်းဘာကြောင့် လာတာလဲ"

လူတစ်ယောက်က ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

လင်းဟန်ကို ကြည့်နေတဲ့ သူရဲ့မျက်နှာပေါ်မှာ ဒေါသထွက်နေတဲ့ အမူအရာတစ်ခု ရှိပါတယ်။ သူရဲ့နားတွေကို အုပ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမှာ ပြဿနာရှိလို့လား။ ဘာဖြစ်လို့ ဒီလောက်တောင် အော်နေရတာလဲ။ ဘယ်လိုမျိုး ပြောရမယ် ဆိုတာကိုတောင် မသိဘူးလား"

"မင်း"

ထိုလူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကိုဒီလိုမျိုး ပြောဆိုပံ့တာကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲ နေမှာလဲ။

"ကောင်းပြီ ကောင်းပြီ။ တခြားလူတွေကြောင့် အရှုံးလုပ်တာကို မခံရစေနဲ့"

ရင်ရှုရန်က ပြောပြီးတော့ မြို့ဂင်ပေါက်ရဲ့ အောက်ဘက်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ပိုင်ယွမ်က ထပ်ပြီးတော့ ပေါ်လာခဲ့ပါပြီ။

လင်းဟန်က ပြောလိုက်ပါတယ်။

"တံဆိပ်ပြား နှစ်ရာ့ရှစ်ဆယ်ကို ရထားတဲ့လူ အားလုံးပဲ အောက်ကို ဆင်းသွားလို့ရပြီ"

သူ့မှာ အနက်ရောင် မျှော်စင် ရှိပါတယ်။ ဒါကြောင့် တံဆိပ်ပြားတွေ အကြောင်းကို လုံးဝကို မစဉ်းစားပါဘူး။ နောက်ပြီးတော့ သူ့အနေနဲ့ အပြစ်မဲ့တဲ့ လူတွေကို

မြို့ထဲကနေ ထုတ်ပေးချင် ပါသေးတယ်။

လူနှစ်ရာ့ရှစ်ဆယ်က မြို့ရဲ့ ဂင်ပေါက်အောက်ဆီကို ကြည့်ပြီးတော့ သူတို့အနေနဲ့ ဘဝအသစ်ကို ပြန်လည်မွေးဖွားလာသလိုမျိုး အရမ်းကို ကျေနပ်ပီတိ ဖြစ်နေကြပါတယ်။ နောက်ဆုံးတော့ သူတို့က ဒီငရဲနဲ့တူတဲ့ နေရာကနေ ထွက်ခွာလို့ ရနိုင်ပါပြီ။

"အဘိုးကြီး မင်းက ဒီနေရာကို မှောင်မိုက်ပြီး ညစ်ပတ်အောင် လုပ်ဖို့ အစီအစဉ်ရှိနေတာပဲ။ ငါတကယ်ပဲ ဒါကို လုံးဝမနှစ်သက်ဘူး"

လူတစ်ယောက်က လေးလေးနက်နက်နဲ့ အော်ပြောလိုက်ပါတယ်။ မြင့်မားတဲ့ ပုံရိပ်တစ်ခုက မြို့အတွင်းကနေ လမ်းလျှောက်လာပြီးတော့ ပိုင်ယွမ်ကို လက်ပွေ့ယမ်းပြီး ပြောလိုက်ပါတယ်။

"ရတနာတစ်သန်းမြို့ကို ဘယ်လိုပဲကြည့်ကြည့် အရင်အတိုင်း ပြန်ဖြစ်အောင် လုပ်ပြီးတော့ ထွက်သွားလိုက်ပါ"

Chapter 572 end

အပိုင်း(၅၇၃) ဖန်ပိုယွမ်

လင်းဟန်က အံ့အားသင့် သွားခဲ့သည်။ တောင်ကြီးတစ်လုံးလို မြင့်မားတဲ့ ပုံရိပ်နဲ့ လူကြီးက သူ၏သွေးသောက်အစ်ကိုကြီး ဖန်ပိုယွမ်ပင် ဖြစ်ပေသည်။

"သူဘယ်သူလဲ။ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ကို အဘိုးကြီးလို့တောင် ခေါ်ပုံအောင် သတ္တိတွေ ကောင်းလှချည်လား"

"မသိဘူး။ မြို့ထဲမှာ အချိန်အကြာကြီး ပိတ်မိနေတော့ သွေးလေခြောက်ခြားပြီးတော့ ရူးသွားတဲ့ လူလားမှ မသိတာ"

"ဟုတ်တယ်။ အဲဒါပဲ ဖြစ်မယ်"

မြို့ရိုးထိပ်ပေါ်တွင် လူတိုင်းလူတိုင်းက တက်တက်ကြွကြွနဲ့ ဆွေးနွေးနေကြ၏။ ဒါပေမဲ့ ဘယ်သူကမှ လင်းဟန်နဲ့ တူညီတဲ့ အမြင်မျိုး မရှိကြပဲ ဖန်ပိုယွမ်ရဲ့ စွမ်းအားပြည့်ဂုဏ်ကို မြင်နိုင်စွမ်း မရှိကြပါဘူး။ သာမန်လူတွေရဲ့ အမြင်မှာတော့ ဒီလူကြီးက အနည်းငယ် ကြံ့ခိုင်တောင့်တင်းပြီး သာမန်ထက် အနည်းငယ် ထူးခြားပေမဲ့ အထူးတလည် စွမ်းရည်တွေ မရှိပါဘူး။

ဒါပေမဲ့လည်း အမှောင်နဲ့ အလင်းထဲက ကောင်းကင်အဆင့် လက်ရွေးစင်တွေ အားလုံးက လေးလေးနက်နက် အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ကြ၏။ သူတို့က ဒီလူကြီးရဲ့ ခွန်အားကို မမြင်နိုင်ကြပေ။

ဒီတစ်ချက်တည်းကပဲ တဖက်လူရဲ့ ကျင့်ကြံခြင်းက သူတို့အားလုံးရဲ့အောက်ကို လုံးဝကို မနိမ့်ကျဘူးလို့ သက်သေပြနေသည်။

ပိုင်ယွမ်က ပိုပြီးတော့တောင်မှ သတိထားနေသည်။ တိုက်ပွဲခေါ်သံ စူးစူးဝါးဝါးတစ်ခု အော်ဟစ်လိုက်ပြီး ခေါင်းတလားခုနစ်ခုက အဝေးကနေ လျှောတိုက်ပြီး ရောက်လာခဲ့သည်။ တစ်ဖက်လူက မကောင်းတဲ့ စိတ်ဆန္ဒနဲ့ လာတာဖြစ်ပြီး တိုက်ခိုက်ဖို့ ဖြစ်နိုင်ချေ အများကြီး ရှိတာကြောင့် သူ့အနေနဲ့ အမှုမဲ့ အမှတ်မဲ့ မနေပုံချေ။

ပုံမှန်အားဖြင့်တော့ ကောင်းကင်အဆင့် စစ်သည်တော်တွေက ကမ္ဘာကြီးမှာ အထွတ်အထိပ်လို့ ပြောလို့ရနိုင်ပြီး သူတို့က သတ္တိကောင်းပြီးတော့ အထိန်းအကွပ်မဲ့လှ၏။ ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက အတော်လေးကို ထူးခြားပြီး

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ဂိုဏ်းခေါင်းဆောင်တောင် နောက်ကွယ်မှာ ရှိနေပြီးတော့ သူတို့ကိုယ်သူတို့ ဘယ်တော့မှ ကိုယ်ထင်မပြခဲ့ချေ။ ဂိုဏ်းခေါင်းဆောင်ရဲ့ ဂိုဏ်းခွဲမှူးများ၊ ကောင်းကင်အဆင့် အရှင်သခင် ခုနစ်ယောက်တို့ကလည်း သတိထားရမည့် လူများဖြစ်သည်။

အနည်းဆုံးတော့ အလောင်းတစ်ထောင်ဂိုဏ်းက လူပုံအလယ်မှာ သတ်သတ်မှတ်မှတ် ရပ်တည်နိုင်ပြီး ၎င်းတို့တစ်ယောက်ချင်းစီတိုင်းက နိမ့်ချပြီး သတိထားရမည့်ဟာန်ကို ထိန်းသိမ်းထား ကြပေသည်။

"အရှင်သခင် သင်ကဘယ်သူများလဲ"

ပိုင်ယွမ်က အော်ဟစ်မေးလိုက်သည်။

ဖန်ပိုယွမ်က နားထောင်ပြီးတော့ ပြောလိုက်သည်။

"မင်းရဲ့နား ကန်းနေတာလား။ ဒီဂက်ပါ အစီအရင်ကို ဖယ်ရှားပစ်ဖို့ မင်းကိုငါပြောနေတယ်လေ။ အဲဒီလိုမှ မဟုတ်ရင် ငါကိုယ်တိုင်ပဲ ဒါကို ဖျက်ပစ်ရမှာပေါ့"

"ဟားဟား လေသံက တော်တော်ကို

မောက်မာဂင့်ကြွားနေတာပဲ။ မင်းဘာသာမင်း ဒါကို ဘာဖြစ်လို့ ကိုယ်တိုင်မလုပ်လဲ။ ဒီအဘိုးကြီး မင်းလုပ်နိုင်မလားဆိုတာကို ကြည့်ဦးမယ်"

ပိုင်ယွမ်က ခြိမ်းခြောက်တဲ့ပုံစံမျိုးနဲ့ ပြောလိုက်သည်။ ဤဂက်ပါကား အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါအစီအရင် ဖြစ်သည်။ ဂိုဏ်းခေါင်းဆောင်က ပြီးပြည့်စုံတဲ့ ဂက်ပါ အစီအရင်ကို မရရှိခဲ့ပေမဲ့ ၎င်း၏စွမ်းအား ငါးဆယ်ရာခိုင်နှုန်းကို ထုတ်ဖော်နိုင်စွမ်း ရှိပြီးတော့ အဆင့်နိမ့် စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကိုတောင် သုတ်သင်ပစ်နိုင်၏။ ဤလူကား လေကြီးလှပေသည်။ သူကိုယ်တိုင် ဒီဂက်ပါကို ဖျက်ဆီးပစ်မည်ဟု ကြွေးကြော်ပုံ့သည် မဟုတ်ပါလား။

ဖန်ပိုယွမ်၏ အကြည့်တွေက စူးရှတောက်ပသွားပြီး ပိုင်ယွမ်၏ မျက်လုံးများကို ပေါက်ကွဲထွက် တော့မည့်အတိုင်း နာကျင်သွားစေခဲ့သည်။

အရမ်းကို အစွမ်းထက်ပေစွ။

ပိုင်ယွမ်က အံ့အားသင့်သွားပြီး အလောင်းကောင် စစ်သားတွေကို တိုက်ခိုက်ဖို့အတွက် အလျင်အမြန်

ထိန်းချုပ်လိုက်သည်။ ပုန်း ပုန်း ပုန်း ပုန်း။ ခေါင်းတလား ခုနစ်ခုကား ဆက်တိုက် ပွင့်သွားပြီး အလောင်းကောင် စစ်သားခုနစ်ယောက်က ခုန်ထွက်လာခဲ့သည်။ အလောင်းကောင် စစ်သားကိုယ်စီက အရိုးစုများသာ ကျန်ရစ်ပေမဲ့ ၎င်းတို့၏ အရိုးစုများက ရွှေသတ္တုဖြင့် ပြုလုပ်ထားသလို ရွှေရောင်တဝင်းဝင်း တောက်ပနေသည်။ ဒါပေမဲ့လည်း အရိုးတစ်ခုစီတိုင်းမှာ တစ်ပေခန့်ရှည်တဲ့ အရိုးချွန်တစ်ချောင်း ပေါက်နေပြီး ထိုမြင်ကွင်းက လူတွေကို အရမ်းကို ထူးဆန်းတဲ့ ခံစားမှုတစ်ခုကို ဖြစ်ပေါ်စေသည်။

"အရိုးစုလေး ခုနစ်ခုလောက်နဲ့များ ဟင့်။ မင်းကငါ့ကို တားဆီးချင်နေတာလား"

ဖန်ပိုယွမ်က အထင်အမြင်သေးစွာဖြင့် ပြောလိုက်သည်။

ပိုင်ယွမ်က ဒေါသထွက်သွား၏။ ဤအလောင်းကောင် စစ်သားခုနစ်ယောက်ကို မွန်းမံသန့်စင်ရန် ဂိုဏ်းခေါင်းဆောင်၏ အကူအညီကို ရရှိခဲ့ပြီး ခုခံကာကွယ်မှုနဲ့ ပတ်သက်လျှင် ၎င်းတို့ကား ကောင်းကင်အဆင့်၏ အကန့်အသတ်ကို ရောက်ရှိနေပြီး အထွတ်အထိပ် ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ ၎င်းတို့ကို အမှောက်သိပ်ဖို့အတွက် အစွမ်းကုန် အင်တိုက်အားတိုက်

ကြိုးစားအားထုတ် ရပေလိမ့်မည်။

ထို့အပြင် ဤအလောင်းကောင် စစ်သားများ၏ တိုက်ခိုက်မှု စွမ်းအားက နည်းနည်းလေးမှ အားနည်းခြင်း မရှိပေ။ အရိုးချွန်တွေကို တစ်ကြိမ်ပြီးတစ်ကြိမ် မွန်းမံသန့်စင်ပြီးတဲ့နောက်မှာ ၎င်းအချွန်တွေက ကောင်းကင်အဆင့် စစ်သည်တော်တစ်ယောက်၏ ခုခံမှုကို လွယ်ကူစွာနဲ့ ထိုးဖောက်နိုင်ပြီး ချက်ချင်းဆိုသလို ကောင်းကင်အဆင့် လက်ရွေးစင်ရဲ့တစ်ကိုယ်လုံး အပေါက်တွေ ဖြစ်အောင်လို့ ထိုးဖောက်ပစ်နိုင်၏။

"သတ်စမ်း"

ပိုင်ယွမ်က ဖန်ပိုယွမ်ကို လက်ညှိုးထိုး ညွှန်ပြလိုက်၏။ အလောင်းကောင် စစ်သား ခုနစ်ကောင်က ချက်ချင်းပဲ လွှားခနဲ ခုန်ဝင်ပြီးတော့ ဖန်ပိုယွမ်ကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

မြို့ရိုး၏ ထိပ်ပေါ်တွင် အဘွားကြီးတစ်ယောက် ပေါ်လာပြီး ရင်ရှုရန်ကို မေးလိုက်သည်။

"ငါတို့ကူညီသင့်လား"

"ကျုပ် ရန်ကလေးတောင်မှ ဒီလူရဲ့ ကျင့်ကြံခြင်းအဆင့်ကို မမြင်နိုင်ဘူး။ သူရဲ့ခွန်အားက အံ့မခန်း နက်ရှိုင်းလွန်းတယ်။ ဒါကြောင့် အရင်ဆုံး တစ်ချက်လောက် စောင့်ကြည့်တာပေါ့"

ရင်ရှုရန်က သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ဒီလူကို တစ်နေရာရာမှာ မြင်ဖူးသလိုပဲ"

နောက်ထပ်အဘိုးကြီးတစ်ယောက် ပေါ်လာပြီး ဖန်ပိုယွမ်ကို စိုက်ကြည့်ကာ စဉ်းစားခန်းဝင်နေ၏။

လင်းဟာန်က အတော်လေး စိုးရိမ်ပူပန်နေခဲ့သည်။ ဤအလောင်းကောင် စစ်သားခုနစ်ယောက်လုံး အဆင့်သုံး ရွှေချပ်ဂုဏ် အလောင်းကောင်များ ဖြစ်ကြပြီး အကန့်အသတ်ထိ မွန်းမံသန့်စင်ထားပြီး အကယ်၍ ယခင်ဘဝတုန်းက ဂုဏ်ရောင်ထွန်းပြောင်ခဲ့သည့် သူ၏ခွန်အားတွေ ပြန်လည်ပြည့်ဝ လာခဲ့မည် ဆိုလျှင်တောင်မှ သူ့အနေနဲ့ ဒီအလောင်းကောင် စစ်သားတွေကို ထိပ်တိုက်ရင်ဆိုင်ရဲ လိမ့်မည် မဟုတ်ချေ။ အကယ်၍ ဓားကေရာဇ် သို့မဟုတ် ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ ဆိုလျှင်တော့ အခြေအနေက တမျိုးတမည်

ပြောင်းလဲသွားနိုင်ပေသည်။

သို့ပေမဲ့လည်း ဖန်ပိုယွမ်ကား လုံးဂကို ဂရုမစိုက်ချေ။ သူကား အရက်တစ်ခရားကို ထုတ်ယူပြီး တစ်ကျိုက်ပြီးတစ်ကျိုက် မော့သောက်ပြီး အရည်တွေက သူ၏ပါးစပ်ထောင့်မှ အောက်သို့ စီးကျနေသည်။ သူ၏မုတ်ဆိတ်မွေး တစ်ခုလုံး အရက်တွေ ပေကျံနေသည်။

အလောင်းကောင် စစ်သားများ ရောက်လာပြီး မျက်စိတစ်မှိတ်အတွင်းမှာ သူ့ကို ရွှေရောင် အရိုးတွေနဲ့ ဖုံးသွားသည်။

သွားပြီ။

အားလုံး၏ အတွေးထဲမှာ ဒီအလောင်းကောင် စစ်သားခုနစ်ယောက်က အဆင့်သုံး ရွှေချပ်ဂတ် အလောင်းကောင်များ ဖြစ်ပြီးတော့ ၎င်းတို့၏ နီးနီးကပ်ကပ် ပိုင်းရံမှုကို ခံထားရမည် ဆိုပါက ကောင်းကင်အဆင့် လက်ရွေးစင်တွေက ဘယ်လောက်ပဲသန်မာသန်မာ သေရုံကလွဲပြီး တခြားရှိလိမ့်မည် မဟုတ်ပေ။ ဤကဲ့သို့ လက်ရွေးစင် တစ်ယောက်က မိုက်မိုက်မဲမဲနဲ့ သေသွားလိမ့်မယ်လို့ ဘယ်သူကမှ ထင်မှတ်ထားခြင်း

မရှိခဲ့ပေ။

ပိုင်ယွမ်က လှောင်ပြုံးပြုံးလိုက်သည်။ ဤသည်ကား သူ့ကိုနှိမ်ချပြီး သတ်မှတ်သည့် အကျိုးဆက်ပင် ဖြစ်ပေသည်။ အလောင်းတစ်ထောင်ဂိုဏ်းက လူလုံးထွက်မပြလို့ လူတွေက သူတို့ကို လွယ်လွယ်နဲ့ စော်ကားမော်ကား ပြောလို့ရမယ် ထင်နေတာလား။ မှားသွားပြီ။ အလောင်းတစ်ထောင်ဂိုဏ်းမှ လူတိုင်းလူတိုင်းက အလောင်းကောင် စစ်သားတွေကို ပြုစုပျိုးထောင်နေပြီး လူတစ်ယောက်ချင်းစီက အနည်းဆုံး တစ်ယောက်ကို နှစ်ယောက်နဲ့ တိုက်ခိုက်ရပါလိမ့်မည်။ သူတို့၏ အဆင့်တွေ ပိုမြင့်လာလေ သူတို့၏ တိုက်ပွဲစွမ်းရည်များက ပိုမိုကြောက်မက်ဖွယ်ရာ ကောင်းလာလေ ဖြစ်သည်။

သူတစ်ယောက်တည်းက ကောင်းကင်အဆင့် လက်ရွေးစင် ခြောက်ယောက် ခုနစ်ယောက်နဲ့ ညီမျှပြီး ဒါကဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။

ဟုမ်း။

အလောင်းကောင် စစ်သားခုနစ်ယောက်က

တိုက်ခိုက်လိုက်သလို ခရမ်းရောင် အလင်းတစ်ခုက ထွက်ပေါ်လာပြီး စက်ပိုင်းတစ်ခုပုံစံအဖြစ် ပြောင်းလဲသွားပြီးမှ ပြင်းပြင်းထန်ထန် ပေါက်ကွဲထွက်သွားခဲ့သည်။ ပုန်း ပုန်း ပုန်း ပုန်း။ အလောင်းကောင်စစ်သားခုနစ်ယောက်က အုံ့အားသင့်စရာကောင်းလောက်အောင် အားလုံးပဲ အနောက်ကို ပြန်လွင့်လာခဲ့ပြီး သူတို့၏ အရိုးစုပုံစံ တည်ဆောက်ပုံတွေက အထွတ်အထိပ် ကောင်းကင်အဆင့်လို သန်မာမှုက တစ်စစီပြိုကွဲပြီး အရိုးတွေက ပဲ့ထွက်ကုန်၏။

ခရမ်းရောင် စူးရှတဲ့ အလင်းရောင်က တွန့်လိမ်သွားခဲ့သည်။ ဖန်ပိုယွမ်ကား နတ်ဘုရားတစ်ပါးလို ဟိတ်ကြီးဟန်ပန်နဲ့ မားမားမတ်မတ် ရပ်နေပြီး သူရဲ့ခြေထောက်အောက်မှာ မြေကြီးနဲ့ သူရဲ့ခေါင်းက ကောင်းကင်အထက်မှာ ရှိနေသလိုမျိုး ကမ္ဘာကြီး တစ်ခုလုံးက သူရဲ့အရှေ့မှာ တုန်တုန်ယင်ယင်နဲ့ ဂပ်စင်းနေတယ်လို့တောင် ထင်ရသည်။

သူ၏ဆံပင်တွေက လွင့်ပျံနေပြီး သူရဲ့မျက်လုံးတွေက ကြယ်တွေလို လင်းလက်တောက်ပကာ နတ်ဘုရားတစ်ပါးရဲ့ ပုံပန်းသွင်ပြင် တစ်ခုလိုမျိုး စိတ်ထဲမှာ ထင်မြင်လာစေခဲ့သည်။

အထွတ်အထိပ် အရှိန်အဂါက ကောင်းကင်ရဲ့ အမြင့်ဆုံးထိ တိုက်ခိုက်ပြီး အဂီစိငရဲထိအောင် တုန်ခါစေပြီးတော့ အားလုံးရဲ့အပေါ်မှာ အထွတ်အထိပ်လူတစ်ယောက်အဖြစ် မားမားမတ်မတ် ရပ်နေသည်။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

လူတိုင်းလူတိုင်း ဒူးထောက်ကျသွားခဲ့သည်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေပဲ ခုခံနိုင်ရုံသာ ခုခံနိုင်ပေမဲ့ သူတို့ရဲ့ နှလုံးသားထဲမှာ ကြောက်ရွံခြင်းတွေ ပြည့်နှက်နေပြီး ခုခံဖို့ သတ္တိတောင် မရှိသလောက် ဖြစ်နေသည်။

"စ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်"

ပိုင်ယွမ်၏ မျက်နှာမှာ လူသေကောင် တစ်ယောက်လို ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူ့ကိုကြည့်ရတာ အရမ်းကို အားငယ်နေသလိုမျိုး ဖြစ်နေသည်။ အလောင်းကောင် စစ်သားခုနစ်ယောက်၏ အထဲမှာ သူ၏နတ်ဘုရားအာရုံ တစ်စစီ ရှိပြီး ဖန်ပိုယွမ်က ၎င်းတို့ကို တိုက်ရိုက်အမြစ်ပြတ် ဖယ်ရှားလိုက်တာက သူ့ကိုတစ်ချိန်တည်းမှာ ဒဏ်ရာရစေခဲ့ပြီး သူ၏တိုက်ပွဲစွမ်းရည်မှာ အများဆုံး

သုံးဆယ်ရာခိုင်နှုန်းမျှသာ ကျန်ရစ်တော့သည်။

ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက အလောင်းကောင် စစ်သားတွေ အပေါ်မှာ အများဆုံး မှီခိုနေပြီး အခုဆိုရင် အလောင်းကောင် စစ်သားခုနစ်ကောင်လုံးက နည်းနည်းလေးမှ အသုံးမဝင်တော့ပဲ သူ၏ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်တောင်မှ သုံးဆယ်ရာခိုင်နှုန်းမျှသာ ကျန်ပြီးတော့ သူ၏တိုက်ပွဲစွမ်းရည် အစစ်အမှန်က တစ်ရာပုံတစ်ပုံတောင် ထုတ်ဖော်နိုင်မှာ မဟုတ်ပါဘူး။

လူတိုင်းလူတိုင်း သံသယနည်းနည်းမှ မရှိကြတော့ပေ။ အထွတ်အထိပ် ကောင်းကင်အဆင့် အလောင်းကောင် စစ်သားခုနစ်ယောက်ကို တစ်ချက်တည်းနဲ့ အမှောက်သိပ်ပစ်နိုင်စွမ်းရှိတဲ့ လူဆိုတာက ဒီကမ္ဘာကြီးထဲမှာ အသန်မာဆုံး လူကပဲ လုပ်နိုင်ပေသည်။

ထိုသည်ကား စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ပင် ဖြစ်လေသည်။

"အရှင်သခင်ကို တွေ့ဆုံရတာ ဂုဏ်ယူစရာ ကောင်းပါတယ်"

မြို့ရိုးရဲ့ထိပ်မှာ ရင်ရှုရန်နဲ့ တခြားကောင်းကင်အဆင့် လက်ရွေးစင်တွေက တစ်ယောက်ပြီး တစ်ယောက် ဂါရဝပြု နှုတ်ဆက်လိုက်ကြသည်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အရေအတွက် ဆိုတာက အလယ်ပိုင်း ဒေသမှာ လူတစ်ယောက်၏ လက်တစ်ဖက်နဲ့ ရေတွက်လို့ပဲ ရသည်။

"ဖန်ပိုယွမ်ပဲ"

နောက်ဆုံးတော့ လူတစ်ယောက်က ဖန်ပိုယွမ်ကို မှတ်မိသွားခဲ့သည်။

ဖန်ပိုယွမ်က သူရဲ့လက်ကို ဝှေ့ယမ်းပြီး စိတ်မပါလက်မပါတဲ့ ပုံစံနဲ့ ပိုင်ယွမ်ကို ပြောလိုက်သည်။

"ကလေးတွေကို အနိုင်ကျင့်တယ်လို့တော့ မပြောနဲ့။ ဒီဂဏ်ပါအစီအရင်ကို ဖယ်ရှားပြီးတော့ ရတနာတစ်သန်းမြို့ကို ဘယ်တော့မှ ပြန်မလာနဲ့"

ပိုင်ယွမ်ကလည်း ဂါရဝပြု လိုက်သည်။ ရန်သူတွေ မိတ်ဆွေတွေ ဆိုတာကို မေ့ထားပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ဆိုတာက အရမ်းကို မြင့်မားတဲ့ ဂုဏ်ယူစရာ အဆင့်အတန်းကို ပိုင်ဆိုင်ထားပြီး လူ့လောက၏

အထွတ်အထိပ် နေရာမှာ ရပ်တည်နေကြသည်။ နတ်ဘုရားတွေ ဖြစ်လာဖို့ သူတို့အနေနဲ့ ခြေတစ်လှမ်းပဲ လိုအပ်ပြီး ဒီကမ္ဘာကြီးရဲ့ ကြည်ညိုလေးစား ကိုးကွယ်ဆည်းကပ်မှုကို ရရှိကြပေမည်။

ဒါပေမဲ့လည်း ဂါရဝပြုပြီးတဲ့နောက်မှာ သူက ပြောလိုက်သည်။

"အမိန့်ကို မလိုက်နာနိုင်တဲ့အတွက် ဒီအဘိုးကြီးကို ခွင့်လွှတ်ပေးပါ။ အရှင်သခင်ဖန် ဒီမြို့ကို သိမ်းပိုက်ဖို့အတွက် ဂိုဏ်းခေါင်းဆောင်က အမိန့်ပေးထားတာကြောင့် ဒီအဘိုးကြီးက မလိုက်နာလို့ မရဲပါဘူး"

"ဒါဆိုရင် မင်းတို့ဂိုဏ်းခေါင်းဆောင်က ဘယ်မှာလဲ။ သူ့ကိုထွက်လာခိုင်းလိုက်။ သူကို မှတ်လောက်သားလောက်အောင် ရိုက်ပစ်ရမယ်"

ဖန်ပိုယွမ်က အရမ်းကို လွှမ်းမိုးခြယ်လှယ်တဲ့ ပုံစံနဲ့ ပြောလိုက်သည်။

"ဒါ ဒါက"

ပိုင်ယွမ်က ဒေါ်သန့် တစ်ချက် ကြည့်လိုက်သည်။ သူ၏နှလုံးသားထဲမှာ ဂိုဏ်းခေါင်းဆောင်က နတ်ဘုရားတစ်ပါးလို့ ခံယူထားပြီး ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက်ဖြစ်ပြီး ဂိုဏ်းခေါင်းဆောင်ကို ဘယ်လိုလုပ်ပြီးတော့ နိမ့်ကျစေဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ သူက ပြောလိုက်သည်။

"ဂိုဏ်းခေါင်းဆောင် အရှင်သခင်က အသေးအဖွဲ့ ကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းလေ့ မရှိပါဘူး။ ဒါကြောင့် အရှင်သခင်ဖန်က လွယ်လွယ်ကူကူနဲ့တော့ တွေ့နိုင်မှာ မဟုတ်ပါဘူး"

Chapter 573 end

အပိုင်း(၅၇၄) ဂဏ်ပါ အစီအရင်ကို ဖြေရှင်းခြင်း

"မင်းငါ့ကို မတိုက်နိုင်ရင်လည်း စကားကို ပေါက်ပေါက်ဖောက်သလို အများကြီး ပြောမနေနဲ့"

ဖန်ပိုယွမ်က သူ့ရဲ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်သည်။

"ထွက်သွားစမ်း။ ဒီဂဏ်ပါ အစီအရင်ကို ငါ့ဘာသာငါပဲ ဖျက်ပစ်တော့မယ်"

ပိုင်ယွမ်က သူ့ကို တားဆီးရဲဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပေ။ ဖန်ပိုယွမ်ကို အေးအေးဆေးဆေးပဲ ပြောနိုင်ရုံသာ တတ်နိုင်ပေသည်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် မည်သည့်လက်ရွေးစင်မဆို သူ့ကို အကြိမ်ပေါင်း ရာနဲ့ချီပြီး လွယ်လွယ်ကူကူနဲ့ သတ်ပစ်နိုင်၏။ သူက အလျင်အမြန်ပဲ ဂင်္ကပါ အစီအရင်ထဲကို ပြေးသွားပြီး အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်ရဲ့ အပြင်ဘက်မှာဆို သူ့ကိုယ်သူ လုံခြုံမှု မရှိသလို ခံစားရသည်။

အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်က အဆင့်မြင့် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကိုတောင် သတ်ဖြတ်ပစ်နိုင်သည်။ သို့သော် ဤဂင်္ကပါ အစီအရင်ကား ပြည့်စုံမှု မရှိပေ။ အဆင့်နိမ့် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို သတ်ဖြတ်ခြင်းက သူတို့၏ ဦးတည်ချက် မဟုတ်ပေ။ အကယ်၍ အလောင်းတစ်ထောင်ဂိုဏ်းက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်၏ သေဆုံးခြင်းဖြင့် သူတို့ပြန်လည်ထွက်ပေါ် လာခြင်းကို ကြေညာလိုက်မယ်ဆိုရင် အဲဒီနောက်မှာ ကမ္ဘာအနှံ့ လှုံ့ဆော်နှိုးကြွ လာပေလိမ့်မည်။

ဤအကြောင်းကို စဉ်းစားပြီး ပိုင်ယွမ်က စိတ်မလှုပ်ရှားပဲ

မနေနိုင်အောင် ဖြစ်နေသည်။ ဤကဲ့သို့ ထူးခြားဆန်းကြယ်မှု တစ်ခုကို ကိုယ်တိုင်ကိုယ်ကျ သယ်ယူလာတဲ့သူက သူကိုယ်တိုင် ဖြစ်နေပြီလား။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို သတ်ဖြတ်ခြင်း ဆိုတာက နတ်ဘုရား တစ်ပါးကို သတ်ဖြတ်ခြင်းနဲ့ သိပ်မကွာခြားလှပေ။

သူတို့ဂိုဏ်းကို ပြန်လည်တည်ဆောက်ဖို့ နတ်ဘုရား တစ်ပါးကို သတ်ဖြတ်ခြင်းက ကမ္ဘာတစ်ခုလုံးကို ငြိမ်းခြောက်လိုက်သလို ဖြစ်ပေလိမ့်မည်။

လာခဲ့လေ။ လာခဲ့ပါ။ မင်းရဲ့အသက်ကို အသုံးချပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်း ပြန်လာပြီဟေ့လို့ ကြေညာရမယ်။ အဲဒီနောက်မှာ ငါတို့တွေက မင်းရဲ့အလောင်းကို အလောင်းကောင် စစ်သားတစ်ယောက်အဖြစ် မွန်းမံသန့်စင်ပစ်လိုက်မယ်။ ငွေချပ်ဂတ် အလောင်းကောင်တွေထက် သာလွန်တဲ့ ခမ်းနားတဲ့ အလောင်းကောင် စစ်သားတစ်ယောက် ဖြစ်သွားမှာပေါ့ ဟားဟားဟားဟား။

ဖန်ပိုယွမ်က ခြေလှမ်းကျဲကျဲတွေနဲ့ သတ်ဖြတ်ခြင်း ဂင်္ဂါပါ

အစီအရင်ထဲကို ဂင်လာခဲ့ပြီး သူ့အနားမှာ အနက်ရောင် မြူခိုးတွေက ရစ်ပတ်လို့ နေ၏။

မြို့ရိုး၏ထိပ်ပေါ်တွင် လူတိုင်းလူတိုင်းက ကြောက်ကြောက်လန့်လန့်နဲ့ စိတ်လှုပ်ရှားနေ ကြသည်။ ဒါကတကယ့်ကို မျဉ်းကြောင်းတစ်ခု၏ အဆုံးသတ်ပါ။ အစတုန်းက သူတို့ထင်တာက မြို့ထဲမှာပဲ ပိတ်မိပြီးတော့ သေရမယ်လို့ ထင်ထားကြပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ထွက်ပေါ်လာပြီး ဂင်္ကပါအစီအရုံကို ဖျက်ဆီးပေးမယ်လို့ ဘယ်တုန်းကမှ မျှော်လင့်ထားခြင်း မရှိခဲ့ပေ။

လူတိုင်းလူတိုင်းရဲ့ နှလုံးသားထဲမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ဆိုတာက ဘယ်လိုမှ မရှုံးနိမ့်နိုင်တဲ့ ဒဏ္ဍာရီလူသားတွေ ဖြစ်ပြီးတော့ နတ်ဘုရားတွေလို တည်ရှိမှုမျိုး ရှိနေကြသူတွေ ဖြစ်ပါတယ်။ အကယ်၍ ဖန်ပိုယွမ်က ဂင်ရောက်စွက်ဖက်ခဲ့မယ်ဆိုရင် ဒီဂင်္ကပါ အစီအရင်ကြီးက သေချာပေါက် ပျက်စီးသွားလိမ့်မယ်လို့ သူတို့တွေက ယုံကြည်နေကြသည်။

မျက်စိတမှိတ် အတွင်းမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နတ်ဘုရား အလင်းတွေက အဝေးကနေ ထွက်ပေါ်လာပြီး

ချက်ချင်းဆိုသလို မြို့ရဲ့အကာအကွယ် ဂက်ပါ အစီအရင်ကလည်း ပြန်လည်တုံ့ပြန်လာပြီး ဒိုင်းကာကြီးတစ်ခု စတင်ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် လူတိုင်းလူတိုင်း၏ ခြေထောက်တွေက ကြောက်ရွံ့ထိတ်လန့် နာကျင်မှုတွေကြောင့် တုန်တုန်ယင်ယင် ဖြစ်လာခဲ့သည်။

ဤကား စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်၏ တိုက်ပွဲအဆင့်အတန်း တစ်ခုဖြစ်သည်။ အကယ်၍ မြို့၏ခုခံကာကွယ်မှု ဂက်ပါအစီအရင်သာ ရှိမနေဘူးဆိုလျှင် ဤအလင်းလိုင်းတွေ တစ်ခုတည်းနဲ့ပဲ ကောင်းကင်အဆင့် စစ်သည်တော်တွေကို သွေးပွက်ပွက်အန်စေနိုင်ပြီး နတ်အသွင်ပြောင်းလဲခြင်းအဆင့်
စစ်သည်တော်တွေကိုတော့ အပိုင်းပိုင်းအစစ ပြောင်းလဲသွားနိုင်စေသည်။

လူသားကမ္ဘာ၏ အထွတ်အထိပ်အဆင့် စွမ်းအားက အရမ်းကို အစွမ်းထက်ပြီး ခန့်မှန်းလို့တောင် မရနိုင်ပေ။

ဟုမ်း ဟုမ်း ဟုမ်း။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပေါ်နေပြီး နတ်ဘုရား အလင်းတန်းတွေ

ပစ်လွှတ်ပြီးတော့ ကောင်းကင်တစ်ခုလုံး တုန်ခါစေသည်။ လေဟာနယ်တောင် စုတ်ဖြဲခံရပြီး တလက်လက်တောက်ပနေတဲ့ ကြယ်တွေက ပျက်စီးကြွေကျပြီးတော့ ဥက္ကာပျံတန်းကြီး တစ်ခုအဖြစ် ပြောင်းလဲသွားသည်။

လင်းဟန် စိတ်ထဲမှာ ယားကျိယားကျိ ခံစားမှု တစ်ခုကို ရုတ်တရက် ဖြစ်ပေါ်လာခဲ့သည်။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးထဲမှာ အဆင့်တစ်ဆယ် ရှားပါးသတ္တု အများဆုံးကို ဥက္ကာပျံတွေကနေ တူးဖော်ရယူကြသည်။ ထို့ပြင် ဤဥက္ကာပျံတွေက မည်သည့်နေရာမှ ရောက်လာသနည်း။ ၎င်းတို့က ကြယ်တွေကြွေရာကနေ ဖြစ်ပေါ်လာတယ်ဆိုတာ သိသာထင်ရှားသည်။ ဒါပေမဲ့လည်း လူသားများ၏ စွမ်းအားက အကန့်အသတ်ရှိသည်။ ထို့ကြောင့် ဘယ်လိုလုပ်ပြီးတော့ လူတိုင်းလူတိုင်းက လနဲ့ ကြယ်တာရာတွေဆီကနေ လုယက်ယူလို့ ရနိုင်မည်နည်း။

ကောင်းကင်တစ်ခုလုံးကို ဖုန်မှုန့်တွေနဲ့ ပြည့်နက်စေသည့် လေပြင်းမုန်တိုင်းများလည်း တိုက်ခတ်နေသည်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ အကန့်အသတ်ထိ ပျံသန်းနိုင်ခြင်း ရှိကြလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ကြယ်တာရာတွေကို ဖမ်းယူဖို့ ဘယ်သူကများ

ပြောဆိုပုံမှာလဲ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်များသာလျှင် လူသားကမ္ဘာရဲ့ အထွတ်အထိပ် စွမ်းအားကို ပိုင်ဆိုင်ထားပြီး ထိုနယ်မြေဆီကို ချဉ်းကပ်နိုင်တဲ့ စွမ်းအင်အကန့်အသတ်ကို ပိုင်ဆိုင်ပြီးတော့ စုစည်းနိုင်ပေမည်။ ထိုကဲ့သို့သော လူများကပဲ ကြယ်တာရာများကို လှုပ်ခါနိုင်စွမ်း ရှိပေသည်။

ဖန်ပိုယွမ်က အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်နဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး ကြယ်တာရာ အမြောက်အများက ဥက္ကာပျံတွေအဖြစ်နဲ့ မြေကြီးပေါ်ကို ကျဆင်းလာသည်။ အဆင့်တစ်ဆယ် ရှားပါးသတ္တုများကို ကြယ်တာရာတိုင်းမှ မရရှိနိုင်ပေမဲ့ အနည်းဆုံး တစ်ခု နှစ်ခုတော့ ရနိုင်တယ်မဟုတ်လား။

ကံမကောင်းတာက အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က မပျက်စီးသေးပါဘူး။ အကယ်၍များ သူ့အနေနဲ့ အလျင်စလို တစ်ဟုန်ထိုး ပြေးထွက်သွားမယ်ဆိုရင် သေချာပေါက် အသက်ဆုံးရှုံးသွားနိုင်ပေသည်။

အကြံတူသည့် လူအများလည်း ရှိနေကြပြီး သူတို့၏ မျက်လုံးများတွင် လိုချင်တပ်မက်မှုများဖြင့် တောက်လောင်လျက်ရှိသည်။ ဒါပေမဲ့ ပထမအချက်က

သူ့တို့ကို အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ဂပါ အစီအရင်က သူတို့ကို ဟန့်တားထားပြီး ဒုတိယအချက်က ဘယ်သူကများ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်ရဲ့ ကိစ္စတွေကို ဂင်ရှုပ်ပံ့မှာလဲ။ ဒါက သေချာပေါက် အသက်ရှင်ရတာ ပင်ပန်းနေမှပဲ ဖြစ်နိုင်ပေမည်။

နတ်ဘုရားအလင်းတွေက ကမ္ဘာကြီးပေါ်မှာ တောက်ပလင်းလက်နေပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်း၏။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲတွေကို လူတွေဘယ်လောက်ကများ မြင်တွေ့ဖူးလို့လဲ။

ယခု လူတိုင်းလူတိုင်းက ဒါကိုမျက်မြင်ကိုယ်တွေ့ ကြုံရတာဖြစ်ပေမဲ့ ဂင်္ဂပါ အစီအရင်တစ်ခုက ခွဲခြားထားပြီး ဘယ်သူကမှ ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ခြင်း မရှိပေ။ သူတို့အနေဖြင့် တိုက်ပွဲက ထွက်ပေါ်လာသည့် လှိုင်းများကို အာရုံခံပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စွမ်းအားတွေကို ခန့်မှန်းရုံပဲ တတ်နိုင်သည်။

ပြင်းထန်တဲ့ တိုက်ခိုက်မှုတချို့ ပြီးတဲ့နောက်မှာ ရုတ်ချည်းဆိုသလို အသံတစ်ခုမှ မထွက်ပေါ် လာတော့ပေ။

ပြီးသွားပြီလား။

"ကြည့်စမ်း။ မြူခိုးတွေ စပြီးတော့ ပြယ်လွင့်ကုန်ပြီ"

တစ်စုံတစ်ယောက်က အော်ဟစ်လိုက်သည်။

မျှော်လင့်ထားသလိုပဲ မြူခိုးမြူငွေ့တွေက စတင်ပြီးတော့ လျင်မြန်စွာနဲ့ ပျောက်ကွယ်လာခဲ့သည်။ အသက်ရှူချိန် အနည်းငယ် အတွင်းမှာ မြေပြင်ပတ်လည် ပိုင်းရံထားပြီး ကောင်းကင်ကို ဖုံးအုပ်ထားတဲ့ အနက်ရောင်မြူခိုးတွေက လုံးဝကို ပျောက်ကွယ်သွားခဲ့ပါပြီ။

အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကား အသက်မဲ့သွားချေပြီ။

အရမ်းကို ပေးကွာတဲ့ နေရာမှာ ဖန်ပိုယွမ်ရဲ့ အမူအရာက အထိတ်ကျန်မှုတွေနဲ့ ပြည့်နှက်လို့ နေသည်။ လူအများကြီးအတွက် ဒီနိုင်ပွဲက အိပ်မက်တစ်ခုသာ ဖြစ်ပေမဲ့ သူ့အတွက်တော့ ဘာမှမဆိုင်သည့်အလား။ သူက ပါးစပ်အပြည့် အရက်တစ်ငုံသောက်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ မြို့ဂင်ပေါက်ဆီကို လျှောက်လာခဲ့သည်။

လင်းဟန်က ဒီအစ်ကိုကြီးက အခုထုတ်ဖော်ပြသတဲ့ အဆင့်ထက် သာလွန်နေပြီး အဆင့်တစ်ခုအမြင့်ကို ရောက်ရှိသွားပြီဆိုတာကို လက်ခံလိုက်သည်။

"ဒါဆိုရင် သူက တကယ်ပဲ အထင်ကြီးစရာ ကောင်းတယ်ပေါ့"

ဟော့လျန်ချင်ရွှယ်က အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

"ဟင် နင်သူ့ကို သိလို့လား"

ကျူးရွှမ်အာက အံ့အားသင့်စွာနဲ့ မေးလိုက်သည်။

"မနေ့ကတုန်းက ဟန်ဟန်နဲ့ ငါက သူနဲ့အမှတ်မထင် ဆုံတွေ့ခဲ့ကြတယ်။ သူနဲ့ဟန်ဟန်က အရက်သောက် စကားပြောဆိုပြီး သွေးသောက်ညီအစ်ကို ဖွဲ့လိုက်ကြတယ်လေ"

ဟော့လျန်ချင်ရွှယ်က ရှင်းပြလိုက်သည်။

အဟွတ် အဟွတ်။

ကျူးရှမ်အာက ရုတ်တရက်ဆိုသလို တံတွေးသီးသွားခဲ့သည်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ သွေးသောက်ညီအစ်ကိုဖွဲ့တယ် ဟုတ်လား။ ဒါက တကယ့်ကို စိတ်ကူးယဉ် အိပ်မက်တစ်ခုနဲ့ တူသည်။ ဒါပေမဲ့ နောက်တစ်ကြိမ် ပြန်စဉ်းစားကြည့်လိုက်ရင် လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် တစ်ယောက်နဲ့ သွေးသောက်ညီအစ်ကို ဖွဲ့တာက သိပ်တော့လည်း မလွန်လွန်းပါဘူး။ သူတို့နှစ်ယောက်လုံးက သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှာ အထွတ်အထိပ် ရောက်နေကြပြီ မဟုတ်လား။

ဒါပေမဲ့လည်း လင်းဟန်ကိုကြည့်ရတာ သူရဲ့အမူအရာက ရှုံ့မဲ့တွန့်လိမ်နေသည်။ ဟန်ဟန်တဲ့လား။ ဒီမြောကလေးက ဘယ်တုန်းက သူ့အတွက် နာမည်ပြောင် ပေးလိုက်တာလဲ။

လူတိုင်းလူတိုင်း မြို့ရဲ့နံရံတွေ အပေါ်ကနေ အောက်ကိုဆင်းလာပြီး ဂိတ်တံခါးကို ဖွင့်ကာ ဖန်ပိုယွမ် ပြန်လာတာကို ကြိုဆိုလိုက်ကြသည်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက

အထွတ်အထိပ် သက်ရှိတွေ ဖြစ်ပြီးတော့ သူတို့အနေနဲ့ ကောင်းကင်ပေါ်ကို လှေကားထောင်ပြီး တက်ရသလိုမျိုး မြင်တွေ့နိုင်ခြင်း မရှိကြပေ။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူတို့က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်၏ အကူအညီကို ရရှိခဲ့ပြီး တကယ့်ကို မမျှော်လင့်ထားခဲ့ကြပါဘူး။

"အရှင်သခင်ဖန်"

"အရှင်သခင်ဖန်"

ရင်ရှုန်ရန်နဲ့ တခြားကောင်းကင်အဆင့် လက်ရွေးစင်တွေက ဂါရဝပြု နှုတ်ဆက်လိုက်ကြသည်။ တခြားလူတွေကတော့ စကားပြောဖို့တောင် အခွင့်အရေးမရှိပဲ အဝေးကနေ ဒူးထောက်ပြီး ဂါရဝ ပြုနေကြသည်။

ဖန်ပိုယွမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်သည်။

"ရင်စန်ဆီမှာ ငါ့အကြွေးတစ်ခု တင်နေတယ်။ သူက လွန်ခဲ့တဲ့ ရက်အနည်းငယ်က တကယ်လို့ ရတနာတစ်သန်းမြို့က အဇ္ဈရာယ်ထဲ ကျရောက်နေမယ်ဆိုရင် သူ့ကိုကူညီပြီးတော့ ဒါကို ဖြေရှင်းပေးပါလို့ ငါ့ကိုတောင်းဆိုထားတယ်။ ဒါကြောင့်

မင်းတို့တွေက ငါ့ကို ကျေးဇူးတင်စရာ မလိုဘူး"

ရင်စန်ဆိုတာ ဘယ်သူများလဲ။ သူကို ဘယ်လိုလုပ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က အကြွေးတင်နေရတာလဲ။ သူက စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ မဟာအကြီးအကဲ ဖြစ်ပြီး နာမည်က ရင်စန်လို့ ခေါ်သည်။ ဘယ်သူကများ သူ့ကို ရင်းရင်းနှီးနှီးနဲ့ ရင်စန်လို့ ခေါ်ပံ့မှာလဲ။

ဟုတ်တာပေါ့။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေပဲ သူ့ကို ရင်စန်လို့ ခေါ်ပံ့ကြမှာပါ။

ရင်ရှုရန်က ရုတ်တရက်ဆိုသလို ဘာကြောင့် စံအိမ်အရှင်သခင် အကြီးအကဲက တခြား စံအိမ်အရှင်သခင် ခုနစ်ယောက်နဲ့ စိုးရိမ်ပူပန်းခြင်းမရှိပဲ ထွက်သွားရတာလဲ ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က စောင့်ကြည့်နေမှတော့ ဘယ်လိုမျိုး အန္တရာယ်တွေပဲ ကျရောက်ကျရောက် ဘာဖြစ်နိုင်မှာ မိုလို့လဲ။ ဒါပေမဲ့ ဖန်ပိုယွမ်က ဘာဖြစ်လို့ အစောကြီးကတည်းက ဝင်ရောက်မစွက်ဖက်ပဲ သူတို့အားလုံးကို သေပြီလို့ ထင်မှတ်စေရတာလဲ။

ကောင်းပြီလေ။ ဘယ်သူကများ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို မေးခွန်းထုတ်ပွဲမှာလဲ။

သူဂင်ရောက် စွက်ဖက်ခဲ့တာကိုပဲ ကောင်းကင်ဘုံကို ကျေးဇူးတင်ရပါမည်။

ဖန်ပိုယွမ်က ကောင်းကင်အဆင့် လက်ရွေးစင် အနည်းငယ်ကိုပဲ အာရုံထားတယ်ဆိုတာ သိသာ၏။ တခြားလူတွေကို နည်းနည်းလေးမှ စိတ်မဝင်စားပေမဲ့ လူတချို့က ပြဿနာ ရှာချင်နေကြဆဲ ဖြစ်သည်။

"ဟန်လင်း ငါတို့ရဲ့ မူလစွမ်းအင် ပုံဆောင်ခဲတွေ ပြန်ပေးစမ်း"

လူတစ်ယောက်က လင်းဟန်ကို အော်ဟစ်လိုက်သည်။

"ဟုတ်တယ်။ ငါတို့တွေ မနေ့က ဂယ်ထားတဲ့ တံဆိပ်ပြားတွေကို မသုံးရသေးဘူး။ ဒါကြောင့် မူလစွမ်းအင် ပုံဆောင်ခဲတွေ ပြန်ပေးစမ်း"

"မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပြန်ပေး"

မနေ့က တံဆိပ်ပြား နှစ်ရာရှစ်ဆယ်ကို ဂယ်ထားတဲ့ လူတွေအားလုံးက လင်းဟန်ကို အော်ဟစ်လိုက် ကြသည်။ သူတို့အသက်ကို ကယ်တင်ဖို့ အများကြီး ပေးပြီးတော့ ဂယ်ယူခဲ့ရသည်။ အခု ပြဿနာတွေ ရှင်းသွားတာကြောင့် သူတို့အနေနဲ့ ဒီအကြောင်းကို ပြန်စဉ်းစားမိလိုက်တဲ့ အခါမှာ အရမ်းကို စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ကြသည်။

နောက်ပြီးတော့ လင်းဟန်က ပန်းဖူးအဆင့်ပဲ ရှိသေးသည် မဟုတ်လား။ သူရဲ့ဘေးမှာ ထူးဆန်းတဲ့ ကလေးမလေးတစ်ယောက် ရှိတယ်ဆိုပေမဲ့ တကယ်တော့ သူမက ကလေးပဲ ရှိသေးတာ ဖြစ်သည်။ အရွယ်ရောက်နေတဲ့ မိန်းကလေးဆိုတာကလည်း သူမမှာ အံ့အားသင့်စရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အားသက်သက်တစ်ခုပဲ ရှိပြီးတော့ အများဆုံး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာ ဖြစ်ပေလိမ့်မည်။

တစ်ဖက်မှာတော့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျွမ်းကျင်သူတွေက လက်တစ်ဖက်အပြည့် ရှိနေပြီး ကောင်းကင်အဆင့်တောင်မှ ပါဂင်သည်။

"မူလစွမ်းအင် ပုံဆောင်ခဲတွေ ပြန်ပေးစမ်း"

မရေမတွက်နိုင်တဲ့ လူအုပ်ကြီးက လင်းဟန်ကို တောင်းဆိုလိုက်ကြသည်။

Chapter 574 end
အပိုင်း(၅၇၅) မောက်မာခြင်းမှ လေးစားလိုက်နာခြင်းဆီသို့

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"အရောင်းအဝယ်ကိစ္စဆိုတာ သမာဓိ ရှိရတယ်။ ခင်ဗျားတို့တွေက ဒီတံဆိပ်ပြားတွေကို ဝယ်ပြီးမှတော့ ဒီနေ့အဲဒါကို အသုံးပြုလိုက်ကြလေ။ ပြန်ပြီးတော့ ပေးမှာမဟုတ်ဘူး"

"ခွေးကောင်"

လူတစ်ယောက်က ချက်ချင်းပဲ ထခုန်လိုက်သည်။

"ပန်းဖူးအဆင့်လောက်ပဲ ရှိတဲ့ကောင်ကများ သတ္တိကောင်းပုံတယ်ပေ့ါလေ။ မင်းအသက်ရှင်ရတာ ငြီးငွေ့နေပြီလား"

"မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပြန်ပေးစမ်း။ ဒါဆိုရင် မင်းအသက်ကို ငါချမ်းသာပေးနိုင်တယ်"

"လူငယလေး ဘာမဟုတ်တဲ့ ပိုင်ဆိုင်မှု သေးသေးလေး အတွက်နဲ့ မင်းအသက်ကို အလဟဿ အဆုံးရှုံး မခံပါနဲ့ကွာ"

တချို့က ခြိမ်းခြောက်ပြီး တချို့က အကြံပေးကြသည်။ ဒါပေမဲ့ သူတို့အားလုံးက လင်းဟန်ဆီက မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပြန်လိုချင်နေကြသည်။

လင်းဟန်က သာသာယာယာ ပြုံးပြီးတော့ ပြောလိုက်သည်။

"စိတ်ဝိညာဉ် ရတနာ စံအိမ်က ပွဲစားခ ဆယ်ရာခိုင်နှုန်း ယူသွားတယ်။ သူတို့ကိုရော ခင်ဗျားတို့က ပြန်ပေးဖို့ တောင်းရဲလား"

"ဒါက မင်းကိစ္စပဲ ငါတို့နဲ့ ဘာမှမပတ်သက်ဘူး"

ထိုလူအုပ်ကြီးက ချက်ချင်းပဲ အော်ဟစ်ပြောလိုက်သည်။

မဖြစ်နိုင်တာ။ စိတ်ဝိညာဉ် ရတနာ စံအိမ်မှာ စကြာဂဠာ

ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက စောင့်ကြည့်နေပြီး ဘယ်သူကများ သူတို့ကို ပိုက်ဆံပြန်ပေးဖို့ တောင်းဆိုရဲမှာလဲ။

"တကယ်လို့ ကျုပ်က ပြန်မပေးဘူးဆိုရင်ရော ဘာဖြစ်မလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ငါတို့အကြောင်းကို မင်းကောင်းကောင်းကြီး သိသွားစေရမယ်"

လူတိုင်းလူတိုင်းက လင်းဟန်ကို ဖိအားပေးလိုက်ကြသည်။

ဤကဲ့သို့ များပြားလှသော ပမာဏကို ထုတ်ပေးနိုင်စွမ်းရှိသည့် သူတို့က အနည်းဆုံး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ စောင့်ကြည့်နေတဲ့ မြို့ရဲ့တော်ဝင် မိသားစုတွေဆိုတာ သိသာထင်ရှားပေသည်။ နတ်အသွင်ပြောင်းလဲခြင်းအဆင့် တစ်ယောက်တစ်လေ မပြောနဲ့ ကောင်းကင်အဆင့်ကိုတောင်မှ ရှာတွေ့နိုင်ကောင်း ရှာတွေ့နိုင်သည်။

ယခုက လူပေါင်းနှစ်ရာ့ရှစ်ဆယ်ရဲ့ ပြဿနာတင် မဟုတ်ပဲ

၎င်းတို့၏ နောက်တွင် မိသားစုများ ရှိကြသည်။ ဤကဲ့သို့ အင်အားစုများ ပေါင်းစည်းလိုက်ပါက မြောက်ပိုင်းဒေသ တစ်ခုလုံးကိုတောင် ဖျက်ဆီးပစ်ဖို့ လုံလောက်ပေသည်။

လင်းဟန်က ဘာကိုအသုံးပြုပြီးတော့ သူတို့ကို ဟန့်တားနိုင်မည်နည်း။ သူက အားလုံးကို မဟန့်တားနိုင်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်ကတော့ မိန့်မိန့်ကြီးကို ပြုံးနေပြီး လုံးဝကို ကြောက်ရွံ့ပုံ မပေါ်ပါဘူး။ သူက ပြောလိုက်သည်။

"ခင်ဗျားတို့တွေက ကျုပ်ကို အခုလိုမျိုး ခြိမ်းခြောက်တယ်ပေါ့။ နောက်မှ နောင်တမရနဲ့နော်"

"ဟားဟား မင်းလည်း အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်လိုမျိုး တစ်ခုခုကို ခင်းကျင်းနိုင်လို့လား"

လူတိုင်းလူတိုင်းက ဟားတိုက်ရယ်မောလိုက်ကြသည်။

"အကယ်၍ သူလုပ်နိုင်တယ် ဆိုရင်တောင် ငါတို့မှာ အစွမ်းထက်တဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ရှိတယ်မဟုတ်လား"

“ကောင်ကလေး မူလစွမ်းအင် ပုံဆောင်ခဲတွေကို မြန်မြန်ပြန်ပေးစမ်း”

“နောက်ပြီးတော့ ငါတို့ကို လိမ်လည်လှည့်ဖျားပွဲတဲ့အတွက် လျော်ကြေးအနေနဲ့ မင်းရဲ့ သိုင်းပညာရပ်နဲ့ နည်းစနစ်တွေကိုပါ ပေးစမ်း”

“ဟုတ်တယ် ဟုတ်တယ်။ မင်းရဲ့ သိုင်းပညာရပ်တွေနဲ့ နည်းစနစ်တွေလည်း ပေးရမယ်”

လူတိုင်းလူတိုင်းရဲ့ မျက်စိတွေ လှန်ကြည့်လိုက်ကြသည်။ လင်းဟန်ရဲ့ ထုတ်ဖော်ပြသမှုတွေက အရမ်းကို ထူးဆန်းနေပြီး ခုခံကာကွယ်မှု စွမ်းရည်တွေ လှုပ်ရှားမှု ပညာရပ်တွေနဲ့ တိုက်ခိုက်မှုတွေ အားလုံးက ပန်းဖူးအဆင့် ဒုတိယ အလွှာက လူတစ်ယောက်ထက် အများကြီး သာလွန်နေ… နေ…နေ။

လပြွတ်။

ဒီကောင်စုတ်လေး ဘယ်တုန်းက ပန်းဖူးအဆင့် အလွှာလေးကို ရောက်သွားတာလဲ။

တစ်ညအတွင်းမှာပဲ သူက အဆင့်သေးနစ်ခု တက်သွားခဲ့တယ်ဆိုတာက ဘယ်သူက ဒီဟာကို လက်ခံယုံကြည်နိုင်မှာလဲ။

ဒါပေမဲ့လည်း လူတိုင်းလူတိုင်းရဲ့ နှလုံးသားတွေက ချက်ချင်းပဲ လိုချင်တပ်မက်မှုတွေနဲ့အတူ တောက်လောင်လို့ လာခဲ့သည်။ ဒီလူငယ်လေးမှာ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေပြီး အကယ်၍များ သူတို့သာ အဲဒါတွေကို ရယူနိုင်မယ်ဆိုရင် မိသားစုတစ်ခုရဲ့ အလားအလာကို ပြောင်းလဲပစ်နိုင်စွမ်း ရှိပေလိမ့်မည်။

လူတိုင်းလူတိုင်း သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့အတူ လင်းဟန်ကို ဝိုင်းလိုက်ကြသည်။

ဟော့လျန်ချွင်ရှယ်က အလျင်အမြန်ပဲ အုတ်နီခဲကို ပွေ့ယမ်းပြီး ပြောလိုက်သည်။

"နင်တို့တွေ စိတ်လိုက်မာန်ပါ လျှောက်မလုပ်နဲ့နော်။ အဲဒီလူက ဟန်ဟန်ရဲ့ အစ်ကိုကြီးပဲ"

သူမက အတော်လေးကို ပါးနပ်လိမ္မာပေသည်။

တစ်စုံတစ်ယောက်ရဲ့ စွမ်းအားကို မှီခိုပြီးတော့ ဘယ်လိုမျိုး အသုံးချရမလဲဆိုတာကို ကောင်းကောင်းသင်ယူလေ့လာထား၏။

သူမပြောတဲ့စကားကို ကြားပြီးတော့ လူတိုင်းလူတိုင်းက အူလှိုက်သည်းလှိုက်ကို ရယ်မောလိုက် ကြသည်။

အစ်ကိုကြီးဟုတ်လား။ မင်းရဲ့အစ်မကြီးလား။

ပန်းဖူးအဆင့်ပဲ ရှိတဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်နဲ့ ညီအစ်ကို ဖြစ်မှာလဲ။ သူတို့နှစ်ယောက်က နှစ်ပေါင်းရာနဲ့ချီအောင် အသက်တွေ ကွာခြားကြသည်။

"အကယ်၍ မင်းက အဲဒါတွေကို မပေးဘူးဆိုရင် ငါမင်းကို သတ်ပစ်ရလိမ့်မယ်"

လူတချို့က စိတ်မရှည်တော့ပဲ ပြောလိုက်သည်။

"အိုး မင်းတို့ကောင်တွေက ငါ့ရဲ့ညီလေးကို တစ်ခုခု လုပ်ချင်နေကြတာလား"

ခပ်ဝေးဝေးကနေ အသံတစ်ခု ထွက်ပေါ်လာခဲ့သည်။

ဒီအသံကို ကြားလိုက်တာနဲ့ လူအများစုက ချက်ချင်းပဲ တုန်လှုပ်သွားကြသည်။ ဒါပေမဲ့လည်း လူတချို့ကတော့ ဒီအသံကို မခွဲခြားတတ်ပဲ လင်းဟန်ကိုပဲ ဆက်ပြီးတော့ စိုက်ကြည့်ပြီး ခြိမ်းခြောက်နေကြသည်။

"ဒါပေါ့။ ငါတို့က သူ့ကို ဖိအားပေးပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲတွေ သိုင်းပညာတွေနဲ့ နည်းစနစ်တွေကို ပေးခိုင်းနေတာ"

"အတော်ကို သတ္တိကောင်းနေတာပဲ"

ဖန်ပိုယွမ်က လမ်းလျှောက်လာခဲ့ပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တည်ရှိမှုက အဝေးကနေ မိုးခြိမ်းသံလို ခပ်အုပ်အုပ် မြည်သံတွေ ထွက်ပေါ်လာသည်။ ခြေလှမ်းတိုင်းမှာ နတ်ဘုရား ပုံစံတွေ ပန်းပွင့်တွေက တန်ခိုးရှင်ပန်းပွင့်တွေအလား ပွင့်လန်းလာသည်။

ဂုန်း ဂုန်း ဂုန်း။

လူတိုင်းလူတိုင်း အလျင်အမြန်ပဲ ဒူးထောက်လိုက်ကြသည်။

ဖန်ပိုင်ယွမ်က လင်းဟာန်ရဲ့ဘေးကို လျှောက်လာပြီး ပြုံးပြုံးလေးနဲ့ ပြောလိုက်၏။

"ညီလေး မင်းကို နာကျင်အောင်လို့ တစ်ယောက်ယောက်ကများ လုပ်နေတာလား"

လင်းဟာန်က ထူးဆန်းစွာပြုံးပြီးတော့ လူအုပ်ကြီးကို လှည့်ကြည့်ပြီး ပြောလိုက်သည်။

"အစ်ကိုကြီးကမေးနေတယ်။ ခင်ဗျားတို့က ကျုပ်ကို နာကျင်ထိခိုက်အောင် လုပ်ဖို့ကို ကြိုးစားနေတာလားတဲ့"

လူတိုင်းလူတိုင်း ထိုင်ငိုချင်စိတ်တွေ ပေါက်သွားပါတယ်။ ဒီကောင်လေးက တကယ်ပဲ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ ညီအစ်ကိုတွေ ဖြစ်နေတာလား။ အကယ်၍ သူတို့သိမယ်ဆိုရင် ဘယ်လောက်ပဲ သတ္တိကောင်းကောင်း လင်းဟာန်ကို ခြိမ်းခြောက်ပုံမှာ မဟုတ်ကြပေ။ သူတို့တွေက တစ်ယောက်ပြီးတစ်ယောက် အလျင်အမြန်ကို ခေါင်းခါပြီးတော့ ပြောလိုက်သည်။

"ကျနော်တို့ မလုပ်ပံ့ပါဘူး။ မလုပ်ပံ့ပါဘူး"

"ဒါဆိုရင် ခင်ဗျားတို့က ဘာဖြစ်လို့ သတ်ချင်ဖြတ်ချင်နေတဲ့ အကြည့်တွေနဲ့ ကျုပ်ကိုကြည့်ပြီးတော့ ပိုင်းထားကြတာလဲ။ ခင်ဗျားတို့ မသိဘူးလား။ ကျုပ်က သတ္တိမကောင်းတော့ ထစ်ခနဲဆို လွယ်လွယ်နဲ့ လန့်တတ်တယ်"

လင်းဟန်က ကျိတ်ရယ်ပြီးတော့ ပြောလိုက်သည်။

မင်းမှာ သတ္တိနည်းနည်းပဲ ရှိတယ်ဟုတ်လား။

လူတချို့က လင်းဟန်ကို စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်ပြောင်လိုက်သည်။ ဒါပေမဲ့ ဘယ်သူကမှ ပါးစပ်ကနေ ကျယ်လောင်စွာနဲ့ မပြောပံ့ကြပဲ အလျင်အမြန်နဲ့ ပြောလိုက်ကြသည်။

"ကျနော်တို့က မူလစွမ်းအင် ပုံဆောင်ခဲတွေ လက်ဆောင်ပေးမလို့ စဉ်းစားနေကြတာပါ"

"ဟုတ်တယ် ဟုတ်တယ်။ မူလစွမ်းအင် ပုံဆောင်ခဲတွေ လက်ဆောင်ပေးမလို့ပါ"

တခြားလူတွေကလည်း အလျင်အမြန်နဲ့ ပြောလိုက်ကြသည်။ လူတိုင်းလူတိုင်း လိမ္မာပါးနပ်မှ ရပေလိမ့်မည်။ လင်းဟာန်က သူတို့၏ အပြုအမူတွေကို အငြိုးထားပြီးတော့ သူတို့ကို ဒုက္ခရောက်အောင် ဖန်ပိုယွမ်ကို ကုန်းတိုက်လိုက်မယ်ဆိုရင် သူတို့အသက်ကိုတောင် ငွေသုံးပြီး ကယ်လို့ရမှာ မဟုတ်တော့ပါဘူး။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီး သူတို့အားလုံးက လူကောင်းတွေပါ"

ဖန်ပိုယွမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်သည်။

"ကောင်းတာပေါ့။ ဘယ်သူမဆို ကျုပ်ရဲ့ ညီငယ်လေးကို ထိခိုက်နာကျင်အောင် လုပ်တဲ့လူ မှန်သမျှ အရိုးတွေအားလုံး ချိုးပစ်မယ်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင်လည်း မူလစွမ်းအင် ပုံဆောင်ခဲတွေကို စိတ်ဂိညာဉ် ရတနာ စံအိမ်ဆီကို ပို့လိုက်ပါ။ ငါအဲဒီမှာနေတယ်။

အစ်ကိုကြီး လာသွားသောက်ရအောင်”

“ကောင်းပြီလေ”

ဖန်ပိုယွမ်က ခေါင်းညိတ်ပြီးတော့ လင်းဟန်နဲ့ ဘေးချင်းယှဉ်ပြီး ထွက်ခွာသွားပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင်တွေက ဘာမှမပြောပါဘူး။ ရင်ရှုရန်နဲ့ တခြားလူတွေတောင်မှ ဂင်ရောက်စွက်ဖက်ပိုခြင်း မရှိကြပဲ သူတို့နှစ်ယောက် ထွက်သွားတာကို ရိုးရိုးလေးပဲ ကြည့်နေကြသည်။ ကျူးရွှမ်အာ၊ ဟော့လျန်ချွင်ရွှယ်နဲ့ ဟူးညိုတို့ကတော့ သူတို့နဲ့ ဆန့်ကျင့်ဘက် ဆိုသလိုပဲ လင်းဟန်နဲ့ ဖန်ပိုယွမ်တို့ အနောက်ကို လိုက်သွားကြသည်။

ရွှမ်ယွမ်ဇီကွမ်းရဲ့ အမူအရာက မည်းမှောင်သွားခဲ့ပြီး သူ၏လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားခဲ့သည်။ လင်းဟန်က စကြာဂဌာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက်နဲ့ သွေးသောက်ညီအစ်ကိုတွေ ဖြစ်လာလိမ့်မယ်လို့ သူ့အနေနဲ့ လုံးဂကို ထင်မှတ်မထားခဲ့ပေ။ သူ့အနေနဲ့ လင်းဟန်ကို သတ်ပိုဦးမှာလား။ ဒီကောင့်မှာ ဘာတွေများ ထူးခြားနေလို့ ဖန်ပိုယွမ်က မျက်နှာသာပေးရတာလဲ။

လင်းဟန်နဲ့ ဖန်ပိုယွမ်တို့က စိတ်ဂိညာဉ် ရတနာ စံအိမ်ထဲမှာရှိတဲ့ လင်းဟန်ရဲ့ သီးသန့်ခြံဝင်းထဲကို လာခဲ့ကြသည်။ အနက်ရောင် မျှော်စင်ထဲက ပစ္စည်းတွေကို ထုတ်ပြီးတော့ ၎င်းတို့ကို ထုတ်ကာ ချက်ပြုတ်ပြီးတော့ လူငါးယောက်က ထိုင်ပြီးတော့ စတင်စားသောက် လိုက်ကြသည်။

ဟူးညိုက ဘယ်သူကိုမှ ကြောက်မနေပဲ ဟော့လျန်ချွင်ရှယ်ကလည်း သိုင်းပညာအဆင့်တွေ အကြောင်းကို မသိပဲနဲ့ ကျူးရှမ်အဲ့ တစ်ယောက်ပဲ ရှိရှိသေသေနဲ့ အရမ်းကို ယဉ်ကျေးနေပုံ ပေါက်နေသည်။

ဖန်ပိုယွမ်က အတော်လေးကို စိတ်ဝင်စားပြီးတော့ ပြောလိုက်သည်။

"ဒီကလေးမလေးက ထူးခြားတယ်"

သူက ဟူးညိုကို ကြည့်ပြီးတော့ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်

တစ်ယောက်တောင်မှ ဤကဲ့သို့ ပြောလာခဲ့သည်။

"ညိုးညိုးက အထင်ကြီးစရာ အကောင်းဆုံးပဲ"

ဟူးညိုက ရှိ့ရှိ့ကျိုးကျိုးနဲ့ လုံးဂမနေပဲ သူမရဲ့ လက်မောင်းသေးသေးကိုတောင် ညှစ်ပြလိုက်သေးသည်။

ဖန်ပိုယွမ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်သည်။

"ညီလေး မင်းက မိန်းမနဲ့ ပတ်သက်လာရင် အတော်လေးကို ကံကောင်းတာပဲ။ အနားမှာ အလှပဂေးလေးတွေ ဝိုင်းနေတာပါလား"

ကျူးရွှမ်အာက ချက်ချင်းဆိုသလို မျက်နှာတွေ နီရဲသွားပေမဲ့ ဟော့လျန်ချွင်ရွှယ်ကတော့ လုံးဂကို သတိမထားပဲ ဟူးညိုနဲ့ အစားအသောက်တွေကို လုယူတိုက်ခိုက် စားသောက်နေသည်။ သူမက သန်မာတာကြောင့် ဟူးညိုက လုံးဂကို အသာစီး မရယူနိုင်ခဲ့ပေ။

"ညိုးညိုးက အချောဆုံး အလှဆုံးပဲ။ လင်းဟန်က ညိုးညိုးလူ"

ဟူးညိုက လင်းဟန်ကို ဖက်တွယ်လိုက်ပြီး သူမရဲ့ လက်သေးသေးလေးတွေမှာ ဆီတွေပေကျံ နေတာကိုတောင် စဉ်းစားမိပုံ မပေါ်ချေ။

ဖန်ပိုယွမ်က အံ့အားသင့် သွားခဲ့သည်။ ဒီကလေးမက တကယ်ပဲ အစောကြီး အရွယ်ရောက် လာတာလား။ သူက ဟော့လျန်ချင်ရှယ်ကို အကြိမ်အနည်းငယ်မျှ ကြည့်ပြီးတော့ ပြောလိုက်သည်။

"ညီငယ်လေး ပင်လယ်မျိုးနွယ်စုရဲ့ ရေတွေက နက်ရှိုင်းတယ်။ မင်းဂရုစိုက်မှ တော်ကာကျမယ်နော်"

လင်းဟန်က အံ့အားသင့်သွားပြီး မေးလိုက်သည်။

"အစ်ကိုကြီးက ပင်လယ်မိန်းကလေး အကြောင်းကို သိလား"

"ပင်လယ်မျိုးနွယ်စုရဲ့ မင်းမျိုးမင်းနွယ်တွေ။ စစ်မှန်သော နဂါးတွေကနေ ဆင်းသက်လာသူ"

ဖန်ပိုယွမ်က လေးလေးနက်နက် ပြောလိုက်သည်။

တကယ်တော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ပါပဲ။ သူတို့ရဲ့အမြင်ကနေ ဘယ်အရာမှာ ဖုံးကွယ်ထားလို့ ရနိုင်မည် မဟုတ်ပေ။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ဒီမိန်းကလေးက အတိတ်မေ့နေတယ်"

လင်းဟန်က အသံကို နှိမ့်ပြီးတော့ ပြောလိုက်သည်။ သူက ရှေးဟောင်းသတ္တုမိုင်းနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဧရာမ ငွေရောင်ပင့်ကူကြီး အကြောင်းကိုပါ ပြောလိုက်သည်။

"အိုး"

ဖန်ပိုယွမ်က ချက်ချင်းဆိုသလို သိချင်စိတ်တွေ ပြင်းပြသွားပုံ ရပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင် ငါတစ်ချက်လောက် သွားကြည့်သင့်တာပဲ"

"အစ်ကိုကြီး လုံးဂကို သတိထားရမယ်နော်"

လင်းဟန်က ရောမပင့်ကူကြီးကို မြင်တွေ့ခဲ့ပြီး ၎င်း၏ နတ်ဘုရားအာရုံကို ထုတ်ဖော်ပြသတဲ့ အခါမှာ သူရဲ့နတ်ဘုရားအာရုံတောင် ပျက်စီးလုနီးပါး ဖြစ်သွားခဲ့သည် မဟုတ်ပါလား။

Chapter 575 end

အပိုင်း(၅၇၆) စိုးရိမ်ပူပန်မှုများ

"ဟားဟားဟား ညီငယ်လေး မင်ရဲ့အစ်ကိုကြီးကို မင်းက နည်းနည်းလေးမှ ယုံကြည်ချက် မရှိဘူးလား"

ဖန်ပိုယွမ်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီးကို ဘယ်လိုလုပ်ပြီးတော့ မယုံကြည်ရမှာလဲ။ ဒါပေမဲ့ အဲဒီငွေရောင် ရောမ ပင့်ကူကြီးကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့တာပါ။ သေချာပေါက် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိတစ်ကောင် ဖြစ်ပြီးတော့ အရမ်းကို မြင့်မားတဲ့ အဆင့်မှာ ရှိနိုင်တယ်"

ဖန်ပိုယွမ်က ရယ်ပြီးတော့ ခေါင်းကိုညိတ်ကာ

ပြောလိုက်သည်။

"ညီငယ်လေး စိတ်အေးအေးထားပါ။ ငါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာခုနစ်မှာ ရောက်နေပြီ"

လင်းဟန်က တခဏမျှ ထိပ်ထိပ်ပျာပျာ ဖြစ်သွားပြီးတဲ့နောက်မှာ ပြောလိုက်သည်။

"အစ်ကိုကြီးက တကယ်ပဲ ဒီလောက်တောင် သန်မာလိမ့်မယ်လို့ မထင်ထားခဲ့မိဘူး"

လူတစ်ယောက်ရဲ့ ပုံပန်းသွင်ပြင်က အဲဒီလူရဲ့ အသက်အမှန်ကို ကိုယ်စားမပြုနိုင်ပေ။ ဤအစ်ကိုကြီးရဲ့ သွေးနဲ့ချီတွေက မိုးကောင်းကင်ထိ ထိုးတက်နေတာကြောင့် ကြည့်ရတာ သူက ထိပ်တန်းအဆင့်မှာ ရှိနေဆဲ ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို တစ်ဟုန်ထိုး ပြေးဝင်သွားမယ်ဆိုရင် သူမှာအခုရှိနေတဲ့ အားမာန်တက်ကြွနေတဲ့ သွေးနဲ့ ချီတွေကို ဆက်ပြီးတော့ ထိန်းသိမ်းထားနိုင်ပြီး လေဟာနယ်ကို ချိုးဖျက်ပစ်နိုင်ဖို့ လုံလောက်ပေလိမ့်မည်။

အဲဒီလိုမှမဟုတ်ဘူးဆိုရင် အသက်ကြီးလာပြီး

အိုနာကျိုးကန်းဖြစ်တဲ့ အချိန်နဲ့ ချီတွေသွေးတွေကို မထိန်းသိမ်းနိုင်တဲ့ အချိန်မှာ လေဟာနယ်ကို ဖွင့်မယ်ဆိုရင် လေဟာနယ်ကို စုတ်ဖြဲပြီး ဖွင့်ဖို့ဆိုတာက အတော်လေးကို ရှားပါးတဲ့ ဖြစ်ရပ်မျိုး ဖြစ်လာပါလိမ့်မယ်။ ဤကဲ့သို့ ဒဏ္ဍာရီများက ရှေးဟောင်းအချိန်တွေမှာ တည်ရှိခဲ့ဖူးသည်။

ဖန်ပိုယွမ်က ခေါင်းညိတ်လိုက်ပြီး ပြောလိုက်သည်။

"ညီငယ်လေး မင်းရဲ့တိုက်ပွဲစွမ်းရည်က ထူးကဲတယ်။ ပြီးတော့ မင်းရဲ့သိုင်းပညာပါရမီကလည်း အံ့သြဖို့ကောင်းပြီး အသက်နှစ်ဆယ်ဂန်းကျော် အရွယ်နဲ့ ပန်းဖူးအဆင့်ကို တက်နိုင်ခဲ့တယ်။ ငါငယ်ငယ်တုန်းကတောင် ဒီလိုမျိုး မစွမ်းဆောင်နိုင်ဘူး။ နောက်ပိုင်းမှာ မင်းအတွက် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ကို တက်ဖို့ဆိုတာက အခက်အခဲ ဖြစ်လိမ့်မှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း"

သူက ခဏတာမျှ ရပ်ပြီးတော့ လေးလေးနက်နက်ကြည့်ကာ ဆက်ပြောလိုက်သည်။

"တကယ်လို့ လေဟာနယ်ကို ငါစုတ်ဖြဲပြီး ဖွင့်ရမယ်ဆိုရင်

အမြဲတမ်းလိုလို ဘာမှန်းမသိတဲ့ ကြောက်ရွံ့မှုတစ်ခု ရှိနေပြီး အဲဒီမှာ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အကျိုးဆက်တစ်ခု ရှိလိမ့်မယ်"

လင်းဟန်က ပဟေဠိဖြစ်သွားပြီးတော့ ပြောလိုက်သည်။

"အစ်ကိုကြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးက လေဟာနယ်ကို စုတ်ဖြဲလို့ မရနိုင်သေးဘူးလား"

ဖန်ပိုယွမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်သည်။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို အဆင့်တက်သွားပြီးရင် အဲဒီလူက လေဟာနယ်ကို ဖျက်ဆီးပြီး ဖွင့်နိုင်တဲ့ စွမ်းရည်ကို ပိုင်ဆိုင်လိမ့်မယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့အဆင့်က ပိုမြင့်လေ အနည်းငယ် ခက်ခဲလိမ့်မယ်။ အဲဒီအဆင့်ကို လုပ်ဆောင်ဖို့ ငါက ပေ့လည်ကြောင်ပတ် ဖြစ်နေတယ်။ တစ်ခုကတော့ အင်တင်တင်ဖြစ်နေပြီး ဒုတိယ အချက်ကတော့ ငါ့စိတ်ထဲကနေ ကြောက်ရွံ့နေတာကြောင့်ပဲ"

လင်းဟန် နားမလည်အောင် ဖြစ်သွားခဲ့သည်။ အရမ်းကို မြင့်မားတဲ့ အဆင့်ထိ ကျင့်ကြံပြီးတဲ့ နောက်မှာ အဲဒီလူမှာ

အနာဂတ်နဲ့ ပတ်သက်ပြီး စိတ်လေးခြင်းတစ်ခု ရှိလာလိမ့်မည် ဖြစ်သည်။ ဒါက အနာဂတ်ကို မြင်တွေ့ခြင်းမျိုး မဟုတ်ပေ။ ဒါပေမဲ့ ဒါကလည်း ရိုးရှင်းပါတယ်။ လူတစ်ယောက်က တစ်စုံတစ်ခုကို လုပ်ဖို့ဆုံးဖြတ်လိုက်တဲ့ အခါမှာ စိတ်ထင့်တာမျိုး စိတ်လေးတာမျိုးကို မကောင်းတဲ့ ခံစားချက်တစ်ခုကို ခံစားရပါလိမ့်မည်။

ဒါက ယခင်ဘဝတုန်းက သူနဲ့တူပါသည်။ ရှေးဟောင်းသမိုင်းဝင် နယ်မြေတွေကို စွန့်စားထွက်တဲ့ အချိန်တုန်းက ဆုံးဖြတ်ချက်တချို့ကို ပြုလုပ်ပြီးတဲ့ နောက်မှာ သူရဲ့စိတ်ထဲမှာ ဘာမှန်းမသိတဲ့ သတိဂီရိယ နိုးနိုးကြားကြားရှိခြင်းက မြင့်တက်လာခဲ့သည်။ အဲဒီနောက်မှာ သူက လက်လျှော့မလား ဒါမှမဟုတ် ဆန့်ကျင်ဘက်တစ်ခုကို ရွေးချယ်မှု လုပ်ရမလား။ ဒါပေမဲ့လည်း သူက အရာရာကိုစွမ်းဆောင်နိုင်တဲ့ အနန္တတန်ခိုးရှင် မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အနက်ရောင် မျှော်စင်ရဲ့ အားလိုင်းကြောင့် ဆုံးရှုံးသွားစရာ အကြောင်းလည်း ရှိလိမ့်မည် မဟုတ်ချေ။

"စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်သွားပြီးရင် အဲဒီလူက နတ်ဘုရား နယ်မြေဆီကို ကူးဖြတ်နိုင်တယ်။

ပြီးတော့ အစ်ကိုကြီးက စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် အလွှာခုနစ်ကို ရောက်နေပြီ။ အချက်အလက်တွေအရ အစ်ကိုကြီးက တည်ငြိမ်ပြီး ပြတ်သားမှု ရှိသင့်နေပြီ”

လင်းဟန်က ပဟေဠိဖြစ်နေသလို ပြောလိုက်သည်။

“ငါလည်း ဒါကို မပြောတတ်တော့ပါဘူးကွာ”

ဖန်ပိုယွမ်က သူ့ခေါင်းကို ခါလိုက်သည်။

“ငါတခြားလူတချို့ကို မေးဖူးတယ်။ သူတို့လည်း ငါ့လိုပဲ။ အဲဒီအဆင့်ကို တက်ဖို့အတွက် အမှုမဲ့ အမှတ်မဲ့ မတက်ပွဲ့ဘူး။ သူတို့အတွက် သေသွားနိုင်တယ်ဆိုတဲ့ ခံစားချက်မျိုးနဲ့တူတဲ့ ခံစားမှုတစ်ခု ရနေကြတယ်”

သူပြောတဲ့ တခြားလူ တချို့ဆိုတာက သေချာပေါက် စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်တွေ ဖြစ်ပါလိမ့်မည်။

“ဒါပေမဲ့လည်း တချို့လူတွေက ဘာကြောင့်လဲ ဆိုတာကို ကောင်းကောင်းသိပေမဲ့ ပြောပြဖို့ ဆန္ဒမရှိကြဘူး”

ဖန်ပိုယွမ်က ဆက်ပြီးတော့ ပြောလိုက်သည်။

"ဘယ်တစ်ယောက်လဲ"

လင်းဟန်က ရုတ်တရက် မေးလိုက်သည်။

"ကောင်းကင်ဓားဂိုဏ်းရဲ့ ဓားဘုရင်၊ တိမ်ဖီးနစ်ငှက်ဂိုဏ်းရဲ့ မိုးပြာရောင်ဖီးနစ် ဧကရီ၊ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ကောင်းကင်ဖြတ် ဆေဘာဓား၊ မိုးပြာရောင် လျှပ်စီးဂိုဏ်းရဲ့ လျှပ်စီးဧကရာဇ်၊ မြေနဂါးဂိုဏ်းရဲ့ မြွေသားရဲဘုရင်"

ဖန်ပိုယွမ်က လက်ချောင်းတွေချိုးပြီး ရေတွက်ပြီး ပြောလိုက်သည်။

"ငါမြင်ခဲ့တာတော့ လျှပ်စီးဧကရာဇ်နဲ့ မိုးပြာရောင်ဖီးနစ်ဧကရီတို့က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အပြီးသတ်ခြင်းမှာ ရှိသင့်တယ်။ ပြီးတော့ အကြောင်းပြချက်တွေ အရတော့ သူတို့က ငါ့ထက်တောင် အလျင်စလိုလုပ်သင့်တယ်။ တော်တော်ကို ထူးဆန်းတယ်"

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်သွားတဲ့ အခါမှာ နတ်ဘုရား တစ်ပါး မဖြစ်သရွေ့တော့ နောက်ပိုင်းမှာ အဆင့်တက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ကြီးများကျယ်ပြန့်သော ကုန်းမြေကြီးမှာ နေထိုင်ရင်းနဲ့ သေခြင်းတရားကို စောင့်နေတာပါပဲ။ ဒါပေမဲ့လည်း နတ်ဘုရား နယ်မြေကို ဝင်ရောက်တာက လုံးဝကို ကွဲပြားခြားနားပါလိမ့်မည်။ ဆိုလိုတာက ဒီကမ္ဘာကြီး၏ အကန့်အသတ်ကြောင့် ချုပ်ခြယ်ကန့်သတ်မှု ထပ်ပြီးတော့ မရှိနိုင်တော့ပဲ တိုးတက်မှုအများကြီးကို ပိုင်ဆိုင်နိုင်ပေသည်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ဒါက အတော်လေးကို ထူးဆန်းနေတယ်"

"ညီငယ်လေး ပင်လယ်မျိုးနွယ်စုထဲမှာ လက်ရွေးစင်တွေ အရမ်းကို အများကြီး ရှိကြတယ်။ သူတို့အထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အရေအတွက်က လူသားတွေထက် အဆပေါင်းများစွာ ပိုများတယ်။ မင်းတိုးတက်အောင် ကြိုးစားတာ အကောင်းဆုံးပဲ"

ဖန်ပိုယွမ်က လင်းဟန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ လေးလေးနက်နက်နဲ့ ပြောလိုက်သည်။

လင်းဟန်က စိတ်ဓာတ်ကျသလို ဖြစ်သွားခဲ့သည်။ သူ့အနေနဲ့ ဟော့လျန်ချွင်ရှယ်ကို ဘယ်လိုလုပ်ရမလဲ ဆိုတာကို

စဉ်းစားလို့ မရပါဘူး။ ဒီပင်လယ်မိန်းကလေးက သူ့ကို ဖက်တွယ်နေသည်။ ဒီမိန်းကလေးက အဆင့်မြင့် ကောင်းကင်အဆင့် စစ်သည်တော် တစ်ဦးဖြစ်ပြီး သူရဲ့ဘေးမှာ သူမနေတာက အနားမှာ ချိန်ကိုက်ဗုံးတစ်လုံးကို ထားထားတာနဲ့ အတူတူပါပဲ။ သူ့အနေနဲ့ လုံခြုံစိတ်ချစွာနဲ့ ထိုင်မနေနိုင်ပါဘူး။ ဒါပေမဲ့ သူမကို ဘယ်လိုမျိုး ရှင်းထုတ်ရမလဲ ဆိုတာကိုလည်း သူ့မှာနည်းလမ်း မရှိပေ။

"အရင်ဆုံး ငါ မြောက်ဘက်အစွန်အဖျားကို သွားပြီးတော့ ကြည့်ရမယ်"

ဖန်ပိုယွမ်က ထရပ်ပြီး ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ ချက်ချင်းဆိုသလို မိုင်ပေါင်းတစ်ထောင် အကွာအဝေးကို ရောက်သွားခဲ့သည်။ လူသားလောက၏ အထွတ်အထိပ် လက်ရွေးစင်တွေက မျှော်လင့်ထားသလို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် သန်မာကြပေသည်။

လင်းဟန်က ဟော့လျန်ချွင်ရှယ်ကို စိုက်ကြည့်ပြီးတော့ ရုတ်တရက် အကြံတစ်ခု ရသွားခဲ့ပြီး သူကပြောလိုက်သည်။

"ဟိုင်ညီး(ပင်လယ်မိန်းကလေး) သစ္စာဆိုခြင်း ဆိုတဲ့ ကစားနည်းတစ်ခုကို ငါတို့တွေ ကစားရအောင်"

"ဘယ်လိုမျိုး ကစားရတာလဲ"

ဟော့လျန်ချင်ရှယ်က နံနံအအနဲ့ ပြောလိုက်သည်။

"မင်းရဲ့ လက်နှစ်ဖက်ကို မြှောက်ပြီးတော့ ပြောရမယ်။ အနာဂတ်မှာ ဘယ်လိုကိစ္စတွေပဲ ဖြစ်ဖြစ် မင်းက ငါ့ရဲ့ဆံပင်တစ်ချောင်းကိုတောင် ထိခိုက်နာကျင်အောင် မလုပ်ပါဘူးလို့ ပြောရမယ်"

လင်းဟန်က သူ့ရဲ့ ကာကွယ်ဆေးကို စတင်ထိုးလိုက်ပါပြီ။

ဖန်ပိုယွမ် ထွက်သွားပေမဲ့ အစောပိုင်းတုန်းက လင်းဟန်ကို ခြိမ်းခြောက်ခဲ့တဲ့ အင်အားစုတွေက သူတို့ရဲ့စကားကို မတည်ပဲ မနေပုံကြပါဘူး။ ညရောက်တာနဲ့ လျော်ကြေးအဖြစ် မူလစွမ်းအင် ပုံဆောင်ခဲတွေ ပို့ပေးကြပါတယ်။ လင်းဟန်က ရေတွက်ကြည့်လိုက်တဲ့ အခါမှာ မူလစွမ်းအင် ပုံဆောင်ခဲ သုံးသောင်းရှိပြီးတော့ အားလုံးက ကြယ်သုံးပွင့်အဆင့် ဖြစ်သည်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ မျက်နှာကြောင့် ဖြစ်သည်။

ကြည့်ရတာတော့ အလောင်းတစ်ထောင်ဂိုဏ်းက အချိန်တိုတိုလေး အတွင်းမှာ ပြန်လာမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို ခင်းကျင်းလိုက်ပြီး မြို့တစ်ခုလုံးကို အစုလိုက်အပြုံလိုက် သတ်ပစ်ဖို့ ကြံစည်ပြီး အားလုံးရဲ့ ပစ်မှတ်ဖြစ်လာမှာကို အရဲစွန့်လုပ်ဆောင်တယ် ဆိုတော့ အလောင်းတစ်ထောင်ဂိုဏ်း လိုချင်နေတဲ့ ပစ္စည်းက ဘယ်လောက်တောင် တန်ဖိုးကြီးနေလဲ။ သူတို့က သေချာပေါက် ဒီပစ္စည်းကို လက်လျှော့ဦးမှာ မဟုတ်ပါဘူး။ သေချာပေါက် နောက်တစ်နည်းနည်းနဲ့ ပြန်လာပါဦးမည်။

လူတိုင်းလူတိုင်းက အလောင်းတစ်ထောင်ဂိုဏ်း လိုချင်နေတဲ့ ပစ္စည်းက သေချာပေါက် ထိပ်တန်း ရတနာပစ္စည်း တစ်ခုဖြစ်ရမယ်လို့ သုံးသပ်နေကြပါတယ်။ ဒါကြောင့် ညတိုင်းညတိုင်းမှာ မြို့က အရမ်းကို သက်ဝင်လှုပ်ရှားနေပြီး လူတိုင်းလူတိုင်းက ရတနာရှာဖွေနေကြသည်။

ပြဿနာက အလောင်းတစ်ထောင်ဂိုဏ်း ပစ်မှတ်ထားနေတဲ့ ရတနာက ဘယ်လိုမျိုးလဲ ဆိုတာကို ဘယ်သူမှ မသိကြပဲ

အကယ်၍များ သူတို့တွေက အဲဒီပစ္စည်းကို ရှာတွေ့ခဲ့မယ် ဆိုရင်တောင် ဘာမှမသိပဲ သူတို့က လွဲချော်သွား နိုင်သည်။ ရတနာတွေက လူတွေရဲ့ နှလုံးသားကို ဆွဲဆောင်နိုင်ပြီး ရတနာရှာဖွေတဲ့ ကစားပွဲ မပြီးဆုံးပဲ ပိုပြီးတော့ ပြင်းထန်လာကြသည်။ အင်အားစုကြီးတွေက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ အဆောက်အဦးတွေကို ဂယ်ယူပြီး သုံးပေအနက်ထိ တူးဆွရှာဖွေကြသည်။

လင်းဟန်လည်း သိချင်စိတ် ပြင်းပြလို့နေသည်။ ဒါပေမဲ့ စဉ်းစားကြည့်လိုက်မယ်ဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းအတွက် အရမ်းကို တန်ဖိုးအရှိဆုံး ရတနာက တခြားသိုင်းပညာရှင်တွေ အတွက်တော့ အသုံးဝင်နိုင်မှာ မဟုတ်ပေ။

အလောင်းတစ်ထောင်ဂိုဏ်းက အလိုချင်ဆုံးပစ္စည်းက ဘာများဖြစ်နိုင်မလဲ။

ပထမအချက်က ထိပ်တန်းအဆင့် အလောင်းကောင်စစ်သား ပစ္စည်းတွေ ဒါမှမဟုတ် လက်ရွေးစင် အလောင်းကောင်တွေဖြစ်ပြီး ပိုသန်မာလေ ပိုကောင်းလေပါပဲ။ ဒုတိယ အချက်က အလောင်းချီ။ အလောင်းချီဆိုတာက သူတို့ရဲ့ စွမ်းအင်အရင်းအမြစ်နဲ့

အလောင်းကောင် စစ်သားတွေရဲ့ စွမ်းအင်အထောက်အပံ့ ဖြစ်သည်။

အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းအတွက်ဆိုရင်တော့ အလောင်းတစ်ထောင်ဂိုဏ်းက လူသိထင်ရှား ထွက်ပေါ်လာပြီး အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကို ခင်းကျင်းလိမ့်မယ်လို့ လင်းဟာန်အနေနဲ့ မယုံကြည်နိုင်ချေ။

ဒါဆိုရင် ရတနာတစ်သန်းမြို့ရဲ့ အောက်မှာ မြှုပ်နှံထားတဲ့ ပစ္စည်းက စကြာဂဠုဉ် ဖျက်ဆီးခြင်း အဆင့်အလောင်းကောင် တစ်စု ဒါမှမဟုတ် အလောင်းချီရဲ့ ဖုံးကွယ်ထားတဲ့ အရင်းအမြစ်တစ်ခု ဖြစ်ပြီး ထိုပစ္စည်းက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ခွန်အားကို အချိန်တိုတိုလေး အတွင်းမှာ တိုးလာစေနိုင်သည်။

ဒီပစ္စည်းနှစ်မျိုးကို လင်းဟာန်က စိတ်မဝင်စားပေ။

အဲဒီအချိန်မှာ စိတ်ဂိညာဉ် ရတနာ စံအိမ်ရဲ့ စံအိမ်အရှင်သခင် ရှစ်ယောက်နဲ့ မော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် နှစ်ယောက်က ပြန်လည်ရောက်ရှိ လာခဲ့ကြသည်။ သူတို့တွေ

ဘာမှမရရှိခဲ့ဘူးဆိုတာ သိသာထင်ရှားၡ်။ တခြားလူတွေ မပြောနဲ့ မော်ဆေးကေရာဇ် ဖြစ်တဲ့ လင်းဟန်တောင်မှ သူရဲ့ယခင်ဘဂက ပစ္စည်းတွေက ဘယ်နေရာမှာ ရှိတယ်ဆိုတာကို မသိပေ။

သူတို့တွေ ပြန်လာတာနဲ့ နယ်မြေငါးခုက စိတ်ဝိညာဉ် ရတနာစံအိမ်ရဲ့ ပြိုင်ပွဲကို ကျင်းပပြုလုပ်မဲ့ အစီအစဉ်ကို ဆွဲလိုက်ပြီး အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဂန်းရုံထားမှုကြောင့်တော့ ပြိုင်ပွဲကို မကျင်းပပဲ မနေကြပါဘူး။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က စောင့်ကြည့်နေတာကြောင့် ရတနာတစ်သန်းမြို့က တည်တည်ငြိမ်ငြိမ်နဲ့ အေးချမ်းတယ်လို့ ပြောနိုင်ပြီး အလောင်းတစ်ထောင်ဂိုဏ်းက ပြီးပြည့်စုံတဲ့ အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်ကို မခင်းကျင်းသရွေ့တော့ အရေးမကြီးပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ သူတို့က အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင် အပြည့်အစုံ ခင်းကျင်းနိုင်မယ်ဆိုရင် သူတို့အနေနဲ့ ပြုလုပ်မည် မဟုတ်ချေ။

ယာယီအားဖြင့်တော့ ရတနာတစ်သန်းမြို့က ပုံမှန်ပြန်ဖြစ်

လာခဲ့သည်။ အလောင်းတစ်ထောင် ဂိုဏ်းအနေနဲ့ ဘယ်အချိန်မှာ ပြန်လာမလဲ ဆိုတာကတော့ မသေချာပေ။

လင်းဟာန်က ကြိုးကြိုးစားစားနဲ့ တံခါးပိတ် ကျင့်ကြံနေခဲ့သည်။ ဖန်ပိုယွမ်က သူ့အတွက် လက်ကျန် မျောက်မင်းအရက်ကို ချန်ထားပေးခဲ့သည်။ မျောက်မင်းအရက်ကို နောက်တစ်ကြိမ် ထပ်သောက်ပေမဲ့ အကျိုးအမြတ်က သိပ်ပြီးတော့ မကြီးမားတော့ချေ။ သူ၏ကျင့်ကြံခြင်းက တိုးတက်လာတော့ သိသာထင်ရှား၏။ ပိုပြီးတော့ အရေးကြီးတာက သူက ဓားလမ်းကြောင်းမှာ အဆင့်တက် အောင်မြင်သွားခဲ့သည်။

နှစ်ဆယ်ခုမြောက် ဓားချီအလင်းကို ထုတ်ဖော်လာနိုင်ခဲ့၏။

Chapter 576 end

အပိုင်း(၅၇၇) ဓားနလုံးသား အလင်းရောင်

ဓားချီအလင်း ဆယ်ခုရဲ့ သတ်မှတ်ထားတဲ့ အတိုင်းအတာအထိကို ကျော်ဖြတ်ပြီးတဲ့ နောက်မှာတော့ လင်းဟာန်အနေနဲ့ နောက်ထပ် ချီအလင်းကိုးခုကို ချောချောမွေ့မွေ့နဲ့ ကျင့်ကြံနိုင်သည်။ သို့ပေမဲ့ ဓားချီအလင်း နှစ်ဆယ်ခုမြောက်က နောက်ထပ်အတိုင်းအတာ တစ်ခု

ဖြစ်ပြီးတော့ သူ့ကို အချိန်အတော်ကြာအောင် ဟန့်တားထားခဲ့သည်။

ဖန်ပိုယွမ်က သွေးသောက်ညီအစ်ကို တစ်ယောက်အနေနဲ့ လင်းဟန်ကို အရမ်းပဲ ရက်ရောခဲ့သည်။ မျောက်မင်းအရက်ထဲမှာ အထူးသဖြင့် သူ၏သိုင်းဆန္ဒ သဘောတရား တချို့ကို ပိတ်လှောင် ချန်ရစ်ထားပေးခဲ့သည်။ လင်းဟန်က ၎င်းကိုသောက်လိုက်သည့် အခါတွင် ထိုသိုင်းဆန္ဒ သဘောတရားက သူ၏ခန္ဓာကိုယ် တစ်လျှောက်လုံးကို လှည့်ပတ်ပြီး သိုင်းပညာ နားလည်သဘောပေါက်မှုမှာ တိုးလာစေခဲ့သည်။

ဒါက လင်းဟန်ကို အရမ်းပဲ အံ့အားသင့်သွား စေခဲ့သည်။

စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်တဲ့ အခါမှာ လူတစ်ယောက်က သိုင်းပညာဆန္ဒ သဘောတရားနဲ့အတူ လက်နက်တစ်ခုကို အရောင်တင်နိုင်စွမ်း ရှိလာလိမ့်မည်။ ထို့နောက် အချိန်အတော် ကြာကြာ ပြုစုပျိုးထောင်ပေးတဲ့ အခါမှာတော့ ၎င်းက စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်လာနိုင်သည်။ ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်ပိုင်းမှာ လူတစ်ယောက်က သိုင်းပညာ သဘောတရား

ဆန္ဒတွေနဲ့ အထူးပစ္စည်းတွေကို အသုံးပြုပြီးတော့ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တွေကို ဖန်တီးလာနိုင်ကြသည်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်များက ပိုပြီးတော့တောင် အစွမ်းထက်မြက်၏။ သူတို့၏ သိုင်းဆန္ဒအသိများနှင့် ကမ္ဘာကြီးကို ဖိနှိပ်ထိန်းချုပ်နိုင်သည့် အမိန့်စာလွှာအဖြစ် ရေးဆွဲကြသည်။

နတ်အသွင် ပြောင်းလဲခြင်းနှင့် ကောင်းကင်အဆင့် လက်ရွေးစင်များလည်း အမိန့်စာလွှာများကို ရေးဆွဲနိုင်ကြပြီး ပိုပြီးတော့တောင် အစွမ်းထက်ကြသည်။ လင်းဟန်လည်း ယခင်ဘဝတုန်းက အမိန့်စာလွှာများကို ရေးဆွဲခဲ့ပြီး ၎င်းက အရမ်းကို အဆင်ပြေပြီး ရန်သူများကို ကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲအတွင်းမှာ ပါဝင်တိုက်ခိုက်ခြင်း မရှိပဲ ခြိမ်းခြောက်နိုင်သည်။

သို့ပေမဲ့ သိုင်းဆန္ဒအသိကို အရက်ထဲမှာ ပိတ်လှောင်ပြီး ကိုယ်တိုင်ကိုယ်ကျ အသုံးပြုဖို့အတွက် ပြုလုပ်နိုင်တာကတော့ လင်းဟန်အနေနဲ့ ဒီနည်းလမ်းကို အရမ်းပဲ အထင်ကြီးရုံကလွဲလို့ ဘာမှမတတ်နိုင်ပေ။

သိုင်းပညာရှင်များက မူလစွမ်းအင်ပုံဆောင်ခဲများကို မွန်းမံသန့်စင်ပြီး သိုင်းအသိတွေကိုလည်း ချန်ရစ်ထားခဲ့နိုင်သည်။ သို့ပေမဲ့ ၎င်းကိုနားလည် သဘောပေါက်ဖို့က အရမ်းကို ဂေးကွာလွန်း လှပေ၏။

ဖန်ပိုယွမ်ကလည်း ဓားလမ်းကြောင်းမှာ ဂရန်းမာစတာ တစ်ယောက်ဖြစ်သည်။

မျောက်မင်းအရက်ထဲမှာ သိုင်းအသိကို ချန်ထားရစ်ခဲ့သည့် အကြောင်းကလည်း လင်းဟန်က ဓားသမား တစ်ယောက်ဖြစ်သည် ဆိုတာကို သူမြင်တွေ့ခဲ့တာကြောင့် ဖြစ်ပြီးတော့ သူ့ကို အထူးကူညီပေးခဲ့ခြင်း ဖြစ်သည်။ ဒီသိုင်းအသိက အရမ်းကို သန့်စင်ပြီး အညစ်အကြေး တစ်စွန်းတစ်စမျှ မရှိပေ။ ၎င်းမှာ ဓားလမ်းကြောင်းနဲ့ ပတ်သက်ပြီး ထိပ်တန်းအဆင့် နားလည်သဘောပေါက်နိုင်စွမ်း ရှိသည်။

လင်းဟန်အတွက်ကတော့ ဤလက်ဆောင်ကား တကယ့်ကို တန်ဖိုးမဖြတ်နိုင်ပေ။

လွန်ခဲ့တဲ့ ငါးရက်အတွင်း လင်းဟန်က သူ၏ကျင့်ကြံခြင်းမှာ ဆက်လက်တိုးတက်လာခဲ့သည်။ မျောက်မင်းအရက်က

သူ၏အဆင့်ကို ပထမအကြိမ်တုန်းကလောက် အရှုံးအမူး မတိုးစေခဲ့ပေမဲ့ သူ့ကိုတော့ ပန်းဖူးအဆင့်ရဲ့ အလွှာခြောက်ကို ရောက်ရှိစေခဲ့သည်။

ငါးရက်လုံးလုံး လင်းဟန်က ဖန်ပိုယွမ်၏ ဓားလမ်းကြောင်းကို လေ့လာသင်ယူနေပေမဲ့ ၎င်းကို တိုက်ရိုက်စုပ်ယူလို့ မရပဲ မှီငြမ်းကိုးကား၍ပဲ ရရှိခဲ့သည်။

အကယ်၍များ ၎င်းကို တိုက်ရိုက်စုပ်ယူခဲ့မည်ဆိုလျှင် ဖန်ပိုယွမ်၏ ဓားလမ်းကြောင်း အဆင့်နဲ့ဆိုရင် လင်းဟန်၏ ကိုယ်ပိုင်ဓားလမ်းကြောင်းကို ဖန်ပိုယွမ်၏ ဓားလမ်းကြောင်းအဖြစ် ပြောင်းလဲယူပစ် နိုင်စွမ်း အရှိန်အဟုန် အရည်အချင်းမျိုးရှိ၏။ ဒါပေမဲ့ လင်းဟန်က သူ၏ကိုယ်ပိုင်လမ်းကြောင်းကို ဆုံးဖြတ်ထားခဲ့ပြီး ဤအခြေအနေမျိုး မဖြစ်အောင် ခုန်ထွက်တယ်ဆိုတာ သိသာထင်ရှားသည်။

တခြားလူများ၏ အကောင်းဆုံး အရည်အသွေးကို ကိုယ်ပိုင်အရည်အသွေးအဖြစ် အရောင်တင်တာက အကောင်းဆုံး ဖြစ်သည်။

ဖန်ပိုယွမ်က သံယောဇဉ်တွယ်တာပြီး လမ်းမောတသတဲ့

ဓားလမ်းကြောင်းကို ကျင့်ကြံခဲ့ပြီး ချစ်ခြင်းမေတ္တာမှာ အရမ်းကို စိတ်နှစ်မြုပ်ခဲ့သည်။ သူ၏ဘဝတစ်လျှောက်လုံးမှာ လူတစ်ယောက်ကိုပဲ ချစ်ခင်စွဲလမ်းခဲ့ပြီး ထိုလူသေဆုံးသွားခဲ့ပြီးသည့် နောက်မှာတောင် သူ၏ ခံစားချက်များက ပြောင်းလဲမသွားခဲ့ပဲ သူ၏အချစ်များကား ယုတ်လျော့မှေးမှိန် သွားခြင်းမျိုးလည်း မရှိခဲ့ပေ။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် လင်းဟန်က ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဤကဲ့သို့ ဓားအသိကို နားလည်သဘောပေါက်ခြင်း မရှိနိုင်ပေ။ သူက ကောင်းကင်ဖီးနစ် နတ်မိမယ်ကို ချစ်ခင်နှစ်သက်တယ်ဆိုတာ မှန်ပေမဲ့ ဖန်ပိုယွမ်လို အစွဲအလမ်းမျိုး သေချာပေါက် မကြီးမားနိုင်ပေ။

သူက ဖန်ပိုယွမ်ရဲ့ ဓားလမ်းကြောင်းထဲမှာ နားလည်သဘောပေါက်မှုကိုပဲ ဆွဲထုတ်ခဲ့သည်။ တကယ်တော့ ဖန်ပိုယွမ်က နှစ်ပေါင်းရာနဲ့ချီအောင် ကျင့်ကြံခြင်းမှာ လုံ့လဂီရိယရှိရှိနဲ့ ကြိုးစားအားထုတ်ပြီး ရရှိခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေပြီး ဓားချီနဲ့ ဓားအလင်းတန်း အဆင့်တို့ကို ကျော်လွန်သွားခဲ့ပြီး ဓားနှလုံးသား အဆင့်ကို ရောက်ရှိနေခဲ့သည်။

ဓားနှလုံးသား အလင်းရောင်။ လက်ထဲမှာ မြက်ပင်လေးတစ်ပင် ရှိနေရင်တောင်မှ တစ်ချက်ထဲနဲ့ ကြယ်တွေကို ကြွေကျစေနိုင်သည်။

ဖန်ပိုယွမ်၏ ဓားနှလုံးသားက လင်းဟန်၏ အသိစိတ်အတွင်းမှာ လင်းလက်တောက်ပလို့ နေသည်။ လင်းဟန်က ဖန်ပိုယွမ်၏ ဓားနှလုံးသားကို အသုံးပြုပြီး သူ့ကိုယ်ပိုင် အလင်းရောင် ရရှိစေရန် ပြုလုပ်ပြီး ဓားချီကနေ ဓားလမ်းကြောင်းပေါ်မှာ နားလည်သဘောပေါက် နိုင်စွမ်းကို တိုးမြှင့်ခဲ့သည်။

ငါးရက်ခန့် ကြာပြီးသည့် နောက်တွင် လင်းဟန်က သူ၏ညာဘက်လက်ကို ဖြတ်ခနဲ လှုပ်လိုက်သည့် အခါမှာ ရွှပ်ရွှပ်ရွှပ် ဆိုသည့်အသံနဲ့အတူ ဓားချီအလင်း ဆယ့်ကိုးခုက ထွက်ပေါ်လာပြီး နှစ်ဆယ်ခုမြောက် ဓားချီက သူ၏လက်ချောင်းများ ထိပ်တွင် မပီပြင် ပိုးတဂါးနဲ့ လှုပ်ရှားနေ ပုံးကွယ်နေပြီး ထွက်ပေါ်မလာခဲ့ပေ။

၎င်းက အညှောင့်တစ်ခု ထွက်သလိုမျိုး ဖြစ်သည်။

လင်းဟန်က သူ၏လက်ချောင်းများကို ဆက်ပြီးတော့ လှုပ်ရှားလိုက်ပြီး နှစ်ဆယ်ခုမြောက် ဓားချီအလင်းက

မကြာခင်မှာ ပိုမိုထူထဲကာ ဖြစ်ပေါ်လာခဲ့သည်။

"နှစ်ဆယ်ခုမြောက် ဓားချီအလင်းက သတ်မှတ်ထားတဲ့ အတိုင်းအတာတစ်ခု ဖြစ်ပြီးတော့ ဒီအဆင့်ကို ကျော်ဖြတ်သွားတဲ့ အခါမှာ စွမ်းအားတွေက အနည်းဆုံး နှစ်ဆတော့ ဖြစ်လိမ့်မယ်"

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ ယခင်တုန်းက ရွှမ်ယွမ်ဇီကွမ်းနဲ့ တိုက်ခိုက်နေချိန် အတွင်းမှာ အရမ်းကို ကြီးမားသည့် ဖိအားတစ်ခုကို ခံစားခဲ့ရသည်။ ဘာကြောင့်လဲဆိုတော့ ပြိုင်ဘက်ဖြစ်သူက ဓားအချီအလင်း နှစ်ဆယ်ခုကို ကျော်လွန်ဖမ်းဆုပ်နိုင်ပြီး အရည်အသွေးပိုင်း ပြောင်းလဲမှု တစ်ခုကို အောင်မြင်နေခဲ့သည်။

"အခု အဲ့ဒီကောင်နဲ့ တိုက်ခိုက်ရမယ်ဆိုရင် ငါ့မှာ အနိုင်ရဖို့ အခွင့်အရေး ငါးဆယ်ရာခိုင်နှုန်း ရှိနေပြီ"

"ငါ့အနေနဲ့ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို အသုံးမပြုနိုင်တာတော့ မတတ်နိုင်ဘူး။ အစွမ်းထက်ဆုံး ပညာကို အသုံးမပြုနိုင်ဘူးဆိုတော့ ငါက တစ်ချက်တည်းနဲ့ ရလဒ်ကို ဆုံးဖြတ်နိုင်ဖို့ လိုလိမ့်မယ်"

"အချိန်တွေ ရှိနေသေးတာပဲ။ ငါ့ဓားချီကို ဆက်ပြီးတော့ ကျင့်ကြံအားထုတ်ပြီး နှစ်ဆယ်ခုမြောက် ချီအလင်းအတိုင်းအတာကို ကူးဖြတ်နိုင်တဲ့ အခါကျရင် အချိန်တိုတိုလေး အတွင်းမှာ နောက်ထပ် ချီအလင်းတွေကို ထပ်ပြီးတော့ ကျင့်ကြံနိုင်စွမ်း ရှိလိမ့်မယ်"

ဖန်ပိုယွမ်၏ ဓားနှလုံးသား အရှိန်အဟုန်ကား ဆက်လက်ရှိနေဆဲ ဖြစ်ပြီးတော့ လင်းဟန်က ၎င်းကို မဖြုန်းတီးပစ်ချင်ခဲ့ပါဘူး။ ဒါကအရမ်းကို ရှားပါးလွန်းသည့် အခွင့်အရေး ဖြစ်သည်။ ဖန်ပိုယွမ်တောင်မှ ဤကဲ့သို့ အခွင့်အလမ်းကို အကြိမ်ပေါင်းများစွာ လုပ်နိုင်စွမ်း ရှိလိမ့်မည် မဟုတ်ပေ။ လူတစ်ယောက်၏ ကိုယ်ပိုင်ဓားနှလုံးသား တစ်စိတ်တစ်ပိုင်းကို တခြားလူထံ ပေးအပ်ခြင်းက မိမိကိုယ်ကို ဒဏ်ရာအနာတရ ဖြစ်စေသည့် အမျိုးအစားတစ်ခု ဖြစ်သည်။

လင်းဟန်က သူ၏သွေးသောက် အစ်ကိုကြီး ဖြစ်သူက တကယ့်ကို သံယောဇဉ်ကြီးမားသည့် လူတစ်ယောက် ဖြစ်နေသည့်အတွက် အရမ်းကို အံ့အားသင့်နေခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သွေးသောက်ညီအစ်ကို ဖြစ်ရုံပဲ ရှိသေးပြီး သူ့ကို ဤကဲ့သို့ အခွင့်အလမ်းတစ်ခုကို ရက်ရက်ရောရော ပေးအပ်ခဲ့သည်။

သူ့အနေနဲ့ ဒီကျေးဇူးတရားကို နောက်ပိုင်းမှာ ကောင်းကောင်းကြီး ပြန်ဆပ်ရပေလိမ့်မည်။

သုံးရက်မျှ ကြာပြီးသည့်နောက်မှာ ဖန်ပိုယွမ်၏ ဓားနလုံးသားက နောက်ဆုံးတော့ ပျောက်ကွယ်သွား ခဲ့သည်။

လင်းဟာန်က ရပ်ပြီးတော့ သူရဲ့ညာဘက်လက်ကို ပွေ့ယမ်းလိုက်တဲ့ အခါမှာ ဓားချီအလင်း ၂၃ခုက လင်းလက်တောက်ပသွားပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ် ကောင်းလွန်းပေသည်။

"ဘယ်လောက်တောင် ကံဆိုးလိုက်သလဲ။ နောက်ထပ်တစ်လလောက်သာ အချိန်ရမယ်ဆိုရင် ဓားချီအကန့်အသတ်ဖြစ်တဲ့ ချီအလင်း၂၉ခုထိ ငါရနိုင်တယ်"

"ဒါပေမဲ့ ချီအလင်း ၂၉ခုက တကယ်ပဲ အကန့်အသတ် ဟုတ်ရဲ့လား"

လင်းဟာန် မသိပေ။ သူကိုယ်တိုင်ကိုယ်ကျ ထိုအဆင့်ကို

တက်ရောက်ပြီးမှသာ နားလည်နိုင်မည့် အရာဖြစ်၏။ အကန့်အသတ်လို့ ခေါ်ဆိုနေကြသည့် အရာများကား ကျိုးပျက်သွားနိုင်သည်။ လူတချို့အတွက် ချီအလင်း ဆယ်ခုက အကန့်အသတ်ဖြစ်ပြီး တခြားသူများအတွက် ချီအလင်း နှစ်ဆယ်က အကန့်အသတ် ဖြစ်၏။

သူထွက်လာသည့် အခါမှာ ကျူးရှွမ်အာက သူ့ကို နှုတ်ဆက်ပြီး ပြောသည်။

"အစ်ကိုဟန် နောက်ဆုံးတော့ နင်တံခါးပိတ် ကျင့်ကြံတာကနေ ထွက်လာပြီပေါ့။ အစ်မဟောင်က စိုးရိမ်လွန်းလို့ ဖျားတောင်ဖျားတော့မယ်။ ပြိုင်ပွဲက နောက်ရက်ဆိုရင် စတော့မယ်လေ"

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်သည်။

"သူမကို စိုးရိမ်ပူပန်ပါစေ။ သူမဆီကနေ အခကြေးတောင် ငါမရသေးဘူး"

"အိုး ဟုတ်သားပဲ"

ကျူးရှွမ်အာက သိုလှောင်လက်စွပ် တစ်ကွင်းထဲကနေ

လူဦးခေါင်းအရွယ် ကျောက်တုံးတချို့ကို ထုတ်ယူလိုက်သည်။ ကျောက်တုံးများ၏ အရောင်အသွေးက စုံလင်လှ၏။ တချို့က အနက်ရောင်၊ တချို့က အဝါရောင်သန်းနေပြီး တချို့က ခရမ်းရောင် ရှိကြသည်။

"ဒါက အစ်ကိုကြီးဖန် ပစ်ချတဲ့ ကြယ်ဥက္ကာပျံတွေကနေ ကျလာတဲ့ ကျောက်တုံးတွေပဲ။ မြို့ထဲက လူတွေက ဒီကျောက်တုံးတွေကိုကောက်ယူပြီး သူတို့ကိုယ်တိုင် သိမ်းမထားပံ့တာကြောင့် အစ်ကိုဟန်ကို လာပြီးတော့ ပေးကြတာ"

ကြွေကျလာတဲ့ ကြယ်ဥက္ကာသတ္တုခဲတွေ။

လင်းဟန်က ပျော်ရွှင်မြူးထူးသွားပြီး ကြယ်ဥက္ကာခဲတချို့ကို လေ့လာစူးစမ်းပြီးတော့ ပြုံးသွားခဲ့သည်။

"သွေးသက်တံ့သံ၊ ရွှေနဂါးသွား၊ ကြက်သွေးရောင်တိမ် ကြေးကျောက်တုံး။ ဟားဟား အားလုံးက အဆင့်ခုနစ် ရှားပါးသတ္တုတွေချည်းပဲ"

"ကံမကောင်းတာက အဆင့်ရှစ် သတ္တုတစ်ခုတောင် မပါလာခဲ့ဘူး။ ဟားဟား ကောင်းပြီလေ။ အရမ်းကြီး

လောဘကြီးလို့ မဖြစ်ဘူး။ အဆင့်ခုနစ် ရှားပါးသတ္တုက မဆိုးပါဘူး”

လင်းဟန်က ကျူးရှွမ်အာကို လှည့်ပြီးတော့ ပြောလိုက်သည်။

“မင်းရဲ့ဓားကို ပြောင်းသင့်ပြီ။ ဒါက အဆင့်ခုနစ် ရှားပါးသတ္တုပဲ။ ဒါကိုနေ့တိုင်းနေ့တိုင်း မင်းရဲ့ ကိုယ်ပိုင်သိုင်းအသိနဲ့ အရောင်တင်ပေးရင် နောက်ပိုင်းမှာ အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်လာလိမ့်မယ်”

“ကျေးဇူးတင်ပါတယ် အစ်ကိုဟန်”

ကျူးရှွမ်အာက တိုးညင်းစွာနဲ့ ပြောလိုက်သည်။ သူမက လင်းဟန်ကို ချစ်ခင်ကြင်နာခြင်း အပြည့်နဲ့ စိုက်ကြည့်ပြီး သူ့စိတ်တိုင်းကျိုက် ဘာမဆို လုပ်ခွင့်ပြုထားတဲ့ပုံစံမျိုးနဲ့ ချစ်ရည်ရွှမ်းလဲ့ တောက်ပစွာနဲ့ ကြည့်နေလိုက်သည်။

“မင်းရဲ့အစ်ကိုကို မဆွဲဆောင်နဲ့နော်။ ငါ့ရဲ့စိတ်က အရမ်းကို ကြံ့ခိုင်တယ်”

လင်းဟန်က သူမရဲ့ ကျောက်စိမ်းလို ကြည်လင်တောက်ပတဲ့ မေးစေ့လေးကို ကိုင်ပြီးတော့ ပြောလိုက်သည်။ အဲဒီနောက်

သူမကိုပါ အနက်ရောင် မျှော်စင်ထဲကို ခေါ်သွားပြီး ဒီကြယ်သတ္တုတွေကို လက်နက်တွေ အဖြစ်ကို မွန်းမံသန့်စင်လိုက်သည်။

ဒီကြယ်သတ္တုတွေကို သံရိုင်းတွေလို့ ခေါ်လို့ရပြီး အညစ်အကြေးတွေကို သန့်စင်ပစ်ခြင်းနဲ့ မွန်းမံခြင်းက အရမ်းကို တော်လွန်းတဲ့ ပန်းပဲပညာရှင်တွေတောင်မှ နှစ်ဂက်လောက် အချိန်ယူပြီးမှ ပြီးပြည့်စုံနိုင်ပါလိမ့်မည်။

ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ထဲမှာတော့ အရာအားလုံးက အရမ်းကို ရိုးရှင်းလွယ်ကူ လာပေလိမ့်မည်။

လင်းဟန်က နတ်ဘုရား တစ်ပါးနဲ့ တူပြီးတော့ အဆင့်တစ်ဆယ် နတ်ဘုရား မီးတောက်ကို ထုတ်ဖော်ပြီး ဒီသတ္တုတွေကို လွယ်လွယ်ကူကူနဲ့ အရည်ပျော်ပြီး ၎င်းတို့ဆီမှ မသန့်စင်မှုများကို ဖယ်ရှားပစ်လိုက်သည်။ နေ့တစ်ဂက်ခန့် အချိန်အတွင်းမှာ သတ္တုတွေက လုံးဂကို အရည်ပျော် သွားခဲ့သည်။

"ဘယ်လိုလက်နက် ပုံစံကို ကြိုက်လဲ"

လင်းဟန်က ကျူးရွှမ်အာကို မေးလိုက်သည်။

ကျူးရှမ်အာ လိုချင်တဲ့ ပုံစံအတိုင်း လင်းဟန်က ပါးလွှာပြီး အရမ်းကို ထက်မြက်တဲ့ ဓားတစ်ချောင်းကို ပြုလုပ်ပေးခဲ့သည်။ ဒီဓားက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဟုတ်သေးပါဘူး။ ၎င်းကို သိုင်းအသိနဲ့ အရောင်တင်ပေးဖို့ လိုအပ်ပြီး အခုက သတ္တုအကြမ်းထည် အဆင့်မျှသာ ရှိနေသေး၏။

လင်းဟန်က သူ့အတွက်လည်း ဓားတစ်ချောင်းကို ပြုလုပ်ခဲ့သည်။ ဒါပေမဲ့ သူရဲ့ ပကတိ ခွန်အားက အခုဆိုရင် အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ သူရဲ့လက်ထဲမှာ ပေါင်တစ်ရာရှိတဲ့ ဓားတစ်ချောင်းက ငှက်မွှေးလေး တစ်ချောင်းနဲ့မခြား ပေါ့ပါးလွန်းလှပြီး လေးလံတယ်လို့ မခံစားရပါဘူး။

အဲဒီနောက် လင်းဟန်က လေးတစ်လက်နဲ့ မြားဆယ်ချောင်းကိုပါ သူ့အတွက် ပြုလုပ်ခဲ့ပေမဲ့ လေးကြိုးအတွက်ကိုတော့ တခြားပစ္စည်းကို ရှာဖွေရပါဦးမည်။

ဒါတွေအားလုံး ပြီးစီးသွားပြီးတဲ့ နောက်မှာတော့ စိတ်ဝိညာဉ် ရတနာ စံအိမ်၏ သုံးနှစ်တစ်ကြိမ် ကျင်းပတဲ့ ပြိုင်ပွဲကြီးက

နောက်ဆုံးမှာ စတင်မဲ့ အချိန်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။

Chapter 577 end

အပိုင်း(၅၇၈) နည်းစနစ် တစ်သောင်းမှ တစ်ခုအဖြစ်ကို အဖြေထုတ်ခြင်း

လင်းဟန်က ရင်ဟောင်ကို ရှာပြီးတော့ သူမကို သူ့အနေဖြင့် မှော်ဆေးပညာ ပြိုင်ပွဲတစ်ခုကိုပဲ ယှဉ်ပြိုင်မှာ မဟုတ်ပဲ သိုင်းပညာပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်လိမ့်မည် ဆိုတာကို ပြောလိုက်သည်။

"ငါစာရင်းပေးပြီးသွားပြီ။ ဒီမိန်းကလေးက နင့်နာမည်ကို ထည့်ပေးပြီးပြီ"

ရင်ဟောင်က ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ပြောလိုက်သည်။

"နင် အရင်ဆုံး မေးမြန်းပြီးမှ စာရင်းပေးပါလား။ ငါက တိုက်ခိုက်တာတို့ သတ်တာဖြတ်တာတွေ မကြိုက်ပဲနဲ့ ငြိမ်းငြိမ်းချမ်းချမ်း နေတာကိုပဲ နှစ်သက်သဘောကျမှာကို နင်မကြောက်ဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"အော့ နင့်ကိုမျက်စိနဲ့ တစ်ချက်ပျော့ကြည့်လိုက်တာနဲ့ ရန်လိုတတ်တဲ့ အမျိုးအစားဆိုတာ သိသာနေတာပဲ။ အထူးသဖြင့် သက်တူရွယ်တူ ပါရမီရှင်တွေနဲ့ ဆုံတွေ့ရတဲ့ အခါမှာ နင့်ရဲ့ အိပ်မက်က သူတို့ကို နင်းခြေပစ်ဖို့ပဲ မဟုတ်လား။ နင့်ဇနီးကို စိတ်ဝင်စားနေတဲ့ ရွှမ်ယွမ်ဇီကွမ်း တစ်ယောက်ကိုမပြောနဲ့ အားလုံးကိုတောင် နင်က နင်းခြေပစ်ချင်နေတာလေ"

ရင်ဟောင်က သူ့ကို စူးစူးဂါးဂါးနဲ့ စိုက်ကြည့်လိုက်သည်။

"ဒီပင်လယ်မိန်းကလေးက ငါ့မိန်းမ တကယ်မဟုတ်ပါဘူး"

လင်းဟန်က သက်ပြင်းချလိုက်သည်။

"နင့်မိန်းမ မဟုတ်ဘူး ဟုတ်လား။ ဒါဆိုရင် ဘာဖြစ်လို့ သူမက နင့်ကို တင်းတင်းကျပ်ကျပ် စွဲကပ်နေတာလဲ"

ရင်ဟောင်က သူ့ကို လုံးဝကို မယုံကြည်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူ့ရဲ့အကျီကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး လက်တစ်ဖက်မှာ အုတ်ခဲတစ်လုံးကို ကိုင်ထားတဲ့ မိန်းကလေးကို မျက်စိတစ်ဖက်

မိုတ်ပြလိုက်သည်။

လင်းဟန်က နောက်တစ်ကြိမ် သက်ပြင်းချလိုက်သည်။ အခုဆို ဟော့လျန်ချွင်ရှယ်က သူ့ကို အရမ်းပဲ ကပ်နေပြီး ဟူးညို့ထက်တောင်မှ ပိုပြီးတော့ ကပ်နေသည်။ အနည်းဆုံး ဟူးညို့က အစားအသောက်နဲ့ ချော့လိုက်ရပေမဲ့ ဒီပင်လယ်မိန်းကလေးကတော့ သိသိသာသာကို အစားအသောက် မက်မောသူ တစ်ယောက်မဟုတ်ပေ။

"ငါသိပြီ ငါသိပြီ။ မင်္ဂလာဆောင်ပြီးကာစ ကြင်စဦး ဇနီးမောင်နှံပဲ"

ရင်ဟောင်ကို ကြည့်ရတာ သူမကို လုံးဂကို နားလည်သဘောပေါက် သွားပုံရ၏။

"နင်တို့ကို ငါအနှောက်အယှက် မပေးတော့ဘူး။ နင်တို့လုပ်စရာရှိတာ လုပ်ကြပါ။ မှတ်ထားနော် မော်ဆေးပညာ ပြိုင်ပွဲက မနက်ဖြန်နေ့လယ်ပဲ။ နင့်ရဲ့စိတ်ဂိညာဉ်ကို အရမ်းကြီးအားကုန်အောင် မိန်းမနဲ့အတူတူ အိပ်မနေနဲ့။ ဆေးဖော်စပ်တဲ့ အချိန်ကျရင် အားမရှိပဲ ပျော့ခွေနေဦးမယ်"

"တော်တော်အပေါက်ဆိုးတဲ့ မိန်းမပဲ"

လင်းဟန်က ဘာမှမတတ်နိုင်ပဲ ပြောလိုက်သည်။

မော်ဆေးကောရာဇ်တစ်ယောက် အတွက်ကတော့ မော်ဆေးပညာ ပြိုင်ပွဲဆိုတာက အသေးအဖွဲ့ တစ်ခုပဲဖြစ်ပြီးတော့ စိုးရိမ်ပူပန်နေစရာ လုံးဝကို မရှိပေ။ အခုချိန်မှာ လင်းဟန်က သူ့ရဲ့စွမ်းအင်တွေ အားလုံးကို သိုင်းပညာရပ်အပေါ်မှာ ထည့်ထားပြီး သူ့အနေနဲ့ ဓားချီနဲ့အတူ အရိုးပုံစံအစီအရင်ကို ပေါင်းထည့်ချင်နေသည်။

မြွေပါဆိုးအိုကြီး၏ အရိုးပုံစံ အစီအရင်က တကယ့်ကို မယုံနိုင်စရာ ကောင်းပြီးတော့ ဖျက်ဆီးခြင်း စွမ်းအားကို တစ်ဆကနေ နှစ်ဆထိ တိုးလာစေနိုင်သည်။ လင်းဟန်ရဲ့ လက်ရှိ ဓားချီပေါင်းစည်းမှု အလင်းနှစ်ဆယ့်သုံးခုရဲ့ စွမ်းအင်နဲ့အတူ တကယ်လို့ အရိုးပုံစံ အစီအရင်ကိုပါ အဲဒီအပေါ်မှာ ထည့်ပေါင်းနိုင်မယ်ဆိုရင် ဓားအလင်းတန်းနဲ့ နှိုင်းယှဉ်လို့ မရဘူးဆိုရင်တောင်မှ သိပ်ပြီးတော့ မကွာတော့ပါဘူး။

အကယ်၍များ အရိုးပုံစံ အစီအရင်ကို အဲဒီမှာ ထည့်ပေါင်းလိုက်နိုင်မယ်ဆိုရင် လင်းဟန်အနေနဲ့

ရွှမ်ယွမ်ဇီကွမ်းကို အနိုင်ရဖို့ ယုံကြည်ချက်တွေ ရှိမှာဖြစ်ပြီး အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အနိုင်ရဖို့ အခွင့်အရေးက ငါးဆယ် ငါးဆယ်ပဲ ရှိပါလိမ့်မည်။

"ငါက ဓားချီကို ပေါင်းစည်းထားတယ် ဆိုပေမဲ့ အလင်းတန်းအတု တစ်ခုလို့ပဲ ခေါ်ဆိုနိုင်လိမ့်မယ်။ ငါတကယ်ပဲ နည်းစနစ်တစ်သောင်းကနေ တစ်ခုအဖြစ် ဓားကွက်ကို အသုံးပြုဖို့ ကြိုးစားကြည့် နိုင်တာပဲ"

"လျှို့ပုက်ဆန်းကြယ်မှု သုံးထောင်သိုင်းကွက်က တိုက်ခိုက်မှုပေါင်း သုံးထောင်ကို တစ်ခုအဖြစ် ပေါင်းစည်းတဲ့ အပေါ်မှာ အခြေခံထားတယ်။ ဒီလိုမျိုး တိုက်ကွက်နဲ့ဆိုရင်တော့ ငါ့အနေနဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို အဆင့်တက်ပြီး ငါ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက ရှားပါးသတ္တဝါတွေနဲ့ နှိုင်းယှဉ်လို့ ရလောက်တဲ့အထိ မာကျောနေရင်တောင်မှ လက်နက်ကောင်းကောင်း ရှိမယ်ဆိုရင် တန်းပြီးတော့ ခုတ်ဖြတ်ပစ်လို့ ရတာပဲ"

"ကောင်းကင်ဓားဂိုဏ်းနဲ့ ရင်ဆိုင်ရင်တော့ ငါ့အနေနဲ့ အတော်လေးကို ဂရုစိုက်မှပဲ ရလိမ့်မယ်။ ဒီရှေးဟောင်းဂိုဏ်းတွေက အနည်းဆုံး

နှစ်ပေါင်းနှစ်သောင်းကျော်ထက်မနည်း ရပ်တည်နေပြီး မရေမတွက်နိုင်တဲ့ တန်ဖိုးကြီး ပစ္စည်းတွေ ပိုင်ဆိုင်ထားပြီးတော့ အဆင့်ကိုးနဲ့ အဆင့်တစ်ဆယ် ပစ္စည်းတွေတောင်မှ ရှားပါးလိမ့်မှာ မဟုတ်ဘူး။ တကယ်လို့ သူတို့တွေကနည်းစနစ်ပေါင်း တစ်သောင်းကို တစ်ခုအဖြစ်နဲ့ ငွေကိုတိုက်ရိုက်မယ်ဆိုရင် အဲဒါက ဟာသတစ်ပုဒ် မဟုတ်နိုင်တော့ဘူး"

အနက်ရောင် မျှော်စင်ထဲမှာ လင်းဟန်က နည်းစနစ်ပေါင်း တစ်သောင်းကနေ တစ်ခုအဖြစ် သိုင်းကွက်ကို လေ့လာစမ်းစစ်နေခဲ့သည်။ ၎င်းက သာမန်ဓားချီအပေါ်မှာ အားလုံးကို မှီခိုပြီးတော့ အသက်သွင်းလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ဓားအလင်းတန်းကို ကျင့်ကြံပြီးတဲ့ နောက်မှာတော့ ဓားရဲ့နားလည်ရခက်တဲ့ လျှို့ဝှက်ချက်တွေကို သဘောပေါက်လာပြီး ချောချောမွေ့မွေ့ ဖြစ်လာပါလိမ့်မည်။

ဒါပေမဲ့လည်း လင်းဟန်က ဓားအလင်းတန်း အတုတစ်ခုကိုပဲ ဖြစ်စေခဲ့သည်။ ထို့ကြောင့် သူက ၎င်းကို ဖြည်းညှင်းစွာနဲ့ ကောက်ချက်ချနေသည်။ ဓားကိုငွေ့လိုက်သလို ဓားချီကလည်း အရမ်းကို မတည်ငြိမ်ပေ။

သူက ဓားအသစ်ကို ခရမ်းနဂါးဓားလို့ နာမည်ပေးလိုက်သည်။

ဘာဖြစ်လို့လည်းဆိုတော့ ဒီဓားကို ခရမ်းရောင်ရွှေနဂါးပုံစံ သတ္တုကနေ ပြုလုပ်ထားခြင်းကြောင့် ဖြစ်၏။ ၎င်း၏လက်ရှိ စွမ်းအားနဲ့ ပတ်သက်လျှင် အရိုးဓားကို ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်သေးပေ။ ၎င်းက အနည်းငယ် ပိုပြီးတော့ ထက်မြက်ပြီး အနည်းငယ် ပိုမိုခိုင်ခံ့သည်။

ဘာမှတော့ မတတ်နိုင်ပါဘူး။ အရိုးဓားက လိပ်ခွံနဂါး၏ သိုင်းအသိနဲ့ စစ်မှန်တဲ့ အဆင့်ခြောက် စိတ်ဂိညာဉ် ပစ္စည်းတစခု ဖြစ်ပြီး ဓားကိုပျော့ယမ်းလိုက်တာနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားက တောင်တစ်လုံးနဲ့ တူပေသည်။ ဒါပေမဲ့လည်း ခရမ်းနဂါးဓားက အလားအလာနဲ့ ပတ်သက်ရင် အနိုင်ရရှိသည်။ လင်းဟန်က ၎င်းကို သူ့ကိုယ်ပိုင် သိုင်းအသိနဲ့ ဆက်ပြီးတော့ အရောင်တင်နေသရွေ့ ၎င်းက လုံလောက်တဲ့ အချိန်တစ်ခု အတွင်းမှာ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်လာပါလိမ့်မည်။

"ဒါပေမဲ့လည်း အနည်းဆုံးတော့ ဆယ်နှစ်ကျော်ကနေ နှစ်ပေါင်းနှစ်ဆယ်ထိ လိုအပ်လိမ့်မယ်။ အဲဒီအချိန်ကျရင် ငါကသေချာပေါက် ကောင်းကင်အဆင့်ကို အဆင့်တက်သွားမှာ ဖြစ်ပြီးတော့ ဒီဓားက ငါ့အတွက် အများကြီး သုံးလို့ရလိမ့်မှာ မဟုတ်ဘူး"

"ဟူး ဒီဘဝမှာ အဆင့်တက်တာက အရမ်းကို မြန်လွန်းတယ်။ လက်နက်ကောင်း တစ်ခုကို ရဖို့ တော်တော်လေး ခက်တာပဲ။ ဒါကိုမပြောင်းလဲခင်အထိ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုအဖြစ်ကို ငါတကယ်ပဲ အရောင်တင်နိုင်မှာ မဟုတ်ဘူး"

သူက စောဒကတက်တယ် ဆိုပေမဲ့ လင်းဟန်ရဲ့ အပြုံးက အရမ်းကို တောက်ပလွန်းသည်။ ဘယ်သူကများ သူတို့၏ ကျင့်ကြံခြင်းကို မိုးထိအောင် ထိုးတက်မှာကို မလိုချင်တဲ့သူ ရှိလိမ့်မှာလဲ။

"တကယ်လို့ နတ်ဘုရား သတ္တုတစ်ခုကို ရခဲ့မယ်ဆိုရင် ဒီပြဿနာတွေက တစ်ခါတည်းနဲ့ ပြီးသွားလိမ့်မယ်။ အဲဒါကို ငါ့ကိုယ်တိုင် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုအဖြစ်ကို မွန်းမံသန့်စင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်။ ကံမကောင်းတာက နတ်ဘုရား သတ္တုတွေ ဆိုတာက ဒဏ္ဍာရီထဲမှာပဲ ရှိပြီးတော့ တကယ်လို့ အပိုင်းအစ တစ်ခုလောက် ပေါ်လာရင်တောင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် အဲဒီပစ္စည်းအတွက် တိုက်ခိုက်ကြလိမ့်မယ်။ အဲဒီပွဲမှာ ငါ့အနေနဲ့ ပါဝင်ဖို့ လုံးဝကို အဆင့်မမီသေးဘူး"

"ဘာပဲဖြစ်ဖြစ်ပါလေ။ ငါ့ရဲ့စိတ်တွေကို ဓားလေ့ကျင့်မှု

အပေါ်မှာပဲ ဆက်ပြီးတော့ နစ်မြုပ်ထား သင့်တယ်"

တစ်ညအတွင်းမှာ လင်းဟန်က နည်းစနစ်ပေါင်း တစ်သောင်းကနေ တစ်ခုအဖြစ် သိုင်းကွက်အပေါ်မှာ တိုးတက်မှု အနည်းငယ် ရရှိခဲ့ပေမဲ့ ဒီအောင်မြင်မှုက အတော်လေးကို အထင်ကြီး လေးစားဖို့ကောင်းပြီး အရိုးပုံစံ အစီအရင်ကို ထည့်နိုင်ခဲ့သည်။ အကယ်၍ သူ့မှာ နောက်ထပ်တစ်ရက်ခန့် အချိန်ရမယ်ဆိုရင် အောင်မြင်မှု ပိုမိုပြီးတော့ ရရှိအောင် လုပ်နိုင်စွမ်း ရှိပေလိမ့်မည်။

ဒါပေမဲ့လည်း မကြာခင်မှာ နေအလင်းရောင် တောက်ပလာပြီး နေ့လယ်အချိန်ကို ရောက်လာပါတော့မည်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်ပြီးတော့ အစားအသောက်ကို သာမန်ကာလျှံကာ စားပြီးတဲ့နောက်မှာ ကျူးရွှမ်အာ၊ ဟူးညို့နဲ့ ဟော့လျန်ချွင်ရှယ်တို့နဲ့အတူ မော်ဆေးပညာ ပြိုင်ပွဲဆီကို သွားခဲ့သည်။

အရှေ့၊ အနောက်၊ တောင်နဲ့မြောက်က စိတ်ဂိညာဉ် ရတနာ စံအိမ်၏ နယ်မြေလေးခုမှ ဌာနခွဲတွေ ဖြစ်ပြီးတော့ အလယ်ပိုင်းဒေသမှာ ၎င်း၏ဌာနချုပ်ရှိပြီး တစ်ကြိမ်တည်းနဲ့ လူပေါင်းတစ်ရာကျော်ခန့် စုစည်းနေကြသည်။

ဒီလိုမျိုး ပြိုင်ပွဲတစ်ခုက ဌာနခွဲတွေ ကိုယ်စီကိုယ်ငှအတွက် အောင်မြင်မှုနဲ့ ပတ်သက်ရုံတင်မက ထိရောက်တဲ့ အဓိပ္ပါယ်တစ်ခုလည်း ရှိသည်။ ရင်ဟောင်နဲ့ တခြားလူတွေက အနာဂတ် စိတ်ဂိညာဉ် ရတနာစံအိမ်ရဲ့ စံအိမ်အရှင်သခင် နေရာအတွက် ယှဉ်ပြိုင်နေကြပြီး သူတို့ရဲ့ လက်ရှိစွမ်းဆောင်မှုတွေကို အမှတ်ပေးပါလိမ့်မည်။ လွှမ်းမိုးနိုင်စွမ်းရှိသူက စံအိမ်အရှင်သခင်များ ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း ဖြစ်လာနိုင်သည်။

ဒီအချက်ကြောင့် ရင်ဟောင်နဲ့ တခြားလူတွေက သူတို့ရဲ့ နှလုံးသားတွေကို ဒီကိစ္စနဲ့ ပတ်သက်ပြီး စွမ်းဆောင်နိုင်မဲ့ နည်းလမ်းတွေမှာ သေချာအကွက်ချထားခဲ့ကြသည်။

ရင်ဟောင်အတွက် လူငယ်မျိုးဆက်ထဲမှာ တခြားနယ်မြေ လေးခုက အရှေ့ဘက် နယ်မြေက ရင်ဟွမ်ချီ၊ အနောက်ဘက် နယ်မြေက ရင်ဇီမင်း၊ တောင်ပိုင်းနယ်မြေက ရင်လီနဲ့ အလယ်ပိုင်း ဒေသက ရင်စီမြောင်တို့က ပြိုင်ဘက်တွေ ဖြစ်သည်။

သူတို့ရဲ့ စွမ်းဆောင်မျူတွေကို နှစ်ပေါင်းနှစ်ဆယ် လေ့လာစောင့်ကြည့်ပြီးမှ စံအိမ်အရှင်သခင်

ရွေးချယ်ပွဲအတွက် ကိုယ်စားလှယ်လောင်းအဖြစ် သူတို့အထဲမှ တစ်ယောက်ကို ရွေးချယ်ပါလိမ့်မည်။ အဲဒီနောက်မှာ သူတို့က ရင်မိသားစု ငါးခုရဲ့ လူငယ်တွေကို ဆက်လက်ရွေးချယ်ပြီး သူတို့အထဲကနေ စံအိမ်အရှင်သခင် ရွေးချယ်ပွဲအတွက် ကိုယ်စားလှယ်လောင်းကို ဆက်ပြီးတော့ ရွေးချယ်ပါလိမ့်မည်။

လက်ရှိစံအိမ်အရှင်သခင် ကိုးယောက်အထဲမှာ မတော်တဆမှုတစ်ခု ဒါမှမဟုတ် အသက်အရွယ်ကြောင့် သေဆုံးမှု ရှိခဲ့မယ်ဆိုရင် သူ့ရဲ့နေရာကို ဆက်ခံဖို့ စံအိမ်အရှင်သခင် ကိုယ်စားလှယ်လောင်းကို အမွေအနှစ်ပေးအပ်ခဲ့နိုင်သည်။ မုန်လာဥတစ်ဥက ယုန်တွင်းတစ်ခု အတွက်သာ ဖြစ်သည်။ လူအများကြီးက အဆင့်အတန်းကို မြင့်မားအောင် လုပ်ဆောင်နေ ကြ၏။

ဉာနခွဲကိုယ်စီက မှော်ဆေးပညာ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မဲ့ သူတို့ရဲ့ ပြိုင်ပွဲဝင်တွေကို ကြေညာကြသည်။ သူတို့အားလုံးက အံ့မခန်းအစွမ်းထက်တဲ့ မှော်ဆေးပညာ ပါရမီရှင်တွေကို ဖိတ်ခေါ်ခဲ့ကြပြီး အမြင့်ဆုံး အဆင့်က အသက်နှစ်ဆယ့်ကိုးနှစ်မျှသာ ရှိသေးတဲ့ မြေကမ္ဘာ အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်၏။

ထိုလူကို ရွှမ်ဂျီယွမ်လို့ ခေါ်ပြီးတော့ တောင်ပိုင်းနယ်မြေမှ ဖြစ်သည်။ အဲဒီအချိန်မှာ တခြားနယ်မြေ သုံးခုက ဖိတ်ခေါ်ခဲ့တဲ့ မှော်ဆေးပညာရှင်တွေ အားလုံးက အဆင့်မြင့် အဝါရောင်အဆင့်တွေပဲ ဖြစ်သည်။

အသက်သုံးဆယ် မပြည့်ခင် အဝါရောင် အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခြင်းက အရမ်းကို အထင်ကြီးစရာကောင်းတဲ့ အရာတစ်ခု ဖြစ်သည်။ ၎င်းက ပတ်ဂန်းကျင်နဲ့လည်း ပတ်သက်ဆက်နွယ်နေသည်။ ပတ်ဂန်းကျင်က ပိုမိုကောင်းလေ စိတ်ဂိညာဉ် ဆေးပင်တွေ ပိုမိုပေါက်ရောက်ပြီး မှော်ဆေးပညာရှင် ဆရာသခင်တွေကလည်း အဆင့်မြင့် မှော်ဆေးလုံးတွေကို မွှန်းမံသန့်စင် ဖော်စပ်နိုင်တဲ့ ပမာဏ တိုးလာနိုင်သည်။

မှော်ဆေးလုံးတွေကို အကြိမ်များများ ဖော်စပ်ခြင်းဖြင့် သူတို့ရဲ့ မအောင်မြင်မှုတွေ ကျရှုံးမှုတွေထဲမှ လိုအပ်ချက်များကို လေ့လာသင်ယူနိုင်ပြီး အောင်မြင်အောင် လုပ်ဆောင်နိုင် ကြပါလိမ့်မည်။

ဥပမာ မအောင်မြင်ခင် ၉၉ကြိမ်ခန့် ကျဆုံးတယ် ဆိုရင် လင်းဟန်ရဲ့ အရင်ဘဂက ပတ်ဂန်းကျင်နဲ့ ဆိုရင်တော့ လိုအပ်တဲ့ ပါဂင်ပစ္စည်း ပမာဏကို စုဆောင်းဖို့အတွက်

အချိန်ကိုးဆယ့်ကိုးနှစ်ခန့် လိုအပ်နိုင်ပေသည်။ ဒါပေမဲ့လည်း လက်ရှိပတ်ဂန်းကျင် အနေအထားနဲ့ဆိုရင် နှစ်ပေါင်း သုံးဆယ် ငါးဆယ်က လုံလောက်ပြီး အခြေအနေတွေက လုံးဂကို နိုင်းယှဉ်လို့ မရဘူးဆိုတာ သိသာထင်ရှား လှပေသည်။

ဒါကြောင့် သိုင်းပညာရှင် ပါရမီရှင်တွေ ဒါမှမဟုတ် မှော်ဆေးပညာ ပါရမီရှင်တွေက တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်လာတာက အထူးတလည် အံ့သြစရာတော့ မဟုတ်တော့ပေ။ ပတ်ဂန်းကျင်က ပြောင်းလဲသွားခဲ့ပြီး အရာအားလုံးကလည်း ပြောင်းလဲကုန်ပြီ ဖြစ်၏။

မှော်ဆေးပညာ ပြိုင်ပွဲက ရင်ဖိုစရာ အနည်းဆုံး ပြိုင်ပွဲတစ်ခု ဖြစ်သည်။ ရွှမ်ဂျီယွမ်၏ မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးပညာရှင်၏ အဆင့်အတန်းကို ကြေညာလိုက်ခြင်းက သူ၏နိုင်ပွဲကို ကြေညာလိုက်ခြင်းနှင့် ထပ်တူညီပေပြီး တခြားမိသားစု သုံးခုက မှော်ဆေးပညာရှင်တွေ အားလုံးကို စိတ်ဓာတ်ကျသွားစေသည်။ ရင်ဟောင်တစ်ယောက်ပဲ ယုံကြည်မှုတွေနဲ့ ပြည့်နှက်နေဆဲ ဖြစ်သည်။

ဘယ်လိုဟာသလဲ။

သူမဖိတ်ခေါ်ထားတဲ့ မော်ဆေးပညာရှင်က ကောင်းကင်အဆင့် မော်ဆေးပညာရှင်လေ။ ဟုတ်တယ်မလား။ ခစ်ခစ်ခစ်။

Chapter 578 end

အပိုင်း(၅၇၉) ပါဝင်ပစ္စည်းများ ရွေးချယ်ခြင်းနှင့် စတင်ဖော်စပ်ခြင်း

"ပြိုင်ဖို့ရော လိုသေးလို့လား"

ရင်လီက ပြောလိုက်သည်။ သူက လုံးဝကို ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပေမဲ့ နလုံးသားထဲမှာ အရမ်းကို မောက်မာနေမှန်း သိသာထင်ရှားသည်။

မော်ဆေးပညာ ပြိုင်ပွဲမှာ သူက မြေကမ္ဘာအဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက်ကို ဖိတ်ခေါ်ခဲ့ပြီး သိုင်းပညာပြိုင်ပွဲအတွက် သူက လူထူးလူဆန်းဖြစ်တဲ့ ရွှမ်ယွမ်ဇီကွမ်းကိုတောင် ဖိတ်ခေါ်နိုင်ခဲ့သည်။ ထို့အပြင် သူက ဂေါ်ပါ အစီအရင်တွေကို အဓိက ကျင့်ကြံပြီး သူကိုယ်တိုင်က အဆင့်မြောက် ဂေါ်ပါအစီအရင်

အရှင်သခင်တစ်ယောက် ဖြစ်နေ၏။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ ဒီပြိုင်ပွဲမှာ လုံးဂကို အသာစီးရယူထားပြီး သူရဲ့နောက်ခံ အင်အားမှာ အရမ်းကို ဂုဏ်ယူစရာကောင်းတဲ့ အတွေ့အကြုံ တစ်ခုကို ထပ်ပြီးတော့ ပေါင်းထည့်လိုက်သလို ဖြစ်နေသည်။

"ဘာလို့မပြိုင်ရမှာလဲ"

ရင်ဟောင်က လက်နှစ်ဖက်ကို ပိုက်ထားပြီး သူမရဲ့ ဖွံ့ထွားလှတဲ့ ရင်သားတွေကို ပြူးထွက်လာ စေခဲ့သည်။ တခြားလူတွေက သူမရဲ့ ရင်သားတွေ ဘယ်လောက်တောင် ဖွံ့ထွားတယ်ဆိုတာကို ငြင်းခုန်နေကြသည်။

"နင့်ရဲ့ မှော်ဆေးပညာရှင်က လုံးဂကို မျှော်လင့်မထားတဲ့ ကျရှုံးမှုနဲ့လည်း ကြုံတွေ့ရနိုင်ချေ ရှိတာပဲလေ"

"ဟုတ်တယ်။ မှော်ဆေးလုံး ဖော်စပ်တာက စေ့စပ်သေချာတဲ့ အလုပ်တစ်ခုပဲ။ နည်းနည်းလေး မဆိုသလောက် သတိမမူလိုက်တာနဲ့ ရလဒ်က ရှုံးနိမ့်သွားနိုင်တယ်။ အစ်ကိုလီက အရမ်းကို ကျေနပ်အားရလွန်းနေတယ်"

ရင်ဟွမ်ချီကလည်း ပြောလိုက်သည်။

"ဒါဆိုရင်လည်း ပြိုင်ပွဲကို စကြတာပေါ့"

ကလန်ထဲမှ အကြီးအကဲများ၏ စောင့်ကြပ်ခြင်းအောက်မှာ မှော်ဆေးပညာ ယှဉ်ပြိုင်ပွဲကို စတင်လိုက်သည်။

မိသားစုထဲက လူတိုင်းလူတိုင်း ပြိုင်ပွဲထဲကို မှော်ဆေးပညာရှင် သုံးယောက်ကို စေလွှတ်နိုင်ပြီး အကောင်းဆုံး ရမှတ်ကို ရရှိတဲ့ လူတစ်ယောက်ကို ရွေးချယ်အမှတ်ပေးမှာ ဖြစ်သည်။ ရင်လီက ယုံကြည်ချက်တွေ ပြည့်နှက်နေပြီး ရှမ်ဂျီယွမ် တစ်ယောက်ကိုပဲ စေလွှတ်ခဲ့သည်။ ရင်ဟောင်က လင်းဟန်ကို ပိုပြီးတော့တောင် ယုံကြည်စိတ်ချပြီး သူမကလည်း လင်းဟန် တစ်ယောက်ကိုပဲ စေလွှတ်ခဲ့သည်။

တခြားမိသားစု သုံးခုကတော့ အများအယွင်း ဖြစ်မှာကို ကြောက်ရွံ့တာကြောင့် စိတ်ချရအောင် သုံးယောက်စလုံးကို စေလွှတ်ကြသည်။

မှော်ဆေးလုံး ဖော်စပ်နေချိန် အတွင်းမှာ မှော်ဆေးကျိုအိုး ပေါက်ကွဲခြင်းက ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာတစ်ခု ဖြစ်သည်။

ကောင်းကင်အဆင့် မော်ဆေးပညာရှင် နှစ်ယောက်ဖြစ်တဲ့ ထန်ဇီရှီနဲ့ နန်းပိုရှင်းတောင်မှ မော်ဆေးလုံး ဖော်စပ်နိုင်တဲ့ နှုန်းက တစ်ရာရာခိုင်နှုန်း အာမခံချက် မရှိပေ။ တခြားလူများဆိုလျှင်တော့ ပြောနေစရာတောင် လိုလိမ့်မည် မထင်။

မော်ဆေးပညာ ပြိုင်ပွဲမှာ အခွင့်အရေး တစ်ကြိမ်ပဲ ရှိပြီးတော့ မော်ဆေးကျိုအိုး ပေါက်ကွဲလျှင် ရှုံးနိမ့်သွားပါပြီ။

ပထမ အဆင့်က မိမိဖော်စပ်မည့် ဆေးလုံးအမျိုးအစားအတွက် ပါဝင်ပစ္စည်းတွေကို အတည်ပြု ရွေးချယ်ခြင်း ဖြစ်သည်။

ဤနေရာတွင် အရမ်းကို ကြီးမားတဲ့ စွန့်စားခြင်းတစ်ခု ပါဝင်သည်။

အစောပိုင်း ပြောခဲ့သလိုမျိုး မည်သည့်မော်ဆေးပညာရှင်မှ သူတို့၏ ရင်ဘက်ကို ပုတ်ပြီးတော့ တစ်ရာရာခိုင်နှုန်းအပြည့် မော်ဆေးလုံး ဖော်စပ်ခြင်းမှာ အောင်မြင်လိမ့်မည်ဟု ပြောဆိုပုံခြင်း မရှိကြပေ။ အဆင့်နိမ့် မော်ဆေးလုံးတွေကို ဖော်စပ်မည်ဆိုပါက အောင်မြင်နိုင်မှုနှုန်းက တစ်ရာရာခိုင်နှုန်းနီးပါး ရှိပေလိမ့်မည်။ ဒါပေမဲ့ အဆင့်မြင့်တဲ့

မော်ဆေးလုံးကို ဖော်စပ်မည် ဆိုပါက လူတစ်ယောက်၏ ကိုယ်ပိုင်မော်ဆေးပညာ အဆင့်နဲ့ နီးကပ်လာလေ ကျရှုံးနိုင်ချေက ပိုပြီးတော့ တိုးလာနိုင်ပေသည်။

ပုံမှန်အရတော့ မြေကမ္ဘာအဆင့်နိမ့် မော်ဆေးပညာရှင် တစ်ယောက်က မြေကမ္ဘာအဆင့် အဆင့်နိမ့်မော်ဆေးလုံးတွေကို ဖော်စပ်မယ်ဆိုရင် အောင်မြင်နိုင်ချေက သုံးဆယ်ရာခိုင်နှုန်းပဲ ရှိပြီးတော့ မော်ဆေးကျိုအိုး သုံးအိုးမှာ တစ်ကြိမ်တစ်ခါပဲ အောင်မြင်နိုင်ပေသည်။

ဒါကြောင့် အကယ်၍ ရှမ်ဂျီယွမ်က မြေကမ္ဘာအဆင့် အဆင့်နိမ့် မော်ဆေးလုံးကို ဖော်စပ်ပြီး အောင်မြင်ခဲ့မယ်ဆိုင် တခြားမော်ဆေးပညာရှင်တွေက အရှုံးကို ဂုန်ခံလိုက်ရုံမှလွဲပြီး ဘာမှတတ်နိုင်လိမ့်မည် မဟုတ်ပေ။ ဒါပေမဲ့ အကယ်၍ သူကျဆုံးခဲ့မယ် ဆိုရင်ရော။ ကျရှုံးနိုင်ချေက ခြောက်ဆယ်ရာခိုင်နှုန်း ရှိပြီးတော့ သူတစ်ကြိမ် မအောင်မြင်တာနဲ့ ပြီးဆုံးသွားပါပြီ။

ထို့ကြောင့် လူတစ်ယောက်ရဲ့ မော်ဆေးပညာ အဆင့်ပေါ် အခြေခံပြီး ဘယ်လိုမျိုး မော်ဆေးလုံးကို ဖော်စပ်မလဲဆိုတာကို ရွေးချယ်ရုံတင်မက

ပြိုင်ဘက်ဖြစ်သူတွေက ဘယ်လိုအရာကို ရွေးချယ်မလဲ ဆိုတာကိုပါ စဉ်းစားရပါလိမ့်မည်။

ထိုအချိန်မှာ မှော်ဆေးပညာရှင် ဆယ်ယောက်က ဆေးပင်အံ့ဆွဲတွေကနေ သူတို့၏ ဆေးပင်ခြင်းထဲကို ပါဂင်ပစ္စည်းတွေ အမြောက်အမြား ပစ်ထည့်လိုက်ကြသည်။ ဒါပေမဲ့လည်း သူတို့၏ နှလုံးသားထဲမှာ ဒီဆေးပင်တွေနဲ့ ပတ်သက်ဆက်နွယ်တဲ့ မှော်ဆေးလုံးတွေကို ဖော်စပ်မလို့လား ဒါမှမဟုတ် အမှန်ကိုဖုံးကွယ်ဖို့အတွက် ဗန်းပြထားတဲ့ ကိစ္စသက်သက်လား ဆိုတာကတော့ သူတို့ကိုယ်တိုင်ပဲ သိပေလိမ့်မည်။

ဒါက ဉာဏ်ပညာနဲ့ ခွန်အားကို အသုံးပြုပြီး တိုက်ခိုက်ရတဲ့ အလုပ်တစ်ခု ဖြစ်သည်။

လင်းဟန် တစ်ယောက်ပဲ ဘာကိုမှ ဂရုမစိုက်ပဲ မှော်ဆေးလုံးဖော်စပ်ဖို့ ပါဂင်ပစ္စည်းတွေကို သွားရောက်ရွေးချယ်လိုက်သည်။

ကံမကောင်းတာက ဆေးအံ့ဆွဲတွေ အထဲမှာ ကောင်းကင်အဆင့် ပါဂင်ပစ္စည်းတွေ တစ်ခုမှ ရှိမနေခဲ့ပေ။

ဒါကလည်း ယုတ္တိရှိ၏။ ကောင်းကင်အဆင့် ပါဝင်ပစ္စည်းတွေက အရမ်းကို တန်ဖိုးကြီးမားပြီး ဘယ်လိုလုပ်ပြီး ထုတ်ပေးနိုင်မှာလဲ။ လူတိုင်းလူတိုင်း သိနားလည်ထားသလိုပဲ အခုဆိုရင် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်က သုံးယောက်ပဲရှိ၏။ အကယ်၍ စိတ်ဂိညာဉ် ရတနာ စံအိမ်က ကောင်းကင်အဆင့် မှော်ဆေးလုံးအတွက် ပါဝင်ပစ္စည်းတွေကို အခုချိန်မှာ ထုတ်ပေးလိုက်ရင် ဖြုန်းတီးတာကလွဲပြီးတော့ ဘာအတွက် အသုံးပြုမှာလဲ။

သူတို့က ကုန်သည်တွေဖြစ်ပြီး အရူးတွေ မဟုတ်ကြပေ။

လင်းဟန်က ပါဝင်ပစ္စည်းတွေကို သာမန်ကာလျှံကာ ရွေးချယ်ပြီး တခြားသူတွေကို လုံးဝကို အာရုံမစိုက်ပေ။ သူ့အတွက်တော့ မှော်ဆေးလုံး ဖော်စပ်ခြင်းက ကိုယ်လက်လှုပ်ရှားမှု တစ်ခုမျှသာ ဖြစ်သည်။ သူ၏ပန်းတိုင်ကား နောက်ခြောက်ရက် အကြာမှာ ကျင်းပမဲ့ သိုင်းပညာပြိုင်ပွဲဖြစ်ပြီး ရွှမ်ယွမ်ဇီကွမ်းနဲ့ တိုက်ခိုက်ယှဉ်ပြိုင်ပြီး လူငယ်မျိုးဆက်တွေ အကြားမှာ အသန်မာဆုံးက ဘယ်သူလဲဆိုတာကို မြင်တွေ့စေဖို့ ဖြစ်သည်။

လင်းဟန်က သူ၏နေရာကို ပြန်လာပြီး ချက်ချင်းပဲ ဆေးဖော်စပ်ဖို့ မှော်ဆေးကျိုအိုးကို စတင်ကိုင်လိုက်သည်။

"ဒီကောင်လေးက ငတုံးလား။ အခုချက်ချင်း ဖော်စပ်တော့မှာလား"

"သုံးရက်တောင် အချိန်ရတာပဲ။ ပထမနေ့က ပြိုင်ဘက်ဖြစ်တဲ့သူတွေကို ဖိအားပေးရမယ်လေ။ ပြိုင်ဘက်ဖြစ်တဲ့သူတွေကို အဆင့်မြင့်ပြီး ခက်ခဲတဲ့ မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ ရွေးချယ်မှု အများတွေ ပြုလုပ်အောင် လုပ်တာက အကောင်းဆုံးပဲ။ အဲဒါဆိုရင် ပြိုင်ဘက်တွေရဲ့ ဆေးကျိုအိုး ပေါက်ကွဲနိုင်ချေက မြင့်မားလာလိမ့်မယ်"

"ကြည့်ရတာ မြောက်ပိုင်းဒေသက အနိုင်ရဖို့ မျှော်လင့်ချက် မရှိတော့ဘူး"

"နောက်ဆုံးတစ်ကြိမ်တုန်းက သူတို့က အောက်ဆုံးမှာပဲလေ။ ဒီတစ်ကြိမ်လည်း ဘာမှ ထူးမခြားနားပဲ ဖြစ်မှာပါကွာ"

"ပထမနေရာက တောင်ပိုင်းဒေသအတွက် ဖြစ်နိုင်တယ်။ မြေကမ္ဘာအဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်မှာ

အရမ်းကို ကြီးမားတဲ့ စိတ်ပိုင်းဆိုင်ရာ အားသာချက် ရှိနေတယ်။ တကယ်လို့ သူက အဆင့်မြင့် အနက်ရောင် မှော်ဆေးလုံးကို ဖော်စပ်ဖို့ ရွေးချယ်လိုက်မယ်ဆိုရင် အောင်မြင်မှုနှုန်းက အကြီးအကျယ် တိုးလာနိုင်ပြီး တခြားပြိုင်ဘက်တွေကို အဆင့်မြင့်တဲ့ မှော်ဆေးလုံးတွေ ဖော်စပ်ဖို့အတွက် ရွေးချယ်အောင် ဖိအားပေးနိုင်လိမ့်မယ်။ ဒါဆိုရင် ပြိုင်ဘက်တွေရဲ့ ဆေးကျိုအိုး ပေါက်ကွဲနိုင်ချေက အရမ်းကို မြင့်မားလာနိုင်တယ်”

“ဟုတ်တယ်။ ရွှမ်ယွမ်ဇီကွမ်းကိုလည်း တောင်ပိုင်းဒေသက ဖိတ်ခေါ်ထားပြီး သိုင်းပညာ ယှဉ်ပြိုင်ပွဲမှာ သူကသေချာပေါက် ပထမနေရာကို ရဖို့အတွက် ရေပန်းစားနေတယ်”

“ရင်လီရဲ့ ဂင်္ဂါပါအစီအရင်ပညာ စွမ်းရည်ကလည်း အထင်ကြီးစရာကောင်းတယ်။ တကယ်လို့ အဲဒီပြိုင်ပွဲမှာ သူက ပထမနေရာကို မရခဲ့ဘူး ဆိုရင်တောင် ဒုတိယနေရာကို သူ့အနေနဲ့ လွယ်လွယ်လေး ရနိုင်တယ်။ ပထမနေရာနစ်ခုနဲ့ ဒုတိယနေရာတစ်ခုဆိုတော့ သေချာပေါက် ဒီတစ်ကြိမ် ပြိုင်ပွဲမှာ ဗိုလ်စွဲလိမ့်မယ်”

စိတ်ဝိညာဉ် ရတနာ စံအိမ်၏ အကြီးအကဲတွေက

တစ်ယောက်ပြီးတစ်ယောက် မှတ်ချက်ပေးကောက်ချက်ချလိုက်ကြသည်။ ဒါပေမဲ့ လူတချို့ကတော့ ပြောရခက်တဲ့ အမူအရာတွေ ဖြစ်ပေါ်နေကြသည်။ ဥပမာ ရင်ရှုရန်က လင်းဟန်ကို ကြည့်နေသည်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက်နဲ့ သွေးသောက်ညီအစ်ကို ဖြစ်လာနိုင်စွမ်း ရှိတယ်ဆိုမှတော့ သူကဘယ်လိုလုပ်ပြီး ရိုးရှင်းနိုင်မှာလဲ။

"ဘာလဲဟ။ ဒီကောင်လေးရဲ့ လက်ဟန်လှုပ်ရှားမှုတွေက အံ့အားသင့်စရာ ကောင်းလိုက်တာ"

မကြာခင်မှာပဲ အံ့အားသင့်စွာနဲ့ အော်ဟစ်ပြောဆိုသံတွေ ထွက်ပေါ်လာခဲ့သည်။ စိတ်ဂိညာဉ် ရတနာ စံအိမ်မှာ ကိုယ်ပိုင်မော်ဆေးပညာရှင်တွေ မရှိပေမဲ့ သူတို့က မော်ဆေးပညာရှင် အဖွဲ့အစည်းနဲ့ ကောင်းမွန်တဲ့ ပတ်သက်ဆက်နွယ်မှု ရှိကြသည်။ ဒါကြောင့် သူတို့က မော်ဆေးပညာရှင်တွေရဲ့ ဆေးလုံးဖော်စပ်မှုတွေကို ကြိမ်ဖန်များစွာ တွေ့မြင်ခဲ့ဖူးကြသည်။ မော်ဆေးလုံးကို ဘယ်လိုမျိုး မွန်းမံသန့်စင်ရမယ်ဆိုတာကို သူတို့တွေက လုံးဝမသိပေမဲ့ အဲဒါကို နည်းနည်းတော့ အာရုံခံနိုင်စွမ်း ရှိကြသည်။

လင်းဟန်၏ နည်းစနစ်က သေချာပေါက်ကို အံ့အားသင့်စရာ ကောင်းလွန်းနေသည်။

"အတွေ့အကြုံရှိတဲ့ ဂါရင့်တစ်ယောက်ပဲ"

"ချောမွေ့ညင်သာလိုက်တာ"

"တစ်ခါတည်းနဲ့ ပြီးသွားတယ်"

ဒီမြင်ကွင်းကို လူတွေအများကြီး ပိုပိုမြင်တွေ့လာပြီး အံ့အားသင့်တဲ့ အမူအရာတွေ ထွက်ပေါ်လာခဲ့ ကြသည်။ ဒီလူငယ်လေးက အသက်နှစ်ဆယ့်လေး နှစ်ဆယ့်ငါးဂန်းကျင်ပဲ ရှိသေးပြီး ဘယ်လိုလုပ် သူ့ရဲ့နည်းစနစ်တွေက ကျွမ်းကျင်မှုတွေနဲ့ ပြည့်ဝနေနိုင်ရတာလဲ။

"သူက ဘာမှော်ဆေးလုံးကို ဖော်စပ်နေတာလဲ"

"ပါဂင်ပစ္စည်းတွေကို ကြည့်ရတာတော့ ဖြစ်နိုင်ချေ ရှိတာက ပြောင်းလဲခြင်းငါးမျိုး အနက်ရောင် ကျောက်စိမ်းဆေးလုံးပဲ"

"ဒါ ဒါ ဒါက မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံး အမျိုးအစား မဟုတ်လား"

"ဘာပြောတယ်။ ဒီကောင်လေးက အရူးပဲ။ သူက မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံးကို ဖော်စပ်နေတယ် ဟုတ်လား"

ရင်ဟောင်ရဲ့ ပါးစပ်ထောင့်က တွန့်လိမ်ရှုံ့မဲ့သွားပြီး သူမက စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်သည်။

"ဒီကောင်စုတ်လေးက ရင်တို့ကို မျက်နှာသာ ပေးတဲ့အနေနဲ့ပ ကောင်းကင်အဆင့် မှော်ဆေးလုံးကို မဖော်စပ်တာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရင်တို့တွေ အားလုံးက ထိတ်လန့်ပြီး သေသွားကြလိမ့်မယ်"

လင်းဟန်ရဲ့ ကျွမ်းကျင်မှု ပြည့်ဝတဲ့ နည်းစနစ်နဲ့ ချောမွေ့ညင်သာပြီး အရမ်းကို လွယ်ကူရိုးရှင်းကာ ကြည့်မြင်နေရတဲ့ လူတိုင်းရဲ့ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ ဒါကမှော်ဆေးလုံး ဖော်စပ်ခြင်း မဟုတ်ပေမဲ့ ဆရာသခင် တစ်ယောက်ရဲ့ ပညာရပ်တစ်ခုကို သရုပ်ပြနေခြင်းနဲ့ တူသည်။

အရမ်းကို အံ့သြဖို့ ကောင်းလိုက်တာ။

ပါဝင်ဆေးပစ္စည်းတွေကို သန့်စင်ခြင်းနဲ့ စစ်ထုတ်ခြင်းတွေ လုံးဝကို ပြီးသွားတဲ့နောက်မှာ လင်းဟန်က ဆေးလုံးဖော်စပ်ခြင်းကို စတင်လိုက်သည်။

သူက ပန်းဖူးအဆင့်ကို ရောက်နေပြီ ဖြစ်တာကြောင့် ထူးဆန်းတဲ့ မီးရဲ့အကူအညီ မပါပဲနဲ့ မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံးတွေကို သူရဲ့ကိုယ်ပိုင် ခွန်အားနဲ့ ဖော်စပ်နိုင်သည်။ သူရဲ့ပုံရိပ်က လှုပ်ရှားနေပြီး လက်ဝါးတစ်ချက်ပြီးတစ်ချက် ဆေးကျိုအိုးကို ရိုက်ထုတ်ပြီးတော့ မီးတောက်တွေက ပန်းပွင့်တွေလိုမျိုး ရောင်စဉ်ဖြာပြီး လောင်ကျွမ်းထွက်ပေါ်လာခဲ့သည်။

ဒါက ပါဝင်ပစ္စည်းတွေ အထဲက ကောင်းကင်နဲ့ မြေကြီး၏ အဆီအနှစ်တွေကို ဆွဲထုတ်ယူခြင်း ဖြစ်ပြီးတော့ ဆေးအစွမ်းတွေကို ပြီးပြည့်စုံစွာ ထွက်ပေါ်လာစေသည်။

"အဟွတ် အဟွတ်။ မယုံနိုင်စရာပဲ။ ဒီကောင်လေးက အရမ်းကို အတွေ့အကြုံရှိတယ်။ ဆေးလုံး ဖြစ်ပေါ်လာဖို့ တကယ်ပဲ မျှော်လင့်ချက် ရှိနိုင်တယ်"

"အခုအခြေအနေကို ကြည့်ရတာတော့ အရာအားလုံးက အဆင်ပြေ လွယ်ကူချောမွေ့နေတယ်"

"လခွမ်း။ ဒီကမ္ဘာကြီးထဲမှာ နောက်ထပ် မှော်ဆေးပညာ ပါရမီရှင်တစ်ယောက် ရှိနေတယ်။ အသက်နှစ်ဆယ်နဲ့ မြေကမ္ဘာအဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်နေပြီးတော့ ကောင်းကင်အဆင့်ကို အဆင့်တက်ဖို့ သူ့အနေနဲ့ အရမ်းကို အခွင့်အလမ်း များတာပဲ"

"မင်းတို့ကောင်တွေ မမေ့နဲ့ဦး။ ဒီကောင်လေးရဲ့ သိုင်းပညာပါရမီကလည်း မဆိုးဘူး"

လူထူးလူဆန်းပဲ။

လင်းဟန်က စိတ်လှုပ်ရှားမှု မရှိပဲ ဆေးလုံးဖော်စပ်ခြင်း အပေါ်မှာပဲ အာရုံစိုက်ထားလိုက်သည်။ နေ့တစ်ဂက်ခန့် အကြာမှာ မှော်ဆေးကျိုအိုး၏ အပေါ်တွင် သိပ်သည်းနေတဲ့ မြူတွေ မျောလွင့်လို့နေပြီး တောင်တန်းတွေနဲ့ မြစ်တွေ၊ ငှက်တွေနဲ့ သားရဲကောင်တွေအပြင် တခြားပုံစံ အမျိုးမျိုးကို ပြောင်းလဲသွားပြီး အရမ်းကို လှို့ပှက်ဆန်းကြယ်လွန်းလှသည်။

"ဆေးလုံးက ဖြစ်ပေါ်လာတော့မယ်"

လူတိုင်းလူတိုင်းက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက်ကြသည်။

ရှမ်ဂျီယွမ်နဲ့ တခြားမှော်ဆေးပညာရှင်တွေက လင်းဟန်ကို တန်ခိုးရှင် တစ်ပါးလိုမျိုး ကြည့်နေကြ၏။ မှော်ဆေးပညာမှာ အဆင့်ကွာဟချက်ကလည်း သိုင်းပညာမှာ အဆင့်ကြီးတစ်ခု ကွာဟချက်နဲ့ တူညီသည်။ ဒါက လုံးဝကို ကွာဟချက် တစ်ခုဖြစ်ပြီး မြေကမ္ဘာအဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူတို့အနေနဲ့ အလုပ်ကျွေးပြု ခစားချင်တဲ့ စိတ်တွေလည်း ဖြစ်ပေါ်လာသည်။

Chapter 579 end

အပိုင်း(၅၈၀) ရှမ်ယွမ်ဇီကွမ်းနဲ့ အဆုံးအဖြတ်တိုက်ပွဲ ဆင်နွှဲခြင်း

တစ်ရက်ကြာပြီးတဲ့နောက် ပြောင်းလဲခြင်းငါးမျိုး အနက်ရောင် ကျောက်စိမ်းဆေးလုံးကို ဖော်စပ်ပြီးခဲ့သည်။

ကံကောင်းတာက ဒီဆေးလုံးက မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံး အမျိုးအစား တစ်ခုပဲ ဖြစ်တာကြောင့်

ဆေးလုံးကပ်ဘေးတစ်ခုကို ဆွဲဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ဒါပေမဲ့လည်း ၎င်း၏ အရည်အသွေးက အရမ်းကို မြင့်မားပြီး ကောင်းကင်နဲ့ မြေကြီး၏ ဟိန်းသံကို ဆွဲဆောင်နိုင်ပြီး မိုးကြိုးလျှပ်စီး တိမ်တိုက်တွေက မိုးကြိုးလျှပ်စီးတွေ မပစ်ချပဲ တအုန်းအုန်းနဲ့ ခြိမ်းနေကြသည်။

ဘုန်း။

လင်းဟန်က မှော်ဆေးကျိုအိုး၏ အဖုံးကို အင်အားသုံး ရိုက်ဖွင့်လိုက်ပြီး ကြည်လင်တောက်ပပြီး လုံးဝန်းတဲ့ မှော်ဆေးလုံး သုံးလုံးက ဆေးကျိုအိုးထဲကနေ အတောင်ပံ ပေါက်နေသလိုမျိုး ခုန်ထွက်လာပြီး အဝေးကို ထွက်ပြေးလိုက်သည်။ မြေကမ္ဘာအဆင့်ကနေ စပြီးတော့ မှော်ဆေးလုံးတွေက စိတ်ဝိညာဉ် ရှိပြီး ကောင်းကင်အဆင့် မှော်ဆေးလုံးတွေက ပိုပြီးတော့တောင် ပေါ်လွင်ထင်ရှားပြီး သာမန်လူတွေ အနေနဲ့ အလွှာတစ်ခုကိုတောင် ဖြတ်ပြီးတော့ မြင်နိုင်စွမ်း မရှိကြပေ။

လင်းဟန်က သာမန်ကာလျှံကာ ဖမ်းယူပြီးတော့ ပြောလိုက်သည်။

"ဆေးလုံးတွေကို စစ်ဆေးကြည့်ပါ"

စိတ်ဂိညာဉ် ရတနာ စံအိမ်အတွက်တော့ ဆေးလုံး၏ အရည်အသွေးကို စစ်ဆေးရတာက အသေးအဖွဲ့တစ်ခု ဖြစ်သည်။ ဒါကလည်း သူတို့လုပ်နေကျ အလုပ်တစ်ခုဖြစ်၏။ ချက်ချင်းဆိုသလို ရာဖြတ်သုံးယောက်က ပြိုင်ပွဲကွင်းထဲကို ရောက်လာပြီး အနီးကပ် စစ်ဆေးကြည့်ရှုကာ မကြာခင်မှာ ကောက်ချက်ချ သုံးသပ်လိုက်သည်။

ဆေးလုံးသုံးလုံး၏ အရည်အသွေးက ကြယ်ဆယ်လုံးကို ရောက်ရှိပြီး ၎င်းတို့ကို ပြီးပြည့်စုံတယ်လို့ ခေါ်ဆိုနိုင်ပေသည်။

လင်းဟန်က ပညာကို လျှို့ထားတာဖြစ်ပြီး ကြယ်ဆယ့်သုံးပွင့် ဒါမှမဟုတ် ကြယ်ဆယ့်လေးပွင့် ရောက်အောင် ဖော်စပ်ဖို့က သူ့အတွက်တော့ ပြဿနာမရှိပေ။

ပထမ နေရာကို ထိုက်ထိုက်တန်တန် ရရှိသွားခဲ့သည်။

ရွှမ်ဂျီယွမ်နဲ့ တခြားမော်ဆေးပညာရှင်တွေက ပါဂင်ပစ္စည်းရွေးချယ်ခြင်းကို ရပ်လိုက်ကြသည်။ သူတို့က ဘာကိုများ ဖော်စပ်ဖို့ လိုအပ်သေးလို့လဲ။ သူတို့က တစ်ယောက်ပြီးတစ်ယောက် လင်းဟန်ဆီကို လာပြီးတော့ ရိုသေလေးစားစွာနဲ့ ဦးညွှန် ဂါရဝ ပြုလိုက်ကြသည်။ သူက

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် မပာတ်ပေမဲ့ အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးလုံးကို ဖော်စပ်ခဲ့ပြီး ကြယ်ဆယ်ပွင့်အရည်အသွေး ရှိတာကြောင့် သူ့အနေနဲ့ ဘယ်လောက်တောင် ထူးချွန်ထက်မြက်လိုက်သလဲ။

ဤကဲ့သို့သော အနာဂတ်၏ ဂရန်းမာစတာတစ်ယောက် အရှေ့မှာ သူတို့အနေနဲ့ သူတို့ကိုယ်သူတို့ ရဲတင်းပြီးတော့ ပြမှုလုပ်ဆောင်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

မှော်ဆေးပညာပြိုင်ပွဲကတော့ ဘယ်သူမှ မျှော်လင့်မထားတဲ့ ပုံစံနဲ့ ပြီးဆုံးသွားခဲ့သည်။

မြောက်ပိုင်းဒေသက အမှတ်သုံးဆယ် ရရှိသွားခဲ့ပြီး တခြားနယ်မြေလေးခုကတော့ အမှတ်တစ်မှတ်မှ မရရှိခဲ့ပေ။ ဆိုလိုတာက အကယ်၍ မြောက်ပိုင်းနယ်မြေက တခြားပြိုင်ပွဲ နှစ်ခုမှာ အမှတ်လေးဆယ် ရရှိခဲ့မယ်ဆိုရင် ပထမနေရာအတွက် အာမခံချက် ရှိမှာဖြစ်ပြီး အနည်းဆုံးတော့ ပူးတွဲပထမနေရာ ရရှိနိုင်ပေသည်။

လင်းဟန်က ပြောင်းလဲခြင်းငါးမျိုး အနက်ရောင်ကျောက်စိမ်း ဆေးလုံးကို သိမ်းဆည်းလိုက်သည်။

ဆေးလုံးဖော်စပ်ပြီးတာနဲ့ ဆေးလုံးကို မှော်ဆေးပညာရှင်က ပိုင်ဆိုင်တယ်ဆိုတာကို အစောပိုင်းမှာ သေသေချာချာ ရှင်းပြပေးခဲ့သည်။ ဒါကြောင့်လည်း မှော်ဆေးပညာရှင်တွေက ဒီကိုလာဖို့ ဆန္ဒရှိတာ ဖြစ်ပြီးတော့ တခြားလူတွေရဲ့ ပါဂင်ပစ္စည်းတွေကို ယူပြီးတော့ ဆေးလုံးတွေကို ဖော်စပ်လို့ ရပြီး ထိုဆေးလုံးတွေကိုလည်း ပိုင်ဆိုင်ရမှာ ဖြစ်တာကြောင့် အတော်လေးကို ထိုက်တန်သည်။

အထူးသဖြင့် မြေကြီးမှာအဆင့် ပါဂင်ပစ္စည်းတွေက မတရားကို ဈေးကြီးလွန်းသည်။

လင်းဟန်က သူ့အခန်းကို တည့်တည့်မတ်မတ် ပြန်လာပြီး အနက်ရောင် မျှော်စင်ထဲကို နောက်တစ်ကြိမ် ပြန်ဂင်လိုက်ပြီး နည်းစနစ် တစ်သောင်းမှ တစ်ခုသိုင်းကွက်နဲ့ အရိုးပုံစံ အစီအရင်ကို ဆက်ပြီးတော့ လေ့လာနေသည်။

မှော်ဆေးပညာ ပြိုင်ပွဲက သုံးရက်ကျင်းပတာ ဖြစ်ပြီးတော့ ဂင်္ဂါပါ အစီအရင် ပြိုင်ပွဲကလည်း သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်၏။ သိုင်းပညာ ယှဉ်ပြိုင်ပွဲက နောက်ဆုံးဖြစ်သည်။ ထို့ကြောင့် လင်းဟန်မှာ အချိန်ငါးရက်ရှိပြီး အလင်းတန်း အတုအပေါ်မှာ ဒီအရိုးပုံစံ

အစီအရင်ကို ပေါင်းထည့်နိုင်ဖို့ ယုံကြည်မှု ရှိနေသည်။

သူက ကြိုးစားအားထုတ်ပြီး ကျင့်ကြံခဲ့သည်။ ငါးရက်နောက်ပိုင်းမှာ သူက အနက်ရောင် မျှော်စင် အထဲကနေ နောက်တစ်ကြိမ် ပြန်ပေါ်လာခဲ့သည်။

"လင်းဟာန် လူဆိုး လူဆိုး"

ဟူးညိုက အရမ်းကို မကျေမနပ် ဖြစ်နေသည်။ ငါးရက်လုံးလုံး လင်းဟာန်က လှပချောမောပြီး ချစ်စရာကောင်းတဲ့ ညိုးညိုးနဲ့ မကစားပါဘူး။

"ဟာန်ဟာန် လူဆိုး လူဆိုး"

ဟော့လျန်ချွင်ရွှယ်ကလည်း ဟူးညိုအတိုင်း လိုက်ပြောပြီး သူမရဲ့ နှုတ်ခမ်းကို စူထားပြီး တစ်စုံတစ်ယောက်က ဖက်နမ်းပစ်ချင်စိတ် ပေါက်လာအောင် လုပ်နေသည်။

လင်းဟာန်က တဆတ်ဆတ်တုန်ပြီး မေးလိုက်သည်။

"ဂက်ပါ အစီအရင် ပြိုင်ပွဲအခြေအနေက ဘယ်လိုပြီးသွားလဲ"

"အစ်ပောင်က တတိယ နေရာပဲရပြီးတော့ ဆယ်မှတ်ပဲ ရခဲ့တယ်"

တစ်ခြားဖက်မှာ ရပ်နေတဲ့ ကျူးရွှမ်အာက ဖြေလိုက်သည်။

လင်းဟန်က ခေါင်းညိတ်လိုက်သည်။ သူ့အနေနဲ့ ရင်ပောင်ရဲ့ နောက်ဆုံးရလဒ်အကြောင်းကို ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ သူက ပြိုင်ပွဲမှာ ဂင်ရောက်ယှဉ်ပြိုင်ပြီ ဆိုမှတော့ သူရဲ့အရည်အချင်း အပေါ်မှာ အခြေခံပြီး သူရဲ့အစွမ်းတွေအားလုံးနဲ့အတူ အနိုင်ရအောင် ကြိုးစားရပါလိမ့်မည်။

ရွှမ်ယွမ်ဇီကွမ်းနဲ့ ယှဉ်ပြိုင်တိုက်ခိုက်မှုမှာ ဘယ်သူက သာလွန်သလဲ ဆိုတာကို ဆုံးဖြတ်ပေး ပါလိမ့်မယ်။

လင်းဟန်၏ တိုက်ပွဲဂင်ချင်တဲ့ ဆန္ဒက မီးလိုမျိုး တောက်လောင်လို့ လာခဲ့သည်။ ရွှမ်ယွမ်ဇီကောင်းက ဖိအားတွေ အများကြီး ပေးနိုင်တဲ့ စစ်မှန်သော ပါရမီရှင် လူငယ်တစ်ယောက် ဖြစ်ပြီး ဓားကောရာဇ် ငယ်စဉ်အခါတုန်းကနဲ့ တူညီပြီး မနိမ့်ကျပါဘူး။ ယခင်ဘဂတုန်းက လင်းဟန်က သိုင်းပညာမှာ ထိပ်ဆုံးမှာ ရပ်တည်ပေမဲ့ သူ့ကို လက်ရွေးစင် တစ်ယောက်လို့

မခေါ်ဆိုနိုင်ပါဘူး။ ဒီဘဂမှာတော့ သူက တခြားပါရမီရှင်တွေ အားလုံးကို ဖြတ်ကျော်ပြီး အသန်မာဆုံးသော သရဖူကို ဆောင်းနိုင်ဖို့ ကြိုးစားရပါလိမ့်မယ်။

သူတို့က အခန်းထဲကနေ ထွက်လာပြီး ရောမ တိုက်ပွဲကွက်လပ် တစ်ခုကို ရောက်ရှိလာခဲ့သည်။

ရှမ်ယွမ်ဇီကွမ်း၊ ဖန်းရှမ်မင်းနဲ့ တခြားလူငယ် ပါရမီရှင်တွေ အားလုံးလည်း ထွက်ပေါ်လာခဲ့သည်။ တချို့ကို လင်းဟာန်အနေနဲ့ မသိပေမဲ့ သူတို့အားလုံးက အံ့အားသင့်စရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လို့နေပြီး လူငယ်ဘုရင် တစ်ပါးလို့ ခေါ်ဆိုနိုင်ကြသည်။

"အစ်ကိုဖန်း"

လင်းဟာန်က ဖန်းရှမ်မင်းကို နှုတ်ဆက်လိုက်သည်။ ဖန်းရှမ်မင်းက မိန်းမဆန်ပေမဲ့ သူရဲ့ အရည်အချင်းက အတော်လေးကို ဖြောင့်မတ်မှန်ကန်သူ တစ်ယောက်ဖြစ်ပြီး လင်းဟာန်အနေနဲ့ သူ့မှာ နှစ်ခြိုက်သဘောကျတဲ့ အမူအရာတစ်ခု ရှိသည်။

"အစ်ကိုဟာန်"

ဖန်းရှမ်မင်းက အထက်စီး မဆန်ပုံပဲ သူရဲ့လက်တွေကို ဆုပ်ပြီးတော့ ပြန်နှုတ်ဆက် လိုက်သည်။ ဒါပေမဲ့လည်း သူရဲ့ဆုပ်ထားတဲ့ လက်သီးတွေ အပေါ်မှာ ပန်းရောင်သန်းနေပြီး သူရဲ့မိန်းမဆန်တဲ့ အမူအရာကို အပြည့်အဝ ထွက်ပေါ်နေသည်။

လင်းဟာန်နဲ့သူက ပန်းဖူးအဆင့်မှာ အတူတူဆိုပေမဲ့ လင်းဟာန်က လွန်ခဲ့တဲ့ ရက်အနည်းငယ်က မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံး ဖော်စပ်ခဲ့တဲ့ သတင်းကို ကြားသိခဲ့ရပြီး ဒါက အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက် မဟုတ်လား။ အဆင့်မြင့် မြေကမ္ဘာအဆင့် မှော်ဆေးပညာရှင် တစ်ယောက်၏ အဆင့်အတန်းက နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေနဲ့ တန်းတူဆက်ဆံ ရပါလိမ့်မည်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"အစ်ကိုဖန်း ပြိုင်ပွဲပြီးတဲ့ အခါကျရင် သောက်ကြတာပေါ့"

"ဒါပေါ့ ဒါပေါ့"

ဖန်းရှမ်မင်းက အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ သူ့ပုံစံက တကယ့်ကို မိန်းမတစ်ယောက်ပုံစံနဲ့ ဆင်တူပြီး လင်းဟန်ကို အတော်လေး သက်တောင့်သက်သာ မဖြစ်စေခဲ့ပါဘူး။

ဒီကောင်က တကယ်ပဲ ခန္ဓာကိုယ် မှားပြီးတော့ ပြန်လည်ဝင်စားလာတာပဲ ဖြစ်ရမယ်။

"စဖို့ အဆင်သင့်ပြင်ပါ"

ရင်ရှုရန်က ပြောလိုက်သည်။

"ယှဉ်ပြိုင်ပွဲက ပြိုင်ကွင်းကို အခြေခံထားတယ်။ အရင်တုန်းက နိုင်ပွဲရတဲ့ အဖွဲ့က ပြိုင်ပွဲကွင်းကို ပထမဆုံး စောင့်ရှောက်ခွင့်ရမယ်။ အဲဒီအချိန်မှာ တခြားမိသားစု လေးခုက ပြိုင်ပွဲကွင်းကို ရယူဖို့ လူတွေကို စေလွှတ်နိုင်တယ်။ အနိုင်ရတဲ့သူက ပြိုင်ကွင်းကို စောင့်ကြပ်ရမယ်။ ဘယ်မိသားစုကပဲ ပြိုင်ပွဲကွင်းကို ဒီပြိုင်ပွဲပြီးဆုံးတဲ့အထိ စောင့်ကြပ်နိုင်ရင် ပထမနေရာကို ရလိမ့်မယ်"

အရင်တုန်းက ပထမနေရာ ရခဲ့တဲ့ အဖွဲ့က အလယ်ပိုင်းဒေသ ဌာနချုပ်က ဖြစ်တာကြောင့် မိန်းကလေး တစ်ယောက်က

ပြိုင်ပွဲစင်မြင့်ရဲ့ အလယ်ကို ကောင်းကင်ပေါ်ကနေ တိုက်ရိုက်ဆင်းသက်လာပြီးတော့ တိုက်ပွဲကို စောင့်မျှော်နေခဲ့သည်။

မိသားစုတိုင်းက တိုက်ပွဲအတွက် လူသုံးယောက်ကို စေလွှတ်နိုင်ပြီး သူတို့ရဲ့ ကိုယ်စားလှယ်တွေ အနေနဲ့ အရင်ဆုံး ရွေးပြေးတပ်တွေ စေလွှတ်ပြီး ဘယ်အဖွဲ့ကမှ သူတို့ရဲ့ အသန်မာဆုံး ပှက်ဖဲကို အရင်ဆုံး ထုတ်မပြကြပေ။ ယခင်ပြိုင်ပွဲရဲ့ ဒုတိယနေရာက ပြိုင်ပွဲကွင်းကို ပထမဆုံး စိန်ခေါ်ခွင့် ရှိသည်။ အရပ်မြင့်မြင့် လူငယ်တစ်ယောက် ထွက်လာပြီး ချက်ချင်းပဲ တိုက်ပွဲကို စတင်လိုက်သည်။

မကြာခင် တိုက်ပွဲရဲ့ ရလဒ်က ထွက်ပေါ်လာပြီး စိန်ခေါ်သူက အနိုင်ရရှိခဲ့သည်။ နောက်တစ်ပွဲက တောင်ပိုင်းနယ်မြေက စိန်ခေါ်ခွင့် ရရှိခဲ့သည်။

လင်းဟန်က ပျင်းရိငြီးငွေ့ပြီး ပါးစပ်ကို ဟပြီးတော့ သမ်းလိုက်သည်။ မြောက်ပိုင်းဒေသက ဒီတစ်ကြိမ်မှာတော့ လင်းဟန်၊ ဟူးညိုနဲ့ ဟော့လျန်ချွင်ရှယ်တို့ အဖွဲ့နဲ့အတူ အတော်လေးကို အစွမ်းထက်တဲ့ တပ်ဖွဲ့တစ်ခု ဖြစ်ပြီးတော့ ထိပ်တန်းကျွမ်းကျင်သူ သုံးယောက်ရှိသည်။ လင်းဟန် အနေနဲ့ ဒီမိန်းကလေး နှစ်ယောက်က ရက်ရက်စက်စက်နဲ့ ရှမ်ယွမ်ဇီကွမ်းကို ထိုးနှက်ပစ်မှာကို ကြောက်ရွံ့တာကြောင့်

ရှေ့ဆုံးကနေ တိုက်ပွဲဝင်မဲ့ နေရာကို ယူလိုက်ပြီး မကြာခင်မှာ ပြိုင်ပွဲကွင်းထဲ ဝင်ရောက်သွားခဲ့သည်။

သူရဲ့အစွမ်းနဲ့ ပြိုင်ဘက်ဖြစ်သူက သူတို့၏ ပုက်ဖဲတွေကို မထုတ်ဖော်ဖူးဆိုရင် သူရဲ့ပြိုင်ဘက် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ မကြာခင်မှာ သူကရှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပြီး တခြားမိသားစု လေးဖွဲ့ကို သူတို့ရဲ့ ပိုလ်ချုပ်တွေကို စေလွှတ်ဖို့ ဖိအားပေးနိုင်ခဲ့သည်။

"ဟန်လင်း။ ငါဒီအချိန်ကို စောင့်နေခဲ့တာပဲ"

ရွှမ်ယွမ်ဇီကွမ်းက နတ်ဘုရားတစ်ပါးရဲ့ သားတစ်ယောက်နဲ့တူတဲ့ မြင့်မားတဲ့ စိတ်ဂိုညာဉ်နဲ့အတူ ပြိုင်ပွဲကွင်းထဲကို ဆင်းသက်လာခဲ့သည်။

"ဒီတစ်ကြိမ်မှာတော့ မင်းကို ငါ့ရဲ့ခြေထောက်အောက်မှာ ပြားပြားဝပ်သွားအောင် နင်းချေပစ် ရလိမ့်မယ်။ ရှုံးနိမ့်မှုရဲ့ အရသာကို မင်းအနေနဲ့ ကောင်းကောင်းကြီး ခံစားသွားအောင် လုပ်ပေးရမှာပေါ့"

"လေအိုးပဲ"

လင်းဟန်က သူရဲ့နားရွက်တွေကို ထောင်ပြပြီး ပြောလိုက်သည်။

"အစကတည်းက မင်းက တကယ်ပဲ စစ်မှန်တဲ့ သိုင်းပညာရှင်တစ်ယောက်မှ ဟုတ်ရဲ့လားလို့ ငါသံသယ ဝင်မိတယ်။ မင်းက သီချင်းဆိုတဲ့ လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

ရွှမ်ယွမ်ဇီကွမ်းက ဒေါသထွက်သွားသည်။ မင်းကမှ တစ်ချိန်လုံး လျှာအရိုးမရှိ လျှောက်ပြောနေပြီး လူတွေကို ထွက်သွားအောင် လုပ်နေတဲ့ လူပဲ။ ဘယ်လိုလုပ်ပြီးတော့ မင်းက ငါ့ကို ဒီလိုမျိုး ပြောရတာလဲ။ ပါရမီရှင်တွေ အကြားက တိုက်ပွဲတွေမှာ စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုက အရမ်းကို အရေးပါတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်သည်။ ဒါကြောင့် သူက ချက်ချင်းပဲ ဒေါသတွေကို မောင်းထုတ်ပြီး သူ့စိတ်ကို ပြန်ထိန်းပြီးတော့ လင်းဟန်ကို အခွင့်အရေး နည်းနည်းလေးမှ မပေးတော့ချေ။

"သန်မာတဲ့ လူဆိုတာ သူတို့ရဲ့ လက်သီးတွေနဲ့ပဲ စကားပြောတယ်ကွ"

သူက အေးစက်စွာနဲ့ ပြောလိုက်သည်။

"ဒါဆိုရင်လည်း ဘာဖြစ်လို့ မင်းက စကားကို ပေါက်ပန်းလေးဆယ်တွေ လျှောက်ပြောနေတာလဲ"

လင်းဟန်က လှောင်ပြုံးပြုံးလိုက်သည်။

"ဘာဖြစ်လို့ မတိုက်သေးတာလဲ"

ရွှမ်ယွမ်ဇီကွမ်းက သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်နေတဲ့ အကြည့်တွေနဲ့အတူ လင်းဟန်ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

"အရှင်သခင်ဖန်ကြောင့် မင်းကို အရမ်းကို ဆိုးဆိုးဝါးဝါး ဖြစ်သွားအောင်လို့တော့ ငါမရိုက်ပစ်ပါဘူး"

"အဟက်"

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်သည်။

"မင်းကိုယ်မင်း အထင်တွေ ကြီးမနေနဲ့"

"ပန်းဖူးအဆင့် အလှောခြောက်"

ရှမ်ယွမ်ဇီကွမ်းက စိတ်ထဲကနေ ညည်းလိုက်သည်။ ရက်အနည်းငယ် အတွင်းမှာ လင်းဟန်၏ ကျင့်ကြံခြင်းက အမှန်တကယ်ပဲ အရမ်းကို မြန်ဆန်စွာနဲ့ တိုးလာခဲ့ပြီး သူ့ကိုအံ့အားသင့် သွားစေခဲ့သည်။ ဒါပေမဲ့လည်း သူက လုံးဝကိုကြောက်ရွံ့ခြင်း မရှိတာ သိသာထင်ရှားသည်။ အဆင့်တူထဲက မည်သူ့ကိုမဆို အနိုင်ယူတိုက်ခိုက်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုတွေ သူ့မှာရှိနေပြီး အခုလိုမျိုး အဆင့်အားသာချက် သူ့မှာရှိနေတဲ့ အချိန်ဆိုရင်တော့ ပြောနေစရာတောင် မလိုတော့ပါဘူး။

"သတ်"

ရှမ်ယွမ်ဇီကွမ်းက လက်ဝါးနှစ်ဖက်ကို မြှောက်ပြီးတော့ လင်းဟန်ကို တိုက်လိုက်လိုက်သည်။

လူငယ်ဘုရင်နှစ်ပါးက နောက်ဆုံးမှာတော့ နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ကြသည်။ ဒီတစ်ကြိမ်မှာ ဘယ်သူကမှ သူတို့ကို တားဆီးကြလိမ့်မည် မဟုတ်ပေ။

Chapter 580 end

အပိုင်း(၅၈၁) တောက်ပခဲ့ညားသော တိုက်ပွဲတစ်ပွဲ

လင်းဟန်က လက်သီးနှစ်လုံးကို လှုပ်ရှားလိုက်ပြီး တိုက်ပွဲဆင်လက်သီးနဲ့ ထိုးထည့်လိုက်ပြီး အံ့အားသင့်စရာ ကောင်းလောက်တဲ့ ဆင်နဂါး ၂၁ တစ်ကောင်က ဟိန်းအော်ထွက်လာခဲ့သည်။

ဤတိုက်ပွဲကား အချိန်အရမ်းကို ကြာမြင့်တဲ့အထိ ဦးတည်နေတာကြောင့် လင်းဟန်က သူ၏ အပြင်းထန်ဆုံး ဓားသိုင်းကို အလျင်စလိုနဲ့ အသုံးပြုလိမ့်မည် မဟုတ်ချေ။

ရွှမ်ယွမ်ဇီကွမ်းကလည်း အရမ်းကို တည်ငြိမ်နေပြီး လက်ဂါးချက်တိုင်းနဲ့ ပုံစံမျိုးစုံက ဖြောင့်မတ်ပြီး ကျဉ်းမြောင်းကာ တစ်ဟုန်ထိုးမသွားပဲ သူ၏ သိုင်းပညာရပ်များမှာ အရမ်းကိုကောင်းမွန်တဲ့ ကိုယ်တိုင်ကျင့်ကြံခြင်းကို ဖော်ပြနေသည်။

လက်ရှိတိုက်ပွဲကို ကြည့်ပြီးတော့ လူတိုင်းလူတိုင်းက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူငယ်ချင်းတွေနဲ့ ဒေါသတွေ မပါပဲ ရိုးရိုးတန်းတန်း လက်ရည်စမ်းခဲ့မှုတွေကို ပြန်လည်တွေးတော နေခဲ့ကြသည်။

သူတို့က နှစ်ကြိမ်တိုင်တိုင် တိုက်ကွက်တွေ ဖလှယ်ခဲ့ပေမဲ့ တိုက်ကွက်တချို့ကို ရိုးရိုးရှင်းရှင်း ဖလှယ်ခဲ့တာ ဖြစ်ပြီးတော့

နှစ်ဖက်စလုံးက သူတို့၏ ပှက်ဖဲများကို အသုံးမပြုခဲ့ချေ။

သူတို့တွေ တိုက်ခိုက်နေသလို သူတို့၏ ဒေါသများကလည်း မြင့်တက်လာပြီး သူတို့၏ တိုက်ခိုက်မှုများက ပြင်းထန်လာခဲ့သည်။

ရှမ်ယွမ်ဇီကွမ်း၏ လက်ဝါးများက လေးလံသော ပုဆိန်များနှင့် တူညပြီး လက်ဝါးချက်တိုင်းက တောင်တန်းတွေကိုတောင် ခုတ်ပိုင်းဖြတ်ပစ်နိုင်သည်။ သူ၏စွမ်းအားကို ထုတ်ဖော်လိုက်တာနဲ့ သွေးကြောနဲ့တူတဲ့ ပုံစံတွေက ရောယှက်လာပြီး သိုင်းဆန္ဒအသိတွေက တုန်ခါလာခဲ့သည်။ သူရိုက်ထုတ်တဲ့ လက်ဝါးချက်တိုင်းမှာ ချီအလင်း ၂၂ခုက ပေ့လည်ပြီး ၎င်းတို့၏ အစွမ်းက အံ့အားသင့်စရာ ကောင်းလှသည်။

လင်းဟန်က သူများထက် သာအောင်တော့ လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ သူ၏ လက်သီး နည်းစနစ်မှာ အောင်မြင်မှုက ဓားနည်းစနစ်ထက် နိမ့်ကျနေပေမဲ့ ချီအလင်း နှစ်ဆယ်ထိ အဆင့်တက်လာခဲ့ပြီး အဆင့်မှာ အနည်းငယ် နိမ့်ကျတယ် ဆိုပေမဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကြောင့် ပကတိခွန်အားနဲ့အတူ သူ၏အင်အားက ရှုံးနိမ့်ခြင်း မရှိပေ။

ဟုမ်း ဟုမ်း ဟုမ်း။

သူတို့နှစ်ယောက်က တိုက်ကွက်တွေ ဆက်ပြီးတော့ ဖလှယ်နေခဲ့ပြီး ခွန်အားနဲ့ သိုင်းပညာ နားလည်သဘောပေါက်မှု ယှဉ်ပြိုင်နေကြသည်။ တစ်မျိုးပြောရမည်ဆိုပါက ချီပမာဏနဲ့ ချီအရည်အသွေးကို ယှဉ်ပြိုင်နေကြခြင်း ဖြစ်ပေသည်။

ဒီတိုက်ပွဲက သရေပွဲတစ်ခု ဖြစ်ပြီးတော့ ခွန်အားမှာ အနည်းငယ် အားနည်းသူက ရှုံးနိမ့်မှု သစ်သီးကို ခါးခါးသီးသီးနဲ့ ဂါးမျိုရပေလိမ့်မည်။

သူတို့နှစ်ယောက် လက်ရှိအသက်အရွယ်မှာ ပါရမီရှင်တွေ ဖြစ်ပြီးတော့ သူတို့၏ တိုက်ပွဲက လက်ရည်မျှနေသည်။

"ဒီနှစ်ယောက်စလုံးက အရမ်းကို အစွမ်းထက်တာပဲ"

"လူငယ်မျိုးဆက်တွေ အထဲမှာ သူတို့နဲ့ အဆင့်တူတဲ့ လူတွေက ဘယ်လောက်များ ရှိနိုင်မှာလဲ"

"ယိုဟိုင်ယွဲ့၊ လန်ရထျန်းနဲ့ ဒေါင်လင်းအာတို့လို လူနည်းစုလောက်ပဲ ရေတွက်လို့ ရနိုင်လိမ့်မယ်"

"ဒီမျိုးဆက်ရဲ့ လူငယ်တွေက တကယ်ပဲ အရမ်းကို အားကောင်းပြီး သူတို့ရဲ့ စံချိန်ကို လိုက်မီဖို့က ခက်ခဲလိမ့်မယ်"

တိုက်ပွဲကို ကြည့်ရှုနေသူတွေ အားလုံးက တစ်ယောက်ပြီးတစ်ယောက် ကောက်ချက်ချ နေကြသည်။ သိုင်းပညာရပ်တွေက ဖွံ့ဖြိုးတိုးတက်တဲ့ ခေတ်ကိုရောက်ရှိနေပြီး လင်းဟာန်ရဲ့ မျိုးဆက်က အရမ်းကို တောက်ပနေပြီးတော့ ပါရမီရှင်တွေကလည်း ရေပန်းတစ်ခု ပန်းထွက်လာသလိုမျိုး ထွက်ပေါ်လာကြသည်။

"ဟင့် မင်းက ငါ့ရဲ့ဘေးမှာ ရပ်နေဖို့တောင် မထိုက်တန်သေးဘူး"

ရွှမ်ယွမ်ဇီကောင်းက် အေးစက်စွာနဲ့ ပြောလိုက်ပြီး နောက်ထပ်လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပြီး မီးကျားတစ်ကောင်က ရောမ တောင်ကြီးတစ်လုံးလို ထွက်ပေါ်လာပြီး အံ့အားသင့်စရာကောင်းတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေသည်။

သူက ချီအလင်း ၂၂ခုကို ပေါင်းစည်းပြီးတော့ တစ်ခုအဖြစ်နဲ့

ထုတ်လွှတ်လိုက်ပြီး အလင်းတန်း တစ်ခုနဲ့ နီးစပ်တဲ့ စွမ်းအားကို ပိုင်ဆိုင်ထားသည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ဒီတိုက်ကွက်ကို ငါ့ကိုသင်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ဖို့ ငါမေ့နေတာ"

သူလည်းပဲ လက်သီးတစ်လုံးကို ထိုးထည့်လိုက်ပြီး ရွှေရောင်ဆင်နဂါး တစ်ကောင်က ထွက်ပေါ်လာပြီး ရောမ တောင်ကြီးတစ်လုံး အရွယ်အစား ရှိသည်။

သေချာအနီးကပ်ပြီး စူးစမ်းလေ့လာကြည့်မည် ဆိုပါက မီးကျားပဲဖြစ်ဖြစ် ဆင်နဂါးမှာပဲ ဖြစ်ဖြစ် ၎င်းတို့၏ ခန္ဓာကိုယ် အပေါ်မှာ သွေးကြောနဲ့တူတဲ့ အစီအရင်တွေက လိမ်ယှက်တောက်ပနေပြီး အံ့အားသင့်စရာကောင်းတဲ့ နတ်ဘုရား အလင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။

ပုန်း။

မီးကျားနဲ့ ဆင်နဂါးက ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံပြီး မျက်စိစူးလောက်တဲ့ အလင်းကြီးတစ်ခု

ထွက်ပေါ်လာခဲ့သည်။ ၎င်းက သိုင်းဆန္ဒတွေ တစ်ခုနဲ့တစ်ခု ဂင်ဆောင့်မိတာဖြစ်ပြီး ထိုအကျိုးသက်ရောက်မှုကြောင့် နတ်ဘုရားအားလိုင်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး ပန်းဖူးအဆင့် စစ်သည်တော်တွေရဲ့ စိတ်ကို တုန်လှုပ်သွားစေပြီး သူတို့စိတ်ထဲမှာ လူနှစ်ယောက်၏ သိုင်းဆန္ဒအသိတွေအောက် တဒုန်းဒုန်း မြည်သွားခဲ့သည်။

ဆင်နဂါးက ရက်စက်ပြင်းထန်ပြီး ၎င်း၏ရှည်လျားတဲ့ ခန္ဓာကိုယ်ကြီးနဲ့ လိမ့်လာပြီး မီးကျားကြီးကို ဂင်ဆောင့်ပြီးတော့ ရွှမ်ယွမ်ဇီကောင်းဆီကို နောက်ပြန်လွင့်ထွက်သွား စေခဲ့သည်။

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ"

ရွှမ်ယွမ်ဇီကောင်းက အော်ဟစ်လိုက်သည်။ သူတို့နှစ်ယောက်စလုံးက ချီတွေကို ပေါင်းစည်း ထားခဲ့ပေမဲ့ သူ၏ အရေအတွက်က ၂၂ခုရှိပြီးတော့ သူ့အနေနဲ့ အရေအတွက်ပိုင်းမှာ သိသိသာသာ အသာစီးရယူထားခဲ့သည်။ ထို့အတွက် အဘယ်ကြောင့် သူက လင်းဟန်ထက် နိမ့်ကျနေသေးတာလဲ။ သူက လင်းဟန်နဲ့ ချီအရည်အသွေးပိုင်းမှာ အမှန်တကယ် နိမ့်ကျနေတယ် ဆိုတာက ဖြစ်နိုင်ပါ့မလား။

ဒီအချက်ကို သူ့ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ပေ။

သူက နောက်ထပ်လက်ဂါး တိုက်ခိုက်မှုတစ်ခုကို ထုတ်ဖော်လိုက်ပြီး နောက်ဆုံးတော့ လင်းဟန်၏ တိုက်ခိုက်မှုကို အချည်းနှီး ဖြစ်စေခဲ့သည်။ သူအခနေနဲ့ ဘယ်လိုမှ မတတ်နိုင်ပဲ ဒီရလဒ်ကြောင့် စိတ်အချဉ်ပေါက်လာခဲ့သည်။

"မဟုတ်ဘူး"

ရွှမ်ယွမ်ဇီကွမ်းက ချက်ချင်းပဲ ဆင်နဂါးရဲ့ ပတ်လည်မှာ သွေးကြောနဲ့တူတဲ့ အထူးအစီအရင် ပုံစံအမျိုးအစား တစ်ခုက ရစ်ပတ်နေတာကို ရှာတွေ့သွားခဲ့သည်။ ၎င်းတို့က နတ်ဘုရား အလင်းတစ်ခုလို တောက်ပနေသည်။ ထိုသွေးကြောနဲ့တူသော အစီအရင်ပုံစံတွေက ဆင်နဂါး၏ တိုက်ပွဲစွမ်းရည်ကို သိသိသာသာ တိုးလာစေတယ်ဆိုတာ ထင်ရှားပေသည်။

ဒီအချက်ကြောင့် သူကချက်ချင်းပဲ ယုံကြည်မှုတွေ ပြန်လည်ရရှိလာခဲ့သည်။ သူရဲ့ချီ အရည်အသွေးက လင်းဟန်၏ ချီအရည်အသွေးထက် နိမ့်ကျနေတာကြောင့်

မဟုတ်ပဲ သူ့ပြိုင်ဘက်က လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တွေကို ဖမ်းဆုပ်မိပြီး ချီရဲ့စွမ်းအားကို ပေါင်းစည်းနိုင်တာကြောင့် ဖြစ်သည်။

"ငါ ရွှမ်ယွမ်ဇီကွမ်းက သေချာပေါက် တခြားလူတွေထက် အားမနည်းဘူးကွ"

သူက ဟိတ်ကြီးဟန်ကြီးနဲ့ ရဲဝင့်စွာ ပြောလိုက်ပြီး နောက်ထပ်တစ်ကြိမ် ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေကို ထုတ်ဖော်လိုက်သည်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ဒါဆိုရင်တော့ ဒီနေ့မှာ မင်းလက်ခံယုံကြည်လာအောင် ငါရိုက်ပစ်ရမှာပေ့ါ"

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ပြိုင်ဘက်ဖြစ်သူရဲ့ အနည်းငယ်သော ဟာကွက်တွေကို သူရဲ့မျက်လုံးထဲမှာ ပုံကြီးချဲ့ကာ ကြည့်လိုက်သည်။ သူက ပျော့ပျောင်းနူးညံ့စွာ ရှောင်တိမ်းပြီးတော့ အဆက်မပြတ် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

သူ့မှာ သံမဏိခန္ဓာကိုယ် ရှိပြီးတော့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကိုတောင် ကျင့်ကြံထားခဲ့သည်။ ထို့ကြောင့် သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောရုံတင်မက သူ၏ ပကတိခွန်အားကလည်း အံ့သြစရာကောင်းပြီး အနီးကပ်တိုက်ပွဲများအတွက် အသင့်တော်ဆုံး ဖြစ်သည်။ အကယ်၍ လူတစ်ယောက်က သူ၏သံမဏိ လက်သီးကြောင့် တိုက်ရိုက်တိုက်ခိုက် ခံရပြီး ချီအလင်း နှစ်ဆယ်က ပေါက်ကွဲထွက်လာမယ်ဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။

ရွှမ်ယွမ်ဇီကွမ်းက သူ၏ အနီးကပ် တိုက်ခိုက်မှု စွမ်းဆောင်ရည်က အထင်ကြီးစရာ ကောင်းတယ်ဆိုတာ နားလည်သဘောပေါက်ထားသည်။ ထို့ကြောင့် သူ့အနေနဲ့ လက်တစ်ကမ်း အကွာကနေ တိုက်ခိုက်လိမ့်မှာ မဟုတ်ဘူးဆိုတာ သိသာထင်ရှားပြီး အလျင်အမြန်ပဲ သူရဲ့ခြေလှမ်းတွေကို ရွှေ့ပြီးတော့ သူတို့နှစ်ယောက်အကြားက အကွာအဝေးကို တတ်နိုင်သလောက် ဆန့်ထုတ်လိုက်သည်။

ဒါပေမဲ့လည်း လင်းဟန်၏ မှုသားမဲ့ မျက်လုံးအောက်မှာ သူ၏ဟာကွက်များက ဆက်လက်ပြီး တိုးချဲ့လာသည်။

ခြေလှမ်းတိုင်းကို ခြေရာခံနိုင်ပြီး လင်းဟန်က သူ့ရဲ့လမ်းကြောင်းကို တွက်ချက်ပြီး ရှေ့ကနေ ကြိုရောက်နေကာ အဆက်မပြတ် ရွှမ်ယွှမ်ဇီကွမ်းကို အကြီးအကျယ် ခြိမ်းခြောက် တိုက်ခိုက်နေသည်။

ရွှမ်ယွှမ်ဇီကွမ်းက ထပ်ခါထပ်ခါ မာန်သွင်းအော်ဟစ်လိုက်သည်။ သူ့အနေနဲ့ တစ်ခါမှ ဒီလိုမျိုး စိတ်ပျက်စရာကောင်းတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်ဖူးခြင်း မရှိပဲ ယခုတော့ သူ့ကို ရူးသွပ်လုမတတ် ဖြစ်စေခဲ့သည်။

"မင်းက ငါ့ကို ဒေါသထွက်စေတာပဲ"

ရွှမ်ယွှမ်ဇီကွမ်း၏ အနက်ရောင် ဆံပင်တွေက လေထဲမှာ မျောလွင့်နေပြီး သူ၏လက်ကို လှည့်လိုက်ပြီး ဆေဘာအားရှည် အနက်တစ်ချောင်းကို ထုတ်လိုက်သည်။

"ဘာ။ သူကတကယ်ပဲ ဆေဘာအား အသုံးပြုသူ တစ်ယောက်လား"

လင်းဟန်က အံ့အားသင့်သွားခဲ့သည်။ သူ့အနေနဲ့ ရွှမ်ယွှမ်ဇီကွမ်းက အမြဲတမ်းလိုလို လက်ဗလာနဲ့

တိုက်ခိုက်တာကို မြင်တွေ့ခဲ့ရတာကြောင့် ရွှမ်ယွမ်ဇီကွမ်းက လက်ဂါးသိုင်း နည်းစနစ်တွေမှာ ကျွမ်းကျင်ဆုံးလို့ ကောက်ချက်ချခဲ့သည်။

"ငါ့ကို ဆေဘာဓားကိုင်ပြီး အသုံးပြုဖို့ ဖိအားပေးနိုင်တယ်ဆိုတော့ မင်းက မဆိုးပါဘူး"

ရွှမ်ယွမ်ဇီကွမ်းက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်သည်။ ဆေဘာဓားကို လက်ထဲမှာ ကိုင်ဆောင်ထားပြီး သူက ချက်ချင်းဆိုသလို အေးဆေးတည်ငြိမ်မှု ပြန်လည်ရရှိသွားခဲ့ပြီး သူ၏ မောက်မာဂုဏ်ကြွားမှုတွေက ကောင်းကင်ပေါ်ကို ပြန်ပြီးတော့ ထိုးတက်လာခဲ့သည်။

"ဘာများကွာခြားမှာမို့လဲကွာ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"မင်းကိုယ်တိုင်ပဲ စမ်းကြည့်လေ"

ရွှမ်ယွမ်ဇီကွမ်းက ဆေဘာဓားနဲ့ ခုတ်လိုက်ပြီး ဓားချီအလင်း ၂၉ခုက ထွက်ပေါ်လာပြီး လင်းဟန်ဆီကို ပြင်းပြင်းထန်ထန်နဲ့ တိုးဝင်လာခဲ့သည်။

ချီအလင်း ၂၉ခု။

လင်းဟန်၏ မျက်နှာအမူအရာက ခက်ထန်သွားခဲ့သည်။ သူက အလျှင်အမြန်ပဲ မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ ဆေဘာဓားချီတွေကို ရှောင်တိမ်းလိုက်သည်။

အံ့အားသင့်စရာကောင်းတဲ့ ပမာဏတစ်ခုတင်မက ထိုဆေဘာဓားကလည်း အနည်းဆုံး အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ၎င်းကနေ ထွက်ပေါ်လာသည့် ဆေဘာချီက အရမ်းကို ထက်မြက်လှသည်။ လင်းဟန်၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင်မှ အဆင့်ခြောက် ရှားပါးသတ္တုနဲ့ ညီမျှနေတာတောင်မှ လင်းဟန်က ၎င်းကို ထိပ်တိုက်ရင်ဆိုင်ပွဲခြင်း မရှိပေ။

"ဆေဘာချီအလင်း ၂၉ခု"

"သောက်ကျိုးနည်းလှချည်လား။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး လူထူးလူဆန်း ကောင်လေး တစ်ယောက် ရှိနေတာလဲ"

"သူက လက်ဂါးကို အသုံးပြုလိမ့်မယ်လို့ အမြဲလိုလို ထင်နေခဲ့တယ်။ သူကတကယ်ပဲ ဆေဘာဓား အသုံးပြုတဲ့ လူတစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။ သူရဲ့ဆေဘာဓား လမ်းကြောင်း ပါရမီကလည်း တကယ့်ကို ကြောက်စရာ ကောင်းလွန်းတယ်"

"အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ဆေဘာဓားဘုရင်လေးတောင်မှ သူ့ထက် နိမ့်ကျနေနိုင်တယ်"

လူတိုင်းလူတိုင်း အော်ဟစ်လိုက်ကြပြီး ရှမ်ယွမ်ဇီကွမ်းရဲ့ ခွန်အားနဲ့ ပါရမီကြောင့် အံ့အားသင့် နေခဲ့ကြသည်။ ဒီလူငယ်လေးက သူ့ကိုယ်သူ ဖုံးကွယ်ထားပြီး ဘယ်သူကများ သူ့ကို ဆေဘာဓား နည်းစနစ်မှာ အစစ်အမှန် ကျွမ်းကျင်လိမ့်မယ်လို့ ထင်မိမှာလဲ။

လင်းဟန်က သူ၏ခရမ်းနဂါးဓားကို ပြတ်ပြတ်သားသား ထုတ်ယူလိုက်သည်။ သူ၏ညာဘက် လက်ကို လှုပ်လိုက်တာနဲ့ ဓားရှိအလင်း ၂၃ခုက ထွက်ပေါ်လာခဲ့သည်။

"နောက်ထပ်လူထူးလူဆန်း တစ်ယောက်"

လူတိုင်းလူတိုင်း နောက်တစ်ကြိမ် အော်ဟစ်လိုက်ကြသည်။

ပုန်း ပုန်း ပုန်း ပုန်း ပုန်း။

ဓားချိန်နဲ့ ဆေဘာချီတွေက ဆက်တိုက်ရင်ဆိုင် တွေ့ဆုံပြီး မရေတွက်နိုင်တဲ့ မီးပွားတွေအဖြစ် ပေါက်ကွဲပြီး ပြောင်းလဲသွားခဲ့သည်။ ဒီတစ်ကြိမ်တော့ ရှမ်ယွမ်ဇီကွမ်းက အရေးမနိမ့်တော့ပါဘူး။ သူက ချီပမာဏမှာ လုံးဝအသာစီး ရပြီးတော့ ရတနာ ဆေဘာဓားရဲ့ ကောင်းချီးပေးမှုနဲ့အတူ သူ၏ဆေဘာဓားချီက ထက်မြက်ပြီး ပိုပြီးတော့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားလည်း ရှိနေသည်။

"ငရဲကို ခုတ်ပိုင်းမဲ့ ဆေဘာဓား"

ရှမ်ယွမ်ဇီကွမ်းက အော်ဟစ်မာန်သွင်း လိုက်ပြီးတော့ သူ၏ရတနာ ဆေဘာဓားကို ဝှေ့ယမ်းလိုက်သည်။ ဆေဘာဓားချီအလင်း ၂၉ခုက တစ်ခုတည်း အဖြစ်ကို ပြောင်းလဲသွားပြီး အရမ်းကို ထူထဲတဲ့ ဆေဘာအလင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။

လင်းဟန်ကလည်း ဓားနဲ့တိုက်ခိုက်လိုက်ပြီး ဓားချီအလင်း ၂၃ခုက အရိုးပုံစံ အစီအရင်တွေရဲ့ စွမ်းအားနဲ့အတူ တစ်ခုတည်းအဖြစ် ပေါင်းစည်းသွားပြီး ဆေဘာချီတွေဆီကို ပြေးဝင်သွားခဲ့သည်။

Chapter 581 end
အပိုင်း(၅၈၂) အနိုင်ရရှိမှု

"မင်းကအမြဲတမ်း လက်ဂါးတွေကိုပဲ အသုံးပြုခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မင်းရဲ့ ဆေဘာဓား လမ်းကြောင်းမှာ တစ်ဆို့ခြင်း အခြေအနေတစ်ခုနဲ့ ကြုံတွေ့နေရတာကြောင့်ပဲ။ ဒါကြောင့် မင်းက လက်ဂါးနည်းစနစ် ကျင့်ကြံခြင်းကို ပြောင်းလဲပြီး နှိုင်းယှဉ်ဆင်ခြင်လို့ ရအောင်လို့ သဘောပေါက် နားလည်ချင်နေတယ်။ ဒီနည်းနဲ့ ဆေဘာဓား လမ်းကြောင်းမှာ အဆင့်တက် ချိုးဖြတ်မှုကို ရရှိပြီး ဆေဘာချီအလင်း ၃ဂကို ရရှိချင်နေတယ်"

လင်းဟန်က တိုက်ခိုက်နေရင်း ပြောလိုက်သည်။

"အဲဒါအမှန်ပဲ"

ရှမ်ယွမ်ဇီကွမ်းက ထိုအချက်ကို လုံးဝမငြင်းပေ။

"လူတိုင်းလူတိုင်းက ချီအလင်း ၂၉ခုက အကန့်အသတ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ ချီအလင်း ၃ဂကမှ တကယ့်ပြီးပြည့်စုံမှု ဆိုတာကို ငါသိနားလည်ထားတယ်။ ငါ့ရဲ့ပါရမီနဲ့ ငါကပြီးပြည့်စုံခြင်း အဆင့်ကို ရောက်မယ်ဆိုတာ သိသာထင်ရှားတာပဲ"

လင်းဟန်က ခေါင်းကို အသာအယာ ညိတ်လိုက်သည်။ လျှို့ပုက်ဆန်းကြယ် သုံးထောင်က ဘာဖြစ်လို့ သုံးထောင်ဖြစ်နေပြီး သုံးထောင့်တစ်ရာ မဖြစ်ရတာလဲဆိုတဲ့ အချက်က သိုင်းပညာရှင်တွေက ထိုချီအလင်း ၂၉ခု အကန့်အသတ်ထိပဲ ကျင့်ကြံနိုင်တာကြောင့် ဖြစ်သည်။

ဒါပေမဲ့လည်း အကန့်အသတ်ဆိုတာ ကျိုးပျက်တတ်ကြသည်။ ဒါမှမဟုတ် လူတစ်ယောက်က ဘယ်လိုလုပ်ပြီး စစ်မှန်တဲ့ အကန့်အသတ်က ဘယ်လောက်ဆိုတာကို သိနိုင်မှာလဲ။

"ရှုံးစမ်း"

ရွှမ်ယွမ်ဇီကွမ်းက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ လင်းဟန်နဲ့ အကွာအဝေး

နီးကပ်စေတာက သူ့ဆန္ဒအလျောက်ဖြစ်ပြီး သူ၏လက်ရှိ ခွန်အားအပေါ်မှာ ယုံကြည်ချက် ရှိနေတယ် ဆိုတာက သိသာထင်ရှားသည်။ ဒါပေမဲ့ လင်းဟာန်နဲ့ အနီးကပ် လက်တစ်ကမ်း အကွာက တိုက်ခိုက်တာ မဟုတ်ပဲ ဆေဘာချီ၏ အစွမ်းထက်မြက်တဲ့ အင်အားကို ထုတ်ဖော်ပြသနိုင်တဲ့ တစ်မီတာ အကွာအဝေးကို ထိန်းချုပ်ပြီး ကပ်လာခြင်း ဖြစ်သည်။

လင်းဟာန်က သူ၏ဓားကို မြှောက်ယမ်းပြီး တန်ပြန်တိုက်စစ် ဆင်လိုက်ပြီးတဲ့နောက် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ငါမင်းကို နှစ်ကြိမ်တိုင်တိုင် ဖြည့်စွက်ပေးခဲ့တယ်။ မင်းကတကယ်ပဲ ငါမင်းကို ကြောက်နေမယ်လို့ ထင်နေတာလား"

ဟုမ်း။

ရှည်လျားထူထဲသော ဓားချီအလင်း တစ်ခုက ပေါက်ကွဲထွက်လာခဲ့သည်။ ၎င်းကလည်း ဓားချီပေါင်းစပ်ခြင်း တစ်ခုဖြစ်သည်။ ထို့ပြင်၎င်းမှာ အရိုးပုံစံ အစီအရင် တစ်ခုကိုပါ ပေါင်းထည့်ထားပြီး ၎င်း၏အင်အားကို

အများအပြား တိုးလာစေခဲ့သည်။ နဂါးတစ်ကောင်လိုမျိုး ၎င်းဓားချီက ရွှမ်ယွမ်ဇီကွမ်းဆီကို ခုန်ဂင်လာခဲ့သည်။

"ကောင်းကင်နဲ့ မြေကြီးကို ဖျက်ဆီးပစ်မဲ့ ဆေဘာဓား။ ငါက ကမ္ဘာကြီးရဲ့ အရှင်သခင်ပဲ"

ရွှမ်ယွမ်ဇီကွမ်းက ကျယ်လောင်စွာ မာန်သွင်းလိုက်ပြီး ဆေဘာဓား၏ အရှိန်အဟုန်က ချက်ချင်းဆိုသလို ကြီးကြီးမားမား တိုးလာခဲ့သည်။ ဆေဘာဓား၏ အန္တရာယ်ပေးနိုင်သော စိတ်အသိကို ကြည့်ရတာ ကောင်းကင်ကိုတောင် ပွင့်အောင်လို့ ပိုင်းဖြတ်ပစ်နိုင်သလိုမျိုး ဖြစ်နေသည်။

ထိုဆေဘာဓားချက်က အရမ်းကို အားကောင်းလွန်း၏။

လင်းဟာန်က အထီးကျန် ငရဲဓားသိုင်းကို ထုတ်ဖော်လိုက်ပြီး ကောင်းကင်အပြင် ဓားအလင်းတွေက ပျံ့နှံ့ထွက်ပေါ်လာပြီး သူ့ကို တင်းတင်းကျပ်ကျပ် ဖုံးကွယ်ပေးထားပြီး အထွတ်အထိပ် အားကောင်းလှတဲ့ ခံစစ်တစ်ခုကို ဖြစ်ပေါ်လာခဲ့သည်။

ဒီဓားသိုင်း၏ အဓိက အားသာချက်က ၎င်းကို စလိုက်တာနဲ့

ခံစစ်အသွင်ဖြစ်ပြီး လင်းဟန်၏ လက်ရှိတိုက်ပွဲစွမ်းရည်က ထိပ်တန်းအဆင့်မှာ ရှိပြီးတော့ ရေတစ်စက်တောင်မှ ဖြတ်ပြီးတော့ ဝင်ရောက်နိုင်ခြင်း မရှိဘူးဆိုတာ သိသာထင်ရှားသည်။

ပုန်း။

ဓားနဲ့ဆေဘာက အပြင်းအထန် ဆောင့်မိပြီး သိုင်းဆန္ဒအသိတွေကလည်း ပြင်းထန်စွာ ဝင်တိုက်မိသွားကြသည်။ ဒီတိုက်ပွဲကို ပန်းဖူးအဆင့် တိုက်ပွဲတွေထဲမှာ အပြင်းထန်ဆုံး တိုက်ပွဲလို့တောင် ခေါ်ဆိုနိုင်ပေသည်။

"ပန်းဖူးအဆင့် တူရဲ့သားနဲ့ ဘာဖြစ်လို့ အစွမ်းမှာ ကွာခြားချက်က ဒီလောက်တောင် ကြီးမားရတာလဲ"

ပြိုင်ပွဲဝင်ဖို့အတွက် ဖိတ်ခေါ်ခြင်း ခံထားရတဲ့ တခြားလူတွေက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်ကုန်သည်။ သူတို့၏ ခွန်အားကို နှိုင်းယှဉ်ရမယ်ဆိုလျှင် ကွာဟချက်က သေးသေးလေး မဟုတ်ကြပေ။ သူတို့အနေနဲ့ လိုက်ဖမ်းဖို့ သတ္တိတောင် မရှိကြချေ။

ဒီအံ့အားသင့်မှုက သူတို့၏ ယုံကြည်မှုကို အများကြီး ထိခိုက်စေသည်။

ဖန်းရှမ်မင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ၏စိတ်ထဲမှာ ကျိတ်ပြီးတော့ ပြောလိုက်သည်။ သူ့အနေနဲ့ ဒီနစ်ယောက်ထက် သေချာပေါက် သာလွန်စေရပါလိမ့်မည်။ သေချာပေါက် သာရလိမ့်မည်။

ပါရမီရှင် လူငယ်နစ်ယောက်က သူတို့၏ နလုံးသား တင်းတိမ်ရောင့်ရဲ ကျေနပ်အောင် ထိုးခုတ်နေကြပြီး သူတို့နစ်ယောက်က ကမ္ဘာမြေပေါ်က ထွန်းလင်းတောက်ပနေတဲ့ နေမင်းကြီး နစ်စင်းအလား တူညီနေသည်။ ဤတိုက်ပွဲကား သူတို့နစ်ယောက်၏ ထင်ပေါ်ကျော်ကြားမှု အပေါ်မှာ နည်းနည်းလေးမှ အကျိုးသက်ရောက်မှု ရှိလိမ့်မည် မဟုတ်ချေ။ ရှုံးနိမ့်သည်ဖြစ်စေ အနိုင်ရသည်ဖြစ်စေ အနိုင်ရသူက အနည်းငယ်ပိုပြီးတော့ တောက်ပလင်းလက်ပါလိမ့်မည်။

"ဒီမျိုးဆက်ရဲ့ ပါရမီရှင်တွေ အထဲမှာ လွန်ခဲ့တဲ့ နစ်ပေါင်းသောင်းနဲ့ ချီတုန်းက ပုံရိပ်တစ်ခုက အားလုံးထက် သာလွန်ပြီးတော့ အရမ်းကို စွမ်းအားမြင့်စွာနဲ့ ထွက်ပေါ်လာခဲ့ပြီး သိုင်းပညာတွေကို

နှစ်ပေါင်းတစ်သိန်းလောက်ထိ တောက်ပလင်းလက်အောင် ဦးဆောင်ခဲ့တယ်”

အဘိုးကြီး တစ်ယောက်က အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။ သူတို့က ခြေတစ်လှမ်းပြီး တစ်လှမ်း အဆင့်တက်ခဲ့ရပြီး ပန်းဖူးအဆင့်ကို သူတို့တွေ တက်ရောက်နိုင်တဲ့ အချိန်မှာ သူတို့က အနည်းဆုံး အသက်ခြောက်ဆယ် ခုနစ်ဆယ် အရွယ်ကို ရောက်နေကြပါပြီ။ အဲဒီအချိန်မှာ ခန္ဓာကိုယ်၏ လုပ်ဆောင်ချက်မှုတွေက ကျဆင်းလာပြီး အကယ်၍ လူတစ်ယောက်က ပန်းဖူးအဆင့်ကို အဆင့်တက်ပြီး ထိုလူ၏ အားမာန်တက်ကြွမှုတွေ ပြန်လည်ရှင်သန်လာရင်တောင်မှ သူတို့အနေနဲ့ အသက်နှစ်ဆယ် သုံးဆယ်အရွယ်နဲ့ အဆင့်ချိုးဖျက်တက်လာတဲ့ လူတွေကို ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ပေ။

သိုင်းပညာရှင် တစ်ယောက်၏ ဘဝတစ်လျှောက်လုံး အချိန်နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး တစ်ဆင့်ပြီး နောက်တစ်ဆင့်ကို သူတို့၏ ချီနဲ့သွေးတွေ အားမာန်တက်ကြွဆုံး အချိန်မှာ ချိုးဖြတ်ဝင်ရောက် သွားရမည်။ အကယ်၍ လူတစ်ယောက်က အချိန်ကို လိုက်မဖမ်းနိုင်ဘူးဆိုရင်တော့ သူတို့အနေနဲ့ အချိန်ရဲ့ တိုက်စားခြင်းကို ခံရသွားပါလိမ့်မည်။

"ဗုဒ္ဓရဲ့ ဆေဘာခုတ်ချက်"

ရှမ်ယွမ်ဇီကွမ်းက နောက်ထပ် တိုက်ကွက်ကြီး တစ်ခုကို ထုတ်ဖော်လိုက်သည်။ ဆေဘာဓားကို ခုတ်လိုက်တာနဲ့ ဗုဒ္ဓပုံရိပ်တစ်ခုက ထွက်ပေါ်လာပြီး သက်ရှိအားလုံးအတွက် မေတ္တာဂရုဏာနဲ့ သနားကြင်နာမှုတို့ကို ပေါင်းစည်းထားသည်။

လင်းဟန်က နာခေါင်းရှုံ့ပြီး နောက်တစ်ကြိမ် မာန်သွင်းလိုက်ပြီး တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်သည်။ မင်းဘယ်လောက်တောင် စိတ်ပျက်သွားရမလဲ ဆိုတာကို ကြည့်တာပေ့ါ။ ဒါပေမဲ့လည်း ရှမ်ယွမ်ဇီကွမ်းက စစ်မှန်တဲ့ သတ်ဖြတ်ခြင်း တိုက်ကွက်တစ်ခုကို မထုတ်ဖော် နိုင်ခဲ့ပေ။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က သူ့ကို ဖိအားပေးနေတာကြောင့် ဖြစ်သည်။ လင်းဟန်မှာလည်း လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို အသုံးပြုဖို့ ခွန်အားအပို နည်းနည်းတောင် မကျန်တော့ပေ။ ဘာမှမတတ်နိုင်ပါဘူး။ တိုက်ပွဲက အရမ်းကို ပြင်းထန်နေလို့ အစွမ်းတွေကို စုစည်းဖို့ ခွန်အားအပိုတောင် မရှိကြတော့ပေ။

အကယ်၍ တစ်ယောက်ယောက်သာ အဆုံးစွန်တိုက်ကွက် တစ်ခုကို ထုတ်ဖော်ဖို့ အင်အားရှိမယ် ဆိုရင်တော့ ဆိုလိုတာက ပြိုင်ဘက်ဖြစ်သူက လုံလောက်အောင် သန်မာမှု မရှိတာကြောင့်ဆိုတာ သိသာထင်ရှားပေသည်။

ဒါပေမဲ့လည်း နှစ်ယောက်စလုံးက ခွန်အားတွေကို ထိမ်ချန်မထားပုံကြပေ။ သူတို့၏ အဆုံးစွန် တိုက်ကွက်ကို မထုတ်ဖော်ရပဲနဲ့ သူတို့တွေ ရှုံးနိမ့်သွားမည်ကို စိတ်ပူနေကြသည်။

လင်းဟန်က သူ့ကို အခွင့်အရေး ပေးဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။ အစွမ်းထက်တဲ့ တိုက်ကွက် တစ်ကွက်ကို ရင်ဆိုင်ခုခံပြီးတဲ့ နောက်မှာ သူရဲ့ညာဘက်လက်ကို မြှောက်ပြီးတော့ အထီးကျန် ငရဲဓားသိုင်း၏ အသန်မာဆုံး သတ်ဖြတ်ခြင်း တိုက်ကွက်ကို အသုံးပြုပြီး ရွှမ်ယွမ်ဇီကွမ်း၏ စွမ်းအင်စုစည်းမှုကို ဖြတ်တောက်ဟန့်တားလိုက်သည်။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက ပြင်းထန်ပြီး တချိန်လုံးလိုလို တိုက်ပွဲအရှိန်က မြင့်လို့နေသည်။

"ငါကပြိုင်ဘက်ကင်းပဲ"

ရွှမ်ယွှမ်ဇီကွမ်းက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်သည်။ သွေးမျိုးဆက်၏ စွမ်းအားကို အသက်သွင်းလိုက်ပြီး အဆုံးမဲ့ မီးတောက်တွေက သူ၏ခန္ဓာကိုယ် အတွင်းကနေ တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့သည်။ ၎င်းမီးတောက်တွေက ဒေါသတကြီးနဲ့ တောက်လောင်နေတဲ့ မီးအားလှိုင်းတွေနဲ့ စစ်မှန်တဲ့ နဂါးတွေ၊ စစ်မှန်တဲ့ ဖီးနစ်ငှက်အပြင် တခြားရှေးဟောင်း နတ်ဘုရား သားရဲကောင်တွေ အဖြစ်ကို ပြောင်းလဲသွားပြီး သူရဲ့ခန္ဓာကိုယ်မှာ ပိုင်းရံနေပြီး ၎င်းတို့၏ အရှိန်အဝါက အံ့အားသင့်စရာ ကောင်းလှပေသည်။

သူ၏တိုက်ပွဲစွမ်းရည်က ချက်ချင်းဆိုသလို မိုးထိအောင် ထိုးတက်သွားခဲ့ပြီး ပန်းဖူးအဆင့်ကို ချိုးဖျက်သွားပြီး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ထိ တက်သွားခဲ့သည်။

လင်းဟန်က နာခေါင်းရှုံ့ပြီး ပြောလိုက်သည်။

"ငါမင်းကို စောင့်နေတာကြာပြီ"

လင်းဟန်က သူ့အနောက်ဘက်က ဆေးလုံးတစ်လုံးကို ထုတ်ယူပြီးတော့ သူ့ပါးစပ်ထဲကို ပစ်ထည့်လိုက်သည်။

ထိုဆေးလုံးကား လွှန်ခဲ့သော ငါးရက်ခန့်က သူကိုယ်တိုင် ဖော်စပ်ထားသည့် ပြောင်းလဲခြင်းငါးမျိုး အနက်ရောင် ကျောက်စိမ်းဆေးလုံး ဖြစ်၏။

ထိုဆေးလုံးက မြေကမ္ဘာအဆင့်မြင့် မှော်ဆေးလုံး တစ်မျိုးဖြစ်ပြီးတော့ နတ်အသွင်ပြောင်းလဲခြင်း အဆင့်က စစ်သည်တော်တွေကို တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးတိုးလာစေပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကိုတော့ ကြယ်ခုနစ်ပွင့် တိုးလာစေသည်။ သီအိုရီအရ ပြောရမယ်ဆိုရင်တော့ ပန်းဖူးအဆင့် လက်ရွေးစင်တွေက ဒီဆေးလုံးကို စားလို့မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုးလာတဲ့ စွမ်းအင်က အရမ်းကို များလွန်းပြီး သူတို့ရဲ့ ခန္ဓာကိုယ်ကို အတင်းအဓမ္မ ပေါက်ကွဲထွက်စေပါလိမ့်မည်။ ဒါပေမဲ့လည်း လင်းဟန်က ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့မရတဲ့ မှော်စာလိပ်ကို ကျင့်ကြံထားပြီး သူခန္ဓာကိုယ်က သံမဏိခန္ဓာကိုယ် အဆင့်ကို ရောက်နေပြီးတော့ ဤကဲ့သို့သော ဆေးအစွမ်းကို တောင့်ခံနိုင်စွမ်း ရှိပေသည်။

ဟုမ်း။

သူ၏အရှိန်အဟုန်က စတင်ပြီးတော့ မိုးထိအောင်

ထိုးတက်လာခဲ့သည်။

သီအိုရီအရ ပြောရမယ်ဆိုရင် ပြောင်းလဲခြင်းငါးမျိုး အနက်ရောင် ကျောက်စိမ်းဆေးလုံးက ပန်းဖူးအဆင့် လက်ရွေးစင်တွေကို တိုက်ပွဲစွမ်းရည် အကြမ်းဖျင်း ကြယ်ဆယ်လုံးခန့် ပေါင်းထည့်ပေးနိုင်သည်။ ဆေးကို သုံးစွဲသူ၏ တောင့်ခံနိုင်တဲ့ အခြေအနေပေါ် မူတည်ပြီး ဆေးအစွမ်း အာနိသင်က ပြင်းထန်လှသည်။ လင်းဟန်၏ တိုက်ပွဲစွမ်းရည်က အစကတည်းက ကြယ်ဆယ့်ငါးလုံးကို သာလွန်ပြီး နောက်ထပ် တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးတိုးလာတာကြောင့် စိတ်ဂိညာဉ် နတ်သူငယအဆင့်ကို သူအဆင့်တက်သွားတယ်ဆိုတာ သိသာထင်ရှားသည်။

ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် လူငယ်နှစ်ဦးက ဆက်လိုက်တိုက်ပွဲ ဝင်နေကြပြီး လင်းဟန်က အသာစီး ရယူထားသည်။

ရွှမ်ယွမ်ဇီကွမ်း၏ သွေးမျိုးဆက် စွမ်းအားကို အသက်သွင်းပြီးတဲ့ နောက်မှာတော့ အကြမ်းဖျင်း တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးပေါင်းထည့်ပေးနိုင်ပြီး သူ့ကို စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို တွန်းပို့လိုက်သည်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က အစကတည်းက သူနဲ့ညီတူမျှတူ ဖြစ်နေပြီး တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးကိုတောင် ရရှိခဲ့သည်။

တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးတောင် ကွာခြားနေသည်။

သူတို့၏ တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ဆီကို တက်ရောက်သွားခဲ့သည်။ ပန်းဖူးအဆင့်မှာ ကြယ်ငါးလုံး ကွာခြားတာနဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာ ကျုံ့သွားပါ လိမ့်မယ်။ ဒါပေမဲ့ ပါရမီရှင် နစ်ယောက် အတွက်ကတော့ ခွန်အားချင်း ပြိုင်ဆိုင်တဲ့ ပွဲမှာတော့ ကြယ်တစ်ပွင့်လောက် ကွာဟချက်ကလည်း အနိုင်ရမဲ့သူကို ဆုံးဖြတ်ဖို့ လုံလောက်နိုင်မှာလား။

အားသာချက်တစ်ခုက နိုင်ပွဲတစ်ခုကို ကိုယ်စားမပြုနိုင်ပေ။ ဒါပေမဲ့ လင်းဟန်က အားသာချက် ရရှိပြီးတဲ့ နောက်မှာတော့ သူ့အနေနဲ့ အဆုံးစွန် တိုက်ကွက်တစ်ခုကို ထုတ်ဖော်ဖို့အတွက် စွမ်းအင်အပို ရှိလာသည်။

နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့ တိုက်ကွက်။

လင်းဟန်က ဓားချီနစ်ဆယ့်သုံးခုကို စုစည်းပြီးတော့

အလင်းတန်းအတု တစ်ခုအဖြစ် သူ၏ဓားမှ ထုတ်လွှတ်လိုက်သည်။ ၎င်းဓားချီက လက်ညိုးတစ်ချောင်းအထူလောက် ရှိပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အေးစိမ့်မှုတစ်ခုကို ထုတ်လွှတ်ပြီး ရွှမ်ယွမ်ဇီကွမ်းဆီကို ပြေးဝင်သွားခဲ့သည်။

၎င်းကို ရှောင်တိမ်းနိုင်စွမ်း မရှိနိုင်ပေ။

ရွှမ်ယွမ်ဇီကွမ်းက ထိုအချက်ကို ချက်ချင်းပဲ သတိပြုမိသွားခဲ့သည်။ ဒီဓားကွက်က သူ့ကို ဦးတည်ထားပြီး အရမ်းကို လျင်မြန်တာကြောင့် သေချာပေါက် ရှောင်တိမ်းနိုင်စွမ်း မရှိနိုင်ပေ။

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ဆေဘာဓားကို သူ့ရင်ဘတ်အရှေ့မှာ ကန့်လန့်ဖြတ်ပုံစံ ထားပြီးတော့ အတတ်နိုင်ဆုံး ခုခံကာကွယ်လိုက်သည်။

ဓားအလင်းတန်း၏ ရိုက်ခတ်မှုကြောင့် ရွှမ်ယွမ်ဇီကွမ်းက ကြိုးပြတ်တဲ့ စွန်လိုမျိုး လွင့်စဉ်သွာပြီး မြေပြင်ပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျသွားခဲ့ပြီး သွေးတွေကို ပြင်းထန်စွာ အန်ထုတ်လိုက်သည်။ သူခေါင်းကို ငုံ့ပြီးတော့ တချက်ကြည့်လိုက်တဲ့ အခါမှာ ဆေဘာဓားမှာ သိပ်မနက်တဲ့

အမှတ်တစ်ခု ရှိနေတာကို တွေ့လိုက်ရသည်။

သူက ဆက်ပြီးတော့ တိုက်ခိုက်ချင်နေသေးပေမဲ့ သူ့ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ နောက်ထပ် ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်သည်။ သူက မြေပြင်ပေါ်ကို ပြန်လဲကျသွားပြီး ဆက်ပြီးတော့ မတ်တတ်ရပ်ဖို့ ခွန်အားမရှိတော့ပေ။

အကယ်၍ သူ့လက်ထဲက အရမ်းကို အဆင့်မြင့်တဲ့ ရတနာဆေဘာဏားကြောင့်သာ မဟုတ်လျှင် နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့ သိုင်းကွက်က သူ့ကိုနှစ်ပိုင်းပြတ်အောင် ခုတ်ပိုင်းပစ် ပါလိမ့်မည်။

ပါရမီရှင် လူငယ်နှစ်ယောက် တိုက်ပွဲမှာ လင်းဟန်က အနည်းငယ် ကောင်းမွန်စွာနဲ့ အဆုံးသတ် နိုင်ခဲ့သည်။

"ဒါမတရားဘူး"

ရင်လီက ချက်ချင်းဆိုသလို အော်ဟစ်လိုက်ပြီး လင်းဟန်ကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

"သူက မှော်ဆေးလုံးသုံးပြီးတော့ ဒါက ပြိုင်ပွဲရဲ့

စည်းမျဉ်းစည်းကမ်းကို ဆန့်ကျင်တာပဲ”

Chapter 582 end

နောက်တစ်ပိုင်းကို ဆယ်နာရီကျော်ထိ စောင့်ပေးပါ
အပိုင်း(၅၈၃) နေဂင်ဆည်းဆာလေး

“နင့်အမေကြီးတော်ကို ဆန့်ကျင်ဦး”

ရင်ဟောင်က ချက်ချင်းပဲ ခုန်ထွက်လာခဲ့သည်။

“ရင်လီ နင်က ဒဏ်ရာအနာတရနဲ့ ရှုံးနိမ့်သူပဲ။ ထို့။ နင်ကဘယ်လို ယောက်ျားမျိုးလဲ။ နင့်စိတ်က သေးသိမ်လှချည်လား။ ငါ့ဆီကနေ သင်ယူချင်နေသေးလား”

ရင်ဟောင်က သူမရဲ့ ဖွံ့ထွားနေတဲ့ ရင်ဘတ်ကို လက်ညိုးထိုးပြီး ပြောလိုက်သည်။ သူမရဲ့ အမျိုးသမီး လူရမ်းကား ပင်ကိုယ်စရိုက်က ထွက်ပေါ်လာသည်။

“ရင်ဟောင် စိတ်ကိုလျော့စမ်း”

ချက်ချင်းဆိုသလို စီနီယာ အကြီးအကဲ တစ်ယောက်က

သတိပေးလိုက်သည်။

"ဟုတ်ကဲ့ပါ"

ရင်ဟောင်က ချာခနဲ လှည့်ပြီးတော့ အနည်းငယ်ဦးညွှတ်ပြီး ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းမပျိုလေး တစ်ယောက်အသွင် ဟန်ဆောင်လိုက်သည်။

ဒါပေမဲ့လည်း ရင်လီ ပြောလိုက်သည်။

"သိုင်းပညာပြိုင်ပွဲက တစ်ဦးချင်းစီရဲ့ ခွန်အားကို နှိုင်းယှဉ်တာပဲ။ ရွှမ်ယွမ်ဇီကွမ်းက သူ့ကိုယ်ပိုင် မျိုးဆက်သွေးရဲ့ အစွမ်းကို မီခိုခဲ့ပေမဲ့ ဒီကောင်လေးကတော့ မှော်ဆေးလုံးကို အသုံးပြုခဲ့တယ်။ ဒါကြောင့် ဒါက မတရားဘူးဆိုတာ သိသာထင်ရှားတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒြပ်စင်စုစည်းခြင်းအဆင့် လူတစ်ယောက်ကို အထွတ်အထိပ် မူလဆေးလုံး တစ်လုံးပေးလိုက်ရင် ပန်းဖူးအဆင့် စစ်သည်တော်တွေကိုတောင်မှ သတ်ပစ်နိုင်စွမ်း ရှိတယ်မဟုတ်ဘူးလား။ အဲဒါကို ဘာများအငြိပွါယ် ရှိတော့မှာလဲ"

အထွတ်အထိပ် မူလဆေးလုံးဆိုတာ ဒဏ္ဍာရီထဲမှာ ပျောက်ကွယ်နေတဲ့ ဆေးအမျိုးအစား တစ်ခုဖြစ်ပြီး သဘာဝတရားကို ဆန့်ကျင်တဲ့ ဆေးလုံးလို့လည်း လူသိများ ထင်ရှားသည်။ ဘယ်သူပဲ ဒီဆေးလုံးကိုစားသည်ဖြစ်စေ ချက်ချင်းဆိုသလို သေမျိုးတစ်ယောက်အဖြစ်ကနေ စွန့်ခွာပြီး ပန်းဖူးအဆင့်ကို ချိုးဖျက်အဆင့်တက်နိုင်သလို စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကိုတောင် ရောက်ရှိနိုင်သည်။ ထို့ကြောင့် သူတို့က ပန်းဖူးအဆင့် စစ်သည်တော်တွေကို လွယ်လွယ်နဲ့ သတ်ပစ်နိုင်တယ်ဆိုတာ သိသာထင်ရှား၏။ ဆေးအာနိသင် ပျောက်ကွယ်သွားပြီး နောက်မှာတော့ သူတို့လည်း ချက်ချင်းဆိုသလို သေဆုံးသွားရပေလိမ့်မည်။ သူတို့၏ ခန္ဓာကိုယ်က သေမျိုးအဆင့်ကို ကျော်လွန်တဲ့ စွမ်းအားကို တောင့်ခံနိုင်စွမ်း မရှိပေ။

ဒါပေမဲ့လည်း ဒီဆေးလုံးက ဒဏ္ဍာရီထဲမှာပဲ တည်ရှိတာ ဖြစ်ပြီးတော့ ဘယ်တုန်းကမှ မဖော်စပ် နိုင်ခဲ့ကြပေ။ အသုံးပြုဖို့ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ချေ။ ရင်လီက ဒီအချက်ကို ဥပမာအနေနဲ့ အသုံးပြုပြီးတော့ သာဓကပြပြီး မှော်ဆေးလုံးကို အသုံးပြုခြင်းက ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းကို ဆန့်ကျင်တယ်လို့ ပြောချင်တာ ဖြစ်သည်။

လင်းဟန်က လျောင်ပြုံးပြုံးပြီးတော့ ပြောလိုက်သည်။

"အပြင်ဘက်ကနေ စွမ်းအင်ကို ငှားယူသုံးစွဲတာက အတော်လေးကို မတရားတာပဲ။ ဒါပေမဲ့ မမေ့လိုက်နဲ့ဦး။ ဒီပြောင်းလဲခြင်း အနက်ရောင် ကျောက်စိမ်းဆေးလုံးကို ကျုပ်ကိုယ်တိုင်ကိုယ်ကျ ဖော်စပ်ထားတာ။ ရွှမ်ယွမ်ဇီကွမ်းက သွေးမျိုးဆက်ရဲ့ စွမ်းအားကို ပိုင်ဆိုင်တယ်။ ဒါပေမဲ့ အဲဒါက သူ့ကံကောင်းမှုကြောင့်ပဲ ဖြစ်တယ်။ ငါ့ကိုယ်တိုင် ကိုယ်စွမ်းကိုယ်စနဲ့ ကြိုးစားအားထုတ်ထားတဲ့ ပစ္စည်းကို ငါ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်အတွက် အသုံးပြုလို့ မရဘူးလား"

အကြောင်းပြချက် ခိုင်လုံတယ်။

ယခုလို ပြောလိုက်တာကြောင့် လူအများစုက ချက်ချင်းဆိုသလို လင်းဟန်ဘက်ကို ယိမ်းယိုင်သွားခဲ့ကြသည်။

ဒါပေမဲ့လည်း ဒီလူတွေရဲ့ အမြင်သဘောထားက အရေးမကြီးချေ။ အရေးကြီးတဲ့ အချက်က အဆင့်မြင့်တဲ့ လူတချို့ရဲ့ အဆုံးအဖြတ်ပဲ ဖြစ်သည်။

တစ်ခဏမျှ အကြာမှာ ရင်ရှုရန်က ထပြီးတော့ ပြောလိုက်သည်။

"ဟန်လင်းကိုယ်တိုင်က မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတယ်။ ဒါကြောင့် သူက မှော်ဆေးလုံးကို အသုံးပြုနိုင်တယ်။ ဒီတိုက်ပွဲမှာ ဟန်လင်း အနိုင်ရတယ်"

ရင်ဟောင်က ပျော်ရွှင်မြူးထူး သွားခဲ့သည်။ လင်းဟန်က ရွှမ်ယွမ်ဇီကွမ်းကို အနိုင်ရလိမ့်မယ်လို့ သူမ ထင်မှတ်မထားခဲ့ပေ။ ဒါပေမဲ့ ဒီကောင်က တကယ်ပဲ သူမကို အကြီးအကျယ် အံ့အားသင့် စေခဲ့သည်။

ရင်လီ၏ အမူအရာက မည်းမှောင်သွားခဲ့သည်။ ဒီတစ်ကြိမ် ပြိုင်ပွဲက စံအိမ်အရှင်သခင် ရွေးကောင်ပွဲ ကိုယ်စားလှယ်ကို တိုက်ရိုက်ရွေးချယ် ဆုံးဖြတ်တာ မဟုတ်ပေမဲ့ အတော်လေးကို အကူအညီ ဖြစ်စေသည်။

အမိကသော့ချက်က သူ့အနေနဲ့ သေချာတဲ့ နိုင်ပွဲတစ်ခုလို့ တွေးထင်ထားပြီး သူက ရွှမ်ဂျီယွမ်နဲ့ ရွှမ်ယွမ်ဇီကွမ်းတို့ကို ဖိတ်ခေါ်ခဲ့ပြီး နှစ်ယောက်စလုံးက လူတစ်ယောက်ကြောင့် ရှုံးနိမ့်သွားခဲ့ပြီး သူ့အနေနဲ့ ဒါကို လုံး၀ လက်မခံနိုင်အောင် ဖြစ်နေသည်။

မှော်ဆေးပညာနဲ့ သိုင်းပညာမှာ ထူးချွန်ထက်မြက်တဲ့ ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်က ဒီကမ္ဘာကြီးထဲမှာ ရှိနေတာလား။

မြောက်ပိုင်းဒေသမှာ အစောပိုင်းတုန်းက လင်းဟာန်လို့ခေါ်တဲ့ လူတစ်ယောက် ထွက်ပေါ်လာ ခဲ့သည်။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်တောင် ဖြစ်လာခဲ့သည်။ ထို့အပြင် သူ့ရဲ့သိုင်းပညာ ပါရမီကလည်း မဆိုးဘူးလို့ လူတွေက ပြောဆိုကြသည်။ ပြီးတော့ လျို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခုကို ဝင်ရောက်ပြီးတော့ ရတနာတွေကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

နေပါဦး။ ဒီလိုမျိုး ပါရမီရှင်တွေက တကယ်ပဲ များပြားနိုင်လို့လား။

ဟာန်လင်း၊ လင်းဟာန်။ နာမည်ကို ပြောင်းပြန် ပြန်ရွတ်ကြည့်လိုက်ရင် တူမနေဘူးလား။

ရင်လီက ချက်ချင်းဆိုသလို သတိပြုမိသွားခဲ့သည်။ ဟာန်လင်းဆိုတာ လင်းဟာန်ပဲ။ ကောလာဟလတွေ အရတော့ လင်းဟာန်က နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်ကို ရရှိခဲ့ပြီး

နတ်ဘုရား တစ်ပါးရဲ့ ရတနာသိုက် တည်နေရာ အညွှန်းကိုတောင် သိရှိခဲ့သည်။ ထို့ကြောင့် ဘာဖြစ်လို့ သူ့နာမည်ကို ပြောင်းပစ်ရတာလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့သည်။

ငါ့ကို လှည့်စားချင်တာလား။ သွားသေလိုက်လေ။

ရင်လီရဲ့ အကြည့်ထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ တောက်ပသွားခဲ့သည်။ ဟန်လင်းဆိုတာ လင်းဟန်ပဲဆိုတဲ့ သတင်းကို ချက်ချင်းပဲ ဖြန့်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။ သူရဲ့ဆုံးဖြတ်ချက်က မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ဂရုမစိုက်ပါဘူး။ သူ့အနေနဲ့ ဒီကောင်စုတ်လေးကို သတ်ပစ်နိုင်ဖို့ လိုအပ်ပါတယ်။

စံအိမ်ရဲ့ အကြီးအကဲတွေက သူတို့ရဲ့ ဆုံးဖြတ်ချက်ကို ကြေညာပြီးမှတော့ သူ့အနေနဲ့ ဆက်ပြီးတော့ ကန့်ကွက်လို့လည်း မရနိုင်တော့ပေ။ အကယ်၍ နောက်ထပ်တစ်ကြိမ် သူက ကန့်ကွက်လိုက်မယ်ဆိုင် သူ့ရဲ့ပုံရိပ်ကို ထိခိုက်ပြီးတော့ အမှတ်တွေကိုတောင် ဆုံးရှုံးနိုင်ပါတယ်။

ပြိုင်ပွဲသုံးချီ ပြီးသွားတဲ့ နောက်မှာတော့ ရင်ဟောင်က

စုစုပေါင်း အမှတ်ရှစ်ဆယ် ရရှိပြီးတော့ ပထမနေရာမှာ ရပ်တည်နေသည်။

လင်းဟန်က သူရဲ့သီးသန့် ခြံဝင်းအတွင်းကို ပြန်လာခဲ့သည်။ ရင်ပဟောင်ကို သူကူညီပြီးပြီ ဆိုမှတော့ အကန့်အသတ်မဲ့တောင်ကို ရှာဖွေပြီး ဇီရှုရန် ချန်ထားခဲ့တဲ့ သတင်းစကားကို ရှာဖွေဖို့ ထွက်ခွာရပါတော့မယ်။ ဒါပေမဲ့လည်း သူရဲ့အကြံအစည်တွေက ရက်အနည်းငယ် အတွင်းမှာ နှောင့်နှေးကြန့်ကြာသွားခဲ့သည်။

ဘာဖြစ်လို့လည်းဆိုတော့ နှစ်သစ်ကို ရောက်လာခဲ့ပြီး စိတ်ဝိညာဉ် ရတနာ စံအိမ်က မကြာခင်မှာ တစ်နှစ်တစ်ကြိမ် ကျင်းပမဲ့ အထွတ်အထိပ် လေလံပွဲကြီး တစ်ခုကို ကျင်းပတော့မဲ့ အချိန်ကို ရောက်လာပါပြီ။ ထိုအချိန်ရောက်တဲ့ အခါမှာ သေချာပေါက် တန်ဖိုးကြီးမားတဲ့ ရတနာတွေကို လေလံတင်ကြမှာ ဖြစ်ပြီးတော့ ထိုအချက်က လင်းဟန်ကို အတော်လေး စိတ်ဝင်စား စေခဲ့သည်။

သူ့လက်ထဲမှာ အခုဆိုရင် ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ခြောက်သိန်းကျော် ရှိနေပြီး သူ့ကိုတစ်ကြိမ်လောက်တော့ ရက်ရက်ရောရော သုံးစွဲနိုင်သည်။

လေလံပွဲ စတင်လိုက်တာနဲ့ လင်းဟန်က သူဘယ်လောက်တောင်မှ ဆင်းရဲနုံချာသလဲ ဆိုတာကို သတိပြုမိသွားခဲ့သည်။ ချမ်းသာကြွယ်ဝသူတွေက တစ်ယောက်ပြီး တစ်ယောက် နေရာအနှံ့ ထွက်ပေါ်လာပြီး မူလစွမ်းအင်ပုံဆောင်ခဲတွေကို သုံးစားမရတဲ့ ကျောက်တုံးတွေအလား ဈေးအပြိုင်ပေးကာ ဂယ်ယူနေကြသည်။

လင်းဟန်မျက်စိကျနေတဲ့ ရတနာတွေ အများကြီးက ဒီလိုနည်းနဲ့ ရောင်းထွက်သွားခဲ့ပြီး အဆုံးသတ်မှာ သူက ပစ္စည်းတစ်ခုကိုပဲ ဂယ်ယူနိုင်ခဲ့သည်။

ရေနဂါးသွေးကြောတစ်ခု။

ရေနဂါးတွေမှာ စစ်မှန်တဲ့ နဂါးတွေရဲ့ သွေးမျိုးဆက်ရှိပြီး သူတို့တွေက အရမ်းကို ကျင့်ကြံအားထုတ်ပြီးတဲ့နောက်မှာတော့ သူတို့ရဲ့ မြွေအရေခွံက စစ်မှန်တဲ့ နဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားကြသည်။ ထို့ကြောင့် ဒီရေနဂါးသွေးကြောက အရမ်းကို တန်ဖိုးကြီးပြီး လင်းဟန်ရဲ့ ရှိရှိသမျှ မူလစွမ်းအင် ပုံဆောင်ခဲတွေကို ပုံပြီးတော့ ဂယ်ယူလိုက်ရသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒီရေနဂါး သွေးကြောက ဆေးထဲမှာ ရောနှောလို့ မရနိုင်ပဲ ကျာပွတ်ပုံစံ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အဖြစ်ကိုပဲ မွန်းမံသန့်စင်နိုင်တာကြောင့်ပဲ လင်းဟန်ရဲ့ လက်ထဲမှာ ရှိနေတဲ့ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ခြောက်သိန်းနီးပါးကို အသုံးပြုလိုက်ရသည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သေချာပေါက် ၎င်းက ဈေးချိုလိမ့်မည် မဟုတ်ပေ။

လင်းဟန်က ရေနဂါး သွေးကြောကို ကျာပွတ်တစ်ချောင်း အဖြစ် အသုံးပြုဖို့ စိတ်ကူးနည်းနည်းမှ မရှိပေ။ အဲဒီအစား သူက ရေနဂါး သွေးကြောကို လေးကြိုးတစ်ချောင်းအဖြစ် ပြုလုပ်ချင်နေသည်။

လေလံပွဲ ပြီးသွားတဲ့ နောက်မှာတော့ လင်းဟန်က ရေနဂါး သွေးကြောကို လေးရဲ့ အောက်ခြေကနေ စပြီးတော့ တပ်လိုက်ပြီး ပြီးပြည့်စုံတဲ့ လေးတစ်လက်ကို ဖန်တီးလိုက်သည်။ ဒါက အဆင့်ခုနစ် ရှားပါးသတ္တုနဲ့ ရေနဂါးသွေးကြောတို့ ပေါင်းစပ်ထားတဲ့ လေးတစ်လက် ဖြစ်သည်။ ၎င်း၏ အစွမ်းကို အရမ်းကို ပေးကွာတဲ့ နေရာမှ ထုတ်လွှတ်နိုင်သည်။ အကယ်၍ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက နိုးနိုးကြားကြား

သတိမရှိဘူးဆိုရင် သူတို့ကို သတ်ပစ်ဖို့အတွက် မြားတစ်ချောင်းပဲ လိုအပ်ပါလိမ့်မည်။

မူလစွမ်းအင်ကို အသက်မသွင်းထားဘူးဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေ အနေနဲ့ ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အဆင့်က လူတွေနဲ့ ခုခံကာကွယ်မှုနဲ့ ပတ်သက်လာရင် အတူတူပါပဲ။ တိုက်ခိုက်သူက မြားခေါင်း၏ထိပ်တွင် အစွမ်းတွေကို စုစည်းပြီးတော့ တကယ်လို့ ခုခံကာကွယ်သူက ဘယ်နေရာကနေ တိုက်ခိုက်မှုက ထွက်ပေါ်လာမလဲ ဆိုတာကို မသိဘူးဆိုရင် သူတို့အနေနဲ့ မူလစွမ်းအင်တွေကို သူတို့ခန္ဓာကိုယ် အားလုံးဆီကို ဖြန့်ပေဖို့ လိုအပ်ပါလိမ့်မယ်။ ဒါမှမဟုတ် အနည်းဆုံး သေကွင်းသေကွက် နေရာတချို့ကို ဖြန့်ကျက်ထားရပါလိမ့်မယ်။ ဒီအတိုင်းဆိုရင် ပန်းဖူးအဆင့် လက်ဝှေးစင်တွေက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ရဲ့ ခုခံမှုကို ချိုးဖျက်နိုင်ဖို့ဆိုတာက မဖြစ်နိုင်စရာ အကြောင်းတော့ မရှိလောက်ပါဘူး။

လင်းဟာန်က အရမ်းကို ကျေနပ်အားရနေပြီး သူ့ရဲ့လေးကို နေဂင်ဆည်းဆာ လေးလို့ အမည်ပေးပြီး မြားတွေကိုတော့ နေဂင်ချိန်မြားလို့ အမည်ပေးလိုက်သည်။ ဒါက နောက်ပိုင်းမှာ သူရဲ့ အစွမ်းထက်ဆုံး သတ်ဖြတ်ခြင်း တိုက်ကွက်

ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ မှသားမဲ မျက်လုံးရဲ့ ပေါင်းစည်းမှုနဲ့ဆိုရင် မီတာရာပေါင်းများစွာ နေရာကနေ လုပ်ကြံသတ်ဖြတ် နိုင်ပေလိမ့်မည်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်က သူတို့ရဲ့ ပြိုင်ဘက်က ဘယ်သူဆိုတာတောင် သိလိုက်မှာ မဟုတ်ပဲ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် သိကြလိမ့်မည် မဟုတ်ပေ။

"လင်းဟန် လင်းဟန်"

ရင်ဟောင်က အလျင်စလိုနဲ့ ပြေးလာခဲ့သည်။

"ဘာဖြစ်လို့ ငါ့ကို ဆရာသခင်လင်းလို့ မခေါ်တာလဲ။ မင်းရဲ့စံအိမ်က မီးလောင်နေလို့ ဒီလောက်တောင် မြန်မြန်ပြေးလာရတာလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ထို့ နင်က ငါ့ကို နင့်လက်ထဲမှာ လှည့်ဖြားခဲ့တာတောင်မှ နင့်ကို ဆရာသခင်လို့ ခေါ်တာကို ခံချင်နေသေးတယ် ဟုတ်လား"

ရင်ဟောင်က သူမရဲ့ မျက်နှာတစ်ခုလုံး ပမာမခန့်တဲ့ ပုံစံနဲ့

ပြောလိုက်သည်။ အဲဒီနောက် သူမက လေးလေးနက်နက် ပုံစံကို ပြောင်းလဲသွားပြီး ပြောလိုက်သည်။

"ငါနင့်ကို ရောမ သတင်းကြီးတစ်ခု ပြောစရာရှိတယ်"

"နင့်ပါးစပ်ထဲမှာဆိုရင် အိမ်နီးနားချင်းက မိန်းမတစ်ယောက်က လင်ငယ်နေပြီး ကလေးတစ်ယောက် ရသွားတာလည်း သတင်းကြီးတစ်ခု ဖြစ်နိုင်တာပဲ"

လင်းဟန်က ဆက်ပြီးတော့ လှောင်ပြောင်လိုက်သည်။

"ခိခိ နင်ဘာပဲ ဖြစ်ချင်ဖြစ်ချင် ငါဒီကိုလာတာက နင့်ကိုတစ်စုံတစ်ခု ပြောပြချင်လို့ ကောင်းမွန်တဲ့ စိတ်ထားနဲ့ ရောက်လာတာပဲ။ နင်က ဒါကို ဒီလိုမျိုး ပြုမူဆက်ဆံတယ်ဆိုတော့ ဟူး ဘယ်လောက်တောင် အသည်းနာဖို့ ကောင်းလိုက်သလဲ။ ငါနင့်ကို လျစ်လျူရှုလိုက်တာပဲ ကောင်းပါတယ်လေ"

ရင်ဟောင်က ထွက်သွားတော့မဲ့ ပုံစံအတိုင်း ဟန်ဆောင်လိုက်သည်။

"နေပါဦး နင်ဒီကို ရောက်လာမှတော့ ပြောသွားပါဦး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"နင်က တကယ့်ကို အရေးမထားတာပဲ။ အရေးမထားတတ်တဲ့ ယောကျ်ားတွေက အားကိုးလို့ မရသလို စိတ်မချရဘူး။ ညီမလေးရွှမ်အာ ငါ့ကိုပြောပါဦး။ ဒီလိုမျိုး ယောကျ်ားအမျိုးအစားက ဘာများကောင်းကွက် ရှိလို့လဲ။ ဘာဖြစ်လို့ အစ်မနောက်ကို မလိုက်တာလဲ။ ငါတို့အတွက် လက်ကိုင်စရာ တုတ်တစ်ချောင်း မရှိပေမဲ့လည်း ကိုင်တွယ်ဖြေရှင်းလို့ ရတာပဲလေ။ အဲဒီတုတ်မရှိလည်း အသက်မရှင်ပဲ မနေနိုင်စရာ အကြောင်းမှ မရှိတာ"

ရင်ဟောင်က အရမ်းကို ရမ်းရမ်းကားကားနဲ့ နားရှက်စရာ ပြောလိုက်သည်။ ကျူးရွှမ်အာရဲ့ လှပချောမောတဲ့ မျက်နှာက နီရဲသွားပြီး လင်းဟန်ရဲ့ ရင်ခွင်ထဲကို သူမကိုယ်သူမ ပစ်ဝင်သွားပြီး ဒီရမ်းကားတဲ့ အမျိုးသမီးကို ဆက်ပြီးတော့ မကြည့်ပုံ့တော့အောင် ဖြစ်သွားသည်။

ဒါပေမဲ့လည်း ဟော့လျန်ချွင်ရွှယ်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"လက်ကိုင်စရာ တုတ်ဆိုတာ ဘာကိုပြောတာလဲ"

"ညီးညီးလည်း သိချင်တယ်"

ဟူးညိုကလည်း သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်သည်။

Chapter 583 end

အပိုင်း(၅၈၄) ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်း

"ဒီလူရမ်းကား အမျိုးသမီးရဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို နားမထောင်နဲ့"

လင်းဟာန်က ရင်ဟောင်ကို လက်ညိုးထိုး ညွှန်ပြပြီး ပြောလိုက်သည်။

"မင်းတို့တွေ သူမကို အမျိုးသမီး တစ်ယောက် အနေနဲ့ မဆက်ဆံနဲ့။ သူက ယောက်ျားတစ်ယောက်ကနေ အမျိုးသမီးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကို မှားယွင်းပြီးတော့ ပြန်လည်မွေးဖွားလာတာပဲ။ ဒါကြောင့် မင်းတို့ကို ချဉ်းကပ်လာတဲ့ အခါကျရင် ယောက်ျား တစ်ယောက်က အနားကို ကပ်လာတယ်လို့ပဲ စဉ်းစားလိုက်ကြ နားလည်ပြီလား"

ဟောင့်လျန်ချင်ရှယ်နဲ့ ဟူးညီတို့ နှစ်ယောက်စလုံး ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ စိုက်ကြည့် လိုက်ကြသည်။ ညစ်ပတ်တဲ့ ယောက်ျားတစ်ယောက်က သူမတို့အနီးကို ကပ်ချင်တာလား။

"နင်က သူတို့ဦးနှောက်ကို ဆေးပစ်လိုက်တာပဲ"

ရင်ဟောင်က လက်ညိုးထိုး ညွှန်ပြပြီး ပြောလိုက်သည်။

"ဆရာသခင် တစ်ယောက်ရဲ့ ပုံစံနဲ့ဆိုရင်တော့ တကယ့်ကို ရှက်စရာကောင်းတာပဲ။ မိန်းကလေး ငယ်ငယ်လေးတွေ အများကြီးက နင့်ရဲ့လှည့်ဖျားမှုကို ခံရတာ အံ့သြစရာ မဟုတ်တော့ပါဘူး"

"ကဲကဲ အဓိပ္ပါယ်မရှိတာတွေ မပြောနဲ့တော့။ ဘာသတင်းပြောမလို့လဲ"

လင်းဟန်က မေးလိုက်သည်။

နောက်ဆုံးတော့ ရင်ဟောင်က လေးလေးနက်နက်နဲ့ ပြောလိုက်၏။

"ကောင်းကင်ဓားဂိုဏ်း၊ တိမ်ဖီးနစ်ဂိုဏ်း၊ အကြွင်းမဲ့ဆေဘာဓားဂိုဏ်း၊ မိုးပြာရောင် မိုးကြိုးဂိုဏ်းနဲ့ မြေနဂါးဂိုဏ်း။ ဒီဂိုဏ်းကြီးငါးခုက ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ပူးပေါင်း တည်ဆောက်ပြီး ကမ္ဘာအနှံ့အပြားက ပါရမီရှင် လူငယ်တွေကို စုဆောင်းဖို့ ကြေညာခဲ့ကြတယ်"

"အိုး"

လင်းဟန်က စိတ်ရှုပ်သွားခဲ့သည်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ရှေးဟောင်းအချိန်တွေ ကတည်းက တည်ရှိနေခဲ့ပြီး ရှေးခေတ်ကတည်းက ဆင်းသက်လာခဲ့တဲ့ အင်အားစု ငါးခုရဲ့ အမွေအနှစ်တွေကို ဆက်ခံထားကြသည်။ ဒီဂိုဏ်းတစ်ခုချင်းစီက ရှည်လျားတဲ့ သမိုင်းကြောင်းတွေ ပိုင်ဆိုင်ထားတာကို ဘာဖြစ်လို့ အတူတကွ ပူးပေါင်းပြီးတော့ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တည်ထောင်ရတာလဲ။

"ဘာကြောင့်လဲ ဆိုတာကို သူတို့တွေ ပြောပြလား"

သူက မေးလိုက်သည်။

"အင်အားကြီး ဂိုဏ်းငါးခု ပူးပေါင်းကြေညာရတဲ့ အချက်က ဒီကမ္ဘာကြီးမှာ ကပ်ဘေးကြီး တစ်ခုက မကြာခင်မှာ ဖြစ်ပျက်လာလိမ့်မယ်။ ပြီးတော့ သိုင်းပညာရပ်တွေ အားလုံးမှာ အပြစ်အနာဆာ တစ်ခုရှိနေတယ်။ ဒါကြောင့် အင်အားကြီး ဂိုဏ်းငါးခုက သူတို့ရဲ့ အထူးချွန်ဆုံး ပါရမီရှင်တွေကို ရွေးထုတ်ပြီးတော့ လေ့ကျင့်သင်ကြားပေးလိမ့်မယ်။ အကယ်၍ မဟာကပ်ဘေးကြီးက တကယ်ဖြစ်ပွားလာမယ်ဆိုရင် သူတို့အနေနဲ့ ပြန်လည်ပေါက်ဖွားလာဖို့အတွက် မျိုးစေ့တွေ ချန်ထားပေးပြီးသား ဖြစ်တာပေါ့"

"ဒီအကြောင်းပြချက်က အတော်လေးကို ခိုင်မာတယ်"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်သည်။

"ဆရာသခင်လင်း နင်အဲဒီကို သွားဖို့များ စိတ်ဆန္ဒရှိလား"

ရင်ဟောင်က မေးလိုက်သည်။

လင်းဟန်က ချင့်ချိန်စဉ်းစားပြီးမှ ပြောလိုက်၏။

"ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းက ဘယ်နေရာမှာ ရှိတာလဲ"

"နဂါးကိုးကောင်တောင်တန်း"

လင်းဟန်၏ ခေါင်းထဲတွင် အတွေးတစ်ချက် လက်သွားခဲ့၏။ နဂါးကိုးကောင် တောင်တန်းက ပန်းပေါင်းစုံပျံ့ စီရင်စု အထဲမှာ ရှိပြီးတော့ ဇီရှုရန် ချန်ထားခဲ့တဲ့ သတင်းစကားက အကန့်အသတ်မဲ့ တောင်ပေါ်မှာ ရှိပြီးတော့ ပန်းပေါင်းစုံပျံ့ စီရင်စုအတွင်းမှာပဲ ဖြစ်သည်။ ဘယ်လောက်တောင် တိုက်ဆိုင်လိုက်သလဲ။

ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ ပန်းပေါင်းစုံပျံ့ စီရင်စုကို သွားရပါလိမ့်မည်။ ထို့ကြောင့် လမ်းတစ်လျှောက် သူ့အနေနဲ့ စစ်ဆေးသွားလို့ ရနိုင်ပေသည်။ တကယ်ဆိုရင် အင်အားကြီးတဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက နှစ်ပေါင်းထောင်သောင်းချီအောင် တည်ရှိနေခဲ့ကြပြီး သိုင်းပညာရပ်တွေ အများဆုံး အမွေအနှစ် ဆက်ခံပိုင်ဆိုင်ထားသည်။ အဲဒီကိုသွားပြီး အနည်းငယ် သင်ယူလေ့လာခြင်းက အကျိုးအမြတ် ရှိပေလိမ့်မည်။

ယခင်ဘဂတုန်းက လင်းဟန်က ထူးခြားလေးနက်တဲ့

ပညာရပ်တွေ အများကြီး သင်ယူခဲ့ပေမဲ့ လူတစ်ယောက်ရဲ့ အစွမ်းက မရေတွက်နိုင်တဲ့ မျိုးဆက်တွေ စုစည်းထားတဲ့ ပညာရပ်တွေနဲ့ ဘယ်လိုလုပ်ပြီးတော့ နှိုင်းယှဉ်နိုင်မှာလဲ။

"တကယ်လို့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တွေ အားလုံးစုစည်းနေတယ် ဆိုရင်တော့ ငါလည်း အဲဒီကို အတော်လေးကို သွားကြည့်ချင်မိတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"နင်စိတ်ဝင်စားမယ် ဆိုတာကို ငါသိသားပဲ။ ဒါပေမဲ့ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်း ဆီကိုတော့ လူတိုင်းလူတိုင်း ဝင်ရောက်ခွင့်မရှိဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းက အရင်ဆုံး ပါရမီရှင် တချို့ကို အသိပေးအကြောင်းကြားစာ ပို့ပြီးတော့ သင်တန်းကျောင်းကို တန်းဝင်ခွင့် ပြုခဲ့တယ်။ ကျန်တဲ့လူတွေကိုတော့ ဖြတ်ကျော်ဝင်ရောက်ဖို့ သူတို့က စမ်းသပ်စစ်ဆေးကြလိမ့်မယ်"

ရင်ဟောင်က ဆက်ပြီးတော့ ရှင်းပြလိုက်သည်။

"ငါသိပြီ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"တစ်ယောက်ယောက်က ငါ့အတွက် အသိပေးစာစောင် ပို့ပေးမလား ဆိုတာကို ဘယ်သူမှ မသိဘူးလား"

"အင်း ဆရာသခင်လင်း နင်ခါးခါးသီးသီး ဖြစ်သွားလား"

ရင်ဟောင်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ငါနင့်ကို သတင်းဆိုးတချို့ ပြောရဦးမယ်။ ရွှမ်ယွမ်ဇီကွမ်းက အကြောင်းကြားစာ ရသွားပြီးတော့ ဒီမနက်ပဲ ထွက်သွားပြီ။ နင်လား။ ဘာအကြောင်းကြားစာမှကို မရောက်လာဘူး"

ပဟောင်ဦ ဆန်လိုက်တာ။ လင်းဟန်က ပြောလိုက်သည်။

"သိုင်းပညာအဆင့်နဲ့ ပတ်သက်လာရင် ငါက ရွှမ်ယွမ်ဇီကွမ်းထက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ပြီးတော့ မှော်ဆေးပညာစွမ်းရည်နဲ့ ပတ်သက်လာရင် ငါကတရားဂင် မြေကြွှမှာ အဆင့်မြင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်နေပြီ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ငါ့ကိုကျော်သွားရတာလဲ"

သူကဖြစ်နိုင်ချေရှိတာ အများကြီးကို မစဉ်းစားတော့ပဲ ဘာဖြစ်လို့လဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေခဲ့သည်။

"ဆရာသခင်လင်း နင့်ကိုယ်နင် အရမ်းကို မြင့်မြင့်မားမား စဉ်းစားထားတာပဲ"

ရင်ဟောင်က ရယ်မောပြီး သူမ၏ ခေါင်းကိုခါလိုက်သည်။

"အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တည်ဆောက်ဖို့ အစီအစဉ်တွေကို သေချာပေါက်ကို စီစဉ်ဆောင်ရွက် ထားပြီးတော့ ယိုဟိုင်ယွဲ့၊ ဆေဘာစား ဘုရင်လေး၊ ဒေါင်လင်းအာနဲ့ တခြားလူငယ် ပါရမီရှင် အုပ်စုကို ဂင်ရောက်နိုင်ဖို့ အတည်ပြုထားခဲ့တယ်။ နင်ကတော့ လူသိများလာတာ ဘယ်လောက်များ ကြာသေးလို့လဲ"

ဟုတ်ပါတယ်။ လင်းဟန်က ရွှမ်ယွမ်ဇီကွမ်းကို အနိုင်ယူခဲ့တာ သုံးရက်ခန့်ပဲ ရှိသေးတာ ဖြစ်ပြီးတော့ ရတနာ တစ်သန်းမြို့က အဆင့်လေး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်နဲ့ အစောပိုင်းမှာ ပိတ်ဆို့ခံထားရတာကြောင့် ဘယ်သတင်းမှ အပြင်ဘက်ကို ပြန့်နှံ့နိုင်လိမ့်မည်

မဟုတ်ချေ။

လင်းဟန်က ရယ်မောလိုက်သည်။ သူက တကယ်ပဲ သူ့ကိုယ်သူ အရမ်းကို တွေးထားတာပဲ။

ရင်ဟောင် ထွက်သွားပြီးတဲ့ နောက်မှာတော့ လင်းဟန်က စဉ်းစားခန်း ဖွင့်နေခဲ့သည်။

ဇီရှုရန် ချန်ထားခဲ့သည့် မှတ်ဉာဏ်ကျောက်တုံးထဲတွင် လွှန်ခဲ့သော နှစ်ပေါင်းတစ်သောင်းကျော်က နတ်ဘုရားနယ်မြေက လူတွေက ရောက်လာပြီး အရင်မျိုးဆက်ရဲ့ သိုင်းပညာ အမွေအနှစ်တွေကို အမြစ်ပြတ် ဖျက်ဆီးသွားခဲ့တာ ဖြစ်နိုင်ပေသည်။ နောက်ပိုင်းမျိုးဆက်တွေရဲ့ သတင်းတွေအရ ကောင်းကင်ဓားဂိုဏ်းနဲ့ တခြားအင်အားကြီး ဂိုဏ်းလေးခုတို့ ပူးပေါင်းပြီးတော့ အခြေအနေဆိုးကို တွန်းလှန်ပြီး ကျူးကျော်သူတွေကို နှင်ထုတ်ပစ်ခဲ့သည်။

လင်းဟန်က မိုးရေနိုင်ငံထဲမှာ ရှေးဟောင်းတိုက်ပွဲကြီး တစ်ခုကို မြင်တွေ့ခဲ့ရသည်။ ထိုတိုက်ပွဲတွင် အနည်းဆုံး ကောင်းကင်အဆင့် စစ်သည်တော် ရာပေါင်းများစွာ ပူးပေါင်းပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်

တစ်ယောက်ကို တိုက်ခိုက်ကြပြီး မရေမတွက်နိုင်တဲ့ အလောင်းကောင်တွေ ကျန်ရစ်ခဲ့သည်။ အဲဒီအချက်ကို ကြည့်မယ်ဆိုရင် စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့် စစ်သည်တော် ဆိုတာက စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မဖြစ်နိုင်ပဲ နတ်ဘုရား တစ်ပါး ဖြစ်နိုင်ချေရှိပြီး ထိုနတ်ဘုရား၏ အဆင့်ကို ဒီနယ်မြေရဲ့ ကန့်သတ်ပိတ်ဆို့ ထားမှုကြောင့် အဆင့်လျော့ကျ နေတာမျိုး ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ဒါပေမဲ့ ဇီရှုရန်က ဒီအရာတွေ အားလုံးက အလိမ်အညာလို့ ပြောခဲ့သည်။

အခုဆိုရင် နှစ်ပေါင်းတစ်သောင်း ကျော်လွန်လာခဲ့ပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဖွင့်လှစ်လိုက်သည်။ ပြောကြတာတော့ ဒီကမ္ဘာကြီးက ကြီးမားတဲ့ ကပ်ဘေးတစ်ခု ကျရောက်လာနိုင်ပြီး ဖြစ်နိုင်တာက နတ်ဘုရား နယ်မြေက လူတွေက ဆင်းသက်လာပြီးတော့ နောက်ထပ်တစ်ကြိမ် ကျူးကျော်လာနိုင်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

မာထို့ပေါင်အနေနဲ့ အရင်တစ်ခေါက်က ကောင်းကင်ကို ဖွင့်ပြီးတော့ ကမ္ဘာကြီးကို နတ်ဘုရား နယ်မြေဆီကို

သယ်ဆောင်သွားမယ်လို့ ပြောဖူးပြီး အိမ်မွေးတိရိစ္ဆာန်တွေကိုတောင် တန်ခိုးရှင်တွေ ဖြစ်စေမယ်လို့ ပြောခဲ့ဖူး၏။ ဘာကြောင့်လဲဆိုတော့ သူက ဒီမဟာကပ်ဘေးကြီးကို ကြိုတင်မြင်နေလို့များလား။ ပြီးတော့ ဖန်ပိုယွမ်က လေဟာနယ်ကို အလျင်စလိုနဲ့ စုတ်ဖြဲဖို့ မဟုတ်မရဲ ဖြစ်နေတယ်လို့ ပြောခဲ့ဖူးပါတယ်။ အဲဒီမှာ ကြီးမားတဲ့ ကပ်ဘေးကြီးတစ်ခု ရှိနေသလိုမျိုး ခံစားရပြီး အဲဒါက နတ်ဘုရား နယ်မြေနဲ့ ပတ်သက်ဆက်နွယ်နေတာများလား။

လင်းဟန်က စဉ်းစားရင်း စဉ်းစားရင်းနဲ့ ခေါင်းတွေကိုက်လာခဲ့သည်။ သူ့အနေနဲ့ အကြောင်းအရာတွေ ပိုပိုသိလာပေမဲ့ သူနားမလည်တာတွေလည်း ပိုပိုများလာခဲ့သည်။

နတ်ဘုရား နယ်မြေက လူတွေက ဘာကြောင့် ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို ကျူးကျော်ရတာလဲ။ ဒီနေရာမှာ နတ်ဘုရား နယ်မြေရဲ့ အာရုံကို ဆွဲဆောင်နိုင်လောက်အောင် ထိုက်တန်တဲ့ ပစ္စည်းတစ်စုံတစ်ခု ရှိနေတာလား။ နောက်ပြီးတော့ တကယ်လို့ နတ်ဘုရား နယ်မြေက ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို အမှန်တကယ် အမြစ်ပြတ် သုတ်သင်ပစ်ချင် နေတယ်ဆိုရင်ရော ဂိုဏ်းကြီးငါးဂိုဏ်းက

အဲဒါကို တကယ်ရော တားဆီးနိုင်တဲ့ အစွမ်းရှိမှာလား။

နတ်ဘုရားတွေ ထောင်ဂဏန်း အနည်းငယ်နဲ့ တစ်သောင်းဂန်းကျင်လောက် ဆင်းသက်လာပြီး အကယ်၍ သူတို့အားလုံးက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ဖိနှိပ်ထိန်းချုပ်ခြင်း ခံထားရတယ် ဆိုရင်တောင်မှ သေမျိုးနယ်မြေ တစ်ခုလုံးကို သိမ်းကြုံးလှည်းထုတ်ပစ်ဖို့ လုံလောက်တယ် မဟုတ်လား။

လင်းဟန်က ဒီကိစ္စ တစ်ခုလုံးကို မစဉ်းစားနိုင်ပေ။ အကယ်၍ နတ်ဘုရားတွေက တကယ်ပဲ ကျူးကျော်လာမယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဒီနတ်ဘုရားတွေကို နှင်ထုတ်ဖို့ ဘယ်လိုမျိုး စွမ်းရည်တွေ ရှိပြီးတော့ ဆုံးရှုံးသွားတဲ့ ပိုင်နက်ကို ပြန်လည်သိမ်းပိုက် နိုင်မှာလား။

ဇီရှုရန် ပြောသလိုမျိုး ဒါတွေ အားလုံးကရော အလိမ်အညာတစ်ခုပဲလား။

သူမချန်ထားခဲ့သည့် သတင်းစကားကို ရှာတွေ့ပြီးတဲ့ နောက်ပိုင်းမှာ ဒီကိစ္စကို နားလည်သဘော ပေါက်သွားပါလိမ့်မည်။

ကောင်းကင်ထိန်းသိမ်းခြင်း ကျောင်းတော်ဆီကို သွားတဲ့ခရီးက ကြည့်ရတာ လုံးဝကို လိုအပ်တဲ့ ခရီးတစ်ခု ဖြစ်ပေလိမ့်မည်။

လင်းဟန်က ဘာကိုမှ စိုးရိမ်ပူပန်ခြင်း မရှိပါဘူး။ သူရဲ့စိတ်တွေကို ရှင်းလင်းအောင် ထားပြီးတဲ့ နောက်မှာတော့ သူကချက်ချင်းပဲ ထွက်ခွာလာခဲ့သည်။

ကျူးရှွမ်အာနဲ့ ကျန်တဲ့မိန်းကလေး နှစ်ယောက်ကလည်း ဘာဦးတည်ချက်မှ မရှိကြပါဘူး။ သူတို့တွေက ရင်ဟောင်ကို နှုတ်ဆက်ပြီးတဲ့ နောက်မှာတော့ ခရီးတစ်ခု ထွက်လာခဲ့ကြသည်။

လင်းဟန်က အစတုန်းက သူရဲ့တပည့်ဖြစ်သူကနေ ဆင်းသက်လာပုံရတဲ့ ခန်းဇီရှီနဲ့ တွေ့ဆုံဖို့ ဆန္ဒရှိနေခဲ့သည်။ ဒါပေမဲ့ ခန်းဇီရှီက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်ပြီး ဘဝကို သက်တောင့်သက်သာ ဖြတ်သန်းနေတာကြောင့် သူ့ကိုစိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ နောက်ပြီးတော့ တကယ်လို့ သူက ခန်းမိသားစုရဲ့ တည်ထောင်သူလို့ ပြောလိုက်မယ်ဆိုရင် သေချာပေါက် သူ့ကို အထင်သေးသွားလိမ့်မယ် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို အခုချိန်မှာ ဘေးဖယ်ထားလို့ ရပါတယ်။

လင်းဟန်အနေနဲ့ မရှိတင်ကဲ ဖြစ်နေတဲ့ တစ်ခုတည်းသော အရာက အလောင်းတစ်ထောင်ဂိုဏ်း အနေနဲ့ ရတနာ တစ်သန်းမြို့ကို ပိတ်ဆို့တိုက်ခိုက်ပြီး ရှာဖွေနေရအောင် လိုချင်တပ်မက်နေတဲ့ ရတနာက ဘယ်လိုမျိုး ရတနာ ဖြစ်နေလဲ ဆိုတာကို သူမသိသေးတဲ့ အချက်ပဲဖြစ်သည်။ သူ့အတွက် အဲဒီပစ္စည်းက အသုံးမဝင်နိုင်ပေမဲ့လည်း သူရဲ့သိချင်စိတ်တွေက ပြင်းပြလို့ နေပါတယ်။

သူတို့လေးယောက်က ပန်းပေါင်းစုံပျံ စီရင်စုဆီကို ဦးတည်ပြီး ထွက်ခွာလာခဲ့သည်။

လင်းဟန်က မြင်းလှည်းတစ်စီး ငှားရမယ်းပြီးတော့ သူရဲ့မူလရုပ်ရည် သွင်ပြင်ကို ပြန်ပြီးတော့ ပြင်ဆင်လိုက်ပြီး သူ့အနေနဲ့ တချိန်လုံး ရုပ်ဖျက်ထားတာက သူ့ကိုသက်တောင့်သက်သာ မဖြစ်စေခဲ့ပါဘူး။ ကောင်းကင်ထိန်းသိမ်းခြင်း ကျောင်းတော်ဆီကို ရောက်တဲ့အခါမှာ တခြားလူ တစ်ယောက်အဖြစ် ရုပ်ဖျက်နိုင်ပါတယ်။ ဟန်လင်းဆိုတဲ့ ပုံရိပ်က အရမ်းကို လူသိများနေပါပြီ။ တကယ်တော့ လူနှစ်ယောက်ရဲ့

နာမည်တွေက အရမ်းကို တူညီနေပြီး သူတို့နှစ်ယောက်လုံးက မှော်ဆေးပညာနဲ့ သိုင်းပညာတွေကို ကျင့်ကြံအားထုတ်ပြီး နှစ်ယောက်လုံးက အံ့အားသင့်စရာ ကောင်းလွန်းတဲ့ အမြင့်တစ်ခုကို အောင်မြင်မှု ရယူထားနိုင်တာကြောင့် လူတော်တော်များများကို လွယ်လွယ်ကူကူနဲ့ သတိထားမိစေသည်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က နေဝင်ဆည်းဆာလေးကို ပစ်ခတ်ကစားနေသည်။ ရေနဂါးသွေးကြောက သူမျှော်လင့်ထားသလို အရမ်းကို ပျော့ပြောင်းလွန်းနေသည်။ ပန်းဖူးအဆင့်ကို အသာထားဦး ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ ဒီလေးကို အသုံးပြုနိုင်စွမ်း ရှိချင်မှ ရှိနိုင်လိမ့်မည်။

ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတော့ တကယ်လို့ လူတစ်ယောက်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်တွေကို ကျင့်ကြံအားထုတ်ခြင်း မရှိဘူးဆိုရင် ဒီလေးကို ဆွဲဖို့ဆိုတာက အရမ်းကို များပြားတဲ့ မူလစွမ်းအင် ပမာဏကို လိုအပ်ပေလိမ့်မည်။ ဒါကြောင့် ဒီလေးကနေ ပစ်လွှတ်မဲ့ မြားပေါ်မှာ အာရုံစိုက်ဖို့ ဘယ်လိုလုပ်ပြီး မူလစွမ်းအင် အပိုရှိနိုင်လိမ့်မှာလဲ။

ဓားတွေ ဆေးဘာဓားတွေနဲ့ လုံတွေရဲ့ အလေးချိန်က တကယ်လို့ ၄င်းတို့ကို ရှားပါးသတ္တုတွေနဲ့ ပြုလုပ်ထားတယ် ဆိုရင်တောင်မှ ပေါင်ရာဂဏန်း အနည်းငယ်မျှသာ ရှိပြီးတော့ ဒီလိုမျိုး ခွန်အားအနည်းငယ်ကို မရှိတဲ့လူဆိုတာ ဘယ်မှာရှိနိုင်မှာလဲ။

ဒါပေမဲ့လည်း နေဂင်ဆည်းဆာလေးကို ဆွဲဖို့ဆိုရင်တော့ ဘယ်လိုမျိုး စွမ်းအင်အမျိုးအစား လိုအပ်လိမ့်မလဲ။ လေးညို့ကို ဆွဲဖို့အတွက် တောင်တစ်လုံးစာလောက် ခွန်အားရှိမှ လုံလောက်ပါလိမ့်မယ်။

Chapter 584 end

အပိုင်း(၅၈၅) မြားတစ်ချောင်းနဲ့ မျိုးဖြုတ်ခြင်း

"ကြွေခိုင်တောင့်တင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားတာက အတော်လေး အသုံးဂင်တာပဲ"

လင်းဟာန်က အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလေးကို ဆွဲတင်ရတာကြောင့် မူလစွမ်းအင် ပမာဏ ကြီးကြီးမားမား ကုန်ခမ်းသွားပါလိမ့်မယ်။ အဲဒီနောက် ကြယ်စင်နဂါး မျိုးဖြုတ်ခြင်း မြားကို အသုံးပြုတဲ့ အချိန်ကျရင်

ၚင်းရဲ့စွမ်းအင်က အတော်လေးကို အားနည်းသွားပေလိမ့်မည်။

"ဓားကေရာဇ်နဲ့ တခြားလူတွေရော ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာတွေကို ကျင့်ကြံမလား မသိဘူး"

ရုတ်တရက် သူက သိချင်စိတ် ဖြစ်ပေါ်သွားခဲ့သည်။

နေဂင်ဆည်းဆာလေးကို ဆွဲတင်ပြီး နေဂင်ရှိန်မြား တစ်စင်းကို ပစ်လွှတ်လိုက်သည်။ ပထမတော့ မျက်စိနဲ့ ၚင်းကို လိုက်ဖမ်းမိနိုင်ပေမဲ့ မီတာရာဂဏန်း တော်တော်များများကို ဆက်ပြီးတော့ ပျံသန်းသွားတဲ့ အခါမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အမြန်နှုန်းကြောင့် အလင်းတန်း တစ်ခုနဲ့ တူပြီးတော့ မျက်စိတစ်မှိတ်အတွင်းမှာ မီတာရာနဲ့ချီအောင် ရောက်သွားခဲ့သည်။

ဒုတ်။

အရမ်းကို ဝေးကွာလွန်းတဲ့ နေရာမှာ ထားထားတဲ့ ပစ်မှတ်ကို ချက်ချင်းဆိုသလို နေဂင်ရှိန်မြားက ပေါက်ကွဲသွားစေခဲ့ပြီး ကောင်းကင်တစ်ခုလုံး အပျက်အစီးတွေနဲ့ ပြည့်နှက်သွားခဲ့သည်။

"အကောင်းဆုံး အကွာအဝေးက ၁၅ကီလိုမီတာ ရှိတယ်။ ဒီထပ်ပိုဝေးသွားရင် စွမ်းအားက စပြီးတော့ ယုတ်လျော့လာလိမ့်မယ်။ ပြီးတော့ အမြန်နှုန်းကလည်း ကျဆင်းလာလိမ့်မယ်"

လင်းဟန်က သူ့ကိုယ်သူ ပြောနေသည်။

"ဒါပေမဲ့လည်း အမြင့်ဆုံး အာနိသင် သက်ရောက်နိုင်တဲ့ ၁၅ကီလိုမီတာ အကွာအဝေးကို မြားရောက်ဖို့က နှလုံးခုန်နှုန်းရဲ့ အကြိမ်တစ်ရာပုံ တစ်ပုံအတွင်းမှာ ရောက်သွားလိမ့်မယ်။ မြားရဲ့ လျင်မြန်တဲ့ အချက်ကြောင့် မျက်လုံးနဲ့တောင် ဖမ်းမမိနိုင်ဘူး"

"ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာ အန္တရာယ်နဲ့ ကြုံလာတဲ့ အချိန်ရောက်ရင် မကောင်းတဲ့ ခံစားချက်တွေက မြင့်တက်လာခဲ့တယ်။ ဒါပေမဲ့ ဘယ်နေရာကနေ တိုက်ခိုက်လာပြီး ဘယ်လိုတိုက်ခိုက်မှုလည်း ဆိုတာကိုတော့ ခွဲခြားလို့ မရနိုင်ဘူး"

"ငါ့ကိုယ်ငါ ဉပမာ အနေနဲ့ ထားပြီးတော့ ပြောရမယ်ဆိုရင် တကယ်လို့ ငါ့မှာ အနက်ရောင် မျှော်စင်သာ ရှိမနေဘူးဆိုရင်

ဒီလိုမျိုး အခြေအနေကို ရောက်လာမယ်ဆိုရင် ပထမဆုံး တုံ့ပြန်မိမှာက မူလစွမ်းအင်တွေကို သိပ်သည်းကျစ်လျစ်စေပြီး ခန္ဓာကိုယ် တစ်ခုလုံးမှာ ပျံ့နှံ့ပစ်မယ်။ ဒါပေမဲ့လည်း ကြယ်နဂါး အမြစ်ဖြုတ် မြားနဲ့သာဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ခုခံကာကွယ်မှုကိုတောင် ထိုးဖောက်ပစ်နိုင်တယ်။ တကယ်လို့ မူလစွမ်းအင်တွေကို ခန္ဓာကိုယ် တစ်ခုလုံးကို ဖြန့်ကျက်ပြီး ကာကွယ်ထားမယ်ဆိုရင် သေကွင်းသေကွက် နေရာတချို့မှာ သိပ်သည်းကျစ်လျစ်အောင် လုပ်နိုင်မှာ မဟုတ်ဘူး။ အဲဒီအခါကျရင် ကြယ်နဂါး အမြစ်ဖြုတ် မြားကို ဘယ်လိုလုပ်ပြီးတော့ ခုခံကာကွယ်နိုင်မှာလဲ”

“ဒါက ငါ့ကိုယ်ငါလည်း သတိပေးသလို ဖြစ်တာပဲ။ ဒီကမ္ဘာကြီးထဲမှာရှိတဲ့ မြားပစ်ပညာတွေမှာ ဒီလိုမျိုး အစွမ်းတွေ ရှိရုံတင်မက စိတ်ဂိညာဉ် ပစ္စည်းတချို့မှာလည်း တူညီတဲ့ အာနိသင်တွေ ရှိနိုင်တယ်။ ဒါကြောင့် တကယ်လို့ ဒီလိုမျိုး အခြေအနေနဲ့ ကြုံတွေ့လာမယ်ဆိုရင် အနက်ရောင် မျှော်စင်ထဲမှာ ပုန်းနေတာက အလုံခြုံဆုံးပဲဆိုတာ သိသာထင်ရှားတယ်။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ထဲကို မဝင်နိုင်တဲ့ အချိန်တွေ ရှိလာမယ်ဆိုရင် ငါက မူလစွမ်းအင်တွေကို သေကွင်းသေကွက် အစိတ်အပိုင်းတွေဆီကိုပဲ ဖြန့်ကျက်ပစ်နိုင်မယ်။ ထိခိုက်မှု

မရှိပဲ လွတ်မြောက်မဲ့ လမ်းကြောင်းကို ပိုလွန်ပြီးတော့ စဉ်းစားလို့ မရနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့သေလမ်းကို ငါရှာသလို ဖြစ်သွားလိမ့်မယ်"

"ကံကောင်းတာတစ်ခုက ငါ့မှာ သံမဏိ ခန္ဓာကိုယ်ကို ကျင့်ကြံထားပြီး သာမန်လူတွေက ငါ့ကို ခြိမ်းခြောက်နိုင်စွမ်း မရှိကြဘူး။ ပြီးတော့ တကယ်လို့ စိန်အဆင့်ထိ ကျင့်ကြံနိုင်မယ်ဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေတောင်မှ ကြယ်နဂါး အမြစ်ဖြုတ်ခြင်း များကို အသုံးပြုပြီး တိုက်ခိုက်မယ် ဆိုရင်တောင် ငါ့ကိုဒဏ်ရာရအောင် လုပ်နိုင်မှာ မဟုတ်ဘူးလို့ ငါယုံကြည်တယ်"

လင်းဟန်က သုံးသပ်ကောက်ချက် ချလိုက်သည်။

ကြယ်စင်နဂါး အမြစ်ဖြုတ်များက နေဂင်ဆည်းဆာလေးလိုမျိုး ရတနာပစ္စည်း တစ်ခုနဲ့မှ ကောင်းကောင်းကြီး လိုက်ဖက်ညီတာပါ။ မှသားမဲ့ မျက်လုံးကိုပါ ပေါင်းထည့်လိုက်မယ်ဆိုရင် ဒါက သူ့အတွက် အကောင်းဆုံး သတ်ဖြတ်ခြင်း တိုက်ကွက် ဖြစ်လာပါလိမ့်မယ်။ မီတစ်တစ်ထောင် အကွာအဝေးက ဘယ်သူ့ကိုမဆိုင် အသက်ခြွေပစ်ဖို့ဆိုတာ သူ့အတွက်တော့

အရမ်းကို လွယ်ကူနေပါလိမ့်မည်။

"မြားတွေ အစော်ကို နည်းသေးတယ်။ ငါနောက်ထပ် နည်းနည်းလောက် လုပ်ရမယ်။ ဒါပေမဲ့ အဆင့်ခုနစ် ရှားပါးသတ္တုတွေက အရမ်းကို တန်ဖိုးကြီးလွန်းတယ်။ ငါဘယ်နေရာကနေ အများကြီး ရနိုင်မလဲ။ ဟူး"

သူက ရုတ်တရက်ဆိုသလို မူမမှန်တဲ့ လှုပ်ရှားမှု တစ်ခုကို အာရုံခံမိ သွားခဲ့သည်။ မြင်းလှည်းက ရုတ်တရက်ဆိုသလို တိုက်ခိုက်ခံရပြီး ချက်ချင်းပဲ ပေါက်ကွဲသွားခဲ့သည်။ မြင်းလှည်းမောင်းသမား နှစ်ယောက်ကတော့ တိုက်ခိုက်မှုကြောင့် ကံဆိုးစွာနဲ့ သေဆုံးသွားပြီးတော့ မျက်နှာဖုံးစွပ် အဘိုးကြီးသုံးယောက်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဂါတွေ ထုတ်လွှတ်လျက် ထွက်ပေါ်လာခဲ့သည်။

"သူတို့ဘယ်ရောက်ကုန်လဲ"

အဘိုးကြီး တစ်ယောက်က ပြောလိုက်သည်။

"ဒါက လှည့်ကွက်တစ်ခုများ ဖြစ်နေမလား။ ငါတို့ရဲ့ အာရုံစိုက်မှုကို လမ်းကြောင်းပြောင်းတဲ့ အနေနဲ့

လူမြင်သာအောင် ထွက်ခွာပေမဲ့ တကယ်တမ်းကျတော့ သူက တခြားလမ်းကို ရွေးပြီးတော့ သွားတာများလား”

ဒုတိယ အဘိုးကြီး တစ်ယောက်က ပြောလိုက်သည်။

“ဘယ်လောက် စေ့စပ်လိုက်သလဲ”

တတိယ အဘိုးကြီးက ပြောလိုက်သည်။

“ဟန်လင်းက လင်းဟန် မဟုတ်နိုင်ဘူး ဆိုရင်တောင်မှ နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်နဲ့ နတ်ဘုရား တစ်ပါးရဲ့ ရတနာသိုက် တစ်ခုလည်း ပါဝင်ပတ်သက်နေတယ်။ ဒါကြောင့် တကယ်လို့ သူမဟုတ်ဘူး ဆိုရင်တောင်မှ ငါတို့အနေနဲ့ သူ့ကိုလွယ်လွယ်နဲ့ ထွက်သွားခွင့် ပြုလို့တော့ မဖြစ်ဘူး”

ပထမ အဘိုးကြီးက ပြောလိုက်သည်။

“ဟုတ်တယ်”

ကျန်တဲ့ အဘိုးကြီး နှစ်ယောက်ကလည်း ခေါင်းညိတ်လိုက်ကြသည်။

"သွားကြစို့"

သူတို့သုံးယောက်က အနောက်ဘက်ဆီကို ဦးတည်ပြီး ခုန်ထွက်သွားကြသည်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့သည်။ ဒီအဘိုးကြီး သုံးယောက်ရဲ့ စကားအသွားအလာကို ကြည့်ခြင်းဖြင့် သူတို့တွေက သူရုပ်ဖျက်ထားတာကို သိမြင်သွားပေမဲ့ လုံးဝကို မသေချာသေးတဲ့ ပုံစံမျိုး ဖြစ်နေကြသည်။ ဒီအဘိုးကြီး သုံးယောက်ကား တကယ့်ကို ညှာတာမှု ကင်းမဲ့ကာ ရက်စက်လွန်းသည်။ သူရဲ့အဆင့်အတန်းကို ပြောဖို့ခက်နေတဲ့ အခြေအနေမှာတောင် သူတို့က သတ်ဖြတ်ဖို့ စိတ်ကူးနေသေးတာကြောင့် တကယ့်ကို ရက်စက်တဲ့ လူတွေဖြစ်သည်။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်လား။

သူက မြင်းလှည်းမောင်းသမား နှစ်ယောက်ကို ကြည့်လိုက်တဲ့ အခါမှာ ပြင်းထန်ဆိုးဝါးစွာနဲ့ သေဆုံးနေတာကို မြင်လိုက်ရပြီး သူရဲ့မျက်လုံးထဲမှာ အေးစိမ့်ကျောချမ်းဖွယ်ရာ အလင်းရောင်

ဖျတ်ခနဲ လက်သွားခဲ့သည်။ သူက နည်းနည်းလေးမှ တုံ့ဆိုင်းမနေပဲ နေဂင်ဆည်းဆာ လေးကို ဆွဲထုတ်ယူပြီးတော့ မြားတစ်စင်းကို တပ်လိုက်ပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်သည်။ အဘိုးကြီး သုံးယောက်က သိပ်မဝေးတဲ့ အကွာအဝေး တစ်ခုမှာ ရှိနေသည်။

ပကာတိ ခွန်အားနဲ့အတူ လင်းဟန်က လေးညို့ကို ဆွဲတင်လိုက်သည်။ ရေနဂါး သွေးကြောက တင်းလာပြီး လင်းဟန်ရဲ့ လက်မောင်းက ကြွက်သားတွေက ဖုထစ်ဖောင်းကား လာပြီးတော့ စွမ်းအားတွေ ပြည့်ဂနေသလို ခံစားလိုက်ရသည်။ သူက ကြယ်စင်နဂါး အမြစ်ဖြုတ်မြားအစွမ်းကို ပေါင်းစပ်ပြီး ချက်ချင်းဆိုသလို အဆင့်ခုနစ် ရှားပါးသတ္တုနဲ့ ပြုလုပ်ထားတဲ့ မြားအပေါ်မှာ သွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေက လိမ်ယှက်လာခဲ့သည်။ သွေးကြောပုံစံ အစီအရင်တွေရဲ့ တောက်ပလင်းလက်မှုနဲ့ မြားတစ်ချောင်းလုံးကို ကြည့်ရတာ အသက်ဂင်လာသလို ဖြစ်နေသည်။

"သွားစမ်းကွာ"

လင်းဟန်က အသာလေး အော်ဟစ်လိုက်ပြီး

သူ့ရဲ့ညာဘက်လက်က လက်ချောင်းငါးချောင်းကို လွှတ်လိုက်သည်။ ချက်ချင်းဆိုသလို မြားက အလင်းတန်းတစ်ခု အသွင်ကို ပြောင်းလဲသွားသည်။ လင်းဟန်က ဒုတိယမြောက် မြားတစ်စင်းကို ထုတ်ယူပြီး နောက်ထပ်တစ်ကြိမ် လေးညို့ကို ဆွဲကာ ပစ်လွှတ်လိုက်သည်။

သူက လေးကို သုံးကြိမ်တိုင်တိုင် ဆွဲပြီးတော့ မြားသုံးစင်းကို သုံးကြိမ်ဆက်တိုက် ပစ်လွှတ်လိုက် ပြီးတာနဲ့ ချက်ချင်းဆိုသလို တုန်တုန်ယင်ယင် ဖြစ်လာပြီး မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းသွားခဲ့သည်။

မြားသုံးချောင်းကို အချိန်ခဏလေး အတွင်းမှာ ဆက်တိုက်ပစ်လွှတ်ခြင်းက သူ့ကို အကြီးအကျယ် မောပန်းနွမ်းနယ်သွားစေသည်။

အဘိုးကြီး သုံးယောက်စလုံး ဆက်တိုက်ဆိုသလို တုံ့ဆိုင်းသွားခဲ့သည်။ သူတို့ရဲ့က နှလုံးသား အထဲမှာ မကောင်းတဲ့ ခံစားချက်တွေ မြင့်တက်ပေါက်ကွဲလာပြီး မသိစိတ်ကြောင့် သူတို့အားလုံး မူလစွမ်းအင်တွေကို သိပ်သည်းကျစ်လျစ်ပြီး သူတို့အရှေ့မှာ ဒိုင်းတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

ရှုပ်။

အလင်းတန်း တစ်ခုက ရောက်လာပြီး အလယ်က အဘိုးကြီးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။ အလင်းတန်းက အဘိုးကြီးရဲ့ ဘယ်ဘက်ရင်ဘတ် နေရာတစ်ပိုက်ကို ထိမှန်သွားသလို လူသုံးယောက်က ဘာတုံ့ပြန်မှုမှ မရှိသလိုမျိုး နတ်ဘုရား အလင်းတွေနဲ့ သွေးကြောနဲ့တူတဲ့ အစီအရင်တွေက နေရာအနှံ့ လိမ်ယှက်နေသည်။

ဖူး။

သံသယ ရှိစရာ မလိုအောင်ပဲ မူလစွမ်းအင် ဒိုင်းက မြားအလင်းတန်းကို ဟန့်တားနိုင်ခြင်း မရှိပေ။ ကြယ်နဂါး အမြစ်ဖြုတ်မြားရဲ့ ကောင်းချီးပေးမှုနဲ့အတူ သွေးကြောနဲ့တူတဲ့ အစီအရင်တွေနဲ့ အဆင့်ခုနစ် ရှားပါးသတ္တုနဲ့ ပြုလုပ်ထားတဲ့ မြား၏ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ မူလစွမ်းအင် ဒိုင်းကို လွယ်လွယ်ကူကူနဲ့ ထိုးဖောက်သွားခဲ့သည်။

ဒိုင်းပျက်စီးသွားတာနဲ့ အဘိုးကြီးရဲ့ ခန္ဓာကိုယ်က သိသိသာသာကို အားအင်ချည့်နဲ့သွားပြီး လေတစ်ချက် တိုက်တာကိုတောင် ရပ်တည်နိုင်စွမ်း မရှိတော့ပေ။ ဖူး။ မြားက အဘိုးကြီးရဲ့ ရင်ဘက်ကနေ အနောက်ကျောထိ ထုတ်ချင်းပေါက် ထွက်သွားသလို သွေးတွေကလည်း ပျံ့ကျဲသွားခဲ့သည်။ တစ်ဖက်က မူလစွမ်းအင် ဒိုင်းကလည်း လုံးဝကို ပျက်စီးသွားသည်။ နောက်ဆုံးမှာတော့ မြားရဲ့စွမ်းအားက မြေပြင်ပေါ်ကို ထိုးဖောက်စိုက်ဝင် သွားခဲ့သည်။

အဘိုးကြီးရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို စိတ်ဝိညာဉ် ပျောက်ဆုံးသွားသလို အသက်ကင်းမဲ့သွားပြီး မြေကြီးပေါ်ကို ဒူးထောက်ကျသွားကာ သူရဲ့ပုံရိပ်က အနည်းငယ် လှုပ်ယမ်းပြီးမှ မြေကြီးပေါ်ကို ဦးခေါင်းစိုက် ကျသွားခဲ့သည်။

မြားတစ်ချောင်းနဲ့ သတ်ပစ်လိုက်တယ်။

"နံပါတ်ခုနစ် အစ်ကို"

ကျန်တဲ့အဘိုးကြီး နစ်ယောက်က အော်ဟစ်ငိုကြွေးလိုက်သည်။ ဒါပေမဲ့ သူတို့ဘာမှ မလှုပ်ရှားနိုင်ခင်မှာ ဒုတိယ အလင်းတန်း တစ်ခုက

ရောက်လာခဲ့သည်။

ပင်ကိုယ်အသိစိတ်ရဲ့ သတိပေးမှုကြောင့် သူတို့ရဲ့ ခုခံကာကွယ်မှုကို မဖြန့်ကျက်ပဲ့ပဲ ချက်ချင်းဆိုသလို သေကွင်းသေကွက် တချို့ဆီမှာ အာရုံစိုက်ထားလိုက်ကြသည်။ ဖူး။ ဒုတိယ အဘိုးကြီးလည်း ပစ်ခံလိုက်ရသလို သွေးတွေက ပျံ့နှံ့သွားခဲ့သည်။ ကံကောင်းတာက မူလစွမ်းအင်ကို သေကွင်းသေကွက် နေရာတွေမှာ ထိထိရောက်ရောက် အသုံးချထားတာကြောင့် ခုခံကာကွယ်နိုင်စွမ်းက အဆပေါင်းများစွာ တိုးလာခဲ့သည်။ ဒုတိယ အဘိုးကြီးက မျက်လုံးကို ပစ်ခံလိုက်ရပေမဲ့ မျက်စိပဲ ဆုံးရှုံးသွားခဲ့ပြီး မြားက ဦးနှောက်ထဲကို ဖောက်ဝင်မသွားခဲ့ပေ။

"အစ်ကိုငါး"

တတိယ အဘိုးကြီးကဖေ အော်ဟစ်လိုက်ပြီး သွားရောက်ကူညီ ပေးချင်ပေမဲ့ တတိယမြောက် အလင်းတန်းက ရောက်လာခဲ့သည်။

သူက ကျယ်လောင်စွာ အော်ဟစ်မာန်သွင်းလိုက်ပြီး သူရဲ့မျက်နှာကို လက်နှစ်ဖက်နဲ့ ကာကွယ်ပြီး နလုံးသားနဲ့

ဒန်တန်ကိုတော့ မူလစွမ်းအင်နဲ့ အပြည့်အဝ ဖုံးအုပ်ထားခဲ့သည်။ နှစ်ကြိမ်တိုင်တိုင် တွေ့မြင်ပြီးတဲ့ နောက်မှာတော့ သူ့မှာ လုံလောက်တဲ့ ပြင်ဆင်မှုမျိုး ပြုလုပ်လို့ ရသွားခဲ့သည်။

ဖူး။

မြားက သူရဲ့မျက်လုံးဆီကို စိုက်ဝင်သွားခဲ့သည်။ သူရဲ့လက်တွေကို မြားက ထိုးဖောက်သွားပေမဲ့ လမ်းကြောင်းကို ဟန့်ထားလိုက်တာကြောင့် မြားရဲ့အစွမ်းက ကြီးကြီးမားမား ဖြတ်တောက် ခံရပြီး သူရဲ့မျက်ခွံကို မရောက်ခင် ရပ်တန့်သွားခဲ့သည်။

ဒီအဖြစ်အပျက်ကို ပြောနေရတာ အရမ်းကို ကြာပေမဲ့ အမှန်တကယ် အဖြစ်အပျက်က အသက်ရှူချိန် တစ်ရှိုက်စာ အတွင်းမှာ ဖြစ်ပျက်သွားခဲ့သည်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေထဲက တစ်ယောက်က သေဆုံးပြီး ကျန်နှစ်ယောက်က ဒဏ်ရာအနာတရ ရသွားခဲ့သည်။ တကယ်လို့ တခြားလူတွေကို ဒီလိုမျိုး ဖြစ်အောင်လို့ ပန်းဖူးအဆင့် သိုင်းပညာရှင် တစ်ယောက်က ပြုလုပ်ခဲ့တယ် ဆိုတာကို ပြောပြမယ်ဆိုရင် ဘယ်သူကများ လက်ခံယုံကြည် နိုင်ကြမှာလဲ။

အဘိုးကြီးနစ်ယောက်က အသက်ရှင်နေဆဲ ဆိုပေမဲ့ မြားကို ဆွဲမထုတ်ပံ့ကြပါဘူး။ သူတို့ကိုယ်သူတို့ ခုခံကာကွယ်တဲ့ အနေအထားအတိုင်း ဆက်လက်ထိန်းသိမ်းထားပြီး စတုတ္ထမြောက်မြား ထွက်ပေါ်လာမဲ့ အရေးပေါ်အခြေအနေကို ခုခံကာကွယ်ဖို့ ပြင်ဆင်ထား ကြသည်။

သူတို့က ထွက်ပြေးဖို့ မလုပ်ပံ့ကြပါဘူး။ သူတို့ထက်ပြေးတာနဲ့ ခုခံကာကွယ်မှု လုပ်နိုင်တော့မှာ မဟုတ်ချေ။

အဘိုးကြီးနစ်ယောက်၏ မျက်လုံးနဲ့ လက်တွေကနေ သွေးတွေက အောက်ကိုစီးကျနေပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ သွေးတွေက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ စွမ်းအားအများကြီး ပိုင်ဆိုင်ထားကြသည်။ သွေးစက်ကျနေတဲ့ မြေကြီးပေါ်မှာ ဥက္ကာခဲတွေ ကြွေကျပျက်စီးသလို မြေပြင်ကို တုန်ခါသွားစေသည်။

Chapter 585 end

အပိုင်း(၅၈၆) ဖြေရှင်းခြင်း

လင်းဟန်က အကြိမ်အနည်းငယ်မျှ ပင့်သက်ရှိုက်ပြီးတဲ့

နောက်မှာတော့ စိတ်ဂိညာဉ် အရည်ကို နည်းနည်းစီ စုပ်သောက်ပြီး လေးကို နောက်တစ်ကြိမ် ဆွဲတင်လိုက်သည်။

ရွှပ် ရွှပ် ရွှပ်။

ဒီတစ်ကြိမ်လည်း သူက နောက်ထပ်မြားသုံးချောင်း ဆက်တိုက်ပစ်လွှတ်လိုက်ပြီး မြားအားလုံးကို မျက်စိတစ်ဖက် ပျက်စီးနေတဲ့ အဘိုးကြီးဆီကို ဦးတည်ပစ်လွှတ်လိုက်သည်။

အဘိုးကြီးကလည်း တခြားအဘိုးကြီးကို အတုခိုးပြီး သူရဲ့မျက်နှာကို လက်နှစ်ဖက်နဲ့ ကာကွယ်ပြီး နလုံးသားနဲ့ ဒန်တန်ကိုတော့ မူလစွမ်းအင်နဲ့ ကာကွယ်ထားလိုက်သည်။ ဒီနည်းလမ်းနဲ့ဆိုရင် အများဆုံး သူ့အနေနဲ့ ဒဏ်ရာရနိုင်ရုံပဲ ရှိပြီးတော့ အသတ်ခံရမှာ မဟုတ်ပေ။

ပထမမြားက ရောက်လာပြီး အဘိုးကြီးရဲ့ တင်ပါးကို မှန်သွားပြီး ဒုတ်ဆိုတဲ့ အသံနဲ့အတူ အဘိုးကြီးရဲ့ နောက်ကျောရိုး ပျက်စီးသွားခဲ့ပြီး သွေးတွေက ပန်းထွက်လာကာ ခန္ဓာကိုယ် နှစ်ပိုင်းပြတ်သွားသလို ပစ်ခတ်ခံလိုက်ရသည်။

ဒါပေမဲ့လည်း စိတ်ဂိညာဉ် နတ်သူငယ်အဆင့်များ၏

အသက်ဓာတ်က အထင်ကြီးစရာ ကောင်းပြီးတော့ ချက်ချင်းမသေဆုံးသွားသရွေ့ သူတို့အနေနဲ့ ပြန်ပြီးတော့ အသက်ရှင်နိုင်သည်။ အဘိုးကြီးက အလျှင်အမြန်ပဲ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ခန္ဓာကိုယ် နှစ်ပိုင်းကို ပြန်ဆက်လိုက်ပြီး မူလစွမ်းအင်တွေကို အလျှင်အမြန် ပို့ဆောင်လိုက်တာနဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို စတင်ပြီး ပေါင်းစည်းလာခဲ့သည်။

ဒါပေမဲ့လည်း အခုဆို သူရဲ့ခုခံမှုက ချက်ချင်းဆိုသလို မေးမှိန်ယုတ်လျော့ သွားခဲ့သည်။

"အစ်ကိုငါး သတိထား"

တတိယ အဘိုးကြီးက အော်ဟစ်လိုက်သည်။

ဒုတိယမြားက ရောက်လာပြီးတော့ အဘိုးကြီး၏ ကျန်ရှိနေတဲ့ ဘယ်ဘက်မျက်လုံးကို ထိုးဖောက်ပြီး ဦးခေါင်းအနောက်ထိ ထုတ်ခြင်းပေါက်သွားခဲ့သည်။ ဒုတိယအဘိုးကြီးက တတိယ အဘိုးကြီး ရှိတဲ့ဘက်ကို ကြည့်လိုက်သည်။ သူ၏မျက်လုံး နှစ်လုံးစလုံးက ပျက်စီးသွားခဲ့ပြီး သွေးတွေစီးကျနေတဲ့ အပေါက်နှစ်ပေါက်ပဲ ကျန်ရစ်တော့သည်။ သူကဒူးထောက်ကျသွားပြီး သူရဲ့ခန္ဓာကိုယ်က

အသက်ဓာတ်တွေ လျှင်မြန်စွာ ပျောက်ကွယ်သွားပုံရပြီးတော့ လဲကျသွားခဲ့သည်။

ရှုပ်။

တတိယမြောက် မြားလည်း ရောက်ရှိလာပြီး အဘိုးကြီးကို မြေပြင်ပေါ်မှာ သံနဲ့စိုက်ထားသလိုမျိုး ထုတ်ချင်းဖောက် စိုက်ဝင်သွားစေခဲ့သည်။

အရမ်းကို ကြောက်ဖို့ကောင်းတယ်။ အရမ်းကို ကြောက်စရာကောင်းလိုက်တာ။

အသက်ရှင် ကျန်ရစ်ခဲ့တဲ့ နောက်ဆုံးအဘိုးကြီးက အံ့အားသင့်သလို ဒေါသလည်း ထွက်သွားခဲ့သည်။ ရန်သူကို မတွေ့မြင်ရပဲ သူ့တို့အထဲက နှစ်ယောက်က သေသွားခဲ့ပြီး သူကိုယ်တိုင်လည်း ဒဏ်ရာရနေသည်။ သူက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်၏။

"ပုန်းလျှိုးကွယ်လျှိုးနဲ့ မြားပစ်နေတာ ဘယ်သူလဲ။ ခွေးသူခိုးကောင် ထွက်လာခဲ့စမ်း"

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက

အစွမ်းထက်ပြီး မီတာထောင်ပေါင်းများစွာ အဝေးက အော်ဟစ်လိုက်တယ် ဆိုပေမဲ့ လင်းဟန်ရဲ့ နားအနီးမှာ ကပ်ပြီးတော့ ပြောသလိုမျိုး ကောင်းကောင်းကြီး ကြားရသည်။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ သူ့အသံကို ငြီးငွေ့စရာကောင်းတဲ့ အသံတစ်ခု အဖြစ်ကို ပြောင်းပြီးတော့ ပြောလိုက်သည်။

"ခင်ဗျားတို့ကပဲ အရင်ဆုံး ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်တာ မဟုတ်လား။ ကျုပ်ကိုရှာပြီး သတ်ချင်နေတာလား"

"အဲဒါမင်းလား"

အဘိုးကြီးက ရုတ်တရက် သတိပြုမိသွားခဲ့သည်။

"ဘယ်လောက်တောင် ရှက်စရာကောင်းလိုက်သလဲ။ ဒါဆိုရင် မင်းက မြင်းလှည်းအနောက်မှာ တချိန်လုံး နောက်ယောင်ခံလိုက်နေပြီး မြင်းလှည်းကို ငါးစာအဖြစ် အသုံးချထားတာပေါ့"

အဘိုးကြီးက အနက်ရောင် မျှော်စင်အကြောင်းကို မသိပါဘူး။ ဒါကြောင့် သူမြင်သလောက် ခိုင်လုံလောက်တဲ့ အကြောင်းပြချက်နဲ့ ပြောလိုက်တာပဲ ဖြစ်ပါတယ်။

"မင်းက ပန်းဖူးအဆင့်မှာပဲ မဟုတ်လား။ ဘာဖြစ်လို့ ဒီလောက်တောင် သန်မာနေရတာလဲ"

အဘိုးကြီးက နောက်တစ်ကြိမ် အော်လိုက်သည်။ ဒါက အတော်လေးကို မယုံကြည်နိုင်စရာ ကောင်းလှ၏။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သုံးယောက်ထဲက နှစ်ယောက်ကို ပန်းဖူးအဆင့် လူငယ်တစ်ယောက်က ချက်ချင်းသတ်ဖြတ်ပစ်ပြီး အသက်ရှင်နေတဲ့ တစ်ယောက်ကလည်း ဒဏ်ရာအနာတရ ဖြစ်နေသည်။

"ခင်ဗျားတို့က ကျုပ်လင်းဟန်ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ မှန်းဆလို့ ရသွားတာလဲ"

လင်းဟန်က မေးလိုက်သည်။

"ဟားဟားဟား ရတနာ တစ်သန်းမြို့ထဲမှာ လူတိုင်းလူတိုင်းက ဒီအကြောင်းကို ပြောနေကြတာပဲ။ မသိတဲ့လူဆိုတာ ရှိနိုင်ဦးမှာလား"

အဘိုးကြီးက ကျယ်လောင်စွာ ရယ်မောပြီးတော့ လင်းဟန်ကို စော်ကားမော်ကား ပြောဆိုဖို့ ကြိုးစားလိုက်သည်။

ဒီအကြောင်းကို လူတိုင်းလူတိုင်း ပြောနေကြတယ် ဟုတ်လား။

လင်းဟန်က မျက်မှောင်ကြုတ် သွားခဲ့သည်။ တကယ်လို့ လူနည်းစုက သူ့အကြောင်းကို သိသွားတယ် ဆိုရင်တော့ မထူးဆန်းပါဘူး။ ဒါပေမဲ့ လူတိုင်းလူတိုင်းက ဒီအကြောင်းကို ဆွေးနွေးပြောဆို နေကြတာလား။ အခုဆိုရင် ငါးညှီနံ့လိုမျိုး ဖြစ်နေပြီး တစ်စုံတစ်ယောက်က သေချာပေါက် ဒီသတင်းစကားကို လိုက်ဖြန့်နေပါတယ်။

သူ့စိတ်ထဲမှာ လူတစ်ယောက်ရဲ့ ပုံစံက ချက်ချင်းပေါ် လာခဲ့သည်။ ရင်လီ။

သူက ရင်လီရဲ့ အိပ်မက်တွေကို သူ့ကိုယ်ပိုင် စွမ်းအားတွေနဲ့ ဖျက်ဆီးပစ်ခဲ့ပြီး အဲဒီအတွက် ရင်လီက အညိုးတေး ထားနိုင်ပါတယ်။ အဲဒီနောက်မှာ သူက လင်းဟန်ပါဆိုပြီး နေရာအနှံ့ကို သတင်းလိုက်ဖြန့်နေပြီး ဒီသတင်းက

အစစ်ဖြစ်စေ အတုဖြစ်စေ လူအများကြီးက သေချာပေါက် လင်းဟန်ကို ပစ်မှတ်ထားကြပါလိမ့်မယ်။ တကယ်တော့ နန်းတော် ဆယ့်နှစ်ခုရဲ့ အမွေအနှစ်နဲ့ နတ်ဘုရားတစ်ပါးရဲ့ ရတနာသိုက် တစ်ခုလည်း ပါဝင်ပတ်သက်နေတာကြောင့် လူတွေက သူ့ကို သတ်ကောင်းသတ်ပစ်နိုင်တယ် မဟုတ်လား။

"အဘိုးကြီး ခင်ဗျားမှာ ဘာများမှာစရာ စကားရှိသေးလဲ"

လင်းဟန်က ပြောလိုက်သည်။ သူက စွမ်းအင်တွေ ပြန်လည်ပြည့်ဝလာခဲ့ပြီ ဖြစ်သည်။ မြားသုံးစင်းကို ပစ်လွှတ်ပြီးတဲ့နောက်မှာ သူ့ခန္ဓာကိုယ်က ဘာမှမကျန်တော့သလို ခံစားနေရပြီး ခံစားချက်တွေ မခံရပ်နိုင်အောင် ဖြစ်နေသည်။

အဘိုးကြီးက ဘာမှမပြောချေ။ သူ့အနေနဲ့ မသေချင်သေးဘူးဆိုတာ သိသာထင်ရှားပြီး သူရဲ့စိတ်ထဲမှာ လွတ်မြောက်နိုင်မဲ့ အစီအစဉ်တွေ အားလုံးကို လှည့်ပတ်စဉ်းစားနေသည်။ ကံမကောင်းတာက လင်းဟန်က အားအင်ကုန်ခမ်းနေတဲ့ အချိန်ဆိုတာ မသိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအချိန်က ထွက်ပြေးဖို့နဲ့ ပြန်လည်တိုက်ခိုက်ဖို့အတွက် အကောင်းဆုံး အချိန်တစ်ခုပဲ ဖြစ်သည်။

ဒါပေမဲ့လည်း သူက စောစောတုန်းက လင်းဟန်ရဲ့ မြားခြောက်စင်းကို ထိတ်လန့်ကြောက်ရွံ့ နေတာကြောင့် ဘယ်လိုလုပ်ပြီးတော့ စိတ်လွတ်ကိုယ်လွတ် ပြုမူလုပ်ဆောင်ပံ့မှာလဲ။

လင်းဟန်ရဲ့ မူလစွမ်းအင်တွေ ပြန်လည်ပြည့်ဝလာတဲ့ အခိုက်အတန့်မှာ သူက လေးကို နောက်တစ်ကြိမ် ဆွဲတင်လိုက်ပြီး နောက်ထပ် မြားသုံးချောင်းကို ဆက်တိုက်ပစ်လွှတ်လိုက်သည်။

ရွှပ် ရွှပ် ရွှပ်။

အဘိုးကြီးက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ အကယ်၍ သူ့အစွမ်းရှိသလောက် ကာကွယ်မယ် ဆိုရင်တောင်မှ အသုံးမဝင်ပါဘူး။ ကြယ်နဂါးအမြစ်ဖြုတ် မြားက တကယ်ပဲ အရမ်းကို လျင်မြန်ပြီး လုံးဝကို ရပ်တန့်နိုင်စွမ်း မရှိပေ။ မြားတစ်ချောင်းကို ပစ်ခတ်လိုက်တာနဲ့ ကောင်းကင်နဲ့ မြေကြီးတောင်မှ အရောင်ပြောင်းသွားသလို ခံစားရ၏။

လင်းဟန်က ဟူးညိုနဲ့ ဟော့လျန်ချွင်ရွှယ်တို့ကို အနက်ရောင် မျှော်စင်ထဲကနေ ဆင့်ခေါ်ပြီး ပြောလိုက်သည်။

"မျိုးမစစ်တဲ့ ခွေးကောင်ကို ကြိမ်ဒဏ်ပေးပြီး ရေနစ်သတ်ဖို့ သွားကြစို့"

သူတို့သုံးယောက်က မြားရဲ့ဦးတည်ရာနောက်ကို လိုက်သွားကြသည်။ အဘိုးကြီးမှာ မြားလေးချောင်း စိုက်ဝင်နေပြီး မြားတွေကို ဆွဲနှုတ်ပြီးတော့ သူရဲ့ဒဏ်ရာတွေကို ကုသဖို့ မလုပ်ပံ့ပဲ လင်းဟန်ရဲ့ နောက်ထပ်တိုက်ခိုက်မှုတွေကို ခုခံကာကွယ်ဖို့ ပြင်ဆင်ထားသည်။ လင်းဟန်က မိန်းကလေးနစ်ယောက်နဲ့အတူ တစ်ဟုန်ထိုး ပြေးလာလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ပေ။

အဘိုးကြီးရဲ့ လက်မောင်းတွေကို ထက်ရှတဲ့ မြားနစ်ချောင်းက စိုက်ဝင်နေသည်။ သူရဲ့ဂမ်းဗိုက် အောက်ပိုင်းကို မြားတစ်ချောင်း စိုက်နေပြီး ဘယ်ဘက်ရင်အုံဘက်ကို နောက်ထပ်မြားတစ်ချောင်း စိုက်ဝင်နေသည်။ ထို့ကြောင့် သူ့ပုံစံက အရမ်းကို ဒုက္ခရောက်နေပုံ ဖြစ်ပေါ်နေသည်။ လူသုံးယောက် တစ်ဟုန်ထိုး ပြေးလာတာကို မြင်ပြီးတော့ ပထမတော့ သူက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး အဲဒီနောက်မှာ သူရဲ့သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေက

မီးတောက်တွေအလား လောင်ကျွမ်းလို့ လာနေသည်။

ဘာကိုမှ မသိမမြင်ရတာက ကြောက်မက်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်။ သူ့မှာ မုသားမဲ့ မျက်လုံး မရှိတာကြောင့် လင်းဟန်က မည်သည့်နေရာကနေ တိုက်ခိုက်တယ် ဆိုတာကို မြင်တွေ့နိုင်ခြင်း မရှိသလို ဘယ်အချိန်မှာ နောက်ထပ်မြားတွေကို ပစ်လွှတ်မယ် ဆိုတာကိုလည်း မသိနိုင်တာကြောင့် သူရဲ့ခွန်အားအားလုံးနဲ့ ခုခံဖို့ ပြင်ဆင်ထားခဲ့သည်။

ဒါပေမဲ့လည်း အခုက လုံးဂကို ကွဲပြားခြားနားလို့ သွားခဲ့ပါပြီ။ လင်းဟန်က ကိုယ်ထင်ပြ ထွက်ပေါ်လာပြီး ခြိမ်းခြောက်နိုင်တဲ့ အခြေအနေကလည်း ချက်ချင်းဆိုသလို ပယ်ရှားသွားခဲ့သည်။ ဒီလိုမျိုး အနီးကပ် အကွာအဝေး တစ်ခုမှာ တကယ်လို့ လင်းဟန်က မြားကိုပစ်လွှတ်ဖို့ လေးကိုဆုပ်ကိုင် လိုက်မယ်ဆိုရင် သူ့အနေနဲ့ လေးညို့ကနေ မြားထွက်လာတဲ့ အခိုက်အတန့်မှာ လွတ်အောင်လို့ ရှောင်တိမ်းနိုင်စွမ်း ရှိနေသည်။

တကယ်တော့ မြားတစ်ချောင်းကို ပစ်လွှတ်လိုက်တဲ့ အခါမှာ ၎င်းက အရမ်းကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ သွားပြီးတော့ အရှိန်မြင့်လာတဲ့ ဖြစ်စဉ်တစ်ခု ဖြစ်၏။

"ကောင်စုတ်လေး သေစမ်း"

အဘိုးကြီးက ကျယ်လောင်စွာ မာန်သွင်းပြီးတော့ လင်းဟန်ဆီကို လေးညို့ကနေ မြားတစ်စင်း ပစ်လွှတ်လိုက်သည့်အလား တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။

"အား"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ မျက်လုံးကို စုံမှိတ်ပြီးတော့ အုတ်ခဲနဲ့ လွှဲရိုက်လိုက်သည်။ သူမက ဘာကိုမှ မကြည့်ပွဲပေ။ သူမက အတိတ်မေ့နေတယ် ဆိုစေကာမူ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေဆဲပင် ဖြစ်သည်။ ဒါကြောင့် ဒီအုတ်ခဲက ရည်ရွယ်တဲ့ နေရာကို အရမ်းကို တိကျပေသည်။

ခွပ်။

အဘိုးကြီးက ရုတ်ချည်းဆိုသလို ပြင်းထန်စွာ ရိုက်ခတ်လိုက်ရပြီး နာကျင်တဲ့ ခံစားမှုကို ခံလိုက်ရသည်။ သူက အစကတည်းက ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိထားပြီး

ဒီတိုက်ခိုက်မှုကို တောင့်ခံနိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။ ဒါကြောင့် ချက်ချင်းဆိုသလို သူ့ရဲ့မျက်လုံးတွေ ပြူးထွက်ပြီး သတိလစ်သွားခဲ့သည်။

"ဝါး နင်သူ့ကို သတ်လိုက်ပြီ။ နင့်ကို လင်းဟန်က ကြိုက်တော့မှာ မဟုတ်ဘူး"

ဟူးညိုက ချက်ချင်းပဲ ပြောလိုက်သည်။

ဟော့လျန်ချွင်ရှယ်က ချက်ချင်းဆိုသလို အော်ဟစ်ငိုကြွေးပြီး အုတ်ခဲကို အဝေးကို လွှင့်ပစ်လိုက်ပါတယ်။ လင်းဟန်ကို သူမက တင်းကျပ်စွာ ဖက်ပြီးတော့ ပြောလိုက်သည်။

"ဟန်ဟန် ငါ့ကို မကြိုက်ပဲ မနေပါနဲ့"

"မင်းငါ့ကို သေအောင်လို့ ညှစ်နေတာလား။ ငါသေတော့မယ်"

လင်းဟန်က လျှာထွက်သွားခဲ့သည်။ ဒီဟော့လျန်ချွင်ရှယ်ရဲ့ ပကာတိခွန်အားက သေချာပေါက် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ထက် သာလွန်ပြီး ရိုးရိုးလေး ဖျစ်လိုက်ရင်တောင် သူ့ရဲ့အရိုးတွေ အက်သွားပြီး

အသက်ရှူမှားသွားလုမတတ် ဖြစ်စေခဲ့သည်။

ဟော့လျန်ချွင်ရွှယ်က အလျင်အမြန်ပဲ လွှတ်ပေးလိုက်ပြီးတဲ့နောက်မှာ အုတ်ခဲကို ပြန်ကောက်ယူလိုက်ပြီး သူမပုံစံကို ကြည့်ရတာ အနိုင်စက်ခံရတဲ့ လူတစ်ယောက်နဲ့ တူနေပါတယ်။

လင်းဟန်က သက်ပြင်းချပြီး ပြောလိုက်သည်။

"ဟူးညို နောက်ဆိုရင် သူ့ကိုသွားပြီးတော့ မစနဲ့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညီးညီးရဲ့ ပါးစပ်ကြောင့် ငါတကယ် သေသွားနိုင်တယ်"

ဟူးညိုက တခစ်ခစ် ရယ်မောပြီးတော့ ဟော့လျန်ချွင်ရွှယ်ဘက်ကို လျှာထုတ်ပြောင်ပြပြီး ပြောလိုက်သည်။

"ညီးညီး သူမကို မကြိုက်ဘူး။ ညီးညီးထက် သန်မာပြီး ညီးညီးထက် ပိုစားတယ်။ တော်တော်ဆိုးတယ်"

လင်းဟန်က နောက်ဆုံး အဘိုးကြီးကို တခါတည်း သတ်ပစ်လိုက်သည်။ အဲဒီနောက် အဘိုးကြီးသုံးယောက်ရဲ့

ခန္ဓာကိုယ်ပေါ်က သိုလှောင်လက်စွပ်တွေကို ရှာဖွေယူလိုက်သည်။ အထဲကို တစ်ချက်ကြည့်လိုက်တာနဲ့ အဘိုးကြီး သုံးယောက်က အစော်လေးကို ပိုင်ဆိုင်မှုတွေ များပြားတယ် ဆိုတာကို သိလိုက်ရသည်။ ကြယ်သုံးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ ထောင်ပေါင်း များစွာနဲ့ ကြယ်လေးပွင့် မူလစွမ်းအင် ပုံဆောင်ခဲ တချို့တောင် ရှိနေသည်။

"လုယက်တိုက်ခိုက်တာက တကယ်ပဲ ပိုက်ဆံလွယ်လွယ်ရှာလို့ရတာပဲ။ ဆေးဖော်စပ်ပြီး ရောင်းတာထက်တောင် ကောင်းသေးတယ်။ ငါကတကယ်ပဲ လုပ်ငန်းအမှား လုပ်မိပြီ ထင်တယ်"

သူက ရယ်မောပြီးတော့ မြားကိုးချောင်းကို ပြန်ဆွဲနုတ်ယူလိုက်သည်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ သွေးတွေကို စုပ်ယူထားတာကြောင့် မြားကိုးချောင်းက ဆေးဆိုးထားသလို နီရဲပြီးတော့ ပိုပြီးတောင် ထက်မြက်လာခဲ့သည်။

"ကြယ်နဂါး အမြစ်ဖြုတ်မြားနဲ့ မုသားမဲ့ မျက်လုံးကြောင့် ထွက်ပေါ်လာတဲ့ အာနိသင်က တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းတယ်"

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။ ဒါပေမဲ့လည်း ဒါကလျှို့ပှက်ဆန်းကြယ် စွမ်းအားနှစ်ခု ဖြစ်ပြီး ဒီလောက်မှ အစွမ်းမထက်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ လျှို့ပှက်ဆန်းကြယ် စွမ်းအားလို့ ခေါ်ဆိုနိုင်တော့မှာလဲ။

လျှို့ပှက်ဆန်းကြယ် စွမ်းအားနှစ်ခုကို အတူတကွ ပေါင်းစပ်လိုက်ခြင်းက ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းသည်။

"ငါပြန်ပြီးတော့ ရင်လီကို သတ်သင့်လား"

Chapter 586 end

အပိုင်း(၅၈၇) ရေကန်ပေါ်က သူခိုးများ

တစ်ဒင်္ဂမျှ စဉ်းစားလိုက်ပြီး လင်းဟန်က ဒီအကြံကို လက်လျော့လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ တကယ်တော့ ရင်လီက စိတ်ဂိညာဉ် ရတနာ စံအိမ်အထဲမှာ ပုန်းအောင်းနေပြီး ကောင်းကင်အဆင့်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ စောင့်ကြည့်နေတာ ဖြစ်လို့ သူ့ကိုသတ်ဖို့ဆိုတာ အရမ်းကို ခက်ခဲပါတယ်။

အနာဂတ်မှာ သူ့ကိုသေချာပေါက် သတ်ပစ်ရပါမယ်။ ရင်လီဆိုတာ တကယ်တော့ ဘာမှမဟုတ်တဲ့ လူတစ်ယောက်ပါ။

လင်းဟန်က မြင်းလှည်းတစ်စီးကို ဆက်ငှားဖို့ စိတ်ကူးမရှိတော့ပါဘူး။ သူက တောင်တွေနဲ့ သစ်တောတွေကို မိန်းကလေးသုံးယောက်နဲ့အတူ ဖြတ်ကျော်သွားလာလိုက်သည်။ နတ်သမီးတမျှ ချောမောလှပတဲ့ မိန်းကလေးတွေနဲ့ အတူတူ ခရီးထွက်ပြီး ထူးထူးခြားခြား နတ်သမီးလို ချောမောလှပတဲ့ ကျူးရှမ်အာနဲ့ ပရောပရည်လုပ်လိုက် ချစ်စရာကောင်းပြီး ခပ်ကြောင်ကြောင် မိန်းကလေးဖြစ်တဲ့ ဟော့လျန်ချွင်ရွှယ်နဲ့အတူ စနောက်ကျီစယ်လိုက် ဟူးညီလေးနဲ့ အစားအတွက် ပါဂင်ယှဉ်ပြိုင် ငြင်းခုံလိုက်နဲ့ သူရဲ့ဘဂကြီးက အရမ်းကို ကျေနပ်ပျော်ရွှင်စရာ ကောင်းနေသည်။

ခုနစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ ကြီးမားကျယ်ပြန့်တဲ့ ရေပြင်ကြီးတစ်ခုက သူတို့အရှေ့မှာ ပေါ်လာခဲ့သည်။

ဒါက ပင်လယ်တစ်ခု မဟုတ်ပါဘူး။ ရေကန်တစ်ခု ဖြစ်ပေမဲ့ ကြည့်ရတာ ပင်လယ်တစ်ခုထက် ပိုပြီးတော့ ကျယ်ပြန့်ပုံ

ရပါတယ်။ ဒီရေကန်ကို ရန်ကျောင်းကန်လို့ ခေါ်ပါတယ်။

လေ့တစ်စီးနဲ့ ရွက်လွှင့်ဖြတ်သန်းရတာက အရမ်းကို နေးကွေးပါလိမ့်မယ်။ ဒါကြောင့် သူတို့ လေးယောက်က ရေပေါ်မှာ နင်းလျှောက်သွားခဲ့ကြသည်။ သူတို့ရဲ့ စွမ်းရည်နဲ့ဆိုရင် ရေကန်ရဲ့ မျက်နှာပြင်က သူတို့အတွက်တော့ အနည်းငယ် တင်းနေမယ်ဆိုရင်တောင် ကန်ရေပြင်ကို ဖြတ်ပြီးတော့ ကုန်းပေါ်ကို ရောက်အောင်လို့ လျှောက်သွားနိုင်ပေသည်။

ဒါပေမဲ့လည်း ရေပေါ်မှာ လမ်းလျှောက်တာက မြေကြီးပေါ်မှာ ကြော့ကြော့မော့မော့ လမ်းလျှောက်ရတာနဲ့ လုံးဝကို ကွဲပြားခြားနားပါတယ်။ တစ်ရက်ခန့် ကြာအောင်လို့ လမ်းလျှောက် ပြီးတဲ့ နောက်မှာတော့ မခံမရပ်နိုင်အောင် ဖြစ်လာကြပြီး ညဘက်မှာ သူတို့က ကျွန်းတစ်ကျွန်းကို ရှာပြီးတော့ အနားယူအိပ်စက်ပြီး ဒုတိယနေ့မှာ ဆက်ပြီးတော့ အရှေ့ကို ချီတက်လာခဲ့ကြသည်။

ဒီရေကန်က မတရားကို ကြီးမားလွန်းသည်။ သုံးရက်ကြာ လမ်းလျှောက်ပြီးတာတောင်မှ သူတို့တွေက ရေထဲကနေ ကုန်းမြေပေါ်ကို မရောက်နိုင်သေးပါဘူး။ မြေပုံကို အားကိုးပြီး သူတို့က အကြမ်းဖျင်း နေ့တစ်ဝက်ခန့် လမ်းလျှောက်ပြီးမှ

ထွက်နိုင်ပါလိမ့်မည်။

ရုတ်ချည်းဆိုသလို သူတို့အရှေ့မှာ မြူတွေက သိပ်သည်းပြီး မြင်ကွင်းဖြူဖြူကြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။

"ဒဏ္ဍာရီတွေ အရတော့ ဒီမှာ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ရေနဂါးတစ်ကောင် ရှိပြီးတော့ တိမ်တွေကို ဂါးမြိုပြီး မြူတွေကို ပြန်ထွေးထုတ်တယ်။ ဒါက ဒီရေကန်ရဲ့ မြူတွေက ဘယ်ကနေ ဖြစ်ပေါ်လာသလဲ ဆိုတာပဲ။ ဒါက တကယ်လား အတုအယောင်ပဲလား ဆိုတာတော့ မသေချာဘူး"

လင်းဟန်က သူရဲ့ခြေလှမ်းတွေကို ရပ်လိုက်ပြီး မြူခိုးတွေ အထဲကို ဂင်မသွားခဲ့ပါဘူး။

ဟူးညိုက ချက်ချင်းပဲ သူမရဲ့ လက်တွေကို ဆုပ်ပြီးတော့ အော်လိုက်သည်။

"ညီးညီး ရေနဂါးအသားကို စားချင်တယ်"

"နှစ်ပေါင်း တစ်ထောင်တောင် အသက်ရှင် နေထိုင်ခဲ့တာ ဆိုတော့ ဒီရေနဂါးက အနည်းဆုံး ကောင်းကင်အဆင့်ကို

တက်သွားလိမ့်မယ်။ မျှော်လင့်ထားသလို အစားအသောက်တော့ ဖြစ်လာမှာ မဟုတ်ဘူး”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

ဟူးညိုက သူမရဲ့ နှုတ်ခမ်းလေးကို စူပြီးတော့ အရမ်းကို သနားစဖွယ် ပုံစံမျိုး ဖြစ်ပေါ်နေသည်။ သူမက ရေနဂါး အသားကို မစားဖူးပါဘူး။

“ဒါပေမဲ့လည်း ငါတို့မှာ စစ်မှန်တဲ့ နဂါးတစ်ကောင်ကနေ ဆင်းသက်လာတဲ့ လူတစ်ယောက်တော့ ရှိတယ်။ သူကတော့ အဲဒီရေနဂါးကို အနိုင်ယူနိုင်စွမ်း ရှိကောင်းရှိလိမ့်မယ်”

လင်းဟန်က ပြောလိုက်သည်။

“ဘယ်သူလဲ ဘယ်သူလဲ”

ဟော့လျန်ချင်ရှယ်က အရမ်းကို သိချင်စိတ် ပြင်းပြနေတဲ့ အမူအရာနဲ့ မေးလိုက်သည်။

လင်းဟန်နဲ့ တခြားမိန်းကလေး နှစ်ယောက်က သူမကို

ကြည့်လိုက်သည်။

"ဒါပေါ့ အဲဒါက မင်းပဲလေ"

"ကျမဟုတ်လား"

ဟောင့်လျန်ချွင်ရှယ်က သူမကိုယ်သူမ လက်ညှိုးထိုးပြီးတော့ သူမရဲ့ခေါင်းကို အကြိမ်ကြိမ် ခါလိုက်ပြီး ပြောလိုက်သည်။

"ကျမက လူသားတစ်ယောက်ပဲ။ သားရဲကောင် မဟုတ်ဘူး"

"သွားကြစို့။ တကယ်လို့ ငါတို့တွေ အဲဒီရေနဂါးနဲ့ ကြုံတွေ့မယ်ဆိုရင် ငါတို့တွေ ပုန်းပြီးတော့ ဟိုင်ညှိုးကိုပဲ ရင်ဆိုင်ခိုင်းတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။ အဲဒီနောက်မှာ ဟောင့်လျန်ချွင်ရှယ်ကို ကြည့်ပြီးတော့ ပြောလိုက်၏။

"ဒီအုတ်ခဲကို ကောင်းကောင်းကိုင်ထား။ တကယ်လို့ တစ်စုံတစ်ခုက ထွက်ပေါ်လာပြီး ငါတို့ကို ချောင်းမြောင်းတိုက်ခိုက်ရင် အဲဒါကို မင်းကရိုက်ထုတ်ပစ်လိုက်"

"ကောင်းပြီ"

ဟော့လျန်ချွင်ရှယ်က လေးလေးနက်နက်နဲ့ ခေါင်းကိုညိတ်လိုက်သည်။ သူမက အဆင့်တွေ အကြောင်းကို နားမလည်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူမသာ နားလည်ရင် သေချာပေါက် သူမရဲ့ မျက်လုံးတွေကို လန့်ဖျပ်ပြီး မှိတ်ထားပါလိမ့်မယ်။ တကယ်တော့ သူမရဲ့ ပြိုင်ဘက်တစ်ယောက်က အရမ်းကို သန်မာနေရင်တောင် တိုက်ခိုက်ဖို့ ခွန်အားမရှိဘူးလို့ ထင်မှတ်နေလို့ ဖြစ်ပါတယ်။

သူတို့လေးယောက်က အရှေ့ကို ဆက်လျှောက်လာခဲ့သည်။ မြူခိုးတွေထဲမှာ အရမ်းကို ပုပ်စော်နံတဲ့ လေတွေပါလာပြီး လူတွေကို အန်ချင်စိတ်တောင် ဖြစ်ပေါ်စေခဲ့သည်။ လူတွေက ဒီနေရာမှာ ရေနဂါးတစ်ကောင် ရှိတယ်လို့ ခန့်မှန်းသုံးသပ်ကြတာ အံ့သြစရာမဟုတ်တော့ပါဘူး။ ဒီပုတ်သိုးနေတဲ့ အနံ့အသက်တွေကို ခန့်မှန်းသုံးသပ်ပြီး ဒီရေကန်ထဲမှာ ရောမ နဂါးကြီးတစ်ကောင် သေချာပေါက် ရှိနေတယ်လို့ ထင်နေကြပါတယ်။

ပုန်း။

ပဲ့တင်သံ တစ်ခုကို ကြားလိုက်ရသည်။ ရေကန်ရဲ့ မျက်နှာပြင်ပေါ်မှာ ချက်ချင်းဆိုသလို ရေပူစီပေါင်းလေးတွေ ထွက်ပေါ်လာပြီး လှိုင်းကြက်ခွပ်လေးတွေ ဖြစ်ပေါ်လာခဲ့ပြီး အဲဒီလှိုင်းတွေက သုံးမီတာခန့်ရှည်ပြီးတော့ သူတို့လေးယောက်ဆီကို ပြေးဝင်လာခဲ့သည်။

သူတို့တွေက အလျင်အမြန်ပဲ အပေါ်ကို ပျံတက်ပြီး ရေလှိုင်းလုံးကို ရှောင်တိမ်းလိုက်ကြသည်။ ပုန်း။ လှိုင်းလုံးက သူတို့ကိုကျော်ဖြတ်သွားပေမဲ့ ချက်ချင်းဆိုသလို နောက်ထပ်လှိုင်းလုံးတစ်ခု ထွက်ပေါ်လာပြီး ပြင်းပြင်းထန်ထန် တိုးဝင်လာခဲ့သည်။

အနည်းဆုံး ရေလှိုင်းဆယ်ခု ထွက်ပေါ်လာပြီးတဲ့ နောက်မှာတော့ ရေကန်ရဲ့ မျက်နှာပြင်က နောက်ဆုံးမှာ တည်ငြိမ်သွားခဲ့သည်။

"အဲဒီရေမှာ အကောင်ကြီး သမ်းနေတာလား"

လင်းဟာန်က အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။ ဒီရေကန်မှာ ရှိနေတဲ့ သားရဲကောင်ရဲ့ ခန္ဓာကိုယ် တစ်ခုက ဘယ်လောက်တောင်မှ ကြီးမားလိုက်မလဲ ဆိုတာကို

ခန့်မှန်းဖို့ အရမ်းကို ခက်ခဲပါတယ်။ တစ်ချက်လောက် သမ်းလိုက်တာနဲ့ ဒီလိုမျိုး ကြီးမားတဲ့ ဆူညံမှုကြီး တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

"သတိထားကြ"

ကျူးရှမ်အာက သတိပေးလိုက်သည်။

သူတို့တွေက သတိထားပြီး အရှေ့ကို ဆက်တိုးလာခဲ့ပေမဲ့ ဘာကိုမှ ရှာမတွေ့ပါဘူး။ အဓိကတော့ မြူတွေက အရမ်းကို ထူးဆန်းပြီး သူတို့ရဲ့ အမြင်အာရုံတွေကို အကြီးအကျယ် အကျိုးသက်ရောက် စေပါတယ်။

သူတို့တွေ ရှေ့ကို ဆက်လျှောက်လာခဲ့ပြီး ရုတ်တရက်ဆိုသလို သူတို့အရှေ့မှာ ရောမ အရာကြီး တစ်ခုက ထွက်ပေါ်လာခဲ့သည်။ ပထမတော့ သူတို့က ရောမနဂါးကြီး တစ်ကောင်နဲ့ တွေ့ဆုံလိုက်ပြီလို့ ထင်မှတ်ထားပေမဲ့ သေသေချာချာ နောက်တစ်ကြိမ် ပြန်ကြည့်မိတဲ့ အခါမှာတော့ သားရဲကောင်မဟုတ်ပဲ လှေတစ်စင်း ဖြစ်နေသည်။

ရောမ လှေတစ်စီး ဖြစ်ပြီးတော့ လှေတစ်ခုလုံး

နက်မှောင်နေပြီး အမည်းရောင် နဂါးကြီး တစ်ကောင်နဲ့ တူနေသည်။

ဒီရေကန်က အရမ်းကို ကြီးမားပြီး ကုန်သည်လှေတွေက ဒီနေရာကို ပုံမှန်လိုလို ဦးတည်ဝင်လာနိုင်ပေမဲ့ အခုသူတို့နဲ့ တွေ့ဆုံနေရတာက သေချာပေါက် ကုန်သည်လှေတစ်စီး မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လှေရဲ့ ရွက်တိုင်ထိပ်မှာ အရိုးခေါင်းပုံတစ်ခု ရှိနေပြီး ဆိုးယုတ်တဲ့ အရိုန်အဂါတစ်ခု ထွက်ပေါ်နေခဲ့သည်။

မြူတွေရဲ့ အလယ်မှာ ဒီရောမလှေကြီးက နောက်ဆုံးတော့ ၎င်းရဲ့အရှည်တစ်ခုလုံး ထွက်ပေါ်လာခဲ့သည်။ လှေကြီးက မီတာသုံးဆယ်ခန့် ရှည်လျားပြီး သုံးမီတာပဲ ကျယ်ပါတယ်။ ဒါကြောင့် လူတွေကို ၎င်းက မြွေကြီးတစ်ကောင် ဒါမှမဟုတ် နဂါးတစ်ကောင်နဲ့တူတဲ့ ခံစားမှုမျိုး ဖြစ်ပေါ်စေသည်။

"ပိုး ငါတို့တွေ အရမ်းကို ကံကောင်းတာပဲ။ ငါတို့တွေ အရမ်းကို ချောမောလှပတဲ့ မိန်းကလေး နှစ်ယောက်နဲ့ ကြုံရပြီ"

"ခေါင်းဆောင် အဲဒီမှာ ကလေးမ ငယ်ငယ်ချောချောလေး တစ်ယောက်လည်း ရှိတယ်"

"ထွီ တဏှာရူးကောင်။ မင်းက ဒီလိုမျိုး ကလေးမလေးကိုတောင် အလွတ်မပေးပဲ သဘောကျနေသေးတာလား။ မင်းနဲ့အတူ ပူးပေါင်းရတာ ငါတကယ် ရှက်တောင်ရှက်တယ်"

လှေရဲ့ထိပ်ပိုင်းမှာ လူနှစ်ယောက် ထွက်ပေါ်လာပြီး နှစ်ယောက်စလုံးက အသက်လေးဆယ်ခန့် အရွယ်ရှိတဲ့ ယောကျ်ားကြီး နှစ်ယောက် ဖြစ်သည်။ တစ်ယောက်က အရပ်မြင့်မြင့် ဗလတောင့်တောင့် ဖြစ်ပြီးတော့ ကျန်တစ်ယောက်ကတော့ အရပ်ပုပု ပိန်ကပ်ကပ်နဲ့ ဖြစ်သည်။ ဒါပေမဲ့လည်း လက်မခံနိုင်စရာကောင်းတဲ့ အချက်ကတော့ အရပ်ပုပုနဲ့ လူက ခေါင်းဆောင် ဖြစ်ပြီး ကျန်တဲ့ အရပ်မြင့်မြင့်နဲ့ လူကိုကြည့်ရတာ မျက်နှာတစ်ခုလုံး ညစ်ပတ်စုတ်ပြတ်နေပြီး သူ့ရဲ့ မျက်လုံးသူငယ်အိမ်တွေက စွေစောင်းပြီးတော့ နည်းနည်းလေးမှ ကြည့်လို့ကောင်းတဲ့ပုံ မရှိပါဘူး။

အရပ်ပုပု ပိန်ကပ်ကပ်နဲ့ လူက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်သည်။

"ညီငယ်လေး ဘာဖြစ်လို့ ငါတို့ဆီ လာပြီးတော့

မပူးပေါင်းတာလဲ။ ဒီအစ်ကိုကြီးက ဒုက္ခရောက်နေတဲ့ လူတွေကို ကူညီရတာ တစ်ကယ်ကို သဘောကျတယ်။ ဒါကြောင့် မင်းတို့တွေကို အစ်ကိုကြီးရဲ့လှေ ပေးစီးမယ်လေ မကောင်းဘူးလား”

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

“ငါတို့ရဲ့ လမ်းကြောင်းတွေက မတူဘူးလို့ ထင်တယ်။ ဟုတ်တယ်မလား။ ခင်ဗျားရဲ့ ကောင်းမွန်တဲ့ စိတ်ထားလေးကို ချီးကျူးပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ ကိုယ့်လမ်းကိုယ် သွားပါ။ ကျုပ်တို့ကတော့ ဒီအတိုင်းပဲ ဖြတ်ကူးသွားလိမ့်မယ်”

အရပ်ပုပု ပိန်ကပ်ကပ်နဲ့လူရဲ့ မျက်နှာက ချက်ချင်းဆိုသလို မည်းမှောင်သွားပြီးတော့ ပြောလိုက်သည်။

“မင်းကငါ့စေတနာကို ငြင်းပယ်တာလား။ ငါက စေတနာကို ငြင်းပယ်တဲ့ လူတွေကို အမုန်းဆုံးပဲ”

“မကောင်းတော့ဘူး။ ခေါင်းဆောင်က ရူးသွားပြီ”

အရပ်မြင့်မြင့်နဲ့လူက အလျင်အမြန်ပဲ အော်ဟစ်လိုက်ပြီး

သူရဲ့ခေါင်းကို လက်နဲ့အုပ်ထားပြီး အရမ်းကို နာကျင်ဒုက္ခရောက်နေတဲ့ ပုံစံမျိုး ဖြစ်နေသည်။ ဒီအမူအရာကို ကြည့်ရတာ တကယ်ပဲ အရမ်းကို ဆိုးဝါးလွန်းပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်သည်။

"ဘယ်လိုလုပ်ပြီးတော့ ခင်ဗျားက ရှုံးသွားတာလဲ။ ကျုပ်က အရှေ့ကို တော်တော်လေး သွားကြည့်ဖို့ပါပဲ"

"ငါတို့ရဲ့ ခေါင်းဆောင် ရှုံးသွားမတတ် ဖြစ်သွားတာနဲ့ တောင်တွေမြစ်တွေမှာ သွေးတွေ ဖုံးလွှမ်းပြီး သက်ရှိတွေ အားလုံး ကွယ်ပျောက်သွားလိမ့်မယ်"

အရုပ်မြင့်မြင့်နဲ့ လူက ပြောလိုက်သည်။

"ကောင်လေး မင်းနည်းနည်းလေးမှ နှောင့်နှေးကြန့်ကြာမှု မရှိပဲနဲ့ အညှဲ့ခံလိုက်တာ ကောင်းမယ်လို့ ငါအကြံပေးပါရစေ။ ငါ့ရဲ့ခေါင်းဆောင်ကို ဒေါသတွေ ထွက်လာအောင် စော်စော်ကားကား မလုပ်နဲ့"

"အရမ်းကို နောက်ကျသွားပြီ"

ပိန်ကပ်ကပ်နဲ့ လူက အော်လိုက်သည်။

"ဒီကောင်စုတ်လေးကို သတ်ပြီးတော့ အဲဒီမိန်းမချောလေး နှစ်ယောက်ကို ခေါ်လာခဲ့ကြ"

"နောက်ပြီးတော့ ကလေးမလေးရောပဲ။ ငါသူမကို သဘောကျတယ်"

အရပ်မြင့်မြင့်နဲ့ ယောကျ်ားက အလျင်အမြန် ပြောလိုက်သည်။

ရွှစ် ရွှစ် ရွှစ်။

လူရာပေါင်းများစွာ အနက်ရောင် လှေကြီးပေါ်ကနေ ခုန်ဆင်းလာခဲ့သည်။ သူတို့အားလုံးက အနက်ရောင် ချပ်ဝတ်ကိုယ်စီကို ဝတ်ဆင်ထားကြပြီး ထူးဆန်းတဲ့ အရောင်တစ်ခု လင်းလက်တောက်ပနေသည်။

လင်းဟန်က အံ့အားသင့်သွားပြီး အဲဒီချပ်ဝတ်တွေကို စိုက်ကြည့်ပြီးတော့ ပြောလိုက်သည်။

"ညိုးညိုးနဲ့ ရွှမ်အာ မင်းတို့တွေ သွားလိုက်"

"ဟုတ်ကဲ့"

ကျူးရွှမ်အာက သဘောတူ ခေါင်းညိတ်ရုံပဲ ရှိပါသေးတယ်။ ဟူးညိုက အော်ဟစ်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါပြီ။ ဟော့လျန်ချွင်ရွှယ်ကတော့ လင်းဟန်ရဲ့ အနောက်မှာ လိမ်လိမ်မာမာနဲ့ နေပြီးတော့ ဒုတ်ခဲကို သတိကြီးစွာနဲ့ မြှောက်ထားပါတယ်။ သူမကို ကြည့်ရတာ ဘယ်သူမဆို အနားကို ကပ်ပံ့တာနဲ့ ရိုက်ထုတ်ပစ်မဲ့ ပုံစံမျိုးပါ။

ပုန်း ပုန်း ပုန်း ပုန်း။

ဟူးညိုက သူမရဲ့ လက်သီးတွေ ခြေကန်ချက်တွေကို ထုတ်ဖော်တိုက်ခိုက်ပြီး အဲဒီ ချပ်ဂတ် အကျီ အနက်ကို ဝင်ဆင်ထားတဲ့ လူတွေကို လွင့်စဉ်သွားစေခဲ့သည်။ သူမရဲ့ ကျင့်ကြံခြင်းကလည်း လုံးဂကို နေးကွေးခြင်း မရှိပဲ ပန်းဖူးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်နေပြီး သူမရဲ့ ထူးဆန်းမှုကြောင့် တိုက်ပွဲစွမ်းရည်ကလည်း သိသိသာသာကို ကြောက်စရာကောင်းနေပါတယ်။

ထူးဆန်းတဲ့အရာက သူမရဲ့ လက်သည်းတိုက်ခိုက်မှုတွေက

ဒီလူတွေရဲ့ ချပ်ဂတ်ကို အပိုင်းပိုင်း အစစဖြစ်အောင် ပျက်စီးသွားခြင်း မရှိခဲ့ပါဘူး။

ကျူးရှမ်အာက ချက်ချင်းပဲ တစ်ခုခု မှားယွင်းနေတယ်ဆိုတာကို သတိပြုမိသွားခဲ့သည်။ ပြိုင်ဘက်တွေ အားလုံးက အရမ်းကို အားနည်းပြီး သူတို့ထဲက အများစုက စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာ ဖြစ်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့်က အရမ်းကို နည်းပါးလွန်းတယ်။ ပုံမှန်အားဖြင့်တော့ စိတ်ဂိညာဉ် ပလ္လင်အဆင့် အထွတ်အထိပ်ကို ရောက်နေတဲ့ သူမအနေနဲ့ သူတို့ကို လွယ်လွယ်ကူကူနဲ့ ထိန်းချုပ်နိုင်ပေသည်။ ဒါပေမဲ့လည်း သူမရဲ့ အလင်းတန်းတစ်ရာ ဓားနဲ့ခုတ်တာတောင်မှ ဒီလူတွေရဲ့ ချပ်ဂတ်ကို ပွင့်ထွက်သွားအောင် မလုပ်နိုင်ခဲ့ပါဘူး။

အလင်းတန်း တစ်ရာဓားက သူမအတွက် လင်းဟန်က ပြုလုပ်ပေးတဲ့ ဓားအသစ်ဖြစ်ပါတယ်။ ၎င်းဓားကို အဆင့်ခုနစ် ရှားပါးသတ္တုတွေကနေ ပြုလုပ်ထားပြီး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု မဖြစ်သေးပေမဲ့ ၎င်းရဲ့ထက်မြက်မှုက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုထက် မနိမ့်ကျပါဘူး။

ထူးဆန်းတယ်။ တကယ့်ကို ထူးဆန်းတယ်။ ဒီလူတွေ ဂတ်ဆင်ထားတဲ့ ချပ်ဂတ်အကျီတွေရဲ့ ခုခံနိုင်တဲ့ စွမ်းအားက

အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းနေပါတယ်။

Chapter 587 end

အပိုင်း(၅၈၈) မူလစွမ်းအင်ပုံဆောင်ခဲသုံး အမြောက်

ဂရုန်းသုန်းကား တိုက်ပွဲတစ်ခု၏ ရလဒ်ကား ထွက်ပေါ်လာခဲ့သည်။ ကျူးရှမ်အာနဲ့ ဟူးညိုတို့က သေချာပေါက် အဆင့်အားသာချက် ရှိပေမဲ့ ပြိုင်ဘက်တွေရဲ့ ချပ်ဂတ်က အရမ်းကို ထူးဆန်းပြီး ထက်ရှတဲ့ လက်နက်တွေနဲ့တောင် ထိခိုက်ပျက်စီးအောင် လုပ်ဖို့ ခက်ခဲလှပေသည်။ ဟူးညိုရဲ့ လက်သည်းတောင်မှ ချပ်ဂတ်တွေကို စုတ်ဖြဲနိုင်ခြင်း မရှိပေ။ ဒါကြောင့် ဒီလူတွေက ပြင်းထန်တဲ့ အကျိုးသက်ရောက်မှုကြောင့် အဆက်မပြတ် သွေးတွေအန်ထွက်နေကြပေမဲ့ တစ်ယောက်မှ သေဆုံးသွားခြင်း မရှိကြချေ။

ဟူးညိုက ဒေါသထွက်လာခဲ့သည်။ သူမက လွှားခန် ခုန်ပြီးတော့ ချပ်ဂတ်နဲ့ လူတစ်ယောက်ကို ပြင်းပြင်းထန်ထန် ကိုက်လိုက်သည်။ သူမရဲ့ ကိုက်ချက်ကြောင့် အတုံးလိုက်အတစ်လိုက် အများကြီး ပါသွားပြီး သူမရဲ့သွားတွေက ဘယ်လောက်တောင် ထိတ်လန့်စရာ ကောင်းလဲဆိုတာ ဖော်ပြနေသည်။

"မကောင်းဆိုးဂါးဟော့"

ဒီပင်လယ်ဓားပြတွေ အားလုံးက အော်ဟစ်လိုက်ကြသည်။ သူတို့ရဲ့ အတွေးထဲမှာ ဒီချပ်ဂတ်တွေကို သူတို့ကြုံခဲ့ဖူးသမျှ ရန်သူတွေထဲမှာ ဘယ်သူကမှ ထိခိုက်ပျက်စီးအောင် လုပ်နိုင်ခြင်း မရှိဘူးလို့ ထင်မှတ်ထားကြသည်။

ကျူးရှမ်အာလည်း သူမရဲ့ နည်းဗျူဟာကို ပြောင်းလဲလိုက်ပြီး သူမရဲ့ အလင်းတန်းတစ်ရာ ဓားနဲ့ တိုက်ခိုက်မှုတွေကို တားဆီးကာကွယ်ပြီး သူမရဲ့ဘယ်ဘက်လက်ဂါးနဲ့ ထိုလူများ၏ ရင်ဘတ်ကို ရိုက်ထုတ်ပြီး ချပ်ဂတ်ကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ စွမ်းအားနဲ့ ထိုးဖောက်ပြီး သူတို့ကို တိုက်ရိုက်သတ်ဖြတ်ဖို့ လုပ်ဆောင်လိုက်သည်။

ဒါပေမဲ့လည်း သူမက ဒီချပ်ဂတ်တွေမှာ ပကတိခွန်အားကို စုပ်ယူနိုင်တဲ့ အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာကို ကြိုတင်မျှော်လင့်ထားခြင်း မရှိခဲ့ပေ။ သူမက စိတ်ဂိညာဉ် ပလ္လင်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်မှာ ရောက်နေပါပြီ။ ဒါပေမဲ့ သူမရဲ့ လက်ဂါးက ဖျက်ဆီးခြင်း စွမ်းအားက စိတ်ဂိညာဉ် ပင်လယ်အဆင့်ကို လျော့ကျသွားခဲ့ပြီး ပင်လယ်ဓားပြတွေကို ဒဏ်ရာအနည်းငယ်မျှပဲ ရအောင်လို့

လုပ်နိုင်ခဲ့သည်။

"စိတ်ဂင်စားစရာပဲ"

လင်းဟန်က ခေါင်းကို အဆက်မပြတ် ညိတ်လိုက်သည်။ ဒီလူတွေရဲ့ ချပ်ဂတ်အကျီက တကယ့်ကို မျက်စိပွင့်သွားစေခဲ့တာပဲ။

ဒါပေမဲ့လည်း ဒီချပ်ဂတ်တွေက ချပ်ဂတ်ပါပဲ။ စိတ်ဂိညာဉ် ပစ္စည်းတွေလို ဒိုင်းတွေ ဖြစ်ပေါ်လာဖို့ အသက်မသွင်းနိုင်ပါဘူး။ ဒါကြောင့် ကျူးရွှမ်အာက သူမရဲ့ တိုက်ပွဲပုံစံကို ပြောင်းလဲလိုက်ပြီး အကာအကွယ်မရှိတဲ့ လည်ပင်းနဲ့ မျက်လုံးတွေကို တိုက်ရိုက်တိုက်ခိုက် ခြိမ်းခြောက်လိုက်သည်။

အခုဆိုရင် ပင်လယ်ဓားပြတွေက ဂြိုလ်ဆိုးဂင်နေကြပါပြီ။ သူတို့က စိတ်ဂိညာဉ် ပလ္လင်အဆင့် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်ကို ဟန့်တားနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျူးရွှမ်အာလို မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် တစ်ယောက်ကိုတော့ ပြောမနေပါနဲ့။ အစောပိုင်းက သူမအနေနဲ့ သွေးလွှမ်းမှာကို မမြင်ချင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ သူမရဲ့ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေက

မြင့်တက်လာပြီး ဒီပင်လယ်ဓားပြတွေက သူမရဲ့ တိုက်ခိုက်မှုတွေကို ခုခံကာကွယ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဟူးညိုကလည်း ယှဉ်ပြိုင်ရတာကို နှစ်သက်သဘောကျပါတယ်။ ဒါကြောင့် သူမက ချပ်ဂတ်ကို ကိုက်ဖြတ်နိုင်တယ် ဆိုတာကို သက်သေပြပြီးတဲ့ နောက်မှာတော့ ချက်ချင်းဆိုသလို စိတ်ဂင်စားမှု လျော့ကျသွားပြီး သူမရဲ့ လက်သီးသေးသေးလေးတွေကို ဝှေ့ယမ်းကာ ပင်လယ်ဓားပြတွေရဲ့ ခေါင်းကိုဦးတည် တိုက်ခိုက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် သတ်ဖြတ်ပစ်လိုက်သည်။ သူမရဲ့ သတ်ဖြတ်ခြင်း ပင်ကိုယ်ဗီဇက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပြီး အခုဆိုရင် သွေးဆူနေတာကြောင့် သူမရဲ့ မျက်လုံးတွေက ချက်ချင်းကို အနီရောင် သန်းသွားပြီး သူမက ပင်လယ်ဓားပြတွေ အတွက်တော့ အဆုံးမရှိ နာကျင်မှုတွေကို သယ်ဆောင်လာခဲ့ပါတယ်။

"ခေါင်းဆောင် ကျနော်တို့ ဆက်ပြီးတော့ တောင့်မခံနိုင်တော့ဘူး"

ပင်လယ်ဓားပြတွေက တစ်ယောက်ပြီးတစ်ယောက်

အော်ဟစ်လိုက်ကြပြီး တချို့ဆိုရင် အနက်ရောင် လှေကြီးဆီကို ပြန်ပြေးလာကြသည်။ စည်းကမ်းမလိုက်နာတဲ့ ငတုံးတွေ။ ဒီကောင်တွေက တကယ့်ကို ထိမ်းမနိုင်သိမ်းမရ စစ်သည်အုပ်စုပဲ။

အရပ်ပုပု ပိန်ကပ်ကပ်နဲ့လူက နှာခေါင်းရှုံ့ပြီး ပြောလိုက်သည်။

"သုံးစားမရတဲ့ အမှိုက်ကောင်တွေ။ အခုလို ထွက်ပြေးလာတော့ ငါ သတ္တုဦးခေါင်းကြီးရဲ့ နာမည်ထင်ပေါ် ကျော်ကြားမှုကို မထိခိုက်စေဘူးလား။ လာလာ။ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်တွေကို ပြင်ဆင်ပြီး ဒီကောင်စုတ်လေးကို အသေပေါက်ခွဲပစ်လိုက်ကွာ"

"ခေါင်းဆောင် ဒီကောင်လေးကို သေအောင်လို့ ဘာကြောင့် အမြောက်နဲ့ပစ်မှာလဲ"

အရပ်မြင့်မြင့်နဲ့လူက မေးလိုက်သည်။

"သူခိုးဓားပြတွေကို ဖမ်းချင်ရင် ခေါင်းဆောင်ကို အရင်ဖမ်းရတယ်ကွ။ ဒီကောင်စုတ်လေးကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သူကခေါင်းဆောင်ဆိုတာ

သိသာတယ်။ သူ့ကိုသတ်ပစ်။ ဒါဆိုရင် အရာအားလုံး အဆင်ပြေချောမွေ့သွားမယ်။ နောက်ပြီးတော့ မင်းက ဒီအမြောက်နဲ့ မိန်းမလှလေးတွေကို ပျော့ပြဲသွားအောင် ပစ်ချင်နေတာလား”

သတ္တုခေါင်းကြီးက အထင်သေးတဲ့ ပုံစံနဲ့ ပြောလိုက်သည်။

အရပ်မြင့်မြင့်လူက ခေါင်းကုတ်ပြီး ပြောလိုက်သည်။

“ခေါင်းဆောင် ကျုပ်အကြောင်းကို ခေါင်းဆောင်မသိတာလဲ မဟုတ်ပဲနဲ့။ ကျုပ်က ကလေးမလေးတွေနဲ့ ကောင်လေးငယ်ငယ်လေးတွေကိုပဲ သဘောကျတာပါ”

“ထွက်သွားစမ်း တဏှာရူးကောင်”

လှေနက်ကြီး ပေါ်မှာတော့ ပြတင်းပေါက်တွေ ပွင့်လာပြီး အနက်ရောင် အမြောက်ခေါင်းတွေက ထွက်ပြူလာခဲ့ပြီး လင်းဟန်ဆီကို ဦးတည်ပစ်မှတ် တည်ထားခဲ့ကြသည်။

ချက်ချင်းဆိုသလို လင်းဟန်ရဲ့ စိတ်ထဲမှာ သတိပေးခေါင်းလောင်းသံတွေ ဆူညံသွားခဲ့သည်။ သူက အလျင်အမြန်ပဲ ပောာ့လျှန်ချွင်ရွှယ်ကို ခေါင်းလှည့်ပြီး

ပြောလိုက်သည်။

"ဟိုင်ညီုး ဘေးမှာရပ်နေ။ ဒီပစ္စည်းကို ကြည့်ရတာ အတော်လေး ကြောက်စရာကောင်းမဲ့ပုံပဲ"

သူ့စကား ဆုံးရုံပဲ ရှိပါသေးတယ်။ အဖြူရောင် အလင်းသုံးခုကို လှေနက်ကြီးဆီကနေ လင်းဟန်ဆီ ပစ်လွှတ်လိုက်သည်။ ၎င်း၏အမြန်နှုန်းက အရမ်းကို လျှင်မြန်ပြီး သူတုံ့ပြန်ဖို့ ပြင်ဆင်လိုက်တဲ့ အခိုက်အတန့်မှာ ဒီတိုက်ခိုက်မှုကို သေချာပေါက် ခံစားရပါလိမ့်မယ်။ ၎င်းက သူ့အရှေ့ကို ရောက်လာပြီး ဘယ်လိုမှ ရှောင်တိမ်းနိုင်မှာ မဟုတ်ပါဘူး။

အဲဒီအခိုက်အတန့်မှာ လင်းဟန်က သူရဲ့စိတ်ထဲမှာ ဖြစ်နိုင်ချေရှိတဲ့ အရာတွေကို တွက်ချက်နေခဲ့ ပါတယ်။ ဒါက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ခိုက်မှုနဲ့ တူညီပါတယ်။ ဒါကြောင့် သူက မိုးကြိုးအဟန့်အတားကို အသက်သွင်းလိုက်မယ်ဆိုရင် ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားကို သုံးဆယ်ရာခိုင်နှုန်းပဲ တားဆီးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း သူ့မှာ ဒီလိုမျိုးပြုလုပ်ဖို့ အချိန်မရှိပါဘူး။

ပုန်း။

အဖြူရောင် အလင်းသုံးခုက ပေါက်ကွဲထွက်သွားခဲ့သည်။ ဒါပေမဲ့ လင်းဟန်ကလည်း ဘာအရိပ်အယောင် လက္ခဏာမျှ မရှိပဲ ပျောက်ကွယ်သွားခဲ့သည်။ ချက်ချင်းဆိုသလို သူက နောက်တစ်ကြိမ် ဘာမှထိခိုက်မှု မရှိပဲ ပြန်ပေါ်လာခဲ့၏။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်သွားပြီး ပြန်ထွက်လာခြင်း ဖြစ်သည်။

လပြွတ်။

လှေနက်ကြီးပေါ်က လူတိုင်းလူတိုင်း အံ့သြသွားကြသည်။ သူတို့ရဲ့စိတ်ထဲမှာ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်ကို ပစ်လိုက်တာနဲ့ ဘယ်လိုမျိုး လူမှရှောင်တိမ်းလို့ မရပဲ အပိုင်းပိုင်း အစစ ဖြစ်သွားမယ်လို့ ထင်မှတ်ထားကြပါတယ်။ အခုတော့ ဒီကောင်စုတ်လေးက ဘာမှလည်း မဖြစ်သွားပါဘူး။

"ပစ်စမ်း နောက်ထပ် ထပ်ပစ်စမ်း"

သတ္တုခေါင်းကြီးက အော်ဟစ်ပြီး အမိန့်ပေးလိုက်သည်။

လင်းဟန်က အပေါ်ကို ပျံတက်ပြီး အနက်ရောင်လှေကြီးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။ သူ့အနေနဲ့ ပစ်မှတ်အသေကြီးတော့ မဖြစ်ချင်ပါဘူး။

အမြောက်ရဲ့ ထိပ်တွေက လှုပ်ရှားသွားပြီး သူ့ကိုပဲ ဆက်လက်ဦးတည်နေပါတယ်။ ဒါပေမဲ့ လင်းဟန်က မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး ဘယ်ဘက်မှာ ရုတ်တရက် ပေါ်လာပြီး ပျောက်သွားလိုက် ညာဘက်မှာ ရုတ်တရက် ပေါ်လာပြီး ပျောက်သွားလိုက်နဲ့ လှုပ်ရှားနေသည်။ ဒါက အရမ်းကို ထူးဆန်းပြီးတော့ သူရဲ့အရိပ်အယောင် တစ်စွန်းတစ်စကိုတောင် ဘယ်သူကမှ ဖမ်းမိနိုင်ခြင်း မရှိပဲ နောက်တစ်ကြိမ် ပစ်လွှတ်တိုက်ခိုက်ဖို့ လုံလောက်တဲ့ အချိန်တောင် မရှိကြပါဘူး။

ဒီမူလစွမ်းအင် ပုံဆောင်ခဲ အမြောက်ကို အသုံးပြုလိုက်တာနဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေက အဲဒါကို ရှောင်တိမ်းနိုင်ဖို့ အတော်လေးကို ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အမြန်နှုန်း ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ ဒါပေမဲ့လည်း အမြောက်ပြောင်းဂက မပစ်လွှတ်ခင်မှာ လင်းဟန်ကို ဆက်ပြီးတော့ လိုက်လံချိန်ရွယ်ထားဆဲ ဖြစ်ပါတယ်။ အချိန်အနည်းငယ်မျှနဲ့ စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်

အမြောက်ပစ်သူ လူနည်းစုက လင်းဟန်ရဲ့ ပုံရိပ်မည်းမည်းကို ဘယ်လိုလုပ်ပြီး လိုက်ဖမ်းနိုင်မှာလဲ။

ခြေလှမ်း အနည်းငယ် အတွင်းမှာ လင်းဟန်က လေ့အပေါ်က မိုးကောင်းကင်ပေါ်ကို ရောက်လာပြီး သတ္တုခေါင်းကြီးကို ဓားနဲ့ခုတ်လိုက်ပါတယ်။

လူဆိုးသူခိုးတွေကို ဖမ်းချင်ရင် ခေါင်းဆောင်လုပ်သူကို အရင်ဖမ်းဖို့ ဒီလူပဲ ပြောခဲ့တာ မဟုတ်လား။

ဒါပေမဲ့လည်း သတ္တုခေါင်းကြီးက လင်းဟန်ကို အေးစက်စွာနဲ့ ကြည့်ပြီးတော့ လင်းဟန်ရဲ့ ဓားခုတ်ချက်ကို ရှောင်တိမ်းဖို့ စိတ်ကူးနည်းနည်းမှ ရှိပုံမရပါဘူး။

ပုန်း။

ဓားချက်က အောက်ကို ဆင်းလာပေမဲ့ အနက်ရောင် အလင်းမျက်နှာပြင် တစ်ခုက ဒီတိုက်ခိုက်မှုကို ဟန့်တားလိုက်သည်။

သတ္တုခေါင်းကြီးက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ဟားဟားဟား ပစ်ကြစမ်း"

ချက်ချင်းဆိုသလို အဖြူရောင် အလင်းကြီး သုံးခုကို ပစ်လွှတ်လိုက်ပြီး ဒီတစ်ကြိမ်မှာတော့ သူတို့ရဲ့ ဦးတည်ချက်က ပြောင်းလဲသွားပြီး ဘယ်နေရာကို လင်းဟန်က ရှောင်တိမ်းမလဲ ဆိုတာကို တွက်ချက်ထားပုံ ရပါတယ်။

ဒီလှေကြီးက အတော်လေးကို ထူးဆန်းပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကို နောက်တစ်ကြိမ် ဝင်ပြီးတော့ ချက်ချင်း ပြန်ထွက်လာခဲ့ပါတယ်။ သူ့ရဲ့လှုပ်ရှားမှုက အရမ်းကို လျင်မြန်ပြီးတော့ ရုတ်တရက် ပျောက်သွားတာကို လူတွေက သတိမထားမိခဲ့ပါဘူး။ သတ္တုခေါင်းကြီးတောင် ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပေမဲ့ သူကပုံရိပ်ယောင် တစ်ခုနဲ့ တူတယ်လို့ ခံစားရပြီး သူရဲ့မျက်လုံးတွေက ရုတ်တရက် ပြာသွားသလိုမျိုး လင်းဟန်ရဲ့ လှုပ်ရှားမှုကို သတိမပြုမိ ခဲ့ပါဘူး။

"ဒီလှေကို ဒီလူတွေ ဘယ်ကနေ ရလာတာပါလိမ့်"

လင်းဟန်က သိချင်စိတ်တွေ ပြင်းပြလာခဲ့သည်။ ဒီချပ်ဂတ်အကျီတွေ ဒီလေ့ရဲ့ ကာကွယ်နိုင်စွမ်းနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်တွေ၊ ဒီလိုမျိုး အဖွဲ့က သေချာပေါက် ထိပ်တန်းအဖွဲ့တချို့က ဖြစ်ပါလိမ့်မယ်။ ဒါဆိုရင် ဘယ်လိုလုပ်ပြီးတော့ ဒီပင်လယ်ဓားပြ အနည်းငယ်ရဲ့ လက်ထဲကို ကျရောက်နေတာလဲ။

"မင်းအလုပ်တစ်ခုမှ မပါဘူး"

သတ္တုခေါင်းကြီးက နှာခေါင်းရှုံ့လိုက်သည်။

"ငါတို့ခေါင်းဆောင်ပြောနေတယ်။ ဒါကမင်းအလုပ်မဟုတ်ဘူးတဲ့"

အရပ်မြင့်မြင့်နဲ့လူက သံယောင်လိုက်ပြီး ပြောလိုက်သည်။

"မင်းပါးစပ်ကို ပိတ်ထားစမ်း။ မြန်မြန် အမြောက်သမားတွေကို ဒီလူတွေအားလုံး ပစ်ချဖို့ အမိန့်ပေးလိုက်"

သတ္တုခေါင်းကြီးက သူ့ကိုပါးရိုက်လိုက်သည်။

"ခေါင်းဆောင်ပဲ ဒီမိန်းမလှလေး နှစ်ယောက်ကို သတ်ပစ်ဖို့ ဆန္ဒမရှိဘူးလို့ ပြောခဲ့တယ် မဟုတ်လား"

အရပ်မြင့်မြင့်နဲ့လူက ခံစားချက် မှားယွင်းနေတဲ့ ပုံစံနဲ့ ပြောလိုက်သည်။

"အဓိပ္ပါယ်မရှိတာ။ ငါတို့ရဲ့ ညီအစ်ကိုတွေကို သူတို့တွေက သတ်ပစ်လိုက်ကြတယ်။ သူတို့ရဲ့ အလှအပတွေကို ဘယ်သူက ဂရုစိုက်မှာလဲ။ သူတို့အားလုံးကို သတ်ပစ်"

သတ္တုခေါင်းကြီးက အကြင်နာတရားကင်းမဲ့စွာနဲ့ ပြောလိုက်သည်။

"သူတို့ကို သတ်ပစ်။ အကုန်သတ်"

အရပ်မြင့်မြင့်နဲ့လူက စိတ်လှုပ်ရှားစွာနဲ့ လှေရဲ့ဂမ်းဗိုက်ထဲကို ပြေးသွားခဲ့သည်။

လင်းဟန်က မျက်မှောင်ကြုတ် သွားခဲ့သည်။ သူရဲ့ပုံရိပ်က နေရာပြောင်းသွားပြီး ကျူးရှမ်အာရဲ့ ဘေးနားကို ရောက်သွားခဲ့သည်။ သူက ပြောလိုက်သည်။

"ရွှမ်အာ အနက်ရောင် မျှော်စင်ထဲကို အရင်ဆုံး ဝင်သွားလိုက်"

"ဟုတ်ကဲ့"

ကျူးရွှမ်အာက ဘာကြောင့်လဲ ဆိုတာကိုတောင် မမေးပဲ ချက်ချင်းပဲ ခေါင်းညိတ်လိုက်သည်။

ရွှစ်။

သူမရဲ့ ပုံရိပ်က ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။

လင်းဟန်က ဟူးညိုကိုလည်း အနက်ရောင် မျှော်စင်ထဲကို ပစ်ထည့်လိုက်သည်။ ဟော့လျန်ချွင်ရွှယ်ကိုတော့ ထည့်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ဒီလိုမျိုး လုပ်စရာလည်း မလိုပါဘူး။ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ထက် သာလွန်နေပြီး သူမအနေနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်နည်းနည်းကို ကြောက်နေဖို့ မလိုပါဘူး။

"ဟင် မိန်းမချောလေးနဲ့ ကလေးမလေး

ဘယ်ကိုရောက်သွားလဲ”

သတ္တုခေါင်းကြီးရဲ့ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးတဲ့ အမူအရာတွေ ဖြစ်ပေါ်နေခဲ့သည်။ ဘယ်လိုလုပ်ပြီး သက်ရှိမိန်းကလေး နှစ်ယောက်က ရုတ်တရက် ပျောက်ကွယ်သွားတာလဲ။ သူကငတုံးတစ်ယောက် မဟုတ်ပါဘူး။ ချက်ချင်းပဲ သူရဲ့ပေါင်ကို ရိုက်ပြီးတော့ သတိပြုမိ သွားခဲ့သည်။

“ဒါက စောစောတုန်းက မင်းဘယ်လိုလုပ် ရောင်တိမ်းသွားလဲဆိုတာပဲ ဖြစ်ရမယ်”

Chapter 588 end

အပိုင်း(၅၈၉) စစ်မေးခြင်း

“ခင်ဗျားခန့်မှန်းချက် မှန်တယ်။ ဒါပေမဲ့ ဘာဆုမှတော့ ရမှာမဟုတ်ဘူး”

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး အပေါ်ကို နောက်တစ်ကြိမ် ပျံတက်သွားခဲ့သည်။ သူ့ရဲ့ လက်ထဲမှာ ခရမ်းနဂါးဓားကို ကိုင်ပြီးတော့ မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး ပြိုင်ဘက်တွေက သူ့ကို ချိန်ရွယ်ဖို့ အချိန်တောင်

မပေးပါဘူး။ သူကိုယ်တိုင်က စွမ်းအင်တွေကို စုစည်းပြီးတော့ အဆုံးစွန်တိုက်ကွက်ဖြစ်တဲ့ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခု တိုက်ကွက်ကို ပစ်လွှတ်ဖို့ ပြင်ဆင်လိုက်သည်။

လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်က အရေအတွက်များပြားတဲ့ ရည်သူတွေကို တိုက်ခိုက်ဖို့ အသုံးပြုတာ ဖြစ်ပါတယ်။ ၎င်းက နှစ်လိုဖွယ်ကောင်းတဲ့ အရာတစ်ခုနဲ့ တူပေမဲ့ အဲဒီတိုက်ခိုက်မှုကို အသုံးပြုလိုက်တဲ့ အချိန်မှာ တစ်ခုခုတော့ စိတ်ချရပေမဲ့ နည်းစနစ် တစ်သောင်းမှ တစ်ခုတိုက်ကွက်က ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ ဖျက်ဆီးခြင်း စွမ်းအားက ခန့်မှန်းလို့တောင် မရနိုင်ပါဘူး။

"ပစ်"

သတ္တုခေါင်းကြီးက အော်ဟစ်လိုက်သည်။

အမြောက်ထိပ်ဂဏ ဆက်ပြီးတော့ ရွှေ့လျားနေပြီး သူတို့အနေနဲ့ လင်းဟန်ကို ချိန်ရွယ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် အမြောက်ပစ်သူတွေက သူ့ကိုလက်လျော့ပြီး ဟောင့်လျန်ချင်ရွှယ်ဆီကို လှည့်လိုက်ကြပါတယ်။

ဟော့လျန်ချွင်ရွှယ်က ချက်ချင်းဆိုသလို မျက်နှာတွေ ဖြူဖွေးကြောက်လန့်သွားပြီးတော့ လင်းဟန်ကို ပြောလိုက်သည်။

"ကျမက သူတို့ကို ထိခိုက်အောင်လည်း မလုပ်ပဲနဲ့ ဘာဖြစ်လို့ သူတို့က ကျမကို ထိခိုက်အောင် လုပ်ဖို့ကြံနေတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့က လူဆိုးတွေ ဖြစ်နေလို့ပဲ။ လူဆိုးတွေမှာ အကြောင်းပြချက် မရှိဘူး"

လင်းဟန်က ရှင်းပြလိုက်သည်။

"ဒါကြောင့် လူဆိုးတွေနဲ့ ရင်ဆိုင်တဲ့ အခါကျရင် ဘာကိုမှ စဉ်းစားမနေပဲ မင်းရဲ့လက်ထဲက အုတ်ခဲနဲ့ ရိုက်ထုတ်ပစ်လိုက်"

"အင်း"

ဟော့လျန်ချွင်ရွှယ်က ခေါင်းညိတ်လိုက်သည်။ အဲဒီနောက်မှာ တစ်ခုခုကို ချိန်ရွယ်တဲ့ ဟန်ပန်မျိုး လုပ်ပြီးတော့ အုတ်ခဲကို ပစ်လွှတ်လိုက်သည်။

အုတ်ခဲက အရှိန်အဟုန် ပြင်းစွာနဲ့ ပျံသန်းသွားပြီး အနက်ရောင် လှေကြီးကို ထိခိုက်မိတဲ့ အချိန်မှာ အနက်ရောင် မျက်နှာပြင်ကြီး တစ်ခုက လှေရဲ့အပေါ်မှာ ရုတ်တရက် ပေါ်လာခဲ့ပြီး စောစောတုန်းကလို ဒိုင်းတစ်ခု ဖြစ်လာခဲ့သည်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် အလင်းမျက်နှာပြင်မှာ မျှော်လင့်ထားသလို အာနိသင်မျိုး မရှိပါဘူး။

ထန် ဆိုတဲ့ မြည်သံနဲ့အတူ အလင်းရောင် မျက်နှာပြင် တစ်ခုလုံးက အုတ်ခဲကြောင့် ပျက်စီးသွားခဲ့သည်။ အုတ်ခဲရဲ့ ရွေ့လျားမှုက ရပ်တန့်သွားခြင်း မရှိပဲ ဆက်ပြီးတော့ လှေရဲ့ကိုယ်ထည်ဆီကို နစ်ဝင်သွားခဲ့သည်။ အဲဒီနောက် ပုန်း ဒိုင်း ခလွမ်းဆိုတဲ့ အသံတွေကို ကြားလိုက်ရပြီး အုတ်ခဲက လှေရဲ့တဖက်ကိုယ်ထည်ကနေ ပျံထွက်သွားပြီး အကွာအဝေး တစ်ခုဆီကို ရောက်သွားခဲ့သည်။

"ကျမအုတ်ခဲလေး"

ဟော့လျန်ချွင်ရွှယ်က အော်လိုက်ပြီး အလျင်အမြန်ပဲ ရေပေါ်မှာ လမ်းလျှောက်ပြီး လိုက်ဖမ်းလိုက်သည်။

ပုန်း ဒိုင်း ပုန်း။

လေ့နက်ကြီးဆီက ထူးဆန်းတဲ့ အသံတွေ ကြားလိုက်ရပြီး မီးတောက်တွေနဲ့ အနက်ရောင် မီးခိုးတွေက ထွက်ပေါ်လာခဲ့ပြီး လေ့ရဲ့ကိုယ်ထည်က စတင်ပြီး စောင်းလာခဲ့သည်။ လေ့က တကယ်ပဲ နစ်မြုပ်နေပါပြီ။

လင်းဟန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့သည်။ ဟော့လျန်ချွင်ရှယ် ပစ်လွှတ်လိုက်တဲ့ အုတ်ခဲက တကယ်ပဲ ကြောက်စရာ ကောင်းလွန်းပြီး ဧရာမ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့တူတဲ့ ရတနာ လေ့တစ်စင်းကို တန်းပြီးတော့ နစ်မြုပ်စေသည်။

ပုန်း ပုန်း ပုန်း။

လေ့ရဲ့ကိုယ်ထည် အတွင်းက စတင်ပေါက်ကွဲ လာခဲ့သည်။ လေ့ပေါ်က မူလစွမ်းအင် ပုံဆောင်ခဲနဲ့ တိုက်ခိုက်နိုင်တဲ့ ဧရာမ အမြောက်တွေက အထင်ကြီးစရာကောင်းပေမဲ့ အရမ်းကို မတည်မငြိမ် ဖြစ်နေသည်။ အခုဆိုရင် လေ့ရဲ့ကိုယ်ထည်အတွင်းမှာ မီးတောက်လောင်နေပြီး ဒီမူလစွမ်းအင် ပုံဆောင်ခဲတွေကလည်း ပေါက်ကွဲလာခဲ့သည်။

ဒီအဖြစ်အပျက်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့်

ကျွမ်းကျင်သူ ရာပေါင်းများစွာက လေ့ရဲ့ကိုယ်ထည် အတွင်းမှာ တိုက်ခိုက်နေတာနဲ့ ညီမျှပါတယ်။ ဒီကနေ ဖြစ်ပေါ်လာတဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ လေ့တစ်စင်းလုံး ချက်ချင်းပဲ အစိတ်စိတ်အမြွာမြွာ ဖြစ်လုနီးပါး ဖြစ်သွားခဲ့သည်။ ပင်လယ်ဓားပြတွေ အားလုံးပဲ ဘာမှတုံ့ပြန်ချိန်တောင် မရလိုက်ပဲ မုန့်မုန့်ညက်ညက်ကြေအောင် လွင့်ထွက်ကုန်ပြီး သတ္တုခေါင်းကြီးနဲ့ သူရဲ့လက်ထောက် အရပ်မြင့်မြင့်လူပဲ လွတ်မြောက်သွားခဲ့သည်။

တကယ်တော့ သူတို့က ပန်းဖူးအဆင့်မှာ ဖြစ်ပြီးတော့ စိတဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို ရင်ဆိုင်နိုင်စွမ်း မရှိပေမဲ့ လျင်မြန်စွာ ဖြစ်ပေါ်လာတဲ့ အခြေအနေကို မြန်မြန်ဆန်ဆန် တုံ့ပြန်နိုင်ပြီး ချိန်သားကိုက် လွတ်မြောက်သွားခဲ့ပြီး အသက်ရှင်ဖို့ အခွင့်အရေး ရသွားခဲ့သည်။

ကံမကောင်းတာက လင်းဟန်က သူတို့ကို စောင့်ကြိုနေတာပဲ ဖြစ်ပါတယ်။

ဖြန်း ဖြန်း။

လင်းဟန်က သူတို့နှစ်ယောက်ကို လက်ဂါးနှစ်ချက်နဲ့ သတိမေ့အောင် ရိုက်ချပြီး အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့ ခေါ်သွားလိုက်သည်။

"ဟန်ဟန် ဟန်ဟန်"

ဟော့လျန်ချွင်ရှယ်က အုတ်ခဲကို ပြန်ယူလာပြီး လင်းဟန်က ရုတ်တရက် မြင်ကွင်းကနေ ပျောက်ကွယ်သွားတာကို မြင်လိုက်ရတဲ့ အခါမှာ သူမက အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်က မကြာခဏဆိုသလို ရုတ်တရက် ပျောက်ကွယ်သွားပြီး သူမကို အချိန်အတော်ကြာ စောင့်နေခိုင်းတာက အရမ်းကို ထိတ်လန့်ဖို့ ကောင်းပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ လင်းဟန်က သူတို့နှစ်ယောက် နိုးထလာအောင် ရိုက်လိုက်သည်။ သူတို့က အနက်ရောင် မျှော်စင်ထဲကို ဂင်လာပြီ ဆိုမှတော့ သူတို့ဘ၀ တစ်လျှောက်လုံး ထွက်သွားလို့ မရပါဘူး။ သူတို့က ပင်လယ်ဓားပြတွေ ဆိုတော့ လူတွေကို မသတ်ပဲတော့ မနေကြပါဘူး။ ဒါကြောင့် အကျဉ်းချပြီး အပြစ်ပေးတာက သိပ်တော့လည်း လွန်မယ်လို့ မထင်ပါဘူး။

"ဒါက ဘယ်လိုနေရာလဲ"

သတ္တုခေါင်းကြီးက နိုးလာပြီးတဲ့ နောက်မှာ ချက်ချင်းပဲ အံ့အားသင့် သွားခဲ့သည်။

"ခေါင်းဆောင် ကျနော်တို့ ဘယ်ကိုရောက်နေတာလဲ"

အရပ်မြင့်မြင့်နဲ့လူက သတ္တုခေါင်းကြီးရဲ့ လက်မောင်းကို ထိတ်လန့်တကြားနဲ့ ဆုပ်ကိုင်လိုက်သည်။

"မင်းကငါ့ကိုမေးတော့ ငါကဘယ်သူ့ကို သွားမေးရမှာလဲ"

သတ္တုခေါင်းကြီးက ချက်ချင်းဆိုသလို အရပ်မြင့်မြင့်နဲ့ လူရဲ့ခေါင်းကို ရိုက်လိုက်သည်။

လင်းဟာန်က ချောင်းဟန့်ပြီးတော့ ပြောလိုက်သည်။

"မင်းတို့တွေကို အခုငါဖမ်းထားပြီ။ တကယ်လို့ ငါက မင်းတို့ကောင်တွေ အသက်ဆက် ရှင်ချင်တယ် ဆိုရင် မင်းတို့တွေ အသက်ရှင်နိုင်မယ်။ တကယ်လို့ ငါက မင်းတို့တွေကို မိန်းမစိုး ဖြစ်စေချင်တယ်ဆိုရင် မင်းတို့တွေရဲ့

ဒုတ်တွေ ပျောက်ကွယ်သွားလိမ့်မယ်”

ဟဲ့ လဖြတ်။

သူတို့နှစ်ယောက်က အလျင်အမြန်ပဲ သူတို့လက်တွေနဲ့ ဘောင်းဘီခွကြားကို အုပ်လိုက်ကြသည်။ ဒီဒုတ်ချောင်း ရှိနေလို့လည်း သူတို့ကို ယောက်ျားလို့ ခေါ်တာပဲ မဟုတ်လား။

လင်းဟာန်က ကျီစယ်တဲ့ သဘောနဲ့ ရယ်မောပြီးတော့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ဘယ်ဘက် ညာဘက်ကို ဆွဲဖယ်တဲ့ ဟန်အမူအရာ လုပ်လိုက်သည်။ သတ္တုခေါင်းကြီးနဲ့ အရပ်မြင့်မြင့်လူရဲ့ လက်တွေက မမြင်ရတဲ့ စွမ်းအားတစ်ခုကြောင့် ဘောင်းဘီခွကြားကနေ သီးခြားစီ ဖြစ်သွားပြီး သူတို့ရဲ့ ခန္ဓာကိုယ်က လေထဲမှာ ခြေကားယား လက်ကားယား ပုံစံနဲ့ မျောလွင့်သွားသည်။

သတ္တုခေါင်းကြီးရဲ့ မျက်နှာက ထိတ်လန့်မှုကြောင့် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူက လင်းဟာန်ကို မြန်မြန်ပဲ သတိပေးလိုက်သည်။

“မင်း ဟိုလိုလို ဒီလိုလိုတွေ လျှောက်မလုပ်နဲ့နော်။

ငါ့ရဲ့ခေါင်းဆောင်က တကယ့်ကို အစွမ်းထက်တယ်။ တကယ်လို့ မင်းကငါ့ရဲ့ ဆံပင်တစ်ချောင်းကို ထိခိုက်နာကျင်အောင် လုပ်ပံ့ရင် ငါ့ခေါင်းဆောင်က မင်းကို သေချာပေါက် သတ်ပစ်လိမ့်မယ်"

လင်းဟန်က အံ့အားသင့်သွားပြီး ပြောလိုက်သည်။

"မင်းက ခေါင်းဆောင်ပဲ မဟုတ်ဘူးလား"

"ငါက သူတို့ရဲ့ ခေါင်းဆောင်။ ဒါပေမဲ့ ငါ့မှာလည်း ခေါင်းဆောင်တစ်ယောက် ရှိသေးတယ်"

သတ္တုခေါင်းကြီးက သူ့ရဲ့လည်ပင်းကို မော့ပြီးတော့ ပြောလိုက်သည်။

"ငါမင်းကို အကြံပေးမယ်။ ငါတို့ခေါင်းဆောင်ကို ဘယ်တော့မှ မဆန့်ကျင်နဲ့။ ငါတို့ရဲ့ ခေါင်းကလည်း ပန်းဖူးအဆင့်မှာ ဆိုပေမဲ့ သူက ထူးဆန်းတဲ့ အရာတွေမှာ အရမ်းကို ဆရာကျတယ်။ ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတယ်"

"ပိုး ဒီလိုလျှေမျိုး ထူးဆန်းတာမျိုးလား"

လင်းဟန်က လေးလေးနက်နက်နဲ့ မေးလိုက်သည်။

"ဟင့် ငါ့ရဲ့လှေက ငွေနဂါးလှေတစ်ခုပဲ ရှိသေးတယ်။ ဒါပေမဲ့ ငါတို့ခေါင်းဆောင်က ရွှေနဂါးလှေကို အသုံးပြုတယ်။ အဲဒါကမှ အထင်ကြီးစရာကောင်းတယ်လို့ ခေါ်တယ်"

သတ္တုခေါင်းကြီးက ဂုဏ်ယူစွာနဲ့ ပြောလိုက်သည်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပြီးတော့ ပြောလိုက်သည်။

"အဖမ်းခံနေရတဲ့ လူတစ်ယောက်က ဂုဏ်ယူဂင့်ကြွားနေတာကို ပထမဆုံးအကြိမ် မြင်ဖူးခြင်းပဲ။ ဘာပဲဖြစ်ဖြစ် ငါမင်းကို အရင်ဆုံး သင်းကွပ်ပစ်ရလိမ့်မယ်"

"သင်းကွပ်မယ် ဟုတ်လား။ မင်းငါ့ကို သင်းကွပ်ဖို့ မဖြစ်နိုင်ဘူး"

သတ္တုခေါင်းကြီးရဲ့ မျက်နှာက ထိတ်လန့်ကြောက်ရွံ့မှုကြောင့် အစိမ်းရောင် သန်းသွားသည်။

"ငါ့ရဲ့ခေါင်းဆောင်က မင်းကိုရှာပြီးတော့ လက်စားချေမှာကို မကြောက်ဘူးလား"

"လုံးဝမကြောက်ဘူး"

လင်းဟန်က ပြုံးလိုက်သည်။

ဒီစကားတွေက အရမ်းကို ရှင်းလင်းပီသပြီး သတ္တုခေါင်းကြီးက ဘယ်လိုမျိုး တုံ့ပြန်ရမလဲ ဆိုတာကို မသိနိုင်အောင် ဖြစ်နေသည်။

တစ်ဖက်မှာတော့ အရပ်မြင့်မြင့်နဲ့လူက လင်းဟန်အနေနဲ့ သူ့ကိုသတိထားမိသွားမှာ ကြောက်ရွံ့တာကြောင့် နည်းနည်းလေးမှ အသံမထွက်ပံ့ပါဘူး။

လင်းဟန်က အရိုးဓားကို ဆင့်ခေါ်ပြီးတော့ ပြောလိုက်သည်။

"ငါမေးခွန်းတစ်ခု မေးရင် မင်းတို့တွေက အဖြေတစ်ကြိမ် ပြန်ပြောရမယ်။ အတူတူဖြေရမယ်နော်။ ပြန်ဖြေတာ နောက်ကျတဲ့သူကို သူ့ရဲ့ခေါင်းကို လှီးဖြတ်ရမယ်။ ခေါင်းတွေကို ဖြတ်ပြီးသွားရင် ငါက ဒုတ်ကိုဖြတ်ပစ်မှာနော်။ မင်းတို့တွေ ကိုယ့်ကိုကိုယ် ခေါင်းဘယ်လောက်ရှိပြီး

ဒုတ်ဘယ်နှစ်ချောင်း ရှိလဲဆိုတာကို ငါမဖြတ်ခင် တွက်ထားကြ"

"ခေါင်းနှစ်လုံး"

အရပ်မြင့်မြင့်နဲ့လူက ပြောလိုက်သည်။

"ခေါင်းတစ်လုံး"

သတ္တုခေါင်းကြီးကလည်း တစ်ပြိုင်နက်တည်းနီးပါး ပြောလိုက်သည်။ လင်းဟန်ရဲ့ ခြိမ်းခြောက်မှုက အတော်လေးကို အကျိုးသက်ရောက်မှု ရှိပုံရသည်။

"ဟင် ခေါင်းဆောင် ခင်ဗျားမှာ ခေါင်းတစ်လုံးပဲ ရှိတာလား"

အရပ်မြင့်မြင့်နဲ့လူက ချက်ချင်းပဲ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်သည်။

"ဟားဟားဟား ငိုးမသား ဘယ်လူကများ ခေါင်းနှစ်လုံး ရှိနိုင်လို့လဲ"

သတ္တုခေါင်းကြီးက မျက်ရည်တွေ ထွက်ကျလုမတတ်

အော်ဟစ်ရယ်မောလိုက်သည်။

ဒီလူနှစ်ယောက်က ရှတ်နောက်နောက်နဲ့ လူရွှင်တော်တွေများလား။

လင်းဟန်က အရိုးဓားကို ပွေ့ယမ်းလိုက်ပြီးတော့ သူတို့နှစ်ယောက်ကို ပါးစပ်ပိတ်အောင် လုပ်လိုက်ပြီး ပြောလိုက်သည်။

"မင်းတို့တွေရဲ့ ခေါင်းဆောင်က ဘယ်သူလဲ"

"ဖန်းဝေချီ"

"သတ္တုခေါင်းကြီး"

လင်းဟန်က အရပ်မြင့်မြင့်နဲ့လူဆီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။ ဒီကောင်က တကယ်ပဲ ငတုံးငအ တစ်ယောက်များလား။ အဲဒီနောက် သူက သတ္တုခေါင်းကြီးဆီကို ကြည့်ပြီး မေးလိုက်သည်။

"ဖန်းဝေချီရဲ့ နောက်ခံအင်အားကရော ဘယ်လိုရှိလဲ"

"ငါမသိဘူး။ အစတုန်းက ငါက ဒီရေပြင်မှာ သောင်းကျန်းပြီး မင်းမူနေတာ။ ဘယ်သူကို ငါက ကြောက်ရမှာလဲ။ ဒါပေမဲ့လည်း ငါတို့ရဲ့ခေါင်းဆောင်က ပိုပြီးတော့တောင် အထင်ကြီးစရာ ကောင်းတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ဒီနေရာကို ရောက်လာပြီးတော့ ငါတို့ခေါင်းဆောင်က ငါ့ကိုနှိမ်နင်းပြီး ဒီလှေကို ပေးခဲ့ပြီးတော့ ငါ့ကိုပိုပြီးတော့တောင် အထင်ကြီးစရာကောင်းအောင် လုပ်ပေးခဲ့တယ်"

သတ္တုခေါင်းကြီးက ပြောလိုက်သည်။

"ပြီးတော့ အဲဒီချပ်ဂတ်အကျီတွေကရော ဖန်းဂေချီက ပေးတာပဲလား"

လင်းဟန်က နောက်တစ်ကြိမ် မေးလိုက်သည်။

"ဟုတ်တယ်"

သတ္တုခေါင်းကြီးက ရိုးရိုးသားသားနဲ့ ခေါင်းညိတ်လိုက်သည်။

"ဖန်းဂေချီက အခုသူဘယ်မှာ ရှိနေလဲ"

လင်းဟန်က မေးလိုက်သည်။

သတ္တုခေါင်းကြီးက တုံ့ဆိုင်းသွားပေမဲ့ အရိုးဓားရဲ့ အလင်းရောင်က ဖြတ်ခနဲ လက်သွားပြီး သူရဲ့ခွကြားက သွေးပန်းထွက်လာတဲ့ အခါမှာ ချက်ချင်းဆိုသလို ထိတ်လန့်တုန်လှုပ်ပြီး ပြောလိုက်သည်။

"ငါတို့ရဲ့ ခေါင်းဆောင်က သစ်နက်ကျွန်းမှာ ရှိပါတယ်။ သူက အဲဒီမှာ အမြဲလိုလိုနေတယ်"

"သစ်နက်ကျွန်းက ဘယ်မှာရှိလဲ"

"မြူတွေ ထူထပ်နေတဲ့ ရေကန်ရဲ့ အနောက်တောင်ထောင့်မှာ ရှိပါတယ်။ သာမန်လူတွေက အဲဒီကျွန်းကို ဘယ်လိုမှ ရှာမတွေ့နိုင်ပါဘူး"

သတ္တုခေါင်းကြီးက ဂုဏ်ယူနေတဲ့ ပုံစံနဲ့ ပြောလိုက်သည်။ ဒါပေမဲ့ သူရဲ့ခေါင်းက နာကျင်မှုကို ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို သူရဲ့အမူအရာက မာတောင့်သွားခဲ့သည်။

Chapter 589end

အပိုင်း(၅၉၀) သစ်နက်ကျွန်း

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ငါ့ကို အဲဒီနေရာကို လိုက်ပို့စမ်း"

"ဒါပေမဲ့ ငါတို့ခေါင်းဆောင်က စည်းကမ်းထုတ်ထားတယ်။ သူ့ဆီကို ငါတို့တွေက လှပချောမောတဲ့ မိန်းကလေးတွေ ပို့ပေးဖို့ တစ်လမှ တစ်ကြိမ်ပဲ သွားနိုင်တယ်"

သတ္တုခေါင်းကြီးက စိတ်ဆင်းရဲတဲ့ အမူအရာနဲ့ ပြောလိုက်သည်။

"သစ်နက်ကျွန်းတစ်ပိုက် နေရာအနှံ့အပြားမှာ တားမြစ်ချက်တွေရှိတယ်။ တကယ်လို့ ငါတို့ခေါင်းဆောင်က မပျော်မရွှင် ဖြစ်နေရင် ဘယ်သူကမှ အဲဒီကို မသွားပုံ့ကြဘူး။ သူတို့တွေ အသတ်ခံရနိုင်တယ်"

ရှုပ်ဆိုတဲ့ အသံနဲ့အတူ လင်းဟန်က အရိုးဓားနဲ့ ခုတ်လိုက်ပြီး ချက်ချင်းဆိုသလို သွေးတွေက နောက်တစ်ကြိမ် ပန်းထွက်လာခဲ့သည်။

"အား"

သတ္တုခေါင်းကြီးက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်သည်။

"အား"

အရပ်မြင့်မြင့်နဲ့လူကလည်း ထိတ်လန့်တကြားနဲ့ အော်ဟစ်နေသည်။

သတ္တုခေါင်းကြီးက အကြိမ်နည်းနည်းလောက် အော်ဟစ်ပြီးတော့ သူ့ဘေးက လူဆီကို ကြည့်ပြီး ပြောလိုက်သည်။

"ငါက အဖြတ်ခံရတဲ့လူလေ။ မင်းကဘာဖြစ်လို့အော်ဟစ်နေရတာလဲ"

"ခေါင်းဆောင် ဒီတစ်ကြိမ် အဖြတ်ခံရတာက ခင်ဗျားမဟုတ်ဘူး။ ကျုပ်ဗျ ကျုပ်"

အရပ်မြင့်မြင့်နဲ့လူက မျက်လုံးထဲကနေ မျက်ရည်တွေ စီးကျလာပြီး ပြောလိုက်သည်။

"ဟင်"

သတ္တုခေါင်းကြီးက ခေါင်းကိုငုံ့ပြီးတော့ သူ့ခွကြားကို ကြည့်လိုက်တဲ့ အချိန်မှာ သူရဲ့လမ္ဗြတ်က အကောင်းအတိုင်း ရှိနေသေးတာကို မြင်တွေ့လိုက်ရပြီး အလိုအလျောက် အရမ်းကို စိတ်ချလက်ချ ဖြစ်သွားသလို ခံစားရပြီး ထောက်ထားစာနာမှုမရှိတဲ့ အပြုံးတစ်ခုကိုတောင် ပြုံးလိုက်သည်။

"ခေါင်းဆောင် ကျနော့်ယဥတစ်လုံး ဆုံးရှုံးသွားပြီ။ ဘာဖြစ်လို့ ခင်ဗျားက ရယ်နေသေးတာလဲ"

အရပ်မြင့်မြင့်လူက အရမ်းကို ဂမ်းနည်းပူဆွေးနေသည်။

"ငါက ယဥတစ်လုံးနဲ့ နှစ်ပေါင်းရှစ်ဆယ်ကျော် နေခဲ့ရတယ်။ မင်းကဘာကို ကြောက်နေရတာလဲ"

သတ္တုခေါင်းကြီးက လှောင်ပြုံးပြုံးလိုက်သည်။

လင်းဟာန်က သက်ပြင်းချပြီး ပြောလိုက်သည်။

"မင်းတို့ထဲက ဘယ်တစ်ယောက်က ငါ့ကို

သစ်နက်ကျွန်းဆီကို ခေါ်သွားပေးမှာလဲ”

သတ္တုခေါင်းကြီးနဲ့ အရပ်မြင့်မြင့်လူက သူတို့ရဲ့ ခေါင်းကို ဆက်တိုက်ပဲ ခါလိုက်သည်။ အပြင်လူ တစ်ယောက်ကို သစ်နက်ကျွန်းဆီကို အချိန်အခါမဟုတ်ပဲ ခေါ်သွားတာ ဒါမှမဟုတ် အပြင်လူ တစ်ယောက်ကို သစ်နက်ကျွန်းကို လျှို့ဝှက်ခေါ်ဆောင်လာတာက သေလမ်းတစ်ခုပဲ ရှိပါတယ်။ သူတို့ရဲ့ အသက်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် ယဉနဲ့ လဖြွတ်က ဘာမှမဟုတ်တော့ပါဘူး။

လင်းဟန်က ပြုံးထေ့ထေ့လုပ်ပြီး ပြောလိုက်သည်။

“ငါ့ကိုခေါ်သွားတဲ့ ဘယ်သူမဆို အသက်ရှင်ခွင့်ပေးမယ်။ ကျန်တဲ့ တစ်ယောက်အတွက်ကတော့ စကားနားမထောင်တဲ့အတွက် မြေသြဇာ လုပ်ပစ်မယ်”

“ငါခေါ်သွားပေးမယ်”

သတ္တုခေါင်းကြီးနဲ့ အရပ်မြင့်မြင့်လူတို့က ဆက်တိုက်ပဲ အော်လိုက်သည်။

“မင်းတို့တွေက သစ္စာရှိမှုကို အရမ်းကို တန်ဖိုးထားကြတယ်

မဟုတ်လား”

လင်းဟန်က ပြုံးလိုက်သည်။

“ဘာသစ္စာတရားလဲ။ အဲဒါတွေက အာပလာတွေပါ”

သူတို့နှစ်ယောက်စလုံးက အရှက်ကင်းမဲ့စွာနဲ့ ပြောလိုက်သည်။

လင်းဟန်က ဘာပြောရမှန်းတောင်မသိအောင် ဖြစ်သွားခဲ့သည်။ ဒီလူနှစ်ယောက်ကို နောက်လိုက်ခေါ်ထားတဲ့ ဘယ်သူမဆို တော်တော်လေးကို ကံဆိုးတာပါပဲ။ သူက အနက်ရောင် မျှော်စင်ကနေ ပထမဆုံး ထွက်လာလိုက်ပေမဲ့ သူလည်း ရေကန်အောက်ကို နစ်မြုပ်နေတာကို မြင်လိုက်ရပြီး အလျင်အမြန်ပဲ အပေါ်ဘက်ကို ကူးတက်လာခဲ့သည်။

သူက ရေပေါ်ကို ဘွားခနဲ ပေါ်လာတာနဲ့ ချက်ချင်းဆိုသလို အနက်ရောင် အရိပ်တစ်ခုက သူ့ကို ခုန်အုပ်ပြီး သူ့လည်ပင်းကို တင်းကျပ်စွာနဲ့ ဖက်ထားလိုက်သည်။

“ဟန်ဟန် တော်တော်ဆိုးတယ်။ ကျမ တစ်ယောက်တည်း

ထားခဲ့တယ်။ အရမ်းကို ကြောက်ဖို့ ကောင်းတာပဲ”

အရိပ်မည်းကြီးက ဟော့လျန်ချင်ရှယ်ပဲ ဖြစ်ပါတယ်။

“ဖက်တာကို ရပ်လိုက်တော့။ ငါသေတော့မယ်”

လင်းဟန်က လည်ပင်းအစ်နေတဲ့ အသံနဲ့ ပြောလိုက်ပြီး လျှာထွက်နေပါတယ်။ ဒီအမျိုးသမီးက အဆင့်တွေကို မသိသလို သူမက ဘယ်လောက်တောင် သန်မာလဲဆိုတာကိုလည်း မသိပဲ သူ့ကို အတင်းကို ညှစ်ထားပါတယ်။ တကယ်လို့ သူ့မှာ သံမဏိခန္ဓာကိုယ်သာ မရှိဘူးဆိုရင် သူက တကယ်ပဲ အညှစ်ခံရပြီး သေသွားနိုင်ပါတယ်။

နောက်ဆုံးတော့ ဟော့လျန်ချင်ရှယ်က သူ့ကိုလွှတ်ပေးလိုက်ပါတယ်။ ဒါပေမဲ့ သူမက သူရဲ့အင်္ကျီ အနားကွပ်ကို ဆွဲထားပြီး သူမရဲ့ ညာဘက်လက်မှာတော့ အုတ်ခဲကို ကိုင်ထားပါတယ်။ သူမရဲ့ စိတ်ခံစားချက်က တော်တော်ကို ဆိုးနေပြီး တစ်စုံတစ်ယောက်ကို ထုတ်ရိုက်ပစ်ချင်နေသည်။

လင်းဟန်က သတ္တုခေါင်းကြီးကို ထုတ်လိုက်ပြီး

သစ်နက်ကျွန်းဆီကို ဦးတည်ပြီးတော့ သူတို့သုံးယောက် ထွက်လာခဲ့ကြသည်။

ပိန်းပိတ်အောင် ထူထပ်နေတဲ့ မြူခိုးတွေ အထဲမှာ လူတစ်ယောက်ရဲ့ ဦးတည်ချက်ကို ခန့်မှန်းနိုင်မှုက လုံးဝကို စိတ်ချလို့ မရပါဘူး။ သတ္တုခေါင်းကြီးက သံလိုက်အိမ်မြှောင် တစ်ခုကို ထုတ်ယူပြီးတော့ တည်နေရာကို ရှာဖွေပြီး သူတို့ကို အရှေ့ကို ဦးဆောင်ခေါ်သွားလိုက်သည်။

လင်းဟန်က မျက်စိတစ်ချက် ပျေ့ကြည့်ပြီး ပြောလိုက်သည်။

"ဒီသံလိုက်အိမ်မြှောင်က တကယ်ကို မဆိုးဘူး"

သာမန်သံလိုက်အိမ်မြှောင်တစ်ခုက ဒီနေရာမှာ သုံးလို့ရနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီနေရာမှာ အလုပ်လုပ်နိုင်တဲ့ သံလိုက်အိမ်မြှောင်တစ်ခုက အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။

"ဒါက ငါတို့ခေါင်းဆောင်က ချီးမြှင့်ပေးထားတာပဲ"

သတ္တုခေါင်းကြီးက ဂုဏ်ယူစွာနဲ့ ပြောလိုက်သည်။

သံလိုက်အိမ်မြှောင်ရဲ့ လမ်းညွှန်မှုနဲ့အတူ သူတို့က နှစ်ရက်လောက် ခရီးထွက်လာခဲ့ရသည်။ သူတို့၏ အရှေ့တွင် အနက်ရောင်အရိပ်မည်းမည်း တစ်ခုက မပြတ်မသားနဲ့ ပေါ်လာခဲ့သည်။ ၎င်းပုံစံကို ကြည့်ရတာ ရောမ သားရဲကြီးတစ်ကောင် အိပ်နေတဲ့ ပုံစံနဲ့တူပြီး အရွယ်အစားကို တိုင်းတာလို့မရနိုင်ပေ။

"ဒါက သစ်နက်ကျွန်းပဲ"

သတ္တုခေါင်းကြီးက ပြောလိုက်သည်။

"ငါအရင်ဆုံး ပုန်းနေလို့ ရမလား"

"ဘာဖြစ်လို့ ပုန်းနေမှာလဲ။ မင်းနဲ့ မင်းခေါင်းဆောင်က သွေးသောက်သူငယ်ချင်းတွေပဲ မဟုတ်လား"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"သွား လမ်းကြောင်းအတိုင်း တည့်တည့်သွားပြီးတော့ တံခါးဖွင့်လိုက်။ အဲဒီလိုမှ မလုပ်ရင် ငါမင်းကို ဖြတ်ပစ်မှာနော်"

"ညီအစ်ကို မင်းငါ့ကို ဒီလိုမျိုး မကျီစားပါနဲ့"

သတ္တုခေါင်းကြီးက နာခေါင်းတရှုံ့ရှုံ့နဲ့ ငိုလိုက်သည်။

"ငါတို့ခေါင်းဆောင်က ပြောထားတယ်။ လတိုင်းလတိုင်းရဲ့ အစပိုင်းရက်တွေမှာ မိန်းမချောလေးတွေကို ပြန်ပေးဆွဲခေါ်လာပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်တွေရဲ့ ကုန်ခမ်းသွားတဲ့ စွမ်းအင်တွေ ပြန်လည်ဖြည့်ဆည်းဖို့အတွက်ပဲ ဒီနေရာကို လာလို့ရနိုင်တယ်။ ဒီအချိန်ကြီး ရောက်လာရင် ငါတို့ခေါင်းဆောင်က ငါတို့ကို လျစ်လျူရှုထားပြီးတော့ ကန့်သတ်ထားတဲ့ ဂက်ပါတွေ အသုံးပြုပြီး ငါတို့အားလုံးကို သတ်ပစ်လိမ့်မယ်"

"မစိုးရိမ်ပါနဲ့ ငါမင်းကို ကာကွယ်ပေးပါမယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

သတ္တုခေါင်းကြီးက သူ့ကို သံသယတွေ ပြည့်နေတဲ့ အကြည့်နဲ့ စိုက်ကြည့်လိုက်ပြီး တဖက်လူက ဘာပြောပြော ယုံကြည်မှု နည်းနည်းလေးမှ မရှိတဲ့ပုံစံမျိုး ဖြစ်နေသည်။

လင်းဟန်က အရိုးဓားကို မြှောက်ပြီးတော့ ပြောလိုက်သည်။

"မင်းလောင်းကြည့်လို့ ရတယ်။ တကယ်လို့ မင်းက ဒီလမ်းအတိုင်း ဦးဆောင်ပြီး မသွားရင် မင်းချက်ချင်း သေရလိမ့်မယ်။ ဒီလမ်းအတိုင်း ဦးဆောင်ခေါ်သွားမယ်ဆိုရင် မင်းမှာ အသက်ရှင်ဖို့ အခွင့်အရေးရှိမယ်။ တကယ်လို့ မင်းရဲ့ခေါင်းက စဉ်းစားတွေးခေါ်တတ်မယ်ဆိုရင် ဘယ်ဟာကို ရွေးရမလဲ ဆိုတာကို မင်းသိသင့်တယ်"

မျက်နှာကြီးကို ရှုံ့မဲ့ပြီး သတ္တုခေါင်းကြီးက ပြောလိုက်သည်။

"ငါဒီလမ်းအတိုင်း ဦးဆောင်ပြီး သွားပါ့မယ်"

သူတို့က ဆက်ပြီးတော့ ချီတက်လာပြီး မကြာခင်မှာ မြူခိုးတွေက ပျောက်ကွယ်သွားခဲ့သည်။ ရောမ ကျွန်းကြီးတစ်ကျွန်းက သူတို့အရှေ့တည့်တည့်မှာ ပေါ်လာခဲ့ပြီး ၎င်းရဲ့ပုံစံက လမင်းကြီး တစ်ခုနဲ့တူသည်။ မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ကျွန်းတစ်ခုလုံး နက်မှောင်နေတာကို တွေ့မြင်နိုင်သည်။

အနီးကပ် သေချာလေ့လာကြည့်မယ်ဆိုရင် ကျွန်းပေါ်မှာ သစ်ပင်တွေ တော်တော်များများ ပေါက်ရောက်နေပေမဲ့

သစ်ပင်တိုင်းက သတ္တုသစ်ပင်နဲ့ တူပြီးတော့ သစ်ရွက်တစ်ရွက်မှ မရှိပဲ အနက်ရောင်ချည်း ဖြစ်နေသည်။ သစ်ပင်တွေက တောအုပ်တစ်ခု ပုံစံမျိုး ပေါက်နေပြီး သတ္တုလုံ့တွေနဲ့ တူနေသည်။

သတ္တုခေါင်းကြီးက သူတို့ကို ကျွန်းနဲ့ တစ်မိုင်အကွာထိ ခေါ်လာပြီးတော့ ရပ်လိုက်ပြီး အသံတိုးတိုးနဲ့ ပြောလိုက်သည်။

"ဒီထပ်ပိုပြီး ရှေ့ကိုတိုးသွားရင် တားမြစ်ထားတဲ့ နေရာကို ရောက်သွားလိမ့်မယ်"

လင်းဟန်ကို ရှင်းပြပြီးတဲ့နောက်မှာ သူက အသံကိုမြှင့်ပြီးတော့ ပြောလိုက်သည်။

"ကျွန်းပေါ်က ညီအစ်ကိုတွေ ငါကသတ္တုခေါင်းကြီးပါ။ ခေါင်းဆောင်အတွက် ကောင်းမွန်တဲ့ ပစ္စည်းကောင်းလေးတွေ လာပို့ပေးတာပါ"

တစ်ခဏမျှ ကြာပြီးတဲ့ နောက်မှာတော့ ကျွန်းပေါ်ကနေ အသံတစ်ခု ထွက်ပေါ်လာခဲ့သည်။

"ပစ္စည်းကောင်းတွေ လာပို့တာ ဟုတ်လား။ ဒီနေ့က ဆယ့်ငါးရက်နေ့လေ။ နောက်လရဲ့ အစကို ရောက်ဖို့က ဝေးသေးတယ်။ အစ်ကိုသတ္တု မင်းက အစ်ကိုကြီးရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မသိတာတော့ မဟုတ်ပါဘူးနော်"

သတ္တုခေါင်းကြီးက ဘေးကိုရွှေ့လိုက်ပြီး ဟော့လျန်ချွင်ရှယ်ကို လက်ညိုးထိုး ညွှန်ပြလိုက်သည်။

"ဟဲဟဲ။ ဒီတစ်ကြိမ် ပစ္စည်းကောင်းက အရမ်းကို ချောမောလှပတယ်။ ဒါကြောင့် ငါက ဒါကို အချိန်မဆိုင်းပဲ လာပို့ပေးချင်တာပါ"

မီတာငါးရာ အကွာအဝေးလောက်ကိုတော့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင် ဟော့လျန်ချွင်ရှယ်ရဲ့ ပုံပန်းသဏ္ဍာန်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်စွမ်း မရှိပဲ သူမက အမျိုးသမီး တစ်ယောက်ဆိုတာကိုပဲ သိမြင်နိုင်သည်။

"ခေါင်းဆောင် သတ္တု၊ ငါတို့ကို အခက်တွေ့အောင် မလုပ်ပါနဲ့။ အစ်ကိုကြီးရဲ့ စည်းကမ်းတွေကို မဖောက်နိုင်ဘူး"

ကျွန်းပေါ်ကနေ အသံတစ်ခု နောက်တစ်ကြိမ်

ထွက်ပေါ်လာသည်။

"မင်းတို့ ငတုံးကောင်တွေ။ ဦးနှောက်မှာ ချီးတွေ ပိတ်နေတာလား။ ပုံသေကြီးအတိုင်း မလုပ်လို့ မရဘူးလား" သတ္တုခေါင်းကြီးက အော်ဟစ်လိုက်သည်။

"တကယ်လို့ ခေါင်းဆောင်က ဒီလိုမျိုး ချောမောလှပတဲ့ မိန်းကလေးကို နောက်လမှ ပို့ပေးတယ် ဆိုတာကို သိသွားမယ်ဆိုရင် မင်းတို့ခေါင်းတွေ ပြုတ်ကုန်လိမ့်မယ်။ မင်းတို့တွေ ဒီအတွက် တာဝန်ယူနိုင်လို့လား"

သူက ခဏရပ်ပြီးတော့ ဆက်ပြောလိုက်သည်။

"ကောင်းပြီလေ။ တကယ်လို့ မင်းတို့ကောင်တွေက မယုံဘူးဆိုရင်လည်း လှေတစ်စင်းလွှတ်ပြီး မင်းတို့ဘာသာပဲ လာစစ်ကြည့်"

ကျွန်းပေါ်ကနေ ဘာအသံမှ မထွက်တော့ပါဘူး။ ဒါပေမဲ့ အချိန်တခဏမျှ အကြာမှာတော့ လှေငယ်လေး တစ်စင်းရွက်လွှင့်လာခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သတ္တုခေါင်းကြီးကို

ကြည့်ရတာ တုံးအတယ်လို့ ထင်ရပေမဲ့ တကယ့်အရေးရယ် အကြောင်းရယ် အချိန်ရောက်လာတဲ့ အခါမှာ အမူအရာ ဟန်ဆောင်ကောင်းသူ တစ်ယောက် ဖြစ်နေပါတယ်။ ဒါက ဆင်ခြင်တုံတရား တစ်ခုဖြစ်သည်။ ဘာဖြစ်လို့လဲဆိုတော့ သူက ငတုံးငအ တစ်ယောက်လို ထင်မြင်အောင် လုပ်ပြီးတော့ ဘယ်သူကများ သူ့ကို လူတွေကို လှည့်စားနိုင်တဲ့အထိ ပါးနပ်လိမ့်မယ်လို့ သံသယဝင်မိကြမှာလဲ။

ဒါပေမဲ့ သေချာစဉ်းစားကြည့်လိုက်ရင် ပန်းဖူးအဆင့်ကို တက်နိုင်သွားတဲ့ လူတစ်ယောက်က တကယ်ပဲ ငတုံးငအ တစ်ယောက် ဖြစ်နိုင်ပါ့မလား။

လှေငယ်လေးက ရွက်လွှင့်လာပြီးတော့ သုံးမီတာ အကွာအဝေးမှာ ရပ်လိုက်သည်။ ဒီအကွာအဝေးက တကယ်ပဲ ရှင်းရှင်းလင်းလင်းနဲ့ မြင်နိုင်ပေသည်။

"သူမက တကယ့်ကို လှပချောမောတာပဲ"

"အလှနတ်ဘုရားမလေးပဲ"

"ရေလိုကြည်လင်တောက်ပပြီး နူးညံ့သိမ်မွေ့လိုက်တာ"

လှေပေါ်မှာ လူလေးယောက်ရှိပြီးတော့ အားလုံးက ဟော့လျန်ချွင်ရှယ်ကို ပါးစပ်အဟောင်းသား စိုက်ကြည့်နေကြသည်။

"ဟင့် အခုမင်းတို့တွေကို ငါအမှန်အတိုင်း ပြောတယ်ဆိုတာကို သိပြီမဟုတ်လား"

သတ္တုခေါင်းကြီးက နှာခေါင်းရှုံ့လိုက်သည်။

"အစ်ကိုသတ္တု ဒီကောင်လေးက ဘယ်သူလဲ"

လှေပေါ်က လူလေးယောက်က လင်းဟန်ကို စိုက်ကြည့်လိုက်သည်။

"သူက ငါ့လက်အောက်ကပဲ"

သတ္တုခေါင်းကြီးက မျက်နှာအမူအရာ မပျက်ပဲ ပြောလိုက်သည်။

"ဟာ အစ်ကိုသတ္တု ဒဏ်ရာရလာတာလား"

လူလေးယောက်က သတ္တုခေါင်းကြီးရဲ့ ခန္ဓာကိုယ်အောက်ပိုင်းကို ကြည့်လိုက်သည်။ အဲဒီနေရာမှာ သွေးတွေကို တွေ့မြင်နိုင်သည်။

"လေ့ကျင့်ခန်းဆင်းတာ နည်းနည်းလေး များသွားတယ်။ ဒါကြောင့် ဒဏ်ရာသေးသေးလေး ရသွားတာပါ"

သတ္တုခေါင်းကြီးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်သည်။

"အစ်ကိုသတ္တုက တကယ်ပဲ အဆင်ပြေတာပဲ"

လှေငယ်ပေါ်က လူလေးယောက်စလုံး သူတို့ရဲ့ လက်မတွေကို ထောင်ပြလိုက်သည်။

လင်းဟန်က အေးစက်တဲ့ ချွေးစေးတွေ ထွက်လာသလို ခံစားလိုက်ရသည်။

Chapter 590 end

အပိုင်း(၅၉၁) ယန္တရားရုပ်များ

သတ္တုခေါင်းကြီးက နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်သည်။

"ကောင်းပြီ ငါတို့ကို အထဲပေးဝင်တော့"

"ဟီးဟီး သတ္တုခေါင်းကြီး ခဏလေးစောင့်ပါ"

လှေငယ်လေးက နောက်တစ်ကြိမ် အရှေ့ကို ရွက်လွင့်သွားပြီး မကြာခင်မှာ တောက်ပတဲ့ အလင်းရောင်တစ်ခု လင်းလက်သွားခဲ့ပြီး လေဟာနယ် တစ်ခုကို စုတ်ဖြဲလိုက်သလိုမျိုး အတင်းတိုးဝင် ထွက်လာသည်။

"အစ်ကိုသတ္တု ကျေးဇူးပြုပြီးတော့ ကျနော်တို့နဲ့ လိုက်ခဲ့ပါ"

လူလေးယောက်က ပြောလိုက်သည်။

လင်းဟန်တို့ အုပ်စုလည်း လှေငယ်လေးပေါ်ကို တက်လိုက်တာနဲ့ လူလေးယောက်က နောက်တကြိမ် လှော်ခတ်ပြီး အနောက်ကို ပြန်ဝင်လိုက်သည်။

"ဟင် ဒီဆော်လေးက ဘာဖြစ်လို့ အုတ်ခဲတစ်လုံးကို ကိုင်ထားရတာလဲ"

ဟော့လျန်ချွင်ရှယ်က အုတ်ခဲတစ်လုံးကို ကိုင်ထားတာကို

မြင်လိုက်ရတဲ့ အခါမှာ လူလေးယောက်က အံ့အားသင့်ပြီးတော့ မေးလိုက်သည်။ ဒီကောင်မလေးက သူတို့ခေါင်းဆောင်ကို ဒီအုတ်ခဲနဲ့များ ရိုက်ပစ်မလို တွေးနေတာလား။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ဒီမိန်းကလေးက လုံခြုံတယ်လို့ မခံစားရတာကြောင့် သူမကိုယ်သူမ ကာကွယ်ဖို့ ဒီအုတ်ခဲကို အသုံးပြုတာပါ"

လူလေးယောက်က ရယ်ချင်စိတ်ကို ချုပ်တည်းပြီး ပြောလိုက်သည်။

"ငါတို့အစ်ကိုကြီးရဲ့ နောက်ကို လိုက်ရင် သူမက သေချာပေါက် လုံခြုံတယ်လို့ ခံစားရလိမ့်မယ်"

လင်းဟန်က သူတို့ကို ထပ်ပြီးတော့ အာရုံမစိုက်တော့ပါဘူး။ မီတာရာဂဏန်း အကွာအဝေးကို လူလေးယောက်က ကျွမ်းကျွမ်းကျင်ကျင် လျှော်ခတ်တာကြောင့် ခဏလေးအတွင်းမှာ ကမ်းခြေဆီ ရောက်သွားခဲ့သည်။ သစ်နက်ကျွန်းက ထူးဆန်းတဲ့ အနက်ရောင် သစ်ပင်တွေ နေရာအနှံ့ ပေါက်ရောက်နေရုံတင်မက ကုန်းမြေကပါ

အနက်ရောင်ဖြစ်နေပြီး ခြေတစ်လှမ်း ချဖို့ကိုတောင် ခက်ခဲတဲ့ ခံစားမှုမျိုးကို ပေးစွမ်းသည်။

"ခေါင်းဆောင်က ဘယ်မှာလဲ"

သတ္တုခေါင်းကြီးက မေးလိုက်သည်။

"အစ်ကိုကြီးက လိုဏ်ဂူထဲမှာပဲ ရှိနေတယ်"

စစ်သားတစ်ယောက်က သာမန်ကာလျှံကာ ပြောလိုက်သည်။

"လိုဏ်ဂူက ဘယ်နားမှာလဲ"

လင်းဟာန်က ဂင်ပြီးတော့ မေးလိုက်သည်။

စစ်သားတစ်ယောက်က လင်းဟာန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"အစ်ကိုသတ္တု မင်းရဲ့လက်အောက်ကလူက အတော်လေးကို အကျင့်ပျက်တာပဲ။ ဒါက သူမေးရမဲ့ ကိစ္စလား"

ဖြန်း။

သတ္တုခေါင်းကြီးရဲ့ မျက်နှာက တင်းသွားပြီး ချက်ချင်းဆိုသလို စစ်သားရဲ့ နားရွက်ကို ရိုက်ပြီးအော်လိုက်သည်။

"သူများမေးရင် ပြန်ဖြေရတယ်ကွ။ ဘာဖြစ်လို့ ပေါက်ကရတွေ လျှောက်ပြောနေတာလဲ"

စစ်သားလေးယောက်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့သည်။ ဘယ်လိုလုပ်ပြီးတော့ သူရဲ့ ယဉ်ကျေးတဲ့ အမူအရာက ရုတ်တရက် ပြောင်းသွားရတာလဲ။ သူတို့က တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးတော့ ပြောလိုက်သည်။

"အစ်ကိုသတ္တု အစ်ကိုကြီးက မြေအောက်လိုဏ်ဂူထဲမှာ ရှိနေတဲ့ အချိန်မှာ အနှောင့်အယှက် ဖြစ်သွားရင် သူက သည်းခံတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ဒီမိန်းမလှလေးကိုလည်း ပို့ပေးပြီးပြီ ဆိုတော့ ကျေးဇူးပြုပြီး ပြန်ပါတော့"

"ညီအစ်ကို မင်းဘာပြောချင်လဲ"

သတ္တုခေါင်းကြီးက လင်းဟန်ကို မေးလိုက်သည်။

"သူတို့အားလုံးကို မင်းပဲတာဝန်ယူလိုက်ပါ"

"ဟုတ်ကဲ့ပါ"

သတ္တုခေါင်းကြီးက ချက်ချင်းပဲ တိုက်ခိုက်လိုက်သည်။ ပုန်း ပုန်း ပုန်း ပုန်း။ လက်ဝါးတိုက်ချက် လေးခုက လူလေးယောက်ရဲ့ ခေါင်းကို ထိမှန်သွားပြီး ချက်ချင်းဆိုသလို အလောင်းကောင်တွေ ဖြစ်သွားကြ၏။

လင်းဟန်က ဟူးညိုကို ဆင့်ခေါ် လိုက်သည်။ ဒီမိန်းကလေးက အတော်လေးကို ပါးနပ်လိမ္မာတဲ့ အတွက်ကြောင့် အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရင်တောင် စိုးရိမ်ပူပန်စရာ မရှိပါဘူး။ ကျူးရှမ်အာကတော့ သူမက အနက်ရောင် မျှော်စင်ထဲမှာ ဆက်ပြီးတော့ နေနေတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ သူမက ပါရမီရှင်တစ်ယောက် ဆိုပေမဲ့ ထူးဆန်းလွန်းတဲ့ ဟူးညိုနဲ့ နှိုင်းယှဉ်ဖို့ဆိုတာက အဝေးကြီးလိုပါသေးတယ်။

"လိုက်ဂူဆီကို မင်းပဲ ဦးဆောင်ပြီး ခေါ် သွား"

ဟူးညို ရုတ်တရက် ပေါ်လာတာကြောင့် အံ့အားသင့်နေတဲ့ သတ္တုခေါင်းကြီးကို လင်းဟန်က တစ်ချက် ကန်ပြီးတော့ ပြောလိုက်သည်။ သက်ရှိတွေကို ထည့်သိမ်းထားနိုင်တဲ့ စိတ်ဂိညာဉ် သိုလှောင်ပစ္စည်း တစ်ခုရဲ့ အကြောင်းကို သူ့အနေနဲ့ လုံးဂကို မကြားဖူးခဲ့တာကြောင့် သူ့ကို အံ့အားသင့်စေပါတယ်။

သတ္တုခေါင်းကြီးက ရှေ့ကနေ ဦးဆောင်သွားပြီး လင်းဟန်တို့က အနောက်ကနေ လိုက်လာခဲ့ ကြသည်။ ဟော့လျန်ချွင်ရှယ်ကို ကြည့်ရတာ ပတ်ဂန်းကျင်ကို သိချင်စိတ် ပြင်းပြစွာနဲ့ စိတ်ဂင်စားနေပြီး လင်းဟန်ရဲ့ အကျီကို ဆွဲပြီးတော့ လိုက်လာပုံကို ကြည့်ရတာ ဇနီးမယား တစ်ယောက်နဲ့ အတော်လေးကို တူပါတယ်။

ကျွန်းပေါ်မှာ စစ်သားတွေ တော်တော်များများ ရှိတယ်ဆိုပေမဲ့ သတ္တုခေါင်းကြီးက လမ်းကို ရှင်းလင်းသွားခဲ့သည်။ သူကပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်တာကြောင့် စစ်သား တစ်ယောက်ကို ရွာတွေ့တိုင်း ပင်လယ်ဓားပြတို့ရဲ့ အမူအကျင့်အတိုင်း ရက်ရက်စက်စက် သတ်ဖြတ်ပစ်လိုက်သည်။

ဒါပေမဲ့ အကြိမ်တိုင်းကိုတော့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ မလုပ်နိုင်ပါဘူး။ ဒါကြောင့်ရုတ်တရက် ကျွန်းပေါ်က အချက်ပေးခေါင်းလောင်းသံတွေက မြည်လာသည်။

တီ တီ တီ တီ။

ကျယ်လောင်တဲ့ အသံတွေကို ကြားရပြီးတဲ့ နောက်မှာတော့ ရောမ မွန်းစတားကြီး သုံးကောင်က ထွက်ပေါ်လာခဲ့သည်။

ဒီမွန်းစတားကြီး သုံးကောင်က လူသားပုံစံရှိပြီးတော့ သုံးမီတာအမြင့် ရှိပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တောက်ပတဲ့ အနက်ရောင် သတ္တုနဲ့ ပြုလုပ်ထားပြီး သံမဏိလူသား သုံးယောက်ဖြစ်ပါတယ်။

"ယန္တရားရုပ်တွေလား"

လင်းဟန်က အံ့အားသင့် သွားခဲ့သည်။ အစောပိုင်းတုန်းက လူတွေတော်တော်များများက ကျောက်တုံးစိတ်ဝိညာဉ်ကို ယန္တရားရုပ် တစ်ခုလို့ ထင်နေပေမဲ့ အမှန်တကယ်တမ်းတော့ ဒီလူထွားကြီး သုံးယောက်က စစ်မှန်တဲ့ ယန္တရားရုပ်တွေ ဖြစ်ပါတယ်။ လင်းဟန်က ကျောက်တုံးစိတ်ဝိညာဉ်ကို ဆင့်ခေါ်ပြီးတော့ ပြောလိုက်သည်။

"ဒီကောင်တွေကို ရိုက်ပစ်လိုက်"

ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်းပဲ သူ့ရင်ဘတ်ကို ထုပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး သံမဏိလူ သုံးယောက်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေပါတယ်။

သူတို့အားလုံးကို ကြည့်ရတာ လူသားမဆန်ကြပေမဲ့ နှစ်ဖက်စလုံးက ကွာဟချက် ကြီးမားပါတယ်။ ယန္တရားရုပ်ဆိုတာ ယန္တရားရုပ်ပါပဲ။ အလောင်းကောင် စစ်သားတွေလို သူတို့မှာ အသက်မရှိပါဘူး။ ဒါပေမဲ့လည်း ကျောက်တုံး စိတ်ဝိညာဉ်ကတော့ လုံးဝကို ကွဲပြားခြားနားပါတယ်။ ၎င်းမှာ အသက်တစ်ခု ရှိပြီးတော့ ကောင်းကင်နဲ့ မြေကြီးရဲ့ ထူးခြားလေးနက်တဲ့ ကျောက်တုံးတွေကနေ မွေးဖွားလာပြီး အဆက်မပြတ် ကြီးထွားနိုင်သလို ဆင့်ကဲပြောင်းလဲနိုင်ပါတယ်။

ယခု ကျောက်တုံးစိတ်ဝိညာဉ်က ပန်းဖူးအဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကိုရောက်ရှိနေပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အခွင့်အရေး အနည်းငယ်ပဲ လိုပါတော့တယ်။ ဒါပေမဲ့လည်း အဲဒါက

အဆင့်ချိုးဖြတ်တက်ရောက်ဖို့ သူ့ရဲ့ကိုယ်ပိုင် နားလည်သဘောပေါက်နိုင်စွမ်းပေါ် မူတည်ခြင်း မရှိပဲ ဒီကွာဟချက်ကို ပြီးပြည့်စုံဖို့ ရှားပါးတဲ့ ကျောက်တုံးတွေရဲ့ စွမ်းအားကို စုပ်ယူရပါလိမ့်မယ်။

"သွား လိုဏ်ဂူကို ရှာလိုက် ရပ်မနေနဲ့"

လင်းဟန်က သတ္တုခေါင်းကြီးကို ပြောလိုက်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျောက်တုံးစိတ်ဝိညာဉ်က ၎င်းရဲ့နတ်ဘုရား ခွန်အားကို ထုတ်ဖော်လိုက်ပြီး သံမဏိ လူသုံးဦးကို လုံးဝကို ဖိနှိပ်ထိန်းချုပ်ထားနိုင်တာကို တွေ့မြင်လိုက်ရတဲ့ အခါမှာ သတ္တုခေါင်းကြီးက တုန်လှုပ်သွားခဲ့သည်။ သူ့အမြင်အရတော့ ဒီယန္တရားသုံးရုပ်က ပန်းဖူးအဆင့်မှာ ပြိုင်ဘက်ကင်း ဖြစ်ကြပါတယ်။ သူတို့ကို ဓားတွေ လှံတွေနဲ့ ထိုးဖောက်ဖို့ ခက်ခဲပြီး ထက်မြက်တဲ့ ပစ္စည်းတွေနဲ့ ဒဏ်ရာရအောင် လုပ်ဖို့ဆိုတာလည်း အရမ်းကို ခက်ပါတယ်။ သူတို့ရဲ့ စွမ်းအားတွေက လုံးဝကို မကုန်ခမ်းနိုင်ပါဘူး။

ဒါပေမဲ့လည်း ဒီသံမဏိ ယန္တရားရုပ် သုံးခုက လင်းဟန်ရဲ့

ကျောက်တုံးယန္တရားရုပ်ရဲ့ ပြင်းပြင်းထန်ထန် ရိုက်နက်မှုကို ခံရပြီး သံမဏိပြားတွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။

"အစ်ကိုလေး ကျေးဇူးပြုပြီး ကျနော့်နောက်ကနေ လိုက်ခဲ့ပါ"

သူက ပိုပြီးတော့ ရိုသေလေးစားသွားပြီး သူရဲ့နလုံးသားထဲမှာ လင်းဟန်ကို လုံးဝကို ကြည်ညိုသွားပါတယ်။

သူတို့က တောင်ရဲ့အလယ်ကို ရောက်လာခဲ့ကြသည်။ အဲဒီနေရာမှာ လိုဏ်ခေါင်းကြီး တစ်ခုအသွင် တူးဖော်ထားတဲ့ ရောမ တွင်းပေါက်ကြီး တစ်ခုရှိနေပြီး ဂူနံရံတွေက ပိန်းပိတ်အောင် မှောင်မည်းနေပါတယ်။ မီးတုတ်တစ်ချို့ကို ဂူရဲ့နံရံမှာ ထွန်းလင်းထားတာကြောင့် အထဲက အခြေအနေတွေကို မပီမသ ပိုးတိုးဂါးတား တွေ့မြင်နိုင်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

ကျယ်လောင်တဲ့ ထုရိုက်သံတွေကို ကြားလိုက်ရပြီး ကျောက်တုံးစိတ်ဂိညာဉ်က ယန္တရားရုပ် သုံးခုကို အမြစ်ဖြုတ်သုတ်သင်ပစ်လိုက်မှန်း သိသာထင်ရှားသည်။

လင်းဟန်က လိုဏ်ဂူအတွင်းကို ဂင်လာပြီး မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်သည်။ အကယ်၍ လိုဏ်ဂူတစ်ခုလုံး ပိန်းပိတ်အောင် မှောင်မည်းနေရင်တောင်မှ သူရဲ့အမြင်အာရုံကို လွှမ်းမိုးနိုင်ခြင်း မရှိပါဘူး။ လိုဏ်ဂူရဲ့ အတွင်းပိုင်းက အံ့အားသင့်စရာ ကောင်းလောက်အောင် ကျယ်ပြန့်ပြီး မြို့ငယ်လေး တစ်မြို့အကျယ်လောက် ရှိပါတယ်။ နောက်ပြီးတော့ နေရာတော်တော် များများက ထူးဆန်းနေပါတယ်။

သူ့ခေါင်းထဲမှာ အကြံတစ်ချက် ဖြစ်ပေါ်သွားပြီးတော့ မေးလိုက်သည်။

"ဖန်းဝေချီက မင်းကိုပေးတဲ့ ငွေနဂါးလှေက ဒီကနေ ထုတ်လာတာလား"

"ဟူး အစ်ကိုလေး မင်းက တကယ့်ကို နတ်ဘုရားတစ်ပါးနဲ့ တူတာပဲ။ ဒါကိုတောင်မှ ခန့်မှန်းနိုင်တယ်"

သတ္တုခေါင်းကြီးက အံ့အားသင့်သွားခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ သူက မြှောက်ပင့်ပြောဆိုတာ မဟုတ်ပဲ တကယ့်ကို အံ့အားသင့်နေခဲ့ခြင်း ဖြစ်ပါတယ်။

လင်းဟန်က ဒီအတိုင်း ခန့်မှန်းလိုက်တာ မဟုတ်ပါဘူး။ လိုဏ်ဂူရဲ့ ပုံစံက အရမ်းကို ထူးဆန်းပြီး တကယ်လို့ လှေတွေကို ဒီနေရာမှာ ထားမယ်ဆိုရင် ဒီနေရာမှာ ထားတာက အသင့်တော်ဆုံး ဖြစ်ပါလိမ့်မယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် ဖန်းဂေချီက ရှေးဟောင်းသမိုင်းဝင် နေရာတစ်ခုကို ရှာဖွေတွေ့ရှိပြီး ရတနာတွေကို ရရှိသွားတာ ဖြစ်နိုင်ပါတယ်။

သူက ဒီအထဲမှာ တစ်နေကုန် နေပြီးတော့ ပိုပြီးတန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေကို တူးဖော်နေတယ် ဆိုတာက သိသာထင်ရှားပါတယ်။

လင်းဟန်က အခုဆိုရင် တကယ်ကို စိတ်ဝင်စားလာခဲ့ပါတယ်။ ငွေနဂါးလှေက တကယ့်ကို ကြောက်မက်ဖွယ် ကောင်းပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်တွေကလည်း ပန်းဖူးအဆင့် စစ်သည်တော်တွေကိုတောင် ခြိမ်းခြောက်နိုင်စွမ်း ရှိပြီးတော့ အလင်းရောင် မျက်နှာပြင်ကလည်း စိတ်ဝိညာဉ်နတ်သူငယ် အဆင့်ရဲ့ စွမ်းအားကိုတောင် ရောက်ရှိနေပါတယ်။

ရွှေနဂါးလှေက သေချာပေါက် ပိုမိုသန်မာပြီး အစွမ်းထက်ပါလိမ့်မယ်။ ဖန်းဂေချီက ဆက်ပြီးတော့

တူးဖော်နေသေးတာကြောင့် ဒီနေရာမှာ ပိုပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ပစ္စည်းတွေကို ထပ်ပြီးတော့ ရှာဖွေဖို့ ကျန်နေသေးတာလား။

လင်းဟန်က လျင်မြန်စွာနဲ့ လိုဏ်ဂူရဲ့ အနက်ပိုင်းဆီကို ဦးတည်ပြီး လျှောက်လာခဲ့သည်။ လိုဏ်ဂူရဲ့ နေရာအနှံ့အပြားမှာ တူးဖော်ထားတဲ့ သဲလွန်စတွေ ရှိနေပြီး ပစ္စည်းတော်တော်များများ တူးဖော်ထားပုံ ရပါတယ်။ အစောတုန်းက ယန္တရားရုပ်သုံးခုကလည်း ဒီနေရာကနေ တူးဖော်ရရှိထားပုံ ရ၏။

ခြေလှမ်းအနည်းငယ် လျှောက်လာပြီးတဲ့ နောက်မှာတော့ လင်းဟန်က ရုတ်တရက် မသိစိတ်က သတိပေး ခေါင်းလောင်းသံတွေ ဆူညံသွားခဲ့ပြီး ချက်ချင်းပဲ သူရဲ့ဓားကို ဝှေ့ယမ်းလိုက်သည်။ ဟူးညိုရဲ့ တုံ့ပြန်မှုကလည်း နှေးကွေးခြင်း မရှိပဲ သူမကလည်း ဟစ်အော်ပြီး တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

ပုန်း ပုန်း။

ငွေရောင်အဆင်းရှိတဲ့ ကြောက်မက်ဖွယ်ရာ လူထွားကြီး နှစ်ကောင် ပေါ်လာခဲ့သည်။ သူတို့လည်း ယန္တရားရုပ်

နှစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သံမဏိယန္တရားရုပ်တွေ မဟုတ်ပဲ ငွေရောင် ပုံစံဖြစ်ပါတယ်။ သံမဏိလူတွေလို မာကျောမှု မရှိပေမဲ့ ဒီငွေရောင်လူထွားကြီးက လူသားပုံစံနဲ့ တူပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ထားကြပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းပြီး လက်သီးနဲ့လည်း ထိုးကာတိုက်ခိုက်သည်။ ငွေရောင်အဆင်း ယန္တရားရုပ်တွေရဲ့ ခန္ဓာကိုယ်က ချက်ချင်းပဲ ပိန်ချိုင့်သွားပြီး ကျိုးပဲ့သွားခြင်း မရှိပါဘူး။ သူတို့က အကြိမ်အနည်းငယ်မျှ ယိမ်းထိုးသွားပြီး ရေလှိုင်းတွန့်သွားသလို တူညီပြီး သူတို့နှစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပျက်ပြယ်သွားစေခဲ့ပြီပါတယ်။

ပန်းဖူးအဆင့်မှာ ရှိနေတဲ့ အချိန်အတွင်းမှာ ခုခံကာကွယ်မှုနဲ့ ပတ်သက်ရင် သူတို့က အစောပိုင်းက သံမဏိလူတွေထက် အပုံကြီး သန်မာအားကောင်းပါတယ်။

မာကျောမှုက လွယ်လွယ်ကူကူနဲ့ ကျိုးပျက်သွားနိုင်ပါတယ်။ ဒီယန္တရား နှစ်ရုပ်က လုံးဝကို အပြစ်အနာဆာ မရှိပါဘူး။

Chapter 591 end

အပိုင်း(၅၉၂) မူလပြဒါး

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်သည်။

"ဒါက ဘယ်လို သတ္တုမျိုးလဲ။ တကယ်ပဲ ဒီသတ္တုက အရည်နဲ့တူတယ်"

သူကဓားနဲ့ အကြိမ်အနည်းငယ် ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပြီး ဓားချီကိုပါ တိုက်ခိုက်မှုထဲမှာ ပေါင်းထည့်လိုက်သည်။ ငွေရောင်အဆင်းရှိတဲ့ ယန္တရားနစ်ခုရဲ့ ခန္ဓာကိုယ် တော်တော်များများမှာ ဒဏ်ရာတွေ ရရှိသွားခဲ့သည်။ ဒါပေမဲ့ ချက်ချင်းဆိုသလို အရမ်းကို လျင်မြန်တဲ့ အရှိန်နဲ့ ဒဏ်ရာတွေ ပြန်စေ့သွားခဲ့၏။ သူတို့က ရေတွေနဲ့ တူပြီးတော့ ပြတ်သွားအောင် ဖြတ်ပစ်နိုင်ပေမဲ့ မကြာခင်မှာ ပြန်ပြီးတော့ ကောင်းမွန်လာပါတယ်။

ထန် ထန် ထန် ထန်။

ငွေရောင်ယန္တရားရုပ် နစ်ခုက လင်းဟန်နဲ့ ကျန်တဲ့သုံးယောက်ကို တိုက်ခိုက်လိုက်သည်။ သူတို့ရဲ့ ခန္ဓာကိုယ်က ရေကဲ့သို့ ကြည်လင်တောက်ပနေပြီး

တိုက်ခိုက်သည့် အချိန်တွင် သူတို့၏ လက်သီးများက အရမ်းကို ပြင်းထန်သည်။ လက်သီးတစ်လုံး ကျရောက်လာတာနဲ့ နောက်ကွယ်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတွေ ထွက်ပေါ်လာပြီးတော့ အရမ်းကို ထိတ်လန့်စရာ ကောင်းပေသည်။

"လာခဲ့ ယှဉ်ကြည့်ရတာပေါ့"

လင်းဟန်က ပြုံးပြုံးလေးနဲ့ ပြောလိုက်ပြီး ဓားရှည်ကို ရုပ်သိမ်းကာ သူ့ရဲ့လက်သီးနဲ့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

ပုန်း

သူရဲ့လက်သီးတွေက ငွေရောင်ယန္တရားရုပ်တွေကို ပြင်းပြင်းထန်ထန် ဝင်ဆောင့်မိပြီး ချက်ချင်းဆိုသလို ငွေရောင်ယန္တရား နှစ်ခုရဲ့ လက်မောင်းလေးခုက တစ်ပြိုင်နက်တည်း လိုင်းတွေလို ထွက်ပေါ်လာပြီး လက်သီးတွေကနေ လက်မောင်းတွေဆီကို ပျံ့နှံ့သွားခဲ့သည်။ ဒီအဖြစ်အပျက် အတွင်းမှာ လင်းဟန်ရဲ့ လက်သီးစွမ်းအားက အာနိသင် ပျက်ပြယ်သွားခဲ့ပြီး

လက်သီးရဲ့ စွမ်းအားက လက်မောင်းပေါ် ရောက်သွားတဲ့ အခါမှာ ထူးထူးဆန်းဆန်းနဲ့ လုံးဂကို ပျောက်ကွယ်သွားတာကို တွေ့မြင်လိုက်ရပါတယ်။

ဒါပေမဲ့လည်း လင်းဟန်မှာ ဒီလိုမျိုး ခန္ဓာကိုယ် တည်ဆောက်ပုံ မရှိတာကြောင့် ဒီထိခိုက်မှုကနေ အနောက်ကို ဆုတ်သွားခဲ့ရပါတယ်။ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက ရှားပါးသတ္တုနဲ့ ညီမျှတာကြောင့် ဒီထိခိုက်မှုမှာ ဘာမှမဖြစ်သွားပေမဲ့ သူ့ရဲ့ကိုယ်တွင်း ကလီစာ အနည်းငယ်တော့ လှုပ်ခါသွားပါတယ်။ ဒီထိခိုက်မှုတွေက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို တစ်ကြိမ်လည်ပတ်လိုက်တာနဲ့ ပြန်လည်ကောင်းမွန် သွားခဲ့ပါတယ်။

"အောင်မလေးဟဲ့"

သတ္တုခေါင်းကြီးက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူရဲ့မျက်နှာက အားလုံးစိမ်းနေပြီး ဒီငွေရောင် ယန္တရားရုပ် နှစ်ခုရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားနဲ့ ခုခံနိုင်စွမ်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရပြီး လင်းဟန်ရဲ့ လက်သီးထိုးတာကို ခံရတာတောင်မှ ဘာမှထိခိုက်သွားခြင်း

မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်ကလည်း လက်သီးနှစ်လုံးကို ထိပ်တိုက်ရင်ဆိုင်ပြီး အခြေအနေ ကောင်းနေတာကြောင့် သူ့ကို အလွန်အမင်း အံ့အားသင့် သွားစေခဲ့ပါတယ်။

သူ့အမြင်အရဆိုရင် ငွေရောင်ယန္တရားရုပ် နှစ်ခုက လုံးဝကို မွန်းစတားကြီးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က မွန်းစတားတွေထက်တောင် ပိုပြီးတော့ မွန်းစတား ဆန်ပါတယ်။ အနည်းဆုံးတော့ မွန်းစတား နှစ်ကောင်ရဲ့ လက်မောင်းတွေက ပြောင်းလဲမှုတွေ ဖြစ်ပေါ်အောင် လုပ်နိုင်ပါတယ်။

လင်းဟန်က ပြုံးလိုက်ပြီးတော့ ပြောလိုက်သည်။

"တစ်ခါတုန်းက မူလပြဒါးလို့ ခေါ်တဲ့ ထူးဆန်းတဲ့ သတ္တုတစ်ခု အကြောင်းကို ကြားဖူးတယ်။ သူက အရည်ပုံစံ ရှိပြီးတော့ ပြင်းထန်တဲ့ အစွမ်းတွေနဲ့တောင် ကျိုးပဲ့ပျက်စီးနိုင်ခြင်း မရှိဘူး။ ဒီယန္တရား နှစ်ခုက မူလပြဒါးတွေနဲ့ လုပ်ထားတယ်ဆိုတာ သေချာသလောက်ပဲ။ ဒါကြောင့်လည်း သူတို့မှာ ဒီလိုမျိုး ထူးဆန်းတဲ့ ဂုဏ်သတ္တိတွေ ရှိနေတာပဲ။ ဒါပေမဲ့လည်း အဲဒီအရာက မီးကိုအကြောက်ဆုံးပဲ"

လင်းဟန်က လက်နှစ်ဖက်လုံးကို လှုပ်လိုက်သည်။ ဒြပ်စင်ငါးမျိုး ဖရိုဖရဲကြောပန်းက အနည်းငယ် ပွင့်လန်းလာပြီး မူလစွမ်းအင် အားလုံးကို မီးဒြပ်စင်အဖြစ် ပြောင်းလဲသွားခဲ့သည်။ ချက်ချင်းဆိုသလို မီးတောက်တွေက သူ့ရဲ့လက်နှစ်ဖက်လုံးမှာ တောက်လောင်လို့လာခဲ့သည်။ သူက လှွားခနဲ ခုန်ပြီးတော့ ငွေရောင်ယန္တရား အရုပ်နှစ်ခုဆီကို နောက်တစ်ကြိမ် ပြေးဝင်သွားခဲ့သည်။

ပုန်း။

သူ့ရဲ့လက်သီးနဲ့ ငွေရောင်ယန္တရား အရုပ်တစ်ခုရဲ့ အစာအိမ်နေရာကို ထိုးလိုက်တဲ့ အခါမှာ သံသယ ရှိစရာမလိုအောင် သူ့လက်သီးက နစ်မြုပ်သွားခဲ့သည်။ ဒါပေမဲ့လည်း တကယ်လို့ သူကလက်သီးကို ပြန်ဆွဲထုတ်လိုက်မယ်ဆိုရင် ငွေရောင်ယန္တရားရုပ်ရဲ့ ဒဏ်ရာက ချက်ချင်းဆိုသလို ပြန်လည်ကောင်းမွန် လာပါလိမ့်မယ်။

ဒီတစ်ကြိမ်တော့ မလွယ်ကူတော့ပါဘူး။ မီးတောက်တွေက လင်းဟန်ရဲ့ လက်သီးတွေ အပေါ်မှာ တောက်လောင်နေပြီး အရမ်းကို မြင့်မားတဲ့ အပူချိန်နဲ့ တောက်လောက်နေသလိုမျိုးကြောင့် ဒဏ်ရာက

ဆက်ပြီးတော့ ကျယ်ပြန့်လာခဲ့သည်။ ဒီယန္တရားရုပ်က ရေခဲတုံးတစ်ခုကို မီးတောက်တစ်ခုနဲ့ အရည်ပျော်ခံရသလိုမျိုး ချက်ချင်းကို အရည်ပျော်ကျလာခဲ့သည်။

"တွေ့ပြီကွ"

ယန္တရားရုပ်ရဲ့ ပျက်စီးသွားတဲ့ ရင်ဘတ်နေရာမှာ ငွေရောင်ဘောလုံး တစ်လုံးက တောက်ပနေပြီး မြူခိုးပုံစံမျိုး အငွေ့တွေနဲ့ ဖုံးအုပ်ထားပါတယ်။

ယန္တရားရုပ်ရဲ့ နှလုံးသား။

ဒါက ယန္တရားရုပ်ရဲ့ ဦးနှောက်၊ နှလုံးသားနဲ့ စွမ်းအားရဲ့ အရင်းအမြစ် တစ်ခုဖြစ်သည်။ ဒီတစ်ခု မရှိပဲနဲ့ ဘာမှသုံးစားမရတဲ့ အမှိုက်တစ်ခု သာသာပါပဲ။

လင်းဟာန်က နှလုံးသားကို လက်ဆန့်ပြီး ဖမ်းဆုပ်လိုက်ပေမဲ့ ငွေရောင်သတ္တုရည်တွေက ရောယှက်လာပြီး လင်းဟာန်က ၎င်းကို ဖျက်ဆီးမှာကို စိုးရွံ့တဲ့ ပုံစံမျိုးနဲ့ နှလုံးသားကို ဖုံးအုပ်ကာကွယ် ထားပါတယ်။

"မင်းပုန်းနိုင်မှာမို့လား"

လင်းဟာန်က ပြုံးလိုက်သည်။ သူ့ရဲ့လက်မှာ မီးတောက်တွေ ပိုမိုတောက်လောင်လာပြီး သတ္တုတွေက နှင်းခဲတွေ အရည်ပျော်သလိုမျိုး ချက်ချင်းပဲ အဆက်မပြတ် အရည်ပျော်လာပြီး သူ့ရဲ့မျက်လုံးအရှေ့မှာ နှလုံးသားက ထွက်ပေါ်လာခဲ့သည်။

ဟုမ်း။

ကျန်တဲ့ ငွေရောင်ယန္တရားက ကြောင်တောင်တောင်နဲ့တော့ ရပ်မနေပါဘူး။ သူ့ရဲ့လက်သီးတွေကို မြှောက်ပြီးတော့ လင်းဟာန်ရဲ့ နောက်ကျောကို ထိုးထည့်လိုက်သည်။

လင်းဟာန်က ခေါင်းကိုတောင် မလှည့်ပဲ သူ့ရဲ့ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီးတော့ ဒီတိုက်ခိုက်မှုကို ဟန့်တားလိုက်သည်။

ဘုန်း။

ငွေရောင်ယန္တရားရုပ်ရဲ့ တိုက်ခိုက်မှုက မကျရောက်လာခင်မှာပဲ ဟော့လျန်ချွင်ရွှယ်က အရှေ့ကို

ထွက်လာပြီး ငွေရောင်ယန္တရား အရုပ်ကို အုတ်ခဲနဲ့ ပေါ့ယမ်းပြီး ရိုက်ထုတ်ပစ်လိုက်သည်။ သူမက အရမ်းကို ကြမ်းပါတယ်။ ဒီရိုက်ချက်ကြောင့် ငွေရောင်ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး တွန့်လိမ်ပြီး လွင့်ထွက်သွားကာ တောင်နံရံနဲ့ ပြင်းပြင်းထန်ထန် ဂင်ဆောင့်သွားခဲ့ပါတယ်။

ခွပ်။

ကြက်ဥတစ်လုံး ကွဲသွားသလိုပဲ။ ၎င်းလည်း သုံးစားမရတဲ့ အရည်တစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။ ဒါပေမဲ့လည်း အရည်တွေက ချက်ချင်းပဲ စတင်လူးလွန့်လာပြီး ယန္တရား အရုပ်ရဲ့ နှလုံးသားဆီကို တဖြည်းဖြည်းရွေ့ပြီးတော့ ခန္ဓာကိုယ်ကို ပြန်လည်တည်ဆောက်ဖို့ ကြိုးစားနေပုံ ရသည်။

ဟော့လျန်ချွင်ရှယ်၏ ပကတိ ခွန်အားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ ဒီလိုမျိုး ယန္တရားရုပ်ကို တစ်ချက်တည်းနဲ့ အပိုင်းပိုင်းဖြစ်အောင် ရိုက်ထုတ်ပစ်နိုင်ပါတယ်။

လင်းဟာန်က လက်ကိုဆန့်ထုတ်ပြီး ယန္တရားရုပ်ရဲ့ နှလုံးသားကို ဖမ်းကိုင်ပြီး အားကုန်သုံး ဆွဲထုတ်ယူလိုက်သည်။ ငွေရောင်ယန္တရားရုပ်က ချက်ချင်းပဲ

မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် ပုံကျသွားပြီး ဆက်လက်တွန့်လိမ်လှုပ်ရှားနေသည်။ ကြည့်ရတာ လူသားပုံစံ အဖြစ်ကို ပြန်ပြောင်းဖို့ ကြိုးစားနေပုံရပြီးတော့ ဘယ်လိုမှ လုပ်လို့မရတော့တဲ့ ပုံစံဖြစ်နေသည်။

တစ်ဖက်က ဟူးညိုကလည်း ဒုတိယ ယန္တရားရုပ်ရဲ့ နှလုံးသားကို ကောက်ယူလိုက်သည်။

လင်းဟန်က သူ့ရဲ့လက်ကို ပွေ့ယမ်းလိုက်ပြီး ငွေရောင်ယန္တရားရုပ် နှစ်ခုရဲ့ ခန္ဓာကိုယ်တွေကို အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းလိုက်သည်။ သူက ဒီအရုပ်တွေကို သေချာလေ့လာပြီး ယန္တရားရုပ် နှစ်ခုရဲ့ စွမ်းရည်တွေကို ပြန်ပြီးတော့ တိုက်ခိုက်နိုင်ဖို့ ပြင်ဆင်နိုင်ကောင်း ပြင်ဆင်နိုင်ပါလိမ့်မယ်။ နောက်ပိုင်းမှာ ဒီအရုပ်နှစ်ခုကို သူ့ရဲ့မိဘတွေကို ကာကွယ်ပေးဖို့ အစောင့်အရှောက်သဘော ထားခဲ့လို့ ရနိုင်ပါတယ်။

သူတို့က လိုဏ်ဂူရဲ့ အတွင်းနက်နက်ဆီကို ဆက်ပြီးတော့ ဝင်လာခဲ့ကြသည်။ သိပ်ဝေးဝေးကို မရောက်ခင်မှာ နောက်ထပ်ငွေရောင် ယန္တရားရုပ် လေးခုက ထွက်ပေါ်လာပြီး သူတို့ကို တိုက်ခိုက်လိုက်သည်။

လင်းဟန်က တိုက်ခိုက်ရမှာ အရမ်းကို ပျင်းရိနေသည်။ သူက ဟော့လျန်ချွင်ရှယ်ကို ပွဲထုတ်လိုက်သည်။ သူမက အုတ်ခဲကို ဒေါသနဲ့ ရိုက်ထုတ်ပစ်လိုက်ပါတယ်။ ငွေရောင်ယန္တရား လေးရုပ်က ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် ရိုက်ခံလိုက်ရသည်။ လင်းဟန်က တိုက်ခိုက်မှုလှိုင်း အာနိသင် ပျက်ပြယ်သွားတဲ့ အခါမှာ ယန္တရားရုပ်တွေရဲ့ နလုံးသားကို အလျင်အမြန် ကောက်ယူလိုက်သည်။

သတ္တုခေါင်းကြီးက ကျောက်ရုပ်လို မာတောင့်ပြီး အံ့အားသင့်နေခဲ့သည်။ ဒီသုံးယောက်ရဲ့ ပူးပေါင်းမှုက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ သူ့အမြင်တော့ လိုဏ်ဂူအတွင်းက ခုခံကာကွယ်မှုက ရေပက်မဝင်နိုင်လောက်အောင် ကောင်းမွန်ပြည့်စုံပေမဲ့ ဒီသုံးယောက်ရဲ့ အရှေ့မှာတော့ ဒီခုခံမှုတွေက စက္ကူတစ်ခုနဲ့ တူနေပါတယ်။

"အစ်ကိုလေး ဒီယန္တရားတွေက အစွမ်းထက်ဆုံး မဟုတ်သေးဘူး။ အရမ်းကို အံ့သြစရာကောင်းတဲ့ ယန္တရားရုပ်က ရွှေရောင်ရှိတယ်။ အစ်ကိုလေး ပိုပြီးတော့ သတိထားရမယ်"

သူက လင်းဟန်ကို သတိပေးလိုက်သည်။ ကြည့်ရတာ သူ့အနေနဲ့ လင်းဟန်ကို လုံးဝအားကိုး လိုက်ပုံ ရပါတယ်။

သူ့အနေနဲ့ ဘာမှ မတတ်နိုင်ပါဘူး။ တကယ်လို့ ဖန်းဂေချီက ဒီနေရာကို သူက အပြင်လူတွေ ခေါ်လာခဲ့တယ် ဆိုတာကို သိသွားခဲ့ရင် ဖန်းဂေချီက သေချာပေါက် သူ့ကိုခွင့်လွှတ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူရဲ့မျှော်လင့်ချက်တွေ အားလုံးကို လင်းဟန်အပေါ်မှာ ပုံထားလိုက်သည်။

"ရွှေရောင် ဟုတ်လား။ အဲဒါက ဘယ်လောက်ထိ အစွမ်းထက်လဲ"

လင်းဟန်က မေးလိုက်သည်။

သတ္တုခေါင်းကြီးက တခဏမျှ စဉ်းစားပြီးတော့ ကောက်ချက်ချလိုက်သည်။

"အဲဒီယန္တရားရုပ်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ရောက်နေမှာကိုတော့ ကြောက်မိတယ်။ ဒီလိုမျိုး ကာကွယ်စောင့်ရှောက်သူ တစ်ယောက်ရှိတယ်လို့ ကြားခဲ့ပေမဲ့ တစ်ခါမှတော့ မမြင်ဖူးဘူး"

"စိတ်ဂိညာဉ် နတ်သူငယ် အဆင့်လား"

လင်းဟန်က တစ်ချက် စဉ်းစားခန်း ဝင်နေသည်။ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တွေက အရမ်းကြီး ထိတ်လန့်စရာ မကောင်းပါဘူး။ ဟော့လျန်ချွင်ရှယ် ဒါမှမဟုတ် ဟူးညိုကို အနည်းငယ် ထိန်းထားနိုင်ပြီး နည်းစနစ်တစ်သောင်းကနေ တစ်ခုသိုင်းကွက်ကို ထုတ်ဖော် တိုက်ခိုက်လိုက်မယ်ဆိုရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ပြိုင်ဘက်တွေကို အနိုင်ယူဖို့ဆိုတာ မခက်ပါဘူး။

"မကြောက်ပါနဲ့"

လင်းဟန်က ရယ်မောလိုက်သည်။

သူတို့က ဆက်ပြီးတော့ လိုဏ်ဂူထဲကို ဝင်လာခဲ့ကြပါတယ်။ တောင်ရဲ့အတွင်းပိုင်း တစ်ခုလုံးက အခေါင်းပေါက် ပုံစံမျိုး ဖြစ်နေပြီး အထဲက နေရာကလည်း အရမ်းကို ကြီးမားပါတယ်။ တစ်ခဏကြာမျှ လမ်းလျှောက်ပြီးတဲ့ နောက်မှာတော့ သူတို့အရှေ့မှာ အနည်းဆုံး ငါးမီတာ အမြင့်ခန့်ရှိတဲ့ ကျောက်ရုပ်ကြီးလေးခုက မားမားမတ်မတ် ရပ်နေတာကို တွေ့လိုက်ရသည်။

“ထူးဆန်းတယ်။ ဒီကျောက်ရုပ်ကြီးတွေကို အရင်တုန်းက တခါမှ မမြင်ဖူးဘူး”

သတ္တုခေါင်းကြီးက ပြောလိုက်သည်။ သူ့ကိုကြည့်ရတာ အတော်လေးကို ခေါင်းရှုပ်နေပုံ ရ၏။

လင်းဟန်ရဲ့ မျက်လုံးထဲမှာ အေးစက်စက် အငွေ့အသက်တစ်ခု ဖျတ်ခနဲ လက်သွားပြီး သူက သတ္တုခေါင်းကြီးကို သတိမေ့အောင် ရိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်သည်။ သူ့မှာအခုဆိုရင် ထိပ်တန်းအဆင့် ဓားသုံးချောင်း ရှိနေပါတယ်။ ဒါပေမဲ့ နတ်ဆိုးရှင်သန်ဓားက သေချာပေါက် အစွမ်းထက်ဆုံး ဖြစ်ပြီးတော့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်သည်။

ခရက် ခရက် ခရက်။

ကျောက်ရုပ်ကြီး လေးခုက အနည်းငယ် တုန်ခါလာပြီး ၎င်းတို့အပေါ်ကနေ ဖုန်မှုန့်သဲမှုန့်တော်တော်က အဆက်မပြတ် ကျဆင်းလာခဲ့သည်။ ဝုန်း။ ကျောက်ရုပ်ကြီး လေးခုက

တစ်ပြိုင်နက်တည်း ခြေတစ်လှမ်း လှမ်းလိုက်ပြီး ရွှေရောင်အလင်းတွေ ထွက်ပေါ်လာခဲ့သည်။ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းသည့် အရှိန်အဝါက ထွက်ပေါ်လာပြီး လူတစ်ယောက်ရဲ့ အရေပြားတွေ စုတ်ပြဲတော့မဲ့အတိုင်း ခံစားမှုတွေ ဖြစ်ပေါ်လာသည်။

မျှော်လင့်ထားတဲ့အတိုင်း စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ယန္တရားရုပ်တွေပဲ။

"ဟိုင်ညို့ သူတို့ကို မင်းအရင်ဆုံး တားထားလိုက်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။ အဲဒီနောက်မှာ အဆုံးစွန်တိုက်ကွက်ကို ထုတ်ဖော်ဖို့ အတွက် စွမ်းအင်တွေကို စတင်စုစည်း ပြင်ဆင်လိုက်သည်။

Chapter 592 end

အပိုင်း(၅၉၃) လိုဏ်ဂူရဲ့အောက်ခြေ

ဟော့လန်ချွင်ရှွယ်က တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ဓာတ်ခဲကို လွှဲပြီးတော့ ရွှေရောင်ယန္တရားရုပ် လေးရုပ်ကို ရိုက်ပစ်လိုက်သည်။

သူမရဲ့ ခွန်အားက သေချာပေါက် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ထက် သာလွန်သည်။ ဤရွှေရောင် ယန္တရားရုပ် လေးရုပ်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာပဲ ရှိနိုင်သည်။ ဒါပေမဲ့ သူမရဲ့ အရှေ့မှာတော့ မွေးကာစ ကလေးလေးတွေလို အကြမ်းပတမ်း မခံနိုင်ကြပါဘူး။ ယန္တရားရုပ် လေးရုပ်လုံး ဆက်တိုက်ဆိုသလို ရိုက်ခံရပြီး လွင့်စဉ်သွားခဲ့သည်။

ဒါပေမဲ့လည်း ဒီယန္တရားရုပ် လေးခုကို ဘာနဲ့ပြုလုပ်ထားတယ် ဆိုတာကို မသိပါဘူး။ အုတ်ခဲနဲ့ အရိုက်ခံရပြီးတာတောင်မှ ကျိုးပဲ့ပျက်စီးသွားတဲ့ လက္ခဏာ နည်းနည်းလေးမှ မတွေ့ရပါဘူး။ အနည်းငယ်မျှသာ ချိုင့်သွားပြီး အဲဒီချိုင့်ဝင်တဲ့ ဒဏ်ရာကလည်း တဖြည်းဖြည်းနဲ့ နဂိုအတိုင်း ပြန်ကောင်းလာနေ၏။ ထိခိုက်ဒဏ်ရာက ဒီလောက်နဲ့ပဲ ပြီးသွားတာလား။

ဒါက လင်းဟန်ကို အံ့အားသင့် သွားစေခဲ့သည်။ ဒါပေမဲ့ တကယ်လို့ ဖန်းဝေချီသာ ဒီနေရာမှာ ရှိနေမယ်ဆိုရင် သူကသေချာပေါက် ပိုပြီးတော့တောင် အံ့အားသင့်သွားပါလိမ့်မယ်။ ဒီယန္တရားရုပ်တွေမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ပွဲစွမ်းရည်ပဲ ရှိတယ်ဆိုပေမဲ့ သူတို့ရဲ့ အရည်အသွေးက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိပါတယ်။ ဒါကို

ဟောဲ့လျှန်ချင်ရှယ်ရဲ့ ရိုက်ချက်က အနည်းငယ် ချိုင့်ဝင်သွားစေခဲ့ပါတယ်။

တစ်ဖက်မှာတော့ သူမရဲ့ လက်ထဲက အုတ်ခဲက ဘာအပွန်းအပဲ့ အရာမှတောင် မထင်ပါဘူး။ ၎င်းရဲ့မာကျောမှုက အဆင့်ရှစ် ရှားပါးသတ္တုတွေရဲ့ အထက်မှာ ရှိတယ်ဆိုတာ သိသာထင်ရှားသည်။

လင်းဟာန်အတွက်တော့ စွမ်းအားတွေကို စုစည်းဖို့ဆိုတာက အသက်တစ်ကြိမ် နှစ်ကြိမ်ရှူတဲ့ အချိန်လောက်ပဲ ကြာပါတယ်။ ရန်သူတွေ အများကြီးနဲ့ ဆန့်ကျင်ရင်ဆိုင် တိုက်ခိုက်နေချိန်မှာဆို ဒီအချိန်ပမာဏက သူ့ရဲ့အသက်ကို ခြွေသွားဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ အခုတော့ သူက ဖိအားမရှိပဲ ဓားမှာစွမ်းအားတွေ စုစည်းနေပြီး မကြာခင်မှာပဲ အဆင်သင့် ဖြစ်နေပါပြီ။

"လမ်းဖယ်စမ်း"

လင်းဟာန်က ကျယ်လောင်စွာ အော်ဟစ်ပြီး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ နတ်ဆိုးရှင်သန်ဓားနဲ့ ခုတ်လိုက်ပြီး ရှည်လျားထူထဲတဲ့ ဓားချီက နတ်ဘုရားနဂါးတစ်ကောင်လို ထွက်ပေါ်လာပြီး ယန္တရားရုပ်

တစ်ခုကို ထိမှန်သွားခဲ့သည်။

သူ့ဓားအသိရဲ့ ဦးတည်ပစ်မှတ်ထားမှုကြောင့် ဒီတိုက်ခိုက်မှုက အရမ်းကို လျင်မြန်ပြီး ရှောင်တိမ်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ ယန္တရားရုပ်ကလည်း ရှောင်တိမ်းဖို့တောင် မစဉ်းစားနိုင်ပဲ ၎င်းရဲ့လက်ဝါးနဲ့ ချာခနဲလှည့်ပြီး လင်းဟန်ကို ရိုက်ချလိုက်သည်။

ပုန်း။

ဓားအလင်းက စီးမျောသွားပြီး ကျာပွတ်တစ်ချောင်းလို ယန္တရားရုပ်ကို ပြင်းပြင်းထန်ထန် ထိမှန်သွားသည်။ ဒါပေမဲ့ လင်းဟန်လည်း လက်ဝါးရိုက်ချက် ထိမှန်ခံလိုက်ရပြီး ချက်ချင်းသလို လွင့်ထွက်ကာ သွေးတစ်ပွက်ကို အန်ထုတ်လိုက်ရသည်။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကတော့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ပါပဲ။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ခြောက် ရှားပါး သတ္တုနဲ့ နှိုင်းယှဉ်နိုင်တာတောင်မှ ဒီလက်ဝါး ရိုက်ချက်ကြောင့် သူ့ကိုသွေးမအန်ဖို့ မလုံလောက်ခဲ့ပါဘူး။ ကံကောင်းတာက

မိုးကြိုးလျှပ်စီး ချပ်ဂဝတ်ကို သူကာဂင်ဆင်ထားခဲ့ပြီး ချပ်ဂဝတ်ကို အသက်မသွင်းထားရင်တောင်မှ ချပ်ဂဝတ်က ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားကို တစ်စိတ်တစ်ဒေသ ခံယူပေးခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်က ဒီထက်ပိုဂေးတဲ့ နေရာကို လွင့်စဉ်ပြီးတော့ ပါးစပ်အပြည့် သွေးတွေကို ဆက်တိုက် အန်ထုတ်နေရပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့အခြေအနေကို ရှာဖွေတွေ့ရှိသွားပြီး သူရဲ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပေမဲ့ သူ့ရဲ့စိတ်၊ ချီနဲ့ စိတ်ဂိညာဉ်တွေက အားမာန်တက်ကြွမှုတွေနဲ့ ပြည့်နေခဲ့သည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက ချီနဲ့ သွေးတွေဟာ ဆူပွက်လာပြီး သူ့ခန္ဓာကိုယ် အတွင်းက ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရတဲ့ မှော်စာလိပ်ကို လည်ပတ်လိုက်ခြင်းဖြင့် ဒဏ်ရာတွေက အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ သက်သာပျောက်ကင်းသွားခဲ့သည်။

"လင်းဟန်က အရမ်းကို တော်တာပဲ"

ဟူးညိုက လက်ခုပ်တီးလိုက်ပါတယ်။ လင်းဟန်က ဒီရောမ ယန္တရားရုပ်ကြီးကို တစ်ချက်တည်းနဲ့ တဂက်တိတိ ပိုင်းဖြတ်ပစ်ခဲ့ပါတယ်။

"ဟန်ဟန်က အရမ်းတော်တယ်"

ဟောင့်လျန်ချင်ရှယ်ကလည်း သူမကို ယန္တရားရုပ်ကြီး သုံးခုက တိုက်ခိုက်နေတာကို မေ့ပြီးတော့ လက်ခုပ်တီးလိုက်ပါတယ်။ သူမက ရုတ်တရက် လေပြင်းတစ်ခုကို ခံစားလိုက်ရပြီး အဲဒါက သူမကို ထိတ်လန့်သွားစေတာကြောင့် အသားကုန် အော်ဟစ်လိုက်သည်။ သူမရဲ့ လက်ထဲက အုတ်ခဲကို ပြင်းပြင်းထန်ထန် ပေ့ယမ်းလိုက်တာနဲ့ ယန္တရားရုပ်သုံးခုက နောက်တစ်ကြိမ် လွင့်စဉ်ထွက်ကုန်၏။

လင်းဟန်က ဒုတိယ ယန္တရားရုပ်ကို ပစ်မှတ်ထားလိုက်သည်။ နည်းစနစ် တစ်သောင်းမှ တစ်ခု တိုက်ကွက်က တကယ့်ကို ကြောက်စရာကောင်းလွန်း၏။ တကယ်လို့ သူက လျှို့ဝှက်ဆန်းကြယ် သုံးထောင်ကို အသုံးပြုမယ်ဆိုရင် နတ်အသွင်ပြောင်းလဲခြင်းအဆင့် ရှားပါးသတ္တုနဲ့ ညီမျှတဲ့ ဒီယန္တရားရုပ်တွေ အပေါ်မှာ ဘယ်လိုမျိုး အကျိုးသက်ရောက်မှုတွေ ရှိနိုင်မလဲ။

ဒါပေမဲ့ အခု နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုတိုက်ကွက်ကို နတ်ဆိုးရှင်သန်ဓားနဲ့ ပူးပေါင်းထုတ်ဖော် တိုက်ခိုက်လိုက်တဲ့ အခါမှာ ဒီလိုမျိုး ရှားပါးတဲ့ သတ္တုတစ်ခုကိုတောင် ဖြတ်ပစ်နိုင်ပါတယ်။ ဒါပေါ့။

လင်းဟန်က အရိုးပုံစံ အစီအရင်ကိုလည်း ဓားချိုပေါ်မှာ ထည့်ထားပြီး ၎င်း၏စွမ်းအင်ကို တိုးလာစေခဲ့သည်။ ၎င်းကယန္တရားရုပ်တွေကို ထိခိုက်ပျက်စီးအောင် လုပ်နိုင်စွမ်း ရှိပေမဲ့ ယန္တရားရုပ်တွေကို ထက်ပိုင်းခြမ်းပစ်နိုင်တယ် ဆိုတာကတော့ မေးခွန်းထုတ်ချင်စရာ ဖြစ်လာခဲ့ပါတယ်။

သူက စွမ်းအားတွေကို စုစည်းပြီးတော့ ဒုတိယ တိုက်ခိုက်မှုအတွက် ပြင်ဆင်လိုက်သည်။

ဒီသနားစရာကောင်းတဲ့ ယန္တရားရုပ်တွေမှာ တကယ်တမ်းတော့ အသိဉာဏ် မရှိကြပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆုံးရှုံးမှုကို ခံစားလိုက်ရတာနဲ့ သူတို့က သူ့ကိုအရင်ဆုံး သတ်ပစ်ပါ လိမ့်မယ်။ ဒါမှမဟုတ် အနည်းဆုံး သူ့ကို အဆုံးစွန်တိုက်ကွက်တစ်ခု မထုတ်ဖော်နိုင်အောင် တားဆီးကြပါလိမ့်မယ်။ ဒါပေမဲ့လည်း သူတို့အားလုံးက ဟောဲလျှန်ချွင်ရှယ်နဲ့ပဲ ရုပ်ရုပ်ထွေးထွေး တိုက်ခိုက်နေပြီး အရိုးတစ်ခုကို ကိုက်ဖို့အတွက် ပိုင်းအုံနေတာမျိုးနဲ့ တူပါတယ်။

ရှုပ်။

လင်းဟန်က ဓားနဲ့နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။

ဓားနဲ့လေးကြိမ်ဆက်တိုက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ ယန္တရားရုပ် လေးခုကလည်း အတုံးရုစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပြီး နေရာတော်တော်များများကနေ ထူးဆန်းတဲ့ အရည်တွေက ချောဆီတွေလိုမျိုး ယိုစိမ့်ထွက်လာခဲ့သည်။

လင်းဟာန်က အများကြီး စဉ်းစားမနေတော့ပဲ ဒီယန္တရားရုပ်တွေကို အရင်ဆုံး အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပါတယ်။ ဒီကောင်တွေကို ပြန်ပြီးတော့ တပ်ဆင်ကောင်း တပ်ဆင်နိုင်ပါလိမ့်မယ်။

သူက သတ္တုခေါင်းကြီးကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီးတော့ ပြောလိုက်သည်။

"အရှေ့ကို ဆက်သွား"

"အစ်ကိုလေး ဟိုရွှေရောင်ယန္တရား ရုပ်ကြီးတွေရော"

သတ္တုခေါင်းကြီးက လူသေတစ်ယောက်လို ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ မျက်နှာနဲ့ မေးလိုက်သည်။ သူက ဒီယန္တရားရုပ်တွေက အံ့အားသင့်စရာ

ကောင်းလောက်အောင် အစွမ်းထက်တယ် ဆိုတာကိုပဲ ကြားသိခဲ့ပေမဲ့ ကိုယ်တိုင်ကိုယ်ကျ တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိခဲ့ပါဘူး။ အခု လင်းဟာန်နဲ့ မိန်းကလေး နှစ်ယောက်က ဒီနေရာမှာ ရှိနေပေမဲ့ ရွှေရောင်ယန္တရားရုပ်ကြီး လေးခုက ပျောက်ကွယ်နေခဲ့ပါတယ်။ သူကဘယ်လိုလုပ်ပြီး မအံ့သြပဲ နေနိုင်မှာလဲ။

"ဒီကောင်တွေ ရုတ်တရက် အချစ်နလံထပြီးတော့ တစ်နေရာကိုသွားပြီး ချစ်နေကြတယ်"

လင်းဟာန်က လျှောက်ပြောလိုက်သည်။

"တကယ်လား"

သတ္တုခေါင်းကြီးရဲ့ အမူအရာက သံသယတွေ ပြည့်နှက်နေပုံရပါတယ်။ ယန္တရားရုပ်တွေမှာလည်း ဒီလိုမျိုး ကိစ္စတွေ ရှိလို့လား။

"အဲဒါမင်းအပူ တစ်ပြားမှ မပါဘူး။ မြန်မြန်အရှေ့ကနေ သွားစမ်း"

လင်းဟာန်က သူ့ကို တစ်ချက် ပိတ်ကန်လိုက်သည်။

သတ္တုခေါင်းကြီးက တုန်တုန်ယင်ယင်နဲ့ ပြောလိုက်သည်။

"အစ်ကိုလေး ဒီနောက အရမ်းကို အန္တရာယ်များတယ်။ တကယ်လို့ မင်းက ငါ့ကိုအရှေ့ကနေ အရင်သွားခိုင်းရင် ငါသေသွားလိမ့်မယ်"

"ယုံတာမယုံတာ အပထား။ တကယ်လို့ မင်းငါ့စကားကို နားမထောင်ဘူးဆိုရင် ငါချက်ချင်းပဲ မင်းကို သတ်ပစ်ရလိမ့်မယ်"

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ပွေ့ယမ်းပြလိုက်သည်။

သတ္တုခေါင်းကြီးက ချက်ချင်းဆိုသလို ဘာစကားမှ မဆိုဝံ့တော့ပဲ အမိန့်ကိုနာခံစွာနဲ့ အရှေ့ကနေ လမ်းအတိုင်း ဦးဆောင်ပြီး လျှောက်သွားလိုက်သည်။

သတ္တုချင်း ထိတဲ့အသံတွေ အရှေ့တည့်တည့်မှာ ကြားနေရပြီး တစ်စုံတစ်ခုကို တူးဖော်နေတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ အဲဒီမှာ အလင်းရောင် စူးစူးတစ်ခု တောက်ပနေပါတယ်။ လင်းဟာန်က အရှေ့တည့်တည့်ကို လျင်မြန်စွာ လျှောက်သွားလိုက်တဲ့ အခါမှာ မျက်နှာလေးဖက်ရှိတဲ့

ကျောက်တိုင်ကြီး တစ်ခုကို တူးဖော်နေတာကို တွေ့မြင်လိုက်ရပါတယ်။ အဲဒီကျောက်တိုင်ရဲ့ အောက်ဘက်မှာ လူတွေအများကြီးက တူးဖော်နေကြတာ ဖြစ်ပြီးတော့ ကျောက်တိုင်က မြေကြီးအတွင်းကို ဘယ်လောက်ထိ နှစ်မြုပ်နေလဲ ဆိုတာကို မသိနိုင်ပါဘူး။

ဒီကျောက်တိုင် တစ်ခုလုံးက နက်မှောင်နေပြီး မီးအလင်းရောင်လိုမျိုး အလင်းတစ်ခု တစ်ချက်တစ်ချက် ဖျတ်ခနဲ လက်သွားတာကို ပိုးတဂါး မြင်တွေ့နိုင်ပြီး ဒီကျောက်တိုင်းရဲ့ ထူးခြားတဲ့ သတ္တုအမျိုးအစားကို ညွှန်ပြနေသလိုပင်။

"ဒါက ကျောက်စိမ်းနက်များ ဖြစ်နိုင်မလား"

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်သည်။

"မဟုတ်ဘူး မဟုတ်သေးဘူး။ တကယ်လို့ ဒါက ကျောက်စိမ်းနက်ဆိုရင် အဆင့်ငါး သတ္တုအမျိုးအစားပဲ ဖြစ်လိမ့်မယ်။ ဒီနေရာရဲ့ ကြီးကျယ်ခမ်းနားမှုကို အခြေခံပြီးတော့ ကြည့်မယ်ဆိုရင် ဒီလိုနေရာမျိုးမှာ ကျောက်စိမ်းနက်ရှိနေဖို့ အဆင့်မမီဘူး။ နောက်ပြီးတော့ ကျောက်စိမ်းနက်က လျှပ်စီးမိုးကြိုးကို အများဆုံး

ကြောက်လန့်တယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဒီကျောက်တိုင် တစ်ခုလုံးမှာ လျှပ်စီးလို အလင်းတွေက တလက်လက်နဲ့ တောက်ပနေမှာလဲ”

“သွားပြီးတော့ ကြည့်လိုက်ရင် သိရမှာပေါ့”

ဟူးညိုက ပြောလိုက်သည်။ သူမရဲ့အတွေးက အရမ်းကို ရိုးရှင်းပါတယ်။ သူမက တဲ့တိုးဆန်တဲ့ နည်းလမ်းတွေကိုပဲ အသုံးပြုတတ်မှန်း သိသာထင်ရှားသည်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

“ဟူးညိုက ပိုတော်တယ်။ သွားပြီးတော့ ကြည့်ကြစို့”

“အစ်ကိုလေး”

သတ္တုခေါင်းကြီးက အလျင်အမြန်ပဲ ခေါ်လိုက်သည်။ သူရဲ့မျက်နှာက အစိမ်းရောင် သန်းနေပြီး တုန်လှုပ်ချောက်ချားစွာနဲ့ ပြောလိုက်သည်။

“ငါ့ရဲ့ခေါင်းဆောင်က အဲဒီမှာ ရှိနေတယ်။ အဲဒီမှာပဲ”

သူက ရှေ့တည့်တည့်ကို လက်ညိုးထိုး ညွှန်ပြလိုက်သည်။ ကျောက်တိုင်ရဲ့ အရှေ့မှာ သူတို့ကို ကျောပေးပြီးတော့ ပိုးချည်ထည် အဝတ်အစားကောင်းကောင်းကို ဝတ်ဆင်ထားတဲ့ လူတစ်ယောက်ရှိနေပြီး သူက ကျောက်တိုင်ကို စူးစမ်းလေ့လာနေပုံ ရပါတယ်။

"ဒါဆို ပိုကောင်းတာပေ့ါ။ သူ့ကိုသွားပြီးတော့ နှုတ်ဆက်လိုက်"

လင်းဟာန်က ပြုံးပြုံးလေး ပြောပြီးတော့ သတ္တုခေါင်းကြီးရဲ့ဖင်ကို ပိတ်ကန်လိုက်ပါတယ်။

"အားရိုး"

သတ္တုခေါင်းကြီးက နာကျင်စွာ အော်လိုက်ပြီး မြေကြီးပေါ်ကို လွင့်စဉ်ပြုတ်ကျသွားပြီး ခြေကားယား လက်ကားယား ဖြစ်နေပါတယ်။

ဒီအပြောင်းအလဲက အရမ်းကို ကြီးမားသွားပါတယ်။ ပိုးထည်ဝတ်ထားတဲ့လူက ချက်ချင်းပဲ ချာခနဲ လှည့်ကြည့်လိုက်သလို အလုပ်လုပ်နေတဲ့ အလုပ်သမားတွေကလည်း ရပ်ပြီးတော့ သူတို့ရဲ့

ခေါင်းကိုလှည့်ပြီး ကြည့်လိုက်ကြပါတယ်။

"သတ္တုခေါင်းကြီးလား"

ပိုးထည်ဂါတ်ထားတဲ့ လူက အရမ်းကို စိတ်အနှောင့်အယှက်ဖြစ်သွားပုံ ရပြီးတော့ သူ့ရဲ့ အမူအရာကလည်း ဒေါသတွေထွက်လာပုံရပြီး သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခုထွက်ပေါ်လို့ နေသည်။ ဒီနေရာက အရမ်းကိုလျှို့ဝှက်ထားပြီး ဘယ်သူမှ ဝင်လာလို့ မရသလိုထွက်သွားလို့လည်း မရပါဘူး။ သူက ယန္တရားရုပ်တွေကိုအစောင့်အဖြစ်နဲ့ ထားခဲ့ပါတယ်။

သူ့အနေနဲ့ ဒီအလုပ်သမားတွေကိုလည်း နောက်ပိုင်းကျရင်သတ်ပစ်ပြီး လျှို့ဝှက်ချက်တွေကို ဘယ်နည်းနဲ့မှမပေါက်ကြားအောင် လုပ်ရပါလိမ့်မယ်။ ဒါပေမဲ့လည်းသူ့ရဲ့နောက်လိုက်ထဲက တစ်ယောက်က ဒီနေရာကိုလျှို့ဝှက်ပြီးတော့ ရောက်လာတာက သူ့ကို အရမ်းပဲအံ့အားသင့် စေခဲ့ပါတယ်။ သူ့ထားခဲ့တဲ့ အံ့မခန်းခုခံကာကွယ်မှုတွေကပဲ အများအယွင်း ရှိနေလို့လား။

သူက ဖန်းဂေချီဖြစ်ပါတယ်။ သူရဲ့ပုံစံက အရပ်မြင့်မြင့်ဗလတောင့်တောင့်နဲ့ မျက်နှာက ဒေါသမထွက်ရင်တောင်မှ

နီရဲနေတဲ့ ပုံစံမျိုး ရှိပုံရပါတယ်။

"သတ္တုခေါင်းကြီး။ မင်းဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာတာလဲ"

ဖန်းဝေချီက မေးလိုက်သည်။ သူ့ရဲ့ခုခံကာကွယ်ရေးစနစ်က ထောင့်စေ့ပြီး ဟာကွက်လုံးဝ မရှိပါဘူး။ ဒါဆိုရင် ဘာကြောင့် အဲဒါက ကျိုးပျက်သွားရတာလဲ။ သူကဒါကို စုံစမ်းဖို့ လိုအပ်ပါတယ်။

"ဒီ ဒီသုံးစားမရတဲ့ ကျနော်က ခေါင်းဆောင်ရဲ့ ဉာဏ်အမျှော်အမြင်ကို ကြည်ညိုလေးစား အားကျမိပါတယ်။ ပြီးတော့ ခေါင်းဆောင်ရဲ့ လက်အောက်မှာ လမ်းညွှန်ချက်နဲ့အညီ နေထိုင်ပါတယ်။ ဒီနေရာကို အမှတ်မထင် ရောက်လာခဲ့တာပါ"

သတ္တုခေါင်းကြီးက ပါးစပ်နဲ့အပြည့် အလိမ်အညာတွေကို တရစပ် ပစ်လွှတ်လိုက်ပြီး သူ့ရဲ့နဖူးက အေးစက်စက် ချွေးတွေက မြေကြီးပေါ်ကို အတားအဆီးမရှိ ကျဆင်းလာခဲ့သည်။

"ဟင့် မင်းရဲ့စကားကို မင်းကိုယ်တိုင်တောင်မှ

ယုံကြည်နိုင်ရဲ့လား”

ဖန်းဝေချီက လှောင်ပြုံးပြုံးလိုက်သည်။

“ခေါင်းဆောင်ဖန်း သတ္တုခေါင်းကြီးက ခင်ဗျားကို ဒီလောက်တောင် ကြည့်ညိုလေးစားနေတာ ဘာဖြစ်လို့ ခင်ဗျားတို့ နှစ်ယောက်က ဖူးစာဖက်တွေ မဖြစ်နိုင်ရမှာလဲ”

လင်းဟန်က ရယ်မောပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။

Chapter 593 end

အပိုင်း(၅၉၄) အသင်္ချေထီး

“အစ်ကိုလေး”

သတ္တုခေါင်းကြီးက အလျင်အမြန်ပဲ အပေါ်ကို ကုတ်တက်ပြီးတော့ လင်းဟန်ရဲ့ အနောက်ကို ပြေးဝင်ပုန်းလိုက်ပြီး ဖန်းဝေချီကို အရမ်းကို စိတ်ကြီးဝင်တဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်သည်။

“ဖန်းမျိုးရိုးကောင် ငါတို့အစ်ကိုကြီးကို တွေ့တာတောင် ဘာဖြစ်လို့ ဒူးထောက်ပြီးတော့ ဂါရဝ မပြုသေးတာလဲ”

ဒီကောင်က တကယ့်ကို မြေခွေးတစ်ကောင်လို ကောက်ကျစ်ပြီး ကျားတစ်ကောင်ရဲ့ ခွန်အားကို အကျိုးရှိရှိ အသုံးချနေပါတယ်။

ဖန်းဝေချီက ချက်ချင်းဆိုသလို သူ့အမူအရာက ကြောက်ဖို့ကောင်းအောင် ပြောင်းလဲသွားခဲ့သည်။ ဒီကောင်က အမြဲလိုလို သူ့ကိုမြှောက်ပင့်ပြောဆိုတတ်ပြီး အခုတော့ ဒီလိုမျိုးတောင် ပြောပုံ့နေပြီလား။ ကမ္ဘာကြီးက အထက်အောက် ပြောင်းပြန်တွေ ဖြစ်ကုန်ပြီလား။ သူက လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီး မထီမဲ့မြင် ပြုံးကာပြောလိုက်သည်။

"သတ္တုခေါင်းကြီး မင်းရဲ့အနံ့ခံ အာရုံတွေက မကောင်းတော့ဘူးလား။ တကယ်ပဲ အရွယ်မရောက်သေးတဲ့ ကောင်စုတ်လေး တစ်ယောက်ကို အားကိုးနေတာလား"

"အဓိပ္ပါယ်မရှိတာ။ လင်းဟန်ရဲ့ အနံ့က ပုပ်စော်မနံဘူး"

ဟူးညို့က ဖန်းဝေချီကို လက်ညှိုးငေါက်ငေါက် ထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ် ဟုတ်တယ်။ လင်းဟန်က ပုပ်စော်မနံဘူး"

ဟော့လျန်ချွင်ရှယ်ကလည်း ဂင်ပြီးတော့ ပြောလိုက်ပြီး သူမက လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို သက်သေထားပြီး ရှူးရှူးရှဲရှဲ အနံ့ခံပြလိုက်ပါတယ်။

"အစ်ကိုလေး ဒီကောင်က တကယ်ပဲ မင်းကို ကျိန်ဆဲရဲတယ်။ သူ့ကို သေအောင်ကို ရိုက်ပစ်လိုက်စမ်းပါ"

သတ္တုခေါင်းကြီးက မြှောက်ထိုးပင့်ကော် ပြောလိုက်သည်။ သူက ဘယ်လိုပဲဖြစ်ဖြစ် ဖန်းဂေချီကို သစ္စာဖောက်ပြီးသွားပါပြီ။ ဒါကြောင့် ဖန်းဂေချီသေမှ သူအသက်ရှင်နိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖန်းဂေချီက သူ့ကိုသတ်ဖြတ်ပစ်ပါလိမ့်မယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်သည်။

"ကောင်းပြီလေ မင်းသွားလိုက်"

သတ္တုခေါင်းကြီးက ပထမတော့ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံး စကားလုံးဖြစ်တဲ့ မင်းသွား ဆိုတာကို ကြားလိုက်ရတဲ့ အခါမှာတော့

ချက်ချင်းဆိုသလို ခါးခါးသီးသီး ငြင်းလိုက်ပါတယ်။ တကယ်လို့ သူသွားနိုင်တယ် ဆိုရင် ဖန်းဟေချီက ခေါင်းဆောင်ဖြစ်ဖို့ အခွင့်အရေးတောင် ရှိလိမ့်မှာလား။

"အစ်ကိုလေး ငါမလုပ်နိုင်ဘူး"

"ယောက်ျားတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ မလုပ်နိုင်ဘူးလို့ ပြောရတာလဲ"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်သည်။

"အစ်ကိုလေး ငါက ယောက်ျားမဟုတ်ဘူး"

သတ္တုခေါင်းကြီးက အရှက်မရှိ ပြောလိုက်ပါတယ်။ ဖန်းဟေချီနဲ့ သွားပြီးတော့ တိုက်ခိုက်မဲ့အစား သူ့ရဲ့လဖြွတ်ကိုပဲ ဖြတ်ပစ်လိုက်ပါမယ်။ ဖန်းဟေချီနဲ့ တိုက်ခိုက်တာက သေချာပေါက် သေခြင်းတရားဆီကို သွားတာပဲ ဖြစ်ပါတယ်။

ဖန်းဟေချီက အခုဆိုရင် သေချာပေါက်ကို ရိုးတွင်းခြင်ဆီထဲကနေ မုန်းတီးနေပါလိမ့်မယ်။

"သွား"

လင်းဟန်က သတ္တုခေါင်းကြီးကို ပိတ်ကန်လိုက်သည်။ သတ္တုခေါင်းကြီးက ရုတ်ချည်းဆိုသလို ဖန်းဂေချီဆီကို လွင့်ထွက်သွားခဲ့သည်။

"မင်းသေချင်နေတာပဲ"

ဖန်းဂေချီက နှာခေါင်းရှုံ့လိုက်သည်။ သူကဆေဘာဓား တစ်လက်ကို ဆွဲထုတ်ပြီး သတ္တုခေါင်းကြီးကို ခုတ်လိုက်သည်။ ဆေဘာချီအလင်း ကိုးခုက ပျံထွက်လာပြီး သူ့ရဲ့ အထင်ကြီးစရာကောင်းတဲ့ သိုင်းပညာပါရမီကို ဖော်ပြနေပါတယ်။

"ငါ့ ငါ့ကို ကယ်ပါ"

သတ္တုခေါင်းကြီးက သူရဲ့လက်နက်ကို ထုတ်ကာ ကာကွယ်လိုက်ပြီး အသံသေး အသံကြောင်နဲ့ အော်လိုက်သည်။

သူက ပန်းဖူးအဆင့် ဒုတိယ အလွှာမှာပဲ ရှိပါတယ်။ ဒါပေမဲ့ ဖန်းဂေချီကတော့ ပန်းဖူးအဆင့် အလွှာကိုးမှာ ရှိပြီး အထွတ်အထိပ် အဆင့်ကိုတောင် ရောက်နေပါပြီ။

စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို မချိုးဖျက်နိုင်သေးပေမဲ့ သူရဲ့ပန်းဖူးအဆင့် ကျင့်ကြံခြင်းက အရမ်းကို ခိုင်မာတဲ့ အဆင့်မှာ ရှိပြီးတော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးကို ရောက်နေပါပြီ။

သတ္တုခေါင်းကြီးက ပါရမီရှင် အဆင့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ဖန်းဝေချီရဲ့ ပြိုင်ဘက်ဖြစ်နိုင်မှာလဲ။ တိုက်ကွက်နှစ်ကွက် အတွင်းမှာပဲ သူကဆေဘာဓားကြောင့် လွင့်ထွက်သွားပြီး လင်းဟန်ရဲ့ ခြေရင်းဘေးကို ပြုတ်ကျပြီးတော့ သွေးတွေအန်ထုတ် လိုက်ပါတယ်။

"ဟင် မင်းကဘာဖြစ်လို့ ပြန်လာတာလဲ။ အဲဒီကောင်ရဲ့ ခွေးကောင်ကို ဖြတ်လာဖို့ မင်းကို ငါက ခိုင်းလိုက်တာ မဟုတ်လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး နောက်ထပ်ကန်လိုက်ပါတယ်။

သတ္တုခေါင်းကြီးက သွေးတစ်ပွက် အန်ထုတ်ပြီး လင်းဟန်ရဲ့ ခြေထောက်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုလေး တကယ်လို့ ငါဆက်ပြီးတိုက်ရမယ်ဆိုရင် ငါတကယ်သေသွားလိမ့်မယ်"

"ငါ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားနိုင်တယ်ဆိုတော့ မင်းမှာ ခွန်အားတွေ ကျန်နေပြီး တိုက်ခိုက်ဖို့ စွမ်းရည်မကုန်သေးဘူးလို့ ဆိုလိုတာပဲ"

လင်းဟန်က သူရဲ့ခြေထောက်ကို နောက်တစ်ကြိမ် ဆန့်ထုတ်ပြီး သတ္တုခေါင်းကြီးကို ကန်ထုတ် လိုက်ပါတယ်။ သတ္တုခေါင်းကြီးကို ကြည့်ရတာ သနားစရာကောင်းပြီး အမိန့်နာခံတတ်ပုံ ရပေမဲ့ သူလုပ်ခဲ့တဲ့ ဆိုးဂါးတဲ့ အပြုအမူတွေ အကြောင်းကို စဉ်းစားကြည့်မယ်ဆိုင် ဘာဖြစ်လို့ ဒီလိုမျိုး လူတစ်ယောက်အတွက် ဂရုဏာတရားတွေ ဖော်ပြနေရဦးမှာလဲ။

ခွေးနှစ်ကောင်ကို အချင်းချင်း ကိုက်ခိုင်းလိုက်တာပဲ ကောင်းပါတယ်လေ။

"ခေါင်းဆောင် ကျနော်မှားပါပြီ။ ကျနော်မှားပါပြီ"

သတ္တုခေါင်းကြီးက နောက်တစ်ကြိမ်

သစ္စာဖောက်သွားပြန်ပါပြီ။ ဖန်းဂေချီရဲ့ အရှေ့မှာ ဒူးထောက် လိုက်ပါတယ်။

"ခေါင်းဆောင် ကျနော်က ဘာမှမတတ်နိုင်လို့ပါ။ ဒီကောင်စုတ်လေးက ကျုပ်ရဲ့ဖင်ကို ခဏခဏ ဆောင့်ကျန်တယ်။ ဒါကြောင့် ကျနော့်မှာ ရွေးစရာ မရှိပဲ ခေါင်းဆောင်ကို သစ္စာဖောက် ရတာပါ။ အမှန်တော့ ကျုပ်ရဲ့နှလုံးသားက ခေါင်းဆောင်ဆီမှာ အမြဲတမ်း သစ္စာရှိနေပြီး ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ပါဘူး"

ဖန်းဂေချီတောင်မှ အသားတွေ တဆတ်ဆတ် တုန်လာခဲ့ပါတယ်။ သူက အရှက်မရှိတဲ့ လူတွေကို မြင်တွေ့ဖူးပေမဲ့ ဒီတစ်ယောက်လောက် ဘယ်သူမှ အရှက်မကင်းမဲ့ကြပါဘူး။ သူကမျက်နှာ တင်းတင်းနဲ့ ရယ်မောပြီး ပြောလိုက်သည်။

"ဒီလိုဆိုမှတော့ မင်းဒီကောင်စုတ်လေးကို သတ်ပြီးတော့ လက်စားပြန်ချေနိုင်တာပေါ့"

"ဟမ်"

သတ္တုခေါင်းကြီးက သူ့ခေါင်းကို မော့လိုက်ပြီး

သူ့မျက်နှာတစ်ခုလုံး မှင်တက်အံ့သြနေပုံ ရပါတယ်။ အခုလိုမျိုး မကစားကြနဲ့လေ။ နစ်ဖက်စလုံးက သူ့ကိုကြားခံ ပစ္စည်းတစ်ခုလို အသုံးချနေပြီး သူ့ကိုအရမ်းကို မြင့်မြင့်မားမား တွေးထားပြီးတော့ လုပ်နိုင်တယ်လို့ ထင်နေကြတာလား။

"မသွားဘူးလား"

ဖန်းဝေချီရဲ့ မျက်လုံးတွေမှာ ရက်စက်ကြမ်းကြုတ်တဲ့ အငွေ့အသက်တွေ ထွက်ပေါ်လာပြီး သူရဲ့လက်ထဲက ဆေဘာဓားကိုလည်း အနည်းငယ် တင်းတင်းကျပ်ကျပ်နဲ့ ဆုပ်ကိုင်လိုက်သည်။

"ကျနော်သွားပါမယ်။ တကယ်လို့ ကျနော်မသွားရင် ကျနော်က သောက်သုံးမကျတဲ့ အမှိုက်ထုပ်ပါပဲ"

သတ္တုခေါင်းကြီးက အလျင်အမြန်ပဲ မတ်တတ်ထရပ်ပြီး လင်းဟာန်ဘက်ကို ချာခနဲလှည့်ကာ မျက်နှာချင်း ဆိုင်လိုက်သည်။ သူက လင်းဟာန်ဆီကို လျှောက်လာလိုက်သည်။ ဒါပေမဲ့ ခြေလှမ်း အနည်းငယ် လှမ်းပြီးတဲ့ နောက်မှာတော့ သူကပြောလိုက်သည်။

"အစ်ကိုလေး၊ ခေါင်းဆောင် ဒီလိုဆိုရင် မကောင်းဘူးလား။ အားလုံးထိုင်ပြီးတော့ လက်ဘက်ရည်သောက် စကားစမြည်ပြောပြီး သိုင်းပညာအကြောင်း ဆွေးနွေးကြမယ်လေ"

"ငါ့ရှေ့ကနေ ထွက်သွားစမ်း"

ဖန်းဝေချီက အရင်ဆုံး သည်းမခံနိုင်တော့ပဲ အနောက်ကနေ ဆေဘာဓားနဲ့ ခုတ်ပစ်လိုက်သည်။ ချက်ချင်းဆိုသလို သတ္တုခေါင်းကြီးက နှစ်ပိုင်းပြတ်သွားခဲ့ပါတယ်။ ဖန်းဝေချီက လင်းဟန်ကို အေးစက်စက်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဒီနေရာကို ရောက်လာခဲ့ပြီ ဆိုမှတော့ ပြန်ထွက်သွားဖို့ စိတ်မကူးနဲ့"

"အဲဒီလိုလား"

လင်းဟန်က အနည်းငယ် ပြုံးပြီးတော့ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာ ကြည့်လိုက်ပါတယ်။

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ"

"လူသေတစ်ယောက်က အများကြီး သိဖို့မလိုဘူး"

ဖန်းဂေချီက အေးစက်စက်ပြောပြီးတော့ ထီးတစ်လက်ကို ထုတ်ယူလိုက်ပါတယ်။ အဲဒီထီးက သေးငယ်ပြီး လှလှပပပုံစံ ရှိပါတယ်။ ဖန်းဂေချီက ထီးကိုလေထဲကို မြှောက်လိုက်တဲ့ အခါမှာ ထီးက အလိုအလျောက်ပွင့်လာပြီး လည်ပတ်လည်ပတ်ရင်းနဲ့ ဆက်ပြီးတော့ ကြီးမားလာပါတယ်။

"ငါက လူသေတစ်ယောက် ဆိုမှတော့ တကယ်လို့ နည်းနည်းလေး ပိုသိသွားတော့ရော ဘာဖြစ်မှာ မိုလို့လဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါပြောသလိုပဲ လူသေတွေက အများကြီးသိဖို့ မလိုအပ်ဘူး"

ဖန်းဂေချီက အော်ဟစ်လိုက်ပါတယ်။ အဲဒီနောက်မှာ ထီးကနေ ချက်ချင်းဆိုသလို ထူးဆန်းတဲ့ စွမ်းအားတစ်ခု ထွက်ပေါ်လာခဲ့သည်။ ထီးရဲ့အရိပ်အောက် ဖုံးကွယ်ထားတဲ့ နေရာတွေက ထူးထူးဆန်းဆန်း ပြောင်းလဲမှုတစ်ခု ဖြစ်လာခဲ့သည်။

"ဟင်"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ သူက ရုတ်တရက် ဒြပ်စင်ငါးခု စိတ်ဂိုညာဉ်ချီတွေကို ခံစားလို့ မရနိုင်တော့ပါဘူး။

"ဟားဟားဟား ဘာမှားနေလဲ ဆိုတာကို သိပြီလား"

ဖန်းဝေချီက ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဒီပစ္စည်းက ရှေးဟောင်းအချိန်တုန်းက ကျန်ခဲ့တဲ့ အစွမ်းထက် ပစ္စည်းပဲ။ ဒါကို အသင်္ချေထီးလို့ ခေါ်တယ်။ နေကိုကွယ်ပြီးတော့ ကောင်းကင်ကို ဖုံးအုပ်နိုင်တယ်။ အခုငါက အသင်္ချေထီးနဲ့ ဒြပ်စင်ငါးခု စိတ်ဂိုညာဉ်ချီတွေကို ဖုံးထားလိုက်ပြီ"

"ပန်းဖူးအဆင့် စစ်သည်တော်တွေက သန်မာအားကောင်းတယ် ဆိုတာက သူတို့က ကောင်းကင်နဲ့ မြေကြီးကနေ ချီးမြှောက်တဲ့ စိတ်ဂိုညာဉ်ချီတွေကို တိုက်ခိုက်မှုတိုင်းမှာ ထည့်သွင်းနိုင်တာကြောင့် သူတို့ရဲ့အစွမ်းတွေက အဆပေါင်း တစ်ရာလောက်

တိုးလာစေနိုင် ခဲ့တာပဲ။ ဒါပေမဲ့ အခုတော့ ဒြပ်စင်ငါးခု စိတ်ဂိညာဉ် ချီတွေကို ငါ့ရဲ့အသင်္ချေထီးနဲ့ မှေးမှိန်သွားအောင် လုပ်လိုက်ပြီ။ မင်းအနေနဲ့ စွမ်းအားတွေကို ငှားယူအသုံးမချနိုင်တဲ့ အချိန်ကျရင် မင်းက စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်ထက် နည်းနည်းလေးပဲ ပိုပြီးတော့ အစွမ်းထက်လိမ့်မယ်"

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်သည်။

"ဒါက တကယ်ကိုကောင်းမွန်တဲ့ ပစ္စည်းကောင်းတစ်ခုပဲ"

သူလည်း ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ပညာကို ကျင့်ကြံထားပါတယ်။ တကယ်လို့ ဒြပ်စင်ငါးခုနဲ့ မိုးကြိုးစိတ်ဂိညာဉ်ချီတွေ အားလုံးက ပိတ်ဆို့ခံထားရမယ်ဆိုရင် သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်က လူတစ်ယောက်ကို သူ့ကိုယ်ပိုင် ပကတိခွန်အားနဲ့ တိုက်ခိုက်နိုင်ဆဲ ရှိသေးတယ် မဟုတ်လား။

"သေစမ်းကွာ"

ဖန်းဂေချီက လက်ထဲက ဆေဘာဓားကို ဝှေ့ယမ်းပြီး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

သူရဲ့တိုက်ခိုက်မှုကြောင့် မိုးကြိုးလျှပ်စီး စွမ်းအားက မြင့်တက်လာပါတယ်။

"ဒြပ်စင်ငါးခု စိတ်ဂိညာဉ် ချီတွေကို ပိတ်ဆို့ဖို့ မင်းရွေးချယ်လိုက်တာက အံ့သြစရာ မဟုတ်တော့ဘူး။ မင်းကတကယ်ပဲ လျှပ်စီးမိုးကြိုးရဲ့ အစွမ်းကို ကျင့်ကြံထားတာပဲ"

လင်းဟာန်က ချက်ချင်းပဲ သတိပြုမိသွားခဲ့ပါတယ်။ သူလည်းပဲ ဓားကိုဆွဲထုတ်ပြီး ရန်သူနဲ့ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။ မျှော်လင့်ထားသလိုပဲ ဒြပ်စင်ငါးခု စိတ်ဂိညာဉ် ချီတွေ ပိတ်ဆို့ထားခြင်း ခံရတာကြောင့် သူ့ဓားရဲ့ တိုက်ခိုက်မှုက ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဂိညာဉ်ချီ မြှင့်တင်ပေးမှုကို မရရှိပဲ စွမ်းအားတွေက သိသိသာသာ လျော့ကျသွားခဲ့ပါတယ်။

"အမှန်ပဲ။ ဒါပေမဲ့ ကံမကောင်းတာက မင်းအသိနောက်ကျသွားပြီ"

ဖန်ဂေချီက သူ့ရဲ့ မျှော်လင့်ချက် ဆေဘာဓားနဲ့ ခုတ်ချလိုက်သည်။

ထန်ဆိုတဲ့ အသံနဲ့အတူ ရတနာဓားက မျှော်လင့်ချက်ဆေဘာဓားကို ထိမှန်သွားပြီး မီးပွားတွေ ထွက်ပေါ်လာခဲ့၏။

"ဘာ"

ဖန်းဝေချီက အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုအောက်မှာ လင်းဟန်က လုံးဝကို လွင့်ထွက်မသွားခဲ့ပါဘူး။ ဒီကောင်ကလည်း တိုက်တိုက်ဆိုင်ဆိုင် လျှပ်စီးအမျိုးအစား ပညာကို ကျင့်ကြံထားတာကြောင့် ကံကောင်းပြီးတော့ ထိန်းသိမ်းနိုင်တာများ ဖြစ်နိုင်မလား။

မဟုတ်ဘူး။ အဲဒီဓားမှာ လျှပ်စီးစိတ်ဝိညာဉ်ချီ လုံးဝမရှိဘူး။

"မင်း ဘယ်လိုလုပ်ပြီးတော့ ငါ့ရဲ့ဆေဘာဓားကို ဟန့်တားနိုင်တာလဲ"

သူက မမေးပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။

"မင်းသိချင်နေတာလား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဒါဆိုရင်လည်း လျှို့ပုက်ချက်လေးတွေ ဖလှယ်ကြရအောင်လေ"

"အိပ်မက်မက်မနေနဲ့"

ဖန်းဝေချီက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး ဆေဘာဓားကို ဝှေ့ယမ်းကာ လင်းဟန်ကို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်သည်။

"သိပ်ပြီးတော့ သေချာမနေနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နောက်ပိုင်းကျမှ ခွတီးခွကျ ကို့ရိုးကားယားတွေ ဖြစ်နေမယ်"

"သေစမ်း သေစမ်း သေစမ်း"

ဖန်းဝေချီက အော်ဟစ်ပြီး သူရဲ့ဆေဘာဓားကို အဆက်မပြတ် ဝှေ့ယမ်းကာ လင်းဟန်ကို တစ်ခါတည်း ဖြတ်ပစ်ဖို့ ကြိုးစားနေပါတယ်။

လင်းဟန်က နည်းနည်းလေးမှ ကြောက်ရွံ့ခြင်း မရှိပါဘူး။

သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်ရဲ့ တိုးတက်မှုက အရမ်းကို လျင်မြန်တာကြောင့် သူရဲ့မူလစွမ်းအင် အဆင့်နဲ့ သိပ်မပေးပါဘူး။ ဒီလိုမျိုး ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဂိညာဉ် ချီတွေကို ငှားရမ်းပြီး အသုံးမချနိုင်တဲ့ အခြေအနေမျိုးမှာတောင် သူရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံး ပိုင်ဆိုင်ထားဆဲ ဖြစ်ပါတယ်။

သူက လေးလေးနက်နက် ဖြစ်လာတာနဲ့ ဖန်းပေချီက ချက်ချင်းဆိုသလို အသာစီးမရပဲ အရေးနိမ့်တဲ့ အခြေအနေ ဖြစ်လာခဲ့ပါတယ်။

Chapter 594 end

အပိုင်း(၅၉၅) ရှေးဟောင်းမင်းဆက်ရဲ့ ရတနာသိုက်

အနည်းဆုံး ဆယ်ကွက်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က ဖန်းပေချီရဲ့ လက်ထဲက ဆေဘာဓားကို လွတ်ကျသွားအောင် တိုက်ခိုက်လိုက်ပြီး သူ့လည်ပင်းပေါ်ကို ဓားတင်ထားလိုက်သည်။ လင်းဟန်က ကျီစယ်တဲ့ပုံစံနဲ့ ရယ်မောပြီး ပြောလိုက်သည်။

"အခု ငါတို့ စကားပြောလို့ ရပြီလား"

"တကယ်လို့ မင်းသတ်ချင်တယ်ဆိုရင် သတ်ပစ်လိုက်"

ဖန်းဂေချီက တကယ်ပဲ ကြောက်ရွံ့တဲ့ လက္ခဏာ နည်းနည်းလေးမှ မပြပါဘူး။ သူ့ကလင်းဟန်ကို အေးစက်စွာနဲ့ ကြည့်လိုက်ပါတယ်။

"ဒါပေမဲ့ မင်းလည်း မကြာခင် သေရလိမ့်မယ်"

"အိုး မင်းက ဘယ်လိုမျိုး ကျိန်စာတိုက်ရမယ် ဆိုတာကိုလည်း သိနေတာပဲလား"

လင်းဟန်က ပြုံးလိုက်သည်။ တကယ်လို့ ဖန်းဂေချီဆီမှာ ကျိန်စာများရဲ့ ပုလင်းနဲ့တူတဲ့ ရတနာတစ်ခု တကယ်ရှိနေရင်တော့ သူ့မှာ သိက္ခာစောင့်စည်းမှုတချို့ ရှိကောင်းရှိနိုင်ပါတယ်။

"ငါ့သားက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် တစ်ယောက်ပဲ။ သူက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်တောင် ရောက်နေပြီ"

ဖန်းဂေချီက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းငါ့ကို သတ်ပစ်တဲ့ အချိန်ကျရင် သူက အဲဒါကို ချက်ချင်းပဲ အာရုံခံမိသွားလိမ့်မယ်။ မင်းဘယ်နေရာမှာပဲ ပုန်းနေနေ သူကမင်းကို ရှာပြီးတော့ သတ်ပစ်လိမ့်မယ်"

"ခင်ဗျားက သေမှာကို တကယ်မကြောက်ဘူးလို့ ကျုပ်ထင်မိတယ်။ ဒါပေမဲ့လည်း ခင်ဗျားကို မသတ်အောင်လို့ ကျုပ်ကို ခြိမ်းခြောက်နေပဲ့လား"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပြီး ဖန်းဝေချီရဲ့ မျက်နှာကို ပုတ်ပြီးတော့ ပြုံးပြုံးလေး ပြောလိုက်သည်။

"ဘယ်သူကရော သေမှာကို မကြောက်ပဲ နေမှာလဲ။ အသက်ရှင်နေရတာက ကောင်းပါတယ်။ ဒါပေ့ါ ဘယ်သူမှ မသေချင်ကြဘူးလေ"

"ဒီနေရာက အခြေအနေတွေကို ကျုပ်ကိုခင်ဗျား ပြောပြနိုင်တာပဲ။ ကျနော်တို့မှာ ဘာမကျေနပ်ချက် နာကြည်းချက်မှ မရှိဘူးလေ။ ဒါကြောင့် ကျနော်ကလည်း ခင်ဗျားအသက်ကို ချမ်းသာမပေးနိုင်စရာ မရှိပါဘူး"

ဖန်းဝေချီက လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်သည်။

"စိတ်တောင်မကူးနဲ့။ ငါပြောခဲ့တဲ့ စကားတွေမှာ အမှားတစ်ခုမှ မပါဘူး။ ငါ့ရဲ့သားက အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ဆေဘာဘုရင်လေးပဲ။ တကယ်လို့ မင်းမယုံဘူးဆိုရင် ကြိုက်တဲ့လူကို သွားမေးကြည့်နိုင်တယ်"

လင်းဟန်က သူရဲ့မေးစေ့ကို ပွတ်ပြီးတော့ ပြောလိုက်သည်။

"အမြဲတမ်းလိုလိုပဲ ဒုတိယမျိုးဆက် ဂျူနီယာတွေက မဆင်မခြင်လုပ်လို့ သူတို့ရဲ့ မိဘတွေက ဂင်ပြီးတော့ ဖြေရှင်းတာကိုပဲ မြင်ဖူးတယ်။ အခုတော့ သားဖြစ်သူရဲ့ ထင်ပေါ်ကျော်ကြားမှုကို အသုံးချပြီးတော့ အာဏာရှင် တစ်ယောက်လိုမျိုး လုပ်နေတဲ့ လူတစ်ယောက်ရဲ့ ကြုံတွေ့ရမယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ဘူး။ ငါ့ရဲ့ကမ္ဘာကြီးအပေါ် သဘောထား အမြင်တွေက တကယ့်ကို ဆန်းသစ်သွားတာပဲ"

လင်းဟန်က ဖန်းဝေချီကို လက်ဖဝါးတစ်ဖက်နဲ့ သတိလစ် မေ့မျောအောင် ရိုက်ပြီးတော့ အနက်ရောင် မျှော်စင်အထဲကို ထည့်လိုက်ပြီး ဖန်းဝေချီကို စစ်ဆေးမေးမြန်းဖို့ အစီအစဉ် ဆွဲထားလိုက်သည်။

"ဒီထီးက အတော်လေးကို လှတာပဲ"

ဖန်းဂေချီရဲ့ ထိန်းချုပ်မှု မရှိတော့တာကြောင့် ထီးက ကောင်းကင်ပေါ်ကနေ အောက်ကို ကျဆင်းလာပြီး ဟော့လျန်ချွင်ရှယ်က ဖမ်းထားလိုက်သည်။ သူမက ထီးကို ချစ်ခင်နှစ်သက်စွာနဲ့ ယုယုယယ ပွတ်သပ်နေသည်။

လင်းဟန်က အနားကို ကပ်လာပြီး တစ်ချက်ကြည့်ပြီးတော့ မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ဒါကိုကြည့်ရတာ အစစ်မဟုတ်ပဲ ပုံတူပွားထားတဲ့ ပစ္စည်းတစ်ခုနဲ့ တူတယ်"

ထီးရဲ့လက်ကိုင်နဲ့ ထီးရွက်ပေါ်မှာ သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေကို ရေးထွင်းထားပါတယ်။ ဒါပေမဲ့ အမှတ်အသားတွေက အရမ်းကို သစ်နေပြီး ကြည့်ရတာ ရှေးဟောင်းပစ္စည်း တစ်ခုနဲ့ မတူပါဘူး။ တကယ်လို့ ဒီစိတ်ဝိညာဉ် ပစ္စည်းက အသစ်ပြန်ဆင်ထားတာ ဆိုရင်တော့ တစ်ခုတည်း မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ ဒီပစ္စည်းက အဆင့်ခြောက်ပဲ ရှိပါတယ်။ တကယ်လို့ အဆင့်ခုနစ် ဒါမှမဟုတ် အဆင့်ရှစ် ပစ္စည်းတွေနဲ့ ပြုလုပ်မယ်ဆိုရင် ဒီအသချေထီးက ပိုပြီးတော့ အစွမ်းထက်အောင် လုပ်နိုင်မယ်လို့ ဆိုလိုတာပဲ မဟုတ်ဘူးလား။

ဒီဖန်းဝေချီကို သေသေချာချာ စစ်ဆေးမေးမြန်းဖို့တော့ လိုနေပါပြီ။

လင်းဟန်နဲ့ ဟူးညို့တို့ နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲကို ဝင်လာခဲ့တဲ့ အချိန်မှာ ဟော့လျန်ချွင်ရှယ်က နောက်တစ်ကြိမ် မျက်နှာကြီး သုန်မှုန်ပြီး စိတ်ကောက်ကျန်နေခဲ့သည်။

လင်းဟန်က ဖန်းဝေချီကို ကြည့်ပြီးတော့ တည်ငြိမ်တဲ့ အသံနဲ့ ပြောလိုက်သည်။

"ဒီလိုဏ်ဂူအကြောင်း အသေးစိတ် အားလုံးကို ပြောပြစမ်း"

"ဟားဟား မင်းအိပ်မက်မက်နေတာပဲ"

ဖန်းဝေချီကို ကြည့်ရတာ အတော်လေးကို ရမ်းကားပုံ ရပေမဲ့ သူ့မျက်လုံးထဲမှာတော့ ကြောက်ရွံ့ထိတ်လန့်မှု ရှိနေပါတယ်။ လိုဏ်ဂူထဲကနေ နားလည်ရခက်တဲ့ ထူးထူးခြားခြား နေရာတစ်ခုကို ရုတ်တရက် ရောက်လာတာက သာမန်တော့မဟုတ်ပါဘူး။ ဒါကသူ့ကို အမှတ်မထင် ထိတ်လန့်သွားစေခဲ့ပါတယ်။

သူရက်ပေါင်းများစွာ သတိလစ် မေ့မျောသွားတာများ ဖြစ်နိုင်မလား။

လင်းဟန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်သည်။

"ဒီနေရာမှာ ဘယ်သူကမှ ငါ့ကို မဟုတ်ဘူး မလုပ်ဘူး မပြောနိုင်ဘူးလို့ ပြောလို့မရဘူး။ ခင်ဗျားလည်း ခြွင်းချက်မရှိဘူး။ ကျုပ်မှာ ခင်ဗျားကို ညှဥ်းပမ်းနှိပ်စက်လို့ရတဲ့ နည်းလမ်းတွေ အများကြီး ရှိတယ်။ ခင်ဗျားဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

"လာစမ်းပါ။ တကယ်လို့ ငါ့ပါးစပ်က နည်းနည်းလောက် ပြောလိုက်မိရင် ငါက ခွေးဖြစ်သွားလိမ့်မယ်"

ဖန်းဝေချီက သူရဲ့လည်ပင်းကို မော့ပြီးတော့ ပြောလိုက်သည်။

နေ့တစ်ဝက်ခန့် ကြာပြီးတဲ့ နောက်မှာတော့။

"ငါပြောမယ်။ မင်းသိချင်တာတွေ အားလုံးကို ငါပြောပါ့မယ်"

ဖန်းဝေချီက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်သည်။ ဒီနေ့တစ်ဂက် အချိန်အတွင်းမှာ သူက အမျိုးမျိုးသော နှိပ်စက်ညှဉ်းပမ်းမှုဒဏ်ကို ခံစားခဲ့ရပါတယ်။ မီးလောင်ဒဏ်၊ ရေမွန်းဒဏ်၊ မြေမြုပ်ခံရတဲ့ဒဏ် မျိုးစုံခံစားရပြီး သေလိုက် ပြန်ရှင်လိုက် သေလိုက်ပြန်ရှင်လိုက် ဘဝကြီး ဖြစ်နေပြီး တကယ့်ကို အဆိုးဝါးဆုံး ခံစားရပြီး တကယ်လို့ သူသေချင်နေတယ် ဆိုရင်တောင်မှ သေလို့မရဘူး ဖြစ်နေခဲ့ပါတယ်။

အခုဆိုရင် သူက လွတ်မြောက်မဲ့ လမ်းတစ်ခုပဲ ရှာနေခဲ့ပါတယ်။

"ခင်ဗျားက တကယ်ပဲ ဆေဘာဓားဘုရင်လေးရဲ့ အဖေလား"

လင်းဟာန်က မေးလိုက်သည်။

"ဟုတ်ပါတယ်။ ငါကသူ့အဖေဆိုတာ တကယ်ပါ"

ဖန်းဝေချီက အသက်ကို ပြင်းပြင်းရှူပြီး ပြောလိုက်ပါတယ်။ သူရဲ့မျက်လုံးတွေက အာရုံစူးစိုက်မှု ပျောက်ဆုံးနေပြီး အရူးတစ်ယောက်လို ဂနာမငြိမ် ဖြစ်နေပါတယ်။

"ခင်ဗျားက ဘာဖြစ်လို့ ဒီနေရာကို လာတာလဲ"

လင်းဟန်က ထပ်မေးလိုက်သည်။

"ငါ့သားက ရှေးဟောင်းနယ်မြေတွေကို စူးစမ်းလေ့လာတဲ့ အချိန်မှာ သူက ဒီနေရာအကြောင်း သဲလွန်စတချို့ကို ရှာတွေ့ခဲ့တယ်။ ဒါကြောင့် သူက ဒီနေရာကို အရင်ဆုံး လာပြီးတော့ ရှေးဟောင်းပစ္စည်း တချို့ကို ရရှိခဲ့တယ်။ ဒါပေမဲ့ ငါ့သားက ကျင့်ကြံခြင်းမှာပဲ အာရုံစိုက်တာကြောင့် ငါကဒီနေရာကို လာပြီးတော့ ပစ္စည်းတွေ တူးဖော်ထုတ်လုပ်တဲ့ အလုပ်ကို စီမံခန့်ခွဲနေတာပါ"

ဖန်းဂေချီက ပြန်ဖြေလိုက်သည်။

"ဒီနေရာက ဘယ်လိုမျိုးလဲ"

"သိပ်တော့မသေချာဘူး။ ငါသိတာက ဒီနေရာက လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်သောင်းတုန်းက
ရှေးဟောင်းမင်းဆက်တစ်ခုရဲ့ နယ်မြေထဲမှာ ရှိခဲ့တာပဲ"

ဖန်းဂေချီက ပြောလိုက်သည်။ ဒါပေမဲ့လည်း

သူဆက်ပြောလိုက်တဲ့ စကားက လင်းဟန်ရဲ့ စိတ်ကို လန့်ဖျပ်သွားစေပါတယ်။

"အဲဒီရှေးဟောင်းမင်းဆက်က ကောင်းကင်ကို ဖွင့်ပြီးတော့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီး တစ်ခုလုံးကို နတ်ဘုရားနယ်မြေဆီကို တည်နေရာရွှေ့ပြောင်းချင်ခဲ့ပေမဲ့ မအောင်မြင်ခဲ့ဘူး။ ဒီနေရာက အဲဒီရှေးဟောင်းမင်းဆက်ရဲ့ ရှေးကတည်းက ရှိနေတဲ့ ရတနာသိုက်နေရာတစ်ခုပဲ"

ကောင်းကင်ကို ဖွင့်ပြီးတော့ ဟုတ်လား။ လာပြန်ပြီး နောက်ထပ်ကောင်းကင်ကို ဖွင့်မဲ့အကြောင်း။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီရှေးဟောင်းမင်းဆက်က တကယ့်ကို ရဲတင်းပြီး ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီး တစ်ခုလုံးကို နတ်ဘုရားနယ်မြေကို ယူဆောင်သွားပြီး အားလုံးကို နတ်ဘုရားတန်ခိုးရှင်တွေ ဖြစ်မဲ့ နည်းလမ်းကို ရှာဖွေပုံ့ပါတယ်။

"ပြောစမ်း ဒီနေရာကနေ ခင်ဗျား ရတနာပစ္စည်းတွေ ဘယ်လောက်များ တူးဖော်ပြီးပြီလဲ"

ဖန်းဂေချီက တစ်ခုပြီးတစ်ခု ရှင်းပြပြီး လင်းဟန်က စာရင်းမှတ်ပြီးတော့ ပိုပိုပြီး အံ့အားသင့် လာခဲ့ပါတယ်။

ဒီနေရာမှာ အစကတည်းက ယန္တရားရုပ်တွေ ရှိနေခဲ့ပါတယ်။ ရွှေရောင်၊ ငွေရောင်နဲ့ သံမဏိ ယန္တရားအရုပ်တွေအပြင် စိန်ယန္တရားရုပ် တစ်ရုပ်လည်း ရှိပါတယ်။ ဒါပေမဲ့ အဲဒီစိန်ယန္တရားအရုပ်ကို ဆေဘာဓားဘုရင်လေးက ယူသွားခဲ့ပါပြီ။ တကယ်လို့ ဒီလိုမျိုး ယန္တရားရုပ်က ၎င်းရဲ့အစွမ်းကို အပြည့်အဝ ထုတ်ဖော်လိုက်မယ်ဆိုရင် နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ညီမျှပါတယ်။ ပြီးတော့ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အချက်ကတော့ ၎င်းက အသိဉာဏ်တစ်ခု ပိုင်ဆိုင်ထားတယ်လို့ သတ်မှတ်လို့ ရပါတယ်။

နောက်ပြီးတော့ လင်းဟန်မြင်တွေ့ခဲ့ရတဲ့ ရွှေရောင်၊ ငွေရောင်နဲ့ သံမဏိယန္တရားရုပ် အရေအတွက်ထက် ပိုများတဲ့ အရေအတွက်ကို ဆေဘာဓားဘုရင်လေးက ယူဆောင်သွားခဲ့ ပါတယ်။ ဆေဘာဓားဘုရင်လေးက ဘာလုပ်ချင်လဲ ဆိုတဲ့အချက်ကိုတော့ ဖန်းဂေချီမသိပါဘူး။ သူ့သားက ဒီရှေးဟောင်းနယ်မြေကို တူးဖော်ခိုင်းတာ တစ်ခုပဲ သိပါတယ်။

ယန္တရားရုပ်တွေအပြင် လင်းဟန်မြင်တွေ့ခဲ့တဲ့ တိုက်ပွဲဂင်လှေတွေကလည်း ရွှေရောင်နဲ့ အမည်းရောင်ဆိုပြီး အမျိုးအစားနှစ်ခု ပိုင်းခြားထားပါတယ်။ အနက်ရောင်လှေက ပန်းဖူးအဆင့် လက်ရွေးစင်တွေကို ခြိမ်းခြောက်နိုင်ပြီး ဒီလိုအမျိုးအစား တစ်ရာခန့် ရှိပါတယ်။ ရွှေရောင်တိုက်လှေကတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေကို အမြစ်ဖြုတ် သုတ်သင်နိုင်ပေမဲ့ ဆယ်ခုပဲ ရှိပါတယ်။ ဒီနေရာမှာတော့ တစ်ခုပဲ ကျန်ပါတော့တယ်။ ကျန်တာတွေ အားလုံးက ဆေဘာစားဘုရင်လေးရဲ့ လက်ထဲကို ရောက်သွားပါပြီ။

ကံကောင်းတာက အဲဒီရွှေရောင်လှေကို ဖန်းဂေချီက မသုံးခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် လင်းဟန် အနေနဲ့ ဖန်းဂေချီကို လွယ်လွယ်ကူကူနဲ့ ဖမ်းဆီးနိုင်လိမ့်မှာ မဟုတ်ပဲ သူကတောင် ပြန်ပြီးတော့ သားကောင် ဖြစ်သွားပါလိမ့်မယ်။

ရွှေရောင်လှေက အစွမ်းထက်ရုံတင်မက ပျံသန်းနိုင်တဲ့ ရတနာအမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ၎င်းက မီတာတစ်ရာလောက်ပဲ ရှည်ပြီးတော့ အရမ်းကို လျင်မြန်စွာနဲ့ ပျံသန်းနိုင်သလို မူလစွမ်းအင် ပုံဆောင်ခဲ အများကြီးကိုလည်း သုံးစွဲပေးရပါတယ်။ သစ်နက်ကျွန်းက

ခံစစ်နေရာ ပြင်ဆင်မှု ကောင်းမွန်တာကြောင့် ဖန်းဂေရှီက ဒီစိတ်ဂိညာဉ် ပစ္စည်းကို အသုံးပြုဖို့ လိုအပ်လိမ့်မယ်လို့ လုံးဝကို မထင်ထားခဲ့ပါဘူး။

နောက်ပြီးတော့ အသင်္ချေထီးလိုမျိုး စိတ်ဂိညာဉ်ပစ္စည်း အမျိုးမျိုးလည်း ရှိနေပါတယ်။ ဒီပစ္စည်းက ပြန်လည်မွန်းမံထားတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ့်အစစ်က ပျက်စီးသွားခဲ့ပါပြီ။ ဒါပေမဲ့ ဒီပြန်ပြင်ဆင်ထားတဲ့ ပစ္စည်းတောင်မှ နတ်အသွင်ပြောင်းလဲခြင်း အဆင့်က လက်ရွေးစင်တွေကို စိတ်ဂိညာဉ်ချီအာရုံခံနိုင်စွမ်း မရှိအောင်လို့ လုပ်ပစ်နိုင်စွမ်း ရှိပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အံ့အားသင့်နေပါတယ်။ အဲဒီရှေးဟောင်းမင်းဆက်က ဘယ်လောက်တောင် အစွမ်းထက်ပြီး ကြွယ်ဝချမ်းသာလိုက်မလဲ။ ဒါက သူတို့ရဲ့ ရတနာသိုက် အများကြီးထဲက တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တူးဖော်ရရှိထားတဲ့ ရတနာအမျိုးမျိုးက သူ့ကို အံ့အားသင့်စေခဲ့ပါတယ်။

ဒါပေမဲ့လည်း အရေးအကြီးဆုံး အချက်က

ဒီကျောက်တိုင်ဖြစ်ပါတယ်။ ဒါကလျှို့ပှက်ဆန်းကြယ် စွမ်းအားတစ်ခုနဲ့ ပတ်သက်တယ်လို့ ပြောထားပါတယ်။ ပြီးတော့ ဒီကျောက်တိုင်ကို သုံးနှစ်တိတိ တူးဖော်နေတာတောင် အပြည့်အဝ မတူးဖော်နိုင်သေးပါဘူး။ လျှပ်စီးမိုးကြိုးရဲ့ စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ တူးဖော်ခြင်း လုပ်ငန်းမှာလည်း အရမ်းကို အကျိုးသက်ရောက်စေပါတယ်။

ဆေဘာစားဘုရင်လေး ရရှိခဲ့တဲ့ သတင်းအချက်ကနေ ဒီရှေးခေတ်မင်းဆက်မှာ စုစုပေါင်း လျှို့ပှက်ဆန်းကြယ် စွမ်းအားလေးခု ရှိပြီးတော့ ရတနာသိုက် လေးခုမှာ ခွဲခြားပိတ်လှောင်ထား ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ အရာကို မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံလို့ ခေါ်ပြီးတော့ လျှို့ပှက်ဆန်းကြယ် စွမ်းအားလေးခုမှာ အားအနည်းဆုံး ဖြစ်ပါတယ်။ အထင်ကြီးစရာ အကောင်းဆုံးကတော့ သေမင်းကိုးခုကောင်းကင်ဘုံ ပညာရပ်လို့ ခေါ်ပြီးတော့ သေခြင်းရှင်ခြင်းကို ဖျက်လိုဖျက်စီး လုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။

ဆေဘာစားဘုရင်လေးက ဒီလျှို့ပှက်ဆန်းကြယ် စွမ်းအားအကြောင်းကို အရမ်းကို ဂရုစိုက်ပြီး အချိန်တိုင်းလိုလို ဒီကျောက်တိုင်ကို တူးဖော်ခိုင်းပါတယ်။

တကယ်လို့ သူ့ရဲ့အခြေအနေကြောင့် မဟုတ်ရင် သူ့ကိုယ်တိုင်ကိုယ်ကျ လာရောက်စောင့်ကြပ် နေပါလိမ့်မယ်။

"အခုငါက အတော်လေးကိုကောင်းတဲ့ ပစ္စည်းရပြီ"

လင်းဟန်က ပြောလိုက်သည်။

Chapter 595 end

အပိုင်း(၅၉၆) မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံ

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လိုက်ပြီး ကျောက်တိုင်ရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။ အလုပ်သမားတွေက ထိတ်လန့်ပြီး ထွက်ပြေးကုန်တာကြောင့် ဒီနေရာမှာ ဘယ်သူမှ မရှိတော့ပါဘူး။

"ဟန်ဟန် ငါ့ကို နောက်ထပ် ထားခဲ့တယ်"

ဟော့လျန်ချွင်ရွှယ်က မကျေမနပ်ဖြစ်နေတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။ သူမကို ကြည့်ရတာ တကယ်ပဲ ဒေါသထွက်နေပုံ ရပါတယ်။

လင်းဟန်က ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။ ဒီပင်လယ်မိန်းကလေးက အရင်ကဆို ရန်လိုပြီး အထက်စီးဆန်ကာ အရမ်းကို အနိုင်ကျင့်တတ်ပါတယ်။ ဒါပေမဲ့ အခုတော့ သူမက တကယ်ပဲ ခြေသုတ်ဖုံတစ်ခုနဲ့ တူပြီးတော့ အရင်နဲ့ အခု ကွာခြားချက်က အရမ်းကို ကြီးမားလွန်းပြီး သူကိုယ်တိုင်တောင်မှ မျက်စိလည်ရပါတယ်။

ဒီလိုမျိုး ဟော့လျန်ချွင်ရွှယ်နဲ့ မျက်နှာချင်းဆိုင်ရတာ သူ့အတွက်တော့ အရင်က အထက်စီးဆန်ပြီး အနိုင်ကျင့်တတ်တဲ့ သူမနဲ့ယှဉ်ရင် အရမ်းကို ခက်ခဲပါတယ်။

"ဒါမှ တကယ့်ကို ပြဿနာ အရှုပ်ထုပ်ကြီးပဲ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဟော့လျန်ချွင်ရွှယ်သာ သူမရဲ့ မှတ်ဉာဏ်တွေ ပြန်လည်ကောင်းမွန်လာတဲ့ အချိန်ရောက်ရင် သူတို့နှစ်ယောက် ဇာတ်လမ်းက ဘယ်လိုအဆုံးသတ် သွားမလဲ ဆိုတာကို သူတကယ်ပဲ မသိပါဘူး။

ဟော့လျန်ချွင်ရွှယ်က လင်းဟန်ရဲ့ အကျီစကို ဆုပ်ကိုင်ထားပြီး သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာပေါ်မှာ

ကျေနပ်တဲ့ အပြုံးတစ်ခု ပြုံးလိုက်သည်။

"တူးဖော်မဲ့သူတွေ တစ်ယောက်မှ မရှိတော့ဘူးဆိုတော့ ငါ့ဘာသာငါပဲ လုပ်ရတော့မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့မှာ လူတွေကို ကျွန်ပြုခိုင်းစေတတ်တဲ့ အကျင့်မျိုး မရှိပါဘူး။ ပြီးတော့ အလုပ်သမားတွေက ထွက်ပြေးသွားပြီ ဆိုမှတော့ သူ့အနေနဲ့ အဲဒီလူတွေကို လိုက်ဖမ်းပြီး အလုပ်ကို ဆက်လုပ်ခိုင်းဖို့ ဆန္ဒလည်း မရှိပါဘူး။

ဟူးညိုလည်း အနက်ရောင် မျှော်စင်ထဲကနေ ပြန်ပေါ်လာခဲ့ပါတယ်။ ဟူးညိုရဲ့ လက်သည်းတွေက အရမ်းကို ထက်မြက်ပြီး အဲဒီလက်သည်းတွေကို အသုံးပြုပြီးတော့ တူးတာထက် သူတို့မှာ ပိုပြီးတော့ ကောင်းတာမရှိပါဘူး။

အစောပိုင်းတုန်းက အလုပ်သမားတွေက ကျောက်တိုင်နဲ့ အရမ်းကို နီးနီးကပ်ကပ် မနေဝံ့ပဲ မီတာသုံးဆယ် အကွာကနေ တူးဖော်နေကြပြီး နက်ရှိုင်းတဲ့ တွင်းကြီးတစ်ခု ဖြစ်ပေါ်စေခဲ့ပါတယ်။ ဖန်းဝေချီက မျှော်လင့်ချက် ဆေဘာစားနဲ့ ပစ်လွှတ်ပြီး အဝေးကနေ ခုတ်ပိုင်းတာက

ကျောက်တိုင်ရဲ့ ထိပ်က ကျောက်တုံးတွေကို ပြတ်တောက်သွားစေတာကြောင့် တူးဖော်ရေး လုပ်ငန်းက အရမ်းကို နှေးကွေးသွားပါတယ်။

လင်းဟန်က အရှေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာလိုက်ပါတယ်။ ကျောက်တိုင်က အသက်ဝင်လာသလိုနဲ့ လျှပ်စီးအလင်းတွေက ရောယှက်လာခဲ့သည်။ ရုတ်တရက် ဆိုသလို လင်းဟန်ကို လျှပ်စီးအလင်းတစ်ခုနဲ့ ပစ်လွှတ်တိုက်ခိုက်လိုက်ပါတယ်။

ပုန်း။

လင်းဟန်က ချက်ချင်းဆိုသလို လွင့်ထွက်သွားခဲ့ပြီး သူ့ခန္ဓာကိုယ်ကနေ အမည်းရောင်မီးခိုးတွေ ထွက်ပေါ်လာပြီး သူ့အသားတွေ တော်တော်များများက လောင်ကျွမ်းသွားပုံ ရပါတယ်။

ဝင်းက တကယ့်ကို ထိတ်လန့်စရာ ကောင်းပါတယ်။ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ခြောက် ရှားပါးသတ္တဝါနဲ့ တူညီတဲ့ အဆင့်မှာ ရှိပါတယ်။ ဒါတောင်မှ လျှပ်စီးတစ်ချက်နဲ့ အမှန်တကယ် လောင်ကျွမ်းသွားစေခဲ့ပါတယ်။ လျှပ်စီးရဲ့ စွမ်းအားက

ဘယ်လိုမှ လျော့တွက်လို့ မရပါဘူး။

လင်းဟန်က ချက်ချင်းပဲ မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အသက်သွင်းလိုက်ပါတယ်။ တကယ်လို့ သူက လျှပ်စီးကို လျှပ်စီးနဲ့ ရင်ဆိုင်မယ်ဆိုရင် အဆုံးသတ်မှာ ဘာတွေဖြစ်သွားမလဲဆိုတာကို ကြည့်ရတာက အတော်လေးကို စိတ်ဝင်စားစရာ ကောင်းပါလိမ့်မယ်။

သူကနောက်တစ်ကြိမ် အရှေ့ကို တိုးလာလိုက်ပါတယ်။ ဂျစ် ဆိုတဲ့ အသံနဲ့အတူ နောက်ထပ် လျှပ်စီးအလင်း တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်က ၎င်း၏ အစွမ်းကို ထုတ်ဖော်ပြီးတော့ ကျောက်တိုင်ကနေ ပစ်လွှတ်လိုက်တဲ့ လျှပ်စီးကို ဟန့်တားလိုက် ပါတယ်။ ပြီးတော့ လျှပ်စီးတွေက တစ်ခုနဲ့တစ်ခု ရောသွားပြီးတော့ အရမ်းကို သိပ်သည်းထူထပ်တဲ့ အဖြူရောင် အလင်းတစ်ခု ဖြစ်ပေါ်စေပြီး ဒီမြင်ကွင်းက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ကြည့်ရတာ သူ့ကိုယ်တိုင် အသက်ဝင်လာပြီး တိုက်ခိုက်မှု ပညာရပ် တစ်ခုကို ထုတ်ဖော်ပြီးတော့ ကျောက်တိုင်နဲ့ တိုက်ခိုက်နေသလိုမျိုး

ဖြစ်နေပါတယ်။ ဒီအစွမ်းက လင်းဟန်ကိုယ်တိုင် ထုတ်ဖော်တဲ့ စွမ်းအားထက် အများကြီး သာလွန်ပြီး လိုဏ်ဂူတစ်ခုလုံး လျှပ်စီးတွေနဲ့ ပြည့်နှက်နေပါတယ်။ ဂျစ် ဂျစ် ဂျစ်။ လက်ရှိမှာ ကျားပွတ်တစ်ချောင်းနဲ့ တူပြီးတော့ လိုဏ်ဂူရဲ့ နံရံတွေ ရိုက်ခတ်နေပြီး နံရံတွေ အပေါ်မှာ နက်ရှိုင်းတဲ့ အက်ရာတွေ ကျန်ရစ်ခဲ့ ပါတယ်။

လိုဏ်ဂူတစ်ခုလုံး ပြိုကျတော့မဲ့အတိုင်း တုန်ခါလာခဲ့သည်။

"ပျော်စရာကြီး ခစ်ခစ်"

ဟူးညိုက ပျော်ရွှင်မြူးထူးစွာနဲ့ အော်ဟစ်ပြီး ပတ်ပြေးနေပါတယ်။

"နောက်ဆုတ်"

လင်းဟန် အလျင်အမြန် အော်ဟစ်လိုက်သည်။ သူက မိုးကြိုးလျှပ်စီး ချပ်ဂတ်အားကိုးနဲ့ ခုခံနိုင်တာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက အနက်ရောင် မျှော်စင်ထဲကို သေချာပေါက် ပြေးဝင်သွားပါလိမ့်မယ်။ ဟူးညိုက ထူးဆန်းပေမဲ့ သူမက ဒီလိုမျိုး လျှပ်စီးရဲ့ စွမ်းအားကို ခုခံနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း သူထင်မြင်ချက်တွေနဲ့ ဆန့်ကျင်စွာပဲ ဟူးညိုက လျှပ်စီးတွေရဲ့ အလယ်ကို ရောက်သွားပြီး ဘာမှလည်း ဖြစ်ပျက်မလာခဲ့ပါဘူး။ ဒါတင်မက သူမကို ကြည့်ရတာ လျှပ်စီးတွေရဲ့ အလယ်ဗဟိုချက် ဖြစ်သွားသလိုမျိုး သူမရဲ့ ခန္ဓာကိုယ်က အဆုံးမရှိတဲ့ ပုလင်းတစ်ခုလို လျှပ်စီးတွေကို အဆက်မပြတ် စုပ်ယူနေပါတယ်။

"လင်းဟန် ညိုးညိုး အရမ်းထူးဆန်းတယ်လို့ ခံစားရတယ်"

ဟူးညိုက ပြောလိုက်သည်။ သူမရဲ့ မျက်လုံးတွေထဲမှာ ထူးဆန်းတဲ့ စိတ်ကူးတည့်ရာ မြင်ကွင်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီမှာ ကြယ်တွေဥက္ကာပျံတွေ ကြွေကျလာတဲ့ မြင်ကွင်း၊ လက်ရွေးစင်တွေ သေဆုံးခြင်း၊ အဆုံးအစ အကန့်အသတ်မရှိတဲ့ ဖိအားတွေနဲ့အတူ သုခ၊ဒုက္ခတွေ ရောပြွမ်းနေတဲ့ လောကဓံ တရားတွေကို တွေ့မြင်နေရသည်။

ဟော့လျင်ချွင်ရွှယ်က တဆတ်ဆတ် တုန်နေသည်။ သူမက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ဆိုပေမဲ့ ဒီဖိအားကို တောင့်မခံနိုင်ပဲ မြေကြီးပေါ်ကို ကမန်းကတန်း ထိုင်ချလိုက်ပြီး အေးစက်တဲ့ချွေးတွေက မိုးရေတွေအလား

စီးကျလာခဲ့သည်။

လင်းဟန်လည်း ဒူးထောက်ကျလုနီးပါး ဖြစ်နေသည်။ ဒါပေမဲ့ သူရဲ့ဒန်တန်ထဲက အနက်ရောင် မျှော်စင်က အနည်းငယ် တုန်ခါလာပြီး အထွတ်အထိပ် တည်ရှိမှု တစ်ခုကို ထုတ်လွှတ်ပြီး ဟူးညီရဲ့ အတင်းအကျပ်ခိုင်းစေတဲ့ ဖိအားကို နှင်ထုတ်ပြီး သူ့ကို ပုံမှန်အခြေအနေကို ပြန်ဖြစ်စေ ခဲ့ပါတယ်။

"ဟူးညီ မြန်မြန် အဲဒီနေရာကနေ ထွက်လာခဲ့"

ဒီလျှပ်စီးတွေက ဟူးညီကို ထိခိုက်နာကျင်အောင် မလုပ်နိုင်ဘူး ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ ဟူးညီရဲ့ ပြောင်းလဲမှုကလည်း အရမ်းကို ထူးဆန်းနေပါတယ်။ နောက်ပြီးတော့ သူအမြဲတမ်းလိုလို စိုးရိမ်ပူပန်နေတဲ့ ဟူးညီရဲ့ ဒန်တန်ထဲက လူသားပုံစံ စိတ်ဝိညာဉ် အခြေခံက ရှင်သန်လာပြီးတော့ ဟူးညီကို ပူးကပ်သွားမှာ ကြောက်နေပါတယ်။

ကျောက်တိုင်နဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်က စူးရှတောက်ပနေပြီး ၎င်းတို့အပေါ်မှာရှိတဲ့ သွေးကြောပုံစံ အစီအရင်တွေက ဆက်ပြီးတော့ အားနည်းလာခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းမှာ လျှပ်စီးတွေ အားလုံး

ပျောက်ကွယ်သွားခဲ့ပြီး လိုဏ်ဂူတစ်ခုလုံး မည်းမှောင်သွားခဲ့ပြီး မီးတုတ်တွေ အားလုံးကလည်း လျှပ်စီးတွေကြောင့် ပျက်စီးသွားခဲ့ပါတယ်။

အမှောင်ထဲမှာ ဟူးညို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တောက်ပနေပြီး အံ့အားသင့်စရာကောင်းတဲ့ အရှိန်အဂါ တစ်ခုကို ထုတ်လွှတ်နေသည်။ အဲဒီအချိန်မှာ သူမက အစားအသောက်မက်တဲ့ ကလေးမလေး တစ်ယောက် မဟုတ်တော့ပါဘူး။ သူမက အမြင့်ဆုံးကောင်းကင်ဘုံကို ဖျက်ဆီးပြီး ငရဲပြည့်ရဲ့ အနက်ရှိုင်းဆုံးအထိ ထိုးဖောက်နိုင်တဲ့ အထွတ်အထိပ် လူတစ်ယောက် ပြန်လည်မွေးဖွား လာသလိုမျိုးနဲ့ တူနေပါတယ်။ အကယ်၍ အနက်ရောင် မျှော်စင်ရဲ့ ထောက်ပံ့ကူညီမှုသာ မရှိဘူးဆိုရင် လင်းဟန်အနေနဲ့ လက်ချောင်းလေး တစ်ချောင်းတောင် လှုပ်ရှားဖို့ ခွန်အားတောင် မရှိပဲ မြေကြီးပေါ်မှာ လဲနေရပါလိမ့်မယ်။

ဒါက ဘယ်လောက်တောင် ကြောက်ဖို့ကောင်းသလဲ ဆိုရင် ဟော့လျန်ချွင်ရွှယ်ကို ကြည့်လိုက်ရင် ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။ သူမက ဘောလုံးတစ်လုံးလို ကျုံ့ကျုံ့လေး ထိုင်နေပြီး သူမရဲ့ ခေါင်းကိုတောင်မှ မော့မကြည့်ပုံပါဘူး။

ခလွှမ်း။

လင်းဟန်ကိုယ်ပေါ်က မိုးကြိုးလျှပ်စီး ချပ်ဂတ်က အစိတ်စိတ် အပိုင်းပိုင်း ယိုယွင်းပျက်စီး သွားခဲ့သည်။ ချပ်ဂပ်အတွင်းက အဆီအနှစ်တွေက လုံးဂကို ပျောက်ကွယ်ပြီး အဆင့်တစ်ဆယ် ပစ္စည်းကနေ သံတိုသံစ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ကျောက်တိုင်ကလည်း ပြင်းပြင်းထန်ထန် ထိခိုက်ခံစားသွားရပုံ ပေါ်ပြီးတော့ ၎င်း၏ လျှပ်စီး စွမ်းအင်ကလည်း အရမ်းကို အားနည်းလာခဲ့သည်။

ဟူးညိုက သတိလစ်မေ့မျောလျက်နဲ့ မြေကြီးပေါ်ကို တည့်တည့်မတ်မတ် ပြုတ်ကျလာခဲ့သည်။

လင်းဟန်က အလျင်အမြန် ပြေးသွားပြီး ဟူးညိုကို လက်နဲ့ဆီးဖမ်းပြီး သူမရဲ့ အရှိန်အဟုန်ကို အာရုံခံလိုက်သည်။ ကံကောင်းတာက သူမက သတိလစ် မေ့မျောနေတာပဲ ရှိပြီးတော့ သူမရဲ့ ခန္ဓာကိုယ်က လုပ်ဆောင်ချက်တွေ အားလုံးက ထိခိုက်ပျက်စီးမှု လုံးဂကို မရှိပါဘူး။

ဒီမိန်းကလေးက ဘယ်နေရာကနေ လာခဲ့တာများလဲ။

လင်းဟန်က သက်ပြင်းချလိုက်ပြီး သူရဲ့သိချင်စိတ်တွေကို ထိန်းထားလိုက်ပြီး ဟူးညိုကို အနက်ရောင် မျှော်စင်ထဲမှာ နေရာချထားပေးလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က မတ်တတ်ထရပ်လိုက်ပါတယ်။ သူမရဲ့ အကြည့်တွေက အတော်လေးကို ဇဝေဇဝါ ဖြစ်နေပုံ ရပြီးတော့ သူမရဲ့ အသိစိတ်တွေ လွတ်သွားသလိုမျိုးနဲ့ ကျောက်တိုင်ဆီကို လမ်းလျှောက်သွားနေပါတယ်။ သူမရဲ့စိတ်က အခုတော်တော်လေးကို မရှင်းမလင်း ဖြစ်နေပြီး ကျောက်တိုင်ရဲ့ တစ်စိတ်တစ်ပိုင်းကို ဖိကပ်ဖို့ သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ လက်တွေကိုဆန့်ထုတ် လိုက်ပါတယ်။

"မင်းလည်း ရူးသွားပြီလား"

လင်းဟန်က အလျင်အမြန်နဲ့ လှသားခနဲ ခုန်လိုက်ပြီး သူမကို အနောက်ကနေ ဆွဲဖို့ကြိုးစား လိုက်ပါတယ်။ ဒါပေမဲ့ ဒီမိန်းကလေးရဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူ့အနေနဲ့ သူမကို နောက်ကိုပြန်မဆွဲ နိုင်ခဲ့ပါဘူး။

ဟော့လျန်ချွင်ရှယ်ရဲ့ လက်က ကျောက်တိုင်ပေါ်ကို ဖိကပ်သွားခဲ့ပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလို လင်းဟန်တစ်ယောက်ပဲ အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ မှတ်ဉာဏ် တစ်ခုကို ခံစားလိုက်ရပြီး အရမ်းကို ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်လာခဲ့ပါတယ်။ သိုင်းပညာရှင် တစ်ယောက်ရဲ့ ရုပ်ခန္ဓာက လျှပ်စီးအဖြစ်ကို ပြောင်းလဲသွားပြီး ကောင်းကင်ထဲမှာ ပြင်းပြင်းထန်ထန် တိုက်ပွဲဆင်နွှဲနေပါတယ်။

သူက တကယ့်ကို အစွမ်းထက်ပြီး ဘယ်အချိန်မှာပဲဖြစ်ဖြစ် တိုက်ခိုက်မှုတစ်ခုက သူ့ဆီကို ရောက်လာတဲ့ အခါမှာ သူရဲ့ လျှပ်စီးခန္ဓာကုယ်က တိုက်ခိုက်မှုတွေကို ရှောင်တိမ်းလိုက်ပြီး လက်သီးတွေ ထိုးလိုက်တဲ့ အချိန်မှာ လျှပ်စီးရဲ့ စွမ်းအားက ထွက်ပေါ်လာပြီး အရာအားလုံးကို အမြစ်ဖြုတ် သုတ်သင်ပစ်လိုက်ပါတယ်။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု။

အစတုန်းကတော့ ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားက လျှပ်စီးအစွမ်းတွေရဲ့ ကာကွယ်ပေးမှုကို ခံထားရပြီး အရမ်းကို လွယ်လွယ်ကူကူနဲ့ သင်ယူလေ့လာလို့

မရနိုင်ပါဘူး။ ဒါပေမဲ့ လျှပ်စီးမိုးကြိုး ချပ်ဂတ်နဲ့ ကျောက်တိုင်တို့က အပြန်အလှန် တုံ့ပြန်မှုတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် ဟူးညိုက အမှတ်မထင် ဂင်သွားပြီး လျှပ်စီးစွမ်းအား ပမာဏ အကြီးကြီးကို စုပ်ယူခဲ့ပြီး ကျောက်တိုင်ကလည်း ၎င်း၏ကာကွယ်မှု ဆုံးရှုံးသွားခဲ့ပြီး လျှို့ဝှက်ဆန်းကြယ် စွမ်အား အမွေအနှစ်ကို လွယ်လွယ်ကူကူနဲ့ ဆက်ခံနိုင်ခဲ့ပါတယ်။

လင်းဟန်ရဲ့ အသိဉာဏ်ထဲမှာ ပုံစံတွေက တောက်ပနေပါတယ်။ သူကအခု ဟော့လန်ရှျင်ရွှယ်နဲ့ ပွေ့ဖက်ထားတာကြောင့် ဒီမိုးထစ်ချုန်း ကိုးခုမြောက်ကောင်းကင်ဘုံရဲ့ အမွေအနှစ်က သူတို့နှစ်ယောက်စလုံး အပေါ်မှာ ကျရောက်နေပါတယ်။

ခန္ဓာကိုယ်ကို လျှပ်စီးအဖြစ် ပြောင်းလဲပြီး အချိန်တွေ အားလုံးကို ဖျက်စီးပစ်ခြင်း။

ဂျစ် ဂျစ် ဂျစ်။

သူတို့ခန္ဓာကိုယ် အပေါ်မှာ ကျန်ရှိနေတဲ့ လျှပ်စီးစွမ်းအင်တွေက လိမ်ယှက်နေပြီး သူတို့ရဲ့ အဂတ်အစားတွေကို ပြာကျသွားစေခဲ့သည်။

သူတို့ခန္ဓာကိုယ်တွေက တစ်ခုနဲ့တစ်ခု ရစ်ပတ်ငြိတွယ်နေပြီး တစ်ခုတည်းအဖြစ် အရည်ပျော်သွားပါတယ်။

လျို့ဝှက်ဆန်းကြယ် စွမ်းအားမှတ်ဉာဏ်ရဲ့ အကျိုးသက်ရောက်မှုကြောင့် လင်းဟန်လည်း တွေဝေမှုးနောက် နေခဲ့သည်။ သူက ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်နေပြီး သူကိုယ်တိုင်က နဂါးသူရဲကောင်းတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး ဂနာမငြိမ် ဖြစ်နေတဲ့ နဂါးတစ်ကောင်ကို ဖိနှိပ်ထိန်းချုပ်ဖို့ ကြိုးစားတိုက်ခိုက်နေသည်။

နောက်ဆုံးမှာ သူကအနိုင်ရသွားပြီး နဂါးအပေါ်မှာ စီးနင်းပြီးတော့ အရှိန်အဟုန် တစ်ခုတည်းကပဲ ခံစားချက်က အရမ်းကို ကောင်းလွန်းနေပါတယ်။

မျက်စိတွေ ပြာသွားပြီး မောပန်းနွမ်းနယ်မှုကြောင့် သူကအိပ်မောကျသွားခဲ့သည်။ သူရဲ့အသိဉာဏ်ထဲက အဆုံးမရှိ လျှပ်စီးတွေက လျှပ်စီးသင်္ကေတတွေ အဖြစ်ကို ပြောင်းလဲသွားပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံရဲ့ အနှစ်သာရတွေ ဖြစ်သွားခဲ့ပါတယ်။

Chapter 596 end

အပိုင်း(၅၉၇) ပင်လယ်မိန်းကလေး ပျောက်သွားပြီ

လင်းဟန် နိုးလာတဲ့ အခါမှာ အရမ်းကို လန်းဆန်းပြီး ပေါ့ပါးနေသလို ခံစားရသည်။

သူက အိပ်ယာထလိုက်ပေမဲ့ အံ့အားသင့်သွားပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်မှာ အဂတ်အစား နည်းနည်းလေးမှတောင် ကပ်မနေပဲ ကိုယ်လုံးတီး ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ သူက အလျှင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကနေ အဂတ်အစားတွေ ထုတ်ယူပြီးတော့ ဂတ်ဆင်လိုက် ပါတယ်။ သူမှတ်မိတာက လျှပ်စီးအလင်းတန်းတွေ ရောယှက်ဖြစ်ပေါ်နေပြီး သူ့ခန္ဓာကိုယ်ပေါ်က အဂတ်အစားတွေက အပိုင်းပိုင်း ပြတ်သွားတယ်လို့ ပြောရပါလိမ့်မယ်။

နောက်ပြီးတော့ မိုးကြိုးလျှပ်စီး ချပ်ဂတ်လည်း ပျက်စီးသွားခဲ့ပါတယ်။

သူ့အနေနဲ့ စိတ်ထဲမှာ ကျိတ်ပြီးတော့ ငိုကြွေးနေရပါတယ်။ ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းဖြစ်ပါတယ်။ ဒီချပ်ဂတ်က ထိခိုက်ပျက်စီးနေတယ် ဆိုပေမဲ့ တန်ဖိုးကြီးတဲ့ ရတနာတစ်ခု ဖြစ်နေဆဲပါပဲ။

"ဟင် ဟိုင်ညို့ ဘယ်ရောက်သွားလဲ"

လင်းဟန်က ပတ်ဂန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်ပြီးတော့ ရှာလိုက်ပေမဲ့ ဒီမိန်းကလေးကို ရှာမတွေ့နိုင်အောင် ဖြစ်နေပါတယ်။ ဘယ်လောက်ထူးဆန်းလိုက်သလဲ။ ဒီမိန်းကလေးက တစ်နေကုန် သူ့ကိုပဲ ဖက်တွယ်ထားပေမဲ့ သူမကပျောက်ကွယ်သွားတဲ့ အချိန်လည်း တကယ်ရှိနေတာပဲ။

သူမက ဘယ်ကိုများ ထွက်ပြေးသွားပါလိမ့်။

လင်းဟန်က ဟူးညို့နဲ့ ကျူးရွှမ်အာကို အနက်ရောင် မျှော်စင်အထဲကနေ ဆင့်ခေါ်လိုက်သည်။ ဟူးညို့က အတော်လေးကို ထူးဆန်းတယ်လို့ ပြောရပါမယ်။ သူမက အချိန်အနည်းငယ် အိပ်ပျော်ပြီး နိုးထလာတဲ့ အခါမှာ ဘာမှဖြစ်ပျက်သွားတာမျိုး မရှိတဲ့ပုံစံ ဖြစ်နေပါတယ်။

"ဟူးညို့ အရင်ကနဲ့ မတူတဲ့ တစ်ခုခု ဖြစ်နေတာမျိုး ခံစားရလား"

လင်းဟန်က မေးလိုက်သည်။

ဟူးညို့က သူမခေါင်းကို ကုတ်ပြီးတော့ ခဏမျှ စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

"ညိုးညိုး အခု ဒါကိုတော့ သိတယ်"

သူမရဲ့ ညာဘက်လက်ကို မြှောက်လိုက်တာနဲ့ ဂျစ်ဆိုတဲ့ အသံနဲ့အတူ လျှပ်စီးအလင်း တစ်ခုက ထွက်ပေါ်လာပြီး တောင်ရဲ့နံရံကို ထိမှန်ကာ ကြီးမားတဲ့ အပေါက်ကြီးတစ်ခု ချက်ချင်းပဲ ဖြစ်ပေါ်လာခဲ့သည်။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ လျှို့ဝှက်ဆန်းကြယ် စွမ်းအားလား။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အမွေအနှစ်ပဲ လက်ခံရရှိခဲ့ပေမဲ့ ဒီကလေးမကတော့ အဲဒါကို အမှန်တကယ်ပဲ အသုံးပြုနေနိုင်ပါပြီလား။ ဘာပဲဖြစ်ဖြစ် ဒီကလေးမက တကယ့်ကို ထူးဆန်းလွန်းပါတယ်။ ဒါပေမဲ့ သူမအဆင်ပြေနေ သရွေ့ကတော့ အားလုံးကောင်းပါတယ်။

လင်းဟန်က ကျောက်တိုင်ဆီကို နောက်တစ်ကြိမ် သွားကြည့်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီကျောက်တိုင်က ဆယ်ပိုင်းလောက် ကျိုးပဲ့ပျက်စီးသွားပြီး အဲဒီအပေါ်က သင်္ကေတတွေလည်း မှေးမှိန်ပြီး ပျောက်ကွယ်နေတာကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့လက်ကို အဲဒီအပေါ် ဖိကပ်လိုက်ပါတယ်။ ဒါပေမဲ့ ကျိုးပဲ့ပျက်စီးနေတဲ့ ကျောက်တုံးက ချက်ချင်းဆိုသလို တစ်စစီ ဖြစ်ပြီးတော့ အမှုန့်တွေအဖြစ် ပြောင်းလဲသွားခဲ့သည်။

အမွေအနှစ်က သူနဲ့ ဟော့လျန်ချွင်ရှယ်တို့ ရရှိသွားတာကြောင့် ပျောက်ကွယ်သွားခဲ့ပါပြီ။ တခြားလူတွေ အနေနဲ့ ဒီအံ့ဩစရာ နည်းစနစ်ကို ရရှိဖို့ အခွင့်အရေး လုံးဝကို ရှိလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ လင်းဟန်က အဲဒီပညာကို တခြားလူတွေဆီ လွှဲပြောင်းပေးချင်တယ် ဆိုရင်တော့ သူ့အနေနဲ့ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို အဆုံးတိုင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တဲ့အထိ ကျင့်ကြံပြီးမှ ဖြစ်လာပါလိမ့်မယ်။ အခုတော့ သူ့အနေနဲ့ အဲဒီစွမ်းအားကို ပုံစံတူ မပွားနိုင် သေးပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူ့မှာ စာလုံးပုံစံ နှုတ်တိုက်ရွတ်လို့ရမဲ့ သင်္ကေတမျိုး ရှိမနေပဲ သူကသန့်စင်တဲ့ တာအိုနည်းလမ်းကိုပဲ ရရှိခဲ့ပါတယ်။

"ထူးဆန်းတယ် ဘာဖြစ်လို့ ဟိုင်ညိုးက ပြန်မလာတာလဲ"

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်ပါတယ်။ အဲဒီနောက် သူကကျယ်လောင်စွာ အော်ဟစ်ခေါ် လိုက်သည်။ ပဲ့တင်သံတွေက နေရာအနှံ့အပြားကို ရောက်ရှိသွားပေမဲ့ ဒီပင်လယ်မိန်းကလေးရဲ့ အရိပ်အယောင်ကို မတွေ့မြင်ရပါဘူး။

သူတို့သုံးယောက်က ဟော့လျန်ချွင်ရွှယ်ကို လိုက်လံရှာဖွေကြပြီး သူမကို ဘယ်နေရာမှာမှ ရှာမတွေ့ပါဘူး။ ဒီရလဒ်က ဟူးညိုကို အရမ်းကို ပျော်ရွှင်သွားစေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမက ဟော့လျန်ချွင်ရွှယ်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်လိုက်တိုင်း ဘယ်တော့မှ အသာစီး မရလို့ပဲ ဖြစ်ပါတယ်။ အခုတော့ အဲဒီအမျိုးသမီး ပျောက်သွားပါပြီ။ သူမအနေနဲ့ အောင်ပွဲခံဖို့ မစောင့်နိုင်အောင် ဖြစ်နေပါတယ်။

ဟော့လျန်ချွင်ရွှယ်ကိုတော့ ရှာမတွေ့ပါဘူး။ ဒါပေမဲ့ ရွှေရောင်လှေကတော့ တခြားအကြောင်းအရာ တစ်ခုဖြစ်ပါတယ်။ ဒီရွှေရောင်လှေကို ဘာနဲ့ပြုလုပ်ထားတယ် ဆိုတာကို မသိပါဘူး။ ၎င်းက ဆယ်မီတာရှည်ပြီး သုံးမီတာခန့်

ကျယ်ပါတယ်။ အရမ်းကို ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားပြီး တိုက်လေ့လို့ ခေါ်ဖို့ထက် အင်ပါယာ အိမ်တော်ရွှေ့ပြောင်းတယ်လို့ ရိုးရိုးလေး သတ်မှတ်လို့ ရပါတယ်။

လှေပေါ်မှာ မူလစွမ်းအင် ပုံဆောင်ခဲသုံး အမြောက်တစ်လက်ကို တပ်ဆင်ထားပါတယ်။ အဲဒီအမြောက်ကို ဖိနှိပ်လိုက်တာနဲ့ မူလစွမ်းအင် ပုံဆောင်ခဲ အတွင်းက စွမ်းအင်တွေကို ပစ်လွှတ်လို့ ရပြီးတော့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားက အံ့အားသင့်စရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း မူလစွမ်းအင်တွေ လောင်ကျွမ်းမှုကလည်း မနက်ဖြန်အတွက် ဘာမှမကျန်အောင် ကုန်ဆုံးနိုင်ပါတယ်။ မူလစွမ်းအင် ပုံဆောင်ခဲကို အသုံးပြု တိုက်ခိုက်မှုက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ အကန့်အသတ်နဲ့ ညီမျှပါတယ်။

လင်းဟန်က အချိန်အနည်းငယ် လေ့လာပြီးတဲ့နောက်မှာတော့ မကြာခင်မှာပဲ ဒီလှေကို ဘယ်လိုမျိုး အသုံးပြုရလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့သည်။ သူရဲ့နတ်ဘုရား အာရုံကို လှေဦးအပေါ်က ခရစ်စတယ်တုံးထဲကို ထည့်သွင်းလိုက်တာနဲ့ လှေကိုစိတ်ကြိုက် မောင်းနှင်ထိန်းချုပ်နိုင်ပြီး မူလစွမ်းအင်

ပုံဆောင်ခဲရဲ့ စွမ်းအားပေါ်မှာ မူတည်ပြီး ရွက်လွင့်ပျံသန်းနိုင်ပါတယ်။

"ပစ္စည်းကောင်းတစ်ခု ဆိုပေမဲ့ မူလစွမ်းအင် ပုံဆောင်ခဲအများကြီးကို လောင်ကျွမ်းစေတာပဲ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒီပစ္စည်းနဲ့ဆိုရင် သူ့အနေနဲ့ ခရီးတစ်ခုထွက်ဖို့ မြင်းလှည်းတောင် မလိုတော့ပါဘူး။ ပြီးတော့ ဒီလှေက အရမ်းကို လျင်မြန်ပါတယ်။

"မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို အပျက်စီးခံပြီးတော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုနဲ့ ဒီရတနာပစ္စည်းတစ်ခုပေါင်းပြီး အလဲအလှယ် လုပ်ရတာ အရှုံးတော့ မရှိပါဘူး"

လင်းဟန်က ပြောလိုက်ပေမဲ့ အတော်လေးကို မချိတင်ကဲ ခံစားနေဆဲပါပဲ။ မိုးကြိုးလျှပ်စီး ချပ်ဂတ်က အတော်လေးကို အသုံးဝင်ပါတယ်။

"ဟိုအရူးမလေးက သူဘာသာသူ ထွက်ပြေးသွားတာများလား"

သူတို့သုံးယောက်က လိုဏ်ဂူထဲကနေ ထွက်လာပြီး နောက်တစ်ကြိမ် ရှာဖွေလိုက်ကြပေမဲ့ ပျောက်လျန်ချင်ရွှယ်ရဲ့ အရိပ်အယောင်ကို နည်းနည်းလေးမှ ရှာမတွေ့ခဲ့ကြပါဘူး။

"ဒီနေရာမှာ ငါတို့သုံးရက် ထပ်ပြီးတော့နေမယ်။ တကယ်လို့ ငါတို့ သုံးရက်အတွင်းမှာ ဒီအရူးမလေးကို မတွေ့ဘူးဆိုရင် ထွက်သွားကြတာပေါ့"

လင်းဟာန်က ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။

ဒီသုံးရက်ကို အလကား အချိန်သက်သက် မဖြုန်းပစ်ပါဘူး။ လင်းဟာန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို စတင်ကျင့်ကြံလိုက်သည်။ သူ၏အသိစိတ်ထဲမှာ အဆုံးအစမရှိ သင်္ကေတတွေ လည်ပတ်နေပြီး သူရဲ့နားလည်သဘောပေါက်နိုင်စွမ်း အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။ ဒါပေမဲ့လည်း ၎င်းကို စာလုံးတွေအဖြစ် ရေးသားလို့ မရပဲ သူတို့ရဲ့ အဆင့်ထက် သာလွန်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေရဲ့ အမွေအနှစ်တွေက စကားလုံးနဲ့ ဖော်ပြလို့ မရပါဘူး။ မှသားမဲ့ မျက်လုံးဆိုရင်

မျက်လုံးအိမ် တစ်ခုအထဲမှာ ရှိပါတယ်။ ကြယ်နဂါး အမြစ်ဖြုတ်မြားဆိုရင် ရုပ်တု တစ်ခုအထဲမှာ ရှိပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကတော့ ကျောက်တိုင်ရဲ့ အထဲမှာ တည်ရှိကြသည်။

အချိန်သုံးရက်ကား မျက်စိတစ်မှိတ် အတွင်းမှာ ကုန်လွန်သွားခဲ့သည်။ လင်းဟန်က သူ့ရဲ့ညာဘက် လက်ကိုမြှောက်လိုက်တာနဲ့ လျှပ်စီးအလင်းတွေ တောက်ပလာပြီး ဂျစ်ဂျစ်ဂျစ် အသံတွေ မြည်လာခဲ့ပါတယ်။

"စိတ်မကောင်းစရာက ငါ့မှာ လျှပ်စီးစိတ်ဂိညာဉ် အခြေခံ မရှိဘူး။ တကယ်လို့သာ ရှိမယ်ဆိုရင် မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံနဲ့ ပေါင်းလိုက်ရင် အစွမ်းက အနည်းငယ် ပိုပြီးတော့ ထက်လာလိမ့်မယ်"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ သက်ပြင်းချလိုက်သည်။ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားက တကယ့်ကို ထူးခြားပြီး သူ့အနေနဲ့ မတောက်တခေါက် တီးခေါက်မိတာတောင်မှ လျှပ်စီးကို ပစ်လွှတ်နိုင်ပါတယ်။

အတိုင်းအတာ တစ်ခုအထိ ကျင့်ကြံပြီးရင်တော့ သူ့အနေနဲ့ သူ့ခန္ဓာကိုယ်ကို လျှပ်စီးတန်းအဖြစ် ပြောင်းလဲပစ်ပြီး

စွမ်းအားတွေရဲ့ အကျိုးသက်ရောက်မှုကို ရှောင်တိမ်းနိုင်ရုံတင်မက အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းလည်း ရရှိပါလိမ့်မယ်။

တိုက်ခိုက်မှု အားလုံးကို ရှောင်တိမ်းနိုင်မှာ မဟုတ်ပေမဲ့ ဒါကအရမ်းကိုသန့်စင်တဲ့ စွမ်းအားပဲ ဖြစ်ပါတယ်။ ဒါကဘာဖြစ်လို့လဲဆိုရင် အင်အားစု တစ်ခုက ဘယ်လောက်ပဲ သန်မာပါစေ လျှပ်စီးကြောင့် ဒဏ်ရာမရဖို့ဆိုတာက ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါပေမဲ့လည်း မီးတောက်တွေ၊ မြူခိုးနဲ့ တခြားဒြပ်စင် တိုက်ခိုက်မှုတွေက လျှပ်စီးခန္ဓာကိုယ် တစ်ခုကို ခြိမ်းခြောက်နိုင်ပါတယ်။

ဘယ်လိုမျိုး ထိခိုက်ပျက်စီးမှု ဖြစ်နိုင်မလဲ ဆိုတာကတော့ နှစ်ဖက်စလုံးရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်ရှိတယ် ဆိုတာကို နှိုင်းယှဉ်ရမဲ့ အချက်ပေါ်မှာပဲ မူတည်ပါလိမ့်မယ်။

"မိုးကြိုးလျှပ်စီး ချပ်ဂတ်ကို ဆုံးရှုံးပြီးတော့ လျှပ်စီးခန္ဓာကိုယ်ကို ရရှိတယ်ဆိုပေမဲ့ အချိန်တိုတို အတွင်းမှာတော့ ဒါက အရှုံးတစ်ခုပဲ။ ဒါပေမဲ့ ရေရှည်ကို ကြည့်မယ်ဆိုရင်တော့ ဒါက အရမ်းကို မိုက်ပါတယ်။ ချပ်ဂတ်ဆိုတာက တကယ်တော့ အပြင်ဘက်က ခုခံတဲ့ ပစ္စည်းတစ်ခုပဲ ဖြစ်ပြီးတော့ ပျက်စီးနိုင်သလို

သူရဲ့အစွမ်းကိုလည်း အပြည့်အဝ ထုတ်ဖော်နိုင်ခြင်း မရှိဘူး"

"ဒါပေမဲ့လည်း ငါ့ရဲ့ခန္ဓာကိုယ်ကို လျှပ်စီးကြောင်းအဖြစ် ပြောင်းလဲလို့မရခင်တော့ အချိန်အကြာကြီး စောင့်ရဦးမှာပဲ"

လင်းဟန်က သူရဲ့ခေါင်းကို ခါပြီးတော့ မတ်တတ်ထရပ်လိုက်သည်။ အချိန်သုံးရက်က ကုန်လွန်သွားပေမဲ့ ဟော့လျန်ချွင်ရှယ်ရဲ့ အရိပ်အယောင်ကို လုံးဝကို မမြင်ရသေးပါဘူး။ သူမကို ကြည့်ရတာ တကယ်ပဲ ပျောက်ကွယ်သွားပုံ ရပါတယ်။

"ထူးဆန်းတယ်။ ဒီအရူးမလေးရဲ့ မှတ်ဉာဏ်တွေက ပြန်ကောင်းသွားတာများလား"

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်သည်။

"မဟုတ်သေးပါဘူး။ တကယ်လို့ သူမရဲ့ မှတ်ဉာဏ်တွေ ပြန်ကောင်းလာတယ် ဆိုရင် သူမက ဘာဖြစ်လို့ ငါ့ကိုလွှတ်ပေးရတာလဲ။ တခြားကိစ္စတွေက အသာထားဦး။ ဒီရက်တွေ အတွင်းမှာ သူမက သေချာပေါက် ငါ့ဆီမှာ သက်ရှိတွေကို ထည့်သိမ်းနိုင်တဲ့ ရတနာတစ်ခု ရှိတယ် ဆိုတာကို သေချာပေါက် သိနေမှာပဲ။ နောက်ပြီးတော့ သူမက

ကျိန်စာများရဲ့ ပုလင်းကိုလည်း မလိုချင်တော့ဘူးလား”

“ထူးဆန်းတယ်။ အရှူးမိန်းကလေးတွေရဲ့ အတွေးတွေက သာမန်လူတွေလို ခန့်မှန်းလို့ မရနိုင်ဘူး”

ကမ္ဘာကြီးက အရမ်းကို ကြီးမားပြီး တကယ်လို့ တစ်စုံတစ်ယောက်က ပုန်းအောင်းချင်တယ် ဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူတို့က ရှာတွေ့နိုင်မှာလဲ။ လင်းဟန်ကလည်း သူနဲ့ဟော့လျန်ချွင်ရွှယ်တို့ နှစ်ယောက်လုံး လျို့ပှက်ဆန်းကြယ်စွမ်းအားရဲ့ အမွေအနှစ်ကို အတူတကွ လက်ခံရရှိပြီး သူတို့က မှတ်ဉာဏ်ပမာဏ အများကြီးကို လက်ခံပြီးတာနဲ့ နှစ်ယောက်စလုံး သတိလစ် မေ့မျောသွားတယ် ဆိုတာကိုပဲ သိပါတယ်။

ဟော့လျန်ချွင်ရွှယ်က အရင်ဆုံး နိုးထလာခဲ့တာ ဖြစ်နိုင်ပေမဲ့ ဒီမိန်းကလေး ထွက်သွားဖို့ ရွေးချယ်လိုက်ပါတယ်။ တကယ်လို့ သူတို့က ရန်သူတွေဆိုရင် ဘာဖြစ်လို့ သူမက သူ့ကို သတ်ပြီးတော့မှ ထွက်မသွားတာလဲ။

“ဘာပဲဖြစ်ဖြစ် ဒီအတိုင်းပဲ ထားလိုက်ပါတော့လေ။ သူမက ဘယ်လိုပဲဖြစ်ဖြစ် ရန်သူ တစ်ယောက်ပဲ။ ဒါကြောင့်

သူမထွက်သွားတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်”

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်သည်။ ဒါပေမဲ့လည်း လူဆိုတာက အချိန်တစ်ခု ကြာအောင် အတူတကွ သွားလာနေထိုင်ပြီးတဲ့ နောက်မှာတော့ သူ့ရဲ့အကျီတွေကို တစ်ချိန်လုံး ဆုပ်ကိုင်ထားတဲ့ တစ်စုံတစ်ယောက် ရုတ်တရက် ပျောက်ကွယ်သွားတဲ့ အခါမှာ သူ့အတွက် အတော်လေး နေမထိ ထိုင်မသာ ဖြစ်နေတာ မဆန်းပါဘူး။

သူတို့က ရွှေလှေပေါ်ကို တက်လိုက်ကြပါတယ်။ လင်းဟန်က ရွက်လွှင့်လိုက်တာနဲ့ ချက်ချင်းပဲ လေပေါ်ကို ပျံတက်သွားပြီး အရမ်းကို အံ့အားသင့်စရာ ကောင်းလောက်တဲ့ အမြန်နှုန်းနဲ့ ပျံသန်းသွားပါတယ်။

အပြင်လူ တစ်ယောက်ကနေ အရှိအတိုင်း ကြည့်မယ်ဆိုရင် ဒီလှေက လျင်မြန်စွာနဲ့ သွားလာလှုပ်ရှားနိုင်ဖို့ တည်ဆောက်ထားတဲ့ လှေတစ်စီး ဖြစ်ပါတယ်။ ဒါပေမဲ့ အထဲကနေ သေချာကြည့်မယ်ဆိုရင်တော့ အမြင်တွေက လုံးဝကို ကွာခြားသွားပါလိမ့်မယ်။ ဒါက အရမ်းကို ထူးခြားဆန်းကြယ်ပါတယ်။ သူတို့သုံးယောက်က အံ့သြမှုတွေနဲ့ ပြည့်နှက်နေပေမဲ့ သိပ်မကြာခင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီး စားလိုက်အိပ်လိုက်နဲ့ နေသားတကျ

ဖြစ်သွားကြပါတယ်။

တစ်နေရာ အရောက်မှာ ဟူးညို့က ရုတ်တရက် လက်ခုပ်တီးပြီးတော့ ပျော်ရွှင်မြူးထူးစွာနဲ့ ပြောလိုက်ပါတယ်။

"ဟာဟိုမှာ မြွေကြီးတစ်ကောင်"

လင်းဟန်က ခေါင်းကိုလှည့်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ ရေကန်ရဲ့အောက်ကနေ ရုတ်တရက် မြင့်တက်လာတဲ့ ရောမ သတ္တဝါကြီး တစ်ကောင်ကို မြင်လိုက်ရပါတယ်။ ၎င်းရဲ့အစိတ်အပိုင်း တစ်ခုက တောင်ကြီးတစ်လုံးရဲ့ အရွယ်အစားနဲ့ တူပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ကြီးမားပြီး လှေရဲ့အထဲမှာ နေနေပေမဲ့ လင်းဟန်က ထိတ်လန့်စရာ ကောင်းတဲ့ ဖိအားကို ခံစားနေရပြီး ကျူးရှမ်အာကတော့ ခွန်အားမရှိတော့သလို အားနည်းပြီး သူ့ရဲ့ရင်ခွင်ထဲမှာ မှီနေပါတယ်။

ဒါနစ်ပေါင်းတစ်ထောင် ရေနဂါးကြီးပဲ။

"ပြေးကြတာပေ့ါ။ ဒီကောင်ကြီးက ကောင်းကင်အဆင့်မှာ မဟုတ်ဘူး။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်နေမှာကို ငါကြောက်နေမိတယ်"

လင်းဟန်က အလျင်အမြန်ပဲ လှေရဲ့အရှိန်အဟုန်ကို မြှင့်တင်လိုက်သည်။

Chapter 597 end

အပိုင်း(၅၉၈) ဆေးဘာဓားဘုရင်လေး ရောက်လာခြင်း

ကံကောင်းတာက ဒီရောမ ရေနဂါးကြီးက တကယ်တမ်းကျ သူတို့ကို ဂရုတောင် မစိုက်ပဲ သူ့ကိုယ်သူ ရေကန်ထဲကို ပြန်ပြီးတော့ ဂင်သွားခဲ့ပါတယ်။ ဒီတောင်ကြီးတစ်လုံးနဲ့ တူတဲ့ ပုံစံကြီးက ဘယ်နေရာကနေမဆို တွေ့မြင်နိုင်ပါတယ်။

လင်းဟန်က အခုမှ စိတ်သက်သာရာ ရသွားခဲ့သည်။ တကယ်လို့ သူတို့ကို ဒီသားရဲကောင်ကြီးက ပစ်မှတ်ထားမယ်ဆိုရင် ရွှေလှေကလည်း သေချာပေါက် လုံခြုံမှုကို ပေးနိုင်မှာ မဟုတ်ပဲ သူတို့က ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဂင်ပုန်းနေရပါလိမ့်မယ်။

ရွှေရောင်လှေကြီးက မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားခဲ့သည်။ ခုနစ်ရက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က ရောမ ကန်ကြီးကနေ ထွက်လာနိုင်ခဲ့သည်။

"အလယ်ပိုင်း ဒေသက ကျန်တဲ့ ဒေသလေးခုထက် အများကြီး ကြီးမားကျယ်ပြန့်တာပဲ"

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။ ယခင်ဘဝတုန်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီး တစ်ခုလုံးက ပြီးပြည့်စုံတဲ့ ဒေသကြီး တစ်ခု ဖြစ်ပါတယ်။ အခုတော့ အရင်ကနဲ့ မတူတော့ပဲ နယ်မြေဒေသတွေ ပိုင်းခြားထားလိုက်တဲ့ အခါမှာ လက်ရွေးစင်တွေအတွက် ထိတွေ့ဆက်သွယ်ဖို့ ခက်ခဲသွားခဲ့သည်။

"ဟုတ်တယ်။ လူတွေပြောကြတာတော့ တခြားနယ်မြေဒေသကြီး လေးခုပေါင်းလိုက်မှ အလယ်ပိုင်း ဒေသကို အရွယ်အစားမှာ ယှဉ်ပြိုင်နိုင်လိမ့်မယ်တဲ့"

ကျူးရှမ်အာက ပြောလိုက်သည်။

ဟူးညိုက လင်းဟန်ရဲ့ ရင်ခွင်ထဲမှာ မှီထိုင်နေပြီးတော့ ပြဿနာလည်းမလုပ်သလို အစားအသောက်ကိုလည်း မမက်ပဲ နေတာက အရမ်းကို ရှားပါးလွန်းတဲ့ အဖြစ်အပျက် တစ်ခုပဲ ဖြစ်ပါတယ်။ သူမက အတော်လေးကို တိတ်ဆိတ်ငြိမ်သက်နေတာကြောင့် လင်းဟန်ကို

စိတ်ဖိစီးစေပါတယ်။ ဒီကလေးမလေးက ကျောက်တိုင်နဲ့ မိုးကြိုးလျှပ်စီး ချပ်ဂတ်ရဲ့ စွမ်းအားကို စုပ်ယူပြီးတဲ့ နောက်မှာတော့ အမြဲတမ်းလိုလို သူမက ကြောင်တောင်တောင်နဲ့ တစ်နေရာကို စိုက်ကြည့်နေလိုက် အမှုမဲ့ အမှတ်မဲ့ ပုံစံမျိုး ဖြစ်နေသည်။

သူတို့က ပန်းပေါင်းစုံပျံ နိုင်ငံဆီကို ဦးတည်ပြီး ဆက်လက်ပျံသန်းလာခဲ့ကြသည်။ လင်းဟာန်နဲ့ ကျူးရွှမ်အာတို့က တစ်ယောက်တစ်လှည့်စီ လှေကိုထိန်းချုပ်မောင်းနှင်ခဲ့ကြသည်။ ဟူးညိုကိုတော့ ထည့်တွက်လို့ မရနိုင်ပါဘူး။ တကယ်လို့ သူမကိုသာ ထိန်းချုပ်မောင်းနှင်ခွင့် ပြုလိုက်မယ်ဆိုရင် တောင်ဘက်မောင်းလိုက် မြောက်ဘက်မောင်းလိုက်နဲ့ ဦးတည်ရာ နေရာနဲ့ ပိုပိုပြီးတော့ ဝေးလာဖို့ပဲ ရှိပါတယ်။

လှေကို ကျူးရွှမ်အာ ထိန်းချုပ်မောင်းနှင်နေသည့် အချိန်တွင် လင်းဟာန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ လှေ့လာသင်ယူခြင်းထဲမှာ နစ်မြုပ်နေခဲ့သည်။ အချိန်ဆယ်ရက် ကျော်လာပြီးတဲ့ နောက်မှာတော့ သူ၏တိုးတက်မှုက အသိအမှတ်ပြုစရာ အခြေအနေ ဖြစ်လာခဲ့သည်။ သူ၏ခန္ဓာကိုယ်ကို လျှပ်စီးအလင်းတန်းအဖြစ် မပြောင်းလဲနိုင်ပေမဲ့

သူ၏အမြန်နှုန်းက သိသိသာသာကို တိုးလာခဲ့သည်။

"ဒါပေမဲ့လည်း ဒဏ္ဍာရီတွေအရတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်လာဖို့ အဲဒီလူက လျှပ်စီးတိုက်ခိုက်မှုတွေကို ကြံ့ကြံ့ခံပြီး လျှပ်စီးရဲ့ စွမ်းအားကို ဆွဲယူပြီးတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပစ်ရမယ်တဲ့"

"ဒါပေမဲ့ လျှပ်စီးရဲ့ စွမ်းအားကို ဘယ်လိုမျိုး ဦးဆောင်လမ်းပြရမလဲ ဆိုတာကိုတော့ ငါဖမ်းဆုပ်လို့ မရသေးဘူး။ သေသေချာချာ ဂရုတစ်စိုက်နဲ့ စဉ်းစားသုံးသပ်ကြည့်မယ်ဆိုရင် လျှပ်စီးကြောင့် ငါသေသွားမှာကို ကြောက်နေမိတာပဲ"

"ဒီကိစ္စကို အလျင်စလို လုပ်လို့မရနိုင်ဘူး။ ငါက အဲဒါကို သေသေချာချာ ဖမ်းဆုပ်နိုင်ရမယ်။ ငါ့ရဲ့ နားလည်သဘောပေါက် နိုင်စွမ်းနဲ့ဆိုရင် တစ်လအတွင်းမှာ အဲဒါကို စမ်းသပ်နိုင်လိမ့်မယ်"

"ဟူး မိုးကြိုးပစ်ခံရဖို့ ဘယ်လိုမျိုး ပစ်မှုတွေကို ငါကျူးလွန်ရမှာလဲ"

လင်းဟန်က သက်ပြင်းချလိုက်သည်။ သူ့ကိုယ်သူ သရော်လှော်ပြောင်နေချိန်မှာ အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး အလျင်အမြန်နဲ့ ရွှေရောင်လှေရဲ့ မူလဦးတည်ချက်ကနေ သွေဖယ်လိုက်သည်။ ရှွပ်။ ဆေးဘာချီအလင်းတစ်ခုက ဖြတ်သန်းသွားခဲ့သည်။ ဆေးဘာအလင်းက ကောင်းကင်ပေါ်က ကြယ်တွေကိုတောင် ပစ်ချလိုက်သလိုမျိုး ကမ္ဘာကြီး တုန်လှုပ်သွားခဲ့သည်။

ရုတ်တရက် အဖြစ်အပျက်က ကျူးရှွမ်အာနဲ့ ဟူးညိုကိုလည်း ဒယိမ်းဒယိုင် ဖြစ်သွားစေခဲ့သည်။

"ဘာဖြစ်သွားတာလဲ"

ကျူးရှွမ်အာက အလျင်အမြန် မေးလိုက်သည်။

"ညိုးညိုးတို့ တိုက်ခိုက်ခံရတာပဲ။ ဘယ်လိုကောင်စုတ်မျိုးက ချစ်စရာကောင်းတဲ့ ညိုးညိုးကို လုပ်ကြံတိုက်ခိုက်ပုံ့တာလဲ"

ဟူးညိုက ဒေါသထွက်သွားပြီး ရွှေရောင်လှေရဲ့ အပြင်ဘက်ကို ထွက်ကြည့်လိုက်သည်။

မီတာသုံးရာအကွာခန့်တွင် ယောကျ်ားတစ်ယောက်က ကောင်းကင်ပေါ်မှာ ရပ်နေသည်။ သူ့ကိုကြည့်ရတာ အသက်နှစ်ဆယ်ခန့်ပဲ ရှိပါဦးမယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရောင်အဂါ တောက်ပခန့်ညားလို့နေပြီး ဆေဘာဓားပုံစံ အမျိုးမျိုးကို ပြောင်းလဲနေသည်။ ဆေဘာဓားကို အနည်းငယ် မြှောက်လိုက်တာနဲ့ လေဟာနယ်က စုတ်ပြဲသွားမဲ့ ပုံစံအတိုင်း အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်။ နောက်ပြီးတော့ အခုမှ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ကာစ မဟုတ်ပဲ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလွှာကိုးကို ရောက်ရှိလို့နေသည်။ သူက နတ်အသွင်ပြောင်းလဲခြင်းအဆင့်ကို ခြေလှမ်းတစ်ဂက် ဂင်နေပြီလို့တောင် ပြောလို့ရနိုင်သည်။

ဒီလူကိုကြည့်ရတာ ငယ်ရွယ်ပုံမရပါဘူး။ ဒါပေမဲ့ သူရဲ့အဆင့် တိုးလာပြီးတဲ့ နောက်မှာတော့ သူရဲ့သွင်ပြင်လက္ခဏာကလည်း ပြောင်းလဲသွားပြီး အိုးမင်းရင့်ရော်ခြင်းက နှေးကွေးလာပါတယ်။ သူရဲ့အဆင့် သူရဲ့ချီနဲ့သွေးဓာတ်က ဘယ်လောက်ပြင်းထန်သလဲ ဆိုတာကို ပေါင်းကြည့်ရင် ဒီလူက အနည်းဆုံး အသက်သုံးဆယ်ကျော် ပါလိမ့်မယ်။

သူကအသက်လေးဆယ် ရှိမရှိကိုတော့ ဆုံးဖြတ်နိုင်ခြင်း မရှိပေ။ တကယ်တော့ လူတစ်ယောက်ရဲ့ အရိုးကို စမ်းသပ်စစ်ဆေးခြင်း မရှိပဲ အသက်အရွယ်ကို နီးနီးစပ်စပ် ခန့်မှန်းနိုင်ရုံပဲ တတ်နိုင်သည်။

ဒါပေမဲ့လည်း တကယ်လို့ သူက အသက်လေးဆယ် ဆိုရင်တောင်မှ ဒီလူရဲ့ အောင်မြင်မှုက ထူးချွန်ထက်မြက်တယ်လို့ သတ်မှတ်ယူဆနိုင်၏။

လင်းဟန်က သူ့ရဲ့အရင်ဘဝတုန်းက မော်ဆေးကောရာဇ် ဖြစ်ပြီးတော့ သူ့ရဲ့ခွန်အားကို ဆေးလုံးတွေ စားသုံးပြီး တိုးလာစေခဲ့ပေမဲ့ သူက ဒီအသက်အရွယ်မှာ ပန်းဖူးအဆင့်ကိုပဲ ရောက်ရှိခဲ့ပါတယ်။

ဒီဘဝမှာတော့ ကမ္ဘာကြီးရဲ့ ပတ်ဝန်းကျင် အနေအထားတွေက ပြောင်းလဲကုန်ပါပြီ။ ပြီးတော့ ကြံ့ခိုင်ရကျပန်း ပါရမီရှင်တွေက သူ့ရဲ့အရင်ဘဝ အချိန်တုန်းက စံချိန်တွေကို ချိုးဖျက်နိုင်ကြပါပြီ။

လင်းဟန်က လှေခန်းထဲက မထွက်ပဲ ဂရုမစိုက်တဲ့ဟန်နဲ့ မေးလိုက်သည်။

"ဟေး ဒီလိုမျိုး ရာသီဥတု သာယာတဲ့နေ့မှာ အာဃာတတွေ ရန်ငြိုးရန်စတွေ မရှိပဲနဲ့ လူတွေကို တိုက်ခိုက်တာက ခင်ဗျားအတွက် တကယ်ပဲ ကောင်းမွန်လို့လား"

"မင်းက ဒီရွှေရောင်လှေ အထဲမှာ ရှိနေမှတော့ ငါတို့က အာဃာတနဲ့ ရန်စတွေ မရှိပနဲ နေမှာလား"

ထိုလူက အေးစက်စွာနဲ့ ပြောလိုက်သည်။

"ဒီလောက်တောင် ရဲတင်းပြီး ငါ့ရဲ့ပစ္စည်းကိုတောင် ငမ်းငမ်းတက် လိုချင်ရဲတယ်"

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်သည်။

"ခင်ဗျားက ဆေဘာဏ်ဘုရင်လေးလား"

"ဟင့် မင်းက ငါ့အကြောင်းကို သိနေတယ် ဆိုမှတော့ တောင်းပန်တဲ့ အနေနဲ့ ငါ့အဖေကို လွှတ်ပေးပြီး ကိုယ့်ကိုကိုယ် သတ်သေလိုက်တော့"

ထိုလူက ဟိတ်ကြီးဟန်ကြီးနဲ့ သူကဆေဘာဏ် ဘုရင်လေး မဟုတ်ဘူးလို့ မငြင်းဆန်ပဲ ပြောလိုက်သည်။

လင်းဟန်က ရုတ်ချည်းဆိုသလို သဘောပေါက်သွားခဲ့သည်။ တစ်ဖက်လူက ဒီရွှေလှေကို မြင်လိုက်တာနဲ့ တိုက်ခိုက်တယ်ဆိုတာ အံ့သြစရာ မရှိတော့ပေ။ တခြားလူတွေက ဒီရွှေလှေကို သတိမပြုမိပေမဲ့ သူကဘာယ်လိုလုပ်ပြီး သတိမပြုမိပဲ နေမှာလဲ။ ဒီလူက လိုဏ်ဂူထဲကို ရောက်ပြီး ကျောက်တိုင်က ပျောက်ကွယ်သွားသလို ဖန်းဂေချီရဲ့ အရိပ်အယောင်ကို မတွေ့ရတာကြောင့် နောက်ကနေ တစ်ဟုန်ထိုး လိုက်ဖမ်းနေတာ ဖြစ်ပါလိမ့်မည်။

ဒါပေမဲ့လည်း သူရဲ့အမြန်နှုန်းက တကယ့်ကို မြန်ဆန်၏။ ရက်အနည်းငယ် နောက်ကျနေပြီး ဒီရွှေလှေရဲ့ အမြန်နှုန်းက လျင်မြန်တယ် ဆိုသော်ငြားလည်း သူက သူတို့ကို အနောက်ကနေ လိုက်ဖမ်းလို့ မီနေဆဲပါပဲ။ သူ့ကို လျော့တွက်လို့ မရနိုင်ပါဘူး။ နောက်ပြီးတော့ ကမ္ဘာကြီးက အရမ်းကို ကြီးမားပါတယ်။ ဒါပေမဲ့ ရွှေလှေက အရမ်းကို သေးငယ်ပါတယ်။ ဒါကြောင့် သူ့အတွက် ဒီလိုမျိုး ကွက်တိကျအောင် လိုက်ဖမ်းနိုင်စွမ်း ရှိနေတာက သူ့မှာသေချာပေါက် တခြားနည်းလမ်းတွေ ရှိနိုင်ပေသည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ရှေးဟောင်းအကြွင်းအကျန်တွေက လူတိုင်းနဲ့ သက်ဆိုင်ပြီးတော့ အဲဒါတွေကို ရယူဖို့ အခွင့်အရေး ကိုယ်စီရှိတာပဲ။ မင်းကဒါကို ပထမဆုံး ရရှိခဲ့တယ်။ ဒါက မင်းရဲ့ကံကောင်းမှုပဲ။ ဒါပေမဲ့ မိုးကောင်းကင်က ငါ့ကို ဒီရတနာသိုက်ဆီကို လမ်းညွှန်ပေးခဲ့တယ်။ ဒါက ငါ့ရဲ့ ကံကောင်းမှုပဲ"

"ဟင့် အဲဒါက ငါ့ပစ္စည်းဆိုတာကိုပဲ ငါသိတယ်။ ဘယ်သူမဆို အဲဒီပစ္စည်းကို ထိကိုင်မယ်ဆိုရင် သေရလိမ့်မယ်"

ဆေဘာဓားဘုရင်လေးရဲက အကြည့်တွေက စူးရှသွားပြီး သူရဲ့လက်တစ်ဖက်နဲ့ ခုတ်ပိုင်းသလို တိုက်ခိုက်လိုက်သည်။ သူ့ခန္ဓာကိုယ်ပေါ်က အလင်းရောင်က မြင့်တက်လာပြီး ကောင်းကင်ဘုံ ဆေဘာဓားတစ်လက် အဖြစ်ကို ပြောင်းလဲသွားပြီး ရွှေလှေဆီကို ခုတ်ပိုင်းချလိုက်သည်။

လင်းဟန်က ရွှေလှေကို လုံးဝမရပ်နားပဲ ဆက်ပြီးတော့ လူးလွန့်လှုပ်ရှား ရှောင်တိမ်းလိုက်သည်။ အဲဒီအခိုက်အတန့်မှာ သူကအရှိန်ကို မြှင့်တင်ဖို့ မလိုအပ်ပဲ ပျံသန်းရုံနဲ့ ကောင်းကင်ဆေဘာဓားကို ရှောင်တိမ်းလိုက်သည်။

ပုန်း။

ကောင်းကင်ဆေဘာဓားက ထိုးကျလာပြီး အောက်က မြေပြင်ကို ချက်ချင်းပဲ ကျရောက် သွားခဲ့သည်။ လူသားကျေးရွာတစ်ခုကို ကျရောက်သွားတာကို မြင်လိုက်ရပြီး သက်ရှိတွေရဲ့ စိတ်ဂိညာဉ်တွေ မျိုးဖြုတ်ခံလိုက်ရတာကို လင်းဟန်တွေ့လိုက်ရသည်။ သူကဘာမှ မတတ်နိုင်ပဲ ဒေါသတွေ အလိပ်လိုက် ထွက်သွားပြီး ပြောလိုက်သည်။

"ဆေဘာဓားဘုရင်လေး ဒါက ခင်ဗျားနဲ့ ကျုပ်အကြားက ရန်စတစ်ခုပဲ။ ဘာဖြစ်လို့ အပြစ်မဲ့တဲ့ လူတွေကို ပါဂင်ပတ်သက်စေရတာလဲ"

"ဒါက တကယ့်ကို ဟာသပဲ။ ဘာမဟုတ်တဲ့ ပုရစ်သာသာ အကောင်လေးတွေလား။ တကယ်လို့ သူတို့တွေ တစ်ထောင် ဒါမှမဟုတ် တစ်သောင်းသေရင်တောင် ဘာဖြစ်မှာမိုလို့လဲ။ တကယ်လို့ သူတို့တွေ အခုမသေရင်တောင် နောက်ပိုင်းကျရင်"

ဆေဘာဓား ဘုရင်လေးက ရုတ်တရက် ရပ်လိုက်ပြီး

အကြည့်ရဆိုးတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်သည်။

"မင်းမှာ နူးညံ့တဲ့ နှလုံးသား ရှိမှတော့ ဘာဖြစ်လို့ ငါနဲ့ မတိုက်ခိုက်တာလဲ။ ဒီအောက်က လူတွေကို သေတာရှင်တာကို ငါဂရုမစိုက်နိုင်ဘူး"

လင်းဟန်က သူရဲ့ရန်စ ဆွပေးတဲ့ ထောင်ချောက်ထဲကို ကျဆင်းမသွားခဲ့ပါဘူး။ သူရဲ့တိုက်ပွဲစွမ်းရည်က ထူးချွန်ထက်မြက်တယ် ဆိုပေမဲ့ သူ့အနေနဲ့ မော်ဆေးလုံးကို စားပြီးမှ အဆင့်နိမ့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ယှဉ်ပြိုင်နိုင်သည်။ ဆေဘာဓား ဘုရင်လေးက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အထွတ်အထိပ်မှာ ဖြစ်ပြီးတော့ ပါရမီရှင်တွေ အထဲက ပါရမီရှင် တစ်ယောက်ဖြစ်သည်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်နီးပါးကို ရောက်ကောင်းရောက်နိုင်ပေသည်။

ဆေဘာဓား ဘုရင်လေးက လူရမ်းကား ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ ယိုဟိုင်ယွဲ့ထက် မျိုးဆက်တစ်ခု ကြီးနိုင်ပြီး သူနဲ့ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာက သေချာပေါက် သေလမ်းရှာတာနဲ့ အတူတူပါပဲ။

ဒါပေမဲ့လည်း သူက အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ တပည့်တစ်ယောက်ဆိုတာ သိသာထင်ရှား နေသည်။ ထို့ကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့စိတ်တိုင်းကျ သတ်ဖြတ်မှုတွေကို လုပ်နိုင်ရတာလဲ။

"မင်းက ငါ့အသက်ကို လာမယူတော့ဘူးလား။ ဒါဆိုရင်လည်း"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်သည်။

"မင်းက ငါ့ကိုထိခိုက် နာကျင်စေချင်တာလား။ ဒါဆိုရင်လည်း မင်းဆန္ဒအတိုင်း လုပ်လေ။ ဒါပေမဲ့ တကယ်လို့ မင်းက တခြားအပြစ်မရှိတဲ့ လူတွေကို ထပ်ပြီးတော့ နာကျင်စေမယ်ဆိုရင် မင်းရဲ့ အဘိုးကြီးကို ငါသတ်ပစ်မှာကိုလည်း စိတ်ထဲမထားနဲ့ပေါ့"

ဆေဘာဓား ဘုရင်လေးက အဲဒီအချက်ကို အနည်းငယ် စဉ်းစားပြီးတော့ ပြောလိုက်သည်။

"ငါ့အဖေကို လွှတ်ပေးပြီး ကျောက်တိုင်ကို ပြန်ပေး။ ဒါဆိုရင် ငါမင်းကို အသက်ချမ်းသာပေးမယ်"

ကျောက်တိုင်ဟုတ်လား။ အဲဒါက အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားပြီလေ။ မင်းလိုချင်ရင် ငါ့လဖြွတ်ပဲ ဖြတ်ပေးရလိမ့်မယ်။

"ကောင်းပြီလေ။ ငါတို့တွေ အပေးအယူ လုပ်ရလိမ့်မယ်။ မင်းရဲ့အဘိုးကြီးကို ငါမင်းကို ပြန်ပေးမယ်။ သူက နေ့တိုင်းလိုလို အစားအသောက်တွေ ဖြုန်းတီးနေတာပဲ။ ဒါပေမဲ့ ငါမင်းကို အဲဒီကျောက်တိုင် မပေးနိုင်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

အဲဒီကျောက်တိုင်က ပျက်စီးသွားတာကို အသာထားဦး။ တကယ်လို့ အကောင်းအတိုင်း ရှိနေမယ် ဆိုရင်တောင် လင်းဟန်က အဲဒါကို ပေးဖို့စိတ်ကူး မရှိပါဘူး။ ဆေဘာဓား ဘုရင်လေးက ထိတ်လန့်စရာ ကောင်းနေပါပြီ။ တကယ်လို့ သူ့သာ လျှို့ဝှက်ဆန်းကြယ်စွမ်းအား အသစ်တစ်ခုကို ရရှိသွားမယ်ဆိုရင် ဒီကမ္ဘာကြီးထဲမှာ သူ့ကိုဘယ်သူကများ ရပ်တန့်နိုင်ဦးမှာလဲ။

ဒီလူရဲ့ အကျင့်စရိုက်နဲ့ဆိုရင် သူကသေချာပေါက် အနာဂတ်မှာ နတ်ဆိုးတစ်ကောင် ဖြစ်လာပါလိမ့်မယ်။

Chapter 598 end
အပိုင်း(၅၉၉) ကြက်ခြေခတ် ဓားကွက်

"ဟင့် ကျောက်တိုင်ကို ပေးကိုပေးရမယ်"

ဆေဘာဓား ဘုရင်လေးက အေးစက်စွာနဲ့ ပြောလိုက်သည်။ လျှို့ပုက်ဆန်းကြယ် စွမ်းအားက ရတနာသိုက် အထဲမှာ တန်ဖိုးအကြီးဆုံး အရာဆိုတာ သိသာထင်ရှားသည်။ သူက တခြားရတနာတွေကို ရရှိခဲ့ပြီး ဒီရတနာ ပစ္စည်းတွေမှာ ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းတဲ့ အာနိသင်တွေ ရှိနေလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိနားလည်ထားတာကြောင့် သူ့အနေနဲ့ မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံကို ပိုပြီးတော့တောင် လိုချင်တပ်မက် နေမိသည်။

"ဒါပေမဲ့ ငါအဲဒါကို လက်မလွှတ်နိုင်ဘူး။ ဒါကြောင့် ဘာလုပ်ချင်လဲ"

လင်းဟန်က ပြုံးပြုံးလေးနဲ့ ပြောလိုက်သည်။

ဆေဘာဓားဘုရင်လေးရဲ့ မျက်နှာက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တင်းမာခက်ထန်ပြီး

ကြောက်မက်ဖွယ်ရာ မရဏ အငွေ့အသက်ကို ထုတ်ဖော်ပြီး သူ့လက်ဝါးကို နောက်တစ်ကြိမ် မြှောက်လိုက်တဲ့ အခါမှာ သတ်ဖြတ်လိုစိတ်တွေက ထိတွေ့ကိုင်တွယ်လို့ ရမတတ် ဖြစ်လာခဲ့သည်။

"ဆောဘာဓား ဘုရင်လေး မင်းက တကယ်ပဲ ကျေးဇူးမသိတတ်တဲ့ သားတစ်ယောက် ဖြစ်ချင်တာလား"

လင်းဟာန်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

ရှုပ်။

ဆောဘာဓား ဘုရင်လေးက သူရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ဆောဘာအလင်းတစ်ခုက ကျွမ်းကျင်မှုကြီးကို တုန်လှုပ်သွားစေမဲ့ ကောင်းကင်ဘုံဆောဘာဓားအဖြစ် နောက်တစ်ကြိမ် ပြောင်းလဲသွားပြီး ရွှေလေ့ဆီကို ခုတ်ပိုင်းလိုက်သည်။ ဒီတိုက်ခိုက်မှုက ဆောဘာချီရဲ့ အဆင့်ထက် သာလွန်ပြီး အလင်းတန်းအဆင့်ထိ မြင့်တက်ပြီး ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ထိတ်လန့်စရာ ကောင်းပေသည်။

ဒီတိုက်ခိုက်မှုက အစောပိုင်းက တိုက်ခိုက်မှုရဲ့ စွမ်းအားထက် ပိုမိုသာလွန်ပြီး ဆောဘာဓား ဘုရင်လေးရဲ့

ဆေဘာအလင်းက အနည်းဆုံး ချီအလင်းနှစ်ဆယ် သိပ်သည်းထားတာ ဖြစ်နိုင်သည်။

ဒါက အကြမ်းဖျင်း ခန့်မှန်းသုံးသပ်မှု တစ်ခုဖြစ်သည်။ ဆေဘာဓား ဘုရင်လေးက သူ၏ ခွန်အားကို အကုန်လုံး ထုတ်မသုံးသေးပဲ သူရဲ့ဆေဘာအလင်းက ပိုပြီးတော့ အစွမ်းထက် နိုင်ပေလိမ့်မည်။ ချီအလင်း နှစ်ဆယ့်ကိုးခု ဒါမှမဟုတ် ချီအလင်း သုံးဆယ်အမြင့်ထိ ရောက်ကောင်းရောက် နိုင်ပေသည်။

လင်းဟန်က သူနဲ့ ယှဉ်ပြိုင်နိုင်စွမ်း မရှိပေ။ ဆေဘာအလင်း ခုတ်ချလိုက်တာကြောင့် အောက်မှာရှိတဲ့ တောင်တွေ မြစ်တွေက နောက်ထပ်တစ်ကြိမ် ထိခိုက်သွားပြီး နောက်ထပ်ရွာလေး တစ်ရွာလည်း ပါဂင်ပြီး အမှုန်တွေအဖြစ်ကို ပြောင်းလဲသွားခဲ့သည်။

"ဆေ ဘာ ဓား ဘု ရင် လေး"

လင်းဟန်က တစ်လုံးချင်းစီ ခေါ်လိုက်သည်။ သူ့အနေနဲ့ အတော်လေးကို ရမ်းကားတဲ့ လူနည်းစုကို မြင်တွေ့ဖူးပေမဲ့ လူသားတွေရဲ့ အသက်ကို ဒီလိုမျိုး ဂရုမစိုက်ပဲ ဖုန်မှုန်တွေ ဖြစ်သွားအောင် စိတ်တိုင်းကျ သတ်ဖြတ်တာမျိုးကိုတော့

မြင်တွေ့ခဲ့ဖူးခြင်း မရှိပေ။ ဒါက သူ့အတွက်တော့ တကယ့်ကို ပထမဆုံးအကြိမ် ဒီလိုလူစားမျိုးကို မြင်တွေ့ဖူးခြင်း ဖြစ်ပေသည်။

ဒါက အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ တပည့်တစ်ယောက်လား။

လွန်ခဲ့တဲ့ နှစ်တွေတုန်းက နေဝင်ဆည်းဆာ ဆေဘာဓား ကေရာဇ်က အေးစက်တဲ့ နလုံးသား ပိုင်ရှင်တစ်ယောက် ဆိုပေမဲ့ သူရဲ့ဆေဘာဓားက လက်ရွေးစင်တွေကိုပဲ တိုက်ခိုက်ခြင်း ဖြစ်သည်။ သူ့ထက် အားနည်းတဲ့လူနဲ့ သာမန်လူတွေကို ဘယ်တော့မှ တိုက်ခိုက်ခြင်း မရှိခဲ့ပေ။

ပါရမီရှင် မျိုးဆက်နှစ်ခု။ ဒီမျိုးဆက်နှစ်ခုက ထူးချွန်ထက်မြက်ကြပေမဲ့ သူတို့ရဲ့ စိတ်နေစိတ်ထားက လုံးဝကို ကွဲပြားခြားနားသည်။

လင်းဟာန်က ဒေါသထွက်သွားပြီး ပြောလိုက်သည်။

"ရှမ်အာ ဒီခွေးကောင်ကို ရိုက်ထုတ်ပစ်မလို့ လှေကို ထိန်းထားပေး။ သူ့ကို ငါထိန်းထားမယ်"

"အစ်ကိုဟန် ဂရုစိုက်ပါနော်"

ကျူးရှမ်အာက သတိပေးလိုက်သည်။ သူမ၏ နူးညံ့သိမ်မွေ့သော မျက်နှာပေါ်တွင် စိုးရိမ်ပူပန်မှု တစ်စွန်းတစ်စကို မြင်တွေ့နိုင်ပေသည်။ သူမက လင်းဟန်၏ ခွန်အားနဲ့ ပါရမီကို သံသယ မရှိပေမဲ့ ဆေဘာဓား ဘုရင်လေးက လင်းဟန်ထက် နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့ပြီး ဒါက အဓိက အားနည်းချက် တစ်ခုဖြစ်သည်။

လင်းဟန်က လှေထဲကနေ ထွက်လာပြီး ဆေဘာဓားဘုရင်လေးကို အေးစက်စွာနဲ့ မျက်နှာခြင်း ဆိုင်လိုက်သည်။ ဟူးညို့ကလည်း သူမရဲ့ လက်တွေကို တင်ပါးပေါ်တင်ထားပြီး အရမ်းကို ဒေါသထွက်နေတဲ့ ပုံစံနဲ့ ပေါ်လာခဲ့သည်။ အသက်ရှင်ရတာ ငြီးငွေ့နေပြီလား။ ဒီခွေးကောင်က တကယ်ပဲ အချောအလှ ဘုရင်မလေး ညိုးညိုးကို တိုက်ခိုက်ပံ့တယ်ပေါ့လေ ဟုတ်စ။

ဆေဘာဓား ဘုရင်လေးက လင်းဟန်ကို တခဏမျှ စိုက်ကြည့်ပြီး ရုတ်တရက် ထအော်လိုက်သည်။

"ဘာ မင်းက လင်းဟန်ပဲ"

"ကျုပ်က အဲဒီလောက်ထိ ထင်ပေါ်ကျော်ကြားနေလိမ့်မယ်လို့ မထင်မိဘူး"

လင်းဟန်က စိတ်မပါတပါနဲ့ ပြောလိုက်သည်။

"ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေက အတော်လေးကို ရှားပါးတယ်"

ဆေဘာအေး ဘုရင်လေးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်သည်။

"ဒါပေမဲ့ ငါ့မျက်လုံးထဲမှာတော့ မင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်မှာမို့လဲ။ မင်းက နန်းတော်ဆယ့်နှစ်ခုရဲ့ အမွေအနှစ်နဲ့ နတ်ဘုရား တစ်ပါးရဲ့ ရတနာသိုက် တည်နေရာကိုပါ ရရှိထားတယ်လို့ ငါကြားသိထားတယ်။ ငါက နန်းတော် ဆယ်နှစ်ခုရဲ့ အမွေအနှစ်ကို စိတ်မဝင်စားဘူး။ ဒါပေမဲ့ နတ်ဘုရား ရတနာသိုက်ကိုတော့ အတော်လေး စိတ်ဝင်စားတယ်"

"ဒီလိုလုပ်ရင် မကောင်းဘူးလား။ ကျောက်တိုင်နဲ့ နတ်ဘုရား

ရတနာသိုက် တည်နေရာကို ငါ့ကိုပေးလိုက်။ ငါမင်းရဲ့အသက်ကိုလည်း ချမ်းသာပေးမယ်။ မင်းကို ရတနာ တစ်ခုလည်း ပေးဦးမယ်။ ဘယ်လိုလဲ"

လင်းဟန်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်သည်။

"ဘာမှလုပ်မနေနဲ့။ ငါက တိရိစ္ဆာန်တွေနဲ့ အပေးအယူ မလုပ်ဘူး"

ရွှစ်။

ထိုအချိန်အခိုက်အတန့် ကာလတွင် ကျူးရွှမ်အာက အဆင်သင့် ပြင်ဆင်ထားပြီး မူလစွမ်းအင် ပုံဆောင်ခဲ အမြောက်နဲ့ ဆေဘာစား ဘုရင်လေးကို အရမ်းကို လျင်မြန်စွာနဲ့ ပစ်လိုက်သည်။

ဆေဘာအလင်း တောက်ပသွားပြီး အလင်းနယ်ပယ်တစ်ခု ဖြစ်လာခဲ့သည်။

သိတောင်မသိလိုက်ပဲ ဆေဘာစား ဘုရင်လေးက စိမ်းပြာရောင် ဆေဘာစားရည်ကို ထုတ်ပြီးတော့ မူလစွမ်းအင် ပုံဆောင်ခဲ အခွံကို ခုတ်ချလိုက်ပြီး

သူရဲ့ဘေးနစ်ဖက်ကို ကွဲကျသွား စေခဲ့သည်။ သူ့ကို ဆေဘာချီတွေ ပတ်ရံထားပြီး နတ်ဘုရား တစ်ပါးနဲ့ တူပြီးတော့ သူ့ရဲ့ တည်ရှိမှုက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အံ့ဩစရာ ကောင်းလှသည်။

"ဒီရွှေနဂါးလေ့လောက်နဲ့ ငါ့ကို ထိခိုက်ဒဏ်ရာ ရစေချင်နေတာလား"

ဆေဘာစား ဘုရင်လေးရဲ့ အမူအရာက ဂရုမစိုက်တဲ့ပုံစံနဲ့ သူရဲ့အကြည့်တွေက ကောင်းကင်ဘုံ ဆေဘာစားလိုမျိုး ပြင်းထန်လှပေသည်။

"သေစမ်း။ ညီးညီးရဲ့ လျှပ်စီးကျည်ဆံဒဏ်ကို ခံလိုက်"

ဟူးညိုရဲ့ လက်သေးသေးလေးကို ဆတ်ခနဲ လှုပ်လိုက်သည်။ ဂျစ် ဂျစ်။ လျှပ်စီးအလင်းတန်း နှစ်ခုက ချက်ချင်းဆိုသလို ဆေဘာစား ဘုရင်လေးဆီ ပစ်လွှတ်လိုက်သည်။

ဒီလျှပ်စီး အလင်းတန်း နှစ်ခုက တကယ်ပဲ စောစောတုန်းက မူလစွမ်းအင် ပုံဆောင်ခဲ အခွံထက် လျင်မြန်နေသည်။

လျှပ်စီးဆိုတာက ကမ္ဘာကြီးမှာ အမြန်ဆုံးသော အရာတစ်ခု ဖြစ်ပေသည်။

ဆေဘာအား ဘုရင်လေးက ကြက်ခြေခတ်ပုံစံ ခုတ်ချလိုက်သည်။ ဆေဘာအလင်းက ထွက်ပေါ်လာပေမဲ့ ၎င်းက လျှပ်စီးအလင်းတန်း နှစ်ခုနဲ့အတူ အဆုံးသတ် သွားခဲ့သည်။

ဒီမြင်ကွင်းက လင်းဟန်နဲ့ ဆေဘာအား ဘုရင်လေးကို အကြီးအကျယ် အံ့အားသင့် သွားစေခဲ့သည်။

တကယ်တော့ ဆေဘာအား ဘုရင်လေးက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာ ရှိပြီးတော့ ဆေဘာအလင်းကိုတောင် ကျင့်ကြံထားချိန်မှာ ဟူးညိုက ပန်းဖူးအဆင့်မှာပဲ ရှိပါသေးတယ်။ ပြီးတော့ ချီတောင်မှ မရှိပါဘူး။ ဒါပေမဲ့လည်း လူနှစ်ယောက်လုံးရဲ့ တိုက်ခိုက်မှုတွေက နှစ်ခုလုံး ပျက်စီးသွားခဲ့ပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေက တစ်ခုနဲ့တစ်ခု သိပ်မကွာခြားဘူး ဆိုတာကို ပြသနေသည်။

ဒါက သိုင်းပညာမှာတော့ ထူးထူးခြားခြား မြင်ရခဲတဲ့ အဖြစ်အပျက်ပဲ ဖြစ်ပါတယ်။

ဆေဘာဓား ဘုရင်လေးက ဒေါသလည်းထွက် အံ့အားလည်း သင့်သွားခဲ့သည်။ ဒီတိုက်ခိုက်မှုက သူရဲ့ခွန်အား အပြည့်အဝ မဟုတ်သေးဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ ၎င်းက သေချာပေါက် ဒီလိုမျိုးတော့ အဆုံးမသတ်သင့်ပါဘူး။ ဒါပေမဲ့လည်း ဒါက သူ့ကို တစ်ခဏမျှသာ အံ့အားသင့် သွားစေခဲ့သည်။ လှျပ်စီးအလင်းတန်း နှစ်ခုကို မြင်ပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ ဒေါသတွေက ပိုပြီးတော့တောင် ပေါက်ကွဲလာခဲ့သည်။

"ငါ့အမွေအနှစ်ကို ဒီကလေးမလေးက တကယ်ပဲ ခိုးယူသွားတာပေါ့"

သူက တကယ့်ကို အရူးတစ်ယောက်လို ဒေါသထွက်နေခဲ့သည်။

ရှေးဟောင်းမင်းဆက်ရဲ့ ရတနာသိုက် အတွင်းမှာ တန်ဖိုးအကြီးဆုံး အရာက မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားဆိုတာ ထင်ရှားပြီး သူရရှိခဲ့တဲ့ သတင်းအချက်အလက်တွေ အရတော့ ဒီအမွေအနှစ်ကို ရရှိဖို့ အခွင့်အရေးတစ်ကြိမ်ပဲ ရှိသည်။ အမွေအနှစ်ကို ပေးအပ်ပြီးတာနဲ့ ကျောက်တိုင်က အလိုအလျောက်

ပျက်စီးသွားပြီး ဒုတိယလူ တစ်ယောက်ကို ဆက်ပြီးတော့ ရရှိခွင့် မပြုတော့ချေ။

သုံးနှစ်တိုင်တိုင် လျှို့ဝှက်ကြံစည်ပြီးတဲ့ နောက်မှာတော့ ဒီတာဝန်ကြီးက မကြာခင်မှာ အောင်မြင်မှု ရရှိပါတော့မယ်။ ဒါပေမဲ့ ရုတ်တရက် ဆိုသလို ယခုလိုမျိုး ခေါင်းကိုတန်းပြီးတော့ ရိုက်လိုက်သလို ခံစားရပြီး သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒေါသမထွက်ပဲ နေနိုင်မည်နည်း။

"ဟင့် ငါမင်းတို့ အားလုံးကို သတ်ပြီးတော့ မင်းတို့စိတ်ဝိညာဉ်ကို တိုက်ရိုက်ရှာဖွေပစ်မယ်"

ဆေဘာအား ဘုရင်လေးက မျက်နှာခက်ထန်စွာနဲ့ ပြောလိုက်သည်။ အမွေအနှစ်ကို စကားလုံးတွေ အမှတ်သင်္ကေတတွေနဲ့ မဖော်ပြနိုင်ပါဘူး။ ဒါကြောင့် တကယ်လို့ သူက မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားကို ရယူချင်တယ်ဆိုရင် စိတ်ဝိညာဉ်ကို ရှာဖွေဖို့ နည်းလမ်းတစ်ခုပဲ ရှိပါတယ်။

"လူယုတ်မာ မင်းမှာ ဒီလိုမျိုး အခွင့်အရေး လုံးဝမရနိုင်ဘူး"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်သည်။

"ညိုးညိုးရဲ့ ထူးခြားဆန်းကြယ်မှုတွေကို ကြည့်လိုက်"

ဟူးညိုက အော်ဟစ်လိုက်ပြီး သူမရဲ့ လက်နှစ်ဖက်လုံးကို ထပ်ခါထပ်ခါ လှုပ်ရှားပြီးတော့ လျှပ်စီး တိုက်ခိုက်မှုတွေကို တစ်ခုပြီးတစ်ခု ထုတ်ဖော်ပြီး ဆေဘာဓားဘုရင်လေးကို မိုးသီးမိုးပေါက်ပမာ တိုက်ခိုက်လိုက်သည်။

သူမက တကယ့်ကို ထူးဆန်းပါတယ်။ လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို အနည်းငယ်မျှ ဖမ်းဆုပ်ထားပေမဲ့ အခုလိုမျိုး အသုံးချပြီး ရန်သူတွေကို ထိခိုက်ဒဏ်ရာ ရစေဖို့က လေ့ကျင့်ဖို့ လိုအပ်ပါသေးတယ်။ ဒါပေမဲ့ ဒီကလေးမကတော့ ဒီအစွမ်းကို လွယ်လွယ်ကူကူနဲ့ အသုံးချနေပြီး လုံးဂကို မယုံကြည်နိုင်စရာ ကောင်းလှသည်။

သူမက မိုးကြိုးလျှပ်စီး ချပ်ဂတ်နဲ့ ကျောက်တိုင်ထဲက လျှပ်စီးအလင်းတွေကို တစ်ပြိုင်နက်တည်း အကုန်လုံးနီးပါး စုပ်ယူခဲ့တာကြောင့် လျှပ်စီးတွေကြောင့် ထိခိုက်မဲ့ အဆင့်ကို ကျော်လွန်သွားပြီး လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို လွယ်လွယ်ကူကူနဲ့ တိုက်ရိုက် အသုံးချနိုင်သွားခဲ့သည်။

ဆေဘာဓား ဘုရင်လေးက နာခေါင်းရှုံ့ပြီး

သူရဲ့ဆေဘာဓားရှည်ကို ဆွဲထုတ်ကာ ဆေဘာအလင်းတန်းတွေနဲ့ ရွှေနဂါးလှေဆီကို တစ်ခုပြီးတစ်ခု ပစ်လွှတ်တိုက်ခိုက်လိုက်သည်။

ပုန်း ပုန်း ပုန်း

ကျူးရှမ်အာက အတတ်နိုင်ဆုံး နည်းလမ်းတွေ အားလုံးကို အသုံးပြုပြီး ရှောင်တိမ်းလိုက်ပေမဲ့ ဆေဘာအလင်းတန်းတွေက အရမ်းကို စုစည်းနေပြီး တိုက်ခိုက်မှု တချို့ကိုတော့ ရှောင်တိမ်းနိုင်ခြင်း မရှိပဲ ထိမှန်သွားခဲ့သည်။ ကံကောင်းတာက ရွှေနဂါးလှေမှာ အကာအကွယ် အလွှာတစ်ခု ရှိပြီးတော့ အပြည့်အဝ အသက်သွင်းပြီးတဲ့ နောက်မှာတော့ ၎င်းအကာအကွယ်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေရဲ့ တိုက်ခိုက်မှုကို တားဆီးနိုင်သည်။ ဒါပေမဲ့လည်း ထိချက်တော်တော်များများ မှန်ပြီးတဲ့ နောက်မှာတော့ အကာအကွယ်က တုန်ခါလာပြီး ကျိုးပဲ့ပျက်စီး သွားခဲ့သည်။

ဟူးညိုက ကျယ်လောင်စွာ အော်ဟစ်ပြီး လက်ဦးမှု ရယူကာ တိုက်ခိုက်လိုက်သည်။ သူမရဲ့ ပုံရိပ်က ဖျတ်ခနဲ ပျောက်ကွယ်သွားပြီး လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲကာ ဆေဘာဓား ဘုရင်လေးဆီကို တစ်ဟုန်ထိုး

ပြေးဝင်သွားပြီး ချက်ချင်းဆိုသလို သူ့အရှေ့မှာ ပေါ်လာခဲ့သည်။ လျှပ်စီးတွေ ပိုင်းရံထားတဲ့ သူမရဲ့ လက်သီးသေးသေးလေးနဲ့ ထိုးထည့်လိုက်သည်။

"အတင့်ရဲ မိုက်ရိုင်းလိုက်တာ"

ဆေဘာဓား ဘုရင်လေးက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ဆေဘာဓားကို ဆွဲထုတ်ပြီး ဟူးညိုရဲ့ ခါးကနေ တစ်ဂက်တိတိ ပိုင်းဖြတ်ပစ်ဖို့ ကြိုးစားလိုက်သည်။

"ဆေဘာဓား ဘုရင်လေး"

လင်းဟန်က မာန်သွင်းအော်ဟစ်လိုက်သည်။ နေဂင်ဆည်းဆာလေးကို ထုတ်ပြီးတော့ မြားကို တပ်ဆင်ပြီး အဆုံးမရှိတဲ့ မူလစွမ်းအင်တွေကို စုစည်းလိုက်ကာ မြားတစ်ချောင်းလုံး အဖြူရောင် အလင်းတန်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။ သူက မှသားမဲ့ မျက်လုံးကို အသက်သွင်း ထားပြီးတော့ ဆေဘာဓား ဘုရင်လေးရဲ့ ခံစစ်စည်းက အထိခိုက် မခံနိုင်ဆုံး နေရာကို ရှာဖွေလိုက်သည်။

မူလတုန်းက ဆေဘာဓား ဘုရင်လေးက ဟူးညိုကို

နှစ်ပိုင်းဖြတ်ဖို့ ဆန္ဒရှိနေခဲ့သည်။ ဒါပေမဲ့ လင်းဟန်က စွမ်းအင်တွေ စုစည်းနေတာကို သိလိုက်ရတဲ့ နောက်မှာတော့ သူရဲ့အမူအရာက ပြောင်းလဲသွားခဲ့သည်။ သူ့အနေနဲ့ ဒီမြားကို လုံးဝကို လျော့မတွက်ပုံ့ပါဘူး။ သူရဲ့ဆေဘာဓားက အနည်းငယ် နေးကွေးသွားခဲ့သည်။

ရွှစ်။

လင်းဟန်က မြားတစ်ချောင်းကို ပစ်လွှတ်လိုက်သည်။ ရက်စက်ကြမ်းကြုတ်တဲ့ မြားက ကောင်းကင်ကို ထိုးဖောက်ပြီး အကွာအဝေးကို ဥပက္ခောပြုထားသလိုမျိုး ရုတ်ချည်းဆိုသလို ဆေဘာဓား ဘုရင်လေးရဲ့ အရှေ့ကို ရောက်သွားခဲ့၏။ ဒါပေမဲ့လည်း ဆေဘာဓား ဘုရင်လေးက တကယ့်ကို အထင်ကြီးစရာ ကောင်းလှသည်။ ဒီလိုမျိုး အခြေအနေမျိုး အောက်မှာတောင် သူရဲ့ ဆေဘာဓားကို ပေ့ယမ်းပြီး အံ့အားသင့်စရာကောင်းတဲ့ ဆေဘာအလင်းတန်း တစ်ခုကို ပစ်လွှတ်လိုက်သည်။

ထန်။

မြားက ချက်ချင်းဆိုသလို ဦးတည်ရာ လမ်းကြောင်းကနေ လွဲချော်သွားခဲ့သည်။

Chapter 599 end
အပိုင်း(၆၀၀) ယန္တရားတစ်ရုပ် ထွက်ပေါ်လာခြင်း

ထန် ထန်။

ဆေဘာစား ဘုရင်လေးက မြားရဲ့ဦးတည်ရာ လမ်းကြောင်းကို လွဲချော်အောင် လုပ်ခဲ့ပေမဲ့ သူက ဟူးညိုရဲ့ လက်သီးသေးသေးလေးရဲ့ ထိုးနက်မှုကို ခံလိုက်ရသည်။ သူရဲ့အထင်ကြီးစရာ ကောင်းလှတဲ့ စွမ်းအားနဲ့တောင်မှ လက်သီးထိုးချက်ကို ထိမှန်သွားတဲ့ အခါမှာ တုန်ခါသွားပြီး ပါးစပ်အပြည့် သွေးတစ်ပွက်ကို အန်ထုတ်လိုက်ရသည်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက စတင်တုန်ခါ လာခဲ့သည်။ ဘယ်လိုလုပ်ပြီးတော့ လျှပ်စီးရဲ့ စွမ်းအားကို လျော့တွက်လို့ ရနိုင်မှာလဲ။

"လခွမ်းပဲ"

သူရဲ့မျက်လုံးတွေ အထဲမှာ ရက်စက်ကြမ်းကြုတ်တော့မဲ့ ပုံသဏ္ဍာန်တွေ တွေ့မြင်နေရသည်။ ဤလျှို့ဝှက်ဆန်းကြယ် စွမ်းအားက သူ့ရသင့်တဲ့ ပစ္စည်းဖြစ်သည်။ အခုချိန်မှာ ဟူးညိုရဲ့ တိုက်ပွဲစွမ်းရည်က ပိုပြီးတော့ သန်မာလာလေ

သူက ပိုပြီးတော့ မနာလိုဖြစ်လာပြီး ဟူးညီရဲ့ ဦးနှောက်ကို ဖွင့်ပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ချက်ချင်းပဲ ဆွဲထုတ်ယူပစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လျက်ရှိသည်။

"အရမ်းကောင်းတယ်။ မင်းတို့တွေက ငါ့ကို တကယ်ဒေါသထွက်လာအောင် လုပ်နိုင်တယ်"

ဆေးဘာဆား ဘုရင်လေးက သူရဲ့ဆေးဘာဆားကို တင်းကျပ်နေအောင် ဆုပ်ကိုင်လိုက်သည်။ ပုန်း။ ဆေးဘာဆားချိုက သူရဲ့ခန္ဓာကိုယ် တစ်ခုလုံး စီးမျောလာခဲ့ပြီး အနက်ရောင် အလင်းတွေနဲ့အတူ ရောယှက်လာခဲ့သည်။ ကောင်းကင်နဲ့ မြေကြီးကို ထိုးဖောက်ပြီး မျှော်လင့်ချက်တွေ ပျက်သုန်းတဲ့ တည်ရှိမှု တစ်ခုနဲ့အတူ လူတစ်ယောက်ကို ကိုယ့်ကိုကိုယ် သတ်သေချင်စိတ် ဖြစ်ပေါ်လာအောင် လှုံ့ဆော်နေသည်။

လင်းဟန်ရဲ့ စိတ်ထဲမှာ အေးစိမ့်စိမ့် ခံစားမှု တစ်ခုကို ရရှိသွားခဲ့သည်။ ဆေးဘာဆား ဘုရင်လေးက မျှော်လင့်ချက် ပျက်သုန်းခြင်း ဆေးဘာဆား လမ်းကြောင်းကို လျှောက်လှမ်းသူ ဖြစ်နေသည်။ ဆေးဘာဆား တစ်ချက်က လူတစ်ယောက်ရဲ့ စိတ်ကို သိမ်းပိုက်စိုးမိုးပြီး တိုက်ခိုက်မှုကို

ပြန်လည်ခုခံ ကာကွယ်ဖို့တောင် မေ့လျော့နေတဲ့အထိ သိမ်းပိုက်စိုးမိုး သွားပါလိမ့်မည်။

ဒီဆေဘာဓားအသိရဲ့ လွှမ်းမိုးမှုအောက်မှာ ကျူးရှမ်အာက လေ့ကိုထိန်းချုပ် မောင်းနှင်ဖို့တောင် ခက်ခဲလာတာကို တွေ့လိုက်ရသည်။ ရွှေနဂါးလေ့က ဘယ်ညာ လူးလွန့်လှုပ်ရှားပြီး အောက်ကို ပြုတ်ကျတော့မည့်အလား ဖြစ်နေ၏။

"ရှမ်အာ"

လင်းဟာန်က ကျယ်လောင်စွာဖြင့် လူတစ်ယောက်ရဲ့ အတွေးထဲမှာ နစ်မြုပ်နေတာကို နိုးထလာအောင် အော်ဟစ်လိုက်သလိုမျိုး အော်လိုက်သည်။

ကျူးရှမ်အာက ချက်ချင်းဆိုသလို သတိပြန်ဝင်လာခဲ့သည်။ သူမကလည်း သိုင်းပညာရှင်တွေ အထဲမှာ ဘုရင်တစ်ဆူရဲ့ ပါရမီကို ပိုင်ဆိုင်ထားပြီး သူမကိုယ်ပိုင် လမ်းကြောင်းကို စတင်လျှောက်လှမ်း နေပြီဖြစ်သည်။ သူမက လင်းဟာန်လောက် မထူးဆန်းဘူး ဆိုရင်တောင် တစ်စုံတစ်ယောက်ရဲ့ ဆေဘာအသိကြောင့် သူမကို လုံးဝကြီး အပြည့်အဝ ထိန်းချုပ်နိုင်လိမ့်မည် မဟုတ်ချေ။

သူမက အသိစိတ် တစ်ချက် လွတ်သွားခဲ့ခြင်း ဖြစ်သည်။ လင်းဟန်ရဲ့ အော်သံကြောင့် ချက်ချင်းပဲ သူမရဲ့ အသိတွေ ပြန်လည်ဝင်ရောက် လာခဲ့၏။

"မင်းတို့အားလုံး သေကြစမ်း"

ဆေဘာဓား ဘုရင်လေးက သူ့ရဲ့ဓားနဲ့ ခုတ်လိုက်တဲ့ အခါမှာ မီတာသုံးရာခန့် ရှည်လျားတဲ့ ဆေဘာအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး ၎င်း၏အစွမ်းအက အံ့အားသင့်စရာ ကောင်းလှ၏။

ဟူးညိုက ပေါ့ပါးဖျတ်လတ်စွာ လှုပ်ရှားလိုက်ပြီး သူမရဲ့ ခန္ဓာကိုယ် သေးသေးလေးကို လူးလွန့် လှုပ်ရှားကာ ဆေဘာဓားဘုရင်လေးကို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။ ထိုအခိုက်အတန့် အချိန်တွင် လင်းဟန်က နောက်ထပ်မြားတစ်စင်းကို ထုတ်ယူပြီး လေးပေါ်မှာ တပ်ဆင်လိုက်သည်။ ထို့နောက် လေးညို့ကို ဆွဲပေမဲ့ ပစ်လွှတ်ခြင်း မရှိသေးပေ။ တိုက်ခိုက်ခြင်း မရှိသေးတာက ကြီးမားတဲ့ ခြိမ်းခြောက်မှုကို ဖြစ်စေသည်။

ဆေဘာဓား ဘုရင်လေးမှာ ရွေးချယ်စရာ မရှိတော့ပဲ

လင်းဟန်ကိုပဲ အဓိကထား အာရုံစိုက် ထားလိုက်ရသည်။ လင်းဟန်ရဲ့ မြားက သူ့ကိုခြိမ်းခြောက်နိုင်ပေသည်။ ပြီးတော့ ထိပ်တိုက် ရင်ဆိုင်ဖို့အတွက် သတိထားမှ ဖြစ်လိမ့်မည်။ ဒါပေမဲ့လည်း တကယ်လို့ လင်းဟန်က မြားကို ပစ်လွှတ်လိုက်မယ်ဆိုရင် သူ့အနေနဲ့ မြားတစ်ချောင်းကို ထပ်ပြီးတော့ လမ်းကြောင်းပြောင်းအောင် တိုက်ခိုက်လိုက်မှာ ဖြစ်ပြီးတော့ ထပ်ပြီးတော့ ကြောက်ရွံ့နေစရာ မလိုတော့ပေ။ လင်းဟန်က မြားကို မပစ်သေးပဲ ထိန်းထားတာက သူ့ကို ရင်တမမနဲ့ စိုးရိမ်ပူပန် စေခဲ့သည်။

ဟူးညိုက အခွင့်ကောင်း ယူပြီးတော့ တိုက်ခိုက်လိုက်သည်။ သူမရဲ့ လက်သီး သေးသေးလေးတွေ ပေ့ယမ်းပြီး လျှပ်စီးအလင်းတွေက နီးကပ်စွာနဲ့ ဝိုင်းရံပေးထားသည်။

ဆေဘာစား ဘုရင်လေးက နာခေါင်းရှုံ့လိုက်ပြီး ဟူးညိုကို ခါထုတ်ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။ မကြာခဏ ခြိမ်းခြောက်နိုင်တဲ့ လင်းဟန်ကို အရင်ဆုံး သုတ်သင်ပစ်မှ ဖြစ်ပါလိမ့်မည်။ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည် တစ်ရာရာခိုင်နှုန်းအပြည့် ထုတ်ဖော်နိုင်စွမ်း ရှိနိုင်လိမ့်မည် မဟုတ်ပေ။

ဘုန်း ဘုန်း။

ဟူးညိုရဲ့ လက်သီးလေးက ဆေဘာဓား ဘုရင်လေးရဲ့ နောက်ကျောကို ထိုးလိုက်ပါတယ်။ ဒါပေမဲ့ လျှပ်စီးအလင်း အစဉ်အတန်း တစ်ခုပဲ ပစ်လွှတ်လိုက်သည်။ သူရဲ့ခုခံကာကွယ်မှုက လုံး၀ အပြည့်အ၀ အသက်သွင်းထားပြီး ဟူးညိုရဲ့ တိုက်ခိုက်မှုကို ထိခိုက်နာကျင်မှု မရှိပဲနဲ့ ထိပ်တိုက်ရင်ဆိုင် နိုင်ပေသည်။

ဆေဘာဓား ဘုရင်လေးက သူရဲ့ဓားနဲ့ လင်းဟန်ကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်သည်။

"လူယုတ်မာကောင်။ နင်က ညီးညီးကို လျစ်လျူရှုပုံတယ်ပေါ့လေ ဟုတ်လား"

ဟူးညိုက ဒေါသထွက်သွားခဲ့သည်။ သူမရဲ့ ခန္ဓာကိုယ် သေးသေးလေးက နောက်ထပ်တစ်ကြိမ် လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းသွားပြီး ဖျတ်ခနဲဆို ဆေဘာဓား ဘုရင်လေးရဲ့ နောက်ဘက်မှာ ပေါ်လာခဲ့သည်။ ဆေဘာဓား ဘုရင်လေးရဲ့ လည်ပင်းပေါ် တက်ခွလိုက်ပြီး သူမရဲ့ ပါးစပ်ကိုဟကာ ကိုက်လိုက်သည်။

"အား"

ဆေဘာစား ဘုရင်လေးက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူ့ရဲ့ခုခံမှုက လုံးဝကို ဖြန့်ကျက်ထားခဲ့ပြီး အဆင့်မြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်တောင်မှ ချိုးဖျက်နိုင်ခြင်း မရှိပေ။ ဒါပေမဲ့လည်း ဟူးညိုရဲ့ သွားတွေနဲ့ ကြုံဆုံလာတဲ့ အခိုက်အတန့်မှာတော့ ၎င်း၏ခုခံကာကွယ်မှုက ဘာမှ မတတ်နိုင်ပေ။

သွေးတွေ ပန်းထွက်လာပြီး သွေးရဲ့အရောင်က ငွေရောင်အဆင်း ရှိပြီးတော့ ဆေဘာစား ဘုရင်လေးရဲ့ ထူးခြားမှုကို ဖော်ပြနေသည်။

"သေစမ်းကွာ"

ဆေဘာစား ဘုရင်လေးက သူ့ရဲ့ဓားကို နောက်ကျောဘက်ဆီ ဝှေ့ယမ်းလိုက်သည်။ ဟူးညိုက နောက်တစ်ကြိမ် လျှပ်ပြက်သလို လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး လွတ်မြောက်သွားခဲ့သည်။ သူမ၏ တိုက်ပွဲပင်ကိုယ်စရိုက်က အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်း၏။

"ဆောဘာဓား ဘုရင်လေး"

လင်းဟန်က လေးလေးနက်နက်နဲ့ အော်လိုက်ပြီး နောက်ထပ်မြားတစ်ချောင်းကို ပစ်လွှတ်လိုက်သည်။

"မင်းတို့တွေကို ငါက ရင်မဆိုင်နိုင်ဘူးလို့ တကယ်ပဲ မင်းထင်နေတာလား"

ဆောဘာဓား ဘုရင်လေးက မာန်သွင်းအော်ဟစ်လိုက်ပြီး သူရဲ့ခန္ဓာကိုယ်ကနေ ငွေရောင်အဆင်း အလင်းတန်းတွေ ထွက်ပေါ်လာခဲ့သည်။ သူရဲ့တစ်ကိုယ်လုံး ငွေရောင်လူသား တစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး သူ၏တိုက်ပွဲစွမ်းရည်ကလည်း လျင်မြန်စွာနဲ့ မြင့်တက်လာခဲ့သည်။

ပုန်း။

ဆောဘာဓား ဘုရင်လေးက သူရဲ့ဆောဘာဓားနဲ့ မြားကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လို့ ဖျက်ဆီးပစ်လိုက်သည်။

“မကောင်းတော့ဘူး”

လင်းဟန်ရဲ့ အမူအရာက ပြောင်းလဲသွားပြီး သူကအော်ဟစ်လိုက်သည်။

“ညိုးညိုး မြန်မြန် ပြန်ဆုတ်ခဲ့”

ဆေဘာစား ဘုရင်လေးက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာ ဖြစ်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ခြေလှမ်းတစ်ဂက်တောင် ရောက်နေပါပြီ။ အခုဆို သူက လျှို့ပှက်ဆန်းကြယ်တဲ့ ပညာရပ်လား ဒါမှမဟုတ် သွေးမျိုးဆက် အသက်သွင်းလိုက်တာလား ဆိုတာကို မသိရပဲ နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို တန်းပြီးတော့ ကူးဖြတ်သွားခဲ့သည်။

သူ့ကို မျက်နှာချင်းဆိုင် ရင်ဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပေ။

ဟူးညိုက ထက်မြက်ပြီး ဖျပ်ခနဲ ရွှေနဂါးလှေပေါ်မှာ ပေါ်လာခဲ့သည်။

"သွားစမ်း"

လင်းဟန်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး လေးကို နောက်တစ်ကြိမ် ဆွဲကာ ဆေဘာစား ဘုရင်လေးဆီကို ပစ်လွှတ်လိုက်သည်။ ဒါပေမဲ့လည်း မြားသုံးစင်း ဆက်တိုက် ပစ်လွှတ်ပြီးတဲ့ နောက်မှာတော့ သူလည်း အားအင်ကုန်ခမ်း မောပန်းနွမ်းနယ်မှုကို ခံစားရပြီး တောင့်မခံနိုင်တော့ပဲ သူ့ခန္ဓာကိုယ်က ယိမ်းယိုင်လို့ နေသည်။

ထိုမြားက ဆေဘာစား ဘုရင်လေးကို အနည်းငယ် နေးကွေးသွားစေသည်။ တကယ်တော့ လျှို့ပုက်ဆန်းကြယ် ပညာရပ် နှစ်ခုဖြစ်တဲ့ ကြယ်နဂါးအမြစ်ဖြုတ်မြားနဲ့ မုသားမဲ့ မျက်လုံးကို ပေါင်းပြီးတော့ အဆင့်ခုနစ် ရှားပါးသတ္တုကို အသုံးပြုထားတာကြောင့် ပေါ့သေးသေး တွက်လို့တော့ မရနိုင်ပေ။

ဒါပေမဲ့ ဆေဘာစား ဘုရင်လေးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ခုန်ကူးပြီးတာကြောင့် သူရဲ့ဆေဘာစားကို တစ်ကြိမ်ထပ်ပြီး ဖွေ့ယမ်းလိုက်တာနဲ့ ပျက်ပြယ်သွား ပါလိမ့်မယ်။

ကျူးရှမ်အာက မြန်မြန်ဆန်ဆန်နဲ့ ရွှေနဂါးလှေကို ထိန်းချုပ်ပြီး

အပေးကို ရှက်လွှင့်မောင်းနှင် လိုက်သည်။

"လွတ်မယ်လို့ ထင်နေတာလား"

ဆေဘာစား ဘုရင်လေးက လှောင်ပြုံးပြုံးလိုက်သည်။

ဂုန်း။

မည်သည့်နေရာကမှန်းမသိ ထွက်ပေါ်လာတဲ့ လက်သီးတစ်လုံးက ရွှေနဂါးလှေရဲ့ လမ်းကြောင်းကို ဟန့်တားလိုက်သည်။ ထန်။ ကြောက်မက်ဖွယ် စွမ်းအားက ပြင်းထန်စွာ ထွက်ပေါ်လာပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အကာအကွယ်က ချက်ချင်းဆိုသလို ပျက်စီးသွားပြီး လှေတစ်စီးလုံး အပေးကို လွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် ထူးဆန်းတဲ့ လူသားပုံရိပ်တစ်ခုက ကောင်းကင်ထက်မှာ ပေါ်လာခဲ့သည်။ ခရစ်စတယ်နဲ့ သွန်းလုပ်ထားတဲ့ အရုပ်တစ်ခုအလား ၎င်း၏ခန္ဓာကိုယ်ကနေ အလင်းရောင်တွေက ရောင်ပြန်ဟပ်နေပြီး အနီးကပ်ပြီး သေချာလေ့လာကြည့်မှ ထိုလူ၏ တည်ရှိမှုကို ရှာဖွေတွေ့ရှိ နိုင်ပေလိမ့်မည်။

အစောပိုင်းတုန်းက ကောင်းကင်ထဲမှာ အမြဲတမ်း ပုန်းခိုနေပြီး လုံးဂကို မတွေ့မြင်ရပါဘူး။ အခု သူက ရုတ်တရက် ရွှေနဂါးလှေကို လက်သီးတစ်ချက်နဲ့ ထိုးလွှတ်တိုက်ခိုက်လိုက်သည်။

ဆေဘာစား ဘုရင်လေး ရောက်လာခဲ့သည်။ ဒါပေမဲ့ သူက ချက်ချင်းပဲ အံ့အားသင့် သွားခဲ့သည်။ ဘာဖြစ်လို့လဲဆိုတော့ လေထဲမှာ လင်းဟန်နဲ့ တခြားလူနှစ်ယောက်ရဲ့ သဲလွန်စ အငွေ့အသက်ကို ရှာမတွေ့တော့ပါဘူး။

"ရုတ်တရက် အဂေးကို တည်နေရာ ရွှေ့ပြောင်းခြင်းလား"

သူက တီးတိုးရွတ်ဆို လိုက်သည်။

သူ့အနောက်မှာ တစ်မူထူးခြားသည့် လူက ရပ်နေသည်။ သူနဲ့ အရပ်အမြင့် အတူတူလောက် ရှိပြီး ရှိနေတယ်လို့တောင် မထင်ရပေ။ တကယ်လို့ အလင်းရောင်ရဲ့ ရောင်ပြန်ဟပ်မှုကြောင့်သာ မဟုတ်ဘူးဆိုရင် ၎င်းက တကယ့်ကို မြင်ကွင်းထဲကနေ ပျောက်ကွယ်နေနိုင်သည်။

စိန်ယန္တရားရုပ်။

၎င်းက ရှေးဟောင်းမင်းဆက်ရဲ့ ရတနာသိုက် အထဲက အဆင့်အမြင့်ဆုံး ယန္တရားရုပ် ဖြစ်ပြီး နတ်အသွင်ပြောင်းလဲခြင်းအဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားပေသည်။ သတ္တပစ္စည်းရဲ့ ထူးခြားတဲ့ သဘာဝအရ ၎င်းက ပုန်းကွယ်နေနိုင်ပြီး အသိဉာဏ်ရှိတယ်လို့ သတ်မှတ်နိုင်ပြီ။ သဘာဝရဲ့ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်သည်။

"တကယ်လို့ အဲဒါက ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းတာဆိုရင်တောင် သူတို့က ဖေးဖေးကို မရောက်နိုင်ဘူး"

ဆေဘာစား ဘုရင်လေးက တီးတိုးရွတ်ဆိုလိုက်သည်။

"ကောင်ကင်နဲ့ မြေကြီးရဲ့ အာရုံကို ခံစားနိုင်တဲ့ ငါ့ရဲ့ ပညာအောက်မှာ သူတို့ကို မကြာခင်မှာပဲ ရှာတွေ့လိမ့်မယ်။ ဟင့် သူတို့က ငါ့ရဲ့ လျှို့ပုက်ဆန်းကြယ် စွမ်းအားကို ခိုးယူပြီးတော့ ထွက်ပြေးချင် နေသေးတာလား။ လပြွတ်ပဲရမယ် ခွေးသူခိုးတွေ"

သူက လေပေါ်ကနေ လမ်းလျှောက်ထွက်သွားလိုက်သည်။ ထိုအချိန်အတွင်းမှာ စိန်ယန္တရားရုပ်က

တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ကောင်းကင်ထဲမှာ ပျောက်ကွယ်သွားပြီး ဘယ်နေရာကို ရောက်သွားလဲ ဆိုတာကို မည်သူမျှ မသိပေ။

လင်းဟန်က ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ တစ်ခုမှ အသုံးမပြုခဲ့ပေ။ သူ့မှာ ဒီလိုမျိုး ရတနာတစ်ခု ရှိတယ်ဆိုပေမဲ့ အဲဒါကို ဒီနေရာမှာ အသုံးပြုလိုက်ဖို့ စိတ်မကူးထား ပါဘူး။ ရွှေနဂါးလှေ ပျက်စီးသွားတဲ့ အခိုက်အတန့်မှာပဲ သူက ဟူးညို ကျူးရွှမ်အာတို့ကို အနက်ရောင် မျှော်စင် အထဲကို ထည့်လိုက်သည်။

အနက်ရောင် မျှော်စင်က အနုမြူအမှုန့်ခန့် သေးငယ်တဲ့ အစေ့လေး တစ်ခုနဲ့ တူပြီးတော့ ကောင်းကင်ကနေ အောက်ကို မျောလွင့်လာပြီး တောအုပ်တစ်ခုထဲက မြစ်ထဲကို ကျင်ဆင်းပြီး ရေအလျင်နဲ့အတူ စီးမျောသွားခဲ့သည်။

လင်းဟန်က မကြာခင်မှာ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး သူလာခဲ့တဲ့ လမ်းအတိုင်း ပြန်လာပြီးတော့ အစောပိုင်းတုန်းက တိုက်ပွဲဖြစ်ပွားခဲ့တဲ့ နေရာမှာ စတင်ရှာဖွေလိုက်သည်။

"ဟားဟား တွေ့ပြီကွ"

သိပ်မကြာခင်မှာပဲ သူက မြေကြီးအပေါ်မှာ ငွေရောင်သွေးစက် တစ်ခုကို ရှာတွေ့သွားခဲ့သည်။ ထိုသွေးစက်ကား ဆေဘာဓား ဘုရင်လေး၏ သွေးစက်ဖြစ်သည်။ သူ၏သွေးမျိုးဆက်က ထူးခြားတာ ဒါမှမဟုတ် တချို့ပညာရပ်တွေကို ကျင့်ကြံခဲ့တာကြောင့် သူရဲ့သွေးက ငွေအဆင်းကို ပြောင်းလဲသွားခဲ့သည်။

ဒီသွေးစက်က ဟူးညီကိုက်လိုက်တာကြောင့် ထွက်လာတာ ဖြစ်ပြီးတော့ သွေးစက်အများကြီး အထဲက တစ်ခုဖြစ်သည်။ ဒါပေမဲ့လည်း တချို့က ရေထဲကို ကျသွားပြီး ရေနဲ့အတူ ရောနှောသွားတာကြောင့် ရှာမတွေ့နိုင်ခဲ့ပေ။ ဒီသွေးစက် တစ်စက်ပဲ သစ်ရွက်တစ်ခု အပေါ်ကို ကျလာခဲ့ခြင်း ဖြစ်သည်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သက်ရှိတစ်ယောက်၏ သွေးက အရမ်းကို ထူးခြားပြီး ကြောက်မက်ဖွယ်ရာ တည်ရှိမှု တစ်ခု ထွက်ပေါ်နေသည်။ သစ်ပင်ရဲ့ အသက်ဓာတ်ကား ဖျက်ဆီးခံလိုက်ရသည်။ လင်းဟန်တောင်မှ အနီးကို ကပ်လာတဲ့ အချိန်မှာ မမြင်ရတဲ့ ဖိအား တစ်ခုကို ခံစားရသည်။

“သွေးတစ်စက်က ကောင်းကင်ကို ပြောင်းပြန်လှန်ပစ်ဖို့ ကြိုးစားနေတုန်းပဲလား”

လင်းဟန်က မူလစွမ်းအင်နဲ့ သူရဲ့ခန္ဓာကိုယ်ကို ဖြန့်ကျက်ကာကွယ်လိုက်သည်။ သံမဏိ ခန္ဓာကိုယ်က သူ့ကို ဒီလိုမျိုး ဖိအားကို တောင့်ခံနိုင်အောင် အဆင့်မီပေသည်။

လင်းဟန်က ထိုသွေးစက်ကို ကျိန်စာများ၏ ပုလင်းထဲကို ထည့်လိုက်သည်။

“ငါမင်းကို သေအောင်လို့ ကျိန်စာတိုက်နိုင်မလား ဆိုတာကို ကြည့်ကြတာပေါ့”

Chapter 600 end

အပိုင်း(၆၀၁) ကျိန်စာ၏ အာနိသင် သက်ရောက်မှု

လင်းဟန်က ဆေးဘာဓား ဘုရင်လေးကို နေဂင်ဆည်းဆာလေးနဲ့ ဒဏ်ရာရသွားစေချင်ပြီး သူရဲ့သွေးကို ကျိန်စာတိုက်ဖို့ ရယူချင်ခဲ့သည်။ ဒါပေမဲ့ ဆေးဘာဓား ဘုရင်လေးက အတော်ကို သန်မာပြီး သူရဲ့တိုက်ခိုက်မှု အားလုံးကို လျစ်လျူရှုထားနိုင်သည်။ ဒါက ဟူးညီကြောင့်

အောင်မြင်ခဲ့ခြင်း ဖြစ်သည်။

သူက လက်တစ်ချောင်းကို ဆန့်ထုတ်ပြီး ကျိန်စာပုလင်းပေါ်မှာရှိတဲ့ အစီအရင်တွေထဲက တစ်ခုကို ဖိကပ်လိုက်သည်။ ၎င်းက သေခြင်းကျိန်စာ ဖြစ်သည်။

ဒါပေမဲ့လည်း လင်းဟန်ကို အံ့အားသင့် သွားစေတဲ့ အချက်က အစီအရင်ပေါ်မှာ အလင်းရောင် လုံးဝကို တောက်ပ မလာခဲ့ပေ။

"ဟင် ဘာတွေဖြစ်နေတာလဲ"

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့သည်။ ဒါပေမဲ့ မကြာခင်မှာပဲ လူတချို့၏ မွေးဖွားရာ ဇာတာခွင်က ဘယ်လောက်သန်မာ အားကောင်းလဲ ဆိုတာကို တွေးလိုက်မိပြီး ထိုလူများကို သေအောင်လို့ ကျိန်စာတိုက်ခြင်းက ခက်ခဲတယ်ဆိုတာ စဉ်းစားမိလိုက်သည်။ ဥပမာ သူကလည်း ထိုလူနည်းစုထဲက တစ်ယောက်ဖြစ်သည်။ သူက ရှေးဟောင်းသတ္တုမိုင်းတွင်း အထဲကို ကောင်းကောင်းမွန်မွန် ဝင်ရောက်နိုင်ခဲ့ပြီး အနည်းဆုံး ဆယ်ရက်ကနေ လဂက်အချိန်မှ ကျိန်စာချီက သူ့ကို အကျိုးသက်ရောက်နိုင်ပါလိမ့်မည်။

ကြည့်ရတာ ဆေဘာဓား ဘုရင်လေးကို သေအောင်လို့ ကျိန်စာတိုက်ဖို့က သွေးတစ်စက်နဲ့ ဘယ်လိုမှ လုံလောက်နိုင်မည် မဟုတ်ချေ။

လင်းဟန်က နောက်ထပ် အကောင်းဆုံး ဖြစ်နိုင်မဲ့ အရာတစ်ခုအတွက် အစီအစဉ် ချမှတ်ပြီး သူ့ကိုယ်သူ ပြောလိုက်သည်။

"မင်းကို သေအောင်လို့ ကျိန်စာမတိုက်နိုင်ဘူး ဆိုမှတော့ မင်းကို မနာမကျန်းဖြစ်အောင် ကျိန်စာတိုက်ရမှာပဲ။ မင်းကို လွယ်လွယ်နဲ့တော့ လွှတ်မပေးနိုင်ဘူး"

သူက နောက်ထပ် အစီအရင် တစ်ခုကို ထပ်ပြီးတော့ ဖိကပ်လိုက်တဲ့ အခါမှာ ဒီတစ်ကြိမ်တော့ အစီအရင်က လင်းလက်တောက်ပ လာခဲ့သည်။

ဆိုလိုတာက ကျိန်စာက အကျိုးသက်ရောက်သွားခဲ့ပြီး မကျန်းမမာ ဖျားနာခြင်း အာနိသင်ရှိ၏။ ဘယ်လိုမျိုး ဖျားနာမလဲ ဆိုတာကိုတော့ လင်းဟန်က မသိပါဘူး။

ဒီတစ်ကြိမ်မှာတော့ သူက အကြီးအကျယ်

ဆုံးရှုံးနစ်နာသွားတယ်လို့ ခံစားလိုက်ရသည်။ ရွှေနဂါးလေ့ ပျက်စီးသွားရုံတင်မက မြားသုံးချောင်းလည်း ဆုံးရှုံးသွားခဲ့သည်။ တစ်နေ့နေ့ တချိန်ချိန်ကျရင် ရှေးဟောင်းမင်းဆက်ရဲ့ ရတနာသိုက် တစ်ခုလုံးနီးပါးကို ရရှိထားတဲ့ ဆေဘာဓား ဘုရင်လေးကို သူရဲ့ဆုံးရှုံးနစ်နာမှုတွေအတွက် ပြန်ပြီးတော့ ရယူရပါလိမ့်မည်။

ဒါပေမဲ့ အခုတော့ လင်းဟာန်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို အမြန်ဆုံးနည်းနဲ့ ချိုးဖျက်ဝင်ရောက်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဆေဘာဓားဘုရင်လေးနဲ့ တွေ့လိုက်တိုင်းမှာ ထွက်ပြေးရုံတစ်ခုပဲ တတ်နိုင်ပါလိမ့်မည်။ နောက်ပြီးတော့ တကယ်လို့ သူ့မှာ အနက်ရောင် မျှော်စင်ကိုသာ ပိုင်ဆိုင်ထားခြင်း မရှိဘူးဆိုရင် လွတ်အောင် ထွက်ပြေးနိုင်စွမ်းတောင် ရှိလိမ့်မည် မဟုတ်ပေ။

ကြီးမားတဲ့ ဖိအားရဲ့ အောက်မှာ သူရဲ့တိုက်ပွဲဆာလောင်တဲ့ စိတ်ဝိညာဉ်ကလည်း စတင်မြင့်တက် လာခဲ့သည်။

ဒါပေမဲ့လည်း အချိန်တစ်ခဏကြာမျှ လမ်းလျှောက်ပြီးတဲ့ နောက်မှာတော့ သူက ရုတ်တရက် မကောင်းတဲ့

အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး သူ့ရဲ့အသံကို မြှင့်ပြီးတော့ ပြောလိုက်သည်။

"မင်းရောက်လာပြီ ဆိုမှတော့ ဘာဖြစ်လို့ ပုန်းနေတာလဲ"

ဆေဘာစား ဘုရင်လေးရဲ့ ပုံရိပ်က ပေါ်လာပြီး အေးစက်စက်နဲ့ ပြောလိုက်သည်။

"ငါ့ရဲ့ လက်ထဲကနေ လွတ်မြောက်နိုင်လိမ့်မယ်လို့ မင်းထင်နေတာလား။ အရမ်းကို အတွေ့အကြုံ နုနယ်သေးတာပဲ"

"ငါ့ဘာသာ အတွေ့အကြုံ နည်းတာ မနည်းတာက တခြားကိစ္စပဲ။ ဒါပေမဲ့ မင်းကိုကြည့်ရတာတော့ ကံဆိုးတော့မယ်နဲ့ တူတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"အိုး ဘယ်လိုမျိုး ကံဆိုးမှာလဲ"

ဆေဘာစား ဘုရင်လေးက လင်းဟန်အနားကို သာမန်ကာလျှံကာ ကပ်လာခဲ့သည်။ သူက ဂရုမစိုက်ပဲတော့

မနေပုံပါဘူး။ ဟူးညိုရဲ့ တည်ရှိမှုကို အာရုံခံလို့ မရရှိပဲ ဒီကလေးမက လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲနိုင်ပြီးတော့ အရမ်းကို လျင်မြန်လွန်းပြီး သူမရဲ့ သွားတွေက သူရဲ့ခုခံကာကွယ်မှုကို ဖြတ်ပြီးတော့ ကိုက်ပစ်နိုင်လောက်အောင် ထက်မြက်လွန်း နေသည်။

လင်းဟန်က ချင့်ချိန်စဉ်းစားလိုက်ပြီး ပြောလိုက်သည်။

"မင်းစောင့်ကြည့်လိုက်လေ"

"ဟင့်"

ဆေဘာစား ဘုရင်လေးက လှောင်ပြုံးပြုံးလိုက်သည်။ လင်းဟန်က သူ့ကို အဓိပ္ပါယ်မရှိတဲ့ စကားလုံးတွေနဲ့ လှည့်ဖျားဖို့ ကြိုးစားနေတယ်လို့ ယူဆထားပြီး လင်းဟန်အနားကို ဆက်ပြီးတော့ တိုးလာခဲ့သည်။ သူ၏ဆေဘာစား အသိကို ထုတ်လွှတ်ပြီး လင်းဟန်ဆီကို ဦးတည်ထားလိုက်၏။ လင်းဟန်က အနည်းငယ် လှုပ်ရှားလိုက်တာနဲ့ သူက ကောင်းကင်ဘုံဆေဘာစားနဲ့ လင်းဟန်ကို တစ်ချက်တည်း တိုက်ခိုက်ပြီး အသေသတ်ပစ်ရပါလိမ့်မည်။

သူရဲ့ဆေဘာဓားကို မထုတ်ရသေးတဲ့ အကြောင်းအရင်းက ဟူးညိုက ဘယ်မှာရှိနေတယ် ဆိုတာကို သူသိချင်နေသေးတာကြောင့် ဖြစ်၏။ သူမက လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ဆက်ခံထားပြီး အဲဒီအစွမ်းကို ရယူဖို့ သူ့အနေနဲ့ ဆုံးဖြတ်ထားသည်။

"ဂူ"

အဲဒီအခိုက်အတန့်မှာပဲ သူရဲ့အစာအိမ်က ရုတ်တရက် အသံထွက် လာခဲ့သည်။

ဆေဘာဓား ဘုရင်လေးရဲ့ ပုံစံကလည်း ချက်ချင်းဆိုသလို ထူးထူးခြားခြား ဖြစ်သွား၏။

သူတကယ်ပဲ အစာအိမ် နာနေတာလား။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာ သိုင်းပညာရှင်တွေက သာမန်ဖျားနာတာမျိုး လုံးဝကို မရရှိနိုင်တော့ပါဘူး။ အစာအိမ် နာကျင်တယ် ဆိုတာကို ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါပေမဲ့ အခုတော့

သူ့ရဲ့အစာအိမ်က ငရဲကျနေသလို အစစ်အမှန် နာကျင်ခံစားနေရသည်။

ဒါက ဘယ်လိုမှ ယုတ္တိမရှိပါဘူး။

ပန်းဖူးအဆင့်ကနေ စပြီးတော့ သိုင်းပညာရှင်တွေ စားတဲ့ အစားအသောက်ထဲက မကောင်းတဲ့ အညစ်အကြေး မသန့်စင်မှုတွေကို အရေပြားကနေ တစ်ဆင့် အပြင်ကို ပြန်ထုတ်ပစ်ပေးတာ ဖြစ်ပြီးတော့ အညစ်အကြေးနဲ့ ရောဂါပိုးတွေကြောင့် မသန့်မပြန့် ဖြစ်မှုတွေ မရှိတော့ပါဘူး။ အပေ့ါအပါး သွားတာမျိုးတောင် လုံးဝမလိုအပ်တော့ပေ။

"ကြည့်စမ်း မျှော်လင့်ထားသလိုပဲ မင်းတော့ ကံဆိုးမိုးမှောင်ကျနေပြီ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

ဆေဘာအေး ဘုရင်လေးက သူရဲ့ဆေဘာအေးနဲ့ ခုတ်ပစ်ချင်နေပေမဲ့ ဘူဆိုပြီးတော့ အသံကျယ်လောင်စွာနဲ့ အီးပေါက်လိုက်ပြီး သူ့ရဲ့မျက်နှာက အစိမ်းရောင် ပြောင်းလဲသွားခဲ့သည်။ ဒီလုံ့ဆော်မှုက ပိုပိုပြီးတော့ ပြင်းထန်လာပြီး သူရဲ့ခြေထောက်တွေကို

တင်းတင်းကျပ်ကျပ် လိမ်ထားတာတောင်မှ အသုံးမဝင်ပဲ ထိန်းမထားနိုင်အောင် ဖြစ်နေသည်။

"မင်း မင်း စောင့်နေဦး"

ဆေဘာဓား ဘုရင်လေးက နာမည်ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် သူက အီးတဘွတ်ဘွတ် ပေါက်ပြီးတော့ တိုက်ခိုက်ဖို့ဆိုတာ ဖြစ်နိုင်စရာ အကြောင်း မရှိချေ။ သူက အလျင်အမြန်ပဲ လှည့်ပြီးတော့ သူ့ဖင်ကို တွန့်လိမ်တွန့်လိမ်နဲ့ ထွက်သွားသည်။ ထို့နောက် ချုံပုတ်တစ်ခုထဲကို ပြေးဝင်သွားပြီး ချက်ချင်းဆိုသလို သူ့ဝမ်းဗိုက်ထဲက ဝမ်းရုတ်သံက မိုးခြိမ်းသံအလား ကျယ်လောင်စွာ မြည်ပြီးတော့ မရပ်မနားကို လေလည်နေသည်။

"လေးစားပါတယ် လေးစားပါတယ်"

လင်းဟာန်က အဝေးကနေ ပြောလိုက်သည်။

"ဆေဘာဓား ဘုရင်လေးက မျှော်လင့်ထားသလိုပဲ အထင်ကြီးစရာ ကောင်းလိုက်တာ။ ရန်သူတွေကို မကြံုစဖူး အကြံုထူးအောင် အနံ့ဆိုးတွေနဲ့ တိုက်ခိုက်နေတာပဲ။

ဒီနည်းစနစ်ကို တကယ်ပဲ သင်ယူချင်တယ် ဆိုရင်တောင်မှ ဘယ်လိုမှ သင်ယူနိုင်မှာ မဟုတ်ဘူး”

ဆေဘာအား ဘုရင်လေးက ခွန်းတုံ့ပြန်ချင်ပေမဲ့ သူ့အစာအိမ်က ဆက်ပြီးတော့ လှိုင်းလုံးတေ တလိပ်လိပ် ထနေသလို ခံစားရပြီး ချက်ချင်းဆိုသလို ညည်းညူသံ တစ်ခု ထွက်လာပြီး အသက်ကို ရှူထုတ်ရင်းနဲ့ ကျေနပ်အားရစွာနဲ့ အားလုံးကို တွန်းထုတ်လိုက်သည်။

“မြားတစ်စင်းကို ယူလိုက်”

လင်းဟန်က နေဝင်ဆည်းဆာ လေးကို ဆွဲပြီးတော့ မြားတစ်ချောင်းကို ကြိုးမှာ တပ်ဆင်ပြီး အဆင့်သင့် ပြင်လိုက်သည်။

“လင်းဟန်က မင်းက လုံးဝကို အရှက်မရှိဘူး”

ဆေဘာအား ဘုရင်လေးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်သည်။ ဟူးညီက သူ့ကို အနှောင့်အယှက် ပြုမနေပဲနဲ့ သူက တကယ်ပဲ လင်းဟန်ရဲ့ ပစ်မှတ်တစ်ခု ဖြစ်နေမှာကို လုံးဝကြောက်ရွံ့မှု မရှိခဲ့ပါဘူး။ ဒါပေမဲ့ လက်ရှိမှာ ဖြစ်ပျက်နေတဲ့ သူ့အခြေအနေအရ သူရဲ့ဆေဘာအားကို

အီးထွက်နေတဲ့ အချိန်မှာ ထွက်ပြီးတော့ ပွေ့ယမ်းရမှာလား။

"မင်းလိုမျိုး အရူးတစ်ယောက်နဲ့ ရင်ဆိုင်တဲ့ အခါမှာ အဆင့်အတန်းတွေ ဘာတွေကို ထားနေဖို့ လိုသေးလို့လား"

လင်းဟန်က မြားကို ပစ်လွှတ်လိုက်သည်။ သူကလည်း အရမ်းကို ဒေါသထွက်နေသည်။ ဆေဘာဓား ဘုရင်လေးက သွေးအေးအေးနဲ့ ရှာနစ်ရှာက လူတွေကို သတ်ပစ်ခဲ့ပြီး လင်းဟန်က ဒီမြားကို ပစ်လွှတ်ပြီးတော့ ဆေဘာဓား ဘုရင်လေးရဲ့ ယုတ်မာတဲ့ အပြုအမူကို သဘောမကျဘူး ဆိုတာကို ဖော်ပြသိရှိစေဖို့ ဖြစ်ပြီးတော့ အခွင့်အရေးကို ဖြုန်းတီးမပစ်ဖို့ ဆုံးဖြတ်ထားသည်။

ရှပ်။

မြားက အဖြူရောင် အလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲသွားပြီး ကောင်းကင်ထက်မှာ ပျံသန်းနေတဲ့ နဂါးတစ်ကောင်နဲ့ တူနေသည်။

ဆေဘာဓား ဘုရင်လေးက ရွေးချယ်စရာ မရှိတော့ပဲ သူရဲ့ဆေဘာဓားနဲ့ မြားကိုတာဆီး ကာကွယ်ဖို့ ပွေ့ယမ်းလိုက်သည်။ သူရဲ့ဖင်ပြောင်ကြီးကို ကြည့်ရတာ

အရမ်းကို ရုပ်ဆိုးလွန်းသည်။

"လင်းဟန် ငါကျိန်ဆိုတယ်။ တကယ်လို့ မင်းကိုငါ မသတ်နိုင်ဘူးဆိုရင် ငါအသက်ရှင်"

ဘူ။

သူ့ရဲ့စကားလုံး ပြင်းပြင်းတွေ ပြောလို့မပြီးသေးခင်မှာပဲ သူ့ရဲ့နှလုံးသား အလိုဆန္ဒကို ဆန့်ကျင်လို့ မရပဲ နောက်တစ်ကြိမ် ထပ်ပြီးတော့ ဆောင့်ကြောင့်ထိုင်ချလိုက်ရသည်။

"ငါ့ကို သတ်မယ် ဟုတ်လား။ ငါကပဲ မင်းကို သတ်ပစ်မဲ့လူကွ"

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပြီး ဆက်မတိုက်ခိုက်တော့ပဲ ချာခနဲလှည့်ကာ ထွက်လာခဲ့သည်။

ပြိုင်ဘက်ဖြစ်သူမှာ စိန်အဆင့် ယန္တရားရုပ်တစ်ခု ရှိနေပြီး သူ့ကို နေရာခွဲပြီးတော့ ရှာဖွေနေတာ ဖြစ်နိုင်ပါလိမ့်မည်။ တကယ်တမ်းတော့ ဆေဘာဓား ဘုရင်လေးက လျှို့ဝှက်ဆန်းကြယ် ပညာရပ် တစ်ခုနဲ့ ယန္တရားရုပ်ကို

ဆင့်ခေါ်ထားတာ အချိန်တော်တော် ကြာနေပါပြီ။ တကယ်လို့ လင်းဟန်က အခုချိန် ထွက်မသွားဖူးဆိုရင် သူ့အနေနဲ့ နောက်ထပ်တစ်ကြိမ် အနက်ရောင် မျှော်စင်ထဲ ဂင်ပုန်းနေရပါလိမ့်မည်။

သူက မိုစ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ လေကို ထိုးခွဲပြီး အဝေးကို ပျံသန်းထွက်ခွာ သွားခဲ့သည်။ တော်တော်ဝေးတဲ့ နေရာကနေတောင် သူက မိုးခြိမ်းသံနဲ့တူတဲ့ ဂမ်းလျှောတဲ့ အသံကိုတောင် ကြားနေရဆဲ ဖြစ်သည်။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်တွေက ဒီလိုမျိုး အဖြစ်အပျက်မှာတောင် သန်မာအားကောင်း နေကြသည်။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က မြို့တစ်မြို့ဆီ ရောက်လာခဲ့သည်။

ကျိန်စာပုလင်းရဲ့ အပေါ်က အစီအရင်ပုံစံကလည်း မှေးမှိန်လာခဲ့သည်။ ဆေဘာဓား ဘုရင်လေးရဲ့ သွေးစက်ကလည်း ကုန်ခမ်းသွားပြီး သူ့အနေနဲ့ နောက်ထပ်ကျိန်စာတိုက်လို့ မရနိုင်တော့ပါဘူး။ လင်းဟန်က သနားစရာ ကောင်းနေပါတယ်။ တကယ်လို့

ဆောဘာဓားဘုရင်လေးကို ဂမ်းလျှော့အောင် လုပ်တဲ့လူက သူဆိုတာကို သိသွားမယ်ဆိုရင် သေချာပေါက် ဒေါ်သအိုး ပေါက်ကွဲပါလိမ့်မယ်။

လင်းဟန်က ဟူးညိုနဲ့ ကျူးရွှမ်အာတို့ကို အနက်ရောင် မျှော်စင်ထဲကနေ ဆင့်ခေါ်လိုက်သည်။ သူတို့သုံးယောက်က လမ်းတွေပေါ်မှာ လျှောက်သွားနေကြသည်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ လူတွေက သူတို့ကို လက်ညှိုးထိုး ညွှန်ပြနေတာကို မြင်လိုက်ရသည်။ အဲဒီနောက်မှာတော့ လင်းဟန်က သူနဲ့ဟူးညိုရဲ့ ပုံတူပန်းချီတွေကို မြို့ရဲ့နံရံတွေ အပေါ်မှာ ချိတ်ဆွဲထားတာကို တွေ့မြင်လိုက်ရသည်။

ဒါက ကြေညာချက်တစ်ခု ဖြစ်ပြီး တကယ်လို့ တစ်ယောက်ယောက်က သူတို့တွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာကို သတင်းပေးနိုင်လို့ရှိရင် ဆုလာဘ်အကြီးကြီး ချီးမြင့်ခံရပါလိမ့်မည်။ ဒါပေမဲ့လည်း ကြေညာချက် အပေါ်မှာ သူနဲ့ဟူးညိုတို့ရဲ့ ပုံတူပန်းချီပဲ ရှိပြီးတော့ သူတို့ရဲ့ နာမည်တွေ မပါဝင်ပါဘူး။

ကြည့်ရတာတော့ ဆောဘာဓားဘုရင်လေးက ဒီကြေညာချက်ကို ထုတ်တာပဲ ဖြစ်ပေလိမ့်မည်။ သူ့မှာ စိတ်စနိုးစနောင့် တချို့ရှိနေပြီး လင်းဟန်ရဲ့ နာမည်ကို

ထုတ်ဖော်မကြေညာပွဲအောင် ဖြစ်နေပုံရသည်။ တကယ်တော့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သည်။ တကယ်လို့ လူတစ်ယောက်ယောက်က လူသိထင်ကြား ကြေညာချက် ထုတ်မယ်ဆိုရင် မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ ပြင်းထန်လှတဲ့ ဒေါသကို ကြောက်ရွံ့ခြင်း မရှိပဲ နေနိုင်လိမ့်မည် မဟုတ်ချေ။

သူက လက်ရှိမှာ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိသေးပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်မတက်သေးပါဘူး။ ဒါကြောင့် သူ့စိတ်တိုင်းကျ ဘာမဆို လုပ်ဖို့ဆိုတာက မဖြစ်နိုင်သေးပေ။

လင်းဟန်က အလျင်အမြန်ပဲ ဟူးညို၊ ကျူးရွှမ်အာတို့နဲ့အတူ ထွက်လာခဲ့သည်။ မျှော်လင့်ထား သလိုပါပဲ။ ဆေဘာဓား ဘုရင်လေးက အချိန်အနည်းငယ် အတွင်းမှာ သူတို့နောက်ကို လိုက်လာခဲ့သည်။ သူတို့သုံးယောက်က အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ရုပ်ဖျက်ထားပြီး နောက်ထပ်တစ်ကြိမ် ပြောင်ကျကျ ထွက်ပေါ်လာခဲ့သည်။

"လင်းဟန်"

မြို့ထဲကနေ သူတို့တွေ ထွက်လာရုံပဲ ရှိပါသေးတယ်။ ဆေဘာဓား ဘုရင်လေးက လင်းဟာန်နဲ့ ဟူးညိုကို ရည်ရွယ်ပြီး မိုးကောင်ကင်ရဲ့ အနောက်မှာ ရှိနေတဲ့ တန်ခိုးရှင် တစ်ပါးအလား ဆေဘာဓားနဲ့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

ဒီကောင်က သူတို့တွေ ရုပ်ဖျက်ထားတာကိုတောင် ဘယ်လိုလုပ်ပြီးတော့ ရှာတွေ့သွားတာလဲ။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပြီး အလျင်အမြန်ပဲ မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး ရှောင်တိမ်းလိုက်သည်။ အဲဒီအချိန်မှာ ဟူးညိုက လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းသွားပြီး ဆေဘာဓား ဘုရင်လေးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့၏။

"မင်းက ငါ့အရှေ့မှာ ဒီအိုဟောင်းနေတဲ့ တိုက်ကွက်ကို နစ်ကြိမ်တိုင်တိုင် သုံးချင်သေးတာလား"

ဆေဘာဓား ဘုရင်လေးက လှောင်ပြုံးပြုံးလိုက်သည်။

Chapter 601 end

အပိုင်း(၆၀၂) အများများ အယွင်းယွင်း တိုက်ခိုက်မှု

ဆေဘာဓား ဘုရင်လေးရဲ့ ခါးမှာ ပတ်ထားတဲ့ ခါးပတ်က ရုတ်တရက် လင်းလက်တောက်ပကာ အလင်းရောင်တန်းကြီး တစ်ခုကို ဟူးညိုဆီကို ပစ်လွှတ်တားဆီးလိုက်သည်။ ပြေးနေရင်းနဲ့ ဟူးညိုက သူမ၏ ပါးစပ်ကိုဟကာ အလင်းရောင်တန်းကို ကိုက်ဖြတ်ကာ နောက်တစ်ကြိမ် ကင်းလွတ်မှုကို ရရှိသွားခဲ့သည်။

ရွှစ်။

လင်းဟန်က မြားတစ်စင်းကို ပစ်လွှတ်လိုက်သည်။ ဒါပေမဲ့ နေဂင်ဆည်းဆာ လေးကို အသုံးမပြု ခဲ့ပေ။ ထိုအစား သူရဲ့ခန္ဓာကိုယ်ကို လေးတစ်ချောင်းအဖြစ် တိုက်ရိုက်အသုံးပြုပြီး မူလစွမ်းအင်ကို မြားအဖြစ် အသုံးပြုခဲ့သည်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့အတွက် နေဂင်ဆည်းဆာလေးကို ထုတ်ယူဖို့ အချိန်လုံလုံလောက်လောက် မရှိပေ။

ဒါပေမဲ့လည်း ဆေဘာဓား ဘုရင်လေးက အမှုမဲ့အမှတ်မဲ့ မနေရဲပေ။ သူရဲ့ပုံရိပ်က ဖျတ်ခနဲဆို လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်သည်။ ဒါပေမဲ့ ဟူးညိုကို တိုက်ခိုက်ဖို့ အကောင်းဆုံး အခွင့်အရေးကိုတော့

လွဲချော်သွားခဲ့သည်။

မူလစွမ်းအင်ရဲ့ မြားက သူရဲ့ခန္ဓာကိုယ်ကနေ ပွတ်ကာသီကာနဲ့ ဖြတ်သွားခဲ့သည်။ ဆေဘာဓား ဘုရင်လေးက ဒီမြားရဲ့ အစွမ်းက အစောပိုင်းက မြားနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အရမ်းကို ကွာခြားတာကို သတိပြုမိသွားပြီး ရှက်ရွံ့မှုကြောင့် ဒေါသတွေ ထွက်ပြီးတော့ ကြည့်လိုက်သည်။ ဆေဘာဓား ဘုရင်လေးရဲ့ အလယ်ပိုင်း ဒေသထဲမှာ အသန်မာဆုံး ပါရမီရှင်ဆိုတဲ့ ဂုဏ်သိက္ခာက လင်းဟန်ရဲ့ လှည့်ဖျားမှုကို ခံလိုက်ရပြီး လင်းဟန်၏ အစွမ်းထက်တဲ့ ကျွမ်းကျင်မှု မဟုတ်ပဲ ထိတ်လန့်သွားပြီး ကလေးမလေးကို တိုက်ခိုက်ဖို့ အကောင်းဆုံး အခွင့်အရေးကို လွဲချော်သွားခဲ့သည်။

ကလေးမလေးရဲ့ ခန္ဓာကိုယ်မှာ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ၏ လျှို့ဝှက်ချက်များကို ဝှက်ထားပြီး အဲဒီစွမ်းအားကို ရယူရန် သူမအနေဖြင့် ဆုံးဖြတ်ချက် ချထားခဲ့သည်။

"ဟူးညို ပြန်လာခဲ့"

လင်းဟန်က အော်ဟစ်လိုက်သည်။ သူမအနေနဲ့ ဟူးညိုကို

ထပ်ပြီးတော့ အရဲစွန့်တာမျိုး ထပ်လုပ်မှာကို မလိုလားပါဘူး။

ဟူးညိုက မဆိုင်းမတွ ခေါင်းညိတ်လိုက်ပြီး လျပ်ပြက်သလို အနောက်ဘက်ကို ပြန်ခုန်လာပြီး ဆေဘာအား ဘုရင်လေးကို မျက်နှာပြောင်ပြပြီး ပြောလိုက်သည်။

"ဖင်ပြောင်ကြီး"

ဆေဘာအား ဘုရင်လေးက လွှန်ခဲ့တဲ့ ရက်အနည်းငယ်လောက်တုန်းက သူ့ဦးနောက်ထဲကနေ ထုတ်လို့မရသေးတဲ့ ရှက်စရာကောင်းတဲ့ မတော်တဆမှုကို ဟူးညိုက လှောင်ပြောင်သရော် လိုက်တယ်လို့ ယူဆသွားခဲ့သည်။ ဒါကသူ့ကို အကြီးမားဆုံး အရှက်ခွဲလိုက်တာ ဖြစ်ပြီးတော့ လူအများသိအောင် ဖွင့်ချလိုက်မှာကို ထိတ်လန့်နေခဲ့သည်။ ထို့ကြောင့် ဟူးညိုက သူ့ကို ပွင့်ပွင့်လင်းလင်း လှောင်ပြောင်လိုက်တဲ့ အချိန်မှာ ချက်ချင်းဆိုသလို လေထုထဲမှာ မရေရာ အငွေ့အသက်တွေ လွှမ်းခြုံသွားခဲ့သည်။

"သွားစမ်း"

မျက်ခြေမပြတ် စောင့်ကြည့်နေတဲ့ မျက်လုံးတွေရဲ့

အောက်မှာ လင်းဟန်က အနက်ရောင် မျှော်စင်ကို အသုံးမပြုချင်ခဲ့ပေ။ သူက ဟူးညိုကို ဘယ်ဘက်လက်နဲ့ ဖမ်းဆုပ်ပြီး ကျူးရွှမ်အာကို ညာဘက်လက်နဲ့ ဖမ်းဆုပ်ကာ မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး တစ်ချိုးတည်း လှည့်ပြေး လိုက်သည်။

ဒါပေမဲ့လည်း ခြေနှစ်လှမ်းမျှ လှမ်းပြီးတဲ့ နောက်မှာတော့ ရုတ်ချည်းဆိုသလို မကောင်းတဲ့ အငွေ့အသက်တစ်ခုကို ခံစားလိုက်ရပြီး သူ့ခြေလှမ်းတွေကို အလျင်အမြန် ရွေ့လျားပြီး ဘေးဘက်ကို ပျံထွက်လိုက်သည်။

ပုန်း။

ကြီးမားလေးလံတဲ့ လက်သီးတစ်ခုက လမ်းမပေါ်ကို ကျဆင်းလာပြီး ချက်ချင်းဆိုသလို ဖုန်မှုန့်တွေနဲ့ ပြည့်နှက်သွားခဲ့သည်။ အကယ်၍ လင်းဟန်က ဦးတည်ချက်ကို မပြောင်းပဲ ဒီအတိုင်းပဲ ဆက်သွားနေမယ်ဆိုရင် ဒီလက်သီးဒဏ်ကို သေချာပေါက် ခံစားသွားပါလိမ့်မည်။ စိန်အဆင့် ယန္တရားရုပ်ရဲ့ ပုံရိပ်က ထွက်ပေါ်လာခဲ့သည်။ ၎င်း၏ ကြည်လင်တောက်ပနေသော ခန္ဓာကိုယ်မှာ အလင်းရောင်တွေ ရောင်ပြန်ဟပ်နေပြီး အရမ်းကို ထူးထူးခြားခြား ဖြစ်နေသည်။

ဖုန်မှုန်တွေ လွင့်စဉ်ပျောက်ကွယ် သွားပြီးတဲ့ နောက်မှာတော့ ဆယ်မီတာကျော် အနက်ရှိတဲ့ ဧရာမ ချိုင့်ကြီးတစ်ခုက လမ်းမပေါ်မှာ ဖြစ်ပေါ်လာပြီး အရမ်းကို ထိတ်လန့်စရာ ကောင်းပေသည်။

လင်းဟန်နဲ့ မိန်းကလေး နှစ်ယောက်က သွေးအန်ထုတ်လိုက်သည်။ သူတို့က ဒီတိုက်ခိုက်မှုကို ချိန်သားကိုက် ရှောင်တိမ်းနိုင်ခဲ့ပေမဲ့ သူတို့လည်း အဖျားခတ်ခံလိုက်ရသည်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့်၏ စွမ်းအားကား ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူတို့သုံးယောက်ကို အဖျားခတ်ပြီးတော့ ဒဏ်ရာရသွားစေခဲ့သည်။

"မင်းတို့တွေက ဘယ်ကိုထွက်ပြေးဖို့ စဉ်းစားနေတာလဲ"

ဆေဘာစား ဘုရင်လေးက အေးစက်စွာနဲ့ ပြောလိုက်ပြီး သူ၏ဆေဘာစားနဲ့ တိုက်ခိုက်ပစ် လိုက်သည်။ လမ်းသွားလမ်းလာတွေ အားလုံးကို ဆေဘာစား အလင်းတန်းက သူတို့ကို ထိတွေ့သွားတဲ့ အခိုက်အတန့်မှာ အပိုင်းပိုင်း အစစတွေ ဖြစ်ပြီးတော့ သွေးတွေက ချက်ချင်းဆိုသလို နေရာအနှံ့ကို ပျံ့နှံ့သွားခဲ့သည်။

ဒီလူက လူ့အသက်ကို လုံးဝကို ဂရုမစိုက်ပဲ ဆိုးသွမ်းရမ်းကားနေပြီးတော့ သက်ရှိတွေ အားလုံးကို ဖက်ရွက်ကလေးတွေအဖြစ် သဘောထားနေသည်။

ရှပ်။

သူက နောက်ထပ်တစ်ကြိမ် သူ့ဆေဘာဓားနဲ့ ခုတ်လိုက်သည်။

လင်းဟန်က ဒေါသတွေ ပေါက်ကွဲသွားခဲ့ပြီး သူရဲ့အကြည့်တွေက ရေခဲတုံးတမျှ အေးစက်ပြီး ချက်ချင်းဆိုသလို လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ပစ်ထုတ်လိုက်သည်။ ၎င်းခန္ဓာကိုယ် ပိုင်ရှင်က ဖန်းဂေချီမှလွဲ၍ တခြားလူ မဖြစ်နိုင်ပေ။

ရှပ်။

ဆေဘာဓား အလင်းက ဖြတ်သွားခဲ့သည်။

ဖန်းဂေချီက အနက်ရောင် မျှော်စင်ထဲကနေ ရုတ်တရက် ထွက်ပေါ်လာပြီး အခြေအနေတွေကို သုံးသပ်နိုင်ခြင်း မရှိပဲ

ရုတ်တရက် ဆေးဘာဓားအလင်း တစ်ခုက သူ့ကိုတိုက်ခိုက်လာတာကို မြင်လိုက်ရပြီး သူလုံးဝကို ထင်မှတ်မထားတဲ့ အရာတစ်ခု ဖြစ်ပေသည်။ ဒါပေမဲ့လည်း ဒီဆေးဘာဓား အလင်းကို ကြည့်ရတာ အရမ်းကို ရင်းနှီးနေပြီး ထိုဓားဆန္ဒအသိကိုလည်း သူ့အနေနဲ့ အကြိမ်ပေါင်းများစွာ မြင်တွေ့ခဲ့ဖူး၏။

ဒါကသူ့ရဲ့ သားဖြစ်သည်။

သူ့သားက ဘာဖြစ်လို့ သူ့ကို တိုက်ခိုက်ရတာလဲ။ သူနဲ့သူ့သားက သွေးသားရင်းချာတွေ မဟုတ်ဘူးလား။ သူငယ်ရွယ်စဉ် အခါတုန်းက အိမ်ကနေ ထွက်လာပြီး သူ့ကိုယ်သူ အကြမ်းပတမ်း ခံနိုင်အောင်လို့ ခရီးတွေ ဆန့်ခဲ့တဲ့ အချိန်မှာ သူ့မိန်းမက လင်ငယ်နေပြီးတော့ ကလေးရတာများ ဖြစ်နိုင်မလား။

"အား"

သူက ထိတ်လန့်တကြား အော်ဟစ်လိုက်ပြီး ဆေးဘာဓား အလင်း၏ နှစ်ပိုင်းလှီးဖြတ်ခြင်းကို ခံလိုက်ရသည်။

ဆေးဘာဓား ဘုရင်လေးက ထိတ်ထိတ်ပျာပျာ

ဖြစ်သွားခဲ့သည်။ သူ့အနေနဲ့ လင်းဟန်က သက်ရှိလူသား တစ်ယောက်ကို အမှန်တကယ် ပစ်လွှတ်လိမ့်မယ်လို့ ထင်မှတ်မထားမိခဲ့ချေ။ သူက ဖန်းဝေချီရဲ့ အလောင်းကို မှင်တက်စွာနဲ့ စိုက်ကြည့်ပြီး ဒယိမ်းဒယိုင် ဖြစ်သွားခဲ့သည်။

ဒါက သူ့ရဲ့အဖေအရင်း ဖြစ်ပြီးတော့ လင်းဟန်က တစ်နေရာရာမှာ အကျဉ်းချထားတယ်လို့ပဲ သူထင်ထားခဲ့ပြီး လင်းဟန်က သူ့ဆီကို လေထဲကနေ ပစ်ထုတ်လိမ့်မယ်ဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။ သူ့အနေနဲ့လည်း ကြိုတင်သိမြင်နိုင်ခြင်း မရှိပေ။

"အ ဖေ"

ဆေဘာဓား ဘုရင်လေးက အော်ဟစ်ငိုကြွေးလိုက်ပြီး သူ့ရဲ့မျက်နှာ တစ်ခုလုံးက မှုန်မွေ့လဲကျ သွားမတတ် ဖြူဖပ်ဖြူရော် ဖြစ်နေခဲ့သည်။

သူ့အနေနဲ့ ဒီကမ္ဘာကြီးထဲက လူတိုင်းလူတိုင်းရဲ့ အသက်ကို ဖက်ရွက်ကလေးတွေ အဖြစ် ယူဆထားခဲ့သည်။ ဒါပေမဲ့ ဖန်းဝေချီက သူ၏သွေးသားရင်းချာ ဖခင်ဖြစ်ပြီး တစ်ယောက်တည်း ကျန်ရှိတဲ့ မိသားစုဖြစ်သည်။ ဒီအဖြစ်အပျက်က သူ့ရဲ့နှလုံးသားကို ဓားတစ်လက်နဲ့

ထိုးစိုက်သလို ခံစားလိုက်ရပြီး တဒင်္ဂအချိန်အတွင်းမှာ သူ့မှာ ဘာအတွေးမှ မရှိတော့ပေ။

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်သည်။

"အခု ဒီလူတွေ အားလုံးက သုံးစားမရတဲ့ လူတွေလို့ မင်းပြောဝံ့သေးလား"

"လင်း....ဟန်"

ဆေဘာအား ဘုရင်လေးက နာမည်ကို တစ်လုံးချင်းစီ ခေါ်လိုက်သည်။ သူရဲ့မျက်လုံးထဲမှာ မီးတောက်တွေ လောင်ကျွမ်းလို့နေသည်။ အခုချိန်သူ့မှာ အတွေးတစ်ခုပဲရှိတော့သည်။ အဲဒါက သူ၏ဒေါသတွေ အားလုံးကို လင်းဟန်အပေါ် ပေါက်ကွဲပစ်ပြီး စုတ်ပြတ်သတ်အောင် လုပ်ပစ်ဖို့ပဲ ဖြစ်၏။

လင်းဟန်က ပခုံးတွန့်ပြီး ပြောလိုက်သည်။

"ဒီလိုမျိုး မျက်လုံးတွေနဲ့ ငါ့ကို မကြည့်နဲ့။ တခြားလူတွေကို စွပ်စွဲရှုတ်ချမှု မလုပ်ခင် မင်းလုပ်ခဲ့တာတွေကို ပြန်ပြီးတော့ ကြည့်လိုက်ဦး။ နောက်ပြီးတော့ မင်းကိုယ်တိုင်ပဲ မင်းအဖေကို

သတ်ပစ်ခဲ့တာလေ။ ဟက်ဟက်ဟက်။ မင်းတို့နှစ်ယောက်ရဲ့ အကျင့်စရိုက်ကို စဉ်းစားကြည့်ရင် တစ်ယောက်နဲ့ တစ်ယောက် သားအဖတွေ တော်နေတာက တရားမျှမျှတတနဲ့ အပြစ်ဒဏ် ခတ်ခံရတယ်လို့ ထည့်တွက်ရမှာပဲ”

“မင်းပါးစပ်ကို ပိတ်ထားစမ်း”

ဆေဘာစား ဘုရင်လေးက လှစ်ခနဲ ပြေးလာပြီး လင်းဟန်ကို ခုတ်ဖြတ်ပစ်ဖို့ ပြေးဝင်လာခဲ့သည်။

လင်းဟန်က မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ နောက်ဆုတ်ရှောင်တိမ်း လိုက်သည်။

ဂုန်း။

တစ်ဖက်က စိန်အဆင့် ယန္တရားရုပ်ကလည်း တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာခဲ့သည်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့်၏ တည်ရှိမှုက ပေါ်ပေါ်ထင်ထင် ပျံ့နှံ့လာပြီး ဆေဘာစား ဘုရင်လေးထက် ပိုပြီးတော့ ထိတ်လန့်စရာ ကောင်းလှသည်။

"ဟင် ဘယ်သူက ငါ့ရဲ့ တိမ်ကိုးချမြို့ထဲမှာ ပြဿနာရှာပုံ့တာလဲကွ"

ထိုအခိုက်အတန့်တွင် အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုက ထွက်ပေါ်လာပြီး အဲဒီအနောက်မှာ အသက်ငါးဆယ် အရွယ်ခန့်ရှိတဲ့ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းတဲ့ ပုံရိပ်တစ်ခု လိုက်ပါလာခဲ့သည်။ ဒါပေမဲ့လည်း စိန်အဆင့် ယန္တရားရုပ်ကို မြင်လိုက်ရတဲ့ အချိန်မှာ ချက်ချင်းဆိုသလို သူ့မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းသွားပြီး ထိတ်လန့်ကြောက်ရွံ့မှုနဲ့အတူ ချာခနဲလှည့်ပြီး တချိုးတည်း လစ်ပြေးသွားလိုက်သည်။

ဘယ်လိုဟာသလဲ။ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာပဲ ရှိပြီးတော့ ဘယ်လိုလုပ်ပြီး သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ယှဉ်ပြိုင်နိုင်မှာလဲ။

အလယ်ပိုင်း ဒေသထဲမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက ထိပ်တန်းအဆင့် လက်ရွေးစင်တွေ မဟုတ်ပေ။ သူတို့ကို ကျွမ်းကျင်သူတွေလို့ပဲ ခေါ်ဆိုနိုင်သည်။ ထို့ကြောင့် ဒီလူက ပေါ်ပေါ်ထင်ထင် ပြေးထွက်လာပေမဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် တစ်ယောက်က ပြဿနာရှာနေတဲ့ လူဆိုတာကို သိရှိလိုက်တာနဲ့ ထိတ်လန့်တကြားဖြစ်ကာ ထွက်ပြေးသွားခြင်း ဖြစ်၏။

လင်းဟန်က ဒီနေရာမှာ အရှုပ်အယှက် ဖြစ်သွားဖို့ ဆန္ဒမရှိပါဘူး။ ပြိုင်ဘက်နှစ်ယောက်မှာ တစ်ယောက်က စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာဖြစ်ပြီးတော့ နောက်တစ်ယောက်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ဖြစ်သည်။ ထို့ကြောင့် သူ့အနေနဲ့ သူတို့ကို ဖက်ပြိုင်တိုက်ခိုက်နိုင်ခြင်း မရှိပေ။ သူ့ကို မာထိုပေါင်ပေးခဲ့တဲ့ ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို ထုတ်ယူပြီးတော့ ပြုံးပြုံးလေး ပြောလိုက်သည်။

"မင်းတို့တွေနဲ့ ဒီအစ်ကိုဖြစ်သူက ကစားလို့ဂပြီ။ ငါတို့သွားတော့မယ်"

သူရဲ့ခန္ဓာကိုယ် အပေါ်မှာ ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို ကပ်လိုက်သလို ဟန်ဆောင်ပေမဲ့ ကျူးရှမ်အာနဲ့ ဟူးညို့တို့ကို ခေါ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့သည်။ တကယ်လို့ သူရဲ့အမူအရာက ယုံကြည်နိုင်လောက်အောင် ဖြစ်သွားမယ်ဆိုရင် ဆေဘာဓား ဘုရင်လေးက သူ့အနေနဲ့ မိန်းကလေး နှစ်ယောက်နဲ့အတူ ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုသွားခဲ့တယ်လို့

ယူဆသွားပေလိမ့်မည်။

"ဘယ်လိုလုပ်ပြီးတော့ သူ့မှာ ရုတ်တရက် တည်နေရာ ရွေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တော် အများကြီး ရှိနေရတာလဲ"

ဆေးဘာဓား ဘုရင်လေးက မျက်မှောင်ကြုတ်လိုက်သည်။ ရုတ်တရက် တည်နေရာ ရွေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေက အရမ်းကို တန်ဖိုးကြီးပြီး အဲဒီပစ္စည်း တစ်ခုကို ရရှိတာနဲ့ လူတစ်ယောက်က အသက်တစ်ချောင်း အပိုရထားတာနဲ့ တူညီပေသည်။ ဒါပေမဲ့ လင်းဟန်က အမှန်တကယ်ပဲ နှစ်ခုတောင် ပိုင်ဆိုင်ထားပြီး အတော်လေးကို ထင်မှတ်ထားစရာ မရှိခဲ့ပေ။

"ဒါကို နန်းတော်ဆယ့်နှစ်ခုကနေ ရလာတာများ ဖြစ်နိုင်မလား"

သူက တီးတိုးရွတ်ဆိုလိုက်သည်။

သူ၏အကြည့်တွေက ဖန်းဝေချီဆီကို နောက်တစ်ကြိမ် ပြောင်းသွားခဲ့သည်။ သူ၏သတ်ဖြတ်ခြင်း ဆန္ဒတွေကို အပြင်းအထန် လှုပ်ရှားသွားစေပြီး သူ၏လက်သီးကို

တင်းကျပ်စွာနဲ့ ဆုပ်ကိုင် လိုက်သည်။ သားတစ်ယောက် အနေနဲ့ သူက သေချာပေါက် ဒီရန်ငြိုးကို ပြန်ယူရပါလိမ့်မည်။

"လင်းဟန် ငါမင်းကို သေချာပေါက် မိအောင်ဖမ်းပြီးတော့ အပိုင်းပိုင်း အစစဖြစ်အောင် စုတ်ဖြဲပစ်မယ်"

သူက အသံတိုးတိုးနဲ့ ပြောလိုက်ပြီး သူ့အမူအရာက ဒဏ်ရာရနေတဲ့ သားရဲကောင် တစ်ကောင်လို ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာမျိုး ဖြစ်နေသည်။

ဆေဘာဓား ဘုရင်လေးက ယန္တရားရုပ်နဲ့အတူ ထွက်သွားပြီးတဲ့ နောက်မှာတော့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့သည်။ သူ့ရဲ့မေးစေ့ကို ပွတ်သပ်ပြီး ပြောလိုက်သည်။

"တစ်စုံတစ်ယောက်က အရိပ်လိုမျိုး အနောက်ကနေ အဆက်မပြတ် လိုက်နေတာနဲ့ ငါက အမြဲတမ်း ရုတ်တရက် တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုပြီးတော့ သူ့ကိုလှည့်စားလို့တော့ မရနိုင်ဘူး။ ငါ့အနေနဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အတတ်နိုင်ဆုံး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်အောင် ကျင့်ကြံရတော့မယ်။ အဲဒီအချိန်

ကျရင်တော့ ငါ့ရဲ့ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်းနဲ့ တူသွားလိမ့်မယ်။ မိုး္တာတန်ခိုးရှင် ခြေလှမ်းနဲ့ ပေါင်းလိုက်ရင် ငါက အမြန်နှုန်းမှာ သူ့နဲ့နှိုင်းယှဉ်လို့ ရလာလိမ့်မယ်"

"ငါဒီနေရာမှာပဲ နတ်ဘုရား လျှပ်စီးမိုးကြိုး ရောက်လာတာကို စောင့်ရလိမ့်မယ်"

နှစ်သစ်ကို ကျော်လွန်လာခဲ့ပြီး နွေဦးရာသီကို ရောက်လာခဲ့သည်။ နွေဦးရာသီ စတင်ရောက်ရှိ လာတာနဲ့ ရုတ်တရက်ဆို လျှပ်စီးမိုးခြိမ်းသံတွေက မကြာခဏ ဖြစ်ပေါ်လာပေလိမ့်မည်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ ကံကောင်းခြင်းက တကယ်တမ်းတော့ သိပ်ပြီးမကြီးကျယ်ပါဘူး။ မြို့ထဲမှာ ခုနစ်ရက်လောက် စောင့်နေတာတောင် နေ့တိုင်းနေ့တိုင်း နေသာပြီး တိမ်ကင်းစင် နေခဲ့သည်။ ရာသီဥတုက အမြဲတမ်း ကောင်းမွန်နေခဲ့၏။

လင်းဟာန်က ထွက်သွားဖို့ တွေးလိုက်တာနဲ့ ရာသီဥတုက ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။ မိုးခြိမ်းသံတွေ ထွက်ပေါ်လာပြီး ပထမဆုံး လျှပ်စီးအလင်းက မတော်တဆ အမှတ်တမဲ့ ရောက်လာခဲ့သည်။

Chapter 602 end
Zaw.အပိုင်း(၆၀၃)

"သေစမ်း။ မိုးကောင်းကင်က အမြဲတမ်းပဲ လူတွေကို အံ့အားသင့်အောင် လုပ်နေတာလား"

လင်းဟန်က ပြောလိုက်၏။ ထို့နောက် ချက်ချင်းပဲ ခုန်ထွက်လိုက်သည်။ မြို့အပြင်ဘက်ကို ပျံသန်းသွားပြီး ချက်ချင်းဆိုသလို မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ လျှို့ဝှက်ဆန်းကြယ် စွမ်းအားပညာရပ်ကို အသက်သွင်းလိုက်ပြီး သူ၏ခန္ဓာကိုယ်နဲ့ ကောင်းကင်ထက်က လျှပ်စီးတိမ်တိုက်ကို ထူးခြားတဲ့ ဆက်သွယ်မှု အမျိုးအစားတချို့ဖြင့် ချိတ်ဆက်ရယူလိုက်သည်။

ခွမ်။

ပထမ လျှပ်စီးအလင်းတန်းက သူ့စိတ်ထဲကနေ ကျိတ်ပြီးတော့ ရည်ရွယ်ထားသကဲ့သို့ လင်းဟန်ဆီကို တည့်တည့်မတ်မတ် ပစ်ချလိုက်၏။

ဂျစ်။

လျှပ်စီးအလင်းတန်း၏ စွမ်းအင်က သူ၏ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး လင်းဟန်က ချက်ချင်းဆိုသလို အံ့အားသင့် သွားခဲ့သည်။ အပြင်ဘက်မှာ မီးတောက်လောင်ပြီး အတွင်းဘက်မှာ အထိမခံနိုင်ဖြစ်သည်။ ဤကား ကောင်းကင်နဲ့ မြေကြီး၏ ကြောက်မက်ဖွယ်ရာ စွမ်းအင်ဖြစ်ပြီး လင်းဟန်ကို မီးသွေးတုံးလိုဖြစ်အောင် ချက်ချင်းလောင်ကျွမ်း ပစ်နိုင်သည်။

သို့သော်ငြားလည်း ချက်ချင်းဆိုသလို သတိလစ်လုမတတ် ဖြစ်သွားခဲ့ပြီး လင်းဟန်က သူ၏သွားများကို ကြိတ်ကာ နာကျင်မှုကို တောင့်ခံနေခဲ့သည်။ အကယ်၍ သူကအခု သတိလစ် သွားခဲ့မည်ဆိုပါက အခုသူခံစားနေရသည့် နာကျင်မှုက အချည်းနှီး ဖြစ်သွားပေလိမ့်မည်။

လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ ပညာကို အလျင်အမြန် လည်ပတ်လိုက်ပြီး သူ၏ခန္ဓာကိုယ် တစ်ပိုက်က လျှပ်စီးအလင်း၏ စွမ်းအင်ကို လမ်းညွှန်ပြီး ထူးခြားနက်နဲသော ပညာရပ်နဲ့အတူ ပြောင်းလဲလိုက်သည်။

ခွမ်။

နောက်ထပ် လျှပ်စီးအလင်းတစ်ခုက ကျဆင်းလာခဲ့သည်။

လင်းဟန်က လျှပ်စီးများ၏ အလယ်ဗဟို ဖြစ်လာပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ၏ အသက်သွင်းမှုနှင့်အတူ မိုးကြိုးလျှပ်စီးတိုင်းကို ထူးခြားဆန်းကြယ်စွာနဲ့ သူ့ဆီကို ဆွဲဆောင်ယူပြီး လက်ခံရရှိနေသည်။

"လဖြွတ်ပဲ။ ငါက ကောင်းကင်အဆင့်ကိုတောင် ဖင်သေးတာ မဟုတ်ဘူး။ မိုးကြိုးလျှပ်စီးတွေက ငါ့ကို တိုက်ခိုက်နေပြီ"

လင်းဟန်က အံ့ကြိတ်ပြီး ပြောလိုက်သည်။ မိုးကြိုးလျှပ်စီးပစ်တာကို ခံရခြင်းက တကယ်တမ်းတော့ ခံစားလို့ မကောင်းပါဘူး။ ကံကောင်းတာက ဒီမိုးကြိုးလျှပ်စီးတွေက သာမန်လျှပ်စီးမိုးကြိုး တစ်ခုပဲ ဖြစ်သည်။ မိုးကြိုးကပ်ဘေးနဲ့ ရင်ဆိုင်ရသည့် အချိန်တွင် နတ်ဘုရား ခွန်အားက ပိုပြီးတော့တောင် ကြီးကျယ်ခမ်းနားပေသည်။

သူ့အတွက် ခံနိုင်ရည်ရှိအောင် ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ကို လည်ပတ်ပြီး ထိခိုက်ဒဏ်ရာတွေကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ဒါက

တခြားလူတွေ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်တဲ့ အားသာချက်တစ်ခု ဖြစ်၏။

သူက သတိလစ် မေ့မျောသွားခြင်း မရှိအောင်လို့ သေသေချာချာ ပြုလုပ်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ လျှို့ဝှက်ပညာရပ်ကို အသက်သွင်းပြီး သူ၏ခန္ဓာကိုယ်ကို ပြောင်းလဲလိုက်သည်။ လျှပ်စီးအလင်းတန်း၏ စွမ်းအားက သူ၏ခန္ဓာကိုယ် အထဲက အရိုးတွေ အသားတွေနဲ့ သွေးကြောတွေကို ထူးခြားလေးနက်သော ပညာရပ်ကြောင့် စုစည်းဖြတ်သန်းပြီး လင်းဟန်၏ ကိုယ်ခန္ဓာ တည်ဆောက်ပုံကို ပြောင်းလဲနေသည်။

ဒီလုပ်ရပ်က အမှန်တကယ်တော့ အရမ်းကို အန္တရာယ်များလွန်းသည်။ အကယ်၍ သူက ဒါကို တောင့်မခံနိုင်ဘူးဆိုရင် လျှပ်စီးမိုးကြိုး ပစ်ချက်တွေကြောင့် သတိလစ်မေ့မျော သွားနိုင်သည်။ ထို့နောက် ဤကဲ့သို့သော အခြေအနေ တစ်ခုတွင် သာမန်ပန်ဖူးအဆင့် စစ်သည်တော် တစ်ယောက်က နောက်ထပ်လျှပ်စီးမိုးကြိုး ပစ်ချက်အနည်းငယ်ကြောင့် သေချာပေါက် သေဆုံးသွား ပေလိမ့်မည်။ အကယ်၍ သူကမသေခဲ့ဘူး ဆိုရင်တောင် လျှပ်စီးမိုးကြိုး၏ စွမ်းအားက သူ၏ခန္ဓာကိုယ် အတွင်းမှာ

ဒေါသတကြီး ရမ်းကားသွားလာနေမှုကြောင့် ရောမ ပျက်စီးမှုကြီး ဖြစ်ပေါ်နိုင်ပေသည်။

နောက်ဆုံးအနေနဲ့ ပြောရမည်ဆိုလျှင် အကယ်၍ ၎င်းက အားလုံးကို မပျက်စီးစေဘူး ဆိုရင်တောင် လျှပ်စီးမိုးကြိုး၏ စွမ်းအားကို လမ်းညွှန်ပြီး သူ့၏ကိုယ်ပိုင် ခန္ဓာကိုယ်ကို ပြောင်းလဲဖို့ လုပ်ဆောင်မှုက လုံးဝကို ကျရှုံးသွားပေလိမ့်မည်။

လင်းဟန်က လျှပ်စီးတွေကြောင့် သူ့ကိုသတိလစ် မေ့မျောသွား စေနိုင်သည့် နာကျင်မှုဒဏ်ကို အတင်းအကျပ် တောင့်ခံထားခဲ့ပေမဲ့ ဒီထပ်ပိုပြီးတော့ ခံနိုင်ရည် မရှိတော့ပေ။ ဒါပေမဲ့ ပိုပြီးတော့ သန်မာလာဖို့အတွက် သူက အံကိုတင်းတင်းကြိတ်ထားပြီး လျှို့ဝှက်ဆန်းကြယ် ပညာရပ်ကို ဆက်လက်အသက်သွင်းကာ လျှပ်စီးမိုးကြိုးများ၏ စွမ်းအားများကို သူ၏ခန္ဓာကိုယ် အထဲကို ဝင်ရောက်ဖို့ ဆက်လက်ဆွဲဆောင်နေခဲ့သည်။

ဂျစ် ဂျစ် ဂျစ်။ သူ၏ခန္ဓာကိုယ် တစ်ခုလုံးက အလင်းရောင် အဖြူလုံးကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့သည်။

ဟူးညိုနဲ့ ကျူးရွှမ်အာက အဝေးကနေ

စောင့်ကြည့်နေခဲ့ကြသည်။ ကျူးရှမ်အာ၏ အမူအရာက စိုးရိမ်ပူပန်စိတ်တွေနဲ့ ပြည့်နှက်နေချိန်မှာ ဟူးညိုကတော့ သက်တောင့်သက်သာနဲ့ ကြည့်နေပြီး ပြောလိုက်သည်။

"မစိုးရိမ်ပါနဲ့။ ညိုးညိုးရဲ့ လင်းဟာန်က သေချာပေါက် အောင်မြင်လိမ့်မယ်"

ကျူးရှမ်အာက ဟူးညို၏ အဆိုကို ထောက်ခံပြီး ခေါင်းညိတ်လိုက်သည်။ ဒါပေမဲ့ သူမက အရမ်းကို စိုးရိမ်ပူပန်နေဆဲ ဖြစ်သည်။ သူမအနေနဲ့ ဟူးညိုလိုမျိုး ဘာကိုမှ ဂရုမစိုက်ပဲ သဘာဝအတိုင်း မနေနိုင်ချေ။

ဘယ်လိုပဲဖြစ်ဖြစ် ဟူးညိုက ကလေးမလေး တစ်ယောက်ပဲ ဖြစ်နေဆဲပါ။

မိုးကြိုးလျှပ်စီးတွေက မရှားပါးပေ။ ဒါပေမဲ့ မိုးကြိုးလျှပ်စီး အားလုံးက ဦးတည်ရာ တစ်ခုတည်းကို ကျဆင်းလာခြင်းကတော့ ရှားပါး၏။ မကြာခင်မှာ လူတွေက လာရောက်ကြည့်ရှုကြပြီး အများစုက အဆင့်နိမ့် သိုင်းပညာရှင်တွေ ဖြစ်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒါမှမဟုတ် စိတ်ဂိညာဉ် ပင်လယ်အဆင့်သာသာပဲ ရှိကြသည်။ သူတို့က လင်းဟာန်ရဲ့ အနားကို

မချဉ်းကပ်ပံ့ကြပါဘူး။ ဘယ်သူကများ ကောင်းကင်နဲ့ မြေကြီးက ဒီလိုမျိုး စွမ်းအားကို ရင်ဆိုင်ခုခံနိုင်စွမ်း ရှိလို့လဲ၊

ဟူးညိုက လူတွေကို အပေးကို စတင်မောင်းထုတ်လိုက်ပြီး သူမရဲ့ လက်သီးသေးသေးလေးကို ဝှေ့ယမ်းလိုက်တဲ့ အခါမှာ တစ်ယောက်ပြီးတစ်ယောက် လွင့်ထွက်သွားခဲ့သည်။

"နင်တို့က ညိုးညိုးရဲ့ လင်းဟန်ကို ဘာလုပ်ချင်နေကြတာလဲ"

သူမပုံစံကို ကြည့်ရတာ သူမရဲ့ကလေးကို ကာကွယ်နေတာနဲ့ တူညီသည်။

သူမက အရမ်းကို ရဲစွမ်းသတ္တိရှိပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ သူမကို ဖိနှိပ်ထိန်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။ ဒီလူတွေလောက်ကတော့ ပြောနေစရာ မလိုပဲ ငှက်အုပ်အကြားကို ကြောင်တစ်ကောင် ပြေးဝင်သွားသလို ချက်ချင်းပဲ လူအုပ်ကြီး ကွဲသွားခဲ့သည်။

ဒါပေမဲ့ သိပ်မကြာခင်မှာပဲ လက်ရွေးစင်တွေလည်း ထွက်ပေါ်လာခဲ့သည်။

"လျှပ်စီးမိုးကြိုးတွေက တစ်နေရာတည်းကိုပဲ စုပြုံပြီး ကျဆင်းနေတယ်။ ဒါကြောင့် တန်ဖိုးကြီးတဲ့ ရတနာပစ္စည်း တစ်ခုက ဒီကမ္ဘာကြီးထဲမှာ ထွက်ပေါ်လာတော့မဲ့ ပုံစံနဲ့တူတယ်"

ဤသည်ကား ထိုလူများ၏ တူညီသော အတွေးတစ်ခု ဖြစ်ပေသည်။ ရှပ် ရှပ် ရှပ်။ ပန်းဖူးအဆင့် စစ်သည်တော် ခုနစ်ယောက် ရောက်လာပြီး အကြီးဆုံး တစ်ယောက်ကို ကြည့်ရတာ အသက် ခုနစ်ဆယ်ကျော်ခန့် ရှိပုံရပြီး အငယ်ဆုံး တစ်ယောက်က အသက်လေးဆယ်ကျော် ရှိ၏။ တကယ်တမ်းတော့ အလယ်ပိုင်း ဒေသမှာတောင် ပါရမီရှင်တွေ ပြည့်နှက်နေပြီး အသက်နှစ်ဆယ် အရွယ်နဲ့ ပန်းဖူးအဆင့် လက်ရွေးစင်တွေက အမြဲလိုလို ထွက်ပေါ်နေသည်။

ထိုအချိန်တွင် လျှပ်စီးမိုးကြိုး ဆယ်ခုကျော်ခန့် ကျဆင်းလာခဲ့သည်။ လင်းဟန်၏ ခန္ဓာကိုယ် တစ်ခုလုံးကို လျှပ်စီးများဖြင့် ဖုံးနေပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ မည်သူ တစ်ဦးတစ်ယောက်၏ အမြင်အာရုံ ဒါမှမဟုတ် နတ်ဘုရားအာရုံဖြင့် ၎င်းကို ထိုးဖောက်မကြည့်ရှု နိုင်ပေ။ ထို့ကြောင့် လူတိုင်းလူတိုင်းက

လျှပ်စီးကွင်းတစ်ခုကိုပဲ တွေ့မြင်နိုင်ပြီး အထဲမှာ ဘာရှိမှန်း မသိနိုင်ကြချေ။

"ဒါက သေချာပေါက် ကမ္ဘာကြီးထဲကို ရောက်လာတဲ့ တန်ဖိုးကြီး ရတနာပစ္စည်း တစ်ခုပဲ ဖြစ်ရမယ်။ အဲဒါကြောင့် လျှပ်စီးအလင်းတန်းတွေကို အဆက်မပြတ် ဆွဲဆောင်ပြီး ပစ်ခတ်ခံရတာ ဖြစ်လိမ့်မယ်"

"မိုးကြိုးလျှပ်စီးတွေ ပျက်ပြယ်သွားတဲ့ အချိန်အထိ စောင့်ဦး။ ငါတို့တွေ ချက်ချင်း ဒီရတနာကို သိမ်းပိုက်ရမယ်"

လူခုနစ်ယောက်ရဲ့ အကြည့်တွေက တပ်မက်မှုနဲ့ လောင်ကျွမ်းလို့ နေသည်။ ဒါက မြို့ငယ်လေး တစ်မြို့ပဲ ဖြစ်ပြီးတော့ သာမန်ထက် ထူးခြားတဲ့ အဖြစ်အပျက် မရှိပါဘူး။ ဒါပေမဲ့ ဒီနေ့မှာတော့ မိုးကြိုးလျှပ်စီးတွေက လျှပ်စီးပင်လယ်ကြီး တစ်ခုလို ရောယှက်ပြီး ကျဆင်းလာခဲ့သည်။ ဒါက ရတနာပစ္စည်းတစ်ခု ဒီကမ္ဘာကြီးထဲမှာ ထွက်ပေါ်လာတယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ ဒါကြောင့် သူတို့တွေက စိတ်လှုပ်ရှားနေပြီး သူတို့ဘဝ တစ်ဆစ်ချိုး ပြောင်းလဲနိုင်ပြီး အခုမှစပြီး ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှု လမ်းကြောင်းကို သူတို့တွေ ရရှိပါလိမ့်မည်။

ဒါပေမဲ့လည်း ဒီမိုးကြိုးလျှပ်စီးတွေကို ကြည့်ရတာ အဆုံးမရှိတဲ့ ပုံစံမျိုးနဲ့ ဆက်တိုက်ကို ကျဆင်းနေသည်။

တစ်ရက်ခန့် ကြာပြီးသည့်နောက် နောက်ထပ် ပန်းဖူးအဆင့် စစ်သည်တော် ဆယ်ယောက် ထပ်ပြီး ထွက်ပေါ်လာခဲ့သည်။

တိမ်ကိုးခုမြို့က ပန်းဖူးအဆင့် ခုနစ်ယောက်ထဲမှ တစ်ယောက်က ချက်ချင်းဆိုသလို ရန်သူတော်ကြီး တစ်ယောက်နဲ့ ရင်ဆိုင်ရသလိုမျိုး မျက်နှာထား တင်းမာသွားခဲ့သည်။

"မဟာစကြာဂဠာမြို့က လူတွေက ဒီကိုဘာလာလုပ်တာလဲ"

"ဟားဟား ထူးခြားဆန်းကြယ်တဲ့ ရတနာတစ်ခုက ဒီကမ္ဘာကြီးထဲကို ရောက်လာတာကို မင်းတို့ တိမ်ကိုးခုမြို့က လူတွေက အဲဒါကို ကိုယ့်ပစ္စည်းလို သဘောထားပြီး လိုချင်နေကြတာလား"

မဟာစကြာဂဠာမြို့မှ ပန်းဖူးအဆင့် ကျင့်ကြံသူများက နှာခေါင်းရှုံ့လိုက်သည်။

"ဟင့် ရတနာ ပစ္စည်းက ငါတို့ တိမ်ကိုးခုမြို့ကို ရောက်လာတယ်။ ဒါကြောင့် ယေဘုယျအားဖြင့် ဒါက တိမ်ကိုးခုမြို့နဲ့ပဲ သက်ဆိုင်တယ်"

တိမ်ကိုးခုမြို့၏ ပန်းဖူးအဆင့် လက်ရွေးစင်တွေက ငြင်းခုံမှုတစ်ခုကို စတင်လိုက်သည်။

"ဒီကန္တာရကြီးထဲမှာ သူ့အလိုလို ထွက်ပေါ်လာတဲ့ ရတနာပစ္စည်းတွေက ပိုင်ရှင်ဆိုတာ မရှိဘူးလေ။ ရှိဖူးလို့လား။ နောက်ပြီးတော့ အခုဒီနေရာက တိမ်ကိုးခုမြို့ရဲ့ အပြင်ဘက်မှာ မဟုတ်ဘူးလား"

"ဟင့် ပန်းဖူးအဆင့် စစ်သည်တော် လူနည်းစုတစ်စုက ငါ့တိမ်ကိုးခုမြို့ထဲမှာ မထိန်းနိုင်မသိမ်းနိုင် ထင်ရာစိုင်းနေကြပါလား"

တိမ်ကိုးခုမြို့ရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်က ထွက်ပေါ်လာခဲ့သည်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က သူက စိန်အဆင့် ယန္တရားရုပ်ကို မျက်မြင်ကြုံတွေ့ပြီး ထိတ်လန့်ထွက်ပြေး သွားခဲ့သည်။ ဒါပေမဲ့ သူကအခုဆိုရင် လက်ရွေးစင် တစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့အတူ ထွက်ပေါ်လာခဲ့သည်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် တစ်ယောက် ထွက်ပေါ်လာတာနဲ့ မဟာစကြာဂဋ္ဌာ မြို့မှ ပန်းဖူးအဆင့် လက်ရွေးစင်တွေ ချက်ချင်း ပါးစပ်ပိတ်သွားခဲ့သည်။ တကယ်လို့ သူတို့က လူဆယ်ယောက် ရှိတယ်ဆိုရင်တောင် အသုံးမဝင်ပါဘူး။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက် ပေါ်ထွက်မလာခင်တော့ သူတို့က အရေအတွက်အရ အသာစီး ရထားခဲ့သည်။

"ဟီးဟီးဟီး အရှင်သခင်မှာ ဘယ်လောက်တောင် ခံ့ညားထည်ဝါလိုက်လဲ"

ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပြီး သက်လတ်ပိုင်းအရွယ် ပိန်ပိန်ပါးပါး လူတစ်ယောက်က လမ်းလျှောက်လာခဲ့ပြီး သူ့အနားမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အလင်းရောင်တွေ တောက်ပလျက် ရှိနေသည်။

"ကျန်းပူယွမ်"

တိမ်ကိုးခုမြို့ရဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် မျက်လုံးတွေက မှေးသွားခဲ့သည်။ တစ်ဖက်လူကလည်း

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာ ဖြစ်သည်။

"ကမ္ဘာ့ရတနာဆိုတာ ရေစက်ပါတဲ့လူတိုင်း မြင်တွေ့နိုင်တာပဲ"

ကျန်းပုယွမ်က အသာလေး ပြုံးလိုက်သည်။

"မာကျိုင်းဖန် တကယ်လို့ ရတနာကို မင်းလိုချင်ရင် ဘယ်သူက ပိုပြီးတော့ ထိုက်တန်လည်း ဆိုတာကို ကြည့်ကြတာပေါ့"

"ဒါဆိုလည်း တိုက်ကြတာပေါ့"

မာကျိုင်းဖန်က တစ်ဖက်လူဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။ ထို့နောက် တိမ်ကိုးခုမြို့၏ ပန်းဖူးအဆင့် စစ်သည်တော်များကလည်း မဟာစကြာဂဠာမြို့က ပန်းဖူးအဆင့် စစ်သည်တော်များကို တိုက်ခိုက်လိုက်ကြသည်။ ဒီရတနာကို တိမ်ကိုးခုမြို့မှာ ထိန်းသိမ်းထား ရပါမည်။

ထန်ထန်ထန်။ ဂုန်း ဂုန်း ဂုန်း။

သူတို့တွေက ချက်ချင်းဆိုသလို ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု

ဖြစ်လာခဲ့ကြသည်။

ကျူးရှမ်အာက အံ့အားသင့်စွာနဲ့ ကြည့်နေပြီး စိတ်ထဲမှာတော့ ရယ်ချင်စိတ်တွေ ဖြစ်ပေါ်နေသည်။ စဉ်းစားကြည့်လိုက်ပါ။ တကယ်လို့များ လျှပ်စီးအလင်းတွေ အထဲမှာ ရတနာတွေ မဟုတ်ပဲ လင်းဟန်ကို တွေ့သွားတဲ့ အချိန်ကျရင် သူတို့တွေရဲ့ အမူအရာက ဘယ်လိုများ ဖြစ်သွားလိမ့်မလဲ။

တစ်ဖက်မှာရှိနေတဲ့ ဟူးညိုက နောက်ထပ်တစ်ကြိမ် ဒေါသတွေ ပေါက်ကွဲထွက်သွားခဲ့သည်။ ဒီလူတွေက လင်းဟန်ရဲ့လမ်းမှာ အနှောင့်အယှက်ပြုမှာကို သူမကြောက်နေမိသည်။

ကံကောင်းတာက သူတို့၏ တိုက်ပွဲက လင်းဟန်ရဲ့အနားကို မရောက်ရှိခဲ့ပေ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဟူးညိုက သေချာပေါက်ကို ဝင်ရောက်စွက်ဖက်ပေလိမ့်မည်။

လင်းဟန်က အများမခံနိုင်တဲ့ အခြေအနေ တစ်ခုကို ဝင်ရောက်နေပြီဖြစ်သည်။ သူ၏ခန္ဓာကိုယ်မှာ မိုးကြိုးလျှပ်စီးများ၏ စွမ်းအားက လည်ပတ်နေပြီး လူတစ်ယောက်လုံး လျှပ်စီးတွေအဖြစ် ပြောင်းလဲသွားတာကို မြင်တွေ့နိုင်ပြီး မျက်စိကျိန်းမတတ် စူးရှတောက်ပလွန်းသည့်

အဖြူရောင် လျှပ်စီးကြီးတစ်ခု ဖြစ်လာပြီး အသက်ဓာတ်၏ အဆီအနှစ်တွေတောင်မှ ပြောင်းလဲသွားခဲ့သည်။

အစောပိုင်းတုန်းက မခံမရပ်နိုင်အောင် နာကျင်တဲ့ ခံစားမှုက ပျောက်ကွယ်သွားခဲ့ပြီး အခုဆိုရင် သူက ပိုပိုပြီးတော့ သက်တောင့်သက်သာ ဖြစ်လာခဲ့သည်။ မိုးကြိုးလျှပ်စီးတွေ စဉ်ဆက်မပြတ် တိုက်ခိုက်နေတာတောင် အတော်လေး ကျေနပ်ပျော်ရွှင်စရာ ကောင်းနေပြီး သူ့ကို နှိပ်နယ်ပေးသလို ခံစားနေရသည်။

မိုးကြိုးလျှပ်စီးတွေကို ဆွဲဆောင်ပြီး လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ပြောင်းလဲသွားခဲ့သည်။

ဤအဖြစ်အပျက်ကား အောင်မြင်သွားခဲ့၏။

လင်းဟန်က အသာအယာ ပြုံးလိုက်ပြီး လျှို့ဝှက်ဆန်းကြယ် ပညာရပ်၏ လမ်းညွှန်ပြသမှုကို ရပ်တန့်လိုက်သည်။ နောက်ဆုံးမှာတော့ လျှပ်စီးတွေနဲ့ ပြည့်နှက်နေတဲ့ ကောင်းကင်ကြီးလည်း ပျက်ပြယ်သွားခဲ့သည်။ ဒီအတွက် အချိန်အကြာကြီး ဆက်ပြီးတော့ မဖြစ်နိုင်ပေ။ ဒါပေမဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ လျှို့ဝှက်ဆန်းကြယ် ပညာရပ်၏ အကျိုးအာနိသင်

သက်ရောက်မှုကြောင့် အပြန်အလှန် သက်ရောက်မှု ရှိပြီး အဆုံးမှာတော့ ငြိမ်သက် သွားခဲ့သည်။

လင်းဟန်က သူ၏ခန္ဓာကိုယ်ကို ကြည့်လိုက်ပြီး ထူးထူးခြားခြား ပြောင်းလဲမှုတွေကို ရှာဖွေဖို့ ကြိုးစားလိုက်သည်။ ဒါပေမဲ့ သူ၏နတ်ဘုရားအာရုံဖြင့် သူ့ဒန်တန်ထဲကို ဖျတ်ခနဲ ကြည့်လိုက်တဲ့ အချိန်မှာ အံ့အားသင့်သွားတဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။

Zaw.အပိုင်း(၆၇၄) ဒြပ်စင်ခြောက်ခု

လင်းဟန်တွင် ဒြပ်စင်ငါးခုကို ပိုင်ဆိုင်ထားသည့် ဒြပ်စင်ငါးမျိုး ဖရိုဖရဲ ကြာပန်းရှိပြီး ပြီးပြည့်စုံသည့် ညီမျှမှုကို ရောက်ရှိနေ၏။ ထို့ကြောင့် သူက တစ်ပြိုင်နက်တည်းမှာ မတူညီတဲ့ စိတ်ဂိညာဉ်ချီ ငါးခုကို စုပ်ယူနိုင်ပြီး ဂရုန်းသုန်းကား အခြေအနေကို မဖန်တီးပဲ ဘယ်လိုအမျိုးအစား စိတ်ဂိညာဉ်ချီပဲဖြစ်ဖြစ် အရမ်းကို သန်မာအားကောင်းလွန်းနေသည်။

ဒါပေမဲ့လည်း ကြာပန်းအရွက် ငါးခုက ပုံမှန်အတိုင်း ရှိနေပေမဲ့ ကြာပန်းရိုးတံက လျှပ်စီးတစ်ခု အဖြစ်ကို တကယ်ကြီး ပြောင်းလဲသွားခဲ့သည်။

သူ၏စိတ်ဂိညာဥ် အခြေခံတွင် လျှပ်စီးဒြပ်စင် နောက်တစ်မျိုး ပိုလာခဲ့သည်။

ထို့အပြင် ၎င်းက ဒြပ်စင်ငါးမျိုး စိတ်ဂိညာဥ် အခြေခံ၏ ညီမျှမှုကို အကျိုးသက်ရောက်မှု မရှိစေပဲ သူ့ကို လျှပ်စီးဒြပ်စင်ကို ထပ်ပြီးတော့ ပိုင်ဆိုင်စေခဲ့သည်။

လင်းဟန်က အံ့အားသင့် သွားခဲ့သည်။ စိတ်ဂိညာဥ် အခြေခံတွေက မွေးကင်းစ ကလေးငယ်တွေလို အရွယ်ရောက် ပြောင်းလဲသွားနိုင်လို့လား။

ယခင်ဘဝတုန်းက လျို့ဝှက်ဆန်းကြယ်သော ရှေးဟောင်းနယ်မြေ အများကြီးထဲကို ဝင်ရောက်ပြီး အဆင့်မြင့် ပညာရပ်များနှင့် နည်းစနစ်တွေ အများကြီးကို ရရှိခဲ့ပေမဲ့ လျို့ဝှက်ဆန်းကြယ် စွမ်းအား တစ်ခုကိုတောင် မရရှိခဲ့ပေ။ ဒါပေမဲ့လည်း ဒီဘဝမှာတော့ သူ့ရဲ့ကံကောင်းမှုက သဘာဝနဲ့ ဆန့်ကျင်ပြီး လျို့ဝှက်ဆန်းကြယ် စွမ်းအား သုံးခုကို ရရှိခဲ့သည်။

လျို့ဝှက်ဆန်းကြယ် စွမ်းအားတွေက လူတစ်ယောက်ရဲ့ တည်ဆောက်ပုံနဲ့ စိတ်ဂိညာဥ် အခြေခံကို

ပြောင်းလဲနိုင်တာလား။

လင်းဟန်က အံ့အားသင့် သွားခဲ့သည်။ သူ့ရဲ့နားလည်သဘောပေါက် နိုင်စွမ်းတွေ ပျက်စီးသွား ခဲ့ပါပြီ။ ဒီတိုးတက်မှုအပေါ်မှာ အခြေခံပြီး လူတွေက ဒြပ်စင်ငါးမျိုး စိတ်ဂိညာဉ် အခြေခံကနေ ဒြပ်စင်ခြောက်ခု စိတ်ဂိညာဉ် အခြေခံကို တုပလို့ ရနိုင်တယ်လို့ ဆိုလိုခြင်း မဟုတ်ပေ။ တစ်ခုတည်းသော အရာက မတူညီတဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကို ကျင့်ကြံဖို့ပဲ ဖြစ်သည်။

သူ၏ ဒြပ်စင်ခြောက်ခု စိတ်ဂိညာဉ် အခြေခံက အထင်ကြီးလောက်စရာ မဟုတ်နိုင်ပေ။ ဘာလို့လဲ ဆိုတော့ မွေးဖွားပြီးနောက်မှာ အသွင်ပြောင်းယူလို့ ရနေပြီး လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကို လေ့ကျင့်စရာတောင် မလိုပဲ အဆင့်မြင့် ပညာရှင်တွေက သူတို့ဖာသာ ပြုပြင်ပြောင်းလဲလို့ ရနိုင်သည်။

ဘာကို သဘာဝတရားနဲ့ ဆန့်ကျင်နိုင်တဲ့ လူတစ်ယောက်ရဲ့ ကံကြမ္မာလို့ ခေါ်ဆိုသတ်မှတ် နိုင်မှာလဲ။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်သည်။ သူ့ကိုယ်ပိုင် စိတ်ဂိညာဉ်

အခြေခံအတွက် သိပ်ကြာကြာ ဂုဏ်ယူနေလို့ မဖြစ်ပါဘူး။ အနာဂတ်မှာ သူ့လိုမျိုး ဒြပ်စင်ခြောက်ခု စိတ်ဂိညာဉ် အခြေခံကို ပိုင်ဆိုင်ထားတဲ့ ပါရမီရှင်တွေ အများကြီးလည်း ရှိနေနိုင်သည်။ ဒါပေမဲ့ ဒြပ်စင်ခြောက်ခု စိတ်ဂိညာဉ် အခြေခံက ဒီထပ်ပိုပြီး ဆက်တိုးလို့ မဖြစ်နိုင်တော့ပဲ တစ်ယောက်နဲ့ တစ်ယောက်က သိပ်ပြီးတော့ ကွာခြားလိမ့်မည် မဟုတ်ပေ။

အတွေးတစ်ချက်နဲ့အတူ လင်းဟန်က လျှပ်စီးမိုးကြိုးတစ်ခု အဖြစ်ကို ပြောင်းလဲသွားသလိုမျိုး သူ့ခန္ဓာကိုယ် အပေါ်တွင် လျှပ်စီးအလင်းတန်းတွေ ရုတ်တရက် တောက်ပလာခဲ့သည်။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံနဲ့ ပတ်သက်လို့ သူကအနည်းဆုံးတော့ ပဏာမ အဆင့်ကို ကျော်ဖြတ်သွားခဲ့ပြီဖြစ်သည်။

မိုးကောင်းကင်အပြည့် လျှပ်စီးအလင်းတန်းတွေက ပျောက်ကွယ်သွားပြီး လင်းဟန်ရဲ့ပုံရိပ်က ထွက်ပေါ်လာခဲ့သည်။ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတဲ့ နှစ်ဖက်အဖွဲ့အစည်းက ရပ်တန့်သွားပြီး သူ့ဆီကို ကြည့်လိုက်ကြသည်။

"တန်ဖိုးကြီးရတနာ ဘယ်ရောက်သွားလဲ"

"ရတနာကို ဒီကောင်လေး လုယူသွားတာပဲ ဖြစ်လိမ့်မယ်"

ချက်ချင်းဆိုသလို မြို့နှစ်မြို့က လက်ရွေးစင်တွေက လင်းဟန်ကို စိုက်ကြည့်လိုက်ကြပြီး သူတို့၏ အကြည့်တွေက ရေခဲတမျှ အေးစက်ပြီး သူ့ကိုစားတော့ဝါးတော့မဲ့ ပုံစံဖြစ်နေကြသည်။

"ဟော့ ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်ကို ဒီလိုမျိုး ကြည့်နေကြတာလဲ။ ဒီအကြည့်တွေက ကျုပ်ကို သက်တောင့်သက်သာ မဖြစ်စေဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ကောင်လေး ရတနာကို ပေးစမ်း"

ထိုလူများက တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။ အစောပိုင်းတုန်းက သူတို့က တစ်ဖက်အဖွဲ့နဲ့ တိုက်ခိုက်ဖို့ ဆန္ဒရှိနေပြီး သူတို့ဘက်အတွက် ရတနာကို ရရှိဖို့ ဖြစ်သည်။ ဒါပေမဲ့ အခုတော့ သူတို့မှာ ဘုံရန်သူ တစ်ယောက်ပဲ ရှိတော့သည်။

"အချိန်ကုန်ပါပဲလား။ ခင်ဗျားတို့နဲ့ ကျုပ်ရဲ့ဒီလှိုပှက်ဆန်းကြယ် စွမ်းအားကို စမ်းသပ်ကြည့်ရမယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူ၏ခန္ဓာကိုယ်မှ အလင်းရောင် တစ်ချက် လက်သွားပြီး လျှပ်စီးအလင်းတန်းလိုမျိုး သူ၏အမြန်နှုန်းက အရမ်းကို လျင်မြန်လှသည်။

ပုန်း။

သူက လျှပ်စီးအလင်းတန်းနဲ့အတူ လက်သီးတစ်လုံးကို ထုတ်ဖော်လိုက်ပြီး ပုန်း ပုန်း ပုန်းဆိုပြီး ပန်းဖူးအဆင့် စစ်သည်တော် အယောက်နှစ်ဆယ် နီးပါးက ဒီလက်သီးချက် တစ်ခုတည်းကြောင့် လွင့်စဉ်ကုန်ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နှစ်ယောက်ကတော့ သူ့ကိုလိုက်ဖမ်း နေရဆဲ ဖြစ်သည်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လူနှစ်ယောက်ကို အရမ်းပဲ အံ့အားသင့်သွားစေခဲ့သည်။ ဒီကောင်လေးက အရမ်းကို သန်မာပြီး လက်သီးတစ်ချက်ရဲ့ စွမ်းအားက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ထက်

မနိမ့်ကျပေ။

လင်းဟန်က ပြုံးလိုက်သည်။ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံက သူ့ကိုယ်သူ ရှေးဟောင်းမင်းဆက် တစ်ခု၏ လျှို့ဝှက်ဆန်းကြယ် စွမ်းအားလို့ သက်သေပြနေပြီး အစွမ်းထက် လှပေသည်။

သူ၏တိုက်ပွဲစွမ်းရည်က ယခုဆို ကြယ်ပွင့် နှစ်ဆယ်ကို သာလွန်ပြီး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ဆီကို အဆင့်တက်သွားသင့်ပါပြီ။

"ကောင်လေး ရတနာကို ပေးစမ်း။ ငါတို့မင်းအသက်ကို ချမ်းသာပေးမယ်"

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နှစ်ယောက်က တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်သည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"ကျုပ်အသက်ကို ချမ်းသာပေးမယ် ဟုတ်လား။ တကယ်လို့ ခင်ဗျားတို့က အဲလောက်တောင် အထင်ကြီးစရာ ကောင်းနေတယ် ဆိုရင်လည်း လာခဲ့လေ လာခဲ့လာခဲ့။ ကျုပ်

ခင်ဗျားတို့နဲ့ပ ကစားပေးမယ်။ ဘယ်သူက ပိုပြီးတော့ အထင်ကြီးစရာ ကောင်းလဲဆိုတာကို ကြည့်ကြတာပေါ့"

"ပန်းဖူးအဆင့်မှာပဲ ရှိသေးတဲ့ ဂျူနီယာလေး တစ်ယောက်က ဒီလိုမျိုး မိုက်မိုက်ရိုင်းရိုင်း ပြောရဲတယ်ပေါ့လေ"

ကျန်းပူယွမ်နဲ့ မာကျိုင်းဖန်တို့ နှစ်ယောက်စလုံး နှာခေါင်းရှုံ့လိုက်ပြီး လင်းဟာန်ကို ဖမ်းဆုပ်ဖို့ လှုပ်ရှားလာခဲ့ကြသည်။

တစ်နေ့လုံး လျှပ်စီးမိုးကြိုးတွေ ပစ်ခတ်နေတာက ကမ္ဘာကြီးထဲကို သာမန်မဟုတ်တဲ့ ရတနာပစ္စည်း တစ်ခုက သေချာပေါက် ထွက်ပေါ်လာတာ ဖြစ်ပေလိမ့်မည်။ သူတို့နှစ်ယောက်လုံးက ဒီအဆင့်မှာ တစ်ဆို့နေတာ အချိန်တော်တော် ကြာနေပြီး အဆင့်ချိုးဖျက် တက်ရောက်ဖို့ အိပ်မက်မက်နေခဲ့ ကြသည်။ ထိုလျှို့ပှက်ဆန်းကြယ်တဲ့ ရတနာက သူတို့ကို အဆင့်ချိုးဖျက် တက်ရောက်နိုင်အောင် ကူညီပေးနိုင်လိမ့်မည်ဟု ဆုံးဖြတ်ထားကြသည်။

"ညီးညီး လင်းဟာန်ကို ကူညီပေးမယ်"

ဟူးညီက တိုက်ပွဲကိုကြည့်ပြီး စိတ်ထဲမှာ ယားကျိယားကျိ

ဖြစ်လာခဲ့သည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"မလိုဘူး မလိုဘူး။ ဒီလူနှစ်ယောက်ကိုတော့ ငါကိုင်တွယ်နိုင်ပါတယ်"

လင်းဟန်က လက်သီးတစ်ချက် ထိုးထည့်လိုက်ပြီး ဆင်နဂါး နှစ်ဆယ့်နှစ်ကောင် လျှပ်စီးအလင်းတန်းတွေ ရောယှက်ထွက်ပေါ်လာပြီး သူတို့ကိုကြည့်ရတာ အရမ်းကို ထိတ်လန့်စရာ ကောင်းပေသည်။

"ဒီလို လူထူးလူဆန်း ကောင်လေးတစ်ယောက်"

ကျန်းပူယွမ်နဲ့ မာကျိုင်းဖန်တို့ နှစ်ယောက်စလုံး အထိတ်တလန့် အော်ဟစ်လိုက်ကြသည်။ သူတို့၏ ပြိုင်ဘက်က ချီအလင်း နှစ်ဆယ့်နှစ်ခုကို ကျင့်ကြံထားပြီး ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းလိုက်သလဲ။

"ဒီထက်ပိုပြီးတော့ အထင်ကြီးစရာကောင်းတာ ရှိသေးတယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး အရိုးပုံစံ အစီအရင်ကို ပေါင်းထည့် မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ပြိုင်ဘက်နှစ်ယောက်ကို တရစပ်ထိုးနက် တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ပွဲစွမ်းရည်က မူလတုန်းက ကြယ်အလုံး နှစ်ဆယ်နား ချဉ်းကပ်နေပြီး အခုဆိုရင် သူက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို ဖမ်းဆုပ်နိုင်ပြီး သူက ရုတ်တရက် အကန့်အသတ် အားလုံးကို ဖြတ်ကျော်လာပြီး နောက်ဆုံးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်သွားခဲ့သည်။ တကယ်တော့ သူက မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတဲ့ နောက်မှာ ကျန်းပုယွမ်နဲ့ မာကျိုင်းဖန်တို့က စိတ်ဂိညာဉ် နတ်သူငယ် အလွှာ ခုနစ်အဆင့်ကို ရောက်နေတာတောင်မှ သူတို့မှာ ပြန်လည်တိုက်ခိုက်ဖို့ အစွမ်းမရှိပဲ လင်းဟန်ရဲ့ တရစပ် ထိုးနက်တိုက်ခိုက်မှုကို ဆက်လက်ခံစားနေကြရသည်။

လျို့ဟုက်ဆန်းကြယ် စွမ်းအား။ ဘာဖြစ်လို့ လျို့ဟုက်ဆန်းကြယ် စွမ်းအားလို့ ခေါ်တာလဲ။

ကြယ်နဂါး အမြစ်ဖြုတ်များကို မှသားမဲ့ မျက်လုံးနဲ့

ပေါင်းထည့်ပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို မြားတစ်စင်းနဲ့ အမြစ်ဖြုတ် သုတ်သင်နိုင်သည်။ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံစွမ်းအားမှာ မုသားမဲ့ မျက်လုံးကို ပေါင်းထည့်လိုက်ရင် မြားပစ်ကျွမ်းကျင်မှုမှာ မျှော်လင့်ထားသလို အံ့အားသင့်စရာ အစွမ်းမျိုး မရှိနိုင်ပေ။ ဒါပေမဲ့ ၎င်း၏ အစွမ်းက သိပ်ပြီးတော့ မနိမ့်ကျပဲ ဆိုးဂါးတဲ့ တိုက်ခိုက်မှု တစ်ခုရဲ့ အာနိသင်မျိုး ရှိ၏။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် နှစ်ယောက်က နောက်ကိုဆက်တိုက် ဆုတ်ဖို့ ဖိအားပေးခံရပြီး သူတို့ရဲ့ အမူအရာတွေက လုံးဝကို မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ ဒါက တကယ့်ကို ထင်မှတ်မထားတဲ့ အရာတစ်ခု ဖြစ်သည်။ သူတို့က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တင်မက အလွှာခုနစ်ကို ရောက်နေတဲ့ သူတွေဖြစ်ပြီး အဆင့်မြင့် အဆင့်လို့ ဆိုလိုပြီး သူတို့က အခုဆိုရင် ပြန်ပြီးတော့ တိုက်ခိုက်ဖို့တောင် အခွင့်အရေးမရှိပဲ လွှမ်းမိုးခံနေရသည်။

လင်းဟန်က အဆက်မပြတ် အော်ဟစ်မာန်သွင်း၍ သူ၏လက်သီးကို ကြမ်းကြမ်းတမ်းတမ်း ဝှေ့ယမ်းလိုက်သည်။ ဆင်နဂါး နှစ်ဆယ့်နှစ်ကောင်က

တစ်ခုတည်းအဖြစ် ပေါင်းစည်းသွားပြီး ရွှေရောင်အလင်းရှိတဲ့ ဆင်နဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားကာ ၎င်း၏ ခန္ဓာကိုယ် တစ်ခုလုံး အလင်းရောင်တွေ တောက်ပနေသည်။ ရွှေရောင်ဆင်နဂါး၏ မျက်နှာပြင်ပေါ်တွင်လည်း ရှေးဟောင်းသင်္ကေတတစ်ခု ရှိပြီးတော့ ဒီကဗ္ဗာကြီးက မဟုတ်ပဲ နတ်ဆိုးနယ်မြေ တစ်ခုကနေ ထွက်လာတာနဲ့ ပိုတူနေသည်။

ဤဆင်နဂါးက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ ၎င်း၏ ပြင်းပြင်းထန်ထန် ဆောင့်နင်းမှု အောက်မှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက နောက်ဆုတ်ရုံပဲ တတ်နိုင်သည်။

"ချီကို အလင်းတန်း တစ်ခုဖြစ်အောင် စုစည်းခြင်း"

ကျန်းပူယွမ်နဲ့ မာကျိုင်းဖန်တို့က အော်ဟစ်လိုက်သည်။ သူတို့က ဒါကို အလင်းတန်းအတုတစ်ခုလို့ သတိမပြုမိကြပဲ လင်းဟာန်က လက်သီးလမ်းကြောင်းမှာ ဒုတိယအဆင့်ကို အဆင့်တက်သွား ခဲ့တယ်လို့ပဲ ထင်မှတ်နေကြသည်။ ဒီခြေလှမ်းက ကျော်ဖြတ်ဖို့ အရမ်းကို ခက်ခဲပြီး သူတို့ရဲ့ ကျင့်ကြံခြင်းက မြင့်မားတယ် ဆိုပေမဲ့ သူတို့က အခုချိန်မှာ ချီအလင်း ကိုးခုကိုပဲ အောင်မြင်ပါ သေးတယ်။

ချီအလင်းဆယ်ခု မရှိပဲနဲ့ အလင်းတန်းတစ်ခုကို ဖြစ်ပေါ်ဖို့ ဘယ်လိုလုပ်ပြီး သူတို့က အဆင့်မီ နိုင်မှာလဲ။

ဒါကိုကြည့်ပြီး သူတို့က အရမ်းကို မနာလို ဖြစ်နေကြသည်။ သူတို့၏ ပြိုင်ဘက်က ပန်းဖူးအဆင့်မှာ ရှိနေပြီး အသက်အရွယ်အားဖြင့် နှစ်ဆယ်ခန့်သာ ရှိသေးပေမဲ့ ချီအလင်း နှစ်ဆယ်ကျော်ကို ကျင့်ကြံနိုင်ပြီး အလင်းတန်း တစ်ခုကိုတောင် ဖြစ်စေနိုင်ခဲ့တာကြောင့် သူတို့က အရမ်းကို မနာလို ဖြစ်နေကြသည်။

သူတို့တွေ ပိုပြီးတော့ တိုက်ခိုက်လေလေ သူတို့က ပိုပြီးတော့ စိတ်ဓာတ်ကျလာပြီး သူတို့၏ တိုက်ပွဲစိတ်ဂိုဏ်တွေကလည်း နောက်ဆုံးမှာ ပျောက်ကွယ်သွားပြီး ချာခနဲလှည့်ကာ မတူညီတဲ့ အရပ်မျက်နှာ အသီးသီးကို ထွက်ပြေးသွားခဲ့သည်။ ဘယ်လောက်ပဲ တန်ဖိုးရှိတဲ့ ရတနာ ဖြစ်ပါစေ သူတို့တွေ မလိုချင်ကြတော့ပေ။

လင်းဟာန်က သူတို့အနောက်ကို လိုက်မဖမ်းခဲ့ချေ။ ဒီလူနှစ်ယောက်နဲ့ သူနဲ့အကြားမှာ မဖြေရှင်းနိုင်တဲ့ ရန်ညိုးရန်စလည်း မရှိပါဘူး။ သူတို့နဲ့ တိုက်ခိုက်တာကလည်း

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို စမ်းသပ်ဖို့ တစ်ခုတည်းကြောင့်ဖြစ်ပြီး ရလဒ်က သူ့ကို အတော်လေး ကျေနပ်စေခဲ့သည်။

သူ့ရဲ့အမြန်နှုန်းက အခုဆိုရင် သုံးဆလောက် တိုးတက်လာခဲ့ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်လည်း ကြယ်ငါးလုံးကျော် တိုးလာခဲ့သည်။

သူလည်း ဒီအတွက်ကြောင့် အရမ်းကို အံ့အားသင့်နေခဲ့သည်။ တကယ်လို့ ဆေဘာစား ဘုရင်လေးက ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ရရှိသွားမယ်ဆိုရင် သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ အထဲမှာ ပြိုင်ဘက်ကင်းတစ်ယောက် ဖြစ်လာပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ပြိုင်ဘက်တွေကိုတောင် အနိုင်ယူနိုင်ပေလိမ့်မည်။ အခုလိုမျိုး နတ်အသွင်ပြောင်းလဲခြင်း အဆင့်ထဲကို ခြေတစ်လှမ်း ဝင်ရောက်နေတဲ့ ပါရမီရှင် တစ်ယောက်က သေချာပေါက် နတ်အသွင်ပြောင်းလဲခြင်း အဆင့်၏ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်နိုင်လိမ့်မယ်ဆိုတာ နည်းနည်းလေးမှ သံသယဝင်စရာအကြောင်း မရှိပေ။

ဒါပေမဲ့လည်း ရှေးဟောင်းမင်းဆက်မှာ စုစုပေါင်း

လျှို့ပှက်ဆန်းကြယ် စွမ်းအားက လေးခုရှိပြီး ဒီမိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံက အသန်မာဆုံး မဟုတ်ပေ။ ထို့ကြောင့် သေခြင်းကိုးခု ကောင်းကင်ဘုံ ပညာရပ်၏ မယုံနိုင်စရာ ကောင်းလောက်သည့် လျှို့ပှက်ဆန်းကြယ် စွမ်းအား တစ်ခုမှာ ဘယ်လောက်ထိ အစွမ်းရှိတယ် ဆိုတာကို ခန့်မှန်းနိုင်ဖို့ တကယ့်ကို ခက်ခဲလှပေသည်။

"တကယ်လို့ အခုချိန်မှာ ဆေဘာစား ဘုရင်လေးနဲ့ ကြုံတွေ့ရမယ်ဆိုရင် ငါ့အနေနဲ့ သူ့ပြိုင်ဘက်တော့ မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ ထွက်ပြေးဖို့ကတော့ ပြဿနာ မရှိတော့ဘူး"

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်သည်။ သူ၏အမြန်နှုန်းက သုံးဆလောက် တိုးလာခဲ့ပြီး မိုးကြိုးစွာတန်ခိုးရှင် ခြေလှမ်းနဲ့ ပေါင်းလိုက်မယ်ဆိုရင် နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တစ်ယောက်တောင်မှ သူ့ကိုဖမ်းမိဖို့ ခက်ခဲပေလိမ့်မည်။

Chapter 604 end

Uni.

အပိုင်း(၆၀၅) သူငယ်ချင်းဟောင်းများ ပြန်တွေ့ဆုံခြင်း

အချိန်တိုင်း သိုင်းပညာရှင်တွေက အဆင့်တွေ တိုးလာပြီး သူတို့၏ စွမ်းအားများက ဆယ်ဆမှ အဆတစ်ရာထိ မြှင့်တင်နိုင်သည်။ ဒါပေမဲ့လည်း အမြန်နှုန်းကတော့ တစ်ဆလောက် တိုးလာရင်ပဲ ကောင်းမွန်သည်။

ထို့ကြောင့် လင်းဟန်က လျှပ်စီးခန္ဓာကိုယ် တစ်ခုကို ကျင့်ကြံပြီး သူ၏အမြန်နှုန်းက သုံးဆတောင် ပေါက်ကွဲထွက်ပြီး တိုးလာခဲ့သည်။ မိုစ္စာတန်ခိုးရှင် ခြေလှမ်းကို ထည့်ပေါင်းလိုက်မယ် ဆိုရင် သူ၏ အမြန်နှုန်းက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ကျော်ဖြတ်သွားပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်၏ အမြင့်ကို ကူးဖြတ်သွားပေလိမ့်မည်။

"ဒါပေမဲ့လည်း ထွက်ပြေးတယ်ဆိုတာ ဖြေရှင်းနည်းတစ်ခုတော့ မဟုတ်ဘူး။ ငါအတတ်နိုင်ဆုံး စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ရလိမ့်မယ်။ ဒီလိုမှပဲ ဆေဘာဓား ဘုရင်လေးနဲ့ ရင်ဆိုင်တဲ့ အခါမှာ အဆင့်မီမီ ရပ်တည်နိုင်လိမ့်မယ်"

"ဟူး ဒီဘဂရဲ့ သိုင်းပညာ အဆင့်တွေက တကယ်ပဲ အရမ်းကို မြင့်မားတယ်။ တကယ်လို့ ဒါက

အရင်ဘဝသာဆိုရင် ငါ့ရဲ့လက်ရှိ အစွမ်းနဲ့ပဆိုရင် ဓားဧကရာဇ် တစ်ယောက်ပဲ သက်တူရွယ်တူထဲမှာ ငါနဲ့ယှဉ်ပြိုင်ဖို့ အဆင့်မီလိမ့်မယ်။ နှစ်ပေါင်းတစ်ရာ မကျော်တဲ့ တခြား မွန်းစတားတွေကတော့ ငါ့ကို အနည်းနဲ့အများ ထိန်းချုပ်နိုင်လိမ့်မယ် မထင်ဘူး"

"အခုဒါက ကောင်းပါတယ်။ အသက်တစ်ရာအောက် ပါရမီရှင်တွေက မိုးရွာပြီးတဲ့နောက်မှာ ထွက်ပေါ်လာတဲ့ မျှစ်စို့ပေါက်တွေနဲ့တူပြီး အဆုံးမရှိ ထွက်ပေါ်လာနေကြတယ်"

"ဒီတစ်ချက်တည်းနဲ့ပပဲ ငါ့အတွက် လုံလောက်တဲ့ စိတ်အားထက်သန်မှုကို ရရှိစေလိမ့်မယ်"

"ငါကအခုမှ လျှပ်စီးအလင်းတန်း ခန္ဓာကိုယ်ကို ကျင့်ကြံထားခဲ့ပြီး ငါ့ခန္ဓာကိုယ်ကို လျှပ်စီးတစ်ခု အဖြစ်ကို မပြောင်းလဲနိုင်သေးဘူး။ ဒါပေမဲ့ ဒီအဆင့်နဲ့ သိပ်ပြီးတော့ မဝေးတော့ဘူး။ အဲဒီအချိန် ကျရင်တော့ ငါ့ရဲ့တိုက်ပွဲစွမ်းရည်က ပိုပြီးတော့တောင် အစွမ်းထက်လာလိမ့်မယ်"

လင်းဟန်က ဟူးညိုနဲ့ ကျူးရှမ်အာဆီကို

လျှောက်လာလိုက်သည်။ အဲဒီနောက် ပြုံးပြပြီးတော့ ပြောလိုက်၏

“သွားစို့။ ငါတို့တွေ ပန်းပေါင်းတစ်ထောင် စီရင်စုကို သွားပြီးတော့ လက်ရှိပါရမီရှင်တွေကို သွားကြည့်သင့်တယ်”

“ရေး သွားကြစို့”

ဟူးညိုက ပျော်ရွှင်မြူးထူးပြီး ခုန်လိုက်သည်။ ဒီနေရာမှာ ရက်တော်တော်များများ နေနေရတာ သူမအတွက်တော့ အရမ်းကို ပျင်းရိစရာ ကောင်းနေခဲ့သည်။

ကံမကောင်းတာက သူတို့ရဲ့ ရွှေနဂါးလှေက စိန်အဆင့် ယန္တရားရုပ်ကြောင့် ပျက်စီးသွားခဲ့သည်။ သူတို့မှာ အခု သယ်ယူပို့ဆောင်ရေးပစ္စည်း မရှိတော့ပေ။ သူတို့က ခြေထောက်ကို အားကိုးပြီး လမ်းလျှောက်ရုံပဲ တတ်နိုင်သည်။ သူတို့က နောက်ထပ် မြင်းလှည်းကို ရှာဖွေဖို့ အရမ်းကို ပျင်းရိနေကြပြီး လမ်းပဲလျှောက်သွားခဲ့ကြသည်။

ပြဿနာတွေ နည်းပါးစေဖို့ သူတို့အားလုံးက သူတို့ကိုယ်သူတို့ ရုပ်ဖျက်သွားခဲ့ကြသည်။

အစတုန်းက လင်းဟန်က သူတို့သုံးယောက်ကို အိမ်ထောင်ဦးစီး ယောက်ျားတစ်ယောက်၊ ဇနီးမယားတစ်ယောက်နဲ့ ချစ်စရာ သမီးလေးတစ်ယောက်အဖြစ် ရုပ်ဖျက်ဖို့ တွေးခဲ့ပေမဲ့ ဟူးညိုက ဘယ်လိုပဲဖြစ်ဖြစ် ဆန္ဒမရှိပါဘူး။ ဒါကြောင့် သူတို့သုံးယောက်က မောင်နှမများအဖြစ် ရုပ်ဖျက်လိုက်ကြသည်။ လင်းဟန်က အသက်အနည်းငယ် ကြီးလာပြီး ကျူးရွှမ်အာက သူမရဲ့ ထူးထူးခြားခြား လှပချောမောတဲ့ မျက်နှာကို ဖုံးထားပြီး ဟူးညိုကတော့ ပြောင်ချော်ချော် ကလေးမလေး တစ်ယောက်အဖြစ် ပြောင်းသွားခဲ့သည်။

လင်းဟန်က အထူးသဖြင့် အိုမင်းတဲ့ ပညာရပ် တစ်ခုကို အသက်သွင်းထားပြီး သူရဲ့တည်ရှိမှုကို အများကြီး အားနည်းသွားအောင် ပြုလုပ်ပြီးတော့ စိတ်ဂိညာဉ် ပင်လယ်အဆင့်ထိ လျော့ချလိုက်သည်။ ဒီနည်းလမ်းနဲ့ဆို တကယ်လို့ ဆေဘာဓားဘုရင်လေးက သူ့ကိုရှာဖွေနိုင် သေးတယ်ဆိုရင် ဆေဘာဓားဘုရင်လေးက တကယ့်ကို ကျွမ်းကျင်လို့ ဖြစ်ပေလိမ့်မည်။

သူတို့က တိမ်ကိုးခုမြို့ကနေ ထွက်လာခဲ့ပြီး ပန်းပေါင်းတစ်ထောင် စီရင်စုဆီကို ဦးတည်ပြီး သွားလိုက်ကြသည်။

လင်းဟန်က အလျင်စလို မလုပ်ခဲ့ပေ။ ကောင်းကင်ဘုံ ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်း ဖွင့်တာက သတင်းပဲ ရှိသေးပြီး စစ်မှန်တဲ့ ဂင်ခွင့်စာမေးပွဲက အချိန်အတော်ကြာကြာ လိုသေး၏။ အနည်းဆုံး တိမ်ကိုးခုမြို့မှာ သူကြားခဲ့ရတဲ့ သတင်းတွေမှာ စစ်ဆေးပွဲရဲ့ အချိန်ကာလကို မဆုံးဖြတ်ရသေးဘူးလို့ ကြားသိထားရသည်။

အနည်းဆုံး နှစ်ဂက်ခန့် အချိန်ရှိသေး၏။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြီးမားကျယ်ပြန့်သော ကုန်းမြေတိုက်ကြီးရဲ့ ရောမကြီးမားမှုကြောင့် လူတွေအများကြီး ပြင်ဆင်ဖို့ အချိန်တောင် ရှိကြလိမ့်မည် မဟုတ်ချေ။

သူတို့က ရှေ့ဆက်ချီတက်လာပြီး လမ်းတစ်လျှောက်လည်း ကျင့်ကြံမှုတွေ ပြုလုပ်ခဲ့သည်။

"ဟင်"

လင်းဟန်က အနည်းငယ် တုံ့ဆိုင်းသွားပြီး အနောက်ဘက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ အဝေးကနေ

ဖုန်မှုန့်အစုအဝေးကြီး တစ်ခုလွင့်ပျံ့လာပြီး အဖွဲ့အစည်းတစ်ခုက လျင်မြန်စွာနဲ့ ချဉ်းကပ်လာသလိုမျိုး တူ၏။

ပထမဆုံး တွေးမိသတာ ဆေဘာဓား ဘုရင်လေးက သူတို့ကို နောက်တစ်ကြိမ် လိုက်ဖမ်းဆီး နေတာလို့ ထင်နေခဲ့ပေမဲ့ ချက်ချင်းဆိုသလို သူထင်သလို မဟုတ်မှန်း သိသွားခဲ့သည်။ ဒီလူတွေက ပန်းဖူးအဆင့်မှာပဲရှိတဲ့ စစ်သည်တော်တွေပဲ ဖြစ်သည်။

စုစုပေါင်း လူခုနစ်ယောက် ရှိပြီးတော့ သွက်လတ်ပေါ့ပါးစွာ လှုပ်ရှားနေကြပြီး မကြာခင်မှာ သူတို့ထဲက သုံးယောက်က လိုက်မီလာပြီး နည်းနည်းလေးမှ ရပ်တန့်ခြင်းမရှိပဲ ဆက်လက် ရှေ့တိုးလာခဲ့ကြသည်။

လင်းဟန်က မျက်စိပေ့ကြည့်လိုက်ပြီး အံ့အားသင့်သွားပြီး ပြောလိုက်သည်။

"ကန်းရီ"

အဖွဲ့အထဲက တစ်စုံတစ်ယောက်က ချက်ချင်းပဲ ခြေလှမ်းတွေကို ရပ်ပြီးတော့ ချာခနဲ လှည့်လိုက်သည်။

သူရဲ့ပုံရိပ်က ပိန်ပိန်ပါးပါးနဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အေးစက်တဲ့ ဆေးဘာရှီတစ်ခု ထွက်ပေါ်နေပြီး ထက်မြက်တဲ့ ဆေးဘာဓား တစ်လက် ထွက်ပေါ်လာသကဲ့သို့ ဖြစ်နေသည်။ သူက လင်းဟန်ကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပြီး သူ့အကြည့်တွေမှာ သံသယတွေ ပါဝင်နေသည်။

သူကတော့ ကန်းရီပဲ ဖြစ်သည်။

သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် မဆုံတွေ့တာ အချိန်တော်တော် ကြာနေပြီး သူက အမှန်တကယ်ပဲ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပြီး သူ့ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်လှမ်းကာ အရမ်းကို ယုံကြည်ချက်တွေ ရှိနေသည်။

"ငါက လင်းယွမ်ပါ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်သည်။

ဒီနာမည်ကို ကြားတာနဲ့ ကန်းရီက ချက်ချင်းပဲ လင်းဟန်ဆိုတာကို နားလည်သွားခဲ့ပြီး ရုတ်ချည်းဆိုသလို ကျေနပ်ပျော်ရွှင်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့သည်။

"ကန်းရီ ဘာကိစ္စလဲ"

အနီရောင် ဂဝတ်စုံနဲ့ မိန်းကလေး တစ်ယောက်က မေးလိုက်သည်။ သူမက အရမ်းကို လှပချောမောပြီး သူမရဲ့ လှပတဲ့ ဆံပင်တွေက တိမ်တိုက်တွေနဲ့ တူပြီးတော့ သူမရဲ့ အသားအရည်က ကျောက်စိမ်းလို ချောမွေ့ပြီး နေအလင်းရောင်၏ အောက်တွင် အမှန်တကယ် အရောင်တောက်ပြောင်ပြီး နတ်သမီးတစ်ပါးနဲ့ တူနေသည်။

ကန်းရီက ဘာမှမပြောချေ။ လင်းဟန်က ရယ်ပြီးတော့ အနားကို ကပ်လာပြီး ပြောလိုက်သည်။

"ပေးကွာတဲ့ ကုန်းမြေတစ်ခုက သူငယ်ချင်းဟောင်း တစ်ယောက်ပါ။ ငါ့နာမည် လင်းယွမ်လို့ ခေါ်တယ်။ ကန်းရီနဲ့ တစ်မြို့တည်းသားတွေ"

"အိုး"

အနီရောင် မိန်းကလေးနဲ့ တခြားလူတွေ အားလုံးက ခေါင်းညိတ်လိုက်သည်။ ဒါက တစ်မြို့တည်းသားချင်း လူတစ်ယောက်ပဲ ဖြစ်သည်။ ဒီလူခြောက်ယောက်စလုံးက အသိအမှတ် ပြုလောက်သည့် လူများဖြစ်ပြီး

ထင်ရှားပေါ်လွင်တဲ့ ပုံသဏ္ဍာန်ကိုယ်စီ ရှိပြီးတော့ ယုံကြည်မှုတွေက ထိုးတက်နေသလို ခံစားရပြီး အားလုံးက ချမ်းသာကြွယ်ဝပြီး နောက်ခံအင်အား တောင့်တင်းတဲ့ မိသားစုတွေကနေ လာခဲ့ပုံရ၏။

လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာပဲ ရှိတာကို သူတို့တွေ မြင်တွေ့လိုက်ပြီး သူတို့က လင်းဟန်ကို နောက်တစ်ကြိမ် မကြည့်တော့ပါဘူး။ တကယ်လို့ ကန်းရီအတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူတို့က သေချာပေါက် ချာခနဲ လှည့်ထွက်သွားပါလိမ့်မယ်။ လင်းဟန်လို လူတစ်ယောက်က သူတို့နဲ့ ကန္တာမတူပါဘူး။

"သခင်လေးလင်း"

ကန်းရင်က အရမ်းကို စိတ်လှုပ်ရှားနေသည်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်သည်။

"မင်းက ငါ့ကို သခင်လေးလင်းလို့ ခေါ်လိုက်တာနဲ့ ငါကမင်းကို သခင်လေးရီလို့ ခေါ်သင့်လား။ အရမ်းကို ရှိရှိသေသေတွေ မလုပ်ပါနဲ့"

လင်းဟန်က သူရဲ့အကြောင်းကို ဖုံးကွယ်ထားချင်မှန်း ကန်းရီ ရိပ်မိသွားတာကြောင့် ရှီးရှီးတမ်းတမ်း ရယ်မောပြီး လင်းဟန်ကို နောက်ထပ် သခင်လေးလို့ မခေါ်တော့ပေ။

အနီရောင် မိန်းကလေးနဲ့ တခြားလူတွေက အတော်လေးကို စိတ်ဆိုးမာန်ဆိုး ဖြစ်နေကြသည်။ ဘယ်လိုလုပ်ပြီး စိတ်ဂိညာဉ် ပင်လယ်အဆင့် လူတစ်ယောက်က သူတို့နဲ့အဆင့်ချင်း တူနိုင်မှာလဲ။ မင်းကို သခင်လေးလို့ ခေါ်ပြီးတဲ့နောက် မင်းကတကယ်ပဲ ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုတဲ့ ပုံစံမျိုး လုပ်နေတာလား။ ဘယ်နေရာကနေ ဒီလိုယုံကြည်ချက်တွေ ရလာတာလဲ။

"ကန်းရီ ငါတို့တွေ မြန်မြန်သွားသင့်ပြီ။ ကောင်းကင်ဘုံ ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်း နောက်နှစ်ဂက်ကျရင် တရားဂင် ဖွင့်လှစ်လိမ့်မယ်ဆိုပြီး တိကျခိုင်လုံတဲ့ သတင်းကို ငါရထားတယ်။ အဲဒီကို စောစောသွားပြီးတော့ ငါတို့တွေ စမ်းသပ်စစ်ဆေးမှု ပြိုင်ပွဲ အကြောင်းကို ကောင်းကောင်းသိပြီး ပြင်ဆင်လို့ ရလိမ့်မယ်"

တစ်စုံတစ်ယောက်က ဆော်ဩလိုက်သည်။

"အိုး ကောင်းကင်ပြန်လည်ထိန်းသိမ်းခြင်း

သင်တန်းကျောင်းက နှစ်ဂက်မရောက်ခင် ဖွင့်မှာလား”

လင်းဟန်က ဂင်ရောက်မေးမြန်းလိုက်သည်။ သူ့အနေနဲ့ အချိန်ကွာဟချက်၏ အားသာချက်ကို ရယူပြီး အကန့်အသတ်မဲ့တောင်၏ နေရာကို ရှာဖွေလို့ ရကောင်းရနိုင်ပေလိမ့်မည်။

“အဲဒါက မင်းနဲ့ဘာဆိုင်လို့လဲ”

ခန့်ညားတဲ့ လူငယ်တစ်ယောက်က လင်းဟန်ကို စိတ်မရှည်သလို ကြည့်လိုက်ပြီး အထင်သေးတဲ့ ပုံစံနဲ့ ကြည့်ပြီးတော့ ဒီကောင်လည်း ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားဖို့ စဉ်းစားနေတာ ဖြစ်နိုင်ပါ့မလား။ ဘယ်လိုဟာသလဲကွာ။ အသက်နှစ်ဆယ်ကျော် စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိသေးတဲ့ လူတစ်ယောက်က ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဂင်ခွင့်ရသွားမယ်ဆိုရင် ဟာသတစ်ပုဒ် ဖြစ်မသွားပေဘူးလား။

သူတို့တွေက ကမ္ဘာကြီး၏ လက်ရွေးစင်တွေကို စုဆောင်းနေပြီး ပါရမီရှင်တွေထဲကမှ ပါရမီရှင်တွေကို စုဆောင်းနေတာကြောင့် သူတို့လိုမျိုး လူစားမျိုးတွေပဲ

ဂင်ရောက်ဖို့ အဆင့်မီ ပေသည်။

"ချောင်ဇီဖေး မင်းဘယ်လို ပြောလိုက်တာလဲ"

ကန်းရီက ထိုလူငယ်ကို မျက်နှာတင်းတင်းနဲ့ ကြည့်ပြီးတော့ လုံးဂတုံ့ဆိုင်းခြင်း မရှိပဲ သူ၏ ဆေဘာဓားရှည်ကို ဆွဲထုတ်ကာ ထိုလူငယ်ကို ဓားနဲ့ချိန်ရွယ်လိုက်သည်။

"ကန်းရီ ဘာမဟုတ်တဲ့ အမှိုက်အတွက် မင်းက ဒီသခင်လေးကို ဓားကိုဆွဲထုတ်ပြီး ချိန်ရွယ်တယ်ပေါ့"

ချောင်ဇီဖေးလို့ခေါ်တဲ့ လူငယ်ကို ကြည့်ရတာ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်နေသည်။ သူက ကန်းရီအနေနဲ့ စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိတဲ့လူတစ်ယောက် အတွက်နဲ့ သူ့ကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ရုတ်တရက် ဓားထုတ်ပြီး ချိန်ရွယ်လိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ပေ။

"တောင်းပန်လိုက်စမ်း"

ကန်းရီက အေးစက်စွာနဲ့ ပြောလိုက်သည်။ သူ၏အကြည့်တွေက ဆေဘာဓားတစ်လက်နဲ့ တူပြီး

လူသတ်ငွေ့ အရှိန်အဝါတစ်ခု ထွက်ပေါ်လို့ နေသည်။

သူ၏မျက်လုံးထဲတွင် လင်းဟန်က ကျေးဇူးရှင် တစ်ယောက်ဖြစ်သူလို သူလေးစား အားကျရတဲ့ စံပြပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ချောင်ဇီဖေးက လင်းဟန်ကို အထင်အမြင်သေးတဲ့ပုံစံ လုပ်နေခြင်းက သူ၏သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေ လောင်ကျွမ်းလာစေခဲ့သည်။

"ကန်းရီ မင်းရဲ့ ပါရမီက မဆိုးဘူး။ မင်းနဲ့အတူ တွဲဖက်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ မင်းက တကယ်ပဲ ဒီသခင်လေးနဲ့ အဆင့်အတန်း တူညီသလို ထိုင်နိုင်လိမ့်မယ်လို့ တကယ်ပဲ မထင်လိုက်နဲ့"

"ဘာပဲဖြစ်ဖြစ်ပဲလေ။ အားလုံးက သူငယ်ချင်းတွေပဲဟာ။ မပြေမလည်တွေ မဖြစ်ကြပါနဲ့"

ယောကျာ်းလေး တစ်ယောက်က အရှေ့ကို တိုးလာပြီး အခြေအနေကို ဂင်ရောက်ဖြန်ဖြေပြီး ပြောလိုက်သည်။

"မင်းတို့တွေလည်း ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားမဲ့လူတွေ ဆိုမှတော့

အားလုံးအတူတူ သွားကြတာပေါ့”

ချောင်ဇီဖေးက ဘာမဟုတ်တဲ့ လူတစ်ယောက်နဲ့ ခရီးသွားဖို့ ကိစ္စကို နောက်ထပ်တစ်ကြိမ် ဆန့်ကျင်လိုက်ချင်ခဲ့သည်။ ဒါပေမဲ့လည်း သူဂင်ပြီးတော့ မပြောခင်မှာ ယောကျာ်းလေး တစ်ယောက်က သူ့ကိုတားပြီးတော့ သူ့နားရွက်ကိုကပ်ပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်သည်။

“ဒီကောင်နဲ့ အချိန်ဖြုန်းတာက တော်တော်လေးကို စိတ်ဂင်စားစရာ ကောင်းနေလို့လား”

ဒါကိုကြားလိုက်ရပြီး သူရဲ့အတွေးတွေကို ပြန်ရုပ်သိမ်းလိုက်ပြီး မကျေမနပ်နဲ့ ထွက်မသွားခင် သူကလင်းဟန်ကို အေးစက်စွာနဲ့ ကြည့်လိုက်သည်။ နောက်ရက်တွေမှာ ဒီကောင်ကို သည်းမခံနိုင်အောင် လုပ်ပစ်ဖို့ စဉ်းစားထားလိုက်သည်။

ကန်းရီက ဒီကိစ္စကို အဆုံးမသတ်ချင်သေးပေမဲ့ လင်းဟန်က ခေါင်းခါပြလိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ သူရဲ့ဆေဘာဓားရှည်ကို ဓားအိမ်ထဲ ပြန်ထည့်လိုက်သည်။ အခြေအနေတွေက နောက်ဆုံးတော့ လွယ်လွယ်ကူကူနဲ့ အဆုံးသတ် သွားခဲ့သည်။

Chapter 605 end

Zawgyi.အပိုင်း(၆၀၆) သဘောထား ကွဲလွဲမှု

ကန်းရှီနဲ့ ချောင်ဇီဖေးမှလွဲ၍ လူတိုင်းလူတိုင်းက သူတို့ကိုယ်သူတို့ မိတ်ဆက်လိုက်ကြသည်။ ကျန်တဲ့ လူငယ်လေးယောက်ရဲ့ နာမည်တွေက ကန်ဂျန်းဆန်၊ ယုယွမ်မင်း၊ ကျောင်းခိုင်ဂျိနဲ့ ဖန်ဂမ်လင်းတို့ ဖြစ်ကြပြီး အနီရောင် ဂတ်စုံနဲ့ တစ်ဦးတည်းသော မိန်းကလေးကတော့ ဟဲလန်ယွင် လို့ခေါ်သည်။

သိုင်းပညာရှင် အများစုက ယောက်ျားသားတွေ ဖြစ်ကြသည်။ အမျိုးသမီးတွေက လူနည်းစုပဲ ဖြစ်ကြပြီး ပန်းဖူးအဆင့်ထိ ကျင့်ကြံနိုင်သူက ပိုပြီးတော့တောင် နည်းပါးကြသည်။ ဟဲလန်ယွင်က ရင်သပ်ရှုမောဖွယ်ကောင်းအောင် ချောမောလှပသူ ဖြစ်ပြီးတော့ တစ်စုံတစ်ယောက်က သူမအနားကို ချဉ်းကပ်ဖို့ဆိုတာ ခက်ခဲပေသည်။

ထို့ကြောင့် ချောင်ဇီဖေးနဲ့ တခြားလူတွေ အားလုံးက ဟဲလန်ယွင်အနားမှာ ဝိုင်းရံနေကြသည်။ ဒါပေမဲ့လည်း ဟဲလန်ယွင်ကို ကြည့်ရတာ ကန်းရှီ၏ သဘောထားတွေကို အလေးပေးပြီး တခြားလူများ၏ မျက်နှာချိုသွေးမှုတွေကို

အလေးထားခြင်း မရှိပေ။

ချောင်ဇီဖေးနဲ့ တခြားလေးယောက်က အရမ်းကို ကံမကောင်းသလို ခံစားနေကြရသည်။

သူတို့လည်း ကျုံးရှမ်အာအတွက် ကံအကြောင်းမလှသလို ခံစားနေကြသည်။ ဘာဖြစ်လို့လဲဆို သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းကို ကြည့်ရတာ လုံးဂကို ပြီးပြည့်စုံပြီး အပြစ်အနာအဆာ လုံးဂကို မရှိပေ။ ဒါပေမဲ့လည်း သူတို့၏ အကြည့်များကို သူမမျက်နှာထက် ပြောင်းရွှေ့လိုက်သည့် အခါတွင် မိုးကောင်းကင်က မတရားဘူးလို့ ဘယ်သူမဆို ပြောဆိုကြပေလိမ့်မည်။ သူမကို ဤကဲ့သို့ ပြီးပြည့်စုံအောင် လုပတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းတစ်ခုကို ပေးအပ်ထားပေမဲ့ ဘာဖြစ်လို့ သူမက သာမန်ရုပ်ရည်တစ်ခုနဲ့ မွေးဖွားလာရတာလဲ။

ကျုံးရှမ်အာက မြောက်ပိုင်းဒေသမှာ နံပါတ်တစ် အချောအလှဆိုတဲ့ နာမည်ကို သူမ၏ ခန္ဓာကိုယ်ကောက်ကြောင်းအလှနဲ့ သူမ၏မေးစေ့ နည်းနည်းကို လှစ်ဟပြသခြင်းဖြင့် ရရှိခဲ့ခြင်း ဖြစ်သည်။ သူမ၏ ခန္ဓာကိုယ် ကောက်ကြောင်းက အရမ်းကို ပြီးပြည့်စုံပြီး မျက်နှာကို ဖုံးကွယ်ထားခြင်းက လူတွေကို

အကန့်အသတ်မရှိ စိတ်အထင်ကို ပေးစေသည်။

ဒါပေမဲ့အခု သူမ၏ ကောက်ကြောင်းက ရင်သပ်ရှုမောဖွယ်ရာ ကောင်းလောက်အောင် ပြီးပြည့်စုံနေသေးပေမဲ့ သူမ၏ မျက်နှာက မထင်ပေါ်ပဲ စိတ်ကူးယဉ်ဖို့အတွက် အခန်းတောင် မကျန်ရှိတော့ဘူးဆိုတာ သိသာထင်ရှားသည်။

ဒီမျက်နှာထားက အရမ်းကို သမာရိုးကျဆန်လွန်းသည်။

လူဆယ်ယောက်က နောက်တစ်ကြိမ် ဆက်ထွက်လာပြီး ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်း၏ အကြောင်းကို ပြောဆိုကြသည့် အချိန်တွင် ချောင်ဇီဖေးနဲ့ တခြားလူတွေ အားလုံးက ယုံကြည်မှုတွေ ပြည့်ဝနေပုံ ပေါ်နေပြီး သူတို့က သေချာပေါက် သင်တန်းကျောင်းကို ဝင်ရောက်နိုင်မယ်လို့ စဉ်းစားနေပြီး စိုးရိမ်စိတ် တစ်စွန်းတစ်စမျှတောင် မရှိကြပေ။

ချောင်ဇီဖေးက လင်းဟာန်ကို အမြဲလိုလို ထိခိုက်နစ်နာအောင် ပြောဆိုတတ်ပြီး မကြာခဏဆိုသလို ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်း၏ ဝင်ခွင့် စမ်းသပ်မှုက သေချာပေါက် မိုးကောင်းကင်ကို

တက်သလိုမျိုး ခက်ခဲပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် လက်ရွေးစင်တွေတောင်မှ ဂင်ရောက်ဖို့ အဆင့်မမီဘူးဆိုတဲ့ အကြောင်းကို ခဏခဏ ပြောဆိုပြီး လင်းဟာန်၏ အရူးထမှုကို လှောင်ပြောင်ချင်နေခဲ့သည်။

လင်းဟာန်က ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး လုံးဂကို ဂရုမစိုက်ပါဘူး။ စစ်ဆေးမှုအတွက် အချိန်ရောက်လာတဲ့ အခါကျရင် သူ၏ခွန်အားကို ထုတ်ဖော်ပြီးရင် ဒီကောင်က ထိတ်လန့်မှုကြောင့် သူ့အတွင်းခံထဲမှာ ရှူးတောင်ပေါက်သွားပါလိမ့်မည်။ ချောင်ဇီဖေးက အခုချိန်မှာ ပိုပြီးတော့ ကြွားဂါပြောဆိုလေ အနာဂတ်မှာ သူကပြင်းပြင်းထန်ထန် ကျရှုံးပါလိမ့်မည်။

သူတို့က နေ့ဘက်မှာ ခရီးထွက်ပြီး ညဘက်မှာ အိပ်စက်အနားယူကြသည်။ သူတို့အားလုံးမှာ သိုလှောင်လက်စွပ် ရှိပြီးတော့ ညဘက်မှာ သူတို့က ရွက်ဖျင်တဲတွေ ထုတ်ပြီးတော့ ရွက်ဖျင်တဲတွေထိုးကာ အနားယူ ကျင့်ကြံခဲ့ကြသည်။ ဒုတိယမြောက်နေ့မှာ သူတို့၏ ခရီးကို အလျင်အမြန် လှုပ်ရှားဆောင်ရွက်ကြသည်။ လူတွေက အပြင်မှာ ရှိနေချိန်မှာ ကျင့်ကြံဖို့ မေ့မနေသင့်ပါဘူး။ ကောင်းမွန်တဲ့ အခြေအနေကို ထိန်းသိမ်းထားပြီး ရုတ်တရက် မတော်တဆမှုတွေကို

ရင်ဆိုင်နိုင်ပါလိမ့်မည်။

တကယ်တော့ သိုင်းပညာရပ်များ၏ ကမ္ဘာက အရမ်းကို အကြင်နာမဲ့ပြီး သတ်ဖြတ်သူတွေနဲ့ ကြုံတွေ့တဲ့ အခါမှာ အကြောင်းပြချက် မရှိပဲ ထွက်ပြေးရတဲ့ အဖြစ်အပျက်တွေလည်း ရှိကြသည်။

မျှော်လင့်ထားသလိုပဲ သုံးရက်ကြာ ခရီးသွားပြီးတဲ့ နောက်မှာ သူတို့က မတော်တဆမှု တစ်ခုနဲ့ ကြုံတွေ့ကြရသည်။

ထန် ထန် ထန် ထန်။

ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကနေ ထွက်ပေါ်လာတဲ့ အသံတွေကို သူတို့၏ အရှေ့တည့်တည့် အကွာအဝေး တစ်ခုကနေ ကြားရသည်။ မကြာခင်မှာ လူတချို့ လျင်မြန်စွာ ချဉ်းကပ်လာခဲ့သည်။ တစ်ဖက်မှာ အသက်နှစ်ဆယ်ကျော် မိန်းမလှလေး တစ်ယောက်က အနီရဲရဲ ဂါဝန်တစ်ထည် ဝတ်ဆင်ထားပြီး လက်ထဲမှာ ဓားရှည်တစ်လက်ကို ဆုပ်ကိုင်ထားသည်။ သူမ၏ ပြိုင်ဘက်များက မျက်နှာမှာ ပေါင်ဒါမှုန့် အဖွေးသားနဲ့ အဝတ်အစား မလုံ့တလုံး အမျိုးသမီး လေးယောက် ဖြစ်ပြီး တိုက်ခိုက်ချိန် ဒါမှမဟုတ် လှုပ်ရှားခြင်းမှာ ... ခုနလိုက်တဲ့ အချိန်မှာ သူမတို့၏ ရင်ဘက်ပေါ်က

ဖြူဖွေးကြီးမားတဲ့ ရင်သားတွေက အဂတ်အစား အပြင်ဘက်ကို စုန်စုန်ထွက်လာသည်။

နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဂါဂန်ဂတ်ဆင်ထားတဲ့ မိန်းကလေးက ငယ်ရွယ်နုပျိုရုံတင်မက ဆယ်ဆလောက် ပိုမိုချောမော လှပပေသည်။

ထိုအမျိုးသမီး ငါးယောက်လုံးက ပန်းဖူးအဆင့်မှာ ဖြစ်ကြပြီး အခြေအနေကို ကြည့်ရတာ ဂါဂန်နဲ့ မိန်းကလေးက အဆင့်ပိုမြင့်ပုံ ရသည်။ ဒါပေမဲ့လည်း သူမက တိုက်ခိုက်ရတာ စိတ်အားထန်သန်မှု မရှိပဲ ပိုင်းရံပိတ်ဆို့ တိုက်ခိုက်မှုကနေ သူမအတွက် လမ်းကြောင်းရှာ တိုက်ခိုက်ပြီးတဲ့နောက်မှာ သူမက ချက်ချင်းပဲ အဂေးကို လွှားခနဲ စုန်ထွက်လိုက်သည်။

ဒါက လူတွေကို ဦးနှောက်ရှုပ်စေသည်။ သူမက အသာစီး ရနေတာကို ဘာဖြစ်လို့ ထွက်ပြေးဖို့ပဲ လုပ်နေရတာလဲ။

ချောမောလှပတဲ့ အမျိုးသမီး လေးယောက်က သူမကို လိုက်ဖမ်းနေတဲ့ အချိန်အတွင်းမှာ သူတို့ထဲက တစ်ယောက်က အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ဖဲကြိုးတစ်ချောင်းကို ပစ်လွှတ်လိုက်ပြီး ချက်ချင်းဆိုသလို ဂါဂန်နဲ့ မိန်းကလေးရဲ့ ခါးကျဉ်ကျဉ်လေး အပေါ်မှာ

ချည်နှောင်သွားခဲ့ပြီး သူမ၏ ပုံရိပ်ကလည်း ချက်ချင်းဆိုသလို တန့်သွားခဲ့သည်။

ကျန်တဲ့မိန်းမချော သုံးယောက်က ဒီအပေါ်မှာ အခွင့်ကောင်းယူပြီး တစ်ဟုန်ထိုး ပြေးဝင်လာပြီး ဂါဂန်နဲ့ မိန်းကလေးနဲ့ ပြင်းထန်တဲ့ တိုက်ပွဲကို ပြန်စလိုက်သည်။

ဂါဂန်နဲ့ မိန်းကလေးက ရုန်းကန်လှုပ်ရှားပေမဲ့ ထိန်းချုပ်ထားမှုကနေ လွတ်မြောက်ဖို့ အရမ်းကို ခက်ခဲပြီး နောက်ထပ်တစ်ကြိမ် ပိုင်းရံခြင်း ခံလိုက်ရသည်။ သူမက ပိုင်းရံထားခြင်းကို ချိုးဖောက်ဖို့ ဆက်ပြီးတော့ တိုက်ခိုက်ရုံပဲ တတ်နိုင်သည်။

"အရမ်းကို ချောမောလှပတယ်"

"နတ်သမီးလေး တစ်ပါးလို ချောလိုက်တာ"

"သူမက ငါ့အကြိုက်မျိုးပဲ။ ဘယ်သူမှ ငါနဲ့ယှဉ်ပြိုင်လုယူဖို့ မကြိုးစားနဲ့"

"သွားစမ်းပါ။ ငါလည်း သူမကို ကြိုက်နစ်သက်တယ်ကွ"

ချောင်ဇီဖေးနဲ့ တခြားလူ လေးယောက်ရဲ့ မျက်လုံးတွေက အရောင်တောက်သွားသည်။ ဒီဂါဂန်နဲ့ မိန်းမပျိုလေးက အရမ်းကို ချောမောလှပလွန်းပြီး ဟဲလန်ယွင်ထက် အများကြီး သာလွန်၏။ တခြားအမျိုးသမီး လေးယောက်က မဆိုးပါဘူး။ ဒါပေမဲ့ သူတို့က အသက်ကြီးနေပြီး ပန်းဖူးအဆင့်ကို ရောက်နေတာတောင် အိုးမင်းနေပုံပေါက်ရင် သူမတို့၏ အသက်က အဘွားအရွယ်တွေ ဖြစ်နိုင်လိမ့်မည်။

လူငယ်ငါးယောက်က သူရဲကောင်း တစ်ယောက်လိုမျိုး မိန်းမလှလေးကို အခက်အခဲတွေ ကြားထဲကနေ ကယ်ထုတ်ချင်နေကြပြီး သူတို့အတွက် စကားစမြည် ပြောဆိုဖို့ အကြောင်းပြချက် ရယူချင်နေကြသည်။

"ချင်ရီယွဲ့ ဘယ်လိုလုပ်ပြီးတော့ မင်းက ဒီသခင်လေးရဲ့ လက်ကနေ ထွက်ပြေးလို့ ရမှာလဲ"

အဝေးကနေ အသံတစ်ခု ထွက်ပေါ်လာပြီး မကြာခင်မှာ လှပစွာ တန်ဆာဆင်ထားတဲ့ လှည်းအိမ် တစ်စီးက လျင်မြန်စွာနဲ့ ချဉ်းကပ်လာတာကို တွေ့မြင်နိုင်ပြီး ကျောက်စိမ်းခြသေ့်နစ်ကောင်က ဆွဲလာခဲ့သည်။ ၎င်းတို့က ရှေးဟောင်းအမွေအနှစ် မျိုးစိတ်တွေ ဖြစ်ပြီးတော့

အဆင့်မြင့်ပြီး ၎င်းတို့၏ သွေးမျိုးဆက်က ရှားပါးပြီး အရမ်းကို တွေ့မြင်ရဖို့ ခက်ခဲလွန်းသည်။

လှည်းအိမ်က အရမ်းကို ဇိမ်ခံပစ္စည်းတွေနဲ့ ပြည့်စုံပြီး ဆယ့်ငါးမီတာ ရှည်လျားပြီး ဆယ်မီတာ မြင့်ကာ ကြည့်ရတာ ရွှေ့လျားသွားလာတဲ့ နန်းတော်တစ်ခုနဲ့ တူနေသည်။ အသုံးပြုထားတဲ့ ပစ္စည်းတွေကလည်း အရမ်းကို လက်ရာမြောက်ပြီး ခရမ်းပုလဲသစ်သားနဲ့ ကျောက်စိမ်း ရွှေနဂါးတို့က အရမ်းကို တန်ဖိုးကြီးမားတဲ့ ရတနာပစ္စည်းတွေ ဖြစ်ကြသည်။ ဒါပေမဲ့ လှည်းအိမ်ပေါ်က ဒီဇိုင်းပုံစံတွေကို ကြည့်လိုက်ရင် လူတွေကို စက်ဆုပ်ရွံရှာဖွယ် ကောင်းတဲ့ ခံစားမှုကို ဖြစ်စေသည်။

လှည်းအိမ်ပေါ်က ဒီဇိုင်းပုံစံတွေက ယောက်ျားနဲ့ မိန်းမတို့၏ ချစ်စခန်း ဖွင့်နေပုံကို ကွက်ကွက်ကွင်းကွင်း ရေးဆွဲထားသည်။ ၎င်းကို ကြည့်ရုံနဲ့တင် လူတွေက လှုပ်ရှားမှုတွေကို စိတ်ကူးပုံဖော်ပြီး မရိုတင်ကဲ အသံတွေ ထွက်ပေါ်လာနိုင်သည်။

"လေပြင်း.. လေပြင်းလမင်းဂိုဏ်း"

ကန်ဂျန်းဆန်က ပထမဆုံး အော်ဟစ်လိုက်သည်။

သူ့ရဲ့အကြည့်တွေက လှည်းအိမ်ပေါ်မှာ စိုက်ထားတဲ့ အလံပေါ်မှာ ကျရောက်နေပြီး အသံက အတော်လေးကို တုန်ယင်လို့နေသည်။

"ဘာ"

ချောင်ဇီဖေးနဲ့ တခြားလူတွေ အားလုံးကလည်း ချက်ချင်းပဲ အော်လိုက်ကြသည်။

လေလမင်းဂိုဏ်းက အလယ်ပိုင်း ဒေသမှာ ထိပ်တန်းအင်အားစု တစ်ခုဖြစ်သည်။ ၎င်းက ရှေးဟောင်း အင်အားကြီး ဂိုဏ်းငါးဂိုဏ်းလောက် အစွမ်းမထက်ပေမဲ့ အဲဒီဂိုဏ်းမှာလည်း ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှိပြီးတော့ သူတို့ရဲ့ နောက်ခံအင်အားတွေနဲ့ နှိုင်းယှဉ်ဖို့ ဝေးလွန်းနေသည်။

ချက်ချင်းဆိုသလို မိန်းမလှလေးကို သူရဲကောင်းတစ်ယောက်လို ကယ်ထုတ်မဲ့ သူတို့ရဲ့ အတွေးတွေက ရုတ်တရက် မှေးမှိန်ပျောက်ကွယ် သွားခဲ့သည်။

"အားလုံးပဲ ငါက အမှောင်ကျက်သရေ ချိုင့်ဝှမ်းက ချင်ရီယွဲ့ပါ။

ကျေးဇူးပြုပြီး ငါ့ကို ကူညီပေးပါ”

ထိုအချိန်တွင် ဂါဂန်နဲ့ မိန်းမလှလေးက လူတိုင်းလူတိုင်းကို ကူညီပေးဖို့အတွက် တောင်းဆိုလိုက်သည်။

အမှောင်ကျက်သရေ ချိုင့်ပှမ်း။

လူတိုင်းလူတိုင်း နောက်တစ်ကြိမ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့သည်။ လေပြင်းလမင်းဂိုဏ်းထက် အများကြီး နိမ့်ကျတယ် ဆိုပေမဲ့ ထိုချိုင့်ပှမ်းကလည်း အင်အားကြီး အဖွဲ့တစ်ခုဖြစ်သည်။

“ချင်ရီယွဲ့ ဘာဖြစ်လို့ တခြားလူတွေကို ပြဿနာထဲ ဆွဲသွင်းနေတာလဲ။ ငါက လေပြင်းလမင်းဂိုဏ်းက ဂိုဏ်းခေါင်းဆောင်ရဲ့သားပဲ။ ပြီးတော့ မင်းက အမှောင်ကျက်သရေ ချိုင့်ပှမ်းခေါင်းဆောင်ရဲ့ ဂျူနီယာ တပည့်ပဲ။ ငါတို့တွေက ကောင်းကင်က ဆုံဖက်ပေးတဲ့ ဖူးစာဖက်တွေပဲ။ မြန်မြန် ဒီသခင်လေးဆီမှာ အညံ့ခံလိုက်ပါ။ ဒီသခင်လေးက မင်းကို ကမ္ဘာကြီးရဲ့ သုခဘုံကို ခေါ်သွားပြီး ယောက်ျားနဲ့ မိန်းမအကြားက ပျော်ရွှင်စရာ အကောင်းဆုံး အရာတွေကို အရသာခံစားအောင် လုပ်ပေးမယ်”

"ဟုချင်းဖန် လဲသေလိုက်ပါလား။ တကယ်လို့ ငါသေသွားရင်တောင်မှ နင့်ရဲ့ဆန္ဒတွေကို မပြည့်စေရဘူး"

ချင်ရီယွဲ့က မိန်းမလှလေးယောက်နဲ့ တိုက်ခိုက်နေရင်း ပြစ်တင်ကြိမ်းမောင်းပြီး သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာပေါ်မှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာခဲ့သည်။

"ဒီမိန်းမလှလေး အတွက်ကတော့ လုံးဝကို ပြီးဆုံးသွားပြီ"

ယုယွမ်မင်းက သူရဲ့ခေါင်းကို ကိုင်ထားပြီး ပြောလိုက်သည်။ သူ့ပုံစံက အရမ်းကို သနားဂရုဏာ သက်နေသလိုမျိုး ခံစားနေရပုံပေါ်နေသည်။

"ကောလာဟလတွေ ပြောကြတာတော့ လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေ အားလုံးက တဏှာရာဂကြီးကြတယ်တဲ့။ ယောက်ျားနဲ့ မိန်းမအကြားက ကာမဆက်ဆံပုံတွေကို ကျင့်ကြံခြင်းလို မြင်မှတ်နေကြတယ်။ လေပြင်းလမင်းဂိုဏ်း ခေါင်းဆောင်က အားလုံးထဲမှာ တဏှာအကြီးဆုံးပဲ။ ကောလာဟလတွေကတော့ သူ့မှာ ဇနီးမယားပဲ ရာနဲ့ချီ ရှိပြီးတော့ သူဖျက်ဆီးခဲ့တဲ့ အချောအလှလေးတွေက ထောင်သောင်းချီတယ်တဲ့"

"ချင်ရီယွဲ့က လေပြင်းဂိုဏ်းခေါင်းဆောင်ရဲ့ သားနဲ့မှ တည့်တည့်တိုးရတယ်လို့။ သူမက လွတ်မြောက်ဖို့ဆိုတာ သေချာပေါက် ခက်ခဲလိမ့်မယ်"

"တကယ်လို့ ငါတို့တွေ ဂင်စွက်ဖက်ချင်တယ် ဆိုရင်တောင် ငါတို့ခွန်အားက မလုံလောက်ဘူး"

ချောင်ဇီဖေးနဲ့ တခြားလေးယောက်က သူတို့ဘာသာသူတို့ ဆင်ခြေတွေ ရှာလိုက်ကြသည်။ သူတို့အားလုံးက ပန်းဖူးအဆင့်ကို ဂင်ရောက်ကာစပဲ ရှိသေးပြီး ချင်ရီယွဲ့ပဲဖြစ်ဖြစ် မိန်းမလှ လေးယောက်ပဲ ဖြစ်ဖြစ် သူတို့အားလုံးက အနည်းဆုံး ပန်းဖူးအဆင့် အလယ်အလတ်မှာ ရှိပြီးတော့ အဆင့်ကွာဟချက်က အတော်လေး ကွာခြားနေသည်။

ဒါပေမဲ့လည်း ပါရမီရှင်တွေ အတွက်တော့ အဆင့်ကွာဟချက် အနည်းငယ်က အမှန်တကယ်တော့ သိပ်မများပဲ သာမန်အတိုင်းပဲ တိုက်ခိုက်နိုင်ပေလိမ့်မည်။

သူတို့က လေပြင်းလမင်းဂိုဏ်းကို စော်ကားမော်ကား မပြုဝံ့ကြပေ။

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်သည်။

"ကန်းရီ ကူညီလိုက်ပါ"

"ကောင်းပြီ"

ကန်းရီက ထပ်ပြီးတော့ မပြောပဲ သူ၏ဆေဘာဓားကို ဆွဲထုတ်ကာ တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့သည်။

Chapter 606 end

Zawgyi. အပိုင်း(၆၀၇) ပြန်လည်တိုက်ခိုက်ခြင်း

ကန်းရီက ပြတ်ပြတ်သားသားနဲ့ တိုက်ခိုက်လိုက်သည်။ သူ၏ဆေဘာဓားကို ဝှေ့ယမ်းလိုက်ပြီး ဆေဘာချီ အလင်းကိုးခုက လူးလွန့်ထွက်ပေါ်လာကာ ဆေဘာဓားအသိက ကျောရိုးစိမ့်အောင် အေးစက်လွန်းလှသည်။ သူ့ပုံစံကို ကြည့်ရတာ စစ်နတ်ဘုရား တပါးအလား တူပေ၏။

သူ၏ ကျင့်ကြံခြင်းက မျှော်လင့်ထားသကဲ့သို့ လျင်မြန်ခဲ့ပြီး ဆေဘာချီအလင်း ကိုးခုထိကို ရောက်ရှိကာ

အလင်းတန်းတစ်ခု သိပ်သည်းဖြစ်ပေါ်စေရန် ခြေတစ်လှမ်းသာ လိုတော့သည်။

သိုင်းပညာရပ်များမှာ အဆင့်များချည်းသာ မဟုတ်ပေ။ ပန်းဖူးအဆင့်၏ ပထမအလွှာတွင် တချို့က တိုက်ပွဲစွမ်းရည် ကြယ်တစ်ပွင့်သာ ရှိပြီးတော့ တချို့က ကြယ်ငါးပွင့် သို့မဟုတ် ကြယ်ဆယ်ပွင့်တောင် ရောက်ရှိနိုင်သည် ကန်းရီက ပန်းဖူးအဆင့် ပထမအလွှာမှာပဲ ရှိသေးပေမဲ့ သူ၏တိုက်ပွဲစွမ်းရည်ကား ကြယ်ခုနစ်ပွင့်ကိုတောင် ရောက်ရှိနေ၏။

ဤသည်ကား သူ၏ပင်ကိုယ် ပါရမီနှင့် ကောင်းကင်ဘုံ ကံကောင်းခြင်း ကျောက်တုံး၏ အာနိသင်ကြောင့် ဖြစ်ပြီးတော့ သူ့ကို တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးကို ထပ်ပေါင်းရရှိစေခဲ့သည်။

ဆေဘာချီအလင်း ကိုးခုကား အတားအဆီးမရှိ ခုန်ဂင်သွားပြီး ကန်းရီက ချက်ချင်းဆိုသလို မိန်းမချော လေးယောက်၏ ပိုင်းရုံပိတ်ဆို့မှုမှ လမ်းကြောင်းတစ်ခု ဖွင့်လိုက်ပြီး ချင်ရီယွဲ့နှင့်အတူ ပူးပေါင်းလိုက်သည်။ ဆေဘာဓားနှင့် ဓားရှည်တို့၏ ပူးပေါင်းပျော့ယမ်းမှုနှင့်အတူ သူတို့က ချက်ချင်းဆိုသလို မိန်းမချော လေးယောက်ကို

ဖိနှိပ်ထိန်းချုပ်နိုင်ခဲ့သည်။

မူလကတည်းက ချင်ရီယွဲ့က တစ်ယောက်တည်းနှင့်ပင် အနည်းငယ် အသာစီးရရှိခဲ့ပြီး ယခုဆို သူမနှင့် ခွန်အားခြင်း သိပ်မနိမ့်ကျတဲ့ ကန်းရီနှင့် ပူးပေါင်းလိုက်သည့် အခါမှာတော့ တိုက်ပွဲရလဒ်ကား ပြောနေစရာတောင် လိုအံ့မည်မထင်။

"ဟင့်"

လှည်းအိမ် အထဲမှ ဟုချင်းဖန်၏ အလွန်အမင်း မကျေမနပ်ဖြင့် နှာခေါင်းရှုံ့လိုက်သည့် အသံကို ကြားနိုင်ပေသည်။ ထို့နောက် သူက ပြောလိုက်သည်။

"လက်တစ်ဖက်ပဲရှိတဲ့ ကောင်စုတ်လေး မင်းက ဒီသခင်လေးရဲ့ ကောင်းမွန်တဲ့ အချိန်အခါကို ဖျက်လိုဖျက်ဆီး လုပ်ပုံ့တယ်ပေါ့လေ"

ကန်းရီက အစကတည်းက စကားများများစားစား ပြောတတ်သည့် လူစားမျိုး မဟုတ်ချေ။ သူက ဆေဘာဓားကို ရိုးရှင်းစွာ ပွေ့ယမ်းပြီး မိန်းမချော လေးယောက်ကို လုံးဂကို အနိုင်ယူလိုက်၏။

ဤကဲ့သို့သော တိုက်ပွဲစွမ်းရည်ကို ကြည့်ပြီးတော့ ချောင်ဇီဖေးနှင့် တခြားလူများ၏ မျက်နှာကား ဖြူဖပ်ဖြူရော် ပြောင်းသွားခဲ့သည်။ သူတို့အားလုံး အနေဖြင့် ကန်းရီက သန်မာအားကောင်းတယ် ဆိုတာကို သိနားလည်ကြပြီး ဒါကြောင့်လဲ သူတို့အဖွဲ့ထဲကို သူ့ကိုပါဝင်စေခဲ့ခြင်း ဖြစ်သည်။ ဒါပေမဲ့ လူတိုင်းလူတိုင်းက ကိုယ့်ကိုကိုယ် အတော်လေး အထင်ကြီး ဘဝင်မြင့်နေကြဆဲ ဖြစ်ပြီးတော့ သူတို့က ကန်းရီနဲ့ဆို သေချာပေါက် မနိမ့်ကျဘူးလို့ စဉ်းစားနေခဲ့ကြသည်။ ယခုနိုင်းယှဉ်ကြည့်မှပဲ သူတို့က လုံးဝကို အံ့အားသင့် သွားခဲ့ကြသည်မှာ သိသာထင်ရှား၏။

"ကျေးဇူးတင်ပါတယ်"

ချင်ရီယွဲ့က ပြောလိုက်သည်။ တိုက်ပွဲအလယ်တွင် သူမက လောကဝတ်ပြုဖို့ အာရုံမစိုက်နိုင်ခဲ့ပဲ ကန်းရီကို ရိုးရိုးရှင်းရှင်းဖြင့် ခေါင်းညိတ်ပြခဲ့ရသည်။

ကန်းရီက ခံစားချက်ကင်းမဲ့စွာဖြင့် အရမ်းကို အေးစက်စက်နိုင်ကာ ထွက်ခွာလာခဲ့သည်။

လင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်သည်။ မင်းက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး မိန်းမလှလေးတွေကို

ရှာနိုင်မှာလဲ။ မိန်းမချောလေးက မင်းကို ကျေးဇူးတင်နေတယ်လေကွာ။ တကယ်လို့ မင်းက နည်းနည်းလောက် နွေးနွေးထွေးထွေးနဲ့ သူမကို စကားပြောခဲ့မယ်ဆိုရင် မင်းတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်သွားနိုင်တာပဲ။ သူ့လိုမျိုး တစ်ယောက်တည်း အထီးကျန်ပြီး လျှောက်သွားနေတော့မှာလား။

"သေချင်နေတာပဲ"

အသက်နှစ်ဆယ်ကျော်ခန့်ရှိတဲ့ လူငယ်တစ်ယောက်က လှည်းအိမ်ထဲကနေ ခုန်ဆင်းလာခဲ့သည်။ သူက ပိုးချည်ထည်တွေနဲ့ ရက်လုပ်ထားတဲ့ အကောင်းစား အဝတ်အစားတွေကို ဝင်ဆင်ထားပြီး အတော်လေးကို ခန့်ညားချောမောသူ တစ်ဦး ဖြစ်ပေသည်။ ဒါပေမဲ့ သူ၏မျက်နှာပေါ်က ပေတိပေကတ် အရွဲ့တိုက်ဟန်က အရမ်းကို ဆိုးဝါးပြီး မျက်လုံးတွေက အမျိုးသမီးများ အပေါ်က အဝတ်အစားတွေ အားလုံးကို ဆွဲချွတ်ပစ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နက်နေသည်။

ထိုလူငယ်ကား လေပြင်းလမင်းဂိုဏ်းခေါင်းဆောင်၏သား ဟုချင်းဖန် ဖြစ်ပေသည်။

"ဒုက္ခိတကောင် မင်းက ဒီသခင်လေးရဲ့ ကိစ္စကောင်းတစ်ခုကို ဖျက်ဆီးပုံ့တယ်ပေါ့ ဟုတ်လား။ မင်းအသက်ရှင်ရတာ တကယ်ပဲ ငြီးငွေ့နေပြီထင်တယ်။ ဒီသခင်လေးက မင်းကို ဘယ်လိုမျိုး ဆုံးမပစ်မလဲ ဆိုတာကို ကြည့်လိုက်"

ကန်းရီက သူ၏ဆေဘာဓားရှည်ကို ပွေ့ယမ်းလိုက်ပြီး သူ့အကြည့်တွေက တင်းမာခက်ထန်လာကာ ပြောလိုက်သည်။

"ဒါဆိုရင်လည်း ငါတို့တွေ တိုက်ကြတာပေါ့"

လိုရင်းတိုရှင်း အချက်ကိုပဲ ပြတ်ပြတ်သားသား ပြောလိုက်သည်။

ဟဲလန်ယွင်က ချက်ချင်းဆိုသလို လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သည်။ သူမက ကန်းရီ၏ အေးစက်စက်နိုင်တဲ့ အမူအရာနဲ့ ကြောက်ရွံ့ခြင်းအလျဉ်းကင်းတဲ့ စိတ်ဓာတ်တွေကို နှစ်သက်သဘောကျပေမဲ့ လေပြင်းလမင်းဂိုဏ်း၏ သခင်လေးကိစ္စကို ဂင်ရောက်စွက်ဖက်လိုက်တဲ့ အခါမှာ နိုင်သည်ဖြစ်စေ ရှုံးသည်ဖြစ်စေ နှစ်ခုစလုံးက မသင့်လျော်တာကြောင့်

သူမကို နောက်တစ်ကြိမ် စိုးရိမ်ပူပန်မှုကို ဖြစ်စေခဲ့သည်။

"ပန်းဖူးအဆင့် ပထမလွှာပဲ ရှိသေးတဲ့ ဒုက္ခိတ တစ်ယောက်က ဒီသခင်လေးရဲ့ အရှေ့မှာ မယဉ်ကျေးတဲ့ အမူအရာကိုတောင် လုပ်ပံ့တယ်ပေါ့"

ဟုချင်းဖန်က လှောင်ပြုံးပြုံးပြီးတော့ ကန်းရီကို တိုက်ခိုက်လိုက်သည်။ သူအသုံးပြုတဲ့ လက်နက်က သင်္ကေတတွေနဲ့ ဖုံးလွှမ်းနေသည့် ဆူးချောင်းချွန်တစ်ခု ဖြစ်ပြီးတော့ အသက်သွင်း ထားတာကြောင့် ကြောက်မက်ဖွယ်ရာ ကောင်းမွန်တဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်နေ၏။

ကန်းရီ၏ ဆေဘာဓားက ကွင်းကိုးခု ကောင်းကင်သူရဲကောင်း ဓားဖြစ်ပြီး အဆင့်ငါး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုဖြစ်ကာ သူ၏အဆင့်နှင့် မကိုက်ညီနိုင်ပေ။ သို့သော် မည်သို့မျှ မတတ်နိုင်ချေ။ သူက အဆင့်ငါး သိုင်းပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်တာ မကြာသေးပေ။ ထို့ကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက အဆင့်ခြောက် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို ရယူပိုင်ဆိုင်နိုင်ဖို့ဆိုတာ မည်သို့မျှ မဖြစ်နိုင်ပေ။

ဒါပေမဲ့လည်း သူက ကြောက်ရွံ့မှု ကင်းမဲ့နေဆဲ ဖြစ်ပြီး ဆေဘာဓားရှည်ကို ပွေ့ယမ်းလိုက်ပြီး ကျောရိုးစိမ့်အောင် အေးစက်တဲ့ ဆေဘာဓားအသိက ဟုချင်းဖန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့သည်။

ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်၏ တိုက်ပွဲကား သံသံချင်း ထိခိုက်မိသံတွေ ဆူညံလွန်းလှသည်။ ဟုချင်းဖန်က ပိုမိုသန်မာသည်ဟု ပြောနိုင်သည်။ သူက ပန်းဖူးအဆင့် အလွှာခုနစ်မှာ ရှိပြီးတော့ သူ၏ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံးကို ရောက်နေပြီး ကန်းရီထက် ကြယ်သုံးလုံး သာလွန်နေသည်။ ထို့အပြင် သူ၏လက်ထဲမှာ လက်နက်ကား အဆင့်ခြောက် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်တာကြောင့် သူ့မှာ အားသာချက် တော်တော်များများ ရှိနေသည်။

ဒါပေမဲ့လည်း ကန်းရီက အရမ်းကို ဖွဲ့ကြီးသူ တစ်ယောက်ဖြစ်ပြီးတော့ အရေးနိမ့်နေသည့် အခြေအနေမှာတောင် ထပ်ခါထပ်ခါ တန်ပြန်တိုက်စစ် ဆင်လိုက်၏။ ခံစစ်အနေအထားနဲ့ ခုခံကာကွယ် တိုက်ခိုက်ပြီး ထိုးစစ်ဆင်တဲ့ အခါမှာ ပြင်းပြင်းထန်ထန်

တိုက်ခိုက်တာကြောင့် ဟုချင်းဖန်က တိုက်ခိုက်ဖို့ လက်လျှော့ပြီး ခုခံလိုက်ရသည်။ ထိုသို့မှမလုပ်လျှင် နှစ်ဖက်လုံး ထိခိုက်ဒဏ်ရာ ရသွားပေလိမ့်မည်။

ဟုချင်းဖန် အတွက်ကတော့ သူက ကန်းရီကြောင့် ထိခိုက်ဒဏ်ရာ ရပြီးတော့မှ အနိုင်ရတာမျိုး ဆန္ဒမရှိဘူးဆိုတာ သိသာထင်ရှားပါတယ်။ ပထမ အချက်က သူရဲ့ခွန်အားက ပိုပြီးတော့ မြင့်ပါတယ်။ ဒုတိယအချက်က သူရဲ့အဆင့်အတန်းနဲ့ ဘယ်လိုလုပ်ပြီးတော့ လေလွင့်နေတဲ့ သိုင်းပညာရှင် တစ်ယောက်နဲ့ သူ့ရဲ့တော်ဂင်ခန္ဓာကိုယ်ကို နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။

သူ့ဆီမှာ သိသိသာသာနဲ့ အသာစီး ရယူထားနိုင်တဲ့ အခြေအနေတစ်ခု ရှိနေတာတောင်မှ ကန်းရီကို အနိုင်ယူနိုင်စွမ်း မရှိသေးတာက စိတ်စနိုးစနောင့်ဖြစ်လာပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ ဖြစ်နေပါတယ်။

လင်းဟန်က အသာလေး ပြုံးပြီးတော့ သူရဲ့လက်ကို လျှို့ဝှက်စွာနဲ့ လှုပ်ရှားလိုက်သည်။ မူလစွမ်းအင် မြားတစ်ချောင်းကို သိပ်သည်းစေပြီး ဟုချင်းဖန်ဆီကို ပစ်လွှတ်လိုက်သည်။ အခုချိန်မှာ ဘယ်သူကမှ သူ့ကို သတိမထားမိကြပါဘူး။ ပြီးတော့ သူက အဲဒီမြားရဲ့

အရောင်ကို ကျိတ်ပြီးတော့ ဖျက်လိုက်ပြီး မူလစွမ်းအင်နဲ့ သိပ်သည်းထားပါတယ်။ မြားရဲ့စွမ်းအားက လျော့ကျနေတယ် ဆိုတာကလည်း သူက ဟုချင်းဖန်ရဲ့ အသက်ကို မလိုချင်တာကြောင့် ဖြစ်ပါတယ်။

မြားက ဟုချင်းဖန်ရဲ့ ကာကွယ်မှုမရှိတဲ့ ဒူးနေရာဆီကို ထိမှန်သွားခဲ့ပြီး ချက်ချင်းဆိုသလို ဒယိမ်းဒယိုင် ဖြစ်သွားပြီးတော့ လဲကျလုနီးပါး ဖြစ်သွားပါတယ်။

ကန်းရီက အဲဒီအခွင့်အရေးကို လက်လွှတ်မခံပဲ သူရဲ့ဆေဘာဓားနဲ့ ခုတ်ချလိုက်သည်။ ရှပ်။ သွေးတွေက ပန်းထွက်လာပါတယ်။

"အား"

ဟုချင်းဖန်က ငယ်သံပါအောင် အော်ဟစ်လိုက်သည်။ ဆေဘာဓားက သူပခုံကို ထိုးခုတ်သွားပြီး သူ့အရိုးတွေ တော်တော်များများ ထွက်ပေါ်လုနီးပါး ဖြစ်သွားကာ အရမ်းကို နာကျင်စေခဲ့သည်။ ဘယ်လိုဖြစ်သွားမှန်းမသိလိုက်ပဲ သူရဲ့ညာဘက်ခြေထောက်က ထုံပြီးတော့ မလှုပ်ရှားနိုင်အောင် ဖြစ်သွားပြီး အခုလိုမျိုး အခြေအနေဆိုးနဲ့ ကြုံတွေ့လိုက်ရခြင်း ဖြစ်သည်။

ဘာတွေဖြစ်သွားတာလဲ။

ကျူးရှမ်အာနဲ့ ဟူးညီတို့က လင်းဟန်ကို လှည့်ကြည့်လိုက်သည်။ တခြားလူတွေက သတိမထားမိကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က စိတ်ဂိညာဉ် ပင်လယ်အဆင့်မှာပဲရှိတဲ့ အသုံးမဝင်တဲ့ လူတစ်ယောက်ဖြစ်နေလို့ပါပဲ။ သူမတို့ နှစ်ယောက်လုံးက နူးညံ့သိမ်မွေ့စွာနဲ့ ပြုံးလိုက်သည်။ မိန်းကလေး တစ်ယောက် အနေနဲ့ သူမတို့က ဟုချင်းဖန်လို လူစားမျိုးကို အရမ်းကို ရွံ့ရှာမုန်းတီးနေတယ်ဆိုတာ သိသာထင်ရှားသည်။

ဒါပေမဲ့လည်း တကယ်တမ်းဆို ဟုချင်းမန်ရဲ့ အဆင့်က ပိုမိုမြင့်မားပြီး တိုက်ပွဲစွမ်းရည်ကလည်း သန်မာနေသည်။ ဆေဘာတေး ဒဏ်ရာက အရမ်းကြီး မကြီးမားတာကြောင့် မကြာခင်မှာ သူ့ကိုယ်သူ ပြန်ထိန်းနိုင်ပြီး ကန်းရီဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်သည်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြုံးလိုက်သည်။ သူ့ညာဘက်လက်ကို ဖြန့်ပြီးတော့ နောက်ထပ် ကြယ်နဂါးအမြစ်ဖြုတ်များကို ပစ်လွှတ်လိုက်သည်။

သူရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ကူးဖြတ်ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ တကယ်လို့ လေးတစ်လက်ကို အသုံးမပြုဘူးဆိုရင်တောင် ဒီကြယ်နဂါးအမြစ်ဖြုတ် မြားက အရမ်းကို အထင်ကြီးစရာ ကောင်းနေပါသေးတယ်။ နောက်ပြီးတော့ သူက လျှပ်စီးစွမ်းအားကို ထည့်သွင်းထားပြီး ဟုချင်းဖန်ရဲ့ အားနည်းချက်ကို မုသားမဲ့ မျက်လုံးနဲ့ ရှာဖွေထားခဲ့ပါတယ်။ လျှို့ဝှက်ဆန်းကြယ်စွမ်းအား သုံးခုကို ပေါင်းပြီးတော့ ပစ်လွှတ်လိုက်တာကို သိမယ်ဆိုရင် ဟုချင်းဖန် အနေနဲ့ ထိမှန်ခံရရင်တောင် ဂုဏ်ယူသင့်ပါတယ်။ ဒါက တကယ်တမ်းဆိုရင် ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ အရာတစ်ခုဖြစ်သည်။

ဟုချင်းဖန်က ထပ်ပြီးတော့ ဒယိမ်းဒယိုင်ဖြစ်သွားပြီး နောက်ထပ်တစ်ကြိမ် ကန်းရီရဲ့ ဆေဘာဓားနဲ့ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

တခြားလူတွေက အမြင်အရတော့ ကန်းရီက သူ့အနေနဲ့ ဒီလိုမျိုး အမှားတစ်ခု ပြုလုပ်လိမ့်မယ်လို့ မျှော်လင့်ပြီး အခွင့်ကောင်းကို စောင့်မျှော်နေတယ်လို့ ထင်နေကြပါလိမ့်မယ်။ သူတို့တွေက မအံ့သြပဲ မနေနိုင်အောင် ဖြစ်နေကြပြီး ဒီလိုမျိုး တိုက်ခိုက်နိုင်ခြင်းက

အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ဒီလိုမျိုး ကြိုတင်မှန်းဆနိုင်မှုနဲ့အတူ ကန်းရီက သိသိသာသာကို အသာစီး ရယူထားနိုင်ပြီး အရမ်းကို ကြီးမားတဲ့ အသာစီးရယူမှု တစ်ခုနဲ့အတူ ဟုချင်းဖန်ကို တိုက်ခိုက်ပြီး သူ့ကို သည်းမခံနိုင်အောင် ဖြစ်စေခဲ့သည်။

တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးတဲ့နောက် ဟုချင်းဖန်က လှည်းအိမ်ထဲကို ပြေးဝင်သွားပြီး အော်ဟစ်လိုက်သည်။

"ဒုက္ခိတကောင် မင်းကငါ့ကို ဆန့်ကျင်ရဲတယ်ပေါ့ ဟုတ်လား။ မင်းတော့ ပြဿနာအကြီးကြီး တက်ပြီလို့သာ မှတ်ပေတော့"

ကန်းရီက သူရဲ့ရင်ဘတ်ကို ပုတ်ပြီးတော့ ပြောလိုက်သည်။

"ထွက်လာပြီးတော့ တိုက်ခိုက်စမ်း"

ဟုချင်းဖန် အနေနဲ့ လုံးဝကို ထွက်မလာဝံ့ပါဘူး။ သူရဲ့ညာဘက် ခြေထောက်က ရုတ်တရက် မာတောင့်သွားပြီး ကန်းရီက ထူးခြားနက်နဲတဲ့ ပညာရပ်အမျိုးအစား တချို့ကို အသုံးပြုခဲ့တယ်လို့

ထင်နေပါတယ်။ သူက ထိတ်လန့်တကြား ဖြစ်ပြီးတော့ ကြံရာမရ ဖြစ်နေပါတယ်။ ဒီကောင်က လေပြင်းလမင်းဂိုဏ်းခေါင်းဆောင်ရဲ့ သားဆိုတဲ့ သူ့အဆင့်အတန်းကို ဂရုမစိုက်ပဲ တိုက်ကွက်တိုင်း သေစေနိုင်လောက်အောင် ခုတ်ပိုင်းခဲ့သည်။ တကယ်လို့ သူက အချိန်နည်းနည်း ကြာအောင်လို့ တိုက်ခိုက်မယ်ဆိုရင် ဒီနေရာမှာ သေချာပေါက် သေသွားပါလိမ့်မယ်။

"တကယ်လို့ ဒီရန်ကြွေးကို ပြန်မယူနိုင်ဘူးဆိုရင် ဒီထပ်ပိုပြီးတော့ အသက်ဆက်ရှင်လို့ မကောင်းတော့ဘူး"

သူက အော်ဟစ်လိုက်ပြီး တစ်ချက်ခေါ်လိုက်တာနဲ့ မိန်းမလှလေးယောက်က တစ်ယောက်ပြီး တစ်ယောက်က လှည်းအိမ်ထဲကို ဂင်သွားခဲ့ကြသည်။

ကန်းရီက ဆက်ပြီးတော့ လိုက်ဖမ်းချင်နေပေမဲ့ လှည်းအိမ်ပေါ်က အလင်းရောင် အတားအဆီး တစ်ခုက သူ့ကို ဟန့်တားထားလိုက်သည်။

"မလိုက်နဲ့တော့။ ဒါက လေပြင်းလမင်းဂိုဏ်းရဲ့ ရှေးဟောင်းစစ်ရထားပဲ။ တကယ်လို့ လက်ရွေးစင် တစ်ယောက်က အဲဒါကို ထိန်းချုပ်မောင်းနှင်မယ်ဆိုရင်

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ခိုက်မှုတွေကိုတောင်မှ ထုတ်ဖော်နိုင်တယ်"

ချင်ရီယွဲ့ပက သူမရဲ့လက်ကို ပွေ့ယမ်းပြီး ကန်းရီကို ဆက်ပြီးတော့ မလိုက်သွားဖို့ တားဆီးလိုက်သည်။

ဒါပေမဲ့လည်း ကန်းရီက လင်းဟန်ဆီကို ကြည့်လိုက်ပြီး လင်းဟန်က သူ့ခေါင်းကို ခါလိုက်တာကို မြင်ပြီးတဲ့ နောက်မှာတော့ ကန်းရီက သူရဲ့ဆေဘာဓားကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်း လိုက်ပါတယ်။

"ငါမင်းကို စောင့်နေမယ်"

သူက ဂရုမစိုက်တဲ့ဟန်နဲ့ အေးပြောလိုက်သည်။

ဟုချင်းဖန်က ဒေါသတွေ ထွက်သွားပြီး သူလာရာလမ်းအတိုင်း လှည်းအိမ်က ပြန်လည်မောင်းနှင် ထွက်သွားလိုက်သည်။

Chapter 607 end

Zawgyi. အပိုင်း(၆၀၈) အရှက်ကင်းမဲ့မှု

"မင်း မင်းတော့ ပြဿနာ အကြီးကြီးတက်ပြီပဲ"

ချောင်ဇီဖေးက ရုတ်တရက် လင်းဟန်ကို အော်လိုက်သည်။

"သူဘယ်သူလဲ ဆိုတာကို မင်းသိလား။ လေပြင်းလမင်းဂိုဏ်းခေါင်းဆောင်ရဲ့ သားပဲ။ လေပြင်းမုန်တိုင်းဂိုဏ်းမှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေရှိတယ်။ မင်းက ဒီလိုမျိုး အင်အားစု တစ်ခုကို စော်ကားမော်ကား ပြုနိုင်လို့လား"

"အဟုတ်ပဲ။ မင်းက ငါ့တို့ကိုပါ အသတ်ခံရအောင် လုပ်နေတာပဲ"

ကန်ဂျန်းဆန်ကလည်း ဂင်ပြောလိုက်သည်။

ကန်းရီက လှောင်ပြုံးပြုံးပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းတို့ရဲ့ ဇနီး၊ အမေနဲ့ သမီးတွေက ဒီလိုမျိုး အခြေအနေမှာ ရောက်နေမယ် ဆိုရင် မင်းတို့ကောင်တွေက စကားပဲများနေပြီး ဘေးနားမှာ ဂရုမစိုက်တဲ့ပုံစံနဲ့ ကြည့်နေမှာလား"

ဘယ်သူမှ စကားမပြောနိုင်ကြတော့ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ အမူအရာတွေက နားမလည်နိုင်သလို ဖြစ်နေကြသည်။ သူတို့က ဒီလိုမျိုး အခြေအနေ တစ်ခုကို ကြုံတွေ့နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တကယ်လို့ ဆိုတာက ဘာကို ဆိုလိုတာလဲ။

ချင်ရီယွဲ့က ပြုံးပြီးတော့ ပြောလိုက်သည်။

"ငါတို့ အမှောင်ကျက်သရေ ချိုင့်ဝှမ်းရဲ့ ခွန်အားက လေပြင်းလမင်းဂိုဏ်းထက် နိမ့်ကျတယ် ဆိုပေမဲ့ သူတို့စိတ်တိုင်းကျ အရှက်ခွဲ စော်ကားတာမျိုးကို ငါတို့ခွင့်မပြုနိုင်ဘူး။ ဒီပြဿနာရဲ့ အကန့်အသတ်က ဂျူနီယာတွေရဲ့ အကြားက ရန်စတစ်ခုပဲ ဒါကြောင့် အရမ်းကို အစွမ်းထက်တဲ့ လူကြီးတွေက ဝင်ပြီးတော့ စွက်ဖက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဖွဲ့အစည်း နှစ်ခုအကြားမှာ ဘယ်လိုမှ မပြေနိုင်တဲ့ တိုက်ပွဲတွေ ဖြစ်လာလိမ့်မယ်"

သူမရဲ့ စကားတွေကို ကြားပြီးတဲ့ နောက်မှာတော့ လူတိုင်းလူတိုင်း အတော်လေးကို တည်ငြိမ်လာခဲ့ကြသည်။

"သွားကြစို့။ ဒီနေရာက လေပြင်းလမင်းဂိုဏ်းရဲ့

နယ်မြေထဲမှာပဲ ရှိသေးတယ်။ ဒါက အတွင်းစည်း နယ်မြေမဟုတ်ပေမဲ့ ဒီနေရာမှာ ပန်းဖူးအဆင့် အထွတ်အထိပ် လက်ရွေးစင်တွေ ရှိတယ်လို့ ကြားထားတယ်။ ပြီးတော့ သူတို့ကို လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်လို့ မရနိုင်ဘူး"

ချင်ရီယွဲ့က ဆက်ပြီးတော့ ပြောလိုက်သည်။

သူမရဲ့ ပင်ကိုယ်စရိုက် စိတ်နေစိတ်ထားက နူးညံ့သိမ်မွေ့သလို အရမ်းလည်း ချောမောလှပပြီး ခေါင်းဆောင်တစ်ယောက်ရဲ့ စိတ်နေသဘောထားမျိုးကို ပိုင်ဆိုင်ထားတာကြောင့် သူမက ချက်ချင်းဆိုသလို လူတိုင်းလူတိုင်းရဲ့ အလယ်ကို ရောက်သွားပြီး သူတို့ကို ဦးဆောင်သွားသည်။

လူတိုင်းက မဆိုင်းမတွ သူတို့ခေါင်းတွေကို ညိတ်လိုက်ကြသည်။ ဒီနေရာက လေပြင်းလမင်းဂိုဏ်း ပိုင်နက်ထဲမှာ ရှိနေသေးပါတယ်။ ဒါကြောင့် ဒီနေရာကနေ အမြန်ဆုံး ထွက်ခွာတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

သူတို့က အဓိက လမ်းမကြီးတွေပေါ်ကနေ နောက်တစ်ကြိမ် မလျှောက်ပံ့တော့ပါဘူး။ လမ်းကြောင်းပြောင်းပြီး ဘေးနားက

တောအုပ်ထဲကို ဝင်သွားကြသည်။ သူတို့က မပျံသန်းပါဘူး။ ပျံသန်းခြင်းက မူလစွမ်းအင် ကုန်ဆုံးစေပြီး လုံလုံလောက်လောက် အမြန်နိုင်ပါဘူး။ ဒါကြောင့် သူတို့က မြေပြင်ပေါ်မှာပဲ ခွန်အားကို ချွေတာတဲ့ အနေနဲ့ ပြေးလွှားသွားပါတယ်။

ညဘက်မှာ သူတို့က အနားယူဖို့ ရပ်ပြီးတော့ မီးပုံဖိုကာ အသားခြောက်တွေ ကင်စားပြီး စကားစမြည် ပြောဆိုလိုက်ကြသည်။

"ဒါဆို နင်တို့တွေလည်း ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို သွားကြမလို့ပေါ့"

အားလုံးရဲ့ စကားတွေကို နားထောင်ပြီးတဲ့ နောက်မှာတော့ ချင်ရီယွဲ့က ခေါင်းညိတ်ပြီး ပြောလိုက်သည်။

"ငါလည်း အဲဒီကို သွားမလို့ပဲ။ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်လလောက်က ဟုချင်းမန်နဲ့ မမျှော်လင့်ပဲ ဆုံခဲ့ပြီး သူက ဆက်တိုက်လိုက်ပြီး နောက်ယှက်နေခဲ့တယ်။ ကံကောင်းတာက လူတိုင်းရဲ့ အကူအညီကို ရခဲ့တာပဲ"

ကန်းရီ တစ်ယောက်ပဲ ဝင်ရောက်ကူညီခဲ့ပြီး တခြားလူတွေက

သူ့ကိုနောက်ပိုင်းမှာ အပြစ်တင် ကြိမ်းမောင်းခဲ့တာတောင်မှ ဘယ်လိုမျိုး ပြောဆိုဆက်ဆံရမယ် ဆိုတာကို သူမက ကောင်းကောင်း နားလည်သဘောပေါက်ပါတယ်။ အားလုံးရဲ့ အကြားမှာ အေးစက်စက် လေထုမျိုး မဖြစ်အောင် ပြောဆိုဆက်ဆံခဲ့သည်။

လူတချို့ကို ကြည့်ရတာ ရှက်ရွံ့နေပုံ ရပါတယ်။ ချောင်ဇီဖေးက ကိုယ့်ကိုကိုယ် ဟုတ်လှပြီ အထင်နဲ့ ဘဝင်မြင့်နေပြီး သူမက အွန္တရာယ်ကျရောက်နေတဲ့ အချိန်မှာ အားလုံးရဲ့ အကူအညီ ရရှိခဲ့တယ်လို့ ပြောလိုက်တဲ့ အခါမှာ သူမကို ကယ်တင်ပေးတဲ့လူက ကန်းရီလို့ မထင်ပဲ သူလို့တောင် ထင်မှတ်နေသည်။

"မိန်းကလေးချင် စိုးရိမ်စရာ မလိုပါဘူး။ တကယ်လို့ ဟုချင်းဖန်က နောက်တစ်ကြိမ် ထပ်လာရဲရင် ငါသူ့ကို ပြတ်ပြတ်သားသား အနိုင်ယူမှာကို ကြည့်လိုက်ပါ"

သူက လုံးဝကို မရှက်မကြောက်ပဲ ကြွားဝါပြောဆိုလိုက်သည်။ ဘယ်လိုမျိုး ကြွားရမလဲ ဆိုတာကို မသိတဲ့လူဆိုတာ ရှိလို့လား။ ဒါက သူ့ကိုယ်သူ မိန်းမလှလေးဆီမှာ မျက်နှာလို မျက်နှာရ လုပ်နေတာ ဖြစ်ပြီး ဘယ်လောက်ပဲ ကြီးမားတဲ့ ကိစ္စဖြစ်နေပါစေ

ကောင်းကင်ကြီးပါ လွင့်သွားအောင် ပြောနိုင်ပါတယ်။

ခစ်ခစ်ခစ်။

တခြားလူတွေက ရယ်ချင်နေကြပေမဲ့ အသံကျယ်ကျယ် မရယ်ပံ့ကြပါဘူး။ ဒါပေမဲ့ ဟူးညိုကတော့ ဘယ်လိုမျိုး မျက်နှာသာပေးရမယ် ဆိုတာကို မသိပဲ ချက်ချင်းဆိုသလို အူးလိုက်သည်းလိုက်နဲ့ ရယ်မောလိုက်ပါတယ်။

"ကလေးမ မင်းဘာဖြစ်လို့ ရယ်တာလဲ"

ချောင်ဇီဖေးက ကောင်းကင်ကိုတောင် လွင့်ထွက်သွားအောင် လေကြီးတယ် ဆိုတာက အရှက်ကွဲမှာကို ကြောက်ရွံ့တာကြောင့် ဖုံးကွယ်ထားတယ်ဆိုတာ သိသာပါတယ်။ ဒါကို ကလေးမငယ်လေးက ရယ်မောနေတာကြောင့် သူက အရှက်ရပြီးတော့ ဒေါသထွက်ကာ သူမကို စိုက်ကြည့်နေလိုက်သည်။

"ဒါက ရယ်စရာ မဟုတ်ဘူးလား"

ကန်းရီက သူရဲ့ဆေဘာဓားကို ဆွဲထုတ်ပြီး ချောင်ဇီဖေးကို

စိန်းစိန်းဂါးဂါး ကြည့်လိုက်သည်။

"အရမ်းကို ချစ်စရာကောင်းတဲ့ ကလေးမလေးပဲ"

ချင်ရီယွဲ့က ဟူးညိုကို ပွေ့ဖက်ဖို့ ထွက်လာခဲ့သည်။ ဒီကလေးမလေးက လူရွှင်တော် တစ်ယောက်လို မျက်နှာကို ခြယ်သထားပေမဲ့ သူမရဲ့ ထူးခြားဆန်းကြယ်ပြီး ချစ်စရာကောင်းမှုကို ဖုံးကွယ်ထားလို့ မရနိုင်ပေ။

"ရုပ်ဆိုးမ အရှင်သခင်မညိုးညိုးကို ပွေ့ဖက်ဖို့ အိပ်မက်တောင် မမက်နဲ့"

ဟူးညိုက မကောင်းတဲ့ ကံကြမ္မာကို ရှောင်တိမ်းလိုက်သလို အနောက်ကို အလျင်အမြန်ပဲ ဆုတ်လိုက်သည်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ တားမြစ်ထားမှုကြောင့် သူမရဲ့ အစွမ်းကို မဆင်မခြင် အသုံးမပြုခဲ့ပါဘူး။ ဒါကြောင့် သူမက ဘယ်လိုလုပ်ပြီးတော့ ပန်းဖူးအဆင့် အလယ်အလတ် လူတစ်ယောက်ရဲ့ လက်ကနေ လွတ်အောင်လို့ ရှောင်တိမ်းနိုင်မှာလဲ။ သူမက ချက်ချင်းဆိုသလို ချင်ရီယွဲ့ရဲ့ ပွေ့ဖက်ခြင်းကို ခံလိုက်ရပြီး သူမရဲ့ ခေါင်းသေးသေးလေးက ချင်ရီယွဲ့ရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေထဲမှာ နစ်မြုပ်သွားခဲ့သည်။

"ညီးညီး အသက်ရှုကျပ်တော့မယ် ရုပ်ဆိုးမကြီး။ ညီးညီးရဲ့ မျက်နှာနားကနေ နင့်ရဲ့ အဆီတုံးတွေကို မြန်မြန်ဖယ်ပေးမလား ဒါမှမဟုတ် ညီးညီး ဆွဲဆိတ်ပစ်ရလိမ့်မယ်"

ဟူးညိုက လက်ဟန်ခြေဟန်ပြပြီး အော်ငေါက်ပစ်လိုက်ပါတယ်။

ချောင်ဇီဖေးနဲ့ ကျန်တဲ့လူငယ် လေးယောက်က မနာလိုစွာနဲ့ ကြည့်နေပြီး ဟူးညိုနဲ့သာ နေရာချင်း လဲလိုက်ချင်တဲ့ စိတ်တွေက တဖွားဖွားပေါ်ပေါက် လာခဲ့ကြပါတယ်။ ချက်ချင်းဆိုသလို သူတို့ရဲ့ နှာခေါင်းသွေးတွေ လျှံကျလုနီးပါး ခံစားလိုက်ကြသည်။

ချင်ရီယွဲ့လည်း ရယ်မောပြီးတော့ ဟူးညိုကို လွှတ်ပေးလိုက်သည်။ ဟူးညိုက အလျင်အမြန်ပဲ နောက်ကို ဆုတ်သွားပြီး လင်းဟန်ရဲ့ ရင်ခွင်ထဲမှာ ပုန်းလိုက်ပြီး ချိုသာတဲ့ အသံနဲ့ လင်းဟန်ကို မေးလိုက်သည်။

"ဒီရုပ်ဆိုးဆိုးမိန်းမက သူမရဲ့ အဆီတုံးတွေကို သုံးပြီးတော့ ညီးညီးကို အသက်ရှုကျပ်အောင် လုပ်ပစ်ချင်နေတာ။

ညိုးညိုး သူမကို နည်းနည်းလောက် ရိုက်ပစ်လို့ ရမလား”

ဘယ်လောက်တောင် မုန်းစရာကောင်းသလဲ။ ဒီလောက် ချစ်စရာကောင်းတဲ့ ညိုးညိုးကို သတ်ဖြတ်ဖို့ တိုးတိုးတိတ်တိတ် ကြံစည်နေတယ်။

သူမရဲ့ ရင်ဘတ်က ရင်သားတွေကို နှစ်ကြိမ်တိုင်တိုင် ပြောဆိုခံလိုက်ရတာကြောင့် ချင်ရီယွဲ့ရဲ့ မျက်နှာက အတော်လေးကို နီရဲသွားပါတယ်။ ဒီကလေးမလေးက ချစ်စရာ ကောင်းပေမဲ့ စကားအပြောအဆို ရဲတင်းလွန်းပါတယ်။ ဘာဖြစ်လို့ ဒါကို အဆီတုံးလို့ ခေါ်တာလဲ။ သူမရဲ့ ရင်သားနှစ်ဖက်က တင်းမာပြီး တောင့်ပူစာ နှလုံးလိုမျိုး ဖွံ့ထွားနေတာကို ဘယ်လိုလုပ်ပြီး အဆီတွေနဲ့ ဆက်စပ်ပြောရတာလဲ။

သူမရဲ့ ရင်သားတွေက သာမန်ထက်တော့ ကြီးမားလုံးဝန်းတာပဲ ရှိပါတယ်။ ချင်ရီယွဲ့က သူမရဲ့ ရင်သားနဲ့ ပတ်သက်ပြီး အတော်လေးကို စိတ်ကြီးဝင်နေတတ်ပြီး သူမကိုယ်သူမ မှန်ထဲမှာ ပြန်မြင်ရတဲ့အခါ သဘောကျနှစ်သက်နေပါတယ်။ အနာဂတ်မှာ ဘယ်ယောက်ျားကများ သူမရဲ့ ဖွံ့ထွားတင်းကားနေတဲ့ ရင်သားတွေ အနားကို ကပ်လာနိုင်မလဲဆိုတာ

ဘယ်သူသိမှာလဲ။

လင်းဟန်က ရယ်မောပြီး ပြောလိုက်သည်။

“မေ့လိုက်ပါ။ သူမကလည်း မင်းနဲ့တူတူပဲ။ ဒါကြောင့် အရှင်သခင်မ တစ်ယောက်လို သဘောထားကြီးပြီး သူမနဲ့ ငြင်းခုံမနေနဲ့တော့”

ဟူးညိုက သူမရဲ့ လက်ချောင်းလေးတွေကို ကိုက်ပြီးတော့ တခဏကြာမျှ စဉ်းစားပြီးတော့ ပြောလိုက်သည်။

“ကောင်းပြီလေ။ ညီးညီးက သဘောထားကြီး မြင့်မြတ်တဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် ညီးညီးက ဘာမဟုတ်တဲ့ ဒီရုပ်ဆိုးဆိုး မိန်းကလေးနဲ့ အငြင်းပွားမနေတော့ဘူး”

ဟူးညိုက ဒီလိုမျိုး ပြောလိုက်ပေမဲ့ သူမရဲ့ ပြောင်ချော်ချော် အကြည့်တွေထဲမှာ ဒီကိစ္စကို လွယ်လွယ်နဲ့ လက်လွှတ်ပေးလိုက်တဲ့ ပုံစံမျိုးကိုတော့ မတွေ့ရပါဘူး။

တခြားလူတွေက ဒီကလေးမ ဘာတွေကို စွမ်းဆောင်နိုင်တယ် ဆိုတာကို မသိကြပါဘူး။ ဒါကြောင့် သူတို့အားလုံး ကျယ်လောင်စွာ ရယ်မောပြီး

ကလေးစကားက ဘာမှမထိခိုက်ဘူးလို့ မှတ်ယူနေကြခဲ့ကြသည်။ သူတို့အတွေးထဲမှာ တကယ်လို့ သူမက ချင်ရီယွဲ့တစ်ယောက် ဘယ်လောက်များ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပန်းဖူးအဆင့် အလယ်အလတ် လက်ရွေးစင် တစ်ယောက် ဆိုတာကို သိနားလည်မယ်ဆိုရင် ဒီလိုစကားမျိုးကို ပြောပုံ့လိမ့်မှာ မဟုတ်ဘူးလို့ ထင်နေကြသည်။

အစားစားကြတဲ့ အချိန်မှာ ဟူးညို့က သူမကိုယ်သူမ မမျှမတ ဆက်ဆံတာမျိုး လုပ်လိမ့်မည် မဟုတ်ချေ။ ဟူးညို့က သိုလှောင်လက်စွပ် အထဲက အစားအသောက်တွေကို ထုတ်ယူလိုက်သည်။ ထိုအစားအစာတွေက အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ပြုစုပျိုးထောင် ထားတဲ့ အသီးအရွက်တွေနဲ့ သားရဲကောင် အသားတွေ ဖြစ်ပြီး အရသာက လုံးဝကို အနံ့အရသာနဲ့ ပြည့်စုံပြီး အနံ့ကြောင့် လူတွေကို သွားရည်ယိုကျစေပါတယ်။

ချောင်ဇီဖေးနဲ့ တခြားငါးယောက်က လွန်ခဲ့တဲ့ သုံးရက်ကတည်းက ဒီအနံ့ကို ရရှိခဲ့ဖူးကြသည်။ ဒါပေမဲ့ ဒီကလေးမလေးကို အစားအစာ တောင်းရတာ စိတ်ဓာတ်ကျ အားငယ်စရာ ကောင်းပါတယ်။ အခု သူတို့က သွားရည်တွေကို ကမန်းကတမ်း ပြန်မျိုချရုံပဲ

တတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ချင်ရီယွဲ့က ဟူးညီကို ချစ်ခင်ကြင်နာပါတယ်။ ဘာကိုမှ ဂရုမစိုက်ပဲ ဟူးညီ့ဆီကို သွားပြီးတော့ ပြောလိုက်သည်။

"လှပချောမောတဲ့ ညီးညီးလေး အစ်မကို အသားတစ်ပိုင်းလောက် ပေးနိုင်မလား"

ဟူးညီက ခဏကြာမျှ စဉ်းစားလိုက်ပြီး သူမရဲ့ ခေါင်းကို ကုတ်ကာ ပြောလိုက်သည်။

"ကောင်းပြီလေ"

သူမက အသားအပိုင်းစ တစ်ခုကို ပိုင်းပေးလိုက်ပြီး အပေါ်မှာ ဟင်းသီးဟင်းရွက်တွေနဲ့ ထုပ်ပြီးတော့ ချင်ရီယွဲ့ကို ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါက ညီးညီး ဖန်တီးထားတဲ့ အစာစားတဲ့ နည်းလမ်းအသစ်ပဲ။ အသားဖက်ထုပ်လို့ ခေါ်တယ်"

ချင်ရီယွဲ့က သူမရဲ့ပါးစပ်ဟပြီး ဟင်းသီးဟင်းရွက်နဲ့ ထုပ်ထားတဲ့ အသားကို တစ်ဖဲ့ကိုက်ကာ ဖြည်းဖြည်းလေး ဝါးစားလိုက်သည်။ အစကတော့ သူမက ဟူးညီ့ကို

နောက်ပြောင်ကျီစယ်ချင်တာ ဖြစ်ပြီးတော့ အစားအသောက်ကို မက်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ သူမ ဂါးစားလိုက်တာနဲ့ သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာက အရောင်ပြောင်းသွားခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ အရမ်းကို အရသာရှိရတာလဲ။

ဟင်းသီးဟင်းရွက်ရဲ့ အရသာရှိမှုနဲ့ အသားရဲ့ ထူးကဲတဲ့ အရသာကြောင့် လုံးဝကို ပြီးပြည့်စုံပြီး ပြောမပြတတ်လောက်အောင် ကောင်းမွန်တဲ့ အရသာကို ခံစားလိုက်ရသည်။ သူမက အထွတ်အထိပ် ခံစားမှု အမျိုးအစားတစ်ခုကို ရောက်သွားသလို ခံစားရပြီး သူမရဲ့ မျက်နှာက ချက်ချင်းပဲ နီရဲသွားပါတယ်။ ထိုအခိုက်အတန့်ကာလမှာ သူမရဲ့ ဦးနှောက်က အချိန်ခဏ ရပ်သွားသလိုမျိုး ဘာကိုမှ ဂရုမစိုက်နိုင်ပဲ ကြောင်တစ်ကောင် အော်သလို ညည်းငြူမိလိုက်ပြီး လူတွေရဲ့ နှလုံးသားကို ယားယံသွားစေခဲ့သည်။

ချောင်ဇီဖေးနဲ့ တခြားလူငယ် လေးယောက်တို့ကလည်း စုပေါင်းပြီးအော်ဟစ်လုနီးပါး ဖြစ်သွားပါတယ်။ ဒီညည်းငြူသံက အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ သူတို့အနေနဲ့ မခံမရပ်နိုင်အောင်ပဲ မကောင်းဆိုးဂါး

ဂံပုလွေတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ ဆွဲဆောင်မှုရှိတဲ့ သိုးဖြူမလေးကို ခုန်အုပ်ပစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာပါတယ်။

ကံမကောင်းတာက ဒီသိုးဖြူမလေးက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားကို ပိုင်ဆိုင်ထားပြီး သူတို့က အသက်ရှင်သန်ရတာ မပင်ပန်းသေးသရွေ့ ဘယ်လိုလုပ်ပြီး သူတို့က သူမပေါ်ကို ခုန်အုပ်ပံ့မှာလဲ။

ချင်ရီယွဲ့က နောက်ဆုံးတော့ သတိပြန်ဝင်လာပြီး ရှက်ရွံ့မှုကြောင့် မျက်နှာနီမြန်းသွားခဲ့ပါတယ်။ အသားလေး တစ်ကိုက်စားလိုက်ရပြီး ညည်းသံထွက်သွားတယ်ဆိုတာ ဘယ်လောက်တောင် စိတ်ပျက်စရာ ကောင်းလိုက်လဲ။ ဘယ်လောက်ပဲ အရသာရှိရှိ သူမအနေနဲ့ ဒီလိုမျိုး မလုပ်သင့်ပါဘူး။

"ခစ်ခစ်"

ဟူးညိုက မကောင်းဆိုးဝါးဆန်ဆန် ပြုံးလိုက်ပါတယ်။ နင်က ဒီလိုမျိုး အရသာရှိတဲ့ အရာကို စားပြီးရင်တော့ သေချာပေါက် နောက်ထပ် ထပ်စားချင်ဦးမှာပဲ။ ဒါပေမဲ့ ငါက နင့်ကို မပေးတော့ဘူး။ အငမ်းမရဖြစ်ပြီးတော့ သေသွားပါစေ။

အရှင်သခင်မ ညိုးညိုးကို နင့်ရဲ့ အသားလုံးနှစ်လုံးကို အသုံးပြုပြီးတော့ အသက်ရှုကျပ်အောင် လုပ်တဲ့အတွက် ခံစားရတယ် မှတ်။

Chapter 608 end

Zawgyi.အပိုင်း(၆၀၉) နောက်တစ်ကြိမ် တိုက်ခိုက်ခြင်း

မျှော်လင့်ထားသလို ချင်ရီယွဲ့က ဒီလိုမျိုး အနံ့အရသာနဲ့ ပြည့်စုံတဲ့ အစားအသောက်ကြောင့် သူမကိုယ်သူမ ထိန်းချုပ်မနိုင်တော့ပါဘူး။ ပြီးတော့ ဟူးညိုလို ကလေးမလေးကိုလည်း နှစ်သက် သဘောကျပါတယ်။ သူမရဲ့ ကိုယ်ဟန်ကို နှိမ့်ချပြီး ဟူးညိုကို နောက်ထပ်အစားအစာ ထပ်ပြီးတော့ တောင်းဆိုလိုက်ပါတယ်။ ဒါပေမဲ့ ဟူးညိုက သူမကို ဂရုတောင်မထားပဲ ဆီတွေမျက်နှာအနှံ့ ပေကျံပြီး ကိုယ့်အတွက်ပဲ သိတဲ့ပုံစံနဲ့ စားနေပြီး လူတိုင်းလူတိုင်းက အစားအသောက်ကို ငမ်းငမ်းတက်ဖြစ်နေပြီး သူတို့ရဲ့ တံတွေးတွေကို ဆက်တိုက်မျိုချနေကြ ရပါတယ်။

"ကောင်းပြီလေ ကောင်းပြီ။ ကြည့်ရတာ ဘယ်လောက်တောင် သနားဖို့ ကောင်းလိုက်လဲ။ နောက်ထပ်တစ်ပိုင်း ထပ်ပေးမယ်"

နောက်ဆုံးတော့ ဟူးညိုက ချင်ရီယွဲ့အတွက် အသားတစ်ပိုင်း ထပ်ပေးလိုက်ပြီး ဟင်းသီးဟင်းရွက်နဲ့ ထုပ်ပြီးတော့ ချင်ရီယွဲ့ရဲ့ ပါးစပ်ထဲကို ထည့်ပေးလိုက်ပါတယ်။

သူမမှာ ကောင်းတဲ့စိတ်သဘောထား မရှိပါဘူး။ ချင်ရီယွဲ့ကို ဒီအကြောင်းကို ဆက်ပြီးတော့ စဉ်းစားစေချင်နေတာကြောင့် ဖြစ်ပါတယ်။

ဒီကလေးမလေးက အရမ်းကို အာဃာတ ကြီးမားလွန်းပါတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ ညရောက်တော့ ချင်ရီယွဲ့က အိပ်ရတာ အခက်တွေ့နေပါတယ်။ တကယ်လို့ သူမက ဒီအသားဖက်ထုပ်ကို မစားမိဘူးဆိုရင်တော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သူမက အဲဒါကို တစ်ကြိမ်စားလိုက်ပြီးတာနဲ့ ကျေနပ်တင်းတိမ် ရောင့်ရဲခြင်း မရှိပဲ ထပ်ပြီးတော့ အများကြီး စားချင်နေပါသေးတယ်။ ဒါပေမဲ့လည်း သူမက အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ ဘယ်လိုအသားမျိုးနဲ့ ဟင်းသီးဟင်းရွက်တွေကို ဒီလိုမျိုး အရသာနဲ့ ပြည့်စုံအောင် ဘယ်လိုမျိုး စိုက်ပျိုးသလဲ ဆိုတာကို သိချင်စိတ်တွေ ပြင်းပြလို့ နေပါတယ်။

ဒုတိယမြောက်နေ့မှာတော့ ချင်ရီယွဲ့က လင်းဟန်ကို ပစ်မှတ်ထားပြီးတော့ အဲဒီအသားနဲ့ ဟင်းသီးဟင်းရွက်တွေရဲ့ ဇစ်မြစ်အကြောင်းကို မေးမြန်းလိုက်ပါတယ်။

လင်းဟန်က နားပူလာပြီးတော့ စိတ်အနှောင့်အယှက်ဖြစ်လာတာကြောင့် ပြောလိုက်ပါတယ်။

"အဲဒါက သားရဲကောင်ရဲ့ အသားမဟုတ်ဘူး။ လူသားပဲ။ ဟင်းသီးဟင်းရွက်တွေကလည်း လူသားတွေကို မြေသြဇာလုပ်ပြီးတော့ စိုက်ပျိုးထားတာ"

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်တာကြောင့် ချင်ရီယွဲ့ရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာလေးက တွန့်လိမ်ရှုံ့မဲ့သွားပြီး စစ်ဆင်ရေး မအောင်မြင်တဲ့ ပုံစံမျိုးနဲ့ နောက်ဆုတ် လာခဲ့ရသည်။ ဒီမြင်ကွင်းက ဟူးညိုကို တသိမ့်သိမ့်တုန်အောင် ရယ်မောစေပြီး သူမရဲ့ လက်စားချေမှု အောင်မြင်ပြီလို့ ခံစားလိုက်ရပါတယ်။

ချင်ရီယွဲ့က မယုံကြည်ဘူးဆိုတာ သိသာထင်ရှားပါတယ်။ သူမက လူ့အသားကို မစားဖူးပေမဲ့ သိုင်းပညာရှင်

တစ်ယောက် အနေနဲ့ ဘယ်လိုလုပ်ပြီး လူ့အသွေးအသားကို မမြင်ဖူးပဲ နေမှာလဲ။ ဒီအသားက လူအသားနဲ့ မတူပါဘူး။ သူမ မနေ့က စားခဲ့တဲ့ သားရဲကောင်ရဲ့ အသားလို့ ကတိုးသမင်သားလို့ ကောက်ချက်ချ သုံးသပ်ခဲ့ပါတယ်။ တန်ဖိုးကြီးမားတဲ့ ကတိုးသမင်သားက အရသာရှိတယ်လို့ လူသိများ ထင်ရှားကြပါတယ်။ သူမက အဲဒီအသားကို အကြိမ်ပေါင်းများစွာ စားခဲ့ဖူးပေမဲ့ မနေ့က စားခဲ့တဲ့ အသားလောက် အနံ့အရသာနဲ့ ပြည့်စုံတာမျိုး တစ်ခါမှတောင် မစားဖူးပါဘူး။

သူမက တကယ့်ကို စိုးရိမ်နေပါတယ်။ နောက်ပိုင်းကျရင် သူမက တခြားအရာတွေနဲ့ ပတ်သက်ရင် လောဘတက်နေလိမ့်ဦးမှာလား။

ချောင်ဇီဖေးနဲ့ ကျန်တဲ့လူငယ် လေးယောက်က ချင်ရီယွဲ့ကို အရမ်းပဲ စိတ်ဝင်စားနေကြပြီး သူမရဲ့ အနားမှာ ပိုင်းရံပြီးတော့ အတတ်နိုင်ဆုံး နည်းလမ်းပေါင်းစုံနဲ့ သူမကို မျက်နှာလိုမျက်နှာရ လုပ်နေကြပါတယ်။

ဒီမိန်းကလေးက တန်ခိုးရှင် နတ်သမီးလေး တစ်ပါးလို ချောမောလှပရုံတင်မက နောက်ခံကလည်း ထူးခြားပါတယ်။ အမှောင်ကျက်သရေ ချိုင့်ပှမ်း ခေါင်းဆောင်ရဲ့ ဂျူနီယာ

တပည့်တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့အနေနဲ့ သူမကို လက်ထပ်နိုင်ခဲ့မယ်ဆိုရင် သူတို့ရဲ့ ကိုယ်ပိုင် အဆင့်အတန်းက အဆင့်ကြီးတစ်ခုလောက် တိုးသွားပါလိမ့်မယ်။ ပြီးတော့ သူတို့ရဲ့ မိသားစုတွေတောင်မှ သူတို့နဲ့အတူ အဆင့်မြင့်မြင့် နေရာကို တက်လှမ်းနိုင်ပါလိမ့်မယ်။

သိုင်းပညာ ကမ္ဘာကြီးထဲမှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်၊ နတ်အသွင် ပြောင်းလဲခြင်းအဆင့်နဲ့ ကောင်းကင်အဆင့်တို့ အကြားက ကွာဟချက်မှာ ကောင်းကင်နဲ့ မြေကြီးလိုမျိုး ကွဲပြားခြားနားပြီး အဆင့်တွေက တင်းကျပ်ပါတယ်။ သူတို့ငါးယောက်စလုံးရဲ့ နောက်ခံတွေမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့်ပဲ ရှိတာကြောင့် အမှောင်ကျက်သရေ ရှိုင့်ပုမ်းက အစစ်အမှန် တပည့်နဲ့ ရင်းနှီးပတ်သက်ချင်တာ သိသာထင်ရှားပါတယ်။

ချင်ရီယွဲ့ရဲ့ ထူးထူးခြားခြား ချောမောလှပမှု တစ်ခုတည်းနဲ့တင် လုံလောက်ပါတယ်လေ။

ဒါပေမဲ့လည်း ချင်ရီယွဲ့က သူတို့အကြောင်းကို လုံးဝကို ဂရုမစိုက်ပါဘူး။ သူမက ကန်းရီအတွက်ကြောင့် သူတို့ကို ယဉ်ယဉ်ကျေးကျေး ပြန်လည်ပြောဆိုတာပါ။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် ဒီအရိုင်းအစိုင်း သရဲဘောကြောင်တဲ့ လူတွေကို သူမက ဘယ်လိုလုပ် ထည့်တွက်လိမ့်မှာလဲ။ သိုင်းပညာရပ်တွေ လေ့ကျင်တာထက် သူမက အရသာရှိတဲ့ စားကောင်းသောက်ဖွယ်တွေကို ရှာဖွေရတာ ပိုနှစ်သက်ပါတယ်။ ဟူးညို့ရဲ့ အစားအစာကို မကြာခဏ စဉ်းစားနေတာ သိသာထင်ပါတယ်။ ဒါကြောင့် သူမက ကျူးရှွမ်အာကို စုံစမ်းမေးမြန်း ရပါတယ်။

ဒီအစားအစာတွေကို ကလေးမလေးကိုယ်တိုင် ပြင်ဆင်ထားတာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ပြီးတော့ သူမရဲ့ ဘေးနားမှာ အရွယ်ရောက်တဲ့ လူကြီးဆိုလို့ လင်းဟန်နဲ့ ကျူးရှွမ်အာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူမကို ခြောက်လှန့်ခဲ့ပြီးတာကြောင့် သူမက ထပ်ပြီးတော့ နောက်တစ်ကြိမ် ပြဿနာ မရှာဝံ့တော့ပါဘူး။ ဒါကြောင့် သူမက ကျူးရှွမ်အာကို မေးဖို့တစ်ခုပဲ တတ်နိုင်ပါတော့တယ်။

ဘာပဲဖြစ်ဖြစ် မိန်းကလေး နှစ်ယောက်က စကားတွေ ပြောဆိုကြပါတယ်။ သူမတို့ နှစ်ယောက်လုံး ချိုသာတဲ့ အသံလေးတွေနဲ့ ရယ်မောပြီး မကြာခင်မှာ အရမ်းကို အပေးအယူ မျှလာကြပြီး လင်းဟန်နဲ့ ဟူးညို့ကို အံ့အားသင့် သွားစေခဲ့ပါတယ်။

"မိန်းမတွေက တကယ့်ကို ထူးဆန်းတဲ့ သက်ရှိတွေပဲ"

လင်းဟန်က သူရဲ့ပခုံးကို တွန့်လိုက်ပါတယ်။

"ဟုတ်တယ်"

ဟူးညိုက အသားကို ငါးစားရင် စိတ်သောကရောက်နေတဲ့ အကြည့်တစ်ခုနဲ့ ပြောလိုက်သည်။

"ဒီလိုဆိုရင် ညိုးညိုးတော့ သွားပြီ။ တကယ်လို့ ညိုးညိုး အရွယ်ရောက်လာတဲ့ အခါကျရင် ညိုးညိုးလည်း ဒီလိုမျိုး ထူးဆန်းတဲ့ မိန်းကလေး ဖြစ်သွားလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ ညိုးညိုး အရွယ်မရောက်လာဘူးဆိုရင် ဘယ်လိုလုပ်ပြီး ညိုးညိုးက လင်းဟန်ကို လက်ထပ်နိုင်မှာလဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ဟူးညိုရဲ့ ခေါင်းကို ပွတ်ပေးကာ ပြောလိုက်ပါတယ်။

"ဒါဆိုလည်း မကြီးနဲ့ပတော့။ ဒီအတိုင်းပဲ ကောင်းပါတယ်"

သူ့နှလုံးသားထဲမှာ အမြဲတမ်းလိုလို ခဲဆွဲထားသလို

လေးလံနေတဲ့ အရာတစ်ခု ရှိပါတယ်။ အဲဒါက ဟူးညိုအရွယ်ရောက် လာတဲ့အခါမှာ သူမရဲ့ဒန်တန်ထဲက ထူးခြားတဲ့ စိတ်ဂိညာဉ် အခြေခံက သူမကို လွှမ်းမိုးသွားပါလိမ့်မယ်။ ဒီလိုမျိုး သက်ရှိတစ်ခုက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီး သူရဲ့ ကောင်းကင်အဆင့် နတ်ဘုရား အာရုံကိုတောင် အမြစ်ဖြတ်ပစ် နိုင်စွမ်းရှိပါတယ်။ ဟူးညိုက တကယ်တမ်းဆိုရင် ခုခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"မရဘူး မရဘူး။ ညိုးညိုး လင်းဟန်ကို လက်ထပ်ချင်တယ်။ လင်းဟန်က ညိုးညိုးရဲ့အပိုင်ပဲ"

ဟူးညိုက လင်းဟန်ရဲ့ ရင်ခွင်ထဲကို အတင်းတိုးဝင်ပြီး သူ့ကို တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါတယ်။

"အား မင်းငါ့ကို ညှစ်သတ်နေတာလား"

လင်းဟန်က ကုန်းအော်လိုက်သည်။

"ခစ်ခစ်ခစ်ခစ်"

ဟူးညိုက ပျော်ရွှင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"မင်းတို့တွေက တော်တော်လေး ပျော်နေကြတယ်ပေါ့ ဟုတ်လား"

လှောင်ပြောင်သံ တစ်ခုက ထွက်ပေါ်လာပြီး ကောင်းကင်ပေါ်မှာ မြင်းလှည်းတစ်စီးက ပျံသန်း ဆင်းသက်လာပြီး သူတို့အရှေ့မှာ ရပ်လိုက်ပါတယ်။ မြင်းလှည်းက ဆယ့်ငါးမီတာ ရှည်ပြီးတော့ ဆယ်မီတာအမြင့်ရှိပြီး ရွှေလျှားနေတဲ့ ရဲတိုက်တစ်ခုနဲ့ တူပါတယ်။ ပြီးတော့ အဝတ်အစား မလုံမလဲ ဝတ်ဆင်ထားတဲ့ မိန်းမလှလေးယောက်က မြင်းလှည်းမောင်းတဲ့ နေရာမှာ ထိုင်နေကြပါတယ်။

လေပြင်းလမင်းဂိုဏ်းက ဟုချင်းဖန်။

သူက နောက်ထပ်တစ်ကြိမ် ရောက်လာပါတယ်။

ဒါပေမဲ့လည်း အားလုံးက မေးခွန်းတွေ မမေးခင် မြင်းလှည်းအိမ်ကနေ ဒီရေလှိုင်းတွေအလား အော်ဟစ်တဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီအသံက မိန်းကလေး တစ်ယောက်ရဲ့ ညည်းတွားသံ ပြီးတော့ အတော်လေး ကယောင်ချောက်ချား ဖြစ်စေပြီး မြင်းလှည်းအိမ်ကလည်း

အရမ်းကို စည်းချက်ကျစွာနဲ့ တုန်ခါနေပါတယ်။

အတွေ့အကြုံရှိတဲ့ လူတွေက သူတို့ကြားလိုက်တဲ့ အသံကြောင့် ဘာဖြစ်နေလဲ ဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက် သွားပြီးတော့ ချက်ချင်းဆိုသလို မျက်လုံးတွေ ပြူးသွားခဲ့ပါတယ်။ ဒီလိုကိစ္စမျိုးကို ပြောင်ကျကျနဲ့ လုပ်နေရတာလား။

လင်းဟန်က ဟူးညို့ရဲ့ နားရွက်တွေကို လက်နဲ့ကာလိုက်ပြီး မကျေမနပ်အကြည့်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကန်းရီ"

"ဟုတ်ကဲ့"

ကန်းရီက ချက်ချင်းဆိုသလို လှ္ဘားခနဲ ခုန်ထွက်ပြီးတော့ သူရဲ့ဆေဘာဓားနဲ့ ခုတ်ချလိုက်ပါတယ်။

ရှပ်။

ဆေဘာဓားချီ ကိုးခုက ခွဲဖြန့်သွားပြီး ရှည်လျားတဲ့ ဆေဘာဓား ဆယ်ခုအဖြစ်ကို ပြောင်းလဲသွားပြီးတော့

မြင်းလှည်းကို ခုတ်ပိုင်းချလိုက်သည်။

"ရှိုင်းလိုက်တာ"

မိန်းမချော လေးယောက်က တစ်ယောက်ပြီးတစ်ယောက် ခုန်ထွက်လာပြီး ကန်းရှီရဲ့ တိုက်ခိုက်မှုကို ရင်ဆိုင်လိုက်သည်။ ထန် ထန် ထန် ထန်။ ပြင်းထန်တဲ့ ထိပ်တိုက်ရင်ဆိုင်တွေမှု အလယ်မှာ မိန်းမချော လေးယောက်က အရေးနိမ့်ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် နောက်ကို ဆုတ်သွားခဲ့ရပါတယ်။ ဒါပေမဲ့ ကန်းရှီရဲ့ တိုက်ခိုက်မှုကလည်း အာနိသင် ပျက်ပြယ်သွားခဲ့သည်။

"အင်း... အား"

မြင်းလှည်းအိမ် အတွင်းကနေ ရှည်လျားတဲ့ အသက်ရှူထုတ်သံကို ကြားနိုင်ပါတယ်။ မြင်းလှည်းအိမ် လှုပ်ခါမှုကလည်း ချက်ချင်းပဲ ရပ်သွားပြီး မိန်းမတစ်ယောက် ပြောတဲ့အသံကို ကြားလိုက်ရသည်။

"ဂိုဏ်းခေါင်းဆောင် သခင်လေးရဲ့ ပညာတွေက ပိုပိုပြီးတော့ ကောင်းလာတယ်။ သခင်လေးရဲ့ အစေခံဖြစ်တဲ့

ကျမတောင်မှ သေလုနီးပါး ခံစားလိုက်ရတယ်”

“ဟားဟားဟားဟား”

ဟုချင်းဖန်ရဲ့ ဂုဏ်ယူဂုဏ်ဝင့်ကြွားတဲ့ ရယ်မောသံက မြင်းလှည်းအိမ် အတွင်းကနေ ထွက်ပေါ်လာခဲ့ ပါတယ်။ ဒီလိုမျိုး စကားတွေကို အမျိုးသမီးတွေဆီကနေ ကြားရတာ အမျိုးသားတွေအတွက် ချီးမြှင့်မြောက်စားခံရသလို ကျေနပ်သဘောကျ စေပါတယ်။

မြင်းလှည်းအိမ်ရဲ့ တံခါးပွင့်သွားပြီး လူသုံးယောက် ထွက်လာခဲ့ပါတယ်။ ဒါဆိုရင် စောစောတုန်းက တကယ်ပဲ သုံးယောက်တစ်ဖွဲ့လား။ သူတို့က ဘယ်လိုတွေ ကစားနေလဲ ဆိုတာကို တိတိကျကျ နားလည်သဘောပေါက်ပါတယ်။ သူတို့သုံးယောက်က ကာမဆက်ဆံ ပျော်ပါးရုံသာမက တစ်ပြိုင်တည်း သုံးယောက်တောင် ပါဝင်ဆင်နွှဲနေကြပါတယ်။

ယောက်ျားလေး ဖြစ်တဲ့လူက ဟုချင်းဖန် ဖြစ်ပြီးတော့ သူရဲ့ အပေါ်ပိုင်း ခန္ဓာကိုယ်က ဗလာကျင်း ထားပြီး အောက်ခံဘောင်းဘီတို တစ်ထည်ကိုပဲ ဝတ်ဆင်ထားကာ ဘေးကအမျိုးသမီး တစ်ယောက်က သူမရဲ့ ခန္ဓာကိုယ်ကို

ဘာနဲ့မှ ဖုံးကွယ်မထားပဲ နေရာအားလုံးကို ပကတိအတိုင်း လှစ်ဟပြသထားပါတယ်။ နောက်ထပ်အမျိုးသမီး တစ်ယောက်က သူ့ဘေးမှာ ရပ်နေပြီး သူမကို ကြည့်ရတာ အသက်သုံးဆယ် နည်းနည်းကျော်ပါလိမ့်မယ်။ သူမကတော့ သူမကိုယ်သူမ ကောင်းကောင်းမွန်မွန် ထိန်းသိမ်းထားပြီး သူမရဲ့ အသားအရည်က နှင်းတွေလို ဖြူဖွေးပြီးတော့ နူးညံ့ပုံ ရပါတယ်။ သူမရဲ့ ရင်သားတွေက လုံးဝန်းပြီးတော့ မို့မောက်ကာ သူမရဲ့ တင်ပါးတွေက ဖွံ့ထွားပြီးတော့ ကြီးမားစွင့်ကားနေပါတယ်။

သူမက လျော့တိလျော့ရဲ ခါးဝတ်တစ်ထည်ကို ဝတ်ဆင်ထားပါတယ်။ ပထမတစ်ချက် ကြည့်ရင်တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ တောင်ပေါ်က လေပြေလေညှင်း တိုက်ခိုက်လာတဲ့ အခါမှာ ခါးဝတ်ရဲ့ အစွန်းတွေက မတင်လိုက်သလို ဖြစ်သွားပြီး အထဲဘက်ကတော့ လုံးဝကို ဗလာကျင်းဖြစ်နေပြီး မြင်ရသူ အပေါင်းက ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး သူတို့ရဲ့ မျက်နှာကို ဖုံးအုပ်သွားစေပါတယ်။

"ရန်ရင်းချီ ရန်ရင်းယွင်"

ချင်ရီယွဲ့က အော်ဟစ်လိုက်သည်။ သူမရဲ့အကြည့်တွေက အဝတ်အစားတွေ မဖုံးထားတဲ့ သူမတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ

ကျရောက်လို့နေပြီး အထင်သေးအမြင်သေးတဲ့ အကြည့်တွေနဲ့ ကြည့်လိုက်ပါတယ်။

"ဂရုစိုက်ကြ။ သူမတို့က ဒီနေရာရဲ့ လေပြင်းလမင်းဂိုဏ်း အဖွဲ့ခေါင်းဆောင် နှစ်ယောက်ပဲ။ နှစ်ယောက်လုံး ပန်းဖူးအဆင့် အထွတ်အထပ်ကို ရောက်နေကြပြီ"

"ခစ်ခစ်ခစ် မိန်းကလေးချင်က ငါတို့ညီအစ်မ နှစ်ယောက်ကို သတိပြုမိတာ အတော်လေး ရှားပါတယ်။ ဘယ်လောက်တောင် ဂုဏ်ယူစရာ ကောင်းလိုက်သလဲ"

ဟုချင်းဖန်ရဲ့ ဘေးနားမှာ သူမဘာသာသူမ မတ်တတ်ရပ်နေတဲ့ အမျိုးသမီးက ပြောလိုက်ပါတယ်။ သူမရဲ့ နာမည်က ရန်ရင်းယွင်ဖြစ်ပြီးတော့ ဟုချင်းဖန်ရဲ့ ပွေ့ဖက်မှုကို ခံနေရတဲ့ အမျိုးသမီးက ရန်ရင်းချီ ဖြစ်ပါတယ်။

"အရှက်မရှိတဲ့ မိန်းမတွေ"

ချင်ရီယွဲ့က အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ အကြည့်တွေမှာ စက်ဆုပ်ရွံရှာမှုနဲ့ ပြည့်နှက်နေပါတယ်။

ရန်ရင်းယွင်က တခစ်ခစ်ရယ်မောလိုက်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို လေတိုက်ပြီး လှစ်ဟပြကာ ပြောလိုက်ပါတယ်။

"အတွေ့အကြုံမရှိတဲ့ မိန်းကလေးငယ်လေးက ဘာသိမှာလဲ။ မိန်းမတွေက ယောကျ်ားတွေရဲ့ မကြာခဏ ချစ်ခင်တာကို ခံရမှ လှလှပပနဲ့ နေနိုင်တာ။ ဒီလိုမှ တခြားဟာတွေ လုပ်ဖို့ အဆင်ပြေတာ"

"အရှက်မဲ့လိုက်တာ"

ချင်ရီယွဲ့က သူမကို ပြင်းထန်စွာ ဝေဖန်လိုက်ပါတယ်။

ကန်းရီက စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး မြင်းလှည်းအိမ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူလက်ခံရရှိတဲ့ တစ်ခုတည်းသော အမိန့်က သတ်။

Chapter 609 end

Zawgyi.အပိုင်း(၆၁၀) ခွန်အားအချင်းချင်း ထိတွေ့ရင်ဆိုင်ခြင်း

ကန်းရီက တိုက်ခိုက်လိုက်ပြီး ဆေဘာချီက အတားအဆီးမရှိ

လှုပ်ရှားလာခဲ့ပါတယ်။ ၎င်းရဲ့အစွမ်းက အံ့အားသင့်စရာကောင်းလှ၏။

ရန်ရင်းယွင်က တခစ်ခစ် ရယ်မောပြီး သူမရဲ့ တင်းကားဖွံ့ထွားတဲ့ တင်ပါးတွေကို ကွေကောက်ပြီး သူမရဲ့ ပုံရိပ်မှ ရွေ့လျားသွားပါတယ်။ ပြီးတော့ သူမရဲ့ သေးသွယ်တဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး လက်ဗလာနဲ့ ဓားသွားရှည်ကို ဖမ်းဆုပ်ဖို့ ကြိုးစားလိုက်သည်။

ကန်းရီက နှာခေါင်းရှုံ့လိုက်ပြီး ဆေဘာဓားရှည်ကို လှည့်ပြီးတော့ ဓားဦးကို အောက်ဘက်ကို ချိန်ရွယ်ပြီးတော့မှ ရန်ရင်းယွင်ကို ပင့်ခုတ်လိုက်သည်။

စာနာစိတ်ကင်းမဲ့တဲ့ လူကြမ်းတစ်ယောက်ပဲ။ မိန်းကလေးတွေဆိုတာ ချစ်ရမဲ့လူတွေပဲ။ ပြီးတော့ နင်က အိပ်ယာပေါ်မှာ နင့်စိတ်ကြိုက် ဆိုးချင်သလို ဆိုးလို့ရတယ်။ နင့်မှာ လုံလုံလောက်လောက် ခွန်အားမရှိမှာကိုပဲ ကြောက်ရမှာ။ ဒါပေမဲ့ သူတို့ကို ရိုက်နှက်ရင်တော့ ညင်သာတာက အကောင်းဆုံးပဲ

ရန်ရင်းယွင်က သူမခါးဂုတ်ကို လှန်လိုက်ပြီး သူမကိုယ်သူမ နည်းနည်းလောက် လှစ်ဟပြတာကို စိတ်အနှောင့်အယှက်

ဖြစ်ပုံမရပါဘူး။

လုံးဂကို အရှက်ကင်းမဲ့ပါတယ်။

ဒါပေမဲ့လည်း ရန်ရင်းယွင်က အရမ်းကို အားကောင်းပါတယ်။

သူမက ပန်းဖူးအဆင့် အထွတ်အထိပ်မှာ ရှိနေပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်ကလည်း ကြယ်ဆယ့်နှစ်ပွင့်ကို ရောက်နေပါပြီ။ သူမကို ပါရမီရှင် တစ်ယောက်လို အရမ်းကို သန်မာအားကောင်းတယ်လို့ ထည့်တွက်လို့ မရနိုင်ပေမဲ့ သူမက အရမ်းကို သန္တာတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ တကယ်တော့ ကန်းရီမှာ တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံးပဲ ရှိပြီးတော့ ဒါက လုံးဂကို ဆောင့်နင်းခြေပစ်လိုက် နိုင်ပါတယ်။

ဒါပေမဲ့ ရန်ရင်းယွင်ရဲ့ ခွန်အားက ဟုချင်းဖန်ထက် ကြယ်နှစ်ပွင့်ပဲ ပိုမြင့်မားတာ ဖြစ်ပါတယ်။ ပြီးတော့ သူမက တစ်ဟုန်ထိုး ပြေးဂင်တိုက်ခိုက်ပုံ့ဆဲ ဖြစ်ပါတယ်။

ဟင်

ဟုချင်းဖန်က အတော်လေးကို ထူးဆန်းတယ်လို့ ခံစားနေရပါတယ်။ ကန်းရီက ဘယ်လိုလုပ်ပြီး ရုတ်တရက်

အားနည်းသွားရတာလဲ။ သူနဲ့ ကန်းရီတို့ တိုက်ခိုက်တုန်းက သူက ထပ်ခါထပ်ခါ ရှုံးနိမ့်ခဲ့ရပြီး လက်လျော့လိုက်ဖို့ကိုပဲ ရွေးချယ်ခဲ့ရပါတယ်။

တကယ်လို့ ကန်းရီမှာ ဒီလိုမျိုး တိုက်ပွဲစွမ်းရည်ပဲ ရှိမယ်ဆိုရင် ဘာဖြစ်လို့ သူက အထိတ်တလန့်နဲ့ ထွက်ပြေးရလိမ့်မှာလဲ။

ငါနင့်ကို ကူညီပေးမယ်

ချင်ရီယွဲ့က သူမရဲ့ ဓားကို ဆုပ်ကိုင်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာပြီး ကန်းရီကို ကူညီပြီး သူတို့ရဲ့ ခွန်အားတွေကို အတူတကွ ပူးပေါင်းပြီး ရန်ရင်းယွင်ကို တိုက်ခိုက်လိုက်သည်။

ဒါပေမဲ့လည်း ချင်ရီယွဲ့က ထူးခြားတဲ့ ပါရမီရှိတယ် ဆိုပေမဲ့ သူမရဲ့ ကျင့်ကြံခြင်းက အတော်လေး နိမ့်နေပါသေးတယ်။ တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးနဲ့ ပန်းဖူးအဆင့် အလွှာလေးမှာပဲ ရှိပါတယ်။ သူတို့နှစ်ယောက် အတူတူ ပူးပေါင်းပြီး ရန်ရင်းယွင်ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာတောင်မှ စွမ်းအားကွာဟချက်ကို မဖာထေးပဲ အရေးနိမ့်နေဆဲ ဖြစ်ပါတယ်။

ချောင်ဇီဖေးနဲ့ တခြားလူတွေက ချက်ချင်းဆိုသလို ထွက်ပြေးဖို့ စဉ်းစားလိုက်ကြပါတယ်။ တကယ်လို့ ချင်ရီယွဲ့နဲ့ ကန်ရီးတို့က သူတို့ရဲ့ ပြိုင်ဘက်တွေ မဟုတ်ဘူးဆိုရင် ဒီနေရာမှာ ဆက်နေပြီး တိုက်ခိုက်တာက သေလမ်းတစ်ခုပဲ ရှိပါတယ်။

လင်းဟာန်က ကြယ်စင်နဂါး အမြစ်ဖြုတ်မြား တစ်ချောင်းကို ဆွဲထုတ်ပြီး မြင်နိုင်စွမ်းမရှိတဲ့ မြားချီနဲ့ ရန်ရင်းယွင်ဆီကို ပစ်လွှတ်လိုက်သည်။

အာ

ရန်ရင်းယွမ်ကို မျှော်လင့်ထားသလို ထိမှန်သွားခဲ့သည်။ မြားက သူမရဲ့ ပေါင်ကို စိုက်သွားပြီး သူမက ဒယိမ်းဒယိုင် ဖြစ်သွားပြီးတော့ မြေကြီးပေါ်ကို လဲက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ကန်းရီနဲ့ ချင်ရီယွဲ့တို့က ဒီအခွင့်အရေးကို လက်မလွှတ်စတမ်း အသုံးချပြီး တန်ပြန်တိုက်စစ် ဆင်ပြီးတော့ ရန်ရင်းယွင်ကို ဖိနှိပ်ထိန်းချုပ်ပြီး ယာယီအားဖြင့် အသာစီး ရယူထားလိုက်ကြသည်။

ရန်ရင်ဟောင်က တန်ပြန်တိုက်စစ်ဆင်ချင်ပေမဲ့ သူမရဲ့ ပေါင်ကို မြားတွေက ဆက်ပြီးတော့ ထိမှန်နေပြီး သူမကို ချက်ချင်းဆိုသလို ဒေါသထွက်သွားစေခဲ့ပါတယ်။

အဲဒါ ထပ်လာပြန်ပြီ

ဟုချင်းဖန်က တီးတိုးရွတ်ဆိုလိုက်သည်။ သူက ဒီနည်းလမ်းနဲ့ ရှုံးနိမ့်သွားခဲ့ရတာပါ။

ပြိုင်ဘက်က ဘယ်လိုမျိုး နည်းလမ်းတွေကို အသုံးပြုနေတာပါလိမ့်။

ရန်ရင်းချီက သူမရဲ့ခေါင်းကို ဟုချင်းဖန်ရဲ့ ရင်ခွင်ထဲကနေ ထုတ်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူမရဲ့ အကြည့်က ထူးဆန်းနေပါတယ်။ သူမက မူလစွမ်းအင်ရဲ့ အငွေ့အသက် တစ်ခုထွက်ပေါ် လာတာကို ခံစားလိုက်ရပေမဲ့ ဖျတ်ခနဲဆို ပျောက်ကွယ်သွားပြီး အတည်မပြုနိုင်အောင် ဖြစ်သွားပါတယ်။

သူမက တခစ်ခစ် ရယ်မောပြီးတော့ ပြောလိုက်သည်။

ညီမလေး နင့်အစ်မက နင့်ကို ကူညီပေးတာ လိုချင်လား

ကောင်းပြီ

ရန်ရင်းယွင်က မြင်းလှည်းအိမ်ဆီကို ပြန်ဆုတ်လာခဲ့သည်။ ချင်ရှီယွဲ့နဲ့ ကန်းရှီတို့က လိုက်လံဖမ်းဆီးချင်ပေမဲ့ ရန်ရင်းချီက လက်ဂါးတစ်ချက်နဲ့ ရိုက်လိုက်တာကို မြင်လိုက်ရပြီး လက်ဂါးပေါ်က သွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေက ဖြန့်ကျက်လာပြီးတော့ အရောင်အဂါ တောက်ပခံ့ညားတဲ့ အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ကန်းရှီနဲ့ ချင်ရှီယွဲ့တို့ နှစ်ယောက်စလုံး ထိတ်လန့်မှုကြောင့် မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး အလျင်အမြန်ပဲ အနောက်ဘက်ကို ဆုတ်ခွာလာခဲ့ကြပါတယ်။

စိတ် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်

သူတို့နှစ်ယောက်ရဲ့ အသံတွေ တုန်ခါနေရုံတင်မက သူတို့ရဲ့ ခန္ဓာကိုယ်တွေလည်း အတော်လေး တုန်တုန်ယင်ယင် ဖြစ်လို့နေပါတယ်။

သူတို့ဘာများ တတ်နိုင်ဦးမှာလဲ။ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တွေက သေချာပေါက် ပန်းဖူးအဆင့် ပြိုင်ဘက်တွေကို

ဖျက်ဆီးပစ်နိုင်ပါတယ်။ သူတို့လို အဆင့်နိမ့်နဲ့ အလယ်အလတ် အဆင့်မှာ ရှိတဲ့လူကို အသာထားဦး။ သူတို့အားလုံးက ပန်းဖူးအဆင့် အထွတ်အထိပ်မှာ ရှိနေရင်တောင်မှ အသုံးမဝင်ပါဘူး။

ဟုချင်းဖန်က ပြန်လာပြီးတော့ တိုက်ခိုက်ပွဲတာ အံ့သြစရာ မရှိတော့ပါဘူး။ သူက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ခေါ်ထုတ်လာခဲ့ပါတယ်။

လပြွတ်ပဲ။ အခုဘာဆက်လုပ်ရမလဲ။

ဟားဟားဟား

ဟုချင်းဖန်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

လုံးဂကို မထင်ထားဘူး မဟုတ်လား။ အဖွဲ့ငယ်ခေါင်းဆောင် ဆရာမရင်းချီက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို လွန်ခဲ့တဲ့ နှစ်ဂက်က အဆင့်တက်သွားတာပဲ။ မင်းတို့လို ပန်းဖူးအဆင့် လူနည်းစုကို ထိန်းချုပ်ဖို့ဆိုတာ သူမအတွက်တော့ လက်ဖဝါးကို လှန်လိုက်သလိုပဲ လွယ်ကူလွန်းတယ်

လူတိုင်းလူတိုင်း အံ့အားသင့် သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် မြင်ကွင်းမှာ ပေါ်လာမှတော့ သူတို့အတွက် လွတ်မြောက်ဖို့ဆိုတာ ခက်ခဲသွားပါပြီ။ ပြန်တိုက်ဖို့ဆိုတာကတော့ ပြောမနေပါနဲ့တော့။

ခစ်ခစ်ခစ်

ရန်ရင်းချီက လှည်းကနေ လမ်းလျှောက်လာပြီး သူမရဲ့ ဖုထစ်တင်းကားနေတဲ့ တင်ပါးတွေကို လှုပ်လီလှုပ်လဲ့နဲ့ လျှောက်လာပြီး ယောကျာ်းလေးတွေကို တစ်ယောက်ပြီးတစ်ယောက် စိုက်ကြည့်လိုက်ပါတယ်။ ပြီးတော့ သူမက ပြောလိုက်သည်။

ဒီကရုံရွှေတော် အေစခံမေလေးက ဒီလိုမျိုး သန်သန်မာမာ ကောင်လေးတွေနဲ့ ချစ်ပွဲဂင်ရတာကို သေဘာအက်ဆုံးပဲ။ ယန်ချီတွေ ပြည့်နေရုံတင်မက စိတ်အားထက်သန်မှုတွေလည်း ပြည့်ပြီးတော့ အရမ်းကို ကောင်းမွန်တဲ့ အာဟာရေတြပဲ

အစ္စ နင်တစ်ယောက်တည်း ပျော်လို့တော့ ဘယ်ရမလဲ

ရန်ရင်းယွင်က အလျင်အမြန် ပြောလိုက်သည်။

ဖြန်း။

ဟုချင်းဖန်က သူမရဲ့ဖင်တုံးတွေကို ရိုက်ပြီးတော့ ပြောလိုက်သည်။

ဒီသခင်လေးက မင်းရဲ့ အလိုဆန္ဒကို ကျေနပ်အောင်လို့ မလုပ်ပေးနိုင်ဘူးလား

သခင်လေးမှာက ရတနာဒုတ် တစ်ချောင်းပဲ ရှိတယ်လေ။ ဒါပေမဲ့ သခင်လေးမှာက အခြွေအရံတွေ အများကြီး ရှိတယ်။ နောက်ပြီးတော့ သခင်လေးက မိန်းကလေးချင်ကိုလည်း ဂရုစိုက်ရဦးမယ် မဟုတ်လား

ရန်ရင်းယွင်က ရှက်ကိုးရှက်ကန်း မဖြစ်ပဲ အဲဒီအစား သူမရဲ့ ဖုထစ်နေတဲ့ တင်ပါးတွေကို လှုပ်ခါပြီး ပီတံတံ နန့်တန့်တန့် ပုံစံမျိုး လုပ်ပြလိုက်သည်။

ရန်ရင်းချီက ခ်ာခနဲ လှည့်ပြီးတော့ ပြောလိုက်သည်။

ညီမလေး တကယ်လို့ နင်းက ဒီယောက်ျားတွေ့

မူလယန်ချီကို စုပ်ယူမယ်ဆိုရင် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ကူးဖြတ်ဂင်ရောက်ဖို့ နင့်မှာ ငါးဆယ်ရာခိုင်နှုန်း ရှိလာလိမ့်မယ်

ရန်ရင်းယွင်က ပျော်ရွှင်မြူးထူးသွားပြီး ပြောလိုက်သည်။

ဒါဆိုရင် ဒုက္ခပေးသလို ဖြစ်သွားတဲ့အတွက် အစ်မကို ကျေးဇူးတင်ပါတယ်

ရန်ရင်းချီက တခစ်ခစ်နဲ့ ရယ်မောပြီး ခေါင်းညိတ်လိုက်သည်။

ဒီကချောမော ခံ့ညားတဲ့ အစ်ကိုလေးတွေက ကျမတို့ ညီအစ်မနဲ့ နွေဦးညတွေကို အတူတူ မကုန်ဆုံးချင်ဘူးလား။ ကျမတို့ ညီအစ်မက အစ်ကိုလေးတို့ကို အမျိုးသမီးတွေနဲ့အတူ ကျေနပ်နစ်သိမ့် ပျော်ရွှင်ရမဲ့ ကမ္ဘာ့စိတ်အကျေနပ်ဆုံး ခံစားမှုတွေ အပြည့်အဂ ခံစားရအောင် လုပ်ပေးမှာပါ

ချောင်ဇီဖေးနဲ့ တခြားလူတွေရဲ့ မျက်နှာက အရောင်ပြောင်းကုန်ပါတယ်။ ဒီညီအစ်မ နစ်ယောက်က သူမတို့ရဲ့ ယင်ဓာတ်တွေကို အားဖြည့်ဖို့ သူတို့ဆီက ယန်ဓာတ်ကို သိမ်းပိုက်ချင် နေတာကြတာပါ။ လေပြင်းလမင်းဂိုဏ်းရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ သူမတို့

လက်ထဲကိုသာ ကျသွားမယ်ဆိုရင် ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် သေချာပေါက် သူတို့ရဲ့ အသက်ဓာတ် စွမ်းအားတွေ အားလုံးကို သိမ်းယူခံရပြီး သေသွားရပါလိမ့်မယ်။

ရန်ရင်းချီက ဟူးညီဖုဆီကို ကြည့်လိုက်ပြီး ဟုချင်းဖန်ဘက်ကို ချာခနဲလှည့်ကာ မေးလိုက်သည်။

သခင်လေး ဒီမှာ ကလေးမငယ်လေး တစ်ယောက်လည်း ရှိသေးတယ်။ သူမကို ချန်ထားပေး ရမလား

သတ်လိုက်

ဟုချင်းဖန်က သူ့လက်ကို ပေ့ယမ်းပြလိုက်သည်။ သူက ချင်ရီယွဲ့ တစ်ယောက်တည်းနဲ့ပဲ အချစ်ရေယဉ်မှာ မျောချင်နေတာပါ။ ဒီကမ္ဘာကြီးထဲမှာ အေ၀ါအလွှေတြ မရေမတွက်နိုင်အောင် ရှိကြပေမဲ့ ချင်ရီယွဲ့နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဟဲလန်ယွင် ဒါမှမဟုတ် ရန်ညီအစ်မပဲဖြစ်ဖြစ် သူတို့အားလုံးက အပေးမှာပြတ်ကျန်ခဲ့ပါတယ်။

ဟူးညီဖုက ဒေါသတွေ ပေါက်ကွဲသွားပါတယ်။ သူတို့က

တကယ်ပဲ သူမလိုမျိုး ချစ်စရာကောင်းတဲ့ ကောင်မလေးကို သတ်ချင်နေတာလား။

ဟူးညိုက လင်းဟန်ရဲ့ ပွေ့ဖက်ထားမှုကနေ ခုန်ထွက်ပြီး ရန်ရင်းချီကို လက်ညိုးထိုးပြီးတော့ ပြောလိုက်သည်။

စုန်းမအိုကြီး ညိုးညိုး နင့်ကို သတ်ပစ်မယ်

အဲဒီနောက် ဟူးညိုက ခဏလောက် စဉ်းစားပြီးတော့ လင်းဟန်ဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

ညိုးညိုး အဲမိန်းမကြီးကို သတ်ပစ်လို့ ရမလား

ရတာပေါ့

လင်းဟန်က ခေါင်းညိတ်ပြလိုက်သည်။ ဟူးညိုရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ပင်ကိုယ်စရိုက်က အရမ်းကို ကြီးမားပါတယ်။ ဒီဘဝမှာတော့ ပြောင်းလဲပစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူမကို သတ်သင့်တဲ့ လူကိုပဲ သတ်ဖြတ်ခိုင်းဖို့ လမ်းညွှန်ပြလို့ပဲ ရနိုင်ပါလိမ့်မယ်။

ခစ်ခစ်ခစ်

ရန်ရင်းချီက တခစ်ခစ်နဲ့ ရယ်မောလိုက်ပါတယ်။ ဒီထပ်ပိုပြီးတော့ ရယ်စရာကောင်းတာ ရှိဦးမှာလား။ အသက် ခုနစ်နှစ် ရှစ်နှစ်ပဲ ရှိဦးမဲ့ ကလေးမငယ်လေးက သူမကို သတ်ပစ်မယ်လို့ ပြောနေပါတယ်။ အဲဒါက သူမကို ဟာသတစ်ပုဒ် နားထောင်နေရသလိုမျိုး ခံစားစေပါတယ်။

ညိုးညိုး အရင်ဆုံး သွေးပူလေ့ကျင့်ခန်း လုပ်လိုက်ဦးမယ်

ဟူးညိုက သူမရဲ့ လက်တွေကို မြှောက်ပြီး ခြေထောက်တွေကို ခွဲလိုက်ပါတယ်။ သူမပုံစံ ကြည့်ရတာ တကယ့်ကို လေးလေးနက်နက် ဖြစ်နေပုံ ရပါတယ်။

အားလုံးက ရယ်မောချင်နေ ကြပေမဲ့ သူတို့က အခုဆိုရင် မျှော်လင့်ချက် မရှိတဲ့ အနေအထား တစ်ခုနဲ့ ရင်ဆိုင်နေရပါတယ်။

ငါ သူတို့ကို ထိန်းထားပေးမယ်။ နင်တို့တွေ နောက်ဆုတ်ကြ

ချင်ရီယွဲ့က ပြတ်ပြတ်သားသားကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူမက အားလုံးကို ဒီကပ်ဘေးထဲ ပါဝင်ပတ်သက်စေခဲ့တဲ့ လူပဲဖြစ်ပါတယ်။ ဒါကြောင့်

ဒီအချိန်မှာ သူမက ဒီဂန်ထုပ်ဂန်ပိုးကို သူမတစ်ယောက်တည်း ခံယူချင်နေခဲ့တာပဲ ဖြစ်ပါတယ်။

သွားသွားသွားကြစို့

ချောင်ဇီဖေးနဲ့ တခြားလူငယ် လေးယောက်က အလျင်အမြန်ပဲ ပြောလိုက်ကြပါတယ်။ သူတို့က ချင်ရီယွဲ့လို ထူးထူးခြားခြား လှပချောမောသူကို နှစ်သက်သဘောကျပေမဲ့ သူတို့ရဲ့ မူလယန်ချီတွေ ချို့ငဲ့ပြီးတော့ သေရမှာကို ပိုပြီးတော့ မုန်းတီးပါတယ်။

မင်းတို့ ထွက်သွားလို့ ရမယ်လို့ ထင်နေတာလား

ရန်ရင်းချီက မထိတထိနဲ့ ရယ်မောလိုက်သည်။ ဘယ်လိုလုပ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့် လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပန်းဖူးအဆင့် အလယ်အလတ် စစ်သည်တော် တစ်ယောက်က ဟန့်တားနိုင်မှာလဲ။

ချင်ရီယွဲ့က ဓားကို သူမရဲ့ လည်ပင်းပေါ် တင်ပြီးတော့ ပြောလိုက်ပါတယ်။

တကယ်လို့ ရှင်အရှေ့ကို ဆက်ပြီးတော့ တိုးလာမယ်ဆိုရင် ကံမ ကိုယ့်ဘာသာကိုယ် သတ်သေပစ်လိုက်မယ်

အဖွဲ့ငယ်ခေါင်းဆောင် ရင်းချီ

ဟုချင်းဖန်က အလျင်အမြန် အော်ဟစ်လိုက်သည်။ သူ့ရဲ့ပစ်မှတ်က ချင်ရီယွဲ့ပဲ ဖြစ်ပါတယ်။ တကယ်လို့ ဒီအလှပဂေးလေး သေသွားမယ်ဆိုရင် သူကြိုးစားအားထုတ်သမျှတွေ အကုန်လုံး သဲထဲရေသွန်သလို ဖြစ်သွားလိမ့်မယ် မဟုတ်လား။

ရန်ရင်းချီက နာခေါင်းရှုံ့ပြီးတော့ ခဏလောက် တုံ့ဆိုင်းပြီး အေးစက်စက်နဲ့ ရယ်မောလိုက် ပါတယ်။

တကယ့်ကို ယောက်ျားကောင်း အစုပ္ပုပဲ။ မိန်းကလေး တစ်ယောက်က နင်တို့ကို ကယ်တင်ဖို့ သူမကိုယ်သူမ ဓားစာခံအဖြစ် အသုံးချပြီး လုပ်နေရတယ်။ နင်တို့က ယောက်ျားမှ ဟုတ်ရဲ့လား

ချောင်ဇီဖေးနဲ့ လူငယ်လေးယောက်က သူတို့ရဲ့ လျှာတွေကို ခဲဆြဲထားသလို လေးလံနေပါတယ်။ ဒါပေမဲ့ အနာဂတ်မှာ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်မားလာတဲ့ အချိန်မှာ

သူတို့က ရန်ငြိုးအတွက် ပြန်လာရပါလိမ့်မယ်။

ညိုးညိုး သွေးပူလေ့ကျင့်ခန်း လုပ်လို့ပြီးပြီ။ ရုပ်ဆိုးဆိုး စုန်းမကြီး လက်သီးကိုကြည့်

ဟူးညိုက နှစ်ကြိမ်ခုန်ပြီးတော့ သူမရဲ့ လက်သီးသေးသေးလေးကို မြှောက်လိုက်ပါတယ်။

ညိုးညိုးရဲ့ အဆုံးစွန် တိုက်ကွက်ကိုကြည့်။ ညိုးညိုးရဲ့ ကောင်းကင်ပေါ်က ကျဆင်းလာတဲ့ နဂါးလက်သီး။ လက်သီးတစ်ချက်နဲ့ အကူနှံး အမြစ်ဖြုတ်

Chapter 610 end

Zawgyi. အပိုင်း(၆၁၁) အားလုံး အံ့အားသင့်ကုန်တယ်

ရှုပ်။

သူမက လျှပ်စီးအလင်းတန်း တစ်ခုနဲ့ တူပြီးတော့ မျက်စိအမြင်နဲ့ ပုံရိပ်ကို ဖမ်းမိဖို့တောင် အရမ်းကို ခက်ခဲနိုင်ပါလိမ့်မယ်။

အနည်းဆုံးတော့ စိတ်ဂိုညာဉ် နတ်သူငယ်အဆင့်

စစ်သည်တော်တွေအတွက် ဖမ်းဆုပ်မိဖို့ အရမ်းကို ခက်ခဲပါတယ်။

ရန်ရင်းချီက စိတ်ဂိုညာဉ် နတ်သူငယ် အဆင့်ကို ရောက်ရှိတာ မကြာသေးပါဘူး။ ပြီးတော့ ဘယ်သူကများ အသက်ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေးကို သတိဂီရိယရှိရှိနဲ့ နိုးကြားတက်ကြွစွာနဲ့ ကြည့်နေမှာလဲ။ ဟူးညိုကို နည်းနည်းလေးမှ ဂရုမထားမိပဲ သူမရဲ့ မျက်လုံးတွေ အရှေ့မှာ ဝေဝါးသွားသလို ခံစားရပြီး ဟူးညိုက သူမရဲ့ အရှေ့ကို မှုန်ဝါးဝါးနဲ့ ပေါ်လာခဲ့သည်။

သူမက စိတ်ထဲကနေ ကျိတ်ပြီးတော့ မကောင်းတော့ဘူးလို့ ပြောလိုက်ပြီး အနောက်ဘက်ကို ခုန်ဆုတ်လိုက်ချင်ပေမဲ့ ဟူးညိုက လက်သီးတစ်လုံးကို သူမရဲ့ မေးစေ့ဆီကို ပစ်သွင်းလိုက်သည်။

ပုန်း။

ရန်ရင်းချီက လွင့်ထွက်သွားခဲ့ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ တိုက်ခိုက်မှုကြောင့် သူမကို ပြင်းပြင်းထန်ထန် ခံစားသွားစေခဲ့သည်။

ခရက်။

အရိုးအက်တဲ့ အသံတစ်ခုကို ကြားလိုက်နိုင်ပါတယ်။ မူလစွမ်းအင်ရဲ့ ခုခံကာကွယ်မှု ဆုံးရှုံးနေရင် စိတ်ဝိဉာဉ် နတ်သူငယ်အဆင့်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို ထိလွယ်ရှလွယ်ပါတယ်။ သူမရဲ့ ခေါင်းက ဟူးညိုရဲ့ လက်ချက်ကြောင့် ပြတ်သွားခဲ့ပါတယ်။

ရန်ရင်းချီက ဆတ်ခနဲ ဖြစ်သွားပြီး မျက်လုံး ဖွင့်ကြည့်လိုက်တဲ့ အခါမှာ တုန်လှုပ်ခြောက်ချားနေတဲ့ အမူအရာနဲ့အတူ သူမ၏ ခေါင်းပြတ်ခန္ဓာကိုယ်ကြီးက တအိအိနဲ့ လဲပြိုကျသွားခဲ့သည်။

ဟူးညိုက မြေပြင်ပေါ်ကို ပြန်ကျလာတဲ့ အခါမှာ သူမရဲ့ လက်နဲ့ကောက်ကိုင်ပြီး ရန်ရင်းချီရဲ့ ခေါင်းပြတ်ကြီးကို လွင့်ပစ်လိုက်ပါတယ်။

ဂုဏ်သိက္ခာရှိတဲ့ စိတ်ဝိဉာဉ် နတ်သူငယ်အဆင့် သူမက မိန်းကလေးငယ်လေးကြောင့် ခေါင်းပြုတ်ပြီး တစ်ခါတည်း သေသွားခဲ့ရသည်။

ဒီမြင်ကွင်းကြောင့် တိတ်ဆိတ်ငြိမ်သက် ကုန်ပါတယ်။

ချင်ရီယွဲ့၊ ဟဲလန်ယွင်၊ ချောင်ဇီဖေးနဲ့ တခြားလူတွေ အားလုံးက ဟူးညိုနဲ့ သိနေပြီး သူမနဲ့အတူ စားသောက်ဖူးကြပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့ရဲ့ ခြေထောက်တွေက တုန်ယင်နေပြီး သူတို့တွေက အားနည်းပြီးတော့ မူးမေ့မလို ခံစားနေရပါတယ်။

ဒီကလေးမလေးက အရမ်းကို ထိတ်လန့်စရာကောင်းပါတယ်။

ချင်ရီယွဲ့က ဒီကလေးမလေးအနေနဲ့ ဘယ်လောက်တောင်မှ စိတ်မကြည်မသာ ဖြစ်နေလို့ သူမကို သတ်လို့ရနိုင်မလားလို့ လင်းဟန်ကို မေးခဲ့တဲ့ကြောင်း ပြန်ပြီးတော့ စဉ်းစားကြည့်လိုက်ပါတယ်။ အဲဒီအချိန်တုန်းက ဟာသတစ်ခုကို ကြားရသလိုမျိုး ထင်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတစ်ကြိမ် ကြည့်လိုက်တော့ ဒီကလေးမလေးက တကယ့်ကို လေးလေးနက်နက်နဲ့ ပြောခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။

သူမက တကယ်ပဲ သေခြင်းတံခါးဂကနေ ပြန်လှည့်လာခဲ့တာ ဖြစ်ပြီးတော့ ဒီအကြောင်းကို စဉ်းစားမိလိုက်တဲ့ အခါမှာ ထိတ်လန့်ဖွယ်ရာကောင်းတာကြောင့် သူမရဲ့ တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်လာသလို ခံစားရပါတယ်။

"အား"

ဟုချင်းဖန်နဲ့ ရန်ရင်းယွမ်တို့က နောက်ဆုံးမှာ သတိပြန်ဝင်လာပြီး အလျင်အမြန်ပဲ မြင်းလှည်းအိမ် အထဲကို ပြေးဝင်သွားကြပါတယ်။

"သွား သွား"

ဟုချင်းဖန်က မိန်းမချော လေးယောက်ကို မြင်းလှည်းမြန်မြန် မောင်းနှင်ဖို့ ဆော်သြလိုက်ပါတယ်။

"ချစ်စရာကောင်းတဲ့ ညီးညီးကိုမှ သတ်ချင်နေတယ် ဟုတ်လား။ ညီးညီး ဒေါသထွက်သွားပြီ"

ဟူးညိုက နောက်ကလိုက်ဖမ်းပြီး သူမရဲ့ ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားပြီးတော့ မြင်းလှည်းအိမ်ရဲ့ အပေါ်ကို လျှပ်ပြက်သလို ရောက်သွားပြီး လက်သီးတစ်ချက် ထိုးချလိုက်ပါတယ်။

ပုမ်း။

အလင်းရောင် မျက်နှာပြင်ကြီး တစ်ခုက ထွက်ပေါ်လာပြီး သူမရဲ့ လက်သီးကို ဟန့်တား လိုက်ပါတယ်။

တကယ်တော့ ဒီအလင်းရောင် မျက်နှာပြင်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာ ဖြစ်ပြီးတော့ ဟူးညိုက ပန်းဖူးအဆင့် နောက်ပိုင်းအဆင့်မှာပဲ ရှိပါသေးတယ်။ သူမရဲ့ လက်သီးတွေက ဒါကို ပျက်စီးသွားအောင် မလုပ်နိုင်ပါဘူး။

ဟုချင်းဖန်က အံ့အားသင့်နေရာကနေ အနည်းငယ် ပြန်လည်သတိဝင်လာခဲ့ပြီး စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

"ဟားဟားဟား လာလေ လာပါ။ ဒီသခင်လေးကို သတ်ချင်နေတာလား။ မင်းနောက်ထပ် နှစ်ပေါင်း တစ်ထောင် တစ်သောင်းလောက် ကျင့်ကြံအားထုတ်လိုက်ဦး ဟားဟားဟားဟား"

ဟူးညိုရဲ့ ဒေါသတွေ ပေါက်ကွဲလာပြီး အလင်းရောင် မျက်နှာပြင်ကို သူမရဲ့ သွားတွေနဲ့ စတင်ကိုက်ဖြတ်ပါတော့တယ်။

ခရက် ခရက်။

အလင်းရောင် မျက်နှာပြင်တောင်မှ ဟူးညို့ရဲ့ သွားနဲ့တွေတော့ တောင့်မခံနိုင်တော့ပဲ ရုတ်ချည်းဆိုသလို ပျက်စီးလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ၎င်းက မူလစွမ်းအင်နဲ့ အသက်သွင်းထားတာ ဖြစ်တာကြောင့် ပျက်စီးသွားတဲ့ အလင်းရောင် မျက်နှာပြင်က ချက်ချင်းပဲ ပြန်လည်ကောင်းမွန်လာပြီး ဟူးညို့ရဲ့ ဒေါသကို ဆွနေသလိုပါပဲ။

အချိန်အနည်းငယ် အတွင်းမှာ နှစ်ဖက်စလုံးက ညီတူမျှတူ လက်ရည်ညီနေပါတယ်။

ဟုချင်းဖန်က ထိတ်လန့်တကြား ဖြစ်သွားပြီး နောက်ထပ်တစ်ကြိမ် ကြံရာမရ ဖြစ်သွားတာကြောင့် အလျင်အမြန်နဲ့ အော်ဟစ်လိုက်ပါတယ်။

"သွားသွား မြန်မြန်သွားပါဟ"

မိန်းမချော လေးယောက်ကလည်း မြင်းလှည်းကို အလျင်အမြန် မောင်းနှင်ပြီးတော့ အရှိန်တင်လိုက်ပြီး ကောင်းကင်ပေါ် ကို ပျံတက်လိုက်ပါတယ်။

ရွှစ်။

မကြာခင်မှာပဲ မြင်းလှည်းက မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။

ချင်ရီယွဲ့နဲ့ တခြားလူတွေက ခံစားချက် ကင်းမဲ့နေသလို ကျောက်ရုပ်ကြီးတွေလိုမျိုး မာတောင့် နေကြပါတယ်။ သူတို့လက်ခံ ရရှိလိုက်တဲ့ အကျိုးသက်ရောက်မှုက တကယ့်ကို ကြီးကျယ်လွန်း ပါတယ်။

အချိန်တော်တော်ကြာပြီးမှ လျှပ်စီးအလင်းတန်း တစ်ခုကို မြင်တွေ့နိုင်ပြီး ဟူးညိုက ပြန်လည်ရောက်ရှိ လာခဲ့ပါတယ်။ ဟူးညိုက နှုတ်ခမ်းစူပြီး လက်တွေကို သူမရဲ့ တင်ပါးပေါ် တင်ပြီးတော့ ပြောလိုက်ပါတယ်။

"ပျော်စရာလည်း မကောင်းဘူး။ သူတို့က အဝေးကို ထွက်ပြေးသွားတယ်"

ဟူးညိုက တော်တော်လေးကို ကြောက်စရာကောင်းပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ခုခံမှုကို တစ်ချက်ကိုက်ပြီး စုတ်ဖြဲပစ်ပါတယ်။ တကယ်လို့ ဒီအကြောင်းကို တခြားလူတွေ သိသွားမယ်ဆိုရင် ကမ္ဘာကြီး

တစ်ခုလုံး တုန်လှုပ်သွားနိုင်ပါတယ်။

ဒီအချိန်မှာ လူတိုင်းလူတိုင်းက ဟူးညိုဆီကို ကြည့်နေကြပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူတို့ရဲ့ အကြည့်ထဲမှာ သေးသိမ်စေတဲ့ အထင်အမြင်သေးမှုတွေ နည်းနည်းလေးမှ မရှိပါဘူး။ ဒါက မကောင်းဆိုးဝါး အငယ်စားလေးပါ။ သူတို့ကို သတ်ပစ်နိုင်စွမ်း ရှိပါတယ်။

"တိုက်ပွဲတစ်ခု တိုက်ပြီးတော့ ညီးညီး ဗိုက်ဆာလာပြီ"

ဟူးညိုက လင်းဟန်ကို ဖက်တွယ်လိုက်ပြီးတော့ ချွဲချွဲနွဲ့နွဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ညီးညီး နောက်ထပ် အသားတစ်ပိုင်းလောက် စားလို့ရနိုင်မလား"

"မရဘူး ဒီနေ့ ညီးညီးစားတာ လုံလောက်နေပြီ"

လင်းဟန်က သူရဲ့ခေါင်းကို ခါလိုက်ပြီး ပြတ်ပြတ်သားသားနဲ့ လုံးဝကို ခွင့်မပြုပါဘူး။

"အသားလေး နည်းနည်းပဲ စားမယ်လေ။

အပိုင်းသေးသေးလေးပါပဲ”

ဟူးညိုက ထပ်ပြီးတော့ တောင်းဆိုလိုက်ပါတယ်။

“မရဘူးဆိုရင် မရဘူးပဲ”

လင်းဟန်က အလျှော့မပေးပါဘူး။

“ကပ်စေးနဲလိုက်တာ။ ညီးညီး ထပ်ပြီးတော့ ဆိုးလိုက်မှာနော်”

ဟူးညိုက နှုတ်ခမ်းစူပြီးတော့ ဒေါသထွက်ပြလိုက်ပါတယ်။

လူတိုင်းလူတိုင်းက လင်းဟန်အတွက် အေးစက်စက်ချွေးတွေ ပျံလာခဲ့ပါတယ်။ ဒါက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ခေါင်းကို ပြုတ်ထွက်သွားအောင် လုပ်ခဲ့တဲ့ မကောင်းဆိုးဂါး အငယ်စားလေး ဖြစ်ပါတယ်။ ပြီးတော့ မင်းက သေချင်နေလို့ သူမရဲ့ စကားကို မနာခံတာလား။ သူမက မင်းကို နှစ်ခြမ်းဆွဲဖြဲပြီးတော့ မင်းလည်ပင်းကနေ ဖြုတ်ပြီးတော့ အရက်ခွက် လုပ်လိုက်မှာကို မကြောက်ဘူးလား။

ဒါပေမဲ့လည်း အားလုံးကို အံ့အားသင့်သွားစေခဲ့တာက

ဟူးညို့က ဘာပြဿနာမှ မရှာပဲ လင်းဟန်ကို ထပ်ပြီးတော့ ချွဲလိုက်ပြီး သနားစဖွယ် တောင်းပန်နေပါတယ်။ နောက်ဆုံးတော့ သူမက အသားခြောက် တစ်ပိုင်းကို ရရှိသွားတဲ့ အချိန်မှာ မယုံနိုင်စရာ ကောင်းလောက်အောင် ပျော်ရွှင်သွားခဲ့ပါတယ်။

ဒါ ဒါ ဒါက လုံးဝကို မယုံနိုင်စရာပဲ။

သူတို့အားလုံး လုပ်လုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ ဒီမိန်းကလေးက အစားအသောက် အရမ်းကို မက်ပါတယ်။ သူမကို အစားနဲ့ မျှားလို့ ရနိုင်လောက်ပါတယ်။ တကယ်လို့ သူတို့က စိတ်ဂိညာဉ် နတ်သုငယ် အဆင့်နိမ့် ပြိုင်ဘက်တစ်ယောက်ကို သတ်ပစ်နိုင်တဲ့ ခွန်အားကို ပိုင်ဆိုင်ထားတဲ့ ဒီမိန်းကလေးကို ပြန်ပေးဆွဲနိုင်ပြီး သူမက ဆယ်ကျော်သက်အရွယ် ဒီထက်ပိုပြီးတော့ အရွယ်ရောက် လာခဲ့မယ်ဆိုရင် ဘယ်လောက်တောင်မှ သန်မာလိုက်မလဲ။

ဒါက အကျိုးအမြတ်တစ်ခုပဲ။

သူတို့က လင်းဟန်ကို တကယ့် အရူးတစ်ယောက်လို့ တွေးလိုက်ကြပြီး ဟူးညို့ကို မျက်နှာလို မျက်နှာရ လုပ်ဖို့အတွက် အသားခြောက်တွေကို အလျင်အမြန်

ထုတ်ယူလိုက်ကြပါတယ်။ ဒီလိုမျိုး သန်မာတဲ့ နောက်လိုက်တစ်ယောက်ကို ကောင်းကောင်းမွန်မွန် ထိန်းသိမ်းနိုင်ဖို့ လိုအပ်တာကို မင်းက အသားခြောက် နည်းနည်းလေးကိုတောင် ကပ်စေးတိုနေသေးတာပဲ။

ရှေးစကားပုံ တစ်ခုကို မကြားဖူးဘူးလား။

"တကယ်လို့ မင်းရဲ့ ကလေးငယ်ကို အလျှော့မပေးဘူးဆိုရင် မင်းက ဂံပုလွေကို မထိမှန် နိုင်ဘူး"

အခုပြောနေတာက မင်းရဲ့ကလေး မဟုတ်ပါဘူး။ အသားခြောက်လေး နည်းနည်းလေးပါ။

ဒါပေမဲ့လည်း သူတို့က ဟူးညိုကို လှုပ်ရှားသွားအောင် လုပ်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အားလုံးပဲ ကန်ထုတ်ခံလိုက်ရပါတယ်။ အခုဆိုင် သူမအတွက် သတ်ဖြတ်ဖို့ မထိန်းချုပ်ထားဘူး ဆိုရင် သူမက သေချာပေါက် သူတို့ကို စိတ်အနှောင့်အယှက် ပေးတာကြောင့် အားလုံးကို သေချာပေါက် သေကျေပျက်စီးသွားအောင် လုပ်ပစ်ပါလိမ့်မယ်။

ချင်ရီယွဲ့ရဲ့ လှပတဲ့ မျက်လုံးတွေက လင်းဟန်အပေါ်မှာ

အာရုံစိုက်ပြီး ကြည့်နေပါတယ်။ သူမက အစောပိုင်းတုန်းက အခြေအနေကို စဉ်းစားမိလိုက်ပါတယ်။ ရန်ရင်းယွင်က ထူးထူးခြားခြားနဲ့ မကြာခဏ ဒယိမ်းဒယိုင် ဖြစ်သွားပြီး ကျွမ်းကျင်သူ တစ်ယောက် အတွက်တော့ ဒါက လုံးဝကို မဖြစ်သင့်ပါဘူး။ အခု ဟူးညို့ရဲ့ ထူးဆန်းမှုတွေနဲ့ ပေါင်းစပ်ကြည့်ပြီး စဉ်းစားလိုက်တဲ့ အခါမှာ သူမမှာ ရဲတင်းတဲ့ ခန့်မှန်းချက် တစ်ခု ရှိနေပါပြီ။

လင်းဟန်မှာလည်း ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားကို ပိုင်ဆိုင်ထားလို့ ဒီရက်စက် ကြမ်းကြုတ်တဲ့ ကလေးမကို ထိန်းချုပ်ထားနိုင်တာလား။

"ရုပ်ဆိုးမကြီး ညိုးညိုးရဲ့ လင်းဟန်ကို စိုက်ကြည့်နေတာလား။ နင်မကောင်းတာ တစ်ခုခု ကြံစည်နေတယ် မဟုတ်လား"

ဟူးညို့က ရုတ်တရက် ချင်ရီယွဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ သူမရဲ့ မျက်နှာသေးသေးလေး အပေါ်မှာ ရက်စက်ကြမ်းကြုတ်မှုတွေ ပြည့်နှက်နေပါတယ်။ သူမရဲ့ လင်းဟန် အကြောင်းကို တစ်စုံတစ်ယောက်က အမြဲတမ်းလိုလို မကောင်းတာ တွေးတောကြံစည်နေရင် သူမအနေနဲ့ ဘာကိုမှ ဂရုမစိုက်နိုင်ပါဘူး။

ချင်ရီယွဲ့က အများကြီး မစဉ်းစားမိပါဘူး။ ဒီကလေးမလေးက သေသေချာချာ ရှင်းရှင်းလင်းလင်းနဲ့ လင်းဟန်ရဲ့ နာမည်ကို မှားယွင်းပြီးတော့ ရွတ်ဆိုလိုက်တယ်လို့ပဲ ယူဆလိုက်ပါတယ်။ သူမက ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်သည်။

"ညီးညီး အစ်မက ဘယ်နားမှာ ရုပ်ဆိုးတာလဲ"

"နေရာတိုင်း ရုပ်ဆိုးတယ်"

ဟူးညိုက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပြီး ကျူးရွှမ်အာဘက်ကို လက်ညိုးထိုးညွှန်ပြလိုက် ပါတယ်။

"ဒီရုပ်ဆိုးဆိုး မကောင်းဆိုးဂါးမလောက်တောင် ချစ်စရာ မကောင်းဘူး။ ဒါကြောင့် နင်က ဘယ်နေရာက ရုပ်မဆိုးပဲ နေမှာလဲ"

ချင်ရီယွဲ့က မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူမရဲ့ အလှအပက ကျူးရွှမ်အာထက် အဆပေါင်းများစွာ သာလွန်ပါတယ်။ ဒါပေမဲ့ သူမက ဒါကိုဖွင့်မပြောပဲ အဲဒီအစား သူမက ရိုးရိုးလေး မေးလိုက်ပါတယ်။

"ညီးညီး။ ညီးညီးရဲ့ လင်းယွမ်က အထင်ကြီးစရာကောင်းလား"

ဟူးညိုက ချက်ချင်းပဲ ဖြေလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ ဂုဏ်ယူမှုတွေနဲ့ ပြည့်နေပါ

"ဒါပေါ့။ ညီးညီးလိုပဲ အထင်ကြီးစရာကောင်းတယ်"

တယ်။

"အိုး"

ချင်ရီယွဲ့ရဲ့ လှပတဲ့ မျက်လုံးတွေကို လှန်ကြည့်လိုက်ပါတယ်။ လင်းဟန်ကို ကြည့်ရတာ သာမန်မဟုတ်ဘူး ဆိုတာကို သူမသေချာပေါက် သိပါတယ်။

Chapter 611 end

Zawgyi. အပိုင်း(၆၁၂) ရောမဖျက်ဆီးခြင်း သတ်ဖြတ်သူဘုရင်

သူတို့အဖွဲ့က ခရီးဆက်လက် ထွက်ခွာလာခဲ့ကြပါတယ်။

ဒီမတော်တဆမှု ဖြစ်အပြီးမှာတော့ ဘယ်သူကမှ လင်းဟန်အကြောင်းကို နောက်ထပ်တစ်ကြိမ် သေးသိမ်အောင်လို့ မပြောဆိုပံ့ကြတော့ပါဘူး။ သူတို့က လင်းဟန်ကို ကြောက်လို့တော့ မဟုတ်ပါဘူး။ ဟူးညီကြောင့်ပဲ ဖြစ်ပါတယ်။ ဒီကလေးမလေးက လင်းဟန်ကို အရမ်းပဲ ငြိတွယ်နေပြီး ဘယ်သူမဆို လင်းဟန်ရဲ့ မကောင်းကြောင်းကို ပြောတာနဲ့ ဒီကလေးမရဲ့ ရိုက်နှက်ခြင်းကို ခံရလိမ့်မယ် မဟုတ်လား။

ဒီမိန်းကလေးက နတ်ဆိုးတစ်ကောင်ပါပဲ။ ညှာတာကင်းမဲ့မှု မရှိပဲ လူတွေကို သတ်ဖြတ်ပစ် ပါတယ်။

သူတို့အားလုံးက လင်းဟန်ကို ပိုပြီးတော့ မနာလို ဖြစ်နေကြပါတယ်။ သူတို့တစ်ယောက်စီတိုင်း အရာရာတိုင်းမှာ လင်းဟန်နဲ့ တုပြိုင်လို့ မရဘူးလား။

နှစ်ရက်လောက် ခရီးသွားပြီးတော့ သူတို့က နောက်တစ်ကြိမ် ဖမ်းမိခြင်းကို ခံလိုက်ရသည်။

ဟုချင်းဖန်ပဲ ဖြစ်ပါတယ်။

လင်းဟန်က အတော်လေးကို အထင်ကြီးသွားခဲ့ပါတယ်။ ဒီကောင်က သေခြင်းတရားကို ဘယ်လောက်တောင် မကြောက်မရွံ့နဲ့ နှစ်ကြိမ်တိုင်တိုင် ထွက်ပြေးရတာကို ပြန်လာပံ့ သေးတာလား။ မဟုတ်သေးဘူး။ ဒီကောင်က ဘယ်လောက်တောင် တဏှာစိတ်ကြီးပြီး ချင်ရီယွဲ့ရဲ့ အကြောင်းကို မကြာခဏ စဉ်းစားနေတာကြောင့် ဖြစ်နိုင်တယ် မဟုတ်လား။

"ဟားဟားဟား ဒီသခင်လေး နောက်တစ်ကြိမ် ပြန်လာပြီကွ"

အရင်မြင်းလှည်းအိမ်ကိုပဲ ချောမောလှပတဲ့ အမျိုးသမီးလေးယောက်က မောင်းနှင်လာခဲ့ပါတယ်။ အရင်တစ်ခေါက်နဲ့ မတူညီတော့တာက လှည်းအိမ်အတွင်းကနေ ဘာအသံမှ မကြားရတော့ခြင်းပဲ ဖြစ်ပါတယ်။

"လက်ခုပ်တီးပေးဖို့ လိုလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"လက်ခုပ်တီးမယ် ဟုတ်လား။ တကယ်လို့ မင်းတို့တွေ လက်ညှိုးထောင်ပြီး အကြိုက်လိုက်မယ် ဆိုရင်တောင်

အသက်ရှင်လိမ့်မယ်လို့ မစဉ်းစားနဲ့"

ဟုချင်းဖန်ရဲ့ အသံက ထွက်ပေါ်လာပါတယ်။ မြင်းလှည်းအိမ်က ပွင့်လာပြီး သူရဲ့ဘေးမှာ အဘိုးကြီး တစ်ယောက်နဲ့အတူ ရင်ဘောင်တန်း လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

လင်းဟန်က အထင်အမြင် သေးစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့ လေပြင်းလမင်းဂိုဏ်းက ကောင်တွေ အားလုံးက ရမက်ကြီးသလို လိင်တူလည်း စိတ်ဝင်စားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားဘူး။ မင်းကိုကြည့်ပြီးတော့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။ ညစ်ပတ်ဆိုးဝါးလိုက်တာ။ တကယ့်ကို ညစ်ပါတ်တဲ့ကောင်ပဲ"

"အဓိပ္ပါယ်မရှိတာ လျှောက်မပြောနဲ့ကွ"

ဟုချင်းဖန်းက အလျင်အမြန်ပဲ ထခုန်လိုက်ပါတယ်။ သူတို့ လေပြင်းလမင်းဂိုဏ်းက ချစ်မှုရေးရာ ကိစ္စတွေမှာ သိက္ခာစောင့်ထိန်းမှု မရှိဘူး ဆိုပေမဲ့ သူတို့က ဒါနဲ့ပတ်သက်ပြီးတော့ ဂုဏ်ယူကြပါတယ်။ အမျိုးသားနဲ့

အမျိုးသမီးကြားက ကျေနပ်ပျော်ရွှင်မှုတွေက သဘာဝတရား ဖြစ်ပေမဲ့ ယောကျ်ားအချင်းချင်းကတော့ အော့ ထွီ။

"ဒါဆိုရင် ဘာလဲ။ ယောကျ်ား တစ်ယောက်နဲ့ နောက်ထပ် ယောကျ်ားတစ်ယောက်။ မင်းတို့ နှစ်ယောက်က အတူတူ အထဲမှာနေပြီး ဘာမှမဖြစ်တော့ဘူးလား"

လင်းဟာန်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"ဂျူနီယာက ရိုင်းပျလှချည်လား"

အဘိုးကြီးက ချက်ချင်းပဲ နှာခေါင်းရှုံ့လိုက်ပါတယ်။ အဘိုးကြီးရဲ့ အသံက သတ္တုအချင်းချင်း ကျိတ်ပြီးတော့ ထွက်လာသလို အသံသေး အသံကြောင်နဲ့ နားထောင်ရ အရမ်းကို ဆိုးဝါးပြီး ဖျက်ဆီးခြင်း စွမ်းအားနဲ့ ထက်ရှမှုတွေ ပြည့်နှက်နေပါတယ်။ ချောင်ဇီဖေးနဲ့ တခြားလူတွေက ချက်ချင်းပဲ သူတို့ရဲ့ မျက်လုံး နားရွက်နဲ့ နှာခေါင်းတွေကနေ သွေးတွေယိုစိမ့် ကျလာခဲ့ပါတယ်။ ချင်ရီယွဲ့တစ်ယောက်ပဲ သူမရဲ့ အဆင့်က မြင့်မားတာကြောင့် ဘာမှမဖြစ်ပဲ ရှိနေခဲ့သည်။

လင်းဟာန်၊ ကျူးရွှမ်အာနဲ့ ဟူးညိုတို့လည်း ဘာမှမဖြစ်ပါဘူး။

လင်းဟန်နဲ့ ဟူးညိုတို့ရဲ့ တိုက်ပွဲစွမ်းရည်က အစွမ်းထက်ပြီးတော့ ကျူးရှမ်အာကာတော့ လင်းဟန်ရဲ့ ကာကွယ်ပေးမှုကို ရရှိထားပါတယ်။

"ရောမဖျက်ဆီးခြင်း သတ်ဖြတ်သူ ဘုရင် သွမ့်မင်းဒု"

ချင်ရီယွဲ့ ချက်ချင်းပဲ အော်ဟစ်လိုက်သည်။

"ဟားဟား မိန်းကလေး မင်းက ဒီအဘိုးကြီးကို သတိပြုမိလိမ့်မယ်လို့ လုံးဝမမျှော်လင့်ထားဘူး။ ဟဲဟဲဟဲ မင်းက တကယ့်ကို ချစ်စရာကောင်းတာပဲ။ တကယ်လို့ သခင်လေးကသာ မင်းကို သဘောကျဘူးဆိုရင် ငါအဘိုးကြီးတောင် မင်းနဲ့အတူတူ ကျင့်ကြံချင်စိတ်တွေ ဖြစ်ပေါ်လာတယ်"

အဘိုးကြီးက ချင်ရီယွဲ့ကို တဏှာရာဂခိုးတွေ ဝေနေတဲ့ အကြည့်နဲ့ စိုက်ကြည့်ပြီးတော့ အသံသေး အသံကြောင်နဲ့ ရယ်မောလိုက်ပါတယ်။

"ရောမ ဖျက်ဆီးခြင်း သတ်ဖြတ်သူ ဘုရင် သွမ့်မင်းဒုက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်ပဲ"

ချင်ရီယွဲ့က သတိပေးလိုက်ပါတယ်။

အားလုံးက မျှော်လင့်ချက်တွေ ပျက်သုန်းသွားသလိုမျိုး စိတ်ပျက်လက်ပျက် ဖြစ်သွားကြပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့်က သူတို့အတွက် အရမ်းကို သန်မာလွန်းပါတယ်။ ဟူးညိုက ထူးခြားတယ် ဆိုပေမဲ့ တကယ်တမ်းတော့ သူမက ပန်းဖူးအဆင့်မှာပဲ ရှိပါသေးတယ်။ ပြီးတော့ ရန်ရင်းချီကို သတ်ပစ်နိုင်ခဲ့တယ် ဆိုတာက ဟူးညိုတိုက်ခိုက်လိမ့်မယ်လို့ သူမက မမျှော်လင့်ထားတာကြောင့် ဖြစ်ပါတယ်။ ဘယ်သူကများ အသက် ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေးမှာ ဒီလိုမျိုး အမြန်နှုန်း ရှိလိမ့်မယ်လို့ ထင်မှတ်ထားမှာလဲ။

ဒါပေမဲ့ အခုတော့ သွမ့်မင်းဒုမှာ သေချာပေါက် အကာအကွယ် ယူဆောင်လာမှာ ဖြစ်ပြီးတော့ သူက စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့် ဖြစ်တာကြောင့် ရန်ရင်းချီလို ဒီအဆင့်ကို ရောက်လာတာ မကြာသေးတဲ့ လူတစ်ယောက်က ဘယ်လိုမှ နိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ပြီးဆုံးသွားပြီ။

ဒီလိုမျိုး အတွေးတစ်ခုက သူတို့အားလုံးရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။

"အရှင်သခင်သွမ့် ဒီမိန်းကလေးကလွဲပြီးတော့ ကျန်တာအားလုံးကို သတ်လိုက်ပါ"

ဟုချင်းဖန်က အော်လိုက်ပါတယ်။

"ဟုတ်ကဲ့ပါ။ သခင်လေး"

သွမ့်မင်းဒုက အမိန့်ကို လက်ခံလိုက်ပြီး အားလုံးကို မျက်နှာထား တင်းတင်းနဲ့ လှည့်ကြည့်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဘယ်သူ့ကို အရင်ဆုံး သတ်ရမလဲ"

သွမ့်မင်းဒုက သူတို့ကို ကစားတော့မယ်ဆိုတာ သိသာထင်ရှားပြီး ချောင်ဇီဖေးနဲ့ တခြားလူတွေက ကျောရိုးတွေ အေးစိမ့်လာသလို ခံစားရပါတယ်။ ပြီးတော့ တစ်ယောက်ကို တစ်ယောက် မကြည့်ပဲ မနေနိုင်အောင် ဖြစ်နေကြပြီး အားလုံးက သူတို့ကိုယ်သူတို့ ပထမဆုံး အသတ်ခံရတဲ့လူ မဖြစ်ဖို့ မျှော်လင့်နေကြပါတယ်။

"ဟဲဟဲ ဒီအဘိုးကြီးက မင်းတို့ကို မေးနေတယ်လေ။ ဘယ်သူ့ကို ငါအရင်ဆုံး သတ်သင့်သလဲ"

သွမ့်မင်းဒုက ခြိမ်းခြောက်လိုက်ပါတယ်။ သူက လူတွေရဲ့ နှလုံးသားကို ကစားပြီးတော့ စိတ်ထဲမှာ ကြောက်ရွံ့မှုတွေ ဖြစ်အောင်လုပ်ရတာ နှစ်သက်သဘောကျပါတယ်။ အဲဒီနောက်မှ လူတွေကို သူတို့ရဲ့ မျှော်လင့်ချက်တွေ ပျက်သုန်းပြီးတော့ နောင်တရနေချိန် သတ်ပစ်ရတာကို သဘောကျပါတယ်။

ချောင်ဇီဖေးနဲ့ ကျန်တဲ့လူငယ် လေးယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးတော့ အဲဒီနောက်မှာ လင်းဟန်ဆီကို အတူတကွ လက်ညှိုးထိုးညွှန်ပြပြီး ပြောလိုက်ပါတယ်။

"သူ"

"သူ့ရဲ့ လှည့်ကွက်ထဲကို မကျရောက်စေနဲ့"

ဟဲလန်ယွင်က အော်ဟစ်လိုက်ပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ် သူက ငါတို့အားလုံးကိုလည်း ထွက်သွားခွင့်ပြုမှာ မဟုတ်ဘူး။ သူ့ကို တိုက်ခိုက်ရမယ်"

"တိုက်ခိုက်မယ် ဟုတ်လား။ မင်းတစ်ယောက်ပဲ မသေချင်တာ မဟုတ်ဘူး"

ချောင်ဖေးဇီက အော်ဟစ်လိုက်ပါတယ်။

ဟဲလန်ယွင်က ဒေါသထွက်ပြီး သေချင်စိတ်တောင် ပေါက်သွားပါတယ်။ သူမက သေတာထက် ပိုကောင်းတဲ့ အဆုံးသတ်မျိုး မရှိတော့ဘူးလား။

လင်းဟန်က သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

"ပြောနေကျ စကားတစ်ခွန်း ရှိတယ်။ တကယ်လို့ မင်းက သေခြင်းတရားကို လိုက်မရှာဘူး ဆိုရင် မင်းမသေနိုင်ဘူး။ အစတုန်းကတော့ ငါတို့က တစ်ဖက်တည်းပဲလို့ မြင်မိတယ်။ မင်းတို့တွေကို ကယ်တင်ရတာ စိတ်ထဲဘာမှမဖြစ်ဘူး။ ဒါပေမဲ့ အခုတော့ တကယ်လို့ တခြားလူတွေက မင်းတို့ကို မသတ်ဘူးဆိုရင်တောင် ငါက မင်းတို့တွေကို သတ်ပစ်ရလိမ့်မယ်"

"ဘယ်လောက်တောင် မောက်မာလိုက်တဲ့ လေသံလဲ"

"စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိတဲ့ အမိုက်ထုပ်ကများ"

ချောင်ဇီဖေးနဲ့ ကျန်တဲ့လူငယ်တွေ အားလုံးက နာခေါင်းရှုံ့လိုက်ကြပါတယ်။ အခု သူတို့က လင်းဟာန်အရင် ယုံကြည်မှု တစ်စွန်းတစ်စကို ဆုပ်ကိုင်ထားနိုင်ပါပြီ။ ဒီကောင်က အထွတ်အထိပ် ခွန်အားရှိ ထူးဆန်းတဲ့ ကလေးမလေးကို ဖြားယောင်းသွေးဆောင် ထားတာပါ။ သူ့ကိုယ်သူ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်လို့များ ထင်နေတာလား။

"ဟားဟားဟား"

သွမ့်မင်းဒုက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက ဒီလိုမျိုး အတွင်းပိုင်း ခိုက်ရန်ဒေါသ ဖြစ်ပွားတာကို မြင်တွေ့ရတာ နှစ်သက်သဘော အကျဆုံး ဖြစ်ပါတယ်။

"အရှင်သခင်သွမ့် မြန်မြန် တိုက်ခိုက်ပါတော့"

ဟုချင်းဖန်က တိုက်တွန်းလိုက်ပါတယ်။

သွမ့်မင်းဒုက လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံးက မင်းကို အရင်ဆုံး သတ်ဖို့ ဆုံးဖြတ်မှတော့ ဒီအဘိုးကြီးက အားလုံးရဲ့ သဘောထား အတိုင်းပဲ မင်းကို အရင်ဆုံး သတ်ပေးရမှာပေါ့"

"တကယ်လို့ ခင်ဗျားမှာ ဒီလိုမျိုး လုပ်ဖို့အတွက် ခွန်အားရှိတယ်ဆိုရင် လာခဲ့လေ"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ဟားဟား ဒီလိုမျိုး စိတ်ကြီးဝင်နေတဲ့ လူငယ်လေး တစ်ယောက်"

သွမ့်မင်းဒုက မျက်နှာထား တင်းတင်းနဲ့ ရယ်မောပြီးတော့ ဟူးညီကို မျက်စိတစ်ချက် ဝေ့ကြည့် လိုက်ပါတယ်။

"ဒီကလေးမလေးက ရန်ရင်းချီကို သတ်ခဲ့တဲ့ တစ်ယောက်လား"

ဒီသတင်းကို ကြားလိုက်ရတဲ့ အခါမှာ သူရဲ့ပထမဆုံး တုံ့ပြန်မှုက ဒါကအဓိပ္ပာယ်မရှိဘူးလို့ ထင်ခဲ့ပါတယ်။ အခု

ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ကိုယ်တွေ့ ကြုံရပြီးတဲ့ နောက်မှာတော့ ဒီခံစားချက်က ပိုပိုပြီးတော့ လေးနက်လာခဲ့ပါတယ်။

ဒါက ဖြစ်နိုင်ပါ့မလား။

"ကလေးမလေး။ တိုက်စမ်း။ ဒီအဘိုးကြီးက မင်းဘာများ လုပ်နိုင်မလဲ ဆိုတာကို ကြည့်ဦးမယ်"

သူက ရန်စလိုက်ပါတယ်။

ဟူးညိုက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန်က ရှင့်ကို မှတ်လောက်သားလောက်အောင် ဆုံးမပေးလိမ့်မယ်။ ဒါကြောင့် ညီးညီးက တိုက်လို့မရဘူး"

သွမ့်မင်းဒုက ဒီနာမည်ကြောင့် တစ်မူထူးခြားတဲ့ တုံ့ပြန်မှုမျိုး နည်းနည်းလေးမှ ဖြစ်မသွားခဲ့ပါဘူး။ တကယ်တော့ ဒါက အလယ်ပိုင်း ဒေသဖြစ်ပါတယ်။ ပြီးတော့ နတ်ဘုရား ရတနာသိုက်ရဲ့ သတင်းက လူငယ်ပါရမီရှင်တွေ အကြားမှာပဲ ပျံ့နှံ့နေတာ ဖြစ်ပါတယ်။

"ဟားဟား ဒီကောင်လေးက တကယ်ပဲ ဒီလောက်တောင် အထင်ကြီးစရာ ကောင်းလို့လား"

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အထင်ကြီးစရာ ကောင်းလား မကောင်းဘူးလား ဆိုတာကို ကျုပ်တို့ တိုက်ခိုက်ပြီးင် ခင်ဗျား နားလည်သွားလိမ့်မယ်"

"စိတ်ကြီးဂင်တယ်။ အရမ်းကို စိတ်ကြီးဂင်နေတယ်။ ဒီအဘိုးကြီးက မင်းလိုမျိုး လူတွေကို သတ်ရတာ သဘောအကျဆုံးပဲ။ ဒါက အရမ်းကို စိတ်ဓာတ်တက်ကြွစေတယ်"

သွမ့်မင်းဒုက ကျယ်လောင်စွာ ရယ်မောပြီးတော့ သူရဲ့ညာဘက်လက်ကို ဆန့်ထုတ်ကာ သွေးကြောနဲ့တူတဲ့ အစိမ်းအရင် ပုံစံတွေက တောက်ပလင်းလက်လာပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ဖိအားတစ်ခုကို ထုတ်လွှတ်နေပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့် လက်ရွေးစင်က ဒီလောက် အစွမ်းထက်ပါတယ်။

လင်းဟန်က ကြောက်ရွံ့ခြင်းအလျဉ်းကင်းပြီးတော့ ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

"ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်ချင်တာလား"

"ခြိမ်းခြောက်တာ မဟုတ်ဘူး။ ဒါက အစစ်အမှန် ဖိအားပဲ"

သွမ့်မင်းဒုက ပြုံးပြုံးလေး ပြောပြီးတော့ လေဟာနယ်ကို လင်းဟန်ဆီ ဖိလိုက်ပါတယ်။ ဟုမ်း။ အဆုံးမရှိတဲ့ မူလစွမ်းအင်တွေက ပန်းထွက်လာပြီး ရောမ ခန္ဓာကိုယ် တစ်ခုအဖြစ်ကို ပြောင်းသွားပြီး လင်းဟန်ဆီကို ကျဆင်းလာခဲ့ပါတယ်။

"ခင်ဗျားက သေချင်နေပြီလား"

လင်းဟန်ရဲ့ ပုံရိပ်က လျှပ်ပြက်သလို လှုပ်ရှားသွားပြီး လျှပ်စီးတွေ စီးမျောလာကာ သွမ့်မင်းဒုရဲ့ အရှေ့မှာ ရုတ်တရက် ပေါ်လာပြီး လက်သီးတစ်ချက် ထိုးလိုက်ပါတယ်။

အရမ်းကို မြန်ပါတယ်။

လူတိုင်းလူတိုင်း အကြီးအကျယ် အံ့အားသင့် သွားခဲ့ပါတယ်။

ဒီအမြန်နှုန်းက ဟူးညို့ရဲ့ အမြန်နှုန်းနဲ့ နှိုင်းယှဉ်လို့ ရနိုင်လုနီးပါး ဖြစ်ပါတယ်။

သွမ့်မင်းဒုက ဟူးညို့ရဲ့ အစွမ်းအစကို မယုံကြည်ဘူး ဆိုပေမဲ့ အတော်လေးကို သတိဂီရိယ ထားထားပါတယ်။ ဒါပေမဲ့ လင်းဟန်ကိုတော့ သူ့အနေနဲ့ တကယ်ပဲ ခေါင်းထဲတောင် မထည့်ပါဘူး။

စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိတဲ့လူတစ်ယောက်က ကောင်းကင်ကြီးကို တစ်ကယ်ပဲ လှန်လှောပစ်နိုင်မှာလား။ လုံးဂမဖြစ်နိုင်တာ။

လင်းဟန် တိုက်ခိုက်လိုက်တာနဲ့ သူက လျှပ်စီးပစ်သလို လျင်မြန်ပြီး အဘိုးကြီးက ချိန်သားကိုက် မကာကွယ်နိုင်ခဲ့ပါဘူး။ သူ့အနေနဲ့ သူ့မျက်နှာကို ရှောင်တိမ်းလိုက်ပေမဲ့ သူရဲ့မေးစေ့ကို လက်သီးက ပွတ်သွားတဲ့ အခိုက်အတန့်မှာတော့ သွေးတွေက ချက်ချင်းပဲ ထွက်လာခဲ့ပါတယ်။

သူက အလျင်အမြန်ပဲ အနောက်ကို ဆုတ်လိုက်ပေမဲ့ သူနောက်ကိုဆုတ်ရင ်လင်းဟန်က အရှေ့ကို တိုးလာခဲ့ပါတယ်။ ခန္ဓာကိုယ်ရဲ့ အရိပ်တစ်ခုလို နောက်ကနေ

လိုက်လာပြီး လင်းဟန်က သူနဲ့ ခြေလှမ်းတစ်ဂက် အကွာအဝေးထိ နီးကပ်လာပြီး သူ့ကို တုန်လှုပ်ခြောက်ချား သွားစေပါတယ်။

သောက်ကျိုးနည်း။

Chapter 612 end

Zawgyi. အပိုင်း(၆၁၃) စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်နဲ့ တိုက်ခိုက်ခြင်း

သွမ့်မင်းဒုက အလျင်အမြန် နောက်ဆုတ်လိုက်ပြီး လင်းဟန်က အလျင်အမြန်နဲ့ ရှေ့ဆက်တိုး လာခဲ့ပါတယ်။ သူတို့နှစ်ယောက်က ချစ်သူစုံတွဲတွေအလား တစ်ချိန်လုံး နီးနီးကပ်ကပ် ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့လည်း သွမ့်မင်းဒုမှာ ကြည်နူးဖို့ အချိန်တောင် မရှိပဲနဲ့ ဒေါသကို အပ်နဲ့ဆွပေးသလို ခံစားနေရပါတယ်။ ဒီလူငယ်လေးရဲ့ အမြန်နှုန်းက ဘယ်လိုလုပ်ပြီးတော့ ဒီလောက်တောင် လျင်မြန်ရတာလဲ။ ဒီကောင်လေးက သူရဲ့အရိပ်လိုမျိုး နောက်ကနေ လိုက်လာပြီး ဘယ်လိုမှ ပယ်ခွာချလို့ မရပဲနဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို အေးစိမ့်စိမ့် ဖြစ်စေခဲ့ပါတယ်။

သူက စိတ်ဂိညာဉ် ပင်လယ်အဆင့် မဟုတ်ပဲ ပန်းဖူးအဆင့် ဖြစ်ပါတယ်။ ပြီးတော့ ပန်းဖူးအဆင့်တောင် အဆင့်မြင့် အဆင့်မှာ ရှိပြီးတော့ အထွတ်အထိပ် အဆင့်နားကို ချဉ်းကပ်နေပါပြီ။

ဒါပေမဲ့ ပြဿနာက ပန်းဖူးအဆင့် အထွတ်အထိပ် စစ်သည်တော်တွေတောင်မှ ဒီလိုမျိုး ကြောက်စရာ ကောင်းမနေသင့်ပါဘူး။ သူက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာဖြစ်ပြီး ပန်းဖူးအဆင့် ကျွမ်းကျင်သူတွေကို လက်ညှိုးလေး တစ်ချောင်းနဲ့တင် အကြိမ်ပေါင်းများစွာ သတ်ပစ်နိုင်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့အနေနဲ့ အခုလိုမျိုး ဆက်တိုက်ဆိုသလို နောက်ကိုဆုတ်ပေးနေရတာလဲ။

လင်းဟန်က သူနဲ့အရမ်းကြီး နီးကပ်မနေပဲ သူရဲ့လက်သီးတွေနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက် လိုက်ပါတယ်။

ဒီရေလှိုင်းလုံးတွေအလား လက်သီးတစ်လုံးပြီး နောက်တစ်လုံး ပစ်ဂင်လာတာကြောင့် သွမ့်မင်းဒုက လက်သီးထိုးချက်တွေကို အဆက်မပြတ်

ခေါင်းရှောင်တိမ်းပြီးတော့ နောက်ဆုတ်ရင်း လင်းဟန်ကြောင့် မထိခိုက်အောင် ရှောင်ရှားနေရပါတယ်။

တစ်ယောက်က နောက်ကိုဆုတ်ပြီး တစ်ယောက်က ရှေ့ကိုတိုးပြီးတော့ တိုက်ခိုက်နေတာက ချက်ချင်းဆိုသလို တိုက်ကွက်ပေါင်း တစ်ရာကျော် သွားပါတယ်။

"ဒါ ဒါက"

အားလုံးပဲ ကျောက်ရုပ်ကြီးတွေလို မာတောင့်ပြီး စိုက်ကြည့်နေကြပါတယ်။ လင်းဟန်ကလည်း တကယ့်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါပြီ။

အရင်တုန်းက စိတ်ဂိညာဉ် နတ်သူငယ် အစောပိုင်းအဆင့် ပြိုင်ဘက်တစ်ယောက်ကို ဟူးညို့က လက်သီတစ်ချက်နဲ့ အသေသတ်ခဲ့ပါတယ်။ လင်းဟန်မှာ အမြင်အာရုံကို ဖမ်းစားထားနိုင်တဲ့ ထူးချွန်မှုတွေ မရှိပါဘူး။ နောက်ပြီးတော့ သူရဲ့ပြိုင်ဘက်က စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာ ဖြစ်ပါတယ်။

အခုတော့ လင်းဟန်က လှုပ်ရှားတိုက်ခိုက် လိုက်တဲ့ အခါမှာ

လူတိုင်းလူတိုင်းက သူ့ရဲ့တည်ရှိမှုမှာ ပန်းဖူးအဆင့် နောက်ပိုင်းကို ရောက်ရှိနေတာကို အာရုံခံနိုင်ပြီး သွမ့်မင်းဒုလိုပဲ တူညီတဲ့ အတွေးတစ်ခု ရှိနေပါတယ်။ သူက ဒီလိုမျိုးတော့ ကြောက်စရာ မကောင်းသင့်ဘူးလေ။

ဟူးညိုက သူမရဲ့ ထူးခြားတဲ့ အစွမ်းကို လက်တွေ့တစ်ကြိမ် ပြသထားပြီး သူတို့အားလုံးက လူထူးလူဆန်းအဖြစ် သတ်မှတ်ထားပါတယ်။ ဒါကလည်း သူ့ကိုယ်ပိုင် အဆင့်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ရှိပြီး အဆင့်ကြီး တစ်ခုလုံး သာလွန်နေပါတယ်။

တကယ့်ကို ထူးဆန်းပြီး အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။

ချင်ရီယွဲ့ တစ်ယောက်ပဲ အစောပိုင်းကတည်းက ဆင်ခြင်သုံးသပ်ထားပြီး တခြားလူတွေလောက် အံ့အားသင့်ခြင်း မရှိပေမဲ့ သူမရဲ့ လှပတဲ့ မျက်လုံးတွေကို အကျယ်ကြီး ဖွင့်ပြီးတော့ စိုက်ကြည့်နေပါတယ်။ သူမလိုမျိုး ပါရမီရှင် တစ်ယောက်က ဒီလိုမျိုး လူတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပါရမီရှင်လို့ သတ်မှတ်နိုင်ပါဦးမလား။

မဟုတ်ဘူး မဟုတ်သေးဘူး။ သူမက ပါရမီရှင် တစ်ယောက်

ဖြစ်နေဆဲပါပဲ။ ဒါပေမဲ့ ဟူးညီနဲ့ လင်းဟန်ကတော့ ပါရမီရှင်ဆိုတဲ့ အဆင့်ကို ကျော်လွန်သွားပြီး လူထူးလူဆန်း အဆင့်မှာ ရောက်နေကြပါပြီ။

"ကျား"

သွမ့်မင်းဒုက မာန်သွင်းလိုက်ပါတယ်။ ဟုမ်း။ ခရမ်းရောင်မြူခိုးတွေက သူ့ခန္ဓာကိုယ် တစ်ခုလုံး မြင့်တက်လာပြီး လင်းဟန်ကိုပါ ဝိုင်းရံသွားပါတယ်။

အဲဒီအချိန် အခိုက်အတန့်မှာ လင်းဟန်ရဲ့ အမြင်က သိပ်ပြီးတော့ မရှင်းမလင်း ဖြစ်နေပြီး သူ့ကိုဝိုင်းရံထားတဲ့ မြူခိုးတွေထဲကနေ မထွက်ပံ့ဘူးဆိုတာ သိသာပါတယ်။ သူရဲ့ပုံရိပ်က လျပ်ပြက်သလို ရွေ့လျားပြီး သုံးမီတာကျော် အကွာအဝေးကို ရောက်သွားပြီးတော့ ပြိုင်ဘက်ဖြစ်သူကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။

"စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့်က ဒီထပ်ပိုပြီးတော့ ဘာမှလည်း မဟုတ်ပါလား"

သူက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံနဲ့ မို္ဃစွာတန်ခိုးရှင်

ခြေလှမ်းကြောင့် သူရဲ့အမြန်နှုန်းက နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ရောက်သွားပြီး ပိုမိုဖျတ်လတ်ပေါ့ပါး လာခဲ့ပါတယ်။

သွမ့်မင်းဒုက ဒေါသနဲ့ အော်ဟစ်လိုက်ပါတယ်။ သူရဲ့လက်နဲ့ မျက်နှာကို သုတ်လိုက်တဲ့ အခါမှာ သူ့လက်မှာ သွေးတွေပေကျံနေတာကို မြင်လိုက်ရပြီးတော့ သူ့အနေနဲ့ ပိုလို့တောင် ဒေါသတွေ ထွက်လာခဲ့ပါတယ်။ လင်းဟာန်ရဲ့ အစောပိုင်းက တရစပ်တိုက်ခိုက်မှုတွေ တစ်ခုမှ မထိမှန်ပေမဲ့ ပထမဆုံး လက်သီးချက်က သူရဲ့မျက်နှာကို ဟက်တက်ကွဲရှတဲ့ ဒဏ်ရာဖြစ်စေခဲ့ပါတယ်။

"ငါအဘိုးကြီးရဲ့ ချောမောခံ့ညားတဲ့ မျက်နှာလေးတော့ သွားပါပြီ"

အဘိုးကြီးက ပျာယာခတ်ပြီးတော့ စိတ်တိုသွားပါတယ်။

လင်းဟာန်က အဲဒါကို ကျေနပ်နေပြီးတော့ ပြောလိုက်သည်။

"ခင်ဗျားရဲ့ အိုမင်းရွတ်တွနေတဲ့ မျက်နှာကြီးနဲ့ မိန်းကလေးတွေကို ဆွဲဆောင်နိုင်မှာလား။ ဟားဟား ကျုပ်ခင်ဗျားကို အထင်တောင် ကြီးသွားပြီ။ ခင်ဗျားရဲ့

အိုမင်းနေတဲ့ မျက်နှာနဲ့ဆို အခေါ်ကြီးတွေကိုပဲ ဆွဲဆောင်နိုင်လိမ့်မယ်။ အဲဒီအခေါ်ကြီးတွေပဲ ခင်ဗျားလက်ပေါ်မှာ အိပ်နေကြမယ်။ အခုလိုပုံစံနဲ့ဆိုရင် အဲဒီအခေါ်ကြီးတွေက ခင်ဗျားကို ပိုပြီးတော့ နွေးထွေးကြင်နာသွားနိုင်တယ်။ ကြိုးစားကြည့်လိုက်လေ”

“မိုက်ရိုင်းတဲ့ ဂျူနီယာ။ ဒီအဘိုးကြီးက မင်းကို နိမ်နင်းပြီးတော့ သတ်ပစ်ရလိမ့်မယ်”

သွမ့်မင်းဒုက နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက ပိုးချည်နဲ့ရက်လုပ်ထားပုံရတဲ့ အဝတ်စရှည် တစ်ခုကို ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီအဝတ်စက အရမ်းကို ကြီးမားပြီး အပေါ်မှာ အမျိုးသားနဲ့ အမျိုးသမီး ချစ်စခန်းဖွင့်နေတဲ့ ပုံတွေကို ရေးဆွဲထားပါတယ်။ လေအဟုန့်မှာ လှုပ်ယမ်းနေတာက ပုံထဲက လူတွေအနေနဲ့ အသက်ဝင်လာသလိုမျိုး ပြင်းပြင်းထန်ထန် ချစ်စခန်းဖွင့်နေတဲ့ ပုံစံမြင်ရပါတယ်။

ဒါက ပုံရိပ်ယောင် တစ်ခု မဟုတ်ပါဘူး။ ပြီးတော့ မသဲမကွဲ အသံတချို့ကိုတောင် ကြားရပြီး လူတွေရဲ့စိတ်ကို မတည်မငြိမ်နဲ့ ဆောက်တည်ရာ မရဖြစ်သွားစေပါတယ်။

စိတ်ဂိညာဉ် ပစ္စည်း။

ဒါပေမဲ့လည်း လေပြင်းလမင်းဂိုဏ်းရဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေက အရမ်းကို ညစ်ညမ်းပြီး မဖွယ်မရာနဲ့ မကောင်းဆိုးဂါးဆန်ဆန် ပုံတွေနဲ့ လူတွေရဲ့ စိတ်ကို အနှောင့်အယှက် ဖြစ်စေဖို့ အသုံးချကြပါတယ်။

"သေစမ်း"

သွမ့်မင်းဒုက ကျယ်လောင်စွာ ဟစ်ကြွေးလိုက်ပါတယ်။ ရှပ် ရှပ် ရှပ်။ ပိတ်ချည်အပေါ်မှာ တောက်ပခံ့ညားတဲ့ အရှိန်အဂါ အလင်းတန်း တစ်ခု ထွက်ပေါ်လာပြီး လင်းဟန်ဆီကို ပစ်လွှတ်လိုက်ကာ သွမ့်မင်းဒုကိုယ်တိုင်လည်း တစ်ဟုန်ထိုး ပြေးဂင်လာပါတယ်။ သူရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှုကို ဖြန့်ကျက်ပြီး စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်ရဲ့ ခွန်အားကို အပြည့်အဂ ထုတ်ဖော်ပြသနေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ တကယ်လို့ ပြိုင်ဘက်ဖြစ်သူက ဆေဘာဓား ဘုရင်လေး ဆိုရင် သူ့အနေနဲ့ သေချာပေါက် ယှဉ်ပြိုင်နိုင်လိမ့်မှာ

မဟုတ်ပါဘူး။ တကယ်တော့ သူက အဆင့်ကျော်ပြီး တိုက်ခိုက်နိုင်ပေမဲ့ ဆေဘာဓား ဘုရင်လေးကလည်း အဲဒီလိုမျိုး လုပ်နိုင်ပါတယ်။ အကောင်းဆုံးက သူ့အနေနဲ့ အဆင့်ပိုပြီး ဖိနှိပ်နိုင်ပေမဲ့ ် အဆင့်ကြီး တစ်ခုရဲ့ ကွာဟချက်ကိုတော့ သေချာပေါက် ကုစားနိုင်ခြင်း မရှိပါဘူး။

ဒါပေမဲ့လည်း သွမ့်မင်းဒုကတော့ မတူပါဘူး။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဆိုပေမဲ့ သူရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်ဆယ်ပွင့်ဂန်းကျင်မှာပဲ ရှိပြီးတော့ လင်းဟန်က သူ့ကိုလုံးဝ မကြောက်ရွံ့ပါဘူး။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို အသက်သွင်းလိုက်ပြီး သူက လျှပ်စီးအလင်းတန်း တစ်ခုအသွင် ပြောင်းလဲကာ သွမ့်မင်းဒုရဲ့အရှေ့ကို လျှပ်ပြက်သလို ပေါ်လာခဲ့ပြီး လက်သီးနှစ်ဖက်နဲ့ နောက်တစ်ကြိမ် တရစပ်တိုက်ခိုက်လိုက်ပါတယ်။

"ကောင်စုတ်လေး မင်းအတင့်မရဲနဲ့"

သွမ့်မင်းဒုက ခရမ်းရောင်မြူခိုးကို နောက်ထပ်တစ်ကြိမ် လွှမ်းခြုံသွားအောင် မြှင့်တင်လိုက်ပါတယ်။ ဒါက လေပြင်းလမင်းဂိုဏ်းရဲ့ လျှို့ဝှက်အမွေအနှစ် ဖြစ်ပြီးတော့

အပြင်လူတွေနဲ့ ရင်ဆိုင်တဲ့ အခါမှာ ပြိုင်ဘက်ဖြစ်သူရဲ့ စိတ်တွေကို ထွေပြားသွားစေပြီး သူတို့ရဲ့ အသိစိတ်တွေ ဆုံးရှုံးပြီး ရမက်စိတ်တွေ ကျိုးပေါက်ထွက်လာအောင် လုပ်တာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လေပြင်းလမင်း ဂိုဏ်းရဲ့လူတွေ အတွက်ကတော့ ဒါက အားဆေးဖြစ်ပါတယ်။ သူတို့ရဲက စိတ်ဂိညာဉ်တွေကို အားဖြည့်လန်းဆန်းစေပြီး သူတို့ရဲ့ အသိစိတ်ကို ကြည်လင်စေပါတယ်။

လင်းဟန်က မူလစွမ်းအင်ကို အသုံးပြုပြီးတော့ သူရဲ့ခန္ဓာကိုယ်ပေါ်က မွေးညင်းပေါက်ကအစ အပေါက်မှန်သမျှကို ပိတ်ထားလိုက်ပါတယ်။ ဒီတစ်ကြိမ်မှတော့ သူက နောက်မဆုတ်ပဲ ရှေ့ကိုတိုးဝင်ပြီး တိုက်ခိုက်ဖို့ကိုပဲ ရွေးချယ်ထားပါတယ်။

ထန် ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်နေကြပါတယ်။

ပိုးထည်စနဲ့တူတဲ့ စိတ်ဂိညာဉ် ပစ္စည်းက အရမ်းကို အကျိုးသက်ရောက်မှုရှိပြီး လင်းဟန်ဆီကို အလင်းတန်းတွေ တရစပ်ပစ်လွှတ် တိုက်ခိုက်နေပါတယ်။ ၎င်းပစ္စည်းကလည်း

စိတ်ဂိညာဉ် သူငယ် နောက်ပိုင်းအဆင့်ကို ရောက်နေပြီး လျော့တွက်လို့ မရနိုင်ပါဘူး။ လင်းဟန်ရဲ့ အဆင့်က ပန်းဖူးအဆင့်မှာပဲ ရှိသေးတာကြောင့် သူက ရှောင်တိမ်းရပါတယ်။

ဒီစိတ်ဂိညာဉ် ပစ္စည်းရဲ့ အကူအညီနဲ့ သွမ့်မင်းဒုက လင်းဟန်ကို ရဲရဲတင်းတင်းနဲ့ တိုက်ခိုက်နိုင်စွမ်း ရှိပါတယ်။

လူတိုင်းလူတိုင်းက အံ့အားသင့်မှုကြောင့် မှင်တက်နေကြပါတယ်။ လင်းဟန်က အခုထိ လက်နက်မဲ့ တိုက်ခိုက်နေပါတယ်။ ဒါကြောင့် တကယ်လို့ သူက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်မယ်ဆိုရင် ချက်ချင်းပဲ အသာစီး ရသွားနိုင်မလား။ အရမ်းကို ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။ ဘယ်လိုလုပ်ပြီး ဒီလောက်တောင် ကြောက်စရာကောင်းတဲ့ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက် ရှိနေရတာလဲ။

ချောင်ဇီဖေးနဲ့ တခြားလူငယ် လေးယောက်ရဲ့ မျက်နှာက လူသေတွေလို ဖြူဖွေးနေပါတယ်။ တကယ်လို့ လေပြင်းလမင်းဂိုဏ်းက ဒီတိုက်ပွဲမှာ အနိုင်ရခဲ့မယ်ဆိုရင် သူတို့အားလုံး သေချာပေါက် ပျက်စီးရပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ လင်းဟန်အနိုင်ရမယ်ဆိုရင်

စောစောတုန်းက လင်းဟန်ကို အရင်ဆုံး သတ်ဖို့ဖိအားပေးခဲ့တာကြောင့် သူတို့ကို သူကလွှတ်ပေးပါ့မလား။

ဘယ်ဘက်ကြည့်ကြည့် ညာဘက်ကြည့်ကြည့် သေခြင်းတရားပါပဲ။ ဒီလိုဆိုမှတော့ သူတို့က ဒီနေရာမှာ ဘာအတွက် ဆက်ပြီးတော့ နေရမှာလဲ။

သူတို့က အနောက်ဘက်ကို ခြေလှမ်းဆုတ်ပြီးတော့ အပေးကို လွတ်ထွက်သွားချင်နေကြပါတယ်။ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်း အတွက်ကတော့ သူတို့တွေ နောက်နှစ်မှပဲ သွားရပါမယ်။

"ဟင်းဟင်းဟင်း ရှင်တို့တွေက ဘယ်ကိုထွက်သွားဖို့ စဉ်းစားနေတာလဲ"

ဟူးညိုက သူမရဲ့ လက်တွေကို တင်ပါးပေါ် ထောက်ပြီးတော့ သူမရဲ့ မျက်လုံးတွေထဲမှာ မကောင်းတဲ့ အငွေ့အသက်တွေ တဖျတ်ဖျတ်တောက်ပပြီး ပြောလိုက်ပါတယ်။

ကန်းရီက သူရဲ့ဆေဘာဓားရှည်ကို ထောင့်ဖြတ်အတိုင်း ကိုင်ပြီးတော့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ

တောက်ပလို့နေပါတယ်။

တကယ်လို့ ကန်းရီတစ်ယောက်ပဲ ဆိုရင်တော့ သူတို့ငါးယောက်လုံး ပူးပေါင်းပြီးတော့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နိုင်ပါတယ်။ ဒါပေမဲ့ ဟူးညို့ကိုပါ ထည့်ပေါင်းလိုက်မယ် ဆိုရင်တော့ သူတို့တွေက ချက်ချင်းပဲ လက်လျှော့လိုက်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။ ချောင်ဇီဖေးက အားတင်းပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကန်းရီ မင်းဘာများ ဆွေးနွေးပြောဆိုမလို့လဲ"

သူတို့အတွက် လမ်းပိတ်သွားပါပြီ။ ဒါကြောင့် ကန်းရီက ရိုးရိုးရှင်းရှင်းပဲ ပြောလိုက်ပါတယ်။

"သခင်လေးဟန် အရင်က ဆုံးဖြတ်ထားတယ်။ ဘယ်သူ့ကိုမှ ထွက်သွားခွင့် မပြုဘူး"

သခင်လေးဟန် ဟုတ်လား။ လင်းယွမ် မဟုတ်လား။

ချောင်ဇီဖေးနဲ့ တခြားလူတွေက အခုမှ လင်းယွမ်ဆိုတာက အဲဒီလူရဲ့ နာမည်အစစ် မဟုတ်ဘူး ဆိုတာကို သိသွားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က သခင်လေးဟန် ဆိုတဲ့

အမည်နဲ့လည်း အရမ်းကြီး မရင်းနှီးပါဘူး။ ဒီလူကို လင်းဟန် ဒါမှမဟုတ် ဟန်ယွမ်လို့ ခေါ်လို့ရနိုင်လို့လား။ သူတို့ပုံစံကို ကြည့်ရတာ ကြားဖူးပုံ မရပါဘူး။

"ကန်းရီ မင်းက ငါတို့တွေကို ကျေးဇူးကန်းတော့မယ်ပေါ့"

ချောင်ဇီဖေးက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

"ငါတို့က မင်းကို အဖွဲ့ထဲဝင်ဖို့ လက်ခံပေးခဲ့တယ်။ အဲဒါကို အခုမင်းက ငါတို့ကို ဘယ်လို ဆက်ဆံနေတာလဲ"

"ဘယ်လောက်တောင် ကျေးဇူးကန်းလိုက်သလဲ"

ကန်းဂျန်းဆန်ကလည်း ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

ကန်းရီက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျေးဇူးမကန်းတဲ့ လူတစ်ယောက် မဖြစ်အောင်လို့ ငါဘာလုပ်သင့်လဲ"

"ငါတို့ကို ပေးသွားလိုက်ပါ"

ယုယွမ်မင်းက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ကန်းရီက ဟူးညီကို အယုံသွင်းနိုင်စွမ်း ရှိလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

"သူ့ရဲ့ဘောကြောင်တဲ့ လူတစ်စုက အသက်ကို ဖက်တွယ်ထားနေတာပဲ။ ငါမင်းတို့ ကောင်တွေနဲ့ ပူးပေါင်းမိခဲ့တာ သိက္ခာတော်တော်ကျတယ်"

ကန်းရီက အေးစက်စွာ ပြောလိုက်ပါတယ်။ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ပိုပြီးတော့ ရက်စက်ပြင်းထန် လာပါတယ်။

"ကန်းရီ အားလုံးက သူငယ်ချင်းတွေပဲ။ သွားခွင့်ပြုလိုက်ပါ"

ဟဲလန်ယွင်က ဂင်ရောက်ဖြန်ဖြေ လိုက်ပါတယ်။ သူမက အခြေအနေတွေ အားလုံးကို သုံးသပ်ပြီးပါပြီ။ တကယ်တော့ သူတို့ခြောက်ယောက်က နေရာတစ်ခုတည်းကနေ လာခဲ့တာ ဖြစ်ပြီးတော့ အားလုံးရဲ့ နောက်ခံတွေက နည်းလမ်းပေါင်းစုံနဲ့ ဆက်စပ်နေကြပါတယ်။

"ဟုတ်တယ် ဟုတ်တယ်"

ချောင်ဇီဖေးက ခေါင်းညိတ်ပြီးတော့ အလျင်အမြန်ပဲ တိုက်ခိုက်လိုက်ပါတယ်။ ဟဲလန်ယွင်ကို ဖမ်းချုပ်ပြီး သူမရဲ့ လည်ပင်းပေါ်မှာ ဓားတစ်ချောင်းနဲ့ ထောက်ထားလိုက်ပါတယ်။

"ငါတို့ကို ချက်ချင်းပေးသွား အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီမိန်းမ ဒီနေရာမှာပဲ သေသွားရလိမ့်မယ်"

Chapter 613 end

Zawgyi. အပိုင်း(၆၁၄) လုံးဂကို အရှက်မရှိကြဘူး

အခြေအနေက ရုတ်တရက် ပြောင်းလဲသွားပါတယ်။ ကန်းရီအတွက် မမျှော်လင့်ထားသလို ဟဲလန်ယွင်လည်း ဒါကိုလုံးဂ မျှော်လင့်မထားဘူးဆိုတာကို တွေ့ရပါတယ်။

သူမက ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ဖြန်ဖြေပေးတာ ဖြစ်ပြီးတော့ အမှန်တကယ်ပဲ အပေါင်းအသင်းတွေရဲ့ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းကို ခံစားလိုက်ရပါတယ်။ ဒါကရုတ်တရက် ဖြစ်သွားတာကြောင့် သူမက ခုခံကာကွယ်လိုက်နိုင်စွမ်း မရှိပဲ လွယ်လွယ်ကူကူနဲ့ တဖက်လူရဲ့ လက်ထဲကို ကျရောက်သွားပါတယ်။

"ကန်းရီ ဒီမိန်းကလေးက မင်းကို အတော်လေး စိတ်ဝင်စားနေတာ မင်းက သူမကို ဒီနေရာမှာ သေသွားဖို့ ဆန္ဒရှိနေတာလား"

ချောင်ဇီဖေးက သူရဲ့ညာဘက်လက်ကို တင်းလိုက်ပြီး ဟဲလန်ယွင်ရဲ့ အရေပြားကို ဓားသွားနဲ့ အနည်းငယ် ဖြတ်ပစ်ပြီး သွေးတွေက ယိုစိမ့်ကျလာကာ ဟဲလန်ယွင်က နာကျင်မှုကြောင့် ညည်းတွားသံ ထါက်ပေါ်လာပြီး သူမရဲ့ မျက်လုံးတွေထဲမှာ ဒေါသတွေနဲ့အတူ နောင်တတွေပါ ပြည့်နှက်နေပါတယ်။

ကန်းရီက ကန်းဂျန်းဆန်နဲ့ တခြားလူငယ် သုံးယောက်ကို အေးစက်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေလည်း သူ့နဲ့အတူတူ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲလား"

ကန်းဂျန်းဆန်နဲ့ ကျန်တဲ့သူတွေက ဘာမှမတုံ့ပြန်ပါဘူး။ ဒါပေမဲ့ ချောင်ဇီဖေး အနားကို တိုးကပ်သွားပြီး သူ့ကို ဘက်ပေါင်းစုံကနေ ဟာကွက်မရှိအောင် ကာကွယ်ပေးထားလိုက်ပါတယ်။ ကန်းရီကို လူကယ်ဖို့ အခွင့်အရေးတောင် မပေးပဲ သူတို့ရဲ့ အမူအရာနဲ့

သူတို့ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြလိုက်ပါတယ်။

"ဟားဟားဟားဟား"

ဟုချင်းဖန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့အနေနဲ့ တကယ်ပဲ ဒီလိုမျိုး အလှည့်အပြောင်း ဖြစ်လာလိမ့်မယ်လို့ ထင်မှတ်မထားခဲ့ပါဘူး။

ရန်သူရဲ့ ရန်သူဆိုတာက သူငယ်ချင်းပါပဲ။

သူက ပြောလိုက်ပါတယ်။

"အားလုံးပဲ ဒီသခင်လေးရဲ့ လှည်းအိမ်ထဲကို လာပြီးတော့ ထိုင်နေပါ။ ဒီသခင်လေးက မင်းတို့ကို ကာကွယ်ပေးမယ်"

ချောင်ဇီဖေးနဲ့ တခြားလူငယ်လေးယောက်တို့က ပျော်ရွှင်ကျေနပ်သွားတာ သိသာပါတယ်။ သူတို့က ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

"ငါတို့ဖြတ်သွားဖို့ လမ်းဖယ်ပေးစမ်း"

ကန်းရီက ဟဲလန်ယွင်ရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာလေးကို ကြည့်ပြီး သူ့လက်တွေက အနည်းငယ် တုန်ယင်လို့ နေပါတယ်။

"ဘာနေးတိနေးတို့ လုပ်နေတာလဲ။ ငါ သူမရဲ့ အဝတ်အစားတွေကို အရင်ဆုံး ဆွဲဖြဲစုတ်ဖြဲပြီးတော့ ချွတ်ပြရမှာလား"

ချောင်ဇီဖေးက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

ဟုချင်းဖန်ရဲ့ မျက်လုံးတွေက ချက်ချင်းပဲ ပြူးလာပြီး ပြောလိုက်ပါတယ်။

"ဒီအကြံအစည်က မဆိုးဘူး။ ဒါပေမဲ့ ဒီသခင်လေးက ပထမဆုံးလူဖြစ်ဖို့ လိုတယ်။ မင်းတို့တွေ ရှေ့တိုးလာခဲ့"

သူက လေပြင်းလမင်းဂိုဏ်းက လူဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး အရာတစ်ခုကို လူပုံအလယ်မှာ လုပ်ပြရတာ သူ့အတွက် လုံးဝကို စိတ်စနိုးစနောင့် ဖြစ်စရာအကြောင်း လုံးဝမရှိပါဘူး။ ဒါက သူ့ကို ပိုပြီးတော့တောင်မှ စိတ်လှုပ်ရှားတဲ့ ခံစားချက်ကို ဖြစ်ပေါ် စေပါတယ်။

"နင် နင် လူမဟုတ်ဘူး"

ဟဲလန်ယွင်က နောက်ဆုံးတော့ အော်ဟစ်လိုက်ပါတယ်။ သူမရဲ့ မျက်နှာက ရှက်ရွံ့မှုကြောင့် နီရဲသွားပါတယ်။ သူမနှစ်သက်သဘောကျတဲ့ လူရဲ့အရှေ့မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်တာထက်စာရင် သေပစ်လိုက်ချင်ပါတယ်။

"အောက်တန်းစားကောင်"

ချင်ရီယွဲ့က ပြစ်တင်ရှုံ့ချလိုက်ပါတယ်။ သူမအနေနဲ့ ချောင်ဇီဖေးနဲ့ တခြားလူတွေက အရှက်ကင်းမဲ့တယ် ဆိုတာကို သိပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး ဆိုးသွမ်းရမ်းကားတဲ့ အခြေအနေထိ စိတ်ဓာတ်တွေ ညံ့ဖျင်းလိမ့်မယ်လို့ လုံးဝကို မထင်မှတ်ထားခဲ့ပါဘူး။

"ဟီးဟီး တကယ်လို့ မင်းကသဘောမတူချင်ဘူးဆိုရင် ဘာဖြစ်လို့ သူမနဲ့ နေရာချင်း မလဲတာလဲ"

ချောင်ဇီဖေးက ချင်ရီယွဲ့ကို ရမက်ခိုးတွေ ဝေနေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒီမိန်းမက ဟဲလန်ယွင်ထက် ခန္ဓာကိုယ် ကောက်ကြောင်းရော ချောမောလှပမှုရော ဆယ်ဆလောက် သာပါတယ်။

သူ့ရဲ့အိပ်မက်ထဲမှာတောင် သူမနဲ့ ချစ်ပွဲခဏခဏ ဝင်နေတာကို မြင်မက်မိပါတယ်။ ဒါပေမဲ့ သူမရဲ့ အစွမ်းကို ကြောက်ရွံ့တာကြောင့် သူ့အနေနဲ့ ဒီအကြောင်းကို စိတ်ကူးယဉ်လို့ပဲ ရဲပါတယ်။

ဒါပေမဲ့လည်း အခြေအနေက ဒီလိုမျိုး ဖြစ်လာတာကြောင့် သူက စွန့်စားလိုက်ပါတယ်။ ခံစားချက်တွေ အရမ်းကို ပြင်းထန်နေတဲ့ အချိန်မှာ လူသားတွေရဲ့ သဘာဝ ပင်ကိုယ်ဗီဇစရိုက် တချို့က ထွက်ပေါ်လာတတ်ကြပါတယ်။

"လူညစ်ပတ်ကောင် အရှက်ကို မရှိဘူး"

ချင်ရီယွဲ့နဲ့ ကျူးရွှမ်အာတို့ နှစ်ယောက်စလုံးပဲ သူ့ကိုဒေါသတကြီးနဲ့ ပြစ်တင်ဝေဖန် လိုက်ကြပါတယ်။ ဟဲလန်ယွင်က ဒီလိုမျိုး အရှက်ခွဲ စော်ကားတာ ခံစားရတာကို ရှောင်တိမ်းဖို့ သေလိုကချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေပါတယ်။

ဟူးညိုက ဂါးခနဲ သမ်းလိုက်ပြီးတော့ ချိုသာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ရှင်တို့အားလုံး အသုံးကို မကျဘူး။ သခင်မလေးညိုးညိုး ကူညီပေးဖို့ လိုသေးလား"

"ကျေးဇူးပြုပြီး ကူညီပေးပါ"

ကန်းရီက ဟူးညိုကို ဂါရဝပြုလိုက်ပါတယ်။ သူက တခြားလူတစ်ယောက်ကို အကူအညီပေးဖို့ တစ်ခါမှ မတောင်းဆိုဖူးပါဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ်ကိုတော့ ချွင်းချက်တစ်ခုအဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"မင်းမလာနဲ့နော်"

ချောင်ဇီဖေးက ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် တစ်လျှောက်လုံး အေးစိမ့်စိမ့် ဖြစ်သွားသလို ခံစားရပြီး သူရဲ့တပ်မက်မှုတွေကလည်း လုံးဝကို ပျောက်ကွယ်သွားပါတယ်။ ဟူးညိုက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်ကို လက်သီးတစ်ချက်နဲ့ပ သတ်ပစ်နိုင်တဲ့အထိ အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ အငိုက်ဖမ်းပြီးတော့ တိုက်ခိုက်လိုက်တယ် ဆိုပေမဲ့ အဲဒါက သူမရဲ့ ခွန်အားကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ချောင်ဇီဖေးနဲ့ တခြားလူ လေးယောက်က ဘာဖြစ်လို့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို သတ်ဖြတ်ဖို့ မကြိုးစားတာလဲ။

"နင်က မလာနဲ့လို့ ပြောတာနဲ့ ညီးညီးက မလာရတော့ဘူးလား။ နင့်ကိုနင် ဘယ်သူလို့ ထင်နေတာလဲ။ ညီးညီးရဲ့ လင်းဟန်မိုလို့လား"

ဟူးညိုက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူမရဲ့ပုံစံက အရမ်းကို မကျေမနပ် ဖြစ်နေပုံ ပေါ်ပါတယ်။ ချောင်ဇီဖေးက ဘာမှတောင် ထပ်မပြောရသေးပဲ ဟူးညိုက လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

ကန်ဂျန်းဆန်နဲ့ ကျန်တဲ့သုံးယောက်က ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီး ဟူးညိုရဲ့ တိုက်ကွက် တစ်ကွက်ကိုတောင်မှ တောင့်ခံနိုင်စွမ်း မရှိကြပါဘူး။

ချောင်ဇီဖေးက အံကြိတ်ပြီးတော့ အော်လိုက်ပါတယ်။

"တကယ်လို့ ငါသေမယ်ဆိုရင် ငါနဲ့အတူ တစ်ယောက်ကို အပါခေါ်သွားမယ်။ ဟားဟားဟား ဒီလိုမျိုး အချောအလှလေး တစ်ယောက်နဲ့ အတူတူဆိုရင် မရဏလမ်းက အထီးမကျန်တော့ဘူး"

ချောင်ဇီဖေးက သူရဲ့ညာဘက်လက်ကို တင်းခနဲ ဆုပ်လိုက်ပြီး ဟဲလန်ယွင်ကို သတ်ဖြတ်ဖို့ လုပ်လိုက်ပါတယ်။

ထန်။

သူရဲ့ဓားက ပေါ့ပါးလာသလို ခံစားရပြီး အခွံအားသင့်စရာ ကောင်းတာက သူ့ဓားကို ဟူးညိုက ကိုက်ဖြတ်ပစ်လိုက်တာကြောင့် ကျိုးပဲ့သွားတယ် ဆိုတာကို တွေ့ရှိလိုက်ရပါတယ်။

လပြွတ်ပဲပေါ့။ ဒီဓားက အဆင့်ခြောက် ရှားပါးသတ္တုတွေနဲ့ သွန်းလုပ်ထားတာဖြစ်ပြီး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အဖြစ်ကို မမွန်းမံရသေးပေမဲ့ ဓားရဲ့မာကျောမှုက အဆင့်ခြောက် စိတ်ဂိညာဉ် ပစ္စည်းထက် မနိမ့်ကျပါဘူး။

မွန်းစတား အငယ်စားလေး တစ်ကောင်ပဲ။

ဟူးညိုက သူမရဲ့ခေါင်းကို မော့ပြီးတော့ ချောင်ဇီဖေးရဲ့ ဘယ်ဘက်မျက်လုံးကို လက်သီးနဲ့ ထိုးလိုက်ပါတယ်။

"အား"

ချောင်ဇီဖေးက ငယ်သံပါအောင် အော်လိုက်ပြီး ချက်ချင်းဆိုသလို အနောက်ဘက်ကို ဒယိမ်းဒယိုင် ဆုတ်သွားရတာကြောင့် ဟဲလန်ယွင်ကို ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့ပဲ သူ့ရဲ့မျက်လုံးကို လက်နစ်ဖက်နဲ့ အုပ်ထားရပြီး အလွန်အမင်း နာကျင်ခံစားနေရပုံ ပေါ်ပါတယ်။

ဟဲလန်ယွင်က နောက်ဆုံးတော့ လွတ်မြောက်သွားခဲ့ပြီး သူမက သိုလှောင်လက်စွပ်ထဲကနေ ရတနာဓားတစ်လက်ကို တန်းပြီးတော့ ဆွဲထုတ်ယူကာ ချောင်ဇီဖေးကို ထိုးထည့်လိုက်ပါတယ်။ ဖူး။ ဓားက ချောင်ဇီဖေးရဲ့ ရင်ဘတ်ကို စိုက်ဝင်သွားပြီး သူ့ရဲ့နှလုံးသားကို ထိုးဖောက်သွားပါတယ်။

ချောင်ဇီဖေးရဲ့ ခြေလက်တွေက တွန့်လိမ်သွားပြီး နောက်ဆုံးမှာတော့ လှုပ်ရှားမှုတွေ ရပ်တန့် သွားခဲ့ပါတယ်။

"ထွီ"

ဟဲလန်ယွင်က ချောင်ဇီဖေးရဲ့ အလောင်းပေါ်ကို တံတွေးထွေးချ လိုက်ပြီးတော့ သူမရဲ့ မုန်းတီးမှုတွေ

ဘယ်လိုမှ မပြေနိုင်သေးတဲ့ ခံစားချက်ကို ဖော်ပြနေပါတယ်။

"အားယားယား။ ညီးညီးက ဒီကောင်စုတ်ကို လင်းဟန်လက်ထဲ ထည့်ပေးချင်တာ။ အခုတော့ အသတ်ခံလိုက်ရပြီ"

ဟူးညိုက သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ကျေနပ်ပျော်ရွှင်သွားပြန်တယ်။

"ဘာပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ လင်းဟန်က ဒီလိုမျိုး အသေးအဖွဲ့ကို ဂရုစိုက်မှာ မဟုတ်ဘူး"

ကန်ဂျန်းဆန်နဲ့ တခြားလူတွေ အားလုံးက လန့်ဖျပ်ပြီး တုန်ယင်နေကြပါတယ်။ သူတို့က ဘာမှမလုပ်ပေမဲ့ ဒီကိစ္စမှာ အားပေးအားမြှောက် ပါဝင်ခဲ့ကြပြီး သူတို့ရဲ့ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့ပါတယ်။ အခုတော့ ဓားစာခံကို ဆုံးရှုံးလိုက်ရပြီး သူတို့တွေ ဘာများ လုပ်နိုင်ဦးမှာလဲ။

"ရှင်တို့တွေ ကိုယ့်ဘာသာကိုယ် သတ်သေမလား ဒါမှမဟုတ် ညီးညီးကပဲ လုပ်ပေးရမလား"

ဟူးညိုက သူမရဲ့ လက်နှစ်ဖက်ကို ရင်ဘတ်အရှေ့မှာ

ပိုက်ပြီးတော့ လူလေးယောက်ကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။

ကန်ဂျန်းဆန်နဲ့ တခြားလူငယ် သုံးယောက်က သူတို့ရဲ့ တိုက်ခိုက်ချင်စိတ်တွေ ပျောက်ဆုံးကုန်ပြီး နှစ်ဖက်စလုံးက ခွန်အားတွေက တကယ်ဆိုရင် အဆင့်တူတူ မဟုတ်ကြပါဘူး။ သူတို့က တစ်ယောက်ပြီး တစ်ယောက် ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

"သခင်လေးဟု ကျနော်တို့ကို ကယ်ပါဦး။ ကျနော်တို့ကို ကယ်ပါဦး"

ချင်ရီယွဲ့၊ ကန်းရီနဲ့ တခြားလူတွေ မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒီလေးယောက်က တကယ့်ကို အရှက်ကင်းမဲ့ပြီး ဟုချင်းဖန်ကို ကူညီဖို့ တောင်းပန်နေကြပါတယ်။

ဟုချင်းဖန်ကလည်း ဒီလိုမျိုး ဖြစ်လာလိမ့်မယ်လို့ လုံးဝကို မထင်မှတ်ထားဘူးဆိုတာ သိလိုက်ရပါတယ်။ သူက မရယ်ပဲ မနေနိုင်အောင် ဖြစ်သွားပြီး သူတို့ကို လက်ခုပ်တီး ဂုဏ်ပြုလိုက်ပါတယ်။

"ရယ်စရာပဲ။ တကယ့်ကို ရယ်စရာကောင်းတယ်။ ဒါပေမဲ့ မင်းတို့ရဲ့ လက်ထဲမှာ ဓားစာခံမှ မရှိတော့တာ ဒီသခင်လေးက မင်းတို့ကောင်တွေကို ဘာများ အသုံးချရဦးမှာလဲ"

ကန့်ဂျန်းဆန်နဲ့ လူငယ် သုံးယောက်စလုံး မျှော်လင့်ချက်တွေ ပျက်သုန်းသွားပါတယ်။ ပြီးတော့ ဟဲလန်ယွင်ဆီကို ကြည့်လိုက်ကြပြီး သူတို့ကိုယ်စား သူမက အသနားခံပေးဖို့ မျှော်လင့်နေကြပုံ ကြည့်လိုက်ကြပါတယ်။

ဟဲလန်ယွင်ရဲ့ မျက်နှာက ဒေါသကြောင့် အရောင်ပြောင်းသွားခဲ့ပါတယ်။ ဒီလူလေးယောက်က ဦးနှောက်မှ ရှိကြသေးရဲ့လား။ သူမက မျက်နှာကို လွှဲလိုက်ပြီး သူတို့ကို နောက်ထပ် မျက်စိတောင် ပေ့ပြီးတော့ မကြည့်တော့ပါဘူး။

"ဒီလူတွေ ငါသူတို့ကို သတ်ပစ်ရလိမ့်မယ်။ သူတို့ကြောင့် အရှင်သခင်မလေး ညိုးညိုးရဲ့ လက်ညစ်ပတ်ဖို့ မထိုက်တန်ဘူး"

ကန်းရီက သူရဲ့ဓားကို ပင့်ယမ်းပြီး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ သူရဲ့ဒေါသတွေက

အရမ်းကို ပြင်းထန်ပြီး သူ့ရဲ့သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက တောက်လောင်လို့ နေပါတယ်။

ကန်ဂျန်းဆန်နဲ့ တခြားလူငယ် သုံးယောက်က ကန်းရီအတွက် အစကတည်းက ပြိုင်ဘက်တွေ မဟုတ်ပါဘူး။ အခုဆိုရင် သူတို့မှာရှိတဲ့ တိုက်ခိုက်ချင်တဲ့ ဆန္ဒတွေက ပျောက်ဆုံးလို့ နေပါပြီ။ တိုက်ကွက် အနည်းငယ် အတွင်းမှာပဲ သူတို့အားလုံးကို ကန်းရီက သတ်ပစ်လိုက်ပါတယ်။

"အဟင့် အဟင့်"

ဟဲလန်ယွင်က နောက်ဆုံးတော့ ဂမ်းနည်းစွာနဲ့ ရှိုက်ကြီးတငင် ငိုကြွေးပြီး သူမကိုယ်သူမ ကန်းရီရဲ့ လက်မောင်းတွေထဲကို ပစ်ဝင်လိုက်ပါတယ်။

ကန်းရီက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားပါတယ်။ ခဏလောက် ကြောင်တောင်တောင် ဖြစ်သွားပြီးမှ သူက ဆေဘာဓားကို ပြန်သိမ်းပြီးတော့ သူ့လက်နဲ့ ဟဲလန်ယွင်ရဲ့ ပခုံးကို ကလေးတစ်ယောက်ကို ချော့နေသလိုမျိုး အသာလေး ပုတ်ပေးနေပါတယ်။

"ငတုံးကောင်"

"အရူးကောင်"

ချင်ရီယွဲ့နဲ့ ကျူးရှမ်အာတို့က ကောက်ချက်ချလိုက်ပါတယ်။

တစ်ဖက်မှာတော့ လင်းဟာန်နဲ့ သွမ့်မင်းဒုတို့ရဲ့ တိုက်ပွဲက အဆုံးသတ်ကို ရောက်လာပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါပြီ။

သူက ဓားသိုင်းနည်းစနစ်မှာ အကျွမ်းကျင်ဆုံး ဖြစ်ပြီးတော့ ရတနာဓားကို ဆွဲထုတ်ပြီး ဝှေ့ယမ်းလိုက်တဲ့ အခါမှာ ဓားချီအလင်း ၂၉ခုက မြင့်တက်လာပြီး ချီအကန့်အသတ်ကို ရောက်ရှိ သွားခဲ့ပါတယ်။

သွမ့်မင်းဒုက ဒီလိုမျိုး ခွန်အားကို ဘယ်လိုလုပ်ပြီးတော့ ဖက်ပြိုင်နိုင်မှာလဲ

"ဓားချီအလင်း နှစ် နှစ် နှစ်ဆယ့်ကိုးခု"

ချင်ရီယွဲ့ရဲ့ လှပတဲ့ မျက်လုံးတွေ တောက်ပလာပြီး သူမအနေနဲ့ ကမ္ဘာအသစ်ကို ရှာတွေ့သွားသလို ဖြစ်သွားပါတယ်။

ကျူးရှမ်အာက ဒါကိုကြည့်ပြီးတော့ စိတ်ထဲကနေ ကျိတ်ပြီး သက်ပြင်းချလိုက်ပါတယ်။ သူမထပ်ပြီး သတိထားရမဲ့ နောက်ထပ်တစ်ယောက် ထပ်တိုးလာပါပြီ။

ဟုချင်းမန်ရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းလဲသွားပါတယ်။ သူ့အနေနဲ့ စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်ရဲ့ အကူအညီကို တောင်းခံပြီး ပြန်လာခဲ့တာတောင်မှ ဒီလိုမျိုး ကျရှုံးမှုကို ထပ်ပြီးတော့ ကြုံတွေ့ရလိမ့်မယ်လို့ လုံးဝကို မထင်မှတ် ထားခဲ့ပါဘူး။ သူက မြင်းလှည်းအိမ် အထဲကို အလျင်အမြန်ပဲ ပြေးဝင်ပုန်းလိုက်ပြီး မိန်းမချော လေးယောက်ကို အဝေးကို မောင်းနှင်ထွက်သွားဖို့ ဆော်သြလိုက်ပါတယ်။ သွမ့်မင်းဒု အသက်ရှင်လား သေလား ဆိုတာကို သူ့အနေနဲ့ ဂရုမစိုက်ပါဘူး။ ဒီနေရာကနေ အမြန်ဆုံး အဝေးကို ထွက်ပြေးမှ သူ့ရဲ့အသက်ကို ကာကွယ်နိုင်မှာဖြစ်လို့ ထွက်ပြေးဖို့က အရေးကြီးဆုံး ဖြစ်ပါတယ်။

ဘုတ်။

လူတစ်ယောက်ရဲ့ခေါင်းက ပြုတ်ထွက်ပြီး မြင်းလှည်းအိမ်ရဲ့ အရှေ့ကို ကျလာခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ သွေးတွေက ပျံ့နှံ့သွားပြီး အရမ်းကို အစွမ်းပြည့်ဂတဲ့ နိုင်လိုမင်းထက် ပြုလုပ်တတ်တဲ့ အင်အားက ထွက်ပေါ်လျက် ရှိပါတယ်။

"မင်းတို့တွေက ဘယ်ကိုသွားဖို့ စဉ်းစားနေတာလဲ"

လင်းဟန်က သူ့ရဲ့လက်ထဲက ဓားကို ထောင်ပြီးတော့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ကြည့်နေလိုက်ပါတယ်။

Chapter 614 end

Zawgyi. အပိုင်း(၆၁၅) ဟုချင်းဖန်ကို ခေါင်းဖြတ်ကွပ်မျက်ခြင်း

အရာအားလုံးမှာ ပထမနဲ့ ဒုတိယ အကြိမ်ဆိုတာ ရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ တတိယအကြိမ်ဆိုတာ ရှိရမှာလဲ။

ဟုချင်းဖန်က နှစ်ကြိမ်တိုင်တိုင် လွတ်မြောက်ထွက်ပြေး သွားပြီးပါပြီ။ တတိယ အကြိမ်မြောက် ထွက်ပြေးပြီးတော့

အဲဒီနောက်မှာ နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေကို တောင်းဆိုပြီးတော့ ပြန်လာဦးမှာလား။

လင်းဟန်က သည်းခံနိုင်စွမ်း မရှိတော့ဘူးဆိုတာ သိသာထင်ရှားပါတယ်။ ခံ့ညားထယ်ဂါတဲ့ တည်ရှိမှု တစ်ခုနဲ့အတူ လက်ထဲမှာ ဓားကိုင်ထားပြီးတော့ မြင်းလှည်းအိမ်ကို ဟန့်တားဖို့ တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

"မိုက်တယ်ကွာ"

ချင်ရီယွဲ့က ပြောလိုက်ပါတယ်။ သူမက အရှုံးအမှုးကို စွဲလမ်းသွားပါတယ်။ သူမက တကယ်တော့ ရိုမန့်တစ်ဆန်ဆန် လူတစ်ယောက် ဖြစ်ပြီးတော့ သူရဲကောင်းတွေကို နှစ်သက်သဘောကျသူ ဆိုတာ သိသာထင်ရှားပါတယ်။ လင်းဟန်က သူမနဲ့ သက်တူရွယ်တူဖြစ်ပြီး အဆင့်ကွာဟချက် သိပ်မရှိပါဘူး။ ဒါပေမဲ့ သူ့ရဲ့ခွန်အားက အများကြီးကို ပိုပြီးတော့ အစွမ်းထက်ပြီး သူမရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးဖို့ အချိန်မရှိပါဘူး။

ဒါပေါ့ သူမက လင်းဟန်ကို အခုချိန်မှာ စံပြပုဂ္ဂိုလ်

တစ်ယောက်အဖြစ် သတ်မှတ်ထားပါတယ်။ ဒါက အချစ်မှာ စီးမျောခြင်းနဲ့ မတူပါဘူး။

"ရုပ်ဆိုးဆိုး မကောင်းဆိုးဂါးမက လင်းဟန်အကြောင်းကို စဉ်းစားနေတယ်။ ငါသူမကို သတ်ပစ်သင့်လား"

ဟူးညိုက သူမရဲ့ မေးစေ့ကို ပွတ်ပြီးတော့ လေးလေးနက်နက်နဲ့ကို စဉ်းစားခန်း ဝင်နေပါတယ်။

လင်းဟန်က ဓားချိုကိုသိပ်သည်းပြီး အလင်းတန်းအတု တစ်ခုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုတိုက်ကွက်ကို ပစ်လွှတ်ဖို့ ပြင်ဆင်ထားခဲ့ပါတယ်။

"ကောင်လေး မင်းက အရမ်းကို သန်မာတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့ ဒီသခင်လေးက လေပြင်းမုန်တိုင်းဂိုဏ်းရဲ့ ဂိုဏ်းသခင်လေးပဲ။ မင်းငါ့ခြိမ်းနဲ့ တကယ်ပဲ ရန်သူဖြစ်ချင်နေတယ်ဆိုတာ သေချာလား"

ဟုချင်းဖန်က ခြိမ်းခြောက်လိုက်ပါတယ်။ အခုဆို သူ့အနေနဲ့ သူ့ရဲ့နောက်ခံကို ထုတ်ဖော်ပြီးတော့ လင်းဟန်ကို ခြိမ်းခြောက်ဖိအားပေး လိုက်ပါတယ်။ ဒါက သူ့အနေနဲ့

လုံးဂကို ကြံရာမရ ဖြစ်နေတယ်ဆိုတာ သိသာပါတယ်။

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"လေပြင်းလမင်းဂိုဏ်းက အရှက်ကင်းမဲ့တဲ့ ဂိုဏ်းတစ်ခုပဲ။ ငါ့အစွမ်းရှိသလောက် အမြစ်ပြုတ် တိုက်ခိုက်ပြီး တခြားလူတွေ အကြီးအကျယ် မခံစားရအောင် လုပ်ရမယ်"

"လေကြွားလိုက်တာ"

ဟုချင်းဖန်က မျက်နှာထား တင်းတင်းနဲ့ အော်လိုက်ပါတယ်။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က သန်မာတယ် ဆိုပေမဲ့ အဲ့ဒါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ လေပြင်းလမင်းဂိုဏ်းမှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေ တစ်ယောက်မက ရှိပါတယ်။

ကောင်းကင်အဆင့် စစ်သည်တော်တွေကို အသာထားဦး။ နတ်အသွင်ပြောင်းလဲခြင်းအဆင့် စစ်သည်တော်တွေဆောင် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တွေကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်စွမ်း ရှိပါတယ်။

"အစကောင်းဖို့အတွက် ငါမင်းကို အရင်ဆုံး သတ်ရလိမ့်မယ်"

လင်းဟန်က စွမ်းအားတွေကို အပြည့်အ၀ စုစည်းပြီးပါပြီ။ အဲဒီနောက် ဓားကို ပွေ့ယမ်းလိုက်ပြီး ဓားချီ ၂၉ခုက စုစည်းပြီးတော့ ရွှေရောင်အလင်းတန်းကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားကာ မြင်းလှည်းအိမ်ဆီကို တိုးဝင်သွားပါတယ်။

မြင်းလှည်းက အတားအဆီး တစ်ခုကို ထုတ်ဖော်ထားပြီး အလင်းတန်းကို ဟန့်ထားထားပါတယ်။ ဒါပေမဲ့ မျက်စိတစ်မှိတ် အတွင်းမှာပဲ အတားအဆီးက ဓားချီရဲ့ တိုက်ခိုက်မှုအောက်မှာ ပျက်စီးသွားပြီး အလင်းတန်းက မြင်းလှည်းအိမ်ကို အလယ်တည့်တည့်ကနေ ရုတ်ချည်းဆိုသလို နှစ်ပိုင်းဖြတ်ပစ်လိုက်ပါတယ်။

ကြောက်စရာကောင်းလိုက်တာ။

မြင်းလှည်းအိမ်က အတားအဆီကို အသက်သွင်းထားတဲ့ အခါမှာ ၎င်းရဲ့ခုခံမှုက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အတားအဆီး တစ်ခုကို ဖြစ်ပေါ်နိုင်ပြီး ၎င်းရဲ့မူလစွမ်းအင်တွေကို မူလစွမ်းအင် ပုံဆောင်ခဲကနေ ရယူထားပါတယ်။ ဒါကြောင့် မူလစွမ်းအင်ပုံဆောင်ခဲတွေ

ရှိနေသရွေ့ အတားအဆီးက ချက်ချင်းပဲ ပြန်လည်ဖြစ်ပေါ်လာပြီး ပြန်လည်ကောင်းမွန်လာနိုင်ပါလိမ့်မယ်။

ဒါကို ဓားတစ်ချက်တည်းနဲ့ ဖျက်ဆီးပစ်လိုက်တာကြောင့် လင်းဟာန်ရဲ့ တိုက်ခိုက်မှုက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းနေလို့ ဒီအတားအဆီးအတွက် ပြန်လည်ပြင်ဆင်မှုကို ဆက်ပြီးတော့ မလုပ်နိုင်ရတာလဲ။

မြင်းလှည်းအိမ် အထဲကနေ ဟုချင်းဖန်က လွှားခနဲ ခုန်ထွက်လာပြီး သူ့ရဲ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။ ဒီကောင်က အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာ ကောင်းပါတယ်။ သူက လေပြင်းလမင်းဂိုဏ်းရဲ့ ရှေးဟောင်းစစ်ရထားထဲမှာ ထိုင်နေတာ ဖြစ်ပြီးတော့ သီအိုရီအရ ပြောရမယ်ဆိုရင် စိတ်ဝိညာဉ် နတ်သူယင်အဆင့် ပြိုင်ဘက်တွေတောင် ချိုးဖျက်နိုင်စွမ်း မရှိပါဘူး။

အလယ်ပိုင်း ဒေသမှာ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတွေကို လက်ရွေးစင်တွေလို့ ခေါ်ဆိုနိုင်ပါတယ်။ ပြီးတော့ ဒီလူထဲမှာ အဲဒီအဆင့်ကို ဘယ်သူကများ ရောက်နေပြီး လေပြင်းလမင်းဂိုဏ်းကို ရင်ဆိုင်ဆန့်ကျင်

တိုက်ခိုက်ဖို့ စစ်ပွဲတစ်ခု လွယ်လွယ်ကူကူနဲ့ စတင်နိုင်သူ ရှိလို့လား။ ဒီအချက်ကြောင့်ပဲ လွန်ခဲ့တဲ့ ရက်အနည်းငယ်က နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ရတာတောင် ဟုချင်းဖန်က အမြဲတမ်းလိုလို သိက္ခာစောင့်ထိန်းခြင်း မရှိပဲ ရှေးဟောင်းမြင်းရထားအထဲ ဝင်ပြီးတော့ ထွက်ပြေးရခြင်း ဖြစ်ပါတယ်။

ဟူးညိုက ရှေးဟောင်းစစ်ရထားရဲ့ ခုခံကာကွယ်မှုကို ကိုက်ဖြတ်နိုင်ပြီး လင်းဟာန်က ပိုပြီးတော့ ကြောက်ဖို့ကောင်းပါတယ်။ ဓားတစ်ချက်တည်းနဲ့ မြင်းရထားကို နှစ်ပိုင်းလိုးဖြတ် ပစ်ခဲ့ပါတယ်။

"မင်း မင်း အနားကို မလာနဲ့"

ဟုချင်းဖန်ရဲ့ အကြီးမားဆုံး ပှက်ဖဲက မရှိတော့ပါဘူး။ သူက နောက်ဆုံးတော့ ကြောက်စိတ်တွေ မွှန်လာပြီး လုံးဝကို တည်ငြိမ်မှုတွေ ပျောက်ဆုံးကုန်ပါတယ်။

"အော်စမ်း။ တစ်ယောက်ယောက် လာပြီးတော့ မင်းကို လာကယ်မလားဆိုတာကို သိရအောင် လည်ချောင်းကွဲမတတ် အော်ပစ်လိုက်"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ခစ်ခစ်ခစ်ခစ်"

ဟူးညိုက ဂမ်းသာအားရ စတင်ရယ်မောလိုက်ပြီး ကျူးရွှမ်အာကတော့ သူမရဲ့ ပါးစပ်ကို ကာပြီးတော့ အသာလေး ရယ်လိုက်ပါတယ်။ ချင်ရီယွဲ့က ခဏမျှ စဉ်းစားပြီးတော့ သူမလည်း ရယ်မောလိုက်ပါတယ်။ သူမရဲ့ အသည်းကြော် ပုဂ္ဂိုလ်က ဟာသတစ်ခု ပြောနေပါတယ်။ ဒါကြောင့် ရယ်စရာကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ သူမအနေနဲ့ အရင်ဆုံး ရယ်ရပါမယ်။

"သွား"

ဟုချင်းဖန်က မိန်းမချော လေးယောက်ကို တွန်းထုတ်ပြီးတော့ သူကချာခနဲ လှည့်ထွက်ပြီး အမြီးတန်းနေအောင် ထွက်ပြေးလိုက်ပါတယ်။

"ဘယ်လောက်တောင် ရယ်စရာ ကောင်းလိုက်သလဲ"

လျှပ်ပြက်သလိုပဲ လင်းဟန်က လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းသွားပြီး ဟုချင်းဖန်ကို

လိုက်ဖမ်းပါတယ်။ ဓားချက်တစ်ချက်နဲ့အတူ ဟုချင်းဖန်ရဲ့ ဦးခေါင်းက ပြတ်သွားပြီး ကောင်းကင်ပေါ် လွင့်ထွက်ကာ လည်ပြတ်ကြီးကနေ သွေးတွေက ဆိုးဆိုးဂါးဂါး ပန်းထွက်လာခဲ့ ပါတယ်။

"ဂိုဏ်းခေါင်းဆောင် သခင်လေး"

မိန်းမချော လေးယောက်က အော်ဟစ်လိုက်ကြပြီး သူမတို့ရဲ့ မျက်နှာတွေ သွေးစုတ်ဖြူရော် သွားခဲ့ပါတယ်။

"ရွံ့စရာကောင်းတဲ့ မျိုးနွယ်တူတွေ"

လင်းဟန်က ချာခနဲလှည့်ပြီး ဓားကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပြီး မိန်းမချော လေးယောက်ကိုလည်း သတ်ပစ်လိုက်ပါတယ်။

လေပြင်းလမင်းဂိုဏ်းထဲမှာ အမျိုးသားတွေက ယင်ဓာတ်ကို စုပ်ယူကျင့်ကြံပြီး အမျိုးသမီးတွေက ယန်ဓာတ်ကို စုပ်ယူကျင့်ကြံကြပါတယ်။ သူတို့ရဲ့ အဆင့်တွေ ပိုပိုမြင့်လာလေ လူတွေပိုပြီးတော့ ထိခိုက်ခံစားရပါတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ ခွင့်လွှတ်ညှာတာနေစရာ မလိုပါဘူး။

"နင် တကယ်ပဲ လုပ်ပစ်လိုက်တာလား"

ချင်ရီယွဲ့က ဟုချင်းဖန်ရဲ့ အလောင်းကို ကြည့်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။

"လေပြင်းလမင်းဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်မှာ မရေမတွက်နိုင်တဲ့ ဇနီးမယားတွေနဲ့ ကိုယ်လုပ်တော်တွေ ရှိပေမဲ့ သူ့မှာ သားတစ်ယောက်ပဲ ရှိပြီးတော့ အရမ်းကို အလိုလိုက်ထားတယ်။ နင်က သူ့ကို သတ်ပစ်လိုက်တယ်ဆိုတော့ လေပြင်းလမင်းဂိုဏ်းနဲ့ ရန်သူတွေ ဖြစ်သွားပြီလို့ ဆိုလိုလိုက်တာပဲ"

လင်းဟန်က ချင်ရီယွဲ့ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါကရော မင်းကို ခုတ်ဖြတ်ပစ်သင့်လား"

"မလိုဘူး မလိုဘူး"

ချင်ရီယွဲ့က သူမရဲ့ လက်ကို အလျင်အမြန် ခါပြလိုက်ပါတယ်။

"နောက်ပြီးတော့ အသိုက်ထဲကို ပြေးဝင်သွားတဲ့ ရန်ရင်းယွင်လည်း ရှိသေးတယ် မဟုတ်လား။ နင်ငါ့ကို

ရေငုံနှုတ်ပိတ်ခိုင်းဖို့ မလိုပါဘူး"

ဒီအမျိုးသမီးက အတော်လေးကို စနောက်တတ်တဲ့ လူစားမျိုးပဲ။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီးတော့ ဟုချင်းဖန်နဲ့ သွမ့်မင်းဒုတို့ရဲ့ သိုလှောင်လက်စွပ်တွေကို ကောက်ယူလိုက်ပါတယ်။ ပြီးတော့ အထဲကို တစ်ချက်ပေ့ကြည့်လိုက်တဲ့ အခါမှာ ဒီလူနှစ်ယောက်က အတော်လေးကို ချမ်းသာတယ်လို့ ပြောလို့ရပါတယ်။ အထူးသဖြင့်တော့ ဟုချင်းဖန်ရဲ့ သိုလှောင်လက်စွပ်ထဲမှာ အဆင့်ခုနစ် ရှားပါးသတ္တုတစ်ခု ရှိပါတယ်။ ကြည့်ရတာ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို တက်တဲ့အချိန်မှာ သူ့အတွက် လက်နက်တစ်ခုကို သွန်းလုပ်အသုံးပြုဖို့ ဖြစ်ပါလိမ့်မယ်။

"တကယ့်ကို အချိန်ကိုက်ပဲ။ ငါ့မှာ မြားခြောက်ချောင်းပဲ ကျန်တော့တယ်။ ပြီးတော့ ဒီရှားပါးသတ္တု အပိုင်းအစက သိပ်ပြီးတော့ ကြီးတယ်လို့ ပြောလို့မရပေမဲ့ မြားငါးချောင်း သွန်းလုပ်ဖို့အတွက် ပြဿနာမရှိနိုင်ဘူး"

လင်းဟန်က အနောက်ကို ပြန်လှျောက်လာပြီး

ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက် ဘယ်ကိုသွားမလဲ"

သူပြောတဲ့ နှစ်ယောက်ဆိုတာက ချင်ရီယွဲ့နဲ့ ဟဲလန်ယွင်တို့ပဲ ဖြစ်ပါတယ်။

"နင်တို့က ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားကြမယ်။ ပြီးတော့ ငါကလည်း အဲဒီကိုပဲ သွားမှာ။ ဒီတော့ ငါတို့အတူတူ သွားကြတာပေါ့"

ချင်ရီယွဲ့က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

ဟဲလန်ယွင်က ကန်းရီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး ပြောပါတယ်။

"ငါလည်း နင်တို့နဲ့ အတူတူ သွားမယ်"

ကန်းရီရဲ့ မျက်နှာက အတော်လေးကို နီရဲသွားပြီး သူရဲ့မျက်လုံးထဲမှာ နူးညံ့သိမ်မွေ့တဲ့ အကြည့်တစ်ခု လက်သွားပါတယ်။ ကြည့်ရတာ အစောပိုင်းတုန်းက ဒုက္ခတွေကြုံတွေ့ လိုက်ရတာကြောင့် သူတို့နှစ်ယောက်ကို

ခြားထားတဲ့ အလွှာပါးလေးက ပွင့်သွားပြီး ကောင်းမွန်တဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်သွားပုံ ရပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အနက်ရောင် မျှော်စင်ထဲကနေ လက်တစ်ဖက် အပြည့် မှော်ဆေးလုံးတွေ ဆွဲထုတ်ယူပြီးတော့ ဟဲလန်ယွင်ကို ပေးလိုက်ပါတယ်။

"လာလာလာ ဒါက ကြိုဆိုနှုတ်ဆက်တဲ့ လက်ဆောင်တစ်ခုပါ"

ဟဲလန်ယွင်က ချက်ချင်းဆိုသလို မျက်နှာနီသွားပေမဲ့ လက်ကိုဆန့်ထုတ်ပြီး မှော်ဆေးလုံးတွေကို လက်ခံလိုက်ပါတယ်။ အဲဒီနောက် ကန်းရီကို နောက်ထပ်တစ်ကြိမ် မျက်စိပေ့ကြည့်လိုက်ပြီး သူမရဲ့ နှလုံးသားထဲမှာ ချိုမြိန်မှုကို ခံစားလိုက်ရပါတယ်။ အစောပိုင်းတုန်းက သူမခံစားခဲ့ရတဲ့ အရှက်ကွဲမှုတွေ အားလုံးပဲ မြူခိုးတွေအလား ပျောက်ပြယ်သွားခဲ့ပါပြီ။

ချင်ရီယွဲ့ကလည်း သူမရဲ့ သေးသွယ်လှပတဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါရော နည်းနည်း မရဘူးလား"

ဒီအမျိုးသမီးက တကယ့်ကို အရှက်မရှိ မျက်နှာပြောင်တိုက်လွန်းပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မရဘူး"

"ကပ်စေးနဲ ကော်တရာကြီး"

ချင်ရီယွဲ့က တီးတိုးရွတ်ဆို လိုက်ပါတယ်။

လင်းဟန်က သူမကို လျစ်လျူရှုပြီးတော့ ပြောလိုက်ပါတယ်။

"သွားကြစို့။ လေပြင်းလမင်းဂိုဏ်း အစွမ်းထက်တဲ့သူတွေ ရောက်လာတဲ့ အချိန်ကျရင် ငါတို့တွေ ပြဿနာ အကြီးကြီး ဖြစ်လိမ့်မယ်"

လူတိုင်းလူတိုင်း ခေါင်းညိတ်လိုက် ကြပါတယ်။ ဒါက တောအုပ်တစ်ခုပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရိုင်းစိုင်းတဲ့ သားရဲကောင်တွေ ကျက်စားတဲ့ နေရာတစ်ခု ဖြစ်တာကြောင့်

ဒီကျန်ရစ်နေတဲ့ အလောင်းကောင်းတွေကို ဖျက်ဆီးစားသောက် ကြပါလိမ့်မယ်။

ဟုချင်းဖန်ရဲ့ ခြိမ်းခြောက်မှု မရှိတော့တာကြောင့် သူတို့က အမိက လမ်းမကြီးပေါ်ကနေ ပြန်ပြီးတော့ လျှောက်သွားကြပါတယ်။ တကယ်တော့ တောင်တွေနဲ့ တောအုပ်ကုန်းမြေတွေက ရှုပ်ထွေးပြီး သူတို့ရဲ့ အမြန်နှုန်းကို အကျိုးသက်ရောက်ပါလိမ့်မယ်။

"အစ်ကိုလင်း နင်စိတ်ဝင်စားစရာကောင်းတဲ့ နေရာတချို့ကို မသွားချင်ဘူးလား"

ချင်ရီယွဲ့က အနားကိုကပ်လာပြီးတော့ စကားပြောလိုက်ပါတယ်။

"ဟင့်အင်း"

လင်းဟာန်က တန်းပြီးတော့ ငြင်းလိုက်ပါတယ်။

"နင်ကလဲ ငါက ဘယ်နေရာအကြောင်း ပြောမလဲဆိုတာကိုတောင် နားမထောင်ဘူး"

ချင်ရီယွဲ့က အတော်လေး စိတ်တိုသွားပါတယ်။ ပထမဆုံး အကြိမ်အဖြစ် သူမရဲ့ ကိုယ်ပိုင် ဆွဲဆောင်နိုင်စွမ်းရှိတဲ့ အလှအပကို သံသယ ဝင်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ ချက်ချင်းကို ပယ်ချခြင်းကို ခံရပါတယ်။

"စိတ်ဝင်စားစရာနေရာရော ရှိလို့လား"

လင်းဟန်က မေးလိုက်ပါတယ်။

"အဲဒီနေရာက ဆေးတောင်ကြား"

ချင်ရီယွဲ့က ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဆေးတောင်ကြား ဟုတ်လား။ သူ့လိုမျိုး မှော်ဆေးပညာကျော်ရာဇ် တစ်ယောက် အတွက်တော့ ဆေးတောင်ကြား တစ်ခုက အတော်လေးကို ဆွဲဆောင်မှု ရှိပါတယ်။ ပြီးတော့ သူ့လက်ထဲမှာ ဆေးပင်တွေရဲ့ အာနိသင်ကို အမြင့်ဆုံးထိ ရောက်အောင်လို့ လုပ်နိုင်ပါတယ်။ အခု သူ့ရဲ့အဆင့်က ပိုပိုမြင့်လာပြီးတော့ သူ့အတွက် အဆင့်မြင့်တဲ့ ဆေးပင်တွေ လိုလာပါတယ်။

သူက မေးလိုက်ပါတယ်။

"ဆေးတောင်ကြားက ဘယ်လိုအဆင့်ရှိလဲ"

Chapter 615 end
Zawgyi. အပိုင်း(၆၁၆) ရီဟောင်

တကယ်လို့ ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ဆေးတောင်ကြား ဆိုရင်တော့ လင်းဟန်က စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ သူက မကြာခင်မှာ ပန်းဖူးအဆင့်ကနေ ကျော်ဖြတ်ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို အဆင့်တက်ပါတော့မယ်။

"ငါလည်း သိပ်ပြီးတော့ ရှင်းရှင်းလင်းလင်း မသိဘူး။ တောင်ကြားရဲ့ ဝင်ပေါက်မှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သားရဲတစ်ကောင်က အမြဲတမ်း စောင့်ကြည့်နေတယ်။ ဒါကြောင့် ငါလည်း အဝေးကြီးကို ဝင်မသွားရဲဘူး။ ဒါပေမဲ့လည်း တောင်ကြားဝင်ပေါက်ရဲ့ တည်နေရာမှာ စိတ်ဂိညာဉ် သစ်သီးပင် တစ်ပင်ကိုလည်း ငါရှာတွေ့ခဲ့တယ်။ အဲဒီဆေးတောင်ကြားကြောင့်လည်း ငါက ဟုချင်းဖန်နဲ့ ထိပ်တိုက်တွေ့ဆုံမိခဲ့တာပဲ"

ချင်ရီယွဲ့က ပြောလိုက်ပါတယ်။

"ဒါက "

လင်းဟန် တီးတိုးရွတ်ဆိုလိုက်ပါတယ်။ တောင်ကြားဂင်ပေါက်အရ အဲဒီမှာ အဆင့်ခုနစ် စိတ်ဝိညာဉ် သစ်သီးပင် တစ်ပင်ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကြားရဲ့ အတွင်းပိုင်းမှာ အဆင့်ပိုမြင့်တဲ့ စိတ်ဝိညာဉ် ဆေးပင်တွေ ရှိနိုင်ပါတယ်။

တကယ်လို့ အဲ့ဒီမှာ ရှိတာက အဆင့်ခုနစ် စိတ်ဝိညာဉ် ဆေးပင်ဆိုရင်တောင်မှ အတော်လေးကို အသုံးဝင်တယ်လို့ သတ်မှတ်လို့ ရပါတယ်။

"အစ်ကိုလင်း နင့်စိတ်တွေ လှုပ်ရှားသွားပြီလား"

ချင်ရီယွဲ့က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ထင်နေတာလား"

လင်းဟန်က ပြောလိုက်သည်။

"ကျမနောက်ကို လိုက်ခဲ့"

ချင်ရီယွဲ့က ထပ်ပြီးတော့ ထွေထွေထူးထူး ပြောဆိုဖို့ အခွင့်အရေး မပေးတော့ပဲ ရှေ့ကနေ သူမရှာတွေ့ခဲ့တဲ့ ဆေးတောင်ကြားကို ဦးဆောင်ပြီး ထွက်လာခဲ့ပါတယ်။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်း တရားဝင် ဖွင့်လှစ်ဖို့ နှစ်ဂက်ခန့် ကျန်ရှိနေသေးမှတော့ သူမအနေနဲ့ အလျင်စလို သွားဖို့ မလိုပါဘူး။ နောက်ပြီးတော့ သူမအတွက် ကံကောင်းခြင်း တချို့ကို ရှာဖွေဖို့လည်း လိုပါသေးတယ်။ သူမက ဆေးတောင်ကြားကို သွားတဲ့အခါမှာ အထဲမှာ ကံကောင်းပြီးတော့ ကြီးမားတဲ့ ယုန်ဖြူကြီး တစ်ကောင်ရဲ့ စွတ်ကြောင်း အတိုင်း သွားခဲ့ပေမဲ့ အဲဒီနေရာမှာ ခြေဦးတည့်ရာ လျှောက်သွားနေတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သားရဲ့ကောင် တစ်ကောင်ကိုတော့ သူမအနေနဲ့ ထိတ်လန့်ကြောက်ရွံ့ မိပါတယ်။ သူမက လူတွေထပ်ရှာပြီးတော့ အတူတူ ထပ်သွားဖို့ စဉ်းစားလိုက်ပေမဲ့ မမျှော်လင့်ပဲ ဟုချင်းဖန်နဲ့ တွေ့ဆုံမိပြီး ဟုချင်းဖန် လိုက်ဖမ်းတာကို လဂက်ကျော်တဲ့အထိ ထွက်ပြေးနေ ရပါတယ်။

ဒါကြောင့် သူတို့က ဆေးတောင်ကြားနဲ့ အတော်လေးကို

အလှမ်းကွာဝေးနေဆဲပါပဲ။

ချင်ရီယွဲ့က လမ်းတွေကို ကွေ့ပတ်ပြီးတော့ လမ်းကြောင်းပေါင်းစုံကနေ သွားနေပါတယ်။ ဒါပေမဲ့ အဲဒါက သူတို့အတွက် မလိုအပ်ပါဘူး။ သူတို့က တဖြောင့်တည်း သွားဖို့ပဲ လိုပါတယ်။ ဒါဆိုရင် သူတို့ရဲ့ ခရီးက ငါးရက်ခန့်ပဲ ကြာပါလိမ့်မယ်။

တစ်ရက်ကြာပြီးတဲ့ နောက်မှာတော့ သူတို့က မြို့ငယ်လေး တစ်မြို့ကို ရောက်လာပြီး ညဘက်မှာ အနားယူဖို့ နားခိုလိုက်ကြပါတယ်။

"မိန်းကလေးချင် မိန်းကလေးချင်"

မနက်စောစော အချိန်မှာ သူတို့အားလုံး ခရီးစထွက်လာချိန်မှာပဲ လူငယ်တစ်ယောက်က အပြေးအလွှားနဲ့ လိုက်လာပါတယ်။ သူ့ကိုကြည့်ရတာ အသက် နှစ်ဆယ်ခြောက် နှစ်ဆယ့်ခုနစ်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ သူက ပန်းဖူးအဆင့် အထွတ်အထိပ်ကို ရောက်ရှိနေပြီး သူ့ခွန်အားက အတော်လေး ထူးခြားပါတယ်။

သူ့ကိုကြည့်ရတာလည်း အထင်ကြီးစရာ ကောင်းပြီးတော့

သူ့ခန္ဓာကိုယ် တစ်ခုလုံး စိမ်းပြာရောင် အဝတ်အစားတွေ ဝတ်ဆင်ထားပြီးတော့ သူ့ရဲ့တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ်ကို သိသာထင်ရှားတဲ့ ကိုယ်ကျတ်ဝတ်စုံကို ဝင်ဆင်ထားပါတယ်။ သူရဲ့ဆံပင်က နက်မှောင်ပြီး သူ့အသားအရေက အလင်းရောင် ထွက်နေသလို ကြည်လင်တောက်ပပြီးတော့ မိန်းကလေး အများစုထက် ပိုမိုချောမွေ့ပါတယ်။

"ရှီဟောင်"

ချင်ရှီယွဲ့ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပြီးတော့ ပြောလိုက်ပါတယ်။

"နင်ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ"

"မိန်းကလေးချင်ကို ဟိုမကောင်းဆိုးဝါးကောင် ဟုချင်းဖန်က လိုက်နှောင့်ယှက်နေတယ် ဆိုတာကို ကြားလို့ ချက်ချင်းပြေးလာခဲ့တာပဲ။ မဆိုးဘူး။ မဆိုးဘူး။ ကြည့်ရတာ ငါအချိန်မီ ရောက်လာတာပဲ"

စိမ်းပြာရောင် အဝတ်အစားကို ဝတ်ဆင်ထားတဲ့ လူငယ်က စိတ်သက်သာရာ ရသွားသလိုမျိုး သက်ပြင်းတစ်ချက်

မှုတ်ထုတ်လိုက်ပါတယ်။ အခုမှပဲ ကြီးမားတဲ့ ဂန်ထုပ်ဂန်ပိုးကြီးတစ်ခု ပြုတ်ကျသွားသလို ခံစားရပြီး သူ့အကြည့်တွေမှာ ထင်ထင်ရှားရှား ပေါ်လွင်နေပါတယ်။

ချင်ရီယွဲ့က မပြင်ချင်ယောင်ဆောင်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ကြယ်ပျံဂိုဏ်းခေါင်းဆောင်ရဲ့ ချစ်ခင်မြတ်နိုးခြင်းကို ခံရတဲ့ တပည့်ဖြစ်သူ ရီဟောင်လို့ ခေါ်တယ်။ အစ်ကိုရီရဲ့ သိုင်းပညာပါရမီက အရမ်းကိုမြင့်မားပြီး သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက် ဂင်ခွင့်ရရှိခဲ့တယ်"

ရီဟောင်က ချက်ချင်းဆိုသလို ဟိတ်ကြီးဟန်ကြီးပုံစံနဲ့ သူ့ရဲ့လက်နှစ်ဖက်ကို အနောက်ဘက်ကို ပစ်ထားပြီး စိတ်ကြီးဂင်နေတဲ့ပုံစံ ဖြစ်သွားပါတယ်။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဂင်ခွင့်ရရှိတယ် ဆိုတာက သူ့ရဲ့သိုင်းပညာ ပါရမီက အရမ်းကို ကြောက်စရာကောင်းလွန်းတယ်လို့ ပြောလို့ရပါတယ်။ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်မှာ သူ့ကိုယ်ပိုင် ပါရမီကို ဂုဏ်ယူပြီးတော့

အရာတော်တော်များများ သူ့ထက် နိမ့်ကျတယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ချင်ရီယွဲ့ကို ယဉ်ယဉ်ကျေးကျေး ပြောဆိုရတာက သူ့အနေနဲ့ ဒီမိန်းကလေးကို နှစ်သက်သဘောကျ နေတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ပြီးတော့ တခြားလူတွေရဲ့ အရှေ့မှာ ပါရမီရှင်တွေမှာ အမြဲလိုလို ရှိတတ်တဲ့ ဟိတ်ကြီးဟန်ပန် အမူအရာကို သိသိသာသာ ထုတ်ပြလိုက်ပါတယ်။

သူ့လိုမျိုး ပါရမီရှင် တစ်ယောက် အနေနဲ့ လင်းဟန်နဲ့ တခြားလူတွေနဲ့အတူ နိမ့်ချပြီး ပူးပေါင်းဖို့ မဖြစ်နိုင်ပါဘူး။

လင်းဟန်က ရိုးရိုးလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒါက အစ်ကိုရီပေါ့"

လင်းဟန်က သူ့ကို နှုတ်ဆက်တာကို ကြည့်ပြီးတော့ ကန်းရီ၊ ကျူးရှမ်အာနဲ့ ဟဲလန်ယွင်တို့လည်း တစ်ယောက်ပြီးတစ်ယောက် ခေါ်လိုက်ကြပါတယ်။ ဒါပေမဲ့လည်း ဟူးညိုကတော့ သူ့ကိုလုံးဝကို လျစ်လျူရှုထားပါတယ်။ ဒီလိုမျိုး စိတ်ကြီးဝင်နေတဲ့ လူတစ်ယောက်ကို အချိန်ပေးဖို့ သူမအတွက် မထိုက်တန်ပါဘူး။

ရီဟောင်က အားလုံးရဲ့ နှုတ်ဆက်မှုကို သာမန်ကာလျှံကာပဲ သတ်မှတ်ထားပါတယ်။ သူ့လိုမျိုး ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိထားတဲ့ လူတစ်ယောက် အနေနဲ့ သူ့ရဲ့ပါရမီကို အပြည့်အဝ အတည်ပြုထားပြီး ဖြစ်တာကြောင့် ဒီလိုမျိုး စိတ်ကြီးဝင်ဖို့က အကြောင်းပြချက် ရှိပါတယ်။ သူက အားလုံးကို သူ့ထက်နိမ့်ကျတယ်လို့ လုံးဝကို သတ်မှတ်ယူဆထားပြီး ချင်ရီယွဲ့ကိုပဲ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေးချင် အကောင်းဆုံးကတော့ မင်းကို ငါကိုယ်တိုင် ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို လိုက်ပို့မှ ဖြစ်မယ်"

ချင်ရီယွဲ့က မကျေမနပ် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုရီ ငါ့ကို သုံးနှစ်အရွယ် ကလေးတစ်ယောက်လို့ ထင်နေတာလား"

"ဟဲဟဲ ငါက မင်းအတွက် စိုးရိမ်လို့ပါ"

ရီဟောင်က ဒါကိုမယဉ်ကျေးဘူးလို့ မသတ်မှတ်ထားပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ တခြားလူ တစ်ယောက်ကသာ ဒီလိုမျိုး ပြောမယ်ဆိုရင် သူကသေချာပေါက် ဒေါသထွက်ပြီး အဲဒီလူကို တန်းပြီးတော့တောင် သတ်ပစ်ကောင်း သတ်ပစ်နိုင်ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်က စော်ကားခံနိုင်ရမှာလဲ။

ချင်ရီယွဲ့က လင်းဟာန်ကို ဘယ်လိုလဲ ဆိုတဲ့ အဓိပ္ပါယ်နဲ့ ကြည့်လိုက်ပါတယ်။ သူတို့သွားမှာက ဆေးတောင်ကြား ဖြစ်ပြီးတော့ လူတစ်ယောက် ပိုလာမယ်ဆိုရင် သူတို့ရရှိတဲ့ ရတနာ ဆေးပင်တွေကို လူတစ်ယောက်ပိုပြီး ခွဲဝေပေးရပါလိမ့်မယ်။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုရီက စိတ်ရင်းအတိုင်း ဆိုမှတော့ အားလုံးအတူတူ သွားကြတာပေါ့"

ရီဟောင်က လင်းဟာန်ကို ငေးကြည့်ပြီး ဒီလူက ဘယ်လိုမျိုး အချိတ်အဆက် လုပ်မရလဲ ဆိုတာကို ကောင်းကောင်းနားလည် သဘောပေါက်ပြီး သူက

ချင်ရီယွဲ့ကို ပိုးပန်းနေတာကိုလည်း သိနေတယ်လို့ ခံစားရပြီး ကျိတ်ပြီးတော့ သူ့ကိုကူညီတယ်လို့ ခံစားလိုက်ရပါတယ်။ အင်း နောက်ကျရင် သူ့ကို ထိခိုက်နာကျင်မှု မရှိအောင် လမ်းညွှန်ပေးရမှာပေါ့။ သူက မာနကြီးစွာနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံးပဲ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားကြမလို့လား"

အားလုံးဆီက အတည်ပြုချက်ကို ရပြီးတဲ့ နောက်မှာတော့ သူက ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ် ငါက တိုက်ရိုက်ဝင်ခွင့်ရတဲ့ တပည့်တစ်ယောက်ဆိုတော့ အထူးအခွင့်အရေးတွေ ရတယ်လို့ ပြောနိုင်တယ်။ နောက်ပိုင်းမှာ မင်းတို့တွေ သင်တန်းကျောင်းကို သွားပြီးတော့ စမ်းသပ်စစ်ဆေးမှုမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အချိန်ကျရင် မင်းတို့တွေကို အထောက်အကူ ဖြစ်စေမဲ့ အရာတချို့ကို ငါပြောပေးမယ်"

"ဟဲဟဲ ဒါဆိုရင် ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ တကယ်တော့ သူက

ဂရုမစိုက်ပါဘူး။ သူ့အနေနဲ့ စိတ်ကြီးဝင်တဲ့ လူတွေ အများကြီး မြင်ဖူးပါတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး။

ကျူးရှမ်အာ၊ ချင်ရီယွဲ့နဲ့ ဟဲလန်ယွင်တို့က သူတို့ရဲ့ ပါးစပ်ကို လက်နဲ့အသာလေး အုပ်ပြီးတော့ ရယ်လိုက်ကြပါတယ်။ တကယ်လို့ ဒီကောင်က လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကိုသာ မြင်မိမယ်ဆိုရင် တကယ်လို့ သူ့ကိုသေအောင်လို့ ရိုက်နက်ရင်တောင်မှ ကူညီထောက်ပံ့မယ် ဆိုတဲ့ စကားကို ပြောလိမ့်မှာ မဟုတ်ပါဘူး။ ဘယ်လောက်တောင် စိတ်ကသိကအောက် ဖြစ်ဖို့ ကောင်းလိုက်သလဲ။

ရီဟောင်အပါအဝင် လူခုနစ်ယောက်က ဆက်ပြီးတော့ ချီတက်သွားကြပါတယ်။

ရီဟောင်မှာ အစွမ်းထက်တဲ့ နောက်ခံရှိတယ်လို့ ပြောလို့ရပါတယ်။ ကြယ်ပျံဂိုဏ်းက ထိပ်တန်းဂိုဏ်း တစ်ခုဖြစ်ပြီးတော့ လေပြင်းလမင်းဂိုဏ်းအောက် မနိမ့်ကျပါဘူး။ ပြီးတော့ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်း၊ ကောင်းကင်ဓားဂိုဏ်းနဲ့
တခြားရှေးဟောင်းဂိုဏ်းတွေအောက်ပဲ နိမ့်ကျတာ ဖြစ်ပါတယ်။ ရီဟောင်က ကြယ်ပျံဂိုဏ်းခေါင်းဆောင်ရဲ့ ခုနစ်ယောက်မြောက် တပည့်ပြီးတော့ အထူးချွန်ဆုံး

သုံးယောက်ထဲက တစ်ယောက်ဖြစ်ကာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်ရယူပြီး သက်သေပြနေပါတယ်။

သူကအခုမှ နှစ်ဆယ့်ကိုးနှစ်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ကြည့်ရတာ နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်လို့ ထင်ရအောင် နုပျိုပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူက ပန်းဖူးအဆင့်ကို အစောပိုင်းမှာ အဆင့်တက်နိုင်ခဲ့တာကြောင့် ဖြစ်ပြီးတော့ မျက်နှာသွင်ပြင်ပုံသဏ္ဍာန်ရဲ့ ပြောင်းလဲမှုတွေက နှေးကွေးသွားလို့ ဖြစ်ပါတယ်။

သူက တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ခြောက်လုံးနဲ့ ပန်းဖူးအဆင့် အထွတ်အထိပ်မှာ ရှိနေပြီး အရမ်းကို ထူးချွန်ထက်မြက်ပါတယ်။

လမ်းတစ်လျှောက်လုံးမှာ သူတစ်ယောက်ပဲ စကားတွေပြောနေပြီး အဓိကကတော့ သူရဲ့တိုက်ပွဲ အကြောင်းတွေကို ချဲ့ကားပြောဆိုနေတာ ဖြစ်ပါတယ်။ သူကတချို့ပါရမီရှင်တွေ ဒါမှမဟုတ် လက်ရွေးစင် တချို့ကို ခေါင်းဖြတ်ကွပ်မျက် ပစ်လိုက်တဲ့ အကြောင်းတွေ စသည့်ဖြင့် တိုက်ပွဲအမျိုးမျိုး အကြောင်းကို ပြောဆိုလာပြီး ဘယ်သူကမှ

သူ့ကို အနိုင်မယူနိုင်တဲ့ ပုံစံမျိုးနဲ့ ကြွားဂါလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘယ်သူကမှ သူ့စကားတွေကို အာရုံမစိုက်တာကြောင့် သူ့အနေနဲ့ ဆက်ပြီးတော့ ပြောလို့မရတော့ပဲ ခွတီးခွကျ ဖြစ်နေပုံ ပေါ်ပါတယ်။

လေးရက်မြောက်နေ့ရဲ့ ညရောက်တော့ သူတို့တွေက ရွာတစ်ခုကို ဖြတ်လာခဲ့ပါတယ်။ ဒီနေရာကနေ ဆေးတောင်ကြားကို သိပ်ပြီးတော့ မဝေးတော့ပါဘူး။ သူတို့က ဒီနေရာမှာ ရပ်ဖို့ မစဉ်းစားပဲ တစ်ခါတည်းနဲ့ သွားချင်နေကြပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ရုတ်တရက် ရပ်တန့်လိုက်ပါတယ်။

"ဘာဖြစ်လို့လဲ"

ကျူးရှွမ်အာက မေးလိုက်ပါတယ်။

ရီဟောင်က အရမ်းကို မကျေမနပ် ဖြစ်နေပါတယ်။ တကယ်လို့ ချင်ရီယွဲ့ကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒီလူအားလုံးကို အတူတူ ခေါ်သွားလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ လင်းဟန်က တကယ်ပဲ သူ့ကိုတောင် ဆွဲထားပုံ့နေတာလား။

"အခုညဘက်ကို ရောက်နေပြီ။ ဒါပေမဲ့ ဘာဖြစ်လို့ ဒီရွာထဲမှာ အလင်းရောင်တစ်ခုတောင် မရှိရတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"သူတို့တွေ အစောကြီးကတည်းက အိပ်ပျော်နေလို့ ဖြစ်မှာပေါ့"

ရီဟောင်က စိတ်ကူးတည့်ရာ ပြောလိုက်ပြီး အရမ်းကို မကျေမနပ် ဖြစ်နေပုံ ပေါ်ပါတယ်။

"သာမန်လူတွေ နေထိုင်တဲ့ ကျေးရွာလေး တစ်ခုပဲ။ တကယ်လို့ တစ်ခုခု ဖြစ်ပျက်တယ် ဆိုရင်တောင် အဲဒါကို အလေးအနက် ထားနေဖို့ လိုလို့လား"

ဘဂမြင့်တဲ့ လူတစ်ယောက်ရဲ့ စိတ်အမှန်အကန် ဖြစ်ပါတယ်။

လင်းဟန်က သူ့ကို လျစ်လျူရှုပြီးတော့ ရွာဘက်ကို လှည့်ပြီးတော့ ထွက်သွားလိုက်ပါတယ်။

ရီဟောင်က ဒေါသကြောင့် တဆတ်ဆတ်တုန်လာပါတယ်။ ဒီကောင်က သူ့ကိုလျစ်လျူရှု ပုံ့တယ်ပေါ့။

ဘယ်လောက်တောင် မုန်းဖို့ကောင်းလိုက်သလဲ။ သူက ပြောလိုက်ပါတယ်။

"သူ့ကို လျစ်လျူရှုထားလိုက်။ ငါတို့သွား..."

သူ့ရဲ့စကားလုံးတွေ မထွက်လာသေးခင်မှာပဲ တခြားလူတွေက လင်းဟာန်အနောက်ကို လိုက်သွားပြီး သူ့ကို ဒေါသကြောင့် မူးမေ့လဲကျမလိုတောင် ဖြစ်သွားပါတယ်။

ဒီလူတွေ အားလုံးပဲ ညို့ခံထားရတာလား။

Chapter 616 end

Zawgyi.အပိုင်း(၆၁၇) အလောင်းသဲလွန်စများ

လင်းဟာန်က ရွာထဲကို ဝင်လာခဲ့ပါတယ်။

ရွာက တိတ်ဆိတ်ငြိမ်သက်ပြီး သုသာန်တစပြင်နဲ့တူပြီးတော့ လှုပ်ရှားသံ နည်းနည်းလေးတောင် မကြားရပါဘူး။

"အရမ်းကို တိတ်ဆိတ်ငြိမ်သက်လွန်းတယ်"

ချင်ရီယွဲ့က ပြောလိုက်ပါတယ်။ ပြီးတော့ လရောင်မကျရောက်နိုင်တဲ့ နေရာတွေကို မွန်းစတားကြီး တစ်ကောင်က အမှောင်ထဲမှာ ပုန်းနေပြီး ရုတ်တရက်များ ခုန်ထွက်လာမလားဆိုပြီးတော့ သေချာကို ကြည့်နေပါတယ်။

"အသက်ရှူသံ မကြားရဘူး။ နှလုံးခုန်သံလည်း မကြားရဘူး"

ကျူးရှွမ်အာက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

သူတို့လို အဆင့်မြင့်တဲ့ လူတွေအတွက်တော့ နံရံတွေ အများကြီးနဲ့ မီတာပေါင်းများစွာကို ကျော်ဖြတ်ပြီး နှလုံးခုန်သံနဲ့ အသက်ရှူသံတွေကို ကြားနိုင်ပါတယ်။ ဒါကသူတို့အတွက် ပြဿနာ တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ ဒီနေရာမှာ အဲဒီအသံတွေ တစ်ခုမှ မကြားရသလို ခွေးတစ်ကောင် ကြောင်တမြီးမှလည်း မတွေ့ရပါဘူး။

ဒီကျေးရွာက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ စွန့်ပစ်ခံထားရသလိုမျိုးနဲ့တောင် တူပါတယ်။ ဒါပေမဲ့ ကျေးရွာထဲက အိမ်တချို့မှာ ပြောင်းဖူးရိုးတွေနဲ့ ငရုတ်သီးတွေကို လှမ်းထားတာကို မြင်တွေ့နိုင်ပြီး အဲဒါကြောင့် ဒီရွာမှာ သိပ်မကြာသေးခင် လူတွေနေထိုင်သွားတဲ့ အရိပ်အယောင်ကို

တွေ့မြင်ရပါတယ်။

“ထူးဆန်းတယ်”

အားလုံးက တစ်ခုခုတော့ မှားနေပြီ ဆိုတာကို သိလိုက်ကြပါတယ်။

ရီဟောင်လည်း လျှောက်လာပြီး နာခေါင်းရှုံ့ကာ ပြောလိုက်ပါတယ်။

“ဒါက သေမျိုးတွေရဲ့ ရွာလေး တစ်ရွာပဲကို ဒီနေရာမှာ ဘာတွေများ ရေးကြီးခွင်ကျယ် ဖြစ်စရာ ဘာအကြောင်းများ ရှိလို့လဲ”

ဘယ်သူကမှ သူ့ကို အလေးမထားပါဘူး။ အဲဒီအစား အားလုံးရဲ့ သိချင်စိတ်တွေက ပြင်းပြလာခဲ့ ကြပါတယ်။

လင်းဟာန်က တံခါးတစ်ချပ်ကို တွန်းဖွင့်ပြီးတော့ အထဲကို ဝင်သွားလိုက်ပါတယ်။ အိမ်ရဲ့ ပရိဘောဂ အားလုံးက ရှိနေပြီး စားပွဲခုံပေါ်မှာ ဟင်းပွဲတော်တော်များများကိုတောင် ချထားပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီဟင်းပွဲတွေက အေးစက်လို့ နေပါတယ်။

ဘာတွေဖြစ်သွားတာလဲ။ ရွာလုံးကျွတ် သေသွားကြတာလား။ သက်ရှိတွေရဲ့ အရိပ်အယောင် နည်းနည်းလေးမှတောင် မရှိပါဘူး။

အခန်းထဲကို ရှာဖွေပြီးတဲ့ နောက်မှာ လင်းဟန်က နောက်ထပ်အခန်း တစ်ခုဆီကို သွားပါတယ်။ ဒါပေမဲ့ အဲဒီနေရာမှာတော့ အတော်လေး ဖရိုဖရဲ ဖြစ်သွားခဲ့ပုံ ရပြီးတော့ တိုက်ပွဲဖြစ်တဲ့ လက္ခဏာတွေ ရှိနေပါတယ်။ နံရံတွေနဲ့ ကြမ်းပြင်ထက်မှာ လတ်ဆတ်တဲ့ သွေးတွေရှိနေပြီး အလွန်အကျည်းတန်တဲ့ မြင်ကွင်းတစ်ခု ဖြစ်စေပါတယ်။

"တိုက်ပွဲတစ်ခု ဖြစ်သွားခဲ့တာပဲ။ ဒါပေမဲ့ ဒီနေရာက သိပ်ပြီးတော့ မကြီးမားဘူး။ သာမန်လူတွေ အကြားက အငြင်းပွားမှု တစ်ခုပဲ ဖြစ်သင့်တယ်"

ချင်ရီယွဲ့က ကောက်ချက်ချလိုက်ပါတယ်။

"ဒါပေမဲ့ ရွာတစ်ခုလုံးနဲ့ တိရစ္ဆာန်တွေတောင် ပါဝင်ပတ်သက်ရလောက်အောင် ဘာတွေများ ဖြစ်ပျက်သွားခဲ့ရတာလဲ"

ဒါက ပဟေဋ္ဌိ ဖြစ်ပါတယ်။ တကယ်လို့ လူနှစ်ယောက် တိုက်ခိုက်ကြတယ် ဆိုင်တောင် ရွာတစ်ခုလုံး ပါဂင်ပတ်သက်ဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ခွေးတွေ ကြောင်တွေရော ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လင်းဟန်က အတွင်းဘက် အခန်းတွေထဲကို ဂင်သွားပြီး ရုတ်တရက်ဆိုသလို သူ့ရဲ့ ခြေလှမ်းတွေ တန့်သွားခဲ့ပါတယ်။

ဟုမ်း။

အနက်ရောင် အရိပ်တစ်ခုက ရုတ်တရက် ထွက်ပေါ်လာပြီး လင်းဟန်ကို ခုန်အုပ်လိုက်ပါတယ်။ အရိပ်လူက သူ့ရဲ့လက်တွေကို ဆန့်ထုတ်ပြီး လင်းဟန်ကို ပွေ့ဖက်ချုပ်နှောင်ထားမဲ့ ပုံစံမျိုး ဖြစ်နေပြီး သူ့ရဲ့ပါးစပ်ကိုတော့ အကျယ်ကြီး ဟထားပြီးတော့ သွားဖြူဖြူကြီးတွေကို လှစ်ဟထားကာ လင်းဟန်ရဲ့ လည်ပင်းကို တန်းပြီးတော့ ရည်ရွယ်ထားပါတယ်။

"ဟင့် သေမျိုး တစ်ယောက်က လူတွေကို လုပ်ကြံသတ်ဖြတ်ရဲတယ်ပေ့ါ ဟုတ်လား"

ရီဟောင်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ညာဘက်လက်ညိုးကို ဆတ်ခနဲ လှုပ်လိုက်တာနဲ့ အဲဒီပုံရိပ်က ချက်ချင်းဆိုသလို အနောက်ဘက်ကို လှန်ကျသွားခဲ့ပြီး ပုံရိပ်ရဲ့ နဖူးနေရာကနေ သွေးတွေ ထွက်လာခဲ့ပါတယ်။

"ဟင်"

လင်းဟန်က အံ့အားသင့် သွားခဲ့ပြီး ညာဘက်လက်ကို တစ်ချက်လှုပ်လိုက်ပြီး မူလစွမ်းအင်ကို မီးတောက်တွေ အဖြစ်ပြောင်းလဲပြီး ပတ်ဝန်းကျင်ကို အလင်းရောင် ရအောင်လုပ်လိုက်ပါတယ်။ ကျောင်းသား တစ်ယောက်ရဲ့ နဖူးမှာ သွေးတွေထွက်နေတဲ့ အပေါက်ကြီးတစ်ပေါက် ဖြစ်နေပေမဲ့ သွေးတွေက နေရာအနှံ့ကို စဉ်မထွက်နေပါဘူး။ အဲဒါက သွေးတွေထွက်နေတဲ့ အပေါက်ကြီး တစ်ခုဖြစ်ပြီး အနက်ရောင်ရှိတဲ့ သွေးတွေယိုစိမ့်နေတာကို တွေ့လိုက်ရပါတယ်။

"ဒါက ဘယ်လိုနေရာကြီးလဲ"

ရီဟောင်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

ဆေးတောင်ကြားက သိပ်မဝေးတော့ပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ ဒီနေရာမှာ အချိန်တွေ ဖြုန်းနေဦးမှာလဲ။

"ဒါက အလောင်းကောင် စစ်သား တစ်ယောက်ပဲ"

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ ဒီလူက သေသွားတာ အချိန်တော်တော် ကြာနေပါပြီ။ ဒါကြောင့် သွေးတွေ အားလုံးက ခဲနေပါတယ်။ တကယ်လို့ အလောင်းကောင် စစ်သားတွေမှာ ဒေါသတွေ မရှိဘူးဆိုရင် သူတို့မှာ ရှေးဦးပင်ကိုယ်စရိုက်ပဲ ရှိပါလိမ့်ဦးမယ်။

သက်ရှိတွေရဲ့ အသွေးအသားတွေကို ဂါးမျိုခြင်းနဲ့ သတ်ဖြတ်ခြင်း။

ကျေးရွာမှာရှိတဲ့ ကြက်ဂက်ဘဲ စတဲ့ တိရိစ္ဆာန်တွေ အားလုံးက အလောင်းကောင် စစ်သားအဖြစ် ပြောင်းလဲသွားတဲ့ ကျေးရွာသားတွေရဲ့ စားပစ်တာကို ခံလိုက်ရပါတယ်။ ပြီးတော့ သူတို့ထဲက အများစုက တောင်တွေနဲ့ တောအုပ်တွေထဲကို ဆက်ဂင်သွားပြီး အစားအသောက်တွေကို ဆက်လက်ရှာဖွေနေပုံ ရပါတယ်။ ဒီတစ်ယောက်ကတော့ ကျန်ရစ်နေပြီး အခန်းထဲကနေ ချောင်းမြောင်းလုပ်ကြံတာက သက်ရှိတွေရဲ့ တည်ရှိမှု

အနံ့အသက်ကို ရရှိပြီးတော့ လှုပ်ရှားလာတာ ဖြစ်ပါလိမ့်မယ်။

ထူးခြားမှုကို ဖြေရှင်းလို့ ပြီးသွားပါပြီ။ အားလုံးက သက်ပြင်းရှည်ကြီး တစ်ခုကို မှုတ်ထုတ်လိုက် ပါတယ်။ ဘာမှမသိရတာက ကြောက်မက်ဖွယ်ရာ အကောင်းဆုံး ဖြစ်ပါတယ်။ ပြီးတော့ သူတို့နဲ့ ရင်ဆိုင်ရတာက ဘာလဲဆိုတာကို သိသွားပြီးတဲ့ နောက်မှာတော့ သူတို့က စိတ်သက်သာရာ ရသွားသလို ခံစားလိုက်ကြရပါတယ်။

"ထူးဆန်းတယ်။ ဘာဖြစ်လို့ ဒီနေရာမှာ အလောင်းကောင် စစ်သားတွေ ရှိနေရတာလဲ။ အလောင်းတစ်ထောင် ဂိုဏ်းက ဘာတွေများ လုပ်နေတာလဲ မသိဘူး"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ အရင်တုန်းက အလောင်းတစ်ထောင်ဂိုဏ်းက အတော်လေး မြင့်မားတဲ့ ပုံရိပ်ရှိပြီး ရတနာ တစ်သန်းမြို့ကို အဆင့်လေး သတ်ဖြတ်ခြင်း ဂင်္ကပါ အစီအရင်နဲ့ ပိတ်ဆို့ထားခဲ့ပါတယ်။ တကယ်လို့ ဖန်ပိုယွမ်သာ ပေါ်မလာခဲ့ဘူးဆိုရင် ရတနာ တစ်သန်းမြို့က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လက်ထဲကို ကျဆင်းသွားရပါလိမ့်မယ်။

သူ့မှာ အလောင်းတစ်ထောင်ဂိုဏ်း အနေနဲ့ ခပ်လျှိုလျှိုနဲ့ လျှို့ပုက်ကြံစည်ပြီး လုပ်ဆောင်နေမှု အပေါ်မှာ ခံစားချက်တစ်ခု ရှိပါတယ်။ ဒီဘဂမှာတော့ ရုတ်တရက်ကြီး မြင့်တက်လာနိုင်တယ်လို့ ခံစားနေရပါတယ်။

ဒါက အကောင်းဆုံး အချိန်နဲ့ အဆိုးဂါးဆုံး အချိန်ဖြစ်ပါတယ်။

"အဆင့်နိမ့် အလောင်းကောင်း စစ်သားတွေပဲ။ ဘာမှမထူးပါဘူး"

ရီဟောင်ကလည်း အလောင်းကောင် စစ်သားတွေကို သတိပြုမိသွားခဲ့ပါတယ်။ ဘယ်လိုမျိုး မောက်မာရမလဲ ဆိုတာကို နားမလည်ဖြစ်နေပါတယ်။

လင်းဟန်က ရွာတစ်ခုလုံးမှာ ရှာဖွေလိုက်ပါတယ်။ ရွာထဲမှာ စုစုပေါင်း အလောင်းကောင် စစ်သားငါးယောက် ရှိပါတယ်။ ပြီးတော့ သူ့ကိုအံ့အားသင့် သွားစေတာက အဲဒီအထဲက နှစ်ကောင်က တခြားအကောင်တွေထက် အများကြီး သန်မာပါတယ်။ အဲဒီနှစ်ကောင်က တခြားအလောင်းကောင် စစ်သားတွေကို ဂါးမျိုဖျက်ဆီးပြီး အစွမ်းတွေ တိုးလာတာ ဖြစ်ပါလိမ့်မယ်။

လမင်းကျဆင်းချောက်နက်မှာ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက်အကြံအစည်ကို လင်းဟာန်က တစ်ကြိမ်တားဆီးခဲ့ပါတယ်။ သူတို့က မှော်ဆေးလုံးတွေကို အသုံးပြုပြီး မြောက်ပိုင်း အစွန်အဖျား ဒေသက လူတွေအားလုံးကို အလောင်းကောင် စစ်သားတွေအဖြစ် ပြောင်းလဲပြီး တစ်ကောင်နဲ့တစ်ကောင် ဝါးမျိုဖျက်ဆီးပြီးတော့ အလောင်းဘုရင်တစ်ကောင်ကို ဖြစ်ပေါ်စေချင် နေခဲ့တာပါ။

အလောင်းတစ်ထောင်ဂိုဏ်းက အလယ်ပိုင်း ဒေသထဲမှာတောင် မဆင်မခြင်နဲ့ လုပ်လာပြန်ပြီလား။

လူဦးရေနဲ့ ပတ်သက်လာရင် အလယ်ပိုင်း ဒေသက အလောင်းဘုရင်တွေ အများကြီး မွန်းမံနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာက အကြွင်းမဲ့ ဆေးဘာစားဂိုဏ်း၊ ကောင်းကင်ဓားဂိုဏ်းနဲ့ သူတို့လို အထွတ်အထိပ် အင်အားစုတွေက အလောင်းတစ်ထောင်ဂိုဏ်းကို မဆင်မခြင်နဲ့ လုပ်ဆောင်ခွင့် ပြုလိမ့်မှာလား။

သူတို့တွေက ဆက်ပြီးတော့ ထွက်ခွာလာခဲ့ပြီး ရွာငယ်ပေါင်း များစွာကို ဖြတ်သန်းလာတဲ့ အခါမှာ အဲဒီမှာရှိတဲ့ လူတွေအားလုံး အလောင်းကောင် စစ်သားတွေ အဖြစ်ကို

ပြောင်းလဲသွားတာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီလိုမျိုး အခြေအနေမှာ လင်းဟန်တစ်ယောက်ပဲ အံ့အားသင့်ခဲ့တာ မဟုတ်ပဲ ချင်ရီယွဲ့နဲ့ ရီပောင်တို့လည်း တည်ကြည်လေးနက်လာခဲ့ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက ဘာလုပ်ဖို့ ကြိုးစားနေတာလဲ။

သူတို့က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လူတွေကို ရှာမတွေ့ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေက တောင်တွေ တောအုပ်တွေရဲ့ အနက်ပိုင်းထဲမှာ ရှိနေကြပြီး မကြာခင်မှာပဲ ချင်ရီယွဲ့ရဲ့ ဦးဆောင်လမ်းပြမှုနဲ့အတူ တောင်ကြားတစ်ခုဆီကို ရောက်လာခဲ့ကြပါတယ်။ အရမ်းကို ဝေးကွာပြီး ဂင်ပေါက်ကို မိုးကောင်းကင် သစ်ပင်တစ်ပင်က ပိတ်ဆို့ထားပါတယ်။ တကယ်လို့ လူတစ်ယောက်က တမင်တကာ မတက်ရောက်ဘူးဆိုရင် အဲဒီဂင်ပေါက်ကို ရှာတွေ့ဖို့ဆိုတာ သေချာပေါက် မဖြစ်နိုင်ပါဘူး။

ဂင်ပေါက်ပြီးရင်တော့ အရမ်းကို ရှည်လျားတဲ့ တောင်ကြားလမ်းတစ်ခု ရှိပြီးတော့ အရမ်းကို ကျဉ်းမြောင်းပါတယ်။ ဒါပေမဲ့ မီတာသုံးဆယ်ကျော်ခန့် လျှောက်သွားပြီးတဲ့ နောက်မှာတော့ တောင်ကြားလမ်းက

ကျယ်ကျယ်လာခဲ့ပါတယ်။

သူတို့ရဲ့ ဦးခေါင်းအထက်မှာ ငေါထွက်နေတဲ့ ကျောက်ဆောင်ကျောက်တုံးတွေက သူတို့ကို ဖုံးကွယ်ထားပါတယ်။ တကယ်လို့ ပျံသန်းသွားမယ် ဆိုရင်တောင် အဲဒီလူအနေနဲ့ ဒီနေရာက ကျောက်သားပကတိ ပြီးနေတဲ့ တောင်ထူထပ်တဲ့ နယ်မြေဖြစ်တယ် ဆိုတာကို စဉ်းစားရပါမယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အပေါက်ကြီးတစ်ခု ရှိမရှိ ဆိုတာကို သိနိုင်မှာလဲ။

အလင်းရောင်တန်းတွေက ထူးခြားနက်နဲတဲ့ အလင်းပြန်မှုတွေကြောင့် ဖြတ်သန်းဝင်ရောက်ပြီး တောက်ပနေပါတယ်။ အရမ်းကြီး လင်းထိန်နေတာ မဟုတ်ပေမဲ့ လူတွေအတွက်တော့ ပစ္စည်းတွေကို ကောင်းကောင်းမြင်နိုင်ဖို့ လုံလောက်ပါတယ်။

အချိန်ခဏကြာမျှ လျှောက်လာပြီးတဲ့ နောက်မှာတော့ တောင်ကြားကြီးတစ်ခုကို တွေ့မြင်လိုက် ရပါတယ်။ မျှော်လင့်ထားသလိုပဲ တောင်ကြားဝင်ပေါက်မှာ အဆင့်ခုနစ် စိတ်ဂိညာဉ် သစ်ပင်တစ်ပင် ရှိပါတယ်။ အဲဒီသစ်ပင်က မက်မွန်သီးပင် ဖြစ်ပြီးတော့ တောက်ပနီရဲနေတဲ့ သစ်သီးတွေ

အများကြီး သီးနေပါတယ်။ အသီးတစ်လုံးစီက ပန်းကန်လုံး တစ်လုံးရဲ့ အရွယ်အစား ရှိပြီးတော့ ညို့ဓာတ်ပါတဲ့ အနံ့ကို အဝေးကနေတောင် ရရှိနိုင်ပါတယ်။

လူတိုင်းလူတိုင်းရဲ့ လက်ချောင်းတွေ ယားကျိယားကျိ ဖြစ်လာခဲ့ပြီး ချက်ချင်းပဲ အသီးတစ်လုံးကို ခူးပြီးတော့ အရသာမြည်းစမ်းချင်စိတ်တွေ ပေါက်လာပါတယ်။ ဟူးညိုရဲ့ သွားရည်တွေဆိုရင် မြေပြင်ပေါ်ကိုတောင် ကျလုလု ဖြစ်နေပါပြီ။

ဒါပေမဲ့လည်း ဘယ်သူကမှ မဆင်မခြင်နဲ့ လှုပ်ရှားပုံ့ခြင်း မရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တောင်ကြားရဲ့ ဂင်ပေါက်မှာ နီမြန်းတဲ့ ကြက်သွေးရောင် တောင်ကျားသစ် တစ်ကောင် ရှိနေပြီး သူ့ရဲ့နောက်ကျောဘက်မှာ သွေးကြောနဲ့တူတဲ့ လက်သီးအရွယ် အစီအရင်ပုံစံ စုစုပေါင်း ကိုးခုရှိပါတယ်။

မီးခိုးပြောက် ကျားသစ်၊ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သားရဲတစ်ကောင်။ ကျားသစ်ရဲ့ နောက်ကျောဘက်က သွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေက ဘယ်အလွှာမှာ ရှိတယ် ဆိုတာကို ကိုယ်စားပြုပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ် အလှ္ဘာကိုး သားရဲကောင်တွေက သာမန်စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလှ္ဘာကိုး သိုင်းပညာရှင်တွေထက် အများကြီး သန်မာကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သားရဲကောင်တွေက အရေပြားထူထဲပြီး သူတို့ရဲ့ လက်သည်းတွေနဲ့ အစွယ်တွေက တူညီတဲ့ အဆင့်က ရှားပါးသတ္တုတွေနဲ့ ညီမျှပါတယ်။ ဒါကြောင့် သိုင်းပညာရှင်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဖျက်ဆီးခြင်း စွမ်းအားမှာရော ခုခံမှု စွမ်းအားရော နှစ်ခုလုံးမှာ သာလွန်ပါတယ်။

"ဘာဖြစ်လို့ အဲဒါက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလှ္ဘာကိုး သားရဲကောင် ဖြစ်နေတာလဲ"

ရီဟောင်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ သူ့အနေနဲ့ အဆင့်တူထဲမှာ ပြိုင်ဘက်ရှာဖို့ ခက်ခဲတယ် ဆိုတာကို ယုံကြည်ထားပေမဲ့ ဒီလိုမျိုး စိတ်ဂိညာဉ် နတ်သူငယ် အလှ္ဘာကိုး အဆင့် သားရဲကောင် တစ်ကောင် မပြောနဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ပြိုင်ဘက် တစ်ယောက်နဲ့ ကြုံတွေ့တဲ့ အချိန်ရောက်ရင် ဘာမှမတတ်နိုင်ပါဘူး။

စိတ်ဂိညာဉ် သစ်သီးတွေက သူတို့အရှေ့မှာ ဆိုပေမဲ့ ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

လင်းဟန်က အရမ်းကို ပျော်ရွှင်မြူးထူးနေပါတယ်။ တကယ်လို့ ဒီမက်မွန်သီးပင်ကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်သိမ်းနိုင်မယ်ဆိုရင် အဆင့်ခုနစ် စိတ်ဂိညာဉ် သစ်သီးတွေကို ပုံမှန်စားရ ပါလိမ့်မယ်။

Chapter 617 end

Zawgyi.အပိုင်း(၆၁၈) မက်မွန်သီးများ သိမ်းယူခြင်း

"ငါတို့ဘာလုပ်ကြမလဲ။ ဒီနေရာမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလွှာကိုး သားရဲတစ်ကောင် ရှိနေတယ်။ ဒီစိတ်ဂိညာဉ် မက်မွန်သီးတွေကို ခူးဆွတ်ဖို့ မဖြစ်နိုင်ဘူး"

ရီဟောင်က သူကိုယ်တိုင် စတင်ပြီး စိုးရိမ်ပူပန် လာခဲ့ပါတယ်။ ချူးဟောင်နဲ့ တခြားလူတွေက အပေါင်းအပါတွေ ဖြစ်ပြီးတော့ သူ့ထက်တခြား အဆင့်မြင့်တဲ့လူ မရှိဘူးလို့ ယုံကြည်နေပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တွေ အထဲမှာ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တိုက်ရိုက်ဝင်ခွင့်ကို ဘာဖြစ်လို့ သူတစ်ယောက်ပဲ မရခဲ့တာလဲ။ ဒါက သူ့ရဲ့မျက်နှာပေါ်မှာ အဆင့်မြင့်သူ ဆိုတဲ့

စကားလုံးကို ရိုက်နှိပ်ထားတာနဲ့ ညီမျှပါတယ်။

အဆင့်မြင့်တဲ့ လူတွေက ငတုံးငအတွေရဲ့ အမြင်သဘောထား လိုလို့လား။ မဖြစ်နိုင်တာ။

ရီဟောင်က ခဏစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ဒီမီးခိုးပြောက် ကျားသစ်ကို ဒီနေရာကနေ ဝေးအောင်လို့ မျှားခေါ်သွားမယ်။ မင်းတို့တွေက စိတ်ဂိညာဉ် မက်မွန်သီးတွေကို ခူးလိုက်။ အတတ်နိုင်ဆုံး ခူးနိုင်သမျှ အကုန်သာခူး။ ပြီးတော့ ငါတို့တွေ ရွာရဲ့အပြင်ဘက် ၃၅ ကီလိုမီတာ အကွာမှာ ပြန်ဆုံကြမယ်"

လင်းဟန်က သူပြောတာကို ဂရုစိုက်ဟန် မတူပါဘူး။ အဲဒီနောက် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ဒုက္ခပေးမိပါပြီ။ အစ်ကိုရီ"

ရီဟောင်ကို ကြည့်ရတာ အတော်လေးကို စိတ်မကြည်မသာ ဖြစ်နေသလိုမျိုး ခံစားနေရပုံ ပေါက်ပါတယ်။ ဒီလူတွေက စိတ်ဂိညာဉ် မက်မွန်သီးတွေကို ဘာကိုယ်စွမ်းကိုယ်စမှ မကုန်ခမ်းပဲ ဝေစုတစ်စု ရရှိကြပါလိမ့်မယ်။ တကယ်လို့

ချင်ရှိယ်ွဲကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဒီလူတွေကို အပေးကို မောင်းထုတ်ပစ်လိုက်မှာပါ။

အားလုံးက ကျောက်ဆောင်ကျောက်ကြားတွေနဲ့ ချောက်ကမ်းပါးတွေမှာ ပုန်းအောင်းနေပြီး ရှီဟောင်က ကျောက်တုံးတစ်တုံးကို ကောက်ပြီးတော့ မူလစွမ်းအင်နဲ့ ရောယှက်ပိုင်းရံ ထားလိုက်ပါတယ်။ သူရဲ့သိုင်းဆန္ဒအသိ ထွက်ပေါ်လာပြီး ကျောက်တုံးကိုကြည့်ရတာ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အသွင်ကို ပြောင်းသွားပုံရကာ အံ့အားသင့်စရာကောင်းတဲ့ တောက်ပမှုတစ်ခု ထွက်ပေါ်နေပါတယ်။

သူက ကျယ်လောင်စွာ အော်ဟစ်ပြီးတော့ ကျောက်တုံးကို ပစ်ထည့်လိုက်ပါတယ်။ ရွှစ်။ အလင်းရောင်တန်း တစ်ခုက မီးခိုးပြောက် ကျားသစ်ဆီကို ပြေးဝင်သွားပါတယ်။

ခွပ်ဆိုတဲ့ အသံနဲ့အတူ ကျောက်တုံးက မီးခိုးပြောက်ကျားသစ်ခေါင်းကို ထိမှန်သွားခဲ့ပါတယ်။

တကယ်လို့ ဒီနေရာမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် သိုင်းပညာရှင် တစ်ယောက်ဖြစ်ပြီး ခေါင်းကိုလည်း မူလစွမ်းအင်ကို အသက်သွင်းပြီး ကာကွယ်ထားခြင်း

မရှိဘူးဆိုရင် သေချာပေါက် ခေါင်းပေါက်ကွဲထွက်သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း မီးခိုးပြောက် ကျားသစ်က သားရဲကောင် ဖြစ်တဲ့အပြင် အရေပြားကလည်း ထူထဲပြီး အဆင့်တူ သိုင်းပညာရှင်တွေနဲ့ သားရဲကောင်တွေ တိုက်ခိုက်တာကိုတောင် တော်ရုံတန်ရုံ ခံနိုင်ရည်ရှိတာကြောင့် ပန်းဖူးအဆင့် ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုက သူ့ခန္ဓာကိုယ်ကို ဘာမှထိခိုက်အောင် မလုပ်နိုင်ပါဘူး။

ကျားသစ်က သူ့ရဲ့ခေါင်းကို အသာလေး ခါလိုက်ပြီး ခြေလက်တွေ အားလုံးအပေါ်မှာ ကျားကန်ကန် ထားပြီးတော့ ဘယ်ညာချောင်းရင်း သူ့ကိုလုပ်ကြံတဲ့လူကို ရှာဖွေနေပါတယ်။

ရွှစ်။ ရီဟောင်က နောက်ထပ် ကျောက်တုံးတစ်တုံးကို ပစ်လွှတ်လိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ မီးခိုးပြောက် ကျားသစ်က အဲဒီကျောက်တုံးကို အထိမှန် မခံတော့ပဲ သူ့ရဲ့လက်သည်းတွေနဲ့ ပျံသန်းဝင်ရောက်လာတဲ့ ကျောက်တုံးကို ဖျက်ဆီးပစ်လိုက်ပါတယ်။ သူ့ရဲ့မျက်လုံးတွေထဲမှာ ဒေါသအရိပ်အယောင်တွေ ရှိနေပြီး သူ့ရဲ့ခြေလက်လေးချောင်းမှာ စွမ်းအားတွေ

ထည့်သွင်းလိုက်ပြီး ရီဟောင်ဆီကို အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ပြေးဝင်လာပါတယ်။

ရီဟောင်က အလျင်အမြန်ပဲ သုတ်ခြေတင် လိုက်ပါတယ်။ သူက ဘယ်လောက်ပဲ ယုံကြည်ချက် ရှိရှိ စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့် သားရဲတစ်ကောင်ကိုတော့ ဆန့်ကျင်ပြီး မတိုက်ခိုက်ပွံ့ပါဘူး

သူက ခြေလှမ်းအနည်းငယ် ပြေးပြီးတော့ တစ်ချက် လှည့်ကြည့်လိုက်ပြီး ထိတ်လန့်ကြောက်ရွံ့ လာပြီးတော့ ဒယိမ်းဒယိုင်ဖြစ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ မီးခိုးပြောက်ကျားသစ်ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး သာမန်စိတ်ဂိညာဉ် နတ်သူငယ်အဆင့်တွေထက် တစ်ပုံကြီး သာလွန်ပြီး သူတို့အကြားက ကွာဟချက် လျင်မြန်စွာနဲ့ နီးကပ်လာခဲ့ပါတယ်။

"သေစမ်းကွာ"

သူက ကျိန်ဆဲလိုက်ပြီး အလျင်အမြန်ပဲ သိုလှောင်လက်စွပ်ထဲက စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို ဆွဲထုတ်ယူလိုက်ပြီး နာကျင်နေတဲ့ အကြည့်နဲ့ တစ်ချက်ကြည့်ကာ သူ့ခန္ဓာကိုယ်ပေါ်မှာ တုံ့ဆိုင်းခြင်းမရှိပဲ

ချိတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို အဖြူရောင် အလင်းတန်း တစ်ခုက သူ့ကို ပိုင်းရံလိုက်ပြီး သူ့ရဲ့အမြန်နှုန်းက မိုးထိအောင် ထိုးတက်လာခဲ့ပါတယ်။

ဒါက သူ့ရဲ့ ဆရာသခင် ဖြစ်သူက ချီးမြှင့်ပေးထားတဲ့ နတ်ဘုရား ခရီးသွား အဆောင်လက်ဖွဲ့ တစ်ခုပဲ ဖြစ်ပါတယ်။ သူ့အသက်ကို ကယ်တင်ဖို့ အသုံးပြုနိုင်ပြီး သူ့မှာ စုစုပေါင်း သုံးခုရှိပါတယ်။ ဒါပေမဲ့ အခုတော့ သူက စိတ်ဝိညာဉ် မက်မွန်သီး တချို့အတွက် တစ်ခုကို သုံးနေရပါပြီ။ တကယ့်ကို အဆုံးရှုံး ကြီးမားတာပဲ။

တကယ်လို့ စိတ်ဝိညာဉ် မက်မွန်သီး ဆယ်လုံးကို ခူးဆွတ်ရရှိပြီး အားလုံးကို သူ့ကိုပဲ ပေးမယ်ဆိုရင်တောင် သူ့အနေနဲ့ အကြီးအကျယ် ဆုံးရှုံးနစ်နာပါသေးတယ်။

အသက်ကယ်တင်နိုင်တဲ့ ရတနာပစ္စည်းတစ်ခုနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလား။

ဒီကိစ္စတွေက အသာထား အခုချိန်မှာတော့ သူ့အနေနဲ့ သုတ်ခြေတင် ထွက်ပြေးဖို့ပဲ လုပ်ရပါမယ်။

လင်းဟာန်နဲ့ ကျန်တဲ့သူတွေက သူ့ကိုကြည့်ပြီးတော့

ရယ်မောလိုက်ကြပါတယ်။ တကယ်လို့ ဒီကောင်က သူကိုယ်တိုင် လုပ်မယ်လို့ မပြောဘူးဆိုရင် လင်းဟာန်နဲ့ ညီးညီးရှိနေတာပဲ။ ဘယ်သူကများ ဒီလိုမျိုး ဒုက္ခကြီးကို ခံစားစေဖို့ လိုအပ်မှာလဲ။ အနည်းဆုံးတော့ တကယ်လို့ လင်းဟာန်က မီးခိုးကွက် ကျားသစ်ကို မနိုင်ဘူး ဆိုရင်တောင် သေချာပေါက် လုံခြုံမှာ ဖြစ်ပြီးတော့ ဟူးညီ့အတွက် အခွင့်အလမ်း ဖန်တီးပေးပြီး သစ်သီးတွေကို ခူးဆွတ်နိုင်ပါလိမ့်မယ်။

ဟူးညီက သွားရည်တမြားမြား ကျနေပြီး ပြောလိုက်ပါတယ်။

"ဘယ်လောက်တောင် သနားဖို့ကောင်းလိုက်လဲ။ ညီးညီးက ကျားသစ်ခြေထောက်တွေကို ကင်စားချင်တာ"

ကောင်းပြီလေ။ ရီဟောင်က မျက်နှာသာရဖို့ လုပ်ဆောင်တာမှာ အောင်မြင်မှု မရှိတဲ့အပြင် ဟူးညီကပါ ဒေါသထွက်သွားပြီး သူ့ကိုသည်းမခံနိုင် ဖြစ်သွားပါတယ်။

ချင်ရီယွဲ့က တစ်ဟုန်ထိုး ပြေးထွက်သွားဖို့ ပြင်လိုက်ပေမဲ့ လင်းဟာန်က သူမကို ကျာပွတ်နဲ့ ဖမ်းထားပြီး သူမစိတ်ကြိုက် ပြုလုပ်ခွင့် မပေးပါဘူး။

"နင်ဘာလုပ်တာလဲ။ နင်က ငါ့ကို အနှောင့်အယှက်ပေးဖို့ ကြိုးစားနေတာလား"

လင်းဟန်က မျက်လုံးပြူးပြီး ပြောလိုက်ပါတယ်။

"မင်းက ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

"မက်မွန်သီးတွေကို ခူးမယ်လေ"

ချင်ရီယွဲ့က သူ့ကို ငတုံးတစ်ယောက်ကို ကြည့်သလိုမျိုး ကြည့်လိုက်ပါတယ်။ သူမရဲ့ စံပြပုဂ္ဂိုလ်က အရမ်းကို အစွမ်းထက်ပေမဲ့ သူ့ရဲ့ဦးနှောက်က သိပ်ပြီးတော့ ကောင်းပုံ မပေါ်ဘူးလို့ ခံစားရပါတယ်။ ဒီလိုမျိုး ရိုးရိုးရှင်းရှင်း အရာတစ်ခုကိုတောင် သူက မသိနိုင်ဘူးလား။

"မခူးနဲ့"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပြီးတော့ အမြစ်တွေကို စတင်တူးဆွလိုက်ပါတယ်။

ချင်ရီယွဲ့က အံ့အားသင့်ပြီး မှင်တက်သွားခဲ့ပါတယ်။ ဒီကောင်က တကယ့်ကို မကောင်းဆိုးဝါး နှလုံးသား ရှိနေပြီး

မက်မွန်သီးတွေကို စားရုံတင်မက သစ်ပင်ကိုပါ အမြစ်ကနေ တူးဆွနေပါတယ်။ သူမက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ဒီစိတ်ဂိညာဉ် သစ်ပင်က သင့်တော်တဲ့ နေရာတွေမှာပဲ ပေါက်နိုင်တယ်။ တကယ်လို့ နင်က အဲဒါကို တူးယူသွားရင် တစ်ခြားနေရာမှာ မရှင်သန်နိုင်ဘူး"

"ဘယ်သူပြောလဲ"

လင်းဟန်က ကျီစယ်တဲ့ ပုံစံနဲ့ ရယ်မောလိုက်ကာ ပိုပြီးတော့ မြန်မြန်ဆန်ဆန် တူးလိုက်ပါတယ်။ တကယ်လို့သာ သူ့အနေနဲ့ ဒီစိတ်ဂိညာဉ် သစ်ပင်ကို ထိခိုက်မှာ မကြောက်ဘူးဆိုရင် တစ်ခါတည်း ကော်ထုတ်ပစ်လိုက်မှာပါ။ သူ့ရဲ့နတ်ဘုရား အာရုံက အကန့်အသတ် ရှိပါတယ်။ ပြီးတော့ ဒီမက်မွန်သီးပင် တစ်ခုလုံးကို အုပ်ထားနိုင်ခြင်း မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူက အရမ်းကို နက်တဲ့အထိ တူးဆွမယ်ဆိုရင် အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းထားနိုင်စွမ်း မရှိပါဘူး။

"နင့်လိုလူမျိုး တစ်ခါမှ မမြင်ဖူးဘူး"

ချင်ရီယွဲ့က အံ့အားသင့်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။

ဒီကောင်က တကယ့်ကို ဓားပြတစ်ယောက် ဖြစ်ပါတယ်။

"ဒါပေ့ါ ငါ့လိုလူက ငါတစ်ယောက်ပဲ ရှိတယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ညီးညီးရဲ့ လင်းဟန်က တစ်ယောက်တည်းပဲ ရှိတယ်"

ဟူးညိုကလည်း ကျေကျေနပ်နပ်ကြီးနဲ့ကို ပြောလိုက်ရပါတယ်။

အရွယ်ရောက်နေတဲ့ လူတစ်ယောက်နဲ့ ကလေးတစ်ယောက်။ နှစ်ယောက်စလုံးက မိုးမမြင် လေမမြင် သွေးနထင် ရောက်နေကြပါတယ်။

ချင်ရီယွဲ့က စိတ်ထဲကနေ သူတို့ကို ကျိတ်ပြီးတော့ လှောင်ပြောင်လိုက်ပါတယ်။ ဒါပေမဲ့ သူမက ဒီနှစ်ယောက်စလုံး ပုံမှန်အဆင့် တစ်ခုမှာ မဟုတ်ပဲ ထူးဆန်းတယ် ဆိုတာကိုတော့ ဂန်ခံရပါမယ်။ ပါရမီရှင်တွေရဲ့ အဆင့်ကို အများကြီး ကျော်လွန်သွားခဲ့ပါပြီ။ အလယ်ပိုင်း ဒေသမှာ ကောလာဟာလ သတင်းတွေထွက်တဲ့ လူထူးလူဆန်း အနည်းငယ်ကပဲ နှိုင်းယှဉ်နိုင်ပါလိမ့်မယ်။

ဥပမာ ကောင်းကင်ဓားဂိုဏ်းက ယိုဟိုင်ယွဲ့၊ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ဆေဘာဓား ဘုရင်လေး၊ တိမ်ဖီးနစ်ဂိုဏ်းရဲ့ တုန်လင်းအာနဲ့ မိုးပြာလျှပ်စီးဂိုဏ်းရဲ့ ရထျန်း တို့ပဲ ဖြစ်ပါတယ်။

မကြာခင်မှာ လင်းဟန်က မက်မွန်ပင် တစ်ခုလုံးကို တူးလို့ပြီးပါပြီ။ ပြီးတော့ ဖျတ်ခနဲ သူက အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပါတယ်။

"အား"

ချင်ရီယွဲ့က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။

"ဒီလိုမျိုး ကြီးမားတဲ့ စိတ်ဂိညာဉ် သစ်ပင်ကို ထည့်သိမ်းထားဖို့ နင့်ရဲ့သိုလှောင်လက်စွပ်က ဘယ်လောက်တောင် ကြီးမားနေတာလဲ"

ဒီသစ်ပင်က မီတာသုံးရာကျော် မြင့်ပြီးတော့ အမြစ်တွေကလည်း အရှည်ကြီး ပျံ့နှံ့နေပါတယ်။ ဒီလိုမျိုး နေရာလွတ် ပါဝင်တဲ့ ထူးခြားတဲ့ စိတ်ဂိညာဉ် ပစ္စည်းတွေက ဒီကမ္ဘာကြီးထဲမှာ အရမ်းကို နည်းလွန်းပါတယ်။

ကျူးရှမ်အာနဲ့ ကန်းရီတို့က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ တကယ်လို့ ဒီမိန်းကလေးက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ အထဲက ကြီးမားကျယ်ပြန့်တဲ့ နေရာကြီးကို မြင်တွေ့သွားခဲ့မယ်ဆိုရင် သူမက အဖေအမေတာပြီးတော့ ငိုကြွေးပါလိမ့်မယ်။

"တောင်ကြားထဲကို ဝင်ပြီးတော့ တစ်ချက်လောက် ကြည့်ရအောင်"

ဒါက ဆေးတောင်ကြားတစ်ခု ဆိုမှတော့ အထဲမှာ သေချာပေါက် စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီး ရှိပါလိမ့်မယ်။ လင်းဟာန်က အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ စိတ်ဂိညာဉ် ဆေးပင်တွေ ပြည့်လျှံတဲ့ ပမာဏအထိ လိုချင်ခဲ့ပါတယ်။

"သတိထား။ အရင်တုန်းက တော်တော်လေး မြင့်မားတဲ့ နေရာတစ်ခုကနေ ငါလေ့လာစူးစမ်း ကြည့်ဖူးတယ်။ အထဲမှာ စိတ်ဂိညာဉ် ဆေးပင်တွေ ရှိသလို ပိုပြီးတော့ အဆင့်မြင့်တဲ့ သားရဲကောင်တွေတောင် ရှိတယ်"

ချင်ရီယွဲ့က သတိပေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမဲ့ သူလည်း ပဟေဋ္ဌိ ဖြစ်နေတာကြောင့် ပြောလိုက်ပါတယ်။

"အစွမ်းထက်တဲ့ သားရဲကောင်တွေက တစ်ကောင်တည်း နေရတာကို ကြိုက်ကြတယ်။ ဒါကြောင့် ဘာဖြစ်လို့ တောင်ကြားထဲကို ပြေးသွားကြတာလဲ။ တောင်ကြားက သိပ်လည်း မကြီးပါဘူး။ ပြီးတော့ မီးခိုးပြောက် ကျားသစ်ရဲ့ ပိုင်နက်တစ်ခုတည်း အတွက်တောင် မလုံလောက်နိုင်ဘူး။ အထဲမှာရှိနေတဲ့ တခြားသားရဲကောင်တွေဆိုရင် ပြောမနေနဲ့တော့"

ဂုန်းဂုန်း ဂုန်း ဂုန်း ဂုန်း။

သူတို့လှုပ်တောင် မလှုပ်ရသေးပါဘူး။ တောင်ကြားရဲ့ အထဲကနေ ကျယ်လောင်တဲ့ အသံတွေကို ကြားရပြီး သားရဲကောင်ပေါင်း တစ်သောင်းလောက် စုပြီးတော့ ပြေးလာသလိုမျိုး မြေပြင်ကြီးက ပြင်းပြင်းထန်ထန်ကို တုန်ခါနေပါတယ်။

လူတိုင်းလူတိုင်း တောင်ကြားဆီကို ကြည့်လိုက်တဲ့ အခါမှာ သားရဲကောင် အုပ်စုတစ်ခု တစ်ဟုန်ထိုး ပြေးလာသလိုမျိုး

ဖုန်မှုန်တွေက တလိပ်လိပ် ထနေတာကို မြင်တွေ့လိုက်ရပါတယ်။

လပြွတ်ပဲ။ ငါတို့က ဂင်တောင်မဂင်ရသေးဘူး ဘာဖြစ်လို့ ဒီကောင်တွေက တစ်ဟုန်ထိုး ပြေးထွက် လာရတာလဲ။

သားရဲကောင်တွေက အမျိုးအစား စုံလင်လှပါတယ်။ အတောင်ပါ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေ၊ ခြေလက်လေးချောင်းပါတဲ့ ရောမ မြွေကြီးတွေနဲ့ အမွေးတွေမပါပဲ အကြေးခွံပါတဲ့ မိုးပြာလင်းတငှက်တွေ ပါဂင်ပါတယ်။ ဒါပေမဲ့ တစ်ကောင်ချင်းစီတိုင်းက အရမ်းကို အစွမ်းထက် ကြပါတယ်။

နတ်အသွင် ပြောင်းလဲခြင်း အဆင့်။

ဒီသားရဲကောင်တွေရဲ့ အရှေ့မှာ လူတစ်ယောက်ရဲ့ အရပ်တစ်ဂက်ခန့်ရှိတဲ့ ရောမ ယုန်ဖြူကြီး တစ်ကောင်က ခရမ်းရောင် မုန်လာဥတစ်လုံးကို ပါးစပ်ထဲ ထည့်ထားပြီး အလျင်မြန်ဆုံး အမြန်နှုန်းနဲ့ ပြေးနေပါတယ်။

ပူး။

ဂရား။

ဝေါင်း။

သားရဲကောင်တွေ အားလုံးက ကျယ်လောင်စွာနဲ့ မာန်ဖီပြီးတော့ ရောမ ယုန်ဖြူကြီးကို ဒေါသတွေ ပြည့်နှက်နေတဲ့ ယုန်ဖြူကြီးကို ကြည့်နေပါတယ်။

"ဒီသားရဲကောင်တွေက ဒီယုန်အနောက်ကို လိုက်ဖမ်းနေတာပဲ"

"ငါတို့ကတော့ မဆီမဆိုင်နဲ့ ကြားညှပ်ခံနေရပြီ"

"ပြေး"

Chapter 618 end

Zawgyi.အပိုင်း (၆၁၉) ဦးလေးယုန်

လင်းဟန်နဲ့ တခြားလူတွေ အားလုံးပဲ အော်ဟစ်ပြီးတော့ တုန်လှုပ်ချောက်ချားနေ ကြပါတယ်။ သူတို့က အပြစ်ကင်းပြီးတော့ အခုဆိုရင် အဖြူရောင် ရောမ ယုန်ဖြူကြီး သယ်လာတဲ့ ဘေးဒုက္ခကို ခံရပါတော့မယ်။

"သွားသွား မြန်မြန်ပြေးကြ"

သူတို့အားလုံး အလျင်အမြန်ပဲ သုတ်ခြေတင် ထွက်ပြေးကြပါတယ်။ ဒါက သူတို့အနေနဲ့ ခုခံနိုင်စွမ်း မရှိပါဘူး။ ဘယ်သားရဲကောင်ကိုမဆို သူတို့အနေနဲ့ ရင်ဆိုင်နိုင်ခြင်း မရှိပဲ အကြီးအကျယ် ဒုက္ခရောက်စေပါလိမ့်မယ်။

သူတို့ရဲ့ လှည့်ကွက်တွေ ပေါ်သွားမှာကိုတောင် ဂရုမစိုက်တော့ပဲ တတ်နိုင်သမျှ အမြန်ဆုံး ကောင်းကင်ပေါ်ကို ပျံတက်သွားကြပါတယ်။

"သောက်ခွေး ဒီယုန်စုတ်ယုန်နာက ငါတို့အနောက်ကို လိုက်လာတယ်ဟ"

လင်းဟန်က ချာခနဲ့ လှည့်ကြည့်လိုက်တဲ့ အခါမှာ ရောမ ယုန်ဖြူကြီးက သူတို့နောက်ကနေ လိုက်လာတာကို မြင်လိုက်ရပါတယ်။ တကယ်ပဲ ဒီယုန်ဖြူက သူတို့အနောက်က လိုက်လာတာပါ။

ဒီယုန်စုတ်ရဲ့ အမြန်နှုန်းက တကယ့်ကို လျင်မြန်လှပါတယ်။

ရင်းခြေထောက်ရဲ့ တစ်ချက်ခုန် လိုက်ခြင်းက မီတာသုံးဆယ်ကျော်ထိ ရောက်ပြီးတော့ သူတို့အကြား ကွာဟချက်က အရမ်းကို နီးကပ်လို့ လာပါတယ်။

"ဒီယုန်စုတ် ယုန်နာတော့ကွာ"

အားလုံးက အံတကြိတ်ကြိတ် ဖြစ်နေပါတယ်။ ဒီကိစ္စက သူတို့နဲ့ ဘာမှမပတ်သက်ပဲ ဒီဘေးဒုက္ခကြီးက သူတို့အနောက်ကို အမှန်တကယ်ပဲ ကပ်ပါလာခဲ့ပါတယ်။ သူတို့နဲ့ ဘာရန်စများ ရှိနေလို့လဲ။

"ဟင့် ဒီယုန်ကို ကြည့်ရတာ တောင်ကြားထဲမှာ ငါတစ်ကြိမ် မြင်ဖူးတဲ့ အကောင်နဲ့တူတယ်"

ချင်ရီယွဲ့က ရုတ်တရက် ပြောလိုက်ပါတယ်။

"သောက်ကျိုးနည်း ဒီယုန်က သူခိုးတစ်ယောက်အကျင့် ရှိနေတာပဲ"

"ငါတို့ကို တကယ်ပဲ ပြဿနာကြားထဲကို ရောက်သွားပြီ"

"ဒါပေမဲ့ ငါတို့ကလည်း ဒီစိတ်ဂိညာဉ် မက်မွန်သီးတွေကို

ခိုးတယ်လို့ ပြောနိုင်တယ်။ ဒါကြောင့် ဒီလိုမျိုး ဖြစ်တာ မမျှတဘူးလို့ ပြောမရပါဘူး”

လင်းဟန်က မူလစွမ်းအင်နဲ့ အားလုံးကို ဖမ်းဆုပ်ပြီးတော့ မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး ရုတ်တရက် အမြန်နှုန်းကို မြှင့်တင်လိုက်ပါတယ်။

“မူးလာပြီ ခစ်ခစ်။ မူးလာပြီ”

ဟူးညိုက စနောက်ပြီးတော့ လင်းဟန်ရဲ့ပခုံးပေါ်မှာ တက်စီးပြီးတော့ ပျော်ရွှင်စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်နေပါတယ်။ သူမရဲ့ ရာဇဝင်မှာ ကြောက်ရွံ့ခြင်းဆိုတဲ့ စကားလုံး မရှိပါဘူး။

ပူး ပူး ပူး ပူး။

ရောမ ယုန်ဖြူကြီးက လေထဲကို ခုန်တက်လာခဲ့ပါတယ်။ သူ့ရဲ့ခြေထောက်တွေကို တွန်းကန်ပြီး လေပေါ်မှာ အရှိန်အဟုန် မြှင့်တင်လိုက်တာကြောင့် အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ အသက်သွင်းထားသလို မို့စ္စာတန်ခိုးရှင် ခြေလှမ်းကိုလည်း အသုံးပြုထားတဲ့

လင်းဟန်ထက် အနည်းငယ်မျှ နိမ့်ကျခြင်း မရှိပါဘူး။

ဒါကလည်း အံ့အားသင့်စရာ မရှိပါဘူး။ ဒီလိုမျိုး အမြန်နှုန်းတစ်ခု မရှိပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ဆေးတောင်ကြားထဲကို ဝင်ပြီးတော့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေ အများကြီးရဲ့ မျက်စိအောက်ကနေ ပစ္စည်းခိုးရဲမှာလဲ။

ချင်ရီယွဲ့က အော်လိုက်မိပါတယ်။

"ယုန်စုတ်ယုန်နာ နင့်ဘာသာနင် ပြဿနာကို သယ်သွားလေ"

သူတို့အနောက်က ယုန်ဖြူကြီးက ဒီဆေးတောင်ကြားမှာ သူမမြင်တွေ့ဖူးခဲ့တဲ့ ယုန်ဖြူကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ ဒီယုန်ဖြူကြီးကြောင့် နတ်အသွင်ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေရဲ့ အမဲလိုက်ခြင်းကို ခံနေရပါတယ်။

"ယုန်ကြီး အရမ်းကို ဂတာပဲ"

ဟူးညိုက သူမရဲ့ ခေါင်းကို လှည့်ပြီးတော့ ကြည့်လိုက်ပြီး

ချက်ချင်းဆိုသလို သွားရည်တမြားမြား ကျလာခဲ့ပါတယ်။

"ညိုးညိုး ယုန်အသား စားချင်တယ်"

"အမ်။ ထွီ။ မင်းက ဦးလေးယုန်ရဲ့ အသားကို စားချင်တယ် ဟုတ်လား။ မင်းက နှစ်ပေါင်း တစ်သောင်းနဲ့ ရှစ်ထောင်ကျော် ငယ်သေးတယ်"

ဒီယုန်ဖြူကြီးက မုန်လာဥကို ဆုပ်ကိုင်ထားပြီး ညိုးညိုးကို လှောင်ပြောင်သရော်ပြီးတော့ ပြောလိုက်ပါတယ်။

အဟွတ် အဟွတ် အဟွတ်။

လူတိုင်းလူတိုင်း သူတို့ရဲ့ လျှာတွေကို အစဉ်လိုက် ကိုက်မိသလို ဖြစ်သွားပါတယ်။ ဒီယုန်စုတ် ယုန်နာက ဘယ်လိုစကားပြောမလဲ ဆိုတာကို တကယ်နားလည်နေပါတယ်။ သားရဲကောင်တွေက ပန်းဖူးအဆင့်ကို အဆင့်တက်သွားပြီးတဲ့ နောက်ပိုင်းမှာ သူတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်ပြောင်းလဲ လာခဲ့ပါတယ်။ ပြီးတော့ သူတို့ ပိုင်ဆိုင်ထားတဲ့ ဉာဏ်ရည်ဉာဏ်သွေးက လူသားတွေထက် မနိမ့်ကျပါဘူး။ ဒါပေမဲ့လည်း လူသားတွေလိုမျိုး စကားပြောဖို့ ဆိုတာက

တကယ့်ကို စိတ်ကူးယဉ်ဆန်လွန်းပါတယ်။

"ဘာလဲ။ ဦးလေးယုန် စကားပြောတာကို ကြည့်ပြီးတော့ မင်းတို့ကောင်တွေအားလုံး ထိတ်လန့် ကုန်ပြီလား။ ဟားဟားဟား ဦးလေးယုန်က မျှော်လင့်ထားသလို အထင်ကြီးစရာ ကောင်းတယ် မဟုတ်လား"

ရောမ ယုန်ဖြူကြီးက ကိုယ့်ကိုကိုယ် ကိုယ်ရည်သွေးပြီးတော့ တကယ့်ကို လေကြွားတဲ့ လူတစ်ယောက်နဲ့ တူပါတယ်။

"ယုန်စုတ်ယုန်နာ။ မင်းက ဒါကို တမင်သက်သက် လုပ်တာ မဟုတ်လား"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဘယ်နေရာမဆို ထွက်ပြေးလို့ ရတာကို ငါတို့ကိုပါ ဒီအရှုပ်ထုပ်ထဲ ဆွဲထည့်နေတယ်"

"ဟားဟားဟား အားလုံး အတူတူ ပြေးရတာ ဘယ်လောက်တောင် ပျော်စရာ ကောင်းလိုက်လဲ"

ယုန်ဖြူကြီးက လင်းဟန်ပြောတာကို လုံးဝ မငြင်းဆန်ပါဘူး။

ချင်ရီယွဲ့နဲ့ တခြားလူတွေ အားလုံးပဲ ပိုလို့တောင် ဒေါသတွေ ထွက်လာကြပြီး အော်လိုက်ကြပါတယ်။

"ယုန်စုတ် ယုန်နာ နင် နင် စောင့်နေ"

 တကယ်လို့ သူမက လင်းဟန်ရဲ့ မူလစွမ်းအင် ရောမလက်ကြီးနဲ့ ဆုပ်ကိုင်ထားခြင်း မခံရဘူး ဆိုရင် သူမက သေချာပေါက် ဒီအရေးမပါတဲ့ ယုန်ကို သွားတိုက်ခိုက်ပစ်ပါလိမ့်မယ်။

"ယုန်အသားက ကြည့်ရတာ တကယ်အရသာရှိမဲ့ပုံပဲ"

ညိုးညိုးက မျက်စိကို လှန်ပြီးတော့ ရောမယုန်ဖြူကြီးကို စိုက်ကြည့်လိုက်ပါတယ်။

"လာလေ။ ဦးလေးယုန်က ဒီမှာရှိနေတယ်။ လာခဲ့စမ်းပါ။ ဘယ်သူပဲဖြစ်ဖြစ် ခြောက်ပစ်ပြီး ဘယ်သူ့မဆို ပက်ပက်စက်စက် ပြောပစ်လိုက်မယ်"

ဒီရောမ ယုန်ဖြူကြီးက တကယ့်ကို အပေအတေဆန်ပြီး သူ့ရဲ့အမြီးတိုတိုလေးကို လှုပ်ပြနေ ပါတယ်။

"ညိုးညိုးရဲ့ ယုန်အသား"

ဟူးညိုက စိတ်လှုပ်ရှားပြီးတော့ ရုတ်တရက် တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ သူမရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး လျပ်ပြက်သလိုနဲ့ ဧရာမ ယုန်ဖြူကြီးရဲ့ ကျောဘက်ပေါ်မှာ စီးလိုက်ပါတယ်။

ဧရာမ ယုန်ဖြူကြီးက လူတစ်ယောက်ရဲ့ အမြင့်တစ်ဝက်ရှိပြီး ဟူးညိုကလည်းက အတူတူပါပဲ။ လူတစ်ယောက်နဲ့ ယုန်တစ်ကောင်က ခန္ဓာကိုယ် အရွယ်အစားချင်း တူတူပါပဲ။ တစ်ကောင်က တစ်ကိုယ်လုံး ဖြူဖွေးနေပြီး မျက်လုံးနှစ်လုံးက ပတ္တမြားခဲလို နီရဲနေပြီး ကျန်တစ်ယောက်က ကျောက်စိမ်းဖြူလို အသားအရေနဲ့ နူးညံ့သိမ်မွေ့တဲ့ ပန်းပုရုပ်တစ်ရုပ်အလား အရမ်းကို ချစ်စရာ ကောင်းလွန်းပါတယ်။

ပုံပန်းသွင်ပြင် တစ်ခုတည်းကိုပဲ ကြည့်မယ်ဆိုင် သူတို့က အရမ်းကို အထင်ကြီးလောက်စရာ ကောင်းလောက်အောင် ချစ်စရာ ကောင်းမွန်ကြပါတယ်။ ဒါပေမဲ့ တကယ့် အမှန်တရားကတော့။

ဟူးညိုက သူမရဲ့ ပါးစပ်ကို ဟပြီးတော့ ရောမ ယုန်ဖြူကြီးရဲ့ အမြီးကို ငုံ့ပြီးတော့ ကိုက်လိုက်ပါတယ်။ သောက်ရေးမပါတဲ့ ယုန်ဖြူကြီးက နာကျင်သွားပြီး ချက်ချင်းဆိုသလို တစ်ကိုယ်လုံး တုန်ယင်လာခဲ့ပြီး သူရဲ့အမြန်နှုန်းက နောက်ထပ်တစ်ဆခန့် တိုးလာပြီးတော့ ပေ့ါပါးဖျတ်လတ်စွာနဲ့ လင်းဟန်ကို ကျော်သွားခဲ့ပါတယ်။

ယုန်ဖြူကြီးက ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

"မင်းက ခွေးနစ်မှာမွေးတာပဲ ဖြစ်ရမယ်။ ဒါက မင်းရဲ့ဦးလေးယုန်ကို ငရဲကျသလိုပဲ နာကျင်စေတယ်"

ဟူးညိုလည်း စိတ်ပျက်သွားခဲ့ပါတယ်။ သူမရဲ့ သွားနဲ့ကိုက်လိုက်မိရင် အားလုံး အောင်မြင်တာ ချည်းပါပဲ။ ဒါပေမဲ့ သူမက ဒီသောက်ရေးမပါတဲ့ ယုန်ရဲ့အမြီးကို ကိုက်ဖြတ်မနိုင်ခဲ့ပါဘူး။ တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ သူမရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ ထွက်ပေါ်လာပြီး ယုန်အမြီးကို မလွှတ်စတမ်း ကိုက်ပြီးတော့ သူမရဲ့ ခေါင်းကို အဆက်မပြတ် ခါပြီး အမြီးကို အတင်းအဓမ္မ ကိုက်ဖြတ်နိုင်ဖို့ ကြိုးစားနေပါတယ်။

ယုန်ဖြူကြီးက အဆက်မပြတ် ငယ်သံပါအောင်

အော်ဟစ်ပြီးတော့ ပိုပြီးတော့တောင် မြန်မြန်ဆန်ဆန် ပြေးနေခဲ့ပါတယ်။

လင်းဟန်လည်း အလျင်အမြန်ပဲ အရှိန်ကိုမြှင့်တင်လိုက်ပါတယ်။ ဒါပေမဲ့ မျက်စိတစ်မှိတ် အတွင်းမှာပဲ သူ့အရှေ့က လူတစ်ယောက်နဲ့ ယုန်တစ်ကောင်က ချက်ချင်းဆိုသလို ပျောက်ကွယ် သွားခဲ့ပါတယ်။ တကယ်တော့ သူအသက်သွင်းထားတဲ့ မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှု မရှိသေးသလို လူတစ်အုပ်ကိုလည်း ခေါ်လာရလို့ပဲ ဖြစ်ပါတယ်။

ကံကောင်းတာက အနောက်ကနေ လိုက်နေတဲ့ သားရဲအုပ်ကြီးက သူတို့အနောက်မှာ ပိုပိုပြီး ပြတ်ကျန်ခဲ့ကာ မကြာခင်မှာပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က အရှေ့ကို တော်တော်ကြာအောင် သွားလိုက်ပါတယ်။ အဲဒီနောက်မှာ ရောမ ယုန်ဖြူကြီးက ပြေးနေတာကနေ ရပ်ပြီးတော့ ဟူးညိုကို အကောင်းဆုံးကြိုးစားပြီး ခါချနေပါတယ်။ ဒါပေမဲ့လည်း ဟူးညိုက အမြီးကို ကိုက်ထားပြီး ယုန်ဖြူကြီးက ဘယ်လောက်ပဲ ခါခါ သူမက လွှတ်ပေးမဲ့ပုံ မမြင်ပါဘူး။

"သွားစို့ သွားစို့"

ရောမ ယုန်ဖြူကြီးက မြန်မြန်ပဲ ခုန်လိုက်ပါတယ်။

"ဦးလေးယုန်ရဲ့ အမြီးက အစကတည်းက တိုနေတာ အခုလို အကိုက်ခံရမယ်ဆိုရင် ဦးလေးယုန်က နောက်ကျရင် တခြားလူတွေကို ဘယ်လိုမျိုး မျက်နှာချင်း ဆိုင်ရတော့မှာလဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဟော့ယုန် နဂါးသွေးဂျင်းဆင်းကို ငါ့ပေးရင် မင်းကို ငါကူညီပေးမယ်"

ရောမ ယုန်ဖြူကြီးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ သူရဲ့လှုပ်ရှားမှုတွေကို ရပ်လိုက်ပြီး လင်းဟန်ဆီကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ်ပဲ ဒီစိတ်ဂိညာဉ် ဂျင်ဆင်းပင်ကို သတိပြုမိတယ်ပေါ့လေ။ အား"

ယုန်ဖြူကြီးက ချက်ချင်းပဲ နောက်ထပ်တစ်ကြိမ် ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ ကြည့်ရတာ ဟူးညို့က သူမရဲ့ သွားတွေနဲ့ ကျိတ်နေတယ်နဲ့ တူပါတယ်။

"လူသား လူသား။ မြန်မြန်လေး ဒီကလေးမကို မကိုက်အောင်လို့ လုပ်ပေးစမ်းပါ။ မင်းရဲ့ ဦးလေးယုန် သေလိမ့်မယ်"

ရောမ ယုန်ဖြူကြီးက ဆက်ပြီးတော့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

"ဂျင်ဆင်း"

လင်းဟန်က သူ့ရဲ့လက်ကို ဆန့်ထုတ်လိုက်ပါတယ်။

ယုန်ဖြူကြီးက နာကျင်ကြေကွဲတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူက ဒီဂျင်ဆင်းပင်ကို ဆေးတောင်ကြားကနေ ခိုးယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ခဲ့ရပြီး အခုမှ အကြိမ်အနည်းငယ်ပဲ ယက်ရပါသေးတယ်။ ဒါပေမဲ့ အခုတော့ ဒါကို ပေးရတော့မှာလား။ ဒါပေမဲ့လည်း သူ့အမြီးက

အကိုက်ခံရတာကြောင့် အရမ်းကို နာကျင်နေပါတယ်။ ဒီကလေးမက အဆုံးစွန် တိုက်ကွက်တစ်ခုကို ထုတ်ဖော်လို့ မပွံ့အောင် ထူးဆန်းတဲ့ ခံစားမှု တစ်ခုကို ပေးစွမ်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မျှော်မှန်းမထားတဲ့ ကပ်ဘေးတစ်ခု ဖြစ်တော့မဲ့ ပုံစံအတိုင်းပါပဲ။

ယုန်ဖြူကြီးက သူရဲ့လက်ထဲက ဂျင်ဆင်းပင်ကို လင်းဟာန်ဆီကို ပစ်ပေးလိုက်ပါတယ်။

လင်းဟာန်က ဂျင်ဆင်းပင်ကို လက်ခံရယူလိုက်ပြီးတော့ ခဏတဖြုတ် စစ်ဆေးလိုက်ပါတယ်။ ဂျင်ဆင်းပင်မှာ အမြစ်တွေ ကျန်ရှိနေသေးပြီး ၎င်းရဲ့အသက်ဓာတ်ကလည်း အရမ်းကို လုံလုံလောက်လောက် ရှိနေဆဲပါပဲ။ သူက ကျယ်လောင်စွာ ရယ်မောပြီးတော့ ဂျင်ဆင်းပင်ကို အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပါတယ်။ တစ်နှစ်ကြာပြီးတဲ့ နောက်မှာ သူတို့က ရတနာ ဂျင်ဆင်းကို စိတ်ကြိုက်စားလို့ ရပါတော့မယ်။

ဒါက နဂါးသွေး ဂျင်ဆင်းပင် ဖြစ်ပါတယ်။ ဒဏ္ဍာရီတွေ အရတော့ ဒါက နဂါးတစ်ကောင်ရဲ့ သွေးထဲမှာ နစ်မြုပ်နေတဲ့ နှစ်တစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်ဖြစ်ပြီး နတ်ဘုရား ရတနာ ဆေးပင်တစ်မျိုး ဖြစ်လာခဲ့ပါတယ်။

နဂါသွေးက အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိပြီးတော့ ဒီဂျင်ဆင်းပင်က နဂါးသွေးထဲမှာ နစ်မြုပ်ပြီး နဂါးသွေးရဲ့ အဆီအနှစ်တွေကို စုပ်ယူထားပါတယ်။ ဒါကြောင့် ဒီဂျင်ဆင်းပင်ရဲ့ ဆေးအာနိသင်က အရမ်းကို အံ့ဩစရာ ကောင်းတယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့လည်း ဒီနဂါးသွေး ဂျင်ဆင်းက ပထမမျိုးဆက် မဟုတ်ပါဘူး။ ဒါကြောင့် အာနိသင်က သိသိသာသာကို အတော်လေး ဆိုးနေပါ သေးတယ်။ ဒါပေမဲ့ အဆင့်ကိုး ရတနာ ဆေးပင်တွေထဲမှာတော့ ရတနာတစ်ပါး ဖြစ်နေဆဲ ဖြစ်ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေ နိုင်ပါတယ်။

ဒီအပင်ကို တစ်နစ်လောက် စိုက်လိုက်ရင် မုန်လာဥနီတွေလိုမျိုး ရိတ်သိမ်းရူးဆွတ်လို့ ရနိုင်ပါပြီ။

"ညီးညီးရေ သွားကြစို့။ ဒီယုန်က လုံးဂချက်ပြုတ်လို့ မဖြစ်ဘူး။ အရသာ မရှိဘူး"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

နောက်ဆုံးတော့ ဟူးညိုက သူမကိုက်ခဲနေတာကို

လျော့လိုက်ပြီး အနည်းငယ် စဉ်းစားလိုက်ကာ ပြောပါတယ်။

"ဒီယုန်က အရသာရှိတယ်။ တကယ်လို့ ချက်ပြုတ်လို့ မရဘူးဆိုရင်တောင် အရသာရှိတယ်"

ဟူးညိုက နောက်ထပ်တစ်ကြိမ် သွားရည်တမြားမြား ကျပြီးတော့ ယုန်ဖြူကြီးကို ထပ်ပြီး ပစ်မှတ်ထားလိုက်ပါတယ်။

Chapter 619 end

Zawgyi.အပိုင်း(၆၂၀) ညိုးညိုး ယုန်အသား စားချင်တယ်

ယုန်ဖြူကြီးရဲ့ ခန္ဓာကိုယ်ပေါ်က အမွေးတွေ အားလုံးက ထိတ်လန့်မှုကြောင့် အမွေးတွေ ထောင်လာခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့နောက်ခြေထောက်တွေက စတင်တုန်ခါလာပြီး အဝေးကို ခုန်ဆွခုန်ဆွ ထွက်ပြေးသွားချင်နေပါတယ်။ ဒါပေမဲ့လည်း အနည်းငယ် စဉ်းစားပြီးတဲ့နောက်မှာတော့ ဆန္ဒမရှိတော့ပါဘူး။ နဂါးသွေးဂျင်ဆင်းပင်ကို သူ့အရှေ့မှာ ရှိနေတဲ့ ဒီလူသားကို ပေးပြီးပါပြီ။

ဒီဂျင်ဆင်းပင်ကို ရရှိဖို့အတွက် မရေမတွက်နိုင်တဲ့ သားရဲကောင်တွေရဲ့ နေရာကို ဖြတ်ကျော်ဖို့ အစွမ်းကုန်

ကြိုးစားပြီးမှ ရရှိခဲ့တာပါ။

"လူသားကောင်လေး။ ဘာဖြစ်လို့ အားလုံးက ဂျင်ဆင်းစွပ်ပြုတ်ကို မစားတာလဲ။ ဦးလေးယုန်က မိုးပြာရောင် ရစ်ငှက် တစ်ကောင်ကို ဖမ်းပြီးတော့ အရိုးမည်းကြက်သား စွပ်ပြုတ် လုပ်ပေးမယ်။ အဲဒီစွပ်ပြုတ်က သေချာပေါက် အာဟာရ ပြည့်လိမ့်မယ်"

ဒီယုန်က ချက်ချင်းပဲ သူ့ထက်သာအောင်လို့ စွပ်ပြုတ်နဲ့ ဟူးညိုကို ဆွဲဆောင်လိုက်ပြီး ဟူးညိုက မြေကြီးပေါ်ကို သွားရည်တွေ တမြားမြား ကျလာခဲ့ပါတယ်။

"ယုန်အသား ဂျင်ဆင်းစွပ်ပြုတ် လုပ်ပါ"

ဟူးညိုက ချက်ချင်းပဲ သူမရဲ့လက်ကို မြှောက်လိုက်ပါတယ်။

"သောက်ကျိုးနည်း ငါက မင်းဦးလေးပဲ"

ရောမ ယုန်ဖြူကြီးက ဟူးညိုကို ကန်ထုတ်လုနီးပါး ဖြစ်သွားပါတယ်။ ဒါပေမဲ့ ကြောက်ရွံ့မှုကြောင့် တုန်ခါသွားပြီး နောက်ဆုံးမှာတော့ မဆင်မခြင် မလုပ်ရဲအောင် ဖြစ်နေပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီဂျင်ဆင်းပင်က အခုချက်ချင်း စားလို့မဖြစ်သေးဘူး။ ငါတို့နောက်ထပ် တစ်နှစ်လောက် စောင့်ရဦးမယ်။ ငါကတိပေးတယ်။ မင်းကအခု ငါ့ကို တစ်ပင်ပေးတယ်။ နောက်တစ်နှစ်နေရင် ငါမင်းကို နှစ်ပင်ပြန်ပေးမယ်။ ဘယ်လိုလဲ"

ရောမ ယုန်ဖြူကြီးက သူရဲ့အနီရောင်တောက်တောက် မျက်လုံးနီနီတွေကို ဖွင့်ပြီးတော့ ပြောလိုက်ပါတယ်။

"လူသားကောင်လေး။ မင်းက အရမ်းကို လေကြီးတာပဲကွ။ မင်းထင်တာက ဦးလေးယုန်ကို အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်လို ဘယ်လိုလိမ်လိမ် လိမ်လို့ရမယ် ထင်နေတာလား။ ဦးလေးယုန် စားဖူးတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေက မင်းစားဖူးတာထက် အများကြီး အများကြီး ပိုများတယ်ကွ"

"ယုန်မိုက်ပဲ"

လင်းဟန်က လက်ခလယ် ထောင်ပြလိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ ပြောစရာရှိတာ အကုန်လုံး ပြောပြီးပြီ။ ယုံတာ မယုံတာ မင်းကိစ္စပဲ"

သူ့မှာ ရတနာ ဂျင်ဆင်းပင် ရှိနေတယ် မဟုတ်လား။

"ယုံတယ်။ ယုံတယ်။ ဦးလေးယုန် အဲဒါကို ယုံတယ်"

ယုန်ဖြူကြီးက အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။

"အား"

ရုတ်တရက် နောက်ထပ်တစ်ကြိမ် ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

"ဒီမိန်းကလေးက နောက်တစ်ကြိမ် ဦးလေးယုန်ကို ကိုက်ပြန်ပြီ"

"ဟူးညို"

လင်းဟန်က ခေါ်လိုက်ပါတယ်။

နောက်ဆုံးတော့ ဟူးညိုက ဈေးမ ယုန်ဖြူကြီးရဲ့ ခြေထောက်ကို မလွှတ်ချင် လွှတ်ချင်နဲ့ လွှတ်ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီယုန်က အရသာရှိတယ်။ ညိုးညိုး ယုန်အသား စားချင်တယ်"

ဟူးညိုက ကလေးဆိုးလေး တစ်ယောက်လိုမျိုး နွဲ့ဆိုးဆိုး လိုက်ပါတယ်။

"ညိုးညိုး ထားလိုက်တော့"

လင်းဟန်က ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ ပြီးတော့ အံ့အားသင့်ပြီးတော့ သူ့လျှာနဲ့တောင် သပ်လိုက်မိပါတယ်။ ဟူးညိုက အစာစားရတာ နှစ်သက်ပေမဲ့ ဘယ်တုန်းကမှ အရမ်းကြီး ငမ်းငမ်းတက် မဖြစ်ပါဘူး။ သူက အသားခြောက် တစ်ပိုင်းကို ထုတ်ယူပြီးတော့ ဟူးညိုကို ပေးလိုက်ပြီး သူမကို အရင်ဆုံး စားစေလိုက်ပါတယ်။

ဟူးညိုက မပျော်မရွှင်နဲ့ ဂါးစားနေပေမဲ့ သူမရဲ့ မျက်လုံးတွေက ယုန်ဖြူကြီးကို စိုက်ကြည့်နေဆဲ ဖြစ်ပါတယ်။ သူမရဲ့ အကြည့်တွေကြောင့် ယုန်ဖြူကြီးက

ခြေထောက်တွေကြားထဲ သူ့အမြီးကို ဖွက်ထားလိုက်ရပါတယ်။ ဒါပေမဲ့လည်းသူ့အမြီးက အရမ်းကို တိုတာကြောင့် ခြေထောက်တွေ အကြားထဲမှာ ဖွက်ထားဖို့က အရမ်းကို ခက်ခဲပါတယ်။

"နောက်က လိုက်ဖမ်းတဲ့ သားရဲကောင်တွေလည်း မရှိတော့ဘူးဆိုမှတော့ တစ်ခုခုကို အရင်ဆုံး စားပြီးတော့ ထိတ်လန့်သွားတာကို ဖြေဖျောက်ကြတာပေါ့"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက အိုးတစ်လုံးကို ထုတ်ယူပြီးတော့ အနက်ရောင် မျှော်စင် အထဲက ပါဂင်ပစ္စည်းတွေကို ထုတ်ပြီးတော့ အိုးထဲကို ထည့်လိုက်ပါတယ်။ အထူးသဖြင့်တော့ နှစ်တစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေကို ဆွဲထုတ်ပြီး ထည့်လိုက်ပါတယ်။

ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ထဲမှာ ဂျင်ဆင်းပင်တွေက နှစ်ပေါင်းတစ်ထောင် သက်တမ်းအရွယ်ထိပဲ ကြီးထွားရှင်သန်နိုင်ပြီးတော့ ထပ်ပြီးတော့ မကြီးထွားနိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မျိုးစေ့တော်က သာမန်အမျိုးအစားတွေပဲ ဖြစ်ပြီးတော့ နှစ်ပေါင်း

တစ်ထောင်က အကာနဲ့အသတ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က အားလုံးကို ဂေစုခွဲပေးဖို့ ထုတ်ယူပေးရတာကို အေးဆေးပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီဂျင်ဆင်းပင်တွေက ရွံ့တွေထဲ နစ်မြုပ်သွားရပါလိမ့်မယ်။

"နှစ်ပေါင်းတစ်ထောင် ခရမ်းရောင် ဂျင်ဆင်း"

"နှစ်ပေါင်းတစ်ထောင် ကျောက်စိမ်းဂျင်ဆင်း"

"နှစ်ပေါင်းတစ်ထောင် ဂျင်ဆင်းဂါ"

ချင်ရီယွဲ့က ဂျင်ဆင်းပင်တွေကို တစ်ပင်ပြီးတစ်ပင် ကြည့်ပြီးတော့ သူမရဲ့ မျက်လုံးတွေက ပြူးပြူး လာခဲ့ပါတယ်။ ဒီဂျင်ဆင်းပင်တွေရဲ့ အမျိုးအစားကို အသာထားဦး ဒီအပင်တွေက အဆင့်လေး အဆင့်ငါး စိတ်ဂိညာဉ် ဆေးပင်တွေ ဖြစ်ပေမဲ့ ၎င်းတို့ရဲ့ သက်တမ်းက အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။ နှစ်ပေါင်းတစ်ထောင်ဆိုတာက သူတို့ရဲ့ အဆင့်ကို နောက်တစ်ဆင့် မြင့်တက်သွားဖို့ လုံလောက်ပါတယ်။

အဓိက သော့ချက်က လင်းဟန်က အဲဒီဂျင်ဆင်းပင်တွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ပြီးတော့ စွပ်ပြုတ်အိုးထဲ

ထည့်ပြုတ်နေပါတယ်။ ဘယ်လောက်တောင် ဖြုန်းတီးလိုက်သလဲ။

သူမက သူဌေးသူကြွယ်တွေ အများကြီး တွေ့မြင်ဖူးပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး ဖြုန်းတီးတဲ့ လူကိုတော့ သူမအနေနဲ့ သေချာပေါက် ဒုတိယ တစ်ယောက် ရှာမတွေ့နိုင်တော့ပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တွေတောင် ဒီလိုမျိုး မလုပ်နိုင်ပါဘူး။ တကယ်တော့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ စိတ်ဂိညာဉ် ဂျင်ဆင်းပင်တွေ အများကြီး ရှိပေမဲ့ အတော်လေးကို အကန့်အသတ် ရှိပါတယ်။

ဒါပေမဲ့လည်း ကျူးရှမ်အာနဲ့ ကန်းရီတို့ကတော့ အံ့အားသင့်ခြင်းအလျဉ်း ကျင်းနေပြီး သာမန်တွေ့နေကျ ပုံစံမျိုး တစ်ခုလိုပါပဲ။

သူတို့က ဒီလိုမျိုး အရမ်းကို အသုံးအဖြုန်းကြီးလွန်းတဲ့ ဟင်းတွေကို မကြာခဏ စားနိုင်တာ ဖြစ်နိုင်ပါ့မလား။

ရောမ ယုန်ဖြူကြီးလည်း အံ့အားသင့် နေပါတယ်။ သူက စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီးကို ခိုးယူဖူးပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ရတနာ ဆေးပင်တွေ အားလုံးက သူ့ရဲ့ နှလုံးသားကိုတောင်

တဆတ်ဆတ် တုန်ခါစေပါတယ်။

"အား"

ဒါပေမဲ့ ချက်ချင်းပဲ နောက်တစ်ကြိမ် ငယ်သံပါအောင် အော်လိုက်ပါတယ်။

လင်းဟန်က အစားအသောက် ချက်ပြုတ်နေရင်းနဲ့ သိချင်စိတ် ပြင်းပြကာ မေးလိုက်ပါတယ်။

"ယုန်မိုက် မင်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ။ ဘာဖြစ်လို့ ဒီလိုမျိုး လွယ်လွယ်နဲ့ရတာတွေ လုပ်နေတာလဲ"

ဒီအကြောင်းကြောင့် သူ့အနေနဲ့ ဟော့လျန်ချွင်ရှယ်ကို စဉ်းစားမိသွားခဲ့ပါတယ်။ သူ့အနေနဲ့ ဒီပင်လယ်မိန်းကလေး ဘယ်နေရာကို ထွက်ပြေးသွားတယ် ဆိုတာကို သဲလွန်စ မရရှိခဲ့ပါဘူး။ ပြီးတော့ သူ့အနေနဲ့ သူမကို အမှန်တကယ်ပဲ သတိရ အောက်မေ့မိပါတယ်။

"ဦးလေးယုန်က ကလေးတစ်ယောက်နဲ့ ဘယ်တော့မှ မငြင်းခုံဘူး"

ဧရာမ ယုန်ဖြူကြီးက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဟူးညိုက သူမရဲ့သွားတွေကို နောက်တစ်ကြိမ် ခြိမ်းခြောက်တဲ့ ပုံစံနဲ့ ဖြဲပြလိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ ထိတ်လန့်ပြီး လင်းဟန်ရဲ့ အနောက်ကို အလျင်အမြန်ပဲ ခုန်ဝင်သွားလိုက်ပါတယ်။

"ဟော့ယုန်။ ညီးညီးနဲ့ ကစားမယ်လေ။ သိမ်းငှက်နဲ့ ကြက်ကလေး ကစားနည်း ကစားကြမယ်။ ညီးညီးက သိမ်းငှက်။ တကယ်လို့ ညီးညီးက နင့်ကိုဖမ်းမိရင် ညီးညီး နင့်ကို စားမယ်လေ"

ဟူးညိုက သူမရဲ့ ခန္ဓာကိုယ်ကို လှုပ်လိုက်ပြီး လျှပ်စီးအလင်းတန်း တစ်ခုလိုမျိုး မျက်စိတစ်မှိတ် အတွင်းမှာပဲ သူမက ယုန်ဖြူကြီးကို ဖမ်းဆုပ်ဖို့ ကြိုးစားလိုက်ပါတယ်။

"လခွမ်း။ ဦးလေးယုန်ကို စားဖို့ ကြိုးစားနေသေးတာလားဟ။ မင်းက တကယ်ကို ထူးဆန်းတယ်"

ယုန်ဖြူကြီးက သုတ်ခြေတင် ထွက်ပြေးပါတယ်။

လူတစ်ယောက်နဲ့ ယုန်တစ်ကောင်က မီးပုံကို ပတ်ပြေးနေပါတယ်။ တစ်ယောက်က လျင်မြန်သလို နောက်တစ်ယောက်ကလည်း မနှေးပါဘူး။ ဘယ်သူကမှ ဖမ်းမမိသလို ဘယ်သူကမှလည်း အလွတ်အကျွတ် မပြေးနိုင်ပဲ သရေပွဲ ဖြစ်နေပါတယ်။

လင်းဟန်က ပစ္စည်းတွေကို ရက်ရက်ရောရော ထုတ်ယူပြီးတော့ စွပ်ပြုတ်အိုးကိုပဲ ပြုတ်နေပါတယ်။

"နင် သူတို့ကို မတားတော့ဘူးလား"

ချင်ရီယွဲ့က မနေနိုင်ပဲ ဂင်ပြောလိုက်ပါတယ်။

"မလိုပါဘူး။ ဟူးညို့က သိပ်မကြာခင်မှာပဲ ကစားလို့ ဂသွားရင် အစာစားဖို့ သူ့ဘာသာသူ ရပ်သွားလိမ့်မယ်"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ဒါ ဘယ်လောက်တောင်မှ တာဂန်ယူမှု ကင်းမဲ့လိုက်သလဲ။ ဟူးညို့က အရမ်းကို ရက်စက်ကြမ်းကြုတ်အောင် သင်ကြားပေးခံရတာ အံ့သြစရာ မရှိတော့ပါဘူး။

မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ စွပ်ပြုတ်အိုးကနေ မွှေးကြိုင်တဲ့ အနံ့တွေ ထွက်ပေါ်လာတဲ့ အခါမှာ ဟူးညို့က ချက်ချင်းပဲ ရပ်ပြီးတော့ ကျကျနနနဲ့ကို ထိုင်ချလိုက်ပါတယ်။ ဒါပေမဲ့ သူမကိုကြည့်ရတာ စိတ်အားထက်ကြွတဲ့ မျက်လုံးတွေနဲ့အတူ သွားရည်တမြားမြား မကျပဲ မနေနိုင်အောင် ဖြစ်နေပါတယ်။

"ဦးလေးယုန်ကိုလည်း ဒီသိမ်းငှက်ကို ပေးစားဦး"

ယုန်ဖြူကြီးကလည်း ထိုင်ချလိုက်ပေမဲ့ ဟူးညို့ရဲ့ အဝေးမှာပဲ ဖြစ်ပါတယ်။

"ယုန်က အသားစားလို့လား"

လင်းဟန်က ရယ်ရယ်မောမောနဲ့ မေးလိုက်ပါတယ်။

"ဒီသိမ်းငှက်က ဦးလေးယုန်ရဲ့ ဘိုးဘေးတွေနဲ့ မျိုးဆက်တွေကို မရေမတွက်နိုင်အောင် စားခဲ့တယ်။ ဦးလေးယုန်က လက်စားပြန်ချေရမယ်"

ယုန်ဖြူကြီးက သမာသမတ်ကျကျနဲ့ ပြောလိုက်ပါတယ်။

"ဟားဟားဟား မထိန်းနိုင် မသိမ်းနိုင်အောင် ငမ်းငမ်းတက် ဆာနေပြီဆိုတာ သိသာနေတာပဲ"

လင်းဟန်က သိမ်းငှက်အသားကို ခပ်ပြီးတော့ ဂျင်ဆင်းတစ်ပင်ကို ကောက်ထည့်ပြီး စွပ်ပြုတ်အရည် နည်းနည်းခပ်ပြီးတော့ ယုန်ဖြူကြီးကို ပေးလိုက်ပါတယ်။ ဒီသိမ်းငှက်က ပန်းဖူးအဆင့် သားရဲကောင်ဖြစ်ပြီးတော့ သတ်ထားတာ ကြာလှပါပြီ။ သူတို့အတွက်တော့ အရမ်းကို အာဟာပြည့်ဝပါတယ်။ ကံမကောင်းတာက ဘုရင်အဆင့် သားရဲကောင် မဟုတ်တာပါပဲ။

လူတိုင်းလူတိုင်းက သူတို့ရဲ့ ဝေစုအဖြစ် ဂျင်ဆင်းစွပ်ပြုတ် တစ်ယောက်တစ်ခွက်စီ ယူပြီးတော့ စတင်စားသောက် လိုက်ကြပါတယ်။ သိမ်းငှက်အသားက အရမ်းကို အရသာရှိပြီး ရတနာ ဂျင်ဆင်းအပင်ရဲ့အထဲက အနှစ်သာရတွေကလည်း အားလုံးကို ညှစ်ထုတ်ထားပြီး နှစ်ခုလုံး အနံ့အရသာနဲ့ ပြည့်စုံပြီး အာဟာရဓာတ် ပြည့်ဝပါတယ်။

လူတိုင်းလူတိုင်းက စားလို့သောက်လို့ ပြီးတာနဲ့ လေတက်သွားကြပြီး သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေရဲ့ အလင်းတွေက တိုးလာခဲ့ပါတယ်။

လင်းဟန် ချက်ပြုတ်နေတဲ့ အချိန်မှာ သူက ဆေးလုံးဖော်စပ်ခြင်း နည်းစနစ်တွေကို ပေါင်းစည်းပြီးတော့ ရတနာ ဂျင်ဆင်းပင်တွေ အထဲက အဆီအနှစ်တွေကို ထုတ်ယူပြီး ကောင်းကင်နဲ့ မြေကြီးရဲ့ စွမ်းအားနဲ့အတူ အရမ်းကို အာဟာရ ပြည့်ဝစေခဲ့ပါတယ်။

စွပ်ပြုတ်ကို သောက်ပြီးတဲ့နောက်မှာ လင်းဟန်က စိတ်ဝိညာဉ် မက်မွန်သီး တစ်လုံးကိုလည်း ထုတ်ယူပြီး တစ်ယောက်ကို တစ်လုံးစီ ပေးလိုက်ပါတယ်။ သူတို့က အများကြီးကို အစားချေနိုင်မှာမ ဟုတ်ပါဘူး။

လူတိုင်းလူတိုင်း ထိုင်ချပြီးတော့ သူတို့ရရှိထားတဲ့ အကျိုးအမြတ်တွေ အားလုံးကို အစာချေဖျက် စုပ်ယူလိုက်ပါတယ်။ ခဏအကြာမှာတော့ အဆီအနှစ်တွေ အားလုံးကို ကုန်လင်အောင် စုပ်ယူလို့ ပြီးသွားပါပြီ။

လင်းဟန်၊ ဟူးညို့နဲ့ ယုန်ဖြူကြီးတို့က အများဆုံး စားသောက်ကြတာ ဖြစ်ပါတယ်။

လင်းဟန်နဲ့ ဟူးညိုက အစကတည်းက အစားအသောက် အရမ်းကို စားကြသူတွေ ဖြစ်ပါတယ်။ ယုန်ဖြူကြီးကတော့ အဆင့်မြင့်ပြီး ဒုတိယ အချက်က အတော်လေးကို

ထူးဆန်းတာကြောင့် လင်းဟန်နဲ့ ဟူးညီ့တို့အောက် မနိမ့်ကျပဲ အများကြီး စားနိုင်ခဲ့ပါတယ်။ သူ့က တစ်ခွက်ပြီး တစ်ခွက် သောက်ပြီးတော့ ဘယ်လိုမှ မထိန်းထားပါဘူး။

တော်တော်လေး ကြာပြီးတဲ့ နောက်မှာတော့ အားလုံးက တစ်ယောက်ပြီး တစ်ယောက် မတ်တပ် ထရပ်လိုက်ပါတယ်။ သူတို့အားလုံးကို ကြည့်ရတာ အကျိုးအမြတ်တွေ အများကြီးရတာကြောင့် စိတ်ကျေနပ် ပျော်ရွှင်နေပုံ ရပါတယ်။

"ဒါပေမဲ့ ရီဟောင်က အခုဆိုရင် အချိန်အကြာကြီး စောင့်နေရပြီထင်တယ်"

"ဒါက အတော်လေး ရှိုင်းရာကျနေမယ်"

"သူက စိတ်မဆိုးသင့်ပါဘူး"

"ဟီးဟီး"

အားလုံးမှာ ရီဟောင်နဲ့ ပတ်သက်ပြီး ကောင်းတဲ့ခံစားချက် မရှိပါဘူး။ ပြီးတော့ သူဘာတွေပဲ တွေးနေတွေးနေ ဂရုမစိုက်ဘူးဆိုတာ သိသာပါတယ်။

"သွားကြစို့"

သူတို့က ဆေးတောင်ကြားကို နောက်တစ်ကြိမ် ထပ်ပြီးတော့ မသွားပုံပါဘူး။ အထဲမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေ ရှိပြီး မဆင်မခြင်နဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားမယ်ဆိုရင် အဆုံးသတ်က မတွေးပုံစရာ ဖြစ်သွားပါလိမ့်မယ်။

သူတို့တွေက ချိန်းဆိုထားတဲ့ နေရာဆီကို သွားကြပါတယ်။ သူတို့က ရီဟောင်ကို သဘောမကျပေမဲ့ သူတို့တွေ သဘောတူညီထားတာကြောင့် သူတို့ကတိကို ဖျက်ကြမှာ မဟုတ်ပါဘူး။

လင်းဟန်က ဆေးတောင်ကြားရဲ့ နောက်ခံအကြောင်းနဲ့ ပတ်သက်ပြီး ယုန်ဖြူကြီးကို စတင်မေးမြန်း လိုက်ပါတယ်။

Chapter 620 end

Zawgyi.အပိုင်း(၆၂၁) ဆေးတောင်ကြောင်းရဲ့ ဇစ်မြစ်

"ဆေးတောင်ကြားရဲ့ နောက်ခံအကြောင်းအရာက ဘာလဲ။ ဘာဖြစ်လို့ ဒီနေရာမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့်

သားရဲကောင်တွေ အများကြီး ရှိနေရတာလဲ”

လင်းဟန်က သိချင်နေပါတယ်။ နတ်အသွင်ပြောင်းလဲခြင်းအဆင့် သားရဲတစ်ကောင်က တောင်တစ်ခုလုံးကို အုပ်ချုပ်နိုင်ပါတယ်။ ဒါကြောင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေ အများကြီးက အတူတကွ နေထိုင်ကြတယ်ဆိုတာ လုံးဝကို အဓိပ္ပါယ် မရှိပါဘူး။

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

“ဒီကိစ္စက ရှင်းပါတယ်။ ဒီနေရာမှာ ကောင်းကင်အဆင့် သိမ်းငှက်ဘုရင် တစ်ကောင် ရှိနေတယ်။ အဲဒီသိမ်းငှက်က ခရမ်းရောင်ကျောက်စိမ်းမိုးပြာ သိမ်းငှက်ဖြစ်ပြီး အမွေအနှစ် မျိုးဆက်သွေး တစ်ကောင်ဖြစ်တယ်။ နောက်ပြီးတော့ ဘုရင်တွေအကြားက ဘုရင်တစ်ကောင်လည်း ဖြစ်ပြီးတော့ သားရဲကောင်တွေ အားလုံးကို ဒီနေရာမှာ မင်းမူအုပ်ချုပ်နေတယ်”

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ ယခင်ဘဝတုန်းက အဆင့်နဲ့ဆို ဒီသိမ်းငှက်ဘုရင်က သေချာပေါက် ပြိုင်ဘက်ကင်းတဲ့ တည်ရှိမှု တစ်ခုဖြစ်ပါတယ်။

သားရဲကောင်တွေ အထဲမှာ ဘုရင်တစ်ပါးတောင် မဟုတ်ပဲ ဘုရင်တွေ အကြားက ဘုရင်တစ်ပါး ဖြစ်နေပြီး ဓားကေရာဇ်၊ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့နဲ့ လက်ရည်တူ အဆင့်မှာ ရှိပါတယ်။

ဒီဘဂမှာတော့ ဒီလိုမျိုး သားရဲဘုရင် တစ်ကောင်က စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိပါတယ်။

တကယ်လို့ ဒီအဆင့်ကို ကူးဖြတ်နိုင်မယ်ဆိုရင် အဲဒီနောက်မှာ ဒီကမ္ဘာကြီးရဲ့ အစွမ်းအထက်ဆုံး သက်ရှိတစ်ကောင် ဖြစ်လာနိုင်ပြီး လက်ရည်တူ ယှဉ်ပြိုင်နိုင်မဲ့သူတောင် ရှိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

"မင်းက တော်တော်လေးကို အတင့်ရဲတာပဲ။ ဒီလိုနေရာမျိုးမှာတောင် နဂါးသွေး ဂျင်ဆင်းကို ခိုးယူရဲတယ်"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

"ယုန်တွေနဲ့ သိမ်းငှက်တွေက အစေးမကပ်ကြဘူး။ ဦးလေးယုန်က ဒီအကောင်စုတ်ကို ကံဆိုးအောင် သူ့ရဲ့ စိတ်ဂိညာဉ် ဆေးပင်တွေ အားလုံးကို ခိုးယူပစ်မယ်။ ငါက

အဲဒီကောင်ကို စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်လို့မရအောင် လုပ်ပစ်မယ်”

ယုန်ဖြူကြီးက အာပေါင်အာရင်းသန်သန်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်ပါတယ်။

“ကံဆိုးတာပဲ။ ကောင်းကင်အဆင့် သားရဲကောင်တွေထဲက ဘုရင်တစ်ပါးက လက်သည်း တစ်ချက်နဲ့ပဲ ဘယ်လိုမျိုး ပြုမူရမလဲ ဆိုတာ မင်းကို သင်ပေးနိုင်တယ်”

“ကောင်လေး။ ဘယ်လိုမျိုး စကားပြောရမလဲ ဆိုတာကို မင်းသိရဲ့လား။ နားကြားလို့မှ မကောင်းတာတွေကို မပြောပဲ မနေနိုင်ဘူးလား”

ယုန်ဖြူကြီးက ကျွဲမြီးတိုစွာနဲ့ ပြောလိုက်ပါတယ်။

“အား မင်းရဲ့ဦးလေးယုန်ကို နောက်တစ်ကြိမ် ထပ်ကိုက်ပြန်ပြီ”

ဟူးညိုက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးရဲ့ လင်းဟန်ကို ရိုင်းရိုင်းစိုင်းစိုင်း မလုပ်နဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညီးညီး နင့်ကို စားပစ်ရလိမ့်မယ်"

"သွားစို့။ သွားကြစို့"

ယုန်ဖြူကြီးက ငယ်သံပါအောင် အော်ဟစ်ဖို့ တစ်ခုပဲ သိပါတယ်။

သူတို့က စကားတပြောပြောနဲ့ သွားနေကြရင်း ရီဟောင်နဲ့ ချိန်းဆိုထားတဲ့ နေရာဆီကို ရောက်လာခဲ့ ကြပါတယ်။ သူတို့ရဲ့ အမြင်ထဲကို ရွာငယ်လေး တစ်ရွာ ဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့ ကျေးရွာသူ ကျေးရွာသားတွေ အားလုံးက အလောင်းကောင် စစ်သားတွေ ဖြစ်နေကြပြီး အစောပိုင်းမှာကတည်းက လင်းဟန်နဲ့ တခြားလူတွေက သတ်ပစ်ခဲ့ပြီးပါပြီ။

"မင်းတို့တွေက ဘာဖြစ်လို့ အခုမှ ရောက်လာတာလဲ"

ရီဟောင်က အားလုံးကို မကျေမနပ်နဲ့ မေးလိုက်ပါတယ်။ သူဘယ်လောက်တောင် စောင့်နေရတယ် ဆိုတာကို

သူတို့တွေ မသိဘူးလား။ သူက ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိထားတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အချိန်တွေက အရမ်းကို တန်ဖိုးရှိပါတယ်။ ဒါကို သူတို့တွေက သူ့ကိုနေ့တစ်ဝက်လောက် စောင့်ခိုင်းခဲ့ပါတယ်။

"ငါတို့တွေ မျှော်လင့်မထားတဲ့ အရာတွေနဲ့ ကြုံတွေ့ခဲ့လို့ပါ"

ချင်ရီယွဲ့က သားရဲကောင်တွေ အုပ်လိုက်ကြီးနဲ့ တွေ့ဆုံခဲ့တဲ့ အကြောင်းကို ပြောပြလိုက်ပါတယ်။

"ဘယ်လို"

ရီဟောင်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။

"တောင်တွေ ပျက်စီးပြိုလဲတာကို ငါမြင်လိုက်တာ အံ့ဩစရာ မဟုတ်ဘူး။ ဒါဆိုရင် သားရဲလှိုင်းကြီး တစ်ခုကြောင့် ပွင့်ထွက်ကုန်တာ ဖြစ်ပြီးတော့ အားလုံးက နတ်အသွင် ပြောင်းလဲခြင်းအဆင့် သားရဲကောင်တွေပေါ့ ဟုတ်လား။ မိန်းကလေးချင် ဘာမှမဖြစ်လို့ တော်သေးတာပေါ့။ မိုးကောင်းကင်ကို ကျေးဇူးတင်ရမယ်"

သူ့မျက်လုံးတွေက ချင်ရီယွဲ့ကို ပြင်းပြင်းပြပြနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က အိုးလို့ တစ်ချက် အော်လိုက်ပြီးတော့ စိတ်ဂိညာဉ် မက်မွန်သီး တစ်လုံးကို ချင်ရီယွဲ့ကို ပေးလိုက်ပါတယ်။ သူမက စိတ်ဂိညာဉ် သစ်သီးကို ပစ်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ရော့ ဒါက နင့်ဝေစု"

ရှီဟောင်က အမှတ်မထင် ဖမ်းယူပြီးတော့ တစ်ခဏမျှ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"မင်းတို့တွေက စိတ်ဂိညာဉ် မက်မွန်သီးတွေကို ခူးလို့ရခဲ့သေးတာလား"

တကယ့်ကို မထင်မှတ် ထားစရာပဲ။ ဒီလိုမျိုး သားရဲကောင်အုပ်ကြီး ပေါက်ထွက်လာတဲ့ အခြေအနေ အောက်မှာတောင်မှ စိတ်ဂိညာဉ် မက်မွန်သီးတွေကို ခူးဆွတ်နိုင်စွမ်း ရှိတယ်ဆိုတာ တကယ်ပဲ မထင်မှတ်ထားခဲ့ပါဘူး။

ဒါပေမဲ့လည်းသူက နတ်ဘုရားခရီးသွား အဆောင်လက်ဖွဲ့ တစ်ခုကို ဆုံးရှုံးသွားပြီးတော့ စိတ်ဂိညာဉ် မက်မွန်သီး တစ်လုံးနဲ့ လဲလှယ်ခဲ့ရပါတယ်။ တကယ်လို့ ဒါက အဆင့်ခုနစ် စိတ်ဂိညာဉ် သစ်သီးတစ်လုံး ဆိုရင်တောင်မှ သူ့အတွက် အကြီးအကျယ် ဆုံးရှုံးခြင်း တစ်ခုပါပဲ။

သူတို့က ကံဆိုးပြီးတော့ သားရဲအုပ်ကြီး တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် မက်မွန်သီး တစ်လုံးကို ရရှိခဲ့တာက ဘာမှမရတာထက်စာရင်တော့ ကောင်းပါသေးတယ်။

ရီဟောင်က မျက်နှာကြီး မှုန်မိုင်းပြီးတော့ စိတ်ဂိညာဉ် မက်မွန်သီးကို ထည့်သိမ်းလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက အဆင့်ခုနစ် စိတ်ဂိညာဉ် သစ်သီးဖြစ်ပါတယ်။ ဒီအတိုင်းပဲ သာမန်ကာလျှံကာ မစားသင့်ပါဘူး။ ကျင့်ကြံခြင်းအဆင့် တစ်ခုမှာ ပိတ်ဆို့နေတဲ့ အချိန်အတွင်း စားသုံးဖို့ သိမ်းထားတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ဒီစိတ်ဂိညာဉ် သစ်သီးကို စားပြီးတဲ့ နောက်မှာ ကောင်းကင်နဲ့ မြေကြီးရဲ့ ထိုးထွင်းသိမြင်နိုင်စွမ်းတွေ ဖြစ်ပေါ်လာပြီး အဆင့်ချိုးဖျက် ဂင်ရောက်ဖို့ ကူညီပေးနိုင်ပါတယ်။

လူတိုင်းက သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့

ကြည့်လိုက်ပါတယ်။ သူတို့အားလုံးက သူတို့ရဲ့ စိတ်ဝိညာဉ် သစ်သီးတွေကို သာမန်ကာလျှံကာပဲ စားခဲ့ကြပါတယ်။ လူအားလုံးက ကံကြမ္မာ မတူညီကြပါဘူး။

"ဟင့်။ ဘာဖြစ်လို့ ယုန်တစ်ကောင် ရှိနေတာလဲ"

ရှီဟောင်က ယုန်ဖြူကြီးကို စိုက်ကြည့်လိုက်ပါတယ်။ ယုန်တစ်ယောက်က ဒီလိုမျိုး အရွယ်အစား တစ်ခုအထိ ကြီးထွားနိုင်ပြီး သံသယ ရှိစရာ မလိုအောင် သားရဲတစ်ကောင် ဖြစ်ပါတယ်။

အစောပိုင်းတုန်းက ချင်ရီယွဲ့က သားရဲကောင်အုပ်ကြီး တစ်အုပ် ပြေးထွက်လာတယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ဒီသားရဲအုပ်ကြီး ထွက်လာရတာက နဂါးသွေး ဂျင်ဆင်းပင်ကို ဒီယုန်မိုက်က ခိုးယူသွားတာကြောင့် ဆိုတဲ့အချက်ကိုတော့ မပြောပြခဲ့ပါဘူး။ ရှီဟောင်ရဲ့ ထိုးထွင်းသိမြင်မှုနဲ့ သူက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သားရဲယုန်ကို ဖြတ်ပြီးတော့ မမြင်နိုင်ဘူး ဆိုတာက သိသာထင်ရှားပါတယ်။

ယုန်ဖြူကြီးက ရှီဟောင်ကို အော်လိုက်ပါတယ်။

"မင်းက ဘာကိုကြည့်နေတာလဲ။ ဦးလေးယုန်က မင်းရဲ့

မျက်နှာကို သွေးတွေစွန်းထင်းအောင် ကန်ထုတ်ပစ်လိုက်မယ်။ ဘာမှတ်နေလဲ”

ရီဟောင်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားပါတယ်။ သားရဲတစ်ကောင်က ဘယ်လိုစကားပြောရမယ် ဆိုတာကို တကယ်ပဲ သိနားလည်နေတာလား။ ဒါက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီယုန်ရဲ့ ပါးစပ်က အရမ်းကို ဆိုးပြီးတော့ လူတွေကို လှောင်ပြော်သရော် နိုင်စွမ်း ရှိပါတယ်။

“ဒီယုန်သားရဲ့ တကယ်ပဲ ဘယ်လိုမျိုး စကားပြောရမယ် ဆိုတာကို သိနေတယ်”

သူ့ရဲ့ဒေါသတွေကို စိတ်ထဲမှာ ဖိနှိပ်ထားပြီးတော့ သူရဲ့ခေါင်းကို မော့ကာ ချင်ရီယွဲ့ဆီကို အတည်ပြုချက် တောင်းတဲ့အနေနဲ့ ကြည့်လိုက်ပါတယ်။ ဒါက ယုံကြည်ဖို့ အတော်လေး ခက်ခဲပါတယ်။ သားရဲကောင်တွေက လူသားတွေထက် မနိမ့်ကျတဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ လူသားစကားပြောနိုင်တယ် ဆိုတာကိုတော့ မကြားဖူးပါဘူး။ အခုလိုမျိုး လူပေလူတေ တစ်ယောက်လို ပြောတာမျိုးဆို ပြောမနေပါတော့နဲ့။

"အကန့်အသတ်မဲ့တဲ့ ဒီကမ္ဘာကြီးထဲမှာ ဘယ်အရာမှ မထူးဆန်းပါဘူး"

ချင်ရီယွဲ့က အကြောင်းပြချက် ကောင်းကောင်းနဲ့ ပြောလိုက်ပါတယ်။

"ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားကြစို့"

လင်းဟန်က ပြောလိုက်ပါတယ်။

အားလုံးက နောက်တစ်ကြိမ် ခရီးထွက်လာခဲ့ ကြပါတယ်။ ယုန်ဖြူကြီးကလည်း လင်းဟန်အနောက် ကပ်လိုက်လာခဲ့ပါတယ်။ ဒီလူသားက နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေကို သာမန်ကာလျှံကာပဲ ထုတ်ယူပြီးတော့ ဟင်းပွဲတွေ ချက်ပြုတ်နိုင်ပါတယ်။ သူ့ရဲ့ပိုင်ဆိုင်မှုက အရမ်းကို ပေါများပြီး အစားအစာအတွက် လင်းဟန်ဘက်ကို ကူးပြောင်းလာအောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဟူးညိုရဲ့ ချောင်းမြောင်းတိုက်ခိုက်မှုကို အမြဲတမ်းလိုလို ခံစားရပါလိမ့်မယ်။ ပြီးတော့ မရေမတွက်နိုင်အောင် ကိုက်ခံရပြီးတော့ နေ့စဉ်နေ့တိုင်း ငယ်သံပါအောင် အော်ဟစ်ရတာက လုပ်ရိုးလုပ်စဉ်

ဖြစ်နေပါပြီ။

ထူးဆန်းတဲ့ အရာက အကြိမ်ပေါင်း တစ်ထောင်မက ဟူးညိုက သူ့ကိုညှင်းပန်းနှိပ်စက်ရင်တောင် ဘယ်တော့မှ ပြန်ပြီးတော့ တိုက်ခိုက်ခြင်းမရှိပဲ လင်းဟန်ကိုပဲ ကပ်ပါးရပ်ဖား လုပ်နေပါတယ်။ ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ။

ပန်းပေါင်းစုံပျံ့ နိုင်ငံထဲကို ဂင်ရောက်လာပြီးတဲ့ နောက်မှာ ခရီးသွားနေတဲ့ လူငယ်တွေကို မကြာခဏ မြင်တွေ့နေရပါတယ်။ အများစုက အသက်ငါးဆယ် အရွယ်တောင် မရောက်သေးပါဘူး။ ဒါပေါ့ အသက်ငါးဆယ်အရွယ် ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်က ကျွမ်းကျင်သူတွေကို လူငယ်တွေလို့ သတ်မှတ်လို့ ရပါတယ်။

ဒါပေမဲ့လည်း နှစ်ပေါင်း တစ်ရာသက်တမ်းရှိတဲ့ လူတွေက ဒီလူငယ်တွေကို ယှဉ်ပြိုင်နိုင်ခြင်း မရှိပဲ မျက်နှာပျက် ကြပါလိမ့်မယ်။

"ဟင် ဒါက အစ်ကိုရီ မဟုတ်လား"

လင်းဟန်နဲ့ တခြားလူတွေ မြို့ငယ်လေး တစ်မြို့ကနေ ထွက်လာတာနဲ့ လမ်းမပေါ်ကို ရောက်လာပြီး လူတစ်စုနဲ့ ဆုံပြီးတော့ တစ်စုံတစ်ယောက်က ရှီဟောင်ကို သတိပြုမိသွားပြီး ချက်ချင်းပဲ အံ့အားသင့် ပျော်ရွှင်စွာနဲ့ အော်ဟစ်ခေါ်လိုက်ပါတယ်။

"မင်းက......"

ရှီဟောင်က အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပါတယ်။ သူက တစ်ဖက်လူကို မမှတ်မိပါဘူး။

"ကျနော်က ဟွာဇီပါ"

တစ်ဖက်လူက အလျင်အမြန်ပဲ သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါတယ်။

"ဓာတ်ကြီးငါးပါး တောင်ကြားရဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်။ ကွင်းဆက်နယ်မြေ တိုက်ပွဲစင် ဆယ့်နှစ်ခု အပေါ်မှာ ကျနော် အစ်ကိုရှီကို တစ်ကြိမ်မြင်တွေ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက အစ်ကိုရှီက ရဲစွမ်းသတ္တိ အပြည့်နဲ့ တိုက်ပွဲစင်မြင့် ဆယ့်နှစ်ခု ဆက်တိုက် အနိုင်ယူခဲ့ပြီး အနိုင်ရရှိသူ လူနည်းစုထဲက တစ်ယောက် ဖြစ်လာခဲ့တယ်။

တိုက်ပွဲစင်မြင့် ဆယ့်နှစ်ခု စကတည်းက ကျနော်က အစ်ကိုရီကို တကယ်ပဲ လေးစားအားကျမိပါတယ်”

ရီဟောင်က အိုးလို့ တစ်ချက် အော်လိုက်ပြီးတော့ ရုတ်တရက် အမှတ်ရသွားသလိုမျိုး ဖြစ်သွားပါတယ်။ အမှန်တကယ်တော့ သူက တိုက်ပွဲစင်မြင့် ဆယ့်နှစ်ခု တစ်ခုတည်းပဲ သတိရတာ ဖြစ်ပြီးတော့ စင်မြင့်အောက်က လူတွေကို ဘယ်လိုလုပ်ပြီးတော့ မှတ်မိနိုင်မှာလဲ။ ဒါပေမဲ့လည်း သူက တိုက်ပွဲစင်မြင့် ဆယ့်နှစ်ခုကို တိုက်ခိုက်ပြီး နာမည်ကြီးလာခဲ့ပြီး တခြားလူက အားကျအတုယူ လာခဲ့ပါတယ်။ ဒါကြောင့် သူ့ကိုသူ အားရကျေနပ်သလို ခံစားရပြီး ချက်ချင်းဆိုသလို တစ်ဖက်လူဆီကို ကောင်းမွန်တဲ့ စိတ်သဘောထားနဲ့ ကြည့်လိုက်ပါတယ်။

“လာကြ လာကြ။ ငါအားလုံးနဲ့ မိတ်ဆက်ပေးမယ်။ ဒီတစ်ယောက်က ရီဟောင်လို့ခေါ်တဲ့ အစ်ကိုရီပဲ။ သူက ကြယ်ပျံဂိုဏ်းရဲ့ တပည့်တွေထဲမှာ အမြင့်ဆုံး ချီးမြှောက်ခံထားရပြီး ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်ရတဲ့လူပေါ့”

ဟွာဇီက သူ့ရဲ့သူငယ်ချင်းတွေကို

မိတ်ဆက်ပေးလိုက်ပါတယ်။

အားလုံးက ချက်ချင်းဆိုသလို အော်လိုက်ကြပါတယ်။ ကြယ်ပျံဂိုဏ်းနဲ့ တိုက်ပွဲစင်မြင့် ဆယ့်နှစ်ခုစလုံးက သူတို့အတွက်တော့ ပုံမှန်ပါတယ်။ ဒါပေမဲ့ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်ဆိုတဲ့ စကားလုံးကတော့ အရာအားလုံးကို ကိုယ်စားပြု နိုင်ပါတယ်။

ခေါင်းဆောင်တစ်ယောက်။ ပါရမီရှင် တစ်ယောက်။

ချက်ချင်းဆိုသလိုပဲ ဒီလူတွေ အားလုံးက ရီဟောင်ကို ပတ်လည်ဝိုင်းနေကြပါတယ်။ သူတို့က အထင်ကြီးလေးစား အားကျတဲ့ အကြည့်တွေနဲ့ ကြည့်ပြီးတော့ ရီဟောင်ရဲ့ မာနဘဝင်မြင့်မှုကို အကြီးအကျယ် ကျေနပ်အားရစေပြီး သူက ဒီနေရာကနေ တန်းပြီးတော့ အလျင်စလိုနဲ့ ထွက်သွားမှာ မဟုတ်သေးပါဘူး။

ချင်ရီယွဲ့က ချောင်းဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါတို့တွေ ဆက်သွားလို့ ရမလား”

"သခင်လေးရီရဲ့ အရှေ့မှာ မင်းအတွက် စကားပြောဖို့ နေရာမရှိဘူး"

လူတစ်ယောက်က ချက်ချင်းပဲ ချင်ရီယွဲ့ကို အပြစ်တင် ကြိမ်းမောင်းလိုက်ပြီး ရီဟောင်ကို ဖားလိုက်ပါတယ်။

ရီဟောင်က ချက်ချင်းပဲ မကျေမနပ်ဖြစ်သွားတဲ့ အကြည့်နဲ့ ပြောလိုက်ပါတယ်။

"သူက အမှောင်ကျက်သရေ ချိုင့်ပှမ်းက ချင်ရီယွဲ့ပဲ။ ငါ့ရဲ့ အကောင်းဆုံး သူငယ်ချင်းဖြစ်တယ်။ မိန်းကလေးချင်ကို မြန်မြန် တောင်းပန်လိုက်ပါ"

အဲဒီလူငယ်က ရီဟောင်ရဲ့ စကားကို ကြားလိုက်တာနဲ့ ရီဟောင်က ချင်ရီယွဲ့ကို စိတ်ဝင်စားနေတယ် ဆိုတာကို နားလည်သွားပြီး အလျင်အမြန်ပဲ ဦးညွှန်ပြီး ပြောလိုက်ပါတယ်။

"မိန်းကလေးချင်မှန်း ကျနော်မသိလို့ပါ။ မိန်းကလေးချင်က ကျနော့်ကို ခွင့်လွှတ်ပေးဖို့ မျှော်လင့်ပါတယ်"

ချင်ရီယွဲ့က လှောင်ပြုံးပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ရီဟောင် နင်ဘာဖြစ်လို့ သူတို့နဲ့ အတူတူ မသွားရတာလဲ။ ငါတို့က နင့်လို ဆရာကြီး တစ်ယောက်နဲ့ အဆင်ပြေပြေ ဆက်ဆံနိုင်ဖို့ မသေချာဘူးလေ"

သူမအနေနဲ့ လမ်းတစ်လျှောက်လုံး သူ့ရဲ့ကြွားလုံးတွေကို နားထောင်ရတာ လုံလောက်နေပါပြီ။

Chapter 621 end
Uni.အပိုင်း(၆၂၂) သတိပေးတဲ့ စကားတစ်ခွန်း

မိန်းကလေးချင် ဘာဖြစ်လို့ မင်းဒီလိုမျိုး ပြောရတာလဲ။ ငါ့နှလုံးသားထဲကနေ မင်းကို အရာအားလုံးထက် ပိုပြီးတော့ နှစ်သက်သဘောကျတယ်။ ဒါကိုမင်းမသိသေးဘူးလား

ရီဟောင်က အလျှင်အမြန်ပဲ ရှင်းပြလိုက်ပါတယ်။

တာတာ

ချင်ရီယွဲ့က သူမလက်ကို ပွေ့ယမ်းပြီးတော့ နှုတ်ဆက်ထွက်ခွာ လာခဲ့ပါတယ်။

ရီဟောင်က သူမအနောက်ကို လိုက်ချင်ပေမဲ့ သူ့အရှေ့က သူ့ကိုအားကျအထင်ကြီးနေတဲ့ လူတွေက လှောင်ပြောင်သရော်ခဲ့ပါသေးတယ်။ ဒါကြောင့် သူမကို ဆက်နေဖို့အတွက် လုံ့ဆော်ဖို့က ခက်ခဲပါတယ်။ သူ့အနေနဲ့ မျက်နှာကြီး မှန်မှိုင်းနေရုံပဲ တတ်နိုင်ပါတယ်။

`သခင်လေးရီ ပင်လယ်ထဲမှာ ငါးပေါပါတယ်။ သခင်လေးရီရဲ့ အဆင့်အတန်းနဲ့ဆိုရင် စိတ်ကြိုက် အလှပဂေးတွေ ခေါင်းခေါက်ယူလို့ ရပါတယ်ဗျာ`

`အဲဒါအမှန်ပဲ။ ဒီမိန်းကလေးက သခင်လေးရီရဲ့ ထူးခြားကောင်းမွန်မှုတွေကို မမြင်နိုင်အောင်ပဲ ကန်းနေတယ်`

`သခင်လေးရီက အရမ်းကို ဘဂမြင့်နေလို့ ဒီမိန်းကလေးက သူ့ကိုယ်သူ အရမ်းဘဂမြင့်နေပြီး သခင်လေးရီက သူ့ကို အလိုလိုက်တဲ့ အပေါ်မှာ ပျော်မွေ့နေတာ ဖြစ်လိမ့်မယ်`

`သခင်လေးရီ အတွေ့အကြုံရှိတဲ့ ယောက်ျားတစ်ယောက် အနေနဲ့ ဒီလိုမျိုး အမျိုးသမီး တစ်ယောက်နဲ့ ရင်ဆိုင်နေရတယ်ဆိုတာ ကျနော်အခိုင်အမာ ပြောနိုင်တယ်။ သခင်လေးရီက အဲဒီမိန်းကလေးကို ဂရုမစိုက်တဲ့ဟန်မျိုး

ဆက်ဆံပြီး စိတ်မဂငိစားတဲ့ ပုံစံမျိုး လုပ်ရလိမ့်မယ်။ ဒီလိုမျိုး အကြိမ်အနည်းငယ် လုပ်ပြီးသွားရင် သူမရဲ့ ရပ်တည်ချက်တွေ နိမ့်ကျလာပြီးတော့ အဲချိန်ကျရင် သူမကိုယ်တိုင်ပဲ သခင်လေးရှီရဲ့ စိတ်တိုင်းကျ ဖြစ်လာပါလိမ့်မယ်`

`အမှန်ပဲ။ မိန်းမတွေကို အလိုလိုက်အကြိုက်ဆောင်ပြီး ဖူးဖူးမှုတ်ထားလို့ မရဘူး။ သူတို့ကို တစ်ကြိမ်လောက် အလိုလိုက် အကြိုက်ဆောင်လိုက်မယ်ဆိုရင် သူတို့တွေက ပုလ္လင်အပေါ်မှာ အခန့်သား ထိုင်နေလိမ့်မယ်`

အားလုံးရဲ့ ထင်မြင်ချက်တွေကို ကြားပြီးတော့ ရှီဟောင်ရဲ့ အမူအရာက အတော်လေးကို ကောင်းမွန်လာခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံးတော့ နောက်ထပ် နှစ်ဂက်အချိန်ကျရင် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ဖွင့်ပွဲကို ကျင်းပပါလိမ့်မယ်။ ပြီးတော့ သူ့အနေနဲ့ ချင်ရှီယွဲ့ကို မြင်နိုင်သေးတာကြောင့် အလျင်စလိုနဲ့ သူမနောက်ကို လိုက်ဖို့ မလိုပါဘူး။

အားလုံးရဲ့ လွန်လွန်ကဲကဲ ချီးကျူးမှုကို ကြားပြီးတော့ သူက ကြယ်ပျံဂိုဏ်းကို ပြန်ရောက်သွား သလိုမျိုး ခံစားလိုက်ရပြီး လမင်းကြီးအနားမှာ ကြယ်ပေါင်း အသချေက

ဂိုင်းရံနေသလိုမျိုး စိတ်ထဲမှာ ထင်မှတ်နေပါတယ်။ အခုအခြေအနေက လင်းဟာန်တို့ အဖွဲ့နဲ့ အတူတူ ရှိနေတုန်းက အချိန်အခါနဲ့ တခြားစီပါပဲ။ သူတို့အုပ်စုက သူ့ကိုဘာမှမဟုတ်သလို ဆက်ဆံခဲ့တာပါ။

`သေစမ်းကွာ။ သူတို့တွေက ချင်ရီယွဲ့ကို လမ်းကြောင်းလွဲအောင် လုပ်နေတာပဲ`

`ငါတို့တွေ ဘယ်ကို အရင်ဆုံး သွားကြမလဲ`

ချင်ရီယွဲ့က မေးလိုက်ပါတယ်။

`ငါတို့မဟုတ်ဘူး။ ငါကငါပဲ။ မင်းကမင်းပဲ`

လင်းဟာန်က သူ့ရဲ့လက်ချောင်းတွေကို မြှောက်ပြပြီးတော့ ပြောလိုက်ပါတယ်။

`ပန်းပေါင်းစုံပျံ နိုင်ငံကို ရောက်လာပြီဆို ငါတို့တွေ ကိုယ့်လမ်းကို ကိုယ်သွားကြတာပေါ့`

ချင်ရီယွဲ့က အံကြိတ်လိုက် မိပါတယ်။ ဒီကောင်က သူမကို ဘယ်လောက်တောင်မှ မနှစ်သက်လိုက်သလဲ။ ဘာဖြစ်လို့

သူမကို နှင်ထုတ်ဖို့ အကြောင်းကိုပဲ အမြဲတမ်းလိုလို စဉ်းစားနေတာလဲ။ သူမက ကိုယ့်ကိုကိုယ် တန်ဖိုးထားတတ်တဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့ကို အရှက်မရှိ တွယ်ကပ်နေလိမ့်မှာ မဟုတ်ပါဘူး။ သူမက တစ်ချက်စဉ်းစားလိုက်ပြီး ဒီကောင်က သေချာပေါက် ကောင်းကင်ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားပါလိမ့်မယ်။ နောက်ကျမှ သူမက သူနဲ့အတူ ဖြေရှင်းရပါမယ်။

ချင်ရီယွဲ့ ထွက်သွားပြီးတဲ့ နောက်မှာ လင်းဟန်က ကန်းရီကို ဟဲလန်ယွင်နဲ့ ထားခဲ့လိုက်ပါတယ်။ ကန်းရီက အံ့အားသင့်စရာကောင်းတဲ့ ဆေးဘာဓား ပါရမီရှိတဲ့ တောက်ပထွန်းလင်းတဲ့ လူငယ်တစ်ယောက် ဖြစ်ပြီးတော့ သူ့ဘေးနားမှာ လိုက်မယ်ဆိုရင် သူ့ကိုယ်ပိုင် လမ်းကြောင်းကို ရှာတွေ့နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူတို့သုံးယောက် ထွက်သွားပြီးတဲ့ နောက်မှာ လင်းဟန်၊ ကျူးရွှမ်အာနဲ့ ဟူးညိုတို့ပဲ ကျန်ပါတော့တယ်။ အော် ယုန်ဖြူကြီး တစ်ကောင်လည်း သူတို့အဖွဲ့ထဲမှာ ကျန်ရှိပါသေးတယ်။

`မင်းတို့က ဦးလေးယုန်ကို ဘယ်နေရာကို ခေါ်သွားမလို့လဲ`

ယုန်ဖြူကြီးက မေးလိုက်ပါတယ်။

လင်းဟန်က မျက်လုံးပြူးပြလိုက်ပြီး ပြောလိုက်ပါတယ်။

`ဘယ်သူကမှ ငါတို့နောက်ကို လိုက်ခဲ့ဖို့ အတင်းအကျပ် ဖိအားမပေးဘူးနော် ဟုတ္တယ္မလား`

`ထို့ မင်းက ဦးလေးယုန်ကို လိမ်လည်လှည့်ဖျားပြီးတော့ ရတနာ ဂျင်ဆင်းပင်ကို ယူသွားတယ်။ အဲဒီအကျိုးအမြတ်ကို တစ်ယောက်တည်း ခံစားချင်နေတာလား`

ယုန်ဖြူကြီးက ခုန်လိုက်ပြီးတော့ လင်းဟန်ကို ဖမ်းဆုပ်ဖို့ ကြိုးစားလိုက်ပေမဲ့ ဟူးညိုက သူ့ကို တစ်ချက်ကိုက်လိုက်တာကြောင့် နောက်တစ်ကြိမ် နာကျင်ပြီးတော့ ငယ်သံပါအောင် အော်ဟာစ် လိုက်ရပါတယ်။

`မင်းကို မပြောခဲ့ဘူးလား။ တစ်နှစ်အကြာမှာ ပြန်လာခဲ့။ ငါမင်းကို နဂါးသွေး ဂျင်ဆင်း နှစ်ခုပြန် ပေးမယ်`

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒီနဂါးသွေး ဂျင်ဆင်းက မကြာခင်မှာ မျိုးစေ့တွေ ထုတ်လို့ ရပါတော့မယ်။

အမ်ားဆုံး ေနာက်ထပ် လအနည္းငယ္ပဲ ေစာင့္ရပါလိမ့္မယ္။ ၿပီးေတာ့ အဲဒီမ်ိဳးေစ့အသစ္ေတြကို ျဖန္႔ကဲလို႔ ရပါတယ္။ တစ္နစ္အၾကာမွာ သူရရွိနိုင္တဲ့ ရတနာ ဂ်ုင္ဆင္းပင္က ရာနဲ႔ခ်ီပါလိမ့္မယ္။

`ဒါကို ဦးေလးယုန္ မယုံၾကည္ဘူး`

ယုန္ျဖဴႀကီးက နာက်ဥ္မွဳေၾကာင့္ ငယ္သံပါေအာင္ ေအာ္ဟစ္လိုက္ၿပီး အေရွ႕ကို ေလွ်ာက္လာတဲ့ အခါမွာ ဟူးညိဳက သူ႔အၿမီးတိုတိုကို ကိုက္ၿပီးေတာ့ တရြတ္တိုက္ ပါလာခဲ့ပါတယ္။ ဒါက တကယ့္ကို ခက္ခဲၾကမ္းတမ္းတဲ့ အရာပဲ ျဖစ္ပါတယ္။

လင္းဟန္က ပခုံးတြန္႔ၿပီးေတာ့ ေျပာလိုက္ပါတယ္။

`မင္းသေဘာပဲ။ တကယ္လို႔ မင္းလိုက္ခ်င္ရင္လည္း ငါတို႔အေနာက္ကို လိုက္ေပါ့။ ဘယ္လိုပဲ ျဖစ္ျဖစ္ မင္းက စိတ္ဂိညာဥ္ နတ္သူငယ္အဆင့္ သားရဲတစ္ေကာင္ပဲ။ ငါမင္းကို ေမာင္းထုတ္လို႔ မရနိုင္ပါဘူး။ ဟုတ္တယ္မွလား`

`ဟင့္ မင္းဦးေလးယုန္ရဲ႕ သေဘာထားကို သိရင္လည္းၿပီးတာပဲ`

ယုန်ဖြူကြီးက လက်ပိုက်ပြီးတော့ ပြောလိုက်ပါတယ်။ ဂမ်းနည်းစရာ ကောင်းတဲ့အချက်က သူ့ရဲ့ အမြီးကို ဟူးညိုက ကိုင်ထားတဲ့ အတွက်ကြောင့် အထင်ကြီးစရာကောင်းတဲ့ ပုံရိပ်ကို ထိခိုက်စေပါတယ်။

လင်းဟန်က မြေပုံထဲကအတိုင်း တိတ်ဆိတ်ငြိမ်သက်ခြင်း ခွန်အားတောင်ကို အရင်ဆုံး သွားလိုက်ပါတယ်။ အဲဒီတောင်က အကန့်အသတ်မဲ့ တောင်ရဲ့ တောင်တန်းထဲမှာ ပါဝင်နိုင်ပါတယ်။

ဒါကို အတည်မပြုနိုင်ပေမဲ့ သူတို့က တစ်လက်မချင်းစီ ရှာဖွေရုံပဲ တတ်နိုင်ပါတယ်။ ဒါက ပင်လယ်ထဲမှာ အပ်တစ်ချောင်းနဲ့ ငါးများနေသလိုမျိုးပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်ပေါင်း တစ်သောင်းနီးပါး ရှိနေပြီဆိုတော့ သဟာဇာတ နန်းတော်ခန်းမက ပျက်စီးကောင်း ပ်ကျိုးသြား နိုင်ပါပြီ။ ဒါမှမဟုတ် သိုင်းပညာရှင်တွေရဲ့ တိုက်ပွဲတွေကြောင့် ကျောက်စိုင်ကျောက်တုံးတွေ ကျဆင်းလာပြီး အဲဒီအောက်မှာ နှစ်မြုပ်သွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

သူတို့က ဂရုတစိုက်နဲ့ ရှာဖွေခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်မှာမှ

ရှာမတွေ့ခဲ့ပါဘူး။ ယုန်ဖြူကြီးက မနေနိုင်တော့ပဲ မေးလိုက်ပါတယ်။

`ကောင်လေး မင်းတို့ကောင်တွေ ဘာကိုများ ရှာနေကြတာလဲ`

`နန်းတော်တစ်ခု။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က တည်ရှိခဲ့တဲ့ နန်းတော်တစ်ခု`

လင်းဟန်က ပြောလိုက်ပါတယ်။

`ဒါဆိုရင် ဘာဖြစ်လို့ ရှာမတွေ့တာလဲ`

ယုန်ဖြူကြီးက မေးလိုက်ပါတယ်။

`ဘာဖြစ်လို့လဲဆိုတော့ ဒီတောင်မှာလား ဆိုတာကို ငါတို့က မသေချာဘူး ဖြစ်နေတယ်`

`သေစမ်းကွာ`

ယုန်ဖြူကြီးက ဒယိမ်းဒယိုင် ဖြစ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

`ကောင်လေး မင်းရဲ့ခေါင်း ကောင်းသေးရဲ့လား။ အဲဒီနန်းတော်က ဘယ်တောင်မှာ ရှိတယ် ဆိုတာကို မေသာ်ဘူး။ မင်းက အဲဒါကို စပြီးတော့ ရှာနေပြီ။ တကယ်လို့ ဒီလိုမျိုးသာ မင်းရှာလို့ တွေ့မယ်ဆိုရင် ဦးလေးယုန်က မင်းရဲ့ မျိုးရိုးနာမည်အတိုင်း ယူလိုက်မယ်ကွာ`

လင်းဟန်က အထက်စီးကနေ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

`မင်းမှာ မျိုးရိုးနာမည် ရှိလို့လား`

`ငါ့မှာ မျိုးရိုးနာမည် မရှိဘူးလို့ ဘယ်သူပြောလဲ`

ယုန်ဖြူကြီးက သူ့ကိုယ်သူ ကျေနပ်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

`ဦးလေးရဲ့ မျိုးရိုးနာမည်က ကျောင်း လို့ခေါ်တယ်။ ငါ့ရဲ့ဘိုးဘေးက ကျောင်းချင်းရီလို့ခေါ်တယ်။ ကမ်ဘာအနှံ့လျှောက်သွားပြီး အားလုံးရဲ့ လေးစားအားကျတာကို ခံခဲ့ရတယ်။ အဲဒီနှစ်တွေက

ဓားတစ်လက်နဲ့ ကမ်ဘာအနှံ့ လျှောက်သွားခဲ့ပြီးမှ လေဟာနယ်ကို စုတ်ဖြဲပြီး နတ္တုရား နယ်မြေကို ရောက်ရှိသွားခဲ့တယ်`

`အရင်တုန်းက တစ်ခါမှ မကြားဖူးပါဘူး`

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

`ဒါပေါ့။ မင်းဘယ်ကြားဖူးမလဲ။ ဦးလေးယုန်ရဲ့ ဘိုးဘေးက လွန်ခဲ့တဲ့ နှစ်ပေါင်းရာပေါင်းများစွာက ရှိခဲ့တဲ့ ပုံရိပ်တစ်ခုပဲလေ`

`ဟင့်ဒါကြောင့်လည်း ခင်ဗျားက စကားပြောနိုင်တာ မဟုတ္လွား`

`ကောင်လေး မင်းက တကယ်ကို ပါးနပ္တာပဲ`

ယုန်ဖြူကြီးက မငြင်းဆန်ခဲ့ပါဘူး။

`ငါ့လိုမျိုး သားရဲတစ်ကောင်က နတ္တုရား အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ လူသားတစ်ယောက် အဖြစ်ကို ပြောင်းလဲပြီးတော့ စကားပြောနိုင်လာလိမ့်မယ်။

ဒါပေမဲ့လည်း ဦးလေးယုန်ရဲ့ ဘိုးဘေးက တကယ့်ကို အစွမ်းထက်လွန်းတယ်။ ပြီးတော့ သွေးမျိုးဆက်ကို အမွေဆက်ခံပြီးတဲ့ နောက်မှာတော့ ဦးလေးယုန်က မပြောင်းလဲနိုင်ပေမဲ့ စကားပြောဖို့ ဆိုတာက တကယ်တော့ မခက်တော့ဘူး။ ဒါက သွေးမျိုးဆက်ရဲ့ မြင့်မြတ်ခြင်းပဲ`

ဟူးညိုရဲ့ သွားရည်တွေက စမ်းချောင်းတစ်ခုအလား ကျဆင်းလာပြီးတော့ ပြောလိုက်ပါတယ်။

`လင်းဟန် ဒီယုန်က နတ်ဘုရား သားရဲတစ်ကောင်ရဲ့ အမွေအနှစ်မျိုးဆက်ကို ဆက်ခံထားတာပဲ။ သေချာပေါက် အာဟာရပြည့်ဝလိမ့်မယ်။ သတ်ပြီးတော့ စားလိုက်ကြရအောင်လေ`

`မင်းရဲ့ မြင့်မြတ်တဲ့ ဦးလေးကို စားမယ် ဟုတ်လား`

ယုန်ဖြူကြီးက သူ့ရဲ့ခြေထောက်ကို ဆောင့်လိုက်ပါတယ်။

`ကေလးမ ဦးလေးယုန် မင်းကို တောင်းပန်ပါတယ်။ ဦးလေးယုန်ရဲ့ အသားအကြောင်း စဉ်းစားနေတာကို ရပ်လိုက်ပါတော့။ ဒါက မင်းရဲ့သွားကြားကိုတောင် ညပ်မှာမဟုတ်ဘူး`

ယုန်ဖြူကြီးက ဟူးညိုရဲ့ အစားအသောက် မက်မောမှုကို မြင်တွေ့ခဲ့ပါတယ်။

ဟူးညိုက မထိတထိ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

`ခြေတစ်ချောင်းပဲ စားမယ်လေ မကောင်းဘူးလား။ နင့်မှာ ခြေချောင်းလေးချောင်းတောင် ရှိတာပဲကို`

ယုန်ဖြူကြီးက ရှုံ့မဲ့မဲ့နီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒီလိုမျိုး ကလေးမ တစ်ယောက်က ဘယ်လိုလုပ် ရှိနေတာလဲ။ သေတောင် သေပစ်လိုက်ချင်နေပြီ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

`တကယ်လို့ ရှေးဟောင်းမြေပုံတစ်ခု ရှိမယ်ဆိုရင် ကျုပ်က သေချာပေါက် ပင်လယ်ထဲမှာ အပ်တစ်ချောင်းနဲ့ ငါးမျှားဖို့ လိုလိမ့်မှာ မဟုတ်ဘူး`

`လခွမ်း မင်းကဘာဖြစ်လို့ အစောကြီးကတည်းက မပြောတာလဲ။ ရှေးဟောင်းမြေပုံတစ်ခု ဘယ်နေရာမှာ

ရှိတယ်ဆိုတာကို ဦးလေးယုန်သိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကို အသာထားဦး နှစ်ပေါင်းသိန်းနဲ့ချီရင်တောင်မှ ပြဿနာမဟုတ်ဘူး`

ယုန်ဖြူကြီးက ရုတ်တရက် ပြောလိုက်ပါတယ်။

`အိုး ဘယ်မှာလဲ`

လင်းဟန်က မေးလိုက်ပါတယ်။

ယုန်ဖြူကြီးက သူ့ရဲ့လက်သည်းတွေနဲ့ ရေတွက်ပြီးတော့ ပြောလိုက်ပါတယ်။

`ကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ဆေဘာဓားဂိုဏ်း၊ တိမ်ဖီးနစ်ဂိုဏ်း..`

ဒါပေါ့။ ဒီဂိုဏ်းတွေက အနည်းဆုံး နှစ်ပေါင်းသောင်းနဲ့ချီအောင် တည်ရှိခဲ့ပြီး အချိန်အမျိုးမျိုးက မြေပုံတွေ ရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။ သူ့အနေနဲ့ မျက်ကန်းတစ်ယောက်လို ရှာဖွေနေတဲ့ နိုင်းယှဉ်ကြည့်မယ်ဆိုရင် အများကြီး လျင်မြန်နိုင်ပါတယ်။ အဓိက သော့ချက်က တကယ်လို့ သူက အကွာအဝေးကို

ကျဉ်းမြောင်းပစ်လိုက်မယ်ဆိုရင်တောင် ပြီးပြည့်စုံအောင် ရှာဖွေဖို့ နှစ်ပေါင်းတော်တော် အချိန်ကုန်သွားပါလိမ့်မယ်။

သဟာဇာတ နန်းတော်ခန်းမက မြေကြီးအောက်မှာ နစ်မြုပ်နေတာမျိုး ဒါမှမဟုတ် တောင်တစ်လုံး အတွင်းမှာ ရှိနေတာမျိုးဆိုရင် ရှာဖွေရတာ ပိုပြီးတော့ ခက်ခဲပါတယ်။

`ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဂင်ရောက်ပြီးတဲ့နောက်မှာ တကယ်လို့ အဲဒီမြေပုံတွေကို ရယူနိုင်မဲ့ အခွင့်အရေး တစ်ခုရှိရင် ကောင်းမှာပဲ။ ထိခိုက်စေမဲ့ အကြောင်းပြချက် တစ်ခုကိုတော့ ရှာဖွေနိုင်လိမ့်မှာ မဟုတ္တာဘူး။ ရှေးဟောင်းမြေပုံ တစ်ခုကို ရမှပဲဖြစ်မယ်။ ဒါပေမဲ့ မြေပုံအညွှန်းတွေ နာမည်တွေက ပြောင်းသွားပြီးဆိုတော့ ရတနာသိုက် တည်နေရာကို ရှာတွေ့ နိုင်လိမ့်မှာ မဟုတ္တာဘူး။ ရှေးဟောင်းမြေပုံကို မှီငြမ်းကိုးကားဖို့အတွက် လိုအပ်လိမ့်မယ်`

လင်းဟန်က ခဏတဖြုတ် စဉ်းစားပြီးတော့ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကိုက အရင်ဆုံး သွားပြီးတော့ ရှေးဟောင်းဂိုဏ်းတွေက တပည့်တချို့ကို လှေ့လာဖို့ ဆုံးဖြတ်လိုက် ပါတယ်။ အဲဒီနောက် သူတို့ကို အမြတ်အစွန်းတွေနဲ့

ဖျားယောင်းရပါမယ်။ ဒါဆိုရင် သူ့အနေနဲ့ သူတို့ရဲ့ ဂိုဏ်းတွေကို ပြန်ပြီးတော့ ရှေးဟောင်းမြေပုံ တစ်ခုကို ပြန်ယူခိုင်းမယ်ဆိုရင် သူကိုယ်တိုင် ကြိုးစားပြီး စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။

ရှေးဟောင်းမြေပုံတွေက အရမ်းကို တန်ဖိုးမကြီးမားသင့်ပါဘူး။

သူ့အကြံအစည်ကို ချမှတ်ပြီးတာနဲ့ လူသုံးယောက်နဲ့ ယုန်တစ်ကောင်က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို နောက်တစ်ကြိမ် ထွက်လာခဲ့ကြပါတယ်။ ဆယ်ရက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က နဂါးကိုးကောင် တောင်တန်းဆီကို ရောက်လာခဲ့ပါတယ်။

အခုဆိုရင် ဒီနယ်မြေက သိုင်းပညာရပ်တွေအတွက် မြင့်မြတ်တဲ့ ကုန်းမြေတစ်ခု ဖြစ်လာခဲ့ပါပြီ။ နယ်မြေလေးခုက ပါရမီရှင်တွေနဲ့ အလယ်ပိုင်း ဒေသက ပါရမီရှင်တွေ အားလုံးက သတင်းတွေ ရထားတဲ့ အတွက်ကြောင့် ရောက်လာခဲ့ကြပါတယ်။ အခုချိန်က စောနေသေးတယ် ဆိုပေမဲ့ အလယ်ပိုင်း ဒေသရဲ့ ပါရမီရှင် တော်တော်များများလည်း ရောက်လာပြီးတော့ တောင်ခြေမှာ

စုစည်းနေကြပြီး သူတို့ရဲ့ နည်းစနစ်တွေ တိုးတက်လာအောင်လို့ လက်ရည်စမ်းနေကြပြီး သင်တန်းကျောင်း ဖွင့်လှစ်မဲ့ အချိန်ကို စိတ်ရှည်လက်ရှည်နဲ့ စောင့်ဆိုင်းနေကြပါတယ်။

သိုင်းပညာရှင်တွေ အတွက် တိုက်ပွဲဆိုတာ နေ့စဉ်လုပ်နေကျ အလုပ်တစ်ခုလိုပါပဲ။ လင်းဟန်တို့ အုပ်စု ရောက်လာရုံပဲ ရှိပါသေးတယ်။ ကောင်းကင်ပေါ်မှာ လူနှစ်ယောက် တိုက်ခိုက်နေတာကို မြင်တွေ့လိုက် ကြရပါတယ်။

`ဟင်`

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ထဲက တစ်ယောက်က မိုးရေကောရာဇ် ဖြစ်နေလို့ပါပဲ။

Chapter 622 end

Zawgyi.အပိုင်း ၆၂၃ မုယောင်ချင်း

မိုးရေကောရာဇ်က အရင်ကလိုပဲ လွှမ်းမိုးနိုင်စွမ်း ရှိနေဆဲပါပဲ။ သူ့ရဲ့လက်သီးတွေက သွေးကြောနဲ့ တူတဲ့ အစီအရင် ပုံစံတွေနဲ့ ရောယှက်လုနီးပါး ဖြစ်နေပြီး လက်သီးချက်

ထိုးထည့်လိုက်တာနဲ့ လက်သီးအလင်းတန်းက ဒေါသထွက်နေတဲ့ နဂါးနီကြီး တစ်ကောင်နဲ့ တူပါတယ်။

သူက တကယ့်ကို ထူးချွန်ထက်မြက်တဲ့ ပါရမီ ရှိပြီးတော့ ကောရာဇ်ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကိုတောင် စွန့်ပယ်ခဲ့ပါတယ်။ မြောက်ပိုင်းအစွန်အဖျားဒေသကနေ ထွက်လာပြီးတဲ့နောက်မှာတော့ သူ့ရဲ့တိုးတက်မှုက အံ့အားသင့်စရာကောင်းလွန်းပါတယ်။ အစောပိုင်းတုန်းက အမှောင်နတ်ဆိုးတောအုပ်အထဲမှာ သူက ပန်းဖူးအဆင့်ကို ချိုးဖျက်ဖြတ်ကျော်ကာစပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အခုတော့ သူက အံ့အားသင့်စရာ ကောင်းလောက်အောင် စိတ်ဝိညာဉ်နတ်သူငယ်အဆင့်ကို ကူးဖြတ်ဖြတ်ကျော် သွားခဲ့ပါပြီ။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ မိုးရေကောရာဇ်ကို ကြည့်ရတာ နောက်ထပ်တစ်ကြိမ် နှစ်အနည်းငယ် နုပျိုသွားပါတယ်။ ဒီမတိုင်ခင်က သူက အသက်လေးဆယ်အရွယ် သက်လတ်ပိုင်းခန့် ထင်ရပေမဲ့ အခုချိန်မှာတော့ သူ့ကိုကြည့်ရတာ အသက်သုံးဆယ်ခန့်လို့ ထင်မှတ်ရပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အဆင့်မြင့်သူတွေက နှစ်ပေါင်းငါးရာ သက်တမ်းတစ်ခုကို ပိုင်ဆိုင်ထားကြပါတယ်။

မိုးရေဧကေရာဇ်က အသက်ခြောက်ဆယ် ရှိပါပြီ။ ပြီးတော့ ပြောင်းလဲခြင်း တစ်ခုကြောင့် သက်တမ်းတစ်ရာခန့်ရှိတဲ့ လူတစ်ယောက်က ဆယ်ကျော်သက်တွေနဲ့ တူညီပြီး ကြည့်ရတာ ငယ်ရွယ်ပါတယ်။ ဒါပေမဲ့လည်း သက်တမ်းတိုးလာတာကို မြင်တွေ့နိုင်ခြင်း မရှိပါဘူး။ မျက်နှာသွင်ပြင်နဲ့ ခန္ဓာကိုယ် ဆုတ်ယုတ်ခြင်းက ပိုမိုနေးကွေးလာပြီး အဆင့်ကြီး တစ်ခုကို ချိုးဖျက်ဝင်ရောက်တဲ့ အချိန်ကျမှ နောက်တစ်ကြိမ် ထပ်ပေါ်လာပါလိမ့်မယ်။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ မိုးရေဧကေရာဇ်က အံ့အားသင့်စရာ တချို့နဲ့ ထူးခြားတဲ့ အခြေအနေတချို့ကို လက်ခံရရှိထားတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ပါရမီ တစ်ခုတည်းက ဒီလိုမျိုး အဆင့်အတွက် မလုံလောက်ပါဘူး။

မိုးရေဧကေရာဇ်က အလင်းတန်းကို ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က သိသိသာသာနဲ့ ကြောက်စရာကောင်းပြီး ဘယ်သူကများ သူ့ကိုဆန့်ကျင်ရင်ဆိုင် တိုက်ခိုက်နိုင်စွမ်း ရှိမှာလဲ။

လင်းဟန်က မိုးရေဧကေရာဇ်ရဲ့ ပြိုင်ဘက်ကို

ကြည့်လိုက်ပါတယ်။ ထိုလူက အသက်နှစ်ဆယ် အရွယ်ပဲ ရှိဦးမဲ့ လူငယ်တစ်ယောက် ဖြစ်ပြီးတော့ လက်ဗလာနဲ့ တိုက်ခိုက်နေပြီး သူ့လက်သီးမှာ အခွံအားသင့်စရာ တောက်ပနေတဲ့ အလင်းတွေက ပိုင်းရုံထားပြီး မိုးရေဧကရာဇ်နဲ့ ပြင်းပြင်းထန်ထန် တိုက်ကွက်တွေ ဖလှယ်နေကြပါတယ်။

ပုန်း ပုန်း ပုန်း။

လူနှစ်ယောက်က ကောင်းကင်ထက်မှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပြီး အားလှိုင်းတွေက လူတွေအများကြီးကို လွင့်ထွက်သွားစေပါတယ်။ လူတွေအများကြီး စုစည်းပြီးတော့ ပိုဝေးတဲ့ နေရာတစ်ခုကို နောက်ဆုတ်ဖို့ ဆန္ဒမရှိပဲ ခုခံကာကွယ်နေကြပြီး တိုက်ပွဲကို အနီးကပ် ကြည့်ရှုနေကြပါတယ်။

"ဒါကအလင်းတန်း မဟုတ်ဘူး"

လင်းဟန်က မိုးရေဧကရာဇ်နဲ့ တိုက်ခိုက်နေတဲ့ လူငယ်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရပါတယ်။ အဲဒီလူငယ်ရဲ့ လက်သီးတွေမှာ တောက်ပတဲ့ အလင်းရောင်တွေ ပိုင်းရုံထားပေမဲ့ အလင်းတန်း မဟုတ်ပဲ ချီအလင်းတွေ

အများကြီးကို အတူတကွ ရောယှက်ထားခြင်း ဖြစ်ပါတယ်။

အလင်းတန်းအတု။

ကြည့်ရတာ ရွှမ်ယွမ်ဇီကွမ်း တစ်ယောက်ပဲ အလင်းတန်းအတုကို ကျင့်ကြံအားထုတ်တာ မဟုတ်ပဲ သူ့လိုမျိုး ပါရမီရှင်တွေလည်း အများကြီး ရှိနေပါသေးတယ်။

ချီပမာဏကို ရေတွက်ကြည့်တဲ့ အခါမှာ နှစ်ဆယ်လောက် ရှိပေမဲ့ ချီတွေက ဘယ်လောက်ရှိလဲ ဆိုတာကိုတော့ တိတိကျကျ မသိနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အဲဒီလူငယ်ရဲ့ သိုင်းအသိဆန္ဒကြောင့် နီးနီးကပ်ကပ် ပိုင်းရုံထားပြီး အပြင်လူတွေ အတွက်တော့ မြင်တွေ့နိုင်ဖို့ ဖြစ်နိုင်ချေ မရှိပါဘူး။

ဒါပေမဲ့လည်း ဒီလိုမျိုး ချီပမာဏနဲ့ ဆိုရင်တောင် အလင်းတန်း အတုက တကယ်ဆိုရင် အလင်းတန်းအတုပါပဲ။ အစစ်အမှန် အလင်းတန်း တစ်ခုနဲ့ ဘယ်လိုလုပ်ပြီးတော့ ယှဉ်ပြိုင်လို့ ရနိုင်မှာလဲ။ မိုးရေကောရာဇ်က ချီအလင်းဆယ်ခုကို သိပ်သည်းစေပြီး အလင်းတန်း တစ်ခုကို ဖြစ်ပေါ်စေခဲ့တာကြောင့် အရမ်းကို လွှမ်းမိုးနိုင်တဲ့ အားသာချက် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း

ပြိုင်ဘက်ဖြစ်သူရဲ့ သိုင်းပညာ နည်းစနစ်တွေ ဖမ်းဆုပ်နိုင်မှုက အရမ်းကို အံ့အားသင့်စရာ ကောင်းတာကြောင့် ရှီနဲ့ အလင်းတန်းအကြားက ကွာဟချက်ကို အတင်းအကျပ် ဖာထေးထားနိုင်ပါတယ်။

"အဲဒီလူငယ်က ဘယ်သူလဲ"

လင်းဟန်က ဘေးကလူတစ်ယောက်ကို မေးလိုက်ပါတယ်။

"ဟင် မင်းကသူ့ကိုတောင် မသိဘူးလား"

ဘေးနားကလူက အံ့အားသင့်သွားတဲ့ ပုံစံနဲ့ ကြည့်လိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါသိသင့်သလား"

"မင်းကအခုမှ ရောက်လာတာ ဖြစ်ရမယ်"

ထိုလူက တိကျခိုင်မာတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"သေချာတာပေ့ါ။ သူက အထင်ကြီးစရာ ကောင်းလား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"တကယ်လို့ မင်းကအအ အစောကြီးကတည်းက ဒီကိုရောက်နေတဲ့ လူဆိုရင် မင်းအနေနဲ့ ဒီတောက်ပြောင်လွန်းတဲ့လူကို မသိစရာ အကြောင်း ရှိလိမ့်မှာ မဟုတ်ဘူး"

ထိုလူက သူ့ပါးစပ်ကို ထော်လိုက်ပြီးတော့ ကောင်းကင်ပေါ်ကို ကြည့်လိုက်ပါတယ်။

"မြောက်ပိုင်းဒေသရဲ့ မုယောင်ချင်းပဲ။ ဒီလဂက် အချိန်အတွင်းမှာ နေရာအစုံက ပါရမီရှင်တွေ အားလုံးကို စိန်ခေါ်တိုက်ခိုက်ခဲ့ပေမဲ့ ဒီနေ့အထိတော့ တစ်ပွဲမှ မရှုံးနိမ့်သေးဘူး"

"ဒီနေရာမှာ တိုက်ရိုက်ဂင်ခွင့် အဆင့်မီတဲ့ ပါရမီရှင်တွေ မရှိဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆေဘာဓား ဘုရင်လေး၊ ယိုဟိုင်ယွဲ့နဲ့ ဒေါင်လင်းအာတို့ အထဲက ဘယ်သူမဆို သူ့ကို အသာလေး အနိုင်ယူနိုင်တယ် မဟုတ်လား"

ဘေးနားက လူတစ်ယောက်က ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ဒီမုယောင်ချင်းက ထူးခြားတယ်လို့ ပြောလို့ရတယ်။ ငါလည်းသူ့ပြိုင်ဘက် မဟုတ်ဘူး"

ပထမလူက သက်ပြင်းချပြီးတော့ သုံးသပ်လိုက်ပါတယ်။

ဂင်ပြီးတော့ ငြင်းဆိုလိုက်တဲ့ လူရဲ့မျက်နှာ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူလည်းပဲ မုယောင်ချင်းရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး။ ဒါပေမဲ့ ဒါကိုလူပုံအလယ်မှာ မဝန်ခံချင်ပါဘူး။ သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ထက် နစ်နည်းနည်းလောက် ပိုပြီးတော့ ကျင့်ကြံခဲ့လို သူက ပိုမြင့်နေတာ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါရဲ့လက်ဖဝါးကို လှန်လိုက်တာနဲ့ သူ့ကိုဖိနှိပ်ပစ်လိုက်လို့ ရတယ်"

လင်းဟန်က သူ့ကိုမျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ဒီလူက ပန်းဖူးအဆင့်မှာ ရှိပြီးတော့ အကြမ်းဖျင်းကြည့်လိုက်ရင် အသက်သုံးဆယ်

နည်းနည်းကျော်ပုံ ရပါတယ်။ ချိန်နဲ့ သွေးအားကို ခန့်မှန်းသုံးသပ်ပြီးတော့လည်း သိနိုင်ပါတယ်။ ဒါပေမဲ့လည်း မုယောင်ချင်းက ပိုပြီးတော့ ငယ်ရွယ်ပုံ ရပြီးတော့ အများဆုံး သုံးဆယ်လောက်ပဲ ရှိပါဦးမယ်။

ဘယ်သူက နှစ်အနည်းငယ် ပိုပြီးတော့ ကျင့်ကြံခဲ့တာလဲ ပြန်ပြောစမ်းပါဦး။ မုယောင်ချင်း မဟုတ်ပဲ အဲဒီလူပဲ ဖြစ်ပါလိမ့်မယ်။ ဒီလူက အရမ်းကို မနာလိုဖြစ်နေပါတယ်။

"ဟဟ မုယောင်ချင်းက ဒီတစ်ခါတော့ ပြိုင်ဘက်ကောင်းနဲ့ ကြုံတွေ့နေရပြီ"

ပထမလူက ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"အရမ်းကို ခပ်လျှိုလျှိုနေတတ်တဲ့ လူတစ်ယောက်ပဲ။ သူမတိုက်ခင် အချိန်တုန်းက ဘယ်သူကမှ ဒီလောက်ထိ ကြမ်းတမ်းလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ပြီးတော့ သူက တကယ်ပဲ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ မသိခဲ့ကြဘူး"

ပထမလူက အော်ဟစ်ပြောဆိုလိုက်ပါတယ်။

"ကြည့်ရတာ ဘယ်သူကမှ သူ့ကို သတိမပြုမိကြဘူးပဲ"

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါသူ့ကိုသိတယ်။ သူက လက်သီးကေရာဖ်လို့ လူသိများ ထင်ရှားတယ်"

"လက်သီး ကေရာဖ်"

ဘေးနားက လူတွေအများကြီး ကြားလိုက်ရပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားတဲ့ အမူအရာ ထွက်ပေါ်လာခဲ့ပါတယ်။

ကေရာဖ်ဆိုတဲ့ စကားလုံးကို ဘယ်လိုလုပ်ပြီးတော့ မဆင်မခြင်နဲ့ အသုံးပြုနိုင်တာလဲ။

ဘုရင်နဲ့ ကေရာဖ်က သိုင်းပညာရပ်တွေရဲ့ အထွတ်အထိပ်ကို ကိုယ်စားပြုပါတယ်။ တကယ်လို့ လူတစ်ယောက်က ဒီဘဂမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးတစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် ဘယ်သူကများ ဘုရင် ဒါမှမဟုတ် ကေရာဖ်ဆိုတဲ့ ခေါင်းစဉ်ကို အတည်ပြု ခေါ်ဆိုပုံ့ကြမှာလဲ။

ဆေဘာဓား ဘုရင်လေးလိုမျိုး အစွမ်းထက်တဲ့ လူတစ်ယောက်က ဘုရင်ဆိုတဲ့ စကားလုံးကို ဘုရင်လေး ဆိုပြီးတော့ အသုံးပြုခဲ့ရပါတယ်။

"လက်သီးကေရာဇ်"ဆိုတဲ့ စကားလုံးက လက်သီးလမ်းကြောင်းရဲ့ အထွတ်အထိပ်ကို ကိုယ်စားပြု ပါတယ်။ ပြီးတော့ လက်သီးကို အသုံးပြုသူတိုင်း သူ့ရဲ့ပြိုင်ဘက်မဟုတ်ဘူးလို့ အတည်ပြု လိုက်တာ ဖြစ်ပြီးတော့ ဒီလိုမျိုး ဘွဲ့ထူးဂုဏ်ထူးတစ်ခုကို တပ်ဆင်နိုင်ပါလိမ့်မယ်။

လင်းဟန်က ပုံမှန်အတိုင်းပဲ ပြောလိုက်ပါတယ်။

"ငါ့ကိုယုံစမ်းပါ။ သူက နောက်ပိုင်းမှာ ဒီနာမည်နဲ့ သေချာပေါက် နေထိုင်သွားရလိမ့်မယ်"

မြောက်ပိုင်းအစွန်အဖျား ဒေသရဲ့ အကြီးကျယ်ဆုံး ပါရမီရှင်က ကန်းရီမဟုတ်ပါဘူး။ မိုးရေကေရာဇ်ပဲ ဖြစ်ပါတယ်။

နှိုင်းယှဉ်ကြည့်မယ်ဆိုရှ် ကန်းရီက လွှမ်းမိုးခြယ်လှယ်နိုင်စွမ်း

ကင်းမဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်အောက်မှာ နေခဲ့ရတာ ဖြစ်ပါတယ်။ တကယ်လို့ မိုးရေကောရာဇ်သာ ဖြစ်မယ်ဆိုရင် ဘယ်လောက်ပဲ ကူညီသည်ဖြစ်စေ ဒါမှမဟုတ် သူက ဘယ်လောက်ပဲ ဖိအားပေးပေး သူ့အနေနဲ့ ကျေးဇူးပဲ တင်မှာဖြစ်ပြီးတော့ ဘယ်တော့မှ အောက်ကျို့လိမ့်မှာ မဟုတ်ပါဘူး။

ဒါက ကောရာဇ် တစ်ယောက်ရဲ့ လွှမ်းမိုးခြယ်လှယ်နိုင်မှု ဖြစ်ပါတယ်။ ပြီးတော့ လက်ရွေးစင်တွေ အနေနဲ့ ပိုင်ဆိုင်ဖို့ မရှိတဲ့ အကျင့်ဗီဇတစ်ခုလည်း ဖြစ်ပါတယ်။

အနီးနားမှာ ရှိနေတဲ့ လူတွေက မယုံကြည်ဘူး ဆိုတာကို သိသာထင်ရှားပါတယ်။ စိတ်ဂိညာဉ် နတ်သုံ့ငယ်အဆင့် ကျွမ်းကျင်သူတွေက အားကောင်းတယ် ဆိုပေမဲ့ အလယ်ပိုင်း ဒေသမှာ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကောင်းကင်အဆင့်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ မရှားပါဘူး။ ဒီအဆင့်သုံးခုရဲ့ ဖိနှိပ်ထားမှုနဲ့ ဘယ်လိုလုပ်ပြီးတော့ ကောရာဇ်ဆိုတဲ့ ဘွဲ့ထူးကို လွယ်လွယ်ကူကူနဲ့ အတည်ပြုနိုင်မှာလဲ။

မုယောင်ချင်းရဲ့ မိုးရေကောရာဇ်တို့က ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်နေကြဆဲ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်မှာ

တစ်ယောက်က သိုင်းပညာ နည်းစနစ်တွေမှာ အထွတ်အထိပ်အဆင့် ဖြစ်ပြီးတော့ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးပေါ်မှာ မိုးပြာရောင် နတ်ဘုရား အလင်းတွေ ထုတ်လွှတ်နေပြီး တစ်ဖက်မှာတော့ အလင်းတန်းကို အစောကြီးကတည်းက ဖြစ်ပေါ်ထားပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ လက်သီးစွမ်းအားနဲ့အတူ သူ့မှာ သိုင်းပညာ အပေါ်မှာ သဘာဝခံစားနိုင်မှုလည်း ရှိပြီးတော့ တိုက်ပွဲအတွင်းမှာ တိုးတက်လာနိုင်ပြီး ပိုမိုတိုက်ခိုက်လေ သူ့အနေနဲ့ ပိုပြီးတော့ သန်မာလာပါလိမ့်မယ်။

တစ်နေ့နဲ့ တစ်ညတိတိ တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ အခြေအနေက ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ သူတို့ရဲ့ လက်တွေကို ခါလိုက်ကြပါတယ်။ သူတို့နှစ်ယောက်စလုံးက လက်သီးလမ်းကြောင်းမှာ ပါရမီရှင်တွေ ဖြစ်ကြပါတယ်။ ပြီးတော့ တစ်ယောက်ရဲ့ ပါရမီကို တစ်ယောက်က ချီးကျူးကြပြီး သူတို့က အောက်ကိုဆင်းလာပြီး စတင်ဆွေးနွေးကြပါတယ်။

လင်းဟန်က ပြုံးပြီးတော့ လျှောက်လာပြီး ပြောလိုက်ပါတယ်။

"အရှင်သခင် မိုးရေဇကေရာဇ် မတွေ့တာ တော်တော်ကြာပြီနော်"

"လင်းဟန်"

မိုးရေဇကေရာဇ်က လင်းဟန်ကို ကြည့်ပြီးတော့ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ငါ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အတော်လေးကို မြန်နေပြီလို့ ထင်နေပေမဲ့ မင်းနဲ့နှိုင်းမယ် ဆိုရင်တော့ ငါကအတော်လေးကို ပြတ်ကျန်ခဲ့တာပဲ"

သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ဂင်ကာစပဲ ရှိပါသေးတယ်။ လင်းဟန်ကတော့ ပန်းဖူးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်နေပါပြီ။ သူတို့နှစ်ယောက် အကြားမှာ အဆင့်ကြီး တစ်ဆင့် ကွာဟနေသေးတယ် ဆိုပေမဲ့ လင်းဟန်လိုမျိုး လူထူးလူဆန်း တစ်ယောက် အတွက်က သိပ်မကြာခင် သူ့ကိုမီသွားလိမ့်မယ် ဆိုတာကို ယုံကြည်နေပါတယ်။

လင်းဟန်က မိုးရေဇကေရာဇ်ကို အတော်လေး အထင်ကြီးပါတယ်။ သူက အဆင့်ကြီး တစ်ခုရဲ့

အဟန့်အတားကို လျစ်လျူရှုထား နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမှာအရင်က အတွေ့အကြုံတွေ ရှိပါတယ်။ ဒါပေမဲ့ မိုးရေကောရာဇ်ကတော့ မြောက်ပိုင်းအစွန်းအဖျားကနေ လာခဲ့ပြီးတော့ သူ့ကိုယ်ပိုင် အစွမ်းအစနဲ့ ပါရမီအပေါ်မှာ မှီခိုပြီးတော့ ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ဆိုတဲ့ အဆင့်ကြီးနှစ်ခုကို နှစ်နှစ်ဆိုတဲ့ အချိန်တိုတိုအတွင်းမှာ ချိုးဖျက်ဖြတ်ကျော် နိုင်ခဲ့ပါတယ်။ ဒါကအတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။

ယခင်ဘဝ အချိန်ကနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ဓားကောရာဇ်နဲ့ တခြားလူတွေတောင်မှ မိုးရေကောရာဇ်ကို ယှဉ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါကလည်း မိုးရေကောရာဇ်က စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ အချိန်အတော်ကြာအောင် တစ်ဆို့နေခဲ့ပါတယ်။ ပြီးတော့ မျိုးနွယ်စုရဲ့ စွမ်းအားကို နှစ်ပေါင်းများစွာ စုပ်ယူထားခဲ့ပြီး သူ့ကို မိုးရေထဲမှာ နှစ်မြုပ်နေရာကနေ ထွက်လာတဲ့ အခိုက်အတန့်မှာ ကောင်းကင်ကိုးခုထိ တစ်ဟုန်ထိုး မြင့်တက်သွားပါတယ်။ နောက်ပိုင်းနေ့တွေမှာ မိုးရေကောရာဇ် အနေနဲ့ ဒီလိုမျိုး အရှိန်အဟုန်ကို ထိန်းသိမ်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။

"လာလာလာ မုယောင် ငါမင်းကို သူနဲ့မိတ်ဆက်ပေးဦးမယ်။ ဒီကောင်လေးက လင်းဟန်လို့ ခေါ်တယ်"

မိုးရေကောရာဇ်က လင်းဟန်ရဲ့ လက်ကိုဆုပ်ကိုင်ပြီးတော့ မုယောင်ချင်းဘက်ကို လှည့်လိုက်ပါတယ်။

"ပန်းဖူးအဆင့်လား"

မုယောင်ချင်းက အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ မိုးရေကောရာဇ်က ပန်းဖူးအဆင့် ဂျူနီယာ တစ်ယောက်ကို ဖော်ဖော်ရွေရွေ ရှိလှမယ်လို့ သူဘယ်တုန်းကမှ မထင်မှတ် ထားခဲ့ပါဘူး။

"တကယ်လို့ ပန်းဖူးအဆင့် ဖြစ်တော့ရော ဘာဖြစ်လဲ။ မင်းက အထင်သေးတာလား ဒါမှမဟုတ် ဘာလဲ။ ဦးလေးယုန်က မင်းရဲ့မျက်နှာကို သွေးအလိမ်းလိမ်းဖြစ်အောင် ကန်ထုတ်ပစ်ရလိမ့်မယ်"

ဒီယုန်က အရင်ဆုံး ထွက်လာလိမ့်မယ်လို့ ဘယ်သူက မျှော်လင့်ထားလိမ့်မှာလဲ။ ပုန်း။ ခြေထောက် နှစ်ချောင်းနဲ့ မုယောင်ချင်းရဲ့ ဖင်ကို ဆောင့်ကန်ထုတ်လိုက်တာကြောင့်

မုယောင်ချင်းက ရှံ့ထဲကို တစ်ကိုယ်လုံး နှစ်မြုပ်သွားခဲ့ပါတယ်။

Chapter 623 end

Zawgyi.အပိုင်း(၆၂၄) ဘေးကျပ်နံကျပ် ကိစ္စတစ်ခုကို ဖြေရှင်းခြင်း

အနီးအနားမှာ ရှိနေတဲ့ လူတွေရဲ့ မျက်နှာအမူအရာက ထူးဆန်းနေသလိုမျိုး ဖြစ်သွားပါတယ်။

ဒီနေရာကို ရောက်လာတဲ့ လူတွေက အနည်းဆုံးတော့ စိတ်ဂိညာဉ် ပလ္လင်အဆင့်မှာ ရှိကြပါတယ်။ ပြီးတော့ သမိုင်းဂင် နယ်မြေတွေဆီကို မကြာခဏ သွားရောက်ကြပြီး သူတို့ကိုယ်သူတို့ ကြမ်းတမ်းပြီး ခံနိုင်ရည်ရှိအောင်လို့ လေ့ကျင့်ခဲ့ကြပြီး ထူးဆန်းတဲ့ အရာတွေ အများအပြားကို မြင်တွေ့ဖူးခဲ့ပါတယ်။ ဒါပေမဲ့လည်း ယုန်တစ်ယောက်က စကားပြောနိုင်တယ် ဆိုတာကတော့ အတော်လေးကို အံ့အားသင့်စရာ ကောင်းပြီးတော့ စိတ်ရှုပ်ထွေးသွားစေပါတယ်။

နောက်ပြီးတော့ ဒီယုန်က အတော်လေးကို ရက်စက်ပြီး မုယောင်ချင်းကို ကန်ချက်တစ်ချက်နဲ့

လွင့်ထွက်သွားစေခဲ့ပါတယ်။ မုယောင်ချင်းရဲ့ ခွန်အားကို အားလုံးက သိထားကြ ပါတယ်။

ရှစ်။

မုယောင်ချင်းက ခုန်ထလိုက်ပါတယ်။ ပြီးတော့ ဘယ်ပြန်ညာပြန် ကြည့်ပြီးတော့ မေးလိုက်တယ်။

"ဒီသခင်လေးကို ဘယ်သူက လုပ်ကြံပုံ့တာလဲ"

အားလုံးရဲ့ အကြည့်တွေက ယုန်ဖြူကြီး အပေါ်မှာ စိုက်ကြည့်နေတာကို မြင်လိုက်ရပြီး သူ့ရဲ့ မျက်နှာက ရှုံ့မဲ့ကာ အော်ဟစ်လိုက်ပါတယ်။

"ဒီယုန်စုတ်က ဘယ်လိုစကားပြောရမလဲ ဆိုတာကို သိနေတာလား"

"မင်းမျက်နှာကို ညစ်ပတ်အောင် လုပ်ပေးမယ်"

ယုန်က သူ့ရဲ့ခြေထောက်တွေကို တွန်းကန်လိုက်ပြီး တစ်ဟုန်ထိုး ပြေးဝင်ကာ မုယောင်ချင်းကို စတင်တိုက်ခိုက် လိုက်ပါတယ်။

"ဦးလေးယုန်ရဲ့ သိမ်းငှက်ဆယ့်ရှစ်ကောင် ကန်ချက်ကို ကြည့်လိုက်"

"ယုန်စုတ် ဒီသခင်လေးက မင်းနဲ့ ရန်စလည်း မရှိပဲနဲ့ နှမပေးယုန်စုတ်"

မုယောင်ချင်းက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

"မင်းက မင်းရဲ့ဦးလေးယုန်ကို စော်ကားမော်ကား ပြောပုံ့တယ်ပေါ့လေ။ ဒါဆိုရင်လည်း ဘယ်သူမှန်းသိအောင် မင်းကို ကန်ရဦးမှာပေါ့"

ယုန်ဖြူကြီးက ကုန်းအော်ပြီး မရပ်မနား ကန်လိုက်ပါတယ်။

ယုန်ဖြူကြီးက တစ်နေ့လုံး ဟူးညီုရဲ့ ကိုက်ခဲမှုကို ခံနေရပြီး ကြည့်ရတာ အထိနိုက် မခဲ့တဲ့ လူတစ်ယောက်နဲ့ တူပါတယ်။ ဒါပေမဲ့ ဟူးညီုတစ်ယောက်ကတော့ ချွင်းချက်ပေါ့။ တခြားလူတွေက ဒီလိုမျိုး ပြုမှုဆက်ဆံလာတဲ့ အခါမှာ ယုန်ရမ်းကား ယုန်မိုက်တစ်ယောက်ရဲ့ အဆင့်အတန်းအရ ကြမ်းတမ်းတဲ့ စကားတွေကို အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိပဲ ပြောလိုက်ပါတယ်။

လူတစ်ယောက်နဲ့ ယုန်တစ်ယောက်က တစ်ဖက်နဲ့တစ်ဖက် ကုန်းအော်နေပြီး မကြာခင်မှာ ကောင်းကင်ပေါ်ကို ပျံတက်ပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြပါတယ်။

"သူတို့ကို အာရုံစိုက်စရာ မလိုဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက မုယောင်ချင်းမှာ အံ့မခန်း သိုင်းပညာ ပါရမီ ရှိတယ်ဆိုတာကို သတိမူမိပါတယ်။ ဒါပေမဲ့ သူလည်းပဲ ဦးနှောက်မရှိတဲ့ လူတစ်ယောက်ဖြစ်ပြီး သူ့ကို ယုန်မိုက်ယုန်ရမ်းကားနဲ့ တိုက်ခိုက်ခွင့်ပြုထားတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ညီအစ်ကိုတွေ ဖြစ်လာနိုင်ပါတယ်။

"သူတို့တွေ တိုက်လို့မောလာရင် သူ့အလိုလို ရပ်သွားလိမ့်မယ်"

ကျူးရှမ်အာက လင်းဟန်ရဲ့ လေသံအတိုင်း အတုခိုးပြီး ပြောလိုက်ပါတယ်။

လင်းဟန်နဲ့ မိုးရေကေရာဇ်တို့က လွန်ခဲ့တဲ့ နှစ်နှစ်က ဖြစ်ပျက်ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက် အကြောင်းအရာတွေကို

စကားစမြည် ပြောဆိုလိုက်ကြပါတယ်။ မိုးရေကောရာဇ်က ရုတ်တရက် ပြောလိုက်ပါတယ်။

"မင်းအနေနဲ့ နတ်ဘုရားတစ်ပါးရဲ့ ရတနာသိုက် တည်နေရာနဲ့ ပတ်သက်ပြီးတော့ လူတွေက မင်းကိုတိုက်ခိုက်မှာကို စိုးရိမ်ပူပန်စရာ မလိုတော့ဘူးလို့ ငါထင်တယ်"

"ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

လင်းဟန်က အရမ်းကို သိချင်စိတ် ပြင်းပြလာပုံ ရပါတယ်။

"ဂမ်ရီကျန်းက သိပ်မကြာခင်တုန်းက အလယ်ပိုင်းဒေသကို ရောက်လာခဲ့တယ်။ နောက်ပြီး သူကကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းနဲ့ တခြားရှေးဟောင်းဂိုဏ်းတွေဆီကို သီးခြားသွားတွေ့ခဲ့တယ်။ အခုဆို အဲဒီဂိုဏ်းကြီးတွေက ပူးပေါင်းပြီးတော့ ဂမ်ရီကျန်းကို သတ်ဖြတ်ဖို့ ဘယ်သူ့ကိုမှ ခွင့်မပြုဘူးလို့ ကြေညာခဲ့တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအင်အားကြီးဂိုဏ်းတွေရဲ့ ရန်သူဖြစ်လာလိမ့်မယ်။ ဖြစ်နိုင်တာက ဂမ်ရီကျန်းအနေနဲ့ ဒီဂိုဏ်းတွေကို နတ်ဘုရား ရတနာသိုက် အကြောင်းနဲ့ ပတ်သက်တဲ့ သတင်းတွေကို ပြောပြပြီး သူ့ကိုကာကွယ်ပေးဖို့

အလဲအလှယ် လုပ်ခဲ့ပုံရတယ်"

မိုးရေဧကေရာဇ်က ရှင်းပြလိုက်ပါတယ်။

"အိုး ဒီလိုမျိုး ကိစ္စလည်း ရှိသေးတာလား"

လင်းဟန်က စဉ်းစားလိုက်ပြီးတော့ ဂမ်ရီကျန်းက အကူအညီမဲ့နေတာကို လက်ခံပြီး ဖြေရှင်းခဲ့ပုံ ရပါတယ်။

ဂမ်ရီကျန်းမှာ အနက်ရောင် မျှော်စင်မရှိပါဘူး။ ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ဆုံတွေ့ဖို့ဆိုတာ အသာထား။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်တောင်မှ သူ့ကိုနေရာအနှံ့ ထွက်ပြေးအောင်လို့ လုပ်နိုင်ပါတယ်။ သူ့အတွက်တော့ ̥နတ်ဘုရား ရတနာသိုက်က အခုချိန်မှာ အကျိုးအမြတ်မရှိသေးသလို သူ့ရဲ့ တိုးတက်မှုကိုလည်း ဟန့်တားပါလိမ့်မယ်။

သူ့ဘဝတစ်လျှောက်လုံး တောတွေတောင်တွေထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ပုန်းအောင်းပြီး နေရမယ်ဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ရှေ့လျှောက်မှာ နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ အဆင့်တက်မဲ့ တက်လမ်းတွေ

ရှိပါလိမ့်ဦးမလား။

သူက နတ်ဘုရားတစ်ပါး ဖြစ်မလာနိုင်ဘူးဆိုရင် နတ်ဘုရား ရတနာသိုက်က ဘာများ အသုံးဝင်ဦးမှာလဲ။

နတ်ဘုရား ရတနာသိုက်ရဲ့ တည်နေရာကို ပြောပြလိုက်ရတာက သူ့အတွက်တော့ ဘာမှမဆုံးရှုံးသွား နိုင်ပါဘူး။ ပြီးတော့ အင်အားကြီး ဂိုဏ်းတွေနဲ့လည်း ဆက်ဆံရေး တချို့ရှိသွားပြီး အကျိုးအမြတ်တချို့တောင် ရရှိနိုင်ပါတယ်။ တကယ်လို့ သူ့ရဲ့ ကံကောင်းခြင်းက သဘာဝကို ဆန့်ကျင်မယ်ဆိုရင် နတ်ဘုရားနယ်မြေကို ဝင်ရောက်ပြီးတဲ့ နောက်ကျရင် အဲဒီနတ်ဘုရား ရတနာသိုက်ကို ဆက်ပြီးတော့ ရှာဖွေနိုင်ပါဦးမယ်။

တကယ်လို့ သူ့မှာ အနက်ရောင် မျှော်စင်သာ ရှိမနေဘူးဆိုရင် သူလည်းပဲ ဂမ်ရီကျန်း လုပ်သလိုမျိုး လုပ်မိပါလိမ့်မယ်။

အခု နတ်ဘုရား ရတနာသိုက်ရဲ့ တည်နေရာက အင်အားကြီး ဂိုဏ်းတွေရဲ့ လက်ထဲကို ကျရောက်သွားပြီဆိုတော့ တခြားလူတွေက လုယူဖို့ဆိုတာ အရေးမကြီးတော့ပါဘူး။ တကယ်လို့ မင်းက စကြာဝဠာ ဖျက်ဆီးခြင်း

အဆင့်ကိုတောင် မဖင်ရောက်နိုင်ဘူးဆိုရင် နတ်ဘုရား နယ်မြေကို သွားပြီးတော့ ရတနာတွေကို တူးဖော်နိုင်ပါဦးမလား။

ဂမ်ရီကျန်းရဲ့ လုပ်ဆောင်မှုက လင်းဟန်အတွက် အကျပ်အတည်း တစ်ခုကို ဖြေရှင်းပြီးသား ဖြစ်သွားပါပြီ။

"ဂမ်းရီကျန်းလည်း ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက် ဖင်နိုင်မဲ့ အခွင့်အရေးကို ရရှိခဲ့တယ်"

မိုးရေကေရာဇ်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဂမ်ရီကျန်းရဲ့ ကိုယ်ပိုင်ခွန်အားကြောင့်ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် နတ်ဘုရား ရတနာသိုက် တည်နေရာကို ရောင်းစားခဲ့လို့ပဲဖြစ်ဖြစ် တိုက်ရိုက်ဖင်ခွင့် တစ်နေရာက လွယ်လွယ်ကူကူနဲ့ ရရှိနိုင်တဲ့ အရာပဲ ဖြစ်ပါတယ်။

"သင်တန်းကျောင်း ဖင်ခွင့်အတွက် စမ်းသပ်စစ်ဆေးမဲ့ စည်းမျဉ်းစည်းကမ်းတွေကို သိလား"

သူက မေးလိုက်ပါတယ်။

"အခုချိန်တော့ သိပ်မသေချာဘူး။ ဒါပေမဲ့ သိုင်းပညာ ပါရမီရှင်တွေကို ရွေးချယ်မယ် ဆိုမှတော့ တိုက်ပွဲတွေက ရှောင်လွှဲလို့ ရမှာမဟုတ်ဘူး"

မိုးရေဧကရာဇ်က ကိုယ့်ကိုကိုယ် အရမ်းကို ယုံကြည်မှုတွေ ပြည့်နှက်နေတဲ့ ပုံစံမျိုးနဲ့ ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ မိုးရေဧကရာဇ်မှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်နိုင်မဲ့ ပြီးပြည့်စုံတဲ့ ပညာရပ်တစ်ခုပဲ မရှိတာ ဖြစ်ပါတယ်။ သိုင်းပညာ လမ်းကြောင်းပေါ်မှာ မိုးရေဧကရာဇ်က သူ့ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ သိုင်းပညာ နည်းစနစ်တွေ အများကြီး မလိုတော့ပဲ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို တိုးလာစေနိုင်မဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားပဲ လိုပါတော့တယ်။

စကားစမြည် ပြောလို့ပြီးတဲ့နောက်မှာ လင်းဟန်က အိုးကြီးတစ်လုံးကို ထုတ်ယူပြီး အစားအသောက်တွေ စတင်ချက်ပြုတ်လိုက်ပါတယ်။ အနံ့အရသာနဲ့ ပြည့်စုံတဲ့ ရနံ့က ပျံ့နှံ့သွားပြီ အနီးအနားကလူတွေ ကျိတ်ပြီးတော့

သွားရည်တမြားမြား ကျနေရုံတင် မကပါဘူး။ ကောင်းကင်ပေါ်မှာ တိုက်ခိုက်နေတဲ့ လူတစ်ယောက်နဲ့ ယုန်တစ်ကောင်ကလည်း တိုက်ခိုက်မှုကို ရပ်တန့်ပြီးတော့ အောက်ကိုဆင်းလာကာ အိုးအဖုံးအပေါ်မှာ သူတို့ရဲ့ အကြည့်တွေက ကျရောက်လို့ နေပါတယ်။

ဟူးညိုကတော့ ထုံးစံအတိုင်းပဲ ခုန်ထွက်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးရဲ့ အစားအစာကို ရယူဖို့ နည်းနည်းလေးမှ မစဉ်းစားကြနဲ့"

သူမရဲ့ အစားအစာနဲ့ ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်တတ်တဲ့ အမူအကျင့် တစ်ခုပဲ ဖြစ်ပါတယ်။

အစားအသောက်တွေ ချက်ပြုတ်လို့ ပြီးတဲ့နောက်မှာတော့ သူတို့အားလုံး စတင်ပြီး စားသောက်ကြပါတယ်။ သူတို့အုပ်စုက လူတွေမှာ အထင်ကြီးစရာ ခွန်အားရှိကြပါတယ်။ လင်းဟာန်၊ ဟူးညို၊ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ အားလုံးမှာ သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်တစ်ခုအတွက် အဆင့်မီကြပါတယ်။

အခုအဲဒီ လေးယောက်က တစ်အုပ်စုတည်း ဖြစ်သွားပြီး သူတို့က စိတ်ဂိညာဉ် နတ်သူငယ် အဆင့် လက်ရွေးစင်တွေကိုတောင် ဂရုစိုက်စရာ မလိုတာကြောင့် ဘယ်သူကများ သူတို့ကို စော်ကားပွဲမှာလဲ။

ဒါကြောင့် လူတွေက ကြည့်နေတယ် ဆိုပေမဲ့ စိတ်ထဲကနေ ကျိတ်ပြီးတော့ သွားရည်ကျနေကြပါတယ်။ ပြီးတော့ အဲဒီမှာ ပိုပြီးတော့ ထူးဆန်းတာက စကားပြောတဲ့ သားရဲတစ်ကောင်လည်း ရှိနေပါတယ်။ ဒါကြောင့် ဘယ်သူကမှ သူတို့ကို လာပြီးတော့ မနှောင့်ယှက် ကြပါဘူး။

မုယောင်ချင်းက မျှော်လင့်ထားတဲ့အတိုင်း မိုက်ကန်းတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ မကြာခင်မှာပဲ ယုန်ဖြူကြီးနဲ့ ပခုံးချင်းဖက်ပြီး တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုတွေလို့ ခေါ်ဆိုနေကြပါတယ်။ ဒါကြောင့် ဟူးညိုက သူ့ကိုလှောင်ပြောင် သရော်လိုက်ပါတယ်။ သူမက သားရဲကောင်တွေနဲ့ ပတ်သက်ရတာ ရှက်တယ်လို့ ပြောပြီးတော့ လှောင်ပြောင်တာက မုယောင်ချင်းကို အတော်လေး မျက်နှာမည်း သွားစေပါတယ်။

ဒီနေရာက ဆူဆူညံညံနဲ့ ပျားပန်းခပ် လှုပ်ရှားနေကြပြီး နေ့တိုင်းနေ့တိုင်း တိုက်ပွဲတွေ ရှိပါတယ်။ ကျွမ်းအနှံ့က

ပါရမီရှင်တွေ အားလုံးပဲ ရောက်လာကြပြီး တစ်ယောက်နဲ့ တစ်ယောက် မတည့်ကြပဲ စတင်တိုက်ခိုက်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ပါရမီရှင်တွေ အများကြီး စုစည်းနေပြီး တချို့က မသွားချင်ဘူး ဆိုတာ သိသာထင်ရှားပါတယ်။ ပြီးတော့ သူတို့အနေနဲ့ သင်တန်းကျောင်းကို ဂင်ရောက်ဖို့ အဆင့်မမီတာကြောင့် အနီးအနားမှာ ဈေးဆိုင်တွေ ဖွင့်ပြီးတော့ ပစ္စည်းအမျိုးမျိုး ရောင်းချနေကြပါတယ်။

ဒုတိယမြောက်နေ့မှာတော့ မိုးရေကေရာဇ်နဲ့ မုချင်းယောင်တို့ နှစ်ယောက်စလုံးက အနီးအနားက တောအုပ်တွေထဲကို သွားပြီးတော့ သားရဲကောင်တွေကို ရှာဖွေပြီး တိုက်ခိုက်ကြပါတယ်။ သူတို့လည်း တန်ဖိုးကြီး အသားတွေ စိတ်ဂိညာဉ် ဆေးပင်တွေနဲ့ တခြားရတနာတွေကို ရရှိနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ သူတို့က ဒီနေရာမှာ နှစ်ဂက်လောက် ထိုင်နေရမှာလား။

လင်းဟန်က ရောက်ကာစဆိုတော့ သူက ပတ်ဂန်းကျင်နဲ့ အသားကျအောင်လို့ ပတ်သွားလိုက်ပါတယ်။ အပြင်ဘက် ဧရိယာမှာ လမ်းကျယ်ကြီးတွေ ရှိပြီးတော့ ပစ္စည်းကောင်းတွေကိုလည်း ရောင်းချနေကြပါတယ်။

တချို့ပစ္စည်းတွေက အသိအမှတ်ပြုလောက်စရာ မရှိတဲ့ အဆင့်နိမ့် စိတ်ဂိညာဉ် ပစ္စည်းတွေ ဖြစ်ပြီးတော့ တချို့ကတော့ ရှေးဟောင်းနယ်မြေ အကြွင်းအကျန်ကနေ ရရှိခဲ့တဲ့ ရှေးဟောင်းပစ္စည်းတွေဖြစ်ပါတယ်။ ပြီးတော့ အသုံးဝင်တာရှိသလို အသုံးမဝင်တာလည်း ရှိပါတယ်။ အားလုံးက လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ချင့်ချိန် ဆုံးဖြတ်နိုင်စွမ်း အပေါ်မှာပဲ အခြေခံပါတယ်။

ကျူးရှွမ်အာက သူ့ဘေးကနေ အတူတူ လိုက်လာပြီး ဟူးညိုကတော့ လင်းဟာန်ရဲ့ လက်ကိုဆွဲကိုင်ပြီး အရမ်းကို စိတ်မရှည်သလို ဖြစ်နေပါတယ်။ လင်းဟာန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့ အခါမှာ ဟူးညိုက သူ့ကို အပေးကို ဆွဲခေါ်သွားပြီး လင်းဟာန်ကို အရမ်းမျက်နှာမှုန်သွားစေပါတယ်။ ဈေးဂယ်ထွက်တာ အမျိုးသမီးတွေရဲ့ အနှစ်သက်ဆုံး နေ့စဉ်လုပ်နေကျ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ကျူးရှွမ်အာကိုပဲ ကြည့်လေ။ သူမက အရမ်းကို နှစ်သက်နေပုံ ရပါတယ်။

တော်တော်ကြာအောင် လျှောက်လည်ကြပြီး လမ်းသွယ်လေး တစ်ခုမှာ လူတစ်အုပ် ဝိုင်းနေတာကို မြင်လိုက်ကြရပြီး အရမ်းကို သက်ဝင်လှုပ်ရှားနေပုံ ရပါတယ်။

လင်းဟန်ကလည်း အဲဒီနေရာကို သွားပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ လူတိုင်းလူတိုင်းက ပုလင်းတစ်လုံးကို စိတ်ဝင်စားနေကြတာကို တွေ့လိုက်ရပါတယ်။

အဲဒါက အတော်လေးကို ဟောင်းနွမ်းနေပါပြီ။ အဲဒီပစ္စည်းရဲ့ ကိုယ်ထည်က စုတ်ဖွာပြီး အပေါ်က ပုံစံတွေကလည်း မှေးမှိန်လို့ နေပါတယ်။ ပြီးတော့ ပုလင်းဂက တော်တော်များများ ပျက်စီးနေပေမဲ့ လူတွေကို ကြီးကျယ်ခမ်းနားတဲ့ ခံစားချက်တစ်ခုကို ပေးနေဆဲပါပဲ။

ပိုင်ရှင်ဖြစ်သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အဘိုးကြီး တစ်ယောက်ဖြစ်ပြီး ဘယ်သူကမှ အင်အားသုံးပြီး မလုယက်ပံ့ပါဘူး။

"စီနီယာ ဒီရတနာပစ္စည်းက ဘာများလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"သန့်စင်တန်ခိုးရှင်ပုလင်း"

အဘိုးကြီးက စိတ်ဝင်စားစရာ မကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ သန့်စင်တန်ခိုးရှင် ဟုတ်လား။ ဘယ်လောက် လေကြီးလိုက်သလဲ။ နတ်ဘုရားစိတ်ဝိညာဉ် တစ်ခုကို တကယ်ပဲ သန့်စင်နိုင်လို့လား။ ဘယ်လိုပဲကြည့်ကြည့် ဒီရှေးဟောင်းပစ္စည်းမှာ ဒီလိုအစွမ်းမျိုး ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပုလင်းပေါ်က သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေက လုံးဝကို မှေးမှိန်လုနီးပါး ဖြစ်နေပါတယ်။

"အဲဒါကို ဘာအတွက် ရောင်းမှာလဲ"

သူက နောက်တစ်ကြိမ် မေးလိုက်ပါတယ်။ တကယ်လို့ တန်ရာတန်ကြေးက သိပ်ပြီး မမြင့်ဘူး ဆိုရင်တော့ ဒါက အရှုတ်တစ်ခုသာသာပါပဲ။

"အသက်ရှည်စေနိုင်မဲ့ ရတနာ ဆေးမျိုးနဲ့ အလဲအလှယ်လုပ်မယ်"

သူက အရမ်းကို အစွမ်းထက်ပေမဲ့ သူက အရမ်းကို အိုမင်းနေပြီး ချီနဲ့သွေးတွေ ကုန်ခမ်းလုနီးပါး ဖြစ်နေပြီး အသက်ဆက်ရှင်သန်ဖို့ နောက်ထပ်နှစ်အနည်းငယ်မျှသာ

ကျန်ပါတော့တယ်။

ဒီလိုမျိုး လူတစ်ယောက် အတွက်ကတော့ သက်တမ်းကို ဆန့်ထုတ်ပေးနိုင်တဲ့ ရတနာဆေးဂါထက် ဘယ်ပစ္စည်းကများ တန်ဖိုးကြီးဦးမှာလဲ။

ဘယ်သူမဆို အသက်ရှည်ရှည် မနေချင်ဘူးလား။ အသက်ရှည်စေတဲ့ ရတနာဆေးက စိတ်ဂိညာဉ် ဆေးတွေထဲမှာ တန်ဖိုးအကြီးဆုံး ဖြစ်ပြီးတော့ ဈေးကွက်ထဲမှာ မြင်ရဖို့ အရမ်းကို ရှားပါးပါတယ်။ လူတွေအများကြီး ကြည့်ရုံပဲ ကြည့်နေကြပြီး ဘယ်သူကမှ အပေးအယူ မလုပ်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ လူအားလုံးက အပေးအယူ မလုပ်ချင်တာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအဘိုးကြီးရဲ့ တောင်းဆိုမှုက အရမ်းကို မြင့်မားပြီး ဘယ်သူကမှ ဒီလိုမျိုး မကမ်းလှမ်းနိုင်ပါဘူး။

တကယ်လို့ သူတို့မှာ အသက်ရှည်စေတဲ့ ရတနာဆေးမျိုး ရှိရင်တောင်မှ ဒီကျိုးပဲ့ပျက်စီးနေတဲ့ ပုလင်းတစ်လုံးအတွက် အလဲအလှယ် ပြုလုပ်တာက တကယ့်ကို ဆိုးဂါးလွန်းတယ် မဟုတ်လား။

Chapter 624 end

Zawgyi.အပိုင်း(၆၂၅) ပုလင်းအတွက် ယှဉ်ပြိုင်ခြင်း

လင်းဟန်က တကယ်ပဲ ဂရုမစိုက်ပါဘူး။ သူက အနက်ရောင် မျှော်စင်ကို ပိုင်ဆိုင်ထားပြီး စိတ်ဂိညာဉ် ဆေးပင်တွေကို အရမ်းလွယ်ကူစွာနဲ့ ကြီးထွားရှင်သန်စေနိုင်ပါတယ်။ ပြီးတော့ ဂျင်ဆင်းပင်မှာ လူတစ်ယောက်ရဲ့ အင်အားကို တိုးပွားစေနိုင်တဲ့ အာနိသင်နဲ့ လူတစ်ယောက်ရဲ့ အသက်ကို ရှည်စေတဲ့ အာနိသင် ရှိပါတယ်။ အထူးသဖြင့် နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိ ဂျင်ဆင်းပင်ရဲ့ အာနိသင်က ပိုပြီးတော့တောင် ပေါ်လွင်ပါတယ်။

သူ့အတွက်တော့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေက မုန်လာဥတွေပါပဲ။ သူအလိုရှိသလောက် ဆွဲနှုတ်ယူရုံပဲ ဖြစ်ပြီးတော့ စိတ်သောကရောက်စရာ မလိုပါဘူး။

"အားလုံးပဲ ဒီပစ္စည်းအတွက် အချိန်ကုန်မနေပါနဲ့"

ယောကျ်ားတစ်ယောက်က ရုတ်တရက် မတ်တပ်ထရပ်ပြီးတော့ ပုလင်းကို လက်ညှိုးထိုး ညွှန်ပြပြီး ပြောလိုက်ပါတယ်။

"ဒါက ဘယ်လိုလုပ်ပြီးတော့ နတ်ဘုရား စိတ်ဝိညာဉ် တစ်ခုကို သန့်စင်နိုင်မှာလဲ။ သွေးကြောပုံစံ အစီအရင်တွေ အားလုံးနီးပါး မှေးမှိန်နေပြီ။ ဒါကြောင့် ဒီပစ္စည်းမှာ စွမ်းအားဘယ်လောက်များ ကျန်ဦးမှာလဲ။ နောက်ပြီး နတ်ဘုရားတွေကို သန့်စင်နိုင်တဲ့ ရတနာတစ်ခုက သေမျိုးနယ်မြေထဲမှာ ဘယ်လိုလုပ်ပြီးတော့ ရှိနေနိုင်မှာလဲ"

"တကယ်လို့ ဒီပစ္စည်းက တကယ်ပဲ အစွမ်းထက်တယ်ဆိုရင် ဒီလူက ကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ ဆေးဘာဓားဂိုဏ်းနဲ့ တခြားရှေးဟောင်းဂိုဏ်းကြီးတွေဆီကို သွားပြီးတော့ အလဲအလှယ် မလုပ်တာလဲ။ အဲဒီဂိုဏ်းတွေမှာ သူလိုချင်တဲ့ ရတနာဆေးလုံးတွေ ပေါ်ပါတယ်"

အားလုံးက ခေါင်းညိတ်မိလိုက်ကြပါတယ်။ ဒီပုလင်းက သာမန်မဟုတ်ဘူးလို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ပုလင်းက ပျက်စီးကျိုးပဲ့နေပါပြီ။ အစွမ်းတွေ ဘယ်လောက်ကျန်နေသေးလို့ လူတစ်ယောက်ရဲ့ သက်တမ်းကို တိုးစေနိုင်တဲ့ ရတနာဆေးမျိုးနဲ့ ဒီပစ္စည်းကို အလဲအလှယ် လုပ်မှာလဲ။ ဘယ်သူက ဆန္ဒရှိလို့လဲ။

"ဆိုင်ပိုင်ရှင် ဈေးလျှော့လိုက်ပါ"

"ငါ့မှာ မူလစွမ်းအင်ပုံဆောင်ခဲ တစ်ရာရှိတယ်။ အဲဒါနဲ့ လဲမယ်လေ ဘယ်လိုလဲ"

"ငါ့မှာ ကြယ်စိမ်းယန်ဆေးသုံးလုံး ရှိတယ်"

"ငါက အဆင့်ငါး မိုးပြာရောင်ရွှေမည်းကို အသုံးပြုပြီးတော့ အလဲအလှယ်လုပ်မယ်"

အားလုံးက သူတို့လက်ခံနိုင်တဲ့ တန်ရာတန်ကြေးကို ပြောဆိုကြပါတယ်။ ဒီရတနာ ပစ္စည်းက အတော်လေးကို ဆွဲဆောင်မှု ရှိနေဆဲပါပဲ။ ဒီပစ္စည်းက ကျိုးပဲ့ပျက်စီးနေတယ် ဆိုရင်တောင် သိုင်းဆန္ဒတွေ ကုန်ခမ်းလုနီးပါး ဖြစ်နေပေမဲ့ မပျက်စီးမပျောက်ပျက်နိုင်တဲ့ တည်ရှိမှု တစ်ခုက လည်ပတ်နေဆဲ ဖြစ်ပြီး သူတို့ကို လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့ပါတယ်။

"မလဲဘူး"

အဘိုးကြီးက ငြင်းပယ်လိုက်ပါတယ်။ သူ့အတွက် အသက်ရှင်သန်ဖို့ နှစ်အများကြီး မကျန်တော့ပဲ မျိုးဆက်လည်း မရှိပါဘူး။ ဒါကြောင့် သူက

နောက်ထပ်နှစ်အနည်းငယ် ဆက်ပြီးတော့ အသက်ရှင်သန်ချင်ပါတယ်။ တခြားရတနာတွေကို ယူတာက အသုံးမဝင်ပါဘူး။ အဲဒါတွေကို သူနဲ့အတူ မြှုပ်နှံပစ်လို့ပဲ ရပါလိမ့်မယ်။

"ဒါဆိုရင် နှစ်ပေါင်းသုံးရာ သက်တမ်းရှိတဲ့ အမွှေးပွပန်း အမြစ်တစ်ခု ဆိုရင်ရော ဘယ်လိုလဲ"

တစ်စုံတစ်ယောက်က ကမ်းလှမ်းလိုက်ပါတယ်။

အမွှေးပွ ပန်းအမြစ်က အရမ်းကို ကောင်းမွန်တဲ့ အာဆေးတစ်မျိုး ဖြစ်ပါတယ်။ ပြီးတော့ နှစ်ပေါင်းသုံးရာ သက်တမ်းရှိတယ်ဆိုတော့ ပိုပြီးတော့တောင် အာနိသင် ကောင်းမွန်ပြီး အနည်းဆုံး ဆယ်နှစ်ကျော်ကျော်လောက် သက်တမ်းကို ဆွဲဆန့်နိုင်စွမ်း ရှိပါတယ်။

အဘိုးကြီးရဲ့ အမူအရာက အနည်းငယ် တုံ့ဆိုင်းသွားပုံ ရပါတယ်။ ဒီရတနာ ဆေးမြစ်က သူမျှော်လင့်ချက်ထက် နိမ့်ပါတယ်။ ဒါပေမဲ့ အစောပိုင်းတုန်းက ယောကျာ်းကြီးရဲ့ အပြစ်ဆို ကန့်ကွက်မှုကြောင့် သူလည်းပဲ ဒီပုလင်းကို အရမ်းကို မြင့်မားတဲ့ တန်ဖိုးနဲ့ ရောင်းချလို့ ရလိမ့်မှာ မဟုတ်ဘူးလို့ ခံစားနေရပြီး သူ့ကို အတော်လေး

လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့ပါတယ်။

"ဒါက သန့်စင်တန်ခိုးရှင် ပုလင်းကို ပုံတူပွားထားတဲ့ တစ်ခုဖြစ်လိမ့်မယ်။ ပစ္စည်းအစစ်က သေမျိုး နယ်မြေထဲကို ကျလာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့ ပျက်စီးဖို့ဆိုတာလည်း မဖြစ်နိုင်ဘူး"

ဒါက စောစောတုန်းက အပြစ်ရှာဂေဖန်တဲ့ ယောက်ျားကြီးပဲ ဖြစ်ပါတယ်။ သူက ပုလင်းကို ဆက်ပြီးတော့ လေ့လာနေပါတယ်။

"ဒီပစ္စည်းက အစစ်မဟုတ်သလို အတော်လေး ပျက်စီးနေပေမဲ့ သုတေသနတချို့အတွက် တန်ဖိုးရှိနေသေးတယ်"

သူက ခဏလောက် ရပ်ပြီးတော့မှ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ ငါဒီပစ္စည်းကို နှစ်ပေါင်းနှစ်ရာ သက်တမ်းရှိတဲ့ တိမ်မည်းဂျင်ဆင်းပင် နှစ်ပင်နဲ့ အလဲအလှယ်လုပ်ဖို့ ကမ်းလှမ်းတယ်"

တိမ်မည်းဂျင်ဆင်းပင်ကလည်း အသက်ရှည်စေတဲ့

စိတ်ဂိညာဉ် ဆေးပင်ဖြစ်ပြီး နှစ်ပေါင်းနှစ်ရာ သက်တမ်းရှိတဲ့ တိမ်မည်းဂျင်ဆင်းပင်ရဲ့ အသက်ရှည်စေတဲ့ အာနိသင်က ဆယ်နှစ်ဂန်းကျင် ရှိပါတယ်။ ဒီစိတ်ဂိညာဉ် ဆေးပင်ရဲ့ အာနိသင်က အများကြီး မရနိုင်ပါဘူး။ ပထမအပင်ကို စားမယ်ဆိုရင် ဆေးပင်ရဲ့ အာနိသင်ကို အပြည့်အဂ ရရှိပါလိမ့်မယ်။ ဒုတိယတစ်ခုကတော့ အာနိသင် တစ်ဂက်ပဲ ရရှိပါလိမ့်မယ်။ ပြီးတော့ အဲဒီနောက်ပိုင်း တစ်ခုပြီးတစ်ခု အာနိသင်က ပိုပိုပြီး ဆိုးဂါးလာပါလိမ့်မယ်။

ဒါကြောင့် တိမ်မည်းဂျင်ဆင်း နှစ်ပင်ရဲ့ အာနိသင်က အများဆုံး ဆယ့်ငါးနှစ်ပဲ ဆန့်ထုတ်ပေးနိုင် ပါလိမ့်မယ်။

ဒါပေမဲ့လည်း သချိုင်းကို ခြေတစ်လှမ်း လှမ်းနေတဲ့ လူတစ်ယောက် အတွက်ကတော့ ငါးနှစ်လောက် ပိုပြီးတော့ အသက်ရှင်ရမယ် ဆိုရင်ကိုပဲ ဘယ်လိုမှ ငြင်းရက်စရာ မရှိတဲ့ ကမ်းလှမ်းမှု တစ်ခု ဖြစ်ပါတယ်။

အဘိုးကြီးရဲ့ မျက်ခုံးတွေ မြင့်တက်သွားခဲ့ပါတယ်။ သူက စောစောက နှစ်ပေါင်းသုံးရာ သက်တမ်းရှိ အမွှေးပွပန်းနဲ့ ကမ်းလှမ်းမှုကို လက်ခံချင်နေခဲ့တာပါ။ ဒါပေမဲ့အခုတော့ နောက်ထပ်ငါးနှစ်လောက် ထပ်ပြီးတော့ အသက်ရှင်နိုင်မယ်ဆိုတဲ့ အချက်က သူ့ကို ပိုပြီးတော့

လှုပ်လှုပ်ရှားရှား ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ဂင်ပြောလိုက်ပါတယ်။

"ကျနောက် နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ကျောက်စိမ်းဖြူ ဂျင်ဆင်းပင် တစ်ပင်နဲ့ ကမ်းလှမ်းတယ်"

လပြွတ်။

အားလုံးက အံ့အားသင့် သွားကြပါတယ်။ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ စိတ်ဂိညာဉ် ဂျင်ဆင်းပင်။ မင်းနောက်နေတာလား။ တကယ်လို့ ဂျင်ဆင်းပင်တွေက အသက်ရှည်တဲ့ စိတ်ဂိညာဉ် ဆေးပင်တွေ ဆိုရင်တောင် နှစ်ပေါင်းတစ်ထောင်က အကန့်အသတ် ဖြစ်ပါတယ်။ ယေဘူယျအားဖြင့်တော့ အဲဒီလိုမျိုး သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေက အရမ်းကို နည်းပါးရှင်သန် နိုင်ပါလိမ့်မယ်။

ဒါက လူသားတွေရဲ့ နှစ်ပေါင်းတစ်ရာ သက်တမ်းနဲ့ဆိုရင် ဘယ်လောက်နဲ့ တူမလဲ။ သေမျိုး ဘယ်လောက်ကရော နှစ်ပေါင်းတစ်ရာပြည့်အောင် အသက်ရှင်သန် နေထိုင်နိုင်လို့လဲ။

နောက်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ ဂျင်ဆင်းကို စားချင်တဲ့ လူတွေက အများကြီး ရှိပါတယ်။ သက်တမ်းပိုရင့်လေ ပိုပြီးတော့ ရှားပါးကြပါတယ်။ နှစ်ပေါင်းတစ်ရာ သက်တမ်းရှိတဲ့ ဂျင်ဆင်း တစ်ပင်ကို ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်လိုမျိုး မြင်နိုင်ကြပြီး ထိတ်လန့်စရာ ကောင်းလောက်အောင် နည်းပါးပါတယ်။ နှစ်ပေါင်းငါးရာ သက်တမ်းအထက်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ တူပြီးတော့ နှစ်ပေါင်းတစ်ထောင် သက်တမ်းဆိုရင်တော့ လူတစ်ယောက်ရဲ့ လက်ချောင်းတွေနဲ့ ရေတွက်လို့ရတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ တူပါတယ်။

ဒီကောင်လေးက နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ရတနာဆေးပင်နဲ့ ကမ်းလှမ်းလိုက်တာ ဖြစ်ပါတယ်။ ဒါက ဟာသတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ပစ္စည်းပိုင်ရှင် အဘိုးကြီးတောင်မှ မယုံကြည်နိုင်အောင် ဖြစ်နေပြီးတော့ ပြောလိုက်ပါတယ်။

"လူငယ်လေး မင်း အတည်ပြောနေတာလား"

လင်းဟန်က သူ့ရဲ့လက်ကို မြှောက်ပြီးတော့ ဂျင်ဆင်းတစ်ပင်ကို ပစ်ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ခင်ဗျားကိုယ်တိုင် စစ်ဆေးကြည့်နိုင်တယ်"

အဘိုးကြီးက ဖမ်းယူပြီးတော့ ဂျင်ဆင်းပင်ကို အနီးကပ် စစ်ဆေးကြည့်လိုက်ပါတယ်။ အမှန်တကယ်တော့ သူလည်းပဲ ပစ္စည်းကောင်းလား မကောင်းဘူးလား ဆိုတာကို တကယ်နားမလည်ပါဘူး။ ဒါပေမဲ့လည်း နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်ရဲ့ ဆေးအစွမ်းက နက်ရှိုင်းပြီး အသာလေး ကြည့်လိုက်တာနဲ့ အာရုံခံနိုင်ပါတယ်။ အဘိုးကြီးအနေနဲ့ ချက်ချင်းပြောနိုင်တာက ဒီဂျင်ဆင်းပင်က တကယ်လို့ နှစ်ပေါင်းတစ်ထောင် သက်တမ်း မရှိဘူးဆိုရင်တောင်မှ အနည်းဆုံး နှစ်ပေါင်းရှစ်ရာ ကိုးရာခန့် ရှိတယ်ဆိုတာကို ပြောနိုင်ပါတယ်။

ဒါက သူ့အသက်ကို နောက်ထပ် နှစ်ပေါင်းသုံးဆယ်ကျော်လောက် ရှည်စေဖို့ လုံလောက်ပါတယ်။

သူက သိသိသာသာကို ပျော်ရွှင်မြူးထူးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ ဒီပုလင်းကို မင်းပိုင်သွားပြီ"

"ခဏလေး"

အစောပိုင်းတုန်းက အပြစ်ရှာဂေဖန်တဲ့ လူကြီးက လင်းဟန်ကို ခြိမ်းခြောက်သလို စိုက်ကြည့် လိုက်ပါတယ်။ အဲဒီနောက် တမင်သက်သက် အချိန်ခဏ ဆွဲပြီးတော့မှ ပြောလိုက်ပါတယ်။

"ငါက နှစ်ပေါင်းခုနစ်ရာ သက်တမ်းရှိတဲ့ နဂါးဂါ ဂျင်ဆင်းသုံးပင်နဲ့ ကမ်းလှမ်းတယ်"

နှစ်ပေါင်းခုနစ်ရာ သက်တမ်းရှိတဲ့ နဂါးဂါ ဂျင်ဆင်းပင်က နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ကျောက်စိမ်းဖြူ ဂျင်ဆင်းတစ်ပင်ကို နှိုင်းယှဉ်လို့ မရဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဂျင်ဆင်းသုံးပင်ကတော့ ကျောက်စိမ်းဖြူ ဂျင်ဆင်းပင်ထက် သာလွန်တယ် ဆိုတာက ပေါ်လွင်ပါတယ်။

အားလုံးက ပဟေဠိတွေ ဖြစ်နေကြပါတယ်။ မင်းပဲ ဒီပုလင်းကို စုတ်ပြတ်သတ်ပြီး တန်ဖိုးမရှိဘူးလို့ ဝေဖန်ခဲ့တယ် မဟုတ်လား။ ဘာဖြစ်လို့ ဒီပစ္စည်းနဲ့ အလဲအလှယ်လုပ်ဖို့ ရတနာဆေးပင် သုံးပင်ကို ထုတ်လိုက်ရတာလဲ။ သူတို့က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက ဒီလူက ပြိုင်မဲ့သူ လျော့သွားအောင်နဲ့ ရတနာပစ္စည်းကို အနိမ့်ဆုံး ဈေးနှုန်းနဲ့ အနိုင်ရအောင်လို့ အပြစ်ရှာဝေဖန်ခဲ့တာ ဖြစ်ပါတယ်။

အခု အစွမ်းထက်တဲ့ ယှဉ်ပြိုင်သူ တစ်ယောက်နဲ့ တွေ့ဆုံရပြီး သူက ရတနာ ပုလင်းကို လိုချင်နေသေးတာကြောင့် သူ့အနေနဲ့ တန်ဖိုးကို မြှင့်ပေးရုံပဲ တတ်နိုင်ပါတယ်။

လင်းဟန်အတွက်တော့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းတစ်ပင်က နည်းနည်းလေး တန်ဖိုးရှိတယ် ဆိုပေမဲ့ သူ့အနေနဲ့ စိတ်ကူးပေါက်သလို မဖြုန်းတီးပစ်ချင်ပါဘူး။ တကယ်တော့ ဒီပုလင်းက အတော်လေးကို ပျက်စီးနေပြီလို့ ပြောလို့ရပါတယ်။ ရှေးဟောင်းအချိန်ရဲ့ တခြား နည်းစနစ်တွေထက် ဒီဟာက အသုံးပြုလို့ မရနိုင်လောက်ပါဘူး။

ဒါပေမဲ့ ဒီလူက ဘာဖြစ်လို့ စိတ်အားထက်သန်နေပြီး

မသမာတဲ့ နည်းလမ်းကိုတောင် အသုံးပြု ရတာလဲ။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ပုလင်းဆီကို ကြည့်လိုက်ပါတယ်။ ပုလင်းကိုယ်ထည်က အရမ်းကို ပျက်စီးနေပါတယ်။ ပြီးတော့ ၎င်းရဲ့အစွမ်းကို ထုတ်ဖော်နိုင်စွမ်း ရှိနေဦးမယ် ဆိုရင်တောင် အရင်ဆုံး ပျက်စီးသွားနိုင်ပါတယ်။

ဒါပေမဲ့လည်း ပုလင်းရဲ့ အောက်ခြေမှာ တောက်ပစူးရှတဲ့ အလင်းရောင် အလွှာတစ်ခု ရှိနေပြီး နေသေးသေးလေး တစ်လုံးနဲ့ တူပြီးတော့ သူ့မျက်လုံးတွေ ကန်းလုနီးပါး ဖြစ်သွားပါတယ်။

ရတနာတစ်ခုပဲ။

လင်းဟန်က စိတ်ထဲမှာ လှုပ်ရှားလာခဲ့ပါတယ်။ တကယ်လို့ ဒီပုလင်းက မသုံးနိုင်တော့ဘူး ဆိုရင်တောင် သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံ တစ်ခုတည်းနဲ့ကို တန်နေပါပြီ။ သူက နောက်ထပ် နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းတစ်ပင်ကို ပစ်ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါက နှစ်ခုပေါ့"

နှစ်ပေါင်း ရေတွက်ကြည့်ရင် နှစ်ပေါင်းခုနစ်ရာ သက်တမ်းရှိတဲ့ နဂါးငါ ဂျင်ဆင်းပင် သုံးပင်က နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ကျောက်စိမ်းဖြူ ဂျင်ဆင်းပင်ရဲ့ အထက်မှာ ရှိပါတယ်။ ဒါပေမဲ့ သက်တမ်းကို ဆွဲဆန့်နိုင်တဲ့ ဆေးပင်တွေရဲ့ အဆင့်ဆင့် လျော့ကျတဲ့ အာနိသင်ကို စဉ်းစားကြည့်မယ်ဆိုရင် နဂါးငါဂျင်ဆင်း သုံးပင်က နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ကျောက်စိမ်းဖြူ ဂျင်ဆင်းနှစ်ပင်ကို လုံးဝနိုင်းယှဉ်လို့ မရပါဘူး။

ဘယ်သူမဆို ဒီလိုမျိုး တွက်ချက်မှု တစ်ခုကို လုပ်နိုင်ပါတယ်။ အဘိုးကြီးက ချက်ချင်းပဲ စိတ်လှုပ်ရှားသွားတယ် ဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ သူက အဲဒီယောက်ျားကို ကြည့်နေဆဲ ဖြစ်ပါတယ်။ သူ့အနေနဲ့ နောက်ထပ်တန်ဖိုး မြင့်လာတာကို မြင်ချင်ပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက အမြင့်ဆုံး ပေးနိုင်တဲ့ လူကို ရောင်းချပြီး အကျိုးအမြတ် အမြင့်ဆုံး ယူရပါလိမ့်မယ်။

အဲဒီယောက်ျားကြီးက လင်းဟာန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါနောက်ထပ် နလုံးကာကွယ်ဆေးလုံး ထပ်ထည့်မယ်"

နလုံးကာကွယ်ဆေး။ အရမ်းကို တန်ဖိုးကြီးမားတဲ့ ဆေးဖြစ်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်အောက်က သိုင်းပညာရှင်တွေရဲ့ အသက်ကို ကယ်တင်နိုင်ပါတယ်။ သူတို့ရဲ့ ဒဏ်ရာက ဘယ်လောက်ပဲ ကြီးကြီး ကိစ္စမရှိပါဘူး။ သူတို့ရဲ့ ဒဏ်ရာတွေကနေ ဖြည်းညှင်းစွာ ပြန်လည် ကောင်းမွန်လာအောင် ကူညီပေးပြီး မြေကျွန်မှာ အလယ်အလတ် ဆေးလုံးတွေ အထဲမှာ အကောင်းဆုံး စာရင်းဝင်ပါတယ်။

အဘိုးကြီးက ချက်ချင်းပဲ စိတ်လှုပ်ရှားမှုကြောင့် တစ်ဟုန်ထိုး ပြေးလွှားသွားသလို ခံစားလိုက် ရပါတယ်။ ဒီလိုမျိုး စိတ်ဂိညာဉ် ဆေးလုံးတစ်လုံးနဲ့ဆို သူက ရှေးဟောင်းနယ်မြေတွေထဲကို စွန့်စားသွားလာပြီး နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို တက်ရောက်နိုင်မဲ့ အခွင့်အလမ်း တစ်ခုကို ရကောင်းရနိုင်ပါလိမ့်မယ်။ ကောင်းကင်ကနေ နစ်ပေါင်းနစ်ရာ သက်တမ်းကို လုယူနိုင်တာက အသက်ရှည်စေတဲ့ စိတ်ဂိညာဉ် ဆေးတွေထက ပိုပြီးတော့ ကောင်းပါတယ်။

လင်းဟန်က ရယ်မောလိုက်ပါတယ်။ မှော်ဆေးဇကေရာဇ် တစ်ယောက်နဲ့ မှော်ဆေးလုံးတွေ အသုံးပြုပြီးတော့ ယှဉ်ပြိုင်မလို့လား။ သေစမ်း။ ကောင်းကင်အဆင့်ဆေးလုံးဆိုရင် ဖော်စပ်ဖို့ သူ့မှာ ပါဂင်ပစ္စည်းတွေ ပြတ်လပ်နေပေမဲ့ မြေကမ္ဘာအဆင့် မှော်ဆေးလုံးက သူ့မှာ ဒါဇင်နဲ့ချီပြီး ရှိပါတယ်။ သူကတကယ်ပဲ ယှဉ်ပြိုင်ချင်တာလား။

"ငါက နလုံးသား ကာကွယ်ဆေး နှစ်လုံးကို ထပ်ထည့်ပေးမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ဖူး။

အနီးနားက လူတွေအားလုံး သူတို့ရဲ့ တံတွေးတွေ ပန်းထွက်ကုန်ပါတယ်။ ဒီကောင်လေး နှစ်ယောက်ပြောနေတာ မြေကမ္ဘာအဆင့် ဆေးလုံးတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သာမန်အရည်အသွေးရှိတဲ့ ကုန်ပစ္စည်းတွေလို ဈေးပေါ်နေတယ်လို့ သူတို့တွေ ခံစားနေရတာလဲ။

Chapter 625 end
Uni.အပိုင်း(၆၂၆) ဖိတ်ကြားခြင်း

အဲဒီယောက်ျားရဲ့ အကြည့်တွေထဲမှာ မီးတောက်တွေ လောင်ကျွမ်းပြီး တလက်လက်တောက်လို့ နေပါတယ်။

ငါ့နာမည် နွန်ရှူ့ယ်ယွင်။ ငါ့ရဲ့ ဘိုးဘေးက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နွန်ဘိုရှင်းပဲ။ ကောင်လေး မင်းတကယ်ပဲ ငါနဲ့ ယှဉ်ပြိုင်ချင်တာလား

အားလုံးက အိုးလို့ အော်လိုက်ကြပါတယ်။ ဒီလူက မြေကမ်ဘာ အလယ်အလတ်အဆင့် မှော်ဆေးလုံးတွေကို ထုတ်ပေးနိုင်တာက သူ့မှာ ကောင်းကင်အဆင့် ဘိုးဘေးတစ်ယောက် ရှိနေတာကြောင့် အံ့သြစရာ မရှိတော့ပါဘူး။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ငါတို့တွေက ပစ္စည်းတစ်ခုကို ဂယ်နေတာလေ။ အမြင့်ဆုံး ပေးနိုင်တဲ့လူက အနိုင်ရမယ် ဆိုတာက သိသာနေတာပဲ။ ဘာဖြစ်လို့ မင်းရဲ့ဘိုးဘေးအကြောင်း ပြောနေတာလဲ

ကောင်းပြီလေ။ မင်းနိုင်တယ်

နွန်ရှယ်ယွင်က လင်းဟန်ကို မျက်နှာထား တင်းတင်းနဲ့ စိုက်ကြည့်ပြီးတော့ ခဏခန လှည့်ထွက် သွားလိုက်ပါတယ်။

အားလုံးက သက်ပြင်းတွေချပြီးမှ ရယ်မောနိုင်ပါတော့တယ်။ ဒီလူမှာ ထိတ်လန့်စရာ ပင်ကိုယ်စရိုက် ရှိပြီးတော့ အစောပိုင်းမှာ ပုလင်းရဲ့ အပြစ်အနာအဆာတွေကို ထုတ်ဖော်ပြောဆိုပြီး လူတွေကို ဂင်ရောက်ယှဉ်ပြိုင်မဲ့စိတ်တွေ လျော့သွားအောင် လုပ်ခဲ့ပါတယ်။ အခု သူက အနိုင်မရနိုင်တာကြောင့် ခြောက်လှန့်တဲ့ စကားလုံးတွေကို သုံးပြီးတော့ အခုတော့လည်း ဘာမှမဟုတ်တဲ့ ဟာသတစ်ပုဒ်ဆန်ဆန် ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ သူ့အရှေ့က အဘိုးကြီးဆီကို ကျောက်စိမ်းပုလင်းတစ်လုံး ပစ်ပေးလိုက်ပြီး သန့်စင်တန်ခိုးရှင်ပုလင်းကို ကောက်ယူလိုက်ပါတယ်။

အဘိုးကြီးက ပုလင်းအဖုံးကို အလျင်အမြန် ဖွင့်ပြီးတော့ ဆေးလုံးတစ်လုံးကို လောင်းချပြီး စစ်ဆေးလိုက်ပါတယ်။ ဒါပေမဲ့ သူက ဒီနယ်ပယ်မှာ ကျွမ်းကျင်သူတစ်ယောက်

မဟုတ်ပါဘူး။ ဆေးလုံးအပေါ်မှာ သွေးကြောနဲ့တူတဲ့ အစီအရင်ပုံစံတွေ ရောယှက်နေပြီး ခံ့ညားထယ်ဝါတဲ့ အရှိန်အဝါ ထွက်ပေါ်နေတာကို မြင်တွေ့လိုက်ရပါတယ်။ သူက ဘာဆေးလုံးလည်း ဆိုတာကို တိတိကျကျ မဖော်ထုတ်နိုင်ပါဘူး။

မစိုးရိမ်ပါနဲ့။ ကျုပ်က ခင်ဗျားကို မလှည့်စားပါဘူး

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အဘိုးကြီးက မယုံကြည်နိုင်အောင် ဖြစ်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ ပထမအချက် နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ကျောက်စိမ်းဖြူ ဂျင်ဆင်းပင် နှစ်ပင်က သူ့မျှော်လင့်ထားတဲ့ တန်ကြေးကို ရောက်နေပြီး ဒုတိယအခ်က္က ဒီဆေးလုံး နှစ်လုံးကို ကြည့်ရတာ အံ့မခန်း ထယ်ဝါခံ့ညားလွန်းပြီး သာမန်အဆင့်နဲ့ မတူပါဘူး။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် သူ့အနေနဲ့ အကျိုးအမြတ် ရရှိခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။

တကယ်လို့ သူက နွန်ရှယ်ယွင်ရဲ့ ကမ်းလှမ်းမှုကို လက်ခံခဲ့မယ် ဆိုရင်တောင်မှ တစ်ဖက်လူရဲ့ မှော်ဆေးလုံးတွေကို အစစ်အမှန် ဟုတ်မဟုတ် သူ့အနေနဲ့

ဘယ်လိုလုပ်ပြီးတော့ အတည်ပြုနိုင်မှာလဲ။

သူက အထုပ်အပိုး ပြင်ဆင်လိုက်ပါတယ်။ သူ့ရဲ့ရည်မှန်းချက် ပြည့်ဂအောင်မြင်သွားပြီ ဆိုမှတော့ တခြားလူတွေရဲ့ ပစ်မှတ်မဖြစ်အောင် ရှောင်တိမ်းတဲ့ အနေနဲ့ အချမန္တုံး ထြုကြဲသားတာက အကောင်းဆုံး ဖြစ်ပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ဆိုပေမဲ့ ချိန့်သွေးဓာတ်တွေ အတော်လေးကို ကုန်ခမ်းနေပြီး သူ့တိုက်ပွဲစွမ်းရည်ကလည်း အမ်ားဆုံးမွ သူ့အထွတ်အထိပ် နေ့ရက်တွေရဲ့ တစ်ရာပုံ တစ်ပုံပဲ ရှိပါတော့တယ်။ ဒါကြောင့် အမှန်တကယ်ဆို သူက ပန်းဖူးအဆင့် ကျွမ်းကျင်သူ တစ်ယောက်နဲ့ပဲ ညီမျှပါတယ်။

ဒီနေရာမှာ ရှိနေတဲ့ လူငယ်တွေ အားလုံးက ပါရမီရှင်တွေချည်းပါပဲ။ အားလုံးက ပစ္စည်းတွေကို ဂယ်ယူသုံးစွဲနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့သာ တစ်စုံတစ်ယောက်က လုယက်ခံရမယ်ဆိုရင် ဘယ်သူကမ်ား သူ့အတွက် ရှေ့ထွက်ပြီး ရပ်တည်ပေးမှာလဲ။

ဒါကြောင့် သူ့အနေနဲ့ စောစောထွက်လာလေ သူ့အတွက် ပိုစိတ်ချရလေပါပဲ။

လင်းဟန်က ပြုံးပြီးတော့ သူ့လက်ထဲက ပုလင်းကို ချိန်ဆကြည့်ပြီး မှသားမဲ့ မျက်လုံးနဲ့ အနီးကပ် လေ့လာကြည့်တော့ ပုလင်းရဲ့အောက်မှာ ပုလင်းကိုယ်ထည်နဲ့ ကွဲပြားတဲ့ သိမ်မွေ့နက်နဲခြင်းတစ်ခု ရှိနေပါတယ်။ တစ်သားတည်း တည်ဆောက်ထားပုံမျိုးတစ်ခု မဖြစ်နိုင်ပါဘူး။

ပုလင်းရဲ့ အောက်ခြေက ကျန်တဲ့နေရာတွေထက် ပိုပြီးတော့ ဟောင်းနွမ်းပါတယ်။ ပြီးတော့ ကြည့်ရတာ တစ်စုံတစ်ယောက်က ပုလင်းအပေါ်မှာ တမင်သက်သက် ဖုံးကွယ်ထားချင်လို့ လုပ်ထားတာမျိုး ဖြစ်ပါလိမ့်မယ်။

စိတ်ဂင်စားစရာပဲ

သူက စဉ်းစားလိုက်ပါတယ်။ ပုလင်းကို အနက်ရောင် မျှော်စင်ထဲ ယူပြီးတော့ သေသေချာချာ လေ့လာသင့်ပါတယ်။

လူတွေအများကြီးက သူ့ကိုစိုက်ကြည့်နေတာကြောင့် ပုလင်းကို သိမ်းလိုက်ပါတယ်။

ချမ်းသာကြွယ်ဂမှုကို အမှုမဲ့ အမှတ်မဲ့

ထုတ်ဖော်မပြသင့်ပါဘူး။ သူက နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းနှစ်ပင်နဲ့ နလုံးကာကွယ်ဆေး နှစ်လုံးကို ဂရုမစိုက်ပဲ ထုတ်ယူပြလိုက်တာ လူတွေအများကြီးက သူ့အပေါ်မှာ မကောင်းတဲ့ အကြံအစည်တွေ ကြံနေတယ်ဆိုတာ သိသာပေါ်လွင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က ဂရုမစိုက်ပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က သူ့ကိုလုယက်မယ်ဆိုရင် သူကပြန်ပြီးတော့ အဲဒီလူတွေကို အောက်ခံ ဘောင်းဘီတောင် မကျန်အောင် လုယက်ပစ်ဖို့ ဂန်မလေးပါဘူး။

ဒီကသခင်လေးရှင့်။ ကျမရဲ့ အရှင်သခင်မက ဖိတ်ကြားစောင် တစ်ခုကို ပို့ပေးလိုက်ပါတယ်။ သခင်လေးကို ဒီနေ့ညမှာ ကျင်းပမဲ့ ညှော့ခံပွဲကို တက်ရောက်ဖို့ ဖိတ်ကြားခိုင်းလိုက်ပါတယ်ရှင့်

လင်းဟာန်က ထွက်သွားမလို့ပဲ ရှိပါသေးတယ်။ ချောမောလှပတဲ့ အေစခံ မိန်းကလေး တစ်ယောက်က လမ်းလျှောက်လာပြီးတော့ ပန်းရောင်ဖိတ်စာ တစ်ခုကို ပေးလိုက်ပါတယ်။ ဖိတ်စာရဲ့ မွှေးရနံ့က သူ့နှာသီးဝမှာ ပေ့သီပေ့သီနဲ့ ရစ်ဝဲလို့ နေပါတယ်။

လင်းဟန်က ချက်ချင်းကြီး လက်မခံသေးပဲ အဲဒီအစား မေးလိုက်ပါတယ်။

မင်းရဲ့ သခင်မက ဘယ်သူလဲ

ကောင်လေး။ မင်းက မက်မွန်သီးလေးကိုတောင် မသိဘူးလား

လူတစ်ယောက်က လှောင်ပြုံးပြုံးလိုက်ပါတယ်။

မက်မွန်သီးလေးက သခင်မလေး ရီယွင်ရဲ့ အစေခံမိန်းကလေးပဲ

ဘာပြောတယ် သခင်မလေး ရီယွင်လား

ဂမ်မိသားစုရဲ့ ပုလဲရတနာဖြစ်တဲ့ သခင်မလေး ရီယွင်လား

ကောလာဟာလတွေ အရတော့ သခင်မလေး ရီယွင်က နတ်သမီးလေး တစ်ပါးလို ချောမောလှပရုံတင်မက ဂီတမှာလည်း ထူးချွန်တယ်လို့ ပြောကြတယ်။ ပြီးတော့ သိုင်းပညာ ပါရမီက ပိုပြီးတော့တောင် ထူးချွန်ထက်မြက်တယ်လို့ ပြောကြတယ်။ သူမက

မိုးပြာရောင် မိုးကြိုးလျှပ်စီးဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ တပည့်တစ်ယောက်လည်း ဖြစ်တယ်။ သူမရဲ့ ထင်ပေါ်ကျော်ကြားမှုက ဒေါင်လင်းအာထက် နည်းနည်းလေး နိမ့်ကျတယ် ဆိုပေမဲ့ ငါတို့ အလယ်ပိုင်း ဒေသထဲမှာ အချောမောဆုံး မိန်းကလေး ဆယ်ယောက် အကြောင်းကို ပြောမယ်ဆိုရင် သူမက သေချာပေါက် နာမည်ထင်ရှား ကျော်ကြားတယ်

နတ်သမီးလေး တစ်ပါးလို ချောမောပြီး နတ္တာရုရားမ တစ်ပါးလို တိုက်ပွဲစွမ်းရည်ရှိတဲ့ နိုင်းယှဉ်လို့ မရတဲ့ အမျိုးသမီး တစ်ယောက်ပဲ

လူတိုင်းလူတိုင်းက လေးစားအားကျ အထင်ကြီးစွာနဲ့ ပြောဆိုနေကြပါတယ်။ ဂမ်ရီယွင်က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့် ရရှိထားပြီး မကြာခင်ပဲ ဧည့်ခံပွဲတစ်ခုကို ကျင်းပပါဦးမယ်။

ဂမ်မိသားစုကလည်း သိုင်းပညာမှာ ဩဇာညောင်းတဲ့ မိသားစု တစ်ခုဖြစ်ပြီးတော့ အရမ်းကို ရှည်လျားတဲ့ အေမြအနှစ်တွေရှိ ရှိတယ်။ ပြောကြတာတော့ ဂမ်မိသားစုရဲ့ အကြီးအကဲ ဘိုးဘေးက အသက်ရှင်နေသေးပြီး ကောင်းကင်အဆင့် ကျင့်ကြံခြင်းမှာ ရှိနေပေမဲ့ စကြာဂဠာ

ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်မဲ့ နောက်ဆုံးခြေလှမ်းကို လှမ်းဖို့ သူတို့အတွက် မဖြစ်နိုင်ဘူး

ဂမ်မိသားစုရဲ့ ဘဏ္ဍာရေး အခြေအနေနဲ့ဆို ယာယီနန်းတော်တစ်ခု တည်ဆောက်တာက သူတို့အတွက် အခက်အခဲ မရှိလောက်ဘူး

ဟီးဟီး အရမ်းကို မနာလိုစရာ ကောင်းတာပဲ။ တကယ်လို့ ငါသာ အဲဒီညှော်ခံပွဲကို သွားပြီးတော့ လေ့လာလို့ရမယ်ဆိုရင် အဲဒီနေရာမှာ သေချာပေါက် ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်ရတဲ့ လူငယ်ပါရမီရှင်တွေ ရှိလိမ့်မယ်ဆိုတာ ပြောရဲတယ်

ဒါပေမဲ့ ဒီကောင်လေးကျတော့ ဘာဖြစ်လို့ ဖိတ်စာတစ်စောင် ရတာလဲ။ သူ့ကိုကြည့်ရတာလည်း အဲဒီလောက် အထင်ကြီးစရာလည်း မပေါ်ပါဘူး။ ဟုတ္တယ္မလား

အားလုံးက လင်းဟန်ကို ကြည့်လိုက်ကြပါတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး အံ့အားသင့်စရာ နည်းနည်းလေးမှ ရှာမတွေ့ကြပါဘူး။

လင်းဟန်က စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ ဖိတ်ကြားခြင်းကို

လက်ခံလိုက်ပြီး ပြောလိုက်ပါတယ်။

ကောင်းပြီလေ။ ဒါဆိုရင် ညကျရင် ငါတစ်ချက် လာကြည့်ရမှာပေါ့

အေစခံ မိန်းကလေးက ဦးညွှန်ပြီးတော့ ပြန်လှည့်ထွက်သွားလိုက်ပါတယ်။ အားလုံးက အလျင်အမြန်ပဲ သူမအတွက် လမ်းဖယ်ပေးလိုက်ပြီး သူမကို အရမ်းပဲ လေးစားမှုနဲ့ ဆက်ဆံကြ ပါတယ်။ ဒါက ဂမ်ရီယွင်ရဲ့ အရှိန်အဝါကြောင့် ဖြစ်ပါတယ်။

သူမက ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့် ရရှိဖို့ အဆင့်မီတယ် မဟုတ်လား။ ဒီအဆင့်မှာ လူတွေကို အလွှာပေါင်းစုံ ခွဲခြားထားတာနဲ့ ညီမျှပါတယ်။ အရည်အချင်း ပြည့်မီတဲ့ လူတွေကို ပထမအဆင့် ရရှိကြပြီး ဒုတိယနဲ့ တတိယ အဆင့်တွေ မရှိပါဘူး။

ကောင်လေး။ ဦးလေးယုန်ကို အဲဒီပုလင်း ပေးကြည့်ပါ

ယုန်ဖြူကြီးက ရတ်တရက် ပုလင်းကို စိတ်ဝင်စားသွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲ

အစောပိုင်းတုန်းက အဲဒီနွန်မျိုးနွယ်က ဘာပဲဖြစ်ဖြစ် အခု လူတစ်ယောက်က မင်းကို ညှော်ခံပွဲ တက်ဖို့ ဖိတ်ထားတယ်။ သူတို့က မင်းရဲ့ခွန်အားကို သိနေတာကြောင့်ဆိုတာ သိသာထင်ရှား နေတယ်။ ဒါပေမဲ့ သူတို့က ဒီပုလင်းကို ပစ်မှတ်ထားနေတယ်။ ညှော်ခံပွဲမှာ သူတို့က မင်းကို သေချာပေါက် ဖိအားပေးပြီးတော့ ဒါကိုပေးခိုင်းလိမ့်မယ်။ ဒါကြောင့် ဦးလေးယုန်က စိတ်ဂင်စား လာခဲ့တာပဲ

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

လင်းဟာန်က အံ့အားသင့်သွားပြီး ပြောလိုက်ပါတယ်။

မင်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အံ့အာသင့်စရာ ကောင်းလောက်အောင် မနိမ့်ကျဘူးပဲ

ဒါပေ့ါ။ ဦးလေးယုန်ရဲ့ ဦးနှောက်က ပြီးခဲ့တဲ့ နှစ်ပေါင်းငါးရာအတွင်း မကြုံဖူးတာ မရှိသလို အနာဂတ် နှစ်ပေါင်းငါးရာအတွင်း မမြင်ဖူးတာလည်း မရှိဘူး။ ဒါက ထိပ်တန်း လျှို့ဂှက်ချက် ပေ့ါ။ နေပါဦး။ မင်းဆိုလိုချင်တာက ဦးလေးယုန် ပြောသမျှ ဟာသလို့ မင်းကအမြဲတမ်း

တွေးနေတာလား

ယုန်ဖြူကြီးက ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။

လင်းဟန်က နှုတ်ခမ်းတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

မင်းဘာသာမင်း ပြောတာနော်

မင်းက မင်းရဲ့ဦးလေးယုန်ကို စော်ကားဝံ့တယ်ပေါ့လေ။ မင်းရဲ့ မျက်နှာကို သွေးတွေစွန်း သွားအောင် ငါလုပ်.. အား

ယုန်ဖြူကြီးက သူ့ရဲ့ချွန်ထက်တဲ့ လက်သည်းတွေနဲ့ လင်းဟန်ဆီကို ခုန်အုပ်မယ်လို့ ကြံစည်လိုက်ပေမဲ့ ဟူးညိုက သူ့ရဲ့အမြီးကို မပြောမဆိုနဲ့ ကိုက်လိုက်တာကြောင့် နာကျင်သွားပြီး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

ညိုးညိုးရဲ့ လင်းဟန်ကို ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နင့်ကို ညိုးညိုး စားပစ်ရလိမ့်မယ်

ဟူးညိုက မျက်နှာထား တင်းတင်းနဲ့ ကြည့်လိုက်ပါတယ်။

ယုန်ဖြူကြီးက ဘယ်သူ့ကိုမှ မကြောက်ပါဘူး။ ဒါပေမဲ့

ဟူးညိုကတော့ ချွင်းချက်ဖြစ်ပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

ညရောက်ဖို့ အချိန်ကလည်း သိပ်မလိုတော့တာကြောင့် လင်းဟန်က လူသူကင်းမဲ့တဲ့ နေရာတစ်ခုကို လာပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဖိတ္တနဲ ဝင်ရောက်လိုက်ပါတယ်။

ဟင် အဲဒီကောင် ဘယ်ရောက်သွားတာလဲ

ယုန်ဖြူကြီးက သူ့ရဲ့ပတ္တမြားခဲလို နီရဲတဲ့ မျက်လုံးတွေကို ပြူးပြီးတော့ ဘေးဘီဝဲယာကို လိုက်ကြည့်နေပါတယ်။

အဲဒီမှာ တောအုပ်ထဲကို လမ်းလျှောက်ဝင်သွားတယ်

ဟူးညိုက သာမာန္တာလွှိကာပဲ ပြောလိုက်ပါတယ်။

ယုန်ဖြူကြီးက လုံးဝကို မယုံကြည်ပါဘူး။ ဒါပေမဲ့ လင်းဟန်က ဘာသဲလွန်စမှကို မကျန်ပဲ ပျောက်ကွယ်သွားပြီး အရမ်းကို ထူးဆန်းတယ်လို့ ခံစားရပါတယ်။

အနက်ရောင် မျှော်စင်ထဲကို ရောက်လာပြီးတာနဲ့ လင်းဟန်က သန့်စင်တန်ခိုးရှင် ပုလင်းကို စတင်ပြီး

လှေ့လာလိုက်ပါတယ်။

ဒါက သေချာပေါက် တန်ခိုးရှင်တွေကို သန့်စင်လို့ မရနိုင်ပါဘူး။

လင်းဟန်က စိတ်ထဲကနေ ပြောလိုက်ပါတယ်။ ပြီးတော့ သူက ပုလင်းရဲ့ ကိုယ်ထည်ကို ဖျက်ဆီးလိုက်ပါတယ်။

မျှော်လင့်ထားတဲ့အတိုင်း ပုလင်းရဲ့ ကိုယ်ထည်က အရည်အသွေးပိုင်း မနိမ့်ဘူးလို့ ပြောလို့ ရပါတယ်။ အမ်ားဆုံး အဆင့်လေး ရှားပါးသတ္တုနဲ့ ညီမျှပါတယ်။ လင်းဟန်ရဲ့ လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပကတိခွန်အားကြောင့် လွယ်လွယ်ကူကူနဲ့ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားအောင် ရိုက်ချပစ်နိုင်ပါတယ်။ ပုလင်းရဲ့ကိုယ်ထည်ပေါ်မှာ ရုပ်ထွေးနေတဲ့ သွေးကြောလို အစီအရင် ပုံစံတွေကို မြင်တွေ့နိုင်ပြီး အစတုန်းက ပုလင်းရဲ့ အထဲဘက် ကိုယ်ထည်မှာ ရှိနေပါတယ်။ ပြီးတော့ ၎င်းတို့ပုံစံကို ကြည့်ရတာ တာအိုပန်းပွင့်တွေနဲ့ တူပြီးတော့ မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ အတွေးတွေ ဆုံးရှုံးသွားနိုင်ပါတယ်။

ဒါက ဘယ်လိုပစ္စည်းလဲ

လင်းဟန်က အရမ်းကို အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

Chapter 626 end

Zawgyi.အပိုင်း(၆၂၇) ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံ

အာရုံစိုက်ဖို့ ပျင်းရိတာကြောင့်လား ဒါမှမဟုတ် မှတ်ဉာဏ်တွေ ချို့ယွင်းနေလို့ နားမလည်တာပဲလား ဆိုတာကိုတော့ မသိပါဘူး။ မျှော်စင်လေးက ဘာမှကို မတုံ့ပြန်ပါဘူး။

လင်းဟန်က ပြန်ဖြေတာကို မရရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲဒီအတွက်လည်း စိတ်မပျက်သွားခဲ့ပါဘူး။ အစကတည်းက သူက သာမန်ကာလျှံကာပဲ မေးလိုက်တာဖြစ်ပြီးတော့ အဖြေတစ်ခုကို ရရှိလိမ့်မယ်လို့ မျှော်လင့်မထားခဲ့ပါဘူး။ သူက အဲဒီသွေးကြောနဲ့တူတဲ့ အစီအရင် ပုံစံတွေကို သေသေချာချာကို လေ့လာနေပြီး အထဲက ဖုံးကွယ်ထားတဲ့ ထူးခြားလေးနက်မှုတွေကို စူးစမ်းကြည့်လိုက်ပါတယ်။

"ကြည့်ရတာ အတော်လေးကို နားမလည်နိုင်အောင် ဖြစ်နေပြီ"

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်ပါတယ်။

ဒီပုလင်းရဲ့ အောက်ခြေကိုယ်တိုင်က အမှန်တကယ်ပဲ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ သူရဲ့ နတ်ဘုရား အာရုံကို ထည့်သွင်းပြီးတဲ့ နောက်မှာတော့ စိတ်ဝိညာဉ် ပစ္စည်းရဲ့ လျှို့ဝှက်ဆန်းကြယ်မှုက ထွက်ပေါ်လာခဲ့ပါတယ်။

"အဲဒီအဘိုးကြီး ပြောတာက ဒါက သန့်စင်တန်ခိုးရှင် ပုလင်းတဲ့။ အရမ်းကို လေကြီးလွန်းတာ သိသာနေတာပဲ"

"ဒါပေမဲ့ ဒီပုလင်းရဲ့ အောက်ခြေက အပြင်ဘက်မှာ ပြားပြီးတော့ အထဲမှာကျတော့ ချိုင့်ဝင်နေတယ်။ ဒီအချက်ကြောင့် ဒါက ခွက်တစ်ခု ဒါမှမဟုတ် ဆုံတစ်ခု ဖြစ်မယ်။ ဒီအထဲမှာ သူ့ကိုယ်ပိုင် နေရာလွတ် ရှိပြီးတော့ အရာအားလုံးကို သန့်စင်ဖို့ စုပ်ယူနိုင်တယ်။ ပြီးတော့ အဲဒါတွေကို မူလအနှစ်သာရ စွမ်းအင်တွေအဖြစ်ကို ပြောင်းလဲပစ်နိုင်တယ်"

"ဟင် ဒါက မူလစွမ်းအင် ပုံဆောင်ခဲတွေကို မွန်းမံသန့်စင်တာနဲ့ တူညီတယ် မဟုတ်ဘူးလား"

လင်းဟန်က အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ သူက

ဒီခွက်ပုံစံကို ဆက်ပြီးတော့ လေ့လာနေပြီး ကြည့်ရတာ အရမ်းကို သေးငယ်တဲ့ ကျောက်ဆုံလေးတစ်ခုနဲ့ တူပါတယ်။ ၎င်းရဲ့ အကျယ်အဝန်းက လက်ဖဝါးတစ်ခုရဲ့ အရွယ်အစားသာသာပဲ ရှိပါတယ်။ ဒါပေမဲ့ အထဲမှာတော့ အရမ်းကို ကြီးမားတဲ့ နေရာလွတ်ကြီး တစ်ခုရှိပြီးတော့ အတော်လေးကို ထူးခြားလို့ နေပါတယ်။

သူက စိတ်ဝိညာဉ် ဆေးပင်ငါးခုကို ထုတ်ပြီးတော့ ကျောက်ဆုံလေးထဲကို ပစ်ထည့်လိုက်ပါတယ်။ စိတ်ဝိညာဉ် စွမ်းအားတွေက အထဲမှာ ထွက်ပေါ်လာပြီး ကျောက်ဆုံရဲ့ ကိုယ်ထည်ပေါ်က သွေးကြောပုံစံ အစီအရင်တွေ လင်းလက်တောက်ပ လာပါတယ်။ ပြီးတော့ ကျောက်ဆုံတစ်ခုလုံး ပိုမိုခိုင်ခံ့ညားထယ်ဝါပြီး အစွမ်းထက်တဲ့ ဆွဲဆောင်မှု တစ်ခုကို ထုတ်လွှတ်နေပါတယ်။

စိတ်ဝိညာဉ် ဆေးပင်ငါးခုက ချက်ချင်းဆိုသလို လေထဲကို မြောက်တက်ပြီးမှ ကျောက်ဆုံလေးထဲ ဝင်သွားခဲ့ပါတယ်။

ခန့်မှန်းထားတဲ့ အတိုင်းပဲ အထင်မှာ အစိတ်အပိုင်းမှာ နောက်ထပ်နေရာလွတ်တစ်ခု ရှိနေပါတယ်။ စိတ်ဝိညာဉ် ဆေးပင်တွေက ကျောက်ဆုံထက် ပိုပြီးတော့ ကြီးမားတယ်ဆိုတာ ပေါ်လွင်ပေမဲ့ ကျောက်ဆုံက

အခက်အခဲမရှိပဲ လုံးဂကိုဂါးမျိုပစ်လိုက်ပါတယ်။

ခဏအကြာမှာ လင်းဟန်က ပေ့ါပါးတဲ့ မွှေးရနံ့တစ်ခုကို ရရှိလိုက်ပါတယ်။ အဲဒီအနံ့က ကျောက်ဆုံရဲ့ အတွင်းကနေ ပျံ့နှံ့လာခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်ကြိမ် ကြည့်လိုက်တဲ့ အခါမှာ စိတ်ဂိညာဉ် ဆေးပင်တွေက ကျောက်ဆုံအတွင်းမှာ မရှိတော့ပါဘူး။ ဒါပေမဲ့ အဲဒီဆေးပင်တွေက အစိမ်းရောင် တောက်ပတဲ့ အရည်တစ်စက် အဖြစ်ကို ပြောင်းလဲသွားပြီး စိတ်ကိုလန်းဆန်းစေတဲ့ မွှေးရနံ့တစ်ခု ထုတ်လွှတ်နေပါတယ်။

အဲဒီဆေးပင်တွေက စိတ်ဂိညာဉ် ဆေးပင်ငါးပင် ဖြစ်ပြီးတော့ တစ်ခုစီက အဆင့်ငါး ဆေးပင် ဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးအရည် တစ်စက်အဖြစ်ကို ငွေ့ရည်ဖွဲ့သွားပြီး ဒါက အရမ်းကို လွန်လွန်းပါတယ်။

လင်းဟန်က သူရဲ့မူလစွမ်းအင်ကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ ကျောက်ဆုံရဲ့ တောက်ပ လင်းလက်မှုက ချက်ချင်းပဲ မှေးမှိန်သွားပြီး အရမ်းကို ရိုးရှင်းပြီးတော့ ကြည့်ရတာ ရှေးဟောင်းပုံစံ စားပွဲတင် ပစ္စည်းတစ်ခုလိုမျိုး ဖြစ်လာပါတယ်။

သူက ကျောက်ဆုံကို လှန်ပြီးတော့ သူ့ပါးစပ်ထဲကို ဆေးရည်စက်ကို လောင်းထည့်လိုက်ပါတယ်။ ဒီအစိမ်းရောင်တောက်တောက် အရည်က ဖြည်းညှင်းစွာ ကျလာပြီး သူ့ပါးစပ်ထဲကို ဝင်သွားခဲ့ ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူရဲ့ပါးစပ်ထဲမှာ မွှေးကြိုင်တဲ့ ရနံ့တစ်ခု ပျံ့နှံ့သွားပြီး ကောင်းကင်ကနေ ဆင်းသက်လာတဲ့ တန်ခိုးရှင် တစ်ပါးလိုမျိုး ခံစားလိုက်ရပါတယ်။

ဒါပေမဲ့လည်း ပိုပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အချက်က အရမ်းကို သန့်စင်တဲ့ စွမ်းအားတစ်ခုက သူ့ရဲ့လည်ချောင်းကနေတစ်လျှောက် အစာအိမ်ထဲကို စီးဝင်လာပြီးတော့ တစ်ကိုယ်လုံးကို ပျံ့နှံ့လည်ပတ်သွားခဲ့ပါတယ်။

"ဒီလိုမျိုး သန့်စင်တဲ့ ဆေးအစွမ်း"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ပုံမှန်ပြောရမယ်ဆိုရင် စိတ်ဂိညာဉ် ဆေးပင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် မှော်ဆေးလုံးပဲဖြစ်ဖြစ် အဓိက အချက်က မူလစွမ်းအင်တွေကို စုစည်းပေးနိုင်တဲ့ အာနိသင်တွေ ရှိပါတယ်။ ဒါပေမဲ့လည်း ပန်းဖူးအဆင့်ကနေ စပြီးတော့ သိုင်းပညာရှင်တိုင်းက တာအိုကို

နားလည်သဘောပေါက်နိုင်စွမ်းကိုပဲ ပိုလိုအပ်ပါတယ်။

ဥပမာ ပန်းဖူးအဆင့်မှာ တကယ်လို့ သူတို့ရဲ့ တာအိုပန်းပွင့်တွေကို ကြီးထွားစေချင်တယ် ဆိုရင်တော့ သူတို့က သိုင်းဆန္ဒတွေကို အဲဒီအပေါ်မှာ ရေးထွင်းပြီးတော့ ပြုစုပျိုးထောင် ပေးရပါမယ်။

လင်းဟန်လို အစွမ်းထက်တဲ့ မှော်ဆေးပညာရှင် တစ်ယောက်က ကောင်းကင်နဲ့ မြေကြီးရဲ့ အသိတွေကို ပါဂင်ဆေးပစ္စည်းတွေကနေ ဆွဲထုတ်နိုင်ပြီးတော့ အဲဒါကို စားပြီးတဲ့ နောက်မှာ သူက တာအိုနဲ့ ဆက်သွယ်နိုင်ပြီး သိုင်းပညာ ကျင့်ကြံခြင်းမှာ တိုးတက်လာနိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီကျောက်ဆုံမှာလည်း တူညီတဲ့ အာနိသင် ရှိပါတယ်။ စိတ်ဝိညာဉ် အရည်မှာ တာအိုရဲ့ သွေးကြောပုံစံ အစီအရင် ရှိပြီးတော့ အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

"ဒါက မဟာမှော်ဆေးပညာရှင် တစ်ယောက်နဲ့ တူတယ်။ နောက်ပြီးတော့ အဆင့်ငါး ဆေးပစ္စည်းတွေကို သန့်စင်ပြီးတဲ့နောက်မှာ အဆင့်ခြောက်ရဲ့ အာနိသင်အစွမ်းကိုတောင် ရောက်ရှိသွားခဲ့တယ်။ ဒါက

မျော်ဆေးလုံးတွေရဲ့ အာနိသင်ထက်တောင် သာလွန်သေးတယ်”

“ဆေးပစ္စည်းတွေကို သန့်စင်နိုင်ရုံတင်မကဘူး။ စိတ်ဂိညာဉ် ကျောက်တုံးတွေနဲ့ ရှားပါးသတ္တုတွေကိုလည်း သန့်စင်နိုင်တယ်”

“သက်ရှိတွေကိုတောင်မှပဲ သန့်စင်နိုင်မယ်”

“ငါအခုမှပဲ နားလည်တော့တယ်။ ဘာဖြစ်လို့ ဒီကျောက်ဆုံကို နောက်ထပ် စိတ်ဂိညာဉ် ပစ္စည်းနဲ့ ဖုံးကွယ်ထားပြီးတော့ ဒီပစ္စည်းရဲ့ တည်ရှိမှုကို ပိတ်လှောင်ထားရသလဲဆိုတော့ ဒီပစ္စည်းက သဘာဂတရားကို အစစ်အမှန် ဆန့်ကျင်နေပြီး သဘာဂရဲ့ ငြိမ်းချမ်းမှုကိုတောင် အနှောင့်အယှက် ဖြစ်စေနိုင်တယ်။ တကယ်လို့ ဒီပစ္စည်းက တန်ခိုးရှင်တစ်ယောက်ရဲ့ လက်ထဲကနေ လူတစ်ယောက်ရဲ့ လက်ထဲကိုသာ ရောက်သွားပြီးတော့ သာမန်လူတွေကို သန့်စင်ပြီး သူ့ကိုယ်သူ ပြုစုပျိုးထောင်မယ်ဆိုရင် ဒါကအရမ်းကို မတရားတာပဲ”

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ ရှေးတုန်းက ဘိုးဘေးဘီဘင်တွေက ဒီလိုမျိုး တန်ဖိုးမဖြတ်နိုင်တဲ့

ရတနာတစ်ခုကို ဖျက်ဆီးဖို့ ဆန္ဒမရှိတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒီပုလဲကို အမှောင်ထဲမှာပဲ ချန်ထားပြီး နောက်ထပ်စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အထဲမှာ ဖုံးကွယ်ထားလိုက်ပါတယ်။

"ပစ္စည်းတွေက သူတို့ဘာသာသူတို့ ကောင်းတာဆိုးတာကို မခွဲခြားတတ်ဘူး။ တကယ်တော့ အသုံးပြုတဲ့ လူတွေရဲ့ စိတ်သဘောထား အပေါ်မှာပဲ မူတည်ပါတယ်"

လင်းဟန်က ရိုးရိုးသားသား ပြောလိုက်ပါတယ်။

"ဒီပစ္စည်းကို ကမ္ဘာ့လူသားတွေကို ဆန့်ကျင်ပြီးတော့ အသုံးပြုမှာ မဟုတ်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရှိ တကယ်လို့ငါက အဆုံးမရှိတဲ့ စိတ်ဂိညာဉ် ဆေးရည်တွေ ရရှိမယ်ဆိုရင်တောင် ငါ့နလုံးသားမှာ နတ်ဆိုးရဲ့ ဖြားယောင်းမှုတွေ ဖုံးလွှမ်းပြီး သိုင်းပညာမှာ ဘယ်လိုလုပ်ပြီးတော့ အဆင့်တက်နိုင်တော့မှာလဲ"

သူက အသန်မာဆုံး လမ်းကြောင်းကို ကျင့်ကြံအားထုတ်နေပြီး နလုံးသားကင်းမဲ့တာမျိုး ဒါမှမဟုတ် သတ်ဖြတ်တာမျိုး မဟုတ်ပါဘူး။ ဒီကျောက်ဆုံကို

အသုံးပြုပြီးတော့ သက်ရှိတွေ အားလုံးကို သတ်ပစ်တာက အဲဒီနစ်မျိုးကို ကျင့်သုံးတဲ့ လူတွေနဲ့ပဲ သင့်တော်ပါလိမ့်မယ်။

"မျှော်စင်လေး။ မယုံနိုင်စရာကောင်းတဲ့ ပစ္စည်းတစ်ခုကို ငါရထားတယ်လို့ ထင်တယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

မျှော်စင်လေးက ပေါ်လာပြီး ကျောက်ဆုံကို တစ်ခဏကြာမျှ စိုက်ကြည့်နေပါတယ်။ ပြီးတော့ သူက ပြောလိုက်ပါတယ်။

"ငါအခု မှတ်မိပြီ။ အဲဒါက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အဲဒါက အစစ်အမှန်တော့ မဟုတ်ဘူး။ ငါ့ရဲ့ မှုန်ဝါးဝါး မှတ်ဉာဏ်ထဲမှာ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက ပျက်စီးသွားခဲ့တာ တော်တော်ကို ကြာနေပြီ။ ဒါက အတော်လေး ကောင်းမွန်တဲ့ ပစ္စည်းအတုတစ်ခုပဲ။ တကယ်လို့ မင်းငါ့ကို ပေးမယ်ဆိုရင် မူလအရင်းအမြစ် စွမ်းအား ခုနစ်ခုကို ငါဆွဲထုတ်နိုင်တယ်"

လင်းဟန်က တစ်ချက်စဉ်းစားပြီးတော့ မေးလိုက်ပါတယ်။

"ဟို ဖရိုဖရဲ မူလကျောက်တုံးကြီးတုန်းက မူလအရင်းအမြစ်

စွမ်းအား ဘယ်လောက်တောင် ဆွဲထုတ်နိုင်ခဲ့လဲ”

“ကိုးခု”

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

ဒီကျောက်ဆုံက ဖရိုဖရဲ မူလကျောက်တုံးလောက် အစွမ်းမထက်ဘူးလား။

နေပါဦး။ ဖရိုဖရဲ မူလကျောက်တို့က သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် အရှူးအမူး လိုချင်နေတဲ့ ပစ္စည်းဖြစ်ပြီးတော့ အရွယ်အစား ဘယ်လောက်တောင် ကြီးလိုက်သလဲ။ ဒီကျောက်ဆုံက မူလအရင်းအမြစ် စွမ်းအားခုနစ်ခုကို ထုတ်ယူနိုင်တာကြောင့် အရည်အသွေးက အများကြီး မနိမ့်ကျဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒါက ကီလိုဂက်ခန့်ရှိတဲ့ နတ်ဘုရား သတ္တုတစ်တုံးကို အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အဖြစ်ကို သွန်းလုပ်ထားတဲ့ ပစ္စည်းတစ်ခုနဲ့ ငါးကီလိုဂရမ်ရှိတဲ့ နတ်ဘုရား သတ္တုတုံး နောက်တစ်ခုကို ရှေးဦးပုံစံ သွန်းလုပ်ထားတဲ့ ပစ္စည်းတစ်ခုနဲ့ နှိုင်းယှဉ်တာမျိုး တူညီပါတယ်။

မတူညီတဲ့ ရှုထောင့်ကနေ ကြည့်ရင်တော့ ပစ္စည်းကိုယ်စီရဲ့ တန်ဖိုးက မတူညီကြပါဘူး။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီကျောက်ဆုံက မှော်ဆေးလုံးတွေ နေရာမှာ အစားထိုးလို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စွမ်းအင်ရဲ့ အသန့်စင်ဆုံး အခြေအနေကိုပဲ သန့်စင်နိုင်ပြီး မှော်ဆေးလုံးတွေနဲ့ မတူတာက အမျိုးမျိုး အသုံးပြုလို့ရသလို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့လည်း သန့်စင်ခြင်း အာနိသင်က အဆင့်ငါး ဆေးပင်ကိုတောင် အဆင့်ခြောက် အာနိသင်ကို ပိုင်ဆိုင်စေတာကြောင့် အသုံးပြုသူကို အကြီးအကျယ် အကျိုးအမြတ် ရစေပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ အဆင့်နိမ့် စိတ်ဂိညာဉ် ဆေးပင်တွေ တော်တော်များများ ရှိပါတယ်။ အစတုန်းကတော့ အများကြီး မသုံးနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ သန့်စင်မှုနဲ့အတူ အဆင့်သုံးက အဆင့်လေး၊ အဆင့်လေးက အဆင့်ငါး ဖြစ်လာပြီး အသုံးဝင်လာပါလိမ့်မယ်။

လင်းဟန်က စမ်းသပ်ဖို့ ပြင်လိုက်ပါတယ်။ အဆင့်သုံး

ဆေးပင်တွေ အများကြီးကို ဆွဲနုတ်ပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံအထဲကို ထည့်ပြီးတော့ သန့်စင်လိုက်တော့ သိပ်မကြာခင်မှာ စိတ်ဂိညာဉ် အရည်အစက် သုံးဆယ်အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့လည်း သူက မရပ်ပဲ ဆက်ပြီးတော့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို အသက်သွင်းနေခဲ့ပါတယ်။ စိတ်ဂိညာဉ် အရည်တွေက နောက်တစ်ကြိမ် ပေါင်းစည်းပြီး သန့်စင်ကာ တစ်စက်တည်း ဖြစ်လာခဲ့ပါတယ်။

သူက အဲဒီစိတ်ဂိညာဉ် အရည်စက်ကို မြည်းကြည့်လိုက်ပြီး ပြုံးမိသွားခဲ့ပါတယ်။ ဒါက ကြယ်နှစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲနဲ့ တူညီပြီးတော့ စုပ်ယူရတာ ပိုပြီးတော့ လွယ်ကူပြီး ခန္ဓာကိုယ်ထဲကို တိုက်ရိုက်စုပ်ယူနိုင်ပါတယ်။

ကြယ်နှစ်ပွင့် မူလစွမ်းအင် ပုံဆောင်ခဲတွေကို စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျွမ်းကျင်သူတွေကပဲ မွန်းမံသန့်စင်နိုင်ပါတယ်။ ပြီးတော့ အဆင့်ငါး ရတနာဆေးတွေနဲ့ ညီမျှပါတယ်။

အဆင့်သုံး ဆေးပစ္စည်းတွေကို အဆင့်ငါးအဖြစ်ကို ပြောင်းလဲလိုက်တာပဲ။ ဒါက အရမ်းကို နည်းပါးတဲ့ ပမာဏ ဆိုပေမဲ့ အရည်အသွေး ပြောင်းလဲသွားပါတယ်။

လင်းဟန်က အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။ အနက်ရောင် မျှော်စင်နဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက အရမ်းကို လိုက်ဖက်ညီပါတယ်။

ဖျတ်ခနဲဆို သူက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။

ယုန်ဖြူကြီးက သူ့ကိုမြင်လိုက်တာနဲ့ ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"ထူးဆန်းတယ်။ ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ ရုတ်တရက် ပေါ်လာတာလဲ"

လင်းဟန်က ကျီစယ်သလို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ယုန်ဖြူကြီးက သူ့ရဲ့ အာရုံခံနိုင်စွမ်းကို စိတ်ချလက်ချ ရှိပါတယ်။ ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းက ပိုပြီးတော့ အဆင့်မြင့်ပါတယ်။ တကယ်လို့ လင်းဟန်က အဝေးကို လှစ်ခနဲ ခုန်ထွက်သွားမယ် ဆိုရင်တောင် သူက သေချာပေါက် ထောက်လှမ်းနိုင်စွမ်း ရှိပါလိမ့်မယ်။

"ကဲ အချိန်ကျပြီ။ ငါတို့တွေ ညှော်ခံပွဲကို သွားကြစို့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူတို့သုံးယောက် ထွက်လာခဲ့ပါတယ်။ သူတို့က အစောကတည်းက စုံစမ်းထားတာကြောင့် ဘယ်နေရာကို ဦးတည်ပြီး သွားရမလဲ ဆိုတာကို သိထားကြပါတယ်။ တောအုပ်တစ်ခုကို ဖြတ်ကျော်ပြီးတဲ့ နောက်မှာတော့ ကြီးမားကျယ်ပြန့်တဲ့ နေရာတစ်ခုမှာ ဆောက်လုပ်ထားတဲ့ သီးသန့်စံအိမ်တစ်ခုကို မြင်တွေ့လိုက်ရပါတယ်။ အဲဒီစံအိမ်ကို ရေကန်တစ်ကန်ရဲ့ ဘေးနားမှာ တည်ဆောက်ထားပါတယ်။

ဒီစံအိမ်ကို သိပ်မကြာသေးခင်က တည်ဆောက်ထားတယ်ဆိုတာ ယုံမှားစရာ မလိုပါဘူး။ နံရံတွေနဲ့ အုတ်ခဲတွေက လုံးဝကို သစ်လွင်တောက်ပြောင်နေပါတယ်။

ဂမ်မိသားစုက တကယ်ပဲ အကြီးအကျယ်ကို သုံးစွဲခဲ့ပါတယ်။ သူတို့ရဲ့ အချစ်ရဆုံး သမီးက ဒီနေရာမှာ ကျင့်ကြံနေတာကြောင့် ဒီနေရာမှာ သီးသန့်စံအိမ် တစ်လုံးကို

တည်ဆောက်ပေး ခဲ့ပါတယ်။ ဂင်ပေါက်ကနေ စပြီးတော့ ကီလိုမီတာ တော်တော်များများကို ထုံးကျောက်တွေနဲ့ ခင်းထားပြီး ဘေးနှစ်ဖက်မှာ တောအုပ်နဲ့ ပိုင်းရံထားပါတယ်။

မြင်းလှည်းတစ်စီးက အရမ်းကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ပြေးဂင်လာခဲ့ပါတယ်။ မြင်းလှည်းမောင်းသမားက ကြမ်းကြမ်းတမ်းတမ်းနဲ့ အော်ဟစ်လိုက်ပါတယ်။

"ဘေးကို ဖယ် ဘေးကိုဖယ်"

Chapter 627 end

Zawgyi.အပိုင်း(၆၂၈) မြင်းလှည်းကို ငှားခြင်း

လင်းဟန်က လမ်းဖယ်ပေးရတာ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ဒီမြင်းလှည်းမောင်းသမားက သူ့ကို အော်ဟစ်ရုံတင် မဟုတ်ပဲ ကျာပွတ်တစ်ချောင်းနဲ့လည်း လှမ်းရိုက်ပြီး အရမ်းကို မောက်မာဂင့်ကြွားပုံ ရပြီးတော့ သည်းမခံနိုင်လောက်အောင် ရိုင်းစိုင်းနေပါတယ်။

ပြီးတော့ ဒါက မြင်းလှည်းမောင်းသမားပဲ ရှိပါတယ်။

တကယ်လို့ မြင်းလှည်းမောင်းသမားက ရိုင်းပျပြီး

မောက်မာတဲ့ လူဆိုရင် သူ့ရဲ့ အရှင်သခင်က ဘယ်လိုမျိုး လူစားဖြစ်မလဲ။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပြီး သူ့ညာဘက် လက်ညိုးနဲ့ ဒေါသမပါပဲ ထိုးလိုက်ပါတယ်။ လက်ညိုးနဲ့ ကျာပွတ်က အသာအယာ ထိသွားပေမဲ့ ဒီစိတ်ဂိညာဉ် မြွေတစ်ကောင်နဲ့တူတဲ့ ကျာပွတ်က ချက်ချင်းဆိုသလို အနောက်ကို ပြန်လွင့်ထွက်သွားခဲ့ပါတယ်။

"ရှိုင်းလိုက်တာ"

မြင်းလှည်းမောင်းသမားက အေးစက်စက်နဲ့ စိုက်ကြည့်ပြီးတော့ ကျာပွတ်ကိုမြှောက်ပြီး နောက်တစ်ကြိမ် ထပ်ပြီးတော့ သူတို့ကို ရိုက်လိုက်ပါတယ်။

"ဒုတိယ အကြိမ် လုပ်ချင်သေးတာလား"

လင်းဟန်က ကျာပွတ်ကို ဖြတ်ခနဲ လုလိုက်ပြီး ပြန်ဆွဲယူဖို့ အချိန်ကိုတောင် မပေးတော့ပဲ အားနဲ့ဆွဲလိုက်ပါတယ်။

"အား"

မြင်းလှည်းမောင်းသမားက ချက်ချင်းပဲ လွင့်ထွက်သွားပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ မူလစွမ်းအင်က ကျားပွတ်ကနေ ဖြတ်ပြီးတော့ မြင်းလှည်းကို ထိခိုက်သွားခဲ့ပါတယ်။

မြင်းလှည်းက ချက်ချင်းပဲ ရပ်သွားပြီးတော့ မြင်းလှည်းမောင်းသမားကလည်း ဘေးမှာလဲကျပြီး နာကျင်မှုကြောင့် ညည်းတွားနေပါတယ်။

"မာထောင် ဘာဖြစ်လို့ မြင်းလှည်းကို ရပ်လိုက်တာလဲ"

မြင်းလှည်းအထဲကနေ လူငယ်တစ်ယောက်ရဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး အတော်လေးကို မကျေမနပ် ဖြစ်နေပုံ ရပါတယ်။

"ငါတို့ ရောက်ပြီလား"

"သခင်လေး ကျနော်တို့ ရောက်လုပါပြီ။ ဒါပေမဲ့လည်း စိတ်ကြီးဝင်နေတဲ့ လူတစ်ယောက်က လမ်းကိုပိတ်ထားပါတယ်။ ဒါကြောင့် ကျနော်က အဒေးကို နှင်ထုတ်ဖို့ ကြိုးစားပေမဲ့ သူတို့ထဲက တစ်ယောက်က တိုက်ခိုက်တာကြောင့် ဒဏ်ရာရသွားခဲ့ပါတယ်"

မြင်းလှည်းမောင်းသမားက ခက်ခက်ခဲခဲနဲ့ မတ်တပ်ထရပ်လိုက်ပြီးတော့ အခြေအနေကို ပြောင်းပြန်လှန်ပြီး စွပ်စွဲလိုက်ပါတယ်။

"ဟင့်"

မြင်းလှည်းတံခါး ပွင့်လာပြီး အရပ်မြင့်မြင့်နဲ့ ယောက်ျားတစ်ယောက်က ဆင်းလာခဲ့ပါတယ်။ သူက အတော်လေးကို ငယ်ရွယ်သေးပြီး ကြည့်ရတာ ၂၄ နှစ် ၂၅ နှစ်ဂန်းကျင်ခန့်ပဲ ရှိပါဦးမယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး နတ်ဘုရား အလင်းတွေ ဝိုင်းရံထားပြီး အရမ်းကို အထင်ကြီးစရာ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။ သူ့ကိုကြည့်ရတာ မာနအရမ်းကြီးတဲ့ ပုံစံမျိုး ဖြစ်နေပြီး လင်းဟန်နဲ့ ကျန်တဲ့ နှစ်ယောက်ကို မျက်စိတစ်ချက် ဖေ့ကြည့်လိုက်ပြီး သူ့ရဲ့စိတ်ကြီးဝင်မှုက ပိုပိုပြီးတော့ ပေါ်လွင်လာခဲ့ပါတယ်။

"တောသားတစ်အုပ်က မြင်းလှည်းတစ်စီးတောင် မရှိကြဘူး။ မင်းတို့တွေလည်း နတ်သမီး ရီယွင်ရဲ့ ညှော်ခံပွဲကို တက်ချင်နေတာများလား"

သူက မေးလိုက်ပါတယ်။

"အဲဒီလိုဆိုရင်ရော ဘာဖြစ်မှာလဲ"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းတို့လို တောသားတွေကို ညွှန့်ခံပွဲကို တက်ရောက်ခွင့်ပေးတာက ငါ့ကိုလုံးဝ အရှက်ခွဲလိုက်တာပဲ"

လူငယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက ငါ့ရဲ့မြင်းလှည်းမောင်းသမားကို ထိခိုက်ဒဏ်ရာရစေခဲ့တဲ့ အချက်ကိုပါ ထည့်တွက်ရင် တကယ်လို့ ငါမင်းတို့ကို သင်ခန်းစာ မပေးဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ"

မျှော်လင့်ထားသလိုပဲ သခင်နဲ့ အစေခံက အတူတူပါပဲ။ တကယ်လို့ သူက မထိန်းနိုင် မသိမ်းနိုင်အောင် ပိုလ်ကျစိုးမိုးတဲ့ အပြုအမူမျိုး မလုပ်ခဲ့ဘူးဆိုရင် ဒီမြင်းလှည်းသမားက ဘာဖြစ်လို့ တခြားလူတွေကို စကားတစ်ခွန်းတောင် မပြောစေပဲ ဒဏ်ရာရအောင် တိုက်ခိုက်ရတာလဲ။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ကျူးရွှမ်အောကို ပြောလိုက်ပါတယ်။

"ဒီလိုမျိုး မာနကြီးတဲ့ လူတစ်ယောက်နဲ့ ဆုံတွေ့ရတဲ့ အခါမှာ သူ့ကို ရိုက်နက်ဆုံးမသင့်လား"

"ဆုံးမသင့်တာပေါ့"

ကျူးရွှမ်အောက ပြုံးပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူမက လင်းဟန်ရဲ့ ခွန်အားကို လုံးဝကို ယုံကြည်ထားပါတယ်။ ပြီးတော့ ပြောရမယ်ဆိုရင် တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျွမ်းကျင်သူ တစ်ယောက်နဲ့ သူတို့ဆုံတွေ့ခဲ့မယ်ဆိုရင်တောင် သူတို့မှာ အနက်ရောင် မျှော်စင် ရှိနေတယ် မဟုတ်လား။ နောက်ပြီးတော့ ဖန်ပိုယွမ်က လင်းဟန်ရဲ့ သွေးသောက် အစ်ကိုကြီးလည်း ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က သူ့အနောက်မှာ အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က စောင့်ကြည့်နေတာနဲ့ မထိန်းနိုင် မသိမ်းနိုင်အောင် ဘယ်တုန်းကမှ ပြုမူဆောင်ရွက်ခဲ့ခြင်း မရှိဘူးဆိုရင် တစ်ခြားလူတွေက ဘယ်လိုလုပ်ပြီးတော့ အရည်အချင်းမီမှာလဲ။

"ဟားဟား ဒီသခင်လေးက တကယ့်ကို သိချင်သွားပြီး။ မင်းတို့လို တောသားတွေက ဘယ်နေရာကနေ တွားသွားပြီး ထွက်လာခဲ့တာလဲ။ မြင်းလှည်းတစ်စီးကိုတောင် မစီးနိုင်ပဲ ကြည့်ရတာ အရမ်းကို မောက်မာနေတယ်။ ဒါက ဒီသခင်လေးကို တကယ်ပဲ ထိတ်လန့်ပြီး ဒေါသထွက်စေတယ်"

လူငယ်က မြင်းလှည်းကနေ လွှားခနဲ ခုန်ထွက်လာပါတယ်။ သူ့မှာ တော်ဝင်တဲ့ ဟန်ပန်အမူအရာ ရှိပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ခံ့ညားထယ်ဝါတဲ့ တည်ရှိမှု တစ်ခုလည်း ဖြစ်ပါတယ်။

"ဒီသခင်လေးက မင်းတို့ကောင်တွေကို အနိုင်ကျင့်တယ်လို့တော့ မပြောနဲ့ပေါ့ကွာ။ ဒီသခင်လေးရဲ့ နာမည်က ကျိုးချိုးလီချန်းလို့ခေါ်တယ်"

သူက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းနဲ့အတူ ပူးပေါင်းပြီးတော့ အရမ်းကို အံ့ဩပြီး

အထင်ကြီးလေးစားတဲ့ အမှုအရာတစ်ခု ထုတ်ဖော်ပြသင့်လား”

“ဘာပြောတယ်။ မင်း တကယ်ပဲ ဒီသခင်လေးရဲ့ နာမည်ကို မကြားဖူးဘူးလား”

ကျိုးချိုးလီချန်းက ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး သူ့ရဲ့မျက်နှာက ချက်ချင်းဆိုသလို တင်းမာခက်ထန် သွားခဲ့ပါတယ်။

“ခွင့်မလွှတ်နိုင်စရာပဲ။ မင်းက တကယ်ကို ဒီသခင်လေးရဲ့ နာမည်ကို မကြားဖူးဘူးပဲ”

ရှပ်။

သူက တစ်ဟုန်ထိုး ပြေးဝင်လာပြီး လင်းဟန်ကို တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ညာဘက်လက် ဆန့်ထုတ်ပြီး ငွေဗရောင်အလင်းတွေက သွေးကြောပုံစံ အစီအရင်တွေကို နီးနီးကပ်ကပ် ရောယှက်နေပြီး သတ္တုလက်မောင်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားသလိုမျိုး ထင်မြင်ရပြီး ကြောက်မက်ဖွယ်ရာ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

တကယ်တမ်း ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဒီလူရဲ့ ခွန်အားက တကယ့်ကို အထင်ကြီးစရာ ကောင်းပါတယ်။ ပြီးတော့ ပန်းဖူးအဆင့်တွေ အထဲမှာ အကောင်းဆုံးလို့တောင် ခေါ်ဆိုနိုင်ပါတယ်။

ကံမကောင်းတာက သူ့ရဲ့ပြိုင်ဘက်ဖြစ်သူက လင်းဟန်ဖြစ်နေတာပါပဲ။

လင်းဟန်က သာမန်ကာလျှံကာပဲ လက်ကို ဆန့်ထုတ်ပြီးတော့ ကျိုးချိုးလီချန်းရဲ့ ရင်ဘတ်ကို ဆုပ်ကိုင်ပြီး သူ့ကို အပေါ်ကို မတင်လိုက်ပါတယ်။ ကျိုးချိုးလီချန်းကို ကြည့်ရတာ မယုံနိုင်မှုတွေ ပြည့်နှက်နေဆဲ ဖြစ်ပြီးတော့ လင်းဟန်က အကြိမ်ကြိမ် ပြင်းထန်စွာ ရိုက်လိုက်ပါတယ်။ ဖြန်း ဖြန်း ဖြန်း။ မျက်နှာကို ရိုက်နှက်နေတဲ့ အသံတွေကို ကြားနိုင်ပါတယ်။

"သေစမ်းကွာ။ ကြည့်ထား တကယ်လို့ ဒီကောင်စုတ်ကို ရိုက်နှက်ဆုံးမလို့မှ မရသေးဘူးဆိုရင်"

ယုန်မိုက်က ဘေးကနေ အော်ပြီးတော့ သူရဲ့ အရှေ့လက်သည်းတွေကို ပွေ့ယမ်းပြီး တစ်ဟုန်ထိုး

ပြေးဝင်ပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်ချင်တဲ့ ဆန္ဒတွေ ရှိနေပုံ ရပါတယ်။

လင်းဟာန်က သူ့ခေါင်းကို လှည့်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဦးလေးယုန် ပိုပြီးတော့ ယဉ်ယဉ်ကျေးကျေး ပြောစမ်းပါ။ ကလေးတွေကို အတုမခိုးစေပါနဲ့"

"သူ့ကိုချပစ်။ အဲဒီကောင်စုတ်ကို မှတ်လောက်သားလောက်အောင် ဆော်ပစ်"

ဟူးညိုကလည်း ဟစ်အော်ရယ်မောပြီး အားပေးအားမြှောက် လုပ်နေပါတယ်။

ယုန်ဖြူကြီးက သူ့ရဲ့ပခုံးကို တွန့်ပြလိုက်ပါတယ်။ ဒီကလေးမ အတုခိုးအောင်လို့ ဦးလေးယုန်က ဦးဆောင်လမ်းပြ လုပ်ပြတာ မဟုတ်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်ပြတာ ဖြစ်ပါတယ်။ သူမက အစကတည်း အရှုးတစ်ယောက်လို ရက်စက်ကြမ်းကြုတ်ပါတယ်။ သူမရဲ့ သွားရာတွေက ဦးလေးယုန်ရဲ့ အမြီးပေါ်မှာ သက်သေပြနေပါတယ်။

လင်းဟန်က ကျိုးချိုးလီချန်းကို ဘေးကိုလွင့်ပစ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်ပြောတာမှန်တယ်။ တကယ်လို့ ညွှေ့ခံပွဲကို မြင်းလှည်းနဲ့ မသွားဘူးဆိုရင် ငါတို့ရဲ့ အဆင့်အတန်းက နိမ့်သွားသလို ခံစားရလိမ့်မယ်။ လာလာလာ အားလုံးပဲ မြင်းလှည်းပေါ်ကို တက်ကြ"

"မင်း"

ကျိုးချိုးလီချန်းက အနောက်ကနေ ဒေါသတွေ ထွက်လို့နေပါတယ်။ ဒီလူသုံးယောက်က တကယ်ပဲ သူ့မြင်းလှည်းကို လုသွားတာလား။ ဒါပေမဲ့ သူတို့ပရဲ့ အဆင့်အတန်းက မြင့်မားသွားပါလိမ့်မယ်။ ဒီမြင်းလှည်းက သူတို့မိသားစုရဲ့ ရှေးကျပြီး တန်ဖိုးကြီးမားတဲ့ ရတနာပစ္စည်းတစ်ခု ဖြစ်ပြီးတော့ နှစ်ပေါင်းထောင်နဲ့ချီအောင် လက်ဆင့်ကမ်းလာခဲ့တာပါ။ အဲဒီအချိန်တုန်းက ကျိုးလီ ဘိုးဘေးတွေရဲ့ စစ်ရထားဖြစ်ပြီးတော့ သူတို့တွေက ကမ္ဘာအနှံ့ ခရီးသွားတုန်းက အသုံးပြုခဲ့ ကြပါတယ်။

သူက ပဟေဠိဖြစ်နေသလို ထိတ်လန့်ခြောက်ချားနေပါတယ်။ လင်းဟန်က သူ့လိုမျိုး ပန်းဖူးအဆင့်မှာပဲ ဆိုပေမဲ့ ဘာဖြစ်လို့

သူက လင်းဟန်ရဲ့ တိုက်ကွက် တစ်ကွက်ကိုတောင် မယှဉ်ပြိုင်နိုင်ရတာလဲ။

ဒီလိုမျိုး လူတစ်ယောက်က အကြီးကျယ်ဆုံး ပါရမီရှင် တစ်ယောက်ဖြစ်နိုင်ပြီး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ခွင့်ရဖို့ အရည်အချင်း ပြည့်မီတယ် မဟုတ်လား။

ဒါပေမဲ့ ဘာဖြစ်လို့ အရင်တုန်းက သူ့အကြောင်းကို မကြားဖူးရတာလဲ။

ထိတ်လန့်ကြောက်ရွံ့မှုကြောင့် ယုန်တစ်ကောင်က စကားပြောတယ် ဆိုတဲ့အချက်ကိုပါ သူက မေ့လျောသွားခဲ့ပါတယ်။

ကျူးရှမ်အာနဲ့ ဟူးညိုတို့က ပျော်ပျော်ရွှင်ရွှင်နဲ့ မြင်းလှည်းပေါ်မှာ ထိုင်လိုက်ပါတယ်။ ယုန်ဖြူကြီးကလည်း အထဲမှာ ဝင်ထိုင်ချင်ပေမဲ့ လင်းဟန်က သူ့ကို မြင်းလှည်းအရှေ့ကို လွှင့်ပစ်လိုက်ပါတယ်။ ပြီးတော့ ဒေါသကြီးတဲ့ ဂံပုလွေတွေက ချက်ချင်းဆိုသလို သူတို့ရဲ့ သွားတွေကို ဖြဲပြီးတော့ ယုန်ဖြူကြီးကို မာန်ဖီလိုက်ကြပါတယ်။

“သောက်ကျိုးနည်း”

ယုန်ဖြူကြီးက အလျင်အမြန်ပဲ သုတ်ခြေတင် ထွက်ပြေးလိုက်ပါတယ်။

ဂံပုလွေတွေက လိုက်ဖမ်းတာကြောင့် မြင်းလှည်းကို ချက်ချင်းပဲ ဆွဲခေါ်သွားသလို ဖြစ်ပြီးတော့ အရှေ့ဆီကို ပေါ့ပါးဖျတ်လက်စွာနဲ့ ထွက်သွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ ပိုပြီးတော့ ထူးဆန်းသလို ခံစားရပါတယ်။

ယုန်ဖြူကြီးရဲ့ ခွန်အားက သိသိသာသာကို ဒီပန်းဖူးအဆင့်ရှိတဲ့ ဒေါသအိုး ဂံပုလွေတွေထက် သာလွန်ပါတယ်။ လွှမ်းမိုးခြယ်လှယ်နိုင်တဲ့ ဖိအားနည်းနည်းကို ထုတ်လွှတ်လိုက်ရင်ပဲ ဒီသားရဲ ဂံပုလွေတွေကို ထိတ်လန့်သွားစေနိုင်ပါတယ်။ ဒါပေမဲ့လည်း ဟူးညို့ကို သဘောကျ ပျော်ရွှင်စေဖို့ ထွက်ပြေးဖို့ပဲ ရွေးချယ်လိုက်ပါတယ်။

ဒီယုန်က ဟူးညို့ရဲ့ ဇစ်မြစ်ကိုများ သိနေသလား။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီယုန်က ဘာဖြစ်လို့ ဟူးညိုကို အရမ်းကို သဘောကောင်းပြပြီး ဆက်ဆံနေရတာလဲ။ ဟူးညိုက သူ့ကို ထိခိုက်နာကျင်အောင်ပဲလုပ်လုပ် ရိုက်နှက်တာပဲ လုပ်လုပ် ငယ်သံပါအောင်ပဲ အော်ဟစ်ခဲ့တယ် မဟုတ်ဘူးလား။ ပြီးတော့ အခု ဟူးညိုကို ကျေနပ်ပျော်ရွှင်ဖို့ ဟန်ဆောင်ပေးနေပါတယ်။

သနားစရာ ကျိုးချိုးလီချန်းကတော့ လင်းဟန်ရဲ့ လွှင့်ပစ်လိုက်မှုကြောင့် အကျီတွေ ညစ်ပတ် သွားတာကြောင့် သိုလှောင်လက်စွပ်ထဲကနေ အဂတ်အစား အသစ်တွေ ထုတ်ပြီးတော့ အသစ်လဲလှယ်လိုက် ရပါတယ်။

မြင်းလှည်းက ပေါ့ပါးဖျတ်လတ်စွာနဲ့ သွားနေပါတယ်။ ဒီနေရာကနေ သီးသန့်စံအိမ်ကို သိပ်ပြီးတော့ မဝေးပါဘူး။ ဒါကြောင့် မကြာခင်မှာပဲ သူတို့က ရောက်ရှိလို့ သွားခဲ့ပါတယ်။ လင်းဟန်က ဇက်ကြိုးကို တင်းတင်းဆွဲလိုက်ပြီး ဂံပုလွေတွေရဲ့ အမူအရာကို ရှုံ့မဲ့သွားပြီး သူတို့ရဲ့ လှုပ်ရှားမှုတွေကို အတင်းအကျပ် တုံ့ဆိုင်းသွားစေခဲ့ပါတယ်။

ဒါတောင်မှ လက်ခံချင်တဲ့ပုံစံ မရှိပဲ သူတို့ရဲ့ သွားတွေကို

လှည့်ပြီးတော့ ဖြဲပြပြီး မာန်ဖီမလို့ ဟန်ပြင်လိုက်ပေမဲ့ ဟူးညို့က ခုန်ထွက်ပြီး သူတို့ရဲ့ ခေါင်းကို ခြေထောက်နဲ့ နင်းလိုက်ပါတယ်။ အစကတော့ ဒီသေးငယ်တဲ့ လူသားကို သေအောင်လို့ ကိုက်သတ်ပစ်ဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ပါးစပ်ကိုတောင် မဖွင့်ရသေးပဲ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို မြေကြီးပေါ်ကို ထိတ်လန့်တကြားနဲ့ ဂပ်စင်းပြီးတော့ သူတို့ရဲ့ အမြီးကို ယှော့ယမ်းလိုက်ပါတယ်။

ဒါက ဂံပုလွေတွေ မဟုတ်ပဲ ခွေးတွေသာသာပါပဲ။

"သခင်လေး ကျိုးချိုး ... ဟင်"

အသက်ကြီးကြီး အိမ်တော်ထိန်း တစ်ယောက်နဲ့ ဗလတောင့်တောင့် အစောင့်လေးယောက်က ဧည့်သည်တွေကို ကြိုဆိုဧည့်ခံနေရပြီး မြင်းလှည်းရောက်လာတာကို မြင်လိုက်တဲ့ အခါမှာ သူတို့က အနားကို ကပ်လာခဲ့ပါတယ်။ ဒါပေမဲ့ မြင်းလှည်းထဲကနေ လင်းဟန်နဲ့ လူနှစ်ယောက် ဆင်းလာတာကို မြင်လိုက်ရတဲ့အခါမှာ ထူးဆန်းသလို ခံစားလိုက်ရပါတယ်။

ဒါက ကျိုးချိုး မိသားစုပိုင် စစ်ရထား မဟုတ်ဘူးလား။

Chapter 628 end

Uni.အပိုင်း ၆၂၉ လိင်တူချစ်သူ

ကျိုးချိုးဟုတ်လား

လင်းဟန်က ရယ်မောလိုက်ပါတယ်။ သူက ထောက်ထားစာနာမှု မရှိပဲ ပြောလိုက်ပါတယ်။

အဲဒီကောင်က သူ့မြင်းလှည်းသမားကို သဘောကျလို့ သူနဲ့အတူ စီးပြေးဖို့ ရုတ်တရက် ဆုံးဖြတ်လိုက်ပုံ ရပါတယ်။ ဒါကြောင့် သူက ညေ့ခံပွဲကို သူ့နေရာမှာငါ့ကို တက်ရောက်ဖို့ တိုက်တွန်းခဲ့တယ်

အိမ်တော်ထိန်းကြီးက အံ့အားသင့် သွားခဲ့ပါတယ်။ သူက ကျိုးချိုးလီချန်းကို အကြိမ်နည်းနည်း တွေ့ဖူးပါတယ်။ ပြီးတော့ အကြိမ်တိုင်းလိုလို ကျိုးချိုးလီချန်းက မိန်းကလေးရီယွင်ရဲ့အိမ်ကို ရောက်လာပြီး သူမကို ဖွဲ့နပဲနဲ့ ကြိုးစားပြီးတော့ ပိုးပန်းနေတာပါ။ ဒါကြောင့် ဘာဖြစ်လို့ သူ့ရဲ့ မြင်းလှည်းမောင်းသမားကို ရုတ်တရက်ကြီး သေဘာက်သြားရတာလဲ။ သခင်မလေးက

ငြင်းပယ်လိုက်လို့များ ဖြစ်နိုင်မလား။ သခင်မလေးကလည်း အရမ်းကို အေးစက်လွန်းတာကြောင့် ကျိုးချိုးလီချန်းက သူ့ရဲ့ဘဂကို စိတ္တဒွါတ္တ်ျပီး အံ့အားသင့်စရာကောင်းတဲ့ ကိစ္စကို လုပ်သွားတာ ဖြစ်နေမလား။

ဒီက သခင်လေးကို ဘယ်လိုမျိုး ခေါ်ရမလဲဆိုတာ သိပါရေစ

သူက မေးလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့တာဂန်က ဧည့်သည်တွေကို ကြိုဆိုရတာဖြစ်လို့ ဘယ်သူပဲ မြင်းလှည်းပေါ်က ဆင်းလာလာ သီးသန့်စံအိမ်ထဲကို ဝင်ရောက်ဖို့ အရည်အချင်း ပြည့်မီပါလိမ့်မယ်။ ဒါက စည်းကမ်းပဲ ဖြစ်ပြီးတော့ သူ့အနေနဲ့ လိုက်နာရပါလိမ့်မယ်။

ဟန်လင်း

လင်းဟန်က နာမည်အတုကို နောက်တစ်ကြိမ် အသုံးပြုလိုက်ပါတယ်။ တခြားလူတွေကြောင့် သတင်းပေါက်သွားမှာကိုလည်း ဂရုမစိုက်ပါဘူး။

ဒါဆိုရင် သခင်လေးဟန်ပေ့ါ ကျေးဇူးပြုပြီးတော့ အထဲကို ကြွပါ

အိမ်တော်ထိန်းကြီးက ကိုယ်ဟန်လက်ဟန် အမူအရာနဲ့ လက်ခံလိုက်ပြီး ဗလတောင့်တောင့်နဲ့ အစောင့်လေးယောက်က ချက်ချင်းပဲ လင်းဟန်ကို သူတို့နဲ့အတူ ခေါ်ဆောင်သွားဖို့ ပြင်လိုက်ပါတယ်။

နေဦး နေဦး

ကျိုးချိုးလီချန်းနဲ့ သူ့ရဲ့ မြင်းလှည်းမောင်းသမားတို့ အတူတူ တစ်ပြိုင်နက်တည်း ပြေးလာခဲ့ ကြပါတယ်။ သူတို့က လင်းဟန်ကြောင့် ဒဏ်ရာကိုယ်စီ ရခဲ့တာကြောင့် တစ်ယောက်ကို တစ်ယောက်က လက်မောင်းတစ်ဖက်စီ တွဲပြီးတော့ ထောက်ပံ့ကူညီပြီး လာနေတာကို ကြည့်ရတာ အရမ်းကို ရင်းနှီးကျွမ်းဝင်တဲ့ ပုံစံမျိုးပါပဲ။

ဖြစ်နိုင်ပါ့မလား။ သူတို့နှစ်ယောက်လုံးက တကယ်ပဲ လိင်တူချစ်သူတွေလား။

အိမ်တော်ထိန်းကြီးက အလိုလိုနေရင်း ကျောစိမ့်လာသလို ခံစားလိုက် ရပါတယ်။ သူ့အနေနဲ့ ယောက်ျားတချို့က ဒီလိုမျိုး ပြောင်းလဲတတ်တယ် ဆိုတာကို ကြားဖူးခဲ့ပေမဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခွင့် ရလိမ့်မယ်လို့ လုံးဝကို မမျှော်လင့်ထားခဲ့မိပါဘူး။ ဒါက သူ့ရဲ့အိုမင်းနေတဲ့ မျက်နှာကို

ရှုံ့မဲ့သွားစေပါတယ်။ သူက အနောက်ကို ခြေလှမ်းအနည်းငယ်တောင် ဆုတ်လိုက်မိပြီး ကူးစက်ရောဂါ တစ်ခုလိုမျိုး ကူးမှာကို ထိတ်လန့်ကြောက်ရွံ့နေတဲ့ ပုံစံဖြစ်သွားပါတယ်။

လုံခြုံမယ်ထင်တဲ့ အကွာအဝေး တစ်ခုကို ဆုတ်ပြီးတဲ့ နောက်မှာတော့ သူက မေးလိုက်ပါတယ်။

သခင်လေး ကျိုးချိုးလား

အဲဒီလူက ငါ့မြင်းလှည်းကို လုယူသွားခဲ့တဲ့လူပဲ။ သူ့ကိုတားလိုက်။ အဲဒီ လူရမ်းကားကို အထဲကို ပေးမဝင်နဲ့။ သူက သေချာပေါက် ပြဿနာ လာရှာတာပဲ ဖြစ်ရမယ်

ကျိုးချိုးလီချန်းက သူ့ကိုယ်သူ လင်းဟန်ကို ဖက်ပြိုင်နိုင်ခြင်း မရှိတာကြောင့် သူ့ရဲ့မျှော်လင့်ချက်ကို အိမ်တော်ထိန်းကြီး အပေါ်မှာ ပုံချလိုက်ရုံပဲ တတ်နိုင်ပါတယ်။

အိမ်တော်ထိန်းကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်းမရေမတွက်နိုင်လောက်တဲ့ အချိန်ကတည်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ရောက်ရှိနေတဲ့ လက်ရွေးစင် တစ်ယောက်ပဲ ဖြစ်ပါတယ်။

နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို အဆင့်တက်ဖို့ ကြန့်ကြာနေပေမဲ့ ဒီအဆင့်မှာ သူက အရမ်းကို ခိုင်မာနေပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

အိမ်တော်ထိန်းကြီးက အိုလို တစ်ချက် အော်လိုက်ပြီး သူ့အကြည့်တွေကို လင်းဟာန်ဆီ လွှဲလိုက်ပြီး မျက်နှာထား တင်းတင်းနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

သခင်လေးဟာန် သခင်လေးကျိုးချိုးရဲ့ စကားတွေက အကျိုးအကြောင်း ဆီလျော်တယ် မဟုတ္တာူးလား

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လုံးဝကို ရှေ့နောက် မညီညွတ်ဘူး။ ကတိတည်ကြည် ဖြောင့်မတ်ပြီး အမှန်တရားကို မြတ်နိုးတဲ့ လူငယ်တစ်ယောက်ဖြစ်တဲ့ ကျနော်က ဘယ်လိုလုပ်ပြီးတော့ ရိုင်းစိုင်းတဲ့ လူတစ်ယောက် ဖြစ်နိုင်မှာလဲ။ ကျုပ်က သူ့ကို အသရေဖျက်မှုနဲ့ ပြန်တရားစွဲလိုက်ဦးမယ်။ စီနီယာ ကျေးဇူးပြုပြီး တရားမျှတအောင် ဆောင်ရွက်ပေးပါ

ဒါက

ကျိုးချိုးလီချန်းက ဒေါသတွေ ထွက်ပြီးတော့ သွေးအန်လုမတတ် ဖြစ်သွားပါတယ်။ မင်းက တရားမျှတမှုကို လက်ကိုင်ထားတဲ့လူ ဟုတ်လား။ သူက သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

ဒါတွေက မင်းရိုက်နက်ထားလို့ ဖြစ်တာမဟုတ်လား

မြင်းလှည်းမောင်းသမားကလည်း အလျင်အမြန် ခေါင်းညိတ်ပြီးတော့ ဒေါသတကြီးနဲ့ စိုက်ကြည့်နေပြီး ကျိုးချိုးလီရှန်းရဲ့ ရင်ဘတ်မှာ မှီထားရျပီး သူ့ပုံစံကိုကြည့်ရတာ မတရားကို မကျေမချမ်း ဖြစ်နေပုံ ရပါတယ်။

လပ္ပတ်ပဲ မျက်စိကန်းနေကြလား။

ဒီလိုမျိုး မြင်ကွင်းတစ်ခုကြောင့် အိမ်တော်ထိန်း အဘိုးကြီးတောင်မှ အကြာကြီး မကြည့်ပွံ့ပဲ သူ့ရဲ့အကြည့်တွေကို အလျင်အမြန်ပဲ အေဂးကို လွှဲပစ်လိုက်ပြီးတော့ လင်းဟာန်ကို ပြောလိုက်ပါတယ်။

သခင်လေးဟာန်။ စည်းကမ်းက စည်းကမ်းပါပဲ။

သခင်လေးကျိုးချိုးက သူ့နေရာကနေ မင်းကို ညွှန်ခံပွဲထဲ တက်ရောက်ခွင့် မပြုဘူးဆိုတော့ ကျေးဇူးပြုပြီး မင်းရဲ့ဖိတ်ကြားစာကို ပြပေးပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့အဘိုးကြီးက သခင်လေးဟန်ကို အောဂေးကို နှင်ထုတ်ပစ်ရပါလိမ့်မယ်

တောသား တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဖိတ်ကြားစာ ရမှာလဲ။ သူက သေချာပေါက် အထဲကို ခိုးဝင်ချင်နေတာပဲ ဖြစ်ရမယ်

ကျိုးချိုးလီချန်းက လင်းဟန်ကို အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

ခွပ် ခွပ် ခွပ်။

နောက်ထပ်မြင်းလှည်းတစ်စီး ရောက်လာပြီးတော့ မြင်းလှည်းထဲကနေ ယောကျ်ားတစ်ယောက်နဲ့ အတူ အရမ်းကို ခံ့ညားထယ်ဝါတဲ့ ပုံပန်းသွင်ပြင်နဲ့ ရက်ရက်စက်စက်ကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ကို ဘေးမှာထားပြီးတော့ ဆင်းလာခဲ့ပါတယ်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ စုံတွဲတစ်တွဲနဲ့ မတူပါဘူး။ မောင်နှမ နှစ်ယောက် ဖြစ်နိုင်ပါတယ်။

ယောက်ျားလေး ဖြစ်တဲ့လူက ပထမတော့ ထိတ်လန့်သွားပုံရပြီး အဲဒီနောက်မှာ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

ဟင် ဒါက ကျိုးချိုး မဟုတ်လား။ ဟားဟား မင်းကိုကြည့်ရတာ အရမ်းကို စုတ်ပြတ်သတ်နေ ပုံလား

ကျိုးချိုးလီချန်းက သူ့ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို တခြားလူကြောင့် ဖော်ထုတ်ခံရမှာ ကြောက်ရွံ့နေပါတယ်။ ဒါကြောင့် သူကြားလိုက်ရတဲ့ အချိန်မှာ သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

ဒါမင်းရဲ့အလုပ် မဟုတ်ဘူး

ငါ လီဖန်းယုက တခြားလူတွေရဲ့ အလုပ်တွေမှာ ဝင်စွက်ဖက်ပြီးတော့ ပျော်စရာလေးတွေကို ကြည့်ရတာ နှစ်သက်သဘောကျတယ် ဆိုတာကို မင်းမသိဘူးလား

ယောက်ျားလေးက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ပြီးတော့ သူ့ဘေးက မိန်းမလှလေးကို ပြောလိုက်ပါတယ်။

ညီမလေး ခွေးခြေခုံ ယူထိုင်ပြီးတော့ နေကြာစေ့လေး ခွာစားရင်း ပြပွဲတစ်ခုကို ကြည့်ကြတာပေါ့

အက္ကို၊

မိန်းမလှလေးက သူ့ကို စိုက်ကြည့်လိုက်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက ရင်သပ်ရှုမောဖွယ်ရာ ကောင်းလောက်အောင် ဖွံ့ထွားစွင့်ကားပြီး အရမ်းကို တောက်ပကာ ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ သူမအနေနဲ့ အစ်ကိုဖြစ်တဲ့လူကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်စရာ မရှိပါဘူး။

ကျိုးချိုး မင်းက အဲဒီလူကို တင်းတင်းကျပ်ကျပ် ကိုင်ထားတယ်ဆိုတော့ မင်းတို့ကောင်တွေ အကြားမှာ လျှို့ဝှက်ချက် တစ္ခုမ်ား ရှိနိုင်မလား

လီဖန်းယုက ကျိုးချိုးလီချန်းရဲ့ ရင်ဘတ်မှာ အရမ်းကို ပူးပူးကပ်ကပ်နဲ့ မှီထားတဲ့ မြင်းလှည်းမောင်းသမားကို ကြည့်ပြီးတော့ ချက်ချင်းပဲ သတိဂီရိယ အပြည့်နဲ့ ဖြစ်သွားပါတယ်။

ကျိုးချိုးလီချန်းက အရင်ဆုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။

ပြီးတော့ မြင်းလှည်းမောင်းတဲ့ လူက သူ့ရင်ဘတ်မှာ မှီထားတာကို တွေ့လိုက်ရတာကြောင့် ချက်ချင်းပဲ နေမကောင်းချင်သလို ဖြစ်သွားခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ မြင်းလှည်းမောင်းသမားကို အဝေးတွန်းထုတ်လိုက်ပြီး မနှစ်မြို့တဲ့ပုံစံ ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

အကြင်နာတရား နွလုံးသား ကင်းမဲ့လိုက်တာ။ ဘယ်လောက်တောင်မှ အထင်သေးဖို့ ကောင်းလိုက်သလဲ

ဒါဆိုရင် ကျိုးချိုးက တကယ်ပဲ ဒီလိုမျိုး ကြိုက်နှစ်သက်တဲ့ အမျိုးအစား ရှိတယ်ပေါ့။ ပြီးတော့ အဲဒါကို ဖုံးကြွယ်ထားတဲ့ အနေနဲ့ သူက တခြားလူတွေကို အေးစက်စက်နဲ့ ဆက်ဆံပြတာပဲ။ ပိုး မိုက်တယ်ကွာ

လီဖန်းယုက အံ့အားသင့်ပြီးတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။

အိမ်တော်ထိန်း အဘိုးကြီးရဲ့ လည်ပင်းက ယားကျိယားကျိ ဖြစ်လာပြီးတော့ သူက ပျို့အန်ချင်စိတ် ဖြစ်လာခဲ့ပါတယ်။

ဒီမျိုးဆက်ရဲ့ ပါရမီရှင်တွေက မိုးရွာပြီးတဲ့နောက်မှာ ထွက်ပေါ်လာတဲ့ မျှစ်စို့ပေါက်တွေလိုမျိုး အမြောက်အများ ထွက်ပေါ်လာကြပြီး အရင်ကလူတွေထက် ပိုမိုသန်မာ အားကောင်းကြပါတယ်။ ဒါပေမဲ့ အရမ်းကို ဇာတ်ရုပ်ပြီးတော့ ဒီလိုမျိုး နည်းလမ်းတွေနဲ့တောင်မှ ကစားနေတယ်။

မင်းတို့ကောင်တွေ

ကျိုးချိုးလီချန်းက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

မင်းတို့ကို ငါသတ်မယ်။ မင်းတို့ကို ငါသတ်ပစ်မယ်

လင်းဟန်က တမင်တကာ သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

လျှိုဟုက်ချက် ပေါက်ကြားသွားတယ်ဆိုတော့ မင်းက ရှက်ပြီးတော့ ဒေါသတွေ ထွက်နေတာလား။ ဟူး။ ဒါကလည်း သိပ်မလွန်ပါဘူး။ လူတစ်ယောက်နဲ့ပ တစ်ယောက် ချစ်တယ်ဆိုတာက ကိုယ့်အကြိုက်နဲ့ ကိုယ်ပဲလေ။ ကမ်ဘာကြီးက ဘယ်လိုပဲမြင်မြင် ဘာဖြစ်လို့ ဂရုစိုက်နေဦးမှာလဲ

ဟုတ်တယ် ဟုတ်တယ်

လီဖန်းယုက သဘောတူညီစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

ကျိုးချိုးလီချန်းက ဒေါသတွေထွက်ပြီး တဆတ်ဆတ် တုန်နေပါတယ်။ သူက လုံးဝကို လိင်တူချစ်သူ တစ်ယောက် မဟုတ်ပါဘူး။ သူက ဂမ်မိသားစုရဲ့ အချစ်တော် သခင်မလေးကို ပိုးပန်းချင်ပါသေးတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူ့ရဲ့အခုလက်ရှိ သတင်းတွေ ပျံ့သွားမယ် ဆိုရင် သူ့မှာ မျှော်လင့်ချက် ရှိပါဦးမလား။

ဒီကအစ်ကို ငါတို့တွေ စကားစမြည် ပြောဆိုကြတာပေါ့

လီဖန်းယုက အတင်းအဖျင်း တုပ်တော့မဲ့ မျက်နှာ အမူအရာနဲ့ ဖြစ်နေပါတယ်။ စကားစမြည် ပြောမယ်ဆိုတဲ့ ခေါင်းစဉ်က သေချာပေါက် ကျိုးချိုးလီချန်းနဲ့ မြင်းလှည်းသမားရဲ့ ထုတ်ဖော် မပြောနိုင်တဲ့ လျှို့ဝှက်ချက်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ဖိတ်စာကို ထုတ်ပြီးတော့ အိမ်တော်ထိန်းကြီးဆီကို ပေးလိုက်ပြီး လီဖန်းယုဆီကို လမ်းလျှောက်သွားကာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကောင်းပြီလေ

ဒီအကြောင်းကို မပြောနဲ့

ကျိုးချိုးလီချန်းက အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က ခေါင်းကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

ဘယ်အကြောင်းကို မပြောခိုင်းတာလဲ

ငါနဲ့သူ့အကြားက ကိစ္စတွေ အကြောင်းကို မပြောနဲ့

ကျိုးချိုးလီဖန်းကို ဘာကိုမှ မစဉ်းစားပဲ ချက်ချင်းကို အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

မစိုးရိမ်ပါနဲ့။ ငါမပြောပါဘူး။ ငါက တခြားလူတွေရဲ့ လျှို့ဝှက်ချက်ကို သူတို့ရဲ့ နောက်ကွယ်မှာ ပြောတာမျိုးကို မကြိုက်ပါဘူး

လီဖန်းယုက ချက်ချင်းပဲ ပိုးလို့ အော်လိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သေချာပေါက် ပြောနိုင်ပါပြီ။ ကျိုးချိုးလီချန်းတောင် သူ့ကိုယ်သူ ဝန်ခံလိုက်ပါတယ်။

အိမ်တော်ထိန်း အဘိုးကြီးက နောက်တစ်ကြိမ် ပျို့အန်ပစ်လိုက် ချင်ပါတယ်။

မဟုတ်ဘူး မဟုတ်ဘူး

ခဏလောက် ကြောင်တောင်တောင် ဖြစ်သွားပြီးမှ ကျိုးချိုးလီချန်းက နောက်ဆုံးမှာ သူ့ရဲ့အာရုံတွေ ပြန်ဝင်လာခဲ့ပါတယ်။ သူပြောချင်တာက တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ သူကိုယ်တိုင်ပဲ လိင်တူချစ်သူ တစ်ယောက်လို့ ဝန်ခံလိုက်သလို ဖြစ်သွားတာကြောင့် ချက်ချင်းပဲ ထပ်ခါထပ်ခါ အော်ဟစ်လိုက်ပါတယ်။

ဘာမှထပ်မပြောတော့နဲ့။ ငါနားလည်ပါတယ်

လီဖန်းယုက လေးလေးနက်နက်နဲ့ ခေါင်းကို ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

ကျိုးချိုး။ မစိုးရိမ်ပါနဲ့။ မင်းရဲ့လျှို့ဝှက်ချက်ကို ငါထိန်းသိမ်းထားပေးပါမယ်။ ပြီးတော့ နောက်ထပ်လူတွေကို

ငါသေချာပေါက် လုံးဝကို မပြောပြပါဘူး

လပြွတ်မှို မင်းကိုယုံရမှာလား။ မင်းရဲ့ သောက်ကျက်သရေတစ်စက်မှ မရှိတဲ့ မျက်နှာပေါ်က မြွေဟောက်လို အပြုံးကို ချုပ်ထိန်းထားလို့ မရနိုင်ဘူး။ နောက်ပြီးတော့ မင်းရဲ့ နာမည်ပြောင်က လီပါးစပ်ကြီးတဲ့လေ။ မင်းက သေချာပေါက် တတိယ လူတစ်ယောက်ကို ပြောမှမဟုတ်ပေမဲ့ လူပေါင်းသုံးရာကို ပြောနိုင်တယ်။ လူပေါင်း သုံးထောင်တောင် ဖြစ်နိုင်သေးတယ်။

ကျိုးချိုးလီချန်းက အလျင်အမြန်ပဲ နောက်ကနေ လိုက်သွားလိုက်ပါတယ်။ သူက လီဖန်းယုကို အဓိပ္ပါယ် မရှိတဲ့ စကားတွေ မပြောနိုင်အောင်လို့ တားဆီးရပါမယ်။ ဒါပေမဲ့ သူက ခြေနှစ်လှမ်းပဲ လှမ်းရပါသေးတယ်။ သူ့ရဲ့ခြေထောက်တွေက ပျော့ခွေသွားသလို ခံစားလိုက်ရပြီး ချက်ချင်းပဲ မြေကြီးပေါ်ကို လဲကျသွားပါတယ်။

သခင်လေး

မြင်းလှည်းမောင်းသမားက သူ့ကိုယ်သူ ပစ်ဝင်ပြီးတော့ ကျိုးချိုးလီချန်းကို အလျင်အမြန်ပဲ မြေကြီးပေါ် မကျအောင် ဖမ်းလိုက်ပါတယ်။

သူရဲကောင်းက မိန်းမလှကို ကယ်တင်တာလား

လီဖန်းယုက ထပ်ပြီးတော့ မြင်ဖြစ်အောင် မြင်သွားပါသေးတယ်။

တကယ့်ကို ညစ်ညမ်းရိုင်းစိုင်းတာပဲ

ဒါပေမဲ့လည်း သူရဲ့မျက်နှာပေါ်က အမူအရာက စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေပါတယ်။ လီပါးစပ်ကြီးဆိုတဲ့ နာမည်နဲ့ လိုက်အောင်လို့ သူက သတင်းဖြန့်ရပါလိမ့်မယ်။

အိမ်တော်ထိန်း အဘိုးကြီးက ဆက်ပြီးတော့ သည်းမခံနိုင်တော့ပဲ ဝေါ့ခနဲဆိုပြီး ပျို့အန်လိုက် ပါတယ်။ အခုခေတ် လူငယ်တွေက တကယ့်ကို နားလည်ရ ခက်တာပဲ။

Chapter 629 end

Uni.အပိုင်း ၆၃၀ အကျည်းတန်တဲ့ နားရွက်နဲ့ ရုပ်ဆိုးဆိုး လူတစ်ယောက်

လင်းဟန်က ဂင်ပေါက်ကို ဖြတ်ပြီးတော့ လျှောက်ဝင်လာခဲ့ပါပြီ။ သူ့ကို ဗလတောင့်တောင့်

ယောက်ျားတစ်ယောက်က ဦးဆောင်ပြီးတော့ ညှော်ခံပွဲ ကျင်းပရာ နေရာကို ခေါ်သွားပါတယ်။

အစ်ကိုဟန်။ စောစောတုန်းက နင်လုပ်လိုက်တာ မဟုတ္လား

လီဖန်းယုရဲ့ ညီမက ဘေးကနေ ဂရုမစိုက်တဲ့ဟန်နဲ့ ကြည့်နေပြီးတော့ ရုတ်တရက် စကားစ ပြောလာခဲ့ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

မင်းငါ့ကို မှားပြီးတော့ မစွပ်စွဲနဲ့နော်

သူက ကြယ်စင်နဂါး အမြစ်ဖြုတ်မြားနဲ့ ကျိုးချိုးလီချန်းကို ပစ်လိုက်တယ်လို့ ပြောနိုင်ပါတယ်။ အရမ်းကို ခိုးကြောင်ခိုးပုက် ပစ်လိုက်တယ်လို့တော့ ပြောလို့မရပေမဲ့ သူမက တကယ်ပဲ မြင်တွေ့သွားတာလား။

လီဖန်းယုက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ငါ့ညီမ အရှေ့မှာ ဘယ္လို လှို့ပုက်ချက်ကိုမှ ဖုံးကွယ်ထားဖို့ မစဉ်းစားနဲ့။ သူမမွာ သဘာဝက ထောက်ပံ့ပေးထားတဲ့

အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အမြင်ရှိတယ်

အက္ကို

လီဖန်းယုရဲ့ ညီမက မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။ သူတို့က အခုမှ တွေ့ဖူးကြတာပါ။ ဒါကို သူမအစ်ကိုက သူမရဲ့ ပှက်ဖဲကို ထုတ်ပြောနေပါတယ်။

လီဖန်းယုက ချောင်းဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

လာလာ ငါမင်းကို မိတ်ဆက်ပေးမယ်။ ဒါက ငါ့ရဲ့ညီမ လီဇီရှန်း။ သူမက မကြာခင်မှာ အသက်နှစ်ဆယ်ပြည့်တော့မယ်။ ဒါပေမဲ့ အခုချိန်ထိ ယောကျ်ားတစ်ယောက် မရှာနိုင် သေးဘူး။ သူမှန်းထားတာတွေက မြင့်လွန်းတော့ ဘယ်လိုပါရမီရှင်ကိုမှ မကြိုက်ဘူး။ ဒါကြောင့်ပဲ သူ့အစ်ကိုဖြစ်တဲ့ငါက သူယောကျ်ားမရပဲ သေသွားမှာကို စိတ်ပူနေတာ

တကယ့်ကို လီပါးစပ်ကြီးဆိုတဲ့ နာမည်နဲ့ လိုက်ပါတယ်။

အက္ကို

လီဇီရှန်းက မျက်နှာကြီး နီပြီးတော့ ခြေထောက်ဆောင့် လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒီလိုမျိုး အစ်ကိုတစ်ယောက်ရှိတာက တကယ်ကို ပျော်စရာကောင်းပါလိမ့်မယ်။ သူလည်းပဲ သူ့ကိုယ်သူ မိတ်ဆက်လိုက်ပါတယ်။

ငါ့နာမည် လင်းဟန်၊ ဒါက ငါ့သူငယ်ချင်း ကျူးရွှမ်အာနဲ့ ဒါကေတော့ ဟူးညိုလိုခေါ်တယ်။ ဟိုဘက်မှာလည်း ယုန်မိုက်ကြီး တစ်ကောင် ရှိသေးတယ်

ဘာဘာဘာ ဘာပြောလိုက်တယ်။ မင်းကပဲ လူမိုက်ကွ။ မင်းရဲ့ ဦးလေးကိုများ ပြောရတယ်လို့

ယုန်ဖြူကြီးက မကျေမနပ်နဲ့ ချက်ချင်းပဲ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဟူးညိုက သူ့အမြီးကို ကိုက်လိုက်တာကြောင့် ချက်ချင်းဆိုသလို နာကျင်မှုကြောင့် ငယ်သံပါအောင် အော်ဟစ်လိုက် ပါတယ်။

လီမောင်နမက ချက်ချင်းပဲ အံ့အားသင့် သွားခဲ့ပါတယ်။ ဒီယုန်ဖြူကြီးက တကယ်ပဲ လူစကား ပြောတတ်တယ်

ဟုတ္လား။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

ဟုတ်တယ် ဒီယုန္တွက္ ဘယ်လိုစကားပြောရမလဲ ဆိုတာကို သိတယ်

သွားကြစို့။ ဦးလေးယုန်ရဲ့ အချမ်းက ကြီးလာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ပိုပိုပြီးတော့ တိုလာလိမ့်မယ်

ယုန်ဖြူကြီးက သံကုန်မြှင့်ပြီး အော်ပြောလိုက်ပါတယ်။

ညီးညီးရဲ့ လင်းဟန်ကို ဘယ်တော့မှ ကြမ်းကြမ်းတမ်းတမ်း မပြောနဲ့

ဟူးညီက ယုန်ဖြူကြီးကို အပြစ်တင်လိုက်ပါတယ်။

ဒီကောင်နဲ့ ပတ်သက်ပြီးတော့ ဘာများကောင်းတာ ရှိလဲဆိုတာကို ငါတကယ်ပဲ မသိဘူး

ယုန်ဖြူကြီးက တီးတိုးရွတ်ဆို လိုက်ပါတယ်။

လီမောင်နမ နှစ်ယောက်က အံ့အားသင့်နေတာကနေ သတိပြန်ဝင်လာခဲ့ကြပါတယ်။ လူစကား ဘယ်လိုမျိုး ပြောရမလဲ ဆိုတာကို သိနားလည်တဲ့ သားရဲတစ်ကောင် တကယ်ပဲ ရှိနေပါတယ်။ သူတို့အနေနဲ့ လင်းဟန်က နာမည်အတုကို အသုံးပြုခဲ့တယ် ဆိုတဲ့အကြောင်းကို အခုချိန်မှာ စဉ်းစားဖို့ မေ့နေတယ်ဆိုတာ သိသာပါတယ်။

ဗလတောင့်တောင့် အစောင့်ရဲ့ လမ်းညွှန်မှုနဲ့ မကြာခင်မှာပဲ သူတို့က ရေကန်နားကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနားမှာ စားပွဲရှည်ကြီးတွေကို တည်ခင်းထားတာကို တွေ့မြင်ရပါတယ်။ အစားအသောက်နဲ့ ပိုင်တွေကို စားပွဲတွေပေါ်မှာ ဖြည့်ထားပြီး စားပြိခုံ တစ်ခုံမှ မရှိပါဘူး။

လူတွေက ပန်းကန်ပြားကိုယ်စီ ကိုင်ပြီးတော့ စားပွဲပေါ်က အစားအစာတချို့ကို ထည့်ပြီး လမ်းလျှောက်ရင်း စားနေကြပြီး တစ်ခါတစ်ရံ ပိုင်တွေကို သောက်နေကြပါတယ်။

သိုင်းပညာရှင်တွေ အတွက်တော့ ရက်အနည်းငယ် ရပ်နေရတာ ပင်ပန်းမသွားပါဘူး။ ဒါကြောင့် ထိုင်စရာ ထိုင်ခုံရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ကိစ္စမရှိပါဘူး။ ထိုင်စရာ ထိုင်ခုံမရှိပဲ လူတွေက မကျေမနပ်နဲ့ ဖြစ်သွားကြလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ လမ်းလျှောက်ပြီး

အစားစားရင်း အားလုံးနဲ့ စကားပြောနိုင်တာကြောင့် ဆက်ဆံရေး ပိုကောင်းလာနိုင်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူက ဂမ်မိသားစုရဲ့ ပုလဲရတနာနဲ့ မတွေ့ဆုံဖူးပေမဲ့ သူမရဲ့ အသိအမှတ်ပြုလောက်စရာ သေဘာထားက ထင်ရှား ပေါ်လွင်နေပါတယ်။

လူတွေအများကြီးကို ကြည့်ပြီးတော့ လီဖန်းယုရဲ့ နှလုံးသားက အတင်းအဖျင်း ပြောချင်စိတ်က ချက်ချင်းကို ပြင်းပြင်းထန်ထန် လောင်ကျွမ်းလာပြီးတော့ ပြောလိုက်ပါတယ်။

အစ်ကိုလင်း၊ မိန်းကလေးကျူးနဲ့ ညီမငယ်လေး မင်းတို့တွေ အရင်ဆုံး စားနှင့်ကြဦး။ ငါလူတချို့နဲ့ စကားစမြည် သွားပြောလိုက်ဦးမယ်

လင်းဟန်နဲ့ တခြားလူတွေရဲ့ တုံ့ပြန်မှုကိုတောင် မစောင့်ပဲ သူကအလျင်စလိုနဲ့ ထွက်သွားပါတယ်။

`သနားစရာ ကောင်းလိုက်တဲ့ ကျိုးချိုးလီချန်းရယ်`

လင်းဟန်က စိတ်ထဲကနေ ပြောလိုက်ပြီး ကျိတ်ကာပျော်ရွှင်ကျေနပ် နေပါတယ်။ ဒီလိုမျိုး စိတ်မချမ်းမမြေ့စရာ လူတစ်ယောက်က ဒီလိုအရာနဲ့ ထိုက်တန်ပါတယ်။

စားမယ် စားမယ် စားမယ်

အစားအသောက်တွေ အများကြီးကို မြင်လိုက်တာနဲ့ ဟူးညို့ရဲ့ မျက်လုံးတွေက ချက်ချင်းဆို တောက်ပလာခဲ့ပါတယ်။ ဒါပေမဲ့ သူမရဲ့ နှာခေါင်းနဲ့ အနံ့ခံကြည့်ပြီးတဲ့ နောက်မှာတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။

အနံ့အရသာလည်း မရှိဘူး

လင်းဟန်က ထူးဆန်းစွာပြုံးပြီး ပြောလိုက်ပါတယ်။

ဘာပဲဖြစ်ဖြစ် ဒါက အလကား စားရတာပဲ။ အလကားရတဲ့ဟာတွေက ပစ္စည်းကောင်းကောင်း မဖြစ်နိုင်ဘူး။ ဒီအတိုင်းပဲ စားလိုက်ပါ

ကောင်းပြီလေ။ ညိုးညိုး သာမန္တာလွှိကာပဲ စားလိုက်ပါမယ်

ဟူးညို့က သက်ပြင်းချ လိုက်ပါတယ်။

သူတို့နှစ်ယောက်က စားပွဲတစ်ခု အနားကို ရောက်လာပြီး သူတို့ရဲ့ ပန်းကန်ပြားတွေထဲကို အစားအသောက်တွေ စတင်ဖြည့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို အနားက လူတွေကို အထိတ်တလန့် ဖြစ်သွားစေခဲ့ပါတယ်။ မင်းတို့တွေက အဆာငတ်ပြတ်ပြီး သေတဲ့ သရဲတွေကနေ ပြန်လည်ဝင်စားလာကြတာလား။ ဒီလိုမျိုး ပန်းကန်ပြားတစ်ခုမှာ အပြည့်ဖြည့်ထားတာ ဖိတ်ကျကုန်မှာ မကြောက်ဘူးလား။

နည်းနည်းလောက်ပဲ စားကြတာပေါ့

ဟုတ်

သူတို့နှစ်ယောက်က ဒီလိုမျိုး စားသောက်ဖို့ ပြောဆိုတာကို ကြားရတဲ့ အခါမှာ အနီးအနားက လူတွေက ပြောစရာ စကားတွေ ကင်းမဲ့ကုန်ပါတယ်။ ဂမ်မိသားစုက ဒီတစ်ကြိမ်မှာ တကယ့်ကို ကြီးကျယ်တဲ့ ညေ့ခံပွဲကြီး တစ်ခုကို ကျင်းပခဲ့ပါတယ်။ အစားအသောက် အများစုကို အဆင့်မြင့် သားရဲကောင်တွေရဲ့ အသားနဲ့ ပြုလုပ်ထားပြီး အဆင့်လေးနဲ့ အဆင့်ငါး စိတ်ဝိညာဉ် သစ်သီးတွေ ရှိပါတယ်။ အဲဒီထဲက

အနည်းငယ်ကို ရောင်းချမယ် ဆိုရင်တောင် စျေးနှုန်းက မိုးထိအောင် မြင့်မားနေပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလူနှစ်ယောက်ကို ကြည့်ရတာ သူတို့က ကြိုက်နှစ်သက်ပုံ မပေါ်ပါဘူး။ ပိုပြီးတော့ အရေးကြီးတာက တကယ်လို့ သူတို့က မနှစ်သက်ဘူးဆိုရင် နည်းနည်းလေးပဲ စားသောက် သင့်တယ်ဆိုပေမဲ့ သူတို့က ပန်းကန်အပြည့် ဖြည့်ထားကြပါတယ်။

တစ္ခဏ အကြာမှာတော့ ကျိုးချိုးလီချန်းလည်း အထဲကို လမ်းလျှောက်ပြီး ဝင်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ မြင်းလှည်းမောင်းသမားကို သူနဲ့အတူ ခေါ်မလာပါဘူး။ တစ်ယောက်တည်း လျှောက်လာရင်း သူ့ရဲ့တည်ငြိမ်မှုကို ထိန်းသိမ်းထားပြီးတော့ အစောပိုင်းတုန်းက ပါရမီရှင် တစ်ယောက်ရဲ့ မောက်မာဝင့်ကြွားမှုတွေနဲ့ ရှိနေပါတယ်။

ဒါပေမဲ့လည်း လူတိုင်းလူတိုင်း သူ့ကို ချက်ချင်းပဲ လက်ညှိုးထိုးပြီးတော့ သဖန်းပိုးထိုးသလို တီးတိုးတီးတိုးနဲ့ ပြောဆိုနေကြပြီး လူအများကြီးက သူ့ကိုအထင်အမြင် သေးတဲ့ပုံစံနဲ့ ကြည့်နေပါတယ်။

ဒီလိင်တူချစ်တဲ့ ယောကျ်ားတော့။

ကျိုးချိုးလီချန်းက ဒေါသတွေ ပေါက်ကွဲလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ သူရောက်လာတာ အနည်းငယ် နောက်ကျသွားပြီး လီဖန်းယုက သူ့အကြောင်းကို ဒီနေရာ တစ်ခုလုံးမှာ သွားပုပ်လေလွင့် လျှောက်ပြောထားပြီးပုံ ရပါတယ်။ လီပါးစပ်ကြီးက တကယ့်ကို ပါးစပ်ပွလုံတာပဲ။

သူ့ကိုယ်သူ တည်ငြိမ်အောင်လို ထိန်းလိုက်ပြီး ဒီကောလာဟလတွေကို အသိဉာဏ်နဲ့ တားဆီးဖို့ စဉ်းစားလိုက်ပါတယ်။ သူပိုပြီးတော့ ငြင်းခုံလေ လူတွေက ပိုပြီးတော့ မရှင်းမရှင်း ဖြစ်သွားပါလိမ့်မယ်။

မွှေးကြိုင်တဲ့ ရနံ့တစ်ခုက လေနဲ့အတူ မျောလွင့်ပါလာပြီး မိန်းကလေး တစ်ယောက်က လမ်းလျှောက်ပြီး ဝင်လာခဲ့ပါတယ်။ သူမက ကျူးရွှမ်အာရဲ့ မျက်နှာကို တစ်ချက်ငေ့ကြည့်ပြီး ရင့်သီးစွာနဲ့ ပြောလိုက်ပါတယ်။

ဟက် အေဂျးကနေ ကြည့်ရတာတော့ အရမ်းကို ချစ်စရာကောင်းပေမဲ့ မျက်နှာကတော့ ဟူး။ လုံးဝကို ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းတစ်ခုကို ကောင်းကင်ဘုံက လူမှားပြီးတော့ ပေးလိုက်တာပဲ

ကျူးရှမ်အာက နှလုံးသားထဲတောင် မထည့်ပါဘူး။ သူမရဲ့ ရုပ်ရည်က နိုင်းယှဉ်လို့ မရနိုင်အောင် ချောမောလှပပြီး ဒီကမ်ဘာကြီးထဲမှာ သေချာပေါက် နံပါတ်တစ် ဖြစ်ပြီးတော့ နှစ်ပေါင်းတစ်သောင်း အတွင်းမှာ တစ်ကြိမ်တောင် မြင်တွေ့နိုင်ဖို့ ရှားပါးလွန်းပါတယ်။ နောက်ပြီးတော့ မိန်းကလေးဆိုတာ သူမချစ်ရတဲ့ ယောကျ်ားလေးအတွက် လှလှပပ ဂုတ်စားဆင်ယင်ရပါတယ်။ သူမရဲ့ အလှအပက လင်းဟန်အတွက်ပဲ ပွင့်လန်းဖို့ လိုအပ်ပါတယ်။ တခြားလူတွေက သူမရဲ့ ထူးခြားတဲ့ အလှအပကို လေးစားအားကျ အထင်ကြီးအောင် ဖော်ပြဖို့ ဘယ်တုန်းကမှ မတွေးထား ခဲ့ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ အကြည့်တွေက အေးစက်စက်အဖြစ် ပြောင်းလဲသွားပါတယ်။ သူနဲ့ နီးကပ်တဲ့ လူတွေကို ကာကွယ်ပေးချင်တဲ့ သူ့ရဲ့စိတ်သဘောထားကြောင့် တကယ်လို့များ ကျူးရှမ်အာက သာမန်သူငယ်ချင်း တစ်ယောက်ပဲ ဆိုရင်တောင်မှ သူမကို တခြားလူတွေက နည်းနည်းလောက် ခံစားအောင် ပြုလုပ်ဖို့ ခွင့်မပြုနိုင်ပါဘူး။ အခုလိုမျိုး သူတို့နှစ်ယောက်က ခ်စ်သူစုံတြဲ တစ္တြလို နီးနီးကပ်ကပ် ရင်းနှီးနေတာမျိုးဆိုရင် ပိုလို့တောင် ဆိုးသေးတာပေါ့။

ရုပ်ဆိုးဆိုး မိန်းကလေး။ မင်းဘာတွေ ပြောနေတာလဲ

လင်းဟန်က အကြည့်တစ်ချက် ပစ်လွှတ်လိုက်ပါတယ်။

ရုပ် ရုပ်ဆိုးတဲ့ မိန်းကလေး ဟုတ္လား

အဲဒီမိန်းကလေးရဲ့ အမူအရာက ဖြူဖပ်ဖြူရော် ပြောင်းသွားပြီး ချက်ချင်းဆိုသလို ဒေါသကြောင့် နီရဲသွားခဲ့ပါတယ်။ ဒီကောင်က သူမကို ရုပ်ဆိုးတဲ့ မိန်းကလေးလို့ စော်ကားမော်ကားနဲ့ ပြောရဲတယ်ပေါ့လေ ဟုတ္လား။ သူမက ကျင်းရှမ်းရှမ်းဖြစ်ပြီး မရေမတွက်နိုင်တဲ့ ယောက်ျားတွေက သူမရဲ့ အလှအပမှာ ယစ်မူးနေကြပါတယ်။ ဒါပေမဲ့ အခုတော့ သူမကို တစ်စုံတစ်ယောက်က ရုပ်ဆိုးတယ်လို့ ပြောနေတယ်ပေါ့လေ။

မင်းရဲ့ မျက်နှာက ရုပ်ဆိုးရုံတင်မကဘူး။ နှလုံးသားကလည်း ညစ်ပတ်နေတာပဲ။ ငါ့ရဲ့ အစာစားချင်စိတ် ပျက်စီးသွားပြီ

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

လူတွေက ပြောကြတယ်။ မျက်စိစားပွဲထိုင်တယ်တဲ့။ ဒါပေမဲ့အခုတော့ သူမက သူ့ရဲ့ အစာစားချင်စိတ်ကို

ဖျက်ဆီးပစ်လိုက်ပါပြီ။ ဘယ်လောက်တောင် ရုပ်ဆိုးလိုက်သလဲ။ သူမမှာ ဒီလိုမျိုး ဖျက်ဆီးနိုင်တဲ့ စွမ်းအား ရှိနေတာလား။

ကျင်းရှမ်းရှမ်းက ဒေါသကြောင့် တဆတ်ဆတ်တုန်လာပြီး လင်းဟန်ရဲ့ စကားလုံးတွေက ရေခဲလိုမျိုး အေးစက်ရုံတင်မက သူမကို နာကျင်အောင်လို့ ဖြတ်သွားသလိုမျိုး ခံစားလိုက် ရပါတယ်။ သူမက ကျူရှွမ်အာရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို အေနာက္ကေန မြင်တွေ့ခဲ့ပြီး ချက်ချင်းဆိုသလို ရက်ရွံ့ကာ ဒီအချော့အလှနဲ့ နိုင်းယှဉ်နိုင်မဲ့ မိန်းကလေး ဒီကမ်ဘာကြီးထဲမှာ မရှိဘူးလို့ ခံစားခဲ့ရပါတယ်။

သူမအနေနဲ့ မနေနိုင်ပဲ အနီးကပ် လျှောက်လာပြီး သေသေချာချာ ကြည့်လိုက်ပါတယ်။ ဘယ်သူက ထင်ထားမှာလဲ ကျူးရှွမ်အာရဲ့ မျက်နာက သာမန်ရွက်ကြမ်းရေကျို မျက်နာပဲ ရှိပြီးတော့ အဲဒါက သူမကို ချက်ချင်းပဲ စိတ်သက်သာရာ ရသွားစေခဲ့သလို တစ်ပြိုင်နက်တည်း သူမကို မနေနိုင်ပဲ သရော်လှောင်ပြောင်မိ သွားပါတယ်။

ဒါပေမဲ့လည်း ကျူးရှွမ်အာက သူမကို ဖြို့မသွားခဲ့ပဲ

သူမကိုယ်သူမ ဒေါသကြောင့် ပေါက်ကွဲထွက် လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

နတ်သမီးလေးကျင်း ဘာဖြစ်နေတာလဲ

သူမအနားမှာ ချက်ချင်းပဲ လူငယ်တွေ ဝိုင်းလာကြပါတယ်။

ဒီလူပေါ့။ ငါ့ကို အနှောင့်အယှက် ပေးချင်နေတာ

ကျင်းရှမ်းရှမ်းက လင်းဟာန်ကို လက်ညှိုးထိုးညွှန်ပြ လိုက်ပါတယ်။

လင်းဟာန်က ချက်ချင်းပဲ အဖ်ားတကြီသားသလို ဟန်ဆောင်လိုက်ပြီး ပြောလိုက်ပါတယ်။

ဟော့ဟော့ဟော့ ငါ့ကို မတရား မပြောနဲ့လေ။ တကယ်လို့ ငါမှာ ဝံပုလွေလို စိတ်မျိုးရှိနေရင်တောင် မင်းကိုငါ ကြိုက်နှစ်သက်မှာ မဟုတ္ဘူး။ မင်းအိပ်မက် မက်မနေနဲ့

ကျင်းရှမ်းရှမ်းက ဒေါသတွေ ပေါက်ကွဲထွက်တော့ပါမယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလူမှာ ဓားသြားလို ချွန်ထက်တဲ့ လွှာတစ္ခု ရှိနေပြီး သူမတစ်ကိုယ်လုံးကို ထိုးစိုက်နေတာလဲ။

အဓိပ္ပါယ်မရှိတာ

အစောင့်တစ်ယောက်က ခုန်ထွက်လာခဲ့ပါတယ်။

မြန်မြန်ဒူးထောက်ပြီး နတ်သမီးကျင်းကို တောင်းပန်လိုက်ပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ ဇူရှောင်ထန်းက မင်းကို လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး

Chapter 630 end
အပိုင်း ၆၃၁ လက်ထပ်ဖို့ စကားပြောဆိုခြင်း

လင်းဟန်က ပြုံးပြီးတော့ ဟူးညိုကို ပြောလိုက်ပါတယ်။

"ညိုးညိုး တစ်စုံတစ်ယောက်က ငါတို့အစာစားနေတုန်း အနှောင့်အယှက် ပေးလာလို့ရှိရင် ဘာလုပ်ရမလဲ"

"သူတို့အားလုံးကို လွင့်ထွက်အောင် ဆော်ပစ်"

ဟူးညိုက ရက်ရက်စက်စက်ကို ပြောလိုက်ပါတယ်။

"ဒါဆိုရင် ညိုးညိုး သွေးပူလေ့ကျင့်ခန်းလေးဘာလေး

မလုပ်ချင်ဘူးလား”

လင်းဟန်က မေးလိုက်ပါတယ်။

“ကောင်းပြီလေ”

ဟူးညိုက သူမရဲ့ ပန်းကန်ပြားကို ချလိုက်ပါတယ်။ အားလုံးက သူတို့ကို အငမ်းမရ စူးစိုက်ပြီးတော့ ကြည့်နေတာကို မြင်လိုက်တဲ့ အခါမှာသူမက မမေးပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။

“ရှင်တို့တွေက ညီးညီးရဲ့ အစားအသောက်တွေကို လုယက်ချင်တာလား”

ဒုတိယအတွေးတစ်ခု ဝင်လာပြီးတော့ ဟူးညိုက ပြုံးပြကာ ပြောလိုက်ပါတယ်။

“အနံ့အရသာလည်း မရှိတော့ ကိစ္စမရှိပါဘူး”

“ဟင့် မင်းကိုယ်တိုင် မလုပ်ရှားပွဲတာနဲ့ ကလေးမလေးကို ပြိုင်ပွဲကွင်းထဲကို ပို့လိုက်တာလား”

ဇူရှောင်ထန်းက သရော်ပြုံး ပြုံးလိုက်ပါတယ်။

"မင်းက တကယ်ပဲ အထင်သေးစက်ဆုပ်စရာ ကောင်းတယ်"

"ဆော်ပလော် တီးခံချင်နေပြီနဲ့တူတယ်"

ဟူးညိုက တစ်ဟုန်ထိုး ပြေးဝင်လိုက်ပြီး သူမရဲ့ ခန္ဓာကိုယ်လေးက လျှပ်ပြက်သွားသလို ပျောက်သွားပြီး ဇူရှောင်ထန်းရဲ့ အရှေ့မှာ ပေါ်လာပြီးတော့ လက်သီးတစ်ချက် ထိုးလိုက်ပါတယ်။ ဟူးညိုရဲ့ လက်သီးက ဇူရှောင်ထန်းရဲ့ မျက်နှာညာဘက်ခြမ်းကို ထိထိမိမိ မှန်သွားပြီး ချက်ချင်းပဲ နှာခေါင်းသွေးတွေ စီးကျလာခဲ့ပါတယ်။

သူမတိုက်ခိုက်လိုက်တာနဲ့ အားလုံးက အံ့အားသင့်သွားခဲ့ကြပါတယ်။ ဒီကလေးမရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"ညိုးညိုး အားလုံးကို ဆော်ပစ်လိုက်မယ်"

ဟူးညိုက တိုက်ခိုက်ပြီ ဆိုတာနဲ့ သူမက မရပ်နိုင်တော့ပါဘူး။

သူမရဲ့ ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး လူအုပ်ထဲကို လျှပ်ပြက်သလို ရောက်သွားပြီး ပုန်း ပုန်း ပုန်း ဆိုတဲ့ အသံနဲ့အတူ လူတွေက တစ်ယောက်ပြီး တစ်ယောက် လွင့်ထွက်သွားပါတယ်။

ဒါပေမဲ့လည်း ဒါက အသက်အနည်းငယ် ရှူစာလောက်ပဲ ကြာပါတယ်။ အစောင့်တွေ စုစုပေါင်း ဆယ်ယောက်ကျော်က ဟူးညိုရဲ့ လက်ချက်နဲ့ မှောက်ကုန်ပြီး မြေကြီးပေါ်မှာ လဲလျောင်းပြီးတော့ နာကျင်စွာနဲ့ ညည်းတွားနေ ကြပါတယ်။

ကျင်းရှွမ်းရှွမ်းရဲ့ ခန္ဓာကိုယ်က အေးစက်တောင့်တင်းသွားသလို ခံစားလိုက် ရပါတယ်။ သူမအနေနဲ့ ဒီကလေးမလေးက အရမ်းကို သန်မာအားကောင်း လိမ့်မယ်လို့ လုံးဝကို ထင်မှတ်မထားခဲ့ပါဘူး။ ချက်ချင်းဆိုသလို သူမကို ပိုးပန်းနေတဲ့လူတွေ ရှုံးနိမ့်သွားခဲ့ပါတယ်။ သူမကို ပိုးပန်းနေတဲ့ လူတွေက ဒီပမာဏ အကန့်အသတ်ပဲ မဟုတ်ဘူး ဆိုပေမဲ့ ဒီနေရာကို ဖိတ်ကြားခံရဖို့ အရည်အချင်း ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။

ထူးဆန်းတယ်။ ဒီကလေးမက ဘယ်နေရာကနေ ရောက်လာတာလဲ။

ဆူဆူညံညံ အသံတွေကြောင့် တခြားလူတွေကလည်း တွေ့မြင်သွားပြီး တချို့က အံ့အားသင့်ပြီး တချို့ကတော့ စိတ်ဝင်စားတဲ့ အကြည့်နဲ့ ကြည့်နေကြပါတယ်။

"ဒါဆို ဒါက သခင်လေးဟန်ပေါ့"

မိန်းကလေး တစ်ယောက်က ကျက်သရေ အပြည့်နဲ့ လျှောက်လာပြီး သူမရဲ့ ပုံစံက ပျော့ပျောင်းနူးညံ့ ညင်သာပြီး သိမ်သိမ်မွေ့မွေ့နဲ့ လှုပ်လီလှုပ်လဲ့ လျှောက်လာပါတယ်။ သူမရဲ့ ရုပ်ရည်က အရမ်းကို ချောမောလှပပြီး သူမရဲ့ အသားအရည်က ကျောက်စိမ်းဖြူနဲ့ တူပြီးတော့ အနက်ရောင် ဆံကေသာက ရေတံခွန်တစ်ခုနဲ့ တူပါတယ်။ အားလုံးကို ခြုံပြီးတော့ ပြောရမယ်ဆိုရင် သူမက အရမ်းကို ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။

သူမရဲ့ အလှအပက ကျင်းရွှမ်းရွှမ်းထက် အဆင့်တစ်ဆင့် ပိုပြီးတော့ မြင့်ပါတယ်။

လင်းဟန်က သူမကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက"

မိန်းကလေးက ထူးဆန်းစွာ ပြုံးပြပြီး ပြောလိုက်ပါတယ်။ ချက်ချင်းဆိုသလို ပန်းပေါင်းစုံ ပွင့်လန်းလာသလို ခံစားလိုက်ရပြီး သူမရဲ့ အပြုံးက အရမ်းကို တောက်ပကာ လှပလွန်းပါတယ်။

"နွှန်မန်မန်။ ညီမရီနွှန်ကိုယ်စား ရှင့်ကို ဖိတ်ကြားလိုက်တဲ့ လူဆိုလည်း မမှားဘူး"

လင်းဟာန်က ရုတ်တရက် သတိပြုမိသွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက နွှန်ရှုယ်ယွင်ရဲ့ ညီမလား ဒါမှမဟုတ် အစ်မလား"

"အစ်မပါ"

နွှန်မန်မန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျမက သခင်လေးဟာန်ကို ဖိတ်ခေါ်ရတာက အဲဒီပုလင်းကို လက်လျှော့ပေးနိုင်မလား ဆိုတာကို ဆက်ပြီးတော့ ဆွေးနွေးချင်သေးလို့ပါပဲ"

"ဟားဟား ပုလင်းလေး တစ်လုံးအတွက် ဒီနေရာကို ဖိတ်ခေါ်ပြီးတော့ အဲဒီအကြောင်းကို ဆွေးနွေးဖို့ လိုလို့လား"

လင်းဟန်က ပြောလိုက်ပါတယ်။

"ကျုပ်မှာ စားဖို့သောက်ဖို့ နေရာမရှိမှာကို ကြောက်လို့များလား။ မိန်းကလေး မန်မန်က ငါ့ကို အရမ်း ကြင်နာတာပဲ"

နွန်မန်မန်က အမှတ်မထင် အေးစက်တောင့်တင်း သွားခဲ့ပါတယ်။ သူမက လင်းဟန်အတွက် မစဉ်းစားခဲ့ပါဘူး။ ဒီလိုမျိုး စုဝေးခြင်း တစ်ခုကို အသုံးပြုပြီး လင်းဟန်ကို ဖိအားပေးဖို့ပဲ တွေးခဲ့တာပါ။ ဒါကို လင်းဟန်က လိုရာကို ဆွဲပြီးတော့ ပြောသွားလိမ့်မယ်လို့ သူမက ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါဘူး။ ဒီအခိုက်အတန့်မှာ သူမကိုယ်သူမ ဆီလျော်အောင် ဘယ်လိုမျိုး လုပ်ရမလဲ ဆိုတာကို မသိနိုင်အောင် ဖြစ်သွားပါတယ်။

"စိတ်ကြီးဝင်နေတဲ့ကောင် မင်းက နတ်သမီးလေးနွန်အပေါ် အခွင့်အရေး ယူဝံ့တယ်ပေါ့"

လူအများကြီးက ချက်ချင်းဆိုသလို သူ့ကို ဒေါသဖြင့်

ဂေဖန်ပြောဆို လိုက်ကြပါတယ်။ အားလုံး ကိုယ်စီက ထူးချွန်ထက်မြက်သူတွေ ဖြစ်ပြီးတော့ သူတို့ရဲ့ အစွမ်းထက်တဲ့ အရှိန်အဝါကို စတင်ပြီး လည်ပတ်လိုက်ပါတယ်။ အားလုံးရဲ့ အော်ဟစ်သံက စဉ်ဆက်မပြတ် ထွက်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိအားတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"နင်တို့တွေက ညီးညီးရဲ့ လင်းဟန်ကို ဆိုးယုတ်ပုံ့တယ်ပေါ့လေ"

ဟူးညိုက ချက်ချင်းဆိုသလို ဒေါသထွက် သွားခဲ့ပါတယ်။

"သူတို့ကို ရိုက်ပစ်။ သူတို့အားလုံးကို မှုန့်မှုန့်ညက်ညက်ကြေအောင် ဆော်ပစ်လိုက်"

ယုန်ဖြူကြီးက သူရဲ့လက်သည်း သေးသေးလေးတွေကို ဂျေယမ်းပြီးတော့ ဘေးနားကနေ မီးလောင်ရာ လေပင့်လုပ်နေပါတယ်။

ဖူး။

လူတွေအများကြီးက ချက်ချင်းဆိုသလို တံတွေးသီးကုန်ကြပါတယ်။ ဒီသားရဲက တကယ်ပဲ လူစကားပြောတတ်တယ်။ တကယ့်ကို အံ့အားသင့်စရာ ကောင်းပါတယ်။

မြင်ကွင်းက အတော်လေးကို ဂရုန်းသုန်းကားနိုင်ပါတယ်။ နွှန်မန်မန်က အားလုံးကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ နေဖို့ လက်ဟန်ခြေဟန်နဲ့ ပြောလိုက်ပါတယ်။

"အားလုံးပဲ ငြိမ်ပေးကြပါ။ အစ်ကိုလင်း ကျမက အဲဒီပုလင်းကို အတော်လေးကို စိတ်ဝင်စား နေခဲ့တာပါ။ တကယ်လို့ အစ်ကိုလင်းက ကျမကို ရောင်းပေးမယ်ဆိုရင် မန်မန်က အစ်ကိုလင်းကို သေချာပေါက် စိတ်မပျက်စေရပါဘူး"

"ပိုး"

လင်းဟန်က တမင်သက်သက်ကို ဟန်လုပ်ပြပြီး နွှန်မန်မန်ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နွှန်မိသားစုမှာ သားမက်တစ်ယောက်မှ မရှိဘူးလား"

နွှန်မန်မန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို

မှုန်မှိုင်းသွားခဲ့ပါတယ်။ ဒီလူငယ်လေးက တကယ့်ကို အိပ်မက်မက်နေတာပဲ။ သူက နွှန်မိသားစုရဲ့ သားမက်ဖြစ်ဖို့ စဉ်းစားနေတာလား။

"မိုက်ရိုင်းလိုက်တာ"

နွှန်ရှယ်ယွင်က တရကြမ်း ပြေးဝင်လာခဲ့ပြီး လင်းဟန်ကို ဒေါသတကြီးနဲ့ လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဘယ်သူမို့လို့ အနူလက်နဲ့ ရွှေခွက်နိုက်ချင်ရတာလဲ"

အနီးနားမှာရှိတဲ့ လူတွေက ကျယ်လောင်စွာ ရယ်မောလိုက်ကြပါတယ်။ နွှန်မန်မန်က နွှန်မိသားစုရဲ့ အချစ်ဆုံး သမီးဖြစ်ပါတယ်။ ပြီးတော့ နွှန်မိသားစုရဲ့ ဘိုးဘေးဖြစ်သူ နွှန်ဘိုရှင်းက ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်တွေနဲ့ ရင်ဘောင်တန်းနိုင်ပါတယ်။ နွှန်မိသားစုရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သမီးကို လက်ထပ်ဖို့ အဲဒီယောကျ်ားက ဘယ်လောက်တောင်မှ ထူးချွန်ထက်မြက်ရမလဲ။

"ပိုး နွှန်မိသားစုရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ သမီးက အရမ်းကို အဆင့်အတန်း မြင့်လွန်းလို့ လင်းဟန်တောင်မှ သူမကို

လက်မထပ်နိုင်ဘူးလား"

ဩဇာလွှမ်းမိုးမှုရှိတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီး မိုးရေဇကေရာဇ်နဲ့ မုယောင်ချင်းတို့က အတူတူ ရောက်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်လုံးက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ ဖြစ်ပြီးတော့ အရမ်းကို အစွမ်းထက်သူတွေ ဖြစ်ပါတယ်။

ပိုင်းရံထားတဲ့ လူတွေက လမ်းတစ်ခု ဖြစ်အောင်လို့ ဖယ်ပေးလိုက်ကြပါတယ်။ ဒီနေရာကို ရောက်လာနိုင်တဲ့ လူတွေအားလုံးက ပါရမီရှင်တွေဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ရောက်နေတဲ့ လူတွေက အများကြီး မရှိပါဘူး။ ပြီးတော့ သူတို့က မိုးရေဇကေရာဇ်နဲ့ မုယောင်ချင်းရဲ့ အရှိန်အဝါကို ခုခံနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နှစ်ယောက်က လင်းဟန်ရဲ့ ဘေးနားမှာ လက်ပိုက်ပြီးတော့ ရပ်နေကြပြီး အပြည့်အဝကို ထောက်ခံတဲ့ ပုံစံမျိုး ဖြစ်နေကြပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့်။

အခုခေတ် လူငယ်မျိုးဆက်တွေ အထဲမှာ ထူးထူးဆန်းဆန်းနဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူတစ်ယောက်မှ မရှိသေးပါဘူး။ ဒါကြောင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေက သံသယ ရှိစရာ မလိုအောင် အသန်မာဆုံး လူတွေပဲ ဖြစ်ပါတယ်။ မိုးရေဇကေရာဇ်နဲ့ မုယောင်ချင်းရဲ့ တိုက်ပွဲက လူသိများ ထင်ရှားကြပြီး သူတို့က စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဖင်ရောက်ကာစ ဆိုပေမဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်ခုနစ်ပွင့် ကြယ်ရှစ်ပွင့်ထိ ရှိပြီးတော့ သူတို့ထက် ကြီးတဲ့မျိုးဆက်က လက်ရွေးစင်တွေနဲ့ တစ်ယောက်ချင်း တိုက်ခိုက်နိုင်စွမ်း ရှိကြပါတယ်။

"ဟီးဟီး မိန်းကလေး မန်မန်။ တကယ်လို့ မင်းက ငါ့ညီလေးလင်းကို လက်ထပ်မယ်ဆိုရင် မင်းကို မင်္ဂလာလက်ဆောင် တစ်ခုအဖြစ် နှင်းနဂါးသတ္တုကို လက်ဆောင်ပေးမယ်"

မုယောင်ချင်းက ပြုံးပြီးတော့ ပြောလိုက်ပြီး လက်တစ်ဖက်ကို ဖွေ့လိုက်တာနဲ့ အဖြူရောင် သတ္တုတစ်ခုကို ဆွဲထုတ်ယူလိုက်ပါတယ်။ ၎င်းရဲ့အရွယ်အစားက လက်သီးတစ်လုံး အရွယ်အစားနဲ့ သိပ်ပြီးတော့ မကွာခြားပါဘူး။ ဒီသတ္တုကို လူတွေအများကြီးက

မျက်လုံးတွေ ပြူးပြီးတော့ စိုက်ကြည့်နေပြီး ငမ်းငမ်းတက် လိုချင်နေတဲ့ အကြည့်တွေ ဖြစ်ပေါ်နေပါတယ်။

နှင်းနဂါး သတ္တု။ သူ့ရဲ့အဆင့်ကို အတည်ပြုဖို့ ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီသတ္တုကို အသုံးပြုတဲ့နေရာမှာ အရမ်းကို ပြိုင်ဘက်ကင်းပါတယ်။ အဲဒီသတ္တုကို သန့်စင်ဖို့ လိုအပ်ပြီး တခြားရှားပါး သတ္တုတွေနဲ့ ရောနှောပြီးတော့ လက်နက်တစ်ခုကို သွန်းလုပ်မယ်ဆိုရင် မာကျောမှုက အကြီးအကျယ်ကို တိုးလာစေပြီး အဆင့်ခုနစ် ပစ္စည်းတွေက အဆင့်ရှစ် သိုင်းဆန္ဒတွေကို ကြံ့ကြံ့ခံနိုင်အောင် ဖြစ်စေပါတယ်။

အလွန်ဆုံး အကန့်အသတ်က အဆင့်ခုနစ် ဖြစ်ပါတယ်။ အဆင့်ရှစ် ပါဂင်ပစ္စည်း တစ်ခုကို အဆင့်ကိုး တစ်ခုအဖြစ် ပြုလုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါတောင်မှ လူတိုင်းလူတိုင်းက လိုချင်တပ်မက်တဲ့ မျက်လုံးတွေနဲ့ အငမ်းမရ ကြည့်နေကြပါတယ်။ ဒီနှင်းနဂါး သတ္တုတုံးက လက်သီးတစ်လုံး အရွယ်အစား ရှိပြီးတော့ အဆင့်ခုနစ် ရှားပါး သတ္တုတစ်ခုကို ပေါင်းထည့်လိုက်မယ်ဆိုရင် အဆင့်ရှစ် လက်နက်တစ်ခုအဖြစ် မွန်းမံသန့်စင်ဖို့ လုံလောက်ပြီး

လူအများစုကို စိတ်ကျေနပ်စေပါလိမ့်မယ်။

နွန်မန်မန်ရဲ့ အသက်ရှူသံတောင်မှ ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့ သူမက စိတ်ဆိုးတဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူမလို ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ မျိုးဆက်က နင်းနဂါးသတ္တုအပိုင်းစ တစ်ခုနဲ့ အရောင်းအဝယ် လုပ်နိုင်လို့လား။ မဖြစ်နိုင်တာ။

"အိပ်မက်မက်နေလိုက်"

သူမက ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ သူမကို အကြီးအကျယ် အရှက်ခွဲစော်ကားတယ်လို့ ခံစားရပါတယ်။

လင်းဟာန်က သက်ပြင်းချပြီးတော့ မုယောင်ချင်းရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မုယောင် မင်းကိုကြည့်ရတာ ဆက်ပြီးတော့ ကစားလို့ မရတော့ဘူးနဲ့တူတယ်။ ငါက လက်ထပ် မင်္ဂလာပွဲ တစ်ခုအတွက် စကားပြောချင်ပေမဲ့ သူမက မင်းရဲ့ ခန်းဝင်ပစ္စည်း လက်ဆောင်ဘက်ကို နာခေါင်းလှည့်သွားတယ်"

"ဘာ ငါလား"

မုယောင်ချင်းက သူ့နှာခေါင်းကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ သူက အံ့အားသင့်သွားတဲ့ အကြည့်တစ်ခု ဖြစ်သွားပြီး အဲဒီနောက်မှာ ချက်ချင်းပဲ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါမလိုချင်ဘူး"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မိန်းကလေးနွှန်ကို တောင်းပန်ပါတယ်။ ငါ့အစ်ကို မင်းကို စိတ်မဝင်စားဘူးတဲ့။ ဒါကြောင့် စောစောက ငါ့ရဲ့စကားတွေကို အတည်မမှတ်ပါနဲ့"

အခုလိုမျိုး လူတွေနဲ့ ကစားရတာ တကယ့်ကို ကောင်းတယ် မဟုတ်လား။

နွှန်မန်မန်ရဲ့ မက်မွန်သီးပုံစံ မျက်လုံးတွေက မီးဟင်းဟင်းတောက်လောင်လို့ လာခဲ့ပြီး ကျင်းရှမ်းရှမ်းရဲ့ အမူအရာကလည်း နည်းနည်းလေးမှ မကောင်းပါဘူး။

တစ်ဖက်က ကျိုးချိုးလီချင်းကလည်း အကူအညီပေးဖို့အတွက် တက်ကြွထက်သန်တဲ့ အမူအရာနဲ့ ပြေးလာပြီး လင်းဟန်တို့ အဖွဲ့ကို ဝိုင်းထားလိုက်ပါတယ်။

"မင်းတို့ကောင်တွေတော့ သွားပြီသာမှတ်"

"ဒီကမ္ဘာကြီးထဲက လူတွေကို စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နှစ်ယောက်ရဲ့ အကူအညီနဲ့ မင်းက နှိမ်ချပြီးတော့ ကြည့်လို့ရမယ်လို့ ထင်နေတာလား"

အားလုံးက လင်းဟန်တို့ အဖွဲ့ကို အေးစက်စွာနဲ့ စိုက်ကြည့်နေပါတယ်။ ဒီတစ်ကြိမ် ဖိတ်ကြားခံရတဲ့ အထဲမှာ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိထားတဲ့ ထိပ်တန်းပါရမီရှင် အနည်းငယ်လည်း ရှိပါတယ်။ သူတို့ရောက်လာတာနဲ့ လင်းဟန်နဲ့ တခြားလူတွေကို ထိန်းချုပ်ဖို့ဆိုတာ လက်တစ်ဖက်ကို လှန်လိုက်သလို လွယ်ကူသွား ပါလိမ့်မယ်။

ဒင် ဒင် ဒင် ဒင်။

တူရိယာ တစ်ခုရဲ့ သံစဉ်လှိုင်းတစ်ခုကို ရုတ်တရက် ကြားလိုက်ရပါတယ်။ ဒါက နတ်ဘုရား အသံတစ်ခုလိုမျိုးပဲ

လူတိုင်းရဲ့ ဒေါသကို ရုတ်တရက် လျော့ကျသွားစေခဲ့ပါတယ်။

Chapter 631 end

အပိုင်း ၆၃၂ ဂမ်မိသားစုရဲ့ ပုလဲရတနာ

အားလုံးက အသံထွက်ပေါ်လာတဲ့ နေရာဆီကို ကြည့်လိုက်ကြပြီး ရေကန်အလယ်က စံအိမ်လေး အထဲကနေ အဖြူရောင် ဂတ်စုံနဲ့ မိန်းကလေး တစ်ယောက် ရုတ်တရက် ထွက်ပေါ်လာတာကို မြင်လိုက်ရပါတယ်။ သူမရဲ့ အနက်ရောင် ဆံကေသာက တိမ်တွေနှင်းတွေနဲ့ တူပြီးတော့ သူမရဲ့ အလှအပက ဒီကမ္ဘာကလို့တောင် မထင်ရလောက်အောင် ကောင်းကင်ပေါ်က နတ်သမီးလေး တစ်ပါးနဲ့ တူပါတယ်။

သူမက ကုချင်းတစ်ခုကို နူးညံ့သိမ်မွေ့စွာ တီးခတ်နေပြီး သူမရဲ့ ဖြူဖွေးတွေ လက်တွေက ကျောက်စိမ်းဖြူနဲ့ တူပါတယ်။ အံ့သြစရာကောင်းတဲ့ သီချင်းသံက လူတွေရဲ့ စိတ်နဲ့ ဂိညာဉ်ကို ယစ်မူးသွားစေပါတယ်။

ဒီသံစဉ်က ဒီကမ္ဘာကတောင် မဖြစ်နိုင်ပါဘူး။

ရေကန်ထဲက ငါးတွေက ဆက်တိုက်ဆိုသလို ရေပေါ်ကို

ခုန်ခုန်တက်လာပြီး ရေကန်ထဲက စံအိမ်အနားမှာ ပိုင်းနေကြပြီး အရမ်းကို မြူးကြွနေကြပါတယ်။ ကောင်းကင်ပေါ်က ငှက်တွေလည်း ပျံသန်းပြီးတော့ မိုးကောင်းကင်ထက်မှာ တင့်တယ်လှပစွာနဲ့ နတ်ငှက်တွေအလား ကခုန်နေကြ ပါတယ်။

ကုချင်းရဲ့ အသံက တာအိုသင်္ကေတတွေ ပုံစံအဖြစ်ကို ပြောင်းလဲသွားပြီး ရေထဲကို ဂင်ရောက်ကာ လှိုင်းကြက်ခွပ်လေး အနည်းငယ်ကို ဖြစ်ပေါ်စေပြီးတော့ ဖျက်ဆီးခြင်းစွမ်းအား နည်းနည်းလေးမှ မရှိပဲ ငါးတွေကို ပျော်ရွှင်မြူးထူးစေပြီး ငှက်တွေကို တောင်ပံတဖျပ်ဖျပ်ခတ် ပျံစေပါတယ်။

အားလုံးက ယစ်မူးနေတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ ဒီမိန်းကလေးနဲ့ ဒီသံစဉ်က ကောင်းကင်ဘုံက ဖြစ်ပါလိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ သေမျိုးနယ်မြေဆီကို ဆင်းသက်လာ ရတာလဲ။

"နတ်သမီးလေး ရီယွင်"

"ဘာ သူမက နတ်သမီးလေး ရီယွင်လား"

"တကယ့်ကို ရင်သပ်ရှုမောစရာ ကောင်းလောက်အောင် ချောလိုက်တာ"

"သူမက တကယ်ပဲ အလယ်ပိုင်း ဒေသရဲ့ နံပါတ်တစ် အလှပဂေး မဟုတ်ဘူးလား။ ငါတကယ်ပဲ အဲဒါကို မယုံဘူး"

"ငါလည်း မယုံနိုင်ဘူး ဖြစ်နေတယ်"

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဂမ်ရီယွင်ရဲ့ ပုံပန်းသဏ္ဌာန်က လျှီယုထန်ရဲ့ အဆင့်အထက်မှာ ရှိပါတယ်။ ဒါပေမဲ့ ကျူးရွှမ်အာထက်တော့ နိမ့်ပါတယ်။ အသက်ရှုမှားစေတဲ့ ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းက သူမရဲ့ ဩဇာတိက္ကမနဲ့ ပြည့်စုံခြင်းကို အဆုံးမရှိ တိုးလာစေခဲ့ ပါတယ်။

ကျူးရွှမ်အာက အတော်လေး မနာလို ဖြစ်နေပါတယ်။ ပြီးတော့ သူမက လင်းဟန်ရဲ့ နားရွက်နား တိုးကပ်လာပြီးတော့ အသံကိုနှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ရွှမ်အာလည်း ပလွေဘယ်လို မှုတ်ရလဲ ဆိုတာကို သိတယ်"

လင်းဟန်က သူမရဲ့ နီရဲနေတဲ့ နှုတ်ခမ်းလေးတွေကို ကြည့်ပြီးတော့ သူ့နှလုံးသားက လှုပ်ယမ်းနေသလို ခံစားလိုက်ရပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီ အဲဒီအချိန်ကျရင် ငါနားထောင်ကြည့်မယ်"

ကျူးရှမ်အာက ခေါင်းညိတ်လိုက်ပြီးတော့ ကျေနပ်အားရ သွားပါတယ်။

"အားလုံးပဲ ကျေးဇူးပြုပြီးတော့ ခင်ခင်မင်မင် ဖော်ဖော်ရွေရွေ ရှိကြပါ"

ဂမ်ရီလင်းက လက်နှစ်ဖက်စလုံးကို ကုချင်းအပေါ်မှာ ညင်သာစွာ ဖိကပ်လိုက်ပါတယ်။ သံစဉ်က ဆက်လက်ပြီး ပဲ့တင်သံ ထပ်နေဆဲပါပဲ။ သူမရဲ့ အသံကလည်းက နူးညံ့သိမ်မွေ့ပြီးတော့ သာယာနာပျော်ဖွယ် ရှိလှပါတယ်။

"ဟုတ်ကဲ့ပါ"

အားလုံးက လက်ခံပြီးတော့ ခေါင်းညိတ်ပြီး သဘောတူညီ လိုက်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီမိန်းကလေးက နှစ်ဆယ့်သုံး နှစ်ဆယ့်လေးလောက်ပဲ ရှိပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစ ဖြစ်နေပြီး အရမ်းကို ထူးချွန်ထက်မြက်ပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ ရှေးဟောင်းဂိုဏ်းကြီးရဲ့ တပည့်တစ်ယောက် အနေနဲ့ သူမရဲ့ အဆင့်က မျှော်လင့်ထားသလိုပဲ သူမရဲ့အဆင့်အတန်းတွေ အားလုံးကို ကျော်လွန်နေခဲ့ပါတယ်။ မြောက်ပိုင်းဒေသမှာ သူမနဲ့ နိူင်းယှဉ်နိုင်တဲ့လူ ဘယ်သူမှ မရှိပါဘူး။ တခြားနယ်မြေ သုံးခုထဲမှာဆို မှယောင်ချင်းလို ကျော်ကြားတဲ့ လူနည်းစုလောက်ပဲ နိူင်းယှဉ်ဖို့ အရည်အချင်း ပြည့်မီနိုင်ပါတယ်။

“ကျမတို့ဂိုဏ်းနဲ့ တခြားအင်အားကြီး ဂိုဏ်းတွေမှာ မကြာခင် ဖြစ်ပျက်လာမဲ့ ဟောကိန်းတစ်ခု ရှိပါတယ်။ မဟာကပ်ဘေးဒုက္ခကြီး တစ်ခုက ကျရောက်လာပါတော့မယ်”

ဂမ်ရီယွင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။ နေရာတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး သူမရဲ့ သာယာနာပျော်ဖွယ် အသံတစ်ခုပဲ ထွက်ပေါ်နေပါတယ်။

"ဟိုးအရင် နှစ်ပေါင်းတစ်သောင်းကျော်တုန်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို အကြီးအကျယ် ပျက်စီးမှုကို ဖြစ်ပေါ်စေခဲ့တဲ့ ကပ်ဘေးကြီးက နောက်တစ်ကြိမ် ထပ်လာလိမ့်မယ်။ ပြီးတော့ ကျမတို့ဂိုဏ်းနဲ့ တခြားအင်အားကြီး ဂိုဏ်းတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကလို လုပ်ကြလိမ့်မယ်။ အစွမ်းထက်တဲ့ ရန်သူတွေကို တိုက်ခိုက်ချေမှုန်းပြီး ငြိမ်းချမ်းမှုကို ပြန်လည်ရယူပြီး ကမ္ဘာကြီးကို ပြန်လည်ငြိမ်းချမ်း စေလိမ့်မယ်"

"ဒါပေမဲ့လည်း အဆိုးဆုံးအတွက် ပြင်ဆင်တဲ့ အနေနဲ့ ကောင်းကင်ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တည်ဆောက်ပြီး အတတ်နိုင်ဆုံး အနာဂတ် မျှော်လင့်ချက်တွေကို မူလအခြေအနေအတိုင်း ထိန်းသိမ်းဖို့ ဆုံးဖြတ်ထားကြတယ်"

"ဒါကြောင့် အားလုံးရဲ့ အဓိကသော့ချက်က အနာဂတ်မှာ သိုင်းပညာတွေကို အားတက်သရော် ဆုပ်ကိုင်ထားဖို့ဖြစ်ပြီး အချင်ချင်းထိခိုက်နာကျင်အောင် မလုပ်သင့်ဘူး"

သူမက ဒီလိုမျိုး ပြောပြီးတာနဲ့ မတ်တပ်ထရပ်ပြီးတော့

ကမ်းခြေဆီကို ဦးတည်ပြီး ရေကန်ပေါ်မှာ လမ်းလျှောက်လာခဲ့ပါတယ်။ ပထမ ခြေလှမ်း လှမ်းလိုက်တာနဲ့ ငါးတွေက ပျော်ရွှင်မြူးထူးစွာနဲ့ ရေထဲကနေ ခုန်တက်လာပြီး ဘီလုံးငှက်တွေက သူမအနောက်ကနေ ကခုန်ပြီး လိုက်ပါလာခဲ့ ပါတယ်။ ဒါက သူမကို ကမ္ဘာမြေကြီးဆီကို ဆင်းသက်လာတဲ့ တန်ခိုးရှင် နတ်သမီးလေး တစ်ပါးနဲ့ တူပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ နူးညံ့သိမ့်မွေ့ လှပလို့ နေပါတယ်။

"နတ်သမီးလေးက တကယ့်ကို စေတနာပြည့်ဝတာပဲ"

"အင်အားကြီးဂိုဏ်းငါးဂိုဏ်းက ကမ္ဘာကြီးကို ရင်ဂယ်ပိုက်ထားသလို ချစ်ခင်မြတ်နိုးကြတယ်။ တကယ်လို့ မဟာကပ်ဘေးကြီးတစ်ခုက တကယ်ပဲ ဖြစ်ပျက်လာခဲ့မယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်လိမ့်မယ်"

"ကြီးကျယ်မြင့်မြတ်ပြီး အမှန်တရားကို ချစ်မြတ်နိုးကြပါပေ့"

"တကယ့်ကို မွန်မြတ်လှပါတယ်"

အားလုံးက တညီတညွတ်တည်း ချီးကျူးလိုက်ကြပါတယ်။

ရိုးရိုးသားသား ပြောတာပဲဖြစ်ဖြစ် မရိုးမသား ပြောတာပဲဖြစ်ဖြစ် ဘယ်သူကများ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို မကောင်းပြောပွံ့မှာလဲ။ ဒီဂိုဏ်းတွေက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ရှိနေတဲ့ အထွတ်အထိပ် အင်အားစုတွေ ဖြစ်ပြီးတော့ ဘယ်ဂိုဏ်းပဲဖြစ်ဖြစ် ကမ္ဘာကြီးကို လွှမ်းမိုးနိုင် ပါတယ်။

ဒါပေမဲ့လည်း အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက သူတို့ရဲ့ ကိုယ်ပိုင်နယ်မြေတွေကို စဉ်ဆက်မပြတ် ကာကွယ်စောင့်ရှောက်နေပြီး ကမ္ဘာကြီးကို လွှမ်းမိုးဖို့ အကြံအစည် ဘယ်တော့မှ မရှိခဲ့ပါဘူး။ ဒါက လူတွေကို လက်မထောင်ပြီးတော့ ချီးကျူးအောင်လို့ လုပ်စေပါတယ်။

ဂမ်ရီယွင်က ရောက်လာတဲ့ အခါမှာ နွန်မန်မန်ကို ပျားရည်လို ချိုသာတဲ့ အပြုံးနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အစ်မမန်မန် ဒေါ်သမထွက်ပါတော့နဲ့နော် အဆင်ပြေတယ်မလား"

"ငါ့ညီမလေးကြောင့် ငါဒေါသမထွက်တော့ပါဘူး"

နွန်မန်မန်က အပြုံးတစ်ခုကို အတင်းဟန်လုပ်ပြီး

ပြုံးပြလိုက်ပါတယ်။ တကယ်တမ်းတော့ သူမက ခေါင်းမာမာနဲ့ ဆက်ပြီးတော့ ပြဿနာကို ဖက်တွယ်နေဦးမယ်ဆိုရင် တခြားလူတွေက သူမကို အထင်အမြင်သေးစွာနဲ့ ကြည့်ကြပါလိမ့်မယ်။

ဒါကြောင့် စကားလုံးနဲ့ တိုက်စစ်ဆင်တဲ့ နည်းလမ်းကလည်း ထက်မြက်တဲ့ လက်နက်တစ်မျိုးပဲ ဖြစ်ပါတယ်။ ဒီလိုအချိန်မျိုးမှာ အပြစ်ရှာဖေဖန်ပြီး ပြောဆိုတာက ဦးနှောက်မရှိတဲ့ လူတစ်ယောက်နဲ့ တူပါတယ်။

"အစ်ကိုလင်း"

ဂမ်ရီယွင်က သူမရဲ့ အကြည့်တွေကို ပြောင်းလိုက်ပါတယ်။

"ကျမက ရှင်နဲ့ အစ်မမန်မန်တို့က စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကြောင့် ပြဿနာလေးတွေ တက်နေတယ်လို့ ကြားသိရတယ်။ ဒီလိုလုပ်ပါလား။ ကျမမှာ အဆင့်မြောက် ရတနာပစ္စည်း တစ်ခုရှိတယ်။ အဲဒါကို အစ်ကိုလင်းကို ပေးပြီးတော့ အဲဒီစိတ်ဂိညာဉ် ပစ္စည်းနဲ့ အလဲအလှယ် လုပ်ပေးမလား"

အားလုံးရဲ့ အမူအရာတွေက အံ့အားသင့် သွားခဲ့ပါတယ်။

အဆင့်ခြောက် စိတ်ဂိညာဉ် ပစ္စည်း တစ်ခုကို လက်ဆောင်တစ်ခုအဖြစ် သာမန်ကာလျှံကာပဲ အသုံးပြုခဲ့ပါတယ်။ ဒီလိုမျိုး ရဲတင်းမှုက ဂမ်မိသားစုရဲ့ နက်ရှိုင်းတဲ့ ဘဏ္ဍာရေးကို ဖော်ပြနေပါတယ်။ ဒါပေ့ါ။ နွှန်မန်မန်လို ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ မျိုးဆက်တောင် အရမ်းကို ရက်ရက်ရောရော ပေးနိုင်လိမ့်မှာ မဟုတ်ပါဘူး။

နွှန်မန်မန်က ချက်ချင်းဆိုသလို ကျေနပ်ပျော်ရွှင်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ အမှန်တော့ သူမက သန့်စင်တန်ခိုးရှင် ပုလင်းရဲ့ ထူးခြားဆန်းကြယ်မှုကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒါပေမဲ့ ရုတ်ရုတ်သဲသဲ မဖြစ်စေချင်တာကြောင့် သူမက နွှန်ရှယ်ယွင်ကို လှုပ်ရှားခိုင်းခဲ့ပါတယ်။ အဆုံးမှာ လင်းဟန်က သူမရဲ့လမ်းကို ဝင်နှောင့်ယှက်ပြီးတော့ ပုလင်းကို ယူဆောင်သွားပါတယ်။ ဒါကြောင့် သူမက လင်းဟန်ကို ညှိ့ခံပွဲကို ဖိတ်ကြားပြီးတော့ ဒီနေရာက ဖိအားကို အသုံးပြုပြီး သူ့ကို ဖိအားပေး အကျပ်ကိုင်ချင်ခဲ့တာပါ။

ဂမ်မိသားစုရဲ့ အချစ်ဆုံး သမီးဖြစ်သူက အဆင့်ခြောက် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ အလဲအလှယ်လုပ်ဖို့ ပြောတာဆိုရင် ဘယ်လိုပဲတွေးတွေး လင်းဟန်က

သဘောတူသင့်ပါတယ်။ တကယ်တော့ ဂမ်ရီယွင်ကို မျက်နှာသာပေးပြီး ရောင်းချတာက အနာဂတ်မှာ အကြီးအကျယ် အသုံးဝင်လာ နိုင်ပါလိမ့်မယ်။

"မလိုပါဘူး။ ကျနော်က အဲဒီပုလင်းကို အရမ်းကို သဘောကျ နှစ်သက်တာကြောင့် ရောင်းချဖို့ စိတ်ကူးမရှိပါဘူး"

လင်းဟာန်က ချက်ချင်းပဲ ငြင်းပယ်လိုက်ပါတယ်။ လာနောက်မနေနဲ့။ ဒီကျောက်ဆုံက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို တုပထားပြီးတော့ အရာအားလုံးရဲ့ အဆီအနှစ်တွေ ဆွဲထုတ်ပြီး သန့်စင်နိုင်ပြီး နတ်ဆိုးရှင်သန်ဓားထက်တောင် အတော်လေး တန်ဖိုးကြီးပါတယ်။ အဆင့်ခြောက် စိတ်ဝိညာဉ် ပစ္စည်းလေး တစ်ခုကိုအသုံးပြုပြီးတော့ အလဲအလှယ် လုပ်ချင်နေ တာလား။ အိပ်မက်မက်မနေနဲ့။

သူက နည်းနည်းလေးမှတောင် မစဉ်းစားပဲ ငြင်းပယ်လိုက်တာကြောင့် အားလုံးက အံ့အားသင့် သွားရုံတင်မက ဂမ်ရီယွင်တောင်မှ မျှော်လင့်မထားဘူးဆိုတာ သိလိုက်ရပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာလေးမှာ အံ့အားသင့်နေတဲ့ ပုံစံတစ်ခု ဖြစ်ပေါ်နေတာ ပေါ်လွင်ပါတယ်။ ပြီးတော့

ခဏလောက် လန့်ဖျပ်သွားပြီးမှ သူမက ပြောလိုက်ပါတယ်။

"အစ်ကိုလင်း နည်းနည်းလေးတောင်မှ မစဉ်းစားပေးတော့ဘူးလား"

"မလိုဘူး"

လင်းဟန်က သူ့လက်ကို ပုတ်ယမ်းလိုက်ပြီး သူမကို နည်းနည်းလေးမှတောင် မျက်နှာသာ မပေးပါဘူး။

"လင်းဟန် မင်းက အရမ်းကို မောက်မာလွန်းတယ်"

ကျိုးချိုးလီချန်းက အခွင့်အရေးကို ရယူပြီး အော်ဟစ်လိုက်ပါတယ်။ လင်းဟန်က ဂမ်ရီယွင်ရဲ့ ကောင်းမွန်တဲ့ စိတ်သဘောထားကို ငြင်းပယ်ခဲ့တာက လူအုပ်ကြီးရဲ့ ဒေါသကို ဆွပေးသလို ဖြစ်တယ်ဆိုတာ ပေါ်လွင်ပါတယ်။

မီးစာနည်းနည်းလောက် ထပ်ဖြည့်ပေးလိုက်ပြီး သူက လင်းဟန်ကို အားလုံးက ပစ်မှတ်ထားဖို့ လုပ်လိုက်တယ်ဆိုတာ ပေါ်လွင်ပါတယ်။

"ဟုတ်တယ် အရမ်းကို မောက်မာလွန်းတယ်။ နတ်သမီးလေး ရီယွင်က စိတ်သဘောထား ကောင်းကောင်းနဲ့ ကမ်းလှမ်းတာက မင်းက နည်းနည်းလေးတောင်မှ မစဉ်းစားတော့ဘူး"

"ဟင့် မင်းကိုယ်မင်း တကယ့်ကို ခေါင်းဆောင်တစ်ယောက်လို့ စဉ်းစားနေတာလား"

"တကယ်လို့ နတ်သမီးလေး ရီယွင်ကြောင့်သာ မဟုတ်ဘူးဆိုရင် ငါသေချာပေါက် ဒီကောင်ကို ရိုက်နှက်ပစ်မှာပဲ"

အားလုံးက တစ်ယောက်တစ်ပေါက်နဲ့ ပြောလိုက်ကြပါတယ်။ လှပချောမောမှုက သဘာဝရဲ့ အားသာချက် ရှိပါတယ်။ ပြီးတော့ သူမက ပိုပြီးတော့ ချောမောလေ လူတွေက တခြားကိစ္စကို ဘေးဖယ်ထားပြီးတော့ ဂမ်ရီယွင်ရဲ့ ဆွဲငင်အား လွှမ်းမိုးမှုကို လုံးဝခံနေရပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ညီုးညီုး ဗိုက်ဂပြီလား"

"မဆာရုံလောက်ပဲ ရှိသေးတယ်"

ဟူးညိုက အစားအသောက်ပုံကြီးကနေ သူမရဲ့ခေါင်းဖော်လိုက်ပါတယ်။

"ဒီနေရာက အစားအသောက်တွေက အရသာမရှိဘူး။ ညိုးညိုးအတွက် တကယ့်ကို ဒုက္ခရောက်တယ်"

အားလုံးက မူးမေ့ပြီး လဲကျသွားမလို ဖြစ်သွားပါတယ်။ တကယ်လို့ ဒီအစားအသောက်တွေက အရသာ မရှိဘူးဆိုရင် ဘာဖြစ်လို့ မင်းက အများကြီး စားနေရတာလဲ။ မင်းရဲ့ဘေးနားမှာ ပုံထားတဲ့ ပန်းကန်ပြားအထပ်က မင်းအရပ်ထက်တောင် မြင့်သေးတယ်။ နောက်ပြီးတော့ ဒီလောက်တောင် အများကြီး စားပြီးတာတောင်မှ မဆာရုံလောက်ပဲ ရှိသေးတယ်လို့ ပြောသေးတယ်။ မင်းမှာ ဘယ်လိုမျိုး အစာအိမ် ရှိနေတာလဲ။

"ကောင်းပြီလေ ငါတို့ပြန်သွားပြီးတော့မှ ဆက်ပြီးစားကြတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းတယ် ကောင်းတယ်"

ဟူညို့က လက်ခုပ်လက်ဝါး တီးပြီးတော့ ဂမ်ရီယွင်ကို ကြည့်ပြီး ချိုသာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ရှင်က ဒီလိုမျိုး ညှော်ခံပွဲတစ်ခု ကျင်းပပြီးတော့ ညှော်သည်တွေကို အရသာညံ့ဖျင်းတဲ့ ဟင်းပွဲတွေ ပြင်ဆင်ထားပေးတယ်။ ဟူး။ ညီးညီး ရှင့်ကို အထင်သေးသွားပြီ"

ကောင်းပြီလေ။ တစ်စုံတစ်ယောက်ရဲ့ အဆင့်မြင့် သားရဲဟင်းတွေကို အများကြီး စားပြီးတော့ သူတို့ကို အထင်သေးစွာနဲ့ ကြည့်နေသေးတယ်။ ဒီကလေးမက တကယ့်ကို လူတမျိုးပါပဲ။

ဂမ်ရီယွင်က စိတ်ဆိုးဒေါသ ထွက်သွားခြင်း မရှိပဲ ပြုံးရယ်နေပါတယ်။ သူမရဲ့ စိတ်သဘောထားကို ယိမ်းယိုင်သွားနိုင်တာမျိုး မရှိတဲ့ ပုံစံပါပဲ။ ဒါပေမဲ့ ဘေးနားက လူတွေကတော့ ဒါကို သည်းမခံနိုင်အောင် ဖြစ်နေကြပါတယ်။ မင်းတို့တွေက ဘယ်လိုမျိုး ညှော်သည်တွေလဲ။

"ထွက်မသွားနဲ့ ရပ်နေလိုက်စမ်း"

"ဟုတ်တယ်။ ငါမင်းနဲ့ လက်ရည်စမ်းချင်တယ်"

"အဲဒါအမှန်ပဲ။ ငါတို့တွေ နည်းနည်းလောက် လက်ရည်စမ်းကြည့်ရအောင်"

Chapter 632 end

အပိုင်း ၆၃၃ ကောင်းကောင်းကလိမ်ကကျစ်နဲ့ နပ်ချခြင်း

ဘယ်သူကမှ မုယောင်ချင်းနဲ့ မိုးရေကောရာဇ်ကို စိန်မခေါ်ပုံ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေ ဖြစ်ကြပါတယ်။ ဒါပေမဲ့ လင်းဟာန်ကတော့ ပန်းဖူးအဆင့်မှာပဲ ရှိပါတယ်။

အားလုံးက လက်ရှိမျိုးဆက်ရဲ့ ပါရမီရှင်တွေ ဖြစ်ပါတယ်။ အဆင့်တူထဲက ဘယ်သူနဲ့ပဲဖြစ်ဖြစ် တိုက်ခိုက်ယှဉ်ပြိုင်ဖို့ ဘယ်သူက ကြောက်နေမှာလဲ။

ပါရမီရှင်တွေက ပြတ်သားကြပြီး အဆင့်တူထဲမှာ ပြိုင်ဘက်ကင်းတယ်ဆိုတဲ့ ယုံကြည်ချက်တွေ

ရှိနေကြပါတယ်။ ဒါကြောင့်လည်း သူတို့က ပိုပြီးတော့တောင် ကြောက်ရွံ့ခြင်းအလျဉ်း ကင်းမဲ့နေ ကြတာ ဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အင်အားသုံးပြီး လင်းဟန်ကို ဖိနှိပ်နိုင်မယ် ဆိုရင်တော့ ဂမ်ရီယွင်က သေချာပေါက် မြင့်မြင့်မားမား စဉ်းစားပြီးတော့ စိတ်ထဲမှာ မှတ်ထား ပါလိမ့်မယ်။

တည်သီးတွေက နူးညံ့ပျော့ပြောင်းတဲ့ အချိန်မှာ ကောက်ယူရပါတယ်။

လင်းဟန်က မထိတထိ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေက ငါနဲ့အတူ တကယ်ပဲ လက်ရည်စမ်းချင် နေကြတာလား"

"ဒါပေါ့"

လူတွေက တစ်ယောက်ပြီး တစ်ယောက် အော်ဟစ်လိုက်ပါတယ်။

"တကယ်လို့ မင်းရှုံးသွားရင် အဲဒီပုလင်းကို ပေးရမယ်"

"ကောင်းပြီလေ"

လင်းဟန်က တန်းပြီးတော့ လက်ခံလိုက်ပါတယ်။

"ဒါပေမဲ့လည်း မင်းတို့ကောင်တွေက ငါနဲ့အနှစ်သာရ ကင်းမဲ့တဲ့ လောင်းကြေးတစ်ခု လုပ်နေတယ်။ ဒါကြောင့် တကယ်လို့ ငါနိုင်မယ်ဆိုရင် ငါ့အတွက် ဘာအကျိုးအမြတ် ရမှာလဲ။ ငါနဲ့လက်ရည် စမ်းချင်တာလား။ ကောင်းပြီလေ။ အဆင့်ခြောက်ထက် မနိမ့်တဲ့ ရတနာတွေ ထုတ်ပြီးတော့ လောင်းရမယ်"

"မင်းကို ဘယ်သူက ကြောက်နေမှာမို့လဲ"

ချက်ချင်းဆိုသလိုပဲ တစ်စုံတစ်ယောက်က ရတနာ တစ်ခုကို ထုတ်ယူပြီးတော့ စားပွဲပေါ်ကို တင်လိုက်ပါတယ်။

မျက်စိနဲ့ တစ်ချက်ပေ့ကြည့်လိုက်တာနဲ့ စိတ်ဝိညာဉ် ဆေးပင်တွေ ရှားပါးသတ္တုတွေနဲ့ ရှေးဟောင်းပစ္စည်းတချို့ကို မြင်တွေ့နိုင်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ ငါ့ကိုစိန်ခေါ်ချင်တဲ့လူ အရှေ့ကို တိုးလာခဲ့။ ရတနာတစ်ခုနဲ့ ကမ်းလှမ်းနိုင်တဲ့ လူတိုင်းကို ငါလက်ခံပေးမယ်။ လောင်းကြေးကို အတူတူ ချထားမယ်။ ငါအခု ကြိုတင်စာရင်း ပေးသွင်းတာကို လက်ခံမယ်။ လာလာလာကြ။ ငါ့ကိုစိန်ခေါ်ချင်တဲ့ ဘယ်သူမဆို ရတနာတွေ ထုတ်ပြီးတော့ စားပွဲပေါ်ကို တင်လိုက်။ ရှမ်အော မင်းက အဲဒါတွေကို စာရင်းကောက်ထား"

"ဟုတ်"

ကျူးရှမ်အောက ခေါင်းညိတ်ပြလိုက်ပါတယ်။

ဒါကို ဘယ်လိုလုပ်ပြီးတော့ အသေးအဖွဲ့လို လုပ်လို့ ဖြစ်မှာလဲ။

အားလုံးက ငယ်ရွယ်ပြီးတော့ တက်ကြွတဲ့ လူငယ်တွေ ဖြစ်ပါတယ်။ ပြီးတော့ မိန်းမလှလေးရဲ့ အရှေ့မှာ ဘယ်သူကမှ ရှုံးနိမ့်ဖို့ ဆန္ဒမရှိကြပါဘူး။ လူတွေအများကြီးက သူတို့ရဲ့ ရတနာတွေကို ထုတ်ယူပြီးတော့ စားပွဲပေါ်ကို ပစ်တင်လိုက်ပါတယ်။ ကျူးရှမ်အောအနေနဲ့ တစ်စုံတစ်ယောက်က အဆင့်နိမ့် ရတနာ တစ်ခုကို အသုံးပြုပြီးတော့ လိမ်လည်လှည့်ဖျားခြင်း မရှိအောင်လို့

စစ်ဆေးရတဲ့ တာဝန်ကို ယူထားပါတယ်။

"ပထမအချက်က လောင်းကြေးကို သတ်မှတ်လိုက်တာနဲ့ ဘယ်သူကမှ ပြန်ပြီးတော့ ယူဆောင်ခွင့် မရှိဘူး။ မင်းတို့ကောင်တွေက ငါနဲ့တိုက်ခိုက်မလား မတိုက်ဘူးလား ဆိုတာကိုပဲ ရွေးချယ်နိုင်မယ်။ မတိုက်ဘူးဆိုရင် အလိုအလျောက် ရှုံးနိမ့်သွားမယ် လောင်းကြေးကို ပြန်မရဘူး"

လင်းဟန်က လေးလေးနက်နက် ပြောလိုက်ပါတယ်။ သူ့အနေနဲ့ အားလုံးကို သူတို့ရဲ့ ရတနာတွေ လောင်းကြေးအတွက် အရင်ဆုံး ထုတ်ခိုင်းပြီးတော့ တခြားလူတွေကို သူရဲ့တိုက်ပွဲစွမ်းရည်ကို မြင်တွေ့ပြီးကာမှ နောက်ပြန်ဆုတ်မဲ့အရေးကနေ ကြိုတင်ကာကွယ် ထားရပါမယ်။

လူငယ်တွေ အားလုံးက သူတို့ရဲ့ လည်ပင်းတွေကို မော့ပြီးတော့ ပြောလိုက်ပါတယ်။

"ဟင့် ငါတို့က မင်းကိုကြောက်နေမယ်လို့ ထင်နေတာလား"

လင်းဟန်က စားပွဲပေါ်မှာ တင်ထားတဲ့ ရတနာ

အစုအဝေးကြီးကို တစ်ချက်ကြည့်လိုက်ပါတယ်။ အဲဒီနောက် သူကပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ်ရှိသေးလား။ ထပ်ရှိသေးလား။ ဒါက တစ်ကြိမ်ပဲရမဲ့ အခွင့်အရေးနော်။ ဒီတစ်ကြိမ်ပြီး နောက်ထပ်မရနိုင်တော့ဘူး။ ဂမ်မိသားစုရဲ့ ပုလဲရတနာလေး အရှေ့မှာ ကိုယ်စွမ်းကိုယ်စ ပြချင်တဲ့လူတွေ အခွင့်အရေး တစ်ခုကို ရှုံးနိမ့်သွားရင် ဘယ်တော့မှ ပြန်မရနိုင်ဘူးနော်"

သူက တကယ်ပဲ သူ့ကိုယ်သူ အတွက် ကြော်ငြာပေးနေတာလား။

ဂမ်ရီယွင်ရဲ့ အမူအရာက လှုပ်လှုပ်ရှားရှား ဖြစ်မသွားပေမဲ့ သူမရဲ့ လက်ချောင်းငါးချောင်းကို အနည်းငယ် ဆုပ်လိုက်ပြီး သူမရဲ့ စိတ်ထဲက မြင့်တက်လာတဲ့ ဒေါသကို ဖော်ပြနေရာ ရောက်ပါတယ်။

နောက်ထပ်လူတွေ ရှေ့တိုးလာပြီးတော့ လောင်းကြေးမလုပ်ကြတော့ပါဘူး။ တခြားလူတွေရဲ့ အမြင်ကတော့ ဒီလောက်လူတွေ အများကြီး တစ်ယောက်ပြီး တစ်ယောက် လင်းဟန်ကို စိန်ခေါ်မယ်ဆိုရင် သူက သေချာပေါက် ရှုံးနိမ့်သွားပါလိမ့်မယ်။ ပြီးတော့

တစ်ပွဲရှုံးတာနဲ့ ရတနာ ပုလင်းက ရှိတော့မှာမ ဟုတ်ပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့က စိန်ခေါ်ဖို့ လိုဦးမှာလဲ။

လင်းဟန်က ဂမ်းနည်းသလို ခံစားလိုက်ရပါတယ်။ ဒီလောက်များပြားတဲ့ လူတွေကိုပဲ လှည့်စားလို့ ရနိုင်တာလား။ ထပ်ပြီးတော့ မတိုးလာတော့ဘူးလား။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အချိန်ကုန် သက်သာအောင်လို့ အခုလောင်းကြေး လုပ်ထားတဲ့ မင်းတို့အားလုံး အတူတူ လာလို့ရပြီ"

ဖူး။

ဒီကောင်က အရမ်းကို မောက်မာလွန်းပါတယ်။ လင်းဟန်ကို လူတွေဘယ်လောက်တောင် စိန်ခေါ်ကြသလဲ။ အနည်းဆုံး ငါးဆယ်ရှိပါတယ်။ ဒီလူပေါင်းငါးဆယ်က သာမန်မဟုတ်ပါဘူး။ လက်ရှိ ပါရမီရှင်တွေ ဖြစ်ပြီးတော့ အားလုံးက ပန်းဖူးအဆင့်ကိုရောက်နေပြီး အဆင့်ကျော် တိုက်ခိုက်နိုင်တဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားပြီးတော့ ကြယ်သုံးပွင့် လေးပွင့်ကနေ ငါးပွင့် ခြောက်ပွင့်ထိ အမျိုးမျိုး ရှိပါတယ်။

ဒီလောက် ပါရမီရှင် ပန်းဖူးအဆင့် လက်ရွေးစင်တွေ အများကြီး ပူးပေါင်းထားတာကို မဆင်မခြင်နဲ့ စိန်ခေါ်ပုံ့တာလား။

လူတစ်ယောက်က ပြိုင်ဘက်တွေ တစ်ယောက်ပြီးတစ်ယောက် တိုက်ခိုက်တာက ပင်ပန်းသွားနိုင်ပါတယ်။ အများကြီးနဲ့ တစ်ယောက် တိုက်ခိုက်တယ်ဆိုရင် ပြောနေစရာတောင် မလိုပါဘူး။

ပါရမီရှင်တိုင်းက မျက်နှာလိုချင်ကြပါတယ်။ သူတို့ထဲက ဘယ်သူကမှ တိုက်ခိုက်ဖို့ ဆန္ဒမရှိတာ ပေါ်လွင်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်သူကမှ မတိုက်ခိုက်ပုံ့ဘူး ဆိုမှတော့ ငါနိုင်တာပေ့ါ။ ရှမ်အာ လောင်းကြေးတွေယူပြီး ပြန်ကြမယ်"

"မင်းသွားလို့ မရဘူး"

လင်းဟန်က ထွက်ပြေးဖို့ ကြံနေတာကို မြင်လိုက်ရတဲ့ အခါမှာ လူငယ်တွေက မကျေမနပ် ဖြစ်ကုန်ကြပါတယ်။

သူတို့က မတိုက်ခိုက်ပုံတာ မဟုတ်ပါဘူး။ သူ့ကို အုပ်စုလိုက်ကြီး မတိုက်ချင်တာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ဒီလိုပုံစံမျိုးနဲ့ အောင်ပွဲမရချင်ပါဘူး။ နောက်ပြီးတော့ ဘယ်သူကရော ဆုလာဘ်ကို ရယူနိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟန်က ထွက်သွားဖို့ လုပ်နေတာကြောင့် သူတို့က ဆက်ပြီးတော့ မထိန်းနိုင်ပဲ တစ်ယောက်ပြီး တစ်ယောက် ခုန်ထွက်လာပြီး လင်းဟန်ကို ဝိုင်းထားလိုက်ပါတယ်။

"ငါမင်းတို့ကို သုံးကွက်အတွင်း အဆုံးသတ်ပေးမယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မောက်မာလိုက်တာ"

လူငယ်တွေ အားလုံးက ဒေါသထွက်သွားပြီး သူတို့ရဲ့ မျက်လုံးတွေမှာ မီးဟင်းဟင်းတောက်လို့ နေပါတယ်။ သူတို့အားလုံး လင်းဟန်ကို တကယ်ပဲ မုန်းတီးသွားသလို ခံစားရပြီး ချက်ချင်းဆိုသလို သူတို့ရဲ့ ဒေါသတွေကို ဆွပေးလိုက်သလို ခံစားရပါတယ်။

"သုံးကွက်အတွင်းမှာ ငါတို့က မင်းကို ရှုံးနိမ့်သွားမယ် ဟုတ်လား"

"အဓိပ္ပါယ်မရှိတဲ့ စကားတွေကို နည်းနည်းပဲ ပြောစမ်းပါ။ ဒီလိုမျိုး မောက်မာတဲ့ လူတစ်ယောက် စကားအများကြီး ပြောတာက ဘာမှသုံးစားမရဘူး။ ဒါကြောင့် သူ့ကိုရိုက်နက်ဆုံးမ လိုက်ကြရအောင်"

"ကောင်းပြီ"

အနည်းဆုံး လူနှစ်ဆယ်ကျော်က စဉ်ဆက်မပြတ် တိုက်ခိုက်လိုက်ပါတယ်။ ပုန်း။ သိုင်းအသိ ဆန္ဒတွေက ပျံ့နှံ့သွားပြီး မူလစွမ်းအင်ကနေ ပုံစံပြောင်းထားတဲ့ လက်နက်အမျိုးမျိုးက ထိုးခုတ်ခြင်း၊ ခုတ်ပိုင်းခြင်း၊ ဖြတ်တောက်ခြင်းစတဲ့ ပုံစံအမျိုးမျိုးနဲ့ လင်းဟာန်ကို တိုက်ခိုက်လိုက်ပြီး ချီအမျိုးအစား ပေါင်းစုံရဲ့ စီးမျောမှုကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေပါတယ်။

လင်းဟာန်က ထူးထူးဆန်းဆန်း ပြုံးလိုက်ပါတယ်။ အစွမ်းထက်တဲ့ မူလစွမ်းအင်တွေ စုစည်းပြီး သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ လျှပ်စီးအလင်းတန်းတွေ

တောက်ပလာခဲ့ပါတယ်။ အဲဒီနောက် သူက လက်သီးတစ်လုံးကို သာမန်ကာလျှံကာပဲ ထိုးသွင်းလိုက်ပါတယ်။

ထန် ထန် ထန် ထန် ထန်။

မူလစွမ်းအင် လက်နက်တွေ အားလုံးပဲ တစ်ခါတည်း ပျက်စီးသွားခဲ့ပြီး ချီစွမ်းအင် တိုက်ခိုက်မှု အားလုံးက အမြစ်ဖြုတ် သုတ်သင်ခြင်း ခံလိုက်ရပါတယ်။ ဒါပေမဲ့လည်း လျှပ်စီးအလင်းတန်းက အာနိသင် ပျက်ပြယ်သွားခြင်း မရှိသေးပဲ အရမ်းကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ အဲဒီလူတွေဆီကို ပျံ့နှံ့သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို တစ်ယောက်ပြီး တစ်ယောက် မိုးကောင်းကင်ပေါ်ကို လွင့်ထွက်သွားပြီး ပျက်စီးသွားတဲ့ ပန်းပွင့်တွေလို ကျဆင်းလာပြီး မြေပြင်ပေါ်ကို တဖြုတ်ဖြုတ် ကြွေကျလာခဲ့ပါတယ်။

လူနှစ်ဆယ်ကျော်ကို တကယ်ပဲ တစ်ကွက်တည်းနဲ့ အနိုင်ယူလိုက်ပါတယ်။

“နောက်ထပ် နှစ်ကွက် ကျန်သေးတယ်”

လင်းဟန်က တီးတိုးရွတ်ဆိုလိုက်ပြီး ကျန်နေသေးတဲ့ လူနှစ်ဆယ်ကျော်ကို ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေလည်း တစ်ပြိုင်နက်တည်း တက်လာပြီး တိုက်ခိုက်ကြပါ။ နှစ်ကွက်ပဲ ကျန်တော့တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမင်းတို့အားလုံးနဲ့ ဆက်ပြီးတော့ တိုက်နိုင်မှာ မဟုတ်ဘူး"

ပတ်ဂန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

ဒီလူငယ်က အရမ်းကို အစွမ်းထက်ပါတယ်။

ဒီလူနှစ်ဆယ်ကျော်အထဲက ဘယ်သူကမှ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ဖို့ အရည်အချင်း ပြည့်မီခြင်း မရှိပေမဲ့ ဧည့်ခံပွဲကို တက်ရောက်ခွင့်ရတယ် ဆိုကတည်းက မထူးချွန်တဲ့လူ ရှိမှာလား။ ဒါပေမဲ့လည်း လူနှစ်ဆယ်ကျော် တစ်ပြိုင်နက်တည်း တိုက်ခိုက်တာကို တစ်ကွက်တည်းနဲ့ အနိုင်ယူခဲ့တဲ့ လင်းဟန်က ဘယ်လောက်တောင်မှ သန်မာလိုက်သလဲ။

အဆင့်ကြီး တစ်ဆင့်သာလွန်ခြင်း မရှိသရွေ့ ဒီလိုမျိုး

တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားခြင်းက သေချာပေါက် ထူးချွန်ထက်မြက်ဆုံး ပါရမီရှင်ဖြစ်ပြီး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဂင်ရောက်နိုင်ပါတယ်။

ကျန်နေတဲ့ လူပေါင်းနှစ်ဆယ်ကျော်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် ကြပေမဲ့ ဘယ်သူကမှ မတိုက်ခိုက်ပုံပါဘူး။

သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က မြေကြီးပေါ်မှာ လဲလျောင်းပြီး ညည်းတွားနေတဲ့ လူတွေထက် မသန်မာပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့က တိုက်ကွက်တစ်ကွက်ကို တောင့်ခံနိုင်တယ် ဆိုရင်တောင် နောက်ထပ် တိုက်ကွက်နှစ်ကွက် ဒါမှမဟုတ် သုံးကွက်အတွင်းမှာ ရှုံးနိမ့်သွားမယ် ဆိုရင်တော့ ဘာများကွာခြားဦးမှာလဲ။ စောင့်ကြည့်နေတဲ့ မျက်လုံးတွေ အောက်မှာ ဆိုးဆိုးဂါးဂါး အရေးနိမ့် ခံစားရမယ်ဆိုရင် မိုက်မဲတာပဲ မဟုတ်ဘူးလား။

ဝ့်ါဖင်ကိုပဲ ကိုက်လိုက်တော့။

လင်းဟာန်က သူတို့ကို ပထမဆုံး လောင်းကြေးအတွက် သူတို့ရဲ့ ရတနာတွေကို ထုတ်ခိုင်းတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို

မြင်ပြီးတဲ့နောက်မှာ ဘယ်သူကများ တုံးအပြီးတော့ အလောင်းအစား လုပ်ဦးမှာလဲ။ ဒီလိုမျိုး လူထူးလူဆန်းတစ်ယောက်ကို ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိထားတဲ့ ပါရမီရှင်တွေကပဲ သူ့ကိုယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။

ကျူးရှမ်အာက အပြည့်အဝကို ပြုံးနေပြီး စားပွဲပေါ်က ရတနာတွေ အားလုံးကို သိမ်းဆည်းလိုက် ပါတယ်။

"တခြားအရာတွေထက် လှည့်စားတာ လုယက်တာတို့က အချိန်တိုတိုလေး အတွင်းမှာ ငွေတွေအများကြီး ရစေတာပဲ"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ အဲဒီနောက် သူက ရယ်မောပြီးတော့ သူ့အသံကို မြှင့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို စိန်ခေါ်ချင်သေးတဲ့လူ ရှိသေးလား"

အားလုံးက ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပြီး သူတို့ရဲ့ အကြည့်တွေကို သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့်အတွက် အရည်အချင်းတွေ ပိုင်ဆိုင်ထားတဲ့ အတော်ဆုံး ပါရမီရှင်တွေဆီကို

ကြည့်လိုက်ပါတယ်။

ဂမ်ရီယွင်ရဲ့ လှပတဲ့ မျက်လုံးတွေနဲ့ လှန်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"အစ်ကိုလင်းရဲ့ အစွမ်းနဲ့ဆိုရင် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရသင့်တယ်"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက သာမန်ပဲ မဟုတ်လား။ အစ်ကိုမုယောင်ချင်းလည်း အရည်အချင်း မမီဘူးလေ ဟုတ်တယ် မဟုတ်လား"

မုယောင်ချင်းက သူ့နှာခေါင်းကို လက်ညိုးထိုးညွှန်ပြပြီး ရှုသိုးသိုးနဲ့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ နောက်တစ်ကြိမ် ငါနဲ့ပဲ နှိုင်းယှဉ်ပြနေရတာလဲ"

"နှိုင်းတာလေးပဲဟာ။ မင်းရဲ့အမြင်ကို ငါမမေးပါဘူး။ ဒါကြောင့် ကျေးဇူးပြုပြီးတော့ ဝင်မပြောပါနဲ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အဲဒီနောက်မှာ ဂမ်ရီယွင်ကို ပြောလိုက်ပါတယ်။

"မိန်းကလေးဂမ် ငါတို့သွားလို့ ရပြီလား"

"အစ်ကိုလင်း ဒီတစ်ကြိမ် ရီယွင်က အားလုံးနဲ့ ကိစ္စလေး တစ်ခုကို ဆွေးနွေးချင်လို့ ဖိတ်ကြားခဲ့တာပါ။ ဒါကြောင့် ကျေးဇူးပြုပြီးတော့ ခဏလောက် ထိုင်ပေးပါလား"

ဂမ်ရီယွင်က သူတို့ကို စကားနဲ့ ထိန်းလိုက်ပါတယ်။

"အစားအစာတွေက အရသာဆိုးတယ်။ ထပ်ပြီးတော့ မထိုင်နိုင်တော့ဘူး"

ဟူးညိုက စားပွဲခုံကို ရိုက်လိုက်ပြီး သူမရဲ့ မျက်နှာပေါ်မှာ မကျေနပ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒါကိုကြားပြီးတော့ အားလုံးက ဂမ်ရီယွင်အတွက် ဂမ်းနည်းသွားခဲ့ပါတယ်။ ဂမ်မိသားစုက ဒီညော့ခံပွဲကို ကျင်းပဖို့အတွက် အကြီးအကျယ် သုံးစွဲခဲ့ပါတယ်။ ဒါပေမဲ့ ဟူးညိုရဲ့ ပါးစပ်ထဲမှာတော့ သူတို့က ညော့သည်တွေကို လျစ်လျူရှုထားတယ်လို့ ဖြစ်သွားပြီး တကယ့်ကို မမျှမတ

ဖြစ်သွားပါတယ်။

Chapter 633 end
အပိုင်း ၆၃၄ ကောင်းကင်ဘုံ တိုက်ခိုက်ခြင်း မဟာမိတ်အဖွဲ့

ဂမ်ရီယွင်က ဟူးညီကို အာရုံစိုက် မထားပါဘူး။ ဒီကလေးမက အတော်လေးကို ထူးဆန်းတယ် ဆိုပေမဲ့ သူမက အရမ်းကို ငယ်ရွယ်ပါသေးတယ်။ လင်းဟာန် အပေါ်မှာပဲ အလေးထား လိုက်ပါတယ်။

လင်းဟာန်က တစ်ချက်စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုရင်လည်း မင်း ဘာအကြောင်း ဆွေးနွေးမလဲ ဆိုတာကို ကြည့်ရတာပေါ့"

ဂမ်ရီယွင်က အသာလေး ပြုံးလိုက်ပြီး သူမရဲ့ အပြုံးက နူးညံ့သိမ်မွေ့တဲ့ လေပြေညှင်းလေး တိုက်ခတ်ပြီး နွေးထွေးတဲ့ နေရောင်ခြည်လေးနဲ့ တူပါတယ်။ သူမရဲ့ စိတ်ဂိညာဉ်ကို ဘယ်အရာကမှ လှုပ်ရှားအောင် မလုပ်နိုင်တဲ့ ပုံစံမျိုးပါပဲ။ သူမက ပြောလိုက်ပါတယ်။

"ဒီတစ်ကြိမ် အားလုံးကို ဖိတ်ခေါ်ရတဲ့ အဓိက အကြောင်းအရင်းက စီမံချက် တစ်ခုအတွက် ဖြစ်ပါတယ်။ အားလုံးက မျက်မှောက်ခေတ်ကာလရဲ့ ပါရမီရှင်တွေ ဖြစ်ပြီးတော့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်း ဖွင့်လှစ်တဲ့ အခါမှာ လူတွေအများကြီး ဝင်ရောက်နိုင်ခွင့် ရကြပါလိမ့်မယ်"

သူမက ခဏရပ်နားပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း လူရှိတဲ့ နေရာမှာ လူမှုဆက်ဆံရေး အသိုင်းအဝိုင်းဆိုတာ ရှိကြတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းမှာ ဂိုဏ်းကြီးငါးဂိုဏ်းအတွက် ပတ်ဝန်းကျင်ရှိတယ်။ အရှေ့ပိုင်းဒေသနဲ့ မြောက်ပိုင်းဒေသမှာ သူတို့ကိုယ်ပိုင် အသိုင်းအဝိုင်း ရှိတယ်။ တကယ်လို့ ဘယ်သူမဆို တစ်ယောက်တည်း ဖြစ်နေမယ်။ ဒါမှမဟုတ် အားနည်းတဲ့ အင်အားစု တစ်ခုထဲမှာ ရှိနေမယ် ဆိုရင်တော့ အဲဒီအချိန်ရောက်ရင် သူတို့က သေချာပေါက် ဆိုးဆိုးဝါးဝါး ခံစားသွားရလိမ့်မယ်"

အားလုံးက သူတို့ခေါင်းတွေကို ညိတ်လိုက်ကြပါတယ်။ သူတို့ကိုယ်ပိုင်မိသားစုနဲ့ ဂိုဏ်းတွေထဲမှာ သူတို့က သံသယဝင်စရာ မလိုလောက်အောင် ထူးချွန်ထက်မြက်ပြီး

အတော်ဆုံး ပါရမီရှင်တွေ ဖြစ်ကြပေမဲ့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းထဲမှာတော့ ကြီးမားကျယ်ပြန့် ကုန်းမြေတိုက်ကြီး တစ်ခုလုံးက ပါရမီရှင်တွေ စုဝေးနေကြပါတယ်။ သူတို့က အဲဒီမှာဆို သာမန်အဆင့်လောက်ပဲ ဖြစ်လာပါလိမ့်မယ်။ ဒါမှမဟုတ် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်နိုင်စွမ်းတောင် ရှိချင်မှ ရှိပါလိမ့်မယ်။

လင်းဟန်က သက်သေ တစ်ခုပါပဲ။ သူလည်းပဲ ပန်းဖူးအဆင့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ လူတွေရဲ့ ဆံပင်ကို ထောင်ပြီး ထိတ်လန့်ကြောက်ရွံ့ သွားစေပါတယ်။

အခုသူ့ကို ဆန့်ကျင်မိတဲ့ လူတွေက သူတို့တွေ သင်တန်းကျောင်းကို ဝင်ရောက်တဲ့ အချိန်ကျရင် လင်းဟန်က အနိုင်ကျင့်မှာကို ကြောက်လန့်နေကြပြီ မဟုတ်လား။ တစ်ခုသိထားရမှာက မိသားစုတွေနဲ့ ဂိုဏ်းတစ်ခုရဲ့ အင်အားတွေကို သင်တန်းကျောင်းထဲကို သယ်လာလို့ မရပါဘူး။

"ဒါဆိုရင် ရီယွင်မှာ အဆိုပြုချက် တစ်ခုရှိတယ်။ ကျမတို့တွေ

အားလုံးပေါင်းပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ကူညီစောင့်ရှောက်ပြီး တခြားအဖွဲ့က လူတွေကို ခုခံကာကွယ်သင့်ပါတယ်”

ဂမ်ရီယွင်က ဆက်ပြောလိုက်ပါတယ်။

ဒါက သူမရဲ့ ညော့ခံပွဲ ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်အစစ်အမှန်ပဲ ဖြစ်ပါတယ်။ သူမကိုယ်ပိုင် အသုံးပြုဖို့အတွက် ပါရမီရှင်တွေ စုစည်းနေတာပါ။

ဒါပေမဲ့လည်း ဒီနေရာမှာ ရှိနေတဲ့ လူတွေက လူငယ်မျိုးဆက်တစ်ခုဖြစ်ပြီး သူတို့က သေချာပေါက် မိသားစုတွေနဲ့ ဂိုဏ်းအသီးသီးရဲ့ ခေါင်းဆောင်တွေ ဖြစ်လာကြပါလိမ့်မယ်။ တကယ်လို့ ဒီလူတွေကို သူမရဲ့ ထိန်းချုပ်မှုအောက်မှာ ခေါ်ထားနိုင်မယ်ဆိုရင် အနာဂတ်မှာ လျစ်လျူရှုလို့ မရနိုင်တဲ့ အင်အားစုတစ်ခု ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်မိပါတယ်။

“ဒါဆိုရင် ဒီမဟာမိတ်ကို ဘယ်သူက မဟာမိတ်ရဲ့ ခေါင်းဆောင် ဖြစ်လာမှာလဲ”

ဂမ်ရီယွင်က လင်းဟန်ကို နောက်တစ်ကြိမ် မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျမရဲ့ စီနီယာအစ်ကို လန်ရထန်းက မဟာမိတ် ခေါင်းဆောင် နေရာအတွက် အကောင်းဆုံး ရွေးချယ်မှု ဖြစ်ပါလိမ့်မယ်"

လန်ရထန်း။

အလယ်ပိုင်း ဒေသရဲ့ လူငယ်မျိုးဆက်တွေ အထဲမှာ ထူးခြားတဲ့ ပုံရိပ်ရှိသူ တစ်ဦးဖြစ်ပြီး ယိုဟိုင်ယွဲ့နဲ့ ဆေဘာဓား ဘုရင်လေးတို့လို လူမျိုးတွေနဲ့ ရင်ဘောင်တန်း ရပ်တည်နိုင်သူ ဖြစ်ပါတယ်။ သူ့ရဲ့ခွန်အားက ခန့်မှန်းလို့ မရနိုင်ပါဘူး။ သူ့ထက် မျိုးဆက်တစ်ဆက်ကြီးတဲ့ ပါရမီရှင်တွေကို တိုက်ခိုက်နိုင်စွမ်း ရှိတာကြောင့် မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာသူ တစ်ဦးဖြစ်ပါတယ်။

အားလုံးက လက်ခံယုံကြည် ကြပါတယ်။ လန်ရထန်းရဲ့ ဦးဆောင်မှုနဲ့ဆိုရင် သူတို့က ဘယ်သူ့ကိုမှ ကြောက်ရွံ့နေစရာ လိုတော့မှာ မဟုတ်ပါဘူး။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူက

လက်ကိုမြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါလည်း မဟာမိတ်ခေါင်းဆောင် လုပ်ချင်တယ်။ ရလား မရဘူးလား"

ဂမ်ရီယွင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျမတို့တွေ မဟာမိတ်အဖွဲ့ တစ်ခုကို တည်ထောင်ပြီးတဲ့ အခါကျရင် အားလုံးကို ခွန်အားအပေါ် အခြေခံပါလိမ့်မယ်။ တကယ်လို့ အစ်ကိုလင်းရဲ့ ခွန်အားက ကျမရဲ့ စီနီယာ အစ်ကိုထက် သာလွန်တယ်လို့ ခံစားရတယ်ဆိုရင် စီနီယာ အစ်ကိုလန်ကို စိန်ခေါ်နိုင်ပါတယ်။ ဘယ်သူမဆို စိန်ခေါ်ပြီးတော့ အနိုင်ရတဲ့သူက နေရာရပါလိမ့်မယ်"

"ကောင်းပြီလေ။ လန်ရထန်းကို ခေါ်လိုက်ပါ။ ငါတို့တွေ ဆုံးဖြတ်ကြတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဂမ်ရီယွင်ရဲ့ လက်ချောင်းက အသာအယာ လှုပ်ရှားသွားပြီး တစ်စုံတစ်ယောက်ကို သတ်ပစ်ချင်တဲ့ စိတ်တွေလှုံ့ဆော်လာခဲ့ပါတယ်။ ဒီကောင်က ဘာဖြစ်လို့

သူမကို ဆန့်ကျင်ပြီးတော့ အမြတ်မ်း ငြင်းခုံနေရတာလဲ။ သူမက ပြောလိုက်ပါတယ်။

"ကျမရဲ့ စီနီယာအစ်ကိုက အခုတံခါးပိတ် ကျင့်ကြံနေပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို အချိန်မရွေး ဂင်ရောက်နိုင်တော့မို့ လက်ရည်စမ်းဖို့ အချိန်မပေးနိုင်သေးပါဘူး"

"ဘာပြောတယ် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဟုတ်လား"

"သောက်ကျိုးနည်း"

"လန်ရထန်းက အသက်လေးဆယ်ကျော် မရှိသေးဘူး ဟုတ်တယ်မလား"

"အများဆုံး လေးဆယ်ပဲ"

"အသက်လေးဆယ်မှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့်။ တကယ့်ကို ကြောက်စရာပဲ"

အားလုံးက တစ်ယောက်တစ်ပေါက်နဲ့ ဆူညံစွာ

ပြောဆိုနေကြပါတယ်။ သူတို့အားလုံးက ပန်းဖူးအဆင့်မှာပဲ ရှိနေကြပေမဲ့ လက်ရှိခေတ်ကာလရဲ့ အသန်မာဆုံး ပါရမီရှင်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို စတင်ချိုးဖျက်ဝင်ရောက်ဖို့ အားထုတ်နေပါပြီ။ ဒီကွာဟချက်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ သူတို့က မဟာမိတ် အဖွဲ့ထဲကို ပူးပေါင်းဖို့ ဆုံးဖြတ်ထားတယ်ဆိုရင် မဟာမိတ်ခေါင်းဆောင်ရဲ့ ခွန်အားက ပိုပြီးတော့ သန်မာတာက အကောင်းဆုံး ဖြစ်ပါတယ်။

ဂမ်ရီယွင်က လင်းဟန်ကို နောက်တစ်ကြိမ် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ အစ်ကိုလင်းက စိတ်မကျေနပ်ဘူးဆိုရင် ရီယွင်က စီနီယာအစ်ကိုအစား တိုက်ခိုက်ပေးနိုင်ပါတယ်။ ဒါပေမဲ့လည်း ရီယွင်ရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်ပြီးတော့ ပါရမီက စီနီယာအစ်ကိုလန်ရဲ့ ခွန်အား တစ်ရာခိုင်နှုန်းလောက်ပဲ အများဆုံး ရှိပါတယ်"

သူမက အရင်ဆုံး သူမကိုယ်သူမ အပြစ်တင် ဝေဖန်ပြီးတော့

လန်ရထန်းကို အရမ်းကို မြင့်မားတဲ့ အမြင့်ဆီကို မြှောက်တင်ပေးခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က သူမကို အနိုင်ရဖို့ အရမ်းကြီး ကြိုးစားအားထုတ်ရတယ်ဆိုရင် ဒါမှမဟုတ် သူမထက်တောင် နိမ့်ကျနေတယ်ဆိုရင် ဘယ်လိုလုပ်ပြီး လန်ရထန်းကို စိန်ခေါ်ဖို့ သူ့အနေနဲ့ အရည်အချင်း ပြည့်မီမှာလဲ။

ဒီမိန်းကလေးက အသိအမှတ်ပြုစရာ ကောင်းလောက်အောင် တော်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"လန်ရထန်းမှာ ဒီလိုမျိုး သူငယ်ချင်းကောင်း တစ်ယောက်ရှိပြီးတော့ မင်းလိုမျိုး တစ်ဂက်လောက် ကောင်းရင်ပဲ ကံကောင်းလွန်းပြီ"

ဒီစကားတွေကို ကြားလိုက်ရတဲ့ အချိန်မှာ မရေမတွက်နိုင်တဲ့ ပါရမီရှင် လူငယ်တွေက ချက်ချင်းဆိုသလို ဒေါသထွက်ပြီး မျက်နှာတွေ နီရဲကုန်ပါတယ်။ ဂမ်ရီယွင်က သူတို့ရဲ့ နလုံးသားထဲမှာ နတ်ဘုရားမ တစ်ပါး၊ တန်ခိုးရှင်တစ်ယောက် ဖြစ်ပါတယ်။ တန်ခိုးရှင်တွေက သန့်စင်ပြီးတော့ သေမျိုးကိစ္စတွေကြောင့် ညစ်ညမ်းမှု မရှိပါဘူး။ တကယ်လို့

သူမက သေမျိုးနယ်မြေကို ကျရောက်လာမယ် ဆိုရင်တောင် သူမက နတ်သမီးလေး တစ်ပါး ဖြစ်နေပါဦးမယ်။

ဂမ်ရီယွင်ရဲ့ မျက်လုံးထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခုက လက်သွားခဲ့ပါတယ်။ သူမက လန်ရထန်းကို နစ်သက်သဘောကျနေပြီး သူမကိုယ်သူမ လန်ရထန်းအတွက် စွန့်လွှတ်ဖို့ ဆန္ဒရှိပါတယ်။ ဒါကြောင့် သူမရဲ့ အထွတ်အထိပ် နတ်သမီးပုံစံကို ထိန်းသိမ်းထားခဲ့တာပါ။ ဒီနည်းလမ်းနဲ့ သူမက လူတွေကို ပိုပိုပြီးတော့ အနိုင်ရနိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ကတော့ သူမကို အောက်ခြေကနေ လိုက်စားသလို လုပ်နေပါတယ်။

နောက်ဆုံးတော့ သူမက မထိန်းနိုင်တော့ပဲ ပြောလိုက်ပါတယ်။

"အစ်ကိုလင်း ရှင်က ကျမရဲ့ စီနီယာ အစ်ကိုလန်ကို လက်ခံယုံကြည်မှု မရှိဘူးဆိုမှတော့ စီနီယာအစ်ကိုအစား ရီယွင်က တိုက်ခိုက်ပေးပါမယ်"

"နေဦး"

အဲဒီအခိုက်အတန့်မှာ ပုံရိပ်တစ်ခုက ရုတ်တရက်

တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ရောက်ရှိလို့ လာခဲ့ပါတယ်။ အရမ်းကို ဘဝင်မြင့်ပြီးတော့ ခန္ဓာကိုယ် တစ်ခုလုံးမှာ ရွှေရောင်နတ်ဘုရား အလင်းတွေ ပိုင်းရံနေပြီး နတ်တန်ခိုးရှင် တစ်ပါးနဲ့ တူပါတယ်။

လင်းဟာန်က အံ့အားသင့်သွားခဲ့ပါတယ်။ ထိုပုံရိပ် ပိုင်ရှင်က ရွှမ်ယွမ်ဇီကွမ်း ဖြစ်နေပါတယ်။

"အော် အစ်ကိုရွှမ်ယွမ်ပဲ"

ဂမ်ရီယွင်က ချက်ချင်းပဲ ပြုံးလိုက်ပြီး သူ့ကို အားလုံးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

"လက်ရှိ ပါရမီရှင် တစ်ယောက်ဖြစ်တဲ့ အစ်ကို ရွှမ်ယွမ်ဇီကွမ်းပါ။ အားလုံးပဲ မထူးဆန်းပါနဲ့။ အစ်ကိုရွှမ်ယွမ်က ကျမတို့ရဲ့ ကောင်းကင်ဘုံ တိုက်ခိုက်ခြင်း မဟာမိတ်အဖွဲ့ကို ဝင်ရောက်ဖို့ သဘောတူညီထားခဲ့ပြီး လက်ထောက်ခေါင်းဆောင် ငါးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်"

"ရွှမ်ယွမ်ဇီကွမ်းက နာမည်ကျော်ကြားနေတာ ကြာပြီ"

"ရွှမ်ယွမ်ဇီကွမ်းတောင်မှ လက်ထောက်ခေါင်းဆောင် နေရာအတွက် ပူးပေါင်းခဲ့တယ်ဆိုတော့ ဒီကောင်းကင်ဘုံ တိုက်ခိုက်ခြင်း မဟာမိတ်အဖွဲ့က မျှော်လင့်ထားသလို အစွမ်းထက်လိမ့်မယ်"

"ငါလည်း ပူးပေါင်းချင်တယ်။ ဘယ်သူမှ ငါ့ကိုမတားနဲ့"

ရွှမ်ယွမ်ဇီကွမ်းက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေးဟော့လျန် ဘယ်မှာလဲ"

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ သူ့ကိုသတိပြုမိ သွားခဲ့တာလဲ။ ဒါပေမဲ့လည်း နောက်တစ်ကြိမ် ပြန်စဉ်းစားကြည့်လိုက်တော့ ဟူးညို့က သိသာတဲ့ အမှတ်အသားတစ်ခု ဖြစ်ပြီးတော့ အစားအသောက်တွေ အများကြီး စားပြီးတော့ ကောင်းကောင်း တိုက်ခိုက်နိုင်တဲ့ ဒုတိယမြောက် ကလေးမတစ်ယောက် ရှိနိုင်ပါဦးမလား။

သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"အရှုံးသမား ဒါက မင်းနဲ့ဘာမှ မဆိုင်ဘူး"

အရှုံးသမားဟုတ်လား။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ရွှမ်ယွမ်ဇီကွမ်းက သူနဲ့တကယ်ပဲ လက်ရည်တူ တိုက်ခိုက်ပြီး ရှုံးနိမ့်သွားခဲ့တာလား။

ရွှမ်ယွမ်ဇီကွမ်းရဲ့ အကြည့်တွေ ပိုပြီးတော့ တင်းမာခက်ထန်လာပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မိန်းကလေး ဟော့လျန် ဘယ်မှာရှိတယ်ဆိုတာကို မင်းမပြောပြဘူးဆိုရင် ငါမင်းကို ဒီနေ့ သတ်ပစ်ရလိမ့်မယ်"

"မင်းဦးနှောက်မှ ကောင်းသေးရဲ့လား။ အရှုံးသမား တစ်ယောက်က သတ္တိရှိသလို လာလုပ်ပြ ရဲသေးတာလား"

လင်းဟာန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက လင်းဟာန်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီးတော့ ခြေလှမ်းတိုင်းက ကောင်းကင်နဲ့

မြေကြီးကို တုန်ခါသွားပြီး မိုးကောင်းကင်ထက်က ကြယ်တွေတောင်မှ သူ့ရဲ့ အရှိန်အဝါကို မခံနိုင်အောင် ဖြစ်ပြီးတော့ ကြွေကျလာတော့မဲ့အတိုင်း ပြင်းထန်လှပါတယ်။ သူက လက်ချောင်း တစ်ချောင်းကို ဆန့်ထုတ်ပြီးတော့ လင်းဟန်ကို လက်ညှိုးထိုးညွှန်ပြပြီး ပြောလိုက်ပါတယ်။

"ပြီးခဲ့တဲ့ နောက်ဆုံးတစ်ကြိမ် တိုက်ပွဲပြီးတော့ ငါဘယ်လောက်ထိ တိုးတက်လာတယ်လို့ မင်းထင်လဲ"

ဖူး။

ရှမ်ယွမ်ဇီကွမ်းက သူ့လက်ချောင်းကို ဆန့်ထုတ်လိုက်တာနဲ့ ဆေဘာဓားအလင်းတန်း တစ်ခု ဖြစ်ပေါ်လာပြီး ပင့်ကူမျှင်တစ်မျှင်လောက် ထူပြီးတော့ အန္တရာယ်တွေနဲ့ ပြည့်နှက်နေပါတယ်။

ဆေဘာအလင်းတန်း။

လင်းဟန်က ချက်ချင်းဆိုသလို သတိပေးခေါင်းလောင်းသံတွေ ဆူညံသွားခဲ့ပါတယ်။ ဒါက အလင်းတန်းအတုအယောင် တစ်ခုမဟုတ်ပဲ စစ်မှန်တဲ့ ဆေဘာဓားအလင်းတန်း တစ်ခုပဲ ဖြစ်ပါတယ်။

ရွှမ်ယွမ်ဇီကွမ်းက ချီအလင်းသုံးဆယ်ကို ကျင့်ကြံနိုင်ခဲ့ပြီလား။

ဒီလိုမျိုး ပါရမီရှင် တစ်ယောက်အတွက်တော့ သူက သေချာပေါက် စွမ်းအားအနောက်ကို ခဏတာ လိုက်တာမျိုးနဲ့ အနာဂတ်ကို လျစ်လျူရှုထားမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက အလင်းတန်း တစ်ခုအဖြစ်ကို သိပ်သည်းခဲ့တယ် ဆိုမှတော့ သူက သေချာပေါက် ချီအလင်းသုံးဆယ်ကို ကျင့်ကြံအားထုတ်ခဲ့ပါလိမ့်မယ်။

သူက လူငယ်မျိုးဆက်တွေ အထဲမှာ ချီအလင်း သုံးဆယ်အထိ ကျင့်ကြံအားထုတ်ပြီး အလင်းတန်း တစ်ခုကို ပထမဆုံး ဖြစ်ပေါ်စေခဲ့သူ မဟုတ်လား။

ဆေဘာစားဘုရင်လေးလို့ အစွမ်းထက်တဲ့ လူတစ်ယောက်တောင်မှ ချီအလင်း နှစ်ဆယ့်ကိုးခုပဲ ရှိပါသေးတယ်။

ဒီရွှမ်ယွမ်ဇီကွမ်းက တကယ့်ကို အသိအမှတ်ပြုလောက်စရာ ကောင်းပါတယ်။

လင်းဟန်က ဒါကို မယုံနိုင်ခဲ့ပါဘူး။ သူ့ကိုယ်ပိုင် ကျင့်ကြံမှုက အရမ်းကို လျင်မြန်နိုင်ပါတယ်။ ဆေဘာဓား ဘုရင်လေး ဒါမှမဟုတ် ယိုဟိုင်ယွဲ့တို့ရဲ့ ပါရမီတွေက သေချာပေါက် ရွှမ်ယွမ်ဇီကွမ်းထက် မနိမ့်ကျပါဘူး။ ပြီးတော့ သူ့ထက်တောင်မှ သာလွန်ကောင်း သာလွန်ပါဦးမယ်။ ဘာဖြစ်လို့ သူတို့က အဆင့်မတက်နိုင်ပဲ ရွှမ်ယွမ်ဇီကွမ်း တစ်ယောက်ပဲ လုပ်နိုင်တာလဲ။

ဒါက ဒီကောင်ရဲ့ သွေးမျိုးဆက်ကြောင့် ဖြစ်နိုင်ပါတယ်။ အဲဒါက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို ကြယ်တော်တော်များများ တိုးလာစေနိုင်ပြီး နတ်ဘုရားသားရဲကောင်တွေရဲ့ အရိပ်အမျိုးမျိုးတောင် ဖြစ်ပေါ်စေပါတယ်။

Chapter 634 end

အပိုင်း(၆၃၅) စိတ်ဝိညာဉ် ပစ္စည်းများ ကိုယ်တိုင်ဖောက်ခွဲခြင်း

စစ်မှန်တဲ့ ဆေဘာဓား အလင်းတန်း တစ်ခုနဲ့ မျက်နှာချင်းဆိုင်ရပြီး စုစုပေါင်း ချီအလင်း သုံးဆယ်ကနေ ဖြစ်ပေါ်လာတဲ့ ဆေဘာဓားအလင်းကို လင်းဟန်တောင်မှ ထိပ်တိုက်ရင်ဆိုင်ပုံခြင်း မရှိပါဘူး။

အလင်းတန်းဆိုတာက ချီထက် အများကြီး သာလွန်ပြီး လုံးဂကို လွှမ်းမိုးနိုင်စွမ်း တစ်ခုဖြစ်ပြီးတော့ အစွန်းတစ်ဖက်ကို ဖြတ်တောက်ပစ်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ထက်မြက်ပြီးတော့ ၎င်းရဲ့လမ်းကြောင်းပေါ်က အရာအားလုံးကို လှီးဖြတ်ပစ်နိုင်စွမ်း ရှိပါတယ်။

လင်းဟန်က သံမဏိ ခန္ဓာကိုယ်ကို အောင်မြင်ခဲ့ပြီးတာတောင် ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့ မကြိုးစားရဲပါဘူး။ တကယ်တော့ ဒီတိုက်ပွဲက လက်ရည်စမ်းရုံ တိုက်ပွဲတစ်ခု မဟုတ်ပဲ အသေအကြေ တိုက်ပွဲတစ်ခုအထိ ဖြစ်သွားနိုင်ပါတယ်။

သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တိုးတက်လာခဲ့တာပါ။ ဒါကြောင့် ငါကရော ဘာဖြစ်လို့ မတိုးတက်ပဲ နေမှာလဲ"

ဂျစ်။

လျှပ်စီးအလင်းတန်း တစ်ခုက သူ့ခန္ဓာကိုယ် အပေါ်မှာ တောက်ပလင်းလက်သွားပြီး သူက ချက်ချင်းဆိုသလို

မူလတုန်းက သူရပ်နေတဲ့ နေရာကနေ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ပျောက်ကွယ်သွားပြီးတော့ သူ့ရဲ့လှုပ်ရှားမှုကို မျက်လုံးနဲ့တောင် လိုက်ဖမ်းပြီးကြည့်လို့ မမြင်နိုင်ပါဘူး။

ရွှမ်ယွမ်ဇီကွမ်းရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက ဘယ်လိုလှုပ်ရှားမှု နည်းစနစ်အမျိုးအစား တစ်ခုလဲ။ ဘယ်လိုလုပ်ပြီးတော့ အရမ်းကို လျင်မြန်ရတာလဲ။ သူ တိုက်ကွက်မထုတ်ခင် လင်းဟာန်ရဲ့ တိုက်ပွဲစွမ်းရည်ကို တိုးပြီးတော့ ခန့်မှန်းသုံးသပ်ခဲ့ပြီး သူ့အနေနဲ့ ချီအလင်းကနေ အလင်းတန်းအဖြစ် ပေါင်းစည်းနိုင်ခဲ့တာကြောင့် သူ့ကိုယ်သူ ယုံကြည်နေခဲ့ပါတယ်။ သူက လင်းဟာန်ကို နောက်ဆုတ်ပြီး ရှုံးနိမ့်သွားအောင် ဖိအားပေး နိုင်ပါလိမ့်မယ်။ လင်းဟာန်မှာ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ခုခံဖို့ ခွန်အားတောင် မရှိသင့် ပါဘူး။

ဒါပေမဲ့ လအနည်းငယ် ကြာပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ လှုပ်ရှားမှု နည်းစနစ်က အမှန်တကယ်ပဲ ကွဲပြားခြားနားတဲ့ အဆင့်တစ်ခုထိ တိုးလာလိမ့်မယ်လို့ လုံးဝကို ထင်မှတ်မထားခဲ့ပါဘူး။

တကယ်ပဲ။ သူတစ်ယောက်တည်း တိုးတက်လာခဲ့တာ

မဟုတ်ပါဘူး။

"ဒါက မင်းကို သတ်ပစ်ဖို့ လုံလောက်ရုံတင်မက ပိုတောင်ပိုသေးတယ်"

ရွှမ်ယွမ်ဇီကွမ်းက လျောင်ပြုံးပြုံး လိုက်ပါတယ်။ သူရဲ့ဆေဘာဓားကို ဆွဲထုတ်ပြီး တရကြမ်း ထိုးခုတ်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ ဆေဘာဓားအလင်းတန်းက မျက်စိစူးလောက်အောင် တောက်ပလင်းလက်လာပြီး မီတာသုံးရာလောက် ရှည်လျားပါတယ်။ ၎င်းက ရေတံခွန်တစ်ခုလို ပုံစံတစ်ခုကို ပြောင်းလဲသွားပြီး လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

"ဒီလိုလား"

လင်းဟာန်က လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ ရေထဲက ငါးတစ်ကောင်လို ပေ့ါပါးဖျတ်လတ်စွာနဲ့ သူ့စိတ်ကြိုက် လှုပ်ရှား နေပါတယ်။ လှုပ်ရှားနေရင်းနဲ့ သူ့ရဲ့ ဘယ်ဘက်လက်မောင်းကို လေးတစ်လက်ပုံစံအဖြစ် ပြောင်းပြီး ညာဘက်လက်နဲ့

ဘာမှမရှိတဲ့ လေထဲမှာ ဆွဲလိုက်ပြီး ချက်ချင်းဆိုသလို မူလစွမ်းအင်က ဖြစ်ပေါ်လာတဲ့ မြားတစ်ချောင်း ထွက်ပေါ်လာခဲ့ပါတယ်။ မြားတစ်ခုလုံး ဖြူဖွေးနေပေမဲ့ ထိတ်လန့်စရာကောင်းတဲ့ အေးစက်စက်လေထုကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြုတ်သုတ်သင်ခြင်းမြား။

"သွား"

လင်းဟန်က မြားကို ပစ်လွှတ်လိုက်ပါတယ်။ ရွှစ်။ လျှပ်ပြက်သလိုပဲ မြားက ရွှမ်းယွမ်ဇီကွမ်းရဲ့ ရင်ဘတ်အရှေ့ကို ရောက်လာခဲ့ပါတယ်။

ဒီမြားတစ်ချောင်းကို လုံးဝလျော့မတွက်သင့်ပါဘူး။ ဒီမြားမှာ မတူညီတဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခုကို ပေါင်းစည်းထားတဲ့ အင်အားရှိပါတယ်။

မှသားမဲ့ မျက်လုံးက ရွှမ်ယွမ်ဇီကွမ်းရဲ့ ခုခံမှုထဲက အားအနည်းဆုံး နေရာကို မြင်တွေ့နိုင်ပြီး ကြယ်စင်နဂါး အမြစ်ဖြုတ်မြားကို အသက်သွင်းထားပြီး လျှပ်စီးစွမ်းအားရဲ့ အမြန်နှုန်းတိုးမြှင့်မှုနဲ့ ဒီမြားရဲ့ အရှိန်အဟုန်က

အမြင့်ဆုံးထိအောင် တိုးသွားပြီး တစ်ပြိုင်နက်တည်း ပစ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ ရွှမ်ယွမ်ဇီကွမ်းက ခုခံကာကွယ်ဖို့ အရမ်းကို ခက်ခဲသွားပါလိမ့်မယ်။

ရွှမ်ယွမ်ဇီကွမ်းရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူရဲ့သွေးမျိုးဆက်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး အရင်အသက်သွင်းလိုက်ပါတယ်။ သူရဲ့ခန္ဓာကိုယ် အတွင်းကနေ အဆုံးမရှိတဲ့ မီးတောက်တွေ ပန်းထွက်လာပြီး မျက်စိတမှိတ် အတွင်းမှာ သူက ပန်းဖူးအဆင့်ကို ကျော်လွန်ပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ နယ်ပယ်ထဲကို ခြေချရောက်ရှိသွားခဲ့ပါတယ်။

သူ့အနားမှာ စစ်မှန်တဲ့ နဂါးတွေနဲ့ ဖီးနစ်ငှက်လို ရှေးဟောင်းနတ်ဘုရား သားရဲတွေက ဟိန်းဟောက်မာန်ဖီ တွန်ကျူးနေပါတယ်။ သူ့ကိုကြည့်ရတာ ကောင်းကင်ဘုံရဲ့ သားတစ်ယောက်နဲ့ တူပြီးတော့ သေမျိုးနယ်ပယ်ထဲကို ဆင်းသက်လာပြီး အထွတ်အထိပ် အုပ်ချုပ်သူ တစ်ယောက်လိုမျိုးနဲ့ တူပါတယ်။

ဖူး။

မြားက ပစ်မှတ်ကို ထိမှန်သွားခဲ့ပေမဲ့ ရွှမ်ယွမ်ဇီကွမ်းရဲ့

ရင်ဘတ်ကို ထိုးဖောက်သွားခြင်းတော့ မရှိပါဘူး။ သွေးနည်းနည်းလေးတောင် မထွက်ပဲ သူ့ရင်ဘတ်မှာ ဖုံးအုပ်ထားတဲ့ အဂတ်အစားကို အနည်းငယ် စုတ်ပြဲသွားပြီး ရေပြာရောင် ချပ်ဂတ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီချပ်ဂတ်က စူးရှတောက်ပနေပြီး မူလစွမ်းအင်များရဲ့ စွမ်းအားကို အာနိသင် ပျက်ပြယ်စေပါတယ်။

"ဟားဟားဟား ငါ့ရဲ့ပခုံးပေါ်ကို ကံတရားကို တင်စီးထားတယ်။ လမ်းလျှောက်နေရင်းနဲ့တောင် ငါက ရတနာတွေကို ကောက်ယူရရှိနိုင်တယ်။ ငါက ကံတရား ဆိုမှတော့ ဘယ်လိုလုပ်ပြီး မင်းရဲ့လက်ထဲမှာ ငါရှုံးနိမ့်မယ်ဆိုတာ ဖြစ်နိုင်မှာလဲ"

ရွှမ်ယွမ်ဇီကွမ်းက ကြိမ်းဝါးပြီးတော့ ဟက်ဟက်ပက်ပက်နဲ့ ရယ်မောလိုက်ပါတယ်။ သူရဲ့ညာဘက် လက်ကို ပွေ့ယမ်းလိုက်ပြီး ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ အရွယ်အစား အမျိုးစုံရှိတဲ့ ဆေဘာဓားရတနာ သုံးဆယ့်ခြောက်ခုက ပျံသန်းထွက်ပေါ်လာပြီး လင်းဟန်ကို ဝိုင်းရံလိုက်ပါတယ်။

"ကောင်းကင်ကြယ် အမြစ်ဖြုတ် ဆေဘာဓား အစီအရင်"

ရွှမ်ယွမ်ဇီကွမ်းက အော်ဟစ်လိုက်ပါတယ်။

"နောက်တစ်ကြိမ် လာပြန်ပြီလား။ တိုက်ကွက်တစ်ခုကို မင်းပစ်လွှတ်လိုက်တိုင်း အဲဒီနာမည်ကို မင်းက ကြွေညာလိုက်တယ်။ မင်းစိတ်အနှောင့်အယှက် မဖြစ်သေးဘူးလား"

လင်းဟန်က သရော်လိုက်ပေမဲ့ သူရဲ့အမူအရာက နည်းနည်းလေးမှတောင် အတိမ်းအစောင်း မခံပဲ့ပဲ လေးလေးနက်နက်ပုံစံ ဖြစ်နေပါတယ်။ ဒီဆေဘာစား အစီအရင်က အသိအမှတ်ပြုရ လောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူ့ကိုခြိမ်းခြောက်နိုင်တဲ့ စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

"ငါ့ကို ဟော့လျှန်ချွင်ရှယ် ရှိတဲ့ နေရာကို ပြောပြစမ်း။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမင်းကို သေချာပေါက် သတ်ပစ်ရလိမ့်မယ်"

ရှွမ်ယွမ်ဇီကွမ်းက ဆေဘာစား အစီအရင်ကို ထိန်းချုပ်ပြီး ၎င်းရဲ့အစွမ်းကို ချက်ချင်းမထုတ်ဖော် သေးပဲနဲ့ လင်းဟန်ကို အေးစက်စက်နဲ့ ကြည့်လိုက်ပါတယ်။

"မင်းက ရှုးနေတာပဲ"

လင်းဟန်က အထင်အမြင်သေးစွာနဲ့ ပြင်းလိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ဓားရှည်ကို ဆွဲထုတ်ပြီး အထီးကျန်ငရဲဓားသိုင်းရဲ့ အံ့သြဖွယ်ရာ စွမ်းအားကို ထုတ်ဖော်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဆေဘာဓားအသိ ဆန္ဒကို ဆန့်ကျင်ပြီး မြဲမြံစွာနဲ့ တောင့်ခံလိုက်ပါတယ်။

"ဟင့် ဒါဆိုရင် မင်းက ဒုက္ခရောက်ဖို့ တောင်းဆိုနေတာပဲ"

ရှမ်ယွမ်ဇီကွမ်းက အေးစက်စွာနဲ့ ပြောလိုက်ပြီး ဆေဘာဓား အစီအရင်ကို ကျွမ်းကျင်စွာ ကိုင်တွယ်ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းပြီး ဝင်လာတဲ့ တိုက်ခိုက်မှုတွေကို ခတ်ထုတ်ပစ်လိုက်ပါတယ်။ ဒါပေမဲ့ ရှမ်ယွမ်ဇီကွမ်းက တကယ်ပဲ အရမ်းကို သန်မာပါတယ်။ ဆေဘာဓား အစီအရင်ရဲ့ တိုက်ခိုက်မှုဓာအက်မှာ ဆေဘာဓား အစီအရင်အတွင်းမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင် ကျန်ရှိနေပါတယ်။ ပြီးတော့ အလင်းတန်း တိုက်ခိုက်မှု အားလုံးက ပန်းဖူးအဆင့် ကျင့်ကြံသူ မည်သူ့ကို

မဆို သေလောက်အောင် ခြိမ်းခြောက်နိုင်ပါတယ်။

မဟုတ်ဘူး။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေတောင်မှ တုန်လှုပ်သွားပါလိမ့်မယ်။ ဒါက ဆေဘာဓားအလင်းတန်း ဖြစ်ပါတယ်။ ပြီးတော့ အလင်းတန်းရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

ချီနဲ့ အလင်းတန်းက လုံးဝကို မတူညီ ကွဲပြားခြားနားတဲ့ အဆင့်တွေ ဖြစ်ပါတယ်။ ပန်းဖူးအဆင့်နဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်တွေအကြားက စွမ်းအင်ကွာဟချက် ဘယ်လောက်တောင် ကြီးမားသလဲ ဆိုတာနဲ့ တူညီပါတယ်။

လင်းဟန်က ခုခံကာကွယ်နေရင်း တကယ့်ကို ခက်ခဲကြမ်းတမ်းတဲ့ အချိန်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ကျေးဖူးတင်ရမှာက သူက သွက်လက်ကျွမ်းကျင်ပြီး သူ့ရဲ့ခုခံကာကွယ်နိုင်စွမ်းကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

ပထမအချက်က သူမှာရှိတဲ့ မူလစွမ်းအင်က ခုခံကာကွယ်မှု တစ်ခု ပုံစံလုပ်နိုင်ပါတယ်။ နောက်ပြီး သူ့မှာ

အဆင့်ခြောက် ရတနာ သတ္တုတွေနဲ့ အဆင့်တူတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုလည်း ရှိပါတယ်။ ပြီးတော့ တကယ်လို့ ဒီအလွှာနှစ်ခုကို ထိုးဖောက်ဝင်ရောက်လာမယ်ဆိုရင်တောင် သူ့မှာ သူ့ခန္ဓာကိုယ် အထဲမှာ လည်ပတ်နေတဲ့ ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ် ရှိနေပါသေးတယ်။ ဒါက သူ့ရဲ့အဓိက ဒဏ်ရာအများစုကို ချက်ချင်းဆိုသလို သက်သာပျောက်ကင်းသွားအောင် လုပ်ပေးနိုင်ပါတယ်။

ဆိုးသထက် ဆိုးလာရင် သူ့မှာ ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက် ခြောက်ခုရှိနေ ပါသေးတယ်။ ဒါက သူ့ကို အကြိမ်ရေ တော်တော်များများ ပြန်လည်ရှင်သန်နိုင်စေပါတယ်။

ဆေဘာအား အလင်းက အရှေ့ကိုဆက်ပြီးတိုးလာပြီး ခုခံကာကွယ်မှုကို စုတ်ပြဲစေပါတယ်။

ဒီဆေဘာအား သုံးဆယ့်ခြောက်ခုက တစ်စုံလုံး ဖြစ်ပြီးတော့ ရှေးဟောင်းအချိန်က ကြီးကျယ်ခမ်းနားတဲ့ ကျင့်ကြံသူ တချို့ပိုင်ဆိုင်ထားတာ ဖြစ်ပါလိမ့်မယ်။ အကြောင်းအမျိုးမျိုးနဲ့ ရှမ်ယွမ်ဇီကွမ်းရဲ့ လက်ထဲကို ကျရောက်လာတာပဲ ဖြစ်ပါတယ်။ ဒီကောင်ပြောခဲ့သလိုပဲ သူက အပြင်ကို

လမ်းလျှောက်ထွက်ရုံနဲ့ ရတနာတွေကို လွယ်လွယ်ကူကူနဲ့ ကောက်ယူရရှိနိုင်ပြီး သူက တကယ့်ကို ကံကောင်းမှုနဲ့အတူ မွေးဖွားလာခဲ့ပါတယ်။

လပြွတ်ပဲ။ မင်းတစ်ယောက်တည်းပဲ ရတနာတွေရှိတယ်လို့ ထင်နေတာလား။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"သတ္တုအကြွင်းအကျန် အပိုင်းအစ နည်းနည်းလေးလောက်ကိုများ ကြည့်နေလိုက် ငါအားလုံးကို ယူပြမယ်"

"ဆက်ပြီးတော့ ကြွားလုံးထုတ်ဦးလေ"

ရွှမ်ယွမ်ဇီကွမ်းက အေးစက်စွာနဲ့ လှောင်ပြောင်လိုက်ပါတယ်။

"ငါ့ကို ဟော့လျန်ချွင်ရွှယ်ရှိတဲ့ နေရာကို ပြောစမ်း"

သူကတကယ်ပဲ စိတ်ခံစားချက်ကို ဦးစားပေးတယ်လို့ ပြောနိုင်ပါတယ်။ ဟော့လျန်ချွင်ရွှယ်က သူ့ကိုလုံးဝကို ဂရုမစိုက်ဘူးဆိုတာ ပေါ်လွင်ပေမဲ့ သူကတော့ သူမကို

နက်နက်ရှိုင်းရှိုင်းကို ချစ်ခင်မြတ်နိုးနေဆဲ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ညာဘက်လက်ကို ဆတ်ခနဲ ဖွင့်ပြီးတော့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ဆွဲထုတ်ယူလိုက်ပါတယ်။

"ဒါတွေကို ယူလိုက်စမ်း"

လင်းဟန်က ရတနာပစ္စည်းကို အသက်သွင်းလိုက်ပြီး ချက်ချင်းဆိုသလို အစီအရင်ပုံစံတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဟုမ်း။ ကျောက်ဆုံက ချက်ချင်းဆိုသလို လေထဲကို မြောက်တက်လာပြီး အလင်းရောင်တွေ တောက်ပလာခဲ့ပါတယ်။

ရှပ် ရှပ် ရှပ်။

ချက်ချင်းဆိုသလို ရတနာဆေးဘာသား သုံးချောင်းက အထဲကို ရောက်သွားခဲ့ပါတယ်။

"ဘာ"

လူတွေအားလုံး မှင်တက်အံ့ဩ သွားခဲ့ပါတယ်။

သူတို့အားလုံးက ဆေဘာဓား အစီအရင်ရဲ့ စွမ်းအားကို သိသိသာသာ မြင်တွေ့နိုင်ပါတယ်။ ဒါကို လင်းဟန်ဆွဲထုတ်လိုက်တဲ့ ဒီကျောက်ဆုံက တကယ်ပဲ ဆေဘာဓား အစီအရင်ကို ဖျက်ဆီးပစ်နိုင်ပြီး ရတနာ ဆေဘာဓားတွေကို ယူသွားပြီး ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

ရှမ်ယွမ်ဇီကွမ်းက ပိုပြီးတော့တောင် မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ သူက ဒီရတနာဆေဘာဓား သုံးဆယ့်ခြောက်ချောင်းမှာရှိတဲ့ စွမ်းအားအကြောင်းကို ပိုပြီးတော့ သိထားပါတယ်။ ကျောက်ဆုံရဲ့ ယူဆောင်သွားခြင်းကို ခံလိုက်ရပြီးတဲ့နောက်မှာ သူက ရတနာ ဆေဘာဓားတွေနဲ့ ဆက်သွယ်မှု လုံးဝကို ပြတ်တောက်သွားပြီး ၎င်းတို့က ဘယ်တုန်းကမှ မရှိခဲ့ဖူးသလိုမျိုး လုံးဝကို ပျောက်ကွယ်သွားခဲ့ပါတယ်။

ရှပ် ရှပ် ရှပ်။

ကျောက်ဆုံတစ်ခုမှာ ခံစားချက် အမျိုးအစား တစ်ခုမှ မရှိပါဘူး။ ၎င်းက ရတနာဆေဘာဓားတွေကို ဆက်ပြီးတော့ စုပ်ယူနေပြီး အသက်ရှူချိန် အနည်းငယ် အတွင်းမှာ နောက်ထပ် ဆေဘာဓား ခုနစ်ချောင်းကို ယူသွားခဲ့ပါတယ်။

"ဒါ ဒါ ဒါက"

နွန်မန်မန်ရဲ့ လှပတဲ့ မျက်လုံးတွေ အရောင်တောက်လာပါတယ်။ သူမက အဲဒီသန့်စင်တန်ခိုးရှင်ပုလင်းရဲ့ အောက်ခြေကို သတိပြုမိခဲ့ပြီး တစ်စုံတစ်ခုက သူမရဲ့ မျက်လုံးထဲမှာ ရှိနေခဲ့ပါတယ်။ အဲဒါက ကျောက်ဆုံတစ်ခု ဖြစ်နေမယ်လို့ သူမက လုံးဝကို ထင်မှတ်မထားသလို ဒီလိုမျိုး အစွမ်းထက်တဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားလိမ့်မယ်လို့လည်း မမျှော်လင့်ထားမိခဲ့ပါဘူး။

သူမရဲ့ ရယူလိုတဲ့ တပ်မက်စိတ်တွေက တိုးလာခဲ့ပါတယ်။

ဂမ်ရီယွင်ရဲ့ မျက်လုံးတွေလည်း ကျဉ်းမြောင်းသွားခဲ့ပါတယ်။ သူမရဲ့ စီနီယာ အစ်ကိုလန်က ဒီရတနာပစ္စည်းကို ရနိုင်ခဲ့မယ်ဆိုရင် ကျားကို အတောင်ပံ တပ်ပေးလိုက်သလို ဖြစ်သွားပါလိမ့်မယ်။ ဆေဘာဓား ဘုရင်လေး၊ ယိုဟိုင်ယွဲ့နဲ့ ဒေါင်လင်းအာတို့တောင်မှ စီနီယာ အစ်ကိုလန်ရဲ့ အစွမ်းကြောင့် လွယ်လွယ်ကူကူနဲ့ ရှုံးနိမ့်သွားကြပါလိမ့်မယ်။

ဒါပေမဲ့လည်း သူမအနေနဲ့ ဒီရတနာ ပစ္စည်းကို ရရှိအောင်

ဘယ်လိုလုပ်ရမလဲ။ လင်းဟန်ကို ဖိအားပေးတာ ဒါမှမဟုတ် ဆွဲဆောင်စည်းရုံး တိုက်တွန်းတာတောင်မှ သူက လွယ်လွယ်ကူကူနဲ့ ပေးလိမ့်မှာ မဟုတ်ပါဘူး။

ရွှမ်ယွမ်ဇီကွမ်းရဲ့ နလုံးသားတွေ မာကျောသွားသလို ခံစားလိုက်ရပြီး အော်ဟစ်လိုက်ပါတယ်။

"ပေါက်ကွဲစမ်း"

ပုမ်း။

ကျန်ရှိနေတဲ့ ရတနာဆေဘာဓား နစ်ဆယ့်ခြောက်ချောင်းက အလင်းရောင်တစ်ချက် တောက်ပလာပြီး တစ်ပြိုင်နက်တည်းမှာ ဓားသွားတွေ အပေါ်က အစီအရင်တွေက ပျံ့နှံ့သွားပြီး ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့ပါတယ်။

စိတ်ဂိညာဉ် ပစ္စည်းတွေကို ကိုယ်တိုင်ပေါက်ကွဲစေလိုက်တာ ဖြစ်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဘယ်လိုမျိုး စိတ်ဂိညာဉ် ပစ္စည်းအမျိုးအစားက

ကိုယ်တိုင်ပေါက်ကွဲပစ်နိုင်စွမ်း ရှိနေတာလဲ။ ဒီစိတ်ဂိညာဉ် ပစ္စည်းတွေက သူတို့ကိုယ်ပိုင် ပစ္စည်းစိတ်ဂိညာဉ်တွေ ဖြစ်ပေါ်နိုင်ပေမဲ့ သူတို့မှာ သူတို့ကိုယ်ပိုင် ပစ္စည်းစိတ်ဂိညာဉ်တွေ ဖြစ်ပေါ်ပြီး သာမန်သက်ရှိတွေနဲ့ တူညီပါတယ်။ သက်ရှိတွေရဲ့ အဓိက အရေးအကြီးဆုံး ဦးစားပေးတဲ့ ကိစ္စက သူတို့ရဲ့ အသက်ရှင်သန်ရေးပဲ ဖြစ်ပါတယ်။ အရမ်းကို အရေးကြီးပြီး စိုးရိမ်စရာကောင်းတဲ့ အကျပ်အတည်းနဲ့ မကြုံမချင်း သူတို့အနေနဲ့ ကိုယ့်ကိုကိုယ် ဖောက်ခွဲပစ်မှာ မဟုတ်ပါဘူး။

ဥပမာ အနက်ရောင် မျှော်စင်ပေါ့။ တကယ်လို့ လင်းဟန်က မျှော်စင်လေးကို သူ့ကိုယ်သူ ဖောက်ခွဲခိုင်းချင်တယ်ဆိုရင် မျှော်စင်လေးက သူ့ကို နည်းနည်းလေးမှတောင် အာရုံစိုက်မှာ မဟုတ်ဘူးဆိုတာကို မြင်ရပါလိမ့်မယ်။

ဒါပေမဲ့ ရွှမ်ယွမ်ဇီကွမ်းရဲ့ အမိန့်ပေးမှုနဲ့ ဒီစိတ်ဂိညာဉ် ပစ္စည်းတွေ အားလုံးက တစ်ပြိုင်နက်တည်း ဖောက်ခွဲပစ်ဖို့ ရွေးချယ်ခဲ့ပြီး သူက စိတ်ဂိညာဉ် ပစ္စည်းတွေရဲ့ အုပ်ချုပ်သူလိုမျိုး ဖြစ်နေပါတယ်။ သူ့ရဲ့အမိန့်ကို ကြေညာလိုက်တာနဲ့ သူတို့က ငြင်းပယ်နိုင်စွမ်း မရှိကြတော့ပါဘူး။

လပြွတ်ပဲ။ ဒီစိတ်ဂိညာဉ် ပစ္စည်းတွေက အဆင့်ခုနစ် ရတနာပစ္စည်းတွေ ဖြစ်ပြီးတော့ ရှမ်ယွမ်ဇီကွမ်းရဲ့ လက်ထဲမှာ သူတို့ရဲ့ စွမ်းအားအပြည့်အဝကို ဖော်ထုတ်နိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ ဖောက်ခွဲပစ်လိုက်တဲ့ အခိုက်အတန့်ကို စိတ်ကူးကြည့်လိုက်ပါ။ တကယ်လို့ အဆင့်မြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ နှစ်ဆယ်ခြောက်ယောက်က သူတို့ရဲ့ အစွမ်းကို အပြည့်အဝ အသုံးပြုဖို့ ရွေးချယ်ပြီး သူတို့ရဲ့ ရန်သူတွေနဲ့အတူ သူတို့ကိုယ်သူတို့ သတ်ပစ်ဖို့ တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်မယ်ဆိုရင် ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။

နောက်ထပ်စကားလုံး မရှိတော့ပဲ လင်းဟန်က လျှပ်စီးအလင်းတန်းပေါ် စီးနင်းပြီးတော့ ဒီဂိုင်းရံမှုကို ချိုးဖောက်ထွက်ဖို့ အကောင်းဆုံး ကြိုးစားလိုက်ပါတယ်။

Chapter 635 end

Zawgyi. အပိုင်း (၆၃၆) ကုချင်းသံစဉ်

ပုန်း။

ရတနာဆေဘာဓား နှစ်ဆယ့်ခြောက်လက်က

တစ်ပြိုင်နက်တည်း ပေါက်ကွဲသွားပြီး ချက်ချင်းဆိုသလို ကောင်းကင်ပေါ်မှာ မျက်စိကျိန်းလုမတတ် တောက်ပလင်းလက်တဲ့ အလင်းကြီး တစ်ခု ဖြစ်လာခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပေါက်ကွဲမှု စွမ်းအားက ကျဆင်းလာပြီး ဂမ်ကလန်ရဲ့ ခြံဂင်းဘေးနားမှာ ချက်ချင်းဆိုသလို ချိုင့်ခွက်ကြီးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

တကယ်လို့ သူတို့က ပန်းဖူးအဆင့်ဆိုတော့ရော ဘာဖြစ်လဲ။ အားလိုင်းနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူတို့အားလုံးက ပါးစပ်အပြည့် သွေးတွေကို အန်ထုတ်လိုက်ရပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေက ပိုပြီးတော့တောင် ဆိုးဆိုးဂါးဂါး ခံစားရပါသေးတယ်။ လူတချို့က သွေးတွေ ပေကျံနေကြပြီး ပိုပြီးတော့ ဆိုးဆိုးဂါးဂါး ခံစားရတဲ့ လူတွေကတော့ သူတို့ရဲ့ အရိုးတွေ ကျိုးပြီးတော့ အရွတ်တွေလည်း စုတ်ပြဲကုန်ပါတယ်။

အဆင့်မြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် နစ်ဆယ့်ခြောက်ယောက်က အပြည့်အဂ ထုတ်ဖော်ပြီး သူတို့ရဲ့ အသက်ကို ဖောက်ခွဲပစ်တာနဲ့ ညီမျှတဲ့ စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ကျူးရှမ်အာကတော့ အဆင်ပြေပါတယ်။ သူမရဲ့ဘေးနားမှာ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ သုံးယောက် ရှိနေသလိုမျိုး ဖြစ်နေတာကြောင့် ဒီအားလှိုင်းရဲ့ စွမ်းအားတွေ အားလုံးက ပျက်ပြယ်သွားပါတယ်။ ဟူးညိုက ပိုပြီးတော့တောင် ထူးခြားပါတယ်။ သူမရဲ့ လက်သေးသေးလေး နစ်ဖက်ကို ဝှေ့ယမ်းပြီး အားလှိုင်းကို နစ်ပိုင်းပြတ်အောင် ခုတ်ပိုင်းလိုက်ပြီး သူမရဲ့ ဘေးနစ်ဖက်ကို ကျသွားပြီး ဟူးညိုရဲ့ခေါင်းက ဆံပင်မွေးတစ်ချောင်းကိုတောင် ထိခိုက်နာကျင်အောင် မလုပ်နိုင်ပါဘူး။

အရမ်းကို ဝေးတဲ့နေရာမှာ လင်းဟာန် ပေါ်လာခဲ့ပါတယ်။ သူ့မျက်နာက ဖြူဖပ်ဖြူရော်ဖြစ်နေပြီး မထိန်းနိုင်ပဲ ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်မိပါတယ်။ ဒါပေမဲ့လည်း ကျေနပ်တဲ့ အမူအရာတစ်ခု သူ့မျက်နာအပေါ်မှာ ပေါ်လာခဲ့ပါတယ်။ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက ရတနာဆေဘာစား ဆယ်လက်ကို ရအောင်ယူခဲ့နိုင်ပါတယ်။ ပြီးတော့ ဒီတစ်ကြိမ် အားလုံးကို သန့်စင်ပစ်ပြီးတော့ သတ္တုအရည်လုံးတစ်ခု ဖြစ်နေပါပြီ။

သူက အရည်ကို လောင်းချလိုက်တာနဲ့ သတ္တုအရည်က

လျင်လျင်မြန်မြန်နဲ့ သတ္တုတုံးတစ်ခု အဖြစ်ကို ခဲသွားပါတယ်။ လင်းဟန်က သတ္တုတုံးကို လက်ထဲမှာ ချိန်ဆကြည့်တဲ့ အခါမှာ ငါးဆယ်ကီလိုဂရမ်လောက် အလေးချိန် ရှိပါတယ်။ ဒါပေမဲ့လည်း ရတနာ ဆေးဘာဘာ ဆယ်ချောင်းရဲ့ စုစုပေါင်း အလေးချိန်နဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် အနည်းဆုံး အဆတစ်ရာလောက် ပေါ့ပါးသွားခဲ့ပါတယ်။

ဒါက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ သန့်စင်ခြင်းကို အသုံးပြုထားလို့ ဖြစ်ပါတယ်။

အစက အဆင့်ခုနစ် ရတနာ ဆေးဘာဘာတွေရှိပေမဲ့ အခုတော့ သန့်စင်တာကို ခံလိုက်ရပြီး အဆင့်ရှစ်ကို ရောက်သင့်ပါတယ်။ ဒါပေမဲ့လည်း ဒီသတ္တုတုံးက သတ္တုအမျိုးမျိုး ရောထားပြီး ဖြစ်လာတာကြောင့် လင်းဟန်တောင် ဒီသတ္တုကို ဘယ်လိုခေါ်ရမလဲဆိုတာ မသေချာပါဘူး။

ကိစ္စမရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက တန်ဖိုးမဖြတ်နိုင်တဲ့ အဆင့်ရှစ် သတ္တုတုံးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီသတ္တုတုံးကနေ နောက်ထပ်တစ်ကြိမ် မြားတော်တော် များများကို သွန်းလုပ်နိုင်ပါလိမ့်မယ်။

သူက ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေက ချက်ချင်းပဲ ပျောက်သွားပါတယ်။ သူက ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"လူချမ်းသာကောင်လေး မင်းရဲ့အဘိုးကို လက်ဆောင်ပေးဖို့ မင်းမှာ တခြားရတနာတွေ ရှိသေးလား"

ရွှမ်ယွမ်ဇီကွမ်းက ဒေါသအိုး ပေါက်ကွဲသွားပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူက လင်းဟာန်ကို ရတနာတွေ လက်ဆောင်ပေးချင်ရမှာလဲ။ လင်းဟာန်က သူ့ရဲ့ ဆေးဘာဏ္ဍာ အစီအရင်ကို လွယ်ကူစွာနဲ့ ချိုးဖျက်ပစ်နိုင်စွမ်းရှိတဲ့ ထူးထူးဆန်းဆန်းကျောက်ဆုံတစ်ခုကို ဆွဲထုတ်နိုင်မယ်လို့ လုံးဝကို မထင်မှတ်ထားပါဘူး။ သူက လင်းဟာန်ကို အဲဒီပစ္စည်းတွေ လက်ဆောင်အဖြစ် ပေးမဲ့အစား ဖျက်ဆီးပစ်လိုက်တာပဲ ကောင်းတဲ့အတွက် ဆေးဘာဏ္ဍာတွေကို ကိုယ်တိုင်ဖောက်ခွဲ ပစ်ဖို့ပဲ လုပ်လိုက်ပါတယ်။

ဒါပေမဲ့ ဒီလိုမျိုး လုပ်လိုက်တာတောင်မှ သူ့အနေနဲ့ လင်းဟာန်ကို ဒဏ်ရာကြီးကြီးမားမား ဖြစ်အောင်လို့ မလုပ်နိုင်ခဲ့တာက သူ့ကို အရမ်းပဲ စိတ်ပျက်လက်ပျက်

ဖြစ်သွားသလို ခံစားရပါတယ်။

လင်းဟန်က ရှမ်ယွမ်ဇီကွမ်းကို မသတ်ဖို့ ဆုံးဖြတ်ထားပါတယ်။ ဒီကောင်က သဘာဂကို ဆန့်ကျင်တဲ့ ကံကောင်းခြင်းနဲ့ မွေးဖွားလာပြီး အပြင်ကို ထွက်လိုက်ရုံနဲ့ သူ့အရှေ့မှာ ရတနာ ပစ္စည်းတွေက ကျဆင်းလာပါလိမ့်မယ်။ ဒါကြောင့် လင်းဟန်က သူ့အရှေ့မှာ ရတနာပစ္စည်းတွေ ဆက်ပြီးတော့ ကျဆင်းလာခွင့် ပေးထားပြီး သူ့ဆီကနေ နောက်တစ်ကြိမ် ထပ်ပြီးတော့ ခိုးယူလုယက်လို့ ရနိုင်ပါလိမ့်မယ်။ ဒါက ကြက်သွန်ဖြူစိုက်ပျိုးခြင်း အမျိုးအစားနဲ့ တူပါတယ်။ တကယ်လို့ သူက အမြစ်တွေပါအောင် ဆွဲနှုတ်ခဲ့မယ် ဆိုရင်တောင် သူ့အနေနဲ့ တစ်ကြိမ်တစ်ခါပဲ ရိတ်သိမ်းရူးဆွတ် နိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ သူက အမြစ်တွေကို ချန်ထားခဲ့မယ် ဆိုရင်တော့ တစ်ကြိမ်ပြီးတစ်ကြိမ် ရိတ်သိမ်းနိုင်စွမ်း ရှိပါတယ်။

တကယ်လို့သာ ရှမ်ယွမ်ဇီကွမ်းက လင်းဟန်ရဲ့ အတွေးတွေကို သိသွားမယ်ဆိုရင် သူ့က ဘယ်လောက်များ အံ့သြပြီးတော့ ဘယ်လိုမျိုး ခံစားသွားရလိမ့်မယ်ဆိုတာ မသိပါဘူး။

ဂမ်ရီယွင်က ပျက်စီးသွားတဲ့ နေရာတစ်ခုလုံးကို ကြည့်လိုက်ပြီး သူမရဲ့ လုပတဲ့ မျက်နှာလေး အပေါ်မှာ အပြုံးလေးတစ်ခု ရှိနေသေးတယ် ဆိုပေမဲ့ သူမရဲ့ မျက်လုံးထဲမှာတော့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက တလက်လက် တောက်ပလို့ နေပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ညှော်ခံပွဲတစ်ခုက လင်းဟန်နဲ့ ရှမ်ယွမ်ဇီကွမ်းကြောင့် အခုလိုမျိုး ပျက်စီးသွားခဲ့ပါပြီ။ ဒါပေမဲ့လည်း ရှမ်ယွမ်ဇီကွမ်းက သူမတို့ လူတစ်ယောက် ဖြစ်ပြီးတော့ တကယ်လို့ သူမအနေနဲ့ တစ်ယောက်ကို မုန်းတီးပစ်ချင်တယ် ဆိုရင်တောင် လင်းဟန်ကိုပဲ မုန်းတီးပစ်လို့ ရပါလိမ့်မယ်။

"အစ်ကိုလင်း ကျမအစောပိုင်းကတည်း ပြောပြီးပြီ။ တကယ်လို့ ရှင်က စီနီယာ အစ်ကိုလန်ကို မဟာမိတ်ခေါင်းဆောင်းအဖြစ် အသိအမှတ်ပြုဖို့ ဆန္ဒမရှိဘူးဆိုရင် စီနီယာအစ်ကိုလန်ရဲ့ ကိုယ်စား ရီယွင်က ရှင်နဲ့တိုက်ခိုက်ပေးပါမယ်"

သူမရဲ့ အကျီလက်ကို တစ်ချက်ပွေ့လိုက်ပြီး သူမရဲ့ ဟန်ပန်အမူအရာက တင့်တယ်လှပပြီးတော့ နတ်သမီးလေး တစ်ပါးနဲ့ တူနေပါတယ်။

လင်းဟန်က သူမကို မျက်စိတစ်ချက်ဝေ့ကြည့်လိုက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

“မင်းလည်း ငါ့နဲ့ အလောင်းအစား လုပ်ဖို့ စိတ်ကူးနေတာလား”

“အဲဒီကျောက်ဆုံ”

ဂမ်ရီယွင်က သူမရဲ့ သေးသွယ်လှပတဲ့ လက်ချောင်းနဲ့ လက်ညှိုးထိုးပြလိုက်ပါတယ်။

“တကယ်လို့ ကျမအနိုင်ရမယ်ဆိုရင် အဲဒီကျောက်ဆုံ ကျမကို ပေးရမယ်”

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“ကောင်းပြီလေ။ တကယ်လို့ မင်းရှုံးလို့ရှိရင် ငါ့အစ်ကိုရဲ့ မင်္ဂလာပွဲ ကမ်းလှမ်းမှုကို လက်ခံရမယ်”

လင်းဟန်က မှယောင်ချင်းကို လက်ညှိုးထိုးညွှန်ပြ လိုက်ပါတယ်။

"ထို့ ဒီရုပ်ဆိုးဆိုးမိန်းမကို ငါလက်မထပ်ချင်ဘူး"

မုယောင်ချင်းက ဒေါသနဲ့ ထခုန်လိုက်ပါတယ်။

"ငါ့ကို ဆွဲမထည့်နဲ့"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟား ဘာမှမတတ်နိုင်တော့ဘူး။ ငါ့ဒအစ်ကို မင်းကို မကြိုက်ဘူးတဲ့။ ဒါကြောင့် တန်ဖိုးကြီးတဲ့ သတ္တု ဒါမှမဟုတ် စိတ်ဂိညာဉ် ဆေးပင် အမျိုးအစားတွေကိုပဲ လောင်းကြေးထပ် ကမ်းလှမ်းပေတော့"

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

လူငယ်တော်တော်များများက ဒေါသနဲ့ အော်ဟစ်လိုက်ပါတယ်။ လင်းဟန်က တကယ်ပဲ သူတို့ရဲ့ နတ်ဘုရားမလေးကို အသရေပျက်အောင် ပြောဟ့ံပါတယ်။

တစ်ဖက်က ဂမ်ရီယွင်ကတော့ အရမ်းကို တည်ငြိမ်နေပြီး

စိတ်ဂိညာဉ် ဆေးပင်တစ်ပင်ကို သာမန်ကာလျှံကာ ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ဒန်ရန်ဖီးနစ်ငှက်မျက်ရည် ဆေးပင်ပဲ။ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တွေ အထဲမှာ အတော်လေးကို မြင့်မားတဲ့ အရည်အသွေးရှိတယ်လို့ သတ်မှတ်နိုင်တယ်။ ဒါဆိုရင် လုံလောက်လား"

"လက်ခံနိုင်ပါတယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ အဆင့်ခုနစ် စိတ်ဂိညာဉ် ဆေးပင်တွေကို အသာထား အဆင့်တစ်ဆယ် နတ်ဘုရား ဆေးပင်တွေတောင်မှ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို နှိုင်းယှဉ်လို့ မရပါဘူး။ ဒါပေမဲ့ သူအနိုင်ရမယ်လို့ အပြည့်အဝ ယုံကြည်ထားပါတယ်။ ဒါကြောင့် တကယ်လို့ လောင်းကြေးနည်းနည်းလေး ရမယ်ဆိုရင်တောင် သူ့အနေနဲ့ အရယူရပါလိမ့်မယ်။

ဂမ်ရီယွင်က ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ဒီကျောက်ဆုံက ရှင့်ရဲ့လောင်းကြေး ဆိုတော့ အစ်ကိုလင်း အနေနဲ့ အဲဒါကို ဘေးမှာချထားပေးဖို့

ပြောပါရစေ။ တကယ်လို့ အစ်ကိုလင်းက ရှုံးနိမ့်သွားရင် အရှုံးကို ဝန်မခံပဲ လောင်းကြေးမပေးပဲ ထွက်ပြေးသွားမှာကို ရီယွင်စိုးရိမ်ပူပန် မိပါတယ်”

ဒီအမျိုးသမီးက တကယ့်ကို လျှာစောင်းထက်ပါတယ်။

လင်းဟန်အတွက်တော့ ဒီကျောက်ဆုံက အရမ်းကို အစွမ်းထက်တဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ရွှမ်ယွမ်ဇီကွမ်းရဲ့ အရမ်းကို အစွမ်းထက်တဲ့ ဆေဘာဓား အစီအရင်နဲ့ ရင်ဆိုင်တဲ့ အခါမှာ သူက ကျောက်ဆုံကို အသုံးပြုပြီးတော့ ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဝမ်ရီယွင်ရဲ့ စကားအနည်းငယ်ကြောင့် ဒီပစ္စည်းကို အသုံးပြုလို့ မရနိုင်တော့ပါဘူး။

သူမက တကယ့်ကို ပရိယာယ်များပြီး စေ့စပ်သေချာ တိကျတဲ့ အတွေးတွေလည်း ရှိပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ကျောက်ဆုံကို ထုတ်ယူပြီး ဘေးမှာ ချထား လိုက်ပြီးတော့ သူက ပြောလိုက်ပါတယ်။

“မင်းက အရမ်းကို လိမ္မာပါးနပ်တာပဲ။ ဒါပေမဲ့ ဂရုစိုက်ပါ။

သိုးမွှေးအတွက်နဲ့တော့ အိမ်ကိုလာပြီး မညှပ်နဲ့"

ဂမ်ရီယွင်က အသာအယာ ပြုံးပြီးတော့ သူမရဲ့ လက်ကို ဖျော့ယမ်းလိုက်တဲ့ အခါမှာ သူမအရှေ့ကို ကုချင်းတစ်လက် ထွက်ပေါ်လာခဲ့ပါတယ်။ ကုချင်းရဲ့ပုံစံကို ကြည့်ရတာ အရမ်းကို ရှေးကျတဲ့ ပုံစံမျိုး ရှိပြီးတော့ ကုချင်းရဲ့ အပေါ်မှာ ချပ်ဂတ်တန်ဆာ ဂတ်ဆင်ထားတဲ့ စစ်သည်တော်တွေရဲ့ ပုံစံကို ရေးထွင်းထားပါတယ်။ အဲဒီစစ်သည်တော်တွေက သွေးသံတရဲရဲ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြတဲ့ ပုံဖြစ်ပြီးတော့ အနည်းငယ် အဲ့မဂင်ဖြစ်နေသလိုပါပဲ။

သူမက လေထဲမှာ ထိုင်ချလိုက်ပြီး သူမရဲ့ ပုံရိပ်က ဖြည်းညှင်းစွာ မြင့်တက်လာပြီး ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ကျမရဲ့ သံစဉ်တစ်ပုဒ်ကို နားထောင်ကြည့်ပါ အစ်ကိုလင်း"

ဟွမ်း။

သူမရဲ့ လက်တွေကို လှုပ်ရှားလိုက်တာနဲ့ ကုချင်းသံစဉ်တစ်ခုက ချက်ချင်းပဲ ထွက်ပေါ်လာခဲ့ ပါတယ်။ သံစဉ်က နူးညံ့သိမ်မွေ့ပြီးတော့ သဘာဂတရားရဲ့

သံစဉ်တစ်ခုလိုမျိုး စည်းချက်ကျကျနဲ့ နားထောင်လို့ ကောင်းပါတယ်။

အားလုံးကို ကြည့်ရတာ သံစဉ်ရဲ့ ဆွဲဆောင်မှုကြောင့် ယစ်မူးနေတဲ့ ပုံစံပါပဲ။ ဂမ်ရီယွင်က အရမ်းကို ထူးခြားတဲ့ အလှအပကို ပိုင်ဆိုင်ထားပြီး ကုချင်းတီးခတ်တဲ့ ပညာကလည်း အရမ်းကို ထူးချွန်ထက်မြက်ပါတယ်။ သူမက မရေတွက်နိုင်တဲ့ လူတွေကို ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။

ကုချင်းသံစဉ်က ပျံ့နှံ့ထွက်ပေါ်နေပြီး လင်းဟန်ရဲ့ မျက်လုံးတွေထဲမှာ အနည်းငယ် စိတ်ရှုပ်ထွေးမှု ပေါ်လာခဲ့ပါတယ်။

သူမက သူ့နှလုံးသားကို အနှောင့်အယှက်ဖြစ်အောင် လုပ်ချင်တာလား။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အေးစက်စက် အပြုံးတစ်ခုက ချက်ချင်းပဲ ပေါ်လာခဲ့ပါတယ်။ သူမက တကယ့်ကို အတွေ့အကြုံ နည်းပါသေးတယ်။သူက ကောင်းကင်အဆင့် နတ်ဘုရားအာရုံ တစ်ခုကို ပိုင်ဆိုင်ထားပြီး သူမလို စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မျှပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ကို လှည့်ဖျားချင်နေတာလား။

ထန်။

ကုချင်းသံစဉ်က ရုတ်တရက် နူးညံ့သိမ်မွေ့ရာကနေ ပြောင်းလဲသွားခဲ့ပါတယ်။ လှပတဲ့ အခြေအနေ တစ်ခုကနေ ကြမ်းတမ်းတဲ့ အသံတစ်ခုကို ပြောင်းလဲသွားပြီး ဘက်ပေါင်းစုံကနေ ဝိုင်းရံပြီး လုပ်ကြံသတ်ဖြတ်နေသလိုမျိုး ပုံစံဖြစ်ပေါ်ပြီး ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ထွက်ပေါ်လု နီးပါး ဖြစ်နေပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း။

ကုချင်းရဲ့ ကိုယ်ထည်ပေါ်က ချပ်ဂတ်တန်ဆာ ဂတ်ဆင်ထားတဲ့ စစ်သည်တော်တွေအားလုံး တောက်ပလင်းလက်လာပြီး ကုချင်းသံစဉ်က မြင့်တက်လာတာနဲ့အမျှ အဲဒီ စစ်သည်တော်တွေက အမှန်တကယ်ပဲ လမ်းလျှောက်ပြီးတော့ လေထဲမှာ တစ်ယောက်ပြီး တစ်ယောက် ရပ်နေတဲ့ ပုံရိပ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ စုစုပေါင်း ၈၁ ယောက်တိတိ ရှိပြီးတော့ သူတို့အားလုံးကိုယ်စီ အဆင့်မြင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားမျိုးကို ပိုင်ဆိုင်ထားပါတယ်။

ဒီကုချင်းက တကယ့်ကို စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်နေပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် ကျင့်ကြံသူ ၈၁ယောက်ကို ဆင့်ခေါ်နိုင်ပါတယ်။ ဘယ်လောက် အံ့သြဖို့ ကောင်းလိုက်သလဲ။

ဂမ်ရီယွင်က လင်းဟန်ကို ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ဘေးမှာချထားဖို့ အကြံပေးခဲ့တာ အံ့သြစရာ မဟုတ်ပါဘူး။ သူမမှာရှိတဲ့ ကုချင်းရတနာကို ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက ဖိနှိပ်ထိန်းချုပ်သွားမှာကို ကြောက်ရွံ့နေပါတယ်။

အခု အဆင့်မြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ၈၁ ယောက် ထွက်ပေါ်လာမှုနဲ့အတူ သူတို့ကို ဘယ်လိုမျိုး ဟန့်တားရမှာလဲ။ တစ်ခုသိထားရမှာက သူတို့ကို စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကနေ ဆင့်ခေါ်ထားတာဖြစ်ပြီး သူတို့အနေနဲ့ သေမှာ ဒဏ်ရာအနာတရ ရမှာကို ကြောက်ရွံ့ခြင်းမရှိပဲ အလောင်းကောင် စစ်သားတွေနဲ့ တူညီတယ်လို့ ပြောဆိုနိုင်ပါတယ်။

ဒီစစ်သည်တော်တွေက ချပ်ဂတ်တန်ဆာ အပြည့်နဲ့ အရမ်းကို ကြံ့ခိုင်ပုံပေါ်ပြီးတော့ သူတို့ရဲ့ လက်ထဲမှာ

လက်နက်အမျိုးမျိုးကို ကိုင်ဆွဲထားပါတယ်။ လက်နက်တွေ အပေါ်မှာ အစီအရင် သင်္ကေတတွေက တောက်ပလင်းလက်နေပြီး နည်းနည်းလေးမှတောင် တုံ့ဆိုင်းခြင်း မရှိပဲနဲ့ သူတို့က လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

လူတိုင်းလူတိုင်း အသက်ရှူ ကျပ်လာသလို ခံစားလိုက်ရပါတယ်။.အစောပိုင်းတုန်းက ရတနာ ဆေဘာဓားက သုံးဆယ်ခြောက်ခုပဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ၈၀ယောက် ရှိပြီးတော့ ရင်ဆိုင်ဆန့်ကျင်ပြီး တောင့်ခံဖို့ဆိုတာ ပိုပြီးတော့တောင် မဖြစ်နိုင်ပါဘူး။

တစ်ဖက်မှာရှိတဲ့ လင်းဟန်ကတော့ မကြောက်ပါဘူး။ ရွှမ်ယွမ်ဇီကွမ်းက အသက်တစ်ရှိုက်စာ အချိန်အတွင်းမှာ အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်း စုစုပေါင်း ၃၆ခုကို ဆွဲထုတ်ခဲ့ပြီး အခု သူ့အရှေ့က ဒီစိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော်တွေက ရတနာပစ္စည်း တစ်ခုကြောင့် ဖြစ်ပေါ်လာရတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အစွမ်းက ဘယ်လိုလုပ်ပြီးတော့ ရတနာ ဆေဘာဓား သုံးဆယ်ခြောက်ခုရဲ့ အစွမ်းကို နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါတယ်။ ဒါက စိတ်ဂိုညာဉ် ပစ္စည်းတွေရဲ့ ယှဉ်ပြိုင်ပွဲ တစ်ခုပဲ မဟုတ်လား။ ဘယ်သူက အမြီးကုပ်သွားမလဲဆိုတာ ကြည့်ရသေးတာပေါ့။

ဟွမ်း။

နတ်ဆိုးရှင်သန်ဓားပေါ်က အစီအရင် သင်္ကေတတွေက လင်းလက်တောက်ပ လာခဲ့ပါတယ်။ တစ်ခု နှစ်ခု သုံးခု။

နောက်ပြီးတော့ တစ်ခုထပ် ပိုပါတယ်။

အစီအရင် သင်္ကေတ တစ်ခုလောက် ထပ်ပြီးတော့ လင်းလက်တောက်ပလာတဲ့ အပေါ်မှာ အထင်မသေးလိုက်ပါနဲ့။ ဒါကအဆင့်တစ်ဆယ် စိတ်ဂိုညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သင်္ကေတ တစ်ခုထပ်ပြီးတော့ တောက်ပလာတာက စွမ်းအင်အနည်းငယ်ပဲ တိုးလာတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

ချက်ချင်းပဲ အဆုံးမရှိတဲ့ အရှိန်အဂါ တစ်ခုရဲ့ အစွမ်းက ပျံ့နှံ့ထွက်ပေါ် လာခဲ့ပါတယ်။ လင်းဟန်က သူ့လက်ထဲက

ဓားတစ်လက်နဲ့အတူ ရပ်နေပြီး သူ့ပုံစံက ကြီးကျယ်ခမ်းနားတဲ့ နတ်ဆိုးဘုရင် တစ်ပါးလိုမျိုး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ၈၁ ယောက်လုံးကို လုံးဝဖိနှိပ်ထားပါတယ်။

Chapter 636 end

Zawgyi. အပိုင်း(၆၃၇) အဆုံးမဲ့ နည်းစနစ်များရဲ့ ထပ်ခါထပ်ခါ ထွက်ပေါ်လာမှု

လူတိုင်းလူတိုင်း မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ၈၁ ယောက်ရဲ့ ခွန်အားက မြစ်တွေကို ပြောင်းပြန်လှန်ပစ်ပြီး ပင်လယ်တွေကို ခမ်းခြောက်ကုန်အောင် လုပ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ ရတနာဓား တစ်လက်ကို ဆွဲထုတ်လိုက်ရုံနဲ့ ဒီစစ်သည်တော်တွေ အနေနဲ့ ဖျက်ဆီးခံတော့မဲ့ အတိုင်းပဲ တုန်လှုပ်သွားစေ ခဲ့ပါတယ်။

ဒါက မတူညီ ကွဲပြားခြားနားတဲ့ အဆင့်တစ်ခုလုံးရဲ့ ဖိနှိပ်ထိန်းချုပ်မှု ဖြစ်ပါတယ်။

"အဆင့်ရှစ် ဒါမှမဟုတ် အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခုတောင် ဖြစ်နိုင်တယ်"

လူတစ်ယောက်က တုန်ယင်တဲ့ အသံနဲ့ အံ့အားသင့်စွာ ပြောလိုက်ပါတယ်။

စိတ်ဂိညာဉ် ပစ္စည်းတွေက သာမန်အသုံးပြုနေကျ လက်နက်တွေ မဟုတ်ပါဘူး။ ရတနာပစ္စည်းတွေ ဖြစ်ပါတယ်။ အဆင့်ခုနစ် တန်ဖိုးကြီး သတ္တုတွေကနေ သန့်စင်သွန်းလုပ်ပြီး အခြေခံထားကာ လူတစ်ယောက်ရဲ့ သိုင်းဆန္ဒအသိကြောင့် ကျင့်ကြံခြင်းတိုးလာတဲ့ အနောက်ကို လိုက်ပြီး အထွတ်အထိပ် စွမ်းအားကို ပိုင်ဆိုင်ကြတာပါ။ ဒီစိတ်ဂိညာဉ် ပစ္စည်းရဲ့ စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ ပြီးတော့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေ ကိုင်ဆောင်ထားတာတောင်မှ သူတို့က စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ စွမ်းအားကို ပိုင်ဆိုင်ထားနိုင်စွမ်း ရှိကြပါတယ်။

ဥပမာ ဂမ်ရီယွင်ရဲ့ ကုချင်းက သေချာပေါက် အဆင့်ခုနစ် စိတ်ဂိညာဉ်ပစ္စည်းဖြစ်ပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ၈၁ ယောက်ကို ထုတ်လွှတ်နိုင်စွမ်း ရှိပါတယ်။ သူတို့မှာ ခန္ဓာကိုယ် အစစ်အမှန် မရှိပေမဲ့ သူတို့ရဲ့ အစွမ်းက

တကယ့်သက်ရှိတွေထက် မနိမ့်ကျပါဘူး။ ပြီးတော့ သူတို့က ဒဏ်ရာရမှာ သေကြေပျက်စီးမှာကိုလည်း မကြောက်ကြပါဘူး။

ပြီးတော့ စိတ်ဂိညာဉ် ပစ္စည်းရဲ့ အဆင့်က ပိုမြင့်လေ ၎င်းကို ပြီးပြည့်စုံဖို့ ပိုပြီးတော့ ခက်ခဲပါတယ်။ ဒါကလည်း ဘာဖြစ်လို့လဲဆိုတော့ ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်တဲ့ လူတွေက အများကြီး ရှိပါတယ်။ ပြီးတော့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အနည်းဆုံး နှစ်ပေါင်းဆယ်နဲ့ချီအောင် အထဲကို သိုင်းအသိဆန္ဒ ထည့်သွင်းပြီးတော့ ပြုစုပျိုးထောင်ပေးရပါတယ်။

စိတ်ဂိညာဉ် ပစ္စည်းတွေက သူတို့ကိုယ်ပိုင် ပစ္စည်းစိတ်ဂိညာဉ်ကို မဖြစ်ပေါ်နိုင်သေးသရွေ့ ပတ်ဂန်းကျင်က စွမ်းအားတွေကို အလိုအလျောက် ယူနိုင်ခွင့် ရှိပါတယ်။ ပြီးတော့ အထဲက သိုင်းအသိဆန္ဒတွေကို စိတ်ဂိညာဉ် ပစ္စည်းက ကိုယ်တိုင်ဖောက်ခွဲ ဖျက်ဆီးပြီးတော့ ပောင်းနွမ်းစုတ်ပြတ်ခြင်း မရှိဖို့ သေချာအောင် ပြုလုပ်ထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် သူတို့နှစ်ယောက်က သူတို့ရဲ့ အဆင့်မြင့် စိတ်ဂိညာဉ် ပစ္စည်းတွေကို ထုတ်ဖော်ပြသတဲ့ အချိန်မှာ

အကြီးအကျယ် အံ့အားသင့်ပြီး ဆူညံပွက်လောရိုက်ကုန်ကြပါတယ်။ ဒါက အဖွဲ့တစ်ခု အတွက် ဖော်ပြတဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ မင်းမှာ အဆင့်ခုနစ် ဒါမှမဟုတ် အဆင့်ရှစ် တန်ဖိုးကြီး သတ္တုတစ်ခုကို ပိုင်ဆိုင်ထားမယ်ဆိုရင် ဘာလုပ်မလဲ။ မင်းအနေနဲ့ အဲဒီအဆင့် လက်နက်တစ်ခုကို သွန်းလုပ်လို့ပဲ ရမှာဖြစ်ပေမဲ့ စိတ်ဝိညာဉ် ပစ္စည်းရဲ့ စွမ်းအားကို ပိုင်ဆိုင်မှာတော့ မဟုတ်ပါဘူး။

ဂမ်ရီယွင်ရဲ့ မျက်နှာပေါ်က အမူအရာက နောက်ဆုံးတော့ ပြောင်းလဲသွားပါတယ်။ နတ်ဆိုးရှင်သန်ဓားက သူမကို ကြီးမားတဲ့ ဖိအားတစ်ခုကို ပေးစွမ်းနိုင်ပြီး သူမအနေနဲ့ အစတုန်းက ရှိခဲ့တဲ့ ယုံကြည်မှုတွေတောင် ပျောက်ကွယ်သွားသလို ခံစားလိုက်ရပါတယ်။

ဘယ်လိုလုပ်ပြီးတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်က ပန်းဖူးအဆင့်ရဲ့ လက်ထဲမှာ ရှုံးနိမ့်သွား နိုင်မှာလဲ။

သူမက အရမ်းကို စိတ်တိုသွားသလို ခံစားလိုက်ရပါတယ်။ ပန်းဖူးအဆင့် အထွတ်အထိပ်ကို ပါရမီရှင်တွေ ရောက်ရှိသွားတဲ့ အချိန်မှာ သူတို့က အဆင့်နိမ့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဒါမှမဟုတ် အလယ်အလတ် စိတ်ဝိညာဉ်

နတ်သူငယ်အဆင့် ကျင့်ကြံသူတွေကိုတောင် အနိုင်ယူနိုင်စွမ်း ရှိကြပါတယ်။ ပြီးတော့ သူမက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ဒုတိယအလွှာပဲ ရှိသေးတာဖြစ်ပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်ပွင့်ကို ရောက်နေပါတယ်။ ဘယ်လိုပဲ ကြည့်ကြည့် သူမအနေနဲ့ ဒီတိုက်ပွဲမှာ လုံးဝကို အားသာချက် ရှိပါတယ်။

သူမက သေချာပေါက် ပြိုင်ဘက်ဖြစ်သူကြောင့် သူမကိုယ်သူမ ထိတ်လန့်ချောက်ချား ဖြစ်သွားတာမျိုး ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

သူမက ကုချင်းကို ပိုပြီးတော့တောင် လျင်လျင်မြန်မြန်နဲ့ တီးခတ်လိုက်ပြီး သံစဉ်တေးသွားတွေက အစွမ်းထက်တဲ့ စစ်တပ်တစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် ၈၁ ယောက်က ချက်ချင်းဆိုသလို သူတို့ရဲ့ နတ်ဘုရား အစွမ်းတွေ ပြန်လည်ရရှိ လာသလိုမျိုး ဖြစ်သွားပြီး လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

အဲဒီအချိန် လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးနေပါတယ်။ သူ့ရဲ့ဓားသိုင်းပညာအပေါ်မှာ

နားလည်သဘောပေါက်နိုင်စွမ်း တိုးလာတာနဲ့အမျှ နတ်ဆိုးရှင်သန်ဓားအပေါ်က အစီအရင် သင်္ကေတတွေကို နောက်ထပ်ဖွင့်နိုင်ခဲ့ပြီး ဒီအဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းရဲ့ စွမ်းအားကလည်း နောက်တစ်ဆင့်ကို တိုးလာခဲ့ပါတယ်။

အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းဆိုတာ ဘယ်လိုအမျိုးအစား မိုလို့လဲ။ သူ့ရဲ့စွမ်းအားကို အပြည့်အဝ ထုတ်လွှတ်လိုက်ရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းအားနဲ့ ညီမျှပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။ ဟွမ်း။ ဓားချီအလင်း ၂၉ ခုက အလင်းတန်း အတုတစ်ခု အဖြစ်ကို ပေါင်းစည်းဖြစ်ပေါ်သွားခဲ့ပါတယ်။ အဲဒီအလင်းတန်းနဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သားတစ်ယောက်ဆီ ခုတ်ချလိုက်ပါတယ်။ စစ်သားက အလျင်အမြန်ပဲ သူ့ရဲ့တိုက်ပွဲဂင်လုံကို အသုံးပြုပြီးတော့ ခတ်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ဒီအလင်းတန်းအတုက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းကနေ တိုက်ရိုက်ထုတ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ ဒီတိုက်ခိုက်မှု နောက်ကွယ်က ဖျက်ဆီးခြင်း စွမ်းအားက တကယ့်အလင်းတန်း အစစ်ထက် ပိုပြီးတော့

ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ အဲဒီစစ်သားက သူရဲ့ လက်နက်နဲ့အတူ ချက်ချင်းဆိုသလို ဒီတိုက်ခိုက်မှုကြောင့် နှစ်ပိုင်းပြတ်သွားခဲ့ပါတယ်။

တိုက်ခိုက်မှု တစ်ခုက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်ဖို့ လုံလောက်တယ်။

လပြွတ်ပဲ။

အားလုံးက သက်ပြင်းချလိုက် ကြပါတယ်။ သူတို့မှာ ဒီလင်းဟန်က ကျောရိုးစိမ့်လောက်တဲ့အထိ အစွမ်းထက်တယ် ဆိုတဲ့ အတွေးတစ်ခုပဲ ရှိပါတယ်။

တကယ်လို့ လင်းဟန်က ယိုဟိုင်ယွဲ့၊ ဆေဘာစားဘုရင်လေးတို့လို ဘဘာဂကို ဆန့်ကျင်တဲ့ မွန်းစတားတစ်ကောင်ဆိုရင်တော့ သူတို့အနေနဲ့ အဲဒါကို လက်ခံနိုင်ပါတယ်။ တကယ်တော့ ဒီလူတွေ အားလုံးက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်နဲ့ ကျင့်ကြံခြင်းအဆင့်တူတဲ့ ပြိုင်ဘက်တွေ အားလုံးကို နှိမ်နင်းနိုင်စွမ်း ရှိပါတယ်။

ပြဿနာက လင်းဟန် အနေနဲ့ ပန်းဖူးအဆင့်မှာပဲ

ရှိပါသေးတယ်။

လင်းဟန်က သူ့ရဲ့ဓားကို အဆက်မပြတ် ဝှေ့ယမ်းနေပြီး ဓားတစ်ချက် ဝှေ့လိုက်တာနဲ့ ပြိုင်ဘက်တစ်ယောက် ပျောက်ကွယ်သွားပါတယ်။ သူက မားမားမတ်မတ် ရပ်တည်နိုင်စွမ်း ရှိပြီးတော့ သူ့ရဲ့ဓားကို ၈၁ ကြိမ် အဆက်မပြတ် ဝှေ့ယမ်းလိုက်ပြီး စစ်သည်တော် ၈၁ ယောက်ကို အစိတ်စိတ် အပိုင်းပိုင်း ခုတ်ဖြတ်ပစ်လိုက်ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူတို့မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေ မရှိပါဘူး။ ဒါကြောင့် သေကွင်းသေကွက် နေရာတွေ မရှိသင့်ပါဘူး။ ပြီးတော့ နှစ်ပိုင်းဖြတ်ခံပြီးရင်တောင်မှ ပြန်ပြီးတော့ အသစ်ဖြစ်ပေါ်ပြီး ဆက်လက်တိုက်ပွဲ ဝင်နိုင်စွမ်း ရှိသင့်ပါတယ်။

ဒါပေမဲ့ နတ်ဆိုးရှင်သန်ဓားနဲ့ ထုတ်လွှတ်လိုက်တဲ့ ဓားအလင်းတန်းက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုရဲ့ စွမ်းအားပါဝင်နေတာ သဘာဝကျပါတယ်။ ဒါကြောင့် သူတို့က အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ပြီးတဲ့နောက်မှာ ဘယ်လိုလုပ်ပြီးတော့ ပြန်ပေါင်းစည်းနိုင်တော့မှာလဲ။ သူတို့ရဲ့ ကံကြမ္မာက ပျက်စီးဖို့တစ်ခုပဲ ရှိပါတယ်။

"ငေါ့"

ဂမ်ရီယွင်က ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ချလိုက်ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်လုံးတွေအထဲမှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူမက ဒီရတနာကုချင်းကို သန့်စင်ခဲ့တာ အချိန်ကြာမြင့်နေပါပြီ။ ဒါကြောင့် သူမရဲ့ နှလုံးသားနဲ့ ဒီကုချင်းရဲ့ စိတ်ဝိညာဉ်က ချိတ်ဆက်နေတယ်လို့ ပြောလို့ရပါတယ်။ အခု အဲဒီစစ်သည်တော် ၈၁ ယောက်က နှစ်ပိုင်းပြတ် လှီးဖြတ်ခံလိုက်ပြီး ဖျက်ဆီးခံလိုက်ရတာကြောင့် သူမလည်း ထိခိုက်ဒဏ်ရာ ရသွားခဲ့ပါတယ်။ သူမရဲ့ နှလုံးသားကို မီးနဲ့မြိုက်နေသလို ခံစားနေရပြီး ဒီခံစားချက်က မယုံနိုင်စရာကောင်းအောင် ဆိုးဝါးလွန်းပါတယ်။

သူမက လုံးဂကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်တဲ့အနေနဲ့ ရတနာကုချင်းကို လက်နဲ့အသာ ပုတ်လိုက်တာနဲ့ ကုချင်းရဲ့ အထဲကနေ ထက်မြက်တဲ့ ဓားတစ်လက်က ထွက်လာခဲ့ပါတယ်။

ဒီဓားက အရမ်းကို ပါးလွှာပြီး ဓားသွားကလည်း ကုချင်းပေါ်က ကြိုးတစ်ချောင်းနဲ့ တူပါတယ်။ တကယ်လို့ အနီးကပ် သေချာမကြည့်ဘူးဆိုရင် ဒီဓားကို မြင်နိုင်မှာ

မဟုတ်ပါဘူး။

ဂမ်ရီယွင်က သူမရဲ့ဓားနဲ့အတူ ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ ဓားသွားက ကုချင်းပေါ်က ကြိုးတစ်ချောင်းနဲ့တူပြီး ပိုးချည်မျှင်တစ်ခုအဖြစ် ပြောင်းလဲသွားပြီး လင်းဟန်ကို ရစ်ပတ်ဖို့ ပြေးဝင်လာခဲ့ပါတယ်။ နောက်ပြီးတော့ ၎င်းကိုကြည့်ရတာ သွေးစုပ်ယူခြင်း မူလရွှေနဲ့တူပြီး အဆုံးမရှိ ဆန့်ထုတ်နိုင်ပါတယ်။

ဒါပေမဲ့ ဒီဓားက သွေးစုပ်ယူခြင်း မူလရွှေကနေ သန့်စင်သွန်းလုပ်ထားတာ မဟုတ်ပါဘူး။ ဒါကြောင့်

သူမပစ်လွှတ်လိုက်တဲ့ ဓားချီနဲ့ မူလစွမ်းအင်ကို အံ့မခန်းနည်းလမ်း တစ်ခုနဲ့ ပေါင်းစပ်ပြီး လင်းဟန်ကို ရစ်ပတ်ချည်နှောင်ဖို့ ဦးတည်ပြီး တိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။

"ဒါက ဂမ်ကလန်ရဲ့ အဆုံးမဲ့ တိုက်ကွက်ဖြစ်တဲ့ ပိုးမျှင်အမြှာဓားအရိပ် ကျရောက်ခြင်း နည်းစနစ်ပဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဂမ်ကလန်ရဲ့ ဘိုးဘေးက

ဒီဓားသိုင်းကို အသုံးပြုပြီးတော့ ကမ္ဘာကြီးအနှံ့ အတားအဆီးမရှိပဲ လျှောက်သွားခဲ့တယ်။ ဂမ်ရီယွင်က အဲဒီဓားသိုင်းကို လေ့ကျင့်ထားလိမ့်မယ်လို့ ငါလုံးဝကို မထင်ထားခဲ့ဘူး။ သူမက တကယ်ပဲ ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ထိုက်တန်ပါပေတယ်"

"နတ်သမီးလေးဂမ် ဒီကောင်စုတ်ကို နှစ်ပိုင်းဖြတ်ပစ်လိုက်ပါ"

အားလုံးက အံ့အားသင့်စွာနဲ့ ပြောနေကြပြီး လူတော်တော်များများက ဂမ်ရီယွင်ကို အားပေးနေကြ ပါတယ်။ သူတို့က ဒီတိုက်ပွဲမှာ သူတို့ရဲ့ နတ်သမီးလေးက အောင်ပွဲခံနိုင်လိမ့်မယ်လို့ မျှော်လင့် နေကြပါတယ်။

"စိတ်ဂင်စားစရာပဲ"

လင်းဟာန်က တီးတိုးရွတ်ဆိုလိုက်ပြီး သူရဲ့ညာဘက်လက်ကို လှုပ်ခါလိုက်တာနဲ့ နတ်ဆိုးရှင်သန် ဓားကနေ ရက်စက်ကြမ်းကြုတ်တဲ့ ဓားချီက ပြေးထွက်သွားခဲ့ပြီး သူ့အနားမှာ ပိုင်းရံထားတဲ့ ဓားချည်မျှင်တွေကို လွယ်လွယ်ကူကူနဲ့ ဖြတ်တောက်ပစ်လိုက်ပါတယ်။ စွမ်းအားကွာဟချက်က အရမ်းကြီး မကြီးသရွေ့တော့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းက လွှမ်းမိုးနိုင်စွမ်းရှိတဲ့

အာသာချက် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

ဂမ်ရီယွင်က အပေါ်ကို ထိုးတက်သွားပြီး သူမရဲ့ အနားမှာ အဖြူရောင် ပိုးချည်စတွေ လွင့်မျောနေပြီး သူမက လနတ်သမီးလေး တစ်ပါးက လှပတင့်တယ်စွာ ကခုန်နေတာမျိုးနဲ့ တူပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ဓားချက်တိုင်းကနေ ရက်စက်ကြမ်းကြုတ်တဲ့ ဓားချီအလင်းတွေ ဖြစ်ပေါ်လာပြီး လင်းဟာန်ဆီကို ပုံသဏ္ဍာအမျိုးမျိုးနဲ့ ပြေးဝင်သွားပြီး ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခုကို ဖြစ်စေပါတယ်။

လင်းဟာန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို အသုံးပြုပြီး သူရဲ့တိုက်ပွဲစွမ်းရည်က အကြီးအကျယ် ထိုးတက်လာပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ ကြယ်ဆယ့်ငါးပွင့်အထိ ရောက်လာခဲ့ပါတယ်။ သူက ဂမ်ရီယွင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

ထန် ထန် ထန် ထန် ထန်။

ဓားနစ်လက်က တစ်ခုနဲ့တစ်ခု အဆက်မပြတ် ထိမိပြီး ကြောက်မက်ဖွယ်ရာ အလင်းတွေလည်း ဖြစ်ပေါ်လာခဲ့ပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတွေတောင်မှ

ဒီမြင်ကွင်းကို အဆက်မပြတ် စိုက်မကြည့်ပံ့ကြပါဘူး။ သူတို့ရဲ့ မျက်လုံးတွေ ကန်းသွားမှာကိုတောင် ထိတ်လန့်ကြောက်ရွံ့ နေကြပါတယ်။

ဂမ်ရီယွင်က အံ့အားသင့်စွာနဲ့ သူမမျက်နာက ဖြူဖပ်ဖြူရော်ဖြစ်နေပါတယ်။ တိုက်ခိုက်မှုတိုင်း သူမရဲ့ ခန္ဓာကိုယ်က လျှပ်စစ်ဓာတ်လိုက်သလိုမျိုး မာတောင့်သွားသလို ခံစားလိုက်ရပါတယ်။ ဒီခံစားချက်က အရမ်းကို ဆိုးဂါးပြီး သွေးတောင်မှ အန်ထွက်လုမတတ် ခံစားလိုက်ရပါတယ်။ သူမရဲ့ မူလစွမ်းအင်လမ်းကြောင်းတောင် နှောင့်နှေးသွားသလို ဖြစ်သွားပြီး သူမရဲ့ စွမ်းအားကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း မရှိခဲ့ပါဘူး။

ထိပ်တိုက်ရင်ဆိုင် တွေ့ဆုံခြင်းမှာ သူမက ပန်းဖူးအဆင့် ကျင့်ကြံသူတစ်ယောက်ထက် အမှန်တကယ် သာလွန်ပါတယ်။

တစ်ခုပြောနိုင်တာက ဒီမိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ဒါကြောင့် ဂမ်ရီယွင်လို ထိပ်တန်းအဆင့် ပါရမီရှင် တစ်ယောက်ကိုတောင်မှ နှိမ်နင်းနိုင်စွမ်း ရှိအောင်လို့ သန်မာပါတယ်။

လင်းဟန်က ဂမ်ရီယွင်ကို တိုက်ပွဲမှာ လွှမ်းမိုးထားပြီး တိုက်ကွက်ဆယ်ကွက် အကျော်မှာပဲ သူမရဲ့ လက်ထဲက ဓားက လွင့်ထွက်သွားခဲ့ပါတယ်။

ဂမ်ရီယွင်က အံကိုကြိတ်ပြီးတော့ သူမရဲ့ ဆံထိုးကို ဆွဲထုတ်ပြီး လေထဲကို ပစ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ဆံထိုးကနေ ကြည်လင်တောက်ပတဲ့ အလင်းရောင်တစ်ခု တောက်ပလာပြီး ချက်ချင်းဆိုသလို ဆယ်ပေခန့် လျင်မြန်စွာ ရှည်လျားလာပြီး ငှင်းပုံစံကိုကြည့်ရတာ ထူးဆန်းတဲ့ လှေတစ်စင်းပုံစံနဲ့ တူပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ကို ဆက်ပြီးတော့ ဒုက္ခပေးနေဦးမယ်ဆိုရင် ငါမင်းရဲ့ဖင်ကို လက်နဲ့ရိုက်ပြီး ဆုံးမပစ်ရလိမ့်မယ်"

ဂမ်ရီယွင်က ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီးတော့ စိတ်ဆိုးဒေါသ ထွက်သွားခဲ့ပါတယ်။ ဒါကြောင့် သူမက ဘယ်လိုလုပ်ပြီးတော့ နားထောင်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။ သူမက ဆံထိုးကို ဆက်ပြီးတော့ ထိန်းချုပ်ပြီး

ဆံထိုးရဲ့ထိပ်ကို မူလစွမ်းအင်နဲ့ အာရုံစိုက်ထားပြီးတော့ အလင်းရောင် ဘောလုံးတစ်ခု ဖြစ်လာပြီး အဲဒီကနေ ကောင်းကင်နဲ့ မြေကြီးကိုတောင် ဖျက်ဆီးပစ်နိုင်စွမ်းရှိတဲ့ ကြောက်မက်ဖွယ်ရာ အရှိန်အဂါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

"မနာခံဘူးပဲ"

လင်းဟန်ရဲ့ ခန္ဓာကိုယ်ကနေ လျှပ်စီးမိုးကြိုး အလင်းတစ်ခု တောက်ပလာခဲ့ပါတယ်။ သူက လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲနိုင်စွမ်း မရှိပေမဲ့ သူရဲ့အမြန်နှုန်းက သုံးဆလောက် ထိုးတက်လာခဲ့ပြီး လျှပ်ပြက်သွားသလိုပဲ ဂမ်ရီယွင်ရဲ့ နောက်ဘက်မှာ ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် နတ်ဆိုးရှင်သန်ဓား အပြားနဲ့ ဂမ်ရီယွင်ရဲ့ တင်ပါးကို ရိုက်လိုက်ပါတယ်။

"အား"

ဂမ်ရီယွင်က အံ့အားသင့်ပြီး အော်ဟစ်လိုက်ပါတယ်။ ပထမတော့ နာကျင်မှုကြောင့် ဖြစ်ပြီးတော့ ဒုတိယ အချက်က ရှက်ရွံ့မှုကြောင့် ဖြစ်ပါတယ်။

ဒီကောင် တကယ်ပဲ သူမရဲ့ ဖင်ကို ရိုက်ပုံ့တယ်ပေါ့။

ဒါပေမဲ့လည်း သူမက ဒီမျိုးဆက်ရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်နေပါသေးတယ်။ ဒီလိုမျိုး အခြေအနေ တစ်ခုမှာတောင် သူမက ဆံထိုးကို ဆက်ပြီးတော့ ထိန်းချုပ်ပြီး လင်းဟန်ဆီကို ပစ်လွှတ်တိုက်ခိုက်လိုက်ပါတယ်။ ရွှပ်။ အလင်းတန်းတစ်ခု လက်သွားပြီး မယုံနိုင်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေက ကပ်ပါလာခဲ့ပါတယ်။

လင်းဟန်က သူရဲ့စွမ်းအား အပြည့်အဝကို ထုတ်ဖော်လိုက်ပြီး ဒီအလင်းတန်းကို လုံးဝကို ဖျက်ဆီးပစ်လိုက်ပါတယ်။ သူရဲ့ညာဘက်လက်က မာတောင့်သွားသလို ခံစားလိုက်ရပြီး နောက်တစ်ကြိမ် ထပ်ပြီးတော့တောင် မြှောက်လို့ မရနိုင်တော့အောင် ဖြစ်သွားခဲ့ပါတယ်။ သူက အံ့အားသင့် သွားခဲ့ပြီတယ်။ တစ်ခုသိရမှာက သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အံ့အားသင့်စရာ ကောင်းလှတဲ့ အဆင့်တစ်ခုမှာ ရှိပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုနဲ့ ရင်ဆိုင်လိုက်ရတဲ့ အခါမှာ သူက အရမ်းကို ဆိုးဆိုးဂါးဂါး ခံစားလိုက်ရပါတယ်။ ဒီဆံထိုးက တကယ်ပဲ ထူးခြားပါတယ်။

"ဖြန်း ဖြန်း ဖြန်း ဖြန်း ဖြန်း"

သူက ဂျမ်ရီယွင်ရဲ့ တင်ပါးတွေကို ထပ်ခါထပ်ခါ ရိုက်ပစ်လိုက်ပါတယ်။

Chapter 637 end

Zawgyi.အပိုင်း(၆၃၈) ကျူးရှွမ်အာ အဆင့်ချိုးဖျက်တက်ရောက်ခြင်း

အားလုံးက အံ့ဩမှင်တက်သွားခဲ့ ကြပါတယ်။ ဒါက ဒဏ္ဍာရီပုံပြင်လာ နတ်သမီးလေး တစ်ပါးလို့ ထင်ရှားကျော်ကြားတဲ့ ဂျမ်ရီယွင် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူမက ဂျမ်မိသားစုရဲ့ သမီးရတနာ ဖြစ်ပြီးတော့ အပြာရောင်မိုးကြိုးလျှပ်စီးဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ တပည့်တစ်ယောက်လည်း ဖြစ်ပါတယ်။ အခုတော့ ယောကျာ်းလေး တစ်ယောက်က သူမရဲ့ အနောက်ကနေ တင်ပါးကို ရိုက်နက်တာ ခံနေရတာလား။

ဒါက။

အရမ်းကို မနာလိုစရာ ကောင်းပါတယ်။ သူတို့လည်း သူမကို တစ်ကြိမ်လောက်တော့ တင်ပါးကို အရမ်းကို ရိုက်ကြည့်ချင်ပါတယ်။ ဒါပေမဲ့ သူတို့က ဓားတစ်လက်ကို

အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ရဲ့ လက်သက်သက်နဲ့ပဲ ဒီတင်ပါးတွေရဲ့ ဖွံ့ထွားစွင့်ကားပြီး လုံးကျစ်နေတဲ့ အရသာကို အစစ်အမှန်ပဲ ခံစားချင်တာပါ။

လူတော်တော်များများက လင်းဟန်က ကျိတ်ပြီးတော့ ကျိန်ဆဲနေပါတယ်။ ဒီလောက်တောင် ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုနဲ့ လက်ဆောင်ကြီး တစ်ခုရတာတောင် အခွင့်အရေး မယူတတ်ဘူး။ ဘယ်လောက်တောင့် ညံ့ဖျင်းလိုက်သလဲ။ သူက ဂမ်ကလန်နဲ့ ရန်စတစ်ခု ဖြစ်ပေါ်ခဲ့ပြီ ဆိုမှတော့ ဒီလိုမျိုး အခွင့်အရေးယူတော့ရော ဘာဖြစ်ဦးမှာလဲ။ ဘယ်သူသိနိုင်မလဲ။ တကယ်လို့ အရမ်းကို ကြာလာရင် အရာအားလုံးက ပြောင်းလဲသွားနိုင်ပါတယ်။ နတ်သမီးဂမ်က သူ့အတွက် စိတ်ပါလက်ပါ ဖြစ်လာမလားဆိုတာကိုပေါ့။

ဒါပေမဲ့ လူတွေအများကြီးကလည်း ဒေါသတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီကောင်စုတ်က တကယ်ပဲ သူတို့ရဲ့ နှလုံးသားထဲက နတ်ဘုရားမလေးကို ဒီလိုအပြုအမူမျိုး လုပ်ပုံ့နေပါတယ်။ သူက တကယ့်ကို အကြိမ်ပေါင်း တစ်ရာသေဖို့ ထိုက်တန်ပါတယ်။

ဂမ်ရီယွင်လည်း အံ့အားသင့်မိပါတယ်။ ဒီလိုမျိုး

လူပုံအလယ်မှာ အနောက်ကနေ သူမရဲ့ တင်ပါးကို ရိုက်နှက်ခံရတဲ့ အတွေ့အကြုံမျိုးကို ဘယ်တုန်းကမှ ကြုံတွေ့ဖူးခြင်း မရှိပါဘူး။ သူမက ရှက်ရွံ့ပြီးတော့ သေလုမတတ် ဒေါသတွေထွက်လာသလို ခံစားရပါတယ်။ ဒါပေမဲ့ သူမအနေနဲ့ ဘာများတတ်နိုင်ဦးမှာလဲ။ သူမက လင်းဟန်အတွက် လုံးဂကို ပြိုင်ဘက်တစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် သူမရဲ့ တင်ပါးကို ရိုက်နှက်နိုင်စက်နေတာ ခွင့်ပြုရုံပဲ တတ်နိုင်ပါတယ်။

"အဟင့် အဟင့်"

သူမက စိတ်ပျက်လက်ပျက်နဲ့ ငိုချလိုက်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သူမက ဆက်ပြီးတော့ ပြန်တိုက်ခိုက်နိုင်ခြင်း မလုပ်နိုင်တော့ပါဘူး။ သူမရဲ့ ပုံရိပ်က ဖျတ်ခနဲဆို မြေပြင်ပေါ် ပြန်ရောက်ရှိသွားခဲ့ပါတယ်။ သူမရဲ့ အမူအရာက အစောပိုင်းတုန်းက ရိုးသားမှုကို ပြန်လည်ရရှိသွားခဲ့ပါတယ်။ ပြီးတော့ သူမက နောက်ထပ်တစ်ကြိမ် တခြားကမ္ဘာကလာတဲ့ ဒဏ္ဍာရီပုံပြင်လာ နတ်သမီးလေး တစ်ပါးအဖြစ်ကို ပြန်လည်ဖြစ်သွားခဲ့ပါတယ်။

"မင်းရှုံးတာကို ဝန်ခံပြီလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဂမ်ရီယွင်ရဲ့ မျက်လုံးတွေက မီးဟုန်းဟုန်း တောက်နေပြီး လင်းဟန်ကို အပိုင်းပိုင်းအစစ ဖြစ်အောင် စုတ်ဖြဲပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ သူမက သူ့အတွက် ပြိုင်ဘက်မဟုတ်မှတော့ သူမအနေနဲ့ ဘာများ တတ်နိုင်ဦးမှာလဲ။ ဒီနေရာမှာ လက်ရှိစိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ အနည်းငယ် ရှိတယ် ဆိုပေမဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က သူမနဲ့ အနည်းအများတော့ အဆင့်တူတူမှာ ရှိပါတယ်။ သူမက လင်းဟန်ရဲ့ ပြိုင်ဘက်မဖြစ်နိုင်မှတော့ ဒီလူငယ်ကို ဘယ်သူကမှ ဖိနှိပ်ထိန်းချုပ်နိုင်လိမ့်မှာ မဟုတ်ဘူးဆိုတာကို သူမယုံကြည်ပါတယ်။

ဂမ်ရီယွင်က သူမရဲ့ဒေါသတွေကို အတင်းဖိနှိပ်ပြီးတော့ တည်ငြိမ်အောင်လို့ ထိန်းသိမ်းပြီး နတ်သမီးတစ်ပါးနဲ့တူတဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ရီယွင်ရဲ့ အစွမ်းက မလုံလောက်ပါဘူး။ ဒါကြောင့် ကျမရှုံးတာကို ဝန်ခံပါတယ်"

လင်းဟန်က သူမရဲ့ လောင်းကြေးပစ္စည်းကို

ဆုပ်ကိုင်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြလိုက်ပြီး မေးလိုက်ပါတယ်။

"အခု ငါထွက်သွားမှာကို တားချင်သေးတဲ့လူ ရှိသေးလား"

ဘယ်သူမှ စကားမဆိုကြပါဘူး။ လင်းဟန်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူက မွန်းစတားတွေရဲ့ အဆင့်ပေါ် မှာ တည်ရှိမှု တစ်ခုဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ မျိုးဆက်ထဲက အသန်မာဆုံး ပါရမီရှင်တွေဖြစ်တဲ့ ယိုဟိုင်ယွဲ့နဲ့ ဆေဘာစား ဘုရင်လေးတို့လို တူညီတဲ့ အဆင့်မှာ ရှိပါတယ်။ သူတို့ကပဲ သူ့ကို ထိန်းချုပ်နှိမ်နင်းနိုင်ပါလိမ့်မယ်။ တကယ်လို့ တစ်စုံတစ်ယောက်က အရှေ့ကို ထွက်ပြီးတော့ စိန်ခေါ် ချင်တယ် ဆိုရင်တောင်မှ အဲ့ဒါက အရိုက်နှက်ခံရဖို့ အရှေ့ကို ထွက်လာတာနဲ့ အတူတူပါပဲ။

"သွားကြစို့။ ငါတို့နေရာပြောင်းပြီးတော့ စိတ်ကျေနပ်တဲ့အထိ သောက်ကြတာပေါ့"

လင်းဟန်က မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကို ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

သူတို့က ခမ်းနားကြီးကျယ်စွာနဲ့ ထွက်လာခဲ့ကြပြီး မျက်လုံးတွေ အများကြီး သူတို့ကို မီးဟုန်းဟုန်း တောက်နေတဲ့ အကြည့်တွေနဲ့ ကြည့်နောကပါတယ်။ သူတို့က စားတယ်။ ရိုက်နက်တယ်။ ကစားတယ်။ ပြီးတော့ အခုတော့ ဒီလိုမျိုး ထွက်သွားကြပါပြီ။ သူတို့ကို ကမောက်ကမ ဖရိုဖရဲနဲ့ အနောက်မှာ ချန်ထားပြီးတော့ ထွက်သွားကြပါပြီ။

ဂမ်ရီယွင်လည်း တံခါးကို ဂျိုင်းခနဲ မြည်အောင်လို့ အရှိန်နဲ့ ပိတ်ပြီးတော့ ထွက်သွားချင်ပါတယ်။ ဒါပေမဲ့ ညှော့ခံပွဲက ရှိနေသေးပြီး အခြေအနေတွေ အားလုံးကို လုပ်ဆောင်စရာရှိတာ လုပ်ဖို့လည်း ကျန်နေသေးတာကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမရဲ့ စိတ်ကြိုက်အတိုင်း လုပ်နိုင်မှာလဲ။ သူမက စပြီးတော့ စကားပြောလိုက်ပါတယ်။

"အားလုံးပဲရှင့် ကောင်းကင်ဘုံ တိုက်ခိုက်ခြင်း မဟာမိတ်အဖွဲ့ရဲ့ အသေးစိတ် အချက်အလက်ကို ဆွေးနွေးကြပါစို့"

လင်းဟန်၊ မိုးရေဇကေရာဇ်နဲ့ မုယောင်ချင်းတို့က

တောင်ရဲ့ထိပ်ကို ရောက်လာခဲ့ကြပါတယ်။ သူတို့က သန့်ရှင်းတဲ့ ကျောက်တုံးကြီး တစ်တုံးကို ရှာပြီးတော့ အဲဒီအပေါ်မှာ ပိုင်းဖွဲ့ထိုင်ကာ စိတ်ကြိုက်ကို သောက်စားပျော်ပါး နေကြပါတယ်။ နောက်ပြီးတော့ စိတ်ဂိညာဉ် မက်မွန်သီးပင်ရဲ့ အခက်တစ်ခုကနေ လက်သီးတစ်လုံး အရွယ်အစားရှိတဲ့ မက်မွန်သီး ဆယ်လုံးကျော်ကို ခူးဆွတ်ထား ပါသေးတယ်။ မက်မွန်သီးတွေရဲ့ မွှေးရနံ့က နာဂမှာ ကလူကျီစယ်နေပြီး သူတို့အားလုံးကို အနံ့နဲ့တင် သွားရည်တမြားမြား ကျစေပါတယ်။

"ဒီအစားအသောက်က ဘယ်လောက်တောင် ကောင်းလိုက်သလဲ"

ဟူးညိုက စားနေရင်းနဲ့ ကောက်ချက်ချလိုက်ပါတယ်။ သူမက သွားဖြဲနဖြဲ စားသောက်နေပြီး သူမရဲ့ မျက်နှာသေးသေးလေးနဲ့ လက်တွေအားလုံးမှာ ဆီတွေပေကျံလို့ နေပါတယ်။

အဲဒီအချိန်မှာ ကျူးရှမ်အာက အရမ်းကို နူးညံ့သိမ်မွေ့ပြီး အနည်းငယ်ကိုက်ပြီးတော့ ဖြည်းဖြည်းလေး စားနေပြီး နူးညံ့သိမ်မွေ့ယဉ်ကျေးတဲ့ အမျိုးသမီးတစ်ယောက်ရဲ့

ဟာန်ပန်အမူအရာကို အပြည့်အဝ ဖော်ပြနေပါတယ်။

အမျိုးသား သုံးယောက်က ကြီးကျယ်မြင့်မြတ်တဲ့ ရည်မှန်းချက်ကိုယ်စီ ရှိပြီးတော့ တဲ့တိုးဆန်တဲ့ စရိုက်တွေ ရှိပါတယ်။ သူတို့ရဲ့ အငမ်းမရ မူးယစ်နေအောင် သောက်သုံးမှုကြောင့် သူတို့က တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုတွေလို သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မိုးရေဇကေရာဇ်က အစဉ်အတိုင်းဆို အကြီးဆုံးဖြစ်ပြီး မုယောင်ချင်းက ဒုတိယ အကြီးဖြစ်ပါတယ်။ ပြီးတော့ လင်းဟာန်ကတော့ အငယ်ဆုံး ဖြစ်တာကြောင့် အရမ်းကို စိတ်ဓာတ်ကျသလို ခံစားရပြီး သူက အလွန်အကျွံကို သောက်နေလိုက်ပါတယ်။

သူရဲ့ ဘဂသက်တမ်း နှစ်ခုကို ပေါင်းလိုက်ရင် သူ့အသက်က နှစ်ပေါင်း နှစ်ရာကျော်ပါတယ်။ ဒါကို အခုတော့သူက လူငယ်နှစ်ယောက်ကို တကယ်ပဲ ပထမ အစ်ကိုနဲ့ ဒုတိယအစ်ကိုလို့ ခေါ်ရပါတော့မယ်။ ဖန်ပိုယွမ်ကတော့ သူ့ထက်ကို တကယ်ပဲ အသက်ကြီးပါတယ်။ ဒါကြောင့် ဖန်ပိုယွမ်ကို အစ်ကိုကြီးလို့ ခေါ်ရတာက သူ့အတွက် ဆုံးရှုံးစရာ ဘာမှမရှိပါဘူး။

သူက ခဏတာမျှ စိတ်ပျက်လက်ပျက် ဖြစ်သွားသလို

ခံစားလိုက်ရတာပါ။ တကယ်လို့ သူတို့က တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုတွေလို့ သတ်မှတ်လိုက်တာကလည်း သူတို့တွေ သောက်နေတဲ့ အချိန်အတွင်းမှာ ဖြစ်ပြီးတော့ မိုးရေဧကရာဇ်နဲ့ မုယောင်ချင်းတို့ရဲ့ အကျင့်စရိုက်နဲ့ စိတ်နေသဘောထားကို သူကသိထားတာကြောင့် ဖြစ်ပါတယ်။

အမှန်တော့ ဦးလေးယုန်ကလည်း သူတို့နဲ့အတူ ပူပေါင်းပြီးတော့ ပျော်ရွှင်ချင်ခဲ့ပါတယ်။ သူက နှစ်ပေါင်းရာနဲ့ချီအောင် နေထိုင်ခဲ့တာကြောင့် ပထမအစ်ကိုကြီး ဖြစ်ချင်ခဲ့ပါတယ်။ လင်းဟာန်နဲ့ ကျန်တဲ့နှစ်ယောက်က သူ့ကို အထင်အမြင်သေးသလို ကြည့်ပြီးတော့ သူတို့က သားရဲတစ်ကောင်နဲ့အတူ အုပ်စုဖွဲ့ရမှာ ရှက်တယ်လို့ ပြောလိုက်ပြီး တွန်းထုတ်ပစ်လိုက်တာကြောင့် ယုန်ဖြူကြီးက ဒေါသထွက်ထွက်နဲ့ အော်ဟစ်ငိုကြွေး နေပါတယ်။

ဂမ်ရီယွင်က အဖြစ်အပျက်ကို လျှို့ဝှက်ထိန်းသိမ်းထားတယ် ဆိုပေမဲ့ လူအများကြီးက မျက်မြင်ကြုံတွေ့ ခဲ့ကြပါတယ်။ ပြီးတော့ တင်ပါးကို အရိုက်ခံရတဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီး ဒီလိုမျိုး လူတွေကို စိတ်ဝင်တစား ဖြစ်စေတဲ့ ခေါင်းစဉ်ကို ထပ်ပေါင်းထည့်ပြီးတော့ ပြောလိုက်တဲ့ အခါမှာ

သတင်းတွေက လျှင်မြန်စွာနဲ့ ပျံ့နှံ့သွားခဲ့ပါတယ်။ သူတို့က ဂမ်ရီယွင်အကြောင်းကို ပြောလိုက်တဲ့ အချိန်မှာ အားလုံးက ပိုးဆိုပြီးတော့ အော်လိုက်ကြပြီး တစ်စုံတစ်ခုကို အထာပေါက်သွားတဲ့ အမူအရာတွေ ဖြစ်သွားပါတယ်။

အမှန်တကယ်တော့ အတင်းအဖျင်း စကားတွေက ပိုပြီးတော့ ပျံ့နှံ့တတ်ပါတယ်။ အစမှာတော့ တင်ပါးကို အရိုက်ခံရတာပေါ့။ ဒါပေမဲ့ အတင်းအဖျင်း စကားတွေအတိုင်း ချဲ့ကားသွားပြီးတော့ ဂမ်ရီယွမ်က လင်းဟန်ရဲ့ ဆွဲဆောင်မှုကို ခံလိုက်ရပြီး လူငယ်တစ်ယောက်နဲ့ မိန်းမပျိုလေး တစ်ယောက်က အတူတကွ တစ်ညတာ အချိန်ကို ကုန်လွန်သွားစေခဲ့ပါတယ်။ ဂမ်ရီယွင် ထွက်လာတဲ့ အချိန်မှာ သူမရဲ့ အဂတ်အစားတွေက ဖရိုဖရဲ ဖြစ်နေပြီး သူမရဲ့ ခြေထောက်တွေကို စေ့ထားလို့တောင် မရပါဘူးတဲ့။

ဒါပေမဲ့လည်း တစ်ချိန်တည်းမှာဆိုသလို လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း ထင်ရှားကျော်ကြား လာခဲ့ပါတယ်။ အားလုံးအနေနဲ့ သေချာတာကတော့ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဂင်ရောက်ခွင့် ရရှိတဲ့ မဟာပါရမီရှင်တွေသာ ထွက်ပေါ်မလာဘူး ဆိုရင်တော့ ဘယ်သူကမှ လင်းဟန်ရဲ့

ပြိုင်ဘက်မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ သူတို့က ဆေဘာအားဘုရင်လေး ဒါမှမဟုတ် လန်ရထန်းတို့လို အစွမ်းထက်ရပါလိမ့်မယ်။ တကယ်လို့ သူတို့က အဲဒီလောက် အစွမ်းမထက်ဘူးဆိုရင် အရမ်းကို အားနည်းမနေရပါဘူး။

ဘာပဲဖြစ်ဖြစ် လင်းဟန်က အပြာရောင် မိုးကြိုးလျှပ်စီးဂိုဏ်းနဲ့ ဆန့်ကျင်ဘက် နေရာတစ်ခုမှာ ရှိနေတယ်လို့ ရှင်းရှင်းလင်းလင်း သတ်မှတ်လို့ ရပါတယ်။ တခြားရှေးဟောင်းဂိုဏ်းကြီး လေးဂိုဏ်းရဲ့ တပည့်တွေကလည်း သူနဲ့ဝေးဝေးနေဖို့ လက်ခံယုံကြည်ထား ကြပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ရှေးဟောင်းမြေပုံ တစ်ခုကို ကိုင်ဆောင်ရရှိဖို့ ရှေးဟောင်းဂိုဏ်းကြီး တစ်ခုရဲ့ တပည့်တစ်ယောက် နှစ်ယောက်နဲ့ သူငယ်ချင်း ပြုလုပ်မဲ့ အကြံအစည်ကို လုပ်နိုင်တော့မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း သူက ကန်းရီကို ရှာတွေ့သွားပြီး သူ့ရဲ့ အကြံအစည်အတိုင်း သူ့ကိုယ်စား လှုပ်ရှားခိုင်း ရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက မြေပုံလေး တစ်ခုပဲ ဖြစ်ပြီးတော့ ရတနာမြေပုံ မဟုတ်ပါဘူး။ ဒါကြောင့် သူ့အတွေးထဲမှာတော့ ဒီကိစ္စက အရမ်းကြီး မခက်ခဲသင့်ပါဘူး။

နောက်ထပ် သုံးရက်အကြာမှာတော့ ကျူးရွှမ်အာအတွက်

အရမ်းကို အရေးကြီးတဲ့ အခိုက်အတန့်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။

သူမက ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် ပါတော့မယ်။

အမှန်တကယ်တော့ လွန်ခဲ့တဲ့ တစ်လ နှစ်လလောက် ကတည်းက သူမက အဆင့်တက်ဖို့ အဆင့်သင့် ဖြစ်နေပါပြီ။ ဒါပေမဲ့ လင်းဟန်က သူမကို အဆင့်မတက်ခင်မှာ သူမရဲ့ ကျင့်ကြံခြင်း အခြေခံကို အဆုံးစွန် ပြီးပြည့်စုံအောင် ကြိုးစားခိုင်းထားပါတယ်။ တကယ်တော့ ဒါက သေမျိုးအဆင့်ကနေ တန်ခိုးရှင်အဖြစ်ကို သွားရောက်မဲ့ ပထမဆုံး ခြေလှမ်းဖြစ်ပါတယ်။ ဒါကြောင့် ဒါက အရမ်းကို အရေးကြီးပါတယ်။

ဒါပေမဲ့လည်း သူမက လင်းဟန်ရဲ့ ဘေးနားမှာ နေပြီးတော့ အရမ်းကို များပြားတဲ့ ကျင့်ကြံခြင်း အရင်းအမြစ်တွေကို ရရှိတာကြောင့် အချိန်တိုတိုလေး အတွင်းမှာ စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာပဲ သူမရဲ့ ကျင့်ကြံခြင်းကို အရောင်တင်နိုင်ခဲ့ပြီး မယုံနိုင်စရာကောင်းတဲ့ ခိုင်မာကျစ်လျစ်တဲ့ အဆင့်ကို ရောက်ခဲ့ပြီး ဒီထပ်ပိုပြီးတော့ သူမရဲ့ အခြေခံက ဆက်လက်မသန်မာနိုင်တော့တာကြောင့် သူမက အဆင့်တက်ဖို့ စတင်လုပ်ဆောင်လိုက်တာ

ဖြစ်ပါတယ်။

သူမမှာ စွမ်းအင်တွေ အမြောက်အများကို စုစည်းထားပြီးပါပြီ။ ပြီးတော့ လင်းဟန်ကလည်း မော်ဆေးလုံးတွေနဲ့ စိတ်ဂိညာဉ် သစ်သီးတွေ အများကြီးကို သူမအတွက် ပြင်ဆင်ထားပေးခဲ့ပြီး သူမရဲ့ အဆင့်တက်မှုက ချောမွေ့ပါတယ်။ အနည်းဆုံး နေ့တစ်ဂက် အချိန်အတွင်းမှာ သူမက စိတ်ဂိညာဉ် မျိုးစေ့တွေကို စိုက်ပျိုးခဲ့ပြီး သုံးရက်အကြာမှာတော့ နတ်ဘုရား ပန်းပွင့်တွေက ပွင့်လန်းလာခဲ့ပြီး နောက်ဆုံးတော့ သူမက ပန်းဖူးအဆင့်ကို တရားဂင် ဂင်ရောက်လာခဲ့ပါပြီ။

ကျူးရွှမ်အာက အရမ်းကို ပျော်ရွှင်နေပါတယ်။ ပန်းဖူးအဆင့်ကို တက်ရောက်ခြင်းက သိုင်းပညာ လမ်းကြောင်းပေါ်မှာ အရမ်းကို အရေးပါတဲ့ ခြေလှမ်းတစ်လှမ်းကို ချနင်းလိုက်တယ်လို့ ဆိုလိုပါတယ်။ ပြီးတော့ သူမရဲ့ ကိုယ်ပိုင်စွမ်းအားနဲ့ ပျံသန်းနိုင်ပြီးတော့ အာဟာရ ပြည့်ဂဖို့ သာမာန်အစားအသောက်တွေ အပေါ်မှာ ဆက်ပြီးမှီခိုနေစရာ မလိုတော့ပါဘူး။ ဒါပေမဲ့ ပိုပြီးတော့ အရေးပါတဲ့ အချက်က သူမမှာ နောက်ထပ် နှစ်ပေါင်းနှစ်ရာ သက်တမ်းတိုးလာခဲ့ပြီး သူမအတွက် အရွယ်အိုမင်းတဲ့ နှုန်းကလည်း နှေးကွေးလာခဲ့ပါပြီ။

ဆိုလိုတာက နောက်ထပ် နှစ်ပေါင်းဆယ်နဲ့ချီအောင် သူမရဲ့ အလှအပက လျော့ကျသွားခြင်း မရှိပဲ သူမကို ကြည့်ရတာ ပိုပြီးတော့တောင် ငယ်ရွယ်နေပါလိမ့်မယ်။

အထူးသဖြင့် ထူးထူးခြားခြားကို ချောမောလှပတဲ့ အမျိုးသမီး တစ်ယောက် အတွက်ကတော့ ဒီဆုလာဘ်ထက် ပိုပြီးတော့ ကောင်းမွန်တဲ့အရာက သေချာပေါက် မရှိနိုင်တော့ပါဘူး။

"နတ်ဘုရားပန်းပွင့် အရေအတွက် ဘယ်လောက်ကို မင်းကျင့်ကြံနိုင်ခဲ့သလဲ"

လင်းဟန်က မေးလိုက်ပါတယ်။ သူ့မှာ ကျူးရှွမ်အာရဲ့ အနာဂတ် တက်လမ်းနဲ့ ပတ်သက်ပြီး တာဝန်ပိုရှိပါတယ်။ တကယ်တော့ သူမက မြောက်ပိုင်းနယ်မြေရဲ့ အသန်မာဆုံး ပါရမီရှင်တွေ အထဲက တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ သိုင်းပညာကို လျစ်လျူရှု မထားတာက အကောင်းဆုံး ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ တိုးတက်မှု အာနိသင်ကလည်း သူ့ကြောင့်ဖြစ်ပါတယ်။

"ပန်းသုံးပွင့်"

ကျူးရွှမ်အာက ပြောလိုက်ပါတယ်။ သူမရဲ့ မျက်နှာတစ်ခုလုံးမှာ ကျေနပ်ပျော်ရွှင်မှုတွေနဲ့ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ပုံမှန်အတိုင်း ပြောရမယ်ဆိုရင် ပန်းဖူးအဆင့် ကျင့်ကြံသူတွေက နတ်ဘုရာ ပန်းပွင့်တစ်ပွင့်ပဲ ကျင့်ကြံနိုင်စွမ်း ရှိပါတယ်။ ပြီးတော့ ပါရမီရှင်တွေက နှစ်ပွင့်ကို ကျင့်ကြံနိုင်ပြီး သုံးပွင့်အထိ ကျင့်ကြံနိုင်သူတွေကတော့ ပါရမီရှင်တွေများထဲမှ ပါရမီရှင်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

နတ်ဘုရား ပန်းပွင့်တစ်ပွင့် တိုးပြီးတော့ ကျင့်ကြံနိုင်တိုင်း သူတို့တွေ တိုက်ခိုက်တဲ့ အခါမှာ ကမ္ဘာကြီးရဲ့ သဘာဂစွမ်းအားတွေကို နှစ်ဆလောက် ဗှားရမ်းသုံးစွဲနိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက သဘာဂ စွမ်းအင်တွေ အပေါ်မှာ မှီခိုပြီးမှ တန်ခိုးရှင်အဆင့်ကို ဆင်းသက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နတ်ဘုရားပန်းပွင့် တစ်ပွင့်ပေါင်းထည့်တိုင်း လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းငယ် တိုးလာတယ်လို့ မဆိုလိုပါဘူး။ လုံးဂကို အဆင့်မြှင့်တင် ပစ်လိုက်တာပါ။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ပန်းသုံးပွင့်က အရမ်းကြီး မဆိုးပါဘူး။ ပြီးတော့ သူမက ဒီစွမ်းဆောင်မှုနဲ့အတူ ထိပ်တန်းပါရမီရှင်တွေထဲက တစ်ယောက်အဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။ ဒါပေမဲ့လည်း ယိုဟိုင်ယွဲ့ ဆေဘာဓား ဘုရင်လေးတို့ကတော့ သူတို့အနေနဲ့ ပန်းပွင့်သုံးပွင့်ဆိုတာ သေချာပေါက် မဖြစ်နိုင်ပဲ လေးပွင့် ဒါမှမဟုတ် ငါးပွင့် ခြောက်ပွင့်ထိ ပိုင်ဆိုင်နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် လင်းဟန်ကတော့ ပန်းပွင့်ခြောက်ပွင့်က အကန့်အသတ်လို့ ယုံကြည်ထားပါတယ်။ သူ့လိုမျိုး ပန်းဆယ်ပွင့်ရှိတဲ့ လူတစ်ယောက်ကတော့ သူ့မှာ စိတ်ဂိညာဉ် ပင်လယ်နှစ်ခုနဲ့ စိတ်ဂိညာဉ် ပလ္လင်နှစ်ခု ပိုင်ဆိုင်ထားတာကြောင့် ဖြစ်ပြီးတော့ မယုံနိုင်စရာကောင်းတဲ့ ပြိုင်ဘက်ကင်း အခြေအနေတစ်ခု ဖြစ်ပါတယ်။ သူ့လိုမျိုး အောင်မြင်မှု ရရှိအောင် စွမ်းဆောင်နိုင်တဲ့လူ တစ်ယောက်မှ မရှိနိုင်ပါဘူး။

Chapter 638 end

zawgyi.အပိုင်း(၆၃၉) ရတနာတစ်သန်းမြို့ကို ဂယ်ယူခြင်း

အမှန်တော့ လင်းဟန်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ ကြိုးစားကြည့် နိုင်ပါတယ်။ ဒါပေမဲ့ သူက

အဲဒီကိစ္စကို ခဏထားဖို့ ရွေးချယ်ခဲ့ပါတယ်။

သူ့ရဲ့ယခင်ဘဝတုန်းက ကျင့်ကြံခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် အဆင့်တက်ဖို့ကိုပဲ ဦးစားပေး လုပ်ဆောင်ခဲ့ပေမဲ့ ဒီဘဝမှာတော့ သူက အလျင်စလိုနဲ့ လုပ်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူ့ရဲ့ကျင့်ကြံခြင်း အဆင့်တိုင်းကို ချိုးဖျက်မှု မလုပ်ခင်မှာ ပြီးပြည့်စုံအောင်လုပ်ဖို့ကိုပဲ ရွေးချယ် ထားပါတယ်။

ဘာပဲဖြစ်ဖြစ် သူက အသက်နှစ်ဆယ်တောင် မပြည့်သေးပဲ ငယ်ရွယ်ပါသေးတယ်။ ဒါကြောင့် သူ့အတွက် အလျင်စလို လုပ်ဆောင်ဖို့ မလိုပါဘူး။

သူက ဓားချီအလင်း သုံးဆယ် ဖြစ်ပေးဖို့ အားထုတ်ချင်ပါသေးတယ်။ ပြီးတော့ ဖျက်ဆီးမရတဲ့ ကောင်းကင်မော်စာလိပ်ကို စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်မဝင်ရောက်ခင် စိန်ခန္ဓာကိုယ်အဆင့်ကို ရောက်ချင်ပါတယ်။ ဒီအတိုင်းဆို စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို အဆင့်တက်တဲ့ အချိန်မှာ သူ့ရဲ့ ဓားအလင်းတန်းနဲ့ ဖျက်ဆီးမရတဲ့ ကောင်းကင်မော်စာလိပ်ရဲ့ အထောက်အပံ့ကြောင့် မယုံနိုင်စရာကောင်းလာပါလိမ့်မယ်။

ဒါပေမဲ့လည်း ဓားချီအလင်း နှစ်ဆယ့်ကိုးခုကို ရွေးဟောင်းအချိန်တွေမှာ ကတည်းက အဆုံးစွန် အကန့်အသတ်အဖြစ် သတ်မှတ်ထားကြပါတယ်။ လှျို့ပုက်ဆန်းကြယ်မှု သုံးထောင်တောင်မှ ဓားအလင်း သုံးထောင်ပဲ ရှိပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီကဗ္ဗာဟာချက်က ဘယ်လောက်တောင် ခက်ခဲသလဲ ဆိုတာကို သိနိုင်ပါတယ်။ နောက်ပြီးတော့ စိန်ခန္ဓာကိုယ် အဆင့်ဖြစ်ပေါ်ဖို့ကလည်း အရမ်းကို ခက်ခဲပါတယ်။ လင်းဟာန်က သဘာဝ ရတနာ ပစ္စည်းတွေ အများကြီး စားခဲ့ပေမဲ့ သူ့ခန္ဓာကိုယ်က အဆုံးအစမရှိတဲ့ တွင်းနက်ကြီး တစ်ခုနဲ့ တူနေပြီး ဘယ်လောက်ပဲ သူစားစား ပြည့်သွားတယ် ဆိုတာမျိုး မရှိပါဘူး။

ဒါပေါ့။ ဒီအတွက် အကြောင်းပြချက် တစ်ခုရှိပါတယ်။ အဲဒါက လင်းဟာန်အနေနဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံထားပြီး အဆီအနှစ်အများစုက သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ အားကောင်းသန်မာမှုနဲ့ တိုးတက်မှု အပေါ်မှာပဲ အသုံးပြုသွားခဲ့ပါတယ်။

ကန်းရီရဲ့ဘက်မှာတော့ အကြံအစည်က အရမ်းကို အဆင်ပြေ ချောမွေ့နေပါတယ်။ လင်းဟာန် ထောက်ပံ့ပေးတဲ့ မော်ဆေးလုံး အမျိုးမျိုးနဲ့ ရတနာတွေကြောင့် သူ့ကိုယ်သူ

လှို့ဝှက်အင်အားကြီး ကလန်တချို့က အသုံးအဖြုန်းကြီးတဲ့ သခင်လေး တစ်ယောက်လို ပုံရိပ်မျိုး ဟန်ဆောင်ပြီး တခြားလူတွေကို ရတနာပစ္စည်း အမျိုးမျိုးကို သာမန်ကာလျှံကာ ထုတ်ယူပြီးတော့ ပေးလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ငတုံးငအ တစ်ယောက်နဲ့ တူပြီးတော့ တခြားလူတွေက သူ့ကို အလွယ်တကူ ကလိမ်ကျလို့ရအောင် ဖိတ်ခေါ်နေတဲ့ အတိုင်းပါပဲ။

သူက ကောင်းကင်ဓားဂိုဏ်းရဲ့ အစစ်အမှန် တပည့်တစ်ယောက်နဲ့ သူငယ်ချင်းဖြစ်သွားပြီး မှော်ဆေးလုံး အမျိုးမျိုးနဲ့ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေကို အသုံးပြုပြီး လမ်းကြောင်းခင်းခဲ့ပါတယ်။ သူက အဲဒီလူကို တန်ဖိုးကြီး ပစ္စည်းတွေ အများကြီး ပေးပြီးတဲ့နောက်မှာတော့ အဲဒီလူက ကန်းရီကို သူ့ရဲ့ညီအစ်ကိုအဖြစ် ကြေညာဖို့တောင် အရမ်းကို ဆန္ဒတွေ ရှိနေပါတယ်။ ကန်းရီက အချိန်ကောင်းရောက်လာတာကို မြင်တွေ့လိုက်ရတဲ့ အခါမှာ ရှေးဟောင်းရတနာ မြေပုံတစ်ခုရဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြီး သူ့ကို ရှေးဟောင်းမြေပုံတစ်ခုကို ရှာပေးဖို့ တောင်းဆိုလိုက်ပြီး မြေပုံသာ ရလာခဲ့ရင် ရတနာတွေကို အတူတူ သွားရောက်တူးဖော်ဖို့ မက်လုံးကိုပါ ပေးလိုက်ပါတယ်။

အဲဒီ အစစ်အမှန် တပည့်က အရမ်းကို ပျော်ရွှင်စွာနဲ့ သဘောတူလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သင်တန်းကျောင်း ဖွင့်လှစ်ဖို့က လေးလကျော်လောက် လိုပါသေးတယ်။ ဒါကြောင့် သူ့ဂိုဏ်းဆီကို ပြန်သွားဖို့ အချိန်လုံလုံလောက်လောက် ရှိပါတယ်။

အခု ကျန်နေတဲ့ တစ်ခုတည်းသော အရာကတော့ စောင့်နေဖို့ပဲ ဖြစ်ပါတယ်။

နောက်ထပ်ရက်အနည်းငယ် အကြာမှာတော့ မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့က ပြန်သွားကြပါတယ်။

သူတို့က တောင်တွေမှာ တစ်ချိန်လုံး လေ့ကျင့်နေပြီး သူတို့ကိုယ်သူတို့ တိုးတက်အောင်လို့ ရက်စက်ကြမ်းကြုတ်ဆုံး သားရဲကောင်တွေနဲ့ အဆက်မပြတ် တိုက်ပွဲဆင်နွှဲခဲ့ပြီး အဲဒီအချိန်အတွင်း ငွေကြေးတချို့ကိုလည်း စုဆောင်းနိုင်ခဲ့ပါတယ်။ တကယ်တော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် မှိန်စွာသားရဲကောင်တွေက သူတို့ရဲ့ အသွေး အသားနဲ့ အရိုးတွေ အားလုံးကို မြင့်မားတဲ့ တန်ကြေးနဲ့ ရောင်းချနိုင်ပြီး အရမ်းကို အဖိုးထိုက်တန်ပါတယ်။

ဒါပေမဲ့လည်း အခုတော့ သူတို့ရရှိခဲ့တာ အကုန်လုံးကို လင်းဟန်ဆီကို လက်ပြောင်းလွှဲအပ် ပေးခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ရဲ့လက်ထဲမှာဆိုရင် ဒီပစ္စည်းတွေထက် ပိုပြီးတော့ တန်ဖိုးကြီးမားတဲ့ ပစ္စည်းတွေကို ရရှိပါလိမ့်မယ်။

လင်းဟန်က သူ့လူတွေကို ဘယ်တော့မှ ဆိုးဆိုးဂါးဂါး မဆက်ဆံပါဘူး။ ပြီးတော့ ဒီနစ်ယောက် သူ့ရဲ့သွေးသောက် ညီအစ်ကို နစ်ယောက်ဖြစ်ပြီး သူတို့ကို ပေးရတာ ကိစ္စမရှိပါဘူး။ သူတို့က သူတို့စိတ်ကြိုက် အနက်ရောင် မျှော်စင် အထဲက အာဟာရ ပြည့်ဝစေတဲ့ အစားအသောက်နဲ့ အစားအစာ ပစ္စည်းတွေကို စိတ်ကျေနပ်တဲ့အထိ စားနိုင်ပါတယ်။ စိတ်ဂိညာဉ် အရည်တွေလည်း ပါတာပေါ့။ ဒီအရာတွေ အားလုံးက အရမ်းကို အာဟာရ ပြည့်ဝစေပြီး အားကောင်းစေတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ပြီးတော့ မူလစွမ်းအင် စုစည်းခြင်းကို လျင်မြန်စွာနဲ့ အရှိန်အဟုန် မြှင့်တင်ပေးနိုင်ပါတယ်။

မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့လို ပါရမီရှင်တွေ နစ်ယောက် အတွက်ကတော့ သိုင်းပညာ သဘောတရား နားလည်သဘောပေါက်နိုင်ဖို့က အရမ်းကြီး ခက်ခဲတဲ့ အရာမဟုတ်ပါဘူး။ ဒါက မူလစွမ်းအင်စုစည်းခြင်းပဲ

ဖြစ်ပါတယ်။ သူတို့လုပ်ရမှာက အဆင့်တိုင်းကို ခိုင်မာကျစ်လျစ်အောင် လုပ်ဖို့ပဲ လိုအပ်တာဖြစ်ပြီး သူတို့အတွက်တော့ ရဲတိုက်တစ်ခုကို ဘာမှမရှိတဲ့ လေထဲမှာ တည်ဆောက်သလိုမျိုး မဖြစ်နိုင်တာ မဟုတ်ပါဘူး။

ဒါကြောင့် သူတို့နှစ်ယောက်ရဲ့ ကျင့်ကြံခြင်း နားလည်သဘောပေါက်နိုင်စွမ်းက တိုက်ပွဲတွေရဲ့ အလယ်မှာ တိုးလာခဲ့ပြီး စိတ်ဂိညာဉ် အရည်ရဲ့ အသုံးဝင်မှုနဲ့အတူ ပေါင်းစည်းပြီးတော့ သူတို့ရဲ့ မူလစွမ်းအင် စုစည်းခြင်းမှာ တိုးလာကာ အရမ်းကို လျင်လျင်မြန်မြန်နဲ့ တိုးတက်လာခဲ့ ကြပါတယ်။ ပြီးတော့ ဒီနှုန်းအတိုင်းနဲ့ သွားမယ်ဆိုရင် သူတို့က စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်ကို နှစ်နှစ်အတွင်းမှာ ရောက်ရှိသွားနိုင်စွမ်း ရှိပါတယ်။

ဒါက အတော်လေးကို ထိတ်လန့်စရာကောင်းပါတယ်။

ဆေဘာစားဘုရင်လေးနဲ့ လန်ရထန်းတို့လို မွန်းစတားတွေတောင် နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ မျှော်လင့်ချက်ကို အသက်လေးဆယ်နား နီးတဲ့အချိန်ကျမှ မြင်တွေ့ရတာဖြစ်ပါတယ်။ သူတို့က ဘယ်လောက်ပဲ

လျင်မြန်ပါစေ စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်ကို အသက်သုံးဆယ်ကျော်ပြီးမှ ရောက်ရှိကြတာ ဖြစ်ပါတယ်။

မိုးရေကောရာဇ်ကတော့ အသက်ကြီးနေတာကြောင့် သူ့ကိုထည့်တွက်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ မုယောင်ချင်းက နှစ်ဆယ့်ငါးနှစ်လောက်ပဲ ရှိပါသေးတယ်။ ဆိုလိုတာက သူ့အနေနဲ့ အသက်သုံးဆယ် မတိုင်ခင်မှာ စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့်ကို ရောက်ရှိနိုင်ပါ လိမ့်မယ်။ တကယ်လို့ သူသာ ကံကောင်းမယ်ဆိုရင် အသက်သုံးဆယ် မတိုင်ခင်မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်နိုင်ဖို့ဆိုတာ သူ့အတွက်တော့ မဖြစ်နိုင်စရာ မရှိပါဘူး။

တစ်ခုသိထားရမှာက ဆေဘာစား ဘုရင်လေးနဲ့ လန်ရထန်းတို့က ရှေးဟောင်းဂိုဏ်းကြီးတွေရဲ့ ထောက်ပံ့မှုကို အပြည့်အ၀ ရရှိထားကြပြီး သူတို့ကို ကျင့်ကြံခြင်း အဆင့်မှာ သာလွန်တာဖြစ်ပါတယ်။

ဘာမှလုပ်လို့ မရပါဘူး။ လင်းဟာန်က မှော်ဆေးဧကရာဇ် ဖြစ်တဲ့အပြင် စိတ်ဂိညာဉ် ဆေးပင်တွေကို လျင်မြန်စွာနဲ့ ကြီးထွားရှင်သန်စေနိုင်တဲ့ အနက်ရောင်မျှော်စင်ကိုပါ

ထည့်ပေါင်းလိုက်မယ်ဆိုရင် သူတို့ရဲ့ ကျင့်ကြံခြင်းက နှေးကွေးတယ် ဆိုမှပဲ ထူးဆန်းစရာ ဖြစ်သွားပါလိမ့်မယ်။ အနက်ရောင် မျှော်စင်လို နတ်ဘုရား ရတနာပစ္စည်း တစ်ခုက ဘယ်လိုလုပ်ပြီးတော့ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းနဲ့ ကောင်းကင်ဓားဂိုဏ်းတို့လို အချိန်ကြာကြာ တည်ရှိခဲ့တဲ့ ဂိုဏ်းတွေထက် ဘယ်လိုလုပ်ပြီးတော့ နိမ့်ကျနိုင်မှာလဲ။

မိုးရေဧကရာဇ်နဲ့ မုယောင်ချင်းတို့က သတင်းနှစ်ခုကို ပြန်သယ်လာခဲ့ပါတယ်။ ဒီသတင်းတွေက အရမ်းကို ကြီးမားပြီး အလယ်ပိုင်းဒေသ တစ်ခုလုံး ဒါမှမဟုတ် ကမ္ဘာကြီး တစ်ခုလုံးကိုတောင် မှင်တက်သွားစေနိုင်ပါတယ်။

"လွန်ခဲ့တဲ့ တစ်လလောက်က ရတနာတစ်သန်းမြို့ တစ်ခုလုံးကို အလောင်းတစ်ထောင်ဂိုဏ်းက ဂယ်ယူခဲ့တယ်"

မိုးရေဧကရာဇ်က ပြောလိုက်ပါတယ်။

အဟွတ် အဟွတ်။

လင်းဟန်က ချက်ချင်းဆိုသလို ချောင်းဆိုးသွားခဲ့ပါတယ်။ သူတို့က ဒီလိုတောင် လုပ်နိုင်တာလား။

"စိတ်ဂိညာဉ် ရတနာ စံအိမ်ရော မှော်ဆေးပညာရှင် အဖွဲ့အစည်းရော ဒီလောက်တောင် ချမ်းသာ ကြွယ်ဝတာကို သူတို့ရဲ့ အခြေစိုက်နေရာကို ရောင်းချဖို့ သဘောတူတယ် ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

လင်းဟန်က စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းက အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နှစ်ယောက်ကိုတောင် မငြင်းဆန်နိုင်အောင် ဘယ်လိုမျိုး ကမ်းလှမ်းမှုတွေ လုပ်ခဲ့တာလဲ"

တကယ်လို့ သူတို့က ဒီသုံးယောက်ကို ထိပ်တိုက်ရင်ဆိုင်ဖို့ အရမ်းကြောက်တာမျိုး မရှိဘူးဆိုရင် ပထမအကြိမ်ကတည်းက သူတို့ကို အဝေးကို ရောက်အောင်လို့ လှည့်ဖျားပြီးတော့မှ ရတနာ တစ်သန်းမြို့ကို အင်အားသုံးပြီးတော့ တိုက်ခိုက်ဖို့ ဆန္ဒရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒါက သူတို့အတွက် ရှေ့ဆက်ပြီးတော့ တစ်ခုခုလုပ်ဆောင်ဖို့ အရမ်းကို နောက်ကျသွားပါလိမ့်မယ်။ သူတို့က ဒီသုံးယောက်နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး အပြင်းအထန် တိုက်ခိုက်ဖို့

ဆန္ဒမရှိတာကြောင့် အလောင်းတစ်ထောင်ဂိုဏ်းက ရတနာတစ်သန်းမြို့ကို ဂယ်ယူဖို့ အပေးအယူ လုပ်တာဖြစ်ပါလိမ့်မယ်။

"အလောင်းတစ်ထောင်ဂိုဏ်းက သေချာပေါက် အံ့မခန်း တန်ကြေးတစ်ခု ပေးတာဖြစ်လိမ့်မယ်"

မုယောင်ချင်းက ပြောလိုက်သည်။

"ချမ်းသာကြွယ်ဝပြီး ခံညားထယ်ဂါတဲ့ စိတ်ဂိဉာဉ် ရတနာ စံအိမ်နဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေဖို့ဆို အလောင်းတစ်ထောင်ဂိုဏ်းက တန်ရာတန်ကြေး ကြီးကြီးမားမား ပေးရလိမ့်မယ်။ နောက်ပြီးတော့ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် နစ်ယောက်ကိုတောင် လှုပ်ရှားသွားတယ်ဆိုတော့ ငါထင်တာတော့ အဲဒီတန်ဖိုးထဲမှာ တန်ခိုးရှင် ဖြစ်လာနိုင်မဲ့ လျှို့ဂှက်ချက်တွေ ပါဂင်နိုင်သလို နတ်ဘုရား ဆေးလုံးတွေလည်း ပါကောင်းပါနိုင်တယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်သည်။ ဒီနစ်ပေါင်းတစ်သောင်း အချိန်မှာ တန်ခိုးရှင် နယ်မြေထဲကို ဂင်ရောက်သွားတယ်လို့

သူခန့်မှန်းသုံးသပ်ထားတဲ့ ကျန်းယွဲ့ဖုန်းကို အသာထား လေဟာနယ်ကို စုတ်ဖြိုပြီးတော့ တန်ခိုးရှင်တစ်ယောက် ဖြစ်လာတယ်ဆိုတဲ့ ကောလာဟာလကိုတောင် မကြားခဲ့ဖူးပါဘူး။ ကျန်းယွဲ့ဖုန်းရဲ့ ကိစ္စကတော့ လင်းဟန်အနေနဲ့ ခန့်မှန်းသုံးသပ်ထားတဲ့ အရာတစ်ခု ဖြစ်ပြီးတော့ သူမရှိတော့တဲ့ နောက်ပိုင်းမှာ ကျန်ရှိခဲ့တဲ့ ဒဏ္ဍာရီတွေပါပဲ။

ဖန်ပိုယွမ်ကလည်း ပြောဖူးပါတယ်။ အခုချိန်မှာ လေဟာနယ်ကို စုတ်ဖြဲခြင်းက အရမ်းကို အန္တရာယ် များပြားပြီးတော့ သူ့အနေနဲ့ ချက်ချင်းကြီး အဆင့်တက်ဖို့ မလုပ်ဝံ့ပါဘူးတဲ့။ အဲဒီအစား သူ့ရဲ့ကျင့်ကြံခြင်းကို တိုးလာအောင်လုပ်ဖို့ပဲ ရွေးချယ်လိုက်ပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ပြီးမှပဲ ရှေ့ဆက်လှုပ်ရှားပါလိမ့်မယ်။

အလောင်းတစ်ထောင်ဂိုဏ်းလိုမျိုး ရေးဟောင်းဂိုဏ်းကြီး တစ်ခုအတွက်ကတော့ သူတို့ရဲ့ အမွေအနှစ်တွေက သေချာပေါက် ကောင်းကင်ဓားဂိုဏ်းတို့လို ဂိုဏ်းကြီးတွေထက် မနိမ့်ကျ နိုင်ပါဘူး။ ဒါကြောင့် ဘယ်သူသိမှာလဲ။ သူတို့ဆီမှာ တန်ခိုးရှင်တစ်ပါး ဖြစ်လာနိုင်တဲ့ လျှို့ဝှက်ချက်တွေ တော်တော်များများကို

ရရှိထားတာမျိုးနဲ့ နတ်ဘုရားအဆင့် မှော်ဆေးလုံး ဖော်စပ်နည်းတချို့ကို ပိုင်ဆိုင်ထားတာမျိုးတွေက ထူးဆန်းနေစရာအကြောင်း လုံးဝမရှိပါဘူး။

ဒါပေမဲ့လည်း ကိစ္စရှိတာက အခုဆိုရင် ရတနာ တစ်သန်းမြို့က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ပိုင်ဆိုင်မှုလက်ထဲကို ကျရောက်သွားခဲ့ပါပြီ။

"ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက ဒီလိုမျိုး အံ့မခန်း တန်ဖိုးတစ်ခုကို ပေးချေတယ် ဆိုမှတော့ သူတို့ရဲ့ ရည်ရွယ်ချက်ကလည်း သေချာပေါက် ပိုပြီးတော့တောင် ကြီးမားလိမ့်မယ်"

လင်းဟန်က ဖြည်းဖြည်းလေး ပြောလိုက်သည်။ အစောပိုင်းတုန်းက ရတနာ တစ်သန်းမြို့ထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အလောင်းတော်တော်များများကို မြုပ်နှံထားတယ် ဒါမှမဟုတ် အဲဒီနေရာမှာ အလောင်းတစ်ထောင်ဂိုဏ်းကို အရင်ကထက် ပိုပြီးတော့တောင် အားကောင်းလာစေနိုင်မဲ့ အဆုံးမဲ့ ရတနာပစ္စည်းတချို့ ရှိနေလိမ့်မယ်လို့ သုံးသပ်ခဲ့ပါတယ်။

"ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရမ်းကို မကျေမနပ် ဖြစ်နေကြတယ်။ ပြီးတော့ အဖွဲ့တွေကို စေလွှတ်ပြီးတော့ ရတနာ တစ်သန်းမြို့ကို တိုက်ခိုက်ဖို့ ဆုံးဖြတ်နေကြတယ်။ ဒီကိစ္စက အတော်လေးကို ထူးဆန်းတယ်လို့ သူတို့တွေက ထင်နေကြတယ်လေ"

မိုးရေဇကေရာဇ်က ပြောလိုက်ပါတယ်။

"ဒီအချက်ကြောင့် ရှေးဟောင်းဂိုဏ်းကြီးတွေက တကယ့်ကို သွေးဆူနေကြပြီး ဒီအချက်ကို သေချာပေါက် သူတို့တွေ ကြိုက်ကြမှာ မဟုတ်ဘူး"

လင်းဟန်က ခေါင်းခါလိုက်ပါတယ်။ သူရဲ့မျက်နှာမှာ စိတ်ရှုပ်ထွေးမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သမိုင်းကြောင်းထဲမှာ ဆူပူအုံကြွမှုတွေ မရှိခဲ့တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းက လှုပ်ရှားမှုတစ်ခု ပြုလုပ်တယ်ဆိုတာက အတော်လေးကို ရှားပါးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်း ထွက်ပေါ်လာတဲ့ အချိန်တစ်ခုပဲ သူတို့က အခြေအနေ တစ်ခုကို တုံ့ပြန်တတ်လာပြီး

အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ရန်စကြီးကြီးမားမား တစ်ခုရှိခဲ့သလိုမျိုး လုပ်လုပ်ရှားရှား ဖြစ်နေကြပါတယ်။

"ရှေးဟောင်းဂိုဏ်းကြီးငါးဂိုဏ်းက အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ရင်ဆိုင်တိုက်ခိုက်တယ်ဆိုတာက တကယ့်ကို ကြီးမားတဲ့ ကိစ္စတစ်ခုပဲ။ တကယ်လို့ လွယ်လွယ်နဲ့ မကိုင်တွယ်နိုင်ဘူးဆိုရင် ကမ္ဘာကြီး တစ်ခုလုံးမှာ ဂရုန်းသုန်းကား အခြေအနေတွေ ဖြစ်လာလိမ့်မယ်"

လင်းဟန်က နည်းနည်းလောက် စဉ်းစားပြီး ပြောလိုက်ပါတယ်။ သူက လက်ရှိမှာ ကြီးထွားဆဲ ကာလမှာပဲ ရှိပါတယ်။ ပြီးတော့ သူရဲ့အကြီးမားဆုံး မျှော်လင့်ချက်က သူတိတ်တိတ်ဆိတ်ဆိတ်နဲ့ ကျင့်ကြံနိုင်မဲ့ ပတ်ဝန်းကျင် တစ်ခုပဲ ဖြစ်ပါတယ်။ သူက သေချာပေါက် စစ်ပွဲကြီးတစ်ခု ဖြစ်ပွားမှာကို မျက်မြင်ကြုံတွေ့တာမျိုး မလိုချင်ပါဘူး။

"အလောင်းတစ်ထောင်ဂိုဏ်းက လူပုံအလယ်မှာ ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ဟန်ပန်အမူအရာနဲ့ ထွက်ပေါ်လာပုံတယ် ဆိုတော့ သူတို့က အဲဒီလိုလုပ်ဖို့ အရမ်းကို ယုံကြည်ချက် ရှိနေမှာကို ငါကြောက်မိတယ်"

မိုးရေကောရာဇ်က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက အခုလိုမျိုး လူသိထင်ရှား ပြန်လာခဲ့တာက သူတို့မှာ ဖြစ်နိုင်ချေရှိတဲ့ အရာအားလုံးနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်မှုတွေ ပြုလုပ်ထားပြီးတယ်ဆိုတာ ပေါ်လွင်ပါတယ်။ တကယ်လို့ သူတို့က ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ အလွယ်တကူ ဖျက်ဆီးခြင်းကို ခံလိုက်ရမယ်ဆိုရင် ဒါက အရမ်းကို ရယ်စရာ ကောင်းနေပါလိမ့်မယ်။

"အခုအခြေအနေတွေက ဘယ်လိုရှိလဲ"

သူက မေးလိုက်ပါတယ်။

"လက်ရှိမှာတော့ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းက သူတို့ရဲ့ အင်အားစုတွေကို စုစည်းနေပြီး အလောင်းတစ်ထောင်ဂိုဏ်းကို အတူတကွ ဖျက်ဆီးပစ်ဖို့ ကမ္ဘာကြီး တစ်ခုလုံးက အင်အားစုတွေ အကူအညီပေးဖို့ကိုတောင် တောင်းဆိုထားတယ်"

မိုးရေကောရာဇ်က ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဒါက ငါတို့နဲ့ အရမ်းကို ဝေးကွာလွန်းတာကြောင့် သတင်းတွေ ဒီနေရာကို ရောက်ရှိဖို့ အချိန်တချို့တော့ ပေးရတယ်။ ဒါကြောင့် သူတို့က တိုက်ပွဲစနေပြီလား ဒါမှမဟုတ် ပြင်ဆင်နေတုန်းပဲလား ဆိုတာကိုတော့ သေချာပေါက် မပြောနိုင်ဘူး"

Chapter 639 end

Zaw.အပိုင်း(၆၄၀) တွက်ဆမှု

လင်းဟန်က တစ်ခဏမျှ စဉ်းစားလိုက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်သည်။

"ကျနော်တို့ရဲ့ လက်ရှိစွမ်းရည်နဲ့ဆိုရင် ဒီလိုမျိုး ကိစ္စနဲ့ ပတ်သက်ပြီးတော့ စဉ်းစားနိုင်စွမ်း တစ်ခုပဲ ရှိလိမ့်မယ်။ ဘယ်ဘက်ကပဲ နိုင်နိုင် ရှုံးရှုံး ကျနော်တို့တွေ ဝင်ပြီးတော့ စွက်ဖက်လို့ရတာ မဟုတ်ဘူး"

မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့က သူတို့ကို ကြည့်ရတာ စိတ်ဓာတ်တက်ကြွသလိုမျိုး ဖြစ်နေပြီး တိုက်ပွဲဆာလောင်တဲ့ စိတ်ဆန္ဒကို ထုတ်ဖော်နေပါတယ်။

မိုးရေကောရာဇ်က လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါနဲ့ ထူးခြားတဲ့ ပင်ကိုစရိုက်ရှိသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ မုယောင်ချင်းကတော့ ပေါ့ပေါ့တန်တန် စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူစိတ်ဝင်စားတာက ကမ္ဘာရဲ့ အသန်မာဆုံး တစ်ယောက် ဖြစ်လာဖို့ကိုပဲ စိတ်ဝင်စားပါတယ်။ သူတို့သုံးယောက်မှာ မတူညီတဲ့ အကျင့်စရိုက်တွေနဲ့ ကိုယ်ပိုင်ဟန်တွေ ရှိကြပါတယ်။ ဒါပေမဲ့ သူတို့မှာ တူညီတဲ့ အချက်ကတော့ သူတို့အားလုံး သိုင်းပညာနဲ့ ပတ်သက်လာရင် အရူးအမူးကို ဖြစ်ကြပါတယ်။ သူတို့သုံးယောက်မှာ ပြဿနာကို ဖြေရှင်းဖို့အတွက် ကြောက်ရွံ့မှု မရှိသလို ဆုံးဖြတ်ချက် ခိုင်မာမှုလည်း ရှိကြပါတယ်။

တကယ်လို့ ဒီအချက်တွေသာ မတူဘူးဆိုရင် သူတို့က တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုတွေအဖြစ် သတ်မှတ်ဖြစ်ကြမှာ မဟုတ်ပါဘူး။

"နောက်ထပ် နှစ်ပေါင်းသုံးဆယ်ကြာရင် ကိစ္စကြီးတွေ ပြုလုပ်ဖို့ ငါတို့အလှည့် ရောက်လာလိမ့်မယ်"

သူတို့က မချိတင်ကဲနဲ့ ပြောလိုက်ကြပါတယ်။

သူတို့က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကျင့်ကြံသူတွေအဖြစ် နောက်နှစ်ပေါင်းသုံးဆယ်အကြာလောက်နဲ့ ဖြစ်နိုင်မှာလား။

တကယ်လို့ ဒီစကားတွေကိုသာ တခြားလူတွေကြားသွားမယ်ဆိုရင် သေချာပေါက် ဒီလိုမျိုးလေလုံးထွားမှုကြောင့် ရယ်မောကြပါလိမ့်မယ်။ ဒါပေမဲ့ သူတို့သုံးယောက်ကတော့ ကိုယ့်ကိုကိုယ် ယုံကြည်ချက်တွေအပြည့်ရှိနေကြပါတယ်။ သူတို့ရဲ့ ပါရမီနဲ့ လင်းဟန်ရဲ့မှော်ဆေးလုံးတွေကိုပါ ပေါင်းထည့်လိုက်ရမယ်ဆိုရင် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနိုင်မဲ့အခွင့်အရေးက ဖြစ်နိုင်ချေ အများကြီး ရှိပါတယ်။

လင်းဟန်က သူ့ရဲ့စိတ်ခံစားချက်တွေ တည်ငြိမ်နေပြီးတော့မေးလိုက်ပါတယ်။

"နောက်ထပ် သတင်းရှိသေးတယ် မဟုတ်လား"

"ဟီးဟီး ဒီသတင်းကလည်း နည်းနည်းတော့စိတ်ဝင်စားဖို့ကောင်းတယ်"

မိုးရေဇေကရာဇ်က ခဏလောက် ရပ်ပြီးတော့

ပြောလိုက်ပါတယ်။

"သိပ်မကြာခင်တုန်းက အလယ်ပိုင်း ဒေသက မြို့ငယ်လေး တစ်မြို့က ခရမ်းရောင်လ အင်ပါယာကို တည်ထောင်လိုက်ပြီလို့ ရုတ်တရက်ကြီး ထကြေညာလိုက်တယ်။ သူတို့ရဲ့ နိုင်ငံခေါင်းဆောင်ကို တရားဝင် အုပ်ချုပ်မှု ယန္တရားတွေ ဖန်တီးပြီးတော့ မြို့သူမြို့သား အားလုံးက အရိုအသေ ပေးရတယ်"

လင်းဟန်က မှင်တက်သွားခဲ့ပါတယ်။ တစ်စုံတစ်ယောက်က သူတို့ကိုယ်ပိုင် နိုင်ငံကို တကယ်ပဲ တည်ထောင်လိုက်တာလား။ သူတို့က ဘယ်လိုတွေ လုပ်နေကြတာလဲ။

မြောက်ပိုင်းအစွန်အဖျား ဒေသကို အသာထားဦး နယ်မြေလေးခုနဲ့ အလယ်ပိုင်းဒေသက နိုင်ငံတစ်ခုရဲ့အမြင်သဘောထား လုံးဝမရှိပါဘူး။ ဒီနယ်မြေတွေမှာ ရှေးဟောင်းကလန် အမျိုးမျိုးနဲ့ ဂိုဏ်းတွေက သူတို့ကိုယ်သူတို့ နယ်မြေပိုင်နက်တွေ ပိုင်းခြားထားပြီး စီမံခန့်ခွဲပြီးတော့ အုပ်ချုပ်နေကြပါတယ်။ နိုင်းယှဉ်ရမယ်ဆို ဒီကမ္ဘာကြီးထဲမှာ ဥပဒေတွေ မရှိပါဘူး။ ပြီးတော့ တစ်ခုတည်းသော သိထားရမဲ့အချက်က

သန်မာမှုက စွမ်းအားပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ခွန်အားကြီးသူရဲ့ စကားက ဥပဒေလို့ပဲ သတ်မှတ်ယုံကြည် သဘောတူထားကြပါတယ်။

အစွန်အဖား နိုင်ငံကိုးခုလို ကမ္ဘာ့အစွန်နေရာနဲ့ နှိုင်းယှဉ်မယ်ဆိုရင် နိုင်ငံတစ်ခု တည်ထောင်တဲ့ အကြံက ဆိုးဂါးတဲ့ အကြံတစ်ခု မဟုတ်ပါဘူး။ အဲဒီမှာ လူတိုင်းလူတိုင်း လိုက်နာနိုင်မဲ့ စည်းမျဉ်းဥပဒေတွေ ရှိပြီးတော့ သွေးစွန်းနိုင်မဲ့ တိုက်ပွဲပမာဏကို အကြီးအကျယ် လျော့ချပေးနိုင်ပါလိမ့်မယ်။ အဲဒီနောက် တစ်ဟုန်ထိုး တိုးတက်လာမယ်ဆိုရင် အင်ပါယာတစ်ခု၊ ဂိုဏ်းတစ်ခု ဒါမှမဟုတ် ကလန်တစ်ခုနဲ့ တူညီလာပါလိမ့်မယ်။

လင်းဟန်က ရုတ်တရက် အတွေးတစ်ခု ပေါ်လာခဲ့ပါတယ်။ အလယ်ပိုင်း ဒေသနဲ့ နယ်မြေလေးခု အထဲမှာ ဘာဖြစ်လို့ အင်ပါယာတွေ မရှိရတာလဲ။ တစ်ခုသိထားရမှာက နိုင်ငံတစ်ခုရဲ့ စွမ်းအားက အတော်လေးကို ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ အရင်တုန်းက မိုးရေကေရာဇ်က ပန်းဖူးအဆင့်ကို ခြေလှမ်းတစ်ဝက် ရောက်ရှိနေပြီး မျိုးနွယ်စုရဲ့ စွမ်းအားအထောက်အပံ့နဲ့ ပန်းဖူးအဆင့် အစစ်အမှန် လူတစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်း ရှိခဲ့ပါတယ်။ မိုးရေကေရာဇ်ကိုယ်တိုင် သန်မာတဲ့ အချက်ကို

အသာထားဦး မျိုးနွယ်စုရဲ့ စွမ်းအားက သိသာနိုင်တဲ့ အချက်အလက် တစ်ခုဖြစ်ပါတယ်။

မျိုးနွယ်စုရဲ့ စွမ်းအားက အရမ်းကို ကောင်းနေမှတော့ ဘာဖြစ်လို့ တခြားအဖွဲ့အစည်းတွေက ဒီအကြံစည်ကို မစဉ်းစားကြတာလဲ။

"ဒီကမ္ဘာကြီးထဲမှာ အင်ပါယာဆိုတာ တားမြစ်ထားတဲ့ အရာတစ်ခုဖြစ်တယ်"

မုယောင်ချင်းက ပြောလိုက်သည်။

"ငါတို့တောင်ပိုင်း ဒေသမှာ တင်းကျပ်ထားတဲ့ စည်းမျဉ်းတစ်ခု ရှိနေတယ်။ ဘယ်အဖွဲ့အစည်းမဆို ပိုင်နက်နယ်မြေကိစ္စနဲ့ ပတ်သက်ပြီးတော့ လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်တယ်။ ဒါပေမဲ့ သူတို့ကိုယ်ပိုင် အင်ပါယာကိုတော့ လုံးဝကို တည်ဆောက်လို့ မရဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်ပိုင်းဒေသ တစ်ခုလုံးက သူတို့ကို ဖျက်ဆီးပစ်လိမ့်မယ်"

မိုးရေကောရာဇ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါလည်း ရှေးဟောင်းမှတ်တမ်းတွေထဲမှာ ရှာခဲ့သေးတယ်။ ငါတို့နိုင်ငံကို တည်ထောင်သူ ဧကရာဇ်က နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေထဲမှာ ရှေးခေတ်အချိန်တုန်းက ရှိခဲ့တဲ့ လျှို့ဝှက်စာလိပ် တစ်ခုကို ရှာတွေ့ပြီးတဲ့ နောက်ပိုင်းမှာ နိုင်ငံတစ်ခုကို တည်ထောင်ဖို့ အကြံရရှိခဲ့တယ်။ ပြီးတော့ မြောက်ပိုင်းအစွန်အဖျား ဒေသက အရမ်းကို သေးငယ်ပြီးတော့ အဓိက ကုန်းမြေကြီးကနေ အရမ်းကို ဝေးကွာလွန်းတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ငါတို့လည်း ဖျက်ဆီးခံရတာ ကြာနေလောက်ပြီ"

"ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ငါ့မှာ ဘာအကြံအစည် ဘာအတွေးမှ မရှိဘူး။ မျိုးနွယ်စုရဲ့ အင်အားက အတော်လေးကို ကောင်းမွန်တဲ့ အရာဆိုတာ ပေါ်လွင်ပြီး ကျင့်ကြံခြင်းမှာ အကျိုးအမြတ်တွေ ရရှိစေတယ်။ ဘာဖြစ်လို့ ဒီကမ္ဘာကြီးထဲမှာ အင်ပါယာတွေ ဘယ်တုန်းကမှ ပေါ်မလာတာလဲ ဆိုတာကိုတော့ စဉ်းစားလို့ကို မရဘူး"

လင်းဟန်က သိချင်စိတ်တွေ ဖြစ်လာခဲ့ပါတယ်။ သူရဲ့အရင်ဘဝတုန်းကလည်း အင်ပါယာတွေ မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း အဲဒီအချိန်တုန်းက သူ့အနေနဲ့ မော်ဆေးပညာရပ် အပေါ်မှာပဲ အပြည့်အဝ

အာရုံစိုက်ထားခဲ့တာကြောင့် ဒီအချက်အလက်တွေကို သတိမထားမိခဲ့ပါဘူး။

"ဒါပေမဲ့လည်း ရှေးဟောင်းအချိန်တွေတုန်းက ကမ္ဘာကြီးထဲမှာ အင်ပါယာတွေ တကယ်ပဲ ရှိခဲ့တယ်။ နောက်ပြီးတော့ သူတို့က မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ကြတယ်"

သူက ပြောလိုက်သည်။ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံက ရှေးဟောင်းအင်ပါယာ တစ်ခုရဲ့ ရတနာသိုက်ကနေ ရရှိခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေထဲမှာ အသန်မာဆုံး မဟုတ်ပါဘူး။

အဲဒါက နှစ်ပေါင်းသိန်းနဲ့ချီအောင် ကြာမြင့်ခဲ့တဲ့ အချိန်တုန်းက ဖြစ်ပါတယ်။ အဲဒီရှေးဟောင်း အင်ပါယာက ကမ္ဘာကြီး တစ်ခုလုံးကို တန်ခိုးရှင် နယ်မြေဆီကို သယ်ဆောင်သွားချင်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ တာဂန်က မအောင်မြင်ခဲ့ပါဘူး။ အဲဒီအချိန်တုန်းက ရှေးဟောင်းအင်ပါယာက ကမ္ဘာကြီး တစ်ခုလုံးကို ပေါင်းစည်းနိုင်ခဲ့တယ်လို့ ယူဆနိုင်ပြီး အရမ်းကို အစွမ်းထက်ခဲ့ပါတယ်။

"ဒီခရမ်းရောင်လ အင်ပါယာက အဲဒီဥပမာ အနောက်ကို လိုက်ပြီးတော့ တည်ထောင်ထားတာရော ဖြစ်နိုင်မလား"

မိုးရေကောရာဇ်နဲ့ မုယောင်ချင်းက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒီနိုင်ငံရဲ့ ခေါင်းဆောင်က ဘယ်သူလဲ"

လင်းဟန်က မေးလိုက်သည်။

"သူ့ရဲ့ မျိုးရိုးနာမည်က မာလို့ခေါ်ပြီး နာမည်အပြည့်အစုံက မာထို့ပေါင်တဲ့။ သူ့ကိုယ်သူတော့ ခရမ်းရောင်လ နတ်ဘုရား ကောရာဇ်လို့ ခေါ်တယ်"

မိုးရေကောရာဇ်က ဖြေလိုက်ပါတယ်။

အဟွတ် အဟွတ်။

လင်းဟန်က နောက်ထပ်တစ်ကြိမ် တံတွေးသီးသွားခဲ့ပါတယ်။

လပြွတ်ပဲ။ မာထို့ပေါင် ဟုတ်လား။

ရတနာ တစ်သန်းမြို့မှာတုန်းက မာထို့ပေါင်က သူ့ကို မိုးကောင်းကင်ကို စုတ်ဖြဲပြီး စွန့်စားတဲ့ နေရာမှာ ပူးပေါင်းဖို့ သူ့ကို ရိုးရိုးသားသား ဖိတ်ခေါ်ခဲ့ဖူးတာကို အမှတ်ရလိုက်ပါတယ်။ သူ့မှာ ဒီလိုမျိုး အတွေးမရှိပါဘူး။ သူ့မှာ ဒီလိုအတွေးမျိုး မရှိပါဘူး။ လအနည်းငယ် ကြာပြီးတဲ့နောက် ဒီကောင်က တကယ်ပဲ ထူးကဲတဲ့ စွမ်းဆောင်မှု တစ်ခုကို လုပ်ဆောင်ပြခဲ့သည်။

နေပါဦး။ အရမ်းကို အစွမ်းထက်တဲ့ အဖွဲ့အစည်းတစ်ခုရဲ့ အထောက်အပံ့ အကူအညီ မပါပဲနဲ့ပ ဒီခရမ်းရောင်လ အင်ပါယာက ဘယ်လောက်ကြာကြာ တည်တံ့နိုင်မှာလဲ။

နေပါဦး။ ဒီရှေးဟောင်း အင်ပါယာကို ကြည့်ရတာ သူတို့ရဲ့ ပျက်စီးရာပျက်စီးကြောင်း မဖြစ်ပေါ်ခင် ကောင်းကင်ကို စုတ်ဖြဲဖို့ အကြံအစည်က ကျရှုံးသွားခဲ့ပါတယ်။ ပြီးတော့ မာထို့ပေါင်လည်း သူက ကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်ပစ်ချင်တယ်လို့ ပြောဖူးပြီးတော့ နိုင်ငံတစ်ခုကိုတောင် တည်ဆောက်ခဲ့ပါတယ်။ နိုင်ငံတစ်ခုကပဲ မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်နိုင်တာရော ဖြစ်နိုင်မလား။

လင်းဟန်အနေနဲ့ သူ့အတွေးတွေက အနည်းငယ် ရှုပ်ထွေးနေတယ်လို့ ခံစားရပါတယ်။ ဒီဘဂမှာ ဘယ်လိုပဲ ရှုံးနိမ့်တဲ့ အရာတွေဖြစ်ဖြစ် တကယ်ကို ဖြစ်ပျက်နိုင်ပါတယ်။

မာထို့ပေါင်က သေချာပေါက် အရှုံးတစ်ယောက် မဟုတ်ပါဘူး။ ဒီကောင်က ခန့်မှန်းလို့ မရနိုင်ပါဘူး။ လင်းဟန်က သူ့ကို လုံးဂကို ဖြတ်ပြီးတော့ ကြည့်လို့ မရပါဘူး။ သူ့မှာ လျှို့ဝှက်နည်းစနစ် အမျိုးအစားတချို့ ရှိပြီးတော့ သူရဲ့စွမ်းရည်က အနည်းဆုံး ကောင်းကင်အဆင့်ရဲ့ နောက်ပိုင်းအဆင့် ဖြစ်နေတာတောင်မှ မရခဲ့ပါဘူး။

တစ်ဖက်မှာ အလောင်းတစ်ထောင်ဂိုဏ်းလည်း ရှိပါတယ်။ သူတို့ရဲ့ နေရာကို သေချာပေါက် တင်းတိမ်ရောင့်ရဲခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူတို့က ဒီကမ္ဘာကြီးထဲက ဘဂအားလုံးအတွက် သေချာပေါက် ရည်ရွယ်ထားပြီးတော့ အားလုံးကို အလောင်းကောင် စစ်သားတွေအဖြစ် မွန်းမံသန့်စင် ချင်နေကြပါတယ်။ ပြီးတော့ တစ်ဖက်မှာ ခရမ်းရောင်လ အင်ပါယာ ရှိပါတယ်။ သူတို့အနေနဲ့ သူတို့ကိုယ်ပိုင် နိုင်ငံကို တည်ဆောက်တယ် ဆိုပေမဲ့ သူတို့ရဲ့ ပိုင်နက်နယ်မြေကို ချဲ့ထွင်တာက သဘာဂ ကျပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ကမ္ဘာမြေအနံ့ကို နယ်မြေချဲ့ထွင်ပြီး

အဲဒီရှေးဟောင်း အင်ပါယာက နောက်တစ်ကြိမ် ပြန်လည်ပေါ်ထွက်ကောင်း ပေါ်ထွက်လာနိုင်ပါ လိမ့်မယ်။

"ကြည့်ရတာတော့ ကမ္ဘာကြီးက အကြီးအကျယ်ကို ပြောင်းဆန်လိမ့်ဦးမယ်"

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။

"နောက်ပြီးတော့ အင်အားကြီး ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း အချိန်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကပ်ဘေးဒုက္ခကြီး တစ်ခုက ပြန်ပြီးတော့ ဖြစ်လာလိမ့်မယ်ဆိုတဲ့ ဟောကိန်းတစ်ခုလည်း ရှိနေတယ်။ တကယ့်ကို စိတ်လှုပ်ရှားစရာတွေ အားလုံးက တစ်ပြိုင်နက် ဖြစ်ပေါ်လာတော့မှာပဲ"

မိုးရေဧကရာဇ်က ပြောလိုက်ပါတယ်။

"ငါတို့အနေနဲ့ ငါတို့ရဲ့ ကျင့်ကြံခြင်းကို ပိုပြီးတော့ ကြိုးစားအားထုတ်ပြီး ငါ့တို့အစွမ်းကို တိုးလာအောင် လုပ်ရမယ်။ ဒါမှ ငါတို့ကိုယ်ငါတို့ ကာကွယ်နိုင်စွမ်း ရှိမှာဖြစ်သလို ဂင်ပြီးတော့ စကားပြောဆိုနိုင်စွမ်းလည်း ရှိလာလိမ့်မယ်"

မုယောင်ချင်းက ကောက်ချက်ချလိုက်ပါတယ်။

လင်းဟန်နဲ့ မိုးရေကောရာဇ်တို့က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါက...."

ဦးလေးယုန်က ဘေးနားကနေ အချိန်အကြာကြီး နားထောင်နေခဲ့ပါတယ်။ သူက သူ့ရဲ့လက်သေးသေးလေး တစ်ဖက်ကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင်ယုန်မှာ မဟာဟောကိန်းလို့ ခေါ်နေတာနဲ့ ပတ်သက်ပြီးတော့ ဗဟုသုတတချို့ ရှိတယ်"

"ပိုး မြန်မြန်ပြောပါ"

လင်းဟန်က ချက်ချင်းပဲ စိတ်ဝင်စားသွားပါတယ်။

ယုန်ဖြူကြီးက ဟန်တစ်ချက် ပြင်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"အား အရှင်သခင်ယုန်ရဲ့ လက်ဘက်ရည်က

ဘယ်နားကိုရောက် အားအားအား"

သူက ဟန်မူပိုပိုနဲ့ တဒင်္ဂလောက် လုပ်ချင်ပေမဲ့ ဟူးညို့က သူ့ကိုကိုက်ပစ်လိုက်တာကြောင့် နာကျင်မှုနဲ့အတူ ငယ်သံပါအောင် အော်ဟစ်လိုက် ပါတယ်။

"အဲဒါကို ပြောစမ်းပါ"

ဟူးညို့က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

ယုန်ဖြူကြီးက တကယ်ပဲ အနည်းငယ် ရိုရိုကျိုးကျိုး ဖြစ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ ဟူးညို့က ကိုက်ရတာကို အရမ်းကို နှစ်သက်သဘောကျတယ် ဆိုတာကို ကောင်းကောင်းကြီးသိပါတယ်။ ဒါကြောင့် ဆက်ပြီးတော့ ဟိတ်ကြီးဟန်ကြီး လုပ်နေရင် ဟူးညို့က သူ့ကို ကိုက်နေပါဦးမယ်။ သူက ချောင်းဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင်ယုန်ရဲ့ သွေးမျိုးဆက်မှာ ဒဏ္ဍာရီတစ်ပုဒ်ကို လက်ဆင့်ကမ်းခဲ့ကြတယ်။ နှစ်ပေါင်းတစ်သောင်း ဒါမှမဟုတ် နှစ်ပေါင်းတစ်သောင်းကျော် ရောက်တိုင်းမှာ သက်ရှိအားလုံးက ဆိုးဆိုးဂါးဂါး အကျပ်အတည်း တစ်ခုနဲ့

ကြုံတွေ့ရလိမ့်မယ်။ ပြီးတော့ အရမ်းအရမ်းကို နည်းပါးတဲ့ လူနည်းစုလောက်ပဲ အသက်ရှင်သန်နိုင်လိမ့်မယ်"

"တွက်ဆမှုလား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက နောက်ထပ် သီအိုရီ တစ်ခု ဖြစ်ပါတယ်။

"တန်ခိုးရှင်တွေရဲ့ နယ်ပယ်ထဲမှာ အသက်ရှင်နေတဲ့ ဘိုးဘေးတစ်ယောက် ရှိနေတဲ့ အရှင်သခင်ယုန်လို တစ်စုံတစ်ယောက် အတွက်ကတော့ ဘယ်သူကမှ အရှင်သခင်ယုန်ရဲ့ ခေါင်းပေါ်က ဆံပင်တစ်ချောင်းကိုတောင် ထိပ်ပဲ့မှာမဟုတ်ပဲ ရှောင်ရှားသွားကြလိမ့်မယ်။ ဒါပေမဲ့ မင်းတို့လို လူတွေအတွက်ကတော့ ဟီးဟီး အဲဒါက အရမ်းကို ဆိုးဂါးလိမ့်မယ်"

လင်းဟန်က နှာခေါင်းရှုံ့လိုက်မိပါတယ်။

"ဒီတွက်ဆမှုက အားနည်းတဲ့ လူတွေကို တကယ်ပဲ အနိုင်ကျင့်ပေမဲ့ သန်မာတဲ့ လူတွေကိုတော့ ကြောက်လန့်မှာပဲ"

"ကောင်လေး ဒါက ဘဂပဲ။ ဘာမှမတတ်နိုင်ဘူး"

ယုန်ဖြူကြီးက သူ့ကိုနှစ်သိမ့်လိုက်ပါတယ်။ ဒါပေမဲ့ သူ့အခြေနေနဲ့ ဘယ်လိုပဲကြည့်ကြည့် ကိစ္စမရှိပါဘူး။

"တွက်ဆမှု။ ဘာဖြစ်လို့ တွက်ဆမှုတစ်ခု ရှိနေရတာလဲ။ ပြီးတော့ ဘယ်သူကတော့ ဒီလိုမျိုး မှန်းဆချက် တစ်ခုကို လုပ်မှာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

ယုန်ဖြူကြီးက ကောင်းကင်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဘာကြောင့်လဲဆိုတာကိုတော့ကို အရှင်သခင်ယုန်လည်း မသိဘူး"

မိုးကောင်းကင်လား။ ကောင်းကင်ဆိုတာ တန်ခိုးရှင်တွေရဲ့ နယ်မြေလို့ ဆိုလိုပါတယ်။ ဒီကမ္ဘာကြီးရဲ့ တာအိုက အသက်အားလုံးကို ပျက်စီးစေချင်မှာတော့ မဟုတ်ပါဘူး။ ပြီးတော့ ဇီရှုရှန်း ချန်ထားခဲ့တဲ့ မှတ်ဉာဏ် ပုံဆောင်ခဲက အချက်တွေအရ ဒီကမ္ဘာကြီးထဲက သက်ရှိအားလုံးကို

ဖျက်ဆီးပစ်ချင်တဲ့ တစ်စုံတစ်ယောက် ရှိနေပြီး တန်ခိုးရှင်တွေရဲ့ နယ်မြေကနေ လာပါလိမ့်မယ်။

ဒီပြဿနာဟောင်းကြီးက ပြန်လာပြန်ပါပြီ။ တကယ်လို့ တန်ခိုးရှင်တွေရဲ့ နယ်မြေက တကယ်ပဲ တွက်ဆမှုတစ်ခုကို လုပ်ချင်တယ်ဆိုရင် ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ စွမ်းအားလောက်နဲ့ ဘယ်လိုလုပ်ပြီး သူတို့ကို တားဆီးနိုင်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

ဒီအတွက် နောက်ထပ် အကြောင်းပြချက် တစ်ခု ရှိပါတယ်။ ပြီးတော့ အဖြေကတော့ သဟဇာတ နန်းတော်ခန်းမရဲ့ အထဲမှာ ဖုံးကွယ်ထားတာ ဖြစ်နိုင်ပါတယ်။

"လင်းဟန် ထွက်လာပြီးတော့ အသေခံစမ်း"

Chapter 640 end

Zaw.အပိုင်း(၆၄၁) ညီအစ်ကို သုံးယောက်၏ ပူးပေါင်းအင်အား

"လင်းဟန် အပြင်ကို ထွက်လာပြီး အသေခံစမ်း"

အေးစက်တဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့သည်။

ထိုအသံကား ထက်ရှတဲ့ ဓားသွား တစ်ခုအလား သူတို့ဘေးနားက သစ်ရွက်တွေကို လှီးဖြတ်ပြီးတော့ အပိုင်းပိုင်းအစစ ဖြစ်ကာ ပြုတ်ကျလာခဲ့၏။

လူတော်တော်များများက သွေးတွေအန်ထွက်ကုန်ကြသည်။ ပြီးတော့ သူတို့က ပိုပြီးတော့တောင် အံ့အားသင့်နေခဲ့ကြသည်။ ဒီလူကဘယ်သူလဲ။ ဘာဖြစ်လို့ အရမ်းကို ကြောက်စရာကောင်းနေ ရတာလဲ။ သူ့အသံတစ်ခုတည်းနဲ့ သူတို့အားလုံးကို ပျက်စီးသွားစေခဲ့သည်။

"တတိယညီငယ် မင်းရဲ့ ရန်သူလား"

မုယောင်ချင်းက မေးလိုက်သည်။ သူ့ကိုကြည့်ရတာ အရမ်းကို စိတ်အားတက်ကြွနေပုံ ရ၏။

"ငါသူ့ကို အရင်ချတာကို စောင့်ဦး"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်သည်။

"ဒုတိယအစ်ကို မင်းက သူ့ပြိုင်ဘက် မဖြစ်နိုင်ဘူး"

"အိုး သူက ဘယ်သူမိုလို့လဲ"

မိုးရေဇကေရာဇ်တောင်မှ သိချင်စိတ် ပြင်းပြလာခဲ့ပြီး တိုက်ပွဲဝင်ဆန္ဒတွေ ပြည့်နှက်နေသည်။

"ဆေဘာဓား ဘုရင်လေး"

ပုန်း။ ပုံသဏ္ဍာန်တစ်ခု ထွက်ပေါ်လာခဲ့သည်။ သူက အရပ်မြင့်မြင့် ခန္ဓာကိုယ် သွယ်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ဆေဘာဓားအသိဆန္ဒတွေ ပိုင်းရံထားပြီး မရေမတွက်နိုင်တဲ့ ပုံသဏ္ဍာန် အမျိုးမျိုးနဲ့ အရွယ်အစား စုံလင်တဲ့ ဆေဘာဓားတွေ အဖြစ်ကို ပြောင်းလဲတည်ရှိနေ၏။ ထိုပုံသဏ္ဍာန်များကား ဆေဘာဓားရှည်၊ ဆေဘာဓားတို၊ ရွှေရောင်ဆေဘာဓားနဲ့ ငွေရောင်ဆေဘာဓားတို့အပြင် ဓားသွားတိုင်းအပေါ်မှာ အစီအရင် သင်္ကေတတွေ ရောယှက်နေပြီး အရမ်းကို အစွမ်းထက်တဲ့ အရှိန်အဝါတစ်ခုကို ထုတ်လွှတ်နေသည်။

လူတိုင်းလူတိုင်း ထိတ်လန့်ကြောက်ရွံ့သလို ခံစားလိုက်ရသည်။ တချို့က သူတို့အပေါ် လွှမ်းမိုးလာတဲ့ အံ့အားသင့်စရာ အရှိန်အဝါကြောင့် ဒူးတဆတ်ဆတ် တုန်နေကြသည်။ တစ်ခုသိထား ရမှာတော့ သူတို့အားလုံးက

ဒီနေရာကို ရောက်လာတဲ့ ပါရမီရှင်တွေဖြစ်ပြီး သိုင်းပညာမှာ အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာဖို့ အလားအလာရှိကြသူများ ဖြစ်သည်။ ဒါပေမဲ့ အခုတောင်မှ သူတို့က ဒီလူရဲ့ အရှိန်အဝါကို ဆန့်ကျင်နိုင်စွမ်း မရှိတာကို ကြည့်ခြင်းဖြင့် ဒီလူက ဘယ်လောက်တောင်မှ ကြောက်မက်ဖွယ်ရာ ကောင်းမလဲဆိုတာကို သိနိုင်ပေသည်။

အုပ်ချုပ်သူတွေ အထဲကမှ အုပ်ချုပ်သူတစ်ယောက်။

ဒီနေရာမှာ ပါရမီရှင်တွေ စုစည်းနေတာဖြစ်ပြီး တစ်လအချိန်ကုန်သွားခဲ့ပြီး ပါရမီရှင်တွေက ပိုပြီးတော့တောင် များပြားလာတာက သဘာဝ ကျပါတယ်။ ဒါပေမဲ့ ဆေဘာစားဘုရင်လေးရဲ့ အရှိန်အဝါက ဖိနှိပ်မှုကြောင့် လူထောင်နဲ့ချီပြီး နည်းနည်းလေးမှတောင် အသံမထွက်နိုင်အောင် ဖြစ်နေကြသည်။ သူတို့အားလုံးကို လူတစ်ယောက်က နှိမ်နင်းထားသလိုမျိုးပါပဲ။

ဒါက အုပ်ချုပ်သူတွေ အကြားက အုပ်ချုပ်သူ တစ်ယောက်မှာ ရှိနေတဲ့ မခံမရပ်နိုင်အောင် အစွမ်းထက်တဲ့ အရှိန်အဝါတစ်ခု ဖြစ်ပြီးတော့ မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေကို သူတို့ရဲ့ ခေါင်းတွေ မမော့နိုင်ပဲ ငုံ့နေအောင်လို့ ဖိအားပေးနေသည်။

လင်းဟန်က အရှေ့ကို ထွက်လာပြီး မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ နှစ်ယောက်က သူ့ရဲ့ဘေး တစ်ဖက်စီမှာ ရပ်လိုက်ကြပြီး သူတို့ရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း ဖော်ပြနေကြသည်။

ဆေဘာအား ဘုရင်လေးက စိတ်ဂိညာဉ် အထွတ်အထိပ်အဆင့် လူတစ်ယောက်ဖြစ်သည်။ အကယ်၍များ သူတို့သုံးယောက်က ပူးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင်တောင် ဘယ်သူကမှ ဘာမှပြောရဲကြလိမ့်မှာ မဟုတ်ပါဘူး။ ကျင့်ကြံခြင်းအဆင့် ကွာခြားမှု ရှိနေပါတယ်။ လူသုံးယောက် ပူးပေါင်းပြီးတော့ တိုက်ခိုက်မဲ့ အကြံအစည်ကို အသာထားဦး တကယ်လို့ လူဆယ်ယောက်က အတူတကွ ပူးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင်တောင် သူတို့က အပြစ်တင်ကြိမ်းမောင်းကြမှာ မဟုတ်ပါဘူး။

"သေစမ်း။ ဒီကောင်က ဆေဘာအား ဘုရင်လေးနဲ့လည်း ရန်သူတွေ ဖြစ်နေကြတာလား"

"အဟက်ဟက် သိပ်မကြာခင်တုန်းက သူက နတ်သမီးလေး ရီယွင်ကို အပြစ်ပြုခဲ့ပြီး အပြာရောင် မိုးကြိုးလျှပ်စီးဂိုဏ်းကို ဆန့်ကျင်ခဲ့တယ်။ ပြီးတော့အခု သူက အကြွင်းမဲ့

ဆေဘာဓားဂိုဏ်းက ဆေဘာဓား ဘုရင်လေးရဲ့ လိုက်လံသတ်ဖြတ်တာကို ခံနေရတယ်။ ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းထဲက ဂိုဏ်းကြီးနှစ်ခုကို ဒီကောင်က တကယ်ပဲ အပြစ်ပြု ဆန့်ကျင်ခဲ့တာပဲ”

“ဟူး ဆေဘာဓား ဘုရင်လေးက ဘာဖြစ်လို့ ဒီကောင်လေးကို သတ်ချင်နေရတာလဲ။ ဆေဘာဓား ဘုရင်လေးက နတ်သမီးလေး ရီယွင်ကို သဘောကျနေတာကြောင့်များလား”

“မဖြစ်နိုင်ဘူး။ နတ်သမီးလေး ရီယွင်က လန်ရထန်းနဲ့ ချစ်နေတယ်လို့ ငါကြားဖူးတယ်”

“သုံးပွင့်ဆိုင် အချစ်တစ်ခုပေါ့။ ဘယ်လောက်တောင် ရှုပ်လိုက်သလဲ”

“မဟုတ်ဘူး မဟုတ်ဘူး။ အခု ဒီကောင်လေးကိုပါ အဲဒီအဖွဲ့ထဲကို ထည့်ရလိမ့်မယ်။ ဒါက လေးပွင့်ဆိုင် အချစ်တစ်ခုပဲ”

လူအုပ်ကြီးက တစ်ယောက်နဲ့တစ်ယောက် တီးတိုးရွတ်ဆိုပြီး ဆွေးနွေးနေကြသည်။ မိန်းမပျိုလေးတွေတင်မက

အမျိုးသားတွေ တော်တော်များများတောင် အတင်းတုပ်နေကြပြီး အထူးသဖြင့်တော့ ဒီလိုမျိုး အတင်းအဖျင်းကိစ္စနဲ့ ပတ်သက်လာရင် တခြားလူတွေထက် ပိုပြီးတော့ ချဲ့ကားပြောဆိုတတ်တဲ့ လီဖန်းယုကြောင့် အတင်းအဖျင်း စကားတွေက ပျံ့နှံ့သွားခဲ့သည်။

ဆေးဘာဓား ဘုရင်လေးက လေထဲမှာ ဂုဏ်ယူဂုဏ်ယင့်ကြွားစွာနဲ့ ရပ်နေသည်။ သူက တချိန်လုံး လင်းဟာန်အနောက်ကို အမဲလိုက်သလို လိုက်နေတာ ဖြစ်ပြီးတော့ သူ့ရဲ့အရိပ်အယောင်ကို ရှာမတွေ့တော့ပေမဲ့ သိပ်မကြာခင်က ဂမ်ရီယွင်ရဲ့ ညှော့ခံပွဲမှာ လင်းဟာန်က ဆူဆူညံညံ ဖြစ်အောင်လို့ လုပ်သွားတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတာနဲ့ အဲဒီလမ်းအတိုင်း အလျင်စလိုနဲ့ လိုက်လာခဲ့ခြင်းဖြစ်သည်။

သူက လင်းဟာန်နဲ့ သူ့ရဲ့သွေးသောက်ညီအစ်ကို နှစ်ယောက်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး သူ့ရဲ့နှုတ်ခမ်းထောင့်ကို မထီမဲ့မြင် ပြုံးပြီးတော့ ပြောလိုက်သည်။

"မင်းတို့သုံးယောက်ရဲ့ အစွမ်းလောက်နဲ့များ ငါ့ကိုဟန့်တားချင်နေသေးတာလား"

"တကယ်လို့ ငါတို့မကြိုးစားကြည့်ရသေးပဲနဲ့ ဘယ်လိုလုပ်ပြီး ငါတို့သိမှာလဲ"

လင်းဟန်က သူရဲကောင်းဆန်ဆန်ပုံစံနဲ့ ပြောလိုက်၏။ သူ့ရဲ့ဒီသွေးသောက်ညီအစ်ကို နှစ်ယောက်က သိုင်းပညာမှာ အုပ်ချုပ်သူတွေနဲ့ အတူတူပါပဲ။ အထူးသဖြင့်တော့ မိုးရေကေရာဇ် ဖြစ်ပါတယ်။ သူများတွေ ပြောကြသလိုပဲ ကြီးမားတဲ့ ပါရမီဆိုတာ တဖြည်းဖြည်းနဲ့ လေ့ကျင့်ရယူ ရသလိုမျိုးပါပဲ။ ဒါပေမဲ့ တစ်ဖက်မှာတော့ အောင်မြင်ဖို့အတွက် အဓိက သော့ချက်က ပြင်ဆင်မှု ကောင်းကောင်း လုပ်ထားရပါမယ်။ ဒါကြောင့် သူ့မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ပွဲစွမ်းရည် ရှိနေတာ ဖြစ်ပါတယ်။

"ငါးပုပ်စော်နဲ့ နံတဲ့ ကောင်တွေပဲ ဟင့်"

ဆေဘာအား ဘုရင်လေးက ဆက်ပြီးတော့ လေကြောရှည်ဖို့ စိတ်မဝင်စားတော့ပဲ သူ့ရဲ့ ဆေဘာအားကို တန်းဆွဲထုတ်ပြီး တစ်ချက်ဝှေ့ယမ်း လိုက်သည်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဆေဘာအားချီတွေ တလိပ်လိပ် ထွက်ပေါ်လာပြီး ဆေဘာအားသွားက

မိုးကောင်းကင်ကိုတောင်မှ ထိတ်လန့်သွားစေသလိုမျိုး ကောင်းကင်ကနေ အောက်ကို ခုတ်ပိုင်းကျလာခဲ့သည်။

အလင်းတန်းအတု။

လင်းဟာန်က မာန်သွင်းအော်ဟစ်လိုက်ပြီး ခတ်ထုတ်ဖို့ နတ်ဆိုးရှင်သန်ဓားကို တန်းပြီးတော့ ဆွဲထုတ်ယူလိုက်၏။ ဆေဘာဓား ဘုရင်လေးလို အစွမ်းထက်မြက်သူ တစ်ယောက်နဲ့ ရင်ဆိုင်တဲ့ နေရာမှာ နည်းနည်းလောက် လျှို့ထားဖို့ဆိုတာ သူ့အတွက်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူက လျှို့ထားမယ်ဆိုရင် သူ့အသက်ကိုတောင် ပေးဆပ်လိုက်ရနိုင်ပါတယ်။

ထန် ဆိုတဲ့ မြည်သံနဲ့အတူ ရတနာဓားနဲ့ ဆေဘာဓား အလင်းတန်းတို့ ထိခိုက်မိသွားခဲ့သည်။ ဒါပေမဲ့ လင်းဟာန်က အနောက်ကို လျှောတိုက်ပြီး ဆုတ်ပေးလိုက်ရသည်။ သူ့ခြေထောက်တွေက အရမ်းကို မာကျောတဲ့ ကျောက်သားတွေကိုတောင် စွပ်ကြောင်းကြီး တစ်လိုမျိုး ဖြစ်သွားအောင်လို့ တူးထုတ်လိုက်သလိုမျိုး ဆုတ်ခွာသွားခဲ့ရသည်။

"ပျက်စီးစမ်း"

လင်းဟန်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးတော့ သူ့ရဲ့ဓားရှည်ကို ဝှေ့ယမ်းပြီးတော့ ခုတ်ချလိုက်သည်။ ဆေဘာဓား အလင်းတန်းကို နှစ်ပိုင်းဖြတ်ချလိုက်ပြီး သူ့ဘေးတစ်ဖက်စီကို ကျသွားခဲ့သည်။ ထိုအချိန်အတွင်းမှာ မိုးရေဧကရာဇ်နဲ့ မယောင်ချင်းတို့ နှစ်ယောက်က တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။ သူတို့နှစ်ယောက်လုံးက လက်သီးသိုင်းကွက်တွေ အသုံးပြု တိုက်ခိုက်ကြပြီး သူတို့လက်သီးတွေမှာ မူလစွမ်းအင်နဲ့ သိုင်းအသိဆန္ဒတွေ ပိုင်းရံလို့ နေပြီးတော့ သူတို့ရဲ့ တိုက်ခိုက်မှု နောက်ကွယ်မှာ အရမ်းကို ကြောက်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေကို ပိုင်ဆိုင်ထားကြသည်။ ဒါကြောင့်လည်း သူတို့ရဲ့ ဗလာလက်သီးကို ထက်မြက်တဲ့ ဓားသွားတစ်ခုလိုမျိုး တိုက်ခိုက်နိုင်စွမ်း ရှိနေတာပဲ ဖြစ်၏။

"ဟာင့် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို တက်ကာစ ဘာမဟုတ်တဲ့ လူနှစ်ယောက်က တကယ်ပဲ ငါ့ကို ဆန့်ကျင်ဖို့ လုပ်နေတာလား"

ဆေဘာဓား ဘုရင်လေးက လှောင်ပြုံးပြုံးလိုက်ပြီး သူ့ရဲ့ ဆေဘာဓားကို ဆွဲထုတ်ပြီးတော့ ခုတ်ပိုင်းလိုက်သည်။ သူ၏

အရှိန်အဂါကား ခံ့ညားထယ်ဂါလွန်းလှသည်။

မိုးရေကေရာဇ်က မာန်သွင်းအော်ဟစ်လိုက်ပြီး လက်သီးနဲ့ ထိုးလိုက်တဲ့ အခါမှာ လက်သီးအလင်းတန်းက အရမ်းကို ရက်စက်ကြမ်းကြုတ်စွာနဲ့ အရှေ့ကို ထိုးထွက်လာခဲ့သည်။

"ဟင်"

ဆေဘာစား ဘုရင်လေးက နောက်ဆုံးတော့ အံ့အားသင့်ပြီး ရေရွတ်လိုက် မိသည်။ အလင်းတန်း။ အကယ်၍ ဒီအလင်းတန်းက ချီအလင်းဆယ်ခုကို သိပ်သည်းဖြစ်ပေါ် ထားတယ် ဆိုရင်တောင် သီးသန့်ကွဲပြားနေတဲ့ ချီအလင်း သုံးဆယ်ကို သာလွန်ပြီးတော့ ဒါက သဘာဂအတိုင်း ဖိနှိပ်ထားမှု တစ်ခုဖြစ်သည်။

မုယောင်ချင်းလည်း သူ၏အစွမ်းအစကို ကောင်းကောင်းကြီး ထုတ်ဖော်ပြသနေခဲ့သည်။ သူ့မှာ အလင်းတန်း သိပ်သည်းထားခြင်း မရှိပေမဲ့ ချီနဲ့ပတ်သက်ရင် သူက စုစုပေါင်း ချီအလင်း နှစ်ဆယ့်ကိုးခုကို ကျင့်ကြံထားနိုင်တာကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်ကလည်း လျော့တွက်လို့ မရနိုင်ပေ။

မြေပြင်ပေါ်ကနေ လင်းဟန်က သူ့ရဲ့ဓားနဲ့အတူ တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက်သည်။

"ဟားဟားဟား ဘာမှမဟုတ်တဲ့ လူသုံးယောက်ပဲ။ စာမဖွဲ့လောက်ပါဘူး"

ဆေဘာဓား ဘုရင်လေးက ချက်ချင်းပဲ ပြန်ပြီးတော့ အေးစက်တဲ့ အမူအရာ ဖြစ်လာခဲ့သည်။ မိုးရေကောရာဇ်က အလင်းတန်းတစ်ခုကို ကျင့်ကြံထားတယ် ဆိုပေမဲ့ သူက အဆင့်တက်ကာစပဲ ရှိပါသေးတယ်။ ပြီးတော့ ချီအလင်း ဆယ်ခုကနေမှ အလင်းတန်းတစ်ခုကို ဖြစ်ပေါ်ထားတာကြောင့် သူ့စွမ်းအားက အကန့်အသတ် ရှိပါတယ်။ သူကတော့ ကျင့်ကြံခြင်း အဆင့်မှာ လုံးဝကို အားသာနေပြီး နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ခြေတစ်လှမ်း ဝင်ရောက်နေပါပြီ။ သူ့တိုက်ပွဲစွမ်းရည်ကလည်း အဲဒီအဆင့်ထိကို ထိုးတက်ဝင်ရောက် နေခဲ့ပြီး သူ့မှာ အနည်းဆုံး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ ကြယ်ငါးပွင့်ခန့် ရှိတာကြောင့် သူက တကယ့်ကို ကျောချမ်းစရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

သူ့ဆေဘာဓားကို တစ်ချက် ပေ့ယမ်းလိုက်ရင် လင်းဟန်နဲ့

သူ့သွေးသောက် အစ်ကိုတွေက ထိပ်တိုက်ရင်ဆိုင်ပွဲခြင်း မရှိပဲ နောက်ကိုပဲ ဆုတ်ခွာပေးရပါတယ်။

"ဟားဟားဟားဟား"

ဆေဘာဓား ဘုရင်လေးက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး လင်းဟန်ကို ပြင်းပြင်းထန်ထန် ခုတ်ချလိုက်သည်။ ဒီကောင်က သူ့အဖေကို သတ်ခဲ့တာကြောင့် သူ့နှလုံးသားထဲကနေ ပြင်းပြင်းထန်ထန်ကို မုန်းတီးနေခဲ့၏။ နောက်ပြီးတော့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ရယူသွားခဲ့တဲ့ ကလေးမလေးလည်း ရှိပါသေးတယ်။ သူတို့နှစ်ယောက်ကို သူ့အနေနဲ့ သေချာပေါက် သတ်ပစ်ပြီးတော့ ကလေးမလေးရဲ့ ဂိညာဉ်ကို သူမရဲ့ ခန္ဓာကိုယ်ကနေ တန်းပြီးဆွဲထုတ်ပစ်ရပါလိမ့်မယ်။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ လျှပ်စီးအလင်းတန်းတွေ တောက်ပလာခဲ့သည်။ မျက်စိတစ်မှိတ် အတွင်းမှာ သူက ဆေဘာဓားဘုရင်လေးရဲ့ ဘေးမှာ ပေါ်လာခဲ့ပြီး သူ့ရဲ့ဓားကို ပွေ့ယမ်းပြီးတော့ ခုတ်ချလိုက်သည်။

"ဘာ"

ဆေဘာစား ဘုရင်လေးက အံ့အားသင့် သွားခဲ့သည်။ လင်းဟန်ရဲ့ လှုပ်ရှားမှု အရမ်းကို လျင်မြန်တာကြောင့် အံ့သြသွားတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့လှုပ်ရှားမှုတွေက လျှပ်စီးအလင်းတန်းတွေ တောက်ပနေတာကြောင့် မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံဆိုတာ ပေါ်လွင်နေသည်။

ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို လူတစ်ယောက်ပဲ လေ့လာသင်ယူ နိုင်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဟူးညို့ရဲ့ အနောက်ကနေ လင်းဟန်က သင်ယူနိုင်ရတာလဲ။ လူနှစ်ယောက်လုံးက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံပညာကို သင်ယူခဲ့တာလား။

တကယ်လို့ လင်းဟန်နဲ့ ဟူးညို့တို့ နှစ်ယောက်တင်မက ဟော့လျန်ချွင်ရှယ်ကပါ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံစွမ်းအားကို သင်ယူနိုင်ခဲ့တယ် ဆိုတာကို သိသွားမယ်ဆိုရင် သူ့ရဲ့အမူအရာက ဘယ်လိုမျိုးတောင်

ဖြစ်သွားလိမ့်မလဲ။ သူက အရမ်းကို အံ့အားသင့်ပြီးတော့ ဒီအကြောင်းကို လုံးဝကို လက်ခံနိုင်လိမ့်မှာ မဟုတ်ပါဘူး။

"မင်းက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို သင်ယူနိုင်တယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

ဆေးဘာဓား ဘုရင်လေးက အံ့အားသင့်နေတဲ့ လေသံနဲ့ မေးလိုက်ပါတယ်။ ဟူးညိုက မြေကြီးပေါ်မှာ ရှိနေပါသေးတယ်။ ပြီးတော့ သူမက စိတ်အာရုံမြင်ကွင်းကို လုပ်ဆောင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်က ဘယ်နေရာကနေ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို သင်ယူခဲ့တာလဲ။

"မင်းနဲ့မဆိုင်ဘူး"

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းပြီး လျင်မြန်စွာနဲ့ ခုတ်ချလိုက်သည်။ ဓားချီအလင်း နှစ်ဆယ့်ကိုးခုက အလင်းတန်းအတုအယောင် တစ်ခုအဖြစ်ကို သိပ်သည်းသွားပြီး ဆေးဘာဓား ဘုရင်လေးဆီကို ဦးခနဲမြည်ပြီးတော့ အလွန်လျင်မြန်စွာနဲ့ ပြေးဝင်သွားခဲ့သည်။

ဤအလင်းတန်းအတုကား အဆင့်တစ်ဆယ် စိတ်ဝိညာဉ်

ပစ္စည်းကနေ ထုတ်လွှတ်တိုက်ခိုက် လိုက်တာကြောင့် စွမ်းအားက အလင်းတန်း အစစ်အမှန်တစ်ခုထက် ဘယ်လိုမှ မနိမ့်ကျခဲ့ ပါဘူး။ ဆေဘာစား ဘုရင်လေးတောင်မှ ပေါ့ပေါ့ဆဆ မနေဂွံပဲ သူ့ရဲ့ ဆေဘာစားနဲ့ ပျော့ယမ်းပြီး ခတ်ထုတ်လိုက်သည်။ အဲဒီလိုမှမဟုတ်ရင် တကယ်လို့ ဒီဓားအလင်းတန်းက ထိမှန်သွားခဲ့မယ်ဆို သူကိုယ်တိုင်တောင်မှ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။

ဆေဘာစား ဘုရင်လေးရဲ့ မျက်လုံးတွေက ရေခဲတမျှ အေးစက်သွားခဲ့ပြီး လှောင်ပြုံးပြုံးကာ ပြောလိုက်သည်။

"ကောင်းပြီလေ။ ဒါဆိုရင်လည်း မင်းကိုပဲ သတ်ပစ်ရတော့မှာပေါ့"

သူက ဟူးညှိုကို လေးလေးနက်နက် မထားပေမဲ့လည်း ဒီကလေးမရဲ့ လှုပ်ရှားမှု အရှိန်အဟုန်က သူ့ကိုတောင် အံ့အားသင့် စေခဲ့သည်။ သူ့အနေနဲ့ သူမကို အောင်အောင်မြင်မြင် ဖမ်းနိုင်မယ်လို့ လုံးဝကို အာမမခံနိုင်ပါဘူး။

သူ၏ဘယ်ဘက်လက်ကို တွန်းထုတ်လိုက်ပြီး

မိုးရေကောရာဇ်နဲ့ မုယောင်ချင်းဆီကို ရိုက်ချကာ လင်းဟန်ဆီကိုတော့ သူ့ရဲ့ညာဘက်လက်မှာ ဆေဘာဓားကို ကိုင်ပြီးတော့ ခုတ်ချလိုက်သည်။ တိုက်ကွက်အားလုံးက အကြင်နာတရား ကင်းမဲ့ပြီး သူက လင်းဟန်ရဲ့ အသက်ကို နှုတ်ချင်ခဲ့ ပါတယ်။

လင်းဟန်နဲ့ သွေးသောက်အစ်ကို နစ်ယောက်က ပူးပေါင်းပြီးတော့ တိုက်ခိုက်ပေမဲ့ ဆေဘာဓား ဘုရင်လေးက တကယ်ပဲ အရမ်းကို အားကောင်းပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိနေတာကြောင့် သူ့ကိုလုံးဝ အားသာစေခဲ့သည်။ ပြီးတော့ သူရဲ့တိုက်ခိုက်မှုတိုင်းက လင်းဟန်တို့ လူစုကို အားအင်ကုန်ခမ်းပြီး စိစိညက် ကြေသွားစေ နိုင်ပါတယ်။

လင်းဟန်က သူ့ကိုဟန့်တားဖို့ ကြယ်စင်နဂါး အမြစ်ဖြုတ် မြားကို အသုံးမပြုသေးသရွေ့သူတို့တွေ သုံးယောက်လုံး အရှုံးဆီကိုပဲ ဦးတည်နေပါတယ်။

လင်းဟန်က မှော်ဆေးလုံး တစ်လုံးကို မြိုချလိုက်ပါတယ်။ ဒါက အသွင်ငါးမျိုး ပြောင်းလဲခြင်း ကျောက်စိမ်း ဆေးလုံးဖြစ်ပြီးတော့ စုစုပေါင်း သုံးလုံးကို ဖော်စပ်ခဲ့ပါတယ်။ ရွှမ်ယွှမ်ဇီကွမ်းနဲ့ အရင်တစ်ခါ တိုက်ခိုက်တုန်းက

တစ်လုံးစားပြီးတော့ အခုချိန်က ဒုတိယတစ်လုံးကို စားခြင်းပဲ ဖြစ်ပါတယ်။ မှော်ဆေးလုံးက သူ့အစာအိမ်ထဲကို ရောက်သွားတာနဲ့ အာနိသင်ကို ချက်ချင်းပဲ တွေ့မြင်နိုင်ပါတယ်။ သူ၏တိုက်ပွဲစွမ်းရည်ကို စုစုပေါင်း ကြယ်ကိုးလုံး ထိအောင်လို့ အဆင့်မြှင့်တင်မှု တစ်ခုရရှိ သွားခဲ့သည်။

အမှန်တကယ်တော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ ကြယ်ဆယ့်ငါးလုံးထိ ရောက်ရှိနေပြီး အဲဒီထက်တောင်မှ ပိုနိုင်ပါတယ်။ ပြီးတော့ အခု တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံး တိုးမြှင့်မှုနဲ့အတူ သူက ချက်ချင်းဆိုသလို နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို တစ်ဟုန်ထိုး မြင့်တက်သွားခဲ့သည်။

Chapter 641 end

Zaw.အပိုင်း(၆၄၂) ယိုဟိုင်ယွဲ့ လာရောက်ပူးပေါင်းခြင်း

ဒါက တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းပါတယ်။ သူက ပန်းဖူးအဆင့်မှာပဲ ရှိသေးတာ ဖြစ်ပြီးတော့ နတ်အသွင်ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားပါတယ်။

ဒါပေမဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲကြယ် တစ်လုံး ရှိတာနဲ့ ညီမျှပါတယ်။

မှော်ဆေးလုံးရဲ့ အာနိသင်က လျင်မြန်စွာနဲ့ ကုန်ခမ်းလာပါတယ်။ အစောပိုင်းတုန်းက လင်းဟန်က ပထမဆုံး အသွင်ပြောင်းလဲခြင်း ငါးမျိုး ကျောက်စိမ်းဆေးလုံးကို အသုံးပြုခဲ့တုန်းက တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံး မြှင့်တင်ပေးမှုကို ရရှိခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့စွမ်းရည် မြှင့်တင်မှုက ကြယ်တစ်ပွင့်ပဲ လျော့ကျတယ်ဆိုပေမဲ့ ဒါက အားပျော့လာတာပါပဲ။

ဒါနဲ့ပတ်သက်ပြီးတော့ ဘာမှမတတ်နိုင်ပါဘူး။ မှော်ဆေးလုံး အားလုံးမှာ ပြီးပြည့်စုံခြင်း အဆင့်တစ်ခု ရှိပါလိမ့်မယ်။ ပြီးတော့ မှော်ဆေးလုံးရဲ့အဆင့် ပိုမြင့်လာလေ ပြီးပြည့်စုံတဲ့ အဆင့်က ပိုများလာလေ ဖြစ်ပါလိမ့်မယ်။ အခု သူရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ကိုးလုံး တိုးလာခဲ့ပြီး နောက်တစ်ကြိမ်မှာ ကြယ်ရှစ်လုံး အဆင့်ကို လျော့ကျသွားပါလိမ့်မယ်။ တဖြည်းဖြည်းနဲ့ ကြယ်ခုနစ်လုံး ခြောက်လုံး ငါးလုံးကနေ နောက်ဆုံးမှာ အာနိသင် မရှိတာမျိုး ဖြစ်လာပါလိမ့်မယ်။

အဲဒီအဖြစ်အပျက်က လူတစ်ယောက်ရဲ့ သက်တမ်းကို

ဆွဲဆန့်နိုင်တဲ့ နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်ကို စားတာမျိုးနဲ့ တူပါတယ်။ ပထမဂျင်ဆင်းပင်က သက်တမ်း သုံးဆယ်ကို တိုးလာစေနိုင်ပေမဲ့ ဒုတိယ ဂျင်ဆင်းပင်ကတော့ တစ်ဂက်လောက်ကို လျော့ကျသွားမှာ ဖြစ်ပြီးတော့ တတိယ ဂျင်ဆင်းပင်ကို ထပ်စားရင် နောက်တစ်ကြိမ် တစ်ဂက်ခန့် လျော့ကျသွားပါလိမ့်မယ်။

စူးရှတဲ့ မာန်သွင်းသံနဲ့အတူ လင်းဟန်က သူရဲ့ဓားကို ပွေ့ယမ်းပြီးတော့ ခုတ်ချလိုက်ပါတယ်။ နောက်ဆုံးတော့ သူ့မှာ ဆေဘာဓား ဘုရင်လေးနဲ့ ဆန့်ကျင်တိုက်ခိုက်ပြီး ရင်ဆိုင်ဖို့ အရည်အချင်း ပြည့်မီလာခဲ့ပါပြီ။

သူတို့နှစ်ယောက် အကြားက တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးနဲ့ တစ်လုံးအကြား ကွာဟချက်ကြီး တစ်ခုတော့ ရှိနေပါသေးတယ်။ ဒါက လုံးဂကို လွှမ်းမိုးနိုင်ခြင်း တစ်ခု ဖြစ်ပါတယ်။

ကံကောင်းတာက မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကလည်း ဘေးတစ်ဖက်ဆီကနေ ဟန့်တားနှောင့်ယှက်နေဆဲ ဖြစ်ပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ဝေးကွာတယ် ဆိုပေမဲ့ သူတို့က

ပါရမီရှင်တွေ ဖြစ်နေပါသေးတယ်။ တစ်ယောက်က အလင်းတန်းကို ဖြစ်ပေါ်နိုင်ခဲ့ပြီး ကျန်တစ်ယောက်ကတော့ ချီအလင်း နှစ်ဆယ့်ကိုးခုကို ကျင့်ကြံထားနိုင်တာကြောင့် ဆေဘာစား ဘုရင်လေးတောင်မှ သူတို့ရဲ့ တိုက်ခိုက်မှုကို ပေါ့ပေါ့ဆဆ မနေဂုံ့ပါဘူး။

လင်းဟန်က အဓိက တိုက်ခိုက်သူ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ နောက်ဆုတ်လိုက် ရှေ့တိုး တိုက်ခိုက်ပြီး ဆေဘာစား ဘုရင်လေးကို တိုက်ခိုက်လိုက်နဲ့ အရမ်းကို အလုပ်ရှုပ်နေပါတယ်။ မြားပစ်စွမ်းရည်ရဲ့ အစွမ်းက လုံလောက်တဲ့ အကွာအဝေးမှာပဲ ထုတ်ဖော်လို့ ရတာဖြစ်ပြီး အနီးကပ် တိုက်ပွဲမှာတော့ မြားပစ်စွမ်းရည်ကို အသုံးပြုဖို့အတွက် နေရာမရှိပါဘူး။

ဒါပေမဲ့လည်း လျှပ်စီးရဲ့ အလင်းတွေက သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ပိုင်းရုံလျက် ရှိပါတယ်။ ဒါက ရှေးဟောင်းအချိန်က ကြီးကျယ်ခမ်းနားတဲ့ လျှို့ဂှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပါတယ်။ လျှပ်စီးအလင်းတန်းရဲ့ စွမ်းအားက အရမ်းကို ကြောက်စရာကောင်းပြီးတော့ တိုက်ခိုက်ပြီးတဲ့ နောက်မှာ ထိမှန်ခံလိုက်ရတဲ့လူက ခြေတွေလက်တွေ မာတောင့်သွားတဲ့ ခံစားမှုကို တွေ့ကြုံရရုံသာမက

မူလစွမ်းအား လည်ပတ်ခြင်းကိုလည်း အဟန့်အတား ဖြစ်စေပါလိမ့်မယ်။ ဒါက ဆေဘာဓား ဘုရင်လေးရဲ့ တိုက်ပွဲစွမ်းရည်ကို အကြီးအကျယ် လျော့ကျသွားစေပါတယ်။

ဒါက ဆေဘာဓား ဘုရင်လေးကို ဒေါသထွက်သွားစေခဲ့ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ အကြောင်းကို ပိုပြီးတော့တောင်မှ စဉ်းစားသွားစေခဲ့ပါတယ်။ တကယ်လို့ သူသာ ဒီလျှို့ပုက်ဆန်းကြယ် စွမ်းအားကို လေ့လာသင်ယူနိုင်ခဲ့မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို နောက်ထပ် ကြယ်ငါးပွင့်တောင် မြင့်တက်လာနိုင်ပါတယ်။ မဟုတ်ဘူး ဆယ်ပွင့်ထိ မြင့်နိုင်တယ်။

ဒီအကြောင်းကို စဉ်းစားလိုက်ရင် သူက စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်နဲ့ နတ်အသွင်ပြောင်းလဲခြင်း အဆင့် အလွှာကိုးမှာရှိတဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ကို သတ်ပစ်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။

သူ့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ တောက်လောင်လို့ လာပြီးတော့ သူ့ဆေဘာဓားနဲ့ တစ်ဟုန်ထိုး ပြေးဝင်ပြီး

ခုတ်ချကာ လင်းဟန်ကို အဆက်မပြတ် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က မို့စ္စာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုလိုက်သည်။ သူက အဓိက တိုက်ခိုက်သူ ဖြစ်ပေမဲ့ ဆေဘာစား ဘုရင်လေးကို သူ့ခွန်အားလောက်နဲ့ တိုက်ရိုက်ထိပ်တိုက် ရင်ဆိုင်ဖို့အထိ မအေသေးပါဘူး။ သူတို့နှစ်ယောက် အကြားမှာ ကြီးမားတဲ့ ကွာဟချက်ကြီးတစ်ခု ရှိနေပါသေးတယ်။ ပြီးတော့ သူ့မှာ ဆေဘာစား ဘုရင်လေးနဲ့ မျက်နှာချင်းဆိုင်ပြီး အသေအကြေ တိုက်ပွဲဝင်ဖို့အထိတော့ အရည်အချင်း မရှိသေးပါဘူး။

ဆေဘာစား ဘုရင်လေးက သည်းမခံနိုင်လောက်တဲ့ လွှမ်းမိုးခြယ်လှယ်မှုကို ထုတ်ဖော်ပြသ နေပါတယ်။ သူ့က ထိပ်တန်းပါရမီရှင် သုံးယောက်ကို ရင်ဆိုင်တိုက်ခိုက်နေတာကို အသာထား သူက အရေးနိမ့်တဲ့ ဘက်ခြမ်းမှာ မဟုတ်သလို လုံးဝကို အသာစီး ရယူထားနိုင်ပါတယ်။

သူတို့အနားမှာ လူထောင်ပေါင်းများစွာက အံ့အားတကြီးနဲ့ ကြည့်နေကြပါတယ်။ သူတို့အားလုံးက ဒီလူလေးယောက်ရဲ့ အစွမ်းထက်မှုတွေကြောင့် အံ့အားသင့် နေခဲ့ကြပါတယ်။

ဆေဘာခါး ဘုရင်လေးက သန်မာပါတယ်။ ဒါပေမဲ့ လင်းဟန်နဲ့ သူ့သွေးသောက် အစ်ကိုနှစ်ယောက်ကလည်း အားမနည်းပါဘူး။ တကယ်တော့ ကျင့်ကြံခြင်းအဆင့် ကွာဟချက်ပဲ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့အားလုံးက ကျင့်ကြံခြင်း အဆင့်အတူတူ တိုက်ခိုက်ကြမယ်ဆိုရှိ ဘယ်သူအနိုင်ရပြီး ဘယ်သူက ရှုံးနိမ့်မလဲ ဆိုတာကို ခန့်မှန်းရ ခက်ခဲပါလိမ့်မယ်။

ရှပ်။

ဒါပေမဲ့ အဲဒီအခိုက်အတန့်မှာ နောက်ထပ်ပုံသဏ္ဍာန်တစ်ခု ပေါ်လာပြီးတော့ သူတို့ဆီကို ဓားတစ်လက် ကိုင်ထားပြီး တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ဘယ်သူများလဲ။

အဲဒီပုံရိပ်က ဓားကိုတစ်ချက် ဝှေ့ယမ်းခုတ်ပိုင်းလိုက်တာနဲ့ ဓားချီအလင်း နှစ်ဆယ့်ကိုးခုက ထွက်ပေါ်လာခဲ့ပါတယ်။

အားလုံးပဲ မှင်တက်အံ့ဩ သွားခဲ့ကြပါတယ်။ ဒီကဗ္ဗာကြီးက ဘာတွေဖြစ်နေတာလဲ။ လူတစ်ယောက်က ချီအလင်း

ဆယ်ခုကို ဖြစ်ပေါ်စေပြီး သူ့ချီတွေကို သိပ်သည်းကျစ်လျစ်ပြီးတော့ အလင်းတန်း တစ်ခုဖြစ်အောင် လုပ်နိုင်ရင်ပဲ သူ့ကိုယ်သူ အုပ်ချုပ်သူတွေအထဲက အုပ်ချုပ်သူလို့ ခေါ်ဆိုင်နိုင်ပါတယ်။ ပြီးတော့ ချီအလင်း ဆယ့်တစ်ခု ဒါမှမဟုတ် ဆယ့်နှစ်ခု ထုတ်ဖော်နိုင်တဲ့ အရေအတွက်က အရမ်းကို နည်းပါးလွန်းပါတယ်။ ဒါပေမဲ့ အခုတော့ ဒီလူတွေက ချီအလင်း နှစ်ဆယ့်ကိုးခုကို အောင်အောင်မြင်မြင်နဲ့ ကျင့်ကြံနိုင်ပြီး ကြည့်ရတာ သူတို့က ဒီနေ့ခေတ်ရဲ့ အဆန်းတကြယ်ပုံစံမျိုး မဟုတ်တော့တဲ့ အတိုင်းပါပဲ။

ဒီတိုက်ခိုက်မှုက ဆေဘာခား ဘုရင်လေးကို ရည်ရွယ်ထားပါတယ်။

"ယိုဟိုင်ယွဲ့"

ဆေဘာခား ဘုရင်လေးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူက ခားချီတွေကို သူ့ဆေဘာခားနဲ့ ခုတ်ပိုင်းလိုက်ပါတယ်။ ထန်။ ခားချီတွေက ချက်ချင်းပဲ ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့ သူလည်းပဲ အခုဆိုရင် လင်းဟန်ရဲ့ တိုက်ခိုက်မှုကြောင့် အရမ်းကို အလုပ်များနေပါတယ်။

ကမ္ဘာ့နံပါတ်နှစ် ဓားသမား ယိုဟိုင်ယွဲ့။

ရုတ်တရက် လှုပ်ရှားလာတဲ့ လူက ယိုဟိုင်ယွဲ့ ဖြစ်နေလိမ့်မယ်လို့ ဘယ်သူက ထင်မှတ်ထားမှာလဲ။

လင်းဟန်တောင်မှ အနည်းငယ် မှင်တက်သွားခဲ့ပါတယ်။ သူနဲ့ ယိုဟိုင်ယွဲ့အကြားမှာ သူငယ်ချင်း ဆက်ဆံရေးမျိုး မရှိပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူက အခုလိုမျိုး အရမ်းကို ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်လို လုပ်နေတာလဲ။

"ဒီလူက ငါ့ရဲ့ပြိုင်ဘက်ပဲ။ ငါ့လက်နဲ့ပဲ သေရလိမ့်မယ်"

ယိုဟိုင်ယွဲ့က ဓားကို လက်ထဲမှာ ကိုင်ထားပြီးတော့ မားမားမတ်မတ် ရပ်လိုက်ပါတယ်။ တောင်လေ တိုက်ခတ်သွားသလိုမျိုး သူ့အကျီစတွေက လေထဲမှာ မျောလွင့်နေပြီး သူ့ပုံစံကို ကြည့်ရတာ တန်ခိုးရှင်တစ်ပါး ဆင်းသက်လာတာနဲ့ တူပါတယ်။

ဆေဘာဓား ဘုရင်လေးက ဒေါသထွက်သွားခဲ့ပါတယ်။ ဒါက မင်းရဲ့ လပြွတ်အကြောင်းပြချက် တစ်ခုလား။ သူက ယိုဟိုင်ယွဲ့ကို မျက်နှာထားတင်းတင်းနဲ့ ကြည့်ပြီးတော့

ပြောလိုက်ပါတယ်။

"မင်းက အဆင့်မမီသေးဘူး။ တကယ်လို့ မင်းလိုမျိုးလူ ဆယ်ယောက်ရှိမယ်ဆိုရင်တောင်မှ မင်းကသူ့ပြိုင်ဘက် ဖြစ်လိမ့်မှာ မဟုတ်ဘူး"

ယိုဟိုင်ယွဲ့က သူ့ရဲ့စကားတွေကို လုံးဝကို ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"မင်းက ငါ့ထက် နှစ်အနည်းငယ် ပိုပြီးတော့ ကျင့်ကြံအားထုတ်ခဲ့တယ်။ တကယ်လို့ ငါတို့က တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ တိုက်ခိုက်မယ် ဒါမှမဟုတ် အသက်အရွယ် တူမယ်ဆိုရင် ငါမင်းကို အနိုင်ယူဖို့ဆိုတာက အသေးအမွှားပဲ။ ဆေဘာဓားဘုရင်လေး ငါမင်းကို ဘယ်တုန်းကမှ စိတ်ထဲမှာ အလေးအနက် မထားဖူးဘူး။ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ကြီးကျယ်ခမ်းနားဆုံး ပါရမီရှင်က ရှန့်ရှီရန်ပဲ။ သူတစ်ယောက်ပဲ ငါ့ရဲ့ပြိုင်ဘက် ဖြစ်လာဖို့ အရည်အချင်းပြည့်မီတယ်"

ဆေဘာဓား ဘုရင်လေးက ဒေါသမထွက်ပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဒါက သူ့ကို နှိမ့်ချစော်ကား လိုက်တာပါပဲ။ သူ့ရဲ့ဆေဘာဓားကို ပွေ့ပြီးတော့ ပြောလိုက်ပါတယ်။

"ယိုဟိုင်ယွဲ့ မင်းသေချင်နေတာလား"

"မင်းမှာ ငါ့ကို သတ်နိုင်မဲ့ စွမ်းရည်ရှိလို့လား"

ယိုဟိုင်ယွဲ့ သူ့ရဲ့ဓားကို လက်ထဲမှာ ဆုပ်ကိုင်ပြီးတော့ အရှေ့ကို တက်လာပြီး လင်းဟာန်နဲ့အတူ အင်အားပူးပေါင်းပြီးတော့ ဆေဘာဓား ဘုရင်လေး ရင်ဆိုင်လိုက်ပါတယ်။

သူလည်းပဲ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။ ဒါပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလွှာသုံးပဲ ရှိပါသေးတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြောက်စရာ ကောင်းလောက်အောင် မြင့်မားပြီးတော့ အရမ်းကို အံ့အားသင့်စရာ ကောင်းနေဆဲပါပဲ။ သူကိုင်ထားတဲ့ ရတနာ ဓားကလည်း အဆင့်မြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ နည်းစနစ် တစ်သောင်းကနေ တစ်ခုသိုင်းကွက်ကို ထုတ်ဖော်လိုက်ရင် အံ့အားသင့်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားရှိပြီးတော့ ဆေဘာဓား ဘုရင်လေးတောင်မှ သူနဲ့ရင်ဆိုင်ရရင် အရမ်းကို သတိဂီရိယ ထားရပါလိမ့်မယ်။

ယိုဟိုင်ယွဲ့လည်း အလင်းတန်း အတုအယောင်တစ်ခုကို သိပ်သည်းကျစ်လျစ် ခဲ့ပါတယ်။ သူက ကြီးမားတဲ့ အဟန့်အတားကြီး တစ်ခုဖြစ်တဲ့ ချီအလင်း သုံးဆယ်ကို မရောက်သေးတာကြောင့် အလင်းတန်းအဖြစ် ဖြစ်ပေါ်ဖို့ မရွေးချယ်ထားပါဘူး။ အဲဒီလိုမှ မဟုတ်ရင် အဲဒီအချိန်ကျရင် နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုတိုက်ကွက်ကို အသုံးပြုလိုက်မယ်ဆိုရင် ဖျက်ဆီးခြင်း စွမ်းအားက ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ သူလည်းပဲ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင် နည်းစနစ်ကို သိနားလည်ထားပြီး ကံမကောင်းတာက အလယ်ပိုင်းဒေသကို ရောက်လာပြီးတဲ့နောက်မှာ အဲဒီသိုင်းကွက်ကို မဆင်မခြင်နဲ့ အသုံးမပြုဂုံ့ပါဘူး။ တကယ့်ကို သေခြင်းရှင်ခြင်း ဆုံးဖြတ်ရတော့မဲ့ အချိန်တစ်ခုကို ရောက်လာမဲ့ အချိန်ကျရင်တော့ သူ့အနေနဲ့ မလွဲမသွေ အသုံးပြုရ ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူက အခု အဓိက တိုက်ခိုက်သူ ဖြစ်ပြီးတော့ ဆေဘာစား ဘုရင်လေးရဲ့ တိုက်ရိုက်တိုက်ခိုက်မှုတွေကို တားဆီးပြီး ယိုဟိုင်ယွဲ့၊ မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့က

သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ တည်တည်ငြိမ်ငြိမ် ထုတ်ဖော်နိုင်ပြီးတော့ ဆေဘာဓား ဘုရင်လေးကို ခြိမ်းခြောက်နေကြပါတယ်။

ဒီအခြေအနေကို ကြည့်ရုံနဲ့ လင်းဟန်နဲ့ တခြားလူတွေက ကြိုးတစ်ချောင်းပေါ်မှာ လမ်းလျှောက် နေရသလိုမျိုး တစ်ချက်လေးမှ အတိမ်းအစောင်း မခံနိုင်ဘူး ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဆေဘာဓား ဘုရင်လေးက နိုင်ပွဲရလိမ့်မယ်လို့ သေချာတဲ့ ပုံစံမျိုး မရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူက နည်းနည်းလေးလောက် သတိမထားမိဘူးဆိုရင် ဒီကစားပွဲ တစ်ခုလုံး ရှုံးနိမ့်သွားနိုင်ပြီး ယိုဟိုင်ယွဲ့နဲ့ ကျန်တဲ့နစ်ယောက်ကြောင့် ပျက်စီးသွားနိုင်ပါတယ်။

အထူးသဖြင့်တော့ ယိုဟိုင်ယွဲ့ပါပဲ။ သူ့ရဲ့ နည်းစနစ်ပေါင်း တစ်ထောင်မှ တစ်ခုသို့ သိုင်းကွက်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။

"သေစမ်းကွာ"

ဆေဘာဓား ဘုရင်လေးက ဒေါသနဲ့ အော်ဟစ်လိုက်ပြီးတော့ ပြတ်ပြတ်သားသားကို ချာခနဲ လှည့်ပြီးတော့

ထွက်သွားပါတယ်။ ထိပ်တန်းပါရမီရှင် လေးယောက်က အတူတကွ ပူးပေါင်းပြီး တိုက်ခိုက်နေပြီး တကယ်လို့ သူ့မှာ ကျင့်ကြံခြင်းအဆင့်နဲ့ ပတ်သက်ပြီးတော့ လုံးဝကို အားသာချက် ရှိနေရင်တောင် သူတို့ကို ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။ ဆက်ပြီးတော့ တိုက်ခိုက်နေတာက လုံးဝကို အဓိပ္ပါယ် ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူက သူ့အရှုံးနဲ့ အနိုင်ကို ရဲရဲပုံ့ပုံ့ လက်ခံနိုင်တာကြောင့် သူကထွက်သွားခဲ့တာပါ။ လင်းဟန်ရဲ့ ဘေးနားမှာ ပါရမီရှင် အများကြီးက အမြဲတမ်း နေနိုင်လိမ့်မှာ မဟုတ်ဘူးလို့ သူယုံကြည်ထား ပါတယ်။

လပြွတ်ပဲကွာ။ သူနဲ့အတူ စိန်အဆင့် ယန္တရားရုပ်ကို မယူလာခဲ့ရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆို နတ်အသွင် ပြောင်းလဲခြင်းအဆင့် ယန္တရားရုပ်တစ်ခုနဲ့ဆို ဒီလူလေးယောက်ကို အမြစ်ဖြုတ် သုတ်သင်ပစ်ဖို့ဆိုတာ အသေးအဖွဲ့ကိစ္စလေး တစ်ခုပါပဲ။

လင်းဟန်က သူ့ရဲ့ဓားကို ပြန်သိမ်းလိုက်ပြီးတော့ ယိုဟိုင်ယွဲ့ကို ကြည့်ပြီး ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"ယိုဟိုင်ယွဲ့ မင်းတကယ်ပဲ ဂင်ပါလိမ့်မယ်လို့

ငါမထင်ထားမိဘူး"

"ဟင့်။ ငါမင်းကို ကူညီနေတာ မဟုတ်ဘူး။ ဆေဘာဓား ဘုရင်လေးက သူ့ရဲ့အထွတ်အထိပ် ခွန်အားကို အသုံးပြုပြီးတော့ မမျှတတဲ့ အားသာချက်နဲ့ တိုက်ခိုက်နေတာကို မနှစ်သက်လို့ပဲ။ နောက်ပြီးတော့ ငါကပဲ မင်းရဲ့အသက်ကို အဆုံးသတ်ပေးမဲ့ လူဖြစ်ရမယ်။ ဒီစကားကို ငါဟိုးအရင်ကတည်းက ပြောခဲ့ဖူးတယ်"

ယိုဟိုင်ယွဲ့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဟားဟားဟား ငါပိုပြီးတော့ ကျေးဇူးတင်သွားပြီ"

လင်းဟန်က ယိုဟိုင်ယွဲ့ရဲ့ ပခုံးပေါ်ကို ရင်းနှီးစွာနဲ့ လက်နဲ့ပုတ်လိုက်ပါတယ်။ ဒီကောင်က တကယ်ပဲ အတော်လေးကို စိတ်ဂင်စားစရာကောင်းတယ်လို့ ခံစားရပါတယ်။

"ငါနဲ့ အရမ်းကို ရင်းနှီးနေသလိုမျိုး မလုပ်နဲ့။ ငါက မင်းသူငယ်ချင်း မဟုတ်ဘူး"

ယိုဟိုင်ယွဲ့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါတို့က သူငယ်ချင်းတွေ မဟုတ်ဘူးဆိုရင်တောင် ကိစ္စမရှိပါဘူး။ လာကွာ။ ငါတို့တွေ နည်းနည်းလောက် သောက်ကြတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ယိုဟိုင်ယွဲ့ကို အတင်းအကျပ် ဆွဲပြီး ထိုင်ခိုင်းလိုက်ပါတယ်။

"ရွှမ်အာ"

ယိုဟိုင်ယွဲ့က အရမ်းကို ပြတ်ပြတ်သားသားနဲ့ မငြင်းဆန်ခဲ့ပါဘူး။ သူက မြေပြင်ပေါ်ကို ထိုင်ချ လိုက်တာနဲ့ ချက်ချင်းပဲ ကျူးရွှမ်အာဆီကို ကြည့်လိုက်ပါတယ်။ သူမရဲ့ မျက်နှာကို မြင်လိုက်ရတဲ့ အခါမှာတော့ သူက အရမ်းကို အံ့အားသင့် သွားမိခဲ့ပါတယ်။

ဒီအမျိုးသမီးက ဘယ်သူလဲ။

ကျူးရွှမ်အာက ပြုံးရုံပဲ ပြုံးပြပြီးတော့ ခပ်လှမ်းလှမ်း နေရာမှာပဲ နေနေပါတယ်။

ယိုဟိုင်ယွဲ့က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်

ကောက်ကြောင်းကို ကြည့်လိုက်ရင် သေချာပေါက် ကျူးရှွမ်အာပါပဲ။ ဒါကြောင့် သူမရဲ့ နာမည်ကို သူကခေါ်လိုက်တဲ့အခါမှာ သူမက ပြန်တုံ့ပြန်ခဲ့ပါတယ်။

ဒါက တကယ်ပဲ ကျူးရှွမ်အာလား။ သေချာပေါက် သူ့ရဲ့ကျူးရှွမ်အာ မဟုတ်ပါဘူး။

Chapter 642 end

Zaw.အပိုင်း(၆၄၃) ကောင်းကင်တိမ် ခရမ်းမိုးကြိုး

ယိုဟိုင်ယွဲ့က သည်းမခံနိုင်လောက်အောင် နာကျင်သွားသလို ခံစားလိုက်ရသည်။

သူ့ရဲ့ ကျူးရှွမ်အာက အမှန်တကယ်ပဲ ဒီလိုပုံစံမျိုးလား။

မြောက်ပိုင်းဒေသမှာ သူမရဲ့ပုံသဏ္ဍာန်နဲ့ ထူးခြားတဲ့ ပင်ကိုအရည်အသွေးကို ထုတ်ဖော်ပြရုံနဲ့ သူ့ကို ဆွဲဆောင်နိုင်ပါတယ်။ သူ့အနေနဲ့ သူမအတွက်ဆို ဒူးထောက်ဖို့ ဂန်မလေးပါဘူး။ ဒါပေမဲ့ အခုတော့ သူမရဲ့ အစစ်အမှန် သွင်ပြင်ကို မြင်ပြီးတဲ့နောက်မှာ သူ့နှလုံးသားကို တစ်စုံတစ်ယောက်က ဓားထက်ထက်နဲ့ လှီးနေသလိုမျိုး ခံစားရပါတယ်။

ဒီကွာဟချက်က တကယ်ပဲ အရမ်းကို ကြီးမားပါတယ်။

ပြီးတော့ အခုလိုပုံစံမျိုးနဲ့ သူ့ရဲ့ပထမဆုံး အချစ်က ဘာမှမဟုတ်တော့ပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ယိုဟိုင်ယွဲ့ရဲ့ ပခုံးတွေ အနားမှာ လက်တစ်ဖက် ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ယိုကလေး တကယ်လို့ မနက်ဖြန် ငါတို့တွေ အသေအကြေ တိုက်ခိုက်မယ်ဆိုရင်တောင် အဲဒါက မနက်ဖြန်မှ ဖြစ်ပျက်လာမဲ့ ကိစ္စပဲလေ။ ဒီနေ့အတွက် ကျေးဇူးတင်တယ်။ လာလာ ငါတို့ နည်းနည်းလောက် သောက်ကြရအောင်။ မမူးမချင်း ဘယ်သူမှ အိမ်မပြန်ရဘူး"

ယိုဟိုင်ယွဲ့လိုမျိုး ထူးချွန်ထက်မြက်ပြီး စည်းကမ်းကြီးတဲ့ လူတစ်ယောက် အတွက်တော့ သူ့ကိုယ်သူ အမူးသောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အခုတော့ သူ့ရဲ့ပြဿနာတွေ အားလုံးကို မေ့ပစ်နိုင်ဖို့အတွက် သူမူးအောင်လို့ သောက်ပစ်ချင်ပါတယ်။ စကားတစ်ခွန်းမှ မဆိုပဲ သူက ထိုင်ချလိုက်ပြီးတော့

ဘယ်သူပဲ သူ့ကိုထည့်ပေးပေး မငြင်းဆန်ပဲ သောက်နေပါတယ်။ သူက တစ်ခွက်ပြီးတစ်ခွက် အရမ်းကို လျင်မြန်စွာနဲ့ တစ်ဂျိုက်ပြီးတစ်ဂျိုက် သောက်နေပြီး မကြာခင်မှာ မူးပြီးတော့ မှောက်သွားခဲ့ပါတယ်။

"ဟားဟားဟား အရက်ပြင်းပြင်း မသောက်ဖူးဘူးနဲ့တူတယ်"

မိုးရေဇကေရာဇ်က ရယ်မောပြီးတော့ မှတ်ချက်ပေးလိုက်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က အဓိပ္ပါယ်ပြည့်ဝတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"လူတစ်ယောက်က စိတ်ညစ်နေတဲ့ အချိန်မှာ အရက်သောက်မယ်ဆိုရင် အရက်မူးဖို့ ပိုပြီးတော့ လွယ်ကူတယ်"

နောက်တစ်ရက် ယိုဟိုင်ယွဲ့ နိုးထလာတဲ့ အချိန်မှာ ကျောက်တုံးတစ်တုံး အပေါ်မှာ သူတစ်ယောက်တည်း လဲလျောင်းနေတာကို တွေ့လိုက်ရပါတယ်။ ခြေထောက်ကို အားပြုပြီး မတ်တပ်ထရပ်လိုက်တဲ့ အခါမှာ သူက ခေါင်းကိုက်သလိုမျိုး ခံစားလိုက်ရပါတယ်။ အရက်နာကျတဲ့

ဒဏ်ကတော့ တော်တော်လေးကို ဆိုးပါတယ်။ သူကခေါင်းကို ခါလိုက်ပြီး အနာဂတ်မှာ လုံးဝကို မသောက်တော့ဘူးလို့ ကျိန်ဆိုလိုက်ပါတယ်။

သူက မိုးကောင်းကင်ပေါ်ကို မော့ကြည့်ပြီးတော့ လှောင်ပြုံးပြုံးလိုက် မိပါတယ်။

အရင်တုန်းက သူ့ကိုယ်သူ ကျူးရှမ်အာရဲ့ အလိုကျ ဆောင်ရွက်ပေးဖို့ အဆင်သင့် ဖြစ်နေပြီး သူမရဲ့ မျက်နှာသာပေးမှုကို ရရှိဖို့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သူကတကယ်ပဲ သူမကို ချစ်ခင်မိသွားခဲ့တာလား။ သူမရဲ့ မျက်နှာအစစ်အမှန်ကို သူက ဘယ်တုန်းကမှ မမြင်တွေ့ဖူးခဲ့ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမအတွက် စစ်မှန်တဲ့ ခံစားချက်တွေ ဖြစ်ပေါ်လာလိမ့်မှာလဲ။

ဒါက အရမ်းကို ရိုးရှင်းပါတယ်။ သူ့ရဲ့ကိုယ်ပိုင် ခံစားချက်ကို သူကိုယ်တိုင် လိမ်လည်လှည့်ဖြား နေခဲ့ပြီး သူမရဲ့ ပုံသဏ္ဍာန်က အရမ်းကို လှပချောမောလိမ့်မယ်လို့ ထင်နေခဲ့တာကြောင့် သူမကို လုံးဝသဘောကျနေခဲ့တာ ဖြစ်ပြီးတော့ အခုသူ့အိပ်မက်တွေက ပျက်စီးသွားခဲ့ပါပြီ။

အခုက စပြီးတော့ သူ့ရဲ့အာရုံတွေ အားလုံးကို သိုင်းပညာ အပေါ်မှာပဲ အပြည့်အဝ အာရုံစိုက် ထားပါတော့မယ်။

ယိုဟိုင်ယွဲ့ရဲ့ အတွေးတွေက ရှင်းလင်းနေပြီး ချက်ချင်းဆိုသလို သူ့မျက်နှာပေါ်မှာ အရမ်းကို ကျေနပ်ပျော်ရွှင်တဲ့ ခံစားချက်တစ်ခု ဖြစ်ပေါ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဓားချီအလင်း သုံးဆယ်ခုမြောက်ရဲ့ အတားအဆီးကို ထိတွေ့မိခဲ့ပါတယ်။ တကယ်ပါ။ ကြီးမားတဲ့ စိတ်ခံစားချက် တစ်ခုက ကသောင်းကနင်းဖြစ်ပြီးတော့ အရမ်းကို လွှမ်းမိုးမှုတစ်ခု ဖြစ်သွားပြီး ချီအပေါ်မှာ ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ အရင်တုန်းက ဘယ်လောက်ပဲ သူကြိုးစားပြီး ကျင့်ကြံပါစေ ဓားချီအလင်း သုံးဆယ်ခုမြောက်ရဲ့ လိုရင်းကို မရနိုင်ခဲ့ပါဘူး။

"လူငယ်မျိုးဆက်တွေထဲမှာ နံပါတ်တစ် လူက ငါပဲ ဖြစ်ချင်တယ်"

သူက ပြင်းပြင်းပြပြနဲ့ ကြေညာလိုက်ပြီး ချစ်ခြင်းမေတ္တာအပေါ်မှာ သူ့ရဲ့စိတ်ပျက်မှုတွေကို လုံးဝကို မေ့ဖျောက်ပစ်လိုက်ပါတယ်။ ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေမှာ ကိုယ့်စည်းကမ်းနဲ့ကိုယ် နေတဲ့ အပေါ်မှာ ဘယ်အရာမှ မသာလွန်နိုင်ပါဘူး။

လင်းဟန်က နောက်ထပ်ငါးရက် စောင့်နေခဲ့ရပါတယ်။ ကန်းရီက ကောင်းကင်ဓားဂိုဏ်းရဲ့ တပည့်ပြန်ရောက်လာတာကို စောင့်နေဆဲ ဖြစ်ပြီးတော့ အဲဒီအချိန်မှာ သူတို့ဆီကို နောက်ထပ် သတင်းအပိုင်းအစတွေ ရောက်လာခဲ့ပါတယ်။ မဟာအလင်းတောင်တွေမှာ ငလျင်တစ်ခု လှုပ်ခတ်သွားပြီး ကြီးကျယ်ခမ်းနားတဲ့ ရတနာတစ်ခု ထွက်ပေါ်လာတယ်လို့ ထင်ရပါတယ်။ လျှပ်စီးအလင်းတွေက မိုးကောင်းကင်ထိအောင် လင်းလက်တောက်ပနေပြီး ကောင်းကင်ပေါ်မှာ ထွန်းလင်းနေပါတယ်။

ဒီအချက်က လူတွေအများကြီးက မဟာအလင်းတောင်တန်းဆီကို ဦးတည်ပြီးတော့ ထွက်ခွာသွားခဲ့ ကြပါတယ်။ အဲဒီတောင်တန်းက ပန်းပေါင်းစုံပျံ့ နိုင်ငံမှာ တည်ရှိပြီး တစ်ရက် နှစ်ရက်နဲ့ အဲဒီနေရာကို ရောက်သွားနိုင်ပါလိမ့်မယ်။

ကန်းရီကို စောင့်နေပြီး လင်းဟန်က နောက်ကွယ်မှာပဲ တည်တည်ငြိမ်ငြိမ်နဲ့ နေနေပါတယ်။ နောက်ပြီးတော့ လျှပ်စီးအလင်းတွေက အဆုံးမဲ့ ရတနာတစ်ခု တကယ်ပဲ ထွက်ပေါ်လာတယ်လို့ မဆိုလိုပါဘူး။ အရင်တုန်းက

သူရဲ့ခန္ဓာကိုယ်ထဲကို လျှပ်စီးအလင်းတန်းတွေ လမ်းညွှန်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ကျင့်ကြံတုန်းကလည်း လျှပ်စီအလင်းတွေ တစ်ညနဲ့ တစ်ရက်လုံး တောက်ပနေခဲ့တယ် မဟုတ်လား။

ဘယ်သူသိမှာလဲ။ ဒါက လျှပ်စီးအမျိုးအစား နည်းစနစ်တစ်ခုကို ကျင့်ကြံအားထုတ်နေတဲ့ လူတစ်ယောက်က လက်ရှိမှာ သူ့ရဲ့ကျင့်ကြံခြင်းအထဲ အရေးကြီးတဲ့ အဆင့်ကို ရောက်နေတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က စိတ်ရှည်လက်ရှည်နဲ့ စောင့်နေပေမဲ့ မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့က ထွက်သွားကြပါပြီ။ တကယ်လို့ အဲဒီနေရာမှာ မိုးကြိုးလျှပ်စီး လက္ခဏာရှိတဲ့ ရတနာတချို့ ရှိနေမယ်ဆိုရင် သူတို့က သေချာပေါက် လင်းဟန်အတွက် ပြန်ယူလာမယ်လို့ ပြောပါတယ်။ ဒါမှပဲ လင်းဟန်က မိုးကြိုးလျှပ်စီးရဲ့ ခန္ဓာကိုယ် တစ်ခုကို အစစ်အမှန် ဖြစ်ပေါ်နိုင်ပါလိမ့်မယ်။

ဒါက သူ့ရဲ့ သွေးသောက် အစ်ကိုနှစ်ယောက်ရဲ့ ရိုးသားမှုပဲ ဖြစ်ပါတယ်။ ဒါက လင်းဟန်အတွက် ငြင်းပယ်ဖို့ မသင့်တော်ပါဘူး။ ဒါကြောင့် သူတို့ထွက်သွားတာကိုပဲ သူ့အနေနဲ့ စောင့်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က မိုးကြိုးလျှပ်စီး ခန္ဓာကိုယ် တစ်ခုကို ဖြစ်ပေါ်ဖို့ တကယ်ပဲ အရမ်းကို လိုချင်ပါတယ်။ လက်ရှိမှာတော့ သူ့ရဲ့လှုပ်ရှားမှုမှာ လျှပ်စီးအလင်းတန်းကို ပေါင်းထည့်ပြီး အရှိန်အဟုန် မြှင့်တင်နိုင်လို့ပဲ ရပါတယ်။ ဒါပေမဲ့ တကယ်လို့ သူသာ လျှပ်စီးအလင်းတန်း ဖြစ်လာမယ်ဆိုရင် သူ့ရဲ့အမြန်နှုန်းက နောက်ထပ်အဆင့်တစ်ခုကို တိုးသွားပြီးတော့ ဟူးညိုနဲ့ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။

"မဟာအလင်းတောင်တန်းက အကန့်အသတ်မဲ့ တောင်တွေ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းသုံးသပ် ထားတဲ့ တောင်ထဲက တစ်ခုမဟုတ်လား"

ကျူးရွှမ်အာက လင်းဟန်ကို မေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"သဟဇာတ နန်းတော် ခန်းမက အဲဒီနေရာမှာ တကယ်ပဲ ရှိနေတဲ့ အထိတော့ တိုက်ဆိုင်လိမ့်မှာ မဟုတ်ပါဘူး"

အဲဒါက မဖြစ်နိုင်စရာတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့

ဇီရှုရှန်းက လျှပ်စီးအလင်းတန်းရဲ့ စွမ်းအားကို ကျင့်ကြံထားသူ ဖြစ်ပြီးတော့ မဟာအလင်းတောင်တန်းမှာ လျှပ်စီးအလင်းတွေက မိုးထိအောင် ထိုးတက်နေတာက တကယ်ပဲ အရမ်းကို တိုက်ဆိုင်လွန်းနေပါပြီ။

"ငါတို့နောက်ထပ် တစ်ရက်လောက် ထပ်စောင့်ကြတာပေ့ါ။ တကယ်လို့ ကန်းရီဆီက ဘာသတင်းမှ မထူးဘူးဆိုရင် ငါတို့လည်း ထွက်သွားကြတာပေ့ါ"

လင်းဟန်က တစ်ချက်လောက် သွားကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း ကန်းရီက အဲ့ဒီနေ့ ညမှာပဲ ရောက်လာခဲ့ပြီး သတင်းဆိုးကြီး တစ်ခုကို သယ်လာခဲ့ ပါတယ်။ ကောင်းကင်ဓားဂိုဏ်းရဲ့ အစစ်အမှန်တပည့် ဖြစ်သူက ရှေးဟောင်းမြေပုံ တစ်ခုကို ပြန်ယူလာနိုင်စွမ်း မရှိခဲ့ပါဘူး။ သူပြောတာတော့ သူ့ဂိုဏ်းက အဲ့ဒါကို အရမ်းပဲ အစောင့်အကြပ် ထူထပ်အောင် ချထားပြီး အထွတ်အထိပ်အဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခု ဒါမှမဟုတ် သိုင်းပညာ နည်းစနစ်တွေလိုမျိုး သေချာစောင့်ကြပ်ထားပါတယ်။ အပြင်လူတွေကို အဲ့ဒီပစ္စည်း မြင်တွေ့သွားခွင့် လုံးဝကို မပြုပါဘူး။

အပြင်လူတွေက အဲဒီမြေပုံကို မကြည့်နိုင်ရုံတင် မကပါဘူး။ တကယ်လို့ သူတို့ရဲ့ တပည့်တွေက ရှေးဟောင်းမြေပုံကို လေ့လာချင်တယ် ဆိုရင်တောင်မှ သူတို့အနေနဲ့ သတ်မှတ်ထားတဲ့ အဆင့်တစ်ခုကို ရောက်ရှိဖို့ လိုအပ်ပါတယ်။ ဥပမာ ကောင်းကင်အဆင့် ဒါမှမဟုတ် ယိုဟိုင်ယွဲ့လို ပါရမီရှင် တပည့်မျိုး ဖြစ်ရပါမယ်။

လပြွတ်ပဲ။

လင်းဟန်က ကျိန်ဆဲမိ လိုက်ပါတယ်။ ဒါက မြေပုံလေး တစ်ခုပဲကို။ အဲဒါကို ရတနာ တစ်ခုလိုမျိုး စောင့်ရှောက်ဖို့ လိုအပ်လို့လား။

သူတို့တွေ တစ်စုံတစ်ခုကို ရှာတွေ့သွားမှာကို ကောင်းကင်ဓားဂိုဏ်းက ကြောက်ရွံ့နေတာများလား။ အဲဒါက ဇီရှုရန် ချန်ထားခဲ့တဲ့ လျှို့ဝှက်ချက်နဲ့ ပတ်သက်နေသလား။ အဲဒါက မဖြစ်နိုင်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ သူတို့က ဇီရှုရန် ချန်ထားခဲ့တဲ့ နောက်ဆုံးစကားတွေကို သိနိုင်မှာလဲ။ နောက်ပြီးတော့ အချိန်တွေ အများကြီး ကုန်လွန်သွားခဲ့ပြီးတာကြောင့် အဲဒီနေရာက မြေကြီးအောက်ကို စုန်းစုန်းနစ်မြုပ်နေတာမျိုး ဒါမှမဟုတ်

လုံးဂကို ပျက်စီးသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ဒီအင်အားကြီးဂိုဏ်း ငါးဂိုဏ်းရဲ့ လုပ်ဆောင်ချက်တွေက ပုံမှန်တော့ မဟုတ်ဘူး။

လင်းဟန်က ဆက်ပြီးတော့ နှောင့်နှေး မနေတော့ပါဘူး။ ဟူးညိုနဲ့ ကျူးရှွမ်အာကို ခေါ်ပြီးတော့ မဟာအလင်းတောင်ဆီကို အလျင်စလို ထွက်လာခဲ့ပါတယ်။ ဦးလေးယုန်ကလည်း သူတို့အနောက်က လိုက်လာခဲ့ပါတယ်။ နေ့တိုင်းနေ့တိုင်း နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်တွေကို မုန်လာဥတစ်လုံးလို ဝါးစားနေပြီးတော့ အရှက်မရှိ မျက်နှာပြောင်ပြောင်နဲ့ လေလုံးထွားပြောဆိုနေပါတယ်။ လင်းဟန်က သူ့ကို နဂါးသွေး ဂျင်ဆင်းနှစ်ပင် ပေးတဲ့အချိန်ကျမှ ဒီနှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းတွေကို သူက စိတ်မဝင်စားတော့ဘူးလို့ ပြောပါတယ်။

ဒီလိုမျိုး လေလုံးထွားလျှောက်ပြော နေတာကြောင့်လည်း ဟူးညိုရဲ့ ကိုက်ခဲမှုကို မကြာမကြာခံ နေရပြီး နာကျင်မှုကြောင့် ငယ်သံပါအောင် အော်ပြီးတော့ ပြေးနေရပါတယ်။ ဒါတောင်မှ သူ့ရဲ့အပြုအမူတွေကို လုံးဂကို မပြောင်းလဲပဲ လေထွားလိုက် အကိုက်ခံလိုက်နဲ့ သံသရာ

လည်နေပါတယ်။

စကားပြောလိုက် ရယ်မောလိုက် နောက်ပြီးတော့ လမ်းတစ်လျှောက်လုံး ဘာမဟုတ်တာလေးကို ငြင်းခုံလိုက်နဲ့ မကြာခင်မှာပဲ သူတို့က မဟာအလင်း တောင်တန်းတွေဆီ ရောက်လာခဲ့ပါတယ်။

ပန်းပေါင်းစုံပျံ နိုင်ငံက အလယ်ပိုင်း ဒေသမှာ အကြီးမားဆုံး နိုင်ငံ မဟုတ်သေးပါဘူး။ ဒါပေမဲ့ တောင်တန်းတွေ ပေါ်များတဲ့ နိုင်ငံတစ်ခု ဆိုတာကတော့ သေချာပါတယ်။ ဒီမဟာအလင်း တောင်တန်းကလည်း ကြီးမားတဲ့ တောင်စဉ်တန်းကြီးတစ်ခု ဖြစ်ပြီးတော့ အရွယ်အစားက အရမ်းကို ကြီးမားသလို မိုင်ပေါင်းရာနဲ့ချီအောင် ရှည်လျားပါတယ်။

ဒီနေရာက ရှေးဟောင်းအငွေ့အသက်တွေနဲ့ ပြည့်နက်လို့ နေပါတယ်။ ဒီနေရာမှာ ကျက်စားနေတဲ့ ကြောက်မက်ဖွယ်ရာ မိစ္ဆာသားရဲကောင်တွေလည်း ရှိပါတယ်။ သာမန်လူတွေက ဒီတောင်ရဲ့ နက်ရှိုင်းတဲ့ နေရာတွေကို မသွားရဲကြပါဘူး။ နည်းနည်းလေးလောက် မဆင်မခြင်နဲ့ ဂင်သွားမိခဲ့ရင် သူတို့ရဲ့ အသက်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

သစ်ပင်တွေအားလုံးက ကောင်းစွာကြီးထွား ရှင်သန်နေပြီး သစ်ပင်တွေရဲ့ ပုံမှန်အမြင့်က မီတာသုံးရာနဲ့ အထက်မှာ ရှိပါတယ်။ သစ်ပင်တွေက ဖြောင့်တန်းပြီး ပေါက်ရောက်နေပုံက ဓားတွေကို ထောင်ထားသလိုမျိုးနဲ့ တူနေပြီး သစ်ကိုင်းခက်တွေကို တွေ့မြင်ရတာ အတော်လေးကို ရှားပါးပါတယ်။

တောင်တန်းကြီးရဲ့ အရှေ့ဘက်မှာတော့ လျှပ်စီးအလင်းတွေက မိုးကောင်းကင်ထိအောင် ထိုးတက်ပြီးတော့ တလက်လက် တောက်ပနေပြီးတော့ တောင်တန်းတစ်ခုလုံး အပေါ်မှာ မြူးမြူးကြွကြွနဲ့ လင်းလက်တောက်ပ နေပါတယ်။

"သွားပြီးတော့ ကြည့်ရအောင်"

လင်းဟန်တို့ သုံးယောက်က အဲဒီနေရာဆီကို ပျံသန်းသွားခဲ့ပါတယ်။ အခုဆိုရင် ကျူးရှမ်အာလည်း ပန်းဖူးအဆင့်ကို ရောက်ရှိနေတာကြောင့် သူတို့အဖွဲ့ရဲ့ ခွန်အားက အတော်လေးကို သန်မာတယ်လို့ ယူဆလို့ ရနိုင်ပါတယ်။

သိပ်မကြာခင်မှာပဲ သူတို့က တောင်ခြေကို

ရောက်လာခဲ့ပါတယ်။ တောင်ရဲ့တစ်ဖက်လောက်က မိုးကြိုးလျှပ်စီး အလင်းတွေက တစ်ဟုန်ထိုး မြင့်တက်နေတာကို အခါအားလျော်စွာ တွေ့မြင်နိုင် ပါတယ်။ ဒါက မိုးကြိုးလျှပ်စီး အလင်းတွေရဲ့ ထွက်လာတဲ့ နေရာဖြစ်ပြီး တောင်တစ်ခုလုံးကို အကျိုးသက်ရောက်မှု နေတာကြောင့် ဘယ်သူကမှ အနားကို မချဉ်းကပ်ပံ့ပါဘူး။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ လုံးဝကို အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီး မရည်ရွယ်ပဲနဲ့ အံ့အားသင့်စွာ ပြောလိုက်မိပါတယ်။

"ကောင်းကင်တိမ် ခရမ်းမိုးကြိုး"

"ဟင် မင်းလိုမျိုး ကောင်လေး တစ်ယောက်က ကောင်းကင်တိမ် ခရမ်းမိုးကြိုး အကြောင်းကို တကယ်ပဲ သိနေတာလား"

ဦးလေးယုန်က အံ့အားသင့်စွာနဲ့ မေးလိုက်ပြီး သူ့ပုံစံကို ကြည့်ရတာ အရမ်းကို သိချင်စိတ် ပြင်းပြနေပုံ ရပါတယ်။

"ဒါက ရှေးဟောင်းအချိန်တွေတုန်းက အဆုံးမဲ့ မဟာမိုးကြိုးဆယ်ခုထဲက တစ်ခုပဲ"

"အဆုံးမဲ့ မဟာမိုးကြိုးဆယ်ခုဆိုတာ ဘာလဲ"

ကျူးရှမ်အာက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

ယုန်ဖြူကြီးက ပရိသတ်ရဲ့ အရှေ့ကို ရောက်တဲ့အခါမှာ ဟိတ်ကြီးဟန်ကြီးပုံစံကို ဖမ်းလိုက်ပြီး နားထောင်သူတွေကို ပိုပြီးတော့ သိချင်စိတ် ပြင်းပြလာအောင် လှုံ့ဆော်တဲ့ ပုံစံမျိုး လုပ်လိုက်ပါတယ်။ ဒါပေမဲ့ ကြာကြာဟန်မဆောင်လိုက်ရပါဘူး။ သူ့ကို ဟူးညိုက ပစ်မှတ်ထားပြီး ရက်စက်ကြမ်းကြုတ်စွာနဲ့ ကြည့်နေပါတယ်။ အဆုံးမှာတော့ သူ့ရဲ့နောက်ဘက်မှာ ဒဏ်ရာတွေ အများကြီး ဖြစ်ပေါ်သွားပြီးတော့ ယုန်ဖြူကြီးလည်း ဆက်ပြီးတော့ ပြဿနာ မရှာပုံ့တော့ပဲ ပြောလိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ စိတ်ဝိညာဉ်တွေ ရှိကြတယ်။ ဒီတောင်နဲ့ ရေတွေ၊ ဒီကျောက်တုံးနဲ့ မီးမှာတောင်မှ သူတို့ရဲ့ ကိုယ်ပိုင်အသိဉာဏ်တွေ ကြီးထွားလာနိုင်ပြီး ပြိုင်ဘက်ကင်းတဲ့ သက်ရှိအမျိုးအစား တစ်ခု ဖြစ်ပေါ်လာနိုင်တယ်"

"အိုး ဒါဆိုရင် သူတို့က မီးစိတ်ဝိညာဉ်၊ ရေစိတ်ဝိညာဉ်နဲ့

ကျောက်တုံးစိတ်ဂိညာဉ်တွေပေါ့ ဟုတ်လား"

ကျူးရွှမ်အာက သတိပြုမိသွားခဲ့ပါတယ်။ အဲဒီနောက် သူမက လက်ခုပ်တီးပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာ မိုးကြိုးစိတ်ဂိညာဉ် ရှိနေတာတော့ မဖြစ်နိုင်ပါဘူးနော်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီလိုပဲ ပြောရမှာပဲ။ နောက်ပြီးတော့ အဲဒါက အထင်ကြီးစရာကောင်းတဲ့ ကောင်တစ်ကောင်ပဲ"

Chapter 643 end

Zaw.အပိုင်း(၆၄၄) မိုးကြိုးလျှပ်စီး စက်ကွင်းထဲ ဝင်ရောက်ခြင်း

"ဘယ်လောက် အထင်ကြီးဖို့ ကောင်းတာလဲ"

ကျူးရွှမ်အာက မေးလိုက်သည်။

လင်းဟန်က တဒင်္ဂမျှ စဉ်းစားပြီးတဲ့နောက်မှာ

လေးလေးနက်နက်နဲ့ ပြောလိုက်သည်။

"ဒီကမ္ဘာကြီးကနေ ဖွံ့ဖြိုးလာတဲ့ စိတ်ဂိညာဉ်တွေတောင်မှ ခွန်အားနဲ့ ပတ်သက်ရင် မတူညီ ကွဲပြားခြားနားကြတယ်။ စွမ်းအားနဲ့ ပတ်သက်ပြီးတော့ မိုးကြိုးလျှပ်စီး စိတ်ဂိညာဉ်တွေကို အဆင့်သတ်မှတ်ရမယ်ဆိုရင် ကောင်းကင်တိမ် ခရမ်းမိုးကြိုးက စိတ်ဂိညာဉ်တွေအထဲမှာ ထိပ်ဆုံးဆယ်ခု စာရင်းမှာဂင်တယ်။ ဒါကြောင့် ဒီကောင်က အရမ်းကို အစွမ်းထက်တယ်"

"ဒါဆိုရင် ထူးဆန်းတဲ့မီးနဲ့ ကျောက်တုံးလေးကရော အဆင့်ဘယ်လောက်မှာ ရှိလဲ"

ကျူးရွှမ်အာက သိချင်စိတ်တွေ ပြင်းပြလာခဲ့သည်။ တစ်စုံတစ်ခုနဲ့ နှိုင်းယှဉ်ပြမှသာလျှင် ရှင်းရှင်းလင်းလင်း မြင်တွေ့ရပြီး နားလည်နိုင်ပေလိမ့်မည်။

လင်းဟာန်က အကြမ်းဖျင်း နှိုင်းယှဉ်မှု တစ်ခုကို လုပ်ပြီးတော့ ပြောလိုက်သည်။

"ကျောက်တုံးလေးက အများဆုံး ထိပ်ဆုံးတစ်ရာ အဆင့်ထဲကိုပဲ ဂင်နိုင်လိမ့်မယ်။ ပြီးတော့

ထူးဆန်းတဲ့မီးကတော့ ထိပ်ဆုံးအဆင့် တစ်ရာထဲကို အရင်က မဂပင်နိုင်ဘူး။ ဒါပေမဲ့ မွန်းမံသန့်စင် ပြီးတဲ့နောက်မှာ ထူးဆန်းတဲ့မီးက အဆင့်တစ်ရာထဲကိုတော့ ဂပင်နိုင်လောက်ပါတယ်”

ကျူးရှမ်အာရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ ထိပ်ဆုံးအဆင့် တစ်ရာထဲကို ဂပင်ရောက်ရုံနဲ့ ဒီလိုမျိုး ကြီးမားတဲ့ စွမ်းအားရှိနေပါပြီ။ ဒါကြောင့် ထိပ်ဆုံးဆယ်ခု စာရင်းဂပင်တဲ့ စိတ်ဂိညာဉ် တစ်ခုက ဘယ်လောက်တောင်များ အစွမ်းထက်လိမ့်မလဲ။

မြောက်ပိုင်းဒေသရဲ့ ပါရမီရှင် အဆင့်ဇယားနဲ့ တူပါတယ်။ အဲဒီအချိန်က စိတ်ဂိညာဉ် ပင်လယ်အဆင့် အလွှာကိုးမှာရှိရင်ပဲ ထိပ်ဆုံးအဆင့် တစ်ရာထဲကို ဂပင်ရောက်နိုင်ဖို့ အရည်အချင်း ပြည့်မီပါလိမ့်မယ်။ ဒါပေမဲ့ ထိပ်ဆုံးဆယ်ယောက်ရဲ့ ရပ်တည်မှုက ဘယ်လိုအမျိုးအစားပါလိမ့်။ စိတ်ဂိညာဉ် ပလ္လင်အဆင့်တွေ ဖြစ်ပါတယ်။ ဒီနှစ်ခု အကြားမှာ ကွာဟချက် သေးသေးလေး မဟုတ်ပါဘူး။

ဒီနည်းလမ်းအတိုင်း ကြည့်မယ်ဆိုရင် ဒီကောင်းကင်တိမ် ခရမ်းမိုးကြိုးက အရမ်းကို ကြောက်စရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က ကပ်ပြီးတော့ ကြည့်လိုက်ပြီးတော့ ပြောလိုက်သည်။

"လျှပ်စီးအလင်းတွေရဲ့ ပုံသဏ္ဍာန်တွေ မထိန်းချုပ်နိုင်တာကို ကြည့်မယ်ဆိုရင် လျှပ်စီးတိမ် ထွက်ပေါ်လာပြီဆိုတာ သက်သေပြနေတာပဲ။ တကယ်လို့ အဲ့ဒါက ဉာဏ်ရည်ဉာဏ်သွေး ပိုင်ဆိုင်လာမယ်ဆိုရင် ဘယ်သူက အဲဒါကို ရယူနိုင်စွမ်း မရှိမှာကို ငါကြောက်မိတယ်"

ဒီမိုးကြိုးလျှပ်စီး စိတ်ဂိညာဉ်ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ကြောက်စရာကောင်းလဲ ဆိုတာကို အသာထား အမြန်နှုန်းနဲ့ ပတ်သက်လာရင် လူဘယ်လောက်ကများ အဲဒါကို လိုက်ဖမ်းနိုင်မှာလဲ။

လင်းဟန်က ပန်းဖူးအဆင့်မှာပဲ ရှိသေးတယ် ဆိုပေမဲ့ သူ့ရဲ့အမြန်နှုန်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ မိုးကြိုးလျှပ်စီး စိတ်ဂိညာဉ်မှာ လျှပ်စီးနဲ့ ပြုလုပ်ထားတဲ့ သန့်စင်သော ခန္ဓာကိုယ်တစ်ခု ရှိပါတယ်။ ဒါကြောင့် ဘယ်လောက်တောင်မှ လျင်မြန်လိမ့်မလဲ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က လှုပ်ရှားလာမယ် ဆိုမှပဲ ၎င်းကို

ဖမ်းနိုင်ပါလိမ့်မယ်။

"နေပါဦး"

လင်းဟန်က ခဏရပ် လိုက်ပါတယ်။ အဲဒီနှစ်တွေတုန်းက ဇီရှူရှန်းက သေချာပေါက် စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုးကြိုးလျှပ်စီး စိတ်ဝိညာဉ်ကို သူမ ဖမ်းထားတာ များလား။ ဒီနေရာမှာပဲ တစ်ချိန်လုံး ထိန်းချုပ်ခံထားရပြီးတော့ နှစ်ပေါင်းတစ်သောင်းကျော် ကုန်လွန်လာခဲ့ပြီး ၎င်းရဲ့ခွန်အားက ချုပ်ချယ်ကန့်သတ်ထားခြင်းကို ခံရတာကြောင့် အားနည်းလာပြီး ငလျင်ကြောင့် ပတ်ဝန်းကျင် ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာကာ ကန့်သတ်ချုပ်နှောင်ထားမှုတွေက အားနည်းလာခဲ့တာ ဖြစ်ပါလိမ့်မယ်။ နောက်ဆုံးတော့ မိုးကြိုးလျှပ်စီး စိတ်ဝိညာဉ်က လွတ်မြောက်လာပြီး ၎င်းရဲ့ ပင်ကိုယ်သဘာဝ ပြောင်းလဲခြင်း နောက်ဆုံးခြေလှမ်းကို စတင်နေပါပြီ။

ဒီနေရာက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က အကန့်အသတ်မဲ့ တောင်တန်းဆိုတာ တကယ်ပဲ ဖြစ်နိုင်မလား။

လင်းဟန်က စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ သူက လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲနိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက ကောင်းကင်တိမ် ခရမ်းမိုးကြိုးကို သန့်စင်နိုင်မယ်ဆိုရင် သူက သေချာပေါက် မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံရဲ့ ကျင့်ကြံခြင်းမှာ အဓိက အောင်မြင်မှုကို သေချာပေါက် ရရှိပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက အနည်းဆုံး သေးငယ်တဲ့ အောင်မြင်မှုကို ရရှိပါလိမ့်မယ်။ ပြီးတော့ သူက အဲဒါကို တကယ်ပဲ လေ့လာသင်ယူနိုင်ခဲ့မယ်ဆိုရင် အခုလိုမျိုး ထစ်ငေ့ါနေမှာ မဟုတ်ပါဘူး။

သူက အရမ်းကို စိတ်လှုပ်ရှားတာကြောင့် သူ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်လာခဲ့ပါတယ်။ အဲဒီအချိန်ကျရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ကြောက်စရာကောင်းနေမလဲ။ အဲဒီနောက် သူ့ထက် ကျင့်ကြံခြင်းအဆင့် တစ်ခုလုံးမြင့်တဲ့ ရန်သူတစ်ယောက်ကိုတောင် တိုက်ခိုက်နိုင်စွမ်း ရှိကောင်းရှိလာပါလိမ့်မယ်။ သူက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ပြိုင်ဘက်တစ်ယောက်ကို လက်ရည်တူ တိုက်ခိုက်နိုင်မယ်ဆိုရင် တကယ့်ကို ဒဏ္ဍာရီလာ ပုံပြင်တစ်ပုဒ် ဖြစ်သွားပါလိမ့်မယ်။

"ငါက စိန်အဆင့် ခန္ဓာကိုယ်နဲ့ ခြေတစ်လှမ်းအကွာပဲ လိုတော့တယ်။ ပြီးတော့ ချီအလင်း သုံးဆယ်ခုမြောက်နဲ့လည်း ခြေတစ်လှမ်းပဲ ကွာတော့တယ်။ တကယ်လို့ ဒီကောင်းကင်တိမ် ခရမ်းမိုးကြိုးကို ရရှိပြီးတော့ သန့်စင်နိုင်ခဲ့မယ်ဆိုရင် ဘယ်သူသိနိုင်မလဲ ငါက စိန်အဆင့် ခန္ဓာကိုယ်နဲ့ ချီအလင်း သုံးဆယ်မြောက်ကို ထုတ်ဖော်နိုင်စွမ်း ရှိလာနိုင်မလား ဆိုတာကိုပေါ့။ အဲဒီအချိန်ကျရင် အလင်းတန်း တစ်ခုကို သိပ်သည်းကျစ်လျစ်စေပြီးတော့ မိုးကြိုးလျှပ်စီးတွေနဲ့ ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အဆင့်တက်လာမယ်ဆိုရင် တစ်ချက်တည်း အားလုံးအပြီးပဲ။ ဒါဆို စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်တဲ့ အခါကျရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်က အသန်မာဆုံး ကျင့်ကြံသူတွေနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်စွမ်း ရှိလာလိမ့်မယ်"

ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ တကယ်လို့ လူတစ်ယောက်က သူ့ထက် တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံး သာလွန်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ တိုက်ခိုက်နိုင်တယ်ဆိုရင် သူ့ကို ထိပ်တန်း ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ ပြီးတော့ ကြယ်ဆယ်ပွင့် ကွာဟပြီးတော့ တိုက်ခိုက်နိုင်တယ်ဆိုရင်

သဘာဂကိုဆန့်ကျင်တဲ့ ပါရမီရှင်တွေ ဖြစ်ပြီးတော့ ဓားကေရာဇ်နဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့နဲ့ တူညီပါတယ်။ ဒါပေမဲ့ တကယ်လို့ လင်းဟန်က သူ့ရဲ့စွမ်းအားကို အပြည့်အဂ ထုတ်ဖော်လိုက်မယ်ဆိုရင် သူ့အနေနဲ့ သူ့ထက် တိုက်ပွဲကြယ် နှစ်ဆယ်လုံး သာလွန်တဲ့ တစ်စုံတစ်ယောက်နဲ့ တိုက်ခိုက်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဒါပေ့ါ။ အဲဒီထဲမှာ လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခု၊ နတ်ဆိုးရှင်သန်ဓား၊ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်သိုင်းကွက်နဲ့ ဖျက်ဆီးလို့မရတဲ့ ကောင်းကင်ဘုံ မှော်စာလိပ်တို့ကိုပါ ထည့်တွက်ထား ပါတယ်။ တကယ်လို့ ဒီဝှက်ဖဲတွေကို မထုတ်ဖော်ဖူးဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်အနည်းငယ် လျော့ကျသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ သူက ဒီထူးဆန်းတဲ့ မိုးကြိုးလျှပ်စီးနဲ့အတူ ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင် လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခုနဲ့တင်ပဲ ကြယ်နှစ်ဆယ်လုံး သာလွန်တဲ့ ပြိုင်ဘက်ကို လက်ဗလာနဲ့ တိုက်ခိုက်နိုင်စွမ်း ရှိပါလိမ့်မယ်။

"အင်း ဒီလောက်ဆိုရင် ဟိုမိန်းမလူရမ်းကား ကောင်းကင်ဖီးနစ် နတ်မိမယ်ကို ဖိနှိပ်ဖို့ လုံလောက်သင့်ပြီ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ်

သူက မဟာပုရိသ ဂါဒကြီးကို လက်ကိုင်ထားတဲ့ ယောက်ျားတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ ဖိနှိပ်မှုကို လုံးဝကို မခံနိုင်ပါဘူး။

"နေဦး။ ဒီမိန်းမလူရမ်းကားကြီးရဲ့ လက်ရှိအဆင့်က ဘယ်လောက်ရောက်နေလဲ ဆိုတာကို ငါမသိသေးဘူး။ တကယ်လို့ သူမက အဆင့်နိမ့် တန်ခိုးရှင်အဆင့် ဆိုရင်တောင်မှ လက်တစ်ချောင်းနဲ့ ငါ့ကိုဖိနှိပ်နိုင်မှာကို ကြောက်မိတယ်"

"ဟူး ဒီလူရမ်းကားမကြီးရဲ့ ဖိနှိပ်ထားမှုက အတော်ကို ကြာတာပဲ။ ငါနေရာအနှံ့ကို သွားပြီးတော့ ရှာရဦးမှာပါလား"

လင်းဟန်က တစ်ခဏတာမျှ သတိမေ့လျော့နေပြီးမှ လက်ဖျောက်တစ်ချက် တီးပြီးတော့ ပြောလိုက်ပါတယ်။

"ရွှမ်အာ မင်း ဒီမှာပဲ နေခဲ့သင့်တယ်"

ကျူးရွှမ်အာက နားလည်သဘောပေါက်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူမက လင်းဟန်ကို တိုးတိုးတိတ်တိတ် တစ်စုံတစ်ခု ပြောချင်ယောင်ဆောင်တဲ့

အနေနဲ့ သူ့ကို တောအုပ်ထဲကို ဆွဲခေါ်သွားခဲ့ပါတယ်။ တောအုပ်ထဲကို ရောက်တဲ့အခါမှာ လင်းဟန်က ကျူးရှမ်အာကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ ကျူးရှမ်အာက အနက်ရောင် မျှော်စင်ထဲကို မဝင်ခင် လင်းဟန်ရဲ့ မေးစေ့ကို အနမ်းပေးလိုက်ပါတယ်။

"ဒီမိန်းကလေးတော့"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူက မကြာခဏဆိုသလို ကောင်းကင်ဖီးနစ် နတ်မိမယ် အကြောင်းကို ကျူးရှမ်အာကို ပြောပြတတ်ပါတယ်။ အများစုကတော့ သူ့အနေနဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်ကို သတိရ လွမ်းဆွတ်မိတဲ့ အကြောင်းတွေ ဖြစ်ပြီးတော့ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှ နှလုံးသားထဲမှာ ဦးစားမပေးနိုင်သေးတဲ့ အကြောင်းတွေပဲ ဖြစ်ပါတယ်။

ကျူးရှမ်အာက မနာလို သဝန်တိုပေမဲ့ သူမက လိမ္မာပါးနပ်သူ တစ်ယောက် ဖြစ်ပါတယ်။ လင်းဟန်ကို အရင်ကထက်တောင် ပိုပြီးတော့ ကြင်ကြင်နာနာ ယုယုယယ ဆက်ဆံပြပါတယ်။ ဒါကြောင့် လင်းဟန်ကလည်း သူမကို အမြဲတစေ သတိရနေပြီး သူ့နှလုံးသားထဲမှာ နီးနီးကပ်ကပ်

နေရပါလိမ့်မယ်။

"အမျိုးသမီးတွေက မကောင်းဆိုးဝါးတွေကနေ အသွင်ပြောင်းလာကြတာပဲ။ ဘယ်နေရာဖြစ်ဖြစ် ဘယ်အချိန်ပဲဖြစ်ဖြစ် သူတို့က မင်းရဲ့နှလုံးသားကို ခိုးယူဖို့ကိုပဲ လိုချင်တပ်မက်နေကြတယ်"

လင်းဟန်က တီးတိုးပြောရင်းနဲ့ တောအုပ် အပြင်ဘက်ကို ထွက်လာခဲ့ပါတယ်။

ဟူးညိုက သူမရဲ့ လက်တွေကို တင်ပါးပေါ် ထောက်ပြီးတော့ တည်တည်ကြည်ကြည်နဲ့ ပြောလိုက်ပါတယ်။

"ညီးညီးက မကောင်းဆိုးဝါးကနေ အသွင်ပြောင်းထားတာ မဟုတ်ဘူးနော်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ယုန်ဖြူကြီးကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"ယုန်မိုက်ကြီး ငါ့တို့ရဲ့ အရှေ့မှာ ကောင်းကင်တိမ် ခရမ်းမိုးကြိုး ထွက်ပေါ်နေတယ်။ ပြီးတော့ မိုးကြိုးလျှပ်စီးရဲက စွမ်းအားက မယုံနိုင်စရာ ကောင်းလောက်အောင် အန္တရာယ်

များလွန်းတယ်။ မင်းငါတို့အနောက်ကို ဆက်ပြီးတော့ လိုက်ချင်သေးလား။ တကယ်လို့ မင်းသေသွားမယ်ဆိုရင် နောက်နှစ်ဒီလိုအချိန်မှာ မင်းရဲ့သင်္ချိုင်းဂူအရှေ့ကို လာပြီးတော့ နဂါးသွေး ဂျင်ဆင်း နှစ်ပင်ကို စိုက်ပေးမယ်"

"သွားစမ်းပါ။ အရှင်သခင်ယုန်က အသက်ကို ရာပေါင်းများစွာ ရှည်တဲ့အထိ နေထိုင်ခဲ့ပြီးပြီး။ သတ္တိနည်းတဲ့ ယုန်တစ်ကောင် မဟုတ်ဘူးကွ"

ယုန်ဖြူကြီးက သူ့ရဲ့လက်သည်း သေးသေးလေးတွေကို ကွေးချည်ဆန့်ချည် လုပ်လိုက်ပါတယ်။

"နင်က နှစ်ပေါင်းရာနဲ့ချီအောင် အသက်ရှင်ခဲ့တာမှ ဟုတ်ရဲ့လား။ ဒါက အရမ်းကို အသက်ရှည်တာပဲ"

ဟူးညိုက သိချင်စိတ် ပြင်းပြစွာနဲ့ ပြောလိုက်ပါတယ်။

ယုန်ဖြူကြီးက စိတ်ဓာတ်ကျသွားပြီး ပြန်ဖြေလိုက်ပါတယ်။

"အရှင်သခင်ယုန်က ဘယ်တုန်းကမှ မလိမ်ဘူး။ ငါက အသက်တစ်သောင်းလောက် ရှည်လို့ မရနိုင်ဘူးလား"

"ဒါဆိုရင် မင်းအသက်အတွက် မင်းကိုယ်တိုင်ပဲ တာဝန်ယူပါ။ ဘာကိုပဲလုပ်လုပ် ဖြစ်လာမဲ့ အကျိုးဆက်ကို ကိုယ့်ဘာသာကိုယ် တာဝန်ယူရမယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူနဲ့ ဟူးညိုက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို သင်ယူပြီးပါပြီ။ ဒါကြောင့် မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားနဲ့ ရင်းနှီးဆက်နွယ်မှု တစ်ခု ရှိပါတယ်။ တခြားလူတွေနဲ့စာရင် သူတို့က မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားကို အကောင်းဆုံး တောင်ခံနိုင်စွမ်း ရှိပါတယ်။

နောက်ပြီးတော့ အဆိုးတကာ အဆိုးဆုံး ဖြစ်လာမယ်ဆိုရင် သူ့မှာ အနက်ရောင် မျှော်စင်လည်း ရှိသေးတယ် မဟုတ်လား။

ယုန်ဖြူကြီးက မတူမတန်တဲ့ ပုံစံမျိုး ဖြစ်သွားပါတယ်။ ယုန်တွေရဲ့ ပင်ကိုယ်စရိုက်က ပျံသန်းတဲ့ အခါမှာ အရမ်းကို လျင်မြန်တယ် ဆိုတာကို မင်းတို့တွေ မသိဘူးလား။ ပျံသန်းတဲ့နေရာမှာ တကယ်လို့ အရှင်သခင်ယုန်က ဒုတိယပါလို့ ဝန်ခံလိုက်ရင် ဘယ်သူကများ ပထမနေရာကို ယူပုံ့ဦးမှာလဲ။

လူနှစ်ယောက်နဲ့ ယုန်တစ်ကောင်က ရှေ့တိုးလာခဲ့ကြပါတယ်။ မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားက တောင်ထိပ်တစ်ခုလုံးမှာ လင်းလက်တောက်ပနေ ပါတယ်။ ခရမ်းရောင် မိုးကြိုးလျှပ်စီးတွေက မယုံနိုင်စရာကောင်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်။ ခရမ်းရောင် မိုးကြိုးလျှပ်စီးတွေ နေရာအနှံ့အပြားတောက်ပနေပြီးတော့ သစ်ပင်တွေ တောင်ပေါ်က ကျောက်တုံးတွေကို တဒိန်းဒိန်းနဲ့ ပစ်ချနေပြီး အားလုံးပျက်စီးသွားစေပါတယ်။

လင်းဟန်က လက်တစ်ချောင်းကို ဆန့်ထုတ်လိုက်တာနဲ့ ဂျီလို့မြည်သွားပြီး စီးမျောနေတဲ့ မိုးကြိုးလျှပ်စီးတွေကို စုပ်ယူလိုက်ပါတယ်။ ဒြပ်စင်ငါးမျိုး ဖရိုဖရဲ ကြာပွင့်က လှုပ်ရှားသွားပြီး ၎င်းရဲ့ အရိုးတံက တောက်ပလာကာ မိုးကြိုးလျှပ်စီးတွေရဲ့ စွမ်းအားတွေကို လမ်းညွှန်ပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ဖြတ်သန်းသွားစေခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကုယ်က လျှပ်စီးခန္ဓာကိုယ်တစ်ခု ဖြစ်ပေါ်လာဖို့ တစ်လှမ်းချင်း နီးကပ်လာခဲ့ပါတယ်။

ဒီမိုးကြိုးလျှပ်စီးရဲ့ စွမ်းအားက မပြောပလောက်ပါဘူး။ ဒါကြောင့် ပြောင်းလဲခြင်းအဆင့်က အရမ်းကို နှေးကွေးတာ

သဘာဂ ကျပါတယ်။ ဒါပေမဲ့ လင်းဟန်က နည်းနည်းလေးမှ စိတ်မကောင်း မဖြစ်ပါဘူး။ အများဆုံး သူက စားမြိန်စေတဲ့ ဆေးတစ်မျိုးလို့ သတ်မှတ်ထားပြီး အဓိက အချက်က ကောင်းကင်တိမ် ခရမ်းမိုးကြိုးပဲ ဖြစ်ပါတယ်။ မိုးကြိုးလျှပ်စီး စိတ်ဂိညာဉ် တစ်ခုအဖြစ်ကို ပြောင်းလဲမသွားသရွေ့တော့ အဲဒါကို ဂါးမျိုနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ အဲဒါက စိတ်ဂိညာဉ် တစ်ခု အဖြစ်ကို အောင်အောင်မြင်မြင်နဲ့ ပြောင်းလဲသွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ ထွက်ပြေးတာက အကောင်းဆုံးပါပဲ။

ဟူးညိုက လင်းဟန်ထက်တောင် ပိုပြီးတော့ မွန်းစတားဆန်နေပါတယ်။ သူမက လျှပ်စီးခန္ဓာကိုယ် တစ်ခု ရှိနေပြီးပါပြီ။ ပြီးတော့ မိုးကြိုးလျှပ်စီးရဲ့ အစွမ်းတွေက သူမရဲ့ ခန္ဓာကိုယ်ထဲကို တစ်ဟုန်ထိုး ပြေးဂင်လာပြီး သူမကို ကလိထိုးနေသလိုမျိုး ဖြစ်နေတာကြောင့် ဟူးညိုက တခစ်ခစ်နဲ့ သဘောကျ ရယ်မောနေပါတယ်။

လူတွေက မတူညီတဲ့ ကံကြမ္မာနဲ့ ရှင်သန်နေထိုင်ရတယ်ဆိုတာ တကယ်မှန်တာပဲ။ သူလည်း မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ကျင့်ကြံခဲ့ပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ သူတို့နှစ်ယောက် အကြားက ကွာဟချက်က မတရားကို ကြီးမားနေရတာလဲ။

လင်းဟန်က သက်ပြင်းချလိုက်ပြီး ဟူးညိုကို အရမ်းကို မနာလိုတွေ ဖြစ်နေပါတယ်။

"မနာလို မဖြစ်နဲ့။ ဒီမိန်းကလေးရဲ့ ဘိုးဘေးက သေချာပေါက် တန်ခိုးရှင်တွေရဲ့ နယ်မြေက အထွတ်အထိပ် ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်လိမ့်မယ်။ အရှင်သခင်ယုန်တောင် သူမရဲ့ သွေးမျိုးဆက် အမွေအနှစ်နဲ့ အံ့အားသင့်စရာ စွမ်းအားတွေရဲ့ အရှေ့မှာ ရှုံးနိမ့်မှုကို ဂန်ခံရတယ်"

ယုန်ဖြူကြီးက ဘေးကနေ ပြောလိုက်ပါတယ်။

လင်းဟန်က ပိုးလို့ အော်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟူးညိုရဲ့ ဘိုးဘေးက တန်ခိုးရှင် နယ်မြေက အထွတ်အထိပ် ပုဂ္ဂိုလ်ကြီး တစ်ယောက်လို့ မင်းထင်တာလား"

"ဘာများ ဖြစ်နိုင်ဦးမှာလဲ။ အရှင်သခင်ယုန် ပြောမယ်။ အသက်ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ပန်းဖူးအဆင့်ကို ရောက်နေနိုင်မှာလဲ"

ယုန်ဖြူကြီးက သေချာတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ယုန်ဖြူကြီးကို ပြောလိုက်ပါတယ်။

"ကြည့်ရတာ မင်းက တန်ခိုးရှင် နယ်မြေနဲ့ ပတ်သက်ပြီးတော့ အတော်လေးကို နားလည် သဘောပေါက် ထားတာပဲ။ ဒါဆိုရင် ငါ့ကို ပြောပြစမ်းပါ။ တန်ခိုးရှင်တွေကို အဆင့်ဘယ်လောက် ပိုင်းခြားထားသလဲ"

Chapter 644 end
Zaw.အပိုင်း(၆၄၅) လမ်းပိတ်ထားတဲ့ ခွေးတစ်ကောင်

ယုန်ဖြူကြီးက လင်းဟန်ကို မျက်လုံးပြူးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အရှင်သခင်ယုန်က တန်ခိုးရှင် တစ်ယောက်လို့ ထင်နေတာလား။ တန်ခိုးရှင်တွေရဲ့ နယ်မြေကို တစ်ခါမှ မရောက်ဖူးပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ငါသိမှာလဲ"

"ဒါဆိုရင် ဟူးညို့ရဲ့ ဘိုးဘေးက တန်ခိုးရှင် နယ်မြေက အထွတ်အထိပ် ပုဂ္ဂိုလ် တစ်ယောက်လို့ မင်းဘယ်လိုလုပ်ပြီး သိတာလဲ"

လင်းဟန်က ပြင်းခံလိုက်ပါတယ်။

"သောက်ကျိုးနည်း။ တကယ်လို့ သူမရဲ့ဘိုးဘေးက အထွတ်အထိပ် ပုဂ္ဂိုလ်ကြီး တစ်ယောက် မဟုတ်ဘူးဆိုရင် သူမက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး မွန်းစတားတစ်ယောက် ဖြစ်နိုင်မှာလဲ"

ယုန်ဖြူကြီးက နှာခေါင်းရှုံ့ လိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဟူးညိုရဲ့ ဘိုးဘေးက အံ့သြစရာ ထူးကဲနေတာ မဟုတ်ဘူး ဆိုပေမဲ့ သူမကိုယ်တိုင်က ထူးခြားနေတာပါ။ သူမရဲ့ ဒန်တန်အထဲက စိတ်ဂိညာဉ် အခြေခံက အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ အနည်းဆုံးတော့ အခုချိန်ထိ လင်းဟန်အနေနဲ့ အဲဒီစိတ်ဂိညာဉ် အခြေခံရဲ့ ဖိအားထက် ပိုပြီးတော့ အားကောင်းတဲ့ ဖိအားမျိုးကို တခြားဘယ်သူ့ဆီမှာမှ မခံစားဖူးပါဘူး။

ဒီဘဂမှာတင်မဟုတ် အရင်ဘဂတုန်းကလည်း တစ်ယောက်မှ မရှိပါဘူး။

ဖန်ပိုယွမ်လို လူ့လောကရဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်မပြောနဲ့

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရှိ ရောမ ငွေရောင် ပင့်ကူကြီးတောင်မှ အဲဒီစိတ်ဝိညာဉ် အခြေခံက လူသားပုံစံ မိန်းမပျိုရဲ့ အကြည့်တစ်ချက်လောက်နဲ့ပဲ နိုင်းယှဉ်လို့ ရနိုင်ပါတယ်။

အချိန်တွေ ကုန်လာသလို သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း တိုးလာခဲ့ပြီး လင်းဟန်ရဲ့ အဲဒီ လူသားပုံစံ စိတ်ဝိညာဉ် အခြေခံ အပေါ်မှာ စိုးရိမ်ပူပန်တဲ့ စိတ်ကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် တိုးလာတယ်လို့ ခံစားရပါတယ်။

လင်းဟန်က ဟူးညို ဘယ်လောက်တောင် ပျော်ရွှင်နေတယ် ဆိုတာကို ကြည့်နေပြီး သူ့နှလုံးသား အထဲမှာ ဆန္ဒတစ်ခုပဲ ရှိပါတယ်။ အဲဒါက ဟူးညိုကို အမြဲတမ်း အပူအပင် အကြောင့်အကြမဲ့ လွတ်လွတ်လပ်လပ်နဲ့ ပျော်ရွှင်စေချင်တာပါ။

သူတို့က တောင်ရဲ့အလယ်ပိုင်းဆီကို တိုးလာခဲ့ပြီး မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားတွေကလည်း ပိုပိုပြီးတော့ သန်မာအားကောင်း လာခဲ့ပါတယ်။ ယုန်ဖြူကြီးက မူလစွမ်းအင်ကို လည်ပတ်ပြီး ခုခံကာကွယ် ထားရပါတယ်။ သူက မိစ္ဆာသားရဲတစ်ကောင် ဖြစ်ပြီးတော့ သန်မာတဲ့

ခန္ဓာကိုယ် တစ်ခုရှိတယ် ဆိုပေမဲ့ မိုးကြိုးလျှပ်စီးရဲ့ အဆက်မပြတ် တရစပ်ပစ်ခတ်နေတာကို တောင့်ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

တစ်ဖက်က ဟူးညိုနဲ့ လင်းဟန်တို့ကတော့ ချောချောမွေ့မွေ့နဲ့ ချီတက်လာခဲ့ပါတယ်။ ဒီနေရာက မိုးကြိုးလျှပ်စီး စွမ်းအားတွေက အစွမ်းထက်တယ် ဆိုပေမဲ့ ဒါတွေက လျှပ်စီးဒြပ်စင် စိတ်ဂိညာဉ် ချီတွေလိုမျိုး သူတို့က လွယ်လွယ်ကူကူနဲ့ စုပ်ယူနေနိုင်ဆဲပါပဲ။ မတူညီတဲ့ ကွဲပြားမှုက ပိုပြီးတော့ စစ်မှန်တဲ့ ပုံသဏ္ဍာန်နဲ့ ထွက်ပေါ်လာသလိုမျိုး ပိုပြီးသိပ်သည်းကျစ်လျစ် လာပါတယ်။

သူတို့တွေက ဒီနေရာကို ပထမဆုံး ရောက်လာတဲ့ အုပ်စုမဟုတ်ပါဘူး။ ဒီတောင်ပေါ်ကို လူတွေ တော်တော်များများ ခြေချရောက်ရှိနေပြီးသားပါ။ သူတို့အားလုံးက သူတို့ရဲ့ မူလစွမ်းအားတွေကို ဆန့်ထုတ်ပြီး သူတို့ကိုယ်သူတို့ ကာကွယ်ထားပြီး သူတို့ရဲ့ ခြေလှမ်းတိုင်းက အရမ်းကို ခက်ခက်ခဲခဲ လှမ်းရပါတယ်။

ဘယ်သူကမှ ကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ မသွားရဲကြပါဘူး။ မိုးကောင်းကင်ထဲက မိုးကြိုးလျှပ်စီးတွေက

အရမ်းကို ဂရုန်းသုန်းကား ဖြစ်နေပြီး မိုးကောင်းကင်က အမျက်ဒေါသ ထွက်နေသလိုမျိုး ဖြစ်ပေါ်နေပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတွေပဲ သူတို့ရဲ့ လမ်းကြောင်းအတိုင်း အင်အားသုံး ဖြတ်သွားပုံပါတယ်။ အဲဒီလို မဟုတ်ရင် အားလုံးက မြေကြီးပေါ်ကနေပဲ လိမ်လိမ်မာမာနဲ့ လမ်းလျှောက်ရပါလိမ့်မယ်။

အရှေ့ကို ပိုပြီးတော့ ရောက်လာလေ နေးသထက် နေးကွေးလာ ကြပါတယ်။ တကယ်တော့ လျှပ်စီးဒြပ်စင် စိတ်ဂိညာဉ် အခြေခံရှိတဲ့ လူတွေက အများကြီးမရှိပါဘူး။ ဒါကြောင့် သူတို့ကိုယ်ပိုင် မူလစွမ်းအင်ကို အသုံးပြုပြီးတော့ သူတို့ကိုယ်သူတို့ ဒိုင်းလိုမျိုး ကာကွယ်ထားရပါတယ်။ ဒါကြောင့် သူတို့ရဲ့ မူလစွမ်းအင် သုံးစွဲရတဲ့ ပမာဏက အတော်လေး များတယ်လို့ ပြောလို့ရပြီး သူတို့ရဲ့ ခံနိုင်ရည်တွေလည်း ပိုပြီးတော့ လျော့ကျလာခဲ့ပါတယ်။ ခန္ဓာကိုယ် ကျင့်စဉ်တွေကို ကျင့်ကြံမထားတဲ့ လူတွေကတော့ ခြေလှမ်းအနည်းငယ် လှမ်းပြီးရင် တစ်ခါလောက် အနားယူရင် ရနိုင်ပါတယ်။

သိပ်မကြာခင်မှာ လင်းဟာန်က လမ်းလျှောက်နေရာကနေ ရပ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အရှေ့မှာ ကျဉ်းမြောင်းတဲ့ လမ်းတစ်ခုက တွေ့မြင်လိုက်ရပေမဲ့

အဲဒီနေရာမှာ လူတစ်ယောက် လမ်းရဲ့အလယ်တည့်တည့်မှာ ထိုင်ချပြီးတော့ အနားယူနေတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က အရှေ့ကို ဆက်ပြီးတော့ သွားချင်တယ်ဆိုရင် သူ့ခေါင်းပေါ်ကနေ ကျော်သွားရပါလိမ့်မယ်။ အဲဒီလိုသာဆိုရင် မိုးကြိုးလျှပ်စီးတွေရဲ့ တိုက်ခိုက်မှုကို မလွဲမရှောင်သာ ခံရမှာ ဖြစ်ပြီးတော့ အရမ်းကို အန္တရာယ်များတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

"ဟေး အရှေ့ကို နည်းနည်းလောက် တိုးသွားမလား ဒါမှမဟုတ် အနောက်ကို နည်းနည်း ဆုတ်ပေးမလား။ အားလုံးဖြတ်သွားလို့ ရအောင်လို့ လမ်းကို ပိတ်မထားပါနဲ့"

လင်းဟန်က ပြောလိုက်ပါတယ်။

အဲဒီလူက အသက်သုံးဆယ်ကျော်ပဲ ရှိပါဦးမယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မြင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ အထွတ်အထိပ် အဆင့်တောင် ဖြစ်နိုင်ပါတယ်။ သူ့ရဲ့ သွေးနဲ့ အသက်ဓာတ်က သန်မာတယ် ဆိုပေမဲ့ သူ့ကိုကြည့်ရတာ ငယ်တဲ့ပုံစံတော့ မပေါ်ပါဘူး။ တကယ်တော့ ကျင့်ကြံသူ တစ်ယောက်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပြီဆိုရင် သူ့ရဲ့အိုမင်းတဲ့နှုန်းက

နေးကွေးလာပါလိမ့်မယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက နှစ်ပေါင်းငါးရာ သက်တမ်းကို ပိုင်ဆိုင်ထား ကြပါတယ်။ အသက်နှစ်ရာအောက်ပဲ ရှိသေးတယ်ဆိုရင် အဲဒီလူက အသက်သုံးဆယ် ပုံပန်းသဏ္ဍာန်နဲ့ မကွာခြားပါဘူး။

အဲဒီလူက ခေါင်းစောင်းပြီးတော့ လင်းဟန်နဲ့ ဟူးညို့တို့ကို ကြည့်လိုက်ပြီး သူ့အကြည့်တွေမှာ သူတို့ကို မတူမတန်တဲ့ ပုံစံမျိုး ဖြစ်သွားခဲ့ပါတယ်။ သူက အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"ပန်းဖူးအဆင့်ပဲ ရှိသေးတဲ့ ဂျူနီယာလေး တစ်ယောက်က ငါ့ကို လမ်းဖယ်ပေးဖို့ ပြောရဲတယ်ပေါ့"

"ခိခိခိ မင်းတော့ ပြဿနာ အကြီးကြီးတက်ပြီ ဆိုတာကို အရှင်သခင်ယုန်က ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ အာမခံရဲတယ်"

"မို့စ္စာ မို့စ္စာသားရဲကောင်"

အဲဒီလူက အံ့အာသင့် နေခဲ့ပါတယ်။ ဒီယုန်က တကယ်ပဲ လူသားတစ်ယောက်လို စကားပြော နိုင်တယ်ပေါ့လေ။

"လမ်းဖယ်စမ်း"

လင်းဟန်ရဲ့ အမူအရာကလည်း အေးစက်စက် ပြောင်းလာခဲ့ပါတယ်။

အဲဒီလူကလည်း ယုန်တစ်ကောင်က ဘယ်လိုဖြစ်လို့ လူသားတစ်ယောက်လို စကားပြောနိုင် ရတယ်ဆိုတာကို ထပ်ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ခံပြီးတော့ မစဉ်းစားတော့ပဲ လင်းဟန်ကို ပြန်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူက လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ်ပဲ ငါ့ကို ဒီလိုမျိုး ပြောရဲတယ်ပေါ့။ မင်းတော့ အသက်ရှင်ရတာ ပင်ပန်းနေပြီ ထင်တယ်"

"အရှင်သခင်ယုန် ထင်တာတော့ အသက်ရှင်ရတာ ပင်ပန်းနေသူက မင်းပဲ"

ယုန်ဖြူကြီးက အမြဲတမ်းလိုလို မီးလောင်ရာ လေပင့်တတ်ပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ပြောနေကြ စကားပုံတစ်ခု ရှိတယ်။ ခွေးကောင်းတစ်ကောင်က ဘယ်တော့မှ လမ်းမပိတ်ဘူးတဲ့။ ဒါဆိုရင် မင်းလိုမျိုး ခွေးဆိုးတစ်ကောင်ကိုတော့ ပိတ်ကန်ပစ်တာက အကောင်းဆုံးပဲ"

"အတင့်ရဲလိုက်တာ"

အဲဒီလူရဲ့ ဒေါသတွေက အရမ်းကို ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ပြီးတော့ သူ့ကိုယ်တိုင်ပဲ အရင်ဆုံး စတင်တိုက်ခိုက် လိုက်ပါတယ်။ သူ့ရဲ့လက်ကို ဆန့်ထုတ်ပြီးတော့ ဖွင့်လိုက်တဲ့ အခါမှာ အနက်ရောင် ကျာပွတ် တစ်ချောင်းက ပျံထွက်ပေါ်လာပြီး လင်းဟန်ရဲ့ ဦးခေါင်းဆီကို တွန့်လိမ်ပြီး ပြေးဝင်သွားခဲ့ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ကျာပွတ်နဲ့အတူ သူ့ရဲ့ကြောက်မက်ဖွယ်ရာကောင်းတဲ့ မူလစွမ်းအင် ထည့်သွင်းထားတာကြောင့် လင်းဟန်ရဲ့ခေါင်းကို ချက်ချင်းပဲ ဖြတ်ပစ်လိုက် နိုင်ပါလိမ့်မယ်။

လင်းဟန်ရဲ့ မျက်လုံးတွေထဲမှာလည်း အေးစက်စက်

အလင်းတစ်ခု တောက်ပသွားခဲ့ပါတယ်။ ဒီလူက လမ်းပိတ်ထားပြီးတော့ တခြားလူတွေကို ပေးမသွားဘူးဆိုတဲ့ အချက်ကို အသာထားဦး သူ့ရဲ့ ပထမဆုံး တိုက်ကွက်မှာပဲ လူသတ်ဖို့ ရည်ရွယ်ထားတာကြောင့် ဒီလူက တကယ့်ကို ရက်စက်ကြမ်းကြုတ်သူ တစ်ဦးဖြစ်ပါတယ်။

ဒီလိုမျိုး လူတစ်ယောက်ကို သူ့အနေနဲ့လည်း သနားငဲ့ညှာနေစရာ မလိုပါဘူး။

လင်းဟန်ကလည်း လှုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့လက်မှာ မိုးကြိုးလျှပ်စီးတွေ ပိုင်းရံနေပြီး ကျာပွတ်ကို မြဲမြဲစွာနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

ဂျစ်။

မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားက ချက်ချင်းဆိုသလို ကျာပွတ်ကနေ ဖြတ်ပြီးတော့ ကိုင်ဆောင်ထားတဲ့ လူဆီကို စီးဆင်းသွားခဲ့ပါတယ်။

"အား"

အဲဒီလူက အံ့အားသင့် သွားခဲ့ပါတယ်။ မိုးကြိုးလျှပ်စီးရဲ့

စွမ်းအားက ကူးပြောင်းလာတဲ့ အချိန်မှာ သူ့ရဲ့ညာဘက်လက်မောင်း တစ်ခုလုံးက လျှပ်စစ်ဓာတ်ကြောင့် မာတောင့်သွားခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့လက်ချောင်းတွေ အားလုံးမှာ ခံစားချက်တွေ ပျောက်ဆုံးကုန်ပြီး သူ့ရဲ့လက် အားမရှိတော့သလို ဖြစ်သွားပြီး ကျာပွတ်ကလည်း ပြုတ်ကျသွားခဲ့ပါတယ်။

သူက အလျင်အမြန်ပဲ ဘယ်ဘက်လက်ကို နောက်တစ်ကြိမ် ဆန့်ထုတ်ပြီးတော့ သူ့ကျာပွတ်ကို ဖမ်းလိုက်ပါတယ်။ ဒါက သစ်နက်ဂါးအနားမှာ ကပ်ညှိနေတဲ့ တိမ်ပုံရွှေချည်မျှင်နဲ့ ပြုလုပ်ထားတာ ဖြစ်ပြီးတော့ အရမ်းကို အဖိုးတန်ပါတယ်။

ဒါပေမဲ့ ကျာပွတ်က မြွေတစ်ကောင်လို တွန့်လိမ်ပြီးတော့ လင်းဟာန်ဆီကို လျင်မြန်စွာနဲ့ ပျံသန်းသွားပြီး လင်းဟာန်ရဲ့ လက်ထဲကို ရောက်သွားခဲ့ပါတယ်။

"အဲဒါကို ပြန်ပေးစမ်း"

အဲဒီလူက အော်လိုက်ပါတယ်။

လင်းဟာန်က မျက်လုံးပြူးပြပြီးတော့ မေးလိုက်ပါတယ်။

"မင်းရဲ့ခေါင်းက ကောင်းသေးရဲ့လား"

"ကောင်စုတ်လေး မင်းက ကိုယ့်ကိုကိုယ် သေကြောင်းရှာနေတာလား"

အဲဒီလူက မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"စောစောတုန်းကလည်း ငါ့ကိုသတ်မယ်လို့ အဓိပ္ပါယ်မရှိ ပြောသေးတယ်။ ပြီးတော့ ငါနဲ့ ဆော့နေသလိုပဲ"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီး ကျာပွတ်ကို ပွေ့ယမ်းလိုက်ပြီး အဲဒီလူဆီကို ကျာပွတ်နဲ့ ဆတ်ခနဲ ရိုက်လိုက်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျာပွတ်ရဲ့ ကိုယ်ထည်မှာ သတ္တုနဲ့ ကျစ်ထားတာကြောင့် လျှပ်စီးကူးဖို့ အကောင်းဆုံး လျှပ်ကူးပစ္စည်း ဖြစ်လာပါတယ်။ ကျာပွတ်တစ်ခုလုံး ဖြူဖွေးလာပြီး လျှပ်စီးတွေက ကျာပွတ်တစ်ပိုက်မှာ ပိုင်းနေပြီး ရှေးဟောင်း သင်္ကေတတွေက တောက်ပလင်းလက် နေပါတယ်။

လပြွတ်ပဲ။

အဲဒီလူက ကျိန်ဆဲလိုက်ပါတယ်။ ဒီနေရာ တစ်ခုလုံးက မိုးကြိုးလျှပ်စီးတွေ ပြည့်နှက်နေပြီး လျှပ်စီးဒြပ်စင် စိတ်ဝိညာဉ် အခြေခံရှိတဲ့ ကျင့်ကြံသူတွေရဲ့ စွမ်းအားကို နှစ်ဆတိုးစေပါတယ်။ သူတို့က ပတ်ဝန်းကျင်က မိုးကြိုးလျှပ်စီးတွေကို ဆွဲဆောင်ပြီး သူတို့ရဲ့ ကိုယ်ပိုင်တိုက်ခိုက်မှုမှာ ဖြည့်စွက်နိုင်ပါတယ်။

ပန်းဖူးအဆင့် ကျင့်ကြံသူတွေက ပတ်ဝန်းကျင်က စိတ်ဝိညာဉ် ချီတွေကို သူတို့ကိုယ်ပိုင် တိုက်ခိုက်မှုတွေမှာ ဖြည့်စွက်ဖို့ လမ်းညွှန်ပြနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ မိုးကြိုးလျှပ်စီးတွေက ပင်လယ်တစ်ခုလို ဖြစ်နေပါတယ်။ တခြားဒြပ်စင်ငါးမျိုးကို ကျင့်ကြံထားတဲ့ ကျင့်ကြံသူတွေက သူတို့ကိုယ်ပိုင် ဒြပ်စင်အသီးသီးကို ငှားရမ်းပြီးတော့ သုံးစွဲလို့ မရနိုင်ပဲ သူတို့ကိုယ်ပိုင် စွမ်းအားနဲ့ပဲ တိုက်ခိုက်ရပါလိမ့်မယ်။ ဒါက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်အပေါ်မှာ အကြီးအကျယ် ကန့်သတ်ထား ပါတယ်။

ဒါပေမဲ့ လျှပ်စီးဒြပ်စင် ကျင့်ကြံသူများ အတွက်တော့ ဒီနေရာက သုခဘုံ တစ်ခုနဲ့ ညီမျှပါတယ်။

အဲဒီလူက အထိတ်တလန့်နဲ့ အနောက်ကို ဆုတ်ခွာသွားပြီး ဒီတိုက်ခိုက်မှုကို ရှောင်တိမ်း လိုက်သလိုပါပဲ၊

လင်းဟန်က သူ့အနောက် ဆက်လိုက်ပြီးတော့ ကျာပွတ်နဲ့ နောက်တစ်ကြိမ် ထပ်ပြီးတော့ ရိုက်လိုက်ပါတယ်။

သူ့ရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်ကို ရောက်နေပြီး ဒီနေရာမှာရှိတဲ့ လျှပ်စီးတွေကို သူ့ကိုယ်ပိုင် တိုက်ခိုက်မှုတွေထဲမှာ ထည့်သွင်းနိုင်တဲ့ အချက်ကိုပါ ပေါင်းလိုက်ရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ဘယ်သူ့ကိုမဆို ဖိနှိပ်နိုင်စွမ်းရှိပါတယ်။ တကယ်လို့ တစ်ဖက်လူက လျှပ်စီးဒြပ်စင် စိတ်ဂိညာဉ် အခြေခံ တစ်ခုကို ပိုင်ဆိုင်ထားရင်တောင် သူ့အတွက် အရမ်းကို လွယ်ကူနေပါဦးမယ်။

ဒီလူက ဘယ်လိုလုပ်ပြီးတော့ သူ့ကို ရင်ဆိုင်ဆန့်ကျင်နိုင်စွမ်း ရှိမှာလဲ။

လင်းဟန်က ကပ်ပြီးတော့ လိုက်လာပြီး အဲဒီလူက အနောက်ကို ဆက်တိုက်ကို ဆုတ်နေရ ပါတယ်။ ကျာပွတ်ကို ထပ်ခါထပ်ခါ ဆတ်ခနဲ ရိုက်နေပြီး လျှပ်စီးအလင်းတွေက ကျာပွတ်မှာ ပိုင်းနေပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါတယ်။

အဲဒီလူရဲ့ ခေါင်းတစ်ခုလုံး အေးစက်စက်ချွေးစေးတွေနဲ့ ဖုံးသွားခဲ့ပါတယ်။

ဒီနေရာက မိုးကြိုးလျှပ်စီးတွေက အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ ရွှံ့နွံထဲမှာ ခြေလှမ်းရ သလိုမျိုး မိုးကြိုးလျှပ်စီး ပင်လယ်တစ်ခုကို ဆန့်ကျင်ရင်ဆိုင်ပြီး ခြေလှမ်းတစ်လှမ်း လှမ်းရတာက အရမ်းကို ခက်ခဲလွန်းပါတယ်။ ဒါက လူတစ်ယောက်ရဲ့ မူလစွမ်းအင်နဲ့ ခံနိုင်ရည်စွမ်း နှစ်ခုလုံးကို အကြီးအကျယ် ကုန်ခမ်းစေတာကြောင့် ခြေလှမ်းအနည်းငယ် လှမ်းပြီးတိုင်း တစ်ခါအနားယူရခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ ကျားပွတ်က သူ့ခေါင်းပေါ်မှာ အရှုံးအမူးကို တိုက်ခိုက်နေပြီး သူ့ကို အသက်ရှူခွင့်တောင် မပေးပါဘူး။ ဒါကြောင့် သူက အထိတ်တလန့် ဖြစ်သွားပြီး ချောင်ပိတ်မိနေတဲ့ ခွေးရူးတစ်ကောင် အရှေ့ကို အတင်းတိုးထွက်ရုံပဲ တတ်နိုင်ပါတယ်။

သူ့အနေနဲ့ ဒီထပ်ပိုပြီးတော့ ကောင်းအောင်လို့ မလုပ်နိုင်ပါဘူး။

"သေစမ်း သေစမ်း"

အဲဒီလူက မယုံနိုင်လောက်အောင် ဒေါသထွက်လာပြီး အရှက်ခွဲခံနေရသလို ခံစားလာရ ပါတယ်။

"ကောင်လေး မင်းအရမ်းကြီး မလွန်လာနဲ့။ ငါက သံမဏိသစ်ပင်ငွေပန်းပွင့်ရဲ့ လီကာလန်က အဖွဲ့သား တစ်ယောက်ပဲ။ ငါတို့ရဲ့ အကြီးအကဲက အဆုံးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ"

"အိုး ငါအရမ်းကို ကြောက်သွားပြီ။ ငါမင်းကို သတ်လိုက်ရင် နောက်ပိုင်းမှာ ဖြစ်လာမဲ့ ခြိမ်းခြောက်မှုကို ဖယ်ရှားပြီးသား ဖြစ်သွားမှာပေ့ါ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး ကျာပွတ်နဲ့ ပိုပြီးတော့တောင် လျင်လျင်မြန်မြန် တိုက်ခိုက် လိုက်ပါတယ်။

အဲဒီလူက မျက်စိမျက်နှာ ပျက်ပြီးတော့ အော်လိုက်ပါတယ်။ လူတွေ ဖြတ်သွားသလို သူ့ရဲ့ ဆိုးဆိုးဝါးဝါး ပုံစံကို အများကြီးက မျက်မြင်ကိုယ်တွေ့ ဖြစ်သွားတာကြောင့် သူ့ကို မယုံနိုင်အောင် ဒေါသအမျက် ထွက်သွားပြီး အရှက်ရစေခဲ့ပါတယ်။

Chapter 645 end

Zaw.အပိုင်း(၆၄၆) တစ်စုံတစ်ယောက် ဂင်ရောက်စွက်ဖက်ခြင်း

သနားစရာလူပဲ။ သူ့ဆီကနေ ကျိန်ဆဲတဲ့ စကားတွေကိုတောင် မကြားရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အခုဆို အသက်ကို ကြိုးစားရှူနေရပါတယ်။

တကယ်လို့ သူသာထွက်မပြေးဘူးဆိုရင် ကျားပွတ်နဲ့ အရိုက်ခံရ ပါလိမ့်မယ်။ ပြီးတော့ နလုံးသား ဆွဲခါလိုက်သလို နာကျင်မှု ဖြစ်ပေါ်စေရုံသာမက သူ့ခန္ဓာကိုယ် တစ်ခုလုံးတောင် မာတောင့်သွား ပါလိမ့်မယ်။ ဒါကြောင့် သူက အသက်တောင် မရှူနိုင်အောင် ဖြစ်နေပါတယ်။ ဒါပေမဲ့ တကယ်လို့ သူထွက်ပြေးမယ်ဆိုရင် ဒီနေရာက မိုးကြိုးလျှပ်စီးတွေက တကယ်ပဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ အဲဒါက သူ့ကို အရမ်းကို ပင်ပန်းနွမ်းနယ်သွားစေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ချွေးတွေကလည်း မိုးရေစိုထားသလို ရွှဲစိုနေပါလိမ့်မယ်။ သူလည်း ပင်ပန်းနွမ်းနယ်မှုကြောင့် ပြိုလဲသွား ပါလိမ့်မယ်။

ခံနိုင်ရည်နဲ့ ပတ်သက်ရင် သူက တခြားလူတွေထက် အနည်းငယ် ပိုကောင်းတာပဲ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အကြီးအကျယ် ဒုက္ခရောက်တာကို ခံနိုင်မှာလဲ။

"ခန္ဓာကိုယ် ကျင့်စဉ်တွေက တကယ့်ကို အတော်လေး အရေးပါတာပဲ"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပြီး ချက်ချင်းဆိုသလို ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်နဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်အပေါ်မှာ အချိန်တွေ အများကြီး ပေးပြီးတော့ ကျင့်ကြံဖို့ ဆုံးဖြတ်ထားပါတယ်။ တကယ်လို့ သူက ထူးချွန်ထက်မြက်တဲ့ အစစ်အမှန် လက်ရွေးစင် တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် နေရာတိုင်းမှာ ပြီးပြည့်စုံနေဖို့ လိုပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအခြေအနေမျိုးမှာ အထင်သေးစွာနဲ့ အကြည့်ခံရပါလိမ့်မယ်။ ဒါပေမဲ့ တခြားအခြေအနေမှာ မင်းအတွက် အဆုံးသတ်သွားပြီး ဘယ်လိုလုပ် လက်ရွေးစင် ဖြစ်လိမ့်မှာလဲ။

"ငါ့ကို နောက်ထပ် မတိုက်နဲ့တော့"

အဲဒီလူက ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။ အခုဆိုရင် သူက ခွေးသေကောင် တစ်ကောင်လို ဖြစ်နေပါပြီ။ သူ့ပုံစံကို ကြည့်ရတာ ရေကန်ထဲကနေ ခုန်ထွက်လာသလိုမျိုး သူ့တစ်ကိုယ်လုံး ချွေးတွေနဲ့ စိုရွှဲနေပြီး အဂတ်အစားတွေတောင်မှ ရွှဲရွှဲစိုနေပါတယ်။

ဒါပေမဲ့ သူ့မှာ ကျိန်ဆဲဖို့ အချိန်တောင် မရှိပါဘူး။ ပြီးတော့ အဆက်မပြတ် လွတ်မြောက်အောင် ရှောင်တိမ်းနေ ရပါတယ်။

"မင်းက ဆက်ပြီးတော့ မတိုက်ဖို့ ပြောတာနဲ့ပဲ ငါက နားထောင်ရမှာလား။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ"

လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်ပါတယ်။ အားလုံးက သူ့ကို စိတ်မဆိုးတတ်ဘူးလို့များ ထင်နေကြတာလား။ သူက အရင်ဘဂတုန်းက မှော်ဆေးကေရာဇ်ရဲ့ စိတ်မျိုးနဲ့သာဆိုရင် စိတ်ရှိတိုင်းသာ ဖောက်ခွဲပစ်ရမယ်ဆိုရင် တခြားလူတွေထက်ပိုပြီး ပုန်းဒိုင်းကြဲတာမျိုး ဖြစ်သွားပါလိမ့်မယ်။

ဖြန်း ဖြန်း ဖြန်း။

ကျာပွတ်နဲ့ တရစပ် တိုက်ခိုက်လိုက် ပါတယ်။

အဲဒီလူက သွေးတွေအန်လိုက် ပါတယ်။ ကျာပွတ်နဲ့ကြောင့် မဟုတ်ပေမဲ့ သူ့ရဲ့ခံနိုင်ရည်က အလွန်အကျွံဖြစ်သွားပြီး သူ့ရဲ့မူလစွမ်းအင် လည်ပတ်မှုကလည်း မတရား များလွန်းတာကြောင့် ဖြစ်ပါတယ်။

"ဟင် ဒါက လီယွမ်မင်း မဟုတ်လား"

အရှေ့နားမှာ နားနေတဲ့ လူသုံးယောက်က အဲဒီလူကို မြင်လိုက်ရတဲ့ အခါမှာ သူတို့က အရင်ဆုံး ကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေပြီး ဒီခွေးသူတောင်းစားက ဘယ်နေရာကနေ လာခဲ့လဲဆိုတာကို စဉ်းစားနေကြပေမဲ့ အနားကို ရောက်လာတဲ့ အခါမှာ သူတို့နဲ့ သိကျွမ်းခင်မင်တဲ့ လူဆိုတာကို သိလိုက်ရပါတယ်။

"အစ်ကို ချောင်ဟန်။ အစ်ကို ချောင်ဟန်"

အဲဒီလူက စကားပြောလိုက်တဲ့ လူကို မြင်လိုက်တာနဲ့

ချက်ချင်းဆိုသလို ကယ်တင်ရှင်ကို တွေ့သွားသလိုမျိုး အလျင်အမြန်နဲ့ ပြေးလာခဲ့ပြီး စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်တွေပါ ဝေ့လာခဲ့ပါတယ်။

"အစ်ကိုချောင်ဟန် ငါ့ကိုကယ်ပါ"

အဲဒီလူ သုံးယောက်ထဲက တစ်ယောက်က အရပ်မြင့်မြင့် ဗလတောင့်တောင့်နဲ့လူက မတ်တပ်ထ ရပ်လိုက်ပြီး လီယွမ်မင်းအတွက် သူတို့အနောက်မှာ ပုန်းအောင်းနိုင်ဖို့ လမ်းဖယ်ပေးလိုက် ကြပါတယ်။ အဲဒီနောက် သူက လက်ကိုမြှောက်ပြီး ကျောပွတ်ကို ဖမ်းလိုက်ကာ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"လူငယ်လေး။ ဘယ်သူမဆို အမှားလုပ်မိ တတ်တာပဲ။ ခွင့်လွှတ်လို့ ရနိုင်တဲ့ အခါမှာ သူတို့ကို မင်းအနေနဲ့ ခွင့်လွှတ်ပေးသင့်တယ်။ မင်းရဲ့စိတ်တွေကို စိတ်လွတ်ကိုယ်လွတ်နဲ့ မလုပ်ပါနဲ့"

သူ့ရဲ့လက်အနားမှာ လျှပ်စီးအလင်းတွေက ဝိုင်းရံနေပေမဲ့ အဖြူရောင် မဟုတ်ပဲ အပြာရောင် ဖြစ်နေပါတယ်။

ဘုတ်။

ကျားပွတ်က အောက်ကို ကျသွားခဲ့ပြီး ဗလတောင့်တောင့်နဲ့လူက အဲဒါကို ကောက်ပြီးတော့ ကိုင်ထားလိုက်ပါတယ်။ ကျားပွတ်ပေါ်မှာ ချက်ချင်းဆိုသလို အပြာရောင် လျှပ်စီးတွေ တောက်ပပြီး လင်းဟန်ကို ဦးတည်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က ကျားပွတ်ကို စွန့်လွှတ်လိုက်ပြီး သူရဲ့လက်တွေကို အနောက်ကို ပစ်ထားလိုက် ပါတယ်။

မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ဗလတောင့်တောင့်လူက အသာစီးရယူထားနိုင်ပြီး လင်းဟန်ကို ဖိအားပေးပြီးတော့ ကျားပွတ်ကို စွန့်လွှတ်စေခဲ့ပါတယ်။ ဒါက သာမန်ပါပဲ။ သူက အဆင့်မြင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး မူလစွမ်းအင်ရဲ့ သိပ်သည်းမှုနဲ့ ပတ်သက်ရင် သူကပိုပြီးတော့ အားသာချက် ရှိပါတယ်။

ဒါပေမဲ့လည်း တိုက်ပွဲစွမ်းရည်နဲ့ စွမ်းအားဆိုတာက မတူညီတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က သူအသုံးပြုတဲ့

လျှို့ဝှက်ဆန်းကြယ်စွမ်းအား သုံးခု၊ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်၊ သူ့ရဲ့ဓားသိုင်းနည်းစနစ်တွေ၊ ကောင်းကင်ဘုံ စိတ်ဝိညာဉ် ပန်းဆယ်ပွင့်နဲ့ သူ့ရဲ့သန်မာတဲ့ ခန္ဓာကိုယ်ကြောင့် အကောင်းဆုံး ဖော်ပြနိုင်တာပါ။ တကယ်လို့ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူ တစ်ယောက်ကို ပကတိ ခွန်အား သက်သက်နဲ့ ယှဉ်ပြိုင်နိုင်တယ်ဆိုရင် သူ့ရန်သူရဲ့ ခွန်အားကို သူ့ရဲ့အားနည်းချက်တွေကို ဖာထေးပြီး ယှဉ်ပြိုင်နိုင် ပါလိမ့်မယ်။

အစောပိုင်းတုန်းက လီယွမ်မင်းက ဒီနေရာမှာရှိနေတဲ့ မိုးကြိုးလျှပ်စီးအားတွေကြောင့် ဖိနှိပ်ခံထား ရပါတယ်။ ဒါပေမဲ့ ဒီဗလတောင့်တောင့်နဲ့ လူကတော့ လျှပ်စီးဒြပ်စင် စိတ်ဝိညာဉ် အခြေခံ တစ်ခု ရှိနေပြီး အကျိုးသက်ရောက်မှု မရှိတာက သဘာဝ ကျပါတယ်။ တစ်ဖက်ကလည်း သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အဆင့်မြှင့်တင်မှု တစ်ခုကို ရရှိပါတယ်။

"အစ်ကိုယွမ်မင်းကို ဒူးထောက်ပြီးတော့ တောင်းပန်လိုက်စမ်း။ ငါမင်းရဲ့ အသက်ကို ချမ်းသာပေးမယ်"

ဗလတောင့်တောင့်နဲ့လူက ပြောလိုက်ပါတယ်။ သူ့အသံက

ဟိန်းထွက်နေပြီး မိုးကြိုးတွေ ပစ်ချသလို ကျယ်လောင်လွန်းပါတယ်။

လီယွမ်မင်းက စိတ်ထဲကနေ ကျိတ်ပြီးတော့ အရမ်းကို မကျေမနပ် ဖြစ်နေပြီး လင်းဟန်ကို သတ်ပစ်ဖို့ပဲ လိုချင်နေခဲ့ပါတယ်။ သူ့ရဲ့အသိအကျွမ်းတစ်ယောက်က သူ့ကိုကူညီပေးတာက အရမ်းကို ကောင်းမွန်ပါတယ်။ သူ့အနေနဲ့ အများကြီး တောင်းဆိုနေစရာ မလိုတော့ပါဘူး။ တကယ်တော့ သူ့အနေနဲ့ ကျောင်းကလန်ရဲ့ ယခုမျိုးဆက်ထဲမှာ သန်မာတဲ့ အဖွဲ့သား တစ်ဓာက် ဖြစ်ပါတယ်။ မိုးကြိုးလက် ကျောင်းချောင်ဟန်က သူ့ကိုယ်သူ အထွတ်အထိပ်လို့ သတ်မှတ်ယူဆ နေပြီးတော့ နာမည်ဂုဏ်သတင်းနဲ့ အဆင့်အတန်းမှာ ထင်ပေါ်ကျော်ကြားပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဖြစ်ကြောင်းကုန်စင်ကိုတောင် ကောင်းကောင်းမသိပဲနဲ့ ငါ့ကို ဒူးထောက်ပြီးတော့ တောင်းပန်ဖို့ အမိန့်ပေးနေသေးတယ်။ ဘယ်လောက်တောင် အနိုင်ကျင့်လိုက်သလဲ"

"တကယ်လို့ ငါက အနိုင်ကျင့်တော့ရော ဘာဖြစ်သေးလဲ"

ကျောင်းချောင်ဟန်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

သူက လီယွမ်မင်းနဲ့ အရမ်းကို ရင်းနှီးတာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်လုံးရဲ့ အဖွဲ့အစည်းကိုယ်စီမှာ ကောင်းကင်သင်္ဘောအဆင့် စွမ်းအားတွေကို ပိုင်ဆိုင်ထားကြပြီး ပတ်သက် ဆက်နွယ်မှု ရှိကြပါတယ်။ လီယွမ်မင်းက ခွေးတစ်ကောင်လို ရိုက်နှက်ဆုံးမခံနေရတာက သူ့ကိုလည်း စိတ်အနှောင်အယှက ဲဖြစ်စေတဲ့ အချက်ကြောင့်လည်း ပါပါတယ်။

ဒါကြောင့် သူက သချောပေါက်ကို ဒီအကျပ်အတည်း ပြဿနာထဲကနေ သူ့ကိုဆွဲထုတ် ပေးရပါလိမ့်မယ်။

"ဒါဆိုရင်လည်း ငါတို့ တိုက်ကြတာပေါ့"

လင်းဟန်က မကြောက်မရွံ့ သူ့ရဲ့လက်သီးတွေကို မြှင့်လိုက်ပါတယ်။ သူက ကျားပွတ်ကို ပေ့ယမ်းနေတုန်းက ကစားနေတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့

သူ့ရဲ့ စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည်ကို ဖော်ပြနိုင်မှာလဲ။

ကျောင်းချောင်ဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အစ်ကိုယွမ်မင်းကို ထိန်းချုပ်နိုင်တယ် ဆိုတာက ဒီနေရာက မိုးကြိုးလျှပ်စီးတွေ ပြည့်နေတဲ့ နေရာတစ်ခု ဖြစ်တာကြောင့် မင်းက သဘာဝရဲ့ အားသာချက် တစ်ခုကို ရရှိခဲ့လို့ပါ။ ဒါပေမဲ့ ငါလည်းပဲ လျှပ်စီးဒြပ်စင်ကို လေ့ကျင့်သူ တစ်ယောက်ဖြစ်တယ်။ အဲဒါကြောင့် ကျင့်ကြံခြင်း အဆင့်ကပဲ အဆုံးအဖြတ် ပေးသွားမဲ့ အချက်တစ်ခုပဲ။ ငါက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ဖြစ်ပြီးတော့ အလွှာကိုးကို ရောက်နေပြီ။ အဲဒီတော့ မင်းမှာ ငါနဲ့တိုက်ခိုက်ဖို့ ဘယ်လိုအချက် ရှိလို့လဲ"

"ငါ့အမြင်အရတော့ မင်းက လေပေါ်ဂိုဏ်းရဲ့ အလွှာကိုးမှာ ရှိတယ်လို့ ထင်တယ်"

လင်းဟန်က ရန်စလိုက်ပါတယ်။

"တကယ်လို့ ငါတို့တိုက်မယ်ဆိုရင်လည်း တိုက်ကြတာပေါ့။ ဘာဖြစ်လို့ စကားတွေ လျှောက်ပြော နေတာလဲ။

ငှါကိုပြောစမ်းပါ။ လေပေါါဂိုဏ်းထဲမှာ မင်းက ဘာလုပ်ရတာလဲ”

ကျောင်းချောင်ဟန်ရဲ့ မျက်နှာက ခက်ထန်မာကျော သွားပါတယ်။ သူက ကျာပွတ်ကို လီယွမ်မင်းဆီ ပြန်ပြီးတော့ ပစ်ပေးလိုက်ပြီးတော့ သူ့လက်တွေကို လက်သီးဆုပ်လိုက်ပါတယ်။ သူ့ရဲ့ လက်ဆစ်တွေ မြည်သံက တရစပ် ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ကြွက်သားတွေ တုန်ခါလာပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အံ့အားသင့်စရာ ကောင်းနေတဲ့ စွမ်းအားကို ဖော်ပြနေပါတယ်။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူတို့နှစ်ယောက်လုံးက အစွမ်းထက်တဲ့ အဖွဲ့အစည်းတွေကနေ ဖြစ်ပြီးတော့ နှစ်ယောက်လုံး စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့ ကျောင်းချောင်ဟန်က လီယွမ်မင်းထက် အဆပေါင်းများစွာ သန်မာအားကောင်းပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကောင်းကင်အဆင့် စွမ်းအားရှိနေပေမဲ့ အဖွဲ့အစည်း တစ်ခုရဲ့ အရင်းအမြစ်က အကန့်အသတ်နဲ့ ရှိပါတယ်။ ဒါကြောင့် အရင်းအမြစ်တွေကို

ထူးချွန်ထက်မြက်တဲ့ ပါရမီရှိတဲ့ ကလန်အဖွဲ့သားတွေကို အာရုံစိုက်ပြီးတော့ တိုးတက်လာအောင် သုံးစွဲကြပါတယ်။ အဲဒါကြောင့် လီယွမ်မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်နေပေမဲ့ သူ့ရဲတိုက်ပွဲစွမ်းရည်ကတော့ ဖွတ်ကျားသာသာပါပဲ။

ဒီကျောင်းချောင်ဟန်ကတော့ လျော့တွက်လို့ မရနိုင်ပါဘူး။

လင်းဟန်ကလည်း သူ့ရဲ့ ကြွက်သားတွေကို ထုတ်ဖော်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်အထဲက ကြွက်သားတွေရဲ့ တစ်ဖျောက်ဖျောက်နဲ့ မြည်တဲ့အသံက မိုးခြိမ်းသံတွေလို ကျယ်လောင်လွန်း ပါတယ်။ နောက်ပြီးတော့ အဲဒီအသံတွေက ကျောင်းချောင်ဟန်ထက်တောင် အံ့အားသင့်စရာ ကောင်းလွန်းပြီး ဆူညံသံတွေက လူတစ်ယောက်ရဲ့ ရင်ဘတ်ထဲက နှလုံးသားကိုတောင် ပေါက်ကွဲထွက်လုမတတ် ဖြစ်စေပါတယ်။

သူတို့နှစ်ယောက်လုံးက ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံထားပါတယ်။ ဒါပေမဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က နန်းတော်ဆယ့်နှစ်ခုကနေ ရရှိခဲ့တာ ဖြစ်ပြီးတော့ တန်ခိုးရှင်အဆင့် ဖြစ်ပါတယ်။

ကျောင်းချောင်ဟန်ရဲက အမူအရာက အနည်းငယ် ပြောင်းလဲသွားခဲ့ပါတယ်။ သူက ခန္ဓာကိုယ် ကျင့်စဉ်တစ်ခုကို ကျင့်ကြံထားတာကြောင့် ပုံမှန်ကျင့်ကြံသလိုမျိုး တစ်ပြိုင်နက်တည်း ခန္ဓာကိုယ် ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်မယ်ဆိုရင် ဘယ်လောက်တောင် ပေးဆပ်မှု ကြီးမားတယ် ဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက် ထားပါတယ်။ ပထမ အချက်က ခန္ဓာကိုယ် ကျင့်စဉ်တွေက အများကြီး မရှိပါဘူး။ တကယ်လို့ လူတစ်ယောက်က အရည်အသွေးနိမ့်တဲ့ ခန္ဓာကိုယ် ကျင့်စဉ်တစ်ခုကို ကျင့်ကြံမယ်ဆိုရင် ပထမ ဦးစားပေးပြီးတော့ မကျင့်ကြံတာက အကောင်းဆုံးပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အချိန်နဲ့ စွမ်းအားတွေကို ဖြုန်းတီးသလို ဖြစ်ပါလိမ့်မယ်။

ဒုတိယ အချက်က သူတို့ရဲ့ ခန္ဓာကိုယ်ကို တည်ဆောက်နေတဲ့ အခိုက်အတန့်မှာ လိုအပ်တဲ့ သဘာဝ ရတနာတွေကလည်း အရမ်းကို မြင့်မားပြီး နောက်ပိုင်းအဆင့်ပိုမြင့်လာလေ သူတို့ရဲ့ လိုအပ်ချက်တွေက ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ကောင်းကင်အဆင့် စွမ်းအားရှိတဲ့ အဖွဲ့အစည်း တစ်ခုအတွက်တောင် သူတို့က မျိုးဆက်တိုင်းမှာ

ကလန်အဖွဲ့ဝင် ငါးယောက်ကို ရွေးချယ်ပြီးတော့ ပြုစုပျိုးထောင်ပေးလို့ပဲ နိုင်ပါတယ်။

ဒါပေမဲ့ ဒီလူငယ်လေးကတော့ သူ့ထက် ငယ်ရွယ်တယ်ဆိုတာ ပေါ်လွင်ပြီး ကျင့်ကြံခြင်းအဆင့် သူ့ထက်နိမ့်တယ် ဆိုပေမဲ့ ခန္ဓာကိုယ် ကျင့်စဉ်မှာ သူ့ထက်တောင် သာလွန်နေပါတယ်။ ဒါကို သူဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

ဒီကောင်လေးက ပိုပြီးတော့တောင် အစွမ်းထက်တဲ့ အဖွဲ့အစည်း တစ်ခုကနေ လာခဲ့တာ ဖြစ်နိုင်မလား။

ဒါက ဒုက္ခရောက်မဲ့ ကိစ္စတစ်ခုလို့ ပထမဆုံးအကြိမ်အဖြစ် ကျောင်းချောင်ဟန်အနေနဲ့ ခံစားလိုက် ရပါတယ်။ သူက အားလူးပူပူ တစ်လုံးကို ဖမ်းမိလိုက်သလိုပဲ ဒီတစ်ကြိမ်တော့ သူ့ရဲ့ ဂင်ရောက် စွက်ဖက်မှုကြောင့် ဖြစ်ပေမဲ့ ဒီအရာတွေက အရမ်ကို လွန်လာတာကြောင့် သူ့အနေနဲ့ နောက်ဆုတ်ပြီး မနေနိုင်ပါဘူး။ ဒါကြောင့် သူက အံကိုကြိတ်ပြီးတော့ ရှေ့ဆက် တိုးဖို့ပဲ ရှိပါတော့တယ်။

"မင်းတိုက်ကွက်ကို ထုတ်"

သူက ပြောလိုက်ပါတယ်။

"မင်းက ပန်းဖူးအဆင့်မှာပဲ ရှိသေးတယ်။ ဒါကြောင့် ငါမင်းကို တိုက်ကွက်သုံးကွက် အကျောပေးမယ်။ ခက်ခဲတဲ့ အခြေအနေ တစ်ခုမှာ နောက်ဆုတ်ဖို့ မင်းရွေးချယ်နိုင်တယ်။ အစ်ကိုယွမ်မင်းကို မင်းတောင်းပန်ဖို့ပဲ ငါတောင်းဆိုတယ်။ ဒါဆိုရင် ဒီကိစ္စကို ပြီးသွားပြီလို့ ငါသတ်မှတ်လိုက်မယ်"

သူက လင်းဟန်ကို ဒူးထောက်ပြီး တောင်းပန်ခိုင်းဖို့ အတင်းအကျပ် တောင်းဆိုတာမျိုး မလုပ်တော့ပါဘူး။ လင်းဟန်ကို တောင်းပန်ရုံပဲ လုပ်ဖို့လိုအပ်ပြီး သူ့ရဲ့ဂုဏ်သိက္ခာကို ထိန်းနိုင်ပါ လိမ့်မယ်။ ဒါဆိုရင် အားလုံးအဆင်ပြေ သွားပါမယ်။

လင်းဟန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ ဘာဖြစ်လို့ သူ့ကို မျက်နှာသာ ပေးရမှာလဲ။

ရှည်လျားတဲ့ မာန်သွင်းသံနဲ့အတူ သူက ပြိုင်ဘက်ကို တိုက်ခိုက်ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ကို သုံးကွက်အကျောပေးတယ်ဆိုရင် မင်းတိုက်ကွက်တောင် ထုတ်ဖို့ အခွင့်အရေး မရလိုက်မှာကို

ငါကြောက်မိတယ်”

“ဟင့် မင်းကိုငါ သုံးကွက်အကျော ပေးမယ်လို့ ပြောခဲ့တဲ့အတိုင်းပဲ ငါလုပ်ရလိမ့်မယ်။ ငါ ကျောင်း... ဟဲ့ လပြွတ်”

ကျောင်းချောင်ဟန်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ လင်းဟန်က လက်သီးတစ်ချက် ထိုးလိုက်ပြီး မီတာသုံးဆယ်ခန့်မြင့်တဲ့ နဂါးတစ်ကောင်ရဲ့ ပုံရိပ်က ထွက်ပေါ်လာခဲ့ပါတယ်။ နဂါးကြီးက ရွှေရောင်ဖျော့ဖျော့ အရောင်ရှိပြီး ခန္ဓာကိုယ် တစ်ခုလုံးမှာ လျှပ်စီးတွေနဲ့ ပိုင်းနေပြီးတော့ မယုံနိုင်စရာကောင်းတဲ့ ကြောက်စရာမြင်ကွင်း တစ်ခုကို ဖြစ်စေခဲ့ပါတယ်။

သူက အလျှင်အမြန်ပဲ သူ့ရဲ့လက်သီးနဲ့ တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။ အရမ်းကို သန်မာတယ်။ သူက တကယ်ပဲ အရမ်းကို သန်မာပါတယ်။ တကယ်လို့ သူက လင်းဟန်ကို တိုက်ကွက်သုံးကွက် အကျောပေးလိုက်မယ်ဆိုရင် လင်းဟန်ရဲ့ ဖိနှိပ်မှုကို လုံးဝခံလိုက် ရပါလိမ့်မယ်။ ပြီးတော့ သူ့အနေနဲ့ နောက်တစ်ကြိမ် ပြန်ပြီးတော့ အသာစီးရယူဖို့ အခွင့်အရေး လုံးဝ ရှိလိမ့်မှာ မဟုတ်ပါဘူး။

Chapter 646 end

Zaw.အပိုင်း(၆၄၇) ထိတ်လန့်သွားပြီ

ထန် ထန် ထန်။

ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာပြီး မိုးကြိုးလျှပ်စီး အလင်းတွေက တောက်ပနေပြီးတော့ တခြားလူတွေ အားလုံးကို ဖိအားပေး နောက်ဆုတ်သွားစေခဲ့ပါတယ်။ ဟူးညိုတစ်ယောက်ပဲ မူလနေရာမှာ မားမားမတ်မတ် ရပ်တည်နိုင်ပါတယ်။ လျှပ်စီးအားလှိုင်းတွေ ပျံ့နှံ့နေပေမဲ့ သူမကို နည်းနည်းလေးမှတောင် အာနိသင် မသက်ရောက်စေပါဘူး။

ကျောင်းချောင်ဟန်က လင်းဟန်ကို ဘယ်လိုလုပ်ပြီးတော့ တိုက်ကွက်သုံးကွက် အရင်ဆုံး တိုက်ခိုက်ဖို့ အကျောပေးပွံ့တော့မှာလဲ။ တကယ်လို့ သူသာ အကျောပေးလိုက်မယ်ဆိုရင် လုံးဝကို အသာစီးမရတဲ့ အခြေအနေ တစ်ခုမှာ ပိတ်မိသွားပါလိမ့်မယ်။ ဒါကြောင့် သူ့အနေနဲ့ မျက်နှာပျက်မဲ့ ကိစ္စကို တွေးမနေတော့ပဲ အဲဒီနဂါးပုံရိုပ်ဆီကို လက်သီးတွေနဲ့ တရစပ် ထိုးပစ်လိုက်ပါတယ်။

"ဒါက မြေနဂါးဂိုဏ်းရဲ့ တိုက်ပွဲဆင်လက်သီး မဟုတ်လား"

သူက အံ့အားသင့်စရာ ကောင်းလောက်အောင် ဗဟုသုတနဲ့ ပြည့်စုံပါတယ်။ တိုက်ကွက်တစ်ကွက် ရင်ဆိုင်ရုံနဲ့ပဲ သတိပြုမိသွားခဲ့ပါတယ်။

ဒါက မြေနဂါးဂိုဏ်းရဲ့ အထွတ်အထိပ် လျှို့ဝှက်နည်းစနစ်တစ်ခုမဟုတ်သေးပါဘူး။ ပြီးတော့ ဒီနည်းစနစ်ကို သိတဲ့ တပည့်တွေ အများကြီး ရှိပါတယ်။ ဒါကြောင့် ကျောင်းချောင်ဟန်က ဒီသိုင်းကွက်ကို သတိပြုမိသွားတာ မထူးဆန်းပါဘူး။

လင်းဟန်က ပြန်မဖြေပါဘူး။ သူတို့တွေက တိုက်ခိုက်နေပြီ ဆိုမှတော့ သူ့ပြိုင်ဘက်ကို အနိုင်ယူတာက အကောင်းဆုံး တုံ့ပြန်မှု ဖြစ်ပါလိမ့်မယ်။

ကျောင်းချောင်ဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူက လင်းဟန်ကို ထပ်ပြီးတော့ လျော့မတွက်ပံ့ဘူး ဆိုပေမဲ့ လင်းဟန်ကို ကြောက်နေတယ်လို့တော့ မဟုတ်ပါဘူး။ သူ့ရဲ့လက်သီးကို ပွေ့ယမ်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က နည်းနည်းလေးမှ အားမနည်းပဲ လင်းဟန်နဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်ပါတယ်။

သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလွှာကိုးမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက ဒီကျင့်ကြံခြင်း အဆင့်မှာ ရောက်ရှိနေတာ အချိန်တွေ အရမ်းအရမ်းကို ကြာမြင့်နေခဲ့တာကြောင့် သူ့ကျင့်ကြံခြင်း အဆင့်က မယုံနိုင်စရာကောင်းလောက်အောင် သန့်စင်တဲ့ အဆင့်မှာ ရှိနေပါတယ်။ ဒါကြောင့် ကျင့်ကြံခြင်းအဆင့် မြင့်မားမှုရဲ့ အားသာချက်နဲ့အတူ သူက လင်းဟာန်ထက် နည်းနည်းလေးမှ မနိမ့်ကျခဲ့ပါဘူး။

ဒါပေမဲ့ သူ့ကိုပိုပြီးတော့ အံ့ဩသွားစေခဲ့တဲ့ အချက်က သူ့ရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ ထိပ်တန်းအဆင့်ထဲမှာ သေချာပေါက် ပါဝင်တယ်လို့ သတ်မှတ်လို့ ရပါတယ်။ အခုတော့ ပန်းဖူးအဆင့်မှာရှိတဲ့ လူငယ်လေး တစ်ယောက်က သူနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်စွမ်း ရှိနေပါတယ်။ ဒါက သူ့ကို မတရား အံ့ဩသွားစေခဲ့ပါတယ်။ ဒါက လုံးဝကို ယုတ္တိမရှိပါဘူး။

"ဂျူနီယာ မင်းက မြေနဂါးဂိုဏ်းရဲ့ တပည့်တစ်ယောက်လား"

သူက အော်ပြီးတော့ မေးခွန်းတစ်ခု ထုတ်လိုက်ပါတယ်။ တကယ်လို့ အဲဒီလိုသာဆိုရင် သူ့အနေနဲ့ ယုံကြည်နိုင်စရာ

စကားလုံး တချို့ကိုပြောပြီးတော့ တိုက်ပွဲကို ဆက်မတိုက်ပဲ နေရပါလိမ့်မယ်။ တကယ်တော့ မြေနဂါးဂိုဏ်းက ကောင်းကင်အဆင့် စွမ်းအားရှိတဲ့ အဖွဲ့အစည်း တစ်ခုထက်တောင် ပိုပြီးတော့ အစွမ်းထက်ပါတယ်။ တကယ်လို့ လီယွမ်မင်းက ဆိုးဆိုးဝါးဝါး ခံရမယ် ဆိုရင်တောင် ဘာဖြစ်သေးလဲ။

"မဟုတ်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်တစ်ကြိမ် ခန့်မှန်းကြည့်"

မင်းညီမကိုပဲ ခန့်မှန်းကြည့်ခိုင်းလေ။

ကျောင်းချောင်ဟန်က အဓိပ္ပါယ် မရှိတဲ့ စကားတွေကို ထပ်ပြီးတော့ မပြောတော့ပါဘူး။ သူက လက်သီးချက်တွေကို ဆက်ပြီးတော့ ထိုးလွှတ်တိုက်ခိုက်လိုက်ပါတယ်။ သူအနေနဲ့ ဒီတိုက်ပွဲမှာ လုံးဝကို အသာစီးရယူဖို့ အစီအစဉ် ဆွဲထားပြီး အဲဒီနောက်မှ အတိုက်အခိုက် ရပ်စဲဖို့ ပြောရပါမယ်။ အဲဒီနည်းနဲ့ဆိုရင် သူက လင်းဟန်ကို အပြစ်မပြုမိသလို သူ့လည်းပဲ မျက်နှာမပျက်ရ တော့ပါဘူး။

လီယွမ်မင်း အတွက်ကတော့။ လဖြွတ်ပဲပေ့ါ။ ဒါက သူနဲ့လုံးဝကို မပတ်သက်တဲ့ ကိစ္စဖြစ်ပါတယ်။ သူက ကြင်နာသနားတဲ့ အနေနဲ့ ကူညီဖို့ လက်တစ်ဖက် ကမ်းပေးယုံပါပဲ။

သူတို့နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲကြီးတစ်ခု ဆင်နွဲနေကြပြီး အဆုံးမှာ ဘယ်သူက အနိုင်ရမလဲ ဆိုတာကို ဆုံးဖြတ်လို့ မရသေးပါဘူး။

ကျောင်းချောင်ဟန်က တိုက်ပွဲကို မြန်မြန်ပဲ အဆုံးသတ်ချင်နေပါတယ်။ ဒါကြောင့် ချက်ချင်းပဲ ဆေဘာခါးရှည် တစ်လက်ကို ဆွဲထုတ်လိုက်ပါတယ်။ ဆေဘာခါးသွားပေါ်မှာ အစီအရင် သင်္ကေတတွေက ရောယှက်နေပါတယ်။ ဒါက စိတ်ဂိညာဉ် ပစ္စည်းတစ်ခုဖြစ်ပြီးတော့ သူ့ရဲ့အသက်ဓာတ်နဲ့ ကျင့်ကြံထားတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဒီဆေဘာခါးက အစတုန်းက အဆင့်ခုနစ် သာမန်လက်နက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ သူက နှစ်ပေါင်းဆယ်နှစ်ကျော်အောင် ပြုစုပျိုးထောင်ခဲ့ပြီးတဲ့ နောက်မှာတော့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အဖြစ်ကို ဆင့်ကဲပြောင်းလဲ လာခဲ့ပါတယ်။

ဒါက သူကိုယ်တိုင် ပြုစုပျိုးထောင်ခဲ့တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ စိတ်ဂိညာဉ် ပစ္စည်းနှစ်ခု ရှိပြီးတော့ လုံးဂကို တူညီတဲ့ အဆင့်ရှိနေရင်တောင် ဒီအပြာရောင် မိုးကြိုးလျှပ်စီး ဆေဘာဓားက သူ့ရဲ့လက်ထဲမှာဆို ပိုပြီးတော့ ကြီးမားတဲ့ စွမ်းအားကို ထုတ်ဖော်နိုင်ပါလိမ့်မယ်။

အဖြေက ရိုးရှင်းပါတယ်။ ဒီဆေဘာဓားက သူ့အတွက် အသင့်တော်ဆုံး ဖြစ်လို့ပါပဲ။

လင်းဟန်က မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီး ထူးထူးဆန်းဆန်း ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"မင်းကတကယ်ပဲ ငါနဲ့ စိတ်ဂိညာဉ် ပစ္စည်းချင်း ယှဉ်ချင်လို့လား"

သူ့ရဲ့ဆေဘာဓားကို လက်ထဲမှာ ကိုင်ထားပြီးတော့ ကျောင်းချောင်ဟန်ရဲ့ ယုံကြည်မှုက တစ်ဟုန်ထိုး မြင့်တက်လို့ နေပါပြီ။ တကယ်လို့ အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းချင်း တူမယ်ဆိုရင် ဒီအပြာရောင် မိုးကြိုးလျှပ်စီး ဆေဘာဓားက တစ်ရာရာခိုင်နှုန်းအပြည့် ဒါမှမဟုတ် ၎င်းရဲ့စွမ်းအား အပြည့် တစ်ရာ့နှစ်ဆယ် ရာခိုင်နှုန်း

တစ်ခုကိုတောင် ထုတ်ဖော်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့ကိုယ်ပိုင် မဟုတ်တဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသုံးပြုမယ်ဆိုရင် အမြင့်ဆုံး ထုတ်ဖော်နိုင်မဲ့ စွမ်းအားက ခြောက်ဆယ်ကနေ ခုနစ်ဆယ် ရာခိုင်နှုန်းပဲ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

လင်းဟန်က သူ့ညာဘက်လက်ကို လှုပ်လိုက်ပြီး နတ်ဆိုးရှင်သန် ဓားကို ဆွဲထုတ်လိုက်ပါတယ်။ ဟွမ်း ဟွမ်း ဟွမ်း။ သင်္ကေတ သုံးခုက လင်းလက်တောက်ပ လာပြီးတော့ ချက်ချင်းဆိုသလို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါတစ်ခုက ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က ၎င်းရဲ့စွမ်းအင် အပြည့်အဝကို ထုတ်ဖော်နိုင်စွမ်း မရှိဘူးဆိုရင်တောင် အဆင့်ကွာဟချက်က ရှိနေဆဲပါပဲ။ အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကြောင့် ဘယ်လိုလုပ်ပြီး ရှုံးနိမ့်ရမှာလဲ။

"ဘယ်လိုမျိုး စိတ်ဂိညာဉ် ပစ္စည်းလဲ"

ကျောင်းချောင်ဟန်ရဲ့ အမူအရာက အံ့အားသင့်မှုကို ပြောင်းလဲသွားခဲ့ပါတယ်။ ကောင်းကင်အဆင့် ကလန်တစ်ခုကနေ ဆင်းသက်လာတဲ့သူ

တစ်ယောက်ဖြစ်တာနဲ့အညီ သူ့ရဲ့မျက်လုံးတွေက သိပ်မဆိုးလှပါဘူး။ သူက ချက်ချင်းဆိုသလိုပဲ နတ်ဆိုးရှင်သန်ဓားက ဘယ်လောက်တောင် ထူးခြားသလဲ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

"မင်း ဆက်ပြီးတော့ တိုက်ချင်သေးလား"

လင်းဟန်က ဓားကို တစ်ချက် လှုပ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အဲဒီဆေဘာဓားတောင်မှ ငါ့ကြောင့် နှစ်ပိုင်းပြတ်သွားလိမ့်မယ်"

ကျောင်းချောင်ဟန်ကို ကြည့်ရတာ ချက်ချင်းပဲ ချီတုံချတုံ ဖြစ်သွားပုံ ရပါတယ်။

တကယ်လို့ လင်းဟန်က သာမန်ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်မယ်ဆိုရင် သူက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို ကိုင်ဆောင်ထားမယ် ဆိုရင်တောင် ကျောင်းချောင်ဟန်က ကြောက်ရွံ့နေမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ဓားနဲ့ ထိတွေ့မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်ရဲ့

တိုက်ပွဲစွမ်းရည်က သူနဲ့ ညီမျှနေပြီး ဒါက ပြဿနာ တစ်ခုဖြစ်လာပါလိမ့်မယ်။

အပြာရောင် မိုးကြိုးလျှပ်စီး ဆေဘာဓားက သူကိုယ်တိုင် နှစ်ပေါင်းများစွာ ပြုစုပျိုးထောင်ခဲ့တဲ့ ရတနာ ဆေဘာဓား တစ်လက် ဖြစ်ပါတယ်။ တကယ်လို့ နည်းနည်းလေးလောက် အက်ရာဖြစ်သွားမယ် ဆိုရင်တောင် သူ့ရဲ့နှလုံးသား နာကျင်သလို ခံစားရပါလိမ့်မယ်။

"မတိုက်တော့ဘူး"

သူက လုံခြုံမှုကို ပထမဆုံး ဦးစားပေးလိုက်ပါတယ်။ တကယ်တော့ သူက လီယွမ်မင်းနဲ့ အရမ်းကို ရင်းနှီးတဲ့ ဆက်ဆံရေးတစ်ခု မရှိပါဘူး။ ဒါပေမဲ့ အတွေးတချို့ ဝင်လာပြီးတဲ့ နောက်မှာတော့ သူက ပြောလိုက်ပါတယ်။

"လူငယ်လေး လီယွမ်မင်းက လီကလန်ရဲ့ အဖွဲ့သား တစ်ယောက်ဖြစ်ပြီး သူတို့လီကလန်ရဲ့ အကြီးအကဲက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တယ်။ မင်းအနေနဲ့ သိပ်ပြီးတော့ အလွန်အကျွံမလုပ်တာက ကောင်းလိမ့်မယ်"

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အရမ်းကြီး လွန်အောင်လို့ မလုပ်ပါဘူး။ သူ့ကို သတ်ပစ်ချင်ရုံပါပဲ"

ကျောင်းချောင်ဟာန်ရဲ့ အမူအရာက ရှုံ့မဲ့သွားခဲ့ပါတယ်။ မင်းက အဲဒါကို အရမ်းကြီး မလွန်ဘူးလို့ ခေါ်တာလား။ ဒါဆိုရင် ဘယ်ဟာကို အရမ်းကြီး လွန်တယ်လို့ သတ်မှတ်မလဲ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူပြောနိုင်တာ လုပ်နိုင်တာကို ပြောပြီး လုပ်ပြီးသွားပါပြီ။ သူ့အနေနဲ့ လွီယွမ်မင်း အတွက်ကြောင့် လင်းဟာန်နဲ့ သူသေကိုယ်သေ တိုက်ခိုက်စရာ အကြောင်းမရှိပါဘူး။ သူက လီယွမ်မင်းရဲ့ ညီမကို ယူထားတဲ့ ယောက်ဖလည်း မဟုတ်ပါဘူး။

လွီယွမ်မင်းက ထိတ်လန့်တကြား ဖြစ်သွားပြီး အနောက်ဘက်ကို ခြေလှမ်းအနည်းငယ် အလျင်အမြန် ဆုတ်လိုက်ပါတယ်။ အဲဒီနောက် သူက ရုတ်တရက် ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးသွားလိုက်ပါတယ်။ သူ့အနေနဲ့ နည်းနည်းလေးမှ မသေချင်သေးပါဘူး။

လင်းဟာန်က လိုက်ပြီးတော့ မဖမ်းပါဘူး။ သူက နေဂင်ဆည်းဆာလေးကို ထုတ်ယူပြီးတော့ မြားတစ်စင်းကို

တပ်လိုက်ပြီးတော့ ပစ်လွှတ်လိုက်ပါတယ်။ မြားရဲ့ကိုယ်ထည်မှာ လျှပ်စီးအလင်းတွေ ပိုင်းရံနေပြီးတော့ ချက်ချင်းဆိုသလို ၎င်းရဲ့ အရှိန်အဟုန်က အမြင့်ဆုံးထိ တိုးသွားခဲ့ပါတယ်။ မြားက လီယွမ်မင်းရဲ့ နောက်ကျောကနေ ထိုးဖောက်ပြီးတော့ သူ့ရဲ့နှလုံးသားကို ဖောက်ထွက်ကာ တောင်ရဲ့ကျောက်တုံးတစ်ခုမှာ မြဲမြဲစွာ စိုက်ဝင်သွားပါတယ်။

လီွယွမ်မင်က မြေကြီးပေါ်ကို လဲကျမသွားခင် ခြေလှမ်းအနည်းငယ် ဒယိမ်းဒယိုင် လျှောက်လိုက်ပါသေးတယ်။ လတ်လတ်ဆတ်ဆတ် သွေးတွေက ယိုစိမ့်ကျနေပြီး သူ့ခန္ဓာကိုယ် အောက်မှာ သွေးအိုင်သေးသေးလေး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့မျက်နှာမှာတော့ နောင်တတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူတို့နှစ်ယောက်က ကြီးမားတဲ့ ရန်စမရှိခဲ့ပဲ သူက လမ်းကို ပိတ်ထားခဲ့ရုံပါပဲ။

တကယ်လို့ သူက အနိုင်ကျင့်မှု မလုပ်ပဲ သူ့ရဲ့ လီကလန် အဖွဲ့သား တစ်ယောက်ဆိုတဲ့ နောက်ခံနဲ့ မာနထောင်လွှားပြီးဒတော့ လင်းဟန်ရဲ့ အသက်ကို မယူချင်ခဲ့ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ဒီလိုပုံစံမျိုးနဲ့ အဆုံးသတ်ရမှာလဲ။

သူ့အနေနဲ့ ဘယ်လောက်ပဲ နောင်တရနေပါစေ အသုံးမဝင်တော့ပါဘူး။ သူ့ရဲ့ မျက်လုံးတွေက ပွင့်နေပြီး မျက်လုံးတွေထဲမှာ အသက်ဓာတ်လက္ခဏာ နည်းနည်းလေးမှတောင် မရှိတော့ပါဘူး။

လင်းဟန်က လျှောက်လာပြီးတော့ မြားကိုဆွဲနှုတ်ပြီး သိမ်းလိုက်ပါတယ်။ ဒီမြားက အဆင့်ခုနစ် ရှားပါးသတ္တု တစ်ခုကနေ သွန်းလုပ်ထားခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ သူက အကြိမ်တိုင်း မြားတစ်ချောင်းကို ပစ်လွှတ်ပြီး ပြန်မယူဘူးဆိုရင် ချမ်းသာကြွယ်ဝတဲ့ အဆုံးမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က ထောက်ပံ့ကူညီပေးမှပဲ ဒီလိုမျိုး သုံးစွဲနိုင်ပါလိမ့်မယ်။

ကျောင်းချောင်ဟန်က လင်းဟန်ရဲ့ နောက်ကျောကိုကြည့်ပြီး ရုတ်တရက် မေးလိုက်ပါတယ်။

"လူငယ်လေး ငါမင်းကို ဘယ်လိုခေါ်ရမလဲ"

လင်းဟန်က ချာခနဲ လှည့်လာပြီး သူ့ကိုကြည့်ကာ အဖြေပေးလိုက်ပါတယ်။

"လင်းဟန်"

"လင်းဟန် ဟုတ်လား"

ကျောင်းချောင်ဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါဒီနာမည်ကို သေချာမှတ်ထားပါ့မယ်။ လူငယ်လေး။ မင်းက တကယ်ပဲ အရမ်းကို သန်မာလွန်းတယ်။ ငါက မင်းထက် နှစ်ပေါင်းများစွာ ပိုပြီးတော့ ကျင့်ကြံအားထုတ်ခဲ့ပြီး ကျင့်ကြံခြင်း အဆင့် တစ်ခုလုံး မြင့်တာတောင်မှ မင်းကငါ့ကို လက်ရည်တူ တိုက်ခိုက်နိုင်တယ်။ ဒါပေမဲ့လည်း ဒီမျိုးဆက်ထဲမှာ ပါရမီရှင်တွေက အရမ်းကို များပြားလွန်းတယ်။ ငါ့ရဲ့ ကျောင်းကလန်မှာလည်း ထိပ်တန်းပါရမီရှင် တစ်ယောက်ရှိတယ်။ သူ့နာမည်က ဇီယွမ်လို့ခေါ်တယ်။ သူက အသက် နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးပေမဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် ဒုတိယအလွှာမှာ ရောက်နေပြီ။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ငါ့ထက်တောင်မှ ပိုအားကောင်းတယ်"

လင်းဟန်က သွားပေါ်အောင် ပြုံးပြလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ အခွင့်အရေးသာ ရခဲ့မယ်ဆိုရင် ကျနော်သူနဲ့ လက်ရည်စမ်းချင်ပါသေးတယ်"

ကျောင်းချောင်ဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူက မယုံနိုင်စရာ ကောင်းလောက်အောင် မချိတင်ကဲ ဖြစ်သွားသလို ခံစားရပါတယ်။ သူ့ရဲ့ပါရမီနဲ့ စွမ်းရည်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်ကဆိုရင် သူက သေချာပေါက် ပထမတန်းစား ပါရမီရှင် အဖြစ် သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီဘက်ခေတ်မှတော့ သိုင်းပညာရပ်တွေက ဖွံ့ဖြိုးတိုးတက် စည်ပင်နေပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက အရာတွေနဲ့ လားလားမှ မဆိုင်တော့ပါဘူး။ သိုင်းပညာအဆင့် အားလုံးမှာ အကြီးအကျယ် တိုးတက်လာသလို လူငယ်မျိုးဆက်တွေ အထဲမှာ ပါရမီရှင်တွေ အမြောက်အမြား ထွက်ပေါ်လာကြပြီး အရင်မျိုးဆက်တွေကို သူတို့ရဲ့ အထွတ်အထိပ် ခွန်အားတွေနဲ့ နင်းချေပစ်နိုင်စွမ်း ရှိကြပါတယ်။

သူက တကယ်ပဲ အချိန်မှားပြီးတော့ မွေးဖွားလာခဲ့ပါတယ်။ တကယ်လို့ သူက နောက်ထပ် နှစ်ပေါင်းငါးဆယ် ကြာပြီးမှာ မွေးဖွားလာမယ်ဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲ။

လင်းဟန်က အရှေ့ကို ဆက်သွားလိုက်ပြီး ဟူးညိုကတော့ သူ့ရဲ့ လက်တစ်ဖက်ကို ကိုင်ထားပြီး မုန့်အမျိုးမျိုးကို စားသောက်နေပါတယ်။ အဲဒီအချိန် ယုန်ဖြူကြီးက သူ့ရဲ့တစ်ဖက်မှာ ရှိနေပါတယ်။ ယုန်ဖြူကြီးက ဖိအားအများကြီး ခံစားနေရပါတယ်။ မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားတွေက ပိုပိုပြီးတော့ ကြောက်စရာကောင်းလာပါတယ်။

"ငါတို့ရောက်တော့မယ်"

လင်းဟန်က အရှေ့တည့်တည့်ကို ကြည့်လိုက်ပြီး ပျော်သွားခဲ့ပါတယ်။ ကောင်းကင်တိမ် ခရမ်းမိုးကြိုးက အရှေ့တည့်တည့်မှာ ရှိနေပြီး ပေါင်းစပ်နိုင်လိုက်မယ်ဆိုရင် သူက စစ်မှန်တဲ့ မိုးကြိုးလျှပ်စီး ခန္ဓာကိုယ် တစ်ခုကို ကျင့်ကြံနိုင်စွမ်း ရှိလာပါလိမ့်မယ်။

သူတို့အရှေ့မှာ လူအုပ်ကြီးလည်း ပေါ်လာခဲ့ပါတယ်။ နောက်ပြီးတော့ ရောမ မိုးကြိုးလျှပ်စီးကြီး တစ်ခုလည်း ရှိနေပါတယ်။

Chapter 647 end

Zaw.အပိုင်း(၆၄၈) သဟာဇာတ နန်းတော်ခန်းမ

ထိုမိုးကြိုးလျှပ်စီး၏ တည်ရှိရာနေရာကား အနည်းဆုံး ပေတစ်ရာခန့် ကျယ်ပေသည်။ ထိုနေရာ၏ တစ်ဖက်တွင် လိုဏ်ဂူတစ်ခုရှိသည်။ လိုဏ်ဂူရဲ့ ဂင်ပေါက်တစ်ဖက်က ပျက်စီးနေပြီး တော်တော်ဟောင်းနွမ်းနေတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေသည်။

မိုးကြိုးလျှပ်စီး ရေအိုင်ထဲမှာ လှိုင်းတွေက ဂရုန်းသုန်းကားနဲ့ တလိပ်လိပ် ဖြစ်ပေါ်နေသည်။ အလင်းရောင်များ၏ အထဲတွင် ကြောက်မက်ဖွယ်ရာ ကောင်းလှသည့် နတ်ဘုရားမိုးကြိုးများ ဖြစ်ပေါ်နေပြီး အံ့အားသင့်စရာ ကောင်းလှသည့် မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

လူအများကြီးက ၎င်း၏အနီးတွင် ဝိုင်းပြီးတော့ လေ့လာစူးစမ်းနေကြသည်။ လူတချို့က သူတို့၏ နည်းလမ်းတချို့ကို အသုံးပြုပြီး ဖိအားပေးပြီး ဂင်သွားချင်ကြပေမဲ့ လိုဏ်ဂူရဲ့ ဂင်ပေါက်ကို ရောက်တဲ့ အချိန်တွင် ကြိုးပမ်းမှုတွေ ပြုလုပ်ကြပေမဲ့ ချက်ချင်းပဲ လက်လျှော့လိုက် ရသည်။ သူတို့အပေါ်တွင် လျှပ်စီးဓာတ်တွေကြောင့် လောင်ကျွမ်းတဲ့ လက္ခဏာတွေ အများကြီး ရှိနေပြီး သူတို့ကို ကြည့်ရတာ ထိတ်လန့်သွားကြပုံ ပေါ်နေသည်။

လင်းဟန်က ၎င်းကိုကြည့်ပြီးတော့ ပြောလိုက်သည်။

"ဒီမိုးကြိုးလျှပ်စီး ရေအိုင်ရဲ့ စွမ်းအားက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်နေမှာကို ငါစိုးရိမ်မိတယ်"

လက်ရှိလူငယ်မျိုးဆက်က တကယ့်ကို ကြောက်စရာ ကောင်းလောက်အောင် အစွမ်းထက်တယ် ဆိုပေမဲ့ ဆေဘာစား ဘုရင်လေးနဲ့ လန်ရထန်းတို့လို ရင့်ကျက်တဲ့ မျိုးဆက်က ပါရမီရှင်တွေတောင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စွမ်း မရှိသေးပါဘူး။ တခြားဘယ်သူတွေများ တတ်နိုင်ဦးမှာလဲ။

ဒါပေမဲ့ တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က သိပ်ဝေးဝေး မရောက်သေးဘူး ဆိုရင်တောင် သူတို့က ဒီကမ္ဘာဟာချက်ကို ရတနာတွေ အသုံးပြုပြီးတော့ အချိန်အနည်းငယ် သူတို့အတွက် အစားထိုးနိုင်ပါတယ်။ တစ်စုံတစ်ယောက်က ထီးတစ်လက်ကို ဆွဲထုတ်လိုက်ပြီး မိုးကြိုးလျှပ်စီး ရေအိုင်ထဲကို ဝင်သွားတာ မြင်လိုက်ရပါတယ်။ မိုးကြိုးလျှပ်စီး အလင်းတွေက တရစပ် ပစ်ခတ်နေသလို အဲဒီထီးကလည်း အလင်းရောင်တွေ တောက်ပပြီး ပွင့်လာခဲ့ပြီးတော့ မိုးကြိုးလျှပ်စီး အလင်းတွေ

ဂင်ရောက်လာတာကို ဒိုင်းတစ်ခုသဖွယ် တားဆီးလိုက်ပါတယ်။

ထီးကိုင်ပြီး ဆင်းသွားသူက မိန်းကလေး တစ်ယောက် ဖြစ်ပါတယ်။ သူမက ထူးထူးခြားခြား လှပချောမောပြီး ရင်သပ်ရှုမောဖွယ်ရာ ကောက်ကြောင်းလည်း ရှိပါတယ်။ မိုးကြိုးလျှပ်စီး အားလိုင်းတွေကို သူမက နင်းသွားပြီး နတ်သမီးလေး တစ်ပါးလိုမျိုး တင့်တယ်လှပမှုတွေနဲ့ အားလုံးကို ဆွဲဆောင်နိုင်ပါတယ်။

"နေမင်းရောင်ခြည်ဂိုဏ်းက ဂမ်ရန်ချင်းချင်း"

"ဘာ။ ငါသူမအကြောင်း တစ်ခါမှ မကြားဖူးဘူး"

"ဟီးဟီး နတ်သမီးလေး ဂမ်ရန်က အရမ်းကို နိမ့်ချပြီးတော့ နေတယ်။ ဒါပေမဲ့ အရမ်းကို အံ့သြစရာ ကောင်းတဲ့ ပါရမီရှိတယ်။ သူမက အရမ်းကို အားကောင်းပြီး သူမကိုယ်တိုင်ကလည်း ကောင်းကင်က နတ်သမီးလေး တစ်ပါးလို ချောမောလှပသူ တစ်ယောက်ဖြစ်ပြီး ဂမ်ကလန်က ပုလဲရတနာ ဒါမှမဟုတ် ဟူကလန်ရဲ့ ပုလဲရတနာထက် နည်းနည်းလေးမှ မနိမ့်ကျဘူး"

“သူမက အစွမ်းထက်လား အစွမ်းမထက်ဘူးလား ဆိုတာကိုတော့ ငါမသိဘူး။ ဒါပေမဲ့ သူမက တကယ့်ပဲ အရမ်းကို ချောမောလှပတယ် ဆိုတာကိုတော့ လက်ခံတယ်”

“ဟားဟား တကယ်လို့ မင်းက သူမကို ချစ်စရာကောင်းတယ်လို့ ထင်နေရင် မင်းသွားစမ်းကြည့် နိုင်တယ်။ မိန်းကလေးဂမ်ရန်က အရင်တုန်းက ပြောဖူးတယ်။ သူမနဲ့ သက်တူရွယ်တူထဲက ကျင့်ကြံခြင်းအဆင့် တူတူမှာ သူမကို အနိုင်ယူနိုင်တဲ့ ဘယ်ယောက်ျားလေးမဆို အနာဂတ် သူမရဲ့ ခင်ပွန်းလောင်း ဖြစ်လာဖို့ အရည်အချင်း ပြည့်မီတယ်တဲ့”

“တကယ်ကြီးလား”

“ဒါပေါ့ အဲဒါက တကယ်ပဲ။ ဒါပေမဲ့လည်း သူမကို အနိုင်ရတာနဲ့ မင်းက သေချာပေါက် သူမကို လက်ထပ်နိုင်ပြီလို့တော့ မပြောခဲ့ဘူး။ ဒါပေမဲ့ မင်းက အရည်အချင်း ပြည့်မီတယ်လို့ပဲ ပြောတာပဲ”

ဒါတောင်မှ လူငယ်တော်တော်များများက ကြိုးစားကြည့်ဖို့ စိတ်အားတက်ကြွသလို ခံစားနေကြပါတယ်။ ဂမ်ရန်ချင်းချင်းက အရမ်းကို ချောမောလှပပြီး

အမျိုးသားထုရဲ့ နှလုံးသားကို ဆွဲလှုပ်နိုင်စွမ်း ရှိပါတယ်။ သူတို့ရဲ့ မျက်လုံးတွေကို ပိတ်လိုက်တဲ့ အခိုက်အတန့်မှာ သူမရဲ့ တင့်တယ်လှပတဲ့ ကိုယ်ဟန်အမူအရာကို အားလုံးက မြင်ယောင်နေပြီး မိုးကြိုးလျှပ်စီး ရေအိုင် အပေါ်မှာ နှင်းဖြတ်သွားတဲ့ သူမရဲ့ ကြော့ရှင်းတပ်မက်ဖွယ်ရာကောင်းတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းနဲ့ အရမ်းကို လှပချောမောမှုတွေ အားလုံးကို မြင်နေကြပါတယ်။ ဒီပုံရိပ်ကို ဖျက်ပစ်လိုက်နိုင်မဲ့ နည်းလမ်းလုံးဝ မရှိပါဘူး။

"ငါမင်းတို့အားလုံးကို ဒီအတွေးကို လက်လျော့လိုက်ဖို့ အကြံပေးချင်တယ်။ ကျာမင်းက နတ်သမီးလေး ဂမ်ရန်ကို မျက်စိကျနေတယ်။ မင်းတို့တွေ ကျာမင်းကို ယှဉ်ပြိုင်နိုင်တယ်လို့ ထင်မှတ်မထားသရွေ့ မင်းတို့ရဲ့ အသက်ကို မဖြုန်းတီးတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

"ကျာမင်း"

ဒီနာမည်ကို ကြားလိုက်တဲ့ အချိန်မှာ လူတော်တော်များများက အံ့အားသင့် သွားခဲ့ကြပါတယ်။ ဒါက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိထားတဲ့

လူပဲ ဖြစ်ပါတယ်။ ဒီနှစ်နှစ် အတွင်းမှာ သူ့ရဲ့နာမည်ဂုဏ်သတင်း ကျော်ကြားမှုက မတရားကို ကြီးထွားလာခဲ့ပါတယ်။ အရင်တုန်းက သူ့ရဲ့ကျင့်ကြံခြင်းမှာပဲ ကြိုးစားအားထုတ်နေပြီး တောင်တွေရဲ့ အနက်ရှိုင်းဆုံး နေရာတွေကို ဝင်ပြီးတော့ မိစ္ဆာသားရဲကောင် အမျိုးမျိုးနဲ့ တိုက်ခိုက်နေပြီး ကိုယ့်ကိုကိုယ် သန်မာလာအောင်လို့ လုပ်နေရတာကြောင့် သူက ဘယ်တုန်းကမှ လူမြင်ကွင်းထဲ ပေါ်ထွက်မလာခဲ့ပါဘူး။

ဒါကြောင့်လည်း ကျာမင်းရဲ့ သွေးဆောင်လောင်ပြီး သတ်ဖြတ်မှုကို ဂါသနာပါတဲ့ အမူအကျင့်က အရမ်းကို မြင့်မားပါတယ်။ သူ့ရဲ့လက်သီးတွေကို ဘယ်အချိန်မှာ ထိန်းရမယ်ဆိုတာကို ဘယ်တုန်းကမှ နားလည်ထားခြင်း မရှိတာကြောင့် သူ့ရဲ့တိုက်ကွက်တွေက ရက်စက်ကြမ်းကြုတ် အကြင်နာတရား ကင်းမဲ့ပါတယ်။ သူပြန်လာတဲ့ လွန်ခဲ့သော နှစ်နှစ်အချိန်အတွင်းမှာ သူ့လက်ချက်ကြောင့် ပါရမီရှင်တွေ ဘယ်လောက်တောင် သေခဲ့ရသလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ သူတို့ထဲက တချို့ဆိုရင် အစွမ်းထက်တဲ့ အဖွဲ့အစည်းတွေရဲ့ အဖွဲ့သားတွေ ဖြစ်တာတောင်မှ သူကတော့ အကြိမ်တိုင်းလိုလို ထိခိုက်မှုမရှိပဲ လုံခြုံနေဆဲပါပဲ။

အကြောင်းပြချက် တစ်ခုတော့ ရှိပါတယ်။ ကျာမင်းက မြေနဂါးဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်။

ဒါက ရှေးဟောင်းအင်အားကြီးဂိုဏ်း ငါးဂိုဏ်းထဲက တစ်ဂိုဏ်း ဖြစ်ပါတယ်။ ဘယ်သူကများ အဲဒီဂိုဏ်းတွေက တပည့်တစ်ယောက်ကို ထိပါးပုံ့ကြမှာလဲ။ နောက်ပြီးတော့ ကျာမင်းက သူတို့ကို တစ်ယောက်ချင်း တိုက်ခိုက်ယှဉ်ပြိုင်တဲ့ ပွဲတွေမှာ တရားမျှမျှတတ ယှဉ်ပြိုင်ပြီးမှ သတ်ဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဘယ်အဖွဲ့အစည်းကများ သူ့ကို ဖိနှိပ်ပုံ့လိမ့်မှာလဲ။

ဒါက အစွမ်းထက်တဲ့ နောက်ခံတစ်ခု ရှိထားခြင်းရဲ့ အကျိုးကျေးဇူးပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျာမင်းလို တစ်စုံတစ်ယောက်ကို လူသတ်မှုအကြောင်းနဲ့ ပတ်သက်ပြီး သိက္ခာစောင့်ထိန်းစရာ မလိုပဲ လျှို့ဝှက်စွာနဲ့ သတ်ပစ်လိုက်တာ ကြာနေရောပေါ့။

အားလုံးက စကားတွေ မဆင်မခြင် မပြောပုံ့ကြတော့ပါဘူး။ ကြိုတင်သတိပေးခြင်းသာ မရှိဘူးဆိုရင် ကျာမင်းက ဒဏ်ရာရစေတာမျိုး ဒါမှမဟုတ် သတ်ပစ်တာမျိုးတောင် လုပ်ပစ်နိုင်ပါတယ်။ အဲဒီအတွက် နည်းနည်းလေးမှ သံသယ ရှိစရာတောင် မလိုပါဘူး။ တကယ်လို့ သူခံစားချက် ရှိနေတဲ့

ဂမ်ရန်ချင်းချင်းကို စိတ်အနှောင့်အယှက် ဖြစ်စေတယ် ဆိုတာကို သူသိသွားမယ်ဆိုရင် သူတို့ကို အမဲလိုက်သလို လိုက်နေပါလိမ့်မယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာ လူတချို့လည်း အထဲကို ဝင်သွားပြီနဲ့တူတယ်"

"ကောင်းကင်တိမ် ခရမ်းမိုးကြိုးက လိုဏ်ဂူအထဲမှာ ရှိနေတာ ဖြစ်မယ်။ ဒီမိုးကြိုးလျှပ်စီး ရေအိုင်က အဲဒီကနေ ပန်းထွက်လာတဲ့ စွမ်းအင်အနည်းငယ် တစ်ခုပဲ ဖြစ်မယ်"

ယုန်ဖြူကြီးက သဘောတူပါတယ်။

"သွားမယ် သွားမယ် သွားမယ်"

ဟူးညိုက လင်းဟန်ရဲ့ လက်ကို အတင်းဆွဲပြီးတော့ လျှပ်စီးရေအိုင်ထဲကို ဂရုမစိုက်ပဲ လျှောက်သွားခဲ့ပါတယ်။

လင်းဟန်လည်း ရှေ့ထွက်လာပေမဲ့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံကိုလည်း လည်ပတ်ထားပါတယ်။ သူ့ခန္ဓာကိုယ်က လျှပ်စီးအလင်းတွေ ထွက်ပေါ်နေပါတယ်။

သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်က မိုးကြိုးလျှပ်စီးကို ဆန့်ကျင်ရင်ဆိုင်ဖို့ လုံးဝမဖြစ်နိုင်ပေမဲ့ ဒီလျှပ်စီးတွေက တစ်စုံတစ်ယောက်ရဲ့ တိုက်ခိုက်မှု မဟုတ်ပါဘူး။ သူ့ကိုယ်ပိုင် လျှပ်စစ်ကို အသုံးပြုပြီး ဒီနေရာက မိုးကြိုးလျှပ်စီးကို ခုခံကာကွယ်ဖို့ အသုံးပြုပြီး လုံခြုံစိတ်ချစွာနဲ့ ဖြတ်သွား နိုင်ပါတယ်။ ဒါကြောင့် ခက်ခဲတဲ့ အဆင့်က အတော်လေးကို လျော့သွားခဲ့ပါတယ်။

ဒါပေမဲ့ မျှော်လင့်မထားတဲ့ အရာကတော့ ဟူးညိုရဲ့ ခန္ဓာကိုယ်က အဆုံးမရှိတဲ့ တွင်းပေါက်ကြီး တစ်ခုလို ဖြစ်လာခဲ့ပါတယ်။ မိုးကြိုးလျှပ်စီး အလင်းတွေက သူမကို ပစ်ခတ်တဲ့ အချိန်မှာ ဟူးညိုက လွယ်လွယ်ကူကူနဲ့ စုပ်ယူပစ်လိုက်ပြီး လင်းဟန်ကို မျက်လုံးပြူးသွား စေခဲ့ပါတယ်။

ဒါက နတ်အသွင် ပြောင်းလဲခြင်းအဆင့်မှာရှိတဲ့ မိုးကြိုးလျှပ်စီးပဲ ဖြစ်ပါတယ်။ လင်းဟန်ကို အသာထားဦး ဆေဘာစား ဘုရင်လေး ဆိုရင်တောင်မှ အရမ်းကို ဂရုစိုက်ရပါလိမ့်မယ်။ ဟူးညိုကတော့ ဝင်လာသမျှ အားလုံးကို လက်ခံပြီးတော့ စုပ်ယူပစ်နေပါတယ်။ ယုန်ဖြူကြီးက ဒါကိုမြင်လိုက်ရတဲ့ အချိန်မှာ အလျင်အမြန်ပဲ ခုန်ဆွခုန်ဆွ ပြေးလိုက်ပါတယ်။

ဟူးညီရဲ့ အနောက်မှာ မိုးကြိုးလျှပ်စီး ရေဒိုင်အထဲ လမ်းကြောင်းသေးသေး တစ်ခု ပေါ်လာခဲ့ ပါတယ်။ အဲဒါက အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်က အင်အားသုံးပြီးတော့ လုံခြုံတဲ့ နေရာတစ်ခု ဖြစ်အောင်လို့ လှီးဖြတ်လိုက်သလိုမျိုးပါပဲ။ ဒါပေမဲ့ ဟူးညီပျောက်သွားလို့ အပေးကို ရောက်တာနဲ့ မိုးကြိုးလျှပ်စီးတွေက အလျင်အမြန်ပဲ အဲဒီလမ်းကြောင်းလေးပေါ် ပြန်ကျလာပြီး နောက်ထပ်တစ်ကြိမ် လျှပ်စီးရေဒိုင်တစ်ခု ဖြစ်သွားခဲ့ပါတယ်။

ဘေးပတ်ဝန်းကျင်က လူတွေအားလုံးပဲ မယုံနိုင်အောင် ဖြစ်သွားကြပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ မျက်လုံးတွေက လင်းဟန်အပေါ်မှာ စူးစိုက်ကြနေပြီး ဒီအရာကို လင်းဟန်က လုပ်နေတယ်လို့ ထင်နေကြပါတယ်။ ဘယ်သူကများ အသက် ခုနစ်နှစ် ရှစ်နှစ်ခန့် အရွယ်ရှိတဲ့ မိန်းကလေး တစ်ယောက်နဲ့ ယုန်ဖြူကြီး တစ်ကောင်အပေါ်မှာ သံသယ ဝင်မိမှာလဲ။

ဟူးညီရဲ့ ဦးဆောင်မှုနဲ့ မကြာခင်မှာ လင်းဟန်က လျှပ်စီးရေဒိုင်ကို ကူးဖြတ်သွားပြီး လိုဏ်ဂူရဲ့ အဝင်ပေါက်ဆီကို ရောက်လာခဲ့ပါတယ်။

"သိပ်မကျေနပ်သေးဘူး"

ဟူးညိုကို ကြည့်ရတာ မကျေမနပ် ဖြစ်နေပုံ ပေါ်ပြီးတော့ သူမအနောက်က လျှပ်စီးရေဒိုင်ဆီကို နောက်တစ်ကြိမ် လှည့်ကြည့်လိုက်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ညိုးညိုး သွားပြီးတော့ လျှပ်စီးတွေကို ထပ်စုပ်ယူလိုက်ဦးလေ"

"ကိစ္စမရှိဘူး။ ညိုးညိုးရဲ့ လင်းဟန်ကို ကူပြီးတော့ ကောင်းကင်တိမ် ခရမ်းမိုးကြိုးကို ရှာပေးတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

ဟူးညိုက အရမ်းကို ချင့်ချင့်ချိန်ချိန်နဲ့ ပြောလိုက်ပါတယ်။

ဒီမိန်းကလေးက တကယ်ပဲ ပိုပိုပြီးတော့ ချစ်စရာ ကောင်းလာပါတယ်။

"ဟီးဟီး ညိုးညိုးက အရမ်းကို လိမ္မာတယ်နော်။ ဒါကြောင့်

လင်းဟန်က ညိုးညိုးကို နောက်ကျရှ လက်ထပ်ရမယ်"

ဟူးညိုက ချက်ချင်းပဲ သူမရဲ့ကိုယ်ပိုင် အပေးအယူကို လုပ်လိုက်ပါတယ်။

သူတို့နှစ်ယောက်နဲ့ ယုန်ဖြူကြီးကလည်း လိုဏ်ဂူထဲကို ဝင်လာခဲ့ပါတယ်။ ယုန်ဖြူကြီးက သူတို့အနောက်ကပဲ လိုက်လာခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူက သူတို့ဘေးကနေ လိုက်ချင်ပေမဲ့ ဟူးညိုက သူ့ကိုကိုက်ပြီးတော့ ပြောထားတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အရှင်သခင်ယုန်က သူတို့အနောက်ကနေ လိမ်လိမ်မာမာနဲ့ လိုက်လာခဲ့ရပြီး မပျော်မရွှင် ဖြစ်နေပါတယ်။ စဉ်းစားကြည့်ပါ အနည်းဆုံးတော့ သူက အရမ်းကို အစွမ်းထက်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် မိစ္ဆာသားရဲ တစ်ကောင် ဖြစ်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ ပန်းဖူးအဆင့်ပဲ ရှိသေးတဲ့ လူသားကောင်လေး တစ်ယောက် အနောက်ကနေ လိုက်ရမှာလဲ။

"ဟိုမှာကြည့်စမ်း"

လင်းဟန်ရဲ့ မျက်လုံးတွေက ပေ့ပိုက်ရှာဖွေလိုက်ပြီး သူ့ပုံရိပ်က ခုန်လွှားသွားလိုက်ပါတယ်။ အရှေ့နားမှာ

အပျက်အစီးတွေကို မြင်လိုက်ရပါတယ်။ အဲဒါက တည်ဆောက်မှု အမျိုးအစား တချို့မှာ အသုံးပြုတာ ဖြစ်ပေမဲ့ အခုတော့ အခြေခံပဲ ကျန်ရစ်ပါတော့တယ်။ ဘေးပတ်လည်မှာ ဟောင်းနွမ်းစုတ်ပြတ်ပြီး ပျက်စီးနေတဲ့ နံရံတွေရှိနေပြီး နှစ်ပေါင်းဘယ်လောက်က ရှိခဲ့တာလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

"ဒါက သဟာဇာတ နန်းတော် ခန်းမလား"

သူက ပတ်ဂန်ကျင်းကို လျှောက်ကြည့်လိုက်ပြီး အပျက်အစီးတွေ အထဲမှာ ပျက်စီးနေတဲ့ ကျောက်ပြားတံခါး တစ်ချပ်ကို ရှာတွေ့လိုက်ပါတယ်။ ဒါပေမဲ့ စကားတစ်လုံးတော့ ကျန်နေပါတယ်။ သဟာဇာတ။

ဒါက သဟာဇာတ နန်းတော် ခန်းမပဲ ဖြစ်ပါတယ်။

လင်းဟာန်ကလည်း ဒီနေရာက ဇီရှူရှန်း ရည်ညွှန်းထားခဲ့တဲ့ သဟာဇာတ နန်းတော်ခန်းမ ဆိုတာကို လုံးဝကို အတည်ပြုလိုက်ပါတယ်။ ဒီမိုးကြိုးလျှပ်စီး၊ ဒီအပျက်အစီးနဲ့ ဒီသဟာဇာတဆိုတဲ့ စာလုံး ဒီလိုမျိုး တိုက်ဆိုင်မှုက ဒီကမ္ဘာကြီးထဲမှာ ထပ်ပြီးတော့ မရှိနိုင်တော့ပါဘူး။

နှစ်ပေါင်းတစ်သောင်း ကြာပြီးတဲ့နောက်မှာ တကယ်ပဲ ကြီးမားတဲ့ ပြောင်းလဲမှုကြီးတစ်ခု ဖြစ်ပျက်ခဲ့ပါတယ်။

လင်းဟန်က မချိတင်ကဲ ဖြစ်သလို ခံစားလိုက် ရပါတယ်။ တကယ်လို့ လျှောင်ကြောင့်သာနဲ့ မိုးကြိုးလျှပ်စီး စိတ်ဝိညာဉ် တစ်ခုရဲ့ ဖြစ်လုဆဲဆဲ ပုံသဏ္ဍာန် တစ်ခုကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီနေရာကို သူ့အနေနဲ့ ရှာတွေ့နိုင်စွမ်း ရှိလိမ့်မှာလား။

ဒီတောင်က အရမ်းကို ကြီးမားပါတယ်။ တောင်ရဲ့အထဲမှာ တူးဖော်တည်ဆောက် ထားပါတယ်။ ဒါကြောင့် အတွင်းပိုင်း နေရာက အရမ်းကို ကြီးမားပါတယ်။ ဒီသဟာဇာတ နန်းတော်ခန်းမက လိုဏ်ဂူရဲ့ အဆုံးမှာ တည်ဆောက်ထားတာ မဟုတ်ပါဘူး။ ပြီးတော့ အရမ်းကို ကြီးမားတဲ့ နေရာကြီး တစ်ခုလည်း အနောက်မှာ ကျန်ရှိနေပါသေးတယ်။

လင်းဟန်က ချီတုံချတုံ ဖြစ်နေခဲ့ပါတယ်။ ဇီရှုရန်က သဟာဇာတ နန်းတော်ခန်းမရဲ့ အထဲမှာ ချန်ထားခဲ့တာလား ဒါမှမဟုတ် လိုဏ်ဂူရဲ့ ဟိုးအထဲ အနက်ကြီးထဲမှာ အဲဒါကို ချန်ထားခဲ့တာလား။

သူမ ချန်ထားခဲ့တဲ့ စကားက အကန့်အသတ်မဲ့ တောင်တန်းနဲ့ သဟာဇာတ နန်းတော် ခန်းမပဲ ဖြစ်ပါတယ်။ တိကျသေချာတဲ့ အသေးစိတ် အချက်အလက်တွေ မဖော်ပြထားပါဘူး။

တော်တော်ကြာအောင် စဉ်းစားပြီးမှ လင်းဟန်က သဟာဇာတ နန်းတော်ခန်းမရဲ့ အပျက်အစီးတွေ တပိုက်မှာ အရင်ဆုံး ရှာဖွေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

Chapter 648 end

Zaw.အပိုင်း(၆၄၉) လျှပ်စီးကြာပန်း

မိုးကြိုးကေရိက သဟာဇာတ နန်းတော် ခန်းမလို့ ရည်ညွှန်းခဲ့မှတော့ အဲဒါက အဓိက သော့ချက် စကားလုံး ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်က အကန့်အသတ်မဲ့ တောင်တန်း တစ်ခုလုံးကို အထက်အောက် စုန်ချည်ဆန်ချည် ပြေးလွှားရှာဖွေရပါလိမ့်မယ်။ ပန်းဖူးအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်အတွက် ဒီလိုမျိုး လုပ်ရမယ်ဆိုရင်လည်း အရမ်းကို ခက်ခဲတဲ့ အရာတော့ မဟုတ်ပါဘူး။

လင်းဟန်က သူ့ရဲ့လက်ဖါးတွေနဲ့ ရိုက်ထုတ်လိုက်ပြီး ဓားချီတွေက တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ ပါတယ်။

မြေပြင်ပေါ်က အုတ်ခဲတွေ အားလုံး ပျက်စီးကုန်ပြီးတော့ ဖုန်မှုန့်တွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ဟူးညိုက ဖူးဆိုပြီးတော့ လေမှုတ်လိုက်တဲ့ အခါမှာ ဟာရီကိန်း မုန်တိုင်း အသေးစားလေး ဖြစ်ပေါ်သွားပြီး ဖုန်မှုန့်တွေ အဝေးကို လွင့်ထွက်သွားပါတယ်။

လင်းဟန်က နောက်တစ်ကြိမ် ဖျက်ဆီးပြီး ဟူးညိုက နောက်တစ်ကြိမ် သန့်ရှင်းလိုက်ပါတယ်။ မကြာခင် သဟဇာတ နန်းတော် ခန်းမရဲ့ အပျက်အစီးတွေ အားလုံး မကျန်တော့ပါဘူး။ ကြမ်းတမ်းတဲ့ မြေမျက်နှာပြင် အပေါ်မှာ တောင်ကျောက်တုံး တစ်ခုပဲ ကျန်ရှိပါတော့တယ်။

ဒါပေမဲ့လည်း အုတ်ခဲတစ်လုံးကတော့ လုံးဝကို မပျက်မစီးပဲ ရှိနေပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ ကြည့်ရတာ သူ့ခန့်မှန်းချက်က မှန်ကန်သွားခဲ့ပါပြီ။ ဒါက ဇီရှူရှန်း ချန်ထားခဲ့တဲ့ ပစ္စည်းဖြစ်နိုင်ပြီး ဒီအောက်မှာ ဖွက်ထားခဲ့တာ ဖြစ်ပါလိမ့်မယ်။

သူက အဲဒီအုတ်ခဲကို တူးပြီးတော့ မလိုက်ပါတယ်။ ဒါပေမဲ့ ဒီအုတ်ခဲက ထူးထူးခြားခြားကို လေးလံနေတာကို

တွေ့လိုက်ရပါတယ်။ သူဘယ်လိုပဲလုပ်လုပ် တစ်လက်မလေးတောင် ရွှေ့အောင်လို့ မလုပ်နိုင်ပါဘူး။ မရည်ရွယ်ပဲနဲ့ နိုင်လိုစိတ်တွေ ပြင်းပြလာခဲ့ပြီး ကျယ်လောင်စွာ တစ်ချက်အော်လိုက်ပြီး ပြောလိုက်သည်။

"ကြွစမ်း"

မူလစွမ်းအင်နဲ့ သန့်စင်တဲ့ ပကတိ ခွန်အားကို ပေါင်းစပ်ပြီးတော့ အသုံးပြုလိုက်တဲ့ အခါမှာ အံ့မခန်း စွမ်းအားက ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒါပေမဲ့ စိတ်ပျက်စရာကောင်းတဲ့ အချက်က ဒီအုတ်ခဲက နည်းနည်းလေးမှတောင် မရွှေ့သေးပဲ တောင်ရဲ့ကျောက်တုံးတွေနဲ့ ပေါင်းစည်းနေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

လင်းဟန်က ဒေါသတွေ ထွက်လာသလို ခံစားလိုက်ရပြီး ဒီအုတ်ခဲကို ရှောင်လွှဲပြီးတော့ ကျောက်တုံး ပတ်လည်ကို ဖျက်ဆီးလိုက်ပါတယ်။

လင်းဟန်က ကျောက်တုံးတချို့ကို ဖျက်ဆီးလိုက်ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူက မြေကြီးထဲကို ပေဂက်လောက်ပဲ

တူးဆွနိုင်တယ်ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ ဒီထက်ပိုပြီး တူးဆွလို့ မရနိုင်ပါဘူး။ ဒီတောင်ရဲ့ကျောက်တုံး မာကျောမှုက ဒီအုတ်ခဲထက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ အနည်းဆုံးတော့ ဒါကိုဆန့်ကျင်ဖို့ ဘာမှမလုပ်နိုင်ပါဘူး။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ အုတ်ခဲကို ခုတ်ဖြတ်လိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အကျိုးသက်ရောက်မှု တချို့ဖြစ်ပေါ် လာခဲ့ပါတယ်။ အုတ်ခဲရဲ့ အပေါ်မှာ အမှတ်အသား ဖျော့ဖျော့လေး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီပုံစံ အတိုင်းဆိုရင် သူက ဘယ်လောက်ကြာမှ ဒီအုတ်ခဲကို ခုတ်ဖြတ်ပစ် နိုင်မှာလဲ။

လင်းဟန်က နည်းစနစ်တစ်သောင်းမှ တစ်ခုသို့ တိုက်ကွက်ကို အသုံးပြုပြီးတော့ အုတ်ခဲကို တစ်ခါလောက် တိုက်ခိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက အခုဆိုရင် အလင်းတန်းအတု တစ်ခုကို သိပ်သည်းနိုင်ခဲ့ပြီး ဓားချီအလင်း နှစ်ဆယ့်ကိုးခုနဲ့အတူ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခု သိုင်းကွက်မှာ ပေါင်းလိုက်ပြီး နတ်ဆိုးရှင်သန်ဓားရဲ့ ထက်မြက်မှုကိုပါ ထည့်တွက်မယ်

ဆိုရင်တော့ ဒီပူးပေါင်းမှုရဲ့ ဖျက်ဆီးခြင်း စွမ်းအားက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်စရာကောင်းလွန်းပါတယ်။

"ညီးညီး လုပ်ကြည့်မယ်"

ဟူးညိုက အရင်ဆုံး ခုန်အုပ် လိုက်ပါတယ်။ အဲဒီနောက် ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။

"သောက်ကျိုးနည်း ကျောက်တုံး လိမ်လိမ်မာမာနဲ့ တစ်ပိုင်းလောက်တောင် မကျိုးပဲ နေရဲတယ်ပေါ့။ ညီးညီး အရမ်းကို ဒေါသထွက်လာပြီနော်။ ညီးညီး နင့်ကို အပိုင်းပိုင်း အစစ ဖြစ်အောင်လို့ ဂါးစားပစ်ချင်နေပြီ"

ခရက် ခရက် ခရက်။ ဟူးညိုက စတင်ပြီးတော့ ဂါးစားနေပြီး ကြောက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပျက်လာခဲ့ပါတယ်။ ကျောက်တုံးက ဟူးညိုရဲ့ သွားတွေကြောင့် ပျက်စီးလာခဲ့ပါတယ်။

"ဟင် ညီးညီးရဲ့ သွားတွေက နောက်တစ်ကြိမ် ပိုပြီးတော့တောင် အစွမ်းထက်လာပဲ့လား"

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ အစောပိုင်းတုန်းက ဟူးညိုရဲ့ သွားသေးသေး လေးတွေက အင်အားပြည့်ဂုတယ် ဆိုပေမဲ့ အခုလောက်တော့ သေချာပေါက် အံ့အားသင့်စရာ မကောင်းသေးပါဘူး။

"ခိခိ လျှပ်စီးဓာတ်တွေကို စုပ်ယူပြီးတဲ့ နောက်မှာ ညိုးညိုးက ပိုပြီးတော့တောင် အစွမ်းထက်လာတယ်"

ဟူးညိုက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပြီး နောက်ထပ်တစ်ကြိမ် အကြီးကြီး ကိုက်လိုက်ပါတယ်။ မကြာခင်မှာ သူမက အဲဒီအုတ်ခဲအပေါ်မှာ လူသားတစ်ယောက်ရဲ့ မျက်နှာအရွယ်အစား အပေါက်ကြီး တစ်ခုကို ကိုက်ဖြတ်ပြီးတော့ သူမရဲ့ မျက်နှာတစ်ခုလုံးက အထဲကို နှစ်မြုပ်နေပါတယ်။

"သူမရဲ့ ကိုက်ချက်တွေက အရှင်သခင်ယုန်ရဲ့ အနောက်မှာ ပိုပိုပြီးတော့ ပိုပိုပြီးတော့ နာကျင်လာတာက အံ့သြစရာ မဟုတ်တော့ဘူး"

ယုန်ဖြူကြီးက သူ့ရဲ့ အနောက်ကို မထင်မှတ်ပဲ ပွတ်လိုက်မိပြီးတော့ ပါးစပ်က တွန့်လိမ်လို့ နေပါတယ်။

လင်းဟန်က သူ့ကိုတစ်ချက် ဖေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းလည်း ထူးဆန်းတာပဲ။ ဟူးညို့က ဒီလောက် အကြိမ်အများကြီး ကိုက်တာကို ခံရတာတောင်မှ အသားတစ်စတောင် ပဲ့ပါမသွားဘူး။ မင်းလည်း ထူးဆန်းတဲ့ နေရာမှာ ပထမတန်းစားပဲ"

"အမှန်ပဲ"

ယုန်ဖြူကြီးက သူ့ကိုယ်သူ ဂုဏ်ယူတဲ့ ပုံစံမျိုး ဖြစ်သွားပါတယ်။

"အရှင်သခင်ယုန်ရဲ့ ဘေးဘိုးက ပါရမီရှင် တစ်ယောက်ပဲ။ ပြီးတော့ မိစ္ဆာသားရဲတွေ အထဲမှာ ဧကရာဇ် တစ်ပါးလို့တောင် သတ်မှတ်နိုင်ပြီး သူ့ရဲ့မျိုးဆက်မှာ ပြိုင်ဘက်ကင်းပဲ။ သူ့ရဲ့သွေးမျိုးဆက်ကြောင့် အရှင်သခင်ယုန်လည်း မွန်းစတား တစ်ကောင် ဖြစ်လာတာပဲ"

သူတို့ စကားပြောနေတုန်းမှာ ဟူးညို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက သူမငါးစားနေတဲ့ အုတ်ခဲရဲ့ တွင်းပေါက်ထဲကို ဝင်ပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီနောက်မှာ

ခြေထောက် သေးသေးလေးက အပြင်ဘက်ကို ထွက်ပေါ်လာပြီး ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။

"လင်းဟန် ညီးညီး အောက်ကို ပြုတ်ကျသွားပြီ"

ဟူးညိုက ပြောလိုက်ပါတယ်။

ဒီကလေးမက သူမတစ်ကိုယ်လုံး အရွယ်အစားရှိတဲ့ တွင်းပေါက်တစ်ခု ဖြစ်အောင်လို့ ဂါးစားခဲ့ ပါတယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်။ ပန်းဖူးအဆင့် ကျင့်ကြံသူတိုင်းက သူတို့ရဲ့ အရိုးတွေကို တွန့်လိမ်ပစ်နိုင်စွမ်း ရှိလို့လား။ လင်းဟန်က အစွမ်းထက်တဲ့ နည်းစနစ် နစ်ခုကို အသုံးပြုပြီး သူ့ရဲ့ခန္ဓာကိုယ်ကို ပျော့ပြောင်းအောင် လုပ်ပြီးတော့ ချက်ချင်းဆိုသလိုပဲ သူ့ခန္ဓာကိုယ်က အရိုးတိုင်းက ဖျောက်ဖျောက်ဖျောက် ဆိုပြီးတော့ ကျုံးပဲ့သွားတဲ့ အသံမျိုးတွေ ထွက်ပေါ်လာပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို ကျင့်ကြံထားပြီး သူ့အရိုးတွေရဲ့ မာကျောမှုက အဆင့်တူထဲက တန်ဖိုးကြီး သတ္တုတွေနဲ့ နှိုင်းယှဉ်လို့တောင် ရပါတယ်။ ဒါကြောင့် သူ့အတွက် သူ့ခန္ဓာကိုယ် ပုံစံကို ပြောင်းလဲဖို့ အနည်းငယ်

ခက်ခဲနေပါတယ်။

သူ့ရဲ့ခန္ဓာကိုယ်ကို ဆန့်ထုတ်လိုက်ပြီးတော့ ခန္ဓာကိုယ်က သွယ်လျလာခဲ့ပြီး ဟူးညိုဂါးစားသွားတဲ့ အပေါက်ကနေ အောက်ကိုလျှောဝင်သွားခဲ့ပါတယ်။ ယုန်ဖြူကြီးက သေးသွယ်တဲ့ ခန္ဓာကိုယ်ရှိပြီး ရှည်လျားတာကြောင့် အောက်ကို ဆင်းနိုင်ဖို့ မျှော်လင့်ရပါတယ်။

ဒါက လင်းဟန် မျှော်လင့်ထားတာနဲ့ မတူပါဘူး။ အစတုန်းက သူထင်တာက ဒီအောက်မှာ ဇီရှူရှန်း ချန်ထားခဲ့တဲ့ အရာက လျှို့ဝှက်အခန်း တစ်ခုအထဲမှာ ဖွက်ထားခဲ့မယ်လို့ ထင်နေပေမဲ့ အခုတော့ လမ်းကြောင်းကြီးတစ်ခု ဖြစ်ပေါ်နေပါတယ်။ လမ်းကြောင်းတစ်ခုလုံး မည်းမှောင်နေပြီး ဒီလမ်းကြောင်းက ဘယ်နေရာကို ဦးတည်သွားလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

"တကယ်လား။ အဲဒီချန်ထားတဲ့ ပစ္စည်းက စာရွက်တစ်ရွက်လိုမျိုး မဟုတ်ပဲ အခုလိုမျိုးကြီးလား။ ဒါက အတော်လေးကို ခက်ခဲရှုပ်ထွေးနေတာလား"

လင်းဟန်က လမ်းကြောင်းအတိုင်း ဆင်းလာရင်းနဲ့ အခြေအနေကို လှောင်ပြောင်သရော် လိုက်ပါတယ်။

သူက အနီးကပ် လေ့လာလိုက်ပြီး အဲဒီမှာ တွေ့မြင်ရတာက လမ်းကြောင်းနဲ့ ကြမ်းပြင်ပေါ်က နံရံလေးခုလုံး အပေါ်မှာ သင်္ကေတ ပုံစံတွေ ရှိနေပါတယ်။ အဲဒီသင်္ကေတတွေက အရမ်းကို အဆင့်မြင့်ပြီးတော့ အနည်းဆုံး သူ့ရဲ့အရင်ဘဂုတုန်းက အဆင့်တွေထက် ပိုပြီးတော့ မြင့်ပါတယ်။

"ဒါက မိုးကြိုးကေရီအနေနဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်သွားတဲ့ အခါမှာ ခင်းကျင်းထားခဲ့တာ ဖြစ်နိုင်တယ်။ စောစောက တောင်ရဲ့ကျောက်တုံးကို မဖျက်ဆီးနိုင်ခဲ့တာ အံ့ဩစရာ မှတ်တော့ပါဘူး။ အဲဒါက အဆုံးမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က သန့်စင်ခဲ့တာဆိုမှတော့ လက်ရှိငါ့အစွမ်းနဲ့ ဘယ်လိုလုပ်ပြီး ဖျက်ဆီးနိုင်မှာလဲ"

"နေပါဦး။ ဟူးညိုရဲ့ သွားတွေက တကယ်ပဲ ပိုပိုပြီးတော့ အစွမ်းထက်လာခဲ့တာပဲ"

လင်းဟန်က ပြန်ပြီးစဉ်းစား လိုက်ပါတယ်။ ဟူးညိုရဲ့ ပြိုင်ဘက်ကင်း စွမ်းရည်က အဆုံးမရှိသလို ဖော်ပြနေပြီး နောက်ပိုင်းမှာ ပိုပိုပြီးတော့ အံ့ဩစရာ ကောင်းလာပါတယ်။

အတိတ်တုန်းက သူမရဲ့ အစာအိမ်သေးသေးလေးက အဆုံးမရှိသလောက်ပါပဲ။ ဒါပေမဲ့ ဒါက အစားအသောက် စားတာပဲ ဖြစ်ပါတယ်။ ပြီးတော့ နောက်ပိုင်းမှာ ပိုပြီးတော့ ထူးဆန်းတာက သူမက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ရှိနေတဲ့ မိုးကြိုးလျှပ်စီးတွေကိုတောင် လွယ်လွယ်ကူကူနဲ့ စုပ်ယူနိုင်ပါတယ်။

အတိတ်တုန်းက သူမရဲ့ သွားတွေက တကယ့်ကို ထက်မြက်ပြီး သူမကိုယ်တိုင် စိတ်ဝိညာဉ် ပလ္လင် အဆင့်မှာ ရှိနေတဲ့ အချိန်တုန်းကတောင် ပန်းဖူးအဆင့် ကြယ်နှစ်ဆယ်လုံးရဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့ အဲဒါက ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး အတားအဆီး ချိုးဖောက်တာပဲ ဖြစ်ပါတယ်။ အခုတော့ သူမက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ခင်းကျင်းထားတဲ့ လိုဏ်ဂူအခန်းဆီကို ဖြတ်ပြီးတော့တောင် ဝါးစားနိုင်ပါတယ်။ တကယ်လို့ ဒါက နှစ်ပေါင်းတစ်သောင်းကျော် ကြာခဲ့ပြီ ဆိုရင်တောင် အသစ်တစ်ဖန် ပြန်ပြီးတော့ ခင်းကျင်းတဲ့ အချိန်မှာ လုံးဝကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ လင်းဟန်က အစွမ်းကုန် ကြိုးစား အားထုတ်ပြီးမှပဲ အက်ရာသေးသေးလေး တစ်ခုဖြစ်အောင် လှီးနိုင်ခဲ့တာပါ။

ဒီလိုမျိုး နိုင်းယှဉ်ကြည့်မယ်ဆိုရင် ဟူးညိုရဲ့ မွန်းစတားဆန်တဲ့ ခွန်အားကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။

လင်းဟန်က စိုးရိမ်နေပါတယ်။ ဒီကလေးမရဲ့ ခွန်အားတွေက တိုးလာတယ်ဆိုတာ သူမရဲ့ ဒန်တန်အထဲက လူသားပုံစံ စိတ်ဂိညာဉ် အခြေခံက နိုးထလာလို့များ ဖြစ်နေမလား။ အဲဒါက စိတ်ဂိညာဉ် အခြေခံ တစ်ခုလို့ သူလုံးဝကို မထင်ထားပါဘူး။ ဒါပေမဲ့ စိတ်ဂိညာဉ် ပုံစံတစ်ခုက သူ့ကိုယ်ပိုင် အသိဉာဏ်နဲ့ စိတ်စွမ်းအားတွေ ရှိနိုင်ပါတယ်။

သူခန့်မှန်းထားသလို တစ်နေ့နေ့မှာ ဟူးညိုက တခြားလူတစ်ယောက်လို ဖြစ်လာမယ်ဆိုရင် လုံးဝကို သူစိမ်းတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ လင်းဟန်က အဲဒါကို စဉ်းစားပြီး သူ့နှလုံးသား နာကျင်လာသလို ခံစားရပြီး တုန်တုန်ရီရီ ဖြစ်လာပါတယ်။

ဟူးညိုရဲ့ နာခေါင်းသေးသေးလေးက ရှုံ့ချည်ပွချည်နဲ့ အနံ့ခံပြီးတော့ လက်ခုပ်လက်ဝါး တီးကာ ပြောလိုက်ပါတယ်။

"လင်းဟန် လင်းဟန်။ အရှေ့မှာရှိတဲ့ တစ်စုံတစ်ခုက အနံ့အရမ်းကို ကောင်းတယ်"

လင်းဟန်က ပြုံးပြီးတော့ သူ့ရဲ့စိုးရိမ်ပူပန်မှုတွေကို အတင်းထိန်းချုပ်လိုက်ပါတယ်။ သူက အရှေ့ကို တိုးလာပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့နာခေါင်းက အနံ့ခံအာရုံက တကယ့်ကို ကောင်းတာပဲ"

"အဲဒါအမှန်ပဲ။ ညိုးညိုးက အထူးခြားဆုံးပဲ"

လိုဏ်ဂူလမ်းကြောင်းက မကြာခင်မှာ အဆုံးသတ် သွားခဲ့ပြီး သူတို့အရှေ့မှာ နံရံတစ်ခု ပေါ်လာခဲ့ပါတယ်။ နံရံက ကျယ်ပြီးတော့ မြင့်ပါတယ်။ နံရံပေါ်မှာ သေးငယ်တဲ့ စတုရန်းပုံတွေ မရေမတွက်နိုင်အောင် ရှိနေပါတယ်။ စတုရန်းပုံတိုင်းပေါ်မှာ လူသားပုံစံ မျက်နှာတစ်ခု ရှိနေပါတယ်။ လူကြီး လူငယ် အမျိုးသား အမျိုးသမီး အရွယ်အစားအမျိုးစုံနဲ့ စုစုပေါင်း ကိုးရာကိုးဆယ့်ကိုး မျက်နှာတောင် ရှိပါတယ်။

နံရံရဲ့ ဘေးမှာ လျှပ်စီးရေအိုင် သေးသေးလေး တစ်ခုရှိနေပြီး လျှပ်စီးရေအိုင်ရဲ့ အထဲမှာ ကြာပန်းတစ်ပွင့် ဖူးပွင့်နေပါအတယ်။ ကြာပန်းမှာ သစ်သီးတစ်လုံး သီးနေပြီး

ကြာစေ့တစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ လူသားတစ်ယောက်ရဲ့ လက်တစ်ဖက် အရွယ်အစားရှိတဲ့ လုံးဝန်းတဲ့ သစ်သီးတစ်လုံး ဖြစ်ပါတယ်။ ပြီးတော့ ခရမ်းရောင် လျှပ်စီးတွေနဲ့ လင်းလက်တောက်ပလျက် ရှိပါတယ်။

မွှေးရနံ့က အဲဒီသစ်သီးကနေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

လျှပ်စီးရေအိုင်က ခမ်းခြောက်လုနီးပါး ဖြစ်နေတာကြောင့် ကြာပန်းရဲ့ အမြစ်တွေက လျှပ်စီးရေအိုင်ရဲ့ အောက်ခြေမှာ မြဲမြံစွာ ကုပ်တွယ်ထားတာကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။ အမြစ်တွေကလည်းက နီမြန်းမြန်းနဲ့ ခရမ်းရောင် ရှိပါတယ်။

"ကောင်းကင်တိမ် ခရမ်းမိုးကြိုး"

တကယ်ပဲ ကောင်းကင်တိမ် ခရမ်းမိုးကြိုးက နှစ်ပေါင်းအများကြီး ကြာပြီးတဲ့နောက်မှာ ဆင့်ကဲတိုးတက်လာခဲ့ပါတယ်။ သူမြင်ရတာကို ပြောရမယ်ဆိုရင် အဲဒါက စိတ်ဂိညာဉ် တစ်ခု အဖြစ်ကို ပြောင်းလဲပစ်ဖို့ အရေးအကြီးဆုံး အခိုက်အတန့်ကို ရောက်နေပြီလို့ ပြောလို့ရနိုင်ပါတယ်။ ကြာပန်းပွင့်ကနေ မွေးဖွားလိုက်တဲ့ ဒီသစ်သီးက မိုးကြိုးစိတ်ဂိညာဉ် ဖြစ်ပါတယ်။ သစ်သီးက

ရင့်မှည့်လာတဲ့ အခိုက်အတန့်မှာ ပွင့်အာလာပြီး မိုးကြိုးစိတ်ဂိညာဉ် မွေးဖွားလာပါလိမ့်မယ်။ အဲဒီအချိန်ကနေ စပြီးတော့ ဒီကမ္ဘာကြီးထဲမှာ ၎င်းက အတားအဆီးမရှိ လွတ်လွတ်လပ်လပ် လှုပ်ရှားပြီးတော့ တကယ့် သက်ရှိအရာတစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ ဒီအခိုက်အတန့်မှာတော့ မိုးကြိုးစိတ်ဂိညာဉ်က တာအိုရဲ့ သစ်သီးတစ်လုံးမှာ မွေးဖွားလာခဲ့ပြီး ဒီအချိန်က သူ့ရဲ့ခုခံကာကွယ်မှု အားအနည်းဆုံး ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က အဲဒါကို ခူးဆွတ်ပြီးတော့ စားလိုက်မယ်ဆိုရင် ကံကြမ္မာကောင်း ရရှိနိုင်ပြီး ခန့်မှန်းလို့ မရနိုင်တဲ့ အကျိုးအမြတ်တွေ ရရှိပါလိမ့်မယ်။

ဒါက သဘာဝကနေ မွေးဖွားလာတဲ့ သက်ရှိတစ်ခု ဖြစ်ပါတယ်။ ၎င်းမှာ ခန့်မှန်းလို့တောင်မရတဲ့ အာဟာတွေ ပါဝင်နေပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ ဆွဲဆောင်မှုဒဏ်ကို ခံရပါလိမ့်မယ်။

လင်းဟန်လည်း စိတ်လှုပ်ရှားသွားပြီး သူအာရုံစိုက်နေတဲ့ နံရံအကြောင်းနဲ့ ပတ်သက်ပြီး မေ့လျော့ကာ လျှပ်စီးကြာပန်းအပေါ်မှာပဲ အာရုံစိုက်နေမိပါတယ်။

ဒါပေမဲ့လည်း သူတို့အနောက်ကနေ ခြေသံတွေကို ကြားလိုက်ရပါတယ်။

Chapter 649 end
Uni.အပိုင်း(၆၅၀) အရူးဓားသမား လုယွမ်ရှန်း

ဟူးညို့ဝါးစားခဲ့တဲ့ တွင်းပေါက်က သေးငယ်တယ် ဆိုပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် အတြက်တော့ ဝင်လာဖို့ ပြဿနာ မရှိပါဘူး။ သေမျိုးအဆင့်ကို စွန့်ပယ်ပြီးတဲ့နောက်မှာ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ပုံစံကို ယာယီပြောင်းလဲချင်တယ်ဆိုရင် အသေးအဖွဲ့ ကိစ္စလေး တစ္ခုပါပဲ။

လင်းဟန်က နောက်ကိုလှည့်ကြည့် လိုက်တဲ့အခါမှာ သူတို့ဆီကို ယောက်ျားတစ်ယောက် ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာတာကို မြင်လိုက်ရပါတယ်။ ဒီနေရာက မည်းမှောင်နေတဲ့ နေရာတစ်ခု ဆိုပေမဲ့ သူက နတ္တာရုရား အလင်းတွေ ထုတ်လွှတ်ထားပါတယ်။ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ခန္ဓာကိုယ် ရှိပါတယ်။ သူ့ရဲ့မျက်ခုံး၊ မျက်လုံးနဲ့ နှာခေါင်းတွေက ကြည့်ရတာ ဓားတွေနဲ့ တူပါတယ်။ သူ့ရဲ့နှုတ်ခမ်းတွေကတောင် ဓားနှစ်လက် အတူတူ

ကပ္ထားသလား အောက်မေ့ရ ပါတယ်။

ဒီလိုမျိုး လူတစ်ယောက်က နိုင်းယှဉ်လို့ မရနိုင်တဲ့ ခံစားမှု တစ်ခုကို ပေးနိုင်ပါတယ်။

သူ့ခန္ဓာကိုယ် တစ်ခုလုံးက ဓားတစ်လက်လို ဖြစ်နေတာ မဟုတ်လား။ ဒါပေမဲ့ ဒီပုံပန်းသွင်ပြင် အားလုံးက သူနဲ့တစ်ထပ်တည်း ကျနေသလိုမျိုး လုံးဝကို နိုင်းယှဉ်လို့ မရနိုင်တဲ့ သဟဇာတ ဖြစ်နေတဲ့ ခံစားချက်ကို ပေးပါတယ်။ ဒါကလည်း လုံးဝထူးဆန်းတဲ့ အရာတော့ မဟုတ်ပါဘူး။ သူ့ကိုကြည့်ရတာ မယုံနိုင်စရာကောင်းအောင် ဆွဲဆောင်မှုလည်း ရှိပါတယ်။

နောက်ပြီးတော့ တခြားလူတွေက သူတို့ရဲ့ လက်နက်တွေကို သိုလှောင်လက်စွပ်တွေ အထဲမှာ ထည့်သိမ်းတတ်ပြီး အသုံးပြုဖို့ လိုအပ်တဲ့ အချိန်ကျမှပဲ ဆင့်ခေါ်တတ်ကြပါတယ်။ ဒီလူကေတာ့ သူ့ရဲ့လက်ထဲမှာ ကိုင်ထားပြီး တစ်စက္ကန့်လေးတောင်မှ ခ်ထားတဲ့ ပုံစံမျိုး မပေါ်ပါဘူး။

သူက တကယ့်ကို ဓားနဲ့ပတ်သက်ရင် အရူးအမူး စွဲလမ်းတဲ့ လူတစ်ယောက်လို့ ပြောနိုင်ပါတယ်။

အဲဒီလူကလည်း လင်းဟန်၊ ဟူးညို့နဲ့ ယုန်ဖြူကြီးတို့ကို မြင်ပါတယ်။ ဒါပေမဲ့လည်း သူတို့ကို မျက်စိလှန်ပြီး တစ်ချက်ပဲ ကြည့်ပါတယ်။ သူတို့က လျှပ်စီးကြာပန်းဆီကို လှည့်ပြီးတော့ အာရုံစိုက် နေလိုက်ပါတယ်။ အဲဒီလူက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

မင်းတို့အားလုံး ထွက်သွားတော့

လပြွတ်။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေလို့ မင်းရဲ့အရှင်သခင်ယုန်ကို အောဂါးကို မောင်းထုတ် နေတာလဲ

ယုန်ဖြူကြီးက ချက်ချင်းပဲ ရန်စလိုက်ပါတယ်။

အဲဒီလူက ဒေါသမထွက်သွားတဲ့အပြင် မိစ္ဆာသားရဲ တစ်ကောင်က စကားပြောတာကို မြင်ရတာတောင် အံ့အားသင့်သွားခြင်း မရှိပါဘူး။ အဲဒီအစား သူက သေမင်းဆန်ဆန် အငွေ့အသက် ပါဝင်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ငါ့နာမည် လုယွမ်ရှန်း။ နာမည်ပြောင်က ဓားအရူး။ ငါက လက်ရှိမှာ လျှပ်စီးဓာတ် ဓားသိုင်း နည်းစနစ်ကို ဖန်တီးနေပြီး ပေါက်ကွဲခြင်း လျှပ်စီးဓားသိုင်းလို့ ခေါ်တယ်။ ငါ့ရဲ့ဓားအသိကို

သန့်စင်ဖို့ ဒီလျှပ်စီးသစ်သီးကို ငါလိုတယ်

သူက တကယ်ပဲ ဓားအရှူးလို့ ခေါ်ဆိုထိုက်ပြီး ဖန်တီးမှုတွေလည်း ပြုလုပ်နိုင်တယ် မဟုတ်လား။

လင်းဟန်က သူ့ကို စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်လိုက်ပေမဲ့ အသံကျယ်ကျယ်နဲ့ ပြောလိုက်ပါတယ်။

မင်းက မင်းရဲ့ဓားအသိကို သန့်စင်ဖို့ လိုချင်တယ်။ ဒါပေမဲ့ ငါလည်းပဲ ငါ့ရဲ့လျှပ်စီး ခန္ဓာကိုယ်ကို သန့်စင်ဖို့ လိုချင်တယ်။ ဒါဆို ငါကရော မင်းကို ထွက်သွားခိုင်းလို့ မရနိုင်ဘူးလား

ဒါဆိုရင်လည်း ဘာမှမတတ်နိုင်တော့ဘူး။ ငါမင်းကိုပဲ သတ်ပစ်ရတော့မှာပေါ့။ ဒါဆိုရင် မင်းလည်း ဒီလျှပ်စီးသစ်သီးကို မလိုအပ်တော့ဘူး

လုယွမ်ရှန်းက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပြီး သူ့အသံမှာ ဒေါသနည်းနည်းလေးမှ မပါဝင်ပါဘူး။ သူ့မျက်လုံးထဲမှာ လင်းဟန်က သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ နည်းနည်းမှ မမြင်နိုင်ပါဘူး။ ဒါကိုကြည့်မယ်ဆိုရင် သူက သာမန်မဟုတ်ပဲ အတော်လေးကို ထူးခြားတယ် ဆိုတာကို သိနိုင်ပါတယ်။

သူက တကယ့်ကို ဓားအရူးတစ်ယောက် ဖြစ်ပါတယ်။ သူ့နှလုံးသား တစ်ခုလုံးကို ဓားအပေါ်မှာပဲ အာရုံစိုက်ထားပါတယ်။

သူ့မျက်လုံးထဲက သတ်ဖြတ်ခြင်းက သတ်ဖြတ်ခြင်း မဟုတ်ပါဘူး။ သူ့လမ်းကြောင်းမှာရှိတဲ့ အတားအဆီးတွေကို ဖယ်ရှားပစ်လိုက်တယ်လို့ပဲ သတ်မှတ်ထားပါတယ်။ သူ့ကိုယ်အထဲမှာ သတ်ဖြတ်ခြင်း ဆန္ဒတွေ လည်ပတ်ခြင်း မရှိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဘယ်သူက သူတို့ရဲ့ လမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့ ကျောက်တုံးတစ်တုံးကို တွေ့လိုက်တဲ့ အချိန်မှာ တူရှင်းတစ်ချောင်းနဲ့ တူးဆြေနမှာ မဟုတ်ပါဘူး။ ကျောက်တုံးကို အေဂးကို ဖယ်ရှားပစ်ဖို့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကိုပဲ ထုတ်လွှတ်ပါလိမ့်မယ်။

ပြီးတော့ လက်ရှိမှာ လင်းဟာန်က အဲဒီလို ကျောက်တုံးတစ်တုံး ဖြစ်နေပါတယ်။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ဆင့်ခေါ်ပြီးတော့ ကျိတ်ပြီးသက်ပြင်း ချလိုက်ပါတယ်။ ကြည့်ရတာ သူ့အနေနဲ့ ဒီတိုက်ပွဲကို ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါဘူး။

ကောင်းလိုက်တဲ့ ဓား

လုယွမ်ရှန်းက နတ်ဆိုးရှင်သန်ဓားကို စိုက်ကြည့်ပြီးတော့ သူ့မျက်လုံးတွေက ချက်ချင်းပဲ တလက်လက် တောက်ပလာခဲ့ပါတယ်။ သူက မနေနိုင်ပဲ ပြောလိုက်မိပါတယ်။

အဲဒီဓားကို ခဏလောက် ငါ့ကို လေ့လာခွင့် ပေးနိုင်မလား

လင်းဟန်ရဲ့ မျက်နှာက ရှုံ့မဲ့ သွားခဲ့ပါတယ်။ ငါတို့က တိုက်ခိုက်နေတယ်လေ။ ပြီးတော့ မင်းက ငါ့ကိုသတ်မယ်လို့တောင် ကြေညာထားတာကို ငါက မင်းကို လေ့လာဖို့အတွက် ငါ့ဓားပေးရဦးမယ် ဟုတ်လား။ မင်းရဲ့ဦးနှောက်က ကောင်းသေးရဲ့လား။ လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

မရဘူး

ဘာဖြစ်လို့ မရတာလဲ

လုယွမ်ရှန်းကို ကြည့်ရတာ စိတ်ရှုပ်ထွေးနေပုံ ရပါတယ်။ သူ့မျက်လုံးထဲမှာတော့ ရတနာ ဓားတွေက ချီးကျူးစရာ ကောင်းပြီးတော့ ဒီကမ်ဘာကြီးထဲက ဓားသမားတွေ

အားလုံးရဲ့ အထင်ကြီး လေးစားခြင်းကို ရရှိသင့်ပါတယ်။

လင်းဟန်က ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။ ဒီလိုမျိုး ဉာဏ်ရည်နိမ့်ပြီး ကျောချမ်းစရာကောင်းတဲ့ တစ်စုံတစ်ယောက်နဲ့ ရင်ဆိုင်ရတာတဲ့ အခါမှာ သူဘာမ်ား ပြောသင့်လဲ။ သူ့ခေါင်းထဲမှာ အကြံတစ်ချက် လက်သွားပြီး ပြောလိုက်ပါတယ်။

တကယ်လို့ မင်းကငါ့ကို အနိုင်တိုက်နိုင်ရင် ဒါကိုလေ့လာခွင့်ပြုမယ်။ အဲဒီလိုမွ မဟုတ်ရင် ဘယ်လိုလုပ်ပြီးတော့ အရည်အချင်းပြည့်မီမှာလဲ

လုယွမ်ရှန်းက ကြောင်တောင်တောင်နဲ့ စိုက်ကြည့်ပြီးတော့ အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပြီး ပြောလိုက်ပါတယ်။

မှန်တယ်။ မှန်တယ်။ ဒီလိုမျိုး ရတနာ ဓားတစ်လက်ကို သာမန်လူတွေက ဘယ်လိုလုပ်ပြီး လေ့လာရှစားလို့ ရနိုင်မှာလဲ။ ငါရဲ့ကိုယ်ပိုင် စွမ်းရည်ကို အရင်ဆုံး သက်သေသင့်တယ်

သူလည်း သူ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ လင်းဟန်ကို

အံ့အားသင့်သွားစေတဲ့ အခ်ကျွေတော့ သူ့ရဲ့ဓားက သစ်သားနဲ့ ပြုလုပ်ထားလို့ ဖြစ်ပါတယ်။

ဟားဟားဟား

ယုန်ဖြူကြီးက သူ့ရဲ့အစာအိမ် နေရာကို ဖိနှိပ်ပြီးတော့ အူလိုက်သည်းလိုက် ရယ်မောလိုက်ပြီး ကြမ်းပြင်ပေါ်မှာ လူးလှိမ့်ပြီးတော့ အသားကုန် ရယ်မောနေပါတယ်။

အရှင်သခင်ယုန်တော့ ရယ်ရလွန်းလို့ သေတော့မှာပဲ။ သစ်သားဓားတစ်လက်ကို အသုံးပြုတဲ့ လူတစ်ယောက်က လူသတ်ဖို့ ကြံစည်နေတာလား။ ဒါမှမဟုတ် တစ္ဆေသရဲ နှင်တဲ့ ပေယောဂ ဆရာလုပ်မလို့လား

လုယွမ်ရှန်းရဲ့ မျက်နှာပေါ်မှာတော့ အမူအရာက နည်းနည်းလေးမှတောင် ပြောင်းလဲသွားခြင်း မရှိပါဘူး။ သူက သစ်သားဓားကို လက်ထဲမှာ ကိုင်ထားပြီးတော့ သူ့မျက်နှာပေါ်က အသက်မပါတဲ့ အမူအရာက လုံးဝကို ပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့မျက်ခုံးတွေ နှုတ်ခမ်းတွေက သူရဲကောင်း တစ်ယောက်ရဲ့ ပုံစံမျိုး ဖြစ်လာခဲ့သည်။ သူ့ခန္ဓာကိုယ် တစ်လျှောက်လုံးက ဓားဆန္ဒအသိတွေက ပိုပြီးတော့ သန်မာလာခဲ့ပါတယ်။

လင်းဟန်က နည်းနည်းလေးမှ အမှုမဲ့အမှတ်မဲ့ မေနေရဲပါဘူး။ သူ့ရဲ့ကိုယ်ပိုင်ဟန်က ထူးဆန်းတယ် ဆိုပေမဲ့ သူ့ရဲ့ဓားလမ်းကြောင်းပေါ် အောင်မြင်မှုက အံ့အားသင့်စရာကောင်းလောက်အောင် မြင့်မားပါတယ်။ အဲဒါက ဘာဖြစ်လို့လည်းဆိုတော့ ပါရမီရှင် တစ်ယောက်နဲ့ အရူးတစ်ယောက်နဲ့ လူထူးလူဆန်း တစ်ယောက်အကြားမှာ ကွဲပြားခြားနားမှု သေးသေးလေးတစ်ခုပဲ ရှိပါတယ်။

ဒါက ငါကိုယ်တိုင် တီထွင်ထားတဲ့ ဂက်သစ်ချသား ဓားသုံးလက်ပဲ

လုယွမ်ရှန်းက ပြောလိုက်ပါတယ်။ သူက သစ်သားဓားကို အသာလေး ခါလိုက်ပြီး ချက်ချင်းဆိုသလို ပုံရိပ်ယောင်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါတွေက သူ့ရဲ့ဓားကို အရမ်းကို လျင်မြန်တဲ့အထိ တုန်ခါအောင် လုပ်ပြီးတဲ့ နောက်မှာ ဖြစ်လာခဲ့တဲ့ ပုံရိပ်ယောင်တွေ ဖြစ်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ တစ္ခုသိထားရမွာက ကိုင်ဆောင်ထားတဲ့ ဓားရဲ့အမြန်နှုန်းက အတိုင်းအတာ တစ်ခုဆီကို ရောက်လာတဲ့ အခါမွာ တစ်ဆိုမှတစ်ခုက ဖြစ်ပေါ်လာပါလိမ့်မယ်။ ဒါကို

အကန့်အသတ်လို ခေါ်နိုင်ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ မူလစွမ်းအားနဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ် အကန့်အသတ်က အမြင့်ဆုံး အကန့်အသတ်တစ်ခု ဖြစ်သွားလို့ပါပဲ။ လူတစ်ယောက်ရဲ့ အရိုးနဲ့ ကြွက်သားတွေက အရမ်းကို မြင့်မားတဲ့ တုန်ခါမှုကို ထောက်ပံ့ပေးနိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။

ခန္ဓာကိုယ် ကျင့်စဉ်တွေက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားကို တိုးစေနိုင်ပြီး ဒီလိုအကန့်အသတ်တွေကို ချိုးဖြတ်နိုင်တဲ့ စွမ်းဆောင်ရည်ရှိတဲ့ ဖြေရှင်းနည်းတစ်ခုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ လုယွမ်ရှန်းက ခန္ဓာကိုယ် ကျင့်စဉ်တစ်ခုမှ ကျင့်ကြံထားခြင်း မရှိဘူးဆိုတာ ပေါ်လွင်ပါတယ်။ သူ့အကန့်အသတ်ကို ထိန်းချုပ်ထားနိုင်စွမ်း ရှိပါတယ်။ ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

ဒါမှန်ပါတယ်။ သူကဘာဖြစ်လို့ သစ်သားဓားတစ်လက်ကို အသုံးပြုရတာလဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သစ်သားဓားက ပေါ့ပါးလို့ ဖြစ်ပါတယ်။ အဲဒီလိုမွ မဟုတ္ဘူးပဲ တကယ်လို့ ဒါက အဆင့်ခြောက် ဒါမှမဟုတ် အဆင့်ခုနစ် တန်ဖိုးကြီး သတ္တုတစ်ခုကနေ သွန်းလုပ်ထားတဲ့ ရတနာဓား

တစ်လက်ဖြစ်မယ်ဆိုရင် အနည်းဆုံး တစ်ရာကီလိုကျော်ခန့် လေးပါလိမ့်မယ်။ အဲဒီအချိန် သစ်သားဓားတွေစွက္က အမ်ားဆုံးမွ တစ္ကီလို နှစ်ကီလိုလောက်ပဲ လေးပါတယ်။ မြင့်မားတဲ့ တုန်ခါမှုနဲ့ဆိုရင် လုံးဝကို မတူညီနဲ့ ကမ်ဘာကြီး နှစ်ခုလိုမျိုး ဖြစ်နေပါမယ်။

လင်းဟန်က အသက်ကို ပြင်းပြင်းရှုလိုက်ပါတယ်။ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို ပြင်ဆင်ထားပြီး အဆင်သင့် ဖြစ်နေပြီး ပြောလိုက်ပါတယ်။

ဒါဆိုရင် ငါအတွေ့အကြုံ ယူကြည့်ပါရစေ

လုယွမ်ရှန်းက တိုက်ခိုက်လိုက်ပါတယ်။ ရွှပ်။ သူ့ခန္ဓာကိုယ် တစ္ခုလုံးက ဓားနဲ့အတူ လုပ်ရှားသွားပြီး လင်းဟန်ရဲ့ အရှေ့ကို ရုတ်တရက် ရောက်လာခဲ့ပါတယ်။ သူ့ရဲ့ဓားကို ဝှေ့ယမ်းလိုက်တာနဲ့ နတ်ဘုရားတစ်ပါး ဆင်းသက်လာသလိုမျိုးနဲ့ တူပါတယ်။ ဓားကိုဝှေ့ယမ်း လိုက္တာက အဆုံးမရှိတဲ့ အလင်းရောင်မီးပွားတွေ ဖြစ်ပေါ်လာပြီး စူးရှတောက်ပလို့ နေပါတယ်။ ဒါကို စကားလုံးနဲ့တောင် ဖော်ပြလို့ မရအောင် ထူးခြားလွန်းပါတယ်။

လင်းဟန်က အသာအယာ ငေ့လိုက်ပြီး လျှိုပုက်ဆန်းကြယ်မှ သုံးထောင်ကို ပစ်လွှတ်လိုက် ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ်။ ထန် ထန် ထန် ထန် ထန်။

ဓားအချင်းချင်း ထိမိတဲ့ အခါမှာ မီးပွားတွေထွက်ပေါ်လာပြီး အံ့မခန်းအလင်းရောင်တွေ တောက်ပလို့ နေပါတယ်။ နောက်ဆက်တွဲ အနေနဲ့က အားလိုင်းတစ်ခု ထွက်ပေါ်လာပြီး လိုဏ်ဂူရဲ့ နံရံသေးသေးလေးကို အပြင်းအထန် ဂင်ဆောင့်သွားပါတယ်။ ကံကောင်းတာက ဒီလိုဏ်ဂူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က သန့်စင်ထားတာ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် သူတို့တွေ အကုန်လုံး အသက်ရှင်လျက်နဲ့ မြေမြှုပ်သင်္ဂြိုလ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

ဓားအလင်းရောင်တော့ ဖြတ်သွားတာကြောင့် လင်းဟန်နဲ့ လုယွမ်ရှန်းတို့ နှစ်ယောက်က ဆယ်မီတာ အကွာအဝေးကို လူစုကွဲသွားပါတယ်။ သူတို့ရဲ့ အဂတ်အစားတွေ ပျက်စီးထိခိုက် သွားပြီး သူတို့နှစ်ယောက်စလုံးဆီကနေ သွေးတွေတောင် စိမ့်ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ပြင်းပြင်းထန်ထန် မဖြစ်ပါဘူး။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ တစ္ဆက္လျှက လျှို့ဟုက်ဆန်းကြယ်မှ သုံးထောင်ကို ရင်ဆိုင်နိုင်စွမ်း ရှိနေပါတယ်။

လုယွမ်ရှန်းရဲ့ ကျင့်ကြံခြင်းအဆင့်က မြင့်မားတယ် ဆိုပေမဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် အလွှာငါးကိုပဲ ရောက်ပါသေးတယ်။ လင်းဟန်က လျှို့ဟုက်ဆန်းကြယ် သုံးထောင်ကို အသုံးပြုခဲ့တာပါ။ နောက်ပြီးတော့ အဲဒီသိုင်းကွက်ကို နတ်ဆိုးရှင်သန်ခြားနဲ့ ထုတ်ဖော်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာ ရှိနေတဲ့ ပြိုင်ဘက်တွေ အားလုံးကို အပြတ်အသတ် အသာစီးရယူဖို့ လုံလောက်ပါတယ်။

အစွမ်းထက်တယ်။ သူက တကယ်ပဲ အစွမ်းထက်ပါတယ်။

နောက်ပြီးတော့ သူ့ရဲ့ သစ်သားဓားကလည်း သာမန်မဟုတ်ပါဘူး။ ဒါကသေချာပေါက် သာမန်သစ်သားနဲ့ ပြုလုပ်ထားတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ဒီသစ်သားဓားက နတ်ဆိုးရှင်သန်ခြားကို ခံတ်ထုတ်နိုင်စွမ်းရှိနေတဲ့အတွက် အရမ်းကို အဆင့်မြင့်တဲ့ ပစ္စည်းတစ်ခုခုနဲ့ လုပ်ထားတာ ဖြစ်ပါလိမ့်မယ်။ ပိုပြီးတော့

အရေးကြီးတဲ့ အခ်က္က သူက ဓားအလင်းတန်းကို သိပ်သည်းကျစ်လျစ် ထားနိုင်ပြီးတော့ ဓားချီအလင်း ဆယ်ခုလောက်နဲ့ အလင်းတန်းတစ်ခု ဖြစ်အောင်လို့ လုပ်ထားတာမျိုး သေချာပေါက် မဖြစ်နိုင်ပါဘူး။ အဲဒီဓားအလင်းတန်းမှာ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။

ဒီအချက်တွေ အားလုံးကို ပေါင်းလိုက်ရင် လုယွမ်ရှန်းက လျှိုပုက်ဆန်းကြယ်မှ သုံးထောင်ကို ခုတ်ထုတ်နိုင်စွမ်း ရှိနေပါတယ်။

လုယွမ်ရှန်းရဲ့ မျက်နှာပေါ်က အမူအရာက လုံးဝကို ပြောင်းလဲသွားခြင်း မရှိပါဘူး။ လင်းဟာန်က ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ သူ့ကို လက်ရည်တူ တိုက်ခိုက်နိုင်တာ ဘာကြောင့်လဲ ဆိုပြီးတော့ စိတ်ရှုပ်ထွေးသွားခြင်းမျိုး နည်းနည်းလေးမှတောင် မတွေ့ရပါဘူး။ သူက ဓားအသိဆန္ဒတွေ ပိုပြီးတော့ ထုတ်ဖော်လိုက်ပြီး သူ့ရဲ့သစ်သားဓားကို မြှောက်လိုက်ပြီးတော့ နောက်ထပ်တစ်ကြိမ် ခုတ်လိုက်ပါတယ်။

လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို လည်ပတ်လိုက်ပြီး မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က ရုတ်တရက် အရှိန်အဟုန် မြင့်သွားပြီးတော့ အနောက်ကိုဆုတ်ပြီး ဒီတိုက်ခိုက်မှုကို သူ့အရှေ့ကနေ ဖြတ်သွားစေခဲ့ပါတယ်။

လင်းဟန်က သူ့ဓားကို ရင်ဘတ်ပေါ်မှာ ကြက်ခြေခတ်ပုံ ကိုင်ပြီးတော့ နည်းစနစ်ပေါင်း တစ်သောင်းကနေ တစ္စုဆီ တိုက်ရွက်ကို အသုံးပြုဖို့ အဆင်သင့် ဖြစ်နေပါတယ်။

လုယွမ်ရှန်းကလည်း ရပ်လိုက်ပြီး သူ့မျက်နှာက အရမ်းကို လေးလေးနက်နက် ဖြစ်လာခဲ့ပါတယ်။ သူက လင်းဟန်ကို အနီးကပ် စိုက်ကြည့်ပြီး သူ့သစ်သားဓားကို အသာအယာ မြှောက်လိုက်ပြီးတော့ သူ့ဓားရဲ့ထိပ်မှာ အစိမ်းရောင် အလင်းတစ်ခု လင်းလက်တောက်ပ သွားခဲ့ပါတယ်

ငါ့ရဲ့တတိယ တိုက်ကွက်။ သောကဗျာပါဒ ခုတ်ချက်။ မင်းရဲ့လုပ်ရှားမှု နည်းစနစ်က ဘယ်လောက်ပဲ မြန်မြန် အဲဒါက အသုံးဝင်မှာ မဟုတ္ဘူး။ ငါ့ဓားအသိ ဆန္ဒရဲ့ ပစ်မှတ်ထား ခံရတာကြောင့် မင်းက ကမ်ဘာမြေကြီးအဆုံးကို ထွက်ပြေးရင်တောင်မှ ဒီဓားခ်က္က မင်းနောက်ကို လိုက်ပြီးတော့ တိုက်ခိုက်လိမ့်မယ်

လင်းဟန်က ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။ မင်းက ဒီထပ်ပိုကောင်းတဲ့ နာမည်ကို မပေးနိုင်တော့ဘူးလား

Chapter 650 end

Zaw.အပိုင်း(၆၅၁) ရှမန်ကျွင့်

"တိုက်ပွဲမှာပဲ အာရုံစိုက်ပါ။ ငါမင်းကို လှောင်ပြောင်ရအောင် မလုပ်ပါနဲ့"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။ နည်းစနစ်ပေါင်း တစ်သောင်းကနေ တစ်ခုဆီ တိုက်ကွက် အတွက် စွမ်းအင်စုစည်းခြင်းက အသက်တစ်ရှူက် နှစ်ရှူက် ရှူစာ အချိန်ပဲ လိုအပ်ပါတယ်။ နောက်ပြီးတော့ သူ့အတွက် အချိန်အနည်းငယ်ပဲ ရရှိရင်လည်း စွမ်းအင်နည်းနည်းပဲ စုစည်းနိုင်မှာ ဖြစ်ပြီးတော့ စွမ်းအားနည်းနည်းကိုပဲ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

လုယွမ်ရှန်းက ပြေးဝင်လာပြီး သူ့ရဲ့သစ်သားဓားကို ပှေ့ယမ်းလိုက်ကာ ဆေဘာဓားအလင်းတန်း တစ်ခုက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အလင်းတစ်ခုနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။

ရှည်လျားတဲ့ မာန်သွင်းသံနဲ့အတူ လင်းဟန်က သူ့ရဲ့ဓားကိုမြှောက်ပြီး တိုက်ခိုက်မှုကို ခတ်ထုတ်လိုက်ပါတယ်။ နည်းစနစ် တစ်သောင်းမှ တစ်ခုဆီ တိုက်ကွက်ကို အသုံးပြုလိုက်တဲ့ အခိုက်မှာ ဓားချီအလင်း နှစ်ဆယ့်ကိုးခုက အလင်းတန်း အတုအယောင် တစ်ခု အဖြစ်ကို သိပ်သည်းကျစ်လစ် သွားခဲ့ပြီး ဒီတိုက်ခိုက်မှုက နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရဲ့ ခုခံကာကွယ်မှုကိုတောင် ထိုးဖောက်သွားနိုင်ပါတယ်။

ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်။

ဟုမ်း။

အလင်းတန်း အတုနဲ့ အလင်းတန်း အစစ်က ရစ်ပတ်သွားပြီး အဆုံးမရှိ မီးပွားလေးတွေက ထွက်ပေါ်လာပြီးတော့ လိုဏ်ဂူတစ်ခုလုံး ပြည့်နေပါတယ်။

အလင်းရောင်တွေ ပျောက်ကွယ်သွားတဲ့ အချိန်မှာ လင်းဟန်နဲ့ လုယွမ်ရှန်းတို့ နှစ်ယောက်စလုံး မြင်သာထင်သာတဲ့ ဒဏ်ရာတွေ ရရှိနေကြပါတယ်။

ဒီနောက်ဆုံး တိုက်ကွက်မှာလည်း သူတို့ နှစ်ယောက်စလုံး ဘယ်သူကမှ အသာစီးမရရှိခဲ့ဘူးဆိုတာ သိသာထင်ရှားပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ အရမ်းကို သန်မာလွန်း ပါတယ်။ သူရရှိတဲ့ ဒဏ်ရာတွေက သိပ်ပြီးတော့ မပြင်းထန်ပါဘူး။ နောက်ပြီးတော့ သူ့မှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံထားပြီး သူ့ရဲ့ ဒဏ်ရာတွေက အခုချိန်မှာ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ သက်သာပျောက်ကင်းလို့ နေပါပြီ။

လုယွမ်ရှန်းက သူ့ရဲ့ဓားကို ဓားအိမ်ထဲကို ပြန်ထည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါမင်းကို အနိုင်ယူနိုင်စွမ်း မရှိဘူး"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အတွက်လည်း မင်းကို အနိုင်ယူဖို့ဆိုတာ အရမ်းကို ခက်ခဲလိမ့်မယ်"

လက်ရှိ သူ့ရဲ့ပုက်ဖဲမှာ မူလအနက်ရောင် သုံးမျိုးဟာန် တိုက်ကွက်မဟုတ်ပဲ လျှို့ပုက်ဆန်းကြယ် စွမ်းအားသုံးခု ဖြစ်ပါတယ်။ တကယ်လို့သူက နေဂင်ဆည်းဆာလေးကို ဆင့်ခေါ်ပြီးတော့ အဆင့်ရှစ် ရှားပါးသတ္တု တစ်ခုကနေ သွန်းလုပ်ထားတဲ့ မြားတစ်စင်းကို အသုံးပြုရင်တောင် လျှို့ပုက်ဆန်းကြယ် စွမ်းအားသုံးခုလုံးကို ဆက်တိုက်အသုံးပြုလိုက်ရင် အစွမ်းတွေ ပိုပြီးတော့ မြင့်မားလာပါလိမ့်မယ်။

လုယွမ်ရှန်းက လျှပ်စီးကြာပန်းကို တစ်ချက်လေးမှတောင် မကြည့်ပဲ အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ အသာအယာပဲ ချာခနဲ လှည့်ပြီးတော့ ထွက်သွားလိုက်ပါတယ်။

ဒီလူက အရမ်းကို ထူးဆန်းပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ အနိုင်ရသည်ဖြစ်စေ ရှုံးနိမ့်သည်ဖြစ်စေ တုန်လှုပ်ခြင်း ကင်းပြီးတော့ သွေးအေးလွန်းပါတယ်။ သူက သူ့ဓားသိုင်းအပေါ်မှာပဲ အရမ်းကို အာရုံစိုက်ထားပြီး လူသားတွေရဲ့ စိတ်ခံစားချက်ကို နားလည်သဘောပေါက်ခြင်း မရှိပါဘူး။ သူ့ရဲ့စိတ်ခံစားချက်နဲ့ ဉာဏ်ရည်ဉာဏ်သွေးက အရမ်းကို နိမ့်ပါတယ်။ ဒါပေမဲ့ သူကို မကောင်းဆိုးဂါး လူတစ်ယောက်လိုမျိုး သတ်မှတ်ယူဆလို့တော့ မရနိုင်ပါဘူး။

ကျွှာကြီးက တကယ့်ကို ကြီးမားပါတယ်။ ပါရမီရှင်ဆိုတဲ့ လူတွေကလည်း မရေမတွက်နိုင်အောင် ရှိနေကြပါတယ်။ သူက လုယွမ်ရှန်းအကြောင်းကို တစ်ခါမှ မကြားခဲ့ဖူးပေမဲ့ အခုလိုမျိုး ထွက်ပေါ်လာခဲ့ပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်။

လုယွမ်ရှန်းက ထွက်သွားပါပြီ။ ဒါကိုတောင် နောက်ထပ်တစ်ကြိမ် ခြေလှမ်းတွေ ကြားနေရပါတယ်။

ဒီနေ့ ပြီးရောပြီးဦးမှာလား။

လင်းဟန်က အလျင်အမြန်ပဲ လျှပ်စီးရေအိုင်ရဲ့ ဘေးကို ပြေးသွားပြီးတော့ လျှပ်စီးကြာပန်းကို ခူးဆွတ်လိုက်ပါတယ်။ ဒါက နတ်ဘုရားဆေးပင် အစစ်အမှန်တစ်ခု မဟုတ်သေးပါဘူး။ လျှပ်စီးစွမ်းအားတွေကြောင့် ပြိုင်ဘက်ကင်းတဲ့ ပုံစံပဲ ဖြစ်နေတာပါ။ ဒါကြောင့် တကယ်လို့ သူက အဲဒါကို အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထားချင်တယ် ဆိုရင်တောင် အသုံးမဝင်ပဲနဲ့ ဒုတိယတစ်ပင် ပေါက်လာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လျှပ်စီးစိတ်ဂိညာဉ်က အောင်အောင်မြင်မြင်နဲ့ မဖွံ့ဖြိုးသေးပါဘူး။ ဒါကြောင့် စစ်မှန်တဲ့ သက်ရှိအရာ တစ်ခုလို့ သတ်မှတ်ယူဆလို့ မရနိုင်သေးပါဘူး။ ၎င်းက စကားပြောဖို့ အသိဉာဏ် နည်းနည်းလေးမှတောင် မရှိသေးပါဘူး။ လျှပ်စီးရေအိုင်က ခမ်းခြောက်နေတဲ့ အချက်ကိုပါ ထည့်တွက်မယ်ဆိုရင် လင်းဟန်က လျှပ်စီးကြာပန်းကို အရမ်းလွယ်ကူစွာနဲ့ ခူးပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းထားလိုက် နိုင်ပါတယ်။

သူ့အနေနဲ့ လျှပ်စီးကြာပန်းကို အလျင်စလိုနဲ့ သန့်စင်ဖို့ မလိုသေးပါဘူး။

ခြေသံတွေက တဖြည်းဖြည်းနဲ့ နီးလာပါတယ်။ ဒီတစ်ကြိမ်တော့ လူငါးယောက် ဖြစ်ပြီးတော့ အမျိုးသား တစ်ယောက်နဲ့ အမျိုးသမီး လေးယောက် ဖြစ်ပါတယ်။ အမျိုးသားဖြစ်သူက အရမ်းကို ခံ့ညားပြီးတော့ အမျိုးသမီး လေးယောက်ကလည်း အရမ်းကို ချောမောလှပကြပါတယ်။ ဒါပေမဲ့ သူမတို့က ကလက်တက်တက်ပုံစံ ရှိပါတယ်။ လှုပ်ရှားမှုတိုင်းနဲ့ ဟန်ပန်အမူအရာတိုင်း၊ အပြုံးတွေနဲ့ မျက်စပစ်နေမှုတွေက တခြားလူတွေကို ဆွဲဆောင်ဖို့ ကြိုးစားနေတဲ့ ပုံစံပါပဲ။ သူတို့ရဲ့ ကလက်တက်တက်

ညှုတုတု အမူအရာတွေက သူမတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ အရိုးစွဲနေတဲ့ အကျင့်တစ်ခုလို ဖြစ်နေပါတယ်။

အမျိုးသား ဖြစ်သူက ဖော့ပိုက်ကြည့်လိုက်ပြီး လျှပ်စီးရေအိုင်ထဲမှာ ဘာမှမတွေ့ရတာကို မြင်လိုက်ရတဲ့ အချိန်မှာတော့ သူ့မျက်နှာပေါ်မှာ အေးစက်စက် အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ ပါတယ်။ သူက အော်ဟစ်လိုက်သည်။

"ကောင်းကင်တိမ် ခရမ်းမိုးကြိုးကို ယူသွားတာ မင်းလား"

လင်းဟန်က အဖြေမပေးပါဘူး။ အဲဒီအစား သူက လူမျက်နှာပုံစံတွေနဲ့ ပြည့်နက်နေတဲ့ နံရံကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

"အတင့်ရဲလိုက်တာ။ သခင်လေးက နင့်ကို မေးခွန်းမေးနေတာကို မင်းက အဖြေမပေးပဲ နေဝံ့တယ်ပေါ့လေ ဟုတ်လား"

အမျိုးသမီး တစ်ယောက်က နှာခေါင်းရှုံ့လိုက်ပါတယ်။

"ရုပ်ဆိုးမကြီး နင်က ညှိုးညှိုးရဲ့ လင်းဟန်ကို ရိုင်းရိုင်းစိုင်းစိုင်း

ပုံစံမျိုး လုပ်ရဲတယ်ပေါ့လေ ဟုတ်လား”

ဟူးညိုက ဒေါသတွေ ထွက်သွားပြီး စကားပြောလိုက်တဲ့ အမျိုးသမီးကို စိုက်ကြည့်ကာ သူမရဲက သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက ရုတ်တရက် ထတောက်လာခဲ့ပါတယ်။

“ကိုက်ပစ်။ အဲဒီရုပ်ဆိုးမကြီးကို သေအောင်ကိုက်ပစ်လိုက်”

ယုန်ဖြူကြီးက ဘေးနားကနေ မီးလောင်ရာ လေပင့်ပေးပြီးတော့ ကျွှမာကြီးတစ်ခုလုံး ဂရုန်းသုန်းကား ဖြစ်အောင်လို့ မြှောက်ပေးနေပါတယ်။

ဟူးညိုက ပါးစပ်ကို တွန့်လိမ်ရှုံ့မဲ့ပြီးတော့ ပြောလိုက်ပါတယ်။

“သူမက အရမ်းကို ပုပ်စော်နံတယ်။ ညီးညီး မကိုက်နိုင်ဘူး”

“ဒါဆိုရင် ဘာဖြစ်လို့ အရှင်သခင်ယုန်ကို ကိုက်ရတာ အရမ်းကို ပျော်နေတာလဲ”

ယုန်ဖြူကြီးက ဒေါသထွက်လွန်းလို့ သေချင်စိတ် ပေါက်သွားပါတယ်။

"ယုန်သားအနံ့က အရမ်းကိုကောင်းတယ်။ အနံ့အရသာနဲ့ ပြည့်စုံတယ်လေ"

ဟူးညိုရဲ့ မျက်လုံးတွေကို လှန်ပြီးတော့ ကြည့်လိုက်ပါတယ်။

"နင်တို့ အားလုံး"

အစောပိုင်းတုန်းက အပြစ်တင် ကြိမ်းမောင်းခဲ့တဲ့ အမျိုးသမီးက ဒေါသတွေ ထွက်လာခဲ့ပါတယ်။ ဒီလူသားနဲ့ ယုန်က အမှန်တကယ်ပဲ သူမကို လျစ်လျူရှုပုံ့တာလား။ နေပါဦး။ ယုန်တစ်ကောင်က တကယ်ပဲ စကားပြောနိုင်တာလား။

အမျိုးသားကို ကြည့်ရတာ စိတ်မရှည်တော့တဲ့ ပုံစံပါပဲ။ သူက ပြောလိုက်ပါတယ်။

"ငါက လေပြင်းလမင်းဂိုဏ်းက တပည့်တစ်ယောက်ဖြစ်တဲ့ ရှမင်ကျွင့်ပဲ။ ကောင်းကင်တိမ် ခရမ်းမိုးကြိုး ငါ့ကိုပေးစမ်း။ မပေးဘူးဆိုရင် ငါမင်းကို သတ်ပစ်ရလိမ့်မယ်"

လေပြင်းလမင်းဂိုဏ်းလား။

လင်းဟန်က မေးလိုက်ပါတယ်။

"လေပြင်းလမင်းဂိုဏ်းက အရမ်းကို ထိတ်လန့်စရာကောင်း နေလို့လား"

"ဟင့် ငါ့သခင်လေးက လေပြင်းလမင်းဂိုဏ်းခေါင်းဆောင်ရဲ့ နံပါတ်လေး တပည့်ပဲ။ သူက အသက်သုံးဆယ်နဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ခဲ့တယ်။ ဒီလိုမျိုး ကျင့်ကြံခြင်း အဆင့်နဲ့ သူက အလယ်ပိုင်း ဒေသ တစ်ခုလုံးရဲ့ ထိပ်တန်းပါရမီရှင်တွေ အထဲက တစ်ယောက်ဖြစ်ဖို့ အရည်အချင်း ပြည့်မီတယ်"

ဒုတိယ အမျိုးသမီးက မြှောက်ပင့်လိုက်ပါတယ်။

ဒါက ရှမင်ကျွင့်ကို အတော်လေး အကျိုးသက်ရောက်မှု ရှိစေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သူက ဂုဏ်ယူစွာနဲ့ လက်နှစ်ဖက်ကို ရင်ဘတ်အရှေ့မှာ ပိုက်ထားပြီးတော့ စိတ်ကြီးဝင်နေတဲ့ ဟန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ငါက အရမ်းကို အထင်ကြီးဖို့ကောင်းတယ်။ မင်းတို့အားလုံး လာပြီးတော့ ငါ့ကို အလုပ်အကျွေး ပြုစုကြ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ကြည့်ရတာ လေပြင်းလမင်းဂိုဏ်းရဲ့ ခေါင်းဆောင်မှာ သားတစ်ယောက် သေဆုံးရုံတင်မက အနည်းဆုံး တပည့်တစ်ယောက်လည်း သေရလိမ့်မယ်။ ဒီလိုမျိုး မကောင်းဆိုးဝါး စက်ဆုပ်ရွံ့ရှာစရာ ဂိုဏ်။ တစ်နေ့မှာ ငါ အကုန်လုံးကို ရှင်းလင်းသုတ်သင် ပစ်ရလိမ့်မယ်"

"ဘ ဘာ"

ရှမင်ကျွင့်က အံ့အားသင့်သွားပြီး လင်းဟန်ကို ပိုပြီးတော့တောင် စိုက်ကြည့်လိုက်ပါတယ်။

"မင်းက ဂျူနီယာတပည့် ညီလေးဟုကို သတ်ပစ်လိုက်တဲ့ လူလား"

"အမှန်ပဲ"

လင်းဟန်က လက်ခုပ်တီးလိုက်ပါတယ်။

ရှမင်ကျွင့်က ချက်ချင်းဆိုသလို ကျယ်လောင်စွာ

ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"မိုးကောင်းကင်က ငါ့ဘက်မှာ ရှိတယ်လို့ ဆိုလိုလိုက်တာပဲ။ ဆရာသခင်က ဂျူနီယာ ညီငယ်လေးဟုကို သတ်သွားတဲ့ တရားခံကို သတ်နိုင်ရင် ဒါမှမဟုတ် ဖမ်းနိုင်တဲ့လူ ဘယ်သူ့ကိုမဆို သူ့နေရာဖြစ်တဲ့ ဂိုဏ်းခေါင်းဆောင် နေရာကို ဆက်ခံမဲ့သူအဖြစ် ရွေးချယ်မယ်လို့ ကြေညာထားတယ်"

"ဒီနေ့မှာ ငါက ကောင်းကင်တိမ် ခရမ်းမိုးကြိုးကိုလည်း ရမယ်။ လေပြင်းလမင်းဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် သခင်လေးလည်း ဖြစ်လာလိမ့်မယ်"

သူက အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။ ဒါက ပျော်စရာကောင်းတဲ့ အဖြစ်အပျက် နှစ်ခုက ဆက်တိုက်ဆိုသလို ဖြစ်ပျက်လာခဲ့တာပါ။ ဘယ်လောက်တောင် ကံကောင်းလိုက်သလဲ။

"သခင်လေးကို ဂုဏ်ပြုပါတယ်"

"မဟုတ်ဘူး။ ဒါက ဂိုဏ်းခေါင်းဆောင် သခင်လေးကို ဂုဏ်ပြုတယ်လို့ ပြောသင့်တယ်"

"ဂိုဏ်းခေါင်းဆောင် သခင်လေးကို ဂုဏ်ပြုပါတယ်ရှင်"

အမျိုးသမီး လေးယောက်က ပျော်ရွှင်စွာနဲ့ ပြောလိုက်ကြပြီး တစ်ယောက်တစ်ချက်စီ အနမ်းပေးလိုက်ပါတယ်။ ရှမင်ကျွင့်ကလည်း သူမတို့ရဲ့ အနမ်းကို မငြင်းပယ်ပဲ သူ့ရဲ့ကလက်တွေနဲ့ အမျိုးသမီးတွေ အားလုံးရဲ့ ခန္ဓာကိုယ်ကို ဖက်ထားလိုက်ပါတယ်။ တကယ်လို့ လင်းဟန်က သူနဲ့သာ မပတ်သက်ဘူးဆိုရင် မျက်စိအရှေ့မှာ ချစ်စခန်း လာဖွင့်နေရင်တောင်မှ စိတ်ထဲမှာ ဘာမှဖြစ်မှာ မဟုတ်ပါဘူး။

လင်းဟန်က ဟူးညိုရဲ့ မျက်လုံးတွေကို ဖုံးလိုက်ပြီး သူရဲ့မျက်နှာပေါ်မှာ လူသတ်ချင်တဲ့ အငွေ့အသက်တွေ ပေါ်လာခဲ့ပြီး ပြောလိုက်ပါတယ်။

"လူ့စည်းကမ်းကို ချိုးဖောက်တဲ့ အုပ်စုပဲ။ မင်းတို့တွေကို ရှင်းလင်းသုတ်သင်တာမျိုး မလုပ်ဘူးဆိုရင် စကြာဝဠာကြီး တစ်ခုလုံးကို မရှိမသေ လုပ်လိုက်တာမျိုး ဖြစ်ပြီးတော့ တောက်ပတဲ့ ကောင်းကင်တောင်မှ အနံ့ဆိုးတွေနဲ့ ဖုံးနေလိမ့်မယ်"

နောက်ထပ်စကား မဆိုတော့ပဲ လင်းဟန်ရဲ့ ခန္ဓာကိုယ် အပေါ်မှာ လျှပ်စီးအလင်းတွေ တောက်ပလာပြီး

ထွက်ပေါ်လာခဲ့ပါတယ်။

"အတင့်ရဲလိုက်တာ"

အမျိုးသမီးလေးယောက်က တစ်ပြိုင်နက်တည်း ခုန်ဂင်လာပြီး လင်းဟန်ကို တိုက်ခိုက်လိုက် ကြပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။ နတ်ဆိုးရှင်သန်ဓားရဲ့ အစွမ်းကို ဘယ်သူတွေက ရင်ဆိုင်တောင့်ခံနိုင်စွမ်း ရှိလို့လဲ။ ဖူး ဖူး ဖူး ဖူး။ ခေါင်းပြတ်လေးလုံးက လေထဲကို မြောက်တက်သွားပြီး ခေါင်းမရှိတဲ့ အလောင်းလေးခုကနေ သွေးတွေက အရှူးအမူးကို ပန်းထွက်လို့ နေပါတယ်။

"မဟုတ်ဘူး"

ရှမင်ကျွင့်က ဒေါသနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့မှာ လှပချောမောတဲ့ မိန်းမတွေ မရှားဘူး ဆိုပေမဲ့ ဒီလေးယောက်က သူအနှစ်သက်ဆုံး ဖြစ်ပါတယ်။ သူတို့ရဲ့ ရုပ်ရည်က သာမန်ထက် ထူးခြားတဲ့အပြင် သူမတို့ရဲ့ ညှုတုတု အမူအရာနဲ့ ဟန်ပန်တွေက အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း မနိမ့်ပါဘူး။

ပြီးတော့ သူမတို့ရဲ့ ကြိမ်ဖန်များစွာ လှုပ်ရှားမှုတွေက သူ့ကို ဒုက္ခတွေ အများကြီးကနေ ကယ်တင်နိုင်ပါတယ်။

"မင်းက သေဖို့အတွက် ထိုက်တန်တယ်"

သူက လင်းဟန်ကို စိုက်ကြည့်ပြီး သူ့မျက်လုံးတွေက ဒေါသကြောင့် မီးဂင်းဂင်းတောက်နေ ပါတယ်။

"မင်းမေ့ကြီးတော်သေလိုက်"

လင်းဟန်က နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဂင်လာပြီး သူ့ခန္ဓာကိုယ်က လျှပ်စီးအလင်းတွေ တောက်ပကာ သူ့ရဲ့ အမြန်နှုန်းကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။

ရှမင်ကျွင့်က သူ့ရဲ့ပင်ကိုယ် အသိစိတ်ကို အခြေခံပြီးတော့ အလိုအလျောက် တုံ့ပြန်လိုက်ပါတယ်။ သူ့လက်ထဲမှာ တူသေးသေးလေး နှစ်ချောင်း ပေါ်လာခဲ့ပါတယ်။ တူတွေက အနက်ရောင် ဖြစ်ပြီးတော့ တူပေါ်မှာ လုံးဂန်းတဲ့ အစီအရင် သင်္ကေတ တစ်ခုရှိနေပြီး ကြောက်မက်ဖွယ်ရာ အရှိန်အဟုန်တစ်ခု ထွက်ပေါ်နေပြီးတော့ တူတွေကို အရမ်းကို ထူးခြားတဲ့ပုံစံမျိုး ဖြစ်ပေါ်စေခဲ့ ပါတယ်။

ထန်။

သူ့က လင်းဟန်ရဲ့ ဓားကို တားဆီးလိုက်နိုင်တယ် ဆိုပေမဲ့ ဒီတိုက်ခိုက်မှုရဲ့ အနောက်က ထိတ်လန့်စရာ စွမ်းအားကို လုံးဝကြီး ပျက်ပြယ်သွားအောင်လို့ လုပ်နိုင်စွမ်း မရှိပါဘူး။ သူ့ခန္ဓာကိုယ် တစ်ခုလုံး ချက်ချင်းဆိုသလို ဒီတိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုကြောင့် လွင့်ထွက်သွားပါတယ်။ ဘုန်း။ သူက လိုဏ်ဂူရဲ့ နံရံနဲ့ ပြင်းပြင်းထန်ထန် ဝင်ဆောင့်မိသွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ သွေးစတွေ ထွက်လာခဲ့ပါတယ်။

တစ်ခုသိထားရမှာ ဒီလိုဏ်ဂူနံရံက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်က မွန်းမံထားတာ ဖြစ်ပြီးတော့ ဘယ်လောက်တောင်မှ မာကျောနိုင်မလဲ။

ရှမင်ကျွင့်ကို ကြည့်ရတာ အံ့အားသင့်နေပုံ ရပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ဖြစ်ပြီးတော့ လင်းဟန်ရဲ့ တိုက်ကွက်တစ်ခုကိုတောင် ယှဉ်ပြိုင်နိုင်စွမ်း မရှိဘူးဆိုတာကို ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ မင်းက ရေတွင်းအောက်ခြေက ဖားသူငယ် တစ်ကောင်ပဲ။ ဒါကြောင့် ဒီကမ္ဘာကြီးထဲမှာ စစ်မှန်သန်မာတဲ့ လက်ရွေးစင်တွေ ဘယ်လိုတည်ရှိသလဲ ဆိုတာကို မင်းက ဘယ်လိုလုပ် သိနိုင်မှာလဲ"

လင်းဟန်က သူ့ရဲ့ဓားကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပါတယ်။ လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေ အားလုံးက အရှက်မရှိကြပဲ တဏှာရာဂ ကြီးမားတဲ့ လူတွေဖြစ်ပြီး သူတို့ထဲက တစ်ယောက်မှ သေသွားတဲ့အတွက် သနားစရာ မကောင်းပါဘူး။

ဖူး။

ရှမင်ကျွင့်ရဲ့ ဦးခေါင်းကလည်း အပေါ်ကို လွင့်ထွက်သွားခဲ့ပါတယ်။

Chapter 651 end

အပိုင်း(၆၅၂) ရောမ လိမ်လည်မှုကြီး တစ်ခု

"လူတွေ ပိုပိုပြီးတော့ များလာတယ်။ ငါတို့တွေ မြန်မြန်ပြီးအောင် လုပ်ရမယ်"

လင်းဟန်က သူ့ရဲ့ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီး သူတို့ရဲ့ အရှေ့လမ်းကို ပိတ်ထားတဲ့ နံရံကို ပြန်လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

သူတို့တွေက အရှေ့ကို ဆက်ပြီးတော့ မသွားနိုင်ပါဘူး။

စတုရန်းပုံ ကျောက်တုံးပေါင်း ကိုးရာကိုးဆယ့်ကိုးခု ရှိပြီးတော့ လူသားပုံစံတွေကို စတုရန်းတိုင်း အပေါ်မှာ ရေးထွင်းထားခဲ့ပါတယ်။ လူကြီး လူငယ် အမျိုးသား အမျိုးသမီး အစုံပါပဲ။

"ဒါက ယန္တရား အမျိုးအစား တစ်ခုခုများ ဖြစ်နေမလား။ ခလုတ်မှား နှိပ်လိုက်တာနဲ့ ကြောက်စရာ ကောင်းတဲ့ တားမြစ်အစီအရင်တွေ အသက်ဝင်လာပြီးတော့ ကျူးကျော်သူကို သတ်ပစ်မှာလား"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးပြောလိုက်ပါတယ်။ သူက အဲဒီပုံတူတွေကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး ပုံတူတစ်ခု အပေါ်မှာ ရပ်ပြီးတော့ ပြုံးလိုက်ပါတယ်။

"ဒီလိုပဲ ဖြစ်သင့်တယ်။ ဒါက ဇီရှုရန်းရဲ့ မျက်နှာပုံစံ မဟုတ်ဘူးလား"

"တကယ်လို့ မိုးကြိုးလျှပ်စီး ချပ်ဂတ်အထဲက မှတ်ဉာဏ်သလင်းကျောက်ကိုသာ မရရှိခဲ့ဘူးဆိုရင် ဒီနေရာကို တိုက်ဆိုင်မှုကြောင့်ပဲ ရောက်လာနိုင်လိမ့်မယ်။ အဲဒီနောက် ဒီစတုရန်းထဲက ရွေးချယ်ဖို့ အခွင့်အရေးက တစ်ထောင်ပုံ တစ်ပုံလောက်ပဲ ရှိလိမ့်မယ်။ ဇီရှုန်းရှန်းကိုယ်တိုင်က တခြားလူတွေကို ဒုတိယ အခွင့်အရေး လုံးဝကို ပေးမှာမဟုတ်ဘူး။ ဒီနေရာမှာ ကျူးကျော်လာတဲ့ ဘယ်သူ့ကိုမဆို သတ်ပစ်နိုင်တဲ့ အတားအဆီးတွေ ရှိလိမ့်မယ်"

"ဒီလိုဂ်ဂူရဲ့ နံရံတွေ အားလုံးကို သူမကိုယ်တိုင်ပဲ အပြည့်အဝ မွန်းမံထားပြီးတော့ ကျူးကျော်ဝင်ရောက် လာတဲ့ လူတွေကို လျှို့ဝှက်ချက်တွေ မပေါက်ကြားဖို့အတွက် သတ်ပစ်ဖို့ စီမံထားတာ ဖြစ်ရမယ်"

လင်းဟာန်က သူ့ရဲ့ လက်ညိုးနဲ့ ဇီရှုရှန်းရဲ့ ပုံတူအပေါ်ကို ဖိကပ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ကျောက်တုံးနံရံကနေ အသံတွေ ကြားလိုက်ရပြီး နံရံက လုပ်ရှားပြီးတော့ ဖြည်းညှင်းစွာနဲ့ နှစ်ခြမ်းကွဲ လာခဲ့ပါတယ်။

ဂင်းက ပထမဆုံးအနေနဲ့ ဖြည်းဖြည်းလေး ဟလာပြီးမှ

အရှိန်ရလာတဲ့ အချိန်မှာ အရမ်းကို လျင်မြန်စွာနဲ့ လုံးဂပွင့်သွားခဲ့ပြီး ကျောက်တုံး အခန်းတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အခန်းက သိပ်ပြီးတော့ မကြီးမားပါဘူး။ အကျယ်က ဆယ်ပေလောက်ရှိပြီး ပေနှစ်ဆယ်လောက် မြင့်ပါတယ်။ အထဲက ပစ္စည်းတွေက အရမ်းကို ရိုးရှင်းပြီး စားပွဲတစ်လုံးနဲ့ စာအုပ်တစ်အုပ်ပဲ ရှိပါတယ်။

လင်းဟန်က အထဲကို ဂင်လာလိုက်ပါတယ်။ ဟူးညိုကတော့ အနောက်ကနေ နီးနီးကပ်ကပ်နဲ့ လိုက်လာပြီး ယုန်ဖြူကြီးကတော့ ခဏလောက် တုံ့ဆိုင်းနေပြီးမှ လိုက်လာခဲ့ပါတယ်။

ကျောက်တုံးနံရံက သူတို့တွေ ကျောက်ခန်းထဲကို ရောက်သွားတာနဲ့ အလျင်အမြန်ပဲ ပြန်ပိတ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း အထဲမှာ လုံးဂကို ပိတ်လှောင်ထားတယ် ဆိုပေမဲ့ မှောင်မည်း မနေပါဘူး။ နံရံတွေ အားလုံးမှာ အလင်းရောင် ဖျော့ဖျော့လေးတွေ တောက်ပနေပြီးတော့ မသိရင် လှပတဲ့ ကျောက်စိမ်းနဲ့ လုပ်ထားသလိုမျိုး ထင်ရပါတယ်။

လင်းဟန်က စားပွဲခုံဆီကို လျှောက်လာပြီးတော့ ထိုင်ချလိုက်ပြီး စာအုပ်ကို လှန်လျှောဖွင့်လိုက် ပါတယ်။

ဒါက ဇီရှရန် ချန်ထားတဲ့ ပစ္စည်းဖြစ်ပါတယ်။ အဆုံးမဲ့ ရတနာ ပစ္စည်း မဟုတ်ပါဘူး။ ပြီးတော့ ကြီးကျယ်ခမ်းနားပြီး အစွမ်းထက်တဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် အတွက် ဒါက အရမ်းကို ကြည့်ကောင်းတဲ့ အရာတစ်ခုလည်း မဟုတ်ပါဘူး။

လင်းဟန်က စပြီးတော့ ဖတ်လိုက်ပါတယ်။ ရုတ်တရက် ဆိုသလို သူ့မျက်ခုံးတွေ တွန့်သွားပြီး သူ့မျက်နှာပေါ်မှာ ဒေါသထွက်တဲ့ အမူအရာတွေလည်း ဖြစ်ပေါ်လာခဲ့ပြီး သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။ စာအုပ်ကို ဖတ်လို့ပြီးတဲ့ နောက်မှာတော့ စားပွဲခုံကို လက်ဝါးနဲ့ ပြင်းပြင်းထန်ထန် ရိုက်လိုက်ပါတယ်။

"အရှင်သခင်ယုန် ကြည့်ပါရစေဦး"

ယုန်ဖြူကြီးက စာအုပ်ကို ဖျတ်ခနဲယူပြီးတော့ ချက်ချင်းပဲ ဖတ်လိုက်ပါတယ်။ မကြာခင်မှာ သူ့ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါ်ပါတယ်။

မအံ့ဩပဲနဲ့ ဘယ်လိုမှ မနေနိုင်ပါဘူး။ တကယ်လို့ ဇီရှုရှန် ရေးထားတာတွေ အားလုံးက အမှန်သာဆိုရင် ဒီကမ္ဘာကြီးထဲမှာ နေထိုင်အသက်ရှင်နေတဲ့ လူတွေအားလုံးက ရောမ အလိမ်အညာကြီး တစ်ခုကို ခံနေကြရပါတယ်။

လင်းဟာန်က သူ့ခံစားချက်တွေကို ပြန်ထိန်းလိုက်ပါတယ်။ သူမက ဘာတွေများ ပြောထားခဲ့ တာလဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတုန်းက အထက်ဘုံမှာရှိတဲ့ တန်ခိုးရှင် နယ်မြေက အဖွဲ့အစည်း တော်တော်များများက ရုတ်တရက်ဆိုသလို အောက်ဘုံက နယ်မြေကို စိတ်ဝင်စားလာခဲ့ ကြပါတယ်။ သူတို့က အောက်ဘုံမှာရှိတဲ့ အရင်းအမြစ် အမျိုးမျိုးကိုပဲ စိတ်ဝင်စားတာမဟုတ်ပဲ ဒီအောက်ဘုံက သက်ရှိတွေရဲ့ တိုးချဲ့မှုကိုလည်း စိတ်ဝင်စားကြပါတယ်။

ဒါက အရမ်းကို ထိတ်လန့်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒီအထက်ဘုံ တန်ခိုးရှင် နယ်မြေက အဖွဲ့အစည်း အနည်းငယ်က ရှေးဟောင်းဖော်စပ်နည်း တစ်ခုကို ရရှိခဲ့ကြပြီး အဲဒီဖော်စပ်မှုထဲမှာ

အင်မော်တယ်အဆင့် ဆေးတစ်မျိုးကို ဖော်စပ်ဖို့အတွက် နယ်မြေတစ်ခုလုံးက သက်ရှိတွေ အားလုံးကို မွှန်းမံသန့်စင်ပစ်ရပါတယ်။ အဲဒါက အဲဒီဘုံရဲ့ အရင်းအမြစ် အားလုံးနဲ့ ဘုံတစ်ခုလုံးရဲ့ အတားအဆီးတွေလည်း ပိုင်ဆိုင်ပါလိမ့်မယ်။ အထက်ဘုံ တန်ခိုးရှင် နယ်မြေမှာတောင် အရမ်းကို တန်ဖိုးရှိတယ်လို့ သတ်မှတ်နိုင်ပြီး ရတနာဆေး ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း တန်ခိုးရှင် နယ်မြေအထဲမှာ အဲဒါကို ကန့်သတ်ထားပြီးတော့ ဖော်စပ်ဖို့ သေချာပေါက် လုံးဝကို ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

အောက်ဘုံအတွက်ကတော့ လုံးဝကို မတူညီ ကွဲပြားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒီအထက်ဘုံ တန်ခိုးရှင် နယ်မြေက အဖွဲ့အစည်း တချို့အနေနဲ့ ဒီအောက်ဘုံ တစ်ခုလုံးနဲ့ သူတို့ကို ကိုယ်စားပြုတဲ့ ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို လွယ်လွယ်ကူကူနဲ့ ထိန်းချုပ်နိုင် ပါတယ်။

အဲဒါက ဘာဖြစ်လို့ ရောမ ကပ်ဘေးကြီးတစ်ခုက အမြဲလိုလို ဖြစ်ပျက်နေရတယ် ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက ဒီသေရေးရှင်ရေး ကာလကို အဆုံးသတ်မှာ ဘယ်လိုမျိုး ဖြေရှင်းနိုင်ခဲ့တာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးက သူတို့ကိုယ်သူတို့ အစီအစဉ် တစ်ခုလုံးရဲ့ အစိတ်အပိုင်းတွေ ဖြစ်ကြလို့ပါပဲ။ နောက်ပြီးတော့ ဘယ်လိုအကျပ်အတည်းကိုမှ ဖြေရှင်းခဲ့ခြင်း မရှိပေမဲ့ ပြီးသွားတဲ့နောက်မှာ အပေးအယူ လုပ်ခဲ့တာ ဖြစ်ပါတယ်။

တန်ခိုးရှင် နယ်မြေက အဲဒီအဖွဲ့အစည်းတွေက နှစ်ပေါင်းတစ်သောင်း အချိန်ကာလအတွက် အကြံအစည် ချထားပါတယ်။ ပြီးတော့ သူတို့က သတ်ဖြတ်သုတ်သင်မှုကို အရှိန်မြှင့်လိုက်ပြီး အောက်ဘုံအတွက် ပြန်လည်ရှင်သန်ပြီးတော့ ဖွံ့ဖြိုးလာဖို့ နှစ်ပေါင်းတစ်သောင်း အချိန်ပေးပါတယ်။ ဒီအကြိမ်လည်း ကြီးပွားတိုးတက်တဲ့ခေတ်တစ်ခု ဖြစ်လာဖို့ ခွင့်ပြုပြီး ပါရမီရှင် အမျိုးမျိုးနဲ့ လက်ရွေးစင်တွေက အလျှင်အမြန်ပဲ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက အကြီးအကျယ် ပေါက်ကွဲမှု တစ်ခုကို ဦးတည်နေတဲ့ နှစ်ပေါင်းတစ်သောင်း စုစည်းခြင်းပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒီကိစ္စတွေ တန်ခိုးရှင်တွေရဲ့ နယ်မြေကို ကူညီပြီးတော့ လောကဘုံဆေးလုံး ဖော်စပ်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။

ဘုံတစ်ခုလုံးက သက်ရှိတွေကနေ ဖော်စပ်ထားတဲ့ ဆေးလုံးတစ်လုံးရဲ့ အာနိသင်က သေချာပေါက်

ထူးခြားပါလိမ့်မယ်။

ဇီရှုရန်က အပြာရောင်မိုးကြိုးဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ တပည့်တစ်ယောက် ဖြစ်ပြီးတော့ တန်ခိုးရှင် နယ်မြေက အတော်လေး အစွမ်းထက်တဲ့ မျိုးနွယ်စုက ဆင်းသက်လာသူလည်း ဖြစ်ပါတယ်။ သူမက အမှန်တရားကို သိလိုက်ပြီးတဲ့နောက်မှာ အကြီးအကျယ် ဒေါသထွက်သွားခဲ့ပါတယ်။ တစ်ဖက်က သူမအနေနဲ့ အမှန်တရားတွေ အားလုံးကို ချန်ထားခဲ့ပြီး ဖုံးကွယ်မထားဖို့နဲ့ တစ်ဖက်မှာ သူမက တန်ခိုးရှင် နယ်မြေကလာတဲ့ သတ်ဖြတ်သူတွေကို စတင်ရင်ဆိုင် တိုက်ခိုက်ပါတယ်။

လင်းဟန်က ရလဒ်ကို မှတ်ဉာဏ်သလင်းကျောက်ကြောင့် မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပါတယ်။ တန်ခိုးရှင် နယ်မြေမှာ လက်ရွေးစင်တွေ အရမ်းကို များပြားပြီး သူတို့သုံးယောက်ရဲ့ ပူးပေါင်းအင်အားက သူမကို ထိန်းချုပ်ဖို့ လုံလောက်ပါတယ်။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တည်ဆောက်တယ် ဆိုတာကလည်း လျှို့ဝှက်ပြီး ပူးပေါင်းကြံစည်မှု တစ်ခုပဲ ဖြစ်ပါတယ်။ သင်တန်းကျောင်းရဲ့ ရည်ရွယ်ချက်က ဒီမျိုးဆက်ရဲ့ ခမ်းနားကြီးကျယ်တဲ့ ပါရမီရှင်တွေကို ရွေးချယ်ပြီးတော့ အနာဂတ်အတွက်

မီးပွားလေး နည်းနည်းမှ မကျန်ရစ်စေဖို့ ဖြစ်ပါတယ်။ သူတို့က ပါရမီရှင်တွေကို တန်ခိုးရှင် နယ်မြေကို ခေါ်ဆောင်သွားပြီးတော့ သူတို့ကို အယူအဆ အသစ်တွေ ရိုက်သွင်းပြီးတဲ့ နောက်မှာတော့ သူတို့က အဲဒီအဖွဲ့အစည်းတွေရဲ့ လက်အောက်ခံ ဖြစ်လာပါလိမ့်မယ်။ ရိုင်းရိုင်းပြောရရင် သူတို့က အစေခံ နောက်လိုက်တွေ ဖြစ်လာပါလိမ့်မယ်။

သူတို့တွေက ပါရမီရှင်တွေ ဖြစ်ပါတယ်။ တကယ်တော့ သူတို့က အရမ်းကို အသုံးဝင်တဲ့ နောက်လိုက်တွေ ဖြစ်လာကြပါလိမ့်မယ်။

နောက်ပြီးတော့ အဆင့်မြင့် မှော်ဆေးပညာရှင်တွေ ဒါမှမဟုတ် ထူးချွန်ထက်မြက်တဲ့ မှော်ဆေးပညာရှင်တွေကို တန်ခိုးရှင် နယ်မြေကို ခေါ်သွားပြီးတော့ တန်ခိုးရှင်အဆင့် ဆေးလုံးဖော်စပ်ဖို့ မှော်ဆေးပညာတွေကို သင်ပေးကြပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ကို ပြုစုပျိုးထောင်ပေးတာတော့ မဟုတ်ပါဘူး။ အဲဒီအစား သူတို့က မှော်ဆေးလုံးတွေ ဖော်စပ်ဖို့အတွက် သန့်စင်တဲ့ ပစ္စည်းတွေအဖြစ် အသုံးချပါလိမ့်မယ်။

အဲဒီအချိန်ကျရင် ယုန်ဖြူကြီးလိုမျိုး တန်ခိုးရှင် နယ်မြေထဲမှာ

နောက်ခံအင်အားရှိတဲ့ သူတွေကို ထားပြီးတော့ လူသားသက်ရှိတွေနဲ့ တခြားမိစ္ဆာသားရဲတွေ၊ အပင်တွေ၊ ကျောက်တုံးစိတ်ဝိညာဉ်၊ မီးစိတ်ဝိညာဉ် ဒါမှမဟုတ် ရေစိတ်ဝိညာဉ်တွေ အားလုံးအားလုံး အမြစ်ဖြတ် သုတ်သင်ခြင်း ခံရပါလိမ့်မယ်။

လောကဘုံဆေးလုံး ဖော်စပ်ပြီးတဲ့ နောက်မှာတော့ အောက်ဘုံတစ်ခုလုံးက အသက်ဓာတ် ကင်းမဲ့ပြီး သက်ရှိတွေအားလုံး လုံးဂကို သေကျေပျက်စီး သွားပါလိမ့်မယ်။

တန်ခိုးရှင်နယ်မြေက အဲဒီအဖွဲ့အစည်းတွေက ကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ ဆေဘာဂိုဏ်းရဲ့ စစ်မှန်တဲ့ ဌာနချုပ်တွေ ဖြစ်ကြပြီး သူတို့ခေါ်နေတဲ့ ကောင်းကင်ဓား နန်းတော်နဲ့ အကြွင်းမဲ့ ဆေဘာဓား နန်းတော်ခန်းမတို့ ဖြစ်ပါတယ်။ သူတို့က တန်ခိုးရှင် နယ်မြေရဲ့ အရမ်းကို အစွမ်းထက်တဲ့ အဖွဲ့အစည်းတွေ ဖြစ်ပြီးတော့ သူတို့ရဲ့ လုပ်ရှားမှုတွေကို တန်ခိုးရှင် နယ်မြေက လူတိုင်းကို မသိအောင်လို လျှို့လျှို့ဝှက်ဝှက်နဲ့ လုပ်ရှားစရာ မလိုပါဘူး။ ဒါပေမဲ့ သူတို့တွေက သူတို့ရဲက စွမ်းအားကို စိုးရိမ်ပူပန်ကြပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ လုပ်ရှားမှုတွေက အောက်ဘုံက ပုရွတ်ဆိတ်တွေကိုပဲ

ထိခိုက်နာကျင်စေတာ ဖြစ်လို့ လူတိုင်းလူတိုင်းက မျက်စိကန်းနေသလို မသိချင်ယောင် ဆောင်နေကြပါတယ်။

နောက်ပြီးတော့ ယုန်ဖြူကြီးလို နောက်ခံရှိတဲ့ သက်ရှိတွေကို ချမ်းသာပေးထားတာကြောင့် တန်ခိုးရှင် နယ်မြေကို ရောက်ရှိလာတဲ့ အကြီးအကဲတွေကလည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး ရှုပ်ထွေးမှုကြီးတစ်ခု လုပ်ကြလိမ့်မှာ မဟုတ်ပါဘူး။

တွက်ချက်ကြည့်မယ်ဆိုရင် ကောင်းကင်ဓား နန်းတော်နဲ့ တခြားအစွမ်းထက်တဲ့ အဖွဲ့အစည်းတွေ ဒီကိစ္စမှာ အရမ်းကို အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်နိုင်တယ်လို့ ပြောရပါမယ်။ စုစုပေါင်း သူတို့က လောကဘုံ ဆေးလုံး အနည်းစုကို ဖော်စပ်ခဲ့ပြီး အဲဒီဆေးလုံးတွေကို အသုံးပြုပြီးတော့ လက်ရွေးစင်တော်တော်များများကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး တန်ခိုးရှင် နယ်မြေထဲမှာ ထူးခြားတဲ့ အင်အားအဆင့်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။

တကယ်လို့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရင်ဘဝတုန်းက အနက်ရောင် မျှော်စင်ကြောင့်သာ ပျက်စီးမသွားခဲ့ဘူးဆိုရင် သူ့အနေနဲ့ ရွေးချယ်စရာ နှစ်ခုပဲ ရှိပါလိမ့်မယ်။ ပထမက သူ့ကိုလည်း တန်ခိုးရှင် နယ်မြေကို

ခေါ်ဆောင်သွားခြင်း ခံရပြီး သူ့ရဲ့ မော်ဆေးပညာ ပါရမီနဲ့ဆိုရင် သေချာပေါက် ပြုစုပျိုးထောင်ပေးခြင်း ခံရပါလိမ့်မယ်။ ပြီးတော့ တန်ခိုးရှယ် နယ်မြေက အမျိုးသမီး တစ်ယောက်ယောက်ကိုတောင် ဇနီးမယား တစ်ယောက်အဖြစ် လက်ထပ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ အဆုံးမှာတော့ သူ့အနေနဲ့ အစေခံတစ်ယောက်ရဲ့ ကံကြမ္မာကနေ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူ့ရဲ့ဇနီးမယားနဲ့အတူ သူတို့ရဲ့ အထွတ်အထိပ် အင်အားစုကို သူ့ရဲ့အကန့်အသတ် စွမ်းအားနဲ့ ရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင် တစ်ခုတည်းသော ကံကြမ္မာက သေခြင်းတရားပဲ ဖြစ်ပါတယ်။

ဒီအင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဘာဖြစ်လို့ အလောင်းတစ်ထောင်ဂိုဏ်းကို အကြီးအကျယ် မုန်းတီးနေရလဲဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းက သက်ရှိအားလုံးကို သူတို့ရဲ့ အလောင်းကောင် စစ်သားတွေ အဖြစ်ကို ပြောင်းလဲပစ်ချင်နေတာပါ။ တကယ်လို့ သူတို့သာ အဲဒီလို လုပ်လိုက်မယ်ဆိုရင် လောကဘုံ ဆေးလုံးကို သူတို့က ဖော်စပ်နိုင်စွမ်း ရှိပါဦးမလား။ အဓိက ပါဝင်ပစ္စည်းက လုံလုံလောက်လောက် ကျန်ရှိလိမ့်မှာ

မဟုတ်ပါဘူး။

အရင်တုန်းက လင်းဟန်က အံ့အားသင့်နေတာက တကယ်လို့ တန်နိုးရှင် နယ်မြေက သေမျိုးဘုံကို တကယ်ပဲ ကျူးကျော်ဝင်ရောက်ချင်တယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဘယ်လိုလုပ်ပြီး ပြန်တိုက်ခိုက်နိုင်စွမ်း ရှိပြီးတော့ တန်နိုးရှင် နယ်မြေက ကျူးကျော်သူ အင်အားစုကို သူတို့လာခဲ့တဲ့ နေရာကို ပြန်တိုက်ထုတ်နိုင်ရတာလဲလို့ စဉ်းစားနေခဲ့ရပါတယ်။ ဒါပေမဲ့လည်း အမှန်တကယ်တော့ သူတို့အားလုံးက တကျိတ်တည်း တဉာဏ်တည်းတွေပါ။ တကယ်တော့ လောကဘုံဆေး ဖော်စပ်ပြီး ကောင်းကင်ဓား နန်းတော်က မျိုးစေ့တချို့ကို ချန်ထားခဲ့ပြီး အောက်ဘုံကို နှစ်ပေါင်းတစ်သောင်းအချိန်ပေးပြီးတော့ သူတို့ရဲ့ အသက်ဓာတ်တွေ ပြန်လည်ဖွံ့ဖြိုးလာအောင်လို့ ခွင့်ပြုထားပြီး နောက်တစ်ကြိမ် အသီးအပွင့်ကို ရိတ်သိမ်းဖို့ စောင့်နေကြတာပါ။

ကောင်းကင်ဓားဂိုဏ်းနဲ့ တခြားအင်အားကြီး ဂိုဏ်းတွေက သိုင်းပညာကျွမ်းကျင်သူကြီးကို ဦးဆောင်ပြီး ရပ်တည်နိုင်အောင်လို့ တာဝန်ယူထားကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နှစ်ပေါင်းတစ်သောင်း ကျော်လွန်သွားခဲ့တာတောင် သိုင်းပညာအားလုံးရဲ့ အဆင့်တွေက အောက်ဘုံမှာ

စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်လောက်ထိပဲ ပြန်လည်ဖွံ့ဖြိုး လာပါလိမ့်ဦးမယ်။ အဲဒီလိုသာဆိုရင် လောကဘုံ ဆေးလုံးဖော်စပ်တဲ့ အခါမှာ အာနိသင် သိပ်ပြီးတော့ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ပြီးတော့ လက်ရှိမှာ နှစ်ပေါင်းတစ်သောင်း အချိန်က ပြည့်လုနီးပါပြီ။ တန်ခိုးရှင် နယ်မြေက ကျူးကျော်သူတွေက အောက်ဘုံထဲကို ဝင်လာပါပြီး ကောင်းကင်ဓားဂိုဏ်းနဲ့ တခြား အင်အားကြီး ဂိုဏ်းတွေနဲ့အတူ အင်အားစုတွေ ပေါင်းပြီးတော့ လောကဘုံဆေးလုံးအသစ် ဖော်စပ်ဖို့ကို သေမျိုးဘုံ တစ်ခုလုံးကိုက သူတို့ရဲ့ ဆေးကျိုအိုးအသွင်ထားပြီး ဒီကမ္ဘာကြီးထဲက သက်ရှိတွေ အားလုံးကတော့ သူတို့ရဲ့ ပါဝင်ပစ္စည်းတွေ ဖြစ်လာပါလိမ့်မယ်။

"ခွေးသူတောင်းစားတွေ။ သူတို့တွေ အကုန်လုံးက အယုတ်တမာ အရိုင်းအစိုင်းကောင်တွေပဲ"

ယုန်ဖြူကြီးက ဒေါသတွေ အကြီးအကျယ် ထွက်ကုန်ပါတယ်။

Chapter 652 end

Zaw.အပိုင်း(၆၅၃) ဒေါသတွေ အုံကြွလာပြီ

လင်းဟန်လည်း ဒေါသတွေ ပေါက်ကွဲနေပြီး သူ့နဖူးထက်က သွေးကြောတောင် ထောင်ထ လာခဲ့ပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေက ကောင်းကင်ဘုံကိုတောင် မီးတောက်တွေအဖြစ် ပြောင်းလဲပစ်လိုက်ချင်အောင် သူ့စိတ်ထဲမှာ ရိုက်ခတ်လှုပ်ရှား ထကြွလာခဲ့ပါတယ်။

ဘယ်လောက် စက်ဆုပ်ရွံ့ရှာစရာ ကောင်းလိုက်သလဲ။ သူတို့တွေက အောက်ဘုံတစ်ခုလုံးက သက်ရှိတွေ အားလုံးကို ဆေးဖော်စပ်မဲ့ ပါဝင်ပစ္စည်းတွေ အဖြစ်ကို ဆက်ဆံနေခဲ့ ကြပါတယ်။ ဘယ်လောက်တောင် ရူးသွပ်လိုက်တဲ့ လူတွေလဲ။ ဒီတန်ခိုးရှင်ဂိုဏ်းကြီး ငါးဂိုဏ်းက မိစ္ဆာသားရဲတွေက ရုပ်ဖျက်ထားတာကြများ ဖြစ်နေမလား။ ဒါပေမဲ့ တကယ်လို့ သူတို့သာ မိစ္ဆာသားရဲတွေ ဆိုရင် အောက်ဘုံမှာက လူသားသက်ရှိတွေချည်း ရှိနေတာ မဟုတ်ပါဘူး။

ဒီကုန်းမြေကြီးပေါ်မှာ သူ့ရဲ့မိသားစုနဲ့ သူငယ်ချင်းတွေ ရှိပါတယ်။ ဒါပေမဲ့ ကြီးမားတဲ့ ကပ်ဘေးကြီးက သိပ်မကြာခင် အနာဂတ်ကာလမှာ သူတို့အပေါ်ကို ကျဆင်းလာနိုင်ပါတယ်။ အဲဒါကြောင့် သူ့ရဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက မိုးထိအောင် ထိုးတက်လို့ နေပါတယ်။

"တကယ်လို့ မိုးကောင်းကင်က တရားမမျှတဖူးဆိုရင် မိုးကောင်းကင်ကို ငါဖျက်ဆီးပစ်ရ လိမ့်မယ်"

ဒီအတွေးက လင်းဟာန်ရဲ့ နှလုံးသားထဲမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဟုမ်း။ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားပြီးတော့ ထူးဆန်းတဲ့ အခြေအနေ တစ်ခုထဲကို ဝင်သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ပိုင်းရုံပြီးတော့ ဓားအသိဆန္ဒတွေက ထွက်ပေါ်လာခဲ့ပြီး သူ့ကိုယ်သူ ဓားတစ်လက် ဖြစ်သွားသလိုမျိုး သူ့ရဲ့စွမ်းရည်တွေကို ထုတ်ဖော်နေပါတယ်။

"သောက်ကျိုးနည်း ဒီကောင်လေးက အရမ်းကို စိတ်လှုပ်ရှားနေတာပဲ။ သူက တာအိုကို နားလည်သဘော ပေါက်တော့မယ်"

ယုန်ဖြူကြီးက အံ့အားသင့် နေခဲ့ပါတယ်။ နောက်ပြီးတော့ မနာလိုမှုတွေလည်း ပြည့်နှက်လို့ နေပါတယ်။ လူတွေက အမြဲလိုလို ပြောနေကြတာက အရမ်းကို စိတ်လှုပ်ရှားနေတဲ့ အခြေအနေ တစ်ခုမှာ တာအိုကို လွယ်လွယ်နဲ့ နားလည်သဘောပေါက်ကြပါတယ်။ ဒါပေမဲ့ အဲဒါက စစ်မှန်တဲ့ ပါရမီရှင်တွေ အတွက်ပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် တကယ်လို့ မင်းရဲ့ပင်ကိုယ် ပါရမီက လုံလောက်အောင် မမြင့်မားဘူးဆိုရင် ဘယ်လောက်ပဲ စိတ်လှုပ်ရှားမှုနဲ့ ကြုံတွေ့တွေ့ ဖြုန်းတီးမှုတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ရှပ် ရှပ် ရှပ်။

လင်းဟာန်ရဲ့ လက်ချောင်းတွေက အသိစိတ်ကင်းမဲ့စွာနဲ့ လှုပ်ရှားနေပြီး ဓားချီအလင်းတွေ ခုန်ပေါက် ထွက်ပေါ်လာခဲ့ပါတယ်။

ဒီအခန်းက အလုံပိတ်အခန်း တစ်ခုဖြစ်ပြီး သိပ်မကြီးပါဘူး။ ဓားချီအလင်းတွေ ခုန်ပေါက်ထွက်ပေါ် လာပြီး ချက်ချင်းဆိုသလို ကျောက်တုံးအခန်း တစ်ခုလုံး ပြည့်နက်သွားခဲ့ပါတယ်။

"အားရှိရှိ မင်းရဲ့အရှင်သခင်ယုန်ကို သေစေချင်နေလို့ ပစ်နေတာလား"

ယုန်ဖြူကြီးက ငယ်သံပါအောင် အော်ပြီးတော့ အပေးကို ထွက်ပြေးပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ ဓားချီတွေက နေရာအနှံ့ရှိနေပါတယ်။ ဒါကြောင့် ဓားချီတွေကို

ခုခံကာကွယ်ဖို့ မူလစွမ်းအင်ကို အသုံးပြုပြီးတော့ ဒိုင်းတစ်ခုပုံစံ ဖန်တီးထားမှပဲ ရနိုင်ပါတယ်။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပါတယ်။ တကယ်လို့ ဒီဓားချီ အလင်းတွေက သူ့ရဲ့လက်ချောင်းတွေ လှုပ်ရှားမှုကြောင့် ထွက်ပေါ်လာပေမဲ့ ဓားချီတွေရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အံ့အားသင့်စရာ ကောင်းပြီးတော့ ယုန်ဖြူကြီးကို ငယ်သံပါအောင်လို့ အော်သွားစေနိုင်ပါတယ်။

ကံကောင်းတာက သူကိုယ်တိုင်က ဟူးညိုကတောင် ကိုက်လို့မရနိုင်တဲ့ အတော်လေးကို ထူးဆန်းတဲ့ မွန်းစတား တစ်ကောင်ဖြစ်နေတာကြောင့် လင်းဟန်ဆီက ဓားချီအလင်း အနည်းငယ် ခံယူရပေမဲ့ အဆင်ပြေနေဆဲပါပဲ။ နာကျင်မှု ဝေဒနာကို ခံရတယ်ဆိုပေမဲ့ သည်းခံနိုင်ပါသေးတယ်။

အဲဒီအချိန်မှာ ဟူးညိုကတော့ တခစ်ခစ်နဲ့ ပျော်ရွှင်စွာ ရယ်မောနေပြီး ဓားချီတွေ ပိုင်းရံပြီး ကခုန်လှုပ်ရှား နေပါတယ်။ သူမရဲ့ခန္ဓာကိုယ် ပေါ့ပါးဖျတ်လတ်စွာနဲ့ ကခုန်နေပြီး မထင်မှတ်ထားတဲ့ လမ်းကြောင်းတွေကနေ မထင်မှတ်တဲ့ ပုံစံတွေတောင် ပြောင်းလဲပြီး ရှောင်တိမ်းနိုင်ပါတယ်။ သူမက ချက်ချင်းဆိုသလို မတူညီတဲ့ နေရာတစ်ခုကို ဖျတ်ခနဲ ပြောင်းလဲသွားပြီး ကြည့်ရတာ

အရမ်းကို ထူးခြားဆန်းကြယ် နေပါတယ်။

ယုန်ဖြူကြီးက မျက်လုံးတွေ ပြူးပြီးတော့ စိုက်ကြည့်မိနေပြီး တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"လျှပ်စီးခန္ဓာကိုယ်ရဲ့ အဓိက အောင်မြင်မှုကြီးလား။ ဘယ်လောက်တောင် အံ့သြဖို့ ကောင်းလိုက်သလဲ။ သူမက လျှပ်စီးအဖြစ်ကို ပြောင်းလဲပစ်နိုင်ပြီး သူမရဲ့ ခန္ဓာကိုယ်ကို ပေါ့ပေါ့ပါးပါး ပြောင်းလဲနိုင်တယ်။ ပြီးတော့ လျှပ်စီးတန်းတွေလိုပဲ လေဟာနယ်ကို ကျုံ့စေပြီး တာတိုအကွာအဝေး တစ်ခုကို တည်နေရာရွှေ့ပြောင်းနိုင်တဲ့ အမျိုးအစားကိုတောင် ဖြစ်ပေါ်နိုင်တယ်"

"တကယ်လို့ ဒီကလေးမရဲ့ ဘိုးဘေးတစ်ယောက်က တန်ခိုးရှင် နယ်မြေထဲမှာ ရှိနေမယ်ဆိုရင် အဲဒီလူရဲ့အဆင့်က ဘယ်လိုအမျိုးအစား ဖြစ်နေမလဲ။ တန်ခိုးရှင်တွေရဲ့ ဘုရင်လား"

လင်းဟန်က မေ့မျောနေတဲ့ အခြေအနေ တစ်ခုအထဲမှာ ဂငိရောက်နေခဲ့ပါတယ်။ ဒေါသတွေ နက်နက်ရှိုင်းရှိုင်း ထွက်နေတာက သူ့ကို အဆင့်တက်မှုတစ်ခု ရရှိစေခဲ့ပါတယ်။

သူ့ရဲ့အရှေ့မှာ ဓားချီအလင်း သုံးဆယ်ခုမြောက်ရဲ့ ခမ်းနားကြီးကျယ်တဲ့ တံခါးက ဖြေးညှင်းစွာနဲ့ ပွင့်လာခဲ့ပါတယ်။

သူက ဓားချီအလင်း နှစ်ဆယ့်ကိုးခု အဆင့်မှာ အချိန်တော်တော်ကြာအောင် နေခဲ့ရပါတယ်။ ဒါက တကယ့်စစ်မှန်တဲ့ အတားအဆီး တစ်ခုဖြစ်ပါတယ်။ ပြီးတော့ ရှေးရှေးတုန်းကတည်းက ချိုးဖျက်နိုင်တဲ့ ချီအလင်းတွေရဲ့ အမြင့်မားဆုံး အရေအတွက်လည်းဖြစ်ပါတယ်။ ပုံမှန်အတိုင်းဆို ဒီအတားအဆီးကို ချိုးဖျက်ဖို့က မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲလွန်းပါတယ်။ ပါရမီရှင်တွေ အတွက်တော့ ဒါက အထူးလက်ဆောင်တစ်ခု ဆိုရင်တောင် သူက ဒီအတားအဆီး အထဲကို စိုင်ကော်လို့ ချုံပေါ် ရောက်သလိုမျိုးပါပဲ။

ဒါပေမဲ့ ရက်တော်တော်ကြာပြီးတဲ့ နောက်မှာတော့ သူက ပိုးတိုးဂါးတား နားလည်နိုင်စွမ်း တစ်ခုကို ရရှိခဲ့ပါတယ်။ ပြီးတော့ အဲဒါကို ကြည့်ရတာက သူ့ရဲ့လမ်းကြောင်းအရှေ့မှာ စက္ကူပြတင်းပေါက် တစ်ခု ပိတ်ထားသလိုမျိုး ဖြစ်နေပါတယ်။ သူ့ကိုကြည့်ရတာ အောင်မြင်ဖို့ အတော်လေး လိုပါသေးတယ်။

ဂုမ်း ဂုမ်း ဂုမ်း။

လင်းဟန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ချက်ချင်းဆိုသလို သူ့ရဲ့လက်ချောင်းလေးတွေအစား ဓားချိုကို ထုတ်လွှတ်နိုင်ပါတယ်။

ဓားချိုအလင်း သုံးဆယ်က တကယ်ပဲ အကန့်အသတ် ဖြစ်ပါတယ်။ ဒါက အသွင်ပြောင်းလဲခြင်း တစ်ခုဖြစ်ပါတယ်။

"သူ အောင်မြင်သွားပြီ"

ယုန်ဖြူကြီးက အံ့အားသင့်လို့ နေပါတယ်။ ဒီကောင်လေးကလည်း ထူးဆန်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ချိုနားလည်နိုင်စွမ်းက သူ့အတွက်တော့ ရေတစ်ခွက်ကို သောက်ရသလို လွယ်ကူတဲ့ ပုံစံပါပဲ။ ချိုကို နားလည်သဘောကပေါက်နိုင်တာက အဲလောက် အံ့အားသင့်စရာ မဟုတ်ပေမဲ့ သိုင်းပညာလမ်းကြောင်း အပေါ်က တောင်ကုန်းသေးသေးလေး တစ်ခုသာသာပဲ ရှိပါတယ်။ ပြီးတော့ နောက်ပိုင်းမှာ ပိုပြီးတော့ မြင့်မားတဲ့ တောင်တွေ ရောက်လာပါဦးမယ်။ အဲဒီအခါ လင်းဟန်က ဘယ်လောက်တောင် မွန်းစတား ဆန်သလဲဆိုတာကို

မြင်တွေ့နိုင်ပါလိမ့်မယ်။

လင်းဟာန်က ရုတ်တရက် သူ့မျက်လုံးတွေကို ဖွင့်လိုက်ပြီး ထူးထူးဆန်းဆန်းနဲ့ ကြည့်ပြီးတော့ ကျေနပ်နေပုံ ရပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး အခြေအနေအောက်မှာ ဓားချီအလင်း သုံးဆယ်ကို ရောက်သွားလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါဘူး။ အခု သူက အလင်းတန်းကို ထုတ်ဖော်နိုင်ပါပြီ။ အလင်းတန်း အတုနဲ့ ဆက်ပြီးတော့ တိုက်ခိုက်နေစရာ မလိုတော့ပါဘူး။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း နောက်ထပ်တစ်ကြိမ် အဆင့်မြင့်သွား ပါလိမ့်မယ်။

ဒါပေမဲ့ အံ့အားသင့်စရာကောင်းတဲ့ ကျေနပ်ပျော်ရွှင်မှုက သူ့ရဲ့ဒေါသတွေကို ပျယ်သွားအောင် မလုပ်နိုင်ပါဘူး။ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းက တကယ့်ကို စိတ်မနှံ့ပဲ ရှူးနေကြပါတယ်။ သူတို့က ကမ္ဘာကြီးတစ်ခုလုံးကို လယ်ကွင်းထဲက တိရစ္ဆာန်တွေလို သတ်ဖြတ်ဖို့ အတွက်ပဲ မြင်နေကြ ပါတယ်။ ဒီနှစ်ပေါင်း တစ်သောင်းအချိန် အတွင်းမှာ သူတို့ကိုယ်သူတို့ ကယ်တင်ရှင်တွေလိုလို ပြောကြပါတယ်။ ဒီကမ္ဘာကြီးထဲမှာ သူတို့ရဲ့ တည်ရှိမှုတွေက ဆန့်ကျင်ဘက်တွေဆိုတာ အားလုံးက မသိကြပါဘူး။

မိုးကြိုးလျှပ်စီး ကေရီက သူတို့အားလုံးက ကြီးမားတဲ့ လိမ်လည်မှုကြီး တစ်ခုထဲမှာ အသက်ရှင်နေထိုင်နေကြရတယ်လို့ ပြောခဲ့တာက အံ့သြစရာ မဟုတ်တော့ပါဘူး။

ကမ္ဘာကြီးကို ဖျက်ဆီးပြီးတဲ့နောက်မှာ တစ်စုံတစ်ယောက်က သေချာပေါက် ဒီကိစ္စရဲ့ အမှန်တရားကို ချန်ထားခဲ့ပါလိမ့်မယ်။ ဒါပေမဲ့ အင်အားကြီးဂိုဏ်းငါးဂိုဏ်းက လူတွေကို နှစ်ပေါင်းတစ်သောင်းတိုင်အောင် အယူအဆအသစ်တွေ ထည့်သွင်းထားပြီး သူတို့ပြစ်မှုတွေရဲ့ သက်သေအထောက်အထားတွေ အားလုံးကို ဖျက်ဆီးပစ်ထားပါလိမ့်မယ်။ ဒါကြောင့် သူတို့က ပလ္လင်ပေါ်မှာ ဟန်မပျက် နေထိုင်နေကြဆဲ ဖြစ်ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက ရှေးဟောင်းမြေပုံတွေကို အရမ်းကို စောင့်ကြပ်ထားတာက အံ့သြစရာ မဟုတ်တော့ပါဘူး။ ရှေးဟောင်းမြေပုံတွေ အပေါ်မှာ သဲလွန်စ တစ်ချို့ ကျန်ကောင်းကျန်ရစ် နိုင်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း ဒါမှမဟုတ် နှစ်ပေါင်းသိန်းနဲ့ချီကြာတုန်းက လျို့ဝှက်ချက်တွေ ထွက်ပေါ်ကုန်မှာကို ကြောက်ရွံ့နေကြပါတယ်။ သူတို့လုပ်ထားတဲ့ ကလိမ်ကကျစ် အလုပ်တွေ လူသိကုန်မှာ

ကြောက်ရွံ့လို့ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ ခံစားချက်တွေ အနည်ထိုင်လာခဲ့ပါတယ်။ ခံစားချက်တွေက ပြဿနာကို မဖြေရှင်း နိုင်ပါဘူး။ အဲဒီအစား သူ့ရဲ့ခံစားချက်တွေက ဆုံးဖြတ်ချက်တွေ အပေါ်မှာ အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပြီး သူ့ရဲ့ပျက်စီးရာ ပျက်စီးကြောင်းကိုတောင် ဖြစ်စေနိုင်ပါတယ်။ ဥပမာ တကယ်လို့ သူက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ မျက်နှာအစစ်အမှန်ကို အခုချိန်မှာ အားလုံးသိအောင် ကြေညာခဲ့မယ် ဆိုရင် လူဘယ်လောက်များများက သူ့ရဲ့စကားတွေကို ယုံကြည်နိုင်ကြမှာလဲ။

ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ဂိုဏ်သိက္ခာကို စွန်းထင်းအောင် လုပ်နေတာ မဟုတ်လား။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်က ဒီလိုမျိုး ကြီးကြီးမားမား စွမ်းဆောင်ထားတဲ့ ဂုဏ်ကြီးမားတဲ့ လူတွေကို အသရေပျက်အောင် မဟုတ်မမှန် ပြောဆိုနေတာ မဟုတ်လား။ ဒီလိုမျိုး အရာတစ်ခုကို သေဒဏ်တောင် ပေးလို့ရပါတယ်။

ဆေဘာစား ဘုရင်လေးက အသက်တွေကို ဂရုမစိုက်တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့

သူ့ရဲ့မျက်လုံးထဲမှာ သက်ရှိတွေ အားလုံးက နောက်ပိုင်းမှာ ဖော်စပ်ဖို့ ပါဂင်ပစ္စည်းတွေ ဖြစ်လာကြမှာမို့ နည်းနည်းလောက်ကို ထိခိုက်သေကြေအောင် လုပ်တော့ရော ဘာဖြစ်မှာလဲ။

"ငါကျိန်ဆိုတယ်။ ဒီနေရာက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို ချေဖျက်ပစ်ရုံတင်မကဘူး။ အနာဂတ်မှာ တန်ခိုးရှင် နယ်မြေကိုလည်း တစ်ဟုန်ထိုး ပြေးဂင်ပြီးတော့ တန်ခိုးရှင်ဂိုဏ်းကြီးလို့ ခေါ်နေကြတဲ့ ဒီဂိုဏ်းငါးဂိုဏ်းကိုလည်း အမြစ်ဖြတ် သုတ်သင်ခံရတဲ့ ကံကြမ္မာကနေ လုံးဂကို လွတ်မြောက်နိုင်စွမ်း မရှိစေရဘူး"

လင်းဟန်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်လေး အရှင်သခင်ယုန်က မင်းကို စိတ်ရောကိုယ်ပါ ထောက်ပံ့ကူညီပေးမယ်"

ယုန်ဖြူကြီးက အရမ်းကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"လင်းဟန် ညီုညီုလည်း လင်းဟန်ကို ကူညီမယ်။

အားလုံးကို ရိုက်ထုတ်ပစ်မယ်။ ပြီးတော့ လင်းဟန်က ကေရာဇ် ဖြစ်လာပြီး ညိုးညိုးက ကေရီ ဖြစ်လာမယ်”

တစ်ဖက်က ဟူးညိုကလည်း အရမ်းကို သစ္စာရှိစွာနဲ့ သူမအတွက်ကိုပါ ထည့်သွင်းပြီးတော့ ပြောဆိုဖို့ အကြံအစည်ကို လုံးဝကို မမေ့ခဲ့ပါဘူး။

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့ ဟူးညိုက ကေရာဇ်နဲ့ ကေရီလို့ ပြောလိုက်တာက သူ့နှလုံးသားကို လှုပ်ရှားသွားစေခဲ့ပါတယ်။

ဇီရှုရှန်းက အမှန်တရားကို ချန်ထားခဲ့ရုံတင်မက လက်ရှိအဖြစ်အပျက်ကို ဘယ်လိုမျိုး ဖြေရှင်းရမလဲ ဆိုတာကိုပါ ရည်ညွှန်းပြောဆိုခဲ့ပါတယ်။

အဲဒါက ရိုးရှင်းပါတယ်။ မိုးကောင်ကင်ကို စုတ်ဖြဲပြီး ဖွင့်လိုက်ပါ။

အောက်ဘုံ တစ်ခုလုံးကို သယ်ဆောင်ပြီးတော့ တန်ခိုးရှင် နယ်မြေထဲကို ထိုးတက်သွားမယ်ဆိုရင် အောက်ဘုံတစ်ခုလုံးက တန်ခိုးရှင် နယ်မြေရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ တန်ခိုးရှင်

လောကမှာ သူတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိတာကြောင့် တန်ခိုးရှင်ဂိုဏ်းကြီးငါးဂိုဏ်းက သေချာပေါက် တန်ခိုးရှင်လောကရဲ့ လူတွေကို ထိခိုက်အောင် လုပ်ပုံ့ကြလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က တန်ခိုးရှင်လောက တစ်ခုလုံးရဲ့ ဖိနှိပ်ခြင်းနဲ့ပ ဖြုတ်ချခြင်းကို ခံရပါလိမ့်မယ်။

တန်ခိုးရှင်ဂိုဏ်းကြီး ငါးဂိုဏ်းက အရမ်းကို အစွမ်းထက်တယ် ဆိုပေမဲ့ သူတို့အနေနဲ့ သေချာပေါက် ဒီလိုမျိုး အခြေအနေ တစ်ခုကို ဆန့်ကျင်ရပ်တည်နိုင်စွမ်း မရှိပါဘူး။

မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်ရမယ်။ အလုပ်ထက် အပြောက လွယ်တာပေါ့။

ဖန်ပိုယွမ် ပြောတာတော့ အခုချိန်မှာ လေဟာနယ်ကို စုတ်ဖြဲပြီးတော့ တန်ခိုးရှင် ဖြစ်လာအောင် လုပ်တာက အရမ်းကို အန္တရာယ်များတဲ့ အရာတစ်ခုလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တန်ခိုးရှင် ဂိုဏ်းကြီးငါးဂိုဏ်းက အောက်ဘုံအတွက် တန်ခိုးရှင်ဖြစ်လာမဲ့ လမ်းကြောင်းကို ပိတ်ဆို့ထားပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း ကျင့်ကြံသူတွေကို သတ်ပစ်နိုင်တဲ့ သတ်ဖြတ်ခြင်း အစီအရင် တစ်ခုကို ခင်းကျင်းထားပါတယ်။

ဒီဘုံမှာတော့ စကြာဂဠ္ဍာ ဖျက်ဆီးခြင်း အဆင့်တွေက အသန်မာဆုံး ဖြစ်ပါတယ်။ တန်ခိုးရှင်တွေ အောက်ဘုံကို ဆင်းသက်လာတဲ့ အချိန်မှာတောင် သူတို့က ကမ္ဘာ့တာအိုရဲ့ တားမြစ်မှုနဲ့ ဖိနှိပ်မှုကို ခံရပါလိမ့်မယ်။ ဒါပေမဲ့ ဒီနေရာမှာ တစ်ခုကျန်တာက စကြာဂဠ္ဍာ ဖျက်ဆီးခြင်း အဆင့်ဆိုတာက စကြာဂဠ္ဍာ ဖျက်ဆီးခြင်း အဆင့်ပါပဲ။ တန်ခိုးရှင်တွေကတော့ သူတို့ရဲ့ တန်ခိုးရှင် အဆင့်အတန်းကို ပြန်ပြီးတော့ ရရှိပါလိမ့်မယ်။

တန်ခိုးရှင် တစ်ယောက်အနေနဲ့ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို သတ်ဖို့ဆိုတာ အသေးအဖွဲ့ ကိစ္စလေး တစ်ခုပါပဲ။

ဒါကြောင့် အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ အဖွဲ့သားတွေပဲ လေဟာနယ်ကို စုတ်ဖြဲနိုင်ပြီးတော့ တန်ခိုးရှင်လောကို ဝင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ တခြားလူတွေသာ လုပ်မယ်ဆိုရင် အဲဒါက သူတို့သေလမ်းကို သူတို့ရှာတာပါပဲ။

ဒါပေမဲ့လည်း အခုလည်း အချိန်ကောင်း ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အောက်ဘုံရဲ့ တိုးတက်မှုက

တန်ခိုးရှင်ဂိုဏ်းကြီးငါးဂိုဏ်းကြောင့် ပြောင်းလဲလာခဲ့ပြီး ဒီနှစ်ပေါင်း တစ်သောင်းအတွက် ကုန်ဆုံးသွားမှု အားလုံးကို စုစည်းထားတယ်လို့ ပြောလို့ ရပြီး ဒီနှစ်ပေါင်းရာဂဏန်း နည်းနည်းရဲ့ အချိန်တိုကာလမှာ လျော့ပစ်မှာပါ။ အဲဒါက သူတို့ ဖော်စပ်နေတဲ့ လောကဘု ဆေးလုံးရဲ့ အမြင့်မားဆုံး အာနိသင်ကို ရရှိစေမှာ ဖြစ်ပြီးတော့ ဒါကလည်း သူတို့အတွက် အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ကြီးထွားလာနိုင်တဲ့ ကံကြမ္မာ အခွင့်အလမ်း တစ်ခုလည်း ဖြစ်ပါတယ်။

တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ပါရမီရှင်တွေ အများကြီး ရှိနေမှာလဲ။

လင်းဟန်က မစဉ်းစားပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့ တပည့်လေးယောက်ရော ဘာဖြစ်သွားလဲ။

တကယ်လို့ သူတို့လည်း တန်ခိုးရှင်တွေ ဖြစ်သွားတယ်ဆိုရင် သူတို့ရဲ့ ဂုဏ်သိက္ခာတွေကို သူတို့က ရောင်းပစ်လိုက်မှာလား။

လင်းဟန်ရဲ့ မျက်နှာက သုန်မှုန်သွားခဲ့ပါတယ်။ အနာဂတ်မှာ တကယ်လို့ ကျန်းယွဲ့ဖုန်းနဲ့ တခြားလူတွေကို

ဆုံတွေ့ခဲ့မယ်ဆိုရင် သူတို့ကို သေသေချာချာကို မေးရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ကျောင်းတော်ရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း လုပ်ရမှာဖြစ်ပြီး ဘယ်တပည့်ပဲဖြစ်ဖြစ် မကောင်းတဲ့ အကျင့်စရိုက်ရှိရင် အမြစ်ဖြတ်ပစ်ရပါမယ်။

အခု ပြဿနာက မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်ဖို့ပဲ ဖြစ်ပါတယ်။

မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်ဖို့ဆိုတာက နိုင်ငံတစ်ခု ဖြစ်ပေါ်ပြီးမှ လုပ်ရမဲ့အရာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးချင်း စွမ်းရည်က စွမ်းအားအကန့်အသတ် ရှိပါတယ်။ ဒါပေမဲ့ အောက်ဘုံတစ်ခုလုံးကို တန်ခိုးရှင်လောကထဲ သယ်ဆောင်သွားချင်တယ် ဆိုရင်တော့ လိုအပ်တဲ့ စွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူပေါင်း တစ်ရာ နှစ်ရာကနေ ထောင်နဲ့ချီတဲ့ စွမ်းအားစုစုပေါင်းထက်တော့ သာလွန်ပါလိမ့်မယ်။

ဒါကြောင့်လည်း နိုင်ငံတစ်ခုရဲ့ စွမ်းအားကို ငှားယူပြီးတော့မှ မိုးကောင်းကင်ကိုးခုကို ထိုးဖောက်ပြီး တန်ခိုးရှင်လောကထဲကို ဝင်ရောက်နိုင်စွမ်း ရှိပြီးတော့

အောက်ဘုံတစ်ခုလုံးကို တန်ခိုးရှင်လောကရဲ့ အစိတ်အပိုင်း တစ်ခုဖြစ်အောင် လုပ်ပြီးတော့ အားလုံးကိုလည်း တန်ခိုးရှင် တစ်ယောက် ဖြစ်လာမဲ့ မျှော်လင့်ချက်တွေ ရှိလာပါလိမ့်မယ်။

"လခွမ်း မာထို့ပေါင်"

လင်းဟန်က ရုတ်တရက် သတိရသွားပါတယ်။ မာထို့ပေါင်က မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်ဖို့အကြောင်းကို အကြိမ်အနည်းငယ် ပြောဖူးပါတယ်။ ပြီးတော့ သူတို့ရဲ့ အကြီးမားဆုံး ရန်သူအဖြစ် တန်ခိုးရှင်လောကကို တိုက်ရိုက်လက်ညှိုးထိုး ညွှန်ပြခဲ့ပါတယ်။ သူက ဒီအကြောင်းအရာတွေရဲ့ အမှန်တရားကို သိနေတာ ကြာနေပြီလား။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့သူက ခရမ်းလ အင်ပါယာကို တည်ထောင်ရမှာလဲ။

Chapter 653 end

Zaw.အပိုင်း(၆၅၄) အကြံအစည်များ

"ငါ မာထို့ပေါင်ကို သွားတွေ့ရမယ်"

လင်းဟာန်က ဆုံးဖြတ်လိုက်ပါတယ်။

အမှန်တကယ်တော့ ဇီရှုရန်ရဲ့ဇာတ်လမ်းဘက်ခြမ်း တစ်ခုကနေ ကြည့်မယ်ဆိုရင် အမှန်တရားလို့ ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က သူမချန်ထားခဲ့တဲ့ မှတ်ဉာဏ်သလင်းကျောက်ကနေ မြင်တွေ့ခဲ့ရပါတယ်။ နောက်ပြီးတော့ အဲဒါက သူ့ရဲ့စိတ်ထဲမှာ ပြည့်နှက်နေတဲ့ သံသယတွေ အားလုံးကို ရှင်းထုတ်ပေးနိုင်ပြီး ဒီအဖြစ်အပျက်တွေကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ အမှန်တရားတွေ အဖြစ်လက်ခံယုံကြည်ဖို့ ရွေးချယ်မှုကို လုပ်စေခဲ့ပါတယ်။

"မိုးကောင်းကင်တွေကို စုတ်ဖြဲပြီးတော့ ဖွင့်ဖို့က တစ်ခုတည်းသော နည်းလမ်းပဲ။ ဒါပေမဲ့ အရင်ဆုံး ငါတို့တွေက နိုင်ငံတစ်ခုကို တည်ထောင်ရမယ်"

လင်းဟာန်က ခါးခါးသီးသီး ပြုံးပြီးတော့ တွေးလိုက်ပါတယ်။ သူကက လွတ်လပ်မှုကို နှစ်သက်ခုံမင်တဲ့ ယောကျ်ားလေး တစ်ယောက် ဖြစ်ပြီးတော့ သူ့အတွက်တော့ ဧကရာဇ် တစ်ပါးဖြစ်ဖို့ဆိုတာ အရမ်းကို စိတ်ဆင်းရဲစရာကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

"ငါ့မိဘတွေအတွက် ငါ့သူငယ်ချင်းတွေ၊ ရွှမ်အာနဲ့ တခြားလူတွေအတွက် ဘယ်လိုပဲဖြစ်ဖြစ် ငါဒါကို လုပ်ရမယ်"

မကြာခင်မှာပဲ လင်းဟန်က သူ့ရဲ့ဖြေရှင်းနည်းကို ရှာတွေ့သွားခဲ့ပါတယ်။

"ဒါပေမဲ့လည်း တကယ်လို့ ငါ့ကိုယ်ပိုင် နိုင်ငံကို အလျင်စလို တည်ထောင်လိုက်မယ်ဆိုရင် အဲဒါက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ နှိမ်နင်းခြင်းကို ဆွဲဆောင်လိမ့်မယ်။ တကယ်လို့ ငါ့မှာ အနက်ရောင် မျှော်စင် ရှိနေတယ် ဆိုရင်တောင် နိုင်ငံတစ်ခုလုံးနဲ့ မြို့သူမြို့သား အားလုံးကို ချက်ချင်းကြီး အထဲကို ယူဆောင်ဖို့ မဖြစ်နိုင်ဘူး။ ဒီလိုဆိုမှတော့ ဘယ်လိုလုပ်ပြီးတော့ နိုင်ငံတစ်ခုရဲ့ ခေါင်းဆောင်က သူ့လူတွေရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးနိုင်မှာလဲ။ ပြီးတော့ နိုင်ငံရဲ့ စွမ်းအားကြောင့် သန်မာအားကောင်း လာနိုင်မှာလဲ"

"အရင်းအမြစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် စုစည်းပြီးတော့ ဖြည်းညှင်းစွာနဲ့ ဘုရင်ဖြစ်လာရမယ်"

"ငါအရင်ဆုံး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သွားရမယ်။ အဲဒီနေရာက ကမ္ဘာကြီး

တစ်ခုလုံးက ပါရမီရှင် အနည်းဆုံး ကိုးဆယ်ရာခိုင်နှုန်းကို စုစည်းထားတဲ့ နေရာပဲ။ တကယ်လို့ ငါက သူတို့အားလုံးကို ငါ့ဘက်ပါလာအောင် စုစည်းနိုင်မယ်ဆိုရင် ငါ့ရဲ့စွမ်းအားက အဆင့်အတန်း တစ်ခုကို ရောက်လာခဲ့ရင် ဒီကမ္ဘာကြီး တစ်ခုလုံးကို ညတွင်းချင်း လှုပ်လှုပ်ရှားရှား ဖြစ်အောင်လို့ စွမ်းဆောင်နိုင်လာလိမ့်မယ်"

"ဟုတ်တယ်။ အဲဒါကောင်းတယ်။ ဒီလူတွေကိုယ်တိုင်က ပါရမီမြင့်မားကြတဲ့အပြင် သူတို့တွေက အဖွဲ့အစည်း အသီးသီးရဲ့ အကောင်းတကာ့ အကောင်းဆုံး လူတွေပဲ။ သူတို့ရဲ့ အထောက်အပံ့ကို ရမယ်ဆိုရင် သူတို့ရဲ့အနောက်မှာ ရပ်တည်နေတဲ့ အဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ကို ရတာနဲ့ အတူတူပဲ။ ပြီးတော့ အဲဒါက ငါ့ကိုယ်ပိုင် နိုင်ငံကို တည်ထောင်တဲ့ အချိန်မှာ အကြီးအကျယ် အကျိုးအမြတ် ရလာလိမ့်မယ်"

"အင်း ပထမ ခြေလှမ်းအနေနဲ့ ငါ့ရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းကို နောက်တစ်ကြိမ် အသုံးပြုရလိမ့်မယ်။ ပြီးတော့ ဒုတိယက ဥဒေါင်းငှက် တစ်ကောင်က သူ့ရဲ့အတောင်တွေ အားလုံးကို ဆန့်ထုတ်လိုက်သလိုမျိုးပဲ ငါလည်း သိုင်းပညာ လမ်းကြောင်းပေါ်မှာ လူပုံအလယ်မှာ ထင်ပေါ်တဲ့

ပုံရိပ်တစ်ခုကို ထိန်းသိမ်းထားပြီးတော့ အခြေအနေ အလားအလာ တိုးတက်အောင် လုပ်ရမယ်”

“လူငယ်တွေ ဟုတ်ပြီ။ သူတို့ရဲ့ အထောက်အပံ့ကို ရရှိဖို့ မင်းက သူတို့ကို လုံလောက်တဲ့ အကျိုးအမြတ်တွေ ပေးရလိမ့်မယ်။ ဒါမှမဟုတ် သူတို့ကို စွမ်းအားအစစ်အမှန်နဲ့ လွှမ်းမိုးနိုင်ရမယ်။ ငါက နှစ်ခုလုံး လုပ်နိုင်စွမ်းရှိတယ်”

“တချို့အဖွဲ့အစည်းတွေအတွက် ငါကြိုးပမ်းမှုတစ်ခု လုပ်ရဦးမယ်။ ဒါပေမဲ့ ခွေးသူတောင်းစား ဂိုဏ်းကြီးငါးဂိုဏ်းလို အဖွဲ့အစည်း တချို့လည်း ရှိကောင်းရှိမယ်။ ရှိချင်မှလည်းရှိမယ်။ အင်း။ ငါ့ရဲ့တစ်ဦးချင်း စွမ်းအားက အဓိကအောင်မြင်မှု မရသေးခင် ငါ့ကိုယ်ပိုင် နိုင်ငံကို တည်ထောင်မဲ့ အကြောင်းကို မပြောသင့်သေးဘူး။ အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ မကောင်းဆိုးဝါး အကြံတွေကို ထုတ်ဖော်နိုင်မှာ မဟုတ်ပဲနေမယ်။ ဒီကိစ္စထဲမှာ လုံးဝကို ပါဝင်ပတ်သက်ဖို့ လုပ်ရမယ်”

“မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့က အဆင်ပြေတယ်။ အစ်ကိုကြီးဖန်လည်း အဆင်ပြေတယ်။ အစ်ကိုကြီးဖန်က သွေးမဆူဖို့ကိုပဲ မျှော်လင့်ရမှာပဲ။ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင်

တစ်ယောက်ဆိုပေမဲ့ တကယ်တမ်းဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို တစ်ကိုယ်တော် ဆန့်ကျင်တိုက်ခိုက်မယ်ဆိုရင် ရလဒ်က မတွေးပုံ့စရာပဲ"

"အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက နှစ်ပေါင်းသောင်းသိန်းချီအောင် ရပ်တည်ခဲ့ပြီးတော့ သူတို့ရဲ့ အမွေအနှစ် ဆက်ခံမှုမှာ သတိလစ်ဟင်းမှု နည်းနည်းလေးမှ မရှိခဲ့ပါဘူး။ ဒီကုန်းမြေကြီးထဲမှာ အရင်းအမြစ်တွေ အားလုံးကို ဆုပ်ကိုင်ထားပြီး သူတို့က ဘယ်လိုမျိုး စွမ်းအားတွေကို ပိုင်ဆိုင်ထားလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ လုံခြုံရေးကို အာမခံချက် ရှိအောင်လို့ တန်ခိုးရှင် နယ်မြေက ဂိုဏ်းကြီးငါးဂိုဏ်းက ဒီနေရာမှာ တန်ခိုးရှင် အနည်းစုကို လျှို့ဝှက်ပြီးတော့ နေရာချထားကောင်း ချထားနိုင်တယ်။ တကယ်လို့ သူတို့ အရမ်းကို သန်မာတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ ဆုံတွေ့ခဲ့မယ်ဆိုရင် သူတို့ရဲ့ တန်ခိုးရှင်အဖြစ် ကျင့်ကြံခြင်းကို တန်းယူပြီးတော့ အဲဒီလူကို ချက်ချင်းသတ်ပစ်လိုက်ပြီး ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဇီရှုရှန်းကို သူတို့တွေ လုပ်ခဲ့သလိုမျိုး လုပ်ကြလိမ့်မယ်"

"ငါတော့ အရမ်းကို သိချင်စိတ်တွေ ပြင်းပြနေပြီ။ ငါတို့က မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ မဖွင့်ခင်မှာ အကြီးမားဆုံး

ရန်သူက အင်အားကြီးဂိုဏ်းငါးဂိုဏ်း ဖြစ်လိမ့်မယ်။ ပြီးတော့ သူတို့ကို အရင်ဆုံး အမြစ်ဖြုတ်ပြီးမှ တန်ခိုးရှင် နယ်မြေက အင်အားကြီးဂိုဏ်း ငါးဂိုဏ်းက အောက်ဘုံကို ကျူးကျော်လာဖို့ ဒီကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်လိုက်တဲ့ စပ်ကြားကာလကို အခွင့်ကောင်း ယူပြီးတော့ ဒီကုန်းမြေတစ်ခုလုံးကို တန်ခိုးရှင် နယ်မြေထဲကို ခေါ်ပြီးတော့ တက်သွားရမယ်”

လင်းဟာန်ရဲ့ စိတ်ထဲမှာ ပြတ်သားတဲ့ အကြံအစည်တစ်ခု ချထားလိုက်ပါတယ်။ သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက တိုက်ပွဲဝင်လိုတဲ့ စိတ်ဂိုညာဉ်တွေ ပြည့်နှက်နေပါတယ်။

သူက အခုဆိုရင် သူ့ရဲ့ရန်သူက ဘယ်သူလဲဆိုတာကို ရှင်းရှင်းလင်းလင်း သိလိုက်ရပါပြီ။ ပြီးတော့ သူရဲ့ဓားကို ဘယ်သူ့ကို ရည်ရွယ်သင့်ပြီးတော့ သူ့ရဲ့ပစ်မှတ်က ရှင်းပါတယ်။

“လင်းဟာန် ဒီနေရာက ပျော်စရာမကောင်းဘူး။ သွားကြစို့”

ဟူးညိုက ခုန်ဆွခုန်ဆွနဲ့ လင်းဟာန်ကို ပွတ်သပ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဟူးညိုကို ကောက်ချီလိုက်ပါတယ်။ တကယ်လို့ ဒီကလေးမ တစ်ယောက်တည်း အတွက်ဆိုရင်တောင် သူ့အနေနဲ့ ကမ္ဘာကြီး တစ်ခုလုံး အပေါ်မှာ တန်ခိုးရှင်နယ်မြေနဲ့ စစ်ပွဲကြေညာဖို့ ဆန္ဒရှိနေပါတယ်။ သူကခေါင်းညိတ်ပြီးတော့ သူတို့ဝင်လာတဲ့ ကျောက်နံရံဆီကို ကြည့်လိုက်ပါတယ်။ နံရံပေါ်မှာ လက်ကိုင်တစ်ခု ရှိပြီးတော့ ဒီယန္တရား အခန်းကို ဖွင့်ဖို့အတွက် ဇီရှူရှန်ရဲ့ ပုံတူကို မလိုတော့ပါဘူး။

လင်းဟန်က ဇီရှူရှန် ချန်ထားခဲ့တဲ့ မှတ်တမ်းစာအုပ်ကို အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်း လိုက်ပါတယ်။ လင်းဟန်က ဒီအမျိုးသမီးကို လေးစားအားကျမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ကမ္ဘာကြီးရဲ့ သက်ရှိတွေ အားလုံးအတွက်ကြောင့် သူမရဲ့ကိုယ်ပိုင်ကလန်ကို သစ္စာဖောက်ခဲ့ပြီး တန်ခိုးရှင်တွေကို ဆန့်ကျင်တဲ့ဘက်မှာ ရပ်တည်ပြီးတော့ သေဆုံးသွားခဲ့ရပါတယ်။

ဘယ်လောက်တောင် အံ့သြဖို့ကောင်းတဲ့ အမျိုးသမီး တစ်ယောက်လဲ။

သူမကို ဒီကမ္ဘာကြီးထဲက လူတိုင်းလူတိုင်း တစ်ယောက်ချင်းစီက သတိရနေသင့်ပါတယ်။ တကယ်လို့သူသာ မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ အောင်အောင်မြင်မြင်နဲ့ ဖွင့်နိုင်ခဲ့မယ်ဆိုရင် အဲဒီနောက်မှာ ဇီရှုရှန်ကို ကြီးကြီးမားမားနဲ့ကို အကြွေးဆပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ခရက် ခရက် ခရက်။

ကျောက်တံခါးက ဖြည်းညှင်းစွာနဲ့ ပွင့်လာခဲ့ပါတယ်။

"တံခါးပွင့်လာပြီ"

"ရတနာကို အရယူပဟေ့"

ချက်ချင်းဆိုသလို လူခုနစ်ယောက် ပါဝင်တဲ့ အုပ်စုတစ်ခုက အပြေးအလွှားနဲ့ ဝင်လာခဲ့ပါတယ်။ ပြီးတော့ သူတို့က အလုအယက်နဲ့ အထဲကို တိုးဝင်ဖို့ ကြိုးစားနေတာတောင် သူတို့ရဲ့ အဖော်တွေနဲ့ အပြင်းအထန်ကို တွန်းထိုးပြီးတော့ ကြိုးပမ်းနေကြပါတယ်။

ဒါပေမဲ့ ကျောက်တုံးအခန်းထဲမှာ လင်းဟာန်၊ ဟူးညီနဲ့ ယုန်ဖြူကြီးတို့ကို ချက်ချင်းပဲ သတိပြုမိသွား ခဲ့ကြပါတယ်။ ပထမတော့ သူတို့က ခေါင်းခြောက်သွားကြပြီး ရပ်လိုက်ကြပါတယ်။ သူတို့ရဲက လက်နက်တွေကို ထုတ်ပြီးတော့ လင်းဟာန်တို့ကို ချိန်ရွယ်ထားလိုက်ပါတယ်။ လင်းဟာန်တို့က ကျောက်တုံးအခန်းထဲက ရတနာကို ရရှိထားတယ်လို့ ထင်နေကြမှန်း ပေါ်လွင်ပါတယ်။

"မင်းရဲ့ သိုလှောင်လက်စွပ်ကို ပေးစမ်း။ ဒါဆိုရင် မင်းအသက်ကို ချမ်းသာပေးမယ်"

ယောက်ျားတစ်ယောက်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အသက်သုံးဆယ် အရွယ်ခန့် ရှိပါတယ်။ သူ့ပုံစံက သုန်မှုန်နေပြီးတော့ ရက်စက်ကြမ်းကြုတ်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ အငွေ့အသက်တွေ ရှိနေပါတယ်။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ သူ့ရဲ့လက်နှစ်ဖက်စလုံးကို မြှောက်ပြပြီး မေးလိုက်ပါတယ်။

"တကယ်လို့ ကျုပ်မှာ သိုလှောင်လက်စွပ် တစ်ကွင်းမှ မရှိဘူးဆိုရင်ရော ဘာလုပ်ရမလဲ"

"မင်းမှာရှိတဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်း ဘယ်လိုအမျိုးအစားပဲဖြစ်ဖြစ် ကိစ္စမရှိဘူး။ မင်းအဲဒါကို ချန်ပြီးတော့ ထွက်သွားတော့"

နောက်တစ်ယောက်က ပြောလိုက်ပါတယ်။ သူက ပိုးချည်ထိုးထားတဲ့ ဂဝတ်စုံကို ဂဝတ်ထားပြီး ကြည့်ရတာ အရမ်းကို ဟိတ်ဟန်များလွန်းပါတယ်။

"မင်းမသွားခင် မင်းရဲ့အဂဝတ်အစားတွေအားလုံး ချွတ်ထားခဲ့"

အသက်ခြောက်ဆယ် အရွယ်ရှိတဲ့ အဘိုးကြီး တစ်ယောက်က လင်းဟန်ရဲ့ ခန္ဓာကိုယ် အောက်ပိုင်းကို စိုက်ကြည့်ပြီးတော့ သူရဲ့အကြည့်တွေက မလိုတမာ အညိုးထားမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒီအဘိုးကြီးစုတ်တော့ စိတ်ဖောက်ပြန်နေတဲ့ တဏှာရူးတစ်ယောက်လား။

လင်းဟန်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို မည်းသွားခဲ့ပါတယ်။ ရွှစ်။ လွှားခနဲ တစ်ချက် ခုန်လိုက်ပြီး လျှပ်စီးအလင်းတွေ တောက်ပလာပြီးတော့

အဲဒီအဘိုးကြီးအရှေ့မှာ ပေါ်လာခဲ့ပါတယ်။ သိုင်းပညာနည်းစနစ်တွေ အသုံးမပြုပဲနဲ့ ဓားနဲ့ထိုးလိုက်ပြီး အဘိုးကြီးရဲ့ နလုံးသားကို ထိုးဖောက်လိုက်ပါတယ်။

ဖူး။

သွေးတွေ ပျံ့နှံ့ကုန်ပြီးတော့ အဘိုးကြီးက လင်းဟန်ကို မယုံကြည်နိုင်တဲ့ အကြည့်တွေနဲ့ ကြည့်လိုက်ပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ဖြစ်ပြီးတော့ ဒီကောင်လေးက ပန်းဖူးအဆင့်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ရလဒ်ကတော့ သူ့အနေနဲ့ နလုံးသားကို ထိုးဖောက်ခံရပြီး အသတ်ခံလိုက်ရပါတယ်။ ဒါကသူ့ကို မသေစေနိုင်ဘူး ဆိုရင်တောင်မှ သူ့အနေနဲ့ လုံးဝကို လက်ခံနိုင်စရာ အကြောင်း မရှိပါဘူး။

လင်းဟန်က သူ့ရဲ့ဓားကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ ဘုန်း။ အဘိုးကြီးက ချက်ချင်းဆိုသလို အသက်ဓာတ်ကင်းမဲ့ပြီး မြေပြင်ပေါ်ကို ပြုတ်ကျသွားပါတယ်။ သူက တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ရတနာ လိုချင်တဲ့လူ ရှိသေးလား"

ကျန်ရှိတဲ့ လူခြောက်ယောက်စလုံး သူတို့ရဲ့ ခေါင်းတွေကို ဆက်တိုက်ဆိုသလို ခါလိုက်ကြပါတယ်။ ဟာသပဲ။ သူတို့အားလုံးက စွမ်းအားနဲ့ ပတ်သက်ရင် ဒီအဘိုးကြီးထက် နိမ့်ပါတယ်။ ဒါပေမဲ့ လင်းဟန်က ဒီအဘိုးကြီးကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်စွမ်း ရှိနေမှတော့ သူတို့ခြောက်ယောက်ကို ခြောက်ကြိမ်လောက် တိုက်ခိုက်လိုက်ရင်ပဲ သတ်ပစ်နိုင်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

အဘိုးကြီးရဲ့ ချက်ချင်းသေဆုံးမှုက ပြိုင်ဘက်ဖြစ်သူကို အထင်သေးလျော့တွက်မိတာကြောင့် ဆိုပေမဲ့ လင်းဟန်က အရမ်းကို ပေါ့ပေါ့ပါးပါးနဲ့ လုပ်သွားခဲ့တာပါ။ သူက သိုင်းပညာ နည်းစနစ် တစ်ခုမှ အသုံးမပြုပဲ တစ်ချက်တည်းနဲ့ အဘိုးကြီးကို သတ်ပစ်နိုင်ခဲ့ပါတယ်။ ဒါကို သူတို့တွေ တစ်ယောက်မှ မလုပ်နိုင်တဲ့ အရာပဲ ဖြစ်ပါတယ်။

သူတို့တွေက ရတနာအတွက်ကြောင့် စွန့်စားခဲ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ သေတွင်းထဲကို ပို့ဆောင်မဲ့ ကိစ္စဆိုရင်တော့ အဲဒါကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ။

"ဟင့်အင်း ဟင့်အင်း"

"ဟီးဟီး။ ငါတို့က စနောက်တာပါ။ သဘာဂ ရတနာဆိုတာ ပိုင်ရှင်မရှိဘူး ဆိုပေမဲ့ အရင်ဆုံး ရောက်လာတဲ့သူက ပိုင်ရှင်ဖြစ်သင့်တယ်ဆိုတာက ပြောစရာတောင်မလိုတဲ့ စည်းကမ်းတစ်ခုပဲ"

"အစ်ကိုလေး ငါတို့သွားပါတော့မယ်"

သူတို့ခြောက်ယောက်က ဆက်ပြီးတော့ မနေပုံတော့ပဲ လင်းဟန်ရဲ့ လူသတ်ချင်တဲ့ သဘာဂကို လှုံ့ဆော်မိမှာကို ကြောက်ရွံ့နေပြီး သူတို့ကိုလည်း သတ်ပစ်မှာကို စိုးထိတ်နေကြပါတယ်။ တကယ်တော့ သူက တစ်ယောက်ကို သတ်ပြီးတာကြောင့် နောက်ထပ်ပိုပြီးတော့ နည်းနည်းလောက် သတ်ပစ်မယ်ဆိုရင်ရော ဘာဖြစ်မှာမို့လို့လဲ။

လင်းဟန်က သူတို့ကို သတ်ဖို့ နည်းနည်းလေးမှ လှုပ်ရှားမှု မလုပ်ပဲ သူတို့ခြောက်ယောက်ကို လွတ်လွတ်လပ်လပ်နဲ့ ထွက်သွားခွင့် ပြုလိုက်ပါတယ်။ သူ့ရဲ့စိတ်က အခုဆိုရင် မတူတော့ပါဘူး။ သူက သူ့နာမည်နဲ့ ထင်ပေါ်ကျော်ကြားမှုကို အမြန်ဆုံး လူသိများထင်ရှားအောင် လုပ်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ သူ့ရဲ့ကျော်ကြားမှုက

အနည်းဆုံးတော့ ယိုဟိုင်ယွဲ့နဲ့ ဆေဘာဓား ဘုရင်လေးတို့ထက် မနိမ့်ကျသင့်ပါဘူး။

သူလည်း ကျောက်တုံးအခန်းထဲက ထွက်လာခဲ့ပါတယ်။

အခုဆို သူက ကောင်းကင်တိမ် ခရမ်းမိုးကြိုးကို ရရှိထားပြီးတော့ ဇီရှုရှန် ချန်ထားခဲ့တဲ့ အမှန်တရားကိုလည်း ရှာဖွေဖော်ထုတ် နိုင်ခဲ့ပါပြီ။ ဒီနေရာမှာ ဆက်ပြီးတော့ နေစရာအကြောင်း မရှိတော့ပါဘူး။

လင်းဟန်နဲ့ ဟူးညိုတို့က ထွက်လာပြီး ယုန်ဖြူကြီး အပေါ်ကို လက်ညှိုးတစ်ချောင်းနဲ့ အသာအယာ ထိလိုက်ပြီးတဲ့ နောက်မှာ သူနဲ့ ဟူးညိုက အနက်ရောင် မျှော်စင်ထဲကို တန်းဝင်သွားခဲ့ပါတယ်။ အဲဒီနောက် သူက ကောင်းကင်တိမ် ခရမ်းမိုးကြိုးနဲ့အတူ ပေါင်းစည်းပြီးတော့ ပြီးပြည့်စုံတဲ့ လျှပ်စီးခန္ဓာကိုယ် တစ်ခုကို ဖြစ်ပေါ်ဖို့ အစီအစဉ်ဆွဲထားပြီး အဲဒီနောက် ဓားအလင်းတန်းကို ဖြစ်ပေါ်စေပြီးတော့ စိန်အဆင့် ခန္ဓာကိုယ်ကို ကျင့်ကြံအားထုတ်ပြီး စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ လုပ်ဆောင်ရပါမယ်။

ယုန်ဖြူကြီး အတွက်ကတော့ ဘယ်နေရာကိုပဲသွားသွား

ဘယ်သူက ဂရုစိုက်မှာလဲ။ ဒီအချိန်မှာ လင်းဟန်က ဒီယုန်ဖြူကြီးကို အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို သိသွားဖို့ ခွင့်မပြုနိုင် သေးပါဘူး။

ကျူးရှမ်အာကို ပွေ့ဖက်ပြီးတော့ သူမနဲ့ စကားစမြည် ပြောပြီးတဲ့နောက်မှာ လင်းဟန်က ကောင်းကင်တိမ် ခရမ်းမိုးကြိုးနဲ့ ပေါင်းစည်းဖို့ စတင်လိုက်ပါတယ်။

Chapter 654 end

Zawgyi. အပိုင်း(၆၅၅) လျှပ်စီးခန္ဓာကိုယ်မှာ အသေးစား အောင်မြင်မှု

ပုံမှန်အတိုင်း ပြောရမယ်ဆိုရင် လင်းဟန်အတွက် ဒီနတ်ဘုရား မိုးကြိုးနဲ့ ပေါင်းစည်းဖို့က မဖြစ်နိုင်ပါဘူး။

ဒါက မကြာခင်မှာ လျှပ်စီးစိတ်ဂိညာဉ် တစ်ခုအဖြစ်ကို ဆင့်ကဲပြောင်းလဲတော့မဲ့ နတ်ဘုရား သက်ရှိတစ်မျိုး ဖြစ်ပြီးတော့ ကောင်းကင်တိမ် ခရမ်းမိုးကြိုးက မိုးကြိုးလျှပ်စီး စွမ်းအားမှာ အားအကောင်းဆုံး ထိပ်ဆုံးဆယ်ခုထဲက တစ်ခုလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ ဒါကြောင့် ဒါနဲ့ပေါင်းစည်းဖို့ အနည်းဆုံး ကောင်းကင်အဆင့်မှာ ရှိနေမှ အရည်အချင်း ပြည့်မီပါလိမ့်မယ်။ လင်းဟန်လိုမျိုး

လူငယ်မျိုးဆက်က တစ်စုံတစ်ယောက် အတွက်ကတော့ ဒီခရမ်းမိုးကြိုးနဲ့ ပေါင်းစည်းချင်တယ် ဆိုရင်တော့ သူ့အနေနဲ့ အဆုံးမဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဒါမှမဟုတ် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ထောက်ပံ့ကူညီမှုနဲ့ ခရမ်းမိုးကြိုးရဲ့ ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန်တဲ့ အရှိန်အဟုန်ကို သူတို့ရဲ့ စွမ်းအားနဲ့ အာနိသင် ပျက်ပြယ်အောင် လုပ်ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားက သူ့ရဲ့ခန္ဓာကိုယ် အတွင်းမှာ ပေါက်ကွဲသွားမှာ ဖြစ်ပြီးတော့ သူက ဘယ်လောက်ပဲ ပါရမီရှိရှိ သေလမ်းတစ်ခုပဲ ရှိပါတယ်။

ဒါပေမဲ့ လင်းဟန်ကတော့ ဒီလိုမျိုး လုပ်ဖို့မလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာက အနက်ရောင် မျှော်စင် ရှိတယ်လေ။

ဒီနေရာမှာ သူက နတ်ဘုရား တစ်ပါးဖြစ်ပါတယ်။ ပြီးတော့ ဘာကောင်ကြီးပဲလာလာ သူ့ရဲ့ခြေထောက်အောက်မှာ ပြားပြားဝပ်သွား ရပါလိမ့်မယ်။ မိုးကြိုးလျှပ်စီး စိတ်ဝိညာဉ် တစ်ခုလည်း ချွင်းချက်မရှိပါဘူး။ ဒါကြောင့် လျှပ်စီးစိတ်ဝိညာဉ် တစ်ခု ဖြစ်လာတော့ရော ဘာများပိုသွားမှာမို့လို့လဲ။

ဒါပေမဲ့လည်း ပေါင်းစည်းခြင်း လုပ်ငန်းမှာ လင်းဟန် ခန့်မှန်းထားသလိုတော့ ရိုးရှင်းလိမ့်မှာ မဟုတ်ပါဘူး။

ကောင်းကင်တိမ် ခရမ်းမိုးကြိုးက အရမ်းကို မြင့်မားတဲ့ အဆင့်ရှိပါတယ်။

တကယ်လို့ လင်းဟန်က သူ့ရဲ့အရင်ဘဝက ကျင့်ကြံခြင်း အဆင့်ရှိမယ် ဆိုရင်တောင် ဒါကို လွယ်လွယ်ကူကူနဲ့ သန့်စင်နိုင်ဖို့ ကံကြမ္မာ မရှိပါဘူး။ ဒီဘဝက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်နဲ့ဆို ဘာများပြောလို့ ရမှာလဲ။ အနက်ရောင် မျှော်စင်ရဲ့ အကူအညီနဲ့ လင်းဟန်က ခရမ်းမိုးကြိုးကို သန့်စင်တဲ့ စွမ်းရည်ကို ပိုင်ဆိုင်ရုံမျှသာပါပဲ။ ဒါပေမဲ့ အဲဒါက လွယ်လွယ်ကူကူနဲ့ ပြီးဆုံးနိုင်တယ်လို့ မဆိုလိုပါဘူး။

လင်းဟန်က အလျင်စလိုလုပ်ဖို့ ခံစားမှု မရှိပါဘူး။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက ကျောင်းသားသစ်တွေ လက်ခံမဲ့ နေ့ရက်ကို ရောက်ရှိဖို့ လေးလလောက် အချိန်လိုပါသေးတယ်။ ဒါကြောင့် သူ့မှာ အချိန်အများကြီး ရှိပါသေးတယ်။

သူက ဒီတစ်ကြိမ် စာရင်းသွင်းတဲ့ အလှည့်မှာ လက်ဖျားခါလောက်တဲ့ ထူးခြားပြောင်မြောက်မှု

တစ်ခုနဲ့အတူ ကမ္ဘာကြီးကို အံ့အားသင့်သွားအောင် လုပ်လိုက်ဖို့ ဆုံးဖြတ်ထားပြီး ဒီမျိုးဆက်ရဲ့ စံပြပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာရပါမယ်။ ဒီနည်းလမ်းနဲ့ အနာဂတ်မှာ သူတို့ကို လက်တစ်ဖက် ပေ့ယမ်းပြီးတော့ ခေါ်လိုက်မယ်ဆိုရင် သူ့ရဲ့ဦးဆောင်မှု အနောက်ကို မရေမတွက်နိုင်တဲ့ လူတွေက လိုက်ဖို့အတွက် ဆန္ဒရှိကြပါလိမ့်မယ်။

စံပြပုဂ္ဂိုလ် တစ်ယောက်ရဲ့ သက်ရောက်မှုကို လျော့တွက်လို့ မရနိုင်ပါဘူး။ ဥပမာ ဂမ်ရီယွင်က ကောင်းကင်တိုက်ခိုက်ခြင်း မဟာမိတ် အဖွဲ့ကို ဘယ်လိုမျိုး တည်ဆောက်ခဲ့လဲ။ ဘာဖြစ်လို့လဲဆို သူမကို လူသိများ ထင်ရှားကျော်ကြားတဲ့ လန်ရထန်းက ထောက်ပံ့ကူညီ ထားပါတယ်။ ဂမ်ရီယွင်ရဲ့ ကိုယ်ပိုင်ဆွဲဆောင်မှုကိုလည်း လျစ်လျူရှုလို့ မရပါဘူး။ ဒါပေမဲ့ အဲဒါနဲ့ ပတ်သက်လို့ တကယ်လို့ လင်းဟန်သာ ဆန္ဒရှိတယ်ဆိုရင် ကျူးရွှမ်အာကိုပါ သံတမန်အဖြစ် တစ်စိတ်တစ်ပိုင်း ထည့်လို့ရနိုင်ပါတယ်။

မြောက်ပိုင်းဒေသမှ မဟုတ်ပါဘူး။ ကမ္ဘာကြီး တစ်ခုလုံးထဲမှာ အချောမောဆုံး အလှပဆုံး မိန်းကလေးဖြစ်ပြီးတော့ ဘယ်သူကများ မလာပဲတောင့်ခံနိုင်မှာလဲ။

လင်းဟန်ရဲ့ ခန္ဓာကိုယ် အတွင်းမှာ လျှပ်စီးစွမ်းအားက ပျံ့နှံ့သွားပြီး သူ့ခန္ဓာကိုယ်ကို အဆက်မပြတ် ပြန်လည်မွမ်းမံနေပြီး သူ့ခန္ဓာကိုယ်အထဲက အသွေးအသားတွေကို လျှပ်စီးတွေ အဖြစ် ပြောင်းလဲနေပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

သူက သံမဏိ ခန္ဓာကိုယ်ကို ကျင့်ကြံခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူရဲ့ တန်ဖိုးကြီး သတ္တုတွေနဲ့ တန်းတူအဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ သူ့ခန္ဓာကိုယ်က လျှပ်စီးအဖြစ်ကို ပြောင်းလဲသွားမယ်ဆိုရင် သူက မထိနိုင်မချိုးနိုင်တဲ့ တည်ရှိမှု တစ်ခု ဖြစ်လာပါလိမ့်မယ်။

သူ့စိတ်ထဲကို ရှေးဟောင်းဒဏ္ဍာရီ တစ်ခုက တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူ့ရဲ့ အရင်ဘဝတုန်းက ကြားခဲ့ဖူးတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

တစ်စုံတစ်ယောက်က လျှပ်စီးခန္ဓာကိုယ် တစ်ခုကို ကျင့်ကြံအားထုတ်ထားမယ် ဒါမှမဟုတ် မီးတောက်ခန္ဓာကိုယ်တစ်ခု၊ ရေခဲခန္ဓာကိုယ်တစ်ခုလို

အရာတွေကို စိတ်ဂိညာဉ် ခန္ဓာကိုယ် အဖြစ်လည်း ပြောဆိုကြပါတယ်။ စိတ်ဂိညာဉ် ခန္ဓာကိုယ် တစ်ခုရဲ့ အကြီးမားဆုံး ထူးခြားတဲ့ ပင်ကိုလက္ခဏာက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပိုင်ရှင်တွေကို လျစ်လျူရှုနိုင်တာပဲ ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်ရဲ့ စွမ်းအားက ဆယ်ဆ၊ အဆတစ်ရာ၊ အဆတစ်ထောင်လောက် တခြားလူထက် သန်မာအားကောင်းနေမယ်ဆိုရင်တောင် နောက်လူရဲ့ ခန္ဓာကိုယ်က သန့်စင်တဲ့ လျှပ်စီး ဒါမှမဟုတ် သန့်စင်တဲ့ မီးတောက်တွေ အဖြစ်ကို ပြောင်းလဲနိုင်ပြီးတော့ သူတို့မှာ ရုပ်ပိုင်ဆိုင်ရာ ခန္ဓာကိုယ် မရှိတာကြောင့် ဘယ်လိုလုပ်ပြီးတော့ သူတို့ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ စွမ်းဆောင်နိုင်လိမ့်မှာလဲ။

ဒါဆိုရင် ပြိုင်ဘက်ကင်းတဲ့ သက်ရှိတစ်ခုလို့ ဆိုလိုတာပဲ မဟုတ်လား။

မဟုတ်ဘူး။ သန့်စင်တဲ့ စွမ်းအားက သူ့ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ မလုပ်နိုင်ပါဘူး။ ဒါပေမဲ့ ချီကတော့ စွမ်းဆောင်နိုင်စွမ်း ရှိပါတယ်။

ဓားချီ၊ ဆေဘာဓားချီ၊ လှံချီ ဘာပဲဖြစ်ဖြစ် ချီမှန်သမျှက စိတ်ဂိညာဉ် ခန္ဓာကိုယ် တစ်ခုကို ထိခိုက်နာကျင်အောင်

စွမ်းဆောင်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ နှစ်ဖက်စလုံး အကြားက စွမ်းအားကွာဟချက် အပေါ်မှာ မူတည်ပြီးတော့ ဘယ်လောက်ထိ ထိခိုက်ပျက်စီးနိုင်လဲ ဆိုတာကို ဖြစ်ပေါ်စေနိုင်ပါတယ်။ တကယ်တော့ ဘာမှမထိခိုက်တာလဲ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုလည်း ဖြစ်နိုင်ပြီး သေလောက်တဲ့ ဒဏ်ရာတစ်ခုတောင် ဖြစ်နိုင်ပါတယ်။

ဘယ်အချိန်ပဲဖြစ်ဖြစ် စွမ်းအားက ကြီးမားတဲ့ ခွန်အားပဲ ဖြစ်ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ချီကို ကျင့်ကြံအားထုတ်တဲ့လူက အုပ်ချုပ်သူတွေ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်လည်း စိတ်ဂိညာဉ် ခန္ဓာကိုယ် တစ်ခုကို ထိခိုက်ဒဏ်ရာ ရစေနိုင်တဲ့ တစ်ခုတည်းသော ဆိုလိုရင်း ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ ချီက ဒါကို လုပ်နိုင်တယ် ဆိုမှတော့ အလင်းတန်း အကြောင်းကို ပြောနေစရာ မလိုတော့ပါဘူး။

သံမဏိခန္ဓာကိုယ်ကတော့ လုံးဝကို ကွဲပြားခြားနားပါတယ်။ ဒါက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ အဆင့်မြှင့်တင်မှု တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် မင်းက

ဓားချိကို ကျင့်ကြံအားထုတ်ထားလား အားမထုတ်ထားဘူးလား ဆိုတာကို ဘယ်သူက ဂရုစိုက်မှာလဲ။ သူက အဲဒါကို ရိုးရိုးရှင်းရှင်းပဲ ထိပ်တိုက်ရင်ဆိုင် ခံယူနိုင်ပါတယ်။ သူ့အနေနဲ့ သူ့ရဲ့ကြီးမားတဲ့ ခွန်အားကို အသုံးပြုပြီး သူ့ကိုယ်သူအတွက် ပြောဆိုနိုင်ပါတယ်။ ပြောစရာစကား မရှိဘူးလို့တော့ ပြောဖို့မလိုပါဘူး။

အဆင့်တူထဲက တန်ဖိုးကြီး သတ္တုတွေနဲ့ ယှဉ်နိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို သာမန် ဓားချိတစ်ခုက အဲဒီအပေါ်မှာ ထိခိုက်ဒဏ်ရာရစေဖို့ ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"ခုခံကာကွယ်နိုင်တဲ့ ရှုထောင့်ကနေဆိုရင် သံမဏိ ခန္ဓာကိုယ်နဲ့ စိန်အဆင့် ခန္ဓာကိုယ်က ပိုပြီးတော့ အထင်ကြီးဖို့ကောင်းတယ်။ တကယ်တော့ ဒါက အနက်ရောင် မျှော်စင်ကနေ ထုတ်လာတဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကပဲလေ"

လင်းဟာန်က ခဏလောက် တွေးလိုက်ပါတယ်။ ဒါပေမဲ့ လျှပ်စီးခန္ဓာကိုယ်တစ်ခု ရှိတာကလည်း မကောင်းတဲ့အကြောင်း မရှိပါဘူး။ အနည်းဆုံးတော့

သူ့ရဲ့အမြန်နှုန်းကို အဆနည်းနည်းလောက် တိုးလာနိုင်ပါတယ်။

အဲဒီအချက်အပြင် ဒါကသူ့ကို အစွမ်းထက်လာအောင် လုပ်ပေးနိုင်ပါတယ်။ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ဂုတ်ရိုးအောက်က နောက်ဆုံးပုက်ဖဲ ဖြစ်လာပါလိမ့်မယ်။ တခြားလူတွေက သူ့ရဲ့ခံစစ်ကို ချိုးဖျက်ဖို့ တစ်ခုတည်းကိုပဲ ခန့်မှန်းကြပါလိမ့်မယ်။ ဒါပေမဲ့ တကယ်တမ်းတော့ သူ့ကိုဘာမှ လုပ်လို့ရမှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့ကို တစ်ချက်တည်းနဲ့ သတ်ဖြတ်ဖို့ တန်ပြန်တိုက်စစ်ဆင်နိုင်တဲ့ အခွင့်အလမ်းကောင်း တစ်ခုလည်း သူ့မှာရရှိပါမယ်။

"ငါ့မှာ ပုက်ဖဲများများ ပိုပြီးတော့ ရှိတာက ပိုကောင်းတယ်"

မျှော်လင့်မထားတဲ့ အရာကတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံက လျှပ်စီးရဲ့ စွမ်းအားကို စုပ်ယူရုံတင်မက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကလည်း စုပ်ယူနေ ပါတယ်။ ၎င်းက အလိုအလျောက် လည်ပတ်ပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့အတူ အစအဆုံးလည်ပတ်ခဲ့ပါတယ်။ပိုပြီးတော့ အရေးကြီးတာက ဖျက်ဆီးမရတဲ့ ကောင်းကင်

မော်စာလိပ်က ပိုပြီးတော့တောင် အံ့သြဖို့ကောင်းပါတယ်။ ဒါကြောင့် မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံက ချွေးမငယ် တစ်ယောက်လိုမျိုးနဲ့ တူပြီးတော့ အနည်းငယ်ပဲ ရရှိခဲ့ပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကတော့ အပြည့်အဝကို ဂါးမျိုနေခဲ့ပါတယ်။

လပြွတ်ပဲလေ။ ငါက လျှပ်စီးခန္ဓာကိုယ် တစ်ခုဖြစ်ချင်နေတာလေ။ လပြွတ်ဖြစ်လို့ မင်းက အခုလို ဖြတ်လုရသလား။ စိန်အဆင့် ခန္ဓာကိုယ်က သဘာဝ ရတနာတွေကိုအသုံးပြုပြီး ဖြစ်ပေါ်နိုင်တယ်။ လျှပ်စီးစွမ်းအားကို မဖြုန်းတီးလိုက်ပါနဲ့ကွာ။

လင်းဟန်က အလျင်အမြန်ပဲ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို ဆက်ပြီးတော့ လည်ပတ်လို့ မရအောင် ထိန်းချုပ်လိုက်ပါတယ်။ နောက်ဆုံးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံက ချွေးမငယ် တစ်ယောက် အဖြစ်ကနေ ယောက္ခမ တစ်ယောက် အဖြစ်ကို ပြောင်းလဲသွားပြီးတော့ လျှပ်စီးရဲ့ စွမ်းအားတွေကို လောဘတကြီးနဲ့ စုပ်ယူလိုက်ပြီး လင်းဟန်ရဲ့ လျှပ်စီးအလင်းတန်း ပြောင်းလဲမှု အမြန်နှုန်းကို ပြင်းပြင်းထန်ထန် တိုးပွားလာစေခဲ့ပါတယ်။

အချိန်တွေက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ကုန်လွန်သွားခဲ့ပါတယ်။ လင်းဟန်က နေ့နဲ့ညရဲ့ အကြားက ကွာခြားမှုကို မပြောနိုင်ပဲ ခရမ်းမိုးကြိုး အဖြစ်ကို ပြောင်းလဲခြင်း အပေါ် မှာပဲ လုံးဝကို အာရုံစိုက်ထားခဲ့ပါတယ်။

သူက အခုဆို ပန်းဖူးအဆင့် အထွတ်အထိပ်ကို ရောက်ရှိနေပြီး သူ့ရဲ့ဒီအဆင့်က ကျင့်ကြံခြင်းကို အမြင့်ဆုံး စွမ်းဆောင်ရည်အထိ အရောင်တင်ခဲ့ပြီးတော့ နောက်ပိုင်းမှာ တိုးတက်ဖို့ နေရာလွတ် မရှိတော့ပါဘူး။ ဒါကြောင့် ဆက်ပြီးတော့ ကျင့်ကြံဖို့ မလိုတော့ပဲ ဘယ်လောက်ပဲ ကျင့်ကြံပါစေ သူ့အနေနဲ့ ထပ်ပြီးတော့ အကျိုးမရှိတော့ပါဘူး။

ကံကောင်းတာက အနက်ရောင် မျှော်စင်ရဲ့ အထဲက နေရာလွတ်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားကျယ်ပြန့်ပြီး မရေတွက်နိုင်တဲ့ ပန်းပွင့်တွေ၊ ဆေးပင်တွေနဲ့ သစ်ပင်တွေလည်း ဒီနေရာမှာ ပေါက်ရောက်နေပါတယ်။ ပြီးတော့ ရိုင်းစိုင်းတဲ့ သားရဲကောင်နဲ့ မိစ္ဆာသားရဲကောင် အမျိုးမျိုးလည်း ရှိပါတယ်။ ဒါကြောင့် ကျူးရှွမ်အာနဲ့ ဟူးညိုတို့က အထီးကျန် မနေကြပဲ ဒီရက်တွေအတွင်းမှာ အမဲလိုက်ပြီး စားသောက်နေရင်းနဲ့ အချိန်တွေ ဖြုန်းနေကြ ပါတယ်။

နောက်ပြီးတော့ ကျူးရွှမ်အာက ပန်းဖူးအဆင့်ကို ရောက်ရှိနေခဲ့တာကြောင့် သူမရဲ့ ကျင့်ကြံခြင်းက စပြီးတော့ ထက်မြက်လာခဲ့ပါတယ်။

သူမက အစကတည်းက မြောက်ပိုင်းဒေသရဲ့ အသန်မာဆုံး ပါရမီရှင်ထဲက တစ်ယောက်ဖြစ်ပြီး ဂမ်ရီကျန်း ဒါမှမဟုတ် မုယောင်ချင်းတို့ထက် နိမ့်ကျစရာ မရှိပါဘူး။ အခုဆိုရင် မကုန်ခမ်းနိုင်တဲ့ အရင်းအမြစ်တွေရဲ့ အထောထက်အပံ့နဲ့အတူ သူမရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကလည်း မြင့်တက်လာခဲ့ပါတယ်။ နောက်ပြီးတော့ သူမရဲ့ခန္ဓာကိုယ် အထဲမှာ အနိုင်မခံ အရှုံးမပေးချင်တဲ့ စိတ်ကအမြဲတမ်း ရှိပါတယ်။ သူတို့တွေက အန္တရာယ်တွေနဲ့ ကြုံရတိုင်း သူမက အနက်ရောင် မျှော်စင်ထဲကို ပထမဆုံး ဝင်ပုန်းရပါတယ်။ ဒါပေမဲ့ ဟူးညိုကတော့ လင်းဟန်ရဲ့ ဘေးနားမှာ အတူတကွ စွန့်စားခွင့် ရပါတယ်။ အဓိက အချက်က သူမရဲ့ စွမ်းအားက လုံလောက်အောင် မသန်မာသေးတာကြောင့် လင်းဟန်ရဲ့ ဂန်ထုပ်ဂန်ပိုး တစ်ခု ဖြစ်လာနိုင်ပါတယ်။

သူမက သန်မာတဲ့လူတစ်ယောက် ဖြစ်ချင်ပါတယ်။

ပါရမီရှင်တွေက ဘာကိုမှ မကြောက်ပါဘူး။ ကြောက်တတ်တဲ့ လူတစ်ယောက်က ပါရမီရှင် တစ်ယောက် မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူမရဲ့ ကျင့်ကြံခြင်းထဲမှာ စစ်မှန်တဲ့ ကိုယ်စွမ်းကိုယ်စနဲ့ အားထည့်ကြိုးစားဖို့ ဆန္ဒရှိနေပါတယ်။

တစ်လ နှစ်လ။

နောက်ဆုံးတော့ လင်းဟန်က မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံကို အသေးစား အောင်မြင်မှု အဆင့်ထိ ကျင့်ကြံနိုင်ခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကို လျှပ်စီးအဖြစ် ပြောင်းလဲပစ် နိုင်ခဲ့ပါတယ်။ သူ့ရဲ့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံရဲ့ စွမ်းအားနဲ့ဆိုရင် သူ့ရဲ့ အမြန်နှုန်းကို အမြင့်ဆုံး စွမ်းဆောင်ရည်အထိ ဖော်ထုတ်နိုင်ပါလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ သူတိုက်ခိုက်လိုက်တဲ့ အခါမှာ လျှပ်စီးရဲ့ စွမ်းအားကလည်း သူ့ရဲ့တိုက်ခိုက်မှုနဲ့အတူ ပါဝင်သွား ပါလိမ့်မယ်။

ဒါက ကောင်းကင်တိမ် ခရမ်းမိုးကြိုး ဖြစ်ပါတယ်။ ပြီးတော့ လျှပ်စီးရဲ့ စွမ်းအားက ကောင်းကင်အဆင့် လက်ရွေးစင်တွေကိုတောင် ခြိမ်းခြောက်နိုင်တဲ့ အစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ အဲဒီအချက်အတွက်ကြောင့် မဟုတ်ဘူးဆိုရင် လျှပ်စီး

စိတ်ဂိညာဉ် တစ်ခုအဖြစ်ကို ပြောင်းလဲဖို့ အရေးကြီးတဲ့ အကျပ်အတည်းကာလမှာ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်ကူကူနဲ့ ဖမ်းဆုပ်နိုင်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

ကံကောင်းခြင်းဆိုတာကလည်း ခွန်အားရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။

လင်းဟန်က ထမရပ်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လျှပ်စီးရဲ့ စွမ်းအားက သုံးပုံတစ်ပုံ ကျန်နေပါသေးတယ်။ သူ့အနေနဲ့ ဒါကို မဖြုန်းတီးပစ်ချင်ပါဘူး။ ဒါကြောင့် သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ထပ်ပြီးတော့ မထိန်းချုပ်တော့ပဲ လျှပ်စီးရဲ့ စွမ်းအားကို နောက်တစ်ကြိမ် ထပ်ပြီးတော့ စုပ်ယူခွင့် ပြုလိုက်ပါတယ်။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ အစွမ်းကလည်း လည်ပတ်နေဆဲပါပဲ။ လျှပ်စီးခန္ဓာကိုယ် တစ်ခုဖြစ်ပေါ်ခြင်းက အဆုံးသတ် မဟုတ်သေးပါဘူး။ သူ့အတွက်တော့ လျှပ်စီးရဲ့ စွမ်းအားကို အဆုံးအစမဲ့ ဆက်ပြီးတော့ စုပ်ယူနိုင်ပါသေးတယ်။ ကျင့်ကြံသူ တစ်ယောက်က မူလစွမ်းအင်ကို စုစည်းနိုင်သလိုမျိုးနဲ့ တူပါတယ်။ လျှပ်စီးရဲ့ စွမ်းအားကို ဆက်ပြီးတော့ စုစည်းပြီး ၎င်းရဲ့ ခွန်အားကို

တိုးလာအောင် လုပ်နိုင်ပါတယ်။

ကောင်းကင်တိမ် ခရမ်းမိုးကြိုးရဲ့ အရည်အသွေးက တကယ်ပဲ အရမ်းကို မြင့်မားပါတယ်။ လင်းဟန်က သူ့ခန္ဓာကိုယ် အထဲက ပြောင်းလဲသွားတဲ့ နေရာတွေကို အာရုံခံပြီး အတော်လေးကို အံ့အားသင့်နေသလို ခံစားလိုက်ရပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ရွှေရောင်အလင်းတွေ တောက်ပနေပြီးတော့ ဒါက မကြာခင်မှာ ချိုးဖျက်နိုင်စွမ်း မရှိတဲ့ နောက်ဆုံးအဆင့်ကို ရောက်ပါတော့မယ်။

စိန်အဆင့် ခန္ဓာကိုယ်က ကျင့်ကြံဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။

အဲဒါက အဆင့်တူ တန်ဖိုးကြီး သတ္တုထက်တောင် ပိုပြီးတော့ မာကျောပါတယ်။ အနည်းဆုံး နောက်တစ်ဆင့်ထိတောင် တိုးနိုင်ပါလိမ့်မယ်။ လင်းဟန်က ပန်းဖူးအဆင့်မှာ ရှိနေပြီး သူဖြစ်ပေါ်နိုင်တဲ့ စိန်အဆင့် ခန္ဓာကိုယ်ရဲ့ မာကျောမှုက အဆင့်ခုနစ် တန်ဖိုးကြီး သတ္တုတွေရဲ့ မာကျောမဲ့ အဆင့်ကို ရောက်နေပါလိမ့်မယ်။ တကယ်လို့ သူက လဲကျနေပြီး အိပ်ပျော်နေရင်တောင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ ဘယ်သူပဲဖြစ်ဖြစ် သူတို့ကို စွမ်းအားအပြည့်နဲ့

တိုက်ခိုက်ရင်တောင်မှ ထိခိုက်ဒဏ်ရာ ရအောင်လို့ စွမ်းဆောင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

စိန်အဆင့် ခန္ဓာကိုယ် ဖြစ်လာတဲ့ အချိန်ကျရင် ခြေလက်တွေ ဖြတ်ထုတ်ရင်တောင် ပြန်ပြီးတော့ ပေါက်လာနိုင်ပါတယ်။ ပြီးတော့ သူ့အနေနဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်တစ်စက်ကို အပေးအယူလုပ် အသုံးပြုလိုက်ဖို့ပဲ လိုပါတယ်။

အခုသူက ဖျက်ဆီးမရတဲ့ အစစ်အမှန် အရည်စက် ခြောက်စက်ကို ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ စိန်အဆင့် ခန္ဓာကိုယ်ကို ဖြစ်ပေါ်နိုင်တဲ့ အခါကျရင် သူက အမြင့်ဆုံး အကန့်အသတ်ဖြစ်တဲ့ ဆယ်စက်ထိ တိုးလာနိုင်ပါတယ်။

အရှိန်မြှင့်စမ်း။

လင်းဟန်က လျှပ်စီးရဲ့ စွမ်းအားကို အရှူးအမူးကို စုပ်ယူလိုက်ပြီးတော့ ဓားအလင်းကို စတင်ပြီး သိပ်သည်းလိုက်ပါတယ်။ မျက်စိတစ်မှိတ် အတွင်းမှာ သူက စိန်အဆင့် ခန္ဓာကိုယ်နဲ့ ဓားအလင်းတန်းကို သိပ်သည်းဖြစ်ပေါ်ခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတော့ အရည်အသွေးပိုင်းမှာ

ပြောင်းလဲမှုတစ်ခု ရရှိပါလိမ့်မယ်။

Chapter 655 end

Zawgyi.အပိုင်း(၆၅၆) စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်း

ရုတ်တရက် ဆိုသလို နောက်ထပ် တစ်လဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါတယ်။

အရေးကြီးတဲ့ အချက်က ကောင်းကင်တိမ် ခရမ်းမိုးကြိုးက သန့်စင်ရတာ တကယ်ပဲ အရမ်းကို ခက်ခဲလွန်းပါတယ်။ လင်းဟန်က စုစုပေါင်း အချိန်သုံးလလောက် ယူပြီးမှပဲ ၎င်းကို လုံးဝသန့်စင် နိုင်ခဲ့ပါတယ်။ သူက လျှပ်စီးရဲ့ စွမ်းအား အများစုကို လျှပ်စီးခန္ဓာကိုယ်တစ်ခု ကျင့်ကြံတဲ့ နေရာမှာအသုံးချပြီး ကျန်နေတဲ့ သုံးပုံတစ်ပုံကို လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို စိန်အဆင့် ခန္ဓာကိုယ် အဆင့်ထိ တိုးတက်ဖို့ အသုံးပြုခဲ့ ရပါတယ်။

ဒါပေမဲ့ ကောင်းကင်တိမ် ခရမ်းမိုးကြိုးကို အပြည့်အဝ သန့်စင်ပြီးတဲ့ အချိန်မှာ လင်းဟန်က စိန်အဆင့် ခန္ဓာကိုယ်နဲ့ ခြေတစ်လှမ်းစာ လိုနေပါသေးတယ်။

သူက စိတ်ဂိညာဉ် အရည်ကို ထုတ်ယူပြီးတော့ တကျိုက်ပြီးတစ်ကျိုက် ရှုးရှုးမှုးမှုးကို သောက်ချလိုက်ပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ဆင့်ခေါ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲက စိတ်ဂိညာဉ် ဆေးပင် အမျိုးမျိုးကို ခူးဆွတ်ပြီးတော့ သူတို့ကို သန့်စင်လိုက်ပါတယ်။

ဒီစိတ်ဂိညာဉ် ဆေးရည်က ကောင်းကင်ဆယ့်နှစ်ခု လျှို့ဝှက်ဆန်းကြယ် နယ်မြေကနေ ရရှိလာခဲ့တာ ဖြစ်ပြီးတော့ နတ်ဘုရားအရည် တစ်မျိုးလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ အဲဒါကို အရင်ဆုံး အားပျော့အောင် လုပ်ပြီးမှ စုပ်ယူနိုင်ပါတယ်။ ဒါပေမဲ့ စိန်အဆင့် ခန္ဓာကိုယ် ဖြစ်ပေါ်ဖို့ အတွက်ဆိုတော့ လင်းဟန်က သူ့ရဲ့မူလ ပါဝင်နှုန်းထားကို ဆယ်ပုံတစ်ပုံပဲ အားပျော့အောင် လုပ်ပြီးတော့ အခုဆိုရင် တစ်ကျိုက်ပြီးတစ်ကျိုက် မော့သောက်လိုက်ပါတယ်။

ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် အတွင်းမှာ ပြင်းထန်တဲ့ စွမ်းအားတွေက လည်ပတ်နေပြီး ဆူနာမီ လှိုင်းလုံးကြီး တစ်ခုလိုမျိုး တစ်ခုလုံးကို ဖျက်ဆီးပစ်ချင် သလိုမျိုး ဖြစ်နေပါတယ်။

လင်းဟာန်က ဒီစွမ်းအင်ကို စုပ်ယူဖို့အတွက် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို စတင်လည်ပတ်လိုက်ပြီး နောက်ဆုံး တစ်ဟုန်ထိုး ချိုးဖျက်ဖို့ လုပ်ဆောင်လိုက်ပါတယ်။

လန်းဆန်းတက်ကြွပြီး မရိုးမဆုံ ခံစားရပါတယ်။

လင်းဟာန်က လန်းဆန်းတက်ကြွသလို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ခန္ဓာကိုယ်က စွမ်းအင်ပင်လယ်လိုင်းလုံးကြီး တစ်ခုရဲ့ အထောက်အပံ့ကို ရရှိထားပြီး စိန်အဆင့် ခန္ဓာကိုယ် ဖြစ်လာဖို့ နောက်ထပ်တစ်ဆင့် နီးကပ်လာခဲ့ပါ။ ဒီလိုမျိုး လူတစ်ယောက်ရဲ့ အသက်ဓာတ် အဆင့်မြှင့်တင်တဲ့ အမျိုးအစားက အရမ်းကို လန်းဆန်းတက်ကြွစေတာက သဘာဝပါပဲ။ ဒါပေမဲ့ မရိုးမဆုံခံစားရတဲ့ အချက်က ဒီစွမ်းအားတွေက တကယ်ပဲ အရမ်းကို ပြင်းထန်လွန်းပါတယ်။ ၎င်းရဲ့ ခန္ဓာကိုယ်အတွင်း သောင်းကျန်းနေမှုက သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရေပြားတွေကို စုတ်ပြဲသွားစေခဲ့ပြီး ခန္ဓာကိုယ်ရဲ့ အတွင်းပိုင်းက အရိုးတွေတောင်မှ ကျိုးကုန်သလိုမျိုး ဖြောက် ဖြောက်ဖြောက်ဆိုတဲ့ အသံတွေ ကြားရပါတယ်။

ဒီတစ်ကြိမ်မှာ လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို လည်ပတ်ပြီးတော့ နာကျင်မှု ဒဏ်ကနေ ရှောင်တိမ်းဖို့ လျှပ်စီးခန္ဓာကိုယ် တစ်ခုအဖြစ် ပြောင်းလဲလို့ မရနိုင်ပါဘူး။ အဲဒီလိုမှမဟုတ်ရင် စိန်အဆင့် ခန္ဓာကိုယ်ကို ကျင့်ကြံနိုင်မှာ မဟုတ်ပါဘူး။ သူ့အနေနဲ့ အံကိုကြိတ်ပြီး သည်းခံထားရုံပဲ တတ်နိုင်ပါတယ်။

သူက ဂမ်းသာကျေနပ်တာရော နာကျင်မှုကိုပါ တစ်ချိန်တည်း ခံစားလိုက်ရပြီး ရေခဲနဲ့ မီးနှစ်မျိုးလုံး အတွေ့အကြုံရသွားခဲ့ပါတယ်။

လင်းဟန်က အံ့ကိုကြိတ်ပြီးတော့ ညည်းတွားမိပါတယ်။ အစောပိုင်းတုန်းက သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက ကောင်းကင်တိမ် ခရမ်းမိုးကြိုးကြောင့် မာတောင့်နေပြီး အခုတော့ ဒီစွမ်းအားကြောင့် စုတ်ပြတ်သတ်လုနီးပါး ဖြစ်သွားပါတယ်။ သိုင်းပညာ လမ်းကြောင်းက တကယ်ပဲ ခက်ခဲပါတယ်။ လူနည်းစုကပဲ ဒီလမ်းကြောင်းကို အဆုံးထိ လျှောက်လှမ်းနိုင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။

မင်းရဲ့ ဆုံးဖြတ်ချက်ကို ကြေညာဖို လုံလောက်တဲ့ အရာတချို့ ရှိပါတယ်။ အဲဒါက စဉ်းစားကြည့်ရင် လွယ်ပါတယ်။ ဒါပေမဲ့ မင်းရဲ့ဆုံးဖြတ်ချက်ကို

ဖက်တွယ်ထားဖို့က ခက်ခဲတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ စိန်အဆင့် ခန္ဓာကိုယ်ကတော့ ကျင့်ကြံဆဲ အဆင့်မှာပဲ ရှိပါသေးတယ်။

တကယ်လို့ ဒီအဆင့်အတွက် ခြေလှမ်းတစ်ရာတိတိ လှမ်းရမယ်ဆိုရင် လင်းဟန်က ခြေလှမ်း ကိုးဆယ့်ခုနစ်လှမ်းကို လှမ်းပြီးတဲ့ အခြေအနေမှာ ရောက်နေပြီး ပန်းတိုင်နဲ့ အသက်တစ်ရှူက်စာ အချိန်ပဲ လိုပါတော့တယ်။

ကိုးဆယ့်ရှစ်လှမ်း။

ကိုးဆယ့်ကိုးလှမ်း။

ခြေလှမ်း တစ်ရာ။

ဟုမ်း။

လင်းဟန်ရဲ့ ခန္ဓာကိုယ်ကနေ ရွှေရောင်အလင်းတွေ အဆုံးအစမရှိ ထွက်ပေါ်လာခဲ့ပြီး သူ့ကို ကြည့်ရတာ ရွှေရောင်စစ်နတ်ဘုရား တစ်ပါးအဖြစ်ကို

ပြောင်းလဲသွားသလိုမျိုးနဲ့ တူပြီးတော့ အထင်ကြီးစရာကောင်းတဲ့ နတ်ဘုရား ခွန်အားတွေနဲ့အတူ မိုးပေါ်မှာ ရပ်နေတဲ့ ပုံစံမျိုးပါပဲ။

စိန်အဆင့် ခန္ဓာကိုယ်။

တစ်ပြိုင်နက်တည်းလိုလို သူ့ရဲ့လက်ချောင်းထိပ်ကနေ ဓားအလင်းတန်းရဲ့ အလင်းတစ်ခု ရှိနေပြီး ဓားချီအလင်း သုံးဆယ်က ပိုင်းရံနေပြီးတော့ လက်ရှိမှာ အတူတကွ ပေါင်းစည်းဖို့ တင်းတင်းကျပ်ကျပ် လိမ်ယှက်လို့ နေပြီး စစ်မှန်တဲ့ တည်ရှိမှုတစ်ခု ဖြစ်လာခဲ့ပါတယ်။

စစ်မှန်တဲ့ ဓားအလင်းတန်း တစ်ခု။

လင်းဟာန်က မဆုတ်မနစ် ကြိုးပမ်းအားထုတ်ပြီး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဖို့ စတင်လိုက်ပါတယ်။

နိုင်းယှဉ်ရမယ်ဆိုရင် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်ရှိဖို့ ပိုပြီးတော့တောင် လွယ်ကူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဆင့်ကို သူ့ရဲ့အရင်ဘဝတုန်းက လုပ်ဆောင်ခဲ့ဖူးပြီး စိန်အဆင့် ခန္ဓာကိုယ် ဒါမှမဟုတ် ဓားအလင်းကိုတော့ သူ့အနေနဲ့ အရင်ဘဝတုန်းက

ပတ်သက်ဆက်နွယ်ခြင်း မရှိခဲ့ပါဘူး။

နေ့တစ်ဂက်ခန့် အချိန်ကြာမြင့်ပြီးတဲ့ နောက်မှာ နတ်ဘုရားပန်းပွင့် ဆယ်ပွင့်က မြေကြွမှာ စိတ်ဂိညာဉ် ပလ္လင်အပေါ်မှာ စတင်ကြီးထွားလာခဲ့ပြီး နတ်ဘုရား ပန်းပွင့်ငါးပွင့်က မိုးကောင်းကင်ကို ထိုးဖောက်သွားခဲ့ပြီး ကောင်းကင်စိတ်ဂိညာဉ် ပလ္လင် အပေါ်က နတ်ဘုရား ပန်းပွင့် ငါးပွင့်ကတော့ ကောင်းကင်ပေါ်ကနေ ရေတံခွန်လို ပုံစံမျိုးနဲ့ အောက်ဘက်ကို ကျဆင်းနေပါတယ်။

နတ်ဘုရား ပန်းပွင့် ဆယ်ပွင့်က တစ်ခုနဲ့တစ်ခု ရစ်ပတ်နွယ်ယှက်နေပြီး ရောမ နတ်ဘုရား သစ်သီး တစ်လုံးကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်က သစ်သီးရဲ့ အတွင်းမှာ ပြုစုပျိုးထောင် နေပါတယ်။

လင်းဟန်က ခေါင်းကိုညိတ်ပြီးတော့ စိတ်ဂိညာဉ် အရည်၊ စိတ်ဂိညာဉ် သစ်သီးတွေ မှော်ဆေးလုံးတွေကို မြို့ချပြီးတော့ စွမ်းအင်တွေ အဖြစ်ကို အများဆုံး ပြောင်းလဲပြီး သူ့ကို စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ ကူညီထောက်ပံ့ လိုက်ပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့

အချက်က သူက အခုဆိုရင် စိန်အဆင့် ခန္ဓာကိုယ် ဖြစ်ပေါ်ပြီးခဲ့ပါပြီ။ ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် မြင့်လာတာနဲ့အတူ သူ့ရဲ့စိန်အဆင့် ခန္ဓာကိုယ်ကလည်း နောက်တစ်ဆင့်ကို တိုးလာပါလိမ့်မယ်။ အဲဒီအတွက် လိုအပ်တဲ့ စွမ်းအင်ပမာဏက အရမ်းကို မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်။

ကျေးဇူးတင်ရမှာက သူ့အနေနဲ့ စိန်အဆင့် ခန္ဓာကိုယ် ဖြစ်ပေါ်ခဲ့ပြီး ဒါက တိုးတက်ရုံလေး တစ်ခုပါပဲ။ နှိုင်းယှဉ်ကြည့်ရင် လုပ်ရတာ ပိုပြီးတော့တောင် လွယ်ကူပါတယ်။

နတ်ဘုရား သစ်သီးက အနည်းငယ် တုန်ခါလာပြီးတော့ အထဲက အားလိုင်းတွေရဲ့ လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်းနဲ့ မြင်နိုင်ပါတယ်။ ပထမဆုံး သစ်သီးရဲ့ အပြင်ဘက် အခွံက ရွှေရောင်ဖြစ်ပေမဲ့ အခုတော့ ပိုပိုပြီးတော့ ကြည်လင်တောက်ပ လာခဲ့ပါတယ်။ တစ်ခုသေချာပေါက် မြင်တွေ့နိုင်တာက အထဲမှာ လူသားပုံစံ သေးသေးလေးတစ်ခု ရှိနေတာကို ရှင်းရှင်းလင်းလင်း တွေ့ရမှာ ဖြစ်ပြီးတော့ အဲဒီလူသားပုံစံက လင်းဟန်နဲ့ ချွတ်စွပ်ကို တူပါတယ်။

ဒါက စိတ်ဂိညာဉ် နတ်သူငယ် ဖြစ်ပြီးတော့ ကျင့်ကြံသူတွေရဲ့က ဒုတိယ နတ်ဘုရား အာရုံတစ်ခုလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

ဒဏ္ဍာရီတွေ အရတော့ ကျင့်ကြံသူတွေက တန်ခိုးရှင် ဖြစ်လာတဲ့ နောက်မှာတော့ စိတ်ဂိညာဉ် နတ်သူငယ်က သူတို့ရဲ့ ခန္ဓာကိုယ်ကနေတောင် ထွက်ခွာနိုင်ပြီး ကမ္ဘာမြေအနှံ့ကို ခရီးထွက် သွားလာနိုင်ပါတယ်။ ကယ်လို့ ကျင့်ကြံသူရဲ့ နတ်ဘုရား အာရုံ ပျက်စီးသွားရင် စိတ်ဂိညာဉ် နတ်သူငယ်က သူတို့ရဲ့ နတ်ဘုရား အာရုံနေရာမှာ အစားထိုးနိုင်စွမ်း ရှိပြီးတော့ ကျင့်ကြံသူကို ဒုတိယမြောက် ဘဝကို ပေးပါတယ်။

ကျင့်ကြံခြင်းရဲ့ နောက်ဆက်တွဲမှာ စိတ်ဂိညာဉ် နတ်သူငယ်က ဦးစားပေး ဖြစ်ပါတယ်။ ပြီးတော့ အရာအားလုံးကို စိတ်ဂိညာဉ် နတ်သူငယ်ကို အလယ်မှာထားပြီးတော့ အစီအစဉ် ဆွဲရပါလိမ့်မယ်။

လင်းဟန်က နောက်ထပ် စိတ်ဂိညာဉ် ဆေးတွေကို ရောမ ဝေလငါးကြီးလို ပါးစပ်ကြီးဟပြီးတော့ ဂါးမျိုချလိုက်ပြီး စိတ်ဂိညာဉ် နတ်သူငယ်ကို အမြန်ဆုံး မွေးဖွားလာဖို့ ကြိုးစားလိုက်ပါတယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။ လင်းဟန်က အစတုန်းက ဒီအဆင့်ကို အရင်ဘဝတုန်းက ဖြတ်သန်းခဲ့ဖူးတာကြောင့် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုတာ သူ့အတွက် အရမ်းကို လျင်မြန်သင့်ပါတယ်။ ဒါပေမဲ့ သူမျှော်လင့်မထားတာက ဒီစိတ်ဂိညာဉ် နတ်သူငယ်က နတ်ဘုရား ပန်းဆယ်ပွင့်ကနေ တစ်ပြိုင်နက်တည်း အတူတကွပေါင်းပြီး မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ သူက မွေးကင်းစ ကလေးတစ်ယောက် အဖြစ်ကို ပြောင်းလဲချင်တယ်ဆိုရင် ထိတ်လန့်စရာ ကောင်းလောက်တဲ့ စွမ်းအင်ပမာဏ အများကြီးတစ်ခုကို လိုအပ်ပါလိမ့်မယ်။

ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ဒီစိတ်ဂိညာဉ် နတ်သူငယ် မွေးဖွာလာတာနဲ့ အရင်ကထက် သန်မာလာပါလိမ့်မယ်။

လင်းဟန်က ဓားအလင်းတန်း၊ စိန်အဆင့် ခန္ဓာကိုယ်နဲ့ လျှပ်စီးခန္ဓာကိုယ်ကို စိတ်ဂိညာဉ် နတ်သူငယ် အပေါ်ကို ပစ်လွှတ်ဖို့ စတင်လိုက်ပါတယ်။ ဒါက ဒဏ္ဍာရီမျှသာ ဆိုပေမဲ့ တကယ်လို့ စိတ်ဂိညာဉ် နတ်သူငယ်က သူ့ရဲ့ခန္ဓာကိုယ်ကို နောက်ပိုင်းမှာ ထွက်ခွာနိုင်စွမ်း ရှိလာရင် ဘာလုပ်ရမလဲ။ ဒီအချက်ကြောင့် သူ့ရဲ့စိတ်ဂိညာဉ် နတ်သူငယ်ကို

တတ်နိုင်သမျှ စွမ်းအား အထက်ဆုံး ပိုင်ဆိုင်ထားချင်ခဲ့ပါတယ်။

နတ်ဘုရား သစ်သီးအပေါ်မှာ သူ့ရဲ့သိုင်းဆန္ဒ သဘောတရားကို စွဲထင်အောင် အမှတ်အသား ပြုလုပ်လိုက်ပါတယ်။ ဒါက သူ့ကိုယ်ပိုင် ဖြစ်ပါတယ်။ အဲဒါက ဘာမှမရှိတဲ့ စာမျက်နှာအလွတ် အပိုင်းအစ တစ်ခုနဲ့ တူပါတယ်။ သူလိုချင်တဲ့ ဘာကိုမဆို လွတ်လွတ်လပ်လပ် ရေးချနိုင်ပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ပဲ နတ်ဘုရား သစ်သီးရဲ့ မျက်နှာပြင်ပေါ်မှာ မရေတွက်နိုင်တဲ့ အစီအရင် သင်္ကေတတွေ ပေါ်လာခဲ့ပါတယ်။

လင်းဟန်က အဲဒီအပေါ်မှာ သူသင်ယူထားသမျှ အားလုံးကို ရိုက်နှိပ်ခဲ့ပါတယ်။ ဒါကသူ့အတွက် ဒုတိယ အကြိမ်မြောက် ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူ့ရဲ့မှတ်ဉာဏ်တွေ ဆုံးရှုံးသွားခဲ့မယ်ဆိုရင် သူ့ကိုယ်ပိုင် စိတ်ဝိညာဉ် နတ်သူငယ်ကနေ ကိုယ်ပိုင် သိုင်းပညာ တာအိုကို ပြန်လည်ရရှိနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါက သိုင်းပညာရဲ့ တာအိုတစ်ခုပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ပင်ကိုယ်စရိုက် အရည်အသွေးကို တံဆိပ်ခတ်ဖို့က မဖြစ်နိုင်သေးပါဘူး။ ဒါမှမဟုတ် အနည်းဆုံးတော့ အခုချိန်မှာ

မဖြစ်နိုင်သေးတာ ဖြစ်နိုင်ပါတယ်။

နောက်ထပ် ခုနစ်ရက် အကြာမှာတော့ နတ်ဘုရား သစ်သီးကို သင်္ကေတတွေ လုံးဂကို ဖုံးလွှမ်းသွားခဲ့ပြီး ရှေးဟောင်းအငွေ့အသက် တစ်ခုထုတ်လွှတ်နေပါတယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်က နေရာရဲ့ ကိုးဆယ့်ကိုး ရာခိုင်နှုန်းကို ရယူထားပြီး ခေါင်းဆောင်ရဲ့ နေရာကို ရောက်ရှိသွားသလိုပါပဲ၊ လျှို့ဝှက်ဆန်းကြယ်မှု စွမ်းအားသုံးခု၊ အနက်ရောင် မူလသိုင်းဟန် သုံးခု အကုန်လုံးကို လုံးဂထိန်းချုပ်ထားခဲ့ပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်က ဘယ်လောက်တောင် မြင့်မားသလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခု ပူးပေါင်းထားတဲ့ အင်အားတောင်မှ အဆင့်တူဖို့မပြောနဲ့ တစ်ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။

ခရက် ခရက် ခရက် ခရက်။

နတ်ဘုရားသစ်သီး အပေါ်မှာ အက်ကြောင်းရာတွေ ပေါ်လာပြီးတော့ စိတ်ဂိညာဉ် နတ်သူငယ်က

သက်ရှိအဖြစ်ကို ရောက်ရှိလာပါတော့မယ်။

ဘုန်း။

သူ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားသလို ခံဏားလိုက်ရပြီး သူ့ခန္ဓာကိုယ်ရဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို ထိုးတက်လာခဲ့ပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ် အဆင့်။

သူ့ရဲ့ ဒန်တန်ထဲမှာ စိတ်ဂိညာဉ် နတ်သူငယ်က နတ်ဘုရား သစ်သီးကနေ ထိုးထွက်လာခဲ့ပြီး စိတ်ဂိညာဉ် ပင်လယ်နှစ်ခု အကြားမှာ သေးငယ်တဲ့ လူသားပုံစံတစ်ခုအဖြစ် ပြောင်းလဲပြီးတော့ မျောလွင့်နေပါတယ်။ သူ့ရဲ့မျက်လုံးတွေက ပွင့်နေပြီး ရွှေရောင်တောက်ပတဲ့ အလင်းတွေက တလက်လက် တောက်ပကာ စစ်ပွဲနတ်ဘုရား တစ်ပါးနဲ့ တူပါတယ်။

လင်းဟန်က သူ့ရဲ့လက်ချောင်းကို အသာလေး ဆတ်ခနဲ လှုပ်ရှားလိုက်တာနဲ့ သူ့ရဲ့ စိတ်ဂိညာဉ် နတ်သူငယ်ကလည်း သူ့လက်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်ပါတယ်။ ဟုန်း။ ဓားအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး သူတို့အနားက

စိတ်ဝိညာဉ် ချီတွေက ချက်ချင်းဆိုသလို ဒီတိုက်ခိုက်မှုမှာ ပေါင်းစည်းသွားခဲ့ပြီး တိုက်ခိုက်မှု စွမ်းအားကို အဆတစ်ရာလောက် တိုးသွားခဲ့ပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ဂင်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ နတ်ဘုရား ပန်းပွင့်တွေက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပူးပေါင်းဖို့ ပတ်ဂန်းကျင်က စိတ်ဝိညာဉ် ချီတွေကို စုစည်းပေးတာမျိုး မလုပ်တော့ပဲ စိတ်ဝိညာဉ် နတ်သူငယ်ကပဲ လုပ်ပေးပါတယ်။ လင်းဟာန်ရဲ့ စိတ်ဝိညာဉ် နတ်သူငယ်က နတ်ဘုရား ပန်းဆယ်ပွင့်ကနေ ပေါင်းစည်းလာခဲ့တာ ဖြစ်ပြီးတော့ ၎င်းရဲ့ခွန်အားကလည်း သေချာပေါက် တွက်ချက်လို့ မရနိုင်ပါဘူး။

"စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ပထမအလွှာ။ ဒါပေမဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြွယ်ခနစ်လုံးရှိတဲ့ ကျင့်ကြံသူ တစ်ယောက်နဲ့ တိုက်ခိုက်မယ်ဆိုရင်တောင် ပြဿနာ မရှိဘူး"

လင်းဟာန်က ပြုံးလိုက်ပါတယ်။

ဒါက လုံးဂကို မယုံနိုင်စရာ ကောင်းလှပါတယ်။

တစ်ခုသိထားရမှာက ကျင့်ကြံခြင်းအဆင့် ပိုပြီးတော့ မြင့်မားလာလေ ကိုယ့်ထက် သန်မာတဲ့ ပြိုင်ဘက်တစ်ယောက်ကို တိုက်ခိုက်နိုင်ဖို့ဆိုတာက ပိုပြီးတော့ ခက်ခဲလာပါတယ်။ သူ့ရဲ့ အရင်ဘဝတုန်းက ဓားကေရာဇ်နဲ့ တခြားလူတွေက ကောင်းကင်အဆင့်မှာ သူတို့ထက် ကြယ်ဆယ်ပွင့်သာလွန်တဲ့ ပြိုင်ဘက်တစ်ယောက်ကို တိုက်ခိုက်နိုင်စွမ်း ရှိပါတယ်။ လင်းဟန်က ကောင်းကင်အဆင့်ကို ပြန်လာဖို့ဆိုပေမဲ့ အခုမှ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိပါသေးတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က သူ့ကို သူ့ထက်တိုက်ပွဲကြယ် သုံးဆယ်လောက် သာလွန်တဲ့ ပြိုင်ဘက် တစ်ယောက်ကို တိုက်ခိုက်နိုင်စွမ်း ရှိပါတယ်။ အဲဒါက လူအားလုံးရဲ့ ဆံပင်ကို ထောင်သွားစေ နိုင်ပါတယ်။

ဒါပေ့ါ။ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အပြည့်အဝနဲ့ ထုတ်ဖော်ပြီး အမြင့်ဆုံး အခြေအနေမှာ ရှိနေရမှာ ဖြစ်ပြီးတော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအား သုံးခု ဒါမှမဟုတ် လျှို့ဝှက်ဆန်းကြယ် စွမ်းအားနှစ်ခုနဲ့ အနက်ရောင် မူလသုံးဟန် သိုင်းကွက်ကို အသုံးပြုရပါမယ်။ ဒါပေမဲ့ တကယ်လို့ သူ့ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ ဒါမှမဟုတ် အနက်ရောင်မူလ သုံးဟန်သိုင်းကွက်ကို အသုံးမပြုခဲ့ဘူး ဆိုရင်တောင် ဓားအလင်းတန်း

တစ်ခုတည်းနဲ့ သူရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တိုက်ပွဲကြယ် နှစ်ဆယ်ရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို တိုက်ခိုက်ဖို့ ပြဿနာ ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ရဲ့ ပြိုင်ဘက်က တူညီတဲ့ အဆင့်ရဲ့ ပါရမီရှင်မဟုတ်ပဲ သူကို ကျင့်ကြံခြင်းအဆင့်င တစ်ခုလုံး သာလွန်နေရင်တောင်မှ သူနဲ့ယှဉ်ပြိုင်ဖို့ အရည်အချင်း ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။

ဟုမ်း။

အနက်ရောင် မျှော်စင်က ရုတ်တရက် ခါသွားပြီး ရုတ်တရက်ဆိုသလို ရောမ ရေကန်ကြီးတွေ ပေါ်လာခဲ့ပါတယ်။ မိုးကောင်းကင်ပေါ်မှာ ရေတံခွန်တွေကလည်း ကျဆင်းလာပြီးတော့ မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"မင်းက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်သွားခဲ့ပြီ။ အခု အနက်ရောင် မျှော်စင်ရဲ့ ဒုတိယအထပ် ပွင့်ပြီ"

မျှော်စင်လေး ပေါ်လာခဲ့ပါတယ်။

Chapter 656 end

Zawgyi.အပိုင်း(၆၅၇) အနက်ရောင် မျှော်စင်ရဲ့ ဒုတိယအထပ်

အနက်ရောင် မျှော်စင်ရဲ့ ဒုတိယအထပ် ပွင့်ပြီ ဟုတ်လား။

ချက်ချင်းဆိုသလို လင်းဟာန်က အကြီးအကျယ် အံ့အားသင့်သွားခဲ့ပြီး သိချင်စိတ်တွေ အရမ်းကို ဖြစ်ပေါ်လာပြီး ပြောလိုက်သည်။

"မြန်မြန် ရှေ့ကနေ သွားပါ"

"မင်းက အရင်တုန်းက အဲဒါကို မမြင်ဖူးဘူးလား"

မျှော်စင်လေးက တည်ငြိမ်စွာနဲ့ မေးလိုက်၏။

လင်းဟာန်ရဲ့ မေးစေ့က ကြွက်သားတွေ တွန့်လိမ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို ကစားနေတာလား။ အနက်ရောင် မျှော်စင်မှာ အထပ်ကိုးခု ရှိတယ်လို့ မပြောခဲ့ဘူးလား။ ပြီးတော့ အထပ်တိုင်းမှာ ရတနာ တစ်ခုရှိနေတာလား။ မင်းအဲဒါကို အလွဲသုံးစား မလုပ်ပါဘူးနော်။ ဟုတ်တယ်မလား"

"ဟင့်"

မျှော်စင်လေးအတွက် ဒီလိုမျိုး ဟာသက လုံးဝကို အလုပ်မဖြစ်ပါဘူး။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"အနက်ရောင် မျှော်စင်ထဲမှာ တကယ်ပဲ အထပ်ကိုးခု ရှိတယ်။ ဒါပေမဲ့ အထပ်တိုင်းကို ပိတ်ဆို့ထားတဲ့ စွမ်းအားတွေကလည်း မတူညီ ကွဲပြားခြားနားတယ်"

"မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က မြင့်လာလို့ရှိရင် အထပ်တစ်ခုရဲ့ စွမ်းအားက ပျက်သွားလိမ့်မယ်။ အဲဒါက အနက်ရောင် မျှော်စင်ကို ပိုပြီးတော့ အစွမ်းထက်စေပြီးတော့ ပိုပြီးအသုံးဝင်လာစေတယ်"

လင်းဟန်ရဲ့ မျက်လုံးတွေ ပြူးသွားပြီးတော့ မေးလိုက်ပါတယ်။

"အရင်က ဘာဖြစ်လို့ ငါ့ကိုမပြောပြတာလဲ"

"ဒုတိယ အထပ်ပွင့်ပြီးတဲ့ နောက်ကျမှ ငါ့ရဲ့မှတ်ဉာဏ်တွေ နိုးထလာခဲ့တာပဲ"

မျှော်စင်လေးက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က မသင်္ကာတဲ့ ပုံစံနဲ့ ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"ဒါကို မင်းက အတိတ်မေ့တဲ့ ရောဂါလို့ ခေါ်လား"

"မင်းကြိုက်သလို ပြောနိုင်တယ်"

မျှော်စင်လေးက မျက်နှာပြောင်ပြောင်နဲ့ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ ငါမင်းကိုကြောက်ပါပြီ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

"ဒါဆိုရင် ငါ့ကိုပြောပါဦး။ ဒုတိယ အထပ်ကနေ ဘယ်လိုအကျိုးအမြတ်တွေကို ငါရနိုင်မလဲ"

မျှော်စင်လေးက ပြန်ဖြေလိုက်ပါတယ်။

"အခု ငါသိထားရသလောက်တော့ အနက်ရောင် မျှော်စင်ရဲ့ ပထမ ရှစ်လွှာကို ဒြပ်စင်ငါးခုရဲ့ စွမ်းအား အသီးသီးနဲ့ ပိတ်ဆို့ထားခဲ့တယ်။ လျှပ်စီး၊ လေဟာနယ်၊ အချိန်နဲ့ အထပ်အားလုံးကို ဖွင့်ပြီးတော့ အနက်ရောင် မျှော်စင်ကလည်း အဲဒီအထပ်တွေ အထဲမှာ ပိတ်ဆို့ထားတဲ့ သက်ဆိုင်ရာ စွမ်းအားတွေကို ပိုင်ဆိုင်လိမ့်မယ်"

"ဘာဖြစ်လို့ ငါဘာမှမခံစားမိတာလဲ"

လင်းဟန်က အနည်းငယ် မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ အနက်ရောင် မျှော်စင်ရဲ့ ဒုတိယ အထပ်အကြောင်းကို မျှော်လင့်စောင့်စားနေခဲ့တာ အတော်ကို ကြာနေပါပြီ။

"ပထမ အထပ်က ကမ္ဘာမြေကြီးရဲ့ အဆီအနှစ် ဖြစ်လိမ့်မယ်"

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာ ရှိနေတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေက အရမ်းကို

လျှင်မြန်စွာနဲ့ ကြီးထွားရှင်သန်နိုင်ပြီး တစ်နှစ်ဆိုတဲ့ အချိန်က အပြင်ဘက်က နှစ်ပေါင်းတစ်ထောင်နဲ့ နှိုင်းယှဉ်လို့ ရနိုင်တာ ဘာကြောင့်လို့ မင်းထင်လဲ”

ဒီအချက်ကြောင့် လင်းဟာန်က လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ ပထမအထပ်မှာ ကမ္ဘာမြေကြီးရဲ့ စွမ်းအားကို ပိတ်ဆို့ထားခဲ့ပြီး မြေကြီးရဲ့ အဆီအနှစ်တွေလည်း ဖြစ်ပါတယ်။ အဲဒါက သူ့ကို စိတ်ဂိညာဉ် ဆေးပင်တွေ အဆုံးမရှိ ရိတ်သိမ်းခူးဆွတ်နိုင်အောင် လုပ်ပေးပါတယ်။ ဒီအကျိုးသက်ရောက်မှုက အရမ်းကို ကောင်းပါတယ်။ လင်းဟာန်က မေးလိုက်ပါတယ်။

“ဒါဆိုရင် ဒုတိယ အထပ်က ရေရဲ့ စွမ်းအားကို ပိတ်ဆို့ထားတာလား”

သူက မိုးကောင်းကင်ပေါ်က ရေတံခွန်တွေနဲ့ နေရာအနှံ့ ထွက်ပေါ်လာတဲ့ ရောမ ရေကန်တွေကိုလည်း ကြည့်လိုက်ပါတယ်။

“အဲဒါမှန်တယ်။ ဒုတိယအထပ်က ရေရဲ့အနှစ်သာရပဲ”

မျှော်စင်လေးက ခေါင်းညိတ်လိုက်ပါတယ်။

"ဘယ်လိုအကျိုးရှိမလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မင်းကတကယ့်ကို ခေါင်းပုံဖြတ် အမြတ်ကြီးစားတဲ့လူပဲ။ ဒီထက်ပိုပြီးတော့ နန်းဆန်တဲ့ မေးခွန်းကို မမေးတတ်တော့ဘူးလား"

မျှော်စင်လေးက သရော်လိုက်ပါတယ်။

"အဲဒီအတွက်ကိုတော့ ငါတောင်းပန်ပါတယ်"

လင်းဟန်က အံကြိတ်လိုက်ပါတယ်။ မင်းက ဘယ်လိုစိတ်ဂိညာဉ် ပစ္စည်းလဲ။ လူသား တစ်ယောက်လို ဟန်ပန်အမူအရာ မလုပ်လို့ မရဘူးလား။

မျှော်စင်လေးကတော့ တည်တည်ငြိမ်ငြိမ် ရှိနေပါသေးတယ်။ ပြီးတော့ အထစ်အငေါ့ မရှိပဲ ပြောလိုက်ပါတယ်။

"ရေဆိုတာ သက်ရှိအားလုံးရဲ့ အရင်းအမြစ်ပဲ။

ရေရဲ့စွမ်းအားကို ထည့်သွင်းလိုက်မယ်ဆိုရင် စိတ်ဂိညာဉ် ဆေးပင်တွေရဲ့ ကြီးထွားတဲ့ နှုန်းကပိုပြီးတော့တောင် မြန်လာလိမ့်မယ်။ ပြီးတော့ အရင်ကထက် ပိုပြီးတော့ မြန်မြန်ရှင်သန်လာလိမ့်မယ်"

ဒီအာနိသင်က မဆိုးပါဘူး။

လင်းဟာန်က ခေါင်းညိတ်ပြီး မေးလိုက်ပါတယ်။

"ဘာရှိသေးလဲ"

"မင်းက နန်းဆန်တဲ့ မေးခွန်းတချို့ကို မမေးနိုင်ဘူးလား"

မျှော်စင်လေးက လင်းဟာန်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ သရော်လိုက်ပါတယ်။

လင်းဟာန်က မျက်လုံးတွေ ပြူးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းငါ့ကို ယုံမလား။ တကယ်လို့ ငါက အနက်ရောင် မျှော်စင်တစ်ခုလုံးကို ထွက်လာအောင် ဆင့်ခေါ်နိုင်တဲ့ အချိန်ကျရင် အိမ်သာထဲကို လွှတ်ပစ်လိုက်ပြီး သုံးရက်နဲ့ သုံးညတိတိ ထားမယ်လို့ ပြောရင်ရော ဘယ်လိုလဲ"

မျှော်စင်လေးက ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားခဲ့ပါတယ်။ သူ့ပုံစံက အလန့်တကြား ဖြစ်သွားပုံ ရပါတယ်။ ခဏအကြာမှာ မျှော်စင်လေးက ပြောပါတယ်။

"နောက်ထပ်က ရေရဲ့အနှစ်သာရနဲ့ မြေကြီးရဲ့ အဆီအနှစ်က အပြန်အလှန် အကျိုးပြုပြီးတော့ နတ်ဘုရား ဆေးပင်တချို့ကို မွေးထုတ်ပေးနိုင်လိမ့်မယ်။ ဗုဒ္ဓကြာပန်းလိုမျိုးပေါ့"

လင်းဟန်ရဲ့ နှလုံးသားက လှုပ်ခါသွားခဲ့ပါတယ်။ ဗုဒ္ဓကြာပန်း။ ဒီနာမည်ကို အရင်က ရှေးဟောင်း သမိုင်းဝင် နယ်မြေတစ်ခုမှာ မြင်တွေ့ခဲ့ဖူးပါတယ်။ ဒီဗုဒ္ဓကြာပန်းက စစ်မှန်တဲ့ နတ်ဘုရား ဆေးပင်တစ်မျိုး ဖြစ်ပါတယ်။ ပြီးတော့ တန်ခိုးရှင်လောကမှာတောင် ထိပ်တန်းအဆင့် စိတ်ဝိညာဉ် ဆေးပင်တွေထဲမှာ ပါဝင်ပါတယ်။

"ဗုဒ္ဓကြာပန်းက နတ်ဘုရား ဆေးပင်တွေထဲမှာ အဆင့်အနိမ့်ဆုံး အရည်အသွေးရှိတဲ့ အပင်တစ်ပင် ဖြစ်လိမ့်မယ်။ ရေရဲ့အနှစ်သာရနဲ့ မြေကြီးရဲ့ အဆီအနှစ်တို့ အချိန်အတော် ကြာအောင်လို့ အပြန်အလှန် အကျိုးပြုပြီးရင် အရမ်းကို တန်ဖိုးကြီးမားတဲ့ နတ်ဘုရား ဆေးပင်တွေ

ဖြစ်လာလိမ့်မယ်။ ဒါပေမဲ့ အဲဒီအချိန်က အရမ်းအရမ်း အရမ်းကို ကြာလိမ့်မယ်”

မျှော်စင်လေးက ပြောလိုက်ပါတယ်။

ဒီကောင်က သူ့ကို သည်းထိတ်ရင်ဖိုဖြစ်အောင် ဖုံးကွယ်ထားပြန်ပြီ။

မျှော်စင်လေးက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

“တတိယအထပ်က သတ္တုအနှစ်သာရ မင်းကို အဖိုးထိုက်တန်တဲ့ သတ္တုတွေ ထောက်ပံ့ကူညီ ပေးလိမ့်မယ်။ စတုတ္ထအထပ်မှာ မီးရဲ့အဆီအနှစ်က မင်းရဲ့တန်ခိုးရှင် ခန္ဓာကိုယ်ကို မွန်းမံသန့်စင်ဖို့ အသုံးပြုနိုင်တယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မျှော်စာလိပ်ရဲ့ တတိယ အလွှာက မီးရဲ့အဆီအနှစ်ကို ဖြတ်ပြီးတော့ သန့်စင်ပြီးမှပဲ ကျင့်ကြံအားထုတ် နိုင်လိမ့်မယ်”

လပြွတ်ပဲ။

“ပဥ္စမထပ်မှာ သစ်သားအနှစ်သာရက အနက်ရောင် မျှော်စင်ရဲ့ အထဲက စိတ်ဂိညာဉ် ဆေးပင်တွေရဲ့

ကြီးထွားဖွံ့ဖြိုးမှုနှုန်းကို နောက်တစ်ကြိမ် တိုးလာနိုင်တယ်။ ပြီးတော့ ရေမြေနဲ့ သစ်သားရဲ့ အနှစ်သာရတွေ တစ်ခုနဲ့တစ်ခု အပြန်အလှန် အကျိုးသက်ရောက်ပြီး နောက်ထပ် တန်ခိုးရှင် ဆေးပင်တွေ မကြုံစဖူး ပေါက်ရောက်ရှင်သန်လိမ့်မယ်”

“ဆဌမအထပ်က လျှပ်စီးရဲ့အနှစ်သာရကတော့ သန့်စင်ဖို့လို့ ဆိုလိုတယ်။ ပြီးတော့ ပြိုင်ဘက်ကင်း အရည်အသွေးရှိတဲ့ တန်ခိုးရှင်အဆင့် ဆေးပင်တွေ ကြီးထွားလာလိမ့်မယ်”

“သတ္တမ အထပ်မှာတော့ အာကာသဓာတ်ရှိတယ်။ အဲဒီအချိန်တစ်ခုပဲ မင်းက အနက်ရောင် မျှော်စင်ရဲ့ စစ်မှန်တဲ့ ပိုင်ရှင်လို့ သတ်မှတ်ယူဆနိုင်တယ်။ တိုက်ပွဲမှာ မင်းကို ကူညီပေးဖို့ မင်းဆန္ဒရှိသလို ဆင့်ခေါ်နိုင်တယ်။ ပြီးတော့ အဲဒီနောက်မှ အနက်ရောင် မျှော်စင်က ဘယ်လောက်တောင် သန်မာလဲ ဆိုတာကို မင်းကောင်းကောင်း နားလည်လာလိမ့်မယ်”

“အဌမမြောက် အထပ်မှာတော့ အချိန်အနှစ်သာရပဲ။ ဒါက ကမ္ဘာကြီးရဲ့ တားမြစ်ထားတဲ့ စွမ်းအားတစ်ခုလည်း ဖြစ်တယ်။ အဲဒါနဲ့ပတ်သက်ပြီး အသေးစိတ် အချက်အလက်ကိုတော့ ငါမသိဘူး”

"နဂါမမြောက် အထပ်မှာတော့"

မျှော်စင်လေး ခဏရပ်လိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ လင်းဟန်က မနေနိုင်ပဲ မေးလိုက်မိ ပါတယ်။

"နဂါမမြောက် အထပ်က ဘာအကြောင်းလဲ"

"ငါမသိဘူး"

မျှော်စင်လေးက အမူအရာကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

လပ္ပြတ်ပဲလေ။

"မေ့လိုက်တော့။ နောက်ပိုင်းမှာ ငါလည်းဒေါသထွက်ပြီး မသေအောင်လို့ မင်းနဲ့စကားအများကြီး မပြောပဲ ရှောင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်"

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း သတင်းကောင်းက အနက်ရောင် မျှော်စင်ရဲ့ ဒုတိယ အထပ်က ပွင့်နေပြီး ရေရဲ့အနှစ်သာရကို ပိုင်ဆိုင်ထားခဲ့ပါပြီ။ သူက စစ်မှန်တဲ့ နတ်ဘုရား ဆေးပင်တွေ

ရရှိပါလိမ့်မယ်။

သူက အချိန်တွေ ရေတွက်ကြည့်လိုက်တဲ့ အခါမှာ ကောင်းကင်ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ဂင်ခွင့်စစ်ဆေးခြင်းက မကြာမှာ စတင်ပါတော့မယ်။ သူကအဲဒီကို မြန်မြန်သွားမှ ဖြစ်ပါမယ်။

"လင်းဟန် လင်းဟန်"

သူက ကျူးရှမ်အာနဲ့ ဟူးညိုကို ခေါ်လိုက်ပါတယ်။ ဟူးညိုက ချက်ချင်းပဲ လင်းဟန်နာမည်ကို တကြော်ကြော် အော်ခေါ်ပြီးတော့ သူရဲ့လက်မောင်းတွေကို ဖက်တွယ်လိုက်ပြီး အရမ်းကို ပျော်ရွှင်နေပုံ ပေါ်ပါတယ်။ လင်းဟန်က သူမနဲ့ မကစားတာ လအနည်းငယ် ရှိနေပါပြီ။

အဲဒီအချိန်အတွင်းမှာ ကျူးရှမ်အာက သူ့ကို ကြင်ကြင်နာနာနဲ့ ကြည့်နေပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"သွားကြစို့"

သူတို့က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး နဂါးကိုးကောင် တောင်တန်းဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ ယုန်ဖြူကြီးက သူတို့ကို ရှာတွေ့သွား ခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ကို ဆူပူကြိမ်းမောင်း နေပါတယ်။ ဒီကောင်က တကယ်ပဲ သဲလွန်စ လက္ခဏာ နည်းနည်းလေးမှတောင် မကျန်ပဲ လအနည်းငယ် ပျောက်ကွယ်သွားခဲ့ပြီး အရှင်သခင် ယုန်အနေနဲ့ သူ့ကိုရှာရတာ အရမ်းကို ခက်ခဲပါတယ်။ သူက နဂါးသွေး ဂျင်ဆင်းနှစ်ပင် ပေးမယ်ဆိုတဲ့ ကတိကို ဖျက်မလို့လား။

သုံးရက်ကြာပြီးတဲ့နောက်မှာ သူတို့က နဂါးကိုးကောင် တောင်တန်းဆီကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းထဲကို ဝင်ဖို့အတွက် အခြေခံ အချက်အလက်တွေကို ကြေညာသွားခဲ့ပါပြီ။ ပြီးတော့ ဒီအချက်တွေနဲ့ပ မကိုက်ညီတဲ့ လူတွေကတော့ လာမဲ့စမ်းသပ်မှုမှာ ဝင်ရောက်ယှဉ်ပြိုင်စရာ မလိုပါဘူး။ သူတို့တွေက ဝင်ခွင့်အတွက် အရည်အချင်း ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ စမ်းသပ်မှုကို ပါဝင်ချင်တဲ့ လူတစ်ယောက်က

အချက်အလက် နှစ်ခုထဲက တစ်ခုနဲ့ ပြည့်မီရပါလိမ့်မယ်။ အသက်လေးဆယ် မပြည့်ခင် ပန်းဖူးအဆင့်ကို ရောက်ရှိရမယ်။ ဒါမှမဟုတ် အသက်ခုနစ်ဆယ် မတိုင်ခင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးသား ဖြစ်ရပါမယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်က လူတွေအတွက်ကတော့ လိုအပ်ချက်တွေ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူလတ်ပိုင်း မျိုးဆက်တွေထဲမှာတောင် နတ်အသွင် ပြောင်းလဲခြင်းအဆင့်ထဲက ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာတယ်ဆိုတဲ့ ကောလာဟလကို မကြားမိပါဘူး။

နောက်ထပ် နှစ်ရက်အကြာမှာ စမ်းသပ်မှုက တရားဝင် စတင်ပါလိမ့်မယ်။

စမ်းသပ်စစ်ဆေးမှုကို နှစ်ပိုင်းခွဲခြားထားပါတယ်။ ပထမပိုင်းက အရမ်းကို ရိုးရှင်းပါတယ်။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း နန်းတော်က အချိန်အကန့်အသတ်နဲ့ ခင်းကျင်းထားတဲ့ နယ်မြေကနေ ထွက်လာနိုင်ရပါမယ်။ အဲဒီနယ်မြေကနေ ထွက်လာနိုင်တာနဲ့ သူတို့က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တစ်ယောက် ဖြစ်လာဖို့ အရည်အချင်း ပြည့်မီပါလိမ့်မယ်။

ဒုတိယ တစ်ပိုင်းက ကျောက်တုံးလုတဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ နောက်ထပ်နေရာ တစ်ခုမှာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက ထုးဆန်းတဲ့ ကျောက်တုံးတွေ အများကြီးကို မြုပ်နှံထားပါလိမ့်မယ်။ အဲဒီကျောက်တုံးတွေကို သိုလှောင်လက်စွပ်တွေ အထဲကို ထည့်သိမ်းလို့ မရနိုင်ပါဘူး။ လူ့ကိုယ်ပေါ်မှာပဲ ထည့်သိမ်းထား နိုင်ပါလိမ့်မယ်။ ဒီကျောက်တုံးက အလင်းရောင် တောက်ပနေပြီး အဂ္ဂတ်အစားနဲ့လည်း ဖုံးကွယ်ထားလို့ မရနိုင်ပါဘူး။

သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ ကျောက်တုံးတွေ အများဆုံး ရယူနိုင်တဲ့ လူနည်းစုက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ဦးစားပေး ပြုစုပျိုးထောင်ပေးခြင်းကို ခံရပါလိမ့်မယ်။ သူတို့တွေက သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ဖိတ်ကြားစာ ရရှိထားတဲ့ ဆေဘာဓား ဘုရင်လေး၊ ယိုဟိုင်ယွဲ့တို့လို ပါရမီရှင်တွေနဲ့ အဆင့်ခြင်း တူပါလိမ့်မယ်။

လင်းဟန်က မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကို ရှာဖွေလိုက်ပြီး အချိန်အတော်ကြာအောင်ဘ စကားပြောပြီးတဲ့နောက်မှာ သူတို့ကို အနက်ရောင်

မျှော်စင်ထဲ ဆွဲထည့်ပြီးတော့ ဇီရူရှန် ချန်ထားခဲ့တဲ့ သတင်းစကားကို ပြောပြလိုက်ပါတယ်။

သူက ဒီအကြောင်းကို အပြင်ဘက်မှာ မပြောနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိုးကောင်းကင်မှာ နားရွက်တွေ ရှိနေမှာကို ကြောက်လို့ပဲ ဖြစ်ပါတယ်။

ဒါကို မာထို့ပေါင်ကလည်း ပြောခဲ့တာဖြစ်ပြီး သူတို့အနေနဲ့ အရမ်းကို ဂရုစိုက်ရပါမယ်။

တန်ခိုးရှင်တွေမှာ ဘယ်လိုမျိုး စွမ်းအားတွေ ပိုင်ဆိုင်လဲ ဆိုတာကို လင်းဟာန်မသိပါဘူး။ ဒီဘုံထဲမှာ တန်ခိုးရှင်ဂိုဏ်းငါးဂိုဏ်းက ဘယ်လိုလှုပ်ရှားမှုတွေ လုပ်နေလဲ ဆိုတာကိုလည်း မသိပါဘူး။ သူတို့က နေရာတော်တော်များများမှာ ခိုးနားထောင်နိုင်စွမ်း ရှိပြီးတော့ မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်မယ်ဆိုတဲ့ စကားမျိုးကို ကြားရတဲ့ အခါမှာ တုံ့ပြန်လာနိုင်ပါတယ်။

ဒါကြောင့် လုံခြုံရေးက အရင်ဆုံး ဦးစားပေးရပါမယ်။

Chapter 657 end

Zawgyi.အပိုင်း(၆၅၈) လူစုခွဲ လှုပ်ရှားခြင်း

မိုးရေစကေရာဇ်နှင့် မုယောင်ချင်းတို့ ဒေါသတွေ အကြီးအကျယ် မထွက်ခင် သူတို့၏မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ကြသည်။

ဤသတင်းကား အရမ်းကို ဆိုးဂါးသည့် လမ်းစဉ်တစ်ခု ဖြစ်ပေသည်။ ၎င်းကို နိုင်ငံတော် သစ္စာဖောက်မှုကြီး တစ်ခုအဖြစ်တောင် သတ်မှတ်ယူဆနိုင်ပေသည်။ ပလ္လင်အမြင့်ပေါ်တွင် အခန့်သား ထိုင်နေပုံ့ကြသည့် ရှေးဟောင်းအင်အားကြီးဂိုဏ်း ငါးဂိုဏ်းကို ပြစ်တင်ကြိမ်းမောင်းဖို့ အမှန်တကယ် သတ္တိရှိရပေမည်။ သို့ပေမဲ့ တစ်ဖက်တွင် လင်းဟာန်က သူတို့၏ သွေးသောက်ညီ ဖြစ်ပြီးတော့ လင်းဟာန်တွင်လည်း ယုတ္တိရှိသည့် အချက်အလက် အမျိုးမျိုးနှင့် ပိုင်းခြားစိတ်ဖြာ ပြထားနိုင်သည်။ ထို့ကြောင့် လင်းဟာန်၏ စကားလုံးများက အမှားမရှိဟု သက်သေပြနေ၏။

ကောင်းကင်ဓားဂိုဏ်းနှင့် တခြား ရှေးဟောင်းအင်အားကြီး ဂိုဏ်းများကား သူတို့၏ မကောင်းဆိုးဂါးဆန်သည့် ရည်ရွယ်ချက်အတွက် သူတို့ကို သတ်ပစ်ဖို့ ထိုက်တန်ပေသည်။

"မိုးကောင်းကင်တွေကို စုတ်ဖြဲပြီး ပွင့်အောင်လို့ လုပ်နိုင်မှပဲ ငါတို့မှာ ပြန်ပြီးတော့ တိုက်ခိုက်နိုင်စွမ်း ရှိလိမ့်မယ်"

မိုးရေကေရာဇ်က ခေါင်းညိတ်လိုက်သည်။ မုယောင်ချင်းကလည်း ခေါင်းညိတ်လိုက်ပြီး သူ၏အမူအရာမှာ အရမ်းကို လေးနက်နေသည်။ သူက အမြဲတစေ ပူပင်ကြောင့်ကြမဲ့ကာ ဖွတ်တရွတ် လုပ်တတ်သည် ဆိုပေမဲ့ ဤကဲ့သို့ အမှန်တရားနှင့် ရင်ဆိုင်ရသည့် အခါတွင် ကျီစယ်သလိုမျိုးတောင် မပြုံးခဲ့ပေ။

လင်းဟန်က ပီတိတွေဖြစ်ပြီး အံ့အားသင့်စွာ ပြောလိုက်သည်။

"အစ်ကိုကြီးက အင်ပါယာတစ်ယောက် ဖြစ်လာမယ်ဆိုရင် ဘယ်လိုလဲ"

မိုးရေကေရာဇ်က ယခင်ကတည်းက မိုးရေနိုင်ငံ၏ အုပ်ချုပ်သူ ဖြစ်ခဲ့ပြီး နိုင်ငံ၏စွမ်းအားနှင့် ပတ်သက်၍ သူ၏နားလည်သဘောပေါက်နိုင်စွမ်းက လင်းဟန်နှင့် မုယောင်ချင်းတို့ထက် သာလွန်ပေသည်။ ဖန်ပိုယွမ်ထက်တောင် သာလွန်ပေလိမ့်မည်။

မိုးရေကေရာဇ်က ခဏတာမျှ စဉ်းစားလိုက်ပေမဲ့ အဲဒီနောက်တွင် သူ၏ခေါင်းကို ခါပြီးတော့ ပြောလိုက်သည်။

"ငါမလုပ်နိုင်ဘူး။ ဒီလိုမျိုး ကြီးမားတဲ့ တာဝန်ယူမှုကို ခေါင်းရှောင်ချင်တာကြောင့် မဟုတ်ဘူး။ ဒါပေမဲ့ ငါမလုပ်နိုင်လို့ပဲ။ တတိယညီလေး နိုင်ငံရဲ့စွမ်းအားက မင်းထင်သလို မရိုးရှင်းဘူး။ လူတွေပြောနေကြသလိုပဲ။ မင်းမှာဘယ်လိုမျိုး အစာအိမ် အမျိုးအစား ရှိသလဲဆိုတာကို ဆုံးဖြတ်ဖို့က မင်းဘယ်လောက် စားနိုင်သလဲ ဆိုတာကို ကြည့်ရမယ်။ တကယ်လို့ ဒီဘုံတစ်ခုလုံးကို ပေါင်းစည်းပြီးတော့ နိုင်ငံတစ်ခုအဖြစ် တည်ဆောက်မယ်ဆိုရင် ဒီလိုမျိုး အဆင့်ရှိတဲ့ နိုင်ငံရဲ့ စွမ်းအားက မကြုံစဖူး ကြုံတွေ့ရတဲ့ နတ်ဘုရား ဆေးပင်လိုမျိုး အမျိုးအစား တစ်ခု ဖြစ်လာလိမ့်မယ်။ သာမန်လူတစ်ယောက်က ဒီလိုမျိုး အရမ်းကို အစွမ်းထက်တဲ့ ဆေးပင်ကို ယူနိုင်စွမ်း မရှိသလို စားပြီးတဲ့နောက်မှာလဲ သူ့ခန္ဓာကိုယ်က ဆေးပင်ရဲ့ အင်အားကြောင့် ပေါက်ကွဲပြီးတော့ သေသွားလိမ့်မယ်"

"အဲဒါမှန်တယ်။ တတိယ ညီလေး။ ငါတို့ ညီအစ်ကို သုံးယောက်ထဲမှာ မင်းရဲ့ပါရမီက အမြင့်ဆုံးပဲ။ ဒါဆိုရင် ဘာဖြစ်လို့မင်းက ကေရာဇ် မဖြစ်နိုင်ရမှာလဲ။ အစ်ကိုကြီးနဲ့

ငါက မင်းကိုထောက်ပံ့ ကူညီပေးဖို့အတွက် တာဝန်ယူတယ်။ ငါတို့ညီအစ်ကိုသုံးယောက် အတူပူးပေါင်းပြီးတော့ ဒီဘုံတစ်ခုလုံးကို အရင်ဆုံး သိမ်းပိုက်စိုးမိုးကြတာပေါ့”

မုယောင်ချင်းက ရယ်မောလိုက်သည်။

“တကယ်လို့ တတိယ ညီလေးက ဆန္ဒမရှိဘူးဆိုရင် ဟူးညိုလည်း အဆင်ပြေတာပဲ”

မိုးရေကောရာဇ်က ပြုံးလိုက်သည်။ လင်းဟန်က စွမ်းအားကို အလုအယက် ယှဉ်ပြိုင်အားထုတ်ဖို့ အကြောင်းနဲ့ ပတ်သက်ပြီး ဂရုစိုက်တဲ့ လူစားမျိုး မဟုတ်ဘူးဆိုတာကို သူသိထားတာကြောင့် ဟူးညိုကိုလည်း သိမ်းသွင်းစည်းရုံးဖို့ ဆွဲထည့်လိုက်သည်။

ဟူးညိုက ပျော်ရွှင်စွာနဲ့ ပါဝင်လာပြီးတော့ ပြောလိုက်၏။

“ဒါဆိုရင် နောက်ပိုင်းမှာ ညိုးညိုးကို ဘုရင်မကြီးလို့ ခေါ်ကြပေတော့”

လင်းဟန်က ခါးခါးသီးသီး ပြုံးလိုက်ပြီး ပြောလိုက်သည်။

"တကယ်လို့ ဒီကလေးမကို ကေရီတစ်ယောက် ဖြစ်ခွင့်ပြုလိုက်မယ်ဆိုရင် အဲဒီနိုင်ငံက ဒုတိယမြောက်နေ့မှာပဲ ဂရုန်းသုန်းကားတွေ ဖြစ်ကုန်လိမ့်မယ်"

"ဒါဆိုရင် တတိယ ညီလေးပဲ လုပ်လိုက်တော့လေ"

မိုးရေကေရာဇ်က ခေါင်းညိတ်လိုက်၏။ သူ့ရဲ့စိတ်ကို ဆုံးဖြတ်ထားပြီးပါပြီ။ သူလည်းပဲ စွမ်းအားရဲ့ လွှမ်းမိုးမှုကို မိုက်မိုက်မဲမဲခံယူမည့် လူစားမျိုး မဟုတ်ပါဘူး။ တစ်နည်းအားဖြင့် သူ၏ပါရမီ စွမ်းအားနဲ့ဆိုရင် မြောက်ပိုင်းအစွန်းအဖျား ဒေသမှာ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အရည်အချင်း ပြည့်မီပြီးတော့ မြောက်ပိုင်းအစွန်အဖျား ဒေသက နိုင်ငံကိုးခုလုံးကို သူ့လက်အောက်ခံအဖြစ် ပေါင်းစည်းဖို့ဆိုတာ အသေးအမွှား တစ်ခုပဲ ဖြစ်ပေလိမ့်မည်။

လင်းဟာန်နှင့် သူ့ညီအစ်ကိုတွေက အနာဂတ်မှာ မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ ဖွင့်ဖို့နဲ့ သူတို့ကိုယ်ပိုင် နိုင်ငံတစ်ခုကို တည်ထောင်ဖို့ အသေးစိတ် အချက်အလက်တွေ အကြောင်းကို စတင်ပြောဆို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတစ်ခုကို တည်ထောင်တာမျိုး ကိစ္စတစ်ခုက မိုးရေဧကရာဇ်အတွက်တော့ အသေးအမွှား ကိစ္စလေး တစ်ခုဖြစ်သည်။ သူက နှစ်ပေါင်းများစွာ ပလ္လင်ပေါ်မှာ သရုဖူဆောင်းနေခဲ့ပြီး မတူညီ ကွဲပြားခြားနားတဲ့ တစ်ခုတည်းသော အရာက အရွယ်အစားနဲ့ ပိုင်နက်နယ်မြေ တစ်ခုလုံး၏ စွမ်းအားအဆင့်ပဲ ဖြစ်ပြီး ဘာများထူးပြီးတော့ ကွာခြားဦးမည်နည်း။

မိုးကောင်းကင်ကို စုတ်ဖြဲခြင်းကတော့ ပိုပြီးတော့ ခက်ခဲလှပေသည်။

အကယ်၍ ဘုံတစ်ခုလုံးကို သူတို့နှင့်အတူ တန်ခိုးရှင်ဘုံကို ခေါ်ဆောင်သွားချင်တယ်ဆိုရင် သူတို့က ဘယ်လောက်တောင် အစွမ်းထက်ဖို့ လိုလိမ့်မည်နည်း။

ၚင်းကား စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်၏ အလွှာကိုးခုကို ရောက်ရှိရမည် ဖြစ်သည်။ ထို့အပြင် သူတို့မှာ ဘုံတစ်ခုလုံးရဲ့ နိုင်ငံစွမ်းအားကိုပါ ပူးပေါင်းစုစည်းရမည် ဖြစ်ပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပေသည်။ သာမန်လူတစ်ယောက်က သိပ်မများပေမဲ့ တစ်သောင်း ဒါမှမဟုတ် သန်းတစ်ရာဆိုရင်ရော။

လူတိုင်းလူတိုင်းက နိုင်ငံ၏ စွမ်းအားမှတစ်ဆင့် ထောက်ပံ့ကူညီပြီးတော့ မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်ဖွင့်လှစ် ရပေလိမ့်မည်။ ဤကဲ့သို့ အတူတကွ ပူးပေါင်းထားတဲ့ စွမ်းအားက ဘယ်လောက် အစွမ်းထက်လိမ့်မလဲ။

ထို့အပြင် ဒီဘုံမှာ ကျင့်ကြံသူတွေကလည်း မနည်းလှပေ။ အကယ်၍ သူတို့အားလုံးသာ အတူတကွ ပူးပေါင်းလိုက်မယ်ဆိုရင် ဒီလောက်အများကြီးကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက သူတို့ကို တကယ်ပဲ ခေါ်သွားနိုင်လိမ့်မည် မဟုတ်ချေ။

ဒါပေမဲ့လည်း လင်းဟန်က မတူညီ ကွဲပြားခြား၏။

သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို ကျင့်ကြံထားခဲ့ပြီး စိန်အဆင့် ခန္ဓာကိုယ်လည်း ဖြစ်ပေါ်ထားပြီးပါပြီ။ သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ဒဏ်ခံနိုင်မှုက အဆင့်တူ အဖိုးထိုက်တန်တဲ့ သတ္တုတွေနဲ့ တန်းဆူအဆင့်မှာ ရှိပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို သူရောက်ရှိသည့် အချိန်တွင် သူ၏ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုအဆင့်မှာ ရှိပေလိမ့်မည်။

အကယ်၍ သူရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အမြင့်ဆုံး စွမ်းဆောင်ရည်ထိ တိုးလာနိုင်မယ်ဆိုရင် သူစုစည်းထားတဲ့ ဤစွမ်းအင် ပမာဏက ဘယ်လိုလုပ်ပြီးတော့ မိုးကောင်းကင်ကို စုတ်ဖြဲပြီးတော့ မဖွင့်နိုင်ပဲ နေမည်နည်း။

ထိုအချိန်ရောက်လျှင် လင်းဟန်က အရမ်းကို ထူးဆန်းတဲ့ အခြေအနေ တစ်ခုမှာ ရှိနေပါလိမ့်မည်။ သူ၏ကျင့်ကြံခြင်း အဆင့်က ဒီဘုံရဲ့ အထွတ်အထိပ်မှာ ရောက်နေပေမဲ့ သူ၏ခွန်အားက တန်ခိုးရှင် အဆင့်တွင် ရောက်ရှိနေပေလိမ့်မည်။ ထို့ပြင် သူ၏တိုက်ပွဲစွမ်းရည်က ပိုလို့တောင် သာလွန်နေပေလိမ့်မည်။

မိုးကောင်းကင်နဲ့ တိုက်ခိုက်ပြီး ဘုံတစ်ခုလုံးကို သယ်ဆောင်ကာ တက်ရောက်ရမည်။

သူတို့တွေ စကားပြောရတာ ပိုပြီးတော့ ကောင်းလာလေ ညီအစ်ကို သုံးယောက်စလုံး ပိုပြီးတော့ စိတ်လှုပ်ရှား လာခဲ့ကြ၏။ ဤကား ကြီးကျယ်ခမ်းနားသော လှုပ်ရှားမှုကြီး တစ်ခုဖြစ်ပေသည်။ အကယ်၍ သူတို့အောင်မြင်ခဲ့မယ်ဆိုလျှင် သူတို့၏ နာမည်တွေကို အမြဲတမ်း သတိရနေကြမည် ဖြစ်ပြီးတော့ ဒဏ္ဍာရီလာ ပုဂ္ဂိုလ်တွေ ဖြစ်လာပေလိမ့်မည်။

"ဒီနေ့ဒီအချိန်ကနေ စပြီးတော့ ငါတို့ရဲ့ ကျင့်ကြံခြင်းမှာ ပိုပြီးတော့တောင် ပြင်းပြင်းထန်ထန်နဲ့ ကြိုးစားအားထုတ်ရတော့မယ်"

"ပထမဆုံး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို အရင်ဖင်ကြမယ်။ ပြီးတော့ ပါရမီရှင်တွေကို စည်းရုံးသိမ်းသွင်းရမယ်။ အချိန်ကျလာတဲ့ အခါကျရင် ငါတို့နိုင်ငံကို တည်ထောင်တဲ့ အခါကျရင် ဒီလူတွေ အားလုံးကို ငါတို့အဖွဲ့ထဲ စုစည်းရမယ်"

"ဟားဟား ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းနဲ့ တိုက်ခိုက်ရမယ်။ တွေးကြည့်လိုက်ရုံနဲ့ ငါ့သွေးတွေက စိတ်လှုပ်ရှားမှုကြောင့် ဆူပွက်လို့လာနေပြီး ငါ့ရဲ့ တိုက်ပွဲဖင်ချင်တဲ့ စိတ်တွေက အရမ်းကို မြင့်မားနေပြီ"

လင်းဟန်က သူ့ရဲ့သွေးသောက် အစ်ကိုနစ်ယောက်အတွက် တန်ဖိုးကြီးတဲ့ ဆေးတွေနဲ့ ဆေးပင်ပမာဏ အများကြီးကို ထုတ်ယူလိုက်ပါတယ်။ ပထမအနေနဲ့ သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်း အတွက်ကို ဒီအရင်းအမြစ်တွေကို အသုံးပြုရပါမယ်။ ဒုတိယ အချက်က သူတို့က ဒီရတနာတွေကို အသုံးပြုပြီးတော့ သူတို့အတွက်

လမ်းကြောင်းဖွင့်ပြီး ပါရမီရှင်တွေ အမြောက်အများနဲ့ သူငယ်ချင်းဖြစ်အောင် လုပ်ရပါလိမ့်မည်။ တကယ်တော့ လူတစ်ယောက်က တခြားလူ တစ်ယောက်ကို သူ၏အဖွဲ့တွင် ပါဝင်အောင် ဆွဲဆောင်ချင်ရင် သူတို့ကို ရတနာ ပစ္စည်းတွေ ပေးကမ်းပြီးတော့ သိမ်းသွင်းစည်းရုံးမယ် မဟုတ်လား။

သူတို့ငါးယောက်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ကြသည်။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်း၏ ဝင်ခွင့်စမ်းသပ်စစ်ဆေးမှုက စတင်လို့နေပါပြီ။

သူတို့က အတူတကွ မသွားကြချေ။ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ကလည်း လမ်းကြောင်းခွဲပြီး သွားခဲ့ကြသည်။ သူတို့ရဲ့ ပထမဆုံး ခြေလှမ်းက သူတို့ရဲ့ နောက်လိုက်တွေကို စုစည်းသိမ်းသွင်းဖို့ ဖြစ်ပြီးတော့ သူတို့က လူစုခွဲ လုပ်ရှားပြီးတော့ အတတ်နိုင်ဆုံး သူတို့ရဲ့ လွှမ်းမိုးနိုင်မှုကို ချဲ့ရပါမည်။

ဟူးညို့နဲ့ ကျူးရွှမ်အာတို့ကတော့ လင်းဟာန်နဲ့အတူ ရှိနေဆဲပါပဲ။ သူတို့သုံးယောက်က ကောင်းကင် ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တောင်အဝင်ဂိတ် အပြင်ကို ရောက်ရှိလာခဲ့ ကြသည်။

အပေါက်တွင် အစွမ်းထက်လှသည့် လက်ရွေးစင် တစ်ယောက်က မတ်တတ်ရပ်ပြီး စောင့်ကြပ်နေကာ လူငယ်တပည့်တွေ အများကြီးက ဘေးပေါက်ကနေ လူလက်ခံတဲ့ နေရာမှာ ရှိနေကြသည်။

ဒီလူငယ်တွေ အားလုံးက အင်အားကြီးဂိုဏ်း ငါးဂိုဏ်းကနေ လွှဲပြောင်းပေးလိုက်တဲ့ လူတွေဖြစ်ပြီး သူတို့၏ မျက်နှာထက်တွင် ဂုဏ်ယူဂင့်ကြွားသည့် အမူအရာတွေ ပေါ်လွင်ထင်ရှားလို့ နေသည်။ အကယ်၍ သူတို့က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်ခွင့် မရနိုင်ခဲ့ရင်တောင်မှ သူတို့က မယုံနိုင်စရာ ကောင်းလောက်အောင် စိတ်ကြီးဝင် မာနကြီးနေ ကြပေလိမ့်ဦးမည်။ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းက တပည့်ဆိုတဲ့ နာမည်က သူတို့ကို မောက်မာဝင့်ကြွားဖို့အတွက် လုံလောက်နေပြီ မဟုတ်ပါလော။

ပထမ အဆင့်ကား အရိုး၏ အသက်နဲ့ ကျင့်ကြံခြင်း အဆင့်ကို တိုင်းတာစစ်ဆေးခြင်း ဖြစ်သည်။ အနိမ့်ဆုံး အဆင့်သတ်မှတ်ထားသည့် အချက်အလက်များနဲ့ ကိုက်ညီမှု မရှိသည့် လူများက စမ်းသပ်စစ်ဆေးမှု၏ ပထမအစိတ်အပိုင်းကို ဝင်ရောက်ခွင့်တောင် အရည်အချင်း

ပြည့်မီလိမ့်မည် မဟုတ်ချေ။

ကျူးရှမ်အာက ပထမဆုံး စမ်းသပ်ခံလိုက်သည်။ သူမ၏ ကျောက်စိမ်းလို ကြည်လင်တောက်ပတဲ့ အသားအရေရှိသည့် သေးသွယ်လှပသော လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။ အရိုး၏ အသက်ဓာတ်ကို စမ်းသပ်စစ်ဆေးသည့် နေရာတွင် ရှိနေသော တပည့်၏ မျက်နှာက နီမြန်းသွား ခဲ့သည်။ ရွှေအပ်တစ်ချောင်းကို ကိုင်ထားသော လက်မှာ တုန်ခါနေပြီး သူမ၏ အရေပြားကို ထိုးစိုက်နိုင်စွမ်း မရှိအောင် ဖြစ်နေသည်။

ဤလက်ကား တကယ်ပဲ အရမ်းကို လှပလွန်းပေသည်။ နတ်ဘုရားတွေ သေသေချာချာ ထုဆစ်ထားတဲ့ ပန်းပုရုပ်၏ လက်တစ်ဖက်နဲ့ တူလှ၏။ တစ်လက်မချင်းစီတိုင်း အရမ်းကို ပြီးပြည့်စုံပြီး သူရဲ့အပ်နဲ့ ဒီလိုမျိုး လှပချောမောတဲ့ လက်တစ်ဖက်ထဲကို ထိုးစိုက်နိုင်စွမ်း မရှိအောင် ဖြစ်နေသည်။

သူက အပ်နဲ့ ထိုးဖောက်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ ထို့ကြောင့် ရွေးချယ်စရာ မရှိတော့ပဲ အမျိုးသမီး တပည့်တစ်ယောက်ကို ခေါ်လိုက်ပြီး လုပ်ခိုင်းမှပဲ အရိုးရဲ့ အသက်ဓာတ်ကို တိုင်းတာစစ်ဆေးမှု

ပြီးပြည့်စုံသွားခဲ့သည်။

"အသက် နှစ်ဆယ့်နှစ်နှစ်"

အမျိုးသမီး တပည့်က ကြေညာလိုက်သည်။ သူမ၏ မျက်နှာပေါ်တွင် အံ့အားသင့်နေတဲ့ အရိပ်အယောင်များ ပြည့်နှက်လျက် ရှိနေသည်။

အသက် နှစ်ဆယ့်နှစ်နှစ်အရွယ် ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်။ သူမက တကယ့်ကို အထင်ကြီးစရာကောင်းသည့် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ ထိပ်ဆုံးအယောက် ငါးဆယ်စာရင်းတွင် ချိတ်နိုင်ပေသည်။ မဟုတ်ဘူး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းထဲမှာတောင် ထိပ်ဆုံးအယောက် သုံးဆယ်စာရင်း ဝင်နိုင်ပေသည်။ ဤသည်ကား အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပေသည်။

ဘေးတွင်ရပ်နေသော အဆုံးမဲ့ လက်ရွေးစင် ကျင့်ကြံသူက သူ၏မှတ်ဆိတ်မွေးကို သပ်လိုက်ပြီး အရမ်းကို ပျော်ရွှင်နေပုံ ပေါ်နေသည်။ ကြည့်ရတာ ဤတစ်ကြိမ်အလှည့်ကား စိတ်ကျေနပ်စရာ ကောင်းပေသည်။ သူက ကျူးရွှမ်အာကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး အနည်းငယ် အံ့အားသင့်

သွားခဲ့သည်။ ဤမိန်းကလေးကား ရုပ်ဖျက်ထားသည်မှာ သိသာပေါ်လွင်နေသည်။

နေပါဦး။ လူတစ်ယောက်ရဲ့ ရုပ်ရည်သွင်ပြင်ကို ပြောင်းလဲနိုင်ပေမဲ့ အရိုးရဲ့ အသက်ဓာတ်ကိုတော့ ပြောင်းလဲနိုင်စွမ်း မရှိပါဘူး။ ဘယ်သူ့ကိုမှ သူတို့ရဲ့ မျက်နှာအစစ်အမှန်နဲ့ လာခဲ့ဖို့ တောင်းဆိုထားခြင်း မရှိပါဘူး။ ထို့ကြောင့် သူမက စည်းမျဉ်းစည်းကမ်း တစ်ခုမှ ချိုးဖောက်ခြင်း မရှိပေ။

ဤအတွေးကား အဆုံးမဲ့ လက်ရွေးစင်၏ စိတ်ထဲမှာ လက်ခနဲ ဖြစ်ပေါ်သွားခဲ့ပြီး သူ့အနေနဲ့ ဆက်ပြီးတော့ ဘာမှမပြောတော့ပေ။

နောက်တစ်ယောက်က ဟူးညိုပင် ဖြစ်ပေသည်။

"ဒီလိုမျိုး ကလေးမငယ်ငယ်လေး တစ်ယောက်လား"

တပည့်အနည်းစုက သူတို့၏ မျက်လုံးများကို မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ တချို့ဆို ရယ်မောကြပြီးတော့ နောက်ပြောင်နေကြသည်။ ဒါက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်း၏

တပည့်ဂင်ခွင့် စစ်ဆေးခြင်း နေရာဖြစ်ပြီး ကစားပွဲတစ်ခု မဟုတ်ပါဘူး။

အခု အားလုံးက အသက်ဓာတ်ကို စမ်းသပ်စစ်ဆေးဖို့အတွက် သူတို့အနောက်မှာ တန်းစီနေကြ၏။ တစ်စုံတစ်ယောက်က ချက်ချင်းပဲ အော်ဟစ်လိုက်သည်။

"ပြဿနာ မရှာနဲ့။ မြန်မြန် လမ်းဖယ်စမ်း"

"ဒီလိုမျိုး ကလေးမငယ်ငယ်လေးက အိမ်ကိုပြန်ပြီးတော့ နွားနို့သွားသောက်နေတာ အကောင်းဆုံးပဲ"

"အစ်ကိုကြီးမှာ တုတ်ချောင်းချိုချဥ်တစ်ခု ရှိတယ်။ မင်းလာပြီးတော့ စုပ်"

ဘုန်း။

ယုတ်မာရိုင်းစိုင်းတဲ့ လူတစ်ယောက်က ဆိုးယုတ်စွာနဲ့ ပြောလိုက်ခြင်းကြောင့် ဟူးညိုကို ဒေါသထွက်သွားစေခဲ့သည်။ လျပ်ပြက်သွားသလိုပင် သူမ၏ ပုံရိပ်သေးသေးလေးက အဲဒီလူရဲ့ အရှေ့မှာ ပေါ်လာခဲ့ပြီး

လက်သီးတစ်လုံးနဲ့ ထိုးထည့်လိုက်၏။ သူမရဲ့ လက်သီးချက်က အဲဒီလူကို လွင့်ထွက်သွားစေရုံသာမက သူ့ကိုအလောင်းကောင် အဖြစ်ကို ပြောင်းလဲသွားခဲ့သည်။

ဂျစ် ဂျစ် ဂျစ် ဂျစ်။

အဲဒီလူရဲ့ ခန္ဓာကိုယ် ပတ်လည်မှာ အဖြူရောင် လျှပ်စီးအလင်းတန်းတွေ ပိုင်းရံနေပြီး ကြောက်မက်ဖွယ်ရာကောင်းသည့် မြင်ကွင်းတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။

ရုတ်တရက်ဆိုသလို အားလုံးက တိတ်ဆိတ်ငြိမ်သက် သွားခဲ့ကြသည်။

ဤနေရာကို လာရောက်ပြီး အရိုးအသက်ဓာတ်အတွက် စမ်းသပ်စစ်ဆေးခံယူနေသည့် လူအားလုံးက ပန်းဖူးအဆင့် ဒါမှမဟုတ် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာ ရှိကြသည်။ ဘယ်လိုလုပ်ပြီးတော့ အထဲကို ဂင်ရောက်နိုင်ဖို့ လိမ်လည်လှည့်ဖြားမှုတွေ လုပ်လို့ရနိုင်မည်နည်း။ ဤတဏှာရူး လူငယ်မှာ ကလေးငယ်တွေကို ဖျက်ဆီးတဲ့အတွက် လူသိများ ထင်ရှားသူ တစ်ဦးဖြစ်ပေမဲ့ အင်အားကြီး ကလန်တစ်ခုက အဖွဲ့သား

တစ်ယောက်ဖြစ်သလို သူကိုယ်တိုင်က ပန်းဖူးအဆင့်ကို ရောက်ရှိလို့နေသည်။ ဒါကြောင့် ဘယ်သူကမှ သူနဲ့ဆန့်ကျင်တဲ့ဘက်မှာ အရင်ကရော အခုရော မနေကြပါဘူး။

သူက ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပေမဲ့ မျက်စိတစ်မှိတ် အတွင်းမှာ တစ်ခါတည်း အသတ်ခံလိုက်ရသည်။ ဒါကိုဘယ်လိုလုပ်ပြီး မအံ့သြပဲ နေကြမှာလဲ။

ဟူးညိုက သူမ၏ လက်တွေကို တင်ပါးပေါ် ထောက်ပြီးတော့ နှာခေါင်းတစ်ချက် ရှုံ့ပြီးပြောလိုက်သည်။

"နင်က ညိုးညိုးကို မကောင်းတဲ့ အကြံအစည်နဲ့ ကြံနေရဲတယ်ပေါ့လေ။ နင့်ဘာသာနင် နင့်သေလမ်းကို ရှာတာပဲ"

Chapter 658 end

Uni.အပိုင်း(၆၅၉) အရိုး၏ အသက်ကို စမ်းသပ်စစ်ဆေးခြင်း

ကောင်းတယ် ကောင်းတယ်။ အရမ်းကို ကောင်းတယ်။ ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်တဲ့

ကလေးမငယ်လေးလဲ

ဘေးနားမှာ တစ်မှေးလောက် အိပ်နေတဲ့ အဆုံးမဲ့ လက်ရွေးစင်က ချက်ချင်းပဲ သူ့မျက်လုံးတွေ ဖွင့်လိုက်ပြီး လက်ခုပ်တောင်မှ တီးလိုက်သည်။ ဒီအတွက်နဲ့ ပါရမီရှင်တစ်ယောက် သေသွားတော့ ဘာဖြစ်သေးလဲ။

ဤနေရာတွင် ပါရမီရှင်များမှာ ပေါများလွန်းလှပေသည်။ နောက်ပြီးတော့ သူက တစ်ချက်တည်းနဲ့ အသတ်ခံလိုက်ရတယ် ဆိုမှတော့ အမိုက်တစ်စထက် ပိုဦးမှာလား။ သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်ဖို့ပ အရည်အချင်း လုံးဝကို မပြည့်မီချေ။

ကလေးမလေး မင်းရဲ့နာမည် ဘယ်လိုခေါ်လဲ

ထိုကျင့်ကြံသူက ပျော်ရွှင်စွာဖြင့် မေးလိုက်သည်။ သူကား အကြွင်းမဲ့ ဆေဘာဓားဂိုဏ်း၏ စည်းကမ်းထိန်းသိမ်းသူ ဖြစ်ပြီးတော့ သူ့နာမည်က ကော်လျန့်ချိုက်လို့ ခေါ်ပါတယ်။ သူ့မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ရှိပြီးတော့ လက်ရှိလူငယ် မျိုးဆက်ကို ထိန်းချုပ်ဖို့ လုံလောက်၏။ သို့မဟုတ်လျှင် ဤနေရာတွင် စောင့်ကြည့်ခွင့်

ရလိမ့်မည် မဟုတ်ပေ။

ဟူးညို့ကို ကြည့်လိုက်တဲ့ အချိန်မှာ သူ၏အမူအရာက ကြင်နာယုယမှုတွေနဲ့ ပြည့်နှက်နေသည်။ အကယ်၍များ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်မနေခဲ့ဘူးဆိုရင် ဟူးညို့ကို သူ၏အစစ်အမှန် တပည့်အဖြစ် ရွေးချယ်ချင်စိတ်တောင် ဖြစ်မိနေသည်။

ဒါပေမဲ့ ဒီကောလးမက အသက်ခြောက်နှစ် သို့မဟုတ် ခုနစ်နှစ်လောက်ပဲ ရှိသေးပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံခြင်းမှာ ရှိနေသည်။ ဤကဲ့သို့ ပါရမီရှင် တစ်ယောက်ကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး သင်ကြားပေးနိုင်မှာလဲ။ အမ်ားဆုံး ဂိုဏ်းခေါင်းဆောင်နဲ့ အကြီးအကဲတွေပဲ ဒီတာဂန်အတွက် အရည်အချင်း ပြည့်မီကြပါလိမ့်မည်။

ညိုးညိုးက လင်းဟာန်ရဲ့ ဟူးညို

ဟူးညို့က အနည်းငယ် ခေါင်းရှုပ်စေမဲ့ နည်းလမ်းနဲ့ ဖြေလိုက်သည်။ အဲဒီနောက် သူမက လင်းဟာန်ဆီကို ပြေးသွားပြီးတော့ လင်းဟာန်ရဲ့လက်ကို ဖက်တွယ်ထားပြီး အပြစ်ကင်းစင်ပြီး ချစ်စရာအရမ်းကို ကောင်းမွန်တဲ့

ကေလးမေလး တစ်ယောက်နဲ့ တူနေသည်။

အကယ်၍များ တဏှာရူးကောင် လူငယ်ရဲ့ အလောင်းက မြေကြီးပေါ်မှာ လျှပ်စီးအလင်းတွေ ဖောက်ခနဲမြည်ပြီးတော့ လဲနေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဟူးညို့ကို အခုကြည့်ရတာ အရမ်းကို ချစ်စရာကောင်းပြီးတော့ အပြစ်ကင်းစင်တယ်လို့ အားလုံးကို အရူးလုပ်ပွဲ ရနိုင်သည်။

ကော်လျန့်ချိုက်က လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး စိတ်ထဲမှာ ဆုံးဖြတ်ချက် ချလိုက်သည်။ အကယ်၍များ လင်းဟန်၏ ပါရမီက အထင်ကြီးစရာ တစ်စက်မှ မရှိဘူးဆိုရင် သူက လင်းဟန်ကို သတ်ပစ်ပြီးတော့ ဒီကလေးမလေးကို နောက်ပိုင်းမှာ အကျိုးသက်ရောက်မှု မရှိအောင် လုပ်ရပါလိမ့်မည်။ ဒီလိုမျိုး အရမ်းကို ထူးချွန်ထက်မြက်တဲ့ ကေလးမေလးက ကြီးကြီးမားမား အသုံးဝင်လာပါလိမ့်မည်။

ပိုပြီးတော့ အရေးကြီးတာက သူမက ငယ်ငယ်လေး ရှိသေးတာကြောင့် သူမကို အယူအဆ အသစ်တွေ လွယ်လွယ်ကူကူနဲ့ ရိုက်သွင်းနိုင်ပြီး အကြံအစည် အမျိုးမျိုးကို သူမထဲ ထည့်သွင်းလို့ ရရှိပေမည်။

ဟူးညိုက သူမရဲ့ အရိုးအသက်ကို စမ်းသပ်စစ်ဆေးဖို့အတွက် နောက်တစ်ကြိမ် အရှေ့ကို တိုးလာခဲ့သည်။ ဤတစ်ကြိမ်တွင် တပည့်တချို့တောင်မှ အရမ်းကို ရိုသေလေးစား နေကြ၏။ သူမက နတ်အသွင် ပြောင်းလဲခြင်းအဆင့် စည်းကမ်းထိန်းသိမ်းသူရဲ့ ချစ်ခင်နှစ်သက်ခြင်းကို ရရှိတဲ့ သူတစ်ယောက်လည်း ဖြစ်သည်။ အကယ်၍များ လူတစ်ယောက်က ငတုံးငအ တစ်ယောက် မဟုတ်သရွေ့ ဟူးညိုက ဒီလိုမျိုး အသက်ငယ်ငယ်လေးမှာတောင် အစွမ်းအရမ်း ထက်မြက်နေပြီး သူမရဲ့ အနာဂတ် အလားအလာတွေက ဘယ်လောက်တောင် အံ့သြဖို့ ကောင်းလိုက်မလဲ ဆိုတာကို ပြောနိုင်ပါလိမ့်မည်။

သူတို့က သူမကို ကြည်ညိုရုံပဲ တတ်နိုင်သည်။

ခုနစ်နှစ်။ ခုနစ်နှစ်ကျော်။ ရှစ်နှစ် မပြည့်သေး

သိပ်မကြာခင်မှာ သူမရဲ့ အရိုးအသက်ကို စမ်းသပ်စစ်ဆေးပြီးခဲ့ပါပြီ။ ဒါပေမဲ့လည်း ဟူးညိုက အတော်လေးကို ဒေါသထွက်နေခဲ့သည်။ အပ်တစ်ချောင်းနဲ့ ထိုးစိုက်ခံရတာက အတော်လေးကို နာကျင်ပြီး သူမရဲ့ အရိုးအသက်ကို စမ်းသပ်စစ်ဆေးတဲ့ တပည့်ဖြစ်သူကို ရက်စက်ကြမ်းကြုတ်တဲ့ ပုံစံနဲ့ မျက်စိတစ်ချက်

ငေ့ကြည့်လိုက်သည်။

ဤရက်စက်ကြမ်းကြုတ်ခြင်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ ၎င်းက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ကိုတောင် ဖိနှိပ်နိုင်သည်။ ထိုတပည့်ဖြစ်သူက ထိတ်လန့်မှုကြောင့် သူ့ဆီးအိမ်ကိုတောင် မထိန်းနိုင်တော့ပဲ ကြောက်သေးတွေ ထွက်သွားခဲ့သည်။

လင်းဟန်လည်း အံ့အားသင့် နေခဲ့သည်။ ဟူးညိုက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဂင်ရောက် သွားလိမ့်မယ်လို့ မထင်မှတ်ထားမိခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီကောလေးမက အမြဲတမ်း ထူးဆန်းနေပြီး သူမရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်တက်မှုက ဘယ်လောက်ပဲ လျင်မြန်ပါစေ လုံးဂကို သာမန်ပါပဲ။

ဟင်း

ကော်လျန့်ချိုက်က အရမ်းကို မကျေမနပ် ဖြစ်သွားပြီး သူ့ကိုယ်သူ မထိန်းနိုင်တဲ့ တပည့်ကို အော်ဟစ်လိုက်သည်။

ထွက်သွားစမ်း။ ကိုယ့်ကိုကိုယ် အရင်ဆုံး သန့်ရှင်းအောင်

လုပ်ပြီးမှ ပြန်လာခဲ့

ဟုတ်ကဲ့ ဟုတ်ကဲ့

ထိုတပည့်က အလျင်အမြန် ခေါင်းညိတ်ပြီးတော့ ချာခနဲလှည့်ပြီးတော့ အပြေးတစ်ပိုင်းနဲ့ ထွက်သွားလိုက်သည်။ သူ့နှလုံးသားထဲမှာ မယုံနိုင်မှုတွေနဲ့ စိတ်ရှုပ်ထွေးနေသည်။ ဟူးညို့ရဲ့ အကြည့်က ကော်လျှန့်ချိုက်ထက်တောင် ပိုပြီးတော့ ကြောက်စရာကောင်းနေ၏။

ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ကော်လျှန့်ချိုက်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်လေ။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်။

လင်းဟန်က အရှေ့ကို ထြွက်လာခဲ့ပြီး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ရဲ့ အရှိန်အဝါက လှပ်ရှားလာပြီးတော့ အရိုးအသက်အတွက် စမ်းသပ်စစ်ဆေးမှု ခံယူဖို့ သူ့မှာအရည်အချင်း ပြည့်မီတယ်ဆိုတာ သက်သေပြနေသည်။ ဒီတစ်ကြိမ်မျာတော့ သူ့ရဲ့မူလရုပ်ရည်သွင်ပြင်ကို ထိန်းထားခဲ့၏။ သူက ကိုယ်ပိုင်နိုင်ငံ တည်ထောင်ပြီးတော့ မိုးကောင်းကင်ကို

စုတ်ဖြဲပြီးတော့ ဖွင့်လှစ်ဖို့ ဆုံးဖြတ်ထားတယ် ဆိုမှတော့ သူ့ရဲ့မျက်နှာအစစ်အမှန်ကို နောက်ကျရင်လည်း လူပုံအလယ်မှာ ဖော်ပြရပါလိမ့်မည်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်က သူဘာကိုပဲလိုချင်ချင် ဘယ်နေရာကိုပဲ သွားချင်ချင် လုပ်နိုင်စွမ်း ရှိသည်။

ကျေးဇူးပြုပြီးတော့ မင်းရဲ့လက်ကို ဆန့်ထုတ်လိုက်ပါ

ဟူးညိုကြောင့် အရိုးအသက်အတွက် စမ်းသပ်စစ်ဆေးတဲ့ တပည့်ဖြစ်သူက ကျေးဇူးပြု၍ဆိုတဲ့ စကားလုံးကို အသုံးပြုခဲ့သည်။ အဲဒီလိုမွ မပတ်ဘူးဆိုရင် သူကတန်းပြီးတော့ အော်ထုတ်ပစ် ပါလိမ့်မည်။ သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် မရတဲ့ လူတွေအတွက်တော့ သူတို့ရဲ့ ပါရမီတွေက အရမ်းကို အထင်ကြီးစရာ မကောင်းပါဘူး။ ထို့ကြောင့် သူ့အနေနဲ့ အရမ်းကြီး ယဉ်ကျေးနေစရာ ဘာကြောင့်လိုမှာလဲ။

ဒါပေမဲ့လည်း ဟူးညိုရဲ့ ပုံစံက သူတို့ကို တစ်ခုတော့ နားလည်သဘောပေါက်သွား စေခဲ့သည်။ ဒီကမ်ဘာကြီးက တကယ်ပဲ အရမ်းကို ကြီးမားလွန်းလှသည်။

အံ့သြမှင်တက်စရာ ပြိုင်ဘက်ကင်းတဲ့ ပါရမီရှင် တစ်ယောက်လည်း အချိန်မရွေး ထွက်ပေါ်လာနိုင်ပေသည်။

နင်က ညီးညီးရဲ့ လင်းဟန်ကို ရှိုင်းရှိုင်းစိုင်းစိုင်း ဆက်ဆံပုံ့တယ်ပေါ့လေ ဟုတ္လား

ဒါပေမဲ့ ဟူးညိုကတော့ သိပ်ပြီးတော့ မကျေနပ်ချင်သေးပါဘူး။ အဲဒီတပည့်ကို စိုက်ကြည့်ပြီး သူမရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို နောက်တစ်ကြိမ် အပြည့်အဝ ထုတ်ဖော်လိုက်၏။

ထိုတပည့်ဖြစ်သူကား ချက်ချင်းဆိုသလို ထိတ်လန့်သွားပြီး မြေကြီးပေါ်ကို လဲကျသွားခဲ့သည်။ သူက ရှေးဦးသားရဲတစ်ကောင်ရဲ့ ပစ်မှတ်ထားခြင်းကို ခံနေရသလိုမျိုး ခံစားလိုက်ရပြီး သူ့ခန္ဓာကိုယ် တစ္ခုလုံး ကြက်သီးမွေးညှင်းတွေ ပေါ်လာခဲ့သည်။ သူ့ဆီးအိမ်ကိုလည်း ထိန်းမနိုင်လုနီးနီး ဖြစ်သွားခဲ့သည်။

နောက်ဆုံးတော့ သူ့ရဲ့အဖော်ဖြစ်သူက ဘယ်လိုမျိုး တွေ့ကြုံခံစားလိုက်ရသလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့သည်။ ဤကေလးမကား လူသားတစ်ယောက် မဟုတ်ပေ။

လင်းဟန်က ညင်ညင်သာသာ ပြုံးပြီးတော့ ပြောလိုက်သည်။

ကောင်းပြီ။ ပြဿနာ မရှာနဲ့တော့

ဟူးညိုက ချက်ချင်းပဲ ပြုံးပြီးတော့ လင်းဟန်ရဲ့ လက်ကို ပျော်ရွှင်စွာနဲ့ ကိုင်ထားပြီး လုံးဂကို နာခံတတ်တဲ့ ကေလးမေလး တစ်ယောက်နဲ့ တူနေသည်။

အကယ်၍ မင်းသေသွားခဲ့မယ် ဆိုရင်တောင် အဲဒါက သူမရဲ့ လှည့်စားတတ်တဲ့ ပုံစံကြောင့် မင်းက အရှုံးလုပ္ပံ့ရတာ ဖြစ်ပြီး မင်းအသက်ကို ပြန်ပြီးတော့ ပေးလိမ့်မည် မဟုတ်ချေ။ သူမကို ယုံကြည်တဲ့ မည်သူမဆို တကယ့်ကို ကံဆိုးမိုးမှောင် ကျပါလိမ့်မည်။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပေးလိုက်သည်။ ထိုတပည့်ဖြစ်သူက သူ့နဖူးပေါ်က အေးစက်စက် ချွေးတွေကို သုတ်ပြီးတဲ့နောက်မှာ ပြန်ပြီးတော့ မတ်တတ်ထရပ်လိုက်သည်။ သူ့ရဲ့လက်ထဲမှာ ရွှေအပ်တစ်ချောင်း ကိုင်ထားပေမဲ့ တဆတ်ဆတ် တုန်နေသည်။ သူ့အနေနဲ့ ဆီးအိမ်ကို မထိန်းနိုင်လောက်အောင် ထိတ်လန့်ကြောက်ရွံ့ခြင်း

မရှိတော့ပေမဲ့ နည်းနည်းတော့ ကြောက်နေဆဲပါပဲ။

သူက သူ့ရဲ့ထိန်းမရ ဖြစ်နေတဲ့ ခံစားချက်တွေကို တည်ငြိမ်အောင် လုပ်ပြီးတော့ လင်းဟန်ရဲ့ လက်ကောက်ဝတ်ကို အပ်နဲ့ထိုးဖောက်လိုက်သည်။ ဒါပေမဲ့ ရွှေအပ်က နွားသိုးတစ်ကောင်ရဲ့ အမွေးတချောင်းလို သေးသွယ်ပြီးတော့ လင်းဟန်၏ အရေအပြားကို ထိုးဖောက်နိုင်စွမ်း မရှိပေ။

မင်းရဲ့မူလစွမ်းအင်ကို ကာကွယ်ဖို့ အသုံးမပြုပါနဲ့

ထိုတပည့်ဖြစ်သူက အနည်းငယ် မကျေမနပ်နဲ့ ပြောလိုက်သည်။ ဒါပေမဲ့လည်း သူ့စကားများ ဆုံးသွားသည့် အချိန်တွင် သူ၏မျက်နှာထက်မှာ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေခဲ့သည်။

ဘယ်လိုမှန်းစတားကောင်လဲ။ သူ့ကိုယ်သူ ကာကွယ်ဖို့ မူလစွမ်းအင်ကို အသုံးမပြုခဲ့ဘူးဆိုတာ ပေါ်လွင်ထင်ရှားသည်။ ဘာဖြစ်လို့ သူ့ရဲ့အရေပြားက အရမ်းကို မာကျောပြီး အရိုးဖောက်အပ်နဲ့ အရေပြားကိုတောင် ထိုးဖောက်လို့ မရနိုင်ရတာလဲ။

ဤအရိုးဖောက်အပ်က လူတစ်ယောက်၏ အရိုးအသက်ကို စမ်းသပ်စစ်ဆေးတဲ့ နေရာမှာ အသုံးပြုဖို့အတွက် အထူးတလည် ပြုလုပ်ထားသည့် ပစ္စည်းတစ်ခု ဖြစ်သည်။ ၎င်းအပ္က စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အရေပြားကို လွယ်လွယ်ကူကူနဲ့ ထိုးဖောက်နိုင်ပြီးတော့ အရိုးဆီကို ရောက်ရှိပြီး အရိုးတစ်ရှူးစ အနည်းငယ်ကို ဆွဲထုတ်နိုင်သည်။ အဲဒီနောက် အပ်ပေါ်က တစ်ရှူးစကနေ အသက်အရွယ်ကို တိုင်းတာရ၏။

လူတစ်ယောက်ရဲ့ အသက္က ပိုပြီးတော့ ငယ်ရွယ်လေ တိုင်းတာမှုက ပိုပြီးတော့ တိကျသည်။ ဒါပေမဲ့ အသက်တစ်ရာကျော်ပြီးတဲ့ နောက်မှာ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်၊ ငါးဆယ်နှစ် စသည်ဖြင့် ရှိသည်။ ဘာဖြစ်လို့လည်းဆိုတော့ လူတစ်ယောက်က အသက်လေးရာ ငါးရာအရွယ်ကို ရောက်ရှိလာတဲ့ အချိန်မှာ လူတစ်ယောက်၏ ကျင့်ကြံခြင်းက အနည်းဆုံး နောက်ထပ် နှစ်ပေါင်းငါးဆယ်လောက် ပြောင်းလဲခြင်း မရှိပါဘူး။

အရိုးဖောက်အပ်ကား လင်းဟန်၏ အရေပြားကို ထိုးဖောက်နိုင်စွမ်း အမှန်စင်စစ် မရှိခဲ့ပေ။ နောက်ပြီးတော့ သူ့ကိုယ်သူ ကာကွယ်ဖို့ကိုလည်း မူလစွမ်းအင်ကို အသုံးမပြုခဲ့တာကြောင့် ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

သူက မွန်းစတား တစ်ကောင်နဲ့ ကြုံတွေ့နေတာများ ဖြစ်နိုင်မလား။

မြန်မြန် မြန်မြန်လုပ်။ နင်က လင်းဟန်ကို ဘယ်လောက်ကြာကြာ အပ်စိုက်ချင်နေတာလဲ

ဟူးညိုက မကျေမနပ် ဖြစ်လာခဲ့သည်။ နင်ကများ လင်းဟန်ကို ဆန့်ကျင်နေတာလား။ နင်က လင်းဟန်ကို တစ်ကြိမ်ပြီး တစ်ကြိမ် အပ်စိုက်နေပြီး အသက်ရှူခွင့်တောင် မပေးဘူး။

ဟူးညိုရဲ့ အပြစ်တင် ကြိမ်းမောင်းမှုကြောင့် ထိုတပည့်ဖြစ်သူမှာ ပိုပြီးတော့ စိတ်လှုပ်ရှား လာခဲ့ပြီး သူ့လက်တွေလည်း ပိုပြီးတော့တောင်မှ တဆတ်ဆတ် တုန်လာခဲ့သည်။ သူ့အနေနဲ့ လင်းဟန်ရဲ့ အရေပြားကို ထိုးဖောက်မနိုင်တဲ့ အခ်ကြို အသာထား လင်းဟန်ရဲ့ လက်ကိုတောင်မှ သူက မထိုးဖောက်နိုင်ခဲ့ပါဘူး။

အမိုက်ကောင်ပဲ

ကော်လျန့်ချိုက်က ရှေ့ထွက်လာပြီး ထိုတပည့်ကို

ဘေးကိုတွန်းထုတ်ပြီးတော့ အရိုးဖောက်အပ်ကို လှယူလိုက်ပြီး လင်းဟန်ရဲ့ လက်ကို အပ်နဲ့ထိုးဖောက်လိုက်သည်။

ပှမ်း။

ရွှေရောင်အပ်က လျှင်မြန်စွာနဲ့ တိုသွားခဲ့သည်။

အွကျ စိုက်ဂင်သွားတာလား။

မဟုတ်ဘူး။

ကော်လျှန့်ချိုက်က သူ့ကိုယ်သူ မရည်ရွယ်ပဲ အံ့အားသင့်သွားခဲ့သည်။ အရိုးဖောက်အပ်က တိုသွားခဲ့ပြီးတော့ အဲဒါက လင်းဟန်ရဲ့ အရေပြားကို ထိုးဖောက်သွားတာကြောင့် မဟုတ်ပါဘူး။ ပြီးတော့ ကော်လျှန့်ချိုက်က ခွန်အားအများကြီး အသုံးပြုခဲ့ပြီး လင်းဟန်၏ အေရျပားက အရမ်းကို မာကျောလွန်းတာကြောင့် တန်းပြီးတော့ ပ်ကွီးသြားခဲ့၏။ ဒါကြောင့် အပ်ကဖောက်ပြီးတော့ ဂင်သွားတယ်လို့ ထင်ရခြင်းဖြစ်သည်။

လပြွတ်။ ဒါမွန်းစတားပဲ။

အစောပိုင်းတုန်းက တပည့်ဖြစ်တဲ့လူကို ပိုင်းပြီးတော့ ရယ်မောလှောင်ပြောင်နေတဲ့ လူတွေက အခုတော့ ဘယ်သူမှ တုန်တုန်တောင် မလှုပ်ဝံ့ကြတော့ပေ။

ဘယ်လောက် အံ့အားသင့်စရာကောင်းတဲ့ ရုပ်ဆိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုလဲ။ နတ်အသွင် ပြောင်းလဲခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက်ကိုယ်တိုင် လုပ်ရှာလာသည့် အချိန်မှာတောင် ထိခိုက်ခြင်း မရှိပါဘူး။

ငါ့ဘာသာငါပဲ လုပ်ပါတော့မယ်

လင်းဟန်က ပြောလိုက်ပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်သည်။ သူ့ကိုယ်သူ လှီးလိုက်ပြီး ချက်ချင်းဆိုသလို သူ့အရေပြား စုတ်ပြဲသွားခဲ့သည်။

ကော်လျန့်ချိုက်က ပထမတော့ မှင်တက်နေပြီး အဲဒီနောက်မှာ ချက်ချင်းပဲ ဟောနတဲ့ ဒဏ်ရာကနေ အပ်ကိုထိုးဖောက် လိုက်သည်။ အဲဒီနောက် အရိုးဖောက်အပ်ကို ပြန်ဆွဲထုတ်ပြီး တစ်ချက် ကြည့်လိုက်သည်။ သူ၏မျက်နှာပေါ်တွင် အကြီးအကျယ် အံ့အားသင့်မှုက နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့သည်။

အဲဒီနောက် အံ့အားသင့်စွာနဲ့ ပြောလိုက်သည်။

အသက်ဆယ့်ကိုးနှစ်ကျော် အသက်နှစ်ဆယ် မပြည့်သေး

ငါ သတိလစ်တော့မှာပဲ။

သူတို့အနားက လူတွေလည်း နောက်တစ်ကြိမ် အံ့အားသင့်သွားပြီး ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ နောက်ထပ် မွန်းစတား တစ်ကောင် တကယ်ပဲ ထွက်ပေါ်လာခဲ့ပါပြီ။ သူက ဟူးညို့လောက် မွန်းစတား မဆန်ဘူးဆိုပေမဲ့ သူ့ရဲ့ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အကြောင်း စဉ်းစားကြည့်လိုက်ရင် သူက တကယ်ဆို သိပ်ပြီးတော့ မနိမ့်ကျလောက် ပါဘူး။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားကို ပြန်သိမ်းလိုက်ပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မော်စာလိပ်ကိုတောင် လည်ပတ်ဖို့ မလိုအပ်ခဲ့ပါဘူး။ စိန်အဆင့် ခန္ဓာကိုယ်မှာ မော်စာလိပ်ရဲ့ လျှို့ဝှက်ချက်တွေ အားလုံးကို ရေးထွင်းထားခဲ့ပြီး သူ့ရဲ့အသွေး အသား အကုန်လုံးတွင် ပါဝင်တာကြောင့် သူ့အရေအပြားက အလိုအလျောက် ပြန်ပြီးတော့ ကုသသွားခဲ့သည်။ သေးငယ်တဲ့ အမှာရွတ် သေးသေးလေး တစ်ခုတောင် မကျန်ခဲ့ပါဘူး။ တစ်ခါမှ

သူ့ဓားနဲ့ ခုတ်ခဲ့တာမျိုး မရှိသလိုပါပဲ။

ဒီအဖြစ်ကြောင့် လူအုပ်ကြီးကို နောက်တစ်ကြိမ် အံ့အားသင့်စွာနဲ့ မွန်းစတားလို ရေရွတ်မိ လိုက်ကြသည်။

သူတို့က လင်းဟန်ကို ဘယ်လိုမျိုး နိုင်အောင်လို့ လုပ်နိုင်မှာလဲ။

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မာကျောမှုက အနည်းနဲ့အများဆိုသလို စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အကန့်အသတ် ရှိပါတယ်။ ဒါကြောင့် အဆင့်တူထဲက လူဘယ်လောက်ကများ သူ့ရဲ့ခုခံကာကွယ်မှုကို ထိုးဖောက်နိုင်မှာလဲ။ နောက်ပြီးတော့ သူ့ရဲ့ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်က သူတို့ရဲ့ ဆံပင်တွေ ထောင်သွားလောက်တဲ့အထိ အံ့ဩစရာ ကောင်းလောက်အောင် အစွမ်းထက်လှသည်။ သူက ကျင့်ကြံခြင်းအဆင့်တူ အရည်အချင်းတူ သူတွေအားလုံးထဲမှာ ပြိုင်ဘက်ကင်း တည်ရှိမှု တစ်ခုဖြစ်ပေသည်။

Chapter 659 end

Uni.အပိုင်း(၆၆၀) ထူးဆန်းသော လေပြင်းများ

အတော်ကြာအောင် အံ့အားသင့်နေပြီးတဲ့ နောက်မှာတော့ ကော်လျန့်ချိုက်က အရမ်းကို ကျေနပ်နေခဲ့သည်။ အခု နောက်ထပ် ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာခဲ့ပြီး သူ့ကို အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းထဲကို ဆွဲသွင်းဖို့ ဆုံးဖြတ်ထားခဲ့သည်။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက အင်အားကြီးဂိုဏ်း ငါးဂိုဏ်း ပူးပေါင်းပြီး တည်ဆောက်ထားတယ် ဆိုပေမဲ့ သူတို့ကို အင်အားကြီး ဂိုဏ်းငါးဂိုဏ်းလို့ ခွဲခြားပြီး ထင်ရှားကျော်ကြားတယ် ဆိုမှတော့ သူတို့အထဲမှာ တိုက်ပွဲတွေနဲ့ ကျိုတ်ပြီးကြံစည်မှုတွေလည်း ရှိနေကြသည်။ အားလုံးက သူတို့ကိုယ်ပိုင် အဖွဲ့အစည်းအတွက် အရည်အသွေး မြင့်မားတဲ့ သွေးသစ်တွေကို အလိုရှိကြပြီး ဤကား ဖြတ်တတ်တဲ့ သေဘာတစ္ခု ဖြစ်ပေသည်။

အရမ်းကောင်းတယ်။ အရမ်းကိုကောင်းတယ်

ကော်လျန့်ချိုက်က ဆက်တိုက်ခေါင်းညိတ် လိုက်သည်။

လူငယ်လေး ငါမင်းကို မှတ်ထားရမယ်

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်သည်။ ကော်လျှန့်ချိုက်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အလွှာငါးမှာပဲ ရှိသေးတာဖြစ်ပြီး သူ့တိုက်ပွဲစွမ်းရည်က အမ်ားဆုံး ကြယ်ကိုးလုံးမှာ ရှိပါလိမ့်မည်။ လင်းဟန်က အခုတောင်မှ သူ့ကိုထိန်းချုပ်နိုင်သည်။ အနည်းဆုံးတော့ သူ့အနေနဲ့ ကော်လျှန့်ချိုက်နဲ့ လက်ရည်တူ တိုက်ခိုက်နိုင်စွမ်းရှိသည်။ ထို့ကြောင့် ကော်လျှန့်ချိုက်ကို လေးလေးနက်နက် ထားနေဖို့ သူ့အတွက် တကယ့်ကို မလိုအပ်ပါဘူး။

သူ့ကို နှလုံးသားထဲ ထည့်ထားမှာလား။

နောက်ပြီးတော့ သူက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဘယ်သူ့အတွက်ကိုမှ တွယ်တာခြင်း မရှိပါဘူး။

လင်းဟန်နဲ့ သူ့အဖော်တွေက စမ်းသပ်စစ်ဆေးမှုကို အောင်အောင်မြင်မြင်နဲ့ ကျော်ဖြတ်နိုင်ခဲ့ ကြသည်။ ယုန်ဖြူကြီးကတော့ နစ်ပေါင်းရာနဲ့ချီအောင် အသက်ရှင်နေထိုင်ခဲ့တာကြောင့် ဒီစမ်းသပ်စစ်မေးမှုထဲမှာ ပါဝင်နိုင်စရာအကြောင်း မရှိပါဘူး။ ပြီးတော့ ဘယ်နေရာကို သွားပြီးတော့ မုန္တာဥတွေ ခိုးနေသလဲဆိုတာ ဘယ်သူသိမှာလဲ။

(တန်ဖိုးရှိတဲ့ ဆေးပင်အမျိုးအစားတွေကို မုန်လာဥလို့ ရည်ညွှန်းပါလိမ့်မည်)

လင်းဟန်က ယုန်ဖြူကြီးကို အနက်ရောင် မျှော်စင်ထဲ မခေါ်ရတဲ့ အကြောင်းအရင်းက ယုန်ဖြူကြီးက စောရနက္ခတ်နဲ့ မွေးဖွားတယ်လို့ သတ်မှတ်ယူဆနိုင်ပြီး အနက်ရောင် မျှော်စင် တစ္စုလုံးက ဆေးပင်တွေကို အိတ်သွန်ဖာမှောက်ရှာပြီး လှန်လှောမွှေနှောက်ကာ ခိုးယူဖျက်ဆီး ပစ်လိုက်မှာကို စိုးရိမ်ပူပန်လို့ ဖြစ်သည်။

သူက လူဆိုးတွေကို ဆန့်ကျင်ရင်ဆိုင်ပြီး စောင့်ကြည့်ရပေလိမ့်မည်။

သူတို့က အရိုးအသက် စမ်းသပ်စစ်ဆေးမှု ပြီးသွားတဲ့နောက်မှာ ပထမ စမ်းသပ်စစ်ဆေးမှု အစီအစဉ် မတိုင်ခင် သူတို့က စောင့်နေရ၏။ ဘာဖြစ်လို့လဲဆိုတော့ အချိန်ကန့်သတ်ချက် တစ်ခုရှိပြီး စမ်းသပ်စစ်ဆေးမှု အားလုံး အတူတကြ ရွှေ့ဆက်သွားရပါလိမ့်မည်။

လင်းဟန်နဲ့ သူ့အဖော်နှစ်ယောက်က လူစုလူဝေး နေရာတစ်ခုဆီကို ရောက်လာခဲ့ကြသည်။ ထိုနေရာကား

ကြီးမားကျယ်ပြန့်ပြီး လူပေါင်း သုံးသောင်းကျော်လောက် စုစည်းနေကြသည်။ အရိုးအသက် စမ်းသပ်စစ်မေးမှ နေ့တစ်ဂက်ခန့် ကြာပြီးတဲ့ နောက်မှာ ဤမျှလောက် ပမာဏ စုစည်းမိခြင်း ဖြစ်သည်။ စမ်းသပ်မှ ပြီးဆုံးပြီးတဲ့ နောက်မှာဆိုရင် သေချာပေါက် လူတွေပိုပြီး များလာပေလိမ့်မည်။

ဘယ်လောက် အံ့သြဖို့ ကောင်းလိုက်သလဲ။ လိုအပ်တဲ့ အချက်အလက်တွေနဲ့ ပြည့်စုံတဲ့ လူတွေက တကယ်ကို များပြားလွန်းလှ၏။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ မချိတင်ကဲ ဖြစ်နေသည်။ ဒီဘုံရဲ့ ကံကြမ္မာ အားလုံးက လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ရာအတွင်းမှာ ပေါက်ကွဲထွက်လာခဲ့ပြီး ဒီပေါက်ကွဲမှုက သိုင်းပညာကမ်ဘာကြီး အပေါ်မှာ ကြီးမားတဲ့ အကျိုးသက်ရောက်မှု တစ္ခု ဖြစ်စေခဲ့သည်။ အကယ်၍များ ဒါက သူ့ယခင်ဘဂတုန်းကသာဆိုရင် တကယ်လို့များ လူပေါင်းတစ်ထောင်လောက် ဒီနေရာမှာ စုစည်းမိရင်ကိုပဲ အရမ်းကို အထင်ကြီးစရာကောင်းဖို့ လုံလောက်ပေလိမ့်မည်။

ဘယ်လိုတောင် ကွာဟချက် ကြီးမားရတာလဲ။

လင်းဟန်က လူစုကွဲနေတဲ့ မိုးရေကောရာဇ်နဲ့ မုချင်းယောင်ကို သွားမရှာပေမဲ့ သူ့ကို တစ်စုံတစ်ယောက်က ရှာတွေ့သွားခဲ့သည်။

လင်းဟန် မဟုတ္လား

ချင်ရီယွဲ့ ပေါ်လာခဲ့သည်။ သူမက သူ့ကိုစိုက်ကြည့်နေပြီး အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ တကယ်တော့ အဲဒီအချိန်တုန်းက လင်းဟန်က ရုပ်ဖျက်ထားခဲ့သည်။

လင်းဟန်ရဲ့ ရုပ်ဖျက်ခြင်းနဲ့ ပတ်သက်ပြီး အရမ်းကို ပေါ်လွင်တဲ့ အရာက ဟူးညိုပဲ ဖြစ်သည်။ ဘေးနားက ဒီမွန်းစတားဆန်တဲ့ ကလေးမနဲ့အတူ ဘယ်သူကများ ဒီနေ့ စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်နိုင်လိမ့်မှာလဲ။

မတွေ့တာတောင် အတော်ကြာပြီ

လင်းဟန်က ခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။

တကယ် နင်ပဲလား

အခုမှ ချင်ရီယွဲ့က သူ့ကိုအတည်ပြု နိုင်ခဲ့သည်။ အဲဒီနောက်

သူမက သူ့ကို သက်ာမကင်း ဖြစ်နေပုံနဲ့ စိုက်ကြည့်ပြီးတော့ မေးလိုက်သည်။

ဒီတစ်ကြိမ်ရော နင့်ရဲ့မျက်နှာအစစ်အမှန်ပဲလား

ဒါအမှန်ပဲ ဖြစ်နိုင်တယ်

ချင်ရီယွဲ့က မှင်တက်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

နင်က အရမ်းကို ငယ်ရွယ်နေလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်ထားခဲ့ဘူး

မင်းရဲ့ ချီးမွမ်းမှုအတွက် ကျေးဇူးတင်ပါတယ်

လင်းဟာန်က စပ်ဖြဲဖြဲ မျက်နှာနဲ့ ပြောလိုက်သည်။

အစ်ကိုလင်း

မောင်နှစ်မ နှစ်ယောက်ဖြစ်တဲ့ လီဖန်းယုနဲ့ လီဇီရှန်းတို့က လျှောက်လာပြီးတော့ လင်းဟာန်ကို နှုတ်ဆက်လိုက်ကြသည်။

လင်းဟာန်က သူတို့ကို ခေါင်းညိတ်ပြလိုက်သည်။

ဒါက

လီဖန်းယုက ချင်ရီယွဲ့ကို သတိထားမိသွားပြီး သူ့မျက်လုံးတွေ အရောင်တောက်လာခဲ့သည်။ သူက ချက်ချင်းပဲ အရှေ့ကို တိုးလာပြီးတော့ ပြောလိုက်ပါတယ်။

မိန်းမချောလေး ငါကတော့ အလားအလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ လူငယ်လေး လီဖန်းယုပါ။ အံ့အားသင့်စရာကောင်းတဲ့ ရုပ်ချောမှုနဲ့ ခံ့ညားထယ်ဝါမှုတွေ ပြည့်နှက်နေသူပေါ့

နင်က ဘယ်လောက် ချောမောခံ့ညားတယ် ဆိုတာကိုတော့ ငါမမြင်ဘူး။ ဒါပေမဲ့ နင်က တကယ့်ကို လေကြွားတစ်ယောက်ပဲ

ချင်ရီယွဲ့က ပြုံးလိုက်သည်။

အိုး သူလား။ သူတို့က သူ့ကို ပါးစပ်ကြီးလီလို့ ခေါ်ကြတယ်။ ကြွားတာက သူ့ခွန်အားပဲလေ

လင်းဟန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘာပြောတယ်

လီဖန်းယုက မကျေနပ်ချင်ယောင် ဆောင်လိုက်သည်။

ငါက ကြွားဝါတဲ့ နေရာတစ်ခုမှာပဲ ကျွမ်းကျင်ရုံတင်မကဘူး လေမှုတ်တူရိယာ မျိုးစုံမှာလည်း ကျွမ်းကျင်တယ်။ တူရိယာ တစ်ခုကို မှုတ်ပြီးတော့ တစ်ခုကို တီးခတ်နေရင်းနဲ့ သီချင်းဆိုနိုင်တယ်

အစ်ကို နင်သိပ်ပြီးတော့ အများကြီး လျှောက်မပြောနဲ့

လီဇီရှန်းက မျက်နှာတွေ နီရဲတွတ်လို့ နေသည်။ သူမရဲ့အစ်ကို လူပြက်တစ်ယောက်နဲ့ တူပြီးတော့ သူမက ငရဲမှာ အမြဲတမ်းလိုလို ပိတ်လှောင်ခံထားရသလို စိတ်ပျက်ရသည်။

ညီမလေး နင့်ရဲ့ ဆံညှပ္ဗ တကယ်ကို လှတာပဲ

ချင်ရီယွဲ့က လီဇီရှန်း အနားကို ချဉ်းကပ်လာခဲ့သည်။ အမျိုးသမီးတွေက ဆက်သွယ်ဖို့ သူတို့ကိုယ်ပိုင် နည်းလမ်းတွေ ရှိကြပြီး မကြာခင်မှာ ကျူးရှမ်အာလည်း အုပ်စုထဲကို ဆွဲခံလိုက်ရသည်။ မိန်းကလေး သုံးယောက်က

ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလို ပြောဆိုနေကြပြီး ကြည့်ရတာ အရမ်းကို အချင်းချင်း သဟာဇာတ ဖြစ်နေကြသည်။

လင်းဟန်က ကန်းရီကို တွေ့လိုက်တဲ့ အခါမှာ ဟဲလန်ယွင်ကလည်း သူ့ဘေးမှာ ရှိနေသည်။ ဒါပေမဲ့လည်း လင်းဟန်က ကန်းရီကို ခေါင်းညိတ်ပြလိုက်ပြီး သူ့ကိုလာပြီးတော့ နုတ်ဆက်ခွင့် မပြုခိုင်းပေ။

ကြည့်စမ်း ဂမ်ရန်ချင်းချင်းလည်း ရှိနေတယ်

အားလုံးက သူတို့ရဲ့ အာရုံတွေကို စုစည်းလိုက်ကြသည်။ ဒါက နေမင်းရောင်ခြည်ဂိုဏ်းရဲ့ ပါရမီရှင် တစ်ယောက်ဖြစ်သည်။ သူမမှာ နာမည်ဂုဏ်သတင်း ကြီးကြီးမားမား မရှိပေမဲ့ ရုတ်တရက်ဆိုသလို မြင့်မားလာခဲ့သည်။ သူမမှာ ဟိုဟိုင်ယွဲ့နဲ့ ဆေဘာဓားဘုရင်လေးတို့လို အာဏာရှင်ကဲ့သို့ ပါရမီရှင်နေရာကို ခြိမ်းခြောက်နိုင်တဲ့ စွမ်းရည်ရှိနေသည်။

သူမက တကယ်ပဲ ထူးထူးခြားခြား လှပချောမောတဲ့ သူတစ်ယောက်ပဲ။ သူမက သေချာပေါက် နတ်သမီးလေး တစ်ပါးနဲ့ နှိုင်းယှဉ်နိုင်တယ်

ငါ့အမြင်တော့ နတ်သမီးလေး ရီယွင်ပဲ သူမကို ယှဉ်နိုင်လိမ့်မယ်

မင်းက ဒေါင်လင်းအာကို မေ့နေတာလား

ဟီးဟီး ဒေါင်လင်းအာကတော့ တခြားအဆင့်မှာ ရှိတယ်ဆိုတာ ပေါ်လွင်တာပဲ။ ဒီကမ်ဘာကြီး အထဲမှာ သူမနဲ့ ယှဉ်ပြိုင်နိုင်တဲ့ တခြားအမျိုးသမီး မရှိတော့ဘူး။ ဒါကြောင့် သူမအတွက် မြေပြင်ပေါ်မှာ နိုင်းယှဉ်စရာ လုံးဝမရှိတော့ဘူး

ပရိသတ်တွေ အားလုံးက တီးတိုးရွတ်ဆို ဆွေးနွေးနေကြသည်။

လင်းဟန်တောင်မှ အနည်းငယ် သိချင်စိတ် ဖြစ်သွားခဲ့သည်။ ဒေါင်လင်းအာက ဘယ်လောက်များ လှပချောမောနေလို့ ပါရမီရှင်တွေအများကြီးက သူမရဲ့ အလှအပကို ချီးကျူးပြောဆို နေကြတာလဲ။

ဂမ်ရန်ချင်းချင်းက တစ်ယောက်တည်းတောင် အရမ်းကို ချောမောလှပသူ ဖြစ်သည်။ သူမရဲ့ အံ့အားသင့်စရာကောင်းတဲ့ အစွမ်းကိုပါ ထည့်တွက်မယ်ဆိုရင် ဘယ်သူကမှ သူမရဲ့အနီး

ဆယ့်ငါးမီတာ အကွာအဝေးထဲမှာ ပြဿနာရှာဝံ့မှာ မဟုတ်ပါဘူး။ သူတို့အားလုံးက ဒီနတ်သမီးနဲ့ တူတဲ့ အချောအလှလေးကို အဝေးကနေ အထင်ကြီးအားကျနေကြသည်။ တချို့ ရမ်းကားပြီး ရဲတင်းတဲ့ လူငယ်တစ်ချို့က သူမနဲ့ စကားစမြည် ပြောဆိုဖို့ ကြိုးစားကြပေမဲ့ အေးစက်စက်နဲ့ ငြင်းပယ်ခြင်း ခံလိုက်ကြရသည်။ တချို့ကလည်း သူတို့ရဲ့ ကလန်တွေ ဂိုဏ်းတွေကို အသုံးပြုပြီး သူမကို အကျပ်ကိုင်ဖို့ ရည်ရွယ်ထားပေမဲ့ သူမရဲ့ ဓားကို ဆွဲထုတ်ပြီးတော့ သူတို့ကို ဖိအားပေး နောက်ဆုတ်ခိုင်းခြင်းကို ခံလိုက်ရသည်။ ပြီးတော့ တော်တော်ကို ဆိုးဝါးတဲ့ လူတချို့ကတော့ ဓားနဲ့ခုတ်ခံရပြီး ပြတ်ရှဒဏ်ရာတွေ ရသွားကြသည်။

လင်းဟန်က လုယွမ်ရှန်းကိုလည်း တွေ့မြင်လိုက်ရသည်။ ဒီကောင်က သစ်သားဓား တစ်လက်ကို ကိုင်ထားဆဲ ဖြစ်ပြီးတော့ သစ်တုံးတစ်တုံးလို အမူအရာမျိုး ရှိနေသည်။ သူ့တစ်ယောက်ပဲ ကြည့်ရတာ သူကိုယ်တိုင် ဓားတစ်လက်နဲ့ တူနေသလို ဖြစ်နေသည်။ ဒါပေမဲ့ ဆွဲထုတ်ရမဲ့ ဓားတစ်လက်နဲ့ တူနေပြီး မွန်းကျပ်တဲ့ ခံစားမှု တစ်ခုကို ပေးစွမ်းပါတယ်။

တခြားလူတွေကတော့ အနာဂတ်မှာ ဓားနလုံးသားကို

ဘယ်သူကမ်ား ဖြစ်ပေါ်နိုင်မှာလဲ။ ဒီကောင်ကတော့ သေချာပေါက် ဖြစ်နိုင်ချေ အရှိဆုံး လူတစ်ယောက် ဖြစ်သည်။

သူ၏အာရုံတွေ အားလုံးကို သူ့ဓားအပေါ်မှာ စိုက်ထားပြီး ဓားနဲ့ပတ်သက်ရင် လုံးဝကို ရူးသွပ်နေသူ ဖြစ်သည်။ သူ့နှလုံးသားထဲမှာ ဓားတစ်ခုပဲ တည်ရှိနေခဲ့သည်။ သူက ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ သူ့လုံလဝီရိယနဲ့အတူ တကယ်လို့ မရူးသွပ်ခဲ့ဘူး ဆိုရင်တော့ သူရရှိနိုင်တဲ့ အောင်မြင်မှုတွေက အံ့အားသင့်စရာ ကောင်းနိုင်ပေလိမ့်မည်။

တစ်ရက်တာ အချိန်က အရမ်းကို လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့သည်။ မနက်မိုးသောက် ဂေလီဂေလင်း အချိန်တွင် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက စမ်းသပ်စစ်ဆေးမှုရဲ့ ပထမအချီ စတင်ကြောင်း ကြေညာခဲ့သည်။

သူတို့တွေ အားလုံးက စုစုပေါင်း သုံးရက်လောက် ခရီးထွက်ခဲ့ရပြီး တောင်သုံးလုံးကို ကျော်ပြီး လျှိုမြောင် တစ်ခုဆီကို ဦးတည်သွားခဲ့ကြသည်။ လျှိုမြောင်၏ နာမည်က တစ္ဆေဖမ်း လျှိုမြောင်ဟု ခေါ်ဆိုသည်။ သုံးရက်အချိန် အတွင်းမှာ ရည်မှန်းချက် ပန်းတိုင်ဆီကို ရောက်အောင်လို့

သွားနိုင်တဲ့လူတွေက စမ်းသပ်စစ်ဆေးမှုရဲ့ နောက်တစ်ချီကို ဂင်ရောက်ပါဂင်ဖို့ အရည်အချင်း ပြည့်မီပေလိမ့်မည်။ နောက်ပြီးတော့ သူတို့က နောက်တချီမှာ အဆင့်တက်ပြီး ဂင်ရောက်နိုင်စွမ်း ရှိမှာဖြစ်၏။ သုံးရက်ကျော်ပြီးမှ ရောက်လာတဲ့ သူတွေကတော့ ဂမ်းနည်းပါတယ်။ အိမ်ကိုပဲ တန်းပြန်ရပါလိမ့်မည်။

ပထမ အချီထဲမှာ တိုက်ခိုက်မှုကို တားမြစ်ထားသည်။ ဒီစည်းကမ်းကို ဖောက်ဖျက်သူ မွန်သမ္မ ချက်ချင်း ဖမ်းဆီးခံရပေမည်။ ဒုတိယ အချီမှာ တိုက်ခိုက်ခွင့် ပြုထားသည်။ ဒါပေမဲ့ သတ်ဖြတ်လို့ မရနိုင်ပေ။ တကယ်တော့ အဲဒီအချိန်ကျရင် အားလုံးက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တစ်ယောက် ဖြစ်လာပါလိမ့်မည်။

ဒီနေရာမှာ အဆုံးမဲ့ ကျင့်ကြံသူတွေက သူတို့နတ်ဘုရားအာရုံတွေနဲ့ အဆက်မပြတ် စစ်ဆေးနေမှာ ဖြစ်ပြီးတော့ အထူးသဖြင့် တိုက်ပွဲကြောင့် ဖြစ်ပေါ်လာမည့် အားလိုင်းတွေအတွက် စောင့်ကြည့်ခြင်း ဖြစ်သည်။

လက္ခဏာ တစ္စုံခု တွေ့တာနဲ့ အားလုံးက ထွက်ပေါ်လာကြပေမည်။

လင်းဟန်က ချင်ရီယွဲ့၊ လီဖန်းယုနဲ့ တခြားလူတွေကို ခေါင်းညိတ်ပြပြီး ကျူးရှွမ်အာနဲ့ ဟူးညိုကို ခေါ်ပြီးတော့ တောအုပ်အထဲကို ထွက်လာခဲ့ကြသည်။

ဟင်

သူက အနည်းငယ် အံ့အားသင့် သွားခဲ့သည်။ ဒီနေရာအထဲမှာ ဘေးကနေပြီး ထုတ်လွှတ်နေတဲ့ မမြင်ရတဲ့ လေစီးကြောင်းတွေ ရှိနေသည်။ လေတိုက်ခိုက်မှုကြောင့် သူ့ခန္ဓာကိုယ် တစ်ခုလုံး မြေပြင်ကနေ လွင့်ထွက်လုနီးပါး ဖြစ်သွားခဲ့သည်။ ကံကောင်းတဲ့ အချိန်က သူ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သန်မာပြီးတော့ တောင်ကြီးတစ်လုံးလိုမျိုး မားမားမတ်မတ် ရပ်တည်နေပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်က လေတိုက်ခတ်လာရင်လည်း သူ့ကိုဘာများ လုပ်နိုင်မှာလဲ။

ကျူးရှွမ်အာက လေပြင်းတစ်ချက် တိုက်ခတ်မှုကြောင့် မြောက်တက်သွားတယ် ဆိုပေမဲ့ လင်းဟန်က အလျင်အမြန် လုပ်ရှားပြီး သူမကို ဆုပ်ကိုင်ထား နိုင်ခဲ့သည်။ ကျူးရှွမ်အာက အခွင့်အရေးကို ကောင်းကောင်းကြီး အသုံးချပြီးတော့ လင်းဟန်ရဲ့ ရင်ခွင်ထဲကို ဆင်းသက်လိုက်ပြီး မျက်နှာပေါ်မှာ

စိတ်ပျက်တဲ့ အမူအရာတစ်ခု ဖြစ်နေပေမဲ့ စိတ်ထဲမှာတော့ ကျေနပ်ပျော်ရွှင်မှုတွေနဲ့ ပြည့်နက်နေခဲ့သည်။

ဟူးညိုကတော့ တခိခိနဲ့ ရယ်မောပြီးတော့ လေထဲမှာ ဆော့ကစားနေခဲ့သည်။ လေတစ်ချက် တိုက်ခတ်လိုက်တဲ့ အချိန်မှာ သူမက အအေးကို လွင့်သွားပေမဲ့ လျှပ်စီးအလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲပြီးတော့ လင်းဟန်ရဲ့ ဘေးနားမှာ ပြန်ပြန်ပြီး ပေါ်လာခဲ့သည်။

ရုပ်ဆိုးမကြီး။ ညိုးညိုးရဲ့ လင်းဟန်ကို မြန်မြန်လွှတ်လိုက်စမ်း

ဟူးညိုက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူမရဲ့ မနာလိုမှုတွေ မီးဟုန်းဟုန်း တောက်လို့ လာခဲ့သည်။

လင်းဟန်က ဟူးညိုကိုလည်း ကောက်ချီလိုက်တော့မှ ဟူးညိုကလည်း နှုတ်ခမ်းစူပြီးတော့ တိတ်သွားခဲ့သည်။

ဟုန်း။

လေတိုက်ခတ်တဲ့ လမ်းကြောင်းက နောက်တစ်ကြိမ် ပြောင်းလဲသွားခဲ့သည်။ ဒီတစ်ကြိမ်တော့ သူတို့ကို အရှေ့ကနေ တိုက်ခတ်ပြီး မကြာခင်မှာ လေတိုက်ခတ်မှုက

နောက်တစ်ကြိမ် ပြောင်းလဲသွားပြီး သူတို့ကို နောက်ကျောဘက်ကနေ တိုက်ခိုက်လိုက်သည်။ ထို့နောက် အရှေ့မှ နောက်တစ်ကြိမ် တိုက်ခိုက်ပြီး ဘယ်ဘက်ခြမ်းကနေ ထပ်တိုက်ခိုက်သည်။ လေတိုက်ခိုက်ရာ လမ်းကြောင်းက အရမ်းကို လျင်မြန်စွာနဲ့ ပြောင်းလဲသွားခဲ့သည်။

သူတို့က တောင်သုံးလုံးကို ဖြတ်ကျော်ဖို့ အချိန်သုံးရက် အချိန်ပေးခဲ့တာ အံ့ဩစရာ မဟုတ်တော့ပေ။ ဒီနေရာမှာ တိုက်ခိုက်နေတဲ့ လေတွေက အစီစဉ်တကျ မရှိပဲ တိုက်ခိုက်နေခြင်း ဖြစ်၏။ လင်းဟာန်အနေနဲ့ သေချာတာတော့ တကယ်လို့ သူတို့ကို ရက်ပေါင်းသုံးဆယ် ပေးရင်တောင်မှ အမ်ားစုက ပန်းတိုင်ကိုရောက်အောင်လို့ ကြိုးစားနိုင်မှာ မဟုတ်ပါဘူး။ သုံးရက်ပဲ ပေးထားတဲ့ အချိန်မှာ ဘာများတတ်နိုင်ဦးမှာလဲ။

ဒီနေရာကို သုံးရက်အတွင်းမှာ လမ်းလျှောက်ပြီး ထွက်လာနိုင်ရုံနဲ့ ကောင်းကင်ပြြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေ ဖြစ်လာလိမ့်မယ် ဆိုမှတော့ ဘယ်လိုလုပ်ပြီး ဤစမ်းသပ်စစ်ဆေးမှုက ရိုးရှင်းနိုင်လိမ့်မည်နည်း။

Chapter 660 end

Zawgyi.အပိုင်း(၆၆၁) ဆုံချက်အခင်းအကျင်း

ဒါပေမဲ့ လင်းဟန်အတွက်တော့ ဒါက အသေးအမွှားလေး တစ်ခုပဲ ဖြစ်ပါတယ်။

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျော်ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ကြည့်ရတာ တောင်ကြီး တစ်လုံးနဲ့ တူပါတယ်။ ဒါကြောင့် ဒီထူးဆန်းတဲ့ လေပြင်းတချို့ကြောင့် အပေးကို လွင့်ထွက်သွားဖို့ဆိုတာ ဖြစ်နိုင်မှာလား။ သူလှမ်းတဲ့ ခြေလှမ်းတိုင်းက တည်ငြိမ်ပြီး မြဲမြံနေပါတယ်။ စိန်အဆင့် ခန္ဓာကိုယ်က ၎င်းရဲ့အစွမ်းကို ထုတ်ဖော်ပြသနေပြီး သူ့ကို တုန်လှုပ်ခြင်းမရှိ၊ ဖျက်ဆီးနိုင်ခြင်းမရှိ စိန်ကဲ့သို့ ထာဝရ တည်မြဲနေတဲ့ ပုံစံမျိုး ဖြစ်စေခဲ့ပါတယ်။

ဒုတိယ အချီက ကျောက်တုံးတွေကို စုစည်းဖို့ဖြစ်ပြီး ပိုပြီးတော့ များများစုစည်းနိုင်ရင် ပိုကောင်းပါတယ်။

ဒါပေမဲ့လည်း သုံးရက်ဆိုတဲ့ အချိန်အတွင်းမှာ ပန်းတိုင်ကို ရောက်နိုင်ရင် ဒုတိယ စမ်းသပ်စစ်ဆေးမှုအတွက် အရည်အချင်း ပြည့်မီနိုင်စွမ်း ရှိလိမ့်မယ်။ ဒါကြောင့်

နည်းနည်းလောက် နောက်ကျရင်တောင် အဆင်ပြေလိမ့်မယ်။ တခြားသူတွေကို ကျောက်တုံးတွေ ကောက်ယူဖို့ အချိန်ပေးလိုက်ဦးမယ်။ ပြီးတော့မှ သူတို့ဆီကနေ လုယူရမယ်။

ကျင့်ကြံခြင်း လမ်းကြောင်းပေါ်မှာ ပြိုင်ပွဲဆိုတာ ရှောင်လွှဲလို့ မရတာ သဘာဝပါပဲ။

ဒီနေရာမှာ ထွက်ပေါ်လာတဲ့ လေစီးကြောင်းတွေက အတော်လေးကို စိတ်ဝင်စားဖို့ကောင်းတယ်။ ဒီနေရာမှာ ဂင်္ဂါ အစီအရင် အမျိုးအစားတချို့ ရှိနိုင်တယ်။ အဲဒါကြောင့်ပဲ ဒီလိုမျိုး အခြေအနေတွေကို ထုတ်ဖော်နိုင်တဲ့ တစ်ခုတည်းသော အရာလည်း ဖြစ်လိမ့်မယ်။

တကယ်လို့ ငါက ဂင်္ဂါ မျက်လုံးကို ရရှိခဲ့မယ်ဆိုရင် ဟီးဟီး အဲဒါက တကယ်ကို ကောင်းမှာပဲ။

ငါဆုံးဖြတ်ပြီးပြီ။

လင်းဟန်က သူနဲ့အတူ ကျူးရွှမ်အာနဲ့ ဟူးညိုတို့ကို ခေါ်သွားပြီး ဂင်္ဂါမျက်လုံးကို ရှာဖွေဖို့ ထွက်လာခဲ့ကြပါတယ်။

ဒီတောင်သုံးလုံး အပေါ်မှာ စိတ်ဂိညာဉ် ဆေးပင်အမျိုးအစား နည်းနည်းလေးမှ မရှိပါဘူး။ ဒီနေရာက သာမန်တောအုပ် ဇရိယာတစ်ခုသာသာပဲ ရှိပါတယ်။ ဒါကြောင့် အားလုံးက သူတို့ရဲ့ ခရီးစဉ် အပေါ်မှာပဲ အာရုံစိုက်ထားကြပြီး ဒီနေရာမှာ အာရုံတွေ ထွေပြားနေစရာ မလိုပါဘူး။ လင်းဟန်က မိန်းကလေး နှစ်ယောက်ကို သယ်ဆောင်လာပြီး အရမ်းကို သက်တောင့်သက်သာ ဖြစ်နေပုံကို မြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံးက မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။

သူတို့တွေက ဂင်္ဂါပါအစီအရင် တစ်ခုအထဲမှာ ပိတ်ခံထားရတယ် ဆိုမှတော့ သူတို့တွေက ဒီနေရာမှာ ရှိနေတဲ့ လေစီးကြောင်းတွေ ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို ခံစားနိုင်ပါတယ်။ ဒီနေရာမှာရှိတဲ့ လေတွေက အရမ်းကို သန်မာပြီး သူတို့ကိုယ်သူတို့ ရွှံ့နွံတွေထဲ လမ်းလျှောက်နေရတဲ့ သေမျိုးသာမန်လူတွေ ဖြစ်နေတယ်လို့တောင် ခံစားရပြီး အရမ်းကို ထိတ်လန့်စရာကောင်းတဲ့ အခြေအနေ ဖြစ်နေပါတယ်။ သူတို့လှမ်းတဲ့ ခြေလှမ်းတိုင်းက မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲလွန်းပါတယ်။

ဒါပေမဲ့ လင်းဟန်ကို တစ်ချက်ကြည့်ကြည့်ပါဦး။

သူ့ရဲ့လက်နှစ်ဖက်မှာ လူနှစ်ယောက်ကို ဆွဲခေါ်လာတာတောင်မှ အရမ်းကို လွယ်လွယ်ကူကူနဲ့ လမ်းလျှောက်နေနိုင်ဆဲပါပဲ။ ဒီလိုမျိုး နှိုင်းယှဉ်မှု တစ်ခုအောက်မှာ သူတို့က မျက်ရည်တောင် ထွက်ကျလုမတတ် ခံစားနေရပါတယ်။

မင်းက ငါတို့ရဲ့ နုနယ်တဲ့ နှလုံးသားတွေကို အခုလိုမျိုး လေကြမ်းကြမ်းနဲ့ မှုတ်မထုတ်ပစ်သင့်ပါဘူးကွာ။

ဂမ်ရန်ချင်းချင်း၊ ကျောင်းဇီယွင်နဲ့ တခြားထိပ်တန်း ပါရမီရှင်တွေကလည်း ဒါကိုမြင်တွေ့သွားကြပြီး သူတို့အားလုံးက မအံ့သြပဲ မနေနိုင်အောင် ဖြစ်နေကြသည်။

သူတို့အားလုံးက အရမ်းကို ယှဉ်ပြိုင်လိုစိတ် ပြင်းပြသူတွေ ဖြစ်ပါတယ်။ သူတို့က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တိုက်ရိုက်ဝင်ရောက်ခွင့် ဖိတ်ကြားခြင်း မရရှိခဲ့ပေမဲ့ သူတို့အားလုံးက သူတို့ရဲ့ စွမ်းရည်တွေကို ယုံကြည်မှုအပြည့် ရှိကြပါတယ်။ သူတို့အနေနဲ့ ဖိတ်ကြားခြင်း မခံခဲ့ရတဲ့ အကြောင်းအရင်းက အတိတ်တုန်းက သူတို့က အရမ်းကို နှိမ့်ချပြီးတော့ နေထိုင်ခဲ့ကြလို့ ဖြစ်ပါတယ်။

ဒီတစ်ကြိမ်တော့ သူတို့အားလုံးက တစ်ခါတည်း

ထင်ပေါ်ကျော်ကြားသူ ဖြစ်လာဖို့ ဆုံးဖြတ်ချက် ချထားခဲ့ကြပါတယ်။

ဒါပေမဲ့ သူတို့ရဲ့ ထူးချွန်ထက်မြက်တဲ့ စွမ်းအားနဲ့တောင်မှ တစ်ခြားလူတစ်ယောက်က သူတို့ကိုယ် အရင်ဆုံး အံ့အားသင့်သွားအောင် လုပ်နိုင်ခဲ့ပါတယ်။

ဒီလူက မြေခတ်ပါဂင်တဲ့ ကျင့်ကြံခြင်း နည်းစနစ် တချို့နဲ့ ခွန်အားကို အာရုံစိုက်ပြီး ကျင့်ကြံထားတာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ဟန်က အရမ်းကို ခိုင်မာမြဲမြံနေတာ ဖြစ်နိုင်ပါတယ်။ ဂမ်ရန်ချင်းချင်းနဲ့ တခြားပါရမီရှင် အားလုံးက ဒီလိုမျိုး တွေးလိုက်ကြပြီး သူတို့ရဲ့ ခေါင်းထဲမှာ ဂဏ်ပါ အစီအရင်ကို ဖြတ်ကျော်ဖို့ စဉ်းစားလိုက်ကြပါတယ်။

ဒီစမ်းသပ်မှုက လင်းဟန်အတွက် အံ့ဂင်ဂွင်ကျ ဖြစ်နေပုံရပါတယ်။ ဒါကြောင့် ဒီအချိန်မှာတော့ သူတို့က လင်းဟန်နဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ ရနိုင်မှာ မဟုတ်ပါဘူး။ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကများ ပြီးပြည့်စုံပြီးတော့ အပြစ်အနာအဆာ ကင်းတဲ့လူ ရှိလို့လဲ။

လင်းဟန်ကတော့ တစ်ခြားလူတွေနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို လုံးဂဂရုမစိုက်ပါဘူး။ သူ့က တောင်ကျော

တစ်ခုလုံး လျှောက်သွားနေပြီး နောက်ဆုံးမှာ အရမ်းကို ကျယ်ပြန့်တဲ့ တောင်ရဲ့တောအုပ် နေရာမှာ ပထမဆုံး ဂက်ပါ မျက်လုံးကို ရှာတွေ့သွားခဲ့ပါတယ်။

၎င်းက သုံးမီတာခန့်ရှိသည့် အလံတစ်ခု ဖြစ်ပြီးတော့ အလံတိုင် တစ်ခုလုံး မည်းနက်နေတဲ့ သတ္တုတစ်ခုနဲ့ ပြုလုပ်ထားပါတယ်။ ပြီးတော့ ၎င်းအပေါ်မှာ ဂက်ပါအစီအရင် သင်္ကေတတွေနဲ့ ပုံဖော်ထားပါတယ်။ အလံက လေထဲမှာ လွင့်နေပြီး သာမန်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အလံပေါ်မှာ သင်္ကေတပုံစံတွေ ရေးထွင်းထားခြင်း မရှိပဲ အဲဒီအစား အတောင်ပံပါတဲ့ ခြသေ့်တစ်ကောင်ပဲ ရှိပါတယ်။

"ဟင်"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဂက်ပါ အစီအရင် အခင်းအကျင်းက ပုံမှန်အားဖြင့် အလံတိုင် အပေါ်မှာ ပုံဖော်ထားတယ် ဆိုပေမဲ့ အလံကိုတော့ အလှဆင်ထားခြင်း မရှိပါဘူး။ဒါက အခင်းအကျင်းရဲ့ အဓိက သော့ချက်တစ်ခု ဖြစ်ပါတယ်။ ကံမကောင်းတာက လင်းဟန်အနေနဲ့ အလံရဲ့ နောက်ကွယ်က အံ့မခန်း ထူးခြားနက်နဲမှုကို နားလည်သဘော ပေါက်ထားပါတယ်။

"ဒီခြင်္သေ့ကို ကြည့်ရတာ အသက်ရှိနေပုံပဲ"

ဟူးညိုက အလံတိုင်ကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ပြီးတော့ အဲဒါက တကယ်ပဲ အသက်ရှူလိုက် ထုတ်လိုက်နဲ့ ရယ်စရာကောင်းလိုက်တာ"

လင်းဟန်က သတိပြုမိ သွားခဲ့ပါတယ်။ ဒီဂင်္ဂါပါ အခင်းအကျင်းက သဘာဝကနေ စွမ်းအင်တွေ စုစည်းဖို့ အသုံးပြုထားပြီး ဒီအလံက အဲဒီစွမ်းအားကို စစ်မှန်တဲ့ လေပြင်းတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ တောင်ရဲ့ တောအုပ်ဆီကို တိုက်ခတ်ပြီး ထူးဆန်းတဲ့ လေပြင်းတွေကို ဖြစ်ပေါ်စေခဲ့တဲ့ တစ်ခုတည်းသော နည်းလမ်းလည်း ဖြစ်နိုင်ပါတယ်။

"ဘယ်လောက်တောင် ကောင်းလိုက်တဲ့ ပစ္စည်းလဲ။ အဲဒါ ငါ့ဟာပဲ ဖြစ်ရမယ်"

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး အလံကို ဆွဲထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ခြင်္သေ့ကြီးရဲ့ မာန်ဖီသံက ထွက်ပေါ်လာခဲ့သည်။

အလံပေါ်က ခြင်္သေ့ကား အမှန်တကယ် ပုံစံပေါ်လာပြီး မီတာတစ်ရာ့ငါးဆယ်ခန့် အရွယ်အစားရှိ ရက်စက်ကြမ်းကြုတ်တဲ့ ခြင်္သေ့တစ်ကောင် ဖြစ်လာခဲ့သည်။ ၎င်းရဲ့အတောင်ပံကို ခတ်လိုက်ပြီး အရမ်းကို အစွမ်းထက်တဲ့ လေပြင်းတစ်ခု ထုတ်ဖော်လိုက်သည်။

"ခြင်္သေ့လေး လိမ်လိမ်မာမာနဲ့ ငါ့ဇလုံထဲကို လာခဲ့စမ်း"

ဟူးညိုက အိုးတွေခွက်တွေ အမျိုးမျိုးကို ကိုင်ပြီးတော့ သွားရည်တမြားမြား ကျနေပါတယ်။

"ဒါက စစ်မှန်တဲ့ သက်ရှိတစ်ကောင် မဟုတ်ပေမဲ့ အတောင်ပံခြင်္သေ့ တစ်ကောင်ရဲ့ နတ်ဘုရား ခွန်အားနဲ့ သွေးမျိုးဆက်တစ်စတို့နဲ့ ပြုစုပျိုးထောင်ပေး ထားတာပဲ"

လင်းဟန်က ခဏတာမျှ လေ့လာစစ်ဆေးပြီးတဲ့နောက်မှာ အံ့အားသင့် သွားခဲ့ပါတယ်။ ဒီခြင်္သေ့က ပတ်ဂန်းကျင်က စိတ်ဂိညာဉ် ချီတွေကို ဂက်ပါအလံရဲ့ စုစည်းမှုကနေ ဖြစ်ပေါ်လာပေမဲ့ အတောင်ပံပါ ခြင်္သေ့တစ်ကောင် အသက်ရှင်နေတဲ့ အချိန်တုန်းက ချန်ထားခဲ့တဲ့ သွေးမျိုးဆက် တစ်စ ရှိနေပါတယ်။ အဲဒါကြောင့် အသက်ဓာတ် ဖြည့်ပေးသလို ဖြစ်ပြီးတော့ စစ်မှန်တဲ့ သက်ရှိသတ္တဂါ

တစ်ကောင်လို ဖြစ်လာခဲ့ပါတယ်။

အဲဒါက တောင်ပံပါ ခြသေ့်တစ်ကောင်ရဲ့ သွေးနဲ့ ရေးဆွဲထားတာ ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့်ပဲ ဒီလိုမျိုး တောင်ပံပါခြသေ့် သက်ရှိတစ်ကောင်လို ဖြစ်လာပြီး မိန္တာသားရဲ တစ်ကောင်လိုမျိုး သူတို့အရှေ့ကို တွားသွားလာခဲ့ပါတယ်။

ဟူးညိုက အဲဒီခြသေ့်ကို မြင်လိုက်ရတဲ့ အချိန်မှာ သွားရည်တမြားမြား ကျလာတာ အံ့ဩစရာ မရှိတော့ပါဘူး။

"ကောင်းပြီလေ။ ဒါဆိုရင် ငါမင်းကို အရင်ဆုံး ထိန်းချုပ်ရမှာပေါ့"

လင်းဟန်က ပြုံးပြီးတော့ တောင်ပံပါခြသေ့်ရဲ့ နေရာကို တိုက်ခိုက်မှုတစ်ခု ထုတ်လွှတ်လိုက် ပါတယ်။

သူက ဓားအလင်းတန်းကိုတောင် ဖြစ်ပေါ်နိုင်ခဲ့ပြီး အရမ်းကို အစွမ်းထက်နေပါတယ်။ နောက်ပြီး လျှပ်စီးခန္ဓာကိုယ်ကို အသေးစား အောင်မြင်မှု အဆင့်ထိ အောင်မြင်အောင်လို့ ကျင့်ကြံနိုင်ခဲ့ပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ စိန်အဆင့် ခန္ဓာကိုယ်ကိုလည်း

အောင်မြင်ခဲ့ ပါတယ်။ တကယ်လို့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကို အသုံးမပြုဖူး ဆိုရင်တောင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ကျင့်ကြံသူတွေတောင်မှ သူ့ကိုထိခိုက်ဒဏ်ရာ ရရှိအောင်လို့ လုပ်ဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။

တောင်ပံပါခြင်္သေ့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ အထွတ်အထိပ် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ပဲ ရှိပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ လင်းဟာန်ကို ရင်ဆိုင်နိုင်မှာလဲ၊

ရှပ် ရှပ် ရှပ် ရှပ်။

တောင်ပံပါ ခြင်္သေ့က လေဓားသွား အတားအဆီး တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။ အဲဒီဓားသွားတွေမှာ အရမ်းကို အစွမ်းထက်တဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေ ပိုင်ဆိုင်ထားပြီး သိပ်သည်းနေတဲ့ သင်္ကေတတွေကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်။ ဒါပေမဲ့ လင်းဟာန်က အဲဒီဓားသွားတွေကို ရှောင်တိမ်းဖို့ စိတ်ကူးတောင် မရှိပါဘူး။ လင်းဟာန်က လေဓားသွားတွေကို သူ့ကိုထိမှန်ခွင့် ပြုလိုက်ပေမဲ့ သူ့ခန္ဓာကိုယ် အပေါ်က

အဂတ်အစားတွေကိုပဲ လှီးဖြတ်သွားခဲ့ပြီး သူ့အရေပြားကို ထိုးဖောက်နိုင်စွမ်း လုံးဝမရှိပါဘူး။ အဖြူရောင် အမှတ်အနည်းငယ်ပဲ ကျန်ရစ်စေခဲ့ပါတယ်။

"ခြသေ့်လေး ငွါစကားကို လိမ်လိမ်မာမာနဲ့ နားထောင်လိုက်ပါ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက လက်ညှိုးတစ်ချောင်းကို ဆန့်ထုတ်ခုတ်ချတဲ့ ပုံစံလုပ်လိုက်တာနဲ့ ဓားအလင်းတန်းက အသက်ဝင်လာပြီး တောင်ပံပါ ခြသေ့်ကို ခုတ်ပိုင်းလိုက်ပါတယ်။

ဖူး။

ချက်ချင်းဆိုသလို ဓားအလင်းတန်းက တောင်ပံပါခြသေ့်ကို နှစ်ပိုင်းဖြတ်ပစ်လိုက်ပါတယ်။ ၎င်းက စိတ်ဝိညာဉ် ချီကနေ ဖြစ်ပေါ်လာတာကြောင့် သွေးတွေပန်းမထွက်လာပါဘူး။ နှစ်ပိုင်းပြတ်နေတဲ့ ၎င်းရဲ့ခန္ဓာကိုယ်က အရမ်းကို ခက်ခက်ခဲခဲနဲ့ လှုပ်ရှားနေပြီး တစ်ခုတည်း အဖြစ်ကို ပြန်လည် ပေါင်းစည်းနိုင်ဖို့ ကြိုးစားနေပါတယ်။ ဒါပေမဲ့ အောင်မြင်ဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်တဲ့ ပုံစံမျိုးနဲ့ အဓိပ္ပါယ်ကင်းမဲ့စွာနဲ့ အပြင်းအထန် ရုန်းကန်လှုပ်ရှား

နေပါတယ်။

ဒါက အလင်းတန်းရဲ့ စွမ်းအား ဖြစ်ပါတယ်။ ၎င်းရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားက အရိုးထဲထိအောင် ရောက်နေပါပြီ။ တကယ်လို့ တိုက်ခိုက်မှုကို ထိုးလွှတ်လိုက်တာနဲ့ ဖျက်ဆီးခြင်းက ဆက်လက်ရှိနေဆဲ ဖြစ်ပါတယ်။

"အစ်ကိုဟန်က ပိုပိုပြီးတော့ ကြမ်းလာတယ်နော်"

ကျူးရွှမ်အာက သူမရဲ့ သမင်မျက်လုံးလေးတွေကို လှန်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူမ ချစ်ခင်နှစ်သက်ရတဲ့ လူက ပိုပြီးတော့ အစွမ်းထက်လေ သူမက ပိုပြီးတော့ ပျော်ရွှင်ရပါလိမ့်မယ်။

လင်းဟန်က လက်တစ်ဖက်ကို မြှောက်ပြီးတော့ သူမရဲ့ လုံးဂန်းတင်းကားနေတဲ့ တင်ပါးလှလှကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို မဆွဲဆောင်နဲ့နော်"

သူမရဲ့ စကားလုံးလေးတွေက ဟိုလိုလို ဒီလိုလိုနဲ့

သူ့အတွေးတွေကို ဘာပြောရမှန်း မသိအောင် ဦးတည်ချက်ကို လွဲချော်စေပြီး သူ့ရင်ခုန်သံတွေကို သွေးရူးသွေးတန်းနဲ့ တဒုတ်ဒုတ်မြည် စေခဲ့ပါတယ်။

ကျူးရှမ်အာက ညည်းတွားလိုက်ပြီး သူမရဲ့ တစ်ကိုယ်လုံး ရေအိုင်ငယ်လေး တစ်ခုလုံးအဖြစ် ပြောင်းလဲသွားသလို နူးညံ့ညင်သာပြီးတော့ ချိုမြိန်ပြီး အသက်ရှူမှားလောက်အောင် ချောမောလှပ နေပါတယ်။

"ဟင့်"

ဟူးညိုက စိတ်ဆိုးသွားပြီးတော့ သူမရဲ့ လက်တွေကို ရင်ဘတ်အရှေ့မှာ ပိုက်ထားပြီးတော့ နှုတ်ခမ်းကို စူထားပါတယ်။

လင်းဟန်က နောက်ထပ်တစ်ကြိမ် အလံကို ဆွဲနှုတ်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူ့ကိုဟန့်တားမဲ့ တောင်ပံပါ ခြသေ့် မရှိတော့ပါဘူး။ သူက အလံကို ဆွဲနှုတ်လိုက်တာနဲ့ တောအုပ်ထဲက ထူးဆန်းတဲ့ လေပြင်းတွေရဲ့ စွမ်းအားက ချက်ချင်းဆိုသလို အားနည်းသွား ခဲ့ပါတယ်။

ဒီနေရာမှာ ခင်းကျင်းထားတဲ့ အလံက တစ်ခုတည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အများကြီးလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အလံတစ်ခုကို ဆွဲနှုတ်ယူလိုက်တာနဲ့ အတော်လေးကို အကျိုးသက်ရောက်မှု ရှိပါတယ်။

"ဒီအလံက သိပ်မဆိုးဘူး။ ရွှမ်အာ ဒီအလံကို ငါမင်းကိုပေးမယ်"

လင်းဟန်က အလံကို ကျူးရွှမ်အာဆီကို တန်းပြီးတော့ ပစ်ပေးလိုက်ပါတယ်။ ဒါက သူ့အတွက် အများကြီး အသုံးမဝင်ပါဘူး။

"အင်း"

ကျူးရွှမ်အာက အရမ်းကို ပျော်ရွှင်သွားခဲ့ပါတယ်။ လင်းဟန်က သူမကို တစ်စုံတစ်ခု ပေးလိုက်တိုင်း သူမက ပျော်ရွှင်ကျေနပ်နေမိပါတယ်။

"ညီးညီးလည်း လိုချင်တယ်"

ဟူးညို့က အရမ်းကို မပျော်မရွှင် ဖြစ်နေပါတယ်။

"ဒါဆိုရင် နောက်ထပ်အလံတစ်ခု သွားရှာယူရအောင်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညီရဲ့ ဒေါသတွေကနေ ကျေနပ်မှုတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူမက တကယ်တော့ ကလေးတစ်ယောက်ပဲ ဖြစ်ပါတယ်။ သူမကို နည်းနည်းလောက် ချော့လိုက်ရင်ပဲ ပျော်ရွှင်သွားပါတယ်။ နေ့တစ်ဝက်လောက် အကြာမှာ သူတို့က ဒုတိယမြောက် ဂင်္ဂပါ အလံကို ရှာတွေ့သွားခဲ့ပါတယ်။ လင်းဟန်က အဲဒါကို ယူပြီးတော့ ဟူးညီကို ပေးလိုက်ပြီး ကလေးမလေးကို အရမ်းပျော်ရွှင်သွား စေခဲ့ပါတယ်။ ဒါပေမဲ့လည်း ခဏလောက် ကစားပြီးတော့ သူမက အဲဒီအလံနဲ့ ပတ်သက်ပြီး ပျော်ရွှင်စရာ မရှိတော့သလို ခံစားလိုက်ရပြီး အလံကို မြေကြီးပေါ်ကို ပစ်ချလိုက်ပြီး ထပ်ပြီးတော့ စိတ်မဝင်စားတော့ပါဘူး။

ကျူးရှမ်အာက အလံကို မြေကြီးပေါ်ကနေ ပြန်ကောက်ယူလိုက်ပါတယ်။ ဒီအလံက သာမန် စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေကို ထိန်းချုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူတို့က မြောက်ပိုင်းဒေသမှာ ရှိနေမယ်ဆိုရင် ဘယ်သူကမှ ဒါကို

ရင်ဆိုင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

သူတို့သုံးယောက်လုံးက ဆက်ပြီးတော့ အလံတိုင်တွေကို ရှာပြီး သိမ်းယူခဲ့ပါတယ်။ ဒီအလံတွေက သူတို့အတွက် ငွေတွေဖြစ်လာနိုင်ပါတယ်။

"ဟင် ထူးဆန်းတဲ့ လေတွေရဲ့ စွမ်းအားက ဘာဖြစ်လို့ ရုတ်တရက်ကြီး ပျော့သွားတာလဲ"

"မင်းပြောတာမှန်တယ်။ နောက်ပြီးတော့ ဦးတည်တိုက်ခတ်တဲ့ လမ်းကြောင်းပြောင်းတာလည်း နည်းလာတယ်"

"ဟားဟား ဒီတစ်ကြိမ် တစ္ဆေဖမ်းလှိုဏ်မြောင်ကို သုံးရက်အတွင်း ရောက်လိမ့်မယ်လို့ ငါအာမခံတယ်"

လင်းဟန်က နောက်ထပ် ဂဏ်ပါ အလံတချို့ကို ဆွဲနှုတ်ယူပြီးတဲ့ နောက်မှာတော့ တိုက်ရိုက် အကျိုးသက်ရောက်မှုက စမ်းသပ်စစ်ဆေးမှုရဲ့ ခက်ခဲမှုကို အကြီးအကျယ် လျော့ကျသွား စေခဲ့ပါတယ်။ တကယ်လို့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက အဆင့်မြင့်မားသူတွေ သိသွားမယ်ဆိုရင် သူတို့ရဲ့ မျက်နှာက

အစိမ်းရောင် ပြောင်းသွားပါ လိမ့်မယ်။

Chapter 661 end

Zawgyi.အပိုင်း(၆၆၂) တဍ္ဍွစ္ဆဖမ်းလှျိုမြောင်

လင်းဟာန်က ပြတ်ပြတ်သားသားနဲ့ကို လုပ်နေခဲ့ပါတယ်။

အင်အားကြီး ရှေးဟောင်းဂိုဏ်း ငါးဂိုဏ်းက အရမ်းကို စက်ဆုပ်ရွံ့ရှာစရာ ကောင်းပါတယ်။ ဒါကြောင့် လင်းဟာန်က သူတို့ကို ပြဿနာ နည်းနည်းလောက် တွေ့ကြုံစေအောင် လုပ်နိုင်မယ်ဆိုရင် ပျော်ရွှင်စရာ ကောင်းပါလိမ့်မယ်။ နောက်ပြီးတော့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းထဲကို လူတွေအများကြီး ဝင်ခွင့်ရတဲ့ အခါမှာ သူ့ရဲ့အဖွဲ့ထဲကို ပူးပေါင်းဖို့ အဖွဲ့အစည်းတွေ ပိုပြီးတော့ ဆွဲဆောင်သိမ်းသွင်း နိုင်ပါလိမ့်မယ်။

သူ့ရဲ့ပန်းတိုင်က ကြီးကျယ်ခမ်းနားတဲ့ အင်ပါယာ တစ်ခုကို တည်ဆောက်ပြီး ဘုံတစ်ခုလုံးကို ပေါင်းစည်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ အဖွဲ့အစည်းတချို့က သန်မာမယ် ဒါမှမဟုတ် တချို့အဖွဲ့အစည်းက အားနည်းမယ် ဆိုရင်တောင် ကိစ္စမရှိပါဘူး။

ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ။ ငါဒီနေရာကို သိမ်းပိုက်စိုးမိုးဖို့ လာတာပဲ။

လင်းဟန်က အရမ်းကြီး အလွန်အကျွံဖြစ်အောင် မလုပ်ဝံ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ပစ်မှတ်တစ်ခု ဖြစ်လာပါလိမ့်မယ်။ အခု သူက လျို့ဝှက်စွာနဲ့ လုပ်ရှားလို့ပဲ ရနိုင်ပါဦးမယ်။ သူလိုချင်တာကို လုပ်ဆောင်ပြီးတဲ့ နောက်မှပဲ သူ့ကို မသိတဲ့သူ မရှိ ဖြစ်လာပါလိမ့်မယ်။

စုစုပေါင်း ဂဏ်ပါ အလံနှစ်ဆယ်ကို ဆွဲနှုတ်ယူပြီးတဲ့ နောက်မှာတော့ လင်းဟန်၊ ကျူးရွှမ်အာနဲ့ ဟူးညိုတို့က တစ္ဆေဖမ်း လျှိုမြောင်ဆီကို ထွက်လာခဲ့ ကြပါတယ်။ သူတို့ရောက်လာတဲ့ အချိန်မှာ ဒုတိယမြောက် ညပဲရှိပါသေးတယ်။ ပြီးတော့ ဒုတိယမြောက် စမ်းသပ်စစ်ဆေးမှုကို စတင်ဖို့ ဦးတည်ဝင်ရောက်လာတဲ့ တခြားလူတွေလည်း အတော်များများ ရောက်နေပါပြီ။

သုံးရက်အချိန်အတွင်းမှာ ဒီနေရာကို ဝင်ရောက်နိုင်ခဲ့တဲ့ ဘယ်သူမဆို သင်တန်းကျောင်းထဲကို ဝင်ခွင့်ရရှိဖို့ အရည်အချင်း ပြည့်မီပါလိမ့်မယ်။ ပြီးတော့

ဆက်တိုက်ဆိုသလို ဘယ်သူမဆို ကျောက်တုံးအရေအတွက် များများရရှိတဲ့ လူတွေက သင်တန်းကျောင်းရဲ့ အာရုံစိုက်မှု အများဆုံးကို ရရှိပါလိမ့်မယ်။

"ဟူးညို သွားပြီးတော့ လုကြစို့"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

"အင်း"

ဟူးညိုက ပြတ်ပြတ်သားသားနဲ့ ခေါင်းညိတ်လိုက်ပြီး ချက်ချင်းဆိုသလို တက်ကြွလာခဲ့ပါတယ်။

ပစ္စည်းတွေ လုယက်ခြင်းမျိုးက သူမ နှစ်သက်သဘောအကျဆုံး လှုပ်ရှားမှု ဖြစ်ပါတယ်။

ကျူးရှမ်အာက အသာအယာ ပြုံးပြီးတော့ လင်းဟန်ကို ချစ်ခင်ကြင်နာစွာနဲ့ ကြည့်နေပါတယ်။

"ပထမအစ်ကိုနဲ့ ဒုတိယ အစ်ကိုတို့ ရောက်နေတာ တော်တော်ကြာသင့်ပြီ။ သူတို့တွေ ဘယ်လောက်တောင်

ရနေမလဲ မသိဘူး”

လင်းဟန်က ပြောလိုက်ပါတယ်။

သူတို့က ဒီလှိုမြောင်ထဲမှာ လျှောက်သွားခဲ့ပြီး သူတို့အားလုံးရဲ့ ပတ်ဂန်းကျင်မှာ မြူခိုးပါးပါးလေး ဖုံးအုပ်နေတာကို မြင်တွေ့ရပြီး အရမ်းကို ကျောချမ်းစရာကောင်းတဲ့ လေထုတစ်ခု ဖြစ်ပေါ်နေ ပါတယ်။ တစ္ဆေဖမ်း လှိုမြောင်လို့ နာမည်ပေးထားတာ အံ့သြစရာ မရှိတော့ပါဘူး။

“လင်းဟန် လင်းဟန်”

သူတို့အနောက်ကနေ ခေါ်သံတစ်ခု ထွက်ပေါ်လာပြီး လှည့်ကြည့်လိုက်တဲ့ အခါမှာ ချင်ရီယွဲ့က သူတို့အနောက်ကနေ လိုက်မီလာတာကို မြင်တွေ့လိုက်ရပါတယ်။ သူမရဲ့ လှုပ်ရှားမှုတွေနဲ့အတူ ဖွံ့ထွားလှတဲ့ ရင်သားတွေကလည်း စည်းချက်ညီညီနဲ့ ခုန်နေပြီး ကြည့်ရတာ အရမ်းကို ငွားငွားစွင့်စွင့် ရှိလှပါတယ်။

“အိုး ဘယ်လောက်တောင် တိုက်ဆိုင်လိုက်သလဲ”

လင်းဟန်က လက်ပွေ့ယမ်း ပြလိုက်ပါတယ်။

"ဟင် နင်တို့တွေက ငါ့အရှေ့ကနေ ပြေးထွက်သွားတာ အချိန်တော်တော် ကြာနေပြီ မဟုတ်လား။ ဘယ်လိုဖြစ်လို့ ငါ့ထက် နည်းနည်းလေးပဲ စောရောက်နေရတာလဲ"

ချင်ရီယွဲ့က အရမ်းကို ခေါင်းခြောက်သွားပါတယ်။

"လမ်းတစ်လျှောက်လုံးက သဘာဝ ရှုခင်းတွေက မဆိုးဘူး။ ဒါကြောင့် ရှုခင်းကြည့်ဖို့ အချိန်နည်းနည်း သုံးလိုက်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ချင်ရီယွဲ့ရဲ့ သမင်မျက်လုံးတွေက ဝိုင်းသွားခဲ့ပါတယ်။ ဒါက သေချာပေါက် လိမ်တာပဲ ဖြစ်ပါတယ်။ တကယ်လို့ သူမက သူ့ကိုအမှန်တကယ် ယုံကြည်မယ်ဆိုရင် သူမက အတော်လေးကို တစ်ခုခု လွဲချော်နေပါလိမ့်မယ်။ ဒါပေမဲ့လည်း သူမရဲ့အာရုံတွေက မကြာခင်မှာပဲ လှိုဂြောင်ဆီကို ကျရောက်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"ငါကြားတာတော့ ဒီတစ္ဆေဖမ်း လှိုမြောင်အထဲမှာ တကယ့် မကောင်းဆိုးဝါး တစ္ဆေတွေကို ပိတ်လှောင်ထားတယ်လို့

ပြောကြတယ်”

“တကယ်လား”

ကျူးရွှမ်အာက အရမ်းကို သိချင်စိတ် ပြင်းပြစွာနဲ့ ချက်ချင်းပဲ မေးလိုက်ပါတယ်။

“ဒါပေါ့။ အဲဒါ တကယ်ပဲ။ ကောလာဟာလတွေ အရတော့ နှစ်ပေါင်းသောင်းနဲ့ချီအောင် အသက်ရှည်တဲ့ မကောင်းဆိုးဝါး တစ္ဆေကြီးတစ်ကောင် ရှိပြီးတော့ ကြောက်စရာ ကောင်းလောက်အောင် ရက်စက်ကြမ်းကြုတ်ပြီး အကြင်နာတရား ကင်းမဲ့တယ်”

ချင်ရီယွဲ့က ကွက်ကွက်ကွင်းကွင်းမြင်အောင် ဖော်ပြပြီးတော့ ကျူးရွှမ်အာကို ခြောက်လှန့်လိုက် ပါတယ်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင် နှစ်ပေါင်းတစ်ထောင်ကျော်ပဲ သက်တမ်းရှိကြတယ်။ ဘယ်လိုမျိုး အံ့အားသင့်စရာကောင်းတဲ့ မကောင်းဆိုးဝါး

တဈွေအိုကြီးမို့ နှစ်ပေါင်းသောင်းနဲ့ချီအောင် အသက်ရှည်နိုင်ရတာလဲ”

“ဟင့် နင်က မယုံဘူးလား။ တဈွေသရဲတွေက ဘယ်လိုလုပ်ပြီးတော့ လူသားသက်ရှိတွေနဲ့ တူနိုင်မှာလဲ”

ချင်ရီယွဲ့က အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

“ဘာများ ကွာခြားလို့လဲ”

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ချင်ရီယွဲ့က ကွဲပြားခြားနားမှုတွေကို ထောက်ပြနိုင်မှာလဲ။ သူမက လုံးဂကို အလျော့မပေးပဲ ပြန်ပက်လိုက်ပါတယ်။

“ငါက တဈွေသရဲမှ မဟုတ်တာ။ ဘယ်လိုလုပ်ပြီးတော့ ငါသိမှာလဲ”

လင်းဟာန်က ဟာသထပ်မလုပ်တော့ပဲ ပြောလိုက်ပါတယ်။

“ဒါပေမဲ့လည်း တကယ်လို့ ဒီနေရာမှာ တဈွေသရဲတွေ

တကယ်ရှိနေတယ် ဆိုရင်တော့ ငါတကယ်ပဲ တစ်ချက်လောက် သွားကြည့်ရလိမ့်မယ်”

“ညိုးညိုးလည်း သွားကြည့်ချင်တယ်”

ဟူးညိုက လင်းဟန်ရဲ့ ဦးဆောင်မှုနောက်ကို လိုက်လာခဲ့ပါတယ်။

“တဈွေသရဲတွေကို ဘာလုပ်ဖို့ ကြည့်မှာလဲ”

ချင်ရီယွဲ့က ချက်ချင်းပဲ သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။ ကျူးရှမ်အာကလည်း သူမကို လေးလေးနက်နက်နဲ့ ထောက်ခံတဲ့ အမူအရာ ဖော်ပြလိုက်ပါတယ်။ မိန်းကလေးတွေက ဒီလိုမျိုး အကောင်အထည် မမြင်ရတဲ့ အရာမျိုးကို အကြောက်ဆုံးပါပဲ။

သူတို့က အရှေ့ကို ဆက်ပြီးတော့ လျှောက်လာခဲ့ကြပြီး မကြာခင်မှာ လီဖန်းယုနဲ့ သူ့ညီမတို့နဲ့ ဆုံတွေ့သွားပါတယ်။ ဒီကောင်က တကယ့်ကို အရေထူပြီး သူတို့ရဲ့ အုပ်စုထဲကို အတင်းဝင်ပြီး လာရောက် ရောနှောကာ လင်းဟန်တို့နဲ့အတူ အဖွဲ့သေးသေးလေး ဖွဲ့လိုက်ပါတယ်။

"ဒီနေရာက အရမ်းကို ကျောချမ်းစရာကောင်းတယ်။ ဒီနေရာမှာ တကယ့် တစ္ဆေသရဲတွေ မရှိနိုင်ပါဘူးနော်။ ဟုတ်တယ်မလား"

လီဖန်းယုက မေးလိုက်ပါတယ်။

"ဟေ့ဟေ့ဟေ့ ဒီလိုမျိုး မင်္ဂလာမရှိတဲ့ စကားတွေ မပြောနဲ့လေ"

အားလုံးက သူ့ဆီက စကားကို နားထောင်ပြီး သူတို့ရဲ့ ဆံပင်တွေ ထောင်ကာ ကြက်သီးမွေးညှင်း ထလာခဲ့ကြပါတယ်။

သူတို့က ရှေ့ကိုပိုပြီးတော့ လျှောက်လာတာနဲ့ သူတို့ပတ်ဝန်းကျင်က အမှောင်ထုက ပိုပြီးတော့ ကြီးစိုးလာခဲ့ပြီး တကယ့်ကို တစ္ဆေသရဲ နယ်မြေတစ်ခု ဖြစ်လာသလိုမျိုး ကျောချမ်းစရာ ကောင်းလွန်းပါတယ်။

"ဟင် အဲဒါဘာကြီးလဲ"

လီဇီရှန်းက ရှေ့ကိုလက်ညိုးထိုး ညွှန်ပြပြီးတော့ မေးလိုက်ပါတယ်။

"အရိုးတစ်ခု"

ဟူးညီရဲ့ အမြင်အာရုံက အရမ်းကို ထက်မြက်ပါတယ်။

သူတို့အုပ်စုက အရှေ့ကို တိုးလာခဲ့ပြီး အဲဒီအရာက တကယ်ကို မြေကြီးပေါ်မှာ ကျနေတဲ့ အရိုးတစ်ချောင်း ဖြစ်နေပါတယ်။ ဒါက လူသားတစ်ယောက် ဒါမှမဟုတ် တိရိစ္ဆာန် တစ်ကောင်ရဲ့ အရိုးလား ဆိုတာနဲ့ အရိုးပိုင်ရှင်က သေသွားတာ ဘယ်လောက်ကြာပြီလဲ ဆိုတာကို သူတို့မသိပါဘူး။ ဒါပေမဲ့ အရိုးက ရတနာ အပိုင်းစ တစ်ခုလိုမျိုး တောက်ပနေတာကို မြင်တွေ့ နိုင်ပါတယ်။

"ဒါက လူတစ်ယောက်ရဲ့ အရိုးပဲ"

ချင်ရီယွဲ့က လုံးဂကို သေချာတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်တယ်။ ဒါက တကယ့်ကို လူတစ်ယောက်ရဲ့ အရိုးဖြစ်ပါတယ်။ အရိုးပိုင်ရှင် အသက်ရှင်တဲ့ အချိန်တုန်းက သူက အရမ်းကို အစွမ်းထက်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အရိုးပေါ်မှာ သင်္ကေတတွေ ကျန်ရှိနေပြီး အမွေအနှစ် အမျိုးအစား

တချို့ပုံစံ ဖြစ်ပေါ်နေပါတယ်။ အခု ဒီသင်္ကေတတွေက အနည်းနဲ့အများဆိုသလို မှေးမှိန်ပျောက်ကွယ် သွားခဲ့ပေမဲ့ တချိန်တုန်းက ဘယ်လောက်တောင် အစွမ်းထက်မလဲ ဆိုတာကို မြင်တွေ့နိုင်ပါတယ်။

"အချိန်ရဲ့ တိုက်စားမှုကို ဘယ်အရာမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိပါလားနော်"

လင်းဟန်က အရမ်းကို မချိတင်ကဲ ဖြစ်သလို ခံစားလိုက်ရပါတယ်။ လူတစ်ယောက်ရဲ့ အရိုးမှာ သင်္ကေတတွေ ဖြစ်ပေါ်နိုင်စွမ်း ရှိဖို့အတွက်က ကျင့်ကြံခြင်းအဆင့် အနည်းဆုံး ကောင်းကင်အဆင့်မှာ ရှိနေဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ အခုဘာများ တတ်နိုင်သေးလဲ။ ရာစုနှစ် အနည်းငယ်နဲ့ နှစ်ပေါင်းသောင်းကျော်လာတဲ့ နောက်မှာ အားလုံးက အရိုးစုတွေ အဖြစ်ပဲ ကျန်ရှိပါတော့တယ်။ ပြီးတော့ အရိုးတွေတောင်မှ ဒီကမ္ဘာကြီးထဲကနေ လုံးဝကို ပျောက်ကွယ်မသွားခင် ယိုယွင်းပျက်စီးလာရစမြဲပါပဲ။

"ဟင် အရိုးကိုကြည့်ရတာ တောက်ပလင်းလက် နေသလိုပဲ"

လီဖန်းယုက အရမ်းကို သိချင်စိတ်ဖြစ်လာပြီး အရိုးကို

မြေကြီးထဲကနေ ထွက်လာအောင် တူးထုတ်ဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့လက်နဲ့ အရိုးကို ထိလိုက်တဲ့ အခါမှာ မယုံနိုင်စရာ ကောင်းလောက်အောင် တောက်ပတဲ့ အလင်းရောင်တစ်ချက် ထွက်ပေါ်လာခဲ့ပါတယ်။

ဟုန်း။

သူက ချက်ချင်းဆိုသလို လွင့်ထွက်သွားခဲ့ပါတယ်။

အားလုံးက မှင်တက် အံ့ဩသွားခဲ့ပါတယ်။ လူသေအလောင်းများ ထလာတာလား။ ဒါပေမဲ့ နှစ်ပေါင်းဘယ်လောက်ကြာအောင် သေနေမှန်းမသိပဲ အရိုးပေါ်က သဂေ်ာတတွေက ဘာမှမကျန်အောင် ပျက်စီးလုနီးပါး ဖြစ်နေတဲ့ အရိုးက ဘယ်လိုလုပ်ပြီး အလောင်းကောင်ကို နိုးထလာအောင် လုပ်နိုင်မှာလဲ။

ခရက် ခရက် ခရက်။

မြေပြင်က ကွဲထွက်လာခဲ့ပါတယ်။ ဟုန်း။ အရိုးစု လက်တစ်ဖက်က ဆန့်ထွက်လာပြီး နောက်ထပ် တစ်ခုလည်း ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် အရိုးစု တစ်ခုက တွားသွားပြီးတော့ မြေကြီးထဲကနေ ထွက်ပေါ်လာပြီး

၎င်းရဲ့ရင်ဘတ်နေရာမှာ အလင်းရောင်နဲ့ တောက်ပနေတဲ့ ကျောက်တုံးတစ်တုံး ရှိပါတယ်။

ဒီကျောက်တုံးကို သူတို့တွေ တိုက်ခိုက်ပြီးတော့ ယူရမှာလား။

သူတို့က ချက်ချင်းပဲ သတိပြုမိ သွားခဲ့ပါတယ်။ ဒီအရိုးစုရဲ့ သေပြီးတာတောင်မှ လှုပ်ရှားနိုင်စွမ်း ရှိနေတဲ့ လျှို့ဝှက်ချက်က ဒီကျောက်တုံးပဲ ဖြစ်ပါတယ်။ ကြည့်ရတာ ကျောက်တုံးက ဒီအရိုးစုကို ရုပ်သေးရုပ် တစ်ရုပ်အဖြစ် ပြောင်းလဲသွားပြီး ၎င်းရဲ့ထိန်းချုပ်မှုအောက်မှာ လှုပ်ရှားခိုင်းတာ ဖြစ်ပါလိမ့်မယ်။

အရိုးစုကနေ အစွမ်းထက်တဲ့ အရှိန်အဟုန်တစ်ခု ထုတ်လွှတ်နေပါတယ်။ တကယ်တော့ ၎င်းရဲ့ ကျင့်ကြံခြင်းအဆင့်က အသက်ရှင်တဲ့ အချိန်တုန်းက အရမ်းကို မြင့်မားပါလိမ့်မယ်။ ၎င်းရဲ့အရိုး သကော်တတွေအားလုံးနီးပါး ပျက်စီးလုဖြစ်နေတာတောင် အရမ်းကို လွှမ်းမိုးနိုင်ပြီး အစွမ်းထက် နေဆဲပါပဲ။

"စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အထွတ်အထိပ်"

သူတို့အားလုံး ခေါင်းညိတ်လိုက်ပါတယ်။

"တိုက်မယ်"

ဟူးညိုက တစ်ဟုန်ထိုး ပြေးဝင်သွားပြီး အရိုးစုနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက်ပါတယ်။

ဒီအရိုးစုက တကယ်ပဲ အရမ်းကို သန်မာပါတယ်။ ၎င်းရဲ့အရိုးက သင်္ကေတနဲ့ ကာကွယ်ထားပြီး မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောပါတယ်။ ထူးဆန်းတဲ့ ကျောက်တုံးကတော့ ၎င်းခွန်အားရဲ့ အရင်းအမြစ်ဖြစ်ပြီး စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်ကို ထုတ်ဖော်နိုင်ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် ဒီအရိုးစုက သေချာပေါက် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က အနိုင်ယူနိုင်မဲ့ အရာတစ်ခု မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုခံမှုနဲ့ ပတ်သက်ရင် ၎င်းကို အနိုင်ယူဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ၎င်းရဲ့စွမ်းအင် အရင်းအမြစ်က ရင်ဘတ်မှာရှိနေတဲ့ ကျောက်တုံးကနေ ဆိုမှတော့ ဒီကျောက်တုံးကို ဖယ်လိုက်နိုင်တာနဲ့ သာမန်အရိုးစု တစ်ခုအဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။

ဒါပေမဲ့ ကျောက်တုံးကို ဖယ်ရှားဖို့အတွက် အရမ်းကို ခက်ခဲတဲ့ အနေအထားမှာ ရှိနေပြီး လုံးဂကြီး မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။

ဟူးညို့က ဘာကိုမှ ဂရုမစိုက်ပဲ ကျောက်တုံးရဲ့ တည်ရှိမှုကို လုံးဂကို လျစ်လျူရှုထားခဲ့ပါတယ်။ အဲဒီအစား သူမက အရိုးစုနဲ့ အဆက်မပြတ် တိုက်ခိုက်နေပြီး ဆူညံသံတွေ ထွက်ပေါ်နေပါတယ်။ ဂျစ် ဂျစ် ဂျစ်။ သူမက လျှပ်စီးရဲ့ စွမ်းအားကို အသုံးပြုပြီး တိုက်ခိုက်လိုက်တဲ့ အခါမှာ အရိုးစုက တုန်ခါလာပြီးတော့ မကြာခင်မှာပဲ ပျက်စီးပြိုလဲသွားတော့မဲ့ ပုံစံဖြစ်သွားခဲ့ပါတယ်။

လူတိုင်းလူတိုင်း မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။ ဒီကလေးမက အရူးတစ်ယောက်လို အရမ်းပဲ ရက်စက်ကြမ်းကြုတ်သူ တစ်ယောက် ဖြစ်ပါတယ်။ သူမက အရိုးစုကို ဒီလိုမျိုး အတင်းအကျပ် သတ်ပစ်ချင်နေပါတယ်။ သူတို့သာဆိုရင် သတ်ပစ်ဖို့မပြောနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့တောင် မလွယ်ပါဘူး။ သူတို့အားလုံး ရှက်ရွံ့မှုကြောင့် မျက်နှာတွေ နီလာခဲ့ကြပြီး ဒီကလေးမကိုတောင် သူတို့က ယှဉ်ပြိုင်နိုင်စွမ်း မရှိသလို ခံစားလာခဲ့ ကြပါတယ်။

တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးတဲ့နောက်မှာ ဒီအရိုးစု မကောင်းဆိုးဝါးက ဟူးညို့ကြောင့် အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားခဲ့ပါတယ်။

ဟူးညို့က ကျောက်တုံးကို ကောက်ပြီးတော့ လင်းဟန်ဆီကို ခုန်ပေါက်ပြီးတော့ ပြန်ပြေးလာခဲ့ပါတယ်။ လင်းဟန်က သူမရဲ့ ခေါင်းကို ပုတ်ပေးပြီးတော့ ချီးကျူးမှုကို ခံယူပြီးတဲ့ နောက်မှာတော့ သူမက ပျော်ရွှင်ကျေနပ် သွားခဲ့ပါတယ်။

ချော့ရတာ ဘယ်လောက်တောင် လွယ်လိုက်သလဲ။

အားလုံးက လင်းဟန်ရဲ့ ကောင်းမွန်တဲ့ ကံတရားအပေါ်မှာ မချိတင်ကဲ ဖြစ်သလိုမျိုး ခံစားလိုက် ရပါတယ်။ သူက တကယ်ပဲ ဒီလိုမျိုး အစွမ်းထက်တဲ့ ကလေးမလေး တစ်ယောက်ကို သူ့ရဲ့ သစ္စာတော်ခံ လူမိုက်တစ်ယောက်အဖြစ် ကောက်ရထားပါတယ်။

ကြည့်ရတာ သူတို့ရဲ့ ကံကောင်းမှုက အတော်လေးကို ကောင်းမွန်ပါတယ်။ အနည်းငယ်မျှ ရှေ့ဆက်လျှောက်ပြီးတဲ့နောက်မှာ အရိုးတစ်ခုကို နောက်တစ်ကြိမ် မြင်တွေ့လိုက်ရပြီး အနားကို တိုးကပ်သွားတဲ့ အခါမှာ အရိုးစုတစ်ခုက မြေကြီးကနေ

တွားသွားပြီး ထွက်လာခဲ့ပါတယ်။ ၎င်းရဲ့ ရင်ဘတ်မှာ ထူးထူးဆန်းဆန်း တောက်ပနေတဲ့ ကျောက်တုံးတစ်တုံး ရှိနေပါတယ်။

ဒီတစ်ကြိမ်တော့ လင်းဟန်က တိုက်ခိုက်လိုက်ပြီး အရိုစုဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။ သူလည်းပဲ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ပြီး အာရုံပြောင်းစေမဲ့ ဗျူဟာတစ်ခုတောင် နည်းနည်းလေးမှ အသုံးပြုဖို့ ဆန္ဒမရှိပဲ မြင်တွေ့ရသူ အပေါင်းကို သူတို့ရဲ့ ခေါင်းတွေဆုပ်ကိုင်ပြီး မွန်းစတား တစ်ကောင်ကို မြင်တွေ့လိုက်ရသလို အကြီးအကျယ် အံ့အားသင့် သွားစေခဲ့ပါတယ်။

Chapter 662 end

Uni.အိပ်ပျော်သွားလို sorryနော်.အပိုင်း(၆၆၃)

ကျောက်တုံးများ လုယူခြင်း

အားလုံးက ပြောစရာစကား ကင်းမဲ့သွားကြပါတယ်။

သူတိုတွေက အစတုန်းက ရန်သူတစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါမွာ တိုးသာဆုတ်သာ ဗျူဟာတစ်ခုကို အသုံးပြုပြီးမှ ရင်ဆိုင်ဖို့ တွေးထားကြပေမဲ့ လင်းဟန်နဲ့ ဟူးညိုတို့ကတော့ ထိပ်တိုက်ရင်ဆိုင်တဲ့

ဗျူဟာကိုပဲ ရွေးချယ်ခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒါက မဆင်မခြင် တိုက်ခိုက်မှုတစ်ခု မဟုတ်ပဲ သူတို့ရဲ့ အထွတ်အထိပ် စွမ်းအားကို ဖော်ပြနေပြီး သူတို့ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားကို အားလုံးအတွက် တွေ့မြင်အောင်လို့ လုပ်နေသလိုမျိုး ပါပဲ။

လင်းဟန်က သူ့လက်ချောင်းကို ဓားတစ်လက်ကို ပွေ့ယမ်းသလိုမျိုး ပွေ့လိုက်ပြီး အရိုးစု မွန်းစတားဆီ ဦးတည်ပြီးတော့ တစ်ွက္ခုတ္ခ လိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ်။

ဓားအလင်းတန်းက ပေါ့ပါးဖျတ်လက်စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး တောက်ပတဲ့ အဖြူရောင် မိုးကြိုးလျှပ်စီးတွေ ပါဝင်ပေါင်းစည်းထားပါတယ်။ လျှပ်စီးရဲ့ စွမ်းအားက ဓားအလင်းတန်းရဲ့ စွမ်းအားကို အကြီးအကျယ် တိုးလာစေပါတယ်။ တစ်ခုနားလည်ထားရမှာက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပြီးတော့ လင်းဟန်က လျှပ်စီးအလင်းတန်း ခန္ဓာကိုယ်မှာ အေသးစား အောင်မြင်မှုတစ်ခုကို ရောက်ရှိနေပါတယ်။ ဘယ်လိုလုပ်ပြီးတော့ အစွမ်းမထက်ပဲ နေမှာလဲ။

အရိုးစု မွန်းစတားက လျှပ်စစ်ဓာတ်လိုက်ပြီး ပြင်းပြင်းထန်ထန် တုန်ခါနေပြီးတော့ ဓားအလင်းတန်းက ၎င်းကို လှီးဖြတ်သွားတာကြောင့် အရိုးအပေါ်မှာ ခုတ်ခြစ်ရာတွေ အများကြီး ကျန်နေခဲ့ပါတယ်။

သီအိုရီအရဆို ဒီလိုမျိုး မွန်းစတား တစ်ကောင်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိအောင် လုပ်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ကျော်လွန်နေလား ဆိုတာကို ဘယ်သူကမ်ား မေးခဲ့လို့လဲ။ ဓားအလင်းတန်းကို မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံနဲ့အတူ ပူပေါင်းထားခြင်းကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်က အနည်းဆုံး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ ကြယ်တစ်ပွင့်မှာ ရှိပါတယ်။

တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ ဒီအရိုးစုလည်း ပထမ အရိုးစုလိုပဲ လင်းဟန်ကြောင့် ခုတ်ပိုင်းခံလိုက်ရပြီး သူလာခဲ့တဲ့ဆီကနေ ဖုန်အဖြစ်ကို နောက်တစ်ကြိမ် ပြောင်းလဲသွားခဲ့ပါတယ်။

ကောင်းရာမွန်ရာမှာ အနားယူပါတော့။ လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပြီး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို အနည်းငယ် မကျေမနပ်သလို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သေဆုံးသွားခဲ့တာ နှစ်ပေါင်း ဘယ်လောက်တောင် ကြာနေမှန်းမသိတဲ့ အစွမ်းထက် ကျင့်ကြံသူတွေရဲ့ အလောင်းကို စိတ်ဂိညာဉ် ပစ္စည်းတွေလို အသုံးပြုခဲ့တာကြောင့် ဖြစ်ပြီးတော့ ဒါက သူတို့နဲ့ အလောင်းတစ်ထောင် ဂိုဏ်းအကြားမှာ ဘာများကွာခြားမှု ရှိတော့မှာလဲ။

သေသေချာချာ စဉ်းစားကြည့်လိုက်ရင် သူတို့နှစ်ဖွဲ့ အကြားမှာ ကွာခြားချက် အများကြီး မရှိပါဘူး။

အလောင်းတစ်ထောင်ဂိုဏ်းက ဘုံတစ္ခုလုံးက လူတွေအားလုံးကို အလောင်းကောင် စစ်သားတွေ အဖြစ်ကို ပြောင်းလဲပစ်ချင်နေပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကတော့ သူတို့အားလုံးကို မော်ဆေးလုံး တစ်လုံးအဖြစ် မွန်းမံသန့်စင်ချင်နေပါတယ်။ သူတို့နှစ်ဖွဲ့လုံးက သက်ရှိအားလုံးကို ဖျက်ဆီးပစ်ချင်နေခဲ့တာ ဖြစ်ပြီး ဘယ်အဖွဲ့ကများ သူတို့ကိုယ်သူတို့ မြင့်မြတ်တယ်လို့ ကြေညာနိုင်မှာလဲ။

သူတို့အားလုံးက အသိုက်တစ်ခုတည်းက ငှက်တွေဖြစ်ပြီး ဒီပုပ်ထဲက ဒီပဲပါပဲ။

လင်းဟန်က ထူးဆန်းတဲ့ ကျောက်တုံးကို ကောက်ယူလိုက်ပါတယ်။ တကယ်ပါပဲ။ ဒီကျောက်တုံးကို အနက်ရောင် မျှော်စင် ဒါမှမဟုတ် သိုလှောင်လက်စွပ် တစ်ခုအထဲကို ထည့်သိမ်းလို့ မရပါဘူး။ ကြည့်ရတာ ၎င်းမှာ ကိုယ်ပိုင်အသက်နဲ့ စိတ်စွမ်းအား ရှိနေသလိုမျိုး တူညီပါတယ်။ အတွေးတစ်ချက်နဲ့ သူက ကျောက်တုံး စိတ်ဝိညာဉ်ကို ဆင့်ခေါ်လိုက်ပြီး ထူးဆန်းတဲ့ ကျောက်တုံးကို ပစ်ပေးလိုက်ပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က ၎င်းကို ခဏကြာမျှ နှာခေါင်းတရှုံ့ရှုံ့နဲ့ အနံ့ခံလိုက်ပြီး ရုတ်တရက် ပါးစပ်ကို အကျယ်ကြီး ဟလိုက်ပါတယ်။ အဲဒီနောက် ထူးဆန်းတဲ့ ကျောက်တုံးကို ပါးစပ်ထဲ ထည့်ပြီးတော့ ဆူဆူညံညံနဲ့ ဝါးလိုက်ပါတယ်။ ဒီအသံတွေက တခြားလူတွေကို သူတို့ရဲ့ သွားဖုံးတွေ နာကျင်သွားသလို ခံစားလိုက်ရပါတယ်။

အဲဒါက တကယ်ပဲ ဝါးစားနိုင်တာလား။

လင်းဟန် နင်ဘာဖြစ်လို့ ထူးဆန်းတဲ့ ကျောက်တုံးကို ဖျက်ဆီးပစ်ရတာလဲ

ချင်ရီယွဲ့က အံ့အားသင့်နေရာကနေ သတိပြန်ဝင်လာပြီး မေးလိုက်ပါတယ်။

အဲဒါပဲတော့ ဒါက နင့်ကို အတွင်းစည်း တပည့်တစ်ယောက် ဖြစ်အောင်လို့ ကူညီနိုင်တယ်

လီဇီရှန်းကလည်း ဝင်ပြောလိုက်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကိစ္စမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီမှာ အများကြီး ရှိတာပဲ။ ဒါဆိုရင် ငါတို့ ဖြည်းဖြည်းချင်း ယူလို့ ရမှာပေါ့

ကျောက်တုံး စိတ်ဝိညာဉ်က ထူးဆန်းတဲ့ ကျောက်တုံးတွေကို စားပြီးမှပဲ သူ့စွမ်းအားက တိုးလာနိုင် ပါလိမ့်မယ်။ သူ့အတွက် အစားအသောက်ကို ရှာတွေ့ပြီ ဆိုမှတော့ ဒီကျောက်တုံးတွေကို အသုံးပြုဖို့ ထောက်ပံ့ပေးရမှာပေါ့။

ကျောက်တုံးစိတ်ဝိညာဉ်က ထူးဆန်းတဲ့ ကျောက်တုံးကို

စားပြီးတဲ့နောက်မှာ လင်းဟန်ရဲ့ ခြေထောက်တွေကို ဖက်ပြီးတော့ သူ့ခေါင်းနဲ့ ခွေးပေါက်လေး တစ်ကောင်လိုမျိုး ပွတ်သပ်လို့ နေပါတယ်။ ဒါပေမဲ့ ၎င်းရဲ့ခွန်အားက တကယ်ပဲ အရမ်းကို ကြီးမားပြီး တစ်ခွကြွတ်သတ္တာက မြေကြီးကိုတောင် တုန်ခါသွားစေနိုင်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ ကောင်းပါတယ်။

ကံကောင်းတာက လင်းဟန်အနေနဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံထားတာကြောင့် သူကိုယ်တိုင်လည်း အံ့မခန်း ခွန်အားကို ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် ကျောက်တုံးစိတ်ဝိညာဉ်က သူ့ကိုအခုလိုမျိုး ပွတ်သပ်ပုံမျိုးနဲ့ဆိုရင် လွင့်ထွက်ပြီးတော့ အရိုးတွေ အသားတွေ တစစီ ကျိုးပဲ့ကုန်ပါလိမ့်မယ်။

အားလုံးက စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းမောကြီးတစ်ခု ချလိုက်ကြပါတယ်။ ဒီယန္တရား အရုပ္ပ အရမ်းကို ဉာဏ်ရည်ဉာဏ်သွေး ရှိပါတယ်။ ၎င်းက ချစ်စဖွယ်ကောင်းအောင်လည်း ပြုမှု လုပ်ဆောင်နေသလို ခွန်အားကလည်း တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က ၎င်းရဲ့ပါးစပ်ကို အကျယ်ကြီးဟပြီးတော့ လင်းဟန်ကို သနားစဖွယ် စိုက်ကြည့်နေပါတယ်။ တကယ်လို့ သူသာ လူသားတစ်ယောက် ဖြစ်မယ်ဆိုရင် အခုချိန်မှာ ထပ်ပြီးတော့ စားချင်သေးတယ် ဆိုတာကို ပြောနေတာ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က အဲဒါကို နားလည်သဘောပေါက်ပြီး ဒီကောင်က ဟော့လျှန်ချင်ရှယ်နဲ့အတူ ပျောက်ကွယ်သွားတဲ့ အခုတ်ခဲကို သတိရနေတယ်ဆိုတာကို သိလိုက်ပါတယ်။ သူတောင်မှ ရှာမတွေ့နိုင်သေးပါဘူး။ အဲဒီပင်လယ်မိန်းကလေးက ဘာတွေဖြစ်ပြီးတော့ စကားတစ်ခွန်းမှ မပြောပဲ ထွက်သွားလဲ ဆိုတာကို သူလည်းမသိပါဘူး။

ရော့။ ငါမင်းကို ဒီဟာလည်းပေးမယ်

လင်းဟန်က နောက်ထပ် ထူးဆန်းတဲ့ ကျောက်တုံးကို ကျောက်တုံးစိတ်ဝိညာဉ်ဆီ ပစ်ပေးလိုက် ပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က ချက်ချင်းပဲ ဖမ်းယူပြီးတော့ ဝါးစားလိုက်ပါတယ်။ ဒီကျောက်တုံးက ဟိုအခုတ်ခဲကို လုံးဝကြီး နိုင်းယှဉ်နိုင်စွမ်း မရှိဘူးဆိုပေမဲ့ နည်းနည်းလေးတော့ ထည့်တွက်လို့ ရပါတယ်။ လင်းဟန်က

ဒီထူးဆန်းတဲ့ ကျောက်တုံးပေးနေတာကို ငြင်းပယ်လိုက်မယ်ဆိုရင် အဲဒါက ဖြုန်းတီးမှုတစ်ခု ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ အကြံတစ်ခု ရသွားခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ရဲ့ ပထမ အထပ်ဟူ မြေကြီးရဲ့ အရင်းအမြစ် ဆိုမှတော့ ထိပ်တန်းအဆင့် ထူးဆန်းတဲ့ ကျောက်တုံးအမျိုးအစားတွေကို ပြုစုပျိုးထောင်ပေးနိုင်ပြီး ကျောက်တုံး စိတ်ဝိညာဉ်ရဲ့ စွမ်းအားကို တိုးလာအောင် ကူညီနိုင်မလား မသိပါဘူး။ သူက ချက်ချင်းပဲ မျှော်စင်လေးနဲ့ ဆက်သွယ်လိုက်ပြီး သူ့နတ်ဘုရား အာရုံနဲ့ အသံမေးခွန်းတစ်ခု ပို့လိုက်ပါတယ်။

ရတယ်

မျှော်စင်လေးက ပြတ်ပြတ်ပြောလိုက်ပါတယ်။

လင်းဟန်က ရှုးတော့မလိုတော့ ခံစားလိုက်ရပြီး မေးလိုက်ပါတယ်။

ဒါဆိုရင် ဘာဖြစ်လို့ မင်းကင့်ါကို အစောကြီးကတည်းက မပြောပြတာလဲ

မင်းမှမမေးတာ

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ဖြေလိုက်ပါတယ်။

လင်းဟန်က တစ်စုံတစ်ယောက်ကို ရိုက်နက်ပစ်လိုက်ချင်တဲ့ ရက်စက်ဆိုးယုတ်မှုတွေ မြင့်တက်လာခဲ့ပြီးတော့ ပြောလိုက်ပါတယ်။

ကောင်းပြီလေ။ ဒါဆိုရင် ငါ့ကို ကျောက်တုံးတွေ ရာဂဏန်း ဒါမှမဟုတ် ထောင်ပေါင်းများစွာ ပေးပါ

တကယ်လို့ မျှော်စင်လေးမှာသာ မျက်လုံးတွေ ရှိနေမယ်ဆိုရင် သေချာပေါက် မျက်လုံးပြူးပြီးတော့ လင်းဟန်ကို ကြည့်နေပါလိမ့်မယ်။ ၎င်းက ဟင့်ဆိုပြီးတော့ ပြောလိုက်ပါတယ်။

အနက်ရောင် မျှော်စင်က ပြန်လည်ထိန်းသိမ်းနေဆဲပဲ ရှိသေးတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဖရိုဖရဲ စွမ်းအားတွေကို အများကြီး သုံးစွဲနိုင်မှာလဲ။ တစ်လကို ကျောက်တုံးတစ်တုံးပဲ ထောက်ပံ့ ပေးနိုင်လိမ့်မယ်

တစ်လကို ကျောက်တုံးတစ်တုံး။ ဒီထပ်ပိုပြီးတော့ ဘာမှမတတ်နိုင်ပါဘူး။

ဒါဆိုရင် ဘယ်လိုအာနိသင်တွေရှိလဲ

လင်းဟန်က မေးလိုက်ပါတယ်။

သုံးတုံးစားပြီးတဲ့နောက်မှာ ဒီကျောက်တုံးကောင်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဖင်ရောက် နိုင်လိမ့်မယ်။ ခြောက်တုံးစားပြီးရင် နတ်အသွင် ပြောင်းလဲခြင်းအဆင့်ကို ချိုးဖျက်ဖင်ရောက် နိုင်လိမ့်မယ်

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေလိုက်ပါတယ်။

လပ္ပတ်ပဲ။ အရမ်းကို အံ့သြစရာ ကောင်းမနေဘူးလား။

လင်းဟန်က စိတ္တာတ်ကြသွားသလို ခံစားလိုက်ရပါတယ်။ သူက သူ့ကျင့်ကြံခြင်းမှာ အရမ်းကို ကြိုးစားအားထုတ်ရပေမဲ့ ကျောက်တုံးစိတ်ဂိညာဉ်ကတော့ ကျောက်တုံး နည်းနည်းလောက် စားလိုက်ရင်ပဲ သူ့ကျင့်ကြံခြင်း အဆင့်က တစ်ဟုန်ထိုး မြင့်တက်သွားပါလိမ့်မယ်။ ဒီလိုမျိုး နိုင်းယှဉ်မှု တစ္ခုက သူ့ကို သေလောက်အောင် ဒေါသတွေ

ထွက်သွားစေခဲ့ပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ် အတွက် သူ့ရဲ့အဆင့် တိုးတက်ဖို့ အရမ်းကို လွယ်ကူနေမှတော့ လင်းဟန်က ဒီကောင်ကြီးကို နောက်ထပ် ထူးဆန်းတဲ့ကျောက်တုံးတွေကို ကျွေးမွေးဖို့ အကြံအစည် မရှိတော့ပါဘူး။ လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ကဲကဲ မင်းလည်း ဗိုက်ပြည့်ပြီဆိုတော့ မင်းအလုပ်မင်းသွားလုပ်တော့

ဂရား

ကျောက်တုံးစိတ်ဝိညာဉ်က ရက်စက်ကြမ်းကြုတ်တဲ့ ဂေါ်ရီလာ မျောက်ဝံကြီး တစ်ကောင်လိုမျိုး သူ့ရင်ဘတ်ကို ထုလိုက်ပါတယ်။

အားလုံးက နောက်ထပ်တစ်ကြိမ် အံ့သြမှုကြောင့် သူတို့ရဲ့ လျှာတွေကို သပ်မိသွားခဲ့ပါတယ်။ ဒီယန္တရားရုပ်က တကယ်ပဲ လူသားတစ်ယောက်ရဲ့ အရမ်းကို တူညီတဲ့ အပြုအမူ အကျင့်စရိုက်မျိုး ရှိနေပါတယ်။

သူတို့တွေက ဆက်ပြီးတော့ ရှေ့ဆက်လာခဲ့ပြီး မကြာခင်မှာ မြေကြီးထဲမှာ နစ်မြုပ်နေတဲ့ အဖြူရောင် အရိုးတွေကို နောက်ထပ်တွေ့လိုက်ရပါတယ်။ ဒီတစ်ကြိမ်တော့ အေရအတြက္က သိပ်ပြီးတော့ မနည်းသလို သူတို့က မြေကြီးအောက်ကနေ တွားသွားထွက်လာပြီး လင်းဟန်နဲ့ တခြားလူတွေကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။ သူတို့အားလုံးက သူတို့ကိုယ်ပိုင် ခွန်အားတွေကို အသုံးပြုပြီးတော့ သူတို့ကိုယ်တိုင်အတွက် အကျိုးအမြတ်တွေ ပေါင်းထည့်နိုင်အောင်လို့ လုပ်လိုက်ကြပါတယ်။

ဒါပေမဲ့လည်း အရိုးစု မွန်းစတားတွေက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ပဲ ထူးဆန်းတဲ့ ကျောက်တုံးကို ဖယ်ရှားနိုင်ဖို့ အားသာခ်က္ကို ရယူနိုင်မဲ့ ဗျူဟာကောင်းကောင်းကို ချမှတ်ပြီး အခွင့်အရေးတစ်ခု ရယူနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေက အနားကို ကပ်ဖို့ အခွင့်အလမ်းတောင် မရရှိပဲ မကြာခင်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါကြောင့် အေဂးကို လွင့်ထွက်သွားကြပါတယ်။

ပထမအဆင့်တုန်းကတောင် အားလုံးအဆင်ပြေ ကြပါတယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေက အစွမ်းထက်တယ် ဆိုကြပေမဲ့ သူတို့ကြုံတွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း လေပြင်းတွေက ပိုပြီးတော့တောင် အစွမ်းထက်ပြီး ပန်းဖူးအဆင့် အရည်အချင်းတူတဲ့ လူတွေ အပေါ်မှာ အများကြီး အားသာနေခွင့် မပြုခဲ့ပါဘူး။ ဒါပေမဲ့ ဒီနေရာမှာတော့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ကျင့်ကြံသူတွေရဲ့ အားသာချက် စွမ်းအားကို အပြည့်အဝနဲ့ မြင်တွေ့နိုင်ပါတယ်။

တကယ်တော့ ပထမ စမ်းသပ်စစ်ဆေးမှုက ဒီလူငယ်ယောက်ျားလေးတွေနဲ့ မိန်းကလေးတွေရဲ့ ပါရမီကောင်းမှုနဲ့ ဆုံးဖြတ်ချက် ခိုင်မာတဲ့ အချက်တွေအပေါ်မှာ မူတည်ပြီးတော့ ရွေးချယ်ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစမ်းသပ်မှုက ပါရမီရှင်တွေထဲကမှ ပါရမီရှင်တွေကို ရွေးချယ်တာ ဖြစ်တာကြောင့် အကောင်းတကာ့ အကောင်းဆုံးတွေပဲ အဆင့်တွေမှာ တစ်ဟုန်ထိုး ချိတ်နိုင်ပါလိမ့်မယ်။

ကျောက်တုံး စိတ်ဂိညာဉ်က ကာကွယ်တဲ့ နေရာမှာ ယူထားပြီး ဒီအရိုးစု မွန်းစားတွေကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ ၎င်းက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပေမဲ့ လက်သီးတစ်ချက်ကြောင့်

လွင့်ထွက်သွားပြီး ကျောက်ခဲပုံကြီး တစ်ခုအဖြစ်ကို ပ်ကွဲ့စီးသြားခဲ့ ပါတယ်။ ကံကောင်းတာ ၎င်းရဲ့အမြုတေက ပျက်စီးသွားခြင်း မရှိတာကြောင့် မကြာခင်မှာပဲ ပြန်လည်ရှင်သန် လာခဲ့ပါတယ်။

အားပါး မင်းက တကယ်ပဲ သုံးစားလို့ကို မရဘူး

လင်းဟန်က အော်ဟစ်လိုက်ပြီး ဟူးညိုကလည်း စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်ပြီးတော့ လင်းဟန်နဲ့အတူ အင်အားစုတစ်ခုအဖြစ် ပူးပေါင်းလိုက်ပါတယ်။

အင်အားကြီးမားတဲ့ မွန်းစတားနှစ်ကောင်က အခုဆို အတူတကြ ပူးပေါင်းတိုက်ခိုက်မှုကြောင့် အရိုးစု မွန်းစတားတွေက သည်းမခံနိုင်လောက်အောင် မကျေမချမ်း ဖြစ်ရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။ တိုက်ကွက်အနည်းငယ် အတွင်းမှာ သူတို့နှစ်ယောက်ရဲ့ ပူးပေါင်း တိုက်ခိုက်မှုကြောင့် အရိုးစု မွန်းစတားတွေက ပ်ကွဲ့စီးသြားခဲ့ပြီး ထူးဆန်းတဲ့ ကျောက်တုံးတွေက မြေကြီးပေါ်ကို ချက်ချင်းပဲ ပြုတ်ကျလာခဲ့ပါတယ်။

ဒီအရာတွေက အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းထားလို့ မရနိုင်ပဲ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်

အပေါ်မှာပဲ ထည့်သိမ်းလို့ ရနိုင်ပါတယ်။ အဲဒါက လင်းဟန်ကို အရမ်းပဲ မကျေမနပ် ဖြစ်စေပြီး သူ့ပုံရိပ်ကို သိသိသာသာ သက်ရောက်စေပါတယ်။ ဒီကျောက်တုံးတွေက သူ့လက်သီးရဲ့ အရွယ်အစားသာသာလောက်ပဲ ရှိတာကြောင့် ကံကောင်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ တကယ်ကို ရှုံးသွပ်သွားပါလိမ့်မယ်။

နေ့တစ်ဝက် အချိန်အတွင်းမှာ သူက ကျောက်တုံးနှစ်ဆယ်ကျော် ရယူခဲ့ပြီးပါပြီ။ ထူးဆန်းတဲ့ ကျောက်တုံးတွေကနေ ထွက်ပေါ်နေတဲ့ အလင်းရောင်တွေက အရမ်းကို အစွမ်းမထက်ဘူး ဆိုပေမဲ့ ကျောက်တုံးနှစ်ဆယ်ကျော် အတူတကွ ပေါင်းလိုက်တဲ့ အချိန်မှာတော့ ထူးခြားတဲ့ မြင်ကွင်းတစ်ခု ဖြစ်နေဆဲပါပဲ။ အဲဒါက သူ့ကို အလင်းရောင် အရင်းအမြစ် တစ်ခုနဲ့ တူနေပြီး မှောင်မည်းနေတဲ့ နေရာမှာ မှန်ဝါးဝါး အလင်းရောင်တစ်ခု တောက်ပနေသလိုမျိုး ဖြစ်နေပါတယ်။

ဒါပေမဲ့ ဒီအချက်ကလည်း လင်းဟန်ကို ပစ်မှတ်တစ်ခု ဖြစ်စေပါတယ်။ မကြာခင်မှာပဲ တစ်စုံတစ်ယောက်က သူ့ဆီကနေ ကျောက်တုံးတွေ လုယူချင်တာကြောင့် လုပ်ရှားလာခဲ့ပါတယ်။ ဒါပေမဲ့ ရလဒ်ကတော့ လင်းဟန်ရဲ့ လုယက်မှုကိုပဲ သူတို့တွေ ပြန်ပြီးတော့ ခံလိုက်ရပါတယ်။

သူတို့လုယူထားတဲ့ ထူးထူးဆန်းဆန်း ကျောက်တုံးတွေတင်မက သူတို့ရဲ့ သိုလှောင်လက်စွပ်တွေ အားလုံးကိုတောင် လင်းဟန်ကို လက်ဆောင်အနေနဲ့ ပေးအပ်ခဲ့လိုက်ရပါတယ်။

တစ်ရက်ကြာပြီးတဲ့နောက်မှာ သူတို့အားလုံး အနားယူဖို့ ရပ်လိုက်ကြပြီး ချက်ပြုတ်စားသောက်ဖို့ ဟင်းသီးဟင်းရွက်တွေ အသားတွေကို ထုတ်ယူလိုက်ကြပါတယ်။

ရုတ်တရက်ဆိုသလို အစိမ်းရောင် ဂတ်စုံကို ဂင်ဆင်ထားတဲ့ လူငယ်တစ်ယောက် ထွက်ပေါ်လာခဲ့ပြီး သူ့မျက်နှာပေါ်မှာ စိတ်ကြီးဂင်နေတဲ့ အမူအရာတစ်ခုနဲ့ သူတို့အုပ်စုကို အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ထူးဆန်းတဲ့ ကျောက်တုံးတွေကို ထားပြီးတော့ မင်းတို့အားလုံး ထွက်သွားလို့ ရပြီ

Chatper 663 end

Zawgyi.အပိုင်း(၆၆၄) ယွမ်ချမ်ဟဲ

"ယွမ်ချမ်ဟဲ"

လီဖန်းယုနဲ့ လီဇီရှန်းတို့ မောင်နမက ဆက်တိုက်ဆိုသလို အော်ဟစ်သတိပေး လိုက်ကြပါတယ်။

"ဟားဟား မင်းတို့တွေက ငါဘယ်သူလဲ ဆိုတာကို သိနေမှတော့ ဘာဖြစ်လို့ ငယ်သံပါအောင် အော်နေသေးတာလဲ"

အကျီကို ကိုယ်ကျပ်ဂတ်ဆင်ထားတဲ့ လူငယ်က လှောင်ပြုံးပြုံးလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်က ဇဝေဇဝါဖြစ်နေတဲ့ အမူအရာကို ကြည့်ပြီးတော့ ချင်ရီယွဲ့က ရှင်းပြလိုက် ပါတယ်။

"ယွမ်ချမ်ဟဲက အံ့ဖွယ်တိမ်တိုက်ဂိုဏ်းရဲ့ တပည့်တစ်ယောက်ပဲ။ ဂမ်ရန်ချင်းချင်းလိုပဲ ကျင့်ကြံခြင်းမှာပဲ အာရုံစိုက်ပြီးတော့ တံခါးပိတ် ကျင့်ကြံနေခဲ့တယ်။ သူ့အကြောင်းကို အရင်တုန်းက ဘယ်သူကမှ မကြားဖူးခဲ့ဘူး။ ဒါပေမဲ့လည်း သိပ်မကြာခင် အချိန်တုန်းက သူက ရုတ်တရက်ဆိုသလို နေရာအနှံ့အပြားမှာ ထွက်ပေါ်လာခဲ့ပြီး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်က အဆင့်မြင့်တဲ့လူ တော်တော်များများကို အနိုင်ယူခဲ့တယ်။ သူ့ခွန်အားက

တကယ့်ကို အထင်ကြီးဖို့ ကောင်းတယ်”

“ယိုဟိုင်ယွဲ့နဲ့ ဆေဘာဓား ဘုရင်လေးတို့လို လူတွေကပဲ သူနဲ့တန်းတူရည်တူ နှိုင်းယှဉ်လို့ ရနိုင်မယ်”

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ မှတ်ချက်ချလိုက်ပါတယ်။

“ဆေဘာဓားဘုရင်လေးနဲ့ လန်ရထန်းတို့ နှစ်ယောက်စလုံးက အသက်လေးဆယ်နား နီးနေကြပြီ။ ယိုဟိုင်ယွဲ့က ဘယ်လောက်ပဲ ရှိသေးလို့လဲ။ သူတို့တွေက မျိုးဆက်တွေ မတူဘူးဆိုတာ ပေါ်လွင်တာပဲ။ ဘယ်လိုလုပ်ပြီး သူတို့ကို အဆင့်တူနေရာမှာ ထားပြီးတော့ နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ ဒီကောင်က ယိုဟိုင်ယွဲ့ထက် သန်မာလိမ့်မယ်ဆိုတာကို ငါသံသယ ဖြစ်မိတယ်”

“မင်းတို့တွေ တီးတိုးတီးတိုးတွေ ဘာအကြောင်းတွေကို သဖန်းပိုးထိုးနေကြတာလဲ”

ယွမ်ချမ်ဟဲက မာဆတ်ဆတ်နဲ့ ပြောလိုက်ပါတယ်။ သူ့အသံက စိတ်အနှောင့်အယှက် ဖြစ်နေပုံ ရပါတယ်။ သူ့ရဲ့စွမ်းရည်နဲ့ နာမည်ထင်ပေါ်ကျော်ကြားမှုကို

သူတို့တွေက သတိပြုမိနေတာတောင် ဘာဖြစ်လို့ ထွက်မသွားကြသေးတာလဲ။

လီဖန်းယုက အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါသူ့ကို အာရုံလွှဲထားလိုက်တဲ့ အချိန်မှာ မင်းတို့အားလုံး အရင်ဆုံး ထွက်သွားနင့်ကြ"

သူက ချက်ချင်းပဲ မျက်နှာပြောင်းသွားပြီးတော့ စပ်ဖြဲဖြဲပြုံးလိုက်ပြီး ယွမ်ချမ်ဟဲဆီကို အပြေးအလွှား သွားလိုက်ပါတယ်။

"အစ်ကိုယွမ် ကျနော်က လီဖန်းယုပါ။ ဒီနေ့ အစ်ကိုယွမ်နဲ့ တွေ့ခွင့်ရတာ အရမ်းကို ကံကောင်းပြီး ဂုဏ်ယူစရာ ကောင်းပါတယ်။ မျှော်လင့်ထားသလိုပဲ အစ်ကိုယွမ်က အထင်ကြီးစရာ လေးစားဖို့ ကောင်းပြီးတော့ ဒီနေရာမှာ ရပ်နေရုံနဲ့တင် ရွှေရောင်တွေ တလက်လက် တောက်ပလို့ နေလိုက်တာ နတ်ဘုရား တစ်ပါးလိုပါပဲလား။ ကျနော့်လို လူတောင်မှ ဒုတိယ နေမင်းကြီး တစ်စင်း ထွန်းလင်းတောက်ပလာပြီး ကျနော့်ရဲ့ လမ်းကြောင်းကို အလင်းပြနေသလိုမျိုးတောင် ခံစားရပါတယ်"

သူ့ရဲ့အတောမသတ်နိုင်တဲ့ မြှောက်လုံးပင့်လုံး စကားလုံးတွေ ကြားပြီးတဲ့နောက်မှာ လင်းဟန်နဲ့ ကျန်တဲ့လူတွေ အကုန်လုံးက စိတ်ပျက်လက်ပျက်နဲ့ သူ့ကိုစိုက်ကြည့်လိုက်မိကြပါတယ်။ ဒီလိုမျိုး အော်ဂလီဆန်စရာကောင်းတဲ့ စကားတွေကို မျက်နှာပြောင်တိုက်ပြီး ပြောနိုင်တဲ့လူ ရှိသေးတယ်ပေါ့လေ။ သူတို့မှာတော့ အန်ထွက်လုမတတ် ခံစားနေရပါတယ်။

အကြောင်းက ယွမ်ချမ်ဟဲအနေနဲ့ ဒီမြှောက်လုံးပင့်လုံးတွေကို အရမ်းပဲ နှစ်ခြိုက်သဘောကျ နေပါတယ်။

သူ့ရဲ့ သဘာဝပါရမီက ကြောက်ခမန်းလိလိ အထွတ်အထိပ်မှာ ရှိပါတယ်။ သူက အရင်တုန်းက ကျင့်ကြံခြင်းမှာ စိတ်နှစ်မြှုပ်ပြီး တံခါးပိတ် ကျင့်ကြံနေခဲ့ပြီးတော့ ကမ္ဘာကြီးကနေ သီးခြားခွဲထုတ် အနားယူနေခဲ့ပြီး ရှေးဟောင်းဘုန်းတော်ကြီး တစ်ပါးလို ကျင့်ကြံအားထုတ် နေခဲ့ပါတယ်။ သူ့ရဲ့ အတွင်းစိတ်သဏ္ဍာန်ကတော့ ပြိုင်ဘက်မရှိအောင် မာနကြီးလွန်းပြီး တခြားလူတွေရဲ့ ချစ်ခင်နှစ်သက်မှုနဲ့ ကိုးကွယ်မှုတွေ အထင်ကြီးလေးစားအားကျမှုတွေကို တမ်းတပါတယ်။

များမကြာမီ အချိန်တုန်းက သူက အရောင်အဂါ တောက်ပခဲ့ညားပြီး သူ့ရဲ့အတွင်းစိတ်သဏ္ဍာန်ရဲ့ ဘဂမြင့်ခြင်းတွေက ရုတ်တရက်ဆိုသလို မှိန်ဖျောင်းလာခဲ့ပါတယ်။ ဒီအခိုက်အတံ့မှာ လီဖန်းယုရဲ့ မြှောက်လုံးပင့်ကော် စကားလုံးတွေကြောင့် ချက်ချင်းဆိုသလိုပဲ သူရဲ့အရိုးတွေထဲထိအောင် ပီတိဂွမ်းဆီ ထိသလိုခံစားလိုက်ရပြီး ဒီစကားလုံးတွေကို အနည်းဆုံးတော့ အော်ဂလီဆန်စရာ စကားတွေလို့ မသတ်မှတ်တော့ပါဘူး။

မရပ်မနား မြှောက်လုံးပင့်လုံးတွေ ပြောပြီးတဲ့နောက်မှာ လီဖန်းယုက ပါးစပ်ခြောက်လာသလို ခံစားလိုက်ရပါတယ်။ အဲဒီနောက် သူရဲ့ခေါင်းကို ဘေးဘီဂဲယာ စောင်းကြည့်လိုက်တဲ့ အခါမှာ အားလုံးက သူ့ကိုအမြင်အာရုံ အလယ်မှာ ထားပြီးတော့ ပါးစပ်ကြီးတွေ အဟောင်းသား ပွင့်နေတာ မြင်လိုက်ရပါတယ်။ သူက စိတ်မရှည်ပဲ အသံထွက်ပြီးတော့ ပြောလိုက်မိပါတယ်။

"ငါဒီနေရာမှာ ရပ်ပြီးတော့ မနားမနေ စကားပြောနေရတယ်။ အဲဒါကို အစကနေ နောက်တစ်ကြိမ် ထပ်ပြီးတော့ ပြောဖို့ဆန္ဒရှိနေတယ် ထင်နေတာလား။ မင်းတို့တွေ ဘာဖြစ်လို့ ထွက်မပြေးကြ သေးတာလဲ"

လင်းဟန်က အူလိုက်သည်းလိုက်ကို ရယ်မောပြီးတော့ ပြန်တုံ့ပြန်လိုက်ပါတယ်။

"မင်းက ဘယ်လိုမျိုး ချီးကျူးပြောဆိုနိုင်မလဲဆိုတာကို ကြည့်ခိုင်းတာ မဟုတ်ဘူးလား"

သူက အခုဆိုရင် ဆေဘာဓား ဘုရင်လေးကိုတောင် သူ့ဓားအောက်မှာ အနိုင်ယူဖို့ ယုံကြည်ချက်တွေ ရှိနေပါပြီ။ ကောလာဟလ တချို့ကြောင့် နာမည်ကြီးနေတဲ့ ယွမ်ချမ်ဟဲကြောင့် သုတ်ခြေတင်အောင် ထွက်ပြေးဖို့ လိုလို့လား။ ဘယ်လိုဟာသကြီးလဲ။

ယွမ်ချမ်ဟဲက သူ့ရဲ့မခံမရပ်နိုင်အောင် ထွက်နေတဲ့ ဒေါသကို မထုတ်ဖော်ပဲနဲ့ စိတ်ဆိုးဆိုးနဲ့ ပြောလိုက်ပါတယ်။

"မင်းက တကယ်တော်တာပဲ။ ငါ့ကိုတောင် လိမ်လည်ရဲတယ်ပေါ့"

လီဖန်းယုက ထိတ်လန့်တကြားဖြစ်ကာ ကြံရာမရ ဖြစ်ပြီးတော့ ဖနောင့်နဲ့တင်ပါး တစ်ထပ်တည်း ကျအောင်လို့ ထွက်ပြေးလိုက်ပါတယ်။ သူလည်းပဲ ပါရမီရှင်

တစ်ယောက်ဆိုပေမဲ့ သူက အခုဆို ယွမ်ချမ်ဟဲရဲ့ အနီးဆုံးမှာ နေနေရတာ ဖြစ်ပါတယ်။ နောက်ပြီးတော့သူက ကျင့်ကြံခြင်းအဆင့် တစ်ခုလုံးတောင် နိမ့်ကျပါတယ်။ ဘယ်လိုလုပ်ပြီးတော့ တိုက်ခိုက်ရဲမှာလဲ။

"အစ်ကိုလင်း မင်းရဲ့အစွမ်းကို ထုတ်ပြလိုက်ပါ"

သူက အော်လိုက်ပါတယ်။

"မုန်းစရာကောင်းတဲ့ကောင် ငါမင်းကို သတ်ချင်တယ်။ ငါမင်းကို ရိုက်ပစ်ချင်တယ်"

ယွမ်ချမ်ဟဲက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ပထမဆုံး သူက တဖက်လူကို သတ်ပစ်ချင်တယ်လို့ ပြောခဲ့ပေမဲ့ ဒီစမ်းသပ်မှုက သတ်ဖြတ်ခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ သူ့အနေနဲ့ ဒီအတွက်တော့ကြောင့် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဂင်ရောက်ဖို့ အရည်အချင်း မပြည့်မီဖြစ်သွားမှာကို မလိုချင်ခဲ့ပါဘူး။

"အစ်ကိုလင်း ဒီကောင့်ကို ထိန်းထားလိုက်ပါ။ ငါ့ရဲ့ညီမကို မင်းရဲ့ ဇနီးမယားအဖြစ် လက်ဆောင် ပေးပါ့မယ်"

"အစ်ကိုနော်"

လီဇီရှန်းက မျက်နှာနီနီနဲ့ အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး အရာကို ပြောနိုင်ရတာလဲ။ ဒါက မောင်နှမ အချင်းချင်း သူမကို သစ္စာဖောက်တာနဲ့ မတူဘူးလား။

"လင်းဟန်က ဒီရုပ်ဆိုးဆိုး မိန်းမကို လိုချင်မှာ မဟုတ်ဘူး"

ဟူးညိုက လင်းဟန်အစား အရှေ့ကို ထွက်လာပြီး လင်းဟန်ကို တိုက်ခိုက်ဖို့ အခွင့်အရေး မပေးပါဘူး။

သူမက လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီးတော့ လျှပ်ပြက်လိုက်သလို ယွမ်ချမ်ဟဲရဲ့ အရှေ့မှာ ပေါ်လာခဲ့ပြီးတော့ သူမရဲ့ လက်သီးသေးသေးလေးတွေနဲ့ သူ့ဆီကို ထိုးပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

"ဟင်"

ယွမ်ချမ်ဟဲက အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။

ဒီမိန်းကလေး သေးသေးလေးက ဒီလိုမျိုး အမြန်နှုန်း ရှိနေလိမ့်မယ်လို့ သူမထင်ထားခဲ့ပါဘူး။ ပြီးတော့ ပိုပြီးတော့ အံ့ဩစရာ ကောင်းတာက သူလိုမျိုး ကျင့်ကြံခြင်းအဆင့် တူနေလိမ့်မယ် ဆိုတာပါပဲ။ ဒါက သူ့အတွက်တော့ ယုံကြည်ဖို့ အရမ်းကို ခက်ခဲပါတယ်။

သူက အမြဲတမ်းလိုလို သူ့ရဲ့ကျင့်ကြံခြင်း အဆင့်နဲ့ ပတ်သက်ပြီး အရမ်းကို ဂုဏ်ယူနေခဲ့ပါတယ်။ အသက် နှစ်ဆယ့်ခုနစ်နှစ်အရွယ်နဲ့ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်နေပြီး ဒါက မကြုံစဖူး ကံကြမ္မာတစ်ခု ဖြစ်ပါတယ်။ အခုတော့ အသက် ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေးက အထင်ကြီးစရာ ကောင်းလောက်အောင် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ရှိနေပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဂုဏ်ယူလို့ ရတော့မှာလဲ။

ချွမ်။

ယွမ်ချွမ်ဟဲက ရတနာ ဓားတစ်လက်ကို ဆွဲထုတ်ယူလိုက်ပါတယ်။ ဒါပေမဲ့ ဓားကို ဓားအိမ်ထဲကနေ မထုတ်ပဲ ဟူးညိုရဲ့ ဂင်လာတဲ့ လက်သီးကို ဓားအိမ်နဲ့ ဟန့်တားလိုက်ပါတယ်။ ဒါပေမဲ့ လျှပ်စီးတွေက ဓားအိမ်ကနေ တစ်ဆင့် သူ့လက်မောင်းဆီကို ပြန့်နှံ့လာခဲ့ပါတယ်။

"အား"

သူက အနည်းငယ် အသံထွက်သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်မှာ မီးတောက်တွေ လည်ပတ်နေပြီး လျှပ်စီးအလင်းတွေနဲ့ လိမ်ယှက်ပြီး အပြင်းအထန် တိုက်ခိုက်နေပါတယ်။ သိုင်းဆန္ဒတွေက တောက်ပတဲ့ အလင်းရောင် ရောင်စဉ်တန်းတွေ အဖြစ်ကို ပြောင်းလဲသွားပြီး မတူညီတဲ့ ပုံသဏ္ဍာန်တွေ ဖြစ်ပေါ်လာခဲ့ပြီး လေထဲမှာ ရောနှောလို့ နေပါတယ်။

ဟူးညိုက လေထဲကို ပေါ့ပါးဖျတ်လက်စွာနဲ့ ခုန်လွှားလိုက်ပြီး နောက်ကို မဆုတ်ခင် ပြင်းထန်တဲ့ တိုက်ခိုက်မှု တချို့ကို လုပ်ခဲ့ပါတယ်။

လင်းဟန်က ခေါင်းကိုညိတ်လိုက်ပါတယ်။ ဒီလူကို ယှိဟိုင်ယွဲ့နဲ့ ခွန်အားအရာမှာ နှိုင်းယှဉ်နိုင်တာ အံ့သြစရာ မရှိတော့ပါဘူး။ သူက တကယ်ပဲ အရမ်းကို သန်မာပြီးတော့ ဟူးညိုဆီက တိုက်ခိုက်မှုကို အရေးမနိမ့်ပဲ မြဲမြဲစွာနဲ့ ရပ်တည်နိုင်စွမ်း ရှိပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ဒီလိုမျိုး လုပ်နိုင်တဲ့လူတွေက အများကြီး မရှိပါဘူး။

နည်းနည်းလေးနဲ့ သူတို့ သိသွားကြပါတယ်။ ယွမ်ချမ်ဟဲက ပိုပြီးတော့တောင် အံ့အားသင့် သွားခဲ့ပါတယ်။

သူက ကိုယ့်ကိုကိုယ် အရမ်းပဲ အထင်ကြီး ဘဝင်မြင့်နေခဲ့ပါတယ်။ ဟိုယိုင်ယွဲ့နဲ့ ဆေဘာဓား ဘုရင်လေးတို့ရဲ့ အဆင့်တောင်မှ သူ့ရဲ့ပြိုင်ဘက်တွေ မဟုတ်ဘူးလို့တောင် ထင်ထားခဲ့ ပါတယ်။ သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို လာပြီးတော့ သူ့ရဲ့ဒဏ္ဍာရီကို စတင်ဖို့ ဖြစ်ပါတယ်။ သင်တန်းကျောင်းကို ဂင်ရရုံပဲ ရှိပါသေးတယ်။ သူနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်စွမ်းရှိတဲ့ ကလေးမလေး တစ်ယောက် ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူက ခန့်မှန်းထားမိမှာလဲ။

သူက အဆုံးမဲ့ နည်းစနစ်တွေကို အသုံးမပြုခဲ့ဘူး ဆိုပေမဲ့ အဆင့်မြင့်သူ တစ်ယောက်က တခြားလူရဲ့ စစ်မှန်တဲ့ စွမ်းဆောင်ရည်ကို သူ့ရဲ့တိုက်ကွက်ကနေ ပြောနိုင်ပါတယ်။ ပြီးတော့ ဒီကလေးမလေးကို လျော့တွက်လို့ မရပါဘူး။

"ရုပ်ဆိုးကြီး ညိုးညိုးဆီ လာပြီးတော့ ဖမ်းလေ"

ဟူးညိုက လက်ခုပ်လက်ဝါးတီးပြီး ရန်စလိုက်ပါတယ်။

ယွမ်ချမ်ဟဲက သူ့ရဲ့ဓားကို ဆွဲထုတ်လိုက်ပြီးတော့ အော်လိုက်ပါတယ်။

"မင်းတို့တွေ ဒီလောက်အများကြီးကို ငါနဲ့တိုက်ဖို့ ကလေးမလေး တစ်ယောက်ကို ခွင့်ပြုထားမလို့လား။ ဟင့် မင်းတို့တွေက သရဲဘောကြောင်လိုက်တာ"

လင်းဟန်က ရယ်မောပြီး တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

"မင်းက ငါတို့အုပ်စုထဲက အငယ်ဆုံးကိုတောင် အနိုင်ရအောင် မယူနိုင်ပဲနဲ့ တခြားလူတွေကို စိန်ခေါ်ချင်နေသေးတာလား။ မင်းကို ငါတို့တွေ အနိုင်မကျင့်တာပဲ ကျေးဇူးတင်သင့်တယ်။ မင်းနဲ့အတူ ကစားဖို့ ကလေးမလေး တစ်ယောက်ကို ပွဲထုတ်ပေးလိုက်တာပဲလေ"

ဒီစကားလုံးတွေက တကယ့်ကို ကွက်တိပါပဲ။ အသက်ခုနစ်နှစ် ရှစ်နှစ်အရွယ်ပဲ ရှိသေးတဲ့ ကလေးမလေး တစ်ယောက်က သာမန်ဆော့ကစားတဲ့ ပုံစံမျိုးပါပဲ။ တကယ်လို့ သူက တခြားလူတွေကို ဒီကလေးမလေးက

စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သူ တစ်ယောက်ဖြစ်တယ်လို့ ပြောပြမယ်ဆိုရင် ဘယ်သူကများ ယုံကြည်ကြမှာလဲ။

ယွမ်ချမ်ဟဲက လင်းဟန်ရဲ့ စကားလုံးတွေကို ပြန်ပြီးတော့ မတုံ့ပြန်နိုင်ခဲ့ပါဘူး။ သူ့အနေနဲ့ ရွေးချယ်စရာ မရှိပဲ သူ့ရဲ့မကျေမချမ်း ဖြစ်နေတာတွေကို ကျိတ်ပြီးတော့ ဖုံးကွယ်ထား လိုက်ပါတယ်။ ဒီလိုမျိုး မွန်းစတား တစ်ကောင်နဲ့ ဆုံတွေ့လိမ့်မယ်လို့ သူ့ကို ဘယ်သူက ပြောလို့လဲ။

"ဟူးညို သူ့ကိုမှောက်သွားအောင် ချုပ်လိုက်။ သူ့ကို နောက်လိုက်အဖြစ် ငါလိုချင်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

ဟူးညိုက ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါတယ်။

"ညိုးညိုး တာဝန်ထားလိုက်တော့"

"သေစမ်း"

ယွမ်ချမ်ဟဲရဲ့ ဒေါသတွေက မုန်တိုင်းထန်သလိုမျိုး ဆူပွက်လာပြီး သူကိုယ်တိုင်တောင်မှ ကြားနိုင်ပါတယ်။ သူ့ကို နှိမ်နင်းပြီးတော့ နောက်လိုက်တစ်ယောက် ဖြစ်စေချင်နေပြီး တခြား လက်ကိုင်တုတ်တွေလိုမျိုး ဆက်ဆံချင်တာလား။ ယွမ်ချမ်ဟဲက သူ့ရဲ့ဓားကို ဓားအိမ်ကနေ ထုတ်လိုက်ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"ညီးညီးက နင့်ရဲ့ပြိုင်ဘက်ပဲ"

ဟူးညိုရဲ့ ပုံရိပ်က လေထဲကနေ သွက်လက်လျင်မြန်စွာနဲ့ မျောလွင့်လာပြီး ယွမ်ချမ်ဟဲရဲ့ အရှေ့မှာ ထွက်ပေါ်လာခဲ့ပြီး သူမရဲ့ လက်သီးသေးသေးလေးနဲ့ သူ့မျက်နှာကို ရည်ရွယ်ပြီး ထိုးထည့် လိုက်ပါတယ်။

ယွမ်ချမ်ဟဲက ရွေးစရာလမ်း မရှိတော့ပဲ သူ့ခေါင်းကို တစ်ဖက်တိမ်းကာ တိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပြီး တစ်ပြိုင်နက်တည်းမှာပဲ သူ့ဓားနဲ့ ဟူးညိုဆီကို ဦးတည်ပြီး ထိုးလိုက်ပါတယ်။

ဒါက သူ့ထက် နည်းနည်းလေးမှ မနိမ့်ကျတဲ့ အထင်ကြီးစရာ

ပြိုင်ဘက်တစ်ယောက် ဖြစ်နိုင်ပါတယ်။ သူ့ပြိုင်ဘက်ကို မတားပဲနဲ့ ဒီတိုက်ခိုက်မှုကို ခွင့်ပြုလိုက်ဖို့ ဘယ်လိုလုပ် ဖြစ်မှာလဲ။ ဒီတိုက်ခိုက်မှုကိုသာ ခံလိုက်ရမယ်ဆိုရင် သူ့မိခင်အရင်းကတောင် သူ့ကိုမှတ်မိလိမ့်မှာ မဟုတ်ပါဘူး။

သူတို့နှစ်ယောက်က အနီးကပ် တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ပြင်းထန်ပါတယ်။

ယွမ်ချမ်ဟဲက တကယ့်ကို ကြီးမားတဲ့ ခွန်အားရှိပြီးတော့ ဟူးညိုကို ထိပ်တိုက်ရင်ဆိုင်နိုင်စွမ်း ရှိပါတယ်။ အနည်းဆုံးတော့ သူ့ကိုကြည့်ရတာ အချိန်နည်းနည်းလောက်နဲ့ ရှုံးနိမ့်သွားမဲ့ပုံ မရှိပါဘူး။ ကြည့်နေတဲ့လူတွေက သူတို့ရဲ့ လျှာတွေကို သပ်လိုက်ပြီး အံ့သြနေကြပါတယ်။ သူ့ရဲ့ စွမ်းရည်ကို မချီးကျူးပဲ မနေနိုင်အောင် ဖြစ်နေကြပါတယ်။ တစ်ခုသိထားရမှာက ဒီမတိုင်ခင်က အရိုးစု မွန်းစတားတွေတောင်မှ ဟူးညိုရဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မှု တစ်ခုမှာ ပြိုလဲကျ သွားခဲ့ပါတယ်။

ယွမ်ချမ်ဟဲက ဒီအကြောင်းကို လုံးဝမသိပါဘူး။ ဒါကြောင့် သူက အရမ်းကို တက်ကြွနေပါတယ်။

"ယား"

သူက ကျယ်လောင်စွာ မာန်သွင်းလိုက်ပြီး နောက်ဆုံးမှာတော့ သူ့ရဲ့ အစွမ်းအထက်ဆုံး သိုင်းကွက်ကို ထုတ်ဖော်လိုက်ပါတယ်။ သူ့ဓားသိုင်းဟန်ရဲ့ လှုပ်ရှားမှု အကြားမှာ သူက ထွက်ပေါ်လာပြီး ဓားရဲ့ထိပ်ကို လျင်မြန်စွာ လှုပ်ခါပြီးတော့ ဟူးညိုဆီကို ခုတ်ပိုင်းချ လိုက်ပါတယ်။

ဓားချီအလင်း နှစ်ဆယ်ကျော်က ထွက်ပေါ်လာပြီး အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

Chapter 664 end

Zaw.အပိုင်း(၆၆၅) ဂက်ခေါင်းတစ်ခု ဖြစ်အောင်လို့ ရိုက်ခံရခြင်း

"စိတ်ဂင်စားစရာ ကောင်းတယ်"

လင်းဟန်က သူ့ခေါင်းကို ညိတ်လိုက်ပါတယ်။ ကျင့်ကြံသူ တစ်ယောက်အတွက် ထုတ်ဖော်နိုင်တဲ့ ဓားအချီအလင်းက အမြင့်ဆုံး အကန့်အသတ် ရှိပါတယ်။ ဓားချီအလင်း သုံးဆယ်က အများဆုံး အရေအတွက်ပဲ ဖြစ်ပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အကန့်အသတ် ရှိပါတယ်။ ပြီးတော့ ဓားတိုက်ခိုက်မှုက လက်ကောက်ဝတ်ကို လှုပ်ယမ်းမှုကြောင့် ထုတ်လွှတ်နိုင်တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဓားနဲ့ခန္ဓာကိုယ်ရဲ့ ပေါင်းစည်းမှုက တသားတည်း ဖြစ်တည်ပြီးတဲ့ နောက်မှာ ယွမ်ချမ်ဟဲရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက လှုပ်ရှားလာပြီးတော့ သူ့ဓားသိုင်းဟန်ရဲ့ အစွမ်းကို အကြီးအကျယ် မြှင့်မားသွားစေခဲ့ပါတယ်။

မူလတုန်းက လက်ကောက်ဝတ် အပေါ်မှာ အားစိုက်ရပေမဲ့ အခုတော့ ခန္ဓာကိုယ် တစ်ခုလုံးမှာ သဟဇာတ ဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် လက်ကောက်ဝတ် အပေါ်က ဝန်ထုပ်ဝန်ပိုးက လျော့ကျသွားခဲ့ပြီး ကြိမ်ဖန်များစွာ ဓားတိုက်ခိုက်မှုတွေကို သူ့အနေနဲ့ ထုတ်လွှတ်နိုင်မှု တိုးလာခဲ့ပါတယ်။

ဓားအရိပ်ပေါင်း ထောင်ပေါင်းများစွာက ဆက်တိုက်ဆိုသလို တိုက်ခိုက်လာပြီး ဓားချီတွေကိုပါ ပေါင်းထည့်ထားပါတယ်။ ထွက်ပေါ်လာတဲ့ အင်အားက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။

"နင်နဲ့ထပ်ပြီးတော့ မကစားချင်တော့ဘူး"

ဟူးညိုက လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပြီးတော့ ရှောင်တိမ်းလိုက်ပါတယ်။ သူမရဲ့ လှုပ်ရှားမှုက အသိအမှတ်ပြုစရာ ကောင်းလောက်အောင် ပေါ့ပါးဖျတ်လက်လွန်းပါတယ်။ ဓားသွားတွေကတောင် သူမကို မိအောင်မဖမ်းနိုင်ပါဘူး။

ယွမ်ချမ်ဟဲက အကူအညီမဲ့သလို ခံစားလိုက်ရပါတယ်။ သူ့ဓားသိုင်းကွက်က ထူးထူးခြားခြားကို အစွမ်းထက်ပါတယ်။ တကယ်လို့ ပစ်မှတ်ကို ထိအောင်လို့ မတိုက်ခိုက်နိုင်ဘူးဆိုရင် ဘာသွားလုပ်ရတော့မှာလဲ။ ဟူးညိုလိုမျိုး အရမ်းကို လျင်မြန်ဖျတ်လက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ဆုံတွေ့ရတဲ့ အခါမှာ သူက စိတ်ဓာတ်ကျသလို ခံစားရပြီး ဘယ်နေရာကို တိုက်ခိုက်သင့်လဲ ဆိုတာကို မသိပါဘူး။

သူရဲ့ မျက်လုံးတွေက လင်းဟာန်အပေါ်ကို ကျရောက်သွားပြီး သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဒီကောင်ရဲ့ လှုပ်ရှားမှုကလည်း ပေါ့ပါးဖျတ်လက်ပုံမလား။ မဖြစ်နိုင်လောက်ပါဘူး"

"ငါနဲ့တိုက်စမ်း"

သူက လင်းဟန်ရှိတဲ့ဆီကို ခုန်ဝင်လိုက်ပြီး လင်းဟန်က ထုးဆန်းတဲ့ ကျောက်တုံးတွေကို သယ်ဆောင်ထားတဲ့ လူလည်း ဖြစ်ပါတယ်။

"ညိုးညိုး နောက်တစ်ကြိမ် ပြန်လာပြီနော်"

ဟူးညိုက အော်လိုက်ပြီး သူမရဲ့ စကားအတိုင်း ဒေါသူပုန်ထပြီးတော့ ပြန်လှည့်လာပြီး သူမရဲ့ လက်သီးတွေကို တိုက်ခိုက်ဖို့ ဟန်အသင့် ပြင်ဆင်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ လျှပ်စီးအလင်းတန်းတွေ တလက်လက်တောက်ပနေပြီး သူမက ယွမ်ချမ်ဟဲ နောက်ကျောကို ဦးတည်ပြီး တိုက်ခိုက်လိုက်ပါတယ်။

ယွမ်ချမ်ဟဲက ရွေးချယ်စရာ မရှိတော့ပဲ တန်ပြန်တိုက်စစ် ဆင်လိုက်ရပြီး လင်းဟန်ကို တိုက်ခိုက်မဲ့ သူ့ရဲ့အကြံကို စွန့်လွှတ်လိုက်ရပါတယ်။

သူ့ရဲ့အဆုံးစွန် တိုက်ကွက်ကို အသုံးပြုလိုက်ချိန်တိုင်း ဟူးညိုက ခုန်ပေါက်ပြေးလွှားသွားပါတယ်။ ဒါပေမဲ့

အဲ့ဒီနောက်ပိုင်းမှာ သူမက မဆိုင်းမတွ ပြန်လှည့်လာပြီး နောက်တစ်ကြိမ် တိုက်ခိုက်ပြီး ယွမ်ချမ်ဟဲကို စိတ်ရှည်သည်းခံမှု မရှိအောင် လုပ်နေပါတယ်။

"ကလေးမလေး တကယ်လို့ မင်းသတ္တိရှိရင် မပြေးနဲ့"

ယွမ်ချမ်ဟဲက သည်းမခံနိုင်တော့ပဲ ဟူးညိုကို စိန်ခေါ်လိုက်ပါတယ်။ နောက်တီးနောက်တောက်နဲ့ သူမရဲ့ ဟန်ပန်အမူအရာကြောင့် ဒေါသတွေ တောက်လောင်လို့ နေပါတယ်။

"ကောင်းပြီလေ။ ညီးညီး မပြေးတော့ဘူး။ ဟင့် နင့်ကို ညီးညီးက ကြောက်နေတယ်လို့ ထင်နေတာလား"

ဟူးညိုက သူမရဲ့ လက်နှစ်ဖက်ကို ခါးပေါ်မှာ ထောက်ထားပြီးတော့ အကြောက်အလန့် မရှိတဲ့ ပုံစံနဲ့ ပြန်ပြောလိုက်ပါတယ်။

"ရုပ်ဆိုးတဲ့ လူတွေက အမြဲတမ်း ကောင်းကိုမကောင်းကြဘူး။ ညီးညီး နင့်ကို ဘယ်လိုမျိုး အဆုံးသတ်ပြရမလဲ ဆိုတာ ကြည့်နေ"

ယွမ်ချမ်ဟဲက ဒီအခွင့်အရေးကို မြင်လိုက်ပြီး ပျော်ရွှင်မြူးထူးသွားကာ လှွားခနဲ ခုန်ပြီးတော့ သူ့ရဲ့ဓားနဲ့ ဟူးညို့ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"ညိုးညိုး သွားပြီနော်"

ဟူးညို့က လျှာထုတ်ပြပြီးတော့ နောက်တစ်ကြိမ် ထွက်ပြေးသွားပါတယ်။

ယွမ်ချမ်ဟဲရဲ့ တိုက်ခိုက်မှုက နောက်တစ်ကြိမ် အလဟဿ ဖြစ်သွားခဲ့ပါတယ်။ ဒေါသတွေ အလွန်အမင်း ထွက်သွားပြီး သူက ရယ်မောကာ ပြောလိုက်ပါတယ်။

"မင်းရဲ့စကားတွေကို ပြန်ရုပ်"

သူက ပြောမလို့ ရှိပါသေးတယ်။ သူ့ရဲ့စကားကို ဆက်ပြီးတော့ မပြောနိုင်တော့ပဲ ဖြစ်သွားပါတယ်။ သူမက အသက်ဘယ်လောက်ပဲ ရှိသေးလို့လဲ။

"ခစ်ခစ် ခစ်ခစ် နင်က အရမ်းကို တုံးတာပဲ။ ရုပ်ဆိုးကြီး။ ညိုးညိုးက နင့်ကို လှည့်စားနေတာလေ"

ဟူးညိုက တခစ်ခစ်နဲ့ သဘောကျစွာ ရယ်မောလိုက်ပြီး သူမရဲ့ အင်္ကျီလက်ကို ပင့်တင်လိုက်ပြီး ရဲပွံ့တဲ့ ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒီတစ်ကြိမ်တော့ အတည်ပြောမယ်။ နင့်ကို အရှုံးဂန်ခံလာတဲ့ အထိ ရိုက်နက်ပစ်မယ်"

ယွမ်ချမ်ဟဲကို နောက်ထပ်တစ်ကြိမ် တူညီတဲ့ လှည့်ဖျားမှုနဲ့ ဘယ်လိုလုပ်ပြီး လှည့်စားလို့ ရနိုင်မှာလဲ။ သူက ဒီမျိုးဆက်ရဲ့ ပါရမီရှင်များထဲက တစ်ယောက် ဖြစ်ပါတယ်။ အရူးတစ်ယောက် မဟုတ်ပါဘူး။

"ညိုးညိုးရဲ့ အဆုံးစွန် တိုက်ကွက်က ပြိုင်ဘက်မရှိဘူး။ လုံးဂကို အတုမဲ့ပဲ။ ဘယ်သူမဆို ဒီတိုက်ကွက်ကို မြင်တာနဲ့ ထိတ်လန့်ကြောက်ရွံ့ကုန် ကြတယ်။ တစ္ဆေသရဲတွေတောင် ဒီသိုင်းကွက်ကို ကြောက်ကြတယ်။ နဂါးလက်သည်းသိုင်း"

ဟူးညိုက လွှားခနဲ ခုန်လိုက်ပြီး သူမရဲ့ လက်နှစ်ဖက်ကို လက်သည်းပုံစံ ပုံဖော်လိုက်ပြီး ယွမ်ချမ်ဟဲရဲ့ ရင်ဘက်ကို ဦးတည်ပြီး ကုတ်ဆွဲလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ ဒါက တကယ့်ကို အစစ်အမှန်ပါပဲ။

ယွမ်ချမ်ဟဲက အံ့အားသင့် သွားပြီးတော့ သူ့ရဲ့ဓားကို အလောတကြီး မြှောက်ပြီးတော့ ဟူးညိုဆီကို စက်ဝိုင်းခြမ်းပုံစံ လှီးခုတ်လိုက်ပါတယ်။ ခန့်မှန်းလို့ မရနိုင်တဲ့ အင်အားတစ်ခုက ပေါက်ကွဲထွက် လာခဲ့ပြီး ဓားချီအလင်း နှစ်ဆယ်ကျော်က ကောင်းကင်တစ်ခုလုံးကို အသက်ရှူ မှားလောက်အောင် ရင်သပ်ရှုမောစွာနဲ့ ပြည့်နှက်သွားခဲ့ပါတယ်။

ဟုမ်း။

ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာကောင်းအောင် ဆောင့်မိခြင်းကြောင့် မှိုပွင့်ပုံစံ တိမ်အငယ်စား တစ်ခု ဖြစ်ပေါ်သွားပြီး အားလှိုင်းတွေ ထွက်ပေါ်လာတဲ့ အခါမှာ ပတ်ဝန်းကျင်က မြူခိုးတွေက အဝေးကို လွင့်စဉ်ကုန်ပါတယ်။ ကံကောင်းတာက လျှိုမြောင်တစ်ခုလုံးက ကျောက်တုံး အပိုင်းအစတွေ အနည်းငယ်ပဲ ကျဆင်းလာခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီတိုက်ခိုက်မှုက သစ်ပင်တွေ တော်တော်များများကို ပျက်စီးပြိုလဲမှုတွေ ဖြစ်သွားပါလိမ့်မယ်။

"ထိ ထိ ထိ ထိ ထိ ထိ ထိ"

ဟူးညှိုရဲ့ စိတ်လှုပ်ရှားစွာ အော်ဟစ်မှုက ဖုန်မှုန့်တွေ အားလုံးရဲ့ အလယ်ကနေ ထွက်ပေါ်လာတာကို ကြားနိုင်ပါတယ်။

ဖုန်မှုန့်တွေ ပျောက်ကွယ်သွားတဲ့ အခါမှာ မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရပြီး ဟူးညှိုက လုံးဂကို အသားစီးရရှိနေကာ တိုက်စစ်ဆင်နေပြီး ယွမ်ချမ်ဟဲကို အပြတ်အသတ် ဆော်နေပြီးတော့ တစ်ကြိမ်ပြီး တစ်ကြိမ် တစ်ချက်ပြီးတစ်ချက် သူ့ရဲ့ ရင်ဘတ်၊ လက်တွေနဲ့ မျက်နှာကို တိုက်ခိုက်နေပါတယ်။

ယွမ်ချမ်ဟဲရဲ့ မျက်နှာက မကြာခင် အချိန်လေးက လုံးဂကို ကောင်းမွန်နေပေမဲ့ အခုအချိန်မှာ စုတ်ပြတ်သတ်နေပြီး ဂက်တစ်ကောင်ရဲ့ ဦးခေါင်းလို ဖောယောင်ဖောင်းကားလို့ နေပါတယ်။ အညိုအမည်းတွေ စွဲနေပြီးတော့ ကြည့်ရတာ အရမ်းကို သနားစရာ ကောင်းလွန်းပါတယ်။

အားလုံးက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်မိပါတယ်။ ဟူးညှိုက တကယ်ပဲ အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး ယွမ်ချမ်ဟဲတောင်မှ ဒီမိန်းကလေးငယ်လေးရဲ့ လက်ထဲမှာ အရှုံးပေး လိုက်ရပါတယ်။

ဘုန်း။

ဟူးညိုက နောက်ထပ် တစ်ချက် ကန်လိုက်ပြီး ယွမ်ချမ်ဟဲကို လွင့်ထွက်သွားစေခဲ့ပါတယ်။ သူက မြေကြီးပေါ်မှာ ထယ်ထိုးသွားပြီး လင်းဟန်ရဲ့ ခြေထောက်ဘေးနားမှာ ရပ်သွားခဲ့ပါတယ်။

လင်းဟန်က ခေါင်းငုံ့ကြည့်ပြီးတော့ ရယ်မောကာ မေးလိုက်ပါတယ်။

"အခု မင်းရှုံးပြီးဆိုတာ ဝန်ခံလား"

"မဟုတ်ဘူး ငါမရှုံးဘူး"

ယွမ်ချမ်ဟဲက ဆတ်ခနဲ အနောက်ကို ဆုတ်ပြီးတော့ သူ့ခေါင်းကို မော့ထားလိုက်ပါတယ်။ သူက အရှုံးကို ဝန်ခံလိမ့်မှာ မဟုတ်ပါဘူး။ သူ့ကို ကလေးမလေး တစ်ယောက်က အနိုင်ယူသွားတာက ဘယ်လိုလုပ်ပြီး ဆန္ဒရှိမှာလဲ။

"ဒါဆိုရင် မင်းဆက်ပြီးတော့ အရိုက်နက်ခံလိုက်ဦး"

လင်းဟန်က သူ့ကို ထပ်ပြီးတော့ ကန်လိုက်ပါတယ်။

ယွမ်ချမ်ဟဲက လက်နှစ်ဖက်စလုံးကို သူ့ရဲ့ချောမောခံ့ညားတဲ့ ဂက်တစ်ကောင်ရဲ့ မျက်နှာမှာ ဒိုင်းပုံစံ ကာလိုက်ပါတယ်။ ဘန်း။ သူက လင်းဟန်ရဲ့ ကန်ချက်ကြောင့် အနောက်ကို လွင့်ထွက်သွားခဲ့ပြီး ဟူးညီ့က အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ နောက်တစ်ကြိမ် ထပ်ပြီးတိုက်ခိုက် လိုက်ပါတယ်။

ဘန်း ဘန်း ဘန်း။

အချီအနည်းငယ် တိုက်ခိုက်ပြီးတဲ့ နောက်မှာ ယွမ်ချမ်ဟဲက နောက်တစ်ကြိမ် အကန်ခံ လိုက်ရပြီး လင်းဟန်ရဲ့ ခြေထောက်အနားကို နောက်တစ်ကြိမ် ထယ်ထိုးသွားပါတယ်။

"ကဲ အခုရော ဘယ်လိုလဲ။ အရှုံးကို ဝန်မခံချင်သေးဘူးလား"

လင်းဟန်က ရယ်ချင်စိတ်ကို ထိန်းပြီးတော့ မေးလိုက်ပါတယ်။

"ဒါပေ့ါ ငါမရှုံးသေးဘူး"

ယွမ်ချမ်ဟဲရဲ့ ပင်ကိုယ်စရိုက်က အတော်လေးကို အလျော့မပေးတတ်တဲ့လူ တစ်ယောက် ဖြစ်ပါတယ်။

"ဒါဆိုရင် နောက်တစ်ကြိမ် သွားစမ်းကွာ"

လင်းဟန်က ယွမ်ချမ်ဟဲကို နောက်တစ်ကြိမ် ကန်ထုတ်လိုက်ပါတယ်။

ဟိုနေရာကို ထယ်ထိုးသွားလိုက် ဒီနေရာကို ထယ်ထိုးသွားလိုက်နဲ့ ယွမ်ချမ်ဟဲက ဘောလီဘော တစ်လုံးလို လင်းဟန်နဲ့ ဟူးညို့တို့ အကြားမှာ ဟိုဘက်ပုတ်လိုက် ဒီဘက်ပုတ်လိုက် ခံနေရပါတယ်။

ချင်ရီယွဲ့နဲ့ တခြားလူတွေအားလုံး ကျောက်ရုပ်ကြီးလို မာတောင့်လို့ နေပါတယ်။ ဒါက တခြားလူ မဟုတ်ပါဘူး။ ယိုဟိုင်ယွဲ့၊ ဆေဘာဓား ဘုရင်လေးနဲ့ သူတို့လို လူတွေကို စိန်ခေါ်နိုင်စွမ်း ရှိတယ်လို့ နာမည်ကျော်ကြားနေတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အခုတော့ သူက ရိုက်နှက်ခံ နေရပြီးတော့ ဘယ်ဘက်က အရှေ့အနောက် တောင်မြောက်ကိုတောင် ပြောနိုင်စွမ်း ရှိလိမ့်မှာ

မဟုတ်ပါဘူး။

ဘယ်နှစ်ကြိမ်လောက် ဆော်ခံနေရတယ် ဆိုတာကိုတောင် မသိတော့ပဲ ယွမ်ချမ်ဟဲက လင်းဟန်ရဲ့ ခြေထောက်နားကို နောက်တစ်ကြိမ် ထယ်ထိုးပြီး ရောက်လာခဲ့ပါတယ်။ ဒီတစ်ကြိမ် လင်းဟန်က သူ့ကို မေးတောင် မမေးတော့ပဲ သူ့ရဲ့ခြေထောက်ကို မြှောက်ပြီးတော့ ကန်ထည့်လိုက်ပြီး လွင့်ထွက်သွားတဲ့ အချိန်မှာပဲ သူ့ကိုအရမ်းကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ယွမ်ချမ်ဟဲက တကယ်ပဲ အော်ဟစ်လိုက်ပါတယ်။

"ဂန်ခံတယ်။ ငါရှုံးပြီဆိုတာ ဂန်ခံတယ်"

ဘန်။

သူက အနောက်ကို လွင့်ထွက်သွားခဲ့ပါတယ်။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ ငါမင်းကို ကန်ထုတ်လိုက်မိတယ်"

လင်းဟန်က ရယ်မောပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

လပြွတ်ပဲ။ နည်းနည်းလေးမှကို ရိုးသားမှု မရှိဘူး။

ယွမ်ချမ်ဟဲက စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပြီးတော့ စကားတစ်လုံးတောင် မပြောရသေးခင် ဟူးညိုရဲ့ လက်သီးဒဏ်ကို ထပ်မံခံစားလိုက်ရပါတယ်။ လက်သီးထိုးချက်တွေ အပြင်းအထန် ခံစားလိုက်ရပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ ခြေထောက်အနားမှာ နောက်တစ်ကြိမ် လဲလျောင်းသွားရပါတယ်။

ဒီတစ်ကြိမ်တော့ လင်းဟန်က သူ့ကို ကန်ထုတ်မပစ်တော့ပဲ အဲဒီအစား ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အရှုံးကို ဝန်ခံလိုက်ပြီ ဆိုမှတော့ မင်းရဲ့ အစ်ကိုကြီးကို ရိုသေလေးစားသမှုနဲ့ ဂါရဝ လာပြုလေ"

ယွမ်ချမ်ဟဲက ထရပ်လိုက်ပြီး အသက်ကို ခက်ခက်ခဲခဲ ရှူပြီးတော့ ပြောလိုက်ပါတယ်။

"ငါရှုံးနိမ့်ခဲ့တာက ဒီကလေးမလေးကိုပဲ။ ဒါကြောင့် မင်းရဲ့အစွမ်းကို ထုတ်ဖော်ပြီးတော့ ငါ့ကိုအနိုင်ယူနိုင်တဲ့

အစွမ်းတွေကို ထုတ်မပြနိုင်သရွေ့ သေတာတောင်မှ ဂန်ခံမှာ မဟုတ်ဘူး”

“အရှုံးကို ဂန်မခံသေးဘူးလား”

လင်းဟန်က ပြုံးလိုက်ပါတယ်။

“ငါ့ကိုလာပြီးတော့ တည်ကြည်ဖြောင့်မတ်တဲ့ ပုံစံမျိုး လာမလုပ်နဲ့။ တကယ်လို့ မင်းက ဖြောင့်မတ်မှန်ကန်တယ် ဆိုရင်တောင် ငါလည်း လီဖန်းယုကို ဗလွတ်ဗလွတ်တွေ လျှောက်ပြောအောင် လုပ်နိုင်ပြီး မင်းကို လိုက်လျောလာအောင် လုပ်ပြီးတော့ အဂေးကို လမ်းလျှောက်ထွက်သွားလို့ ရတာပဲ။ နောက်ဆုံးတော့ မင်းက ရှိက်နက်ခံချင်တဲ့ လူစားမျိုး ဆိုတာကို သတိပြုမိသွားခဲ့ပြီ။ ကောင်းပြီလေ။ ဒါဆိုရင်လည်း ငါမင်းကို နောက်ထပ် ရှိက်နက်ဆုံးမ ရမှာပေါ့”

“ခစ်ခစ်”

ဟူးညိုက သူမရဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်တာကို ရပ်ထားပြီးတော့ ဘေးနားမှာ လက်ပိုက်ပြီး ရပ်ကြည့်နေရာကနေ ချက်ချင်းပဲ စိတ်လှုပ်ရှားပြီး

ပျော်ရွှင်သွားတဲ့ အမူအရာကို ပြောင်းလဲသွား ခဲ့ပါတယ်။ သူမအတွက် ယွမ်ချမ်ဟဲကို ထပ်ပြီးတော့ ရိုက်နက်ဖို့ အခွင့်အရေး ရပါတော့မယ်။

ယွမ်ချမ်ဟဲက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းငါ့ကို အနိုင်ယူနိုင်ရင် ငါမင်းကို ငါ့ရဲ့ခေါင်းဆောင်အဖြစ် သတ်မှတ်မယ်"

လင်းဟန်က အတွေးတချို့ ပေါ်လာပြီးတော့ သူရဲ့ ဘယ်ဘက်လက်ကို သူ့အနောက်ဘက်ကို ပစ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုဆိုရင်ရော ငါမင်းကို လက်တစ်ဖက်တည်းနဲ့ပဲ တိုက်ခိုက်မယ်။ ဒါဆိုရင် မင်းကို အနိုင်ကျင့်တယ်လို့ ပြောမရတော့ဘူးပေါ့"

ဘယ်လောက်တောင် မာနကြီးလိုက်သလဲ။

ယွမ်ချမ်ဟဲက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ တကယ်လို့ လင်းဟန်က သူ့ကို လက်တစ်ဖက်တည်းနဲ့ အနိုင်ယူနိုင်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ လင်းဟန်ကို

သူ့ရဲ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုဖို့ မြေကြီးလက်ခတ်မလွဲ လက်ခံရပါလိမ့်မယ်။ သူက ဓားကို အမြင့်ကို မြှောက်ပြီး ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါ့ရဲ့ ယင်တောင်တန်းကို ဆင်းသက်လာတဲ့ ဓားခုနစ်လက်ကို ရင်ဆိုင်ကြည့်လိုက်"

ဘုမ်း။

စွမ်းအားလှိုင်း တစ်ခုက သူ့ခန္ဓာကိုယ် အတွင်းကနေ ဖြစ်ပေါ်လာပြီး တစ်ဟုန်ထိုး ထွက်ပေါ် လာခဲ့ပြီး ဖုန်မှုန့်တွေ တစ်ထောင်းထောင်း ထလာပြီးတော့ လက်စွပ်တစ်ကွင်းပုံစံအတိုင်း အရပ်မျက်နှာ အားလုံးကို လှိုင်းထသွားခဲ့ပါတယ်။

သူက အင်အားတွေ စုစည်းပြီး ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက သေချာပေါက် တုနှိုင်းလို့ မရပါဘူး။

လင်းဟန်က အလျင်စလိုနဲ့ မတိုက်ခိုက်ပါဘူး။ တကယ်လို့ သူက ဒီပါရမီရှင်ကို ဖိနှိပ်ထိန်းချုပ် နိုင်ခဲ့မယ်ဆိုရင် သူကလည်း အစစ်အမှန်ကို ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ ပြောနိုင်ပါလိမ့်မယ်။

"ဓားခုနစ်လက် ယင်တောင်တန်းဆီ ကျရောက်ခြင်း"

ယွမ်ချမ်ဟဲက တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

"ပထမသိုင်းကွက်။ တောင်တွေပြိုလဲပြီး စမ်းချောင်းတွေ အဆုံးသတ်"

အလင်းရောင်တွေ ဝိုင်းရံထားတဲ့ ဓားသွားတစ်ခုက အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး ဓားရဲ့စွမ်းအင်က ပစ်မှတ်ဆီကို ဦးတည်ပြီးတော့ ဝေ့လည်ပြီး ရောက်လာခဲ့ပါတယ်။ တစ်ခုပြီးတစ်ခု တစ်ကြိမ်ပြီးတစ်ကြိမ် ဓားဆီက အလင်းတန်းတွေက နေရာတစ်ခုလုံး ပြည့်နှက်သွားခဲ့ပါတယ်။ ဓားအလင်းတန်းတွေက ပြည့်နှက်နေပြီး နေရာအနှံ့အပြားကို ဖြာထွက်သွားပါတယ်။

သူ့လက်တစ်ဖက်ကို ဓားတစ်လက်လိုမျိုး အသုံးပြုပြီးတော့ လင်းဟန်က သူ့ရဲ့ပြိုင်ဘက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ ဓားအသိဆန္ဒတွေက မျောလွင့်လို့နေပြီး အဆုံးမဲ့ ရတနာ ဓားတစ်လက်က အတားအဆီး အဟန့်အတား မရှိပဲ ဖြတ်သွားသလိုမျိုး ခံစားစေရပါတယ်။

“ဘယ်လောက်တောင် မာနကြီးလိုက်သလဲ”

လင်းဟန်က တကယ်ပဲ သူ့ရဲ့လက်တစ်ဖက်ကို အသုံးပြုပြီးတော့ သူ့ရဲ့ရတနာ ဓားကို ဟန့်တားဖို့ စိတ်ကူးနေတာကို မြင်လိုက်ရတဲ့ အခါမှာ ယွမ်ချမ်ဟဲက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ ဒီကောင်က သူ့သေလမ်းကိုသူ ရှာနေတာလား။

Chapter 665 end

Zawgyi.အပိုင်း(၆၆၆) ဖိနှိပ်ထိန်းချုပ် အနိုင်ယူခြင်း

ထန်။

လင်းဟန်ရဲ့ လက်မောင်းနဲ့ ရတနာဓားတို့က အပြင်းအထန် ထိမိသွားခဲ့ပါတယ်။ မူလစွမ်းအင် လှိုင်းတွေကို မြင်တွေ့နိုင်ခြင်း မရှိပဲ သတ္တုလက်နက်နှစ်ခု ထိမိသွားသလိုမျိုး မီးပွားတွေ ပေါက်ကွဲ ထွက်ပေါ်လာခဲ့ပါတယ်။

ယွမ်ချမ်ဟဲ့ ချက်ချင်းပဲ မှင်တက်အံ့သြ သွားခဲ့ပါတယ်။ မင်းက လူထူးလူးဆန်းပဲ။ အဆင့်ခုနစ် စိတ်ဂိညာဉ် ပစ္စည်းကို

ထိပ်တိုက်ရင်ဆိုင်ပြီး ခုခံကာကွယ်နိုင်စွမ်း ရှိနေတယ်ပေါ့လေ။

"မင်းရဲ့ခန္ဓာကိုယ်က ဘယ်လိုလုပ် အရမ်းကို မာနေရတာလဲ"

သူက အော်မေးလိုက်ပါတယ်။

"တကယ်လို့ ငါက ဒီလောက်မှ အစွမ်းမထက်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ မင်းရဲ့ခေါင်းဆောင် ဖြစ်လာနိုင်မှာလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက တကယ့်ကို အရူးပဲ"

ယွမ်ချမ်ဟဲက နာခေါင်းရှုံ့ လိုက်ပါတယ်။

"မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောတယ်ဆိုတာကို ငါ ဝန်ခံတယ်။ ဒါပေမဲ့ အဲဒါပဲလေ။ ငါ့ကို အနိုင်ယူဖို့ဆိုရင် ဒီတစ်ခုတည်းနဲ့ မလုံလောက်ဘူး"

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက မလိုလားအပ်တဲ့ စကားတွေ အများကြီး ပြောတာပဲ။ နောက်ပိုင်းကျရင် အဲဒါကို ပြင်ရမယ်။ ငါက အပြောထက် အလုပ်နဲ့ သက်သေပြတဲ့ လူတွေကို ပိုသဘောကျတယ်"

"အိပ်မက်ပဲ မက်လိုက်တော့"

ယွမ်ချမ်ဟဲက အော်ဟစ်လိုက်ပြီး သူ့ဓားရှည်ကို မြှောက်လိုက်ပါတယ်။

"ဓားခုနစ်လက် ယန်တောင်ပေါ် ဆင်းသက်ခြင်း ဒုတိယဓားကွက် မကောင်းဆိုးဝါးအုပ်ကို ခုတ်ပိုင်းခြင်း"

ရွှပ် ရွှပ် ရွှပ် ရွှပ်။

ရက်စက်ကြမ်းကြုတ်တဲ့ ဓားအရိပ်တွေနဲ့အတူ လေထဲမှာ မကောင်းဆိုးဝါး ပုံရိပ်တွေ ပေါ်လာခဲ့ပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

"အိုး ဒါဆိုရင် ဒါက နတ်ဘုရား အာရုံ ပေါင်းစပ်ထားတဲ့ အာနိသင် ရှိတယ်ပေါ့"

လင်းဟန်က အသာအယာ နှာခေါင်းရှုံ့လိုက်ပြီး

သူ့လက်မောင်းကို ဓားရှည်တစ်လက်အဖြစ် အသုံးပြုပြီးတော့ တိုက်ခိုက်လိုက်ပြီး ဓားအလင်းတွေက ပျံသန်းထွက်ပေါ်လာကာ အားလုံးကို သိမ်းပိုက်စိုးမိုး လိုက်ပါတယ်။

သူက စိန်အဆင့် ခန္ဓာကိုယ်ကို ကျင့်ကြံအားထုတ်ထားခဲ့ပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောမှုမှာ အဆင့်တစ်ဆင့် ပိုမြင့်တဲ့ ရှားပါးသတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ ဆိုလိုတာက သူ့ရဲ့လက်မောင်းက အဆင့်ရှစ် ရှားပါးသတ္တုကနေ သွန်းလုပ်ထားတဲ့ ရတနာ ဓားတစ်လက်နဲ့ မကွာခြားဘူးလို့ ပြောခြင်းဖြစ်ပါတယ်။ ပြီးတော့ လက်ဆိုတာက သူ့ရဲ့ ခန္ဓာကိုယ် တစ်စိတ် တစ်ပိုင်း ဖြစ်ပါတယ်။ သွေးကြောနဲ့တူတဲ့ မျဉ်းကြောင်းတွေက သူ့ရဲ့အသွေး အသား တစ်လက်မစီတိုင်းမှာ ရောယှက်နေပြီး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုနဲ့တောင် တူနေပါတယ်။

ပှမ်း။

ဓားတိုက်ခိုက်မှုနဲ့အတူ ကောင်းကင်ဘုံကိုတောင် တုန်လှုပ်စေနိုင်တဲ့ စွမ်းအားက ထွက်ပေါ်လာခဲ့ ပါတယ်။

ထန်။

ယွမ်ချမ်ဟဲက ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး ပြင်းပြင်းထန်ထန် တုန်ခါသွားခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်အနေနဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသုံးပြုခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကို မာတောင့်သွားစေခဲ့ ပါတယ်။

"ဘယ်လိုလဲ။ ရှုံးပြီဆိုတာ ဝန်ခံပြီလား"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ယွမ်ချမ်ဟဲက တစ်ဝက်ခန့် ရှုံးနိမ့်နေပြီးပါပြီ။ ပြိုင်ဘက်ဖြစ်သူက ဓားသိုင်းနည်းစနစ်မှာ အဆင့်မြင့်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒီဓားအလင်းတန်းက အဲဒါကို သက်သေပြ နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က သူ့ရဲ့လက်မောင်းကို ဓားတစ်လက်အသွင် အသုံးပြုခဲ့ပြီး သူ့ရဲ့အဆုံးစွန် တိုက်ကွက်ကို ရင်ဆိုင်နိုင်စွမ်း ရှိနေပါတယ်။ ဒီခွန်အားက သူ့ထက် သာလွန်တယ်ဆိုတာ သိသာပါတယ်။

ဒါပေမဲ့လည်း အခုလိုမျိုး အရှုံးကို ဝန်ခံဖို့တော့ ဆန္ဒမရှိသေးပါဘူး။ သူ့က ကျင့်ကြံခြင်းမှာ နှစ်ပေါင်းများစွာ

စိတ်နှစ်မြုပ်ပြီး ကြိုးကြိုးစားစား အားထုတ်ခဲ့တာကြောင့် သူ့အနေနဲ့ ခေါင်းဆောင် တချို့ကိုပဲ လက်ခံနိုင်ပါလိမ့်မယ်။

"ငါလက်မခံသေးဘူး"

ယွမ်ချမ်ဟဲက လည်ပင်းကို ဆန့်ထုတ်ပြီးတော့ ပြောလိုက်ပြီး သူ့ရဲ့ဓားရှည်ကို နောက်တစ်ကြိမ် မြှောက်လိုက်ပါတယ်။

"ဓားခုနစ်လက် ယန်တောင်တန်းပေါ် သက်ဆင်းခြင်း။ တတိယ သိုင်းကွက် ယန်တောင်တန်း တစ်ခုလုံး တဖြွေသရဲတွေ ပိတ်လှောင်ခြင်း"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး လျှပ်ပြက်သလိုပဲ လျှပ်စီးအလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲသွားပြီးတော့ ပြိုင်ဘက်ရဲ့ ဓားချီတွေ အကြားမှာ လူးလွန့်လှုပ်ရှားနေခဲ့ ပါတယ်။ ပြိုင်ဘက်ဖြစ်သူရဲ့ ညာဘက်ကို ရောက်သွားတဲ့ အခါမှာ သူ့ရဲ့ဓားအဖြစ် အသုံးပြုထားတဲ့ လက်မောင်းနဲ့ ယွမ်ချမ်ဟဲရဲ့ မျက်နှာကို ထိုးထည့်လိုက်ပါတယ်။

ယွမ်ချမ်ဟဲရဲ့ မျက်နှာက အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။ ဟူးညိုတစ်ယောက်ပဲ ဒီအကွက်ကို သိတာမဟုတ်ပဲ

လင်းဟန်လည်း တတ်ကျွမ်းနေတာလား။

ပုန်း။

လင်းဟန်က သူ့ညာဘက်လက်ကို လက်သီးပုံစံ ပြောင်းလိုက်ပြီး ယွမ်ချမ်ဟဲရဲ့ မျက်နှာကို ထိုးထည့်လိုက်ပါတယ်။ ပြင်းထန်တဲ့ စွမ်းအင်လှိုင်းတွေ ဖြစ်ပေါ်လာပြီး ယွမ်ချမ်ဟဲက ချက်ချင်းဆိုသလို လွင့်ထွက်သွားခဲ့ပါတယ်။

ဘုန်း။

ယွမ်ချမ်ဟဲက မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။ သူ့မှာ သန်မာအားကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပါဘူး။ ပြီးတော့ စောစောက သူ့ခန္ဓာကိုယ်ကို မူလစွမ်းအင်နဲ့ ဒိုင်းပုံစံမျိုး ကာကွယ်မှု တစ်ခုကို မလုပ်မိခဲ့တာကြောင့် ချက်ချင်းဆိုသလို သူ့ကို နာကျင်မှုကြောင့် ညည်းတွားစေခဲ့ပါတယ်။

"အရှုံးကို ဝန်ခံပြီလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မရှုံးသေးဘူး။ ငါမရှုံးသေးဘူး။ အရှုံးကို ဂန်မခံဘူး"

ယွမ်ချမ်ဟဲက ပြောလိုက်ပါတယ်။

"အဲဒါကောင်းတယ်။ ငါက မင်းကို အစောကြီး အရှုံးကို ဂန်ခံသွားမှာ ကြောက်နေတာ။ ငါ့စိတ် ကျေနပ်တဲ့အထိ မတိုက်ရသေးဘူး"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ တရစပ် တိုက်ခိုက်လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း ပုန်း။

ယွမ်ချမ်ဟဲက သူ့ရဲ့ဓားကိုတောင် မလှုပ်ရှားနိုင်တော့ပဲ လင်းဟန်ရဲ့ ရိုက်နက်ခြင်းကိုပဲ ခံနေရပါတယ်။

အားလုံးက စိတ်ထဲကနေ ကျိတ်ပြီးတော့ ယွမ်ချမ်ဟဲရဲ့ ကံကြမ္မာဆိုးအတွက် သနားပြီးတော စုပ်သပ်နေကြပါတယ်။ ဒီကောင့်ရဲ့ ကံကြမ္မာက တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ ပထမ ဟူးညိုကြောင့် ဖူးယောင်နေအောင် အရိုက်ခံရပြီး အခု လင်းဟန်ရဲ့ ထိုးနက်မှုကို ခံနေရပြီး

ပြန်တိုက်ဖို့တောင်မှ နည်းနည်းလေးမှ ခွန်အားမရှိပါဘူး။

ယွမ်ချမ်ဟဲက အစွမ်းမထက်လို့ မဟုတ်ပါဘူး။ သူက အရမ်းအရမ်းကို အစွမ်းထက် သန်မာပါတယ်။ လူငယ်မျိုးဆက်တွေ အထဲမှာ သူက ထိပ်ဆုံးဆယ်ယောက် စာရင်းထဲတောင် ဝင်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်နဲ့ ဟူးညိုတို့က အရမ်းကို အစွမ်းထက်ပြီး လူငယ်မျိုးဆက်ရဲ့ အကန့်အသတ်ထက်ကို သာလွန်နေတဲ့ အချက်ကြောင့် ဖြစ်ပါတယ်။

လင်းဟန်နဲ့ ဟူးညိုကို ထိန်းချုပ်ဖို့ပဆိုရင် သူတို့ထက် မျိုးဆက်တစ်ဆင့် မြင့်တဲ့လူတွေထဲကပဲ ဖြစ်နိုင်ပါလိမ့်မယ်။ ဥပမာ အသက်သုံးဆယ်အထက် ပါရမီရှင်တွေ ဖြစ်ပြီးတော့ ဆေဘာဓား ဘုရင်လေးနဲ့ လန်ရထန်းတို့လို့ လူတွေပဲ ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သက်တူရွယ်တူတန်းမှာ လင်းဟန်ကို ယှဉ်ပြိုင်နိုင်မဲ့လူ တစ်ယောက်မှ မရှိနိုင်ပါဘူး။

ဟူးညိုဆိုရင် ကြည့်ပါဦး။ လူအများစုက အသက် ခုနစ်နှစ် ရှစ်နှစ် အရွယ်မှာ သူတို့ရဲ့ စိတ်ဂိညာဉ် အခြေခံတောင် မနိုးထသေးပါဘူး။ ဒါကြောင့် သူတို့က သူမကို ဘယ်လိုလုပ်ပြီး တိုက်နိုင်မှာလဲ။

"ငါ ငါ အရှုံးကို ဂန်ခံပါပြီ"

ကြောက်စရာကောင်းလောက်အောင် အရိုက်နက်ခံရပြီးတဲ့နောက်မှာတော့ ယွမ်ချမ်ဟဲက နောက်ဆုံးမှာ မခံမရပ်နိုင်အောင် ဖြစ်လာပြီး ရှုံးနိမ့်မှုကို ဂန်ခံလိုက်ပါတယ်။

ဒါကလည်း အစောပိုင်းတုန်းက သဘောတူထားတာကြောင့်ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို သူ့အနေနဲ့ သေတဲ့အထိတောင် အရိုက်ခံရနိုင်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ဆေးပုလင်းတချို့ကို သာမန်ကာလျှံကာ ပစ်ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ပုလင်းအနီက ဒဏ်ရာတွေ ကုသဖို့၊ ပုလင်းအပြာက မူလစွမ်းအင်တွေ ချက်ချင်း ပြန်ပြီးတော့ဖြည့်ဆည်းနိုင်တယ်။ ခရမ်းရောင် ပုလင်းကတော့ ကျင့်ကြံခြင်းမှာ အကျိုးကျေးဇူး ရမှာဖြစ်ပြီး စိတ်ဝိညာဉ်ချီအပေါ်မှာ မင်းရဲ့ပြောင်းလဲခြင်းနဲ့ ပတ်သက်ပြီး တစ်ဆလောက် တိုးလာလိမ့်မယ်"

ယွမ်ချမ်ဟဲ တစ်ယောက်ပဲ အံ့အားသင့်သွားတာ မဟုတ်ပဲ

တခြားလူတွေတောင်မှ သူတို့ရဲ့ အရေပြားတွေ ခုန်ထွက်လာသလို ခံစားလိုက်ရပါတယ်။

ကုသခြင်းနဲ့ မူလစွမ်းအင် ပြန်လည်ဖြည့်ဆည်းခြင်းက သိပ်ပြီးတော့ အရေးမကြီးပါဘူး။ ဒါပေမဲ့ စိတ်ဝိညာဉ် ရဲ့ ပြောင်းလဲခြင်းကို တစ်ဆတိုးလာစေနိုင်တယ် ဆိုတာက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ သာမန်လူတွေအတွက် မူလစွမ်းအင် စုစည်းခြင်း ဒါမှမဟုတ် သိုင်းပညာရပ်တွေ နားလည်သဘောပေါက်နိုင်စွမ်းပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သိုင်းပညာရှင်တွေ အတွက်ကတော့ နှစ်ခုစလုံးကို ဆက်တိုက်လုပ်ဆောင်ဖို့ လိုအပ်ပါလိမ့်မယ်။

ပါရမီရှင်တွေ အတွက်ကတော့ သိုင်းပညာရပ်ကို နားလည်သဘောပေါက်နိုင်စွမ်းနဲ့ နှိုင်းယှဉ်ရင် မူလစွမ်းအင် စုစည်းခြင်းက သူတို့ကို အကြီးအကျယ် ဟန့်တားနေပါတယ်။

ဒီဆေးက ကျင့်ကြံခြင်း အမြန်နှုန်းကို တစ်ဆလောက် တိုးလာစေနိုင်တာနဲ့ ညီမျှပါတယ်။ အရမ်းကို အဖိုးထိုက်တန်ပါတယ်။

ယွမ်ချမ်ဟဲက အရမ်းကို စိတ်လှုပ်ရှား လာခဲ့ပါတယ်။ သူက လင်းဟန်ကို အမြင်အားဖြင့်တော့ ခေါင်းဆောင်

တစ်ယောက်အဖြစ် ဖိအားပေးခံရတာကြောင့် အသိအမှတ်ပြုခဲ့ရပြီး နှလုံးသားထဲမှာတော့ ငြင်းဆန်နေခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဒီငြင်းဆန်တဲ့ ခံစားမှုတွေက စတင်အရည်ပျော်လာခဲ့ပါပြီ။

ဒီလိုမျိုး ခေါင်းဆောင်တစ်ယောက် ရှိတာက မဆိုးပါဘူး။ ချမ်းသာကြွယ်ဝပြီး ရက်ရောပါတယ်။

လင်းဟန်က ပြုံးနေပါတယ်။ တစ်စုံတစ်ယောက်ကို ထိန်းချုပ်ဖို့က ကြင်နာပြီး အစွမ်းထက်ဖို့ လိုပါတယ်။ အစောပိုင်းမှာ ခွန်အားကို ထုတ်ဖော်ပြသခဲ့ပြီး အခုတော့ ကြင်နာမှုကို ပြသရပါတယ်။ ဒါကြောင့် ဒီကောင်ကို မထိန်းချုပ်နိုင်ဘူးဆိုတာကို သူ့အနေနဲ့ မယုံပါဘူး။

"ကျေးဇူးတင်ပါတယ် ခေါင်းဆောင်"

ယွမ်ချမ်ဟဲက အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့မျက်နှာက အတော်လေး နီရဲနေပါတယ်။ သူအနေနဲ့ ဘယ်သူ့ကိုမှ ခေါင်းဆောင်လို့ မခေါ်ဖူးခဲ့ပါဘူး။

"နောက်ကျရင် ငါ့ကို သခင်လေးဟန်လို့ပဲ ခေါ်ပါ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ခေါင်းဆောင်ဆိုတာကို မေ့ထားလိုက်။ ငါတို့က လူမိုက်အဖွဲ့ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ သခင်လေးဟန်"

ယွမ်ချမ်ဟဲက ချောချောမွေ့မွေ့နဲ့ မှန်မှန်ကန်ကန် ပြောလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟူးညိုက သူ့ကို ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်တွေနဲ့ စိုက်ကြည့်နေပါတယ်။ တကယ်လို့ သူသာ မှားမှားယွင်းယွင်းနဲ့ ဆက်ဆံလိုက်မယ်ဆိုရင် ဒီကလေးမလေးက သူ့ကို ငရဲကျအောင် လုပ်ပစ်ပါလိမ့်မယ်။

"ကောင်းပြီလေ။ မင်းသွားလို့ရပြီ။ တကယ်လို့ တစ်ခုခုဆိုရင် ငါမင်းကို ခေါ်လိုက်မယ်"

လင်းဟန်က သူ့ရဲ့လက်ကို ခါပြလိုက်ပါတယ်။

ယွမ်ချမ်ဟဲက ပျော်ရွှင်သွားပါတယ်။ သူထင်ထားတာက လင်းဟန်က သူ့ကို ဟိုဟိုဒီဒီ နေရာကို သွားပြီးတော့ ရှားပါးကျောက်တုံးတွေကို ရှာဖွေခိုင်းမယ်လို့

ထင်ထားခဲ့တာပါ။ ဒီခေါင်းဆောင်ကို အသိအမှတ်ပြုရတာ ဆုံးရှုံးစရာ မရှိပါဘူး။ သူက ရိုက်နက်ဆုံးမ ခံခဲ့ရသလို မှော်ဆေးလုံးတွေ အများကြီးလည်း ရခဲ့ပါသေးတယ်။ သူခံရတဲ့ ရိုက်နက်ခံရမှုထက် ပြန်ရတာက ပိုပြီးတော့တောင် များပြားပါသေးတယ်။

သူက လင်းဟန်အနေနဲ့ စိတ်ပြောင်းသွားမှာကို ကြောက်တာကြောင့် အလျင်အမြန်ပဲ ထွက်ခွာသွားခဲ့ပါတယ်။

"သခင်လေးဟန် သခင်လေးဟန်။ ငါလည်းမင်းကို ခေါင်းဆောင်အဖြစ် သတ်မှတ်ပါ့မယ်။ ငါ့ကိုလည်း မှော်ဆေးလုံး တချို့ ချီးမြှင့်ပေးနိုင်ပါတယ်"

လီဖန်းယုက မျက်နှာချိုသွေးပြီး ပြောလိုက်ပါတယ်။

"ဒီလိုဆိုရင်ရော မင်းက ငါ့ညီမရဲ့ ယောက်ျားဖြစ်လိုက်လေ"

"အစ်ကိုနော်"

လီဇီရှန်းက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဒီအစ်ကိုက ဘာဖြစ်လို့ သူမကို အမြဲတမ်း ရောင်းစားချင်နေရတာလဲ။

လင်းဟန်က စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါမင်းကို ငါ့လက်အောက်ခံ လူတစ်ယောက်အဖြစ် ရွေးချယ်လိုက်မယ်"

ပါးစပ်ကြီးလီရဲ့ ခွန်အားက အရမ်းကြီး မကြီးကျယ် မခမ်းနားဘူး ဆိုပေမဲ့ သူ့ရဲ့ ပါးစပ်စွမ်းရည်က တကယ့်ကို အသိအမှတ်ပြုစရာ ကောင်းပါတယ်။ နောက်ပိုင်းမှာ တကယ်လို့ လင်းဟန်က နေရာအားလုံးက ပါရမီရှင်တွေကို ဆွဲဆောင်သိမ်းသွင်းတဲ့အခါမှာ ဒီလိုမျိုး လူစားကိုလည်း လိုအပ်ပါတယ်။

"ကောင်းပါပြီ။ ယောက်ဖ"

လီဖန်းယုက သူ့ကို မျက်နှာလို မျက်နှာရ လုပ်လိုက်ပါတယ်။

လင်းဟန်တောင်မှ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပြီးတော့မှ ပြောလိုက်ပါတယ်။

"တစ်ရက်မှာ မင်းရဲ့ပါးစပ်ကို တစ်ယောက်ယောက်က ပိတ်ဆို့ပစ်လိုက်မှာကို မင်းမကြောက်မိ ဘူးလား"

"ဟီးဟီးဟီး"

လီဖန်းယုက ပေါကြောင်ကြောင် စကားတွေကို ထပ်ပြီးတော့ မပြောပုံတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန် တစ်ယောက်ပဲ မကျေမနပ် အကြည့်တစ်ခုနဲ့ ကြည့်နေရုံတင်မက ဟူးညိုနဲ့ ကျူးရွှမ်အာတို့ကလည်း ဒေါသအမူအရာတွေနဲ့ ကြည့်နေပါတယ်။ တကယ်လို့ သူက ဒီလူသုံးယောက်ကို တစ်ပြိုင်နက်တည်း အပြစ်ပြုမိလိုက်ရင် ဘယ်လောက်တောင် ကံဆိုးမိုးမှောင် ကျသွားလိမ့်မလဲ။

"သွားစို့ ဟင်ဘာလဲဟ"

လင်းဟန်က အားလုံးကို ရှေ့ဆက်သွားဖို့ ဆော်သြလိုက်ပေမဲ့ ရုတ်တရက် သူ့ခြေထောက် အောက်က တုန်ခါမှုကို ခံစားလိုက်ရပါတယ်။ မြေကြီးက မြည်ဟိန်းလာပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အက်ကွဲရာကြီးတစ်ခုက အဝေးကနေ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ အက်ကွဲလာခဲ့ပါတယ်။

ရှုပ် ရှုပ် ရှုပ် ရှုပ်။

အားလုံးက အလျှင်အမြန်ပဲ အပေါ်ကို ပျံတက်လိုက်ကြပါတယ်။ မြူခိုးတွေကလည်း လျှင်မြန်စွာနဲ့ ပျောက်ကွယ်ကုန်ပြီး တောင်ကြားချိုင့်ဝှမ်း တစ်ခုလုံးမှာ ပင့်ကူအိမ်လို အက်ရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"လျှောင်လျှပ်တာလား"

အားလုံးက အော်ဟစ် လိုက်ကြပါတယ်။

လင်းဟန်က တစ်နေရာကို ကြည့်ပြီးတော့ အံ့အားသင့်သွားပြီး ပြောလိုက်ပါတယ်။

"အဲဒါက လျှောင်တစ်ခုကြောင့် မဟုတ်ဘူး။ ရောမ အကောင်ကြီးတစ်ကောင် ထွက်လာလို့ပဲ"

Chapter 666 end

Zawgyi.အပိုင်း(၆၆၇) ကြီးကျယ်ခမ်းနားသော အလောင်းကောင် မွန်းစတားနှင့် မိုးပြာရောင် ဖီးနစ်နတ်မိမယ် ကေရီ

တကယ့်ကို ရောမ အကောင်ကြီး တစ်ကောင် ဖြစ်ပါတယ်။

အားလုံးက အံ့အားသင့်စွာနဲ့ ကြည့်နေကြပါတယ်။ ဒါက ဧရာမ မွန်းစတားကြီး တစ်ကောင် ဖြစ်ပြီးတော့ မီတာသုံးရာခန့်မြင့်ပြီး တစ်ကိုယ်လုံးကို အလောင်းကောင်တွေနဲ့ ပြုလုပ်ထားပါတယ်။ အနည်းဆုံး ၎င်းရဲ့ခန္ဓာကိုယ် အပေါ်မှာ အလောင်းကောင် တစ်သောင်းခန့် ရှိနေပြီး လူတွေကို ထိတ်လန့်ကြောက်ရွံ့စရာ ခံစားချက်ကို ပေးစွမ်းပါတယ်။

အလောင်းကောင်တွေကို ကြည့်ရတာ အသက်ရှိနေသလိုမျိုး ၎င်းတို့ရဲ့ အရိုးစု လက်မောင်းတွေ ဆန့်ထုတ်ပြီး ပါးစပ်တွေကိုဟပြီးတော့ စူးစူးဝါးဝါး အော်ဟစ်နေပါတယ်။

မြေပြင်က အက်ကွဲပြီးတော့ ဒီဧရာမ အရိုးစုကြီးက တောင်တွေအပေါ်မှာ မတ်တတ်ရပ်နေပြီး နတ်ဆိုးနတ်ဘုရား တစ်ပါးလို တည်ရှိမှု တစ်ခုကို ထုတ်လွှတ်နေပါတယ်။

လင်းဟန်က ဒီမကောင်းဆိုးဝါးရဲ့ ခွန်အားကို မမြင်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်က သာမန်သိုင်းပညာရှင် တစ်ယောက် မဟုတ်ပါဘူး။ အလောင်းကောင်ပေါင်း တစ်သောင်းကျော်နဲ့ တပ်ဆင်ထားပြီး ဒုတိယအသက်ကို ရရှိထားသလိုမျိုး ဖြစ်နေပါတယ်။

သူခံစားရတာ တစ်ခုပဲ ရှိပါတယ်။ ဒီမွန်းစတားကြီးက အရမ်းကို သန်မာပြီး အရမ်းကို အစွမ်းထက်တယ် ဆိုတာပါပဲ။

"ဒါ ဒါက ငါတို့ကို သင်တန်းကျောင်းကနေပေးတဲ့ စမ်းသပ်စစ်ဆေးမှု တစ်စိတ်တစ်ပိုင်းတော့ မဖြစ်နိုင်ပါဘူးနော်"

လီဖန်းယုက မျက်လုံးကြီး ပြူးပြီးတော့ သူ့တံတွေးကို မျိုချလိုက်ပါတယ်။

"ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကတောင် ဒီလိုမျိုး မွန်းစတား တစ်ကောင်ကို ဖန်တီးမနိုင်မှာကိုပဲ ငါကြောက်မိတယ်"

လင်းဟာန်က သူ့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ အင်အားကြီး ရှေးဟောင်းဂိုဏ်း ငါးဂိုဏ်းရဲ့ ရည်မှန်းချက်က နှစ်ပေါင်းတစ်သောင်းတိုင်းမှာ လောကဘုံ ဆေးလုံးတစ်လုံး ဖော်စပ်နိုင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဒီလိုမျိုး အရာတစ်ခုကို သုတေသနလုပ် ဖန်တီးနိုင်မှာ မဟုတ်ပါဘူး။

ဖြစ်နိုင်တာက အလောင်းတစ်ထောင် ဂိုဏ်းကပဲ အဖြစ်နိုင်ဆုံးပါ။

နေပါဦး။ ဘာဖြစ်လို့ အရိုးစု အလောင်းကောင်တွေ အများကြီး ရှိနေရတာလဲ။ နောက်ပြီးတော့ အရိုးစု အလောင်းကောင်တိုင်းက အရမ်းကို အစွမ်းထက်ပြီး အနည်းဆုံး ကောင်းကင်အဆင့် ကျင့်ကြံခြင်းမှာ ရှိပါတယ်။ ဒါဆိုရင် ဖြစ်နိုင်တာက ဒီနေရာဟာ ရှေးဟောင်းအချိန်တွေတုန်းက တိုက်ပွဲကွင်းပြင်ကြီးတစ်ခု ဖြစ်ခဲ့ပြီး နောက်ဆုံးတိုက်ပွဲက ကုန်းမြေတိုက်ကြီးရဲ့ သိုင်းပညာရှင်တွေနဲ့ နတ်ဘုရား အင်အားကြီး ငါးဂိုဏ်းအကြားက တိုက်ပွဲနေရာ ဖြစ်နေမလား။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ အစွမ်းထက်တဲ့ ရှေးဟောင်းအလောင်းတွေ အများကြီး ရှိနေနိုင်မှာလဲ။

ဒါပေမဲ့ ဒီရှေးဟောင်း အလောင်းကောင်တွေက နှစ်ပေါင်းများစွာ နှစ်မြုပ်ခံထားရပြီး သူတို့ရဲ့ မယုံနိုင်စရာ ပြောင်းလဲမှုကြီး တစ်ခုကြုံဆုံရပြီး အလောင်းကောင် ဘုရင်အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်ပေါင်း တစ်သောင်းကျော်နဲ့ တချို့ကတောင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေမှာတောင် ဖြစ်နိုင်ချေရှိပြီး မရေမတွက်နိုင်တဲ့

နှစ်ပေါင်းများစွာ ကြာခဲ့တာတောင်မှ အရိုးတွေ အပေါ်မှာ သွေးကြောနဲ့တူတဲ့ သင်္ကေတတွေ ကျန်ရှိနေပါတယ်။ အဲဒီအချိန်ကလောက် နတ်ဘုရား အလင်းတွေ သိပ်မရှိတော့ပေမဲ့ အားလုံးကို စုစည်းလိုက်တဲ့ အခါမှာတော့ ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်း လိမ့်မလဲ။

"သွားသွားသွား မြန်မြန်သွားကြစို့"

လင်းဟန်က ဆက်ပြီးတော့ မပြောတော့ပဲ ဟူးညိုနဲ့ ကျူးရွှမ်အာတို့ကို ကောက်ချီပြီး တစ်ဟုန်ထိုး ပြေးထွက်သွား ခဲ့ပါတယ်။

ချင်ရီယွဲ့၊ လီဖန်းယုနဲ့ လီဇီရှန်းတို့က ခဏလောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး သူတို့လည်း အလျင်အမြန် ထွက်ပြေးလိုက်ကြပါတယ်။ အထင်ကြီးစရာ အကောင်းဆုံး လင်းဟန်တောင်မှ ထွက်ပြေးဖို့ ရွေးချယ်ထားတာကို သူတို့က ဘယ်လိုလုပ်ပြီးတော့ တိုက်ခိုက်မှာလဲ။

ဒါပေမဲ့လည်း လူတချို့ကတော့ ကြောက်ရကောင်းမှန်း မသိပါဘူး။ သူတို့က ဒါကိုတောင်မှ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ စမ်းသပ်စစ်ဆေးမှု

တစ်စိတ်တစ်ပိုင်းလို့ ထင်နေကြပြီး စိတ်လှုပ်ရှားစွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

ရောမ အလောင်းကောင်ကြီးက ၎င်းရဲ့ ရောမ လက်ကြီးကို ဝှေ့ယမ်းလိုက်ပြီး ချက်ချင်းဆိုသလို မုန်တိုင်းတစ်ခုလို ယမ်းပစ်လိုက်ပါတယ်။ ၎င်းကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာတဲ့ လူနည်းစုက ချက်ချင်းဆိုသလို ရိုက်ခံလိုက်ရပြီး အသားပြားတွေ ဖြစ်သွားကာ ကြောက်မက်ဖွယ် စွမ်းအားက တခြားသူတွေဆီကို ဆက်ပြီးတော့ ရိုက်ထုတ်ပစ်လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

လင်းဟန်နဲ့ တခြားလူတွေက ကီလိုမီတာပေါင်းများစွာ အဝေးကို လွင့်ထွက်သွားပြီး သူတို့တွေ အားလုံးက သွေးတွေပျို့တက်လာခဲ့ပါတယ်။

လင်းဟန်က အလျင်အမြန် တုံ့ပြန်ခဲ့ပြီး ဖနောင့်နဲ့တင်ပါး တစ်ထပ်တည်းကျအောင် မပြေးခဲ့ပဲ တကယ်လို့ သူတို့လည်း နီးနီးကပ်ကပ် ရှိနေမယ်ဆိုရင် တခြားလူတွေလို တစ်စစီ ဖြစ်သွားပါ လိမ့်မယ်။ သူတို့တင်မက လူတော်တော်များများကလည်း

ပျံသန်းထွက်ပြေးလာကြပါတယ်။ ဒါပေမဲ့ သူတို့တွေက ပိုဆိုးပြီး တချို့ဆို သူတို့ရဲ့ လက်မောင်းတွေ ကျိုးကုန်ပြီး သူတို့က ခြေထောက်နဲ့ တချို့က ရင်ညွန့်ရိုးတွေ ကျိုးကုန်ပါတယ်။ တောင်ကြားအထဲကို ဝင်ရောက်နိုင်ခဲ့တဲ့ လူနည်းစုလောက်ပဲ သွေးတွေပျို့တက်လာတာ ခံစားရပြီး တခြားလူတွေ အားလုံးကတော့ ဒဏ်ရာတွေ တော်တော်များများ ရကုန်ပါတယ်။

တကယ်လို့ ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးက ပါရမီရှင်တွေ ဆိုရင်တောင်မှ သူတို့က ဒီရောမ အလောင်းကောင် မွန်းစတားကြီးရဲ့ အရှေ့မှာ ကျွဲစာနွားစာတောင် မဖြစ်နိုင်ပါဘူး။ ကွာဟချက်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။

၎င်းရဲ့တိုက်ခိုက်မှု တစ်ခုတည်းနဲ့ ပထမ အဆင့်ရဲ့ စမ်းသပ်မှုကို ကျော်ဖြတ်လာနိုင်ခဲ့တဲ့ လူအားလုံးရဲ့ ဆယ်ပုံတစ်ပုံခန့်က ဆိုးဆိုးဝါးဝါးနဲ့ကို အဆုံးသတ် သွားခဲ့ပါတယ်။

အလောင်းကောင် မွန်းစတားကြီးက တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ပြီးတဲ့ အခါမှာ ၎င်းကိုကြည့်ရတာ တွေဝေနေရာကနေ နိုးထလာတဲ့ပုံစံမျိုး ဖြစ်နေပါတယ်။

နီမြန်းနေတဲ့ အလင်းတန်းက ၎င်းရဲ့ မျက်လုံးနှစ်လုံးကနေ ထွက်ပေါ်လာပြီး အောက်မှာရှိတဲ့ သက်ရှိတွေ အားလုံးကို ထိတ်လန့်စရာ အပြုံးတစ်ခု ထုတ်ဖော်ပြလိုက်ပါတယ်။

ဒီအလောင်းကောင် မွန်းစတားကြီးက တကယ်ပဲ သူ့ကိုယ်ပိုင် အသိစိတ် ပိုင်ဆိုင်ထားတာလား။

အားလုံးက အရိုးထဲထိအောင် အေးစိမ့်လာသလို ခံစားလိုက်ရပါတယ်။ အလောင်းကောင် စစ်သားတွေက ဘယ်လောက်ပဲ သန်မာပါစေ ရုပ်သေးရုပ် တစ်ရုပ်သာသာပါပဲ။ ပြီးတော့ အမြဲတမ်း ရင်ဆိုင်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ၎င်းတို့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးက ပွင့်သွားခဲ့ရင် အဲဒါက ကြောက်စရာ ကောင်းသွားပါလိမ့်မယ်။

သူတို့ဘာများ လုပ်နိုင်မှာလဲ။ ဒီအလောင်းကောင် မွန်းစတားကြီးက သူတို့ကို ပစ်မှတ်ထား နေတယ်ဆိုတာ ပေါ်လွင်ပြီး သူတို့ရဲ့ အသွေးတွေ အသားတွေကို အစားအစာအဖြစ် လိုချင်နေပါတယ်။

ဒါပေမဲ့ ဒီလိုမျိုး ရက်စက်ကြမ်းကြုတ်တဲ့ မွန်းစတားကြီး တစ်ကောင်ရဲ့ ပစ်မှတ်ထားခြင်းကို ခံရနေတာကြောင့် ဘယ်လိုလုပ်ပြီး သူတို့က လွတ်အောင်လို့ ပြေးနိုင်မှာလဲ။

လင်းဟန်က အနက်ရောင် မျှော်စင်ကို အသုံးပြုသင့်တယ်လို့ တွေးလိုက်မိပါတယ်။ ဒီအလောင်းကောင် မွန်းစတားကြီးက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေနိုင်ပြီး သာမန် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်တွေထက် သာလွန်ပြီးတော့ ရပ်တန့်လို့ မရနိုင်ပါဘူး။

"ဟင့် ဒီကိုလာပြီးတော့ ဖျက်ဆီးပွဲတယ်ပေါ့လေ ဟုတ်လား"

အဲဒီအခိုက်အတန့်မှာပဲ ကောင်းကင်ထက်မှာ ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဓားရှည် တစ်လက်ကို ကိုင်ဆွဲထားတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ပြီးတော့ သူမပုံစံ ကြည့်ရတာ အသက်သုံးဆယ်ခန့် ရှိသေးပုံ ပေါ်ပြီးတော့ နန်းတွင်းအဂတ်အစားကို ဂင်ဆင်ထားကာ တင့်တယ်လှပပြီး ကျက်သရေရှိပြီးတော့ အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။

လင်းဟန်ရဲ့ မျက်လုံးအိမ်က တင်းသွားခဲ့ပါတယ်။ သူက ဒီအမျိုးသမီးရဲ့ ကျင့်ကြံခြင်း အဆင့်ကို မမြင်နိုင်ပါဘူး။

"မိုးပြာဖီးနစ် နတ်မိမယ် ဧကရီ"

ချင်ရီယွဲ့နဲ့ လီဖန်းယုတို့က ဆက်တိုက်အော်ဟစ်လိုက်ပြီး

သူတို့ပုံကြည့်ရတာ အရမ်းကို ကြည်ညိုလေးစား နေကြပုံ ရပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီ။ လက်ရှိ တိမ်ဖီးနစ် ဂိုဏ်းရဲ့ ခေါင်းဆောင် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ လက်ရွေးစင် တစ်ယောက်။

မဟုတ်ဘူး။ ဖန်ပိုယွမ်ရဲ့ ပြောကြားချက်ကို အခြေခံရမယ်ဆိုရင် သူမက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး ဖြစ်ပါတယ်။ အဆင့်နဲ့ ပတ်သက်ရင် သူမက လက်ရှိမျက်မှောက်ခေတ်မှာ နံပါတ်တစ်ထဲက လူတစ်ယောက် ဖြစ်ပါတယ်။

ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းထဲက ဂိုဏ်းတစ်ခုရဲ့ ခေါင်းဆောင် ဖြစ်လာနိုင်စွမ်း ရှိတယ်ဆိုမှတော့ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက သိုင်းပညာ ပါရမီရှင် တစ်ယောက် မဟုတ်ဘူးလား။ သူမရဲ့ အသက်က နှစ်ပေါင်းဘယ်နှစ်ရာလောက် ရှိနေလဲ ဆိုတာကို မသိနိုင်ပဲ သူမကို ကြည့်ရတာ အသက်သုံးဆယ်ခန့်ပဲ ရှိသေးပုံရပြီး သူမရဲ့ အသားအရည်က ကျောက်စိမ်းလို လှပချောမောပြီး တင့်တယ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

အလောင်းကောင် မွန်းစတားကြီးကို ကြည့်ရတာ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီကို အတော်လေး ထိတ်လန့်နေပုံ ရပြီးတော့ ချက်ချင်းကြီး မတိုက်ခိုက်ပါဘူး။ အဲဒီအစား ဒေါသတကြီးနဲ့ မိုးကောင်းကင်ပေါ် မော့ပြီးတော့ အော်ဟစ်လိုက်ပြီး အံ့သြထိတ်လန့်စရာ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ၎င်းရဲ့မျက်နှာပေါ်မှာ မျက်လုံးအိမ်တွေ ပေါက်ဖွားလာခဲ့ပြီး စုစုပေါင်း ကိုးခုတိတိ ရှိပါတယ်။

မျက်လုံးတစ်လုံးစီတိုင်းက အရောင်တစ်မျိုးစီ တောက်ပနေပေမဲ့ သွေးရောင်အနီတွေ ရောယှက်နေပြီး ထူးခြားဆန်းကြယ်ပြီး ထိတ်လန့်စရာကောင်းတဲ့ တည်ရှိမှု တစ်ခုကို ထုတ်လွှတ်နေပါတယ်။

"မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်"

လင်းဟန်က နောက်ဆုံးမှာတော့ ဒဏ္ဍာရီတွေထဲမှာ ပေါ်ထွက်လာခဲ့တဲ့ မွန်းစတား တစ်ကောင်ကို အမှတ်ရသွားခဲ့ပါတယ်။

"မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ဆိုတာ ဘာလဲ"

ဒီနေရာမှာ သိချင်စိတ် ပြင်းပြနေတဲ့ လူတွေ အများကြီး ရှိပြီးတော့ ဒီတစ်ကြိမ်မှာတော့ အားလုံးက အရမ်းကို သိချင်နေကြပါတယ်။

လင်းဟန်က အားလုံးကို အနောက်ဘက်ကို ဆုတ်လာခိုင်းပြီး ပြောလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အလောင်းကောင် စစ်သားတွေရဲ့ ခွန်အားအဆင့် ခွဲခြားသတ်မှတ်တဲ့ အပေါ်မှာ မူတည်ပြီးတော့ ကြေးနီချပ်ဂဝတ် အလောင်းကောင်၊ ငွေချပ်ဂဝတ် အလောင်းကောင်၊ ရွှေချပ်ဂဝတ် အလောင်းကောင်ဆိုပြီး ရှိတယ်။ ဒီအဆင့်ကြီး သုံးဆင့်မှာ အဆင့်လေး သုံးခုကိုယ်စီ ပါဝင်တယ်။ ဒါကြောင့် စုစုပေါင်း အဆင့်ကိုးဆင့်ရှိပြီး သိုင်းပညာရှင်တွေလိုပဲ ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်းကနေ ကောင်းကင်အဆင့်ထိ အဆင့်ကိုးဆင့် ရှိကြတယ်"

"ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်တဲ့နောက်မှာ အဲဒီအလောင်းကောင် စစ်သားကို အလောင်းကောင် ဘုရင်လို့ ခေါ်ကြတယ်"

"အလောင်းကောင် ဘုရင်ရဲ့ ခွန်အားကို မျက်လုံးဘယ်နှစ်လုံး ပေါက်ဖွားနိုင်သလဲ ဆိုတဲ့ အချက်ပေါ် မူတည်ပြီးတော့ ကောက်ချက်ချကြတယ်။ မျက်လုံးတစ်လုံးက အဆင့်ရဲ့ အလွှာတစ်ခုနဲ့ ညီမျှတယ်"

အားလုံးက အံ့အားသင့် သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီအလောင်းကောင် ဘုရင်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုး ကျင့်ကြံခြင်းကို ပိုင်ဆိုင်ထားတာလား"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမဲ့ သူ့မျက်နှာပေါ်မှာ စိုးရိမ်ပူပန် ကြောင့်ကြမှု ကင်းမဲ့တဲ့ လက္ခဏာတွေ ပေါ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီလည်း စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက ထိပ်တန်းပါရမီရှင် တစ်ယောက် မဟုတ်ဘူးဆိုရင်တောင် သူမရဲ့ အဆင့်နဲ့ သက်ဆိုင်တဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားမယ်ဆိုရင် သူမက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ထက် အားနည်းလိမ့်မှာ မဟုတ်ပါဘူး။

ဒီအလောင်းကောင် ဘုရင်က မျှော်လင့်ထားသလို ဆင့်ကဲပြောင်းလဲထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ မျက်လုံးကိုးလုံးရဲ့ ခွန်အားကို ပိုင်ဆိုင်ထားတာကြောင့် တကယ့်ကို အံ့သြဖို့ ကောင်းလွန်းပါတယ်။

"မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်လား"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက နှာခေါင်းရှုံ့လိုက်ပြီး သူမရဲ့ ဓားရှည်ကို ဆွဲကိုင်လိုက်ပါတယ်။ ဟွမ်း။ သွေးကြောနဲ့တူတဲ့ အစီအရင် သင်္ကေတတွေက လင်းလက်တောက်ပသွားပြီးတော့ အရမ်းကို အသက်ဝင်လွန်းပါတယ်။

"ကောင်းကင်ဘုံ ဖီးနစ်ဓား"

လင်းဟန်က အော်လိုက်မိပြီး သူ့မျက်လုံးတွေထဲမှာ အကြည့်တွေက အရမ်းကို ရှုပ်ထွေးလို့ နေပါတယ်။

ဒီဓားက ဟိုးအရင်အချိန်တုန်းက ကောင်းကင်ဖီးနစ် နတ်မိမယ် အသုံးပြုခဲ့တဲ့ ဓားဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီဓားက အဆင့်ကိုး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုပဲ ဖြစ်ပြီးတော့ အခုတော့ အဆင့်တစ်ဆယ်ကို ဖြတ်ကျော်ရောက်ရှိ

နေပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်က စကြာဂဠုဏ်ဖျက်ဆီးခြင်း အဆင့်ကို ဂင်ရောက်ပြီးတဲ့ နောက်မှာတော့ ဒီရတနာ ဓားကိုလည်း သူမက အဆင့်တစ်ဆယ် စိတ်ဂိညာဉ်ပစ္စည်းဖြစ်အောင် ပြုစုပျိုးထောင်ခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။

သူမနဲ့ ပတ်သက်တဲ့ အရာတစ်ခုကို မြင်လိုက်ရတဲ့ အခါမှာ လင်းဟာန်က အရမ်းကို စိတ်လှုပ်ရှား သွားခဲ့တာ ပေါ်လွင်ပါတယ်။

"ပြောပါဦး ခေါင်းဆောင်။ ခင်ဗျားရဲ့ မျက်လုံးတေါက မိုးပြာဖီးနစ် နတ်မိမယ် ကေရီအပေါ်မှာ ကျနေတယ်ဆိုတော့ သူမကို မျက်စိကျပြီးတော့ စိတ်လှုပ်ရှားနေပြီ မဟုတ်လား"

လီဖန်းယုက သူ့ရဲ့ ပါးစပ်ကြီး နာမည်နဲ့ လိုက်အောင်ပဲ အာချောင်လွန်းပါတယ်။

Chapter 667 end

Zawgyi.အပိုင်း(၆၆၈) စစ်မှန်သော ဖီးနစ်သွေးမျိုးဆက်

"စိတ်လှုပ်ရှားရမယ် ဟုတ်လား။ မင်းညီမ နလုံးသားပဲ လှုပ်ရှားပေ့ါ"

လင်းဟန်က ပြန်ပြီးတော့ နင့်နင့်သီးသီးနဲ့ ပုတ်ခတ်ပြောလိုက်ပါတယ်။ လီဖန်းယုရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ထင်ထားတဲ့အတိုင်းပဲ ငါ့ညီမနဲ့ ပတ်သက်ပြီး မကောင်းတဲ့ အတွေးတွေ ရှိနေတာပဲ။ ဒါ.. က ။ ယောက်ဖ ခန်းဂင်ပစ္စည်းနဲ့ ပတ်သက်တဲ့ ပြဿနာကို ဆွေးနွေးကြတာပေါ့"

"အစ်ကို"

နောက်ဆုံးတော့ လီဇီရှန်းက ဂင်ရောက်ဟန့်တားပြီး လီဖန်းယုကို ရိုက်လိုက်ပါတယ်။ သူမ တစ်ယောက်တည်း မဟုတ်ပဲ ကျူးရွှမ်အာနဲ့ ဟူးညိုတို့ကလည်း ဂမ်းမြောက်ဂမ်းသာနဲ့ ပါဂင်ပူးပေါင်းပြီး ရိုက်နှက်ခြင်းဖြင့် ဒီပါးစပ်ကြီးကို ငယ်သံပါအောင် အော်ဟစ်စေခဲ့ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက ဓားရှည်ကို မြှောက်ပြီးတော့ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ခိုက်မှုက အရမ်းကို ထိတ်လန့်စရာကောင်းပါတယ်။ ဓားအလင်းတန်းက ကောင်းကင်ကို ဖြတ်ပြီးတော့

ပျံသန်းလာခဲ့ပြီး ဓားအလင်းကနေ ကြယ်တွေပေါက်ကွဲထွက်လာပြီး မရေမတွက်နိုင်တဲ့ အပိုင်းအစတွေအဖြစ် ပြောင်းလဲသွားပြီး ကုန်းပြင်မြင့်ရဲ့ ထောင့်တွေကို ပက်ဖျန်းလိုက်သလိုပါပဲ။ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်က တည်တည်ငြိမ်ငြိမ်နဲ့ ကြောက်ရွံ့ခြင်းအလျဉ်း ကင်းနေပါတယ်။ ဘုန်း ဘုန်း ဘုန်း။ ဧရာမ ခြေလှမ်းကျဲကြီးတွေ လှမ်းပြီးတော့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီဆီ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ပြေးဝင်လာခဲ့ပါတယ်။ ပြီးတော့ ၎င်းရဲ့အပေါ်ပိုင်း ခန္ဓာကိုယ် အပေါ်က အလောင်းကောင်တွေကို တစ်ကောင်ပြီးတစ်ကောင် စီခနဲ ကျယ်လောင်စွာ အော်ဟစ်နေပြီး အသံလှိုင်းတွေကို ပစ်လွှတ်နေပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက နှာခေါင်းရှုံ့ပြီးတော့ ဖီးနစ်တစ်ကောင်ရဲ့ ငိုကြွေးသံလိုမျိုး ကျယ်လောင်တဲ့ အသံတစ်ချက် အော်လိုက်ပါတယ်။ အသံလှိုင်းတွေက မိုးပြာရောင် နတ်ဘုရား ဖီးနစ်တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ရဲ့ အသံလှိုင်းတွေကို တန်ပြန်တိုက်ခိုက်လိုက်ပါတယ်။ ထန် ထန် ထန် ။ အသံလှိုင်းတွေ ရစ်ပတ် ရောယှက်သွားပြီး နစ်ခုစလုံးရဲ့ သိုင်းဆန္ဒတွေက ပြင်းပြင်းထန်ထန် ဆောင့်မိပြီး ကောင်းကင် တစ်ခုလုံး အလင်းရောင်တွေ

တောက်ပလင်းလက်သွား စေခဲ့ပါတယ်။

မိုးကောင်းကင်ထက်မှာ မရေမတွက်နိုင်တဲ့ ကြယ်တွေက ပေါက်ကွဲပြီးတော့ အပိုင်းအစတွေ ကျဆင်းလာပါတယ်။ ဒါပေမဲ့ အများစုကတော့ ကောင်းကင်ပေါ်က ကြောက်မက်ဖွယ်ရာ ကြယ်တာရာ အလွှာကို ဖြတ်သန်းနိုင်ခြင်း မရှိပဲ ဖုန်မှုန့်တွေ အဖြစ်ကို ပျက်စီးသွားခဲ့ပါတယ်။ မျက်လုံးကိုးခု အလောင်းကောင် ဘုရင်ရဲ့ အသံလှိုင်းတွေက မိုးပြာဖီးနစ် နတ်မိမယ် ကေရီကြောင့် အာနိသင် ပျက်ပြယ်သွားခဲ့ပါတယ်။ ဒါပေမဲ့ အားလှိုင်းတွေ ဖြတ်သွားတာကြောင့် တောင်ကြားချိုင့်ဝှမ်းထဲက လွတ်မြောက်နေတဲ့ လူတွေကို လွင့်ထွက်သွားစေခဲ့ပါတယ်။ ကောင်းကင်ပေါ်မှာ ကြိုးပြတ်နေတဲ့ စွန်လေးတွေလိုပဲ သူတို့တွေက ထိန်းလို့မရနိုင်ပဲ အောက်ကို ပြုတ်ကျပြီး တစ်ယောက်ပြီးတစ်ယောက် သွေးတွေပျို့တက်လာပါတယ်။ တကယ်လို့ ဒီအားလှိုင်းတွေက အာနိသင် ပျက်ပြယ်သွားပြီ ဆိုရင်တောင်မှ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကနေ ကျန်ရစ်နေတဲ့ အားလှိုင်းရဲ့နောက်က လှိုင်းမှာ အံ့အားသင့် စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေ ပြည့်နှက်နေဆဲပါပဲ။ တကယ်လို့ ဒီနေရာမှာ ရှိနေတဲ့ လူတွေက ပန်းဖူးအဆင့် ဒါမှမဟုတ်

စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာ ရှိမနေကြဘူးဆိုရင် ဒီတိုက်ခိုက်မှုရဲ့ အောက်မှာ သူတို့က သွေးတွေပျို့အန်မှာ မဟုတ်ပဲ သူတို့အားလုံး သေသွားပါလိမ့်မယ်။ ဒါကြောင့် ပန်းဖူးအဆင့် ကျင့်ကြံသူတွေ အားလုံးမှာ အရိုးကျိုးတဲ့သူနဲ့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့်က လူတွေကတော့ အနည်းငယ် ပိုပြီးတော့ ကောင်းမွန်နေပြီး ပါးစပ်အပြည့် သွေးအနည်းငယ်ကို အန်ထုတ်လိုက်ရုံပါပဲ။ လင်းဟန်က ကျူးရှမ်အာနဲ့ ဟူးညိုကို ပွေ့ဖက်ထားပြီး ဒီတိုက်ခိုက်မှု အားလိုင်းကို သူ့နောက်ကျောဘက်နဲ့ ခံယူလိုက်ပါတယ်။ လက်ရှိသူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ရှစ် ရှားပါးသတ္တုနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ ဒီအသံလိုင်းကို ခံယူလိုက်တာက သူ့ကို အတော်လေး ဖြူဖပ်ဖြူရော် ဖြစ်သွားစေပေမဲ့ သွေးတော့ အန်မထွက်စေနိုင်ခဲ့ပါဘူး။

"ယောက်ဖရေ ကယ်ပါဦး"

လီဖန်းယုရဲ့ မျက်နှာမှာ သွေးတွေပေကျံနေပြီး စောစောက အရိုက်ခံရထားတာကြောင့်လား ဒါမှမဟုတ် အားလိုင်းတွေကြောင့်ပဲလား ဆိုတာ မသေချာပါဘူး။

ထင်ထားတဲ့ အတိုင်းပဲ။ သူအသက်ရှင်နေသရွေ့ သူကအမြဲတမ်း အပေါစားဆန်ဆန် လုပ်နေဦးမှာ

ဖြစ်ပါတယ်။

"ဟားဟားဟား မင်းတို့ကောင်တွေ ဘာဖြစ်နေတာလဲ။ ကြည့်ရတာ အရမ်းကို ထိတ်လန့်နေပုံ ရတယ်။ ဟုတ်လား"

ယုန်ဖြူကြီးက မုန်လာဥ(ရှားပါးဆေးပင်) တစ်လုံးကို ပါးစပ်မှာ ကိုက်ပြီးတော့ ပေါ်လာခဲ့ပါတယ်။ ဘယ်နေရာကနေ ရှာတွေ့လာတာလား။ ခိုးလာတာလားဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ အရမ်းကို ဂရုန်းသုန်းကား ဖြစ်နေတာကို ပျော်စရာတွေ ကြည့်ဖို့အတွက် အပြေးအလွှား ရောက်လာခဲ့ပြီး ခံစားမလို့ဆိုတာ ပေါ်လွင်ပါတယ်။

"လာနောက်မနေနဲ့။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် နှစ်ယောက် တိုက်ပွဲတွေ ဖြစ်နေတယ်။ မင်းကိုယ်တိုင် မမြင်ဘူးလား"

လင်းဟန်က မကျေမနပ် လေသံနဲ့ ပြောလိုက်ပါတယ်။

"ပိုး ဒီမိန်းကလေးက မဆိုးဘူး။ ဦးလေးယုန်ရဲ့ အစေခံမိန်းကလေး ဖြစ်လာဖို့ သင့်တော်တယ်"

ယုန်ဖြူကြီးက မိုးပြာဖီးနစ် နတ်မိမယ် ဧကရီကို စိုက်ကြည့်ပြီးတော့ စိတ်ဂိညာဉ် ဆေးပင်ကို ဂါးစားနေပြီး တကယ့်ကို ယုန်ရမ်းကား တစ်ကောင်ရဲ့ အကျင့်စရိုက်ကို အပြည့်အဝ ထုတ်ဖော်နေပါတယ်။ လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"ပါးစပ်ကြီးလီ မင်းနဲ့ စိတ်တူကိုယ်တူ တစ်ယောက်နဲ့ တွေ့နေပြီ။ လာခဲ့ ဒီယုန်ဖြူကြီးနဲ့ သွေးသောက်ညီအစ်ကိုသာ ဖွဲ့လိုက်ပါတော့"

"ဟင့် ဦးလေးယုန်က ဘယ်သူလဲ။ ဒီကောင်လေးက ဦးလေးယုန်ရဲ့ အလှမ်းကွာတဲ့ ဆယ့်ရှစ်ဆက်မြောက် မျိုးဆက်က မြေးအရွယ်ပဲ ရှိဦးမယ်"

ယုန်ဖြူကြီးက ချိုးချိုးဖွဲ့ဖွဲ့နဲ့ မိုရှိုးမျှစ်ချိုး ပြောလိုက်ပါတယ်။ လီဖန်းယုက ဒေါသမထွက်ပဲ ဟူးညို့ကို ပြောလိုက်ပါတယ်။

"အရှင်သခင်မလေး ညိုးညိုး။ ယုန်အသားစားမလား"

"ကောင်းပြီလေ"

ဟူးညို့က ချက်ချင်းဆိုသလို ပျော်ရွှင်သွားပါတယ်။ သူမရဲ့

ရက်စက်ကြမ်းကြုတ်တဲ့ မျက်လုံးတွေက ယုန်ဖြူကြီးရဲ့ တင်ပါးတွေကို ပစ်မှတ်ထားနေပြီး သူမရဲ့ ပါးစပ်သေးသေးလေးကို ဖွင့်လိုက်ပိတ်လိုက်နဲ့ သွားရည်တမြားမြား ကျလာခဲ့ပါတယ်။ ယုန်ဖြူကြီးက သူ့ပင်ကိုယ်အသိနဲ့ ဖင်ကို ပိတ်ကာလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး ဒီကလေးမကို နောက်တစ်ကြိမ် သွေးထိုးလှုံ့ဆော်ရဲတယ်ပေါ့။ ဦးလေးယုန်က မင်းရဲ့ ရွှေမျက်နှာကို နင်းပစ်လိုက်မယ်။ ဂရုစိုက်နေ"

လင်းဟန်က ဟူးညို့ကို ဖမ်းဆုပ်ထားပြီး ဒီအခိုက်အတန့်မှာ သူတို့ကို ပြဿနာ ဖြစ်ခွင့်ပေးလို့ မဖြစ်ပါဘူး။ ပြီးတော့ ပြောလိုက်ပါတယ်။

"လာလာလာ ကျောက်တုံးနည်းနည်းလောက် ကူသယ်ပေး။ ငါတို့ ဒီနေရာကနေ ပြပွဲကို စောင့်ကြည့်တာပေါ့။ ဒီအကွာအဝေးက စိတ်ချရမှာပါ"

သူက မျက်စိဝေ့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ကို တွေ့လိုက်ပြီး စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ်

ကေရီနဲ့ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်တို့ရဲ့ တိုက်ပွဲက ပြင်းထန်ပါတယ်။ ဒါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ အစွမ်းအထက်ဆုံး တိုက်ပွဲ ဖြစ်ပါတယ်။ လင်းဟန်တောင်မှ သူ့အရင်ဘဝတုန်းက မြင်တွေ့ဖူးခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် သူ့အနေနဲ့ လွဲချော်လို့ မဖြစ်ပါဘူး။ အစောပိုင်းတုန်းက ဖန်းပိုယွမ်က ရတနာ တစ်သန်းမြို့မှာ အစွမ်းပြခဲ့ပါတယ်။ ဒါပေမဲ့ အဆင့်လေး သတ်ဖြတ်ခြင်း အစီအရင်ရဲ့ အဟန့်အတားကြောင့် ဘယ်သူကမှ တိုက်ပွဲကို မမြင်ခဲ့ရပါဘူး။ ဒါပေမဲ့လည်း အခုက မတူပါဘူး။ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်က မီတာသုံးရာကျော် မြင့်ပြီးတော့ ဘယ်နေရာကနေပဲဖြစ်ဖြစ် မြင်တွေ့နိုင်ပါတယ်။ လင်းဟန်က မုသားမဲ့ မျက်လုံးကိုလည်း အသက်သွင်းထားပြီး ပိုပြီးတော့တောင် ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက တကယ့်ကို သန်မာပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက် ပီသပါတယ်။ သူမကို မရပ်တန့်နိုင်ဘူးလို့တောင် ပြောလို့ရသလို သူမရဲ့ လက်ထဲက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းထဲမှာ ထိပ်ဆုံးက ရှိနေတဲ့ ကောင်းကင်ဘုံဖီးနစ် ဓားနဲ့ပ သူမရဲ့ ဖျက်ဆီးခြင်း စွမ်းအင်က နောက်ပိုင်းမှာ ပိုပြီးတော့ တိုးလာနိုင်စွမ်းတောင် ရှိပါလိမ့်မယ်။ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်ပေါ်က

အလောင်းကောင် အများစုက ကောင်းကင်အဆင့်မှာ ဆိုပေမဲ့ တချို့အနည်းစုက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပြီး ၎င်းတို့ကို ဓားနဲ့တိုက်ခိုက်လိုက်တဲ့ အခါမှာ နက်ရှိုင်းတဲ့ ဓားဒဏ်ရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒါက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်က အရမ်းကို ကြီးမားလွန်းပြီး ဓားတစ်လက်နဲ့ ခုတ်ပိုင်းတာက သာမန်လူ တစ်ယောက်ကို လက်သည်းညှပ် တစ်ခုနဲ့ ညှပ်နေသလိုမျိုးနဲ့ တူပြီးတော့ သေးငယ်တဲ့ ဒဏ်ရာတွေပဲ ခံစားစေရပါတယ်။

မျက်လုံးကိုးခု အလောင်းကောင် ဘုရင်က သာမန်အလောင်းကောင် စစ်သား မဟုတ်ပါဘူး။ ဒီလိုမျိုး တည်ရှိမှု တစ်ခုက ၎င်းကိုယ်ပိုင် အသိစိတ်ကို ဖြစ်ပေါ်စေပြီး ဘဝအသစ် မွေးဖွားလာသလိုမျိုး ဒီကမ္ဘာကြီးထဲမှာ မျိုးစိတ်အသစ်တစ်ခု ဖြစ်လာပါတယ်။ ၎င်းက နာကျင်မှု မရှိပါဘူး။ ပြီးတော့ ဒေါသတွေ အကြီးအကျယ် ထွက်လာခဲ့ပြီး ၎င်းရဲ့ခန္ဓာကိုယ် အပေးက အလောင်းကောင်တွေ အားလုံးက သူတို့ရဲ့ ခေါင်းတွေကို မော့ပြီးတော့ ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီး အသံလှိုင်းတွေက ရောမ လှံကြီးတစ်ချောင်း အဖြစ်ကို ပြောင်းလဲသွားပါတယ်။ အဲဒီလှံကြီးကို မျက်လုံးကိုးခု အလောင်းကောင် ဘုရင်က ဆုပ်ကိုင်ပြီး မိုးပြာဖီးနစ် နတ်မိမယ် ဇောရီကို

ထိုးလိုက်ပါတယ်။

"မကောင်းဆိုးဂါး သက်ရှိကောင် နှင့်ခေါင်းကို ချန်ထားခဲ့စမ်း"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက အော်ဟစ်လိုက်ပြီး ကောင်းကင်ဘုံ ဖီးနစ်ဓားနဲ့ ခုတ်လိုက်တဲ့ အခါမှာ မီတာသုံးရာကျော် ရှည်လျားတဲ့ ဓားအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး ကြည့်ရတာ အရမ်းကို ထိတ်လန့်စရာကောင်းပြီး ကြောက်စရာကောင်းပါတယ်။ မျက်လုံးကိုးခု အလောင်းကောင် ဘုရင်က ထပ်ခါထပ်ခါ ပြင်းပြင်းထန်ထန် အော်ဟစ်လိုက်ပါတယ်။ ၎င်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောပြီး သွေးကြောနဲ့တူတဲ့ အစီအရင် သင်္ကေတတွေရဲ့ ချီးမြှောက်မှုအောက်မှာ အဆင့်တစ်ဆယ် ရှားပါးသတ္တုအောက် မနိမ့်ကျပါဘူး။ တကယ်လို့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်း တစ်ခုကို တိုက်ခိုက်ဖို့ အသုံးမပြုခဲ့ဖူးဆိုရင် သူမသိပ်သည်းထားတဲ့ ဓားအလင်းတန်းရဲ့ အစွမ်းက ၎င်းရဲ့ ခံစစ်ကို ရင်ဆိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ မျက်လုံးကိုးခု အလောင်းကောင် ဘုရင်က သူ့လက်မောင်း နှစ်ဖက်ကို ပွေ့ယမ်းလိုက်ပြီး အလယ်ကို စုပြီးတော့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီကို လက်ခုပ်ကြားညှပ်ပြီး

သေအောင်လို့ ကြိုးစားအားထုတ် လိုက်ပါတယ်။

ရောမ လက်ဂါးကြီး နစ်ခုက နီးကပ်လာပြီး ကောင်းကင်ဘုံကိုတောင် တုန်ခါစေတဲ့ အသံကြီး ထွက်ပေါ်စေပါတယ်။ လူပေါင်းကိုးဆယ်ရာခိုင်နှုန်းရဲ့ ခွာရအပေါက် ခုနစ်ပေါက်ကနေ သွေးတွေယိုကျလာပြီး အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ မြင်ကွင်းတစ်ခု ဖြစ်လာခဲ့ပြီး တချို့ဆိုရင် ဒီအသံကြီးကြောင့် သတိလစ် မေ့မျောသွားကြပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက တကယ်ပဲ ဒီလိုမျိုး လက်ခုပ်ကြား ညှပ်ပြီးတော့ သေသွားပြီလား။

အရိုးစု လက်ဂါးကြီး နစ်ခုကနေ မိုးပြာမီးတောက်တစ်ခုက ပေါက်ကွဲထွက်ပေါ်လာပြီး ကောင်းကင် တစ်ခုလုံးကို မီးတောက်တွေနဲ့ ပြည့်လျှံသွားပြီးတော့ နေမင်းကြီးထက်တောင် တောက်ပသလို ခံစားလိုက်ရပါတယ်။ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်က အော်ဟစ်လိုက်ပြီး အလျင်အမြန်ပဲ သူ့ရဲ့လက်တွေကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက မိုးကောင်းကင်ထက်မှာ ဟိတ်ကြီးဟန်ကြီးနဲ့ ရပ်နေတာကို မြင်တွေ့လိုက်ရပြီး သူမရဲ့

ခန္ဓာကိုယ် တစ်ခုလုံး မိုးပြာရောင် နတ်ဘုရား မီးတောက်တွေနဲ့ တောက်လောင်လို့နေပြီး မီးညွှန့်ကြီးက မီးတာသုံးထောင်လောက် ရှည်လျားပါတယ်။ အဲဒါကြောင့် သူမကို ကြည့်ရတာ ပိုပြီးတော့ ချောမောလှပပြီး ဆွဲဆောင်မှု ရှိတယ်လို့ ခံစားရပါတယ်။

"ဒီအမျိုးသမီးက သန့်စင်တဲ့ လူသားတစ်ယောက် မဟုတ်ဘူး။ ဦးလေးယုန်က သူ့ရဲ့ခန္ဓာကိုယ် အထဲက စစ်မှန်တဲ့ ဖီးနစ် သွေးမျိုးဆက်ရဲ့ တစ်စကို အာရုံခံနိုင်တယ်"

ယုန်ဖြူကြီးက စိတ်ဂိညာဉ် ဆေးပင်ကို ဂါးစားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ဦးလေးယုန်ရဲ့ သန့်စင်တဲ့ သွေးမျိုးဆက်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် သူမက အဂေးကြီးမှာပဲ။ ငါထင်တဲ့ အတိုင်းပဲ။ ဒီကောင်မလေးက ဦးလေးယုန်ရဲ့ အစေခံ မိန်းကလေး ဖြစ်လာဖို့ပဲ ပိုသင့်တော်တယ်"

စစ်မှန်တဲ့ ဖီးနစ်သွေးမျိုးဆက်လား။

Chapter 668 end

Zawgyi.အပိုင်း(၆၆၉) ဆယ်ခုမြောက် မျက်လုံး

စစ်မှန်သော ဖီးနစ်ငှက်။

ဒဏ္ဍာရီတွေထဲမှာတော့ စစ်မှန်တဲ့ ဖီးနစ်ငှက်တွေက စစ်မှန်တဲ့ နဂါးတွေနဲ့ အဆင့်အတန်းချင်း တူညီပြီး စစ်မှန်တဲ့ နဂါးတွေက နတ်ဘုရားသားရဲတွေ အထဲမှာ အသန်မာဆုံး ဖြစ်ပါတယ်။ လင်းဟန် ကျင့်ကြံအားထုတ်တဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ဆိုရင် နဂါးကိုးကောင်ရဲ့ စွမ်းအားတွေကို စံအဖြစ် သတ်မှတ်ပြီး အသုံးပြုထားတာကို ကြည့်မယ်ဆိုရင် နဂါးတွေရဲ့ စွမ်းအားက အသန်မာဆုံးဆိုတာ ပေါ်လွင်ထင်ရှားပါတယ်။

နတ်ဘုရား သားရဲတွေက မိုးကောင်းကင်ရဲ့ ချီးမြှောက်မှုကို ရရှိပြီး ကျင့်ကြံစရာ မလိုပါဘူး။ အရွယ်ရောက်လာတာနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားကို ပိုင်ဆိုင်တတ်ကြပြီး စစ်မှန်တဲ့ နဂါးတွေရဲ့ စွမ်းအားက အာကာသကိုတောင် ဖျက်ဆီးနိုင်စွမ်း ရှိပြီးတော့ စကြာဝဠာကို ဖျက်ဆီးပြီး နတ်ဘုရား နယ်မြေရဲ့ စွမ်းအားအဆင့်ကို ပိုင်ဆိုင်ထားပါတယ်။

သိုင်းပညာရှင်တွေက နဂါးကိုးကောင်ရဲ့ စွမ်းအားကို သာလွန်အောင်လို့ ကျင့်ကြံအားထုတ် နိုင်ပါတယ်။

ဒါမှမဟုတ် နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပြောနေကြလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီနေရာမှာတော့ စစ်မှန်တဲ့ နဂါးတွေရဲ့ စွမ်းအားနဲ့ စစ်မှန်တဲ့ ဖီးနစ်ငှက်ရဲ့ စွမ်းအားတွေက သေချာပေါက် ကန့်သတ်ထားတဲ့ ပမာဏပဲ ဖြစ်ပါလိမ့်မယ်။ တကယ်လို့ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက စစ်မှန်တဲ့ ဖီးနစ်ငှက် တစ်ကောင်ရဲ့ စွမ်းအားကို အလုံးစုံ ပိုင်ဆိုင်ထားမယ်ဆိုရင် အဲဒီစွမ်းအားနဲ့ တိုက်ခိုက်လိုက်ရင် အလောင်းကောင် ဘုရင်က အရိုးစုပုံကြီး အဖြစ်ကို ပျောက်ကွယ် သွားရပါလိမ့်မယ်။

ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းက တန်ခိုးရှင်နယ်မြေကနေ အမွေဆက်ခံလာတဲ့ အပေါ်မှာ အခြေခံထားပြီး ဇီရှူရှန်းဆိုရင် မိုးကြိုးလျှပ်စီး မျိုးနွယ်စုကနေ ဆင်းသက်လာသူ တစ်ယောက် ဖြစ်ပြီးတော့ အရမ်းကို အစွမ်းထက်ပါတယ်။ ဒါကြောင့် မိုးပြာဖီးနစ် နတ်မိမယ် ဧကရီကလည်း နတ်ဘုရားဘုံကနေ ဆင်းသက်လာသူ တစ်ယောက်ဖြစ်ပြီး စစ်မှန်တဲ့ ဖီးနစ်ငှက်ရဲ့ သွေးမျိုးဆက် တစ်စကို ပိုင်ဆိုင်ထားတာက ထူးဆန်းတဲ့ ကိစ္စ မဟုတ်ပါဘူး။

မျက်လုံးကိုးခု အလောင်းကောင် ဘုရင်က

စိုးရိမ်ထိတ်လန့်တဲ့ ပုံစံနဲ့ ကြည့်လိုက်ပါတယ်။ အလောင်းကောင် စစ်သားတွေ အတွက်က သေမှာကို မကြောက်သလို နာကျင်တာကိုလည်း မသိပါဘူး။ ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဒါက ဘာဖြစ်လို့လဲဆိုတော့ မျက်လုံးကိုးခု အလောင်းကောင် ဘုရင်ရဲ့ အဆင့်က အရမ်းကို မြင့်မားပြီး ၎င်းကိုယ်ပိုင် အသိစိတ်ကို ရရှိထားတာကြောင့် အခြေအနေကို ဘယ်လိုမျိုး ခန့်မှန်းရမလဲ ဆိုတာကို သိနားလည်ထားတာကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အကြင်နာတရား ကင်းမဲ့ပြီး လူမဆန်တဲ့ အရာတွေ အားလုံးက အလောင်းကောင် စစ်သားတွေမှာ ရှိနေပါတယ်။ မကြာခင်မှာပဲ ၎င်းရဲ့နှလုံးသားထဲက ကြောက်ရွံ့မှုကို ဖိနှိပ်လိုက်ပြီး ကျယ်လောင်စွာနဲ့ ဟိန်းလိုက်ပြီးတော့ ၎င်းရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကနေ အရိုးဆူးချွန်တွေ ထွက်လာခဲ့ပါတယ်။ အရိုးဆူးချွန်တွေက မီတာသုံးဆယ်လောက် ရှည်လျားပြီး ကြည့်ရတာ ဖြူကောင်တစ်ကောင်နဲ့ တူနေပါတယ်။

အလောင်းကောင် ဘုရင်က မိုးပြာဖီးနစ် နတ်မိမယ် ကေရီဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ ပါတယ်။

အရိုးဆူးချွန်တွေက မီးခိုးရောင်ရှိပြီး သင်္ကေတတွေ လင်းလက်တောက်ပနေကာ မျှော်လင့်ချက် ပျက်သုဉ်းခြင်းဆိုတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်လျက်ရှိပါတယ်။

လင်းဟာန်က အံ့အားသင့်သွားပြီး မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ ပြောလိုက်ပါတယ်။

"မကောင်းတော့ဘူး"

အခုချိန်မှာ ကျူးရှွမ်အာနဲ့ တခြားလူတွေ အကြောက်ဆုံးက လင်းဟာန်ဆီက မကောင်းတော့ဘူး ဆိုတဲ့ စကားပဲ ဖြစ်ပါတယ်။ လင်းဟာန်က မကောင်းတော့ဘူးလို့ ပြောလိုက်တိုင်း တကယ်ကို မကောင်းတဲ့ အရာတွေ ဖြစ်ပေါ်လာပါတယ်။

"ယောက်ဖ မင်း မကောင်းတော့ဘူးလို့ မပြောလို့ မရဘူးလား"

လီဖန်းယုက တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအလောင်းကောင် ဘုရင်က နိုးထလာကာစပဲ ရှိသေးတယ်။ မျက်လုံးကိုးလုံးကို အစောပိုင်းက ဆက်တိုက်ဖြစ်ပေါ်စေခဲ့ပြီး အခု အရိုးဆူးချွန်တွေ ပေါက်ထွက်လာခဲ့တယ်။ ငါခန့်မှန်းမိသလောက် ဒီအလောင်းကောင်တွေနဲ့ ပေါင်းစပ်နေတဲ့ အခြေအနေမှာပဲ ရှိနေသေးပြီး ပြီးပြည့်စုံတဲ့ ပုံစံကို မရောက်သေးဘူး"

ချင်ရီယွဲ့က မျက်နှာဖြူဖပ်ဖြူရော် ပြောင်းသွားပြီး ထိတ်ထိတ်လန့်လန့်နဲ့ ပြောလိုက်ပါတယ်။

"နင်ပြောချင်တာက အပြည့်အဝ ပေါင်းစည်းပြီးသွားရင် အဲဒါကြီးက ပိုပြီးတော့တောင် သန်မာလာ မှာလား"

"မြေကြီးလက်ခတ် မလွဲပဲ"

လဖြွတ်။

အခု မိုးပြာဖီးနစ် နတ်မိမယ် ကေရီက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်နဲ့ တိုက်ခိုက်တဲ့ အခါမှာ လက်ရည်တူရုံပဲ ရှိပါတယ်။ တကယ်လို့ ဒီအလောင်းကောင် ဘုရင်က ပိုပြီးတော့တောင် သန်မာလာမယ်ဆိုရင်

မိုးပြာဖီးနစ် နတ်မိမယ် ကေရီတောင်မှ ဒီကောင်ကြီးကို ထိန်းချုပ်ဖိနှိပ်နိုင်စွမ်း မရှိတော့ဘူးလို့ ဆိုလိုတာပဲ မဟုတ်လား။

ၚင်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အကန့်အသတ်ကို ချိုးဖျက်ပြီးတော့ နတ်ဘုရား အဆင့်ကို ကူးဖြတ်သွားနိုင်ပါတယ်။

အားလုံးရဲ့ လက်တွေက အေးစက်စက် ဖြစ်လာကြပါတယ်။ တကယ်လို့ အဲဒီလိုသာ ဖြစ်သွားရင် ကမ္ဘာကြီး တစ်ခုလုံးထဲ ဘယ်နေရာမှ သန့်စင်တော့မှာ မဟုတ်ပါဘူး။ အားလုံးက ဒီအလောင်းကောင် ဘုရင်ရဲ့ သတ်ဖြတ်ခြင်းကို ခံရပြီး အသွေးအသားတွေကို ဂါးမျိုစားသောက် ခံရပြီးတော့ ကျန်ရှိနေတဲ့ အရိုးစုတွေကတော့ ပေါင်းစည်းခံရပြီး သမိုင်းတစ်လျှောက်မှာ အသန်မာဆုံး အလောင်းကောင် စစ်သားအဖြစ်ကို ဆင့်ကဲပြောင်းလဲ သွားပါလိမ့်မယ်။

လင်းဟန်က အလောင်းတစ်ထောင် ဂိုဏ်းက ဘယ်လိုလုပ်မလဲ ဆိုတာကိုတောင် စဉ်းစား လိုက်ပါတယ်။

ဒါက ရှေးဟောင်းတိုက်ပွဲကွင်း တစ်ခု ဖြစ်ပါလိမ့်မယ်။ တန်ခိုးရှင်ဘုံက ဂိုဏ်းငါးဂိုဏ်းက ဆင်းသက်လာတဲ့

အဆင့်မြင့်သူတွေက ဒီနေရာမှာ ဆန့်ကျင်သူတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ပြီး အဆုံးသတ်မှာတော့ သိုင်းပညာရပ်တွေ တိုးတက်စည်ပင်ဂပြောလာဖို့ လွှန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်း အလွန်က မြုပ်နှံထားခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။

အလောင်းတစ်ထောင် ဂိုဏ်းလည်း တန်ခိုးရှင်ဘုံမှာ အင်အားကြီးဂိုဏ်းတစ်ခု ဖြစ်ပါလိမ့်မယ်။ အဆုံးမှာ လောကဘုံ ဆေးလုံးကို ဖော်စပ်ခြင်းကနေ လွတ်မြောက်ဖို့အတွက် သူတို့က ဒီနေရာမှာ အမြစ်ချပြီးတော့ သူတို့ကို အလောင်းကောင် စစ်သားအဖြစ် ပြောင်းလဲဖို့ လျှို့ဝှက်စွာနဲ့ ကျိတ်ကြံစည်နေတာ ဖြစ်နိုင်ပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ စောင့်ကြည့်မှုနဲ့အတူ သူတို့ကလည်း မဆင်မခြင်နဲ့ မလုပ်ပံ့ပဲ လုပ်ရမဲ့ ကိစ္စတွေကို ဖြည်းညှင်းစွာနဲ့ လုပ်နေပြီး ဒီမွန်းစတားကြီးကို ဖန်းတီးနိုင်ခဲ့တာ ဖြစ်ပါမယ်။

လင်းဟာန်က သိပ်တော့ မသေချာပါဘူး။ ဒါပေမဲ့ အလောင်းတစ်ထောင်ဂိုဏ်းက ဒီလိုမျိုး အရာကို သေချာပေါက် လုပ်နိုင်တယ်လို့တော့

ကောက်ချက်ချခဲ့ပါတယ်။

အရိုးဆူးချွန်တွေ ပေါက်ဖွားလာပြီးတဲ့နောက်မှာ အလောင်းကောင် ဘုရင်ရဲ့ တိုက်ပွဲစွမ်းရည်က တိုးလာခဲ့ပါတယ်။ အရိုးဆူးချွန်တိုင်းက ကောင်းကင်ဘုံ လုံတစ်ချောင်းနဲ့ ညီမျှပြီး သွေးကြောနဲ့ တူတဲ့ သင်္ကေတတွေ ဖုံးလွှမ်းနေကာ စကြာဂဠုဍ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကိုတောင် အကြီးအကျယ် ခြိမ်းခြောက်နိုင်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီတောင်မှ မဆင်မခြင်နဲ့ မဆန့်ကျင်ပံ့ပဲ ထက်ရှတဲ့ အသွားတွေကို ရှောင်တိမ်းဖို့ လှည့်လည်လှုပ်ရှား နေပါတယ်။ တကယ်တော့ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အလောင်းကောင် ဘုရင်နဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သူမက ရှောင်လိုက်တိမ်းလိုက် အလျဉ်းသင့်ရင် ဓားရှည်နဲ့ အမှတ်မထင် တိုက်စစ်ဆင်လိုက်နဲ့ အံ့အားသင့်စရာကောင်းတဲ့ ဓားအလင်းတန်းတွေကို ထုတ်ဖော်တိုက်ခိုက်နေပါတယ်။

နောက်ပြီးတော့ သူမရဲ့ နောက်ကျောဘက်မှာ မီးတောက်တွေ ဖြစ်ပေါ်နေပြီး ဆတ်ခနဲ ခါယမ်း

လှုပ်ရှားမှုကလည်း အလောင်းကောင် ဘုရင်အတွက် အာရုံပျက်စေတဲ့ အနှောက်အယှက်ကို ဖန်တီးနေသလိုမျိုး မှတ်ယူလို့ ရပါတယ်။ အဲဒါက သေချာပေါက် သာမန်မီးတောက်တွေ မဟုတ်ပဲ ၎င်းရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အံ့အားသင့်စရာ ကောင်းပြီးတော့ မီးတောက်ဖြတ်သွားတဲ့ အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ မီးလောင်ကျွမ်းတဲ့ အရာတွေ ကျန်ခဲ့ပြီး အရိုးစုတွေကို ပြာဖြစ်အောင် လောင်ကျွမ်းလို့ နေပါတယ်။

တစ်ခဏအတွင်းမှာ လက်ရွေးစင် နှစ်ယောက်က ညီမျှသွားခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အလောင်းကောင် ဘုရင်က လင်းဟန်ပြောသလိုပဲ မွေးကာစပုံစံနဲ့ တူပါတယ်။ အစပိုင်းမှာ သန့်စင်တဲ့ အကျင့်စရိုက်ဗီဇ ရှိပေမဲ့ သဘာဝအတိုင်း သတ်ဖြတ်လာပြီး ၎င်းရဲ့ ပင်ကိုယ်စရိုက်အပေါ် မူတည်ပြီးတော့ လှုပ်ရှားလာခဲ့ပါတယ်။

ဒါပေမဲ့လည်း တိုက်ပွဲရဲ့ အခြေအနေက အတော်လေးကို ကြာမြင့်လာပြီး စွမ်းအားကို ဘယ်လိုမျိုး အသုံးချရမလဲ ဆိုတာကို ၎င်းက နားလည်လာပြီးတော့ ကြည့်ရတာ ကြီးထွားဖွံ့ဖြိုးလာပုံ ရပြီး ပိုပိုပြီးတော့ ကြောက်စရာ

ကောင်းလာပါတယ်။

ဒီပြောင်းလဲမှုက အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။

၎င်းရဲ့ခန္ဓာကိုယ် အပေါ်က အရိုးစုအလောင်းကောင်တွေက ပေါင်းစပ်တဲ့ ဖြစ်စဉ်မှာ ရှိနေပြီး အရိုးတွေ ပေါင်းစည်းခြင်းကို ကြည့်ရတာ မာကျောတဲ့ အရိုးတွေလိုမျိုး မဟုတ်ပဲ ချက်ချင်းဆိုသလို သဲထဲကို နစ်မြုပ်သွားသလို ဖြစ်သွားပါတယ်။ ပေါင်းစပ်ခြင်း ဖြစ်စဉ်မှာ အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်က ဖြည်းညှင်းစွာ ကျုံ့သွားပေမဲ့ ၎င်းရဲ့စွမ်းအားကတော့ တိုးလာခဲ့ပါတယ်။

လင်းဟန်က စိတ်ထဲမှာ တဆတ်ဆတ် တုန်လာပြီးတော့ ပြောလိုက်ပါတယ်။

"အစောပိုင်းတုန်းက အလောင်းကောင်စစ်သား တစ်သောင်းက အတူတကွ ပေါင်းပြီးတော့ တိုက်ခိုက်တယ်။ ဒါပေမဲ့ အခုတော့ တစ်ထောင်။ အဲဒီနောက်မှာ တစ်ရာကနေ နောက်ဆုံးမှာ တစ်ခုပဲ ကျန်လိမ့်မယ်"

အားလုံးက လိမ်မာပါးနပ်သူတွေ ဖြစ်ပြီးတော့ ချက်ချင်းပဲ နားလည်သဘောပေါက် သွားကြပါတယ်။

ပမာဏ လျော့ကျသွားတယ် ဆိုတာက ကောင်းတဲ့အရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆန့်ကျင်ဘက် အနေနဲ့ကတော့ အဆိုးတကာ့ အဆိုးဆုံး ထွက်ပေါ်လာဖို့ ဖြစ်နိုင်ပါတယ်။

လူပေါင်းတစ်သောင်းက တစ်ယောက်အဖြစ် ဘယ်လောက်ပဲ လုပ်လုပ် သူတို့ထုတ်လွှတ်တဲ့ စွမ်းအားက အင်အားစုပေါင်း တစ်သောင်းရဲ့ စွမ်းအားကို ရောက်ပါ့မလား။ လုံးဝ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း လူတစ်ထောင်နဲ့ဆိုရင် လူတစ်ယောက်ကိုယ်စီက ဆယ်ယောက်နဲ့ ညီမျှပြီး အတူတကွ ပူးပေါင်းတိုက်ခိုက်မယ်ဆိုရင် ဘယ်စွမ်းအားက ပိုပြီးတော့ သန်မာတယ်လို့ မင်းပြောမလဲ။

လူတစ်ရာကို အသာထားဦး။ ဆယ်ယောက် ဒါမှမဟုတ် တစ်ယောက်ပဲ ကျန်တော့တဲ့ အချိန်မှာ တကယ်လို့ စွမ်းအား တစ်သောင်းတိုးလာမယ်ဆိုရင် လူပေါင်းတစ်သောင်းရဲ့ စွမ်းအားနဲ့ အလုံးစုံ ညီမျှပြီး နည်းနည်းလေးမှတောင် မလျော့ကျပါဘူး။

အလောင်းကောင် ဘုရင်ရဲ့ တိုးတက်မှု ဖြစ်စဉ်က ဒီနည်းလမ်းအတိုင်း သွားပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီကလည်း ဒါကို ကောင်းကောင်းကြီး သိမြင်ပါတယ်။ သူမအတွက် ဓားတိုက်ခိုက်မှုတွေက ပိုပိုပြီး အလျင်စလို ဖြစ်လာခဲ့ပါတယ်။ ဖူး ဖူး ဖူး ဖူး။ ဓားအလင်းတန်းတွေ အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်ပေါ်ကို ခုတ်ပိုင်းလိုက်တာနဲ့ အရိုးတွေ ကျိုးပဲ့လွင့်ထွက် သွားခဲ့ပါတယ်။ ဒါပေမဲ့ အလောင်းကောင် ဘုရင်ရဲ့ ဧရာမ ခန္ဓာကိုယ်နဲ့ဆိုရင် ဒါတွေက မပြောပလောက်ပါဘူး။

နောက်ပြီးတော့ ၎င်းရဲ့ ခန္ဓာကိုယ်ကလည်း ကျုံ့လာခဲ့ပြီး အလောင်းကောင် ဘုရင်ရဲ့ စွမ်းအား သန်မာအားကောင်း လာခဲ့ပြီး ခုခံမှု ဧရိယာကလည်း ဆက်ပြီးတော့ ကျုံ့လာခဲ့ပါတယ်။

ဒါက ဂမ်းသာစရာ သတင်းမဟုတ်ပါဘူး။

နေ့တစ်ဂက်ခန့် အကြာမှာတော့ အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်က တစ်ဂက်လောက်ထိ ကျုံ့သွားခဲ့ပြီး မီတာ တစ်ရာ့ငါးဆယ်ကျော်လောက်ပဲ မြင့်ပါတော့တယ်။ ၎င်းရဲ့ နီမြန်းနေတဲ့ အလင်းရောင် မျက်လုံးနှစ်လုံးက တစ်ဆခန့် ပိုပြီးတော့ တောက်ပလာခဲ့ပြီး အဲဒီမျက်လုံးတွေနဲ့ ဆုံလိုက်တဲ့

လူတွေအတွက် နှလုံးသားတွေ ပေါက်ကွဲမတတ် နာကျင်မှုကို ခံစားသွား စေနိုင်ပါတယ်။

အလောင်းကောင် ဘုရင်ရဲ့ လှုပ်ရှားမှုတွေ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီး ၎င်းရဲ့နဖူးပေါ်မှာ နောက်ထပ် မျက်လုံးတစ်လုံး ထပ်ပြီးတော့ ပေါက်လာခဲ့ပါတယ်။

ဆယ်ခုမြောက် မျက်လုံး။

မျက်လုံးကိုးခုက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုးခု ဖြစ်ပါတယ်။ ဒါကြောင့် မျက်လုံးဆယ်လုံးက ဘာများဖြစ်မလဲ။

၎င်းက သေချာပေါက် နတ်ဘုရား အဆင့်ကို မရောက်နိုင်သေးပေမဲ့ ၎င်းရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်တစ်ပွင့်လောက် တိုးလာခဲ့ပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေရဲ့ တိုက်ပွဲစွမ်းရည်က အစကတည်းက အရမ်းကို ကြောက်စရာကောင်းပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်ပွင့် တိုးလာဖို့က ကောင်းကင်ကို တက်ရသလို ခက်ခဲလွန်းပါတယ်။ အခု အလောင်းကောင် ဘုရင်က ၎င်းရဲ့

ခန္ဓာကိုယ်ကို ပေါင်းစည်းခဲ့ပြီး အရည်အသွေး ပြောင်းလဲမှု တစ်ခု ရရှိခဲ့ပါတယ်။ ၎င်းရဲ့ ခန္ဓာကိုယ် တစ်ခုလုံးရဲ့ အရိုန်အဝါက ပေါက်ကွဲထွက်လာပြီး တဖွေဖွေဖမ်း လျှိုမြောင် တစ်ခုလုံး ပြိုလဲသွား ပါတယ်။

အလောင်းကောင် ဘုရင်က နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။ ၎င်းရဲ့ အရိုးဆူးချွန်တွေက ကောင်းကင်ဘုံကိုတောင် အံ့အားသင့်စေပြီး မိုးကောင်းကင်ထက်က ကြယ်တွေကို ပြိုလဲကျပြီး ကမ္ဘာတစ်ခုလုံး အဆုံးသတ် ရောက်သွားသလိုပါပဲ။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက နောက်ဆုံးတော့ အရမ်းကို သတိထားတဲ့ အမူအရာ ဖြစ်လာခဲ့ပြီး သူမရဲ့ ကောင်းကင်ဘုံ ဖီးနစ်ဓားကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

“ပွင့်စမ်း”

ဟွမ်း။

ကောင်းကင်ဘုံ ဖီးနစ်ဓားအပေါ်မှာ သွေးကြောနဲ့တူတဲ့ သင်္ကေတတွေက နောက်တစ်ကြိမ် လင်းလက်တောက်ပလာပြီး အဆရာပေါင်းများစွာ

အစွမ်းပိုထက် လာခဲ့ပါတယ်။ အရောင်သွေး စုံလင်လှတဲ့ ဧရာမ ဖီးနစ်ငှက်ကြီးက ဓားသွားကနေ ပျံထွက်လာပြီး နတ်ဘုရား စိတ်ဂိညာဉ် တစ်ခုက မြေပြင်ပေါ်ကို ဆင်းသက်လာသလိုမျိုး အဆုံးမရှိတဲ့ နတ်ဘုရား အစွမ်းတွေ ထုတ်လွှတ်နေပါတယ်။

စိတ်ဂိညာဉ်ပစ္စည်း။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်း။

Chapter 669 end

Zawgyi.အပိုင်း(၆၇၀) ငရဲကိုးထပ် ဘုရင် ထွက်ပေါ်လာပြီ

လင်းဟန်က အရမ်းကို ရင်းနှီးတဲ့ အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပါတယ်။

အဲဒါက ကောင်းကင်ဖီးနစ် နတ်မိမယ် ဖြစ်ပါတယ်။ သူက အရင်ဘဝတုန်းက သူမရဲ့ မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာ ဒုက္ခပေးမှုကို ခံခဲ့ရပြီး ဒီလိုမျိုး အရှိန်အဝါကို အရမ်းကို ရင်းနှီးနေစေခဲ့ပါတယ်။ နောက်ဆုံးအချိန်တွေမှာတောင် ကောင်းကင်ဖီးနစ် နတ်မိမယ်က ငါးကီလိုမီတာ အကာအဝေးကိုတောင် မရောက်သေးခင် သူကအာရုံခံနိုင်ပြီး တချိုးတည်း ထွက်ပြေးရပါတယ်။

အခု လင်းဟန်က အတောမသတ်နိုင်တဲ့ လွမ်းဆွေးမှုတွေကို ခံစားလိုက်ရပါတယ်။

ကောင်းကင်ဖီးနစ် ထွက်ပေါ်လာပြီး စွဲစွဲငင်ငင် မြည်ကြွေးပြီးတော့ အလောင်းကောင် ဘုရင်ဆီ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

ဒီကောင်းကင် ဖီးနစ်ငှက်က အနည်းဆုံး မီတာသုံးရာ့ငါးဆယ် ရှည်ပြီး အတောင်ပံတွေကို ဖြန့်လိုက်တဲ့ အချိန်မှာတော့ မီတာ ၆၆၀ အကျယ်ကိုတောင် ရောက်ရှိပါတယ်။ ၎င်းရဲ့အရှေ့မှာ အလောင်းကောင် ဘုရင်က ချက်ချင်းပဲ ကလေးလေး တစ်ယောက်နဲ့ တူသွားပါတယ်။ ၎င်းရဲ့ အမြန်နှုန်းကလည်း အရမ်းကို လျှင်မြန်ပြီးတော့ အတောင်ပံတွေကို ခတ်လိုက်တာနဲ့ အလောင်းကောင် ဘုရင်ရဲ့ အရှေ့ကို ရောက်ရှိသွားခဲ့ပါတယ်။ ထူးခြားဆန်းကြယ်တဲ့ ပညာရပ်တွေ မပါပဲ ၎င်းရဲ့လက်သည်းတွေနဲ့ စုတ်ဖြဲလိုက် နှုတ်သီးနဲ့ ပေါက်လိုက်နဲ့ ချိုးဖျက်နေပြီး ကြောက်မက်ဖွယ်ရာ ဖျက်ဆီးခြင်းကို ဖြစ်ပေါ်စေခဲ့ပါတယ်။

အလောင်းကောင် ဘုရင်က ဒေါသတကြီးနဲ့ ဟိန်းလိုက်ပေမဲ့

ကောင်းကင်ဖီးနစ်နဲ့ ထိန်းချုပ်ခြင်းကို ခံနေရပါတယ်။ ၎င်းရဲ့ခန္ဓာကိုယ် တစ်ခုလုံးက မြေကြီးပေါ်ကို လဲကျသွားပြီးတော့ လက်နစ်ဖက်နဲ့ ကောင်းကင်ဖီးနစ်ကို တွန်းထုတ်လိုက်ပါတယ်။ ဒါပေမဲ့ ၎င်းရဲ့လက်နစ်ဖက်လုံးက မီးလောင်ကျွမ်းမှုကြောင့် မည်းနက်လို့ နေပါတယ်။

ဒီလိုမျိုး ကြောက်စရာကောင်းတဲ့ စိတ်ဂိညာဉ် ပစ္စည်းတစ်ခု။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားနဲ့ ၎င်းကို နှိုင်းယှဉ်ကြည့်တဲ့ အခါမှာ ချက်ချင်းဆိုသလို နတ်ဆိုးရှင်သန်ဓားက အားနည်းတယ်လို့ ခံစားလိုက်ရပါတယ်။ ဒါပေမဲ့လည်း သူက နတ်ဆိုးရှင်သန်ဓားရဲ့ စစ်မှန်တဲ့ ခွန်အားကို အပြည့်အဂ ဘယ်တုန်းကမှ ထုတ်ဖော်ဖူးခြင်း မရှိပါဘူး။ ပြီးတော့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်မှတော့ ဘယ်လိုလုပ် သာမန်ပစ္စည်း တစ်ခု ဖြစ်နိုင်မှာလဲ။

သူ့ရဲ့အဆင့်က တကယ်တမ်းဆို အရမ်းကို နိမ့်နေပါတယ်။

ရှပ်။

အဲဒီအခိုက်အတန့်မှာ ဆေဘာဓား အလင်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။ ဒါက အလင်းရောင် တစ်ခုလို့တောင်

သံသယ ရှိစရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရမ်းကို နက်မှောင်ပြီး ညအမှောင်ထက်တောင် မှုန်မှိုင်းပြီးတော့ သေခြင်းရဲ့ အငွေ့အသက်တွေ ထုတ်လွှတ်နေပါတယ်။

ဒီဆေဘာဓား တိုက်ခိုက်မှုက ကောင်းကင်ဖီးနစ် ငှက်ဆီကို တန်းတန်းကြီး ဝင်လာခဲ့ပါတယ်။

"နင်လုပ်ရဲလား"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက သူမရဲ့ ဓားကို လှုပ်ရှားလိုက်ပြီး ဆေဘာဓား အလင်းရဲ့ အရှေ့ကို လျှပ်ပြက်သလို ရောက်သွားခဲ့ပါတယ်။ သူမရဲ့ ဓားကို တစ်ချက် ခုတ်လိုက်ပြီး မီတာသုံးရာကျော် ရှည်လျားတဲ့ ဓားအလင်းတန်းကြီးက ထွက်ပေါ်လာပါတယ်။

ထန်။

ကျယ်လောင်တဲ့ အသံကြီးတစ်ခု ထွက်ပေါ်လာပြီး အားလုံးရဲ့ နားတွေက ချက်ချင်းဆိုသလို နားလေးသလို ခံစားလိုက်ရပါတယ်။ အသံတွေကို ဆက်ပြီးတော့ မကြားရတော့ပဲ ကမ္ဘာကြီး တစ်ခုလုံး အရမ်းကို

တိတ်ဆိတ်ငြိမ်သက်လာသလို ခံစားလိုက်ရပြီး အလောင်းကောင် ဘုရင်နဲ့ ကောင်းကင်ဖီးနစ်ငှက်တို့က အသံတိတ် တိုက်ခိုက်နေသလိုမျိုး ဖြစ်နေပါတယ်။

"နတ်မိမယ် ဧကရီ မတွေ့တာတောင် အတော်ကြာပြီနော်"

ထူးဆန်းတဲ့ အသံတစ်ခုက အဝေးကနေ ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းအသံက နူးညံ့ညင်သာပြီး ပျော့ပျောင်းပြီးတော့ အေးစက်စက်နဲ့ မကောင်းဆိုးဝါး ဆန်ပြီးတော့ မြေအောက်ကမ္ဘာကနေ ထွက်ပေါ်လာသလိုမျိုး ကျောချမ်းစရာ ကောင်းပါတယ်။

"ငရဲ ကိုးထပ် ဘုရင်"

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက တစ်လုံးချင်းစီ ပြောလိုက်ပါတယ်။ သူမရဲ့ မျက်လုံးအထဲမှာ အေးစက်စက် အလင်းရောင်တစ်ခု ဖြစ်ပေါ်သွားပြီး သူမရဲ့ အရှိန်အဟုန်က ချက်ချင်းကို အဆပေါင်းများစွာ တိုးလာခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက မိုးပြာဖီးနစ် နတ်မိမယ် ဧကရီရဲ့ ခွန်အား အစစ်အမှန်လား။ အစောပိုင်းတုန်းက သူမက အလောင်းကောင် ဘုရင်နဲ့

ကစားနေတာလား။

ငရဲကိုးထပ် ဘုရင်က ဘယ်သူလဲ။

အဝေးကနေ အသံထပ်ပြီး ထွက်ပေါ်လာခဲ့ပါတယ်။

"ဒီအရှင်သခင်က လွှန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက ငါတို့ဂိုဏ်းက ချန်ထားခဲ့တဲ့ ပစ္စည်းကို ယူဖို့လာခဲ့တာပါ။ ဘာဖြစ်လို့ နတ်မိမယ် ဧကရီက တကယ့်ရန်သူကြီး တစ်ယောက်ကို တိုက်ခိုက်သလို လုပ်နေတာလဲ"

"ဟင့် နင်က ဒီနေရာကိုတောင် အကြံအစည်နဲ့ လာရဲတယ်ပေါ့။ အလောင်းတစ်ထောင်ဂိုဏ်းက သူတို့ကိုယ်တိုင် ပျက်စီးရာ ပျက်စီးကြောင်းကို ဖိတ်ခေါ်နေတာလား"

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလိုပဲ ငရဲကိုးထပ် ဘုရင်က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်

မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ စကားစမြည် ပြောလို့ရမှာ မဟုတ်သလို မိုးပြာဖီးနစ် နတ်မိမယ် ကေရီကလည်း ငရဲကိုးထပ် ဘုရင်က ရုပ်လုံးဖော်ပြတဲ့အထိ ချုပ်တည်းပြီး စောင့်နေမှာ မဟုတ်ပါဘူး။

"မင်းတို့တွေက အသားတွေစားတယ်။ ဒါကြောင့် မင်းက ဒီဂိုဏ်းကို သောက်ဖို့အတွက် စွပ်ပြုတ်တချို့ မပေးနိုင်ဘူးလား"

ငရဲကိုးထပ် ဘုရင်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပြီး သူ့လေသံက အရမ်းကို တည်ငြိမ်ပါတယ်။ ဒါပေမဲ့လည်း သူ့အသံက တကယ့်ကို ထိတ်လန့်စရာ ကောင်းလွန်းပြီးတော့ တကယ့်ကို မြေအောက် ကမ္ဘာကနေ ထွက်ပေါ်လာသလိုမျိုးနဲ့ ကြားရသူအပေါင်းရဲ့ စိတ်ဝိညာဉ်ကို အေးခဲသွားအောင် လုပ်နိုင်ပါတယ်။

"ရှေးဟောင်းအချိန်ကတည်းက လူကောင်းနဲ့ မကောင်းဆိုးဝါးဆိုတာက ဘယ်လိုမှ သဟဇာတ မဖြစ်ကြဘူး။ နင်တို့အားလုံးကို အမြစ်ဖြုတ် သုတ်သင်ရမှာက ငါတို့ရဲ့ တာဝန်ပဲ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက ပြတ်ပြတ်သားသားနဲ့

ပြောလိုက်ပါတယ်။

"ပြောတာကောင်းတယ်"

ပတ်ဂန်းကျင်မှာ ရှိနေတဲ့ စမ်းသပ်စစ်ဆေးမှုကို ဂင်ရောက်ယှဉ်ပြိုင်နေကြတဲ့ ပါရမီရှင်တွေ အားလုံးက သူ့တို့ရဲ့ လက်တွေကို မြှောက်ပြီးတော့ ထောက်ခံလိုက်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက အထင်အမြင်သေးစရာကောင်းတဲ့ ပစ်မှတ်တစ်ခု ဖြစ်ပြီးတော့ အားလုံးကို သတ်ဖြတ်ပစ်သင့်ပါတယ်။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းခါလိုက်ပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင် ဂိုဏ်းတွေက ဒီပုတ်ထဲက ဒီပဲတွေချည်းပဲ ဘယ်သူကမှ ပိုမကောင်း ကြပါဘူး။ ဒါပေမဲ့လည်း ဂိုဏ်းကြီးငါးဂိုဏ်းက ဘုံတစ်ခုလုံးကို နှစ်ပေါင်းတစ်သောင်း အချိန်မှာ အယူအဆ အသစ်တွေ ရိုက်သွင်းပေးခဲ့ပါတယ်။ အခု ဒီလူတွေက သစ္စာဖောက်ခံရမဲ့ လူနုံလူအတွေ ဖြစ်ပြီးတော့ ဒီအကြောင်းကို စဉ်းစားကြည့်လိုက်ရင် ရင်ကွဲပက်လက် ဖြစ်စေပါတယ်။

အကြီးမားဆုံး စိတ်ပျက်စရာက တကယ်လို့ မင်းက သူတို့ကို

သတိပေးခဲ့မယ် ဆိုရင်တောင် သူတို့က အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ထင်ပေါ်ကျော်ကြားမှုကို ပျက်စီးအောင် လုပ်ဖို့အတွက် အထိတ်တလန့်ဖြစ်အောင် ပြောနေတယ်လို့ပဲ ထင်ပါလိမ့်မယ်။

ဒါကိုသေသေချာချာ စဉ်းစားတတ်တဲ့သူက အရမ်းကို နည်းပါတယ်။

ငရဲကိုးထပ် ဘုရင်က ဒေါသထွက် မသွားပဲနဲ့ ပြောလိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ စိတ်ရှုပ်စရာကောင်းတဲ့ လူတွေက အများကြီးရှိတယ်။ တကယ်လို့ ဒီအရှင်သခင်က မင်းတို့တွေရဲ့ ညစ်ပတ်တဲ့ လုပ်ရပ်တွေ အားလုံးကို ပုံပြင်တိုလေး တစ်ခုအဖြစ် ရေးပြီးတော့ ကမ္ဘာကြီး တစ်ခုလုံးကို ဖြန့်လိုက်မယ်ဆိုရင် မင်းပြောကြည့်စမ်း လူတွေက အဲဒါကို ယုံကြည်ကြမလား။ လူတစ်ယောက်သာ ယုံကြည်သွားရင် မျိုးစေ့တစ်ခု စိုက်ပျိုးပြီးသား ဖြစ်သွားပြီး အဲဒီမျိုးစေ့ကနေ နောက်ပိုင်းမှာ အရမ်းကို မြင့်မားတဲ့ သစ်ပင်ကြီးတစ်ပင် ဖြစ်လာလိမ့်မယ်"

"လူတွေကို လိမ်လည်လှည့်ဖျားဖို့ သတင်းအမှားတွေကို

လျှောက်ဖြန့်မယ်ပေါ့။ ဒီကေရီက နင့်ကို ဒီနေ့ ဖြတ်ပစ်ရလိမ့်မယ်”

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက အေးစက်စက်နဲ့ ပြောလိုက်ပြီးတော့ သူမရဲ့ဓားကို ဆုပ်ကိုင်ပြီး ငရဲကိုးထပ် ဘုရင်ရှိတဲ့ နေရာကို တစ်ဟုန်ထိုး ပြေးဂင်တိုက်ခိုက် လိုက်ပါတယ်။

ဟွမ်း။

ဆေဘာဓား အလင်းက မိုးကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ထိုးတက်သွားပြီး ဟိတ်ကြီးဟန်ကြီးနဲ့ ယောကျ်ားတစ်ယောက် ထွက်ပေါ်လာပြီး ဆေဘာဓားနက်ကြီး တစ်ချောင်းကို ကိုင်ဆောင်ထား ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အနက်ရောင် အလင်းတွေနဲ့ ပိုင်းရံထားပြီး သူ့ပုံစံကို ကြည့်ရတာ မြေအောက်ကမ္ဘာကို တစ်စစီ ဖျက်ဆီးနိုင်တဲ့ မကောင်းဆိုးဂါး နတ်ဘုရား တစ်ပါးနဲ့ တူပါတယ်။

ဒါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ငရဲကိုးထပ် ဘုရင်လား။

နိုင်းယုဉ်ရမယ်ဆိုရင် ရှုံဟွမ်ရှမ်က ရမ်းကားဖို့အတွက်

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား အပေါ်မှာ မှီခိုထားရပြီး သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ငရဲကိုးထပ် ဘုရင်နဲ့ နိုင်းယှဉ်နိုင်မှာလဲ။

"ဒါဆိုရင်လည်း နတ်မိမယ် ကေရီရဲ့ ဓားသိုင်းကို ဒီအရှင်သခင်က အတွေ့အကြုံ ယူရမှာပေါ့"

ငရဲကိုးထပ် ဘုရင်က သူ့လက်ထဲက ဆေဘာဓားကို ဝှေ့ယမ်းပြီးတော့ သူမနဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ဆေဘာဓားနက်ကြီးကလည်း အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ဂိုဏ်းရတနာသုံးခု အထဲက တစ်ခုဖြစ်တဲ့ နတ်ဆိုးအော်သံ ဆေဘာဓား ဖြစ်ပါတယ်။

ဟူး။

နတ်ဆိုးအော်သံ ဆေဘာဓားကို ဝှေ့ယမ်းလိုက်တာနဲ့ အရမ်းကို ထူးဆန်းတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး အသံလှိုင်းတွေက မရေတွက်နိုင်တဲ့ မွန်းစတားတွေနဲ့အတူ ဆေဘာဓား၊ ဓားရှည်နဲ့ လက်နက်အမျိုးမျိုးအဖြစ် ပြောင်းလဲပြီးတော့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီဆီကို

ခုတ်ချလိုက်ပါတယ်။

"ကောင်းကင်ပေါ်မှာပဲ တိုက်ခိုက်မယ်"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားပါတယ်။

"မင်းသဘောပဲ"

ငရဲကိုးထပ် ဘုရင်ကလည်း ကောင်းကင်ပေါ်ကို ထိုးတက်သွားပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် နှစ်ယောက်က ခမ်းနားတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပါတယ်။ ဒါပေမဲ့ ငရဲကိုးထပ် ဘုရင်ရဲ့ လက်နက်က အားသာချက် ရှိပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကောင်းကင်ဘုံဖီးနစ် ဓားရဲ့ စိတ်ဝိညာဉ်က ဓားကနေ ကျန်နေခဲ့ပြီး အလောင်းကောင် ဘုရင်နဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေပါတယ်။ အခု ကောင်းကင်ဘုံ ဖီးနစ်ဓားက အဆင့်တစ်ဆယ် လက်နက်ရဲ့ ထက်မြက်မှု တစ်ခုပဲ ရှိပါတော့တယ်။ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဟုတ်ပါဘူး။

ဒီအဆင့်က လက်ရွေးစင်တွေအတွက် ကွာဟချက် သေးသေးလေး တစ်ခုက တိုက်ပွဲရဲ့ ရလဒ်ကို လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။

ဒီမြင်ကွင်းအရ ငရဲကိုးထပ် ဘုရင်က လုံးဝကို အသာစီး ရရှိပေမဲ့ လက်ရွေးစင် တစ်ယောက် အတွက် အနိုင်ယူဖို့က သိပ်တော့မလွယ်ပါဘူး။ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက အချိန်တော်တော် ကြာအောင်လို့ ထိန်းထားနိုင်ပြီး ကောင်းကင်ဘုံ ဖီးနစ်ခြားရဲ့ စိတ်ဂိညာဉ်က အလောင်းကောင် ဘုရင်ကို ဖိနှိပ်နိုင်တဲ့ အချိန်ကျရင် သူတို့ရဲ့ တိုက်ပွဲအခြေနေတွေက နောက်တစ်ကြိမ် ပြောင်းလဲသွားပါလိမ့်မယ်။

"ဟီးဟီး"

ငရဲကိုးထပ် ဘုရင်က တည်ငြိမ်နေပြီး အလျင်စလို မတိုက်ခိုက်ပဲ ပြောလိုက်ပါတယ်။

"နတ်မိမယ် ကေရီ ငါတို့ဂိုဏ်းက နှစ်ထောင်ပေါင်းများစွာ စောင့်မျှော်နေတာက သာမန် အလောင်းကောင် ဘုရင်တစ်ပါးအတွက်လို့ မင်းထင်နေတာလား"

သူပြောသလိုပါပဲ။ အောက်မှာရှိနေတဲ့ အလောင်းကောင် ဘုရင်က နောက်တစ်ကြိမ် အသွင်ပြောင်းလဲ လာပြီးတော့ ၎င်းရဲ့ခန္ဓာကိုယ်က နောက်တစ်ကြိမ် ကျုံ့သွားပြီး မီတာခြောက်ဆယ်ခန့်ပဲ မြင့်ပြီးတော့ ၎င်းရဲ့နဖူးပေါ်မှာ နောက်ထပ်မျက်လုံးတစ်လုံး ထပ်ပေါက်ဖွား လာခဲ့ပါတယ်။

ဆယ့်တစ်လုံးမြောက် မျက်လုံး။

ချက်ချင်းဆိုသလို အလောင်းကောင် ဘုရင်ရဲ့ ခွန်အားက အကြီးအကျယ် တိုးပွားလာခဲ့ပြီး ကောင်းကင် ဖီးနစ်ငှက်ကို တစ်ချက်တည်းနဲ့ ခါထုတ်လိုက်ပါတယ်။ ၎င်းရဲ့ပါးစပ်ကို ဟပြီးတော့ အနက်ရောင် အလင်းတစ်ခုကို မှုတ်ထုတ်လိုက်ပြီး ကောင်းကင်ဖီးနစ်ကို ပိုင်းရုံထားပါတယ်။ အလင်းတန်းက အရမ်းကို လျှင်မြန်စွာနဲ့ ကောင်းကင်ဖီးနစ်ငှက်ဆီကို ခုန်ပေါက်သွားပြီး အရိုးဆူးချွန်တွေနဲ့ ပစ်လွှတ်ပြီးတော့ ကောင်းကင်ဖီးနစ်ငှက်ရဲ့ ခန္ဓာကိုယ်ထဲကို ထိုးစိုက်လိုက်ပါတယ်။

ကောင်းကင်ဖီးနစ်ငှက်က နာကျင်မှုကြောင့် အော်ဟစ်လိုက်ပြီး ၎င်းရဲ့အတောင်ပံကို ခတ်လိုက်ပြီး

မိုးကောင်းကင်ပေါ်က ကြယ်တာရာတွေ အများကြီး ပျက်စီးကုန်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက အံ့အားသင့်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နင်က မြေအောက်ကမ္ဘာက ရေကန်ငယ်ကို ပြန်ဆယ်ထုတ်လိုက်တာပဲ"

တကယ်လို့ မြေအောက်ကမ္ဘာ ရေကန်ငယ်က ရေရဲ့ ချီးမြှောက်မှုသာ မရှိဘူးဆိုရင် အလောင်းကောင် ဘုရင်က သေချာပေါက် မျက်လုံးဆယ်လုံး အကန့်အသတ်ကို ချိုးဖျက်နိုင်မှာ မဟုတ်ပါဘူး။ သူမအနေနဲ့ သိသင့်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက သူတို့ဂိုဏ်းရဲ့ ကြီးကျယ်ခမ်းနားဆုံး ဂိုဏ်းရတနာ သုံးခုရဲ့ ပျောက်ဆုံးနေတဲ့ နေရာကို ရှာဖွေနေတာ နှစ်ပေါင်းထောင်သောင်းချီ ကြာနေပါပြီ။

"အမှန်ပဲ"

ငရဲကိုးထပ် ဘုရင်က ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက ခဏလောက် စဉ်းစားပြီးတော့ ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိသွားပြီး ပြောလိုက်ပါတယ်။

"မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ်က ရတနာတစ်သန်း မြို့ထဲမှာ ရှိနေတာကြောင့် အဲဒီမြို့ကို သိမ်းပိုက်ရရှိဖို့ နင်တို့က အစွမ်းကုန် ကြိုးစားအားထုတ် ခဲ့တာပေါ့"

"ထင်ထားတဲ့ အတိုင်းပဲ။ ဖီးနစ်နတ်မိမယ် ကေရီက တကယ့်ကို ဉာဏ်ကောင်းလွန်းတာပဲ"

ငရဲကိုးထပ် ဘုရင်က လက်ခုပ်တီးလိုက်ပါတယ်။

"ဒီအလောင်းကောင် ဘုရင်ကို ပြုစုပျိုးထောင်ဖို့ ဒီအရှင်သခင်က ရေကန်ငယ်က ရေတွေ အားလုံးကို ယူခဲ့တယ်။ ခန့်မှန်းခြေ အရတော့ ဒီအလောင်းကောင် ဘုရင်က အနည်းဆုံး မျက်လုံးဆယ့်ငါးလုံးထိ ဆင့်ကဲပြောင်းလဲ နိုင်တယ်"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီရဲ့ မျက်နှာထားက တစ်ကြိမ်ပြီး တစ်ကြိမ် ပြောင်းလဲသွားခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူမက ဒီကိစ္စကို ကိုင်တွယ်ဖြေရှင်းဖို့ ခက်ခဲလာပြီလို့

ခံစားလိုက် ရပါတယ်။

Chapter 670 end

zawgyi.အပိုင်း(၆၇၁) ဓားဘုရင်ရဲ့ ဂင်ရောက်စွက်ဖက်မှုများ

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်း များစွာကတည်းက ဒီနေရာကို မျက်စိကျနေပြီး မြေအောက်ထဲက မရေမတွက်နိုင်တဲ့ အလောင်းကောင်တွေကို ပေါင်းစည်းပြီး ထိပ်တန်း အလောင်းကောင် ဘုရင်တစ်ပါးအဖြစ် လျို့ဝှက်ကြံစည်ဖို့အတွက် ထူးခြားတဲ့ ဂင်္ဂါပါ အစီအရင်တွေ ခင်းကျင်းထားခဲ့ပါတယ်။

တစ်ခုသိထားရမှာ ဒီနေရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းဆယ်သန်းအလွန်က ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲကြီးကြောင့် သေဆုံးတဲ့ သက်ရှိတွေကို မြုပ်နှံခဲ့တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်းနှစ်ဆယ် သန်းသုံးဆယ် ဒါမှမဟုတ် သန်းတစ်ရာလောက်က အစွမ်းထက်တဲ့ လက်ရွေးစင်တွေလည်း ရှိပါတယ်။ ဥပမာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ဆယ်သန်း၊

သန်းတစ်ရာလောက်ကတည်းက တည်ရှိခဲ့ပြီး တည်ဆောက်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက နဂါးကိုးကောင် တောင်တန်းကို နဂါးကိုးကောင် တောင်တန်းလို့ မခေါ်သေးပါဘူး။

ဒီနေရာမှာ နတ်ဘုရားဂိုဏ်းကြီး ငါးဂိုဏ်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးက သိုင်းပညာရှင်တွေနဲ့ နောက်ဆုံးတိုက်ပွဲကို သုံးကြိမ်တိုင်တိုင် ဆင်နွှဲခဲ့တဲ့ တိုက်ပွဲကွင်းပြင်လည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သန်းတစ်ရာကျော်လောက်ကတည်းက လက်ရွေးစင်တွေ ဘယ်လောက်တောင် မြုပ်နှံထားခဲ့သလဲ။

အများစုကတော့ ပြာမှုန့်တွေ ဖြစ်ကုန်တယ်ဆိုပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းရာနဲ့ချီတုန်းက လက်ရွေးစင်တွေရဲ့ အရိုးစုတွေက ကျန်နေပါဦးမယ်။ တချို့က ကြီးကြီးမားမား ပျက်စီးနေပြီ ဆိုပေမဲ့ ဒီနေရာမှာရှိတဲ့ အလောင်းကောင်တွေက ဘယ်လိုမှ ယှဉ်လို့မရနိုင်ပါဘူး။

လက်ရွေးစင် အလောင်းကောင်ပေါင်း တစ်သောင်းလောက် အတူတကွ ပေါင်းစည်းပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တန်ဖိုးအရှိဆုံး ရတနာဖြစ်တဲ့ မြေအောက်ကန္တာမှာ ရေကန်ငယ်ရဲ့ ရေနဲ့အတူ

ပေါင်းလိုက်မယ်ဆိုရင် အလောင်းကောင် တချို့ထဲက သိုင်းဆန္ဒတွေက ပြန်လည် အသက်ဝင်လာနိုင်ပါတယ်။ ဒါကြောင့် အလောင်းကောင် ဘုရင်က ဘယ်လောက်တောင် သန်မာလာလိမ့်မလဲ။

"မင်းတို့တွေက ဒီကမ္ဘာကြီးကို နှစ်ပေါင်းများစွာ စိုးမိုးထားခဲ့တာပဲ။ အခုတော့ ငါတို့အတွက် အလျော့ပေးသင့်နေပြီ"

ငရဲကိုးထပ် ဘုရင်က ပျင်းစရာကောင်းတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"အဓိပ္ပါယ်မရှိတာ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက နှာခေါင်းရှုံ့ လိုက်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက ဒီလိုမျိုး အလောင်းကောင် ဘုရင်တစ်ပါးကို ဖန်တီးလိုက်တာက တန်ခိုးရှင်လောကမှ ဆင်းသက်လာမဲ့ လက်ရွေးစင်တွေကို ခုခံတားဆီးဖို့ ဖြစ်တယ်ဆိုတာကို သူမအနေနဲ့ ကောင်းကောင်းကြီး သိတာပေါ့။ စစ်မှန်တဲ့ နတ်ဘုရားတွေက အဓိက အချိန်မှာ နတ်ဘုရား စွမ်းအင်တွေကို ထုတ်ဖော်တိုက်ခိုက်နိုင်ပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ပြိုင်ဘက်တွေတောင်

တားဆီးနိုင်စွမ်း မရှိပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ ဒီအလောင်းကောင် ဘုရင်က ဆက်ပြီးတော့ ဖွံ့ဖြိုးလာမယ်ဆိုရင် နတ်ဘုရား အဆင့်ကို ရောက်သွားနိုင်ပြီး သူတို့ကို ထိပ်တိုက်ရင်ဆိုင် ရပ်တည်နိုင်ပါလိမ့်မယ်။

၎င်းက နတ်ဘုရားတွေနဲ့ တိုက်ခိုက်ဖို့ မလိုပါဘူး။ ၎င်းက နတ်ဘုရား တစ်ပါးရဲ့ တိုက်ခိုက်မှုကို တစ်ခါဟန့်တား နိုင်ရင်ပဲ ဒီကမ္ဘာကြီးရဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် နတ်ဘုရားက နှင်ထုတ်ခြင်း ခံရပါလိမ့်မယ်။ နတ်ဘုရားဘုံကနေ ဒီနေရာကို လာရောက်တဲ့ အခါမှာ အရမ်းကို ကြီးမားတဲ့ တန်ဖိုးပေးရတာကြောင့် ဒီကိုလူအများကြီး မပို့လွှတ် နိုင်ပါဘူး။

နစ်ပေါင်းတစ်သောင်းပြည့်တိုင်း သက်ရှိအားလုံးကို မွန်းမံသန့်စင်ဖို့ ရွေးချယ်ရတဲ့ အကြောင်းရင်းတွေကတော့ ပထမအချက်က ကုန်းမြေတိုက်ကြီးကို ပြန်လည်ဖွံ့ဖြိုးလာဖို့ ဖြစ်ပြီး သိုင်းပညာရပ်တွေနဲ့ပ ပတ်ဝန်းကျင် အနေအထားတွေက နောက်တစ်ကြိမ် အထွတ်အထိပ်ကို ပြန်ရောက်အောင် လုပ်ဖို့ပါပဲ။ ဒုတိယအချက်က နတ်ဘုရားတွေကို အောက်ကိုစေလွှတ်ရတာ အရမ်းကို

ကြီးမားတဲ့ တန်ဖိုးကို ပေးရပါတယ်။ တစ်ခါစေလွှတ်နိုင်ဖို့ နှစ်ပေါင်းတစ်သောင်းလောက် အချိန်ယူရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နတ်ဘုရားဂိုဏ်းကြီး ငါးဂိုဏ်းတောင်မှ နာကျင်ထိခိုက် သွားရပါလိမ့်မယ်။

"ဟီးဟီး နတ်မိမယ် ကေရီ ရည်ရွယ်ချက်မရှိပဲ စောင့်ကြည့်တာက စိတ်မဆင်းရဲဘူးလား"

ငရဲကိုးထပ် ဘုရင်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နင်မမေ့နဲ့ဦး။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက ငါ့ရဲ့ဂိုဏ်းတစ်ခုနဲ့ တည်ထောင်ထားတာ မဟုတ်ဘူး။ ဒီကေရီ တစ်ယောက်ပဲ ဒီနေရာကို စောင့်ကြည့်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တစ်ယောက်တည်းလို့ နင်ထင်နေတာလား"

"ငရဲကိုးထပ် ဘုရင် ကြည့်ရတာ မင်းရဲ့ကျင့်ကြံခြင်းအဆင့်က တိုးတက်လာပြန်ပြီပေါ့"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီရဲ့ စကားပြီးသွားတာနဲ့ ကောင်းကင်ပေါ်မှာ အဖြူရောင် ဂတ်စုံဂတ် ယောကျ်ားတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ သူ့အနောက်မှာ ဓားတစ်လက်ကို လွယ်ထားပြီး အရမ်းကို တောက်ပနေပါတယ်။

"ဓားဘုရင်"

ငရဲကိုးထပ် ဘုရင်ရဲ့ မျက်လုံးတွေက ကျဉ်းမြောင်းလာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ ဓားဘုရင်ကို ပိုပြီးတော့တောင် စိုးရိမ်ပူပန်သလို ဖြစ်နေပါတယ်။

လင်းဟန်က အားလုံးကို မြင်တွေ့ရပြီး ထူးဆန်းသလို ခံစားလိုက်ရပါတယ်။ ဖန်ပိုယွမ်ရဲ့ အချက်အလက်တွေအရ မိုးပြာဖီးနစ် နတ်မိမယ် ကေရီက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ပြီးပြည့်စုံတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ဓားဘုရင်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုးကို မရောက်ရှိသေးဘူးဆိုတာ ပေါ်လွင်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက စစ်မှန်တဲ့ ဖီးနစ်ငှက် သွေးမျိုးဆက်ကိုတောင် ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့်

ဘယ်လိုပဲ စဉ်းစားစဉ်းစား သူမက အစွမ်းအထက်ဆုံးသော တစ်ဦးတည်းလူ ဖြစ်သင့်ပါတယ်။ ဒါပေမဲ့လည်း ငရဲကိုးထပ် ဓားဘုရင်ရဲ့ အမူအရာကို ကြည့်ခြင်းဖြင့် သူ့ပုံစံက ဓားဘုရင်ကို ပိုပြီးတော့တောင် စိုးရိမ်ပူပန်ပုံရပြီး ဒါက အတော်လေးကို အံ့အားသင့်စရာ ကောင်းနေပါတယ်။

ဓားဘုရင်က သူ့လက်တွေကို အနောက်ကို ပစ်ထားပြီး သူ့အမူအရာက တည်တည်ငြိမ်ငြိမ်နဲ့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီကို ပြောလိုက်ပါတယ်။

"နတ်မိမယ် ကေရီ ငါ့အနေနဲ့ မင်းကို အရင်ဆုံး ကူပြီးတော့ ဒီလူယုတ်မာကို သတ်ပေးရမလား ဒါမှမဟုတ် အလောင်းကောင် ဘုရင်ကို အရင်ဆုံး သတ်ပေးရမလား"

"အလောင်းကောင်ဘုရင်"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ပြောလိုက်ပြီးတော့ ဖီးနစ်ငှက် တစ်ကောင်ရဲ့ ငိုသံလိုမျိုး ဟစ်ကြွေးလိုက်တာနဲ့ ကောင်းကင်ဖီးနစ်ငှက်က ကောင်းကင်ဘုံ ဖီးနစ်ဓားဆီကို ပြန်ပြီးတော့ ပျံသန်းလာခဲ့ပါတယ်။

ပစ္စည်းရဲ့ စိတ်ဂိညာဉ် ပြန်ရောက်လာခဲ့ပြီး အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းရဲ့ အသန်မာဆုံး အစွမ်းထက်ဆုံး အခြေအနေ ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

"ကောင်းပြီလေ"

ဓားဘုရင်က ပေါ့ပေါ့လေး ပြောလိုက်ပြီး အမူအရာက အရမ်းကို တည်ငြိမ်ကာ အလျင်စလို ပုံစံမျိုး မရှိပါဘူး။

သူက သူ့လက်ချောင်းတွေကို ပူးကပ်ပြီးတော့ ဓားတစ်လက် ပုံစံမျိုး ပုံသွင်းပြီး အလောင်းကောင် ဘုရင်ဆီကို တိုက်ခိုက်လိုက်ပါတယ်။

ကြောက်မက်ဖွယ်ရာ မြင်ကွင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက မီတာခြောက်ရာကျော် ရှည်လျားတဲ့ ဓားအလင်းတန်း တစ်ခုကို ပစ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ အလောင်းကောင် ဘုရင်ကို ခုတ်ပိုင်းလိုက်ပါတယ်။

ဓားအလင်းတန်း တစ်ခုရဲ့ အရှည်က ဓားအလင်းတန်းရဲ့ စွမ်းအားကို ဆုံးဖြတ်ပေးပါတယ်။

ဓားဘုရင်က ဓားချီကို ထုတ်ဖော်ဖို့ သူ့လက်ချောင်းတွေကိုပဲ

အသုံးပြုခဲ့ပြီး မိုးပြာဖီးနစ် နတ်မိမယ် ကောရီရဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသုံးပြုခြင်းထက် ပိုပြီးတော့တောင် ထိတ်လန့်စရာကောင်းပါတယ်။ သူက ဓားဘုရင် ဖြစ်နေတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။

အလောင်းဘုရင်က သူ့ရဲ့ခန္ဓာကိုယ် အရှေ့မှာ လက်မောင်းနဲ့ ကာပြီးတော့ ဓားအလင်းတန်းကို တောင့်ခံထားလိုက်ပါတယ်။ ဖူး။ ၎င်းရဲ့ လက်မောင်းပေါ်မှာ နက်ရှိုင်းတဲ့ ဓားဒဏ်ရာကြီးတစ်ခု ချက်ချင်းပဲ ဖြစ်ပေါ်ခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ဖိအားဒဏ်ကြောင့် အနောက်ဘက်ကို လျှောတိုက်သွားပြီး စွတ်ကြောင်းကြီးနစ်ခုက မြေကြီးပေါ်မှာ ဖြစ်ပေါ်သွားခဲ့ပါတယ်။

အလောင်းကောင် ဘုရင်က ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီး တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ တိုက်ခိုက်မှုကိုတော့ မလုပ်ပံ့ပါဘူး။ အဲဒါက လူတွေ အများကြီးကို အံ့အားသင့်သွားစေခဲ့ပါတယ်။

ဓားဘုရင်က အလောင်းကောင် ဘုရင်ကို တကယ်ပဲ ထိတ်လန့်သွားစေခဲ့တာလား။

ဘယ်သူမှ ဒါကို မယုံကြည်နိုင်အောင် ဖြစ်နေကြပါတယ်။

ငရဲကိုးထပ် ဘုရင်က အသာအယာ ချောင်းဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက် ထွက်လာပြီဆိုတော့ ဒီအရှင်သခင်က ပိုပြီးတော့ ဂရုစိုက်ဖို့ လိုလာပြီပေါ့"

သူက ပါးစပ်ကို စုပ်ပြီးတော့ ထူးဆန်းတဲ့ အသံတစ်ခုကို ထုတ်ဖော်လိုက်ပြီး ချက်ချင်းဆိုသလို အဝေးကနေ ရှေးဟောင်းခေါင်းတလား ခုနစ်ခုက လျှောတိုက်ပြီး ထွက်ပေါ်လာခဲ့ပါတယ်။ ဘုန်း ဘုန်း ဘုန်း ဘုန်း။ ခေါင်းတလား အဖုံးတွေက လွင့်ပျံထွက်သွားပြီး အထဲကနေ အလောင်းကောင် စစ်သား ခုနစ်ယောက် ခုန်ထွက်လာခဲ့ပါတယ်။

မျက်လုံးကိုးလုံး။ မျက်လုံး ကိုးလုံး။ မျက်လုံးကိုးလုံး။ သူတို့အားလုံးက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်တွေ ဖြစ်ပါတယ်။

"မင်းတို့တွေက နတ်မိမယ် ဧကရီနဲ့ ကစားနေလိုက်။

ဓားဘုရင်ကိုတော့ ဒီအရှင်သခင်ပဲ ကိုင်တွယ်ဖြေရှင်းလိုက်မယ်”

ငရဲကိုးထပ် ဘုရင်က လက်ထဲမှာရှိတဲ့ နတ်ဆိုးအော်သံ ဆေဘာဓားကို အသာလေး ခါလိုက်ပါတယ်။

“ဓားဘုရင် မင်းရဲ့ ဓားပညာလမ်းကြောင်းမှာ ဓားနှလုံးသား ပုံရိပ်ယောင် အဆင့်ကို ရောက်ရှိနေပြီလို့ ဒီအရှင်သခင် ကြားထားတာ ကြာလှပြီ။ တကယ်ပဲ ဒီအရှင်သခင်ရဲ့ ဆေဘာဓား ပညာလမ်းကြောင်းကလည်း ထူးထူးခြားခြားနဲ့ မနိမ့်ကျဘူး။ ဒီအရှင်သခင်က မင်းနဲ့ နည်းနည်းလောက် လက်ရည်စမ်းချင်နေတာ တော်တော်လေး ကြာနေပြီ”

ဓားနှလုံးသား ပုံရိပ်ယောင်။

လင်းဟန်က ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိသွားခဲ့ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီထက် ကျင့်ကြံခြင်း အဆင့်မှာ အနည်းငယ် နိမ့်ကျနေပေမဲ့ ဓားဘုရင်ကို ပိုပြီးတော့ အလေးအနက် ထားရတာ အံ့သြစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဓားဘုရင်က ဓားပညာ လမ်းကြောင်းပေါ်မှာ ဓားနှလုံးသားကို အောင်မြင်ထားပါတယ်။

ဓားနှလုံးသား ပုံရိပ်ယောင်။ မဖြတ်တောက်နိုင်တဲ့အရာဆိုတာ မရှိဘူး။ ဂိညာဉ် စိတ်ဂိညာဉ်တွေတောင် ချွင်းချက်မရှိပါဘူး။

မင်းရဲ့အသွေးအသားတွေက စိတ်ချရပြီး မာကျောနေတာလား။ ကိစ္စမရှိပါဘူး။ ငါက မင်းရဲ့ ဂိညာဉ်ကို တိုက်ခိုက်ပြီးတော့ မင်းကို ဖွန်ဘီတစ်ကောင်အဖြစ် ပြောင်းလဲပစ်လိုက်မယ်။

လင်းဟန်လည်း အကြီးအကျယ် စိုးရိမ်ပူပန် နေမိပါတယ်။ သူ့ခန္ဓာကိုယ်က မာကျောမှုမှာ အဆင့်တစ်ဆင့် ပိုမြင့်တဲ့ ရှားပါးသတ္တုတွေနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့သူက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိခဲ့မယ် ဆိုရင်တောင် ဓားဘုရင်က ဓားတိုက်ခိုက်မှု တစ်ချက်တည်းနဲ့ သူ့ရဲ့ စိတ်ဂိညာဉ်ကို အမြစ်ဖြုတ် သုတ်သင်ပစ်နိုင်ဆဲပါပဲ။

ပြိုင်ဘက် တစ်ယောက်ကို ဘယ်တော့မှ လျော့မတွက်သင့်ဘူးဆိုတာ သင်ခန်းစာတစ်ခု ဖြစ်ပါတယ်။

ငရဲကိုးထပ် ဘုရင်က ချက်ချင်းပဲ တိုက်ခိုက်လိုက်ပြီး

ဓားဘုရင်က အလောင်းကောင် ဘုရင်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်ဖို့ အခွင့်အရေးတောင် မပေးခဲ့ပါဘူး။ မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ခုနစ်ယောက်ကလည်း မိုးပြာဖီးနစ် နတ်မိမယ် ကေရီဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက တကယ့်ကို အထင်ကြီးစရာ ကောင်းပါတယ်။

ငရဲကိုးထပ် ဘုရင် တစ်ယောက်တည်းက မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ ဓားဘုရင်ကို ဆက်တိုက် တိုက်ခိုက်နိုင်ပြီး အလောင်းကောင် ဘုရင်ကို ဆင့်ကဲတိုးတက် ပြောင်းလဲဖို့ အချိန်နဲ့ နေရာလွတ် ရအောင်လုပ်ထားပါတယ်။

"ဂါး"

အလောင်းကောင် ဘုရင်ရဲ့ ရက်စက်ကြမ်းကြုတ် အကြင်နာတရား ကင်းမဲ့မှုတွေက ပေါက်ကွဲ ထွက်ပေါ်လာခဲ့ပါတယ်။ ၎င်းရဲ့ခန္ဓာကိုယ် အတွင်းမှာ မြေအောက်ကမ္ဘာ ရေကန်ငယ်က ရေတွေ လည်ပတ်နေပြီး အသွင်ပြောင်းလဲခြင်းက အရမ်းကို လျင်မြန်တဲ့

အခြေအနေတစ်ခုမှာ ရောက်ရှိနေပါတယ်။ ဒါပေမဲ့ ဒီဖြစ်စဉ်မှာလည်း အရမ်းကို နာကျင်မှုကို ခံစားရပါတယ်။ အလောင်းကောင် စစ်သားတွေရဲ့ ခန္ဓာကိုယ်က နာကျင်မှုတွေကို မခံစားနိုင်ဘူးဆိုပေမဲ့ အလောင်းကောင် ဘုရင်ကတော့ ခံစားနိုင်ပါတယ်။

၎င်းက နှစ်ထောင်ပေါင်းများစွာ နေခဲ့ရပြီး သိပ်မကြာခင်မှာပဲ မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေကို ထိုးသွင်းခြင်း ခံရပြီး ဒီအဖြစ်အပျက်ကို ရုတ်တရက်ကြီး ဖြစ်စေခဲ့ပါတယ်။ ၎င်းနိုးထလာခဲ့ပြီး ဒီအဖြစ်အပျက်က အရမ်းကို မြန်ဆန်လွန်းပါတယ်။

ခရက် ခရက် ခရက်။

၎င်းရဲ့ခန္ဓာကိုယ် အပေါ်က အရိုးတွေ အားလုံး ပြင်းပြင်းထန်ထန် အက်လာပြီးတော့ မရေတွက်နိုင်တဲ့ အရိုးအပိုင်းအစတွေက အောက်ကို ပြုတ်ကျလာခဲ့ပါတယ်။ ၎င်းရဲ့ခန္ဓာကိုယ်က အရမ်းကို လျင်မြန်စွာနဲ့ ကျုံ့လာခဲ့ပြီး ၎င်းရဲ့အရှိန်အဟုန်က ကြီးထွားမှုကလည်း ပေါက်ကွဲထွက် လာခဲ့ပါတယ်။

အချိန်ခဏလေး အတွင်းမှာ ၎င်းရဲ့နဖူးအပေါ်မှာ

နောက်ထပ်မျက်လုံးတစ်လုံး ထပ်ပြီးတော့ ပေါက်ဖွားလာခဲ့ပါတယ်။

မျက်လုံးဆယ့်နှစ်လုံး။ ပိုပြီးတော့ အားကောင်းလာခဲ့ပါတယ်။

၎င်းရဲ့အသွင်ပြောင်းလဲခြင်းက မပြီးဆုံးသေးပါဘူး။ ၎င်းရဲ့အရွယ်အစားက ဆက်ပြီးတော့ ကျုံ့လာပြီး ခွန်အားတွေကလည်း ပိုပြီးတော့ တိုးလာခဲ့ပါတယ်။

ငရဲကိုးထပ် ဘုရင်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူတို့ဂိုဏ်းက နှစ်ထောင်ပေါင်း များစွာကြာအောင် လျှို့ဝှက်ကြံစည်ခဲ့တဲ့ အစီအမံက နောက်ဆုံးတော့ အသီးအပွင့်ကို ခံစားရပါတော့မယ်။

မြေအောက်ကမ္ဘာ ရေကန်ငယ်က ရေတွေအားလုံးကို အလောင်းကောင် ဘုရင်က အပြည့်အ၀ စုပ်ယူပြီးသွားရင် အလောင်းကောင် တစ်သောင်းနဲ့အတူ လုံး၀ကို ပေါင်းစည်းသွားပြီး အနည်းဆုံး မျက်လုံးဆယ့်ငါးလုံး အဆင့်ကို ရောက်သွားပါလိမ့်မယ်။ အဲဒီအချိန်ကျရင် ၎င်းရဲ့ ခုခံကာကွယ်မှုက ဒီကမ္ဘာကြီးထဲမှာ လုံး၀ကို ပြိုင်ဘက်ရှိမှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာပဲ သိုင်းဆန္ဒတွေက အသက်ဝင်လာပြီး ဓားနလုံးသား ပုံရိပ်ယောင်နဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါကျရင် ၎င်းရဲ့ကြီးမားလှတဲ့ ခုခံကာကွယ်နိုင်မှုနဲ့ပဆိုရင် ဓားဘုရင်တောင်မှ ၎င်းကို ထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်ဖို့ဆိုတာက အရမ်းကို ခက်ခဲသွား ပါလိမ့်မယ်။

အလောင်းတစ်ထောင်ဂိုဏ်းကလည်း ဒီတစ်ကြိမ် အကန့်အသတ်မရှိ မြင့်တက်လာပါလိမ့်မယ်။

Chapter 671 end

Zawgyi.အပိုင်း(၆၇၂) အကြံကိုယ်စီနဲ့

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ခုနစ်ယောက်နဲ့ တိုက်ပွဲဝင်နေပြီး ဓားဘုရင်က ငရဲကိုးထပ် ဘုရင်နဲ့ တိုက်ခိုက်နေကြပါတယ်။ ပြီးတော့ သူတို့အောက်မှာ မျက်လုံးဆယ့်နစ်လုံး အလောင်းကောင် ဘုရင်က အသွင်ပြောင်းလဲ တိုးတက်နေပါတယ်။

ဒီအခြေအနေက အရမ်းကို သဘာဝတ ဖြစ်နေပါတယ်။ တကယ်လို့ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက ပိုင်းရုံပိတ်ဆို့တိုက်ခိုက်မှုကို ချိုးဖျက်နိုင်ပြီး ငရဲကိုးထပ်

ဘုရင်ကိုဟန့်တားထား နိုင်ပြီးတော့ ဓားဘုရင်က မျက်လုံးဆယ့်နှလုံး အလောင်းကောင် ဘုရင်ကို ဓားနှလုံးသား ပုံရိပ်ယောင်နဲ့ မျက်လုံးဆယ့်နှစ်လုံး အလောင်းကောင် ဘုရင်ရဲ့ စိတ်ဝိညာဉ်ကို တန်းပြီးတော့ တိုက်ခိုက်အသုံးချ ရပါမယ်။

စိတ်ဝိညာဉ် မရှိရင် အလောင်းကောင် ဘုရင်ဆိုတာ အလောင်းကောင် စစ်သား တစ်ယောက်ပဲ ဖြစ်ပါမယ်။ ၎င်းရဲ့စွမ်းအားက ဘယ်လောက်ပဲ အထင်ကြီးစရာကောင်းကောင်း ခြိမ်းခြောက်နိုင်မှုက အကန့်အသတ်နဲ့ ဖြစ်သွားပါမယ်။

တကယ်လို့ သူတို့တွေက အရမ်းကို နှောင့်နှေးနေပြီး မျက်လုံးဆယ့်နှစ်လုံး အလောင်းကောင် ဘုရင်ကို မျက်လုံးဆယ့်ငါးလုံး ဒါမှမဟုတ် ပိုပြီးတော့ သန်မာအားကောင်းလာတဲ့အထိ ဆင့်ကဲပြောင်းလဲမှု ပြီးပြည့်စုံအောင် ခွင့်ပြုလိုက်မယ်ဆိုရင် တကယ်လို့ ၎င်းက ငရဲကိုးထပ် ဘုရင်နဲ့ ပေါင်းပြီးတော့ တိုက်ခိုက်လာမယ်ဆိုရင် ဓားဘုရင်နဲ့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီတို့ကို ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လူတချို့က စပြီးတော့ ထွက်ပြေးပါတယ်။ ဆက်ပြီးတော့

တိုက်ပွဲကို ကြည့်နေမယ်ဆိုရင် အရမ်းကို စွန့်စားရာ ရောက်သွားပါလိမ့်မယ်။ တကယ်လို့ အလောင်းတစ်ထောင်ဂိုဏ်းက အနိုင်ရသွားမယ်ဆိုရင် အားလုံးအတွက် ကပ်ဘေးဒုက္ခကြီးတစ်ခု ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ် ရှိနေဆဲပါပဲ။ သူ့မှာ ပုက်ဖဲတစ်ချပ် အနေနဲ့ အနက်ရောင် မျှော်စင် ရှိပါတယ်။ ဘယ်လိုမျိုး အန္တရာယ် အခြေအနေမှာပဲဖြစ်ဖြစ် ကြောက်နေစရာ မလိုပါဘူး။

နှစ်ဖက်စလုံးက ကောင်းကြတဲ့လူတွေ မဟုတ်ဘူး ဆိုပေမဲ့ တန်ခိုးရှင်ဘုံက ဆင်းသက်လာဖို့ အချိန်တွေ လိုပါသေးတယ်။ ဒါပေမဲ့ တကယ်လို့ အလောင်းတစ်ထောင်ဂိုဏ်းက အသာစီး ရသွားမယ်ဆိုရင် သက်ရှိတွေ အားလုံးက ချက်ချင်းပဲ ကံဆိုးမိုးမှောင် ကျသွားပါလိမ့်မယ်။

သူ့စိတ်ထဲမှာ ပြင်ဆင်လိုက်ပါတယ်။ သူ့လက်ထဲကဓားက အခုချိန်မှာ အလောင်းတစ်ထောင် ဂိုဏ်းဆီကို ရည်ရွယ်ထားပါတယ်။

ဒါပေမဲ့လည်း စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ တိုက်ပွဲကွင်းပြင်မှာ တကယ်လို့ သူက တစ်ဟုန်ထိုး ပြေးဝင်သွားမယ်ဆိုရင် ပြာမှုန့်ဖြစ်သွားပါလိမ့်မယ်။

ဒီဧရာမ မွန်းစတားကြီးကို သေအောင်လို့ ကျိန်စာတိုက်ဖို့ အရိုးစုအလောင်းကောင်တွေကို ကောက်လို့ ရနိုင်လား။ လင်းဟန်က မျက်လုံးဆယ့်နှစ်လုံး အလောင်းကောင် ဘုရင်ကို ရည်ရွယ်လိုက်ပါတယ်။ အစောပိုင်းတုန်းက မိုးပြာဖီးနစ် နတ်မိမယ် ကေရိရဲ့ ကောင်းကင် ဖီးနစ် စိတ်ဂိညာဉ် ပစ္စည်းကြောင့် ထိခိုက်ဒဏ်ရာ ရသွားခဲ့သလို ဓားဘုရင်ကြောင့်လည်း အရိုးအပိုင်းအစတွေ အများကြီး မြေကြီးပေါ်မှာ ကျနေပါတယ်။

ဒီလိုမျိုး ပမာဏ အများကြီးနဲ့ဆိုရင် ဒီအကောင်ကြီးကို သေအောင်လို့ ကျိန်စာမတိုက်နိုင်ဘူး ဆိုတာကို သူမယုံနိုင်ပါဘူး။

ဒါပေမဲ့လည်း ပြဿနာက သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ကောက်ရမလဲ။ ပတ်ဝန်းကျင် တစ်ခုလုံး စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အရှိန်အဝါတွေ ပြန့်နှံ့ ပြည့်နှက်နေပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က

လက်ရှိမှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိနေတာကို အသာထားဦး။ တကယ်လို့ ကောင်းကင်အဆင့်မှာ ရှိနေမယ်ဆိုရင်တောင် သူ့အနေနဲ့ အနားကို တိုးကပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ကျေးဇူးပြုပြီးတော့ ကောင်းကင်ပေါ်ကို တက်ပြီး တိုက်ခိုက်ကြပါ။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ တကယ်လို့ ဒီလူတွေအားလုံးက ကောင်းကင်ပေါ်မှာပဲ တိုက်ပွဲဖြစ်မယ်ဆိုရှ် သူ့အနေနဲ့ ရောမ အလောင်းကောင် ဘုရင်ကြီးကို သေအောင်လို့ ကျိန်စာတိုက်ဖို့ အဖြူရောင်အရိုး တချို့ကို ကောက်ယူဖို့ အခွင့်အရေး ရှိလာပါလိမ့်မယ်။

ဒီရောမ မွန်းစတားကြီးသာ မသေခဲ့ဘူးဆိုရင် သေချာပေါက် ကပ်ဘေးဒုက္ခကြီး ဖြစ်လာပါ လိမ့်မယ်။

"မြွေသားရဲဘုရင် ဘာဖြစ်လို့ ထွက်မလာသေးတာလဲ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက ရုတ်တရက် အော်လိုက်ပါတယ်။

"ဟီးဟီးဟီး မင်းတို့တွေက စိတ်ပါလက်ပါနဲ့

တိုက်ခိုက်နေကြတယ်ဆိုတော့ ဒီအရှင်သခင်က မင်းတို့ကို အနှောင့်အယှက် မပေးချင်လို့ပါ”

ထူးထူးခြားခြား ရယ်သံတစ်ခုနဲ့အတူ အဘိုးကြီးတစ်ယောက်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ပုံစံက အနည်းငယ် ခါးကုန်းနေပေမဲ့ သေချာအနီးကပ် ကြည့်လိုက်မယ် ဆိုရင် သူက ခါးကုန်းကြီးတစ်ယောက် မဟုတ်ပဲ မြွေတစ်ကောင်လို ကွေ့ကောက်နေပါတယ်။

သူ့အနောက်မှာ ဧရာမ မြွေကြီးတစ်ကောင်ရဲ့ ပုံရိပ်မည်းကြီးတစ်ခု ရှိနေပြီး မကောင်းတဲ့ အငွေ့အသက် တစ်ခု ထွက်ပေါ်နေပါတယ်။

မြေနဂါးဂိုဏ်းရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် မြွေသားရဲဘုရင်။

“မြွေဘုရင် ငါ့အတွက် ဒီအလောင်းအဘိုးကြီးကို ဟန့်တားထားပေး။ ငါအလောင်းကောင် ဘုရင်ကို သွားပြီးတော့ သတ်လိုက်မယ်”

ဓားဘုရင်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

အခုအာရုံစိုက်ထားရမှာက အလောင်းကောင် ဘုရင်ရဲ့ ဆင့်ကဲတိုးတက် ပြောင်းလဲမှု အပေါ်မှာ ဖြစ်ပါတယ်။ တကယ်လို့ မျက်လုံးဆယ့်ငါးလုံး အဆင့်ကိုသာ တကယ်ပဲ ရောက်သွားမယ်ဆိုရင် ဒီမှာရှိနေတဲ့ ဘယ်သူကမှ သတ်ပစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

၎င်းရဲ့ခုခံကာကွယ်မှုက ပြိုင်ဘက်ကင်း ဖြစ်သွားပါလိမ့်မယ်။

မြွေသားရဲဘုရင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"သေချာတာပေါ့။ ဒီနေရာကို ဒီအရှင်သခင် လက်ထဲကို အပ်ထားလိုက်"

သူတို့ရဲ့ ဆက်ဆံရေးက သိပ်တော့ မကောင်းကြပါဘူး။ ဒါပေမဲ့ အခု သူတို့က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဆန့်ကျင်ဘက်မှာ ရှိနေတာကြောင့် အားလုံးက တစ်ဖက်တည်း အတူတူ ရပ်တည်နေကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဓားဘုရင်က ချက်ချင်းပဲ အောက်ဘက်ကို တစ်ဟုန်ထိုး ထိုးဆင်းသွားလိုက်ပါတယ်။ ငရဲကိုးထပ် ဘုရင်က

သူ့ကိုတားဆီးချင်နေပေမဲ့ မြွေသားရဲဘုရင်က သူသွားမဲ့လမ်းကြောင်းကို ပိတ်ပြီးတော့ လက်ဝါးတစ်ချက် ရိုက်ထုတ်ကာ ဟန့်တားလိုက်ပါတယ်။ သူ့ရဲ့လက်မောင်းက မီတာ သုံးထောင်ကျော် ရှည်လျားတဲ့ ရောမ မြွေကြီးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး ငရဲကိုးထပ် ဘုရင်ဆီကို တွန့်လိမ်သွားပြီး ပိုင်းထားလိုက်ပါတယ်။ ပြီးတော့ ၎င်းရဲ့ကြောက်မက်ဖွယ်ရာ သိုင်းဆန္ဒ အသက်ဝင်လာပြီး သွေးကြောနဲ့တူတဲ့ သင်္ကေတတွေက ရောင်ပြန်လင်းလာပြီး ငရဲကိုးထပ် ဘုရင်ကို အရင်ဆုံး တားဆီးကာကွယ် လိုက်ပါတယ်။

သူတို့အဆင့်ကို ရောက်သွားရင် ဘယ်သူကမှ ပြိုင်ဘက်ဖြစ်သူကို သူတို့စိတ်ကြိုက် တိုက်ခိုက်ခွင့် မပြုရပါဘူး။ တကယ်လို့ အဲဒီလိုသာ ပေးတိုက်ထားမယ်ဆိုရင် သူတို့ရဲ့ အသက်ကို နှုတ်ယူသွားခြင်း ခံလိုက်ရပါမယ်။

ဓားဘုရင်ရဲ့ ပုံရိပ်က အောက်ဘက်ကို ထိုးဆင်းလာပြီး သူ့ရဲ့ညာဘက်လက် လက်ချောင်းတွေကို အသုံးပြုပြီးတော့ ခုတ်ချလိုက်ပါတယ်။ ဒါပေမဲ့ သူ့ပုံရိပ်က ရုတ်တရက် တုံ့ဆိုင်းသွားပြီး သူ့အမူအရာကလည်း ခက်ထန်တင်းမာ သွားခဲ့ပါတယ်။

"ဓားဘုရင် နင်ဘာလုပ်နေတာလဲ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက ချက်ချင်း အော်ဟစ်လိုက်ပါတယ်။

"ဒီအရှင်သခင်က ဒီအလောင်းအဘိုးကြီးကို မင်းအတွက် ထားပေးထားတာက ရှုခင်းကြည့်နေဖို့ မဟုတ်ဘူးကွ"

မြွေသားရဲဘုရင်ကလည်း မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

ငရဲကိုးထပ် ဘုရင်က အကြည့်ရဆိုးတဲ့ အပြုံးတစ်ခု ပြုံးပြီးတော့ အနိုင်ပွဲကို သူဖမ်းဆုပ်မိထားတဲ့ အတိုင်းပဲ ဖြစ်နေပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းအနေနဲ့ နစ်ထောင်ပေါင်းများစွာ ကျိတ်ကြံစည်ခဲ့ပြီး အလောင်းကောင် ဘုရင်ကိုတောင် စောစောက သူတို့ဂိုဏ်းရဲ့ အဖိုးထိုက်တန်ဆုံး ရတနာသုံးခုထဲက တစ်ခုဖြစ်တဲ့ မြေအောက်ကမ္ဘာ ရေကန်ငယ်က ရေတွေကို ထည့်သွင်း ပေးထားခဲ့ပါတယ်။ ဒီအကြံအစည်က အရမ်းကို စေ့စပ်သေချာပြီး သူတို့အနေနဲ့ ဘေးကျပ်နံကျပ် သေရေးရှင်ရေး ကာလတွေအတွက်

ပြင်ဆင်ထားခဲ့တာ မဟုတ်လား။

သူတို့က သေချာပေါက် ကောင်းကောင်းကို ပြင်ဆင်ထားခဲ့ပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းတောင် မစောင့်ကြည့်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့လည်း ဓားဘုရင်က ဘယ်လိုမျိုး အထင်ကြီးစရာကောင်းတဲ့ ရန်သူနဲ့ ရင်ဆိုင်နေရတာလဲ။

"ထွက်ခဲ့စမ်း"

ဓားဘုရင်က ထောင့်တစ်ခုဆီကို ကြည့်ပြီးတော့ သူ့အကြည့်တွေက ဓားတွေနဲ့တူပြီး လေဟာနယ်ကို ဖြတ်သန်းထိုးစိုက် သွားပါတယ်။

"ဓားဘုရင်ဆိုတဲ့အတိုင်း နာမည်နဲ့လိုက်ပါပေ့။ ငါ့ဆီကနေ သတ်ဖြတ်ချင်တဲ့ စိတ်ကလေး နည်းနည်းလောက် ထွက်ပေါ်သွားတာနဲ့ မင်းကငါ့ကို ရှာတွေ့သွားခဲ့တာပဲ"

ပုံရိပ်တစ်ခုက လေထဲမှာ ပေါ်လာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ လေထဲမှာ ပုန်းအောင်းနိုင်စွမ်း ရှိနေသလိုမျိုး ရုတ်တရက် ပေါ်လာခဲ့ပြီး အတော်လေးကို ထူးဆန်းပါတယ်။

၎င်းလူက ဂဝတ်ရုံရှည် တစ်ခုကို ခေါင်းကနေ ခြေထောက်ဖုံးတဲ့အထိ ဂဝတ်ဆင်ထားပြီး သူ့ပုံစံက ဘယ်လိုမျိုး ရှိတယ်ဆိုတာကို ဘယ်သူမှ မမြင်ရပါဘူး။ သူ့အသံကို နားထောင်ပြီးတော့တောင် ယောကျ်ားလား မိန်းမလား ဆိုတာကိုတောင် ဆုံးဖြတ်လို့ မရနိုင်ပါဘူး။

ဒါပေမဲ့လည်း အဆင့်မြင့် ကျွမ်းကျင်သူတွေက သူတို့ကိုယ်ပိုင် အသံတွေကို လုံးဂကို ပြောင်းလဲ ပစ်နိုင်တာကြောင့် ခန့်မှန်းဖို့ မလွယ်ကူပါဘူး။

"ငါ့တို့လို အဆင့်ကို ရောက်နေတာတောင် အရိပ်တစ်ခုလို ပုန်းအောင်းနေသေးတယ်ဆိုတော့ မင်းရဲ့မျက်နှာက ဘယ်လောက်တောင် ရုပ်ဆိုးအကျည်းတန်နေလို့ တခြားလူတွေကို ဖော်မပြပံ့တာလဲ"

ဓားဘုရင်က ဂဝတ်ရုံရှည်လူကို မျက်နှာပြဖို့ ဆွပေးနေပါတယ်။

ဂဝတ်ရုံရှည်နဲ့လူက ဂရုမစိုက်ပဲ ဓားဘုရင်ရဲ့ လေသံကို နင်းပြီးတော့ ပြောလိုက်ပါတယ်။

"သိပ်မှန်တာပေါ့။ ငါက ရုပ်ဆိုးတဲ့ လူတစ်ယောက်လို့

ပြောနိုင်တယ်။ တခြားလူတွေ ငါ့ကို မမြင်တာက ပိုကောင်းလိမ့်မယ်”

သူ့ပုံစံက ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့တာဝန်က ရောမ အလောင်းဘုရင်ကို တိုက်ခိုက်မဲ့ လူက ဘယ်သူပဲဖြစ်ဖြစ် ဟန့်တားဖို့ ဖြစ်ပါတယ်။ တစ်ဖက်လူက မတိုက်ခိုက်သရွေ့ သူက သက်တောင့်သက်သာနဲ့ ဖြစ်နေတယ်ဆိုတာ ထင်ရှားပါတယ်။

ဓားဘုရင်က တစ်ဖက်လူကို စိုက်ကြည့်နေပါတယ်။ ဒီလူရဲ့ အရိုန်အဝါက ပေါ်လွင်မှု မရှိပဲ ကြည့်ရတာ ပုံမှန်ပါပဲ။ ဒါပေမဲ့ ဒီလူက သူ့ကို ဒုက္ခပေးနိုင်တယ်ဆိုတဲ့ ခံစားချက်မျိုး ပေါ်လွင်နေပါတယ်။

“မင်းကို ငရဲကိုးထပ် ဘုရင်က တောင်းဆိုထားလို့ ဒီကိုရောက်လာတာလား”

ဓားဘုရင်က မေးလိုက်ပါတယ်။

“မှန်တယ်”

ဂတ်ရှုံရှည်နဲ့လူက ခေါင်းညိတ်လိုက်ပါတယ်။ သူ့တာဝန်က အချိန်ဆွဲဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဓားဘုရင်နဲ့ အရေးမပါတဲ့ အကြောင်းအရာတွေကို စကားစမြည်ပြောနေဖို့ ကိစ္စမရှိပါဘူး။

"ငရဲကိုးထပ်ဘုရင်က မင်းကို ဘယ်လိုအကျိုးအမြတ်တွေ ပေးခဲ့လဲ။ ငါတို့"

ဓားဘုရင်က သူ့ကိုယ်သူရယ် မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ မြွေသားရဲ ဘုရင်တို့ကိုပါ ညွှန်ပြပြီး ထူးဆန်းတဲ့ အပြုံးနဲ့ ပြောလိုက်ပါတယ်။

"မင်းကို နှစ်ဆ ပေးနိုင်တယ်"

"တကယ့်ကို စိတ်လှုပ်ရှားစရာကောင်းတဲ့ ကမ်းလှမ်းမှုပဲ။ ဒါပေမဲ့ မင်းတို့တွေ ငါ့ကို ပေးနိုင်မယ် မထင်ဘူး"

ဂတ်ရှုံရှည်နဲ့လူက ပြောလိုက်ပါတယ်။

"ပြောလိုက်ပါ။ ပေးနိုင်မပေးနိုင် ဆိုတာက ငါတို့ဆုံးဖြတ်ရမှာပါ"

ဓားဘုရင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဂုတ်ရုံရှည်နဲ့လူက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဓားဘုရင် ဓားဘုရင်။ စကားလုံးတွေထဲမှာ ဓားတွေကို ဖုံးကွယ်ထားပြီး ငါ့ဘာယ်သူလဲ ဆိုတာကို သိအောင်လို့ ကြိုးစားနေတာလား"

သူတို့အဆင့် လက်ရွေးစင်တွေအတွက် သူတို့လိုအပ်တဲ့ ရတနာတွေက အရမ်းကို ရှားပါးပြီး တစ်ဖက်လူရဲ့ အကြောင်းကို ဒီအချက်ကနေ ခန့်မှန်းနိုင်ပါတယ်။

"ကံမကောင်းတာက တကယ်လို့ ငါမင်းကို ပြောပြရင်တောင် မင်းက ငါ့ကို ခန့်မှန်းနိုင်မှာ မဟုတ်ဘူး"

"ဒါဆိုရင် ဘာဖြစ်လို့ မပြောတာလဲ"

ဓားဘုရင်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဂုတ်စုံရှည်နဲ့လူက ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"တိုက်ကြည့်လေ။ ဒါဆိုရင် မင်းသိလာလိမ့်မယ်"

ဓားဘုရင်က ဂတ်ရုံရှည်နဲ့လူကို တစ်ခဏမျှ စိုက်ကြည့်ပြီးတဲ့နောက်မှာ သူ့ရဲ့တိုက်ပွဲဝင် စိတ်ဂိညာဉ်က တောက်လောင်လို့ လာပါတယ်။ သူညာဘက်လက်ကို လှုပ်လိုက်တာနဲ့ ဓားရှည်တစ်လက် ထွက်ပေါ်လာပြီး သူ့အရှိန်အဝါ တစ်ခုလုံးက တစ်ဟုန်ထိုး ထိုးတက်လာခဲ့ပါတယ်။ သူက အစကတည်းက အရမ်းကို သန်မာတယ်ဆိုပေမဲ့ ကောင်းကင်ဓားကို ဓားအိမ်ထဲမှာ ထည့်ထားပြီး ဒီအခိုက်အတန့်မှာတော့ ထက်မြက်တဲ့ ဓားက ဓားအိမ်ထဲကနေ ထွက်ပေါ် လာခဲ့ပါပြီ။

ဓားအလင်းတန်းတွေက နေရာအနှံ့အပြားမှာ တောက်ပလင်းလက် လာခဲ့ပါတယ်။

ဂတ်ရုံရှည်နဲ့လူက တုန်လှုပ်ချောက်ချားခြင်း မရှိပဲ သူ့လက်နှစ်ဖက်ကို အနောက်ပစ်ထားပြီး ရိုးရိုးလေးနဲ့ ရပ်နေပြီး အရမ်းကို စိတ်ကြီးဝင်နေပုံ ပေါ်ပါတယ်။

ဓားဘုရင်က တိုက်ခိုက်လိုက်ပါတယ်။ ရှပ်။ ဓားရှည်ကို ပွေ့ယမ်းလိုက်တာနဲ့ ဓားချီတွေက ကောင်းကင်ပေါ်ကို ထိုးတက်သွားခဲ့ပါတယ်။ ထန် ထန် ထန်။ ကောင်းကင်ပေါ်က

ကြယ်တွေက အပိုင်းအစတွေ အဖြစ်ကို ပျက်စီးသွားပြီးတော့ ဥက္ကာပျံ ကြယ်တာရာတွေ ကြွေဆင်းလာခဲ့ပါတယ်။

ဓားချီတွေက လိမ်ယှက်နေပြီး ဂျတ်ရုံရှည်နဲ့လူကို ထူးထူးဆန်းဆန်းနဲ့ ဖျက်ဆီးပစ်မဲ့ ပုံစံနဲ့ ဓားဘုရင်ကို အလယ်မှာ ထားပြီးတော့ မြူခိုးတွေအလား ပိုင်းရံထားပါတယ်။

Chapter 672 end

Zawgyi.အပိုင်း(၆၇၃) အဆင့်သုံး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်

ဘယ်သူမှ ရှင်းရှင်းလင်းလင်း မမြင်ရပါဘူး။ ဓားဘုရင်ကတော့ အနက်ရောင် မြူခိုးတစ်ခုရဲ့ အထဲမှာ ပိတ်လှောင်ခံထားရပါတယ်။ ဓားအလင်းတွေရဲ့ အလင်းရောင်တွေ တောက်ပလာတာပဲ တွေ့မြင်နိုင်ပါတယ်။ ဂျတ်ရုံရှည်လူရဲ့ တိုက်ခိုက်မှုကို မြင်တွေ့နိုင်ခြင်း မရှိခဲ့ကြပါဘူး။

ဓားဘုရင်က တကယ်ပဲ ထောက်ချောက်ထဲမှာ ပိတ်နေခဲ့ပါတယ်။

အားလုံးက အကြီးအကျယ် အံ့အားသင့် နေခဲ့ပါတယ်။ ဓားဘုရင်က ဓားနှလုံးသား ပုံရိပ်ယောင်ကို နားလည်သဘောပေါက် နိုင်ခဲ့တဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ တိုက်စစ်စွမ်းအားနဲ့ ပတ်သက်ရင် ကမ္ဘာ့အသန်မာဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ သူက တကယ်ပဲ ထောင်ချောက်ထဲမှာ ပိတ်မိနေပြီး လုံးဂကို မယှဉ်နိုင်စရာ ကောင်းနေပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ မြွေသားရဲဘုရင်တို့က ဘာမှမကူညီနိုင်ပေမဲ့ သူတို့ရဲ့ တိုက်ခိုက်မှုတွေကို ရပ်ပြီးတော့ အနက်ရောင်မြူဆီကို ကြည့်လိုက်ပြီး လေးလေးနက်နက် တွေးတောနေပုံ ရပါတယ်။

ငရဲကိုးထပ် ဘုရင်က လုံးဂကို မထင်မှတ်စရာ ကောင်းလောက်အောင် အခွင့်အရေး ယူပြီးတော့ မတိုက်ခိုက်ခဲ့ပါဘူး။ သူ့ရဲ့ရည်ရွယ်ချက်က အရမ်းကို ရှင်းပါတယ်။ အချိန်ပိုဖြုန်းလေ အလောင်းကောင် ဘုရင်ရဲ့ ဆင့်ကဲပြောင်းလဲမှုက ပြီးပြည့်စုံသွားပါလိမ့်မယ်။ အဲဒီအချိန်ကျရင် အနည်းဆုံး မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်ဖြစ်လာပြီး ဒီကုန်းမြေပေါ်မှာ သူတို့ရဲ့ အလောင်းတစ်ထောင်ဂိုဏ်းကို ဘုရင်တစ်ပါးအဖြစ် တည်ဆောက်နိုင်ပါလိမ့်မယ်။

အခုချိန်မှာ တိုက်ခိုက်တယ်ဆိုတာက အာသွန်ခွန်စိုက် ကြိုးစားအားထုတ်ရပြီး ဆုလာဘ် မရှိပါဘူး။ ဒါက သေချာပေါက် အရူးတွေပဲ လုပ်ပါလိမ့်မယ်။

လင်းဟန်ကလည်း အနက်ရောင် မြူခိုးလုံးတွေကို စိုက်ကြည့်နေပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းထားတာကြောင့် တခြားလူတွေ မမြင်နိုင်တဲ့ အရာတွေကို အသေးစိတ် မြင်နိုင်ပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် အများကြီးထက်တောင် သာလွန်ပါတယ်။ တကယ်တော့ ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုပဲ ဖြစ်ပါတယ်။

သူရဲ့အမူအရာတွေက လေးနက်သွားပြီး သူ့အကြည့်တွေမှာ စိတ်ရှုပ်ထွေးမှုနဲ့ သင်္ကာမကင်းတဲ့ အမူအရာတွေ ဖြစ်ပေါ်လာပြီး နောက်ဆုံးမှာတော့ သေချာသွားတဲ့ပုံစံနဲ့ ရှေ့နောက်မစဉ်းစားပဲ အော်လိုက်ပါတယ်။

"အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါ"

"ဘာပြောလိုက်တယ်"

ကျူးရှမ်အာ၊ ချင်ရီယွဲ့နဲ့ တခြားလူတွေ အားလုံးက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက ရတနာတစ်သန်းမြို့ကို အဆင့်လေး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်နဲ့ လုပ်ကြံပိတ်ဆို့ခဲ့ပါတယ်။ အဆုံးသတ်မှာတော့ ဖန်ပိုယွမ်ကြောင့် အားလုံးအဆင်ပြေ သွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရတနာတစ်သန်းမြို့က အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လက်ထဲကို ကျရောက်သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းက အချိန်အတော်ကြာအောင် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပြီး အဲဒီနောက်မှာ ရတနာတစ်သန်းမြို့ကို ပိုင်းရံထားခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အဆင့်လေး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်က ပြည့်စုံမှု မရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖန်ပိုယွမ်ကလည်း ပျက်ပြယ်သွားအောင် လုပ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အခုက အဆင့်သုံး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်လား။

အဆင့်သုံး ဂျက်ပါက အဆင့်လေး ဂျက်ပါထက်

ပိုပြီးတော့တောင် ကြမ်းသင့်ပါတယ်။ ဒါပေမဲ့ အခုတော့ ကြည့်ရတာ အတော်လေး လွယ်ကူနေသလိုပဲ မဟုတ်လား။

လင်းဟန်ရဲ့ မျက်နှာပေါ်က အံ့အားသင့်မှုက အတုအယောင် မဟုတ်ပါဘူး။ သူက တခြားလူတွေထက် ပိုပြီးတော့တောင် မြင်တွေ့ရပြီး ပြောလိုက်ပါတယ်။

"အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါ အစီအရင်က အဲဒီ ဂတ်စုံရှည်နဲ့လူပဲ"

ကျူးရွှမ်အာနဲ့ တခြားလူတွေက ကျဉ်သွားသလို ခံစားလိုက်ရပါတယ်။ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါ အစီအရင်က လူတစ်ယောက်လား။

"သခင်လေးဟန်။ မင်းအမြင်တွေ မှားနေတာရော မဖြစ်နိုင်ဘူးလား"

လီဖန်းယုက ပြောလိုက်ပါတယ်။

"လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ဂေါ်ပါတစ်ခု ဖြစ်နိုင်မှာလဲ"

"မဟုတ်ဘူး မဟုတ်ဘူး။ ဦးလေးယုန် အာမခံနိုင်တယ်။ အဆင့်သုံး ဂဏ်ပါ အစီအရင်က လူတစ်ယောက် ဆိုတာကို သေချာပေါက် ပြောနိုင်တယ်"

ယုန်ဖြူကြီးက ပါးစပ်နဲ့အပြည့် စိတ်ဂိညာဉ် ဆေးပင်တွေ ကိုက်စားနေရင်းနဲ့ ပြောလိုက်ပါတယ်။

"နှစ်ပေါင်းသန်းချီကနေ သန်းဆယ်ချီကြာတိုင်း ကောင်းကင်ဘုံတွေက သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်တွေကို ကမ္ဘာကြီးကို လက်လွှတ်ချပေးတယ်။ တစ်ခါတလေ ကျောက်တုံးတွေ အပေါ် ဒါမှမဟုတ် သတ္တုတွေ အပေါ်။ ဒါပေမဲ့ တစ်ခါတလေမှာတော့ သက်ရှိစိတ်ဂိညာဉ် ခန္ဓာကိုယ် တစ်ခုရဲ့ အပေါ်မှာလည်း ဖြစ်နိုင်တယ်။ သတ်ဖြတ်ခြင်း ဂဏ်ပါတစ်ခု အဖြစ်နဲ့ ကမ္ဘာကြီးကို အဆုံးသတ်စေလိမ့်မယ်"

"ဒါပေမဲ့"

ယုန်ဖြူကြီးက ခဏရပ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ကောင်းတာလည်းရှိသလို မကောင်းတာလည်းရှိတယ်။

ဂေါ်ပါ အစီအရင် တစ်ခုကို ရေးထွင်းလိုက်ရင် အဲဒီလူက ကမ္ဘာကြီးရဲ့ အထွတ်အထိပ်မှာ ရပ်တည်နိုင်ပေမဲ့ ဘယ်တော့မှ တိုးတက်တော့မှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်က ဂေါ်ပါ အစီအရင် ဖြစ်နေတယ်ဆိုရင် ဂေါ်ပါကြောင့် အကန့်အသတ် ရှိသွားပြီ"

လင်းဟန်က ငရဲကိုးထပ် ဘုရင်ဆီကို ကြည့်လိုက်ပြီးတော့မှ ပြောလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါကို ပါဂင်ပူးပေါင်းဖို့ တောင်းဆိုတဲ့ တန်ရာတန်ကြေးက ဒါနဲ့ဆက်စပ်နေသလား"

"အလောင်းတစ်ထောင်ဂိုဏ်းက ဒီလိုမျိုး ကံတရားကနေ အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါကို လွတ်မြောက်စေနိုင်တာလား"

ချင်ရီယွဲ့က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။ ဒါက လုံးဝကို မယုံနိုင်စရာပါပဲ။ တကယ်လို့ ဒီလူက နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်ရင် သူ့က နတ်ဘုရားတွေနဲ့ တန်ခိုးရှင်တွေကို သတ်ဖြတ်ပစ်လိမ့်မယ် မဟုတ်လား။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မဖြစ်နိုင်ဘူး။ သူက မကျင့်ကြံနိုင်ဘူးဆိုမှတော့ ဒီလူရဲ့ သက်တမ်းကလည်း အကန့်အသတ် ရှိမယ်လို့ ငါယူဆတယ်။ ဒါပေမဲ့ ဒီအကြောင်းကို စဉ်းစားကြည့်ရင် အလောင်းတစ်ထောင်ဂိုဏ်းက ဘာများလုပ်ပေးနိုင်မလဲ"

အလောင်းကောင်တွေ မွန်းမံသန့်စင်မယ်။

လပြွတ်ပဲပေါ့။

အားလုံးက အံ့အားသင့် သွားခဲ့ကြပါတယ်။

"အဆင့်သုံး သတ်ဖြတ်ခြင်း ဂုဏ်ပါက သူ့ကိုယ်သူ အလောင်းကောင် စစ်သားတစ်ယောက် အဖြစ်ကို မွန်းမံသန့်စင်ပြီးတော့ ထာဝရ အသက်ရှင်သွားချင်နေတာများ ဖြစ်နိုင်မလား"

"ဖြစ်နိုင်တယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းကလည်း ရှေးဟောင်းဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်ပြီးတော့ အံ့ဩဖွယ်ရာကောင်းပြီး ပြိုင်ဘက်ကင်းတဲ့ နည်းလမ်းတွေ တော်တော်များများကို ပိုင်ဆိုင်ထားတယ်။ လူတစ်ယောက်ရဲ့ အသွေးအသားကို အလောင်းကောင် စစ်သားအဖြစ် မွှန်းမံသန့်စင်နိုင်တယ်။ ငါတို့အတွက်တော့ မသေခင်မှာ လူတစ်ယောက်ရဲ့ စိတ်ဂိညာဉ်ကို ထိန်းသိမ်းခြင်းက မယုံနိုင်စရာကောင်းတဲ့ အရာတစ်ခုလို့ မြင်ပေမဲ့ သူတို့အတွက်တော့ မဖြစ်နိုင်စရာ မရှိဘူး"

အားလုံးက သူတို့ခေါင်းတွေကို ညိတ်လိုက်ကြပါတယ်။ ဒီဂတ်ရုံရှည်နဲ့လူအနေနဲ့ ဓားဘုရင်ရဲ့ ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းကို ကိုယ်စားပြုပြီးတော့ ပိုကောင်းတဲ့ ကမ်းလှမ်းမှုကို ပြုလုပ်ခဲ့ပေမဲ့ ငြင်းပယ်ခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ လက်ရှိမှာ အသက်ကို ဆွဲဆန့်ပေးနိုင်တဲ့ စိတ်ဂိညာဉ် ဆေးတွေကို အဆုံးအစမရှိ ထောက်ပံ့ပေးမယ် ဆိုရင်တောင် အဲဒီဆေးလုံးတွေက လူတစ်ယောက်ရဲ့ အသက်ကို နောက်ထပ်နှစ်ပေါင်း ရာဂဏန်းလောက်ပဲ တိုးလာစေနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ခန္ဓာကိုယ်ကို အလောင်းကောင်

စစ်သားတစ်ယောက်အဖြစ် မွန်းမံသန့်စင်လိုက်မယ်ဆိုရင်တော့ ၎င်းအပေါ်မှာ အဆင့်သုံး သတ်ဖြတ်ခြင်းဂင်္ဂါကိုပါ ရေးထွင်းထားမယ်ဆိုရင် ဒီလိုမျိုး ခန္ဓာကိုယ်က ထာဝရ ဖြစ်တည်နေပါလိမ့်မယ်။ တကယ်လို့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါရဲ့ စိတ်ဝိညာဉ်က အချိန်တွေရဲ့ ဖြတ်သန်းမှုကို မခံနိုင်တော့ပဲ တစ်နေ့မှာ သေမယ်ဆိုရင်တောင် နှစ်သန်းပေါင်းဆယ်နဲ့ချီတဲ့ အခါကျရင် စိတ်ဝိညာဉ် အသစ်က သူ့ရဲ့မာကျောတဲ့ ခန္ဓာကိုယ် အတွင်းမှာ ပြန်လည်မွေးဖွားလာနိုင်ပါတယ်။

ဒါကို အလောင်းတစ်ထောင်ဂိုဏ်း တစ်ခုကပဲ ပေးနိုင်တာဖြစ်ပြီးတော့ ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းက မလုပ်နိုင်ပါဘူး။

"ဟားဟားဟား ငါနားလည်ပြီ။ မင်းရဲ့ခန္ဓာကိုယ်က ဂင်္ဂါ အစီအရင်ပဲ"

ဓားဘုရင်က ကျေကျေနပ်နပ်နဲ့ ရယ်မောပြီးတော့ အနက်ရောင် မြူခိုးအတွင်းကနေ ထွက်လာပြီး ပိတ်လှောင်ခံထားရခြင်းက သူ့အသက်အန္တရာယ်ကို ခြိမ်းခြောက်မှု မရှိဘူးဆိုတာကို ဖော်ပြနေခဲ့ပါတယ်။

"တကယ်လို့ ငါမြင်တာ မမှားဘူးဆိုရင်။ မင်းခန္ဓာကိုယ်အပေါ်မှာ ရေးထွင်းထားတာက အဆင့်သုံး သတ်ဖြတ်ခြင်း ဂက်ပါပဲ ဟုတ်တယ်မလား"

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီနဲ့ မြေသားရဲဘုရင်တို့က ဒီစကားကြောင့် ဖြူဖပ်ဖြူရော် ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့အမြင့်မှာ ရပ်တည်နေရင် သေဖို့အရမ်းကို ခက်ခဲသွားပါပြီ။ သေခြင်းတရားက ကောင်းကင်ဘုံကပ်ဘေးတစ်ခုရဲ့ စွမ်းအားကြောင့် ဒါမှမဟုတ် လူတစ်ယောက်ရဲ့ သက်တမ်းအဆုံးသတ် သွားတာကြောင့်ပဲ ဖြစ်ပါလိမ့်မယ်။ တခြားလက်ရွေးစင် သတ်ဖြတ်ခြင်းကို ခံရဖို့ဆိုတာက အခြေခံအားဖြင့်တော့ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂက်ပါနဲ့ဆို မတူတော့ပါဘူး။ သတ်ဖြတ်ခြင်း ဂက်ပါ ဆယ်ခုက လက်ရွေးစင်တွေနဲ့ ရင်ဆိုင်ဖို့ အသုံးပြုကြပါတယ်။ အဆင့်တစ် သတ်ဖြတ်ခြင်း ဂက်ပါကို နတ်ဘုရားသတ် ဂက်ပါလို့ လူသိများပြီး ဒီဘုံရဲ့ အစွမ်းထက်ဆုံး လက်နက်ဖြစ်ပြီး တန်ခိုးရှင်ဘုံက ဆင်းသက်လာတဲ့ နတ်ဘုရားတွေတောင်မှ ၎င်းကို ထိတ်လန့်ကြပါတယ်။

နှစ်ပေါင်းတစ်သောင်း အချိန်က နီးကပ်လာခဲ့ပြီး လောကဘုံ ဆေးလုံးအသစ် တစ်လုံးကို ဖော်စပ်ဖို့ နှစ်ပေါင်းရာဂဏန်း နည်းနည်းပဲ လိုပါတော့တယ်။ အဲဒီအချိန်မှာပဲ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါပါအစီအရင်ကို သယ်ဆောင်ထားတဲ့ လူတစ်ယောက်က ရုတ်တရက် ထွက်ပေါ်လာခဲ့ပြီး မျှော်မှန်းမထားတဲ့ အသစ်အဆန်း တစ်ခု ဖြစ်လာခဲ့ပါတယ်။

အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါပါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို သတ်ပစ်နိုင်ပါတယ်။

ဒါပေမဲ့ ဒါကလည်း ဖြစ်နိုင်ချေတစ်ခု ဖြစ်ပါတယ်။ အနည်းဆုံးတော့ ဓားဘုရင်က သတ်ဖြတ်ခြင်း ဂင်္ဂါပါကြောင့် အသတ်မခံရဖို့ လုံလောက်တဲ့ အစွမ်းထက်မြက်မှု ရှိပါတယ်။

ဓားရောင်ခြည်တန်းတွေက အလင်းပြန်နေပြီး အနက်ရောင် မြူခိုးအတွင်းမှာ အဆက်မပြတ် တောက်ပနေပါတယ်။ ဓားဘုရင်က သူ့ရဲ့နတ်ဘုရား ခွန်အားကို ထုတ်ဖော်ပြီးတော့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါပါကို တရစပ် တိုက်ခိုက်လိုက်ပါတယ်။

ဓားဘုရင်ကို လျင်မြန်တဲ့ တိုက်ခိုက်မှုနဲ့

ရက်စက်ပြင်းထန်မှုကြောင့် လူသိများ ထင်ရှားပါတယ်။ ပြီးတော့ သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင်ကလည်း အရမ်းကို ကြောက်မက်ဖွယ်ရာ စွမ်းအားရှိတယ် ဆိုတာက ပေါ်လွင်ပါတယ်။ အခု လူနှစ်ယောက်က တူညီတဲ့ တိုက်ခိုက်မှု စွမ်းအားကို ပိုင်ဆိုင်ထားပြီး ဒီကမ္ဘာကြီးထဲမှာ အသန်မာဆုံးလို့ ပြောရမဲ့ လူနှစ်ယောက်က တိုက်ခိုက်နေကြပါတယ်။ တိုက်ခိုက်မှု တစ်ခုရဲ့ ခုတ်ချက်နောက်က အားလှိုင်းတွေ ပေါက်ကွဲထွက်ပြီး ကောင်းကင်ပေါ်က ကြယ်တွေကို ပျက်စီးစေနိုင်ပါတယ်။

ဥက္ကာပျံခဲ အပိုင်းအစ ပမာဏ အများကြီးက ပျက်စီးသွားပြီး တချို့ကတော့ ကျဆင်းလာကာ အဆင့်မြင့် ရှားပါးတဲ့ သတ္တုတွေလည်း ပါဝင်ပြီး အဆင့်တစ်ဆယ် ရှားပါးသတ္တုတောင် ပါဝင်နေပြီး ဘယ်သူမဆို ကောက်ယူရရှိလိုက်ရင် ကြီးမားတဲ့ အကျိုးအမြတ်တစ်ခု ရရှိပါလိမ့်မယ်။

အားလုံးက အဆက်မပြတ် နောက်ဆုတ်နေကြ ရပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှုတွေနဲ့ အစွမ်းထက်ဆုံး သက်ရှိနှစ်ယောက်ရဲ့ တိုက်ခိုက်မှုကြောင့် သူတို့က မိုင်ပေါင်း ရာနဲ့ချီအောင် နောက်ဆုတ်ရရင်တောင် မလုံခြုံသလို ခံစားရပါတယ်။ အနောက်ကို ပိုဆုတ်လာလေ

သူတို့က တိုက်ပွဲကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ပဲ ကောင်းကင်ပေါ်မှာ အလင်းရောင်တွေ တလက်လက် တောက်ပနေတာကိုပဲ မြင်တွေ့ရပါတယ်။

လင်းဟန်တစ်ယောက်ပဲ အရာအားလုံးကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ဆဲပါပဲ။ သူက ကောင်းကင် အမြင့်ပေါ်မှာ ရပ်ပြီးတော့ မှုသားမဲ့ မျက်လုံးကို အသက်သွင်းပြီး သူကြည့်နေတာက အလောင်းကောင် ဘုရင်ဆီကို ဖြစ်ပါတယ်။

အခု ၄င်းရဲ့ခန္ဓာကိုယ်က မီတာသုံးဆယ်လောက်ထိ ကျုံ့သွားပြီး နဖူးပေါ်မှာလဲ မျက်လုံးဆယ်သုံးလုံး ပေါက်နေပါပြီ။

မျက်လုံးဆယ့်သုံးလုံး။ တကယ်လို့ ဓားဘုရင်ကအခု ထွက်ပေါ်လာမယ် ဆိုရင်တောင် သူ့အနေနဲ့ အလောင်းကောင် ဘုရင်ကို ထိခိုက်မှု ဖြစ်ပေါ်အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

မဟုတ်သေးဘူး။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက ဒီတစ်ကြိမ် ပြင်ဆင်ပြီးမှ လာခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့

အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ လက်ရွေးစင်တွေ ထွက်ပေါ်လာမယ် ဆိုရင်တောင် အလောင်းတစ်ထောင်ဂိုဏ်းက ပြန်တုံ့ပြန်ဖို့ ပုက်ဖဲတစ်ခု ပြင်ဆင်ထားဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ ဒီလိုမျိုးသာ ဆက်ပြီးတော့ ဖြစ်နေမယ်ဆိုရင် အလောင်းကောင် ဘုရင်က နောက်ဆုံးအသွင်ပြောင်းလဲခြင်း ပြီးမြောက်သွားပြီး ပြိုင်ဘက်ကင်းတဲ့ သက်ရှိတစ်ခု ဖြစ်လာပါမယ်။

အလောင်းတစ်ထောင်ဂိုဏ်းပဲဖြစ်ဖြစ် အင်အားကြီးဂိုဏ်း ငါးဂိုဏ်းပဲဖြစ်ဖြစ် သူတို့ကို ပိုပြီးတော့ သန်မာအားကောင်းလာစေဖို့ လင်းဟာန်အနေနဲ့ ဆန္ဒမရှိပါဘူး။

"မင်းတို့တွေ ဒီမှာနေခဲ့ကြ"

လင်းဟာန်က အမိန့်ပေးလိုက်ပါတယ်။ သူ့ပုံရိပ်က လျှပ်ပြက်သလို လှုပ်ရှားသွားပြီး တစ္ဆေဖမ်း လှိုမြောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။ တစ္ဆေဖမ်း လှိုမြောင်က အပျက်အစီးတွေ အဖြစ်ကို ပြောင်းလဲနေပြီး တစ္ဆေဖမ်း ရေကန်အဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။

"အစ်ကိုဟန်"

"သခင်လေးဟန်"

ကျူးရှမ်အာနဲ့ တခြားလူတွေက အော်ဟစ်ခေါ်လိုက်ကြပြီး လင်းဟန်ကို အရဲမစွန့်စေချင် ကြပါဘူး။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး သူ့ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး အဝေးကို ပေါ့ပါးဖျတ်လက်စွာနဲ့ ပျံသန်းသွားပါတယ်။

Chapter 673 end

Zawgyi.အပိုင်း(၆၇၄) ဆယ့်လေးစုမြောက် မျက်လုံး

ဟူးညို့တစ်ယောက်တည်းပဲ ပူပန်ခြင်းအလျဉ်းကင်းပြီး ပြောလိုက်ပါတယ်။

"မစိုးရိမ်ကြပါနဲ့။ ညီးညီးရဲ့ လင်းဟန်ကို ဘာမှမဖြစ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညီးညီး ကောင်းကင်ကြီးကို စားပစ်လိုက်မယ်"

ဟုန်း။

မိုးကောင်းကင်က ဟူးညိုရဲ့ စကားကို ကြားသွားတဲ့အတိုင်း မိုးကြိုးလျှပ်စီးတိမ် တစ်ခုက ထွက်ပေါ်လာခဲ့ပြီး အဲဒီတိမ်အထဲမှာ မျက်လုံးကြီးတစ်လုံးက မပီမသ ထွက်ပေါ်လာခဲ့ပြီး ဟူးညိုကို စိုက်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့လည်း မျက်စိတချက်ပေ့ကြည့် ပြီးတာနဲ့ မျက်လုံးကြီးက ပျောက်ကွယ်သွားသလို မိုးကြိုးလျှပ်စီးတိမ်တွေလည်း လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒါ ဒါက။

အားလုံးက ဘာပြောရမှန်း မသိအောင် အံ့အားသင့် သွားခဲ့ကြပါတယ်။

ဟူးညိုရဲ့ ရဲတင်းတဲ့ စကားတွေကြောင့် ကောင်းကင်နဲ့ မြေကြီးရဲ့ တုံ့ပြန်မှုကို ရရှိပြီး ကောင်းကင်တာအို မျက်လုံးကို နှိုးဆွလိုက်သလို ဖြစ်သွားပါတယ်။ ဆိုလိုတာက ကောင်းကင်တာအို မျက်လုံးက မိုးကောင်းကင်အစား အပြစ်ပေးဖို့ ထွက်ပေါ်လာခဲ့တာ ဖြစ်ပြီးတော့ ကောင်းကင်တာအိုကို ဆန့်ကျင်တဲ့ ဘယ်သူ့ကိုမဆို ကောင်းကင်ဘုံကပ်ဘေးကို ပစ်လွှတ်တိုက်ခိုက်မှာ

ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်တာအို မျက်လုံးက ဟူးညိုကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။ ၎င်းက ထိတ်လန့်တကြား ထွက်ပြေးသွားလိမ့်မယ်လို့ ဘယ်လိုလုပ် စဉ်းစားမိမှာလဲ။

ဘယ်သူကရော ဒါကိုယုံကြည် နိုင်မှာလဲ။

ကံကောင်းတာက အားလုံးက အဂေးက တိုက်ပွဲအပေါ်မှာ အာရုံစိုက်နေပြီး မိုးကြိုးလျှပ်စီးတိမ်တွေ ထွက်ပေါ်လာတာကို သတိပြုမိပေမဲ့ ဘာတွေဖြစ်လို့ ပျောက်ကွယ်သွားတယ် ဆိုတာကို ဘယ်သူမှ သတိမပြုမိကြပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က သက်ရှိလူ တစ်ယောက် ဖြစ်တယ်ဆိုတာထက် ပိုပြီးတော့တောင် အံ့အားသင့် သွားကုန်ပါလိမ့်မယ်။

ရှုပ် ရှုပ် ရှုပ် ။

လင်းဟန်က လျှပ်စီးအလန်းတန်းအဖြစ် ပြောင်းလဲပြီးတော့ တရွှေဖမ်း လျှိုမြောင်ဆီကို တစ်ဟုန်ထိုး

ပြေးဝင်လာခဲ့ပါတယ်။

သူက သူရဲကောင်းလုပ်ဖို့ ဆန္ဒမရှိပါဘူး။ သူလုပ်နိုင်တာကိုပဲ လုပ်တာဖြစ်ပြီး အလောင်းကောင် ဘုရင်ဆီကနေ ပြုတ်ကျလာတဲ့ အရိုးစု အလောင်းရဲ့ အစိတ်အပိုင်းကို ကောက်ယူပြီး အလောင်းကောင် ဘုရင်ကို သေအောင်လို့ ကျိန်စာပုလင်းနဲ့ ကျိန်စာတိုက်ဖို့ ဖြစ်ပါတယ်။ အလောင်းကောင် ဘုရင်လို မွန်းစတား တစ်ကောင်ကို သေအောင်လို့ ကျိန်စာတိုက်နိုင်မလား ဆိုတာကိုတော့ သူ့အနေနဲ့ လုံးဝကို မသိပါဘူး။

အကောင်းဆုံး လုပ်နိုင်တာကို လိပ်ပြာသန့်သန့်နဲ့ လုပ်ဆောင်ခြင်းက အကောင်းဆုံးပါပဲ။

လင်းဟန်က သူ့မှာအနက်ရောင် မျှော်စင် ရှိနေတာကြောင့် သူ့အသက်နဲ့ ပတ်သက်ပြီး စိုးရိမ်စရာ မလိုပါဘူး။

လင်းဟန်ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး မိုင်ပေါင်းရာနဲ့ချီတဲ့ အကွာအဝေးက မကြာခင်မှာ သူ့အနောက်မှာ ကျန်ခဲ့ပါတယ်။ တိုက်ပွဲကြောင့် ဥက္ကာပျံခဲတွေ ကျဆင်းနေမှုကြောင့် သူက အတတ်နိုင်ဆုံး ကြိုးစားရှောင်တိမ်းပြီး တကယ်တမ်း မရှောင်နိုင်တဲ့အခါမှာ

အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။ အခုဆို သူ့လိုမျိုး အရေးမပါတဲ့ လူတစ်ယောက်ကို ဘယ်သူကမှ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

နောက်ပြီးတော့ အရမ်းကို ဝေးကွာလွန်းတာကြောင့် အပေါ်က တိုက်ပွဲရဲ့ လှိုင်းတွေကြောင့် အစွမ်းနိမ့်တဲ့ လူတွေက သူ့ရှိရာကို စိုက်ကြည့်မယ် ဆိုရင်တောင် သူ့ကိုမမြင်နိုင်ပါဘူး။

ဒါပေမဲ့လည်း ဒီနေရာတစ်ခုလုံးက မြေရိုင်းလွင်ပြင် တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး အလောင်းကောင် ဘုရင်ရဲ့ အရိုးအပိုင်းအစ တစ်ခုကို ရှာရတာ ခက်ခဲပါတယ်။ အရမ်းကို ခက်ခဲလွန်းပါတယ်။

အခုက နေရာတစ်ခုလုံးက တိုက်ပွဲလှိုင်းတွေကြောင့် ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲကုန်ပြီး ကျန်နေတဲ့ အစိတ်အပိုင်းတွေကလည်း အပျက်အစီးတွေရဲ့ အောက်မှာ နစ်မြုပ်နေပြီး ပင်လယ်ထဲမှာ ငါးမျှားတံ တစ်ချောင်းနဲ့ ငါးဖမ်းနေရသလိုမျိုးပါပဲ။ ဒီလိုမျိုး ရောမ အစွမ်းထက်တဲ့ အလောင်းကောင် ဘုရင်ကို သေအောင်လို့ ကျိန်စာတိုက်မယ်ဆိုရင် အရိုးအပိုင်းအစလေး တစ်ခုက ဘယ်လိုလုပ်ပြီး လုံလောက်မှာလဲ ဟုတ်တယ်မလား။

သူ့အနေနဲ့ အပိုင်းအစ အများကြီး ရှာရပါလိမ့်မယ်။

လင်းဟန်က ရှာဖွေမှုကို စတင်လိုက်ပါတယ်။ ဒါပေမဲ့ ပထမအချက်က ကောက်ရိုးပုံထဲ အပ်ပျောက် ရှာရသလိုမျိုး ဖြစ်နေတာက တစ်ချက်၊ ဒုတိယ အချက်က တိုက်ပွဲကနေ ထွက်ပေါ်လာတဲ့ အားလှိုင်းတွေ မိုးကောင်းကင်ပေါ်ကနေ ကျလာတာကိုလည်း ကြည့်ရှောင်ရ ပါသေးတယ်။ အားလှိုင်းတွေကြောင့် အခြေအနေတွေက ပိုဆိုးလာပြီး တောင်ကြားချိုင့်ဝှမ်း တစ်ခုလုံး အကြီးအကျယ် ပျက်စီးသွားပြီး သူက နောက်တစ်ကြိမ် ထပ်ရှာတဲ့ အခါမှာ သံသယ ရှိစရာ မလိုအောင်ပဲ ခက်ခဲမှုက တိုးလာခဲ့ပါတယ်။

တကယ်ပဲ စိတ်ဆင်းရဲစရာ ကောင်းပါတယ်။

စိတ်ဆင်းရဲနေလို့လည်း ပြဿနာက ပြေလည်သွားမှာ မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်က ဆက်လက် ရှာဖွေနေခဲ့ပါတယ်။ တကယ်လို့ အလောင်းကောင်ဘုရင်က အပြည့်အဝ ဆင့်ကဲတိုးတက် သွားခဲ့မယ်ဆိုရင် ကမ္ဘာကြီးပေါ်ကို ကျရောက်လာမဲ့ ဘေးဒုက္ခက ခန့်မှန်းလို့ ရလိမ့်မှာ မဟုတ်ပါဘူး။ သာမန်လူတွေ အားလုံးအတွက်တော့ အနာဂတ်မှာ မိုးကောင်းကင်ကို

ဖွင့်ဖို့က သေရေးရှင်ရေး ဖြစ်လာပါလိမ့်မယ်။ လူတစ်ယောက်ထပ် ပိုလာရင် နိုင်ငံရဲ့ စွမ်းအားက ပိုပြီးတော့ သန်မာလာပါလိမ့်မယ်။ ပြီးတော့ မိုးကောင်းကင်ကို ဖွင့်ဖို့က ပိုပြီးတော့ သေချာလာ ပါလိမ့်မယ်။

မိုးကောင်းကင် အပေါ်မှာတော့ ပြင်းထန်းတဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေဆဲ ပါပဲ။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက မျက်လုံးကိုးလုံး အလောင်းကောင် ဘုရင်ခုနစ်ယောက်နဲ့ တိုက်ခိုက်နေပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က အထွတ်အထိပ်မှာ ရှိနေတယ်ဆိုတာ သိသာပေမဲ့ အလောင်းကောင် ဘုရင်တွေမှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ခန္ဓာကိုယ် တစ်ခုရှိပါတယ်။ ပြီးတော့ သူမအနေနဲ့ ဘယ်လောက်ပဲ ဒဏ်ရာအနာတရတွေ ဖြစ်အောင်လို့ ခုတ်ပိုင်းနေပါစေ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို မထိခိုက်စေပဲ သူမကို ကောင်းကောင်းကြီး ထိန်းထားနိုင်ဆဲပါပဲ။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်ရဲ့ ခွန်အားက နောက်ဆုံးမှာ ဒေါသနဲ့အတူ ပေါက်ကွဲထွက်လာပြီး ကောင်းကင်ဖီးနစ်ဓားကို သိမ်းလိုက်ပါတယ်။ ကျယ်လောင်စူးရှတဲ့ အော်သံနဲ့အတူ သူမတစ်ကိုယ်လုံးက

မိုးပြာဖီးနစ်ငှက် တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သိပ်တော့မကြီးပေမဲ့ ဆယ်မီတာခန့် ရှည်ပြီး အတောင်ပံတွေကို ဖြန့်လိုက်ရင် ဆယ့်ငါးမီတာ ကျယ်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ မိုးပြာရောင် နတ်ဘုရား မီးတောက်တွေ တောက်လောင်နေပြီး သူမက အလောင်းကောင်ဘုရင် ခုနစ်ယောက်ဆီ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

"အန်း"

မီးတောက်တွေကြောင့် အလောင်းကောင်ဘုရင် ခုနစ်ယောက်စလုံး ဆွဲဆွဲငင်ငင် အော်မြည် လိုက်ကြပြီး ဒီလိုမျိုး နတ်ဘုရား မီးတောက်ကို သူတို့ခန္ဓာကိုယ်တွေကတောင် တောင့်မခံနိုင် ကြပါဘူး။ ဒီမီးတောက်တွေက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ကျော်လွန်နေပါတယ်။

တကယ်လို့ သူတို့သာ သိုင်းပညာရှင်တွေ ဖြစ်ကြမယ်ဆိုရင် မီးတောက်တွေရဲ့ဒဏ်ကို ဆက်ပြီးတော့ သည်းမခံနိုင်တော့ပဲ ထွက်ပြေးသွားကြ ပါလိမ့်မယ်။ ဒါပေမဲ့ အလောင်းကောင် စစ်သားတွေကတော့ အသိစိတ် မရှိကြပါဘူး။ အလောင်းဘုရင်တွေလည်း ထို့နည်းအတူပါပဲ။

ပြတ်ပြတ်သားသား တိုက်ခိုက်ဖို့ တစ်ခုပဲ သိကြပါတယ်။

ဒါကြောင့် ရောမ အလောင်းကောင် ဘုရင်လိုမျိုး အသိစိတ်ရှိတဲ့ လက်ရွေးစင်တွေကိုပဲ စစ်မှန်တဲ့ လက်ရွေးစင်တွေလို့ ခေါ်ဆိုနိုင်ပါတယ်။

"ဟင့်။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါ ဖြစ်တော့ရော ဘာအရေးလဲ။ ငါ့ကို ပိတ်ထားနိုင်မှာလား"

အဲဒီအခိုက်အတန့်မှာ ဓားဘုရင်ကလည်း သူ့အစွမ်းကို ထုတ်ဖော်လိုက်ပါတယ်။ ဟွမ်း။ မိုင်ပေါင်း တစ်ထောင်နီးပါး အကွာအဝေးမှာရှိတဲ့ လူတွေအားလုံးရဲ့ လက်နက်တွေက သူတို့ရဲ့ လက်တွေထဲကနေ လျောကျသွားပြီးတော့ ကောင်းကင်ပေါ်ကို မြင့်တက်လာပြီး အနက်ရောင် မြူခိုးလုံးဆီကို ပျံသန်းထွက် ကုန်ပါတယ်။

"ငါ့ဓား"

"ငါ့ရဲ့ ရတနာဆေဘာဓားနက်"

"ငါ့ ကြာခုနစ်ပွင့်လှံ"

အားလုံးက အော်ဟစ်လိုက်ကြပါတယ်။ ဘာဖြစ်လို့ သူတို့ရဲ့ လက်နက်တွေက ရုတ်တရက် ထိန်းချုပ်နိုင်မှုတော့ ပျောက်ဆုံးကုန်လဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေကြပါတယ်။ တကယ်လို့ သူတို့ရဲ့ လက်နက်တွေကို သိုလှောင်လက်စွပ်တွေ အထဲမှာ ထည့်သိမ်းထားမယ် ဆိုရင်တောင် လက်နက်တွေက ဂနာမငြိမ်နဲ့ လှုပ်ရှားနေမှာကို သူတို့တွေ ခံစားနိုင်ပါတယ်။

ဘာတွေဖြစ်ကုန်လဲ။

"ဓားနှလုံးသား။ ဒါက ဓားနှလုံးသားပဲ"

"ဒီကမ္ဘာကြီးထဲမှာရှိတဲ့ လက်နက်အားလုံး ငါ့အသုံးပြုဖို့အတွက် ပါဂင်ကြ"

"ဘာကြီးလဲ။ ဒါဆိုရင် တကယ်လို့ နောက်ပိုင်းမှာ ဓားနှလုံးသားကို နားလည်သဘောပေါက်တဲ့ တစ်စုံတစ်ယောက်နဲ့ ကြုံတွေ့ခဲ့ရင် လက်ထဲမှာ ငါ့လက်နက်ကိုတောင် ကိုင်ထားနိုင်မှာ မဟုတ်ဘူး"

"မနောက်ပါနဲ့ဟ။ ဓားနှလုံးသားကို ကျင့်ကြံအားထုတ်နိုင်တဲ့ လူဆိုတာက ထူးချွန်ထက်မြက်တဲ့ လက်ရွေးစင်

တစ်ယောက်ပဲ မဟုတ်လား။ လက်နက် ရှိရှိ မရှိရှိ သူတို့ကို မင်းဘယ်လိုလုပ် ယှဉ်ပြိုင်နိုင်မှာလဲ”

ရွှပ် ရွှပ် ရွှပ် ရွှပ်။

လက်နက်အမျိုးအစား မျိုးစုံက မိုးကောင်းကင်ပေါ်ကို တန်းစီပြီးတော့ အနက်ရောင် မြူခိုးဆီကို ပျံသန်းသွားကြပါတယ်။ ဓားပေါင်းတစ်ထောင်က သူတို့ရဲ့ အရှင်သခင် ပြန်လာသလိုမျိုး ဓားဘုရင်ကို ဂါရဝပြုနေကြပါတယ်။ ဟုမ်း။ လက်နက်အားလုံး တောက်ပလာပြီးတော့ ကြောက်မက်ဖွယ်ရာ သိုင်းဆန္ဒတွေ ပိုင်းရုံလာခဲ့ပါတယ်။

ဒါက ဓားဘုရင်ရဲ့ သိုင်းဆန္ဒ ဖြစ်ပြီးတော့ သူ့ရဲ့ဓားလမ်းကြောင်း အပေါ်မှာ အထွတ်အထိပ် အောင်မြင်မှုကို ကိုယ်စားပြုပါတယ်။

ဟုမ်း။

ကျယ်လောင်တဲ့ အသံကြီးတစ်ခုနဲ့ အတူ အနက်ရောင် မြူခိုးက နောက်ဆုံးမှာ ဖြတ်တောက် ဖွင့်လှစ်ခြင်း ခံလိုက်ရပါတယ်။ ဓားဘုရင်က သူ့ရဲ့အဆုံးစွန် တိုက်ကွက်ကို

အသက်သွင်းပြီးတဲ့ နောက်မှာတော့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂျက်ပါ အစီအရင်က တိုက်ခိုက်မှုတွေကြောင့် အတွင်းပိုင်းရော အပြင်ဘက်ပါ ခံစစ်ကြောင်း ကျိုးပျက်သွားခဲ့ရပါတယ်။

လက်နက်ပေါင်း တစ်သောင်းကျော်က မိုးကောင်းကင်ကနေ သတ္တုအစအနတွေလိုမျိုး ပြုတ်ကျလာခဲ့ပါတယ်။ အနက်ရောင် မြူခိုးတွေက ပျော့လည်သွားပြီး ဂျတ်ရှုံရှည်လူအဖြစ်ကို ပြန်လည်ပြောင်းလဲသွားခဲ့ပါတယ်။ သူ့ပုံစံကိုကြည့်ရတာ ဘာမှထိခိုက်ဒဏ်ရာ ရပုံမပေါ်ပဲ ကောင်းကင်ပေါ်မှာ မားမားမတ်မတ် ရပ်နေပါတယ်။

ဓားဘုရင်က သူ့ရဲ့ဓားကို ဆုပ်ကိုင်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ငါ့ကို တားဆီးချင်သေးလား"

"ဟီးဟီး မလိုတော့ပါဘူး"

အဆင့်သုံး သတ်ဖြတ်ခြင်း ဂျက်ပါက ပျင်းစရာကောင်းတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့တာဝန်က ပြီးဆုံးသွားပြီ"

ဘာပြောတယ်။

ဓားဘုရင်က အောက်ကို ကြည့်လိုက်တဲ့ အခါမှာ ရောမ အလောင်းကောင်ဘုရင်က ဆယ့်ငါးမီတာ အမြင့်လောက်ပဲ မြင့်မားပြီး နဖူးအပေါ်မှာ မျက်လုံးဆယ့်လေးလုံး ရှိနေပါတယ်။

"ဟင့်။ မျက်လုံးဆယ့်ငါးလုံး ဆိုရင်တောင်မှ ဒီနေ့ ဒီနေရာမှာ အဲဒီကောင်ကို နှိမ်နင်းပြီးတော့ သတ်ပစ်ရလိမ့်မယ်"

မိုးပြာဖီးနစ် နတ်မိမယ်က ပြောလိုက်ပါတယ်။ နတ်ဘုရား မီးတောက်တွေကို ဆင့်ကဲတိုးတက်စေပြီး အလောင်းကောင် ဘုရင်ခုနစ်ကောင်ကို အဆက်မပြတ် တိုက်ခိုက်ကာ ဆွဲဆွဲငင်ငင် အော်ဟစ်စေပါတယ်။

ငရဲကိုးထပ် ဘုရင်က လက်ဖျောက်တစ်ချက် တီးလိုက်တာနဲ့ အလောင်းကောင် ဘုရင် ခုနစ်ယောက်က ချက်ချင်းပဲ ရှေးဟောင်းခေါင်းတလားတွေ အထဲကို ခုန်ပျံဝင်ရောက်သွားပြီး နောက်ထပ်တိုက်ခိုက်ခြင်း မရှိတော့ပါဘူး။

ဓားဘုရင်က အောက်မှာရှိတဲ့ အလောင်းကောင် ဘုရင်ကို စိုက်ကြည့်လိုက်ပါတယ်။ သူ့ရဲ့အကြည့်တွေက ကျောရိုးကို စိမ့်သွားစေပြီး ဓားအရိပ်တွေ ထွက်ပေါ်လာပြီးတော့ ဓားရဲ့ရုတ်တရက် တိုက်ခိုက်မှုနဲ့အတူ သူက မီတာသုံးထောင် ရှည်လျားတဲ့ ဓားအလင်းတန်းကို ပစ်လွှတ်ပြီး အလောင်းကောင် ဘုရင်ကို တိုက်ခိုက်လိုက်ပါတယ်။

နည်းစနစ်ပေါင်း တစ်သောင်းကို တစ်ခုအဖြစ် တိုက်ကွက်။

လပြွတ်ပဲ။

လင်းဟန်က ကျိန်ဆဲလိုက်ပြီးတော့ အနက်ရောင် မျှော်စင် အထဲကို အလျင်အမြန် ဝင်ပြီးတော့ ပုန်းလိုက်ပါတယ်။ သူက ဒီတိုက်ကွက်ကို သတိပြုမိပါတယ်။ ဒီတိုက်ကွက်က ကောင်းကင်ဓားဂိုဏ်းရဲ့ ပစ်မှတ်တစ်ခုတည်းကို သတ်ဖြတ်တဲ့ နေရာမှာ အသုံးပြုတဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ဖြစ်ပါတယ်။ ဓားဘုရင်ရဲ့ အစွမ်းကြောင့် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် ဆယ်ယောက်လောက် ပူးပေါင်းပြီးတော့ ခုခံမယ်ဆိုရင်တောင်မှ ခုခံပုံမှာ မဟုတ်ပါဘူး။

ဓားဘုရင်က ရောမ အလောင်းကောင် ဘုရင်ကို ခုတ်ချလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့တိုက်ခိုက်မှု ပြီးတဲ့နောက်မှာ ကျန်ရစ်နေတဲ့ အားလိုင်းအကြွင်းအကျန်က လင်းဟန်ကိုတောင် သေစေနိုင်တဲ့အထိ ခြိမ်းခြောက်နိုင်စွမ်း ရှိနေပါတယ်။

ဟုမ်း။

ကြောက်မက်ဖွယ်ရာ ဓားအလင်းတန်းက ကုန်းမြေကြီးကို နှစ်ခြမ်းခွဲပစ်လိုက်နိုင်တဲ့ စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ မိုးကောင်းကင်ပေါ်မှာ ရုတ်တရက် မိုးကြိုးလျှပ်စီးတိမ်တွေ တလိပ်လိပ် တက်လာခဲ့ပြီး ကောင်းကင်တာအိုရဲ့ မျက်လုံးက နောက်တစ်ကြိမ် ထွက်ပေါ်လာပုံ ရပါတယ်။ ဒီတိုက်ခိုက်မှုက အရမ်းကို အစွမ်းထက်ပြီး ဒီဘုံကို ဖျက်ဆီးပစ်နိုင်လောက်တဲ့အထိ အစွမ်းထက်တာကြောင့် ကောင်းကင်တာအိုရဲ့ မျက်လုံးက ဂင်ရောက်စွက်ဖက်ဖို့ ဖြစ်လာခဲ့ပါတယ်။

ဖူး။

ဒါပေမဲ့လည်း ဓားအလင်းတန်းက အောက်ကို

ဆင်းသက်လာတဲ့ အခိုက်အတန့်မှာပဲ အလောင်းကောင် ဘုရင်က ရုတ်တရက် လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဓားအလင်းတန်းကို ဆုပ်ကိုင်လိုက်ပါတယ်။

ဖူး။

အနက်ရောင် မျှော်စင်အထဲက လင်းဟန်က ချက်ချင်းဆိုသလို တံတွေးသီး သွားခဲ့ပါတယ်။ သူ့အနေနဲ့ ဓားဘုရင်ရဲ့ တိုက်ခိုက်မှုမှာ စွမ်းအားဘယ်လောက်ထိ ရှိတယ်ဆိုတာကို တခြားလူတွေထက် ပိုပြီးတော့ နားလည်ပါတယ်။ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီ တိုက်ကွက်က နတ်ဘုရား သတ္တုနဲ့ ပြုလုပ်ထားတဲ့ ခန္ဓာကိုယ်ကိုတောင်မှ ထက်ပိုင်းပြတ်အောင် ဖြတ်ပစ်နိုင်လောက်ပါတယ်။ ဒါပေမဲ့ အခုတော့ ရောမ အလောင်းကောင် ဘုရင်က လက်ဗလာနဲ့ ဖမ်းဆုပ်ထားခြင်း ခံလိုက်ရပါတယ်။

Chapter 674 end

အပိုင်း(၆၇၅) ဓားပြတိုက်ခြင်း

“ဟားဟားဟား ဟားဟားဟား”

ငရဲကိုးထပ် ဘုရင်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒါက အလောင်းတစ်ထောင်ဂိုဏ်း နှစ်ထောင်ပေါင်းများစွာ လျှို့ဝှက်ကြံစည်ခဲ့တဲ့ အကြံဖြစ်ပြီးတော့ သူ့ရဲ့မျိုးဆက်မှာ မြေအောက်ကမ္ဘာ ရေကန်ငယ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ပြီးပြည့်စုံတဲ့ အကြံအစည်ကို လုပ်နိုင်ခဲ့ ပါတယ်။

မျက်လုံးဆယ့်လေးလုံး အလောင်းကောင် ဘုရင်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါပြီ။ တကယ်လို့ မျက်လုံးဆယ့်ငါးလုံး ဒါမှမဟုတ် မျက်လုံးဆယ့်ခြောက်လုံးထိ ဖြစ်လာခဲ့မယ်ဆိုရင် ဘယ်လောက်တောင် အစွမ်းထက် လာလိမ့်မလဲ။

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက သူမကိုယ်သူမ လူသားတစ်ယောက် ပုံစံကို နောက်တစ်ကြိမ် ပြန်ပြောင်းလိုက်ပါတယ်။ ပြီးတော့ မြွေသားရဲဘုရင်ကလည်း ငရဲကိုးထပ် ဘုရင်နဲ့ ထပ်ပြီး မတိုက်ခိုက်ပဲ ဓားဘုရင်ဘေးနားမှာ ရပ်ပြီးတော့ အောက်မှာရှိတဲ့ အလောင်းကောင် ဘုရင်ကို စိုက်ကြည့်နေပါတယ်။

အခု ဒါကမှ တကယ့်ပြဿနာကြီး ဖြစ်ပါတယ်။

သာမန်အလောင်းကောင် စစ်သားတစ်ယောက်နဲ့ ရင်ဆိုင်ရတာက ခေါင်းဆောင်ကို အရင်ဆုံး ဖမ်းဆီးပြီးမှ နောက်လိုက်ကို ဖမ်းဆီးလို့ ရနိုင်ပါတယ်။ အလောင်းကောင် စစ်သားတွေကို ထိန်းချုပ်နေတဲ့ လူကိုသတ်ပစ်လိုက်ရင် အလောင်းကောင် စစ်သားတွေမှာ ပင်ကိုယ်စရိုက်ပဲ ကျန်တော့ပြီး ဒီလိုမျိုး သက်ရှိကို သတ်ရတာက အရမ်းကို လွယ်ကူပါတယ်။

ဒါပေမဲ့လည်း ရောမ အလောင်းကောင် ဘုရင်ကတော့ မတူညီပါဘူး။ ၎င်းမှာ ကိုယ်ပိုင် အသိစိတ် ပိုင်ဆိုင်ထားသလို အမြင့်ဆုံးကို ရောက်သည်ဖြစ်စေ မရောက်သေးသည်ဖြစ်စေ အသိဉာဏ် ရှိနေသရွေ့တော့ ရင်ဆိုင်ရတာ ခက်ခဲပါတယ်။

"ကြည့်ရတာ ငါတို့တွေရဲ့ သူငယ်ချင်းဟောင်း တချို့ကို ခေါ်ပြီးမှ ဒီကောင်ကြီးကို တိုက်ခိုက်လို့ ရလိမ့်မယ်"

မြွေသားရဲဘုရင်က ပြောလိုက်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ဇေရီက ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"အခုဆို အလောင်းတစ်ထောင်ဂိုဏ်းက မြေအောက်ကမ္ဘာ

ရေကန်ငယ်ကို နောက်တစ်ကြိမ် ပြန်ရရှိသွားခဲ့ပြီး အလောင်းကောင် စစ်သားတွေကို အဆုံးအစမရှိ ဆင့်ကဲတိုးတက်အောင် လုပ်လို့ရသွားပြီ။ ဒီအလောင်းကောင်ဘုရင်က အဆင့်အမြင့်ဆုံး မျက်လုံးဆယ့်ရှစ်လုံးထိတောင် ရောက်နိုင်လောက်တယ်”

မျက်လုံးဆယ့်ရှစ်လုံး။ အလောင်းကောင် ဘုရင်တွေရဲ့ အကန့်အသတ်။ တကယ်လို့ အဲဒီအဆင့်ထိ ရောက်သွားမယ်ဆိုရင် တန်ခိုးရှင်ဘုံကနေ ဆင်းသက်လာမဲ့ နတ်ဘုရားတွေတောင် ဒီလိုမျိုး တည်ရှိမှု တစ်ခုကို ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ နတ်ဘုရားရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်ရင်တောင် ထိန်းချုပ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုး အလောင်းကောင် ဘုရင်တစ်ပါးကို နတ်ဘုရား အလောင်းကောင် တစ်ကောင်လို့ ခေါ်ဆိုနိုင်ပါတယ်။

သီအိုရီ အရဆိုရင်တော့ ဒီအောက်ဘုံက နတ်ဘုရားအဆင့် သက်ရှိစိတ်ဝိညာဉ်တွေကို ခွင့်မပြု ပါဘူး။ ဒါပေမဲ့ ပြဿနာက ဒီအလောင်းကောင် ဘုရင်က သက်ရှိစိတ်ဝိညာဉ် တစ်ခု မဟုတ်ပါဘူး။ ကောင်းကင်နဲ့ မြေကြီးရဲ့ ဥပဒေက အလောင်းကောင် ဘုရင်ကို စိတ်ဝိညာဉ်

ပစ္စည်းတစ်ခုလိုမျိုးပဲ ဆက်ဆံပါတယ်။

နတ်ဘုရားတွေကိုတော့ ဒီဘုံထဲမှာ ထွက်ပေါ်လာခွင့် မရှိပါဘူး။ ဒါပေမဲ့ နတ်ဘုရား ပစ္စည်းက ရပါတယ်။

ဥပမာ အနက်ရောင်မျှော်စင်၊ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ ကျိန်စာများရဲ့ ပုလင်းတို့ ဖြစ်ပါတယ်။

ဒါကြောင့် တကယ်လို့ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်က တကယ်ပဲ ထွက်ပေါ်လာခဲ့မယ် ဆိုရင်တော့ ဒီကမ္ဘာကြီး တစ်ခုလုံးမှာ ဘယ်သူကမှ ယှဉ်ပြိုင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ၎င်းက နတ်ဘုရား ပစ္စည်းတစ်ခု အဆင့်နဲ့ ညီမျှပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး လူတစ်ယောက်က သတ်ပစ်နိုင်မှာလဲ။

ပုန်း။

ထူးခြားတဲ့ အလောင်းကောင် ဘုရင်က သူ့လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်လိုက်တာနဲ့ မီတာသုံးထောင် ရှည်လျားတဲ့ ဓားအလင်းတန်းက ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်းတွေ အဖြစ်ကို ပျက်စီးသွားခဲ့ပါတယ်။ ၎င်းက ဓားဘုရင်ကို မျက်နှာခက်ထန်ပြီး ရန်လိုတဲ့ အကြည့်နဲ့

ကြည့်လိုက်ပါတယ်။

ငှင်းရဲ့ နဖူးပေါ်က မျက်လုံးဆယ့်လေးလုံးနဲ့ စိုက်ကြည့်နေတာက တကယ့်ကို ကျောချမ်းစရာ ကောင်းပြီးတော့ ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။

ဓားဘုရင်ရဲ့ တိုက်ခိုက်ရေး စိတ်ဝိညာဉ်က မီးဟုမ်းဟုမ်း တောက်လောင်လာပြီး ဧရာမ အလောင်းကောင် ဘုရင်ကို ပြန်ပြီးတော့ စိုက်ကြည့်လိုက်ပြီး သူ့လက်ထဲက ရတနာဓားကလည်း သွေးကြောနဲ့တူတဲ့ အစိမ်းအရင် သင်္ကေတတွေက ဝိုင်းရံတောက်ပ လာခဲ့ပါတယ်။ သူက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းကို အသက်သွင်းထားပြီး တိုက်ပွဲတစ်ခုအတွက် အကန့်အသတ်ထိ အဆင်သင့် ပြင်ထားပါတယ်။

ခရက် ခရက် ခရက်။

အရိုးတွေ အက်ကွဲတဲ့ အသံက အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာပြီး အရိုးအပိုင်းအစတွေ ပြုတ်ကျလာခဲ့ပါတယ်။ ငှင်းရဲ့ခန္ဓာကိုယ်က ကျုံ့လာပြီးတော့ နဖူးအပေါ်မှာ နောက်ထပ်မျက်လုံးအသစ် တစ်လုံးက စတင်ဖြစ်ပေါ် လာခဲ့ပါတယ်။

မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေအာနိသင်က တကယ့်ကို ထိတ်လန့်စရာ ကောင်းပြီးတော့ အလောင်းကောင် စစ်သားတွေရဲ့ ပြောင်းလဲခြင်းကို အရှိန်မြှင့်တင် ပေးနိုင်ပါတယ်။

ဒါပေမဲ့လည်း သာမန်အလောင်းကောင် စစ်သားတွေက ဒီလိုမျိုး အမြန်နှုန်း လုံးဝမရှိပါဘူး။ တကယ်တော့ ၎င်းကိုယ်တိုင်က အရှိန်မြှင့်တင်နိုင်ပြီးတော့ ဆင့်ကဲတိုးတက် ပြောင်းလဲနိုင်စွမ်း ရှိနေတာကြောင့် ဖြစ်ပါတယ်။

ရောမ အလောင်းကောင် ဘုရင်က ထောင်ပေါင်းများစွာသော လက်ရွေးစင် အရိုးစု အလောင်းတွေနဲ့ ပေါင်းစပ်ပြီးမှ ဒီလိုမျိုး အခြေအနေတစ်ခု ဖြစ်လာခဲ့တာပါ။ မြေအောက်ကမ္ဘာ ရေကန်ငယ်ကလည်း မျက်လုံးကိုးလုံးကနေ မျက်လုံးဆယ့်ငါးလုံးအထိ တစ်ရက်အတွင်းမှာ ပြောင်းလဲနိုင်ခဲ့တာကြောင့် အရမ်းကို ကြောက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

"မျက်လုံးဆယ့်ငါးလုံး"

"တကယ်ပဲ မျက်လုံးဆယ့်ငါးလုံးကို ရောက်သွားပြီ"

ကောင်းကင်ထက်က ဓားဘုရင်၊ မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ မြွေသားရဲ ဘုရင်တို့ရဲ့ မျက်နှာတွေက ခက်ထန်တင်းမာ လာခဲ့ပါတယ်။ မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်က နတ်ဘုရား အဆင့်နဲ့ နီးကပ်နေပါပြီ။ ပြီးတော့ သူတို့အတွက်တောင် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ ခက်ခဲပါလိမ့်မယ်။ သူတို့ရဲ့ အသက်အန္တရာယ်ကိုတောင် အရဲစွန့် တိုက်ခိုက်ရ နိုင်ပါတယ်။

ကံကောင်းတာက အလောင်းကောင် ဘုရင်ကို နှစ်ထောင်ပေါင်းများစွာ စုစည်းပြီးမှ အသုံးပြုရတာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ တကယ်လို့ ၎င်းက မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေကို တန်နဲ့ချီအောင် သောက်မယ်ဆိုရင်တောင် တခြားအရာတွေရဲ့ အထောက်အပံ့ မပါပဲနဲ့ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဟုန်နဲ့ ဆင့်ကဲတိုးတက် ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။

နောက်ပြီးတော့ ငရဲကိုးထပ် ဘုရင်က အစောပိုင်းတုန်းက ဒီအလောင်းကောင် ဘုရင်အသုံးပြုဖို့ အတွက် မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေအားလုံးကို

ယူခဲ့တယ်လို့ ပြောခဲ့ပါတယ်။ ဒီပုံစံ အတိုင်းဆိုရင် မြေအောက်ကျွှမှာ ရေကန်ငယ်က အချိန်တိုတိုလေး အတွင်းမှာ နောက်ထပ် ရေတွေကို ထောက်ပံ့ပေးနိုင်ဦးမှာ မဟုတ်ပါဘူး။

"ကဲကဲ အားလုံးပဲ တိုက်ခိုက်ချင်ကြသေးလား"

ငရဲကိုးထပ် ဘုရင်က ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့လေသံက သာမန်ဆိုပေမဲ့ သူ့အသံထဲမှာ ဂုဏ်ယူဂုဏ်ကြွှားမှုတွေကို ကြားနိုင်ပါတယ်။

သူ့အနေနဲ့ ဒီလိုမျိုး ခံစားဖို့ အကျိုးသင့် အကြောင်းသင့် ရှိပါတယ်။

အလောင်းကောင် ဘုရင်ရဲ့ ခန္ဓာကိုယ်က ကျုံ့လာပြီး သုံးမီတာလောက်ပဲ ကျန်တော့ပြီး သာမန်လူ တစ်ယောက်ထက် တဂက်လောက်ပဲ မြင့်ပါတော့တယ်။ မျက်လုံးဆယ့်ငါးလုံးက ရတ်တရက် ပွင့်လာပြီး မကောင်းဆိုးဝါး ချီတွေက အဲဒီကနေ ပန်းထွက်လာပြီးတော့ မြေအောက်ကျွှမှာကနေ ငရဲသားတွေ ထွက်ပေါ်လာပြီးတော့ ဒီကျွှမှာကြီးကို သေခြင်းတရားတွေ သယ်ဆောင်လာသလိုမျိုး ဖြစ်နေပါတယ်။

“မင်းက အလောင်းတစ်ထောင်ဂိုဏ်းကို မျိုးသုန်းကွယ်ပျောက်သွားအောင် သယ်ဆောင်လာတဲ့ လူပဲ”

မြွေသားရဲဘုရင်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

“ငါတို့ ဂိုဏ်းကြီးငါးဂိုဏ်းမှာ လျှို့ဝှက်ချက်တွေ မရှိတော့ဘူးလို့ မင်းထင်နေတာလား။ ဒါက မျက်လုံး ဆယ့်ငါးလုံးလေးပဲဟာ။ တကယ်လို့ မျက်လုံးဆယ့်ရှစ်လုံး ဆိုရင်တောင် အဲဒါကို သတ်ပစ်ဖို့ နည်းလမ်းတစ်ခု ရှိနေသေးတယ်”

“ဟားဟားဟား ဒါဆိုရင် ဒီအရှင်သခင်က စောင့်ကြည့်နေရမှာပေါ့”

ငရဲကိုးထပ် ဘုရင်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

“တကယ်လို့ အကြံပေးစာ မရှိတော့ဘူးဆိုရင် ဒီအရှင်သခင် သွားတော့မယ်။ ငါ့မြေးက ငါနဲ့အတူ ညစာစားဖို့ ငါ့ကို စောင့်နေတယ်”

သူ့ရဲ့ရန်စတဲ့ စကားကို ကြားပြီးတော့ ဓားဘုရင်နဲ့

ကျန်တဲ့လူနှစ်ယောက်ကို ကြည့်ရတာ မျက်နှာသိပ်မကောင်းပါဘူး။

"ငရဲကိုးထပ် ဘုရင် မင်းပေးထားတဲ့ ကတိကို သတိရပါ"

အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က ပြောလိုက်ပါတယ်။ ငရဲကိုးထပ် ဘုရင်က ပြန်မဖြေရသေးခင် သူကချာခန် လှည့်ပြီးတော့ ထွက်သွားပါတယ်။ ခြေတစ်လှမ်းက မိုင်ပေါင်းများစွာ ရောက်သွားပြီး ခြေလှမ်းအနည်းငယ် အတွင်းမှာ အစအနတောင် မကျန်အောင် ပျောက်ကွယ်သွားခဲ့ပါတယ်။

ငရဲကိုးထပ် ဘုရင်က သူ့ပါးစပ်ကို စုပ်ပြီးတော့ ထူးဆန်းတဲ့ အသံတစ်ခုကို ပြုလိုက်ပြီး အလောင်းကောင် ဘုရင်ကို ခဏလောက် စိုက်ကြည့်ပြီးတဲ့ နောက်မှာ ၎င်းရဲ့အမူအရာက တောင့်သွားသလို ဖြစ်ပြီးတော့ ငရဲကိုးထပ် ဘုရင်ဆီကို ရုပ်သေးရုပ် တစ်ရုပ်လိုမျိုး လျှောက်လာခဲ့ပါတယ်။

တိုက်ပွဲက နောက်ဆုံးမှာတော့ အဖြေထွက်ပေါ်လာပြီး အလောင်းတစ်ထောင် ဂိုဏ်းက ပြတ်ပြတ်သားသား အနိုင်ယူပြီး အဆုံးသတ် သွားခဲ့ပါတယ်။

ဒါပေမဲ့ ဒါအမှန်သာဆိုရင် ဘယ်လိုလုပ်ကြမလဲ။

အလောင်းကောင် ဘုရင်က ရုတ်တရက် ရပ်ပြီးတော့ တစ်နေရာရာကို လှည့်ကြည့်လိုက် ပါတယ်။

ငရဲကိုးထပ် ဘုရင်လည်း အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ဘာတွေဖြစ်ကုန်ပြီလဲ။ သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာ အလောင်းကောင် ဘုရင်က သူနောက်တစ်ကြိမ် လွှတ်မပေးမချင်း သူ့အသိဉာဏ် ပြန်မရသင့်ပါဘူး။

ဓားဘုရင်နဲ့ ကျန်တဲ့ နှစ်ယောက်ကလည်း တစ်စုံတစ်ခု မှားနေပြီဆိုတာကို ရှာဖွေတွေ့ရှိသွားပြီး အလောင်းကောင်ဘုရင် ကြည့်နေတဲ့ နေရာကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။

တောအုပ်အထဲကနေ ခေါင်းတလား သုံးခုက ထွက်ပေါ်လာခဲ့ပါတယ်။

ဘုန်း ဘုန်း ဘုန်း။

အလောင်းကောင် ဘုရင်က ၎င်းရဲ့တာဝန် ရုတ်တရက် ပြောင်းလဲသွားသလိုမျိုးနဲ့ ခေါင်းတလား သုံးခုဆီကို

လျှောက်သွားလိုက်ပါတယ်။

"အသက် သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေ"

ငရဲကိုးထပ် ဘုရင်က ရုတ်တရက် ထိတ်လန့်သွားပြီးတော့မှ ကျေနပ်အားရတဲ့ အမူအရာ ဖြစ်လာခဲ့ပါတယ်။ သူ့အနေနဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖိုးထိုက်တန်ဆုံး ရတနာဖြစ်တဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို သိပါတယ်။ ဒီကမ္ဘာကြီးပေါ်မှာ နောက်တစ်ကြိမ် ပြန်ပြီးတော့ မြင်တွေ့ရလိမ့်မယ်လို့ သူ့အနေနဲ့ လုံးဝကို မမျှော်လင့်ထားမိခဲ့ပါဘူး။ ပြီးတော့ ဒီအလောင်းကောင် ဘုရင်တောင်မှ သူတို့ကြောင့် ပူပန်နေရပုံ ပေါ်ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းမှာ အဖိုးထိုက်တန်ဆုံး ရတနာသုံးခု ရှိပါတယ်။ အဲဒီအထဲမှာ မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေကန်က အလောင်းကောင် စစ်သားတွေရဲ့ ဆင့်ကဲတိုးတက် ပြောင်းလဲမှုကို အရှိန်မြှင့်တင်ပေးနိုင်ပါတယ်။ ပြီးတော့ နတ်ဆိုးအော်သံ ဆေဘာဓားက အရမ်းကို အစွမ်းထက်တဲ့ လက်နက်တစ်ခု ဖြစ်ပြီးတော့ နတ်ဆိုးအော်သံ ဆေဘာဓားနဲ့ သတ်ဖြတ်ခံရတဲ့ သက်ရှိစိတ်ဝိညာဉ်တွေကို အလောင်းကောင်

စစ်သားတစ်ကောင်အဖြစ် ပြောင်းလဲပစ် ပါလိမ့်မယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေက အဆုံးမရှိတဲ့ အလောင်းချီ စွမ်းအင်ကို ပေးနိုင်ပါတယ်။ ဒါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေနဲ့ အလောင်းကောင် စစ်သားတွေအတွက် စွမ်းအင်အရင်းအမြစ် ဖြစ်ပါတယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေနဲ့ မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေကို အတူတကွ ပေါင်းလိုက်မယ်ဆိုရင် အလောင်းကောင် စစ်သားတစ်ယောက်ရဲ့ ကြီးထွားဖွံ့ဖြိုးမှု အရှိန်အဟုန်ကို အံ့အားသင့်စရာကောင်းတဲ့ အဆင့်ထိအောင် မြှင့်တင်ပေး နိုင်ပါတယ်။

အလောင်းကောင် ဘုရင်က စိတ်ဂင်စားသွားတာ အံ့သြစရာ မရှိတော့ပါဘူး။ အလောင်းကောင် စစ်သားတွေ အတွက်တော့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေက ငြင်းရက်စရာမရှိအောင် စွဲမက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ အလောင်းကောင် စစ်သားမှ မဟုတ်ပါဘူး။ အလောင်းချီကို ကျင့်ကြံအားထုတ်တဲ့ ဘယ်သူမဆို အသက်သုံးချောင်း အလောင်းကောင်

ခေါင်းတလားရဲ့ ဆွဲဆောင်မှုကို မခုခံနိုင်ကြပါဘူး။ ပြီးတော့ ငရဲကိုးထပ် ဘုရင်တောင်မှ အဲဒီထဲကို သူကိုယ်တိုင် ဒိုင်ဗင်ပစ် ဂင်ချင်နေခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို ပိုင်ဆိုင်ထားတဲ့ ဒီလူက ဒီနေရာကို ဓားပြတိုက်ဖို့ လာခဲ့တာ ဖြစ်ပြီးတော့ အလောင်းကောင် ဘုရင်ကို အဝေးသယ်ယူသွားဖို့ ရည်ရွယ်ထားပုံ ရပါတယ်။

မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်ကို ပုံဖော်ဖို့အတွက် နှစ်ထောင်ပေါင်းများစွာ လိုအပ်ပြီး ၎င်းရဲ့ဆင့်ကဲ တိုးတက်ပြောင်းလဲမှု ပြီးပြည့်စုံအောင် မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေခမ်းတဲ့အထိ အသုံးပြုခဲ့ရပါတယ်။ ဒါပေမဲ့အခုတော့ တစ်စုံတစ်ယောက်က ခိုးသွားချင် နေတာလား။

ငရဲကိုးထပ် ဘုရင်က သိသိသာသာနဲ့ ခွင့်ပြုမှာ မဟုတ်ပါဘူး။

သူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေဆီကို တစ်ဟုန်ထိုး ပြေးဂင်သွား ခဲ့ပါတယ်။ သူက အလောင်းကောင် ဘုရင်ကို ပြန်ယူဖို့ သွားရုံတင်မက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို

အလောင်းတစ်ထောင် ဂိုဏ်းဆီကို ပြန်သယ်သွားပြီး ရတနာသုံးခုလုံး ပြန်ပေါင်းစုံဖို့ ဖြစ်ပါတယ်။ ဒီလိုသာဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းအတွက် ရှေးဟောင်းအချိန်တွေတုန်းက သူတို့ရဲ့ အောင်မြင်မှုတွေ ပြန်လည်ရရှိဖို့ မခက်တော့ပါဘူး။

"ဟီးဟီး ငရဲကိုးထပ်ဘုရင် မင်းဘယ်နေရာကို အလျင်စလိုနဲ့ သွားနေတာလဲ"

မြွေသားရဲဘုရင်က သူ့အရှေ့မှာ ပေါ်လာပြီး ငရဲကိုးထပ် ဘုရင်ရဲ့ လမ်းကြောင်းကို ပိတ်ထားလိုက် ပါတယ်။

ငရဲကိုးထပ် ဘုရင်က နောက်ဆုံးတော့ သူ့ရဲ့တည်ငြိမ်အေးဆေးမှု ပျောက်ဆုံးသွားပြီး သူ့ဓားကို မြှောက်ကာ အော်ဟစ်လိုက်ပါတယ်။

"လမ်းဖယ်ပေးစမ်း"

"အိုး အရမ်းကို ကြမ်းနေပါ့လား။ တိုက်ချင်လို့လား။ ငါအကောင်းဆုံး ကြိုးစားပြီးတော့ မင်းနဲ့ ပူးပေါင်းပေးပါမယ်"

ဓားဘုရင်ကလည်း သူ့ဓားကို မြှောက်ပြီးတော့ ငရဲကိုးထပ်

ဘုရင်ရဲ့ လမ်းကြောင်းကို တားဆီး လိုက်ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းမှာ အတွင်းရေး ပြဿနာတွေ ရှိနေတာလား။ အရမ်းကောင်းတယ်။ သူတို့အနေနဲ့ ဒီလိုမျိုး ပြောင်းလဲမှု တစ်ခုကို လိုအပ်ပါတယ်။

Chapter 675 end

အပိုင်း(၆၇၆) မင်းကိုသေအောင် ကျိန်စာတိုက်မယ်

တကယ်လို့ လင်းဟန်က အပေါ်ကို ပျံတက်ပြီးတော့ မိုးကောင်းကင်ပေါ်ကနေ ကြည့်လိုက်မယ် ဆိုရင်တော့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို မြင်လိုက်တာနဲ့ သူငယ်ချင်းဟောင်းကြီးတစ်ယောက် ရောက်လာပြီ ဆိုတာကို သိပါလိမ့်မယ်။

ရုံပွမ်ရှမ်။

ဒီကောင်က တကယ့်ကို မလေးမစားနဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တချို့ရဲ့ အရှေ့မှာ မထီလေးစား လုပ်ဝံ့ပါတယ်။ ဒါပေမဲ့လည်း သူက တကယ်ကို အောင်မြင်သွားပြီး မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်က သူ့အတွက်တော့ ကမ္ဘာကြီး တစ်ခုလုံးကို

နင်းချေပစ်ဖို့ လုံလောက်ပါလိမ့်မယ်။

နောက်ပြီးတော့ သူ့မှာ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေလည်း ရှိနေပါသေးတယ်။ အဲဒီခေါင်းတလားတွေက အလောင်းကောင် ဘုရင်ကို အဆုံးမရှိ အသွင်ပြောင်းလဲဖို့ ကုန်ကြမ်းပစ္စည်းတွေနဲ့ တူပါတယ်။ မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေပဲ မရှိတာ ဖြစ်ပါတယ်။

ဒါက ကြောင်လက်သည်း ဖွက်ထားသလိုမျိုးနဲ့ တူပါတယ်။

"လမ်းဖယ်ပေးစမ်း"

ငရဲကိုးထပ် ဘုရင်က ဒေါသကြောင့် မျက်နှာနီရဲလာပြီး နတ်ဆိုးအော်သံ ဆေဘာဓားကို ဓားဘုရင်နဲ့ တခြားလူတွေဆီကို ဝှေ့ယမ်းလိုက်ပါတယ်။

"ငရဲကိုးထပ်ဘုရင် နင်က အသက်ရှင်ရတာ ငြီးငွေ့လာလို့ ငါတို့သုံးယောက်ကို တစ်ယောက်တည်းနဲ့ ရင်ဆိုင်ဖို့ ကြိုးစားနေတာလား"

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက လှောင်ပြောင်ပြောဆို

လိုက်ပါတယ်။

အစောပိုင်းတုန်းက အလောင်းတစ်ထောင်ဂိုဏ်းမှာ အလောင်းကောင်ဘုရင် ခုနစ်ကောင်နဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်က ဘေးနားမှာ ရှိနေတာကြောင့် ဘက်ညီနေပါတယ်။ ဒါပေမဲ့ အခုတော့ ငရဲကိုးထပ် ဘုရင်တစ်ယောက်ပဲ ကျန်နေတာတောင် သူက မိုးကောင်းကင်ကို လှန်ပစ်ချင်နေတာလား။

ငရဲကိုးထပ် ဘုရင်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေက ပြဿနာကို ဖိတ်ခေါ်မိမှာ မကြောက်ဘူးလား။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေက ထောက်ပံ့ပေးတဲ့ အလောင်းချီနဲ့ဆိုရင် အဲဒီအလောင်း ဘုရင်က မျက်လုံးဆယ့်ရှစ်လုံး အဆင့်ကို အများဆုံး နှစ်အနည်းငယ် အတွင်းမှာပဲ အဆင့်တက် သွားလိမ့်မယ်။ ဒီအရှင်သခင်က အဆိုးဝါးဆုံး အနေနဲ့ နောက်ထပ် သချိုင်းတွေ တူးဖော်ပြီး နောက်အလောင်းကောင် ဘုရင်တစ်ကောင်ကို ပြုစုပျိုးထောင်ပေးရရုံပဲ ရှိမှာပေါ့"

"ဟီးဟီး ဒါဆိုရင်လည်း ထိုင်ပြီးတော့ စောင့်ကြည့်နေလိုက်ပေါ့ ငရဲကိုးထပ် ဘုရင်ရာ"

မြွေသားရဲဘုရင်က ရယ်မောလိုက်ပြီး အဲဒါက ငရဲကိုးထပ် ဘုရင်ကို ရန်စနေတယ်ဆိုတာ မြင်သာပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက အတွင်းပိုင်းမှာ နစ်ခြမ်းကွဲနေတယ်ဆိုတာ သိသာထင်ရှား ပါတယ်။ သူတို့အနေနဲ့ ဒါကိုတွေ့မြင်ရတာ အတော်လေး အားရပျော်ရွှင်ပြီး နစ်ဖက်စလုံးရဲ့ အင်အားက ပိုပြီးတော့ ညီမျှလာပြီး အထူးသဖြင့် အဆုံးသတ်မှာ တိုက်ခိုက်ကြပြီး နစ်ဖက်စလုံး အကြီးအကျယ် ထိခိုက်ပျက်စီးသွားမယ်ဆိုရင် ပိုတောင်ကောင်းပါသေးတယ်။ သူတို့က အရှုပ်တွေကို သန့်ရှင်းပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းကို အမြစ်ဖြုတ် သုတ်သင်ပစ် လိုက်ရုံပါပဲ။

ငရဲကိုးထပ် ဘုရင်က အလျင်စလို ဖြစ်နေပေမဲ့ လက်ရွေးစင် သုံးယောက်ရဲ့ အတူတကွ တားဆီးထားမှုကြောင့် သူ့အနေနဲ့ ဒီဝိုင်းရံထားမှုကို မချိုးဖောက် နိုင်ပါဘူး။

အလောင်းကောင်ဘုရင် ခုနစ်ကောင်ကလည်း မိုးပြာဖီးနစ် နတ်မိမယ် ကေရီကြောင့် ပြင်းပြင်းထန်ထန်

ဒဏ်ရာရထားပါတယ်။ သူတို့အတွက် အချိန်လိုပါသေးတယ်။ ပြီးတော့ ဒီနေ့ခေတ်ရဲ့ အသန်မာဆုံး လက်ရွေးစင်တွေထဲက တစ်ယောက်ကို ယှဉ်ပြိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်ကလည်း ထွက်သွားပြီး သူတစ်ယောက်တည်း ကျန်ခဲ့ပါပြီ။ သူ့ဆီမှာ ဝှက်ဖဲတစ်ခု ကျန်နေသေးပေမဲ့ ဒီအခြေအနေကို ကူညီပြီးတော့ သူ့ကို ဖြေရှင်းပေးနိုင်စွမ်း မရှိသေးပါဘူး။

သူဘာလုပ်သင့်လဲ။

"ဟားဟားဟားဟား"

အောက်မှာရှိတဲ့ ရုံဟွမ်ရှမ်က ကြေးနီခေါင်းတလားထဲကနေ ခုန်ထွက်လာခဲ့ပါတယ်။ ရောမ အလောင်းကောင် ဘုရင်က ရောက်လာခဲ့ပြီး ကြေးနီခေါင်းတလားထဲကို ဝင်သွားခဲ့ပါတယ်။ ခေါင်းတလားထဲက အဆုံးမရှိ အလောင်းချီ စွမ်းအင်လှိုင်းတွေက အလောင်းကောင် စစ်သားတွေ အတွက်တော့ ငြင်းရက်စရာ မရှိအောင် ဆွဲဆောင်နိုင်လွန်းပါတယ်။

အချိန်အတိုင်းအတာ တစ်ခုလောက် မွန်းမံသန့်စင်ပြီးသွားရင် ဒီရောမ အလောင်းကောင် ဘုရင်က သူ့ရဲ့အမိန့်တွေကို

လိမ်လိမ်မာမာနဲ့ နာခံရပါလိမ့်မယ်။

အလောင်းတစ်ထောင်ဂိုဏ်းက အလောင်းကောင်တွေကို ထိန်းချုပ်တဲ့ နေရာမှာ ဆရာတစ်ဆူ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါနဲ့ ပတ်သက်ပြီး နည်းနည်းလေးမှ ပြဿနာ မရှိပါဘူး။

ရှံဟွမ်ရှွမ်က သူ့ကိုယ်သူ အားရကျေနပ်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရှိတဲ့ အလောင်းကောင် ဘုရင်တစ်ကောင်ကို ပိုင်ဆိုင်ထားတယ် ဆိုတာက ဒီကမ္ဘာကြီး အထဲမှာ သူ့စိတ်ကြိုက် လုပ်ရှားလို့ ရပါပြီ။ အင်အားကြီး ရှေးဟောင်းဂိုဏ်းငါးဂိုဏ်းတောင် သူ့မျက်လုံးထဲ ထည့်တော့မှာ မဟုတ်ပါဘူး။

"လူငယ်လေး မင်းနဲ့ငါက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေပဲ။ ဘာဖြစ်လို့ ငါနဲ့အတူ အလောင်းတစ်ထောင်ဂိုဏ်းကို မပြန်တာလဲ"

ငရဲကိုးထပ် ဘုရင်က ရုတ်တရက် ပြောလိုက်ပါတယ်။ သူ့အနေနဲ့ ရှံဟွမ်ရှွမ်ကို လှည့်စားပြီး ဂိုဏ်းထဲကို ဝင်ရောက်စေနိုင်ခဲ့ရင် ရှံဟွမ်ရှွမ်ကို သူ့နည်းသူ့ဟန်နဲ့ နှိမ်နင်းပစ်လို့ ရနိုင်တယ် မဟုတ်လား။

"အိုး ဒါဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းထဲမှာ ငါဘာယ်လိုနေရာ ရမလဲ"

ရုံဟွမ်ရှမ်က မျက်လုံးကို ကျဉ်းပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ရည်မှန်းချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

"ဒီအရှင်သခင်က မင်းကို တပည့်တစ်ယောက် အဖြစ်သတ်မှတ်ပေးမယ်။ နောက်ထပ် နှစ်ပေါင်းတစ်ရာ အကြာမှာ ဒီအရှင်သခင်ရဲ့ နေရာကို မင်းက ဆက်ခံပြီး အလောင်းတစ်ထောင် ဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် အသစ် ဖြစ်လာစေရမယ်"

ငရဲကိုးထပ် ဘုရင်က ရုံဟွမ်ရှမ်ရဲ့ ရည်မှန်းချက်တွေကို မြင်ပါတယ်။ ဒါကြောင့် သူ့ကို မက်လုံးတွေ ကတိတွေပေးပြီး ဆွဲဆောင်လိုက်ပါတယ်။

ရုံဟွမ်ရှမ်က မဲ့ရွဲ့ပြီးတော့ ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေ အရတော့ နတ်ဆိုးအော်သံ ဆေဘာဓားရှိတဲ့လူက တာအို စောင့်ရှောက်သူ ကောင်းကင်အရှင်ဖြစ်ပြီး အသက်သုံးချောင်း

အလောင်းကောင် ခေါင်းတလားတွေ ရှိတဲ့လူက ဂိုဏ်းခေါင်းဆောင်သခင် ဖြစ်ရမယ်လေ။ ခင်ဗျားက ကျုပ်ကို ဂိုဏ်းခေါင်းဆောင် အဖြစ် ရှိသေလေးစားသင့်ပြီးတော့ ဂိုဏ်းရဲ့စည်းမျဉ်းစည်းကမ်းတွေအရ တာအို စောင့်ရှောက်သူ ကောင်းကင်အရှင်အဖြစ်နဲ့ တာဂန်ထမ်းဆောင်သင့်တယ်”

ငရဲကိုးထပ် ဘုရင်က မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ ဒီကောင်စုတ်ရဲ့ ရည်မှန်းချက်က အရမ်းကို ကြီးပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် စစ်သည်တော် တစ်ယောက်က အလောင်းတစ်ထောင် ဂိုဏ်းရဲ့ အရှင်သခင် ဖြစ်ချင်နေတာလား။ ဘယ်သူက မင်းကို ယုံကြည်လက်ခံမှာလဲ။ သူက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

“ကောင်လေး။ အရမ်းကြီး စိတ်ကြီးဝင် မနေနဲ့။ လူတွေအတွက် အရေးအကြီးဆုံး အချက်က သူတို့ကိုယ်ပိုင် ခွန်အားကို ကောင်းကောင်းသိပြီး သူတို့ရဲ့ နေရာကို သိနေဖို့ပဲ”

“ဟားဟားဟား အခုကျုပ်မှာ မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်ကို ပိုင်ဆိုင်ထားတယ်။ မကြာခင်မှာပဲ မျက်လုံး ဆယ့်ခြောက်လုံး၊

ဆယ့်ခုနစ်လုံးကနေ ကမ္ဘာကြီးရဲ့ အသန်မာဆုံးဖြစ်တဲ့ မျက်လုံးဆယ့်ရှစ်လုံးထိ တိုးတက်ပြောင်းလဲ လာတော့မယ်။ ကျုပ်ရဲ့ခွန်အားက မလုံလောက် သေးဘူးလား”

ရုံဟွမ်ရှမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

ငရဲကိုးထပ် ဘုရင်က ပြန်ပြီးတော့ မပြောနိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တပည့်တွေက အလောင်းကောင် စစ်သားတွေကို သူတို့ ကိုယ်ပိုင်ခွန်အားရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်တွက်နိုင်ပါတယ်။ ရုံဟွမ်ရှမ်ရဲ့ ကိုယ်ပိုင်ခွန်အားက ပြောပလောက်အောင် မဟုတ်ပေမဲ့ ရောမ အလောင်းကောင် ဘုရင်နဲ့ဆိုရင် သူက ကမ္ဘာကြီးထဲမှာ အသန်မာဆုံးထဲကလို့ အဆင့်သတ်မှတ် နိုင်ပါတယ်။

ရုံဟွမ်ရှမ်ရဲ့ စွန့်စားမှုက တကယ့်ကို ထိုက်တန်ပါတယ်။ ဘာနဲ့သွားတူလဲဆိုရင် ဂဏန်းတစ်ကောင်က နဂါးတံခါးဂိတ်ကို ဖြတ်ကျော်ပြီးတော့ နဂါးတစ်ကောင် ဖြစ်လာတာနဲ့ တူပါတယ်။

“လင်းဟာန်”

ရုံဟွမ်ရှမ်က အော်လိုက်ပါတယ်။

"မင်းဒီမှာ ရှိတယ်ဆိုတာကို ငါသိတယ်။ သတ္တိရှိရင် ထွက်လာပြီးတော့ တစ်ပွဲတစ်လမ်း အကဲစမ်းရဲလား"

သူအမုန်းဆုံး လူတွေထဲမှာ လင်းဟာန်က နံပတ်တစ် ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီအစွမ်းထက်တဲ့ အလောင်းကောင် ဘုရင်ကို ရရှိပြီးတဲ့နောက်မှာ လင်းဟာန်ကို တိုက်ခိုက်ဖို့ စိန်ခေါ် လိုက်ရတာပဲ ဖြစ်ပါတယ်။

လင်းဟာန်လိုမျိုး လူငယ်မျိုးဆက်ထဲက လူတစ်ယောက်ကို အသာထားဦး။ သူ့အနေနဲ့ ဓားဘုရင်နဲ့ မိုးပြာဖီးနစ် နတ်မိမယ် ဇကေရီတို့လို လူတွေကိုတောင်မှ မမှုပါဘူး။

"လင်းဟာန်လား"

"လင်းဟာန်က ဘယ်သူလဲ"

ပတ်ဂန်းကျင်မှာ အားလုံးက တီးတိုးတီးတိုးနဲ့ မေးမြန်းဆွေးနွေးနေကြပေမဲ့ မကြာခင်မှာ တစ်စုံတစ်ယောက်က လင်းဟာန်ရဲ့ အကြောင်းကို ထုတ်ဖော်ပြောလိုက်ပါတယ်။ ကောင်းကင်အဆင့်

မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်သလို နတ်ဘုရား တစ်ပါးရဲ့ ရတနာသိုက် တည်နေရာကိုပါ ရရှိထားတဲ့ လူတစ်ယောက်။ တကယ်လို့ ဂမ်ရီကျန်းက အင်အားကြီးဂိုဏ်းငါးဂိုဏ်းဆီကို နတ်ဘုရား ရတနာသိုက် တည်နေရာကို အရင်ဆုံး မပြောပြခဲ့ဘူးဆိုရင် လင်းဟန်က အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အမဲလိုက်ခြင်းကို ခံရပါလိမ့်မယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေက အရမ်းကို အဆင့်အတန်း မြင့်မားပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်လိုလုပ်ပြီး အင်အားကြီး ငါးဂိုဏ်းကို ကျော်လွန်နိုင်မှာလဲ။

ကမ္ဘာကြီး တစ်ခုလုံးက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ လက်ထဲမှာ ရှိပါတယ်။

လင်းဟန်က ပျော်ရွှင်ဂမ်းမြောက်စွာနဲ့ ကြည့်လိုက်ပါတယ်။ အစောပိုင်းတုန်းက သူက ဇရာမ အလောင်းကောင် ဘုရင်ရဲ့ ကျိုးပဲ့နေတဲ့ အရိုးအပိုင်းအစ သုံးခုကို ရှာတွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ဒီအရိုးအပိုင်းအစတွေက သိပ်မကြီးပေမဲ့ တိုက်ခိုက်မှု အမျိုးမျိုးရဲ့ တရစပ် တိုက်ခိုက်မှုကြောင့် အစိတ်စိတ် အပိုင်းပိုင်းတွေ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း

လူတစ်ယောက်ရဲ့ ပေါင်အရွယ်အစား ဆိုရင်ပဲ လုံလောက်ပါပြီ။

ခွေးသူတောင်းစားကောင်ကြီး ငါမင်းကို သေအောင်လို့ ကျိန်စာတိုက်ပစ်မယ်။

လင်းဟန်က ကျိုးပဲ့ပျက်စီးနေတဲ့ အရိုးအပိုင်းအစ တစ်ခုကို ကျိန်စာများရဲ့ ပုလင်းထဲကို ထည့်လိုက်ပါတယ်။ ပုလင်းက ကြည့်ရတာ သိပ်ပြီးတော့ မကြီးပေမဲ့ အထဲမှာတော့ အဆုံးအစ မရှိတဲ့ နေရာလွတ်တစ်ခု ရှိပုံရပါတယ်။ အနည်းဆုံးတော့ အရိုးအပိုင်းအစ တချို့ကို လွယ်လွယ်နဲ့ ထည့်လိုက်လို့ ရပါတယ်။ လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့လက်ချောင်းကို သေခြင်းတရားကို ကိုယ်စားပြုတဲ့ ဖျက်ဆီးခြင်း သင်္ကေတ အပေါ်မှာ ဖိနှိပ်လိုက်ပါတယ်။ ပြီးတော့ သင်္ကေတက ချက်ချင်းပဲ တောက်ပလာခဲ့ပါတယ်။

ဟားဟား သင်္ကေတက တောက်ပလာတယ် ဆိုမှတော့ ဒီဧရာမ အလောင်းကောင် ဘုရင်က သေဖို့သေချာနေပါပြီ။

လင်းဟန်က ပြုံးပြီးတော့ ကောင်းကင်ထက်ပေါ် လွှားခနဲ ခုန်လိုက်ပြီး ပြောလိုက်ပါတယ်။

"ရုံဟွမ်ရှမ် ငါဒီမှာ ရှိနေတယ်လေ။ လာခဲ့စမ်းပါကွ"

"မင်းကတကယ်ပဲ ရုပ်လုံးပြဖို့တယ်ပေါ့လေ"

ရုံဟွမ်ရှမ်က အထိတ်တလန့် ဖြစ်သွားပြီးမှ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းက သတ္တိကောင်းတာလား ရူးနေတာလား ဆိုတာကိုတောင် ငါမပြောတတ်တော့ဘူး။ ဒါပေမဲ့ မင်းက သေဖို့အတွက် ထွက်လာခဲ့တယ် ဆိုမှတော့ ငါမင်းရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့"

ပုန်း။

ခေါင်းတလားထဲကနေ ရောမ အလောင်းကောင် ဘုရင်ကြီးက ထွက်လာခဲ့ပြီး ၎င်းရဲ့ မျက်လုံး ဆယ့်ငါးလုံးကနေ မကောင်းတဲ့ အငွေ့အသက်တွေ ထုတ်လွှတ်နေပြီး လင်းဟာန်ကို ပစ်မှတ်ထား နေပါတယ်။

လင်းဟာန်က မကြောက်ရွံ့တဲ့အပြင် နောက်ပြောင်ပြီး ပြောလိုက်ပါတယ်။

"ဒီလိုမျိုး မကောင်းဆိုးဝါးက ကမ္ဘာကြီးရဲ့ သဟဇာတ ဖြစ်မှုကို ထိခိုက်အောင် လုပ်မယ်ဆိုရင် မိုးကောင်းကင်နဲ့ မြေကြီးရဲ့ အပြစ်ပေးခြင်းကို ခံရလိမ့်မယ်"

"သေစမ်းကွာ"

ရှံဟွမ်ရှမ်က လင်းဟာန်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

ရောမ အလောင်းကောင် ဘုရင်က ချက်ချင်းပဲ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပြီး သူ့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေက ပေါက်ကွဲထွက်လာပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် သူတို့အားလုံးရဲ့ ခွန်အားတွေကို အသုံးချပြီးမှ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ သေခြင်းချီတွေကို ထိပ်တိုက်ရင်ဆိုင် နိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တွေအနေနဲ့ အသတ်ခံလိုက် ရပါလိမ့်မယ်။

ဘုန်း ဘုန်း ဘုန်း။

ပြေးနေတဲ့ အချိန်အတွင်းမှာ ရောမ အလောင်းကောင်

ဘုရင်ရဲ့ နဖူးပေါ်မှာ နောက်ထပ် မျက်လုံးတစ်လုံး ပေါက်ဖွားလာခဲ့ပါတယ်။

ဘာတွေ ဖြစ်ကုန်ပြီလဲ။

မျက်လုံးဆယ့်ငါးလုံးက ရောမ အလောင်းကောင် ဘုရင်ကြီးရဲ့ ရှေးဟောင်း အလောင်းကောင် စွမ်းအားတွေကို နှစ်ထောင်ပေါင်းများစွာ ပေါင်းစပ်တဲ့ အချိန်မှာ ကုန်ခမ်းသွားသင့်ပါပြီ။ ပြီးတော့ သူက သာမန်အလောင်းကောင် စစ်သားတစ်ယောက်ရဲ့ အရွယ်အစားပဲ ရှိပါတော့တယ်။ ဘယ်လိုလုပ်ပြီးတော့ မျက်လုံးဆယ့်ခြောက်လုံး အဖြစ်ကို တိုးတက်ပြောင်းလဲ သွားရတာလဲ။

ဒီပြောင်းလဲခြင်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။ မျက်လုံးဆယ့်ခြောက်လုံး ပေါက်ဖွားလာပြီးတော့ မကြာခင်မှာ မျက်လုံးဆယ့်ခုနစ်လုံးမြောက်က အနောက်ကနေ လိုက်လာပါတယ်။

အားလုံးက အံ့အားသင့်စွာနဲ့ မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။ ငရဲကိုးထပ် ဘုရင်က ကျေနပ်ပျော်ရွှင်

သွားပေမဲ့ မနာလိုလည်း ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအလောင်းကောင် ဘုရင်က သူ့ကိုယ်ပိုင် ဖြစ်သင့်ပါတယ်။ ရုံပွမ်ရှမ် တစ်ယောက်ပဲ ကျယ်လောင်စွာနဲ့ ရယ်မောနေပါတယ်။ ရောမ အလောင်းကောင် ဘုရင်ကြီး ပိုပြီးတော့ သန်မာလာလေ သူက ပိုပျော်ရွှင်ရလေပါပဲ။

မျက်လုံးဆယ့်ရှစ်လုံး။

အလောင်းကောင် ဘုရင်ကြီးက ချက်ချင်းဆိုသလို အလောင်းကောင် ဘုရင်တွေရဲ့ အကန့်အသတ်ကို ရောက်ရှိသွားခဲ့ပြီး မျက်လုံးဆယ့်ရှစ်လုံး အဆင့်ကို တက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ထပ်ခြေတစ်လှမ်း ထပ်ပြီးတော့ လှမ်းလိုက်တဲ့ အခါမှာ ခြေထောက် တစ်ဖက်က ရုတ်တရက် ကျိုးပြီးတော့ ပုပ်သိုးလာပြီး မြေပြင်ပေါ်ကို ဘုန်းခနဲ လဲကျသွား ခဲ့ပါတယ်။

Chapter 676 end

Zawgyi.အပိုင်း(၆၇၇) နတ်ဆိုးကေရာဇ်ရဲ့ နှစ်ဆ

ရောမ အလောင်းကောင် ဘုရင်က ချက်ချင်းပဲ ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ ညာဘက်ကို နောက်တစ်ကြိမ်

လဲပြိုကျသွားပြီး ကျန်တဲ့ခြေတစ်ဖက်လည်း ပျက်စီးသွားပါတယ်။

ငင်းက လက်နှစ်ဖက်ကို အသုံးပြုပြီးတော့ တွားသွားလိုက်ပေမဲ့ လက်မောင်းနှစ်ဖက်လုံး တစ်ဖက်ပြီး နောက်တစ်ဖက် ယိုယွင်းပျက်စီးသွားပြီး ခန္ဓာကိုယ်နဲ့ ခေါင်းပဲ ကျန်ပါတော့တယ်။ ဒါပေမဲ့လည်း ငင်းရဲ့ခန္ဓာကိုယ်ကလည်း လျင်မြန်စွာနဲ့ ပုပ်သိုးဆွေးမြေ့ ပျက်စီးလာပြီး ရင်ဘက်ကနေတဆင့် လည်ပင်း၊ လည်ပင်းကနေတစ်ဆင့် ခေါင်းတစ်ခုလုံးကို ရောက်လာပြီး ပျောက်ကွယ်သွားခဲ့ပါတယ်။

"မဟုတ်ဘူး"

ငရဲကိုးထပ် ဘုရင်နဲ့ ရှုံဟွမ်ရွှမ်တို့ နှစ်ယောက်စလုံး အော်ဟစ်လိုက် ကြပါတယ်။ ဒီလိုမျိုး အစွမ်းထက်လှတဲ့ အလောင်းကောင် ဘုရင်က အခုလိုမျိုး နည်းလမ်းနဲ့ သေသွားခဲ့ပါပြီ။

အလောင်းကောင် ဘုရင်က သူ့သေလမ်းကို သူကိုယ်တိုင် ရှာလိုက်သလိုပါပဲ။ အစောပိုင်းတုန်းက မျက်လုံးဆယ့်ခြောက်လုံးထိ ဆင့်ကဲတိုးတက်ခဲ့ပြီးတော့

ဆယ့်ခုနစ်လုံး ဆယ့်ရှစ်လုံးထိ တရစပ် တိုးတက်လာခဲ့ပြီး ၎င်းရဲ့အမြုတေကနေ အစွမ်းကုန် ထုတ်ယူလိုက်ပုံ ရပြီးတော့ ရေကန်တစ်ခုမှာ ငါးကုန်အောင် မျှားလိုက်သလိုမျိုး အကန့်အသတ်ထိ မြှင့်တင်ပစ်လိုက်ပါတယ်။ အဲဒီအတွက် တန်ရာတန်ကြေးကို ချက်ချင်းပဲ မြင်တွေ့နိုင်ပါတယ်။

၎င်းရဲ့ခန္ဓာကိုယ်က ဒီလိုမျိုး အဆင့်တစ်ခုကို တကယ်တော့ မထောက်ပံ့နိုင်ပဲ တန်းပြီးတော့ ပုပ်သိုးဆွေးမြေ့ သွားခဲ့ပါတယ်။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်စမ်းပါဦး။ မိုးကောင်းကင်က မျှော်လင့်ထားတဲ့ အတိုင်းပဲ ဒါကို သည်းမခံနိုင် ဖြစ်နေတာပဲ။ ရှုံဟွမ်ရွှမ် ဒီကိုလာခဲ့လေ။ ငါတို့တွေ တိုက်ကြတာပေါ့"

အဆင့်တူ တိုက်ခိုက်ရမှာလား။ ရှုံဟွမ်ရွှမ် အနေနဲ့ လင်းဟာန်ကို အနီးကပ် တိုက်ခိုက်ရဲဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။ အဲဒါက သူ့သေလမ်းကို သူရှာတာပဲ ဖြစ်ပါလိမ့်မယ်။ အလောင်းတစ်ထောင် ဂိုဏ်းထဲမှာ တခြားလူတွေထက် နတ်ဆိုးအော်သံ ဆေးဘာဘာကို ကိုင်ဆောင်သူကပဲ သိုင်းပညာ လမ်းကြောင်းပေါ်မှာ

အာရုံစိုက်တာ ဖြစ်ပြီးတော့ တခြားလူတွေ အားလုံးက အထောက်အပံ့အဖြစ် အလောင်းကောင် စစ်သားတွေကို အသုံးပြုခဲ့ကြပါတယ်။ အစွမ်းထက်တဲ့ အလောင်းကောင် စစ်သားတွေရဲ့ အထောက်အပံ့ အကူအညီ မရှိပဲနဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အထင်ကြီးစရာ သိပ်မကောင်းပါဘူး။

ရုံဟွမ်ရှမ်က နာခေါင်းရှုံ့ လိုက်ပါတယ်။ သူက အလောင်းကောင် ဘုရင်ကို ဆုံးရှုံးသွားတာကြောင့် နာကျင်ခံစားနေရပေမဲ့ ဒီအလောင်းကောင် ဘုရင်ကို သူက အချိုအချောင်နဲ့ ရရှိထားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ခဏလောက်ပဲ နာကျင်ခံစားရတာ ဖြစ်ပြီးတော့ နမြောတသ ဖြစ်ရုံပါပဲ။

ဒါပေမဲ့လည်း ငရဲကိုးထပ် ဘုရင်ကတော့ နှလုံးသားတစ်ခုလုံး နာကျင်သလို ခံစားလိုက် ရပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ နှစ်ထောင်ပေါင်းများစွာ ကျိတ်ကြံစည်ခဲ့တဲ့ အကြံက အခုလိုမျိုး အဆုံးသတ်သွားပြီး မြေအောက်ကမ္ဘာ ရေကန်ငယ်ရဲ့ ရေတွေအားလုံးလည်း ကုန်ခမ်းသွားခဲ့ ရပါပြီ။ ဒီလိုမျိုး ကြီးမားတဲ့ တန်ရာတန်ကြေး တစ်ခုကို ပေးဆပ်လိုက်ရပြီး အဆုံးမှာတော့ ဘာမှ ပြန်မရရှိခဲ့တာကြောင့် ဘယ်လိုလုပ်ပြီး သူ့အနေနဲ့

တည်ငြိမ်နေနိုင်မှာလဲ။

ဒါပေမဲ့ လူတွေကတော့ ဒီအလောင်းကောင် ဘုရင်က အမှန်တကယ်ပဲ ဒီလိုမျိုး နည်းလမ်းနဲ့ သေသွားလိမ့်မယ်ဆိုတာကို ဘယ်လိုမှ မယုံကြည်နိုင်ကြပါဘူး။

ထင်မှတ်မထားတာရော မယုံနိုင်တာရော ဘာပြောလို့ ပြောရမှန်းတောင် မသိကြတော့ပါဘူး။

ဘယ်သူကမှ လင်းဟန်ကို သံသယ မဝင်မိကြပါဘူး။

စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိတဲ့ လူတစ်ယောက်က အလောင်းကောင် ဘုရင်ကို အရှုးအမူး ကြီးထွားဖွံ့ဖြိုးလာအောင် လုပ်ပြီးတော့ အဆုံးသတ်မှာ ကိုယ်တိုင်ပဲ ပျက်စီးသွားအောင် လုပ်နိုင်မှာ မိုလို့လား။ မဖြစ်နိုင်ဘူး။

ငရဲကိုးထပ် ဘုရင်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော် တစ်ယောက် ဖြစ်နေမှတော့ သူက ကျင့်သားရနေတဲ့ လူတစ်ယောက်ဆိုတာ ပေါ်လွင်ပါတယ်။ အလောင်းကောင် ဘုရင်ကြီးက ပုပ်သိုးဆွေးမြေ့

ပျောက်ကွယ်သွားပြီး ကယ်လို့မရနိုင်တော့ပါဘူး။ သူက ရုံဟွမ်ရွှမ်ကို စိုက်ကြည့်ပြီး ကြည့်ရဆိုးတဲ့ အပြုံးတစ်ခု ပြုံးလိုက်ပါတယ်။

အဲဒီနောက် သူက အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို သိမ်းပိုက်ရပါမယ်။ ဒီပစ္စည်းတွေရဲ့ တန်ဖိုးက အလောင်းကောင် ဘုရင်အောက် မနိမ့်ကျပါဘူး။

"ငရဲကိုးထပ် ဘုရင် မင်းဘယ်ကို သွားဖို့ စဉ်းစားနေတာလဲ"

သားရဲမြွေဘုရင်က သူ့လမ်းကြောင်းကို ပိတ်လိုက်ပြီး ပြုံးလိုက်ပါတယ်။

ဓားဘုရင်လည်း ရောက်လာပြီး မူလစွမ်းအင်ကို ရောမ လက်ဂါးကြီး တစ်ခုအဖြစ် ပြောင်းပြီးတော့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို ဖြတ်ခနဲ လုယူဖို့ ပြင်ဆင်လိုက်ပါတယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေက အင်အာကြီး ဂိုဏ်းငါးဂိုဏ်းအတွက် အသုံးမဝင်ဘူး ဆိုပေမဲ့ အလောင်းတစ်ထောင်ဂိုဏ်းကို လေပြင်းနဲ့ မှုတ်ထုတ်လိုက်သလိုမျိုး လွင့်ထွက်သွားအောင်

လုပ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အလောင်းတစ်ထောင် ဂိုဏ်းမှာ သူတို့ရဲ့ ရတနာသုံးမျိုး စုစည်းမိသွားရင် ပိုပြီးတော့တောင် ကြောက်စရာ ကောင်းလာပါ လိမ့်မယ်။

ကြည့်ကြည့်လိုက်ပါ။ အလောင်းတစ်ထောင်ဂိုဏ်းက မြေအောက်ကမ္ဘာ ရေကန်ငယ်ကို ရရှိသွားတာနဲ့ မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်တစ်ကောင်ကို ဖန်တီးနိုင်ခဲ့ပါတယ်။ တကယ်လို့ အလောင်းကောင် ဘုရင်က ဆေးစားမများပဲ မျက်လုံးဆယ့်ရှစ်လုံးအထိ တစ်ဟုန်ထိုး အဆင့်မတက်ခဲ့ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ ၎င်းကို ဖျက်ဆီးပစ် နိုင်မှာလဲ။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကလည်း ရေကန်ငယ်ရဲ့ ရေတွေနဲ့ တူပါတယ်။ ဒါကြောင့် အဆင့်မြင့်တဲ့ အလောင်းကောင် ဘုရင်ကို လျင်မြန်စွာနဲ့ မွေးဖွားပေး နိုင်ပါတယ်။ တကယ်လို့ ဒီလိုကြောင့်သာ မဟုတ်ဘူးဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဟိုးအရင်နှစ်ပေါင်း များစွာကတည်းက တန်ဖိုးကြီးကြီးမားမား ပေးဆပ်ပြီးတော့ အလောင်းတစ်ထောင် ဂိုဏ်းကို ဖျက်ဆီးပစ်ခဲ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူတို့တွေက

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ စစ်မှန်တဲ့ အမွေအနှစ်ကို မရှာဖွေနိုင်ခဲ့တာကြောင့် ဒီအင်အားစုက ဆက်လက်ရှင်သန်နေတာ ဖြစ်ပါတယ်။

ဒါကြောင့် ဓားဘုရင်က အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို ထာဝရ တည်တံ့နေဖို့အတွက် အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို ယူချင်နေတယ်ဆိုတာ ပေါ်လွင်နေခဲ့ပါတယ်။

"မင်းဆန္ဒအတိုင်းပေ့ါကွာ"

ငရဲကိုးထပ် ဘုရင်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီးတော့ နတ်ဆိုးအော်သံ ဆေဘာဓားကို ဝှေ့ယမ်းလိုက်ပြီး မြွေသားရဲဘုရင်ဆီကို ထူးထူးဆန်းဆန်းနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ဆေဘာဓား အလင်းရောင်တွေက မိုးကောင်းကင်ကို ထိတ်လန့်စေပြီး ကြည့်ရတာ အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။

ဒီတစ်ကြိမ်တော့ သူ့အလုပ်ကိစ္စ ဖြစ်သွားပါပြီ။ အစောပိုင်းတုန်းက မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ ဖြစ်ဖြစ် မြွေသားရဲ ဘုရင်နဲ့ဖြစ်ဖြစ် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခဲ့တဲ့ သူ့ရည်ရွယ်ချက်က သူတို့ကို အချိန်ဆွဲထားဖို့ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ မြွေသားရဲဘုရင်က သူ့ကို အချိန်ဆွဲနေပြီး တိုက်စစ်ကနေ ခံစစ်ကို ချက်ချင်းကူးပြောင်း လိုက်သလိုပါပဲ။

ငရဲကိုးထပ် ဘုရင်က မာန်သွင်းအော်ဟစ်လိုက်ပြီး နတ်ဆိုးအော်သံ ဆောဘာဓားဆီကနေ ကြောက်စရာကောင်းတဲ့ သေမင်းချီတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဟုမ်း ဟုမ်း ဟုမ်း။ မြွေသားရဲ ဘုရင်ရဲ့ လက်ထဲက ဓားရှည်က ၎င်းရဲ့လက်ထဲကနေ ထွက်သွားတော့ ပုံစံနဲ့ တကယ်ပဲ တုန်ခါလာခဲ့ပါတယ်။

"ဆောဘာဓား နလုံးသား"

မြွေသားရဲ ဘုရင်က မျက်မှောင်ကြုတ် လိုက်ပါတယ်။

"ပြဿနာပဲ"

သိုင်းပညာမှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ပြီးတဲ့ နောက်မှာတော့ တွေ့မြင်ရတာ အများဆုံး ပုံသဏ္ဍာန်က တခြားလူတွေရဲ့ လက်နက်တွေ အပေါ်မှာ လွှမ်းမိုးနိုင်စွမ်း ရှိလာခြင်းပဲ ဖြစ်ပါတယ်။ ပြိုင်ဘက်ဖြစ်သူတွေကို သူတို့ရဲ့ လက်နက်တွေက အသုံးပြုတဲ့ လူတွေကို ပြန်ပြီးတော့ တိုက်ခိုက်ဖို့ ဖိအားပေးခြင်းမျိုး ဖြစ်ပါတယ်။ ဒါက

ဟာသတော့ မဟုတ်ပါဘူး။

မြွေသားရဲ ဘုရင်က သူ့ဓားရှည်ကို သိမ်းလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဓားသိုင်းပညာမှာ ကျွမ်းကျင်သူ တစ်ယောက် မဟုတ်ပါဘူး။ သူ့လက်နှစ်ဖက်ကို လက်သည်းပုံစံ ပြောင်းပြီးတော့ ငရဲကိုးထပ် ဘုရင်ဆီကို ပစ်ဝင်တိုက်ခိုက် လိုက်ပါတယ်။ သူ့လက်တွေကနေ မိုးပြာသတ္တုရောင် တောက်ပနေပြီး နတ်ဆိုးအော်သံ ဆေဘာဓားကို တောင့်ခံနိုင်စွမ်း ရှိပါတယ်။

အောက်မှာတော့ ရှုံဟွမ်ရွှမ်က ထိတ်လန့်မှုကြောင့် မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပြီး အလျင်အမြန်ပဲ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားထဲ ဝင်ပုန်းပြီးတော့ ခေါင်းတလား သုံးခုနဲ့အတူ အောက်ဘက်ကို တိုးပွေ့ဝင်ရောက် သွားခဲ့ပါတယ်။ ရတနာ ခေါင်းတလားသုံးခု အရှေ့မှာတော့ မြေပြင်ကြီးက ရေပြင်လိုမျိုး ဖြစ်သွားပြီး ခေါင်းတလားတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားပြီး မျက်စိနဲ့တောင် မမြင်ရတော့ပါဘူး။

"သူ့ကို ဖမ်းထားလိုက်စမ်း"

ငရဲကိုးထပ် ဘုရင်က ကျယ်လောင်စွာ

အော်ဟစ်လိုက်ပါတ်ယ။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ သူက ဘယ်သူ့ကို အော်လိုက်တာလဲ။

ထူးဆန်းစွာပဲ အနက်ရောင် မီးခိုးတစ်ခုက အဝေးကနေ မျောလွင့်လာပြီး အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေ ပျောက်ကွယ်သွားတဲ့ နေရာကို တိုးဝင်သွားခဲ့ပါတယ်။ ဓားဘုရင်က လှောင်ပြုံးပြုံးပြီးတော့ သူ့ရဲ့ဓားနဲ့အတူ မြေကြီးထဲကို နစ်ဝင်သွားလိုက်ပါတယ်။

သူလည်း အရမ်းကို အစွမ်းထက်ပြီးတော့ ဓားနလုံးသားကို ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်ထားသူ ဖြစ်ပါတယ်။ သူ့လမ်းကြောင်းမှာရှိတဲ့ ကျောက်သားအလွှာတွေက ဘယ်လောက်ပဲ မာကျောနေပါစေ အသေးအဖွဲ့ပါပဲ။ ကျောက်သားအလွှာတွေက ပဲပြားနဲ့ လုပ်ထားသလိုမျိုး သူ့ရဲ့ လှုပ်ရှားမှုတွေကို နည်းနည်းလေးမှ နှေးကွေးသွားအောင်လို့ မတားဆီးနိုင်ခဲ့ပါဘူး။

ဒါပေမဲ့လည်း မမျှော်လင့်ထားမှုတွေက ဖြစ်လာနိုင်တယ် ဆိုသလိုပဲ အနက်ရောင် မြူခိုးကလည်း အရမ်းကို သန်မာတဲ့

လက်ရွေးစင် တစ်ယောက် ဖြစ်နေပါတယ်။

လင်းဟန်က အရမ်းကို စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ ဒါက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ဖြစ်ပါတယ်။

ဒီခံစားချက်က အရမ်းကို ရင်းနှီးနေပါတယ်။ နတ်ဆိုးချီတွေနဲ့ သူက အကြိမ်ပေါင်းများစွာ ထိတွေ့ဆက်ဆံ ခဲ့ဖူးပါတယ်။ ဒါပေမဲ့လည်း ဒါက နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေထဲမှာ သူဖိနှိပ်ခဲ့တဲ့ နတ်ဆိုးကေရာဇ် မဟုတ်ပဲ တစ်ခြားနေရာကနေ လာခဲ့တဲ့ တစ်ကောင် ဖြစ်ပါတယ်။

နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေထဲက နတ်ဆိုးကေရာဇ်ကတော့ လင်းဟန်ရဲ့ လှည့်စားမှုကို ခံလိုက်ရပါတယ်။ ပြီးတော့ လုံးဝကို လှုပ်ရှားလို့ မရနိုင်တော့ပါဘူး။ ဒါပေမဲ့ နတ်ဆိုးကေရာဇ်နဲ့ ချွတ်စွပ်တူတဲ့ တခြားရှစ်ယောက်ကို ကျန်တဲ့လျှို့ဝှက်ဆန်းကြယ် နယ်မြေရှစ်ခုမှာ ထိန်းချုပ်ထားဆဲ ဖြစ်ပါတယ်။ နတ်ဆိုးကေရာဇ်က သတ်လို့မရနိုင်အောင် အစွမ်းထက်ပြီး အစိတ်အပိုင်း ကိုးခုအဖြစ် ဖိနှိပ်ထိန်းချုပ် ထားခဲ့ရပါတယ်။ အခု တကယ်လို့ တစ်ပိုင်းထွက်လာခဲ့မယ် ဆိုရင်တောင် အရမ်းကို ကြောက်စရာ ကောင်းနေပါလိမ့်မယ်။

ရုံပွမ်ရွှမ်ရဲ့ ကိုယ်ထဲကို ဂင်ရောက်ပူးကပ်ခဲ့တဲ့ ပထမ တစ်ယောက်နဲ့ မတူပဲ ဒီနတ်ဆိုးက ပိုပြီးတော့တောင် အစွမ်းထက်ပြီး စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေပြီး ငရဲကိုးထပ် ဘုရင်က သူ့ရဲ့နောက်ဆုံး ပုက်ဖဲအဖြစ် အသုံးပြုခဲ့ပါတယ်။

နောက်ပြီး အစွမ်းထက်တဲ့ အလောင်းကောင် ဘုရင်ရဲ့ အရိုးစု ရုပ်ကြွင်းကို နတ်ဆိုးကေရာဇ်ရဲ့ ဂိညာဉ်အတွက် အသုံးပြုလို့တောင် ရပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့လိုမျိုး တည်ရှိမှု တစ်ခုက ဘယ်အရာတွေ အပေါ်မှာမဆို ပူးကပ်လှုပ်ရှားနိုင်ပါတယ်။

ဓားဘုရင်က နတ်ဆိုးကေရာဇ်နဲ့ ထိပ်တိုက်ရင်ဆိုင်နေပြီး ဘယ်သူက ပိုပြီးတော့ သန်မာမလဲ။

အချိန်ခဏလေး အတွင်းမှာ ဓားဘုရင်က မြေကြီးထဲကနေ ခွဲထွက်လာပြီး သူ့ခေါင်းကိုခါကာ ပြောလိုက်ပါတယ်။

"ထူးခြားဆန်းကြယ်တဲ့ လူတစ်ယောက်ရဲ့ တားဆီးမှုကြောင့် အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို ကြားဖြတ်ယူဖို့ မလုပ်နိုင်ခဲ့ဘူး"

ငရဲကိုးထပ် ဘုရင်က အတော်လေး စိတ်ပျက်သွားခဲ့ပေမဲ့ သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်ပါတယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားတွေကို အင်အားကြီး ဂိုဏ်းငါးဂိုဏ်း လက်ထဲကနေ ပြန်ယူရတာနဲ့ ရှုံဟွမ်ရှမ်ရဲ့ လက်ထဲကနေ ပြန်ယူရတာက ခက်ခဲမှုခြင်း လုံးဝကို ကွဲပြားခြားနားပါတယ်။

"ဟီးဟီး အားလုံးပဲ နောက်မှပဲ ပြန်ဆုံကြတာပေါ့"

ငရဲကိုးထပ် ဘုရင်က နတ်ဆိုးအော်သံ ဆေဘာဓားကို ပြန်သိမ်းပြီးတော့ ချာခနဲ လှည့်ထွက် သွားခဲ့ပါတယ်။

သူတို့တွေက အတူတကွ ပူးပေါင်းပြီး ငရဲကိုးထပ် ဘုရင်ကို သတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီအဆင့်ကို ရောက်လာတဲ့ လက်ရွေးစင် တစ်ယောက်က ဘယ်လိုပဲ ဖြစ်ဖြစ် သူ့နဲ့အတူ မြေကြီးထဲကို တစ်ယောက်တော့ အပါခေါ်သွားနိုင်စွမ်း ရှိပါတယ်။ သူတို့ထဲက ဘယ်သူမှ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် မလိုအပ်ပဲနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေက သေခြင်းရှင်ခြင်း တိုက်ပွဲတစ်ခုကို ဘယ်တော့မှ

တိုက်ခိုက်လိမ့်မှာ မဟုတ်ပါဘူး။

"ကမ္ဘာကြီးကတော့ ကစဉ့်ကလျား ဖြစ်တော့မှာပဲ"

ဓားဘုရင်က ပျင်းရိပြီးငွေ့စွာနဲ့ ပြောလိုက်ပါတယ်။

မိုးပြာဖီးနစ် နတ်မိမယ် ကောရီနဲ့ မြွေသားရဲ ဘုရင်တို့က ဘာကောက်ချက်မှ မချပေမဲ့ သူတို့ရဲ့ အမူအရာတွေက သတိဂီရိယ အပြည့်နဲ့ ဖြစ်နေပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ပြန်လည်ထွက်ပေါ်လာမှု၊ အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါ အစီအရင်က တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ထွက်ပေါ်လာမှုနဲ့ စောစောက မကောင်းဆိုးဂါး အငွေ့အသက်တွေ ပြည့်နှက်နေတဲ့ ထူးခြားဆန်းကြယ်တဲ့ လူတစ်ယောက် ထပ်ပြီးတော့ ပေါ်လာခဲ့ပါတယ်။ လောကဘုံ ဆေးလုံးကို မွန်းမံသန့်စင်မှု စတင်ဖို့ နှစ်ပေါင်းတစ်ရာ နှစ်ရာပဲ လိုပါတော့တယ်။ ဒီလက်ရွေးစင်တွေ အားလုံးက ဒီကိစ္စကို ပြောင်းလဲနိုင်စွမ်း ရှိကြပါတယ်။

Chapter 677 end

Zawgyi.အပိုင်း(၆၇၈) သင်တန်းကျောင်းကို ဝင်ရောက်ခြင်း

"စမ်းသပ်စစ်ဆေးမှု ပထမအဆင့်ကို ဖြတ်ကျော်နိုင်တဲ့သူတိုင်း ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းမှာ သတင်းပို့နိုင်တယ်"

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက အောက်ကိုငုံ့ပြီးတော့ စကားအနည်းငယ် ပြောလိုက်ပြီး သူမရဲ့ ခန္ဓာကိုယ်ကို ခါလိုက်ပြီး ပေါ့ပါးဖျတ်လက်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဓားဘုရင်နဲ့ မြွေသားရဲ ဘုရင်တို့လည်း သူမအနောက်ကနေ လိုက်သွားခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ ဖိအားတွေက နောက်ဆုံးတော့ ပျောက်ကွယ်သွားခဲ့ပြီး အားလုံးက ချက်ချင်းဆိုသလို အသက်ရှူရတာ ပိုမိုချောမွေ့ လွယ်ကူလာသလို ခံစားလိုက် ရပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ တော်တော်များများက စောစောတုန်းက မြင်ကွင်းထဲမှာ ရှိနေတာကြောင့် အားလုံးက သူတို့နှလုံးသားတွေ အပေါ်မှာ ကျောက်တုံး တစ်တုံးနဲ့ ဖိနှိပ်ထားသလိုမျိုး ခံစားနေကြရပြီး အသက်ကို မနည်းရှူနေရပါတယ်။

"သွားကြစို့။ ငါတို့တွေ သင်တန်းကျောင်းကို သွားကြမယ်"

လင်းဟန်က ပြန်ရောက်လာခဲ့ပါတယ်။ ဘယ်သူကမှ သူဘာလုပ်လဲ ဆိုတာကို မသိပါဘူး။

ကျိန်စာများရဲ့ ပုလင်းအကြောင်းကို ဖုံးကွယ်ထားပြီး သူ့အနေနဲ့ ဘယ်သူ့ကိုမှ မသိစေချင်ပါဘူး။ မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်တစ်ကောင်ကိုတောင် သေအောင်လို့ ကျိန်စာတိုက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်တွေက ဒီကျိန်စာသင့် ပုလင်းကို မကြောက်ရွံ့ပဲ နေမှာလား။ ဒါပေမဲ့လည်း အလောင်းကောင် ဘုရင်ကို ကျိန်စာတိုက်ရတာ အရမ်းကို လွယ်ကူနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ၎င်းမှာ မွေးဖွားရာ ဇာတာခွင်ကောင်းတစ်ခု ရှိမနေပါဘူး ဒါပေမဲ့ ဒီလက်ရွေးစင်တွေကတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ထိ ကျင့်ကြံနိုင်စွမ်း ရှိနေပြီး သူတို့ထဲက ဘယ်သူကများ ကောင်းမွန်တဲ့ ကံကြမ္မာရဲ့ ချီးမြှောက်မှု မခံရတဲ့လူဆိုတာ ရှိမှာတဲ့လား။

ဒီလိုမျိုး လက်ရွေးစင်တွေကို အသာထား ဆေဘာဓား ဘုရင်လေးကိုတောင် သေအောင်လို့ ကျိန်စာမတိုက်နိုင်ပဲ

ကျိန်စာတစ်ခု အတိုက်ခံပြီးတဲ့နောက်မှာ အတော်ကို ဆိုးဂါးတဲ့ အဖြစ်တစ်ခုပဲ ဖြစ်စေနိုင်ခဲ့ပါတယ်။

အဲဒါက ကျိန်စာများရဲ့ ပုလင်းဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းတယ် ဆိုတာကို ဖော်ပြနေပါတယ်။ ဒါပေမဲ့လည်း ၎င်းကို အသုံးပြုရတာ အကန့်အသတ် ရှိပါတယ်။

အားလုံးက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို ထွက်ခွာလာခဲ့ ကြပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ရုတ်တရက် ထွက်ပေါ်လာမှုကြောင့် ဒုတိယအဆင့် စမ်းသပ်စစ်ဆေးမှုကို ဖျက်လိုက်ရပါတယ်။ အားလုံးက သင်တန်းကျောင်းကို အတူတူ ဂင်လာနိုင် ကြပါတယ်။ ဘယ်သူက ပိုပြီးတော့ ပါရမီရှိပြီး ထူးချွန်ထက်မြက်သလဲဆိုတာကိုတော့ သက်သေပြနိုင်ဖို့ အချိန်အများကြီး လိုသေးတယ် မဟုတ်လား။

သူတို့က နဂါးကိုးကောင်တောင်ကို နောက်တစ်ကြိမ် ပြန်လာခဲ့ပြီး တောင်ရဲ့အဂင်ဂိတ်တွေကို ဖြတ်လာခဲ့ ကြပါတယ်။ ဒီနေရာမှာ ဂက်ပါအစီအရင် အကြီးကြီးကို အသက်သွင်းထားပြီး နဂါးကိုးကောင်တောင်ကို

ဖုံးလွှမ်းထားပြီးတော့ တိမ်ပင်လယ်ကြီး တစ်ခုအဖြစ်ကို ပြောင်းထားလိုက်ပါတယ်။ သင်တန်းကျောင်းရဲ့ အသိအမှတ်ပြု တံဆိပ်ပြားနဲ့ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်ပါတယ်။

အားလုံးက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အရေးထားမှုကြောင့် စိတ်လှုပ်ရှား သွားခဲ့ကြပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ကို အရမ်းကို တန်ဖိုးထားပြီး ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို အစွမ်းကုန် သုံးစွဲပြီး တည်ဆောက်ပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ကတော့ စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်ပြုံးပြုံး နေလိုက်ပါတယ်။ ဒီဂဏ်ပါ အစီအရင်က လွန်ခဲ့တဲ့ နှစ်ပေါင်းသန်းနဲ့ချီတုန်းက ဒါမှမဟုတ် အဲဒီထက်တောင် စောတုန်းက ခင်းကျင်းထားတယ်ဆိုတာ သေချာပြီး အခုမှ အသက်သွင်းလိုက်တာ ဖြစ်ပါတယ်။

စကားပုံတစ်ခု ရှိပါတယ်။ သမိုင်းဆိုတာက အောင်နိုင်သူတွေ ရေးခဲ့တဲ့ ပုံပြင်တစ်ခု ဖြစ်ပါတယ်။ အင်အားကြီးဂိုဏ်းငါးဂိုဏ်းက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို ကပ်ဘေးဒဏ်ကြီး သယ်လာပြီးတော့ လူသတ်မှုတွေ ကျူးလွန်ခဲ့ပေမဲ့ နှစ်ထောင်ပေါင်းများစွာ အယူအဆ အသစ်တွေ ရိုက်သွင်းထားခဲ့တာကြောင့်

သူတို့က ဒီသေရေးရှင်ရေး ကာလအတွင်းမှာ ကမ္ဘာကြီးကို ကယ်တင်ခဲ့တဲ့ ခေါင်းဆောင်တွေ ဖြစ်လာခဲ့ပြီး တကယ့်ကို မျက်နှာပြောင်ပြောင်နဲ့ အမြင့်ဆုံးနေရာမှာ ယူထားကြပါတယ်။

လင်းဟန်က အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ မျက်နှာအစစ်အမှန်ကို တခြားလူတွေကို မပြောပြပါဘူး။ တချို့က သည်းခံစိတ်တွေ ပျောက်ဆုံးပြီးတော့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို အရိပ်အမြွက် မြင်တွေ့သွားမှာ စိုးရိမ်ရပါတယ်။

သူမှာ လုံလောက်တဲ့ ခွန်အားရှိလာတဲ့ အချိန်မှာ ဒီဂိုဏ်းကြီးငါးဂိုဏ်းကို မြေလှန်ပစ်ရပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့လက်ကို အနောက်မှာ ပစ်ထားပြီး လမ်းမကျယ်ကြီးပေါ်မှာ လျှောက်လာခဲ့ ပါတယ်။ လမ်းတွေက ဆယ်မိုင်ကျော် ရှည်လျားပြီး အဆုံးမှာ ခန်းမငယ်လေးတွေ ရှိပါတယ်။ တလက်လက် တောက်ပနေတဲ့ တိမ်တွေရဲ့ ခံ့ညားထယ်ဝါမှုအောက်မှာ တန်ခိုးရှင် နန်းတော်တွေနဲ့ တူနေပြီး လေထဲမှာ မျောလွင့်နေကြပါတယ်။

"ဒီနေရာက စိတ်ဂိညာဉ် ချီတွေက အရမ်းကို သိပ်သည်းတာပဲ"

"ဟုတ်တယ် အနည်းဆုံးတော့ အပြင်ဘက်ထက် ဆယ်ဆလောက် သိပ်သည်းတယ်"

"ပိုး ဒီနေရာမှာသာ ကျင့်ကြံအားထုတ်လိုက်မယ်ဆိုရင် မူလစွမ်းအင် သလင်းကျောက်တွေကို အသုံးပြုပြီး ကျင့်ကြံတဲ့ အာနိသင်နဲ့ ကွာလိမ့်မှာ မဟုတ်ဘူး"

"နောက်ပြီးတော့ ပိုပြီးမြင့်လာလေ စိတ်ဂိညာဉ် ချီတွေက ပိုပြီးတော့ သိပ်သည်းလာလေပဲ"

အားလုံးက မကြာခင်မှာ လျို့ဝှက်ချက်တွေ ပိုပိုပြီး ရှာဖွေတွေ့ရှိလာပြီး သူတို့ရဲ့ အမူအရာတွေမှာ ကျေနပ်ပျော်ရွှင်မှုတွေ ပြည့်နှက်နေပါတယ်။ သူတို့က နန်းတော်ခန်းမတွေကို နောက်တစ်ကြိမ် မျက်စိပေ့ကြည့်လိုက်တဲ့ အချိန်မှာ သူတို့ရဲ့ အမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။

နန်းတော်ခန်းမတွေက အမြင့်မတူသလို စိတ်ဂိညာဉ် ချီတွေရဲ့ သိပ်သည်းကျစ်လျစ်မှုလည်း မတူကြပါဘူး။

ဒါကြောင့် အဆင့်နိမ့်တဲ့ နေရာတစ်ခုမှာ နေထိုင်တာ ဒါမှမဟုတ် မြင့်တဲ့ ပတ်ဂန်းကျင် တစ်ခုမှာ နေထိုင်တာက ကျင့်ကြံအားထုတ်ခြင်း အရှိန်အဟုန်ကို အမျိုးမျိုး ပြောင်းလဲနေပါလိမ့်မယ်။

ဒါက တိုက်ရိုက်ဂင်ခွင့်ရတဲ့ တပည့်တွေနဲ့ သာမန်တပည့်တွေ အကြားက ကွာဟချက်များလား။

အဲဒီအခိုက်အတန့်မှာပဲ အားလုံးရဲ့ နှလုံးသား အထဲမှာ ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်ချင်တဲ့ စိတ်တွေက ထွက်ပေါ်လာခဲ့ပါတယ်။ မြင့်တဲ့ ပတ်ဂန်းကျင်မှာ နန်းတော်ခန်းမက ဆယ်ဂဏန်းကျော်လောက်ပဲ ရှိပါတယ်။ ဒါကြောင့် သူတို့တွေထဲက လူနည်းစုပဲ ရယူပိုင်ဆိုင် နိုင်ပါလိမ့်မယ်။

ရှုပ်။

အဘိုးကြီးတစ်ယောက်က လေထဲမှာ လမ်းလျှောက်လာပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တည်ရှိမှုကို ထုတ်လွှတ်နေပြီး အားလုံးကို ရပ်သွားစေခဲ့ပါတယ်။

"အခုချိန်ကစပြီးတော့ မင်းတို့အားလုံးက

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေ ဖြစ်သွားကြပြီ”

အဘိုးကြီးက ပြောလိုက်ပါတယ်။ သူက မိုးပြာရောင် ဂုတ်စုံရှည် တစ်ထည်ကို ဂုတ်ဆင်ထားပြီး အရမ်းကို သန့်ရှင်းသပ်ရပ်နေပါတယ်။

သူက အားလုံးကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

“မင်းတို့အားလုံးလည်း မြင်တွေ့သွားကြပြီပဲ၊ ဒီနေရာမှာရှိတဲ့ စိတ်ဂိညာဉ် ချီတွေက သိပ်သည်းတယ် ဆိုပေမဲ့ ပိုပြီးတော့ မြင့်တဲ့နေရာက အရည်အသွေး ပိုမြင့်တယ်။ ဒါပေမဲ့လည်း ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းမှာ ကိုယ်ပိုင်စည်းမျဉ်းစည်းကမ်း ရှိတယ်။ မင်းရဲ့အဆင့်က ဘယ်လောက်ပဲဖြစ်ဖြစ် မင်းက သက်ဆိုင်ရာ နန်းတော်တွေမှာပဲ ကျင့်ကြံအားထုတ်လို့ ရနိုင်မယ်”

သူက ခဏရပ်လိုက်ပြီး သူ့ရဲ့စကားတွေကို အချိန်ယူ စဉ်းစားစေပြီးမှ ဆက်ပြောလိုက်ပါတယ်။

“သင်တန်းကျောင်းက တပည့်တွေကို ကောင်းကင်၊ မြေကြီး၊

အနက်ရောင်နဲ့ အဝါရောင် ဆိုပြီးတော့ အဆင့်လေးဆင့် ခွဲခြားထားတယ်။ ကောင်းကင်အဆင့်က အမြင့်ဆုံးဖြစ်ပြီး အဝါရောင် အဆင့်က အဆင့်အနိမ့်ဆုံးပဲ”

“ကောင်းကင်အဆင့် တပည့်တွေကတော့ အထွတ်အထိပ်မှာ နေနိုင်ပြီး အဝါရောင်အဆင့် တပည့်တွေက တောင်ခြေမှာပဲ နေလို့ရနိုင်မယ်”

“မင်းတို့ကိုတော့ မနာကျင်စေချင်ပေမဲ့ ပြောပြရမှာပဲ။ အထွတ်အထိပ်မှာရှိတဲ့ စိတ်ဂိညာဉ်ချီက တောင်ခြေမှာရှိတဲ့ စိတ်ဂိညာဉ်ချီထက် ဆယ်ကြိမ် ပိုပြီးတော့ သိပ်သည်းကျစ်လျစ်တယ်”

ဆယ်ကြိမ် ဟုတ်လား။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ စိတ်ဂိညာဉ်ချီ သိပ်သည်းကျစ်လျစ်မှုက ဆယ်ကြိမ်တောင် တိုးတယ်ဆိုတော့ ကျင့်ကြံခြင်း အရှိန်အဟုန်ကို ဆယ်ကြိမ်တိုးစေတယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ ဒါပေမဲ့ တစ်ဆ နှစ်ဆဆိုတာက ဖြစ်နိုင်ချေ ရှိသေးတာပဲ မဟုတ်လား။ သူတို့က ကျင့်ကြံခြင်း အမြန်နှုန်းတွေကို မှော်ဆေးလုံးတွေ အသုံးပြုပြီး တစ်ဆ နှစ်ဆလောက်

တိုးအောင်လို့ပဲ လုပ်နိုင်ပါတယ်။

"အစတုန်းကတော့ ဒုတိယအဆင့်က မင်းတို့ရဲ့ ရမှတ်တွေ အပေါ်မှာ အခြေခံပြီးတော့ အဆင့်လေးဆင့် ခွဲခြားပေးဖို့ပဲ။ ဒါပေမဲ့ အခုတော့ အားလုံးက အဝါရောင် အဆင့်မှာပဲ ဖြစ်ကုန်ပြီ။ ဒါပေမဲ့ မစိုးရိမ်ကြပါနဲ့"

မိုးပြာရောင် ဂုတ်စုံနဲ့ အဘိုးကြီးက သူ့ရဲ့လက်တွေနဲ့ လက်ဟန်ခြေဟန်ပြပြီး ဆက်ပြောလိုက် ပါတယ်။

"အနက်ရောင်အဆင့် မြေကြီးအဆင့် ဒါမှမဟုတ် ကောင်းကင်အဆင့် တပည့်တစ်ယောက် ဖြစ်ချင်လား။ ရိုးရိုးလေးပါပဲ။ မင်းတို့တွေက အပေါ်က လူတွေကို စိန်ခေါ်နိုင်တယ်။ အဲဒီ နန်းတော်ခန်းမတွေကို မြင်တယ်မဟုတ်လား။ တကယ်လို့ တစ်ယောက်ယောက်က အဲဒီနန်းတော်တွေမှာ နေထိုင်ရင် မင်းတို့တွေက အဲဒီမှာ စိန်ခေါ်နိုင်တယ်။ အနိုင်ရရင် အဲဒီနေရာကို ယူနိုင်တယ်။ အဟဲ။ အဆင့်လေးဆင့် ခွဲထားတဲ့ တပည့်တွေက မတူညီတဲ့ နေရာတွေမှာ နေထိုင်ရုံတင်မကဘူး ကျင့်ကြံခြင်း အရင်းအမြစ်တွေ ရရှိတာခြင်းလည်း မတူကြဘူး"

"ဒီထပ်ပိုတာက ကောင်းကင်အဆင့် တပည့်တွေက ရံဖန်ရံခါ

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေရဲ့ သိုင်းပညာရပ်ကို သင်ကြားပို့ချတာ ခံရလိမ့်မယ်”

အားလုံးက စိတ်လှုပ်ရှား သွားခဲ့ကြပါတယ်။ နောက်ဆုံးစကားတွေက အရှိုက်ကို လက်သီးနဲ့ ခပ်ပြင်းပြင်း ထိုးလိုက်သလို ပြင်းထန်လွန်းပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက သူတို့ကို လမ်းညွှန်သင်ကြားပေးတယ်။ သာမန်ကျောက်တုံး တစ်တုံးတောင်မှ ဒီလိုမျိုး ပြုစုပုံမျိုးနဲ့ဆိုရင် ထူးခြားဆန်းကြယ်မှု ရနိုင်ပြီး သူတို့လို ပါရမီရှင်တွေဆိုရင်တော့ ပြောနေစရာတောင် မလိုတော့ပါဘူး။

“ဒါဆိုရင် စိန်ခေါ်မှုတစ်ခုမှာ ရှုံးနိမ့်သွားရင်ရော ဘာဖြစ်မလဲ”

တစ်စုံတစ်ယောက် မေးလိုက်ပါတယ်။

“ရှုံးရင်လား”

မိုးပြာရောင် ဂတ်စုံနဲ့ အဘိုးကြီးက မကောင်းဆိုးဂါးဆန်ဆန် ပြုံးလိုက်ပါတယ်။

"ဒါဆိုရင်တော့ ဖြစ်လာမဲ့ အကျိုးဆက်အတွက် ကိုယ်တိုင်ပဲ တာဝန်ယူရမယ်လေ။ ငါတို့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက လက်ရှိခေတ်ကာလရဲ့ ပါရမီရှင်တွေကို ရွေးချယ်ပြီး သိုင်းပညာမျိုးစေ့ကို ချပေးနိုင်ဖို့ အနာဂတ် စစ်ပွဲနတ်ဘုရားတွေ ဖြစ်ရမယ်။ သုံးစားမရတဲ့ အမှိုက်ကောင်တွေကို မလိုသလို လူပြက်တွေလည်း မလိုဘူး"

အားလုံးက သူတို့ရဲ့ နှလုံးသားတွေ အေးစိမ့်လာသလို ခံစားလိုက်ရပါတယ်။ အကျိုးဆက်ကို ကိုယ့်ဘာသာ တာဝန်ယူရမှာလား။ ဆိုလိုတာက သူတို့အနေနဲ့ မသန်မစွမ်း ဖြစ်နိုင်သလို အသတ်လည်း ခံရနိုင်ပြီး ဘယ်သူကမှ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

"ဒါပေမဲ့လည်း မင်းတို့တွေက စမ်းသပ်စစ်ဆေးမှု ဒုတိယအချီကို ပြီးမြောက်အောင် မလုပ်နိုင်ခဲ့ပေမဲ့ မြေကြီးအဆင့်နဲ့ အနက်ရောင်အဆင့် နန်းတော်ခန်းမ တော်တော်များများက လွတ်နေသေးတယ်။ မင်းတို့တွေက တခြားလူတွေကို စိန်ခေါ်စရာ မလိုပဲ ရယူနိုင်တယ်"

မိုးပြာဂတ်စုံနဲ့ အဘိုးကြီးက ဆက်ပြောလိုက်ပါတယ်။

အားလုံးက ချက်ချင်းဆိုသလို ကျေနပ်ပျော်ရွှင်သွားကြပါတယ်။ အခုဆို သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်ခွင့် ရရှိခဲ့တဲ့ အစွမ်းထက်တဲ့ လူတွေကို သေချာပေါက် စုံစမ်းထားရပါမယ်။ သူတို့ကိုတော့ ဘယ်လိုမှ ရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တခြားလူတွေကို ယှဉ်ပြိုင်ဖို့ ဆိုတာကတော့ သူတို့မှာ သေချာမှုတွေ ရှိနေပါသေးတယ်။

"လူတစ်ယောက်က တစ်ရက်မှာ အများဆုံး စိန်ခေါ်မှု တစ်ခုကိုပဲ လက်ခံနိုင်တယ်။ ပြီးတော့ တကယ်လို့ ဒဏ်ရသွားခဲ့ရင် အနားယူဖို့အတွက် တိုက်ပွဲကို ရှောင်လွှဲနိုင်တယ်။ အများဆုံး သုံးလတစ်ကြိမ်ပဲ။ ဒါပေမဲ့ တစ်နှစ်မှာ နှစ်ကြိမ်ပဲ ခွင့်ပြုမယ်"

မိုးပြာဂုတ်စုံ အဘိုးကြီးက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

အားလုံးက ခေါင်းညိတ်လိုက်ပါတယ်။ မင်းက ဘယ်လောက်ပဲ ပါရမီရှိနေပါစေ အလှည့်တိုင်း စိန်ခေါ်ခံနေရမယ်ဆိုရင် မင်းအနေနဲ့ ရှုံးနိမ့်သွား နိုင်ပါတယ်။ ဒါဆိုရင် လုံးဂကို အဓိပ္ပါယ် မရှိတော့ပါဘူး။

"ကောင်းပြီး မင်းတို့တွေ သွားလို့ရပြီ"

မိုးပြာဂတ်စုံ အဘိုးကြီးက သူ့လက်ကို ဝှေ့ယမ်းပြလိုက်ပြီး တောင်ထိပ်ဆီကို လေထဲမှာ လမ်းလျှောက်သွားလိုက်ပါတယ်။

အားလုံးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး အလျင်အမြန် သုတ်ခြေတင် ထွက်သွားကြပါတယ်။ သူတို့က ပြေးမသွားကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အထဲကို မလာခင် သင်တန်းကျောင်းက ဒီနေရာမှာ တိုက်ပွဲတစ်ခု မတိုက်မချင်း ပျံသန်းခြင်းကို တားမြစ်ထားပါတယ်။

သူတို့အားလုံးက ကျန်ရှိနေတဲ့ မြေကွက်မှာအဆင့် နန်းတော်ခန်းမ တချို့ကို သိမ်းပိုင်ချင်ကြပါတယ်။ ဒါမှမဟုတ် အဂါရောင်အဆင့် နန်းတော်ခန်းမတွေပဲ ရရ အဆင်ပြေပါတယ်။ ဒါကြောင့် သူတို့က အရှိန်မြှင့်ပြီး ပြေးနေကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။

သူတို့တွေ တောင်ရဲ့လမ်းအဆုံးကို ရောက်လာတဲ့ အခါမှာ လူတစ်ယောက်က ကြက်ခြေခတ်ပုံစံ ထိုင်နေပြီး မျက်လုံးတွေကို တင်းတင်းပိတ်ကာ ကျင့်ကြံနေသလိုမျိုး ထိုင်နေတာကို မြင်တွေ့လိုက် ရပါတယ်။

"ဆေဘာဓား ဘုရင်လေး"

တစ်စုံတစ်ယောက်က ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

Chapter 678 end

Zawgyi.အပိုင်း(၆၇၉) တိုက်ပွဲတစ်ပွဲ

ဆေဘာဓား ဘုရင်လေးက ဒဏ္ဍာရီလာ အရောင်အသွေးတွေနဲ့ ပြည့်နှက်နေတဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်။

သူက လက်ရှိမျက်မှောက်ခေတ် ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ လူငယ်မျိုးဆက်တွေ အထဲမှာ နတ်ဘုရား ပလ္လင်တစ်ခု အပေါ်မှာ ထိုင်နေတဲ့ လူသိများ ထင်ပေါ်ကျော်ကြားသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ ပြီးတော့ အရမ်းကို နည်းပါးတဲ့ လူနည်းစုကပဲ သူနဲ့တန်းတူ ရပ်တည်နေနိုင်ပါတယ်။ ပိုပြီးတော့ ကြောက်စရာကောင်းတဲ့ အချက်က သူဟာ တကယ်ပဲ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။

အဲဒါက သူ့ခန္ဓာကိုယ် အတွင်းက စိတ်ဝိညာဉ် နတ်သူငယ်က

နတ်တစ်ပါး အဖြစ်ကို ကြီးထွားဖွံ့ဖြိုး လာတယ်လို့ ဆိုလိုတာဖြစ်ပြီး ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ် ချီတွေကို ဆင့်ခေါ်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ခုန်ပျံကျော်လွှားပြီးတော့ တိုးလာစေနိုင်ပါတယ်။

အားလုံးက တဆတ်ဆတ် တုန်သွားခဲ့ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးက ပါရမီရှင်တွေ ဆိုပေမဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တည်ရှိမှု အောက်မှာတော့ အားလုံးက သူတို့ရဲ့ စိတ်ဝိညာဉ် အနက်ရှိုင်းဆုံး နေရာထိအောင် တုန်ယင်နေသလို ခံစားရနေရဆဲပါပဲ။

ဒီလိုမျိုး မခံစားရတဲ့ တခြားလူတွေလည်း အများကြီး ရှိပါတယ်။ ဥပမာ လင်းဟန်၊ ဟူးညို၊ ယုန်ဖြူကြီး၊ မိုးရေကေရာဇ်၊ မယောင်ချင်းနဲ့ ဂမ်ရန်ချင်းချင်းတို့ ဖြစ်ပါတယ်။ သိုင်းပညာမှာ စစ်မှန်တဲ့ ဘုရင်တစ်ပါးက ရှုံးနိမ့်ကောင်း ရှုံးနိမ့်နိုင်ပါတယ်။ ဒါပေမဲ့ မတိုက်ရပဲနဲ့တော့ ဘယ်တော့မှ ထိတ်လန့်ကြောက်ရွံ့နေမှာ မဟုတ်ပါဘူး။

ဆေဘာအား ဘုရင်လေးက သူ့မျက်လုံးတွေကို ဖွင့်လိုက်ပြီး မျက်လုံးတွေက ဆေဘာအား အလင်းတန်းရဲ့ အလင်းရောင်တွေလို တောက်ပနေပါတယ်။ မျက်စိတစ်ချက်

ပေ့ကြည့်လိုက်ပြီး ကောင်းကင်ဘုံ မြူခိုးတွေက နစ်ခြမ်းကွဲသွားပြီး တောင်နံရံတွေ အပေါ်မှာ နက်ရှိုင်းတဲ့ အမှတ်အသား တစ်ခုကို ဖြစ်ပေါ်သွားစေခဲ့ပါတယ်။

အားလုံးက အံ့အားသင့် သွားခဲ့ကြပါတယ်။ ဒါက သူ့မျက်လုံးတွေ ဖွင့်လိုက်တာနဲ့ ဒီလိုမျိုး အစွမ်း ရှိနေတယ်ပေါ့။

ပိုပြီးတော့ ကြောက်စရာ ကောင်းတာက တောင်နံရံတွေကို ဂင်္ဂါ အစီအရင် ချထားတာ ဖြစ်ပြီးတော့ အရမ်းကို ခိုင်မာတောင့်တင်းပါတယ်။ တကယ်လို့ သူတို့သာ တိုက်ခိုက်ရမယ်ဆိုရင် ခွန်အားအပြည့်အဂ သုံးတာတောင်မှ ကျောက်တုံးလေး တစ်တုံးကိုတောင် ပျက်စီးအောင်လို့ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဆေဘာဓား ဘုရင်လေးက မျက်လုံးဖွင့်လိုက်ရုံနဲ့တင်ပဲ အရမ်းကို ကြောက်စရာ ကောင်းလွန်းနေပါပြီ။ ဒီခွန်အား ကွာဟချက်က ကြီးမားပြီး ကောင်းကင်နဲ့ မြေကြီး ကွာဟသလိုပါပဲ။

ထင်ထားတဲ့အတိုင်း ဆေဘာဓား ဘုရင်လေးက လက်ရှိမျက်မှောက်ခေတ် ကာလအတွင်းမှာ အသန်မာဆုံး ပါရမီရှင်ထဲက တစ်ယောက် ဖြစ်ပါတယ်။

"လင်းဟန်"

ဆေဘာစား ဘုရင်လေးက မျက်နှာထား တင်းတင်းနဲ့ ခေါ်လိုက်ပါတယ်။

"ငါမင်းကို စောင့်နေတာ အတော်ကို ကြာနေပြီ"

အားလုံးရဲ့ အကြည့်တွေက လင်းဟန်ဆီကို ကျရောက်သွားခဲ့ပါတယ်။

ဒီမတိုင်ခင်က လင်းဟန်ရဲ့ ထင်ပေါ်ကျော်ကြားမှုက သိပ်မရှိပါဘူး။ တကယ်တော့ သူက မြောက်ပိုင်းဒေသမှာပဲ ထင်ပေါ်ကျော်ကြားလာခဲ့ပြီး ဒီနေရာက လူအများစုတောင်မှ သူဟာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာကို တစ်ဝက်လောက်ပဲ ယုံကြည်နေပါသေးတယ်။ မှော်ဆေးပညာရှင် အဖွဲ့အစည်းက သူတို့မှာ တတိယမြောက် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ရှိတဲ့အကြောင်း ကမ္ဘာကြီးကို မကြေညာရ သေးပါဘူး။

နောက်ပြီး လင်းဟန်က အရမ်းကို ငယ်ပါတယ်။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လို့

ပြောတာက တစ်စုံတစ်ယောက်က ဒီအသက်အရွယ်နဲ့ ကောင်းကင်အဆင့်ကို ရောက်တယ်လို့ ပြောနေတာနဲ့ တူပြီးတော့ ဒါက အဓိပ္ပါယ် မရှိဘူးမဟုတ်လား။

ဒါပေမဲ့လည်း ရှုံဟွမ်ရှမ်နဲ့ ဆေဘာဓား ဘုရင်လေးတို့က လင်းဟန်ကို ဆက်တိုက်စိန်ခေါ် ခဲ့ပါတယ်။ ဒီအစွမ်းထက်လှတဲ့ လူနှစ်ယောက်က နှောင့်ယှက်နေသလိုမျိုးကြောင့် လင်းဟန်ရဲ့ နာမည်က လူငယ်မျိုးဆက်တွေ အကြားမှာ အမှတ်အသားတစ်ခုအဖြစ် ကျန်ရစ်သွားပါတယ်။

"ငါ့ကို စောင့်နေတာ ဟုတ်လား"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။

"ဟုတ်ပါတယ်လေ။ မင်းကငါ့ကို စောင့်နေသင့်တယ်။ ငါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတော့ အဆင့်အတန်းက မြင့်မားတယ်။ ဒါကြောင့် မင်းကငါ့ကို တွေ့ချင်လို့ စောင့်နေရင်တောင်မှ ငါ့ကိုတွေ့ရဖို့ အာမခံချက် မရှိဘူး။ မင်းဒီနေ့ ကံကောင်းတယ်လို့ မှတ်ပါ"

ဖူး။

လူတွေအားလုံး ချက်ချင်းဆိုသလို တံတွေးသီး ကုန်ကြပါတယ်။ လင်းဟန်က တကယ့်ကို စိတ်ကြီးဝင်နေတဲ့ လေသံနဲ့ ဆေးဘာဘား ဘုရင်လေး စောင့်နေတာက သာမန်ပဲဆိုပြီးတော့ ပြောနေပါတယ်။ ဆေးဘာဘား ဘုရင်လေးဆိုတာ ဘယ်သူလဲ။ လူငယ်မျိုးဆက်တွေ အထဲမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်လေ။

ဒါပေမဲ့ ဒီအကြောင်းအရာကို တခြားဘက်ကနေ စဉ်းစားကြည့်မယ်ဆိုရင် ခိုင်လုံတဲ့ အကြောင်းပြချက် ရှိတယ်လို့ ပြောနိုင်ပါတယ်။ တကယ်လို့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတာ စစ်မှန်ခဲ့ရင် ဆေးဘာဘား ဘုရင်လေးအနေနဲ့ သူတွေ့ချင်တဲ့ အချိန်တိုင်း လင်းဟန်ကို တွေ့ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပြီးတော့ တကယ်လို့ သူက ဒူးထောက်ပြီး တောင်းပန်ရင်တောင်မှ လင်းဟန်က ပြန်ပြီးတော့ တုံ့ပြန်ဖို့ လိုလိမ့်မှာ မဟုတ်ပါဘူး။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေက ကမ္ဘာကြီးထဲမှာ နှစ်ယောက်ပဲ ရှိပါတယ်။ လင်းဟန်က တတိယမြောက် ဆိုရင်တောင် လူတွေရဲ့ အသိအမှတ်

ပြုခြင်းကို လက်မခံရ သေးပါဘူး။

ဆေဘာဏ ဘုရင်လေးက မတ်တပ်ထရပ်ပြီးတော့ သူ့မျက်လုံးတွေက တောက်လောင်နေတဲ့ အဖြူရောင် ဆေဘာဏ အလင်းအဖြစ်ကို ပြောင်းလဲသွားပြီး အရမ်းကို ထူးဆန်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ သူက ဆေဘာဏကို ချက်ချင်းဆွဲထုတ်လိုက်ပြီး ရတနာ ဆေဘာဏရဲ့ သွေးကြောပုံစံ အစီအရင် သင်္ကေတတွေက တစ်ခုပြီးတစ်ခု လင်းလက်တောက်ပ လာခဲ့ပြီး အဆုံးမရှိတဲ့ ခွန်အားတွေ လည်ပတ်နေပါတယ်။

ဒီဆေဘာဏက အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ဆေဘာဏ ဘုရင်လေးက ၎င်းရဲ့ စွမ်းအားကို အပြည့်အဝ မထုတ်ဖော်နိုင်သေးပေမဲ့ ကြယ်တစ်ပွင့် ဒါမှမဟုတ် တဂက်လောက်ဆိုရင်ကိုပဲ ကြောက်စရာကောင်းလွန်းနေပါပြီ။

အဆင့်ကိုးလား။

"မင်းက ငါ့အဖေကို သတ်ခဲ့တယ်။ ပြီးတော့ ဒီအမုန်းတရားက လုံးဂကို ဖြေဖျောက်လို့ ရမှာမဟုတ်ဘူး"

ဆေဘာဓား ဘုရင်လေးက အေးစက်စွာနဲ့ ပြောလိုက်ပြီး သူရဲ့ဆေဘာဓားကို ပှေ့ယမ်းလိုက် ပါတယ်။ ဆေဘာဓား အလင်းတန်းက ထွက်ပေါ်လာပြီး မာကျောတဲ့ တောင်ရဲ့နံရံကို နက်ရှိုင်းတဲ့ အမှတ်အသားကြီးတစ်ခု ဖြစ်စေခဲ့ပါတယ်။

အားလုံးက ပိုပြီးတော့တောင် အံ့အားသင့် ကုန်ကြပါတယ်။ တကယ်လို့ ဒီဆေဘာဓားကို ကိုင်ပြီး သူတို့ကို ခုတ်လိုက်မယ်ဆိုရင် သူတို့ခွန်အား အကုန်လုံး အသုံးပြုပြီးတော့ ခုခံမယ် ဆိုရင်တောင် သူတို့က နှစ်ပိုင်းပြတ် သွားနိုင်တယ် မဟုတ်လား။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အခု သင်တန်းကျောင်းက ကိုယ်ရေးကိုယ်တာ ရန်ငြိုးတွေကို အဆုံးသတ်တဲ့ နေရာတစ်ခု ဖြစ်နေပြီလား"

ဒီစကားလုံးတွေက တကယ့်ကို ထိမိလွန်းပါတယ်။

ဆေဘာဓား ဘုရင်လေးတောင် ဒီစကားတွေကို ကြားရတဲ့ အခါမှာ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်သွားခဲ့ပြီး မဆင်မခြင်နဲ့

မလုပ်ပံ့တော့ပါဘူး။ သူကအကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ လူငယ်မျိုးဆက်တွေ အထဲမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ဦးဖြစ်ပေမဲ့ အကြွင်းမဲ့ ဆေဘာဓား တစ်ဂိုဏ်းလုံးကို ကိုယ်စားမပြုပါဘူး။ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်းထဲက တစ်ဂိုဏ်းပဲ ဖြစ်ပါတယ်။

သူက ခဏလောက် ပြင်းပြင်းထန်ထန် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါက မင်းကို စိန်ခေါ်တယ်လို့ သဘောထားလိုက်"

လင်းဟန်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လို စည်းမျဉ်းစည်းကမ်းလဲဟ။ အဆင့်မြင့်တဲ့ တပည့်တစ်ယောက်က အဆင့်နိမ့် တပည့် တစ်ယောက်ကို စိန်ခေါ်နိုင်တယ်ဆိုရင် ဘယ်သူက အေးအေးဆေးဆေးနဲ့ ကျင့်ကြံအားထုတ် နိုင်တော့မှာလဲ"

အားလုံးက ခေါင်းညိတ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က လုံခြုံမှု မရှိသလို ဖြစ်သွားပါမယ်။

စိန်ခေါ်မှု ဆိုတာက အပေါ်ကို တက်ဖို့အတွက်

တပည့်တွေကို သတ္တိရှိလာအောင် လုပ်ရတဲ့ နည်းစနစ်ပဲ ဖြစ်သင့်ပါတယ်။ အားနည်းရင် ပိုပြီးတော့ ကြိုးစားအားထုတ်ပြီး သန်မာတဲ့ လူတွေကလည်း အောက်ကို ပြုတ်မကျအောင် ကြိုးစားအားထုတ်မှပဲ အောင်မြင်တိုးတက်နိုင်တဲ့ အခြေအနေတစ်ခု ဖြစ်ပေါ်လာမှာပါ။

ဒါပေမဲ့လည်း တကယ်လို့ အစွမ်းထက်တဲ့လူက အားနည်းတဲ့ လူကိုစိန်ခေါ်နိုင်တယ်ဆိုရင် အားလုံးက အန္တရာယ်ရှိသလိုပဲ ခံစားနေကြရမှာ မဟုတ်လား။

ကျင့်ကြံအားထုတ်ခြင်းက ငရဲကျနေသလိုပဲ ဖြစ်နေပါလိမ့်မယ်။

ဆေဘာဘေး ဘုရင်လေးက ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပါတယ်။ အစတုန်းက သူ့ရဲ့အဆင့် မြင့်မှုကြောင့် ဂုဏ်ယူနေခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး အခုတော့ သူရဲ့ အပြစ် ဖြစ်လာရတာလဲ။ သူက ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့အသက်တွေက အတူတူပဲ။ မင်းက တိုက်ခိုက်ဖို့ ကြောက်နေသေးတာလား"

"မင်းညီမပဲတူလေ"

လင်းဟန်က ဘောက်ဆတ်ဆတ်နဲ့ ပြောလိုက်ပါတယ်။

"ပြောပါဦး ဦးလေးကြီးရယ်။ ခင်ဗျားအသက်က ကျုပ်ရဲ့နှစ်ဆလောက်ရှိတာကို ဘယ်နေရာမှာများ ကျုပ်လိုမျိုး ငယ်ရွယ်တဲ့ပုံစံ ခင်ဗျားမျက်နှာမှာ ရှိလို့လဲ။ ခင်ဗျားက တော်တော်ကို မျက်နှာပြောင်တာပဲလား"

ချက်ချင်းဆိုသလို ရယ်သံတွေ ထွက်ပေါ်လာခဲ့ပေမဲ့ အလျင်အမြန်ပဲ သူတို့ရဲ့ ပါးစပ်တွေကို ဖုံးလိုက်ပြီး ဆေဘာစား ဘုရင်လေးက သူတို့ကို ရန်ငြိုးဖွဲ့မှာကို ကြောက်နေကြပါတယ်။

ဆေဘာစား ဘုရင်လေးက ဒေါသကြောင့် တဆတ်ဆတ် တုန်လို့နေပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူတို့က မျိုးဆက်အတူတူထဲမှာ ပါဝင်နေကြပါတယ်။ ပြီးတော့ အသက်တစ်ရာအောက် ရှိတဲ့လူတိုင်း လူငယ်မျိုးဆက်ထဲမှာ ပါဝင်ပါတယ်။ တကယ်တော့ အသက်တစ်ရာခန့်ရှိတဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့် စစ်သည်တော် တစ်ယောက်က သာမန်သေမျိုး တစ်ယောက်အတွက်

BLACK DAO PDF

အသက်နှစ်ဆယ်အရွယ်နဲ့ ညီမျှပါတယ်။

သိပ္ပံပညာ ကမ္ဘာကြီးထဲမှာ အသက်သုံးဆယ်အောက်ဆိုရင် လူငယ်မျိုးဆက်လို့ ခေါ်ကြပြီး ဒီအချက်ကို ကြည့်မယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော်တွေက အသက် တစ်ရာ့လေးဆယ်နှစ် အောက်မှာဆိုရင် လူငယ်မျိုးဆက်ထဲမှာ ပါဝင်ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေက အသက်တစ်ရာ့ရှစ်ဆယ် အောက်မှာဆိုရင် ဒီအဝန်းအဝိုင်းထဲမှာ ရှိပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကိုတော့ အသက်နှစ်ရာအောက်မှာဆိုရင် ထည့်သွင်းတွက်ချက်လို့ ရပါတယ်။

အရင်ဘဝတုန်းက ကောင်းကင်အဆင့်ကို လင်းဟန်အနေနဲ့ အသက် နှစ်ရာလောက်မှာ ရောက်ရှိခဲ့ပါတယ်။ အမှန်ဆိုရင် သူက လူငယ်ဆိုတဲ့ ခေါင်းစဉ်ကို ကျော်လွန်ခဲ့ပေမဲ့ သူက သမိုင်းမှာ ပထမဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုပြန်ပြီးတော့ စဉ်းစားကြည့်ရင် သူက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်တုန်းက ပထမလူ ဖြစ်ခဲ့ပေမဲ့ ဒီစံချိန်က မကြာခင်မှာပဲ ကျိုးပျက်သွားပါလိမ့်မယ်။

သူ့နောက်ပိုင်းမှာ သိုင်းပညာရပ်တွေက မတရားကို ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

လင်းဟန်က ခေါင်းစဉ်ပြောင်းပြီးတော့ ပြောလိုက်ပါတယ်။

"ဆေဘာဓား ဘုရင်လေး။ မင်းနဲ့ငါ့ အကြားက ရန်စတွေကို ဖြေရှင်းရတော့ အချိန်ကို ရောက်လာပြီ။ ကောင်းပြီလေ။ ငါမင်းရဲ့ စိန်ခေါ်မှုကို ပြန်ဖြေပေးမယ်။ ဒါပေမဲ့ သာမန်စိန်ခေါ်မှု တစ်ခုတော့ မဖြစ်ဘူး။ အဲဒီအစား အသေအကျေ စိန်ခေါ်ပွဲတစ်ခု တိုက်ခိုက်မယ်။ မင်း လက်ခံရဲလား"

မင်းလက်ခံရဲလား။ ဟုတ်မှဟုတ်ရဲ့လား။

စကားလုံးတွေက အရမ်းကို အစွမ်းထက်ပြီးတော့ ထက်ရှတဲ့ ဓားတစ်လက်လိုမျိုး ပဲ့တင်သံတွေ ထွက်နေပါတယ်။

ဆေဘာဓား ဘုရင်လေးက လင်းဟန်ရဲ့ အရှိန်အဝါကြောင့် အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီကောင်စုတ်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်နေပါပြီ။ အဲဒီတော့ရော သူ့အနေနဲ့ သူ့ကိုအသေအကျေ တိုက်ခိုက်ဖို့ စိန်ခေါ်တဲ့ အခါမှာ အရည်အချင်း ပြည့်မီမှာလား။

လင်းဟန်က သူ့ရဲ့အဆင့်ကို ကျော်လွန်ပြီးတော့ တိုက်ခိုက်နိုင်ပါတယ်။ ဒါပေမဲ့ သူကရော မလုပ်နိုင်လို့လား။

မှော်ဆေးလုံးတွေကို သုံးမလို့လား။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို အနိုင်ကျင့်တယ်လို့ မပြောရအောင် မင်းနဲ့ငါ တိုက်ခိုက်တဲ့ အချိန်ကျရင် မှော်ဆေးလုံး လုံးဝ မသုံးဘူးကွာ"

ဆေဘာဓား ဘုရင်လေးက နောက်တစ်ကြိမ် အံ့အားသင့်သွားခဲ့ပါတယ်။ မှော်ဆေးလုံး မသုံးပဲ ဘယ်လိုလုပ်ပြီး မင်းက ငါ့ကိုတိုက်မှာလဲ။ မင်းနဲ့ငါ့ အကြားမှာ အဆင့်ကြီး တစ်ဆင့်လုံး ကွာဟချက် ရှိနေတယ်။ ပြီးတော့ ငါက လက်ရှိမှာ အစွမ်းအထက်ဆုံး ပါရမီရှင်တွေထဲက တစ်ယောက်ဖြစ်ပြီး တိုက်ပွဲကြယ် ဆယ်လုံးသာလွန်ပြီး တိုက်ခိုက်နိုင်စွမ်း ရှိတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး ရှားပါးပြီး ကောင်းမွန်တဲ့ အခွင့်အလမ်း တစ်ခုကို တကယ်လို့ ငြင်းပယ်လိုက်မယ်ဆိုရင် သူ့လောက်တုံးအတဲ့လူ ရှိတော့မှာ မဟုတ်ပါဘူး။ သူက အခွင့်အရေး တစ်ခုကို လွဲချော်သွားရုံတင်မက

သူ့နှလုံးသားကိုပါ ဆူးနဲ့ထိုးသလို ခံစားနေရပြီး သူက လင်းဟန်ထက် နိမ့်ကျတယ်လို့ စဉ်းစားနေမိပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူ့နှလုံးသားက လက်ခံနိုင်မှာ မဟုတ်ပဲ သူ့ရဲ့ကျင့်ကြံခြင်းမှာလည်း အရိပ်ဆိုးကြီးတစ်ခု တွယ်ကပ်နေပါလိမ့်မယ်။

ဒီကမ်းလှမ်းမှုကို သူလက်ခံရပါမယ်။

နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူက ဒီလိုမျိုး တိုက်ခိုက်ဖို့ စတင်ကမ်းလှမ်းတာ မဟုတ်ပါဘူး။

"ကောင်းပြီလေ ငါလက်ခံတယ်"

ဆေဘာဓား ဘုရင်လေးက ခေါင်းညိတ်လိုက်ပါတယ်။

Chapter 679 end

Uni.အပိုင်း(၆၈၀) ဆေဘာဓား ဘုရင်လေးနဲ့ သူသေကိုယ်သေ တိုက်ခိုက်ခြင်း

လင်းဟန်က ဆေဘာဓား ဘုရင်လေးနဲ့ ဆက်ပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ဖို့အတွက် ဆန္ဒမရှိတော့ပါဘူး။

ဆေဘာအား ဘုရင်လေးက သေမျိုးသာမန် လူတွေရဲ့ ရှာကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး အဲဒါက လင်းဟန်အနေနဲ့ သူ့ကို ထိပ္ပန်းကေန သတ်ဖြတ်ချင်တဲ့ စာရင်းထဲ ထည့်သွင်းထားစေ ခဲ့ပါတယ်။ နောက်ပြီးတော့ ဆေဘာအား ဘုရင်လေးက အေနာက္ကေန ခဏခဏ လိုက်လံရှာဖွေ ဖမ်းဆီးနေတာကြောင့် လင်းဟန်က သည်းခံနေနိုင်ရိုးလား။

ဆေဘာအား ဘုရင်လေးက သူ့ကိုယ်သူ ကမ်းလှမ်းနေခဲ့ပါပြီ။ သူက သတ်ဖြတ်ခံရမယ်ဆိုတာ ပေါ်လွင်ပါတယ်။ စောတာနဲ့ နောက်ကျတာပဲ ကြာမှာပါ။ ဆေဘာအား ဘုရင်လေးကို တွေ့မြင်လိုက် ရတာနဲ့ လင်းဟန်က လုပ်ရှားဖို့ ဆုံးဖြတ်ချက် ခ်လိုက္တာ ဖြစ်ပါတယ်။

ကောင်းကင်ပေါ်မှာ တိုက်ခိုက်တာပေ့ါ

လင်းဟန်က လေထဲကို ပျံတက်သွားခဲ့ပါတယ်။

မင်းကို ကြောက်နေရမှာလား

ဆေဘာအား ဘုရင်လေးကလည်း ကောင်းကင်ပေါ်ကို ပျံတက်လာခဲ့ပါတယ်။

သူတို့နှစ်ယောက်က လူငယ်မျိုးဆက်ထဲမှာ အစွမ်းထက်ဆုံး ပါရမီရှင်တွေလို့ ပြောနိုင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မိုးကောင်းကင်အပေါ်မှာ မီတာသုံးရာအကြာ ဟိတ်ကြီးဟန်ကြီးနဲ့ ရပ်နေကြပါတယ်။ နှစ်ယောက်စလုံးက အရမ်းကို ယုံကြည်မှုတွေ ရှိနေပြီး အစွမ်းထက်တဲ့ အရှိန်အဝါတွေကို ထုတ်လွှတ်ထားပါတယ်။

တစ်ယောက်က ဓားတစ်လက်နဲ့တူပြီး ကျန်တစ်ယောက်က ဆေဘာဓား တစ်လက်နဲ့ တူပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင် နှစ်ယောက်ရဲ့ ယှဉ်ပြိုင်မှုက ဓားလမ်းကြောင်းနဲ့ ဆေဘာဓား လမ်းကြောင်း အကြားက ပြိုင်ပွဲလည်း ဖြစ်ပါတယ်။

အားလုံးက သူတို့ရဲ့ အာရုံတွေကို သူတို့နှစ်ယောက် အပေါ်မှာ အပြည့်အဝ စိုက်ထားလိုက် ကြပါတယ်။ အထွတ်အထိပ် နန်းတော်ခန်းမ အထဲက လူတွေတောင်မှ ထွက်လာပြီး သူတို့ခေါင်းတွေကို မော့ကာ စောင့်ကြည့်နေကြပါတယ်။ ဒီနေရာမှာ တိုက်ခိုက်မှုက လွဲပြီးတော့ ကောင်းကင်ပေါ် ပျံတာကို တားမြစ်ထားပါတယ်။

ယိုဟိုင်ယွဲ့၊ လန်ရထန်း၊ ဒေါင်လင်းအာနဲ့ လူငယ်မျိုးဆက်ထဲက ထူးချွန်ထက်မြက်တဲ့ လူတွေအားလုံး ထွက်ပေါ်လာခဲ့ပါတယ်။ ဆေဘာဓား ဘုရင်လေးက လက်ရှိမှာ အရမ်းကို အစွမ်းထက်တဲ့ ပါရမီရှင် တစ်ယောက်ဖြစ်ပြီး ဒီနေရာမှာ ဘယ်သူကမ်ား သူ့ကို လျှော့တွက်ဝံ့တာလဲ။

တကယ်လို့ လင်းဟန်က သူ့ကိုအနိုင်ယူခဲ့မယ်ဆိုရင် လင်းဟန်ရဲ့ နေရာက လူငယ်မျိုးဆက်တွေ အထဲမှာ နံပါတ်တစ်လို့တောင် ပြောလို့ ရနိုင်ပါလိမ့်မယ်။

သာမန်မဟုတ်ပဲ ထူးဆန်းတဲ့ လူတချို့လည်း ထွက်ပေါ်လာခြင်း မရှိသေးပါဘူး။ ဥပမာ ကောင်းကင်ဓားဂိုဏ်းမှာ ဓားလမ်းကြောင်းကို လျှောက်လှမ်းတဲ့ ပါရမီရှင် တစ်ယောက် ရှိပြီး ကောင်းကင်ဓား စမ်းချောင်းထဲက တာအိုကို စဉ်ဆက်မပြတ် နားလည်သဘောပေါက်နိုင်သူ ဖြစ်ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းမှာလဲ ရှုရှုရန်ဆိုတဲ့ ပါရမီရှင် တစ်ယောက်ရှိပြီး သူ့ကျင့်ကြံခြင်း အဆင့်က ဆေဘာဓား ဘုရင်လေးလောက် မမြင့်ပေမဲ့ သူ့ရဲ့ပါရမီက ပိုပြီးတော့ ထူးဆန်းပါတယ်။ ဆေဘာဓား ဘုရင်လေးကို အဆင့်တူထဲမှာဆိုရင် လက်ဝါးကို လှန်သလိုမျိုး

လွယ်လွယ်ကူကူနဲ့ အနိုင်ယူနိုင်စွမ်း ရှိပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းမှာလည်း ဘယ်တုန်းကမှ လူလုံးထွက်မပြခဲ့တဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက် ရှိပြီးတော့ ကျင့်ကြံခြင်းမှာပဲ စိတ်နှစ်မြုပ်ထားပါတယ်။ သူ့အတွက်တော့ ကမ်ဘာကြီးကို အံ့အားသင့်အောင် လုပ်ပြဖို့ အချိန်မကျသေးပါဘူး။

သတ်လက်ပိုင်း မျိုးဆက်က လူတချို့လည်း လာပြီးတော့ စောင့်ကြည့်ကြပြီး သူတို့ကတောင် ဒီတိုက်ပွဲက ထွက်ပေါ်လာမဲ့ ရလဒ်ကို အရမ်းစိတ်ဝင်စား နေကြပါတယ်။

ငါတို့တွေ တကယ်ပဲ ဂင်ပြီးတော့ မတားရဘူးလား

ဓားဘုရင်က အမိန့်ပေးထားတယ်။ ခွင့်ပြုလိုက်ပါတဲ့

ဒါပေမဲ့ ဆေဘာဓား ဘုရင်လေးက အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။ တကယ်လို့ ဒီနေရာမှာ တကယ်ပဲ သေသွားခဲ့မယ်ဆိုရင် ကောင်းကင်ဆေဘာဓား အရှင်သခင်က ဒေါသတွေ ပေါက်ကွဲထွက်လာလိမ့်မယ်

ဟားဟားဟား ဓားဘုရင်ကိုယ်တိုင် ဒီတိုက်ပွဲကို ခွင့်ပြုထားတာကို မင်းက ဘာကြောက်နေတာလဲ

နောက်ပြီးတော့ ဒီလင်းမျိုးရိုး ကောင်လေးက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပြီးတော့ အသက်နှစ်ဆယ် အရွယ်လောက်နဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ဖြစ်လာခဲ့တယ်။ တကယ်လို့ သူက ဒီနေရာမှာ သေသွားခဲ့မယ်ဆိုရင် မှော်ဆေးပညာရှင် အဖွဲ့အစည်းက ဒေါသထွက်မှာကို သူတို့က မကြောက်ဘူးလား

မင်းက အများကြီး တွေးနေသေးတယ်။ မှော်ဆေးပညာရှင် အဖွဲ့အစည်းက လင်းဟန်ရဲ့ အဆင့်အတန်းကို အသိအမှတ် ပြုထားလို့လား

အဲဒါတော့

သက်လတ်ပိုင်း မျိုးဆက်က လူတွေအနေနဲ့ ဆက်ပြီးတော့ မပြောကြတော့ပါဘူး။ သူတို့က ဒီတိုက်ပွဲကို မတားဆီးဖို့ ဆုံးဖြတ်ချက် ချလိုက်ကြပါတယ်။ နှစ်ဖက်စလုံးက အသေအေက် တိုက်ခိုက်ဖို့ သဘောတူထားကြမှတော့ ဒီတိုက်ပွဲပြီးတဲ့နောက်မှာ ပါရမီရှင် တစ်ယောက်ပဲ ကျန်ရစ်မဲ့

ကံဇာတာ ပါတယ်လို့ပဲ မှတ်ရပါမယ်။

လင်းဟန်က ပြုံးပြီးတော့ နတ်ဆိုးရှင်သန်ဓားကို ထုတ်ကာ ပြောလိုက်ပါတယ်။

ငါတကယ်ပဲ မင်းကို အနိုင်မကျင့်ချင်ဘူး။ ဒါပေမဲ့ မင်းရဲ့ အရုပ်ဆိုး အကျည်းတန်တဲ့ ပုံစံတွေကို စဉ်းစားကြည့်လိုက်တဲ့ အခါမှာ မင်းကို နည်းနည်းလောက် အနိုင်ကျင့်တာကလည်း မဆိုးပါဘူး

ဟုမ်း။

နတ်ဆိုးရှင်သန်ဓားကို အသက်သွင်းလိုက်တာနဲ့ သင်္ကေတ လေးခုက ‌တောက်ပလာခဲ့ပါတယ်။

သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ရောက်လာပြီး ဓားအလင်းတန်းကိုလည်း ထုတ်ဖော် နိုင်ခဲ့တာကြောင့် နတ်ဆိုးရှင်သန်ဓားရဲ့ စွမ်းအားကလည်း နောက်တစ်ကြိမ် တိုးလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဓားသွားပေါ်က များပြားလှတဲ့ သင်္ကေတတွေနဲ့ နိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် သင်္ကေတ လေးခုဆိုတာက တကယ်တော့ ပြောနေဖို့တောင် မထိုက်တန်ပါဘူး။

ဒါကေတော့ သဘာဂပါပဲ။ တကယ်လို့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုက ၎င်းရဲ့ အစွမ်းကို အပြည့်အဂ ထုတ်ဖော်နိုင်မယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူတစ်ယောက်ကို အသာထား ကောင်းကင်အဆင့် ပြိုင်ဘက် တစ်ယောက်ကိုတောင် သတ်ပစ်နိုင်ပါတယ်။

အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်တော့ရော ဘာဖြစ်သေးလဲ

ဆေဘာဓား ဘုရင်လေးက နှာခေါင်းရှုံ့လိုက်ပါတယ်။

မင်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ အေဂးကြီးပဲ။ နောက်ပြီးတော့ စိတ်ဂိညာဉ် ပစ္စည်း တစ်ခုကို ကိုယ့်ဘာသာကိုယ် ပြုစုပျိုးထောင်ထားတာ မဟုတ်ဘူးဆိုရင် သူ့ရဲ့စွမ်းအားကို အပြည့်အဂ ထုတ်ဖော်နိုင်မှာ မဟုတ္ဘူး။ ငါမင်းကို မရှုံးနိုင်ဘူး

ရှုံးတာနိုင်တာ အသာထား။ လေကျယ်မနေနဲ့။ တိုက်ပြီးမှ သိမှာပေါ့

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီး သူ့ရဲ့

ဘယ်ဘက်လက်ကို ဆန့်ထုတ်ပြီး လက်ညှိုးကို ကွေးချည်ဆန့်ချည်နဲ့ စိန်ခေါ်လိုက်ပါတယ်။

လာလာလာ။ ငါမင်းကို လူထူးလူဆန်းနဲ့ ပါရမီရှင်ဆိုတာ ဘယ်လိုလူစားမျိုးကို ခေါ်လဲဆိုတာ သင်ပေးမယ်

စိတ်ကြီးဝင်နေတာပဲ

ဆေဘာဓား ဘုရင်လေးက သူ့ရဲ့ဆေဘာဓားရှည်ကို ပွေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။ သုံးမီတာ အရှည်ရှိတဲ့ ဆေဘာဓား အလင်းတန်းက ဓားသြားကနေ ထွက်ပေါ်လာပြီး ကောင်းကင်နဲ့ မြေကြီးကိုတောင် နှစ်ပိုင်းဖြတ်ပစ်နိုင်တော့မဲ့ ပုံစံမျိုးနဲ့ ကြောက်စရာ ကောင်းတဲ့ အရှိန်အဝါတွေ ထွက်ပေါ်နေပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ပွေ့ယမ်းပြီးတော့ သူ့ရဲ့ဓားအလင်းတန်းကို ထုတ်ဖော်လိုက်ပါတယ်။

ပုန်း။

အလင်းတန်းနှစ်ခုက ရောယှက်သွားပြီးတော့ အလင်းရောင်

မီးပွားတွေ အဖြစ်ကို ပြောင်းလဲပြီး ကောင်းကင်ပေါ်ကနေ ကျဆင်းလာခဲ့ပါတယ်။

သူတို့ရဲ့ ပထမ တိုက်ကွက်တွေက လက်ရည်တူ ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း အားလုံးက အံ့အားသင့် သွားခဲ့ကြပါတယ်။ ဆေဘာစား ဘုရင်လေးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက အဆင့်ကျော်ပြီး တိုက်ခိုက်နိုင်စွမ်း ရှိနေတဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက လင်းဟန်နဲ့ လက်ရည်တူ ဖြစ်နေပါတယ်။ ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ အရာပဲ မဟုတ္လား။

သေစမ်းကွာ

ဆေဘာစား ဘုရင်လေးက အံ့ကြိတ်လိုက်ပါတယ်။ အမှန်ဆိုရင် သူ့မှာ စွမ်းအင်အားသာချက် ရှိပါတယ်။ ဒါပေမဲ့ အလင်းတန်း တစ်ခုရဲ့ စွမ်းအားက လူတစ်ယောက်ရဲ့ စွမ်းအား အပေါ်မှာပဲ မူတည်တာ မဟုတ်သလို ချီပမာဏနဲ့ ၎င်းကို ထုတ်ဖော်တဲ့ လက်နက်ရဲ့ အရည်အသွေး အပေါ်မှာလည်း မူတည်ပါတယ်။

သူတို့ရဲ့ ချီပမာဏက ချီအလင်း သုံးဆယ်ရဲ့ အကန့်အသတ်ကို ချိုးဖျက်ထားတာကြောင့် တူညီသင့်ပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ ဓားအလင်းတန်းက သူ့ထက်ပိုပြီးတော့ မြင့်မားနေလို့ မဟုတ်ပဲ သူ့လက်ထဲက ရတနာဓားကြောင့် ဖြစ်ပါလိမ့်မယ်။

အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု။ တကယ်လို့ ၎င်းရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ မထုတ်ဖော်နိုင်ဘူး ဆိုရင်တောင်မှ အရည်အသွေးက အဆင့်ကိုး လက်နက်တစ်ခုထက် ပိုမြင့်တယ် ဆိုတာကို သံသယ ရှိစရာမလိုပါဘူး။

ဆေဘာဓား ဘုရင်လေးက တကယ့်ကို ခါးခါးသီးသီး ဖြစ်နေပါတယ်။ သူက ရှေးဟောင်းမင်းဆက် တစ်ခုရဲ့ ရတနာသိုက်ကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်နဲ့ ရတနာချင်း ပြိုင်ဆိုင်တဲ့ နေရာမှာ ရှုံးနိမ့်ခဲ့ရပါတယ်။ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုက ဒီကမ်ဘာကြီးထဲမှာ အရေအတွက် ဘယ်လောက်များများ ရှိနိုင်မှာလဲ။

စိတ်ဂိညာဉ် ပစ္စည်းတစ်ခုရဲ့ စွမ်းအား အပေါ်မှာပဲ

အားကိုးနေတာပဲ

ဆေဘာစား ဘုရင်လေးက နာခေါင်းရှုံ့ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်ကာ လင်းဟန်ကို တိုက်ခိုက် လိုက်ပါတယ်။ လင်းဟန်ရဲ့ လှုပ်ရှားမှု ပညာက အရမ်းကို လျင်မြန်တယ် ဆိုတာကို သူသိထားပါတယ်။ ဒါကြောင့် သူက အနီးကပ် တိုက်ခိုက်ဖို့ ရွေးချယ်လိုက်ပြီး လင်းဟန်ကို အမြန်နှုန်းနဲ့ ပတ်သက်လာရင် အားသာချက် မပေးရအောင် ဆုံးဖြတ်ထားပါတယ်။

အနီးကပ် တိုက်မလို့လား

လင်းဟန်က လှောင်ပြုံး ပြုံးလိုက်ပါတယ်။

မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာတာပဲ

သူက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်တွေကို ကျင့်ကြံထားပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အရည်အသွေး မြှင့်တင်ပေးမှုအောက်မှာ သူ့ရဲ့ ခန္ဓာကိုယ်က အထင်ကြီးစရာ ကောင်းပြီးတော့ အနီးကပ် တိုက်ခိုက်မှုက သူ့အတွက် အရမ်းကို အားသာချက် ရှိတဲ့ တိုက်ခိုက်မှု တစ်ခုဖြစ်ပါတယ်။

အနီးကပ် တိုက်ပွဲတစ်ခုမှာ အချိန်တိုတိုလေး တစ်ခုအတွင်းမှာ လူတစ်ယောက်က သူ့ခန္ဓာကိုယ်ရဲ့ ခွန်အားအပေါ် မူတည်ပြီးတော့ အကြိမ်အရေအတွက် နည်းနည်း မ်ားမ်ား တိုက်ခိုက်နိုင်ခြင်း ဖြစ်ပါတယ်။ ခါးကိုန္ဒဲ့ပြီး ရှောင်တိမ်းတာ။ လက်မောင်းကို လွှဲရိုက်တာနဲ့ ခြေကန်ချက်တွေ အားလုံးက မူလစွမ်းအင်နဲ့ မပတ်သက်ပါဘူး။

အေဂ:တိုက်ခိုက်မှု တစ်ခုမှာ လူတစ်ယောက် မူလစွမ်းအင်တွေကို အဆက်မပြတ် ထုတ်ဖော်နိုင်ပြီး တိုက်ခိုက်မှုတွေ အဖြစ်ကို ပြောင်းလဲတာက လုံးဝကို ကွဲပြားခြားနားမှု တစ်ခုဖြစ်ပါတယ်။

ထန် ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က အနီးကပ် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြပါတယ်။ ဆေဘာဓားနဲ့ ဓားရှည်တို့က ဆက်တိုက်ဆိုသလို ထိတွေ့မိပြီး ရောင်စဉ်တန်းတွေက ထွက်ပေါ်လာပါတယ်။

ဘာ

ဆေဘာဓား ဘုရင်လေးက အရှမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။ အနီးကပ် တိုက်ခိုက်မှုက သူက တကယ်ပဲ လင်းဟန်ရဲ့ အသာစီး ရယူမှုကို ခံလိုက်ရပါတယ်။

လင်းဟန်မှာ ဘယ်လိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အမျိုးအစား ရှိနေတာလဲ။ နှလုံးတစ်ချက် ခုန်တဲ့ အချိန်အတွင်းမှာ သူက တိုက်ခိုက်မှု ဆယ့်ခုပဲ ထုတ်ဖော်နိုင်ခဲ့ပေမဲ့ လင်းဟန်ကတော့ ရာနဲ့ချီ တိုက်ခိုက်နိုင်ပြီး သူ့ထက်တောင်မှ ဆယ်ဆလောက် ပိုများနေပါတယ်။

ဆေဘာဓား ဘုရင်လေးက အလျင်အမြန်ပဲ လွှားခနဲ ခုန်ပြီးတော့ နောက်ဆုတ်လိုက်ပါတယ်။ လင်းဟန်နဲ့ အနီးကပ် တိုက်ခိုက်တာက ရန်သူရဲ့ အသန္တာဆုံး အားသာချက်နဲ့ သူ့ရဲ့ အားနည်းချက် တွေ့ဆုံလိုက်သလိုပါပဲ။ ဒီထပ်ပိုပြီးတော့ သူ့အနေနဲ့ မိုက်မဲစရာအကြောင်း မရှိပါဘူး။

အနားကို ကပ်ရတာလွယ်တယ်။ ဒါပေမဲ့ အကွာအဝေးကို ပြန်ဆွဲခွာတာကတော့ မင်းပဲ လုပ်လို့ရမယ် ထင်နေတာလား

လင်းဟန်ရဲ့ ပုံရိပ်ဟာ လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး ဆေဘာဓား ဘုရင်လေး အနောက်ကို

တစ်ဟုန်ထိုး လိုက်သွားခဲ့ပါတယ်။ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသက်သွင်းလိုက်တာနဲ့ သူ့ရဲ့ အမြန်နှုန်းက မတရား လျင်မြန်လာခဲ့ပါတယ်။

ခွေးကောင်။ အဲဒါက ငါပိုင်တာကွ။ ငါ့ဟာ

ဆေဘာဓား ဘုရင်လေးက မှုန်ထူပြီးတော့ သွေးရူးတန်းရူး ဖြစ်သွားခဲ့ပါတယ်။ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပြီးတော့ သူပိုင်ဆိုင်သင့်တဲ့ ပစ္စည်း ဖြစ်ပါတယ်။ တကယ်လို့ သူသာ သင်ယူနိုင်ခဲ့မယ်ဆိုရင် သူ့ရဲ့ ဆေဘာဓားသိုင်းကလည်း လျင်မြန်မှုမှာ အထွတ်အထိပ်ကို ရောက်ရှိသွားမှာ ဖြစ်ပြီးတော့ သက်တူရွယ်တူထဲမှာ ဘယ်သူကမှ သူ့ကို ယှဉ်ပြိုင်နိုင်မှာလဲ။

နောက်ပြီးတော့ လျှပ်စီးစွမ်းအားကို ထည့်ပေါင်းလိုက်မယ်ဆိုရင် သူ့ရဲ့ဓားချက်တွေကို ခုခံမိတိုင်း သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက မာတောင့်သွားပြီးတော့ သွေးကြောထဲက မူလစွမ်းအင်တွေရဲ့ အာနိသင်က ပျက်ပြယ်သွားပြီး အရမ်းကို မခံမရပ်နိုင်အောင် ဖြစ်သွားပါလိမ့်မယ်။

မင်း သေသင့်တယ်။ ငါမင်းကို လောင်ကျွမ်းပစ်မယ်

လင်းဟန်က လျောင်ပြုံးပြုံး လိုက်ပါတယ်။

မလိုဘူး။ ငါ့ဘာသာငါပဲ ရအောင်ယူမယ်

လင်းဟန်က သူ့ရဲ့ဓားရှည်နဲ့ ထပ်ခါထပ်ခါ တိုက်ခိုက်လိုက်ပြီး ဆေဘာဓား ဘုရင်လေးကို သတ်ဖြတ်ဖို့ အစွမ်းတွေ ထုတ်ဖော်လိုက်ပေမဲ့ ရုတ်တရက် သူ့နှလုံးသားထဲမှာ မကောင်းတဲ့ ခံစားချက်တစ်ခုကို ခံစားလိုက်ရပြီး ရုတ်တရက် သူ့နောက်ကျောဘက်က လှုပ်ရှားမှု တစ္ခုကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။

ဘုန်း။

လေထဲကနေ ကြည်လင်တောက်ပတဲ့ လက်မောင်းတစ်ဖက် ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ ခေါင်းအနောက်ကို တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီလက်သီးက လင်းဟန်ရဲ့ ဆန့်ထုတ်လိုက်တဲ့ လက်တစ်ဖက်ကြောင့် တစ်လက်မတောင် လှုပ်ရှားနိုင်စွမ်း မရှိတော့ပါဘူး။

စိန်ယန္တရား ရုပ်သေးရုပ်။

Chapter 680 end

Zawgyi.အပိုင်း(၆၈၁) ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ စွမ်းအားကို ထုတ်ဖော်ပြသခြင်း

ဆေဘာစား ဘုရင်လေးက အံ့အားသင့် သွားပါတယ်။ ဒါက စိန်ယန္တရား ရုပ်သေးရုပ် ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ ပကတိ ခွန်အားနဲ့ သူ့ရဲ့ခန္ဓာကိုယ်က မာကျောလွန်းပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူ့ရဲ့လက်သီးတွေမှာ သာမန်မျက်လုံးနဲ့တောင် မမြင်နိုင်တဲ့ အထူးသင်္ကေတတွေနဲ့ ဖုံးလွှမ်းလျှက်ရှိပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ ခံစစ်ကို လွယ်လွယ်ကူကူနဲ့ ထိုးဖောက်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က သူ့ရဲ့လက်ကို အသုံးပြုပြီးတော့ စိန်ယန္တရားရုပ်ရဲ့ လက်သီးကို ဖမ်းဆုပ်ထားပြီး လုံးဝကို ထိခိုက်နာကျင်တာမျိုးလည်း မတွေ့မြင်ရတာကြောင့် သူ့ကို အံ့အားသင့် သွားစေခဲ့ပါတယ်။

စိန်ယန္တရားရုပ်က ကြောက်ရွံ့ခြင်း မရှိပဲ နောက်ထပ် လက်သီးနဲ့ လင်းဟာန်ရဲ့ ဦးနောက်ကို ရည်ရွယ်ပြီး တစ်ခါတည်းနဲ့ အသေသတ်ဖို့ ချက်ချင်းတိုက်ခိုက်

လိုက်ပါတယ်။

ဆေဘာစား ဘုရင်လေးကလည်း ငတုံးတစ်ယောက် မဟုတ်ပါဘူး။ သူ့ရဲ့ဆေဘာစားနဲ့ တိုက်ခိုက်လိုက်ပြီး သူ့ခြိမ်းခြောက်မှုက ပိုပြီးတော့ ကြီးမားပါတယ်။ အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတစ်ခု၊ ဆေဘာစား အလင်းတန်း တစ်ခုနဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မြင့် တိုက်ပွဲစွမ်းရည်ကိုပါ ထည့်ပေါင်းလိုက်ရင် လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ပြတ်ရှအောင် လုပ်နိုင်ပါတယ်။

လင်းဟန်က လွှတ်ပေးလိုက်ရပြီး လွှားခနဲ ခုန်သွားပြီး သူ့ပုံရိပ်က မီတာသုံးရာ အကွာမှာ ပေါ်လာခဲ့ပါတယ်။ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားရဲ့ မြင့်မားတဲ့ အမြန်နှုန်းကို ပိုင်ဆိုင်ထားတာကြောင့် ဘယ်လိုလုပ်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် ပြိုင်ဘက်တွေက သူ့ကို လိုက်ဖမ်းနိုင်မှာလဲ။

"ဟားဟား"

ဆေဘာစား ဘုရင်လေးက လှောင်ပြုံးပြုံးလိုက်ပေမဲ့ သူ့အမူအရာက လုံးဂကို ခက်ထန်လို့ နေပါတယ်။ သူ့အနေနဲ့ အားနည်းချက်ကို ဖာထေးနိုင်ဖို့ စိန်ယန္တရားရုပ်ကို အသုံးပြုဖို့

လိုအပ်နေ ပါတယ်။ ဒီအချက်ကြောင့် သူ့ကို မျက်နှာပျက်စေပါတယ်။ ဒီမတိုင်ခင် ဘယ်သူနဲ့ပဲ တိုက်တိုက် သူက အမြဲတမ်း အသာစီး ရရှိထားပါတယ်။ ပြီးတော့ သူက လင်းဟန်နဲ့ အကြိမ်အနည်းငယ် တိုက်ခိုက်ခဲ့ဖူးပြီး သူမှာလုံးဝကို အသာစီး ရရှိခဲ့ပါတယ်။

ဒါပေမဲ့လည်း အချိန်တိုတိုလေး အတွင်းမှာ လင်းဟန်က သူ့ကို ဆန့်ကျင်နိုင်တဲ့အထိ လုံလောက်တဲ့ ခွန်အား ရရှိနေခဲ့ပါတယ်။

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ။

သူ့မျက်လုံးတွေထဲမှာ အမုန်းတရား မီးတောက်တွေ ပေါက်ကွဲထွက်ပေါ် လာခဲ့ပါတယ်။ တကယ်လို့ သူသာ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ရရှိနိုင်မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲ စွမ်းရည်က အခုဆို သေချာပေါက် ကြယ်ငါးလုံးကျော် တိုးလာနိုင်ပါတယ်။ ပြီးတော့ လင်းဟန်ရဲ့ တိုက်ပွဲ စွမ်းရည်က ကြယ်ငါးလုံးလောက် လျော့ကျသွားပါလိမ့်မယ်။ တစ်ခုက အပေါင်းဆို တစ်ခုက အနုတ်ပါပဲ။ သူက အဲဒီအချိန်ကျရင် လင်းဟန်ကို တစ်ခါတည်း ချေမှုန်းပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဘယ်လောက်တောင် မုန်းစရာကောင်းလိုက်သလဲ။

သူက နာခေါင်းရှုံ့ပြီးတော့ ဆေဘာဓားရှည်ကို ရင်ဘတ်အရှေ့မှာ ထားလိုက်ပြီး အဆုံးစွန် တိုက်ကွက်တစ်ခုကို ထုတ်ဖော်ဖို့ ပြင်ဆင်လိုက်ပါတယ်။

အစောပိုင်းတုန်းက သူတို့နှစ်ယောက်က အနီးကပ် တိုက်ခိုက်နေကြပြီး တိုက်ကွက်တိုင်းက ဘေးကျပ်နံကျပ် အခြေအနေမှာ ရှိနေတာကြောင့် အဆုံးစွန် တိုက်ကွက်တစ်ခုကို ထုတ်ဖော်ဖို့အတွက် ခွန်အားစုစည်းဖို့ အချိန်မရခဲ့ပါဘူး။ ဒါပေမဲ့လည်း အခုလိုမျိုး တစ်ယောက်နဲ့ တစ်ယောက် အလှမ်းကွာသွားတဲ့ အချိန်မှာ အဆုံးစွန် တိုက်ကွက်ကို ပြင်ဆင်ဖို့ အချိန်နဲ့ နေရာ ရှိလာခဲ့ပါတယ်။

စိန်ယန္တရားရုပ်က လေထဲမှာ နောက်တစ်ကြိမ် သူ့ပုံရိပ်ကို ဖုံးကွယ်လိုက်ပါတယ်။ သူ့မှာ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ လုပ်ကြံသတ်ဖြတ်ဖို့ အတွက်ပဲ ဖန်တီးထားပုံ ရပါတယ်။

ခိုးကြောင်ခိုးဝှက် တိုက်ခိုက်မလို့လား။

လင်းဟန်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတစ်ယောက်တည်းမှာပဲ ရတနာ ပစ္စည်းတွေ ရှိနေတယ်လို့ ထင်နေတာလား"

လင်းဟန်က ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ထုတ်လိုက်ပြီးတော့ အသက်သွင်းပြီး မိုးကောင်းကင် အပေါ်ကို ပစ်တင်လိုက်ပါတယ်။ ဒီစိတ်ဝိညာဉ် ပစ္စည်းကနေ ချက်ချင်းပဲ စူးရှတောက်ပတဲ့ အလင်းရောင်က ထွက်ပေါ်လာပြီး ကောင်းကင်ကြီး တစ်ခုလုံးကို ဖုံးလွှမ်းသွားပါတယ်။

ဒီကျောက်ဆုံက သာမန်စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဟုတ်ပဲ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်နိုင်ပါတယ်။

"ဘာလဲဟ။ ငါ့လက်နက်က ချော်ထွက်သွားပါလား"

"အား ငါ့ရဲ့ ဆွဲပြား"

"ငါ့ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့လေး"

ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက အရာအားလုံးကို လက်ခံပြီး အားလုံးကို မွန်းမံ

သန့်စင်ပစ်ပါတယ်။ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို မွန်းမံသန့်စင်ရလေ သူ့ရဲ့စုပ်ယူခြင်း စွမ်းအားကလည်း ပိုပြီးတော့ အလင်းရောင်တွေ ဖြာထွက်လာပါလိမ့်မယ်။ ချက်ချင်းဆိုသလို လူတွေအများကြီးရဲ့ ရတနာပစ္စည်းတွေက စုပ်ယူခြင်း ခံလိုက်ရတယ်။

ဒီပစ္စည်းက လုယက်ဖို့အတွက် ပြီးပြည့်စုံတဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

ဂင်းလက်တောက်ပလာပြီး စိန်ယွန္တရားရုပ်ကလည်း ထွက်ပေါ်လာဖို့ ဖိအားပေးခံလိုက်ရပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ စုပ်ယူခြင်းကို ခံလိုက်ရပြီး အထဲကို ရောက်သွားပါတယ်။

"ဦးလေးယုန်ရဲ့ မုန်လာဉကြီး "

ယုန်ဖြူကြီးက ဒေါသထွက်လာပြီး ခြေထောက်ကို ဆောင့်နင်းလိုက်ပါတယ်။ အစောတုန်းက သူဂမ်းသာအားရနဲ့ စားနေတဲ့ စိတ်ဂိညာဉ် ဆေးပင်က မမျှော်လင့်ပဲ မဆင်မခြင် သတိလက်လွတ် ဖြစ်သွားတာနဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ စုပ်ယူခြင်းကို ခံလိုက်ရပါတယ်။

ဆေဘာအား ဘုရင်လေးက မအံ့သြပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဒီရတနာက ဘယ်လို ရတနာမျိုးလဲ။ တခြားရတနာတွေကို စုပ်ယူဖို့ အတွက်လား။ သူ့လက်ထဲက အဆင့်ကိုး စိတ်ဂိညာဉ် ပစ္စည်းတောင်မှ လှုပ်လာပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ စုပ်ယူခြင်းကို ခံရတော့မလို ဖြစ်နေပါတယ်။

လင်းဟန်က ပါးစပ်ကို ရှုံ့မဲ့လိုက်ပါတယ်။ ကြည့်ရတာ သူအလွန်အကျုံ့ လုပ်လိုက်မိပြီ ထင်တယ်။

ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ အာနိသင်က သူမျှော်လင့်ထားတာထက် ပိုမိုသာလွန် နေပါတယ်။ အစတုန်းက သူ့အနေနဲ့ စိန်ယွန်ရှားရုပ်ကို တားဆီးချင်တာ ဖြစ်ပြီးတော့ အကွာအဝေး တစ်ခုကို ခွဲထားချင်ခဲ့တာပါ။ ဒါပေမဲ့ သူမထင်မှတ်ထားခဲ့တာက အောက်မှာရှိတဲ့ လူတွေရဲ့ ရတနာတွေ အားလုံးကိုပါ စုပ်ယူနိုင်တဲ့ အာနိသင် ရှိလိမ့်မယ် ဆိုတာကို ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျောက်ဆုံထဲကို အားလုံး လာစမ်း"

"သေစမ်းကွာ"

ဆောဘာဓား ဘုရင်လေးက စွမ်းအင်စုစည်းခြင်း ပြီးသွားခဲ့တာကြောင့် ဆောဘာဓားနဲ့ ခုတ်လိုက်ပြီး သူ့ရဲ့တိုက်ခိုက်မှုက ဆူနာမီ ရေလှိုင်းလုံးကြီးလို တလိပ်လိပ် ထိုးတက်လာခဲ့ပါတယ်။

ဒါက ပုံရိပ်ယောင်တစ်ခု မဟုတ်ပါဘူး။ ဆူနာမီတစ်ခုက တကယ်ပဲ မိုးကောင်းကင်ပေါ်မှာ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ လှိုင်းလုံးကြီးတွေက ဆောဘာဓား အလင်းရောင်ရဲ့ ပေါင်းစပ်မှုနဲ့ ဖြစ်ပေါ်လာပြီး အားလှိုင်းတွေက ဆက်တိုက်ဆိုသလို တလိပ်လိပ် တက်လာခဲ့ပါတယ်။

အဲဒီအခိုက်တန့်မှာ နေနဲ့လတို့က အလင်းရောင်တွေ ပျောက်ကွယ်ကုန်ပြီး ကမ္ဘာကြီး တစ်ခုလုံး ဒီဆောဘာလှိုင်းလုံးကြီးရဲ့ ဒေါသတကြီးနဲ့ မြည်ဟိန်းပြီး ကြည်လင်တောက်ပနေမှုပဲ ကျန်ပါတော့တယ်။

"ဆောဘာဓား ဘုရင်လေးရဲ့ အဆင့်က သိပ်ပြီးတော့ မမြင့်လောက်သေးပေမဲ့ ဆောဘာဓား ပညာမှာတော့ သူက

ကောင်းကင်ဖျက်ဆီး ဆေဘာဓားရဲ့ သင်ယူမှုခံရပြီး နှစ်ဆယ် ရာခိုင်နှုန်းလောက် ရရှိထားတာပဲ”

“အမှန်ပဲ ချီအလင်း သုံးဆယ်ကို သိပ်သည်းပြီး အလင်းတန်းတစ်ခု ဖြစ်ပြီးတော့ အကန့်အသတ်ကို ချိုးဖျက်ထားတယ်”

“ဒါပေမဲ့လည်း ဆေဘာနှလုံးသားကို နားလည်နိုင်စွမ်း မရှိဘူးဆိုရင်တော့ အဆုံးသတ်မှာ သာမန်ဆေဘာ ဓားသမား တစ်ယောက် အဖြစ်ပဲ ရှိနေဦးမယ်”

“ကောလာဟလတွေ ပြောကြတာတော့ ရှရှုရန်က ဆေဘာနှလုံးသားမှာ တဂက်လောက် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်နေပြီဆိုတာ ဟုတ်လား”

“ရှရှုရန်က ကောင်းကင်ဘုံ ဖျက်ဆီးခြင်း ဆေဘာဓားရဲ့ စစ်မှန်တဲ့ တပည့်တစ်ယောက် ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ဆေဘာဓားကိုယ်တိုင် ချီးကျူးခြင်းခံရတဲ့ လူတစ်ယောက်လည်း ဖြစ်တယ်။ သူက သက်တူရွယ်တူတန်းထဲမှာ အကောင်းဆုံးထဲက အကောင်းဆုံးလို့တောင် ပြောလို့ရတယ်”

"ငါတကယ်ပဲ အဲဒီဂျူနီယာကို တွေ့ဖူးချင်လိုက်တာ"

"အခွင့်အရေး ရလာပါလိမ့်မယ်။ အခုတော့ သူက ဆေဘာ နလုံးသားကို ကျင့်ကြံအားထုတ် နေတာပဲ ဖြစ်လိမ့်မယ်။ သူတံခါးပိတ် ကျင့်ကြံနေတာကနေ ထွက်လာတဲ့ အချိန်ကျရင် သူ့ကိုယ်သူ မာကျောအောင်လို့ ကမ္ဘာအနှံ့ကို လိုက်ပြီးတော့ လျှောက်သွားလိမ့်မယ်။ နတ်ဘုရား ဂိတ်တံခါးတွေ ပွင့်တဲ့အချိန်ကျရင် သူက နတ်ဘုရားလောကကို ဝင်သွားပြီး သူရောက်တဲ့ နေရာတိုင်းမှာ ထွန်းလင်းတောက်ပလိမ့်မယ်"

"ငါတို့လည်း ငါတို့အိမ်ကို ပြန်နိုင်မှာပေါ့"

"မစောင့်နိုင်တော့ဘူး။ ငါတို့လို နတ်ဘုရားဘုံက လူတွေက သေမျိုးဘုံမှာ ဘာမှမဟုတ်သလို နေနေရတယ်။ ဒီအကြောင်းကို စဉ်းစားကြည့်လိုက်ရင် ငါ့ကိုငါ တော်တော်လေးကို စိတ်ပျက်တယ်"

မျိုးဆက်ဟောင်းက လူကြီးတွေက သူတို့ရဲ့ နတ်ဘုရား အာရုံတွေကို အသုံးပြုပြီးတော့ ဆက်သွယ်နေကြပြီး လျှို့ဝှက်ချက်တွေ ပေါက်ကြားမှာကို ကြောက်ရွံ့တာကြောင့် အသံ နည်းနည်းလေးမှတောင် မထွက်ကြပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကတော့ ဦးနှောက်ချောင်သွားပြီပဲ။ ငါနဲ့ အဂေးကနေ တိုက်ခိုက်မယ်ဆိုတော့ ကိုယ့်သေတွင်း ကိုယ်ရှာတာပဲ"

အားလုံးရဲ့ မျက်နှာတွေက ရှုံ့မဲ့သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက ဆေဘာဓား ဘုရင်လေးက အနီးကပ် တိုက်ခိုက်ခဲ့ပြီး မင်းက သူ့ကို သေချင်လားလို့ ပြောခဲ့တယ်။ အခု ဆေဘာဓား ဘုရင်လေးက အကွာအဂေးကို ခွာထားလိုက်တော့လည်း သေချင်နေလားပဲမေးတယ်။ ဒါဆိုရင် ဘယ်လိုလုပ်မှ အပြောလွတ်မှာလဲ။

လင်းဟန်က နေဂင်ဆည်းဆာ လေးကို ထုတ်ယူပြီးတော့ အဆင့်ရှစ် ရှားပါးသတ္တုနဲ့ သွန်းလုပ်ထားတဲ့ မြားတစ်ချောင်းကို တပ်လိုက်ပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းကာ သူ့ပစ်မှတ်ကို ချိန်ထားလိုက်ပြီး ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို အသက်သွင်းပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို မြားရဲ့ကိုယ်ထည်မှာ ထည့်သွင်းလိုက် ပါတယ်။

လှို့ဝှက်ဆန်းကြယ် စွမ်းအား သုံးခုကို ဆက်တိုက် အသက်သွင်းပြီး လက်ရှိမှာ လင်းဟန်ရဲ့ အသန်မာဆုံး တိုက်ခိုက်မှု တစ်ခုဖြစ်တဲ့ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခု တိုက်ကွက်ထက်တောင် သာလွန်နေပါတယ်။

လှို့ဝှက်ဆန်းကြယ် စွမ်းအားဆိုတာ ဘာလဲ။

လင်းဟန် ခန့်မှန်းချက်အရတော့ ဒါတွေက တန်ခိုးရှင်ဘုံရဲ့ ပညာတွေ ဖြစ်မယ်လို့ ကောက်ချက်ချ သုံးသပ်ထားပါတယ်။

နတ်ဘုရား ပညာရပ်တွေက ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ရွှပ်။

လေးညို့ကနေ မြားက အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲပြီးတော့ ထွက်လာပြီး ချက်ချင်းဆိုသလို အရှိန်အဟုန် မြင့်သွားပြီး မျက်စိနဲ့တောင် ဖမ်းလို့မရနိုင်အောင် လျှင်မြန်လွန်း ပါတယ်။ ဆေဘာဓား အလင်းကြောင့် ဖြစ်ပေါ်နေတဲ့ ရေလှိုင်းလုံးကြီးကို ဖြတ်သွားပြီး ဆေဘာဓား ဘုရင်လေးရဲ့ အရှေ့ကို ရောက်သွားပြီး သူ့နဖူးဆီကို တိုးဝင်သွားပါတယ်။

ပှမ်း။

ဆေဘာစား ဘုရင်လေးရဲ့ ခန္ဓာကိုယ်ပေါ်ကနေ ခရမ်းရောင် အလင်းတန်းကြီး တစ်ခုက ဒိုင်းတစ်ခု ပုံစံ ထွက်ပေါ်လာပြီး မြားကို တားဆီးလိုက်ပါတယ်။

ဘုန်း။

ဒိုင်းက ပျက်စီးသွားသလို မြားကလည်း ကောင်းကင်ပေါ်ကနေ ပြုတ်ကျသွားခဲ့ပါတယ်။

ဆေဘာစား ဘုရင်လေးကို ကြည့်ရတာ အတော်လေးကို အံ့အားသင့်သွားပုံ ရပါတယ်။

သူက ရှေးဟောင်းမင်းဆက် ရတနာသိုက်ကနေ ထူးခြားဆန်းကြယ်တဲ့ ရတနာ တစ်ခုကို ရရှိခဲ့ပြီး အဲဒီရတနာက သူ့အသက်ကို ကယ်တင်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ အဲဒီရတနာက အဆောင် လက်ဖွဲ့တစ်ခု ဖြစ်ပြီးတော့ မျဉ်းကြောင်းလေးခု အမှတ်အသားပဲ ရှိပါတယ်။ ရှေးဟောင်းနယ်မြေ တစ်ခုကို စူးစမ်းလေ့လာသွားရောက်ခဲ့တဲ့ အချိန်တုန်းက

အဲ့နှရာယ်တစ်ခုနဲ့ ကြုံလာတဲ့ အချိန်မှာ အဆောင်လက်ဖွဲ့က တောက်ပလာပြီး သူ့အသက်ကို ကယ်တင်ခဲ့ပါတယ်။ ဒါပေမဲ့ မျဉ်းကြောင်းက သုံးကြောင်းအဖြစ် ပြောင်းလဲသွားပါတယ်။

အဲ့ဒါက အဆောင်လက်ဖွဲ့ အနေနဲ့ သူ့ကို သုံးကြိမ်ပဲ ကယ်တင်နိုင်တော့မယ်လို့ ဆိုလိုတာပါပဲ။ ပြီးတော့ အခု မျဉ်းကြောင်းက နှစ်ကြောင်းပဲ ကျန်ပါတော့တယ်။

သူ့ခေါင်းတစ်ခုလုံး အေးစက်တဲ့ ချွေးတွေ စိုရွှဲလာပါတယ်။ သူက သေမင်းခံတွင်းဂကို ဖြတ်နေရသလိုပါပဲ။ ပြီးတော့ လင်းဟန်က မြားသုံးချောင်းထက် ပိုပြီးတော့ ပစ်လွှတ်ဖို့ လိုအပ်ပြီး နောက်ဆုံးမြားကို သူကာကွယ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အရမ်းကို မြန်လွန်းပါတယ်။

အခု သူတို့ကြားက အကွာအဝေးက မြားတစ်ချောင်းကို အရှိန်အဟုန် မြှင့်တင်ပြီးတော့ မြားရဲ့ အင်အားကို ကုန်ခမ်းခြင်း မရှိစေပဲ အပြည့်အဝ ထုတ်ဖော်နိုင်စေပါတယ်။

အောက်မှာရှိတဲ့ လူတွေကလည်း ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ လင်းဟန်က ဆေဘာဓား ဘုရင်လေးကို

အကွာအဝေး ခွာလိုက်တာကြောင့် သေချင်နေတာလားလို့ မေးခဲ့တာက အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒီမြားပစ်ပညာရပ်က အရမ်းကို ကြောက်စရာကောင်းပြီး အလင်းတန်း တစ်ခုလို လျင်မြန်လွန်းပါတယ်။

ဆေဘာစား ဘုရင်လေးက အနည်းငယ် တုံ့ဆိုင်းသွားပြီးတဲ့ နောက်မှာတော့ သေတဲ့အထိ ပြတ်ပြတ်သားသား တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီနေ့ တကယ်လို့ လင်းဟာန်ကို ခေါင်းဖြတ်ကွပ်မျက်နိုင်ခြင်း မရှိဘူးဆိုရင် သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေ ကွာဟချက် ပိုနည်းလာရင် သူက သေချာပေါက် လင်းဟာန်ရဲ့ သတ်ဖြတ်ခြင်းကို ခံရပါလိမ့်မယ်။ အနိုင်ရစရာ နောက်ထပ်နေ့ရက် မရှိတော့ပါဘူး။

Chapter 681 end

Zawgyi.အပိုင်း(၆၈၂) ကောင်းကင်ဘုံက တားမြစ်ထားတဲ့ ပစ္စည်း

ဆေဘာစား ဘုရင်လေးလို ပါရမီရှင် တစ်ယောက်အတွက် ဖြေရှင်းနည်းဆိုတာ မရှားပါဘူး။ သူ့အကြည့်တွေက ဆုံးဖြတ်ချက်တွေ ပြတ်သားမှုကြောင့် လှုပ်ခါသွားခြင်း မရှိပဲ

နောက်တစ်ကြိမ် ဘယ်တော့မှ တုန်လှုပ်သွားလိမ့်မှာ မဟုတ်ပါဘူး။

သူ့ရဲ့အဆုံးစွန် တိုက်ကွက်က လင်းဟန်ကို ထိခိုက်နာကျင်အောင် မလုပ်နိုင်သလို လင်းဟန်ရဲ့ အမြန်နှုန်းကလည်း အရမ်းကို လျင်မြန်လွန်းပါတယ်။ ပြီးတော့ သူက လင်းဟန်ရဲ့ မြားချက်ကို ရှောင်တိမ်းရပါမယ်။

အရမ်းကြီး ဝေးလို့ မဖြစ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက လင်းဟန်အတွက် ပစ်မှတ်တစ်ခု ဖြစ်သွားပြီး သူ့ရဲ့တိုက်ခိုက်မှုတွေကလည်း အားနည်းသွားပြီးတော့ စွမ်းအားကို ထုတ်ဖော်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ အရမ်းကို နီးနီးကပ်ကပ် တိုက်ခိုက်မယ်ဆိုရင် သူက လင်းဟန် မဟုတ်ပါဘူး။ ဒီထူးထူးဆန်းဆန်းကောင်နဲ့ ဘယ်လိုမှ ယှဉ်လို့ မရနိုင်ပါဘူး။ ဆေဘာဓား ဘုရင်လေးက သူ့နှလုံးသားထဲမှာ ကောက်ချက်ချနေခဲ့ပါတယ်။

ဒါဆိုရင် တစ်ခုတည်းသော နည်းလမ်းက သူတို့နှစ်ယောက်ရဲ့ အကွာအဝေးကို အရမ်းကြီး နီးလို့ မရသလို အရမ်းကြီး ဝေးနေလို့လည်း မဖြစ်ပါဘူး။ လင်းဟန်ရဲ့ မြားပစ်ပညာကို စွမ်းအား အပြည့်အဝ ထုတ်ဖော်နိုင်ခွင့် ပြုလို့ မရပါဘူး။ ပြီးတော့ သူ့ရဲ့ကိုယ်ပိုင်

တိုက်ပွဲစွမ်းရည်ကို လျော့ချပစ်လို့လည်း မဖြစ်ပါဘူး။

ဆေဘာဓား ဘုရင်လေးက သူ့ဆေဘာဓားကို မြှောက်ပြီးတော့ လှုပ်ရှားလိုက်တာနဲ့ လင်းဟန်အရှေ့ တစ်မီတာ အကွာမှာ ပေါ်လာခဲ့ပြီး ဆေဘာဓားနဲ့ ခုတ်ချလိုက်ပါတယ်။ ဆေဘာဓား အလင်းတန်းက အားလှိုင်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ဆီကို မှန်တိုင်းတိုက်သလို ပြေးဝင်လာခဲ့ပါတယ်။

လင်းဟန်က ကြောက်ရွံ့ခြင်း မရှိပဲ အထီးကျန် ငရဲဓားသိုင်းကို ထုတ်ဖော်ပြီး ဆေဘာဓား ဘုရင်လေးနဲ့ ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲလိုက်ပါတယ်။

အမှန်တကယ်တော့ သူက ဆေဘာဓား ဘုရင်လေးကို မြားနဲ့ပစ်ဖို့ အကွာအဝေးကို ခွာလိုက်ဖို့ လုပ်နိုင်ပါတယ်။ သူ့ရဲ့အမြန်နှုန်းနဲ့ဆို ဆေဘာဓား ဘုရင်လေးက အနားကို ကပ်နိုင်မှာ မဟုတ်ပါဘူး။ သူက အနီးကပ် တိုက်ခိုက်ပြီးတော့ ဆေဘာဓား ဘုရင်လေးကို လုံးဝလွှမ်းမိုးပစ် နိုင်စွမ်းလည်း ရှိပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က အနိုင်ပွဲကို အာမခံချက်ရဖို့ ဒီဗျူဟာတွေကို မရွေးချယ်ပဲ ဆေဘာဓား ဘုရင်လေးကို

သူ့ရဲ့ခွန်အားကို ထုတ်ဖော်ခွင့် ပြုထားပြီးမှ ဆေဘာဓား ဘုရင်လေးရဲ့ ပုံပန်းသွင်ပြင် အားလုံးကို ရိုက်ချိုးပစ်ချင်ခဲ့တာပါ။

ကံမကောင်းတာက ဓားဘုရင်က ဒီနေရာမှာ ရှိနေတာကြောင့် လင်းဟန်က အနက်ရောင် မူလသိုင်းဟန် သုံးကွက်ကို အသုံးမပြုပွဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆေဘာဓား ဘုရင်လေးကို သေချာပေါက် ခေါင်းကိုက်သွားအောင် လုပ်ပစ်နိုင်ပါလိမ့်မယ်။

အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းက ကောင်းကင်ဓားဂိုဏ်းအောက် မနိမ့်ကျပါဘူး။ ကောင်းကင်ဓားဂိုဏ်းမှာ အနက်ရောင် မူလသိုင်းဟန် သုံးကွက်ရှိသလို အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းမှာရော ဒီလိုမျိုး အဆုံးစွန် တိုက်ကွက်တစ်ခု မရှိနိုင်ဘူးလား။

ဆေဘာဓား ဘုရင်လေးက ဒေါသတကြီးနဲ့ မာန်သွင်းပြီးတော့ သူ့ရဲ့ဆေဘာဓားက နဖူးမှာ ဦးချိုတစ်ချောင်းပါတဲ့ ဒေါသနဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ဆီကို ပြင်းထန်စွာနဲ့ ဂင်လာခဲ့ပါတယ်။

အဆုံးမရှိတဲ့ စွမ်းအင်တွေ စုစည်းလာပြီး ဒီတိုက်ခိုက်မှုရဲ့

စွမ်းအားက သေချာပေါက် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိလို့ နေပါတယ်။

လင်းဟန်က ဒီတိုက်ခိုက်မှုကို မဆင်မခြင်နဲ့ ပယ်မထုတ်ပံ့ပါဘူး။ သူက မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီးတော့ အနောက်ကို ဆုတ်ပြီး လျှပ်စီးအလင်းတန်းအသွင်ပြောင်းကာ ဆေဘာဓား ဘုရင်လေးရဲ့ တိုက်ခိုက်မှုကို ပွတ်ကာသီကာနဲ့ ရှောင်တိမ်းလိုက်ပါတယ်။ သူ့အနေနဲ့ မစဉ်းစားမိပဲ မနေနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ အရင်ဘဝတုန်းကသာ ဓားဧကရာဇ် ဒါမှမဟုတ် နေသတ်ဖြတ်သူ ဆေဘာဓား ဧကရာဇ်နဲ့ တိုက်ခိုက်ယှဉ်ပြိုင်မယ်ဆိုရင် သူက တကယ်ပဲ မိနစ်အနည်းငယ် အတွင်းမှာ အသတ်ခံရပြီး လွတ်မြောက်အောင် ထွက်ပြေးလို့ ရလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အခုချိန်ဆိုရင်တော့ လုံးဝကို မတူညီတော့ပါဘူး။

လင်းဟန်က အထီးကျန် ငရဲဓားရဲ့ တစ်ခုတည်းသော သတ်ဖြတ်ခြင်း တိုက်ကွက်ကို ထုတ်ဖော်ပြီး ချက်ချင်းပဲ တန်ပြန်တိုက်စစ်ကို ဆင်လိုက်ပါတယ်။

တစ်ဖက်က စိန်ယန္တရား ရုပ်သေးရုပ်က ဒယိမ်းဒယိုင်ဖြစ်လာပြီး နောက်ဆုံးမှာ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ စွမ်းအားကို ခုခံနိုင်ခြင်း မရှိတော့ပဲ အထဲကို စုပ်ယူခြင်း ခံလိုက်ရပါတယ်။ စိန်ယန္တရားရုပ်ကို ကြည့်ရတာ အရွယ်အစား ကြီးမားပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက တကယ့်ကို သေးငယ်တယ် ဆိုပေမဲ့ စုပ်ယူခြင်း အချိန်အတွင်းမှာ စိန်ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်က ကျုံ့လာပြီးတော့ ခက်ခဲခြင်းမရှိပဲ စုပ်ယူခံလိုက် ရပါတယ်။

လင်းဟန်က သူ့လက်ကို ပွေ့ယမ်းလိုက်တာနဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက သူ့လက်ထဲကို ပြန်ရောက်လာခဲ့ပါတယ်။ သူ့ကိုယ်ထည်ပေါ်က သင်္ကေတွေက တောက်ပနေပြီး သူစုပ်ယူထားတဲ့ ပစ္စည်းတွေကို မွန်းမံသန့်စင်လို့ နေပါတယ်။

ဆေဘာခား ဘုရင်လေးက သူ့အဆုံးစွန် တိုက်ကွက် အားလုံးကို ထုတ်ဖော်ပြီး လင်းဟန်ကို ဆေဘာခားနဲ့ ခေါင်းဖြတ်ပစ်ဖို့ ကျိန်ဆိုထားပြီး လင်းဟန်ပေါ်က ရတနာတွေနဲ့ လျှို့ဝှက်ချက်တွေကို လုယူပြီး အန္တရာယ်ကြီး မကျအောင် ဂရုစိုက်ရပါမယ်။ လင်းဟန်က သူ့အတွက် ရှေးဟောင်း ရတနာသိုက်ကြီး တစ်ခုလိုတောင်

ထင်မြင်မိပါတယ်။

အကြွင်းမဲ့ ဆေဘာစားဂိုဏ်းရဲ့ ကောင်းကင်ဆေဘာစား ခုနစ်ချက်က မိုးကောင်းကင်၊ မြေပြင်နဲ့ ကြယ်တွေကို ဖျက်စီးပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ အမြန်နှုန်းက အရမ်းကို လျှင်မြန်ပြီး ဆေဘာစား သိုင်းကွက်က သူ့အပေါ်မှာ ပိတ်ဆို့ထားနိုင်စွမ်း မရှိပါဘူး။ ဒီလိုဆိုမှတော့ ဘယ်လိုလုပ်ပြီး သူ့ကို ထိခိုက်နာကျင်အောင် လုပ်နိုင်မှာလဲ။

တိုက်ကွက်ပေါင်းများစွာ ယှဉ်ပြိုင်ပြီးတဲ့ နောက်မှာတော့ ဆေဘာစား ဘုရင်လေးက ရပ်လိုက်ပါတယ်။ ဒီနှုန်းနဲ့ဆိုရင် လင်းဟာန်ကို သူသတ်ပစ်နိုင်မှာ မဟုတ်ဘူးဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်။

"မတိုက်တော့ဘူးလား"

လင်းဟာန်က လှောင်ပြုံးပြုံး လိုက်ပါတယ်။

"ဒါက အသေသတ်တဲ့ တိုက်ပွဲတစ်ခုနော်"

ဆေဘာစား ဘုရင်လေးက ဘာမှမပြောတော့ပါဘူး။ သူ့အမူအရာက ရေခဲတမျှ အေးစက်လို့ နေပါတယ်။ သူ့ညာဘက်လက်ကို မြှောက်လိုက်တာနဲ့ သူ့လက်ထဲမှာ လှံရှည်တစ်ချောင်း ပေါ်လာခဲ့ပါတယ်။ လှံရဲ့ကိုယ်ထည်က သွေးရောင်တောက်ပနေပြီး သင်္ကေတပေါင်းများစွာနဲ့ ဖုံးအုပ်ထားကာ အဆုံးမရှိတဲ့ သွေးချီတွေ ပိုင်းရံထားပြီး မကောင်းတဲ့ အငွေ့အသက်တွေနဲ့ ပြည့်နှက်နေသလိုမျိုး ဖြစ်နေပါတယ်။

ဟုမ်း ဂုန်း ဂုန်း ဂုန်း။

လှံကို ဝှေ့ယမ်းလိုက်တာနဲ့ ကောင်းကင်ပေါ်မှာ ချက်ချင်းပဲ တိမ်မည်းတွေ ပေါ်လာခဲ့ပြီး တိမ်မည်းတွေ အထဲမှာ မိုးကြိုးလျှပ်စီးတွေ လင်းလက်တောက်ပနေပြီး ကောင်းကင်ဘုံ မိုးကြိုးတွေက ဆင်းသက်လာတော့မဲ့အတိုင်း ဖြစ်ပေါ်နေပါတယ်။

အောက်မှာရှိနေတဲ့ လူအားလုံးက အကြီးအကျယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက ဒီနေ့မှာ သုံးကြိမ်မြောက် မိုးကြိုးလျှပ်စီးတိမ် ထွက်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒါကဘာများလဲ။ အရမ်းကို ဆိုးဂါးတဲ့ အငွေ့အသက်နဲ့

ထွက်ပေါ်လာပြီးတော့ မိုးကြိုး လျှပ်စီးတိမ်တွေက တလိပ်လိပ် အုံကြွပြီး ထွက်ပေါ်လို့ လာနေပါတယ်။

သက်ကြီးပိုင်းက လူကြီးတချို့ကလည်း အထိတ်တလန့် ဖြစ်သွားတဲ့ အမူအရာတွေနဲ့ သေချာကြည့်ပြီး ဆင်ခြင်စဉ်းစား နေကြပါတယ်။

"ဖြစ်နိုင်တာက"

"ကောင်းကင်ဘုံရဲ့ တားမြစ်ပစ္စည်း။ အကြွင်းမဲ့သက်ဝင် စိတ်ဂိညာဉ် ပျက်စီးခြင်းလုံ"

"လပြွတ်။ ဒါက ကောင်းကင်ဘုံက တားမြစ်ထားတဲ့ ပစ္စည်းပဲ"

လင်းဟန်ရဲ့ မျက်ခုံးတွေ တွန့်သွားပြီးတော့ နီမြန်းတဲ့ အရောင်နဲ့ လုံရှည်ကို စိုက်ကြည့်လိုက်ပြီး အဲဒီနောက်မှာ ကောင်းကင်ပေါ်က မိုးကြိုးလျှပ်စီး တိမ်တွေဆီကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းကင်ဘုံက တားမြစ်ထားတဲ့ ပစ္စည်း ဟုတ်လား"

ကောင်းကင်ဘုံ တားမြစ်တဲ့ ပစ္စည်းဆိုတာက

ကောင်းကင်ဘုံမှာတောင် အသုံးပြုခွင့် ပိတ်ပင်ထားတဲ့ ပစ္စည်းဖြစ်ပါတယ်။ ဆေဘာဓား ဘုရင်လေးက အဲဒီပစ္စည်းကို ထုတ်ဖော်လိုက်တာနဲ့ ကောင်းကင်နဲ့ မြေကြီးက လှုပ်ရှားလာပြီး အဲဒီပစ္စည်းကို ဖျက်ဆီးပစ်ဖို့ ရှာဖွေနေသလိုပါပဲ။

သူ့ရဲ့အရင်ဘဝတုန်းက ဒီလိုမျိုး ပစ္စည်းတစ်ခုကို ကြားပဲကြားခဲ့ဖူးတာ ဖြစ်ပြီးတော့ ဘယ်တုန်းကမှ မြင်တွေ့ဖူးခြင်း မရှိပါဘူး။ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းညးတစ်ခုက ကမ္ဘာကြီးရဲ့ အစွမ်းထက်ဆုံး ရတနာ ပစ္စည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီပစ္စည်းရဲ့ အစွမ်းကို အပြည့်အဝ ထုတ်ဖော်ချင်တယ်ဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ဖို့တော့ လိုပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ တားမြစ်ခြင်း ပစ္စည်းကတော့ မဟုတ်ပါဘူး။ ဒီလိုမျိုး ရတနာ ပစ္စည်း တစ်ခုက စွမ်းအား မလိုသလို သိုင်းပညာ နားလည်သဘောပေါက်နိုင်စွမ်းလည်း မလိုပါဘူး။ ဒါပေမဲ့ သွေးနဲ့ ချီတော့ လိုအပ်ပါတယ်။

ပြောရမယ်ဆိုရင် အသက်ဓာတ်ပေါ့။

လူတစ်ယောက်ရဲ့ အသက်ဓာတ်ကို အသုံးပြုပြီးတော့

တားမြစ်ပစ္စည်းကို အသက်သွင်း ရပါတယ်။ အသက်ဓာတ်ကို များများယစ်ပူဇော်လေ တားမြစ်ပစ္စည်းရဲ့ စွမ်းအားက ပိုပြီးတော့ အစွမ်းထက်ပြီး ပစ္စည်းရဲ့ အကန့်အသတ်ကို ရောက်ရှိနိုင်ပါတယ်။

ဆေဘာဓား ဘုရင်လေးမှာ တကယ်ပဲ ဒီလိုမျိုး ပစ္စည်းတစ်ခု ရှိနေတာလား။

သူက ရှေးဟောင်းမင်းဆက်ရဲ့ ရတနာသိုက် အထဲကနေ ရရှိခဲ့တာလား။ ဒါမှမဟုတ် တခြား ရှေးဟောင်းနယ်မြေ တချို့ထဲကနေ ရလာတာလား။

"ငါ့ရဲ့အသက်ဓာတ် နှစ်ပေါင်းငါးဆယ်ကို ယစ်ပူဇော်တယ်"

ဆေဘာဓား ဘုရင်လေးက လက်ထဲမှာ လှံကို ကိုင်ထားပြီး လင်းဟန်ကို စိုက်ကြည့်လိုက် ပါတယ်။

ဟွမ်း။

အနီရောင်လှံက ချက်ချင်းဆိုသလို အလင်းရောင် တောက်ပလာပြီး သွေးနဲ့ရှီတွေက မြွေခေါင်းတွေ ပုံစံဖြစ်လာပြီး လှံရဲ့ကိုယ်ထည်မှာ ရစ်ခွေလိုက်ပါတယ်။

လုံရဲ့ကိုယ်ထည်က အသက်ရှိလာသလိုမျိုး တွန့်လိမ်လာပြီး အဆုံးမရှိ အင်အားတွေ ထုတ်လွှတ်လို့ နေပါတယ်။

ဆေဘာစား ဘုရင်လေးရဲ့ ဆံပင်က ချက်ချင်းဆိုသလို မီးခိုးရောင်အဖြစ် ပြောင်းသွားပြီး အစတုန်းက သူ့ရဲ့ ကျောက်စိမ်းလို ချောမွေ့တဲ့ အသားအရေကလည်း အသက် ခုနစ်ဆယ် ရှစ်ဆယ်အရွယ် အဘိုးကြီး တစ်ယောက်ပုံစံမျိုးကို ချက်ချင်းပြောင်း သွားခဲ့ပါတယ်။

သွေးလုံကနေ ထွက်ပေါ်လာတဲ့ အစွမ်းတွေက အံ့အားသင့်စရာ ကောင်းလောက်အောင် ကောင်းကင်အဆင့်ကို ရောက်ရှိသွားခဲ့ပါတယ်။

ဆေဘာစား ဘုရင်လေးရဲ့ သက်တမ်းငါးဆယ်နှစ်ကို စုပ်ယူပြီးတာနဲ့ ဒီတားမြစ်လုံက ကောင်းကင်အဆင့်ရဲ့ အစွမ်းကို ပိုင်ဆိုင်သွားပြီး လင်းဟန်ကို အမြစ်ဖြတ် သုတ်သင်ပစ်ဖို့ လုံလောက်ပါတယ်။

ဆေဘာစား ဘုရင်လေးရဲ့ ဆံပင်နဲ့ အသားအရေက ပုံမှန်ပြန်ပြောင်းလဲ သွားခဲ့ပါတယ်။ တကယ်တော့ သူ့အသက်က နှစ်ပေါင်းတစ်ရာ မရှိသေးပါဘူး။ အစောပိုင်းတုန်းက အသက်ဓာတ် ပမာဏ အများကြီးကို

ဆွဲနှုတ်ပြီး ယစ်ပူဇော်လိုက်တာကြောင့် သူ့ရဲ့ချီနဲ့ သွေးတွေက ခမ်းခြောက်သွားပြီး သူ့ကိုအဘိုးကြီး တစ်ယောက်အသွင် ပြောင်းလဲသွားစေခဲ့တာပါ။ ဒါပေမဲ့ သူကအခုဆို ပြန်ပြီးတော့ ကောင်းမွန်လာခဲ့ပါပြီ။

"ကောင်းကင်ဘုံက တားမြစ်ထားတဲ့ ပစ္စည်းတစ်ခုရဲ့ အောက်မှာ နတ်ဘုရားတွေနဲ့ပ မကောင်းဆိုးဝါးတွေလည်း သုတ်သင်ခံရလိမ့်မယ်"

ဆေဘာစား ဘုရင်လေးက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူ့လက်ထဲက လှံကို ပစ်မြှောက်လိုက်တာနဲ့ အနီရောင် အလင်းတန်း တစ်ခုအသွင် ပြောင်းလဲသွားပြီးတော့ လင်းဟန်ဆီကို ထိုးစိုက်ဖို့ ပြေးဝင်လာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ခန္ဓာကိုယ်ကို ပေါ့ပါးဖျတ်လက်စွာ လှုပ်လိုက်ပြီး ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ လှံမှာ မျက်လုံးပါသလိုမျိုး သူ့အနောက်ကို ထပ်ကြပ်မကွာ လိုက်ပါလာခဲ့ပါတယ်။

သူက ဒီပစ္စည်းရဲ့ ပစ်မှတ်ထား ပိတ်ဆို့ခြင်းကို ခံနေရပါပြီ။

မျှော်လင့်ထားတဲ့ အတိုင်းပဲ တားမြစ်ပစ္စည်း တစ်ခုက ဘယ်လောက်တောင် အစွမ်းထက် လိုက်သလဲ။

ဒါကို ရှောင်လို့ မရဘူးဆိုမှတော့..............။

လင်းဟန်က ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ထုတ်ယူပြီးတော့ သွေးလုံကို ဖမ်းယူဖို့ အသုံးပြု လိုက်ပါတယ်။

ဘယ်သူမှ ထင်မှတ်မထားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သွေးလုံက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံ အထဲကို ဂင်ရောက်သွားပါတယ်။

အဲဒီနောက်ရော။ အဲဒီနောက် ဘာမှမဖြစ်တော့ပါဘူး။

ကောင်းကင်ဘုံရဲ့ တားမြစ်ထားတဲ့ ပစ္စည်းတစ်ခု၊ မိုးကောင်းကင်ကတောင် ကြောက်ရွံ့ရတဲ့ ဒီပစ္စည်းက ကျောက်ဆုံတစ်ခုရဲ့ ရိုးရိုးရှင်းရှင်း စုပ်ယူခြင်းကို ခံလိုက်ရပါတယ်။

အားလုံးက အရမ်းကို စိတ်လှုပ်ရှားသွားပြီး သက်ကြီးပိုင်းက လူကြီးမျိုးဆက်တွေတောင်မှ ငမ်းငမ်းတက် လိုချင်နေတဲ့

အကြည့်တွေနဲ့ ကျောက်ဆုံကို ကြည့်နေပါတယ်။

ဆေဘာအား ဘုရင်လေးတောင်မှ မယုံကြည်နိုင်စွာနဲ့ပ လင်းဟန်ကို မှင်တက်အံ့သြစွာ ကြည့်နေပါတယ်။ သူရဲ့အသက်ဓာတ် နှစ်ပေါင်းငါးဆယ် သုံးစွဲထားတဲ့ သွေးလုံက ရေထဲကို ခဲတစ်လုံး ပစ်ချလိုက်သလိုမျိုး ပလုံဖွပ်ဆိုပြီး မြုပ်သွားတာကို ဘယ်လိုလုပ်ပြီးတော့ သူက လက်ခံလို့ ရနိုင်မှာလဲ။

လင်းဟန်က သူ့လက်ထဲက နတ်ဆိုးရှင်သန်ဓားကို မြှောက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"မင်းမှာ နောက်ထပ် အဆုံးစွန် တိုက်ကွက်တွေ ရှိသေးလား"

လင်းဟန်က ပြောပြောဆိုဆို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူ့အနေနဲ့ ဆေဘာအား ဘုရင်လေးကို အဆုံးသတ်ပေးရ ပါလိမ့်မယ်။

ဆေဘာအား ဘုရင်လေးက ပြင်းပြင်းထန်ထန် ရုန်းကန်လှုပ်ရှား လိုက်ပါတယ်။ သူ့ကိုယ်ပေါ်မှာ ရှိတဲ့ ပုက်ဖဲတွေက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့

တစ်ခုကို ပစ်ထုတ်လိုက်တဲ့ တခဏမှာ မည်းနက်နေတဲ့ အရာတစ်ခု ပန်းထွက်လာပြီး အံ့အားသင့်စရာကောင်းတဲ့ ခွန်အားကို ပိုင်ဆိုင်ထားပါတယ်။ လင်းဟန်က နမြောတသမှုကြောင့် အော်ဟစ်ငိုပစ်ချင်စိတ်တွေ ပေါက်လာခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆေဘာဓား ဘုရင်လေး ကိုယ်ပေါ်မှာ ရှိနေတဲ့ ပစ္စည်းတွေ အားလုံးကို သူ့ကိုယ်ပိုင် ပစ္စည်းတွေ အဖြစ် သတ်မှတ်ထားပါတယ်။

သူ့ပစ္စည်းတွေကို ဖြုန်းတီးပစ်နေတာ အရမ်းကို မျက်နှာပြောင်လွန်းပါတယ်။

လင်းဟန်က ဒေါသထွက်လာပြီးတော့ နောက်ဆုံးမှာ ဆေဘာဓား ဘုရင်လေးရဲ့ အပေးကို ဆုတ်ခွာပြီး ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို နောက်တစ်ကြိမ် အသက်သွင်း လိုက်ပါတယ်။

Chapter 682 end

Zawgyi.အပိုင်း(၆၈၃) ဆေဘာဓား နှလုံးသားရဲ့ အစတစ်စ

ရှပ် ရှပ် ရှပ်။

မြားတွေကို လျင်မြန်စွာနဲ့ ပစ်လွှတ် လိုက်ပါတယ်။

ပထမ တိုက်ပွဲမှာတန်းက ဆေဘာဓား ဘုရင်လေးက မြားတွေကို လမ်းကြောင်း သွေဖယ်သွားအောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့နှစ်ယောက်ရဲ့ ခွန်အား ကွာဟချက်က သုညအဆင့်နီးနီး ကျုံ့လာခဲ့ပါပြီ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဆေဘာဓား ဘုရင်လေးက ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခုပေါင်းကို ဟန့်တားနိုင်မှာလဲ။

လင်းဟန်ရဲ့ ခွန်အားက သူ့ထက် အများကြီး နိမ့်ကျပါတယ်။ ပြီးတော့ သူ့ကို အမြဲတမ်း စိတ်ဒုက္ခ ပေးနေတဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကိုလည်း လင်းဟန်က လေ့ကျင့်သင်ယူ ထားခဲ့ပါတယ်။ အခု လင်းဟန်ရဲ့ ခွန်အားက အကြီးအကျယ် တိုးလာခဲ့ပြီးတော့ နောက်ဆုံးမှာ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများရဲ့ အရည်အသွေးက ပြောင်းလဲမှု တစ်ခု ဖြစ်လာခဲ့ပါတယ်။

နတ်ဘုရားတွေကိုတောင် သတ်ဖြတ်ပစ်နိုင်တဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေပါသေးတယ်။ သူ့အနေနဲ့ ဒီအခိုက်အတန့်မှာ

နတ်ဘုရားတွေကို သတ်ပစ်နိုင်ဦးမှာ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ဆေဘာဓား ဘုရင်လေးကို သတ်ပစ်ဖို့ကတော့ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

ဒိုင်းကာအလင်းရောင် နှစ်ခုက ဆက်တိုက်ဆိုသလို တောက်ပသွားပြီး ဆေဘာဓား ဘုရင်လေးကို သေခြင်းတရားကနေ နှစ်ကြိမ်တိုင်တိုင် ရှောင်လွှဲနိုင်အောင် ကူညီပေးပါတယ်။ သူ့ရဲ့အမူအရာက အရမ်းကို ဆိုးဝါးလာပြီး အားရစရာ မရှိတော့အောင် စိတ်ဓာတ်ကျနေပုံ ရပါတယ်။ စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့ကလည်း ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားပြီး သူ့ကို နောက်ထပ်ကာကွယ် ပေးနိုင်မှာ မဟုတ်တော့ပါဘူး။

နောက်လာမဲ့ မြားက သူ့ရဲ့သေခြင်းတရားကို သတ်မှတ်ပေးပါလိမ့်မယ်။

ဒါက သူသဘောတူထားတဲ့ အသေအကျေ တိုက်ပွဲတစ်ခု ဖြစ်ပြီးတော့ ရန်ငြိုးအတွက် လူတစ်ယောက် လဲသွားမှ အဆုံးသတ်သွားပါလိမ့်မယ်။ သင်တန်းကျောင်းက ဘယ်သူမှ မတားသီလို ဘယ်သူမှလည်း ထွက်လာပြီးတော့ သူတို့ကို ရပ်ခိုင်းမှာ မဟုတ်ပါဘူး။

စည်းမျဉ်းစည်းကမ်းက စည်းမျဉ်းစည်းကမ်းပဲ ဖြစ်ပါတယ်။ တကယ်လို့ စည်းကမ်းတွေကို မဆင်မခြင်နဲ့ ဖောက်ဖျက်ပစ်မယ်ဆိုရင် လူတွေက ယုံကြည်ပါဦးမလား။

ဆေဘာအား ဘုရင်လေးရဲ့ အကြည့်က ဆေဘာအား တစ်ချောင်းနဲ့ တူလာခဲ့ပါတယ်။ အဲဒီ အခိုက်အတန့်မှာ သူက သေခြင်းတရားကို ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိတော့ပဲ လင်းဟန်ကို သူ့ရဲ့ဆေဘာအား ခုတ်ချက် တစ်ခုနဲ့ပဲ သတ်ပစ်ဖို့ကို ဆုံးဖြတ်ထားပြီး တိုက်ပွဲဝင် စိတ်ဝိညာဉ်က တောက်လောင်လို့ လာပါတယ်။

ဟုမ်း။

ဆေဘာအား အလင်းရောင်က မယုံနိုင်စရာကောင်းတဲ့ ခွန်အားတစ်ခုရဲ့ တည်ရှိမှုလို ထွက်ပေါ်လာပြီး တလက်လက် တောက်ပလာခဲ့ပါတယ်။

"ဆေဘာ ဆေဘာ နှလုံးသားပဲ"

လူကြီးပိုင်းမှ တစ်စုံတစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

"ဆေဘာ နှလုံးသား မဟုတ်ဘူး။ ဒါပေမဲ့ ဆေဘာ

နှလုံးသားရဲ့ အစတစ်စကို သူက ထိတွေ့သွားခဲ့တာ”

ဘေးက လူတစ်ယောက်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒါပေမဲ့ ဒါကလည်း ကောင်းမွန်တဲ့ သုံးသပ်ချက် တစ်ခုပဲ ဖြစ်ပါတယ်။

“ဆေဘာ နှလုံးသားကို သဘောပေါက် နားလည်နိုင်စွမ်းရှိတဲ့ လူတစ်ယောက်က မဟာတာအိုရဲ့ စည်းမျဉ်းစည်းကမ်းကို ထိတွေ့သွားလိမ့်မယ်။ ဒါက လုံးဝကို လျော့တွက်လို့ မရနိုင်တဲ့ ပါရမီရှင် တစ်ယောက်ပဲ”

လူကြီးမျိုးဆက်က တတိယမြောက်လူက ပြောလိုက်ပါတယ်။

“ငါတို့သူ့ကို သေခွင့်မပြုနိုင်ဘူး”

စတုတ္ထမြောက်လူက ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

အစောပိုင်းတုန်းက သူတို့တွေက ဒီလူငယ် နှစ်ယောက်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ အသေသတ် တိုက်ပွဲကို ခွင့်ပြုခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆေဘာစား ဘုရင်လေးရဲ့ ထင်ပေါ်ကျော်ကြားမှုက အသိအမှတ် ပြုလောက်စရာ ဆိုပေမဲ့ သူတို့အတွက်ကတော့

ဘာမှမဟုတ်ပါဘူး။ သူသေသွားခဲ့ရင်တောင် သူတို့အတွက် ဘာမှဖြစ်စရာ အကြောင်းမရှိပါဘူး။ ဒါပေမဲ့လည်း သိုင်းပညာ နလုံးသားကို နားလည်သဘောပေါက်နိုင်စွမ်း ရှိတာက သာမန်မဟုတ်ပါဘူး။ ပြီးတော့ နတ်ဘုရားဘုံမှာတောင်မှ အကောင်းဆုံး လက်ရွေးစင်တွေ ဖြစ်လာနိုင်တဲ့ မျှော်လင့်ချက်တောင် ရှိပါလိမ့်မယ်။

ဖူး။

လင်းဟန်က လျင်မြန်စွာနဲ့ လေးညို့ကို ဆွဲတင်ပြီး မြားတစ်ချောင်းကို ပစ်လွှတ်လိုက်ပါတယ်။ ဖျက်ဆီးခြင်း လျှပ်စီးနဲ့အတူ ဆေဘာဓား ဘုရင်လေးရဲ့ နဖူးအရှေ့မှာ လျှပ်ပြက်သလို ပေါ်လာခဲ့ပြီး ထိုးဖောက်သွားခဲ့ပါတယ်။ ဒီမြားက အရမ်းကို ကြောက်စရာ ကောင်းပြီးတော့ ဆေဘာဓား ဘုရင်လေးရဲ့ ခေါင်းကို ထုတ်ချင်းပေါက် စိုက်ဝင်သွားပြီး မိုးကောင်းကင်ထက်မှာ ငွေရောင်အဆင်း သွေးတွေက ပျံ့နှံ့သွားခဲ့ပါတယ်။

ရှပ် ရှပ် ရှပ်။

မွန်းစတား အဘိုးကြီး သုံးယောက် ထွက်ပေါ်လာခဲ့ပြီး အားလုံးက ကောင်းကင်အဆင့် ကျင့်ကြံခြင်းမှာ

ရှိကြပါတယ်။ ဒါပေမဲ့ သူတို့က ခြေတစ်လှမ်း နောက်ကျသွားခဲ့ပါပြီ။ ဆေဘာဓား ဘုရင်လေးက ကောင်းကင်ပေါ်ကနေ ပြုတ်ကျလာပြီး အသက်ဓာတ်စွမ်းအင်ကလည်း သူ့ခန္ဓာကိုယ်ကနေ လျင်မြန်စွာနဲ့ ထွက်ခွာသွားပါတယ်။

မွန်းစတား အဘိုးကြီး တစ်ယောက်က ဆေဘာဓား ဘုရင်လေးကို သယ်ဆောင်ပြီးတော့ ချက်ချင်း ထွက်သွားပြီး သူ့ကို ကုသကယ်တင်ဖို့ စဉ်းစားလိုက်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သူ့အရင်ဘဝတုန်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ အာမခံရဲပါတယ်။ ဒီမြားက ဆေဘာဓားဘုရင်လေးရဲ့ စိတ်ဝိညာဉ်ကို အမြစ်ဖြတ် သုတ်သင်ပစ်လိုက်ပါပြီ။ ဒါကြောင့် တကယ်လို့ နတ်ဘုရား ဆေးလုံး တချို့နဲ့ ဆေဘာဓား ဘုရင်လေးရဲ့ ခန္ဓာကိုယ်ကို ကုသမယ်ဆိုရင်တောင် ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ် တစ်ခုကိုပဲ ရရှိပါလိမ့်မယ်။

စိတ်ဝိညာဉ် သေဆုံးသွားတဲ့ ဆေဘာဓား ဘုရင်လေးက ဆေဘာဓား ဘုရင်လေး ဖြစ်နေဦးမှာလား။ တကယ်လို့ စိတ်ဝိညာဉ် အသစ်တစ်ခု ပြန်လည်မွေးဖွား လာခဲ့မယ်

ဆိုရင်တောင် သိုင်းပညာမှာ သာမန်လောက်ပဲ ဖြစ်နိုင်ပြီး ပါရမီကင်းမဲ့တာမျိုးတောင် ဖြစ်နိုင်ပါတယ်။

အချိန်ခဏလေး အတွင်းမှာပဲ ဆေဘာစား ဘုရင်လေးက လုံးလုံးလျားလျား သေဆုံးသွား ခဲ့ပါပြီ။

ကျန်ရှိနေတဲ့ မွန်းစတား အဘိုးကြီး နှစ်ယောက်က လင်းဟာန်ကို အေးစက်စွာနဲ့ စိုက်ကြည့်နေပြီး သူတို့နှလုံးသားထဲမှာ အရမ်းကို မကျေမနပ် ဖြစ်နေကြပါတယ်။ ဒါပေမဲ့ ဒီလူငယ် နှစ်ယောက်က အသေအကျေ တိုက်ပွဲတစ်ခုကို တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်တဲ့ အချိန်မှာ သူတို့တွေက တားဆီးဖို့ အရှေ့ကို ထွက်မလာခဲ့ပါဘူး။ ဒါကြောင့် အခု သူတို့က ဘာများပြောနိုင်ဦးမှာလဲ။

သူတို့က ဆေဘာစား ဘုရင်လေးကို အရမ်းကို အရေးမပါတာကို လုပ်ခဲ့တဲ့အတွက် အပြစ်တင်ဖို့ပဲ တတ်နိုင်ပါတယ်။ ဆေဘာနှလုံးသားကို ဒီထပ်ပိုစောပြီးတော့ သူက နားလည်သဘောပေါက်ခဲ့ သင့်တယ် မဟုတ်လား။ အများဆုံး သေခြင်းရှင်ခြင်း အန္တရာယ် အများဆုံး အချိန်လေးမှာ ရရှိခဲ့မယ်ဆိုရင် သူတို့က တားဆီးလို့ ရနိုင်ဦးမယ် မဟုတ်လား။

တကယ်တော့ လင်းဟန်က အခုချိန်မှာ အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားပြီး ကောင်းကင်အဆင့် စစ်သည်တော်တွေတောင်မှ သူ့ကို တားဆီးဖို့ အပြည့်အဝ အာရုံစိုက်ရပါလိမ့်မယ်။

လင်းဟန်ကို အချိန်ခဏကြာမျှ စိုက်ကြည့်ပြီးတဲ့ နောက်မှာတော့ မွန်းစတား အဘိုးကြီး တစ်ယောက်က သူ့အကျီလက်ကို ခါလိုက်ပြီးတော့ မကျေမနပ် လေသံနဲ့ ပြောလိုက်ပါတယ်။

"လူစုခွဲကြတော့"

"ဟုတ်ကဲ့"

ဘယ်သူကမှ ဘာမှမပြောပဲ့ပဲ သူတို့ခေါင်းတွေကို ငုံ့ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် အပေးကို ထွက်သွားလိုက် ကြပါတယ်။ ဒီနေရာမှာ မြေကျွမ်းအဆင့်နဲ့ အနက်ရောင်အဆင့် ခန်းမအလွတ်တွေ ရှိနေပါသေးတယ်။ သူတို့တွေက အဲဒါတွေကို သိမ်းပိုက်ဖို့ သွားရပါဦးမယ်။ ဆေဘာဓား ဘုရင်လေးက သေသွားခဲ့ပါပြီ။ အဲဒီအတွက်

သူတို့က ဘာများလုပ်ရဦးမှာလဲ။ သူတို့နဲ့မှ မဆိုင်တာ။

ဆေဘာစား ဘုရင်လေးက သေသွားခဲ့ပါပြီ။ ဒါကြောင့် သူ့နန်းတော်ခန်းမက ပိုင်ရှင်မဲ့ ဖြစ်သွားပြီ မဟုတ်လား။ ဒါပေမဲ့ ဒီနန်းတော်ခန်းမ အကြောင်းကို ဘယ်သူကများ စဉ်းစားပုံမှာလဲ။ သူတို့တွေက လင်းဟာန်ကို မကြောက်ရွံ့ပဲ ရှိနေလို့လား။

လင်းဟာန်က အပေးကို ထွက်သွားတဲ့ မွန်းစတား အဘိုးကြီးကို စိုက်ကြည့်ပြီး သူ့စိတ်ထဲမှာ အရမ်းကို စိတ်ဆိုးဒေါသထွက်သလို ခံစားနေရပါတယ်။

သူ့ရဲ့ စစ်ပွဲက အခုလိုမျိုး ပြီးဆုံးသွားပြီလား။

ဒါပေမဲ့လည်း အခုချိန်မှာ သူဘယ်လောက်ပဲ သန်မာအားကောင်းပါစေ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ထက်တော့ သူက အစွမ်းမထက်သေးပါဘူး။ သူတို့ထွက်သွားတာကို ငေးကြည့်နေရုံကလွဲပြီး သူဘာများ လုပ်နိုင်မှာလဲ။ သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ နာခေါင်းရှုံ့လိုက်ပြီး ကျိန်ဆဲလိုက်ပါတယ်။

သေသင့်တဲ့ အဘိုးကြီးစုတ်။ ခင်ဗျားရဲ့ ဆံပင်တွေ

မကျွတ်စေနဲ့ပေါ့ကွာ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ခင်ဗျားကို သုံးရက်နဲ့ သုံးညတိုင်တိုင် ချီးပန်းအောင်လို့ ကျိန်စာတိုက်ပစ်မယ်။

သူက မြေကြီးပေါ်ကို ဆင်းလာပြီးတော့ ပြောလိုက်ပါတယ်။

"ဆေဘာဓား ဘုရင်လေးရဲ့ နန်းတော်ခန်းမကို သွားကြစို့။ အဲဒီမှာ တိုက်ပွဲဆုဖလား တချို့တော့ ကျန်ကောင်း ကျန်နိုင်ပါတယ်"

ဆေဘာဓား ဘုရင်လေးက ရှေးဟောင်းမင်းဆက် တစ်ခုရဲ့ ရတနာသိုက် တစ်ခုကို ရရှခဲ့ပြီး တချို့ရတနာတွေက အရမ်းကို ကြီးမားပြီး သိုလှောင်လက်စွပ် တစ်ခုအထဲကို ထည့်သိမ်းဖို့ မသင့်တော်တာကြောင့် နေရာတစ်ခုမှာ သိမ်းထားဖို့ လိုပါလိမ့်မယ်။

သူတို့က စိတ်လှုပ်ရှားစွာနဲ့ အပြေးအလွှားလာခဲ့ပြီး တစ်စုံတစ်ယောက်ကို မေးမြန်းစုံစမ်းပြီးတဲ့ နောက်မှာတော့ ဆေဘာဓား ဘုရင်လေးရဲ့ နန်းတော်ခန်းမ တည်နေရာကို ရှာတွေ့သွားပြီး အထဲကို တစ်ယောက်ပြီး တစ်ယောက် ဝင်လာခဲ့ပါတယ်။

"ဟင် ဒီနန်းတော်ခန်းမမှာ စိတ်ဂိညာဉ် စုစည်းခြင်း အစီအရင် တစ်ခုကို ခင်းထားတာပဲ"

"ဒီနေရာက စိတ်ဂိညာဉ်ချီတွေရဲ့ သန့်စင်မှုက ဆယ်ဆလောက် တိုးလာတယ်လို့ ခံစားရတာ အံ့ဩစရာ မရှိတော့ဘူးပဲ"

အားလုံးက တစ်ယောက်ပြီး တစ်ယောက် အံ့အားသင့်စွာနဲ့ အော်လိုက်ကြပါတယ်။ ဒီနေရာမှာ ကျင့်ကြံခြင်းက တဂက်လောက် အားထုတ်လိုက်ရင်ပဲ နှစ်ဆလောက် အာနိသင် ရှိပါလိမ့်မယ်။ ဆေဘာအေး ဘုရင်လေးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို မြန်မြန်ဆန်ဆန် ချိုးဖျက်ဂင်ရောက်နိုင်သွားတာ အံ့ဩစရာ မရှိတော့ပါဘူး။ သင်တန်းကျောင်းကို တိုက်ရိုက်ဂင်ခွင့် ရရှိထားတဲ့ တပည့်တွေက လအနည်းငယ်လောက် စောပြီးတော့ ရောက်လာကြပြီး အချိန်အတော်ကြာအောင် ကျင့်ကြံအားထုတ်ပြီး တခြားသူတွေနဲ့ နောက်ပိုင်းမှာ ကွာဟချက် ကြီးမားအောင် လုပ်ဆောင်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဒါပေမဲ့ ဆေဘာအေး ဘုရင်လေးက လင်းဟန်လို လူထူးလူဆန်း တစ်ယောက်နဲ့ ဆုံမိပြီး ရန်ငြိုးဖွဲ့မိတာကြောင့်

သေသွားခဲ့ရပြီး အရမ်းကို ကံဆိုးသွားပါတယ်။

ဒီနန်းတော် ခန်းမက ကြည့်ရတာ ကျယ်ပေမဲ့ လူသုံးလေးယောက်လောက် ကျင့်ကြံအားထုတ်ဖို့ပဲ ရနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အသုံးပြုဖို့ စိတ်ဂိညာဉ် ချီတွေက လုံလောက်မှာ မဟုတ်ပါဘူး။ တကယ်တော့ စိတ်ဂိညာဉ် စုစည်းခြင်း အစီအရင်ရဲ့ ပြောင်းလဲခြင်းက အကန့်အသတ် ရှိနေပါတယ်။ ပြီးတော့ အကန့်အသတ်ကို ကျော်လွန်မယ်ဆိုရင် သူ့ရဲ့အာနိသင်ကို ဆုံးရှုံးလိုက်တာနဲ့ ညီမျှပါတယ်။

"ငါအစောပိုင်းတုန်းက လမ်းလျှောက်နေတုန်း ရေတွက်ကြည့်ခဲ့တယ်။ ဒီနေရာမှာ နန်းတော်ခန်းမ ငါးရာကျော်လောက်ပဲ ရှိလိမ့်မယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် ဖြတ်ကျော်လာနိုင်တဲ့ လူအရေအတွက်က နှစ်ထောင်ကျော်လောက် ရှိလိမ့်မယ်"

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တွက်ချက်မှုအရ ဒီတစ်ကြိမ်မှာ တပည့်ပေါင်း တစ်ထောင်ကို လက်ခံပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်က ပထမအဆင့်မှာ ဂဏ်ပါ အလံတွေကို နှုတ်ယူခဲ့ပြီး လူတွေအများကြီး အောင်မြင်အောင် လုပ်ခဲ့တာကြောင့် လူအရေအတွက်က

ရုတ်ချည်းဆိုသလို နှစ်ဆလောက် ဖြစ်လာခဲ့ပါတယ်။

"ဘုန်းတော်ကြီးတွေ များပြီးတော့ ယာဂုက နည်းနေတာပဲ။ အခုဆို ပြိုင်ပွဲတွေက အရမ်းကို ပြင်းထန်လာလိမ့်မယ်"

"ဟုတ်တယ်။ အားလုံးက နန်းတော်ခန်းမ တစ်ခုမှာ နေထိုင်ပြီးတော့ စိတ်ဂိညာဉ်ချီ အများကြီး လိုချင်နေကြတယ်။ နောက်ပြီးတော့ သင်တန်းကျောင်းကလူရဲ့ ပြောစကားကို အခြေခံရမယ်ဆို ပါရမီရှိတဲ့ လူတွေပဲ နန်းတော်ခန်းမတွေ အထဲမှာ နေထိုင်ခွင့်ရပြီး အရင်းအမြစ်တွေ ရရှိဖို့ အရည်အချင်း ပြည့်မီလိမ့်မယ်"

"ဒါဆိုရင်လည်း အဲဒီအတွက် တိုက်ခိုက်ရမှာပေါ့"

အားလုံးမှာ ကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက်ကိုယ်စီ ရှိကြပါတယ်။ တကယ်လို့ သူတို့က ကောင်းကင်အဆင့် ဒါမှမဟုတ် မြေကြီးအဆင့် နန်းတော်ခန်းမ တစ်ခုအတွက် ယှဉ်ပြိုင်နိုင်ခြင်း မရှိဘူးဆိုရင် သူတို့က အနက်ရောင်အဆင့် ဒါမှမဟုတ် အဝါရောင်အဆင့် နန်းတော်ခန်းမ တစ်ခုအတွက် ရည်ရွယ်လို့ မရနိုင်ဘူးလား။

လီဖန်းယု၊ ချင်ရီယွဲ့နဲ့ တခြားလူတွေက ထွက်သွားကြပြီး နန်းတော်ခန်းမကောင်း တစ်ခုကို သိမ်းယူဖို့ အလျင်စလို ဖြစ်နေကြပါတယ်။ နောက်ပြီးတော့ တစ်စုံတစ်ယောက်က တိုက်ခိုက်ဖို့ စိန်ခေါ်တာနဲ့ တိုက်ပွဲကိုလည်း ရှောင်လွှဲလို့ ရပါတယ်။ သူတို့လို ပါရမီရှင်တွေ အတွက်တော့ သုံးလဆိုတဲ့ အချိန်ဟာ သူတို့ခွန်အားတွေ တိုးတက်ပြောင်းလဲလာဖို့ လုံလောက်ပါတယ်။

ကျူးရွှမ်အာနဲ့ ဟူးညိုကတော့ ထွက်မသွားကြပါဘူး။ ဒီနန်းတော်ခန်းမရဲ့ အထဲမှာရှိတဲ့ စိတ်ဂိညာဉ် ချီတွေက လူသုံးယောက် အသုံးပြုဖို့အတွက် လုံလောက်ပါတယ်။ ပြီးတော့ ကျင့်ကြံခြင်း အရင်းအမြစ်အကြောင်း ပြောရမယ်ဆိုရင် အနက်ရောင် မျှော်စင်ကို ပိုင်ဆိုင်ထားတဲ့ လင်းဟန်မှာ အရင်းအမြစ်တွေက ရှားပါးနေလို့လား။

"လင်းဟန် ညီးညီး ဗိုက်ဆာတယ်"

ဟူးညိုက ကလေးဆိုးလေး တစ်ယောက်လို ပူဆာလိုက်ပါတယ်။

"ကောင်းပြီလေ အရင်ဆုံး စားကြတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး ဟင်းသီးဟင်းရွက်နဲ့ အသားတွေကို ထုတ်ပြီးတော့ အစားအသောက် ပြင်ဆင်လိုက်ပါတယ်။ သူက မိုးရေဧကရာဇ်နဲ့ မှယောင်ချင်းတို့ကို ရှာဖို့ စိတ်ကူး မရှိသေးပါဘူး။ သူတို့သုံးယောက်က သူတို့ကိုယ်ပိုင် အင်အားစုတွေ တိုးပွားအောင် လုပ်ပြီးမှ အားလုံးကို ပေါင်းစည်းပြီး အထွတ်အထိပ် အင်အားစု တစ်ခုကို ဖြစ်ပေါ်စေမှာပါ။

ဒီသင်တန်းကျောင်းရဲ့ တပည့်တွေကို အဆင့်လေးဆင့် ခွဲခြားထားပါတယ်။ ဘယ်သူက အသန်မာဆုံးလဲလို့ မေးလိုက်ရင် ရှင်းရှင်းလင်းလင်းနဲ့ သူတို့က ပြောနိုင်ပါတယ်။ တကယ်လို့ မင်းက ခေါင်းဆောင်တစ်ယောက် အနောက်ကို လိုက်ချင်တယ်ဆိုရင် အဲဒီလူတွေကို သွားရှာရပါလိမ့်မယ်။

မဆိုးပါဘူး။ နောက်လိုက်တွေ ရှာရတာ လွယ်ကူပါလိမ့်မယ်။

Chapter 683 end

Zawgyi အပိုင်း(၆၈၄) ခရမ်းရောင်လ မြင့်တက်လာမှု

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်တဲ့ ပထမရက်မှာ နန်းတော်ခန်းမတွေ အတွက် ယှဉ်ပြိုင်မှုမှာ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ပွဲတွေ

ထွက်ပေါ်လာခဲ့ပါတယ်။ တိုက်ပွဲတချို့မှာ လူတချို့က သေပြီးတော့ ယှဉ်ပြိုင်မှုရဲ့ ရက်စက်ကြမ်းကြုတ် အကြင်နာကင်းမဲ့မှုကို အပြည့်ဝ ဖော်ပြနေပါတယ်။

သိုင်းပညာ လမ်းကြောင်းကတော့ ဒီလိုပါပဲ။ အဆင့်ပိုမြင့်လေ နေရာပိုနည်းလေပါပဲ။ ဒါပေမဲ့ အားလုံးက အမြင့်ကိုပဲ တက်ချင်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘာများ တတ်နိုင်မှာလဲ။ တခြားလူတွေကို ကန်ချပစ်လိုက်ပေါ့။ ကျင့်ကြံခြင်း အရင်းအမြစ်တွေက အများကြီး ရှိပေမဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီကမ္ဘာကြီးထဲက လူအားလုံးကို လက်ရွေးစင်တွေ ဖြစ်အောင်လို့ လုပ်နိုင်မှာလဲ။

ဒါကြောင့် ဘယ်သူကမှ ဒီအတွက်ကြောင့် အံ့အားသင့်သလိုမျိုး မခံစားရပဲ တိတ်ဆိတ်ငြိမ်သက်စွာ ဒီလိုမျိုး ရလဒ်တစ်ခုကို လက်ခံကြပါတယ်။

ဒါပေမဲ့လည်း ဒီအရာတွေက ရှေးဟောင်းသမိုင်းဝင် နယ်မြေတွေထဲမှာ ရတနာတွေအတွက် ယှဉ်ပြိုင်တိုက်ခိုက်တဲ့ အချိန်အတွင်းမှာ မကြာခဏ ဖြစ်ပျက်နေခဲ့ကြပြီး သင်တန်းကျောင်း အထဲမှာ ဖြစ်ပျက်မှုတွေက လုံးခြုံသင့်ပါတယ်။ ဒါက အတော်လေးကို အထင်နဲ့အမြင် တက်တက်စင်အောင် လွဲချော်တာပဲ

ဖြစ်ပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဒီလူတွေ အားလုံးကို ပြုစုပျိုးထောင်ပေးဖို့ စိတ်ကူးမရှိပါဘူး။ အများစုက ခြေနင်းကျောက်တုံးတွေ ဖြစ်ပြီးတော့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက တပည့်တွေ မာကျောလာအောင် အသုံးချဖို့ပဲ ဖြစ်ပါတယ်။ တစ်ဖက်က ကောင်းမွန်တဲ့ ပံ့ပိုးမှုတွေ ပေးတယ်ဆိုပေမဲ့ နတ်ဘုရားဘုံကို တက်သွားတဲ့ အချိန်ကျရင် အစေခံတွေ အဖြစ်နဲ့ပဲ ရောက်နိုင်ချေ ရှိပါတယ်။

ဒီတစ်ကြိမ် အရမ်းကို များပြားတဲ့ လူတွေဝင်ရောက်လာတာကို အသာထားဦး။ သူတို့က ဘယ်လိုလုပ် ကိုင်တွယ်နိုင်လိမ့်မှာလဲ။ ဒါကြောင့် တချို့ကို လျင်လျင်မြန်မြန် သုတ်သင်ပစ်ရမယ် မဟုတ်လား။

လင်းဟန်နဲ့ မိန်းကလေး နှစ်ယောက်က နန်းတော်ခန်းမကို ရှာဖွေလို့ ပြီးသွားခဲ့ပါပြီ။ ဒါပေမဲ့ ဆေဘာဓား ဘုရင်လေးက ရတနာတွေ အများကြီး ချန်မသွားခဲ့ပါဘူး။ လင်းဟန်ကို ကျေနပ်စေတဲ့ တစ်ခုတည်းသော ပစ္စည်းက ရွှေနဂါးလှေပဲ ဖြစ်ပါတယ်။

အစတုန်းက သူ့မှာတစ်ခု ရှိပေမဲ့ စိန်ယန္တရားရုပ်

လက်ချက်ကြောင့် ပျက်စီးသွားခဲ့ပါပြီ။ အခု နောက်တစ်ခုကို ရရှိခဲ့ပြီး အဲဒါက သူ့ရဲ့ထိခိုက်နာကျင်နေတဲ့ နလုံးသားကို အတော်လေး သက်သာရာ ရသွားစေခဲ့ပါတယ်။

သူ့ရဲ့စွမ်းအားနဲ့ဆိုရင် ရွှေနဂါးလှေက သူ့ကိုအများကြီး အကူအညီ မပေးနိုင်ပါဘူး။ ဒါပေမဲ့ ဒီရွှေနဂါးလှေကို ခရီးကြန့်ကြာခြင်း မရှိအောင် အသုံးပြုနိုင်ပြီး အချိန်ကုန် သက်သာ စိုးရိမ်ပူပန်မှု သက်သာစေပါလိမ့်မယ်။ ခရီးသွားဖို့အတွက် ထုတ်လုပ်ထားတဲ့ မရှိမဖြစ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

တစ်ရက်ဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။ ဒုတိယမြောက်နေ့ရဲ့ မနက်ခင်းမှာ လင်းဟန်က နိုးထလာပြီး မကြာခင်မှာ အပြင်ဘက်က ဆူညံဆူညံ အသံတွေကို ကြားလိုက်ရပါတယ်။

သူက တံခါးကို ဖွင့်လိုက်တဲ့ အခါမှာ နန်းတော်ခန်းမရဲ့ ဂိတ်တံခါးမှာ လူငယ်လေးယောက် ရပ်နေတာကို တွေ့လိုက်ရပြီး အားလုံးကိုယ်စီရဲ့ မျက်နှာတွေက ရှစ်ခေါက်ချိုးတွေ ဖြစ်နေကြပါတယ်။ သူတို့က ကျိန်ဆဲအော်ဟစ်နေကြပေမဲ့ လင်းဟန်ထွက်လာတာကို မြင်လိုက်တဲ့ အခါမှာ သူတို့အားလုံး ပါးစပ်တွေ

ပိတ်သွားပါတယ်။

လင်းဟန်က သူတို့ကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာလဲ။ ငါ့ကို စိန်ခေါ်ချင်လို့လား။ ကောင်းပြီလေ။ မင်းတို့လေးယောက်လုံး တစ်ခါတည်း တက်လာခဲ့။ ဒါမှ ငါအချိန်ကုန် သက်သာမယ်"

"ဟင့် ငါတို့မင်းကို လာပြီးတော့ စိန်ခေါ်တာ မဟုတ်ဘူး"

သူတို့ထဲက တစ်ယောက်က ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းတို့တွေက ဒီနေရာကို ဘာလာလုပ်တာလဲ"

လင်းဟန်က မျက်စိ လှန်ကြည့် လိုက်ပါတယ်။

"ငါတို့က အကြွင်းမဲ့ ဆေဘာဏဂိုဏ်းက တပည့်တွေပဲ"

ဒုတိယ လူတစ်ယောက်က ပြောလိုက်ပါတယ်။

"မင်းက ဆေဘာဏ ဘုရင်လေးကို အနိုင်ရသွားတာကြောင့်

မင်းစိတ်ကြိုက် လျှောက်ရမ်းလို့ ရပြီလို့ မယူဆလိုက်နဲ့။ ငါတို့ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ အစွမ်းထက်ဆုံး ပါရမီရှင်က ဆေဘာဓား ဘုရင်လေး မဟုတ်ဘူး”

“ဟုတ်တယ်။ စီနီယာအစ်ကိုရှ တံခါးပိတ် ကျင့်ကြံတာကနေ ထွက်လာတဲ့အခါကရင် မင်းကို လက်ဂါးလေး တစ်ဖက်ကို လှန်လိုက်သလို လွယ်လွယ်ကူကူနဲ့ သတ်ပစ်တဲ့အထိ စောင့်နေလိုက်”

“မင်းစောင့်ကြည့်နေလိုက်စမ်းပါ”

သူတို့လေးယောက်က သရော်လိုက်ပြီး လင်းဟန်က ငါးစာကို ကိုက်ဖို့ ဆန္ဒရှိနေကြပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် မင်းတို့ကောင်တွေ ဒီနေရာကို လာပြီးတော့ ဘာဖြစ်လို့ ရိုင်းရိုင်းစိုင်းစိုင်းတွေ ပြောဆိုနေရတာလဲ။ ငါအိပ်နေတဲ့ အချိန်မှာ နှောင့်ယှက်တဲ့ လူတွေကို ငါအမုန်းဆုံးပဲ။ ကြည့်ရတာ မင်းတို့ကောင်တွေကို ငါဆုံးမပေးရမဲ့ပုံပဲ”

"ရပ်လိုက်။ ငါတို့ဒီကိုလာတာ မင်းကို စိန်ခေါ်ဖို့ မဟုတ်ဘူး"

သူတို့လေးယောက်က အလျင်အမြန်ပဲ သူတို့လက်တွေကို ပွေ့ယမ်းလိုက်ပါတယ်။ သူတို့က ပန်းဖူးအဆင့်မှာပဲ ရှိသေးတဲ့ စစ်သည်တော်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူတို့က လင်းဟန်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။

လင်းဟန်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာကို ပြေးလာပြီးတော့ ကျိန်ဆဲတာတောင် မင်းတို့တွေက ငါ့ကို စိန်ခေါ်ဖို့ လာတာ မဟုတ်ဘူးလို့ ပြောချင်သေးတာလား။ လဖြတ်ပဲရမယ်လေ"

လင်းဟန်က တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ တစ်ယောက်ကို လက်သီးတစ်ချက်စီ ထိုးပစ်လိုက်ပြီး အကုန်လုံးကို လွင့်ထွက်သွားစေခဲ့ပါတယ်။

သူက ကြင်နာမှု တချို့ကို ဖော်ပြခဲ့ပြီး ဒီလူလေးယောက်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေပြီး မသတ်ဖြတ်ခဲ့ပါဘူး။

"ရှုရှုရန် ဟုတ်လား"

လင်းဟန်က တီးတိုးရွတ် လိုက်ပါတယ်။ ဒီနာမည်ကို ကြားရတာ ပထမအကြိမ် မဟုတ်ပါဘူး။ ယိုဟိုင်ယွဲ့ကလည်း ဒီလူကို အကြွင်းမဲ့ ဆေးဘာဏားဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင်လို့ ရည်ညွှန်းခဲ့ ပါသေးတယ်။ ရှရှုရန်က အရမ်းကို လူသိနည်းပြီး မထင်ပေါ်ပဲ အင်အားကြီး ဂိုဏ်းငါးဂိုဏ်း အတွင်းမှာပဲ သတိပြုမှုကို လက်ခံရရှိပါတယ်။

"ငါတကယ်ပဲ သူ့နဲ့ဆုံတွေ့ချင်မိတယ်"

လင်းဟန်က နဂါးကိုးကောင် တောင်ပေါ်မှာ လွတ်လွတ်လပ်လပ် လျှောက်သွားနေပြီး လူတွေနဲ့ သိကျွမ်းခင်မင်စွာမှု ရယူပြီး သူ့ရဲ့အဖွဲ့ထဲမှာ ထည့်သွင်းချင်တဲ့ သူ့အကြံစည်ကို မဖုံးကွယ် ထားပါဘူး။

သူက တိုက်ပွဲတစ်ခုနဲ့ ထင်ပေါ်ကျော်ကြားလာတယ် ဆိုပေမဲ့ ဆေးဘာဏား ဘုရင်လေးကို အနိုင်ယူခဲ့တာ ဖြစ်ပြီးတော့ ကြည့်ရတာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ နံပါတ်တစ် ဖြစ်လာနိုင်တဲ့ အလားအလာရှိပြီး ဒီနေရာက လူတွေ အားလုံးက ပါရမီရှင်တွေ ဖြစ်ပါတယ်။ ပြီးတော့ ပါရမီရှင်တွေက ဘဝင်မြင့်ပြီး ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ လူတွေဖြစ်တာကြောင့် ဘယ်လိုလုပ်ပြီး သူတို့ကို

လွယ်လွယ်နဲ့ သိမ်းသွင်းလို့ ရနိုင်မှာလဲ။

အခု အားလုံးရဲ့ အတွေးတွေက.....။

"ငါတို့မှာ အခု ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ကျင့်ကြံခြင်း အခြေအနေတွေ ရထားတယ်။ ဒါကြောင့် ငါက သေချာပေါက် မင်းကို မီနိုင်တယ်"

ဘယ်သူကများ ဒီလိုမျိုး စိတ်ဓာတ်ခံယူချက်နဲ့ တစ်စုံတစ်ယောက်ကို လွယ်လွယ်နဲ့ စည်းရုံးနိုင် လိမ့်မှာလဲ။

မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကလည်း သူတို့ရဲ့ လမ်းကြောင်းကို စတင်နေပါပြီ။ သူတို့ နှစ်ယောက်စလုံး အောင်မြင်စွာနဲ့ မြေကမ္ဘာအဆင့် နန်းတော်ခန်းမ တစ်ခုကို တိုက်ခိုက်ပြီး ရရှိခဲ့ပါတယ်။ ပြီးတော့ ကောင်းကင်အဆင့် နန်းတော်ခန်းမတွေထဲက ဘယ်သူ့ကို အရင်ဆုံး စိန်ခေါ်သင့်လဲ ဆိုတာကို လေ့လာစမ်းစစ်နေပါတယ်။

သင်တန်းကျောင်းရဲ့ ဆက်သွယ်ရေး စနစ်က အရမ်းကို မိုက်ပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းနဲ့ မြို့ကြီးတော်တော်များများကို ဆက်သွယ်ရေး ကျောက်တုံးတွေနဲ့ ဆက်သွယ်ထားပြီး သူတို့တွေက အလယ်ပိုင်း ဒေသရဲ့

လှုပ်ရှားမှုတိုင်းကို သိနိုင်ပါတယ်။ သင်တန်းကျောင်းရဲ့ တပည့်တွေကလည်း ဆက်သွယ်ရေး ကျောက်တုံးတွေကို မိသားစုတွေ ဂိုဏ်းတွေနဲ့ ဆက်သွယ်ပြီး သတင်းတွေ ပို့ဆောင်ဖို့အတွက် အသုံးပြုခွင့် ရှိပါတယ်။

အခုချိန်မှာ ခရမ်းရောင်လ အင်ပါယာအကြောင်း သတင်းတွေထက် ပိုပြီးတော့ သာလွန်တဲ့ စိတ်ဝင်စားစရာ သတင်းတွေ မရှိနိုင်ပါဘူး။

အစတုန်းကတော့ ဘယ်သူကမှ ဒီအင်အားစု အကြောင်းကို စိတ်မဝင်စားပါဘူး။ အလယ်ပိုင်း ဒေသထဲမှာ နိုင်ငံတစ်ခုကို တည်ထောင်ရဲတာက ကိုယ့်ကိုကိုယ် သေကြောင်းရှာနေတာပဲ မဟုတ်လား။ သူတို့ကို ဝိုင်းရံပြီး အမြစ်ဖြုတ် သုတ်သင်ဖို့ လွှတ်လိုက်တဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့် အင်အားစု အနည်းငယ်က လုံးဝကို ရှုံးနိမ့်သွားခဲ့ပါတယ်။ ကျွမ်းကျင်သူတွေ အားလုံး အဖမ်းခံရပြီး တချို့က လက်နက်ချ အညံ့ခံကြပါတယ်။ ပြီးတော့ သူတို့ကို မသတ်ပစ်ပဲ အဲဒီအစား ခရမ်းရောင်လ အင်ပါယာရဲ့ ခွန်အားကို ပိုပြီးတော့ တိုးလာအောင် လုပ်ကြပါတယ်။

အခုဆို ဒီအင်ပါယာက အရမ်းကို ကျယ်ပြန့်နေပြီး

အင်အားကြီး စစ်တပ်သုံးခု ခွဲထားပြီးတော့ မြို့တွေကို သိမ်းပိုက်ဖို့နဲ့ ခံတပ်တွေ တည်ဆောက်ဖို့ ဖွဲ့စည်းထားပြီး သူတို့ရဲ့ စွမ်းဆောင်ရည်က အံ့အားသင့်စရာ ကောင်းလောက်အောင် မြင့်မားပါတယ်။ သူတို့ရဲ့ ပိုင်နက်က အချိန်တိုတိုလေး အတွင်းမှာ ဆယ်ဆလောက် ကျယ်ပြန့်လာပြီးတော့ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ဆက်လက် ကျယ်ပြန့်လာနေဆဲပါပဲ။

ဒါကြောင့် နောက်ဆုံးမှာ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အာရုံစိုက်မှုကို ခံရပြီးတော့ သူတို့ကို သတ်ပစ်ဖို့ ကောင်းကင်အဆင့် အင်အားစုကို စေလွှတ်လိုက်ပါတယ်။

ဒီကိစ္စက လွန်ခဲ့တဲ့ သုံးလလောက်က ဖြစ်ပျက်ခဲ့ပါတယ်။ ပြီးတော့ အရမ်းကို ကြာတဲ့ထိအောင် တိုက်ပွဲရဲ့ သတင်းကို ပြန်မပို့လာသေးပါဘူး။ တိုက်ပွဲက မတိုးသာ မဆုတ်သာ အခြေအနေ တစ်ခုမှာ ရှိနေတာ ဖြစ်နိုင်ပါတယ်။

လင်းဟာန်က ဒီအကြောင်းကို ကြားပြီးတဲ့နောက်မှာ သူ့ခေါင်းကို ညိတ်လိုက်မိပါတယ်။

မာထို့ပေါင်က တကယ့်ကို ခန့်မှန်းလို့ မရတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူက မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့အတွက်

နိုင်ငံတစ်ခုကို တည်ထောင်ဖို့ ဆုံးဖြတ်ထားတယ် ဆိုမှတော့ သူက မဆင်မခြင်နဲ့ လုပ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်ကို ခေါင်းစားစေတဲ့ အချက်က အံ့အားသင့်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည်နဲ့ ဒီလိုမျိုး အုပ်စုတစ်ခုက ဘယ်ကနေ ရုတ်တရက် ထွက်ပေါ်လာတာလဲ။

မာထို့ပေါင်က သေချာပေါက် တစ်ယောက်တည်း တိုက်ခိုက်မှာ မဟုတ်ပါဘူး။ ဒါဆိုရင် သူ့လက်အောက်က စစ်သူကြီးတွေက ဘယ်ကနေ ရောက်လာတာလဲ။ လက်ရွေးစင် အုပ်စုကြီး တစ်ခုကို စုစည်းဖို့ ဆိုတာက လွယ်ကူတဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။

လင်းဟန်ကိုပဲ ဥပမာ အနေနဲ့ ထားကြည့်ပါ။ ဒီရက်အနည်းငယ် အတွင်းမှာ သူက အဖွဲ့ထဲကို ဂင်ရောက်လာဖို့ စဉ်ဆက်မပြတ် ကြိုးစားပေမဲ့ နည်းနည်းလေးပဲ ထိရောက်ပါတယ်။ လက်အောက်ခံ အဖွဲ့ဂင်တစ်ယောက် ရရှိဖို့က အရမ်းကို ခက်ခဲပါတယ်။ မိုးကောင်းကင်ကို ဖွင့်ပြီးတော့ ကုန်းမြေတိုက်ကြီး တစ်ခုလုံးကို သယ်ဆောင်သွားဖို့ကိုတော့ အသာထားလိုက်ပါဦး။

"ဒီကောင်က အဲဒီလောက်တောင် ဆွဲဆောင်အား ကောင်းနေတာလား"

လင်းဟန်က သံသယတွေ ပြည့်နှက်လို့ နေပါတယ်။ သူ့ရဲ့ သုံးသပ်ချက် အရဆိုရင် မာထိုပေါင်က လှည့်ဖြားတတ်တဲ့ လူဂကြီး တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး လူတစ်ယောက်က တခြားလူတွေကို သူ့အနောက်ကို လိုက်အောင်လို့ လှုံ့ဆော်နိုင်မှာလား။

"ဒီနယ်ပယ်က အတော်လေးကို ကြီးမားကျယ်ပြန့်ပြီး လူတွေကလည်း အမျိုးအစား စုံလင်တယ်။ ဒီကာလမှာ မွေးဖွားလာတာက ကံကောင်းတာလား။ ကံဆိုးတာပဲလား"

လင်းဟန်က တီးတိုးရွတ်လိုက်ပြီး မထီတထိ ပြုံးလိုက်ပါတယ်။ ကံကောင်းတာတွေ ကံဆိုးတာတွေ အသာထားလိုက်။ အနည်းဆုံးတော့ သူ့နှလုံးသားက ကျေနပ်တင်းတိမ်တဲ့အထိ တိုက်ခိုက်လို့ ရနိုင်တာပဲ။

တကယ်လို့ မာထို့ပေါင်မှာ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းကို ခုခံနိုင်တဲ့ စွမ်းအားသာ တကယ်ရှိခဲ့မယ် ဆိုရင်တော့ သူ့ကို ကူညီဖို့ လက်တစ်ဖက် ကမ်းလှမ်းရတာ သူ့အတွက်တော့ ထိခိုက်စရာ မရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့

ကောရာဇ်တစ်ပါး အဖြစ်နဲ့ နေဖို့ကို စိတ်မဝင်စားပါဘူး။ သူက ဒီသေမျိုးတွေအတွက် ဒီဂန်ထုပ်ဂန်ပိုးကို သယ်ပေးချင်တာက ဒီကမ္ဘာကြီးထဲက သက်ရှိတွေကို အကြီးအကျယ် သေကျေပျက်စီးမှာကို မမြင်တွေ့ချင်လို့ ဖြစ်ပါတယ်။

တကယ်လို့ မာထို့ပေါင်က ဒါကို လုပ်နိုင်မယ်ဆိုရင် ဒီရောမ ဂန်ထုပ်ဂန်ပိုးကြီးကို သူ့ကိုပဲ ထမ်းခိုင်းလိုက်တာပေါ့။ တန်ခိုးရှင်ဘုံကို သူတို့တွေက တက်ရောက်တဲ့ အချိန်ကျရင် သူက အနားယူနိုင်ပါပြီ။ ပြီးတော့ ကောင်းကင်ဖီးနစ် နတ်မိမယ်ကို သွားရှာပြီးတော့ ဒီမိန်းမ လူရမ်းကားမကြီးကို သူ့ရဲ့ ဇနီးအဖြစ် လက်ထပ်ယူပြီးတော့ အနားကနေ ထပ်ပြီးခွဲသွားခွင့် မပြုတော့ပဲ လွတ်လွတ်လပ်လပ်နဲ့ ပျော်ရွှင်စွာ နေထိုင်သွားကြပါမယ်။

သူတွေးတော စဉ်းစားနေပေမဲ့ အဖြစ်အပျက်တွေက ရုတ်တရက်ဆိုသလို အလှည့်အပြောင်း များလာခဲ့ပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက စေလွှတ်လိုက်တဲ့ အင်အားစုတွေ အားလုံးက အရှုံးဒဏ်ကို ခံစားလိုက်ကြရပါတယ်။ စုစုပေါင်း ကောင်းကင်အဆင့် အင်အားစု ခုနစ်စုက တိုက်ပွဲမှာ ပါဝင်ဆင်နွှဲခဲ့ကြပေမဲ့

အင်အားစု ခြောက်စုက အမြစ်ဖြုတ် သုတ်သင်ခံရတာ ဒါမှမဟုတ် အညှံ့ခံဖို့ ဖိအားပေးခံရပြီး တစ်ဖွဲ့ပဲ လွတ်မြောက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေက အကြီးအကျယ် ဆုံးရှုံးခဲ့ရပြီးမှ ဂရုန်းသုန်းကား ထွက်ပြေးလာခဲ့ ကြရတာပါ။

အခုဆို အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက အံ့အားသင့် သွားခဲ့ပြီး အစွမ်းထက်ဆုံး အင်အားစုတွေကို စေလွှတ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ကံမကောင်းတာက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေကလည်း စစ်တပ်ထဲကို ဝင်ရောက်ဖို့ စာရင်းပေးကြပါတယ်။

Chapter 684 end

Zawgyi.အပိုင်း(၆၈၅) စစ်မြေပြင်ကို ကိုယ်တိုင်ကိုယ်ကျ လိုက်သွားခြင်း

သိုင်းပညာရှင်တွေရဲ့ ကမ္ဘာမှာတော့ စစ်တပ်တစ်ခုရဲ့ တည်ရှိမှုက စိတ်ကူးကြည့်ဖို့ အရမ်းကို ခက်ခဲပါတယ်။

သိုင်းပညာရှင်တွေက တစ်ကိုယ်တည်း ကျင့်ကြံအားထုတ်ပြီး တစ်ယောက်တည်း တိုက်ခိုက်တတ် ကြပါတယ်။ ရံဖန်ရံခါ

အုပ်စုလိုက် တိုက်ခိုက်တတ်ကြပေမဲ့ အရမ်းကို သေးငယ်တဲ့ အုပ်စုတွေပဲ ဖြစ်ပြီးတော့ လူအနည်းငယ်ပဲ ပါဝင်ပူးပေါင်းထားကြပါတယ်။ တကယ်လို့ ပိုများလာမယ်ဆိုရင် သူတို့က သူတို့မှာ ရှိသင့်တဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်ရမလဲ ဆိုတာကို မသိသလို တစ်စုံတစ်ယောက် သူတို့ကို ဘယ်လိုအမိန့်ပေးသင့်လဲ ဆိုတာကိုလည်း မသိပါဘူး။

လင်းဟန်နဲ့ တခြားလူတွေက ပြောင်းရွှေ့ဖို့ အမိန့်တစ်ခုကို လက်ခံရရှိတဲ့ အချိန်မှာတော့ သူတို့က အတော်လေးကို ထူးဆန်းတယ်လို့ ခံစားလိုက်ရပါတယ်။ ဒီတပည့်တွေက တကယ်ပဲ စစ်သားတွေ ဖြစ်လာကြပြီး ခရမ်းရောင်လ အင်ပါယာကို ဆန့်ကျင်တိုက်ခိုက်ဖို့ ရည်ရွယ်ချက် တစ်ခုခုနဲ့ သူတို့ကို ဒဏ်ခတ်လိုက်သလိုမျိုး ဇရာမ စစ်တပ်တစ်ခုနဲ့အတူ လှုပ်ရှားခိုင်းပါတယ်။

"အင်အားကြီး ဂိုဏ်းငါးဂိုဏ်းတောင် လှုပ်ရှားတော့မှာလား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ကြည့်ရတာ သူက မာထိုပေါင်ကို လျော့တွက်ခဲ့မိပုံ ရပါတယ်။ သူ့အတွက်နဲ့

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက တကယ့်ကို အလေးအနက်ထားပြီး လုပ်ဆောင်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း ဒီအကြောင်းကို ဘယ်လိုပဲစဉ်းစားစဉ်းစား ပုံမှန်ပါပဲ။ နိုင်ငံရဲ့ စွမ်းအားက ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်သလို သိုင်းပညာရှင် တစ်ယောက်ရဲ့ ခွန်အားကိုလည်း တိုးတက်စေနိုင်တာကို မိုးရေကောရာဇ်က ရှင်းရှင်းလင်းလင်း သက်သေပြခဲ့ ပြီးပါပြီ။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်ကတော့ နိုင်ငံရဲ့ စွမ်းအားက သိုင်းပညာရှင်တွေနဲ့ ဆိုးဖြတ်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံတစ်ခု အတွင်းမှာရှိတဲ့ အရေအတွက်ပမာဏနဲ့ ဖြစ်ပါတယ်။ ပိုပြီးတော့ များလာလေ နိုင်ငံရဲ့ စွမ်းအားစုစည်းမှု ပိုပြီးတော့ သန်မာလာပါလိမ့်မယ်။

တကယ်လို့ ခရမ်းရောင်လ အင်ပါယာက အလယ်ပိုင်း ဒေသရဲ့ တစ်ဂက်လောက်ကို ရယူနိုင်မယ် ဆိုရင်တော့ နိုင်ငံစွမ်းအားရဲ့ ချီးမြှောက်မှုနဲ့ဆိုရင် ဘယ်လောက်တောင် အစွမ်းထက်တဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သိုင်းပညာရှင်တွေ ဖြစ်လာလိမ့်မလဲ။ သူတို့က မျက်လုံး ဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်အဆင့်ကို ရောက်လိမ့်မလား။

နောက်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ကောင်းကင်အဆင့် အင်အားစုတွေက ခရမ်းရောင်လ အင်ပါယာကြောင့် ဆိုးဆိုးဝါးဝါး ရှုံးနိမ့်သွားခဲ့ရပါတယ်။ ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စွမ်းအားစုတွေကို စေလွှတ်မှ ရနိုင်ပါမယ်။ ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေက ဘယ်လောက်များ ရှိနိုင်မှာလဲ။ ဖန်ပိုယွမ်လို အင်အားကြီး ဂိုဏ်းငါးဂိုဏ်းထဲမှာ မပါဝင်တဲ့ တစ်ဦးတည်း ကျင့်ကြံသူတွေ တော်တော်များများ ရှိပါတယ်။

ဒါပေမဲ့လည်း ဖန်းပိုယွမ်နဲ့ တခြားလူတွေက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အမိန့်ညွှန်ကြားချက်တွေကို နားထောင်ကြလိမ့်မှာလား။ ဒါပေါ့ ဘယ်နားထောင်မှာလဲ။ ဒါဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက စစ်ပွဲမြေပြင်ကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်လာမှတော့ ဘယ်သူတွေကို စေလွှတ်လို့ ရနိုင်မှာလဲ။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေလည်း စစ်ထဲမဝင် မနေရ ဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ သူတို့ကို စစ်မှန်တဲ့ တိုက်ပွဲ အတွေ့အကြုံကို ရရှိသင်ယူ လေ့လာလို့ ရအောင် ဖြစ်ပါတယ်။ ဒါမှ အဓိက အောင်မြင်မှုတွေကို

ရရှိနိုင်ပါလိမ့်မယ်။

လူငယ်မျိုးဆက်ရဲ့ ပါရမီရှင်တွေက ကျင့်ကြံခြင်း အပေါ်မှာပဲ အချိန်တွေ အများကြီး အသုံးချခဲ့ပြီး အရမ်းကို နည်းပါးတဲ့ အချိန်တွေကိုပဲ တကယ့်တိုက်ပွဲမှာ အသုံးချကြပါတယ်။ ဒါကြောင့် လူတော်တော်များများက အရမ်းကို စိတ်လှုပ်ရှားနေပြီး အစွမ်းပြဖို့ ကြိုးစားကြပါလိမ့်မယ်။

လင်းဟန်က မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကို ဆက်သွယ်လိုက်ပြီး စစ်ပွဲထဲမှာ ပါဝင်ဆင်နွှဲဖို့ ဆုံးဖြတ်လိုက်ပြီး ကိုယ့်ကိုကိုယ် ခံစစ်လုံအောင်လုပ်ပြီး တခြားသူတွေကိုတော့ ထိခိုက်နာကျင်အောင် မလုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။

"ဒါက မာထို့ပေါင်နဲ့ နောက်တစ်ကြိမ်တွေ့ဖို့ အခွင့်အရေးကောင်းပဲ။ သူက မိုးကောင်းကင်ကို ဖွင့်မယ်လို့ အရင်ကတည်းက ပြောခဲ့တယ် ဆိုမှတော့ လွန်ခဲ့တဲ့ နှစ်ထောင်သောင်းချီတုန်းက ကပ်ဘေးဒုက္ခရဲ့ အစက နတ်ဘုရားဘုံက ဆိုတာကို လက်ညှိုးထိုး ညွှန်ပြနေခဲ့ပြီး သူက မိုးကောင်းကင်ကို ဖွင့်ဟမဲ့ ကိစ္စနဲ့ ပတ်သက်တဲ့ အကြောင်းအရာကို ဇီရှုရှန်းထက်တောင် ပိုပြီးတော့ သိနားလည်လိမ့်မယ်

"ဒါပေမဲ့လည်း သူကအခု ဧကရာဇ် တစ်ယောက် ဖြစ်နေပြီ။ သူ့ကို တွေ့ဖို့ဆိုတာ သိပ်တော့ လွယ်မှာ မဟုတ်ဘူး"

"အခွင့်အရေး ရှိမလားဆိုတာကို ကြည့်ရသေးတာပေါ့"

လင်းဟန်မှာ ယုံကြည်မှု အတော်လေးကို ရှိပါတယ်။ သူ့မှာက အနက်ရောင် မျှော်စင်ရှိပြီး စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေနဲ့ ရင်ဆိုင်ရရင်တောင်မှ သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့ စွမ်းရည်ရှိတာကြောင့် ခရမ်းရောင်လ အင်ပါယာရဲ့ အထဲကို နက်နက်ရှိုင်းရှိုင်း စွန့်စားသွားလာ နိုင်ပါလိမ့်မယ်။

သင်တန်းကျောင်းက တပည့်တွေအတွက် ခရီးမထွက်ခင် ပြင်ဆင်ဖို့ အချိန်နှစ်ရက် ပေးပါတယ်။ ပြီးတဲ့နောက်မှာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ စစ်တပ်နဲ့ ပူးပေါင်းပြီး ခရမ်းရောင်လ အင်ပါယာဆီကို သူတို့တွေ ထွက်ခွာလာခဲ့ ကြပါတယ်။

အဆုံးမှာ ဒီစစ်တပ်ကြီးကို သုံးပိုင်းခွဲခြားထားပြီး ခရမ်းရောင်လ အင်ပါယာရဲ့ စစ်တပ်သုံးကြောင်းနဲ့ တွေ့ဆုံဖို့ ခွဲခြားလိုက်ပြီး နောက်ဆုံးမှာ ဒီအင်ပါယာ အတုအယောင်ကို အမြစ်ဖြုတ် သုတ်သင်ဖို့ မြို့တော်မှာ စုစည်းကြရပါမယ်။

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေကိုတော့ အုပ်စုသုံးခု မခွဲပါဘူး။ သူတို့တွေက အနောက်ပိုင်း စစ်တပ်နောက်ကို လိုက်ပါရပြီး ခရမ်းရောင်လ အင်ပါယာကို အနောက်ဘက် အခြမ်းကနေ တိုက်ခိုက်ရပါလိမ့်မယ်။

ဒီစစ်တပ်ရဲ့ ဗိုလ်ချုပ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီ၊ ဓားဘုရင် ဒါမှမဟုတ် ကမ္ဘာကြီး တစ်ခုလုံးက လူသိများ ထင်ရှားတဲ့ အရေးကြီးပုဂ္ဂိုလ် တစ်ယောက် မဟုတ်ပါဘူး။ သာမန်အဘိုးကြီး တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ဆိုတာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ပါပဲ။ ဒီနေရာမှာ ရပ်နေရုံနဲ့ သူ့ရဲ့တည်ရှိမှုက ဖျက်ဆီးလို့ မရနိုင်တဲ့ တောင်ကြီးတစ်လုံးလို တူပြီး တိုင်းတာလို့တောင် မရတဲ့ နတ်ဘုရား အလင်းတွေက ပိုင်းရံလို့ နေပါတယ်။ ဘယ်သူကမှ သူ့အနား မီတာသုံးဆယ် အကွာအဝေးကို မကပ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအရှိန်အဝါကြောင့် သူတို့တွေက သေချာပေါက် ပေါက်ကွဲသွားနိုင်ပါတယ်။

သူက ဖိနိပ်ချင်တဲ့ သဘောထား မရှိသရွေ့ ကောင်းကင်အဆင့် စစ်သည်တော်တွေတောင် အနားကို ကပ်မလာနိုင်ပါဘူး။ ဒါမှမဟုတ်ရင် သေချင်နေလို့ပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က စိုးရိမ်ပူပန်နေပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းမှာ မျှော်လင့်ထားတဲ့အတိုင်း လျှို့ဝှက်ချက်တွေ ရှိပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို သူတို့က အရေးတောင် မစိုက်ပဲ စေလွှတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒါက နှစ်ပေါင်း တစ်သောင်းအတွက် သိုင်းပညာရပ်တွေနဲ့ ဆက်နွယ်နေပြီး ကြီးမားတဲ့ အကျိုးရလဒ်ကို ဖြစ်စေခဲ့ပါတယ်။ အခုချိန်က သိုင်းပညာရပ်တွေရဲ့ ကြီးပွားဖွံ့ဖြိုး တိုးတက်တဲ့ အထွတ်အထိပ် ကာလဖြစ်ပြီး မရေမတွက်နိုင်တဲ့ လက်ရွေးစင်တွေဆိုတာက ရှားပါးတဲ့ အရာတစ်ခုတော့မ ဟုတ်ပါဘူး။

အနောက်ပိုင်း စစ်တပ်က ခမ်းနားကြီးကျယ်တဲ့ မဟာစစ်တပ်တစ်ခုလို့ ခေါ်ပါတယ်။ ဒါပေမဲ့ လူ တစ်သောင်းပဲ ရှိပါတယ်။ သုံးပုံတစ်ပုံက အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ တပည့်တွေ ဖြစ်ပြီးတော့

သုံးပုံနှစ်ပုံကတော့ အင်အားကြီးဂိုဏ်းငါးဂိုဏ်း လက်အောက်ခံ အင်အားစုတွေ ဖြစ်ပါတယ်။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေက နှစ်ထောင်နီးပါး ပါဝင်ပါတယ်။

သူတို့က လူနည်းတယ် ဆိုပေမဲ့ ဒီမဟာစစ်တပ် တစ်ခုလုံးရဲ့ ခွန်အားက အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ အဆင့်အနိမ့်ဆုံးက စိတ်ဝိညာဉ် ပလ္လင်အဆင့် ဖြစ်ပြီးတော့ အများစုက ပန်းဖူးအဆင့်မှာ ရှိကြပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် အနည်းစု ပါဝင်ပြီး ကောင်းကင်အဆင့်က လူတစ်ရာကျော်ရှိပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို အခုတော့ မမြင်တွေ့နိုင်ပါဘူး။ ဒါပေမဲ့ အမိန့်ပေးသူ တစ်ယောက်ကပဲ လုံလောက်သင့်ပါပြီ။ ခရမ်းရောင်လ အင်ပါယာမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်တစ်ဖက်စာကျော် ရှိလိမ့်မယ်လို့ ဘယ်သူကမှ မယုံကြည်ထားပါဘူး။

အများဆုံး သူတို့မှာ တစ်ယောက်ပဲ ဖြစ်နိုင်ပါတယ်။

"ခရမ်းရောင်လ အင်ပါယာ၊ အလောင်းတစ်ထောင်ဂိုဏ်း၊ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်၊ အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါ အားလုံးကို အတူတူ ရောနှောလိုက်မယ်"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ တကယ်လို့ မြောက်ပိုင်းအစွန်အဖျား ဒေသထဲက ရောမ ငွေရောင် ပင့်ကူကြီးကိုပါ ပေါင်းထည့်လိုက်မယ်ဆိုရင် တကယ့်ကို ပိုပြီးတော့ ဂရုန်းသုန်းကား ဖြစ်သွားပါလိမ့်မယ်။ အဲဒီနေရာမှာ ဘာကိုမြုပ်နှံထားတယ် ဆိုတာကို မသိရပါဘူး။ ဒါပေမဲ့ လင်းဟန်ရရှိခဲ့တဲ့ ကျိန်စာများရဲ့ ပုလင်းတစ်ခုတည်းနဲ့ပဲ အဲဒီနေရာရဲ့ ထိတ်လန့် ကြောက်ရွံ့စရာ ကောင်းပုံကို သိနိုင်ပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက အဲဒါကို ဖြေရှင်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ရောမ ငွေရောင်ပင့်ကူကြီးရဲ့ တိုက်ခိုက်မှုကို မြင်တွေ့ခဲ့ဖူးပါတယ်။ သူ့ရဲ့ အရှိန်အဟုန်က အရမ်းကို အစွမ်းထက်ပြီး ဓားဘုရင်နဲ့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီတို့နဲ့အတူ နှိုင်းယှဉ်လို့တောင် ရပြီးတော့ ရောမ ငွေရောင်ပင့်ကူက ပိုပြီးတော့ သန်မာလိမ့်မယ်လို့ လင်းဟန်က ထင်ပါတယ်။

ရောမ အလောင်းကောင် ဘုရင်က မျက်လုံးဆယ့်ရှစ်လုံး အဆင့်ကို ရောက်ရှိမှပဲ အဲဒီ ငွေရောင် ပင့်ကူကြီးကို

ယှဉ်နိုင်စွမ်း ရှိပါလိမ့်မယ်။

အဲဒီအကြောင်းကို အခုစဉ်းစားလိုက်ရင် ဒီလိုမျိုး တည်ရှိမှုတစ်ခုက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ ကမ္ဘာကြီးထဲမှာ တကယ်ပဲ ခံနိုင်ရည် ရှိမှာ မဟုတ်ပါဘူး။ ဒီဘုံကနေ နှင်ထုတ်လို့ မရနိုင်ဘူးလား။

ဆယ်ရက်ကျော် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က နေချည်မျှင်မြို့ကို ရောက်လာခဲ့ပါတယ်။ စစ်တပ်က ရှေ့ဆက်မသွားပဲ ဒီနေရာမှာ ခဏနားကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ခရမ်းရောင်လ အင်ပါယာရဲ့ စစ်တပ်တွေက ဒီနေရာမှာ ရက်အနည်းငယ် အချိန်ကတည်းက ရောက်နေကြပြီး ပထမတိုက်ပွဲက ဒီနေရာမှာ စတင်ပါလိမ့်မယ်။

အဲဒီအခိုက်အတန့်မှာ မြို့လေးက ငြိမ်သက်အေးဆေးနေပြီး လူတွေတော်တော်များများက တိုက်ပွဲ ဖြစ်တော့မယ်ဆိုတာကို မသိကြပါဘူး။ နေ့စဉ်နေ့တိုင်း ငြိမ်းချမ်းခြင်းနဲ့အတူ သီဆိုကခုန်နေကြပြီး ပွဲလမ်းသဘင်တွေနဲ့ ပြည့်နှက်နေပါတယ်။

တချို့အမြင်ကတော့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ကောင်းမွန်တယ်လို့ နားလည်ခံယူ ထားကြပါတယ်။ ကမ္ဘာကြီး တစ်ခုလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တိတ်ဆိတ်ငြိမ်သက်နေပြီး သာမန်လူတွေကလည်း လုံလုံလောက်လောက် ရှိကြပြီး ဆင်းရဲငတ်မွတ်မှုကြောင့် သားတွေ သမီးတွေကို ရောင်းချတာမျိုး မရှိသလောက်ပါပဲ။

အခြေခံအားဖြင့်တော့ ဒုက္ခသည်တွေလည်း မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတွေလုပ်တဲ့ ဘေးဒုက္ခလည်း သိပ်မရှိပါဘူး။

ဒါပေမဲ့လည်း စစ်ပွဲစတင်လိုက်တာနဲ့ လူတွေတော်တော်များများက အိုးမဲ့အိမ်မဲ့ဘဝကို ကျရောက်သွား ပါလိမ့်မယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခံယူချက်ကို အားတင်းထားလိုက်ပါတယ်။

ငြိမ်းချမ်းခြင်းနဲ့ တိတ်ဆိတ်ငြိမ်သက်ခြင်းဆိုတာက အပေါ်ယံ ဟန်ဆောင်မှုတွေ ဖြစ်ပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက သူတို့ကိုယ်ပိုင် အသုံးပြုဖို့အတွက် မျိုးဖောက်နေတာပဲ ဖြစ်ပါတယ်။

အခုဆိုရင် ကုန်းမြေတိုက်ကြီး တစ်ခုလုံးက ရောမ တင်းကုပ်ကြီး တစ်ခုလိုမျိုး ဖြစ်နေပြီး သတ်ဖြတ်မဲ့ သူတွေကို စောင့်မျှော်နေရသလိုပါပဲ။

တိုက်ပွဲမစခင် အချိန်မှာ အခွင့်ကောင်း ယူပြီးတော့ လင်းဟာန်နဲ့ တခြားလူတွေက မြို့ထဲမှာ လည်ပတ်သွားလာ ခဲ့ကြပါတယ်။ ဒီမြို့က စစ်မီးတောက်လောင်မှုတွေ လွှမ်းမိုးခံရပါလိမ့်မယ်။ နောက်ထပ် ရက်အနည်းငယ် အတွင်းမှာ ဒီမြို့က တည်ရှိတော့မှာ မဟုတ်ပါဘူး။

သူတို့ စစ်တပ်ရဲ့ ခွန်အားက အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးတော့ ကြိုက်တဲ့ လူတစ်ယောက်ကို ရွေးထုတ်လိုက်ရင်ပဲ ဒီမြို့ကို ပြားချပ်သွားအောင် လုပ်နိုင်ပါတယ်။

သူတို့တွေ လမ်းလျှောက်လာရင်းနဲ့ လင်းဟာန်က ရုတ်တရက် ရပ်တန့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ထွက်လာခဲ့စမ်း။ အမှောင်ထဲမှာ ပုန်းမနေနဲ့"

"ဟီးဟီး။ အတော်ကို ကောင်းတဲ့ အမြင်အာရုံပဲ"

ပိန်သွယ်သွယ် ပုံရိပ်တစ်ခုက အမှောင်ထဲကနေ ထွက်လာခဲ့ပါတယ်။ သူက အရမ်းကို ခံ့ညားတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ပေမဲ့ သူ့က သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက် ဖြစ်ပြီး သူ့ရဲ့ဆွဲဆောင်နိုင်မှုကို မဖုံးကွယ်ထားနိုင်ပါဘူး။ သူ့ရဲ့ရင့်ကျက် တည်ငြိမ်မှုကြောင့် မိန်းမပျိုလေး တချို့တောင်မှ သူ့အရှေ့မှာ ဒူးထောက်ခစား နိုင်လောက်အောင် ဆွဲဆောင်မှု ရှိပါတယ်။

"ဒီအရှင်သခင်က လေပြင်းလမင်းဂိုဏ်းခေါင်းဆောင် ဟုကျန်းရီလို့ ခေါ်တယ်"

Chapter 685 end

Zawgyi.အပိုင်း(၆၈၆) ဘယ်သူက ဘယ်သူ့ကို လျော်ကြေးပေးရမှာလဲ

လေပြင်းလမင်းဂိုဏ်းရဲ့ ခေါင်းဆောင်။

လင်းဟန်ရဲ့ စိတ်ထဲမှာ ချက်ချင်းပဲ သတိပေး ခေါင်းလောင်းသံတွေ ဆူညံသွားခဲ့ပါတယ်။ အစောပိုင်းက သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေကို အာရုံခံမိခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူက ကောင်းကင်ပြန်လည်

ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို လာတဲ့လမ်းမှာ ဟုချင်းဖန်လို့ခေါ်တဲ့ လူတစ်ယောက်ကို သတ်ပစ်ခဲ့ပါတယ်။ ပြီးတော့ အဲဒီလူက လေပြင်းလမင်းဂိုဏ်း ခေါင်းဆောင်ရဲ့ သားဖြစ်တယ်ဆိုတာ မှန်ကန်ပါတယ်။

ပြီးတော့ သူ့ရဲ့တစ်ဦးတည်းသော သားဖြစ်ပါတယ်။

တစ်ဖက်လူက ညသန်းခေါင် အချိန်မှာ ပေါ်လာပြီးတော့ သူ့ကိုတန်းပြီး ပစ်မှတ်ထားတာကို ကြည့်ခြင်းဖြင့် သူ့အကြောင်းကို အတည်ပြု စစ်ဆေးထားပုံ ရပါတယ်။

အမှန်ပါပဲ။ ဟူးညို့ကို ခေါ်ပြီးတော့ လျှောက်သွားတဲ့ အချိန်မှာ ဘယ်လောက်ပဲ ရုပ်ဖျက်ရုပ်ဖျက် သူ့ကို အလွယ်တကူပဲ မှတ်မိကြပါလိမ့်မယ်။

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဂိုဏ်းခေါင်းဆောင်ဟုက ညကြီးမင်းကြီး မှောင်မှောင်မည်းမည်းထဲမှာ ကျနော့်ကို စောင့်နေတယ် ဆိုတော့ လက်ဘက်ရည် တိုက်ဖို့အတွက် ဖိတ်ကြားချင်လို့များလား"

"ဟဲဟဲ တကယ်လို့ သခင်လေးလင်းက ငါ့ကို ဂုဏ်ပြုပေးချင်စိတ် ရှိပဲ့မလားဆိုတာကို ဘယ်လိုလုပ် သိမှာလဲ"

ဟုချင်းဖန်က လင်းဟန်ကို ပြုံးပြီးတော့ ကြည့်လိုက်ပြီး သူ့မျက်နှာပေါ်မှာတော့ လူသတ်ငွေ့တွေ လွှမ်းခြုံလို့ နေပါတယ်။

"အိုး ဂိုဏ်းခေါင်းဆောင်ဟုက စေတနာ သဒ္ဒါတရား ထက်သန်စွာနဲ့ ဖိတ်တာပဲ။ ဘာဖြစ်လို့ လက်မခံရမှာလဲ"

လင်းဟန်က မေးခွန်းတစ်ခုနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ဟားဟားဟား ထင်ထားတဲ့ အတိုင်းပဲ သခင်လေးလင်းက ထူးချွန်ထက်မြက်သလို သတ္တိလည်း ကောင်းတာပဲ။ ကျေးဇူးပြုပြီးတော့"

ဟုကျန်းရီက လက်တစ်ဖက်နဲ့ လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

လင်းဟန်က ဟုကျန်းရီရဲ့ ရှုတ်တရက် အသက်ကို ခြိမ်းခြောက်တဲ့ လှုပ်ရှားမှု တစ်ခုကို မကြောက်ပါဘူး။

သူ့မှာအခု ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းရော စစ်တပ်တစ်ခုရဲ့ အဖွဲ့ဝင် တစ်ယောက်ဆိုတဲ့ အမှတ်လက္ခဏာရော ရှိပါတယ်။ တကယ်လို့ ဟုကျန်းရီက စစ်တပ်က အဖွဲ့သား တစ်ယောက်ကို သတ်ပစ်မယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းဆီကို စစ်ကြေညာလိုက်တာနဲ့ အတူတူပါပဲ။

ဘယ်လောက်ပဲ မုန်းတီးနေပါစေ အတူတူ ပျက်စီးရာ ပျက်စီးကြောင်းကို မကြံစည်သရွေ့တော့ သူ့နှလုံးသားထဲမှာ အမုန်းတရားတွေကို ဖုံးကွယ်ထားရပါလိမ့်မယ်။ သူ့အနေနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို ဆန့်ကျင်နိုင်စွမ်း မရှိပါဘူး။

ဒါကြောင့် လင်းဟန်က အရမ်းကို လုံခြုံမှု ရှိပါတယ်။

သူ့ရဲ့ယုံကြည်မှု အများဆုံးက အနက်ရောင် မျှော်စင်ကနေ လာပါတယ်။

သူတို့တွေက လက်ဘက်ရည်ဆိုင် တစ်ဆိုင်ဆီကို သွားပြီးတော့ သီးသန့်အခန်း တစ်ခုထဲကို ဝင်လာခဲ့ကြပါတယ်။ မကြာခင်မှာ အနံ့အရသာနဲ့ ပြည့်စုံတဲ့ လက်ဘက်ရည်တစ်ခွက် ရောက်လာပြီး မွှေးကြိုင်တဲ့ အနံ့က လေထဲမှာ မျောလွင့်လို့ နေပါတယ်။

အတော်လေးကို ထူးခြားဆန်းကြယ်ပါတယ်။ တကယ့်ရန်သူတော်ကြီး နှစ်ယောက်က နှစ်ပေါင်းများစွာ ခင်မင်လာခဲ့တဲ့ သူငယ်ချင်းဟောင်းကြီးတွေလိုမျိုး လက်ဘက်ရည်ကို အတူတူ ထိုင်ပြီးတော့ သောက်နေကြပါတယ်။

"သခင်လေးလင်း ငါ့သားက မင်းလက်ထဲမှာ သေသွားခဲ့တယ်ဆို ဟုတ်တယ်မလား"

လက်ဘက်ရည် အနည်းငယ် သောက်ပြီးတဲ့နောက်မှာ ဟုကျန်းရီက ရုတ်တရက် ပြောလိုက်ပါတယ်။

လင်းဟန်က အဓိပ္ပါယ်မရှိတဲ့ အမူအရာမျိုး မလုပ်ပဲနဲ့ ခေါင်းညိတ်ပြီး ဝန်ခံလိုက်ပါတယ်။

"မှန်တယ်"

"ဒီအရှင်သခင်မှာ သားတစ်ယောက်ပဲ ရှိတယ်။ ဒါကြောင့် သခင်လေးလင်းက ဒီအရှင်သခင်ကို ဘယ်လိုလျော်ကြေးပေးမလဲ"

ဟုကျန်းရီရဲ့ အကြည့်တွေက ရေခဲတမျှ အေးစက်လာပြီး လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ နားလည်သဘောပေါက်သွားခဲ့ပါတယ်။ ဟုကျန်းရီက လက်စားလည်း ချေချင်သလို သိက္ခာလည်း ထိန်းနေရပါတယ်။ တကယ်တော့ လင်းဟန်မှာက မှော်ဆေးပညာရှင် အဖွဲ့အစည်းက လူသိရှင်ကြား ထုတ်ဖော်မကြေညာသေးပေမဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်း ရှိနေသေးပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူ့သား သေသွားခဲ့ပြီဆိုရင် သူက အရင်ဆုံး အကျိုးအမြတ်တချို့ ရယူဖို့ လိုပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ တစ်ဖက်လူက သူ့ကို ဂျင်းထည့်ချင်နေတာလား။

"ဂိုဏ်းခေါင်းဆောင်ဟု အခု ခင်ဗျားပြောနေတာက မှားနေတယ်"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ခင်ဗျားရဲ့ သားလိုမျိုး လူတစ်ယောက်ကို အသက်ရှင်လျက် ထားတာက အစားအသောက် ဖြုန်းတီးရာ ရောက်တယ်။ ကျင့်ကြံခြင်း အရင်းအမြစ်တွေ ဖြုန်းတီးရာလည်း ရောက်တယ်။ ပြီးတော့ နေ့တိုင်းပဲ ပြဿနာတွေ ဖန်တီးတယ်။ ဒီတစ်ကြိမ် ကံကောင်းထောက်မပြီး သူက ကျုပ်လက်ထဲမှာ သေသွားခဲ့တယ်။ တကယ်လို့ အကြင်နာတရား ကင်းမဲ့ပြီး ရက်စက်တတ်တဲ့ တစ်စုံတစ်ယောက် ဖြစ်နေမယ်ဆိုရင် ခင်ဗျားရဲ့ လေပြင်းလမင်းဂိုဏ်းက ချက်ချင်းပဲ ပျက်စီး သွားလိမ့်မယ်။ ဂိုဏ်းခေါင်းဆောင်ဟု ပွင့်ပွင့်လင်းလင်း ပြောရတဲ့အတွက် ကျုပ်ကို အပြစ်မတင်ပါနဲ့။ ကျုပ်က အမြဲတမ်းလိုလို အမှန်တရားကို ပြောရတာ နှစ်သက်တယ်"

"ကျုပ်က ခင်ဗျားအတွက် ကပ်ဘေးဒုက္ခတစ်ခုကို မကျအောင် လုပ်ပေးခဲ့တယ်။ ဂိုဏ်းခေါင်းဆောင်ဟုကို အကျိုးအမြတ် နည်းနည်းလေးတောင်မှ မတောင်းပဲ မေ့ထားခဲ့တယ်။ ဒါပေမဲ့ ဂိုဏ်းခေါင်းဆောင်ဟုက ကျုပ်ကို အချဉ်ဖမ်းချင်နေတယ်။ ဒါက တကယ်ပဲ အဓိပ္ပါယ် ရှိရဲ့လား"

ဟုကျန်းရီရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူက လျှာရိုးမရှိတဲ့ လူတွေတော်တော်များများ တွေ့ဖူးပေမဲ့ လုံးဂကို အဓိပ္ပါယ်မရှိအောင် ပြောနိုင်တဲ့ လူတွေထဲမှာတော့

လင်းဟန်က တစ်ယောက်တည်းသော လူပဲ ဖြစ်ပါလိမ့်မယ်။

မင်းက ဒီလောက်တောင် မျက်နှာပြောင်ပြီး အရှက်ကင်းမဲ့ရသလား။ ငါ့ရဲ့သားကိုလည်း သတ်သေးတယ် ငါ့ကိုလည်း အကျိုးအမြတ်ပေးဖို့ တောင်းနေသေးတာလား။

ဟုကျန်းရီက လက်ဘက်ရည်ခွက်ကို အောက်ချလိုက်ပြီး ကောင်းကင်အဆင့်ရဲ့ တည်ရှိမှု အရှိန်အဝါကို ထုတ်ဖော်လိုက်ပြီး ချက်ချင်းဆိုသလို ကျူးရွှမ်အာရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။

သိုင်းပညာရှင်တွေ အထဲမှာ ဘုရင်တွေကပဲ လက်ရွေးစင်တွေရဲ့ အရှိန်အဝါကို ခုခံနိုင်ပါမယ်။ ဒါပေမဲ့ စိတ်က တောင့်ခံနိုင်တယ်ဆိုရင်တောင် ခန္ဓာကိုယ်ကလည်း တောင့်ခံနိုင်တယ်လို့တော့ မဆိုလိုပါဘူး။ ဒါက နစ်ဖက်အဖွဲ့ရဲ့ အဆင့်ကွာဟချက် အပေါ်မှာ မူတည်ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေက ပန်းဖူးအဆင့် ကျင့်ကြံသူတွေထက် အဆင့်သုံးဆင့် မြင့်မားပါတယ်။ ဒါကြောင့် ကျူးရွှမ်အာက ဒါကို တောင့်မခံနိုင်တာ သိသာပါတယ်။

လင်းဟန်က ကျူးရွှမ်အာကို သူ့ရင်ခွင်ထဲကို

ဆွဲထည့်လိုက်ပြီး မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"စကားပြောချင်တယ်ဆိုရင် ကောင်းကောင်းမွန်မွန်ပြောပါ။ ဘာဖြစ်လို့ လူတွေကို ထိတ်လန့်အောင် လုပ်နေတာလဲ။ ခင်ဗျားတစ်ယောက်ပဲ စိန်းစိန်းဂါးဂါး ဘယ်လိုကြည့်ရမလဲ ဆိုတာကို သိတယ်လို့ ထင်နေတာလား။ ဟူးညို သူ့ကို ရက်စက်ကြမ်းကြုတ်တယ်ဆိုတာ ဘယ်လိုမျိုးလဲဆိုတာ သိသွားအောင်လို့ လုပ်ပေးလိုက်"

ဟူးညိုက အစကတည်းက ကျူးရွှမ်အာကို လင်းဟန် ပွေ့ဖက်ထားတာကြောင့် မကျေမနပ် ဖြစ်နေခဲ့တာပါ။ ဒါကြောင့် သူမက ချက်ချင်းပဲ ဟုကျန်းရီကို ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူမရဲ့ အကြည့်တွေက ကျားတစ်ကောင်လိုမျိုး ရက်စက်မှုတွေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်နေပါတယ်။

ဟုကျန်းရီက ဟူးညိုကို လုံးဝကို ဂရုမစိုက်ဘူးဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ ဟူးညိုနဲ့ မျက်လုံးချင်း ဆုံမိပြီးတဲ့ နောက်မှာတော့ သူကတကယ်ပဲ ကျောချမ်းသွားပါတယ်။ ဒီခံစားချက်ကို အလျင်အမြန်ပဲ ဖိနှိပ်ထိန်းချုပ်လိုက်ပြီး စိတ်ထဲမှာတော့ ထူးဆန်းတဲ့ အတွေးတစ်ခု မြင့်တက်လာ

ခဲ့ပါတယ်။ အသက် ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေး တစ်ယောက်က သူ့ကို အမှန်တကယ် ထိတ်လန့်သွားစေခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ။

သူက ဟူးညိုကို ထက်ပြီးတော့ အာရုံမစိုက်တော့ပဲ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးလင်း ဒီအရှင်သခင်ရဲ့ အကြံပြုချက်တွေကို နားထောင်လိုက်တာက မင်းအတွက် ပိုကောင်းလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ တိုက်ပွဲမြေပြင်မှာ လက်နက်တွေက မျက်စိမရှိဘူး။ ဒါကြောင့် မိတ်ဆွေတစ်ယောက်ကြောင့် မင်းက မတော်တဆ ထိခိုက်ဒဏ်ရာ ရသွားနိုင်တယ်"

ဒါက တကယ့်ကို ဖုံးကွယ်မရတဲ့ ခြိမ်းခြောက်မှု တစ်ခုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က တုန်လှုပ်ချောက်ချားခြင်း မရှိပဲ ပြောလိုက်ပါတယ်။

"လေပြင်းလမင်းလို မကောင်းဆိုးဝါး ဂိုဏ်းတစ်ခု။ ကျုပ်

တကယ်ပဲ ဒီလိုဂိုဏ်းမျိုးက အချိန်တော်တော်ကြာအောင် ရပ်တည်နေနိုင်တဲ့ ထူးဆန်းမှုကို ရှာရမယ်။ လူငယ်တွေအပေါ်မှာ မကောင်းတဲ့အမြင်တွေ လွှမ်းမိုးသွားစေမဲ့ ဒီလိုဂိုဏ်းတစ်ခုကို ဖြိုခွဲပစ်သင့်တယ် မဟုတ်လား"

"ဟားဟား ကြည့်ရတာ ဆွေးနွေးပွဲက သဘောတူညီမှု တစ်ခုမှ မရတဲ့ပုံပဲ"

ဟုကျန်းရီက သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက လင်းဟန်ကို လွှတ်ပေးဖို့ အကြံအစည် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရှေ့ဘက်ခြမ်း စစ်တပ်နောက်ကို လိုက်နေတဲ့ လေပြင်းလမင်းဂိုဏ်းကို သူ့ရဲ့မဆုတ်မနစ် ကြိုးပမ်းမှုနဲ့ အနောက်ဘက်ခြမ်း စစ်တပ်ဆီကို ပြောင်းလာခဲ့ပါတယ်။

ဒါက လင်းဟန်ကို လုပ်ကြံသတ်ဖြတ်ဖို့ဆိုတာ သိသာထင်ရှားပါတယ်။

ဒီနေ့မှာ တကယ်လို့ လင်းဟန်ဆီကနေ အခွင့်ကောင်းယူပြီး တစ်ခုခု ယူနိုင်ခဲ့မယ်ဆိုရင် ကောင်းတာပေါ့။ ဒါပေမဲ့လည်း အကျိုးအမြတ် ထုတ်ယူနိုင်သည်ဖြစ်စေ မရသည်ဖြစ်စေ သူ့အနေနဲ့ နောက်လာမဲ့ စစ်ပွဲမှာ လင်းဟန်ကို

လုပ်ကြံသတ်ဖြတ် ပစ်ရပါလိမ့်မယ်။

စစ်ပွဲဆိုတာ ဘယ်လိုပဲဖြစ်ဖြစ် ဂရုန်းသုန်းကား ဖြစ်နေပြီး ဘယ်သူက သတိပြုမိမှာလဲ။

တကယ်လို့ တစ်စုံတစ်ယောက်က တွေ့သွားမယ် ဆိုရင်တောင် သူ့အနေနဲ့ လက်နက်မှာ မျက်လုံး မပါဘူးဆိုပြီးတော့ ပြောနိုင်ပြီး သူတိုက်ကွက်ကို ထုတ်ဖော်လိုက်တဲ့ အခါမှာ လင်းဟာန်ကို အမှတ်မထင် သတ်မိသွားတယ်လို့ ပြောလို့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အရမ်းကို အစွမ်းထက်လို့ ဖြစ်ပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်၊ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တစ်ယောက်နဲ့ စစ်တပ်ရဲ့ အဖွဲ့ဝင် တစ်ယောက်ကို လူပုံအလယ်မှာ သတ်ဖြတ်တဲ့ ဒီလိုမျိုး ပြစ်မှုတစ်ခုက သူ့အနေနဲ့ အစွမ်းကုန် ကြိုးစားရင်တောင်မှ ခွင့်လွှတ်နိုင်ကြမှာ မဟုတ်ပါဘူး။

"ဟားဟားဟားဟား"

လင်းဟန်နဲ့ ဟုကျန်းရီတို့ နှစ်ယောက်စလုံး အရမ်းကို ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ခုကို ပြောလိုက်သလိုမျိုး တပြိုင်နက်တည်း ကျယ်လောင်စွာ ရယ်မောလိုက်ကြပါတယ်။

ဒါပေမဲ့ ရယ်မောနေရာကနေ ရုတ်တရက် ရပ်တန့်လိုက်ပြီး ဟုကျန်းရီက မတ်တပ်ရပ်ပြီးတော့ တံခါးကို ဆွဲဖွင့်ကာ ထွက်သွားလိုက်ပါတယ်။

"နေပါဦး"

လင်းဟန်က အနောက်ကနေ အော်လိုက်ပါတယ်။

ဟုကျန်းရီက ဂမ်းမြောက်ဂမ်းသာ ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်က ကြောက်နေပြီလား။ သူက ဟိတ်ကြီးဟန်ကြီးပုံစံ ဟန်ဆောင်လိုက်ပေမဲ့ အနောက်ကို လှည့်မကြည့်ပါဘူး။

"ဂိုဏ်းခေါင်းဆောင်ဟု ခင်ဗျားက ကျသင့်ငွေကို မရှင်းပဲနဲ့ ထွက်သွားဖို့တော့ မစဉ်းစားနဲ့လေ။ ဒါက ခင်ဗျား ပြုစုတာလို့ ပြောခဲ့တာပဲ"

လင်းဟန်ရဲ့ အသံက သူ့အနောက်ကနေ ထွက်ပေါ်လာပါတယ်။

ဟုကျန်းရီက မြေကြီးပေါ်ကို လဲကျလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ သူ့အမူအရာက ချက်ချင်းဆိုသလို ဒေါသတွေနဲ့ ပြည့်နှက်သွားပါတယ်။ နှာသံကို ခပ်ပြင်းပြင်း မှုတ်လိုက်ပြီး သူ့အကျီလက်စကို ခါပြီးတော့ ထွက်သွားပါတယ်။

"ဂိုဏ်းခေါင်းဆောင်ဟု ခင်ဗျားက တကယ်ပဲ ကျသင့်ငွေ မရှင်းပဲ ထွက်သွားတော့မလို့လား"

လင်းဟန်က အနောက်ကနေ ဆက်ပြီးတော့ အော်ဟစ်နေပြီး လက်ဘက်ရည်ဆိုင်ရဲ့ စားပွဲထိုးလေးတွေက သူ့ကို အထင်အမြင်သေးတဲ့ အကြည့်တွေနဲ့ ကြည့်နေပါတယ်။

ဟုကျန်းရီက ဒေါသအကြီးအကျယ် ထွက်သွားပြီးတော့ တစ်စုံတစ်ယောက်ကို သတ်ပစ်လိုက် ချင်နေပါတယ်။ အောက်ထပ်ကို ရောက်တဲ့အခါမှာ မူလစွမ်းအင် သလင်းကျောက် တစ်တုံးကို ပစ်ပေးလိုက်ပြီး ဟိတ်ကြီးဟန်ကြီးနဲ့ ထွက်သွားလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်က အပြုံးက ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ လေပြင်းလမင်းလို အင်အားစု တစ်ခုရဲ့ တည်ရှိမှု အကြောင်းကို သူသိလိုက်ရတဲ့ အချိန်ကစပြီး ဒီဂိုဏ်းကို ခြေလှန်ပစ်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ သူ့မှာ လုံလောက်တဲ့ ခွန်အားမရှိသေးတာကြောင့် ဒီကိစ္စကို မလုပ်နိုင်သေးပါဘူး။

"ခင်ဗျားရဲ့ ပြစ်မှုတွေကြောင့် ခင်ဗျားက အသက်မရှင်သင့်တော့ဘူး"

သူက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်တဲ့ အချိန်ကျရင် သူပထမဆုံး လုပ်ရမဲ့ အရာက လေပြင်းလမင်းဂိုဏ်းကို ခြေလှန်ပစ် ရပါလိမ့်မယ်။

မြို့ထဲမှာ ရက်အနည်းငယ် နေပြီးတဲ့ နောက်မှာတော့ ခရမ်းရောင်လ အင်ပါယာရဲ့ စစ်တပ်တွေထဲက တစ်ခုက နောက်ဆုံးမှာ ရောက်လာခဲ့ပါတယ်။

ဒီမဟာစစ်တပ်က တကယ့်ပဲ မဟာစစ်တပ် တစ်ခုလို့ ခေါ်ဆိုထိုက်ပါတယ်။ စစ်သားတွေကို ကြည့်ရတာ အမိန့်ကို ကောင်းကောင်းမွန်မွန်နဲ့ နာခံတတ်ကြပြီး မြင်းတွေပေါ်မှာ

ထိုင်ပြီးတော့ အလံတိုင်တွေ ကိုင်ဆောင်ထားတဲ့ လူတွေနဲ့ စစ်ရထားတွေအပေါ်မှာ လိုက်ပါလာတဲ့ လူတွေ စုစုပေါင်း တစ်သောင်းလောက် ပါဝင်ပါတယ်။ ဒီစစ်တပ်က အင်အားကြီးဂိုဏ်းငါးဂိုဏ်းက ဖွဲ့စည်းထားတဲ့ စစ်တပ်တွေနဲ့ မတူပါဘူး။ အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ စစ်တပ်တွေက အဆင့်မြင့်တဲ့လူတွေ ပါဝင်တဲ့ အုပ်စုတစ်ခုလို့ပဲ ပြောနိုင်ပြီး မဟာစစ်တပ် တစ်ခုနဲ့ လုံးဝကို မတူညီ ကွဲပြားခြားနားပါတယ်။

လင်းဟန်နဲ့ တခြားလူတွေက မြို့အဝင် ဂိတ်တွေကနေ တစ်ယောက်ပြီး တစ်ယောက် ဆင်းလာခဲ့ ကြပါတယ်။ ဒီမြို့ကို ဂျက်ပါ အစီအရင် တစ်ခုနဲ့ ကာကွယ်ထားပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ခိုက်မှုတွေကို ခံနိုင်ရည် ရှိပါတယ်။

ခရမ်းရောင်လ အင်ပါယာရဲ့ အလံကိုင်တွေကို နှစ်မျိုးနှစ်စား ခွဲခြားထားပါတယ်။ တစ်ခုမှာက ခရမ်းရောင်သန်းနေတဲ့ လမင်းကြီး တစ်စင်းပုံကို ရေးဆွဲထားတဲ့ နိုင်ငံအလံဖြစ်ပြီး တစ်ဖက်က စစ်ဗိုလ်ချုပ်ရဲ့ အလံပေါ်မှာတော့ ခြင်္သေ့ထီး တစ်ကောင်ပုံကို ရေးဆွဲထားပါတယ်။ ဒါပေမဲ့လည်း ခြင်္သေ့မှာ ခြေထောက်ခြောက်ချောင်း၊ နောက်ကျောမှာ အတောင်ပံ လေးခုနဲ့ အမြီးခုနစ်ချောင်း ရှိပြီးတော့ ကြည့်ရတာ အရမ်းကို

ထူးဆန်းနေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကတော့ စိတ်ထဲမှာ အံ့အားသင့်သွားခဲ့ပါတယ်။ သူက ဒီခြသေ့်ကို သတိပြုမိပါတယ်။ ဒါက ရှေးဟောင်းနတ်ဘုရား သားရဲတစ်ကောင်ဖြစ်တဲ့ မီအန်း ဖြစ်ပါတယ်။

Chapter 686 end

Zawgyi.အပိုင်း(၆၈၇) ခရမ်းရောင်လ ကောင်းကင်ဘုံ ကြယ်တာရာဘုရင်

နတ်ဘုရား သားရဲတစ်ကောင်ကို မိသားစုရဲ့ အမှတ်အသားတစ်ခု ဒါမှမဟုတ် ကလန်ရဲ့ အမှတ်တံဆိပ်အဖြစ် အသုံးပြုမယ်ဆိုရင် အဲဒီမိသားစုက သေချာပေါက် အရမ်းကို အစွမ်းထက် ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ နတ်ဘုရား သားရဲ တစ်ကောင်ကို အမှတ်တံဆိပ်တစ်ခုအဖြစ် အသုံးပြုဖို့ ထိုက်တန်မှာလဲ။

အဲဒီအဖြစ်က ဘာနဲ့တူသလဲဆိုရင် လူတစ်ယောက်က လုံလောက်တဲ့ ခွန်အားမရှိပဲ ကိုယ့်ကိုကိုယ် ဓားဧကရာဇ် ဒါမှမဟုတ် ဆေဘာဓား ဘုရင်လို့ ကြေညာတာနဲ့ တူပါတယ်။

သူတို့က အသံနဲ့ ခြောက်လန့်တာဖြစ်ပါတယ်။ သိုင်းပညာကျွမ်းကျင်သူ၊ ကိုးထဲမှာ လူတွေက ဒီလိုမျိုး ကိစ္စတွေနဲ့ ပတ်သက်ပြီး အရမ်းကို အထိခိုက် မခံကြပါဘူး။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းဘက်မှာတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်က မြို့ရိုးပေါ်ကို လွှားခနဲ ခုန်တက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ခရမ်းရောင်လ အတုအယောင် ကေရာဇ်ရဲ့ ဗိုလ်ချုပ် ဒီအရှင်သခင်ကို တွေ့ဆုံဖို့ ထွက်လာခဲ့စမ်း"

"ဟားဟားဟား စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာသုံးပဲ ရှိသေးတဲ့ စစ်သည်တော် တစ်ယောက်က ဒီဘုရင်ရဲ့ အရှေ့မှာ ရိုင်းရိုင်းပျပျ လုပ်ပုံ့တယ်ပေါ့"

ကျယ်လောင်တဲ့ ရယ်မောသံတစ်ခုနဲ့အတူ ချပ်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထားတဲ့ လူတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ သူက အရမ်းကို ဟိတ်ကြီးဟန်ကြီး ပုံစံရှိတဲ့ သားရဲ တစ်ကောင်ကို စီးနင်းထားပါတယ်။ အဲဒီသားရဲရဲ့ ခွာတွေမှာ မီးတောက်တွေ ဝိုင်းရံထားပြီးတော့ အံ့မခန်း နတ်ဘုရား အစွမ်းတွေ ထွက်ပေါ်နေပုံ ရပါတယ်။

လင်းဟန်က အဲဒီသားရဲကို ကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသားရဲ့က ကောင်းကင်ဘုံကို နင်းလျှောက်တဲ့ မီးတောက်ကိုးခု သားရဲကောင် ဖြစ်ပြီးတော့ အဆင့်တစ်ဆယ် သားရဲတစ်ကောင် ဖြစ်ပါတယ်။

အဆင့်တစ်ဆယ် သားရဲတစ်ကောင်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်နဲ့ ညီမျှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဘုရား သားရဲကောင်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လူသားတွေထက် သာလွန်ပြီးတော့ ရုပ်ပိုင်းဆိုင်ရာ ကျင့်စဉ်တွေကိုက သဘာဝ တရားအတိုင်း ကျင့်ကြံထားတယ်လို့ ပြောနိုင်ပါတယ်။ သားရဲကောင်တွေမှာ အဆင့်တူထဲ တိုက်ခိုက်ရမယ်ဆိုရင် အနိုင်ရဖို့ အခွင့်အရေး အများကြီး ရှိပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး အစွမ်းထက်တဲ့ သားရဲတစ်ကောင်က အခုဆိုရင် လူသားတစ်ယောက်ရဲ့ အစီးအနင်း ဖြစ်နေပါတယ်။ အရမ်းကို အံ့ဩစရာ ကောင်းပါတယ်။

ကောင်းကင်ဘုံ နင်းလျှောက်တဲ့ မီးတောက်ကိုးခု သားရဲကောင်က တစ်ဆင့်ပြီးတစ်ဆင့် အဆင့်တက်တာ ဖြစ်ပြီးတော့ အရမ်းကြီး မမြန်ပါဘူး။ ဒါပေမဲ့

အဲဒီသားရဲကောင်က ထုတ်လွှတ်တဲ့ အရှိန်အဝါက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့ အားလုံးကို သူတို့နှလုံးသားတွေက ပေါက်ကွဲထွက်တော့မဲ့အတိုင်း ခံစားစေရပါတယ်။

တကယ်လို့ အစီးအနင်း သားရဲတောင်မှ အစွမ်းထက်နေရင် သူ့ရဲ့ အရှင်သခင်ဆိုရင်ရော။

သားရဲကောင်ရဲ့ အပေါ်မှာ စီးနင်းလိုက်ပါလာတဲ့လူက ငွေရောင်ချပ်ဝတ်ကို ဝတ်ဆင်ထားပြီး ငွေရောင်ခေါင်းဆောင်းကို ဝတ်ဆင်ထားပါတယ်။ ဒါပေမဲ့ သူ့မျက်နှာကိုတော့ မဖုံးကွယ်ထားပဲ သူ့ပုံစံကို တွေ့မြင်နိုင်ပါတယ်။ မျက်နှာပြင်က ကျန်းမာသန်စွမ်းပြီး အရေးအကြောင်းတောင် မရှိပါဘူး။ သူ့ပုံစံက တည်တည်ငြိမ်ငြိမ်ရှိပြီးတော့ ကောင်းကင်ဘုံကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိနေတဲ့ ပုံစံမျိုးပါပဲ။

"မင်းဘယ်သူလဲ"

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်က အော်မေးလိုက် ပါတယ်။ တစ်ဖက်လူရဲက အစွမ်းထက်မြက်မှုကြောင့်

အတော်လေးကို အံ့အားသင့် နေပါတယ်။

"ခရမ်းရောင်လ အင်ပါယာရဲ့ ကောင်းကင်ကြယ်တာရာ ဘုရင် နလန်ထန်းဟွမ်"

သားရဲပေါ်ကလူက သိမ်မွေ့တဲ့ အသံနဲ့ ပြောလိုက်ပြီး အဲဒီအသံက အားလုံးရဲ့ စိတ်ထဲမှာ အချိန်တော်တော်ကြာအောင် ပဲ့တင်သံ ထပ်နေပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်က နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ဘယ်လောက်တောင် သတ္တိကောင်းလိုက်သလဲ။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးပေါ်မှာ နိုင်ငံတစ်ခုကို တည်ထောင်ရဲတယ်။ ဒါက ကောင်းကင်ဘုံကို ဆန့်ကျင်တာပဲ"

"ဟားဟားဟား မင်းက ကောင်းကင်ဘုံနဲ့ မြေကြီးကို ကိုယ်စားပြုနိုင်လို့လား"

နလန်ထန်းဟွမ်က အထင်အမြင်သေးစွာနဲ့ မဲ့ရွဲ့ပြီး

ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ကျန်းရှောင်လင်းလို့ခေါ်တယ်။ ဒီနေ့မှာ ငါက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို ကိုယ်စားပြုပြီး မင်းတို့အားလုံးကို ရာဇသံတစ်ခု ပို့လိုက်မယ်။ ချက်ချင်းပဲ အမှောင်ထဲကနေ အလင်းကို ထွက်လာခဲ့ပါယ။ ဒါဆိုရင် အသက်ရှင်ဖို့ အခွင့်အလမ်းတစ်ခု ရှိလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ မင်းတို့ကိုယ်တိုင်ပဲ ပျက်စီးရာ ပျက်စီးကြောင်းကို ရှာနေတာပဲ"

ကျန်းရှောင်လင်းက အော်ဟစ်လိုက်ပါတယ်။

"ဟားဟား မင်းက တကယ်ကို ဘာမှမသိသေးဘူးပဲ"

နလန်ထန်းဟွမ်က လှောင်ပြုံး ပြုံးလိုက်ပါတယ်။

"ဒီအရှင်သခင်က ကမ္ဘာအနှံ့ကို လျှောက်သွားနေတဲ့ အချိန်တုန်းက မင်းရဲ့ ဘိုးဘေးတွေတောင်မှ နို့စို့နေတုန်းပဲ ရှိဦးမယ်။ မင်းက ဒီဘုရင်ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဝံ့တယ်ပေါ့"

ဒါက ဘဂမြင့်တဲ့ လေသံပါ။

ကျန်းရှောင်လင်းက သူ့ရဲ့ဒေါသကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ပါဘူး။ ဒါပေမဲ့ နလန်ထန်းဟွမ်ရဲ့ ခွန်အားက ဘယ်လောက်ထိ ရှိတယ်ဆိုတာကို သူမသိသေးပါဘူး။ လွယ်လွယ်နဲ့ တိုက်ခိုက်ဖို့ မရဲပါဘူး။ သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"စိတ်ကြီးဝင်တဲ့ လူတစ်ယောက်က အဆုံးသတ်မှာ သူ့သေလမ်းကို သူရှာသွားရလိမ့်မယ်"

"ဟားဟားဟား ဒီအရှင်သခင်က ဒီနေရာမှာ စစ်တပ်ကို ဖြန့်ကျက်ထားလိုက်မယ်။ ပြီးတော့ မြို့ကို သုံးရက်အတွင်းမှာ တိုက်ခိုက်မယ်"

နလန်ထန်းဟွမ်က ရှင်းလင်းတောက်ပတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူ့အသံက မိုးခြိမ်းသံအလား ကျယ်လောင်လွန်းပါတယ်။

"အဲဒီအချိန်ကျရင် သူတို့ရဲ့ လက်နက်ကို ချပြီးတော့ ဒူးထောက်ထားတဲ့ လူတွေပဲ အသက် ချမ်းသာရလိမ့်မယ်"

"အိပ်မက်မက်မနေနဲ့"

ကျန်းရှောင်လင်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

မဟာစကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် နှစ်ယောက် ပြောဆိုနေတဲ့ အချိန်မှာ ကျန်တဲ့ လူတွေက သူတို့ကို ဝင်ရောက်စွက်ဖက် ပြောဆိုဖို့ အရည်အချင်း မရှိပါဘူး။ နှစ်ဖက်စလုံးက ဆွေးနွေးလို့ ပြီးသွားတာကြောင့် ဆက်ပြီးတော့ မပြောကြတော့ပါဘူး။

စကားစစ်ထိုးပွဲက စိတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ အဟန့်ကောင်းတဲ့ ဟန်ပန် အမူအရာရဲ့ ယှဉ်ပြိုင်မှု တစ်ခုက စိတ်ပိုင်းဆိုင်ရာကို လွှမ်းမိုးနိုင်ပါတယ်။ ဒါကြောင့် နှစ်ဖက်စလုံးက ပြောဆိုတဲ့ အခါမှာ အားနည်းဖို့ စိတ်ကူး နည်းနည်းမှ မရှိကြပါဘူး။

"ဖက်တီးမာရဲ့ နောက်လိုက်တွေက တကယ့်ကို ထူးချွန်ထက်မြက်တဲ့ လူတွေနဲ့ ဖွဲ့စည်းထားတာပဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက အစောပိုင်းတုန်းက ဒီလိုမျိုး မှန်းဆထားပေမဲ့ မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရတဲ့ အခါမှာ ခရမ်းရောင်လ အင်ပါယာမှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်

လက်ရွေးစင်တွေ တကယ်ပဲ ရှိနေတယ်ဆိုတာကို အတည်ပြုရဲသွားပါတယ်။

နောက်ပြီးတော့ နလန်ထန်းဟွမ်က သာမန်စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တိတိကျကျ မသိပေမဲ့ အဆင့်တစ်ဆယ် သားရဲတစ်ကောင်ပေါ်မှာ စီးနင်းလိုက်ပါနိုင်စွမ်းရှိတဲ့ သူ့ခွန်အားက အရာအားလုံးကို ရှင်းပြလို့ ရနိုင်တယ် မဟုတ်လား။

လင်းဟန်ရဲ့ အကြည့်တွေက ခပ်လှမ်းလှမ်း အကွာအဝေးမှာ ရှိနေတဲ့ ခရမ်းရောင်လ အင်ပါယာရဲ့ စစ်တပ်က ခင်းကျင်းထားတဲ့ တိုက်ပွဲ အစီအရင် တစ်ခုကိုပဲ ကြည့်နေပါတယ်။ လူပေါင်း တစ်သိန်းလောက်က စတုရန်းတစ်ခုပုံစံ ပုံဖော်ထားပြီး စတုရန်းပုံတိုင်းက အမိန့်ကို ကောင်းကောင်း လိုက်နာကြပါတယ်။ ဘယ်သူကမှ စောင်းပြီးတော့ မတ်တပ်ရပ်နေတာမျိုး မရှိသလို အစောပိုင်းတုန်းက ကျန်းရှောင်လင်းက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အရှိန်အဝါကို ထုတ်ဖော်ထားတာတောင်မှ ဒီစစ်တပ်က တုန်လှုပ်ခြင်းမရှိပဲ စစ်စည်းကမ်းကို အတိအကျ လိုက်နာကြပါတယ်။

ဒါပေမဲ့ ဒီဘက်မှာတော့ နလန်ထန်းဟွမ်ရဲ့ တည်ရှိမှုကြောင့် လူတော်တော်များများ တုန်လှုပ် ချောက်ချားနေကြပြီး သူတို့ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်ဂိညာဉ်က တစ်ဂက်လောက် ဆုံးရှုံးကုန်ပါတယ်။

မတိုက်ရသေးပဲ သူတို့တွေက စစ်ပွဲကို တစ်ဂက်လောက် ရှုံးနေပါပြီ။

တကယ်ပဲ ထူးဆန်းပါတယ်။ ဖက်တီးမာလိုမျိုး လူပြက်တစ်ယောက်က ဒီလိုမျိုး အစွမ်းထက်တဲ့ နောက်လိုက် တစ်ယောက်ကို သစ္စာခံလာအောင် လုပ်နိုင်ခဲ့ပြီး ဒါက မဟာစစ်တပ် သုံးခုထဲက တစ်ခုပဲ ရှိပါသေးတယ်။ ကျန်တဲ့ စစ်တပ်နှစ်ခုရဲ့ ဗိုလ်ချုပ်တွေကလည်း နည်းနည်းလေးမှ မနိမ့်ကျ နိုင်ပါဘူး။

သူက နိုင်ငံတစ်ခုကို တည်ထောင်ရဲရုံသာမက မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ရည်မှန်းချက်ကိုပါ ထားရဲတာ အံ့သြစရာ မရှိတော့ပါဘူး။ အံ့သြစရာ ကောင်းလောက်အောင် အခြေခံ အုတ်မြစ်က နက်ရှိုင်းလွန်းပါတယ်။

မာထို့ပေါင်ရဲ့ ပြောစကားအရ မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့

တာဂန်အတွက်က ပိုပြီးတော့ သန်မာအစွမ်းထက် သင့်တယ် မဟုတ်လား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရှိ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပဲနဲ့ နိုင်ငံရဲ့ အစွမ်းထက်တဲ့ စွမ်းအားမြှင့်တင်ပေးမှုကို ကြံ့ကြံ့ခံနိုင်မှာ မဟုတ်ပါဘူး။

မျှော်လင့်ထားတဲ့အတိုင်းပဲ လူတွေကို သူတို့ရဲ့ ရုပ်ရည်သွင်ပြင်အပေါ် အခြေခံပြီး ခန့်မှန်းသုံးသပ်မှု မလုပ်သင့်ပါဘူး။ မာထို့ပေါင်က ဘယ်လိုလူစားမျိုး ဖြစ်နေမလဲ။

လင်းဟန်က ပိုပြီးတော့ သိချင်စိတ်တွေ ပြင်းပြလာခဲ့ပါတယ်။ တကယ်လို့ မင်းက တစ်စုံတစ်ယောက်ကို နားလည်ခြင်း မရှိဘူးဆိုရင် သူ့အနားက လူတွေကို ကြည့်ပြီးတော့ သူ့ကို နားလည်နိုင်ပါတယ်။ နလန်ထန်းဟွမ်လို လက်ရွေးစင် တစ်ယောက်ကို ဆွဲခေါင်သိမ်းသွင်းနိုင်တဲ့ မာထိုပေါင်က ဘယ်လိုလုပ် သာမန်လူတစ်ယောက် ဖြစ်နိုင်မှာလဲ။

ခရမ်းရောင်လ အင်ပါယာရဲ့ မဟာစစ်တပ်ကြီးက သူတို့ရဲ့ စခန်းကို စတင်တည်ဆောက် နေပြီး နောက်သုံးရက်အကြာ တိုက်ပွဲအတွက် ပြင်ဆင်နေပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကလည်း အရေးပေါ် တွေ့ဆုံဆွေးနွေးမှု တစ်ခုကို ကျင်းပလိုက် ပါတယ်။ အစည်းအဝေးရဲ့ ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက်က ဒီနေ့ညမှာပဲ လျှို့ဝှက်တိုက်ခိုက်ဖို့ ဖြစ်ပြီး နောက်ရက် နောက်ရက်တွေမှာ သူတို့ကို ပြင်ဆင်ချိန် မပေးဖို့ပဲ ဖြစ်ပါတယ်။

"စစ်ပွဲမှာ တရားမမျှတဘူးဆိုတာ မရှိဘူး။ ဒီအရှင်သခင် ထင်တာတော့ ညဘက်မှာ အုံ့အားသင့် အောင်လို့ တိုက်ခိုက်သင့်တယ်။ သူတို့ရဲ့ စစ်တပ်က အဆက်မပြတ် လှုပ်ရှားလာခဲ့တာကြောင့် ဒီညမှာ သေချာပေါက် အနားယူကြလိမ့်မယ်"

ခေါင်းဆောင်တစ်ယောက်က ဆွေးနွေးတင်ပြလိုက်ပါတယ်။

ဒီနေ့ တွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်တဲ့ လူတိုင်းက အရေးပါတဲ့ လူတွေဆိုတာ သိသာပါတယ်။ ပြီးတော့ လင်းဟန်ကလည်း ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်တာကြောင့် ကံကောင်းထောက်မပြီး တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ ဒါက ကောင်းကင်အဆင့် လက်ရွေးစင်တွေနဲ့ အဆင့်တူတူ ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကတောင် မျက်နှာသာတချို့

ပေးရပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်ကို ကြည့်ရတာ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်နဲ့ နည်းနည်းလေးမှ မတူပဲ ဟူးညိုကြ သူ့ပေါင်ပေါ်မှာ ထင်နေပါတယ်။ လူငယ်တစ်ယောက်နဲ့ ကလေးတစ်ယောက်၊ သူတို့နှစ်ယောက်က ပျော်ပျော်ရွှင်ရွှင်နဲ့ နေကြာစေ့တွေ ခွာစားနေပြီး ဒီစစ်ဘက်ဆိုင်ရာ ဆွေးနွေးမှုကို ဂရုမစိုက်ပါဘူး။

"မဟုတ်ဘူး မဟုတ်ဘူး။ တစ်ဖက်အဖွဲ့က ဒီသုံးရက်ဆိုတဲ့ အချိန်အတွင်းမှာ သတိထားနေကြ လိမ့်မယ်။ သူတို့တွေက ဒီရက်ပိုင်းထဲမှာ သူတို့ကို လျှို့ဝှက်တိုက်ခိုက်မယ် ဆိုတာကိုလည်း ခန့်မှန်းထားကြလိမ့်မယ်။ သူတို့က သေချာပေါက် ထောင်ချောက်တွေ ဆင်ထားပြီး ငါတို့တွေ အဲဒီထဲကို ကျသွားလို့ မဖြစ်ဘူး"

တစ်စုံတစ်ယောက်က ထောက်ပြလိုက်ပါတယ်။

"သူတို့တွေက အချိန်တော်တော်ကြာအောင် ချီတက်လာရလို့ ပင်ပန်းနေကြလိမ့်မယ်။ ဒါကြောင့် သူတို့က ထောင်ချောက်တွေ ဆင်ထားဖို့ ဘယ်လိုလုပ်ပြီး

လုံလောက်တဲ့ အချိန်ရှိမှာလဲ။ ဒီအရှင်သခင် ထင်တာတော့ အခုချိန်က တိုက်ခိုက်ဖို့အတွက် အကောင်းဆုံး အခွင့်အရေးပဲ ဖြစ်လိမ့်မယ်”

“ငါလည်း ထောက်ခံတယ်”

ဆွေးနွေးပွဲကို တက်ရောက်တဲ့ လူတွေက အဖွဲ့သုံးခု ခွဲသွားခဲ့ပါတယ်။ တစ်ယောက်က တက်တက်ကြွကြွနဲ့ တိုက်ခိုက်ဖို့ အဆိုပြုပြီး တစ်ယောက်ကတော့ အလျှော့မပေးပဲ ခုခံကာကွယ်ချင်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က မြို့ထဲမှာ ဂဏ်ပါ အစီအရင် တစ်ခုကို ခင်းကျင်းထားပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ ရန်သူတွေကို ဂဏ်ပါထဲ တစ်ဟုန်ထိုး ပြေးဝင်လာဖို့ ခွင့်မပြု ရမှာလဲ။

နောက်ဆုံးအဖွဲ့ကတော့ ကြားနေ အဖွဲ့ပဲ ဖြစ်ပါတယ်။ သူတို့မှာ ကိုယ်ပိုင်အမြင် မရှိကြပါဘူး။

ကျန်းရှောင်လင်းကတော့ သူ့စိတ်ထဲကအတိုင်း လက်ရွေးစင် အဖွဲ့တစ်ခုကို လျှို့ဝှက် တိုက်ခိုက်ဖို့ ညဘက်မှာ စေလွှတ်ပြီး နလန်ထန်းဟွမ်ရဲ့ စစ်တပ်အရည်အသွေးကို စမ်းသပ်ဖို့ ဖြစ်ပါတယ်။

လူတော်တော်များများက ဒီတာဂန်ကို ထမ်းဆောင်ဖို့ စေတနာ့ဂန်ထမ်းအဖြစ် ဆန္ဒပြု ကြပါတယ်။ ဒါပေမဲ့ လင်းဟာန်ကတော့ ငြင်းပယ်ခဲ့ပါတယ်။ မနောက်ပါနဲ့။ သူ့အနေနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်း အတွက် သူ့အသက်ကို မစတေးနိုင်ပါဘူး။ နောက်ပြီးတော့ နလန်ထန်းဟွမ်ရဲ့ ခွန်အားက ခန့်မှန်းလို့တောင် မရပါဘူး။ နောက်ပြီး သူ့စစ်တပ်မှာ ခမ်းနားကြီးကျယ်တဲ့ ဂဏ်ပါ အစီအရင် တစ်ခုလည်း ရှိနေပြီး စစ်တပ်ကလည်း တကယ့်ကို ရဲစွမ်းသတ္တိနဲ့ ပြည့်စုံတယ်ဆိုတာ ပေါ်လွင်ပါတယ်။ လျှို့ပုက်တိုက်ခိုက်ဖို့ သွားမယ် ဟုတ်လား။

သေရွာကို သွားတာနဲ့ အတူတူပါပဲ။

ဂင်ရောက်ဖို့အတွက် သူက ငြင်းပယ်ခဲ့ရုံသာမက မိုးရေကောဇ်နဲ့ တခြားသူတွေကိုလည်း လှုပ်ရှားမှု မလုပ်ခိုင်းခဲ့ပါဘူး။ နောက်လာမဲ့ သုံးရက်အချိန်မှာ တိုက်ခိုက်မဲ့ တိုက်ပွဲကြီးမှာ ဘယ်လိုအခြေအနေ ရှိမလဲ ဆိုတာကို စောင့်ကြည့်တာက အကောင်းဆုံးပဲ ဖြစ်ပါတယ်။

Chapter 687 end

Zawgyi.အပိုင်း(၆၈၈) ပြိုင်ဘက်ကင်းတဲ့ စစ်တပ်တစ်ခု

ည။

ကျန်းရှောင်လင်းရဲ့ လမ်းညွှန်မှုနဲ့ လူသုံးရာကျော် ပါဝင်ဖွဲ့စည်းထားတဲ့ အဝိုက်ဖမ်း တိုက်ခိုက်မဲ့ အဖွဲ့က နလန်ထန်းဟွမ်ရဲ့ စခန်းဆီကို ထွက်ခွာလာခဲ့ပြီး သတ်ဖြတ်ဖို့ ပြင်ဆင်ထားပါတယ်။

ဒီအဖွဲ့ထဲမှာ လူအများကြီး မပါဝင်ပေမဲ့ သူတို့ရဲ့ အခြေခံက စိတ်ဂိညာဉ် နတ်သူငယ် အဆင့် ဖြစ်ပြီးတော့ အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် ဆယ်ယောက်ကျော်နဲ့ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ပါဝင်ပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်ကတောင် သူတို့ကို ဦးဆောင်ထားပါတယ်။ ဒါကြောင့် ဒီအဖွဲ့က အရမ်းကို အစွမ်းထက်တယ်လို့ ပြောနိုင်ပြီး ရှေးဟောင်းအင်အားကြီး ဂိုဏ်းငါးဂိုဏ်းကလွဲလို့ ဘယ်အင်အားစုကိုမဆို ဖျက်ဆီးပစ်ဖို့ လုံလောက်ပါတယ်။

အားလုံးက ဘယ်လိုပဲ တွေးတွေး တကယ်လို့ နလန်ထန်းဟွမ်က ဟိုးအရင်ကတည်းက ပြင်ဆင်ထားခဲ့မယ် ဆိုရင်တောင် ဒီလိုမျိုး အစွမ်းထက်တဲ့ အဖွဲ့တစ်ခုနဲ့ ရင်ဆိုင်ရမယ်ဆိုရင် သူ့စစ်တပ်က ပြင်းပြင်းထန်ထန်

ထိခိုက်ပျက်စီးသူတွေ ရှိလိမ့်မယ်ဆိုတာ ပြောနိုင်ပါတယ်။ တကယ်လို့ အဲဒီလို မဟုတ်ရင် အငိုက်ဖမ်း တိုက်ခိုက်မဲ့ အဖွဲ့က ပြန်လာနိုင်ပါဦးမယ်။

ဒါပေမဲ့လည်း မနက်ခင်း နေရောင်က ထွက်ပေါ်လာတဲ့ အချိန်မှာ ကျန်းရှောင်လင်းက ကောင်းကင်အဆင့် လက်ရွေးစင် နှစ်ယောက်ကို ခေါ်ပြီးတော့ ကစဥ့်ကလျားနဲ့ မြို့ထဲကို ပြန်ဆုတ်ခွာလာခဲ့ပါတယ်။ သူတို့အားလုံး မျက်နှာတွေက ဖြူဖပ်ဖြူရော်တွေ ဖြစ်နေကြပြီး အရိုးထဲထိအောင် ထိတ်လန့်ကြောက်ရွံ့စရာကောင်းတဲ့ အရာတစ်ခုနဲ့ တွေ့ကြုံလာခဲ့ ရသလိုပါပဲ။

သူတို့တွေက စကားတစ်ခွန်းမှ မပြောပဲ သူတို့ရဲ့ နေရာအသီးသီးကို ပြန်သွားခဲ့ကြပါတယ်။ ဒါပေမဲ့ နေ့တစ်ဂက်ခန့် အကြာမှာပဲ စစ်တပ်က အမိန့်တစ်ခု ကြေညာခဲ့ပြီး အားလုံးကို ချက်ချင်းပဲ ဆုတ်ခွာခိုင်းပါတယ်။

ဘယ်လိုအခြေအနေမျိုးကြီးလဲ။ အလစ်ငိုက်ဖမ်း တစ်ကြိမ်ပဲ တိုက်ခိုက်ရသေးတယ် ထွက်ပြေး ရတော့မှာလား။

ဒါပေမဲ့ အမိန့်ပေးလာတဲ့လူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တပ်မှူးတစ်ယောက် ဖြစ်တာကြောင့်

ဘယ်သူကများ မေးခွန်းပြန်ထုတ်ပုံမှာလဲ။

ချက်ချင်းဆိုသလို လူပေါင်းတစ်သောင်းကျော် ပါဝင်တဲ့ တပ်ဖွဲ့ကြီးက မြို့ကနေ ဆုတ်ခွာလာခဲ့ ကြပါတယ်။ ပြီးတော့ နောက်ကိုဆုတ်ခွာလာတဲ့ လမ်းမှာပဲ မနေ့ညက အလစ်ငိုက်ဖမ်း တိုက်ခိုက်မှုရဲ့ အမှန်တရားက ထွက်ပေါ်လာခဲ့ပါတယ်။

အသက်ရှင်သန် လွတ်မြောက်ခဲ့တဲ့ ကောင်းကင်အဆင့် လက်ရွေးစင် နှစ်ယောက်ထဲက တစ်ယောက်က သူ့ရဲ့မျိုးဆက်ကို ပြန်ပြောခဲ့တာ ဖြစ်ပြီးတော့ အဲဒီမျိုးဆက်က နှုတ်မလုံတဲ့ လူတစ်ယောက် ဖြစ်တာကြောင့် တစ်ယောက်ကနေစ ဆယ်ယောက်၊ ဆယ်ယောက်ကနေ လူတစ်ရာ အဲဒီကနေ အကုန်လုံး သိကုန်ကြပါတယ်။

မနေ့ညက အလစ်ငိုက်ဖမ်း တိုက်ခိုက်တဲ့ အဖွဲ့က ရန်သူ့စခန်းထဲကို ဝင်ရောက်လာတဲ့ အချိန်မှာပဲ သူတို့တွေကို ချုံခိုတိုက်ခိုက်ခြင်း ခံလိုက်ရပါတယ်။

နလန်ထန်းဟွမ်က သူတို့ကို စောင့်နေဖို့အတွက် တပ်ဖွဲ့တွေကို စေလွှတ်ထားခဲ့ပြီးပါပြီ။ ဒါကြောင့် ဒါက အလစ်ငိုက်ဖမ်း တိုက်ခိုက်မှု တစ်ခုမဟုတ်တော့ပဲ အနီးကပ်

တိုက်ခိုက်ဖို့အတွက် အချိန်ယူ ပြင်ဆင်ထားမှု တစ်ခုဖြစ်ပါတယ်။

ကျန်းရှောင်လင်းက အနည်းဆုံး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် သုံးရာနဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ခေါင်းဆောင်တစ်ယောက်ကိုပါ ထည့်ပြီးတော့ စေလွှတ်ခဲ့ပါတယ်။ ဆန့်ကျင်ဘက် ဆိုသလိုပဲ နလန်ထန်းဟွမ်ဘက်ကတော့ သူတို့က ဂဏ်ပါ အစီအရင်တစ်ခု ပုံဖော်ထားတဲ့ လူတစ်သောင်းကို စေလွှတ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ခွန်အားတွေက အဲလောက်ကြီး မကြီးကျယ်ပါဘူး။ အစွမ်းထက်ဆုံး လက်ရွေးစင်က စိတ်ဝိညာဉ် ပလ္လင် အဆင့်ပဲ ရှိပြီးတော့ အဓိကအင်အားစုက စိတ်ဝိညာဉ် ပင်လယ်အဆင့် စစ်သည်တော်တွေပဲ ဖြစ်ပါတယ်။ နလန်ထန်းဟွမ်က အထောက်အပံ့ ကူညီပေးမှု မပြုလုပ်ခဲ့ပါဘူး။ အဆင့်တစ်ဆယ် သားရဲကောင်ပဲ ကူညီပေးခဲ့ပါတယ်။

ဘယ်လိုပဲကြည့်ကြည့် ကျန်းရှောင်လင်းတို့ဘက်က လုံးဝကို အသာစီး ရသင့်ပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်လောက်ကိုပဲ လွှတ်လိုက်ရင်တောင် ဒီလူတစ်သောင်းရဲ့ ဂဏ်ပါ အစီအရင်ကို ဖျက်ဆီးပစ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း တိုက်ပွဲစတာနဲ့ မမျှော်လင့်ထားတာတွေ ဖြစ်ပျက်လာခဲ့ပါတယ်။

လူတစ်သောင်းပါဝင်တဲ့ စတုရန်းပုံ အခင်းအကျင်းကို ကြည့်ရတာ လန်းဆန်းတက်ကြွပြီး အရမ်းကို ကြောက်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည် ရှိပြီးတော့ အလစ်ဝိုက်ဖမ်း တိုက်ခိုက်မဲ့ အဖွဲ့ကို သက်တောင့်သက်သာနဲ့ အနိုင်ယူသွားခဲ့ပါတယ်။ ကျန်းရှောင်လင်းကို အဆင့်တစ်ဆယ် သားရဲက ဟန့်တားထားပြီးတော့ လုံးဝကို အသာစီး မရခဲ့ပါဘူး။

နေ့တစ်ဝက်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ အလစ်ဝိုက်ဖမ်း တိုက်ခိုက်မဲ့ အဖွဲ့က အကုန်လုံးနီးပါး အသတ်ခံလိုက်ရပါတယ်။ ကျန်းရှောင်လင်းက ဒါကိုမြင်လိုက်တဲ့ အခါမှာ အခြေအနေ မကောင်းတော့တာကြောင့် ကောင်းကင်အဆင့် လက်ရွေးစင် နှစ်ယောက်ကိုပဲ ကယ်တင်ပြီး မြို့ကို ပြန်ပြေးလာခဲ့ပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင်ရဲ့ ဒီတိုက်ပွဲအပြီး ထင်မြင်သုံးသပ်ချက်အရ လူတစ်သောင်း

ပါဂင်ဖွဲ့စည်းထားတဲ့ ဒီဂဏ်ပါ အစီအရင်က သူတို့ရဲ့ ခွန်အားတွေ အားလုံးကို ပေါင်းစည်းထားတဲ့ အစီအရင် အမျိုးအစားတစ်မျိုးမျိုး ဖြစ်နိုင်ပြီး ခွန်အားကို အကြီးအကျယ် မြှင့်တင်ပေးနိုင်ကာ ကောင်းကင်အဆင့်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။

အဲဒါက ကောင်းကင်အဆင့် လက်ရွေးစင်တွေကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆို တစ်ဖက် အဖွဲ့အစည်းမှာ ဒီလိုမျိုး ဂဏ်ပါ အစီအရင် ကိုးဆယ့်ကိုးခုကျော် ရှိပါသေးတယ်။

အရမ်းကို ကြောက်စရာကောင်းပါတယ်။ ဘယ်သူက ဒါကို ဖက်ပြိုင်နိုင်စွမ်း ရှိလိမ့်မှာလဲ။

ဒါကြောင့် သူတို့တွေက နောက်ဆုတ်ဖို့ပဲ တတ်နိုင်ပြီး တိုက်ခိုက်မယ်ဆိုရင် သေလမ်းရှာတာနဲ့ အတူတူပါပဲ။

လင်းဟန်က ဒီအကြောင်းကို ကြားလိုက်ပြီးတဲ့နောက်မှာတော့ သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်နေမိပါတယ်။ မာထို့ပေါင်က ယုံကြည်မှု ရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူက အစွမ်းထက်တဲ့ ရှေးဟောင်းအစီအရင် တစ်ခုကို ရရှိထားပြီး ဒီတိုက်ပွဲ

အစီအရှုံနဲ့ တိုက်ခိုက်မယ်ဆိုရင် ဘုရင်တွေရဲ့ စစ်သည်တွေနဲ့ တူပါတယ်။ နောက်ပြီးတော့ သူတို့မှာလည်း နိုင်ငံရဲ့ စွမ်းအားက ကောင်းချီးပေးခြင်းကို ခံထားရပြီး ဒီစွမ်းအားက အစီအရင်နဲ့ ပေါင်းစည်းထားတဲ့ အဓိက သော့ချက်တစ်ခု ဖြစ်နိုင်ပါတယ်။

လူပေါင်းတစ်သောင်းရဲ့ စွမ်းအားတွေကို တစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်းဖြစ်ပြီး အားလုံးက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက် ဒါမှမဟုတ် စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်သာ ဖြစ်ခဲ့မယ်ဆိုရင် အားလုံးကို ပေါင်းစည်းလိုက်မယ်ဆိုရင် ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။ နိုင်ငံရဲ့ စွမ်းအားက ကောင်းချီးပေးမှုနဲ့ နလန်ထန်းဟွမ်ရဲ့ စွမ်းအား တချို့ကို ဆွဲထုတ်လိုက်မယ်ဆိုရင် သူတို့တွေက ကောင်းကင်အဆင့်တွေကို သတ်ပစ်နိုင်မဲ့ စွမ်းအားကို ပိုင်ဆိုင်ထားကြပါတယ်။

ဒါက လူတစ်သောင်း စစ်တပ်တစ်ခုပဲ ရှိပါတယ်။ တကယ်လို့ လူတစ်သိန်းဆိုရင် ဘယ်လိုနေမလဲ။ လူတစ်သန်းဆိုရင်ရော။

လူသန်းတစ်ရာရဲ့ စွမ်းအားတွေ ပေါင်းလိုက်မယ်ဆိုရင် မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ ဖြစ်နိုင်ချေ ရှိမလား။

မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ နိုင်ငံတစ်ခု တည်ထောင်ခဲ့တယ်။

လင်းဟန်က အသံမထွက်ပဲ သုံးသပ်နေခဲ့ပြီး အားလုံးနဲ့အတူ ဆုတ်ခွာလာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေ မြို့ကနေ ထွက်လာတာနဲ့ နလန်ထန်းဟွမ်က မြို့ကို ပိုင်းလိုက်ပါတယ်။

စကြာဂဠုဇာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စောင့်ကြည့်မှုနဲ့ ဘယ်သူကများ သူတို့ကို နှောင့်ယှက်ပုံ့မှာလဲ။

မြို့ကို သိမ်းပိုက်လိုက် ကြပါတယ်။ ဒါကြောင့် ပြန်လှည့်ကြည့်မယ်ဆိုရင် သူတို့အနေနဲ့ မြို့ရိုးထိပ်မှာ ရှိတဲ့ အလံကို ခရမ်းရောင်လ အင်ပါယာရဲ့ အလံနဲ့ ပြောင်းလိုက်တာကို တွေ့မြင့်ရမှာ ဖြစ်ပြီးတော့ နောက်ထပ် ပိုင်နက်နယ်မြေ တစ်ခုကို သိမ်းပိုက်လိုက်ပြီ ဆိုတာကို ကိုယ်စားပြု နေပါတယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ နယ်မြေချဲ့ထွင်မှုက မရပ်တန့်နိုင်တော့ပါဘူး။

နောက်ထပ် တစ်နာရီ အကြာမှာ နလန်ထန်းဟွမ်ရဲ့ စစ်တပ်က နောက်တစ်ကြိမ် ချီတက်လာခဲ့ပြီး နောက်ထပ်မြို့တစ်မြို့ဆီကို ဦးတည်သွားကြပါတယ်။

ဆက်သွယ်ရေး ကျောက်တုံးတွေကြောင့် တခြားလမ်းကြောင်းတွေ အပေါ်က စစ်တပ်နစ်ခုကလည်း ခုခံနိုင်စွမ်း မရှိခဲ့ပါဘူး။ ဒီလိုမျိုး တိုက်စစ် တစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ် အဖွဲ့က စစ်ရထားကို ရပ်တန့်ဖို့ ကြိုးစားနေတဲ့ နံ့ကောင်တစ်ကောင်နဲ့ တူပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက ဒီလိုမျိုး အစွမ်းထက်တဲ့ အဖွဲ့ကို တားဆီးနိုင်မှာလဲ။

တခြားနစ်ဖွဲ့ရဲ့ မဟာမိတ် အဖွဲ့တွေ ကံကြမ္မာက ပိုပြီးတော့တောင် ထိတ်လန့်စရာ ကောင်းပါတယ်။ သူတို့တွေက ပြိုင်ဘက်အဖွဲ့ အခြေမချခင် အခွင့်အလမ်းကို အခွင့်ကောင်းယူပြီးတော့ အလစ်ဖမ်း တိုက်ခိုက်ပြီး တစ်ဖက်အဖွဲ့ကို တစ်ခါတည်း အမြစ်ဖြတ် သုတ်သင်ဖို့ ကြိုးစားခဲ့ ကြပါတယ်။ ဒါပေမဲ့ အဆုံးမှာတော့ လူပေါင်းတစ်သောင်းရှိတဲ့ စစ်တပ်က အားလုံးနီးပါး မလွတ်မြောက် နိုင်ခဲ့ပါဘူး။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ် စစ်တပ် ဖွဲ့စည်းထားမှုက ဟာသတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ အောင်မြင်မှုကို နည်းနည်းလေးမှတောင် မဟန့်တား နိုင်ခဲ့ပါဘူး။

သတင်းတွေက ပျံ့နှံ့သွားပြီး ကမ္ဘာကြီး တစ်ခုလုံး တုန်လှုပ်သွားခဲ့ပါတယ်။

အစကတော့ ခရမ်းရောင်လ အင်ပါယာကို အားလုံးက ဟာသတစ်ပုဒ်လို့ ထင်ထားခဲ့ ကြတယ် မဟုတ်လား။ ဒါပေမဲ့ အခုတော့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ်အဖွဲ့ သုံးခုနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ပြီး အားလုံးကို ချေမှုန်းပစ်ခဲ့တာကြောင့် ခရမ်းရောင်လ အင်ပါယာက ချက်ချင်းဆိုသလို အကြီးအကျယ် လွှမ်းမိုးလာခံပြါတယ်။ ဒါက ရှေးဟောင်း အင်အားကြီးဂိုဏ်း ငါးဂိုဏ်းထက် ပိုပြီးတော့ အစွမ်းထက်တဲ့ အင်အားစု ဖြစ်ပြီး အရမ်းကို ကြောက်စရာကောင်းတဲ့ အရာပဲ ဖြစ်ပါတယ်။

ကျန်းရှောင်လင်းက မကြာခင်မှာပဲ မဟာမိတ် အဖွဲ့ကို ဖျက်သိမ်းလိုက်တယ် ဆိုတာကို ကြေညာခဲ့ပြီး လူတိုင်းလူတိုင်း သူတို့အိမ်ဆီကို ပြန်သွားခဲ့ပါတယ်။ အင်အားကြီးဂိုဏ်းငါးဂိုဏ်းက အချင်းချင်း ဆက်သွယ်ပြီး အရေးကြီးတဲ့ အစည်းအဝေး တစ်ခုကို ကျင်းပပြီး ခရမ်းရောင်လ အင်ပါယာကို ထိပ်တိုက်ရင်ဆိုင်ဖို့ အစွမ်းထက်ဆုံး စစ်သည်တော်တွေ စေလွှတ်ပြီး ထွက်တိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အားလုံးက သူတို့ရဲ့ စိတ်တွေ လေးလံထိုင်းမှိုင်းကာ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားခဲ့ ကြပါတယ်။

ခရမ်းရောင်လ အင်ပါယာက တကယ်ပဲ အရမ်းကို သန်မာလွန်းပါတယ်။ အားလုံးက အံ့သြစရာ ကောင်းပါတယ်။ တကယ်လို့ အခွင့်အရေး နည်းနည်းရှိမယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းတောင် သူတို့ကို တားနိုင်မှာ မဟုတ်ပါဘူး။ သူတို့တွေက အရှုံးပေးလို့ပဲ ရနိုင်မှာလား။ သူတို့က အင်အားကြီး ဂိုဏ်းငါးဂိုဏ်းအတွက် တာဝန်ထမ်းဆောင်ခဲ့ပြီး အနာဂတ်မှာ အားလုံး အဆင်ပြေသွားတဲ့ အချိန်ကျရင် သူတို့တွေ ခံစားရမှာလား။

ထို့။ ဒီကမ္ဘာကြီးထဲမှာရှိတဲ့ ဘယ်သူမဆို ဘာမှမလုပ်ပဲ အေးအေးဆေးဆေး နေချင်ကြပါတယ်။ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းက ရှိသေလေးစားဖို့ အမိန့်ပေးတာ ဒါမှမဟုတ် ခရမ်းရောင်လ အင်ပါယာက သရဖူဆောင်းသွားတာ ဒါတွေကို ဘာဖြစ်လို့ ဂရုစိုက်နေရမှာလဲ။ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးနဲ့ ဘဝကို လျှောက်သွားဖို့ပဲ လိုအပ်ပါတယ်။

လူတချို့က ကမ္ဘာကြီးရဲ့ အရေးကိစ္စ အကြောင်းကို

ဂရုမစိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်လိုပဲ မင်းတို့တွေ လိုချင်တာရှိရှိ ငါက ထပ်ပြီးတော့ ဂရုစိုက်မှာမဟုတ်ဘူး။ အချိန်ကျလာတဲ့ အခါကျရင် အဆုံးသတ်မှာ အနိုင်ရတဲ့ ဘယ်သူ့ကိုမဆို ငါလာပြီးတော့ ဂါရဝပြုပေးမယ်။

မိုးရေဇကေရာဇ်နဲ့ မုယောင်ချင်းတို့ နှစ်ယောက်စလုံး သင်တန်းကျောင်းကို ပြန်လာခဲ့ ကြပါတယ်။ သူတို့တွေက ပါရမီရှင်တွေကို ဆက်လက်ဆွဲဆောင်ပြီး နိုင်ငံတစ်ခု အခြေခံအတွက် အုတ်မြစ်ချ နေခဲ့ပြီး အဲဒီအချိန်မှာ လင်းဟန်က ခရမ်းရောင်လ အင်ပါယာဆီကို ခရီးတစ်ခါလောက် ထွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူက မာထို့ပေါင်နဲ့ တွေ့ဆုံပြီးတော့ မေးခွန်းတွေ အများကြီးမေးပြီး မာထို့ပေါင်က ဖြေပေးဖို့ လိုအပ်ပါတယ်။

သူ့ဘေးမှာတော့ ဟူးညိုနဲ့ ကျူးရွှမ်အာတို့က လိုက်ပါလာဆဲပါပဲ။ သူတို့သုံးယောက်က ခရမ်းရောင်လ အင်ပါယာရဲ့ ပိုင်နက်ဆီကို ပေါ့ပေါ့ပါးပါးနဲ့ ခရီးထွက်လာခဲ့ပါတယ်။

နယ်စပ်ဒေသ တစ်ခုက စိတ်ဂိဉာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို တားဆီးနိုင်စွမ်း မရှိနိုင်ပါဘူး။ လင်းဟန်လိုမျိုး အနက်ရောင်မျှော်စင် ရှိနေတဲ့

လူဆိုရင်တော့ ပြောနေစရာတောင် မလိုပါဘူး။ ခရမ်းရောင်လ အင်ပါယာရဲ့ အင်ပါယာနန်းတော်ထဲကို မဖင်မချင်း ခရမ်းရောင်လ အင်ပါယာရဲ့ ပိုင်နက်နယ်မြေထဲကို လွယ်လွယ်ဝင် လွယ်လွယ်ထွက်နိုင်ပါတယ်။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ သူတို့က ခရမ်းရောင်လ အင်ပါယာရဲ့ ပိုင်နက်နယ်မြေထဲကို တော်တော်လေး ဝင်လာခဲ့ပြီးပါပြီ။ ဒါပေမဲ့ အင်ပါယာမြို့ဆီကို အကြမ်းဖျင်း ရက်နှစ်ဆယ်လောက် ခရီးသွားရပါဦးမယ်။

အဲဒီအချိန်မှာ ရွှေနဂါးလှေကို အသုံးပြုရတာ သူတို့အတွက် ခရီးထွက်တဲ့အခါမှာ အတော်လေးကို အဆင်ပြေပါတယ်။ လင်းဟန်နဲ့ ကျူးရွှမ်အာတို့က အလှည့်ကျ ထိန်းချုပ်မောင်းနှင်ခဲ့ ကြပါတယ်။

ဟုမ်း။

ငါးရက်မြောက်နေ့မှာ လင်းဟန်က ရုတ်တရက်ဆိုသလို မကောင်းတဲ့ အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပါတယ်။ ကျူးရွှမ်အာနဲ့ ဟူးညိုတို့ကို ကောက်ချီပြီးတော့ အနက်ရောင် မျှော်စင်ထဲကို လျှပ်ပြက်သလို ဝင်သွားလိုက်ပါတယ်။

ရွှေနဂါးလှေက ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပြီး အပိုင်းအစတွေက နေရာအနှံ့အပြား ပြန့်နှံ့သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်ကလည်း ပေါ်လာပြီးတော့ သူ့အကြည့်တွေက ကောင်းကင်ပေါ်ကို လှည့်ကြည့် လိုက်ပါတယ်။ သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက်က လေထဲမှာ ရပ်နေတာကို မြင်တွေ့နိုင်ပြီး သူ့ညာဘက်လက်ကို ဆန့်ထုတ်ထားပါတယ်။

သူက အခုတိုက်ခိုက်လိုက်တဲ့ လူဆိုတာ သိသာပါတယ်။

ဟုကျန်းရီ။ လေပြင်းလမင်းဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်။

Chapter 688 end

Zawgyi.အပိုင်း(၆၈၉) ကြားဖြတ်တိုက်ခြင်း

"လဖြတ် ငါ့ရွှေနဂါးလှေလေး"

လင်းဟန်က အော်မိလိုက်ပါတယ်။

သူနဲ့ ဒီရွှေနဂါးလှေက ကံကို မစပ်ဘူးနဲ့ တူပါတယ်။

ပထမ ရွှေနဂါးလှေလည်း ဖျက်ဆီးခံလိုက်ရပြီး ဒုတိယ ရွှေနဂါးလှေလည်း ဖျက်ဆီး ခံလိုက်ရပါတယ်။ ထိတ်လန့်စရာကောင်းတဲ့ ကံတရားက တစ်ပုံစံတည်း ကွက်တိ လိုက်လာခဲ့ ပါတယ်။

"ဟီးဟီး မင်းရဲ့ကိုယ်ပိုင်အသက်ကို ပိုပြီးတော့ ဂရုစိုက်သင့်တယ်"

ဟုကျန်းရီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"စောစောတုန်းက တိုက်ခိုက်မှုမှာ ဒီအရှင်သခင်က မင်းရဲ့အသက်ကို မနှုတ်ချင်သေးလို့ ရိုးရိုးလေး သတိပေးလိုက်တာပဲ"

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"ခင်ဗျားက ကျုပ်ပစ္စည်းတစ်ခုကို ဖျက်ဆီးပစ်ခဲ့တယ်။ ခင်ဗျားအပေါ်မှာ ကျရောက်မဲ့ ဒီအမုန်းတရားက ပိုပြီးတော့ ကြီးလာပြီ"

"ဆရာသခင်လင်း ဒီအရှင်သခင်က အရင်တုန်းက ပြောဖူးတဲ့

စကားကိုပဲ ပြန်ပြောရဦးမယ်။ ဒီအရှင်သခင်ကို လျှော်ကြေးပေးပါ။ ဒီအရှင်သခင်က သူ့ရဲ့အမုန်းတရားကို ဘေးကိုမချိတ်နိုင်တဲ့ လူစားမျိုး မဟုတ်ပါဘူး"

ဟုကျန်းရီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒါက လင်းဟန်ကို လှည့်ဖြားနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သူက လင်းဟန်ဆီကနေ လုံလောက်တဲ့ အကျိုးအမြတ်တွေကို ရယူဖို့ ကြိုးစားနေပြီး အဲဒီနောက်ကျရင် သူ့သားကို သတ်သွားတဲ့ ရန်သူကို သတ်ပစ်ရပါလိမ့်မယ်။

လင်းဟန်က စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"စစ်တပ်ကို ဖျက်သိမ်းလိုက်ပြီးတဲ့နောက်မှာ ခင်ဗျားက ကျုပ်ကို စောင့်ကြည့်နေပြီးတော့ တစ်ချိန်လုံး နောက်ယောင်ခံ လိုက်နေပြီး လှုပ်ရှားမှု မလုပ်ခဲ့ဘူး။ ဒါပေမဲ့ ခရမ်းရောင်လ အင်ပါယာရဲ့ပိုင်နက်ထဲကို ဝင်လာပြီးတဲ့နောက်မှာ ဆက်ပြီးတော့ နောက်ယောင်ခံ လိုက်လို့ မရတော့ဘူးဆိုတာ သိလာပြီး ခင်ဗျားကိုယ်ခင်ဗျား မထိန်းချုပ်နိုင်ပဲ အပေါ်စားဆန်တဲ့ လှုပ်ရှားမှု တစ်ခုကို လုပ်ခဲ့တယ်"

အပေါ်စားဆန်တဲ့ တိုက်ခိုက်မှုတစ်ခု ဟုတ်လား။

ဟုကျန်းရှီရဲ့ မျက်နှာပေါ်က အပြုံးက ပျောက်ကွယ်သွားခဲ့ပါတယ်။ လင်းဟန်က ဘာဖြစ်လို့ ဒီလိုမျိုး အခြေအနေ တစ်ခုမှာ သူ့ကို အမိုက်ထုပ်တစ်ခုလို ပြောပုံ့တဲ့ ယုံကြည်မှုတွေ ရှိနေရသလဲ ဆိုတာကို သူမခန့်မှန်းနိုင်ဘူးလား။ သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းကို ဆရာသခင်လင်းလို့ ခေါ်လိုက်တာနဲ့ မင်းကိုယ်မင်း တကယ့်ကို ဘဂင်မြင့်သွားတာလား။ မှော်ဆေးပညာရှင်တွေ ဟုတ်လား။ ထွီ။ နောက်ဆုံးမှာ သိုင်းပညာရှင်တွေရဲ့ နောက်လိုက်ခွေး သာသာပဲ ရှိတယ်။ သိုင်းပညာရှင်တွေရဲ့ အထောက်အပံ့ မပါပဲ ခွေးတွေက လူတွေကို ကိုက်ပုံ့မှာလား"

လင်းဟန်က နားရွက်နားကို လက်ကပ်ပြီးတော့ နားထောင်တဲ့ ဟန်ပန်အမူအရာ ပြုလုပ်ပြီး ပြောလိုက်ပါတယ်။

"မွေးကတည်းကနေ အခုချိန်ထိ ခင်ဗျားက ခွေးတွေဖော်စပ်ထားတဲ့ မှော်ဆေးလုံးတွေ ဘယ်လောက်တောင်များ စားပြီးခဲ့ပြီလဲ။ တကယ်ကို

မထင်မိဘူး။ အရှင်သခင်ဟုက ခွေးတွေ လုပ်ထားတဲ့ အရာတွေကိုတောင်မှ စားနေတာပဲ”

ဟုကျန်းရီက ဒေါသထွက်သွားခဲ့ပါတယ်။ နောက်ဆုံးတော့ သူ့ကိုယ်သူ မထိန်းနိုင်ပဲ နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။ သူက လင်းဟန်ကို လက်တစ်ဖက်နဲ့ ဖမ်းဆုပ်မဲ့ လှုပ်ရှားမှု တစ်ခုကို လုပ်လိုက်ပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လှုပ်ရှားမှု တစ်ခုကို ဘယ်လိုလုပ် ဖက်ပြိုင်နိုင်မဲ့ ခွန်အား ရှိနိုင်မှာလဲ။

လင်းဟန်က မခုခံပဲ ညာဘက်ကို လှည့်ပြီးတော့ ထွက်ပြေးလိုက်ပါတယ်။

ဂျစ်။ သူ့ရဲ့ပုံရိပ်က လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး တောက်ပလင်းလက်တဲ့ အဖြူရောင် လျှပ်စီးအလင်း လက်သွားပြီး လျှပ်ပြက်သလို လျင်မြန်လွန်းပါတယ်။

လက်ရှိသူ့ရဲ့ တိုက်ပွဲစွမ်းရည်က အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် တစ်ယောက်နဲ့ နှိုင်းယှဉ်လို့ ရနိုင်ပါတယ်။ ပြီးတော့ သူ့ရဲ့အမြန်နှုန်းက သိသိသာသာကို

ကြောက်စရာ ပိုကောင်းပါတယ်။ ကောင်းကင်အဆင့်နဲ့တောင် နိုင်းယှဉ်လို့ ရနိုင်ပါတယ်။ တကယ်တော့ သူ့ရဲ့ လျှပ်စီးခန္ဓာကိုယ်က ကနဦး အောင်မြင်မှု ရရှိခဲ့ပြီး သူ့ခန္ဓာကိုယ်ကို လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲလိုက်တဲ့ အချိန်မှာ သူ့ရဲ့အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် မြန်လွန်းပါတယ်။

ဟုကျန်းရီရဲ့ အပြုံးက ရှုံ့မဲ့သွားပြီး ပေါ့ပါးဖျတ်လက်စွာနဲ့ နောက်ကနေ လိုက်ဖမ်းလိုက်ပါတယ်။

လင်းဟန်မှာ ကောင်းကင်အဆင့် လှုပ်ရှားမှု ပညာဖြစ်တဲ့ မိုဃ်းစွာတန်ခိုးရှင် ခြေလှမ်းပညာရပ် ရှိပါတယ်။ ဒါပေမဲ့ ဟုကျန်းရီကလည်း ကောင်းကင်အဆင့် လှုပ်ရှားမှု ပညာရပ် တစ်ခုကို နားလည်သဘောပေါက် ထားပြီး သူ့ရဲ့ ကောင်းကင်အဆင့် အစွမ်းနဲ့ဆိုရင် သူ့အမြန်နှုန်းက လင်းဟန်ထက် နှာတဖျားလောက် လျင်မြန်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ကောင်းကင်ပေါ်မှာ လျင်မြန်ခြင်း မရှိပဲ အဲဒီအစား မြေပြင်နဲ့ နီးကပ်လိုက်ပြီးတော့ ဦးတည်ရာကို ပြောင်းလဲလိုက်ပြီး သူတို့နှစ်ယောက် အကြားက အကွာအဝေးကို ထပ်ပြီးတော့ နီးကပ်ခြင်း မရှိတော့ပါဘူး။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ်အဆင့်မှာပဲ ရှိသေးပေမဲ့ သူ့လျင်မြန်မှုက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ နှိုင်းယှဉ်လို့ ရနိုင်ပြီး လုံးဝကို အမိပွါယ် မရှိပါဘူး။

ရှေးဟောင်းအင်ပါယာရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားဖြစ်တဲ့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားက တကယ့်ကို ကြောက်စရာကောင်းလွန်းပါတယ်။

ဟုကျန်းရီလည်း စိတ်ထဲမှာ အံ့အားသင့် နေခဲ့ပါတယ်။ လင်းဟန်ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်လိမ့်မယ်လို့ လုံးဝကို မထင်ထားခဲ့ပါဘူး။ ဒါပေမဲ့ သူက အံ့အားသင့်တာထက် ပိုပြီးတော့ ကျေနပ်သွားသလို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ကိုသာ ဖမ်းနိုင်ခဲ့ရင် ဒီလှုပ်ရှားမှု ပညာရပ်က သူ့ကိုယ်ပိုင် ဖြစ်သွားပါလိမ့်မယ်။

စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်ရဲ့ လက်ထဲမှာ ဒီလှုပ်ရှားမှာ ပညာရပ်က ကောင်းကင်အဆင့်ရဲ့ အမြန်နှုန်းကို ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါဆိုရင် တကယ်လို့ သူ့လို ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့

လက်ထဲမှာဆိုရင်ရော။ ဒါဆိုရင် သူက အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကိုတောင် ကြောက်နေစရာ လိုတော့မှာလား။ ခင်ဗျားကို မတိုက်နိုင်လည်း ကိစ္စမရှိဘူး။ ကျုပ် ပြေးနိုင်တာပေါ့။

"ဟားဟားဟားဟား မင်းပြေးလို့ မလွတ်နိုင်ပါဘူးကွာ"

ဟုကျန်းရီက လှောင်ပြုံးပြုံး လိုက်ပါတယ်။

"လှုပ်ရှားတဲ့ ပညာတွေနဲ့ သိုင်းပညာတွေက အတူတူပါပဲ။ အမြန်နှုန်း ပိုပြီးတော့ လျင်မြန်လေ စွမ်းအား ပိုပြီးတော့ ကောင်းလေပဲ။ ပြီးတော့ ပိုပြီးတော့ အားကုန်လေပဲ။ မင်းဘယ်လောက် ကြာကြာ ခံနိုင်ရည် ရှိမှာလဲ"

ဒီစကားတွေက မှန်ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် တစ်ယောက်ကို ကောင်းကင်အဆင့် လူတစ်ယောက်ရဲ့ အမြန်နှုန်းနဲ့ နှိုင်းယှဉ်လို့ ရအောင် ခွင့်ပြုနိုင်ရင် မူလစွမ်းအင် သုံးစွဲမှုကလည်း ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် များပြားပါလိမ့်မယ်။ တကယ်လို့ လင်းဟန်ရဲ့ ဒန်တန်သာ သာမန်လူတွေထက် အဆတစ်ရာလောက် မကြီးမားခဲ့ဘူး ဆိုရင်တော့ သူက အများဆုံး အချိန်အနည်းငယ်ပဲ

ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပြီးတော့ မကြာခင်မှာ ခွန်အားတွေ ကုန်ခမ်းသွား ပါလိမ့်မယ်။

ဒါပေမဲ့ အခု သူ့အတွက်တော့ နာရီပေါင်းများစွာ ထိန်းချုပ်ထားနိုင်ဖို့ ဆိုတာက ပြဿနာ မဟုတ်ပါဘူး။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က တကယ်လို့ ဟုကျန်းရီက လင်းဟန်ကို လိုက်မီသွားခဲ့မယ် ဆိုရင်တောင်မှ သူ့မှာ ချက်ချင်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ တစ်ခုနဲ့ အသက်ကို ကယ်တင်နိုင်တဲ့ နတ်ဘုရား ပစ္စည်းဖြစ်တဲ့ အနက်ရောင် မျှော်စင်တို့ ရှိပါတယ်။

လင်းဟန်က ဒီထူးခြားနက်နဲတဲ့ ရတနာကို ထုတ်မပြချင်ပါဘူး။ နောက်ပြီးတော့ အခုလိုမျိုး ကောင်းကင်အဆင့် လူတစ်ယောက်က အနောက်ကနေ လိုက်ဖမ်းနေတဲ့ သေရေးရှင်ရေး ကာလကို ကောင်းကောင်း အသုံးချပြီး သူ့ရဲ့တက်လမ်းကို တိုးလာစေနိုင်ပါတယ်။

ပြေးတယ် ပြေးတယ် ပြေးတယ်။ ပြီးတော့ ဖမ်းတယ် ဖမ်းတယ် ဖမ်းတယ်။

လင်းဟန်က မပြေးပါဘူး။ သူက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်မြားကို ပစ်လွှတ်လို့ ရနိုင်မဲ့ အချိန်ကောင်းကို

စောင့်နေပြီး သူက နေဂင်ဆည်းဆာလေးကိုတောင် အသုံးမပြုပဲ သူ့လက်မောင်းကို လေးတစ်စင်းအသွင် အသုံးပြုကာ မူလစွမ်းအင်ကို မြားတစ်ချောင်းအဖြစ် အသုံးပြုပြီး ဟုကျန်းရီကို စောင့်နေပါတယ်။

တကယ်တော့ မူလစွမ်းအင်ကို လည်ပတ်ထားခြင်း မရှိဘူးဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင်မှ သာမန်လူ တစ်ယောက်နဲ့ မခြားပါဘူး။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဒီမြားချက်ကို ထိမှန်ခံပုံမှာလဲ။ ပြီးတော့ မူလစွမ်းအင်နဲ့ ခံစစ်တစ်ခု ပြုလုပ်လိုက်ရင် အမြန်နှုန်းအပေါ် လွှမ်းမိုးသွားပြီး အကန့်အသတ် ရှိလာပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ကတော့ မတူပါဘူး။ သူက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်တွေကို ကျင့်ကြံထားပြီး သူ့ရဲ့ခြေထောက်ပေါ်မှာ ခွန်အားတွေ စုစည်းထားတာကြောင့် သူ့ရဲ့ပေါက်ကွဲခြင်း စွမ်းအားက အံ့အားသင့်စရာ ကောင်းနေပြီး သူ့အမြန်နှုန်းကိုလည်း လုံးဝ အကျိုးသက်ရောက်မှု မရှိသလောက်ပါပဲ။

ဒီအတိုင်းဆို ဟုကျန်းရီအတွက် ပိုပြီးတော့ အနားကျပ်လာဖို့ ခက်ခဲလာပါလိမ့်မယ်။ ပြီးတော့ နောက်တစ်ချက်အနေနဲ့

သူက လင်းဟန်ရဲ့ အလစ်ငိုက်ဖမ်း တိုက်ခိုက်မှုကို ပိုပြီးတော့ သတိထားရပါဦးမယ်။ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အဲဒီစွမ်းအားက ကောင်းကင်ဘုံမြစ်ဘုရင်ရဲ့ ဗိုလ်ချုပ် ဆယ့်နှစ်ယောက်ကနေ ဆင်းသက်လာတဲ့ ပညာရပ်တစ်ခု ဖြစ်ပါတယ်။

စစ်မှန်တဲ့ နတ်ဘုရား ပညာရပ် တစ်ခုဖြစ်ပါတယ်။

"သက်ကျားအိုကြီးဟု နောက်ပိုင်းမှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အပေါ်မှာ အာရုံစိုက်ပြီး ကျင့်ကြံပါ။ မိန်းမတွေ အကြောင်းပဲ အမြဲတမ်း စဉ်းစားမနေနဲ့။ ကြည့်ရတာ ခင်ဗျားရဲ့ ခန္ဓာကိုယ်က အတော်လေး အားနည်းပြီး ခင်ဗျားရဲ့ ကျောက်ကပ်က ချို့တဲ့နေတာက မကောင်းဘူးနော်"

လင်းဟန်က နောက်ပြောင်ကျီစယ် လိုက်ပါသေးတယ်

ဟုကျန်းရီက ဒေါသကြောင့် မျက်နှာကြီး နီမြန်းလာခဲ့ပါတယ်။ လေပြင်းလမင်းဂိုဏ်းက ဂါးမျိုးခြင်းနဲ့ ဖြည့်စွက်ခြင်းမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပါတယ်။ သူက တကယ်ပဲ တဏှာကြီးတယ် ဆိုပေမဲ့ တဏှာကြီးခြင်းက ကျင့်ကြံခြင်းကို တိုးလာစေပြီး မကြိုက်ပဲ နေမှာလား။ သူက လှောင်ပြုံး

ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ကောင်ကလေး။ ဒီအရှင်သခင်က မင်းကို ဖမ်းမိတဲ့ အချိန်ကျရင် မင်းရဲ့ စိတ်ဝိညာဉ်ကို ဆွဲထုတ်ပြီးတော့ မင်းရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ပစ်မယ်။ ဒါပေမဲ့ မင်းရဲ့အသက်ကိုတော့ ချမ်းသာပေးပြီး နှစ်ပေါင်းတစ်ရာလောက် မင်းကို နေ့စဉ်နေ့တိုင်း တောဂက်တွေကို မှဒိန်းကျင့်ခိုင်းပစ်မယ်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က တကယ့်ကို စိတ်ကုန်စရာ ကောင်းပါတယ်။ ဒီလိုမျိုး ရွံရှာစရာကောင်းတဲ့ စကားတွေကိုတောင် ပြောနေပါတယ်။

"ဒါဆိုရင် အရှင်သခင်ဟုရဲ့ အကြိုက်က အတော်လေးကို ဆန်းတာပဲ။ အဲဒီတောဂက်တွေနဲ့ ပုံပြင်ပေါင်း တစ်ရာလောက် ရှိနေလို့များ ဒီလိုမျိုး ပြောပြနိုင်တာလား"

လင်းဟာန်က မရပ်မနားနဲ့ ရန်စလိုက်ပါတယ်။

ဟုကျန်းရီက ဒေါသတွေထွက်ပြီး ရှူးသွပ်လုနီးပါး ဖြစ်သွားပါတယ်။ ဘယ်လိုလုပ်ပြီး ဒီကောင်စုတ်ရဲ့ ပါးစပ်က

ထွက်တဲ့ စကားလုံးတွေက အရိုက်တည့်တည့်ကို လက်သီးနဲ့ ထိုးသလို ဖြစ်နေရတာလဲ။ သူဘာမှထပ် မပြောတော့ပါဘူး။ သူက လင်းဟာန်နဲ့ ပါးစပ်သေနတ် ပြိုင်ပွဲမှာ ပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးဆိုတာကို သိသွားခဲ့ပါပြီ။ နောက်ပြီးတော့ ဒါက အဓိပ္ပါယ်လည်း မရှိပါဘူး။ သူ့အတွက် တစ်ခုတည်းလိုတာက လင်းဟာန်ကို ဖမ်းပြီးတော့ လင်းဟာန်ရဲ့ ခန္ဓာကိုယ် အပေါ်မှာ ခန့်မှန်းလို့ မရနိုင်တဲ့ နှိပ်စက်နည်းပေါင်း များစွာကို အသုံးပြုပြီး နှိပ်စက်ဖို့ပဲ ဖြစ်ပါတယ်။

လင်းဟာန်က အမောဖြေ ရေသောက်ဖို့ အချိန်တောင် မရှိပဲ သူ့အသက်အတွက် လွတ်မြောက်ဖို့ အဆက်မပြတ် ကြိုးစားနေပါတယ်။

ကောင်းကင်အဆင့်ရဲ့ အစွမ်းထက်မြက်မှုကို ဖျတ်ခနဲ ကြည့်လိုက်ရင်ပဲ တွေ့မြင်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်က အသက်ကို ပြင်းပြင်းထန်ထန် ရှူနေရပေမဲ့ ဟုကျန်းရီက တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးဆေးဆေး ဖြစ်နေပြီး နည်းနည်းလေးမှတောင် မပြောင်းလဲပဲ သူ့ရဲ့ ခွန်အားတွေက မကုန်ဆုံးသွားသလိုမျိုးပါပဲ။

တကယ်လို့ လူနှစ်ယောက်ရဲ့ မူလစွမ်းအင်တွေကို

မတော်မရော် နှိုင်းယှဉ်မှု တစ်ခု လုပ်ခဲ့မယ် ဆိုရင် တစ်ယောက်မှာ တစ်ရာရှိပြီး ကျန်တစ်ယောက်မှာက သန်းတစ်ရာရှိတယ်လို့ ခန့်မှန်းကြည့်ပါ။ သူတို့တွေက အမြန်နှုန်းအတွက် တစ်ပုံ သုံးစွဲရပြီး သူတို့ရဲ့ အမြန်နှုန်းကလည်း အတူတူပဲဆိုပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်တော့ပါဘူး။

ကျင့်ကြံခြင်းအဆင့် နိမ့်ပါးနေတာက လင်းဟန်ရဲ့ အကြီးမားဆုံး အားနည်းချက် ဖြစ်ပါတယ်။

ဒါက ဘာမှမတတ်နိုင်ပါဘူး။ တကယ်လို့ သူ့တိုက်ပွဲစွမ်းရည်က အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ယှဉ်လို့ရတယ် ဆိုရင်တောင် သူ့ဖျက်ဆီးခြင်း စွမ်းအားရဲ့ ပေါက်ကွဲထွက် လာမှုက အဲဒီအဆင့်ထိ ရောက်ရှိလို့ ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ မူလစွမ်းအင်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မြင့် စစ်သည်တော်တွေနဲ့ နှိုင်းယှဉ်လို့ ရနိုင်တာကြောင့် မဟုတ်ပါဘူး။

ကံကောင်းတဲ့ အချက်က လင်းဟန်ကိုယ်တိုင် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နေတာကြောင့် မူလစွမ်းအင်တွေကို ပြန်လည်ဖြည့်တင်းဖို့ မှော်ဆေးလုံးတွေ

သုံးစွဲပြီးတော့ သူ့က ဆက်လက် ပြေးလွှားသွားနိုင်ဆဲ ဖြစ်ပါတယ်။

ဟုကျန်းရီက အလျင်စလို မလုပ်ပါဘူး။ မှော်ဆေးလုံးတွေမှာ ခုခံနိုင်စွမ်း အကြောင်းတွေ ရှိပါတယ်။ တကယ်လို့ လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်နေရင်တောင် မှော်ဆေးလုံးတွေ မကုန်ဆုံးနိုင်အောင် ရှိနေတာက အသုံးမဝင်ပါဘူး။ ဆေးလုံးတွေကို အတိုင်းအတာ တစ်ခုလောက်ပဲ အသုံးပြုတာ ကောင်းပါတယ်။ မှော်ဆေးလုံးက ဆေးချည်းပဲ မဟုတ်ပါဘူး။ အဆိပ်အတောက်လည်း ဖြစ်စေပါတယ်။

ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အကန့်အသတ်နဲ့ ရှိပါတယ်။ ဘယ်သူကများ သူ့ကို တားဆီးနိုင်မှာလဲ။

သူ့အတွက်တော့ လင်းဟန်က သူ့အိတ်ထဲက ကြွက်ပါပဲ။

လင်းဟန်က အကန့်အသတ် တစ်ခုကို ရောက်ရှိသွားခဲ့ပါပြီ။ သူ့ရဲ့ မူလစွမ်းအင်တွေ ခမ်းခြောက်ရုံတင်မက သူ့ကိုယ်ကာယရဲ့ ခွန်အားလည်း ကုန်ခမ်းလာခဲ့ပါပြီ။

သူ့ခန္ဓာကိုယ် တစ်ခုလုံး နာကျင်ကိုက်ခဲပြီး မျက်လုံးနှစ်လုံးကို ပိတ်ပြီးတော့ လဲချပြီး အိပ်ပစ်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူက ချက်ချင်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို ထုတ်ယူပြီးတော့ လှည့်စားမှု တစ်ခုလုပ်ပြီး အနက်ရောင် မျှော်စင်ထဲကို ဂင်ကာ ကောင်းကောင်းလေး အနားယူဖို့ စီမံလိုက် ပါတယ်။ ဒါပေမဲ့လည်း အဲဒီအခိုက်အတန့်မှာပဲ သူက အထိတ်တလန့် ဖြစ်သွားပြီး ရုတ်ချည်းဆိုသလို သူ့ခြေလှမ်းတွေကို ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"တဏှာရူးအိုကြီး ခင်ဗျားကျုပ်ရဲ့ ဓားချက်တစ်ချက်ကို ခံယူဝံ့လား"

ဟုကျန်းရီက တံတွေးသီးလုမတတ် ဖြစ်သွားခဲ့ပါတယ်။ သူ နားကြားများ မှားနေသလား။

Chapter 689 end

zawgyi.အပိုင်း(၆၉၀) အစွမ်းထက်တဲ့ အားပေးသူ တစ်ဦး

စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ပဲ ရှိသေးတဲ့ ဂျူနီယာလေး

တစ်ယောက်က သူ့ရဲ့ ဓားကွက်ကို ခံယူရဲလားဆိုပြီးတော့ သူ့ကိုတကယ်ပဲ မေးနေတာလား။

ဒါက ဘယ်လိုဟာသလဲ။

ဟုကျန်းရီက ရှေ့ကို ခြေလှမ်းအနည်းငယ် လှမ်းပြီးတော့ ရပ်လိုက်ပါတယ်။ ဒီအကွာအဝေးဆိုရင် သူက လင်းဟန်ကို တစ်ကွက်တည်းနဲ့ ဖမ်းဆီးနိုင်ဖို့ သေချာပါတယ်။ သူက လက်နှစ်ဖက်ကို အနောက်ဘက် ပစ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဓားကွက် တစ်ကွက်ပဲလား။ ဟားဟားဟား တကယ်လို့ မင်းက ဓားကွက်ပေါင်း တစ်သောင်း ဆိုရင်တောင်မှ ဒီအရှင်သခင်က အဲဒါကို မခံယူနိုင်စရာ ရှိမှာလား"

"တိုက်ကွက်ပေါင်း တစ်သောင်းက မလိုပါဘူး။ တစ်ကွက်ဆိုရင် ရပါပြီ"

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျား ကျုပ်ရဲ့ ဓားချက်တစ်ချက်ကို ခံယူနိုင်တာနဲ့ ခင်ဗျား ဘာပဲလိုချင်လိုချင် ကျုပ် ခင်ဗျားကို ပေးမယ်။ ဘယ်လိုလဲ"

"ဟားဟားဟား ဒီအရှင်သခင်က ဒါမျိုးမှ သဘောကျတာ"

ဟုကျန်းရီက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ သူလည်းပဲ စွမ်းအားတွေကို စုစည်းလိုက် ပါတယ်။ လင်းဟန်ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီးတော့ သူ့ကိုကြည့်ရတာ မယုံနိုင်စရာ ကောင်းလှတဲ့ လှည့်ကွက်အမျိုးအစား အများကြီး ရှိနေပုံ ရပါတယ်။ ဒါကြောင့် သူက တစ်ချက်တည်းနဲ့ အောင်မြင်ဖို့ လိုအပ်ပါတယ်။

အဲဒီအခိုက်အတန့်မှာ သူက အဆုံးစွန် တိုက်ကွက်တစ်ခုကို ထုတ်ဖော်ပြီးတော့ တကယ်လို့ လင်းဟန်ကို သတ်ပစ်မိသွားခဲ့မယ် ဆိုရင်တောင် ကိစ္စမရှိပါဘူး။ တဖက်လူရဲ့ မှတ်ဉာဏ်တွေကို ဆွဲထုတ်ဖို့ ရုတ်ချည်းဆိုသလို လုပ်ဆောင်ရမဲ့ ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ သက်ရှိလူတစ်ယောက်ကို မလိုအပ်ပါဘူး။ သေသူပဲဖြစ်ဖြစ် အသက်ရှင်နေတဲ့လူပဲ ဖြစ်ဖြစ် နည်းနည်းလေး ဆက်နွယ်နေမှု ရှိပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က အစွမ်းကုန် ထုတ်သုံးရတယ် ဆိုမှတော့ လင်းဟန်က

ဂုဏ်ယူသင့်ပါတယ်။ သူက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိပါသေးတယ်။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ ပေါ့ပေါ့ပါးပါး အသက်ရှုလိုက်ပြီး အဲဒီနောက်မှာ သူက ဓားနဲ့ ခုတ်ချလိုက်ပါတယ်။

ဒါက သူ့ရဲ့ ဓားကွက်တစ်ကွက်လား။

ဟုကျန်းရီက အရှက်ခွဲ ခံရသလို ခံစားလိုက်ရပါတယ်။ ဒီလိုမျိုး အားနည်းတဲ့ တိုက်ကွက် တစ်ခုကို သာမန်စိတ်ဂိညာဉ် နတ်သူငယ်အဆင့် တစ်ယောက်ကိုတောင်မှ မသတ်ပစ်နိုင်ပါဘူး။ ဘယ်လောက်တောင် စိတ်ပျက်ဖို့ ကောင်းလိုက်သလဲ။ သူကတော့ အရမ်းကို အထင်ကြီးစရာ ကောင်းတဲ့ ရန်သူတစ်ယောက်နဲ့ တွေ့နေရသလိုမျိုး စဉ်းစားပြီးတော့ ပြုမှုခဲ့ပြီး လင်းဟန်က စိတ်ဂိညာဉ် အဆောင်လက်ဖွဲ့တစ်ခု၊ ရတနာ ပစ္စည်းတစ်ခု ဒါမှမဟုတ် မိုးကောင်းကင်ရဲ့ တားမြစ် ပစ္စည်းတစ်ခုလိုမျိုး အရမ်းကို ကြောက်စရာကောင်းတဲ့ ပစ္စည်းတစ်ခုကိုတောင် ထုတ်လိမ့်မယ်လို့ စဉ်းစားထားခဲ့ပါတယ်။

နေပါဦး။ ဒါက အကြောင်းပြချက် ရှိမယ်။ လင်းဟန်က တစ်နေကုန်လုံးနီးပါး ထွက်ပြေးနေခဲ့ပြီး လုံးဝကို ပင်ပန်းနွမ်းနယ်ပြီး အားအင်တွေ ကုန်ခမ်းနေပါလိမ့်မယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး မှင်တက်အံ့သြစရာကောင်းတဲ့ ဓားသိုင်းကွက်တစ်ခုကို ထုတ်ဖော်နိုင်မှာလဲ။

သူက အရမ်းကြီး ဂရုစိုက်လွန်းသွားခဲ့ပါတယ်။

ဟုကျန်းရီက နှာခေါင်းရှုံ့လိုက်ပြီး သူ့ညာဘက်လက်ကို ဆန့်ထုတ်ကာ လင်းဟန်ဆီက ပစ္စည်းကို ဖြတ်ခနဲလုမဲ့ လှုပ်ရှားမှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ မူလစွမ်းအင်တွေက ရောမ လက်ဝါးကြီး တစ်ခုအသွင်ကို ပြောင်းလဲသွားပြီး ဓားအလင်းကို လုံးဝလျစ်လျူရှုပြီးတော့ လင်းဟန်ကို ထိခိုက်မိဖို့အတွက်ပဲ ဆက်သွားလိုက်ပါတယ်။

ဒါပေမဲ့လည်း အဲဒီအခိုက်မှာ ဓားအလင်းက ရုတ်တရက် တောက်ပလာပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တလက်လက် တောက်ပလာခဲ့ပါတယ်။ ကလေးငယ်လေး တစ်ယောက်ကနေ ရုတ်ချည်းဆိုသလို နတ်ဘုရားတစ်ပါးရဲ့ သားတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားသလိုမျိုးပါပဲ။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ဟုကျန်းရီက အော်ဟစ်လိုက်ပါတယ်။ သူက ဒီဓားတိုက်ခိုက်မှုပေါ်မှာ ကောင်းကင်ဘုံ တာအိုကို ခံစားရပြီး ကောင်းကင်နဲ့ မြေကြီးက ဒီဓားထဲကို ပြောင်းလဲဝင်ရောက်ပြီး သူ့ကို ဒေါသတကြီးနဲ့ မာန်ဖီနေသလို ခံစားလိုက်ရပါတယ်။

ဓားနှလုံးသား။ ပြီးတော့ သာမန်ဓားနှလုံးသား တစ်ခု မဟုတ်ပဲ ဓားနှလုံးသား အလင်းရောင် ဖြစ်ပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဂျူနီယာ တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ဓားနှလုံးသားကို နားလည်သဘောပေါက်နိုင်ပြီးတော့ သိုင်းပညာရပ်တွေရဲ့ အဆင့်မြင့်ဆုံး နှလုံးသားအဆင့်ကို ရောက်ရှိနေရတာလဲ။

မဟုတ်ဘူး။ မဟုတ်သေးဘူး။ တကယ်လို့ သူက ဓားနှလုံးသား အလင်းရောင် အဆင့်ကို ရောက်နေရင်တောင်မှ သူ့အဆင့်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်သေးတာပဲ။ ဘယ်လိုလုပ်ပြီးတော့ အဆင့်ကြီး နှစ်ဆင့်ကျော်ကို ဖိနှိပ်နိုင်မှာလဲ။ ဒါကဘာနဲ့တူလဲဆိုရင် စိတ်ဝိညာဉ် နတ်သူငယ် အဆင့်က ချီကို အသုံးမချနိုင်တာနဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် လူတစ်ယောက်က

အလင်းတန်းကို နားလည်သဘောပေါက်တာနဲ့ တူပါတယ်။ သူတို့နှစ်ယောက် တိုက်ခိုက်မှုရဲ့ ရလဒ်က ဘာဖြစ်လာလိမ့်မလဲ။

သေချာပေါက် စိတ်ဂိညာဉ် ပလ္လင်အဆင့်က တိုက်ကွက် တစ်ကွက်လောက်တောင် ဖလှယ်နိုင်စွမ်း မရှိပဲနဲ့ ဆိုးဆိုးဂါးဂါး ရှုံးနိမ့်သွားပါလိမ့်မယ်။

ဟုကျန်းရီက အော်ဟစ်လိုက်ပေမဲ့ သူ့စိတ်ထဲမှာတော့ တည်ငြိမ်နေဆဲပါပဲ။ လင်းဟန်ရဲ့ ဓားချက်က သူ့ကို ခြိမ်းခြောက်နိုင်လိမ့်မယ်ဆိုတာကို မယုံကြည်ပါဘူး။ ဒါပေမဲ့ မဆင်မခြင်တော့ မလုပ်ပံ့ပါဘူး။ မြင့်မားတဲ့ သိုင်းဆန္ဒ စိတ်ဂိညာဉ်နဲ့အတူ မူလစွမ်းအင်တွေမှာ သွေးကြောပုံစံ သင်္ကေတတွေ ဖုံးလွှမ်းနေပြီးတော့ နတ်ဘုရား စိတ်ဂိညာဉ် တစ်ခုရဲ့ လက်တစ်ဖက် အဖြစ်ကို ပြောင်းလဲသွားပြီး အကန့်အသတ်မရှိတဲ့ ခွန်အားတွေ ထုတ်လွှတ်လို့ နေပါတယ်။

ရှပ်။

ဓားအလင်းက မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားပြီး စကြာဂဠာကြီး တစ်ခုလုံးကို မှင်တက်သွား စေပါတယ်။

ဟုကျန်းရီက ချက်ချင်းဆိုလို ညည်းတွားလိုက်ပြီးတော့ သူ့လက်ဖဝါးကို ဖုံးပြီး နောက်ဆုတ်လိုက် ပါတယ်။

အဲဒီရောမ မူလစွမ်းအင် လက်ကြီးက နစ်ပိုင်းပြတ်အောင်လို့ အဖြတ်ခံလိုက် ရပါတယ်။ ပြီးတော့ သူကလည်း တုံ့ပြန်မှု တစ်ခုကို ပြန်ခံစားလိုက်ရပါတယ်။ သူ့ညာဘက်လက် အပေါ်မှာ ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး သွေးတွေယိုစိမ့်ထွက်လာခဲ့ပြီး ကြည့်ရတာ ရပ်လို့ရနိုင်မဲ့ပုံ မပေါ်ပါဘူး။ သူ့ခန္ဓာကိုယ် တစ်ခုလုံးရဲ့ သွေးအဆီအနှစ်တွေ အားလုံးက ကုန်ခမ်းသွားမှ ရပ်တန့်တော့မဲ့ အတိုင်းပါပဲ။

ဓားနလုံးသား အလင်းရောင်။ ဒါက ဓားလမ်းကြောင်းမှာ အမြင့်မားဆုံး အောင်မြင်မှု ဖြစ်ပြီးတော့ ကမ္ဘာ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုကို ကိုယ်စားပြုပါတယ်။ ဒီဓားချက်ကြောင့် ဖြတ်ခံလိုက်ရတဲ့ ဒဏ်ရာက ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ ပြန်လည်ကောင်းမွန်လာနိုင်မှာလဲ။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာ အရှင်သခင်ဟုက ကျုပ်ရဲ့ဓားချက်ကို

မခံနိုင်ဘူးနဲ့ တူတယ်”

ဟုကျန်းရီရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ တစ်ခုရှိတာက သူ့အနေနဲ့ လင်းဟန်က ဒီလိုမျိုး အစွမ်းကို ပိုင်ဆိုင်ထားလိမ့်မယ်လို့ သေချာပေါက် မယုံကြည်ပါဘူး။ ဒါပေမဲ့ တစ်ဖက်မှာ အမှန်တရားက ထွက်ပေါ်နေခဲ့ပါပြီ။ သူက လင်းဟန်ရဲ့ ဓားချက်ကြောင့် ဒဏ်ရာရသွားခဲ့ပြီး သူ့ဒဏ်ရာအခြေအနေကို ကြည့်ရတာ ပိုမိုဆိုးဝါးလာပုံ ရပါတယ်။

“မဟုတ်ဘူး။ ဒါက မင်းရဲ့အစွမ်း လုံးဝ မဖြစ်နိုင်ဘူး”

သူက ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိသွားခဲ့ပါတယ်။

“ဘယ်အရှင်သခင်များ ရောက်လာခဲ့တာလဲ။ ကျုပ်ရဲ့မျက်လုံးတွေနဲ့ မမြင်တွေ့ခဲ့တာ ခွင့်လွှတ်ပေးပါ။ ကျေးဇူးပြုပြီးတော့ တကယ်လို့များ အပြစ်တစ်စုံတစ်ရာ ပြုမိခဲ့တယ်ဆိုရင် ခွင့်လွှတ်ပေးပါ”

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က ကောင်းကင်အဆင့် လက်ရွေးစင်

တစ်ယောက်ပါပဲ။ သူတို့ကို လွယ်လွယ်နဲ့ လှည့်စားလို့ မရနိုင်ပါဘူး။

"ဟားဟားဟား"

စိတ်ပါလက်ပါ မရှိတဲ့ ရယ်သံတစ်ခုနဲ့အတူ အရိပ်တစ်ခုက လမ်းလျှောက်ပြီး ထွက်ပေါ်လာခဲ့ပါတယ်။ သူက ဘယ်နေရာကနေ ထွက်ပေါ်လာတယ် ဆိုတာကို ဘယ်သူမှ မမြင်တွေ့နိုင်ပါဘူး။ ဒါပေမဲ့ ဘယ်သူကမှ အဲဒါကို ထူးဆန်းတယ်လို့ ခံစားရမှာ မဟုတ်ပဲ သဘာဝလို့တောင် ထင်နေကြပါလိမ့်မယ်။

"သဘာဝ တရားရဲ့ တာအိုနဲ့ နည်းဥပဒေတွေ၊ ကောင်းကင်မြေကြီးနဲ့အတူ တစ်သားတည်း"

ဟုကျန်းရီက တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပြီး သူ့တစ်ကိုယ်လုံး ပြိုလဲကျသွားတော့မဲ့ ပုံစံနဲ့ တူပါတယ်။ ဒါက သိုင်းပညာမှာ အထွတ်အထိပ် အဆင့် ဖြစ်ပါတယ်။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

သူကတော့ ဖန်ပိုယွမ်။

ဟုကျန်းရီက ငိုတော့မလို ဖြစ်သွားပါတယ်။ လင်းဟန်မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ညီအစ်ကိုတွေ ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ သူသိမှာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့မှာ သတ္တိတွေ ဘယ်လောက်ပဲရှိရှိ လင်းဟန်ကို တိုက်ခိုက်ပံ့မှာလား။ ဒါက သူ့သေလမ်းကို သူရှာတာနဲ့ အတူတူပဲ မဟုတ်လား။

"မဟုတ်ဘူး မဟုတ်ဘူး။ ဒီက အရှင်သခင်ခင်ဗျား။ ဒါတွေအားလုံးက အထင်အမြင် လွဲမှားမှု တစ်ခုပဲ ဖြစ်ပါတယ်"

သူက အလျင်အမြန်ပဲ သူ့လက်ကို ခါယမ်းပြလိုက်ပါတယ်။

"အထင်လွဲမှု တစ်ခု ဟုတ်လား"

ဖန်ပိုယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ငါ့ညီငယ်လေးရဲ့ အနောက်ကို မင်းက တစ်နေ့လုံးနီးပါး လိုက်ဖမ်းနေတာကို ဘယ်လိုလုပ် မြင်တွေ့ရတာလဲ။ ဒီအထင်အမြင် လွဲမှားမှုကို ကြည့်ရတာ

အတော်လေးကို နက်ရှိုင်းသလား”

လပြွတ်ပဲ။ ဟုကျန်းရီက စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။ သူရောက်နေတာ တစ်နေကုန် ရှိနေပေမဲ့ တစ်ဖက်မှာ ပုန်းအောင်းပြီးတော့ စောင့်ကြည့်နေခဲ့ပါတယ်။ အဲဒီအချိန်က ကြားဝင်ဖြန်ဖြေခဲ့မယ်ဆိုရင် သူ့အနေနဲ့ ပြဿနာကြီး တက်မသွားနိုင်ဘူး မဟုတ်လား။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်က သူ့ကို အရူးလုပ်တာကို သူ့အနေနဲ့ ဒေါသမထွက် နိုင်သလို ပြန်ပြီးတော့ မပြုံးပြနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖန်ပိုယွမ်က သူ့ကို အရူးလုပ်ရုံတင်မက သူ့ကိုပါ ဖျောက်ဖျက်ပစ်ပါလိမ့်မယ်။

“ဒါက တကယ့်ကို နားလည်မှု လွဲမှားခြင်း တစ်ခုပါ”

သူက အားပါးတရ ပြုံးပြလိုက်ပါတယ်။

“ဒီက အရှင်သခင်ရဲ့ ညီအစ်ကို ဖြစ်တဲ့သူကို နားလည်မှု မှားယွင်းတဲ့ အတွက်ကြောင့် ပြန်ဖြေရှင်းတဲ့ အနေနဲ့ လျော်ကြေးပေးဖို့ ဆန္ဒရှိပါတယ်”

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင်ဟု ကျုပ်အစောတုန်းက ပြောသလိုပဲ ခင်ဗျားအတွက် ပြဿနာတွေ ဖန်တီးပေးမဲ့ ခင်ဗျားသားကို ကျုပ်က သတ်ပေးခဲ့တယ်။ ခင်ဗျားက သိပ်မကြာခင် ဒါမှမဟုတ် နောက်ပိုင်းမှာ ကျုပ်ကို ကျေးဇူးတင်ရလိမ့်မယ်။ အခု ခင်ဗျား နောက်ဆုံးတော့ နားလည်သွားပြီပေါ့"

"နားလည်ပါပြီ။ နားလည်ပါပြီ"

ဟုကျန်းရီက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ အခုဆို သူ့မှာ ဘယ်လိုစိတ်မှ မရှိတော့ပဲ လင်းဟန်ဆီကို သိုလှောင်လက်စွပ်တွေ တော်တော်များများ ပစ်ပေးလိုက်ပါတယ်။ အဓိက ဦးစားပေးရမဲ့အချက်က အသက်ရှင်ဖို့ ဖြစ်ပါတယ်။ ကျန်တဲ့ကိစ္စတွေက နောက်ရှုပ်မှ နောင်ရှင်းပေါ့။

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ အားလုံးကို တစ်ချက်ကြည့်ပြီး ပြောလိုက်ပါတယ်။

"အရှင်သခင်ဟု ဘယ်လောက်တောင် ချမ်းသာကြွယ်ဝပြီး

ခံညားထယ်ဂါလိုက်သလဲ”

ဒါပေမဲ့လည်း ဖန်ပိုယွမ်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

“ငါ့ညီရဲ့ အသက်က သိုလှောင်လက်စွပ် နည်းနည်းလေးပဲ တန်တာလား”

ဆိုလိုတာက ဒီလောက်နဲ့ မလုံလောက်သေးပါဘူးတဲ့။

ဟုကျန်းရှီက အံကြိတ်ပြီးတော့ ကျန်နေတဲ့ သိုလှောင်လက်စွပ်တွေ အားလုံးကို လင်းဟန်ဆီ ပစ်ပေးလိုက်ပါတယ်။ သူက နောက်ပိုင်းမှာ လင်းဟန်နဲ့ ပတ်သက်တဲ့ အတွေးတွေ လုံးဂကို မထားတော့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီတစ်ကြိမ် သူ့ရဲ့ ဘဏ္ဍာရေးက ဆုံးရှုံးနစ်နာမှုတွေ တော်တော်လေးကို များပြားပြီး သူ့ပိုင်ဆိုင်မှုတွေ တော်တော်များများ လျော့ကုန်ပါပြီ။ သူအသက်ရှင်နေသရွေ့ သူ့ရဲ့ ကောင်းကင်အဆင့် ကျင့်ကြံခြင်းနဲ့ဆိုရင် ပြန်ပြီးတော့ မရှာနိုင်ဘူးလား။

ဖန်ပိုယွမ်က သူ့လက်ကို ပွေ့ယမ်းပြီးတော့ ေ ပြာလိုက်ပါတယ်။

"ထွက်သွားစမ်း။ မင်းရဲ့အသက်က အခုတော့ မင်းနဲ့အတူ ပါသွားလိမ့်မယ်။ ငါ့ညီငယ်လေးရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်လာတဲ့ အချိန်ကျရင် ဒီအထင်အမြင် လွဲမှားမှုကို လုံးဝကို အဆုံးသတ်ဖို့ လေပြင်းလမင်းဂိုဏ်းကို လာလည်လိမ့်မယ်"

လပြွတ်ပဲ။ ဒီလောက် ရတနာတွေ အများကြီးက သူ့အသက်ကို ယာယီပဲ ထိန်းထားနိုင်တာလား။

ဟုကျန်းရီက စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ စကားတစ်ခွန်းတောင် မပြောရဲပါဘူး။ ဖန်ပိုယွမ်ကို ရိုသေလေးစားစွာနဲ့ ဂါရဝပြုပြီးတော့ ချာခနဲ လှည့်ကာ ဖနောင့်နဲ့တင်ပါး တစ်သားတည်း ကျအောင်လို့ ထွက်ပြေးသွားပါတယ်။ တော်တော် ဝေးတဲ့အထိ ပြေးပြီးတဲ့ နောက်မှာ သူ့နောက်ကျောတစ်ခုလုံး အေးစက်စက် ချွေးတွေ စိုရွှဲနေပြီး သူ့တစ်ကိုယ်လုံးလည်း လဲပြိုကျတော့မလို ဖြစ်နေပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။

"အစ်ကိုကြီး ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

လင်းဟန်က ပြုံးပြီးတော့ ဖန်ပိုယွမ်ကို မေးလိုက်ပါတယ်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်ကတည်းက ငါက နေချည်မျှင်မြို့ကို ရောက်နေခဲ့တာ"

ဖန်ပိုယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အစောကြီးကတည်းက ဂင်ပြီးတော့ မဖြန်ဖြေပေးတဲ့အတွက် မင်းငါ့ကို အပြစ်မတင်ပါဘူးနော် ဟုတ်တယ်မလား"

လင်းဟန်ကလည်း ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ အစ်ကိုကြီးက အစောကြီးကတည်းက ဂင်ဖြန်ဖြေပေးမယ်ဆိုရင် ကျနော့်ကိုကျနော် မာကျောကြမ်းတမ်းအောင် ဘယ်လိုလုပ် လုပ်နိုင်မှာလဲ"

"ဟားဟားဟား မင်းက ဒါကိုတော့ သိသားပဲ"

ဖန်ပိုယွမ်က ကျေနပ်အားရစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

"မြောက်ပိုင်းအစွန်အဖျား ဒေသက အဲဒီနေရာရဲ့ လျှို့ဝှက်ချက်ကို ငါသိခဲ့ပြီ"

Chapter 690 end

Zawgyi. အပိုင်း(၆၉၁) နက်ရှိုင်းတဲ့ အုတ်မြစ်များ

လင်းဟန်က ချင့်ချိန်စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကြီးကို နေရာတစ်ခုကို အရင်ဆုံး ခေါ်သွားမယ်"

"အိုး ဘယ်နေရာလဲ"

ဖန်ပိုယွမ်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"အစ်ကိုကြီး ကျနော့်ရဲ့ နတ်ဘုရား အာရုံ လမ်းညွှန်မှုကို မခုခံပါနဲ့"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက ဖန်ပိုယွမ်ကို အနက်ရောင် မျှော်စင်ထဲ ခေါ်သွားရ ပါလိမ့်မယ်။ မိုးကောင်းကင်ကို စုတ်ဖြဲခြင်းနဲ့ တန်ခိုးရှင်ဘုံက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ကိစ္စက အရမ်းကို အရေးကြီးတာကြောင့်

နေရာအနှံ့မှာ နားထောင်နေတဲ့ နားရွက်တွေ ရှိနေနိုင်ပါတယ်။

ဖန်းပိုယွမ်က ခေါင်းညိတ်လိုက်ပြီး လင်းဟာန်ရဲ့ နတ်ဘုရား စိတ်ဝိညာဉ်ကို သူ့ကို ဝိုင်းရံခွင့် ပြုလိုက်ပါတယ်။

ရှပ်။

သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ပေါ်လာခဲ့ပါတယ်။

"ဟင်"

ဖန်ပိုယွမ်က အံ့အားသင့် သွားတဲ့ ပုံစံ ဖြစ်သွားခဲ့ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့ သူ့ကိုတောင် အံ့အားသင့်သွားစေခဲ့တယ် ဆိုမှတော့ ဒါက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။ သူက ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီနေရာက ဘာလဲ"

"ကျနော်ပိုင်တဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းတစ်ခုပါ။ ဒါပေမဲ့ ကျန်တာတွေနဲ့ မတူဘူး။ ဒီသိုလှောင် စိတ်ဂိညာဉ် ပစ္စည်းက ကြောက်စရာကောင်းလောက်အောင် ကျယ်ပြန့်တဲ့ နေရာရှိရုံတင်မကဘူး သက်ရှိတွေကိုပါ ထည့်ထားလို့ ရနိုင်တယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက တကယ့်ကို စစ်မှန်တဲ့ ရတနာတစ်ခုပဲ"

ဖန်ပိုယွမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဒီလိုမျိုး ရတနာပစ္စည်းအကြောင်းကို သူ့အနေနဲ့ တစ်ခါမှ မကြားဖူးပါဘူး။

ဒါပေမဲ့လည်း သူ့ပုံစံကို ကြည့်ရတာ ငမ်းငမ်းတက် လိုချင်တဲ့ ပုံစံမျိုး မရှိပါဘူး။ တကယ်တော့ သူ့လိုမျိုး အဆင့်ကို ရောက်သွားပြီဆိုရင် သူ့မှာ လုံးဂကို ယုံကြည်မှု ရှိပါတယ်။ ပြီးတော့ သူ့အတွက် ဒီရတနာက သူ့ဘဂကို နည်းနည်းလေးလောက်ပဲ အဆင်ပြေအောင် လုပ်ပေးနိုင်ပါ လိမ့်မယ်။

ဒါကလည်း သူ့အနေနဲ့ အနက်ရောင် မျှော်စင်ရဲ့ စစ်မှန်တဲ့ အသုံးဝင်မှုတွေကို မသိတာကြောင့် ဖြစ်ပါတယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

"အစ်ကိုကြီး ကျနော် အရမ်းကို အရေးကြီးတဲ့ ကိစ္စတချို့ ပြောစရာရှိတယ်။ အဲဒါက အရမ်းကို အရေးကြီးတဲ့အတွက် ဒီနေရာတစ်ခုပဲ လုံးဝကို လုံခြုံတယ်လို့ အာမခံနိုင်တယ်"

ဖန်ပိုယွမ်က အံ့အားသင့် သွားခဲ့ပါတယ်။ သူနဲ့ လင်းဟန်က တစ်ယောက်ကို တစ်ယောက် သိခဲ့တာ သိပ်မကြာသေးပါဘူး။ ဒါပေမဲ့ သူက လင်းဟန်နဲ့ ပတ်သက်ပြီး ကောင်းကောင်းကြီး နားလည်ပါတယ်။ လင်းဟန်က သေချာပေါက် မစဉ်းစား မဆင်ခြင်ပဲနဲ့ စကားကို လျှောက်ပြောတတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မြောက်ပိုင်းအစွန်းအဖျား ဒေသက ရှေးဟောင်း သတ္တုမိုင်း အထဲမှာ ရောမ ငွေရောင် ပင့်ကူကြီးနဲ့ ငါဆုံတွေ့ပြီးတော့ တိုက်ခိုက်ခဲ့တယ်။ ဒါပေမဲ့ ငါက သူ့ပြိုင်ဘက် မဟုတ်ဘူး"

လင်းဟန်က အဲဒီငွေရောင် ပင့်ကူကြီးက မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်ရဲ့ အဆင့်နဲ့ ညီမျှလိမ့်မယ်လို့ အရင်ကတည်းက ခန့်မှန်းထားခဲ့ပါတယ်။ ဒါပေမဲ့ ဖန်းပိုယွမ်ရဲ့ အတည်ပြုချက်ကို ကြားရပြီးတဲ့ နောက်မှာတောင် သူက အတော်လေးကို အံ့အားသင့် သွားခဲ့ပါသေးတယ်။ ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီ ပင့်ကူကြီးက တကယ်ပဲ ဒီလောက်တောင် အံ့သြစရာ ကောင်းလား"

"အရမ်းကို အထင်ကြီးစရာကောင်းတယ်"

ဖန်ပိုယွမ်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"အဲဒီပင့်ကူကြီးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အထွတ်အထိပ်ကို ရောက်နေပြီလို့ ပြောလို့ရတယ်။ သူ့ခန္ဓာကိုယ် ဒါမှမဟုတ် မူလစွမ်းအင် နှစ်ခုလုံးက နောက်ပိုင်းမှာ နည်းနည်းလေးမှ အဆင့်တက်နိုင်မှာ မဟုတ်တော့ဘူး"

"နတ်ဘုရား အဆင့်ကို ကူးဖြတ်သွားတာလား"

လင်းဟန်က မေးလိုက်ပါတယ်။

"မဟုတ်ဘူး"

ဖန်ပိုယွမ်က အရမ်းကို သေချာတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီဘုံရဲ့ စည်းမျဉ်းစည်းကမ်းကြောင့် နှင်ထုတ်တာ ခံရလိမ့်မယ်။ အဲဒါက သက်ရှိစိတ်ဂိညာဉ် တစ်ခုဖြစ်တယ်။ နတ်ဘုရားအဆင့် သက်ရှိစိတ်ဂိညာဉ်တွေက ဒီနေရာမှာ မစုစည်းနိုင်ဘူး"

"ဒါဆိုရင် အစ်ကိုကြီးက ရှေးဟောင်းသတ္တုမိုင်းတွင်းရဲ့ အနက်ထဲကို သွားခဲ့သေးလား"

လင်းဟန်က မေးလိုက်ပါတယ်။

ဖန်ပိုယွမ်ရဲ့ မျက်နှာပေါ်က အမူအရာက ပိုပြီးတော့တောင် လေးနက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ငါ ရောမ ပင့်ကူကြီးနဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ပြီးတဲ့

အချိန်မှာ မြေအောက်ကို တမင်သက်သက် သွားခဲ့တယ်။ မြေအောက်တော်တော် နက်တဲ့နေရာမှာ ငွေါထက် မနိမ့်တဲ့ လက်ရွေးစင်တွေ အနည်းဆုံး တစ်ရာလောက်ကို မြုပ်နှံထားတဲ့ ရောမ ဂူဗိမာန်ကြီး တစ်ခုကို ရှာတွေ့ခဲ့တယ်”

လင်းဟန်က ပထမတော့ ထိတ်လန့်သွားခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ တစ်ခုခု မှားနေပြီ ဆိုတာကို သတိပြုမိသွားခဲ့ပြီး ပြောလိုက်ပါတယ်။

“သေနေပြီဆိုရင် လူတွေရဲ့ တာအိုက ပျောက်ကွယ်သွားပြီ။ ပြီးတော့ အသက်ရှင်နေရင် တကယ်လို့ သူတို့တွေက အသက်ရှင်တုန်းက အစ်ကိုကြီးနဲ့ အဆင့်တူတူဆိုရင်တောင် သေပြီးတဲ့ နောက်မှာ အားလုံးက ပြာမှုန့်တွေ အဖြစ်ကို ပြောင်းသွားရမယ်။ ဘယ်လောက်ပဲ အစွမ်းထက်တဲ့ အရိုးစု ရုပ်အကြွင်းအကျန်ပဲဖြစ်ဖြစ် သူတို့တွေက အစ်ကိုကြီးနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ဘူး”

ဖန်ပိုယွမ်က ခေါင်းညိတ်လိုက်ပြီး ပြောပါတယ်။

“ထူးဆန်းတယ်ဆိုတာ အဲဒါပဲ။ ဒီလူတွေက သေနေတယ် ဆိုပေမဲ့ သေခြင်းတရား ချီတွေ တလိပ်လိပ် တက်နေတာကို ငါမြင်ခဲ့တယ်။ သူတို့ပုံစံက မသေသေးတဲ့ ပုံစံမျိုးပဲ။ ဒါပေမဲ့

မြေအောက်ကမ္ဘာရဲ့ သက်ရှိစိတ်ဝိညာဉ် အမျိုးအစား တချို့အဖြစ် ပြောင်းလဲသွားပြီး ငါ့ထက် တစ်ယောက်မှ မနိမ့်ကျသလိုမျိုးပဲ”

“ငါ့ရဲ့လေ့လာစူးစမ်းမှုအရ လွှန်ခဲ့တဲ့ နှစ်သန်းပေါင်း တစ်ရာကျော်က ရှေးဟောင်းဂိုဏ်းကြီး တစ်ခု ဖြစ်လိမ့်မယ်”

ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စုံစမ်းမှုတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ဒါကို သံသယဝင်မိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပိုပြီးတော့တောင် အံ့ဩသွားသလို ခံစားလိုက်ရပါတယ်။ မြေအောက်ကမ္ဘာရဲ့ သက်ရှိစိတ်ဝိညာဉ်တွေ ဟုတ်လား။ လူသေ စိတ်ဝိညာဉ်တွေလား။ အလောင်းကောင် စစ်သားတွေလား။

ဒါပေမဲ့လည်း သေချာပေါက် အလောင်းကောင် စစ်သားတွေတော့ မဖြစ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖန်ပိုယွမ်က အလောင်းကောင် စစ်သားတွေလို့ တန်းပြီးတော့ ပြောပါလိမ့်မယ်။ သူ့အဆင့်အတန်းနဲ့ဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းနဲ့ အလောင်းကောင် စစ်သားတွေ အကြောင်းကို မသိပဲ မနေပါဘူး။

ဒီနှစ်ခုက မတူညီပါဘူး။ ဖန်ပိုယွမ် ပြောတာက မြေအောက်ကမ္ဘာရဲ့ သက်ရှိစိတ်ဂိညာဉ်တွေ ဖြစ်ပြီးတော့ အလောင်းကောင် စစ်သားတွေ မဟုတ်ပါဘူး။

လင်းဟန်က စဉ်းစားရင်းနဲ့ ခေါင်းတောင် ကိုက်လာပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ရာ။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးက ပိုပိုပြီးတော့ စည်းကားသက်ဝင် လာခဲ့ပါပြီ။

"ညီငယ်လေး မင်းငါ့ကို ဘာအကြောင်းအရာတွေ ပြောချင်တာလဲ"

ဖန်ပိုယွမ်က မေးလိုက်ပါတယ်။

"အဲဒါက လေဟာနယ်ကို အစ်ကိုကြီးက ဘာကြောင့် မချိုးဖျက်နိုင်ပဲ နတ်ဘုရားဘုံကို မဝင်နိုင်တဲ့ အကြောင်းအရင်းနဲ့ ပတ်သက်နေတယ်"

"ဟင်"

ဖန်ပိုယွမ်က ချက်ချင်းဆိုသလို စိတ်လှုပ်ရှား သွားခဲ့ပါတယ်။

လင်းဟန်က တန်ခိုးရှင်လောကမှ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လျှို့ဝှက်အကြံအစည် အကြောင်းကို စတင်ပြောလိုက်ပြီး နောက်ဆုံးမှာ ထပ်ဖြည့်လိုက်ပါတယ်။

"တကယ်လို့ ဒီဘုံက လက်ရွေးစင်တွေက တန်ခိုးရှင်ဘုံကို တက်ဖို့လုပ်တဲ့ အချိန်မှာ ဘုံနှစ်ခု ဆုံတဲ့နေရာမှာ တန်ခိုးရှင်ဘုံမှာရှိတဲ့ ဂိုဏ်းငါးဂိုဏ်းက သတ်ဖြတ်ခြင်း ဂက်ပါ အစီအရင် တစ်ခုကို ခင်းကျင်းထားတယ်။ အဲဒီကို ဝင်မိရင်တော့ တန်းသေသွားလိမ့်မယ်"

"ဂိုဏ်းကြီးငါးဂိုဏ်းတောင်မှ တန်းပြီးတော့ အထက်ဘုံကို တက်မသွားပဲ အဲဒီအစား နတ်ဘုရားဘုံကို ဖြတ်သွားနိုင်တဲ့ အထူးလမ်းကြောင်း တစ်ခုကနေ နှစ်ပေါင်းတစ်သောင်းတိုင်း ဖြတ်သွားခဲ့ကြတယ်"

သူက ဇီရှူရှန် ချန်ထားခဲ့တဲ့ သတင်းစကားတွေကနေ အရာအားလုံးကို ရှာတွေ့သွားခဲ့ပါတယ်။

နောက်ဆုံးတော့ ဖန်ပိုယွမ်က နားလည်သဘောပေါက်သွားခဲ့ပါပြီ။ လေဟာနယ်ကို စုတ်ဖြဲချင်တဲ့ အချိန်တိုင်းမှာ ဧရာမ ကပ်ဘေးကြီး တစ်ခုနဲ့ ရင်ဆိုင်ရတော့မလိုမျိုး

အမြဲတမ်း ခံစားနေရတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ ဒါကြောင့်ကိုး။ သူက လျောင်ရယ်ရယ်လိုက်ပြီး ပြောလိုက်ပါတယ်။

"အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက လူတွေကို မျိုးဆက်တစ်ခုပြီးတစ်ခု ကြီးကျယ်ခမ်းနားတဲ့ နည်းလမ်းတွေကို အသုံးပြုပြီး လှည့်စားခဲ့တာပဲ"

လင်းဟန်က ရုတ်တရက် ပြဿနာတစ်ခုကို ရှာတွေ့သွားပြီး ပြောလိုက်ပါတယ်။

"ကျနော် အရမ်းကို ထူးခြားတဲ့ အရာတစ်ခု အကြောင်းကို တစ်ခါကြားဖူးတယ်။ အဲဒါက သက်ရှိ စိတ်ဝိညာဉ်တွေကို ပိတ်လှောင်ထားနိုင်ပြီး ချိန်နဲ့သွေး ဆုံးရှုံးမှုကို ရပ်တန့်နိုင်တယ်။ အဲဒီထဲမှာ ပိတ်လှောင်ခံထားရတဲ့ သက်ရှိက နှစ်ပေါင်းသန်းနဲ့ချီရင်တောင် နည်းနည်းလေးမှ ပြောင်းလဲ မသွားနိုင်ဘူး"

သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ လက်ရွေးစင် မျိုးဆက်တစ်ခုပြီး တစ်ခုကို ဒီလိုနည်းလမ်းနဲ့ ပိတ်လှောင်ထားပြီးမှ နှစ်ပေါင်းတစ်သောင်းပြီးမှ ရန်သူတွေ

အားလုံးကို အရင်ဆုံး ဖိနှိပ်ထိန်းချုပ်ပြီး နတ်ဘုရားဘုံကို အတူတကွက ဂင်ရောက်သွားဖို့များလား။

ဒါဆိုရင် နှစ်ပေါင်းတစ်သောင်း အချိန်အတွင်းမှာ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ဘယ်လောက်တောင်များ ရှိနေလိမ့်မလဲ။

တကယ်လို့ နှစ်ပေါင်းငါးရာမှာ တစ်ယောက် ပေါ်လာခဲ့မယ် ဆိုရင်တောင် နှစ်ပေါင်း တစ်သောင်းဆိုရင် အယောက်နှစ်ဆယ်ရှိပြီး ဂိုဏ်းကြီးငါးဂိုဏ်း စုစုပေါင်းဆိုရင် တစ်ရာခန့် ရှိပါလိမ့်မယ်။

အရမ်းကို ကြောက်စရာကောင်းလွန်းပါတယ်။ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တစ်ရာ။

နလန်ထန်းဟွမ်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စစ်တပ်ကို တွေ့မြင်ပြီးတဲ့နောက်မှာ လင်းဟန်က မာထို့ပေါင်မှာ အောင်မြင်နိုင်မဲ့ အခွင့်အလမ်း အရမ်းကို များတယ်လို့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ အခု ဒီအကြောင်းကို စဉ်းစားကြည့်လိုက်တဲ့ အခါမှာ တကယ်လို့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက နှစ်ပေါင်း တစ်သောင်းလောက်က

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အားလုံးကို နိုးထလိုက်မယ်ဆိုရင် သူတို့ခွန်အားက ဖျက်ဆီးလို့ မရနိုင်လောက်အောင် အစွမ်းထက် လာပါလိမ့်မယ်။

"ဒါပေမဲ့လည်း အဲဒီလိုမျိုး အရာတွေက အရမ်းကို ရှားပါးသင့်တယ်။ ဒီလောက်အများကြီး ရှိပဲ့မလား"

လင်းဟာန်က ဖြစ်နိုင်ချေ ရှိတာကို စဉ်းစားလိုက်ပါတယ်။

ဒါပေမဲ့လည်း ဖန်ပိုယွမ်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဂိုဏ်းငါးဂိုဏ်းက တန်ခိုးရှင်ဘုံကနေ လာခဲ့တယ် ဆိုမှတော့ အဲဒီနေရာကနေ ဖြည့်ဆည်းပေးတာ လက်ခံရရှိလိမ့်မယ်။ ဒီလိုမျိုး ပစ္စည်းတွေက ဒီနေရာမှာ ငါတို့အတွက် ရှားပါးပေမဲ့ တန်ခိုးရှင်ဘုံမှာတော့ အဲဒါက သာမန်တွေမြင်နေကျ ပစ္စည်းပဲ ဖြစ်နိုင်တယ်"

လင်းဟာန်က စဉ်းစားပြီးတော့မှ သူ့ရဲ့ခေါင်းကို ဖြည်းညှင်းစွာ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လူတွေက တက်ဖို့ဆန္ဒ ရှိမှာလဲ။ ဒါက ကိုယ့်ကိုကိုယ် သတ်သေတာနဲ့

အတူတူပဲ မဟုတ်လား။ ဒါပေမဲ့လည်း ပိတ်လှောင်ခံထားရတယ်ဆိုတာက မတူညီတဲ့ ကိစ္စတစ်ခုပါပဲ။ အဲဒါက အချိန်အတော်ကြာအောင် အိပ်မောကျ နေတာနဲ့ တူညီပြီး တန်ခိုးရှင်ဘုံမှာ ပြန်နိုးထလာတာနဲ့ အတူတူပါပဲ။

"တစ်ခုတည်းသော နည်းလမ်းက မိုးကောင်းကင်ကို ဖွင့်ပစ်ဖို့ပဲ"

သူတို့နှစ်ယောက်စလုံးက ပြောလိုက်ပါတယ်။

မိုးကောင်းကင်ကို ဖွင့်ခြင်းရဲ့ ခက်ခဲမှုကို အသာထားဦး တန်ခိုးရှင်ဘုံက ဂိုဏ်းငါးဂိုဏ်းရဲ့ ဧရာမ ကျူးကျော်မှုကြီးတစ်ခု မတိုင်ခင်မှာ လုပ်ရပါမယ်။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ နတ်ဘုရားတွေ ဂင်ရောက်စွက်ဖက်မယ်ဆိုရင် တိုက်ခိုက်မှု တစ်ခုကပဲ ခန့်မှန်းမရနိုင်တဲ့ ရလဒ်နဲ့ ဘယ်လိုမှ ပြန်ကောင်းမွန်လာနိုင်မှာ မဟုတ်တဲ့ အခြေအနေတစ်ခု ဖြစ်လာနိုင်ပါတယ်။ နောက်ပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အုတ်မြစ်ကလည်း အရမ်းကို နက်ရှိုင်းပြီး အစွမ်းပြည့်ဝပါတယ်။ ပြီးတော့ နိုင်ငံတစ်ခုကို စုပေါင်းတည်ထောင်မယ်ဆိုရင် ပထမအဆင့်က သူတို့ကို ဖြတ်ကျော်ရပါမယ်။

"မာထို့ပေါင်ကို အရင်ဆုံး သွားရှာကြစို့"

သူတို့နှစ်ယောက်က သဘောထားခြင်း ကိုက်ညီသွားပါတယ်။

Chapter 691 end

Zawgyi.အပိုင်း(၆၉၂) ဆံပင်အနီရောင်နဲ့ မိန်းမချော

လင်းဟန်က သူ့ရဲ့ သွေးသောက်အစ်ကိုကြီးဖြစ်သူ ဖန်ပိုယွမ်ကို အရမ်းပဲ အထင်ကြီး လေးစား အားကျလို့ နေပါတယ်။ ပြီးတော့ ဖန်ပိုယွမ်ကို ပိုပြီးတော့ အစွမ်းထက်လာအောင် သူတတ်နိုင်သမျှ လုပ်ပေးချင်ပါတယ်။ ဒါပေမဲ့ ကံမကောင်းတာက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကို ပါးစပ်ကနေ ရွတ်ပြီးတော့ သင်ပေးလို့ မရပါဘူး။ သူသာ ကြီးကျယ်ခမ်းနားတဲ့ အဆင့်တစ်ခုမှာ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ခဲ့မယ်ဆိုရင် လုံလောက်တဲ့ စွမ်းအားမရှိရင် သင်ကြားပေးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဖန်ပိုယွမ်လို စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်

တစ်ယောက်အတွက် လျှို့ဝှက်ဆန်းကြယ် စွမ်းအားကလွဲရင် ကောင်းကင်အဆင့် ပညာရပ်တွေနဲ့ နည်းစနစ်တွေကို လုံးဝဂရုမစိုက်ပါဘူး။ သူက သူ့ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်လှမ်းတာကြောင့် မကြာခင်မှာပဲ လူသားလောကရဲ့ အထွတ်အထိပ်ကို ရောက်ရှိမှာ ဖြစ်ပြီး သူ့အတွက် ကိုးကားဖို့ အဓိပ္ပါယ်ရှိတဲ့ ပညာရပ်တွေ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က ဖန်ပိုယွမ်ကို ရေမရောထားတဲ့ စိတ်ဂိညာဉ် အရည်တချို့ကို ပေးလိုက်ပါတယ်။

ဒါက အရမ်းကို နည်းပါးပြီး ပုလင်းလေး တစ်လုံးစာပဲ ရှိပါတယ်။ ဒါကလည်း လင်းဟန်မှာ ကျန်သမျှ အကုန်ပါပဲ။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ဆိုရင် လင်းဟန်က စိတ်ဂိညာဉ် ဆေးပင်တွေရဲ့ အဆီအနှစ်တွေကို ဆွဲထုတ်ယူပြီး သူလိုချင်တဲ့ အဆင့်ထိ ရောက်အောင်လို့ ဆေးအစွမ်းတွေကို သန့်စင်နိုင်ပါတယ်။

ဖန်ပိုယွမ်က ပုလင်းအဖုံးကို ဖွင့်ပြီးတော့ အနံ့တစ်ချက် ခံလိုက်ပါတယ်။ သူက စိတ်လှုပ်ရှား သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီရတနာ အရည်က အရမ်းကို အံ့အားသင့်စရာ ကောင်းတာပဲ။ ငါတောင်မှ တစ်ကြိမ်မှာ တစ်စက်လောက်ပဲ အများဆုံး မွန်းမံသန့်စင်နိုင်မယ်။ ဒါမှမဟုတ် ပြဿနာအကြီးကြီး တက်သွားလိမ့်မယ်။ ဒါပေမဲ့လည်း စွမ်းအားရဲ့ သန့်စင်မှုက ငါ့ကိုတောင် အကြီးအကျယ် အကျိုးရစေနိုင်တယ်။ ဟားဟား ညီငယ်လေး မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် အတွက်တောင်မှ ဒီလိုမျိုး ဖြစ်စေတယ် ဆိုမှတော့ ဒီရတနာ အရည်ရဲ့ အဆင့်ကို သိနိုင်ပါတယ်။

လင်းဟန်က ကောင်းကင်လျှို့ပုက်နယ်မြေ ဆယ့်နှစ်ခုဆီကို သွားခဲ့တဲ့ ခရီးအကြောင်းနဲ့ နတ်ဘုရား ကျောင်းဆောင် အထဲမှာ ပိတ်မိနေတဲ့ အမွေးနီ မွန်းစတား အကြောင်းကို ပြောပြ လိုက်ပါတယ်။

ဖန်ပိုယွမ်တောင်မှ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကဿမှာကြီးက တကယ့်ကို ထူးခြားဆန်းကြယ်တာပဲ"

သူ့မျက်လုံးတွေကို လှန်လိုက်ပြီး သူ့ရဲ့တိုက်ခိုက်ချင်တဲ့ စိတ်တွေက တောက်လောင်လို့ လာပါတယ်။

သူ့ချစ်သူ သေဆုံးသွားပြီးတဲ့ နောက်မှာတော့ သူ့မှာ ဓားလမ်းကြောင်း တစ်ခုပဲ ကျန်ပါတော့တယ်။ ပြီးတော့ သူက အခုဆိုရင် သိုင်းပညာမှာ အထွတ်အထိပ် အဆင့်ကို ရောက်နေပြီး အဆုံးကို လျှောက်လှမ်းနေပြီး ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်မရှိသလောက်နီးပါး ဖြစ်နေပါပြီ။ ဒါပေမဲ့ အခု အစွမ်းထက်တဲ့ သက်ရှိတွေက အရေအတွက် အများကြီး ထွက်ပေါ်လာကြောင့် သူ့ကိုလည်း ဦးတည်ချက် အသစ်တွေ ပေးနေပါတယ်။

ဒီကမ္ဘာကြီးထဲက လက်ရွေးစင်တွေ အားလုံးနဲ့ တိုက်ခိုက်ပြီး သူ့ကိုယ်သူ အကန့်အသတ်ထိ ရောက်အောင်လို့ မွန်းမံရပါမယ်။

လင်းဟန်၊ ဖန်ပိုယွမ်၊ ကျူးရွှမ်အာနဲ့ ဟူးညိုတို့ လေးယောက်က ခရမ်းရောင်လ အင်ပါယာဆီကို ဦးတည်ပြီး ထွက်လာခဲ့ကြပါတယ်။ ဆယ်ရက်ကျော်ပြီးတဲ့ နောက်မှာတော့ သူတို့က ရောက်လာခဲ့ပါတယ်။ သူတို့ရဲ့ ပန်းတိုင်က ရှေးဟောင်းမြို့တစ်မြို့ ဖြစ်ပြီးတော့ နှစ်ပေါင်း တစ်သောင်းနီးပါး ရှိနိုင်ပါတယ်။ နှစ်ပေါင်းတစ်သောင်း

ပြည့်တိုင်းမှာ ကမ္ဘာကြီးက အကြီးအကျယ် ပြောင်းလဲပြီး အရာအားလုံး ရှင်းလင်းခံရပြီး အရာအားလုံး အသစ်ပြန်လည် တည်ဆောက်ရ ပါလိမ့်မယ်။

သူတို့တွေက ရောက်လာပြီ ဆိုမှတော့ အလျင်စလို လုပ်စရာ မလိုပါဘူး။ သူတို့က အရင်ဆုံး စားသောက်ဆိုင် တစ်ဆိုင်ကို ရှာပြီးတော့ စားကောင်းသောက်ဖွယ်တွေနဲ့ ပိုင်ကောင်းကောင်းတွေ မှာယူဖို့ ပြင်ဆင်လိုက်ပါတယ်။

ဆိုင်ထဲကို ဝင်လာလိုက်တာနဲ့ အားလုံးရဲ့ အကြည့်တွေက သူတို့အပေါ်ကို ကျရောက်သွား ပါတယ်။ အကြောင်းပြချက်က ရှင်းရှင်းလေးပါ။ ကျူးရွှမ်အာက သူမရဲ့ မူလမျက်နှာသွင်ပြင်ကို ပြန်ပြောင်းထားခဲ့ပါတယ်။ သူမရဲ့ တုနှိုင်းမမီတဲ့ အလှအပက အားလုံးကို ငေးမောသွားစေပြီး တစ်ယောက်ပြီးတစ်ယောက် မျက်စိငေ့ကြည့် လာပါတယ်။

"ခစ်ခစ်ခစ် ချောလိုက်တဲ့ မိန်းကလေးငယ်လေးပဲ"

စားပွဲတစ်လုံးကနေ ချီးကျူးလိုက်တဲ့ အသံကို ကြားလိုက်ရပါတယ်။

ဒီနေရာမှာ ရှိနေတဲ့ လူတွေအများကြီးက ကျူးရွှမ်အာကို

စိုက်ကြည့်နေကြပြီး အားလုံးကိုယ်စီက သူတို့ရဲ့ မျက်လုံးတွေကို လွှဲဖယ်နိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့ ဒီလူတစ်ယောက်ပဲ စကားပြော နိုင်ပါတယ်။ ဒီစကားလုံးတွေက အတော်လေးကို အပြောင်အပျက် ဆန်ပေမဲ့လည်း လင်းဟန်တို့ ပုံစံကို ကြည့်ရတာ ဒေါသထွက်သွားပုံ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြောလိုက်တဲ့လူက မိန်းကလေးတစ်ယောက် ဖြစ်နေပါတယ်။

သူမကလည်း အရမ်းကို လှပချောမောတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ ဆံပင်နီနီတွေက တိမ်တွေနဲ့ တူပြီးတော့ သူမနှုတ်ခမ်းတွေက မီးတောက်တွေနဲ့ တူပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်ဖြစ်ပြီး ထိုင်နေတာတောင်မှ သူမက လူအများစုထက် ခေါင်းတစ်လုံးလောက် ပိုမြင့်နေပါတယ်။ သူမက အံ့အားသင့်စရာ ကောင်းလောက်အောင် ချောမောလှပပါတယ်။

ဒါက တကယ်ကို ထူးဆန်းပါတယ်။ ပုံမှန်ဆိုရင် ဒီနေရာမှာ ဒီလိုမျိုး အချောအလှတစ်ယောက် ထိုင်နေရင် အားလုံးက သူမကို မြင်တွေ့သင့်ပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ သူမက အခုလေးတင် ရောက်လာရတာမျိုးနဲ့ မတူရတာလဲ။ တကယ့်ကို ထူးဆန်းတယ်။ အထူးသဖြင့် သူမရဲ့

ဆံပင်နီနီတွေက တွေ့မြင်ဖို့ အရမ်းကို ရှားပါးပါတယ်။

သူတို့လေးယောက်ကို အပေါ်အောက် ကြည့်ပြီးတော့ ဆံပင်နီနီနဲ့ မိန်းမချောက ပြုံးပြီးတော့ ချိုသာစွာ ပြောလိုက်ပါတယ်။

"ကလေးလေး အစ်မ မင်းကို ဖက်ပါရစေ"

သူမက ဟူးညိုကို ပြောလိုက်တာ ဖြစ်ပါတယ်။

ဟူးညိုက ချစ်စရာကောင်းတဲ့ ဟန်ပန်နဲ့ ဂုဏ်ယူဂင့်ကြွားစွာ ပြောလိုက်ပါတယ်။

"ရှင့်ရဲ့ အမြင်အာရုံက မဆိုးပါဘူး။ ညီးညီးက မိန်းမချောလေး တစ်ယောက်ပဲ ပြီးတော့ နောက်ပိုင်းမှာ အရမ်းကို ချောတဲ့ မိန်းမပျိုလေး ဖြစ်လာမယ်။ ဒါပေမဲ့ ညီးညီး ရှင်ဖက်တာကို မခံချင်ဘူး။ ရှင်က အရမ်းကို ရုပ်ဆိုးလွန်းတယ်"

"ငါက ရုပ်ဆိုးတယ် ဟုတ်လား"

ဆံပင်နီနီနဲ့ မိန်းမချောက ချက်ချင်းပဲ ဒါကို လက်မခံနိုင်ပါဘူး။

ပြီးတော့ ရုတ်တရက်ဆိုသလို မတ်တတ် ထရပ်လိုက်ပါတယ်။ သူမရဲ့ စွဲမက်ဖွယ်ရာ ခန္ဓာကိုယ်က အပြည့်အဝ ထွက်ပေါ်လာပြီး သူမရဲ့ ဖွံ့ထွားလုံးဂန်းနေတဲ့ ရင်သားတွေကလည်း ငွားငွားစွင့်စွင့်နဲ့ မြင်ရသူ အပေါင်းကို တံတွေးတွေ မျိုချနေရပါတယ်။ သူမရဲ့ ခါးကလည်း ပျားတစ်ကောင်လို သေးပြီးတော့ သူမရဲ့ တင်ပါးတွေကလည်း ဖုထစ်စွင့်ကားပြီး အရမ်းကို လှပတဲ့ ကောက်ကြောင်းတစ်ခု ဖြစ်ပေါ်နေပါတယ်။

သူမက လက်တစ်ဖက်ကို ခါးမှာထောက်ပြီးတော့ သူမရဲ့ တင်ပါးတွေကို တွန့်လိမ်ပြီး အံ့အားသင့်စရာ ကောင်းလှတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို ဖော်ပြလိုက်ပြီး ပြောလိုက်ပါတယ်။

"ပြောပါဦး။ ငါက ဘယ်နေရာတွေမှာ ရုပ်ဆိုးနေလို့လဲ"

"အကုန်လုံး ရုပ်ဆိုးတယ်။ ဒီနေရာက အရမ်းဂတယ်"

ဟူးညိုက ဆံပင်နီနီနဲ့ မိန်းမချောရဲ့ ရင်သားတွေကို လက်ညိုးထိုးပြီး ညွှန်ပြလိုက်ပါတယ်။ အဲဒီနောက် သူမရဲ့ ခါးဆီကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာက အရမ်းကို သေးတယ်"

အဲဒီနောက် တင်ပါးဆီကို ရွှေ့လျားသွားပြီး သူမက ပြောလိုက်ပါတယ်။

"ဖင်တွေက အရမ်းကြီးလွန်းတယ်"

လူတော်တော်များများက ရယ်မောလိုက်ပါတယ်။ ဟူးညိုပြောတဲ့ ဂတယ် ပိန်တယ် ကြီးတယ် ဆိုတဲ့ နေရာတွေက အမျိုးသားတွေ အကြိုက်နှစ်သက်ဆုံး အရာတွေပါပဲ။ ဟူးညိုက ဒါတွေကို နားမလည်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမက အရမ်းကို ငယ်သေးတာကြောင့် ဖြစ်ပါတယ်။

ဆံပင်နီနီနဲ့ မိန်းကလေးကလည်း ကိုယ့်ကိုကိုယ် ကျေနပ်အားရတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ကလေးမလေး မင်းက တော်တော်လေးကို ရယ်ရတာပဲ။ ဘာဖြစ်လို့ ဒီအရှင်သခင်မရဲ့ တပည့် မဖြစ်လာတာလဲ"

"ဟင့်အင်း ဟင့်အင်း"

ဟူးညိုက သူမခေါင်းကို ခါလိုက်ပါတယ်။

"ဒါပေမဲ့ ဒီအစ်မတော်ကတော့ အလျှော့မပေးဘူး"

ဆံပင်နီနီနဲ့ မိန်းမချောက တခစ်ခစ်နဲ့ ရယ်မောပြီး သူမရဲ့ ဆွဲဆောင်နိုင်မှုက သက်ရှိတွေ အားလုံးကို သူမရဲ့ ခြေထောက်အောက်ကို ရောက်သွားပြီး အမျိုးသားတွေရဲ့ စိတ်ထဲမှာ သူတို့ရဲ့ တံတွေးတွေကို မျိုချနေရပြီး သူတို့ခန္ဓာကိုယ်ထဲက အပူရှိန်တစ်ခုက ပန်းထွက်လာသလို ခံစားလိုက် ရပါတယ်။

ဟူးညိုကတော့ မျက်နှာပြောင်ပြပြီး သူမကို လျစ်လျူရှု လိုက်ပါတယ်။

ဆံပင်နီနဲ့ မိန်းမချောက အလျှော့ပေးဖို့ ဆန္ဒမရှိပဲ သူမရဲ့ ခေါင်းကို အသာလေး လှုပ်လိုက် ပါတယ်။ ဆံပင်တွေက လွင့်သွားပြီး ဟူးညိုကို ဝိုင်းရံပြီး ထုပ်လိုက်ပါတယ်။

ဒီလှုပ်ရှားမှုကြောင့် ဖန်ပိုယွမ်ရဲ့ အမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားပြီး သူ့ရဲ့ လက်နဲ့ အလျင်အမြန်ပဲ ဟန့်တားလိုက်ပါတယ်။ ဓားရှိက တောက်ပလာခဲ့ပါတယ်။

ထန်။

ဆံပင်တွေက ပြန်ကန်ထွက် သွားခဲ့ပါတယ်။

အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ ဖန်ပိုယွမ်ရဲ့ ဓားဆန္ဒကို တောင့်ခံနိုင်တဲ့ ဒီဆံပင်ချည်တွေက သွေးစုပ်ယူခြင်း မူလရှေ့ကနေ ဖွဲ့စည်းထားသလိုမျိုး ကျိုးပျက်မသွားပဲ အဆင့်တစ်ဆယ် ရှားပါး သတ္တုအဆင့်ကို ရောက်ရှိနေပါပြီ။

လပြွတ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီမိန်းကလေးကို ကြည့်ရတာ ချိုသာပြီး ဆွဲဆောင်မှု ရှိပုံ ရပါတယ်။ သူမကလည်း စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေတာလား။

ဆံပင်နီနီနဲ့ မိန်းကလေးက ဖန်ပိုယွမ်ကို မကျေမနပ်နဲ့ သတိပေးသလို အကြည့်တစ်ချက် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဓားနဲ့ ကစားနေတဲ့ ကောင်စုတ် တခြားလူတွေရဲ့ အလုပ်မှာ ဝင်မရှုပ်နဲ့"

သူမက တကယ်ပဲ ဖန်ပိုယွမ်ကို ကောင်စုတ်တစ်ယောက်လို့ ခေါ်ရဲတာလား။

ဖန်ပိုယွမ်က တဖက်ကို စိုက်ကြည့်ပြီး လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ဒီက ဆရာမကြီးက ဘယ်သူများလဲ"

ဆံပင်နီနီနဲ့ မိန်းမချောက တခစ်ခစ်နဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ရှင် ခန့်မှန်းကြည့်လေ"

"လှကေရီ မကျီစယ်ပါနဲ့။ အားလုံး တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းခင်မင်မယ် သွားမယ်ဆိုရင် ဘယ်လိုလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ခစ်ခစ် အပြောချိုလိုက်တာ။ ကြည့်ရတာ အပျော်အပါး မက်တဲ့ ပုံစံမျိုးနဲ့တူတယ်။ ဒီအမျိုးသမီးက မင်းပုံစံမျိုးကို မကြိုက်ဘူး"

ဆံပင်နီနီနဲ့ မိန်းမချောက ချိုသာစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒီအမျိုးသမီးက မင်းတို့တွေကို သူမရဲ့ နာမည်ကို သိခွင့်ပြုလိုက်မယ်။ နားထောင်ကြ။ ဒီအမျိုးသမီးက ရီလို့ခေါ်ပြီး သူမရဲ့ နာမည်ကတော့ ရွှမ်းရွှမ်းတဲ့"

"ရီရွှမ်းရွှမ်း"

လင်းဟာန်က ပြောလိုက်ပါတယ်။ ဒီလိုမျိုး မျိုးရိုးနာမည်တစ်ခုက ရှိလို့လား။

"နင်တို့တွေ ဘယ်လိုပဲဖြစ်ဖြစ် ခေါ်ချင်သလိုခေါ်"

ဆံပင်နီနီနဲ့ မိန်းမချောက ချိုသာစွာ ပြုံးလိုက်ပါတယ်။

"ဒီကလေးမကိုတော့ ဒီအမျိုးသမီးက

တပည့်တစ်ယောက်အဖြစ် မွေးစားဖို့ အစီအစဉ်ရှိတယ်။ နင်ကတော့ ခစ်ခစ်။ ဒီအမျိုးသမီးက နင့်ကိုယ်ပေါ်မှာ ဖုံးကွယ်ထားတဲ့ ရတနာ ပစ္စည်းကောင်း တစ်ခုရဲ့ အနံ့ကို ရတယ်။ မြန်မြန် ထုတ်ပြီးတော့ ပေးစမ်း"

"အိပ်မက်မက်နေတာ ရပ်လိုက်"

ဟူးညိုက ရီရွှမ်းရွှမ်းကို ရန်တွေ့လိုက်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင်မရီက ဘယ်အင်အားစုထဲမှာ ပါဝင်လဲ ဆိုတာကို မေးပါရစေ။ ဂိုဏ်းကြီးငါးဂိုဏ်းလား။ အလောင်းတစ်ထောင်ဂိုဏ်းလား။ ဒါမှမဟုတ် ခရမ်းရောင်လ အင်ပါယာဘက်ကလား"

ရီရွှမ်းရွှမ်းက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်ကလေး ဒီအမျိုးသမီး အကြောင်းတွေကို စကားနိုက်ဖို့ ကြိုးစားနေတာလား။ မင်းက အရမ်းကို အတွေ့အကြုံနုတာပဲ။ ဒီစားနဲ့ကစားတဲ့ ကောင်စုတ်အတွက်ကြောင့် ဒီအမျိုးသမီးက မင်းကို

မသတ်နိုင်ဘူး။ ဒါပေမဲ့ မင်းအနေနဲ့ လိမ်လိမ်မာမာနဲ့ ရတနာတွေ အားလုံးကို ပေးလိုက်တာ ကောင်းမယ်နော်”

“ငါ့ညီငယ်ရဲ့ ပစ္စည်းတွေကို လိုချင်တာလား။ ကောင်းပြီလေ။ ငါ့ကို အရင်ဆုံး အနိုင်တိုက်မှ ရမယ်”

ဖန်ပိုယွမ်က မတ်တတ်ထရပ်လိုက်ပြီး သူ့ရဲ့တိုက်ပွဲဆန္ဒတွေက တောက်လောင်လို့ လာပါတယ်။

“ဟင့် ဒီအမျိုးသမီးက တိုက်ခိုက်ရတာနဲ့ သတ်ဖြတ်ရတာကို အမုန်းဆုံးပဲ”

ရီရွှမ်းရွှမ်းက သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

“ဒီလိုလုပ်လေ။ ရှင်က ရှင်ညီလေးကို လိမ်လိမ်မာမာနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ တိုက်တွန်းပေး။ ဒါဆိုရင် အားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြီးသွားမယ် မဟုတ်လား”

“အပြင်ထွက်ပြီး တိုက်ကြမယ်”

ဖန်ပိုယွမ်က သဘောမတူဘူးဆိုတာ ပေါ်လွင်ပါတယ်။

"တစ်စုံတစ်ယောက်ရဲ့ ပိုင်နက်ပေါ်မှာဆိုတော့ ဒီအမျိုးသမီးက လူမသိသူမသိအောင် နေဖို့ ဆုံးဖြတ်ထားတယ်။ ဒီတစ်ကြိမ်တော့ မေ့လိုက်တော့။ ဒီအမျိုးသမီးက အခုအတွက်နဲ့ အဲဒီ မုန်းစရာ ဖက်တီးကောင်ကို ရင်မဆိုင်ချင်သေးဘူး"

ရီရွှမ်းရွှမ်းက တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်ချလိုက်ပြီး တိုက်ခိုက်ဖို့ လုံးဝကို ဆန္ဒမရှိပါဘူး။

Chapter 692 end

Zaw.အပိုင်း(၆၉၃) ခေါင်းတလားထမ်းခြင်း

ဒီရီရွှမ်းရွှမ်းက အတော်လေး နားလည်ရခက်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူမရဲ့ ခွန်အားက လုံးဝကို ခန့်မှန်းလို့ မရနိုင်ပါဘူး။ ဒါကြောင့် လင်းဟာန်က သူမနဲ့ အလျင်စလို တိုက်ပွဲတစ်ခု စတင်ဖို့ ဆန္ဒမရှိပါဘူး။ ဒီအဆင့် လက်ရွေးစင် တစ်ယောက်က အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။

သူတို့နှစ်ဖက်စလုံး ဆက်ပြီးတော့ စားသောက်နေကြပါတယ်။ ဒါပေမဲ့ စားသောက်ဆိုင်ထဲက တခြားလူတွေ အနေနဲ့ သူတို့ရဲ့ အသက်တွေ

ဆုံးရှုံးသွားတော့မဲ့အတိုင်း ကြောက်ရွံ့ထိတ်လန့်ပြီး မျက်စိတောင် ပေ့မကြည့်ရဲကြပါဘူး။

မိန်းမချောလေးတွေက အသက်ရှုမှားလောက်အောင် ချောမောလှပကြသူတွေ ဖြစ်ပေမဲ့ ဘယ်သူကမှ သူတို့ရဲ့ အသက်ကို မျက်စိလေး တစ်ချက်ပေ့ကြည့်ဖို့အတွက် အဆုံးရှုံး ခံလိုက်ဖို့ ဆန္ဒမရှိပါဘူး။

ဟူးညိုက စိတ်ထဲနေလို့ထိုင်လို့ သိပ်မကောင်းပဲ ရီရွှမ်းရွှမ်းကို သူမရဲ့ ကြည်လင်တောက်ပပြီး ထက်ရှတဲ့ မျက်လုံးတွေနဲ့ အစားစားနေရင်း စိုက်ကြည့်နေပါတယ်။ သူမက နှုတ်ခမ်းကို စူထားပြီး အတော်လေးကို စိတ်ဆိုးနေပုံ ရပါတယ်။

ရီရွှမ်းရွှမ်းကတော့ စိတ်ထဲမှာ မထားပါဘူး။ မကြာခဏဆိုသလို လင်းဟာန်နဲ့ ဟူးညိုတို့ကို မျက်စိ ပေ့ပေ့ကြည့်ပြီးတော့ ဒီနစ်ယောက်ကို အတော်လေး စိတ်ဝင်စားနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟာန်က အဲဒါကို ထူးဆန်းတယ်လို့ ခံစားနေရပါတယ်။ ဒီလက်ရွေးစင်က ဘယ်နေရာကနေ ထွက်ပေါ်လာတာလဲ။ သူမကို ကြည့်ရတာ အရင်ကတည်းက သူ့ကို မြင်တွေ့ဖူးသလိုပါပဲ။ သူမှာတော့ သူမကို ထင်မြင်ချက်

မရှိပါဘူး။ နောက်ပြီးတော့ သူမက သူ့ကိုယ်ပေါ်က ရတနာတွေကို ငမ်းငမ်းတက် လိုချင်နေမှတော့ ဘာဖြစ်လို့ အရင်ကတည်းက သူမက မတိုက်ခိုက် ခဲ့တာလဲ။ သူ့ဘေးမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အဆင့်မြင့်သူ တစ်ယောက် ရှိနေတဲ့အထိ စောင့်နေတာလား။

လေထုက အတော်လေးကို အေးစက်စက် ဖြစ်နေပြီး ဘယ်သူကမှ စကားမပြောကြပဲ အစားကိုပဲ စားသောက်နေကြပါတယ်။

လင်းဟန်တို့ အဖွဲ့က တခြားသာမန် အသေးအဖွဲ့ ကိစ္စတွေကို ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ မကြာခင်မှာ အံ့အားသင့်တဲ့ အမူအရာတွေ ထွက်ပေါ်လို့ လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆူညံတဲ့ အသံတွေက အရမ်းကို ကျယ်လောင်ပြီး သူတို့တွေက ပြတင်းပေါက်ကနေ တစ်ယောက်ပြီး တစ်ယောက် ရပ်ပြီးတော့ ထွက်ကြည့်လိုက်မိပါတယ်။

လူတစ်ထောင်ခန့် ပါဝင်တဲ့ အဖွဲ့ပတစ်ခုက လမ်းမရှည်ကြီး အပေါ်မှာ ဖြည်းညှင်းစွာ လျှောက်လာပြီး တစ်စုံတစ်ခုကို စောင့်ကြပ်လာပုံ ရပါတယ်။ အဖွဲ့ကြီးရဲ့ အလယ်မှာတော့ ကြီးမားတဲ့ အင်ပါယာ မြင်းလှည်းတစ်စီး ရှိပြီးတော့ ဒီအဖွဲ့က

အဲဒါကို ထမ်းပိုးလာတာ ဖြစ်ပါတယ်။

ဒီအင်ပါယာ လှည်းအိမ်က တကယ့်ကို ကြီးမားပြီး လမ်းတစ်ခုလုံးပြည့်နေတာကြောင့် လမ်းဘေး တစ်လျှောက်မှာ ရှိနေတဲ့ အိမ်တွေ တော်တော်များများကို ဖျက်ဆီးပစ်မှ အင်ပါယာ လှည်းအိမ်ကို ချောချောမွေ့မွေ့နဲ့ သယ်နိုင်ပါတယ်။

ဒီအင်ပါယာ လှည်းအိမ်ပေါ်မှာ ခရမ်းရောင်လ အင်ပါယာရဲ့ အလံကို စိုက်ထူထားပြီး လေတိုက်လိုက်တာနဲ့ အလံက လွင့်နေပြီး မြင့်မြတ်တဲ့ ဟန်ပန် အမူအရာကို ဖြစ်ပေါ်စေပါတယ်။

နောက်ဆက်တွဲ ဖြစ်ရပ်အတွက် တာဝန်ရှိတဲ့ တစ်စုံတစ်ယောက်က ပြောလိုက်ပါတယ်။

"အိမ်ပိုင်ရှင်များခင်ဗျား။ ကျေးဇူးပြုပြီးတော့ ကျုပ်အနောက်ကနေ အင်ပါယာ နန်းတော်ကို လိုက်ပြီးတော့ လျော်ကြေးယူပေးပါ။ လျော်ကြေးငွေကို အိမ်တန်ဖိုးရဲ့ သုံးဆတိတိ ပေးမှာ ဖြစ်ပြီးတော့ ကျုပ်တို့က အားလုံးကို ဆိုးဆိုးဂါးဂါး ဆက်ဆံမှာ မဟုတ်ပါဘူး"

ဒီစကားကို ကြားလိုက်ရတဲ့ အချိန်မှာ အိမ်တွေ မြို့ခံရလို့ စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ အိမ်ပိုင်ရှင်တွေက ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ဖက်တီးမာကို တစ်ယောက်ပြီး တစ်ယောက် ကောင်းချီးပေးနေကြပါတယ်။

"ဟင်"

ဖန်ပိုယွမ်က သူ့အကြည့်တွေကို အင်ပါယာ လှည်းအိမ်အပေါ်မှာ စိုက်ကြည့်ပြီး အာရုံစိုက် ထားပါတယ်။

"အဲဒီနောက်ကို လိုက်ပြီးတော့ ကြည့်ကြရအောင်"

သူက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ဘာများ ကြည့်စရာ ရှိလို့လဲ။ အဲဒါက နှစ်ပေါင်းများစွာ ပိတ်လှောင်ခံထားရတဲ့ ဂျူနီယာ တစ်ယောက်ပဲကို"

ရှီရွှမ်းရွှမ်းက ဝင်ပြောလိုက်ပြီး ဟူးညီကို စိုက်ကြည့်လိုက်ပါတယ်။

"ကလေးမလေး မြန်မြန် ငါ့ကို မင်းရဲ့ ဆရာသခင်အဖြစ် အသိအမှတ် ပြုလိုက်ပါ"

သူမက ဒီအတွေးကို မစွန့်ပစ်သေးပါဘူး။

"ဟွန့်"

ဟူးညိုက လျှာထုတ်ပြောင်ပြပြီးတော့ လင်းဟန်ရဲ့ အနောက်မှာ ပုန်းလိုက်ပါတယ်။

"ကလေးမလေး တစ်နေ့ကျရင် မင်းက လိမ်လိမ်မာမာနဲ့ ငါ့ကို ဆရာသခင်လို့ ခေါ်ရလိမ့်မယ်"

ရီရွှမ်းရွှမ်းက ကျီစယ်သလို ပြုံးပြီးတော့ အရမ်းကို သေချာတဲ့ပုံစံနဲ့ အတည်ပေါက် ပြောလိုက်ပါတယ်။

လင်းဟန်နဲ့ ကျူးရွှမ်အာတို့က ဖန်ပိုယွမ်အနောက်ကို ကပ်လိုက်ပြီးတော့ အင်ပါယာ လှည်းအိမ်နောက် လိုက်သွားကြပါတယ်။

လမ်းတစ်လျှောက်လုံး အိမ်တွေကို ဖျက်ဆီးသွားပြီး အင်ပါယာ လှည်းအိမ်က အင်ပါယာ နန်းတော်ဆီကို ဦးတည်သွားနေပါတယ်။

"အစ်ကိုကြီး တစ်ခုခုကို သတိထားမိလိုက်လို့လား"

လင်းဟန်က မေးလိုက်ပါတယ်။

ဖန်ပိုယွမ်က အင်ပါယာ လှည်းအိမ်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီအထဲမှာ အရမ်းကို သန်မာအားကောင်းတဲ့ တည်ရှိမှု တစ်ခုကို ရှာတွေ့လိုက်တယ်။ ဒါပေမဲ့ ကြည့်ရတာ ဘာမှမရှိသလိုပဲ။ အဲဒါက အရမ်းကို ထူးဆန်းနေတယ်"

ဖန်ပိုယွမ်ကိုယ်တိုင်က အရမ်းကို အစွမ်းထက်တယ်လို့ ပြောနေမှတော့ အဲဒါက သေချာပေါက် အစွမ်းထက်ပါလိမ့်မယ်။

လင်းဟန်က ခဏလောက် တွေးပြီးတော့ ပြောလိုက်ပါတယ်။

"ဖက်တီးမာများ အထဲမှာ ရှိနေတာ ဖြစ်နိုင်မလား"

မာထို့ပေါင်က ခန့်မှန်းလို့ မရပါဘူး။ ဖန်ပိုယွမ်ရဲ့ အစွမ်းထက်တဲ့ အခြေအနေနဲ့ တည်ရှိမှု မရှိဘူးဆိုတဲ့ ရှေ့နောက် မညီမှုနဲ့ ကွက်တိကျပါတယ်။

အင်ပါယာ လှည်းအိမ်က အင်ပါယာ နန်းတော် ဂင်ပေါက်ကို ရောက်လာတဲ့ အချိန်မှာ နောက်ဆုံးတော့ ရပ်တန့်သွားခဲ့ပါတယ်။

လင်းဟာန်နဲ့ တခြားလူတွေက မတ်တတ်ရပ်ပြီးတော့ မြင့်မားတဲ့ အဆောက်အအုံကြီး တစ်ခုအပေါ်ကနေ စောင့်ကြည့်နေကြပါတယ်။ ပြီးတော့ လေညှင်းလေးတစ်ခု တိုက်ခတ်လိုက် သလိုမျိုး ရီရွှမ်းရွှမ်းလည်း ထွက်ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ဆံပင်နီနီတွေက လေထဲမှာ လွင့်မျောနေပြီး နှင်းဆီပန်း တစ်ပွင့်လို့ ဆွဲဆောင်မှုရှိကာ အရမ်းကို အံ့ဩမှင်တက်စရာ ကောင်းပါတယ်။

"အလှကေရီ ခင်ဗျားက ကျုပ်တို့နဲ့ နည်းနည်းလောက် ဝေးဝေးမှာ မနေနိုင်ဘူးလား"

လင်းဟာန်က ပြောလိုက်ပါတယ်။

"ဒီအမျိုးသမီးက ဒါကို သဘောကျတယ်။ မင်းက ငါ့ကို ထိန်းချုပ်နိုင်လို့လား"

ရီရွှမ်းရွှမ်းက ခန္ဓာကိုယ်ကို အညောင်းဆန့်လိုက်ပြီး သူမရဲ့

ဖွံ့ထွားတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက ချက်ချင်းဆိုသလို ဒီလှုပ်ရှားမှုကြောင့် ထုတ်ဖော်လိုက်သလိုပါပဲ။ အထူးသဖြင့် ဖွံ့ထွားလှတဲ့ ရင်သားတွေ ထွက်ပေါ်လာပြီးတော့ ခုန်ထွက်လာတော့မဲ့အတိုင်း ကြည့်နေတဲ့သူတွေကို မျက်နှာနီရဲသွားစေပါတယ်။

"ရုပ်ဆိုးတဲ့ မွန်းစတားမကြီး"

ဟူးညိုက အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"ဟင် ဖက်တီးမာ ထွက်လာပြီ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ မာထို့ပေါင်က အင်ပါယာ နန်းတော်ထဲကနေ ထွက်လာတာကို သူမြင်လိုက်ရပါတယ်။ ဒါဆိုရင် အင်ပါယာ လှည်းအိမ်ထဲကလူက ဖက်တီးမာ မဟုတ်ဘူးလို့ ဆိုလိုလိုက်တာပါပဲ။

ဖက်တီးမာက အရင်ကနဲ့ မတူတော့ပါဘူး။ သူက နဂါးတစ်ကောင်ပုံ ရေးဆွဲထားတဲ့ ပိုးချည်မျှင် ဂတ်စုံကို ဝင်ဆင်ထားပြီး ခေါင်းပေါ်မှာ သရဖူတစ်ခု ဆောင်းထားပြီး အရမ်းကို ကြီးကျယ် မြင့်မြတ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့လုံးဂန်းနေတဲ့ ဗိုက်ပူပူကြီးနဲ့ ယှဉ်တွဲလိုက်ရင်တော့ ကောရာဇ် တစ်ယောက်ရဲ့ ဟန်ပန်အမူအရာက ချက်ချင်းဆိုသလို အကြီးအကျယ် ကျဆင်းသွားပါတယ်။

မာထို့ပေါင်ရဲ့ အနောက်မှာ လူအုပ်ကြီးနဲ့ စစ်တပ်အရာရှိတွေ ရှိနေပါတယ်။

မာထို့ပေါင်က လင်းဟန်တို့ ရှိတဲ့ဆီကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြုံးပြလိုက်ပြီး သူတို့ကို မြင်တွေ့ထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ သူက ဘာမှမတုံ့ပြန်ပဲ ကျယ်လောင်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"လစန္ဒဘုရင်ကို ကြိုဆိုပါတယ်"

"လစန္ဒဘုရင်ကို ကြိုဆိုပါတယ်"

အရာရှိတွေ အားလုံးကလည်း ကျယ်လောင်စွာ အော်ဟစ်လိုက် ကြပါတယ်။

အင်ပါယာ လှည်းအိမ်တံခါး ပွင့်သွားပြီးတော့ လူတစ်ယောက်တော့ ဆင်းမလာပေမဲ့ ခေါင်းတလား

တစ်ခုက ဆင်းသက်လာခဲ့ပါတယ်။

ခေါင်းတလားက ကြည်လင်တောက်ပတဲ့ ကျောက်စိမ်းနဲ့ ပြုလုပ်ထားပြီး အထဲမှာ အနီရောင် ဂါတ်စုံနဲ့ မိန်းကလေးတစ်ယောက် လှဲလျောင်းနေတာကို ပိုးတဂါး တွေမြင်နိုင်ပေမဲ့ သူမရဲ့ ပုံပန်းသွင်ပြင်ကိုတော့ ရှင်းရှင်းလင်းလင်း မတွေ့မြင်နိုင်ပါဘူး။

လင်းဟန်က အတော်လေး ထူးဆန်းသလို ခံစားလိုက်ရပါတယ်။ မာထို့ပေါင်က စစ်ဘက်ဆိုင်ရာ အရာရှိတွေကို ခေါ်ဆောင်ပြီးတော့ လူသေတစ်ယောက်ကို လာကြိုဆိုနေတာလား။ မဟုတ်ဘူး။ ဖန်ပိုယွမ်ပြောတာက အရမ်းကို အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုကို ခံစားရတယ်တဲ့။ ဒါဆိုရင် ခေါင်းတလား အထဲက ဒီလူက သေနေတာ မဖြစ်နိုင်ဘူး။ ဒါပေမဲ့လည်း ကြည့်ရတာ ဘာမှမရှိ သလိုပဲတဲ့။ ဒီမိန်းကလေးက ခေါင်းတလားထဲမှာ လှဲလျောင်းနေတာကြောင့်လား။

မာထို့ပေါင်က လျှောက်လာပြီးတော့ လေးနက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ခေါင်းတလားကို ဖွင့်မယ်"

ဒါက နည်းနည်းတော့ ထိတ်လန့်စရာ ကောင်းပါတယ်။ မင်းတို့တွေက ဂူသချိုင်းဖောက်တဲ့ ဓားပြတွေလား။

အဲဒီမှာ ဦးထုပ်ရှည်ကြီးတွေ ဆောင်းထားတဲ့ အဘိုးကြီး လေးဦးရှိပြီးတော့ တစ်ကိုယ်လုံး အဖြူရောင် ဂတ်ဆင်ထားပြီး မုတ်ဆိတ်မွေးရှည်ကြီးတွေနဲ့ သူတို့ကို ကြည့်ရတာ နတ်ဆရာတွေလိုလို ပယောဂ ဆရာတွေလိုလိုနဲ့ တူပြီးတော့ ကျောက်စိမ်းခေါင်းတလားကို ပိုင်းလိုက်ပြီး တစ်ယောက်ပြီး တစ်ယောက် ကျောက်စိမ်းခေါင်းတလားရဲ့ အမှတ်တံဆိပ်တွေပေါ် သူတို့လက်တွေကို သင်္ကေတတွေ ပုံစံမျိုး လုပ်လိုက်ပါတယ်။

သူတို့လှုပ်ရှားလိုက်တာနဲ့ ကျောက်စိမ်းခေါင်းတလားထဲကို အလင်းရောင်တွေ ဂင်သွားပြီး ကျောက်စိမ်း ခေါင်းတလားရဲ့ ကိုယ်ထည်ပေါ်က သင်္ကေတတွေက ချက်ချင်းလင်းလက် တောက်ပ လာခဲ့ပါတယ်။ ခေါင်းတလား တစ်ခုလုံး ပိုပိုပြီး အလင်းရောင်တွေ တောက်လာပြီး ပိုပို ကြည်လင်လာခဲ့ပါတယ်။

လင်းဟန်က ခေါင်းတလားထဲမှာ လှဲနေတဲ့ မိန်းကလေးကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါပြီ။ သူမကို ကြည့်ရတာ

အများဆုံး အသက်နှစ်ဆယ် ဂန်းကျင်ပဲ ရှိပါဦးမယ်။ ပြီးတော့ သူမရဲ့ မျက်လုံးတွေကို ခပ်တင်းတင်း ပိတ်ထားပြီးတော့ အိပ်ပျော်နေတဲ့ အတိုင်းပါပဲ။ သူမက အံ့ဩမှင်တက်လောက်အောင် ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ နှုတ်ခမ်းတွေက မီးတောက်နဲ့ တူပြီးတော့ သူမရဲ့ အနက်ရောင် ဆံပင်တွေက မှင်တွေလို မည်းနက်ပြီး သူမရဲ့ အသားအရည်က ဖြူဖွေးနူးညံ့ပြီး အရမ်းကို ပြင်းပြတဲ့ ဆွဲဆောင်မှု တစ်ခုကို ဖြစ်ပေါ်စေပါတယ်။

ဒါပေမဲ့လည်း ခေါင်းတလားကို ကြည့်ရတာ အရည်တမျိုးမျိုးနဲ့ ပြည့်နေပုံရပြီး သက်ဂင်လှုပ်ရှားကာ စီးမျောနေပြီး အရမ်းကို ထူးခြားဆန်းကြယ်ပြီး အံ့ဩထိတ်လန့်ဖွယ်ရာ ကောင်းပါတယ်။

သိပ်မကြာခင်မှာ လင်းဟန်လည်း ခေါင်းတလား အတွင်းထဲကနေ ထွက်ပေါ်လာတဲ့ အစွမ်းထက် တည်ရှိမှု တစ်ခုကို အာရုံခံလိုက်မိပါတယ်။ ဒါပေမဲ့ အဲဒါက ချက်ချင်းပဲ နောက်တစ်ကြိမ် ပျောက်ကွယ် သွားခဲ့ပါတယ်။

သူက အံ့အားသင့် သွားခဲ့ပါတယ်။ တကယ်လို့ သိုင်းပညာရှင်တွေက အဲဒါကို ထိန်းချုပ်ဖို့ ဆန္ဒမရှိဘူးဆိုရင်

တချိန်လုံး အစွမ်းထက်တဲ့ အရှိန်အဟုန်က ထုတ်လွှတ်နေပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ သူမက အဲဒါကို ဖိနှိပ်ထိန်းချုပ်မယ်ဆိုရင် အရှိန်အဟုန်က ထွက်ပေါ်မလာသင့်ပါဘူး။ ဒါပေမဲ့လည်း သာမန်အခြေအနေတွေ အောက်မှာတော့ အဲဒါက အဆက်မပြတ် ခံစားလို့ ရသင့်ပါတယ်။

အရမ်းကို ထူးဆန်းပါတယ်။

နတ်ဆရာ လေးယောက်က သူတို့ရဲ့ လက်တွေကို သင်္ကေတတွေပုံစံအဖြစ် ပြုလုပ်ပြီးတဲ့ နောက်မှာတော့ ကျောက်စိမ်းခေါင်းတလား တစ်ခုလုံးက သင်္ကေတတွေနဲ့ တလက်လက် တောက်ပနေပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် လင်းထိန်လို့ နေပါတယ်။

မာထို့ပေါင်က အရှေ့ကို ဆက်တိုးလာပြီးတော့ နောက်တစ်ကြိမ် ပြောလိုက်ပါတယ်။

"လစန္ဒာ ဘုရင်ကို ကြိုဆိုပါတယ်"

"လစန္ဒာ ဘုရင်ကို ကြိုဆိုပါတယ်"

စစ်ဘက်ဆိုင်ရာ အရာရှိတွေကလည်း နောက်တစ်ကြိမ် ထပ်ပြီးတော့ အော်လိုက်ကြပါတယ်။

နတ်ဆရာလေးယောက်က ခေါင်းတလားရဲ့ အဖုံးကို ပင့်လိုက်ပြီး အကျိုးဆက်ကတော့ မျက်လုံးနဲ့တောင် မြင်တွေ့နိုင်ပြီး ခေါင်းတလား အတွင်းကနေ ရေတွေက ရေငွေ့ပျံသလို အခိုးအငွေ့တွေအဖြစ် ပန်းထွက်လာပြီးတော့ လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားတာကို တွေ့နိုင်ပါတယ်။

ခေါင်းတလားရဲ့ အဖုံးကို ဖွင့်ပြီးတော့ ဘေးနားမှာ ချလိုက်ပါတယ်။

ခေါင်းတလား အတွင်းက လူရဲ့မျက်လုံးက ပွင့်လာခဲ့ပါတယ်။

Chapter 693 end

Zawgyi.အပိုင်း(၆၉၄) လစန္ဒာ ဘုရင်

လင်းဟန်က ထင်မှတ်မထားလောက်အောင် အေးစိမ့်တဲ့ ခံစားမှု တစ်ခုက သူ့ရင်ထဲမှာ မြင့်တက်လာပြီး ကျဉ်သလိုလို ခံစားလိုက်ရပါတယ်။

သူ့ရဲ့ အမြင်နဲ့ဆိုရင် ဒီကျောက်စိမ်း ခေါင်းတလားက

မြေကြီးအောက်မှာ နှစ်ပေါင်းမရေမတွက် နိုင်လောက်အောင် မြုပ်ခံထားရတယ်ဆိုတာ ပြောနိုင်ပါတယ်။ ပြီးတော့ အဲဒီအပေါ်က အညစ်အကြေးတွေကို နှစ်သန်းပေါင်းများစွာ သန့်ရှင်းခြင်း မရှိထားဘူးဆိုတာကိုတောင် တွေ့မြင်နိုင်ပါတယ်။

ခေါင်းတလားက စောစောတုန်းက အဖုံးကို မဖွင့်လိုက်ခင် အချိန်အထိ ထာဝရ ပိတ်လှောင်ခံထားရပြီး အခုမှပဲ ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက်တွေ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် ခေါင်းတလားထဲက လူက ခေါင်းတလားနဲ့ တစ်ပြိုင်နက်တည်း အတူတူ မြုပ်နှံ့ထားခြင်း ခံရတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

နှစ်ပေါင်းတစ်သောင်း။ ဒီမိန်းကလေးက မရေမတွက်နိုင်လောက်အောင် သေသွားရပါမယ်။ ဒါပေမဲ့ အခုတော့ သူမက မျက်လုံးတွေ ဖွင့်နေပါတယ်။ ဒါက လူတစ်ယောက်ကို ကျဉ်သွားသလို ခံစားဖို့ မဖြစ်နိုင်ဘူးလား။

"အဲဒါက ခန္ဓာကိုယ်ရဲ့ အသက်ဓာတ် စွမ်းအားကို ပိတ်လှောင်နိုင်မှုကြောင့်ပဲ။ အဲဒါက တစ်စလောက်တောင် အပြင်ကို ဖိတ်လျှံထွက်တာမျိုး မရှိဘူး"

လင်းဟန်က သတိပြုမိ သွားခဲ့ပါတယ်။ တစ်စုံတစ်ယောက်က နှစ်ထောင်ပေါင်းများစွာ မြုပ်နှံခံရပြီး သူတို့ရဲ့ မျက်လုံးတွေကို ရုတ်တရက် ဖွင့်လိုက်တာ အံ့သြစရာ မရှိတော့ပါဘူး။

"မှားတယ်။ မှားတယ်။ ဒါက အသက်ဓာတ်စွမ်းအား အစတစ်ခုတောင် မထွက်တာကြောင့် မဟုတ်ဘူး"

ရီရွှမ်းရွှမ်းက သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

"ဒါကို အချိန်အရည်လို့ ခေါ်တယ်။ အဲဒါက သက်ရှိသတ္တဝါတွေကို ပိတ်လှောင်ဖို့ အသုံးပြုပြီး သက်ရှိတွေရဲ့ အချိန်ဖြတ်သန်း စီးဆင်းမှုကို အရမ်းနှေးကွေးသွားစေပြီးတော့ အကန့်အသတ် မရှိတဲ့ သက်တမ်းတစ်ခုလိုမျိုး အရမ်းကို အချိန်ကြာမြင့်ပြီး အသက်ရှင်သန်စေတယ်"

"ဒါပေမဲ့လည်း ဒါက အချိန်စီးဆင်းမှုကိုပဲ နှေးကွေးစေတာဖြစ်ပြီး မရပ်တန့်နိုင်ဘူး။ ဒါကြောင့် အသက်ဓာတ်က အရမ်းကို နှေးကွေးစွာနဲ့ မှေးမှိန်လွင့်ပါးနေဆဲပဲ။ ပြီးတော့ အချိန်အရည်ရဲ့

အရည်အသွေးအပေါ် မူတည်ပြီးတော့ အဲဒါက တစ်ရာကနေ တစ်သောင်းအထိ အဆပေါင်းများစွာ နေးကွေးသွားစေနိုင်တယ်”

လင်းဟန်နဲ့ ကျန်တဲ့သုံးယောက်စလုံး အံ့အားသင့်သွားခဲ့ပါတယ်။ တကယ်လို့ ဒါက အချိန်ကို အဆတစ်ရာလောက် နေးစေနိုင်တယ် ဆိုရင်တောင်မှ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက်ကို နှစ်ပေါင်းသန်းတစ်ရာလောက်ထိ အသက်ရှင်စေနိုင်တယ် မဟုတ်လား။ ဟုတ်တာပေါ့။ အခုလိုမျိုး အသက်ရှင်ရတာက လူသေတစ်ယောက်နဲ့ ဘာမှမကွာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အသွေးအသားနဲ့ နတ်ဘုရား အာရုံတွေမှာ အာရုံခံစားနိုင်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

“ခင်ဗျားက ဘယ်လိုလုပ်ပြီးတော့ သိတာလဲ။ ခင်ဗျားလဲ ဒီလိုမျိုး အိုမင်းနေတဲ့ မွန်းစတားအိုကြီး တစ်ယောက်များ ဖြစ်နိုင်မလား”

လင်းဟန်က မေးလိုက်ပါတယ်။

“အိုမင်း အိုမင်းနေတဲ့ မွန်းစတားအိုကြီး ဟုတ်လား”

ရီရွှမ်းရွှမ်းက အမြီးကို ထောင်ထားတဲ့ ကြောင်တစ်ကောင်လိုမျိုး ချက်ချင်းဆိုသလို သူမက ဒေါသတွေ ပေါက်ကွဲထွက်လာပြီး ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး။ နင့်မျက်လုံးတွေက မှုန်နေတာလား။ ဒီအမျိုးသမီးက ဘယ်နေရာမှာ အိုနေလို့လဲ။ ဒီအသားအရည်ကို ကြည့်စမ်း။ ဘယ်လောက်တောင် ချောမွေ့ပြီး ကောင်းလိုက်သလဲ။ ပြီးတော့ ဒီရင်သားတွေကိုကြည့်စမ်း။ နည်းနည်းလေးတောင် လျော့တွဲကျ နေလို့လား။ နောက်ပြီးတော့ ဒီတင်ပါးတွေဆို ဖွံ့ထားပြီးတော့ အရမ်းကို တင်းကားနေတာပဲ"

ဟူးညိုက သူမ မျက်လုံးတွေကို ကာပြီးတော့ ခေါင်းကို ခါရမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ညစ်ပတ်တယ်။ အရမ်းကို ညစ်ပတ်တယ်။ ဒါက ညီးညီးရဲ့ သန့်စင်တဲ့ နလုံးသားလေးကို အရောင်တွေ စွန်းသွားလိမ့်မယ်"

ရီရွှမ်းရွှမ်း ပြောတဲ့စကားတွေက မှန်တယ်ဆိုတာကို လင်းဟာန်က သတိပြုမိသွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

သူ့အနေနဲ့ ခေါင်းတလား အထဲက လူထုတ်လွှတ်တဲ့ အရှိန်အဟ်ကိုပဲ ရံဖန်ရံခါ ခံစားလို့ ရနိုင်ပါတယ်။ အဲဒီလူမှာ ဒီအရှိန်အဟ်ကို ဖိနှိပ်ထိန်းချုပ်ဖို့ သဘောထား မရှိတာကြောင့် မဟုတ်ပဲ သူမ ဖြတ်သန်းလာတဲ့ အချိန်တွေက အရမ်းကို နေးကွေးတာကြောင့် သူမ ထုတ်လွှတ်တဲ့ တည်ရှိမှုက အချိန်အကြာကြီး နေပြီးမှ ခံစားလို့ ရနိုင်တာပဲ ဖြစ်ပါတယ်။

သူတို့တွေ စကားပြောနေတုန်း အချိန်မှာပဲ ကျောက်စိမ်းခေါင်းတလား အထဲက မိန်းကလေးက ရုတ်တရက်ဆိုသလို မတ်တတ်ထရပ်ပြီး ပျင်းကြောဆန့်လိုက်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက ချက်ချင်းဆိုသလို ထွက်ပေါ်လာပြီး ဆွဲဆောင်မှုတွေနဲ့ ပြည့်နှက်ကာ စစ်ဘက်ဆိုင်ရာ အရာရှိတွေကို မျက်နှာတွေ နီရဲသွားစေခဲ့ပြီး သူတို့ရဲ့ မျက်နှာတွေကို လွှဲပြီးတော့ မျက်လုံးတွေကို ဖုံးထားလိုက်ကြပါတယ်။ ချက်ချင်းဆိုသလို လေထုက အရမ်းကို ရှုပ်ထွေးသလို ဖြစ်လာပါတယ်။

"ချစ်ရပါသော ဗိုလ်ချုပ်"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ခေါင်းတလားထဲက မိန်းကလေးက မာထို့ပေါင်ကို မျက်စိတစ်ချက်ပေ့ကြည့်ပြီးတော့ အံ့အားသင့်သွားတဲ့ အကြည့်တစ်ချက် ဖြစ်ပေါ်သွားပြီး မသေချာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ ကေရာဇ်လား"

"ဒါက မင်းရဲ့ ကေရာဇ်ပါ"

မာထို့ပေါင်က ခေါင်းညိတ်လိုက်ပါတယ်။

ခေါင်းတလားထဲက မိန်းကလေးက နောက်ကို လှန်သွားပါတယ်။ ရုတ်တရက် ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ မျက်ရည်တောင်စို့ လာခဲ့ပြီး ခေါင်းတလားရဲ့ အစွန်းကိုတောင် လက်နဲ့ ရိုက်နေပါတယ်။

"ဟားဟားဟား ငါရယ်ရလွန်းလို့ သေလိမ့်မယ်။ ရယ်ရလွန်းလို့ သေတော့မယ်။ အရှင်မင်းကြီး။ ဘယ်လိုလုပ်ပြီးတော့ အရမ်းကို အော်ဂလီဆန်စရာ ဖြစ်သွားတာလဲ"

စစ်ဘက်ဆိုင်ရာ အရာရှိတွေရဲ့ အမူအရာတွေက

တွန့်လိမ်ရှုံ့မဲ့ကုန်ပြီး ရယ်ချင်စိတ်ကို ထိန်းချုပ်ထားလို့ နေပါတယ်။

မာထို့ပေါင်က ချောင်းဟန့်ပြီးတော့ လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ဒီကောရာဇ်က ခံ့ညားပြီး ထယ်ဂါနေပါသေးတယ်။ တခြားလူတွေထက် တစ်ပန်းသာတယ် မဟုတ်လား"

ခေါင်းတလားထဲက မိန်းကလေးက မျက်ရည်တွေနဲ့ ရယ်မောပြီးတော့ မရပ်နိုင်သလို ဖြစ်နေပါတယ်။ တော်တော်လေး ကြာမှပဲ သူမကိုယ်သူမ ထိန်းပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်နဲ့ မြေလှန်ဘုရင်။ အရှင်မင်းကြီးရဲ့ ရုပ်ရည်ကို မြင်ပြီးပြီ မဟုတ်လား"

"လစန္ဒာဘုရင်။ ချစ်ရပါသော ဗိုလ်ချုပ်။ ဒီကောရာဇ်ကို မျက်နှာသာ နည်းနည်းတော့ပေးပါ။ ဒီနေရာမှာ အပြင်လူတွေလည်း ရှိနေသေးတယ်"

မာထို့ပေါင်က ပြောလိုက်ပါတယ်။

ခေါင်းတလားထဲက မိန်းကလေးက ခုန်ထွက်လာပြီး လင်းဟန်နဲ့ တခြားလူ လေးယောက်ဆီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး ချက်ချင်းဆိုသလို သူမရဲ့ အကြည့်တွေကို ရုပ်သိမ်းပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"အရှင်မင်းကြီးက စုတ်ပြတ်သတ်နေတဲ့ ဖက်တီးတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားတယ် ဆိုမှတော့ ဒီဘုရင်ရဲ့ ပုံပန်းသွင်ပြင်က ဘယ်လိုဖြစ်နေမလဲ"

သူမရဲ့ လက်ကို လှုပ်လိုက်တာနဲ့ အေးစိမ့်နေတဲ့ လေတွေက ချက်ချင်းပဲ စုစည်းလာပြီး သူမအရှေ့မှာ ရေခဲကြေးမုံပြင်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"အား"

သူမက ချက်ချင်းပဲ ထိတ်လန့်တကြားနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ အဲဒီနောက် ဒေါသတွေ တထောင်းထောင်း ထသွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"အရှင်မင်းကြီး နင်က ဒီဘုရင်ကို ဘယ်လိုကတိမျိုး ပေးခဲ့လဲ"

"ဟင်။ ငါ့ဘာကတိ ပေးခဲ့လို့လဲ"

မာထို့ပေါင် ပုံစံက အရမ်းကို အပြစ်ကင်းစင်တဲ့ ပုံစံမျိုး ပေါ်နေပါတယ်။

"နင်ပြောခဲ့တယ်။ ဒီဘုရင် နောက်တစ်ကြိမ် ပြန်ပြီးတော့ ထွက်ပေါ်လာတဲ့ အချိန်ကျရင် ရုပ်ရည်သွင်ပြင်က ပြောင်းလဲသွားလိမ့်မှာ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ အခုကြည့်ပါဦး။ ဒီဘုရင်က နှစ်နှစ်လောက်တောင် အိုသွားပြီ။ နှစ်နှစ်တောင်နော်"

လစန္ဒာဘုရင်ကို ကြည့်ရတာ ဒေါသတွေ ပေါက်ကွဲပြီး တစ်စုံတစ်ယောက်ကို သတ်ပစ်ချင်နေပုံ ပေါ်ပါတယ်။

"ဒါက "

မာထို့ပေါင်က သူ့လက်ကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောရာဇ်က အဲဒါကို မစဉ်းစားမိခဲ့ဘူး။ နည်းနည်းကြာတဲ့အထိ အိပ်ပျော်သွားခဲ့တယ်။ ပြီးတော့ လျှောင်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီကောရာဇ်လည်း အရင်ဆုံး နိုးထလာမှာ မဟုတ်ပဲ ကောရာဇ်လည်း

နစ်ထောင်သောင်း ထပ်ပြီးတော့ အိပ်ပျော်နေမိလိမ့်မယ်"

"ဒါဆိုရင် ဒီဘုရင်လည်း နိုးလာတဲ့ အခါမှာ အဘွားကြီးအို တစ်ယောက် ဖြစ်လာနိုင်ချေ ရှိတယ်ပေါ့ ဟုတ်လား"

လစန္ဒာဘုရင်က ထိပ်ထိပ်ပျာပျာ ဖြစ်လာခဲ့ပါတယ်။

"နင်ဖက်တီးစုတ် ဖက်တီးနာ။ ဒီဘုရင်ရဲ့ အသက်ကို နစ်နစ်ကြီးအောင်လို့ လုပ်ပုံ့တဲ့အတွက် နင့်ကို ရိုက်ပစ်ရလိမ့်မယ်"

သူမက တကယ်ပဲ အထင်ကြီးစရာ ကောင်းပါတယ်။ ချက်ချင်းဆိုသလို မာထို့ပေါင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ ဟုမ်း။ ကြောက်မက်ဖွယ်ရာ အရှိန်အဟုန်က လွင့်ပျံလာပြီး အင်ပါယာ မြို့တစ်ခုလုံး အရမ်းကို အေးစိမ့်လာခဲ့ပါတယ်။ မိုးကောင်းကင်ပေါ်ကနေ နှင်းပွင့်တွေ ကျဆင်းလာပြီး အနီးကပ် ကြည့်မယ်ဆိုရင် နှင်းပွင့်တိုင်းမှာ သိုင်းဆန္ဒတွေ ခတ်နိုပ်ထားပြီး သင်္ကေတလေးတွေ တောက်ပနေတာကို တွေ့မြင်နိုင်ပါတယ်။

တကယ်လို့ ဒီနှင်းပွင့်လေးတွေကို လူတွေဆီ

မှုတ်ထုတ်လိုက်မယ်ဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် သေသွားမယ်ဆိုတာ အာမခံပါတယ်။

"လစန္ဒာဘုရင် မင်းရှုံးနေပြီ"

မာထို့ပေါင်က အလျင်အမြန်ပဲ သူ့လက်ကို မိုးကောင်းကင်ပေါ် ဆန့်ထုတ်လိုက်ပြီး နှင်းပွင့်တွေကို နောက်ပြန်စီးမျောသွားအောင် လုပ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ နှင်းပွင့်တွေသာ မြေပြင်ပေါ်ကို ကျရောက်မယ်ဆိုရင် သက်ရှိတွေက ဆိုးဆိုးဂါးဂါး ခံစားသွားရပါလိမ့်မယ်။

"မိန်းကလေးတွေက လွယ်လွယ်နဲ့ အရှုံးထနိုင်တယ်ဆိုတာကို နင်မသိဘူးလား"

လစန္ဒာ ဘုရင်က ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

"ဒီဘုရင်ကို သူမရဲ့နပျိုမှုတွေ ပြန်ပေးစမ်း"

သူမက ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ရဲ့

ခွန်အားတွေကို အပြည့်အဝ ထုတ်ဖော်လိုက်ပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလှ္ဘာကိုး"

ဖန်ပိုယွမ်က အသံကို နိမ့်ပြီးတော့ ပြောလိုက်ပြီး သူ့ပုံစံက အရမ်းကို လေးနက်လွန်းပါတယ်။

ဒါက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးထဲမှာ သိုင်းပညာရဲ့ အထွတ်အထိပ် အဆင့် ဖြစ်ပြီးတော့ လူသားလောကရဲ့ အထွတ်အထိပ်အဆင့် ဖြစ်ပါတယ်။

မာထို့ပေါင်က ခုခံရုံပဲ ခုခံလိုက်ပြီး မတိုက်ခိုက်ပါဘူး။ လှုပ်ရှားမှုတိုင်းနဲ့ ဟန်ပန်အမူအရာတိုင်း အစွမ်းထက်ပြီးတော့ ဧကရာဇ် တစ်ယောက်ရဲ့ နန်းဆန်မှုတွေကို ဖော်ပြနေပါတယ်။

"ကောင်းပြီ။ ကောင်းပြီ။ လစန္ဒဘုရင် ဒီမှာ ညှော်သည်တွေ ရှိနေတယ်"

သူက သူမကို တွန်းအားပေးဖို့ ကြိုးစားလိုက်ပါတယ်။

လစန္ဒာ ဘုရင်က ရပ်တန့်ဖို့ ဆန္ဒမရှိပဲ ပြောလိုက်ပါတယ်။

"နင့်ရဲ့ ဖက်တီးမျက်နှာကို နှစ်ကြိမ်ကန်ခွင့် မပေးမချင်း ဒီဘုရင်က သူမရဲ့ ဒေါသကို ရပ်နိုင်မှာ မဟုတ်ဘူး"

မာထို့ပေါင်က စိတ်ပျက်လက်ပျက်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ချစ်ခင်ရပါသော ဗိုလ်ချုပ်။ ဒီကောရာဇ်က ဘယ်လိုပဲဖြစ်ဖြစ် အင်ပါယာ တစ်ခုရဲ့ အရှင်သခင် ဖြစ်နေပြီလေ။ ဒီလိုမျိုး လုပ်တာက မကောင်းဘူးလေ ဟုတ်တယ်မလား"

"ဒါဆိုရင် ဒီဘုရင်ကို သူမရဲ့ နုပျိုမှုတွေ ပြန်ပေးပါ"

လစန္ဒာဘုရင်က ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

"မင်းကို ကြည့်ရတာ နှစ်နှစ်ပဲ ကြီးသွားတာမဟုတ်လား။ အခု မင်းက ပိုပြီးတော့တောင် ချောလာသေးတယ်"

လစန္ဒာ ဘုရင်က ချက်ချင်းပဲ တိုက်ခိုက်နေရာကနေ ရပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီဘုရင်က ပိုပြီးတော့တောင် ချောလာတယ် ဟုတ်လား"

"ဒါပေါ့"

မာထို့ပေါင်က လေးလေးနက်နက် ပြောလိုက်ပါတယ်။ ပြီးတော့ ချာခနဲ လှည့်ပြီးတော့ စစ်ဘက်ဆိုင်ရာ အရာရှိတွေကို ပြောလိုက်တယ်။

"ငါ့ရဲ့ချစ်လှစွာသော အရာရှိတို့ လစန္ဒာ ဘုရင်က ပိုပြီးတော့ မချောလာဘူးလား"

"ဟုတ်ပါတယ်"

စစ်ဘက်ဆိုင်ရာ အရာရှိတွေက သူတို့ရဲ့ ခေါင်းတွေကို အလျင်အမြန် ညိတ်လိုက် ကြပါတယ်။

လစန္ဒာ ဘုရင်က မှန်ထဲမှာ သူ့မကိုယ်သူမ ခဏလောက် နောက်တစ်ကြိမ် ထပ်ကြည့်ပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောလိုက်ပါတယ်။

"ဒီဘုရင်လည်း သူ့မကိုယ်သူမ ပိုပြီးတော့ ချောလာတယ်လို့

ထင်တယ်"

မာထို့ပေါင်က စိတ်သက်သာရာ ရသွားပါတယ်။ နောက်ဆုံးတော့ ဒီအဆင့်ကို ဖြတ်ကျော်နိုင်ခဲ့ ပါပြီ။ သူက လင်းဟန်ဆီကို ကြည့်ပြီးတော့ သူ့လက်ကို ပွေ့ယမ်းပြီး ပြောလိုက်ပါတယ်။

"ဟေး ညီလေး လူညိုချော မင်းက လာပြီဆိုမှတော့ ဘာဖြစ်လို့ ဒီကို မလာတာလဲ"

လင်းဟန်က ဖန်ပိုယွမ်ဆီကို ကြည့်ပြီးတော့ သူ့ခေါင်းကို ညိတ်လိုက်ပါတယ်။ သူတို့က အစကတည်းက မာထို့ပေါင်နဲ့ တွေ့ဆုံဖို့ ဆုံးဖြတ်ထားခဲ့တာ ဖြစ်ပါတယ်။ သူတို့ လေးယောက်က အောက်ကို ဆင်းလာပြီး ရီရွှမ်းရွှမ်းကလည်း သူစိမ်းတစ်ယောက်လိုမျိုး မဟုတ်တဲ့အတိုင်း အောက်ကို ခုန်ဆင်းလာပြီး သူတို့နဲ့အတူ လျှောက်လာခဲ့ပါတယ်။

"ဖက်တီးမာ ဟီးဟီး။ အရှင်မင်းကြီးကို ဂါရဝ ပြုပါတယ်"

လင်းဟန်က သူ့လက်တွေကို ဆုပ်ပြီးတော့ ဂါရဝ ပြုလိုက်ပါတယ်။

"ရပ်လိုက် ရပ်လိုက်။ မင်းက ငါ့အင်ပါယာက မဟုတ်မှတော့ ဒီလိုမျိုး လုပ်နေစရာ မလိုပါဘူး"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့အကြည့်တွေက ဖန်ပိုယွမ်ပေါ်မှာ ခဏရပ်ပြီး စိုက်ကြည့်လိုက်ပေမဲ့ ရှီရွှမ်းရွှမ်း အပေါ်မှာ စူးစိုက်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ နဂါးဂုတ်ရိုးက လှုပ်ခါသွားပြီး သွေးကြောပုံစံ သင်္ကေတတွေ တောက်ပလာပြီးတော့ သူ့ကိုကြည့်ရတာ တိုက်ခိုက်တော့မဲ့ ပုံစံနဲ့ တူနေပါတယ်။

Chapter 694 end

zaw.အပိုင်း(၆၉၅) မွန်းစတား တစ်အုပ်

"အရှင်မင်းကြီး ဒီဘုရင်ကို ခွင့်ပြုလိုက်ပါ"

လစန္ဒာဘုရင်က အရှေ့ကို အလျင်စလိုနဲ့ တက်လာခဲ့ပါတယ်။

"အရှင်မင်းကြီးက ဖက်တီးစုတ် တစ်ယောက် အဖြစ်ကို ပြောင်းလဲသွားတယ် ဆိုပေမဲ့ အရှင်မင်းကြီးက တကယ်တော့ ငါ့ရဲ့ ကေရာဇ်ဖြစ်နေဆဲပါပဲ။ ဒါကြောင့်

ဒီဘုရင်က အရှင်မင်းကြီး ကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်မှာကို ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ”

“ချစ်ရပါသော ဗိုလ်ချုပ်”

မာထို့ပေါင်က စိတ်လှုပ်ရှားသွားခဲ့ပါတယ်။

“ဒီဘုရင်က ချောမောလှပပြီး အစွမ်းထက်တဲ့ အမျိုးသမီးတွေကို အမုန်းဆုံးပဲ”

လစန္ဒာဘုရင်က ဆက်ပြောလိုက်ပါတယ်။

မာထို့ပေါင်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားပါတယ်။

“ချစ်ရပါသော ဗိုလ်ချုပ် တကယ်လို့ မင်းက ဒီကောရာဇ်ကို နှစ်သိမ့်တာဆိုရင် တော်သေးတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ဖက်တီးအဖြစ် ပြောင်းသွားတာကို ထုတ်ပြောနေသေးတာလဲ”

ရီရွှမ်းရွှမ်းက တခစ်ခစ်နဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအမျိုးသမီးက ကိုယ့်ကိုကိုယ် ကမ္ဘာကြီးရဲ့ နံပါတ်တစ် အလှမယ်လို့ ယူဆထားပေမဲ့ ဒီမိန်းကလေးနဲ့ ယှဉ်လိုက်ရင် ငါက အပြတ်အသတ် ကျန်ခဲ့ပြီ။ နင် ပစ်မှတ်ထားနေတာ လူမှားနေပြီ မဟုတ်လား"

သူမက ကျူးရှမ်အာကို လက်ညိုးထိုး ညွှန်ပြလိုက်ပါတယ်။

လစန္ဒာ ဘုရင်က ကျူးရှမ်အာကို လှည့်ကြည့်ပြီးတော့ အံ့သြမှင်တက်သွားပြီး ပြောလိုက်ပါတယ်။

"အရှင်မင်းကြီး ဒီမိန်းကလေးက ထူးထူးခြားခြားကို လှလွန်းတယ်။ ဘာဖြစ်လို့ သူမကို ကေရီ အဖြစ် တော်မကောက်တာလဲ"

"ဟီးဟီး ဒါက ညီလေးညိုရဲ့ ဇနီးလေ။ ဘယ်လိုလုပ်ပြီး ဒီကေရာဇ်က တစ်စုံတစ်ယောက် နှစ်သက်မြတ်နိုးတဲ့ ပစ္စည်းကို လုယူလို့ ရနိုင်မှာလဲ"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူက ရီရှမ်းရှမ်းကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းဆီမှာ ဒီကျွှာကြီးထဲက အနံ့တစ်ခုမှ မရှိဘူး"

"ခစ်ခစ် ဒီဖက်တီးက ထင်ထားသလို မရိုးရှင်းဘူးပဲ"

ရီရွှမ်းရှမ်းက ဒါကို မငြင်းဆန်ပဲ ပြောလိုက်ပါတယ်။

"နင်တို့တွေက နှစ်ထောင်ပေါင်းများစွာ မြုပ်နှံခံထားရတဲ့ ရှေးဟောင်းပစ္စည်းတွေဖြစ်ပြီး ဒီအမျိုးသမီးကလည်း နှစ်ထောင်ပေါင်းများစွာ ပိတ်ခံထားရတယ်။ အကြောင်းအရာတွေက အတူတူပါပဲ"

သေစမ်း။ အားလုံးက လူထူးလူဆန်း အဆင့်တွေမှာပဲ။

"မင်းဆီကနေ ဒီကောရာဇ်က အန္တရာယ် အငွေ့အသက် တစ်ခု ရနေတယ်"

မာထို့ပေါင်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ဒီကောရာဇ်က မင်းကို ဖိနှိပ်ထိန်းချုပ်ဖို့ဆိုရင် ငါ့ရဲ့ခွန်အား အကုန်လုံး လိုအပ်တယ်လို့ ခံစားရတယ်"

လစန္ဒာ ဘုရင်က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့

ကေရာဇ် ခွန်အားက ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို သူမနားလည်ထားပါတယ်။

ရီရွှမ်းရွှမ်းက သူမရဲ့လက်ကို မြန်မြန်ပဲ ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအမျိုးသမီးမှာ ရည်မှန်းချက် မရှိသလို မကောင်းတဲ့ စိတ်တွေလည်း မရှိပါဘူး။ ဒီအတိုင်းပဲ လိုက်သွားနေတာပါ။ ဘယ်သူ့ကိုမှလဲ ထိခိုက်နာကျင်အောင် မလုပ်ပါဘူး။ ဒီအမျိုးသမီး အကြောင်းကို ဂရုစိုက်စရာ မလိုပါဘူး"

"ဂိုး"

လင်းဟန်ရဲ့ မျက်လုံးတွေ ပိုင်းသွားပါတယ်။

"ဟီးဟီး"

ရီရွှမ်းရွှမ်းက ခြောက်ကပ်ကပ် ရယ်မောလိုက်ပါတယ်။

"နင်ကတော့ ခြွင်းချက်ပေါ့"

"လာလာ ညီလေးညို ဒီကေရာဇ်နဲ့အတူ

သောက်ကြရအောင်။ မင်းဆီမှာ မေးခွန်းတွေ အများကြီး ရှိနေလိမ့်မယ်ဆိုတာ ဒီကောရာဇ် ယုံကြည်တယ်"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အားလုံးက အင်ပါယာ နန်းတော်ထဲကို ဝင်လာခဲ့ကြပါတယ်။ မာထို့ပေါင်က အင်ပါယာ ဥယျာဉ်ရဲ့ အလယ်မှာ ညှော့ခံစားပွဲတစ်ခု ခင်းကျင်းဖို့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီနောက် သူက စားပွဲထိပ်မှာ ထိုင်ပြီးတော့ ဖန်ပိုယွမ်၊ လင်းဟန်နဲ့ တခြားလူတွေက အစဉ်တိုင်း ထိုင်လိုက်ပြီး လစန္ဒာ ဘုရင်က နောက်ဆုံးခုံမှာ ထိုင်ပါတယ်။

"ကဲ ညီလေးညို ဒီကောရာဇ်ကို မင်းဘာများ မေးချင်လဲ"

လင်းဟန်က ခဏစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက ဘယ်အချိန်ကာလကလဲ"

"ဟဲဟဲ။ အဲဒါက အချိန်ကာလရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းရလိမ့်မယ်"

မာထို့ပေါင်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဒီကေရာဇ်ရဲ့ ဘုရင်ရှစ်ယောက်စလုံး ဒီကမ္ဘာကြီးထဲကို ရောက်လာပြီး ကမ္ဘာကြီးကို ပေါင်းစည်းခဲ့တယ်။ မင်းဒါတွေကို သတိပြုမိလာလိမ့်မယ်"

ဖန်ပိုယွမ်က ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ မြောက်ပိုင်းအစွန်အဖျား ဒေသကို ရောက်သွားတဲ့ အချိန်တုန်းက ဒီကမ္ဘာကြီးရဲ့ အသန်မာဆုံး အဆင့်ကို ရောက်နေတဲ့ ရောမ ငွေရောင်ပင့်ကူကြီး တစ်ကောင်နဲ့ ဆုံခဲ့တယ်။ အဲဒီပင့်ကူရဲ့ တိုက်ပွဲစွမ်းရည်က နတ်ဘုရား အဆင့်နီးပါးထိတောင် ရောက်နိုင်လောက်တယ်"

"ပိုး"

မာထို့ပေါင်က သူ့မျက်စိကို လှန်ကြည့်လိုက်ပါတယ်။

"ဒီကေရာဇ်က စီးစရာ အကောင်တစ်ကောင် လွဲသွားပြီပေါ့"

"ဟားဟားဟား ဖက်တီးစုတ်က ပင့်ကူတစ်ကောင်ကို စီးမယ်ဟုတ်လား။ ဒီမြင်ကွင်းက တကယ့်ကို ရယ်စရာ ကောင်းမှာပဲ"

လစန္ဒာ ဘုရင်က ချက်ချင်းပဲ အရွှန်းဖောက် လိုက်ပါတယ်။

"အဲဒီဧရာမ ပင့်ကူကြီးက ရှေးဟောင်းနယ်မြေ တစ်ခုကို စောင့်ကြပ်နေပြီး အဲဒီအောက်မှာ ရှေးဟောင်း ဂူဗိမာန်တစ်ခုရှိတယ်။ အဲဒီမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အနည်းဆုံး ရာနဲ့ချီ မြုပ်နှံထားပြီးတော့ သူတို့က သေနေပေမဲ့ ပျောက်ကွယ်မသွားပဲ လူသေစိတ်ဝိညာဉ် အမျိုးအစား တချို့အဖြစ်ကို ပြောင်းလဲသွားသလိုမျိုးပဲ"

ဖန်ပိုယွမ်က ဆက်ပြောလိုက်ပါတယ်။

မာထို့ပေါင်က ချက်ချင်းဆိုသလို စိတ်ဝင်စားသွားပုံ ရပြီးတော့ စပြီးစဉ်းစားနေပါတယ်။

လစန္ဒာ ဘုရင်ရဲ့ လှပတဲ့ မျက်လုံးတွေက ပိုင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်မင်းကြီး ဒီလူတွေက မြေအောက်ကမ္ဘာရဲ့ ထူးခြားတဲ့ ပညာရပ်တွေကို ကျင့်ကြံပြီး အလောင်းကောင်တွေအဖြစ် နတ်ဘုရားတွေ ဖြစ်လာဖို့ အားထုတ်နေတာလား"

"အရမ်းကို ဖြစ်နိုင်တယ်"

မာထို့ပေါင်က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါက တော်တော်လေး ပြဿနာ ရှိတယ်"

"အလောင်းကောင်တွေအဖြစ် နတ်ဘုရား ဖြစ်လာဖို့ဆိုတာက ဘာကြီးလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကမှ နတ်ဘုရားတစ်ပါး မဖြစ်နိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြီးမားတဲ့ ကပ်ဘေးဒုက္ခကြီး ဖြစ်လိမ့်မယ်"

မာထို့ပေါင်က ဖန်ပိုယွမ်ကို ကြည့်လိုက်ပါတယ်။

"အစ်ကိုဖန်က အဲဒါကို အာရုံရနေတာ တော်တော်ကြာနေပြီ မဟုတ်လား"

"အမှန်ပဲ"

ဖန်ပိုယွမ်က ခေါင်းညိတ်လိုက်ပါတယ်။

"နတ်ဘုရားဘုံကနေ ခင်းကျင်းထားတဲ့ သတ်ဖြတ်ခြင်း ဂင်္ဂပါ အစီအရင် တစ်ခုရှိနေပြီး သေမျိုးတွေကို နတ်ဘုရား ဖြစ်ခွင့်မပြုထားဘူး"

မာထို့ပေါင်ပုံစံက အတော်လေးကို အံ့အားသင့် သွားပုံရပြီး ပြောလိုက်ပါတယ်။

"မင်းတို့တွေက လျှို့ဝှက်ချက်တွေ အများကြီး သိထားလိမ့်မယ်လို့ ဘယ်လိုမှ ထင်မှတ်မထား မိခဲ့ဘူး"

သူက ခဏလောက် ရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့ လူတချို့မှာ နောက်ထပ်လမ်းကြောင်း တစ်ခုရှိထားတယ်။ သူတို့က ဒီနတ်ဘုရား လောကကို မဝင်နိုင်ဘူးဆိုရင် ဘာဖြစ်လို့ နောက်ထပ် နတ်ဘုရား လောကကို မဝင်နိုင်ရမှာလဲ"

"ဘာကိုပြောတာလဲ"

လင်းဟန်နဲ့ ဖန်ပိုယွမ်တို့ နှစ်ယောက်စလုံး အော်ဟစ်လိုက်ကြပါတယ်။ ရီရွှမ်းရွှမ်း တစ်ယောက်ပဲ မထူးဆန်းတဲ့ပုံစံမျိုး ဖြစ်နေပြီး ဒီအကြောင်းကို သူမ သိထားပြီးသားပုံစံပါပဲ။

"နောက်ထပ် နတ်ဘုရားလောက။ တနည်းအားဖြင့်တော့ မြေအောက်ကမ္ဘာလို့ ခေါ်တယ်"

မာထို့ပေါင်က ပြောပြလိုက်ပါတယ်။

"အဲဒါက လူသေစိတ်ဝိညာဉ်တွေရဲ့ နိုင်ငံတစ်ခု ဖြစ်တယ်။ အသက်ရှင်ခြင်းရဲ့ ဆန့်ကျင်ဘက်။ ကြေးမုံပြင် တစ်ခုရဲ့ တခြားတစ်ဖက်။ နတ်ဘုရားလောက နှစ်ခုက အဆင့်အတူတူပဲ။ ဒါပေမဲ့ ဒီကောရာဇ် ရရှိထားတဲ့ သတင်းအချက်အလက်တွေ အရတော့ နတ်ဘုရားလောက နှစ်ခုက အမြဲတမ်း တိုက်ခိုက်နေကြပြီး တစ်ဖက်နဲ့တစ်ဖက် ဖျက်ဆီးပစ်ဖို့ ကြိုးစားနေကြတယ်"

လင်းဟန်နဲ့ ဖန်ပိုယွမ်တို့ နှစ်ယောက်စလုံး ပြောစရာစကား ကင်းမဲ့ကုန်ပါတယ်။ ဒီအံ့အားသင့်စရာ သတင်းကို ဖြည်းဖြည်းလေး လက်ခံလိုက်ရပါတယ်။

"ဒီကေရာဇ်က နတ်ဘုရား လောက နှစ်ခုရဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အများကြီး နားလည်ထားတာ မရှိဘူး။ ဒါပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ကူးဖြတ်ပြီးတော့ လေဟာနယ်ကို စုတ်ဖြဲပြီးတဲ့ နောက်မှာ သိုင်းပညာရှင်တွေက နတ်ဘုရားဘုံကို ဝင်ရောက်တာက ရိုးရာလိုဖြစ်နေပြီး သေနေတဲ့ လူသေတွေရဲ့ စိတ်ဝိညာဉ်ကတော့ မြေအောက်ကမ္ဘာကို ဝင်ရောက်ကြရတယ်"

မာထို့ပေါင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် အဲဒီဂူဗိမာန်ထဲက လူတွေကို ကြည့်ရတာ မြေအောက်ကမ္ဘာ ယင်သွေးကြောတွေကို အကျိုးရှိရှိ အသုံးချပြီးတော့ သူတို့ခန္ဓာကိုယ်တွေကို သေခြင်းစိတ်ဝိညာဉ်တွေရဲ့ ခန္ဓာကိုယ် အဖြစ်ကို ပြောင်းလဲပြီးတော့ မြေအောက်ကမ္ဘာကို ဝင်ဖို့ ဖြစ်မယ်"

မာထို့ပေါင်က မျက်မှောင်ကြုတ်သွားပြီး ပြောလိုက်ပါတယ်။

"မြေအောက်ကမ္ဘာနဲ့ ဒီဘုံက ချိတ်ဆက်မိသွားတဲ့ အချိန်ကျရင် ဒီဘုံထဲကို မြေအောက်ကမ္ဘာ ချီတွေက သေချာပေါက် ဝင်လာလိမ့်မယ်။ ဒါက သာမန်

သက်ရှိစိတ်ဂိညာဉ်တွေအတွက် လုံးဂကို ကပ်ဘေးတစ်ခု ဖြစ်ပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အရာပဲ ဖြစ်တယ်”

လင်းဟန်လည်း သက်ပြင်းချ လိုက်ပါတယ်။ အခုမှ တကယ့်ကို ဒုက္ခနဲ့ လှလှတွေ့တာ ဖြစ်ပါတယ်။

သူက တစ်ချက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“အရှင်မင်းကြီးက....”

သူက စကားကို ဖြတ်လိုက်ပြီး မိုးကောင်းကင်ကို ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးနိုင်မလား”

မာထို့ပေါင်က ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် အဲဒါကို ကိတ်မုန့်လို့ခေါ်တာပေါ့”

သူက ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ကိတ်မုန့်ကိုလီးတာက ကြီးမားတဲ့ တာဝန်ယူမှု တာဝန်ခံမှု ရှိရသလို ကြီးကျယ်ခမ်းနားတဲ့ ကံကြမ္မာ တစ်ခုလည်း လိုသေးတယ်"

"ကံကြမ္မာ ဟုတ်လား"

လင်းဟန်က သံယောင်လိုက် လိုက်ပါတယ်။

"တစ်ခုက အသက်၊ ဒုတိယက ကံကြမ္မာနဲ့ တတိယမြောက်က အစီအစဉ်ပဲ"

မာထို့ပေါင်က ပြောလိုက်တယ်။

"မွေးကတည်းက ရေစက်ပါပြီးသား မွေးဖွားရာ ဇာတာခွင်ထဲက ဘဂဖြစ်ရမယ်။ ဒါက မင်းအတွက် မိုးကောင်းကင်က စီမံပေးထားတဲ့ အရာဖြစ်ပြီး ဒီကံကြမ္မာကနေ ဘယ်လိုမှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ တချို့လူတွေက ကေရာဇ်တွေ ဖြစ်နိုင်ပြီး တချို့ကတော့ မဖြစ်နိုင်ဘူး။ သူတို့မှာ လုံလောက်တဲ့ ကံကြမ္မာ မရှိဘူးဆိုရင် ဒီနေရာမှာ သူတို့က ထိုင်နိုင်မှာ မဟုတ်ဘူး"

မာထို့ပေါင်က လင်းဟန်ကို ကြည့်ပြီးတော့

ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ညီလေးလူညိုချော မင်းရဲ့ မွေးဖွားရာ ကံဇာတာက အရမ်းကို ထူးဆန်းတယ်။ မိုးကောင်းကင်ကို ဆန့်ကျင်ပြီး မင်းဘဝကို ပြောင်းလဲသလိုမျိုးပဲ ဒီကမ္ဘာကြီးထဲမှာ မပါဝင်ဘူး။ မိုးကောင်းကင်က မင်းကို ထိန်းချုပ်လို့ မရနိုင်ဘူး"

"ဒီအမျိုးသမီးက ဒီကောင်စုတ်လေး နည်းနည်းတော့ ထူးဆန်းတယ်လို့ ခံစားနေရတာ အံ့ဩစရာ မဟုတ်တော့ဘူးပဲ။ အခုမှ ရှင်းသွားတော့တယ်"

ရီရွှမ်းရွှမ်းက စားပွဲခုံကို အမှတ်တမဲ့ ရိုက်လိုက်ပြီး ပန်းကန်လုံးတွေ တူတွေကို လွင့်သွားစေပါတယ်။

"ဟားဟား မင်းကလည်း ဒီဘုံက လူတစ်ယောက် ဟုတ်လို့လား"

ဒီဘုံမှာ မွေးဖွားလာရင် ဒီကမ္ဘာကြီးရဲ့ မိုးကောင်းကင်နဲ့ မြေကြီးရဲ့ လွှမ်းမိုးမှုကို ခံရပါလိမ့်မယ်။ ပြီးတော့ လူတစ်ယောက်ရဲ့ ကံဇာတာကို မိုးကောင်းကင်က ဆုံးဖြတ်ပေးပါလိမ့်မယ်။

"နောက်ပြီးတော့ ဟူးညို။ သူမရဲ့ မွေးဖွားရာ ကံဇာတာကလည်း ခန့်မှန်းလို့ မရနိုင်သလို ကံကြမ္မာကလည်း ခန့်မှန်းလို့ မရဘူး"

မာထို့ပေါင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်ကို ကြည့်ရတာ မိုးကောင်းကင်နဲ့ မြေကြီးရဲ့ မြစ်ထဲကနေ ခုန်ထွက်ပြီး ဒီအထဲမှာ ဆက်ပြီးတော့ ငါးတစ်ကောင် ဖြစ်တော့မှာ မဟုတ်သလို ဒီကမ္ဘာကြီးကလည်း လွှမ်းမိုးနိုင်လိမ့်မှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း ဒီဘုံမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်"

မာထို့ပေါင်က ခေါင်းစဉ်ကို ပြန်ဆွဲခေါ်လာပါတယ်။

"ဘုံတစ်ခုက သူ့ကိုယ်ပိုင် အကြောင်းပြချက်အတွက် တည်ရှိတာဖြစ်တယ်။ ဒီလိုမျိုးပေ့ါ။ တကယ်လို့ မင်းက ဓားတစ်လက်ကို သွန်းလုပ်မယ်ဆိုရင် တကယ်လို့ မင်းက အဲဒါကို ဖျက်ဆီးပစ်ချင်ရင် ချက်ချင်းပဲ ဓားသွားကို ထိခိုက်အောင် လုပ်ပစ်နိုင်တယ်။ ဒီကမ္ဘာကြီးရဲ့

ကောင်းကင်နဲ့ မြေကြီးက သူတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းကို ဖန်တီးထားတယ် ဆိုမှတော့ အဲဒါကို ဖျက်ဆီးပစ်ဖို့ ဆန္ဒရှိလိမ့်မှာ မဟုတ်ဘူး”

“ဒါဆိုရင် ကိတ်မုန့်လီးဖို့ဆိုတာက ကောင်းကင်နဲ့မြေကြီးရဲ့ ရန်သူတစ်ယောက် ဖြစ်လာမယ်လို့ ပြောတာလား”

“ဒါပေမဲ့ တကယ်လို့ ကိတ်မုန့်ကိုလီးတာက တကယ်အောင်မြင်နိုင်ရင် ဒီဘုံက ပိုမြင့်တဲ့ အဆင့်တစ်ခုကို မြင့်တက်သွားလိမ့်မယ်။ အဲဒါက ရောမ နက်ရှိုင်းမှု တစ်ခုဖြစ်ပြီး ကံကောင်းခြင်းလို့ ခေါ်တယ်”

“အဲဒီအချိန်ကျရင် ကံကြမ္မာရဲ့ ကောင်းချီးပေးမှုနဲ့အတူ ကိတ်မုန့်ကို လီးဖြတ်ခဲ့တဲ့လူက မြေကြီးတောင် တုန်ခါသွားစေမဲ့ ပြောင်းလဲမှုတစ်ခုနဲ့ ကြုံရမယ်။ ဖြစ်နိုင်တာက နတ်ဘုရား ကံဇာတာထက် အဆပေါင်း များစွာ သာလွန်မှုနဲ့တောင် ကြုံတွေ့နိုင်တယ်”

လင်းဟန်က သိချင်စိတ်တွေ ပြင်းပြလာပြီးတော့ မေးလိုက်ပါတယ်။

“ဒါဆိုရင် နိုင်ငံရဲ့ စွမ်းအားကရော ဘယ်လိုဖြစ်မလဲ”

"သာမန်လူတွေရဲ့ အထင်ကြီးလေးစား ကြည်ညိုမှုတွေကနေ ကြိုးပမ်းအားထုတ်မှုတွေ အားလုံးက အောင်မြင်သွားလိမ့်မယ်။ ပြီးတော့ သာမန်လူတွေရဲ့ နှလုံးသားကို ဆန့်ကျင်ဖို့ ကြိုးစားအားထုတ်မှုတိုင်းက ကျရှုံးလိမ့်မယ်"

မာထို့ပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နိုင်ငံတစ်ခုကို တည်ထောင်ပြီးတဲ့ နောက်မှာ လူတွေရဲ့ သာမန်ကြည်ညိုလေးစားမှုတွေ ရှိလာလိမ့်မယ်။ ပြီးတော့ ဒီကြည်ညိုမှုတွေက ယုံကြည်မှု အမျိုးအစား တစ်ခုဖြစ်သလို စွမ်းအား အမျိုးအစား တစ်ခုလည်း ဖြစ်တယ်"

"အားလုံးရဲ့ ထောက်ပံ့ပေးမှုနဲ့ဆိုရင် မင်းက နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုကို လက်ခံရရှိလိမ့်မယ်။ ပြီးတော့ အဆပေါင်းများစွာ ဆယ်ဆ ဒါမှမဟုတ် အဆခုနစ်ရာနဲ့ မင်းကိုယ်တိုင် ကြံ့ကြံ့ခံနိုင်လောက်တဲ့အထိ စွမ်းအားတွေကို ထိန်းချုပ်လာနိုင်မယ်"

"တကယ်လို့ မင်းက သူတို့ရဲ့ အထောက်အပံ့ကို ဆုံးရှုံးမယ်ဆိုရင် နိုင်ငံစွမ်းအားက ဆန့်ကျင်ဘက်

အကျိုးသက်ရောက်မှု ရှိလာလိမ့်မယ်။ မင်းရဲ့ခွန်အားကလည်း ဂန်ထုပ်ဂန်ပိုး ဖြစ်လာမယ်”

Chapter 695 end

zaw.အပိုင်း(၆၉၆) ကမ္ဘာအနှံ့လျှောက်သွားဖို့ ရှုရှုရန် ထွက်လာပြီ

နိုင်ငံရဲ့ စွမ်းအားက အသွားနှစ်ဖက်ပါတဲ့ ဓားတစ်ချောင်းလိုပါပဲ။

တကယ်လို့ မင်းက နိုင်ငံတစ်ခုကို အုပ်ချုပ်မယ်ဆိုရင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စည်ပင်ဂပြောပြီး ကြွယ်ဂချမ်းသာအောင် အုပ်ချုပ်မယ်ဆို နိုင်ငံရဲ့ စွမ်းအားက အပေါင်းလက္ခဏာဆောင်တဲ့ အာနိသင် ဖြစ်လာပြီး မင်းရဲ့ခွန်အားကို တစ်ဟုန်ထိုး မြင့်တက်သွားစေပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ မင်းက အာဏာရှင် တစ်ယောက်လိုမျိုး လူတွေကို နှိပ်စက်အနိုင်ကျင့် အုပ်ချုပ်မယ် ဆိုရင်တော့ နိုင်ငံစွမ်းအားက အနုတ်လက္ခဏာဆောင်မှာ ဖြစ်ပြီးတော့ ဖြည့်စွက်ပေးတဲ့ အာနိသင် အကျိုးကျေးဇူးတွေကို မရနိုင်ရုံတင်မက ခွန်အားကိုပါ လျော့ကျသွားပါလိမ့်မယ်။

ဒါကြောင့် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက အကျိုးကျေးဇူးကို သိပေမဲ့ နိုင်ငံရဲ့ စွမ်းအားကို အသုံးမပြုခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် လောကဘုံ ဆေးလုံးကို မွှန်းမံသန့်စင်တဲ့ အချိန်မှာ လူတွေက ပြင်းပြင်းထန်ထန် သဘောထား ကွဲလွဲမှုတွေနဲ့ စည်းလုံးမှု မရှိဖြစ်လာရင် အဆုံးမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ လောကဘုံ ဆေးလုံးရဲ့ အရည်အသွေးကို တန်းပြီးတော့ အကျိုးသက်ရောက် သွားပါမယ်။

"ညီလေးညို့ အခု မင်းဒီကေရာဇ်ကို လက်တစ်ဖက် ကူညီပေးဖို့ ဆန္ဒရှိရဲ့လား"

မာထို့ပေါင်က အားပါးတရ ပြုံးပြီးတော့ အဖြေကို စောင့်မျှော်နေပါတယ်။

ကံကြမ္မာရဲ့ မြစ်ထဲကနေ ခုန်ထွက်မဲ့ လူတွေဆိုတာက တွေ့မြင်ရဖို့ အရမ်းကို ရှားပါးလွန်းပါတယ်။ ပြီးတော့ ဒီနေရာမှာ နှစ်ယောက်တောင် ရှိနေပါတယ်။ ဒါက ထူးခြားဆန်းကြယ်ပြီး ရှောင်လွဲမရတဲ့ ဖန်တီးစီစဉ်မှု တစ်ခုလိုမျိုးပါပဲ။

လင်းဟန်က တစ်ချက်စဉ်းစားလိုက်ပြီးတော့ ပြောလိုက်တယ်။

"ငါ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ပြန်သွားပြီးတော့ လူတွေကို ပိုပြီးဆွဲဆောင်စည်းရုံးပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ထိန်းချုပ်မှု အောက်ကနေ ခွဲထွက်ရမယ်။ ပြီးတော့ အချိန်ကျလာရင် သူတို့ကို ခရမ်းရောင်လ အင်ပါယာဆီကို ငါခေါ်လာခဲ့မယ်"

"ကောင်းတယ်"

မာထို့ပေါင်က လက်ခုပ်တီးပြီးတော့ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို ပျော်ရွှင်ကျေနပ်နေပုံရတယ်။

"ဒါဆိုရင် ဒီကောရာဇ်က မင်းကို နံပတ်ကိုး ဘုရင်ဘွဲ့ကို ချီးမြှောက်ပေးမယ်"

"မလုပ်နဲ့"

လင်းဟန်က သူ့လက်ကို အလျင်အမြန်ပဲ ခါလိုက်ပါတယ်။

"ငါစိတ်မဝင်စားဘူး။ နောက်ပြီးတော့ မင်းလိုမျိုး ဖက်တီးတစ်ယောက်ကို အလုပ်အကျွေးပြုဖို့စိတ် တော်တော်လေးကို နည်းတယ်။ နေအိမ်မရှိတဲ့ ကြီးကြောင်ကုက် တစ်ကောင်လိုမျိုး လွတ်လွတ်လပ်လပ်နဲ့ ထိန်းချုပ်မှု မရှိတာကမှ ပိုကောင်းလိမ့်မယ်"

လစန္ဒာ ဘုရင်က တခစ်ခစ် ရယ်မောပြီးတော့ လင်းဟန်ကို ကြည့်လိုက်ပြီး ပြောပါတယ်။

"ဒီဘုရင်က မင်းလိုလူမျိုးကို သဘောကျတယ်"

"ညီးညီးရဲ့ လင်းဟန်ကို သဘောကျတာကို ခွင့်မပြုနိုင်ဘူး"

ဟူးညိုက ချက်ချင်းပဲ လင်းဟန်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး လစန္ဒာ ဘုရင်ကို စိုက်ကြည့်လိုက်ပါတယ်။

"အားလုံးပဲ။ အားလုံးရဲ့ အနာဂတ်အတွက် ကျေးဇူးပြုပြီး ဒီဧကရာဇ်ကို လက်တစ်ဖက် ငှားကြပါ"

မာထို့ပေါင်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

ဖန်ပိုယွမ်နဲ့ လင်းဟန်တို့ နှစ်ယောက်စလုံးက ခေါင်းညိတ်လိုက်ကြတယ်။ ရီရှွမ်းရှွမ်းကတော့ တစ်ချက်သမ်းပြီးတော့ လုံးဝကို စိတ်ဝင်စားပုံ မပြပါဘူး။

"အရှင်မင်းကြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက နှစ်ပေါင်းတစ်သောင်းလောက် စုစည်းထားလို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက ရာနဲ့ချီပြီး ရှိလိမ့်မယ်။ သူတို့ကို တန်ပြန်ဖို့ အစီအစဉ် ရှိလား"

လင်းဟန်က မေးလိုက်ပါတယ်။

မာထို့ပေါင်က ယုံကြည်မှု အပြည့်ရှိတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ဒီကေရာဇ်ရဲ့ ဘုရင်ရှစ်ယောက်ထဲမှာ တစ်ယောက်စီက ဆယ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်တယ်။ ဒီကေရာဇ်က ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်ခြင်း မရှိဘူး။ တကယ်လို့ စိုးရိမ်ပူပန်ရမယ် ဆိုရင်တော့ အကြောင်းအရာ နှစ်ခုပဲရှိတယ်။ တစ်ခုက နတ်ဘုရားဘုံက လှုပ်ရှားလာမဲ့အချိန်နဲ့ ဒုတိယ တစ်ချက်က မြေအောက်ကမ္ဘာရဲ့ ထူးခြားတဲ့ ပညာရပ်တွေကို ကျင့်ကြံအားထုတ်နေတဲ့ လူတွေပဲ"

"အလောင်းတစ်ထောင် ဂိုဏ်းကိုလည်း လျော့တွက်လို့တော့ မရနိုင်ဘူး"

လင်းဟန်က ပြောလိုက်တယ်။

"ကိစ္စမရှိပါဘူး။ နှစ်ပေါင်းတစ်သောင်းလောက် စုစည်းခြင်း မရှိဘူးဆိုရင် အလောင်းတစ်ထောင် ဂိုဏ်းကလည်း သာမန်လို့ ပြောလို့ရနိုင်တယ်"

မာထို့ပေါင်က လုံးဂကို ဂရုမစိုက်ပါဘူး။

"လာလာ သောက်ကြမယ် စားကြမယ်"

အားလုံးက ပိုင်အရက်တွေကို သောက်လိုက်ကြပြီး မိုးကောင်းကင်ကို ဖွင့်ပစ်မဲ့ အကြောင်းကို ဆက်ပြီးတော့ မပြောတော့ပါဘူး။

လင်းဟန်က စိတ်ထဲကနေ မျှော်စင်လေးကို မေးလိုက်ပါတယ်။

"ငါ့မွေးဖွားရာ ဇာတာခွင် ပြောင်းလဲသွားခဲ့တာ မင်းရဲ့

လက်ဆော့မှုကြောင့် ပြောင်းလဲသွားခဲ့ တာလား"

"အဲဒီအတွက် ငါလက်ဆော့ဖို့ မလိုပါဘူး။ မင်းရဲ့ စိတ်ဂိညာဉ် နှစ်ခု ပေါင်းစည်းသွားတာကြောင့် မွေးဖွားရာ ဇာတာခွင်ကလည်း ပြောင်းလဲသွားခဲ့တာ"

မျှော်စင်လေးက ခပ်ပေ့ါပေ့ါပဲ ပြောလိုက်တယ်။

"နောက်ပြီးတော့ ဒီကဗ္ဗာကြီးရဲ့ စည်းမျဉ်းစည်းကမ်းတွေက မပြည့်စုံဘူး။ မွေးဖွားရာ ဇာတာခွင် ပြောင်းလဲဖို့ဆိုတာက လက်တစ်ဖက်ကို လှန်ပစ်လိုက်သလို လွယ်လွန်းတယ်။ အံ့အားသင့်နေဖို့ မလိုပါဘူး"

အံ့အားသင့်ဖို့ မလိုတာကပဲ ထူးဆန်းနေပါလိမ့်မယ်။

"မင်းငါ့ကို မပြောရသေးတဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေတယ် မဟုတ်လား"

လင်းဟန်က ရုတ်တရက် ပြောလိုက်ပါတယ်။

မျှော်စင်လေးက ခဏလောက် အသံတိတ်သွားပြီးမှ ပြောလိုက်တယ်။

"မင်းသိဖို့ လိုလာတဲ့ အချိန်ကျရင် မင်းကို ပြောပြမှာပေါ့"

သေစမ်းကွာ။ ဒီစိတ်ဂိညာဉ် ပစ္စည်းက မျှော်လင့်ထားတဲ့အတိုင်း ဖုံးကွယ်ထားတဲ့ ကိစ္စတွေ ရှိနေတာပဲ။

လင်းဟန်မှာ တခြားနည်းလမ်း မရှိတော့ပါဘူး။ သူက အနက်ရောင် မျှော်စင်ရဲ့ သခင်ဖြစ်နေပေမဲ့ မျှော်စင်လေးရဲ့ ထောက်ခံမှုကိုပဲ ရရှိထားသေးတာပါ။ ဒါကြောင့် သူ့အနေနဲ့ ဘာမှမတတ်နိုင်ပဲ ကြည့်နေလိုက်ရုံပါပဲ။ ဒီနတ်ဘုရားပစ္စည်းက သူ့ကို အပြည့်အဝ အသိအမှတ်မပြုသေးဘူး ဆိုတာ ပေါ်လွင်ပါတယ်။ ပြီးတော့ အတိအကျ ပြောရမယ်ဆိုရင် သူက ဒါကို အခု ငှားရမ်းနေတာ ဖြစ်ပါတယ်။

"မင်းက ကိုယ့်ဆရာသခင်ကို ပြန်ပြီးတော့ အနိုင်ကျင့်တဲ့ မဟာပစ္စည်းတစ်ခုပဲ။ ဘယ်လိုတောင် ရွံ့စရာကောင်းပြီး အမိန့်မနာခံတာလဲ"

"ဟီးဟီး"

မျှော်စင်လေးက သူ့ကို မျက်နှာသာပေးပြီး အနည်းဆုံးတော့ ရယ်ပြလိုက်ပါတယ်။ ဒါပေမဲ့ သူ့ကို ဆက်ပြီးတော့ အာရုံထဲ မထည့်ပါဘူး။

လင်းဟန်နဲ့ မာထို့ပေါင်တို့က အချိန်အတော်ကြာအောင် စကားပြောခဲ့ကြပါတယ်။ သူက မာထို့ပေါင်ကို ဇီရှုရန်ဆီက ရှာတွေ့ခဲ့တဲ့ အရာတွေ အကြောင်းကို ပြောပြခဲ့ပါတယ်။ ပြီးတော့ မာထို့ပေါင်ကလည်း မိုးကောင်းကင်ကို စုတ်ဖြဲခြင်းနဲ့ နိုင်ငံရဲ့ စွမ်းအားကို အကျိုးရှိရှိ အသုံးချဖို့ အတိမ်းအစောင်း မခံတဲ့ အရာတချို့ကို နမြောတွန့်တိုခြင်း မရှိပဲ ဝေမျှခဲ့ပါတယ်။

အဲဒီနောက်မှာ လစန္ဒာ ဘုရင်က စစ်တပ်ကို ဦးဆောင်ပြီးတော့ တိုက်ခိုက်ပြီး ခရမ်းရောင်လ အင်ပါယာရဲ့ နယ်မြေတွေကို အရှိန်အဟုန် မြှင့်တင်ပြီး ချဲ့ထွင်နေပါတယ်။

ဒီအင်ပါယာက အတိတ်တုန်းက အစွမ်းထက်တဲ့ ဘုရင်ရှစ်ပါးကို မှီခိုပြီးတော့ လေးယောက်ကို ရှာတွေ့ထားပြီး ကျန်တဲ့ လေးယောက်ကတော့ မြေကြီးအောက် ဘယ်နေရာမှာ နှစ်မြုပ်နေတယ် ဆိုတာကို ဘယ်သူသိမှာလဲ။ အချိန်တွေ အများကြီး ကုန်လွန်ခဲ့ပြီ ဆိုမှတော့ လင်းဟန်က အကန့်အသတ်မဲ့ တောင်တန်းကို ရှာမတွေ့နိုင်သလိုမျိုး

မာထို့ပေါင်လည်း သူ့ရဲ့ ဘုရင်ရှစ်ပါးကို ရှာဖွေရတာ လွယ်ကူတဲ့ အရာတစ်ခုတော့ မဖြစ်နိုင်ပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ဘုရင်ရှစ်ပါးကို မြှုပ်နှံခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းတုန်းကလို မဟုတ်ပဲ ကုန်းမြေတွေက ပြောင်းလဲသွားပါပြီ။ တကယ်လို့ သူတို့ကို မြှုပ်နှံထားတဲ့ တည်နေရာကို ရှာတွေ့ရင်တောင် လူတွေကို ရှာတွေ့နိုင်ချင်မှ ရှာတွေ့နိုင်ပါလိမ့်မယ်။ ဒါမှမဟုတ် ငလျင်ဒဏ်တွေ ခံရပြီးတော့ မြေကြီးအောက်ကို မိုင်ပေါင်းရာနဲ့ချီအောင် နစ်မြုပ်သွားခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

လင်းဟာန်က လစန္ဒာ ဘုရင်နဲ့အတူ ခရီးထွက်လာခဲ့ပါတယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ နယ်စပ်ကို ရောက်တဲ့အချိန်မှာ သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။

ရီရွှမ်းရှမ်းနဲ့ ဖန်ပိုယွမ်တို့ တိုက်ခိုက်နေတာကို အခွင့်ကောင်း ယူပြီးတော့ လင်းဟာန်က အပေးကို ထွက်ပြေးလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီမကောင်းဆိုးဝါး မိန်းမက အလျှော့ပေးဦးမှာ မဟုတ်ပါဘူး။

ခရမ်းရောင်လ အင်ပါယာရဲ့ ဘုရင်သုံးပါးက သူတို့ရဲ့ လမ်းကြောင်းမှာ ပြိုင်ဘက်ကင်း ကြပါတယ်။ ပြီးတော့ အလယ်ပိုင်း ဒေသရဲ့ ဆယ်ပုံတစ်ပုံကိုတောင် ရယူထားနိုင်ပါတယ်။ ပိုင်နက်တစ်ခုတည်း ပတ်သက်လာရင် ခရမ်းရောင်လ အင်ပါယာက နံပါတ်တစ် အင်အားစုဆိုတဲ့ နာမည်နဲ့ ထိုက်တန်ပါတယ်။

ဒါပေမဲ့ သိုင်းပညာရှင်တွေရဲ့ ကမ္ဘာကြီးထဲမှာ သန်မာအစွမ်းထက်မှုက ပိုင်နက်အပေါ်မှာ အခြေခံတာ မဟုတ်ပေမဲ့ လက်ရွေးစင် အရေအတွက်နဲ့ အရည်အသွေး အပေါ်မှာ အခြေခံပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ခုခံမှုကလည်း ပိုပြီးတော့ အားကောင်းသန်မာ လာခဲ့ပါတယ်။ ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်ရဲ့ နယ်မြေချဲ့ထွင်မှုမှာ အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိလာပြီးတော့ အခုဆိုရင် မြို့တစ်မြို့ကို သိမ်းပိုက်တဲ့ အခါမှာ အချိန်တွေနဲ့ တန်ကြေးကြီးကြီး တစ်ခုတော့ ပြန်ပေးရဖို့ လိုအပ်လာခဲ့ပါတယ်။ နောက်ပြီးတော့ အောင်မြင်မှုကလည်း မတည်မငြိမ် ဖြစ်လာပြီး အောင်မြင်မှု ရပြီးတဲ့နောက် သူတို့တွေ ထွက်လာတဲ့ အချိန်မှာ နောက်တဒင် အချိန်မှာ မြို့ရိုးထိပ်မှာ အလံနောက်တစ်ခု ပြောင်းလဲသွားပါလိမ့်မယ်။

ဒီလိုအခြေအနေမျိုးမှာ လင်းဟန်က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို ပြန်ရောက်လာခဲ့ပါတယ်။

လင်းဟန်ကို မြင်တဲ့ လူတိုင်းက သူတို့ရဲ့ လက်ညိုးတွေနဲ့ သူ့ကိုထိုးပြီးတော့ ဆေဘာဓား ဘုရင်လေးကို ရက်ရက်စက်စက် သတ်ပစ်ခဲ့တဲ့ လူဆိုပြီး တီးတိုးပြောဆိုနေကြပါတယ်။ ဒါပေမဲ့လည်း လူအများကြီးရဲ့ အကြည့်တွေမှာ ကြည်ညိုမှုတွေနဲ့ ပြည့်မနေပဲ လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုးကို နှစ်သက်သဘောကျနေပုံ ရပါတယ်။

လင်းဟန်က လီပါးစပ်ကြီးနဲ့ တွေ့လိုက်တဲ့ အချိန်မှာ ဘာကြောင့်လဲ ဆိုတာကို နားလည်သွားခဲ့ပါတယ်။

ရှုရှုရန်က အပြင်ကို ထွက်လာပြီး ကမ္ဘာအနှံ့ ခရီးထွက်လာပါပြီ။

သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို မရောက်သေးပဲ လမ်းတစ်လျှောက် သူ့ကိုယ်သူ အကြမ်းခံနိုင်အောင် နာမည်ကြီးတဲ့လူတွေ

အမျိုးမျိုးကို စိန်ခေါ်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးကို ဆေဘာဓား တစ်ချက်တည်းနဲ့ပဲ အနိုင်ယူခဲ့ပြီး ခြွင်းချက်တစ်ယောက်မှ မရှိပါဘူး။

ပြီးတော့ ဒီလူရဲ့ ကျင့်ကြံခြင်း အဆင့်က အံ့အားသင့်စရာ ကောင်းလောက်အောင် စိတ်ဂိညာဉ် နတ်သူငယ် အဆင့်မှာပဲ ရှိနေပါသေးတယ်။

နောက်ထပ် လူထူးလူဆန်းတစ်ယောက် ပေါ်လာခဲ့ပါပြီ။

ဆေဘာဓား ဘုရင်လေးကို သူနဲ့နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အပြတ်အသတ်ကို ကျန်ခဲ့ပါတယ်။

ရှုရှုရန်က ပြောပါသေးတယ်။ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို သူရောက်လာတဲ့ အချိန်က လင်းဟာန်ကို ခေါင်းဖြတ်ကွပ်မျက်မဲ့ နေ့ပဲ ဖြစ်ပါတယ်တဲ့။

အခုဆို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ တပည့်တွေက ရှုရှုရန် ရောက်လာပြီး လင်းဟာန်ကို ကွပ်မျက်မဲ့ နေ့ရက်ကို မျှော်လင့်နေကြပြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို

ပြန်ဆယ်ဖို့ မျှော်လင့်နေ ကြပါတယ်။

ဒီသတင်းကို ကြားပြီးတော့ လင်းဟန်က ရိုးရိုးလေးပဲ ထူးဆန်းစွာ ပြုံးလိုက်တယ်။ သူက အခုဆိုရင် သူ့စိတ်ကို ရှင်းရှင်းထားပြီး တခြားလူတွေ အပေါ်မှာ နာမည်ကြီး ရေပန်းစားဖို့ အကြောင်းနဲ့ ပတ်သက်ပြီး အတွေးမျိုး မရှိပါဘူး။ ဒါပေမဲ့ ဒီကမ္ဘာကြီး တစ်ခုလုံးအကြောင်းနဲ့ ပတ်သက်ရင်တော့ သူက ရှုရှုရန်ကို ဘယ်လိုလုပ် ဂရုစိုက်နိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟန်က သူ့ရဲ့အကာအကွယ်တွေ ပစ်ချထားလိုက်ပြီလို့ ဆိုလိုတာ မဟုတ်ပါဘူး။ သူ့ကိုယ်သူ အရမ်းကို ယုံကြည်မှု ရှိနေရုံလေးပါ။ အဆင့်တူထဲမှာ တိုက်ခိုက်ရမယ် ဆိုရင်တော့ သူက ဘယ်လိုလုပ်ပြီးတော့ တခြားလူကို ရှုံးနိုင်မှာလဲ။

အဲဒီအချိန်မှာပဲ ရှေ့တန်းစစ်မျက်နှာကနေ အံ့အားသင့်စရာကောင်းတဲ့ သတင်းတွေ ပျံ့နှံ့လာခဲ့ပါတယ်။ ခရမ်းရောင်လ အင်ပါယာနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ပြင်းထန်တဲ့ တိုက်ပွဲမှာ ကောင်းကင်နဲ့ မြေကြီးတွေ အပိုင်းပိုင်းအစစ ပျက်စီးကုန်ပြီး ရေးပဟောင်းနယ်မြေ တစ်ခုရဲ့ ဂင်ပေါက်က ထွက်ပေါ်လာခဲ့တယ်ဆိုတဲ့ သတင်းပဲ

ဖြစ်ပါတယ်။

အခုဆို စစ်တပ်နှစ်ခုလုံးက ယာယီအားဖြင့် စစ်ပွဲကို ရပ်ဖို့ နှစ်ဖက်သဘောတူညီပြီး ကျွမ်းကျင်သူတွေ စုဖွဲ့ပြီးတော့ ရှေးဟောင်းနယ်မြေထဲကို ဝင်ရောက်ကာ အထဲက ရတနာ ပစ္စည်းတွေကို ရှာဖွေဖို့ သဘောတူခဲ့ ကြပါတယ်။

နှစ်ဖက်အင်အားစုတွေ သဟဇာတ ဖြစ်ဖို့အတွက် သူတို့ရဲ့ လက်နက်တွေကို ချထားပြီးတော့ ရှေးဟောင်းနယ်မြေထဲကို ဝင်ရောက်ကာ ရတနာတွေ ရှာဖွေဖို့ ဖြစ်ပါတယ်။ အထဲမှာ ဖုံးကွယ်ထားတဲ့ ရတနာတွေက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်မလဲ။

ဒီသတင်းပျံ့နှံ့လာပြီးတဲ့ နောက်မှာတော့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်း တပည့်တွေကလည်း တစ်ယောက်ပြီးတစ်ယောက် ရှေးဟောင်းနယ်မြေဆီကို ခရီးထွက်ကုန် ကြပါတယ်။

ဒီအခွင့်အရေးကို အသုံးချပြီးတော့ ခွန်အားနဲ့ ပတ်သက်ပြီး တိုးပွားအောင်လုပ်ကာ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ကံကြမ္မာကို တည်ဆောက်ဖို့ ဖြစ်ပါတယ်။

လင်းဟန်လည်း ထွက်ခွာလာခဲ့ပါတယ်။ သူ့ရဲ့အဆင့်က ပိုပိုပြီးတော့ မြင့်လာတဲ့ အချိန်ကျရင် ကြီးကျယ်ခမ်းနားတဲ့ ကမ္ဘာ့ရတနာတွေ ပိုလိုအပ်လာပါလိမ့်မယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်နဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ တိုးတက်မှုတွေအတွက် ကမ္ဘာရတနာတွေရဲ့ အထောက်အပံ့ ပမာဏ အများကြီး လိုအပ်ပါတယ်။

စစ်မှန်တဲ့ ရတနာ ဆေးလုံးတွေကို မွှန်းမံသန့်စင်ဖို့ သူလည်း အဆင့်မြင့်တဲ့ ပါဂင်ပစ္စည်းတွေ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒါတွေ ရရှိမှ အနက်ရောင် မျှော်စင်ထဲမှာ ရှားပါးပြတ်လပ်မှု မရှိမှာပဲ ဖြစ်ပါတယ်။

Chapter 696 end

Zawgyi.အပိုင်း(၆၉၇) ပါရမီရှင်များအား ရေတွက်ခြင်း

ပြောဦးမယ် ယောက်ဖရေ။ မင်းဂရုစိုက်တာ ပိုကောင်းမယ်နော်။ ရှရှူရန်လည်း လ□ို့ဂ□ကျဆန္းကွယျ နယ်မြေကို သွားတယ်လို့ ကြားထားတယ်။ ပြီးတော့ သူက မင်းကို ကိုင်တွယ်ဖြေရှင်းမယ်ဆိုတဲ့ သူ့စကားကိုလည်း မေ့ထားမှာ မဟုတ္ဘူး။ မင်းရက်နည်းနည်း နောက်ကျပြီးမှ လှုပ်ရှားတာ ပိုကောင်းမယ်

မကြာခင်မှာ လီဖန်းယုက လင်းဟန်အရှေ့မှာ ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။ ရလဒ်တွေကတော့ သူ့ရဲ့ ပါးစပ်ဖွာမှုကြောင့် သူ့ညီမ၊ ဟူးညိုနဲ့ ကျူးရှမ်အာတို့ရဲ့ မကျေမနပ်နဲ့ စိုက်ကြည့်မှုကို ခံလိုက်ရပါတယ်။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

ပထမအချက် ငါက မင်းညီမရဲ့ ယောကျ်ားမဟုတ်ဘူး။ ဒုတိယအချက်က ဘာဖြစ်လို့ အဲဒီ ရှုရှုရန် အနားကို ငါကမသွားသင့်တာလဲ။ မင်းက ငါ့ကို ဒီလောက်တောင် ယုံကြည်မှု မရှိဘူးလား

လီဖန်းယုက သူ့လက်သီးတွေကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

မဟုတ်ဘူး။ မယုံကြည်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျားနှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် တိုက်ခိုက်ပြီဆိုရင် တစ်ကောင်ကတော့ သေချာပေါက် ထိခိုက်နစ်နာမှာပဲ။ ငါက မင်းအတွက် စဉ်းစားပေးရုံပါ ယောက်ဖရယ်။ နောက်ပိုင်းမှာ ငါတို့အစွမ်းတွေ

သူ့ထက်သာတဲ့ အချိန်ထိ စောင့်ပြီးမှ အဲဒီကောင်ကို ကောင်းကောင်း ဆုံးမပေးလိုက်ကြမယ်လေ

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

နောက်ကျရင် ဒီလိုမျိုး မပြောနဲ့။ မင်းလို လူပြက်တစ်ယောက်နဲ့ တူပြီးတော့ ကြောက်တတ်တယ် ဆိုတာကို ငါသိတယ်

ဘယ်လို ငါက လူပြက်တစ်ယောက် ဟုတ္လား

လီဖန်းယုက စိတ်ထိခိုက်သွားတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

ယွမ်ချမ်ဟဲနဲ့ မျက်နှာချင်းဆိုင်တဲ့ အချိန်တုန်းက ဘယ်သူက အရင်ဆုံး တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့တာလဲ။ ငါပဲမဟုတ္လား

ကောင်းပြီကောင်းပြီ။ ယောက်ျားကောင်းဆိုတာ အတိတ်တုန်းက သူ့ရဲ့အောင်မြင်မှုနဲ့ ပတ်သက်ပြီး ပြန်မပြောရဘူး။ မင်းမှာ သတ္တိတချို့တော့ ရှိပါတယ်

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ငါတကယ်ပဲ အဲဒီ ရှုရှုရန်ရဲ့ အစွမ်းကို မြင်ချင်တယ်

အဆင့်တူထဲမှာ သူက ပြိုင်ဘက်တစ်ယောက်နဲ့ မတွေ့ဆုံရသေးပါဘူး။ ပြီးတော့ ရှုရှုရန်က သူ့ကို စိန်ခေါ်ဖို့ စိတ်အားထက်သန်မှုတချို့ ပေးစွမ်းနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

လီဖန်းယုက ဘာမှမတတ်နိုင်ပဲ မျက်နှာကြီး သုန်မှုန်လို့ နေပါတယ်။ သူက လင်းဟန်ကို ရှုရှုရန်နဲ့ ပြဿနာ မဖြစ်အောင်လို့ အကြံဉာဏ်ပေးတာ ဖြစ်ပေမဲ့ ဘယ်လိုလုပ်ပြီးတော့ သူ့စကားတွေက မီးလောင်ရာ လေပင့်သလို ဖြစ်သွားရတာလဲ။

တုန်လင်းအာနဲ့ ယိုဟိုင်ယွဲ့ကိုလည်း လျော့တွက်လို့ မရနိုင်ဘူး

ကျူးရှမ်အာက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

ဒီရက်ပိုင်း သူတို့အကြောင်းကို ဘေးနားက လူတချို့မှာ ငါလိုက်မေးကြည့်သေးတယ်။ တုန်လင်းအာက တိမ်ဖီးနစ်ဂိုဏ်းရဲ့ လက်ရှိမျိုးဆက်မှာ အထူးချွန်ဆုံး ပါရမီရှင်ပဲ။ ဒါပေမဲ့ သူက အမြဲတမ်း နှိမ့်ချပြီးတော့ပဲ

နေထိုင်တယ်။ တကယ်လို့များ သူမ အပြင်ဘက်ကို ထွက်ပြီးတော့ လေ့ကျင့်တဲ့ အချိန်တုန်း စော်ကားဖို့ ကြိုးစားတဲ့ စိတ္တဂိုညာဥ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ခေါင်းဖြတ်ကွပ်မျက်လိုက်တာကြောင့် မဟုတ်ဘူးဆိုရင် သူမရဲ့ နာမည်ကို အခုချိန်မှာ ဘယ်သူမှ သိလိမ့်မှာ မဟုတ္ဘူး

စိတ္တဂိုညာဥ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို သတ္တာလား

လင်းဟန်က ပြောလိုက်တယ်။ ကြည့်ရတာ ဒါမျိုးကလည်း ရှားပါးတာမှ မဟုတ္တာ။

ဟုတ်တယ်။ အဲဒီအချိန်တုန်းက သူက ပန်းဖူးအဆင့်မှာပဲ ရှိသေးတယ်။ ပြီးတော့ အဲဒီ လူရမ်းကား စိတ္တဂိုညာဥ် နတ်သူငယ်အဆင့် လက်ရွေးစင်ကတော့ နှစ်ပေါင်း တစ်ရာကျော် လူသိမ်ားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ စိတ္တဂိုညာဥ် နတ်သူငယ်အဆင့် အထွတ်အထိပ်ကို ရောက်နေတယ်ဆိုတာ သေချာတယ်

ကျူးရှမ်အာက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

နောက်ထပ် အဆင့်ကို ကျော်ပြီးတော့ တိုက်ခိုက်နိုင်တဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ အဆင့်ကြီး တစ်ဆင့်ကို ကျော်ပြီးတော့ တိုက်ခိုက်နိုင်တဲ့သူ ဖြစ်ပါတယ်။

ပြီးတော့ ယိုဟိုင်ယွဲ့ရော။ သူ့ကိုကြည့်ရတာ အဲ့ဒီလောက် မထူးဆန်းပါဘူး။ ဟုတ္တာယ္မလား

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူတော့ မဟုတ္ဘူး။ ဒါပေမဲ့ ကောင်းကင်ဓားဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင်က ယိုဟိုင်ယွဲ့ မဟုတ္ဘူး။ ဒါပေမဲ့ လူထူးလူဆန်း တစ်ယောက်က ဂိုဏ်းရဲ့တံခါးကနေ ရှေ့မထွက် လာခဲ့ပါဘူး။ ပြီးတော့ ကောလာဟလတွေအရ ရှုရှုရန်လိုမျိုးပဲ ကောင်းကင်ဓားဂိုဏ်းရဲ့ ဓားစမ်းချောင်းမှာ ကျင့်ကြံခြင်းကိုပဲ အဆက်မပြတ် အာရုံစိုက်နေခဲ့တယ်

လင်းဟာန်က စိတ်ဝင်စား လာပြီး ပြောလိုက်တယ်။

သူ့နာမည် ဘယ်လိုခေါ်လဲ

ကျန်းမို။ လူတွေက သူ့ကို ဓားကေရာဇ်လေးလို့ ခေါ်ကြတယ်

ကျူးရှွမ်အာက ပြန်ဖြေလိုက်တယ်။

ဓားကောရာဇ်လေး ဟုတ္လား။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဓားကောရာဇ်လေးလို့ ခေါ်ကြတယ် ဆိုတာက ရှားပါးတဲ့ ဂုဏ်ပြုမှု တစ်ခုပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းလောက်က ထူးခြားတဲ့ ပါရမီရှင် တစ်ယောက်ဖြစ်တဲ့ ဓားကောရာဇ်တစ်ယောက် ရှိခဲ့ပြီး ကောင်းကင်အဆင့်မှာ ဓားနှလုံးသားကို နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဖန်ပိုယွမ်ရဲ့ ပြောကြားချက်အရ ဓားနှလုံးသားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ဖြစ်ပေါ်နိုင်ပါတယ်တဲ့။

ဟုတ်ပါတယ်။ ခြွင်းချက်ထားရမဲ့ လူတွေလည်း ရှိပါတယ်။ ဥပမာ လင်းဟန်ရဲ့ ဆရာဖြစ်တဲ့ ဟွာရန်အကယ်ဒမီက သူများတွေ ခေါ်နေတဲ့ အမိုက်ဆရာက ဓားချီနဲ့ ဓားအလင်းတန်း အဆင့်နှစ်ခုကို အတွေ့အကြုံ မရှိခဲ့ပေမဲ့ ဓားနှလုံးသားနဲ့ ခြေတစ်လှမ်းပဲ ကွာပါတော့တယ်။

ဓားကောရာဇ်ကလည်း ခြွင်းချက်ထားရမဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ကောင်းကင်အဆင့်မှာ ရှိကတည်းက

ဓားနလုံးသားကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ ပြီးတော့ ဒီထက်တောင် ပိုစေနိုင်ပြီး အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းတဲ့ ပါရမီရှိပါတယ်။

ကောင်းကင်ဓားဂိုဏ်းမှာလည်း ပါရမီရှင်တွေ မရေမတွက်နိုင်အောင် ရှိပါတယ်။ ယိုဟိုင်ယွဲ့က ကမ်ဘာ့ဒုတိယ အတော်ဆုံး ဓားသမားလို့ ကိုယ့်ကိုကိုယ် သမုတ်ပြီး ကျန်းမိုကတော့ ဓားကေရာဇ်လေး ဖြစ်ပါတယ်။ သူက ကျန်းမိုကို မတွေ့ဖူးပါဘူး။ ဒါပေမဲ့ ယိုဟိုင်ယွဲ့ကတော့ တကယ့်ကို ထူးခြားတဲ့ ပါရမီ ရှိပါတယ်။ တကယ်လို့ ကျန်းမိုက သူ့ထက်ပိုပြီးတော့ ထူးဆန်းတယ် ဆိုရင်တော့ ကျန်းမိုက အထင်ကြီးစရာကောင်းတဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

ကောင်းကင်ဓားဂိုဏ်း၊ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းနဲ့ တိမ်ဖီးနစ်ဂိုဏ်း အားလုံးမှာ အထွတ်အထိပ် တပည့်တွေ ရှိကြတယ်။ မြေနဂါးဂိုဏ်းနဲ့ မိုးပြာလျှပ်စီးဂိုဏ်းမှာလည်း ရှိကြမယ်ဆိုရင် အကောင်းဆုံးပဲ။ နှစ်ပေါင်းတစ်သောင်း အချိန်ကို ရောက်လာပြီးတဲ့ နောက်မှာ သိုင်းပညာတွေကလည်း စည်ပင်ဂပြောတဲ့ ခေတ်ကို ရောက်နေပြီး ပါရမီရှင်တွေကလည်း အမြောက်အများ ထွက်ပေါ် လာခဲ့ကြတယ်

လင်းဟန်က ပြောလိုက်တယ်။

မြေနဂါးဂိုဏ်းအတွက်ကတော့ သူတို့ရဲ့ အထွတ်အထိပ် ပါရမီရှင်က ကျော့မင်းလို့ ခေါ်တယ်။ သူက အရမ်းကို သွေးဆာတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ ပေးလံတဲ့ တောင်တွေမှာ သီးသန့် ကျင့်ကြံနေတယ်လို့ ပြောကြတယ်

ကျူးရှွမ်အာက ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

ဒီနာမည်ကို ငါကြားဖူးတယ်

ဂမျရရနျခငြေးခငြေး ပေါ်လာတဲ့ အချိန်တုန်းက အားလုံးက ဒီအကြောင်းကို တီးတိုးဆွေးနွေးနေကြပြီး ကျော့မင်းရဲ့ နာမည်လည်း ပါဝင်ပါတယ်။ ကျော့မင်းကို လူတိုင်းလူတိုင်း အကြီးအကျယ် ကြောက်ရွံ့စေပါတယ်။

မိုးပြာလျှပ်စီးဂိုဏ်းမှာ ရှိတဲ့လူကိုတော့ လျှပ်စီးသားတော်လို့ ခေါ်ကြတယ်။ သူ့နာမည် အစစ်အမှန်ကို ဘယ်သူမှ မသိဘူး။ ဒါပေမဲ့ ကောလာဟလတွေအရ လန်ရထန်းထက်

ပိုပြီးတော့ ပါရမီရှိတယ်တဲ့

ကျူးရှမ်အာက ဆက်ပြောလိုက်ပါတယ်။

လင်းဟန်က သူ့မေးစေ့ကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ နက်ရှိုင်းတဲ့ အုတ်မြစ်တွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ဒီအရာတွေက သာမန်ပါပဲ

သိုင်းပညာရပ်တွေရဲ့ ပတ်ဂန်းကျင်က မှေးမှိန်သွားတဲ့ အချိန်တုန်းက စကြာဝဠာ ဖျက်ဆီးခြင်း လက်ရွေးစင်တွေက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကနေ ထွက်ပေါ်လာနိုင်ဆဲပါပဲ။ ပြီးတော့ အဲဒီလူတွေက လက်ဖျားခါရလောက်တဲ့ ထူးချွန်ထက်မြက်သူတွေ ဖြစ်ပါလိမ့်မယ်။

နှစ်ပေါင်းတစ်သောင်း စုစည်းလာမှုနဲ့ အချိန်အရှည်ရဲ့ အစွမ်းကြောင့် သူတို့ရဲ့ အုတ်မြစ်တွေက ခန့်မှန်းလို့ မရနိုင်လောက်အောင် နက်ရှိုင်းပါလိမ့်မယ်။

မကြောက်နဲ့။ ညီးညီး သူတို့အားလုံးကို အနိုင်ယူပစ်မယ်

ဟူးညိုက ချိုသာတဲ့ အသံလေးနဲ့ ပြောလိုက်ပါတယ်။

အားလုံးက ရယ်မောလိုက်ကြပေမဲ့ လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဟူးညိုသာ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်တဲ့အချိန်မှာ ဒီမိန်းကလေးရဲ့ ထူးခြားဆန်းကြယ်မှုနဲ့ လမ်းကြောင်းမှာ ရှိသမျှ လက်ရွေးစင်တွေကို သိမ်းကြုံးလှည်းထုတ် ပစ်ပါလိမ့်မယ်။

ဆယ်ရက်ကျော်လောက် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က ဆံချည်မျှင်မြို့ကို ရောက်လာခဲ့ပါတယ်။ ဒါက ခရမ်းရောင်လ အင်ပါယာနဲ့ အင်အားကြီးဂိုဏ်း ငါးဂိုဏ်းတို့ ဆန့်ကျင်ဘက်နေရာမှာ စခန်းချထားပြီး မြို့အပြင်မှာ စစ်တပ်နစ်ခုက ပြင်းပြင်းထန်ထန် တိုက်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့တဲ့ မြို့လည်း ဖြစ်ပါတယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ စစ္စကုပ္ပ အစွမ်းထက်ပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းမှာတော့ မရေမတွက်နိုင်တဲ့ လက်ရွေးစင်တွေ ရှိတာကြောင့် တစ်ဦးချင်း စွမ်းရည်မှာ အားသာချက်ရှိပြီး အနည်းဆုံးတော့ ဒီနေရာမှာ ခရမ်းရောင်လ အင်ပါယာကို ဟန့်တားထားနိုင်ပါတယ်။

ခရမ်းရောင်လ အင်ပါယာမှာ မတူးဖော်ရသေးတဲ့ ဘုရင်လေးပါး ရှိနေပါသေးတယ်။ ဒါပေမဲ့ အင်အားကြီးဂိုဏ်းငါးဂိုဏ်းကလည်း သူတို့ရဲ့ စစ်မှန်ပြီး

နက်ရှိုင်းတဲ့ စွမ်းအားတွေကို ထုတ်ဖော်ပြသခြင်း မရှိသေးပါဘူး။

အခု ဆံချည်မျှင်မြို့က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လက်ထဲမှာ ရှိပါသေးတယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ စစ်တပ်တွေကတော့ မြို့အပြင်ဘက်မှာ စခန်းချနေတယ်။ ဒီကြီးကျယ်ခမ်းနားတဲ့ စစ်တပ်က မီးတောက်ဘုရင်ရဲ့ တပ်ဖြစ်ပါတယ်။ ဒါပေမဲ့ မီးတောက်ဘုရင်နဲ့ အဆင့်မြင့် စစ်ဦးစီး အရာရှိတွေက ရှေးဟောင်းနယ်မြေထဲကို ဂျရောကျသွားခဲ့ပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းလည်း အဆင့်မြင့်တဲ့လူ တော်တော်များများကို စေလွှတ်ထားပါတယ်။

အပြင်ဘက် ကမ်ဘာမှာတော့ ဘုရင်လေးယောက်ရဲ့ ကမ်ဘာကြီးထဲကို ရောက်လာမှုကြောင့် နိုင်ငံစွမ်းအားကို လက်ရှိအချိန်မှာ အကြီးအကျယ် တိုးလာစေပြီး သူတို့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ပါတယ်။ ဒါပေမဲ့ ရှေးဟောင်းနယ်မြေ အထဲမှာတော့ အဲဒီအစွမ်း မရနိုင်ပါဘူး။ ဒါက ခရမ်းရောင်လ အင်ပါယာရဲ့ ပိုင်နက်မဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရဲ့ စွမ်းအားက အထဲထိအောင် အာနိသင် သက်ရောက်ခြင်း မရှိနိုင်ပါဘူး။

လင်းဟန်က မြို့ရိုးထိပ်ပေါ်မှာ ရပ်ပြီးတော့

ကြည့်လိုက်ပါတယ်။ အဲဒီ ရေးဟောင်းနယ်မြေက ရောမ ရေကန်ကြီး တစ္စုလိုပါပဲ။ ဒါမှမဟုတ် အရင်က ရောမ ရေကန်ကြီးတစ်ကန် ဖြစ်ခဲ့ဖူးတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ ရောမ ချိုင့်ကြီးတစ်ခု ဖြစ်နေပြီး ခန့်မှန်းလို့ မရအောင် နက်ရှိုင်းပါတယ်။

ခရမ်းရောင်လ အင်ပါယာရဲ့ ကြီးကျယ်ခမ်းနားတဲ့ စစ်တပ်ကြီးက ရောမတွင်းချိုင့်ကြီးအနီး ဆယ်မိုင်အကွာမှာ စခန်းချနေကြတယ်။ ဘုရင်က ကြည့်ရှုဖို့အတွက် ထွက်သွားပေမဲ့ စစ္တပ္စုလုံးက တက်ကြွနေပြီး အမိန့်မနာခံတဲ့ လက္ခဏာ စိုးစဉ်းမျှ မတွေ့ရပါဘူး။

မြို့ထဲမှာတော့ ကမ်ဘာအနံ့က သိုင်းပညာရှင်တွေ အများကြီး ရောက်နေပါတယ်။ ဒီအချိန်မှာ သူတို့က အဖွဲ့အစည်းတုအဖွဲ့ ဖွဲ့ထားပြီး အကြမ်းဖျင်းတော့ အစွမ်းတူတဲ့ လူတွေကို ရေးဟောင်းနယ်မြေထဲ အတူတူ ဂျရောကျဖို့ ရှာဖွေနေကြပါတယ်။ အရမ်းကို သန္မာတဲ့ လူတွေကတော့ မလုပ်ကြပါဘူး။ တကယ်လို့ ရတနာတွေကို တကယ်တမ်း ရှာတွေ့ပြီဆိုရင် အားအနည်းဆုံး လူတွေက အကူအညီ ပေးနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်တို့ အုပ္စုကေတာ့ အဖွဲ့တစ်ခု ဖွဲ့ဖို့

မလိုအပ်ဘူးဆိုတာ ပေါ်လွင်ပါတယ်။ သူတို့တွေက ရောမ တွင်းချိုင့်ကြီးဆီ ရောက်လာတဲ့ အခါမှာ နောက်ထပ်အုပ်စု တစ်ခုကလည်း သူတို့နဲ့ တပြိုင်နက်တည်း ရောက်လာတာကို တွေ့လိုက်ရပါတယ်။ အဲဒီအုပ်စုကို ဦးဆောင်တဲ့လူကတော့ ကျက်သရေနဲ့ ပြည့်စုံတဲ့ ဂမျရန္ဓချြေးချြေးပဲ ဖြစ်ပါတယ်။

အစ်ကိုလင်းပဲ

ဂမျရန္ဓချြေးချြေးက သူမရဲ့ ကိုယ်ဟန်ကို နှိမ့်ပြီးတော့ ဂါရဝပြု နှုတ်ဆက်လိုက်ပါတယ်။

နတ်သမီးလေး ချင်းချင်း။ ငါက လီဖန်းယုပါ။ အကယ်ဒမီမှာ မင်းကို သုံးဆယ့်ခုနစ်ကြိမ် စကားလာပြောဖူးတယ်။ မင်းက သုံးကြိမ်ပြန်ပြီးတော့ စကားပြန်ပြောခဲ့တယ်လေ

လီဖန်းယုက ချက်ချင်းပဲ အနားကို ကပ်လာပြီး အရမ်းကို စိတ်အားထက်သန်နေပုံ ပေါ်ပါတယ်။

ဂမျရန္ဓချြေးချြေးက သာမန်ပဲ တစ်ချက်ကြည့်လိုက်ပြီး သူမက လီဖန်းယုကို လုံးဝကို စိတ်မဝင်စားတဲ့ ပုံစံ ပေါ်လွင်ပါတယ်။ ပြီးတော့ သူမက ပြောလိုက်ပါတယ်။

အစ်ကိုလင်း ရှေးဟောင်းနယ်မြေကို အတူတူ စူးစမ်းရှာဖွေကြမလား

ကောင်းပြီ ကောင်းပြီလေ

လီဖန်းယုက ချက်ချင်းပဲ တုံ့ပြန်လိုက်ပါတယ်။ ပြီးတော့ လင်းဟာန်ကို မျှော်လင့်ချက်တွေ ပြည့်ဝနေတဲ့ အကြည့်နဲ့ သနားစရာကောင်းလောက်အောင် တိုးလျှိုးတောင်းပန်တဲ့ အမူအရာနဲ့ မကြာခဏစိုက်ကြည့်လိုက်ပါတယ်။

Chapter 697 end

Zawgyi.အပိုင်း(၆၉၈) မြေနဂါးဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင်

လင်းဟာန်က သူ့ခေါင်းကို ကုတ်ပြီးတော့ ခါလိုက်ပါတယ်။ လီဖန်းယုကို ကြည့်ရတာ ထင်ယောင်ထင်မှား ဖြစ်စရာကောင်းပေမဲ့ တကယ်တမ်းတော့ တစ်ဖက်အဖွဲ့က သူ့ကို အာရုံတောင် မစိုက်ပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က ခေါင်းကိုညိတ်ပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာ လူနည်းနည်း ရှိနေတာပဲ။ ဒါကြောင့် ထပ်ပြီးတော့ နည်းနည်းလောက် ပိုလာတော့လည်း ဘာဖြစ်မှာမို့လဲ။

ဂမ်ရန်ချင်းချင်းက ချိုမြိန်စွာနဲ့ ပြုံးလိုက်ပါတယ်။ သူမကလည်း တကယ်ဆို ဂုဏ်ယူဂင့်ကြွားတဲ့ ပင်ကိုယ်စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ လင်းဟန်နဲ့ မဟာမိတ် ဖွဲ့ဖို့အတွက် ဆွေးနွေးတဲ့အခါ လင်းဟန်ကို မျက်နှာလို မျက်နှာရ လုပ်စရာ မလိုပါဘူး။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် အပြည့်အဝ ထောက်ပံ့ကူညီပြီး သူတို့ကို ယုံကြည်မှု ရှိမယ်ဆိုရင် အတူတကွ ပူးပေါင်းတဲ့ အခါမှာ အနည်းဆုံးတော့ လူငယ်မျိုးဆက်ထဲ သူတို့ကို တားဆီးနိုင်တဲ့အဖွဲ့ မရှိနိုင်ပါဘူး။

"အစ်ကိုလင်း ကြွပါ"

"မိန်းကလေးဂမ်ရန် ကြွပါ"

သူတို့နှစ်ဖွဲ့က ရောမ ချိုင့်တွင်းကြီးထဲကို ခြေချလိုက်ပါတယ်။ ဒါပေမဲ့ တစ်နေရာအရောက်မှာ လင်းဟန်က အနည်းငယ် ရပ်လိုက်ပါတယ်။

လူတစ်ယောက်က ရိုင်းစိုင်းတဲ့ ရေးဟောင်းသားရဲတစ်ကောင်လို လျင်မြန်စွာနဲ့ ချဉ်းကပ်လာပါတယ်။ သူ့ခြေထောက်တွေနဲ့ မြေကြီးပေါ်ကို နင်းလိုက်တာနဲ့ တုန်ခါပြီးတော့ အက်ကွဲကြောင်းတွေ ဖြစ်ပေါ်လာပြီး နေရာအနှံ့ကို ပျံ့နှံ့သွားခဲ့ပါတယ်။

ဂမ်ရန်ချင်းချင်းရဲ့ နူးညံ့သိမ်မွေ့တဲ့ မျက်နှာက ချက်ချင်းဆိုသလို မှုန်မှိုင်းသွားပြီး မကျေမနပ်ပုံစံ ပြောင်းသွားပါတယ်။ သူမဘေးနားက လူဆိုရင် မျက်နှာဖြူဖပ်ဖြူရော် ပြောင်းသွားပြီး သူတို့ရဲ့ ခန္ဓာကိုယ်က တုန်တုန်ယင်ယင် ဖြစ်လာခဲ့ပါတယ်။

"ကျော့ ကျော့မင်း"

နောက်ဆုံးတော့ လူတစ်ယောက်က တုန်တုန်ယင်ယင်နဲ့ ပြောလာပါတယ်။

ပုန်း။

အဲဒီစကားတွေကို ပြောပြီးတဲ့ အချိန်မှာ အဝေးကလူက တစ်ဟုန်ထိုး ပြေးလာပြီး လက်သီးတစ်ချက်

ထုတ်လိုက်ပါတယ်။ လက်သီးရဲ့ အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။ လျင်မြန်လွန်းတာကြောင့် လင်းဟာန်နဲ့ ဂမ်ရန်ချင်းချင်းတို့က အချိန်မီ မတားလိုက်နိုင်ပါဘူး။ ချက်ချင်းဆိုသလို စောစောက စကားပြောလိုက်တဲ့လူက လွင့်ထွက်သွားပြီး ကောင်းကင်ပေါ်မှာ သွေးတွေပန်းထွက် ကုန်ပါတယ်။ သူက တကယ်ပဲ လက်သီးတစ်ချက်နဲ့ အသတ်ခံလိုက် ရပါပြီ။

ခပ်လှမ်းလှမ်းက လူက ရပ်နေပါတယ်။ သူ့ကိုကြည့်ရတာ အသက် နှစ်ဆယ့်တစ် နှစ်ဆယ့်နှစ်ခန့် ရှိမည့် လူငယ်တစ်ဦးဖြစ်ပြီး သူ့ခန္ဓာကိုယ်က ကြီးမားတောင့်တင်းပြီး အရပ်မြင့်ပါတယ်။ သူ့အပေါ်ပိုင်း ခန္ဓာကိုယ်က ဗလာကျင်းထားပြီး သူ့ခန္ဓာကိုယ် အောက်ပိုင်းမှာ သားရဲအရေပြား တစ်ခုနဲ့ ပတ်ထားပါတယ်။ သူက ခြေဗလာနဲ့ ဖြစ်တဲ့အပြင် သူ့ရဲ့နက်မှောင် ရှည်လျားတဲ့ ဆံပင်တွေက ပုခုံးကို ကျော်ပြီးတော့ ကျနေပြီး လေထဲမှာ လွင့်ပျံလို့နေပါတယ်။

သူ့ခန္ဓာကိုယ် တစ်ခုလုံး ကြွက်သားတွေ အမြောင်းမြောင်း ထနေပြီးတော့ ကျောက်တုံးတဲ့ လုပ်ထားတဲ့ ခန္ဓာကိုယ်တစ်ခုအလား ထင်မှတ်စေရပါတယ်။ သူ့မျက်လုံးတွေက လျှပ်စီးနဲ့ တူပြီး သူ့ခန္ဓာကိုယ်

တစ်ခုလုံးကနေ ရှေးဟောင်းဆန်ပြီး သွေးဆာလောင်တဲ့ အငွေ့အသက်တစ်ခု ထုတ်လွှင့်လို့ နေပါတယ်။ သူ့ပုံစံက သာမန်လူတစ်ယောက်ထက် ခေါင်းတစ်လုံး ပိုမြင့်ပြီး လူတွေကို ပြင်းထန်တဲ့ ဖိအားတစ်ခုကို ပေးပါတယ်။

"မင်းက ငါ့နာမည်ကို ဘယ်လိုလုပ်ပြီး ခေါ်ပံ့တာလဲ။ သေချင်နေတာပဲ"

အဲဒီလူငယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့အသံက ကျောချမ်းစရာ ကောင်းပြီးတော့ သတ်ဖြတ်သူ နတ်ဘုရား တစ်ပါးလိုမျိုးပါပဲ။

ကျော့မင်း မြေနဂါးဂိုဏ်းထဲက လူငယ်မျိုးဆက်သစ်တွေ အထဲမှာ အထူးချွန်ဆုံး လူတစ်ယောက်။

"ကျော့မင်း နင်အရမ်းကို လွန်နေပြီ"

ဂမ်ရန်ချင်းချင်းက သူ့ကို အပြစ်တင် ကြိမ်းမောင်း လိုက်ပါတယ်။ သူမရဲ့ လူတစ်ယောက် အရိုက်နက်ခံလိုက် ရတာကြောင့် သူမက သူ့အတွက် တရားမျှတမှု ပြန်ရှာပေး ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက ဘယ်လိုလုပ်ပြီးတော့ ခေါင်းဆောင်တစ်ယောက် ဖြစ်ဖို့

အရည်အချင်း ပြည့်မီမှာလဲ။ ဒီလိုမျိုး ကာကွယ်မှု မပေးနိုင်တဲ့ ခေါင်းဆောင် တစ်ယောက်အောက်မှာ ဆက်ပြီးတော့ လိုက်ပါချင်စိတ် ရှိပါဦးမလား။

ကျော့မင်းရဲ့ အကြည့်တွေက ဂမ်ရန်ချင်းချင်းဆီကို ရောက်သွားပါတယ်။ သားရဲကောင်နဲ့တူတဲ့ သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာပြီးတော့ သူက ပြောလိုက်တယ်။

"ချင်းချင်း နောက်ဆုံးတော့ ငါမင်းကို လိုက်မီသွားပြီ။ ငါ့အရမ်းကြီး နောက်မကျပါဘူးနော် ဟုတ်တယ်မလား"

အဲဒီနောက် သူက တခြားလူတွေကို ကြည့်လိုက်ပြီး သူ့မျက်နှာက နောက်တစ်ကြိမ် ရှုသိုးသိုး ပြောင်းလဲသွားပါတယ်။ သူ့မျက်လုံးတွေကနေ နမိတ်ဆိုးတဲ့ အငွေ့အသက်တွေ ထွက်ပေါ်လာပြီး သူက ပြောလိုက်ပါတယ်။

"မင်းတို့လို အမှိုက်ကောင်တွေက ဒီနေရာမှာ ဘာလုပ်ဖို့အတွက် ရပ်နေကြတာလဲ။ သွားသွား မြန်မြန်ထွက်သွားကြစမ်းကွာ"

"ကျော့မင်း နင်ငွါလူ တစ်ယောက်ကို သတ်ပစ်လိုက်တယ်"

ဂမ်ရန်ချင်းချင်းက သူမအသံကို မြင့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာမှမဟုတ်တဲ့ အမှိုက်လေး တစ်ခုပဲကို။ အဲဒါကြောင့် ငါသူ့ကို သတ်လိုက်တာပဲ။ ချင်းချင်း အခုမင်းမှာ ငါ့ရဲ့ကာကွယ်စောင့်ရှောက်မှု ရှိနေပြီလေ။ ဒီအသုံးမကျတဲ့ လူတွေကို ဘာအတွက် မင်းလိုအပ်နေဦးမှာလဲ"

ကျော့မင်းက ပြုံးပြလိုက်ပါတယ်။ ဒါပေမဲ့ နဂိုကတည်းက သူဟာ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်နေသဘောထား ရှိနေတာကြောင့် သူ့အပြုံးက တခြားလူတွေကို သက်တောင့်သက်သာ မဖြစ်စေပါဘူး။ ဒါက သာမန်လူ တစ်ယောက်ကို ခြသေ့်တစ်ကောင်က ပစ်မှတ်ထားသလိုမျိုးနဲ့ တူပါတယ်။ ခြသေ့်က သူ့ပါးစပ်ကို ဟလိုက်တဲ့ အချိန်မှာ ခြသေ့်က သူ့ကို မျက်နှာသာ ပေးတယ်ဆိုတဲ့ ခံစားချက်မျိုး ဖြစ်ပေါ်မလာပဲ သူ့ကိုစားချင်လို့ ဆိုတဲ့ အတွေးမျိုးပဲ ဖြစ်ပေါ်စေပါတယ်။

အားလုံးက အဲဒီမှာ ဆက်ပြီးတော့ ရပ်နေတာကို ကြည့်ပြီး ကျော့မင်းရဲ့ အမူအရာက နောက်တစ်ကြိမ် ရှုသိုးသိုး ဖြစ်လာပြီးတော့ ပြောလိုက်ပါတယ်။

"အသက် သုံးကြိမ် ရှုံကစာအချိန် အတွင်းမှာ တကယ်လို့ ငါ့မြင်ကွင်းထဲ တစ်စုံတစ်ယောက် ရှိနေဦးမယ်ဆိုရင် ငါသူ့ကို သတ်ပစ်မယ်"

အားလုံးအနေနဲ့ ကျော့မင်းက အနိုင်ကျင့်တယ်လို့ ခံစားရပေမဲ့ သူ့ရဲ့ အရမ်းကို အထင်ကြီးစရာ ကောင်းလှတဲ့ ခွန်းအားကြောင့် လူတွေကို ပိုပြီးတော့ စိတ်ပျက်သွားစေပါတယ်။ သူက မြေနဂါး ဂိုဏ်းရဲ့ ဒီမျိုးဆက်ထဲမှာ ထူးခြားဆုံး ပါရမီရှင် ဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ထက် သန်မာတယ် ဆိုရင်တောင်မှ သူတို့က သူ့ကို သတ်ပံ့ပါ့မလား။ မြေနဂါးဂိုဏ်းရဲ့ လက်တုံ့ပြန်မှုကို သူတို့က ကြောက်ရွံ့ရမယ် မဟုတ်လား။

ကျော့မင်းက ဘယ်သူ့ကိုမှ ဂရုစိုက်စရာ မလိုပဲ လူတွေကို သတ်နိုင်ပေမဲ့ သူတို့ကတော့ မလုပ်နိုင်ပါဘူး။ အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာခြားလွန်းပါတယ်။ တိုက်ပွဲစွမ်းရည်မှာ အကြီးအကျယ် ကွာခြားတဲ့ အချက်ကို ထားဦး သူတို့ တိုက်ခိုက်လိုက်ရင်ပဲ အခြေအနေက သေခြင်းတရားဆီကို ဦးတည်သွားရလိမ့်မယ် ဆိုတာ အတပ်ပြောနိုင်ပါတယ်။

သူတို့က တစ်ယောက်ပြီးတစ်ယောက် နောက်ဆုတ်သွားကြပြီး ဂယ်ရန်ချင်းချင်းဆိုတဲ့ ကပ်ဘေးဒုက္ခရဲ့ အရင်းအမြစ်ကြီးဆီကနေ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တစ်ဖက်က ဂယ်ရန်ချင်းချင်းက လူငယ်မျိုးဆက်တွေ အထဲမှာ ထူးခြားတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယ အချက်က သူမဟာ နတ်သမီးလေး တစ်ပါးလို ချောမောလှပသူ တစ်ယောက် ဖြစ်တယ်။ ကျော့မင်းကို မတွေ့ခင်က ယောက်ျားလေးတွေရဲ့ စိတ်ထဲမှာ အကြံတချို့ ရှိကြပါတယ်။ ဒီလူငယ်ပါရမီရှင်တွေက သူတို့ကိုယ်သူတို့ မြင့်မြင့်မားမား တွေ့ထားကြပြီး သူတို့အနေနဲ့ ဆုံးရှုံးစရာ မရှိနိုင်တာကြောင့် သူမအနားကို စုဝေးပြီး ကပ်နေကြပါတယ်။

ဒါပေမဲ့ အခုတော့ ကျော့မင်းက သူတို့အရှေ့မှာ ရပ်နေပြီး သူတို့က စိတ်ထဲမှာ ချက်ချင်းဆိုသလို တုန်လှုပ်လာပြီးတော့ တိုက်ခိုက်ဖို့ သတ္တိတောင် မရှိကြတော့ပါဘူး။

မိန်းမချောလေးတွေက နှစ်သက်စရာကောင်းပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကိုယ်ပိုင်အသက်ထက် ပိုပြီးတော့ မကောင်းပါဘူး။

ဂမ်ရန်ချင်းချင်းက သူတို့ကို ဘာမှကတိပေးထားခြင်း မရှိပါဘူး။ ဒါကြောင့် သူတို့ရဲ့ အသက်ကို ဒီလိုမျိုး အရှုံးထပြီးတော့ စွန့်လွှတ်စရာအကြောင်း မရှိနိုင်ပါဘူး။

"ကျော့မင်း"

ဂမ်ရန်ချင်းချင်းက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ သူမရဲ့ လက်တွေက တုန်ခါနေပြီး ကြောက်ရွံ့မှုကြောင့် မဟုတ်ပဲ ဒေါသတွေ ထွက်နေတာကြောင့် ဖြစ်ပါတယ်။

မြင်ကွင်းတစ်ခုလုံးမှာ လင်းဟန်တို့ အုပ်စုတစ်ခုပဲ နောက်မဆုတ်တာပါ။

ကျုံးရွှမ်အာနဲ့ တခြားလူတွေက လင်းဟန်ရဲ့ ဦးဆောင်မှုနောက်ကို လိုက်နေကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။ လင်းဟန်က နောက်မဆုတ်မှတော့ သူတို့ကလည်း နောက်မဆုတ်နိုင်ပါဘူး။ လီဖန်းယုက ထွက်ပြေးချင်ပေမဲ့ ဘေးနားမှာပဲ သူ့ကိုသတိမထားမိအောင် ကပ်နေပါတယ်။ ကျော့မင်းရဲ့ တည်ရှိမှုက ထင်သာမြင်သာ ရှိပြီးတော့ သူ့ကို ရက်စက်ကြမ်းကြုတ်တဲ့ ရှေးဟောင်း သားရဲတစ်ကောင်က ပစ်မှတ်ထားနေသလိုမျိုး ခံစားစေရပါတယ်။ ဒါက အရမ်းကို ထိတ်လန့်စရာ

ကောင်းပြီးတော့ သူ့နောက်ကျောဘက်မှာ အေးစက်တဲ့ ချွေးစေးတွေ ထွက်လာစေခဲ့ပါတယ်။

ကျော့မင်းရဲ့ အကြည့်တွေက လင်းဟန်နဲ့ တခြားလူတွေအပေါ်ကို ကျရောက်လာပြီး ကျူးရှမ်အာကို မြင်လိုက်တဲ့ အခါမှာ သူ့အကြည့်တွေ ရပ်တန့်သွားပြီးတော့ သူမျက်လုံးကို လှန်လိုက်ပါတယ်။ သူက လက်ညှိုးနဲ့ သူမကို ထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမိန်းကလေးလည်း နေခဲ့။ ကျန်တဲ့သူ အားလုံး ထွက်သွားစမ်း"

သူ့ပုံစံက ကျူးရှမ်အာကို သူ့ကိုယ်ပိုင် ပစ္စည်းတစ်ခုလိုမျိုး ကြည့်လိုက်ပါတယ်။

သူက မြက်ခင်းပြင်ပေါ်က ခြသေ့်ဘုရင် တစ်ကောင်နဲ့ တူပါတယ်။ ခြသေ့်မတွေ အားလုံးက သူ့ပိုင်ပစ္စည်းတွေ ဖြစ်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ထွက်သွားစမ်း။ အင်း။ ခက်ခဲမှု ပမာဏက

နည်းနည်းလေးတော့ မြင့်တယ်။ ဟူးညို ဘယ်လိုမျိုး ထွက်သွားရမလဲ ဆိုတာကို ညိုးညိုးသိလား”

“ညိုးညိုး မသိဘူး”

ဟူးညိုက သူမရဲ့ လက်တွေကို ဖြန့်ပြီးတော့ လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

လင်းဟန်က ကျော့မင်းဆီကို နောက်တစ်ကြိမ် ကြည့်ပြီးတော့ ပြောလိုက်တယ်။

“ကြည့်စမ်း။ အားလုံးက မသိကြဘူး။ ငါတို့အတွက် အဲဒါကို မင်းကိုယ်တိုင် လက်တွေ့သရုပ်ပြ ပေးပါဆိုရင် ဘယ်လိုလဲ”

ကျော့မင်းရဲ့ အကြည့်တွေက နောက်ဆုံးတော့ ကျူးရှမ်အာဆီကနေ ဖယ်ခွာသွားပါတယ်။ သူက လင်းဟန်ကို ကြည့်ပြီးတော့ ခဏအကြာမှာ သူက ပြောလိုက်ပါတယ်။

“မင်းက အရမ်းကို သန်မာတာပဲ”

“မင်းရဲ့မြောက်လုံး ပင့်လုံးတွေ အပေါ်မှာ

ငါသာယာနေသင့်လား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ဒါပေမဲ့ သက်တူရွယ်တူထဲမှာဆိုရင် ဘယ်သူကမှ ငါ့ပြိုင်ဘက် မဖြစ်နိုင်ဘူး”

ကျော့မင်းက ကြမ်းကြမ်းတမ်းတမ်းနဲ့ ပြောလိုက်ပြီး သူ့ပုံစံ ကြည့်ရတာ ယုံကြည်မှု အပြည့် ရှိနေပုံ ရပါတယ်။

“ငါမင်းကို နောက်လိုက်တစ်ယောက် အဖြစ်နဲ့ ကောက်ယူနိုင်တယ်။ ငါ့နောက်ကို လိုက်လာရင် နောက်ပိုင်းမှာ ဒီကမ္ဘာကြီးထဲ ကြိုက်သလို သွားလာနိုင်တဲ့ အခွင့်အလမ်းကို မင်းရလိမ့်မယ်”

လင်းဟန်က သူ့နားရွက်အနားကို လက်တစ်ဖက် ကပ်ပြီးတော့ နားထောင်တဲ့ ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

“ဘယ်လောက်တောင် စိတ်ကြီးဝင်နေလိုက်တာလဲ။ ငါလည်း တော်တော်လေး မာနကြီးပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ငါ့ထက်တောင် စိတ်ကြီးဝင်နေတဲ့ လူရှိနေတယ်။ ဒါက ငါ့ကို တစ်မျိုးဖြစ်သလို ခံစားရတယ်။ ဟူးညို

တစ်ယောက်ယောက်က ငါ့ကို ထိတ်လန့်အောင် လုပ်ရင် ဘာလုပ်ရမလဲ”

“သူ့ကိုရိုက်ပစ်။ သူ့ကို နှိပ်စက်ပစ်။ သူ့ကို နင်းချေပစ်”

ဟူးညိုက သူမရဲ့ လက်သီးတွေကို ခပ်ကြမ်းကြမ်း ဝှေ့ယမ်းပြီး ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်တယ်။

“ကောင်းပြီ။ ဒါဆိုရင် ဒါက ပြီးပြတ်သွားတာပေါ့”

ကျော့မင်းရဲ့ မျက်နှာအမူအရာက အေးစက်သွားပြီးတော့ ခက်ထန်မာကျော သွားပါတယ်။ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုက ပျံ့နှံ့လာပြီးတော့ သူက ရက်စက်ကြမ်းကြုတ်တဲ့ ခြသေ့်တစ်ကောင်နဲ့ တူလာပြီး လူတွေကို ကျောချမ်းသွားစေတဲ့ ခံစားချက်ကို ဖြစ်ပေါ်စေပါတယ်။ သူက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်တယ်။

“ငါ့ရဲ့ စေတနာကို ငြင်းပယ်တဲ့လူက သူ့ကိုယ်ပိုင် ပျက်စီးရာ ပျက်စီးကြောင်းကို ရှာတာပဲ”

"ယောက်ဖ။ ငါအရင်ဆုံး ဘေးနားမှာ သွားပြီးတော့ နေလို့ရမလား။ ဂရုန်းသုန်းကား အခြေအနေ တစ်ခုက ထွက်ပေါ်လာတဲ့ လေထုက အသက်ရှူရတာ နည်းနည်းခက်ခဲစေတယ်လို့ ငါထင်တယ်"

လီဖန်းယုက အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ရှူး သွားစမ်း"

ဟူးညိုက ကန်ထည့်လိုက်ပြီး လီဖန်းယုကို လွင့်ထွက်သွားစေပါတယ်။

"နင်က ညိုးညိုးကို အရှက်ရအောင် လုပ်တာပဲ။ သုံးစားမရတဲ့လူ"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ အရှေ့ကို တိုးလာပြီး ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းပြောသလိုပဲ သက်တူရွယ်တူထဲမှာ ငါ့အရှေ့မှာ ဘယ်သူကမှ ခုန်ကျော်ပြီး မသွားနိုင်ဘူး"

"ဟားဟားဟားဟား"

ကျော့မင်းက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့ရဲ့အနက်ရောင် ဆံပင်တွေက လေထဲမှာ ခပ်ကြမ်းကြမ်း လွင့်နေပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တဲ့ အခါမှာ အရိုးထဲက တဖျစ်ဖျစ် မြည်သံတွေက မိုးခြိမ်းသံအလား ဆူညံလာပြီး ကျူးရှမ်အာနဲ့ လီဇီရှန်းတို့ရဲ့ မျက်နှာကို ဖြူဖပ်ဖြူရော် ဖြစ်သွားစေပါတယ်။

သူ့ရဲ့တည်ရှိမှုက တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းပါတယ်။

Chapter 698 end

Zaw. အပိုင်း(၆၉၉) ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များ ယှဉ်ပြိုင်ခြင်း

"ယား"

လင်းဟန်က ကျယ်လောင်စွာ မာန်သွင်းလိုက်ပါတယ်။ နွေခေါင်ခေါင်မှာ မိုးခြိမ်းလိုက်သလိုပါပဲ။ ကျော့မင်းရဲ့ ကြမ်းတမ်းတဲ့ အရှိန်အဟုန် တည်ရှိမှုက ချက်ချင်းဆိုသလို အာနိသင် ပျက်ပြယ်သွား ခဲ့ပါတယ်။

"မင်းက ခန္ဓာကိုယ် ကျင့်စဉ်တွေ ကျင့်ကြံထားတယ် မဟုတ်လား"

ကျော့မင်းက လင်းဟန်ကို မေးလိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ တုံ့ပြန်မှုကို မစောင့်ပဲ သူ့ကိုယ်တိုင်ပဲ ဆက်ပြီးတော့ ပြောလိုက်တယ်။

"ငါလည်း ခန္ဓာကိုယ် ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်ထားတယ်။ မင်းကို ပြောပြနိုင်တယ်။ မြေနဂါးဂိုဏ်းက လူတွေအားလုံးက ခန္ဓာကိုယ် ကျင့်စဉ်တွေ ကျင့်ကြံကြတယ်။ ဒါက ငါတို့ဂိုဏ်းနဲ့ တခြားဂိုဏ်းတွေ မတူညီတဲ့ အချက်ပဲ"

သူက ခဏလောက် ရပ်ပြီးတော့မှ ဆက်ပြောလိုက်တယ်။

"မင်းကို အခုလိုမျိုး ပြောရတာက မင်းသိအောင်လို့ပဲ။ တကယ်လို့ မင်းရဲ့ ခန္ဓာကိုယ် ကျင့်စဉ်တွေ အပေါ်မှာ ယုံကြည်မှုတွေက လက်မခံနိုင်လောက်အောင် ယုံကြည်မှုတွေ ဖြစ်နေမှာ ဆိုးလို့ပဲ။ ငါလေ့ကျင့်တဲ့ ခန္ဓာကိုယ် ကျင့်စဉ်က မြေနဂါး သံပြိုင်ဟာစ်ကြွေးခြင်းလို့ ခေါ်တယ်။ အဲဒီပညာကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သွားရင် မြေနဂါး

တစ်ကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်ပြီး အရာအားလုံးကို ချိုးနှိမ်ပစ်နိုင်လိမ့်မယ်"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒီကမ္ဘာကြီး စတင်ဖြစ်ပေါ်လာတဲ့ အချိန်တုန်းက နတ်ဘုရား သားရဲတွေ တစ်သောင်းလောက် ဆင့်ကဲပြောင်းလဲလာပြီး အသန်မာဆုံး နတ်ဘုရား သားရဲက စစ်မှန်တဲ့ နဂါးတွေနဲ့ စစ်မှန်တဲ့ ဖီးနစ်ငှက်တွေပဲ။ ဒါကြောင့် မြေနဂါးက ဘယ်အဆင့်မှာ ရှိလို့လဲ"

သူက နဂါးကိုးကောင် ကျင့်စဉ်ကို ကျင့်ကြံထားပါတယ်။ ပြီးတော့ စစ်မှန်တဲ့ နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်မယ်လို့ လေလုံးမထွားပါဘူး။ မင်းက မြေနဂါး တစ်ကောင်ရဲ့ စွမ်းအားကိုပဲ ပိုင်ဆိုင်တာကို ဘာဖြစ်လို့ ထည့်တွက်နေရမှာလဲ။

နောက်ပြီးတော့ ဘယ်သူမှလည်း တစ်ဖက်ကမ်းခပ် မကျွမ်းကျင်ကြသေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျော့မင်းကို သူက မြေကြီးထဲ နစ်ဝင်သွားအောင် ရိုက်ထုတ်ပစ်နိုင်ပါ လိမ့်မယ်။

ကျော့မင်းက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံးက စစ်မှန်သော နဂါးဆိုတာ အထွတ်အထိပ်သားရဲကောင်တွေလို့ မှတ်ယူထား ကြတယ်။ သူတို့မသိတာက မြေနဂါးကလည်း စစ်မှန်တဲ့ နဂါးကို မရှုံးနိုင်ဘူး ဆိုတာကိုပဲ"

လင်းဟန်က သူ့ရဲ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အခု မင်းက နတ်ဘုရား သားရဲတွေရဲ့ အဆင့်ကို ငါနဲ့အတူ ပြောင်းလဲငြင်းခုံမလို့လား"

ကျော့မင်းက သူ့ရဲ့ဖြူဖွေးနေတဲ့ သွားတန်းနှစ်တန်း ပေါ်လာတဲ့အထိ ပြုံးလိုက်ပါတယ်။ အပေါ်က သွားစွယ်နှစ်ချောင်းက သားရဲတစ်ကောင်ရဲ့ အစွယ်တွေနဲ့ တူပြီးတော့ အတော်လေးကို အံ့အားသင့်ဖို့ကောင်းပါတယ်။

"ဒါပေ့ါ ဘယ်ဟုတ်မလဲ။ ငါက မင်းကို မြေနဂါးက ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို သိသွားစေချင်ရုံ သက်သက်ပဲ။ ပြီးတော့ ငါက အစွမ်းထက်တဲ့ မြေနဂါးရဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတယ်။

အရင်နေ့တွေက နေ့တိုင်းလိုလို ငါ့ရဲ့ ရှေးဟောင်း သွေးမျိုးဆက်က နည်းနည်းချင်းစီ နိုးထလာပြီးတော့ ပိုသန်မာလာတယ်"

ဟူးညိုက ရုတ်တရက် သူမရဲ့ လက်သေးသေးလေးတွေနဲ့ လက်ခုပ်လက်ဝါးတီးပြီးတော့ တစ်ခုခုကို သတိပြုမိသွားသလိုမျိုး အော်ဟစ်လိုက်ပါတယ်။

"ဟင် မြေနဂါးတွေက တီကောင်တွေ မဟုတ်ဘူးလား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ပြောလိုက်တယ်။

"အမှန်ပဲ။ ငါတို့က အခု တီကောင်လေး တစ်ကောင်ရဲ့ မိုးကောင်းကင်တစ်လျှောက် ကြွားလုံးထုတ် နေတာကို နားထောင်နေရတယ်"

အားလုံးက ပြုံးလိုက်ပြီး ဟူးညိုရဲ့ ရယ်သံကတော့ အကျယ်ဆုံးပါပဲ။ သူမက အမြဲတမ်း လင်းဟန်ကို အများဆုံး မျက်နှာသာ ပေးပါတယ်။

ကျော့မင်းက သူ့ရဲ့ညာဘက်လက်ကို ဆန့်ထုတ်လိုက်တာနဲ့

သွေးကြောတွေက ခုန်လာပြီး သွေးတွေက တဒုတ်ဒုတ်နဲ့ တိုးလာတဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။ ဟုမ်း။ သူ့ရဲ့အနက်ရောင် ဆံပင်တွေက အနောက်ဘက်ကို တွန့်လိမ်သွားပြီး အနီရောင် ချီတွေက သူ့ခန္ဓာကိုယ်ကနေ ပေါက်ကွဲထွက်လာပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တစ်စုံတစ်ခုက နိုးထလာတဲ့ အတိုင်းပါပဲ။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလူရဲ့ သွေးတွေ တစ်ဟုန်ထိုး စီးဆင်းတာက မိုးခြိမ်းသံတွေလိုပါပဲ။ အဲဒါက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ်တွေမှာ အံ့အားသင့်စရာကောင်းတဲ့ အောင်မြင်မှုကို ဖော်ပြနေပါတယ်။

ခန္ဓာကိုယ် ကျင့်စဉ်အဆင့်နဲ့ ပတ်သက်ရင် နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က မြေနဂါး သံပြိုင် ဟစ်ကြွေးခြင်း ပညာရပ်ထက် မြင့်မားပါတယ်။ ဒါပေမဲ့ ဒီကျင့်စဉ်တွေကို အထွတ်အထိပ် ရောက်တဲ့အထိ မကျင့်ကြံနိုင်သေးခင်မှာတော့ ဘယ်တစ်ခုက ပိုပြီးတော့ ကောင်းလဲဆိုတာကို ပြောပြဖို့ ခက်ခဲပါတယ်။

ဘာနဲ့တူသလဲဆိုရင် တစ်ခုရဲ့ ပြင်းထန်မှုက တစ်ရာဖြစ်ပြီး တခြားတစ်ခုရဲ့ ပြင်းထန်မှုက တစ်ထောင် ဖြစ်ပါတယ်။

တစ်ရာကို မရောက်ခင် မြေနဂါး သံပြိုင်ဟစ်ကြွေးခြင်းက နဂါးကိုးကောင် ပညာရပ်ထက် နိမ့်ကျလိမ့်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ခြားနားချက်တွေ ရှိနေတာကြောင့် နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က လင်းဟန်ကို ပြင်းထန်မှု တစ်ရာအထိ လျင်မြန်စွာနဲ့ ရောက်သွားစေပါတယ်။

သူတို့နှစ်ယောက် စလုံးက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ဖြစ်ပြီးတော့ အထွတ်အထိပ်ကို ရောက်ဖို့ ဝေးနေပါသေးတယ်။ ဒါကြောင့် လင်းဟန်က တစ်ဖက်လူကို သေချာပေါက် လျော့မတွက်နိုင်ပါဘူး။

လင်းဟန်က လူအုပ်ကြားကနေ အရှေ့ကို ထွက်လာပြီး သူ့လည်ပင်းကို တွန့်လိမ်ပြီး သူ့လက်နဲ့ ခြေထောက်တွေကို လှုပ်ရှားလိုက်ပါတယ်။ ဂျွတ် ဂျွတ် ဂျွတ်။ သူ့ခန္ဓာကိုယ် အပေါ်က အရိုးတွေ အားလုံးကနေ တဖျောက်ဖျောက်နဲ့ မြည်လာပြီး သူ့ရဲ့သွေးတွေက အရှိန်မြင့်တင်ပြီး လည်ပတ်လိုက်သလိုပဲ တဒုတ်ဒုတ် မြည်သံတွေက မိုးခြိမ်းသံလို ကျယ်လောင်လှပါတယ်။

ခန္ဓာကိုယ် ကျင့်စဉ်တွေက မူလစွမ်းအင်နဲ့ မတူပါဘူး။ ပကတိ ခွန်အားကို အသုံးမပြုခင် သွေးပူလေ့ကျင့်ခန်းတစ်ခု လုပ်ဖို့

လိုအပ်ပြီး အဲဒါမှပဲ စွမ်းအားကို အပြည့်အဝ ထုတ်ဖော်နိုင်ပါလိမ့်မယ်။

"ကောင်းကင်ပေါ်မှာ တိုက်ခိုက်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ကျော့မင်းက မျှော်လင့်မထားစွာနဲ့ ငြင်းလိုက်ပါတယ်။

"ဘာလဲ မင်းက ပုရွတ်ဆိတ်တွေရဲ့ အသက်ကို ဂရုစိုက်နေသေးတာလား"

ရွှစ်။

သူက စပရိန်လို ခြေစုံကန်လိုက်ပြီး သူ့ပုံရိပ်က ချက်ချင်းဆိုသလို မတရား လျင်မြန်ပြီး လင်းဟန်ဆီကို လက်သီးနဲ့ ထိုးထည့်လိုက်ပါတယ်။

ပေါက်ကွဲခြင်း စွမ်းအားက ပကတိ ခွန်အားရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ဒီခုန်လိုက်တဲ့ အမြန်နှုန်းက လင်းဟန်ရဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံထက် မနိမ့်ကျ ပါဘူး။ ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက

ပေါက်ကွဲခြင်းရဲ့ တွန်းကန်မှု တစ်ခုဖြစ်ပြီး မြင့်မားတဲ့ အမြန်နှုန်းကို ဆက်တိုက်ထိန်းထားဖို့တော့ မဖြစ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျော့မင်းရဲ့ အရိုး အသွေးနဲ့ အသားတွေက ဒီဂန်ထုပ်ဂန်ပိုးဒဏ်ကို မခံနိုင်ပဲ စုတ်ပြတ်သတ် ကုန်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒါက လင်းဟန်နဲ့ မသက်ဆိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူလည်း ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံထားပြီး သူ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက သတ္တုတွေထက် တစ်ဆင့်ပိုမြင့်တဲ့ သတ္တုတွေနဲ့တောင် နှိုင်းယှဉ်လို့ ရပြီး ဒီလိုမျိုး ပေါက်ကွဲမှုတွေကို မရေမတွက်နိုင်အောင် တောင့်ခံနိုင်ပါတယ်။

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပြီး သူ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ကျော့မင်းဆီကို ရည်ရွယ်ပြီး ထိုးလိုက်ပါတယ်။

ပုန်း။

လက်သီးနှစ်လုံးက ပြင်းပြင်းထန်ထန် ဆောင့်မိသွားပြီး ချက်ချင်းဆိုသလို လေလှိုင်းတွေ ထွက်ပေါ်လာပြီး

နေရာအနှံ့ကို ပျံ့နှံ့ကုန်ပါတယ်။ ပုန်း ပုန်း ပုန်း ပုန်း။ မြေကြီးကို ကြည့်ရတာ လှန်ပစ်ခံလိုက်ရသလိုမျိုး ကြောက်မက်ဖွယ်ရာ စွမ်းအားတွေက ပတ်ဝန်းကျင်ကို ဖေ့လည်ပြီး ပျံ့နှံ့ကုန်ပါတယ်။

ပုန်း ပုန်း ပုန်း။

ကျူးရှမ်အာနဲ့ တခြားလူတွေ အားလုံးက လွင့်ထွက်ကုန်ပါတယ်။ ကံကောင်းတာက ဟူးညိုနဲ့ ဂမ်ရန်ချင်းချင်းတို့က သူတို့ကို အဝေးကနေ ကြည့်နေပါတယ်။ ဒါကြောင့် အားလုံးက ပရမ်းပတာ ဖြစ်ကုန်ပေမဲ့ ထိခိုက်ဒဏ်ရာတွေ ရမသွားကြပါဘူး။

ဂမ်ရန်ချင်းချင်းက ဟူးညိုကို ခဏခဏ လှည့်လှည့်ကြည့်လိုက် မိပါတယ်။ ဟူးညိုက ထူးခြားတယ် ဆိုတာကို သူမ သိထားပေမဲ့ မျက်မြင်ကြုံတွေ့ လိုက်ရတဲ့ အခါမှာ အံ့အားသင့်နေဆဲပါပဲ။ ခုနစ်နှစ် ရှစ်နှစ်အရွယ် မိန်းကလေးက စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေပြီး အဆင့်ကျော် တိုက်ခိုက်နိုင်တဲ့ စွမ်းရည်လည်း ရှိပြီးတော့ ခန့်မှန်းလို့ မရနိုင်အောင် နက်ရှိုင်းလွန်းပါတယ်။

ဖုန်မှုန့်တွေရဲ့ အလယ်မှာ လင်းဟန်နဲ့ ကျော့မင်းတို့က တိုက်ခိုက်နေပြီး လက်သီးတွေ တစ်ချက်ပြီး တစ်ချက်ထိုးပြီးတော့ ရင်ဆိုင်တိုက်ခိုက် နေကြပါတယ်။ ပြီးတော့ အနီးကပ် တိုက်ပွဲတစ်ခု ဖြစ်တာကြောင့် လှုပ်ရှားမှုတိုင်းနဲ့ ဟန်ပန်တွေက အရမ်းကို ဘေးကျပ်နံကျပ် အခြေအနေမှာ ရှိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အထိအခိုက် သက်သာအောင် ကြားကနေ နည်းနည်းလေးမှ ခံထားမှု မရှိပါဘူး။ တစ်ယောက်ယောက်ရဲ့ အစွမ်းက နည်းနည်းလောက် ကျသွားတာနဲ့ပ ချက်ချင်းပဲ ထိခိုက်သွားပါလိမ့်မယ်။ ပြီးတော့ အကောင်းဆုံးက အရိုးတစ်ချောင်းလောက် ကျိုးနိုင်ပြီး အဆိုးဆုံး အနေအထားက သေတောင်သေသွား နိုင်ပါတယ်။

အားလုံးက စိုးရိမ်ပူပန်စွာနဲ့ စောင့်ကြည့်နေကြပါတယ်။ ဒါပေမဲ့ ဖုန်တွေ တစ်ထောင်းထောင်း ထနေတာကြောင့် သူတို့တွေက ဘာကိုမှ မမြင်နိုင်ပါဘူး။ သူတို့က အရမ်းကို ကြောက်စရာ ကောင်းတဲ့ အားလှိုင်းတွေကြောင့် အနောက်ကို ဆက်ပြီးတော့ ဆုတ်လာရပါတယ်။

ဟူးညို တစ်ယောက်ပဲ လင်းဟန်ကို ယုံကြည်မှု အပြည့်ရှိနေပြီး လွတ်လွတ်လပ်လပ် စိုးရိမ်ပူပန်မှု မရှိပဲနဲ့

အစားစပြီးတော့ စားနေပါတယ်။

ပြင်းထန်တဲ့ တိုက်ပွဲက မိနစ်အနည်းငယ် ကြာတဲ့အထိ ဆက်လက်ဖြစ်ပေါ်နေပြီး ရုတ်တရက် လှုပ်ရှားမှု မရှိတော့ပါဘူး။ အဲဒီနောက်မှာ ပုံရိပ်တစ်ခုက ကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး တက်သွားပြီး ဟိတ်ကြီးဟန်ကြီးနဲ့ ရပ်နေပါတယ်။

"ဟားဟား စိတ်လှုပ်ရှားစရာပဲ။ တကယ် စိတ်လှုပ်ရှားဖို့ကောင်းတယ်"

သူကတော့ ကျော့မင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ခေါင်းအပြည့် အနက်ရောင် ဆံပင်တွေက ကြမ်းကြမ်းတမ်းတမ်း လွင့်နေပြီး သူ့ရဲ့ ကြမ်းတမ်းမှုနဲ့ တင်းမာတဲ့ တည်ရှိမှုကို အပြည့်အဝ ဖော်ပြနေပါတယ်။

"မင်းက ငါ့ကို စိတ်ကျေနပ်အောင် တိုက်ခိုက်နိုင်တဲ့ ပထမဆုံးလူပဲ။ ဒါကြောင့် ဒီနေ့မှာ ငါမင်းရဲ့ အသက်ကို ချမ်းသာပေးလိုက်မယ်။ ဒါပေမဲ့ မင်းက မြန်မြန်ဆန်ဆန် တိုးတက်ရလိမ့်မယ်။ ငါ့ရဲ့ ရေးဟောင်း သွေးမျိုးဆက်က နေ့တိုင်း နိုးထလာတယ်။ ခွန်အားနဲ့ ပတ်သက်ပြီး တိုးတက်မှု အမြန်နှုန်းက မင်းထင်ထားတာထက် ကျော်လွန်တယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နောက်တစ်ကြိမ်ကျရင် မင်းက ငါ့ရဲ့ လက်သီးသုံးချက်ကို ထိုက်တန်မှု မရှိတဲ့ ပြိုင်ဘက် တစ်ယောက် ဖြစ်လာလိမ့်မယ်”

သူ့ပုံရိပ်က အောက်ဘက်ကို တစ်ဟုတ်ထိုး ဆင်းလာပြီး ချိုင့်တွင်းကြီးထဲကို ဝင်ရောက်ကာ ချက်ချင်းဆိုသလို မှောင်မှောင်မည်းမည်းထဲမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဖုန်တစ်ထောင်းထောင်း ထနေတဲ့ အလယ်ကနေ လင်းဟန်ကလည်း ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်က ချီနဲ့ သွေးတွေရဲ့ တဒုတ်ဒုတ် မြည်သံတွေက ဖြည်းညှင်းစွာနဲ့ တည်ငြိမ်လာပြီး ခြေဦးတည့်ရာ လျှောက်သွားနေတဲ့ နဂါးတစ်ကောင်က သူ့အသိုက်ထဲကို ပြန်လာသလိုမျိုး ဆက်ပြီးတော့ ထူးခြားမှုတွေ မဖော်ပြတော့ပါဘူး။

သူ့အမူအရာက လေးနက်နေပြီး သူ့အကြည့်တွေမှာ တိုက်ပွဲဝင် စိတ်ဝိညာဉ်က တောက်လောင် နေဆဲပါပဲ။

Chapter 699 end

Zaw.အပိုင်း(၇၀၀) ဝင်ပေါက်

"နောက်တစ်ကြိမ် ဟုတ်လား"

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်တယ်။ ကျော့မင်းက သူ့ဘာသာ ပြန်ဆုတ်သွားခဲ့ပြီး သူနိုင်မလား ဆိုတာကို သေချာပေါက် မပြောနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဂမ်ရန်ချင်းချင်းနဲ့ ကျူးရွှမ်အာတို့ကို လက်လွှတ်လိမ့်မှာလား။

ဒါပေမဲ့လည်း သူတို့နှစ်ယောက်က သန့်စင်တဲ့ ပကာတိ ခွန်အားတွေနဲ့ပဲ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ မူလစွမ်းအင်တွေ ပညာရပ်တွေ ကျွမ်းကျင်မှုတွေ ပါလာမယ် ဆိုရင် အခြေအနေက နောက်တစ်ကြိမ် ပြောင်းလဲသွားပါလိမ့်မယ်။

လင်းဟန်က ယုံကြည်မှု အပြည့်နဲ့ ပြုံးလိုက်ပါတယ်။ မူလစွမ်းအင် ဒါမှမဟုတ် ရုပ်ပိုင်းဆိုင်ရာ စွမ်းအားမှာပဲဖြစ်ဖြစ် ယှဉ်ပြိုင်ရမယ်ဆိုရင် ကိစ္စမရှိပါဘူး။ သူက အဆင့်တူထဲမှာ ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။

တကယ်လို့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လိုက်ရင် ဘယ်သူ့ကို ကြောက်နေရဦးမှာလဲ။ သူက လျှို့ဝှက်ဆန်းကြယ်စွမ်းအား သုံးခုကို

နားလည်သဘောပေါက် ထားတယ်မဟုတ်လား။

"အစ်ကိုလင်းက မိုးကောင်းကင်ရဲ့ ချီးမြှောက်မှုကို ရထားတဲ့ ပါရမီရှင် တစ်ယောက်ပဲ။ အင်အားကြီးဂိုဏ်းငါးဂိုဏ်းရဲ့ အထူးချွန် အထက်မြက်ဆုံး တပည့်တွေကိုတောင် ယှဉ်ပြိုင်နိုင်တယ်။ ချင်းချင်းက အရမ်းကို လေးစားအားကျမိပါတယ်"

ဂမ်ရန်ချင်းချင်းက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူမရဲ့ လှပတဲ့ မျက်လုံးတွေက အရောင်တွေ တောက်ပနေပြီး လင်းဟန်နဲ့ ပတ်သက်ပြီးတော့ သူမမှာ တခြားထူးခြားဆန်းပြားတဲ့ အတွေးတွေ ရှိမနေပဲ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်နဲ့ သူငယ်ချင်း ဖြစ်ချင်တာပဲ ရှိပါတယ်။

ကျော့မင်းက သူမနောက်ကို အတင်းကပ်နေမှတော့ သူမက ကူညီပေးမဲ့ လက်တစ်ဖက်ကို ရရှိဖို့ အနည်းငယ် ရင်းနှီးအောင် လုပ်လိုက်တာပါပဲ။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"သွားကြစို့။ ငါတို့လည်း ဝင်သင့်ပြီ"

"အားယား မင်းတို့ကောင်တွေက နလုံးသားကို မရှိဘူး။ ဦးလေးယုန်ကို နောက်တစ်ကြိမ် နောက်မှာ ချန်ခဲ့ပြန်ပြီ"

အဖြူရောင် ပုံရိပ်တစ်ခုက လျှပ်ပြက်သလို ပေါ်လာပြီး ယုန်ဖြူကြီး တစ်ကောင်က အဝေးကနေ လွှားခနဲ ခုန်ဆွခုန်ဆွနဲ့ ရောက်လာပြီး ပါးစပ်မှာလည်း မုန်လာဥ တစ်လုံးကို ကိုက်ထားပြီး ဒီအခြေအနေမှာ ဘယ်လိုမျိုး စကားပြောနိုင်တာလဲ ဆိုတာကို မသိနိုင်ပါဘူး။

ယုန်ဖြူကြီးက စကားပြောနိုင်တယ် ဆိုတာက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းမှာ လျှို့ဝှက်ချက် မဟုတ်ပါဘူး။ သင်တန်းကျောင်းက တချို့နာမည်ကြီး လူတချို့က ဘယ်သူကမှ ယုန်ဖြူကြီးနဲ့ ပတ်သက်ပြီး ဘာအကြံအစည်မှ ခွင့်မပြုဘူးလို့ ပြတ်ပြတ်သားသား ပြောထားပါတယ်။ ဒါကြောင့် ယုန်ဖြူကြီးက အရမ်းကို လျှို့ဝှက်ထူးခြားစွာနဲ့ ပေါ်လာခဲ့တယ်လို့ပဲ မှတ်ထားကြပါတယ်။

ဒါကြောင့် ယုန်ဖြူကြီးက မကောင်းဆိုးဝါး မိစ္ဆာတစ်ကောင်လို စိတ်ဂိညာဉ် ဆေးပင်တွေ မရေမတွက်နိုင်အောင် ခိုးယူပြီးတော့ အပြစ်ပေးမခံရပဲ အဝေးကို ထွက်သွားနိုင်ပါတယ်။ ဘယ်သူကမှ ဒီကိစ္စနဲ့ ပတ်သက်ပြီး

စကားတောင် မဟာရဲကြပါဘူး။

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ယုန်ဖြူကြီးရဲ့ အကြောင်းနဲ့ ပတ်သက်ပြီး သတိပြုမိထားတယ် ဆိုတာ ပေါ်လွင်ပါတယ်။ ဒါက ထူးခြားတဲ့ သက်ရှိတွေထဲက တစ်ကောင် ဖြစ်ပြီးတော့ ချမ်းသာပေးထားရပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် ဆေးပင်တွေ ခိုးတော့ရော ဘာဖြစ်မှာလဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကိုကြည့်ရတာ သင်တန်းကျောင်းမှာ ရေထဲက ငါးတစ်ကောင်လိုပဲ လျှောက်သွားနေတာ ဘယ်လိုလုပ်ပြီးတော့ မင်းကို ခေါ်လို့ ရမှာလဲ"

"ထို့ ဒီကောင်စုတ်တွေ အားလုံး ထွက်သွားမှတော့ ရေတွေလည်း ကုန်ပြီပေါ့။ ဒါကြောင့် ဦးလေးယုန်က ဘယ်လိုလုပ်ပြီးတော့ ရေထဲက ငါးတစ်ကောင် ဖြစ်နိုင်ဦးမှာလဲ"

ယုန်ဖြူကြီးက အကြီးအကျယ် မကျေမနပ် ဖြစ်နေပါတယ်။

"ကောင်းပြီးလေ။ ရှေးဟောင်းနယ်မြေက

အောက်မှာရှိနေတယ်။ အဲဒီမှာ စိတ်ဂိညာဉ် ဆေးပင်တွေ ရှိချင်ရှိမှာပေါ့။ မင်းရဲ့ ခွေးနှာခေါင်းကို ငါတို့ကို ငှားပြီးတော့ အနားတပိုက်မှာ အနံ့ခံပေးပေါ့”

လင်းဟန်က ပြောလိုက်တယ်။

“ထွီ။ မင်းပဲ ခွေးနှာခေါင်း။ မင်းမိသားစု တစ်ခုလုံး ခွေးနှာခေါင်း။ အား”

ယုန်ဖြူကြီးက သူ့တင်ပါးကို ဟူးညီကိုက်တဲ့ဒဏ် သည်းမခံနိုင်အောင် ဖြစ်သွားပါတယ်။ နာကျင်မှုကြောင့် ခုန်ထည့်လိုက်တဲ့ အခါမှာ ချိုင့်တွင်းနက်ကြီးထဲကို တန်းပြီးတော့ ကျသွားခဲ့ပါတယ်။

“မင်းက မင်းဦးလေးယုန်ကို ငရဲကျသလို နာကျင်စေတာပဲ”

ယုန်ဖြူကြီးရဲ့ စူးစူးဝါးဝါး အော်သံက ချိုင့်တွင်းနက်ကြီးရဲ့ အတွင်းကနေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ စကားလုံးတွေက တစ်လုံးနဲ့တစ်လုံး အသံတိုးသွားတာကြောင့် အံ့အားသင့်စရာ အမြန်နှုန်းနဲ့ ကျသွားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟန်က ကျူးရှမ်အာရဲ့ လက်ကို ဆွဲပြီးတော့ ရောမ တွင်းကြီးထဲကို လွှားခနဲ ခုန်သွားလိုက် ပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်။

တခြားလူတွေလည်း တစ်ယောက်ပြီးတစ်ယောက် အောက်ကို ခုန်ဆင်းသွားပါတယ်။ ဂမ်ရန်ချင်းချင်းက အသက်ကို ပြင်းပြင်းတစ်ချက် ရှူလိုက်ပါတယ်။ သူမကို ကြည့်ရတာ လူတော်တော်များများကို စုစည်ထားခဲ့ပေမဲ့ အကျပ်အတည်း အခြေအနေမှာ လူတစ်ယောက်ရဲ့ နလုံးသား အပေါ်မှာ အရာအားလုံး မူတည်နေပြီး ရန်သူ့ဘေးမှာရှိတဲ့ သူမကို ဘယ်သူကမှ နှုတ်ဆက်ခြင်း မရှိပါဘူး။ ဒီလူတွေကို သူမအနေနဲ့ စိတ်အနှောင့်အယှက် ဖြစ်ခံပြီးတော့ ပြန်မခေါ်နိုင်ပါဘူး။

သူမက ခြေလှမ်းကျယ်ကြီးတစ်လှမ်း လှမ်းပြီးတော့ ပေါ့ပါးဖျတ်လက်စွာနဲ့ ရောမ တွင်းကြီးထဲကို ခုန်ဆင်းလိုက်ပါတယ်။

လင်းဟန်က ကျူးရှမ်အာကို ပွေ့ဖက်ထားပြီး ဒီထူးထူးခြားခြား လှပချောမောတဲ့ အလှပဂေးက သူ့ကိုပြန်ပြီးတော့ ရေဘဲ လက်တံတွေလိုမျိုး တင်းတင်းကျပ်ကျပ်

ပွေ့ဖက်ထားပါတယ်။ သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ပ မျက်နှာပေါ်မှာ အိပ်မက်မက်နေသလို အကြည့်တွေနဲ့အတူ သူ့ရဲ့ ယောက်ျားဆန်တဲ့ တည်ရှိမှုကို နှစ်သက်သဘောကျနေပါတယ်။

ဒါကိုကြည့်ရတာ တကယ်ပဲ ဆွဲဆောင်မှု ရှိပါတယ်။

လင်းဟန်က ဒါကို မခံမရပ်နိုင် ဖြစ်လာပြီး ကျူးရွှမ်အာကို အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတော့ ဒီအုံ့ဩမှင်တက်စရာ ကောင်းလောက်တဲ့ အလှပဂေးလေးကို မြေကြီးပေါ် တွန်းလှဲပြီး ဒချိဒချိ လုပ်ပစ်လုနီးပါး ဖြစ်နေပါတယ်။ သူက အဲဒါကို အတင်းအကျပ် တောင့်ခံထားပြီး အတော်ဝေးတဲ့ အကွာအဝေး တစ်ခုကို ပေါ့ပါးဖျတ်လတ်စွာနဲ့ ဆင်းလာခဲ့ပြီး သူ့ပုံစံကို ကြည့်ရတာ ရွှံ့တစ်ခု အထဲကို ဝင်သွားသလိုမျိုး ချက်ချင်း အရှိန်နှေးသွားပြီး အဲဒီနောက် နောက်တစ်ကြိမ် အရှိန်မြှင့်တင်ရပါတယ်။ တချိန်တည်းမှာပဲ သူ့အရှေ့မှာ တောက်ပလင်းလက်တဲ့ နေရာတစ်ခု ပေါ်လာခဲ့ပါတယ်။

သူတို့က တကယ်ပဲ ကမ္ဘာအသစ် တစ်ခုထဲကို ဝင်ရောက်လာခဲ့ ကြပါတယ်။ အောက်ခြေမှာက စိမ်းလန်းစိုပြေတဲ့ မြက်ပင်တွေ၊ အာကာသ သစ်ပင်တွေနဲ့

ဟိုးခပ်လှမ်းလှမ်းက မြင့်မားတဲ့ တောင်တွေနဲ့ ကျယ်ပြန့်တဲ့ မြက်ခင်းပြင်ကြီးတစ်ခု ဖြစ်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

နောက်က လူတွေကလည်း တစ်ယောက်ပြီး တစ်ယောက် ပေါ်လာပါတယ်။ အရှေ့မှာတော့ ဟူးညိုက ယုန်ဖြူကြီးရဲ့ အမြီးကို ကိုက်ထားပြီး ယုန်ဖြူကြီးက ငယ်သံပါအောင် အော်ဟစ်လို့ နေပါတယ်။

"ဒီရေးဟောင်း နယ်မြေမှာ တကယ်ပဲ ထူးခြားတဲ့ နေရာတစ်ခု ဖြစ်နေတာပဲ"

အားလုံးက ပြောလိုက်တယ်။ တကယ်လို့ ဒီလိုသာဆိုရင် ဒီနေရာက နေရာလွတ်က တကယ့်ကို ကြီးမားကျယ်ပြန့်ပါလိမ့်မယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကတော့ သေချာပေါက် ဒီလိုမဖြစ်နိုင်ပါဘူး။

အပေါ်ကနေ ဒီနေရာကို ကြည့်မယ်ဆိုရင် မျောလွင့်နေတဲ့ တိမ်တွေနဲ့ နေတစ်စင်းကို အပေါ်မှာ တွေ့မြင့်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါကို အာရုံခံလိုက်ရင် နေအစစ် မဟုတ်ဘူးဆိုတာကို သိနားလည် လာပါလိမ့်မယ်။

အဲဒီအစား ဖုံးဖိလို့ မရနိုင်တဲ့ ရောမ မီးဘောလုံးကြီး တစ်လုံးလိုပါပဲ။ ဒီနေရာကနေ ကြည့်မယ်ဆိုရင် အရမ်းကို ဝေးကွာလွန်းတာကြောင့် ကြည့်ရတာ နေတစ်စင်းနဲ့ တူပါတယ်။

"ကြီးကျယ်ခမ်းနားတဲ့ လက်မှုပညာ တစ်ခုပဲ"

လင်းဟန်က အံ့အားသင့်စွာ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ အရင်က ထူးခြားတဲ့ နေရာတစ်ခုကို မဝင်ဖူးတာ မဟုတ်ပါဘူး။ ဥပမာ နတ်ဆိုးကောင်းကင် လျှို့ဝှက်နယ်မြေနဲ့ လျှို့ဝှက်ဆန်းကြယ် ကောင်းကင်နယ်မြေ ဆယ့်နှစ်ခုကလည်း ကမ္ဘာငယ်လေးတွေပါပဲ။ ဒါပေမဲ့လည်း ကမ္ဘာငယ်လေး တစ်ခုထဲမှာ နေတစ်စင်းကို တွေ့မြင်နိုင်တာကတော့ ဒီတစ်ခုက ပထမဆုံးပဲ ဖြစ်ပါတယ်။

"ခရမ်းရောင်လ အင်ပါယာနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက တိုက်ခိုက်နေရာကနေ ယာယီရပ်ပြီး အရင်ဆုံး ဒီနေရာကို ဝင်ဖို့ဆုံးဖြတ်လိုက်တာ အံ့သြစရာ မရှိတော့ဘူး"

ကျူးရှမ်အာက ခေါင်းတစ်ချက်ညိတ်ပြီး ပြောလိုက်ပါတယ်။ သ ူမက လင်းဟန်ရဲ့ ပွေ့ဖက်မှုကနေ ကွာလိုက်ရမှာ ဂန်လေးနေပြီး သူမရဲ့ မျက်လုံးတွေက လင်းဟန်ကို

မရိုးမယွဖြစ်အောင် ညို့နေပြီး သူမကို စားပစ်လိုက်ဖို့ လှုံ့ဆော်နေသလို ခံစားရပါတယ်။

"အခု ငါတို့ဘယ်နေရာကို သွားသင့်လဲ"

လီဇီရှန်းက မေးလိုက်တယ်။

လင်းဟာန်က နေအတုကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"နေရှိတဲ့ နောက်ကို လိုက်ကြမယ်"

"အင်း"

အားလုံးက ခေါင်းညိတ်လိုက်ပါတယ်။ ဒီနေရာမှာ တိကျတဲ့ ဦးတည်ချက် မရှိမှတော့ ရှင်းလင်းတဲ့ အမှတ်အသား တစ်ခုအနောက်ကို လိုက်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ တကယ်တော့ ဒါက နေအစစ် တစ်စင်း မဟုတ်ပါဘူး။ ပြီးတော့ မတရား ကြီးမားလိမ့်မှာ မဟုတ်ပါဘူး။

ယုန်ဖြူကြီးနဲ့ ဟူးညိုတို့က အဖွဲ့နောက်ကို

လိုက်ပါလာခဲ့ပါတယ်။ ယုန်ဖြူကြီးက သူ့တင်ပါးကို မကြာခဏ ပွတ်သပ်နေပါတယ်။ အချိန်တော်တော်ကြာအောင် ကိုက်ခံထားရတာကြောင့် သူ့မှာ အရမ်းကို နာကျင်နေပြီး မကြာခဏ ဆိုသလို စူးခနဲ အောင့်နေတတ်ပါတယ်။

"ဒီနေရာက အရမ်းကို ကြီးမားတာပဲ"

သူတို့တွေက မြေကြီးနားကို ကပ်ပြီးတော့ ပျံသန်းလာခဲ့ပြီး သူတို့အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။ ဒါပေမဲ့ အချိန်တော်တော် ကြာတဲ့တိုင်အောင် သူတို့က စိမ်းစိုနေတဲ့ မြက်ခင်းပြင်မှာပဲ ရှိနေပါသေးတယ်။ အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာတာနဲ့အမျှ တောင်တစ်လုံးရဲ့ ထိပ်ဖျားက ပေါ်လာပါလိမ့်မယ်။

ဟုမ်း။

အရှေ့တည့်တည့်မှာ တိုက်ပွဲတစ်ခု ဖြစ်ပွားနေတဲ့ အသံကို ရုတ်တရက် ကြားနိုင်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပါတယ်။

ဒါက သူတို့ဖြတ်လာတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ လင်းဟန်နဲ့ တခြားလူတွေက သူတို့ရဲ့ ဦးတည်ရာကို မပြောင်းလဲပါဘူး။ ဒါပေမဲ့ အဖွဲ့နှစ်ခုရဲ့ တိုက်ပွဲစွမ်းရည်က လှုပ်ရှားမှုတွေကို နားထောင်ကြည့်ရုံနဲ့ ကွဲကွဲပြားပြားသိအောင် မလုပ်နိုင်ပါဘူး။ ပြီးတော့ လမ်းကြောင်းလွှဲလိုက်ရင် သူတို့က အရမ်းကို သတိထားရပါလိမ့်မယ်။

မကြာခင်မှာပဲ တိုက်ပွဲဖြစ်ပွားတဲ့ နေရာကို သူတို့တွေ ရောက်လာခဲ့ပါတယ်။ မြေပြင်ပေါ်မှာ ချိုင့်နက်နက်တွေ အများကြီး ဖြစ်ပေါ်နေပြီး စောစောပိုင်းတုန်းက တိုက်ပွဲဟာ သိပ်မကြာပေမဲ့ အရမ်းကို ပြင်းထန်တယ်ဆိုတာ ဖော်ပြနေပါတယ်။

လင်းဟန်က လက်သီးတစ်လုံးကို သာမန်ကာလျှံကာ ထိုးလိုက်တာနဲ့ မြေပြင်ပေါ်မှာ ချက်ချင်းဆိုသလို ချိုင့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ လက်သီးချက်ကြောင့် ဖြစ်ပေါ်လာတဲ့ ချိုင့်က တခြားချိုင့်တွေလောက် မကြီးမားပါဘူး။

လင်းဟန်က သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ခဲ့တယ် ဆိုပေမဲ့ ဒါကိုကြည့်ခြင်းဖြင့် စောစောက တိုက်ပွဲဖြစ်ခဲ့တဲ့ နှစ်ဖက်စလုံးက သေချာပေါက် အရမ်းကို အစွမ်းထက်ပါလိမ့်မယ်။

"ငါတို့အရှေ့က လူတစ်ယောက်က ကျော့မင်း ဖြစ်လိမ့်မယ်"

လင်းဟန်က သုံးသပ်လိုက်ပါတယ်။

"ဒီလူက အတော်လေး ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ဆက်ပြီးတော့ မတိုက်တော့ဘူး။ ပြိုင်ဘက်က အရမ်းကို သန်မာတယ်။ ဖြစ်နိုင်တာ သူ့ထက်တောင်မှ သန်မာလိမ့်မယ်"

"ကျော့မင်းရဲ့ ရန်သူက သူ့အနောက်ကနေ လိုက်လာပြီး ဒီနေရာမှာ ဆုံပြီးတော့ တိုက်ပွဲ ဖြစ်တာလည်း ဖြစ်နိုင်တယ်"

ဂမ်ရန်ချင်းချင်းက သူ့ရဲ့အတွေး အနောက်ကနေ ထပ်ပြီးတော့ အကြံဉာဏ် ဖြည့်လိုက်ပါတယ်။

"တကယ်လို့ ကျော့မင်း လွတ်သွားမယ်ဆိုရင်

အဲဒီအထင်ကြီးစရာကောင်းတဲ့ ရန်သူက ငါတို့နဲ့ ဆုံတွေ့မဲ့ အလှည့်ကို ရောက်လာလိမ့်မယ်”

လီဖန်းယုက တုန်ယင်လို့ နေပါတယ်။ ကျော့မင်းကိုတောင် ထွက်ပြေးစေတဲ့ လူတစ်ယောက်ဆိုရင် သူက ခုခံနိုင်ဖို့ အရည်အချင်း နည်းနည်းလေးမှတောင် မရှိဘူးဆိုတာ ပေါ်လွင်ပါတယ်။

“လဗ္ဗြွတ်ပဲ။ ဂြိုလ်ဆိုးမဂင်ပါစေနဲ့”

ယုန်ဖြူကြီးက သူ့ကို ဒေါသနဲ့ ဂေဖန်လိုက်ပါတယ်။ အဲဒီနောက် အရမ်းကို ကြီးမား ရှည်လျားတဲ့ ပိုးကောင်တစ်ကောင်က လျင်မြန်စွာနဲ့ တွန့်လိမ်ပြီး ထွက်လာတာကို မြင်လိုက်ရပါတယ်။

ဒီပိုးကောင်ရှည်ကြီးက မီတာတစ်ရာနီးပါး ရှည်ပါတယ်။ ကင်းခြေများ တစ်ကောင်နဲ့ တူပြီးတော့ ခန္ဓာကိုယ် တစ်ခုလုံးက အဆစ်တွေနဲ့ လုပ်ထားသလိုပါပဲ။ အဆစ်တိုင်းမှာ ခြေထောက်တစ်စုံ ရှိပြီးတော့ တစ်ဖက်က အနက်ရောင်ဖြစ်ပြီး တစ်ဖက်က အဖြူရောင်ဖြစ်ကာ ဘယ်နဲ့ညာလိုပါပဲ။ ဒီမြင်ကွင်းက တကယ်ပဲ လုံးဂကို ထူးဆန်းနေပါတယ်။

ရှည်လျားတဲ့ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားတာကြောင့် ဒီပိုးကောင်ရဲ့ အမြင့်ကလည်း မနိမ့်ပါဘူး။ ခြေထောက်နဲ့ ခန္ဓာကိုယ်က အကြမ်းဖျင်း ဆယ့်ငါးမီတာ မြင့်ပြီးတော့ ခန္ဓာကိုယ်ရဲ့က အရှည်နဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ပေးကွာလွန်းပါတယ်။

ဒီပိုးကောင်ရှည်မှာ မျက်လုံး၊ နှာခေါင်းနဲ့ နားရွက်တွေ မရှိပါဘူး။ သူ့ရဲ့ခေါင်းတစ်ခုလုံးမှာ ကြီးမားလုံးဝန်းတဲ့ ပါးစပ်ပေါက်ကြီး တစ်ခုပဲ ရှိပါတယ်။ ပါးစပ်ကို တစ်ကြိမ် ဟလိုက်တာနဲ့ ပိုးကောင်ရဲ့ ခေါင်းက နှစ်ခြမ်းပွင့်သွားပြီး ထက်ရှတဲ့ သွားတွေ ထွက်ပေါ်လာပါတယ်။

Chapter 700 end

Zaw.အပိုင်း(၇၀၁) ရောမဂိုလမ်ကြီး

"တစ်ထောင်ကပ်ပါးကောင်"

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပြီး အရမ်းကို ထိတ်လန့်ကြောက်ရွံ့တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"မြန်မြန်ပြေး။ ဒီအကောင်ကြီးကို အားသုံးပြီးတော့ ကျော်မသွားနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

လီဖန်းယုက ပါးစပ်ကြီးဆိုတဲ့ နာမည်နဲ့ လိုက်ပါတယ်။ ဒီအချိန်မှာတောင် သူ့ရဲ့သိချင်စိတ် ပြင်းပြနေမှုကို မချိုးနှိမ်ထားနိုင်ပါဘူး။

"မင်းညီမပဲ။ မြန်မြန်သာ ပြေးစမ်းပါ"

လင်းဟန်က မူလစွမ်းအင်နဲ့ ဧရာမ လက်ကြီးတစ်ဖက်ကို ဖန်တီးပြီးတော့ ဂမ်ရန်ချင်းချင်းကလွဲပြီး အားလုံးကို ဆုပ်ကိုင်ပြီး ဒီနေရာကနေ သုတ်ခြေတင် ပြေးလိုက်ပါတယ်။

ဂမ်ရန်ချင်းချင်းလည်း နောက်ကနေ လိုက်ပြေးပါတယ်။ လင်းဟန်နဲ့ ကျော့မင်းတောင်မှ ပြေးဖို့ ရွေးချယ်မှတော့ သူမအနေနဲ့ ကြိုးစားကြည့်ဖို့ သတ္တိမရှိပါဘူး။

အဲဒီပိုးကောင်ရှည်ကြီးက သူတို့ကို ခြေထောက်တစ်ရာနဲ့ ဆက်တိုက်ဆိုသလို လှမ်းလာရင်း ပေါ့ပါးသွက်လက်စွာနဲ့ လိုက်ဖမ်းပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ထူးခြားနေပါတယ်။

သူ့ရဲ့ အမြန်နှုန်းကလည်း အရမ်းကို လျင်မြန်ပြီး လင်းဟန်နဲ့ တခြားလူတွေ အကြားက အကွာအဝေးကို လျင်မြန်စွာနဲ့ နီးကပ်လာခဲ့ပါတယ်။

"မင်းရောလာခဲ့"

လင်းဟန်က မူလစွမ်းအင်နဲ့ ရောမ လက်ကြီးတစ်ဖက်ကို ထပ်ဖန်တီးပြီး ဂမ်ရန်ချင်းချင်းကိုပါ ဆုပ်ကိုင်ပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသုံးပြုလိုက်ပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်မှာ လျှပ်စီးအလင်းတွေ တောက်ပလာပြီး ချက်ချင်းဆိုသလို အရှိန်အဟုန် မြှင့်တင်လိုက်ပြီးတော့ သူတို့နဲ့ ပိုးကောင်ရှည်ကြီး အကြားက အကွာအဝေးကို လျင်မြန်စွာနဲ့ တိုးလိုက်ပါတယ်။

သူ့ရဲ့လက်ရှိ အမြန်နှုန်းက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။ ပြီးတော့ လူတွေအများကြီးကို ခေါ်ပြီးတော့ ပြေးလာတာတောင်မှ အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ ပမာဏထိ ကျန်နေပါသေးတယ်။

အနည်းဆုံးတော့ ပိုးကောင်ရှည်က နောက်ဆုံးမှာ

လက်လျော့လိုက်ပြီး သူလာခဲ့တဲ့ လမ်းကြောင်း အတိုင်း နောက်ပြန်လှည့်သွားခဲ့ပါတယ်။ သူရဲ့ အစနေရာကို ပြန်ရောက်တာနဲ့ ချုံထဲမှာ လှဲပြီးတော့ အပေါက်တစ်ခုထဲကို ဝင်သွားကာ ပေ့ါပါးဖျတ်လက်စွာ ပျောက်သွားခဲ့ပါတယ်။

လင်းဟန်က သူ့လှုပ်ရှားမှုကို ရပ်လိုက်ပြီးတော့ အားလုံးကို အောက်ပြန်ချပေးလိုက်ပါတယ်။

"ယောက်ဖ ဘာဖြစ်လို့ ငါတို့တွေ ပြေးရတာလဲ"

လီဖန်းယုက ကောက်ကာငင်ကာ မေးလိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"တစ်ထောင်ကပ်ပါးကောင်က ဘယ်တော့မှ တစ်ကောင်တည်း မနေဘူး။ တစ်ကောင် ပေါ်လာပြီ ဆိုမှတော့"

"နောက်ထပ် တစ်ကောင်လည်း ရှိသေးတာလား"

လီဖန်းယုက လင်းဟန်ရဲ့ စကားတွေကို အဆုံးသတ် ပေးလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အဲဒီမှာ သူတို့ရဲ့ အသိုက်တစ်ခု ရှိတယ်"

ဖူး။

လီဖန်းယုက တံတွေးသီးသွားပြီး ပြောလိုက်ပါတယ်။

"အဲဒီမှာ ဒီလိုမျိုး ရွံ့စရာ ပိုးမွှားကောင်တွေရဲ့ အသိုက်တစ်ခု ရှိလား"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"တစ်ထောင်ကပ်ပါးကောင်တွေက အသိုက်ထဲမှာ အနည်းဆုံး အကောင်တစ်ထောင် ရှိတယ်။ ဘာဖြစ်လို့ သူတို့ကို ဒီလိုနာမည် ခေါ်တာလဲ။ စောစောတုန်းက တစ်ကောင်က နတ်အသွင် ပြောင်းလဲခြင်း အလယ်အလတ် အဆင့်မှာ ရှိတယ်။ ပြီးတော့ ဒီလိုမျိုး ပိုးမွှားသားရဲကောင်တွေမှာ အစွမ်းထက်တဲ့ ပြန်လည်ကုသခြင်း စွမ်းရည်တစ်ခု ရှိတယ်။ အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်

ပြိုင်ဘက်တွေကိုတောင် ခေါင်းခဲစေတယ်။ တကယ်လို့ သူတို့ရဲ့ အသိုက်တစ်ခုသာ အုံကြွလာမယ်ဆိုရင်တော့ ပျော်စရာကောင်းပြီပေါ့ဟားဟား"

"ဒါဆိုရင် မြန်မြန်သွားကြရအောင်လေ"

မိန်းကလေးတွေရဲ့က အမူအရာက ထိတ်လန့်လာပါတယ်။ မိန်းကလေးတွေက ဒီလိုမျိုး အရာတွေကို အများဆုံး မုန်းတီးတတ်ကြပါတယ်။

ဟူးညိုတောင်မှ တိုက်ခိုက်ဖို့အတွက် သူမရဲ့ စိတ်အားထက်သန်မှု ကင်းမဲ့တယ်ဆိုတာ အရမ်းကို ရှားပါတယ်။ အဓိကအချက်က အဲဒီအကောင်ပုံစံကို ကြည့်ရတာ တကယ်ပဲ ရွံစရာကောင်းပြီး သူမရဲ့ အစာအိမ်ထဲက အစာတွေကိုတောင် ပြန်အန်ထုတ်မိမလို ဖြစ်စေပါတယ်။

သူတို့တွေက ဆက်ပြီးတော့ နေရဲ့အနောက်ကို လိုက်ကြပါတယ်။

"ဂါး"

ရုတ်တရက်ဆိုသလို အရှေ့တည့်တည့်မှာ သားရဲတစ်ကောင်ရဲ့ မာန်ဖီသံကို ကြားနိုင်ပြီး မြေကြီးကိုတောင် တုန်သွားစေပါတယ်။

လင်းဟန်က ချက်ချင်းပဲ သတိပြုမိပြီး အားလုံးကို ပြောလိုက်ပါတယ်။

"ကောင်းကင်အဆင့်ပဲ"

"ဒီနေရာက တကယ်ပဲ အန္တရာယ်များတယ်"

တစ်ယောက်ပြီးတစ်ယောက် ပြောလိုက်ကြပါတယ်။

ဒါပေမဲ့လည်း ဘယ်သူကမှ အမြီးကုပ် မနေကြပါဘူး။ ပိုပြီးတော့ အန္တရာယ်များလေ အခွံအားသင့်စရာ ကံကောင်းမှုတွေ ပိုပြီးတော့ ရှိပါလိမ့်မယ်။ အန္တရာယ်တွေကို ဖြေရှင်းနိုင်ခြင်း မရှိပဲနဲ့ ဘာဖြစ်လို့ စွန့်စားနေကြဦးမှာလဲ။ အိမ်ပြန်ပြီးတော့ အေးအေးဆေးဆေး အိပ်နေပြီး ဘဂကို သာသာယာယာနဲ့ပဲ ဖြတ်သန်းလိုက်တော့ပေါ့။

ဒါပေမဲ့ ဘယ်သူကမှ သူတို့ရဲ့ အသက်ကို ဆုံးရှုံးခံဖို့ သဘောထား မရှိပါဘူး။ ဒါကြောင့် သူတို့က သားရဲအော်သံ

ထွက်ပေါ်လာတဲ့ နေရာကို ပတ်ပြီးတော့ ရှောင်ကွင်းသွား လိုက်ပါတယ်။

"အစောပိုင်းတုန်းက ဒီနေရာကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ဝင်လာတဲ့ အချိန်မှာ သူတို့တွေက ဖြတ်သန်းသွားလာရင်းနဲ့ ဒီရက်စက်ကြမ်းကြုတ်တဲ့ မွန်းစတားတွေကို သတ်မသွားကြဘူးလား"

လီဖန်းယုက တီးတိုးပြောလိုက်ပါတယ်။

"ဟားဟား ဒီရက်စက်ကြမ်းကြုတ်တဲ့ ကောင်တွေက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တည်ရှိမှုကို အာရုံခံမိတာနဲ့ သူတို့က အသက်တောင် ရှူပံ့ပါဦးမလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူတို့တွေ လျှောက်သွားရင်း ကောင်းကင်အဆင့် သားရဲတစ်ကောင်ကို ရှာတွေ့တဲ့ အချိန်တုန်းကလိုမျိုး ဒီသားရဲကောင်တွေကလည်း စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို ရှာတွေ့တဲ့ အချိန်မှာ သူတို့ရဲ့ ခြေထောက်တွေကြားထဲ သူတို့အမြီးကို ဖွက်ထားပြီး ငြိမ်ငြိမ်လေးပဲ နေမှာပေ့ါ။

ခဏအကြာမှာ ထူးဆန်းတဲ့ မြေက်ခင်းပြင်ကြီးတစ်ခုက သူတို့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ အဲဒါက လုံးဝကို စိမ်းစိုနေပြီး ဘေးပတ်ဝန်းကျင်တွေနဲ့ မအပ်စပ်တဲ့ပုံစံ ဖြစ်နေပါတယ်။

လီဖန်းယုက အရှေ့ကို လျှောက်မလို့ လုပ်လိုက်တဲ့ အခါမှာ လင်းဟာန်က သူ့ကို ဖမ်းဆုပ်ထားပြီး အနောက်ကို အတင်းဆွဲခေါ်လာပါတယ်။

"ယောက်ဖ ဘာဖြစ်လို့ မင်းငါ့ကို တရွတ်တိုက် ဆွဲခေါ်လာရတာလဲ"

သူက ပဟေဠိ ဖြစ်သွားပြီး မေးလိုက်ပါတယ်။

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ မင်းနောက်တစ်ကြိမ် အရူးတစ်ယောက်လို ပြောနေဦးမယ်ဆိုရင် ငါမင်းကို ဆွဲလွှင့်ပစ်ရလိမ့်မယ်"

လီဖန်းယုက နောက်ဆုံးမှာ နိုးနိုးကြားကြား ဖြစ်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမြက်ခင်းစိမ်းတွေက ပုံမှန်မဟုတ်ဘူးပေါ့"

"မင်းကြိုးစားကြည့်လေ"

လင်းဟန်က ရယ်မောပြီး သူ့ကို ပစ်ထုတ်လိုက်ပါတယ်။

"ကယ်ကြပါ"

လီဖန်းယုက အော်ဟစ်လိုက်ပြီး အလျင်အမြန်ပဲ ကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ပျံတက်လိုက် ပါတယ်။

အဲဒီအချိန်မှာပဲ စိမ်းစိုနေတဲ့ မြက်ခင်းစိမ်းက ရုတ်တရက် ပြောင်းလဲလာခဲ့ပါတယ်။ အစိမ်းရောင် မြက်ပင်တွေက မြေကြီးထဲကို ကျုံ့သွားပြီး မြေပြင်က အနည်းငယ် တုန်သွားသလိုမျိုးနဲ့ ကြီးမားတဲ့ လက်ကြီးတစ်ဖက် ထွက်လာပြီး လီဖန်းယုကို ဖမ်းဆုပ်လိုက်ပါတယ်။

"သောက်ကျိုးနည်း ဘာကြီးလဲဟ"

လီဖန်းယုက အံ့အားသင့်စွာနဲ့ အော်လိုက်ပြီး သူ့လက်ဂါးကို ဆေဘာဓားပုံစံ ပြောင်းပြီးတော့ ရောမ လက်ကြီးကို

ခုတ်ချလိုက်ပါတယ်။

သူက ပါးစပ်ဖွာပေမဲ့ သူ့ရဲ့ ပါရမီက တကယ်တော့ မဆိုးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်ခွင့် ရလိမ့်မှာ မဟုတ်ပါဘူး။ ခွန်အားအပြည့်အဝ သုံးပြီးတော့ တိုက်ခိုက်လိုက်ပြီး သိုင်းဆန္ဒတွေက ပျံ့နှံ့လာပြီး ဆေဘာဓား ချီက သင်္ကေတတွေနဲ့ ရောယှက်ပြီးတော့ သူ့အစွမ်းက အရမ်းကို သန်မာပါတယ်။

ထန် ထန် ထန် ထန် ။

ဆေဘာဓားချီက ရောမ လက်ကြီးကို ထိမှန်သွားပေမဲ့ နည်းနည်းလေးတောင် ထိခိုက်နာကျင် သွားအောင်လို့ မလုပ်နိုင်ပါဘူး။ ရောမ လက်ကြီးက အရှိန်တောင် ကျမသွားပဲ လီဖန်းယုဆီကို ဆက်ပြီးတော့ တိုးဝင်လာခဲ့ပါတယ်။

လင်းဟန်က နာခေါင်းရှုံ့လိုက်ပြီး သူ့လက်ချောင်းတွေကို ဓားတစ်လက် အဖြစ်ကို ပေါင်းစည်းပြီး ရောမ လက်ကြီးကို တိုက်ခိုက်လိုက်ပါတယ်။

ရှုပ်။

ဓားအလင်းတန်းက မိုးကောင်းကင်ကို မှင်တက်သွားစေခဲ့ပါတယ်။

ရောမ လက်ကြီးက အထိမခံပုံပဲ လက်သီးအဖြစ် ဆုပ်လိုက်ပြီး ဓားအလင်းတန်းကို ထိပ်တိုက် ရင်ဆိုင်လိုက်ပါတယ်။

ထန်။

သိုင်းဆန္ဒတွေက ပြင်းပြင်းထန်ထန် ဂင်ဆောင့်မိပြီး ဓားအလင်းတွေက တစ်ဟုန်ထိုး ပေါက်ကွဲပြီး ပန်းပွင့်တွေအလား ကျဆင်းလာပါတယ်။

လီဖန်းယုက အနောက်ကို အလျင်အမြန်ပဲ ဆုတ်လာပြီး အတော်လေးကို ထိတ်လန့်တုန်လှုပ်ပုံ ပေါ်နေပါတယ်။

ပုန်း။

ရောမ အရာကြီးက မြေကြီးပေါ်ကို ထိုးထွက်လာခဲ့ပါတယ်။ အဲဒါကြီးက မီတာသုံးဆယ်ကျော် မြင့်မားပြီး နောက်ကျော

တစ်ခုလုံးမှာ အစိမ်းရောင် မြက်ပင်တွေ ပေါက်နေပါတယ်။ ဒီဧရာမ အကောင်ကြီးက အစောပိုင်းတုန်းက မြေကြီးပေါ်မှာ လဲလျောင်းနေပြီး မြက်ပင်တွေက သူ့ရဲ့ ခန္ဓာကိုယ် အပေါ်မှာတောင် ပေါက်နေပါတယ်။

"သောက်ကျိုးနည်း ဂိုလမ်ကောင်။ မင်းရဲ့ဦးလေးကို ချောင်းမြောင်းလုပ်ကြံပုံ့တယ်ပေါ့"

လီဖန်းယုက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ ပြီးတော့ လင်းဟန်ဘက်ကို ချာခနဲ လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"သခင်လေးဟန် အဲဒီကောင်ကို အမြစ်ဖြုတ် သုတ်သင်ပစ်လိုက်ပါ"

အဲဒါက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဟုန်နဲ့ ဂိုလမ်ကြီး တစ်ကောင် ဖြစ်ပါတယ်။ ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် တည်ရှိမှု တစ်ခုလည်း ဖြစ်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ သူ့ကိုယ်ပိုင် ဂိုလမ်ကို ဆင့်ခေါ်ပြီး ပြောလိုက်ပါတယ်။

"ကဲဂို့ကောင်ကြီး။ ဒါက မင်းရဲ့အစာပဲ။ ဒီကောင့်ကို

အမြစ်ဖြုတ်ပစ်လိုက်”

ကျောက်တုံးစိတ်ဝိညာဉ်က သူ့ပုံစံမျိုး တစ်ကောင်ကို မြင်လိုက်တာနဲ့ ချက်ချင်းဆိုသလို မာန်ဖီလိုက်ပြီး နှစ်သက်သဘောကျခြင်း မရှိပဲ ရန်စစော်ကားလိုက်ပါတယ်။ သက်ရှိ စိတ်ဝိညာဉ်တွေက ကမ္ဘာကြီးကြောင့် သဘာဝအတိုင်း မွေးဖွားလာကြပြီး ကြီးထွားဖို့အတွက် စစ်ပွဲဆင်နွှဲပြီး တစ်ယောက်နဲ့တစ်ယောက် ဂါးမျိုရပါတယ်။ ပြီးတော့ သူတို့လို အကောင်မျိုးကို တွေ့မြင်ရတဲ့ အခါမှာ ကျေနပ်အံ့အားသင့်သွားတာမျိုး သေချာပေါက် ရှိလိမ့်မှာ မဟုတ်ပါဘူး။

“ဂါး”

ရောမ ဂိုလမ်ကြီးကလည်း မာန်ဖီလိုက်ပါတယ်။ ဒါပေမဲ့ သူ့အော်သံက ကျောက်တုံး စိတ်ဝိညာဉ်လေးထက် ပိုပြီးတော့ အံ့အားသင့်စရာကောင်းပြီး လေမုန်တိုင်းတစ်ခု ဖြစ်လာကာ အားလုံးရဲ့ ဆံပင်တွေကို မှုတ်ထုတ်လိုက်သလို ဖရိုဖရဲ ဖြစ်သွားစေပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်းဆိုသလို စိတ်ဝိညာဉ် ကင်းမဲ့သွားသလိုမျိုး ဖြစ်သွားပြီး လင်းဟန်ရဲက အနောက်မှာ

ပုန်းလိုက်ပြီး ပူး ပူး ပူး ဆိုပြီးတော့ တုန်လှုပ်တဲ့ အသံမျိုး ထွက်ပေါ်နေပါတယ်။

အစောပိုင်းတုန်းက ဂိုလမ်ကြီးကို ဂါးမျိုးချင်စိတ်တဲ့ စိတ်လှုပ်ရှားနေပေမဲ့ ဂိုလမ်ကြီးက သူ့အစွမ်းကို ထုတ်ပြလိုက်တဲ့ အခါမှာ သူ့ထက်ပိုပြီးတော့ အစွမ်းထက်တယ် ဆိုတာကို သိသွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ကျောက်တုံးစိတ်ဂိညာဉ်က ပိုပိုပြီးတော့ လူသားဆန်လာပါတယ်။ အခုဆို ဒီကောင်က ကျောက်တုံးစိတ်ဂိညာဉ် တစ်ခုနဲ့တောင် မတူတော့ပဲ ခွေးပေါက်လေး တစ်ကောင်နဲ့တောင် ပိုတူပါတယ်။ အားနည်းတဲ့သူကို အနိုင်ကျင့်ပြီး အစွမ်းထက်တဲ့လူကို ကြောက်ရွံ့တတ်ပါတယ်။ ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်က သူ့ရဲ့ ပထမဆုံး စိတ်ဂိညာဉ် ကျောက်တုံးကို ဖြစ်ပေါ်ခဲ့ပြီး ကျောက်တုံးစိတ်ဂိညာဉ်က မွန်းမံသန့်စင် ခဲ့ပါတယ်။ ပြီးတော့ နောက်ထပ် ကျောက်တုံးနှစ်တုံးလောက်ဆိုရင် ဒီကောင်က စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကို ရောက်သွားပါလိမ့်မယ်။

ရောမ ဂိုလမ်ကြီးက လင်းဟန်ကို စိုက်ကြည့်နေပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က လင်းဟန်ရဲ့ အနောက်မှာ ရှိနေပြီး လင်းဟန်က သူ့ကို ဟန့်တားထားပါတယ်။ ဂိုလမ်ကြီးက ပါးစပ်ကြီး ဟနေပြီး တကယ်လို့ သူ့မှာ သွားရည်တွေသာ ရှိနေမယ်ဆိုရင် သေချာပေါက် သွားရည်တမြားမြား ကျနေပါလိမ့်မယ်။

ရောမ ဂိုလမ်ကြီး အတွက်တော့ ကျောက်တုံးစိတ်ဝိညာဉ်က တကယ့်ကို ကောင်းမွန်တဲ့ အစာတစ်ခု ဖြစ်ပါတယ်။

ဂိုလမ်ကြီးက မလိုလားအပ်တဲ့ စကားတွေကို ဘယ်လိုပြောရမလဲ မသိတာကြောင့် ချက်ချင်းပဲ လင်းဟန်ဆီကို ခုန်အုပ်လိုက်ပါတယ်။ သူ့မျက်လုံးတွေထဲမှာတော့ လင်းဟန်က ပုရွက်ဆိတ်လေး တစ်ကောင်သာသာပါပဲ။ လင်းဟန်ကို လွင့်ထုတ်ပစ်ပြီး ကျောက်တုံးစိတ်ဝိညာဉ်ကို ဂါးမျိုပြီးတော့ ပိုမြင့်တဲ့ အဆင့်တစ်ခုကို တက်ဖို့အတွက် ဆန္ဒရှိနေပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က ရောမ ဂိုလမ်ကြီးရဲ့ ပြိုင်ဘက်မဟုတ်ပါဘူး။ လင်းဟန်က ဒီအစွမ်းထက်တဲ့ ပြိုင်ဘက်ကို တာဝန်ယူ ဝင်ရောက်စွက်ဖက် လိုက်ပါတယ်။

Chapter 701 end

Zaw.အပိုင်း(၇၈၂) မြားတစ်ချောင်းကို အသုံးပြုပြီး ရင်ဆိုင်ခြင်း

ထန်။

လင်းဟန်နဲ့ ရောမ ဂိုလမ်ကြီးက တိုက်ကွက်တစ်ခု ဖလှယ်လိုက်ပြီး လင်းဟန်က မြားတစ်ချောင်းလို လွင့်ထွက်သွားပါတယ်။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အဆင့်မြင့် နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်တယ် ဆိုပေမဲ့ သူ့ရဲ့စွမ်းအားက နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် ဘယ်သူနဲ့မဆိုင် ယှဉ်ပြိုင်နိုင်တယ်လို့ မဆိုလိုပါဘူး။ အထူးသဖြင့် ကျောက်တုံး စိတ်ဂိညာဉ် တစ်ခုလိုမျိုးနဲ့ ဆိုရင်ပေါ့။ ဒါက ကောင်းကင်နဲ့မြေကြီးကနေ မွေးဖွားသန့်စင်လာတဲ့ သက်ရှိစိတ်ဂိညာဉ် တစ်ခုဖြစ်ပြီး ဘုရင်အဆင့်ဖြစ်ပြီး သူ့ရဲ့အစွမ်းက ထိတ်လန့်စရာကောင်းပြီး တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ရောမ ဂိုလမ်ကြီးနဲ့ တိုက်ခိုက်ရဲပြီး အနိုင်ရဖို့ ယုံကြည်ချက် ရှိနေပါတယ်။

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို သန်မာပြီး သူက အနောက်ကို တွန်းထုတ်ခံလိုက် ရတယ်ဆိုပေမဲ့ ထိခိုက်နာကျင်တာမျိုး မရှိပါဘူး။ သူ့ရဲ့ခန္ဓာကိုယ်က မာကျောမှုမှာ အဆင့်ရှစ်ရှိတဲ့ ရှားပါးသတ္တုနဲ့တောင် နှိုင်းယှဉ်နိုင်ပြီး သန့်စင်တဲ့ စွမ်းအားကြောင့် အနည်းဆုံး ထိခိုက်နာကျင်မှု မရနိုင်ပါဘူး။

သူက မာန်သွင်းအော်ဟစ်လိုက်ပြီး ချက်ချင်းဆိုသလို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ တိုက်ပွဲစွမ်းရည်မှာ နည်းနည်းလေးမှ မရှုံးနိမ့်ပါဘူး။

ရောမ ဂိုလမ်ကြီးက ဒေါသတကြီးနဲ့ ဟိန်းလိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ လင်းဟန်က အကောင်သေးသေးလေး ဆိုပေမဲ့ ဘာဖြစ်လို့ လင်းဟန်က သူ့ကိုယှဉ်ပြိုင်နိုင်ပြီး လင်းဟန်ကို တစ်ချက်တည်းနဲ့ မသတ်ပစ်နိုင်ရတာလဲ။

"ဟားဟားဟား လာလာလာ။ ငါ့မင်းကို အရှုံးပေးတဲ့အထိ ရိုက်ပစ်မယ် အကောင်ကြီး"

လင်းဟန်နဲ့ ရောမ ဂိုလမ်ကြီးက ဆက်တိုက်ဆိုသလို တိုက်ကွက်တွေ ဖလှယ်ခဲ့ကြပါတယ်။

အထင်ကြီးစရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကပဲ ဒီလိုမျိုး တဖွတ်တိုးလုပ်ဖို့ ခွင့်ပြုပေးနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စစ်မှန်တဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်တောင် ကျောက်တုံးစိတ်ဂိညာဉ်နဲ့ အခုလိုမျိုး တိုက်ကွက်တွေ ဖလှယ်ဖို့ မဟုတ်ဖို့ မပုံမရဲ ဖြစ်နေကြပါလိမ့်မယ်။

တကယ်တော့ ကျောက်တုံးစိတ်ဂိညာဉ်တွေ ဒါမှမဟုတ် ဂိုလမ်တွေက သူတို့ရဲ့ အထင်ကြီးစရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ အံ့မခန်း ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်ကြောင့် ထင်ရှားကျော်ကြားကြပါတယ်။ ပြီးတော့ သူတို့နဲ့ တိုက်ကွက်တွေ ဖလှယ်နိုင်တဲ့ တည်ရှိမှု တစ်ခုက ရွှေစိတ်ဂိညာဉ်တွေ ဖြစ်ပြီးတော့ အဆင့်တူထဲမှာ ဒီလိုမျိုး လုပ်နိုင်တဲ့ တစ်ခုတည်းသော အရည်အချင်း ပြည့်မီသူတွေ ဖြစ်ပါတယ်။

လင်းဟာန်က စိန်အဆင့် ခန္ဓာကိုယ်ကို အောင်မြင်ထားပြီး အဲဒါက ရွှေစိတ်ဂိညာဉ် တစ်ခုရဲ့ ခန္ဓာကိုယ်လို့ သတ်မှတ်ယူဆနိုင်ပြီး အဆင့်ကြီး တစ်ဆင့်တောင်မှ ပိုမြင့်ပါတယ်။

ဂမ်ရန်ချင်းချင်းက မှင်တက်အံ့သြစွာနဲ့ စိုက်ကြည့်နေပါတယ်။ သူမအနေနဲ့ လင်းဟာန်က ထူးဆန်းတယ် ဆိုတာကို သိထားပြီး ကျော့မင်းကို ယှဉ်ပြိုင်နိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် စွမ်းရည်တွေ ရှိတယ်ဆိုပေမဲ့ ကမ္ဘာ့ရတနာတစ်မျိုးဖြစ်တဲ့ ကျောက်တုံးစိတ်ဝိညာဉ်လို အကောင်မျိုးနဲ့ တိုက်ကွက်တွေ ဖလှယ်နိုင်လိမ့်မယ်လို့ လုံးဝကို မထင်ထားမိခဲ့ပါဘူး။

သူမက ဒီလူငယ်ပါရမီရှင်ကို လျော့တွက်မိနေဆဲပါပဲ။

ကျောက်တုံးလေးက အရမ်းကို စိတ်လှုပ်ရှားနေပြီး စိုးရိမ်ပူပန်ပြီး အော်ဟစ်နေပါတယ်။ သူ့ရဲ့ ဆရာသခင်က အရမ်းကို အစွမ်းထက်ပြီး မယုံနိုင်စရာ ကောင်းပါတယ်။ နောက်ပြီးတော့ တစ်ဖက်က ကျောက်တုံး အဆီအနှစ်လည်း ပါနေတာကြောင့် မျက်စိထဲမှာ ယားကျိကျိ ဖြစ်နေပါတယ်။ သူသာ ဂါးမျိုနိုင်ခဲ့မယ်ဆိုရင် သေချာပေါက် အဆင့်တက်သွားမှာ ဖြစ်ပြီးတော့ အဆင့်မြင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကိုတောင် ရောက်ရှိနိုင်ပါတယ်။

ရောမ ဂိုလမ်ကြီးက ဒေါသထွက်သွားပြီး ရုတ်တရက် လင်းဟာန်ဆီကို ဟိန်းလိုက်ပါတယ်။

"ဂါး ဂရား"

အသံတွေက ဒီရေလှိုင်းတွေနဲ့တူပြီး မျက်စိနဲ့ပတောင် မြင်နိုင်စွမ်း ရှိပါတယ်။ လင်းဟန်ရဲ့ အဂတ်အစားတွေ အပေါ်မှာတောင် ပြတ်ရှရာတွေ ထွက်ပေါ်လာပြီး သူ့တစ်ကိုယ်လုံးကို ကြည့်ရတာ ရွှံ့နွံထဲမှာ နစ်မြုပ်နေတဲ့ လူတစ်ယောက်လိုမျိုး အရှေ့ကို တိုးဖို့တောင် ခက်ခဲနေပုံ ရပါတယ်။

"လပြွတ်ပဲ။ မင်းက ဒီသခင်လေးကို အဂတ်အစားတွေမဲ့သွားအောင် လုပ်ဖို့ ကြိုးစားနေတာလား"

လင်းဟန်က ဒေါသတကြီးနဲ့ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ခန္ဓာကိုယ် တစ်ခုကိုပဲ ကာကွယ်ပေးနိုင်ပြီး သူ့အဂတ်အစားတွေကို ဒီလိုမျိုး ကံကြမ္မာကနေ လွတ်မြောက်အောင် မလုပ်ပေးနိုင်ပါဘူး။ ရောမ ဂိုလမ်ကြီးရဲ့ ဟိန်းသံအောက်မှာ သူတို့တွေက ပြိုလဲလုနီးပါး ဖြစ်သွားပါတယ်။

သူက အလျင်အမြန်ပဲ မူလစွမ်းအင်ကို အသက်သွင်းပြီးတော့ သူ့ခန္ဓာကိုယ် အပြင်ဘက်မှာ ဒိုင်းတစ်ခုပုံစံ

ဖန်တီးလိုက်ပါတယ်။ အဲဒီနောက် နတ်ဆိုးရှင်သန်ဓားကို ပေ့ယမ်းပြီး အသံလှိုင်းကို ကွဲထွက်သွားအောင် တိုက်ခိုက်လိုက်ပါတယ်။

ရောမ ဂိုလမ်ကြီးလည်း အလုပ်တွေ ရှုပ်ကုန်ပါတယ်။ သူ့ရဲ့လက်တွေကို အရှေ့ကို ဆန့်ထုတ်ပြီး ကျောက်ချွန်တွေ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့စွမ်းအားနဲ့ သူ့ခန္ဓာကိုယ်ရဲ့ မာကျောမှုရောဆိုရင် ကျောက်ချွန်တွေက သေချာပေါက် ထက်မြက်ပြီး လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ခြိမ်းခြောက်နိုင်တဲ့ အရည်အသွေး ပြည့်မီပါလိမ့်မယ်။

တိုက်ပွဲက အရှိန်မြင့်လာပြီး နှစ်ဖက်စလုံး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ မြှင့်ပြီးတော့ နောက်တစ်ကြိမ် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြပါတယ်။

ဒါပေမဲ့လည်း နတ်ဆိုးရှင်သန်ဓားက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ အဆက်မပြတ် တိုက်ခိုက်မှု ခုတ်ချမှုရဲ့အောက်မှာ ရောမ ဂိုလမ်ကြီးရဲ့ ကျောက်ချွန်တွေက နေရာအနှံ့ကို အပိုင်းပိုင်း အစစအဖြစ် ပျက်စီးကြွေမွကုန်ပါတယ်။

ကျောက်တုံးလေးက ခွေးတစ်ကောင်လို ရှေ့တိုးလိုက်

နောက်ဆုတ်လိုက်နဲ့ သုတ်သုတ်ပျာပျာ ပြေးပြီးတော့ အဲဒီကျောက်ချွန်တွေ အားလုံးကို ပျော်ပျော်ရွှင်ရွှင်နဲ့ တမြုံ့မြုံ့ စားနေပါတယ်။ ရောမ ဂိုလမ်ကြီးရဲ့ ကျောက်တုံးအဆီအနှစ် အစတစ်စက ဒီကျောက်ချွန်အပိုင်းအစတိုင်းရဲ့ အထဲမှာ ပါဝင်ပြီး ဂိုလမ်လေးအတွက်တော့ အရမ်းကို အာဟာရ ပြည့်ဝစေတဲ့ အားဆေးမျိုးပါပဲ။

ရောမ ဂိုလမ်ကြီးက ဒေါသတွေ တထောင်းထောင်း ထလာခဲ့ပါတယ်။ သူက အသားကောင်း မစားရသေးပဲ သူ့အရေပြား တစ်လွှာက အရင်ဆုံး ခွာခံလိုက်ရပြီး တကယ့်ကို အကြီးအကျယ် ဆုံးရှုံးမှု တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက လက်လျှော့လိုက်ဖို့ ဆန္ဒမရှိပါဘူး။ တကယ်တော့ လင်းဟန်ရဲ့ ခွန်အားက သူ့ကို ခြိမ်းခြောက်နိုင်တဲ့ အထိကို မရောက်ရှိနိုင်ပါဘူး။

ရောမ ဂိုလမ်ကြီးက ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီး သူ့ခန္ဓာကိုယ်က လျင်မြန်စွာနဲ့ စတင်ကြီးထွား လာပြီးတော့ ဆယ်မီတာကနေ မီတာသုံးဆယ် အမြင့်ထိကြီးထွားကာ ဆက်လက် ကြီးထွားနေဆဲ ပါပဲ။

ဆန့်ကျင်ဘက် အနေနဲ့ မြေပြင်တစ်ခုလုံး နစ်မြုပ်လုနီးပါး

ဖြစ်သွားပြီး မိုးကောင်းကင်ပေါ်ကို မရေမတွက်နိုင်တဲ့ ကျောက်တုံးတွေနဲ့ သဲတွေက တစ်ဟုန်ထိုး ထိုးတက်သွားခဲ့ပါတယ်။ အောက်ခြေမှာ ရောမ တွင်းကြီးတစ်တွင်း ပေါ်လာသလိုမျိုးပါပဲ။

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မြေကဗ္ဗာရဲ့ ကလေးငယ် တစ်ယောက်က မျှော်လင့်ထားသလိုပဲ သူ့ကိုယ်ထဲကို ထည့်သွင်းဖို့ မြေကဗ္ဗာရဲ့ စွမ်းအားကို ဆွဲထုတ်ယူနိုင်ပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အားပိုကောင်းလာဖို့ မြေကြီးနဲ့ ပေါင်းစည်းနိုင်တယ်။ ဟူး ငါ့ရဲ့ကျောက်တုံးစိတ်ဝိညာဉ်က ဘာဖြစ်လို့ ဒီလိုမျိုး စွမ်းရည်တွေ မရှိရတာလဲ"

ကျောက်တုံးစိတ်ဝိညာဉ်က လင်းဟန်ကို ကြည့်လိုက်ပြီး တစ်ခုခု မှားနေသလို ခံစားရပါတယ်။ သူလည်း ဒီလိုမျိုး အစွမ်းထက်ချင်တာပေါ့။ ဒါပေမဲ့ သူ့အဆင့်က အဲဒီလောက်မှ မရှိသေးတာ။ ဒါကြောင့် သူ့ကိုယ်သူ မြေကြီးရဲ့ စိတ်ဝိညာဉ်နဲ့ ပေါင်းစပ်ဖို့ ဆွဲထုတ်နိုင်စွမ်း မရှိပါဘူး။

အားလုံးက အလျင်အမြန်ပဲ မိုးပေါ်ကို

ပျံတက်လိုက်ကြပါတယ်။ ကြည့်ရတာ မြေကြီးပေါ်မှာ မားမားမတ်မတ် ရပ်နေတာက အရမ်းကို အွန္တရာယ်များပုံ ရပါတယ်။

ဟုမ်း။

ရောမ ဂိုလမ်ကြီးက လင်းဟန်ဆီကို နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ သူ့ရဲ့ လက်သီးတွေက တောင်ထိပ်တစ်ခုနဲ့ နှိုင်းယှဉ်လို့ ရနိုင်ပြီး တကယ်လို့ လူတစ်ယောက်ကိုသာ ထိမှန်သွားမယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို အသာထား ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် သွေးအန်သွားစေပါလိမ့်မယ်။

အလေးချိန်နဲ့ အမြန်နှုန်းကို ပေါင်းစပ်လိုက်တဲ့ အခါမှာ ကြောက်စရာကောင်းတဲ့ စွမ်းအားတစ်ခု ဖြစ်ပေါ်လာပါတယ်။

ဘာဖြစ်လို့ ကမ္ဘာ့ရတနာ စိတ်ဝိညာဉ်တွေက ဘုရင်အဆင့် သားရဲကောင်တွေ အထဲမှာ ပိုပြီးတော့ ကြောက်စရာ ကောင်းတယ်လို့ ပြောနေကြတာလဲ။ ဒါက အကြောင်းပြချက်ပါပဲ။

ရွှစ်။

လင်းဟန်က လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး ဒီတိုက်ခိုက်မှုကို ရှောင်တိမ်း လိုက်ပါတယ်။ တစ်ချိန်တည်းမှာ သူရဲ့ဓားရှည်ကို ပွေ့ယမ်းလိုက်ပြီး ဓားအလင်းတန်း တစ်ခုကို ထုတ်ဖော်လိုက်ပြီး ရောမ ဂိုလမ်ကြီးကို ခုတ်ချလိုက်ပါတယ်။ ဖူး။ ဓားအလင်းတန်းက ဂိုလမ်ကြီးရဲ့ ခန္ဓာကိုယ်ထဲကို ဝင်သွားပြီး ရောမ ဂိုလမ်ကြီးရဲ့ ခန္ဓာကိုယ်ကို အကြီးကြီး ခုတ်ပိုင်းလိုက်ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ဂိုလမ်ကြီးရဲ့ အရွယ်အစားက တကယ်ပဲ အရမ်းကို ကြီးမားလွန်းပြီး ဒီလိုမျိုး ခုတ်ချက်က တကယ်တမ်းတော့ ထိခိုက်နာကျင်ခြင်း မရှိနိုင်ပါဘူး။

ချက်ချင်းဆိုသလို ဂိုလမ်ကြီးက မြေကြီးထဲကနေ ကျောက်တုံးတွေ ဆွဲထုတ်ပြီး ခုတ်ခံလိုက်ရတဲ့ နေရာကို ပြန်လည်ပြင်ဆင်ပြီးတော့ ရုတ်ချည်းဆိုသလို မူလအခြေအနေကို ပြန်လည်ထိန်းသိမ်း လိုက်ပါတယ်။

သူ့ရဲ့ရောမ ခန္ဓာကိုယ်က သူ့အတွက် ချပ်ဝတ်တန်ဆာ ဝတ်စုံတစ်ခုနဲ့ ညီမျှပါတယ်။ ပြီးတော့ အလိုအလျောက် ပြန်လည်ပြင်ဆင်နိုင်စွမ်း ရှိနေပြီး မြေကြီးတည်ရှိနေသရွေ့ အဆက်မပြတ် ပြန်လည်ဖြည့်ဆည်းမှုကို ရရှိနိုင်ပါတယ်။

ကမ္ဘာမြေကြီး တစ်ခုလုံးကို ကုန်ခမ်းသွားစေဖို့ဆိုတာ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"ငါတို့အခု ဘယ်လိုလုပ်ကြမလဲ"

လီဖန်းယုက တီးတိုးရွတ်လိုက်ပါတယ်။ ရောမ ဂိုလမ်ကြီးက ပြိုင်ဘက်ကင်းတဲ့ နေရာမှာ ရပ်တည်နေပြီး တခြားလူတွေကို ရိုက်ပစ်နိုင်ပါတယ်။

လင်းဟာန်က ရှောင်တိမ်းပြီး တန်ပြန်တိုက်စစ် ဆင်လိုက်ပါတယ်။

ဂိုလမ်တွေနဲ့ ရင်ဆိုင်ရတာ တကယ်တော့ ရိုးရိုးလေးပါပဲ။ ဂိုလမ်တွေရဲ့ ခြေထောက်ကို မြေကြီးပေါ်ကနေ ထွက်လာအောင် လုပ်ရပါမယ်။ မိုးကောင်းကင်ပေါ်မှာ တိုက်ခိုက်ရင်းနဲ့ ဂိုလမ်တွေကို မြေကြီးကနေ ပြန်လည်ဖြည့်ဆည်းမှု မလုပ်နိုင်အောင်လို့ လုပ်ရပါမယ်။

ပြဿနာက ဘယ်လိုလုပ်ရမလဲ ဆိုတာပဲ ဖြစ်ပါတယ်။

ဒီလိုမျိုး ကမ္ဘာ့စိတ်ဝိညာဉ်တွေက မတုံးအပါဘူး။

အဲဒီနောက် လုပ်စရာ တစ်ခုပဲ ရှိပါတော့တယ်။ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများ ဒါမှမဟုတ် နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုကို အသုံးပြုပြီး ဂိုလမ်ကြီးရဲ့ စိတ်ဂိညာဉ်ကို တန်းပြီးတော့ ချေမှုန်းပစ်ဖို့ အသုံးပြုရပါလိမ့်မယ်။ သက်ရှိစိတ်ဂိညာဉ် တစ်ခု ဖြစ်နေသရွေ့တော့ သူ့မှာ စိတ်ဂိညာဉ် တစ်ခုက ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ဂိုလမ်က အရမ်းကို ကြီးမားပြီး သူ့ရဲ့စစ်မှန်တဲ့ ခန္ဓာကိုယ်က ဘယ်နားမှာ ရှိတယ် ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

လင်းဟန်က မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပြီး ဂိုလမ်ကြီးဆီကို ကြည့်လိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ ဂိုလမ်ကြီးကို တစ်ခြားပုံစံတစ်ခုထဲမှာ ချက်ချင်းပေါ်လာခဲ့ပါတယ်။

စွမ်းအင်ပုံစံ။

သူ့ရဲ့ခန္ဓာကိုယ်အစိတ်ပိုင်း အများစုက မှုန်မှုန်ဂါးဂါး ဖြစ်နေပါတယ်။ မြေကြီးကနေ ကျောက်တုံးတွေ

ဆွဲထုတ်ယူနေတဲ့ အတွက်ကြောင့် သူ့ရဲ့ ဘယ်ဘက်ခြမ်းမှာ နေသေးသေးလေး တစ်လုံးလိုမျိုး လုံးဝန်းပြီး သေးငယ်တဲ့ အစက်အပြောက်လေး တစ်ခု တောက်ပလင်းလက်နေပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ အဆီအနှစ်၊ မူလအရင်းအမြစ်၊ အသက်ရဲ့ မူလဇစ်မြစ်နဲ့ ကျောက်တုံး နှလုံးသား။

လင်းဟန်က နေဝင်ဆည်းဆာလေးကို ထုတ်ယူပြီးတော့ အဆင့်ရှစ် ရှားပါးသတ္တုနဲ့ သွန်းလုပ်ထားတဲ့ မြားထက်ထက် တစ်ချောင်းကို တပ်ဆင်လိုက်ပြီးတော့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းမြားနဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသက်သွင်းပြီး မှသားမဲ့ မျက်လုံးနဲ့ တောက်ပနေတဲ့ အစက်အပြောက်လေးကို ပစ်မှတ်ထား ချိန်ရွယ်လိုက်ပါတယ်။

သွားစမ်း။

သူက ရုတ်တရက် လွှတ်လိုက်ပြီး မြားက လျှပ်စီးအလင်းတွေ ပိုင်းရံပြီးတော့ တစ်ဟုန်ထိုး ပြေးထွက်သွားပြီး အထွတ်အထိပ်အဆင့်အထိ အမြန်နှုန်းကို မြှင့်တင်လိုက်ပါတယ်။

မြားခေါင်းက ရောမ ဂိုလမ်ကြီးရဲ့ ရင်ဘတ်ကို စိုက်ဝင်သွားပြီး တစ်ဖက်ခြမ်းကို ဖောက်ထွက်သွား ခဲ့ပါတယ်။

ရောမ ဂိုလမ်ကြီးက လင်းဟန်ကို စိုက်ကြည့်နေပြီး အဲဒီနောက်မှာ သူ့ရဲ့ခန္ဓာကိုယ် အပေါ်က ကျောက်တုံးတွေက ပျက်စီးကြေမွလာပြီး ချက်ချင်းဆိုသလို ပျက်စီးနေတဲ့ ကျောက်ပုံကြီး တစ်ခု ဖြစ်လာခဲ့ပါတယ်။ ကျောက်ခဲပုံကြီးရဲ့ အတွင်းမှာတော့ လူတစ်ယောက်ရဲ့ ခေါင်းအရွယ်အစားရှိ ကျောက်တုံးတစ်တုံးက ကျောက်စိမ်းတုံး တစ်တုံးလိုမျိုး လင်းလက်တောက်ပနေတဲ့ ရောင်စဉ်တွေ ဖြာထွက်နေပါတယ်။

ကျောက်တုံးနှလုံးသား။

"အောင်း အောင်း အောင်း"

ကျောက်တုံးလေးက အလျင်အမြန်ပဲ ခွေးတစ်ကောင်လို တွားသွားပြီးတော့ ခုန်အုပ်လိုက်ပါတယ်။ အဲဒီနောက် ကျောက်တုံးနှလုံးသားကို ကောက်ယူပြီးတော့ သူ့ပါးစပ်ထဲကို ပစ်ထည့်လိုက်ပြီး လင်းဟန်ရဲ့ ဘေးနားကို သုတ်သီးသုတ်ပျာနဲ့ ပြေးလာပြီးတော့ လင်းဟန်ကို

သူ့ခေါင်းနဲ့ အသာအယာ တိုးပြီးတော့ ပွတ်သပ်နေပါတယ်။

လင်းဟန်က ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ ဘာဖြစ်လို့ ဒီကောင်က ခွေးတစ်ကောင်နဲ့ ပိုပိုပြီးတော့ တူလာရတာလဲ။

(ရွှေနဲ့ သတ္တုအတွက် တရုတ်ရဲ့ အခြေခံ စကားလုံးက တူညီပါတယ်။ ဒါကြောင့်လည်း တစ်ခါတစ်ရံမှာ စကားလုံး ပြောင်းလဲသုံးစွဲရတဲ့ နေရာမှာ ခေါင်းခြောက်စေပါတယ်။ E sub ဘာသာပြန်သူများ၏ သတိပေးချက်)

Chapter 702 end
Zaw. အပိုင်း(၇၀၃) ကြွယ်အစစ်များ

ဒါပေမဲ့လည်း ကျောက်တုံးဝိညာဉ်က ပိုပိုပြီးတော့ အမိန့်နာခံလာပါတယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီကောင်က သူ့ပါးစပ်ထဲက ကျောက်တုံး နှလုံးသားနဲ့အတူ သေချာပေါက် အဝေးကို ထွက်ပြေးသွားလိမ့်မှာဖြစ်ပြီး အခုလို မျက်နှာချိုသွေးကာ သူ့ရဲ့သဘောတူညီချက်ကို မျှော်လင့်စောင့်စား နေလိမ့်မှာ မဟုတ်ပါဘူး။

"အစ်ကိုလင်း ရှင့်ရဲ့ရုပ်သေးက တစ်ကယ့်

လူသားတစ်ယောက်လိုပဲ။ အေးစက်စက် ရေခဲရုပ်သေး တစ်ကောင်နဲ့ နည်းနည်းလေးမှတောင် မတူဖူး"

ဂမ်ရန်ချင်းချင်းက စိတ်ရင်းအတိုင်း ပြောလိုက်ပါတယ်။

ဂိုလမ်က ချက်ချင်းဆိုသလို မကျေမနပ်ဖြစ်သွားပြီး ဂမ်ရန်ချင်းချင်းကို ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ ဘယ်သူက ရုပ်သေးရုပ်လဲ။ သူက ဂုဏ်သိက္ခာရှိတဲ့ လောကဓာတ် တစ်ခုဖြစ်ပြီး ကောင်းကင်ဘုံရဲ့ချစ်မြတ်နိုးမှုကို လက်ခံရရှိခဲ့တဲ့ ဒြပ်စင်ငါးခုကနေ ဖြစ်တည်လာတဲ့ အသက်တစ်ခုကို ရုပ်သေးတစ်ကောင်လို့ ဘယ်လိုတောင်မှ ပြောနိုင်ရတာလဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက ဂိုလမ်ကို အနက်ရောင်မျှော်စင်ထဲ ပြန်လည်ထည့်လိုက်ပြီး ကျောက်တုံးနလုံးသားကို သန့်စင်ပြီးတော့ သူ့ရဲ့အဆင့်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး မြှင့်တင်ဖို့ ခွင့်ပြုလိုက်တာပါ။ အမှန်တကယ်တော့ အစောပိုင်းတုန်းက ဂိုလမ်ကြီးကို သူတိုက်ရိုက် ထိန်းချုပ်နိုင်မယ်ဆိုရင် အကျိုးရလဒ်က သေချာပေါက် ပိုကောင်းမှာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဂိုလမ်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ပထမဆုံးအနေနဲ့ လင်းဟန်က အနက်ရောင်မျှော်စင် အကြောင်းကို လူပုံအလယ်မှာ မထုတ်ဖော်ချင်ခဲ့ပါဘူး။ ဒုတိယအနေနဲ့ သူက ခံစားချက်တွေကို တန်ဖိုးထားတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ်က သူ့ကို သစ္စာခံပေးခဲ့တာကြောင့် သူရဲ့စွန်အား တိုးတက်ဖို့ နည်းလမ်းတွေကိုပဲ စဉ်းစားပေးရမှာ ဖြစ်ပါတယ်။ ပိုမိုသန်မာတဲ့ အရာတစ်ခုကို မြင်လိုက်ရုံနဲ့ ကျောက်တုံးဝိညာဉ်ကို စွန့်ပစ်မှာ မဟုတ်ပါဘူး။ ငါးစိမ်းမြင် ငါးကင်ပစ်လို့ ဘယ်ဖြစ်မလဲ။

ကျောက်တုံးဝိညာဉ်ကလည်း ဒီအကြောင်းအရာကိုလည်း သိနေခဲ့တာကြောင့် လင်းဟန်အပေါ်မှာ ပိုပြီးတောင်မှ သစ္စာရှိခဲ့ပါတယ်။

"ဟုတ်တယ် အတော်လေး ထူးထူးခြားခြားပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ အဲ့ဒါက ကျောက်တုံးစိတ်ဝိညာဉ် တစ်ခုဆိုတာကိုတော့ မပြောပြခဲ့ပါဘူး။

"ချင်းချင်းက အစ်ကိုလင်းကို ဓားသိုင်းနည်းစနစ်တွေ

အတွက်ကြောင့် လူသိများတယ်လို့ အမြဲထင်နေခဲ့တာ။ လေးအတတ်က ပိုပြီးတောင်မှ အံ့ဩဖွယ်ဖြစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မိခဲ့ဘူး။ အဲဒီမြားတွေက နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျောက်တုံးစိတ်ဝိညာဉ် တစ်ကောင်ကိုတောင်မှ အမြစ်ဖြတ် ချေမှုန်းခဲ့တယ်။ ဒီလိုစွမ်းအားက အမှန်တကယ်ပဲ မှန်းဆလို့ မရနိုင်လောက်အောင် ကြီးမားလွန်းပါတယ်"

ဂမ်ရန်ချင်းချင်းက အံ့အားသင့်စွာနဲ့ ချီးကျူးပြောဆို လိုက်ပါတယ်။

"ဟဟ မိန်းကလေးဂမ်ရန်။ ကျွန်တော်ကို ဖျာလိုလိပ် ထိပ်ပေါ်တင်နေစရာ မလိုပါဘူး"

လင်းဟန်က သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ သူမကလည်း သူတို့မျိုးဆက်ရဲ့ ပါရမီရှင် တစ်ယောက်ဖြစ်ပြီး သူမရဲ့အရည်အချင်းက ကျူးရှမ်အာထက် မနိမ့်ကျပါဘူး။ သူက ခဏရပ်တန့်လိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"သွားကြစို့။ ငါတို့တွေ ရှေ့ဆက်ပြီး သွားရဦးမယ်"

သူတို့အကုန်လုံး ခေါင်းညိတ်လိုက်ပြီး ရှေ့သို့ ချီတက်လာခဲ့

ကြပါတယ်။

ဒီနယ်မြေက အံ့အားသင့်စရာကောင်းလောက်အောင် ကြီးမားပြီး အဆုံးကို ဘယ်တော့မှ မရောက်နိုင်သလိုမျိုး ထင်ရပါတယ်။ ဒါပေမဲ့ နေ့တစ်ဝက်လောက် ကြာပြီးတဲ့နောက်မှာ ကောင်းကင်ပေါ်ရှိ နေလုံးက လျှင်မြန်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပြီး အေးမြကာ ရေလို နူးညံ့ညင်သာသိမ်မွေ့တဲ့ အလင်းရောင်ခြည်တွေ ဖြာထွက်နေတဲ့ လတစ်စင်းက နေလုံးအစား ဝင်လာခဲ့ပါတယ်။

လူတိုင်း အံ့အားသင့်သွားခဲ့ပါတယ်။ ဒီရှေးဟောင်းနေရာရဲ့အရှင်သခင်က ဒီနေရာရဲ့ ပတ်ဝန်းကျင်ကို အပြင်ကမ္ဘာနဲ့ အတော်လေး အသွင်တူအောင် အတွေးနဲ့ အားစိုက်ထုတ်မှုတွေကို တကယ်ပဲ ရင်းနှီးမြုပ်နှံ ထားပါတယ်။

ကောင်းကင်မှာ ကြယ်တွေအများကြီးကိုတောင်မှ ချိတ်ဆွဲထားခဲ့ပါတယ်။

လင်းဟန်က ပိုပြီးနီးကပ်စွာ ကြည့်ဖို့အတွက် မှသားမဲ့မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။

အစောပိုင်းတုန်းက အဲဒါက နေတစ်စင်းဖြစ်နေခဲ့တာကြောင့် ကြာရှည်စိုက်ကြည့်ဖို့ မဝံ့ရဲခဲ့ပါဘူး။ မဟုတ်ရင် သူမျက်လုံးတွေကို ကန်းသွားစေနိုင်ပါတယ်။ ဒါပေမဲ့ လကတော့ မတူညီပါဘူး။ အလင်းရောင်ခြည်တွေရဲ့ ထိခိုက်စေမှုက အကန့်အသတ်ရှိတာကြောင့် သူ့က အဲဒါကို လုံးဝတောင့်ခံနိုင်ခဲ့ပါတယ်။

အချိန်ခဏကြာပြီးတဲ့နောက်မှာ သူရဲ့အမူအရာက အတော်လေး ပြောင်းလဲသွားပြီး အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒါတွေက ကြယ်အစစ်တွေပဲ။ အပြင်က ကြယ်တွေနဲ့ လုံးဝအတူတူပဲ"

"ဘာ"

လူတိုင်း လှုပ်လှုပ်ရှားရှားဖြစ်သွားပါတယ်။

"ကြယ်တွေက ဥက္ကာပျံတွေဖြစ်ပြီး ရှားပါးတဲ့အဆင့်မြင့် သတ္တုတွေ ပါဝင်လေ့ရှိတယ်။ အဲဒါကြောင့် သူတို့က ကောင်းကင်ပေါ်မှာ တောက်ပနေရတဲ့ အကြောင်းအရင်း တစ်ချက်ပဲဖြစ်တယ်"

ဂမ်ရန်ချင်းချင်းက ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"မိုးကောင်ကင် အာကာသရဲ့ အထက်မှာ ထူးဆန်းတဲ့ စုပ်ယူမှု စွမ်းအားတစ်ခုတည်ရှိပြီး အဲဒီဥက္ကာပျံတွေ နေရာအနှံ့ ရှိနေတယ်။ ဒါကြောင့် ကြယ်တွေက အမြဲတည်ရှိနေပြီး ကြယ်ရောင်လင်းတဲ့ကောင်းကင်ကို ငါတို့မြင်နေရတာ။ ကမ္ဘာ့အင်အားရဲ့ လွှမ်းမိုးမှုအောက်မှာ နေနဲ့လတွေက မတူညီတဲ့ အလှည့်အပြောင်း လမ်းကြောင်းတွေ ရှိတယ်"

ယုန်ကပြောလိုက်ပါတယ်။

"အမှန်တကယ်တော့ အဲဒီကြယ်တွေက ငါတို့ဆီကနေ မိုင်ထောင်ပေါင်းများစွာ ကွာဝေးတယ်။ တကယ်လို့ ကြယ်တာရာ လေပြင်းတွေ ရှိမနေခဲ့ဘူးဆိုရင် ပန်းဖူးအဆင့် လက်ရွေးစင်တွေတောင်မှ ကောင်းကင်အစွန်းထိအောင် အလွယ်တကူ ရောက်နိုင်လိမ့်မယ်"

"ဒါပေမဲ့ ကြယ်တာရာ လေပြင်းတွေရဲ့ တည်ရှိမှုကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ

အတင်းအကြပ် အင်အားသုံးဖို့ မဝံ့ရဲကြဘူး။ ဒီလိုမှမျိုး "

လင်းဟန်က နောက်ကဆက်ပြောလိုက်ပြီး ကောင်းကင်မှာ ခုတ်ပိုင်းတဲ့ လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်ပါတယ်။

ကောင်းကင်ကို ပိုင်းခြားဖွင့်လှစ်ဖို့ ပထမခြေလှမ်းက ကြယ်တာရာလေထုကို ခုတ်ပိုင်းဖို့ပဲ ဖြစ်ပါတယ်။ မဟုတ်ရင် ကောင်းကင်ဘုံကို ရောက်ရှိဖို့ မစွမ်းနိုင်ပဲနဲ့ လူတစ်ယောက်က ကောင်းကင်ကို ပိုင်းခြားသူလို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တွေက စွမ်းအားကြီးလွန်းတယ်။ သူတို့ထုတ်လွှတ်တဲ့ တိုက်ခိုက်မှုတွေက ကြယ်တာရာလေထုကို ထိုးဖောက်နိုင်ပြီး ကောင်းကင်မှ ကြယ်တွေကို ရိုက်ချနိုင်တယ်။ ဒါပေမဲ့ ကြယ်တွေက ကြယ်တာရာ လေထုအလွှာကို ဖြတ်သန်းသွားတဲ့အခါ အများစုက လောင်ကျွမ်းသွားပြီး အနည်းငယ်ထဲမှ အနည်းငယ်လောက်ပဲ မြေပေါ်ကို ကျနိုင်တယ်"

ယုန်ဖြူကြီးကဆက်ပြောပါတယ်။

"ကောင်စုတ်လေး မင်းမြင်တာ မှားနေတာလား။ ဒီကြယ်တွေက အပြင်ကကြယ်တွေနဲ့ လုံးဝမတူနိုင်ဖူး"

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါပြီး ပြောလိုက်ပါတယ်။

"ကျွန်တော် သေချာပေါက်မှားမြင်တာ မဟုတ်ဘူး"

သူက လေးလေးနက်နက်စဉ်းစားပြီး ပြောလိုက်ပါတယ်။

"ဒါဆို ဖြစ်နိုင်ချေတစ်ခုပဲ ရှိတော့တယ်။ အထွတ်အထိပ် သက်ရှိလူသား တစ်ယောက်က ကြယ်တာရာ လေထုအလွှာကို အင်အားသုံး ချိုးဖြတ်ပြီး အဲဒီကြယ်တွေကို လုံးဝ ပကတိအတိုင်း ဆွဲယူလိုက်တာပဲ"

"ကြယ်တွေကို ဆွဲယူပြီး လက်ကိုဖမ်းသိမ်း ထားဖို့ဆိုရင် ဘယ်လောက်တောင် စွမ်းအားကြီးလိုက်မလဲ"

ဂမ်ရန်ချင်းချင်းတစ်ယောက် ကြက်သီးထသွားခဲ့ပါတယ်။

"ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် လုပ်နိုင်တဲ့အရာ မဟုတ်ဘူး"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်တွေက ကောင်းကင်မှ ကြယ်တွေကို လှုပ်ခါချနိုင်ပါတယ်။ နောက်ဆုံးတော့လည်း အဲ့ဒါက ကြယ်တာရာ အလွှာတစ်ခု ကာကွယ်ထားတဲ့ ရှည်လျားတဲ့ အကွာအဝေးတစ်ခုသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကြယ်တာရာ လေထုကို တစ်ဟုန်ထိုး ဖြတ်ကျော်ပြီး ကြယ်တွေကို ဆွဲယူဖို့ဆိုတာကတော့ လုံးဝကို နောက်ထပ်အဆင့်မှာ ဖြစ်ပါတယ်။ ခက်ခဲမှုက နှိုင်းယှဉ်စရာတောင် မဟုတ်ပါဘူး။

လင်းဟန် အတွင်းစိတ်ထဲမှာ မတုန်လှုပ်ပဲ မနေနိုင်ခဲ့ပါဘူး။ ရှေးဟောင်းမင်းဆက်တစ်ခုက မိုးကောင်းကင်ကို ခွဲပြီးတော့ ဖွင့်လှစ်ဖို့ ကြိုးစည်ခဲ့ပါတယ်။ အဆုံးမှာတော့ သူတို့တွေက ကျရှုံးခဲ့ပြီး ရတနာသိုက်လေးခု ကျန်ရစ်ခဲ့တယ်။ ဒီသမိုင်းဝင်နေရာက ရှေးဟောင်းမင်းဆက် ပိုင်ဆိုင်တာများ ဖြစ်နိုင်မလား။ အဲဒီအချိန်က သူတို့တွေ မိုးကောင်ကင်ကို ပိုင်းဖြတ်ဖွင့်လှစ်ဖို့ ကျရှုံးခဲ့ပေမဲ့ ကြယ်တာရာအလွှာကို ချိုးဖြတ်ဖို့ဆိုတာကတော့ သူတို့အတွက် ပြဿနာတစ်ခု မဟုတ်နိုင်ပါဘူး။ ဒါကြောင့် ပြီးပြည့်စုံတဲ့ ကြယ်အရေအတွက် အနည်းငယ်ကို ဆွဲယူဖို့ဆိုတာ အကျိုးသင့် အကြောင်းသင့် ခိုင်လုံတဲ့ အနေအထား တစ်ခုအတွင်းမှာ ရှိနေပါသေးတယ်။

တကယ်လို့ ဒါသာအမှန်တကယ်ဖြစ်ခဲ့ရင် ခရမ်းရောင်လ

အင်ပါယာနဲ့ ဂိုဏ်းကြီးငါးခုရဲ့ လူတွေက ဒီအချက်တွေကြောင့် လျင်မြန်စွာ ရောက်ရှိလာခဲ့တာ မထူးဆန်းတော့ပါဘူး။ ဒါက မိုးကောင်းကင်ကို ပိုင်းဖြတ်ဖို့ အရည်အချင်းပြည့်မီတဲ့ မင်းဆက်တစ်ခုဖြစ်ပါတယ်။

"ဒါက တကယ်ပဲ ပိုပိုပြီး ဆွဲဆောင်မှုရှိလာတာပဲ"

လင်းဟန်က အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

လူတိုင်းက ထိုင်လိုက်ကြပါတယ်။ လင်းဟန်က ပါဝင်ပစ္စည်းတွေကို ဆွဲထုတ်လိုက်ရာ တခြားသူတွေက ညစာအတွက် ပြင်ဆင်ဖို့ စတင်လိုက်ကြပါတယ်။ ဒီလိုအန္တရာယ်များတဲ့ နေရာမှာ သွားလာနေရချိန်မှာ သူတို့ရဲ့ အကောင်းဆုံးအခြေအနေကို အချိန်တိုင်းမှာ ထိန်းသိမ်းထားရပါတယ်။ မဟုတ်ရင် သူတို့တွေ ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရနိုင်ပါတယ်။

အချိန်က အမှန်တကယ်ပဲ တန်ဖိုးရှိလှပေမဲ့ သူတို့တွေ သေချာပေါက် မဆင်မခြင်နဲ့ ရှေ့ကို မချီတတ်သင့်ပါဘူး။

ဂမ်ရန်ချင်းချင်း၊ လီဖန်းယုနဲ့ သူ့ရဲ့ညီမတို့က ရိက္ခာတွေကို ပြင်ဆင်လာခဲ့ပေမဲ့ လင်းဟန်နဲ့ တခြားသူတွေ

ချက်ပြုတ်နေတဲ့ အစားအစာတွေရဲ့ ရနံ့ကို ရလိုက်တဲ့ အခါမှာတော့ စားသောက်ချင်စိတ်တွေ ထိန်းမနိုင်အောင် ဖြစ်လာခဲ့ပါတယ်။ အစားအစာတွေကို မြည်းစမ်းပြီးတဲ့ နောက်မှာတော့ သူတို့တွေရဲ့ အစားအစာတွေကို ချက်ချင်းဘေးကို ဖယ်ထားလိုက်ပြီး လင်းဟန်တို့ဆီက စားဖို့အတွက် ခပ်တောင်တောင့်နဲ့ ပိုမိုနီးကပ်အောင် ရွေ့လျားလာခဲ့ပါတယ်။

"ဟမ် ငါဒီနေရာမှာထားတဲ့ အသားတွေ ဘယ်ရောက်သွားတာလည်း"

လီဖန်းယုက ထူးဆန်းသလို ခံစားလိုက်ရပါတယ်။ သူက အသားတစ်ခုကို ကင်ပြီးတော့ သူညီမဆီ ယူသွားဖို့ စီစဉ်ထားပေမဲ့ အဲဒါက ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။

သူရဲ့ ဝေ့ပတ်ကြည့်နေတဲ့ အကြည့်စူးစူးက ယုန်ဖြူကြီးဆီမှာ ရပ်တန့်သွားပြီး ပြောလိုက်ပါတယ်။

"ဦးလေးယုန် တိတ်တိတ်လေးခိုး စားခဲ့တာလား"

ယုန်ဖြူကြီးက သူ့ရဲ့ခေါင်းကို လှည့်လိုက်ပြီး မထီမဲ့မြင်နဲ့

ပြောလိုက်ပါတယ်။

"ဟ ဦးလေးယုန်က မင်းရဲ့အစားအစာကို စားဖို့ ခိုးနေရဦးမှာလား"

"ဒါဆို ခင်ပျားပါးစပ်ထဲက ဝါးနေတာ ဘာတွေလဲ"

"ဦးလေးယုန်က သူ့သဘာဝအတိုင်း တမြုံ့မြုံ့ဝါးနေတတ်တာပဲလေ။ ဘာလဲ အဲဒါကို ခွင့်မပြုထား ဘူးလား"

"ခင်ပျားပါးစပ်မှာ အဆီတွေ ဝင်းနေတယ်"

"အဓိပ္ပါယ်မရှိဘူး။ ဦးလေးယုန်က သက်သတ်လွတ်သမား"

"ခင်ပျား သေသင့်တဲ့ယုန်။ ခိုးစားတဲ့ သူခိုး"

လီဖန်းယုတစ်ယောက် ရှုံးသွပ်သွားခဲ့ပါတယ်။ ဒီအရှက်မရှိတဲ့ယုန်က သူ့ကိုယ်တိုင် အသားတွေကို ကင်စားဖို့ ပျင်းလွန်းနေခဲ့ပြီး လိုက်ခိုးနေခဲ့ပါတယ်။ တကယ်ကို စက်ဆုပ်ဖွယ်ကောင်းလွန်းပါတယ်။

ယုန်ဖြူကြီးက သူ့ကို လျစ်လျူရှုလိုက်ပြီး သူ့ရဲ့ ပတ္တမြားလို မျက်လုံးတွေနဲ့ ပတ်ပြီးကြည့် နေခဲ့ပါတယ်။ သူ့ရဲ့အရှုံးမခံလိုသော ပင်ကိုယ်စရိုက်နဲ့ လီဖန်းယုရဲ့ ပါးစပ်ကြီးပေါ် လက်တုံ့ပြန်ဖို့ ဆိုတာရှင်းလင်းပါတယ်။ အခုဆိုရင် တခြားသူတွေက နိုးနိုးကြားကြားနဲ့ သတိထားပြီး ကြည့်နေကြတာကြောင့် ခိုးယူဖို့ အခက်အခဲက ပိုမိုကြီးမားလာခဲ့ပါတယ်။

"ဟမ် ဒီနေရာမှာထားတဲ့ ငါ့ရဲ့စွပ်ပြုတ်ရော"

လင်းဟန်လည်း အံ့အားသင့်သွားခဲ့ပြီးနောက် ယုန်ကိုကြည့်ပြီး ပြောလိုက်ပါတယ်။

"ခင်ဗျားလုပ်တာလား"

"ဘယ်လိုတောင်မှားယွင်းတဲ့ အပြုအမူတွေလဲ။ မင်းတို့ကောင်တွေ ပစ္စည်းတွေပျောက်တာနဲ့ ဦးလေးယုန်ကိုပဲ လာရန်ရှာနေကြတယ်။ ဦးလေးယုန်က အဲ့လိုယုန်အမျိုးအစားလား"

ယုန်ဖြူကြီးက မာန်ပါပါနဲ့ ထခုန်လိုက်ပါတယ်။

"ဟုတ်တယ်"

လူတိုင်းက ခေါင်းညိတ်လိုက်ကြပါတယ်။

"ဟမ် ငါဒီနေရာမှာထားတဲ့ စွပ်ပြုတ်လည်းမရှိတော့ဘူး"

ကျူးရှမ်အာလည်း ထူးဆန်းစွာနဲ့ ပြောလိုက်ပါတယ်။

"ဦးလေးယုန်နဲ့ ဘာမှမဆိုင်ဖူးနော်"

ယုန်ဖြူကြီးက ဘယ်သူမှမမေးခင် လျင်မြန်စွာ သူ့ရဲ့လက်သည်းတွေကို မြှောက်ပြလိုက်ပါတယ်။

"အဲဒါက အမှန်တကယ်ပဲ ယုန်မဟုတ်ဘူး"

လင်းဟန်က သူ့ရဲ့ ခေါင်းကိုခါယမ်းလိုက်ပါတယ်။ သူရဲ့နတ်ဘုရားအာရုံက ယုန်အပေါ်မှာ အမြဲ မလွှတ်တမ်း စောင့်ကြည့်နေခဲ့ပြီး တကယ်လို့ ယုန်က ပုံမှန်မဟုတ်တဲ့ ဘယ်လိုလှုပ်ရှားမှုကိုမဆို လုပ်လိုက်တာနဲ့ သူသတိမပြုမိပဲ နေလိမ့်မှာ မဟုတ်ပါဘူး။ နောက်ဆုံးတော့လည်း သူ့ရဲ့နတ်ဘုရားအာရုံက ကောင်းကင်အဆင့်ရဲ့ အစိတ်အပိုင်းလေးတစ်ခု ဖြစ်နေခဲ့ရင်တောင်မှ

ကောင်းကင်အဆင့်မှာရှိတဲ့ နတ်ဘုရားအာရုံပဲ ဖြစ်ပါတယ်။

ဒါဆို ဘယ်သူလုပ်နေတာလည်း။ လူတိုင်း အံ့အားသင့်သွားခဲ့ပါတယ်။

ဟူးညို့က ရုတ်တရက် တစ်ခစ်ခစ်ရယ်မောလိုက်ပြီး အဖြူရောင်တစ်စုံတစ်ခုကို လှမ်းဆွဲလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါကိုမီးကင်ပြီး စားလိုက်ကြရအောင်"

Chapter 703 end

Zaw.အပိုင်း(၇၀၄) ရွှေရှာကြွက်

ဟူးညို့ရဲ့လက်ထဲမှာ ဖမ်းမိတဲ့အရာက မတူညီကွဲပြားတဲ့အရောင်နဲ့ ဒေါသူပုန်ထနေတဲ့ ဝါးကြွက်လိုအကောင်လေးနဲ့ အတော်လေးကို တူပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်က ပြည့်ဖြိုးနေပြီး ခြေလက်တိုတိုလေးတွေနဲ့ အမြီးရှည်ရှည် တစ်ချောင်းလည်း ရှိပါတယ်။

တကယ်လို့ ဒီအကောင်လေးက အနက်ရောင်ဖြစ်နေခဲ့ရင် ပိုပြီးကြောက်စရာကောင်းပုံပေါ်နိုင်ပေမဲ့ အခုတော့

သူ့ရဲ့အဖြူရောင်အမွေး၊ ပန်းရောင်ခြေလက်လေးတွေနဲ့ သူရဲ့မျက်လုံးတစ်စုံက မျက်နှာရဲ့ သုံးပုံတစ်ပုံနီးပါးကို နေရာယူထားတာကြောင့် အတော်လေး ပြူးကြောင်ကြောင်နဲ့ ချစ်စရာကောင်းနေပုံ ပေါက်နေပါတယ်။

အဲဒီအကောင်လေးက ဟူးညိုရဲ့လက်ထဲကနေ လွတ်မြောက်ဖို့ အသည်းအသန် ရုန်းကန်နေခဲ့ပေမဲ့ သူ့ရဲ့ခြေလက်တိုတိုလေးတွေကြောင့် အနှောင့်အယှက် ဖြစ်နေခဲ့ပြီး ရုန်းကန်မှုတွေက အချည်းနှီးသာ ဖြစ်နေခဲ့တာကြောင့် ကြောက်စိတ်မွှန်ပြီးတော့ တကျွီကျွီနဲ့ အော်မြည်နေခဲ့ပါတယ်။

ဟူးညိုက သွားရည်တမြားမြား ကျလာခဲ့ပြီး ပြောလိုက်ပါတယ်။

"ကင်စားမလား ဒါမှမဟုတ် ပြုတ်စားမလား။ ကင်တာက ပို မွှေးပြီး ပြုတ်တာက ပိုပြီးလတ်ဆက်တယ်။ ဟင်း ဘာလို့ တစ်ကောင်ထဲပဲရှိပြီး ညိုးညိုးကို ခက်ခဲအောင် လုပ်ရတာလဲ"

"နင်စားဖို့ မဖြစ်နိုင်ဘူး"

ကျူးရှွမ်အာ၊ ဂမ်ရန်ချင်းချင်းနဲ့ လီဇီရှုန်းတို့တွေ အကုန်လုံး

တစ်ပြိုင်နက်တည်း အော်ဟစ်လိုက် ကြပါတယ်။ ဒီလိုမျိုး ချစ်စရာ အကောင်ငယ်လေးကို ဘယ်သူကများ အဲ့လိုလုပ်ဖို့ လိုလိုလားလား ရှိလိမ့်မှာလဲ။

"ဘာလို့လည်း"

ဟူးညို့က ရှုပ်ထွေးစွာနဲ့ မေးလိုက်ပြီး အခြားသူတွေကို သတိဝီရိယနဲ့ ကြည့်လိုက်ပါတယ်။

"နင်တို့တွေ ဒါကို အလစ်သုပ်ချင်နေကြတာလား။ ဟမ့် ညိုးညိုးက သတ်သတ်လွတ်သမား မဟုတ်ဘူးနော်။ ညိုးညိုးနဲ့ ချချင်လို့လား"

လင်းဟန်က သိချင်စိတ်တွေနဲ့ မေးလိုက်ပါတယ်။

"ဒီအကောင်လေးက စောစောတုန်းက သူခိုးလေးများ ဖြစ်နေမလား"

"ကောင်းတယ်။ မင်းရဲ့ဦးလေးယုန်ကို အမှုဆင်ရဲတဲ့အကောင်။ သူ့ကိုသတ်ပြီး စားပစ်လိုက်"

ယုန်က ရန်လိုတဲ့ အမူအယာနဲ့ ပြောလိုက်ပါတယ်။

"သေသင့်တဲ့ယုန် အဓိပ္ပါယ်မရှိတာတွေ ထပ်ပြောနေပြန်ပြီ။ ရှင့်ကို အရင်ဆုံး သတ်လိုက်တာက ပိုကောင်းမယ်ထင်တယ်"

ဂမ်ရန်ချင်းချင်းက ခြိမ်းခြောက်လိုက်ပါတယ်။

"ပိုကောင်းတယ်။ ညီးညီး ယုန်သားစားချင်တယ်"

ဟူးညိုက ချက်ချင်း ယုန်ကို နောက်တစ်ကြိမ် ပစ်မှတ်ထားလိုက်ပြန်ပါတယ်။

လင်းဟန်က သူ့ရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ဟူးညိုကို အဲဒီအကောင်လေး သူ့ဆီ ယူလာခိုင်း လိုက်ပါတယ်။ သူက အဲဒီဝဝကစ်ကစ် အကောင်လေး လှုန်လှောကြည့်နေတာကြောင့် အကောင်လေးကို အတော်လေး ရက်ရွံ့နေစေခဲ့ပါတယ်။ သူက သူ့ရဲ့ပေါင်ခြံနေရာကို ဖုံးအုပ်ဖို့ သူ့ရဲ့လက်လေးတွေ အသုံးပြုနေခဲ့ပါတယ်။

ဖူး။

ဖူး။

အဲဒီအကောင်လေးက အမှန်တကယ်ပဲ သတ္တုအပိုင်းအစလေးတစ်ခုကို ထွေးထုတ်လိုက်ပါတယ်။ အဲဒါက လုံးဝကြည်လင်ကာ အရည်လဲ့ပြီး တောက်ပတဲ့ အသွေးအရောင်ရှိပါတယ်။ အဲဒီအကောင်လေးက သတ္တုကို ဆုပ်ကိုင်ဖို့ သူရဲ့ရှေ့လက်နှစ်ဖက်ကို အသုံးပြုခဲ့ပြီး လင်းဟန်ကို မျက်နှာချိုသွေးနေသည့်အတိုင်း သူ့ကို စူးစိုက်ပြီး ကြည့်နေခဲ့ပါတယ်။

"မင်းရဲ့ သွားရည်တွေချည်းပဲ။ အဲဒီလက်ဆောင်နဲ့ ပတ်သက်ပြီး အနည်းဆုံး ဇီဇာကြောင်တာပဲ"

လင်းဟန်က အပြုံးနဲ့ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

"ဒါက အဖိုးတန် အဆင့်ရှစ်သတ္တုဖြစ်တဲ့ ကျောက်စိမ်းပင်လယ် မိုးပြာသတ္တုပဲ"

လူတိုင်းအံ့အားသင့်သွားခဲ့ပါတယ်။ ဒီဝဝကစ်ကစ်ကြွက် လေးက အမှန်တကယ်ပဲ အဆင့်ရှစ် ရှားပါးသတ္တုတစ်ခုကို ထွေးထုတ်ခဲ့တာလား။ ဒါက အတော်လေးကို

အံ့အားသင့်စရာပဲ ဖြစ်ပါတယ်။

"ဟမ် အဲ့ဒါက ရွှေရှာကြွက်တစ်ကောင်များ ဖြစ်နေမလား"

ယုန်ဖြူကြီးက အံ့သြတကြီးနဲ့ ပြောလိုက်ပါတယ်။

"ဒဏ္ဍာရီအရဆိုရင် အဲဒီစိတ်ဝိညာဉ်သက်ရှိက ရှားပါးသတ္တုတွေကို အာရုံခံနိုင်တဲ့ အထူးစွမ်းရည် ရှိတယ်။ သူတို့တွေက မြေအောက် လီတော်တော်များများမှာ မြုပ်နှံထားတဲ့ သတ္တုတွေကိုတောင်မှ အာရုံခံနိုင်တယ်"

ရွှေရှာကြွက်။

လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ခါယမ်းလိုက်ကြပြီး သူတို့ အဲဒီနာမည်ကို တစ်ခါမှမကြားဖူးကြောင်း ပြသနေခဲ့ကြပါတယ်။

"ယုန်ဖြူကြီး ရှင် ပုံပြင်တွေ ဖန်တီးပြီးပြောနေတာလား"

ကျူးရွှမ်အာက အပြုံးတစ်ခုနဲ့ မေးလိုက်ပါတယ်။

"ဟင့် မင်းက နည်းနည်းလောက် ပိုလှနေတာကြောင့် ဦး

လေးယုန်ကို ဒီလိုမတရား ဆက်ဆံလို့ရနိုင်မယ် မထင်နဲ့နော်"

ယုန်ဖြူကြီးက ထရပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ရွှေရှာကြွက်တွေက သနားစဖွယ် ကောင်းလောက်အောင် ရှားပါးတာမို့လို့ မင်တို့ကောင်တွေ အရင်က တွေ့ဖူးခဲ့မှာ မဟုတ်ဘူး။ သူတို့တွေမှာ အားကောင်းတဲ့ စွမ်းအားတွေ ဘာတစ်ခုမှ မရှိပေမဲ့ အစစ်အမှန်နဂါးတွေ၊ အစစ်အမှန် ဖီးနစ်တွေထက် ပိုပြီးတော့ ထိတ်လန့်ဖို့ကောင်းတယ်"

"နတ်ဘုရားနယ်မြေမှာတောင်မှ သူတို့တွေကို အဖိုးတန်ရတနာတွေလို့ ပြောနိုင်တယ်"

လူတိုင်းက နောက်ဆုံးမှာတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ပါတယ်။ ဒီလုံးလုံးကစ်ကစ် အကောင်လေးက အမှန်တကယ်ပဲ အရပ်ရှည်ရှည် ခန့်ညားချောမော ကြွယ်ဝတဲ့ အဆင့်တစ်ခုမှာ ဖြစ်နေခဲ့ပါတယ်။ (တရုတ်မှာ အရပ်ရှည်၊ ခန့်ညားချောမောပြီး ချမ်းသာတာက ပြီးပြည့်စုံတဲ့ ခင်ပွန်းဖြစ်ဖို့ရှိရမဲ့ အခြေခံသုံးချက်ပါ)

ရွှေရှာကြွက်လေးက လင်းဟန်ကို မျက်နှာချိုသွေးနေတဲ့အမူအရာတစ်ခုနဲ့ ကြည့်နေခဲ့ပါတယ်။ သူက ဟူးညိုကို

အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့နေခဲ့ပြီး ကြောင်တစ်ကောင်နဲ့ ပက်ပင်းကြုံတဲ့ ကြွက်တစ်ကောင်လိုမျိုး အမှန်တကယ်ပဲ ခံစားနေခဲ့ရပါတယ်။ သူ့ရဲ့တုံ့ပြန်မှုက မထက်မြက်ရင်တောင်မှ သူရဲ့အမြန်နှုန်းတစ်ခုနဲ့တင် သာမန်လူတွေက သူ့ကိုဖမ်းမိဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ဒီလူသားက ဟူးညိုကို ငြိမ်အောင် ထိန်းချုပ်နိုင်ပါတယ်။ ဒါကြောင့် လင်းဟန်ပေါ်ကို မျက်နှာလို မျက်နှာရ လုပ်နေတာပဲ ဖြစ်ပါတယ်။ သူကင်စားခံရမလား၊ ပြုတ်စားခံရမလား ဒါမှမဟုတ် လွတ်မြောက်နိုင်မလားဆိုတဲ့ ကံကြမ္မာက လင်းဟန်အပေါ် လုံးလုံးမူတည်နေခဲ့ပါတယ်။

သူ့ရဲ့လက်သည်းလေးနစ်ဖက်နဲ့ ကျောက်စိမ်းပင်လယ် မိုးပြာသတ္တုကို ကိုင်ပြီး လက်ဆောင်တစ်ခု ပေးအပ်နေတဲ့အတိုင်း လှုပ်ယမ်းနေခဲ့ပါတယ်။

လင်းဟန်က မပြုံးပဲ မနေနိုင်ခဲ့ပါဘူး။ သူက ရွှေရှာကြွက်လေးကို အောက်ချပေးလိုက်ရင်း ကျောက်စိမ်းပင်လယ် မိုးပြာသတ္တုကို ယူလိုက်ပြီး အဲဒီအကောင်လေးရဲ့ သွားရည်တွေကို သုတ်လိုက်ပါတယ်။

ကြိုကြို

လုံးလုံးကစ်ကစ်နဲ့ အဖြူရောင်ကြွက်လေးက ချက်ချင်း ပြေးထွက်သွားပါတယ်။

အဲဒီအကောင်လေးက ဝကစ်လုံးဝန်းနေတဲ့ပုံပေါက်ပြီး ခြေလှမ်းအနည်းငယ်လှမ်းရုံနဲ့ ဟောဟဲလိုက်နေပုံ ပေါက်နေပေမဲ့ သူ့ရဲ့အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် မြန်ဆန်ပါတယ်။ ဖျက်ခနဲ အချိန်အတွင်းမှာပဲ ခြေရာလက်ရာမကျန်အောင် ပျောက်ကွယ်သွားခဲ့ပြီး မယုံကြည်နိုင်လောက်အောင် မြန်ဆန်ပါတယ်။

လူတိုင်းက မှင်သက်သွားကြပြီး နောက်ဆုံးမှာတော့ ကြွက်အိုတစ်ကောင်ရဲ့ လှည့်စားတာကို ခံလိုက်ရကြောင်း နားလည်သွားခဲ့ကြပါတယ်။

ဟူးညိုရဲ့လက်ထဲမှ ရယ်ချင်စဖွယ်၊ ချစ်စဖွယ်အကောင်လေးက ဒီအဆင့်လောက်ထိ ပေါ့ပါးသွက်လက်နေလိမ့်မယ်လို့ ဘယ်သူကများ ထင်ထားခဲ့ပါ့မလဲ။

"တကယ့်ကို ပေါ့ပါးသွက်လက်တဲ့ ဖက်တီးဝတုတ် တစ်ကောင်ပဲ"

လင်းဟန်က ဝတုတ်နေပေမဲ့ အတော်လေး ပေ့ါပါးသွက်လက်တဲ့ မာထို့ပေါင်နဲ့ ပတ်သက်ပြီး တွေးလိုက်မိပါတယ်။

"ညီးညီးရဲ့ အသားကင်လေး"

ဟူးညိုက အော်ဟစ်လိုက်ပါတယ်။ သူမက အဲဒါကို ဘယ်လိုစားရမလဲ ဆိုတာကို ဆုံးဖြတ်နေတုန်းမှာပဲ သူမရဲ့အစားအစာက အဝေးကိုထွက်ပြေးသွားခဲ့ပြီပဲ ဖြစ်ပါတယ်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"အဲဒီကြွက်ဖြူက တော်တော်အသုံးဝင်တယ်။ နောက်တစ်ခါကျရင် ငါတို့ အဲဒီကောင်ကို ဖမ်းမယ်။ အခုတော့ ဆက်စားကြစို့"

ဟူးညိုက နှုတ်ခမ်းစူလိုက်ပါတယ်။ သူမက အမှန်တကယ်ပဲ စားချင်နေခဲ့တာ ဖြစ်ပါတယ်။ သူမ ဘာလုပ်ရမလဲ။ သူမရဲ့အကြည့်စူးစူးတွေနဲ့ ယုန်ဖြူကြီးဆီကို လှည့်ကြည့်လိုက်ပြီး သူမရဲ့ မျက်လုံးတွေက ပိုပိုပြီး အရောင်လက်လာခဲ့ပါတယ်။

ယုန်ဖြူကြီးက သူရဲ့တင်ပါးကို အလိုအလျောက် ဖုံးအုပ်လိုက်မိပြီး ဟစ်အော်လိုက်ပါတယ်။

"ကလေးမလေး မင်းဘာလုပ်ချင်နေတာလဲ။ ငါ မင်းကို သတိပေးလိုက်မယ်နော်။ ဦးလေးယုန်နဲ့ ပတ်သက်ပြီး မကောင်းကြံအား......."

သူဆုံးအောင်တောင် မပြောရခင် ဟူးညိုက သူ့တင်ပါးပေါ်ကို အားပါးတရ ကိုက်ပြီးသား ဖြစ်သွားတာကြောင့် ငယ်သံပါအောင် အော်ဟစ်လိုက်ရပါတယ်။

လူတိုင်းက ဆက်ပြီးတော့ အစားအသောက်တွေကို စားနေခဲ့ကြပါတယ်။ သိပ်မကြာခင်မှာပဲ ဟူးညိုက ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ့ရဲ့လက်နှစ်ဖက်ကို မြှောက်ပြလိုက်ပါတယ်။ သူမရဲ့လက်ထဲမှာတော့ ဝကစ်လုံးဝန်းနေတဲ့ ကြွက်ဖြူကြီးတစ်ကောင် ရှိနေခဲ့ပါတယ်။

အဲ့ဒါက ရွှေရှာကြွက်ကလွဲလို့ ဘာများဖြစ်နိုင်ဦးမှာလည်း။

ဒီတစ်ကြိမ်မှာတော့ လက်ပူးလက်ကြပ်ကို ဖမ်းမိသွားခဲ့ပါတယ်။ အဲဒီကြွက်ဖြူကြီးရဲ့ လက်ထဲမှာ

အသားအပိုင်းအစ တစ်ခုကို ဆုပ်ကိုင်ထားပြီး သူရဲ့ပါး စောင်တစ်ဖက်က စူဖောင်းနေခဲ့ပါတယ်။ သူက အစားအစာ တွေ အများကြီးကို ပါးစပ်ထဲ ထိုးသွပ်ထားတာ ထင်ရှားပါတယ်။ အဲဒီအကောင်က လူတိုင်းလူတိုင်းကို သူ့ရဲ့အပြစ်ကင်းစင်တဲ့ မျက်လုံးတွေကို အသုံးပြုပြီးတော့ ကြည့်နေတဲ့ ပုံစံလေးက တကယ်ကို ချစ်စဖွယ်ကောင်း နေခဲ့ပါတယ်။

လူတိုင်းက မပြုံးမိပဲ မနေနိုင်ခဲ့ကြပဲ စတင်ရယ် မောလိုက်ကြပါတယ်။

"ငါ ရူးသွပ်နေတဲ့ သူတစ်ယောက်ကို မြင်ဖူးခဲ့ပြီးပြီ။ ဒါပေမဲ့ ဒီလောက်ထိ ရူးသွပ်နေတာကိုတော့ အခုမှပဲ မြင်ဖူး တော့တယ်။ ဒီရွှေရှာကြွက်လေးက တကယ့်ကို အံ့ဖွယ်ပဲ"

"လူသားတွေက ချမ်းသာကြွယ်ဝမှုကို လိုက်စားပြီး သေဆုံးကြတယ်။ ငှက်တွေက အစားအစာနောက်ကို လိုက်စားရင်း သေဆုံးကြတယ်။ ဘယ်လောက်တောင် ဆီ လျော်လိုက်သလဲ"

"ဒါက သေချာပေါက် အစားကြူးတဲ့ ကြွက်တစ်ကောင်ပဲ။ အ စာပိုင်းတုန်းက အဲဒီကောင်က မွှေးပျံ့တဲ့ အနံ့ရပြီး

ပြေးလာခဲ့လို့ တစ်ကြိမ်အဖမ်းခံရပြီးပြီ။ အဲဒါကို သင်ခန်းစာမရပဲ တစ်နေရာထဲမှာ နှစ်ကြိမ်မြောက် အဖမ်းခံရပြန်ပြီ"

လူတိုင်းရဲ့ ပြောစကားတွေကို ကြားတဲ့အခါ ကြွက်ဖြူကြီးက သူ့ရဲ့မျက်နှာက နီရဲလာသည့်ဟန်နဲ့ သူ့ရဲ့မျက်လုံးတွေကို ဖုံးအုပ်ဖို့ သူ့ရဲ့လက်လေးတွေကို ရှက်ရွံ့စွာ အသုံးပြုလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး အဲဒီဖြူဖွေး လုံးခဲနေတဲ့အရာကို နောက်တစ်ကြိမ် ပြန်လည်ဆုပ်ကိုင်လိုက်ပါတယ်။

"ဝတုတ် မင်း နောင်အနာဂတ်မှာ ငါ့နောက်ကလိုက်ခဲ့။ မင်းအတွက် ကောင်းမွန်တဲ့ဝိုင်တွေ၊ အစားအစာတွေ အလုံအလောက် ရစေလိမ့်မယ်လို့ ငါအာမခံတယ်။ မင်းအတွက်ကတော့ မင်းရဲ့အရည်အချင်းကို ပြသပြီး ရှားပါးသတ္တုတွေကို ငါ့အတွက်ရှာပေး"

ကြွက်ဖြူကြီးက တကျွိကျွိမြည်ပြီး သဘောမတူသည့်ဟန်ဖြင့် သူ့ရဲ့လက်တွေ၊ ခြေထောက်တွေကို လှုပ်ခါပြနေခဲ့ပါတယ်။ ငါက မင်းရဲ့အသားအပိုင်းအစလေး အနည်းငယ်ကို စားခဲ့ရုံ

လောက်နဲ့ မင်းက ငါလိုကြွက်ကို ကိုယ့်ကိုယ်ကို ရောင်းစားစေချင်နေတာလား။

"နင် သဘောမတူပဲ နေရဲလား"

ဟူးညိုက ပိုမိုနီးကပ်အောင် ကပ်သွားခဲ့ပြီး ရက်စက်တဲ့ အကြည့်တစ်ခုနဲ့ ကြည့်လိုက်ပါတယ်။

အဲဒီကြွက်ဖြူကြီးက ချက်ချင်း ကြောက်ရွံ့မှုကြောင့် တောင့်တင်းသွားပါတယ်။ သူရဲ့အမြီးနဲ့ ခြေလက်လေးချောင်းလုံးက ရုတ်တရက် ဖြောင့်မတ်သွားခဲ့ပြီး သူရဲ့ခန္ဓာကိုယ်တစ်ခုလုံးက တောင့်တင်းနေခဲ့ပါတယ်။ အဲ့ဒီအကောင်က အမှန်တကယ်ပဲ သတိလစ်တဲ့အထိကို ကြောက်ရွံ့သွားခဲ့တာပဲ ဖြစ်ပါတယ်။

ဖူး။

လူတိုင်းက ကျယ်လောင်စွာ ရယ်မောလိုက် ကြပါတယ်။ အဲဒီကြွက်က အလွန်ရယ်စရာကောင်းလွန်းနေခဲ့ပါတယ်။

အဲဒီအကောင်လေးက အစားအစာခိုးယူဖို့ အမှန်တကယ်ပဲ အဆက်မပြတ်လာနေတဲ့ သူရဲဘောကြောင်လွန်းပြီး

ကြောက်စိတ်ကြောင့် သတိလစ်နေတဲ့ ကြွက်တစ်ကောင်ပဲ ဖြစ်ပါတယ်။ ချစ်ဖို့ကောင်းတဲ့ အပြုအမူက ကြယ်ငါးလုံး တောင် ပေးသင့်ပါတယ်။

ရှစ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကြွက်ဖြူကြီးက လင်းဟာန်ရဲ့သတိမဲ့မှုကို အခွင့်ကောင်းယူပြီး မီးခိုးမျှင်တန်းတစ်ခုကဲ့သို့ ထွက်ပြေးသွားခဲ့ပါတယ်။

လပြွတ်ပဲ။

လူတိုင်းရဲ့ အပြုံးတွေက ချက်ချင်း အေးခဲသွားခဲ့ပါတယ်။ ကြွက်ဖြူကြီးရဲ့ လှည့်စားမှုကို နောက်တစ်ကြိမ်ခံလိုက်ရပြန်ပါပြီ။

လင်းဟာန်က အစားအစာပမာဏအများကြီးကို ထုတ်ယူလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ မယုံဘူး။ ဒီဝတုတ် သေချာပေါက် နောက်တစ်ကြိမ် ပြန် ပေါ်လာလိမ့်မယ်"

လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ခါယမ်းလိုက်ကြပါတယ်။ ရွှေရှာကြွက်က အစားကြူးပေမဲ့လည်း တူညီတဲ့အမှားတစ်ခုကို သုံးကြိမ်တိုင်တိုင် လုပ်လိမ့်မှာ မဟုတ်ပါဘူး။

မျှော်လင့်ထားတဲ့အတိုင်း တစ်ညကုန်သွားပြီး ကြွက်ဖြူကြီးက နောက်တစ်ကြိမ် ထပ်ပြီးပေါ်မလာခဲ့ပါဘူး။ အခုက မနက်အစောပိုင်းဖြစ်ပြီး ညမှနေ့သို့ပြောင်းလဲမှုက ချက်ချင်းပဲ ပြီးမြောက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ကောင်းကင်မှာ ပြည့်နှက်နေတဲ့ ကြယ်တွေနဲ့ လတွေက တစ်ချိန်ထဲမှာ ပျောက်ကွယ်သွားခဲ့ပြီး အဲဒီကြီးမားတဲ့ မီးဘောလုံးကြီးက ကောင်းကင်ပေါ်ကို မြင့်တက်လာခဲ့ပါတယ်။

လင်းဟန်က အဲဒီရွှေရှာကြွက်အကြောင်းကို အဆက်မပြတ် တွေးတောနေခဲ့ပေမဲ့ အခုသူ့မှာ ဖြုန်းတီးနေဖို့ အချိန်မရှိပါဘူး။ ဒါကြောင့် သူက အားလုံးနဲ့အတူ ရှေ့ဆက်သွားခဲ့ပါတယ်။

(လီဆိုတာ တရုတ်တွေရဲ့ အကွာအဝေး တိုင်းတာတဲ့ ပမာဏ အမျိုးအစား တစ်ခုဖြစ်ပါတယ်။ တစ်လီမှာ ငါးရာမီတာရှိပါတယ်)

Chapter 704 end

zaw.အပိုင်း(၇၀၅) အရှုံးပေးခြင်း

သူတို့အားလုံး နောက်တစ်နေ့မှာလည်း ပုန်းလိုက်ကွယ်လိုက်နဲ့ပဲ အချိန်တွေ ကုန်ဆုံးခဲ့ပါတယ်။

ဒီနေရာမှာ သားရဲတွေအများကြီးမရှိပေမဲ့ တစ်ကောင်စီတိုင်းက အတော်လေး စွမ်းအားကြီးပြီး နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကနေစပြီး ကောင်းကင်အဆင့်တွေတောင် မကြာမကြာ ပေါ်လာတတ်ပါတယ်။ ဒါကြောင့် သူတို့တွေက ကွေ့ပတ်သွားရုံသာ တတ်နိုင်ခဲ့ပါတယ်။

ဒါအပြင် သူတို့ရဲ့တည်ရှိမှုကို အခုထိ မထုတ်ဖော်ရသေးတဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေလည်း ရှိနေနိုင်ပါတယ်။

စဉ်ဆက်မပြတ် ပုန်းအောင်းပြီး လှည့်ပတ်သွားလာနေရတာကြောင့် တစ်နေ့ကုန်တာတောင် သူတို့ရဲ့လမ်းကြောင်းမှာ ဘာတိုးတက်မှုက များများစားစားမရှိခဲ့ပါဘူး။ နေဝင်သွားပြီးလက နောက်တစ်ကြိမ် ကောင်းကင်ပေါ်မှာ နေရာပြန်ယူလာခဲ့တာကြောင့် လူတိုင်းက နောက်တစ်ကြိမ် အနားယူဖို့ ရပ်တန့်လိုက်ကြပြီး ပြန်လည်အုပ်စုဖွဲ့ပြီး စားသောက်ခဲ့ကြပါတယ်။

"ဟဟ ညီးညီး ထပ်မံပြန်ပြီ"

ဟူးညိုက ရုတ်တရက် ပျော်ရွှင်စွာ ထအော်လိုက်ပြီး ဖြူဖွေး ဝတုတ်နေတဲ့ ကြွက်ကြီးကို သူမရဲ့လက်နဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

အဲဒီကြွက်ဖြူကြီးက သူဘာလို့ ဒီလောက်အစားကြူးရတာလဲလို့ ငိုချင်းချပြနေသည့်အတိုင်း လူတိုင်းကို သနားချင့်စဖွယ် ကြည့်နေခဲ့ပါတယ်။ သူက နောက်ထပ်တစ်ကြိမ် ထောင်ချောက်ထဲ တိုးဝင်မိပြန်ပါပြီ။

လင်းဟန်က ကျယ်လောင်စွာရယ်မောလိုက်ပြီး ရွှေရှာကြွက်ကို ယူလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူကအဲဒီအကောင်လေးကို အနက်ရောင်မျှော်စင်ထဲ တိုက်ရိုက် ထည့်သွင်းလိုက်ပါတယ်။ အဲဒီနောက် သူရဲ့ နတ်ဘုရားအာရုံ အပိုင်းအစတစ်ခုကို အနက်ရောင် မျှော်စင်ထဲ ဝင်ရောက်ဖို့ ခွဲခြားလိုက်ပါတယ်။

ရွှေရှာကြွက်က လွတ်မြောက်သွားတာနဲ့ ဖရိုဖရဲနဲ့ ထွက်ပြေးခဲ့ပါတယ်။ သူရဲ့နှာခေါင်းလေးနဲ့ တရှုံ့ရှုံ့လုပ်ပြီးတဲ့နောက်မှာ အနက်ရောင် မျှော်စင်ထဲမှ အဆုံးမရှိတဲ့

ဆေးဖက်ဝင် စိုက်ပျိုးရေးခြံတွေကို လောဘဇောတက်စွာနဲ့ ကြည့်နေခဲ့ပါတယ်။ သူက အမှန်တကယ်ပဲ သတ္တုတွေကို စားသုံးတာဖြစ်ပြီး သတ္တုက ပိုပြီး အဖိုးတန်လေလေ သူက စွမ်းအားပိုကြီးလာနိုင်လေလေပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ သူကတော့ ကွဲပြားခြားနားပါတယ်။ သူက အမှန်တကယ်ပဲ သူ့ကိုပိုမိုသန်မာစေနိုင်တဲ့ ရွှေနဲ့သတ္တုတွေကို စားသုံးပေမဲ့ သူကအစားကြူးပြီးတော့ စိတ်ဝိညာဉ်ဆေးပင်တွေကို စားသုံးရတာကိုလည်း ကြိုက်နှစ်သက်ပါတယ်။ အခုဆိုရင် သူက အသားကင်၊ ကြက်စွတ်ပြုပ်နဲ့ အခြားဟာတွေကိုတောင်မှ ကြိုက်နှစ်သက်နေခဲ့ပါပြီ။

စိတ်ဝိညာဉ်ဆေးပင် ဒီလောက်အများကြီးကို သူရဲ့စိတ်နှလုံး ကျေနပ်တင်းတိမ်တဲ့အထိ စားသောက်ဖို့ဟန်ပြင်ပြီး သွားလိုက်ပါတယ်။

ဒါပေမဲ့ သူလှုပ်ရှားလိုက်တာနဲ့ အဲဒီလူသားရဲ့လက်တွင်း ကျဆင်းသွားတာကို အံ့အားသင့်ဖွယ် တွေ့ရှိလိုက်ရပါတယ်။

"ဝတုတ် မင်းငါ့လက်ထဲကနေ မလွတ်မြောက်နိုင်ပါဘူး"

လင်းဟန်က အပြုံးတစ်ခုနဲ့ ပြောလိုက်ပြီး သူ့ရဲ့လက်ကို နောက်တစ်ကြိမ် ဖြေလျှော့ပေးလိုက်ပါတယ်။

"နောက်တစ်ခါ ထပ်ပြေးကြည့်ပါဦး"

ရွှေရှာကြွက်က ဒီအပြောင်းအလဲဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး ချက်ချင်းဆိုသလို နောက်တစ်ကြိမ် ပြေးလိုက်ပြန်ပါတယ်။ သူက ဒီလူသားကို ရှောင်ပြောင်ဖို့ ဒီနေရာမှာရှိသမျှ အရာအားလုံးကို ပြောင်သွားတဲ့ထိ စားဖို့ကိုတောင်မှ ဆုံးဖြတ်ထားခဲ့ပါတယ်။ ဒါပေမဲ့ တခဏအတွင်းမှာပဲ သူက လင်းဟန်ရဲ့ လက်ထဲကို နောက်တစ်ကြိမ် ကျဆင်းသွားခဲ့ပြန်ပါတယ်။

သူက စိတ်ရှုပ်ထွေးလာပါတယ်။ ဒီလူသားရဲ့ အမြန်နှုန်းက သူ့ရဲ့ကိုယ်ပိုင် အမြန်နှုန်းလောက် မရှိဘူးဆိုတာ ရှင်းပါတယ်။ ပြီးတော့ သူက သတ္တုတွေကို စားသုံးနိုင်တာကြောင့် မြေပြင်ထဲကို ထွက်ပြေးဖို့ သဘာဝစွမ်းရည် ရှိပါတယ်။ သူ့ရဲ့သွားတွေကလည်းပဲ အကောင်းမွန်ဆုံးဖြစ်ပြီး သူကိုက်လိုက်တဲ့ အရာအားလုံးက ကျိုးပျက်သွားမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့သွားတွေနဲ့ လမ်းကြောင်းတစ်ခု ဖောက်လိုက်ရင် သူချောချောမွေ့မွေ့နဲ့ ထွက်ပြေးနိုင်လိမ့်မယ် မဟုတ်လား။

နောက်တစ်ကြိမ် လွတ်မြောက်ဖို့။

ဒီတစ်ကြိမ်မှာတော့ သူက မြေကြီးတွေကို အပူတပြင်းတူးဆွလိုက်ပြီး မြေပြင်ကိုဖြတ်ပြီး ထွက်ပြေးဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ အနည်းဆုံး တစ်ဆယ်လီ လောက် တူးပြီးတဲ့နောက်မှာ လူသားတစ်ယောက်ရဲ့ မျက်နှာတစ်ခု သူ့ရှေ့မှာ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ အဲဒီမျက်နှာ ပိုင်ရှင်က စောစောက လူသားမှလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

ဒီတစ်ကြိမ်မှာတော့ သူက အမှန်တကယ်ပဲ ကြောက်ရွံ့သွားခဲ့ပြီး သူ့အမြီးတောင် တန်းသွားခဲ့ပါတယ်။ တစ်ချိန်ထဲမှာပဲ သူက ပတ်လက်လန်သွားခဲ့ပြီး သူရဲ့ဗိုက်ဖြူကြီးက ကောင်းကင်ကို မျက်နှာမူနေခဲ့ပါတယ်။ ကြည့်ရတာ ထိတ်လန့်မှုကြောင့် သေဆုံးသွားပုံပေါက် နေခဲ့ပါတယ်။

"ငါက မင်းလိုတော့ ချစ်ဖို့ကောင်းတဲ့အရာတစ်ခု မဟုတ်ဘူး။ မင်းလှည့်စားတာကို ငါခံလိမ့်မယ်လို့ မင်းထင်နေတာလား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ရွှေရှာကြွက်

လေးကို သူအမြီးကနေမပြီး ပြောလိုက်ပါတယ်။

"သေသွားသလို ဟန်ဆောင်မနေစမ်းပါနဲ့။ နေရာတိုင်းမှာ စိတ်ဝိညာဉ်ဆေးပင်တွေ စိုက်ပျိုးထားတဲ့ ဒီလိုကြီးမားတဲ့ နေရာကြီးတစ်ခုနဲ့ လတ်ဆတ်တဲ့ အရည်အသွေးမီ အသား တွေနဲ့အတူ သားရဲအမျိုးအစား အစုံအလင်ကို မင်း ကြည့်လိုက်စမ်းပါ"

သူက ခဏရပ်တန့်လိုက်ပြီး စိတ်ရှည်ရှည်နဲ့ ဆက် ပြောပါတယ်။
"ဘယ်လိုလဲ။ မင်းငါ့နောက်လိုက်နေသမျှ စိတ်ဝိညာဉ် ဆေးပင်တွေနဲ့ အရသာရှိတဲ့ အသားတွေကို မင်းကြိုက်သ လောက် ထောက်ပံ့ပေးမှာနော်"

ကျွိကျွိ။

ကြွက်ဝတုတ်က ချက်ချင်းပဲ အသက်ပြန်ဝင်လာခဲ့ပြီး သူရဲ့ နောက်ခြေနှစ်ချောင်းပေါ်မှာ မတ်တပ်ရပ်လိုက်ပါတယ်။ သူက လင်းဟန်ကို ဈေးညှိနေသည့်အတိုင်း တကျွိကျွိနဲ့ ပြောနေခဲ့ပါတယ်။

"မင်းဘာပြောလည်း ငါနားမလည်နိုင်ဘူး။ မင်း ငါ့နောက်

လိုက်ချင်လား၊ မလိုက်ချင်ဘူးလား။ ခေါင်းသာညိတ်ပြလိုက်"

လင်းဟာန်က ဆိုးယုတ်ပြီး ဆွဲဆောင်မှုရှိတဲ့ အသံနဲ့ မေးလိုက်ပါတယ်။

ကြွက်ဝတုတ်က ဆုံးဖြတ်ချက်ချဖို့ အပြင်းအထန်ရုန်းကန်နေခဲ့ပြီး နောက်ဆုံးမှာတော့ အညံ့ခံတဲ့ အပြုအမူနဲ့ သူရဲ့လက်လေးတွေကို ပိတ်လိုက်ပါတယ်။

ကောင်းပြီ။ အခုကစပြီး မင်းက ငါအပိုင်ဖြစ်သွားပြီ။ ငါ့ရဲ့ကြွက်ကလေး ငါမင်းကို နာမည်တစ်ခုပေးမယ်။ မင်းက တစ်စုံတစ်ယောက်လိုပဲ ဝလွန်းတယ်။ အဲဒီလူကို လှောင်ပြောင်ဖို့ ဒီအကောင်လေးကို အသုံးမချရင် သူညံ့ဖျင်းလွန်းရာ ကျသွားပါလိမ့်မယ်။

"အခုကစပြီး မင်းနာမည်က ပိုင်ထို့ပေါင်။ နာမည်ပြောင်က ဝတုတ် ဒါမှမဟုတ်ရင် အဖြူလေးလို့ ခေါ်မယ်"

ရွှေရောင်ကြွက်က ကန့်ကွက်သည့်ဟန်နဲ့ တကျွိကျွိမြည်နေခဲ့ပါတယ်။ အဲဒါကို ဝတာမဟုတ်ပဲ စည်းစိမ်ခံစားတတ်တာလို့ ခေါ်တယ်ဟ။

လင်းဟန်က ရွှေရှာကြွက်ကို အပြင်ကို အပြုံးတစ်ခုနဲ့ ယူဆောင်လာခဲ့ပြီး ပြောလိုက်ပါတယ်။

"ဒီအကောင်လေးက အခုကစပြီး ငါတို့ထဲက တစ်ယောက်ဖြစ်သွားပြီ။ သူရဲ့နာမည်က ပိုင်ထို့ပေါင်လို့ခေါ်တယ်။ သူရဲ့ နာမည်ပြောင်ကတော့ ဝတုတ်နဲ့ အဖြူလေးပဲ"

ကျူးရွှမ်အာက ချက်ချင်းပဲ ဝါးလုံးကွဲ ရယ်ချလိုက်ပါတယ်။ လင်းဟန်က တကယ်ဆိုးတဲ့အကြံနဲ့ လုပ်ခဲ့တာကို သူမက သိနေခဲ့ပေမဲ့ အနာဂတ်မှာ မာထို့ပေါင်သာ ဒီရွှေရှာကြွက်နဲ့ဆုံတဲ့အခါ သူ့ရဲ့မျက်နှာ ဘယ်လို ဖြစ်နေမလဲဆိုတာကိုတော့ မသိခဲ့ပါဘူး။

"အစ်ကိုလင်းက အမှန်တကယ်ပဲ အံ့အားသင့်ဖွယ်ကောင်းတဲ့ ကံကြမ္မာရှိပြီး ရွှေရှာကြွက်လို ရတနာတစ်ခုကိုတောင်မှ ရရှိနိုင်ခဲ့တာပဲ"

ဂမ်ရန်ချင်းချင်းက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ အဲဒီအကောင်လေးကို လင်းဟန်ရဲ့ အစားအစာတွေနဲ့ ဆွဲဆောင်ခဲ့ပြီး ဟူးညိုက ဖမ်းဆီးခဲ့ပါတယ်။ လင်းဟန်က အဲဒါကို အောင်အောင်မြင်မြင် လုပ်ခဲ့တာကြောင့် အကျိုး

ကျေးဇူးတွေ ဝေမျှပေးဖို့ ဘယ်လိုမျက်နှာနဲ့ သူမက အရှက်မရှိ တောင်းဆိုနိုင်ပါ့မလဲ။

လင်းဟန်က ပြုံးလိုက်ပါတယ်။ ဒီဘဝမှာ သူရဲ့ကံတရားက အမှန်တကယ်ပဲ ကြီးမားပါတယ်။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခု ရရှိခဲ့တာက အကောင်းဆုံးသက်သေပဲ ဖြစ်ပါတယ်။ အမှန်က အနက်ရောင်မျှော်စင်ထဲကို ဝင်တိုးမိခဲ့တာကိုကြည့်ရင် ယခင်ဘဝမှာလည်း သူရဲ့ကံက ထင်သလောက် မဆိုးခဲ့ပါဘူး။ အဲဒီနတ်ဘုရားပစ္စည်းရဲ့ အဆင့်က နားလည်ဖို့တောင် မဖြစ်နိုင်ခဲ့ပါဘူး။

ရွှေရှာကြွက်က လင်းဟန်ရဲ့ ပုခုံးပေါ်ကို တက်လိုက်ပြီး လက်ဟန်ခြေဟန်နဲ့ တကျွိကျွိပြောနေခဲ့ပါတယ်။ အဲဒါက သူအခုလေးတင်ပဲ ခိုးစားခဲ့တာက မလုံလောက်သေးဖူးလို့ ဆိုလိုတာဖြစ်ပြီး အခုအချိန်က သူရဲ့စိတ်နှလုံး ကျေနပ်တင်းတိမ်တဲ့အထိ စားသောက်ဖို့အတွက် အချိန်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ကြွက်ဝတုတ်ကို ကျွေးဖို့အတွက် အစားအစာ တွေကို သာမန်ကာလျှံကာပဲ ယူဆောင်လိုက်ပါတယ်။ ဟူးညိုက သူမရဲ့ အာသာငမ်းငမ်းဖြစ်နေမှုကို မဖုံးကွယ်နိုင် သေးပဲ ရွှေရှာကြွက်ကို စူးစိုက်ကြည့်နေခဲ့ပါတယ်။ အဲဒါက

ရွှေရှာကြွက်ကို အစားအသောက်တွေ စားနေတုန်းမှာပဲ ချွေးစေးတွေ ကျဆင်းစေခဲ့ပါတယ်။ အဲဒီလူသားလေးရဲ့ အတွင်းဘက်မှာ ကြောက်မက်ဖွယ်ရာ တစ်စုံတစ်ခု ပုန်းကွယ်နေတယ်လို့ ထင်ရပြီး ချစ်စဖွယ်ကြွက်လေးကို စိတ်ပိုင်းဆိုင်ရာ စိတ်ဒဏ်ရာတွေ ပေးနေပြီးတော့ သူရဲ့စိတ်နှလုံးကို နက်နက်ရှိုင်းရှိုင်း ထိခိုက်နာကျင်စေပါတယ်။

"ဒီအကောင်က အရွယ်မရောက်သေးတဲ့ ကြွက်တစ်ကောင်ပဲဖြစ်မယ်"

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

"ဘာလို့ အဲ့လိုပြောတာလဲ"

လူတိုင်းက မေးလိုက်ပါတယ်။

ဟူးညိုက ပြောလိုက်ပါတယ်။

"ဟုတ်တယ် ဟုတ်တယ်။ သူက ဒီလောက် အဆီပြည့်ပြီး ကြီးထွားပြီးနေပြီ။ စားဖို့အတွက် လုံး၀ ကောင်းမွန်တယ်။ သူက မသေးနိုင်ပါဘူး"

"အရွယ်ရောက်ပြီးသား ရွှေရှာကြွက်တစ်ကောင်က ရွှေရောင်အမွေးတွေ ရှိရမယ်။ သူတို့မှာ အဖြူရောင် အမွေးတွေပဲ ရှိနေသေးရင် သူတို့ရဲ့ အသက်က ငယ်ရွယ်တုန်းပဲ ရှိသေးတယ်"

ယုန်ဖြူကြီးက ရှင်းပြလိုက်ပါတယ်။

"ရှားပါးသတ္တုတွေကို ရှာဖွေတဲ့ ရွှေရှာကြွက်တွေရဲ့စွမ်းရည်က သူတို့ရဲ့အသက်အရွယ်နဲ့ ဆက်နွယ်နေတယ်။ သူတို့က ပိုပြီးအသက်ကြီးလေလေ သူတို့ရှာဖွေနိုင်တဲ့ သတ္တုရဲ့အဆင့်က ပိုပြီးမြင့်လေလေပဲ"

ဒါဆို ဒီအကောင်က ငနဲလေးပဲ ရှိသေးတာပေါ့။ သူဒီလောက်အစားကြူးပြီး တစ်ကြိမ်ပြီးတစ်ကြိမ် အရူးလုပ်ခံနေရတာ အံ့ဩစရာမရှိတော့ပါဘူး။ သူ့ကို ကယ်တင်နိုင်တော့မှာမဟုတ်ဘူး။ ငယ်ရွယ်ပြီး အတွေ့အကြုံနုလွန်းတယ်။

အဲဒီအချိန်မှာ ကျူးရွှမ်အာရဲ့ မိခင်ဗီဇက ကျိုးပေါက်ထွက်ပေါ်လာပြီး သူမက ရွှေရှာကြွက်လေးကို ပွေ့ဖက်ဖို့ သွားလိုက်ပါတယ်။

"အဖြူလေးရဲ့ မိဘတွေက ဒီလိုကလေးလေးကို စွန့်ပစ်ပြီး အမှန်တကယ်ပဲ ဘယ်နေရာကို သွားတာလည်းမသိဘူး"

ဟူးညို့က ချက်ချင်းဆိုသလို သွားရည်တမြားမြား ကျလာပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ် နောက်ထပ် ပိုပြီးကြီးတဲ့ နစ်ကောင်ရှိသေးတာလား။ ညိုးညိုး လုံးဝ ငမ်းငမ်းတက် စားချင်စိတ်ဖြစ်မနေဘူးနော်။ လုံးဝပဲ"

ဟူးညို့ရဲ့ အပြောနဲ့ သူဖြစ်နေတဲ့ ပုံစံက တခြားစီပါပဲ။

"ဟဟ သူရဲ့မိဘတွေက သေဆုံးခဲ့တာ ကြာပြီဖြစ်နိုင်တယ်"

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

"ရွှေရာကြွက်တွေက အတော်လေး ထူးခြားပြီး သူတို့တွေက ဉကနေ ပေါက်ဖွားကြတယ်။ တကယ်လို့သာ ဉတည်ခြင်းက သင့်လျော်တဲ့ အခြေအနေမှာ မရှိခဲ့ရင် ထောင်စုနှစ်တစ်ရာ ဒါမှမဟုတ် ထောင်စုနှစ် တစ်ထောင်အတွင်း ဉမ ပေါက်နိုင်ခဲ့ရင်တောင်မှ အဲဒီအဖြစ်အပျက်က အံ့သြစရာ မဟုတ်တော့ဘူး"

အဲဒါက အရသာအသစ် တစ်ခုအတွက် သူမရဲ့မျှော်လင့်ချက်တွေ ပျက်ပြားသွားစေတာကြောင့် ဟူးညိုတစ်ယောက် အကြီးအကျယ် စိတ်ဓာတ်ကျသွားခဲ့ပါတယ်။

စားသောက်ပြီးတဲ့နောက်မှာ လူတိုင်းက တစ်နေ့တာ ပင်ပန်းနွယ်နယ်မှုတွေကို ဖယ်ရှားဖို့အတွက် အနားယူဖို့ စတင်လိုက်ကြပါတယ်။ သူတို့တွေက အနည်းငယ် ကျင့်ကြံနေခဲ့ကြပြီး မနက်ဖြန်မှာ ကြုံတွေ့နိုင်တဲ့ တိုက်ပွဲတစ်ခုအတွက် ကြိုတင်ပြင်ဆင်နေခဲ့ကြပါတယ်။

ရွှေရှာကြွက်လေးကတော့ ထင်တဲ့အတိုင်း ချစ်ချင်စဖွယ်၊ ရယ်ချင်သဖွယ်လေး ဖြစ်နေခဲ့ပါတယ်။ သူအိပ်ပျော်သွားတဲ့အခါ သူရဲ့ခြေလက်လေးချောင်းက ကောင်းကင်ကို မျက်နှာမူနေပြီး ဟောက်သံအကျယ်ကြီး ထွက်ပေါ်နေခဲ့ပါတယ်။ သည်းမခံနိုင်လောက်အောင် ဆူညံလွန်း အားကြီးတာကြောင့် လင်းဟန်က အဲ့ဒီအကောင်ကို အနက်ရောင်မျှော်စင်ထဲ ပစ်ထည့်လိုက်မှပဲ လူတိုင်းရဲ့ နားချမ်းသာရာ ရသွားခဲ့ရပါတယ်။

ဒုတိယနေ့မှာ လူတိုင်း စတင်ထွက်ခွာခဲ့ကြပြီး လင်းဟန်က ရှားပါးသတ္တုတွေ ရှာဖွေနိုင်ရန် ရွှေရှာကြွက်လေးကို လွှတ်

ပေးလိုက်ပါတယ်။

ဟာသတစ်ခု မဟုတ်ခဲ့ပါဘူး။ အဲဒီဝတုတ်က အမှန်တကယ်ပဲ သွက်လက်လွန်းပါတယ်။ တစ်နေ့တာရဲ့ တိုတောင်းတဲ့ ကာလအတွင်းမှာပဲ အဲဒီအကောင်လေးက လင်းဟန်ကို ရှားပါးသတ္တုအပိုင်းအစ သုံးခုပေးခဲ့ပါတယ်။ တစ်ခုက အဆင့် လေးဖြစ်ပြီး နှစ်ခုက အဆင့်ငါး ဖြစ်ပါတယ်။ အဲဒါတွေက သိပ်ပြီးတော့ အဖိုးမဖြတ်နိုင်တာ မဟုတ်ပေမဲ့ အကုန်လုံးက အလကားရတာပဲ ဖြစ်ပါတယ်။

နောက်ထပ်တစ်ည ကုန်ဆုံးပြီးတဲ့နောက်မှာ နောက်တစ်ရက်က ပုံမှန်အတိုင်းပဲ ရောက်ရှိလာခဲ့ပါတယ်။ သူတို့ ဒီနေရာကို ဝင်ရောက်ခဲ့စဉ်ကတည်းက ဒီနေ့နဲ့ဆိုရင် လေးရက်ရှိပြီ ဖြစ်ပါတယ်။

သူတို့တွေ သွားလာနေရင်း စူးရှတဲ့ အော်ငြီးသံတစ်ခုကို ကြားလိုက်ရပြီး သူတို့ကို လျင်မြန်စွာ လွှမ်းမိုးသွားတဲ့ မဲမှောင် နေတဲ့ တိမ်တိုက်ကြီးတစ်ခု ကောင်းကင်မှာ ပေါ် ပေါက်လာခဲ့ပါတယ်။

လူတိုင်းက မော့ကြည့်လိုက်ရာ မဲမှောင်နေတဲ့ တိမ်တိုက်ကြီးတစ်ခု မဟုတ်တာကို တွေ့လိုက်ရပါတယ်။

အဲ့ဒါက ကြီးမားတဲ့ လင်းယုန်ကြီးတစ်ကောင်ပြီး တစ်ကိုယ်လုံး အစိမ်းရင့်ရောင်နဲ့ မှောင်မိုက်နေပြီး အမွေးအတောင် လုံးဝမရှိပဲ သူရဲ့ကိုယ်ကို ခြိမ်းခြောက်နိုင်တဲ့ အေးစိမ့်မှုတွေကို ထုတ်လွှတ်နေတဲ့ အစိမ်းရောင်သံချပ်ကာတစ်ခုလို အကြေးခွံတွေနဲ့ ဖုံးလွှမ်းနေခဲ့ပါတယ်။

လူတိုင်းရဲ့ ဆံပင်တွေ ထောင်မတ်သွားခဲ့ရပါတယ်။ အဲဒီအကောင်ကြီးက စကြာဂဠုဒ် ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ အထွတ်အထိပ် တည်ရှိမှုတစ်ခုပဲဖြစ်ပြီး သူရဲ့အကြည့်တစ်ချက်နဲ့တင် လူရာပေါင်းများစွာကို တစ်ပြိုင်နက်တည်း သတ်ဖြတ်ပစ်နိုင်ပါတယ်။

Chapter 705 end

Zaw.အပိုင်း(၇၀၆) ထူးဆန်းတဲ့ ရတနာ ဆေးပင်တစ်ပင်

ကံကောင်းထောက်မစွာပဲ အဲဒီအစိမ်းရောင်လင်းယုန်ကြီးက သူတို့တွေကို ဂရုမစိုက်ခဲ့ပဲ သူရဲ့အတောင်ပံတွေကို တဖျပ်ဖျပ်ခတ်ပြီး ပျံသန်းသွားခဲ့ပါတယ်။ သူရဲ့လက်သည်းထဲမှာတော့ တောင်ငယ်တစ်လုံးစာလောက် အရွယ်အစားရှိပြီး ခန္ဓာကိုယ်မှာ သွေးအလိမ်းလိမ်းနဲ့ စုတ်ပြတ်သတ်နေတဲ့ ရွှေရောင်ကြံ့ကြီးတစ်ကောင် တွဲလျောင်းကြီးပါသွားခဲ့ပါတယ်။

အဲဒီ ရတနာရှစ်ပါး ရွှေကြုံကြီးက ကောင်းကင်အဆင့်မှာ ဖြစ်ပါတယ်။

ရွှေရောင်ကြုံကြီးရဲ့သွေးတွေက ပန်းကျနေခဲ့တာကြောင့် အောက်မှာရှိတဲ့ သက်ရှိစိတ်ဝိညာဉ်တွေ အတွက်တော့ လုံးဝ ဘေးဆိုးကြီးတစ်ခု ဖြစ်နေခဲ့ပါတယ်။ အဲဒီသွေးတွေထဲမှာ ကောင်းကင်အဆင့် သားရဲတစ်ကောင်ရဲ့ အန္တရာယ်ချီတွေ ပါဝင်နေပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ အဲဒါတွေနဲ့ ထိတွေ့မိတဲ့အခါ သေလုအောင် ထိတ်လန့်သွားပါလိမ့်မယ်။

အဲဒီသွေးတွေက အဖိုးတန်တဲ့ဆေးဝါးဖြစ်ပေမဲ့ အနည်းဆုံးတော့ အဲဒါတွေကို စုဆောင်းရန် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် ဆယ်ယောက်ကျော်လောက် ပူးပေါင်းပြီး လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

အဲ့ဒါက ယိုဟိုင်ယွဲ့၊ ကျော့မင်း ဒါမှဟုတ် ရှရှူရန် ဘယ်သူပဲ ဖြစ်ပါစေ ဒီလိုအခြေအနေတစ်ခုနဲ့ ကြုံတွေ့တဲ့အခါ သူတို့ရဲ့ခေါင်းတွေကို ခါယမ်းရုံကလွဲလို့ ဘာတစ်ခုမှတတ်နိုင်မှာ မဟုတ်ပဲ ကွေ့ပတ်သွားရုံပဲ

တတ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရှိတဲ့ လင်းဟာန်အတွက်ကတော့ မတူညီပါဘူး။

သူက အဲဒီရတနာကို ထုတ်ဖော်လိုက်ပြီးနောက် ရွှေရောင်ကြံ့ကြီးရဲ့သွေးတွေကို စုဆောင်းခဲ့ပြီး အဲဒါက အသန့်စင်ဆုံး အဆီအနှစ်တွေကို တိုက်ရိုက် ထုတ်ယူနေခဲ့ပါတယ်။ ဆေးဖက်ဝင်တဲ့ အကျိုးသက်ရောက်မှုတွေက ပိုမိုသန်မာလာလိမ့်မှာဖြစ်ပြီး အဓ္ဓန္တရာယ်ချီတွေကတော့ မပါဝင်တော့ပါဘူး။

ဒါပေမဲ့ အဲဒီလိုတန်ဖိုးရှိတဲ့ အရည်တစ်ခုကို သောက်ဖို့အတွက် ဘယ်သူမှ မဝံ့ရဲကြပါဘူး။ အဲဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ မဟုတ်ခဲ့ရင်တောင်မှ အဲဒါက အဆင့်မြင့်ကောင်းကင် အဆင့်မှာ ရှိနေတုန်းပဲဖြစ်ပြီး သူတို့ရဲ့ လက်ရှိကျင့်ကြံခြင်းနဲ့ဆိုရင် ဘယ်သူပဲစားစား ခန္ဓာကိုယ်ကြီး ပေါက်ကွဲသွားလိမ့်မှာ ဖြစ်ပါတယ်။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သားရဲတစ်ကောင်တောင်မှ ပေါ်လာခဲ့ပြီ"

သူတို့တွေက တအံ့တသြပြောဆိုလိုက်ကြပါတယ်။

"အဲဒါက လင်းယုန်အစ်မတစ်ကောင်ပဲ။ သူက လင်းယုန်ငယ်လေးတွေ ကျွေးဖို့ ဖြစ်နိုင်တယ်။ တကယ်လို့ ကျွေးမွေးပြုစုနိုင်ခဲ့ရင် အနာဂတ်မှာ အံ့ဩဖွယ်တစ်ခု ဖြစ်လာလိမ့်မယ်"

ယုန်ဖြူကြီးက ရုတ်တရက် ပြောလိုက်ပါတယ်။

လူတိုင်း လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြပါတယ်။ သားရဲတွေရဲ့အဆင့်က မျိုးရိုးအပေါ်မှာ ပိုမိုမူတည်ပြီး ဒီအစိမ်းရောင် လင်းယုန်ကြီးက စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်နေခဲ့ပါပြီ။ ဒါကြောင့် သူရဲ့သားပေါက်တွေ အားလုံးကလည်းပဲ လုံလောက်တဲ့ အာဟာရကို ထောက်ပံ့ပေးနိုင်သမျှ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်ရှိနိုင်ပါတယ်။

ဒါကလူသားနဲ့ သားရဲတွေကြားက အကြီးမားဆုံး ကွာခြားချက်ဖြစ်ပေမဲ့ နိုင်းယှဉ်ရရင် သားရဲတွေကလည်းပဲ မျိုးရိုးနဲ့ ကန့်သတ်ခံထားရပါတယ်။ တစ်ကယ်လို့ အဲဒီအစိမ်းရောင် လင်းယုန်ကြီးက စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့်ကို ဖြတ်ကျော်ပြီး နတ်ဘုရားနယ်မြေထဲကို တိုးဝင်ချင်တယ် ဆိုရင်တော့ အဲဒါက အတော်လေး မဖြစ်နိုင်လုနီးပါး အရာပဲ ဖြစ်ပါတယ်။

မျိုးရိုးရဲ့ကန့်သတ်ချုပ်ချယ်တဲ့ အရာတွေကို ချိုးဖျက်ဖို့ အထွတ်အထိပ် တန်ဖိုးရှိတဲ့ ဆေးဝါးတွေ လက်ခံရရှိခြင်း မရှိပဲနဲ့တော့ မဖြစ်နိုင်ပါဘူး။

အဲဒါက အလှမ်းဝေးကွာလွန်းပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲတစ်ကောင်ကိုပဲ မြှင့်တင်ပေးနိုင်ရင် သူ့ရဲ့တန်ဖိုးက ဘယ်လောက်တောင် ထိတ်လန့်ဖွယ်ကောင်းလိုက်မလဲ။

"လင်းယုန်ခြေထောက်တွေကို ကင်စားမယ်"

ဟူးညို့ရဲ့ အတွေးတွေက ပုံမှန်ပါပဲ။ တွေ့သမျှစားချင်နေတဲ့ သူမရဲ့ စိတ်ကြောင့် သူမရဲ့ မျက်လုံးတွေဟာ စတင်ပြီး အရောင်တလက်လက် တောက်ပလာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"စိတ်ကူးယဥ် မနေနဲ့တော့။ အဲဒါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အသိုက်တစ်ခုဖြစ်ပြီးတော့ အစိမ်းရောင်လင်းယုန်ကြီးရဲ့ အွန္တရာယ်ချီတွေနဲ့

ပြည့်နှက်နေတယ်။ တကယ်လို့ ငါတို့တွေ ဝင်သွားခဲ့ရင် ဥတွေကို မမြင်ရခင်မှာပဲ ဖုန်မှုန့်တွေအဖြစ်ကို ပြောင်းသွားရလိမ့်မယ်"

လင်းဟန်ရဲ့ ပြောစကားကို ကြားလိုက်တဲ့အခါ လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ခါယမ်းလိုက်ပါတယ်။ မှန်ပါတယ်။ အဲဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တည်ရှိမှု တစ်ခုဖြစ်ပြီး သူ့ရဲ့အသိုက်ထဲကို ဘယ်သူကများ ခိုးဝင်နိုင်ပါ့မလဲ။

"သွားကြစို့"

သူတို့တွေက ရှေ့ဆက်သွားလိုက်ကြပါတယ်။ နောက်ထပ်နှစ်ရက် ကုန်ဆုံးပြီးတဲ့နောက်မှာ ကျောက်တုံးဝိညာဉ်က ကျောက်တုံးနှလုံးသားကို အပြည့်အဝ သန့်စင်ပြီးသွားတာကြောင့် စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ထိုးတက်သွားခဲ့ပါတယ်။ အဲဒါက အဆင့်မြင့် စိတ်ဝိညာဉ် နတ်သူငယ် အဆင့်လည်း ဖြစ်ပါတယ်။

ဒီလိုလောကဓာတ် စိတ်ညာဉ်အမျိုးအစားက အစကတည်းက သန်မာပြီး အဆင့်တူအတွင်းမှာ

ပြိုင်ဘက်ရာတွေ့ဖို့ သူ့အတွက် ခက်ခဲပါတယ်။ သူက ဘုရင်တွေကြားထဲက ဘုရင်တစ်ပါးပဲ ဖြစ်ပြီး လက်ရှိ တိုက်ပွဲစွမ်းအားနဲ့ဆိုရင် ယိုဟိုင်ယွဲ့လို လူထူဆန်းနဲ့တောင်မှ ယှဉ်ပြိုင်နိုင်ပါတယ်။

လင်းဟန်က အတော်လေး ကျေနပ်အားရနေခဲ့ပါတယ်။ အခုဆိုရင် ကျောက်တုံးဝိညာဉ်က နောက်ဆုံးမှာတော့ အရည်အသွေးပြည့်မီတဲ့ ကြေးစားသတ်ဖြတ်သူ တစ်ယောက် ထပ်ဖြစ်သွား ခဲ့ပါပြီ။ အနက်ရောင်မျှော်စင်ကလည်း လစဉ်လတိုင်း ရှားပါးတဲ့ ကျောက်တုံးတစ်တုံးကို ထုတ်လုပ်နိုင်တာကြောင့် ကျောက်တုံးဝိညာဉ်ရဲ့ တိုးတက်မှု အမြန်နှုန်းက သူကို ကျော်ဖြတ်သွားပါတော့မယ်။ အဲဒါက သူ့ကို ပိုပိုပြီး စိတ်ရွှင်လန်းတက်ကြွလာစေပါတယ်။

အဲဒီအချိန်မှာ ကျယ်ပြန့်တဲ့နယ်မြေကြီးက နောက်ဆုံးမှာတော့ အဆုံးတစ်ခုကို ရောက်သွားခဲ့ပြီး အရှေ့မှာ အတော်လေး ကျယ်ပြန့်တဲ့ ရေပြင်ကျယ်ကြီးတစ်ခု ပေါ် ပေါက်လာခဲ့ပါတယ်။ လင်းဟန်က သူရဲ့မှသားမဲ့မျက်လုံးကို အသက်သွင်းခဲ့တာတောင်မှ အဲဒီရေပြင်ရဲ့ အဆုံးကို မမြင်နိုင်ခဲ့ပါဘူး။

ရေနဲ့ကုန်းမြေတို့ ဆုံရာနေရာမှာ ထူးဆန်းတဲ့ ဆေးပင်တစ်ပင် ရှင်သန်နေခဲ့ပါတယ်။ အဲဒါက ၁၅မီတာ ရှည်လျားပြီး တစ်ပင်လုံး ဖြူဖွေးနေပါတယ်။ ပြောင်းဖူးရိုးတစ်ခုလို အသီးတွေနဲ့ ဖြစ်ပေမဲ့ အဲဒါထက် အဆများစွာ ပိုမိုကြီးမားပါတယ်။ အဲဒီအသီးက ရှုရှိုက်မိတဲ့ လူတွေကို စိတ်အေးချမ်းပြီး ရွှင်မြူးစေတဲ့ အားပျော့တဲ့ရနံ့မွှေးမွှေး တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

ဒါပေမဲ့ လင်းဟန်ရဲ့အဖွဲ့တစ်ခုပဲ အဲဒီအမိုးတန်ဆေးပင်ကို ရှာဖွေတွေ့ရှိခဲ့တာ မဟုတ်ပါဘူး။ တခြားလူတွေ အများအပြားကလည်း ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။ ဥပမာ လက်ကိုနောက်ပစ်ပြီး ရပ်နေတဲ့ ကျော့မင်းလို လူမျိုးဖြစ်ပြီး သူကသားရဲတစ်ကောင်လို ခက်ထန်တဲ့ အပြုံးတစ်ခုကို ပြုံးထားပါတယ်။

လင်းဟန်က တစ်ယောက်ထဲရှိနေတဲ့ ယိုဟိုင်ယွဲ့ကိုလည်း မြင်ခဲ့ပါတယ်။ အဲဒီမှာ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့လည်း ရှိနေပြီး သူတို့တစ်ယောက်ချင်းစီတိုင်းက သူတို့ရဲ့ ကိုယ်ပိုင်အဖွဲ့တွေကို ခေါ်ဆောင်လာခဲ့ကြပါတယ်။ ဒီလိုမျိုး စွန့်စားခန်းတစ်ခုက ခင်မင်ရင်းနှီးမှုကို မြှင့်တင်ရန် အကောင်းဆုံး ဖြစ်ပါတယ်။ ဟုတ်တာပေါ့ အဲဒါကို

ချိုးဖြတ်ဖို့လည်း အကောင်းဆုံးပဲ ဖြစ်ပါတယ်။

ယွမ်ချမ်ဟဲလည်း ရှိနေခဲ့ပြီး သူက လင်းဟာန်ကို အနည်းငယ် ခေါင်းညိတ်ပြလိုက်ပြီး လင်းဟာန်ကို အကြီးအကဲ တစ်ယောက်လို လေးစားမယ်ဆိုတဲ့ သူ့ရဲ့ကတိအတိုင်း လိုက်နာခဲ့ပါတယ်။

အဲဒီ အဖိုးတန်ဆေးပင်က ဘာအပင်လဲ။

လင်းဟာန်က သံသယတွေ တိုးလာခဲ့ပါတယ်။ သူရဲ့အရင်ဘဝမှာတုန်းက မော်ဆေးကေရာဇ် တစ်ယောက် ဖြစ်ခဲ့ပြီး စိတ်ဝိညာဉ်ဆေးပင်တွေကို အမျိုးအစားခွဲတဲ့ နေရာမှာ သူက သူ့ကိုယ်သူ ဒုတိယလို ပြောလိုက်ရင် ဘယ်သူကမှ သူတို့ကိုယ်သူတို့ ပထမလို့ ပြောရဲလိမ့်မှာ မဟုတ်ပါဘူး။ မျိုးသုဉ်းပျောက်ကွယ် သွားပြီဖြစ်တဲ့ အဖိုးတန်ဆေးပင်တွေ အများကြီးအတွက်ကတော့ သူတို့ရဲ့ပုံပန်းသွင်ပြင်တွေကို ရုပ်ပုံစာလိပ်တွေမှာ တွေ့မြင်နိုင်ပါတယ်။

ဒါပေမဲ့ ဒီလိုမျိုး စိတ်ဝိညာဉ် ဆေးပင်တစ်ပင်ကိုတော့ သူမြင်လည်းမမြင်ဖူးသလို၊ ကြားလည်းမကြားဖူးခဲ့ပါဘူး။

အခုလူတိုင်းက တစ်ယောက်ကိုတစ်ယောက် တားဆီးထိန်းချုပ် နေကြတာကြောင့် ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု မဖြစ်ပေါ်သေးပါဘူး။ ဒါ့အပြင် လူတိုင်းကို ပြင်းထန်စွာ တိုက်ခိုက်ခြင်းကနေ ရှောင်ကျဉ်စေတဲ့ အကြောင်းအရင်းက အဲဒီအဖိုးတန်ဆေးပင်က ရင့်မှည့်လာဖို့ ရက်အနည်းငယ်လောက် လိုသေးတယ်လို့ ထင်ရလို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းတယ်လို့ ခံစားနေခဲ့ရပါတယ်။ အဲဒီအပင်က အမှန်တကယ်ပဲ ကောင်းမွန်တဲ့ အဖိုးတန် ဆေးပင်တစ်ပင်ဖြစ်ပြီး သူ့ရဲ့ရန့်က သေချာပေါက် ထိပ်တန်းအဆင့် ရတနာတစ်ခု ဖြစ်ကြောင်း သက်သေပြ နေခဲ့ပါတယ်။ ဒါပေမဲ့ ဘာလို့ မီးတောက်ဘုရင်နဲ့ တခြားဂိုဏ်းကြီး ငါးဂိုဏ်းက လက်ရွေးစင်တွေက အဲဒီအပင်ကို အစောပိုင်းတုန်းက သူတို့တွေ ဖြတ်သွားတုန်း မစုဆောင်းခဲ့ကြတာလဲ။

အဲဒီအပင်က ဒီနေရာမှာ အစောင့်တစ်ယောက်ချန်ထားဖို့အတွက်တောင်မှ ထိုက်တန်ပါတယ်။

အကြောင်းအရင်း တစ်ခုခုများ ရှိနေမလား။

လင်းဟန်က လေးလေးနက်နက် စဉ်းစားချင့်ချိန်နေခဲ့ပါတယ်။ သူ့ရဲ့အရင်ဘဝမှာတုန်းက သမိုင်းဝင်တဲ့ နေရာတွေ အများကြီးကို ဝင်ရောက်ခဲ့ပြီး အန္တရာယ်တွေ အများကြီးနဲ့ တွေ့ကြုံခဲ့ရပါတယ်။ အဲဒါတွေက သူ့ကို ရှင်းလင်းတိကျတဲ့ နိုးကြားမှု သတိတစ်ခုကို ပေးခဲ့ပြီး ရတနာတွေနဲ့ ပတ်သက်ပြီး လုံးဝ မစွဲလမ်းခဲ့ပါဘူး။

ရတနာတွေက မငြင်းသာလောက်အောင် ကောင်းမွန်ပေမဲ့ သူတို့တွေက အန္တရာယ်တွေ ထောင်ချောက်တွေနဲ့ အမြဲယှဉ်တွဲနေလေ့ ရှိပါတယ်။

ဒီနေရာမှာ အဖိုးတန်ဆေးပင်ကြီး ထင်ရှားစွာ ရှိနေရက်နဲ့ အဲဒါကိုစောင့်ကြပ်တဲ့ သားရဲတစ်ကောင် တစ်လေတောင် ဘာဖြစ်လို့ ရှိမနေရတာလဲ။ ဒီနေရာမှာ စွမ်းအားမြင့် သားရဲတွေက ကတုတ်ကျင်းတွေနဲ့ အခိုင်အမာ အကာအကွယ်ယူပြီး နေလို့ရတယ်ဆိုတာ ထင်ရှားပါတယ်။

ကောင်းကင်နဲ့မြေကြီးရဲ့ အဖိုးတန်ဆေးပင်တစ်ပင်က သားရဲတွေနဲ့ ယှဉ်တွဲနေလေ့ ရှိလိမ့်မှာဖြစ်ပြီး သားရဲတွေကြောင့် ပိုပြီးတောင်မှ ဖွံ့ဖြိုးလာလိမ့်မှာ

ဖြစ်ပါတယ်။

အလိုလိုသိစိတ်က လင်းဟန်ကို အဲဒါက ထောင်ချောက်တစ်ခု ဖြစ်နိုင်ချေ အလွန်ရှိကြောင်းကို ခိုင်းခိုင်မာမာယုံကြည်စေခဲ့ပါတယ်။

သူက မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ကို သူ့ရဲ့သံသယတွေကို ပြောပြလိုက်ပြီးနောက် ယွမ်ချမ်ဟဲကို သူ့ရဲ့ဘေးကို ခေါ်လိုက်ပြီး သူ့ရဲ့အမိန့်ကို နာခံစေခဲ့ပါတယ်။ ယွမ်ချမ်ဟဲက အတော်ကလေး မလိုလားခဲ့ပေမဲ့ မလိုက်နာပဲ မနေဝံ့ခဲ့ပါဘူး။

ဒီခက်ထန်ရက်စက်တဲ့လူက ဆေဘာဘုရင်လေးကို သတ်ဖြတ်ခဲ့တဲ့သူပဲ ဖြစ်ပါတယ်။

လူတိုင်းက စိတ်ရှည်လက်ရှည် စောင့်နေကြပြီး နှစ်ရက် သုံးရက်လောက် ကြာနိုင်တဲ့ အဖိုးတန်ဆေးပင် အမှန်တကယ် ရင့်မှည့်လာမဲ့ အချိန်ကို စောင်းဆိုင်းနေကြတာ ဖြစ်ပါတယ်။ လူတော်တော်များများက နောက်မှရောက်လာခဲ့ ကြပါတယ်။ သူတို့တွေထဲမှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေပါဝင်မှုက မနည်းပါးခဲ့ပဲ

ပိုမိုအားနည်းတဲ့သူတွေကို သက်ပြင်းတွေချစေခဲ့ပါတယ်။

အဲဒီအဆင့် လက်ရွေးစင်တွေ ပေါ်လာလိမ့်မယ်ဆိုတာသာ သူတို့သိခဲ့ရင် သေချာပေါက် ဒီလောက်အကြာကြီး စောင့်နေခဲ့လိမ့်မှာ မဟုတ်ပဲ အစောကြီးထဲက အဖိုးတန်ဆေးပင်ကို လုယူလိုက်မှာပဲ ဖြစ်ပါတယ်။ အဲဒါက မရင့်မှည့်သေးရင်တောင်မှ ဘာမှမရတာ ထက်စာရင်တော့ သာပါသေးတယ်။

သုံးရက်ကြာပြီးတဲ့နောက်မှာ ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်လောက်ထိ ရှိလာခဲ့ပြီး လင်းဟန်ရဲ့ စိုးရိမ်ပူပန်မှုကလည်း ပိုပြီးကြီးထွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီရက်အနည်းငယ်အတွင်းမှာ အနီးအနားမှာ သားရဲတစ်ကောင်တစ်လေတောင် မတွေ့ခဲ့ရလို့ပဲ ဖြစ်ပါတယ်။

သိထားရမှာက သားရဲတွေမှာ ပိုင်နက်နယ်မြေနဲ့ပတ်သက်ပြီး အတော်လေးသန်မာတဲ့ အာရုံခံစားနိုင်စွမ်းတွေ ရှိပါတယ်။ ဒီနေရာမှာ သားရဲတစ်ကောင်မှ မရှိဘူးဆိုရင် ဆိုလိုတာက တစ်ခုပဲ ရှိပါတယ်။ ဒီနေရာမှာ စွမ်းအားကြီးမားတဲ့ သားရဲတစ်ကောင် ရှိနေပြီးသား ဖြစ်တာကြောင့် အဲဒါက တခြားသားရဲတွေကို

ဒီနယ်မြေကို တားမြစ်ထားတဲ့နယ်မြေအဖြစ် ရှုမြင်စေခဲ့ပါတယ်။ ဒါကြောင့် တခြားသားရဲကောင်တွေ ခြေမချရဲကြတာ ဖြစ်နိုင်ပါတယ်။

နောက်ဆုံးမှာတော့ အဖိုးတန်ဆေးပင်အတွက် ယှဉ်ပြိုင်ပွဲကြီး စတင်ခဲ့ပါပြီ။ ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်က ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြပြီး တိုက်ပွဲရဲ့ အားကောင်းတဲ့ အကျိုးဆက်တွေကြောင့် လူတိုင်းက အဆက်မပြတ် ဆုတ်ခွာလိုက်ရပြီး အနားမကပ်နိုင်ကြတော့ပါဘူး။

အဲဒီအချိန်မှာ အဖိုးတန်ဆေးပင်က တုန်ခါမှုတွေနဲ့အတူ ပျောက်ကွယ်သွားခဲ့ပါတယ်။

လူတိုင်းက ကြက်သေသေသွားခဲ့ပါတယ်။ အဲဒီအဖိုးတန် ဆေးပင်က ခြေထောက်ပေါက်ပြီး ထွက်ပြေးသွားခဲ့တာလား။ ဒါမှမဟုတ် ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက် ပြင်းထန်စွာ တိုက်ခိုက်နေတာကို အခွင့်ကောင်းယူပြီး အဖိုးတန်ဆေးပင်ကို တစ်စုံတစ်ယောက်က ခိုးယူသွားခဲ့တာလား။

ဟုန်း ဝုန်း ဝုန်း ဝုန်း။

မြေကြီးက စတင်ပြီး လှုပ်ယမ်းလာခဲ့ပါတယ်။

ပက်ကြားအက်ရာတစ်ခု ပေါ်ပေါက်လာခဲ့ပြီးနောက် ကြောက်မက်ဖွယ် တည်ရှိမှုတစ်ခု မြေပြင်ကို ချိုးဖောက်ဖြတ်ကျော်လာတဲ့အတိုင်း အရပ်မျက်နှာအနံ့မှာ ပင့်ကူအိမ်လို အက်ကွဲကြောင်းတွေ ပျံ့နှံ့လာခဲ့ပါတယ်။

Chapter 706end
Zaw.အပိုင်း(၇၀၇) ပိုင်

ကမ္ဘာမြေကြီးက ကွဲထွက်သွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မီတာသုံးဆယ်ခန့် ရှည်လျားပြီး ဆယ့်ငါးမီတာမြင့်တဲ့ ကြီးမားတဲ့ ခြသေ့်ပုံသဏ္ဌာန် သားရဲကြီးတစ်ကောင် ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီအကောင်ကြီးကို အနက်ရောင်အကြေးခွံတွေ ဖုံးအုပ်နေတာကြောင့် သင်းခွေချပ်တစ်ကောင်အလား ထင်ရပါတယ်။

ဒါပေမဲ့ သူ့ရဲ့အမြီးကတော့ လုံးဝ ကွဲပြားခြားနားပါတယ်။ အဲဒီအမြီးက ရှည်လျားပြီး ထိပ်ဖျားက ပြောင်းဖူးရိုးတစ်ခုနဲ့ ပိုမိုဆင်တူပြီး ထူးခြားတဲ့ အဖိုးတန်ဆေးပင်လို သင်းပျံ့တဲ့ ရနံ့တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

လူတိုင်းက သူတို့ရဲ့ မျက်လုံးထဲမှာ အဲဒီအမြီးကို ရင်းနှီးကျွမ်းဝင်သလို ခံစားလိုက်ရပါတယ်။ အဲဒီအမြီးက စိတ်ဝိညာဉ်ဆေးပင်နဲ့ ဘာလို့ အဲဒီလောက်တောင် ဆင်တူနေရတာလဲ။

လင်းဟန် အကြီးအကျယ် မျက်နှာပျက်သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက အဲဒါက အဖိုးတန်ဆေးပင် မဟုတ်ခဲ့ပဲ အဲဒီသားရဲကြီး ချထားခဲ့တဲ့ ငါးစာတစ်ခု ဖြစ်နေခဲ့ပါတယ်။

အဲဒီသားရဲကြီးက သားကောင်အရေအတွက်ကို ဖြစ်နိုင်သမျှအများဆုံး စုစည်းပြီး သူတို့တွေ အကုန်လုံးကို တစ်ကြိမ်ထဲ ဖမ်းဆီးနိုင်ဖို့ သူ့ရဲ့အမြီးကို အဖိုးတန်ဆေးပင်က တဖြည်းဖြည်း ရင့်မှည့်တဲ့ ပုံစံအတိုင်း တမင် ဖြည်းညှင်းစွာ ပြောင်းလဲခဲ့ပါတယ်။ အဲဒီအချက်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အစောပိုင်းတုန်းက ဖြတ်သန်းသွားတဲ့အခါ အဲဒီအဖိုးတန်ဆေးပင်နဲ့ ပတ်သက်ပြီး ဘာဖြစ်လို့ဂရုမစိုက်ခဲ့တာလဲဆိုတဲ့ အချက်ကို ရှင်းပြနေသလိုပါပဲ။ သူတို့တွေက အဲဒီတန်ဖိုးကြီး ဆေးပင်ကို လုံးဝ မမြင်တွေ့ခဲ့ကြပါဘူး။

အဲဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်မှ အစွမ်းထက်လှတဲ့

တည်ရှိမှု တစ်ခုဖြစ်ပြီး ဒီနေရာမှာတော့ သူတို့တွေက မ ကျော်လွှားနိုင်တဲ့ အထွတ်အထိပ်တည်ရှိမှုတွေပဲ ဖြစ်ပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင်ခုနစ်ယောက် တိုက်ခိုက် နေတာတွေ ရပ်တန့်သွားခဲ့ပါတယ်။ အဲဒီမြင်ကွင်းကို ကြည့်ပြီး အရာရာတိုင်းကို သူတို့တွေ ရှင်းရှင်းလင်းလင်း နားလည်လာခဲ့ပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲတစ်ကောင်ရဲ့ သားကောင်အဖြစ် ပစ်မှတ်ထားခံ နေရတဲ့အဖြစ်က သူတို့တောင်မှ လွတ်မြောက်နိုင်ပါ့မလား။

"ဝေါင်း"

သားရဲကြီးက ကျယ်လောင်စွာ ဟိန်းဟောက်လိုက်ပါတယ်။ အသံလှိုင်းတွေက ဆူနာမီ လှိုင်းလုံးကြီးတွေလို တလိပ်လိပ် တက်လာပြီးတော့ ပတ်ပတ်လည်ကို လီအနည်းငယ်အတွင်းရှိ အရာအားလုံး အစိတ်စိတ်အမွှာမွှာ ကွဲထွက်သွားစေခဲ့ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက်က ဒီတိုက်ခိုက်မှုရဲ့ သက်ရောက်မှုကို ပထမဆုံး စုပ်ယူခံရသူတွေဖြစ်ပြီး သူတို့ရဲ့အရေပြားတွေ ကွဲအက်ပြီး အရိုးတွေ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားခဲ့ပါတယ်။ သူတို့ တွေရဲ့ ခန္ဓာကိုယ်တွေမှာ အသက်မျှဉ်မျှဉ်လေး တစ် ချောင်းမျှသာ ကျန်ရှိပါတော့တယ်။

ကံကောင်းထောက်မစွာပဲ ကောင်းကင်အဆင့်စစ်သည် ခုနစ်ယောက်က တိုက်ပွဲတစ်ခုကို စတင်ခဲ့တာကြောင့် အခြားသူတွေက ထိုတိုက်မှုတွေရဲ့ ထိတ်လန့်ဖွယ် အားလှိုင်းတွေကို ရှောင်ရှားရန်အတွက် အတော်ဝေးဝေးကို ဆုတ်ခွာခဲ့ရပါတယ်။ လူတိုင်းရဲ့ လက်တွေ ဒါမှမဟုတ် ခြေထောက်တွေ ကျိုးပဲ့သွားခဲ့ပေမဲ့ တစ်စစီတော့ မဖြစ်ခဲ့ပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်တွေရဲ့ အင်အားက အတော်လေး စွမ်းအားကြီးမားပြီး တိုက်ခိုက်မှုတစ်ခုက ကြယ်တွေကိုတောင်မှ ရိုက်ချနိုင်ပါတယ်။

ကံကောင်းတဲ့ အချက်က လင်းဟန်နဲ့အခြားသူတွေဟာ ပိုပြီး ဝေးဝေးကို ဆုတ်ခွာခဲ့တာကြောင့် ထိခိုက်ခြင်း မရှိလုနီးပါးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲကြီးရဲ့ တည်ရှိမှု ဖိအားကြောင့် သူတို့ရဲ့မျက်နှာတွေက ဖြူဖျော့သွားခဲ့ပြီး အသက်ရှူဖို့တောင်မှ ခက်ခဲသွားစေခဲ့ပါတယ်။

လူတိုင်းရဲ့ အမူအယာတွေ ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့တွေ ဒါကို ဘယ်လိုတားဆီးရပါ့မလဲ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲကြီးတစ်ကောင်က သူတို့တွေကို

ပစ်မှတ်ထားနေခဲ့ပြီး သားကောင်တွေ အနေနဲ့ မှတ်ယူနေခဲ့ပါတယ်။

"ပြေး"

လူတိုင်းက ချက်ချင်းပြန့်ကျဲသွားပြီး သားရဲကြီးကလည်းပဲ စတင်လှုပ်ရှားလိုက်ပါတယ်။ သားရဲကြီးက ကောင်းကင်အဆင့် လက်ရွေးစင်ခုနစ်ယောက်လုံးကို တစ်ချက်ထဲ ဆွဲယူလိုက်ပြီး ပါးစပ်ထဲမှာ အကြိမ်အနည်းငယ် တကျွတ်ကျွတ်ဝါးပြီး အစာအိမ်ထဲ မျိုချလိုက်ပါတယ်။ အဲဒီနောက်မှာတော့ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ခုကို စတင်ပြုလုပ်လိုက်ပါတယ်။

လူတိုင်းက အရပ်မျက်နှာအနှံ့ကို ထွက်ပြေးခဲ့ကြပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အမြန်နှုန်းက နှိုင်းယှဉ်လို့မရအောင် မြန်ဆန်ပါတယ်။ အဲဒီသားရဲကြီးကအရှေ့အရပ်၊ အနောက်အရပ်နဲ့ တောင်အရပ်မှာရှိတဲ့ သားကောင်တွေအကု န်လုံးကို စားပြီးတဲ့နောက်မှာ မြောက်အရပ်ဆီကို ထွက်ပြေးတဲ့ လူတစ်စုက လီတစ်ရာကျော်လောက် ပြေးလွှားခဲ့ရပါသေးတယ်။

သူတို့တွေက လင်းဟန်တို့ အုပ်စုဖြစ်ပါတယ်။

မိုးရေဧကရာဇ်နဲ့ မုယောင်းချင်းတို့လည်း သူတို့တွေနဲ့အတူ ရှိနေခဲ့ပါတယ်။ ဒ့ါအပြင် ယိုဟိုင်ယွဲ့နဲ့ ကျော့မင်းတို့လို ထူးကဲတဲ့ ပါရမီရှင်တွေလည်း ရှိနေခဲ့ပါတယ်။ သူတို့တွေ အကုန်လုံးက ဒီအရပ်မျက်နှာကနေ လွှတ်မြောက်လာခဲ့တာကြောင့် မတော်ဆ တူညီတဲ့လမ်းကြောင်းကို ရွေးချယ်ခဲ့ကြပြီး သူတို့တွေက စစ်ကူတွေနဲ့ ဆုံတွေ့ရန် အလားအလာအရှိဆုံးလည်းဖြစ်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အံ့သြချီးမွမ်းနေခဲ့ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ လျှင်မြန်မှုနဲ့ နှိုင်းယှဉ်ဖို့ ဆိုတာက စိတ်ကူးယဉ်အိပ်မက်တစ်ခုပဲဖြစ်ပြီး သူဂရုစိုက်တဲ့ သူတိုင်းကို ကယ်တင်ဖို့ အနက်ရောင်မျှော်စင်ကို အသုံးပြုရဖို့ သေချာသလောက်ရှိပါတယ်။ အဆိုးဆုံးတော့ လူတချို့ကို သူ့အနေနဲ့ ယာယီအားဖြင့် လက်လွှတ်လိုက် ရုံပါပဲ။

ရွှေရှာကြွက်က နောက်တစ်ကြိမ် ကြောက်လန့်မှုကြောင့် သေဟန်ဆောင်လိုက်ပြီး သူ့ရဲ့အမြီးက ဖြောင့်တန်းနေကာ တောင့်တောင့်ကြီး လဲနေခဲ့ပါတယ်။ ဒါပေမဲ့ ဟူးညိုက သူ့ကို ကောက်ယူလိုက်ပြီး ပျော်ရွှင်စွာနဲ့ပြောလိုက်ပါတယ်။

"ဒီကြွက်က သေသွားပြီ။ ငါတို့ စားလို့ရပြီလား"

အဲဒီစကားတွေ သူမရဲ့ပါးစပ်က ထွက်သွားတာနဲ့ ရွှေရှာကြွက်က ပြန်ရှင်လာပြီး ထပ်မံ ရုန်းကန်နေခဲ့ပါတယ်။

"ဘာလို့ ဒီကောင်မလေးက ဒီကလေးလေးကို အမြဲတမ်းစားချင်နေရတာလဲ"

သူက သူ့ရဲ့ကြွက်ဘာသာစကားနဲ့ တကျွိကျွိပြော နေခဲ့ပါတယ်။

ယုန်ဖြူကြီးကလည်း နက်ရှိုင်းစွာ ခံစားလိုက်ရပြီး ပြေးလွှားရင်းနဲ့ ပြောလိုက်ပါတယ်။

"အခုတော့ ဦးလေးယုန်ရဲ့ နာကျင်မှုတွေကို မင်းလည်း သိပြီမလား"

"ပေါက်တတ်ကရ ပြောနေတာတွေရပ်ပြီး အသက်ရှင်ဖို့အတွက် ပြေးစမ်းပါ"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့ဘေးမှာ ဘယ်လိုမျိုး ငပြောင် ငနောက်တွေ ရှိနေခဲ့တာလဲ။ ဒီလို အခြေအနေမျိုးမှာ

တောင်မှ ကောင်းကောင်းမွန်မွန် မနေပဲ ပြောင်ချော်ချော်တွေ လုပ်နေကြပါတယ်။

ယုန်ဖြူကြီးကလွဲရင် ဘယ်သူ့အပြစ်ဖြစ်ရမှာလဲ။ ဟူးညို့ရဲ့ အမြန်နှုန်းက မြန်ဆန်လွန်းပြီး လေဟာနယ် ချိုး ကွေ့ခြင်းအဆင့်ထိ မလျင်မြန်ဘူး ဆိုရင်တောင် သူမက အခြားသူတွေထက် ပိုပြီးတော့ လျင်မြန်ပါလိမ့်မယ်။ အနည်းဆုံးတော့ သူမက ဒီအထဲမှာ အရှည်ကြာဆုံး ရှင်သန်နိုင်သူ ဖြစ်ပါတယ်။

"ခစ်ခစ်ခစ် ဒီလိုအင်အားကြီးမားတဲ့ ခြသေ့်သားရဲကြီးတစ်ကောင်က ဒီဘုရင်ရဲ့စီးတော်ဖြစ်ဖို့ အသင့်တော်ဆုံးပဲ"

အဲဒီအချိန်မှာပဲ ချိုလွင်တဲ့ ရယ်သံတစ်ခုကို ကြားလိုက်ရပြီး ခရမ်းရောင်ဝတ်စုံနဲ့ မိန်းကလေး တစ်ယောက် ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ သူမ ဘယ်လိုထွက်ပေါ်လာလဲ ဆိုတာကို ဘယ်သူမှ မမြင်တွေ့ခဲ့ကြပဲ သူမက အဲဒီနေရာမှာ ရှိနေခဲ့တဲ့ အတိုင်းပဲ ဖြစ်ပါတယ်။

အဲဒီမိန်းကလေးက မက်မွန်နဲ့ ဇီးပန်းပွင့်လေးတွေလို ခမ်းနားလှပပါတယ်။ သူမက ကောင်းကင်ပေါ်မှာ ရပ်နေပြီး နူးညံ့သိမ်မွေ့တဲ့ လေပြေညှင်းက သူမရဲ့ရှည်လျားတဲ့ ဂါဝန်ကို

လှုပ်ခါနေစေခဲ့ပါတယ်။ ဒါ့အပြင် သူမရဲ့ခြေထောက်ကလည်း ကျောက်စိမ်းလိုပဲဖြစ်ပြီး သူမရဲ့အလှကို သဘာဝအတိုင်း ကြော့ရှင်းလှပမှုတွေကို ထပ်ပေါင်းထည့်ပေးထားပါတယ်။ အံ့ဩဖွယ်ကောင်းစွာပဲ သူမရဲ့ ပတ်ပတ်လည်မှာ နတ်ဘုရားတိမ်တိုက်တွေ ရစ်ခွေနေပြီး သူမကို ကမ္ဘာမြေကြီး ပေါ်ကို ဆင်းသက်လာတဲ့ အပျိုစင် နတ်ဘုရားမ တစ်ပါးအတိုင်း ထင်မှတ်သွားစေပါတယ်။

သားရဲကြီးက ရှတ်ချည်းဆိုသလို ရပ်တန့်သွားပြီးနောက် သူ့ရဲ့နှာခေါင်းပေါက်က မီးတောက်တွေကို မြန်မြန်ဆန်ဆန် မှုတ်ထုတ်နေပြီး အဲဒီမိန်းကလေးကို သတိကြီးစွာနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ သူမကို အတော်လေး ထိတ်လန့်ကြောက်ရွံ့နေပုံပေါက်ပါတယ်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် သားရဲကြီးတစ်ကောင်ကို ကြောက်ရွံ့စေနိုင်တာကို ကြည့်ရင် ပြောနေစရာ မလို လောက်အောင်ပဲ အဲဒီမိန်းကလေးကလည်း သေချာပေါက် စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ဖြစ်နိုင်ပါတယ်။

ယိုဟိုင်ယွဲ့နဲ့ ကျော့မင်းတို့က ဂိုဏ်းကြီးငါးခုရဲ့ ဂုဏ်ယူရတဲ့ တပည့်တွေဖြစ်ပြီး သူတို့ရဲ့ကိုယ်ပိုင်ဂိုဏ်းနဲ့ အခြားဂိုဏ်း

တွေမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တွေကို တွေ့ဖူးခဲ့ကြပေမဲ့ သူတို့တွေထဲက တစ်ယောက်မှ သူတို့ မျက်စိရှေ့က မိန်းကလေးကို မယုံနိုင်ကြပါဘူး။

ဘယ်လောက်တောင် ထူးဆန်းလိုက်လဲ။ သူမက စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ ပါးလွှာတဲ့ လေထုထဲကနေ သေချာပေါက် ထွက်ပေါ်လာနိုင်ခြင်း မရှိပါဘူး။

လင်းဟန်က စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ အဲဒီမိန်းက လေးက လစန္ဒာဘုရင် ဖြစ်ပါတယ်။

"ကြောင်ကလေး ဒီဘုရင်အတွက် ကောင်းမွန်တဲ့ စီး တော်တစ်ကောင် ဖြစ်ပေးစမ်းပါ"

လစန္ဒာဘုရင်က ရိုက်နက်ပြီး ခြသေ့်သားရဲကြီးကို တိုက်ခိုက် နေခဲ့ပါတယ်။

သူတို့က ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီး လူတိုင်းက အပေးကို ထွက်ပြေးကြ ရပါတယ်။ တိုက်ခိုက်မှုတွေက ထွက် ပေါ်လာတဲ့ အားလှိုင်းတစ်ခုချင်းစီတိုင်းနဲ့ တိုက်ရိုက်ထိခိုက်မိရင် သူတို့တွေက အကြိမ်တစ်ရာလောက်

သေသွားနိုင်ပါတယ်။

ခပ်လှမ်းလှမ်း နေရာတစ်ခုကနေ လူအယောက် တစ်ရာပါဝင်တဲ့ အဖွဲ့တစ်ခုက လျင်လျင်မြန်မြန်နဲ့ ချီတက်လာပြီး သူတို့တွေရဲ့ အစီအရင်က အံ့အားသင့်စရာ ကောင်းလောက်အောင် စနစ်တကျရှိနေပါတယ်။ သူတို့ တွေက စစ်တပ်တစ်ခု ပုံစံအတိုင်းဖြစ်ပြီး အတန်းတစ်ခုမှာ လူဆယ်ယောက်စီရှိပြီး သပ်ရပ်တဲ့ စတုန်ရန်းပုံသဏ္ဍာန် အခင်းအကျင်းတစ်ခု ဖွဲ့စည်းထားပါတယ်။

သူတို့တွေက ရှည်လျားတဲ့လှံတံတွေကို ကိုင် ဆောင်ထားစဉ်မှာ တစ်ဦးချင်းစီတိုင်းက တည်ကြည်လေးနက်တဲ့ ပုံပေါက်ပြီး သံမဏိသွေး အရှိန်အဝါ တွေကို ဖော်ထုတ်နေခဲ့ကြပါတယ်။

သူတို့တစ်ဦးချင်းစီတိုင်းရဲ့ ကျင့်ကြံခြင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာဖြစ်ပြီး အတော်လေး အံ့အားသင့်ဖွယ် ကောင်းပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တွေကို ဘယ်နေရာမှာမဆို ပညာရှင်တွေလို့ ခေါ်ဆိုနိုင်ကြပေမဲ့ အဲဒီလူ အယောက်တစ်ရာနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့က တစ်စုံတစ်ယောက်ရဲ့ ကိုယ်ပိုင်စစ်သည်တွေ ဖြစ်ပုံရပါတယ်။

အတန်းရဲ့ထိပ်ဆုံးမှာတော့ တံခွန်အလံတစ်ခု ကိုင်ဆောင်ထားတဲ့ တစ်စုံတစ်ယောက် ရှိနေခဲ့ပြီး အဲဒီတံခွန်အလံရဲ့ အပေါ်မှာတော့ လခြမ်းပုံ တစ်ခုကို ပင့်မထားတဲ့ သေးသေးသွယ်သွယ် လက်တစ်စုံကို ရေးဆွဲထားပါတယ်။

သူတို့က တိုက်ပွဲရဲ့ ရှေ့မှာရပ်တန့်လိုက်ကြပြီး လင်းဟန်နဲ့ အခြားသူတွေထက် လစန္ဒာဘုရင်နဲ့ ခြသေ့်သားရဲကြီးတို့ရဲ့ တိုက်ပွဲနဲ့ ပိုပြီးတော့ နီးကပ်ကြပါတယ်။ လှိုင်းဂယက်တွေက သူတို့တွေကို လွှမ်းခြုံသွားတဲ့အခါ လှံတံတွေကို အတူတကွ ရိုက်ထုတ်လိုက်ကြပြီး တိုက်ခိုက်မှုက ထွက်ပေါ်လာတဲ့ လှိုင်းဂယက်တွေကို အပြည့်အဝ ပယ်ဖျက်နိုင်ခဲ့ပါတယ်။ လူအယောက်တစ်ရာရဲ့ စွမ်းအားတွေက အမှန်တကယ်ပဲ ကောင်းကင်အဆင့်ရဲ့ တိုက်ပွဲစွမ်းအားကို ရရှိဖို့ မယှံနိုင်စရာ ကောင်းလောက်အောင် ပေါင်းစည်းနိုင်ခဲ့ပါတယ်။

လူတိုင်းက တုန်လှုပ်စွာ ကြည့်နေခဲ့ကြပါတယ်။ နတ်အသွင်ပြောင်းလဲခြင်းအဆင့် စစ်သည်အယောက်တစ်ရာက ကောင်းကင်အဆင့် လက်ရွေးစင်တစ်ယောက်ကို ယှဉ်နိုင်တယ် ဟုတ်လား။ အဲဒါက အိပ်မက်တစ်ခုလိုပဲ ဖြစ်ပါတယ်။

အဲဒီစစ်တပ်က လစန္ဒာဘုရင်ရဲ့ ကိုယ်ပိုင်စစ်တပ်ဖြစ်ကြောင်း လင်းဟာန် နားလည်နေခဲ့ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက မြုပ်နှံထားတဲ့ စွမ်းအားပြည့်ဝတဲ့ အင်အားစုတစ်ခုဖြစ်တဲ့ ခရမ်းရောင်လ အင်ပါယာတစ်ခုထဲကပဲ ဒီလိုမျိုး အုံ့ဩဖွယ် အစီအရင်တစ်ခုကို ဆုပ်ကိုင်နိုင်ပြီး စွမ်းအားအမြောက်အများကို တစ်ခုထဲအဖြစ် စုစည်းနိုင်မှာပါ။

လစန္ဒာဘုရင်က အမှန်တကယ်ပဲ စွမ်းအားကြီးမားလွန်းပါတယ်။ သူမရဲ့ သွယ်လျတဲ့လက်တွေက နတ်ဘုရား သတ္တုတွေလိုပဲဖြစ်ပြီး တစ်ချက်ဝှေ့ယမ်းလိုက်တာနဲ့ ခြသေ့်သားရဲကြီးကို ထပ်ခါထပ်ခါ လိမ့်သွားစေခဲ့ပါတယ်။ ခြသေ့်သားရဲကြီး ထုတ်လွှတ်တဲ့ တိုက်ခိုက်မှုတွေက ဘယ်လောက်ပဲ ကြောက်မက်ဖွယ်ကောင်းနေပါစေ သူမက ပေ့ါပေ့ါပါးပါးပဲ ကိုင်တွယ်နိုင်ခဲ့ပြီး အတော်လေး စိတ်လက်ပေ့ါပါးပြီး ပျော်ရွှင်နေပုံ ပေါက်နေခဲ့ပါတယ်။

သူမရဲ့ ခန္ဓာကိုယ်ပေါ်မှာတော့ ဓားဘုရင်နဲ့ ကောင်းကင်ဖီးနစ်နတ်မိမယ်တို့လို တူညီတဲ့ အရှိန်အဝါတစ်ခုကို လင်းဟာန်က ခံစားလိုက် ရပါတယ်။ အကြွင်းမဲ့စွမ်းအား၊ ဘုရင်တွေကြားထဲက ဘုရင်ပဲ ဖြစ်ပါတယ်။

တိုတောင်းတဲ့ အချိန်ပမာဏအတွင်းမှာ ခြသေ့်သားရဲကြီးက လစန္ဒာ ဘုရင်ရဲ့ ဖမ်းဆီးမှုကို ခံလိုက်ရပါတယ်။ သူ့ရဲ့လျှာက အပြင်ထွက်နေပြီး မြေပြင်ပေါ်မှာ လဲနေခဲ့ပါတယ်။ အဲဒီသားရဲကြီးက သူ့ရဲ့ခွန်အားတွေ အကုန်လုံးကို အသုံးပြုပြီးတော့ ရုန်းကန်နေပေမဲ့လည်း အချည်းနှီးပဲ ဖြစ်ပါတယ်။

လစန္ဒာဘုရင်က လှပပေမဲ့ ညို့အားပြင်းတဲ့ ကိုယ်ဟန်အနေအထားနဲ့ ခြသေ့်သားရဲကြီးရဲ့ ကျောပေါ်မှာ ထိုင်တစ်ဝက် လှဲတစ်ဝက်နဲ့နေနေပြီး လင်းဟန်ကို လက်ယပ်ခေါ်ပြီး ပြောလိုက်ပါတယ်။

"ကောင်ချောလေး ဒီဘုရင်ရဲ့ ခြေထောက်တွေကို လာပြီးနှိပ်နယ်ပေးပါဦး"

သူမက သူမရဲ့ခြေထောက်တွေကို ဆန့်တန်းလိုက်ပြီး ဂါဝန်ရဲ့အောက်မှာတော့ ဖြူဖွေးပြီး ချောမွတ်တဲ့ ပေါင်တံတစ်သွယ်က လူတစ်ယောက်ရဲ့နှလုံးသားကို အကြီးအကျယ် ပြောင်းဆန်သွားစေပါတယ်။

Chapter 707 end

zaw.အပိုင်း(၇၀၈) စနောက်ကျီစယ်ခြင်း

လူတော်တော်များများက မနာလိုသလို ဖြစ်သွားကြပြီး ရှုံးသွပ်သွားသလိုတောင်မှ ဖြစ်နေခဲ့ပါတယ်။ အဲဒီအလှ ပဂေးက အလွန်အမင်း လှပရုံသာမကပဲ လူ့လောကရဲ့ အထွတ်အထိပ် စွမ်းအားကိုလည်းပဲ ပိုင်ဆိုင်ထားပြီး ခြ သေ့်သားရဲကြီးကိုတောင်မှ နှိမ်နင်းနိုင်ခဲ့ပါတယ်။

တကယ်လို့ လူတစ်ယောက်က ဒီလို သာလွန်ထူးခြားတဲ့ အလှလေးတစ်ယောက်ကို ပိုင်ဆိုင်ရရင် သူ့ရဲ့ဘဝမှာ ဘာကိုများ ထပ်လိုအပ်နိုင်ဦးမှာလဲ။

တခြားသူတွေ မနာလိုပြီး သဝန်တိုနေခဲ့ရင်တောင်မှ သူတို့ တွေက အဲဒါကို ထုတ်ဖော်ပြောဆိုပုံ့မှာ မဟုတ်ပဲ ပင့်သက် တောင်မှ ရှိုက်ရဲလိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီး သူမကပဲ အခြားသူတွေကို ကျီစယ်နိုင်ပါတယ်။

"ညီလေး ရဲရဲဝံ့ဝံ့ ရှေ့ဆက်သွားလိုက်စမ်းပါ"

"ငါတို့အရှင်ရဲ့ စိတ်နှလုံးကို သိမ်းပိုက်စိုးမိုးလိုက်စမ်းပါ"

"ယောကျာ်းတွေမှာလည်း ရဲဝံ့တဲ့ စိတ်ဝိညာဉ်ရှိတယ်ကွ"

စတုရန်းပုံစံ အခင်းအကျင်းမှ ခက်ထန်တဲ့ စစ်သည်တွေက စတင်ပြီးတော့ လက်ခေါက်တွေမှုတ်ပြီး လင်းဟန်ကို အား ပေးတိုက်တွန်း နေခဲ့ကြတာကြောင့် လူတိုင်းကို ချောက်ချားသွားစေခဲ့ပါတယ်။

အခု အဲဒီလူတွေက စစ်စည်းကမ်းပြည့်ဝတဲ့ စစ်သားတွေ မဟုတ်တော့ပဲ လူရမ်းကား အုပ်စုတစ်ခု ဖြစ်နေခဲ့ပါတယ်။

လင်းဟန်တစ်ယောက် ပြောစရာစကားမဲ့သွားခဲ့ပါတယ်။ အဲဒီလူတွေက ဘာတွေဖြစ်နေကြတာလဲ။

လစန္ဒာဘုရင်က ဒေါသထွက်ဟန်ဆောင်လိုက်ပြီး ပြောလိုက်ပါတယ်။

"အယုတ်တမာကောင်တွေ ပုန်ကန်ဖို့ ကြိုးစား နေကြတာလား"

"ကျွန်တော်တို့ မလုပ်ဝံ့ပါဘူး"

"အရှင်က မငယ်ရွယ်တော့ဖူးလေ။ ယောကျာ်းတစ် ယောက်ရှာဖွေပြီး လက်ထပ်ဖို့ အချိန်ရောက်နေပြီ"

"ကျွန်တော်မျိုးတို့က အရှင့်အတွက် မသင့်တော်တာကြောင့် အပြင်လူကိုပဲ တောင်းဆိုနိုင်တယ်"

"ဟီဟီ ဒီကောင်လေးက အတော်လေး ကောင်းမွန်တယ်လို့ ထင်တယ်။ ငယ်ရွယ်တယ်၊ ချောမောတယ်၊ အံ့အားသင့်ဖွယ် အရည်အချင်းတွေနဲ့ အရေးအကြီးဆုံးကတော့ အရှင့်ကို စတင်ပြီး ကျီစယ်အောင် လုပ်နိုင်တဲ့ တစ်စုံတစ်ယောက်က ဒီလိုမျိုးရောက်လာဖို့ မလွယ်ကူဘူးလေ"

စစ်သည်တွေအကုန်လုံးက အာသွက်လျှာသွက်နဲ့ အော်ဟစ်ပြောဆိုနေပြီး သူတို့အားလုံး တစ်ယောက်ချင်းစီတိုင်းက အတော်လေး စိတ်လှုပ်ရှားနေခဲ့ပါတယ်။

"နင်တို့တွေကို ညီးညီးရဲ့ လင်းဟန်ကို ယူခွင့်မပြုနိုင်ဘူး"

ဟူးညိုက ချက်ချင်း လင်းဟန်ရဲ့ရှေ့ကို ရောက်လာပြီး စောင့်ကြပ်လိုက်ပါတယ်။ ဟူးညိုက ကျားရိုင်းလေးတစ်ကောင်အတိုင်း စစ်သည်တစ်ရာကို အတော်လေး ရက်စက်ကြမ်းကြုတ်စွာနဲ့ စိန်းစိန်းဝါးဝါး ကြည့်နေခဲ့ပါတယ်။

စစ်သည်တွေ အားလုံး ကျယ်လောင်စွာ ရယ်

မောလိုက်ကြပါတယ်။ သူတို့တွေ အကုန်လုံးက တိုက်ပွဲရာပေါင်းများစွာကို ဖြတ်ကျော်ခဲ့ဖူးတာကြောင့် ဟူးညို့ရဲ့ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်ကို မကြောက်ရွံ့ခဲ့ကြပါဘူး။

"အိုက်ရိုး ငါတို့ရဲ့အရှင်ကတော့ ပြိုင်ဘက်တစ်ယောက်နဲ့တွေ့နေပြီပဲ"

"သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်။ ဘယ်လောက်တောင် ရှုပ်ထွေးလိုက်သလဲ"

သူတို့တွေက ထပ်မံပြီး စတင်ဆူပူနေခဲ့ကြပြန်ပါတယ်။

လစန္ဒာဘုရင်ကလည်းပဲ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူမက ခြသေ့်သားရဲကြီး အပေါ်ကို တက်စီးလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ့လူတို့ ဒီအရှင်နောက် လိုက်ခဲ့ကြ။ ဒီနယ်မြေက အရေးကြီးလွန်းတယ်။ အခြားသူလက်ထဲ ရောက်သွားလို့ မဖြစ်ဘူး"

"ဟုတ်ကဲ့ပါ အရှင်"

စစ်သည်တွေက ချက်ချင်းပဲ တည်ကြည်လေးနက်သွားကြပါတယ်။ သူတို့တွေက သတိအနေအထားနဲ့ တစ်ပြိုင်တည်း ရပ်လိုက်ကြပြီး ညီညာတဲ့အသံနဲ့ သံပြိုင်တုံ့ပြန် လိုက်ကြပါတယ်။ မြင့်မားစွာ ကိုင်ဆောင်ထားတဲ့ သူတို့ရဲ့ လှံတံရှည်တွေနဲ့အတူ အဆုံးမရှိ သွေးဆာရက်စက်တဲ့ စိတ်ဝိညာဉ်တွေကို ထုတ်လွှတ်နေခဲ့ကြပါတယ်။

အဲဒီလူတစ်ရာ စတုရန်းပုံ ဂျက်ပါကြီးက အတော်လေး ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းပါတယ်။ တကယ်လို့ သူတို့တွေ သီးသန့်ခွဲပြီး တိုက်ခိုက်ရင်တော့ လင်းဟန်က သူတို့တွေ အကုန်လုံးကို အနိုင်ယူနိုင်မယ်လို့ ယုံကြည်ချက်ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဂျက်ပါအစီအရင် အခင်းအကျင်းကို ဆန့်ကျင်တိုက်ဖို့ဆိုရင်တော့ သူပဲ ရှုံးနိမ့်သွားရ ပါလိမ့်မယ်။

လူတစ်ရာက သူတို့ရဲ့ တိုက်ပွဲစွမ်းအားတွေကို ကောင်းကင်အဆင့်ထိ မြှင့်တင်ဖို့ အခင်းအကျင်း တစ်ခုကို ဖွဲ့စည်းခဲ့ပြီး အဲဒါက အတော်လေးကို ထိတ်လန့်တုန်လှုပ်ဖွယ် အရာတစ်ခုပဲ ဖြစ်ပါတယ်။

လူတိုင်း အသက်ပြင်းပြင်းတောင် မရှူဝံ့ကြပဲ အဲဒီစစ်တပ်ရဲ

ခြိမ်းခြောက်မှုကို ခံနေကြရပါတယ်။ သူတို့တွေက အဲဒီစစ်တပ်က သတ်ဖြတ်ခဲ့တဲ့ မရေတွက်နိုင်တဲ့ လက်ရွေးစင်တွေရဲ့ အဆုံးမဲ့တဲ့ သွေးတွေကို မြင်တွေ့နေရတဲ့အတိုင်း သူတို့ရဲ့ စိတ်ဝိညာဉ်တွေတောင်မှ တုန်လှုပ်နေခဲ့ပါတယ်။

လစန္ဒာဘုရင်က ခြင်္သေ့သားရဲကြီးပေါ် တက်ပြီးတော့ ကောင်းကင်ပေါ်ကို ပျံတက်လိုက်ပါတယ်။ သူမက လူတစ်ရာစစ်တပ်ကို သယ်ဆောင်ရန် နတ်ဘုရားသံကြိုးတစ်ခုကို ပစ်ချလိုက်ပြီး သူမရဲ့ လူတွေနဲ့ အတူတကွ ပင်လယ်ကို ဖြတ်သန်းသွားခဲ့ကြပါတယ်။

" အစ်ကိုလင်း အဲဒီစွမ်းအားကြီးမားတဲ့သူကိုလည်း ရှင်သိတာပဲလား"

ဂမ်ရန်ချင်းချင်းက မေးလိုက်ပါတယ်။ သူမမျက်နှာပေါ်က တုန်လှုပ်ချောက်ချားမှုတွေကို ဖုံးကွယ်ဖို့ ခက်ခဲနေခဲ့ပါတယ်။

အဲဒီအမျိုးသမီးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက်ဖြစ်ပါတယ်။

လင်းဟန် ပြန်ပြောလိုက်စဉ်မှာ သူ့ရဲ့ နှုတ်ခမ်းထောင့်စွန်းက

တွန့်ကွေးသွားခဲ့ပါတယ်။

"ငါ သိတယ်ထင်တာပဲ"

နှစ်ပေါင်းများစွာက မြေအောက်မှာ မြုပ်နှံခံခဲ့ရတဲ့ မွန်းစတားအိုကြီးရဲ့ ကျီစယ်မှုကြောင့် သူ့မျက်နှာက အတော်လေး သုန်မှုန်နေခဲ့ပါတယ်။

လင်းဟန် တိတ်ဆိတ်သွားတာကို ကြည့်ပြီး ဂမ်ရန်ချင်းချင်းက မေးခွန်းတွေ ထပ်ပြီးတော့ မမေးတော့ပါဘူး။

ဒီတိုက်ပွဲမှာ ဝင်ရောက်ခဲ့တဲ့ အင်အားစုတွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းက သေဆုံးခဲ့ပြီဖြစ်ပြီး အတော်လေး ကြေကွဲဖွယ်ရာကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ လူအယောက်တစ်ရာလောက်ပဲ ရှင်ကျန်ရစ်ခဲ့ပေမဲ့ ခွင်းချက်မရှိ သူတို့တွေ အကုန်လုံးက အရည်အချင်းရှိတဲ့ ထိပ်တန်း ပါရမီရှင်တွေဖြစ်ပါတယ်။ မဟုတ်ရင် သူတို့တွေက အဖွဲ့နောက်ကို လိုက်နိုင်လိမ့်မှာ မဟုတ်ပဲ လမ်းတစ်ဝက်မှာ ခြင်္သေ့သားရဲကြီးရဲ့ စားသောက်ခြင်းကို ခံခဲ့ရလိမ့်မှာပါ။

"လင်းဟန်"

ကျော့မင်းရဲ့ အကြည့်စူးစူးက လင်းဟန်အပေါ်ကျရောက်လာခဲ့ပြီး သူ့ရဲ့မျက်လုံးတွေကနေ အတော်လေးထူးခြားဆန်းကြယ်တဲ့ အနီရောင် ရောင်စဉ်တန်းနှစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

"ရွှမ်အာ"

ယိုဟိုင်ယွဲ့ကလည်းပဲ ကျူးရွှမ်အာကို လှည့်ကြည့်လိုက်ပြီး သူ့ရဲ့အမူအယာက အတော်လေး စိတ်လှုပ်ရှားနေပုံ ပေါက်နေခဲ့ပါတယ်။

ဒီအချိန်မှာတော့ ကျူးရွှမ်အာက သူမရဲ့ မူလထူးခြားလှပတဲ့ ရုပ်သွင်အတိုင်း ပြန်ဖြစ်နေပြီး အဲဒါက သူ့ကို စိတ်လှုပ်ရှားစေခဲ့ပါတယ်။ ဒါမှ သူ့ရဲ့ရွှမ်အာဖြစ်နေခဲ့ပါတယ်။

"အိုး လင်းဟန်လား"

နောက်ထပ် လူငယ်တစ်ဦးက လျှောက်လာခဲ့ပါတယ်။ သူ့ရဲ့ပုံပန်းက သာမန်လို့ထင်ရပေမဲ့ စေ့စေ့စပ်စပ်ကြည့်မယ်ဆိုရင် သူ့ရဲ့အကြည့်တွေက အဆုံးမရှိတဲ့ သမုဒ္ဒရာကြီးအတိုင်း အတော်လေး နက်ရှိုင်းတာကို

တွေ့ရှိရပါလိမ့်မယ်။

လင်းဟန်က သူ့ရဲ့ပုခုံးကို တွန်းလိုက်ပြီး တီးတိုး ရေရွတ်လိုက်ပါတယ်။

"လူထူးဆန်းတွေနဲ့ မွန်းစတားတွေ အကုန်လုံး အမှန်တကယ်ပဲ ထွက်လာခဲ့ကြတာပဲ"

"ရှမ်အာ"

ယိုဟိုင်ယွဲ့က ကျူးရှမ်အာဘက်ကို ဦးဆုံး ပြေးလွှားလာခဲ့ပြီး အံ့အားသင့်စွာ ကြည့်နေခဲ့ပါတယ်။

ကျူးရှမ်းအာက အပြောင်းအလဲမရှိတဲ့ အမူအယာနဲ့ ယိုဟိုင်ယွဲ့ကို ပြောလိုက်ပါတယ်။

"အစ်ကိုယို ကျေးဇူးပြုပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်းပေးပါ။ ရှမ်အာကို မိန်းကလေးကျူး ဒါမှမဟုတ် ရှမ်းအာရဲ့ နာမည်အပြည့်အစုံကို အသုံးပြုပြီး ခေါ်ပေးပါ"

ယိုဟိုင်ယွဲ့က သူ့ရဲ့ခေါင်းကို ရုတ်တရက် လှည့်လိုက်ပြီး လင်းဟန်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"လင်းဟန် ငါ မင်းနဲ့ တစ်ယောက်ချင်း ယှဉ်တိုက်ချင်တယ်"

လင်းဟန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"ငါတို့က အတူယှဉ်တွဲပြီး တိုက်ခိုက်ခဲ့ကြတယ်။ တိုက်ခိုက်ခြင်းနဲ့ သတ်ဖြတ်ခြင်းက မကောင်းဘူး။ ကောင်းပြီ ဒီနေရာမှာ ငှါရဲ့ရဲဘော်လေး တစ်ယောက် ရှိတယ်။ တကယ်လို့ မင်း သူ့ကို ရိုက်နိုင်ရင် ငါမင်းနဲ့ တိုက်ခိုက်မယ်"

သူက ကျောက်တုံးဝိညာဉ်ကို ပစ်ထုတ်လိုက်ပါတယ်။ ဂိုလမ်ကြီးက မြေပြင်ပေါ်ကို ဆင်းသက်လာခဲ့ပြီး ဘာကိုမှ ဂရုစိုက်ခြင်းမရှိပဲ လင်းဟန်ရဲ့ အနားကိုပဲ စတင်ပြီး တွားသွားနေခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ ခွေးတစ်ကောင်နဲ့ ဘာမှမကွာခြားပါဘူး။

ယိုဟိုင်ရွှဲရဲ့ အမူအယာက ဒေါသတွေနဲ့ ပြည့်နေခဲ့ပါတယ်။ လင်းဟန်က သူ့ကို တိုက်ခိုက်ဖို့ ဒီလိုအရာ တစ်ခုကို အမှန်တကယ်ပဲ စေလွှတ်တယ်တဲ့လား။ လင်းဟန်က သူ့ကို ဘယ်လောက်တောင် အထင်သေးနေခဲ့တာလည်း။ ယိုဟိုင်ယွဲ့က သူ့ရဲ့ဓားကို ထုတ်ယူလိုက်ပြီး လင်းဟန်ကို ညွှန်ပြီး ပြောလိုက်ပါတယ်။

"ငါနဲ့တိုက်စမ်း"

ကျောက်တုံးဝိညာဉ်က အဲဒါကိုမြင်တဲ့အခါ ချက်ချင်း ဒေါသထွက်သွားခဲ့ပါတယ်။ ငှါသခင်က ငှါအကြောင်းကို မကြာမကြာတွေးပြီး ငါစားဖို့ ကောင်းမွန်တဲ့ ကျောက်တုံးတွေ ပေးအောင်လို့ ဒီမှာ ချစ်ဖို့ကောင်းအောင် ပြုမူနေတယ်လေ။ ငှါသခင်ကို မင်းက ဘယ်လိုလုပ်ပြီး ဓားနဲ့ညွှန်ရဲတာလဲ။ မင်းက ဘာလုပ်ချင်နေတာလဲ။

ကျောက်တုံးဝိညာဉ်က ထရပ်လိုက်ပြီး ယိုဟိုင်ယွဲ့ကို သူ့ရဲ့ကြီးမားကျယ်ပြန့်တဲ့ ပါးစပ်ကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။

"ဂါး"

တုန်လှုပ်ချောက်ချားဖွယ် အသံလှိုင်းတွေက ယိုဟိုက်ယွဲ့ဆီကို ဦးတည်သွားတာကို မျက်စိနဲ့ မြင်နိုင်ပါတယ်။

အခုဆိုရင် ကျောက်တုံးဝိညာဉ်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ နောက်ဆုံးအဆင့်ကို

တိုးတက်သွားခဲ့ပြီး ဒြပ်စင်ငါးခုရဲ့ စိတ်ဝိညာဉ်ဖြစ်တဲ့ သူ့ရဲ့အဆင့်အတန်းအရ ဘုရင်တွေ ကြားထဲက ဘုရင်တစ်ပါးပဲ ဖြစ်ပါတယ်။ သူရဲ့ခွန်အားက အလွန်အမင်း ခြိမ်းခြောက်နိုင်စွမ်း ရှိပါတယ်။

"ဟမ်"

ယိုဟိုင်ယွဲ့ရဲ့ ဆံပင်တွေက ဖရိုဖရဲဖြစ်သွားပြီး လေပြင်းမုန်းတိုင်းထဲမှာ သူ့ရဲ့ဝတ်စုံတွေ တဖျပ်ဖျပ် လှုပ်ခါနေခဲ့ပါတယ်။ သူက ကျောက်တုံးဝိညာဉ်ကို စူးစိုက်ကြည့်လိုက်ပြီး နောက်ထပ်ဂရုမစိုက်ပဲ မနေဝံ့တော့ပဲ အသက်ကိုပြင်းပြင်း ရှူလိုက်ပါတယ်။ အဲဒီ ကျောက်တုံးဝိညာဉ်က အန္တရာယ်ရှိတဲ့ ရန်သူတစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာ သိလိုက်တာနဲ့ သူ့ရဲ့အမူအယာက လေးနက်သွား ခဲ့ပါတယ်။

"ကောင်းကင်မှာ တိုက်ခိုက်ကြ"

လင်းဟန်က သူတို့ကို ပထုတ်လိုက်ပါတယ်။

ကျောက်တုံးဝိညာဉ်က ချက်ချင်း ကောင်းကင်ဆီကို ပျံတက်သွားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက နတ်အသွင်

ပြောင်းလဲခြင်း အဆင့်ကို မရောက်သေးတာကြောင့် ကမ္ဘာမြေကြီးရဲ့ စွမ်းအားကို သူ့ကိုယ်သူ အားဖြည့်ဖို့ မထုတ်ယူနိုင်သေးပါဘူး။ ဒါကြောင့် ကောင်းကင်မှာ တိုက်ခိုက်ခြင်းက သူ့အဖို့ မြေပြင်မှာ တိုက်ခိုက်တာနဲ့ လုံးဝ ကွာခြားခြင်း မရှိပါဘူး။

ယိုဟိုင်ယွဲ့ကလည်း ကောင်းကင်ပေါ်ကို ပျံတက်သွားခဲ့ပြီး ကျောက်တုံးဝိညာဉ်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက်ပါတယ်။

လင်းဟန်က ကျော့ကို ကြည့်တောင်မကြည့်ခဲ့ပဲ မရင်းနှီးတဲ့ လူငယ်ကို ကြည့်ပြီးမေးလိုက်ပါတယ်။

"နာမည်ဘယ်လို ခေါ်ပါသလဲ"

"ရှရှုရန်"

အဲဒီလူငယ်က ဂရုမစိုက်ဟန်နဲ့ ပြောလိုက်ပြီး လင်းဟန်ကို ပြုံးပြလိုက်ပါတယ်။

သူ့ရဲ့သွားတန်းနှစ်ခုက အံ့အားသင့်ဖွယ်ကောင်းလောက်အောင် ဖြူဖွေးနေခဲ့ပါတယ်။

ဒါဆိုသူက ရှရှုရန်ပေ့ါ။

သူက တကယ်ကို သာမန်ပုံပေါက်ပါတယ်။ ဆေဘာဘုရင် လေးတုန်းက သူထွက်ပေါ်လာတာနဲ့ သူရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို ဆေဘာချီတွေနဲ့ ချည် နှောင်ထားပါတယ်။ ဒီလူကတော့ ဆေဘာနှလုံးသား ဒါမှမဟုတ် အနည်းဆုံး ဆေဘာနှလုံးသား တစ်ဝက်ကို အောင်မြင်ခဲ့ပြီလို့ ကောလဟာလတွေ ရှိနေပေမဲ့ သူ့ရဲ့ပုံပန်းက သာမန်ပဲ ဖြစ်ပါတယ်။ ကွာဟချက်က အမှန်တကယ်ပဲ ကြီးမားပါတယ်။

ဒါပေမဲ့ လင်းဟန်က အလွန်စိတ်အနှောင့်အယှက် ဖြစ် နေခဲ့ပါတယ်။ အဲ့ဒါက သဘာဝ အခြေအနေကို ပြန်သွားခြင်းများ ဖြစ်နေမလား။

သူက မာနကြီးစွာနဲ့ ကျော့မင်းကိုညွှန်ပြီး ပြောလိုက်ပါတယ်။

"မင်းနဲ့သူနဲ့ ပြိုင်တူ သွား"

"ဟမ့်"

ကျော့မင်းက ထွက်ခွာဖို့လှည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"ရှရှုရန် အဲဒီကောင်က မင်းအတွက်ပဲ။ ပင်လယ်ထဲမှာ ငါ့အတွက် ကံကြမ္မာတစ်ခု ရှိနေတယ်လို့ အာရုံခံစားမိတယ်။ ဒီကဘယ်သူနဲ့မှ ဖြုန်းတီးဖို့ အချိန်မရှိဘူး"

သူက ရပ်တန့်လိုက်ပြီး ကျူးရှွမ်အာနဲ့ ဂမ်ရန်ချင်းချင်းကို လှည့်ကြည့်လိုက်ပြီး ဆိုးယုတ်ရိုင်းစိုင်းတဲ့ အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံးက ငါ့အတွက်ပဲ"

သူက ပင်လယ်ကြီးဆီသို့ အားအင်အပြည့်နဲ့ ခုန်တက်သွားလိုက်ပြီး ရေမျက်နှာပြင်ပေါ်ကို ခြေချတဲ့အခါ နောက်တစ်ကြိမ် ပြန်ခုန်တက်လိုက်ပါတယ်။ သူက သားရဲတစ်ကောင်အတိုင်း အင်အားကြီးမားစွာနဲ့ ခုန်တက်ဖြတ်ကျော်နေခဲ့ပေမဲ့ သူ့ရဲ့အမြန်နှုန်းက အံ့အားသင့်ဖွယ် ကောင်းနေတုန်းပဲ ဖြစ်ပါတယ်။

ရှရှုရန်က သူ့ရဲ့လက်တွေကို နောက်ပစ်ပြီး ပြောလိုက်ပါတယ်။

"လင်းဟန် မင်းက အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ တပည့်တစ်ယောက်ကို သတ်ဖြတ်ခဲ့တယ်။ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ နောက်တက်လာမဲ့ ဂိုဏ်းအရှင်သခင် တစ်ယောက်အနေနဲ့ ငါက သူ့အတွက် တရားမျှတမှုကို ယူဆောင်ပေးရလိမ့်မယ်"

Chapter 708 end

zaw.အပိုင်း(၇၀၉) ရှုရှုရန်နဲ့ တိုက်ခိုက်ခြင်း

"သောက်ရေးမပါတာ"

လင်းဟန်က အေးစက်စွာ အော်ပြောလိုက်ပါတယ်။

"ရှေးအချိန်တွေကတည်းကစပြီး အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းက သတ်ဖြတ်ခဲ့တဲ့သူတွေက ဘယ်လောက်တောင် များလိုက်မလဲ။ အဲဒီအသတ်ခံရတဲ့ လူတွေအတွက်ကိုရော ဘာဖြစ်လို့ တရားမျှတမှု ရှာဖွေမပေးရတာလဲ။ ဒါက တောတွင်းစည်းမျဉ်း စည်းကမ်းတွေနဲ့ ကမ္ဘာကြီးပဲ။ ဒါကြောင့် သောက်ရေးမပါတာတွေ ပြောမနေပဲ ခွန်အားနဲ့ပဲ ပြောကြရအောင်"

ရှုရှုရန်က ဒေါသထွက်မသွားပဲ ရိုးရှင်းစွာပဲ ပြုံးပြီး

ပြောလိုက်ပါတယ်။

"ငေါ့ါအရှေ့မှာ ခွန်အားနဲ့ပတ်သက်ပြီး ပြောပိုင်ခွင့် မင်းမှာ ဘယ်လောက်ရှိလို့လဲ"

"မင်းမှာရော ရှိလို့လား"

လင်းဟန်ကလည်း တူညီစွာပဲ တုံ့ပြန်လိုက်ပါတယ်။

ရှရှုရန်က သူ့ရဲ့လက်ချောင်းတွေကို ဆတ်ခနဲ လှုပ်ရှားလိုက်တဲ့ အခါမှာ ဆေဘာရောင်ခြည်တန်း တစ်ခုက ချက်ချင်းဆိုသလို လင်းဟန်ဆီကို ပြေးဝင်သွားပါတယ်။

ဆေဘာရောင်ခြည်က လျှပ်စီးလက်သွားတဲ့အတိုင်း မျက်စိကျိန်းလောက်အောင် တလက်လက်တောက်ပ နေခဲ့ပါတယ်။

လင်းဟန်က လက်သီးထိုးချက်တစ်ခုနဲ့ ဆုံတွေ့ပေးလိုက်ပြီး ဆေဘာရောင်ခြည် အလင်းတန်းကို ဆန့်ကျင်တိုက်ခိုက်ဖို့ အတော်လေး တိတိကျကျ တိုက်ခိုက်လိုက်ပါတယ်။

ဂျစ်။

ဆေဘာရောင်ခြည် အလင်းတန်းက အကောင်အထည် ရှိနေတဲ့အတိုင်း လင်းဟန်ကို နောက်သို့တွန်းထုတ်ခဲ့ပြီး သူ့ကို မီတာသုံးဆယ်ကျော်လောက် နောက်ပြန်လျှောထွက်သွားစေ ခဲ့ပါတယ်။

ကျူးရှမ်အာနဲ့ အခြားသူတွေ ချောက်ချားသွားခဲ့ကြပါတယ်။ ရှုရုရန်က သန်မာလွန်းပါတယ်။ ခန့်မှန်းလို့ မရနိုင်လောက်အောင် သန်မာလွန်းပါတယ်။

ရှုရုရန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အရင်က ဆေဘာနလုံးသားကိုပဲ အဆက်မပြတ် ကျင့်ကြံနေခဲ့တာကြောင့် ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးတက်မှုက အတော်လေး နှေးကွေးတယ်။ ဆေဘာနလုံးသားကို ရရှိပြီးတဲ့နောက်မှာတော့ ကျင့်ကြံခြင်း တိုးတက်မှုအပေါ်မှာ ပိုပြီး အာရုံစိုက်ခဲ့တာကြောင့် ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကနေ နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ခုန်တက်သွားခဲ့တယ်"

လပြွတ်ပဲ။

ကျင့်ကြံခြင်းအဆင့်အပေါ်မှာ အာရုံစိုက်ထားရုံလောက်နဲ့ အဆင့်တွေကို ဒီလိုပဲ ရိုးရိုးရှင်းရှင်း ချိုးဖောက်ဖြတ်ကျော်နိုင်မှာလား။

ဆေဘာနလုံးသားကို အသက်၂၁နှစ်အရွယ်မှာ ကျင့်ကြံနိုင်ခဲ့ပြီး အဲဒီအသက်အရွယ်မှာပဲ နတ်အသွင် ပြောင်းလဲခြင်းအဆင့်ကိုတောင်မှ အဆင့်တက်ခဲ့ပါတယ်။ သူက အတော်လေး စွမ်းအားကြီးမားပြီး လူတွေကို ကြောက်ရွံ့မှုကြောင့် ကြက်သီးတောင်ထစေပါတယ်။

လင်းဟန်က သူ့ရဲ့လက်သီးကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ သူ့ရဲ့လက်သီးကနေ သွေးတွေ တစ်စက်စက် စီးကျနေခဲ့ပြီး မြက်ခင်းပေါ်ကိုသာ ကျဆင်းနေခဲ့တာဖြစ်ပေမဲ့ မိုးခြိမ်းသံလို ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပါတယ်။ သူရဲ့အဆင့်က မြင့်မားလွန်းပါတယ်။ ထိပ်တန်း ရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံခြင်းမှာ သွေးစက်တစ်စက်ချင်းစီတိုင်းက အလွန်မြင့်မားမတ်စောက်တဲ့ တောင်ကြီးတစ်လုံးအတိုင်း လေးလံပါတယ်။

သူက စိန်ခန္ဓာကို ကျင့်ကြံခဲ့ပြီး သူရဲ့ခန္ဓာကိုယ်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်က ရှားပါးသတ္တုနဲ့ ယှဉ်နိုင်ပေမဲ့ လက်ချောင်းတစ်ချောင်းရဲ့ လှုပ်ရှားမှုကနေ ထွက်ပေါ်လာတဲ့

ရှုရှုရန်ရဲ့ ဆေးဘာစား ရောင်ခြည်တစ်ခုကြောင့် သူ့အမှန်တကယ်ပဲ ဒဏ်ရာရရှိခဲ့ပါတယ်။ အဲဒါက ရှုရှုရန်ရဲ့ တိုက်ပွဲစွမ်းအားက ဘယ်လောက်တောင် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းသလဲဆိုတာ ရှင်းရှင်းလင်းလင်း မြင်ရစေပါတယ်။

ပိုမိုမြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုနဲ့ ဆေးဘာ နှလုံးသားကနေ ဖန်တီးခဲ့တဲ့ ဆေးဘာစား အလင်းတန်းကို ထပ်ပေါင်းလိုက်ရင် အောင်မြင်မှုတစ်ခုလုံးကို အစစ်အမှန် ရောက်ရှိစေခဲ့ပါတယ်။

အဲဒီဆေးဘာစား အလင်းတန်း ရောင်ခြည်က လက်ချောင်းတစ်ချောင်းရဲ့ လှုပ်ရှားမှုနဲ့အတူ ပစ်လွှတ်လိုက်ခြင်းသာဖြစ်ပြီး တကယ်လို့သာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်ကိုသာ အသုံးပြုခဲ့မယ်ဆိုရင်ရော။

လင်းဟန်က ခဏစဉ်းစားလိုက်ပြီး ပြုံးလိုက်ပါတယ်။

"ဒီနှစ်မှာ ငါအသက်နှစ်ဆယ်မပြည့်သေးဖူး။ အသက်နှစ်ဆယ်ပြည့်ရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ထဲကို ဝင်သွားဖို့ သေချာတယ်။ ဓားနှလုံးသားက

ငါ့အတွက် နားမလည်နိုင်သေးဘူး။ မင်းရဲ့စွမ်းရည်တွေကို ငါနဲ့နှိုင်းယှဉ်တာက မင်းကိုယ်မင်း အရှက်မကွဲစေဘူးလား"

အဲဒီစကားလုံးတွေ ကြားတဲ့အခါ အနီးအနားရှိလူတိုင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

ဟုတ်ပါတယ်။ သူတို့တွေက ရှရှုရန်ရဲ့ လက်ချောင်းကနေ ထွက်ပေါ်လာတဲ့ ဆေးဘာဓား အလင်းတန်း ရောင်ခြည်ရဲ့ စွမ်းအားကိုပဲ မြင်တွေ့ခဲ့ပြီး လင်းဟန်ရဲ့ အသက်နဲ့ ခွန်အားကို မေ့နေခဲ့ကြပါတယ်။

လင်းဟန်ကလည်း ဘယ်လိုမှ နိမ့်ကျမနေတဲ့ လူထူးဆန်းတစ်ယောက်ပဲ ဖြစ်ပါတယ်။

ရှရှုရန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သိုင်းပညာတွေရဲ့ နှလုံးသားက ဘယ်လိုလုပ်ပြီး နားလည်ဖို့ လွယ်ကူနိုင်ပါ့မလဲ။ ငါက ဆေးဘာပညာကို အသက်ငါးနှစ်အရွယ်ထဲက လေ့လာခဲ့ပြီး အိပ်နေတဲ့အချိန်မှာတောင် ဆေးဘာကို ကိုင်ထားခဲ့တယ်။ ဆေးဘာနဲ့ အတူယှဉ်တွဲနေခဲ့ပြီး ဆေးဘာနဲ့တစ်သားထဲ ဖြစ်ခဲ့တယ်။ အဲဒါတောင် ဆေးဘာနှလုံးသားကို ဖမ်းဆုပ်မိဖို့ ဆယ့်

ခြောက်နှစ်လောက် ကြာခဲ့သေးတယ်"

"အဲဒါက မင်း ညံ့ဖျင်းလွန်းတာကြောင့်ပဲ။ ငါ့လို ပါရမီရှင်တစ်ယောက်အတွက်တော့ ငါးနှစ်၊ ခြောက်နှစ်ဆို လုံလောက်ပြီ"

လင်းဟန်က ယုံကြည်မှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

သူ့ရဲ့ အရင်ဘဝမှာတုန်းက ဓားချီအလင်း အနည်းငယ်ကိုသာ ဖွဲ့စည်းနိုင်ခဲ့တာကြောင့် ဒီဘဝမှာ သူ့ရဲ့ဓားလမ်းကြောင်းအတွက် အထောက်အကူမဖြစ်ကြောင်း ထင်ရှားပါတယ်။ အဲဒါက နှိုင်းယှဉ်ဖို့အတွက်တောင် စိတ်ပျက်စရာကောင်းလောက်အောင် စုတ်ချာတာကြောင့် သူ့ရဲ့ ယုံကြည်မှုက အခြေအမြစ်မရှိပါဘူး။ သူက စိတ်ဓာတ်ပြင်းထန်လွန်းတာပဲ ဖြစ်ပါတယ်။

သူ့ရဲ့အရင်ဘဝမှာတုန်းက သူ့ရဲ့အားစိုက်ထုတ်မှုတွေအကုန်လုံးကို မှော်ဆေးပညာအပေါ်မှာ အသုံးချခဲ့တာကြောင့် မှော်ဆေးပညာမှာ သူ့ရဲ့အောင်မြင်မှုက ဘိုးဘေးတွေကို ကျော်လွန်ပြီး ခေတ်ပြိုင်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ ဒီဘဝမှာတော့ အားစိုက်ထုတ်မှုတွေအကုန်လုံးကို သိုင်းပညာနဲ့ ဓားလမ်းကြောင်းအပေါ်မှာ အသုံးပြုခဲ့ပြီး ဒီနယ်ပယ်မှာလည်း သူက ထူးချွန်ပြောင်

မြောက်စွာ ထွန်းလင်းတောက်ပလာပါလိမ့်မယ်။

ရှရှုရန်က အံ့အားသင့်သွားခဲ့ပါတယ်။ သူ့ရဲ့အောင်မြင်မှု တွေကို ဖော်ပြခြင်းက လင်းဟန်ရဲ့ ယုံကြည်မှုတွေကို အမှန်တကယ်ပဲ မတိုက်ခိုက်နိုင်ခဲ့ဘူးလား။

အသက်နှစ်ဆယ့်တစ်နှစ်အရွယ်ရှိတဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည် ဆိုတာကိုပဲ ကြည့်မလား၊ နှစ်ဆယ်ႁတစ်နှစ်နဲ့ ဆေးဘာနလုံးသားကို ကျင့်ကြံနိုင်ခဲ့တာကိုပဲ ကြည့်မလား၊ နှစ်ခုစလုံးက သမိုင်းကို ဖန်တီးခဲ့တဲ့ အံ့ဖွယ် မှတ်တမ်းတွေပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ လင်းဟန်က ဒီလောက်ထိယုံကြည်မှု ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ဒီကောင်က ရူးနေတာလား။

ဘယ်လိုပဲဖြစ်ဖြစ် သူက လင်းဟန်ရဲ့ယုံကြည်မှုကို စကားလုံး တွေနဲ့ မဖြိုချနိုင်ခဲ့ပါဘူး။

သူက သာမန်ကာလျှံကာ လက်ဝှေ့ယမ်းလိုက်ပြီး မြက်ပင်တစ်ပင်ကို ဖမ်းယူလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း မင်းရဲ့ခေါင်းကိုဖြတ်ဖို့ ဆေးဘာဓား တစ်ခုအ

နေနဲ့ ဒီမြက်ပင်ကိုသုံးပြီး မင်းရဲ့သွေးတွေနဲ့ ဒီမြက်ခင်းအပေါ် ပက်ဖြန်းပေးမယ်"

ဘယ်လောက်တောင် အထက်စီးဆန်လိုက်သလဲ။ ပါရမီရှင်တစ်ယောက်ကို ခေါင်းဖြတ်ဖို့ ဆေဘာတစ်ခုအနေနဲ့ မြက်ပင်တစ်ပင်ကို အသုံးပြုမယ်တဲ့လား။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က ပေါ့ပေါ့ဆဆ မနေဝံ့ခဲ့ပါဘူး။ သူတို့ရဲ့အဆင့်ကို ရောက်နေရင် မြက်ပင်တစ်ပင် ဒါမှမဟုတ် သစ်ရွက်တစ်ရွက်က နက်ရှိုင်းတဲ့ စွမ်းအားတွေကို ထုတ်ဖော်နိုင်ပါတယ်။ သူကလည်းပဲ မြက်ပင်တစ်ပင်ကို ဆွဲယူလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း မှန်ကန်လားဆိုတာ ငါကြည့်သင့်တာပေါ့"

ရန်သူက ပိုပြီးသန်မာလေ သူရဲ့ဖိအားက ပိုပြီးများလေဖြစ်ပြီး အဲဒါက ဓားနှလုံးသားကို နားလည်နိုင်ရန်အတွက် ပိုမိုပြီးအလားအလာရှိစေပါတယ်။

ဓားနှလုံးသားက ဓားလမ်းကြောင်းရဲ့ တတိယမြောက်နဲ့ အမြင့်ဆုံးအဆင့်ဖြစ်ပေမဲ့ ဓားအလင်းတန်းနဲ့ မတူညီပဲ ဓားနှလုံးသားက ဓားချီနဲ့ ဓားအလင်းတန်းတို့ရဲ့ နားလည်မှုအ

ပေါ်မှာ အခြေခံပြီး တည်ဆောက်ရန် မလိုအပ်ပါဘူး။ တခြားနှစ်ခုကို ဖွဲ့စည်းပြီးမှ ဓားနှလုံးသားကို နားလည်ရန် ပိုမိုလွယ်ကူတာကြောင့်သာ အဲဒါကို တတိယအဆင့်လို့ ခေါ်ဆိုတာဖြစ်ပါတယ်။

ဒါပေမဲ့လည်း အဲဒါက အကြွင်းမဲ့တော့ မဟုတ်ပါဘူး။

လင်းဟန်က ဓားအလင်းတန်းကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် ပိုမြင့်လေလေ အဲဒါက ပိုပြီးစွမ်းအားကြီးလေလေ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါက ဘယ်လောက်ပဲ သန်မာလာပါစေ သူက ဓားနှလုံးသားကို လွယ်လွယ်ကူကူ ရောက်ရှိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဓားနှလုံးသားက နားလည်သဘောပေါက်မှုရဲ့ အမျိုးအစားသစ်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ယုံကြည်ချက် အပြည့်ရှိပါတယ်။ တစ်ချိန်က ဖန်ပိုယွမ်ရဲ့ ဓားဆန္ဒကို သူလက်ခံရရှိခဲ့ပြီး အဲဒီဓားသမားရဲ့ မှတ်စာကျဲနေတဲ့ ဓားနှလုံးသားက သူ့ကိုရှင်းလင်းတဲ့ ဦးတည်ချက် တစ်ခုကို ပေးခဲ့ပါတယ်။

အဲဒါက ဖန်ပိုယွမ်ရဲ့ ဓားနှလုံးသားကို ကူးယူခြင်း မဟုတ်ပဲ

ဓားလမ်းကြောင်းကို ဘယ်လိုလျှောက်လှမ်းရမလဲ ဆိုတာနဲ့ ဓားနှလုံးသားက ဘာလဲဆိုတာကို သူ့ကို သိစေခဲ့ပါတယ်။

လာစမ်းပါ။ ငါကို ဖိအားတွေ ပေးစမ်းပါ။

လင်းဟန်က ပြုံးလိုက်ပြီး တိုက်ခိုက်မှုကို စတင်လိုက်ပါတယ်။ သူက လက်ထဲက မြက်ပင်ကို ထိုးသွင်းလိုက်ရာ ဓား ရောင်ခြည်က ချက်ချင်း မျက်စိကျန်းလောက်အောင် တောက်ပသွားပါတယ်။

ရှုရှုရန်က သူ့ကိုတိုက်ခိုက်ဖို့ ကြောက်ရွံ့မနေပဲ ဆေဘာဓား အလင်းတန်း ရောင်ခြည်တစ်ခု ဖြန့်ကျက်ထားတဲ့ သူ့ရဲ့လက်ထဲက မြက်နဲ့ လင်းဟန်ဆီကို ခုတ်ပိုင်းလိုက်ပါတယ်။

လင်းဟန်က လေထဲကို ခုန်တက်လိုက်ပါတယ်။

"အနှောင့်အယှက်ကင်းကင်းနဲ့ တိုက်ခိုက်ရအောင် ကောင်းကင်ကို လာခဲ့"

"မှားနေပြီ။ ဒါက ဘယ်တုန်းကမှ စိန်ခေါ်ပွဲတစ်ခု မဟုတ်ခဲ့ဘူး။ မင်းအတွက် သေဒဏ်စီရင်ခြင်း တစ်ခုပဲ"

ရှရှုရန်က ကောင်းကင်ထက်ကို လိုက်ပါပြီး မြက်ပင်ကို အကြိမ်ကြိမ် ဝှေ့ယမ်းလိုက်ပါတယ်။

ဆေဘာအေး ရောင်ခြည်တွေက ကောင်းကင်မှာ လိမ်ယှက်ကခုန်နေခဲ့ပြီး အတော်လေး တုန်လှုပ်ဖွယ်ရာ ကောင်းပါတယ်။

လင်းဟန်က မိုဓ္ဓာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုလိုက်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားရဲ့ အားသာချက်နဲ့အတူ သူ့ရဲ့အမြန်နှုန်းက တဖြွေ့တစ် ကောင်အတိုင်း မြန်ဆန်နေပြီး အတော်လေး ထူးဆန်း နေခဲ့ပါတယ်။

ဒါပေမဲ့ လူတိုင်းကို အံ့အားသင့်စေခဲ့အရာကတော့ ရှရှုရန်ရဲ့ အမြန်နှုန်းက သူရဲ့အမြန်နှုန်းထက် ဘယ်လိုမှ မနိမ့်ကျတာပဲ ဖြစ်ပါတယ်။

ရှရှုရန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို မသင်ခဲ့ရပေမဲ့ သူလည်းပဲ အံ့အားသင့်ဖွယ် ရွေ့လျားမှုသိုင်းပညာ တစ်ခုကို တတ်မြောက်ကျွမ်းကျင် နေခဲ့ပါတယ်။ အဲဒါက သူ့ရဲ့အမြန်နှုန်းကို အဆင့်တစ်ခုကို

ကျော်ဖြတ်စေပြီး ကောင်းကင်အဆင့် လက်ရွေးစင်တွေနဲ့ နှိုင်းယှဉ်နိုင်လုနီးပါး မြန်ဆန်ပါတယ်။

သူ့ရဲ့အမြန်နှုန်းက လင်းဟန်ထက် ပိုမိုနှေးကွေးခဲ့ခြင်း မရှိပါဘူး။ လူနစ်ဦးက အမြန်နှုန်းနဲ့ အရှိန်မြှင့် တိုက်ပွဲတစ်ခုကို ဆင်နွှဲနေခဲ့ကြပြီး ကောင်းကင်အဆင့် လက်ရွေးစင်တွေနဲ့ နှိုင်းယှဉ်နိုင်တဲ့ အမြန်နှုန်းတစ်ခုနဲ့ လှုပ်ရှားနေခဲ့ကြပါတယ်။ အဆင့်တစ်ခုလောက်အထိ မြန်ဆန်ကြတဲ့ အောက်ကလူတွေတောင်မှ သူတို့နှစ်ယောက်ကို ပကတိမျက်စိနဲ့ သေသေချာချာ မြင်တွေ့နိုင်ခြင်း မရှိပါဘူး။ အနည်းငယ် ပိုမိုအားနည်းတဲ့ သူတွေဆိုရင် ရှုပ်ယှက်ခက်မှုကြောင့် အမြင်အာရုံတွေ ဝေဝါးလာပြီး ပျို့အန်ချင်စိတ်တွေ ပေါက်လာပါတယ်။

လင်းဟန်အပေါ်မှာရှိတဲ့ ဖိအားက အလွန့်အလွန် ကြီးမားပြီး ခြေလှမ်းတစ်ခုစီတိုင်းမှာ သေခြင်းတရားရဲ့ အန္တရာယ်တွေနဲ့ ယှဉ်တွဲနေခဲ့ပါတယ်။

ဆေဘာနလုံးသားဆိုတာ ဘာလဲ။

သိုင်းပညာတွေရဲ့ ပင်မအချက်အချာက အားလုံးအတူတူပဲဖြစ်ပြီး သိုင်းပညာအာရုံခံနိုင်စွမ်းကို

ကြောက်မက်ဖွယ်ရာ အဆင့်တစ်ခုအထိ တိုးမြှင့်စေခြင်းပဲ ဖြစ်ပါတယ်။ တိုက်ခိုက်မှုတွေက ဘယ်နေရာကပဲ လာခဲ့ပါစေ သူတို့တွေကို ချက်ချင်းဖမ်းဆုပ်နိုင်ပါတယ်။ ဒ့ါအပြင် ရန်သူရဲ့ အားနည်းတဲ့ နေရာကိုလည်း ဖမ်းဆီးနိုင်ပြီး အပြင်းထန်ဆုံး တိုက်ခိုက်မှုတွေကို မြန်မြန်ဆန်ဆန် ထုတ်ဖော်နိုင်ပါတယ်။

တစ်နည်းပြောရရင် လင်းဟန်က ဘယ်လောက်ပဲ တိုက်ခိုက်ပါစေ ရှရှုရန်က ချက်ချင်းတုံ့ပြန်နိုင်ပြီး သူ့ရဲ့တိုက်ခိုက်မှု အရိပ်အယောင်တောင်မှ လုံးဝကျန်ခဲ့လိမ့်မှာ မဟုတ်ပါဘူး။ ရှရှုရန်မှာ ပိုမိုမြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့်ရှိပြီး သူ့ရဲ့ဆေဘာဓား ရိုက်ချက်တိုင်းက သေစေလောက်ပြီး အတော်လေး ထိတ်လန့်ဖွယ်ရာ ကောင်းပါတယ်။

လင်းဟန်ရဲ့ အားသာချက်က သူ့ရဲ့အားကောင်းတဲ့ ခန္ဓာကိုယ်ဖြစ်ပြီး ရံဖန်ရံခါ တိုက်ခိုက်ခံခဲ့ ရရင်တောင်မှ ဆေဘာဓား အလင်းတန်းရဲ့ ရောင်ခြည်က သူ့ရဲ့အရေပြားကိုသာ ပွင့်ထွက်အောင် ဖြတ်တောက်နိုင်ပြီး သူ့ရဲ့သွေကြောသွေကြောကိုတော့ ဘယ်တုန်းကမှ မထိခိုက်စေခဲ့ပါဘူး။ ဖျက်ဆီးမရနိုင်သော ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ လှည့်ပတ်မှုနဲ့ဆိုရင် သူ့ရဲ့ဒဏ်ရာတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားပါလိမ့်မယ်။

ဟူးညိုက ပထမဦးဆုံးအကြိမ် ရယ်မောနောက်ပြောင်မနေခဲ့ပဲ သူမရဲ့မျက်နှာလေးက တင်းမာနေခဲ့ပါတယ်။

လင်းဟန်က သေချာပေါက် ရှုရှုရန်ထက် မညံ့ပေမဲ့လည်း ကျင့်ကြံခြင်းအဆင့်မှာ ကွာဟချက်ကြီးတစ်ခု ရှိနေခဲ့ပါတယ်။

"လင်းဟန် လင်းဟန် ချ ချ။ အဲ့ကောင်ကို ငရဲရောက်သွားအောင် ရိုက်ပစ်လိုက်"

ဟူးညိုက ရုတ်တရက် သူမရဲ့ လက်သီးလေးတွေကို မြှောက်ပြီး လင်းဟန်ကို အားပေးလိုက်ပါတယ်။

Chapter 709 end

zaw.အပိုင်း(၇၁၀) ဆေဘာဓားကျိုးလား။ အကြွင်းမဲ့ဆေဘာဓားလား။

လင်းဟန်နဲ့ ရှုရှုရန်တို့က ပြင်းထန်စွာ တိုက်နေခဲ့ကြပါတယ်။ ဆေဘာဓား အလင်းတန်း ရောင်ခြည်တွေနဲ့ ဓားအလင်းတန်း ရောင်ခြည်တွေက ကောင်းကင်ပေါ်မှာ အံ့ဩမှင်တက်စရာကောင်းလောက်အောင် ဖြစ်ပေါ်နေပြီး မိုးကောင်းကင်ကြီး ပြိုလဲလာပြီး ကြယ်တာရာတွေ ကျဆင်းလာတော့မဲ့ အတိုင်း

ထင်ရစေပါတယ်။

နှိုင်းယှဉ်ကြည့်လိုက်ရင် ယိုဟိုင်ယွဲ့နဲ့ ဂိုလမ်တို့ရဲ့ တိုက်ပွဲက ချက်ချင်းပဲ မှိန်ဖျော့သွားခဲ့ပါတယ်။ သူတို့တွေကလည်းပဲ ဘုရင်တွေကြားထဲက ဘုရင်တွေဖြစ်ပေမဲ့ လင်းဟာန်၊ ရှရှုရန်တို့နဲ့ နှိုင်းယှဉ်ရင် တစ်ဆင့်နိမ့်ပါသေးတယ်။ လူတိုင်းက လင်းဟာန်နဲ့ ရှရှုန်တို့ရဲ့ ပုံရိပ်တွေကို မဖမ်းမိနိုင်ပေမဲ့ သူတို့ရဲ့တိုက်ပွဲကို အာရုံစိုက်ပြီး ကြည့်နေကြတုန်းပဲ ဖြစ်ပါတယ်။

အနည်းဆုံးတော့ သူတို့တွေက ကောင်းကင်မှာ တစ်ဦးနဲ့တစ်ဦး ပြင်းထန်စွာ တိုက်ခိုက်နေတဲ့ ဆေးဘာ ရောင်ခြည်နဲ့ ဓားရောင်ခြည်အလင်းတွေကိုတော့ မြင်တွေ့နိုင်ကြပါသေးတယ်။

ရှရှုရန်က တိုက်ခိုက်နေတာကို ရပ်တန့်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါအခု မင်းရဲ့အရည်အချင်းကို အတော်လေး နှစ်သက်တယ်။ လင်းဟာန် ငါ့ရဲ့ဂိုဏ်းထဲဝင်ပြီး ငါ့ကို မင်းရဲ့ဆရာအဖြစ် လက်ခံရင် ငါ မင်းရဲ့အသက်ကို ချမ်းသာ ပေးနိုင်တယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"ငါက ဓားကို အသုံးပြုတယ်။ တကယ်လို့ ငါ အကြွင်းမဲ့ ဆေးဘာဓားဂိုဏ်းကို သွားမယ်ဆိုရင် မင်းတို့ကောင်တွေက မင်းတို့ရဲ့ ဂိုဏ်းနာမည်ကို အကြွင်းမဲ့ ဓားဂိုဏ်းလို့ ပြောင်းပြီးတော့ ငါ့ဆီက ဓားသိုင်းသင်ယူဖို့ စီစဉ် နေကြတာလား"

ရှုရှုရန်က စိတ်ဝင်စားမှု ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းအနစ်သာရကနေ သွေဖယ်သွားတယ်။ လောကကြီးရဲ့ သိုင်းပညာတွေ အကုန်းလုံးက ဆက်နွယ်နေတယ်။ ဒါ ကြောင့် ဆေးဘာနဲ့ ဓားနဲ့ကြားမှာ ဘာကွာခြားချက်ရှိမှာလဲ"

"ကောင်းပြီ။ ဒါဆိုရင်လည်း အခုကစပြီ မင်း ဓားတွေကို အသုံးပြုနိုင်ပြီ"

လင်းဟန်က အပြုံးနဲ့ ပြောလိုက်ပါတယ်။

ရှုရှုရန်က တခဏလောက် တိတ်ဆိတ်သွားပြီး

ပြောလိုက်ပါတယ်။

"ဒီနေ့ ငါမင်းရဲ့ခေါင်းကို ဖြတ်မယ်"

"မင်း အဲဒီစကားလုံးတွေကို ပြောခဲ့ပြီးပြီလေ။ အခု ကြည့်ရတာကတော့ သပ်သပ်လေလည်နေတာနဲ့ ဘာမှမကွာခြားဘူး"

လင်းဟန်က ပြောလိုက်ပါတယ်။

ရှရှုရန်က သူ့ရဲ့လှောင်ပြောင်သရော်မှုတွေကို လျစ်လျူရှုပြီး ရိုးရှင်းစွာပဲ ဆေးဘာဓား တစ်လက်ကို ထုတ်ယူလိုက်ပါတယ်။

ဖူး။

လူအချို့က ချက်ချင်း ဝါးလုံးကွဲ ရယ်မောလိုက်ကြပါတယ်။

တကယ်လို့ ရှရှုရန်သာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်ကို ထုတ်ယူခဲ့ရင် လူတိုင်းက သေချာပေါက် အံ့သြကြလိမ့်မှာ မဟုတ်ပါဘူး။ အကြွင်းမဲ့ ဆေးဘာဂိုဏ်းရဲ့ ဒီလူငယ်မျိုးဆက်ထဲမှာ အထူးချွန်ဆုံး တစ်ယောက်အဖြစ်၊ အနာဂတ်ရဲ့ ဂိုဏ်းခေါင်းဆောင် တစ်

ယောက်တောင်မှ ဖြစ်တဲ့သူမှာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်တစ်ခု ရှိနေတာက ဘာများထူးဆန်းနေလိမ့်မှာလဲ။

ဒါပေမဲ့ အဲဒီဆေးဘာဆားက အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်တစ်ခု မဟုတ်ခဲ့ပဲ အတော်လေး မြင်မကောင်း ရှုမကောင်းလောက်အောင် သံချေးတွေ တက်နေပြီးတော့ ကျိုးပဲ့နေတဲ့ ဆေးဘာဆားတစ်လက် ဖြစ်နေခဲ့ပါတယ်။

တကယ်လို့ အဲဒါက ရတနာဆေးဘာ ဓားတစ်လက် ဖြစ်နေခဲ့တယ်ဆိုရင် ဒီလောကကြီးမှာ ရတနာဆေးဘာဓားတွေ များပြားလွန်း နေပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်က အဲဒီကျိုးပဲ့နေတဲ့ ဆေးဘာဓား အပေါ်ကို လေးလေးနက်နက်နဲ့ စူးစိုက်ကြည့်နေခဲ့ပြီး ပြောလိုက်ပါတယ်။

"အဲ့ဒါက ရှေးဟောင်းပစ္စည်းတစ်ခုလား"

"ဟုတ်တယ်။ ဒါက ရှေးဟောင်းပစ္စည်းတစ်ခုပဲ"

ရှုရှုရန်က ခေါင်းညိတ်လိုက်ပြီး သူ့ရဲ့လက်ချောင်းနဲ့ ဓားသွားကို ပွတ်သပ်လိုက်ပြီး မေ့မေ့လျော့လျော့နဲ့ ကြည့်နေခဲ့ပါတယ်။

"အသက်ငါးနှစ် အရွယ်ကနေစပြီး ဒီဆေဘာဓားနဲ့ ငါအမြဲတမ်း အတူယှဉ်တွဲပြီး နေခဲ့တယ်။ ဒါပေမဲ့ အခုထိ သူရဲ့အပြည့်အဝ အသိအမှတ်ပြုမှုကို မရရှိသေးဘူး"

အသိအမှတ်ပြုမှုတဲ့လား။

လင်းဟန်က ထိတ်လန့်သွားပြီး ပြောလိုက်ပါတယ်။

"ဒီလက်နက်စိတ်ဝိညာဉ်က မသေဆုံးခဲ့သေးဘူးလား"

ဒီဆေဘာက ဒီလောက်ကြီးကြီးမားမားတောင် ပျက်စီးနေတာ လက်နက်စိတ်ဝိညာဉ် ရှိနေတုန်းလား။ တကယ်လို့ လက်နက်စိတ်ဝိညာဉ်သာ မရှိရင် အသိအမှတ်ပြုမှု ဆိုတာကို ပြောနေစရာ အကြောင်းမှ မရှိတာ။

ရှုရှုရန်က သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"လက်နက်စိတ်ဝိညာဉ်က သေဆုံးခဲ့တာကြာပါပြီ။ ဒါပေမဲ့

အဲဒီအချိန်တုန်းက ဒီဆေဘာကို အသုံးပြုခဲ့တဲ့သူက စွမ်းအားကြီးလွန်းတယ်။ စွမ်းအားကြီးလွန်းလို့ နှစ်ပေါင်းများစွာ ကြာပြီးခဲ့တာတောင်မှ သူ့ရဲ့ဆေဘာဆန္ဒ အနည်းငယ် ရှိနေတုန်းပဲ။ အဲဒီဆေဘာဆန္ဒရဲ့ အသိအမှတ်ပြုမှု မရှိရင် သူ့ရဲ့အသန်မာဆုံးစွမ်းအားကို အသုံးပြုဖို့ မဖြစ်နိုင်ဘူး"

လင်းဟန်ရဲ့ တိုက်ခိုက်ရေးစိတ်ဝိညာဉ်က တစ်ဟုန်းဟုန်း တောက်လောင်နေခဲ့ပြီး သူကအပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ငါ အတွေ့အကြုံယူသင့်တာပေါ့"

"မင်းပြောသလို ဖြစ်နိုင်ပါတယ်။ ဒီဆေဘာဓားရဲ့ နာမည်က အကြွင်းမဲ့ ဆေဘာဓားပဲ"

ရှုရှုရန်က အဆုံးမရှိတဲ့ ဆေဘာအလင်းတွေ တောက်ပနေတဲ့ မျက်လုံးတစ်စုံနဲ့ ရုတ်တရက်မော့ကြည့်လိုက်ပါတယ်။

အကြွင်းမဲ့ ဆေဘာဓား။

အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ နာမည်ကို ဒီဆေဘာ

မားကြောင့် ပေးခဲ့တာလား။ မဟုတ်ဘူး။ မဟုတ်သေးဘူး။ နတ်ဘုရားနယ်မြေမှာ အကြွင်းမဲ့ ဆေဘာခန်းမ ဒါမှမဟုတ် အကြွင်းမဲ့ ဆေဘာမား နန်းတော်၊ အဲဒီလိုဂိုဏ်းမျိုးတွေလည်း ရှိသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဂိုဏ်းက အကြွင်းမဲ့ ဆေဘာမားဆိုတဲ့ စကားစုကို အသုံးပြုပြီး နာမည် ပေးခဲ့တယ်ဆိုတော့ အဲဒီဆေဘာမားကြောင့်လည်း ဖြစ်နိုင်ချေ ရှိနိုင်တယ်မဟုတ်လား။

တစ်ချိန်တုန်းက ဘယ်လိုလက်ရွေးစင်မျိုးက ဒီ ဆေဘာမားကို အသုံးပြုခဲ့တာလဲ။ အဲဒီသူက အကြွင်းမဲ့ ဆေဘာမားဂိုဏ်းရဲ့ တည်ထောင်သူများ ဖြစ်နိုင်မလား။

အခုဆိုရင် လင်းဟန်ရဲ့ အမူအယာက ပိုမိုပြီး လေးနက်လာခဲ့ပါတယ်။ အဲဒါက နတ်ဘုရား လက်နက်တစ်ခု ကျိုးပဲ့နေတဲ့ နတ်ဘုရားလက်နက်တစ်ခုဖြစ်ဖို့ အတော်လေး အလားအလာ ရှိပါတယ်။

သူက နတ်ဆိုးရှင်သန်မားကို ဆွဲထုတ်လိုက်ပြီး သူ့ရဲ့ဘယ်ဖက်လက်နဲ့ မားအစီအရင်တစ်ခုကို ဖွဲ့စည်းလိုက်ပြီး တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်ပါတယ်။

လင်းဟန်ကို စိုက်ကြည့်နေစဉ်မှာ ရှုရှုရန်ရဲ့ အနက်

ရောင်ဆံပင်တွေက ရုတ်တရက် ဝေ့ဝဲသွားခဲ့ပြီး သူ့ရဲ့အမူအယာက ရိုင်းစိုင်းပြင်းထန်လာခဲ့ပါတယ်။ ဆောဓားသွားဆီကနေ အထွတ်အထိပ် တည်ရှိမှုတစ်ခု လျှောက်လှမ်းလာတဲ့အတိုင်း သံချေးတက်နေတဲ့ ဆေဘာဓားက စတင်တောက်ပလာခဲ့ပြီး လူတိုင်းကို အသက်ရှူမှားသွားစေခဲ့ပြီး အတင်းအဓမ္မ ဦးညွှတ်စေခဲ့ပါတယ်။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားပေါ်က သွေးကြောပုံလေးခုကိုသာ ထွန်းလင်းလိုက်ပေမဲ့ သွေးကြောပုံစံတွေ လေးခုထပ်ပိုပြီး သူတို့ဘာသာ ထွန်းလင်းလာခဲ့တာကြောင့် သူ့ကို အံ့အားသင့်သွားစေခဲ့ပါတယ်။

အဆင့်တစ်ဆယ်စိတ်ညာဉ်လက်နက်က သူ့ဘာသာသူ အသက်ဝင်လာခဲ့ပါတယ်။

မျှော်လင့်ထားတဲ့အတိုင်း အဲဒီကျိုးပဲ့နေတဲ့ ဆေဘာအတွင်းမှာရှိတဲ့ ဆေဘာဓား ဆန္ဒတွေက ကြောက်မက်ဖွယ် ကောင်းလွန်းနေခဲ့ပြီး နတ်ဆိုးရှင်သန်ဓားရဲ့ ပြန်လည်ကောင်းမွန်မှုကို နှိုးဆွပေးခဲ့ပါတယ်။ အဲဒါက အဲဒီစိတ်ဝိညာဉ် လက်နက်ကို ခြိမ်းခြောက်မှုကြီး တစ်ခုကို ခံစားရစေခဲ့ပြီး တကယ်လို့

သူ့မှာရှိသမျှ အစွမ်းနဲ့ မခုခံဘူးဆိုရင် သူပဲကျိုးပဲ့သွားရလိမ့်မှာပါ။

စွမ်းအားအပြည့်နဲ့ အဆင့်တစ်ဆယ် စိတ်ညာဉ်လက်နက်က ဘယ်လောက်ထိ ကြောက်မက်ဖွယ်ကောင်းမလဲဆိုရင် အဲဒီလက်နက်က စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ညီမျှပါတယ်။

အဲဒါက စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို တိုက်ခိုက်ရန် အကြွင်းမဲ့ ဆေဘာဓားကို ကိုင်ဆောင်ထားတဲ့ ရှုရှုရန်က အရည်အချင်း ပြည့်မှီတယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ အဲ့ဒီအတွေးက လုံးဝကို အံ့ဩတုန်လှုပ်ဖွယ်ပဲ ဖြစ်ပါတယ်။ အဲဒီဆေဘာဓားက ဘာများလိမ့်။ သူ့ဆီမှာ လက်နက်ရဲ့ စိတ်ဝိညာဉ် မရှိတော့တာ သိသာထင်ရှားပြီး ဓားသွားပေါ်က သွေးကြောပုံစံတွေတောင်မှ မထွန်းလင်းခဲ့တာ ကြာနေပြီ ဖြစ်ပါတယ်။ အဲဒီဆေဘာဓားမှာ ပထမဆုံးအသုံးပြုသူရဲ့ ဆေဘာဆန္ဒအနည်းငယ်သာ ကျန်ရှိနေခဲ့တာဖြစ်ပေမဲ့ စိတ်ကူးလို့တောင် မရနိုင်လောက်တဲ့ အဆင့်အထိ စွမ်းအားကြီးမားနေဆဲပဲ ဖြစ်ပါတယ်။

ရှုရှုရန် ကျင့်ကြံခြင်းအဆင့် ပိုမိုမြင့်မားနေခဲ့တာကရော

ဘယ်လိုရလဒ်ဖြစ်ပေါ်စေမှာလဲ။

လင်းဟန်ရဲ့ အမူအရာက တင်းမာနေခဲ့ပါတယ်။ သူက လျှို့ဝှက်စွာပဲ အနက်ရောင်မျော်စင်နဲ့ ဆက်သွယ်လိုက်ပါတယ်။

"မျော်စင်လေး အဲဒီဆေဘာဓားနဲ့ ပတ်သက်ပြီး မင်းဘယ်လိုထင်လဲ"

"မင်းကို သတ်ဖို့အတွက် လုံလောက်တာထက် ပိုတယ်"

မျော်စင်လေးက အေးအေးဆေးဆေး ပြောလိုက်ပါတယ်။

"မင်းကြားကောင်းမဲ့ အရာတစ်ခုလောက် မပြောနိုင်ဘူးလား"

"ငါရဲ့စွမ်းအားကို ထုတ်ဖော်လိုက်ရင် အရာအာလုံးကို ငါဖျက်ဆီးနိုင်တယ်"

မျော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန် ပြောစရာစကားမဲ့သွားပါတယ်။ ဒီကောင်က အမြဲတမ်း ဖျက်ဆီးမယ်ချည်း ပြောနေခဲ့ပါတယ်။ လင်းဟန်က

သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

"မင်းက သောက်ကြမ်းကြီးဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ ပိုပြီးဆီလျော်တဲ့အရာတစ်ခုကို ပြောပေးနိုင်မလား"

မျော်စင်လေးက ခဏရပ်ပြီး ပြောလိုက်ပါတယ်။

"မင်း စွမ်းအားမြှင့်တင်ခြင်းကို အသုံးပြုနိုင်တယ်။ နတ်ဆိုးရှင်သန်ဓားနဲ့ ပေါင်းစပ်လိုက်ရင် သူ့ကို တိုက်ခိုက်ဖို့စွမ်းအား မင်းရလိမ့်မယ်။ မဟုတ်ရင် မင်းအသတ်ခံရဖို့ အတော်လေးများတယ်"

လင်းဟန်တစ်ယောက် မကြည်မသာ ဖြစ်သွားခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို တိုးတက်ခဲ့တာကြောင့် အနက်ရောင်မျော်စင်ရဲ့ စွမ်းအားမြှင့်တင်ခြင်းကို နောက်တစ်ကြိမ် အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အသုံးပြုဖို့အတွက်က အတော်လေး မတန်သလို ခံစားနေခဲ့ရပါတယ်။ ဒါပေမဲ့လည်း ထွက်ပြေးမယ်ဆိုရင် ပိုပြီးတောင်မှ မနစ်မြို့ဖွယ် ဖြစ်ပါတယ်။

"ကောင်းပြီ။ ငါ့ကို စွမ်းအားမြှင့်တင်ပေး"

သူက ချက်ချင်း သူ့စိတ်ကိုပြင်ဆင်လိုက်ပါတယ်။

ရှုရှုရန် အဲဒီဆေဘာဓားကို ထုတ်ယူလိုက်တာက လုံးဝကိုညစ်ပတ်တာပဲ ဖြစ်ပါတယ်။ အဲဒီဆေဘာဓားကိုသာ ထုတ်ဖော်လိုက်ရင် ကောင်းကင်အဆင့် စစ်သည်တွေ တောင်မှ ရှောင်လွှဲသွားရမှာ ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေပဲ ဖိနှိပ်နိုင်လိမ့်မှာ ဖြစ်ပါတယ်။ သူ့ရဲ့အထွတ်အထိပ် အကွက်ကို အသုံးမပြုပဲနဲ့ ဘယ်လိုလုပ်ပြီး ခုခံနိုင်လိမ့်မှာလဲ။

ဟုမ်း။

ကြီးမားတဲ့စွမ်းအားတွေက တစ်ရှိန်ထိုးတတ်လာပြီး လင်းဟန်ရဲ့အရှိန်အဝါက ချက်ချင်းဆိုသလို မိုးထိအောင် ထိုးတက်သွားခဲ့ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ အကန့်အသတ်ကို ချက်ချင်းချိုးဖြတ်သွားပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဆီကို တိုးတက်သွားခဲ့ပါတယ်။ သူက မရပ်တန့်ခင် အချိန်အထိ တတိယအလွှာထိကို တစ်ရှိန်ထိုးတက် နေခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်က မရပ်တန့်ခဲ့ပဲ နောက်ဆုံး

အသွင်ပြောင်းလဲခြင်းငါးမျိုး ကျောက်စိမ်းဆေးလုံးကို ထုတ်ယူလိုက်ပြီး မြိုချလိုက်တာကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းအားက ကြယ်ရှစ်လုံး ထပ်မံမြင့်တက်သွားခဲ့ပါတယ်။

အခုဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အလွန့်အလွန် နီးကပ်နေပြီပဲ ဖြစ်ပါတယ်။

အရင်ဘဝမှာတုန်းက ဆေးလုံးတွေအသုံးပြုထားတဲ့ သူ့ရဲ့အထွတ်အထိပ် အဆင့်က အခုလောက်ထိ ကောင်းမွန်ခဲ့ခြင်း မရှိပါဘူး။

"လာတိုက်တော့"

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို အသက်သွင်းလိုက်ပြီး ရှုရှုရန်ကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။

ရှုရှုရန်က အကြောက်အရွံ့မဲ့စွာနဲ့ တိုက်ခိုက်မှုကို ခတ်ထုတ်ရန် သူ့ရဲ့ဆေဘာကို ကိုင်ဆောင်လိုက် ပါတယ်။

ထန်။

တိုက်ခိုက်မှုတွေ ဖလှယ်ပြီးတဲ့နောက်မှာ ရှရှုရန်က ချက်ချင်း လွင့်ထွက်သွားခဲ့ပေမဲ့ လင်းဟန်ရဲ့ ပါးမှာလည်း သွေးကွက်တစ်ခု ပေါ်လာခဲ့ပြီး သွေးတွေ စီးကျလာခဲ့ပါတယ်။

လူတိုင်း တုန်လှုပ်ချောက်ချားပြီး စိတ်ရှုပ် ထွေးသွားခဲ့ကြပါတယ်။

အစောပိုင်းတုန်းက ရှရှုရန်က စွမ်းအားမှာ အားသာချက်ရှိတာ သိသာထင်ရှားပါတယ်။ ဒါဆို အခုဘာလို့ ပြောင်းပြန်ဖြစ် သွားရတာလဲ။ ဒါတောင်မှ လင်းဟန်က ဆေးဘာဓား အလင်းတန်း ရောင်ခြည်ကြောင့် ဒဏ်ရာရရှိခဲ့ပါ သေးတယ်။ ပြင်းပြင်းထန်ထန်ကြီး မဟုတ်ပေမဲ့လည်း ဒဏ်ရာက ဒဏ်ရာပဲ ဖြစ်ပါတယ်။

လင်းဟန်က သူရဲ့မျက်နှာကို တို့ထိလိုက်ရာ သူ့ရဲ့လက်က သွေးတွေနဲ့အပြည့် ဖြစ်သွားခဲ့ပါတယ်။ ဖျတ်ဆီးမရနိုင်သော ကောင်းကင်ဘုံမှော်စာလိပ်ကို အသက်သွင်းခဲ့ပေမဲ့ သွေး တွေက ဆက်လက်ပြီး စီးကျနေတုန်းပဲ ဖြစ်ပါတယ်။

သူ ဒီလိုအခြေအနေမျိုးကို ကြုံတွေ့ရတာ ဒါပထမဦးဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။

အကြွင်းမဲ့ ဆေဘာဓား အတွင်းမှာရှိတဲ့ ဆေဘာဓားဆန္ဒတွေက အတော်လေး သန်မာလွန်းပြီး ဖျက်ဆီးခြင်းတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အဲ့ဒါကို ဖျက်ဆီးမရနိုင်သော ကောင်းကင်ဘုံမှော်စာလိပ်ရဲ့ ပြန်လည်မွမ်းမံခြင်းက တောင်မှ မရပ်တန့်နိုင်ခဲ့ပါဘူး။

တကယ်လို့ လင်းဟာန်က အနက်ရောင်မျှော်စင်ထဲ ခဏတစ်ဖြုတ် ဝင်ရောက်ပြီး အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားကို ငှားရမ်းလိုက်ရင် အဲဒီဆေဘာဓား ဆန္ဒတွေကို လွယ်လွယ်ကူကူပဲ ဖြေရှင်းနိုင်လိမ့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က အဲ့ဒီလိုလုပ်ဖို့ ရည်ရွယ်ချက် လုံးဝမရှိပါဘူး။ သူက ဒဏ်ရာမရရှိတာ အချိန်အတော်ကို ကြာခဲ့ပြီဖြစ်ပြီး ဒီလိုရှားပါးတဲ့ အတွေ့အကြုံက သူ့ကို သေခြင်းနဲ့ ရှင်ခြင်းရဲ့ကြားထဲက ဖိအားတွေကို ခံစားရစေပါလိမ့်မယ်။

သူက မာန်သွင်းအော်ဟစ် ကြွေးကြော်လိုက်ပြီး ရှုရှုရန်ကို နောက်တစ်ကြိမ် ပြင်းထန်စွာ တိုက်ခိုက်လိုက်ပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း။

ထူးချွန်တဲ့ ပါရမီရှင်နှစ်ယောက်က ကောင်းကင်မှာ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေကို ဆက်တိုက် ဖလှယ်

နေခဲ့ကြပါတယ်။

Chapter 710 end

zaw.အပိုင်း(၇၁၁) ခြေတစ်လှမ်းကိုယ်စီ ဆုတ်ကြခြင်း

ဒါပေမဲ့ လက်ရှိအခြေအနေမှာ လင်းဟာန်နဲ့ ရှုရှုရန်တို့က တိုက်ပွဲကို ဦးဆောင်နေကြတဲ့သူတွေ မဟုတ်ပဲ နတ်ဆိုးရှင်သန်ဓားနဲ့ အကြွင်းမဲ့ ဆေဘာဓားတို့ကသာ ဦးဆောင်နေကြတာ ဖြစ်ပါတယ်။

နတ်ဆိုးရှင်သန်ဓား အတွင်းမှာရှိတဲ့ သိုင်းဆန္ဒတွေက ပြန်လည်ကောင်းမွန်လာခဲ့ပြီးဖြစ်ပြီး အကြွင်းမဲ့ ဆေဘာဓားရဲ့ ကြောက်မက်ဖွယ် ဆေဘာသိုင်း ဆန္ဒတွေကို ခုခံတွန်းလှန်နေခဲ့ပါတယ်။ အဲ့ဒီလိုမှ မဟုတ်ခဲ့ရင် နတ်ဆိုးရှင်သန်ဓားက အခုအချိန်မှာ နှစ်ပိုင်းပြတ်သွားနိုင်ပါတယ်။ အဲဒီလက်နက်နှစ်ခုလုံးက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေဖြစ်ပြီး ၎င်းတို့နဲ့ နှိုင်းယှဉ်လိုက်ရင် လင်းဟာန်နဲ့ ရှုရှုရန်တို့နှစ်ယောက် ဘယ်လောက်ပဲ စိတ်လှုပ်ရှားဖွယ် ကောင်းနေပါစေ သူတို့နှစ်ယောက်က အဓိကဇာတ်ကောင်တွေ မဟုတ်ကြတော့ပါဘူး။

ဒါပေမဲ့လည်း သူတို့ရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားလို့

မရပါဘူး။ သူတို့နှစ်ယောက်ထဲက ဘယ်သူပဲ တိုက်ပွဲမှာ သေဆုံးခဲ့ပါစေ နတ်ဆိုးရှင်သန်ဓား ဒါမှမဟုတ် အကြွင်းမဲ့ ဆေဘာဓားကလည်း ရှုံးနိမ့်ရလိမ့်မှာဖြစ်ပြီး ဒီတိုက်ပွဲကလည်း ထင်ရှားစွာပဲ ပြီးဆုံးသွားလိမ့်မှာ ဖြစ်ပါတယ်။

ပြင်းထန်တဲ့ တိုက်ပွဲမှာ နတ်ဆိုးရှင်သန်ဓားပေါ်မှာ မရေတွက်နိုင်တဲ့ ဆန်စေ့အရွယ် ခုတ်ရာတွေ ဖြစ်ပေါ်ခဲ့ပြီးဖြစ်ပြီး အကြွင်းမဲ့ ဆေဘာဓားက စုတ်ပြတ်နေတဲ့ နေရာမှာ ပထမနေရာကဖြစ်ပေမဲ့ အဲ့ဒါက ထပ်မံပြီး မထိခိုက်ခဲ့ပါဘူး။ အကြွင်းမဲ့ ဆေဘာဓားက တစ်ဆင့်ပိုမို ကောင်းမွန်နေခဲ့ပါတယ်။

လက်နက်ကို မူလစွမ်းအင်နဲ့ ပြုစုပြီးထောင်နေနိုင်သရွေ့ အဲဒီပျက်စီးမှုက ပြဿနာကြီးတစ်ခုတော့ မဟုတ်ပါဘူး။ အဆင့်တစ်ဆယ် စိတ်ဝိညာဉ်လက်နက်က သိုင်းပညာရှင်တစ်ယောက်အတိုင်း ကောင်းမွန်တဲ့ ကုသနိုင်စွမ်းရှိပြီး အပြည့်အဝ ပြန်လည်ကောင်းမွန်နိုင်စွမ်းရှိပါတယ်။ အခြေအနေက သူ့အပေါ်မှာရှိတဲ့ သွေးကြောပုံစံတွေ မပျက်စီးခြင်းအပေါ် မူတည်ပြီး အဲဒီအချက်က စိတ်ဝိညာဉ်လက်နက်တွေက အဘယ်ကြောင့် စိတ်ဝိညာဉ်လက်နက်တွေ ဖြစ်နေရလည်းဆိုတာရဲ့ အဓိက

သော့ချက်ပဲ ဖြစ်ပါတယ်။

စိတ်ဝိညာဉ်လက်နက် အချင်းချင်းအကြားက တိုက်ပွဲမှာ အကြွင်းမဲ့ ဆေဘာဓားက နတ်ဆိုးရှင်သန်ဓားကို ဖိနှိပ်ထားနိုင်ခဲ့ပေမဲ့ လင်းဟန်ရဲ့ ခွန်အားကလည်း ရှုရှုရန်ကို လုံလောက်တဲ့ အထိကို ဖိအားပေးထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ရှုရှုရန်က အကြွင်းမဲ့ ဆေဘာဓား အတွင်းမှာရှိတဲ့ ဆေဘာသိုင်းဆန္ဒတွေကို အပြည့်အဝ မနှိုးဆွနိုင်ခဲ့ပဲ နှစ်ဖက်စလုံးရဲ့ တိုက်ပွဲစွမ်းအားတွေကို တူညီတဲ့ စံနှုန်းပေါ်ကို ထပ်မံတွန်းပို့ခဲ့ပါတယ်။

အဲဒါက လင်းဟန်အတွက် လုံးဝကို မနှစ်မြို့ဖွယ်ရာပဲ ဖြစ်ပါတယ်။ သူက အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ခြင်းနဲ့ သူရဲ့လက်ရှိ တိုက်ပွဲစွမ်းအားကို ရရှိဖို့ မျော်ဆေးလုံးအပေါ်မှာ မှီခိုခဲ့ရပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် ပြုတ်ကျသွားတာနဲ့ သူနဲ့နတ်ဆိုးရှင်သန်းဓားက ပျောက်ကွယ်သွားရလိမ့်မှာဖြစ်ပြီး ဒါက လုံးဝ သတင်းကောင်း တစ်ခုမဟုတ်ပါဘူး။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ကောင်းစွာမထိန်းချုပ်ပဲ နေလို့ ဖြစ်နိုင်ပါတယ်။

အဲဒီစိတ်ဝိညာဉ် လက်နက်က သူ့ဘာသာသူ အသက်ဝင်ခဲ့ပြီးဖြစ်ပြီး သူချည်းသီးသန့် တိုက်ခိုက်နိုင်ပါတယ်။ လင်းဟန်က နေဂင်ဆည်းဆာလေးကို ထုတ်ယူလိုက်ပါတယ်။ လေးပစ်ပညာက သူ့ရဲ့အပြင်းထန်ဆုံး လူသတ်ကွက်ပဲဖြစ်ပြီး ဒီအခြေအနေမှာ အနက်ရောင် မူလသုံးမျိုးဟန်ကို အသုံးပြုဖို့တော့ မဖြစ်နိုင်ပါဘူး။

လင်းဟန် မြားးတစ်ချောင်း ပစ်လွှတ်လိုက်စဉ်မှာ လျှို့ပုက်ဆန်းကြယ် စွမ်းအားသုံးခုကို တစ်ပြိုင်နက်ထဲ စုစည်းသွားခဲ့ပါတယ်။

ရွှပ်။

ထက်မြနေတဲ့မြားက အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပြီး ရှုရှုရန်ဆီကို တစ်ဟုန်ထိုး ပစ်ဝင်သွားခဲ့ပါတယ်။

ရှုရှုရန်က သူ့ရဲ့ဆေဘာဓားကို ဝှေ့ယမ်းလိုက်ရာ အကြွင်းမဲ့ ဆေဘာဓားက အမှန်တကယ်ပဲ မြားတံကို တိုက်ခိုက်နိုင်ခဲ့ပြီး အဆင့်ရှစ်ရှားပါးသတ္တုနဲ့ ပုံသွင်းထုလုပ်ထားတဲ့

အဲဒီရတနာများကို အလွယ်တကူနဲ့ နှစ်ပိုင်းဖြတ်နိုင်ခဲ့ပါတယ်။

အဲဒီများကို ချိုးနှိမ်နိုင်ပြီးတဲ့ နောက်မှာတော့ နှစ်ယောက်စလုံး တုန်လှုပ်သွားခဲ့ကြပါတယ်။

လင်းဟန်က ရှုရှုရန်ရဲ့ တုံ့ပြန်မှုကို အံ့အားသင့်နေခဲ့ပါတယ်။ သူ့ရဲ့လက်ရှိတိုက်ပွဲစွမ်းအားတွေက ကောင်းကင်အဆင့်ရဲ့ အကန့်အသတ်ကို ရောက်ရှိနေခဲ့ပြီး ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ပစ်လွှတ်ခဲ့တာတောင်မှ ရှုရှုရန်ရဲ့ တားဆီးမှုကို ခံနေရဆဲပဲ ဖြစ်ပါတယ်။

ရှုရှုရန်က ပိုပြီးတော့တောင် အံ့အားသင့်နေခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် အဲဒီများကို ရိုက်ချလိုက်တဲ့တစ်ယောက်က သူမဟုတ်ခဲ့ပဲ အကြွင်းမဲ့ ဆေဘာဏး အတွင်းမှာရှိတဲ့ ဆေဘာဏး သိုင်းဆန္ဒက တားဆီးခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။

တကယ်လို့ သူကိုယ်တိုင်သာဖြစ်ခဲ့ရင် များအထိမှန်ခံခဲ့ရပြီး ဖြစ်ပါတယ်။

တကယ်ကို ထိတ်လန့်ဖွယ်ရာပါပဲ။

နှစ်ယောက်စလုံးက တစ်ယောက်ကိုယ်တစ်ယောက် လျော့တွက်လို့မရနိုင်တဲ့ ပြိုင်ဘက်တွေအဖြစ် တံဆိပ်ရိုက်နှိပ်ခဲ့ပြီးဖြစ်ပါတယ်။

အဲဒီတိုက်ခိုက်မှုပြီးတဲ့နောက်မှာ သူတို့တွေက ထပ်မံပြီး မတိုက်ခိုက်ကြတော့ပါဘူး။

"ငါကိုယ်ငါ ပြင်ဆင်ရဦးမယ်။ မင်းက တကယ်ကို ရှားပါးတဲ့ ပြိုင်ဘက်တစ်ယောက်ပဲ"

ရှရှုရန်က အပြုံးနဲ့ ပြောလိုက်ပါတယ်။

"လက်ရှိအခြေအနေအရ ငါမင်းကို မသတ်နိုင်ဘူး"

သူက အတော်လေး ရိုးသားပါတယ်။

လင်းဟန်ကလည်းပဲ ပြုံးလိုက်ပါတယ်။

"ငါလည်း မင်းကို မသတ်နိုင်ဘူး"

"ဒါဆိုလည်း ယာယီရပ်ဆိုင်းထားကြရအောင်"

ရှုရုရန်က အကြွင်းမဲ့ ဆေဘာဓားကို ပြန်ရုတ်သိမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"နောက်တစ်ခါ ငါတို့ဆုံတွေ့တဲ့အချိန် မင်းရဲ့တိုးတက်မှုက လုံလုံလောက်လောက် မမြန်ဆန်ခဲ့ရင် ငါ့ရဲ့သတ်ဖြတ်ခြင်းကိုပဲ မင်းခံရလိမ့်မယ်"

"အတူတူပဲ"

လင်းဟာန်က ပြောလိုက်ပါတယ်။

ရှုရုရန်က တခြားသူတွေကို မကြည့်ခဲ့ပဲ ကောင်းကင်ပေါ်မှာ နင်းလျှောက်ပြီး ထွက်ခွာသွား ခဲ့ပါတယ်။

လင်းဟာန်က ပြန်လည်မဆင်းသက်လာခင်မှာ ရှုရုရန်ရဲ့ နောက်ကျောကို အချိန်အတော်ကြာ စိုက်ကြည့်နေခဲ့ပါတယ်။

သူ့ရဲ့တိုက်ပွဲစွမ်းအားက အနက်ရောင်မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုနဲ့ မှော်ဆေးလုံးတွေကြောင့် မြင့်တက်လာခဲ့တာဖြစ်ပေမဲ့ ရှုရုရန်ရဲ့ တိုက်ပွဲစွမ်းအားတွေကရော သူ့ရဲ့ကိုယ်ပိုင်စွမ်းရည် အစစ်အမှန်တွေပဲလား။

မဖြစ်နိုင်တာ ထင်ရှားပါတယ်။ သူက သေချာပေါက် အကြွင်းမဲ့ ဆောဘာဓားကို အချိန်ကြာမြင့်စွာ အသုံးမပြုနိုင်ပါဘူး။ မဟုတ်ရင် သူကဘာလို့ ဒီလောက်ထိ ပြတ်ပြတ်သားသားနဲ့ ပြန်ဆုတ်ခွာသွားလိမ့်မှာလဲ။

နစ်ဖက်လုံးသာ ဆက်လက်တိုက်ခိုက်နေခဲ့ရင် ဘယ်သူကဝှက်ဖဲကို ပိုပြီးတော့ ကြာကြာကိုင် ထားနိုင်မလဲ ဆိုတာကို ကြည့်ပြီးတော့ သေခြင်းနဲ့ရှင်ခြင်းကလည်း အဲဒီအချိန်ခဏမှာပဲ ချက်ချင်းဆုံးဖြတ်နိုင်ပါလိမ့်မယ်။ အဲဒါက သူတို့နှစ်ယောက်လုံး မြင်ချင်တဲ့အရာ မဟုတ်ပါဘူး။

ဒါကြောင့် ရှရှုရန်က ဖြစ်လာမှ တုံ့ပြန်ခြင်းထက် အခြေအနေကို ထိန်းချုပ်နိုင်အောင်လို့ တိုက်ခိုက်ခြင်းကို ရပ်တန့်ခဲ့တာဖြစ်ပြီး လင်းဟန်ကလည်း ရန်လိုနေခဲ့ခြင်း မရှိပါဘူး။

"ယောက်ဖ သေစမ်းကွာ"

လီဖန်းယုက တီးတိုးရေရွတ်လိုက်ပါတယ်။ အခု လေးတင်ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲက သူ့ကို ရူးသွပ်သွားမတတ် ဖြစ်သွားပါတယ်။ တစ်ယောက်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာရှိပြီး အခြားတစ်ယောက်က

နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ဖြစ်ပေမဲ့ နှစ်ယောက်စလုံးက စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းအားတွေကို ထုတ်ဖော်ခဲ့ကြပါတယ်။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို ပြန်ရုတ်သိမ်းလိုက်ပါတယ်။ အဲဒီစိတ်ဝိညာဉ်လက်နက်က ခုတ်ရာအတော်များများရှိနေခဲ့ပြီး အချိန်အတန်ကြာ သင့်လျော်တဲ့ ပြုစုပျိုးထောင်မှုကို လိုအပ်ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ ကျင့်ကြံခြင်းအဆင့်မှာ အဲဒီလိုမျိုး လုပ်ဆောင်မပေးနိုင်ပေမဲ့ အနက်ရောင်မျှော်စင်ကတော့ လုပ်ဆောင်ပေးနိုင်ပါလိမ့်မယ်။

"ဂုဏ်ယူပါတယ် အစ်ကိုလင်း။ ပိုမိုမြင့်မားတဲ့ တောင်ထိပ်ကို ထပ်ပြီးတော့ ထပ်လှမ်းနိုင်ခဲ့ပြန်ပြီ"

ဂမ်ရန်ချင်းချင်းက ရိုးသားစွာ ပြောလိုက်ပါတယ်။

တကယ်လို့ လင်းဟန်က ဆေဘာဘုရင်လေးကို အနိုင်ယူခဲ့လိုက်တဲ့ အခါမှာ သူ့ကို ကျော်ဖြတ်ဖို့ ခဲယဉ်းတယ်လို့ပဲ လူအများကို တွေးထင်စေခဲ့ရင် အခုလေးတင် ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲက ပါရမီရှင်တွေ အကုန်လုံးကို လက်မှိုင်ချစေဖို့ လုံလောက်ပါတယ်။

လင်းဟန်နဲ့ ရှုရှုရန်တို့က ပါရမီရှင်လို့ ခေါ်တဲ့သူတွေ အကုန်လုံးကို နောက်ကောက်ချန်ခဲ့ပြီးဖြစ်ပြီး မော့ကြည့်ရုံသာ တတ်နိုင်တဲ့ အမြင့်တစ်ခုကို ရောက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။

ကောင်းကင်မှာတော့ ယိုဟိုင်ယွဲ့နဲ့ ကျောက်တုံးဝိညာဉ်ရဲ့ တိုက်ပွဲကလည်း သရေပွဲတစ်ခုအနေနဲ့ ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပြီးတော့ အဲဒီရလဒ်က ယိုဟိုင်ယွဲ့ရဲ့မျက်နှာကို မည်း မှောင်သွားစေခဲ့ပါတယ်။ သူက ကျူးရွှမ်အာကို မျက်နှာပြောင်ပြောင်နဲ့ စကားတောင် လာမပြောတော့ပဲ ချာခနဲလှည့်ထွက် သွားခဲ့ပါတယ်။

သူက လင်းဟန်ရဲ့ ရုပ်သေးတစ်ကောင်ကိုတောင်မှ မရင်ဆိုင်နိုင်ခဲ့တာကြောင့် လင်းဟန်ကို စိန်ခေါ်ဖို့ ဘယ်လိုလုပ် မျက်နှာပြောင် တိုက်နိုင်ပါဦးတော့မလဲ။

"သွားကြစို့"

လင်းဟန်က လူတိုင်းကို ဦးဆောင်လိုက်ပေမဲ့ မိုး ရေဧကရာဇ်နဲ့ မုယောင်ချင်းတို့နဲ့ မတွေ့ဆုံတော့ပဲ ယွမ်ချမ်ဟဲကိုသာ သူနဲ့အတူ ခေါ်လာခဲ့ပါတယ်။ ပင်လယ်

ရေမျက်နှာပြင်ပေါ်မှာ မြန်မြန်ဆန်ဆန် နင်းလျှောက်သွားဖို့ လူတိုင်းက သူတို့ရဲ့ခွန်အားနဲ့ဆိုရင် စွမ်းအားနည်းနည်း ငှားယူဖို့ လိုအပ်ပါတယ်။

တိုက်ပွဲက တခဏကြာမြင့်ခဲ့ပေမဲ့ လူတိုင်းလူတိုင်းက လင်းဟန်နဲ့ ရှရှုရန်တို့အကြောင်း ထပ်ပြီးတော့ ပြောဆို နေကြတုန်းပဲ ဖြစ်ပါတယ်။ အဲဒါက အမှန်တကယ် ရင်သက်ရှုမောဖွယ်ကောင်းလွန်းပြီး သူတို့တွေကို ရပ်တန့်မရနိုင်လောက်အောင် စိတ်ပါလက်ပါနဲ့ ဆွေးနွေး စေနိုင်ခဲ့ပါတယ်။

ဒီပင်လယ်ပြင်ကြီးက အလွန် ကြီးမားကျယ်ပြန့်ပြီး ကျွန်းတစ်ကျွန်းတောင်မှ မရှိပါဘူး။ ဒါကြောင့် သူတို့တွေက သူတို့ရဲ့လမ်းကြောင်းပေါ်မှာ မြန်မြန်ဆန်ဆန် သွားရုံပဲ တတ်နိုင်ခဲ့ပြီး အစားအစာ စားသောက်ရန် ရပ်တန့်ဖို့တောင် အခွင့်အရေး မရခဲ့ကြပါဘူး။ သူတို့အတွက် ကောင်းမွန်တဲ့ အရာက ပန်းဖူးအဆင့်ကို ဝင်ရောက်ပြီးသွားခဲ့ရင် အစားအစာနဲ့ သောက်စရာတွေက မလိုအပ်တော့ပါဘူး။ အကျိုးသက်ရောက်မှုအချို့ရှိပေမဲ့ မဖြစ်မနေလိုအပ်နေတာ တော့ မဟုတ်ပါဘူး။

သူတို့တွေက လမ်းကြောင်းပေါ်မှာ အမြဲရှိနေခဲ့ပြီး ရှူခင်း

တွေကလည်း အဆုံးမရှိတဲ့ ပင်လယ်ပြင်ကြီးသာ ဖြစ်နေခဲ့တာကြောင့် လူတိုင်းက ပိုပိုပြီး ပျင်းရိလာခဲ့ကြပါတယ်။ ဘယ်သူမှ စကားပြောချင်စိတ် မရှိကြတော့ပဲ ဒီပင်လယ်ပြင်ကြီးကနေ လျင်မြန်စွာ လွတ်မြောက်ချင်နေခဲ့ကြပါတယ်။

ပုန်း

ရုတ်တရက် လှိုင်းလုံးတွေ ကွဲထွက်သွားခဲ့ပြီး အတော်လေးကြီးမားတုတ်ခိုင်တဲ့ ရေဘဝဲ လက်တံကြီးတစ်ခုက ထွက်ပေါ်လာခဲ့ပြီး လင်းဟန်နဲ့ တခြားသူတွေဆီကို ဦးတည်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့လက်သီးချက်တွေနဲ့ ဆုံတွေ့ပေးလိုက်ပါတယ်။ သူရဲ့ကျစ်လျစ်သေးသွယ်တဲ့ ပုံရိပ်က အဲဒီရေဘဝဲလက်တံကြီးရဲ့ ရှေ့မှောက်မှာ အတော်လေး အချိုးမကျစွာ သေးငယ်နေခဲ့ပါတယ်။

ပုန်း။

လင်းဟန်က ချက်ချင်းပဲ နောက်ပြန်လွင့်သွားပေမဲ့ ရေဘဝဲလက်တံကြီးကလည်း အနည်းငယ် တုံ့ဆိုင်းသွားခဲ့ပြီး

အခြားသူတွေကို ပြင်ဆင်ဖို့ အချိန်ရစေခဲ့ပါတယ်။

ဒါက သူတို့တွေ ပင်လယ်ပြင်ပေါ်မှာ ပထမဦးဆုံးအကြိမ် ရုတ်တရက်တိုက်ခိုက်ခံရတာ မဟုတ်ပေမဲ့ အခုဒီတိုက်ခိုက်မှုက စွမ်းအား အကြီးဆုံးပဲ ဖြစ်ပါတယ်။

လင်းဟန်က အနောက်ကို ပျံသန်းလိုက်ပါတယ်။ သူ့ရဲ့စွမ်းအားက ၎င်းနဲ့မကိုက်ညီပေမဲ့ သူ့ရဲ့ခန္ဓာကိုယ်က အလွန်အစွမ်းထက်ပြီး ထိတ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ မကြောက်ရွံ့ပါဘူး။ အဲဒီသားရဲကြီးက သူ့ရဲ့အစစ်အမှန် ခန္ဓာကိုယ်ကို မထုတ်ဖော်ခဲ့ပဲ သူ့ရဲ့လက်တံတစ်ချောင်းကိုပဲ ဝှေ့ယမ်းနေခဲ့ပါတယ်။

"ရေဘဝဲတစ်ကောင် ထင်တယ်"

လူအများက ခန့်မှန်းလိုက်ကြပါတယ်။ လူတိုင်းက ကုန်းပေါ်မှာ အဓိကနေထိုင်ကြပြီး ပင်လယ်လူသားတွေ ပိုင်ဆိုင်တဲ့ ပင်လယ်ပြင်ပိုင်နက်နဲ့ အနည်းငယ်သာ ထိစပ်မှုရှိပါတယ်။

ရေဘဝဲလက်တံကြီးက ထပ်မံဦးတည်လာခဲ့ပြီး အခြား ရေဘဝဲလက်တံတစ်ခုပါ ထွက်ပေါ်လာပြီး

တိုက်ခိုက်လိုက်တာကြောင့် ပင်လယ်ပြင်က လှိုင်းထနေခဲ့ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ စွမ်းအားနဲ့အတူ အဲဒီရိုက်ခတ်မှုစွမ်းအားကိုပါ ထပ်ပေါင်းလိုက်တဲ့အခါ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ်ကို သေချာပေါက် ရောက်ရှိစေခဲ့ပါတယ်။

ဘယ်သူမှ အဲ့ဒီလက်တံကြီးကို တိုက်ရိုက်ရင်မဆိုင်ရဲသလို ကျောက်တုံးဝိညာဉ်တောင်မှ ဝင်ရှုပ်ဝံ့ခဲ့ပါဘူး။ လင်းဟန်လို မွန်းစတားတစ်ယောက်ကသာ တိုက်ခိုက်မှုတွေကို ဖလှယ်ဖို့ အဆင့်မီပါလိမ့်မယ်။

"ရေဘဝဲကင်၊ ရေဘဝဲကင်"

ဟူးညိုက အားပေးလိုက်ပြီး ရေဘဝဲလက်တံကြီးဆီကို ပျံသန်းသွားခဲ့ပါတယ်။ သူမရဲ့ ကိုယ်နေဟန်ထားကို ကြည့်ပြီးခန့်မှန်းရရင် သူမက လက်တံတစ်ခုကို အတင်းအကြပ်ကိုက်ဖို့ သွားနေတဲ့ပုံပဲ ဖြစ်ပါတယ်။

ယုန်ဖြူကြီးက လက်ကိုဝှေ့ယမ်းပြီး ပြောလိုက်ပါတယ်။

"ဦးလေးယုန်ဖို့ တစ်ပိုင်းလောက် ယူလာခဲ့ဦး"

လင်းဟန်က ကျယ်လောင်စွာရယ်မောလိုက်ပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပြီး တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် သားရဲတစ်ကောင်က တကယ်ကို သန်မာစေတဲ့ အားဆေးတစ်ခုဖြစ်ပါတယ်။ ဒီလိုအကောင်ကြီးတစ်ကောင်ကို မြင်တွေ့နေပြီးမှတော့ အလွတ်ခံလို့ ဘယ်ဖြစ်မလဲ။

Chapter 711 end

zaw.အပိုင်း(၇၁၂) ထူးခြားတဲ့ ရတနာပုလဲ

လူတိုင်းက မကောင်းဆိုးဝါး လက်တံကြီးကို အတူတကွ တိုက်ခိုက်လိုက်ကြပါတယ်။

လင်းဟန်က အဓိကဖြစ်ပြီး သူကလွဲရင် သားရဲကြီးရဲ့ ရိုက်ပုတ်မှုကို ဘယ်သူမှ ကြံ့ကြံ့မခံနိုင်ဘူး ဆိုတာက ပေါ်လွင်ပါတယ်။ သူက မကောင်းဆိုးဝါးကြီး လက်တံကြီးရဲ့ တိုက်ခိုက်မှုကို ပိတ်ဆို့ခဲ့ပြီးနောက် ဟူညိုနဲ့ အခြားသူတွေက သူတို့ရဲ့စွမ်းအားတွေကို ထုတ်ဖော်ပြီး အဲဒီသားရဲကြီးကို ခုတ်ပိုင်းပြီး သူ့ရဲ့အသားတွေကို စုဆောင်းဖို့ လင်းဟန်ရဲ့ ပိတ်ဆို့တားဆီးမှုကို ကောင်းစွာ အသုံးချခဲ့ပါတယ်။

ဒါပေမဲ့လည်း အဲ့ဒီသားရဲကြီးရဲ့ ခုခံကာကွယ်မှုက

အံ့အားသင့်ဖွယ်ဖြစ်ပြီး ဆေဘာဓားနဲ့ ဓားရှည်တွေက လုံးဝ အသုံးမဝင်ခဲ့ပါဘူး။ အဲဒီလက်တံကြီးက ရန်သူရဲ့ တိုက်ခိုက်မှု စွမ်းအားတွေကို ပျက်ပြယ်သွားစေမဲ့ အကျိုးသက် ရောက်မှုရှိတဲ့ အဆီတစ်လွှာ ဖုံးအုပ်ထား သလိုမျိုး ပုံစံအတိုင်း ချောထွက်နေခဲ့ပြီး ထူးကဲတဲ့ ကျုံ့နိုင်ဆန့်နိုင်စွမ်းလည်း ရှိပါတယ်။

လူနှစ်ယောက်ပဲ အဲဒီအကောင်ကြီးကို ခြိမ်းခြောက် နိုင်စွမ်းရှိပြီး သူတို့နှစ်ယောက်ကတော့ လင်းဟန်နဲ့ ဟူးညိုပဲ ဖြစ်ပါတယ်။

လင်းဟန်မှာ တစ်ကြိမ်ထဲနဲ့ အသားတုံးကြီးတွေအဖြစ် လှီးဖြတ်နိုင်တဲ့ အရမ်းကို ထက်မြတဲ့ နတ်ဆိုးရှင်သန်ဓားရှိပြီး ဟူးညိုမှာတော့ လက်တံမကောင်းဆိုးဝါးကြီးရဲ့အရေပြားကို စုတ်ဖြဲနိုင်တဲ့ လက်သည်းတွေ ရှိပါတယ်။ ဒါက အရမ်းအရမ်းကို ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်မှု အဆင့်ပဲ ဖြစ်ပါတယ်။

ရွှေရှာကြွက်က ကျူးရွှမ်အာရဲ့လက်မောင်းထဲ ခန္ဓာကိုယ်ကို ကျုံ့ဝင်သွားခဲ့ပြီး သူ့ရဲ့လက်လေးတွေနဲ့ မျက်လုံးတွေကို ဖုံးအုပ်ထားပြီးတော့ နောက်ထပ်ဆက်ကြည့်ဖို့တောင် မဝံ့မရဲ ဖြစ်နေပါတယ်။ အဲဒီကောင်မလေးက အရမ်းကို

ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာ ကောင်းပါတယ်။ ပြီးတော့ သူမက သူ့ရဲ့အသားတွေ အကြောင်းကိုပဲ အဆက်မပြတ်တွေးတောနေခဲ့တာဖြစ်ပြီး ရွှေရှာကြွက်က အဲဒီအကြောင်းကို တွေးကြည့်ရုံနဲ့တောင် သေလုမတတ် ထိတ်လန့်နေခဲ့ပါတယ်။

လက်တံမကောင်းဆိုးဝါးကြီးက ဒေါသထွက်လာပြီး လင်းဟန်နဲ့ ဟူးညိုတို့ကို တိုက်ခိုက်ရန် လက်တံတွေကို ပိုပြီးတောင်မှ ပင့်မြှောက်လိုက်ပါတယ်။ ဒါပေမဲ့ ၎င်းမှာ စုစုပေါင်း လက်တံရှစ်ခုပဲ ရှိပါတယ်။ သူ့ရဲ့လက်တံကြီးရှစ်ခုကို အဆက်မပြတ် ဝှေ့ယမ်းနေတာကြောင့် ပင်လယ်ပြင်ကို လှိုင်းတွေထစေပြီး အနည်းဆုံး မီတာသုံးဆယ် မြင့်မားတဲ့ ဆူနာမီ လှိုင်းလုံးကြီးတွေကို လှိမ့်တက်လာ စေခဲ့ပါတယ်။

အဲဒီသားရဲကြီးက အမှန်တကယ်ပဲ ကြီးမားလွန်းပါတယ်။ ပြင်းထန်တဲ့အရှိန်နဲ့ ဒီရေလှိုင်းလုံးတွေကို လွယ်လွယ်ကူကူမြင့်တတ်စေနိုင်တဲ့ ပင်လယ်ရေမျက်နှာပြင်ထက်မှာ ထုတ်ဖော်ထားတဲ့ လက်တံကြီးတစ်ခုထဲတင် မီတာသုံးရာကျော် ရှည်လျားပြီး ရေထဲမှာရှိတဲ့ အစိတ်အပိုင်းတွေက သေချာပေါက် ပိုပြီးတောင်မှ ကြီးမားနိုင်ပါတယ်။

လင်းဟန်က အဲဒီလက်တံတွေရဲ့ အစစ်အမှန်ခန္ဓာကိုယ်ကို ခုတ်ပိုင်းရန် ပင်လယ်ထဲကို တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်ချင် နေခဲ့ပါတယ်။ ဒါပေမဲ့ သူပင်လယ်ထဲကို ဝင်လိုက်တာနဲ့ အပြင်ဘက်ကနဲ့ မတူညီကြောင်းကို ချက်ချင်း တွေ့လိုက်ရပါတယ်။ ပင်လယ်ထဲမှာ ရေထုရဲ့ဖိအားက အလွန့်အလွန်ကြီးမားပြီး သူ့ရဲ့အရိုးတွေတောင်မှ အက်ကွဲလာတဲ့အထိ သူ့ကိုဖိနှိပ်ထားခဲ့ပါတယ်။ တကယ်လို့ သူသာပင်လယ်ရဲ့ အောက်ခြေအထိ အရဲစွန့်သွားခဲ့ရင် သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံး အပိုင်းပိုင်းဖြစ်သွားလိမ့်မှာပါ။

နေ့တစ်ဝက်လောက်တိုက်ခိုက်ပြီးတဲ့နောက်မှာ ရေဘဝဲ မကောင်းဆိုးဝါးကြီးက အဆုံးမှာ အရှုံးပေးသွားပြီး လင်းဟန်နဲ့ ဟူးညီတို့နှစ်ယောက် ပေါင်းပြီးတော့ ဖြတ်ထုတ်ခဲ့တဲ့ လက်တံကြီး တစ်ခုကို ချန်ထားရစ်ပြီး နောက်ပြန်ဆုတ်သွားခဲ့ပါတယ်။ တစ်ယောက်က ဓားတစ်ချောင်းနဲ့ ခုတ်ပိုင်းခဲ့ပြီး နောက်တစ်ယောက်က လက်သည်းတွေနဲ့ စုတ်ဖြဲခဲ့ကာ မွန်းစတားကြီးရဲ့ လက်တံကြီးကို သူတို့နှစ်ယောက်က အတင်းအကျပ် ယူဆောင်လိုက်ကြပါတယ်။

အဲ့လိုမှ မဟုတ်ရင် မွန်းစတားကြီးက ပြန်လည်ဆုတ်ခွာသွားလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က လက်တံကြီးကို အနက်ရောင်မျှော်စင်ထဲ သိုလှောင်လိုက်တာကို မြင်တဲ့အခါ ဂမ်ရန်ချင်းချင်း၊ လီမောင်နမနဲ့ ယွမ်ချမ်ဟဲတို့တွေ အကုန်လုံး ပြောစရာစကားမဲ့ပြီး ကျန်ခဲ့ကြပါတယ်။ ဒီလောက်ကြီးတဲ့ လက်တံကြီးတစ်ခုကို သိုလှောင်ထားနိုင်လောက်အောင် ဒီကောင်ရဲ့သိုလှောင်ပစ္စည်းက ဘယ်လောက်ထိတောင် ကြီးမားနေတာလဲ။

"စားဖို့ ငါးကင်ရပြီ"

ဟူးညိုက တပြုံးပြုံးနဲ့ ပြောနေခဲ့ပါတယ်။

သူတို့တွေက ရှေ့ဆက်သွားခဲ့ကြပါတယ်။ ဒီနေရာက ငါးကင်စားဖို့ သင့်တော်တဲ့နေရာတစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် အဲဒါကို သူတို့ချက်ပြုတ်ချင်ရင် ကုန်းမြေပေါ် ရောက်တဲ့ထိ စောင့်ဆိုင်းရဦးမှာ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒုတိယမြောက်နေ့မှာ လက်တံမကောင်းဆိုးဝါးကြီးရဲ့ ရုတ်တရက် တိုက်ခိုက်မှုကို ထပ်မံကြုံတွေ့ခဲ့ရပြီး အရင်နေ့တုန်းက အဖြတ်ခံခဲ့ရတဲ့ လက်တံကြီးက အမှန်တကယ်ပဲ ပြန်လည်ကြီးထွားလာခဲ့ပါတယ်။ အဲဒီလက်တံက ပိုမိုတို

တောင်းပြီး ၎င်းရဲ့အရောင်က ပိုမိုတောက်ပတာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

အဲ့လိုသာ မဟုတ်ခဲ့ရင် လင်းဟန်နဲ့အခြားသူတွေ ဒီအကောင်ကို တခြားလက်တံ မကောင်းဆိုးဝါးကြီး တစ်ကောင်လို့ပဲ သေချာပေါက် တွေးမိကြလိမ့်မှာ ဖြစ်ပါတယ်။

တိုက်ပွဲရဲ့ရလဒ်အနေနဲ့ကတော့ ရေဘဝဲ မကောင်းဆိုးဂါးကြီးက မနေ့ကအတိုင်း လက်တံတစ်ခုကို လင်းဟန်ရဲ့အိတ်ကပ်ထဲမှာ သိုလှောင်ရန် ထပ်မံထောက်ပံ့ပေးခဲ့ပါတယ်။

သုံးရက်မြောက်နေ့မှာလည်း အဲဒီကောင်ကြီးက ထပ်ရောက်လာပြီးတော့ လက်တံတစ်ချောင်းကို ချန်ရစ်ခဲ့ပြန်ပါတယ်။

လူတိုင်း ပြောစရာစကားမဲ့သွားခဲ့ပါတယ်။ မင်းဟာက အမဲလိုက်ဖို့ လာနေတာလား။ ဒါမှမဟုတ် လက်ဆောင်လာပေးနေတာလား။

လေးရက်မြောက်နေ့မှာလည်း လက်တံသားရဲကြီးက မျှော်လင့်ထားတဲ့အတိုင်း ရောက်လာခဲ့ ပြန်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ လင်းဟန်နဲ့အခြားသူတွေက ရှေ့ဆက်တိုးဖို့ အစီအစဉ်ချခဲ့ပြီး ဖြစ်ပါတယ်။ လင်းဟန်က ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများနဲ့ ရေဘဝဲ မကောင်းဆိုးဂါးကြီးကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေခဲ့ပြီး နောက်မှာ ကျောက်တုံးဝိညာဉ်နဲ့ ဟူးညိုက လက်တံတစ်ခုကို ဖမ်းဆုပ်ပြီး ၎င်းကို ပင်လယ်အောက်ခြေကနေပြီး အတင်းအကြပ် ဆွဲထုတ်ဖို့ ပူးပေါင်းလုပ်ဆောင်ပါလိမ့်မယ်။

၎င်းက ကြောက်မက်ဖွယ်ရာ ရေမ ပင်လယ်သတ္တဝါကြီးတစ်ကောင်ဖြစ်ပြီး ၎င်းရဲ့လက်တံတွေက ခန္ဓာကိုယ်ကနေ မီတာတစ်သောင်းခွဲကျော်လောက်အထိ အမှန်တကယ်ပဲ ရောက်ရှိနေခဲ့ပါတယ်။

လူတိုင်းကို အံ့အားသင့်သွားစေတာက သူတို့က အလွန်ကြီးမားတဲ့ ရေဘဝဲကြီး တစ်ကောင်ဖြစ်မယ်လို့ ထင်မှတ်ခဲ့ကြပေမဲ့ အဲ့ဒီအကောင်ကြီးက အမှန်တကယ်ပဲ ခုံးခွံတစ်ခုထဲကို ကျုံ့ဝင်သွားခဲ့ပါတယ်။ အဲဒီခုံးခွံကြီးက အံ့သြစရာ ကောင်းလောက်အောင် ကြီးမားပြီး ၎င်းရဲ့မီတာသုံးရာကျော် ရှည်လျားတဲ့ ကိုယ်ထည်က ရေအောက်နန်းတော်တစ်ခုလိုပဲ ဖြစ်ပါတယ်။

တိုက်ပွဲက ကောင်းကင်ကို ရောက်သွားတဲ့အခါ လက်တံမွန်းစတားကောင်ကြီးရဲ့ တိုက်ပွဲစွမ်းအားက မတရား ကျဆင်းသွားခဲ့ပြီး သူ့ကို လူတိုင်းရဲ့လိုက်လံဆွဲထုတ်ခြင်းကို ခံနေခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ ၎င်းရဲ့လက်တံကြီးရှစ်ခုက ဖြတ်တောက်ခံလိုက်ရပြီး ပြန်လည်ကြီးထွားဖို့ ဘာအခွင့်အရေးမှ မရရှိခဲ့ပါဘူး။ အဲဒီ နောက်မှာ ၎င်းရဲ့အခွံကို ထိုးဖောက်ပြီး ဖွင့်ထုတ်လိုက်ကြတဲ့အခါ အစိတ်စိတ်အမွှာမွှာ ပေါက်ပြဲသွားခဲ့ပါတယ်။

"ဟမ်"

ခုံးခွံကြီးရဲ့ အလယ်ဗဟိုမှာ ကြီးမားတဲ့ ပုလဲကြီးတစ်လုံး ရှိ နေတာကို မြင်လိုက်တဲ့အခါ လူတိုင်းအံ့သြတကြီး ရေရွတ်လိုက်ကြရပါတယ်။ ဝေးလံတဲ့နေရာ တစ်ခုကနေ တောင်မှ ပုလဲထဲက စိတ်ဝိညာဉ်ချီတွေကို ခံစားနိုင်ပြီး လူတိုင်းကို ပုလဲအတွင်းမှာရှိတဲ့ သိုင်းပညာတွေရဲ့ အစစ်အမှန်ကို သဘောပေါက်နားလည်စေသလို ငြိမ်သက် အေးဆေးမှုကို ခံစားစေ နိုင်ခဲ့ကြပါတယ်။

"ဒီလောက်ကြီးတဲ့ ပုလဲကြီးဖြစ်ပေါ်ဖို့ဆိုရင် အနည်းဆုံး နှစ် တစ်ထောင်လောက်တော့ ကြာလိမ့်မယ်"

လီဖန်းယုက မှန်းဆလိုက်ပါတယ်။

ဂမ်ရန်ချင်းချင်းက သူမခေါင်းကို ခါယမ်းလိုက်ပြီး ပြောလိုက်ပါတယ်။

"အဲဒီထက်ပိုတာ သေချာတယ်။ ငါ နှစ်ထောင်ချီ သက်တမ်းရှိတဲ့ ပုလဲတွေကို မြင်ခဲ့ဖူးတယ်။ အဲဒီပုလဲတွေက လက်သီးဆုပ်လောက်ပဲ အရွယ်အစားရှိတယ်။ ဒါပေမဲ့ ဒီတစ်ခုကတော့ ကြိတ်ဆုံကျောက် အရွယ်အစားလောက် ရှိနေတယ်"

လင်းဟန်လည်း ခေါင်းညိတ်လိုက်ပါတယ်။ သူ့ရဲ့အရင်ဘဝမှာတုန်းက သူလည်းပဲ ထောင်စုနှစ်ပုလဲအချို့ကို မြင်တွေ့ခဲ့ဖူးပြီး အဲဒီပုလဲတွေကို အမှုန့်အဖြစ် ကြိတ်ချေပြီး ဆေးလုံးဖွဲ့စည်းခြင်းရဲ့ အကျိုးသက်ရောက်မှုကို များစွာတိုးတက်ဖို့ ပါဝင်ပစ္စည်းတွေထဲကို ထပ်ပေါင်းထည့်ခဲ့ပါတယ်။ အဲဒီပုလဲတွေက လက်သီးဆုပ်အရွယ်ခန့်သာရှိပြီး ဒီတစ်ခုနဲ့ အတော်ကွာခြားပါတယ်။

"သက်တမ်း ပိုကြာရှည်လေ သူတို့တွေက ပိုပြီးရှားပါးလေပဲ။

ဒီရောမ ခုံးကောင်ကြီးက နှစ်ထောင်ပေါင်းများစွာ ဒါမှမဟုတ် နှစ်တစ်သောင်းကျော်လောက် နေထိုင်ရှင်သန်ခဲ့တာ ဖြစ်နိုင်တယ်"

"ငါ့ရဲ့ ထင်မြင်ချက်အရ ဒီရောမ ခုံးကောင်ကြီးက ဒီလက်တံမ ကောင်းဆိုးဝါးကြီးရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးတော့ သူ့ရဲ့အခွံကလည်း သိမ်းယူခြင်းခံလိုက်ရတာ ဖြစ်နိုင်တယ်။ ပြီးတော့မှ ဒီကောင်က ပုလဲရဲ့စွမ်းအားတွေကို တဖြည်းဖြည်းချင်း အစာချေဖျက်နေတာ ဖြစ်မယ်"

"ဒီပုလဲကပေးတဲ့ အကျိုးကျေးဇူးကြောင့်နဲ့ သူ့ရဲ့ကိုယ်ပိုင် ထူးခြားမှုတွေကြောင့် ဒီလက်တံ အသစ်တွေက ဒီလောက်မြန်မြန်ကြီးထွားနိုင်ခဲ့တာပဲ"

ကျူးရှမ်အာတစ်ယောက် အံ့အားသင့်သွားခဲ့ပါတယ်။

"တစ်နည်းပြောရရင် ဒီပုလဲက အရင်က ဒီထက်ပိုကြီးတာလား"

"အဲ့ဒီလိုပဲ ဖြစ်မယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"ငါတို့ ချမ်းသာပြီ။ ငါတို့ချမ်းသာပြီ။ ဒီလောက်ကြီးမားတဲ့ ပုလဲကြီးတစ်ခုကို ရောင်းလိုက်ရင် မူလပုံဆောင်ခဲတွေ ဘယ်လောက်တောင် ရလိုက်မလဲ"

လီဖန်းယုရဲ့ မျက်လုံးတွေက ကြယ်ရောင်တွေ တဖျတ်ဖျတ်လက်နေခဲ့ပါတယ်။

"ဒီလိုရတနာတစ်ခုကို မင်းက မူလပုံဆောင်ခဲတွေနဲ့ လဲလှယ်ဖို့ အမှန်တကယ်ပဲ သုံးမလို့လား"

ယွမ်ချမ်ဟဲက သရော်ပြုံးပြုံးလိုက်ပါတယ်။

"အမြင်ကျဉ်းမြောင်းနေလိုက်တာ ကြွက်တစ်ကောင်လိုပဲ"

ရွှေရှာကြွက်က ချက်ချင်းပဲ ဒေါသထွက်သွားခဲ့ပါတယ်။ အဲလို ပြောရအောင် ဒီကလေးလေးက မင်းကို ဘယ်တုန်းကများ စိတ်အနှောင့်အယှက် ပေးမိသွားလို့လဲ။ ရွှေရှာကြွက်က ယွမ်ချမ်ဟဲကို စိုက်ကြည့်နေခဲ့ပြီး ၎င်းရဲ့သွားတွေကို ကြိတ်ချေနေခဲ့ပြီး သူ့ကို ချက်ချင်း ပြေးကိုက်ချင်နေခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ငါတို့ ဒီသားရဲကြီးကို ကျေးဇူးတင်ရမယ်။ ငါတို့တွေကို သားရဲအသားတွေ အများကြီးနဲ့ နှစ်တစ်သောင်း ရတနာပုလဲတစ်လုံးကိုပါ လက်ဆောင်ပေးခဲ့တယ်။ ဒီဟာက ကျယ်ပြန့်တဲ့ ကုန်းမြေတစ်ခုလုံးမှာ တစ်ခုထဲသောအရာလို့ ငါထင်တယ်"

အရင်က အနှစ်တစ်သောင်းကြာ ရှင်သန်နိုင်ခဲ့တဲ့ ခုံး ကောင်အနည်းသာ ရှိခဲ့ပါတယ်။ သာမာန်အားဖြင့် သူတို့ရဲ့ သက်တမ်းက ရာစုနှစ် အတော်များများသာဖြစ်ပြီး နှစ်တစ် သောင်း ရတနာပုလဲတစ်လုံး ထွက်ပေါ်ဖို့ဆိုရင် ရှည်လျားတဲ့ သက်တမ်းတစ်ခုကို ရှိဖို့လိုအပ်ရုံသာမက အဲဒီအချိန်အတွင်းမှာ တခြားသက်ရှိတွေရဲ့ အန္တရာယ်ပြုမ မခံရလောက်အောင် ကံကောင်းနေဖို့လည်း လိုအပ်ပါတယ်။

ဒီခုံးကောင်အိုကြီးက သူ့ရဲ့အစားခံရမဲ့ ကံကြမ္မာက မလွတ် မြောက်ခဲ့ပါဘူး။ လက်တံမကောင်းဆိုးဝါးကြီးရဲ့ လက်တံ တွေက နေရာအနှံ့ကို သက်ရောက်နိုင်ပြီး ခုံးကောင်အိုကြီးရဲ့ တင်းတင်းကြပ်ကြပ် ပိတ်ထားတဲ့အခွံထဲကို တိုးဝှေ့ဝင် ရောက်ပြီး အသားတွေကို စုပ်ယူနိုင်ပါတယ်။ ခုံး ကောင်အိုကြီးက သေချာပေါက် သူ့ရဲ့ပျက်စီးခြင်းနဲ့ ဆုံ တွေ့ခဲ့ပါတယ်။

လင်းဟန်က ပုလဲကို သိုလှောင်သိမ်းဆည်းလိုက်ပါတယ်။ အဲဒီပုလဲက အဖိုးတန်လွန်းပြီး တကယ်လို့သာ ခွဲခြမ်းလိုက်ရင် အနည်းဆုံး အထဲမှာပါတဲ့ အဆီအနှစ်တစ်ဝက်က ဆုံးရှုံးသွားပါလိမ့်မယ်။ အဲဒါကို အရူး တွေသာ လုပ်ကြပါလိမ့်မယ်။

သူက ပုလဲကိုယူလိုက်ပြီး လီမောင်နမနဲ့ ဂမ်ရန်ချင်းချင်းတို့ကို လျော်ကြေးအနေနဲ့ စိတ်ဝိညာဉ်အရည်ကို ပေးခဲ့ပါတယ်။ လူတိုင်းက ဝမ်းမြောက်ကြည်နူးသွားခဲ့ပါတယ်။

နောက်ဆုံးမှာတော့ လက်တံမကောင်းဆိုးဝါးကြီးကို အဓိက သတ်ဖြတ်ခဲ့တဲ့သူတွေက လင်းဟန်နဲ့ ဟူးညိုသာဖြစ်ပါတယ်။

ယွမ်ချမ်ဟဲက ဘာမှမရရှိခဲ့ပေမဲ့ မကျေမနပ်မဖြစ်ခဲ့ပါဘူး။ ဒါက လင်းဟန်က သူ့ကို သူ့ရဲ့လူတွေထဲက တစ်ယောက်အဖြစ် ဆက်ဆံခဲ့တာကြောင့်ဖြစ်ပြီး သူနဲ့ တစ်စုံတစ်ရာ ခွဲဝေယူတာက သူ့ကို သူစိမ်းတစ်ယောက်အဖြစ် ခွဲခြားဆက်ဆံလိုက်တာပဲ ဖြစ်ပါလိမ့်မယ်။

သူ့ရဲ့သဘောထားတွေကလည်း ပြောင်းလဲသွားခဲ့ပြီး မယုံကြည်မှုဖြင့် စတင်ခဲ့ရာက အခုလုံးဝကို

ယုံကြည်လက်ခံသွားခဲ့ပြီ ဖြစ်ပါတယ်။ အဲဒါက အဓိကအားဖြင့် လင်းဟန်နဲ့ သူ့ရဲ့ကြားထဲက ကွာဟချက်ကြီးကို မြင်တွေ့ခဲ့တာကြောင့် ဖြစ်ပါတယ်။

အဲဒီအချိန် တခဏမှာ လူသုံးယောက်က အဝေးကနေ ပျံသန်းလာခဲ့ပြီး စိတ်ထဲမှာ ရှင်းလင်းတဲ့ ပစ်မှတ်တစ်ခုရှိဟန်တူပါတယ်။

နှစ်ယောက်က အသက်အရွယ်ကြီးပြီး တစ်ယောက်က ငယ်ရွယ်ပါတယ်။ လူအိုနှစ်ယောက်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာဖြစ်ပြီး လူငယ်က ပန်းဖူးအဆင့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူငယ်က အံ့ဩဖွယ်ကောင်းစွာပဲ ရှေ့ကနေလျှောက်လာခဲ့ပြီး အဲဒါက တမူထူးခြားနေခဲ့ပါတယ်။

သိုင်းပညာလောကကြီးမှာ အထူးသဖြင့် ဝါစဉ်က အရေးပါဆုံးဖြစ်ပါတယ်။

"အဲဒီရတနာပုလဲကို လက်လွှဲပေးလိုက်ပါ။ ပြီးရင် မင်းတို့ကောင်တွေ ထွက်သွားနိုင်တယ်"

လူငယ်က အမိန့်ပေးလိုက်ပါတယ်။ သူ့ရဲ့အကြည့်က

ကျူးရှမ်အာဆီရောက်သွားတဲ့အခါမှာတော့ သူ့ရဲ့မျက်လုံးတွေက လတ်လတ်ထသွားခဲ့ပါတယ်။ သူက ကျူးရှမ်အာကို လက်ညှိုးထိုးလိုက်ပြီး ဆက်ပြောလိုက်ပါတယ်။

"သူမကတော့ နေခဲ့"

"မြန်မြန် မြန်မြန်။ ငါတို့ သူမကို မင်းဆီကို ရောင်းမယ်"

ဟူးညိုက ချက်ချင်း သဘောတူညီစွာနဲ့ လက်ခုပ်လက်ဝါးတီးလိုက်ပါတယ်။

Chapter 712 end
zaw.အပိုင်း(၇၁၃) ဘုရင်သုံးပါး

ဟူးညိုက ကျူးရှမ်အာကို ပြိုင်ဘက်တစ်ဦးအဖြစ် မြင်နေခဲ့ပြီး သူမကို ထုတ်ပိုးပြီးတော့ အဝေးကို ပို့လွှတ်ဖို့ အမြဲတစေ တွေးတောနေခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့သာ တစ်စုံတစ်ယောက်က ကျူးရှမ်အာကို လိုချင်ခဲ့ရင် သူမရဲ့လက်နှစ်ဖက်လုံးနဲ့ ပင့်မြှောက်ပြီး ပို့ပေးလိမ့်မှာ ဖြစ်ပါတယ်။

အဲဒီလူငယ်က မေးခွန်းထုတ်စရာမလိုလောက်အောင်

မောက်မာဝံ့ကြွားပုံရပါတယ်။

သူ့ရဲ့အဆင့်အတန်းနဲ့ဆိုရင် သူအလိုရှိတဲ့ မိန်းမတစ်ယောက်ကို ရရှိနိုင်တယ် မဟုတ်ဘူးလား။ ဒါပေမဲ့ ဒီမိန်းမက အမှန်တကယ်ပဲ လှပပြီး အထူးသဖြင့် နှိုင်းယှဉ်စရာမရှိလောက်အောင် ကျော့ရှင်းလွန်းပါတယ်။ သာမန်အားဖြင့်ဆိုရင် သူမဘေးမှာရှိတဲ့ အလှလေးနစ်ယောက်ကလည်း သူ့ကိုသွေးဆောင်နိုင်လိမ့်မှာဖြစ်ပေမဲ့ အခုတော့ သူ့ရဲ့မျက်လုံးထဲမှာ လူတစ်ယောက်အတွက်သာ နေရာရှိပါတော့တယ်။

လှပလွန်းပါတယ်။ ကောင်းကင်ဘုံကိုးလွှာက နတ်သမီးလေးတစ်ပါးလို ကမ္ဘာပေါ်မှာတောင် ရှိမနေသင့်တဲ့ အလှလေးက ဒီနေရာမှာ ဘယ်လိုလုပ်ပြီး ရှိနေရတာလဲ။

သူက မျက်မှောင်ကြုတ်ပြီး ပြောလိုက်ပါတယ်။

"မင်းတို့ကောင်တွေ ဘာကိုကြောင်ကြည့်နေကြသေးတာလဲ"

လင်းဟာန်က မရယ်မိပဲ မနေနိုင်ခဲ့ပါဘူး။

"ပြောနေစရာတောင် မလိုဘူး။ မင်းက သေချာပေါက်

မိသားစုကို ဒုက္ခပေးတဲ့နေရာမှာ တာဝန်ဝတ္တရား တစ်ခုလိုဖြစ်နေပြီး ပျက်စီးနေတဲ့ ဒုတိယမျိုးဆက် တစ်ယောက်ပဲဖြစ်လိမ့်မယ်။ တစ်ခုခုဆိုတာနဲ့ မင်းရဲ့ပစ်မှတ်ဆီကို မဆင်မခြင်ရှေ့ဆက်တိုးပြီး ဘေးဒုက္ခဖြစ်နေကျ လူတစ်ယောက် မဟုတ်လား"

လူငယ်က နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ဟွန်း ငါက ယုယွမ်မင်းပဲ။ ပြီးတော့ ငါ့ရဲ့ဘိုးဘေးက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ။ ပြီးတော့ တတိယမြောက်နဲ့ ခုနစ်ယောက်မြောက်ဘိုးဘေးတွေရောပဲ"

မိသားစုတစ်ခုထဲမှာ ကောင်းကင်အဆင့် လက်ရွေးစင်သုံးယောက်တဲ့လား။ ဒါက တကယ်ကို သောက်ကြမ်းကြီးပဲဖြစ်ပါတယ်။ လင်းဟန်ရဲ့အရင်ဘဝ အနေအထားနဲ့ဆိုရင် စိတ်ကူးလို့တောင် မရနိုင်ပေမဲ့ အခုအချိန်ကာလက သိုင်းပညာရပ်တွေ ရှင်သန်ထွန်းကားလာတာနဲ့အတူ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင်မှ ရာချီရှိနေပါတယ်။ အခုလို မိသားစုတစ်ခုထဲမှာ ကောင်းကင်အဆင့်လက်ရွေးစင် သုံးယောက်ရှိတော့ရော ဘာထူးဆန်းတော့လို့လဲ။

လင်းဟန်က ပြောလိုက်ပါတယ်။

"အိုး ကောင်ကင်အဆင့် အင်အားစုတစ်ခုလား။ အင်း ဟုတ်တယ်။ ငါအခုတော့ မနိုင်နိုင်သေးဘူး"

ဒါက အမှန်တရားပဲ ဖြစ်ပါတယ်။ တကယ်လို့ သူက ကောင်းကင်အဆင်လက်ရွေစင်တစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်ချင်ရင် အရင်ဆုံး နတ်အသွင် ပြောင်းလဲခြင်းအဆင့်ကို ရောက်ရှိနေရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ရောက်လာခဲ့ရင် သူရဲ့တမူထူးခြားမှုနဲ့ဆိုရင် အရင်ဘဝတုန်းက သူ့ရဲ့အထွတ်အထိပ် တိုက်ပွဲစွမ်းအားကို အပြည့်အဝကျော်ဖြတ်ပြီး ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ကို ယှဉ်ပြိုင်ဖို့က သူ့အတွက် ပြဿနာတစ်ခု ဖြစ်လိမ့်မှာ မဟုတ်တော့ပါဘူး။

အဲဒီအကြောင်းကို တွေးမိရင် အိပ်မက်တစ်ခုလိုပဲ ဖြစ်ပါတယ်။ ဒီဘဝမှာ သူကျင့်ကြံခဲ့တာ ဘယ်နှစ်နှစ်ရှိ သေးလို့လဲ။

"မင်းက ဘာကောင်မှမဟုတ်ဘူးဆိုတာ သိတာ ကောင်းတယ်။ ဒါဆို ရတနာပုလဲကို ဘာဖြစ်လို့ မပေးသေးတာလဲ"

ယုယွမ်မင်းက အေးစက်စွာ အော်ပြောလိုက်ပါတယ်။ သူက ကိုယ့်ကိုယ်ကို အမြဲကျေနပ်နစ်သိမ့်နေခဲ့တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ အနည်းငယ်သော ငြင်းဆန်မှုက သူ့ကိုအတော်လေး ဒေါသထွက်စေခဲ့ပြီး သူ့ရဲ့ သတ်ဖြတ်ခြင်းစိတ်ဆန္ဒတွေကို လှုံ့ဆော်ပေးနေခဲ့ပါတယ်။

"တကယ်လို့ ငါက မပေးဘူးဆိုရင်ရော ဘာလုပ်ချင်လဲ။ မင်းက ငါ့ကို ရိုက်မှာလား"

လင်းဟန်က အပြုံးတစ်ခုနဲ့ မေးလိုက်ပါတယ်။

ယုယွမ်မင်းက လင်းဟန်ကို လက်ညှိုးထိုးလိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းကို မရိုက်ဘူး။ ငရဲကိုပဲ ပို့ပေးမှာ။ စီနီယာကျူး စီနီယာယန် သူတို့တွေအကုန်လုံးကို မှောက်သွားအောင်လုပ်လိုက်"

သူက လူအိုနစ်ယောက်ကို လှည့်ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ သခင်လေး"

နတ်အသွင် ပြောင်းလဲခြင်းအဆင့်မှ လူအိုကြီးနှစ်ယောက်က လေးလေးစားစားနဲ့ ပြန်လည်ဖြေကြားလိုက်ကြပါတယ်။ သူတို့ထဲက တစ်ယောက်ကို ကျူပိုင်လို့ခေါ်ပြီး နောက်တစ်ယောက်က ယန်ချောင်ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့နှစ်ယောက်က ချာတိတ်တစ်ယောက်ရဲ့ စကားကို နားထောင်မနေသင့်ပေမဲ့ အဲဒီကောင်လေးက ယုမိသားစုရဲ့ မျိုးဆက်သုံးခုမှာ အရည်အချင်း အရှိဆုံး တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကို ယုယွမ်မင်းရဲ့ အုပ်ထိန်းသူတွေ အဖြစ် ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

သူတို့နှစ်ယောက်က အမည်ခံအရ သူ့ရဲ့တရားဝင် အုပ်ထိန်းသူတွေ ဖြစ်ပေမဲ့ အမှန်တကယ် တမ်းမှာတော့ သူတို့တွေက သက်တော်စောင့်တွေ၊ ကြေးစားလူသတ်သမားတွေ၊ ပထမတန်းစား ကျွန်တွေသာသာ ဖြစ်ပါတယ်။ သူတို့လည်း ဘာမှမတတ်နိုင်ခဲ့ပါဘူး။ ယုမိသားစုမှာ ကောင်းကင်အဆင့် လက်ရွေးစင်သုံးယောက်တောင် ရှိနေဖို့ ဘယ်သူကများ ခိုင်းနေခဲ့လို့လဲ။

"ငါမကြိုက်ဆုံး လူသုံးမျိုးရှိတယ်"

ယုယွမ်မင်းက တစ်ဖက်မှာ အလွန်တည်ကြည် လေးနက်ဟန် ဆောင် နေခဲ့ပါတယ်။

"ပထမတစ်မျိုးက ဘာအစွမ်းအစမှ မရှိပေမဲ့ မောက် မောက်မာမာပြုမူနေတဲ့ အရူးတွေပဲ။ ဒုတိယတစ်မျိုးက ဟင်းခတ်အမွှေးအကြိုင်တွေကို မစားတဲ့သူတွေနဲ့ တတိယတစ်မျိုးကတော့ ငါ့အမိန့်တွေကို မနာခံတဲ့သူတွေပဲ"

"အဲဒီလူသုံးမျိုးက ငါ့လက်ထဲကိုကျရောက်ရင် အဆုံးသတ်တစ်မျိုးပဲ ကြုံတွေ့ရတယ်"

"အဲဒါက သေခြင်းတရားပဲ"

သူပြောလိုက်စဉ်မှာပဲ ကျူပိုင်နဲ့ ယန်ချောင်တို့ နှစ်ယောက်က သိုင်းဆန္ဒတွေ လှည့်ပတ်နေတဲ့ သူတို့ရဲ့ လက်တွေကို မြှောက်ပြီး လင်းဟန်တို့ အုပ်စုဆီကို တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက် ကြပါတယ်။ ကျားနီကြီးတစ်ကောင်က တစ် ဦးရဲ့ ခန္ဓာကိုယ်ကနေ တစ်ဟုန်ထိုး ထွက်ပေါ်လာခဲ့ပြီး တခြားတစ်ယောက်ကတော့ ရေယှက်နေတဲ့ သွေးကြောပုံစံ တွေနဲ့ ဖွဲ့စည်းထားတဲ့ ကြိုးကြာဖြူကြီး တစ်ကောင်ကို ထုတ် ဖော်ခဲ့ပါတယ်။ ကြောက်မက်ဖွယ် အရှိန်အဝါတွေက အဆင့်နိမ့် သိုင်းပညာရှင်တွေရဲ့ ခေါင်းတွေကို မော့ကြည့်ဖို့

မတတ်နိုင်လောက်အောင် ဖိနှိပ်နိုင်ပါတယ်။

ဒါက လျို့ဝှက်ဆန်းကျယ်သော နယ်မြေတစ်ခုဖြစ်ပြီး ဒီနေရာမှာ လူတွေသေဆုံးတာက ပုံမှန်ကိစ္စရပ်တစ်ခုလိုပဲဖြစ်တာကြောင့် သူတို့နှစ်ယောက်က သနားညှာတာမှု လုံးဝမရှိပဲ တိုက်ခိုက်ခဲ့ကြပါတယ်။

ကံမကောင်းစွာပဲ လင်းဟာန်နဲ့တခြားသူတွေ အကုန်လုံးက သိုင်းပညာရှင်တွေကြားထဲမှာ ဘုရင်တွေပဲဖြစ်ပြီး သူတို့ရဲ့အရှိန်အဝါတွေနဲ့ လွှမ်းမိုးနိုင်လိမ့်မှာ မဟုတ်ပါဘူး။ အများဆုံးတော့ အပြင်ပန်းမှာ တည်ရှိမှု အရှိန်အဂါကြောင့် သူတို့တွေရဲ့ မျက်နှာတွေက အနည်းငယ် ဖြူဖျော့သွားရုံပဲဖြစ်ပြီးတော့ သူတို့ရဲ့တိုက်ပွဲစွမ်းအားအပေါ် အကျိုးသက်ရောက်မှုကတော့ အတော်လေး နည်းပါးပါတယ်။

လင်းဟာန်က ရယ်မောလိုက်ပါတယ်။

"ချမ်ဟဲ မင်း တစ်ယောက်ကို ဂရုစိုက်လိုက်"

ယွမ်ချမ်ဟဲတစ်ယောက် တုန်လှုပ်သွားခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မျှသာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့်

စစ်သည်တစ်ယောက်ကို ခုခံနိုင်ပါ့မလဲ။ သူက အမှန်တကယ်ပဲ ပါရမီရှင် တစ်ယောက်ဖြစ်ပြီး အတော်လေး သန်မာပေမဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ရန်သူတစ်ယောက်ကို တိုက်ခိုက်ဖို့ အဆင့်ကြီးတစ်ခုကို သူသေချာပေါက် မကျော်ဖြတ်နိုင်ပါဘူး။

ဒါပေမဲ့ လင်းဟန်က ပြောနေမှတော့ အားတင်းပြီး တိုက်ခိုက်ရုံပဲ တတ်နိုင်ပါလိမ့်မယ်။

လင်းဟန်က ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ပြောလိုက်ပါတယ်။

"ကျောက်တုံးလေး သူ့ကို သွားကူညီပေးလိုက်"

"ဂါး"

ကျောက်တုံးဝိညာဉ်က ဒေါသတကြီး ဟိန်းဟောက်လိုက်ပြီး မြေပြင်ပေါ်မှာ ကြမ်းတမ်းစွာ ခြေဆောင့်နင်းလိုက်ပြီး ယွမ်ချမ်ဟဲနဲ့ အတူယှဉ်တွဲပြီး တိုက်ခိုက်ဖို့ သွားလိုက်ပါတယ်။

ယွမ်ချမ်ဟဲက ချက်ချင်းပဲ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူက ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ခွန်အားကို သိပါတယ်။ ကျောက်တုံးလေးရဲ့ ခွန်အားက စိတ်ဝိညာဉ် နတ်သူငယ်

အဆင့်မှာပဲ ဖြစ်ပေမဲ့ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ခုခံနိုင်တဲ့ စွမ်းရည်ကတော့ သေချာပေါက် နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး အသားဒိုင်းတစ်ခု အနေနဲ့သာဆိုရင် အရာအားလုံးက အဆင်ပြေသွားပါလိမ့်မယ်။

လင်းဟန်က ဆက်ပြောလိုက်ပါတယ်။

"ဟူးညို အခြားတစ်ယောက်ကို တာဝန်ယူပေးချင်လား"

"ကောင်းပြီ"

ဟူးညိုက ချက်ချင်း ခုန်ထွက်သွားခဲ့ပါတယ်။ သူမက ဆွဲဆောင်မှုရှိတဲ့ ကျူးရွှမ်အာက ထပ်မံပြီး ရောင်းမထွက်ခဲ့ပြန်တာကြောင့် အတော်လေးကို မပျော်မရွှင် ဖြစ်နေခဲ့ပါတယ်။

"အစ်ကိုလင်း ချင်းချင်းလည်း တိုက်ချင်တယ်"

ဂမ်ရန်ချင်းချင်းက ပြောလိုက်ပါတယ်။

"ကောင်းပြီ"

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပါတယ်။

ကျူပိုင်နဲ့ ယန်ချောင်တို့နှစ်ယောက် အလွန်အမင်း ဒေါသထွက်သွား ခဲ့ပါတယ်။ ဒီဂျူနီယာ အနည်းငယ်က သူတို့တွေကို ဘာမှမဟုတ်သလို ဆက်ဆံရဲပြီး ဘယ်လိုမျိုး ခွဲဝေတိုက်ခိုက်မလဲဆိုတာ ဆွေးနွေးနေခဲ့ကြပါတယ်။ ဒါကလုံးဝကို အတင့်ရဲပြီး မောက်မာလွန်း ပါတယ်။

ဟူးညိုက ယန်ချောင်ကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်စဉ်မှာ ယွမ်ချမ်ဟဲနဲ့အခြားလူ နှစ်ယောက်က ကျူပိုင်ကို အတူတကွ တိုက်ခိုက်လိုက်ကြပါတယ်။

တိုက်ပွဲက ချက်ချင်းစတင်ခဲ့ပါတယ်။

ဒါပေမဲ့ စတင်တိုက်ခိုက်လိုက်တာနဲ့ ကျူပိုင်နဲ့ ယန်ချောင်တို့ နှစ်ယောက်က သိသိသာသာ စိတ်မတည်မငြိမ် ဖြစ်သွားခဲ့ပါတယ်။

လပြွတ်ပဲကွာ။

ဒီဂျူနီယာတွေက ဘယ်လိုလုပ်ပြီး ဒီလောက်တောင် သန်မာလာခဲ့ကြတာလဲ။

ကျူပိုင်က အဆင်ပြေပါသေးတယ်။ ယွမ်ချမ်ဟဲနဲ့ တခြားသူနှစ်ယောက်က ထူးချွန်ကြပေမဲ့ သူတို့မှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့် တိုက်ပွဲစွမ်းအားတွေ မရှိကြပါဘူး။ သူတို့က ကျူပိုင်ရဲ့ တိုက်ခိုက်မှု အများစုကို ကြံ့ကြံ့ခံဖို့ ကျောက်တုံးဝိညာဉ်ကို ဒိုင်းတစ်ခုအဖြစ် လုံးဝမှီခို နေခဲ့ကြရပါတယ်။ ဂမ်ရန်ချင်းချင်းနဲ့ ယွမ်ချမ်ဟဲတို့နှစ်ယောက်က ဝင်လိုက်ထွက်လိုက်နဲ့ တိုက်ခိုက်နေခဲ့ကြပြီး ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့တော့ မဝံ့ရဲခဲ့ကြပါဘူး။

ဒါကြောင့်လည်း ကျူပိုင်အနေနဲ့ လက်ဦးမှုရရှိစေပြီး သုံးယောက်တစ်ယောက် တိုက်ခိုက်ခြင်းမှာ သူ့ကိုအားသာချက်ကြီးကြီးမားမား ရရှိစေခဲ့ပါတယ်။ ဒီလိုမှမဟုတ်ရင် ဘယ်လိုလုပ်ရမလဲ။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တွေက စိတ်ဝိညာဉ်နတ်သူငယ် အဆင့်တွေကို တိုက်ခိုက်တဲ့အခါ နတ်အသွင် ပြောင်းလဲခြင်းအဆင့် တစ်ယောက်ထဲနဲ့တောင်မှ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အယောက်တစ်ရာကို သက်တောင့်သက်သာ တိုက်ခိုက်နိုင်ပါတယ်။ ဒါပေမဲ့ အခုသူ့ရဲ့စွမ်းအားကို အပြည့်အဝ မထုတ်ဖော်နိုင်အောင် လုပ်ဆောင်နိုင်တဲ့ ရုပ်သေးတစ်ကောင်နဲ့ လူငယ်နှစ်ယောက်ကတော့ သူ့ကို အလွန်အံ့အားသင့်စေခဲ့ပါတယ်။

သူတောင်မှ အလွန်အံ့အားသင့် သွားခဲ့တယ်ဆိုရင် ယန်ချောင်ကျတော့ သတိလက်လွတ်ဖြစ်တဲ့ထိ ထိတ်လန့် နေခဲ့ပါတယ်။

ဟူးညို့က မြန်ဆန်လွန်းပါတယ်။

အစတုန်းကတော့ ဟူးညို့ကို ဟာသတစ်ခုအနေနဲ့သာ သူရှုမြင်ခဲ့တာ ဖြစ်ပါတယ်။ ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက်ကို ဘယ်သူကများ အလေးအနက်ထားလိမ့်မှာလဲ။ ဒါပေမဲ့ ဟူးညို့တစ်ကြိမ်တိုက်ခိုက်လိုက်တာနဲ့ သူ့ရဲ့အကဲဖြတ်မှုက သေချာပေါက် မှားယွင်းနေခဲ့ကြောင်း သိလိုက်ရပါတယ်။

ဟူးညို့က လျှပ်စီးတန်းအဖြစ်ပြောင်းသွားပြီး သူ့အနားတစ်ပိုက်မှာ အဆက်မပြတ် တဖျတ်ဖျတ်ပေါ်လာပြီး သူကာကွယ်ဖို့ မပြင်ဆင်ထားတဲ့နေရာတွေကို သူမရဲ့လက်သီးလေးတွေနဲ့ ပြင်းထန်စွာ ထိုးနက်တိုက်ခိုက် နေခဲ့ပါတယ်။ မူလစွမ်းအားနဲ့ဖွဲ့စည်းထားတဲ့ သူ့ရဲ့ဒိုင်းနဲ့ ကာကွယ်ထားခဲ့ပေမဲ့ တိုက်ခိုက်မှုတွေကြောင့် သူ ကဒယီးဒယိုင်ဖြစ်နေဆဲပဲ ဖြစ်ပါတယ်။

ဘာမှမတတ်နိုင်ခဲ့ပါဘူး။ သူက ဟူးညိုရဲ့ လက်သီးတွေ ဘယ်ကနေ တိုက်ခိုက်လာလဲဆိုတာ မသိနိုင်ပဲ သူ့ရဲ့ခန္ဓာကိုယ်တစ်ခုလုံးကို ခုခံကာကွယ်ဖို့ မူလစွမ်အား တွေကို အဆင်သင့် ပြင်ထားခဲ့ပါတယ်။ မူလစွမ်းအားတွေ တစ်ကိုယ်လုံး ဖြန့်ကျက်မှုနဲ့ဆိုရင် ဟူးညိုရဲ့ စွမ်းအားပြည့်နဲ့ ထိုးနက်ချက်တွေကို သူဘယ်လိုလုပ် ယှဉ်နိုင်ပါ့မလဲ။

သူက ပြန်လည်တိုက်ခိုက်ချင် နေခဲ့ပါတယ်။ နောက်ဆုံးမှာ တော့ ဟူးညိုက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာသာဖြစ်ပြီး သူတစ်ကြိမ်ရိုက်လိုက်နိုင်တာနဲ့ သေချာ ပေါက် ကစားပွဲက ပြီးဆုံးသွားလိမ့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြဿနာတစ်ခုက ရှိနေခဲ့ပါတယ်။ သူက ဟူးညိုရဲ့ပုံရိပ်ကို ဖမ်းဆုပ်နိုင်မှသာ သူမကို ရိုက်နှက်နိုင်လိမ့်မှာ ဖြစ်ပါတယ်။

"ညိုးညိုးရဲ့ အဆုံးမဲ့တိုက်ကွက်။ မမြင်နိုင်တဲ့ လှည့်ပတ်ထိုးနက်ချက်"

"ထိပ်တန်း ပေါင်ခြံကန်ချက်"

"ဂန္ဓမာပန်း ကန်ချက်"

"အဲဒါပြီးရင် ဘောလုံးကိုကန်။ ဥကိုခွဲ။ ကြက်ကလေးတွေ

ပျံသန်း"

ဟူးညိုက သိက္ခာစောင့်စည်းခြင်းမရှိပဲ တိုက်ခိုက်ခဲ့ပါတယ်။ ကလေးမလေး တစ်ယောက်ဆီက ဒီလောက်အများကြီး ဘယ်သူက မျှော်လင့်နိုင်မှာလဲ။ သူမရဲ့ခန္ဓာကိုယ်လေးနဲ့ အောက်ပိုင်းသုံးနေရာကို တိုက်ခိုက်ခဲ့ခြင်းက ယန်ချောင်ရဲ့ မျက်နှာကို စိမ်းပြာသွားစေခဲ့ပါတယ်။ တကယ်လို့ သူသာတစ်ကြိမ်လောက် ရိုက်နှက်ခံလိုက်ရမယ်ဆိုရင် အသက်ကြီးမှ သူ့ရဲ့အစွမ်းကို ဆုံးရှုံးသွား ရပါလိမ့်မယ်။

ယန်ချောင်နဲ့ ကျူပိုင်ရဲ့ ခွန်အားချင်းက အတူတူပဲဖြစ်ပေမဲ့ သူတို့ရဲ့အခြေအနေတွေကတော့ ကမ္ဘာကြီးနှစ်ခုလို ကွာခြားနေခဲ့ပါတယ်။

လင်းဟန်က ယုယွမ်မင်းကို ကြည့်ပြီး အပြုံးတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"ငါက မင်းနဲ့တော့ မတူဘူး။ ငါမကြိုက်တာ လူတစ်မျိုးပဲရှိတယ်။ အဲဒါ ဘယ်လိုလူမျိုးလည်း မင်းသိလား"

Chapter 713

zaw.အပိုင်း(၇၁၄) ထုထောင်းရိုက်နှက်ခြင်း

အင်အားကြီးတဲ့ ကြေးစားလူသတ်သမားနှစ်ယောက်က အမှန်တကယ်ပဲ ရှုပ်ထွေးနေခဲ့ပါတယ်။ ယုယွမ်မင်းရဲ့ အမူအယာက ထင်ရှားစွာပဲ အတော်လေး ဖြူဖျော့နေခဲ့ပေမဲ့ ယုမိသားစုရဲ့ နောက်ခံက သူ့ကိုယုံကြည်စိတ်ချမှု အပြည့်အဝဖြစ်စေတာကြောင့် အထိတ်တလန့်တော့ မဖြစ်ခဲ့ပါဘူး။

ကောင်းကင်အဆင့် လက်ရွေးစင်သုံးယောက်နဲ့ မိသားစုတစ်ခုပဲ ဖြစ်ပါတယ်။ မဟာဂိုဏ်းကြီး ငါးဂိုဏ်းကလွဲရင် အခြားအင်အားစု ဘယ်လောက်များများက သူတို့နဲ့ နှိုင်းယှဉ်နိုင်မှာမို့လို့လဲ။

ဒါကြောင့် သူက တည်ငြိမ်အေးဆေးနေခဲ့ပြီး လင်းဟန်ဘယ် လောက်ပဲ အတင့်ရဲပါစေ သူ့ကိုတိုက်ခိုက်ရဲလိမ့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ သူတို့မိသားစုက ခုနစ်ယောက်မြောက် ဘိုးဘေးကိုယ်တိုင် ဒီနေရာကို လိုက်ပါလာခဲ့ပေမဲ့ သူကငယ်ရွယ်ပြီး မောက်မာတာကြောင့် တစ်ကိုယ်ထဲသီးသန့် စွန့်စားသွားလာချင်ခဲ့ပြီး ခုနစ်ယောက် မြောက် ဘိုးဘေးဆီကနေ သူ ခွဲထွက်လာခဲ့တာ ဖြစ်ပါတယ်။

သူ့ကို တိုက်ခိုက်ရဲမှာတဲ့လား။ သူ့ရဲ့အသက်ကို ထပ်မလိုချင်

တော့မှပဲ ဖြစ်နိုင်မယ်။

သူ့ကို စိတ်မချမ်းမသာဖြစ်စေတာက ဒီလူတွေကိုသာ မနှိမ်နင်းနိုင်ခဲ့ရင် ရတနာပုလဲနဲ့ နတ်သမီးလေးက သူနဲ့ ဘာမှသက်ဆိုင်လိမ့်မှာ မဟုတ်တော့ပါဘူး။

ယုယွမ်မင်းက အေးစက်စွာ ပြောလိုက်ပါတယ်။

"အိုး မင်းမကြိုက်တာက ဘယ်လိုလူမျိုးလဲ။ ငါအခု အချိန်ရှိတုန်း နားထောင်ပေးမယ်လေ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ငါ့ကို မကြိုက်အောင်လုပ်တဲ့သူတွေကို မကြိုက်ဖူး"

ဒါက အနည်းငယ် ဝေ့လည်ကြောင်ပတ်ဖြစ်နေခဲ့ပြီး ပြောလိုက်ပေမဲ့ ဘာမှမပြောလိုက်သလိုပဲ ဖြစ်ပါတယ်။

ယုယွမ်မင်းက နှာခေါင်းရှုံ့လိုက်ပါတယ်။

"မင်းက ငါ့ကို ရန်စနေတာလား"

"မင်းကို ရန်စတယ် ဟုတ်လား"

လင်းဟန်က ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းက မင်းကိုယ်မင်း အရမ်းကို အထင်ကြီး နေခဲ့တာပဲ။ ငါ့ရဲ့ရန်စမှုနဲ့ ထိုက်တန်ရအောင် မင်းကဘယ်သူလဲ။ ဒါက ငါနဲ့ ဘာမှမဆိုင်ဘူး။ ဒါကြောင့်မင်းစတာပဲ ကောင်းလိမ့်မယ်"

လပြွတ်ပဲ။

မင်းက တကယ်ပဲ ရန်စနေတာပဲ။

ယုယွမ်မင်းက အေးစက်စွာ ပြောလိုက်ပါတယ်။

"ငါမင်းကို ပြောလိုက်မယ်။ ငါ့မိသားစုရဲ့ ခုနစ်ယောက်မြောက် ဘိုးဘေးကလည်း ဒီလှိုဝှက်ဆန်းကြယ် နယ်မြေထဲကို ဝင်ရောက်ခဲ့တယ်။ ဒါကြောင့် မင်းမသေချင်သေးရင် ရတနာပုလဲကို ချက်ချင်းလက်လွှဲပေးပြီး ဒီမိန်းကလေးကို ထားခဲ့လိုက်။ ပြီးရင် မင်းပါးကို အချက်သုံးဆယ်ချပြီး လက်တစ်ဖက်ကိုပါ ချန်ထားခဲ့လိုက်"

သူက လင်းဟန်ကို ပိုပြီးကြည့်လေလေ ပိုပိုပြီး ဒေါသထွက်

လာလေလေ ဖြစ်ပါတယ်။ အဲဒီကောင်က ကျူးရှမ်အာရဲ့ သေးသွယ်တဲ့ခါးလေးကို ပွေ့ဖက်ထားတာကြောင့် သူ့ကို မနာလိုမှုတွေနဲ့ လောင်မြိုက်စေခဲ့ပါတယ်။

"ဘယ်လောက်တောင် ဗိုလ်ကျလိုက်သလဲ"

လင်းဟန်က လီဖန်းယုကို အပြုံးတစ်ခုနဲ့ ကြည့်ပြီး ပြောလိုက်ပါတယ်။

"အစ်ကိုလီ ရိုက်နှက်ဖို့အတွက် ဒီကောင်ကို ကျွန်တော် ချန်ထားပေးရမလား"

"သေချာတာပေါ့။ ငါ သေချာပေါက် သူကိုဆော်လိုက်မယ်"

လီဖန်းယု ခေါင်းညိတ်လိုက်ပါတယ်။

ကျူးရှမ်အာနဲ့ လီဇီရှန်တို့ရဲ့ နှုတ်ခမ်းတွေ တွန့်ကွေးသွားခဲ့ပြီး အန်ထုတ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

"အစ်ကို အဲ့ဒီလောက် ရှုံစရာကောင်းအောင် လုပ်မနေပါနဲ့လား"

လီဇီရှန်က ပြောလိုက်ပါတယ်။

သူတို့တွေက လင်းဟာန်ကို ဘေးကနေ အရက်မရှိ ကပ်ဖားရပ်ဖား လုပ်နေကြပြီး လင်းဟာန်ရဲ့ ဘေးမှာပဲ ရပ်တည်နေခဲ့ ကြပါတယ်။ တကယ်လို့ လင်းဟာန်က သူ့ကို ဒီလူတွေ ပုန်ကန်တယ်လို့ ခံစားစေခဲ့ရင် သူတို့က ကစား ပေးရုံကလွဲလို့ ဘာလုပ်ရလိမ့်ဦးမှာလဲ။

လီဖန်းယုက ကျီစယ်တဲ့သဘောနဲ့ ရယ်မောလိုက်ပြီး ယုယွမ်မင်းဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ သွားလိုက်ပါတယ်။ "သေသင့်တဲ့ကောင်လေး မင်းက ငါ့ညီမကိုတောင်မှ ကြံစည်ရဲတယ်ပေါ့လေ။ တကယ်လို့သာ မင်းကို မှတ် လောက်သားလောက်အောင် မရိုက်နှက်နိုင်ရင် ငါ့ကိုငါ မင်းရဲ့မိသားစုနာမည်ကို ခံယူလိုက်မယ်"

ဘယ်သူက မင်းရဲ့ညီမကို ကြံစည်နေလို့လဲ။ မင်း မဆင်မခြင် မပြောလို့ မရဘူးလား။

"ဟမ့် မင်းက သေဖို့ ထိုက်တန်တယ်"

ယုယွမ်မင်းက ကြောက်ရွံ့စိတ်မရှိကြောင်း ထင်ရှားပါတယ်။ သူတို့နှစ်ဦးလုံးက ပန်းဖူးအဆင့်မှာ ဖြစ်ပြီးတော့ သူက

ပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။

ပါရမီရှင် တစ်ယောက်ဆိုတာက ဘာလဲ။ အဆင့်တူအတွင်းမှာ တခြားလူတွေက မလွှမ်းမိုးနိုင်တဲ့ တစ်စုံတစ်ယောက်ပဲ ဖြစ်ပါတယ်။

သူက အဆင့်ခြောက် စိတ်ဝိညာဉ်လက်နက် တစ်ခုဖြစ်တဲ့ ဓားရှည်တစ်ချောင်းကို ထုတ်လိုက်ပြီး အဲဒီဓားက သူ့ရဲ့ကျင့်ကြံခြင်းအဆင့်နဲ့ ကိုက်ညီကာ ဓားစွမ်းအားရဲ့ ကိုးဆယ်ရာခိုင်နှုန်းကို သူထုတ်ဖော်နိုင်ပါတယ်။ မတူညီတဲ့ သိုင်းဆန္ဒတွေနဲ့အတူ စိတ်ဝိညာဉ်လက်နက်တွေနဲ့ ပတ်သက်ပြီး တစ်စုံတစ်ယောက်က မပြုစု မပျိုးထောင်နိုင်သေး သရွေ့တော့ အဆုံးသတ်မှာ စွမ်းအားရဲ့ တစ်ရာရာခိုင်နှုန်းကို ထုတ်ဖော်ဖို့ဆိုတာက ဖြစ်နိုင်ဦးမှာ မဟုတ်ပါဘူး။

လီဖန်းယုက ရယ်မောလိုက်ပြီး သူ့ရဲ့လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို မယှဉ်နိုင်ပါဘူး"

"ဘာလို့လဲ"

ယုယွမ်မင်းက သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပြည့်လျှံနေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ လီပါးစပ်ကြီးရဲ့ ဈေးပေါတဲ့ ပါးစပ်သိုင်းက အမှန်တကယ်ပဲ အံ့အားသင့်စရာကောင်းလွန်းပါတယ်။ အခုဆိုရင် ယုယွမ်မင်းရဲ့ အသတ်ချင်ဆုံး လူတစ်ယောက်အဖြစ် လင်းဟန်ရဲ့နေရာမှာ သူက အောင်မြင်စွာနဲ့ အစားဝင်ရောက်နိုင်ခဲ့ပြီပဲ ဖြစ်ပါတယ်။

"ဘာကြောင့်လဲဆိုရင် ငါ့မှာ ဆေဘာဓားတစ်ချောင်းနဲ့ ဓားရှည်တစ်ချောင်း ရှိနေလို့ပဲ။ ငါက မင်းထက် ဆေဘာဓား တစ်ချောင်းပိုပြီးရှိတယ်လေ။ ဘယ်လိုလုပ်ပြီး မင်းကငါ့ကို ယှဉ်နိုင်ပါတော့မှာလဲ"

လီဖန်းယုက ဂုဏ်ယူဝံ့ကြွားစွာနဲ့ ပြောလိုက်ပြီး သူ့ရဲ့လက်တွေ့ကို လှုပ်ခါလိုက်ရာ ထင်ထားတဲ့အတိုင်းပဲ ဓားတစ်ချောင်းနဲ့ ဆေဘာတစ်ချောင်း ပေါ်ထွက်လာခဲ့ပါတယ်။

ဒါက။

ယုယွမ်မင်းတစ်ယောက် ဒေါသတွေကြောင့် သေလုမတတ်ဖြစ်သွားပါတယ်။ ဒီကောင်က သူ့ကို အမှန်တကယ်ပဲ နောက်ပြောင်ကျီစယ် နေခဲ့တာလား။ သူက ဒေါသတကြီး ဟိန်း

ဟောက်လိုက်ပြီး လီဖန်းယုကို သူရဲ့ဓားနဲ့ ဖော့ယမ်းတိုက်ခိုက်လိုက်ပါတယ်။ ဓားချီအလင်း ကိုးခုက အတားအဆီးမဲ့စွာနဲ့ ပျံသန်းသွားပြီး သူ့ရဲ့ စွမ်းအားတွေက လုံးဝကို အားမနည်းပါဘူး။

မျှော်လင့်ထားတဲ့အတိုင်းပဲ ပြုစုပျိုးထောင်မှုအပေါ်မှာ အားစိုက်ပေးခဲ့တဲ့ မိသားစုတစ်ခုကနေ ဆင်းသက်လာတဲ့ သူတစ်ယောက်အနေနဲ့ သူ့ရဲ့သိုင်းပညာ အရည်အချင်း တွေက အတော်လေး အံ့အားသင့်စရာပဲ ဖြစ်ပါတယ်။ ဓားချီအလင်းကိုးခုက ဓားအလင်းတန်းအနှား နီးကပ် နေပြီဖြစ်ပြီး သူက ပန်းဖူးအဆင့်မှာပဲ ရှိသေးတာကို ထည့်တွက်ရင် ဒါက အမှန်တကယ်ပဲ ချီးကျူးဖို့ ထိုက်တန်ပါတယ်။

လီဖန်းယုကလည်း အားမနည်းခဲ့ပါဘူး။ သူ့ရဲ့ ဆေဘာဓားရယ် ဓားရှည်နဲ့ တိုက်ခိုက်လိုက်စဉ်မှာ ဓားချီအလင်းငါးခု ဆေဘာချီအလင်းလေးခုကို ထုတ် ဖော်ခဲ့ပြီး ဓားအလင်းအရေအတွက်က ယုယွမ်မင်းနဲ့ အတူတူပဲ ဖြစ်ပါတယ်။

ပုန်း။

သူတို့က တိုက်ခိုက်မှုတစ်ခုကို ဖလှယ်ခဲ့ပြီး ခြေလှမ်းဆယ်လှမ်းကျော်လောက် နောက်ကို ပြန်ဆုတ်လိုက်ရပါတယ်။ သူတို့ရဲ့ အမူအရာတွေကလည်း ပိုပြီးတော့ လေးနက်လာပြီး တစ်ယောက်နဲ့တစ်ယောက် သတိထားလာခဲ့ကြပါတယ်။

ပညာရှင်တစ်ယောက်။

သူတို့နှစ်ဦးလုံးက တွေးလိုက်မိပြီး အတော်လေး သတိထားလာခဲ့ပါတယ်။ ပညာရှင်တွေရဲ့ တိုက်ပွဲတစ်ခုမှာ တစ်ကွက်မှားသွားတာနဲ့ ကစားပွဲတစ်ခုလုံး ရှုံးနိမ့်နိုင်ပါတယ်။ ဘယ်သူမှ သတိလက်လွတ် မနေပွံ့ကြပါဘူး။

ထန် ထန် ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က ချက်ချင်းပဲ တိုက်ခိုက်မှုကို ပြန်လည်စတင်လိုက်ကြပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေကနေ မ ရေတွက်နိုင်တဲ့ မီးပွားတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

"မင်းက အတော်လေး သန်မာတယ်"

ယုယွမ်မင်းက ပြောလိုက်ပါတယ်။

"ဒါပေမဲ့ သေချာပေါက် ငါကိုယ့်ညိုနိုင်မှာ မဟုတ်ဘူး"

"မင်းလည်း အားမနည်းပါဘူး"

လီဖန်းယုကလည်း ပြန်လည်ပြောဆိုလိုက်ပါတယ်။

"ဒါပေမဲ့ မြေပြင်ပေါ်မှာ မင်းရဲ့သွားတွေကို နေရာအနှံ့လိုက်ရှာရတဲ့အထိ မင်း သေချာပေါက် အရိုက်နက်ခံရမှာ"

လင်းဟာန်က သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

"ဒီနစ်ယောက်က သူတို့ကိုယ်သူတို့ အမှန်တကယ်ပဲ သန်မာတယ်လို့ တွေးနေကြတာလား"

ကျူးရှမ်အာက သူမရဲ့ပါးစပ်ကို လက်နဲ့ဖုံးကွယ်လိုက်ပြီး ခပ်သောသောရယ်မောလိုက်ပါတယ်။

"သူတို့က တောင်တစ်လုံးပေါ်မှာ ရပ်နေခဲ့ပြီး ရှေ့မှာရှိတဲ့ တောင်ထိတ်ကိုပဲ မြင်နိုင်ကြတယ်။ ဒီတောင်တစ်လုံးကို အနိုင်ယူကျော်လွှားပြီးတဲ့နောက်မှာ ပိုမိုကြီးမားတဲ့

တောင်ထွတ်ကြီးတစ်ခု မြင်ရလိမ့်မယ်ဆိုတာကိုတော့ သူတို့မသိကြဘူး"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ရွှမ်အာက ပိုပိုပြီး တွေးခေါ်တတ်လာတာပဲ"

တိုက်ပွဲတွေက သုံးဖက်လုံးမှာ ပြင်းထန်နေခဲ့ပေမဲ့ လင်းဟန်က သမ်းဝေလိုက်ပါတယ်။ စောင့်ကြည့်ဖို့ ထိုက်တန်တဲ့ ဟူးညိုရဲ့တိုက်ပွဲကလွဲရင် တခြားသူတွေက အမှန်တကယ်ပဲ ပျင်းရိဖွယ် ကောင်းလွန်းပါတယ်။

"ညိုးညိုးရဲ့ ပျံသန်းနေတဲ့ နဂါးလက်သီး"

ဟူးညိုက ချိုသာတဲ့အသံလေးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမရဲ့သေးငယ်တဲ့ ခန္ဓာကိုယ်လေးက အထက်ကို တစ်ဟုန်ထိုး ထိုးတတ်သွားပြီး ယန်ချောင်ရဲ့မေးစေ့ကို ထိုးချလိုက်ရာ လူအိုကြီးက ကောင်းကင်ကို လွင့်ပျံသွားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ယန်ချောင်က သူ့ရဲ့ သွားဆယ်ချောင်းနဲ့အတူ ပါးစပ်နဲ့အပြည့် သွေးတွေကို ထွေးထုတ်လိုက်ရပါတယ်။

သူက မြေပြင်ပေါ်ကို မျက်လုံးပွင့်လျက်သားနဲ့ လဲလျောင်းသွားခဲ့ပေမဲ့ မျက်ဖြူလန်သွားတာကို တွေ့မြင်နိုင်ခဲ့ပါတယ်။ ဟူးညိုက ဒီလက်သီးချက်နဲ့ သူ့ရဲ့ဦးနှောက်ကို ပျော့ပြဲသွားတဲ့ထိ ထိုးချလိုက်တာကြောင့် အဲဒီနောက်တော့ သူက နောက်ထပ်ဘယ်လိုမှ အသက်ဆက်မရှင်နိုင်တော့ပါဘူး။

"အိုက်ယား သွားတွေမရှိတော့ဘူးဆိုတော့ အနာဂတ်မှာ အသားတွေ ဘယ်လိုလုပ်ပြီး စားလို့ရတော့မှာလဲ"

ဟူးညိုက သူမရဲ့ခေါင်းကို စောင်းပြီး ခဏကြာစဉ်းစားလိုက်ပြီးနောက် လက်ခုပ်တီးပြီး ပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ နင်က ဘယ်လိုပဲဖြစ်ဖြစ်သေသွားပြီပဲ။ အသားထပ်စားဖို့ မလိုတော့ပါဘူး"

ဟူးညိုရဲ့ ရက်စက်တဲ့သဘာဝက ဘယ်တုန်းကမှ မေးမှိန်မသွားခဲ့ပါဘူး။ သူမက အမြဲတမ်း သတ်ဖြတ်ဖို့ဆို အပန်းမကြီးတဲ့ ပင်ကိုစရိုက်ရှိပြီး သူမတစ်ကြိမ်လောက် တိုက်ခိုက်လိုက်တာနဲ့ ပထမဆုံး ရည်ရွယ်ချက်က သတ်ဖြတ်ဖို့ပဲ ဖြစ်ပါတယ်။

"အဘိုးကြီးယန်"

ကျူပိုင်က အော်ဟစ်လိုက်ပါတယ်။ သူနဲ့အဆင့်တူတဲ့ ယန်ချောင်က ကလေးမလေး လက်ထဲမှာ အလွယ်တကူပဲ သေဆုံးသွားခဲ့တာကြောင့် သူရဲ့ခန္ဓာကိုယ်အနှံ့ ကြက်သီးတွေ ထလာခဲ့ပြီး သူ့ရဲ့နှလုံးကိုတောင်မှ တင်းကျပ်သွားစေခဲ့ပါတယ်။

ဟူးညီရဲ့ သတ်ဖို့ဆိုရင် ပျော်ရွှင်နေတတ်တဲ့ ပင်ကိုယ်စရိုက်က အပြည့်အဝ ထွက်ပေါ်လာခဲ့ပြီး သူမရဲ့ မျက်လုံးတွေက ယုယွမ်မင်းကို ပစ်မှတ်ထားလိုက်ပြီး သူ့အပေါ်ကို ရုတ်တရက် လက်သီးချက်တစ်ခု ပစ်လွှတ်လိုက်ပါတယ်။ သွေးတွေက ကောင်းကင်တစ်ခွင် ပက်ဖြန်းသွားပြီး ယုယွမ်မင်းက အပိုင်းပိုင်းအစစတွေအဖြစ် ရုတ်ချည်းစုတ်ပြဲသွားခဲ့ပြီး ပုံပျက်ပန်းပျက်နဲ့ သေဆုံးသွားခဲ့ပါတယ်။

ကလေးမလေးရဲ့ အကြည့်စူးစူးက ကျူးရွှမ်အာကို ပစ်မှတ်ထားလိုက်ပြန်ပါတယ်။ ဟူးညီက သူမရဲ့ ပါးစပ်ကို ဟလိုက်ပြီး ဟုန်းဟုန်းတောက်နေတဲ့ သူမရဲ့မျက်လုံးတွေက နေ မကောင်းတဲ့ အငွေ့အသက်တွေ တလက်လက်နဲ့

တောက်ပနေခဲ့ပါတယ်။ သူမက တစ်ဟုန်ထိုး ပြေးသွားခဲ့ပြီး ကျားတစ်ကောင်ရဲ့ လက်သည်းတွေအတိုင်း အအေးဓာတ်တစ်ခုကို ထုတ်လွှတ်နေတဲ့ သူမရဲ့လက်ဆယ်ချောင်းကို ဆန့်ထုတ်လိုက်ပါတယ်။

လင်းဟန်က ကျူးရွှမ်အာနဲ့အတူ အလျင်အမြန် နောက်ကို ခုန်ဆုတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဟူးညို ရပ်လိုက်။ ဟန်ဆောင်နေတာကို ငါမသိဖူးမထင်နဲ့"

"ပျော်စရာလည်း မကောင်းဘူး"

ဟူးညိုက ချက်ချင်း မကောင်းတဲ့နမိတ်တွေနဲ့ တလက်လက်တောက်ပနေတဲ့ အကြည့်စူးစူးကို ပြန်လည်ရုတ်သိမ်းလိုက်ပြီးနောက် သူမရဲ့နှုတ်ခမ်းလေးတွေကို စုပိုင်းလိုက်ပြီး သူမရဲ့ချစ်စဖွယ်ကောင်းတဲ့ အသွင်အပြင်ကို ပြန်လည်ပြုမူလိုက်ပါတယ်။

ကျူးရွှမ်အာတစ်ယောက် ကြောက်ရွံ့မှုတစ်ခု စွဲကျန်သွားခဲ့ပါတယ်။ သူမက ဟူးညိုတစ်ယောက် ဒေါသပေါက်ကွဲသွားတယ်လို့ ထင်ခဲ့ပေမဲ့ သူမမှုန်ထူနေတဲ့ အချိန်မှာ သူမကိုသတ်ဖြတ်ရန် အယောင်ဆောင်ခဲ့ခြင်းပဲ

ဖြစ်ပါတယ်။ ဟူးညို့ရဲ့စိတ်ထဲမှာ သူမက အမှန်တကယ်ပဲ ကြီးမားတဲ့ အန္တရာယ်တစ်ခုလို့ ထင်နေခဲ့ဟန် ရပါတယ်။

"သားသတ်သမား တစ်ယောက်ရဲ့ ဓားက ကိုယ့်လူကိုယ် ဘယ်တော့မှ မခုတ်ရဘူး။ နားလည်လား"

လင်းဟန်က လေးလေးနက်နက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့ သူမက ငါတို့နဲ့မှမဆိုင်တာ"

ဟူးညို့က ကန့်ကွက်လိုက်ပြီး သူမရဲ့ လက်ချောင်းတွေနဲ့ ကစားနေခဲ့ပါတယ်။

"ညီးညီးက လင်းဟန်နဲ့ပဲဆိုင်တာ"

လင်းဟန် ပြောစရာစကားမဲ့သွားခဲ့ပါတယ်။ ဒီကလေးမ လေးရဲ့ သီးသန့်ဆန်တဲ့ တွေးခေါ်မှုပုံစံက ဒီနှစ်တွေ တစ်လျှောက်လုံးမှာ ဘယ်တုန်းကမှ မပြောင်းလဲခဲ့တာကြောင့် အမှန်တကယ်ပဲ တုန်လှုပ်ဖွယ်ပဲ ဖြစ်ပါတယ်။

ယွမ်ချမ်ဟဲက လျှောက်လာပြီးတော့ တောင်းတောင်းပန်ပန်နဲ့ ပြောလိုက်ပါတယ်။

"သခင်လေးဟန် အဲဒီလူအိုကြီးက ထွက်ပြေးသွားပြီ"

ဒါပေမဲ့လည်း သူ့စိတ်ထဲမှာတော့ အတော်အတန် ဂုဏ်ယူနေခဲ့ပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် သုံးယောက်က အတူတကွ ပေါင်းစည်းပြီး နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တစ်ယောက်ကို မောင်းထုတ်နိုင်ခဲ့ပါတယ်။ ဒါက အံ့အားသင့်ဖွယ် အောင်မြင်မှုတစ်ခုဖြစ်ပြီး ဝံ့ကြွားလို့ရတဲ့ တစ်စုံတစ်ခုလည်း ဖြစ်ပါတယ်။

Chapter 714 end

Zaw.အပိုင်း (၇၁၅) ဂင်ရောက်ခြင်း

"ထွက်ပြေးသွားတာလား"

လင်းဟန်က အတော်ဝေးဝေးဆီကို ကြည့်လိုက်ပေမဲ့ ကျူပိုင်က ခြေရာလက်ရာတောင်မကျန်ပဲ ပျောက်ကွယ်သွားခဲ့ပြီပဲ ဖြစ်ပါတယ်။ တကယ်လို့ သူနဲ့ဟူးညို သူ့ကို အခုလိုက်ဖမ်းရင်တောင်မှ ဖမ်းမိဖို့ မဖြစ်နိုင်ပါဘူး။

ကျူပိုင်က အစောပိုင်းတုန်းက ဟူးညို ဖြစ်ပေါ်စေခဲ့တဲ့ အဖြစ်အပျက်ကို အခွင့်အရေး တစ်ခုအနေနဲ့ ဖမ်းဆုပ်ပြီး ထွက်ပြေးခဲ့တာ ဖြစ်ပါတယ်။ မဟုတ်ရင် လင်းဟန်နဲ့ ဟူးညိုတို့ နှစ်ယောက်လုံးက သူ့ကို စောင့်ကြည့် နေခဲ့မှာဖြစ်ပြီး အနည်းဆုံးတော့ သူ့လိုမျိုး နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တစ်ယောက်က သေချာ ပေါက် အခုလို လွတ်မြောက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ယုမိသားစုမှာ အမှန်တကယ်ပဲ အင်အားကြီးမားတဲ့ ကောင်းကင်အဆင့် အင်အားစုတစ်ခုရှိတယ်။ အင်အားကြီးဂိုဏ်းငါးခုရဲ့ အောက်မှာဆိုရင် သူတို့တွေကို ပထမတန်းစား အင်အားစုတစ်ခုအနေနဲ့ သတ်မှတ်နိုင်တယ်"

ဂမ်ရန်ချင်းချင်းက အတော်လေး စိုးရိမ်နေဟန်နဲ့ ပြောလိုက်ပါတယ်။

မိသားစုတစ်ခုထဲမှာ ကောင်းကင်အဆင့် လက်ရွေးစင်သုံး ယောက်ရှိတဲ့ အင်အားစုတစ်ခုကို ဘယ်သူကများ ပေါ့ ပေါ့တန်တန် ဆက်ဆံဝံ့မှာလဲ။

"အဲဒါအပြင် ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် ဘိုး ဘေးကလည်း ဒီသမိုင်းဝင်နယ်မြေကို ဝင်ရောက်ခဲ့တယ်။

တကယ်လို့ ကျူပိုင်က ခုနစ်ယောက်မြောက်ဘိုးဘေးကို ဒီနေရာမှာ ဘာဖြစ်ခဲ့လဲဆိုတာ ပြောခဲ့ရင် ကျွန်မတို့တော့ ပြဿနာ အကြီးကြီးတက်ပြီ"

သူမက ဆက်ပြောလိုက်ပါတယ်။

လင်းဟန်က မကြောက်ပါဘူး။ သူမှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ အဆိုးဆုံးအနေနဲ့ ပြဿနာတွေကနေ ယာယီပုန်းရှောင်နေနိုင်ပါလိမ့်မယ်။
သူရဲ့တိုးတတ်မှုအမြန်နှုန်းနဲ့ဆိုရင် ဒီနှစ်အကုန်မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဆီကို အဆင့်တက်ဖို့ ဖြစ်နိုင်ပြီး သာမန်ကောင်းကင်အဆင့် လက်ရွေးစင်တွေကို သတ်ဖြတ်ခြင်းက မေးခွန်းထုတ်နေစရာတောင် မလိုပါဘူး။

အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုနဲ့ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကိုတောင် တိုက်ခိုက်နိုင်ပါလိမ့်မယ်။

လင်းဟန်ရဲ့အကြည့်စူးစူးက လူတိုင်းအပေါ် ကျရောက်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ ကောင်းကင်အဆင့် လက်ရွေးစင်တွေ

ရောက်လာခဲ့ရင် သူတို့ကို ရင်ဆိုင်ဖို့ ငါ့မှာနည်းလမ်းရှိတယ်။ ဒါပေမဲ့ အဲဒီမှာ ငါ့ရဲ့ဝှက်ဖဲတွေ ပါဝင်နေတယ်။ ငါမင်းတို့ ကောင်တွေကို ယုံကြည်လို့ ရနိုင်လား မရနိုင်လားဆိုတာကို စဉ်းစားနေတယ်"

စူးစိုက်ကြည့်ခံလိုက်ရတဲ့ တစ်ယောက်ချင်းစီတိုင်းက သူတို့ရဲ့စိတ်နှလုံးသားတွေ တင်းကျပ်သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ အကြည့်မှာ ခြိမ်းခြောက်နိုင်တဲ့ စွမ်းအားတွေနဲ့ ပြည့်နေခဲ့ပြီး သူရဲ့ကိုယ်ပေါ်က ဘုရင်တစ်ပါးရဲ့ အရှိန်အဝါ တွေ ထုတ်လွှတ်နေခဲ့ပြီး သူတို့တွေရဲ့ မသိစိတ်မှာ သူတို့ကိုယ်သူတို့ နိမ့်ကျတယ်လို့ ခံစားရစေခဲ့ပါတယ်။

လင်းဟန်က ရပ်တန့်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါမင်းတို့ကို ရတနာတစ်ခုပြမယ်။ ဒါပေမဲ့ အခြေအနေ တစ်ခုရှိတာက မင်းတို့တွေ စိတ်ထဲ နှလုံးသား အထဲကနေ ငါနဲ့တစ်သားထဲရှိပြီး ဘယ်တော့မှ ငါ့ကို သစ္စာမဖောက်ရဘူး။ ဒါကြောင့် ဆက်နေချင်တဲ့ သူတွေက ကျန်ခဲ့ပြီး ကျန်တဲ့သူ တွေက ထွက်ခွာသွားနိုင်ပြီ"

သူရဲ့စကားလုံးတွေက လီမောင်နမ၊ ဂမ်ရန်ချင်းချင်း၊ ယွမ်ဟဲချမ်နဲ့ ယုန်ဖြူကြီးတို့ကို ရည်ရွယ်တယ်ဆိုတာ

ထင်ရှားပါတယ်။

လီမောင်နမက အချင်းချင်းကြည့်လိုက်ပြီး သူတို့ရဲ့ရပ်တည်ချက်ကို ပထမဆုံးကြေငြာလိုက်ပါတယ်။

"ကျွန်တော်တို့ မောင်နမနှစ်ယောက်က သခင်လေးဟန်နဲ့အတူ ရှေ့ဆက်ဖို့ရော ဆုတ်ခွာဖို့ရော အသင့်ရှိပြီး သခင်လေးဟန်ရဲ့ ချောမွေ့ပြေပြစ်စွာ ရွေ့လျားနေတဲ့ သဘောင်္ကြီးမှာ အတူလိုက်ပါစီးနင်းဖို့ ဆန္ဒရှိပါတယ်"

သူတို့နှစ်ယောက်က လင်းဟန်ရဲ့ ခွန်အားနဲ့ အလားအလာကို အနည်းငယ်လေးတောင် သံသယမဝင်ခဲ့ပါဘူး။

ယွမ်ဟဲချမ်ကလည်းပဲ ပြောလိုက်ပါတယ်။

"ကျွန်တော်က အခုကစပြီး သခင်လေးဟန်ရဲ့ နောက်လိုက်တစ်ယောက်ပါ"

ယုန်ဖြူကြီးကလည်း စိတ်ဝိညာဉ်ဆေးပင်တစ်ပင် ဝါးစားရင် ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး ဦးလေးယုန်ကို နဂါးသွေး ဂျင်ဆင်းနှစ်ပင်

အကြွေးတင်နေတုန်းပဲ။ ဒါကြောင့် ဦးလေးယုန်လည်း သွားမှာမဟုတ်ဘူး"

ဂမ်ရန်ချင်းချင်း တစ်ယောက်ပဲ တွန့်ဆုတ်နေခဲ့ပါတယ်။ သူမကလည်းပဲ နယ်မြေတစ်ခုမှာ ပါရမီရှင် တစ်ယောက်ဖြစ်ပြီး သူမကို နှစ်သက်သဘောကျခဲ့တဲ့ ကျော့မင်းကို တောင် တုန့်ဆိုင်းခြင်း မရှိပဲနဲ့ ငြင်းပယ်ခဲ့တဲ့ သူမရဲ့ကိုယ်ပိုင်မာနရှိပါတယ်။ ဒါကြောင့် ထင်ရှားစွာပဲ သူမက ကတိတစ်ခုကို အလွယ်တကူ ပေးလိမ့်မှာ မဟုတ်ပါဘူး။

သူတို့တွေကို လက်အောက်ခံတွေအဖြစ် ခေါ်ဆောင်မဲ့ လင်းဟန်ရဲ့ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရတာကြောင့် သူမကိုယ်သူမ ချစ်ခင်လေးစားမှုက အဲဒါကို ခွင့်မပြုနိုင်ခဲ့ပါဘူး။

သူမက အချိန်အတော်ကြာကြီး စဉ်းစားခဲ့ပြီးတဲ့နောက်မှာ ပြောလိုက်ပါတယ်။

"အစ်ကိုလင်း ကျွန်မ အခုထွက်သွားတော့မယ်"

လင်းဟန်က ခေါင်းညိတ်ပြလိုက်ပြီး ပြုံးလိုက်ပါတယ်။

"ငါတို့က သူငယ်ချင်းတွေပဲ။ ဒါကြောင့် အနာဂတ်မှာ ဘာပြဿနာပဲရှိရှိ ငါ့ကိုပြောဖို့ အခက်မတွေ့နဲ့။ တတ်နိုင်တဲ့ကိစ္စဆိုရင် ငါသေချာပေါက် ငြင်းဆန်လိမ့်မှာ မဟုတ်ဘူး"

ဂမ်ရန်ချင်းချင်းတစ်ယောက် အပျော်လွန်သွားခဲ့ပြီး လျှင်မြန်စွာ ပြောလိုက်ပါတယ်။

"ဒါဆိုရင်လည်း ကျေးဇူးတင်ပါတယ် အစ်ကိုလင်း"

သူမက လူတိုင်းကို ခေါင်းညိတ်ပြလိုက်ပြီးတဲ့နောက်မှာ ခုန်တက်သွားခဲ့ပြီး အတော်ဝေးဝေးဆီကို လျှင်မြန်စွာ ပျံသန်းသွားခဲ့ပါတယ်။

လင်းဟန်က လူတိုင်းကို စူးစိုက်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"ငါ လူတိုင်းကို နေရာတစ်ခုဆီကို ခေါ် ဆောင်သွားရလိမ့်မယ်။ ငါရဲ့နတ်ဘုရားအာရုံကို မခုခံကြနဲ့"

သူက လူတိုင်းကို အနက်ရောင်မျှော်စင်ထဲကို ဆွဲ

ခေါ်လိုက်ပါတယ်။

"ဟမ်"

"အာ"

"ဟင်"

လူသုံးယောက်နဲ့ ယုန်ဖြူကြီးတစ်ကောင်ရဲ့ အံ့အားသင့်စွာနဲ့ အော်လိုက်တဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒီနေရာက ဘယ်နေရာလဲ။ ဒါက အစောပိုင်းတုန်းက လှိုဏ်ဂူကဆန်း ကျယ် နယ်မြေမဟုတ်တော့တာ သေချာပါတယ်။ လင်းဟန်က သူနဲ့အတူ ကမ္ဘာငယ်လေးတစ်ခုကို သယ်ဆောင်လို့ ရနေတာများ ဖြစ်နေမလား။

လင်းဟန်က ပြုံးလိုက်ပါတယ်။

"ဒါက ငါ့ရဲ့စိတ်ဂိညာဉ် လက်နက်ပဲ။ ဒါက သက်ရှိတွေကို အလိုက်သင့် ထည့်သွင်းနိုင်တယ်"

လူသုံးယောက်က ချက်ချင်း အံ့အားသင့်တဲ့ အမူအယာတွေ ဖြစ်ပေါ်သွားခဲ့ပါတယ်။ သက်ရှိတွေကို ထည့်သွင်းသယ်

ဆောင်နိုင်တဲ့ စိတ်ဝိညာဉ် လက်နက်တစ်ခုကို သူတို့တစ်ခါမှ မကြားခဲ့ဖူးပါဘူး။

ယုန်ဖြူကြီးက အံ့အားသင့်တကြီး ပင့်သက်ရှိုက်လိုက်ပြီး ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး ဒါက စိတ်ဝိညာဉ်လက်နက်တစ်ခုမဟုတ်ပဲ နတ်ဘုရားလက်နက်တစ်ခုပဲ"

"နတ်ဘုရား ပစ္စည်းတစ်ခု"

ကျူးရှမ်အာတောင်မှ တအံ့တသြနဲ့ ရေရွတ်လိုက်ပါတယ်။

"မှန်တယ်"

ယုန်ဖြူကြီးက ခေါင်းညိတ်ပြလိုက်ပါတယ်။

"ငါရဲ့ရှေးဟောင်းဘိုးဘေးက နတ်ဘုရားနယ်မြေကို တတ်လှမ်းသွားခဲ့တာ ကြာခဲ့ပြီဖြစ်ပေမဲ့ အောက်ဘုံနဲ့ ဆက်သွယ်ဖို့ အထူးနည်းလမ်း တချို့တော့ ရှိနေတုန်းပဲ။ ဒါ ကြောင့် ဦးလေးယုန်က နတ်ဘုရားနယ်မြေနဲ့ပတ်သက်ပြီး

တချို့အရာတွေကိုလည်း သိတယ်"

"သက်ရှိတွေကို ထည့်သွင်းသယ်ဆောင်နိုင်တဲ့ နေရာလွတ်တစ်ခုဆိုတာက တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို သယ်ဆောင်နိုင်တဲ့ သေးငယ်မှုန်မွှားတဲ့ နေရာလွတ်တစ်ခုထဲကို အဲဒါတွေကို သန့်စင်နိုင်ပြီး ထုတ်ယူဖို့ဆိုရင် နတ်ဘုရားတွေမှာပဲ အဲဒီလိုအင်အားကြီးမားတဲ့စွမ်းအားတွေရှိကြတာ။ နတ်ဘုရားတွေထဲမှာတောင်မှ အင်အားကြီးမားလွန်းတဲ့ နတ်ဘုရားတွေပဲ လုပ်ဆောင်နိုင်တယ်"

"အမှန်တော့ မင်းတို့တွေ မြင်ခဲ့တဲ့ အစောပိုင်းတုန်းက ငါတို့ရှိနေခဲ့တဲ့ လျှို့ဝှက်ဆန်းကြယ်သော နယ်မြေကလည်းပဲ သက်ရှိတွေကို ထည့်သွင်းသယ်ဆောင်နိုင်တဲ့ ခွဲခြားထားတဲ့ နေရာလွတ်တစ်ခုပဲ။ ဒါပေမဲ့ အဲဒါကို သယ်ဆောင်လို့ မရနိုင်ပဲ ပုံမှန်နေရာလွတ်တစ်ခုမှာ နေရာချထားရမဲ့အစား စိတ်ချရတဲ့ နေရာတစ်ခုမှာ ပုံသေသတ်မှတ်ထားခဲ့တယ်"

"ကမ္ဘာငယ်လေးတစ်ခုကို မှန့်ညင်းစေ့တစ်ခုထဲကို ဖိသိပ်ထည့်ဖို့က ခက်ခဲလွန်းတယ်။ နေရာလွတ်က ပိုပြီးကြီးမားလေလေ ပိုပြီးခက်ခဲလေလေပဲ။ သာမန် နေရာလွတ်တွေကတော့ အဲဒါကို ဆန့်ကျင်ပြီး

ဖျစ်ညှစ်သွင်းထားကြတာ။ နေရာလွတ်က ပိုပြီးကြီးလေလေ အဲဒါအတွက် ပျက်စီးသွားဖို့ ပိုပြီးလွယ်ကူလေလေပဲ။ ဒါကြောင့် ငါတို့ရဲ့သိုလှောင်လက်စွပ်တွေ အကုန်လုံးက အတော်လေး သေးငယ်နေတာပဲ"

လူတိုင်းက ခေါင်းညိတ်လိုက်ကြပါတယ်။ ပုံမှန်အားဖြင့်တော့ သိုလှောင်လက်စွပ်တွေက သေတ္တာတစ်လုံးရဲ့ အရွယ်အစားလောက်သာရှိပြီး အိမ်တစ်လုံး အရွယ်အစားထိ ရှိတာကတော့ အတော်လေးရှားပါးပါတယ်။

စိတ်ဝိညာဉ် ပစ္စည်းရဲ့ နေရာလွတ်တစ်ခုက ပိုပြီးကြီးမားလေလေ ပြုလုပ်ဖို့ ပိုပြီးခက်ခဲလေလေ ဖြစ်တာကို သူတို့သိခဲ့ကြပေမဲ့ ဘာလို့ ဒီလောက်ခက်ခဲနေရတဲ့ အကြောင်းကိုတော့ မသိခဲ့ကြပါဘူး။ အခုတော့ နောက်ဆုံးမှာ သူတို့နားလည်သွားခဲ့ကြပါပြီ။

ဒါကြောင့် သယ်ဆောင်သွားနိုင်တဲ့ သိုလှောင်လက်စွပ်တွေနဲ့ မတူပဲ လျှို့ဝှက်ဆန်းကြယ် နယ်မြေတွေက အမြဲတမ်း ပုံသေနေရာတစ်ခု ဖြစ်နေခဲ့ပါတယ်။ အဲဒါက နေရာတစ်ခုမှာ ပုံသေဖြစ်နေခဲ့ရင် အိမ်တစ်လုံး တည်ဆောက်သလို ဖြစ်နေလိမ့်မှာဖြစ်ပြီး အခြေခံအုတ်မြစ်ကို ကြိုတင်ခင်းထားနိုင်ပြီး နံရံတွေကိုလည်း ခိုင်ခံ့အောင် လုပ်နိုင်ပါတယ်။

အဲဒီနည်းလမ်းနဲ့ အလွယ်တကူ ပြိုလဲပြီး မပျက်စီးနိုင်တော့ပါဘူး။

လူတိုင်းက အနက်ရောင်မျှော်စင်ရဲ့ တုန်လှုပ်ဖွယ်နေရာလွတ်ကိုကြည့်ပြီး အံ့ဩတကြီး ပင့်သက်ရှိုက်လိုက်ကြရပါတယ်။ ဒါက လို့ဝှက်ဆန်းကျယ် နယ်မြေတစ်ခုနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။

လင်းဟာန်တစ်ယောက်ပဲ အနက်ရောင် မျှော်စင်ရဲ့နယ်မြေက သူမြင်တွေ့ခဲ့ဖူးသမျှ လို့ဝှက်ဆန်းကြယ် နယ်မြေတွေထက် ပိုမိုကြီးမားတာကို သိခဲ့ပါတယ်။ အဲဒီနယ်မြေတွေ အကုန်လုံး စုပေါင်းလိုက်တာထက်တောင်မှ ပိုပြီးကြီးမားပါတယ်။

"ဒါက သေချာပေါက် နတ်ဘုရားတစ်ပါးရဲ့ လက်ရာပဲ"

လူတိုင်းက ထိတ်လန့်တကြား ရေရွတ်နေခဲ့ကြရပါတယ်။

လင်းဟာန်က ပြုံးလိုက်ပါတယ်။ သူတို့တွေက အနက်ရောင် မျှော်စင်ရဲ့ နေရာလွတ်က ကြီးမားတာကိုသာ သိရှိကြပေမဲ့ အနက်ရောင်မျှော်စင်ရဲ့ စိတ်ဝိညာဉ်ဆေးပင်တွေကို စိုက်ပျိုးခြင်း၊ ကမ္ဘာမြေကြီးရဲ့အဆီအနှစ်၊ ရေအဆီအနှစ် တွေကို ထုတ်လုပ်နိုင်ခြင်းနဲ့ အနက်ရောင်မျှော်စင်ကို ထုတ်

ဖော်လိုက်ရင် သူရဲ့စွမ်းအားက နယ်မြေတစ်ခုကို ဖျက်ဆီးနိုင်တဲ့ အထူးစွမ်းရည်တွေကိုတော့ မသိရှိကြပါဘူး။

အနက်ရောင်မျှော်စင်က နတ်ဘုရားအဆင့် သိုလှောင်ပစ္စည်း တစ်ခုဆိုတာထက် ပိုပါတယ်။

"ဒီလိုနတ်ဘုရား ပစ္စည်းတစ်ခု။ နတ်ဘုရားလောကမှာ ပေါ်လာခဲ့မယ်ဆိုရင် အားလုံးက ပိုင်းလုကြမယ်ဆိုတာ အာမခံရဲတယ်"

ယုန်ဖြူကြီက ကောက်ချက်ချလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းပြောနေတာက နတ်ဘုရားနယ်မြေကို ရောက်ဖူး နေတဲ့အတိုင်းပဲ"

ယုန်ဖြူကြီးက နာခေါင်းရှုံ့လိုက်ပါတယ်။ သူက လေလုံးထွားချင်နေခဲ့ပေမဲ့ ဟူးညီရဲ့ ပြင်းထန်တဲ့ အကြည့်စူးစူးကို မြင်လိုက်တဲ့အခါ ချက်ချင်းရပ်တန့်သွားပါတယ်။

လင်းဟန်က ပြောလိုက်ပါတယ်။

"ဒါကြောင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တစ်ယောက် လာပြီးတော့ တိုက်ခိုက်ခဲ့ရင်တောင်မှ ငါ့ကိုယ်ငါ ကယ်တင်နိုင်စွမ်းရှိတယ်။ ပြီးတော့ ငါ့ရဲ့ မဟုတ်သေးဘူး ငါတို့ရဲ့ ရည်မှတ်ချက်က ကောင်းကင်ကို ခွဲဖို့ပဲ"

"မိုးကောင်းကင်ကို ခွဲမလို့ ဟုတ်လား"

ယွမ်ချမ်ဟဲနဲ့ လီမောင်နမတို့ အံ့အားသင့် သွားခဲ့ကပါတယ်။ မိုးကောင်းကင်ကို ဖွင့်မယ်ဆိုတာ ဘာကြီးလဲ ။

"ကောင်းကင်ကို ခွဲဖို့လား"

ယွမ်ချမ်ဟဲနဲ့ လီမောင်နမတို့တွေအကုန်လုံး အံ့ဩသွားခဲ့ပါတယ်။ ကောင်းကင်ကို ခွဲတယ်ဆိုတာက ဘာလဲ။

"မိုးကောင်းကင်ကို ခွဲပြီးတော့ ကျယ်ပြန့်တဲ့ ကုန်းမြေတွေကို နတ်ဘုရားနယ်မြေထဲကို ယူဆောင်လာဖို့ပဲ"

လင်းဟန်က ရှင်းပြလိုက်ပါတယ်။

"ဘယ်လို"

ယွမ်ချမ်ဟဲနဲ့ လီမောင်နမတို့တွေ ကြက်သေသေသွားခဲ့ကြပါတယ်။ သူတို့များ နားကြားမှားသလား။ ဒါက တုန်လှုပ်ဖွယ်ကောင်းလွန်းပါတယ်။ နတ်ဘုရားနယ်မြေထဲကို ကုန်းမြေတစ်ခုလုံးက သက်ရှိစိတ်ဝိညာဉ်တွေ အကုန်လုံးကို ယူဆောင်လာဖို့တဲ့လား။ ဖြစ်ရောဖြစ်နိုင်ပါ့မလား။

"ကောင်းကင်ကို ခွဲတာက အတော်လေး ခက်ခဲတာ ထင်ရှားတယ်။ ဒါကြောင့် လူတိုင်း သူတို့ရဲ့အပိုင်းတွေကို လုပ်ဆောင်ပြီး အတူပါဝင်လုပ်ဆောင်ဖို့ လိုအပ်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက ကောင်းကင်ကို ခွဲခြင်းနဲ့ နိုင်ငံတစ်ခုရဲ့ အခြေခံအုပ်မြစ်တွေနဲ့ ပတ်သက်ပြီး အကြမ်းဖျင်း ရှင်းပြလိုက်ပေမဲ့ အင်အားကြီးဂိုဏ် ငါးဂိုဏ်းရဲ့ လျို့ဝှက်ပူးပေါင်း ကြံစည်မှုကိုတော့ မပြောပြခဲ့ပါဘူး။

ယွမ်ချမ်ဟဲနဲ့ လီမောင်နမက နားထောင်နေရင်း သူတို့ရဲ့သွေးတွေ ဆူပွက်လာခဲ့ပါတယ်။ သူတို့က လူငယ်တွေ ဖြစ်ကြပြီး ရည်မှန်းချက်ကြီးတွေ ရှိကြပါတယ်။ လောကကြီးမှာ မိုးကောင်းကင်ကို ခွဲခြမ်းခြင်းထက် ပိုမိုကြီးမားတဲ့ ကိစ္စရပ်များ ရှိ

သေးလို့လား။

"သခင်လေးဟန် ကျွန်တော် သခင်လေးဟန်နောက်ကို လိုက်ဖို့ဆန္ဒရှိပါတယ်"

ယွမ်ချမ်ဟဲက ကျယ်လောင်စွာ ပြောလိုက်ပါတယ်။

"ဟီးဟီး ယောက်ဖ။ တကယ်လို့ မင်းအနေနဲ့ စိတ်မရှိဘူးဆိုရင် ဒီလမ်းကြောင်းမှာ ငါလည်းပဲ တတ်နိုင်သလောက် ပါဝင်ချင်တယ်"

လီဖန်းယုက ပြောလိုက်ပါတယ်။

"ကောင်းပြီ"

လင်းဟန်က အတော်လေး ကျေနပ်နေခဲ့ပါတယ်။

Chapter 715 end

zaw.အပိုင်း(၇၁၆) ဒါက သားရဲဉယျာဉ် တစ်ခုပဲ

လူတိုင်းက အနက်ရောင်မျှော်စင်ကနေ ထွက်ပြီး ရှေ့ဆက်သွားလိုက်ကြပါတယ်။

နှစ်ရက်ကြာပြီးတဲ့နောက် နောက်ဆုံးမှာတော့ သူတို့တွေက ပင်လယ်ပြင်ကြီးကနေ ထွက်ခွာနိုင်ခဲ့ကြပါတယ်။ ရှေ့မှာရှိတဲ့ နေရာကတော့ နောက်ထပ်အခြားညီညာပြန့်ပြူးတဲ့ကုန်းမြေဖြစ်ပြီး သစ်ပင်ကြီးတွေနဲ့ ရံဖန်ရံခါ ထောင်ထွတ်တွေကို တစ်ခါတရံ တွေ့မြင်ရပါတယ်။ အဲဒါက ပင်လယ်ပြင်ရဲ့တစ်ဖက်ကမ်းကို ပြန်ရောက်သွားသလိုပဲဖြစ်ပြီး ရှုခင်းတွေက ဘာမှမပြောင်းလဲသလိုပဲ ဖြစ်ပါတယ်။

ဒီပင်လယ်ကြီးက လျှို့ဝှက်ဆန်းကြယ်သောနယ်မြေရဲ့ ဗဟိုချက်မများ ဖြစ်နေမလား။

"ငါတို့ နောက်တစ်ကြိမ် မျက်စိလည်ပြီး ရောက်လာတာလား။ အဖိုးတန်ရတနာကို ပင်လယ်ထဲမှာများ ဖွက်ထားတာလား မသိဘူး"

လူတိုင်းက သံသယဝင်လာခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ အနက်ရောင် အရိပ်ကြီးတစ်ခုက မိုးကောင်းကင်ပေါ်မှာ လွှမ်းမိုးသွားပြီး အနီးကပ်ကြည့်လိုက်ရင် ယာယီတဲနန်းတော်တစ်ခု ဖြစ်

နေခဲ့ပါတယ်။ နန်းတော်က လွင့်ပျံသွားတာ မဟုတ်ပဲ အဲဒီအစား ခြေထောက်နှစ်ချောင်းထွက်ပေါ်လာပြီး မြေပြင်ပေါ်မှာ ခုန်ပျံကျော်လွှာပြီး ချက်ချင်း ပျောက်ကွယ်သွားခဲ့ပါတယ်။

လပြွတ်။

လင်းဟန်နဲ့ အခြားသူတွေက အချင်းချင်းကြည့်လိုက်ကြပြီး ပြောစရာစကားမဲ့သွားခဲ့ကြပါတယ်။

တစ္ဆေ သရဲတစ်ကောင်လား။ ဒါမှမဟုတ် အသိစိတ်ဂိညာဉ်ရှိနေတာလား။ ယာယီတဲနန်းတော် တစ်ခုက ခြေထောက်တွေပေါက်ပြီး ထွက်ပြေးသွားခဲ့တာလား။

"ငါမျက်လုံးတွေများ မှုန်ဝါးနေတာလား မသိဘူး"

လီဖန်းယုက သူ့မျက်လုံးတွေကို ပွတ်သပ်နေခဲ့ပါတယ်။

"မင်းတစ်ယောက်တည်း ဖြစ်နေတာတော့ မဟုတ်ဘူးထင်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ လူတိုင်းရဲ့ မျက်လုံးတွေ

မှုန်ဝါးနေတာကတော့ မဖြစ်နိုင်ဘူးလေ။ ဟုတ်တယ်မလား။

အဲဒီအချိန် တခဏမှာ အံ့အားသင့်ဖွယ် အရှိန်နှုန်းတွေနဲ့ ကောင်းကင်ကိုဖြတ်ပြီး ပျံသန်းသွားတဲ့ ပုံရိပ်များစွာကို တွေ့လိုက်ရပါတယ်။

"ဟမ် လစန္ဒာဘုရင်"

လူတိုင်းက အံ့ဩတကြီး နောက်တစ်ကြိမ် အော်ဟစ်လိုက်ကြပါတယ်။ သူတို့တွေက ထိတ်လန့်ဖွယ် ခြသေ့်သားရဲကြီးကို စီးနင်းလာတဲ့ လူတစ်ယောက်ကို မှတ်မိသွားခဲ့ပြီး အဲဒါထက်ပိုပြီး မြင်လွယ်တာ ဘာမှမရှိနိုင်တော့ပါဘူး။

အဲဒီလူတွေအကုန်လုံးက လစန္ဒာဘုရင်နဲ့ ဘေးချင်းယှဉ်ရပ်နေနိုင်တာကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ဖြစ်နိုင်ပါတယ်။

"အင်အားကြီးမားတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အတော်များများက အတူတူ အဲဒီယာယီတဲ နန်းတော်နောက်ကို လိုက်နေခဲ့ကြတယ်ဆိုတော့ အဲဒီမှာ အံ့အားသင့်ဖွယ် ရတနာတွေ ပါဝင်နေမှာ သေချာတယ်"

ယွမ်ချမ်ဟဲက ပြောလိုက်ပါတယ်။

"ကံမကောင်းတာပဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ ပစ်မှတ်ထား ခံနေရတာ ဆိုတော့လည်း ငါတို့တွေ ဘာဝေစုမှ ရနိုင်မှာ မဟုတ်ဘူး"

လီဖန်းယုက သက်ပြင်းချလိုက်ပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။

"ဒါက ကိစ္စကြီးတစ်ခု မဖြစ်နိုင်ပါဘူး။ အခွင့်အလမ်းတွေက ကျင့်ကြံခြင်းနဲ့ အများကြီး မပတ်သက်ဘူးလေ။ တကယ်လို့သာ အဲဒီစကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက ယာယီတဲနန်းတော်ထဲက ရတနာတွေကို ရယူနိုင်ခဲ့ရင် သူတို့တွေ လွန်ခဲ့တဲ့အချိန်တွေထဲက ရပြီးနေလောက်ပြီ"

"ဟုတ်တယ်။ ငါတို့တွေ ဝေစုရနိုင်တယ်"

လီဖန်းယုက နောက်တစ်ဖန် စိတ်လှုပ်ရှားသွားခဲ့ပြန်ပါတယ်။

"ဒါပေမဲ့ ယာယီတဲနန်းတော်တစ်ခုက ခြေထောက်တွေထွက်လာပြီး ထွက်ပြေးနိုင်တယ်ဆိုတော့ ဒါက ထူးဆန်းလွန်းတယ် မဟုတ်လား"

လီဖန်းယုက အကြိမ်ကြိမ် ခေါင်းညိတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"အဲဒါကြီးက ငါတို့အားလုံးကို စားလိမ့်မယ် ထင်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"မေ့လိုက်တော့။ အဲဒီပြဿနာကို အခုမတွေးနဲ့ဦး။ စကြာဝဠာဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် အဲဒါကို မဖမ်းမိနိုင်တဲ့ဟာ ငါတို့က အလိုက်အထိုက်ပဲ နေကြရမယ်။ တကယ်လို့ ဖြစ်နိုင်တယ်ဆိုရင် အဲဒီယာယီတဲနန်းတော်က ငါတို့အရှေ့မှာ ပေါ်လာလိမ့်မယ်။ တကယ်လို့ မဖြစ်နိုင်ဘူးဆိုရင်လည်း ဟီးဟီး"

အဲဒီလို ရတနာတစ်ခုက သူတို့ထိုင်တွေးနေရုံလောက်နဲ့ ရရှိနိုင်မဲ့ အရာမျိုး မဟုတ်ပါဘူး။

သူတို့ရဲ့အတွေးတွေက လက်တွေ့ကိုရောက်လာခဲ့ပြီး

သူတို့ပထမဆုံး လုပ်ရမဲ့အရာက သူတို့ရဲ့ခရီးစဉ်ကို မြန်မြန်ဆန်ဆန် ရှေ့ဆက်သွားရန် မဟုတ်ပဲ ကောင်းမွန်တဲ့ နေ့လယ်စာကို စားဖို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က လက်တံမကောင်းဆိုးဝါးကောင်ကြီးရဲ့ လက်တံတစ်ပိုင်းကို ထုတ်ယူလိုက်ပြီး ကျုံ့သွားစေရန် စွမ်းအားနဲ့ သန့်စင်လိုက်ပြီး အဆီအနစ်တွေကို သိပ်သည်းစေလိုက်ပါတယ်။ အဲဒီနောက်မှာ သူက အဲဒီလက်တံတွေကို ချက်ပြုတ်ဖို့ အနက်ရောင်မျှော်စင်ကနေ အဖိုးတန်ဆေးပင်တွေကို ထုတ်ယူလိုက်ပြီး အဲဒီအထဲက အဖိုးအတန်ဆုံးကတော့ အသချေ အဖိုးတန်ပုလဲပဲ ဖြစ်ပါတယ်။ လင်းဟန်က အဲဒီပုလဲကို အိုးထဲကိုထည့်ရန် အမှုန့်အနည်းငယ်ရရှိအောင် ခြစ်ယူလိုက်ပါတယ်။

ဟင်းအိုးဆူလာတဲ့အခါမှာ နတ်ဘုရားသားရဲတစ်ကောင်ရဲ့ အသားတွေကို ပြုတ်နေသည့်အတိုင်း ကြည်လင်တဲ့ အနီရောင်အငွေ့တွေ မြင့်တက်လာခဲ့ပါတယ်။ မွှေးပျံ့တဲ့ရနံ့တွေက လေထုထဲမှာ စိမ့်ဝင်ပျံ့နှံ့နေခဲ့ပြီး ဟူးညီနဲ့ ရွှေရှာကြွက်တို့ကို ခုန်ဆွခုန်ဆွ ဖြစ်နေစေခဲ့ပါတယ်။ ယုန်တောင်မှ သူတိုနဲ့အတူ လျှို့ဝှက်စွာ စားဖို့ပြင်လာပါတယ်။

နေ့တစ်ဝက်ခန့်ကြာပြီးတဲ့နောက် နောက်ဆုံးမှာတော့

အဖိုးတန်စွပ်ပြုတ်အိုး ကျက်သွားပြီး လူတိုင်းက သူတို့တွေအဖို့ ယောက်ချိုဖွန်းနဲ့ ပန်ကန်လုံးတစ်လုံး ထုတ်ယူလိုက်ကြပါတယ်။ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ၎င်းတို့ရဲ့ နက်နဲတဲ့လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြသနေသည့်အတိုင်း စွပ်ပြုတ်ထဲမှာ သွေးကြောပုံစံတွေ အများအပြား တောက်ပနေခဲ့ပါတယ်။

ဒါက ပြီးပြည့်စုံတဲ့ အားအင်တိုးစေတဲ့ စွပ်ပြုတ်တစ်ခွက်ပဲ ဖြစ်ပါတယ်။

"ညီးညီး နှစ်ပန်းကန် လိုချင်တယ်။ မဟုတ်သေးဘူး သုံးပန်းကန်"

ဟူးညိုက စတင်ပြီး မစားရသေးခင်မှာပဲ အစားအသောက်အတွက် ယှဉ်ပြိုင်နေခဲ့ပါတယ်။

"ကြို ကြို ကြို ကြို ကြို"

ရွှေရှာကြွက်ကလည်း လင်းဟန်ရဲ့ပခုံးပေါ်မှာ ခုန်ဆွခုန်ဆွနဲ့ တကျွိကျွိအော်နေခဲ့ပါတယ်။

"ဒီကလေးလေးလည်း သုံးပန်းကန်လိုချင်တယ်"

လင်းဟန်က ပခုံးတွန့်ပြီး ပြောလိုက်ပါတယ်။

"လူတိုင်း တစ်ပန်းကန် အရင်ဆုံးရမယ်။ အဲဒါကုန်လို့ သောက်နိုင်သေးရင် မင်းတို့ဘာသာ ထပ်ခပ်သောက်ကြ"

လူတိုင်းက ပြင်းပြတဲ့ဆန္ဒတွေနဲ့ ပြည့်နက်နေခဲ့ကြပါတယ်။ ဘယ်လိုလုပ်ပြီး ဒီလောက် အားဖြည့်စွပ်ပြုတ်လေး တစ်ပန်း ကန်လောက်နဲ့ လုံလောက်မှာလဲ။

ဒါပေမဲ့ တစ်ပန်းကန်သောက်ချလိုက်ပြီးနောက် သူတို့ရဲ့ အစာအိမ်ထဲကို ရောက်သွားနဲ့ လင်းဟန်နဲ့ ဟူးညိုကလွဲရင် ကျန်တဲ့သူတွေ အကုန်လုံးရဲ့ ခန္ဓာကိုယ်တွေက ရောင်စုံအလင်းတွေ ဖြာထွက်လာခဲ့ပြီး သူတို့တွေရဲ့ မျက်နှာ တွေက နီရဲသွားခဲ့ပါတယ်။ သူတို့တွေ ဘယ်လိုလုပ်ပြီး ဒုတိယမြောက်တစ်ခွက် သောက်နိုင်ပါဦးတော့မလဲ။

လူတိုင်းက ထပ်မံပြီး မစားသောက်နိုင်တော့ပေမဲ့ လင်းဝန်နဲ့ ဟူးညိုကတော့ ပန်းကန်လုံးကိုတောင်မှ အသုံးမပြုခဲ့ကြပါဘူး။ သူတို့နှစ်ယောက်က အိုးတွေကို ဝိုင်းထားလိုက်ကြပြီး စွပ်ပြုပ်တွေကို ခပ်သောက်ရင်း အသား တွေကို စားနေခဲ့ကြပါတယ်။ အခြားသူတွေ အော်ဟစ်မိကြ

လောက်အောင် သူတို့ရဲ့ ထူးခြားဆန်ကြယ်မှုကို ပြသနေခဲ့ကြပါတယ်။

အဲဒီစွပ်ပြုပ်အိုးက သူတို့တွေရဲ့ ကျင့်ကြံခြင်းကို တိုးတက်စေတဲ့ ကြီးမားတဲ့ အကျိုးကို ဖြစ်ထွန်းစေပါတယ်။ အဲဒါက တကယ်ကို ထူးကဲတဲ့ ဆေးတစ်ခွက်လိုပါပဲ။

အဲဒါကို တိုက်ရိုက်စားသောက်ရင် သူတို့ရဲ့တာအိုစီးဆင်းမှုနဲ့ စိတ်ဝိညာဉ် နတ်သူငယ်တွေကို ပြုစုပျိုးထောင်ပေးခြင်းနဲ့ သွေးကြောပုံစံတွေကို ထွင်းထုပေးပြီး ကြီးထွားမှုနှုန်းကို တုန်လှုပ်ဖွယ်ကောင်းလောက်အောင် မြန်ဆန်စေပါတယ်။

"နှစ်ဝက်အတွင်းမှာ ငါစိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို ချိုးဖြတ်နိုင်တော့မယ်"

ကျူးရှမ်အာက အံ့သြဝမ်းသာစွာနဲ့ ပြောလိုက်ပါတယ်။ သူမက လင်းဟန်ထက် ကျင့်ကြံခြင်းအဆင့် နိမ့်နေခဲ့တာကြောင့် အမြဲတမ်း စိုးရိမ်နေခဲ့ပြီး သူမရဲ့ တိုက်ပွဲစွမ်းအားကလည်း အတော်လေး နိမ့်ကျတာကြောင့် လင်းဟန်ကို သူမ မကူညီပေးနိုင်ခဲ့ပါဘူး။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကိုသာ

သူမတိုးတက်သွားခဲ့ရင် နောက်ဆုံးမှာတော့ သူမက ဘေးနားကနေ အမြဲတမ်းရပ်ကြည့်နေဖို့ မလိုအပ်တော့ပါဘူး။

လီမောင်နမနဲ့ ယွမ်ချမ်ဟဲတို့လည်း အကျိုးကျေးဇူး ကြီးကြီးမားမား ရရှိခဲ့ကြပြီး သူတို့တွေကို မထိန်းနိုင်လောက်အောင် ပျော်ရွှင်စေခဲ့ပါတယ်။

အနားယူပြီးတဲ့နောက်မှာ သူတို့တွေက နောက်တစ်ကြိမ် ခရီးထွက်ခွာ ခဲ့ကြပါတယ်။ ဒီနေရာက သားရဲတွေရဲ့ သုခဘုံ ဖြစ်နေဆဲပဲဖြစ်ပြီး ကောင်းကင်အဆင့်တွေတောင်မှ တစ်ဒါဇင်လောက် ရှိနေခဲ့ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်တွေကိုတော့ အခုချိန်ထိ မတွေ့ရသေးပေမဲ့ တစ်ကောင်တလေမှ မရှိဘူးလို့ အာမမခံနိုင်ပါဘူး။

အံ့အားသင့်စရာပဲ ဖြစ်ပါတယ်။ လျို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခုမှာ သူတို့တွေက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲနှစ်ကောင်ကို အမှန်တယ်ပဲတွေ့ခဲ့ပြီး တစ်ကောင်က လစန္ဒာ ဘုရင်ရဲ့ ထိန်းချုပ်မှုကို ခံခဲ့ရပါတယ်။ အဲဒီသားရဲတွေက အလွန်အမင်း အစွမ်းမထက်ပေမဲ့ သူတို့တွေကိုတော့ အပြတ်အသတ် နင်းခြေပစ်နိုင်ပါတယ်။

နောက်ထပ်နှစ်ရက်ကြာပြီးတဲ့နောက်မှာ သူတို့တွေက အဲဒီ

နယ်မြေကနေ ထွက်နိုင်ခဲ့ပြီး ကျောက်တံခါးကြီး တစ်ခုက သူတို့ရဲ့ ရှေ့မှောက်မှာ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီတံခါးကို ဖြတ်သန်းသွားပြီး ပြန်လှည့်ကြည့်လိုက်တဲ့ အခါမှာတော့ တံခါးပေါ်က စာလုံးနှစ်လုံးကို မြင်နိုင်ခဲ့ပါတယ်။

"သားရဲဥယျာဉ်"

"ဒါ ဒါက တချို့ရှေးဟောင်း အင်အားစုတွေရဲ့ အိမ်မွေးသားရဲ တွေ ရှင်သန်ပေါက်ဖွားရာ နေရာတစ်ခုဖြစ်တဲ့ သားရဲဥယျာဉ်ပဲ"

လူတိုင်းက ဒီလောက်ထိကြီးမားတဲ့ လက်ရာကြီးကြောင့် တုန်လှုပ်သွားခဲ့ပါတယ်။ သူတို့တွေလို ပညာရှင်တွေတောင် သားရဲဥယျာဉ်ကို ဖြတ်သန်းရုံမျှအတွက် ဆယ်ရက်ခန့် အချိန်ယူရနိုင်ပါတယ်။

ဒါက ဖြတ်သန်းသွားဖို့ အတွက်ပဲ ဖြစ်ပြီးတော့ နယ်မြေတစ်ခုလုံးကို အေးအေးလူလူ လမ်းလျှောက်သွားဖို့တော့ မဟုတ်ပါဘူး။

"သားရဲတွေရဲ့အဆင့်တွေကို သွေးမျိုးရိုးတွေနဲ့ ကန့်သတ်ထားတယ်။ သူတို့တွေက အခု စကြာဝဠာ

ဖျက်ဆီးခြင်း အဆင့်ကိုတောင် ရောက်နိုင်တယ်ဆိုတော့ သူတို့တွေဒီနေရာမှာ ပေါက်ဖွားခဲ့တဲ့အချိန်က သူတို့ရဲ့ဘိုးဘေးတွေကလည်း စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်တွေပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒါက တုန်လှုပ်ဖွယ်ကောင်းတဲ့ လက္ခဏာတစ်ခု ဖြစ်ပါတယ်။

အဲဒီအင်အားစုက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲတွေကို ဖမ်းဆီးနိုင်ပြီး သူတို့တွေကို မျိုးဖောက်မွေးမြူခဲ့ပါတယ်။ ဒါက ဘာလို အိပ်မက်တစ်ခုလို ထင်နေရတာလဲ။

ကောင်းကင်ကို ဖွင့်ဟဖို့ ကြိုးပမ်းခဲ့တဲ့ ရှေးဟောင်းမင်းဆက်တစ်ခုသာ ဒီလောက်ထိ ရဲရင့်ပြီး စွမ်းအားကြီး နိုင်တယ်လို့ လင်းဟန်ထင်ခဲ့ပါတယ်။ တစ်ချိန်က ရှေးဟောင်းမင်းဆက်က ကုန်းမြေတွေ အားလုံးကို စုစည်းခဲ့ပေမဲ့ အဆုံးမှာတော့ အချိန်တိုအတွင်း ပျက်သုဉ်းသွားခဲ့ပြီး ကောင်းကင်ကို မဖွင့်ဟနိုင်ခဲ့ပါဘူး။

"စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ဒီလောက်အလေအသုံးဆယ် ဖြစ်နေတာ အံ့ဩစရာ မဟုတ်

တော့ဘူး။ ဒါက ရှေးဟောင်းမင်းဆက် အင်ပါယာမြို့တော်ရဲ့တည်နေရာနဲ့ အတော်လေးတူတယ်"

"ထူးခြားဆန်းကြယ်တဲ့ ရတနာတွေ"

လူတိုင်းက ပင်အပ်ဖျားအပေါ်မှာ ရပ်နေရသလိုခံစားလိုက်ရပါတယ်။ ဒါက ရှေးဟောင်းမင်းဆက်တစ်ခုရဲ့ အစစ်အမှန် ရတနာ သိုလှောင်ရုံ တစ်ခု ဖြစ်ပါတယ်။

သူတို့တွေက အလျင်အမြန် ရှေ့ဆက်သွားလိုက်ပေမဲ့ ပြန့်ပြူးတဲ့ ကုန်းမြေပြီးတဲ့ နောက်မှာ နေရာတိုင်း အကန့်အသတ်မဲ့ အဝါရောင် သဲပြင်ကျယ်ကြီးတစ်ခုနဲ့ ကန္တာရကြီးတစ်ခု ဖြစ်နေခဲ့ပါတယ်။ တကယ်လို့သာ ကောင်းကင်မှာ နေရာလုံးဝမပြောင်းလဲခဲ့တဲ့ မီးဘောလုံးကြီး မရှိခဲ့ရင် သူတို့လမ်းပျောက်သွားဖို့ အတော်လေး ဖြစ်နိုင်ပါတယ်။

အဲဒီလိုနဲ့ သုံးရက်ကျော် သွားခဲ့ပြီးတဲ့နောက်မှာ သူတို့ရဲ့ ရှေ့မှာ နန်းတော်တစ်ခု ရုတ်တရက် ပေါ်ပေါက်လာခဲ့ပါတယ်။

ရှေးဟောင်းအင်ပါယာရဲ့ နေထိုင်ရာနန်းတော်တစ်ခုလား။

သူတို့ ပျောက်သွားခဲ့ပြီးတဲ့ နောက်မှာ အဲဒီလိုမပာုတ်တာကို တွေ့ရှိလိုက်ရပါတယ်။ နန်းတော်ရဲ့ ဂိတ်တံခါးတွေပေါ်မှာ စာလုံးနှစ်လုံးကို မော်ကွန်းထိုးထားပါတယ်။

"လက်နက် တဲနန်းတော်"

နာမည်ရဲ့ညွှန်ပြချက်အရ လက်နက်တဲနန်းတော်က ရတနာလက်နက် ကိရိယာတွေကို သိုလှောင်သိမ်းဆည်းထားတဲ့ နေရာတစ်ခုဖြစ်ကြောင်း ထင်ရှားပါတယ်။

နန်းတော်ပတ်လည်မှာ လူအတော်များများ ရှိနေခဲ့ပါတယ်။ ရတနာတွေက သူတို့ရဲ့ရှေ့မှောက်မှာ ရှင်းရှင်းလင်းလင်း ရှိနေခဲ့ပေမဲ့ သူတို့တွေက ဆက်မသွားပဲ ရှိနေခဲ့ကြပါတယ်။ ဖြစ်နိုင်ချေတစ်ခုပဲ ရှိပါတယ်။ အဲဒါက သူတို့တွေက ပိတ်ဆို့ခြင်းခံထားရတာဖြစ်ပြီး ဝင်ရောက်လို့ မရနိုင်တာပဲ ဖြစ်ပါတယ်။

လင်းဟာန်နဲ့ အခြားသူတွေက ပျောက်သွားလိုက်ကြပြီး လူအနည်းငယ်ကို မေးမြန်းပြီးတဲ့နောက်မှာ လက်နက် တဲနန်းတော်ရဲ့ဝင်ပေါက်ကို စောင့်ကြပ်နေတဲ့ သတ္တဝါရုပ်သေးတစ်

ကောင် ရှိကြောင်းကို သူတို့သိရှိလိုက်ကြရပါတယ်။ အဆောက်အဦးထဲကို ဝင်ရောက်ရန် ပထမဆုံးအနေနဲ့ လူတစ်ယောက်က စမ်းသပ်ချက်ကို ဖြတ်ကျော်ရမှာဖြစ်ပြီး မအောင်မြင်ပဲနဲ့ အတင်းအကျပ် ဖြတ်ကျော်ဝင်ရောက်ရင် ချက်ချင်း သတ်ဖြတ်ခံရလိမ့်မှာ ဖြစ်ပါတယ်။

"ဘာစမ်းသပ်ချက်လဲ"

Chapter 716 end

zaw.အပိုင်း(၇၁၇) ကျောက်စားပွဲပေါ်မှာ လူတစ်ယောက်ရဲ့ နာမည်ချန်ခဲ့ခြင်း

စမ်းသပ်ချက်က အတော်လေးကို ရိုးရှင်းပြီး ထိုရုပ်သေးကို တိုက်ခိုက်ရန် မဟုတ်ပါဘူး။ လူတစ်ယောက်က လက်ဝါးတစ်ဖက်ကို ကျောက်ပြားတစ်ခုပေါ်မှာ တင်ရုံပဲဖြစ်ပြီး တကယ်လို့ အလင်းတစ်ခု တောက်ပလာခဲ့ရင် အဲဒီလူက လက်နက်တဲ နန်းတော်ကို ဝင်ရောက်ရန် အရည်အသွေး ပြည့်မီပါလိမ့်မယ်။

အဲဒါက လွယ်ကူပုံရပေမဲ့ ကျောက်ပြားကို ထွန်းလင်းနိုင်တဲ့သူက မစို့မပို့လောက်ပဲ ရှိပါတယ်။ သက်ကြီးမျိုးဆက်ရဲ့ စွမ်းအားကြီးမားတဲ့သူတွေကလွဲရင်

ယိုဟိုင်ယွဲ့၊ ရှရှုရန်၊ တုံလင်းအာနဲ့ တခြားလူ အနည်းငယ်သာ လုပ်နိုင်ခဲ့ပါတယ်။

အသစ်ရောက်ရှိလာခါစ လူသစ်တွေက စူးစမ်းချင်စိတ်အပြည့်နဲ့ မေးလိုက်ကြပါတယ်။

"မင်းရဲ့လက်ကို ကျောက်တုံးပေါ်ကို တင်ထားရုံပဲလား"

"သေချာပေါက် ဘယ်ဟုတ်မလဲ။ မင်းရဲ့စိတ်ထဲမှာ မင်းရဲ့သိုင်းပညာနဲ့ ကျွမ်းကျင်မှုတွေ အကုန်လုံးအပေါ် တွေး တောဆင်ခြင်နေရမယ်။ ပြီးရင် ကျောက်ပြားက အဲဒီထူးဆန်းတဲ့ နည်းစနစ်တွေရဲ့ စွမ်းအားတွေကို သူတို့ရဲ့ အဆုံးအစွန်ထိ ချဲ့ကားပေးလိမ့်မယ်။ အဲဒီနည်းနဲ့ မင်းတို့ရဲ့ အဆုံစွန်သော တိုက်ပွဲစွမ်းအားတွေကို တွက်ချက် ပေးနိုင်လိမ့်မယ်"

အကြီးအကဲတစ်ယောက်က ပြောလိုက်ပါတယ်။

"ဒါက သိုင်းပညာ ကျောက်တုံးတစ်ခု ဖြစ်ပြီးတော့ ဒဏ္ဍာရီထဲက ရတနာတစ်ခုပဲ"

"မင်းက ပန်းဖူးအဆင့်မှာဆိုရင်တောင်မှ အဆုံးစွန်သော

တိုက်ပွဲစွမ်းအားကို တွက်ချက်ပေးတာကြောင့် မင်းတို့က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေထက်တောင် သာလွန်ကောင်း သာလွန်နိုင်တယ်။ တစ်နည်းပြောရရင် လူတိုင်းရဲ့ ကျင့်ကြံခြင်းအဆင့်တွေကို တူညီတဲ့အဆင့်မှာ ထားရှိပြီးမှ တိုက်ပွဲစွမ်းအားတွေကို နှိုင်းယှဉ်ခြင်းပြုလုပ်တာပဲ"

"ဒီလိုအဆင့်သတ်မှတ်ချက်တစ်ခုကို အလားအလာအဆင့် သတ်မှတ်ချက်လို့ ခေါ်သင့်တယ်။ မင်းက နောင်အနာဂတ်မှာ ဒီအဆင့်ထိ ရောက်ရှိဖို့တောင် မနီးစပ်နိုင်တာလည်းဖြစ်နိုင်ပြီး နောင်အနာဂတ်မှာ ဒါတွေကို ကျော်လွှားနိုင်ပြီး ကံအားလျော်စွာ ဆုံတွေ့နိုင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါတွေအကုန်လုံးက မသေချာဘူး"

အကြီးအကဲက ဆက်ပြောလိုက်ပါတယ်။

"မြင်တဲ့အတိုင်းပဲ ကျောက်ပြားပေါ်မှာ နာမည်တစ်ရာရှိတယ်။ တစ်ကယ်လို့ မင်းတို့ရဲ့ အဆုံးစွန် တိုက်ပွဲစွမ်းအားတွေက သူတို့တွေထဲက ဘယ်သူကိုမဆို ကျော်လွန်နိုင်ရင် သူတို့တွေကြားထဲမှာ မင်းအဆင့်ကို သတ်မှတ်နိုင်လိမ့်မယ်။ အနာဂတ်အတွက် ကြိုတင်ခန့်မှန်းထားတဲ့ မင်းတို့ရဲ့ တိုက်ပွဲစွမ်းအားတွေက ပိုပြီးသန်မာလေလေ

မင်းတို့သတ်မှတ်နိုင်တဲ့ အဆင့်ကလည်း ပိုပြီးမြင့်မားလေလေပဲ"

"ဒီလျှို့ဝှက်ဆန်းကြယ် နယ်မြေက နှစ်သောင်းပေါင်းများစွာအတွင်း ပထမဆုံးဖွင့်လှစ်ခဲ့တာ ဆိုပေမဲ့ ဒီသိုင်းပညာ ကျောက်တုံးက နှစ်တစ်သန်းနီးပါး ဒါမှမဟုတ် နှစ်သန်းပေါင်း အတော်များများက ပါရမီရှင်တွေ အကုန်လုံးကိုတောင်မှ မှတ်တမ်းတင်ထားသလိုပဲ"

"ဒီကျောက်ပြားပေါ်မှာ နာမည်တစ်ခု ချန်ထားရစ်နိုင်ခဲ့ရင် တကယ်လို့ နောက်ဆုံးနာမည် တစ်ခုဆိုရင်တောင်မှ နှစ်သောင်းပေါင်းများစွာရဲ့ ထိပ်တန်းပါရမီရှင်တွေပဲ ဖြစ်တယ်"

အကြီးအကဲရဲ့ စကားတွေကို ကြားလိုက်ရတဲ့အခါ လူတိုင်းက အတော်လေး စိတ်လှုပ်ရှား သွားခဲ့ကြပါတယ်။ တကယ်လို့ သူတို့သာ ကျောက်ပြားပေါ်မှာ သူတို့ရဲ့နာမည်တွေကို ချန်ထားရစ်နိုင်ခဲ့ရင် ရှေးခေတ်လူတွေကို ကျော်လွန်နိုင်ပြီး ခေတ်ပြိုင်လူတွေကို အံ့အားသင့်စေလိမ့်မယ်လို့ ဆိုလိုတာပဲ မဟုတ်ဘူးလား။ ဒါပေမဲ့ အခက်အခဲက မြင့်မားလွန်းပါတယ်။ တချို့လူတွေက လက်နက်တဲ နန်းတော်ထဲကို ဝင်ရောက်ခဲ့ပြီးဖြစ်ပေမဲ့ သူတို့တွေထဲက ဘယ်သူကမှ သူတို့ရဲ့နာမည်တွေကို

မချန်ထားရစ်နိုင်ခဲ့ကြပါဘူး။

လင်းဟန်က ကျောက်ပြားကို ကြည့်လိုက်ပါတယ်။ ကျောက်ပြားပေါ်မှာ ပထမအဆင့်ချိတ်နေတဲ့လူရဲ့နာမည်က အမှန်တကယ်ပဲ "ပထမ" ဖြစ်နေခဲ့ပါတယ်။ သူကအမြဲ ပထမပဲဖြစ်နေလိမ့်မှာဖြစ်ပြီး ဘယ်တော့မှ နောက်ဆုံးမဖြစ်ဘူးလို့ ယူဆတဲ့ အဲဒီလူရဲ့ သတ္တိတွေ ဘယ်ကနေ ရလာလဲဆိုတာ ဘယ်သူကများသိနိုင်မှာလဲ။

ဒုတိယမြောက်နာမည်ကတော့ များစွာပိုပြီး ရိုးရှင်းပါတယ်။

"ယွမ်ရှီ"

တတိယမြောက်နာမည်က "စီဖန်း" ဖြစ်ပြီး လေးယောက်မြောက်နာမည်က "ယူယင်း"၊ ငါးယောက်မြောက်က"ယွဲ့"၊ ခုနစ်ယောက်မြောက်က "မို"၊ ရှစ်ယောက်က "မင်းထောင်"၊ ကိုးယောက်မြောက်က "မြည်းစီးနေတဲ့ လူအိုကြီး" နဲ့ ဆယ်ယောက်မြောက်က "ကျိုးထောင်" ပဲ ဖြစ်ပါတယ်။

လင်းဟန်က အောက်ကို အကုန်လုံး ဆက်ကြည့်သွားခဲ့ပြီး နာမည်တစ်ခုစီတိုင်းက သူနဲ့အတော်လေး စိမ်းသက်နေခဲ့ပါတယ်။ ဒါပေမဲ့ ကိုးဆယ့်ကိုးယောက်မြောက်ကို

ရောက်လာတဲ့ အခါမှာတော့ ရင်းနှီးနေတဲ့ နာမည်တစ်ခုက သူ့ရဲ့မျက်လုံးထဲကို ခုန်ဝင်လာခဲ့ပါတယ်။

"လစန္ဒာဘုရင်"

သူက အံ့အားသင့်သွားခဲ့ပါတယ်။ လစန္ဒာဘုရင်က သူမရဲ့နာမည်ကို အခုလေးတင်ပဲ ချန်ထားခဲ့တာလား။ ဒါမှမဟုတ် လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်ထဲက ချန်ထားရစ်ခဲ့တာလား။

တကယ်လို့သာ လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်ထဲက ချန်ထားရစ်ခဲ့တာဆိုရင် ခရမ်းရောင်လ အင်ပါယာနဲ့ ရှေးဟောင်းမင်းဆက်က တစ်နည်းတစ်ဖုံ ဆက်နွယ်မှုရှိနေခဲ့တာလား။

လင်းဟာန်က တခဏမျှ အတွေးထဲ နစ်မြုပ်နေခဲ့ပါတယ်။ ကျူးရှမ်အာ သူ့ကိုအကြိမ် အနည်းငယ် ခေါ် လိုက်တဲ့ အခါမှပဲ သူ့ရဲ့အာရုံတွေ ပြန်ရောက်လာခဲ့ပါတယ်။

"သွားစမ်းကြည့်ရအောင်"

သူတို့တွေက လူအုပ်ကို ဖြတ်ကျော်ပြီး ရှေ့ကို တိုးဝှေ့သွားဖို့

ကြိုးစားနေခဲ့ကြပါတယ်။ လူတချို့က လွယ်လွယ်ကူကူပဲ သဘောထားပေးခဲ့ကြပါတယ်။ သူတို့တွေက ကြိုးစားခဲ့ပြီး၊ ကျရှုံးခဲ့ပြီးဖြစ်ပြီး အခြားသူတွေကို ကြိုးစားခွင့်ပြုဖို့အတွက် စိတ်မရှိခဲ့ပါဘူး။ ဒါပေမဲ့ လူအချို့ကတော့ စိတ်ဆိုးမာန်ဆိုးနဲ့ မနာလို မရှုစိမ့်တောင်မှ ဖြစ်နေခဲ့ကြပါတယ်။ သူတို့တွေ လက်နက်တဲ နန်းတော်ကို မဝင်နိုင်ခဲ့တာကြောင့် တခြားသူတွေကိုလည်း မဝင်စေချင်ခဲ့ကြပါဘူး။

အဲဒီလိုလူတွေကို ယဉ်ကျေးနေစရာအကြောင်းမရှိပါဘူး။ လင်းဟန်က ရိုးရှင်းစွာပဲ တိုက်ခိုက်လိုက်ပြီး စာခြောက်ရပ်တစ်ကောင်လို လမ်းပိတ်နေတဲ့ ခွေးတွေကို ဖယ်ရှားရန် သူ့လက်ကိုဝှေ့ယမ်းလိုက်ပါတယ်။

ပှမ်း။

အရှေ့မှာတော့ ကျောက်ပြားက ထွန်းလင်းသွားခဲ့ပါတယ်။ ဆိုလိုတာက တစ်စုံတစ်ယောက်က စမ်းသပ်မှုကို ကျော်ဖြတ်ပြီး လက်နက် တဲနန်းတော်ထဲကို ဝင်ရောက်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

"ဒါက ဂမ်ရန်ချင်းချင်းပဲ"

"မျှော်လင့်ထားတဲ့အတိုင်း ကောင်းကင်ဘုံရဲ့ ဂုဏ်ယူရတဲ့ သမီးပျိုတစ်ပါးပါပဲ။ တုန်လင်းအာရဲ့ ခွန်အားက သူမ လောက်နီးပါးရှိမှာ သေချာတယ်"

"ကျွတ် ကျွတ် တုန်လင်းအာ ဖြတ်ကျော်တုန်းက ဘယ်လိုအလင်းမျိုးပေါ်လာခဲ့လည်း မင်းသိလား"

"ငါမသိဘူး"

"ဒါဆို ငါမင်းကို ပြောပြမယ်။ သိုင်းပညာကျောက်တုံးက အရောင်သုံးမျိုး ထုတ်ဖော်ထွန်းလင်းနိုင်တယ်။ တစ်ခုက အနီရောင်၊ တစ်ခုက အစိမ်းရောင်၊ တစ်ခုက ခရမ်းရောင်ပဲ။ သူတို့တွေထဲကမှ ခရမ်းရောင်အလင်းက အားအနည်းဆုံး တိုက်ပွဲစွမ်းအားကို ကိုယ်စားပြုပြီး အနီရောင်အလင်းက အသန်မာဆုံးပဲဖြစ်တယ်"

"အခုလေးတင်ပဲ ဂမ်ရန်ချင်းချင်းက ခရမ်းရောင်အလင်းကို အသက်သွင်းခဲ့တယ်"

"ဒါပေမဲ့ တုန်လင်းအာကတော့ အနီရောင်အလင်းကို အသက်သွင်းခဲ့တယ်"

အဲဒီစကားကို ကြားတာနဲ့ လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ညိတ်လိုက်ကြပါတယ်။ ဂမ်ရန်ချင်းချင်းလည်း ကောင်းကင်ဘုံရဲ့ဂုဏ်ယူရတဲ့ သမီးပျိုတစ်ပါးဖြစ်ပေမဲ့ တုန်လင်းအာနဲ့တော့ အလွန်ဝေးကွာနေဆဲပဲ ဖြစ်ပါတယ်။

"အစ်ကိုလင်း"

လင်းဟာန်ကို မြင်တဲ့အခါ ဂမ်ရန်ချင်းချင်းက ရပ်တန့်သွားခဲ့ပြီး လက်နက်တဲနန်းတော်ကို ချက်ချင်း ဝင်ရောက်မသွားခဲ့ပါဘူး။ ဒီလောက်အချိန်တိုလေးက ဘာမှအရေးမကြီးပါဘူး။ သူမက လင်းဟာန်ရဲ့ အဆုံးစွန်သော တိုက်ပွဲစွမ်းအားကို ကိုယ်တိုင်ကိုယ်ကျ မြင်ချင်ခဲ့ပါတယ်။

ဒါက အနာဂတ်မှာ လင်းဟာန်ရောက်ရှိနိုင်တဲ့ အမြင့်ကို ကိုယ်စားပြုနိုင်ခြင်း မရှိပေမဲ့ ကိုးကားချက် အဖြစ်နဲ့ အသုံးပြုနိုင်ဆဲပဲ ဖြစ်ပါတယ်။

လင်းဟာန်က နှုတ်ခွန်းဆတ်တဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဟမ် ကျော့မင်းက ဒီမှာပဲ"

လူတွေ ရှဲသွားခဲ့ပါတယ်။ ကျော့မင်းဆိုတာက သိက္ခာစောင်စည်းမှုမရှိပဲ သတ်ဖြတ်တတ်တဲ့ ရက်စက်ကြမ်းကြုတ်ခြင်း နတ်ဘုရားတစ်ပါး ဖြစ်ပေမဲ့ သူက မြေနဂါးဂိုဏ်းရဲ့ နောက်လာမဲ့ မျိုးဆက်ရဲ့ တန်ဖိုးအရှိဆုံး တပည့်ပဲဖြစ်ပြီး ကိုယ့်ကိုယ်ကို ခုခံကာကွယ်တဲ့အနေနဲ့တောင်မှ သူ့ကိုဘယ်သူကများ အန္တရာယ်ပြုရဲလိမ့်မှာလဲ။

ကျော့မင်းက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ ကြောက်မက်ဖွယ် အရှိန်အဝါတစ်ခုက သူရဲ့ခန္ဓာကိုယ်အနှံ့မှ ထကြွလာခဲ့ပြီး ရောမမြွေကြီးတွေအဖြစ် ပြောင်းသွားခဲ့ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ ကျော့မင်းရဲ့ ကျင့်ကြံခြင်းက အံ့အားသင့်ဖွယ် ခုန်တက်သွားခဲ့ပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်နေခဲ့ပါတယ်။ တစ်ခါက ပင်လယ်ပြင်ကြီးမှာ သူ့အတွက် ကံကောင်းမှု တစ်စုံတစ်ရာ ရှိတယ်လို့ ပြောခဲ့ဖူးပြီး ရက်အနည်းငယ် အတွင်းမှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဆီကို တိုးတက်သွားတဲ့အထိ သူ့အတွက် လုံလောက်ခဲ့တာကိုကြည့်ရင် ထိုကံကောင်းမှုက အမှန်တကယ်ပဲ ဖြစ်ပုံရပါတယ်။

လက်ရှိလူငယ်မျိုးဆက်တွေကြားထဲမှာ ရှုရှုရန်တစ်ယောက်ပဲ အဲဒါကို ပြီးမြောက်ခဲ့ပါတယ်။

ဒါပေမဲ့လည်း မြေကမ္ဘာနဂါးက တီကောင်တစ်ကောင် ဖြစ်နေနိုင်ပါ့မလား။ ဒါဆို မြေနဂါးဂိုဏ်းရဲ့ လူအများစုက ဘာလို့ ကြီးမားတဲ့ မြွေတစ်ကောင်ရဲ့ အရိပ်ကို ဖော်ပြနေခဲ့ကြတာလဲ။ သူတို့တွေ အကုန်လုံးက ရှည်လျားပြီး လိမ်ယှက်နေတဲ့ အရာတွေပဲ ဆိုပေမဲ့ မြွေတွေနဲ့ တီကောင်တွေ ကြားထဲမှာတော့ ကြီးမားတဲ့ ကွာခြားချက်ကြီး တစ်ခုရှိနေဆဲပဲလေ။ ဟုတ်တယ်မလား။

ကျော့မင်းက ခံ့ညားထည်ဝါစွာ လျှောက်လှမ်းလာခဲ့ပြီး သူ့ရဲ့အရှိန်အဝါက သူရဲ့ခန္ဓာကိုယ်ထဲမှာ ရက်စပ်ကြမ်းကြုတ်တဲ့ ရေးဟောင်းသားရဲကြီးတစ်ကောင် ပုန်းကွယ်နေတဲ့အတိုင်း အရမ်းကို တုန်လှုပ်ဖွယ်ရာပဲ ဖြစ်ပါတယ်။

သိုင်းပညာကျောက်တုံးရှေ့ကို သူလျှောက်လမ်းလာစဉ်မှာမှာ ကမ္ဘာမြေကြီးက မြည်ဟိန်းနေခဲ့ပါတယ်။ သူက ပထမဦးဆုံး လင်းဟန်ကို သတ်ဖြတ်လိုတဲ့အကြည့်တစ်ခုနဲ့ စူးစိုက်ကြည့်လိုက်ပြီးမှ သူရဲ့လက်ကို ဆန့်ထုတ်လိုက်ပြီး သိုင်းပညာကျောက်တုံးဆီကို ဖိချလိုက်ပါတယ်။

သိုင်းပညာကျောက်တုံးက
ချက်ချင်းထွန်းလင်းသွားခဲ့ပါတယ်။

ခရမ်းရောင်အလင်း။

ဒါပေမဲ့ ကျော့မင်းက သူရဲ့လက်ကို ပြန်မရုတ်ပဲဆက်လက်ပြီး ဖိထားခဲ့ပါတယ်။ သိုင်းပညာကျောက်တုံးက ထုတ်လွှတ်နေတဲ့ အလင်းရောင်က အစိမ်းရောင်အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။

ဒါက ကျော့မင်းရဲ့ အဆုံစွန်သော တိုက်ပွဲစွမ်းအားက သာမန်ကနေ တိုးတက်ခဲ့တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့လက်က ကျောက်ပြားပေါ်ကို ဖိလိုက်ရင် သူ့ရဲ့ကိုယ်ပိုင် လျို့ဝှက်နက်နဲတဲ့ သိုင်းပညာရပ်တွေကို အစွမ်းပြသဖို့လိုအပ်ပြီး သိုင်းပညာကျောက်တုံးက အဲဒါကို လက်ခံပြီးနောက်မှသာ ဆက်လက်တွက်ချက် ခန့်မှန်းမှာပဲ ဖြစ်ပါတယ်။ အဆုံးစွန်သော တိုက်ပွဲစွမ်းအားတွေကို တွက်ချက်ပြီးမှပဲ ထပ်မံပြသလိမ့်မှာ ဖြစ်ပါတယ်။

ဒါကြောင့် လူတစ်ယောက်ရဲ့ အမြင့်ဆုံးတိုက်ပွဲစွမ်းအားကို မကျော်လွန်နိုင်ပေမဲ့ ဖုံးကွယ်ထားလို့ မရပါဘူး။

"ဟီဟီ ငါ့ရဲ့တိုက်ပွဲစွမ်းအားတွေက ရှေးခေတ်လူတွေနဲ့ ခေတ်ပြိုင်လူတွေကို ချိုးဖြတ်လိမ့်မယ်"

ကျော့မင်းက ကျယ်လောင်စွာ ဟစ်အော်လိုက်ရာ သူ့ရဲ့ခန္ဓာကိုယ်တစ်လျှောက်လုံး သွေးတွေ တစ်ရှိန်ထိုးစီးဆင်းသွားပြီး တုန်လှုပ်ဖွယ် ဖိအားတစ်ခုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အနီးအနားက လူတွေက မြေပြင်ပေါ်ကို ပြိုလဲကျသွားခဲ့ပြီး သက်ရောက်မှုကို ကြံ့ကြံ့မခံနိုင်ခဲ့ကြပါဘူး။

လင်းဟန်ရဲ့အမူအရာက တင်းမာခက်ထန်သွားခဲ့ပါတယ်။ သူနဲ့ ကျော့မင်းရဲ့ ခွန်အားက မူလတုန်းက တန်းတူနီးပါးပဲ ဖြစ်ပါတယ်။ အခုကျော့မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဆီကို ဖြတ်ကျော်သွားခဲ့တာကြောင့် ရုပ်ပိုင်းဆိုင်ရာ ပညာရပ်တွေကလွဲရင် တခြားနေရာတွေမှာ လင်းဟန်က သေချာပေါက် နိမ့်ကျနေပါလိမ့်မယ်။

တကယ်လို့ ကျော့မင်းရဲ့တိုက်ပွဲစွမ်းအားတွေက ကောင်ကင်အဆင့်ကို ထိုးတက်သွားခဲ့ရင် လင်းဟန်အတွက် သေချာပေါက် ပြဿနာ တက်ပါလိမ့်မယ်။

"အနီရောင်ပြောင်းသွားပြီ"

"ဘုရားရေ"

လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ဆုပ်ကိုင်ပြီး အော်ဟစ်လိုက်ရပါတယ်။ သူက မျှော်လင့်ထားတဲ့ အတိုင်း ခြွင်းချက်မဲ့ ပါရမီရှင်တစ်ယောက်ပဲဖြစ်ပြီး သိုင်းပညာ ကျောက်တုံးကို အနီရောင် ပြသစေခဲ့ပြီး တုန်လင်းအာ၊ ရှုရှုရန်တို့နဲ့အတူ ရေပန်းစားနေခဲ့ပါတယ်။

"အား"

ကျော့မင်းက ထပ်မံပြီး ဟစ်ကြွေးလိုက်ရာ သူ့ရဲ့နဖူးပေါ်မှ သွေးကြောတွေ ထလာခဲ့ပြီး ကြီးမားတဲ့မြွေကြီးတစ်ကောင်ရဲ့ အရိပ်က သူ့အနောက်မှာ ပေါ်ပေါက်လာခဲ့ပြီး ဒေါသတကြီးနဲ့ တရှူးရှူးမြည်နေခဲ့ပါတယ်။

ပှမ်း။

သိုင်းပညာ ကျောက်တုံးက အနက်ရောင်အလင်းကို ပြသလိုက်ပါတယ်။

ကျောက်ပြားပေါ်က နာမည်တစ်ရာက အကုန်လုံး

ပျောက်ကွယ်သွားခဲ့ပြီး စာလုံးတချို့ ပြသခဲ့ပါတယ်။

"နာမည်ချန်ထားရစ်ပါ"

ကျော့မင်းရဲ့ ခွန်အားက ရှေးခေတ်ပါရမီရှင်တွေနဲ့ နှိုင်းယှဉ်နိုင်တဲ့ အဆင့်ကို ရောက်ရှိခဲ့ပြီး ထိပ်ဆုံးအယောက် တစ်ရာထဲမှာ အဆင့်သတ်မှတ် နိုင်ပါတော့မယ်။

Chapter 717 end

Zaw.အပိုင်း(၇၁၈) အဆင့်တိုင်းကို လျှပ်စီးလက်သလို တက်ရောက်ခြင်း

လူတိုင်းက အံ့အားသင့်စွာ အော်ဟစ်လိုက်ကြရပါတယ်။ ဒါက တုန်လှုပ်ဖွယ်ကောင်းလွန်းပါတယ်။ ရှေးခေတ်ပါရမီရှင်တွေ ဒီလောက်အများကြီးကို လူအယောက်တစ်ရာပဲ သူတို့ရဲ့ နာမည်တွေကို ချန်ထားရစ်နိုင်ပြီး သူတို့တွေ အကုန်လုံးက ပါရမီရှင်တွေကြားထဲက ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။ ခေတ်တွေကို ဖြတ်ကျော်ပြီး လူတစ်ယောက်ကို ဖယ်ထုတ်နိုင်တာက အံ့အားသင့်စရာပဲလေ။ ဟုတ်တယ်မလား။

ကျော့မင်းက သူ့ရဲ့နာမည်ကို ချန်ထားရစ်နိုင်ခဲ့ပြီး သူက သန်မာလွန်းပါတယ်။

ဒါက တုန်လင်းအာနဲ့ ရှုရှုရန်တို့ မလုပ်နိုင်ခဲ့တဲ့ အရာလည်း ဖြစ်ပါတယ်။

ကျော့မင်းက ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်ပြီး သူရဲ့နာမည်ကို ကျောက်ပြားပေါ်မှာ မြန်မြန်ဆန်ဆန်နဲ့ ထင်ထင်ရှားရှား ချရေးလိုက်ပါတယ်။ ချက်ချင်းပဲ ကျောက်တုံးက တောက်ပတဲ့ အလင်းရောင် နောက်တစ်ကြိမ် ထွန်းလင်းသွားခဲ့ပြီး လူအယောက်တစ်ရာရဲ့ နာမည်တွေက အသစ်ပြန်လည် ပေါ်ပေါက်လာခဲ့ပါတယ်။ ကျော့မင်းရဲ့နာမည်က တုန်လှုပ်ဖွယ်ရာကောင်းစွာပဲ နံပါတ် ၉၇မှာ ချိတ်နေပြီး မူလက ရှိခဲ့တဲ့ နံပါတ်တစ်ရာမြောက်က နာမည်ကိုတော့ ထပ်ပြီးတော့ မမြင်တွေ့နိုင် ကြတော့ပါဘူး။

၉၇ယောက်မြောက်နေရာက လစန္ဒာဘုရင်ထက် သုံးဆင့်ပိုမြင့်ပါတယ်။ အခု လစန္ဒာဘုရင်က ၁၀၀မြောက်နေရာကို ပြုတ်ကျသွားခဲ့ပြီပဲ ဖြစ်ပါတယ်။

ကျော့မင်းက အတော်လေး အံ့အားသင့်သွားပုံရပြီး ဒီမှတ်တမ်းနဲ့ပတ်သက်ပြီးတော့ အနည်းငယ် မကျေနပ်ဟန်

ရှိနေခဲ့ပေမဲ့ ချက်ချင်း သူ့ရဲ့နှုတ်ခမ်းထောင့်စွန်းမှာ အပြုံးတစ်ခု ပေါ်လာပါတယ်။ သူက ခြေလှမ်းအနည်းငယ် နောက်ဆုတ်လိုက်ရင်း လင်းဟန်ကို အထင်သေးတဲ့ အကြည့်နဲ့ စူးစိုက်ကြည့်လိုက်ပါတယ်။

အဆင့်သတ်မှတ်ချက်တွေပေါ်မှာ နာမည်တစ်ခုရှိတာက ဘာကိုဆိုလိုတာလဲ။

ဒါကနှစ်သောင်းပေါင်း များစွာအတွင်း တစ်ချိန်က ထိပ်တန်းထူးချွန်သူတွေ ဖြစ်လာခဲ့တဲ့ အသန်မာဆုံး သမိုင်းဝင် ပါရမီရှင်တွေနဲ့ တန်းတူပဲလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

"ချင်းချင်း"

ကျော့မင်းက ဂမ်ရန်ချင်းချင်းကို ဂုဏ်ယူဝံ့ကြွားနေတဲ့ အမူအရာနဲ့ ကြည့်လိုက်ပါတယ်။ သူက ငါ့ရဲ့ထူးချွန်ပြောင်မြောက်မှုတွေကို ကြည့်ပြီးတော့ ငါ့ရဲ့ခြေရင်းမှာ လာခစားလှည့်ဆိုတဲ့ အကြည့်နဲ့ ကြည့်နေခဲ့တာပဲ ဖြစ်ပါတယ်။

ဂမ်ရန်ချင်းချင်းက စိတ်ထဲမှာ တုန်လှုပ်သွားခဲ့ပေမဲ့ သူမက

ကျော့မင်းရဲ့ မောက်မာတဲ့ ပင်ကိုယ်စရိုက်ကို ပိုပြီးတော့တောင် မနစ်သက်ပါဘူး။ ပါရမီရှင်တွေက အမှန်တကယ်ပဲ မောက်မာလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ အထက်ကလို လူတိုင်းကို မောက်မာနေတာကတော့ ရှုံမုန်းစရာပဲ ဖြစ်ပါတယ်။

ဂမ်ရန်ချင်းချင်းက သူမရဲ့လှပတဲ့ မျက်လုံးလေးတွေနဲ့ လင်းဟန်ကို စူးစိုက်ကြည့်နေခဲ့ပါတယ်။ ဒီလူကလည်းပဲ တုန်လှုပ်ဖွယ် စွမ်းရည်တွေကို ပြသနိုင်မဲ့ ထူးချွန်တဲ့ သူတစ်ယောက်ပဲ ဖြစ်ပါတယ်။

ကျူးရွှမ်အာ၊ ယွမ်ချမ်ဟဲနဲ့ တခြားလူတွေက သီးခြားစီ ခွဲလျှောက်လာခဲ့ပြီး စမ်းသပ်မှုကို တစ်ယောက်ပြီး တစ်ယောက် ပြုလုပ်ခဲ့ကြပါတယ်။ မျှော်လင့်ထားတဲ့အတိုင်းပဲ လီမောင်နမက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်ဖို့ အရည်အချင်းပြည့်မီ ခဲ့ပေမဲ့ သိုင်းပညာကျောက်တုံးကို တုံ့ပြန်မှု မဖြစ်စေခဲ့ပါဘူး။

ကျူးရွှမ်အာနဲ့ ယွမ်ချောင်ဟဲတို့ နှစ်ယောက်ပဲ အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်လုံးက ခရမ်းရောင်အလင်းကိုပဲ အသက်သွင်းနိုင်ခဲ့ပြီး ဂမ်ရန်ချင်းချင်းနဲ့ တန်းတူပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီအရာက သူတို့ရဲ့သိုင်းပညာ အရည်အချင်း ဒါမှမဟုတ် ပါရမီတွေရဲ့ စမ်းသပ်မှုတစ်ခု မဟုတ်ခဲ့ပဲ သူတို့တွေကို တူညီတဲ့ အဆင့်တစ်ခုမှာထားပြီး လက်ရှိသူတို့ နားလည်သဘောပေါက်ထားတဲ့ သိုင်းပညာရပ်တွေရဲ့ အမြင့်ဆုံးအလားအလာကို နှိုင်းယှဉ်ပြီး အဆင့်သတ်မှတ်ခြင်း ဖြစ်ပါတယ်။

အနာဂတ်မှာ အမှီလိုက်ရန် အခွင့်အရေးရှိသေးတာကြောင့် လူတစ်ယောက်က သိုင်းပညာကျောက်တုံး အသက်သွင်းနိုင်ခြင်းနဲ့ ပတ်သက်ပြီး အများကြီး ဂရုစိုက်ဖို့ မလိုအပ်ပါဘူး။ ဒါအပြင် သိုင်းပညာကျွမ်းကျင်မှုနဲ့ နည်းစနစ်တွေကိုယူပြီး အဆုံးစွန်ထိ အစွမ်းထက်အောင် သူတို့တွေကို တွက်ချက်ပြီး အဆင့်သတ်မှတ်ထားတာ ဖြစ်ပါတယ်။ လက်တွေ့မှာတော့ ပါရမီရှင်တွေတောင်မှ အဆုံးစွန်ထိ အောင်မြင်နိုင်ဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ယုန်ဖြူကြီးကလည်း သွားရောက်စမ်းသပ်ခဲ့ပါတယ်။ အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အချက်က အနီးရောင်အလင်းကို အသက်သွင်းနိုင်ခဲ့ပြီး ရှရှုရန်၊ တုန်လင်းအာတို့နဲ့အတူ ယှဉ်တွဲပြီး ယုန်ဖြူကြီးကို အဆင့်သတ်မှတ်နိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း အဲဒါက ယုန်ရဲ့ စွမ်းအားအပြည့်အဝ သေချာပေါက် မဟုတ်ခဲ့ပါဘူး။ တုန်လင်းအာနဲ့ ရှုရှုရန်တို့လည်း သူတို့ရဲ့ အသန်မာဆုံး သိုင်းပညာ ကျွမ်းကျင်မှုတွေကို မပြသခဲ့တာ ဖြစ်နိုင်ပါတယ်။ နောက်ဆုံးမှာတော့ လူတိုင်းက ဝင်ရောက်ရန် အဆင့်မီဖို့လောက်ပဲ လိုအပ်မှာ ဖြစ်ပြီးတော့ လူတော်တော်များများက သူတို့ရဲ့လျှို့ဝှက်ချက်တွေကို မထုတ်ဖော်ချင်ခဲ့ကြပါဘူး။

"လင်းဟန် ငါမင်းကို အသက်အနည်းငယ် ပိုရှည်ခွင့်ပေးထားတယ်။ မင်းစမ်းသပ်မှု လုပ်ပြီးသွားတဲ့ အခါကျရင် ငါမင်းကို သတ်မယ်"

ကျော့မင်းက ရယ်မောလိုက်ပါတယ်။

"မင်းနဲ့ငါရဲ့ ကြားထဲက ကွာဟချက်ကြီးကို မင်းကိုပြသရလိမ့်မယ်။ ပြီးရင် နောင်တတရားတွေနဲ့ မင်းသေလို့ရပြီ။ ဒါက ငါ့ကို ဆန့်ကျင်လို့ ရလာတဲ့ ရလဒ်တစ်ခုပဲ"

"ဒီနေရာမှာ တိုက်ခိုက်လို့ မရနိုင်ဘူးလေ။ ဟုတ်တယ်မလား"

တစ်စုံတစ်ယောက်က တီးတိုးပြောလိုက်ပါတယ်။

"ဟုတ်တယ်။ တိုက်ခိုက်တာကို ခွင့်မပြုထားဘူး။ သတိပေးချက်ကို ဂရုမစိုက်တဲ့သူတွေကို အဲဒီရုပ်သေးက ထွက်လာပြီး တိုက်ရိုက်သတ်ဖြတ်လိမ့်မယ်။ အစောပိုင်းတုန်းက အဲ့လိုခံစားသွားရတဲ့ သူတစ်ယောက်ရှိတယ်"

တခြားတစ်ယောက်က ထပ်ပြီးတော့ ဖြည့်စွက်ပြီး ပြောလိုက်ပါတယ်။

"ကျော့မင်းက နောက်ကျပြီး လာခဲ့တာကြောင့် သူမသိတာဖြစ်မယ်"

အဲဒီဆွေးနွေးတဲ့ အသံတွေက တိုးညှင်းပေမဲ့ ကျော့မင်းရဲ့ အစွမ်းနဲ့ဆိုရင် မကြားနိုင်စရာ အကြောင်းမရှိပါဘူး။ သူက ချက်ချင်းပဲ ဒေါသတကြီး ကြည့်လိုက်ပါတယ်။

သူက စကားကြီးစကားကျယ်ပြောလိုက်ပေမဲ့ သူမလုပ်နိုင်ခဲ့ပါဘူး။ အဲဒါက သူ့မျက်နှာကို ဖြတ်ရိုက်လိုက်တာပဲ မဟုတ်ဘူးလား။

လင်းဟန်က မရယ်မောပဲမနေနိုင်ခဲ့ပါဘူး။ သူက သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပြီး သိုင်းပညာကျောက်တုံးဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လှမ်းသွားခဲ့ပါတယ်။

"ရေတွင်းအောက်ခြေက ဖားလေးတစ်ကောင်ပဲ။ အဆင့်သတ်မှတ်ခံရတာလေးကိုများ ဘာတွေများ ဒီလောက်တောင် ရေးကြီးခွင်ကျယ် လုပ်နေရတာလဲ"

"ဟမ့် ဘယ်လောက်တောင် ကြီးကျယ်လိုက်သလဲ။ ငါစောင့်ကြည့်နေမယ်"

ကျော့မင်းက အေးစက်စွာ ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့လက်ကို ဖိလိုက်ပြီး အထီးကျန်ငရဲဓားသိုင်းကို အသုံးပြုလိုက်ပေမဲ့ သိုင်းပညာကျောက်တုံးက လုံးဝတုံ့ပြန်မှု မရှိခဲ့ပါဘူး။ ထင်ရှားစွာပဲ အဆုံးစွန်ထိ တွက်ချက်ခန့်မှန်းထားတဲ့ ဒီဓားသိုင်းနည်းစနစ်က သိုင်းပညာကျောက်တုံးရဲ့အသိအမှတ်ပြုမှုကို လက်ခံရရှိဖို့ အရည်အသွေး မပြည့်မီနိုင်ခဲ့ပါဘူး။

"ဟင့်"

ကျော့မင်းက လှောင်ပြောင်လိုက်ပါတယ်။

"စောင့်နေစမ်းပါ။ ဒီအရွယ်ပဲရောက်နေပြီ ဒီလောက် စိတ်မရှည်ဖြစ်နေရလား"

လင်းဟန်က သရော်ပြုံးပြုံးလိုက်ပါတယ်။

ကျော့မင်းက တစ်ယောက်ယောက်ကို ချက်ချင်း သတ်ဖြတ်ချင်လာခဲ့ပါတယ်။ သူက တောထဲမှာ အချိန်အတော်ကြာနေခဲ့ပြီး တစ်နေ့တာလုံး သားရဲတွေကို တိုက်ခိုက်သတ်ဖြတ်ခဲ့ပါတယ်။ လူတွေကို သတ်ဖြတ်ခြင်းနဲ့ သားရဲတွေကို သတ်ဖြတ်ခြင်းက သူ့အတွက် ကွာခြားချက် မရှိပါဘူး။ သူ့ကိုမကျေနပ်စေတဲ့ အရာမှန်သမျှကို သူက ချေမှုန်းဖျက်ဆီးပစ်ချင်လာပါတယ်။

ဒါပေမဲ့လည်း ဂိတ်တံခါးဝရှိ အဆောက်အအုံကို စောင့်ကြပ်နေတဲ့ သတ္တုရုပ်သေးကို သူမြင်လိုက်တဲ့အခါ သူစိတ်ထဲမှာရှိတဲ့ သတ်ဖြတ်ချင်တဲ့ဆန္ဒတွေကို ချုပ်ထိန်းလိုက်ပြီး နာခေါင်းရှုံ့လိုက်ပါတယ်။ အခုလက်ရှိမှာ သူကသေချာပေါက် အဆင့်တစ်ဆယ်ရှိပြီး

အတော်လေးရုပ်ထွေးတဲ့ အစီအရင်ပုံစံတွေကို ထွင်းထုထားတဲ့ အဲဒီရုပ်သေးကို သူတိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး။

"အိုး ဒါဆိုရင်လည်း မင်းမြန်မြန်လုပ်တာ ပိုကောင်းမယ်။ အိမ်သာကျင်းထဲဝင်ပြီး မစင်တွေ စားမနေနဲ့ နောက်မှာ လူတွေစောင့်နေတယ်"

သူက ခပ်ပြတ်ပြတ် ပြောလိုက်ပါတယ်။

"အရိုင်းအစိုင်း(တာဖုံကောင်)”

လင်းဟန်မျက်နှာ သုန်မှုန်သွားပါတယ်။

"မင်းက အမြဲတမ်း ရိုင်းစိုင်းကြမ်းကြုတ်နေတာ အံ့သြစရာ မဟုတ်တော့ဘူး။ မင်းအပြုအမူတွေ တိုးတက်ယဉ်ကျေးလာနိုင်မယ်လို့တော့ ငါမမျှော်လင့်ထားပါဘူး။ ဒါပေမဲ့လည်း အရေးကြီးဆုံးက ကိုယ့်ကိုယ်ကို သိဖို့ပဲ။ မင်းက တစ်နေကုန် အသံချဲ့စက်တစ်လုံးလို အော်ဟစ်နေပြီး ပတ်ဝန်းကျင်အနံ့ကို ညစ်ညမ်းစေတယ်။ ယဉ်ကျေးမှု လုံးဝကို မရှိဘူး"

ဖူး။

လူအများစုက ချက်ချင်း ဝါးလုံးကွဲရယ်မောလိုက်ကြပေမဲ့ ကျော့မင်းက မကျေမနပ်ဖြစ်မှာကို ကြောက်ရွံ့ပြီး ချက်ချင်းပဲ သူတို့ပါးစပ်တွေကို ဖုံးအုပ်လိုက်ကြပါတယ်။ ကျော့မင်းက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာဖြစ်ပြီး သေချာပေါက် အဲဒီအဆင့်မှာတောင် အလွန်အစွမ်းထက်တဲ့ စစ်သည်တော် တစ်ယောက်ဖြစ်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်နဲ့ ကောင်းကင်အဆင့် လက်ရွေးစင်တွေပဲ သူကို ဖိနှိပ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလိုလက်ရွေးစင်တွေက လောကကြီးမှာ ဘယ်လောက်များများရှိနိုင်မှာမို့လို့လဲ။ ပြီးတော့ သူ့ကို ဖိနှိပ်ရန် အင်အားကြီးဂိုဏ်းငါးဂိုဏ်းကို ရင်ဆိုင်ဝံ့တဲ့ သူကရော ဘယ်လောက်ရှိမှာမို့လို့လဲ။

ကျော့မင်းက အမှန်တကယ်ပဲ ဒေါသတကြီးနဲ့ လျှောက်ပတ်ရမ်းခွင့်ရှိပါတယ်။

လင်းဟန်က အနက်ရောင်မူလ သုံးဟန်သိုင်းကွက်ကို သူ့ရဲ့အသိစိတ်ထဲမှာ ပြောင်းလဲလုပ်ဆောင် လိုက်ပါတယ်။

ပုံမ်း။

သိုင်းပညာကျောက်တုံးက ချက်ချင်းထွန်းလင်းသွားခဲ့ပေမဲ့ သာမန်ခရမ်းရောင်ပဲ ဖြစ်နေခဲ့ပါတယ်။

ဒါက လင်းဟာန်ကို အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ပါတယ်။ ကောင်းကင်ဓားဂိုဏ်းရဲ့ ဓားသိုင်းနည်းစနစ်က သိုင်းပညာကျောက်တုံးကို အဆင့်အနိမ့်ဆုံး အသိအမှတ်ပြုမှုကိုပဲ ထုတ်လွှတ်စေနိုင်ခဲ့ပါတယ်။ အဲဒီဓားသိုင်းနည်းစနစ်က အတော်လေး ထူးခြားပါတယ်။

နောက်ဆုံးအကွက် အကန့်အသတ်တွေကို ချိုးဖောက်ခြင်းအတွက် ၎င်းရဲ့အမြင့်ဆုံးအဆင့်ကို ပြသရန် ဓားနှလုံးသားကို အသက်သွင်းရန် လိုအပ်ပါတယ်။

ဒါပေမဲ့ အဲဒါက သိုင်းပညာကျောက်တုံးရဲ့ အသိအမှတ်ပြုမှု ပထမအဆင့်ကိုပဲ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။

ကျာ့မင်းက နောက်တစ်ကြိမ် နှာခေါင်းရှုံ့လိုက်ပြန်ပါတယ်။ ထင်ရှားစွာပဲ လင်းဟာန်ရဲ့ခွန်အားက သိုင်းပညာကျောက်တုံးကို သေချာပေါက်

တုံ့ပြန်မှုဖြစ်စေလိမ့်မယ်ဆိုတာကို သိနေခဲ့ပြီး ရှုရှုရန်၊ တုန်လင်းအာတို့နဲ့တောင် တန်းတူဖြစ်လိမ့်မယ်လို့ တွေးထားခဲ့ပါတယ်။ ခရမ်းရောင်အလင်းက ထူးဆန်းတဲ့ အရာတော့ လုံးဝမဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က သူရဲ့နာမည်ကို အဆင့်သတ်မှတ်နိုင်လိမ့်မယ်လို့တော့ သေချာပေါက် မတွေးထားခဲ့ပါဘူး။ ဒါက ခက်ခဲလွန်းပြီး မျိုးဆက်တစ်ခုစီက လူတစ်ယောက်ပဲ စာရင်းထဲမှာ ပေါ်ထွန်းနိုင်ပါတယ်။ အချိန်ပိုကြာလာလေလေ သူတို့ရဲ့အရှေ့မှာ ပါရမီရှင်တွေ များပြားလွန်းစွာ ရှိနေခဲ့ပြီး ဖြစ်တာကြောင့် ပိုပြီးခက်ခဲလာလိမ့်မှာ ဖြစ်ပါတယ်။

ဂမ်ရန်ချင်းချင်းနဲ့ ကျူးရွှမ်အာတို့ နှစ်ယောက်က ပိုပြီးတောင်မှ စိတ်လှုပ်ရှားနေခဲ့ပါတယ်။

သူမတို့နှစ်ယောက်က လင်းဟန်အနေနဲ့ ကျော့မင်းကို ဖိနှိပ်နိုင်လိမ့်မယ်လို့ မျှော်လင့်နေခဲ့ ကြပါတယ်။ သူမတို့နှစ်ယောက်ရဲ့ မျက်နှာအမူအရာတွေနဲ့ အကြည့်တွေရဲ့ ပြောင်းလဲမှုကြောင့် ကျော့မင်းရဲ့ သတ်ဖြတ်ချင်တဲ့ဆန္ဒက ပိုပြီးတောင်မှ ရှင်သန်ကြီးထွားလာခဲ့ပါတယ်။

လင်းဟန်က မှသားမဲ့မျက်လုံးကိုလည်း အသက်သွင်းလိုက်တဲ့ အခါမှာ သိုင်းပညာကျောက်တုံးရဲ့ အလင်းက ခရမ်းရောင်ကနေ အစိမ်းရောင်ကို ပြောင်းလဲသွားခဲ့ပြီး ဒုတိယအဆင့်ကို ဝင်ရောက်သွားခဲ့ပါတယ်။

"ဒီကောင်ကလည်း ပါရမီရှင်တစ်ယောက်ပဲ။ အစိမ်းရောင်အလင်းကိုတောင်မှ အမှန်တကယ် အသက်သွင်းနိုင်ခဲ့တယ်။ သူက ကျော့မင်းရဲ့ ပစ်မှတ်ထားခံရတာ အံ့ဩစရာတစ်ခု မဟုတ်တော့ပါဘူး"

"မင်းက စိတ်လှုပ်ရှားလွယ်လွန်းမနေဘူးလား။ သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက လင်းဟန်ဆိုတာကို မင်းမသိဘူးလား"

"ဘာ။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်လား"

"သူကလွဲလို့ ဘယ်သူဖြစ်မှာလဲ"

"ဘယ်လောက်တောင် စစ်မှန်တဲ့ မကောင်းဆိုးရွားတစ်ကောင်လဲ။ မှော်ဆေးပညာမှာ

ဒီလိုအောင်မြင်မှုတွေကို ရရှိပြီး သိုင်းပညာရပ်တွေမှာလည်း တုန်လှုပ်ဖွယ် ဖြစ်နေခဲ့တယ်။ ဒါကလုံးဝကို လူမဆန်တာပဲ"

လူတိုင်းက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်မြည်ကြွေးနေခဲ့ကြပါတယ်။ ဒါကသူတို့အတွက် စိတ်ကူးမယဉ်နိုင်လောက်အောင် ဖြစ်တာကြောင့် သူတို့တွေက အဲဒါကို ထူးခြားဆန်းပြားတယ်လို့ ထင်နေခဲ့ကြတာ ထင်ရှားပါတယ်။

ကျော့မင်းက မကျေမနပ်ဖြစ်နေခဲ့ပြီး ကျယ်လောင်တဲ့ နှာမှုတ်သံတစ်ချက် ပေးလိုက်ပါတယ်။ ချက်ချင်းပဲ ပတ်ဝန်းကျင်က တီးတိုးပြောဆိုသံတွေ အကုန်လုံး တိတ်ဆိတ်သွားခဲ့ပါတယ်။ အခုအချိန်မှာ သူ့ကိုစိတ်အနှောင့်အယှက် ပေးဝံ့တဲ့သူ ဘယ်သူမှ ရှိမနေခဲ့ပါဘူး။ လက်ရွေးစင်အိုကြီးတွေတောင်မှ သူ့ကို ရန်သူလုပ်ဖို့ ဆန္ဒမရှိကြပါဘူး။

သူက အလားအလာတွေနဲ့ ပြည့်နေတဲ့ လူငယ်တစ်ယောက်ဖြစ်ပြီး အနာဂတ်မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် သေချာပေါက် ဖြစ်လာပါလိမ့်မယ်။ ဒါအပြင် မြေနဂါးဂိုဏ်းက သူ့နောက်မှာ ရပ်တည်ပေးနေခဲ့ပြီး

မဖွံ့ဖြိုးသေးစဉ်အချိန်မှာလည်း သူတို့တွေက သူ့ကိုသတ်ဖြတ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် သူတို့တွေက သေချာပေါက် သူ့ကို ဆန့်ကျင်လို့ မရနိုင်ပါဘူး။

Chapter 718 end

Zaw.အပိုင်း(၇၁၉) နံပါတ်တစ်

လင်းဟန်က ပြုံးလိုက်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ထည့်သွင်းထုတ်ဖော် လိုက်ပါတယ်။

ဟုမ်း။

သိုင်းပညာကျောက်တုံးက ထုတ်လွှတ်တဲ့အလင်းရောင်က ချက်ချင်းဆိုသလို အစိမ်းရောင်ကနေ အနီရောင်ကို ပြောင်းလဲသွားခဲ့ပါတယ်။

ဒီမြင်ကွင်းကို မြင်လိုက်တဲ့အခါ ကျော့မင်းရဲ့အမူအရာက အတော်လေး လေးနက်သွားခဲ့ပါတယ်။ တကယ်လို့ လင်းဟန်သာ အနည်းငယ်ပိုသန်မာနိုင်ခဲ့ရင် သူရဲ့နာမည်ကို ကျောက်ပြားပေါ်မှာ အမှန်တကယ်ပဲ ချန်ထားရစ်နိုင်ပါလိမ့်မယ်။

လင်းဟန်က အနက်ရောင်မူလ သိုင်းဟန်သုံးကွက်ကို ထပ်မထုတ်ဖော်တော့ပဲ အဲဒီအစား ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ထုတ်ဖော်လိုက်ပါတယ်။ လျှို့ပုက်ဆန်းကြယ် စွမ်းအားတွေကို ဆက်တိုက်အသုံးပြုလိုက်တဲ့ အခါမှာ သူ့ရဲ့နတ်ဘုရားအာရုံက သေးငယ်တဲ့ လူလေးတစ်ယောက်အဖြစ် ပြောင်းလဲသွားပြီး သူ့ရဲ့အသိစိတ်အာရုံထဲမှာ လျှပ်စီးတန်းတစ်ခုလို ခုန်ကူးနေခဲ့ပြီး ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို ပစ်လွှတ်လိုက်ပါတယ်။

အနက်ရောင် မူလသိုင်းဟန် သုံးကွက်နဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများတို့က တစ်ခုနဲ့တစ်ခု ကွဲလွဲဆန့်ကျင်နေခဲ့ပြီး တစ်ပြိုင်နက်ထဲ ထုတ်ဖော်လို့ မရပါဘူး။ မဟုတ်ရင် ကောင်းကင်အဆင့် ဓားသိုင်းနည်းစနစ်ဆယ်ခုကို တစ်ပြိုင်နက်ထဲ အသုံးပြုခြင်းက အနည်းဆုံး အနက်ရောင် မူလသိုင်းဟန် သုံးကွက်နဲ့ တခြားသော အဆုံးမဲ့ လူပ်ရှားမှုတွေကို ယှဉ်ပြိုင်နိုင် ပါလိမ့်မယ်။ ဟုတ်တယ် မဟုတ်လား။

ပုမ်း။

သိုင်းပညာကျောက်တုံးက ထုတ်လွှတ်တဲ့အလင်းက နောက်တစ်ဖန် အနီရောင်ကနေ အနက်ရောင်ကို ပြောင်းလဲသွားခဲ့ပြန်ပါတယ်။ ချက်ချင်းပဲ ကျောက်ပြားပေါ်က နာမည်တွေ အကုန်လုံး ပျောက်ကွယ်သွားခဲ့ပြီး စာလုံးတွေက နောက်တစ်ဖန် ပေါ်လာခဲ့ပါတယ်။

"နာမည်ချန်ထားရစ်ပါ"

အဲဒါက လင်းဟာန်ရဲ့ အနာဂတ် တိုက်ပွဲစွမ်းအားတွေက အတိတ်က ပါရမီရှင်တွေထက်ကျော်လွန်ပြီး ထိပ်ဆုံးအယောက် တစ်ရာထဲကို တိုးဝှေ့ရောက်ရှိခဲ့တယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

"ငါတော့ ရူးတော့မှာပဲ"

"ရှေးခေတ်ပါရမီရှင်တွေကို ဖိနှိပ်နိုင်တဲ့ နောက်ထပ်ပါရမီရှင် တစ်ယောက် ထပ်မံပြီး ပေါ်ပေါက်လာခဲ့ပြန်ပြီ။ ငါ့မျက်လုံးတွေများ မှုန်ဝါးသွားတာလား"

"ဒီလိုပါရမီရှင် တစ်ယောက်က မျိုးဆက်တစ်ခုမှာ တစ်ကြိမ်ပဲ ပေါ်ပေါက်သင့်တာလေ။ ဘာတွေဖြစ်ကုန်တာလဲ။ အားကြီးတဲ့ ပါရမီရှင် နှစ်ယောက်က ဘေးချင်းယှဉ်

နေခဲ့တယ်။ အနာဂတ်မှာ သူတို့ရဲ့စွမ်းအားတွေက အပြင်းအထန် ပြိုင်ဆိုင်ကြမှာလား"

"မဟုတ်နိုင်လောက်ဘူး။ ဒါက အနာဂတ်မှာ သူတို့ရဲ့အဆုံးစွန်သော တိုက်ပွဲစွမ်းအားတွေပဲလေ။ အပြည့်အဝအောင်မြင်ဖို့ အာမခံချက်မှ မရှိတာ။ ဒါအပြင် ရှရှုရန်နဲ့ တုန်လင်းအာတို့လည်း သေချာပေါက် သူတို့ရဲ့စွမ်းအားတွေကို အပြည့်အဝမပြပဲ ထိန်းသိမ်းထားခဲ့တာ ဖြစ်နိုင်တယ်။ သူတို့နှစ်ယောက်က သေချာပေါက် ကျော့မင်းထက် အားနည်းမှာ မဟုတ်ဘူး"

"ဟုတ်တယ်။ ပြီးတော့ အခုထိရောက်မလာသေးတဲ့ ကောင်းကင်ဓားဂိုဏ်းရဲ့ ဓားကေရာဇ်လေးနဲ့ မိုးပြာလျှပ်စီးဂိုဏ်းရဲ့ မိုးကြိုးလျှပ်စီးသားတော်တို့တွေလည်း ရှိသေးတယ်။ သူတို့တွေကလည်း အားနည်းတဲ့သူတွေ မဟုတ်ဘူး"

လူတိုင်းက တစ်ယောက်ပြီး တစ်ယောက်ပြောလိုက်ပေမဲ့ လင်းဟန်ရဲ့ ရေပန်စားမှုကိုလည်း မဖုံးကွယ်ထားခဲ့ကြပါဘူး။ သူက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အသန်မာဆုံး ပါရမီရှင်တွေနဲ့ ဖက်ပြိုင်နိုင်တဲ့ ထူးချွန်တဲ့သူ တစ်ယောက်ပဲ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့နာမည်ကို သာမန်ကာလျှံကာ ချ ရေးလိုက်ပြီး တခဏအတွင်းမှာပဲ သိုင်းပညာကျောက်တုံးက ပြောင်းလဲသွားခဲ့ပါတယ်။ သူ့ရဲ့နာမည်က စာရင်းထဲမှာ ပေါ် ပေါက်လာခဲ့စဉ်မှာ လစန္ဒာဘုရင်ရဲ့နာမည်က ထိပ်ဆုံးအ ယောက် တစ်ရာစာရင်းက ဖယ်ထုတ်ခံလိုက်ရပါတယ်။

အဆင့် ၇၈။

ထိုမှတ်တမ်းက လူတိုင်းကို လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့ပြီး ကျော့မင်းရဲ့ အမူအယာကို ဖြူဖျော့သွား စေခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါက လင်းဟန်အတွက်တော့ အနည်းငယ် လက်မခံနိုင်စရာ ဖြစ်နေခဲ့ပါတယ်။

လျို့ပုက်ဆန်းကြယ် စွမ်းအားသုံးခုကို အတူတကွ အ ကောင်အထည်ဖော်ခဲ့တာတောင်မှ အမှန်တကယ်ပဲ အဆင့်၇၈ပဲ ချိတ်ခဲ့တာလား။

ဒီရလဒ်ရရှိခဲ့တာက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်နိမ့်တာကြောင့် မဟုတ်ခဲ့ပဲ လျို့ပုက်ဆန်းကြယ် စွမ်းအားတွေကို အဆုံးစွန်ထိ တွက်ချက်ထားခြင်း ဒါမှမဟုတ် အဆင့်တူအတွင်းမှာ နှိုင်းယှဉ်ထားတာ ဖြစ်ပါတယ်။

သူ့အထက်မှာ ရှေးခေတ်အချိန်တွေတုန်းက ပါရမီရှင်၇၇ ယောက် ရှိနေတုန်းပဲ ဖြစ်ပါတယ်။

အဲဒီကောင်တွေက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ ဘယ်လောက်တောင် နားလည် သဘောပေါက် ထားတာလဲ။

လင်းဟန်က စိတ်ထဲမှာ အံ့အားသင့်သွားပေမဲ့ သူ့ရဲ့ယုံကြည်မှုကိုတော့ အနည်းငယ်လေးတောင်မှ မထိခိုက်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် အဲဒါက သူ့ရဲ့ ပြီးပြည့်စုံတဲ့ တိုက်ပွဲစွမ်းအားရော အလားအလာရော မဟုတ်တာကြောင့်ပဲ ဖြစ်ပါတယ်။ သူက တစ်ခုနဲ့တစ်ခု မဆန့်ကျင်ပဲ အတူတကွ ဆောင်ရွက်နိုင်တဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်နဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို မလုပ်ဆောင်ရသေးပါဘူး။

အထူးသဖြင့် ဖျက်ဆီးမရနိုင်သော ကောင်းကင်ဘုံ မှော်စာလိပ်ဖြစ်ပြီး အဲဒီပညာရပ်ကို အနက်ရောင်မျှော်စင်က လက်ဆင့်ကမ်းပေးခဲ့တဲ့ ကျမ်းတစ်ခုပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူက သမိုင်းမှာ နံပါတ်တစ် ဖြစ်နေစရာမလိုပါဘူး။

လင်းဟန်က ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်လိုက်ပြီး ကျော့မင်းကို ပြုံးပြီးပြောလိုက်ပါတယ်။

"ရေတွက်အောက်ခြေက ဖားလေး မင်း ဗဟုသုတအချို့နဲ့ အတွေ့အကြုံအချို့ရခဲ့ပြီလား"

အဆင့်၇ရနဲ့ အဆင့်၉၇။ ဟုတ်တာပေါ့ သူက လုံးဝကို ချေမှုန်းခဲ့တာပါပဲ။

"ငါ့ရှေ့ကနေ ဖယ်စမ်း"

ကျော့မင်းက လျှောက်လာခဲ့ပြီး သူ့ရဲ့ညာလက်နဲ့ နောက်တစ်ကြိမ် သိုင်းပညာကျောက်တုံးပေါ်ကို ဖိလိုက်ပါတယ်။

"စောစောတုန်းက ငါရဲ့စွမ်းအားအပြည့်အဝကိုတောင် အသုံးမပြုခဲ့ရသေးဘူး"

ဘာ။

လူတိုင်း တုန်လှုပ်ချောက်ခြားသွားပြီး မယုံကြည်နိုင်အောင်

ဖြစ်ခဲ့ကြရပါတယ်။ သမိုင်းတစ်လျှောက်လုံး ထိပ်ဆုံးအာ ယောက် တစ်ရာထဲကို ဝင်ရောက်နိုင်တာက သူ့ရဲ့စွမ်းအား အပြည့်အဝနဲ့ ဝင်ရောက်နိုင်ခဲ့တာ မဟုတ်ဘူးတဲ့လား။ ဒီ ကောင်က အမှန်တကယ်ပဲ ဘယ်လောက် ထူးခြားနေတာလဲ။

ကောင်းကင်ဘုံကိုတောင် စိန်ခေါ်တော့မလိုလား။

ကျော့မင်းက ရပ်နေတုန်းပဲဖြစ်ပေမဲ့ သူ့ရဲ့အနက်ရောင်ဆံပင် တွေက အောက်ခြေကနေ လေတွေ ပင့်တိုက်နေတဲ့အတိုင်း ကောင်းကင်ဆီကို ဝဲပျံတက်နေခဲ့ပြီး ဆံပင်တစ် ချောင်းချင်းစီက လေထုထဲမှာ ဝေ့ဝဲလွင့်မျောနေခဲ့ပါတယ်။ ကြီးမားတဲ့ မြွေကြီးတစ်ကောင်ရဲ့အရိပ်က သူရဲ့ နောက်ကျောဘက်မှာ ထပ်မံပေါ်ပေါက်ခဲ့ပေမဲ့ ၎င်းမြွေကြီးရဲ့ ခေါင်းက ပြားပြီးချွန်နေရာကနေ တီကောင်တစ် ကောင်အတိုင်း လုံးဝန်းတဲ့ ခေါင်းတစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

အဲဒါက သာမန်တီကောင်တစ်ကောင် မဟုတ်ခဲ့ပါဘူး။ ၎င်းက ကမ္ဘာဦးအစက နတ်ဘုရား သားရဲတစ်ကောင်ရဲ့ ပုံစံအတိုင်း ရေးကျတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

ကျော့မင်းရဲ့ နဖူးပေါ်က သွေးကြောတွေက အဆက်မပြတ် တဒုတ်ဒုတ်ခုန်နေခဲ့ပြီး ကြွက်သား တစ်ခုချင်းစီတိုင်းက တုန်ခါနေခဲ့ပါတယ်။ သူ့ရဲ့သာမန်လက်သီးချက် တစ်ချက်က ပင်လယ်ကိုမှောက်၊ တောင်တစ်လုံးကို အစိတ်စိတ်အမွှာမွှာဖြိုခွဲပြီး ကောင်ကင်က ကြယ်တွေကိုတောင် ရိုက်ချပစ်နိုင်တဲ့ ပုံစံမျိုးနဲ့ သူ့ရဲ့ခန္ဓာကိုယ် စွမ်းအားတွေက ထိတ်လန့်ပြီး တုန်လှုပ်စရာ ကောင်းလွန်းနေခဲ့ပါတယ်။

ဟုမ်း။

အနက်ရောင်အလင်းက သိုင်းပညာကျောက်တုံးအပေါ်မှာ ပြန်လည်ပေါ်ပေါက်လာခဲ့ပေမဲ့ ဒီတစ်ကြိမ်မှာတော့ "နာမည်ချန်ထားရစ်ပါ" ဆိုတဲ့ စာလုံးတွေ မပေါ် ပေါက်လာခဲ့ပါဘူး။ အဲဒီအစား ကျော့မင်းရဲ့နာမည်က အဆင့်၉၇ကနေ အဆင့်၅၁ဆီကို တိုးတတ်သွားခဲ့ပါတယ်။

ဒါက။

ရှေးခေတ်ပါရမီရှင် အယောက်ငါးဆယ်နီးပါးကို ဖိနှိပ်နိုင်ဖို့ ဘယ်လို လျို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်မျိုးကို သူအသုံးပြုခဲ့တာလဲ။

အဆင့်က ငါးဆယ်ဝန်းကျင်ခန့်ပဲ ရှိပေမဲ့ အဲဒါက ပါရမီရှင်မျိုးဆက်ပေါင်းများစွာနဲ့ နှစ်ပေါင်းများစွာ ဘယ်လောက်ကြာအောင် စုဆောင်းထားခဲ့တာမို့လို့လဲ။

သူဖိနှိပ်ခဲ့တာက ခေတ်အဆက်ဆက်က မျိုးဆက်တွေကိုပဲ ဖြစ်ပါတယ်။

လူတိုင်းက အပ်ဖျားပေါ်မှာ ရပ်နေရတဲ့အတိုင်း ခံစားလိုက်ကြရပါတယ်။ ဒါက ဘယ်လို မကောင်းဆိုးရွား တစ်ကောင်လဲ။ ဒါပေမဲ့လည်း ကျော့မင်းရဲ့ အထက်က နာမည်ငါးဆယ်က ပိုပြီးတောင်မှ ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းနေခဲ့ပါတယ်။ ဒီနာမည်တွေက ခေတ်တစ်လျှောက်လုံး ဒီအတိုင်းတူညီစွာ ကျန်ရှိနေဆဲပဲဖြစ်ပြီး အဲဒီအချိန်ကဆိုရင် သူတို့တွေက ဘယ်လောက်တောင် စွမ်းအားကြီးလိုက်မလဲ။

လင်းဟန်တောင်မှ အတော်လေးကို ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပါတယ်။ တစ်နည်းပြောရရင် ကျော့မင်း နားလည်သဘောပေါက်ထားတဲ့ ပညာရပ်တွေက အဆုံးစွန်ထိ တွက်ချက်လိုက်တဲ့အခါမှာ လျှို့ဝှက်ဆန်းကြယ်စွမ်းအား သုံးခုကိုတောင်မှ ကျော်လွန်နိုင်

ခဲ့ပါတယ်။

"ဟာဟာဟာ"

ကျော့မင်းက လက်ကိုလွှတ်လိုက်ပါတယ်။ သူက ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်လိုက်ပြီး လင်းဟာန်ကို အထင်အမြင်သေးစွာ ကြည့်လိုက်ပါတယ်။

"အခု ဘယ်သူက ရေတွင်းအောက်ခြေက ဖားတစ်ကောင်လဲ"

"သူများယောင်တိုင်း လိုက်ယောင်နေတယ်"

လင်းဟာန်က သူ့ရဲ့ခေါင်းကို ခါယမ်းလိုက်ပါတယ်။

"အစွမ်းကုန်မပြခဲ့တဲ့သူက မင်းတစ်ယောက်ထဲပဲ ရှိနေတယ်လို့ ထင်နေတာလား။ ဖားလေး ငါ့ရှေ့ကနေ ဖယ်စမ်း။ ဒီတစ်ခါတော့ မင်းကို အပြည့်အဝ ဘဝင်ကျသွားစေရမယ်"

ကျော့မင်းရဲ့ ခန္ဓာကိုယ်က အလိုအလျောက် တဆတ်ဆတ် တုန်သွားခဲ့ပါတယ်။ လင်းဟာန်ကလည်း အစွမ်းကုန်

မပြသခဲ့တာများ ဖြစ်နေနိုင်မလား။

မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူး။ သူက ၇၈ယောက်မြောက် နေရာအထိ တစ်ဟုန်ထိုးတက် သွားခဲ့တာလေ။ ဘယ်လိုလုပ်ပြီး အစွမ်းကုန်မပြပဲ ချန်ထားခဲ့တာ ဖြစ်နိုင်မှာလဲ။ သူသေချာပေါက် ဟန်ဆောင် နေတာပဲဖြစ်မယ်။ သေချာပေါက် အဲ့ဒီလိုပဲဖြစ်မယ်။

လင်းဟန်က သူ့ရဲ့လက်ကို ဆန့်ထုတ်လိုက်ပြီး ဖျတ်ဆီးမရနိုင်သော ကောင်းကင်ဘုံမှော်စာလိပ်ကိုပဲ အသုံးပြုပြီး သိုင်းပညာကျောက်တုံးပေါ်ကို ဖိလိုက်ပါတယ်။

ဟုမ်း။

ကျောက်တုံးကနေ အနက်ရောင်အလင်းက ချက်ချင်းထွက် ပေါ်လာခဲ့ပြီး လင်းဟန်ရဲ့ အဆင့်ကလည်း ကောင်းကင်ကို ထိုးတက်သွားခဲ့ပါတယ်။

၆၇၊ ၅၇၊ ၄၇၊ ၃၇။ အဆင့်တွေက မီးရှူးမီးပန်းတွေ ပစ်လွှတ်လိုက်သည့်အတိုင်း မြန်မြန်ဆန်ဆန်ပဲ ထိုးတက်သွားခဲ့ပါတယ်။

လင်းဟန်ကိုယ်တိုင်တောင်မှ အံ့အားသင့်သွားခဲ့ပါတယ်။ သူက ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံမှော်စာလိပ်ကို တစ်စိတ်တစ်ပိုင်းပဲ ထုတ်ဖော်ရသေးတာပဲ ဖြစ်ပြီးတော့ အပြည့်အဝ မဟုတ်ခဲ့ပါဘူး။ ဒါအပြင် သူက ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ ပထမအလွှာကိုပဲ ဆုပ်ကိုင်နိုင်ပါသေးတယ်။

၂၀၊ ၁၀၊ ကိုး၊ ရှစ်၊ ခုနစ်၊ ...သုံး၊ နှစ်၊ တစ်။

သူက ပထမနေရာကို တန်းရောက်သွားခဲ့ပြီး ပထမနေရာက "ပထမ"ကို ကန်ထုတ်ပစ်ခဲ့ပါတယ်။

မကြုံစဖူး၊ လောကရဲ့နံပါတ်တစ်ပါ။

"အိုး လပြွတ်ပဲဟော့"

"သောက်ကျိုးနည်း"

လူတိုင်းက ညစ်ညမ်းတဲ့ စကားတွေကို စတင် အော်ဟစ်လိုက်ကြပြီး လုံးဝကို မယုံကြည်နိုင် ဖြစ်နေခဲ့ကြပါတယ်။ ဒါကတုန်လှုပ်ဖွယ် ကောင်းလွန်းပြီး ခေတ်အဆက်ဆက်က ပါရမီရှင်တွေ အကုန်လုံးကို

တိုက်ရိုက်နင်းခြေပြီး ပထမနေရာမှာ အဆင့်ချိတ်ခဲ့တာပဲ ဖြစ်ပါတယ်။ ကျယ်ပြန့်တဲ့ ကုန်မြေတိုက်ကြီးရဲ့ သမိုင်းမှာ လင်းဟန်က စွမ်းအားအကြီးဆုံး သူတစ်ယောက် ဖြစ်လာမှာလား။

လင်းဟန်က ဖျက်ဆီးမရနိုင်သော ကောင်းကင်ဘုံ မော်စာလိပ်ကို ဆက်မလုပ်ဆောင်ခဲ့ပါဘူး။ သူက နံပါတ်တစ် အထိကို ထိုးတက်သွားခဲ့ပြီ ဖြစ်တာကြောင့် ဆက်လုပ်ဆောင် နေလို့ အဓိပ္ပါယ် မရှိပါဘူး။ သူကလက်ကို ပြန်ရုတ်သိမ်းလိုက်ပြီး ပြုံးလိုက်ပါတယ်။

"စိတ်မကောင်းပါဘူး။ တကယ် စိတ်မကောင်းပါဘူး။ ငါက ပုံမှန်အားဖြင့် သိုသိုဝှက်ဝှက်နေတတ်တဲ့ သူတစ်ယောက်ပါ။ ရုတ်တရက်ကြီး တစ်ခါထဲ နာမည်ကြီး တစ် ယောက်ဖြစ်သွားတဲ့ အတွက်ကြောင့် ငါခံစားချက်တွေ သိပ်မ ကောင်းဘူး"

လူတိုင်း ပြောစရာ စကားမဲ့သွားခဲ့ပါတယ်။ အဲဒါက ဘယ် လောက်ပဲ ဟန်လုပ်နေတယ် ထင်ရပါစေ လင်းဟန်ရဲ့ အလားအလာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ တကယ်လို့သာ သူဆုပ်ကိုင်ထားတဲ့ လျှို့ဝှက်ဆန်းကျယ် သော ပညာရပ်ကို အဆုံးစွန်ထိ အမှန်တကယ်

တွန်းအားပေးနိုင်ခဲ့ပါက သူ့ရဲ့တိုက်ပွဲ စွမ်းအားတွေက အစဉ်အမြဲ အသန်မာဆုံး ဖြစ်လာပါ လိမ့်မယ်။

ဒီနေရာမှာရှိနေတဲ့ အမျိုးသမီးအားလုံးရဲ့ မျက်လုံးတွေက တောက်ပနေခဲ့ပါတယ်။ ဒါက သမိုင်းတစ်လျှောက်မှာ ပထမပါ။ ဘယ်သူကများ သမိုင်းတစ်လျှောက် ပထမအဆင့်ရဲ့ ဇနီးမယား မဖြစ်လာချင်ပဲ နေပါ့မလဲ။ ဒီဂုဏ်ပုဒ်က ဆွဲဆောင်မှုတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။

ကျော့မင်းရဲ့ အမူအရာက ဖြူဖျော့သွားခဲ့ပါတယ်။ အစတုန်းက လင်းဟန်ကို လုံးလုံးလျားလျား ဖိနှိပ်လိုခဲ့ပေမဲ့ မမျှော်လင့်ပဲ သူက လင်းဟန်အောင်မြင်ဖို့အတွက် ချနင်းစရာ ကျောက်တုံးတစ်ခု ဖြစ်လာခဲ့ပြီး လင်းဟန်ကို ကူညီ ပေးခဲ့ပါတယ်။ နောက်ဆုံးတော့လည်း သူနဲ့ နှိုင်းယှဉ်ခြင်း မရှိပဲနဲ့ နံပါတ်တစ် ဖြစ်ခြင်းရဲ့ အကျိုးသက်ရောက်မှုကို ဘယ်သူကများ ထင်ထင်ရှားရှား သိနိုင်လိမ့်မှာလဲ။

အခုတော့ သိသာထင်ရှားနေခဲ့ပါတယ်။ သူက အပြင်းအထန် ရုန်းကန်ခဲ့ပြီးတဲ့ နောက်မှာတောင် ၅၁ယောက်မြောက် နေရာမှာပဲ ရှိနေခဲ့ပြီး သူ့ရဲ့အဆင့်က လင်းဟန်နဲ့ ဘယ် လောက်တောင် ဝေးကွာလိုက်ပါသလဲ။

Chapter 719 end

Zaw. အပိုင်း(၇၂၀) နောက်ထပ် နံပတ်တစ် တစ်ဦး

ကျော့မင်းက သူ့ရဲ့စိတ်ကို ချက်ချင်းပဲ တည်ငြိမ်သွားအောင် ထိန်းလိုက်ပါတယ်။ ဒါက အနာဂတ်မှာ လင်းဟာန်ရောက်ရှိနိုင်တဲ့ အမြင့်ပဲ ဖြစ်ပြီးတော့ သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းအားတွေက လင်းဟာန်ရဲ့ တိုက်ပွဲစွမ်းအားတွေနဲ့ ပြိုင်ဘက်မဟုတ်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။

အဲ့ဒါက ဆန့်ကျင်ဘက်ပဲ ဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ ကြုံတွေ့ခဲ့တဲ့ ကံကောင်းမှု တစ်ခုကြောင့် သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ဆီကို ထိုးတက်သွား ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းအားက သေချာပေါက် လင်းဟာန်ကို နင်းခြေပစ်နိုင်ပါလိမ့်မယ်။

အခွင့်အရေး ရတာနဲ့ သူက လင်းဟာန်ကို သေချာပေါက် သတ်ပစ်ရပါလိမ့်မယ်။

"ညိုးညိုးလည်း စမ်းချင်တယ်။ ညိုးညိုးလည်း စမ်းကြည့်ချင်တယ်"

ဟူးညို့က ပျော်ရွှင်စွာနဲ့ တခစ်ခစ် ရယ်မောပြီး ပြေလွှားနေခဲ့ပါတယ်။ သူမရဲ့ ပုံစံလေးကိုက ရယ်ရွှင်ဖွယ်ရာ ပုံပေါက်နေစေခဲ့ပါတယ်။

"ဟားဟား ဟားဟား"

လူတချို့က ချက်ချင်း ကျယ်လောင်စွာ ထရယ်မောလိုက်ကြပါတယ်။ ကလေးမလေး တစ်ယောက်က ကြားဖြတ်ပြီး ဘာတွေဝင်လုပ်နေတာလဲ။

"သူမကို အထင်မသေးနဲ့။ သူမက သူမရဲ့ကိုယ်ပိုင်အစွမ်းအစနဲ့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဝင်ရောက်နိုင်ခဲ့ပြီး ပညာရှင်တွေ အများကြီးကိုတောင်မှ အနိုင်ယူခဲ့တယ်"

တစ်စုံတစ်ယောက်က ဟူးညို့ရဲ့အကြောင်းတွေကို သိနေခဲ့ပါတယ်။

ဖူး။

ဒါက ချက်ချင်းဆိုသလို လူတွေအများကြီးကို အံ့အားသင့်စွာနဲ့ တံတွေးသီးလုမတတ်

ဖြစ်သွားစေခဲ့ပါတယ်။

သူမကလား။ ခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက်ကလေ။ ဒါက ဖြစ်နိုင်လို့လား။

"ဟမ့် ကလေးမလေး ဒီမှာလာပြီးတော့ နှောင့်ယှက်မနေနဲ့။ ငါ့အရှင်ရဲ့ ရှေ့ကနေ ဖယ်စမ်း"

လူအိုကြီးတစ်ယောက်က မကျေမနပ်နဲ့ လမ်းကို ပိတ်ဆို့လိုက်ပါတယ်။ အစောပိုင်းတုန်းက သူက သည်းခံခဲ့ပေမဲ့ ကလေးမလေး တစ်ယောက်ကလည်း တန်းစီချင်နေတာတဲ့လား။ သူက အဲဒါကို သည်းမခံနိုင်ခဲ့ပါဘူး။

"နင်က ညီးညီးရဲ့လမ်းကို ဟန့်တားရဲတာလား"

ဟူးညိုက ဒေါသထွက်သွားခဲ့ပြီး ထိုလူအိုကြီးကို သူမက ချက်ချင်း လက်းသီးနဲ့ ထိုးလိုက်ပါတယ်။

"လွင့်ထွက်သွားစမ်း"

"ကလေးမလေး တစ်ယောက်က ငါ့အရှင်ရဲ့ရှေ့မှာ

ရှိင်းစိုင်းဝံ့တယ်ပေါ့"

လူအိုကြီးက ဟူးညိုရဲ့လည်ပင်းကို ဖမ်းဆုပ်ပြီး တိုက်ခိုက်လိုက်ပါတယ်။ သူက ဟူးညိုကို လှောင့်ပစ်ချင်နေခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဟူးညိုရဲ့ ပုံရိပ်က သူ့ရဲ့လက်အောက်ကနေ ချက်ချင်းဆိုသလို ဖျတ်ခနဲ ပျောက်သွားခဲ့ပြီး သူ့ရဲ့နောက်ကျောမှာ လျှပ်ပြက်သလို ပြန်ပေါ်လာပြီးတော့ ကန်ချက်တစ်ချက် ထုတ်လွှတ်လိုက်ပါတယ်။ လူအိုကြီးက အကန်ခံလိုက်ရပြီး လူအုပ်ကြီးရဲ့ အပြင်ဘက်ကို အံ့သြဖွယ်ရာ လွင့်ပျံသွားခဲ့ပြီး အဝါရောင်သဲပြင်ပေါ်ကို ကျသွားခဲ့ပါတယ်။

"သေစမ်း"

လူအိုကြီးက
ကလေးမလေးတစ်ယောက်ရဲ့အကန်ခံလိုက်ရပြီး
လွင့်ပျံထွက်သွားတာကြောင့် သူကရှက်ရွံ့ နေခဲ့ပါတယ်။ အနာဂတ်မှာ လူတွေကို သူမျက်နှာချင်းတောင် ဆိုင်ရဲပါဦးတော့မလား။

သူက ချက်ချင်း ပြန်လည်တိုက်ခိုက် လိုက်ပေမဲ့ သူ့တိုက်ခိုက်မှု မထုတ်ဖော်ရသေးခင် လင်းယုန်ငှက်တစ်ကောင်ရဲ့ ဖမ်းဆီးခြင်းကိုခံလိုက်ရတဲ့ ကြက်ပေါက်လေး တစ်ကောင်အတိုင်း သတ္တုရုပ်သေးရဲ့ ဖမ်းဆုပ်ခြင်းကို ခံလိုက်ရပြီး ပြန်လည်တိုက်ခိုက်နိုင်စွမ်း လုံးဝမရှိခဲ့ပါဘူး။ သူက အပြင်အထန် ရုန်းကန်နေရင်း အော်ပြောလိုက်ပါတယ်။

"ဒီအရှင်တစ်ယောက်ထဲကိုပဲ ဘာလို့ဖမ်းရတာလဲ"

ဟုတ်တယ်။ လူတိုင်းကလည်း မေးချင်နေခဲ့ကြပါတယ်။ ဒီနေရာကို တိုက်ခိုက်ခြင်းကို တားမြစ်ထားပြီး သတ္တုရုပ်သေးက တိုက်ခိုက်တဲ့ မည်သူကိုမဆို ချက်ချင်း တားဆီးလိမ့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုကျတော့ရော။ ဟူးညို့က ပထမဆုံး တိုက်ခိုက်တဲ့ လူဖြစ်ကြောင်း ထင်ရှားနေတာကို ရုပ်သေးက သူမကို တားဆီးရမဲ့အစား တိုက်ခိုက်ခံရတဲ့သူကို ဘာလို့ ဖမ်းချုပ်ထားရတာလဲ။

ဟူးညို့က သတ္တုရုပ်သေးကို စိန်းစိန်းဝါးဝါး စိုက်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"မကောင်းဆိုးရွားကြီး နင် ဟူးညို့ကို ဖမ်းရဲလား"

သတ္တုရုပ်သေးက သူမကို ကြောက်ရွံ့သည့်အတိုင်း အမှန်တကယ်ပဲ အနောက်ကို ပြန်ဆုတ်သွား ခဲ့ပါတယ်။

လူတိုင်းက သူတို့ရဲ့ခေါင်းတွေကို ဆုပ်ကိုင်ပြီးတော့သာ အော်ဟစ်ပြစ်ချင်နေခဲ့ပါတယ်။ ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ကြောက်ရွံ့မှုကို မသိရှိပဲ ခံစားချက် လုံးဝမရှိတဲ့ ရုပ်သေးတစ်ကောင်က ဘယ်လိုလုပ်ပြီး ဟူးညိုနဲ့ ရင်ဆိုင်တဲ့အခါ ကြောက်ရွံ့မှုကို ခံစားနေခဲ့ရတာလဲ။

ဟူးညိုက ကျယ်လောင်စွာ ရယ်မောလိုက်ရင်း သူမရဲ့လက်ကို နောက်ပစ်ပြီး သိုင်းပညာကျောက်တုံးဆီကို လျှောက်သွားခဲ့ပါတယ်။ သူမရဲ့လက်ကို ဆန့်ထုတ်လိုက်တဲ့ အခါမှာတော့ သူမက စိတ်ပျက်လက်ပျက် ဖြစ်ပြီးတော့ ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

"ဒေါသထွက်ဖို့ ကောင်းလိုက်တာ။ ဒါကြီးက မြင့်လွန်းတယ်"

သူမက သိုင်းပညာ ကျောက်တုံးကိုမှီဖို့ ခြေဖျားထောက် ရပ်နေရပြီး သူမရဲ့လက်ကို ဆန့်ထုတ်ခဲ့ရပါတယ်။

လူတိုင်းက မပြုံးမိပဲ မနေနိုင်ခဲ့ကြပါဘူး။ ဒီကလေးမလေးက

အတော်လေးကို ရှင်မြူးဖွယ်ရာပဲ။

ဟူးညိုက သိုင်းပညာကျောက်တုံးပေါ်ကို တိုက်ရိုက်ခုန်တက်လိုက်ပါတယ်။

လူတိုင်းက အဲဒီလုပ်ရပ်နဲ့ ပတ်သက်ပြီးတော့ ခေတ်အဆက်ဆက်က ပါရမီရှင်တွေက အဲဒီနေရာအပေါ်မှာ သူတို့ရဲ့ နာမည်တွေကို ချန်ထားရစ်ခဲ့တာကြောင့် မလေးမစား ပြုလုပ်တယ်လို့ မြင်ခဲ့ပေမဲ့ သတ္တုရုပ်သေးတောင်မှ ဘာတုန့်ပြန်မှုကို မပြသခဲ့တာကြောင့် သူတို့တွေက ဘာများကြီးကြီးကျယ်ကျယ် ခံစားနေဦးမှာလဲ။

ဟူးညိုက သူမရဲ့လက်လေးကို ကျောက်ပြားပေါ်ကို တင်လိုက်ပေမဲ့ တုန့်ပြန်မှု လုံးဝမရှိခဲ့ပါဘူး။ အနက်ရောင် အလင်းမပြောနဲ့ ခရမ်းရောင် အလင်းတောင်မှ ထွက်ပေါ်မလာခဲ့ပါဘူး။ ဒါက ဟူးညိုကို ဒေါသထွက်သွားခဲ့ပါတယ်။

"ဒီကျောက်တုံးစုတ်က ပျက်သွားပြီ"

လင်းဟာန်က ရယ်မောပြီး ပြောလိုက်ပါတယ်။

"အဲဒီကျောက်တုံးကို မင်းရဲ့ရန်သူ တစ်ယောက်အဖြစ် သဘောထားပြီးရင် မင်းရဲ့ခေါင်းထဲမှာ သူ့ကိုဘယ်လို ရိုက်နှက်မလဲ ဆိုတာကို တွေးလိုက်"

"ဟုတ်ပြီ။ ဒါကအလုပ်ဖြစ်တယ်"

ဟူးညိုက တခစ်ခစ် ရယ်မောလိုက်ပြီး သူမရဲ့မျက်လုံးတွေကို ပိတ်လိုက်ပါတယ်။ သူမက စူတူတူ မျက်နှာပေးနဲ့ ဒေါသတကြီး သူမရဲ့သွားတွေကို ကြိတ်ချေနေပုံ ရပါတယ်။

ပွမ်း။

သိုင်းပညာကျောက်တုံးက အနက်ရောင်အလင်းအဖြစ် ချက်ချင်းထွန်းလင်းသွားခဲ့ပြီး စာလုံးတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

"နာမည် ချန်ထားရစ်ပါ"

လပြွတ်ပဲ။ စာရင်းမှာ နာမည်ချန်ထားရစ်နိုင်တဲ့ နောက်ထပ် မွန်းစတားတစ်ကောင်ပဲ။

ဘာတွေဖြစ်နေတာလဲ။ မွန်းစတားနှစ်ကောင် ရှိနေခဲ့ပြီးပြီလေ။ တစ်ယောက်ဆိုရင် သမိုင်းတစ်လျှောက်မှာ ပထမအဆင့်ချိတ်ခဲ့တယ်။ အခုခုနစ်နှစ် ရှစ်နှစ်အရွယ် ကလေးမလေး တစ်ယောက်ကလည်း အဆင့်ဝင်နိုင်ခဲ့တယ်တဲ့လား။ ဒီလိုကလေးမလေး တစ်ယောက်က ဘယ်လို လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တွေမျိုးကို သိနေနိုင်မှာလဲ။

ဟူး ကလေးမလေးရဲ့ အတိုင်းအတာ အထိတောင်မှ မရောက်ရှိနိုင်ခဲ့ဘူး။ သူတို့ကိုယ်သူတို့ ပါရမီရှင်တွေလို့တောင် ခေါ်ဆိုနိုင်ပါတော့မလား။

ဟူးညိုက ကျောက်ပြားပေါ်မှာ စာလုံးတွေကို ခပ်သော့သော့ရေးလိုက်ပါတယ်။

"လင်းဟန်က ညီးညီးရဲ့လူ"

သူမက တခစ်ခစ် ရယ်မောလိုက်ပြီး သူမရဲ့ကိုယ်ပိုင် အပြောင်မြောက်ဆုံး လက်ရာကို အားရကျေနပ်စွာနဲ့ အနောက်ကို ခြေလှမ်းအနည်းငယ် ပြန်ဆုတ်လိုက်ပါတယ်။

"လင်းဟန် ညီးညီးရဲ့စာလုံးတွေ လှရဲ့လား"

"လုပ်တာပေါ့။ သူတို့က ကခုန်နေတဲ့အတိုင်းပဲ"

လင်းဟန်က အပြုံးနဲ့ပြောလိုက်ပါတယ်။

အနက်ရောင်အလင်းက မေးမှိန်သွားပြီး လူတိုင်းက "လင်းဟန်က ညီးညီးရဲ့လူ"က အဆင့်ဘယ်လောက်မှာ ချိတ်လဲဆိုတာကို ချက်ချင်း စတင်ပြီး ရှာဖွေလိုက်ကြပါတယ်။

သူတို့တွေ အကုန်လုံးက နောက်ဆုံးအဆင့်ကနေ စတင်ပြီး ရှာလိုက်ကြပေမဲ့ အဆင့်၉၇ထိ အဲဒီနာမည်က ရှိမနေခဲ့ပါဘူး။ အဆင့်၈၀၊ အဆင့်၇၀အထိတောင် ရှိမနေခဲ့သေးပါဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး။ မဟုတ်ဘူး။ သူတို့ကြည့်နေတဲ့ တစ်လျှောက်လုံး စာလုံးတွေကို မမြင်နိုင်ခဲ့ကြပါဘူး။

"ဟော့ကောင်တွေ ပထမဆုံးအတန်းကို ကြည့်လိုက်ကြဦး"

လူတစ်ယောက်က တုန်ယင်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

လူတိုင်းက ပထမဆုံးအတန်းကို ကြည့်လိုက်တဲ့အခါမှာ "လင်းဟန်က ညီးညီးရဲ့လူ" က ပထမအဆင့် နေရမှာ

ရှိနေခဲ့ပြီး လင်းဟန်ကို တွန်းဖယ်ကာ ပထမနေရာမှာ ရောက်နေခဲ့တာကို တုန်လှုပ်ဖွယ်ကောင်းစွာ တွေ့လိုက်ကြရပါတယ်။ ဟိုးအရင်က ပထမနေရာမှာ ရှိခဲ့တဲ့ အတော်လေး သောက်ချိုးမပြေပုံရတဲ့ "ပထမ" ကတော့ တတိယနေရာကို ပြုတ်ကျသွားခဲ့ပါတယ်။

မူလက ပထမအဆင့်ချိတ်ခဲ့တဲ့ "ပထမ" က အတော်လေး အံ့အားသင့်ဖွယ် ကောင်းခဲ့ပြီး အခုတော့ တတိယအဆင့်မှာ ရှိနေခဲ့ပါတယ်။ သူက အတိတ်နဲ့ ပစ္စုပ္ပန်ကာလမှာ ကြံ့ကြံ့တောင့်ကြံ့ခံ ရှားပါးတဲ့ သူတစ်ယောက် ဖြစ်နေဆဲဖြစ်ပေမဲ့ အခုချိန်မှာတော့ သူ့ရဲ့ ပထမဆိုတဲ့ နာမည်ဂုဏ်သတင်းအတိုင်း မကိုက်ညီခဲ့တဲ့အတွက် ရယ်မောစရာ ပုံရိပ်တစ်ခု ဖြစ်လာခဲ့ပါတယ်။

လူတိုင်းက ဟူးညီနဲ့ ကျောက်ပြားပေါ်က နာမည်ကို ခေါက်တုံ့ခေါက်ပြန် ကြည့်နေခဲ့ကြပြီး ဒီကလေးမလေးနဲ့ ခေတ်တစ်လျှောက်မှာ နံပါတ်တစ် တိုက်ပွဲစွမ်းအားဆိုတာနဲ့ကို မချိတ်ဆက်နိုင် ဖြစ်နေခဲ့ကြပါတယ်။

သူတို့တွေက သမိုင်းကို ချိုးဖြတ်ပြီး တိုက်ပွဲစွမ်းအားမှာ နံပါတ်တစ်အဆင့်ထိကို သိက္ခာရှိရှိ မြင့်တက်သွားတဲ့

လင်းဟန်ကြောင့် တုန်လှုပ်နေဆဲပဲ ဖြစ်ပါတယ်။ ပထမဆုံး ထိတ်လန့်တုန်လှုပ်မှုက မမေ့မှိန်သေးခင်မှာပဲ သူတို့တွေကို ကြက်သီးတောင် ထစေခဲ့တဲ့ တခြားတစ်ယောက်က ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက အိပ်မက်တစ်ခုများလား။ တကယ်ကို ယုတ္တိမရှိလွန်းလို့ ဖြစ်ပါတယ်။

"ရေး ညီးညီးက ပထမ"

ဟူးညီက စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ပါတယ်။

ကျော့မင်းရဲ့မျက်နှာ အစိမ်းရောင် ပြောင်းသွားခဲ့ပါတယ်။ သူလင်းဟန်ကို မရိုက်နှက်နိုင်ခဲ့တာကို မေ့လိုက်နိုင်ပေမဲ့ ကလေးမလေး တစ်ယောက်ရဲ့ အနာဂတ် တိုက်ပွဲစွမ်းအားက သူရဲ့အထက်မှာတဲ့လား။ ဒါကို သူဘယ်လိုလုပ်ပြီး လက်ခံနိုင်မှာလဲ။ သူ့ရဲ့ယုံကြည်မှုတွေ လွင့်ပျယ်သွားခဲ့သလိုပါပဲ။ အကြီးကြီးကို လွင့်ပျယ်သွားခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်ကို အဲဒါကို ထူးဆန်းတယ်လို့ လုံးဝမထင်ခဲ့ပါဘူး။ ဟူးညီရဲ့ ခန္ဓာကိုယ်ထဲမှာ ထိတ်လန့်တုန်လှုပ်ဖွယ် တည်ရှိမှုတစ်ခု ဖုံးကွယ်နေခဲ့တာ အတော်လေး ဖြစ်နိုင်တာကြောင့် သူမက ခေတ်အဆက်ဆက် ပါရမီရှင်တွေ အကုန်လုံးကို နင်းချေခဲ့တော့ရော ဘာအရေးလဲ။

ထူးဆန်းတာမှ မဟုတ်တာ။ ပြီးတော့ သူကလည်း ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံမှော်စာလိပ်ကို အပြည့်အဝ မလုပ်ဆောင်ခဲ့ပါဘူး။ ဒါကြောင့် ဟူးညိုရဲ့အောက်မှာ ရောက်နေတာ သာမန်ပဲဖြစ်ပါတယ်။

သူက ဟူးညိုနဲ့ ယှဉ်ပြိုင်လိမ့်မှာ မဟုတ်ပါဘူး။

"လာကြ။ အဲဒီဖားလေးကို ဂရုစိုက်မနေနဲ့။ အထဲဝင်ကြည့်ကြစို့"

"ကောင်းပြီ"

ဟူးညိုက လင်းဟန်ရဲ့လက်ကို ကိုင်လိုက်ပြီး အရွယ်ရောက်သူ တစ်ယောက်နဲ့ ကလေးတစ်ယောက်က လက်နက်တဲ နန်းတော်ဆီကို အတူတူ လျှောက်သွားတဲ့ အချိန်မှာ သတ္တုရုပ်သေးက ရိုသေလေးစားမှုကို ပြသတဲ့အတိုင်း ဘေးဖယ်ပေးလိုက်ပါတယ်။ ကျူးရှမ်အာနဲ့ ယွမ်ချောင်ဟဲတို့ကလည်း လင်းဟန်တို့နောက်ကနေ လိုက်သွားခဲ့ပြီး သူတို့ရဲ့မျက်နှာတွေပေါ်မှာ ထင်ရှားကျော်ကြားတဲ့ ခံစားမှုတွေနဲ့ အတော်လေးကို ဂုဏ်ယူနေခဲ့ကြပါတယ်။

အရင်စမ်းသပ်ချက်ကို အောင်မြင်တဲ့သူတွေက သတ္တုရုပ်သေးကို လှည့်ပတ်သွားခဲ့ရတာကြောင့် လူတိုင်းက အံ့အားသင့်သွားခဲ့ ကြပါတယ်။ ဒါက သူတို့ရဲ့ နာမည်တွေကို အဆင့်သတ်မှတ်ချက် စာရင်းပေါ်မှာ ချန်ထားရစ်နိုင်ခဲ့တဲ့ သူတွေအတွက် အထူးတလည် ဆက်ဆံပုံများ ဖြစ်နိုင်မလား။

"အစ်ကိုလင်း"

ဂမ်ရန်ချင်းချင်းက အမြန်ဆုံး အမီလိုက်လာခဲ့ပြီး သူမရဲ့မျက်လုံးတွေက တောက်ပနေခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ သူမက လင်းဟာန်နဲ့ အစစ်အမှန် သိကျွမ်းချင်နေခဲ့ပြီး စကားအနည်းငယ် ပြောချင်နေခဲ့ပါတယ်။

ကျော့မင်းက နာခေါင်းရှုံ့လိုက်ပြီး လက်နက်တဲနန်းတော်ဆီကို လျှောက်သွားလိုက်ပါတယ်။ သူကလည်း ဟိတ်ကြီးဟန်ကြီးနဲ့ လျှောက်ဝင်ဖို့ ကြိုးစားလိုက်ပေမဲ့ ရုပ်သေးက သူ့ကို ပိတ်ဆို့ထားပြီး ဘေးဖယ်ပေးဖို့ ဆန္ဒမရှိခဲ့ပါဘူး။ ကျော့မင်းတစ်ယောက် ဒေါသတွေ ပေါက်ကွဲလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ လူတိုင်းက အဆင့်သတ်မှတ်ခံရဖို့ ကြိုးစားနေခဲ့ကြပါတယ်။ ဒါဆို အဆင့်သတ်မှတ် ခံရတဲ့ သူကရော ဘာလို့ အထူးတလည်

ဆက်ဆံမှုကို မရရှိရတာလဲ။

သူက သတ္တုရုပ်သေးရုပ်ကို လှည့်ပတ်သွားခဲ့ရပြီး သူရဲ့အမူအယာက သုန်မှုန် နေပါတယ်။

လုံးဂကို မမျှတဘူး။ လပြွတ်လိုပဲ။

Chapter 720 end

Zaw.အပိုင်း(၇၂၁) ဂက်ပါ အစီအရင် ဓားလား

လက်နက်တဲနန်းတော်ထဲ ဝင်ရောက်ခဲ့ပြီးတဲ့နောက်မှာ နှစ်ဖက်စလုံးမှာ ဒုတိယအထပ်ကို တက်လို့ရတဲ့ လှေကားတွေရှိတဲ့ ဟောခန်းတစ်ခု ရှိနေခဲ့ပါတယ်။ ဒီအထပ်ရဲ့အမြင့်ကနေ ခန့်မှန်းရရင် လက်နက်တဲ နန်းတော်က အထပ်ငါးထပ်ရှိနိုင်ပါတယ်။

"ဘာလက်နက်ကို အသုံးပြုတာလဲ"

အသံတစ်ခုက လင်းဟန်ရဲ့ နားဘေးကနေ ထွက်ပေါ်လာခဲ့ပါတယ်။

"ဟမ်"

လင်းဟန်က လန့်ဖျပ်သွားပြီး လူတိုင်းကို မေးလိုက်ပါတယ်။

"မင်းတို့အားလုံး ဒီအသံကို ကြားလိုက်ရလား"

"ငါ ကြားခဲ့တယ်။ အဲဒါက ငါ့ကို ဘာလက်နက် အသုံးပြုလဲလို့ မေးတယ်"

သူတို့အားလုံးက ပြန်ဖြေလိုက်ကြပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဓား"

သူ ပြောလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ သူ့ရဲ့ပုံရိပ်က ခန်းမထဲကနေ ပျောက်ကွယ်သွားခဲ့ပြီး အလုံပိတ်ထားတဲ့ အခန်းတစ်ခုထဲမှာ ပေါ်လာခဲ့ပါတယ်။ တံခါးက တင်းတင်းကျပ်ကျပ် ပိတ်နေပြီး သူက ဒီနေရာကို တိုက်ရိုက် ပို့ဆောင်ခံလိုက်ရတာ ဖြစ်နိုင်ပါတယ်။

ရှေးဟောင်းမင်းဆက် တစ်ခုအတွက် ဒီလိုနည်းလမ်းတစ်ခုက

ထူးခြားတယ်လို့တော့ မဟုတ်ပါဘူး။

လင်းဟန်က မထိတ်လန့်ခဲ့ပါဘူး။ အခုပုံစံကိုကြည့်ရတာ လူတိုင်းက သူတို့အသုံးပြုတဲ့ လက်နက်တွေ ကွဲပြားခြားနားတာကြောင့် မတူညီတဲ့ အခန်းတွေကို ပို့ဆောင်လိုက်တာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဓားအသုံးပြုတာချင်းတူတဲ့ သူတွေကျ ဘာလို့ အတူတူ ရှိမနေရတာလဲ။

ဒါက သူတို့ရဲ့ မှတ်တမ်းတွေကြောင့် ဖြစ်နိုင်ပါတယ်။ သူတို့ရဲ့မှတ်တမ်းတွေ ပိုပြီးတော့ ကောင်းမွန်လေလေ သူတို့ဝင်ရောက်နိုင်တဲ့ အခန်းက ပိုမိုအဆင့်မြင့်လေ ဖြစ်ပါတယ်။

လင်းဟန်က လှည့်ပတ်ကြည့်လိုက်ရာ ကျောက်တုံးအခန်းလွတ် တစ်ခုကို တွေ့လိုက်ရပြီး အခန်းရဲ့ အလယ်မှာတော့ ဓားအိမ်ထဲ ထည့်ထားတဲ့ ဓားတစ်ချောင်းက ကျောက်စားပွဲတစ်ခု အပေါ်မှာ ရှိနေခဲ့ပါတယ်။ ဓားက ဓားအိမ်ထဲမှာ ရှိနေခဲ့တာတောင်မှ ဓားရဲ့တုန်လှုပ်ဖွယ် ပြင်းထန်ရက်စက်တဲ့ ချီတွေက သူ့မျက်နှာကို လာရောက်ရိုက်ခတ်နေတာကို လင်းဟန်အနေနဲ့ အာရုံခံ

နိုင်ခဲ့ပါတယ်။ ဒါကသူ့ကို မြိမ်းခြောက်နိုင်စွမ်းအပြည့်နဲ့ ဖြစ်ပါတယ်။

ဓားသမားတစ်ယောက်ရဲ့ လက်နက်။

လင်းဟန်က အံ့အားသင့်သွားခဲ့ပါတယ်။ အဲဒါက ရတနာဓားတွေကို သူ မမြင်ဖူးတာကြောင့် မဟုတ်ပါဘူး။ သူ့ရဲ့လက်ထဲမှာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်တစ်ခုတောင် ရှိနေခဲ့ပေမဲ့ ဒီပြင်းထန်ရက်စက်တဲ့ ချီတစ်ခုထဲနဲ့တင် နတ်ဆိုးရှင်သန်ဓားက ဒီဓားနဲ့ နိုင်းယှဉ်နိုင်ဖို့ အဝေးကြီးမှာ ကျန်ခဲ့ပါပြီ။

ဒီဓားက သတ်ဖြတ်ခြင်းအတွက် သီးသန့်ပြုလုပ်ထားသလိုပဲ ဖြစ်ပါတယ်။

လင်းဟန်က လျှောက်သွားလိုက်ပေမဲ့ မီတာသုံးဆယ်အကွာအဝေးကို ရောက်တဲ့အခါမှာ အဲဒီဓားက သူ့ရဲ့ဓားအိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။

ဂုမ်း။

အဲဒီဓားက ဓားအိမ်ထဲမှာ သုံးဆယ်စင်တီမီတာလောက်
ကျန်နေသေးပြီး ဓားအလင်းတွေကို ပစ်လွှတ်လိုက်ပါတယ်။
ဓားအလင်းခုနစ်ခုက ရောယှက်နေခဲ့ပြီး လင်းဟာန်ဆီကို
တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။

အဲဒီဓားအလင်းတွေရဲ့စွမ်းအားက စိတ်ဝိညာဉ်
နတ်သူငယ်အဆင့်မှာသာ ရှိနေခဲ့ပြီး သူနဲ့အဆင့်တူပဲ ဖြစ်ပါတယ်။
ထင်ရှားစွာပဲ လင်းဟာန်က မကြောက်ရွံ့ခဲ့ပဲ ထိုတိုက်ခိုက်မှုကို
ထိပ်တိုက်ရင်ဆိုင်ရန် သူ့ရဲ့လက်တွေကို ကြက်ခြေခတ်ပုံစံနဲ့
ခုခံလိုက်ပါတယ်။

ဖူး။

သူရဲ့ခန္ဓာကိုယ်က ခြေလှမ်းခုနစ်လှမ်းလောက်ထိ
နောက်ပြန်ဆုတ်လိုက်ရပါတယ်။ သူ့ရဲ့လက်တွေအပေါ်မှာ

တုန်လှုပ်ဖွယ် ဒဏ်ရာခုနစ်ခု ပေါ်ပေါက်လာခဲ့ပြီ သွေးနီနီတွေ စီးကျလာခဲ့ပါတယ်။

လင့်ဟာန်က အံ့အားမသင့်ပဲ မနေနိုင်ခဲ့ပါဘူး။ သူ့ရဲ့ခန္ဓာကိုယ်က ဘာမို့လို့လဲ။ အဲဒါက အဆင့်ရှစ် ရှားပါးသတ္တုတွေနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ သီအိုရီအရဆို နတ်အသွင် ပြောင်းလဲခြင်း အဆင့်တွေရဲ့ တိုက်ခိုက်မှုတွေတောင်မှ သူ့ကိုထိခိုက်ပျက်စီးစေဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီစိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဓားအလင်းခုနစ်ခုက သူ့ကို အမှန်တကယ်ပဲ သွေးထွက်စေ ခဲ့ပါတယ်။ ဒါက တုန်လှုပ်စရာမကောင်းပဲ နေပါ့မလား။

စွမ်းအားတွေက တိုက်ပွဲစွမ်းတွေကို ကိုယ်စားမပြုပဲ ဖျက်ဆီးနိုင်တဲ့ စွမ်းအားတွေကိုပဲ ကိုယ်စားပြုပါတယ်။

လင်းဟာန်က အဲဒီအရာကို ကောင်းစွာသိရှိပါတယ်။

ဥပမာအနေနဲ့ လူတစ်ယောက်က ခွန်အားအတူတူ အသုံးပြုပြီး သံချောင်းတစ်ချောင်းနဲ့ သစ်သားကိုခုတ်တာနဲ့ ပုဆိန်တစ်ချောင်းနဲ့ ခုတ်တာကို နှိုင်းယှဉ်ရင် ပျက်စီးမှုက ညီလာမှာလား။

စွမ်းအားကလည်း အဲဒီလို တစ်စိတ်တစ်ပိုင်းပဲ ဖြစ်ပါတယ်။

လင်းဟာန်က ပြုံးလိုက်ပါတယ်။ သူက ဒီဓားကို လိုချင်ရင် အရင်ဆုံး ဓားကို အနိုင်ယူရမှာလား။

စိတ်ဝင်စားစရာပဲ။

သူက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာဖြစ်တာကြောင့် ဓားက စိတ်ဝိညာဉ်နတ်သူငယ်အဆင့် စွမ်းအားကိုသာ ပြသနိုင်ခဲ့ပြီး အဆင့်တူအတွင်းမှာ သူနဲ့ တိုက်ခိုက်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း တိုက်ပွဲစွမ်းအားတွေကတော့ ပြောရခက်ပါတယ်။ ဒီဓားအလင်းတွေက အဖျက်စွမ်းအားတွေနဲ့ ပြည့်နေခဲ့ပြီး

သူရဲ့ခန္ဓာကိုယ်က စိန်ခန္ဓာအဆင့်မှာ ရှိနေခဲ့တာကြောင့်သာ မဟုတ်ရင် တိုက်ခိုက်မှုကြောင့် သူ့ရဲ့လက်တွေ ဒါမှမဟုတ် ခန္ဓာကိုယ် တစ်ခုလုံးကိုတောင်မှ သေချာပေါက် ပြင်းပြင်းထန်ထန် ထိခိုက်စေပါလိမ့်မယ်။

သူ့လိုပဲ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာပဲ ဖြစ်ပေမဲ့ ဓါးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်က လူတွေကိုတောင် သတ်နိုင်ပါတယ်။

"ဟဟ အဆင့်တူအတွင်းမှာ တိုက်ခိုက်တာတဲ့လား။ ဒါဆိုလည်း ယှဉ်ကြည့်လိုက်ရအောင်"

လင်းဟာန်က တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။ သူက ဒီဓါးကို အတော်လေး စိတ်ဝင်စား နေခဲ့ပါတယ်။ ဒီလိုပြင်းထန်တဲ့ ဓါးအလင်းကိုတောင် ရိုက်ထုတ်နိုင်ခဲ့တာဆိုတော့ ဒီဓါးကလည်း အဆင့်တစ်ဆယ် စိတ်ဝိညာဉ် လက်နက်များ ဖြစ်နေနိုင်မလား။

ဓားအလင်းတွေက တစ်ခုပြီးတစ်ခု ပစ်ထွက်လာပြီး လင်းဟန်ကို တိုက်ခိုက်နေခဲ့ပါတယ်။

လင်းဟန်က ဒီအလင်းတန်းတွေကို ခုတ်ထုတ်ဖို့ သူ့ရဲ့လက်သီးတွေကို ဝှေ့ယမ်းနေခဲ့ပါတယ်။ ဓားအလင်းတွေက အမှန်တကယ်ပဲ ပြင်းထန်လှပါတယ်။ ဓားအလင်း တစ်ခုချင်းစီတိုင်းက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပြီး သေစေနိုင်လောက်တဲ့ တိုက်ခိုက်မှုတွေကို ဖိနှိပ်ဖို့ အလှမ်းဝေးပြီး သူ့ရဲ့ခန္ဓာကိုယ်ကိုတောင်မှ ဒဏ်ရာတွေ ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီလောက်ပါပဲ။ သူကဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မော်စာလိပ်ကို ကျင့်ကြံခဲ့ပြီး သူရဲ့ခန္ဓာကိုယ်ကလည်း ဖျက်ဆီးမရမနိုင်တဲ့ စိန်တစ်လုံးလိုပဲ ဖြစ်ပါတယ်။

လင်းဟန်က ဓားကို စူးစိုက်ကြည့်လိုက်ပါတယ်။ ဓားသွားပေါ်မှာ ပုံစံများစွာရှိနေပေမဲ့ သူတို့တွေက သိုင်းဆန္ဒတွေ မဟုတ်ပဲ အစီအရင် ပုံစံတွေ ဖြစ်နေခဲ့ပါတယ်။

သူ့ရဲ့ အစီအရင်အဆင့်က တိုးတက်မှု များစွာမရှိပေမဲ့ ဒီလိုမျိုး အကဲဖြတ်မှုတစ်ခု ပြုလုပ်ဖို့ အတွက်တော့ မခတ်ခဲပါဘူး။

ဒါက စိတ်ဝိညာဉ်လက်နက်မဟုတ်ပဲ အစီအရင် မျက်လုံးတစ်စုံ ဖြစ်နေတာလား။

လင်းဟာန် ဒီတစ်ကြိမ်မှာတော့ အမှန်တကယ်ပဲ အံ့အားသင့်သွားခဲ့ပါတယ်။ ဒီဓားက သူ့ကိုတိုက်ခိုက်ဖို့ အစပျိုးလုပ်ဆောင်ထားတဲ့ အစီအရင် တစ်ခုများ ဖြစ်နေနိုင်မလား။

သွေးတွေက သူ့ရဲ့ခန္ဓာကိုယ်အနံ့မှ အဆက်မပြတ် ပန်းထွက်နေခဲ့ပါတယ်။ ထိုအစီအရင်ဓားက အမှန်တကယ်ပဲ ကြောက်မက်ဖွယ်ကောင်းလွန်းပြီး သူ့ကိုပိုင်းဖြတ်နေခဲ့တာကြောင့် သွေးတွေက အဆက်မပြတ်ထွက်နေခဲ့ပြီး အနားကို မကပ်နိုင်ခဲ့ပါဘူး။

လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ မို့စွာတန်ခိုးရှင် ခြေလှမ်းကို အသက်သွင်းကာ အသုံးပြုလိုက်ပြီး ဓားအလင်းတွေကို မဆင်မခြင် မတိုက်ခိုက်တော့ပါဘူး။ အဲဒါက သူ့အတွက် ဘာရလဒ်မှ ယူဆောင်ပေးလိမ့်မှာ မဟုတ်ပါဘူး။ စွမ်းအားအနေနဲ့ဆိုရင် အဲဒီဓားက အားသာချက်ရှိပြီး သူကပဲ နောက်ပြန်ဆုတ်နေရ ပါလိမ့်မယ်။

ဓားအလင်းတွေက ဆက်တိုက် ပစ်ထွက်လာခဲ့ပေမဲ့ လင်းဟန်က ထိုဓားအလင်းတွေကြားထဲက နေရာလပ်တွေကို လွတ်လပ်စွာ ဖြတ်သန်းသွားလာနေခဲ့ပြီး ဓားဆီကို တည်တည်ငြိမ်ငြိမ်နဲ့ ချဉ်းကပ်နေခဲ့ပါတယ်။

လင်းဟန်က အဲဒီဓားနဲ့ ခြေတစ်လှမ်းပဲ လိုတော့တဲ့ အချိန်မှာ ဓားသွားတစ်ခုလုံးက ဓားအိမ်ကနေ ထွက်လာခဲ့ပြီး တောက်ပတဲ့ အလင်းတန်းတစ်ခုက ကောင်းကင်ထိအောင် ချက်ချင်းပဲ ပျံတက်သွားခဲ့ပြီး ဓားရဲ့ ခြိမ်းခြောက်နိုင်တဲ့ တည်ရှိမှုက တစ်ဟုန်းဟုန်းတောက်နေခဲ့ပါတယ်။

ဓားအလင်း တစ်ခုချင်းစီက ခုနစ်ကြိမ်လောက် ထပ်ခါတလဲလဲ တောက်ပသွားခဲ့ပြီး စုစုပေါင်း ဓားအလင်း၄၉ခုကို တစ်ပြိုင်နက်ထဲ ပစ်လွှတ်လိုက်ပါတယ်။ အဲဒီဓားအလင်းတွေက သိပ်သည်းတဲ့ ပင့်ကူအိမ် တစ်ခုအဖြစ် လိမ်ယှက်သွားခဲ့ပြီး လင်းဟန်ကို နောက်တစ်ဖန် နောက်ပြန်ဆုတ်ရန် ဖိအားပေး နေခဲ့ပါတယ်။

လင်းဟန်ရဲ့ ဖိအားပေးမှုကြောင့် အဲဒီဓားကလည်းပဲ ပိုမိုအားကောင်းတဲ့ စွမ်းအားကို ထုတ်ဖော်ခဲ့ပါတယ်။

ဓားရဲ့စွမ်းအားက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာ ရှိနေတုန်းပဲဖြစ်ပေမဲ့ ဓားရဲ့အဖျက်စွမ်းအား တစ်ခုလုံးကတော့ တိုးတက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့လက်တွေက နောက်တစ်ဖန် ဓားရဲ့တိုက်ခိုက်မှုကို ခံလိုက်ရပါတယ်။

ဒီတစ်ကြိမ်မှာတော့ ဒဏ်ရာက အတော်လေး နက်ရှိုင်းပြီး

အရိုးထိလုနီးပါးပဲ ဖြစ်ပါတယ်။

ဓားကို ကောင်းကင်မှာ မမြင်ရတဲ့ လက်တစ်စုံက ထိန်းချုပ်ထားတဲ့အတိုင်း ကောင်းကင်ပေါ်မှာ သူ့အလိုလို တည်ရှိနေခဲ့ပါတယ်။ အဲဒီနောက်မှာ ဓားဖျားက လင်းဟာန်ဆီကို ညွှန်လိုက်ပြီး ခြောက်ချားဖွယ် အေးစိမ့်မှု တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။

"အဲဒီအစီအရင်ရဲ့အဆင့်က တကယ်ပဲ ဘယ်အဆင့်မှာလဲ"

လင်းဟာန်က ဓားသွားအစီအရင်တွေကို စူးစိုက်ကြည့်နေခဲ့ပေမဲ့ ဒီအစီအရင်တွေနဲ့ ပတ်သက်ပြီးတော့ သူလုံးဝ မသိရှိနိုင်ခဲ့ပဲ အချက်နှစ်ချက်ကိုပဲ သေသေချာချာသိခဲ့ပါတယ်။ ပထမအနေနဲ့ ဓားရဲ့စွမ်းအားက ကြောက်မက်ဖွယ် ကောင်းလောက်အောင် ကြီးမားပြီး တကယ်လို့ သူ့ရဲ့စွမ်းအားအပြည့်နဲ့ ပေါက်ကွဲခဲ့ရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကိုတောင်မှ သတ်ဖြတ်နိုင်ပါလိမ့်မယ်။ ဒုတိယအနေနဲ့ ဒီအစီအရင်က ချို့ယွင်းချက် ရှိပြီးတော့ မပြီးပြည့်စုံသေးပါဘူး။

တုန်လှုပ်ဖွယ်ကောင်းလွန်းပါတယ်။ မပြီးပြည့်စုံသေးတဲ့ အစီအရင်တစ်ခုက ဒီလိုစွမ်းအားမျိုး ရှိနေခဲ့တာလေ။ ပြန်လည်ပြုပြင်ပြီးတဲ့ အခါကျရင် ဘယ်လောက်တောင် ချောက်ချားဖွယ်ကောင်းလိုက်မလဲ။

"မင်းအညံ့ခံလာအောင် ငါလုပ်ရလိမ့်မယ်"

လင်းဟာန်ရဲ့ အရှုံးမပေးလိုတဲ့ မာန်မာနတွေ အရှိန်အဟုန်နဲ့ စီးဆင်းလာခဲ့ပြီး နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်လိုက်ပါတယ်။ သူက ဓားအတွင်းက သိုင်းဆန္ဒတွေကို အသက်မသွင်းပဲ အဲဒီဓားကို တန်ပြန်တိုက်ခိုက်ရန် လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်သိုင်းကွက်ကို ထုတ်ဖော်လိုက်ပါတယ်။

လင်းဟာန်က နတ်ဆိုးရှင်သန်ဓားရဲ့ သိုင်းဆန္ဒတွေကို အသက်သွင်းလိုက်ရင် ဓားနှစ်ချောင်း စလုံးက အပြည့်အ၀တိုက်ခိုက်မှာကို စိုးရိမ်နေခဲ့ပါတယ်။ အဲဒီလိုသာဆိုရင်

သူက အပိုလူ ဖြစ်သွားပါလိမ့်မယ်။ ဒါအပြင် နတ်ဆိုးရှင်သန်ခြားရဲ့ အင်အားက အဲဒီအစီအရင်ခြားကို ဖိနှိပ်နိုင်လိမ့်မှာ မဟုတ်ပဲ ဆန်ကျင်ဘက်အနေနဲ့ သူပဲ ကံကြမ္မာငင်ပြီး သေဆုံးသွား နိုင်ပါတယ်။

မျှော်လင့်ထားတဲ့အတိုင်းပဲ နတ်ဆိုးရှင်သန်ခြားက ၎င်းရဲ့စွမ်းအားကို မထုတ်ဖော်ခဲ့တာကြောင့် အစီအရင်ခြားက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ စွမ်းအားကို ထိန်းသိမ်းထားဆဲပဲ ဖြစ်ပေမဲ့ ခြားအလင်းရဲ့ အဖျက်စွမ်းအားက တုန်လှုပ်ဖွယ်ကောင်းနေဆဲပဲ ဖြစ်ပါတယ်။ တကယ်လို့ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ကျောင်းသားတွေအားလုံး စုပေါင်း တိုက်ခိုက်ခဲ့ရင်တောင်မှ ဒီခြားက သူတို့တွေကို အမြစ်ဖြတ် သုတ်သင်နိုင်ဆဲပဲ ဖြစ်လိမ့်မယ်လို့ လင်းဟန် လက်ခံထားပါတယ်။

လင်းဟန်ရဲ့တိုက်ပွဲစွမ်းအားတွေက မုသားမဲ့မျက်လုံးနဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသက်သွင်းခြင်းပြီး အပြည့်အဝ ပွင့်ထွက်လာကာ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခွန်အားကိုလည်း အဆုံးအစွန်ထိ ထုတ်ဖော်လိုက်တာကြောင့်

သူ့ရဲ့တိုက်ပွဲစွမ်းအားတွေက ပေါက်ကွဲထွက်ပေါ် လာခဲ့ပါတယ်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ထက် များစွာသာလွန်ပြီး အထွတ်အထိပ် နတ်အသွင်ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေကိုတောင်မှ ရိုက်ချနိုင်ပေမဲ့ ဒီဓားနဲ့ ရင်ဆိုင်တဲ့ အခါမှာတော့ လက်ရည်တူလောက်ပဲ ဖြစ်နေခဲ့ပါတယ်။

မဟုတ်ဘူး။ အမှန်ပြောရရင် လင်းဟန်က အနည်းငယ် နိမ့်ကျနေတာ ဖြစ်ပါတယ်။ တကယ်တမ်းဆို ဒီဓားက သူ့ကိုတိုက်ခိုက်ဖို့ အဆင့်ကို ဖိနှိပ်ထိန်းချုပ် ထားခဲ့တာဖြစ်ပြီး ပင်ကိုယ်အားဖြင့် အားသာချက်တစ်ခု ရှိနေခဲ့ပါတယ်။

လင်းဟန်က အဲ့ဒါကို လက်မခံခဲ့ပါဘူး။ ဒါ့အပြင် ဓားက ပိုပြီးအားကောင်းလေလေ သူက ပိုပြီးတော့ လိုချင်လာလေပဲ ဖြစ်ပါတယ်။

လင်းဟန်က နတ်ဆိုးရှင်သန်ဓားကို သူ့ရဲ့ညာလက်နဲ့ ဆုပ်ကိုင်ထားခဲ့ပြီး ဓားတစ်လျှောက်မှာရှိတဲ့ အရိုးသင်္ကေတတွေရဲ့ စွမ်းအားတွေကို အသုံးပြုပြီး ဓားအလင်းတစ်ခုကို

ခုတ်ပိုင်းလိုက်ပါတယ်။ ဓားအလင်းတွေထဲမှ စွမ်းအားတွေကို ဖယ်ရှားပစ်ရန် ဘယ်မှညာကို ပြောင်းလဲနေခဲ့ပြီး ရှေ့ကိုဆက်တိုက် တိုက်ခိုက်သွားခဲ့ပါတယ်။ သူကဓားအလင်းအနည်းငယ်နဲ့ တရစပ် ထိုးနက်ခံ ခဲ့ရရင်တောင်မှ ဒီဓားကို သူ့ရဲ့လက်နဲ့ ဆုပ်ကိုင်ရပါလိမ့်မယ်။

လက်နက်စိတ်ဝိညာဉ် တစ်ခုမရှိတာကြောင့် သူက ဓားကို အနက်ရောင်မျှော်စင်ထဲကို ပို့နိုင်မှာ ဖြစ်ပြီးတော့ ဒီနည်းလမ်းကပဲ ဓားကို ထိန်းချုပ်ဖို့အတွက် အသင့်တော်ဆုံး ဖြစ်ပါလိမ့်မယ်။

Chapter 721 end

Zaw.အပိုင်း(၇၂၂) မာကျောမှုနဲ့ နူးညံ့မှုကို ယှဉ်တွဲ၍

လုပ်ပြရတာထက် အပြောက ပိုပြီးတော့ လွယ်ကူပါတယ်။

လင်းဟာန် အလွန်နီးကပ်လွန်းနေတဲ့ အချိန်ကျရင် ဓားက ပိုမိုအားကောင်းတဲ့ အင်အားကိုတောင်မှ ထုတ်လွှတ်လိမ့်မှာဖြစ်ပြီး

ကောင်းကင်တစ်ခွင် ပြည့်နေတဲ့ ဓားအလင်းတွေနဲ့ သိမ်ကြုံးရိုက်ချ ပစ်ပါလိမ့်မယ်။ အဖျက်စွမ်းအားကို ပိုမိုတိုးမြှင့်ပေးတဲ့ အစီအရင်တစ်ခုက ဖွဲ့စည်းထားတဲ့ ဓားအလင်းတွေဆိုတာ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

ဒါတွေကို ကိုင်တွယ်ဖို့ကတော့ ခက်ခဲလွန်းမက ခက်ခဲလွန်းပါတယ်။

လင်းဟန်က မြူကောင်တစ်ကောင်နဲ့ ရင်ဆိုင်နေရသလို ထင်ရပြီး ဘယ်ကနေ စတင်ကိုင်တွယ်ရမှန်းမသိ ဖြစ်နေခဲ့ပါတယ်။ ဘယ်နေရာကပဲ စတင်ခဲ့ပါစေ သူက အလွန်အမင်း ထိခိုက်ရလိမ့်မှာပါ။

အဲဒီဓားကို ဘယ်လိုလုပ်ရင် ဖိနှိပ်နိုင်မလဲ။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းက လုံလောက်ပြီး ဓားအလင်းတွေကြောင့် ထိခိုက်ဒဏ်ရာရမှာကို သူ

မကြောက်ရွံ့ပါဘူး။ ဒါပေမဲ့ ပြဿနာက သူက စွမ်းအားနေရာမှာ နိမ့်ကျနေတာပဲ ဖြစ်ပါတယ်။ သူ အရမ်းနီးကပ်လာတာနဲ့ တပြိုင်နက်ထဲ အစီအရင်ဓားက လုံးဂရှောင်လွှဲမရတဲ့ အချိန်မှာ အဆုံးမဲ့တဲ့ ဓားအလင်းတွေကို ပစ်လွှတ်လိုက်မှာဖြစ်ပြီး သူ့ကို နောက်ပြန်ဆုတ်အောင် ဖိအားပေးလိမ့်မှာပါ။

ဒါက လုံးဝကို ညစ်တာပဲ ဖြစ်ပါတယ်။ ရတနာဓားကို ရရှိဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လင်းဟာန်က အသုံးမဝင်ဖြစ်နေတဲ့ မုသားမဲ့မျက်လုံးကို အသုံးပြုလိုက်ပါတယ်။ ဓားအလင်းတွေက အလွန် နီးကပ်စွာ ရောယှက်နေပြီး အက်ကြောင်းရာတစ်ခုတောင် မရှိပါဘူး။ တကယ်လို့ သူက ယင်ကောင်တစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့ရင်တောင်မှ ဖြတ်ကျော်ပြီး ပျံသန်းသွားဖို့ မဖြစ်နိုင်ပါဘူး။

အဖြေမရှိပါဘူး။ လုံးဝကို မဖြေရှင်းနိုင်တဲ့ ပြဿနာပဲ ဖြစ်ပါတယ်။

ဘယ်လိုလုပ်ရမလဲ။

လင်းဟာန်က တန်ပြန်အစီအမံတွေကို စဉ်းစားနေခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ သူက အဲဒီအလင်းတွေကို ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ တိုက်ရိုက်စုပ်ယူနိုင်ပါတယ်။

ဒါပေမဲ့လည်း အဲဒါက မသင့်လျော်ပါဘူး။

ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ စုပ်ယူနိုင်သည်ဖြစ်စေ မစုပ်ယူနိုင်သည်ဖြစ်စေ အဲဒါကို ထည့်မတွက်နဲ့ဦး။ တကယ်လို့ စုပ်ယူနိုင်ခဲ့ရင်တောင်မှ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ လုပ်ဆောင်ချက်က အရာအားလုံးကို သန့်စင်ပြီး သူတို့ရဲ့ အဆီအနှစ်တွေကို ထုတ်ယူဖို့ပဲ ဖြစ်ပါတယ်။ ဒီအစီအရင်ဓားက စုပ်ယူပြီးသွားခဲ့ရင် နတ်ဘုရား လက်နက်တစ်ခု ဖြစ်လာနိုင် မလားဆိုတာကို လင်းဟာန်မသိပေမဲ့ ဓားသွားပေါ်က အစီအရင်ပုံစံတွေကတော့ သေချာပေါက်

ပျောက်ကွယ်သွားပါလိမ့်မယ်။

အဲဒီအစီအရင်ပုံစံတွေကလည်း သူအလိုရှိနေတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

ဒါဆိုရင် သူ့ရဲဘယ်ဖက်လက်ပေါ်က နတ်ဆိုးပုံစံတွေနဲ့ ကြိုးစားကြည့်ရင်ရော။

အဲဒီအစီအရင်တွေက မျှော်စင်လေးက စည်းမျဉ်းဥပဒေရဲ့စွမ်းအားတွေ ပါဝင်တယ်လို့ ပြောဆိုခဲ့တဲ့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ နတ်ဆိုးချီတွေကို သန့်စင်ရာက ဖြစ်ပေါ်လာခဲ့တာပဲဖြစ်ပြီး သူ့ရဲ့အဖျက်စွမ်းအားကလည်း အတော်လေး အံ့အားသင့်ဖွယ်ရာပဲ ဖြစ်ပါတယ်။ လင်းဟန်က အခုအချိန်ထိ သူ့ရဲ့အကန့်အသတ် ရောက်တဲ့ထိ မစမ်းသပ်ခဲ့ရသေးပါဘူး။ အဲဒါက ဓားအလင်းတွေကိုများ ဖယ်ရှားနိုင်မှာလား။

စမ်းကြည့်ရအောင်။

သူက အစီအရင်ဓားကို နောက်တစ်ကြိမ် တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပြီး သူ့ရဲ့ဘယ်လက်ကို ဆန့်ထုတ်လိုက်ပါတယ်။ အနက်ရောင်နတ်ဆိုး အစီအရင်ပုံစံတွေ ပေါ်ပေါက်လာခဲ့ပြီး ဓားအလင်းတွေကို ဖိနှိပ်လိုက်ပါတယ်။

ဓားအလင်းတွေက ချက်ချင်း ပြိုကွဲသွားခဲ့ပါတယ်။

ဒါက အလုပ်ဖြစ်တယ်။

လင်းဟန်က ပျော်ရွှင်မြူးတူးသွားပြီး ရတနာဓားကို သိမ်းဆည်းဖို့ ချီတက်လိုက်ပေမဲ့ ခဏလေး အတွင်းမှာ ရတနာဓားက ခြောက်ချားဖွယ် သတ်ဖြတ်ခြင်းဆန္ဒတစ်ခုကို ထုတ်လွှတ်လိုက်ပြီး အပြည့်အဝ အသက်ဝင်သွားခဲ့တာကြောင့် သွေးကြောပုံစံတွေပါ တောက်ပလာခဲ့ပါတယ်။

လပြွတ်ပဲ။

အပြည့်အဝ အသက်ဝင်လာတဲ့ လူသတ်ဓားတစ်ချောင်းက စကြာဝဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ နှိုင်းယှဉ်နိုင်ပါတယ်။

အခု အဲဒါက တကယ့် ပြဿနာကြီးပဲဖြစ်ပါတယ်။

ဓားအလင်းတွေက ထိန်ထိန်လင်းနေခဲ့ပြီး လင်းဟန်ကို တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။ ဒါက စကြာဝဋ္ဌာ ဖျက်ဆီးခြင်းအဆင့်ရဲ့ လူသတ်ဓားတစ်ချောင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ အနက်ရောင်မျှော်စင်ထဲမှာ ပုန်းအောင်းလိုက်ပါတယ်။ လက်ရှိမှာ သူက စကြာဝဋ္ဌာ ဖျက်ဆီးခြင်း လက်ရွေးစင်တစ်ယောက်ကို စိန်ခေါ်ရန် အရည်အချင်း လုံးဝမရှိပဲ အကောင်းဆုံး နည်းဗျူဟာက လွတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။

ဂျက်ပါခါးက သူ့ရဲ့ပစ်မှတ်ကို ပျောက်သွားတာကြောင့် မကြာခင်မှာပဲ ပြန်လည် မှေးမှိန်သွား ခဲ့ပါတယ်။

လင်းဟန်က အတော်လေး စိတ်ပျက်နေပါတယ်။ နတ်ဆိုးပုံစံတွေကလည်း သူ့ခန္ဓာကိုယ်ရဲ့ တစ်စိတ်တစ်ပိုင်းပဲ ဖြစ်ပါတယ်။ ဒါဆို အစီအရင်ခါးက ဘာလို့ ဒီအဆင့်လောက်ထိ ရန်လိုပြီး အပြည့်အဝ အသက်ဝင် သွားခဲ့ရတာလဲ။ ယုတ္တိမရှိဘူး။ လုံးဝကို ယုတ္တိမရှိဘူး။ ဒါကို ဘယ်လိုလုပ်မှ ယူနိုင်မှာလဲ။

"မျှော်စင်လေး မင်းဘာလုပ်နိုင်လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

မျှော်စင်လေးက လှုပ်ယမ်းပြီး သူ့ရှေ့မှာ ပေါ်လာခဲ့ပါတယ်။

"မင်းရဲ့လက်ရှိ စွမ်းရည်တွေနဲ့ဆိုရင် အဲဒီဓားကိုယူဖို့ မဖြစ်နိုင်ဘူး။ ဓားပေါ်မှာရှိတဲ့ အစီအရင်ပုံစံတွေက ဒီနယ်မြေရဲ့ ဥပဒေသတွေနဲ့ ဖွဲ့စည်းထားတာ။ မပြီးပြည့်စုံသေးပေမဲ့ အတော်လေး မြင့်တဲ့အဆင့်ကို ရောက်နင့်နေခဲ့ပြီ"

"ငါက နတ်ဆိုးပုံစံကိုပဲ ရိုးရိုးရှင်းရှင်း အသုံးပြုခဲ့တာကို ဘာလို့ အဲဒီဓားက အပြည့်အဝ အသက်ဝင် သွားခဲ့ရတာလဲ"

လင်းဟန်က ပဟေဠိဖြစ်စွာနဲ့ မေးလိုက်ပါတယ်။

"ဘာကြောင့်ဆိုတော့ နှစ်ခုစလုံးက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေ ဖြစ်နေလို့ပဲ။ ဒါကြောင့် သူတို့တွေက အချင်းချင်း အသက်သွင်းနိုင်ကြလိမ့်မယ်"

မျော်စင်လေးက ပြန်လည်ဖြေကြားလိုက်ပြီး အထင်သေးစွာ ပြောလိုက်ပါတယ်။

"သူတို့တွေက ငါတစ်ချက်လှုပ်ယမ်းလိုက်တာနဲ့ ပျက်သုဉ်းသွားနိုင်တဲ့ အားအနည်းဆုံး စည်းမျဉ်းဥပဒေ စွမ်းအားလေးတွေပဲ"

ဒီကောင် နောက်တစ်ကြိမ် မောက်မာလာပြန်ပြီ။

လင်းဟန်က ပခုံးတွန့်ပြီး ပြောလိုက်ပါတယ်။

"မင်းရဲ့ပြောစကားတွေက ဘာအသုံးဝင်လို့လဲ။ စကားလုံးတွေက ဓားကို ပြန်သိမ်းယူနိုင်အောင် ငါ့ကို မကူညီနိုင်ဘူး"

မျှော်စင်လေးက ရပ်တန့်လိုက်ပြီး တုန့်ဆိုင်းစွာနဲ့ပြောလိုက်ပါတယ်။

"အဲဒါက မဖြစ်နိုင်တာတော့ မဟုတ်ဘူး"

"နည်းလမ်းက ဘာလဲ"

လင်းဟန်က ကျေနပ်အားရစွာနဲ့ အံ့အားသင့်သွားခဲ့ပါတယ်။

အချိန်အနည်းငယ် ယူပြီးတဲ့နောက်မှာ မျော်စင်လေးက ပြောလိုက်ပါတယ်။

"မင်းက ဖျတ်ဆီးမရနိုင်သော ကောင်းကင်ဘုံ မော်စာလိပ်ကို ကျင့်ကြံခဲ့ပြီး စိန်အဆင့်ကို ရောက်ရှိနေခဲ့ပြီ။ ဒါပေမဲ့ မင်းက အခု မာကျောမှုရဲ့ အဆုံးစွန် စွမ်းအားကိုပဲ ဆုပ်ကိုင်နိုင်သေးတယ်။ ဒါပေမဲ့ အစစ်အမှန် စိန်ခန္ဓာကိုယ်က မာကျောရုံသက်သက် မဟုတ်ပဲ မာကျောမှုနဲ့ နူးညံ့မှုက ပေါင်းစပ်နေတယ်"

"မာကျောမှုနဲ့ နူးညံ့မှုက ပေါင်းစပ်နေတာတဲ့လား။ မင်းက ဘာကိုဆိုလိုတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မာကျောမှုက ချိုးဖျက်ဖို့ လွယ်ကူတာကြောင့် ကြာရှည်မခံနိုင်ဘူး။ အဆုံးစွန်သော မာကျောမှုကို ကြိုးပမ်းရှာဖွေတာက အဆုံးစွန်သော ခုခံကာကွယ်မှုကို ရှာဖွေတာ မဟုတ်ဘူး"

မျှော်စင်လေးက ရှင်းပြလိုက်ပါတယ်။

"မင်းက အခု မာကျောမှုမှာဆိုရင် လူသားတွေရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပြီဆိုတော့ ပျော့ပျောင်းမှုဘက်ကို လျှောက်လှမ်းရမဲ့ အချိန်ရောက်ပြီ"

"ဘယ်လိုလုပ်ရမလဲ"

လင်းဟန်က အကြောင်းအရာကို စိတ်ဝင်စားလာခဲ့ပြီး အစီအရင်ဓားရဲ့ တိုက်ခိုက်မှုတွေကို ဘယ်လိုဖြေရှင်းရမလဲဆိုတာကို မေးမြန်းဖို့ အလျင်မလိုခဲ့ပါဘူး။

"မင်းက သွေးစုပ်ယူခြင်း မူလရွှေကို စုပ်ယူခဲ့တယ်မလား"

မျှော်စင်လေးက ရုတ်တရက်ပြောလိုက်ပါတယ်။

"သွေးစုပ်ယူခြင်း မူလရွှေက မာကျောမှုနဲ့ နူးညံ့မှု ပေါင်းစပ်ခြင်းရဲ့ ဥပမာတစ်ခုပဲ။ အဲဒါက သတ္တုလို မာကျောပြီး လက်ချောင်းတွေလို ပျော့ပြောင်းနိုင်တယ်။ ကြီးမားတဲ့အင်အားတွေကိုတောင်မှ ပျက်ပျယ် လျော့ပါစေဖို့ ဆန့်ထုတ်နိုင်ပြီး အဲ့ဒါက မကျိုးပျက်နိုင်ဘူး"

လင်းဟန်က ရုတ်တရက် အမှတ်ရသွားခဲ့ပါတယ်။

"ငါ တစ်ခါတုန်းက ကျော့မင်းကို ထိုးလိုက်ပေမဲ့ သူရဲ့လည်ပင်းက ထိတ်လန့်စရာ ကောင်းလောက်အောင် မီတာသုံးဆယ်လောက် ဆန့်ထွက်သွားခဲ့ပြီး လက်သီးထိုးချက်ရဲ့ စွမ်းအားတွေကို လျော့ကျသွားစေခဲ့တယ်"

"ဟုတ်တယ်။ အဲဒါက မာကျောမှုနဲ့ ပျော့ပြောင်းမှု ပေါင်းစပ်နေခဲ့တာပဲ။ မင်းက ဖျက်ဆီးမရနိုင်တဲ့ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ တစ်ဖက်ခြမ်းကို ကျင့်ကြံခဲ့ပြီး စိန်ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိသွားခဲ့ပြီ။ ဒါပေမဲ့ မင်းက ပျော့ပြောင်းမှုဘက်ခြမ်းကို စတင်မှု မရှိသေးတာကြောင့် အဆင့်တူအတွင်းမှာ ပြိုင်ဘက်ကင်း မဟုတ်သေးဘူး"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"ဒါဆိုရင် အဲဒါကို ဘယ်လိုလုပ်ရင် ရနိုင်မလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"လူသားတွေနဲ့ သက်ရှိတွေအကုန်လုံးက မရေတွက်နိုင်တဲ့ အမှုန်တွေနဲ့ ဖွဲ့စည်းထားပြီး ဘယ်လိုရုပ်ပိုင်းဆိုင်ရာ ပညာရပ်တွေဖြစ်ပါစေ အဲဒီပညာရပ်တွေရဲ့ အကျိုးသက်ရောက်မှုက အဲဒီအမှုန်တွေရဲ့ မာကျောမှုကို တိုးတက်စေဖို့ပဲဖြစ်တယ်။ ဒါပေမဲ့ တခြားရှုထောင့်ကနေ တွေးကြည့်ရင် အမှုန်တွေရဲ့ ပေါင်းစပ်မှုက ပုံသေဖြစ်နေတာ မဟုတ်ဘူးလေ။ ဒါကြောင့် ဘာလို့ အဲဒါက မပျက်စီးပဲ နေမှာလဲ"

"မရေတွက်နိုင်တဲ့ ကျောက်တုံးတွေက တံတိုင်းကြီးတစ်ခုကို ပုံဖော်နိုင်သလို မျှော်စင်ရှည် တစ်ခုကိုလည်း ဖွဲ့စည်းနိုင်တယ်။ အရေအတွက်တူညီတဲ့ ကျောက်တုံးတွေ ရှိခြင်းအပေါ်မှာ အခြေခံယူဆပြီး သူတို့တွေက မပြိုကွဲနိုင်တဲ့ အသွင်ပြောင်းလဲခြင်း အနတ္တရှိနိုင်တယ်"

"လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ အမှုန်အရေအတွက် ဘယ်လောက်ရှိလဲ"

"မရေတွက်နိုင်ဘူး"

"ဒါဆို မင်းရဲ့အသွင်ပြောင်းလဲခြင်းကလည်း အဆုံးမရှိဘူး။ ဒါက ပုံသေဖြစ်နေတဲ့ ရတနာ လက်နက်ကိရိယာတွေ၊ ရုပ်သေးတွေနဲ့ မတူညီတဲ့ သက်ရှိတွေရဲ့ အလှတရားပဲ"

လင်းဟန်က ချက်ချင်း ဉာဏ်အလင်း ပွင့်သွားခဲ့ပါတယ်။ မျော်စင်လေးက သူ့ကို လျှို့ဝှက်ဆန်းကြယ်တဲ့ ပညာရပ်တွေ ဘာတစ်ခုကိုမှ မပေးအပ်ခဲ့ပေမဲ့ သူ့အတွက် လမ်းအသစ်ကို ကြည့်ရှုဖို့ တံခါးအသစ် တစ်ချပ်ကို တွန်းဖွင့်ပေးခဲ့ပါတယ်။

ဒါဆိုရင် လမ်းကြောင်းက ဒီလိုလည်း သွားနိုင်တာပေါ့။

ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ မာကျောမှု။ မျော်စင်လေးရဲ့ စကားအရဆိုရင် ခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ အမှုန်တွေကို ရောင်ပြန်ထင်ဟပ်နိုင်တဲ့ အဲဒီကျမ်းက လောကမှာ အသန်မာဆုံး ဖြစ်သင့်ပြီး အဆင့်တူအတွင်းမှာ အသန်မာဆုံးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တိတိကျကျပြောရရင် ခန္ဓာကိုယ်ကို

မရေတွက်နိုင်တဲ့ အမှုန်တွေနဲ့ ဖွဲ့စည်းထားတာကြောင့် ကိုယ်တိုင် မဖျက်ဆီးနိုင်ပဲ ဖန်တီးထားတာတွေကိုပဲ ဖျက်ဆီးနိုင်ပါတယ်။

အခု သူလုပ်ဖို့ လိုအပ်တာက တိုက်ခိုက်ခံရတဲ့ အခါကျရင် အမှုန်တွေကို ဆက်တိုက် ရွှေ့ပြောင်းဖို့ပဲ ဖြစ်ပါတယ်။ သူ့လက်သီးချက်ရဲ့ စွမ်းအားတွေကို ပျက်ပြယ်စေဖို့ သူ့ရဲ့လည်ပင်းကို မီတာသုံးဆယ်လောက် ဆန့်ထုတ်ခဲ့တဲ့ ကျော့မင်းရဲ့လုပ်ဆောင်ချက်နဲ့ အတူတူပဲဖြစ်ပါတယ်။

ကျော့မင်းက သူ့ရဲ့ခန္ဓာကိုယ်ထဲမှ အမှုန်တွေကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ပြီး အဲဒါက ပျော့ပြောင်းမှုရဲ့ သင်္ကေတပဲ ဖြစ်ပါတယ်။

မာကျောမှုရော ပျော့ပြောင်းမှုရော တစ်ခုမှ ကင်းမဲ့လို့ မရပါဘူး။

မာကျောမှု မရှိရင် ဘယ်လောက်ပဲ ပျော့ပြောင်းနေပါစေ ပိုပြီးအင်အားကြီးမားတဲ့ အရာအနည်းငယ်ရဲ့ အောက်မှာ

ကျိုးပဲ့သွားလိမ့်မှာဖြစ်ပြီး ဂျုံကော်တစ်ခုလို ပျော့ပြဲသွား ရပါလိမ့်မယ်။ ပျော့ပြောင်းမှု မရှိခဲ့ရင်လည်း ရှားပါးသတ္တုတွေလို ဘယ်လောက်ပဲ မာကျောနေပါစေ အဲဒါကို သန့်စင်နိုင်တုန်းပဲ ဖြစ်ပါတယ်။ မဟုတ်ရင် စိတ်ဝိညာဉ် လက်နက်တွေကို ဘယ်လိုလုပ်ပြီး ပြုလုပ်ခဲ့မှာလဲ။

မာကျောမှုနဲ့ ပျော့ပြောင်းမှုပေါင်းစပ်ခြင်းက သွေးစုပ်ယူခြင်း မူလရွှေလိုပဲ ဖြစ်လိမ့်မှာဖြစ်ပြီး မာကျောတဲ့ အခါမှာ လူတွေကို သတ်ဖြတ်ပြီး ပျော့ပြောင်းတဲ့အခါမှာ လက်ချောင်းတွေလို ရစ်ပတ်နိုင်ပါလိမ့်မယ်။

သူက နက်နက်ရှိုင်းရှိုင်း တွေးတောဆင်ခြင်နေခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ်ထဲက အမှုန်တွေရဲ့ လှုပ်ရှားမှုကို ဘယ်လိုထိန်းချုပ်ရမလဲ ဆိုတာကို မှသာမဲ့မျက်လုံးနဲ့ သူ့ကိုယ်သူ ကြည့်ရှုပြီး စူးစမ်းရှာဖွေ နေခဲ့ပါတယ်။

ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်နဲ့ ဆက်နွယ်နေတဲ့ မှတ်တမ်းတွေရှိပေမဲ့ အဲဒါတွေက မရှင်းလင်းပါဘူး။ အရင်က သူ

အဲဒါတွေကို နားမလည်ခဲ့ပေမဲ့ မျှော်စင်လေးရဲ့
သင်ကြားလမ်းညွှန်မှုကို ခံခဲ့ရပြီးတဲ့နောက်မှာ စာလိပ်ရဲ့
အဲဒီအပိုင်းက နောက်ဆုံးမှာတော့ အကျိုးသင့် အကြောင်းသင့်
ဖြစ်လာခဲ့ပြီး သူ့ကိုအဆက်မပြတ် ဉာဏ်အလင်းတွေ
ပွင့်စေခဲ့ပါတယ်။

သူက အချိန်တွေကုန်မှန်းမသိအောင် နားလည်သဘောပေါက်မှု
အသစ်တွေထဲမှာ နစ်မြုပ်နေခဲ့ပါတယ်။

Chapter 722 end

Zaw.အပိုင်း(၇၂၃) စိတ်ဆန္ဒအတိုင်း ပြောင်းလဲခြင်း

လင်းဟန်ရဲ့ စိတ်ထဲမှာ နားလည်မှု အတွေးအခေါ် အသစ်တွေ
မရပ်မနား ထွက်ပေါ်လာပြီး အဲဒါက သူ့ရဲ့ပျော်ရွှင်မှုကို ရရှိနိုင်စွမ်း
မရှိပါဘူး။

သူက အရမ်းကို ဉာဏ်ထက်မြက်တဲ့ လူတစ်ယောက်ဆိုတာ

သေချာပါတယ်။ သူ့အရင်ဘဝက မှော်ဆေးကျောင်းက ဇ
ဖြစ်ခဲ့တယ်ဆိုတာက ဒါကို ရှင်းရှင်းလင်းလင်း
သက်သေပြပြီးသားပါပဲ။ နောက်ပြီးတော့ အရင်လူတွေရဲ့
လမ်းညွှန်ပြသမှု နည်းနည်းလေးမှ မရှိခဲ့ပါဘူး။ သူက ဒီလိုမျိုး
ကံကြမ္မာတစ်ခုကို မှော်ဆေးပညာရပ်မှာ အောင်မြင်အောင်လို့
လုပ်နိုင်ခဲ့ပါတယ်။ အဲဒါက အံ့အားသင့်စရာ မကောင်းဘူးလား။

အခု သူ့မှာ သူ့ရဲ့ဉာဏ်ရည်ဉာဏ်သွေးတွေကို သိုင်းပညာပေါ်မှာပဲ
နှစ်မြှုပ်အာရုံ စိုက်ထားပြီး သိုင်းပညာရပ်တွေမှာ အထွတ်အထပ်ကို
ရောက်ရှိဖို့ ဆန္ဒပဲ ရှိပါတယ်။

သူ့ခန္ဓာကိုယ် အတွင်းမှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေ
ဖြစ်ပေါ်လာပါတယ်။ အားလုံးက နူးညံ့ ပျော့ပျောင်းခြင်းနဲ့
သန်မာမှုတွေ တစ်ပြိုင်တည်း ဖြစ်ပေါ်လာပါတယ်။ သူ့မှာ ခွန်အားနဲ့
နူးညံ့မှု နှစ်မျိုးလုံး ရှိပါတယ်။ ဒီကိစ္စက ကြည့်ရတာ သီအိုရီအရ
လွယ်ကူကောင်း လွယ်ကူနိုင်ပေမဲ့ အောင်မြင်ဖို့တော့ အရမ်းကို
ခက်ခဲပါတယ်။ တကယ်ပဲ အရမ်းကို ခက်ခဲလွန်းပါတယ်။

အားလုံးက လက်ရှိသူတို့ရဲ့ အခြေအနေတွေကို အသုံးပြုခဲ့ သလိုမျိုးပဲ ဒါက ချိုးဖျက်ရ ခက်ခဲတဲ့ အမူအကျင့် ဖြစ်ပါတယ်။ နောက်ပြီးတော့ ခန္ဓာကိုယ်ကို သွေးစုပ်ယူခြင်း မူလရှေ့လိုမျိုး ဆွဲဆန့်နိုင်နဲ့ ဒီလိုမျိုး ကျုံ့နိုင်ဆန့်နိုင်မှုကို ပိုင်ဆိုင်ဖို့က အရည်အသွေးပိုင်းဆိုင်ရာ ပြောင်းလဲမှု တစ်ခုဖြစ်ပါတယ်။

မင်းရဲ့အကန့်အသတ်တွေကို ချိုးဖျက်ပြီးတော့ မင်းကိုယ်မင်း ဆန်းသစ်တီထွင်ရပါမယ်။

သူ့ရဲ့ဒန်တန်အထဲမှာ လင်းဟာန်ရဲ့ သေးငယ်တဲ့ စိတ်ဂိညာဉ် နတ်သူငယ်က ဆက်ပြီးတော့ စောင့်ကြည့်နေပြီး သူ့အမူအရာက လေးနက်လာပြီး ထူးခြားဆန်းကြယ်တဲ့ လက္ခဏာ ပုံစံတွေ ဖြစ်ပေါ်လာသလိုမျိုးပါပဲ။ ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်ဘုံ မှော်စာလိပ်က အဲဒီအပေါ်မှာ အချိန်တော်တော် ကြာအောင်လို့ ရေးထွင်းထားခဲ့ပါတယ်။ ပြီးတော့ အခု စိတ်ဂိညာဉ် နတ်သူငယ်က လက်ရှိမှာ ထူးခြားဆန်းကြယ်တဲ့ နည်းစနစ် တစ်ခုကို ဖြေရှင်းနေပြီး ခန္ဓာကိုယ် အတွင်းကနေ သဟဇာတ ဖြစ်လာပြီး လင်းဟာန်ရဲ့ ပြောင်းလဲမှုကို အရှိန်မြှင့်တင် ပေါ်ခဲ့ပါတယ်။

လင်းဟန်က သူ့ညာဘက်လက်က လက်ချောင်းကို ဆန့်ထုတ်လိုက်တဲ့ အချိန်မှာ အချိန်တွေ ဘယ်လောက်တောင် ကုန်သွားခဲ့ပြီလဲ ဆိုတာကို မသိပါဘူး။ သူ့ရဲ့ဘယ်ဘက်လက်နဲ့ သူ့ညာဘက် လက်ညိုးကို ဖမ်းဆုပ်ပြီးတော့ ခက်ခက်ခဲခဲနဲ့ ဆောင့်ဆွဲလိုက်ပါတယ်။

အစောပိုင်းတုန်းကဆို တကယ်လို့ သူ့ရဲ့ခွန်အား အပြည့်အဝနဲ့ ဆွဲမယ်ဆိုရင် အခုချိန်မှာ သူဘာများ ဖြစ်နိုင်မှာလဲ။ သေချာတာကတော့ သူ့ရဲ့ညာဘက်လက်မောင်း တစ်ခုလုံးကို ဆွဲဆန့်လိုက်သလို ဖြစ်သွားပါလိမ့်မယ်။ အခုတော့ ထူးဆန်းတဲ့ အရာတစ်ခုက ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့လက်ချောင်းက အမှန်တကယ်ပဲ ရှည်ထွက်ပြီး သေးသွယ်လာပါတယ်။ သူဆွဲလိုက်တဲ့ အားတွေက နေရာအသီးသီးကို ပြန့်သွားခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်ညိုးက စင်တီမီတာ သုံးဆယ်လောက် ရှည်ထွက်လာပြီးတဲ့ နောက်မှာတော့ ထပ်ပြီးတော့

မဆန့်ထွက်လာတော့ပါဘူး။ ဒါက အကန့်အသတ်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူအောင်မြင်သွား ခဲ့ပါပြီ။ သူက နောက်ဆုံးတော့ အောင်မြင်သွား ခဲ့ပါပြီ။

သူက ပြောင်းလဲမှု ပုံစံမှာ သွေးစုပ်ယူခြင်း မူလရှေ့ရဲ့ အဆင့်ကို ရောက်ဖို့က အဝေးကြီး လိုသေးတယ် ဆိုပေမဲ့ ဒါက တိုးတက်မှု တစ်ခု ဖြစ်နေပါသေးတယ်။ ဒါက တကယ်ကို ကြီးမားတဲ့ လုပ်ငန်းကြီး တစ်ခုလည်း ဖြစ်ပါတယ်။

နောက်တစ်ကြိမ်။ နောက်ထပ်တစ်ကြိမ်။

လင်းဟန်က ထိုင်မနေခဲ့ပါဘူး။ သူက အဆက်မပြတ် သူ့လက်မောင်းတွေ ပွေ့ယမ်းပြီး ခြေထောက်တွေနဲ့ ကန်နေခဲ့ပါတယ်။ အရာအားလုံးက ပထမတော့ ပုံမှန်ပါပဲ။ ဒါပေမဲ့ သူ့လက်သီး ထိုးချက်တွေရဲ့ အကွာအဝေးနဲ့ ခြေကန်ချက်တွေက ဖြည်းဖြည်းလေး တိုးလာပြီးတော့ ပိုပိုရှည် လာခဲ့ပါတယ်။

ဒါက သူ့ခန္ဓာကိုယ် ဆန့်ထွက်လာခြင်း ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ မျက်ခုံးတွေ ပင့်လိုက်ပါတယ်။ ဒါက အင်အားကို ဖြန့်ကျက်ခြင်းပဲ မဟုတ်လား။ ဒါက သူ့ကို ဂင်္ဂါပါ အစီအရင်နဲ့ တိုက်ခိုက်တဲ့ အခါမှာ လုံးဝကို မတူညီတဲ့ တိုက်ပွဲနည်းဗျူဟာတွေ ပေးနိုင်ပါတယ်။

တကယ်လို့ သူ့လက်သီးတွေနဲ့ ခြေထောက်ကို အဆုံးမရှိ ဆန့်ထုတ်နိုင်မယ်ဆိုရင် အနီးကပ် အကွာအဝေးတွေမှာ ဘယ်တိုက်ပွဲကိုမဆို ပြောင်းပြန်လှန်ပစ်နိုင်လိမ့်မယ် မဟုတ်လား။ တစ်ခုသိထားရမှာက သူက ခန္ဓာကိုယ် ကျင့်စဉ်တွေကို ကျင့်ကြံထားခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ ခန္ဓာကိုယ်က သူ့ကိုယ်ပိုင်အဆင့်ထက် တစ်ဆင့်ပိုပြီးတော့ မြင့်မားတဲ့ ရှားပါးသတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ချက်ချင်းဆိုသလို

အကန့်အသတ်တွေကို ရှာတွေ့သွားခဲ့ပါတယ်။ အပြင်ဘက် ခွန်အားကို လှုံ့ဆော်ပေးတဲ့အရာ မရှိပဲ သူက သူ့ခန္ဓာကိုယ်ကို အကွာအဝေး အကန့်အသတ် တစ်ခုထိပဲ ဆန့်ထုတ်နိုင်စွမ်း ရှိပါတယ်။ သီအိုရီအရဆိုရင် ဒါကို ပိုပိုပြီးတော့ ရှည်လာအောင် ဆွဲနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက အပြင်ဘက်က အင်အားကြောင့် ဖြစ်လာရတာပါ။ အပြင်ဘက်က ခွန်အားပျောက်ကွယ် သွားတဲ့ အချိန်ကျရင် မူလအခြေအနေကို ကျိုးပဲ့ပျက်စီးခြင်း မရှိပဲနဲ့ ပြန်လည်ရောက်ရှိ သွားပါလိမ့်မယ်။

လင်းဟန်ခန္ဓာကိုယ်ရဲ့ မူလအခြေအနေက အတည်ငြိမ်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်က ဘယ်လိုပြောင်းလဲမှုနဲ့ပဲ ကြုံတွေ့ပါစေ ကိစ္စမရှိပါဘူး။ သူ့ရဲ့ပုံမှန် အခြေအနေကို ပြန်ရောက်ဖို့ ပင်ကိုယ်ဗီဇအတိုင်း ကြိုးစားပါလိမ့်မယ်။

အရမ်းဆိုးတာပဲ။

လင်းဟန်က သူ့ခေါင်းကို ကျိတ်ကာ ခါလိုက်ပါတယ်။ တကယ်လို့ သူ့ခန္ဓာကိုယ်ကို သွေးစုပ်ယူခြင်း မူလရွှေလိုမျိုး ပြောင်းလဲမှု

ပုံစံဖြစ်အောင် ထိန်းချုပ်နိုင်ရင် သူက တိုက်ပွဲနည်းဗျူဟာကို လုံးဝကို ပြောင်းလဲပစ် နိုင်ပါလိမ့်မယ်။ အားလုံးကို မှင်တက်သွားမှ တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်စွမ်း ရှိမှာပါ။

သူက အများကြီး မမေးသင့်ပါဘူး။

လင်းဟန်က ပြုံးလိုက်ပါတယ်။ အခုဆိုရင် သူက အနည်းငယ် အောင်မြင်မှု ရရှိခဲ့ပါပြီ။

သူက ဂက်ပါ အစီအရင်ဓားနဲ့ နောက်တစ်ကြိမ် သွားပြီးတော့ တိုက်ခိုက်ရပါလိမ့်မယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ ကံကောင်းတာက ဂက်ပါ အစီအရင်ဓားက ပြန်လည်ကောင်းမွန်ခြင်း မရှိသေးပဲ သူ့ကိုသတ်ဖို့ မကြိုးစားတာပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတော့ ဇာတ်လမ်းပြတ်ပါပြီ။

"လာခဲ့ လာခဲ့ နောက်တစ်ကြိမ် တိုက်ခိုက်ကြည့်တာပေါ့"

လင်းဟန်က ရယ်မောပြီးတော့ အရင်ဦးဆုံး လက်ဦးမှု ရယူတဲ့ အနေနဲ့ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ်။

ဓားအလင်း ခုနစ်ခုက ဂင်္ကပါဓားကနေ ထွက်ပေါ်လာပြီး သူ့ကို ထိုးခုတ်လိုက်ပါတယ်။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပါတယ်။ သူက မိုစ္စာတန်ခိုးရှင် ခြေလှမ်းကိုတောင် အသုံးမပြုခဲ့ပဲ ဓားအလင်း ခုနစ်ခုက သူ့ကို ထိမှန်ခွင့် ပြုလိုက်ပါတယ်။ အခုဆို သူက ဒီဓားရဲ့ ထက်မြက်မှုကို ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ နူးညံ့ပျော့ပျောင်းတဲ့ ဘက်ခြမ်းနဲ့ အသုံးပြုရပါလိမ့်မယ်။

ဖူး ဖူး ဖူး ဖူး။ ဓားအလင်း ခုနစ်ခုက သူ့ကို ခုတ်ဖြတ်လိုက်ပါတယ်။ လင်းဟာန်ရဲ့ ရင်ဘတ်ပေါ်က အဂတ်အစားတွေက သူ့ကို ဓားအလင်းတွေက ခုတ်ချလိုက်သလို စုတ်ပြတ်သွားပါတယ်။ လင်းဟာန်ရဲ့ ရင်ဘတ်က ဆွဲဆန့်လိုက်သလို ဖြစ်သွားပြီး သုံးမီတာ၊ ခြောက်မီတာ၊ ဆယ့်ငါးမီတာလောက်တောင် ဆန့်သွားပါတယ်။

အားလုံး ပြီးသွားပါပြီ။

သူ့မှာ ဒီရတနာဓားကို သိမ်းပိုက်အနိုင်ယူနိုင်စွမ်းနဲ့ ပတ်သက်ပြီး ခိုင်မာတဲ့ ယုံကြည်ချက်တစ်ခု ရှိလာပါပြီ။

နောက်တစ်ကြိမ်။

သူ့ခန္ဓာကိုယ် အတွင်းမှာရှိတဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို လှည့်ပတ်လိုက်ပါတယ်။ စိန်အဆင့် ခန္ဓာကိုယ်က ချိုးဖျက်လို့ မရနိုင်ဘူးလို့ အတည်ပြု ထားခဲ့ပါတယ်။ တကယ်လို့ ပြင်းထန်တဲ့ ထိခိုက်မှုကို ရရှိခဲ့မယ် ဆိုရင်တောင် အလိုအလျောက်

ပြန်ပြီးတော့ ကုသနိုင်ပါတယ်။ ဒါက တခဏမျှသာ ကြာမြင့်ပြီး သူ့ရဲ့ကျိုးသွားတဲ့ အရိုးတွေက အတူတကွ ပြန်လည်ပေါင်းစည်းသွားပြီး ဘယ်တုန်းကမှ ဒဏ်ရာမရခဲ့သလိုပါပဲ။

သူက ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ လူသားတွေရဲ့ စွမ်းအားက အကန့်အသတ် ရှိပါတယ်။ သူက ဓားအလင်းတွေရဲ့ တိုက်ခိုက်မှု အများကြီးကို တောင့်ခံနိုင်ပြီးတဲ့ နောက်မှာတော့ သူက ဆက်မတောင့်ခံနိုင်ပဲ နောက်ဆုတ်လိုက်ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက တကယ်ပဲ နှစ်ပိုင်းပြတ် သွားပါလိမ့်မယ်။

လင်းဟန်ရဲ့ အပြုံးတွေက ပိုပိုပြီးတော့ ပီသလာခဲ့ပါတယ်။ သူ့ရဲ့ နူးညံ့ပျော့ပျောင်းမှု အပေါ်မှာ နားလည်သဘောပေါက်နိုင်စွမ်းက ပိုပိုပြီး နက်နဲလာခဲ့ပါတယ်။ တိုက်ခိုက်မှုတိုင်းကို ခံစားရတာနဲ့ အတူတကွ တိုးတက်မှုတွေ ရလာခဲ့ပါတယ်။ ပြီးတော့ သူရရှိတဲ့ ဒဏ်ရာတွေက ပိုပိုပြီးတော့ ပေါ့လာပါတယ်။

သူက သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ တော်တော်များများကို

အသုံးပြုပြီးတော့ သူဖြန့်ကျက်တဲ့ ပကတိအားတွေ ပျောက်ကွယ်ဖို့ လေ့လာသင်ယူ ခဲ့ပါတယ်။ သူက ဒေါင်လိုက်အနေအထား ဆွဲရုံတင်မက အလျားလိုက်ပါ ဆန့်ထုတ်နိုင်အောင် အများကြီး ကြိုးစားခဲ့ပါတယ်။

အရင်က မသိသာပေမဲ့ အခုဆိုရင် သူ့ကိုယ်သူ စပရိန် တစ်ခုလိုမျိုး ပြောင်းလဲသွားခဲ့ပြီလား။ ဒါက ဂျုံတစ်ခုလိုမျိုး တစ်နေရာတည်း ပျံ့နှံ့သွားရုံတင်မက ဦးတည်ချက် မျိုးစုံကိုပါ ဖြန့်ကျက်သွားခဲ့ခြင်း ဖြစ်ပါတယ်။

သူ့ရင်ဘတ်ကို ဓားအလင်းတစ်ခု နောက်တစ်ကြိမ် တိုက်ခိုက်မှု ခံလိုက်ရတဲ့ အခါမှာ သူ့ရင်ဘတ်က ရေမျက်နှာပြင်နဲ့ တူပြီးတော့ စက်ကွင်း တစ်ခုလိုမျိုး မယုံနိုင်စရာ ကောင်းလောက်အောင် ပါးလွှာလာတာကို မြင်တွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီနည်းလမ်းနဲ့ သူက အနည်းဆုံး တိုက်ခိုက်မှုကို ၉၀ ရာခိုင်နှုန်းအထိ လျော့ချဖို့ စုပ်ယူနိုင်ပါတယ်။

ဒီအချိန်မှာ သူ့ရဲ့ အထင်ကြီးစရာကောင်းတဲ့ စွမ်းအားကို

ပြသနေပါတယ်။ သူ့ခန္ဓာကိုယ်ကို ဆယ်ပုံတစ်ပုံ စွမ်းအားနဲ့ ထိခိုက်ဒဏ်ရာရအောင် ကြိုးစားနေတာလား။

သူ့ခန္ဓာကိုယ်မှာ အနက်ရောင်တွေ ပိုင်းရုံလာပြီး မူလအခြေအနေကို ပြန်ရောက်ရှိ သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်နှာက အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ သူက ဒဏ်ရာမရရှိ ခဲ့ပါဘူး။ ဒါပေမဲ့လည်း အစောတုန်းက အခြေအနေက သူ့ရဲ့ပုံမှန် ပုံစံမဟုတ်ပါဘူး။ ဒါကြောင့် သူ့အနေနဲ့ အများကြီး အားစိုက်ရပါတယ်။

ပြောင်းလဲခြင်းကို အချိန်အရမ်းကြာတဲ့အထိ ထိန်းမထားနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ပြိုလဲသွားပါလိမ့်မယ်။

ဒါပေမဲ့ သူ့ကိုယ်သူ ကျေနပ်အားရစွာနဲ့ ချက်ချင်း ထရယ်လိုက်ပါတယ်။ တကယ်လို့သူက အဆုံးအစမရှိ

ဆန့်ထုတ်နိုင်မယ်ဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ခိုက်မှုတွေကို အားသုံးစရာ မလိုပဲ စုပ်ယူနိုင်လိမ့်မယ် မဟုတ်လား။

လူသားစွမ်းအားက အချိန်နဲ့အမျှ ပြည့်စုံစေ့စပ်လာပြီး အဲဒါက ကမ္ဘာကြီးရဲ့ တာအိုနဲ့ အတူတကွ ရှိပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီး သူ့မျက်လုံးတွေက ဂက်ပါ အစီအရင်ဓား အပေါ်မှာ ကျရောက်နေပြီး ပြုံးလိုက်ပါတယ်။

"ငါမင်းကို တိုက်ကွက်သုံးကွက် အတွင်းမှာပဲ သိမ်းပိုက်အနိုင်ယူပစ်မယ်"

ထန် ထန် ထန် ထန် ထန်။

ဓားအလင်းတန်းတွေက မျက်စိစူးမတတ် တောက်ပလာပြီး သူ့ကို

အရှုံးအမှုး တိုက်ခိုက်လာ ခဲ့ပါတယ်။

လင်းဟန်က ကြောက်ရွံ့ခြင်း မရှိပါဘူး။ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း အားလုံးက ဒီတိုက်ခိုက်မှု နောက်ကွယ်က အင်အားတွေကို ခြေလှမ်းဂက်တောင် နောက်မဆုတ်စေပဲ စုပ်ယူဂါးမျိုခဲ့ပါတယ်။ ဆန့်ကျင်ဘက် ဆိုသလို သူက သူ့ညာဘက်လက်ကိုတောင် တစ်မီတာ အကွာအဝေးကို ဆန့်ထုတ်နိုင် ခဲ့ပါပြီ။

ဓားအလင်းတွေကို သုံးကြိမ်ဆက်တိုက် စုပ်ယူပြီးတဲ့ နောက်မှာတော့ သူ့ရဲ့လက်က နောက်ဆုံးမှာ ဓားလက်ကိုင်ရိုးကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။

ဟုမ်း။

ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခြင်း စိတ်ဆန္ဒက လင်းဟန်ရဲ့ အသိစိတ်ကို တိုက်ခိုက်လာ ခဲ့ပါတယ်။

Chapter 723 end

Zaw.အပိုင်း(၇၂၄) မရဏဓား

သတ်ဖြတ်ခြင်းအတွက် ဓားက ထွက်လာခဲ့ပါပြီ။

ဓားသွားပေါ်မှာ အစီအရင် သင်္ကေတ ပုံစံတွေနဲ့ ရေးထွင်းထားပြီး အားလုံးက သတ်ဖြတ်ဖို့ အတွက်ပဲ ရည်ရွယ်ထားပြီး လေဟာနယ်ကို ခုတ်ဖြတ်ပစ်နိုင်စွမ်း ရှိပါတယ်။ အခု သင်္ကေတ ပုံစံတွေက ဓားရဲ့အသိဆန္ဒ အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ရဲ့ အသိစိတ်ထဲကို ထိုးဖောက်လာခဲ့ပါတယ်။

ဟွမ်း။

စိတ်ဂိညာဉ် နတ်သူငယ်က မြင့်တက်လာပြီး သူ့အသိစိတ်ထဲကို ဝင်သွားခဲ့ပါတယ်။ သူက အလယ်မှာ ထိုင်ပြီးတော့

ဓားအသိဆန္ဒတွေကို လမ်းညွှန်နေပါတယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ ပိုင်းရုံထားမှုနဲ့ သူက ရွှေရောင်အလင်းတွေ ထုတ်လွှတ်ပြီး တာအိုမှာ ကြီးကျယ်မြင့်မြတ်တဲ့ လူတစ်ယောက် ထွက်ပေါ်သလိုမျိုးနဲ့ တူပါတယ်။

သတ်ဖြတ်ခြင်း ဆန္ဒတွေက ရုတ်တရက် ဆိုသလို ထိန်းချုပ်ခံရပြီး အဲဒီနောက်မှာ အရည်ပျော်တဲ့ နှင်းလိုမျိုး ပျောက်ကွယ်လွင့်ပါး သွားခဲ့ပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်။ အထွတ်အထိပ် တည်ရှိမှု။

ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ရဲ့ အစိတ်အပိုင်း သေးသေးလေး တစ်ခုကတောင် သူ့ကို လွှန်ခဲ့တဲ့ နှစ်ထောင်သောင်းများစွာက အစွမ်းထက်တဲ့ ပါရမီရှင်တွေရဲ့ ထိပ်ဆုံးမှာ ရပ်တည်လို့ ရအောင်လို့ လုပ်ပေးနိုင်ပါတယ်။ တကယ်လို့ ဒီဂက်ပါ အစီအရင်ဓားက နှိုင်းယှဉ်လို့ မရနိုင်အောင်

ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ လေဟာနယ်ကို ခုတ်ဖြတ်နိုင်တယ် ဆိုရင်တောင် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အဲဒီဓားက ဘာမှမတတ်နိုင်တော့ပါဘူး။

ဒါက မတူညီတဲ့ နတ်ဘုရား အာရုံ အဆင့်နှစ်ခုအကြားက တိုက်ပွဲတစ်ခု ဖြစ်ပြီးတော့ တိုက်ပွဲစွမ်းရည်နဲ့ ဘာမှမဆိုင်ပါဘူး။ ဒါက အရည်အသွေးဆိုင်ရာ ထိပ်တိုက်တွေ့ဆုံခြင်း ဖြစ်ပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်က အရည်အသွေးပိုင်းမှာ နိမ့်ကျလိမ့်မှာလား။ ဒါက ဟာသတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

သတ်ဖြတ်ခြင်း ဆန္ဒတွေက တစ်စစီ ဖြစ်သွားခဲ့ပါတယ်။ ဂင်ပါ အစီအရင်ဓားက ဆက်ပြီးတော့ မတောက်ပတော့ပဲ ကြည့်ရတာ သာမန်ဓားတစ်လက်နဲ့ မခြားတော့ပါဘူး။

ပြီးသွားပါပြီ။

လင်းဟန်က အူလှိုက်သည်းလှိုက် ကျေနပ်အားရစွာနဲ့ ရယ်မောလိုက်ပါတယ်။ သူက ရတနာများကို အနိုင်ရခဲ့ရုံတင်မက သူ့ခန္ဓာကိုယ် ကျင့်စဉ်မှာလည်း ကြီးမြတ်တဲ့ လုပ်ငန်းစဉ် တစ်ခုကို လုပ်နိုင်ခဲ့ပါတယ်။

ဒီတစ်ကြိမ် အကျိုးအမြတ်က အရမ်းကို ကြီးမားပါတယ်။

သူက ဂဏ်ပါ အစီအရင်များကို ကိုင်ပြီးတော့ အနီးကပ် လေ့လာကြည့်လိုက်ပါတယ်။ သူက စားသွားပေါ်မှာ ခင်းကျင်းရေးထွင်းထားတဲ့ သင်္ကေတ ပုံစံတွေကို အရမ်းပဲ စိတ်ဝင်စားနေပါတယ်။

ဒါပေမဲ့ အဲဒါက အရမ်းကို ရှုပ်ထွေးနေပါတယ်။ သူက ခဏလောက်ပဲ ကြည့်လိုက်ပေမဲ့ သူ့ခေါင်းထဲမှာ လောင်းထည့်လိုက်သလို ခံစားရပြီး ဗုမ်း ဗုမ်း ဗုမ်းဆိုတဲ့ အသံတွေ

ကြားရပါတယ်။ သူ့ခေါင်းက ပေါက်ကွဲထွက်တော့မဲ့ ပုံစံလိုမျိုးပါပဲ။ သူက အလျင်အမြန်ပဲ သူ့မျက်လုံးတွေကို လွှဲလိုက်ပြီး ခဏလောက် စိတ်အေးလက်အေး ကြည့်လိုက်ပေမဲ့ သူက အံ့အားသင့်သွားသလို ခံစားလိုက်ရပါတယ်။ ဒါက ဘာကြောင့်လဲဆိုရင် သူက စောစောတုန်းက အချိန်တချို့အတွက်ပဲ ကောင်းကောင်းမွန်မွန် ကြည့်ခဲ့ပေမဲ့ သူမမျှော်လင့်ထားမိတာက အစီအရင် သင်္ကေတလေး တစ်ခုမှာတောင် ထူးခြားတဲ့ အင်အားတစ်ခု ရှိနေပြီး ပယ်ဖျက်လို့တောင် မရနိုင်ပါဘူး။

လင်းဟန်က ဒါနဲ့ပတ်သက်ပြီး စိတ်ရှုပ်မခံ တော့ပါဘူး။ သူက ဓားအိမ်ကို ထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဆန့်ကျင်ဘက် ဆိုသလို ဓားအိမ်ကို အရည်အသွေးမြင့် ပစ္စည်းတွေနဲ့ ပြုလုပ်ထားတယ် ဆိုပေမဲ့ ဓားနဲ့လုံးဂကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဂင်္ကပါ အစီအရင်ဓားရဲ့ သတ္တုက အဆင့်တစ်ဆယ် ရှားပါးသတ္တုတစ်မျိုး ဖြစ်ပြီးတော့ ဓားသွားပေါ်မှာ ရေးထွင်းထားတဲ့ အစီအရင် သင်္ကေတတွေရဲ့ တန်ဖိုးဆိုရင် အဆင့်တစ်ဆယ်ထက်တောင် သာလွန်ပါတယ်။

ဓားအိမ်ကို ပြုလုပ်ထားတဲ့ ပစ္စည်းက အဆင့်ကိုး အမျိုးအစား တစ်ခုပဲ ဖြစ်ပြီးတော့ နိုင်းယှဉ်ရတာ အရမ်းကို ဆိုးဂါးပါတယ်။

ဓားအိမ်ကို တိုက်ပွဲမှာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အသုံးပြုလို့ရတယ်လို့ မဆိုလိုပေမဲ့ ဓားအိမ်ကိုသာ အဆင့်တစ်ဆယ် ရှားပါးသတ္တုနဲ့ သွန်းလုပ်ခဲ့မယ်ဆိုရင် အရမ်းကို ဖြုန်းတီးရာ ရောက်ပါတယ်။ နောက်ပြီးတော့ ဓားအိမ်ကို အဆင့်ကိုး သတ္တုတစ်ခုနဲ့ ပြုလုပ်ထားတယ် ဆိုပေမဲ့ အဲဒါက လူတစ်ယောက်ကို မချိတင်ကဲတွေ ဖြစ်စေပါတယ်။

"ကျွှမ်ာ့ နံပါတ်တစ် သတ်ဖြတ်ခြင်းဓား ဟုတ်လား"

လင်းဟန်က ဓားပေါ်မှာ စကားလုံး ခြောက်လုံး ရေးထားတာကို မြင်တွေ့လိုက်ရပါတယ်။ ဒါက ဒီဓားရဲ့ နာမည်များ ဖြစ်နေမလား။

"လာပြန်ပြီ နောက်ထပ် ကျွှမ်ာ့နံပါတ်တစ်ဆိုတာ။ ဒါက အတော်လေးကို ဘဂမြင့်တာ မဟုတ်လား။ အဲဒါက

ငါ့ရဲ့အကျင့်စရိုက်နဲ့ အံဝင်ဂွင်ကျ မဖြစ်ဘူး။ ငါက သိုသိုသိပ်သိပ်ပဲ နေချင်တာ”

လင်းဟန်က ဓားအိမ်ကို အနက်ရောင် မျှော်စင်ထဲကို ပစ်ထည့်လိုက်ပါတယ်။ ဒါက အသုံးမဝင်ပါဘူး။ အကောင်းဆုံးက အဲဒါကို သံရည်ကျိုပြီးတော့ မြားတစ်ချောင်းအဖြစ် သွန်းလုပ်ပြီး သူ့ရဲ့ထူးခြားတဲ့ လက္ခဏာတွေကို အသုံးပြုတာက ပိုကောင်းလိမ့်မယ်။

“မင်းမှာက ဒီလိုမျိုး သန်မာအားကောင်းတဲ့ သတ်ဖြတ်ခြင်း အရှိန်အဝါ ရှိနေတယ်။ အခုကစပြီး မင်းကို မရဏဓားလို့ ခေါ်ရမယ်။ ပေါ့ပေါ့ပါးပါးနဲ့ မသတ်နဲ့။ သက်ရှိတွေ အားလုံးကို ကြီးထွားဖွံ့ဖြိုး ရမယ်ဆိုတဲ့ သဘာဝ ဥပဒေသတစ်ခု ရှိတယ်။ ဒါကြောင့် မင်းက တခြားသက်ရှိတွေကို စိတ်လွတ်ကိုယ်လွတ်နဲ့ မသတ်ရဘူး”

လင်းဟန်က ရယ်မောလိုက်ပါတယ်။

သူက ဓားကို ညင်သာစွာ ပွေ့ယမ်းလိုက်ပြီး သိုင်းဆန္ဒတွေက ပန်းထွက်လာခဲ့ပါတယ်။ ဟုမ်း။ သင်္ကေတ တချို့က ချက်ချင်းဆိုသလို တောက်ပလင်းလက် လာခဲ့ပါတယ်။ သူက ဓားနဲ့ ခုတ်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်တဲ့ အခါမှာ ဓားအလင်းဆယ်ခုက ရုတ်တရက် ထွက်ပေါ်လာ ခဲ့ပါတယ်။ သူ့ဘေးပတ်လည်က နံရံတွေပေါ်မှာ ချက်ချင်းဆိုသလို အမှတ်အသား ဆယ်ခု ကျန်ရစ် သွားခဲ့ပါတယ်။

"ဒီလောက်တောင် အစွမ်းထက်တာလား"

လင်းဟန်က ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပါတယ်။ ဒီကျောက်တုံးခန်းမက သူနဲ့ မရဏဓား တိုက်ပွဲဖြစ်တာကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး ပြိုလဲသွားခြင်း မရှိတာက ဘယ်လောက်တောင် ခိုင်ခံ့လဲ ဆိုတာကို ဖော်ပြနေပါတယ်။ ဒါပေမဲ့လည်း အခုတော့ တိုက်ခိုက်မှု တစ်ခုတည်းနဲ့ပဲ ဓားခုတ်ရာတွေ ကျန်ရစ်ခဲ့တယ်ဆိုတော့ မရဏဓားရဲ့ အထင်ကြီးစရာကောင်းတဲ့ ခွန်အားကိုလည်း ဖော်ပြနေပါတယ်။

လင်းဟန်က ဓားနဲ့ နောက်ထပ် ခုတ်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ ဓားကနေ ဓားအလင်းတန်း ထွက်ပေါ်လာပြီ။တော့ နံရံအပေါ်မှာ သုံးဆယ်စင်တီမီတာခန့်နက်တဲ့ ဓားခုတ်ရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အံ့ဩစရာကောင်းတာက အဲဒီနံရံဟာ စတင်တုန်ခါလာပြီး ဓားခုတ်ရာ အမှတ်အသားက အရမ်းကို လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလက်နက်တဲ နန်းတော်မှာ သူ့ကိုယ်သူ ပြန်ပြီးတော့ ကုသကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေ ရှိနေတာလား။

လပြွတ်ပဲ။ ဒီလက်နက်တဲ နန်းတော်ကိုယ်တိုင်က ရတနာပစ္စည်း တစ်ခုပဲ။

လင်းဟန်က မက်မောဖွယ်ရာ ကောင်းသလို ခံစားလိုက်ရပြီး တကယ်လို့ ဒီလက်နက်တဲ နန်းတော်ကိုပါ

သိမ်းဆည်းနိုင်ခဲ့မယ်ဆိုရင် အထဲက ပစ္စည်းတွေ အားလုံးကို သူပိုင်နိုင်လိမ့်မလား။

ဟုန်း။

အဲဒီအချိန်မှာပဲ အစတုန်းက ပိတ်ထားတဲ့ တံခါးက ရုတ်တရက် ပွင့်လာခဲ့ပါတယ်။

သူက ရတနာများကို ရရှိခဲ့ပြီ ဖြစ်တာကြောင့် ဒီအထဲမှာ ဆက်ပြီးတော့ နေစရာအကြောင်း မရှိတော့ပါဘူး။

လင်းဟန်က မရဏာဓားကို အနက်ရောင် မျှော်စင်ထဲ ကောင်းကောင်းမွန်မွန်နဲ့ ထည့်သိမ်းလိုက်ပြီး နတ်ဆိုးရှင်သန်ဓားနဲ့ ဘေးချင်းယှဉ်ထားလိုက်ပါတယ်။ ဓားနှစ်လက်လုံးက လေထဲမှာ ရပ်တန့် နေပါတယ်။ နတ်ဆိုးရှင်သန်ဓားက အလိုအလျောက် အနည်းငယ် နိမ့်သွားပြီး မရဏာဓားနဲ့ အဆင့်တူတူ နေဖို့ပုံမပေါ်ပဲ မရဏာဓားရဲ့ လွှမ်းမိုးနိုင်မှုကို ဖော်ပြနေပါတယ်။

ဓားတွေမှာ သူတို့ကိုယ်ပိုင် စိတ်ဝိညာဉ်တွေ ရှိပြီးတော့ သူတို့ရဲ့ အဆင့်အတန်းတွေကိုလည်း နှိုင်းယှဉ်လို့ ရပါလိမ့်မယ်။

လင်းဟန်က ကျောက်တုံးခန်းထဲကနေ ထွက်လာခဲ့ပါတယ်။ သူ့အရှေ့မှာ လှေကားတွေ ရှိနေပါတယ်။ သူက ဘေးဘီဝဲယာကို ကြည့်လိုက်တဲ့ အခါမှာ ဒီအထပ်ထဲ ကျောက်တုံးအခန်းတွေ တော်တော်များများ ရှိနေတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ အခန်းတိုင်းကို တင်းကျပ်စွာ ပိတ်ထားပါတယ်။ သူက အခန်းတွေကို ဖွင့်ဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ လက်သီးတွေ ဒါမှမဟုတ် ဓားတစ်ချောင်းနဲ့ တံခါးတွေကို ချိုးဖျက်ဖို့ ကြိုးစားပြီး အထဲကို ဝင်ခွင့်ပြုဖို့တောင် မလုပ်နိုင်ပါဘူး။

သူလည်း ဘာမှမတတ်နိုင်ပဲ လှေကားအတိုင်း နောက်တစ်ဆင့်ကို ဆင်းလာခဲ့ပါတယ်။ နောက်တစ်ထပ်မှာလည်း ကျောက်တုံးခန်းတွေ တော်တော်များများ ရှိနေပါတယ်။ သူက တံခါးတွေကို ချိုးဖျက်ဖို့ မကြိုးစားတော့ပါဘူး။ လှေကားအတိုင်း အောက်ကိုပဲ တည့်တည့်မတ်မတ် ဆင်းလာခဲ့ပါတယ်။ အစောပိုင်းတုန်းက သူက

ငါးထပ်မြောက်မှာ ရှိနေပြီး သူက လှေကားတွေကို အထပ်လေးထပ် ဆက်တိုက်ဆင်းချလာပြီး မြေညီထပ်ကို ရောက်လာခဲ့ပါတယ်။

သူက အပြင်ကို ထွက်လာတဲ့ အခါမှာ လူအများကြီးက သိုင်းပညာကျောက်တုံးမှာ ထပ်ပြီးတော့ ကြိုးစားနေကြတာကို တွေ့မြင်လိုက်ပါတယ်။

"လင်းဟာန် လင်းဟာန်"

ဟူးညိုက ချက်ချင်းပဲ သူ့ကိုယ်ပေါ်ကို ခုန်တက်လိုက်ပါတယ်။ ဟူးညိုက လင်းဟာန်ရဲ့ လည်ပင်းကို ဖက်ထားပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟာန်က အကြာကြီး ထွက်သွားတာ ညိုးညိုး လင်းဟာန်ကို လွမ်းလို့ သေတော့မယ်"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲမှာ ဘယ်လောက်ကြာအောင် လှေ့ကျင့်နေခဲ့တယ် ဆိုတာကို မသိပါဘူး။ ဒါကြောင့် သူက ကျူးရှမ်အှာ အနားကို ကပ်ပြီးတော့ မေးလိုက်ပါတယ်။

"ငါအထဲမှာ ဘယ်လောက်တောင် ကြာသွားလဲ"

"ရက်နှစ်ဆယ်"

ကျူးရှမ်အှာက ပြောလိုက်ပါတယ်။ အိုး အရမ်းကို ကြာတာပဲ။

လင်းဟန် ထင်ထားတာက မျက်စိတစ်မှိတ်လောက်ပဲ ကြာတယ်လို့ ထင်နေခဲ့တာ ဖြစ်ပြီးတော့ တစ်ရက်တောင် အချိန်မကုန်လိုက်သလိုပါပဲ။ ဘယ်လိုလုပ်ပြီးတော့ ရက်ပေါင်းနှစ်ဆယ်တောင် ကြာသွားရတာလဲ။

"မင်းတို့တွေ တစ်ခုခု ရလာခဲ့လား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ရတယ် ရတယ်"

ဟူးညိုက ချက်ချင်းပဲ သူ့ကိုယ်ပေါ်ကနေ ခုန်ချလိုက်ပါတယ်။

"ညိုးညိုးက ပျော်စရာကောင်းတဲ့ ပစ္စည်းတချို့ ရခဲ့တယ်"

သူမက ရုတ်တရက် ရောမ ကပ်ကြေးတစ်စုံကို ဆင့်ခေါ်လိုက်ပြီး သူမထက်တောင် အနည်းငယ် ပိုရှည်ပါတယ်။ ကပ်ကြေးတစ်ခုလုံး အနီရောင် ဖြစ်ပြီးတော့ ကပ်ကြေးတွေကို အနီးကပ် ထားလိုက်ရင် အကြေးခွံတွေ ဖုံးအုပ်ထားတဲ့ နဂါးတစ်ကောင် ရစ်ခွေနေတဲ့ အတိုင်းပါပဲ။ ထိပ်ပိုင်းက နဂါးတစ်ကောင်ရဲ့ခေါင်းနဲ့ တူပါတယ်။

"သွားစမ်း"

ဟူးညိုက အော်လိုက်တာနဲ့ ကပ်ကြေးတွေက ချက်ချင်းဆိုသလို ပျံ့သန်းသွားပါတယ်။ ကပ်ကြေးတွေက အနီရောင် နဂါးကြီး တစ်ကောင်အသွင် ပြောင်းလဲသွားပြီး သူ့ရဲ့အစွယ်တွေ လက်သည်းတွေကို ပျော့ယမ်းလိုက်တဲ့ အခါမှာ အထင်ကြီးစရာကောင်းတဲ့ နတ်ဘုရား အစွမ်းတွေကို ထုတ်လွှတ်နေ ပါတယ်။

"ပိုး။ နဂါးစွယ် ကတ်ကြေးတွေပဲ။ အရှင်သခင်ယုန်က ငါ့ရဲ့ဘိုးဘေးချန်ထားခဲ့တဲ့ မှတ်စုစာအုပ် အထဲမှာ ဒီဟာကို အရင်တုန်းက မြင်ခဲ့ဖူးတယ်"

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

"ဒဏ္ဍာရီတွေ အရတော့ ဒီဘုံထဲမှာ အစစ်အမှန် နဂါးတစ်ကောင် သေသွားခဲ့ပြီး နဂါးသွေးတွေက ပျံ့နှံ့သွားခဲ့တယ်။ အဲဒီသွေးတွေကနေ မရေမတွက်နိုင်တဲ့ ရတနာဆေးပင်တွေ

ပေါက်လာပြီး နဂါးရဲ့ အရိုးက တောင်တွေ အဖြစ်ကို ပြောင်းသွားပြီးတော့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းအတွက် မြင့်မြတ်တဲ့ ကုန်းမြေအဖြစ် ပြောင်းလဲသွားပြီးတော့ လူသိများ ထင်ရှားလာတယ်။ နောက်ပြီးတော့ အဲဒီထဲက တချို့က ဒီဘုံရဲ့ သေခြင်းနယ်မြေတွေ ဖြစ်လာပြီး အရမ်းကို ကြီးမားတဲ့ အန္တရာယ် ဖြစ်စေတယ်။ ပြောင်းလဲမသွားပဲ ကျန်နေခဲ့တဲ့ တစ်ခုတည်းသောအရာက နဂါးအစွယ်ပဲ”

“ဟိုးအရင်တုန်းက သိုင်းပညာမှာ ကြီးကျယ်ခမ်းနားတဲ့ ဆရာသခင်တစ်ယောက်က ဒီနဂါးအစွယ်ကို ရရှိခဲ့ပြီးတော့ နဂါးအစွယ် ကတ်ကြေးတွေကို သွန်းလုပ်ခဲ့တယ်။ အပြည့်အဝ နိုးဆွပေးတဲ့ အချိန်ကျရင် အဲဒါက စစ်မှန်တဲ့ နဂါးအစစ် တစ်ကောင်ကိုက်သလို စွမ်းအားမျိုးကို ပိုင်ဆိုင်နိုင်တယ်”

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီလိုမျိုး ရတနာ တစ်ခုကို ဟူးညို့က ရရှိသွားခဲ့ပါတယ်။

မယုံနိုင်စရာပဲ။ မယုံနိုင်စရာ ကောင်းလိုက်တာ။ ဒီရတနာက

စကြာဂဠုန်ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကိုတောင်မှ ဆွဲခေါ်ဆောင်နိုင်ပါလိမ့်မယ်။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူက မရဏဓားကို ရရှိခဲ့ပြီး တကယ်လို့ ရှုရှုရန်ရဲ့ အကြွင်းမဲ့ ဆေဘာဓားနဲ့ ရင်ဆိုင်ရရင်တောင်မှ သူ့မှာ တုံ့ပြန်တိုက်ခိုက်ဖို့ စွမ်းရည် ရှိလာပါလိမ့်မယ်။ နောက်ပြီးတော့ ဟူးညိုကလည်း နဂါးအစွယ် ကတ်ကြေးရှိနေပြီး သူတို့ဘက်က စွမ်းရည်က အရမ်းကို ကြီးမားလွန်းပါတယ်။

ကျူးရွှမ်အာ၊ ဂမ်ရန်ချင်းချင်းနဲ့ ယွမ်ချမ်ဟဲတို့လည်း သူတို့ရဲ့ ဆုလာဘ်တွေကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ရရှိခဲ့တာက အဆင့်ရှစ် စိတ်ဂိညာဉ် ပစ္စည်းတွေ ဖြစ်ပြီးတော့ လင်းဟန်နဲ့ ဟူးညိုတို့ ရရှိခဲ့တဲ့ ပစ္စည်းတွေနဲ့ နှိုင်းယှဉ်ရင် အဝေးကြီးမှာပါပဲ။ သိုင်းပညာ ကျောက်တုံးပေါ်မှာ သူတို့ရဲ့ အောင်မြင်မှု ရလဒ်တွေပေါ် မူတည်ပြီး သူတို့ရဲ့ ဆုလာဘ်တွေ အပေါ်မှာ အကျိုးသက်ရောက်တာပဲ ဖြစ်ပါတယ်။

ဒီပုံစံအတိုင်းဆို ရှုရှုရန်နဲ့ တုန်လင်းအာတို့လို သူတို့ရဲ့
ခွန်အားတွေကို ဖုံးကွယ်ထားတဲ့ လူတွေက
စိတ်ပျက်လက်ပျက်မှုကြောင့် သေချင်စိတ် ပေါက်သွားပါလိမ့်မယ်။

ယုန်ဖြူကြီးလည်း ရတနာ တစ်ခုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူက
ဘာပစ္စည်း ရခဲ့လည်း ဆိုတာကို ပြောပြဖို့ ငြင်းဆိုနေခဲ့ပါတယ်။
အဲဒါက အားလုံးကို သိချင်စိတ် ပြင်းပြစေခဲ့ပါတယ်။

လင်းဟန်က မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ကို
မမြင်တွေ့ရတာကြောင့် ကျူးရှွမ်အာကို သူတို့နှစ်ယောက်
ဘယ်နေရာကို ရောက်နေလဲ ဆိုတာကို မေးလိုက်ပါတယ်။ ဒါပေမဲ့
သူတို့တွေက ထွက်သွားခဲ့ကြပါပြီ။ အခုဆိုရင် သူတို့က
အဖွဲ့တစ်ခုစီကို ဦးဆောင်ပြီး ခေါင်းဆောင်တွေ ဖြစ်နေကြပါတယ်။
သူတို့ရဲ့ လှုပ်ရှားမှုတွေ အားလုံးက သေချာအကွက်ချပြီးမှ
လှုပ်ရှားကြခြင်း ဖြစ်ပါတယ်။

"လင်းဟန်"

ကျော့မင်းက ထွက်ပေါ်လာခဲ့ပြီး လင်းဟန်ကို စိုက်ကြည့်နေပါတယ်။ သူ့မျက်လုံးတွေထဲမှာ သွေးဆာလောင်မှုတွေ တောက်ပလင်းလက်လို့ နေပါတယ်။

Chapter 724 end

Zaw.အပိုင်း(၇၂၅) အရမ်းကောင်းတယ်

"တိုက်ချင်လို့လား"

လင်းဟန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။ အခုဆိုရင်သူက မာကျောမှုနဲ့ နူးညံ့မှုရဲ့ ပေါင်းစပ်ခြင်း ပညာမှာ ကျွမ်းကျင်နေပြီးတော့ တစ်ခုနဲ့တစ်ခု အပြန်အလှန် အကျိုးပြုနိုင်တဲ့ ရောနှောမှု တစ်ခုကိုလည်း ဖန်တီးအောင်မြင်ခဲ့ပါပြီ။ တကယ်လို့ ကျော့မင်းက သူ့ထက် ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး မြင့်နေရင်တောင် လုံးဝကို မကြောက်တော့ပါဘူး။

"ဟင့်။ ဒါက တိုက်ခိုက်ဖို့ မဟုတ်ဘူး။ ဒါပေမဲ့ ငါက မင်းကို ကွပ်မျက်ပစ်မလို့ပဲ"

ကျော့မင်းက မောက်မာဂုဏ်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။ တကယ်လို့ လင်းဟာန်က လျှို့ဝှက် နည်းစနစ်တွေမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေတော့ရော ဘာအရေးစိုက်စရာလိုလဲ။ လင်းဟာန်ရဲ့ နည်းစနစ်တွေက သူ့ထက် ပိုသာလို့လား။ အဆုံးမှာ ကျင့်ကြံခြင်းအဆင့် အောင်မြင်မှု မရရှိနိုင်ရင် ပြီးတော့ လျှို့ဝှက်နည်းစနစ်တွေမှာ အဓိက အောင်မြင်မှုအဆင့်ကို မရနိုင်ဘူးဆိုရင် သူ့အနေနဲ့ လင်းဟာန်ကို ချေမှုန်းပစ်နိုင်ပါတယ်။

"ဒါဆိုရင်လည်း တိုက်ခိုက်ကြတာပေါ့"

လင်းဟာန်က တိုက်ခိုက်ဖို့ လုံးဝကို မကြောက်ပါဘူး။

"ကောင်ချောလေး။ မင်းက ဘာဖြစ်လို့ တိုက်ခိုက်မှာလဲ"

အဲဒီအခိုက်အတန့်မှာပဲ ချိုသာပြီး ဆွဲဆောင်မှုရှိတဲ့ အသံတစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာ အရှိန်အဟုန် တစ်ခုက မသိမသာနဲ့ လွင့်ပျံ့လာပြီး အားလုံးရဲ့ စိတ်ထဲမှာ သူတို့ရင်ဘတ်ပေါ်ကို ကျောက်တုံးတစ်တုံးနဲ့ ဖိထားသလိုမျိုး ခံစားလိုက် ရပါတယ်။ သွေးတွေ အန်ထုတ်ချင်တဲ့ စိတ်ကို ထိန်းချုပ်ထားရတာ အတော်လေးကို ခက်ခဲပါတယ်။

လူစုလူဝေးကြီးက ကွဲထွက်သွားပြီး လူအုပ်အလယ်မှာ အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်နဲ့ လှပကျော့ရှင်းတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းရှိတဲ့ မိန်းမလှလေး တစ်ယောက်ကို တွေ့မြင်လိုက် ရပါတယ်။ သူမက ရောမ နတ်ဆိုးခြသေ့် တစ်ကောင်ရဲ့ ခန္ဓာကိုယ်အပေါ်မှာ ခြေထောက်ချိတ်ပြီး ထိုင်နေပါတယ်။ နတ်ဆိုးခြသေ့်က အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး ကြမ်းတမ်းပုံပေါက်ကာ အစွမ်းလည်း အလွန်ထက်ပုံ ရပါတယ်။ ခြသေ့်ခန္ဓာကိုယ် တစ်ခုလုံးကို နဂါးတစ်ကောင်ရဲ့ အရေခွံလို အကြေးခွံတွေနဲ့ ဖုံးလွှမ်းနေပြီး သူ့ရဲ့တည်ရှိမှုက တစ်ချက်လောက် ဟိန်းလိုက်ရင် မိုးကောင်းကင်ပေါ်က ကြယ်တွေကိုတောင် လှုပ်ခါချနိုင်လောက်တဲ့အထိ ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

အမှန်တကယ်တော့ ဒီလိုမျိုး ကံကြမ္မာတစ်ခုကို စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့် တည်ရှိမှု တစ်ခု ဖြစ်တာနဲ့ ပိုင်ဆိုင်ရရှိပါတယ်။

လစန္ဒာ ဘုရင် ရောက်လာပါပြီ။

"ဒါ ဒါက ဘယ်သူလဲ။ ဒီလိုမျိုး ကြောက်စရာကောင်းတဲ့
တည်ရှိမှုကြောင့် ငါ့နှလုံးသားက ပေါက်ကွဲထွက်တော့မဲ့ အတိုင်းပဲ"

"နောက်ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့
မိန်းမချောတစ်ယောက်ပဲ။ ရင်သားတွေကို ကြည့်လိုက်စမ်းပါ။
အဲဒါတွေက အရမ်းကို ဖွံ့ထွားနေတယ်။ ငါ့လက်တစ်ဖက်တည်းနဲ့
သေချာပေါက် အဲဒီရင်သားတွေကို ကိုင်နိုင်မှာမဟုတ်ဘူး။
တကယ်လို့ တစ်ခါလောက်ပဲ ထိကိုင်လို့ ရမယ်ဆိုရင် အရမ်းကို
ကောင်းမှာပဲ"

ပုန်း။

လစန္ဒာ ဘုရင်ကို တဏှာခိုးတွေ ဝေနေတဲ့ မျက်လုံးနဲ့ ကြည့်ပြီးတော့ ရိုင်းရိုင်းစိုင်းစိုင်း အတွေးတွေကို ကျယ်လောင်စွာ ပြောလိုက်တဲ့ လူက ချက်ချင်းဆိုသလို သူ့ခေါင်း ပေါက်ကွဲထွက်ပြီး ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်ကြီးက လှုပ်ယမ်းပြီးတော့မှ မြေပြင်ပေါ်ကို ကျယ်လောင်တဲ့ အသံကြီးနဲ့ လဲကျသေဆုံးသွားခဲ့ပါတယ်။

တခြားလူတွေက ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ အားလုံးက အံ့အားသင့်သွားပြီး လစန္ဒာ ဘုရင်ကို ထိတ်လန့်ကြောက်ရွံ့စွာနဲ့ ကြည့်လိုက်ကြပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ ရှည်လျားသေးသွယ်ပြီး ကြည်လင်တောက်ပတဲ့ သူမရဲ့ လက်ချောင်းကို ဆန့်ထုတ်ပြီး အဲဒီလူကို ညွှန်နေတာကြောင့် သေသွားတဲ့လူကို သတ်ပစ်လိုက်တာက သူမပဲ ဆိုတာ သိသာထင်ရှားပါတယ်။

ဒီနေရာမှာရှိတဲ့ ပြဿနာက အဲဒီလူက အစွမ်းထက်သည်ဖြစ်စေ အစွမ်းမဲ့သည်ဖြစ်စေ အဲဒါနဲ့ မဆိုင်ပါဘူး။ ဒီနေရာကို ရောက်လာတဲ့ လူအများစုက အရမ်းကို အစွမ်းထက်တဲ့ နောက်ခံတွေကို ပိုင်ဆိုင်ထားကြပါတယ်။ ဒီလိုမျိုး မဆင်မခြင် တိုက်ခိုက်မှု တစ်ခုကို လုပ်လိုက်တာက ကပ်ဘေးဒုက္ခတစ်ခု ဖြစ်လာမယ်ဆိုတာကို မကြောက်ဘူးလား။

လက်တစ်ဆုပ်စာ အရေအတွက်ပဲ ရှိတဲ့ လူတွေလောက်က ဒီအမျိုးသမီးက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိတယ်ဆိုတာကို သိထားကြပါတယ်။ သူမအနေနဲ့ ဒီဘုံထဲမှာ ဘယ်သူကိုမှ ကြောက်နေစရာ မလိုပါဘူး။ နောက်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို ယုတ်မာရင့်သီးတဲ့ ဒီလိုမျိုး တဏှာရူးထပြီး ပြောလိုက်တဲ့ စကားတွေကြောင့် အဲဒီလူကို မသတ်သင့်ဘူးလား။

တကယ်လို့ အဲဒီလူက ကောင်းကင်ဓားဂိုဏ်း ဒါမှမဟုတ် အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ အစစ်အမှန် တပည့်တစ်ယောက် ဖြစ်နေမယ် ဆိုရင်တောင်မှ သူက သေချာပေါက် အချည်းနှီး သေရပါလိမ့်မယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ဒီလိုမျိုး အရှက်ခွဲမှုကို ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ။

လစန္ဒာဘုရင်က နတ်ဆိုးခြသေ့်ကို စီးပြီးတော့ ချဉ်းကပ်လာခဲ့ပါတယ်။ ကျော့မင်းလို့ နလပိန်းတုံး တစ်ယောက်တောင်မှ ရှိသေလေးစားမှုတွေနဲ့ ပြည့်နှက်နေပြီး အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပြီး လစန္ဒာ ဘုရင်ရဲ့ အရှိန်အဂါကို ယှဉ်နိုင်စွမ်း မရှိပါဘူး။

သူ့ရဲ့အနာဂတ် အောင်မြင်မှုတွေက တခြားသက်သက်ပါ။ အနည်းဆုံးတော့ လက်ရှိမှာ သူက လစန္ဒာ ဘုရင်နဲ့ လုံးဂဥသံ နှိုင်းယှဉ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ဟူးညိုရဲ့ လင်းဟန်ကို မကောင်းကြံလို့ ရမယ်တော့ မထင်နဲ့"

ဟူးညိုက နဂါးစွယ် ကတ်ကြေးကို ပွေ့ယမ်းပြီးတော့ လစန္ဒာ

ဘုရင်ကို အော်လိုက်ပါတယ်။

လစန္ဒာဘုရင်က ရုတ်တရက် မှင်တက်သွားခဲ့ပါတယ်။

"မင်းကတကယ်ပဲ နဂါးစွယ် ကတ်ကြေးကို ရရှိခဲ့တယ်ပေါ့။ ဘယ်လောက် ရှားလိုက်တဲ့ အဖြစ်လဲ။ အဲဒီပစ္စည်းက ရယူနိုင်စွမ်း မရှိဘူးလို့ သတ်မှတ်ထားတာ မဟုတ်လား။ အဲဒီနှစ်တွေတုန်းက ငါတောင်မှ ဒီပစ္စည်းကို မရနိုင်ခဲ့ဘူး။ ထို့။ တကယ်လို့ ငါက အဲဒီပစ္စည်းကို ယူချင်တယ်ဆိုဂင် ဘယ်လိုလုပ် ငါက ကျရှုံးနိုင်မှာလဲ"

သူမရဲ့ လှပတဲ့ မျက်လုံးတွေထဲမှာ အသိအမှတ် ပြုလိုက်သလိုမျိုး အလင်းရောင်က ဖျတ်ခနဲ လက်သွားပါတယ်။

"ငါခန့်မှန်းကြည့်မယ်။ မင်းတို့တွေ သိုင်းပညာကျောက်တုံးရဲ့ အသိအမှတ်ပြုမှု အများကြီး ရခဲ့တယ် မဟုတ်လား။ ဟားဟားဟား ငါပြောပြမယ်။ ငါ့နာမည်ကို အဲဒီကျောက်တုံးပေါ်မှာ တစ်ခါတုန်းက

ချန်ထားခဲ့ဖူးတယ်။ ဒီဘုံရဲ့ သမိုင်းတစ်လျှောက် အစွမ်းထက်ဆုံး နံ့ပါတ် ကိုးဆယ့်ကိုးမှာပဲ”

လင်းဟန်တို့ အုပ်စုက လျှို့ပုက်စွာနဲ့ ကျိတ်ရယ်နေလိုက်ပါတယ်။ လက်ရှိမှာ ဒီအရှင်သခင်ရဲ့ နာမည်က စာရင်းထဲမှာတောင် မရှိတော့ပါဘူး။ လင်းဟန်၊ ဟူးညိုနဲ့ ကျော့မင်းတို့လို အထွတ်အထိပ် ပါရမီရှင် သုံးယောက်က တစ်ပြိုင်နက်တည်း ရုတ်တရက် ထွက်ပေါ်လာမှုကြောင့် လစန္ဒာ ဘုရင်ရဲ့ နာမည်က ပြုတ်ကျသွားခဲ့ပါပြီ။

လစန္ဒာ ဘုရင်က ဒီအကြောင်းကို သတိမပြုမိသေးပဲ အားလုံးရဲ့ မျက်နှာပေါ်က ကြောင်တိကြောင်တောင် အမူအရာတွေကို ကြည့်လိုက်ပြီးတော့ မေးလိုက်ပါတယ်။

“မင်းတို့က ငါ့ကို မယုံဘူးလား။ ကြောင်လေး ရှေ့ကနေသွားစမ်း။ သူတို့တွေ ငါ့နာမည်ကို တစ်ချက်လောက် ကြည့်ပါစေ”

နတ်ဆိုးခြင်္သေ့က တကယ့်ကို ကြောင်ပေါက်စလေး တစ်ကောင်လိုမျိုး နာခံလိုက်ပြီး လစန္ဒာဘုရင်ကို သယ်ပြီးတော့ သိုင်းပညာ အသိစိတ် ကျောက်တုံးရှေ့ကို သွားလိုက်ပါတယ်။

လစန္ဒာဘုရင်ရဲ့ မျက်နှာပေါ်မှာ ဂုဏ်ယူဂင့်ကြွားမှုတွေ ပြည့်နှက်နေပြီး သိုင်းပညာ အသိစိတ် ကျောက်တုံးကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီအချိန်တုန်းက ငါနဲ့ အရှင်မင်းကြီးပဲ နာမည်စာရင်းပါအောင်လို့ လုပ်နိုင်ခဲ့တယ်။ တခြား ဘုရင်ခုနစ်ပါးလုံးက အနီရောင် အလင်းရောင် ရအောင်လို့ပဲ လုပ်နိုင်ခဲ့ပြီး ငါနဲ့လုံးဂကို နှိုင်းယှဉ်လို့ မရနိုင်ဘူး။ ဟင် ငါ့နာမည် ဘယ်ရောက်သွားလဲ"

သူမရဲ့ အကြည့်တွေက သိုင်းပညာအသိစိတ် ကျောက်တုံးပေါ်ကို ကျရောက်သွားခဲ့ပါတယ်။ နံပါတ်ကိုးဆယ့်ကိုးမှာ ရှိနေတဲ့ သူမရဲ့နာမည်က ဘယ်ရောက်သွားလဲ။ နံပါတ်တစ်ရာမှာတောင် သူမနာမည်ကို မမြင်တွေ့ရပါဘူး။

"အချိန်တွေ အရမ်းကို ကြာပြီးတဲ့နောက်မှာ ဒီသုံးစားမရတဲ့ ကျောက်တုံးအပိုင်းအစက ချွတ်ယွင်းသွားခဲ့တာလား"

သူမက တီးတိုးရွတ်ဆို လိုက်ပါတယ်။

"မဟုတ်ဘူး။ တခြားလူတွေရဲ့ အတင်းတိုးဝင်မှုကြောင့် ပြုတ်ကျသွားတာ"

လင်းဟာန်က ပြောလိုက်ပါတယ်။

"အစတုန်းက လစန္ဒာ ဘုရင်ရဲ့ နာမည်ကို ကိုးဆယ့်ကိုး နေရာမှာ ငါတကယ် မြင်ခဲ့ပါတယ်"

"ဘာ။ ဘယ်သူက ငါ့နာမည်ကို အောက်ပြုတ်ကျသွားအောင် လုပ်ပုံမှာလဲ"

လစန္ဒာ ဘုရင်က ဒေါသတကြီး ဖြစ်သွားပြီး နာမည်စာရင်းရဲ့ အပေါ်ကို အလျင်အမြန်ပဲ ရှာဖွေလိုက်ပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ သူမရဲ့ အကြည့်တွေက ကျော့မင်းရဲ့ နာမည်အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူမရဲ့ သတ်ဖြတ်ချင်တဲ့ အမူအရာတစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။

"ကျော့မင်းဆိုတာ ဘယ်သူလဲ"

ရှုပ်။

အားလုံးရဲ့ အကြည့်တွေက တိုင်ပင်မထားပဲ ကျော့မင်းပေါ်ကို တစ်ပြိုင်နက်တည်း ကျရောက် လာခဲ့ပါတယ်။ ဒါက အမှတ်တမဲ့ အလိုအလျောက် တုံ့ပြန်မှု တစ်ခုပဲ ဖြစ်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ပါးစပ်က ထွက်ပေါ်လာတဲ့ စကားလုံးတွေက လူတစ်ယောက်ရဲ့ အသိစိတ် တုံ့ပြန်မှုနဲ့ လူတစ်ယောက်ရဲ့ စိတ်အာရုံကို လွှမ်းမိုးနိုင်စွမ်း

ရှိပါတယ်။

လစန္ဒာ ဘုရင်ရဲ့ မျက်နှာပေါ်က အမူအရာက ချက်ချင်းဆိုသလို တင်းမာခက်ထန်လာပြီး သူမရဲ့ လက်ချောင်းတွေကို တဖျောက်ဖျောက် မြည်အောင်လို့ ချိုးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းပဲပေါ့။ ငါ့နာမည်ကို နာမည်စာရင်းကနေ ပြုတ်ကျသွားအောင် လုပ်လိုက်တယ် ဆိုတော့ မင်းကတော်တော် အတင့်ရဲတာပဲ။ ငါ့ကိုပြောစမ်းပါဦး။ ငါမင်းကို သုံးပိုင်းပိုင်းရမလား ဒါမှမဟုတ် ငါးပိုင်းပိုင်းပစ်ရမလား"

ကျော့မင်းရဲ့ မျက်နှာပေါ်က အရောင်က ဖြူဖျော့သွားခဲ့ပါတယ်။ သူဘယ်လောက်ပဲ စွမ်းဆောင်နိုင်တယ်ပြောပြော စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို စိန်ခေါ်ဖို့ဆိုတာက သူ့လုပ်နိုင်စွမ်းရဲ့ နောက်မှာပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီလူဟာ အရင်အချိန်တုန်းက သိုင်းပညာအသိစိတ် ကျောက်တုံးပေါ်မှာ နာမည်စာရင်း ဝင်ခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ အခု သူမက စကြာဂဠာ

ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည်ကိုတောင် ပိုင်ဆိုင်ထားပြီး သိုင်းပညာအသိစိတ် ကျောက်တုံးက ယူဆထားတဲ့ အဆုံးမဲ့ တိုက်ပွဲစွမ်းရည်ကို အောင်မြင်လုနီးပါး ဖြစ်နေခဲ့ပါပြီ။ ဘယ်လောက်တောင် အထင်ကြီးဖို့ ကောင်းလိုက်သလဲ။

တကယ်လို့ မြေနဂါးဂိုဏ်းရဲ့ ပါရမီရှင်တွေ အားလုံးက တစ်ပြိုင်နက်တည်း ဒီနေရာမှာ ပေါ်လာပြီး သူတို့ထဲက အသန်မာဆုံး ဆိုတဲ့လူတောင်မှ သူမရဲ့ ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။

လျပ်ပြက်သလိုပဲ လစန္ဒာ ဘုရင်ရဲ့ အမူအရာက အရမ်းကို မည်းမှောင်သွားပြီးတော့ မေးခွန်းထုတ် လိုက်ပါတယ်။

"မင်းက ဘာကို ဆိုလိုတာလဲ။ ငါက အရမ်းကို အိုနေပြီလား"

"စီ စီနီယာ"

"မင်းညီမ စီနီယာ"

လစန္ဒာ ဘုရင်က နတ်ဆိုးခြသေ့် ကိုယ်ပေါ်ကနေ လွှားခနဲ ခုန်ဆင်းလိုက်ပြီးတော့ ကျော့မင်းဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပြီး သူ့ကို ရက်ရက်စက်စက် ရိုက်နက်လိုက်ပါတယ်။ သူမရဲ့ ခွန်အားနဲ့ ကျော့မင်းကို ပြင်းပြင်းထန်ထန် ရိုက်နက်ဆုံးမ လိုက်ပါတယ်။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ရယ်မောလိုက်ပါတယ်။ လစန္ဒာဘုရင်က အသက်အရွယ်နဲ့ ပတ်သက်လာရင် အရမ်းကို ဇီဇာကြောင်ပါတယ်။ မာထို့ပေါင်တောင်မှ အရိုက်ခံရပါတယ်။ ကျော့မင်းက တကယ်ပဲ သူမကို စီနီယာလို့ ခေါ်ရဲပြီး အဲဒါက သူတို့နှစ်ယောက် အကြားက အသက်အရွယ် ကွာဟချက်ကို ထုတ်ဖော်လိုက်သလိုပါပဲ။ ဒီကောင်က လစန္ဒာ ဘုရင်ဆီကို တည့်တည့်ကြီး ပြေးဝင်ပြီးတော့ သူမရဲ့ လုံထိပ်မှာ အဆုံးသတ်လိုက် သလိုပါပဲ။

ကျော့မင်းက အရမ်းကို မှားယွင်းနေသလို ခံစားရပါတယ်။ ဒါပေမဲ့ သူက အဲဒါကို မငြင်းဆန်ပံ့ပါဘူး။ သူ့ရဲ့နှာခေါင်းက လစန္ဒာဘုရင်ရဲ့

ရိုက်နှက်မှုကြောင့် သွေးတွေကျလာပြီး သူ့မျက်နှာကလည်း ဖူးယောင်လို့ နေပါတယ်။ သူက လက်ပေ့လေ့ကျင့်တဲ့ သဲအိတ်တစ်ခုလိုမျိုး ခံစားနေရပါတယ်။

လစန္ဒာဘုရင်က အတော်လေးကို စိတ်ကျေနပ်သွားတဲ့ နောက်မှာတော့ သူ့ကိုရိုက်တာကို ရပ်လိုက်ပါတယ်။ ကျော့မင်းက သူ့မျက်နှာကို လက်နဲ့ဖုံးပြီးတော့ ရှုံ့ရှုံ့သားသားနဲ့ ညည်းတွားနေ ပါတယ်။

"စီနီယာ။ ကျနော်တစ်ယောက်ပဲ အဲဒီအပေါ်မှာ နာမည်စာရင်း လုပ်ခဲ့တာ မဟုတ်ပါဘူး။ လင်းဟန်နဲ့ အဲဒီ ကလေးမလည်း ပါပါတယ်"

"စီနီယာ ဟုတ်လား"

တည်ငြိမ်မှုစ ပြုနေတဲ့ လစန္ဒာဘုရင်ရဲ့ ဒေါသတွေက နောက်ထပ်တစ်ကြိမ် တစ်ဟုန်းဟုန်း တောက်လောင်လို့

လာခဲ့ပါတယ်။ သူမရဲ့ ဘယ်အစိတ်အပိုင်းကများ ကြည့်ရတာ သူ့ကို စီနီယာ တစ်ယောက်နဲ့ တူစေရတာလဲ။

နောက်တစ်ကြိမ် ဆော်ပြီလေ။

ဘုန်း ဘုန်း ဘုန်း ဘုန်း ဘုန်း။

ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမပြီးတဲ့ နောက်မှတော့ လစန္ဒဘုရင်က သူမရဲ့ လက်တွေကို ပြန်ရုတ်သိမ်းလိုက်ပြီး သူမရဲ့ စိတ်လည်း ကျေနပ်သွားသလို ခံစားလိုက်ရပါတယ်။ သူမက သိုင်းပညာအသိစိတ် ကျောက်တုံးကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်က ဘယ်နေရာကို ရပြီးတော့ ငါ့ထက်တောင် သာသွားရတာ ဟင် သောက်ကျိုးနည်း"

သူမက လင်းဟာန်နဲ့ ဟူးညီတို့ရဲ့ နာမည်တွေကို မြင်တွေ့လိုက်ရပါတယ်။ အဲဒီနာမည်နှစ်ခုက ပထမ နေရာနဲ့ ဒုတိယ နေရာမှာ အသီးသီး ရှိနေကြပါတယ်။

ကျော့မင်းက ကြည့်လိုက်ပြီး သူ့ နှုတ်ခမ်းထောင့်မှာ လှောင်ပြုံးတစ်ခု ဖြစ်ပေါ်လာပါတယ်။ သူက အဆင့် ၅၁ နေရာမှာ ချိတ်ခဲ့တာတောင်မှ ဆိုးဆိုးဂါးဂါး ရိုက်နက်ခံခဲ့ ရပါတယ်။ သူတို့နှစ်ယောက်က ပထမနဲ့ ဒုတိယ နေရာမှာဆိုတော့ သူတို့တွေ အသက်တောင် ရှင်နိုင်ပါဦးမလား။

"ဟားဟားဟား နင်က အဲဒီ ဘဂင်မြင့်နေတဲ့ အရှင်မင်းကြီးကို အဆင့်သုံးကို ကျသွားအောင် လုပ်နိုင်ခဲ့တာလား"

လစန္ဒာ ဘုရင်က ရုတ်တရက်ဆိုသလို ဟက်ဟက်ပက်ပက်နဲ့ အူလှိုက်သည်းလှိုက်ကို ရယ်မောနေပါတယ်။ တော်တော်ကြာအောင် ရယ်မောပြီးတဲ့နောက်မှာ သူမက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါရယ်ရလွန်းလို့ သေတောင်သေတော့မယ်။ အဲဒီဖက်တီးက အမြဲတမ်း ကြွားနေတတ်တယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြိုင်ဘက်မရှိဘူးတဲ့။ ဒါကြောင့် သူ့ကိုယ်သူ ပထမ ဆိုတဲ့ ဂုဏ်ပုဒ်ကို အမြဲတမ်း သုံးနှုန်းပြောဆိုနေခဲ့တယ်။ လုံးဝကို မမျှော်လင့်ထားမိဘူး။ သူကအခုဆိုရင် အဆင့်သုံးကို ကျသွားပြီ။ ဂါးဟားဟားဟား။ ငါတကယ်ပဲ အခုတန်းပြန်ပြီး အဲဒီဖက်တီးရဲ့ မျက်နှာပေါ်က အမူအရာကို ပြေးကြည့်ချင်မိတယ်။ သူ့ကို ငါ့ဖိနပ်တွေကို ယက်ခိုင်းရမယ်။ အရမ်းကို ကောင်းတယ်"

Chapter 725 end

Zaw.အပိုင်း(၇၂၆) အံ့အားသင့်စရာ ဂုဏ်ကျက်သရေ တစ်ခု

အဲဒီအခိုက်အတန့် ကျော့မင်းရဲ့ နှလုံးသားထဲက မချိတင်ကဲ ဝေဒနာက တိုင်းတာလို့ မရနိုင်တဲ့အထိ ဆန့်ထွက်လာခဲ့ပါတယ်။

သူတို့အားလုံးက နာမည်စာရင်းထဲကို ဝင်ရောက်အောင် လုပ်ခဲ့ပြီး

လစန္ဒာ ဘုရင်ကို အောက်ပြုတ်ကျ သွားစေခဲ့ပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ ဆက်ဆံပုံခြင်း အရမ်းကို ကွာခြားနေ ရတာလဲ။ သူက အရိုက်ခံရပြီးတော့ လင်းဟန်နဲ့ ဟူးညိုတို့ကျ အရမ်းကို ကောင်းတယ်ဆိုပြီး ချီးကျူးခံ နေရတာလား။

မင်းညီမပဲ အရမ်းကောင်း။ ဒါလုံးဝကို မမျှတာဘူး။

ဟုတ်ပါတယ်။ လင်းဟန်လည်း အံ့အားသင့် မှင်တက်သွားပြီးတော့ မေးလိုက်ပါတယ်။

"ဒီ ပထမလူက တကယ်ပဲ ဖက်တီးမာလား"

လစန္ဒာ ဘုရင်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ အဲဒါက ဖက်တီးမာပဲ။ ဒါပေမဲ့ အရှင်မင်းကြီးက အရင်တုန်းက ဖက်တီးတစ်ယောက် မဟုတ်ဘူး။ သူက

ဆွဲဆောင်မှုလည်းရှိ ခံ့ညားထယ်ဝါပြီး ချောမောတဲ့ ယောက်ျားတစ်ယောက်ပဲ။ တကယ်လို့ သူက ကျိုးကျိုးနွံနွံနဲ့ ငါ့အနားကို ကပ်မယ်ဆိုရင်တောင် ငါ့နှလုံးသားကို လှုံ့ဆော် နိုင်လိမ့်မယ်”

ဖက်တီးတိုင်းမှာ ကောင်းမွန်တဲ့ အလားအလာ ရှိပါတယ်။

လင်းဟန်က ဖက်တီးမာက ဘယ်လိုမျိုးလဲ ဆိုတာကို မခန့်မှန်းနိုင်ပါဘူး။ သူ မိုးကြိုးလျှပ်စီး တစ်ခုကို သင်ယူတုန်းကနဲ့ တူပါတယ်။ ဘယ်လောက်အကျယ်ရှိပြီး ဘယ်လောက်မြင့်သလဲ ဆိုတာကို မသိသလိုမျိုးပါပဲ။ သူလည်းပဲ အဲ့ဒါကို မခန့်မှန်းပံ့ပါဘူး။ ဖက်တီးမာရဲ့ သွင်ပြင်ပုံစံက သူ့စိတ်ထဲမှာ အရိုးစွဲနေခဲ့ပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ ဖက်တီးမာကို ပိန်ပိန်သွယ်သွယ် တစ်ယောက်အဖြစ် ဆက်စပ်လို့ မရနိုင်ပါဘူး။

“မင်းတို့တွေက တကယ့်ကို အထင်ကြီးစရာကောင်းတယ်။ အရှင်မင်းကြီးကို အဆင့်ကျသွားအောင် လုပ်နိုင်ခဲ့တယ်။ မင်းတို့သိလား။ အဲ့ဒီဖက်တီးရဲ့ တိုက်ခိုက်မှု စွမ်းရည်က တကယ့်ကို

ထိတ်လန့်စရာကောင်းတယ်။ တကယ်လို့ ငါတို့တွေ ဘုရင်ရှစ်ပါး အတူတူ ပေါင်းပြီးတော့ သူ့ကိုတိုက်ခိုက်မယ်ဆိုရင်တောင် ငါတို့တွေက သူ့ပြိုင်ဘက်တွေ မဟုတ်ဘူး”

လစန္ဒာ ဘုရင်ရဲ့ လှပတဲ့ မျက်လုံးတွေထဲမှာ အလင်းရောင်တစ်ချက် လက်သွားခဲ့ပါတယ်။

“အရှင်မင်းကြီးက နင့်ကို ငါမနာလိုလောက်ရတဲ့အထိ ချီးမြှောက်နေတာ အံ့ဩစရာ မရှိတော့ဘူး”

အဲဒီဖက်တီးမာက သမိုင်းစကတည်းက ပထမနေရာကို ဆွဲကိုင်ထားခဲ့သူ ဖြစ်ပါတယ်။

လက်ရှိအမြင်အတိုင်းဆိုရင် အဲဒါကို မှားယွင်းတယ်လို့ ပြောလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ပြီးပြည့်စုံခြင်းကို ရရှိခဲ့ပါပြီ။ ပြီးတော့ သူက လျှို့ဝှက် နည်းစနစ်တွေမှာလည်း တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေပြီး

အမြင့်ဆုံး အနေအထားကို နားလည်သဘောပေါက် နေပြီလို့ ပြောနိုင်ပြီး လင်းဟန်နဲ့ ဟူးညီတို့က အဲဒါကို နှိုင်းယှဉ်နိုင်ဖို့ ဆိုတာက အဝေးကြီးပါပဲ။

တကယ်တော့ သူက ကျင့်ကြံခြင်းမှာ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ် ခဲ့ပါတယ်။

လင်းဟန်က ဖက်တီးမာ အကြောင်းကို စဉ်းစားနေရာကနေ သူ့ကိုယ်သူ ဖိအားပေးပြီး ရပ်တန့် လိုက်ပါတယ်။ သူ့နှလုံးသားထဲမှာ အကြီးအကျယ် အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ရှေးဟောင်းအချိန်ကတည်းက နံပတ်တစ်ဆိုတဲ့လူကို ဘယ်လိုမျိုး နားလည်သလဲ။ မှားနေပြီ မှားနေပြီ။ တကယ်လို့ ဖက်တီးမာက အရမ်းကို သန်မာနေရင် သူ့ကိုယ်သူ ပထမ နေရာမှာပဲ ဘာဖြစ်လို့ ပိတ်လှောင်ခံနေမှာလဲ။ သူ့ရဲ့အစွမ်းနဲ့ဆိုရင် သူက အဲဒီအချိန်တုန်းက မိုးကောင်းကင်ကို ဖွင့်လှစ်နိုင်ရမှာ မဟုတ်လား။

လူတစ်ယောက်ရဲ့ အစွမ်းက ဒီချိတ်ပိတ်ထားမှုနဲ့အတူ အဆင့်တက်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ ဒီချိတ်ပိတ်မှုက

နှစ်တစ်သန်း အတွက်ဆိုရင်တောင် လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းက နှစ်တစ်သန်းအလွန်မှာ ဘယ်လောက် ရှိနိုင်ဦးမှာလဲ။ ပြီးတော့ လူတစ်ယောက်ရဲ့ အသက်အရွယ်တောင်မှ အချိန်ရဲ့ စီးဆင်းမှုကြောင့် ပြောင်းလဲရပါသေးတယ်။

ဒါက ဘယ်လိုမှ နားလည်နိုင်စရာ မရှိပါဘူး။

လင်းဟန်က သူ့အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင် မင်းတို့တွေ အားလုံးက ဒီရှေးဟောင်းနိုင်ငံတော်နဲ့ တကယ်ပဲ ပတ်သက်ဆက်နွယ်မှု ရှိနေကြတာလား"

"ဟမ်။ ဒီရှေးဟောင်း နိုင်ငံတော်ကို ခရမ်းရောင်လ နိုင်ငံတော်လို့ ခေါ်တယ်ဆိုတာ မင်းမသိဘူးလား"

လင်းဟန်က ခဏရပ်သွားပြီး ရှေ့နောက်မစဉ်းစားပဲ

ပြောချလိုက်ပါတယ်။

"မင်းတို့အားလုံး ဒီရေးဟောင်းနိုင်ငံတော်ကို တည်ထောင်ခဲ့ကြတာလား"

"ဒါပေ့ါ။ အဲဒီအချိန်တုန်းက အရှင်မင်းကြီးက ငါတို့ မဟာဘုရင်ရှစ်ပါးကို ဦးဆောင်ခဲ့ပြီးတော့ ဘုံတစ်ခုလုံးကို စုစည်းသိမ်းသွင်းခဲ့တယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းလို့ ခေါ်တဲ့ ဂိုဏ်းတွေ အားလုံးကို ပျောဖတ်သွားအောင် နင်းချေပစ်ပြီး ငါတို့က သူတို့ရဲ့ အရင်းအမြစ်တွေ အားလုံးကို လုယူပြီးတော့ လက်ရွေးစင်တွေ ဖျံ့ကျဲလို့ မရအောင် လုပ်ခဲ့ပြီး သူတို့ရဲ့ အမွေအနှစ်တွေကို လက်ဆင့်ကမ်းခဲ့လို့ မရအောင် ချိုးဖျက်ခဲ့ကြတယ်"

လစန္ဒာ ဘုရင်က အတိတ်က အကြောင်းအရာကို ပြန်ပြောင်းအောက်မေ့စွာနဲ့ ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ သူတို့ရဲ့ အထက်က အဆင့်မြင့်တဲ့ တစ်စုံတစ်ယောက်က ဒီကိစ္စကို ထိန်းသိမ်းနိုင်ခဲ့တယ်။ အဲဒီနောက် ငါတို့တွေ နိုးထလာတဲ့ အချိန်ကျရင် ရှုံးနိမ့်ခဲ့တဲ့ ရန်သူတော်ကြီး နောက်တစ်ကြိမ် အင်တိုက်အားတိုက် ပြန်ပေါ်လာလိမ့်မယ်။ ဘယ်လောက်တောင် ရယ်စရာ ကောင်းလိုက်သလဲ"

မရည်ရွယ်ပဲနဲ့ သူမရဲ့ အသံကို မနိမ့်မိပဲ ဘေးနားက လူတွေကို ရှင်းရှင်းလင်းလင်း ကြားနိုင်လောက်တဲ့အထိ အသံက ရှင်းလင်းပီသလို့ နေပါတယ်။ ပြီးတော့ ဘယ်သူကမှ ဒီစကားတွေကို ကြားပြီးတော့ အံ့အားသင့်ပြီး ပျာယာခတ်တာမျိုး မရှိပါဘူး။

ဒီအင်ပါယာက အရမ်းကို အစွမ်းထက်ပြီးတော့ ဘုံတစ်ခုလုံးကို စုစည်းသိမ်းသွင်းပြီး စည်းမျဉ်းဥပဒေတွေ ထုတ်နိုင်ခဲ့ပြီး အင်အားကြီးဂိုဏ်းငါးဂိုဏ်းတောင် အကြီးအကျယ် ရှုံးနိမ့်မှုကို ခံစားခဲ့ရပြီး အခုတော့ သူတို့က နောက်တစ်ကြိမ် ပြန်လာခဲ့ပါပြီ။ သူတို့ရဲ့ စွမ်းအားတွေက အရမ်းကို ထိတ်လန့်စရာ ကောင်းနေတာ အံ့ဩစရာ မရှိတော့ပါဘူး။ လအနည်းငယ် အတွင်းမှာပဲ သူတို့တွေက အလယ်ပိုင်း ဒေသရဲ့ ကုန်းမြေတစ်ဂက်ခန့်ကို

ပိုင်ဆိုင်ရယူ ထားနိုင်ခဲ့ပါတယ်။

လစန္ဒာ ဘုရင်က ခဏလောက် စဉ်းစားလိုက်ပြီးမှ တစ်စုံတစ်ခုကို ထုတ်ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဒီဘုံတစ်ခုလုံးကို ငါတို့တွေ အုပ်ချုပ်တဲ့ အချိန်တုန်းက တွက်ချက်ကြည့်မယ်ဆိုရင် နှစ်ပေါင်းသုံးထောင်လောက်ပဲ ရှိဦးမယ်။ ဒါကြောင့် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းမှာ ပိတ်ဆို့ထားတဲ့ လက်ရွေးစင်တွေ အများကြီး မရှိသေးဘူး။ အခုက နှစ်ပေါင်းတစ်သောင်း နီးပါးလောက် ရှိသွားပြီ ဆိုတော့ သူတို့ရဲ့ လက်ရွေးစင်တွေကလည်း အနည်းဆုံး နှစ်ဆလောက်တော့ တိုးလာလိမ့်မယ်။ နောက်ပြီး ငါတို့ဘက်မှာ ဘုရင်လေးပါးပဲ နိုးထသေးတယ်။ ဒီအချက်ကြောင့် သူတို့အားလုံးကို တစ်ခါတည်းနဲ့ ငါတို့တွေ ဖျက်ဆီးနိုင်စွမ်း မရှိရတာပဲ"

ဘုရင်လေးပါးပဲ နိုးထလာတောင်မှ နိုးနိုးကြားကြားနဲ့ သတိဂီရိယထားပြီးနေဖို့ လုံလောက်ပါတယ်။ သူတို့တွေက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ တကယ်လို့

ဘုရင်ရှစ်ပါးစလုံး အတူတကွ ပေါ်ထွက်လာခဲ့မယ်ဆိုရင် သူတို့တွေက ဘုံတစ်ခုလုံးကို နောက်တစ်ကြိမ် သိမ်းယူဖို့ဆိုတာ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။ နောက်ပြီးတော့ မာထို့ပေါင် ကိုယ်တိုင်ကလည်း လှုပ်ရှားလာခဲ့မယ် ဆိုရင်တော့ သူက မျိုးဆက်ပေါင်းများစွာရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိနေပြီး စစ်မှန်တဲ့ လက်ရွေးစင်တစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားသူ တစ်ယောက်လည်း ဖြစ်ပါတယ်။

လင်းဟန်က အချိန်ယူကာ စဉ်းစားလိုက်ပြီးမှ မေးလိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းတို့အားလုံးက အချိန်တွေ အရမ်းကို ကြာမြင့်အောင် ပိတ်လှောင်ပြီး နေခဲ့ ကြတာလဲ"

"အချိန်မကျသေးဘူး"

လစန္ဒာ ဘုရင်က သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။

"သဘာဝ ပတ်ဝန်းကျင်က အဲဒီအချိန်တုန်းက အရမ်းကို နိမ့်ပါးလွန်းတယ်။ သိုင်းပညာတွေမှာ အထွတ်အထိပ် အောင်မြင်နိုင်ပေမဲ့ နိုင်ငံစွမ်းအားက အဲဒီလို လုပ်ဖို့အတွက် အမြင့်ဆုံး အဆင့်ထိ မရောက်နိုင်ခဲ့ဘူး"

သူမက လက်ဟန်ခြေဟန်နဲ့ မိုးကောင်းကင်ကို ဖွင့်ဟမဲ့ ဟန်ပန်အမူအရာကို လုပ်ပြလိုက်ပါတယ်။

"အရှင်မင်းကြီးရဲ့ တိုက်ပွဲစွမ်းရည်က သမိုင်းတစ်လျှောက်မှာ အသန်မာဆုံး ဆိုပေမဲ့ သူက လုံးဝ မပြည့်စုံနိုင်သေးဘူး။ ဒါကြောင့် ငါတို့တွေက ကိုယ့်ကိုကိုယ် ပိတ်လှောင်ဖို့ကလွဲပြီး ရွေးချယ်စရာ မရှိခဲ့ဘူး။ အချိန်အခါကောင်းကို စောင့်မျှော်နေရတာပေါ့"

အခုက တကယ့်ကို အချိန်အခါကောင်းကို ရောက်နေပါပြီ။ သိုင်းပညာရပ်တွေရဲ့ ပတ်ဝန်းကျင် အနေအထားက နောက်တစ်ကြိမ် မြင့်တက်လာပြီး ဘုံတစ်ခုလုံးရဲ့ စွမ်းရည်အဆင့်က ဒီနှစ်ပေါင်း တစ်သောင်းမှာ အသန်မာဆုံး အဆင့်ကို ရောက်နေခဲ့ပြီ။ ဒါကြောင့် သူတို့က နိုင်ငံစွမ်းအားကို အမြင့်ဆုံး ငှားရမ်းသုံးစွဲ

နိုင်ပါလိမ့်မယ်။

သူတို့တွေက ခွန်အားတွေ ပိုင်ဆိုင်ရပါလိမ့်ဦးမယ်။ တကယ်လို့ သူတို့အနေနဲ့ ရန်သူတွေကို တစ်ချက်တည်းနဲ့ အနိုင်မယူနိုင်ဘူးဆိုရင် သူတို့တွေက နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်ရ ပါဦးမယ်။

"မင်းတို့ပြောသလို ဒီနေရာက မင်းတို့ပိုင်နက်လား"

လင်းဟန် မေးလိုက်ပါတယ်။

"ဒါပေါ့။ အဲဒီသေချင်းဆိုး မှော်ဆေးပညာ စံအိမ်ကို ဘာဖြစ်လို့ ငါလိုက်ဖမ်းနေရတယ်လို့ နင်ထင်သလဲ"

လစန္ဒာ ဘုရင်က နှာခေါင်းရှုံ့ လိုက်ပါတယ်။

"အဲဒီ ခြေထောက်တွေ ပေါက်နေတဲ့ အရာက မှော်ဆေးပညာ စံအိမ်တစ်ခုလား"

လင်းဟန်ရဲ့ ပါးစပ်က ရှုံ့မဲ့သွား ပါတယ်။ တကယ်တော့ ခြေထောက်တွေနဲ့ ပျံသန်းထွက်ပြေးတဲ့ အဆောက်အဦး တစ်ခုကို မျက်မြင်ကြုံတွေ့ရတာ သူ့အတွက်တော့ ပထမဆုံး အကြိမ်ပဲ ဖြစ်ပါတယ်။ အဲဒီအဆောက်အဦးက သူ့ကိုယ်ပိုင် အသက်တစ်ခု ရှိနေတဲ့ အတိုင်းပါပဲ။

"အဲဒီ မှော်ဆေးပညာ စံအိမ်ကို နတ်ဘုရား သတ္တဝါ တစ်ခုကနေ သွန်းလုပ်ထားခဲ့တယ်။ အဲဒါက အမှန်တော့ မှော်ဆေးကျိုအိုး တစ်ခုနဲ့ ညီမျှတယ်။ နောက်ပြီးတော့ အဲဒီဟာက အရှင်မင်းကြီး စုစည်းထားတဲ့ မြေကမ္ဘာရဲ့ အဖိုးထိုက်တန်တဲ့ ချီတွေနဲ့ အဆုံးအစမရှိ ပြုစုပျိုးထောင် ပေးခဲ့တယ်။ အချိန်တွေ ကြာလာလေ အာနိသင် သက်ရောက်မှုက အားကောင်းလာလေပဲ"

လစန္ဒာ ဘုရင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ငါတို့တွေက အချိန်ကြာမြင့်တဲ့အထိ
အိပ်ပျော်နေခဲ့တာကြောင့် အဲဒီနတ်ဘုရား သတ္တုကို မြေကွန္တာကြီးရဲ့
အဖိုးထိုက်တန်တဲ့ ချီတွေနဲ့ အရမ်းကိုကြာတဲ့အထိ
ပြုစုပျိုးထောင်မိပြီး အဲဒါက အာရုံခံစားနိုင်စွမ်း ရရှိလာပြီးတော့ ငါနဲ့
မီးတောက်ဘုရင်ကိုတောင် မမှတ်မိတော့ဘူး"

လင်းဟန်က အစ်အောက်ကြည့်လိုက်ပါတယ်။

"ဒါဆိုရင် မင်းတို့အားလုံး မအောင်မြင်သေးဘူးပေါ့"

"အင်း"

လစန္ဒာ ဘုရင်က ဒေါသထွက်နေပါတယ်။

"နတ်ဘုရား သတ္တုက သူ့ကိုယ်ပိုင် ဘဂတစ်ခုကို

ရရှိသလောက်နီးပါး ဖြစ်သွားပြီ။ အချိန်တွေကို ထည့်တွက်မယ်ဆိုရင် အဲဒါက အနည်းဆုံး နှစ်ပေါင်းနှစ်ထောင်လောက် ရှိနေပြီ။ နေ့ရောညပါ မြေကမ္ဘာရဲ့ အဖိုးထိုက်တန်ချီနဲ့ ပြုစုပျိုးထောင်ခဲ့တာကြောင့် ဒီမှော်ဆေးပညာ စံအိမ်ကလည်း အထင်ကြီးဖို့ ကောင်းလာခဲ့တယ်။ အခုအဲဒါကို ကြည့်ရတာ တကယ်လို့ အရှင်မင်းကြီးသာ ကိုယ်တိုင်ကိုယ်ကျ မလှုပ်ရှားခဲ့ဘူးဆိုရင် ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကမှ အဲဒါကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး”

ဒါက မာထို့ပေါင်ကို အရမ်းကို မြင့်မားတဲ့ ပလ္လင်တစ်ခု အပေါ်မှာ တင်ထားလိုက်တာပဲ မဟုတ်လား။

ဒါပေမဲ့ သေချာစဉ်းစားကြည့်ရင် သူက ရှေးဟောင်းအချိန်တွေကတည်းက တိုက်ပွဲစွမ်းရည်မှာ သူက နံပါတ်တစ် ဖြစ်ပါတယ်။ ဒါကြောင့် စောဒက တက်စရာ မလိုအောင်ပဲ သူက ချီးကျူးခံရဖို့ ထိုက်တန်ပါတယ်။

လင်းဟာန်က သိချင်စိတ်တွေ မတားနိုင်ပဲ မေးလိုက်ပါတယ်။

"အဲဒါက ဘယ်လိုမျိုး မှော်ဆေးပညာရပ် အမျိုးအစားလဲ"

သူက မှော်ဆေးဧကရာဇ် ဖြစ်ပါတယ်။ ဒါကြောင့် မှော်ဆေးပညာနဲ့ ပတ်သက်ဆက်နွယ်တဲ့ အရာတွေကို အရမ်းစိတ်ဝင် စားပါတယ်။

"ထိုက်ကျိုကြယ်"

လစန္ဒာ ဘုရင်က ဖြေလိုက်ပါတယ်။

လင်းဟာန်ရဲ့ မျက်နှာအမူအရာက ရုတ်တရက်ဆိုသလို ပျက်သွားပြီး ပြောလိုက်ပါတယ်။

"အဲဒါက နတ်ဘုရား ဆေးလုံး တစ်ခုပဲ"

အဆင့်မြင့် ကောင်းကင်အဆင့် ဆေးလုံးတွေကို နတ်ဘုရား ဆေးလုံးတွေလို့ သတ်မှတ်ယူဆ ထားပါတယ်။ တချို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင်မှ အဲဒီဆေးလုံးမျိုးကို စားသုံးနိုင်စွမ်း မရှိပါဘူး။ သူတို့ရဲ့ ခန္ဓာကိုယ်တွေက ဆေးလုံးရဲ့ အစွမ်းကြောင့် ပေါက်ကွဲထွက် သွားနိုင်ပါတယ်။ ထိုက်ကျိုကြယ်က အဲဒီဆေးလုံးတွေ အားလုံးအထဲမှာ အရည်အသွေး အမြင့်ဆုံး ဆေးလုံးအမျိုးအစား တစ်ခုပဲ ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံကို အစွမ်းတိုး စေနိုင်စွမ်း ရှိပါတယ်။

ဒါပေမဲ့ ဘယ်လောက်အထိ အစွမ်းထက်လဲဆိုတာကို လင်းဟန်အနေနဲ့ တိတိကျကျ နားလည်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက တန်ခိုးရှင်အဆင့်ဆိုင်ရာ အဆင့်တွေရဲ့ ဂါစဉ်အဆင့်နဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိပါဘူး။

"အမှန်ပဲ။ အဲဒီဆေးကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်ပြီးတဲ့နောက်မှာ စားသုံးဖို့က ငါတို့ရဲ့ အကြံအစည်တွေထဲက တစ်စိတ်တစ်ပိုင်းပဲ။ ဒါပေမဲ့ မျှော်လင့်မထားမိတာက အဲဒီသေချင်းဆိုး မော်ဆေးပညာစံအိမ်က ငါ့ကို တကယ်ပဲ

လစ်လျူရှုရဲတယ်”

လစန္ဒာဘုရင်က ဒေါသတွေ ထွက်ပြီးတော့ သေချင်စိတ်တောင် ပေါက်လာပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“အလျင်စလို လုပ်စရာ မလိုပါဘူး။ အချိန်တွေ အများကြီး ရှိပါသေးတယ်”

တကယ်လို့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ထိန်းချုပ်ထားခဲ့မယ် ဆိုရင်တောင် မိုးကောင်းကင်ကို ဖွင့်လှစ်တာက ပိုပြီးတော့တောင် လွယ်ကူပါလိမ့်မယ်။ လူတွေအားလုံးက စိတ်အလိုဆန္ဒ အလျောက် နာခံလာပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နိုင်ငံစွမ်းအားက အဆိပ်အတောက်နဲ့ ဆင်တူပါလိမ့်မယ်။

"အိုး ဟုတ်သားပဲ။ မင်းက လက်နက်တဲ နန်းတော်ထဲကို ဝင်နိုင်ခဲ့တယ်ဆိုတော့ ဘယ်လိုမျိုး အဖိုးထိုက်တန်တဲ့ ပစ္စည်းကို မင်းရလာခဲ့သလဲ"

လစန္ဒာဘုရင်က သာမန်ကာလျှံကာပဲ မေးလိုက်ပါတယ်။

လင်းဟာန်က မရဏာဓားကို ဆွဲထုတ်ယူပြီးတော့ ဖြေလိုက်ပါတယ်။

"ဒီပစ္စည်းပဲ"

လစန္ဒာဘုရင်က အသက်ကို ပြင်းပြင်းရှူက်သွင်းပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

"သတ်ဖြတ်ခြင်း နံပါတ်တစ်ဓားက မင်းလက်ထဲကို တကယ်ပဲ ကျဆင်းသွားခဲ့တာလား။ အင်း ဖက်တီးကောင် ပြောတာတော့ ဒီကမ္ဘာကြီးထဲမှာ သူ့ဆီကနေ ဘယ်သူကမှ ဒီဓားကို ရအောင်လို့

ယူနိုင်လိမ့်မှာ ဟုတ်ဘူးလို့ အခိုင်အမာဆိုခဲ့တာပဲ”

“မင်းက အရမ်းကို ကံကောင်းတယ် ကောင်လေး။
ဒီရတနာပစ္စည်းက အရှင်မင်းကြီးကိုယ်တိုင် သူ့လက်နဲ့
သွန်းလုပ်ခဲ့တာ။ ပြီးတော့ တစ်ခုတည်းသော ပစ္စည်းပဲ။
ဒီဓားရဲ့အစွမ်းက အင်း လုံးဂကို ခန့်မှန်းလို့ မရနိုင်ဘူး”

Chapter 726 end

Zaw.အပိုင်း(၇၂၇) ကျော့မင်းနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်ခြင်း

လင်းဟန်က သူ့ရဲ့ဟာသကင်းမဲ့မှုကို မထိန်းချုပ် နိုင်ပါဘူး။
ဖက်တီးမာက တကယ်ပဲ ကိုယ့်ကိုကိုယ် နှိမ့်ချပြီးတော့ မနေပဲ
သူ့ကိုယ်သူ နံပါတ်တစ်အဖြစ် သတ်မှတ်ပြီး သူကိုယ်တိုင်
သွန်းလုပ်ခဲ့တဲ့ ဓားကိုတောင် ဒီကမ္ဘာကြီးထဲမှာ နံပါတ်တစ် အဖြစ်
သတ်မှတ်ထားပါသေးတယ်။ လင်းဟန်က သူ့လက်ထဲက ဓားကို
ချိန်ဆလိုက်ပြီးတော့ အသိအမှတ် ပြုလိုက်ပါတယ်။

"ဒီဓားက မဆိုးဘူး"

"ဒါပေါ့။ ဒီဓားက ဘယ်ဆိုးမလဲ။ ဒီဓားကို သာမန် အဖိုးထိုက်တန်တဲ့ အဆင့်တစ်ဆယ် သတ္တုနဲ့ လုပ်ထားတာ မဟုတ်ဘူး။ အဲဒီဓားရဲ့ အခြေခံ တည်ဆောက်မှုမှာ နတ်ဘုရား သတ္တု အစိတ်အပိုင်း နည်းနည်းနဲ့ လုပ်ထားတယ်။ အဲဒီနောက်မှာ အရှင်မင်းကြီးက ထူးထူးခြားခြား အဖိုးထိုက်တန်တဲ့ အဆင့်တစ်ဆယ် သတ္တုတွေ ပေါင်းထည့်ပြီး နည်းလမ်းပေါင်းစုံနဲ့ မွှန်းမံပြီးတော့ နောက်ဆုံးမှာ ဒီဓားကို ပုံဖော်ခဲ့တာပဲ"

လစန္ဒာ ဘုရင်က ပြောလိုက်ပါတယ်။

"နောက်ပြီးတော့ အရှင်မင်းကြီးက ဓားပေါ်မှာတောင် စာကြောင်းတိုတစ်ခု ရေးထွင်းခဲ့တယ်။ တကယ်လို့ ငါသာဓားကိုင် အသုံးပြုတဲ့လူဆိုရင် ဒီဓားကို ပြန်ပြီးတော့တောင် လုယူရလိမ့်မယ်"

လင်းဟန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ဒါဆိုရင် ဒီအပေါ်မှာ ဘယ်လိုမျိုး အစီအရင် သင်္ကေတတွေကို ရေးထွင်းထားတာလဲ"

"ဟားဟား အဲဒါနဲ့ ပတ်သက်ပြီး နင်ကိုယ်တိုင် ဖက်တီးမာကို မေးလို့ရအောင် ချန်ထားခဲ့မယ်"

လစန္ဒာ ဘုရင်က သူမရဲ့ လက်တွေကို ဖြန့်လိုက်ပြီးတော့ အဲဒီအကြောင်းကို ပြောပြဖို့ ဆန္ဒ ရှိမနေခဲ့ပါဘူး။

လင်းဟန်က သူ့ကိုယ်သူ တွေးပြီးတော့ ကောက်ချက်ချ လိုက်ပါတယ်။ ဖက်တီးမာက ဂင်္ဂပါ အစီအရင် ပညာရပ်တွေမှာ ဆရာသခင်တစ်ယောက် ဖြစ်သင့်ပါတယ်။ ပြီးတော့ သူ့ရဲ့ ဂင်္ဂပါ အစီအရင် ပညာရပ်တွေရဲ့ အထောက်အပံ့ ကျွမ်းကျင်မှုနဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပါရမီရှင်တွေ အားလုံးကို တစ်ချိန်လုံး ဖိနှိပ်နိုင်ခဲ့ပြီး နံပါတ်တစ် နေရာမှာ ကြီးကျယ်ခမ်းနားစွာနဲ့ ရပ်တည်နေခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဂင်္ဂပါ အစီအရင်

ပညာရပ်တွေမှာ သူက ဘယ်လောက်ထိ အောင်မြင်မှု ရရှိခဲ့လို့
အခုလိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှုတစ်ခု ဖြစ်လာရတာလဲ။

"ထိုက်ကျိုကြယ်က ပြန်ပြီးတော့ မကောင်းသေးဘူးဆိုမှတော့
ငါလည်း ဒီနေရာနဲ့ ပတ်သက်ပြီး စိတ်ဝင်စားမှုတွေ မရှိတော့ဘူး"

လစန္ဒာ ဘုရင်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အချိန်တွေ ဖြုန်းရတာ စိတ်မဝင်စားဘူး။ တခြား
ဘုရင်လေးပါးရဲ့ နေရာကို ဖြစ်နိုင်ရင် အမြန်ဆုံး ရှာရမယ်။
ဘုရင်ရှစ်ပါးလုံး ပြန်ပြီးတော့ စုစည်းမိတဲ့ အချိန်ကို ရောက်လာရင်
ဂါး အဲဒီအကြောင်းကို စဉ်းစားမိရင် အရမ်းကို စိတ်လှုပ်ရှားမိတယ်"

"သွားကြစို့"

သူမက နတ်ဆိုးခြသေ့်ကို စီးနင်းပြီးတော့ ထွက်သွားလိုက်ပါတယ်။

ဒီလိုမျိုး ကြီးမားတဲ့ ရတနာ တစ်ခုကို သူမက တကယ်ပဲ စိတ်ဝင်စားမှု မရှိတဲ့ပုံစံ ပေါ်ပါတယ်။ သူမက တကယ့်ကို အေးဆေးတည်ငြိမ် လွန်းပါတယ်။ အဲဒါကလည်း သူမက ယုံကြည်မှု ရှိရလောက်တဲ့အထိ လုံလောက်တဲ့ အစွမ်းထက်မှု ရှိတယ်ဆိုတာကို ဖော်ပြနေပါတယ်။ တခြားလူတွေက ရတနာလို့ ပြောနေတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး သူမက လုံးဝကို ဂရုမစိုက်ပါဘူး။

"လူငယ်လေး။ ဒါမင်းအတွက်ပဲ"

လစန္ဒာ ဘုရင်က တစ်စုံတစ်ခုကို ပစ်ပေးလိုက်ပါတယ်။

လင်းဟာန်က အဲဒါကို ဖမ်းယူလိုက်ပြီး ကြည့်လိုက်တဲ့ အခါမှာ သလင်းကျောက်တုံး တစ်တုံး ဖြစ်နေပါတယ်။ လင်းဟာန်က သူ့ရဲ့နတ်ဘုရား အာရုံကို အထဲကို ထည့်လိုက်တဲ့အခါ ချက်ချင်းဆိုသလို သူ့ရဲ့စိတ်ထဲမှာ သုံးဘက်မြင် ရုပ်လုံးကြွ

မြေပုံတစ်ခု ပေါ်လာခဲ့ပါတယ်။ ထောင့်တွေ နေရာတိုင်းကို အသေးစိတ် သေချာကို ဖော်ပြထားပါတယ်။

ဟေး ဒါက ဒီလှိုု့ပုက်ဆန်းကြယ် နယ်မြေရဲ့ မြေပုံတစ်ခု မဟုတ်လား။

လင်းဟန်က ချက်ချင်းပဲ သတိပြုမိ သွားခဲ့ပါတယ်။ အစမှာတော့ ဒီနေရာမှာ ကျယ်ပြန့်တဲ့ လွင်ပြင်ကြီးတစ်ခု ရှိပြီးတော့ အဲဒီနောက်မှာ ပင်လယ်ရှိပါတယ်။ နောက်မှာ လွင်ပြင်တွေနဲ့ စွန့်ပစ်နယ်မြေ တစပြင်တွေ ပါရှိပြီး အဲဒီနေရာတွေ တော်တော်များများကို သူ့ အရင်က ဖြတ်လာခဲ့ပြီးပါပြီ။

မြေပုံပေါ်မှာ လက္ခဏာ အမှတ်အသား တချို့လည်း ရှိပါတယ်။ အဲဒါတွေက ရှေ့တည့်တည့် နေရာမှာ သားရဲဥယျာဉ်ကို ညွှန်ပြနေပါတယ်။ လက်ရှိအပိုင်းကိုတော့ ပစ္စည်းနယ်မြေဆိုတာ သူနားလည်လိုက်ပါတယ်။ အဲဒီမှာ ရောမ မီးတောက် ကုန်းမြေပြင်ကြီး တစ်ခုလည်း အစက ရှိခဲ့ပါတယ်။ ဒါပေမဲ့ ခရမ်းရောင်လ နိုင်ငံတော်ရဲ့ နိုးထမှု အားပျော့လာတဲ့ အချိန်မှာ

မီးတောက်တွေက အရာအားလုံးကို လောင်ကျွမ်းပစ်ပြီးတော့ ကျက်တီးလွင်ပြင် တစ်ခုအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

ရှေ့မှာတော့ ဆေးဥယျာဉ် ရှိပြီးတော့ စိတ်ဂိညာဉ် ဆေးပင်တွေ အများအပြား ပေါက်ရောက်ပြီး ဒီရှားပါးတဲ့ ဆေးဥယျာဉ်က ခရမ်းရောင်လ နိုင်ငံတော်ရဲ့ အင်ပါယာနန်းတော်ထဲမှာ တည်ရှိပါတယ်။ အဲဒီအထဲမှာ လန်ရစာကြည့်တိုက်လို့ခေါ်တဲ့ နေရာတစ်ခု ရှိပြီးတော့ အဲဒီနှစ်တွေတုန်းက ခရမ်းရောင်လ နိုင်ငံတော်က စုစည်းထားတဲ့ လျှို့ဝှက်နည်းစနစ်တွေ အများကြီးကို ဝှက်ထားပါတယ်။

လစန္ဒာဘုရင်က အဲဒီနေရာကို အထူးအမှတ်အသား လုပ်ထားပြီး စာတစ်ကြောင်း ရေးထားပါတယ်။

မြေလှန်ပိတ်ဆို့ခြင်း။

ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ သူက လျှို့ပှက်ဆန်းကြယ် စွမ်းအားသုံးခုကို တတ်မြောက်ကျွမ်းကျင်ထားပြီး လျှို့ပှက်ဆန်းကြယ် စွမ်းအားတစ်ခုရဲ့ အစွမ်းကို ကောင်းကောင်း နားလည်သဘောပေါက်တာကြောင့် နောက်ထပ် လျှို့ပှက်ဆန်းကြယ် စွမ်းအားတစ်ခုကို ထပ်ပြီးတော့ သင်ယူရမယ် ဆိုရင် ကိစ္စမရှိပါဘူး။

လူတစ်ယောက်က ဂါးစားဖို့ တစ်ကြိမ်ထပ် ပိုပြီးတော့ မကိုက်သင့်ဘူးလို့ ပြောကြပေမဲ့ စွမ်းရည်တွေရဲ့ အကန့်အသတ် တစ်ခုနဲ့ ပတ်သက်ရင် အဲဒီအပေါ်မှာ ဂန်ထုပ်ဂန်ပိုး ရှိလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ အဲဒီစွမ်းအားက သူ့အတွက် မသင့်တော်ဘူးဆိုရင် အဲဒါကို သင်ယူဖို့အတွက် အချိန်နဲ့ စွမ်းအားတွေ အများကြီး အသုံးပြုစရာ လိုအပ်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို ပြန်ရုတ်သိမ်း
လိုက်ပါတယ်။

"ငါတို့လည်း သွားသင့်ပြီ"

လင်းဟန်က အနည်းဆုံး နှစ်ပေါင်းနှစ်ထောင် ကြာပြီးတဲ့နောက်မှာ
ဒီဆေးဥယျာဉ်က ဘယ်လောက်တောင် ရှင်သန်နေမလဲ ဆိုတာကို
တစ်ချက်လောက် သွားကြည့်ချင် နေခဲ့ပါတယ်။

"မင်းထွက်သွားလို့ ရမယ်လို့ ထင်နေတာလား"

ကျော့မင်းက နှာခေါင်းရှုံ့လိုက်ပြီး သူ့မျက်လုံးတွေက ခန့်မှန်းလို့
မရနိုင်တဲ့ မကောင်းဆိုးဝါးဆန်တဲ့ အကြည့်တွေ လက်သွားပြီး
သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ဖုံးကွယ်မထားခဲ့ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ မင်းကို မေ့သွားတယ်။ ခွင့်လွှတ်ပါ။ ခွင့်လွှတ်ပါ။ ရိုးရိုးသားသား ပြောရရင် မင်းရဲ့ လက်ရှိပုံပန်းသွင်ပြင်နဲ့ ငါမင်းကို တကယ်ပဲ သတိမပြုနိုင်အောင် ဖြစ်သွားတယ်"

"သောက်ပါးစပ်ပုပ်ကြီးနဲ့"

ကျော့မင်းက သူ့ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းငါနဲ့ တိုက်ခိုက်ပွဲလား"

"ဟားဟားဟား နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ငါ့ကို သူနဲ့ တိုက်ခိုက်ရဲလားလို့ မေးနေတယ်။ အဲဒီလို ပြောရတာတောင် မင်းအနေနဲ့ မရှက်သင့်ဘူးလား"

လင်းဟန်က ရယ်မောပြီးတော့ ပြန်တုံ့ပြန် ပြောလိုက်ပါတယ်။

ကျော့မင်းက ဂရုမစိုက်ပဲ အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီး ပြန်တုံ့ပြန်လိုက်ပါတယ်။

"မင်းနဲ့ငါက သက်တူရွယ်တူတွေလည်း ဖြစ်တယ်။ မင်းရဲ့အဆင့်က ငါ့ထက် နိမ့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းကအရမ်းကို အသုံးမကျလို့ပဲ။ ဒါဆိုရင် မင်းက ဘယ်သူကို အပြစ်တင်နေသေးတာလဲ"

လင်းဟန်က ကျိတ်ရယ်လိုက်ပါတယ်။ သက်တူရွယ်တူတွေရဲ့ တိုက်ပွဲတစ်ခု ဒါမှမဟုတ် အဆင့်တူရဲ့ တိုက်ပွဲတစ်ခုကို မျှတတယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ သူတို့လို ပါရမီရှင်တွေ အတွက်ကတော့ ဒီလိုမျိုး အသက်အရွယ်မှာ တစ်နှစ် နှစ်နှစ် ကွာဟတာကို လုံးဝခေါင်းထဲ မထည့်ပါဘူး။ ဥပမာ လင်းဟန်က အသက်နှစ်ဆယ် မပြည့်ခင်မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို တက်ရောက်နိုင်လိမ့်မယ်လို့ ယုံကြည်ချက်တွေ ရှိနေပါတယ်။ ကျော့မင်းရဲ့ အသက်အရွယ်လောက်ကဆိုရင် သူက ဘယ်သူသိနိုင်မလဲ ကောင်းကင်အဆင့်မှာတောင်

ဖြစ်ချင်ဖြစ်နေပါလိမ့်မယ်။

ဒီကမ္ဘာကြီးထဲမှာ အကြွင်းမဲ့ မျှတမှုဆိုတာ မရှိပါဘူး။

"တကယ်လို့ ငါမင်းနဲ့ မတိုက်ခိုက်ဘူးဆိုရင် မင်းလက်လျော့မဲ့ပုံ မမြင်ဘူး။ ဒါဆိုရင်လည်း တိုက်ကြတာပေါ့"

လင်းဟန်က ကွင်းပြင်ကျယ် တစ်ခုထဲကို ဂင်လာပြီးတော့ ချာခနဲလှည့်ကာ ကျော့မင်းကို စိုက်ကြည့်လိုက်ပါတယ်။ ကျော့မင်းက လက်နက်တဲ နန်းတော်ထဲကနေ ပိုစောပြီးတော့ ထွက်လာခဲ့ပြီး သူ့ကို စောင့်နေခဲ့တာပဲ ဖြစ်ပါတယ်။ ဒါက ဆုံးဖြတ်ချက် အမျိုးအစား တစ်ခုကို သိရှိစေပါတယ်။ ငါမင်းကို ချေမှုန်းလို့ မရသေးသရွေ့ ငါလက်လျော့လိမ့်မှာ မဟုတ်ဘူး။

ကျော့မင်းက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး နီမြန်းတဲ့ လမင်းပုံစံရှိတဲ့ ဓားကွေးနှစ်ချောင်းကို ထုတ်လိုက်ပါတယ်။ ဓားကွေးတွေက အရမ်းကို တိုပြီး သူ့ရဲ့လက်ထဲမှာ ကိုင်ထားတဲ့ပုံစံကို ကြည့်လိုက်ရင်

သူ့လက်သီးတွေမှာ ဦးချိုတွေ ပေါက်နေတဲ့ ပုံစံနဲ့တောင် တူပါတယ်။ သူ့လက်သီးတွေက ဒီဓားကွေးရဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ဖုံးကွယ်မထား နိုင်ပါဘူး။

ဒီစိတ်ဂိညာဉ် ပစ္စည်းက လက်နက်တဲ နန်းတော်ကနေ သူရလာတဲ့ ပစ္စည်းများလား။

ကျော့မင်းကလည်း သိုင်းပညာ အသိစိတ် ကျောက်တုံးမှာ အဆင့်တစ်ရာအတွင်း ဂင်အောင်လို့ အဆင့်ချိတ် နိုင်ခဲ့ပါတယ်။ သူက လင်းဟာန်နဲ့ ဟူးညိုတို့လောက် အံ့အားသင့်စရာ မကောင်းပေမဲ့ သူရရှိခဲ့တဲ့ ရတနာကလည်း သာမန်တော့ မဟုတ်ဘူးဆိုတာ ပြောနိုင်ပါတယ်။

လင်းဟာန်က မရဏဓားကို မကိုင်ပါဘူး။ သူ့အတွက်တော့ မာကျောမှုနဲ့ နူးညံ့မှုကို တွဲဖက်ထားတဲ့ ပညာရပ်ကို ကျင့်ကြံပြီးတဲ့နောက်မှာ သူ့ရဲ့ခုခံနိုင်စွမ်းကို နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရဲ့ အကန့်အသတ်နားကို ရောက်နေတဲ့ တိုက်ပွဲစွမ်းရည်နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီး ဘယ်လိုမျိုး ရလဒ်တွေ

ထွက်ပေါ်လာမလဲ ဆိုတာကို စမ်းသပ်ချင်နေခဲ့ပါတယ်။

"စိတ်ဂိုညာဉ် နတ်သူငယ်အဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က ငါ့ကို စိန်ခေါ်ရဲတယ်ပေါ့"

ကျော့မင်းက ခြေလှမ်းကျဲကြီးတွေနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာပြီး လက်သီးတစ်လုံး ပစ်သွင်းလိုက် ပါတယ်။ သူ့ရဲ့ သိုင်းဆန္ဒတွေက တောက်ပလင်းလက်လာပြီး သူ့လက်သီးကို အလင်းရောင်ကြီး တစ်ခုလို့ ထင်မှတ်စေခဲ့ပါတယ်။

လင်းဟန်က သူ့လက်သီးတွေကို မူလစွမ်းအင်နဲ့ ပိုင်းရံလိုက်ပြီး ကျော့မင်းရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

သူတို့နှစ်ယောက်လုံးက ခန္ဓာကိုယ် ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်ထားခဲ့ပြီး အနီးကပ် တိုက်ခိုက်ဖို့ ပိုပြီးတော့ ဆွဲဆောင်နေပါတယ်။

ခန္ဓာကိုယ် ကျင့်စဉ်နဲ့ ပတ်သက်ရင် ကျော့မင်းက အတော်လေးကို အောင်မြင်မှု ရရှိထားတယ်လို့ ပြောနိုင်ပါတယ်။ သူ့ခန္ဓာကိုယ်ရဲ့ ကြံ့ခိုင်မှုက အဆင့်တူထဲက အဖိုးထိုက်တန်တဲ့ သတ္တုလို မာကျောပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း အစကတည်းက လင်းဟန်ထက် အဆင့်ကြီး တစ်ဆင့်တောင် ပိုမြင့်ပါတယ်။ ဒါကြောင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားနဲ့ ပတ်သက်ရင် နှစ်ဖက်စလုံး အတူတူပါပဲ။

ဒါပေမဲ့ ပျော့ပျောင်းမှုနဲ့ ပတ်သက်ရင်ရော။

လက်သီးထိုးချက်တွေရဲ့ အလယ်မှာ သူတို့ရဲ့ လက်မောင်းတွေက မရပ်မနား ထွက်ပေါ်လာတဲ့ လှိုင်းလုံးပုံစံတွေ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ တကယ်လို့ သာမန်လူတွေရဲ့ ခန္ဓာကိုယ်ကို ပွန်းစေဖို့ဆိုရင် အားကောင်းတဲ့ တုန်ခါမှုတွေက သူတို့ရဲ့ အရိုးတွေကို သေချာပေါက် ပျက်စီးသွား စေပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒီနှစ်ယောက်ကတော့ အခြေအနေကောင်းနေဆဲ ဖြစ်ပြီးတော့ ဒီလိုမျိုး လှိုင်းလှုပ်ရှားမှုတွေကို အဆက်မပြတ် အသုံးပြုပြီး သူတို့တွေက ဆက်တိုက်ဆိုသလို

တိုက်ခိုက်နေကြပါတယ်။

"ဟင်"

ကျော့မင်းကလည်း ခွန်အားနဲ့ နူးညံ့မှုကို ပေါင်းစပ်တဲ့ ပညာကို လင်းဟန်က ဖမ်းဆုပ်နားလည် သွားခဲ့တာနဲ့ ပတ်သက်ပြီး အံ့အားသင့် နေခဲ့ပါတယ်။ သူတို့တွေ အရင်တုန်းက တိုက်ခိုက်ဖလှယ်ခဲ့ချိန်မှာ လင်းဟန်က ခွန်အားနဲ့ ပတ်သက်တာကိုပဲ ထုတ်ဖော်နိုင်ခဲ့ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နောက်ထပ်တစ်ဆင့် အမြင့်မှာ ရှိပြီးတော့ ခွန်အားနဲ့ နူးညံ့မှုကို ပေါင်းစပ်တဲ့ ပညာကိုပါ ထည့်ပေါင်းလိုက်ရင် သူက လင်းဟန်ကို ဖိနှိပ်ပစ်နိုင်ဖို့ ယုံကြည်ချက်တွေ ရှိနေပါတယ်။ လင်းဟန်ကလည်း နူးညံ့ပျော့ပျောင်းမှုကို နားလည်သဘောပေါက်ပြီး သူတို့နှစ်ဖက်စလုံး ခံစစ်တွေက နောက်တစ်ကြိမ် တူညီတဲ့ အဆင့်ကို ရောက်သွားလိမ့်မယ်လို့ သူဘယ်တုန်းကမှ မထင်မှတ် ထားမိခဲ့ပါဘူး။

ခံစစ်တွေက တရားမျှတစွာနဲ့ တူညီနေရင် သူတို့ရဲ့ တိုက်ခိုက်မှု စွမ်းအားတွေကပဲ အနိုင်အရှုံးကို ဆုံးဖြတ်ပေးနိုင်ပါလိမ့်မယ်။

ကျော့မင်းက မျက်နှာထား တင်းတင်းနဲ့ တစ်ချက်ရယ်မောပြီး မကောင်းဆိုးဝါးဆန်ဆန် ရက်စက်မှု တခုကို ထုတ်ဖော်လိုက်ကာ သူ့လက်ထဲက လက်နက်က ရုတ်တရက် အရိုးစိမ့်အောင် အေးစက်မှု တစ်ခုကို ထုတ်လွှတ်လိုက်ပြီး ရေခဲတမျှ အေးစက်တဲ့ ကြောက်မက်ဖွယ်ရာ စွမ်းအင်တစ်ခုနဲ့အတူ လင်းဟာန်ကို ခုတ်လိုက်ပါတယ်။

လင်းဟာန်က ဒီတိုက်ခိုက်မှုကို မယိမ်းမယိုင်ပဲ တောင့်ခံလိုက်ပါတယ်။ ဒါပေမဲ့ ရုတ်တရက် ဆိုသလို သွေးတွေ ပန်းထွက်လာပြီး သူ့မျက်နှာပေါ်မှာ ပြတ်ရှရာတစ်ခု ကျန်ရစ်သွားခဲ့ပါတယ်။

သူက အဲဒီလက်နက်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး

ဒီစိတ်ဂိုဏ်ဉ် ပစ္စည်းက အရမ်းကို မြင့်မားတဲ့ အဆင့်တစ်ခုမှာ ရှိလို့မ်မယ်လို့ ကောက်ချက်ချလိုက်ပါတယ်။ ကျော့မင်းက ဒီပစ္စည်းရဲ့ ခွန်အားအပြည့်အဝကို ထုတ်ဖော်နိုင်စွမ်း မရှိသေးပေမဲ့ သူ့ရဲ့ခန္ဓာကိုယ်ကို ထိခိုက်အောင်လို့ လုပ်နိုင်နေဆဲပါပဲ။

တကယ်တမ်းတော့ သူ့ပြိုင်ဘက်ဖြစ်သူရဲ့ ခွန်အားက သူ့ထက်အများကြီး အဆင့်မြင့်မနေပါဘူး။ သူ့ရဲ့ စိတ်ဂိုဏ်ဉ် ပစ္စည်းကို အသက်သွင်းမှုပဲ သူ့ကို ဒဏ်ရာတစ်ခု ရစေခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်ဘုံတောင် ဖျက်ဆီးလို့ မရနိုင်တဲ့ မော်စာလိပ်ရဲ့ စွမ်းအားက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ကြံ့ခိုင်မာကျောစေရုံသာမက ပြန်လည်ကောင်းမွန်လာနိုင်တဲ့ စွမ်းရည်လည်း ရှိပါတယ်။

အရမ်းကို ရှင်းလင်းစွာနဲ့ လင်းဟန်ရဲ့ ဒဏ်ရာက မျက်စိတစ်မှိတ် အတွင်းမှာ ပျောက်ကွယ်သွား ခဲ့ပါတယ်။ တကယ်လိုပ ကျော့မင်းက သူ့ရဲ့ ဒဏ်ရာကို တချိန်လုံး စိုက်ကြည့်မနေဘူးဆိုရင် လင်းဟန်ကို

အစောပိုင်းမှာ ဒဏ်ရာရအောင် လုပ်ခဲ့တယ် ဆိုတာကိုတောင် သံသယ ဝင်မိသွား ပါလိမ့်မယ်။

ဒီလိုမျိုး ပြန်လည်ကုသတဲ့ စွမ်းရည်ကြောင့် ကျော့မင်းရဲ့ အမူအရာက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 727 end

zaw.အပိုင်း(၇၂၈) မြေနဂါးရဲ့ သွေးမျိုးဆက်

လင်းဟန်က နှစ်ထောင်းအားရ ဖြစ်သလိုမျိုး သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ဒါဆိုရင် ဒီတစ်ကြိမ်တော့ မင်းအတွက် နာကြည်းချက်ပဲ ဖြစ်လာလိမ့်ဦးမယ်"

လင်းဟန်က သူ့အကြည့်ထဲမှာ မတော်တဆ သတ်ဖြတ်လိုတဲ့

ဆန္ဒကိုထုတ်ဖော် လိုက်မိပါတယ်။ ကျော့မင်းက တစ်ကြိမ်ပြီး တစ်ကြိမ် ရန်စနေခဲ့တာကြောင့် သူ့ရဲ့သည်းခံနိုင်မှု ကုန်ဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ကျော့မင်းကို သတ်နိုင်လာပြီဆိုရင် လုံးဝကို ကြင်နာသနားနေမှာ မဟုတ်ပါဘူး။

ကျော့မင်းက နာခေါင်းရှုံ့လိုက်ပြီး ကျင့်ကြံခြင်း အဆင့်ကွာခြားချက် အပေါ်မှာပဲ မှီခိုရုံနဲ့ လင်းဟန်ကို ချေမှုန်းဖိနှိပ်ဖို့ မလုံလောက်ဘူး ဆိုတာကို သိပါတယ်။ သူက အသံတိုးတိုးတစ်ချက် မာန်သွင်းလိုက်တဲ့ အခါမှာ သူ့လည်ချောင်းကနေ ထူးဆန်းတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်ကနေ အပြာရောင် သွေးကြောတွေက တဒုတ်ဒုတ် ခုန်လာပါတယ်။ သူ့ခန္ဓာကိုယ် အတွင်းကနေ ကြောက်စရာကောင်းတဲ့ အရာတစ်ခုက ပေါက်ကွဲထွက်ဖို့ ကြိုးစားနေတာမျိုးနဲ့ တူနေပါတယ်။

လင်းဟန်က သူ့ပြိုင်ဘက်ဖြစ်သူရဲ့ တိုက်ပွဲစွမ်းအားကို လျှော့မတွက်ဝံ့ပါဘူး။ သူလည်း သိုင်းပညာ အသိစိတ် ကျောက်တုံးရဲ့ အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီး ထောင်ပေါင်းများစွာသော ပါရမီရှင်တွေကို ဖြတ်ကျော်ပြီး အဆင့်

ငါးဆယ့်တစ် နေရာကို ရရှိထားသူ ဖြစ်ပါတယ်။ ဒါက ကျော့မင်းရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်ဟာ အထွတ်အထိပ် မဟုတ်သေးပေမဲ့ သူ့အနေနဲ့ အဆင်မခြင် နေလို့ မရနိုင်ပါဘူး။

ပါရမီရှင်တွေကို လျော့တွက်လိုက်ခြင်းက ကိုယ့်ကိုကိုယ် ပျက်စီးအောင်လို့ လုပ်နေတာမျိုးနဲ့ အတူတူပါပဲ။

"မြွေမိစ္ဆာရဲ့ ကိုယ်ဟန်လေးခု"

ကျော့မင်းက အော်ဟစ်လိုက်ပြီး လင်းဟန်ကို တန်းပြီးတော့ သတ်ပစ်ဖို့ ရည်ရွယ်လိုက်ပါတယ်။ လင်းဟန်ရဲ့ ဂမ်းဗိုက်အောက်ပိုင်းကို လက်သီးတစ်ချက်နဲ့ ထိုးပြီးတော့ တိုက်ခိုက် လိုက်ပါတယ်။

လင်းဟန်က သူ့လက်ကို မြှောက်ပြီးတော့ တားဆီးလိုက်ပါတယ်။ ဘန်း ဆိုတဲ့ မြည်သံနဲ့အတူ သူ့လက်ဖါးက သူ့ပြိုင်ဘက်ရဲ့ လက်ကောက်ဝတ်ကို တိုက်ခိုက်လိုက်ပေမဲ့ ကျော့မင်းကို ကြည့်ရတာ

ဂျုံမုန့်ညက် တစ်ခုအဖြစ်ကို ပြောင်းလဲသွားသလိုမျိုး လင်းဟန်ရဲ့ လက်ကို ပွေ့ကာပိုက်ကာနဲ့ အေးစက်တဲ့ အလင်းရောင် တစ်ခုတောက်ပနေတဲ့ သူ့လက်ထဲက ထက်ရှတဲ့ ဓားသွားတစ်ခုလိုမျိုး လင်းဟန်ရဲ့ ရင်ဘတ်ကို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီကောင့်ရဲ့ အရိုးတွေက တကယ်ပဲ ပျော့ပျောင်းနေတာ ဖြစ်နိုင်ပ့ါမလား။ ဘယ်လိုလုပ်ပြီးတော့ သူ့လက်မောင်းကို ဒီလိုမျိုး နည်းလမ်းနဲ့ ပုံစံအဖြစ် ပြောင်းလဲပစ် နိုင်တာလဲ။

ဒါက ပျော့ပျောင်းမှု နားလည်သဘောပေါက် ထားရုံနဲ့တော့ မဟုတ်ပါဘူး။ အဲဒီအစား လျှို့ဝှက် နည်းစနစ်အမျိုးအစား တချို့ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က ရုတ်ချည်းဆိုသလို ခန္ဓာကိုယ်ကို အနောက်ဘက် ကွေးချလိုက်ပြီး ဓားကွေးရဲ့ ပွေ့ယမ်းမှုကို ရှောင်တိမ်း လိုက်ပါတယ်။ ဒီလိုမျိုး လှုပ်ရှားမှုက သာမန်ကျင့်ကြံသူ

တစ်ယောက်အတွက်တော့ ထုတ်ဖော်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ခန္ဓာကိုယ်ကို ပေါ့ပါးဖျတ်တဲ့ တုံ့ပြန်မှုမျိုးကို ထုတ်ဖော်နိုင်တဲ့ ခန္ဓာကိုယ် ကျင့်ကြံခြင်းကို လေ့ကျင့်ထားတဲ့ သူလောက်ပဲ လုပ်နိုင်ပါတယ်။

နောက်ပြီးတော့ လင်းဟန်ကို ကြည့်ရတာ သူက ဓားတစ်လက်နဲ့ တဂဂက်လောက် ခုတ်ခံလိုက်ရသလိုမျိုးနဲ့ တူပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်ပိုင်းကို ချိုးချလိုက်ပြီး အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

ကျော့မင်းက သူ့လက်သီးကို နောက်တစ်ကြိမ် ဟေ့ယမ်းလိုက်ပြီး သူ့လက်မောင်းက ရောမ မြွေနဂါးကြီး တစ်ကောင်အဖြစ်ကို ပြောင်းလဲသွားပြီးတော့ မြွေနဂါးခေါင်းကြီးက လင်းဟန်ဆီကို ပါးစပ်ကြီးဟာပြီးတော့ ကိုက်ဖို့အတွက် ပြေးဝင်လာခဲ့ပါတယ်။ မြွေဦးခေါင်းက အနက်ရောင် ဖြစ်နေပြီး သူ့ရဲ့ အဆိပ်ပါတဲ့ အစွယ်တွေကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

ဒီတိုက်ခိုက်မှုက တကယ်ပဲ အရမ်းကို လျင်မြန်လွန်းပါတယ်။

အရမ်းကို မြန်ဆန်တာကြောင့် လင်းဟန်က ချိန်သားကိုက် ရှောင်တိမ်းနိုင်ခြင်း မရှိပါဘူး။ ဒီလက်သီးက ချက်ချင်းဆိုသလိုပဲ လင်းဟန်ကို ထိုးဖောက်ဖြတ်သွားခဲ့ပါတယ်။

"ဟင်"

ကျော့မင်းက မျက်မှောင်ကြုတ်လိုက်ပါတယ်။ သူ့အတွက်တော့ လင်းဟန်ကို ဒီတိုက်ခိုက်မှုက ထိမှန်အောင် မလုပ်နိုင်ပါဘူး။

ဂျစ်။

လင်းဟန်က လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး မျက်စိတမှိတ်အတွင်းမှာ သုံးမီတာ အကွာအဝေးကို ရောက်သွားခဲ့ပါတယ်။ သူက နောက်တစ်ကြိမ် သူ့ပုံစံအဖြစ် ပြန်ပြောင်းပြီးတော့ ရယ်မောကာ အသိအမှတ်ပြု လိုက်ပါတယ်။

"ငါ့ကို ထိလုနီးပါးပဲ။ မဆိုးဘူး။ ဒီတိုက်ကွက်က တကယ်မဆိုးဘူး။ တိုက်ကွက်တစ်ကွက်ကို နောက်တစ်ကွက်က ဖုံးကွယ်ထားတယ်။ တကယ်ပဲ အစွမ်းတချို့ ရှိနေတာပဲ"

သူက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အစဦး အောင်မြင်မှု ရတဲ့အထိ ကျင့်ကြံခဲ့ပြီးပါပြီ။ ဒါကြောင့် သူ့အမြန်နှုန်းက လျင်မြန်လွန်းပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ အဲဒီတိုက်ကွက်မှာ အစွမ်းတချို့ ရှိရုံပဲဆိုတာ ဖြစ်နိုင်မှာလဲ။ အဲဒါက မင်းကို သတ်ပစ်ဖို့ လုံလောက်တာထက်တောင် ပိုနေသေးတယ်ကွ"

ကျော့မင်းက သူ့ရဲ့တိုက်ပွဲစွမ်းအားကို တိုးလိုက်ပြီးတော့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

သူက တကယ့်ကို လွှမ်းမိုးနိုင်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒီမြေနဂါးဂိုဏ်းရဲ့ ပါရမီရှင်က သူ့နာမည်ကို သိုင်းပညာအသိစိတ်

ကျောက်တုံးပေါ်မှာ ချန်ထားရစ်နိုင်ပြီး သူကိုယ်တိုင်က
လင်းဟန်ထက် ကျင့်ကြံခြင်းအဆင့် တစ်ဆင့်တောင် မြင့်ပြီးတော့
ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် စွမ်းအား ဒါမှမဟုတ်
တိုက်ပွဲစွမ်းရည်မှာပဲဖြစ်ဖြစ် အသာစီးနေရာကနေ ရရှိထားပါတယ်။
တကယ်လို့ လင်းဟန်မှာ ပြန်လည်ကုသနိုင်တဲ့ စွမ်းရည်ကြီး
တစ်ခုသာ ရှိမနေဘူးဆိုရင် ပြီးတော့ သေရေးရှင်ရေး
အကျပ်အတည်း ကာလမှာ ရှောင်တိမ်းနိုင်တဲ့ မိုးထစ်ချုန်း
ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားသာ ရှိမနေဘူးဆိုရင်
သူ့ပြိုင်ဘက် ဖြစ်သူကြောင့် ပြင်းပြင်းထန်ထန် ထိမှန်ခံရပြီး
ဒဏ်ရာတွေ အမြောက်အများ ရရှိနေမှာ သေချာပါတယ်။

ဒါတောင်မှ လင်းဟန်က ပိုပိုပြီးတော့ တုန်လှုပ်မှု မရှိပဲ
သူ့ပြိုင်ဘက်ဖြစ်သူက တိုက်ကွက် ဆယ်ကွက်တိုင်းမှာ သူက
တစ်ကွက် နှစ်ကွက် ပြန်ပြီးတော့ တိုက်ခိုက်နိုင်ပါတယ်။

"ဒီနေ့မှာ မင်းသေရလိမ့်မယ်"

ကျော့မင်းက အော်ဟစ်လိုက်ပါတယ်။ သူက လင်းဟန်ကို

တစ်ချက်တည်းနဲ့ သေစေချင်ခဲ့ပါတယ်။

“မင်းရဲ့စကားလုံး အသံတွေက သီချင်းသံတွေထက်တောင် သာယာနာပျော်ဖွယ် ရှိလိုက်တာကွာ”

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ရန်စလိုက်ပါတယ်။ သူက သူ့ကိုယ်ပိုင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ လက်ရှိမှာ ရောက်နေတဲ့ ခုခံမှု အဆင့်ကို စမ်းသပ်ရုံပဲ ရှိပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က အဲဒါကို အပြည့်အဝ စွမ်းဆောင်နိုင်ဖို့ အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။

“ဒီစကားလုံးတွေကို ငါမင်းရဲ့ ဂူသချိုင်းပေါ်မှာ ရေးထွင်းပြီးတော့ ဒီလိုမျိုး စိတ်ကြီးဝင်တဲ့ ငတုံး တစ်ယောက်က သေမင်းတံခါးဝကို ရောက်နေတာတောင်မှ အရှုံးပေးဖို့ ခေါင်းမာမာနဲ့ ပေကတ်နေပြီး သေသွားခဲ့တယ် ဆိုတာကို အားလုံးသိစေရမယ်”

ကျော့မင်းက ကြုံးဝါးပြီးတော့ သူ့ရဲ့ဓားကွေးကို ပေ့ယမ်းလိုက်တဲ့

အခါမှာ ကျောရိုးထဲထိ အေးစိမ့်တဲ့ အအေးဓာတ်က လွင့်ပျံ့လို့ လာခဲ့ပါတယ်။

ဒါက အရမ်းကို ခံ့ညားထယ်ဂါပြီး လင်းဟန်ရဲ့ ခုခံမှုကို အများကြီး မြှိမ်းခြောက်နိုင်စွမ်း ရှိပါတယ်။ တကယ်တော့ ဒီဓားကွေးက အဆင့်မြင့် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ ကျာ့မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားရဲ့ ပိုပြီးတော့ အစွမ်းထက်မှုနဲ့အတူ သူက အဆင့်ရှစ် တန်ဖိုးကြီး သတ္တုအဆင့်ကိုတောင် ချိုးဖြတ်ပစ်နိုင်ပါတယ်။

လင်းဟန်က ဆက်ပြီးတော့ မတုန်မလှုပ်နဲ့ မနေတော့ပဲ ပြန်တိုက်ခိုက်ဖို့ လုပ်လိုက်ပါတယ်။ သူက မရဏဓားကို ဆွဲထုတ်ပြီးတော့ အဲဒီနောက် ဓားကိုမြှောက်ပြီးတော့ ကျာ့မင်းဆီကို ရွယ်လိုက်ပြီး လက်တုံ့ပြန်လိုက်ပါတယ်။

"မင်းကို ခုတ်ပိုင်းပစ်မဲ့ ငါ့ရဲ့ဓားကို တစ်ချက်ကြည့်လိုက်"

ကျော့မင်းက အဲဒီဓားကို ကြည့်လိုက်ပြီး သူ့အမူအရာက ပြောင်းလဲသွားပြီး အမှတ်တမဲ့နဲ့ ရှေ့နောက် မစဉ်းစားမိပဲ ပြောလိုက်ပါတယ်။

"အစီအရင် သင်္ကေတတွေ"

ဒါက ဓားတစ်ချောင်းဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ ဒီဓားပုံစံက သင်္ကေတ ပုံစံတွေ ဖုံးအုပ်နေမယ်လို့ မျှော်လင့်မထားမိပါဘူး။ ထူးဆန်းတယ် အရမ်းကို ထူးဆန်းပါတယ်။ ဒါက သူ့ရဲ့ ခန့်မှန်းနိုင်မှုရဲ့ နောက်ကွယ်မှာပဲ ရှိပါတယ်။

"ဒီဓားနဲ့ သေရတဲ့အတွက် မင်းအနေနဲ့ နောင်တရစရာ မလိုပဲ သေနိုင်ပြီ"

လင်းဟာန်က မရဏာဓားကို ကိုင်ပြီးတော့ ကျော့မင်းကို သတ်ဖို့အတွက် ဓားကွက်တစ်ကွက်ကို ထုတ်ဖော်လိုက်ပါတယ်။ အစောပိုင်းတုန်းက လက်ထဲမှာ ဓားမရှိပဲနဲ့ သူက ဓားအလင်းတန်းရဲ့ အစွမ်းကို

အပြည့်အဝ မထုတ်ဖော်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ မတူတော့ပါဘူး။ မရဏဓားက သူကိုယ်တိုင် နတ်ဘုရားသတ္တုတချို့ ပါဝင်ပြီး အစီအရင် သင်္ကေတတွေကြောင့် ပြင်းထန်တဲ့ စွမ်းအားတွေကို ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် ဓားအလင်းတန်းရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားက အရမ်းကို မြင့်မားပါတယ်။

ရွှပ်။

ဓားအလင်းတန်းက ထွက်ပေါ်လာပြီး ကောင်းကင်နဲ့ ကုန်းမြေတစ်ခုလုံးကို ဖျက်ဆီးပစ်တော့မဲ့ ပုံစံအတိုင်း အရမ်းကို ထိတ်လန့်ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပုံပန်းသွင်ပြင်နဲ့ ထွက်ပေါ်လာခဲ့ပါတယ်။

"ဟင့်။ ငါက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိနေတယ်။ ငါ့မင်းကို ကြောက်နေမယ်လို့ မင်းထင်နေတာလား"

ကျော့မင်းက အေးစက်စက်နဲ့ နှာခေါင်းရှုံ့လိုက်ပြီး သူ့လက်သီးကို

ပေ့ယမ်းကာ ချီအလင်းတန်း အဖြစ်ကို ပြောင်းလဲလိုက်ပြီး ကြီးမားတဲ့ မြွေနဂါးနက်ကြီး တစ်ကောင် ဖြစ်ပေါ်လာပြီးတော့ လင်းဟန်ကို ကိုက်ဖို့အတွက် ခုန်အုပ်လာခဲ့ပါတယ်။

ဖောက် ဖောက် ဖောက် ဖောက်။

မရဏဓားပေါ်က အစီအရင် သင်္ကေတတွေက တောက်ပလင်းလက်လာခဲ့ပါတယ်။ ဒါက အလင်းတန်း ခုနစ်ခုပဲ ရှိပေမဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲပဲ ဖြစ်ပြီးတော့ အဲဒီမြွေနဂါးနက်ကြီးကို အပိုင်းပိုင်း အစစ ဖြစ်သွားအောင် နုပ်နုပ်စဉ်းပစ်ပါတယ်။

ကျော့မင်းရဲ့ အမူအရာက တစ္ဆေသရဲကို တွေ့လိုက်ရသလိုမျိုး ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ ဒီဓားက အရမ်းကို အထင်ကြီးစရာ ကောင်းတယ်ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အဆင့်ထိရောက်အောင် အစွမ်းထက်လိမ့်မယ်လို့ သူမျှော်လင့်မထားမိပါဘူး။ ဖျက်ဆီးခြင်း စွမ်းအားနဲ့တင်ပဲ ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေပါပြီ။

ဒီလိုမျိုး အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခုက ဘယ်လိုလုပ်ပြီး ဒီမှာရှိနေတာလဲ။

လင်းဟန်က ဒီထူးခြားပြီး ဆန်းကြယ်တဲ့ ပစ္စည်းတစ်ခုကို ကိုင်ထားရုံပဲ ရိုးရိုးလေး မဟုတ်ခဲ့ပါဘူး။ သူက ဂျက်ပါ တစ်ခုကိုလည်း အသက်သွင်းထားပြီး နှိုင်းယှဉ်လို့ မရနိုင်တဲ့ သတ်ဖြတ်ခြင်း အစီအရင် တစ်ခုနဲ့အတူ ဘယ်သူကများ ဖျက်ဆီးပစ်နိုင်မှာလဲ။

ကျော့မင်းက အော်ဟစ်လိုက်ပြီး သူ့ရဲ့အဆုံးစွန်သော တိုက်ကွက်ကို ထုတ်ဖော်လိုက်ပါတယ်။ သူ့အနောက်မှာ ရှိနေတဲ့ ရောမ မြွေနဂါးကြီးရဲ့ အရိပ်က ပျောက်ကွယ်သွားပြီး စစ်မှန်တဲ့ မြွေနဂါး တစ်ကောင် ဖြစ်လာခဲ့ပါတယ်။ ဒီလိုမျိုး တိုက်ကွက်အမျိုးအစားက သူ့ကို ထိတ်လန့်တုန်လှုပ်ပြီး သောကပွားစေခဲ့ပါတယ်။ သူ့ရဲ့မျက်နှာတစ်ခုလုံး ပြာစိမ်းစိမ်း သွေးကြောတွေ ထွက်ပေါ်လာပြီး ကြည့်ရတာ ပေါက်ကွဲထွက်တော့မဲ့ ပုံစံနဲ့ တူပါတယ်။

ကျော့မင်းက ကျယ်လောင်စွာ မာန်သွင်းပြီးတဲ့ နောက်မှာ သူ့အနောက်က မြွေနဂါး အရိပ်က တည်ငြိမ်လာပြီး ရှေးခေတ်ပဟောင်းက ရှေးဦးအရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

ဒီကမ္ဘာကြီးရဲ့ အစမှာ မြေနဂါး တစ်ကောင်က ကောင်းကင်နဲ့ မြေကြီး အကြားက အက်ကြောင်းကို ဖြတ်ပြီးတော့ ရောက်လာခဲ့ပါတယ်။ ဒါက အရမ်းကို ထူးခြားဆန်းကြယ်ပြီး ရှေးပဝေသဏီ အချိန်က ဖြစ်ပါတယ်။

မြေနဂါးက သူ့ခေါင်းကို အမြင့်မှာ မြှောက်ထားပြီး ပါးစပ်ကလွဲပြီးတော့ တခြားမျက်နှာသွင်ပြင် မပါရှိပေမဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံးက အနီရောင် မှုန်ဂါးဂါး ဖြစ်နေပါတယ်။ သူ့ရဲ့ခြေလက်တွေကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပြီး စေးကပ်နေတဲ့ ခန္ဓာကိုယ် အရည်တွေနဲ့အတူ မယုံနိုင်စရာကောင်းတဲ့ အော်ဂလီဆန်တဲ့ ခံစားချက် တစ်မျိုးကို ပေးစွမ်းပါတယ်။

"သေစမ်းကွာ"

ကျော့မင်းက လင်းဟန်ကို လက်ညှိုးထိုး ညွှန်လိုက်တာနဲ့ အဲဒီမြေနဂါးက ချက်ချင်းပဲ လင်းဟန်ရှိတဲ့ နေရာဆီကို ခုန်အုပ်လိုက်ပါတယ်။

အရှိန်အဟုန်က အရမ်းကို လျင်မြန်လွန်းပါတယ်။

ဒါက ခန္ဓာကိုယ်တည်ရှိမှု တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် သာမန်အာရုံနဲ့ သုံးသပ်လို့ မရနိုင်ပါဘူး။ ချက်ချင်းဆိုသလိုပဲ မြေနဂါးကြီးက လင်းဟန်အရှေ့မှာ ပေါ်လာပြီး ရက်စက်ကြမ်းကြုတ်စွာနဲ့ ကိုက်ချလိုက်ပါတယ်။ မြေနဂါးကြီးက စစ်မှန်တဲ့ သက်ရှိတစ်ခု မဟုတ်တာကြောင့် ထိခိုက်ဒဏ်ရာ မည်မည်ရရ ဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ခန္ဓာကိုယ် တစ်ခုလုံးကို ကြည့်ရတာ အရိပ်မည်းကြီး တစ်ခုက လျှော့ခနဲ ဖြတ်သွားသလိုမျိုးနဲ့ တူပါတယ်။

ကျော့မင်းက အူလှိုက်သည်းလှိုက် ရယ်မောပြီးတော့ အော်ဟစ်ကာ ပြောလိုက်ပါတယ်။

"လင်းဟန် မင်းကတော့ လူသေတစ်ယောက် ဖြစ်ပြီပဲ"

သူ့ရဲ့ သွင်ပြင်လက္ခဏာက အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်နေပေမဲ့လည်း ပူပင်ကြောင့်ကြမဲ့တဲ့ အပြုံးတစ်ခုကို ဆင်မြန်းထားပါတယ်။

ဒါက သူ့ရဲ့ စစ်မှန်တဲ့ ဂုဏ်ဖဲ ဖြစ်ပြီးတော့ သူ့သွေးမျိုးဆက်ရဲ့ စွမ်းအားလည်း ပါဝင်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ရှေးဟောင်းသွေးက အရမ်းကို သိပ်သည်းထူထဲခြင်း မရှိတာကြောင့် ဒီလိုမျိုး တိုက်ကွက်ကို ထုတ်ဖော်အသုံးပြုရတာ သူ့အပေါ်မှာ အရမ်းကို ဂန်ထုပ်ဂန်ပိုး ဖြစ်စေပါတယ်။ ပြီးတော့ သူ့မျက်နှာပေါ်မှာ တန့်ပြန်သက်ရောက်မှု ပမာဏတော်တော်လေး ခံစားရပါလိမ့်မယ်။

ဒါပေမဲ့ အဆင်ပြေပါတယ်။ ဒီမြေနဂါးက အကောင်အထည်မရှိတဲ့ အရိပ်တစ်ခု ဆိုပေမဲ့ စစ်မှန်တဲ့ တည်ရှိမှု တစ်ခုကို ထိခိုက်နာကျင်အောင် လုပ်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အထူးသဖြင့် စိတ်ဂိညာဉ်ကို ထိခိုက်နာကျင်သွားစေဖို့ ရည်ရွယ်ထားပါတယ်။

လင်းဟာန်ရဲ့ စိတ်ဂိညာဉ်က ဂါးမျိုးခံရ ပါလိမ့်မယ်။ တကယ်လို့ တစ်ခုလုံး မဟုတ်ရင်တောင် အကြွင်းအကျန် နည်းနည်းလောက်ပဲ ကျန်ပါလိမ့်မယ်။ ဒီလိုမျိုး စွမ်းအားနဲ့ဆိုရင် လင်းဟာန်က သူ့ကို ပြန်ပြီးတော့ တိုက်ခိုက်နိုင်ပါဦးမလား။

သူက လင်းဟာန်ရှိတဲ့ ဦးတည်ရာဘက်ကို ပြေးဝင်လာပြီး သူ့ကို အဆုံးသတ်ဖို့ ရည်ရွယ်ထား လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက လင်းဟာန်ကို လုံးဝကို သတ်ပစ်ချင်နေတာပါ။

ပကတိ အင်အားရဲ့ ပေါက်ကွဲမှုအောက်မှာ သူက လေးညို့ကနေ လွှတ်လိုက်တဲ့ မြားတစ်ချောင်းလို အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး လင်းဟာန်ရဲ့ အရှေ့ကို လျပ်တပြက်အတွင်း

ရောက်လာခဲ့ပါတယ်။ သူ့လက်ထဲက ဓားကွေးနဲ့ လင်းဟန်ရဲ့ လည်ပင်းကို ခုတ်လိုက်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားက သူ့ကျင့်ကြံခြင်း နည်းစနစ်နဲ့ ကျင့်ကြံထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက သူ့ရဲ့ နူးညံ့ပျော့ပျောင်းမှု လက္ခဏာသွင်ပြင်ကို သတိရှိရှိနဲ့ ထိန်းထားဖို့ လိုပါတယ်။

လင်းဟန်က အခုဆိုရင် ဒီလိုမျိုး အခြေအနေမှာ စွမ်းဆောင်နိုင်ဆဲ ဖြစ်နေဦးမှာလား။

သေစမ်းကွာ။

ကျော့မင်းရဲ့ နှုတ်ခမ်းထောင့်မှာ သရော်ပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ နောက်ဆုံးတော့ သူ့အတွက် အကြီးအကျယ် ခြိမ်းခြောက်နိုင်တဲ့လူကို အမြစ်ဖြုတ် သုတ်သင်ပစ်နိုင်ပါပြီ။

Chapter 728 end

Zaw.အပိုင်း(၇၂၉) ဂင်ရောက်စွက်ဖက်ခြင်း

လက်သီးနဲ့ တစ်ချက်ထိုးလိုက်ပါတယ်။ ဓားကွေးပေါ်က အစီအရင်သင်္ကေတတွေက တောက်ပ လင်းလက်လာပြီး လေထဲမှာ အေးစိမ့်စိမ့် အငွေ့အသက်တွေကို ထုတ်လွှတ်လို့ နေပါတယ်။

ကျော့မင်းရဲ့ ပါးစပ်ထောင့်မှာ ရက်စက်ကြမ်းကြုတ်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာပြီးတော့ ဒီတိုက်ကွက် တစ်ခုနဲ့ဆိုရင် အတိတ်က ပါရမီရှင်တွေကိုရော လက်ရှိ သက်တူရွယ်တူတွေ အားလုံးထက် သာလွန်တဲ့ အသန်မာဆုံး တိုက်ပွဲစွမ်းရည်ရှိတဲ့ ဒီပြိုင်ဘက်ကို အမြစ်ဖြုတ် သုတ်သင်ပစ် နိုင်ပါလိမ့်မယ်။ ဒါက သူ့ကို ကျေနပ်ပျော်ရွှင် စေပါတယ်။

ကျူးရှမ်အာနဲ့ တခြားသူမတို့ အုပ်စုက လူတွေက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပေမဲ့ ဟူးညိုကတော့ တည်တည်ငြိမ်ငြိမ်နဲ့ လင်းဟန်ကို ယုံကြည်မှုအပြည့် ရှိနေပါတယ်။ လင်းဟန် ဘာတွေများ ဖြစ်သွားမလဲဆိုပြီး ကျူးရှမ်အာတို့က စိတ်ပူနေကြတာလား။

ရှုပ်။

အဲဒီအချိန်မှာပဲ လင်းဟန်ရဲ့ ပုံရိပ်က ရုတ်တရက်ဆိုသလို ကွေးလိုက်ပြီး ဒီရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုကို ပွတ်ကာသီကာနဲ့ ရှောင်တိမ်းလိုက်ပါတယ်။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ကျော့မင်းရဲ့ မျက်နှာပေါ်က အပြုံးက ချက်ချင်းပဲ အေးခဲသွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အံ့အားသင့်မှုကနေ ပြန်ပြီးတော့ သတိဝင်လာတဲ့အထိ သူ့ကိုစောင့်မနေပဲ သူ့ရင်ဘတ်မှာ ကြောက်စရာကောင်းတဲ့ အေးစက်မှု တစ်ခုက ဖြတ်သွားခဲ့ပါတယ်။

လင်းဟန်က ဒီလိုမျိုး ပြန်ပြီးတော့ တုံ့ပြန်နိုင်စွမ်း ရှိနေလိမ့်ဦးမယ်လို့ သူလုံးဝ မထင်မှတ် ထားခဲ့ပါဘူး။ နောက်ပြီးတော့ သူက စောစောတုန်းက အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ တိုက်ကွက်

တစ်ခုကို ထုတ်ဖော်ခဲ့ပါတယ်။ ဒါကြောင့် သူ့အခြေအနေက သိပ်ပြီးတော့ မကောင်းပဲ ဒီဓားကို ရှောင်တိမ်းဖို့ဆိုတာ အခြေခံအားဖြင့်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဖူး။

ဓားက သူ့ရင်ဘတ် အလယ်တည့်တည့်ကို ထိမှန်သွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး ဒီခုတ်ချက်ကြောင့် လွင့်ထွက်သွားပြီး သူ့ရင်ဘတ်ကနေ သွေးတွေက ရေပန်းတစ်ခုလို ပန်းထွက်လာခဲ့ပါတယ်။

"မင်းရဲ့ စိတ်ဝိညာဉ်က ထိခိုက်မှု မရှိပဲ အကောင်းပတိ ဘယ်လိုလုပ်ပြီးတော့ ရှိနေသေးတာလဲ"

ကျော့မင်းက သူ့ရင်ဘတ်ကို လက်နဲ့အုပ်ထားလိုက်ပါတယ်။ သူထိခိုက် ဒဏ်ရာရရှိ ခံစားရခြင်းကို ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ တကယ်လို့ ဒီအကြောင်းကို

ရှင်းရှင်းလင်းလင်း နားလည်သဘောမပေါက်ရပဲ
သေသွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ နောင်တရနေပါလိမ့်မယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ဂေဖန်လိုက်ပါတယ်။

"ငါက မင်းကို ဘာဖြစ်လို့ ပြောပြရမှာလဲ"

အစောပိုင်းတုန်းက မြေနဂါးက သူ့ကို အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှု တစ်ခုနဲ့ တိုက်ခိုက်တဲ့ အချိန်အတွင်းမှာ သူ့ကို အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ရဲ့ အနည်းငယ် တုန်ခါလိုက်မှုနဲ့ သက်တောင့်သက်သာမရှိတဲ့ အရာတွေက ပျက်ပြယ်သွားခဲ့ပါတယ်။ သူက ရိုးရိုးရှင်းရှင်းလေးနဲ့ သူ့ပြိုင်ဘက်ဖြစ်သူအတွက် ထောင်ချောက် ဆင်ထားခဲ့တာ ဖြစ်ပါတယ်။

ကျော့မင်းက အရမ်းကို ဒေါသထွက်နေပြီး သူက တစ်ယောက်ယောက်ကို သတ်ချင်နေခဲ့ပါတယ်။ ဒါကသူ့ရဲ့

အဆုံးစွန် တိုက်ကွက်ဖြစ်ပြီးတော့ သိုင်းပညာ အသိစိတ် ကျောက်တုံးပေါ်က နံပါတ် ငါးဆယ့်တစ် နေရာကို ဒီတိုက်ကွက်ကြောင့် တစ်ဟုန်ထိုး ဂင်ရောက်လာနိုင်ခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါက လင်းဟန်အပေါ်မှာ အကျိုးသက်ရောက်မှု မရှိတာက သူ့ကို ရူးမတတ် ဖြစ်သွားစေခဲ့ပါတယ်။

ဒါက ပထမ နေရာနဲ့ နံပါတ် ငါးဆယ့်တစ် နေရာအကြားက ကွာဟချက်ကြီး ဖြစ်နိုင်ပဲ့မလား။

"ဝေါ့"

သူက ရုတ်တရက် သွေးတွေ အန်ထုတ်လိုက်ပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ သူ့နှလုံးသား အထဲကနေ ဒေါသတွေ အလိပ်လိုက် ထွက်လာပြီး ဒုတိယအချက်က သူ့ရင်ဘတ်ပေါ်က ဒဏ်ရာကို တောင့်ခံထားရတာကြောင့်လည်း ဖြစ်ပါတယ်။ သတ်ဖြတ်ခြင်း အရှိန်အဂါတွေက မရေတွက်နိုင်တဲ့ ဓားသေးသေးလေးတွေ အဖြစ်ကို ပြောင်းလဲသွားပြီး သူ့ခန္ဓာကိုယ် အတွင်းမှာ ရွေ့လျားလှည့်လည် သွားလာနေပြီး ဒီလိုမျိုး မရိုမဆန့်

ဝေဒနာက သူ့ကို သေချင်သွားအောင် ခံစားစေခဲ့ပါတယ်။ သူ့မျက်လုံးထဲကနေ သွေးမျက်ရည်တွေတောင်မှ စီးကျလာခဲ့ပါတယ်။

သူက အမုန်းတရားတွေ လောင်းကွှမ်းနေပြီး သူ့ရဲ့ ကိုယ်ပိုင် အဆုံးစွန် တိုက်ကွက်ကို ယုံကြည်မှု လွန်ကဲနေခဲ့တဲ့ အတွက်ကြောင့် မဟုတ်ပဲ သူက လင်းဟန်ကြောင့် လွယ်လွယ်နဲ့ ထိခိုက်နာကျင် စေရတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ စစ်မှန်တဲ့ ခွန်အားနဲ့ ပတ်သက်ရင် သူက လင်းဟန်ထက် အားမနည်းပါဘူး။ တကယ်တော့ သူလည်းပဲ အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့မှာ ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး မြင့်မားတဲ့ အားသာချက်လည်း ရှိနေပါတယ်။

အခုတော့ လူတွေအများကြီးရဲ့ မျက်စိအရှေ့မှာ ရှုံးနိမ့်သွားခဲ့ရပြီး ကျင့်ကြံခြင်းအဆင့် တစ်ဆင့်နိမ့်တဲ့ လူတစ်ယောက်ကြောင့် ရှုံးနိမ့်ခဲ့ရတာဖြစ်လို့ သူ့အနေနဲ့ ဒီလိုမျိုး အရှက်ကွဲမှုဒဏ်ကို ဘယ်လိုလုပ် တောင့်ခံနိုင်မှာလဲ။

လင်းဟန်က သူ့ရဲ့ဓားကို လှုပ်ယမ်းပြီးတော့ ကျော့မင်းကို သတ်ပစ်ဖို့ နောက်တစ်ကြိမ် အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူက ဒီကောင်ကို တစ်ခါတည်း အမြစ်ဖြတ် သုတ်သင်ပစ်ချင်နေပါတယ်။

ကျော့မင့်းက အလျင်အမြန်ပဲ နောက်ကိုဆုတ် လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ လက်ထဲမှာ မသေချင်ပါဘူး။ သူ့ဒဏ်ရာတွေ ပြန်လည်ကောင်းမွန်လာသရွေ့ စင်မြင့်ပေါ်ကို နောက်တစ်ကြိမ် ပြန်ရောက်လာဖို့ သူ့မှာ အခွင့်အရေးတစ်ခု ရှိပါသေးတယ်။ သူက သေချာပေါက် လင်းဟန်ထက် အားမနည်းပါဘူး။

ဒါပေမဲ့ သူက ခန္ဓာကိုယ်မှာ ဒဏ်ရာတစ်ခု ရရှိခံစားခဲ့ရပြီး ရွေ့လျားလှုပ်ရှားလိုက်တာနဲ့ သူ့ဒဏ်ရာကနေ သွေးတွေက အရှူးအမူး ပန်းထွက်လာခဲ့ပြီး သူ့ကို တုန်ခါပြီးတော့ လဲကျလုနီးပါး ဖြစ်စေခဲ့ပါတယ်။ သူ့ရဲ့ အမူအရာကလည်း ပိုပြီးတော့ ဖြူဖျော့လာခဲ့ပါတယ်။

လင်းဟန်က ရောက်လာခဲ့ပြီး ကျော့မင်းရဲ့ လည်ပင်းကို

ရည်ရွယ်ပြီးတော့ ဓားနဲ့ခုတ်လိုက်ပြီး ဒီတိုက်ပွဲကို ခေါင်းဖြတ်ကွက်မျက်ပြီးတော့ အဆုံးသတ်ဖို့ ရည်ရွယ်ထားပါတယ်။

ကျော့မင်းရဲ့ အမုန်းတရားတွေက သူ့ရဲ့ မျက်လုံးထဲမှာ ဒေါသမီးတောက်တွေအဖြစ် တောက်လောင်လို့ နေပါတယ်။ သူက ကိုယ့်ကိုကိုယ် အထင်ကြီးပြီးတော့ သူ့ကိုယ်ပေါ်မှာ အသက်ကယ်နိုင်တဲ့ တန်ဖိုးကြီး ရတနာ အမျိုးအစားတစ်ခုမှ ယူထားခြင်း မရှိပါဘူး။ နောက်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ သူ့ကိုသတ်ပုံတဲ့လူ မရှိနိုင်ဘူးလို့ ထင်မှတ်ထားခဲ့ပြီး နောက်တစ်ချက်က ဒီလိုမျိုး ရတနာ တစ်ခုကို ပိုင်ဆိုင်ထားပြီးတော့ မှီခိုနေမယ်ဆိုရင် သူ့ရဲ့ ရှေ့ရေးကို ထိခိုက်စေလိမ့်မယ်လို့ ထင်နေတာကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ သူက အရမ်းကို နောင်တရသလို ခံစားရပါတယ်။

သူမသေချင်ပါဘူး။ သူ အသက်ရှင်ချင်ပါတယ်။ တစ်ခုပဲ။ တကယ်လို့ သူအသက်ရှင် နေထိုင်နိုင်ခဲ့မယ်ဆိုရင် သူက လက်စားပြန်ချေနိုင်ပြီး လင်းဟန်ကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

ဓားချက်က အောက်ကို ကျဆင်းလာခဲ့ပါတယ်။

ထန်။

ပိန်ချည့်ချည့်နဲ့ ကျစ်လျစ်တဲ့ လက်တစ်ဖက်က ရုတ်တရက် ထွက်ပေါ်လာပြီး လက်ချောင်းလေး နှစ်ချောင်းနဲ့ ဓားကို ညှပ်ထားလိုက်ပြီး နည်းနည်းလေးတောင် အောက်ဘက်ကို ထပ်ပြီးတော့ ကျဆင်းလာခွင့် မပြုခဲ့ပါဘူး။

အနက်ရောင် အင်္ကျီကို ဝတ်ဆင်ထားတဲ့ အဘိုးအိုတစ်ဦး ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ သူက အတော်လေး အရပ်မြင့်ပြီး တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ်ရှိကာ သူ့ခန္ဓာကိုယ်ထဲမှာ မီးတောင်တစ်ခု ပါဝင်နေတဲ့ပုံစံနဲ့ အချိန်မရွေး ပေါက်ကွဲထွက်ပြီးတော့ မိုးကောင်းကင်ကို လောင်ကျွမ်းပြီး ကုန်းမြေတစ်ခုလုံး သုတ်သင်ပစ်တော့မဲ့ အတိုင်းပါပဲ။ သူက လင်းဟန်ဆီကို ကြည့်ပြီးတော့ ပြုံးပြလိုက်ကာ ပြောပါတယ်။

"လူငယ်လေး။ အရမ်းကို ရက်ရက်စက်စက်နဲ့ တိုက်ခိုက်လိုက်တာက မင်းရဲ့ နှလုံးသားက သေချာပေါက် ရက်စက်ကြမ်းကြုတ်တဲ့ စိတ်မိုက်စိတ်ရိုင်းတွေနဲ့ ရက်စက်ယုတ်မာမဲ့ ပုံစံမျိုး ဖြစ်နေတယ်"

လင်းဟန်က ဓားကို ပြန်မလိုက်ပါတယ်။ အဘိုးကြီးကလည်း ဒီလိုမျိုး သတ်ဖြတ်ခြင်း ဓားတစ်ချောင်းကို အတင်းအဓမ္မ ထိပ်တိုက်ရင်ဆိုင်ဖို့ မပံ့မရဲ ဖြစ်နေပါတယ်။ သူက သူ့လက်ကို ပြန်ရုတ်သိမ်းပြီးတော့ အနောက်ဘက်ကို ခုန်ဆုတ်လိုက်ပြီး တစ်ချိန်တည်းမှာပဲ ကျော့မင်းကိုလည်း ပွေ့ခေါ်သွားလိုက်ပါတယ်။

"ဆရာသခင်တုံးကို ဂါရဝ ပြုပါတယ်"

ကျော့မင်းရဲ့ အမူအရာက ကျေနပ်အံ့အားသင့်နေပုံ ရပါတယ်။ ဒါက လုံးဂကို မျှော်လင့်မထားတဲ့ အန္တရာယ်ကနေ ကယ်တင်ခြင်း အစစ်အမှန်တစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ပင်ကိုယ်စရိုက်နဲ့ဆိုရင် သူက

သူ့ကိုယ်သူ အကူအညီတောင်းဖို့ မေ့နေခဲ့ပါတယ်။

ဒီအဘိုးကြီးက တုံးမျိုးရိုး ဖြစ်ပြီးတော့ နာမည်ကတော့ ရန်ဂမ်လို့ ခေါ်ပါတယ်။ သူက မြေနဂါးဂိုဏ်းရဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ သူ့ကျင့်ကြံခြင်း အဆင့်က ကောင်းကင်အဆင့်မှာ ဖြစ်ပါတယ်။

တုံးရန်ဂမ်က ပြုံးပြီးတော့ ရိုသေလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

"ဟီးဟီး။ ဒီနေ့ကစပြီး မင်းက ဂိုဏ်းခေါင်းဆောင်က မင်းကို ချီးမြှင့်တဲ့ ရတနာ အဆောင်လက်ဖွဲ့ကို ကိုယ်နဲ့မကွာ အမြဲတမ်း ယူသွားဖို့ သတိထားနေရမယ်။ ထပ်ပြီးတော့ ကိုယ့်ကိုကိုယ် ယုံကြည်မှု လွန်ကဲမနေနဲ့။ အဆင်မခြင် လုပ်ရပ်တစ်ခုက မင်းကို ကျဆုံးသွားစေနိုင်တယ်"

"ဟုတ်ကဲ့ပါ"

ကျော့မင်းက ကပျာကယာ ခေါင်းညိတ်လိုက်ပါတယ်။ သူ့အသက်ကို ဒီအဘိုးကြီးက ကယ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျော့မင်းက ဘယ်လောက်ပဲ ရိုင်းစိုင်းသည်ဖြစ်စေ သူ့အနေနဲ့ ဒီအချိန်မှာ မာနမကြီးပုံ့ပါဘူး။

တုံးရန်ဂမ်က သူ့ရဲ့အကြည့်ကို လင်းဟန်ဆီ ချက်ချင်းပဲ ရွှေ့ပြောင်းပြီးတော့ သူ့အမူအရာက ခက်ထန်တင်းမာလို့ နေပါတယ်။

"သင်တန်းကျောင်း အတူတူက အပေါင်းအဖော် တပည့်တစ်ယောက်ကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ခုတ်သတ်ဖို့ လုပ်တဲ့ မင်းရဲ့ လုပ်ရပ်နဲ့ မင်းရဲ့ ပင်ကိုယ်စရိုက်က လူတစ်ယောက်ရဲ့ သွားတွေကိုတောင် တုန်လှုပ်သွားစေတယ်"

"ဒါပေမဲ့လည်း သင်တန်းကျောင်းရဲ့ အဓိက တန်ဖိုးတွေက အသက်တွေကို ကယ်တင်ဖို့နဲ့ အနာရောဂါကို ပျောက်ကင်းစေဖို့ပဲ

ဖြစ်တယ်။ အရင်ဆုံးအနေနဲ့ မင်းရဲ့ မောက်မာမှုကို ငါကုသပေးမယ်။ ပြီးတော့ မင်းကို အခက်အခဲဆိုတာ ဘယ်လိုမျိုးလဲဆိုတာကို နည်းနည်းလောက် မြည်းစမ်းခိုင်းရမယ်"

သူက မူလစွမ်းအင်တွေကို စုစည်းပြီးတော့ ကြီးမားနက်မှောင်တဲ့ လက်ကြီးတစ်ဖက် အဖြစ်ကို ပြောင်းလဲပြီး ရိုက်ချလိုက်ပါတယ်။ ဒီလက်ဝါးကြီးက မိုးကောင်းကင်ကနေ ရိုက်ချလိုက်တာ ဖြစ်ပြီးတော့ အပေါ်ကနေ လင်းဟာန်ရှိရာဆီကို နိမ့်ဆင်းကျလာပြီး ရိုက်ထည့်လိုက်တာ ဖြစ်ပါတယ်။

ဒါက တကယ့်ကို ရွံ့ရှာဖွယ် ကောင်းပါတယ်။ သူက ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကို စာရင်းရှင်း ပေးချင်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ အဲဒါကို ဒီလိုမျိုး စကားလုံးလှလှတွေ အသုံးပြုပြီး ဖုံးကွယ်ထားပါတယ်။

လင်းဟာန်ရဲ့ ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်း တစ်ခုအသွင်ကို ပြောင်းလဲသွားပြီးတော့ အချိန်မှီလေး အနောက်ဘက်ကို ဆုတ်သွားပြီး ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"အရှုံးကြီး။ ခင်ဗျားက မျက်နှာလိုချင်နေသေးတာလား။ ဒါက အစကတည်းက တစ်ယောက်နဲ့ တစ်ယောက် ဂုဏ်သိက္ခာအတွက် ယှဉ်ပြိုင်မှု တစ်ခုပဲ။ ကျုပ်တို့က တိုက်ခိုက်ဖို့ သဘောတူထားခဲ့မှတော့ လူတစ်ယောက်ရဲ့ သေရေးရှင်ရေးအတွက် တာဝန်ယူမှု ရှိသင့်တယ်။ ဒီမတိုင်ခင်က အန္တရာယ်ကြားထဲမှာ ကျုပ်ပြေးလွှားနေရတဲ့ အချိန်မှာ ဘာဖြစ်လို့ ခင်ဗျားက ခုန်ထွက်လာပြီးတော့ သူ့နဲ့အတူတူ မပြေးပေးတာလဲ။ လပြွတ်လိုချင်တာလား။ ဒါဆိုရင်လည်း တခြားသူတွေရဲ့ ကဲ့ရဲ့ရှုံ့ချမှာကို ဂရုစိုက်မနေပဲ ပွင့်ပွင့်လင်းလင်းနဲ့ ခင်ဗျားက ဘာကိုကြိုက်တယ် ဆိုတာကို ကြေညာလိုက်ပါလား"

တုံးရန်ဂမ်က ဒေါသတွေ ထွက်ပြီးတော့ သူ့ခန္ဓာကိုယ်က တဆတ်ဆတ် တုန်ခါလို့ လာခဲ့ပါတယ်။ ဒီသနားစရာကောင်းတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူက သူ့ကို ဒီလိုမျိုး ရိုင်းရိုင်းစိုင်းစိုင်းနဲ့ ပြောဆိုဆက်ဆံနေတာလား။ သူက ကောင်းကင်အဆင့် အထွတ်အထိပ်မှာ ဖြစ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ခြေတစ်လှမ်း အကွာမှာပဲ ရှိပါတော့တယ်။ သူဘယ်နေရာကို သွားသွား

ကြည်ညိုလေးစားခြင်းကို ခံရသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ ပြစ်တင်ဝေဖန် ရှုတ်ချတဲ့ စကားတွေနဲ့ ပြောဆိုတာ ခံရပြီး အဲဒါက သူ့ကို ဒေါသတွေ ဖုံးလွှမ်းကာ ရူးသွပ်လုမတတ် ဖြစ်သွားစေခဲ့ပါတယ်။

"ကောင်လေး မင်းကတကယ်ပဲ ငါ့ကို စော်ကားမော်ကား စကားတွေ ပြောဝံ့တာလား"

သူက ပြစ်တင်ကြိမ်းမောင်း လိုက်ပြီးတော့ သူ့မျက်လုံးထဲမှာတော့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ တောက်လောင်လို့ နေပါတယ်။

သူက လင်းဟာန်ကို မသတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက စွမ်းရည်ကို တန်ဖိုးထားပါတယ်။ အစေခံတစ်ယောက် အနေနဲ့ဆို လင်းဟာန်က မဆိုးပါဘူး။ တစ်နေ့နေ့မှာ သူ့ကို တန်ခိုးရှင်ဘုံကို ပို့ဆောင်ပြီး အယူအဆ အသစ်တွေ ရိုက်သွင်းပြီးတဲ့နောက်မှာ သူက အရည်အချင်း ပြည့်မီတဲ့ အစေခံတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။ လင်းဟာန်က သူ့ကို အကြင်နာတရား ကင်းမဲ့စွာနဲ့ ကျိန်ဆိုရဲတာကြောင့် သူ့ရဲ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ

ထွက်ပေါ်လာခဲ့တာ သဘာဂ ကျပါတယ်။

သူက အစေခံ တစ်ယောက် သာသာပါပဲ။ ဒါကြောင့် တကယ်လို့ သူသေတော့ရော ဘာဖြစ်လဲ။ ဘယ်လောက်ပဲ ထူးချွန်ထက်မြက်တဲ့ ပါရမီရှိရှိ ကိစ္စမရှိပါဘူး။ သူက တခြား အစေခံ ဆယ်ယောက်ကို အသုံးပြုပြီးတော့ ဒီကွာဟချက်အတွက် လျော်ကြေးပေးလိုက်ရင် အားလုံး အဆင်ပြေသွားမယ် မဟုတ်လား။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

"လူညစ်ပတ် အဘိုးကြီး ဘာဖြစ်လို့ ခင်ဗျားကို မကျိန်ဆဲနိုင်ရမှာလဲ။ ငါက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တယ်။ ငါ့ရဲ့အဆင့်အတန်းက ခင်ဗျားနဲ့ အတူတူပဲ။ ဒါကြောင့် ဘာဖြစ်လို့ ကျုပ်က ခင်ဗျားကို မကျိန်ဆိုနိုင်ရမှာလဲ ဆိုတာကို ပြောကြည့်စမ်းပါ"

တုံးရန်ဂမ်က အထင်အမြင်သေးစွာနဲ့ ကဲ့ရဲ့ပြီးတော့

ရယ်လိုက်ပါတယ်။ တကယ်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်းရာဂဏန်း
အနည်းငယ်လောက်ကဆိုရင် သူက ကောင်းကင်အဆင့်
မော်ဆေးပညာရှင် တစ်ယောက်ကို စိတ်အနှောင့်အယှက်
ဖြစ်စေချင်မှာ မဟုတ်ပါဘူး။ မော်ဆေးပညာရှင် အဖွဲ့အစည်းနဲ့
ဆက်ဆံရေးကို ထိခိုက်သွားနိုင်ပြီး ဘုံတစ်ခုလုံးရဲ့
သိုင်းပညာရပ်တွေ အပေါ်မှာ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။

ဒါပေမဲ့ အခုရော။ လောကဘုံ ဆေးလုံးကို ဖော်စပ်ဖို့ လက်တစ်ကမ်း
အကွာကို ရောက်လာပါပြီ။ ပြီးတော့ သူတို့အတွက် အသုံးမပြုပဲ
ချန်ထားလို့ရော ဘာထူးမှာလဲ။ မော်ဆေးပညာရှင် တစ်ယောက်ကို
ဘာလို့အသုံးပြုမှာလဲ။ အများဆုံး သူတို့က ပုံမှန်ထက် သာလွန်တဲ့
ထူးချွန်ထက်မြက်သူ ပါရမီရှင် အနည်းငယ်ကိုပဲ တန်ခိုးရှင်ဘုံကို
ခေါ်သွားဖို့ လိုအပ်ပြီး သူတို့ကို တိုးတက်လာအောင်
လေ့ကျင့်ပေးပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေက
အစေခံနောက်လိုက် ဖြစ်လာရပါလိမ့်မယ်။

သာမန်အစေခံ တစ်ယောက်လောက်က အရမ်းကို စိတ်ကြီးဝင်
မောက်မာတဲ့ အမူအရာ ရှိနေတာ ဘာလုပ်ရမှာလဲ။

"ဒါဆိုရင် မင်းက တကယ်ပဲ မင်းကိုယ်တိုင် ပျက်စီးရာ ပျက်စီးကြောင်းကို ရှာနေတာပဲ"

တုံးရမ်ဂမ်ရဲ့ သတ်ဖြတ်ခြင်း အရှိန်အဟုန်က တဟုန်းဟုန်း တောက်လောင်လို့ နေပါတယ်။

"အပေါင်းအဖော် တပည့်တွေကို ထိခိုက်ဒဏ်ရာရစေအောင် လုပ်ပြီးတော့ မင်းရဲ့ စီနီယာတွေကို ကျိန်ဆဲခဲ့တယ်။ ဒီလိုမျိုး မရှိမသေ လုပ်ရပ်က အပြစ်ပေးကို ပေးရမယ်။ ငါက ကောင်းကင် ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ကိုယ်စား အပြစ်ဒဏ်ကို စီရင်ပေးမယ်"

"ခင်ဗျားရဲ့ ဂါရင့်နေတဲ့ အရှိန်အဟုန်ကို အသုံးပြုပြီးတော့ ဒီလိုမျိုး စကားတွေ ပြောဖို့ဆိုတာ အေးဆေးပါပဲ။ ခွေးအိုကြီး ခင်ဗျားကို အရှက်မရှိ မျက်နှာပြောင်တဲ့ နေရာမှာ အားလုံးထက် ပိုမြင့်တဲ့ နေရာမှာ ကျုပ်ထားပေးပါရစေ။ ကျုပ် တကယ့်ကို စိတ်ရင်းနဲ့

အထင်ကြီးမိပါတယ်”

လင်းဟန်က လျှောင်ပြောင်သရော်ပြီးတော့ လျှောင်ပြုံး ပြုံးလိုက်ပါတယ်။

“သေစမ်းကွာ”

တုံးရန်ဂျမ်က ဆက်ပြီးတော့ သည်းမခံနိုင်တော့ပဲ လက်ဂါးနဲ့ နောက်တစ်ကြိမ် ထပ်ရိုက်လိုက် ပါတယ်။ ဒီတစ်ကြိမ်တော့ သူ့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒကို လုံ့ဆော်ပြီး ဇရမာ လက်ကြီးက အရင်ကထက် ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ပေ့ယမ်းပြီးတော့ ရိုက်ချလိုက်ပါတယ်။ တစ်ခုပြီးတစ်ခု သင်္ကေတတွေ လင်းလက်တောက်ပလာပြီး ကောင်းကင်အဆင့်ရဲ့ ခံ့ညားထယ်ဂါတဲ့ အရှိန်အဂါက လေးလံစွာနဲ့ ဖိနှိပ်လာခဲ့ပါတယ်။ လေထုတစ်ခုတည်းနဲ့တင် သာမန်စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို အစိတ်စိတ် အပိုင်းပိုင်း ပြိုလဲသွားဖို့ လုံလောက်ပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်က ပေါ့ပါးသွက်လက်စွာနဲ့ ရှောင်တိမ်းလိုက်ပြီး ကျူးရွှမ်အာရဲ့ ဘေးနားကို ရောက်ရှိသွားပါတယ်။ အဲဒီနောက် သူရဲ့လက်မောင်းတွေကို ဆန့်ထုတ်ပြီးတော့ သူမကို ပွေ့ချီပြီးတော့ တရစပ် အော်ပြောလိုက်ပါတယ်။

"ဟူးညို၊ ယုန်ဖြူကြီး သွားကြစို့"

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရမယ် ဟုတ်လား။ ငတုံးတွေပဲ ဒီလိုမျိုး အရာတစ်ခုကို လုပ်ပါလိမ့်မယ်။

Chapter 729 end

ဂုဇပြီးပြီကော်

Zaw.အပိုင်း(၇၃၀) လွှတ်မြောက်ခြင်း

လင်းဟန်က ကျူးရှမ်အာကို ဖမ်းဆုပ်ကိုင်ပြီးတော့ တခြားသူတွေကိုတော့ စိတ်အနှောင့်အယှက် ဖြစ်မခံပါဘူး။

ယွမ်ချမ်ဟဲနဲ့ လီဖန်းယုတို့က သူ့လက်အောက်က ဆိုပေမဲ့ သူတို့နှစ်ယောက်စလုံးက ကောင်းကင် ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေလည်း ဖြစ်ပါတယ်။ တုံးရန်ဂမ်အနေနဲ့ သူ့လက်တွေနဲ့ သူတို့ကို တိုက်ခိုက်တာမျိုး တုံးအတဲ့ အရာတစ်ခုကို ကမူးကရူးနဲ့ လုပ်လိမ့်မှာ မဟုတ်ပါဘူး။ ဟူးညို့နဲ့ ယုန်ဖြူကြီး အတွက်ကတော့ သူတို့ရဲ့ အမြန်နှုန်းတွေက သူနဲ့သိပ်မကွာ ကြပါဘူး။ ဒါကြောင့် သူ့အနေနဲ့ သူတို့ကို သယ်သွားစရာ မလိုပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ဂန်ထုပ်ဂန်ပိုးနည်းလေ လင်းဟန်ရဲ့ အမြန်နှုန်းက ပိုပြီးတော့ လျင်မြန်လေပါပဲ။

သူက လျှပ်စီးခန္ဓာကိုယ် တစ်ခုအထိ တိုးတက်လာခဲ့ပြီးတဲ့ နောက်မှာ သူ့ရဲ့အမြန်နှုန်းက ခန့်မှန်းလို့ မရနိုင်တဲ့ အမြင့်ကို ရောက်ရှိနေပါပြီ။ ဒါပေမဲ့ အဲဒီအမြန်နှုန်းက ကောင်းကင်အဆင့်ရဲ့

အမြန်နှုန်းနဲ့အတူ နိုင်းယှဉ်လို့ ရနိုင်ရရုံသာသာပဲ ရှိသေးတယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ သူက လူတွေအများကြီးကို သယ်သွားမယ်ဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ထဲက လွတ်မြောက်ဖို့ ထွက်ပြေးတယ်ဆိုတာက တကယ့်ကို ရူးသွပ်လွန်းရာ ကျသွားပါလိမ့်မယ်။

"ထွက်ပြေးချင်သေးတာလား"

တုံးရန်ဂမ်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ခြေလှမ်းကျဲကြီးနဲ့ အရှေ့ကို တိုးလာပြီး သူတို့တွေကို ဖမ်းဆုပ်ဖို့ ရောမ လက်ဝါးကြီးတစ်ခုကို ပေါ့ပါးသွက်လက်စွာနဲ့ ထုတ်ဖော်လိုက်ပါတယ်။

သူက လျင်မြန်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ကလည်း မနှေးပါဘူး။ မိုးစွာတန်ခိုးရှင် ခြေလှမ်းသိုင်းကို အသုံးပြုပြီး လင်းဟာန်ရဲ့ ပုံရိပ်က တရွှေ့သရဲဆန်ဆန်နဲ့ လေထဲမှာ ပေါ့ပါးသွက်လက်စွာ လွင့်မျောနေပါတယ်။ တစ်ချိန်တည်းမှာပဲ လင်းဟာန်က သူရဲ့ဓားကို

ဆွဲထုတ်ပြီး အနောက်ဘက်ကို ခုတ်ချလိုက်ပါတယ်။ လင်းလက်တောက်ပနေတဲ့ ဓားအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး မရဏဓားရဲ့ အစွမ်းကိုပါ ထည့်ပေါင်းလိုက်ရင် ဒီတိုက်ခိုက်မှုက သူ့စွမ်းရည်တွေရဲ့ ကြီးမားမှုကို ဖော်ပြနေပါတယ်။

တုံးရန်ဂမ်တောင်မှ ဒီတိုက်ခိုက်မှုက သူ့ကို ထိမှန်သွားခွင့် မပြုဝံ့ပါဘူး။ ဒါကြောင့် သူက သူ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ ဒီတိုက်ခိုက်မှုရဲ့ ခြိမ်းခြောက်နိုင်မှုကို ဖြေရှင်းဖို့ ရွေးချယ်စရာ မရှိတော့ပဲ ညာဘက်လက်ကို အနည်းငယ် လှုပ်ခါပြီးတော့ စွမ်းအင်စီးကြောင်း တစ်ခုကို ထုတ်ဖော်လိုက်ရပါတယ်။

လင်းဟာန်က ဒီအခွင့်အရေးကို အမိအရ ဖမ်းဆုပ်ပြီး တော်တော်ဝေးတဲ့ အကွာအဝေး ရောက်အောင်လို့ ပျံသန်းလိုက်ပါတယ်။ ကျူးရှမ်အာကို သူ့ရဲ့လက်နဲ့ ကိုင်ပြီးတော့ နောက်ကျောပေါ်ကို တင်လိုက်ပြီး လင်းဟာန်အတွက် သူမကို ဖမ်းဆုပ်ထားဖို့ စွမ်းအင်သုံးစွဲစရာ မလိုတော့ပါဘူး။ လင်းဟာန်က နေဝင်ဆည်းဆာလေးကို ဆင့်ခေါ်ပြီးတော့ သူ့ရဲ့မူလစွမ်းအင်ကို မြားတစ်ချောင်းအဖြစ် စုစည်းလိုက်ပြီးတော့ ဆက်တိုက်ပစ်လွှတ်

လိုက်ပါတယ်။

ရှုပ် ရှုပ် ရှုပ်။

သူက မြားအစစ်ကို ဆွဲမထုတ်ခဲ့ပေမဲ့ လျှို့ဝှက်ဆန်းကြယ်မှု စွမ်းအားသုံးခုကို အတူတကွ ပေါင်းစပ်ခြင်းက လုံးဝကို အံ့အားသင့်ဖို့ ကောင်းနေဆဲပါပဲ။ တုံးရန်ဂမ်က ရွေးချယ်စရာ မရှိတော့ပဲ သူ့လက်နှစ်ဖက်စလုံးကို ထပ်ခါထပ်ခါ ဝှေ့ယမ်းပြီးတော့ မူလစွမ်းအင် မြားတွေကို ရိုက်ထုတ်ပစ် လိုက်ပါတယ်။ ဒါက သူ့ကို အံ့အားသင့် သွားစေသလို ဒေါသလည်း အကြီးအကျယ် ထွက်သွား စေခဲ့ပါတယ်။

သေစမ်းကွာ။ သူ့ရဲ့ကျွမ်းကျင်မှုက လင်းဟန်ထက် အပြတ်အသတ်ကို သာလွန်ပါတယ်။ ဒါတောင်မှ တစ်ဖက်လူရဲ့ လိမ္မာပါးနပ်တဲ့ တရစပ် တိုက်ခိုက်မှု တစ်ခုနဲ့ လုံးထွေးနေရပြီး တစ်ဖက်လူရဲ့ ပုံရိပ်က အဝေးကို ရောက်သွားတာနဲ့ ပတ်သက်ပြီး ဘာမှမတတ်နိုင်ပဲ ကြည့်နေလိုက် ရပါတယ်။

အဆုံးမှာတော့ သူက ဒေါသတွေ အပြင်းအထန် ထွက်လာပြီး သူ့ခန္ဓာကိုယ်ထဲက သွေးတွေအားလုံး ဆူပွက်လာခဲ့ပါတယ်။ သူ့အနေနဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေကို ထပ်ပြီးတော့ အာရုံမစိုက်တော့ပါဘူး။ သူက မာန်ဟုန်ပြင်းတဲ့ မြားတစ်စင်း အသွင်ကို ပြောင်းလဲလိုက်ပြီး လင်းဟန်နောက်ကို တစ်ဟုန်ထိုး လိုက်ပြီးတော့ ဖမ်းဆီးလိုက်ပါတယ်။ ရှပ် ရှပ် ရှပ်။ မူလစွမ်းအင် မြားတွေက သူ့ခန္ဓာကိုယ်ကို ထိမှန်သွားခဲ့ပါတယ်။ မြားတွေက သူ့ရဲ့အဂတ်အစားတွေကို ထိုးဖောက်သွားပြီး ကြွက်သားတွေတောင် ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က တန်ဖိုးကြီးတဲ့ သတ္တုနဲ့ သွန်းလုပ်ထားသလိုမျိုး ဖြစ်နေပါတယ်။

မြေနဂါးဂိုဏ်းမှာ အားလုံးက ခန္ဓာကိုယ် ကျင့်စဥ်တွေကို ကျင့်ကြံအားထုတ် ကြပါတယ်။

တံုးရန်ဂမ်ရဲ့ ပါရမီက ကျော့မင်းရဲ့ ပါရမီလောက် မကောင်းမွန်ဘူးဆိုတာ သေချာပါတယ်။ ဒါပေမဲ့ ကောင်းကင်အဆင့်ကို တက်ရောက်နိုင်စွမ်း ရှိတာကြောင့်

သူလည်းပဲ သာမန်လူ တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ သူ့ကျင့်ကြံခြင်းအဆင့် ပိုမြင့်မားလေ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ်အဆင့်တွေလည်း ပိုပြီးတော့ မြင့်မားလာပါလိမ့်မယ်။ သူ့ရဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်ကို အသုံးပြုပြီးတော့ အရည်အသွေးပိုင်း ကွာဟချက်ကို ဖာထေးနိုင်ပါတယ်။

သူက ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို ထိပ်တိုက်ရင်ဆိုင်ပြီး လင်းဟန်ရှိတဲ့ အရပ်မျက်နှာဘက်ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ကောင်းကင်အဆင့်တွေက တကယ့်ကို ပြဿနာကောင်တွေပဲ။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်အတွက် ဒီလောက်ထိ လုပ်နိုင်တာ တော်တော်လေးကို များပါပြီ။ ဒါက တကယ့်ကို အံ့ဩလောက်အောင် အစွမ်းပြနိုင်မှု တစ်ခုအဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။ လင်းဟန်က ရွေးချယ်စရာ မရှိတော့ပဲ မြားအစစ်

တစ်ချောင်းကို တပ်ပြီးတော့ သူ့ရဲ့ခွန်အား အပြည့်အစုံနဲ့ နေဂင်ဆည်းဆာလေးကို အသားကုန် ဆွဲပြီးတော့ တုံးရန်ဂမ်ဆီကို ပစ်လွှတ်လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ပြင်းထန်လွန်းပါတယ်။ တုံးရန်ဂမ်တောင်မှ ထိပ်တိုက်ရင်ဆိုင် တုံ့ပြန်ဖို့ မပံ့ရဲတာကြောင့် သူ့လက်ဂါးနဲ့ ပှေ့ယမ်းရိုက်လိုက်ပြီးတော့ မြားကို အဝေးရောက်အောင် ပုတ်ထုတ်လိုက်ရုံပဲ လုပ်နိုင်ပါတယ်။

ဒါက အချိန်နည်းနည်းလေး ဆိုပေမဲ့ လင်းဟန်က နောက်တစ်ကြိမ် အခွင့်ကောင်း ယူပြီးတော့ အဝေးကို ထပ်ပြီးရောက်သွားကာ သူတို့နှစ်ယောက် အကြားက အကွာအဝေးက ပိုပြီးတော့ ကျယ်ပြန့်လာခဲ့ပါတယ်။

"အရှက်မရှိတဲ့ အဘိုးကြီးစုတ် ကျုပ် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်တဲ့အထိ စောင့်နေဦး။ အဲဒီအချိန်ကျရင် ကျုပ်က ခင်ဗျားရဲ့ ခွေးခေါင်းကို လာပြီးတော့ ဖြတ်ပစ်မယ်"

ဒီစကားလုံးတွေ ပြောပြီးတော့ လင်းဟန်က ချာခနဲလှည့်ပြီး အလျင်စလိုနဲ့ အဝေးကို အမြန်နှုန်း အပြည့်အဝ အသုံးပြုပြီးတော့ ထွက်ပြေးသွားပါတယ်။

ဟူးညိုကလည်း တုံးရန်ဂမ်ကို မျက်နှာပြောင် လျှာထုတ်ပြပြီးတော့ ပြောလိုက်ပါတယ်။

"အဘိုးကြီးစုတ်။ နောက်တစ်ကြိမ်ကျရင် ညိုးညိုး နင့်ကို လာပြီးတော့ ရိုက်ထုတ်ပစ်မယ်"

ယုန်ဖြူကြီးကတော့ အပြစ်ကင်းစင်တဲ့ ပုံစံမျိုး ဟန်ဆောင်နေပါတယ်။ သူက ဘာမှလည်း မလုပ်ထားပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့အနောက်ကနေ လိုက်ပြီးတော့ လွတ်အောင်လို့ ထွက်ပြေးနေရတာလဲ။

"ဘာဖြစ်လို့ ငါက မင်းတို့နဲ့အတူ ထွက်ပြေးနေရတာလဲ။ ဒါက

အရမ်းကို မှားတယ်လို့ ငါခံစားနေရတယ်”

ယုန်ဖြူကြီးက မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

“မင်းက စိတ်ဂိညာဉ် ဆေးပင်တွေ အများကြီးကို တတိတိနဲ့ ခိုးယူခဲ့ပြီး တစ်ကြိမ်လည်းမဟုတ် နှစ်ကြိမ်လည်း မဟုတ်ဘူး။ အဲဒါကို မှူတတယ်လို့ ထင်နေတာလား”

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ သူ့ခြေလှမ်းတွေ အောက်က ပြင်းထန်တဲ့ လေတွေက သူ့ပြေးအားကို ပိုပြီးတော့တောင် လျင်မြန်စေပါတယ်။

တုံးရန်ဂမ်က နောက်တစ်ကြိမ် လိုက်ဖမ်းပေမဲ့ သူက အနောက်မှာ အများကြီး ပြတ်ကျန်ရစ် ခဲ့တာကြောင့် ခြေလှမ်းအနည်းငယ် လိုက်ပြီးတဲ့ နောက်မှာတော့ သူက လင်းဟာန်ရဲ့ အရိပ်အယောင်ကို မတွေ့ရတော့ပဲ စိတ်ပျက်လက်ပျက်နဲ့ ရပ်လိုက်ရပါတယ်။

အချိန်တော်တော်ကြာအောင် ထွက်ပြေးလာပြီးတဲ့ နောက်မှာတော့ လင်းဟန်က သူ့အမြန်နှုန်းကို လျှော့ချလိုက်ပါတယ်။ မြေပုံအရ သူတို့တွေက ဆေးဥယျာဉ်နဲ့ အရမ်းကို လျင်မြန်စွာ ချဉ်းကပ်လာခဲ့ပါပြီ။

"ယုန်ဖြူကြီး။ ဆေးဥယျာဉ်က အရှေ့တည့်တည့်မှာပဲ။ ဒါကြောင့် မင်းအနံ့ခံမယ်ဆိုရင် ဘယ်လိုလဲ"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

ယုန်ဖြူကြီးက သူ့တံတွေးတွေကို မျိုချပြီးတော့ ခေါင်းမာမာနဲ့ စကားကို ကပ်သီးကပ်ဖဲ့ ပြောလိုက်ပါတယ်။

"မင်းထင်တာက ဒီကျွှာကြီးကို ငါကမမြင်ဖူးပဲ မုန်လာဥ နည်းနည်းလေး အတွက်နဲ့ ငါ့ကိုယ်ငါ ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူးလို့ ထင်နေတာလား"

ရွှေရှာကြွက်ကလည်း လင်းဟန်ရဲ့ အရှေ့ကို တွားသွားပြီးတော့ ရောက်လာပြီး သူ့မျက်လုံး ပိုင်းပိုင်းကြီးတွေမှာ မျှော်လင့်စောင့်စားမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ စိတ်ဝိညာဉ် ဆေးပင်တွေက သူအနှစ်သက်ဆုံး အရာတွေပါပဲ။

"ညီးညီးလည်း လိုချင်တယ်"

ဟူးညိုကလည်း ပျော်ရွှင်ရအောင်လို့ ပူးပေါင်းလိုက်ပါတယ်။

လင်းဟန်က ချွေးစေးတွေ ပျံလာခဲ့ပါတယ်။ သူ့ဘေးမှာ လေးယောက်ရှိပြီးတော့ သုံးယောက်က တကယ့်ကို စူဇကာ ပုဏ္ဏားတွေပါပဲ။

သူတို့က အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပြီး နောက်ဆုံးတော့ တစပြင်နေရာကို ကျော်လွန်လာပြီး အရှေ့တည့်တည့်မှာ မြက်ခင်းလွင်ပြင်နဲ့ စိမ်းလန်းစိုပြေတဲ့ သစ်တောနယ်မြေကို ရောက်လာခဲ့ပါတယ်။ နောက်ပြီးတော့ တစ်စစီ စုတ်ပြတ်နေတဲ့

ခြံဝင်းနံရံ တစ်ခုကိုလည်း တွေ့မြင်လိုက်ရပြီး ဒီနေရာက အတော်လေးကို ထိခိုက်ပျက်စီးလို့ နေပါတယ်။

"ဒါ ဒါက ဆေးဥယျာဉ်လား"

လင်းဟာန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

စိတ်ဂိညာဉ် ဆေးပင်တွေက သဘာဝကြောင့် ရှင်သန်တယ်ဆိုပေမဲ့ အရမ်းကို ပြုစုပျိုးထောင် ပေးရပါတယ်။ သူတို့ရဲ့ ဖွံ့ဖြိုးကြီးထွားမှုအတွက် လိုအပ်ချက် အခြေအနေတွေကလည်း အရမ်းကို ကျပ်တည်းပါတယ်။ ဒီလိုမျိုးကြောင့် ဒီဆေးဥယျာဉ်ကို မရေမတွက်နိုင်တဲ့ နယ်မြေတွေ အဖြစ်ကို ပိုင်းခြားထားပြီး နယ်မြေတိုင်းမှာ သူ့ကိုယ်ပိုင် ထူးခြားတဲ့ အစီအရင်တွေ ရှိပါတယ်။ အဲဒါက စိတ်ဂိညာဉ် ဆေးပင်တွေရဲ့ အမျိုးအစားအားလုံး ဖွံ့ဖြိုးကြီးထွားဖို့ သင့်တော်မှုကို ပြောင်းလဲပေး နိုင်ပါတယ်။

ဒါပေမဲ့ ဒီနေရာက အတော်လေးကို ထိခိုက်ပျက်စီး

ခံစားနေရပါတယ်။ ဂဏ်ပါ အစီအရင် အများစုက
ပျက်စီးသွားခဲ့ပါပြီ။ ဒါကြောင့် ဒီနေရာမှာ အစတုန်းက
ပေါက်ဖွားရှင်သန်နေတဲ့ စိတ်ဂိညာဉ် ဆေးပင်တွေကို ကြီးမားတဲ့
ပျက်စီးခြင်း ဒုက္ခကြီးတစ်ခု ဖြစ်စေပါတယ်။ မျက်လုံးနဲ့
မြင်တွေ့ရသလောက်တော့ ဒီနေရာမှာ သာမန်သစ်ပင်တွေနဲ့
အပင်တွေပဲ ကျန်ပါတော့တယ်။

ဒီနေရာမှာ စိတ်ဂိညာဉ် ဆေးပင်တချို့ ရှိနေနိုင်သေးပေမဲ့ သူတို့ကို
ရှာဖွေရမယ်ဆိုရင် အချိန်အနည်းငယ်နဲ့ ပြီးမြောက်မဲ့ ကိစ္စတော့
မဟုတ်နိုင်ပါဘူး။

"ယုန်ဖြူကြီး အခုက မင်းတောက်ပရမဲ့ အချိန်ကို ရောက်လာပြီ"

လင်းဟန်က ပြောလိုက်ပါတယ်။

"ထွီ ငါက ဒီလိုမျိုး အနံ့ခံတဲ့ ခွေးတစ်ကောင် မဟုတ်ဘူး"

ယုန်ဖြူကြီးက ချက်ချင်းပဲ ပြန်ခံပက် လိုက်ပါတယ်။

"မြန်မြန် ရှာစမ်း"

ဟူးညိုက ယုန်ဖြူကြီးကို စိုက်ကြည့်ပြီး ပြင်းပြင်းထန်ထန်နဲ့ အမိန့်ပေးလိုက်ပါတယ်။ နောက်ပြီးတော့ ရက်စက်မဲ့ လေသံနဲ့ ဆက်ပြောလိုက်ပါတယ်။

"အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါနင့်ကို စားပစ်ရလိမ့်မယ်"

ယုန်ဖြူကြီးက ဘယ်သူ့ကိုမှ မကြောက်ပါဘူး။ ဒါပေမဲ့ ဟူးညိုရဲ့ စကားတွေက သူ့ကိုချက်ချင်းပဲ သတိပေးလိုက်သလို ဖြစ်သွားပြီး စိတ်ဂိုညာဉ် ဆေးပင်တွေကို ရှာဖွေဖို့အတွက် နှာခေါင်းကို တရှုံ့ရှုံ့ လုပ်ပြီးတော့ ဦးဆောင်လိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာက အရမ်းကို ကျယ်ပြန့်ပြီး ယုန်ဖြူကြီးမှာ

ခွေးတစ်ကောင်လို နှာခေါင်းရှိရင်တောင် စိတ်ဂိညာဉ် ဆေးပင်တွေရှိတဲ့ နေရာအမှန်ကို အနံ့ခံနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ သူတို့တွေက ပတ်ဂန်းကျင် နေရာအနံ့ကို မရပ်မနား လည်ပတ်ရှာဖွေခဲ့ပေမဲ့ ယုန်ဖြူကြီးက သူ့ရဲ့ခေါင်းကို အဆက်မပြတ် ခါနေပြီး ဘယ်နေရာမှာမှ စိတ်ဂိညာဉ် ဆေးပင်ရဲ့ ရနံ့နဲ့ ပတ်သက်ပြီး ဘာသဲလွန်စမှ မရဘူးဆိုပြီး ပြောပါတယ်။

သုံးရက်အချိန် ကုန်လွန်သွားခဲ့ပြီး သူတို့တွေအတွက် အကျိုးအမြတ် ဖြစ်ထွန်းခြင်း မရှိပါဘူး။ ဒါကြောင့် သူတို့က ဒီနေရာကနေ စွန့်ခွာပြီးတော့ လန်ရစာကြည့်တိုက်ဆီကို အရင်ဆုံး သွားကြည့်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

သူတို့ရဲ့ ဦးတည်ချက် ပြောင်းလဲပြီးတဲ့ နောက်မှာတော့ သူတို့က ဆက်ပြီးတော့ ခရီးထွက်လာခဲ့ ကြပါတယ်။ အနည်းဆုံး နေ့တစ်ဂက်လောက် ကြာပြီးတော့ သူတို့တွေက အင်ပါယာ နန်းတော်တွေ တော်တော်များများကို ဖြတ်ကျော်လာခဲ့ပါတယ်။ ဒီနန်းတော်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် ခံ့ညားထယ်ဂါပေမဲ့ အခုတော့ လုံးဂကို ပျက်စီးလုနီးပါး ဖြစ်နေပါပြီ။

ဘယ်လောက်ပဲ ပေးကွာတဲ့ အကွာအဝေးပဲဖြစ်ဖြစ် လူတစ်ယောက်က မိဿစွာသားရဲကောင်တွေရဲ့ သူတို့ကို အမဲလိုက်နိုင်တဲ့ လက္ခဏာတွေကို ရှာဖွေတွေ့ရှိ နိုင်ပါတယ်။

သူတို့တွေက အင်ပါယာမြို့ရှိတဲ့ နေရာကို ဆက်ပြီးတော့ အရမ်းကို သတိထားပြီး ရွှေ့လျားလာခဲ့ ကြပါတယ်။ ဒီနေရာမှာ မိဿစွာသားရဲကောင်တွေက လှည့်လည်ကျက်စားနေပြီး ပေါ့ပေါ့ပါးပါး နေလို့ မရပါဘူး။ နောက်ပြီးတော့ ဒီနေရာကို လေ့လာစူးစမ်းနေတဲ့ တခြားအစွမ်းထက် ကျင့်ကြံသူတွေ ရှိပါသေးတယ်။ သူတို့တွေက ဂရုမစိုက်ပဲ လုပ်လို့ရနိုင်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုး ရှေးဟောင်းနယ်မြေတစ်ခုမှာ ရတနာတွေကို ရှာဖွေရတာက ဘယ်သူကမှ လောကဂတ် စကားတွေ ဆိုပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်ခံလိမ့်မှာ မဟုတ်ပါဘူး။ အခွင့်အရေး ရတနာနဲ့ သူတို့ရရှိထားတဲ့ ရတနာတွေကို ရယူဖို့ တခြားလူတွေကို သတ်ဖြတ်ပစ် ကြပါလိမ့်မယ်။

သံသယ ရှိစရာ မလိုအောင်ပဲ အရေးကြီးတဲ့ အချက်က

မို့စွာသားရဲကောင်တွေကို ရှောင်တိမ်းရပါသေးတယ်။ ဒီနေရာမှာ ထူးထူးခြားခြား အစွမ်းထက်တဲ့ အရှိန်အဟုန်တချို့ ရှိနေပြီး ကောင်းကင်အဆင့်ကို ရောက်နေကြပါတယ်။ ဒီနေရာမှာ လင်းဟန်အနေနဲ့ လက်ရှိမှာ ရင်ဆိုင်တိုက်ခိုက်ဖို့ မစွမ်းနိုင်တဲ့ သက်ရှိတွေလည်း ရှိပါတယ်။

"စာကြည့်တိုက်က ဒီဘက်မှာပဲ"

လင်းဟန်က လစန္ဒာ ဘုရင်ပေးထားတဲ့ မြေပုံကို တစ်ချက်ကြည့်လိုက်ပါတယ်။ ဦးတည်ချက်ကို အတည်ပြုပြီးတဲ့ နောက်မှာတော့ သူက ဦးဆောင်ပြီး ထွက်လာခဲ့ပါတယ်။

ဒီနေရာက အရမ်းကို ကြီးမားကျယ်ပြန့်ပြီး အင်ပါယာ နန်းတော်တွေ တော်တော်များများလည်း ရှိနေပါတယ်။ ဘယ်လောက်ပဲ ကြီးပါစေ ကိစ္စမရှိပါဘူး။ သူတို့အတွက် တည်နေရာကို သတ်မှတ်ပြီးပါပြီ။ အရမ်းကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ လူသုံးယောက် ယုန်တစ်ကောင် ကြွက်တစ်ကောင်တို့က စံအိမ်တစ်ခုရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။ ဒီစံအိမ်က တော်တော်လေး ကောင်းမွန်တဲ့

အခြေအနေ တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

စံအိမ်က အထပ်သုံးထပ်ပဲ ရှိပါတယ်။ ပြီးတော့ အရမ်းကြီးလည်း မကြီးပါဘူး။ ဒီနေရာမှာ ရှိနေတဲ့ အင်ပါယာ နန်းတော်တွေ တော်တော်များများနဲ့ နှိုင်းယှဉ်ရင် အတော်လေးကို သေးငယ်နေပါတယ်။ ဒါပေမဲ့လည်း ထိခိုက်မှုတွေကို နည်းနည်းလေးမှ မခံစားရတဲ့ တစ်ခုတည်းသော အဆောက်အဦးလည်း ဖြစ်ပါတယ်။ အက်ရာလေး တစ်ခုတောင် မရှိပါဘူး။ ဒါက လူတွေကို အံ့အားသင့် စေပါတယ်။

ဒီလိုမျိုး နေရာတစ်ခုက တော်တော်များများကို ဆွဲဆောင်နိုင်စွမ်း ရှိတယ်ဆိုတာ သေချာပါတယ်။ ပြီးတော့ ဒီနေရာမှာ သူတို့တွေနဲ့ ပြည့်နေပါတယ်။

လင်းဟန်က စံအိမ်ကို တစ်ချက်ကြည့်လိုက်ပြီး သူ့အကြည့်တွေက အပေါ်ကို တန်းပြီး စိုက်ကြည့် လိုက်ပါတယ်။ စံအိမ်ရဲ့ အပေါ်မှာ လန်ရ စာကြည့်တိုက် ဆိုပြီးတော့ ရေးထွင်းထားတဲ့ ကျောက်ပြားတစ်ခုကို ချိတ်ဆွဲထားပါတယ်။

Chapter 730 end

Zaw.အပိုင်း(၇၃၁) လန်ရ စာကြည့်တိုက်

ငါတို့တွေ အရမ်းနောက်ကျ သွားပြီလား။

လင်းဟာန်ရဲ့ အကြည့်တွေက ဘေးဘီဝဲယာကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ အနည်းဆုံး လူပေါင်းတစ်ရာကျော် ရှိနေပါတယ်။ နောက်ပြီးတော့ ဒါက စံအိမ်ရဲ့ အပြင်ဘက်မှာ ရပ်နေတဲ့ လူတွေပဲ ဖြစ်ပါတယ်။ အထဲမှာ ဘယ်လောက်တောင် ရှိမလဲဆိုတာ ဘယ်သူသိနိုင်မလဲ။

လင်းဟာန်က ဘေးနားက လူတစ်ယောက်ကို မေးလိုက်ပါတယ်။

"ရောင်းရင်း ကျုပ်မေးပါရစေ။ ဒီနေရာမှာ ဘာတွေဖြစ်နေလဲ"

ကံကြမ္မာက သူ့ဘက်မှာ ရှိနေပုံ ရပါတယ်။ သူမေးလိုက်တဲ့လူက ဒီနေရာနဲ့ ပတ်သက်ပြီး အတော်လေး သိထားပြီးတော့ သူ့ကို အစအဆုံး ရှင်းပြလိုက်ပါတယ်။

ဒါက စာကြည့်တိုက် တစ်ခုဖြစ်ပြီးတော့ လျှို့ဝှက်နည်းစနစ်တွေ သိမ်းဆည်းထားတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ သိုင်းပညာ နည်းစနစ်တွေအပြင် ကျင့်ကြံခြင်း နည်းစနစ်တွေလည်း ရှိပါတယ်။ လျှို့ဝှက်နည်းစနစ်တွေ အားလုံးကို အဖြူရောင် အလင်းစက်ဝိုင်း တစ်ခုစီက အထဲမှာ ဝိုင်းပတ်ထားပြီး လေထဲမှာ မျောလွင့်လို့ နေပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က လျှို့ဝှက်နည်းစနစ်တွေကို ရချင်တယ်ဆိုရင် အဲဒီအလင်းစက်ဝိုင်းတွေကို ဖျက်ဆီးပြီးတော့ နည်းစနစ်တွေကို ရယူရမှာပဲ ဖြစ်ပါတယ်။ အဲဒီနောက်မှာ သူတို့တွေက အလင်းစက်ဝိုင်းကနေ နည်းစနစ်တွေကို ယူနိုင်မယ်ဆိုရင် အလင်းစက်ဝိုင်းတွေက ပျက်စီးသွားပြီးတော့ လျှို့ဝှက်နည်းစနစ်တွေက သူတို့ကိုယ်ပိုင် ဖြစ်လာပါလိမ့်မယ်။

အားလုံးက အထဲကို တစ်ကြိမ်ဝင်ရောက် နိုင်ပြီးတော့ အများဆုံး

တစ်ရက်ပဲ နေနိုင်ပါတယ်။ လျှို့ဝှက်နည်းစနစ် တစ်ခုကို ရရှိပြီးတဲ့နောက်မှာ အချိန်ကုန်ကုန် မကုန်ကုန် အပြင်ကို ပို့လွှတ်ခံရပါလိမ့်မယ်။

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်မှ ရှိမနေဘူးလား။ ဘာဖြစ်လို့ ဒီစာကြည့်တိုက် တစ်ခုလုံးကို တန်းပြီးတော့ မသိမ်းဆည်းလိုက်တာလဲ။ ဒါက ပိုပြီးတော့ လွယ်ကူရိုးရှင်းတယ် မဟုတ်လား"

တကယ်လို့ သူက စာကြည့်တိုက် တစ်ခုလုံးကို တစ်ခါတည်းနဲ့ သိမ်းဆည်းနိုင်မယ်ဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲ။ ဒီနည်းနဲ့ဆိုရင် နည်းစနစ်တွေ အားလုံးကို သူအပိုင် ရရှိပါလိမ့်မယ်။

အဲဒီလူက ရယ်မောပြီးတော့ ပြန်ပြောလိုက်ပါတယ်။

"လူငယ်လေး မင်းငါ့ကို လာမေးမိတာ ကျေးဇူးတင်လိုက်ပေတော့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တခြားလူတွေက ဒီအကြောင်းကို သေချာပေါက် သိကြလိမ့်မှာ မဟုတ်ဘူး"

အဲဒီနောက် သူက အသံကို နှိမ့်ပြီးတော့ လျှို့ဝှက်တဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"မင်းသိထားရမှာက ဒီစံအိမ်ကိုယ်တိုင်က ဂက်ပါ အစီအရင် တစ်ခုပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဂက်ပါ အစီအရင်က တိုက်ခိုက်မှု တစ်ခုနဲ့ တွေ့ကြုံရမယ်ဆိုရင် အထဲမှာ ရှိနေတဲ့ လျှို့ဝှက်နည်းစနစ်တွေ အားလုံးကို သူ့အလိုလို ဖျက်ဆီးပစ်လိမ့်မယ်"

လင်းဟန်က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ စာကြည့်တိုက်ကို အတင်းအကျပ် ရယူဖို့ ကြိုးစားမယ်ဆိုရင် အဲဒီလူက အဆုံးသတ်မှာ ဘာကိုမှ ရရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီနောက် အားလုံးက စည်းမျဉ်းစည်းကမ်းတွေအရ ကစားပွဲကို အတူတူပဲ ကစားလို့ ရနိုင်ပါမယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ဒီဂက်ပါ အစီအရင်ကို

ရင်မဆိုင်နိုင်တာကြောင့် မဟုတ်ပဲ ဒီဂဏ်ပါ အစီအရင်က လို့ဝှက်နည်းစနစ်တွေကို ဓားစာခံအဖြစ် အသုံးပြုတာကြောင့် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်လည်း ဘာမှမတတ်နိုင်ပဲ ဖြစ်နေတာပါ။

"ကျေးဇူးတင်ပါတယ်"

လင်းဟန်က အဲဒီလူကို ခေါင်းညိတ်ပြလိုက်ပြီး ကျူးရှမ်အာနဲ့ တခြားလူတွေဆီကို လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့လည်း သွားပြီးတော့ ကံစမ်းကြည့်တာပေါ့"

သူတို့တွေက လူအုပ်ကြီးကို အတင်းတိုးဝေ့ပြီးတော့ စာကြည့်တိုက်ထဲကို ဝင်လိုက်ပါတယ်။

"ဟင်"

စာကြည့်တိုက်ထဲကို ခြေလှမ်းချလိုက် မိတာနဲ့ သူတို့ရဲ့ အမူအရာတွေက ဂင်းလက်တောက်ပ သွားပြီးတော့ သူတို့လည်း အံ့အားသင့်တဲ့ ခံစားချက်တွေ ထွက်ပေါ် လာခဲ့ပါတယ်။ ဒီနေရာကို ကြည့်ရတာ ကြီးမားကျယ်ပြန့်ပြီး စိတ်ကူးယဉ်ဆန်လွန်းတဲ့ မိုးကောင်းကင် တစ်ခုနဲ့ တူပါတယ်။ အနက်ရောင် ပတ်ဂန်းကျင် နောက်ခံတစ်ခု အလယ်မှာ အလင်းရောင် အစက်အပြောက်တွေက လုပ်ခါနေပြီး ကောင်းကင်တစ်ခုလုံး ကြယ်တာရာ ဥက္ကာခဲတွေနဲ့ ပြည့်နှက်နေသလိုမျိုး ဖြစ်နေပါတယ်။

အပေါ် ကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေးလိုက်တဲ့ အခါမှာ သူတို့မဂင်လာခင်က လူတစ်ယောက် ပြောပြလိုက်တဲ့အတိုင်း လျှို့ဝှက်နည်းစနစ်တွေက အလင်းရောင် စက်ဝိုင်းတွေရဲ့ အထဲမှာ ပိတ်လှောင်ခံထားရပြီး မိုးကောင်းကင်ထက်မှာ ရစ်ဝဲလို့ နေပါတယ်။

ဟုတ်ပါတယ်။ ဒါက စိတ်ကူးယဉ် ဆန်လွန်းတဲ့ မိုးကောင်းကင်တစ်ခု မဟုတ်ပါဘူး။ မျက်စိနဲ့ အရင်ဆုံး ဝေ့ကြည့်လိုက်ရင် ဒီနေရာက

အရမ်းကို ကြီးမားပြီး တစ်ကေလောက်ပဲ ကျယ်ပြန့်တယ် ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ပြီးတော့ ဒီနေရာရဲ့ အမြင့်က အများဆုံး မီတာတစ်ရာ့ငါးဆယ်ပဲ ရှိပါလိမ့်မယ်။ ကျင့်ကြံသူ တစ်ယောက်အတွက် ဒီအရွယ်အစားနဲ့ အမြင့်တစ်ခုက လွှားခနဲ တစ်ချက်လောက် ခုန်လိုက်ရုံပါပဲ။ သူတို့တွေ ကြိုက်တဲ့နေရာကို ခြေချလို့ ရပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က လေထဲကို မြင့်တက်ဖို့ စဉ်းစားလိုက်တဲ့ အခါမှာ သူ့ကို အဝေးဆီ ဖိအားပေးပြီး တွန်းထုတ်တဲ့ အားတစ်ခုရှိနေတာကို လေ့လာစူးစမ်းမိပါတယ်။ သူ့ခန္ဓာကိုယ်ကို လုပ်ရှားပြီးတော့ ခုန်လိုက်ပေမဲ့ သူ့အမြန်နှုန်းက အားကောင်းတဲ့ ဖိနှိပ်မှုကြောင့် ခဲဆွဲထားသလို လေးလံနေပါတယ်။

အာ။ ဒါက အလင်းစက်ဝိုင်းထဲကနေ လုယူဖို့ အရမ်းကို ခက်ခဲလွန်းတဲ့ အမြင့်တစ်ခု ဖြစ်ပါတယ်။

အားလုံးက ဒီနေရာရဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရပါတယ်။ လူတစ်ယောက်က စည်းမျဉ်းစည်းကမ်းကို

မလိုက်နာဖို့ ဒါမှမဟုတ် ပြန်ပြီးတော့ ခုခံဖို့ ရွေးချယ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာရှိတဲ့ ဂင်္ဂါရဲ့ အထင်ကြီးစရာ ခွန်အားအရတော့ ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင်မှ ရိုးရိုးသားသားနဲ့ ပြုမူလုပ်ဆောင် ရပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေက ဒီလိုမျိုး ကန့်သတ်ချက်ကို ချိုးဖျက်နိုင်ပေမဲ့လည်း အကျိုးရလဒ်က ဒီနေရာမှာ ရှိနေတဲ့ လျှို့ဝှက်နည်းစနစ်တွေ အားလုံးကို ဆုံးရှုံးသွားရ ပါလိမ့်မယ်။

လင်းဟန်က ဒီစာကြည့်တိုက်ကို ဘယ်သူက ဒီဇိုင်းဆွဲခဲ့လဲ ဆိုတာကို မသိပေမဲ့ အတော်လေးကို လှည့်ကွက်တွေ များပါတယ်။

ဖြစ်နိုင်ချေ အရှိဆုံး လူကတော့ ဖက်တီမာပဲ ဖြစ်ပါတယ်။ တကယ်တော့ သူ့မှာရှိတဲ့ ခြေဆော့လက်ဆော့တတ်တဲ့ ဉာဉ်နဲ့ လိုအင်ဆန္ဒကြီးမားမှုက ထူးထူးခြားခြား ကြီးမားပါတယ်။

ဒီနေရာမှာ အားလုံးက သာမန်လူတစ်ယောက်ရဲ့ ခြေလှမ်းတစ်လှမ်းစာလောက်ပဲ တိုးလို့ ရပါတယ်။ ပြီးတော့ လူတစ်ယောက် ခုန်နိုင်တဲ့ အမြင့်ကလည်း သိပ်မမြင့်ပါဘူး။

ဒါကြောင့် အလင်းရောင် စက်လုံးတွေက ပြည့်နှက်နေတဲ့ ကောင်းကင်က စိုးရိမ်ပူပန်စရာ ဖြစ်လာပြီး ကြည့်ရတာ ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်မဲ့ပုံ မပေါ်ပါဘူး။ ဒါပေမဲ့လည်း အလင်းရောင် စက်ဝိုင်းတွေက လေထဲမှာ ယိမ်းထိုးလုပ်ခါနေပြီး ရွှေ့လျားချင်သလို ရွှေ့လျားနေတာကြောင့် အဲဒီစက်ဝိုင်းတွေက မြေပြင်နဲ့ ထိဖို့အရမ်းကို ရှားပါးတဲ့ အခွင့်အရေးတွေလည်း ရှိပါတယ်။ အဲဒီအချိန်ကျရင် သူတို့တွေ ဖမ်းနိုင်ပါလိမ့်မယ်။

အဲဒါက ကံကောင်းမှ အပေါ်မှာပဲ မူတည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက တကယ်ပဲ အရမ်းကို ကျယ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က သေသေချာချာ စောင့်မကြည့်နေဖူးဆို အလင်းစက်ဝိုင်းက အောက်ကို ဆင်းလာတဲ့ အချိန်ကျရင် ချိန်သားကိုက် ဖမ်းယူနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က လေထဲမှာ ရှိနေတဲ့ အလင်းစက်ဝိုင်းတွေကို မျက်စိနဲ့ တစ်ချက် ဝေ့ကြည့်လိုက် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ရှားမှုတွေက အရမ်းကို လျင်မြန်ပြီး သူတို့တွေက မကြာခဏ အရမ်းကို နီးကပ်လာပြီး အလင်းစက်ဝိုင်း အထဲမှာရှိတဲ့ အရာတွေကို

ကောင်းကောင်းလေး ကြည့်လို့ရအောင် ခက်ခက်ခဲခဲ ကြိုးစားရပြီး တချို့စကားလုံးတွေကိုပဲ မြင်တွေ့လိုက် ရပါတယ်။

"နေကြာပန်း မိစ္ဆာ"

"သေဒဏ်စီရင်သော ကျင့်ကြံခြင်း"

ပြီးတော့ တခြားနာမည်အပြည့်အစုံ မရှိတဲ့ အရာတွေ အများကြီးကို တွေ့လိုက်ရပြီး ဒီလျှို့ဝှက် နည်းစနစ်တွေရဲ့ နာမည်တွေ ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

သူက မုသားမဲ့ မျက်လုံးကို ဆင့်ခေါ်ပြီးတော့ ဒီအလင်းရောင် စက်ဝိုင်းတွေ အတွင်းမှာ ဖော်ပြထားတဲ့ သတင်းအချက်အလက်တွေကို သေသေချာချာ ဖမ်းယူကြည့်ရှုနိုင်ဖို့ အသုံးပြုလိုက်ပါတယ်။

"တွေ့ပြီ ဒါပဲ"

တစ်နာရီနီးပါးလောက် ကြာတဲ့အခါမှာ လင်းဟန်က အလင်းရောင် စက်ဝိုင်းတွေထဲက တစ်ခုကို ရွေးချယ်လိုက်ပါတယ်။ အဲဒီအထဲမှာ ရေးထားတဲ့ နာမည်က မြေကဿမှာ မှောက်လှန် ပိတ်ဆို့ခြင်း ဖြစ်ပါတယ်။

သူက မုသားမဲ့ မျက်လုံးကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင်မှ ဒါက အရမ်းကို ခက်ခဲပါတယ်။ သူက တွက်ဆပြီးတော့ တခြားဟာတွေကိုတောင် ရှင်းရှင်းလင်းလင်း အခြေအနေတစ်ခု ဖြစ်အောင်လို့တောင် မလုပ်နိုင်ပါဘူး။ သူတို့က အလင်းရောင် စက်ဝိုင်းတစ်ခုက လူးလာပျံသန်း လာတာကို မြင်တွေ့လိုက်တာနဲ့ ဖမ်းဆုပ်ရယူနိုင်ဖို့ ကြိုးစားနေကြသလို သူတို့အတွက်တော့ သူတို့ရဲ့ ပစ်မှတ်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆုပ်ယူနိုင်ဖို့ အဓိက ဖြစ်ပြီးတော့ တခြားဘာကိုမှ ဂရုမစိုက်ကြပါဘူး။

ဒီအလင်းရောင် စက်ဝိုင်းက အခုဆိုရင် လေထဲမှာ ပေ့ါပါးဖျတ်လက်စွာနဲ့ လူးလာပျံသန်းလို့ နေပါတယ်။ လင်းဟန်က

သွေးစုပ်ယူခြင်း မူလရွှေကို အသုံးပြုဖို့ ကြိုးစားလိုက်ပေမဲ့ အဲဒီပစ္စည်းရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး သူအနေနဲ့ ဖမ်းမိနိုင်ခြင်း မရှိပါဘူး။

မဟုတ်ဘူး။ ဒီနေရာမှာ ဖြေရှင်းချက် တစ်ခုတော့ ရှိရမယ်။

လင်းဟန်က အနီးကပ် သေချာကြည့်ပြီးတော့ တခြားအလင်းရောင် စက်ဝိုင်းတွေထဲကို မတော်တဆ ဖွင့်မိသွားပြီးတော့ စာကြည့်တိုက် အပြင်ဘက်ကို ပို့လွှတ်ခံရမှာကို ကြောက်နေတဲ့ အတွက် စိတ်လိုက်မာန်ပါနဲ့ မလုပ်ဝံ့ပါဘူး။

"ရေး ညီးညီး တစ်ခု ဖမ်းမိပြီ"

ဟူးညီက ပျော်ရွှင်မြူးထူးစွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမရဲ့ ကံတရားက ထူးထူးခြားခြားကို ကောင်းလွန်းပါတယ်။ အလင်းရောင် စက်ဝိုင်းတွေထဲက တစ်ခုက တကယ်ပဲ ထောင်ချောက်ထဲကို ဝင်လာခဲ့ပြီး သူမရဲ့ ခန္ဓာကိုယ်ဆီကို မျောလွင့်ပြီးတော့

ဆင်းလာခဲ့တာကြောင့် ဟူးညိုက ထိန်းမထားပဲ အဲဒီအလင်းရောင် စက်ဝိုင်းကို ယူလိုက်ပါတယ်။

ဟူးညိုလည်း စာကြည့်တိုက်ရဲ့ အပြင်ဘက်ကို ချက်ချင်းပဲ ပို့ဆောင်ခြင်း ခံလိုက်ရပါတယ်။

လင်းဟန်က သူ့အကြည့်ကို ပြန်ရုပ်သိမ်းလိုက်ပြီးတော့ မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအားကို ပိတ်လှောင်ထားတဲ့ အလင်းရောင် စက်ဝိုင်းကို မမှိတ်မသုန်နဲ့ ဆက်ပြီးတော့ စိုက်ကြည့်နေပါတယ်။

အနည်းဆုံး နေ့တစ်ဂက်လောက် လေ့လာစူးစမ်းပြီးတဲ့ နောက်မှာတော့ သူကနောက်ဆုံးမှာ အဲဒါကို ရှာတွေ့သွားခဲ့ပါတယ်။ အလင်းရောင် စက်ဝိုင်းတွေရဲ့ လုပ်ရှားလည်ပတ်မှုက အစီအစဉ် တစ်ခုရှိပါတယ်။ အဲဒါကတော့ အပြောင်းအလဲတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲရှုပ်ထွေးမှုတွေ ရှိပါတယ်။ ဒါကြောင့် သူတို့တွေ လည်ပတ်နေခြင်းက ခက်ခဲမှုတွေနဲ့ ပတ်ချာလည်

ဝိုင်းနေပါလိမ့်မယ်။

"နောက်တစ်ကြိမ် ကျမဲ့နေရာက ဒီနေရာ ဖြစ်လိမ့်မယ်"

လင်းဟန်က ချက်ချင်းပဲ သူခန့်မှန်း တွက်ဆထားတဲ့ နေရာဆီကို ပြေးသွားလိုက်ပါတယ်။ ဒါပေမဲ့ သူက လမ်းတစ်ဝက်မှာပဲ ရောက်သေးတဲ့ အချိန်မှာ တစ်စုံတစ်ယောက်က သူ့ရဲ့လမ်းကြောင်း အရှေ့တည့်တည့်မှာ ပိတ်ဆို့ထွက်ပေါ် လာခဲ့ပါတယ်။

"လမ်းဖယ်စမ်း"

လင်းဟန်က ဒီစကားတွေကို ပြောလိုက်ပြီး သူ့ခန္ဓာကိုယ် တစ်ဝက်လောက်က တဖက်လူရဲ့ ခန္ဓာကိုယ် ဘေးကနေ ကပ်ပြီးတော့ ဝေ့ဝဲရှောင်တိမ်း လိုက်ပါတယ်။ တကယ်တော့ သူတို့က တစ်ယောက်နဲ့ တစ်ယောက် မသိကြပါဘူး။ ပြီးတော့ တကယ်လို့ သူက မဆင်မခြင်နဲ့ အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်မယ်ဆိုရင် သူ့အနေနဲ့ တခြားလူရဲ့ မညှာတာမှုတွေနဲ့

ရင်ဆိုင်ရ ပါလိမ့်မယ်။

ရှုပ်။

သူ့ပုံရိပ်က ဖြတ်သွားပြီး သူရဲ့အရှေ့တည့်တည့်မှာ အလင်းရောင် စက်ဝိုင်း တစ်ခုက ပေါ့ပါးဖျတ်လတ်စွာနဲ့ ကျဆင်းလာပြီး သူနဲ့ သုံးမီတာတောင် မကွာတော့ပါဘူး။ လင်းဟန်က အဲဒီဆီကို ပြေးသွားဖို့ ခြေလှမ်းသုံးလှမ်းပဲ လိုပါတော့တယ်။

"ဟင့် ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

အဲဒီလူက တကယ်ပဲ ဒေါသတွေ ထွက်နေပြီး ချက်ချင်းဆိုသလို သူ့ဆေဘာဓားကို ဆွဲထုတ်ပြီးတော့ လင်းဟန်ဆီကို ခုတ်ချလိုက်ပါတယ်။

ရှုပ်။

ဆေဘာဓား အလင်းတန်းက လွှန်သွားတစ်ချောင်း အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ဆီကို ပေါ့ပါးဖျတ်လက်စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

သူက ဖြတ်သွားရုံပဲ ဖြတ်သွားခဲ့တာပါ။ နောက်ပြီးတော့ သူက လမ်းဖယ်ပေးဖို့လည်း ပြောခဲ့ပြီး သူ့ကို ထိတောင်မထိခဲ့ပါဘူး။ ဒါကို သူက သတ်ပစ်ချင်နေတာလား။

လင်းဟန်က ဒီတိုက်ခိုက်မှုကို ပုတ်ထုတ်ဖို့ မလုပ်ရှားခဲ့ပါဘူး။ အဲဒီအတွက် အချိန်တွေ မဖြုန်းနိုင်ပါဘူး။ သူ့ခန္ဓာကိုယ်ကို အသုံးပြုပြီးတော့ ဒီတိုက်ခိုက်မှုကို တန်းပြီးတော့ ခံယူလိုက်ပါတယ်။ သူက ဒဏ်ရာမရအောင် ကြိုးစားရှောင်တိမ်းဖို့အတွက် သူ့ခန္ဓာကိုယ် အထဲက စွမ်းအင်တွေကိုတောင် မလည်ပတ်ခဲ့ပါဘူး။

ဆေဘာဓား အလင်းတန်းက သူ့ခန္ဓာကိုယ် အပေါ်ကို ပိုင်းချလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က အားလိုင်းတစ်ခု

ထုတ်လွှတ်လိုက်ပြီး သူ့ခန္ဓာကိုယ်က အားနည်းသလို ဖြစ်သွားပြီး တုန်တုန်ယင်ယင် ဖြစ်လာခဲ့ပါတယ်။ သူ့နောက်ကျောမှာ သွေးစွန်းကွက် တစ်ခုကိုတောင် မြင်တွေ့နိုင်ပါတယ်။ ကံကောင်းတာက ဒါကအသေးအဖွဲ့ ဒဏ်ရာလေး တစ်ခုပဲ ဖြစ်ပြီးတော့ စိန်အဆင့် ခန္ဓာကိုယ်က ဒဏ်ရာကို ပြန်လည်ကောင်းမွန်လာအောင် အလိုအလျောက် ကုသပေးပါတယ်။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်လိုက်ပြီးတော့ ကျဆင်းလာတဲ့ အလင်းရောင် စက်ဝိုင်းကို ဖမ်းဆုပ်လိုက်ပေမဲ့ အလင်းရောင် စက်ဝိုင်းက သူ့လက်ချောင်းတွေ ကြားထဲကနေ ပေါ့ပါးဖျတ်လက်စွာနဲ့ ဖြတ်သန်းသွားပြီး မြေကြီးပေါ်ကနေ ခုန်ပြီးတော့ မိုးကောင်းကင်ပေါ်ကို နောက်တစ်ကြိမ် ပြန်ရောက်သွားခဲ့ပါတယ်။

လပြွတ်ပဲ။

လင်းဟန်က သူ့နှလုံးသားထဲကနေ ကျိန်ဆိုလိုက်ပါတယ်။ ဒါက

ဘာကြောင့်လဲဆိုရင် သူက တခြားလူရဲ့ တိုက်ခိုက်မှုကြောင့် လွဲချော်သွားခဲ့ရတယ်ဆိုတာ ရှင်းပါတယ်။ ဆံချည်မျှင် တစ်မျှင်စာလောက် ဆိုပေမဲ့ အခုလိုမျိုး ကွာခြားပါတယ်။

သေစမ်းကွာ။

"ဟားဟား လူငယ်လေး။ ဒါက မင်းအတွက် သင်ခန်းစာ တစ်ခုပဲ။ နောက်တစ်ကြိမ်ကျရင် စိတ်လိုက်မာန်ပါ လျှောက်မလုပ်နဲ့"

လင်းဟန် အနောက်ကနေ ဓားနဲ့ခုတ်လိုက်တဲ့လူက ပြောလိုက်ပြီး သူ့ရဲ့စကားလုံးတွေထဲမှာ လင်းဟန်ရဲ့ အကျပ်အတည်းကို ဂမ်းမြောက်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

အစောပိုင်း သူခုတ်လိုက်တာက သူ့အတွက် ဖြစ်ပါတယ်။ ပထမအချက်က တကယ့်ကို ဒေါသထွက် သွားတာကြောင့် ဖြစ်ပြီး ဒုတိယ အချက်က အလင်းရောင် စက်ဝိုင်း ကျဆင်းလာတဲ့ နေရာဆီကို လင်းဟန်က ပြေးလွှားသွားတာကို

တွေ့မြင်လိုက်ရတာကြောင့် ချက်ချင်းဆိုသလို မနာလိုမှုတွေ ပြည့်နှက်လာခဲ့ပါတယ်။ တကယ်လို့ ငါ့အဲဒါကို မရနိုင်ရင် ဘာဖြစ်လို့ တခြားလူကို ရယူဖို့ ခွင့်ပြုရမှာလဲ။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဂျူနီယာ တစ်ယောက်နဲ့ ပြဿနာတက်ရတာကို သူ့အနေနဲ့ ကြောက်နေစရာအကြောင်း မရှိပါဘူး။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာ ဖြစ်ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က တိုက်ပွဲကြယ် ကိုးလုံးတောင် သာလွန်ပါတယ်။

ဒီဂျူနီယာလေးက သူ့ကို ဘယ်လိုလုပ်ပြီးတော့ ထိပ်တိုက်ရင်ဆိုင် လက်တုံ့ပြန်ဝံ့မှာလဲ။

လင်းဟန်က တစ်စုံတစ်ယောက်ကို တကယ်ပဲ သတ်ချင်လာသလို ခံစားရပါတယ်။ ဒါပေမဲ့ သူ့အကြည့်တွေက မိုးကောင်းကင်ပေါ်က အလင်းလုံးတွေဆီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တဲ့ အခါမှာ ဒီစိတ်ဆန္ဒကို ပြန်ပြီးတော့ ထိန်းချုပ်ထားလိုက်ပါတယ်။ သူက နောက်တစ်ကြိမ် အသစ်တစ်ဖန် ပြန်ပြီးတော့ ရှာဖွေလိုက်ပြီး

အဲဒီအလင်းစက်ဝိုင်းပေါ်မှာ အာရုံစိုက်ပြီးတော့ နောက်တစ်ကြိမ် မြေကြီးပေါ်ကို ကျလာမဲ့ နေရာက ဘယ်နေရာဖြစ်မလဲ ဆိုတာနဲ့ ဘယ်အချိန်မှာ ဆင်းသက်လာမလဲ ဆိုတာကို တွက်ချက်နေလိုက်ပါတယ်။

ဒီနေရာမှာ တစ်နေ့တာ အချိန်ပဲ ရပါတယ်။ အစောပိုင်းတုန်းက လည်ပတ်တဲ့ အစီအစဉ်အရ သူ့အနေနဲ့ နောက်ဆုံးအခွင့်အရေး တစ်ခုပဲ ကျန်ပါတော့တယ်။

Chapter 731 end

Zaw.အပိုင်း(၇၃၂) အောင်အောင်မြင်မြင် ဖမ်းယူခြင်း

အဲဒီ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူက လင်းဟန်ကို ကြည့်ပြီးတော့ သူ့နတ်ခမ်း ထောင့်နားမှာ သရော်ပြုံးတစ်ခုကို ပြုံးနေလိုက်ပါတယ်။ သူ့အမြင်အတိုင်းပဲ မျှော်လင့်ထားတဲ့ အရာတစ်ခုက ဖြစ်လာခဲ့ပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ပဲ ရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ကို စိန်ခေါ်ဝံ့မှာတဲ့လား။

"ဟမ့် မင်းစဉ်းစားတတ်လိမ့်မယ်လို့ ငါမျှော်လင့်တာပဲ"

အဲဒီနတ်အသွင် ပြောင်းလဲခြင်း အဆင့်လူရဲ့ ဘေးနားမှာ နောက်ထပ် ဂျူနီယာတစ်ယောက် ရှိပြီးတော့ သူက လင်းဟန်ကို အထင်သေးစွာနဲ့ ကြည့်လိုက်ပါတယ်။ အမှန်တော့ သူ့မျက်လုံးရဲ့ နက်ရှိုင်းတဲ့ နေရာအထဲမှာ မနာလိုမှုတွေကို ဖုံးကွယ်ထားပါတယ်။

သူတို့နှစ်ယောက်လုံးက သက်တူရွယ်တူလောက်ပါပဲ၊ အတိအကျ ပြောရမယ်ဆိုရင် သူက ငါးနှစ် ခြောက်နှစ်လောက်တောင် ပိုကြီးပါတယ်။ ဒါကို သူက အခုမှ ပန်းဖူးအဆင့်ကို ချိုးဖြတ်ဝင်ရောက်ကာစပဲ ရှိပေမဲ့ လင်းဟန်ကတော့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ရောက်နေပါတယ်။ ဒါက ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး ကွာခြားမှု ဖြစ်ပါတယ်။ တွက်ချက်ကြည့်ရင် သူက လင်းဟန်ထက် ဘယ်လောက်တောင် အသက်ကြီးသလဲ။ အနည်းဆုံး ဆယ်နှစ်ပါ။

သူက အသက်နှစ်ဆယ်ကျော်ရှိနေပြီး ဆယ်နှစ်ကျော် ပိုပြီးတော့ ကျင့်ကြံအားထုတ်ခဲ့ပြီး သူတို့ရဲ့ ကွာဟချက်က ဆယ်နှစ်လောက် ရှိပါတယ်။ အခုတော့ ဘယ်လိုမျိုး ဖြစ်နေပြီလဲ။ သူတို့နှစ်ယောက် အကြားမှာ သူတို့ရဲ့ ပါရမီတွေက ဒီလောက်ထိ ကွာဟချက် များနေပါတယ်။

လင်းဟန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ စိတ်ထဲကနေ သူတို့နှစ်ယောက်ရဲ့ ပုံပန်းသွင်ပြင်ကို မှတ်ထားလိုက်ပါတယ်။

လပွတ်ပဲ။ ငါ့ရဲ့ စွမ်းအားကိုတောင် ငါထုတ်မပြရသေးဘူး။ မင်းက တကယ်ပဲ ငါအားနည်းတယ်လို့ ထင်နေတာလား။

"ကြည့်နေတာကို ရပ်လိုက်တော့။ ဒီထပ်ပိုပြီးတော့ လာကြည့်ရင် ငါမင်းရဲ့ မျက်လုံးသူငယ်အိမ်ကို တူးထုတ်ပစ်ရလိမ့်မယ်"

အဲဒီဂျူနီယာက မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး သူ့မျက်နှာကို ကြည့်ရတာ လုံးဝကို ရက်စက်ကြမ်းကြုတ်ပုံ ပေါ်နေပါတယ်။

သူ့ကို ကျောင်းယူချန်လို့ ခေါ်ပါတယ်။ ဒီတစ်ကြိမ် သူက သူ့ရဲ့ တတိယ အကြီးအကဲဖြစ်တဲ့ ကျောင်းထယ်ယွမ်နဲ့ အတူတူ ထွက်လာခဲ့တာ ဖြစ်ပါတယ်။ သူက လူငယ်တစ်ယောက် ဖြစ်ပြီးတော့ ကျောင်းကလန်ရဲ့ တတိယ မျိုးဆက်ထဲမှာ ပါရမီအကောင်းဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ သူက နှစ်ဆယ့်လေးနှစ်လောက်ပဲ ရှိပြီးတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဝင်ရောက် လာခဲ့ပါပြီ။ ဒါက သူ့ကို အနာဂတ်မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး အောင်မြင်မှု ရရှိပါလိမ့်မယ်။

ကျောင်းကလန်က နတ်အသွင် ပြောင်းလဲခြင်းအဆင့်မှာရှိတဲ့ ကလန်တစ်ခု ဖြစ်ပြီးတော့ ကလန်အဖွဲ့သား လေးယောက်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိပါတယ်။ ဒီလိုမျိုး တည်ရှိမှု တစ်ခုဖြစ်ပြီး တတိယ အကြီးအကဲ ကျောင်းထယ်ယွမ်က အစွမ်းထက်ဆုံး ဖြစ်ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ အောင်မြင်ထားပါတယ်။

ကျောင်းကလန်ထဲမှာ ကျောင်းယုချန်က နံပါတ်တစ် ပါရမီရှင်ဘွဲ့ကို အပြည့်အဝ ရရှိထားပြီးတော့ မိုင်တစ်ထောင် ပတ်လည်အတွင်းမှာလည်း နံပါတ်တစ် ပါရမီရှင်အဖြစ် လက်ခံထားကြပါတယ်။ သူနဲ့ ရင်ဘောင်တန်းနိုင်တဲ့ လက်ရည်တူ ပါရမီရှင်ဆိုတာက အရမ်းကို နည်းပါတယ်။

ဒါပေမဲ့ အလယ်ပိုင်း ဒေသလို နေရာမျိုးမှာတော့ သူက ပါရမီရှင် တစ်ယောက်လို့ပဲ သတ်မှတ်လို့ ရနိုင်ပါတယ်။ ဒါက သူနဲ့ ပထမတန်းစား ပါရမီရှင်တွေရယ် အထွတ်အထိပ် ပါရမီရှင်တွေ အကြားက ကြီးမားတဲ့ ကွာဟချက် တစ်ခုရှိနေဆဲပါပဲ။ ဒါကြောင့်လည်း သူ့မှာ ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို တိုက်ရိုက်ဝင်ရောက်နိုင်စွမ်း မရှိပါဘူး။

ဒါကြောင့်လည်း ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ဝင်ခွင့်စမ်းသပ်မှုကို ဖြတ်ကျော်နိုင်စွမ်း မရရှိခဲ့ပြီးတဲ့နောက်မှာတော့ သူ့ထက် သာလွန်တဲ့ ပါရမီရှင်တွေ ပြင်းပြင်းထန်ထန် မုန်းတီးလာခဲ့ပြီး သူနဲ့ကြုံတွေ့လာရင် အမြစ်ဖြတ် သုတ်သင်ပစ်ချင်တဲ့ စွဲလမ်းစိတ် အမျိုးအစား တစ်ခုကို

ပိုင်ဆိုင်လာခဲ့ပါတယ်။

လင်းဟန်က သူ့အကြည့်တွေကို ရုပ်သိမ်းပြီးတော့ မြေကြီးမှာ မှောက်လှန် ပိတ်ဆို့ခြင်း လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ရှိနေတဲ့ အလင်းစက်ဝိုင်းကို နောက်တစ်ကြိမ် ပြန်ပြီးတော့ အာရုံစိုက်လိုက်ပါတယ်။

နိုင်းယုဉ်ကြည့်ရင် စကားကို အမျှင်မပြတ် ပြောနေတတ်တဲ့ လူစားမျိုးက ဘာမှထွေထွေထူးထူး လုပ်နိုင်တဲ့ လူစားမျိုးတွေ မဟုတ်ပါဘူး။ နောက်ပိုင်းမှာ သူ့ကို စိတ်အနှောင့်အယှက် ဖြစ်အောင်လို့ လုပ်လာခဲ့မယ်ဆိုရင် တစ်ခါတည်း သတ်ပစ်ရပါလိမ့်မယ်။ တကယ်လို့ ဒီလိုမျိုး အရေးမပါတဲ့ အရာတစ်ခုကြောင့် လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို လွဲချော်သွားခဲ့မယ်ဆိုရင် ဧရာမ ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ ဒီဆုံးရှုံးမှုက သူ့ကိုဖျားနာသွားစေ နိုင်ပါတယ်။

ကျောင်းယုချန်က သူ့ကိုယ်သူ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။

တကယ်လို့ မင်းက ပါရမီရှင် တစ်ယောက် ဖြစ်နေတော့ရော ဘာအရေးလဲ။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူတစ်ယောက်ကို မင်းက ဆန့်ကျင်နိုင်လို့လား။

ကျောင်းထယ်ယွမ်ကလည်း လင်းဟန်ကို ထပ်ပြီးတော့ အာရုံမစိုက်တော့ပဲ သူ့အာရုံတွေကို အလင်းစက်ဝိုင်း တစ်ခုကို ဖမ်းယူနိုင်ဖို့ အတွက်ပဲ အာရုံစိုက်ထားပါတယ်။ တကယ်လို့ သူက ပထမတန်းစား ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ရယူနိုင်ခဲ့မယ်ဆိုရင် အရေးပါတဲ့ ချိုးဖျက်မှု တစ်ခုကို ပြုလုပ်နိုင်ပြီး ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်တောင် ဖြစ်လာနိုင်ပါတယ်။

ဒါက တကယ်ပဲ အံ့သြဖွယ်ရာ ကောင်းပါတယ်။

ကျူးရွှမ်အာနဲ့ ယုန်ဖြူကြီးတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကလည်း အကျိုးအမြတ် ဖြစ်ထွန်းလာခဲ့ ပါတယ်။ အလင်းစက်ဝိုင်း တစ်ခုစီကို ရရှိပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက်လုံး အပြင်ဘက်ကို ပို့လွှတ်ခံလိုက် ရပါတယ်။

ခွင့်ပြုထားတဲ့ တစ်ရက်နဲ့ တစ်ညအချိန် ကုန်ဆုံးဖို့ကလည်း နီးကပ်လာပါပြီ။ လင်းဟန်က အဲဒီအလင်းစက်ဝိုင်းကို တိတိကျကျ စိုက်ကြည့်ပြီးတော့ ကောင်းကင်ပေါ်ကနေ နောက်တစ်ကြိမ် ဆင်းသက်လာမဲ့ အချိန်ကို စောင့်နေခဲ့ပါတယ်။

သိပ်မကြာခင်မှာပဲ သူမျှော်လင့်နေတဲ့ အချိန်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။ လင်းဟန်က အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်သွားပြီးတော့ အဲဒီအလင်းစက်ဝိုင်းကို ဖမ်းဆုပ်ဖို့ သူ့လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ နောက်ထပ်လက်တစ်ဖက်ကလည်း ဆန့်ထွက်လာပြီး အလင်းစက်ဝိုင်းကို ဖမ်းဆုပ်ဖို့ ပြင်နေပါတယ်။

အဲဒီလူက တကယ်ပဲ ကံကောင်းလွန်းပါတယ်။ သူက အလင်းစက်ဝိုင်းရဲ့ ဆင်းသက်လာမဲ့ လမ်းကြောင်းကို တွက်ချက်ထားတာမျိုး မဟုတ်ပဲ အစကတည်းက အဲဒီနေရာမှာ

ရပ်နေတာပဲ ဖြစ်ပါတယ်။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို အလင်းစက်ဝိုင်းက သူ့ရဲ့နေရာဆီကို ဆင်းသက်လာတာ ဖြစ်ပြီးတော့ အလင်းစက်ဝိုင်း ကိုယ်တိုင်က သူ့လက်တွေထဲကို ပစ်ဝင်လာသလိုမျိုးနဲ့ တူနေပါတယ်။

ပြီးတော့ အဲဒီလူကလည်း နောက်မဆုတ်ပဲ သူ့လက်ကို ဆန့်ထုတ်ပြီး အလင်းစက်ဝိုင်းကို ပေ့ါပါးဖျတ်လက်စွာနဲ့ ဖမ်းဆုပ်လိုက်ပြီး အလင်းစက်ဝိုင်းကို လင်းဟာန်နဲ့ တစ်ပြိုင်နက်တည်း ထိတွေ့သွားပါတယ်။

အဲဒီလူကတော့ ရှမ်ယွမ်ဇီကွမ်းပဲ ဖြစ်ပါတယ်။

လင်းဟာန်က အတော်လေး ထူးဆန်းပြီး အံ့အားသင့် သွားခဲ့ပါတယ်။ သူက အရင်ကတည်းက ဒီလူ့အကြောင်းကို သိပါတယ်။ အရမ်းကို ထူးခြားဆန်းကြယ်တဲ့ ကံကောင်းမှုနဲ့အတူ မွေးဖွားလာသူ ဖြစ်ပါတယ်။ ဒီလိုမျိုးလူက ကျောက်တုံးတစ်တုံးကို တွန်းချပြီးတော့ လုပ်ကြံသတ်ဖြတ်လို့ မရနိုင်သလို ရှေးလူတွေရဲ့ ရှေးဟောင်းရတနာတွေကိုလည်း ရရှိတတ်ပါတယ်။ လက်ရှိမှာ

သူ့ရဲ့ကံတရားကြောင့်လည်း မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်းက သူကိုယ်တိုင် ရွှမ်ယွမ်ဇီကွမ်းရဲ့ ရင်ခွင်ထဲကို တိုးဝင်ဖို့ ဆန္ဒရှိနေသလိုမျိုး ဖြစ်နေပြီး လင်းဟန်ကို တကယ်ပဲ မနာလိုစေပါတယ်။

ဟူး လူတချို့က တကယ်ပဲ ကံကောင်းမှုတွေနဲ့ မွေးဖွားလာခဲ့ကြတာပဲ။

ဒါပေမဲ့ လင်းဟန်က ပိုပြီးတော့တောင် ယုံကြည်မှု ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက အစစ်အမှန် ခွန်အားအပေါ်မှာပဲ မှီခိုထားပါတယ်။

အစစ်အမှန် ခွန်အားက ဒီနေရာမှာ အမြဲတမ်း ရှိနေပါလိမ့်မယ်။ နောက်ပြီးတော့ အဆက်မပြတ် တိုးမြှင့်ပါလိမ့်မယ်။ ကံကောင်းမှုအတွက်ကတော့ အသုံးပြုလို့ရတဲ့ အချိန်တစ်ခု ရောက်လာနိုင်သလို အကျိုးသက်ရောက်မှု မရှိတဲ့ အချိန်တစ်ခုလည်း ဖြစ်လာနိုင်ပါတယ်။ နောက်ပြီးတော့ ကံကောင်းမှုတွေ အရမ်းကို များပြားနေရင် တစ်ချိန်လုံး အရမ်းကို ချောမွေ့လွယ်ကူ

နေပါလိမ့်မယ်။ ဒါဆိုရင် သိုင်းပညာလမ်းကြောင်းပေါ်မှာ အဆင့်တက်ဖို့ အကျိုးအမြတ် ရှိတော့မှာ မဟုတ်ပါဘူး။

"လင်းဟန်"

ရွှမ်ယွမ်ဇီကွမ်းကလည်း လင်းဟန်ကို တွေ့မြင်သွားပြီး သူ့ပါးစပ်ကနေ မထိန်းနိုင်ပဲ ရေရွတ်လိုက် မိပါတယ်။ သူက လင်းဟန်ကို အထူးတလည်ကို မုန်းတီးနေခဲ့ပါတယ်။ လင်းဟန်က သူ့ကို တစ်ကြိမ်ပြီး တစ်ကြိမ် အနိုင်ယူပြီးတော့ သူ့ရဲ့ယုံကြည်မှုတွေကို ပြင်းပြင်းထန်ထန် တိုက်စားခံလိုက်ရရုံသာမက လင်းဟန်က သူ့မျက်လုံးထဲက ပန်းသီးလေးကိုလည်း လုယူသွား ပါတယ်။

ပြီးတော့ အခုလည်း လင်းဟန်က သူနဲ့ လျှို့ဝှက်နည်းစနစ် တစ်ခုအတွက် တိုက်ခိုက်ချင်နေ သေးတာလား။

သူ့ခန္ဓာကိုယ်ကနေ နတ်ဘုရား အလင်းတစ်ခုက ထွက်ပေါ်လာပြီး

သူ့ကို ကောင်းကင်ဘုံကနေ ဆင်းသက်လာတဲ့ နတ်ဘုရားတစ်ပါးလို ဖြစ်စေပြီး စကားလုံးတွေနဲ့ ဖော်ပြလို့ မရနိုင်တဲ့ အစွမ်းတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါက သူ့ခန္ဓာကိုယ် အပေါ်မှာ ဂုတ်ဆင်ထားတဲ့ ကိုယ်ကျပ်ချပ်ဂုတ် ဖြစ်ပါတယ်။ အခုအဲဒီချပ်ဂုတ်မှာ သကော်တွေ ရာနဲ့ချီ ရှိနေပြီး တစ်ခုချင်းစီက တောက်ပနေတာကြောင့် အလင်းရောင်တွေ တစ်ထောင်ကျော်လောက် ရှိနေပြီး လင်းဟာန်ဆီကို ပေါ့ပါးသွက်လက်စွာနဲ့ တိုက်ခိုက်လိုက်ပါတယ်။

ဒါက အဆင့်ရှစ်မှာ ဖြစ်နိုင်တဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

ရွှမ်ယွမ်ဇီကွမ်းရဲ့ ကံကောင်းမှုက တကယ့်ကို အားကောင်းပြီး နတ်ဘုရားတွေရဲ့ စိတ်ဆန္ဒတောင် ဆန့်ကျင်နိုင်ပါတယ်။ သူ့မှာ အရင်တုန်းက ဒီရတနာ ပစ္စည်း မရှိပါဘူး။ သူက စွန့်စားလိုက်ရုံနဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို ကောက်ရပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကံတရားကို သတိပေး ခေါင်းလောင်း တီးလိုက်သလိုပါပဲ။

လင်းဟန်က ကြောက်ရွံ့ခြင်းအလျဉ်း ကင်းနေပါတယ်။
သူ့ခန္ဓာကိုယ်ကလည်း ရတနာ ပစ္စည်းတစ်ခုနဲ့ တူညီတဲ့
အလင်းတွေကို ထုတ်လွှတ်လို့ နေပါတယ်။

မင်းက စိတ်ဝိညာဉ် ပစ္စည်းအပေါ်မှာ မှီခိုပြီးတော့ သန်မာလာတယ်။
ဒါပေမဲ့ ငါကတော့ ငါ့ကိုယ်ပိုင် သန်မာမှု အပေါ်မှာပဲ မှီခိုတယ်။
ဘယ်သူက ပိုပြီးတော့ အံ့သြစရာကောင်းလဲ။

ရှပ် ရှပ် ရှပ်။

ရတနာပစ္စည်းကနေ အလင်းတန်းတွေက လင်းဟန်ရဲ့ ခန္ဓာကိုယ်
အပေါ်ကို အဆက်မပြတ် ခုတ်ပိုင်းလိုက်ပြီး သူ့အဂတ်အစားတွေကို
လှီးဖြတ်ပြီးတော့ သူ့ခန္ဓာကိုယ်ကို ခုတ်လိုက်ပါတယ်။ သူ့အရေပြားနဲ့
ကြွက်သား အစိတ်အပိုင်း တစ်ခုချင်းစီက သူတို့ကိုယ်ပိုင်
စိတ်စွမ်းအားတစ်ခု ရှိနေသလိုမျိုး ရွှေ့လျားနေပါတယ်။

စိတ်ဝိညာဉ် ပစ္စည်းရဲ့ တိုက်ခိုက်မှုတွေ အားလုံးက ကျရှုံးပြီးတော့ မအောင်မြင်ပါဘူး။

ဘုန်း။

လင်းဟာန်က လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ ရွှမ်ယွမ်ဖီကွမ်းက ဒီလက်သီးကို ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။ သူ့ရဲ့ပင်ကိုယ် အသိစိတ်အတိုင်း အနောက်ဘက်ကို ခြေလှမ်း ခုနစ်လှမ်းဆက်တိုက် ဆုတ်လိုက်ရပါတယ်။ သူ့မျက်နှာက နီရဲလာပြီးတော့ အသက်ကို ပြင်းပြင်းရှုလိုက်ပြီး သူ့အသိစိတ် လွင့်သွားသလိုမျိုး ခံစားလိုက်ရပါတယ်။

သူ့အမူအရာက ပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။ သူက လင်းဟာန်အတွက် အရင်ကတည်းက ပြိုင်ဘက်မဟုတ်ခဲ့ပါဘူး။ ပြီးတော့ အခုလည်း လင်းဟာန်အတွက် ပြိုင်ဘက်မဟုတ်သေးပါဘူး။ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို ပေါင်းထည့်ပြီး တိုက်ခိုက်တာတောင် အခြေအနေက မကောင်းသေးပါဘူး။ သူတို့နှစ်ယောက်အကြားက ကွာဟချက်က ဘယ်လိုလုပ်ပြီးတော့ ပိုပိုပြီး ဝေးကွာလာရတာလဲ။

မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကံကောင်းမှုတွေက သူ့ဘက်ခြမ်းမှာ ရှိနေတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ကျေနပ်အားရစွာနဲ့ ပြုံးလိုက်ပါတယ်။ နောက်ဆုံးတော့ သူက အဲဒီအလင်း စက်ဝိုင်းကို ဖမ်းယူနိုင်ခဲ့ပါပြီ။ ခလွမ်း။ အလင်းစက်ဝိုင်းက အပိုင်းပိုင်းအစစ ဖြစ်သွားပြီး သူ့အပေါ်မှာ ရေးထားတာတွေက ချက်ချင်းဆိုသလို ပျောက်ကွယ်လွင့်ပါးသွားကာ မေးမှိန်လာပြီးတော့ အထဲမှာ အစိမ်းရောင် ပုတီးစေ့တစ်လုံး ရှိနေပါတယ်။

လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ အားလုံးက စာလုံးသင်္ကေတတွေ လုံးဝမရှိပါဘူး။

"မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း လျှို့ဝှက်ဆန်းကြယ် စွမ်းအား နည်းစနစ်"

ရွှမ်ယွမ်ဇီကွမ်းက ရေရွတ်လိုက်ပြီးတော့ သူ့ညာဘက်လက်နဲ့ လင်းဟန်ကို လက်ညိုးထိုး ညွှန်ပြပြီး ပြောလိုက်ပါတယ်။

"လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ငါ့ကိုပြန်ပေးစမ်း"

ရုတ်တရက်ဆိုသလို သုံးပုံနှစ်ပုံခန့်ရှိတဲ့ လူတွေအားလုံးက သူတို့ရဲ့ အကြည့်တွေကို လင်းဟန်ဆီကို ပြောင်းပြီးတော့ ကြည့်လိုက်ပါတယ်။ ပြီးတော့ သူတို့ထဲက ဘယ်သူကမှ ရင်းနှီးကျွမ်းဝင်တဲ့ အကြည့်တွေ ရှိမနေပါဘူး။

လျှို့ဝှက်ဆန်းကြယ် စွမ်းအား။ ဘယ်သူကမှ လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အဆင့်တွေကို တွက်ချက်လို့ မရခဲ့ပေမဲ့ ဒဏ္ဍာရီအရတော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုက ကောင်းကင်အဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုထက်တောင် ပိုပြီးတော့ အံ့သြဖွယ်ရာ ကောင်းပါတယ်။ ပြီးတော့ ဒီစွမ်းအားတွေက သေမျိုးကမ္ဘာထဲမှာ ပျောက်ဆုံးကုန်တဲ့ နတ်ဘုရားတွေရဲ့ လျှို့ဝှက်နည်းစနစ်လည်း ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဘယ်သူကများ မနာလို မဖြစ်ပဲ နေမှာလဲ။

လင်းဟာန်ရဲ့ ပုံရိပ်က လျှပ်ပြက်သလို ပျောက်ကွယ်သွားပြီး စာကြည့်တိုက်ထဲကနေ ထွက်သွားပါတယ်။ သူက လျှို့ဝှက်နည်းစနစ် တစ်ခုကို ရရှိခဲ့တာကြောင့် အပြင်ဘက်ကို ပိုလွှတ်ခြင်း ခံလိုက်ရပါတယ်။

"လင်းဟာန်"

ဟူးညိုနဲ့ ကျန်တဲ့လူတွေ အားလုံးက သူ့ကိုနုတ်ဆက် လိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ထွက်ပြေးဖို့ အသင့်ပြင်ထားကြ"

"နောက်ထပ်တစ်ခါ ပြေးရဦးမှာလား"

ဟူးညို့က အားပါးတရ ပြုံးပြီးတော့ လက်ခုပ်တီးကာ ပြောလိုက်ပါတယ်။

"ဒါက ပျော်စရာကောင်းတယ်။ ဘယ်သူက အမြန်ဆုံး ပြေးနိုင်လဲဆိုတာကို ကြည့်ကြတာပေါ့"

"ဟဲဟဲ။ မင်းတို့က ဘယ်ကိုထွက်ပြေးဖို့ စဉ်းစားနေတာလဲ"

စာကြည့်တိုက်ထဲကနေ လူတစ်အုပ် ထွက်လာခဲ့ပါတယ်။ သူတို့တွေကို စာကြည့်တိုက်က တည်နေရာ ရွှေ့ပြောင်းပြီး ထုတ်လိုက်တာ မဟုတ်ပါဘူး။ သူတို့ဘာသာ သူတို့ ထွက်လာကြတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့က အနည်းငယ်ပဲ နောက်ကျနေခဲ့တာပါ။

ကျောင်းထယ်ယွမ်က လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"လျှိုဝှက်ဆန်းကြယ် စွမ်းအားကို ငါ့ကိုပေးစမ်း။ ဒါဆိုရင် မင်းအသက်ကို ချမ်းသာပေးမယ်"

လင်းဟာန်က သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို မထိန်းချုပ်နိုင်တော့ပါဘူး။ အစောပိုင်းတုန်းက မြေကျွန်းမှာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအားကို ဦးစားပေး သတ်မှတ်ထားတာကြောင့် တခြားသူတွေက သူ့ကိုပြဿနာ ရှာလာတာကိုတောင် စိတ်ထဲမှာ မထည့်ထားပါဘူး။ အခုတော့ မမျှော်လင့်ထားပဲ သူ့သဘောဆန္ဒအတိုင်း လုပ်လို့ရပါပြီ။ လင်းဟာန်က ခပ်တည်တည်နဲ့ ပြန်ဖြေလိုက်ပါတယ်။

"ဗိုး ဘာကြောင့်ငါ ပေးရမှာလဲ"

ကျောင်းထယ်ယွမ်က ကိုယ့်ကိုကိုယ် ဘဝြမင့်နေမှန်း

သိသာပါတယ်။ သူ့ကိုယ်သူ အပြည့်အဝ ယုံကြည်မှု ရှိပြီးတော့ သူ့လက်တွေကို အနောက်ကို ပစ်ထားပြီး စိတ်အေးလက်အေး ရှိနေတဲ့ ဟန်ပန်အမူအရာနဲ့ ပြန်ပြောလိုက်ပါတယ်။

"မင်းရဲ့ ဉာဏ်ရည်ဉာဏ်သွေးက တကယ့်ကို စိတ်ပူစရာပဲ။ မင်းအတွက်တော့ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ထိန်းသိမ်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တကယ်လို့ မင်းက အဲဒါကို မဆုံးရှုံးချင်ဘူးဆိုရင် မင်းမှာရွေးချယ်စရာ တစ်ခုပဲရှိတယ်။ အဲဒါက မင်းအသက်ကို ဆုံးရှုံးရလိမ့်မယ်"

Chapter 732 end

Zaw.အပိုင်း(၇၃၃) ကျောင်းထယ်ယွမ်ကို သတ်ဖြတ်ခြင်း

"သူနဲ့ တွေ့ကရာရှစ်သောင်း လျှောက်ပြောမနေပါနဲ့ တတိယ အကြီးအကဲ။ သူ့ကို မြန်မြန်သတ်ပြီး လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ကျနော်တို့ အပိုင်ယူကြတာပေါ့"

ဘေးနားက ကျောင်းယုချန်က အော်ဟစ်သတိပေး လိုက်ပါတယ်။

"အမှန်ပဲ"

ကျောင်းထယ်ယွမ်က ခေါင်းညိတ်ပြီးတော့ လင်းဟန်ဘက်ကို ခြေလှမ်းကျဲကြီးတွေနဲ့ လှမ်းလာပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အရှိန်အဝါကို ထုတ်ဖော်ထား လိုက်ပါတယ်။ ဒါက သူ့ရဲ့ အထင်ကြီးစရာကောင်းတဲ့ ခွန်အားကို ထုတ်ဖော်ပြပြီး လင်းဟန်ကို ထိတ်လန့်တုန်လှုပ်သွားစေဖို့ ဖြစ်ပါတယ်။ ပြီးတော့ တခြားသူတွေကိုလည်း သတိပေးလိုက်သလိုမျိုး ဖြစ်သွားတာပေါ့။ ဆိုလိုရင်းက ရှင်းပါတယ်။ ဒီလူငယ်က သူ့လူပဲ ဖြစ်ရမယ်။ ဒါကြောင့် မင်းတို့တွေ အားလုံးရဲ့ စိတ်ထဲမှာ သူ့ကို ကူညီဖို့ လက်တစ်ဖက် ကမ်းပေးမယ်ဆိုရင်တောင် သေသေချာချာ စဉ်းစားဖို့ လိုအပ်တယ်လို့ သတိပေးခြင်း ဖြစ်ပါတယ်။

လင်းဟန်က ကျောင်းကလန်က လူနှစ်ယောက်ကို ကြည့်လိုက်ပြီး သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပွက်ပွက်ဆူ လာခဲ့ပါတယ်။ အစောပိုင်းတုန်းက ကျောင်းထယ်ယွမ်ရဲ့ တိုက်ခိုက်မှုကြောင့် သူက

မြေကြွမှာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအားကို လွှဲချော်သွားခဲ့ရပါတယ်။ တကယ်လို့ နောက်ထပ်အခွင့်အရေး တစ်ခု ရှိနေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် တကယ်လို့ ကျောင်းထယ်ယွမ်ကို အစိတ်စိတ် အပိုင်းပိုင်း ခုတ်ပိုင်းပစ်တော့ ဘာဖြစ်မှာမို့လဲ။

အစောပိုင်းတုန်းက သူ့အနေနဲ့ သူတို့နဲ့ ရှုပ်ရှုပ်ထွေးထွေး မဖြစ်ချင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ သူတို့ကိုယ်သူတို့ သူ့ကိုပြဿနာ လာရှာတာ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်အတွက် ထိန်းချုပ်ထားဖို့ လိုဦးမှာလား။

သူက ခြောက်ကပ်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"စကားပုံ တစ်ခုရှိတယ်။ ငှက်ကို လိုချင်ရင် အရင်ဆုံး ပစ်ချရတယ်တဲ့။ တခြားလူတွေက နည်းနည်းမှ မလုပ်ရှားကြပဲ မင်းတို့ ငှက်ရှူးနှစ်ကောင်က ခုန်ထွက်လာခဲ့တယ်။ တကယ်လို့ မင်းတို့ကိုယ်ပိုင် ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်နေတာ မဟုတ်ဘူးဆိုရင် ဘာလဲဆိုတာကို ငါလည်းမသိတော့ဘူး"

"ဘယ်လောက် ရိုင်းပျလိုက်သလဲ။ မင်းကိုယ်မင်း တတိယ
အကြီးအကဲရဲ့ အရှေ့မှာ ခေါင်းမော့ ရင်ကော့ပြီးတော့
စိတ်ကြီးဝင်တဲ့ အမူအရာမျိုး လုပ်လို့ရမယ် ထင်နေတာလား"

ကျောင်းယုချန်က လင်းဟန်ကို လက်ညှိုးထိုးပြီးတော့
ပြောလိုက်ပါတယ်။ တကယ်လို့ သူ့အဆင့်က လင်းဟန်နဲ့
မကွာဘူးဆိုရင် သူကိုယ်တိုင် တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့
လင်းဟန်ကို စုတ်ဖြဲပစ်လိုက်မှာပါ။

ကျောင်းထယ်ယွမ်ရဲ့ အကြည့်စူးစူးတွေက တင်းမာခက်ထန်လာပြီး
သူ့ညာဘက်လက်ကို ဆန့်ထုတ်လိုက်တဲ့ အခါမှာ
တောက်ပလင်းလက်တဲ့ အလင်းရောင်တစ်ခု ရောယှက်နေတဲ့
သင်္ကေတတစ်ခု ဖြစ်ပေါ်လာပါတယ်။ အဲဒီနောက် သူက
မကောင်းဆိုးဝါးဆန်ဆန် ပြုံးပြီးတော့ လင်းဟန်ဘက်ကို
သူ့ရဲ့မူလစွမ်းအင်တွေ စုစည်းပြီးတော့ ရောမ လက်ဝါးကြီး
တစ်ခုပုံစံကို ပြောင်းလဲပြီးတော့ အပေါ်ကနေ လင်းဟန်ကို
လွှဲရိုက်လိုက် ပါတယ်။

အရမ်းကို ပေါ့ပါးဖျတ်လတ်ပြီး ပြင်းထန်ကာ လင်းဟာန်ရဲ့ အသက်ကို နုတ်ယူဖို့ ရည်ရွယ်ပြီး အဆုံးစွန် တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက် သလိုပါပဲ။

လင်းဟာန်က ခံစားချက် ကင်းမဲ့စွာနဲ့ ရပ်နေဆဲ ဖြစ်ပြီးတော့ ရောမလက်ကြီး အောက်ဘက်ကို ကျဆင်းလာတဲ့ အချိန်ကို စောင့်မျှော်ပြီးမှ သူက တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ ဓားအလင်းတန်းက တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ခုတ်ပိုင်း လိုက်ပါတယ်။ ရောမ လက်ကြီးက နှစ်ပိုင်းပြတ်ထွက်သွားပြီး တောက်ပလင်းလက်တဲ့ အလင်းရောင်ကလည်း လုံးဝကို ပျောက်ကွယ် သွားခဲ့ပါတယ်။

"အား"

ကျောင်းထယ်ယွမ်က အမှတ်မထင် ညည်းတွားသံ ထွက်သွားပြီး သူ့ညာဘက်လက်ကို ဘယ်လက်နဲ့ အုပ်ထားလိုက်ပါတယ်။

သူ့ညာဘက် လက်ဖဝါးရဲ့ အလယ်မှာ ထိတ်လန့်စရာ ဟက်တက်ကွဲ ဒဏ်ရာတစ်ခုကို တွေ့မြင်နိုင်ပြီး လတ်ဆတ်တဲ့ သွေးတွေက စီးကျလို့ နေပါတယ်။ ဖောက် ဖောက် ဖောက်။ သွေးတွေက မြေပေါ်ကို စီးကျနေပြီး ကန္တာကြီးတောင် တုန်ခါနေပါတယ်။

နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သွေးက တန်ဖိုးမဖြတ်နိုင်တဲ့ အားဆေးတစ်မျိုး ဖြစ်ပါတယ်။ မှော်ဆေးပညာရှင် တစ်ယောက်အတွက် ဂုဏ်သိက္ခာကို မငဲ့ကွက်ပဲ မှော်ဆေးလုံး ပါဂင်ပစ္စည်းတစ်ခုအဖြစ် အသုံးပြုဖို့ စုဆောင်းနိုင်ပါတယ်။

ကျောင်းထယ်ယွမ်က သူ့ရဲ့ မူလစွမ်းအင်ကို မြန်မြန်ဆန်ဆန် အသုံးပြုပြီးတော့ စီးဆင်းနေတဲ့ သွေးတွေကို ဆုံးရှုံးမှု နည်းပါးအောင်လို့ ရပ်သွားဖို့ ပိတ်ဆို့လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက အံ့အားသင့်စွာနဲ့ ရှာတွေ့လိုက်တာက ဒဏ်ရာရဲ့ အတွင်းမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဓားဆန္ဒတစ်ခုက လည်ပတ်လို့ နေပါတယ်။ သူ့ရဲ့ မူလစွမ်းအင်တွေက ပျက်စီးသွားပြီးတော့ နောက်ဆုံးမှာ ဒဏ်ရာကို ပိတ်ဆို့ဖို့

သနားစရာကောင်းလောက်အောင် အများကြီး မတတ်နိုင်ပါဘူး။

သွေးတွေက ဆက်ပြီးတော့ စီးကျနေဆဲပါပဲ။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ဒီကောင်လေးရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို သန်မာပြီး တိုက်ခိုက်မှု တစ်ခုတည်းကပဲ သူ့ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားစေခဲ့တာလား။

ကျောင်းထယ်ယွမ်က အဲဒါကို မယုံကြည်နိုင်ပါဘူး။ သူ့အမြင်တော့ လင်းဟာန်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဂျူနီယာ တစ်ယောက်ပဲ ဖြစ်ပါတယ်။ အစောပိုင်းတုန်းကတောင် ကျောင်းထယ်ယွမ်က သူ့ကို တိုက်ခိုက်လိုက်တုန်းက လင်းဟာန်က လက်တုံ့မပြန်ပဲ အောက်ကျို့ခံ မကျေမနပ် အလျော့ပေးခဲ့ပြီး ဒေါသတောင် မထွက်ရဲခဲ့ပါဘူး။ တကယ်လို့ သူက ဒီလိုမျိုး သန်မာမယ်ဆိုရင် ဘာဖြစ်လို့ အစောတုန်းက သည်းခံနေရမှာလဲ။

"တတိယ အကြီးအကဲ"

ကျောင်းယုချန်က အတော်လေးကို တုန်လှုပ်နေပါတယ်။ သူ့နှလုံးသားထဲမှာ သူ့ကလန်က အကြီးအကဲ လေးယောက်က ဒီကမ္ဘာကြီးထဲမှာ ဘယ်အရာကိုမဆို အနိုင်ယူနိုင်တဲ့ တည်ရှိမှုတွေ ဖြစ်တယ်လို့ အမြဲတမ်း ယုံကြည်ထားပါတယ်။ သူတို့ထဲက တစ်ယောက်က ဘယ်လိုလုပ်ပြီး လူငယ်တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ရှုံးနိမ့်သွားတယ်ဆိုတာ ဖြစ်နိုင်မှာလား။

ကျောင်းထယ်ယွမ်ရဲ့ မောက်မာဂင့်ကြွားမှုတွေက သူ့ယုံကြည်မှုတွေ အပေါ်မှာ အခြေခံပြီးမှ ဖြစ်ပေါ်လာခဲ့တာပါ။ အခု သူ့ရဲ့တတိယ အကြီးအကဲက ပြိုင်ဘက်ဖြစ်သူရဲ့ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားခဲ့ပါတယ်။ ကျောင်းယုချန်က ချက်ချင်းပဲ နောက်ဆုတ်လိုက်ချင်ပြီး ဘာကို ကြောက်လို့ ကြောက်မှန်းမသိ ဖြစ်နေပါတယ်။

"အဘိုးကြီးစုတ် ခင်ဗျားက သေဖို့အတွက် အပြင်းအထန် တောင်းဆိုနေမှတော့ ကျုပ်က ခင်ဗျားရဲ့ ဆန္ဒကို ဖြည့်ဆည်းပေး

ရမှာပေါ့"

လင်းဟန်က မရဏာစားဖြစ်ဖြစ် နတ်ဆိုးရှင်သန်စားကိုပဲဖြစ်ဖြစ် ဆွဲမထုတ်ခဲ့ပါဘူး။ သူ့ရဲ့ လက်ချောင်းနှစ်ချောင်းကို ဖော့ယမ်းလိုက်ရုံပါပဲ။ ဒါပေမဲ့ သူက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသုံးပြုခဲ့ပြီး ဒီလျှိုဝှက်ဆန်းကြယ် စွမ်းအားက ပြိုင်ဘက်ဖြစ်သူရဲ့ ဒဏ်ရာအထဲမှာ ပြောင်းဆန်ပြီးတော့ အားနည်းစေပြီး လွယ်လွယ်နဲ့ ကုသလို့ မရအောင် ဖြစ်စေခဲ့ပါတယ်။

"ငါမင်းကို သတ်ချင်တယ်"

ကျောင်းထယ်ယွမ်က အော်ဟစ်လိုက်ပြီး သူ့ရဲ့ဆေဘာစားကို ဆင့်ခေါ်ကာ လင်းဟန်ဆီကို ဖော့ယမ်းတိုက်ခိုက် လိုက်ပါတယ်။

ရှုပ်။

မီတာသုံးရာကျော် ရှည်လျားတဲ့ အလင်းတန်း တစ်ခုက ဆောဘာဓားကနေ ထွက်ပေါ်လာပြီး ဒေါသကြီးတဲ့ နဂါးတစ်ကောင်အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

လင်းဟန်ကလည်း သူ့ရဲ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ တကယ်တော့ ပြိုင်ဘက်ဖြစ်သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိပါတယ်။ စောစောက သူ့ရဲ့ တိုက်ခိုက်မှုက တစ်ဖက်လူရဲ့ လျစ်လျူရှုမှုနဲ့ သတိလက်လွတ် ဖြစ်နေတာကြောင့်လို့ ပြောနိုင်ပေမဲ့ သူကတော့ သူ့ပြိုင်ဘက်ကို လုံးဝကို လျော့မတွက်ထားသင့်ပါဘူး။ သူထုတ်လိုက်တဲ့ ဓားက နတ်ဆိုးရှင်သန်ဓား ဖြစ်ပါတယ်။ ဒါက ကျောင်းထယ်ယွမ်လို လူတစ်ယောက်ကို သတ်ပစ်ဖို့ လုံလောက်ပါတယ်။

တကယ်လို့ နတ်ဆိုးရှင်သန်ဓားမှာ သူ့ရဲ့ လက်နက်စိတ်ဝိညာဉ် ရှိနေဦးမယ်ဆိုရင် သေချာပေါက် စိတ်ထိခိုက်ပြီး စဉ်းစားနေပါလိမ့်မယ်။ ငါလည်းပဲ အထင်ကြီးစရာကောင်းတဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုပါ။ ဒါပေမဲ့ အခုတော့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူတစ်ယောက်ကို ခုတ်ပိုင်းဖို့

အဆင့်နိမ့်ကျသွားပြီလား။

ရှုပ်။

ဓားအလင်းတန်းက ထွက်ပေါ်လာပြီး ဆယ်မီတာလောက်ပဲ ရှည်ပါတယ်။

အလင်းတန်းရဲ့ စွမ်းအားကို သူ့ရဲ့အရှည်နဲ့ အထုအပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ပါတယ်။ ပိုမိုရှည်လျားပြီး ထူနေမယ်ဆိုရင် အလင်းတန်းရဲ့ ဖျက်ဆီးခြင်း စွမ်းအားက ပိုပြီးတော့ ထိတ်လန့်စရာ ကောင်းပါလိမ့်မယ်။ ဒါကြောင့် လင်းဟန်ထုတ်ဖော်လိုက်တဲ့ အလင်းကို ကြည့်လိုက်တော့ ဆယ်မီတာလောက်ပဲ ရှည်တာကြောင့် ကျောင်းထယ်ယွမ်ရဲ့ နှလုံးသားက ချက်ချင်းပဲ တည်ငြိမ်လာသလို ခံဏားလိုက်ရပြီး နောက်ဘက်မှာ ရှိနေတဲ့ ကျောင်းယုချန်ကလည်း သူ့ရဲ့ယုံကြည်မှုတွေ ပြန်လည်ရရှိ လာခဲ့ပါတယ်။ သူက တကယ်ပဲ သူ့အကြီးအကဲ အပေါ်မှာ သံသယ ဝင်မိခဲ့ပြီး ဒီကောင်စုတ်ကို အရမ်းမြင့်မြင့်မားမား စဉ်းစားထားမိပါတယ်။

ပုန်း။

ဓားအလင်းတန်းနဲ့ ဆေဘာဓား အလင်းတန်းက ပြင်းပြင်းထန်ထန် ဂင်ဆောင့်မိပြီး တစ်ခုနဲ့တစ်ခု လိမ်ယှက်သွားပါတယ်။ ဖူး။ ဆေဘာဓား အလင်းတန်းက တကယ်ပဲ နစ်ပိုင်းပြတ် သွားခဲ့ပါတယ်။

နစ်ပိုင်းပြတ်နေတဲ့ ဆေဘာဓား အလင်းတန်းက သူ့ရဲ့မူလ ရည်မှန်းချက်အတိုင်း ဆက်သွားပြီး လင်းဟန် ခန္ဓာကိုယ်ရဲ့ ဘေးဘက်တွေကနေ ဖြတ်သွားပါတယ်။ သူ့အနေနဲ့ ဘာမှလုပ်ဖို့ မလိုပါဘူး။ နည်းနည်းလေးတောင်မှ ရွေ့လျားရှောင်တိမ်းဖို့ မလိုပါဘူး။ ဒါပေမဲ့လည်း ဓာအားလင်းတန်းက အဆုံးမဲ့ နတ်ဘုရား လက်နက် တစ်ခုလိုမျိုး ကျောင်းထယ်ယွမ်ဆီကို ဆက်ပြီးတော့ ဂင်လာပါတယ်။

ကျောင်းထယ်ယွမ်က ထိတ်လန့်တုန်လုပ်သွားပြီး အလျင်အမြန်ပဲ

လေထဲကို လွှားခနဲ ခုန်တက်ပြီး ရှောင်တိမ်းလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ ထိတ်လန့်ခြောက်ချားမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူ့ရဲ့ ဆေဘာဓား အလင်းတန်းက ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ရဲ့ ဓားအလင်းတန်းနဲ့ အရည်အသွေးပိုင်းမှာ နိမ့်ကျနေရတာလဲ။ ထိပ်တိုက်ရင်ဆိုင်မှု တစ်ခုမှာ ပြိုင်ဘက်ဖြစ်သူရဲ့ ဓားအလင်းတန်း ဂင်ဆောင့်မှုကြောင့် ပျက်စီးသွားတာက သစ်သားဓားကျိုး တစ်ချောင်းနဲ့ ဓားအစစ် တစ်ချောင်းကို ပြေးဂင်ခုတ်ရင်း တစ်ချက်ထိလိုက်တာနဲ့ ပျက်စီးသွားသလိုမျိုးပါပဲ။

သူက အတော်လေးကို တုန်လှုပ်သွားမိပါတယ်။ ဓားအလင်းတန်းရဲ့ ရှည်လျားမှုနဲ့ အထူအပါးက ဖျက်စီးခြင်း စွမ်းအားကို ပိုပြီးတော့တောင် အစွမ်းထက် သွားစေပါတယ်။ ဒါပေမဲ့လည်း ဓားချီတွေ တူညီပြီး ဓားအလင်းတန်းရဲ့ စွမ်းအားကလည်း တခြားအကြောင်းအရာ နှစ်ခုအပေါ်မှာ မူတည်ပါတယ်။ ကျင့်ကြံသူရဲ့ နားလည်သဘောပေါက်နိုင်စွမ်းနဲ့ ကျင့်ကြံသူ အသုံးပြုတဲ့ လက်နက်ရဲ့ အဆင့်ပဲ ဖြစ်ပါတယ်။

အဲဒီဓား။

လင်းဟန်ရဲ့ ဓားနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်နိုင်စွမ်းက သူ့ဆေဘာဓားရဲ့ ထူးခြားမှုထက် သာလွန်လိမ့်မယ်လို့ ကျောင်းထယ်ယွမ်က လုံးဂကို မယုံကြည်ခဲ့ပါဘူး။ ဒီလိုဆိုမှတော့ ဖြေရှင်းချက်က တစ်ခုပဲ ရှိပါတော့တယ်။ ပြိုင်ဘက်ဖြစ်သူရဲ့ လက်ထဲက စိတ်ဝိညာဉ် ပစ္စည်းရဲ့ အဆင့်က အရမ်းကို မြင့်မားနေတာပါပဲ။ ဒါကြောင့်လည်း ဓားအလင်းတန်းက အရမ်းကို ပေါ့ပါးဖျတ်လတ်ပြီး ပြင်းထန်ရုံတင်မက အရည်အသွေးနဲ့ ပတ်သက်ရင် ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး ကွာဟချက်ကို ဖာထေးပေးသလို သူ့ကိုတောင်မှ ဖိနှိပ်နိုင်ပါတယ်။

"ဟားဟား အဲဒီဓားလည်း ငါ့ကိုယ်ပိုင် ဖြစ်စေရမယ်"

သူ့နှလုံးသားထဲမှာ လင်းဟန်က စိတ်ဝိညာဉ် ပစ္စည်းရဲ့ ခွန်အားအပေါ် မှုတည်ပြီးတော့ ကိုယ်ပိုင် ခွန်အားကတော့ ထူးချွန်မှ

မရှိဘူးလို့ ကောက်ချက်ချ သုံးသပ်ခဲ့ပါတယ်။ တကယ်လို့ စိတ်ဝိညာဉ် ပစ္စည်းကလည်း အမှန်တကယ် ခွန်အားရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်နေရင်တောင် ဘာဖြစ်သေးလဲ။

သူက နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူ့ရဲ့ လုပ်ရှားမှုက လျှပ်ပြက်သလို အမြန်နှုန်းနဲ့ ဖြစ်ပြီးတော့ လင်းဟန်က သူ့ရဲ့ဓားကို အချည်းနှီး ကိုင်ဆွဲထားရပြီး ဘာမှမတတ်နိုင်အောင် လုပ်ပြီးတော့မှ လင်းဟန်ကို သတ်ပစ်ဖို့ နောက်တစ်ကြိမ် တိုက်ခိုက်ပြီး ရတနာဓားနဲ့ လျှိုဝှက်ဆန်းကြယ် စွမ်းအားကို လုယူရပါမယ်။

လင်းဟန်က ခံစားချက် ကင်းမဲ့တဲ့ ပုံစံနဲ့ ဆက်ရပ်နေပြီး ကျောင်းထယ်ယွမ်ရဲ့ ပုံရိပ်က ဘယ်ကို ရောက်သွားမှန်း မသိတဲ့ ပုံစံမျိုးပါပဲ။

ကျောင်းထယ်ယွမ်က ဂုဏ်ယူဝင့်ကြွားသလို ခံစားမိလိုက်ပါတယ်။ သူ့ပုံရိပ်က လျင်မြန်စွာနဲ့ ဖြတ်သွားပြီး လင်းဟန်ရဲ့ နောက်ကျောဘက်မှာ ပေါ်လာခဲ့ပါတယ်။ သူက ရုတ်ချည်းဆိုသလို

လင်းဟန်ရဲ့ လည်ပင်းဆီကို ရည်ရွယ်ပြီးတော့ ခုတ်ပိုင်းမှု တစ်ခုကို လုပ်လိုက်ပါတယ်။

သေစမ်း သေစမ်းကွာ။

သူ့ဆေဘာစားနဲ့ ခုတ်လိုက်ပါပြီ။ ကျောင်းထယ်ယွမ်က ပထမတော့ ကျေနပ်ပီတိ ဖြစ်နေပေမဲ့ အဲဒီနောက်မှာ သူ့အရှေ့မှာ ရှိနေတဲ့ လင်းဟန်ရဲ့ ပုံရိပ်က ဘယ်လိုမှန်း မသိအောင် ရုတ်တရက် ပျောက်ကွယ်သွားပြီး သူ့ကို နိုးနိုးကြားကြား ဖြစ်သွားစေခဲ့ပါတယ်။

သူ့နှလုံးသားထဲမှာ မကောင်းတဲ့ အငွေ့အသက် တစ်ခုက ရုတ်တရက် မြင့်တက်လာပြီး သူ့အနောက်ကနေ စကားပြောသံ တစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။

"ဘာလဲ။ ခင်ဗျားက ကျုပ်ကို ရှာနေတာလား"

သူက အရမ်းကို အံ့အားသင့် သွားပြီးတော့ သူ့ဖင်ကိုတောင် ရှုံ့လိုက်ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစက်တဲ့ ချွေးတွေက ရေတံခွန်တစ်ခုလို စီးကျလာပြီးတော့ သူက မြန်မြန်ဆန်ဆန် ချာခနဲ လှည့်လိုက်ပြီး သူ့ဆေဘာဓားနဲ့ ခုတ်ချလိုက်ပါတယ်။

ဆေဘာဓား အလင်းတန်းရဲ့ ကျယ်ပြန့်စွာ လုပ်ရှားမှုက ကျောရိုးထဲထိ အေးစိမ့်တဲ့ ခံစားမှုကို ပေးစွမ်းနိုင်ပါတယ်။

ဒါပေမဲ့ သူ့တိုက်ကွက်က လေကိုပဲ ခုတ်လိုက်မိပါတယ်။

ဖြစ်နိုင်ပါ့မလား။

ကျောင်းထယ်ယွမ်က သူ့နှလုံးသားထဲမှာ အံ့အားသင့်မှုတွေ လွှမ်းမိုးလာတဲ့ အချိန်မှာ သူ့ရင်ဘက်နဲ့ အနောက်မှာ အေးစက်မှု တစ်ခုကို ခံစားလိုက်ရပြီး အဲဒီနောက် ထက်ရှတဲ့ ဓားထိပ်တစ်ခုက သူ့ရင်ဘတ်ကို ထိုးစိုက်လာတာကို သတိပြုမိလိုက်ပါတယ်။ အဲဒီဓားထိပ်က သူ့ရဲ့နှလုံးသားကို ထိုးစိုက်သွားခဲ့ပါတယ်။ သူက

ဒေါသထွက်သလို အံ့အားသင့် သွားခဲ့ပါတယ်။ ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ကို ကစားနေသလိုမျိုးနဲ့ တူနေပြီး သူ့နှုတ်ခမ်းရဲ့ ထောင့်မှာ လှောင်ပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကို အရမ်းကြီး လျှော့တွက်ထားတယ်လို့ သူခံစားနေမိပါတယ်။ ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အထိ အောင်မြင်လာပြီး သူက ဘယ်လိုလုပ် လွယ်လွယ်ကူကူနဲ့ သေဆုံးနိုင်မှာလဲ။ သူ့ရဲ့အသက်ဓာတ်နဲ့ သေကွင်းသေကွက် နေရာတွေက အရမ်းကို အစွမ်းထက်ပါတယ်။ ဒါကြောင့် တကယ်လို့ သူ့နှလုံးသား ပေါက်သွားရင်တောင် သူ့ရဲ့မူလစွမ်းအင်ကို သိပ်သည်းကျစ်လျစ်အောင် ပြုလုပ်ပြီး အသက်ကယ် ရတနာ ဆေးရည်ကို သောက်သုံးလိုက်မယ်ဆိုရင် သူ့အနေနဲ့ အသက်ရှင်သန် နိုင်ပါသေးတယ်။

ဒါပေမဲ့လည်း မင်းရဲ့ တိုက်ခိုက်မှု တစ်ခုက ငါ့ခန္ဓာကိုယ်ကို ထိုးဖောက်သွားခဲ့ပြီ။ တကယ်လို့ ငါက နောက်ထပ်တိုက်ခိုက်မှု

တစ်ခုကို လုပ်လိုက်မယ်ဆိုရင် မင်းအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ရှောင်တိမ်းနိုင်မှာလဲ။

ကျောင်းထယ်ယွမ်က ချာခနဲ လှည့်ပြီးတော့ တိုက်ခိုက်ချင်ခဲ့ပေမဲ့ ချက်ချင်းဆိုသလို သူ့ရဲ့ မူလစွမ်းအင်တွေ ရေလှောင်ကန်ကနေ ဖွင့်ချလိုက်တဲ့ ရေတွေလိုမျိုးပဲ အဆက်မပြတ် စီးဆင်းနေပြီး သိပ်သည်းကျစ်လျစ်အောင် လုပ်နိုင်စွမ်း မရှိတော့ဘူးဆိုတာကို သတိပြုမိ သွားပါတယ်။ သူ့လက်ထဲက ရတနာ ဆေဘာဓားကိုတောင် ကိုင်ဆောင်ဖို့ ခွန်အားမရှိတော့ပဲ ဆေဘာဓားက ပြုတ်ကျသွားပြီး သူ့ညာဘက်ခြေထောက်ကို တဂက်လောက် လှီးဖြတ်သွားခဲ့ပါတယ်။

နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က သူ့ရဲ့မူလစွမ်းအင် ကာကွယ်ခြင်း မရှိပဲရင် ခန္ဓာကိုယ် ပြုပြင်မွန်းမံခြင်း အဆင့်က လူတစ်ယောက်နဲ့ ဘာများကွာခြားဦးမှာလဲ။

Chapte 733 end

Zaw.အပိုင်း(၇၃၄) အကန့်အသတ်မရှိ အရက်ကင်းမဲ့မှု

ကျောင်းထယ်ယွမ်က သူ့ခန္ဓာကိုယ်ကို လှည့်နိုင်ရုံသာသာပဲ လှည့်ပြီးတော့ လင်းဟာန်ကို ကြောင်တောင်တောင်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်တာလဲ"

သူ့ရဲ့ ပျက်စီးကြောင်းအတွက် နားလည်နိုင်စွမ်း မရှိပဲ ဖြစ်နေပါသေးတယ်။

သူ့ရဲ့ ကံကြမ္မာ ဘယ်လိုကြောင့် ကျဆုံးသွားရတာလဲ။ တကယ်တော့ ဒါက သူ့နှလုံးသား ပေါက်ကွဲရုံပါပဲ။

ဒါက ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးရှင်သန်ဓားက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်နေတာကြောင့်

ဖြစ်ပါတယ်။ လင်းဟန်က နတ်ဆိုးရှင်သန်ဓားရဲ့ စစ်မှန်ပြီး အထင်ကြီးစရာ စွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း မရှိပေမဲ့ တိုက်ခိုက်မှု တစ်ခုတည်းနဲ့ ထိုးဖောက်လိုက်ပြီး ခန္ဓာကိုယ်မှာ ချက်ချင်းဆိုသလို ဖျက်ဆီးခြင်း စွမ်းအားကြောင့် ဓားအသိဆန္ဒတွေက ဝေ့လည်နေပြီးတော့ ပြောရမယ်ဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် တောင်ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုအတွက် အရမ်းကို စုတ်ချာနေပါလိမ့်မယ်။

လင်းဟန်က လူသေယောက်ျား တစ်ယောက်ကို ပြန်တုံ့ပြန်ဖို့ ဆန္ဒမရှိပါဘူး။

တစ်ဖက်လူရဲ့ သိချင်စိတ် ပြင်းပြနေမှုကို ကျေနပ်စေဖို့ လိုအပ်လို့လား။ သူက ဓားကို ဆွဲထုတ်ပြီး ကျောင်းယုချန်ကို စိုက်ကြည့်လိုက်ပါတယ်။

"မဟုတ်ဘူး"

ကျောင်းယုချန်က ချက်ချင်းပဲ လှည့်ပြီးတော့ ထွက်ပြေးပါတယ်။

ဖူး။

သူက ခြေလှမ်းသုံးလှမ်းလောက်ပဲ လှမ်းရပါသေးတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး သူ့ရင်ဘတ်ထဲမှာ နာကျင်မှုက ပေါက်ကွဲထွက်လာသလို ဖြစ်လာပါတယ်။ အဲဒီနောက် မှုလစွမ်းအင်နဲ့ ဖန်တီးထားတဲ့ ထက်ရှတဲ့ မြားတစ်ချောင်းက သူ့ခန္ဓာကိုယ်ကို ဖောက်ထွက်သွားတယ် ဆိုတာကို သတိပြုမိခဲ့ပါတယ်။ သူက သူ့လက်ကို ဆန့်ထုတ်ပြီး သူ့ပုံစံကို ကြည့်ရတာ တစ်စုံတစ်ခုကို ဖမ်းဆုပ်ဖို့ ကြိုးစားချင်နေပေမဲ့ ကျယ်လောင်တဲ့ အသံနဲ့ ပြိုလဲသွားပြီး လုံးဂကို အသက်ဓာတ် ကင်းမဲ့သွားခဲ့ပါတယ်။

ဖြောင်း ဖြောင်း ဖြောင်း။

တစ်စုံတစ်ယောက်က လက်ခုပ်တီး လိုက်ပါတယ်။ မီးခိုးရောင် ဂတ်စုံနဲ့ အဘိုးကြီး တစ်ယောက်က လက်ခုပ်တီးပြီးတော့ လျှောက်လာတာကို သူတို့တွေက တွေ့မြင်လိုက် ရပါတယ်။ ပြီးတော့ သူက ချီးမွမ်းလိုက်ပါတယ်။

"ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းမှာ ပါရမီရှင်တွေက မျှော်လင့်ထားသလို ကျင့်ကြံခြင်း တစ်ခုလုံး ကွာဟချက်ကို ကျော်လွန်ပြီးတော့ ရန်သူကို ဖျက်ဆီးပစ် နိုင်တယ်"

"ခင်ဗျားက ဘယ်သူလဲ"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ မေးလိုက်ပါတယ်။

"ဒါက စီနီယာ တစ်ယောက်ကို နှုတ်ဆက်တဲ့ ပုံစံလား။ မင်းရဲ့

အပြုအမူတွေက ဘယ်ရောက် သွားလဲ”

မီးခိုးရောင် ဂုတ်စုံနဲ့ အဘိုးကြီးက အနည်းငယ် မကျေမနပ် ဖြစ်သွားတဲ့ ပုံစံနဲ့ ဆိုဆုံးမ လိုက်ပါတယ်။

“ငါက မိုးပြာလျှပ်စီးဂိုဏ်းကလည်း ဖြစ်သလို ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက ဆရာတစ်ယောက်လည်းဖြစ်တယ်။ အခု မင်းက ဆရာတစ်ယောက်နဲ့ တွေ့နေပြီ ငါ့ကို ဆရာလို့ခေါ်ပြီးတော့ မြန်မြန်ဂါရဝပြု နှုတ်ဆက်စမ်း”

လင်းဟန်က အသာလေး ရယ်မောပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

“ငါနဲ့ ကျင့်ဂုတ်ထုံးထမ်းအကြောင်း ပြောချင်တာလား။ ကောင်းပြီလေ။ ငါကလည်း မင်းကို ကျင့်ဂုတ် ထုံးထမ်းစဉ်လာနဲ့ ပတ်သက်ပြီး ပြောရမှာပေါ့။ ငါက ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ပဲ။ ကောင်းကင်အဆင့်မှာလို့

သတ်မှတ်ယူဆနိုင်တယ်။ ပြီးတော့ ခင်ဗျားကတော့ သေးနုပ်တဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်ပဲ။ အခု ခင်ဗျားက ကျုပ်နဲ့ တွေ့နေပြီ။ မြန်မြန်ဂါရဝပြုပြီးတော့ နတ်ဆက်စမ်း”

ဟုတ်ပါတယ်။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ကောင်းကင်အဆင့်နဲ့ ညီတယ်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ အမှန်တော့ ကောင်းကင်အဆင့် လက်ရွေးစင်တွေက သူတို့အသုံးပြုဖို့အတွက် မှော်ဆေးလုံးတွေ ဖော်စပ်ပေးဖို့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေကို လိုအပ်ပါတယ်။ ဒီလိုမျိုး မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက သူတို့ထက်တောင် ပိုပြီးတော့ မြင့်မားပါတယ်။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် သူတို့ကို အတော်လေး မျက်နှာသာ ပေးရပါတယ်။

နောက်ပြီးတော့ သူက အခုမှ ကောင်းကင်အဆင့် အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက်ပဲ ရှိပါသေးတယ်။ တကယ်လို့ ကောင်းကင်အဆင့် အလယ်အလတ် မှော်ဆေးပညာရှင်

(သူတော်စင်အဆင့်) တစ်ယောက် ဖြစ်လာပြီဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် သူတို့ကို ဂုဏ်သရေရှိ ဧည့်သည်တော်တွေအဖြစ် ကြိုဆိုနှုတ်ဆက် ကြရပါတယ်။ ဘယ်လောက်တောင် သနားဖို့ ကောင်းလိုက်သလဲ။ လင်းဟန်က လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းလောက်က ဒီလိုမျိုး မြင့်မားတဲ့ အဆင့်ကို အောင်မြင်မှု ရရှိခဲ့ပါတယ်။ နောက်ပိုင်းမျိုးဆက်တွေမှာ ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေကို မွေးထုတ်ပေး နိုင်တယ် ဆိုပေမဲ့ အဆင့်နိမ့် ကောင်းကင်အဆင့်တွေပဲ ဖြစ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေက သူတို့ကို ဦးညွှတ်ဂါရဝပြုပ ခံရဖို့ အရည်အချင်း မပြည့်မီ ကြပါဘူး။

ဒါပေမဲ့ တကယ်လို့ သူက ကောင်းကင်အဆင့်နိမ့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေရင်တောင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ကျင့်ကြံသူတွေအတွက် အထိတ်အလန့် ဖြစ်သွားစေဖို့ လုံလောက်တာထက်တောင် ပိုနေပါသေးတယ်။

မြောင်ကျွင့်က ဘာပြောလို့ ပြောရမှန်း မသိတော့အောင် ဖြစ်သွားပါတယ်။ ဒါမှ တကယ့် ပြဿနာပဲ။ လင်းဟန်ကို

တစ်ချက်လောက် ကြည့်ပြီးတဲ့ နောက်မှာတော့ သူ့ရဲ့မသိစိတ် လှုံ့ဆော်မှုအရ လင်းဟန်က မှော်ဆေးပညာ လမ်းကြောင်းပေါ်မှာ ဒီလိုမျိုး အောင်မြင်မှု ရရှိနေတာက အရမ်းကို အပေါ်စီးရောက်ရာ ကျပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် ဖြစ်ချင်တဲ့ ဘယ်သူမဆို အထဲမှာ ဘယ်တစ်ယောက်ကများ အသက်သုံးရာ လေးရာလောက် မရှိတဲ့ ရှေးဟောင်းမွန်းစတား မဖြစ်တာ ရှိလို့လား။ အတိတ်ဘဝက လင်းဟန်တောင်မှ သူတော်စင်အဆင့် မှော်ဆေးပညာရှင် အဆင့်ကို ချိုးဖျက်ဝင်ရောက်ခဲ့တုန်းက သူ့အသက်က နှစ်ပေါင်းနှစ်ရာနီးပါး ရှိနေပါပြီ။

"မြန်မြန်ဂါရပြု နတ်ဆက်စမ်း"

လင်းဟန်ရဲ့ လျှာက လျှပ်စီးမိုးကြိုး တစ်ခုလို ထက်ရှနေပြီး လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ထဲကို တိုက်ရိုက် တိုက်ခိုက်လိုက်ပါတယ်။

"ဂိုဏ်းကြီးငါးဂိုဏ်းက လူတွေက စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာပဲ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို ရှိင်းရှိင်းပျပျ လုပ်လို့ရတယ်လို့တော့ ငါ့ကိုမပြောနဲ့"

"ဟီးဟီး မင်းဘာသာမင်း ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လို့ ပြောနေတယ်။ မင်းတစ်ယောက်ပဲ ပြောရတယ်လို့ ဆိုလိုတာလား"

နောက်ထပ် အဘိုးကြီး တစ်ယောက်က အရှေ့ကို တိုးလာခဲ့ပါတယ်။ သူကလည်း မီးခိုးရောင် ဂတ်စုံကို ဂတ်ဆင်ထားပေမဲ့ သူက မြောင်ကျွင့်ထက် ခေါင်းတစ်လုံးလောက် ပိုပြီးတော့ မြင့်ပါတယ်။

"ဒါဆိုရင် ငါကလည်း သူတော်စင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လို့ ပြောနိုင်တာပေါ့။ ဘာဖြစ်လို့ မင်းက လာပြီးတော့ ဂါရဝပြုပ မနုတ်ဆက်တာလဲ"

"ဟုတ်တယ်။ မင်းက ငါတို့ကို မင်းရဲ့ စကားတွေနဲ့ အရူးလုပ်နေတာပဲ။ မင်းကတကယ့်ကို အရေးမပါတဲ့ ကောင်စုတ်လေး တစ်ယောက်ပဲ"

မြောင်ကျွင့်ကလည်း နှိမ်ချပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ မှော်ဆေးပညာ အသိအမှတ်ပြု ပစ္စည်းကို ထုတ်ပြစမ်း။ ဒါဆိုရင် မင်းငှါ့ကို ဘာပဲလုပ်ခိုင်း လုပ်ခိုင်း ငါလုပ်ပေးမယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် ဂိုဏ်းကြီးငါးဂိုဏ်းကို လှည့်စားဖို့ ဟန်ဆောင်တယ်ဆိုရင် ဘာဖြစ်သွားမလဲ"

အားလုံးက မှော်ဆေးပညာ အဖွဲ့အစည်းအနေနဲ့ လင်းဟန်ကို တတိယမြောက် ကောင်းကင်အဆင့် မှော်ဆေးပညာရှင်အဖြစ် ကမ္ဘာကြီးကို မကြေညာထားသေးဘူးဆိုတာ သိထားကြပါတယ်။ ဒါကြောင့် လင်းဟန်မှာ သက်သေပြဖို့ အသိအမှတ်ပြု ပစ္စည်းတွေ

ပိုင်ဆိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

မြောင်ကျွင့်က ဒီအချက်ကို အသုံးချပြီးတော့ တန်ပြန်တိုက်စစ် ဆင်လိုက်တာ ဖြစ်ပါတယ်။ တကယ်လို့ မင်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဖြစ်တယ်ဆိုတာ သက်သေမပြနိုင်ရင် မင်းက မင်းရဲ့အကြီးအကဲတွေကို ဆန့်ကျင်တာက ကြီးမားတဲ့ မရှိမသေ ပြုမှုကြီး တစ်ခုပဲ ဖြစ်တယ်။

အဲဒီအခိုက်အတန့်မှာ တခြားမီးခိုးရောင်ဂတ် အဘိုးကြီးက လက်ဟန်ခြေဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းက တပည့်တစ်ယောက် ဆိုမှတော့ ငါတို့က မင်းကို အများပြင်ဆင်ဖို့ အခွင့်အရေး ပေးရမှာပေ့ါ။ လင်းဟန် မင်းက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို ရရှိခဲ့တယ်။ အရမ်းကောင်းတယ်။ အဲဒါကို သင်တန်းကျောင်းကို ပေးအပ်ပြီးတော့ မင်းအတွက် ကြီးမားတဲ့ အကျိုးဆောင်မှု မှတ်တမ်းတစ်ခု ရနိုင်တယ်"

"ဒီလိုမျိုး လျှို့ဝှက်နည်းစနစ်တွေက သင်တန်းကျောင်းထဲမှာ ရှိနေသင့်တယ်။ ပြီးတော့ အသင့်တော်ဆုံး လူကိုရွေးပြီးတော့ ကျင့်ကြံအားထုတ်ခိုင်းရမယ်"

မြောင်ကျွင့်ကလည်း ထပ်ပေါင်းပြောလိုက်ပါတယ်။

တခြားမီးခိုးရောင်ဂဝတ် အဘိုးကြီးက သူ့အနောက်က လူတွေဘက်ကို ချာခနဲ လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့အားလုံး ဒါက မကောင်းဘူးလား"

"အကြီးအကဲချီ ပြောတာ မှန်ပါတယ်"

လူတော်တော်များများက သူတို့ရဲ့ ခေါင်းတွေကို ညိတ်ပြီးတော့ သဘောတူလိုက် ကြပါတယ်။ သူတို့ထဲက အများစုက

ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ တပည့်တွေ ဖြစ်ကြသလို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ တပည့်တွေလည်း ဖြစ်ပါတယ်။

"လင်းဟာန် လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို မြန်မြန်ပေးစမ်း"

"ဟုတ်တယ်။ ဒါက မင်းလိုမျိုး ဘာမဟုတ်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စစ်သည်တော် တစ်ယောက် ပိုင်ဆိုင်သင့်တဲ့ အရာမဟုတ်ဘူး"

"ဒီလိုမျိုး လျှို့ဝှက်နည်းစနစ်တွေကို သင်တန်းကျောင်းကပဲ အသင့်တော်ဆုံးလူကို ရွေးချယ်ပြီး လေ့ကျင့်ခိုင်းဖို့ ဆုံးဖြတ်ပေးလိမ့်မယ်"

အဲဒီလူတွေက လင်းဟာန်ကို လက်ညှိုးနဲ့ ထိုးပြီးတော့ အထင်အမြင်သေးစွာနဲ့ ကြည့်ကာ အော်ဟစ် နေကြပါတယ်။ ဒီလိုမျိုး လျှို့ဝှက်နည်းစနစ်တစ်ခုကို လင်းဟာန်က သူတို့ဆီကနေ

အဝေးကို လုယူထွက်ပြေးသွားတာနဲ့တောင် တူနေပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ သက်ပြင်းချ လိုက်ပါတယ်။

"မင်းတို့အားလုံးက တော်တော်လေးကို အရုက်ကင်းမဲ့ပြီး
မျက်နှာပြောင်ကြတာပဲလား"

"လင်းဟန် မင်းက ဒီနေရာမှာ လျစ်လျူရှုမလို့
အကြံထုတ်နေတာလား"

မြောင်ကျွင့်ရဲ့ စူးရှတဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။

"ကပ်ဘေးကြီးက ဒီကမ္ဘာကြီးကို အချိန်မရွေး
ကျရောက်လာနိုင်တယ်။ တကယ်လို့ ဒီလျှို့ဝှက်ဆန်းကြယ်
စွမ်းအားကို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အစွမ်းထက်ဆုံးလူ လက်ထဲကို
ပေးပြီးတော့ ကျင့်ကြံခိုင်းမယ်ဆိုရင် အနာဂတ်မှာ

ကျရောက်လာနိုင်တဲ့ ကပ်ဘေးကြီးကို တားဆီးခုခံနိုင်ဖို့ ပိုပြီးတော့ စိတ်ချရလိမ့်မယ်။ မင်း... မင်းရဲ့ကိုယ်ပိုင် စွမ်းအားအတွက်နဲ့ လူတွေရဲ့ လုံခြုံမှုကို ဘေးဖယ်ထားတော့မလို့လား။ မင်းလို လူစားမျိုးက ဟင့် အရမ်းကို တစ်ကိုယ်ကောင်း ဆန်တာပဲ”

လပ္ပြတ်ပဲလေ။ ဒီလောက်တောင် အရှက်ကင်းမဲ့ပြီးတော့ ဒီလိုမျိုး သတ္တိကောင်းကောင်းနဲ့ အတင်းအဓမ္မ လုပ်ချင်တာလား။

လင်းဟန်က ဒေါသတွေ အရမ်းကို ထွက်သွားပြီးတော့ လှောင်ရယ်ရယ်လိုက်ပါတယ်။

“လူတစ်ယောက်ရဲ့ အရှက်ကင်းမဲ့မှုက အကန့်အသတ် တစ်ခုတော့ ရှိတယ်လို့ ငါအမြဲတမ်း စဉ်းစားနေခဲ့မိတယ်။ ခင်ဗျားတို့နှစ်ယောက်ကတော့ အရှက်ကင်းမဲ့တဲ့ နေရာမှာ ပိုမြင့်တဲ့ အဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် ထပ်တက်သွားတယ်။ ငါတကယ်ပဲ ခင်ဗျားတို့ နှစ်ယောက်ကို လေးစားမိတယ်”

"လင်းဟာန် မင်းနောက်ပြန်ဆုတ်မယ်ဆိုရင်
သိပ်နောက်မကျသေးဘူးနော်"

တခြားမီးခိုးရောင်ဂုတ် အဘိုးကြီးနာမည်က ချီလိကုံး ဖြစ်ပါတယ်။
သူက ခေါင်းကို ခါပြီးတော့ သူ့မျက်နှာမှာ ဖော်ရွေမှုတွေ
ပြည့်နှက်နေတာ ပေါ်လွင်ပါတယ်။

"ဒီလိုမျိုး အမှားတွေကို ထပ်ပြီးတော့ မကျူးလွန်ပါနဲ့တော့။
အားလုံးနဲ့ ဆန့်ကျင်ဖို့ ရေစက်ကို မင်းမလုပ်သင့်ဘူး"

လင်းဟာန်ရဲ့ အကြည့်တွေက နက်ရှိုင်းလာပြီးတော့
ပြောလိုက်ပါတယ်။

"ခင်ဗျားလည်း ကမ္ဘာကြီးထဲက လူတွေကို ဆန့်ကျင်မိရင်
မကောင်းတဲ့ အဆုံးသတ်တစ်ခု ရောက်လာလိမ့်မယ် ဆိုတာကို
သိနေတာလား။ ဒါပေမဲ့ အခုကြည့်ရတာတော့ ခင်ဗျားတို့
နှစ်ယောက်လုံးက ဒီအရာတွေနဲ့ အသားကျနေလောက်ပါပြီ"

မြောင်ကျွင့်နဲ့ ချီလီကုံးတို့ နှစ်ယောက်စလုံး သူတို့နှလုံးသားတွေထဲမှာ ဆက်တိုက်တုန်လုပ်သွားမှု တစ်ခုကို ခံစားလိုက်ရပါတယ်။ ဒီကောင်လေးက ဒီလိုမျိုး စကားတွေနဲ့ ဘာကိုဆိုလိုချင်တာလဲ။ လောကဘုံ ဆေးလုံးနဲ့ ပတ်သက်တဲ့ ကိစ္စကို သူသိနေတာ ဖြစ်နိုင်ပါ့မလား။ မဖြစ်နိုင်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက သဲလွန်စတွေ အားလုံးကို ဖျက်ဆီးပစ်ပြီးပြီ။ ပြီးတော့ အယူအဆ အသစ်တွေ ရိုက်သွင်းထားတာကလည်း အောင်မြင်နေတာပဲ။ လောကဘုံ ဆေးလုံးရဲ့ အကြောင်းကို ပြောတဲ့ ဘယ်သူမဆို တခြားလူတွေရဲ့ ရယ်မောခြင်းကို ခံရပြီး ကံဆိုးရင် သေတဲ့အထိတောင် ရိုက်နက်ခံရပါလိမ့်မယ်။

ဂိုဏ်းကြီးငါးဂိုဏ်းကို အသရေပျက်အောင် မဟုတ်မမှန် စွပ်စွဲပြောဆိုပုံ့တဲ့ ပါးစပ်ပုပ်ပုပ်ကို လူတွေက သည်းခံနိုင်မှာတဲ့လား။ ဒါက သေချင်နေတာပဲ မဟုတ်လား။

"ဟင့်။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ပေးစမ်း"

မြောင်ကျွင့်က ခပ်ကြမ်းကြမ်း လူတစ်ယောက်လို ပြောဆိုပြီး ချီလီကုံးကတော့ သဘောကောင်းတဲ့ လူတစ်ယောက်အဖြစ် သရုပ်ဆောင်နေ ကြပါတယ်။

လင်းဟာန်က ယဲ့ယဲ့လေး ပြုံးပြီးတော့ ပြန်ပြောလိုက်ပါတယ်။

"ကောင်းကင်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက တိုက်ခိုက်ဖို့ နည်းနည်းလေးမှ မလုပ်ရားဘူး။ ဒါကြောင့် ခင်ဗျားတို့အားလုံးက ကျုပ်ကိုလာပြီး ဟိန်းဟောက် မာန်ဖီနေနိုင်တာပေ့ါ။ လုပ်ရှားမှုတစ်ခု လုပ်ရဲလို့လား"

"ဒီလိုမျိုး မောက်မာဂင့်ကြွားတဲ့ ဂျူနီယာကများ"

မြောင်ကျွင့်နဲ့ ချီလီကုံးတို့ နှစ်ယောက်စလုံးရဲ့ အမူအရာက ရုတ်ချည်းဆိုသလို ပြောင်းလဲသွား ခဲ့ပါတယ်။ သူတို့တွေက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိတယ်ဆိုပေမဲ့ စိတ်ဝိညာဉ်

နတ်သူငယ်အဆင့် ဂျူနီယာ တစ်ယောက်ရဲ့ နှိမ်ချပြီး ကြည့်တာကို ခံနေရပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကို အစောပိုင်းတုန်းက မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပြီးတဲ့နောက်မှာတော့ ဘယ်သူကများ အလျင်စလို မဆင်မခြင် တိုက်ခိုက်ဝံ့မှာလဲ။

လင်းဟန်ကို ဖိနှိပ်ထိန်းချုပ်ဖို့က ကောင်းကင်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက လွဲလို့ရှိရင် ရှုရှုရန်၊ တုန်လင်းအာ၊ ကျော့မင်း စတဲ့ ဒီလူငယ်မျိုးဆက်ထဲက ထူးခြားတဲ့ တိုက်ပွဲစွမ်းရည်ရှိတဲ့ လူနည်းစုပဲ ရနိုင်ပါလိမ့်မယ်။

သူတို့တွေ အနေနဲ့ ကျော့မင်းကို လင်းဟန်က သေလုနီးပါး ရိုက်ပစ်ခဲ့တယ် ဆိုတဲ့အကြောင်းကို မသိသေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရှု သူတို့တွေ့ ပိုပြီးတော့တောင် ဂရုတစိုက်နဲ့ ဆက်ဆံပါလိမ့်မယ်။

"ခင်ဗျားတို့ နှစ်ယောက်က ကျုပ်ကို တကယ်ပဲ ဒေါသဖြစ်အောင် လုပ်နေတာပဲ။ ဒါဆိုရင်တော့ ကျုပ်က ခင်ဗျားတို့

နစ်ယောက်စလုံးကို အရင်ဆုံး သတ်ပစ်သင့်တာပေါ့"

လင်းဟန်ရဲ့ ပုံရိပ်က အရှေ့ကို လွှားခနဲ ခုန်ဝင်လာပြီး နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း ရှိမနေပဲ မရဏဓားကို ဆွဲထုတ်ယူပြီးတော့ ချီလီကုံးရှိတဲ့ဘက်ကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"ဟင့်"

သူတို့တွေက နှာခေါင်းရှုံ့လိုက် ကြပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဂျူနီယာလေး တစ်ယောက်က သူတို့ကို အရင်ဆုံး လက်ဦးမှ ရယူပြီးတော့ တိုက်ခိုက်ဝံ့တယ်ပေါ့။ ဒါက သူတို့ကို လုံးဝကို လျော့တွက်ထားတာပဲ။

Chapter 734 end

Zaw.အပိုင်း(၇၃၅) နစ်ယောက် သတ်ဖြတ်ခြင်း

လင်းဟာန်ရဲ့ လက်ဦးမှ ရယူပြီးတော့ တိုက်ခိုက်တယ် ဆိုတာက လက်ရှိအချိန်မှာ လက်ရွေးစင်တွေ အများကြီး ရှိနေပါတယ်။ ဒါကြောင့် ကောင်းကင်အဆင့် ဒါမှမဟုတ် စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်က တစ်စုံတစ်ယောက်က ရုတ်တရက် ခုန်ထွက်ပြီး တိုက်ခိုက်လာနိုင်သလိုမျိုး ခန့်မှန်းလို့ မရပါဘူး။ ဒါကြောင့် သူက ပြတ်ပြတ်သားသားနဲ့ တိုက်ပွဲကို အချိန်တိုတိုလေး အတွင်းမှာ အမြန်ဆုံး ပြီးအောင်လို့ လက်ဦးမှ ရယူပြီး တိုက်ခိုက်လိုက်ပါတယ်။

သင်တန်းကျောင်းရဲ့ ဆရာတစ်ယောက်ကို သတ်ဖြတ်တယ်ဆိုတာ ကြီးမားတဲ့ ရာဇဝတ်မှုကြီး တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ စိတ်နေစိတ်ထားနဲ့ဆိုရင် သူက ဘာကို ဂရုစိုက် နေရဦးမှာလဲ။

အရင်ဆုံးသတ် နောက်မှ စကားပြော။

ရှပ် ရှပ် ရှပ်။

ဓားအလင်းတန်းတွေက မီးဟုန်းဟုန်း တောက်နေတဲ့ မီးလုံးကြီး တစ်ခုနဲ့ တူပါတယ်။ မရဏဓားကို အပြည့်အဝ အသက်မသွင်းနိုင်ပေမဲ့ လင်းဟန်ရဲ့ ခွန်အားနဲ့ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ထုတ်ဖော်နိုင်ပြီးတော့ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ သတ်ဖြတ်ခြင်း အစီအရင်ပုံစံက မြောင်ကျှင့်နဲ့ သူ့အဖော်ဆီကို ဝေ့လည်ပြီး လာနေပါတယ်။

"ဒါက သာမန် ဓားအလင်းတန်းတစ်ခု မဟုတ်ဘူး"

"ဓားဂက်ပါ"

မြောင်ကျှင့်နဲ့ ချီလိကုံးတို့ နှစ်ယောက်စလုံး ကြံရာမရ ဖြစ်ပြီးတော့ ထိတ်လန့်တုန်လှုပ် သွားခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ဒါက ဓားတစ်လက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့

ဓားအလင်းတန်း တစ်ခုကို ထုတ်ဖော်နိုင်ပြီး အလိုအလျောက် သတ်ဖြတ်ခြင်း ဂင်္ကပါ တစ်ခုပုံစံကို ဖြစ်သွားပါတယ်။ မျက်စိနဲ့ တစ်ချက်ဝေ့ကြည့် လိုက်တာနဲ့ သူတို့ရဲ့ နှလုံးသားတွေထဲမှာ ထိတ်လန့်မှုတွေ ကြီးစိုးလာပြီးတော့ တစ်ခုတည်းသော အတွေးက ဘယ်လိုထွက်ပြေးရမလဲ ဆိုတာပဲ ဖြစ်ပါတယ်။

အမှန်တကယ်တော့ သတ်ဖြတ်ခြင်း ဂင်္ကပါရဲ့ ဖျက်ဆီးခြင်း စွမ်းအားက တကယ့်ကို တုန်လှုပ်ခြောက်ချားဖို့ ကောင်းပါတယ်။ ဒီမတိုင်ခင်က ဒီဂင်္ကပါက လင်းဟန်ကို သတ်ဖြတ်နိုင်လု နီးပါး ဖြစ်ခဲ့ပါတယ်။ လင်းဟန်ရဲ့ နားလည်သဘောပေါက် နိုင်စွမ်းကြောင့် ခွန်အားနဲ့ နူးညံ့မှုကို တွဲဖက်သုံးစွဲနိုင်တာကြောင့်သာ မဟုတ်ခဲ့ဘူးဆိုရင် သူ့အတွက် ဒီအဖိုးထိုက်တန်တဲ့ဓားကို ရရှိဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

သူက ဓားကိုပဲ ရရှိခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ ဓားကို သိမ်းပိုက်စိုးမိုးခဲ့တာ မဟုတ်ပါဘူး။ ဒီနှစ်ခု အကြားမှာ ကြီးမားတဲ့ ကွာဟချက်ကြီးတစ်ခု ရှိပါတယ်။

သတ်ဖြတ်ခြင်း ဂျက်ပါ ထွက်ပေါ်လာတာနဲ့ လင်းဟန်နဲ့အတူ အင်အားစုတွေအဖြစ် ပူးပေါင်းလိုက် သလိုမျိုး ညီမျှပြီး အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူကိုတောင် သတ်ပစ်နိုင်ပါတယ်။ ဘယ်လောက်တောင် အထင်ကြီးစရာ ကောင်းလိုက်သလဲ။

တိုက်ကွက် အနည်းငယ် အတွင်းမှာပဲ မြောင်ကျွင့်နဲ့ ချီလိကုံးတို့ နှစ်ယောက်စလုံး ပြင်းပြင်းထန်ထန် တုန်လှုပ်ခြောက်ချားပြီးတော့ သွေးတွေဖုံးလာခဲ့ပါတယ်။

အားလုံးက အံ့သြစွာနဲ့ စိုက်ကြည့်နေပါတယ်။ ဒါက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ကျင့်ကြံခြင်းအဆင့် မြင့်မားတဲ့ လူနဲ့ တိုက်ခိုက်ခြင်းက အရမ်းကို ပြင်းထန်ပါတယ်။ ဒါက တကယ်လို့ လင်းဟန်အနေနဲ့ ကောင်းကင်အဆင့်ကို ရောက်လို့ရှိရင် ဒီကမ္ဘာကြီးထဲက အသန်မာဆုံး တည်ရှိမှုတွေကို ထိပ်တိုက်ရင်ဆိုင်ဖို့ အရည်အချင်း ပြည့်မီတယ်လို့ ဆိုလိုတာပဲ မဟုတ်ဘူးလား။

လင်းဟန်ရဲ့ အသက်နဲ့ ကျင့်ကြံခြင်း အဆင့်အရ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်နဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ဘယ်သူကများ ဘယ်လောက်ကြာအောင်လို့ သူ့ကိုဖိနှိပ်ထိန်းချုပ် ထားနိုင်မှာလဲ။

"မြောင်အစ်ကို ငါတို့ရဲ့ အဆုံးစွန် တိုက်ကွက်တွေကို အတူတူ ဖော်ထုတ်လိုက် ကြရအောင်။ ငါတို့တွေ တိုက်ကွက်နည်းနည်း ပိုပြီးတော့ တောင့်ခံနိုင်တာနဲ့အမျှ စစ်ကူတွေ သေချာပေါက် ရောက်လာလိမ့်မယ်"

ချီလိကုံးက ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

မြောင်ကျွင့်ရဲ့ အမူအရာက လေးနက်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် ပတ်လည်မှာ မိုးကြိုးလျှပ်စီးတွေ ရစ်ပတ်လာခဲ့ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက မီးလုံးကြီး တစ်လုံးလို

တောက်ပလာပြီးတော့ လျှပ်စီးမျက်လုံးတွေ ဖြစ်လာသလိုမျိုးနဲ့ တူပါတယ်။

အစွမ်းထက်ဆုံး တိုက်ကွက်ကို ထုတ်ဖော်ဖို့ဆိုတာက အခြေအနေ နှစ်ခုမှာပဲ ရှိပါတယ်။

ပထမအချက်က အချိန်ကို ရသလောက်ထိ ဆွဲဆန့်နိုင်အောင်လို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီတိုက်ကွက်က အရမ်းကို အစွမ်းထက်ပြီးတော့ သာမန်တိုက်ကွက်တွေနဲ့ အရမ်းကို ကွာခြားလွန်း ပါတယ်။ ဒါပေမဲ့လည်း စွမ်းအင်စုစည်းတဲ့ နေရာမှာ အချိန်ပိုပြီးတော့ ပေးရပါတယ်။ သဘာဝ တရားကြီးက တကယ်တမ်းတော့ မျှတပါတယ်။ ဟုတ်ပါတယ်။ လူတစ်ယောက်က စွမ်းအင် သိုလှောင်တဲ့ အချိန်ကို အရမ်းနည်းအောင်လို့ လုပ်နိုင်ပါတယ်။ အချိန်ယူရတာ နည်းလာရင် သာမန်တိုက်ခိုက်မှု တစ်ခုကိုပဲ ထုတ်ဖော်နိုင်ပါမယ်။ ဒါပေမဲ့ တန်ရာတန်ကြေးတော့ ပေးရတာ ဓမ္မတာပါပဲ။

အဓိက တိုက်ကွက်ကို လျင်လျင်မြန်မြန်နဲ့ ထုတ်ဖော်တိုက်ခိုက်ဖို့က

ကိုယ့်ကိုကိုယ် ဖျက်ဆီးတာမျိုး ဒါမှမဟုတ် ရှိရင်းစွဲ ပမာဏထက် ပိုပြီးတော့ အားထုတ်ရတယ်လို့ ဆိုလိုနိုင်ပါတယ်။

အဲဒါက ဘာနဲ့တူလဲဆိုရင် ရန်သူတစ်ထောင်ကို သတ်ဖြတ်ဖို့ မိမိရဲ့လူ ရှစ်ရာလောက်ကို စတေးခြင်းနဲ့ တူပါတယ်။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ဘယ်သူကမှ ဒုတိယ အချက်ကို အလွယ်တကူနဲ့ ရွေးချယ်လိမ့်မှာ မဟုတ်ပါဘူး။ အများစုက တိုက်ပွဲကို အချိန်ကြာကြာ တိုက်ခိုက်နိုင်ဖို့အတွက် စွမ်းအင်တွေကို ချွေတာကြမှာ ဖြစ်ပါတယ်။ ပြီးတော့ အဲဒီနောက်မှာ အနိုင်ပွဲကို ဆုံးဖြတ်ပေးနိုင်မဲ့ အဓိက တိုက်ကွက်ကို တစ်ခါတည်းနဲ့ ထုတ်ဖော်ပါလိမ့်မယ်။

ဒါပေမဲ့လည်း မြောင်ကျွင့်က တိုက်ပွဲကို အချိန်ကြာကြာနဲ့ တိုက်ခိုက်နိုင်မှာလား။

လင်းဟန်ရဲ့ သတ်ဖြတ်ချင်တဲ့ အခြေအနေနဲ့ ဓားဂက်ပါရဲ့

ပူးပေါင်းမှုအောက်မှာ သူက တိုက်ကွက်အားလုံးကို ထုတ်ဖော်ခဲ့ရပါတယ်။ တိုက်ကွက်တိုင်းမှာ သွေးတွေနဲ့ ဒဏ်ရာတွေ အမြောက်အများ ဖြစ်ကျန်ခဲ့ပါတယ်။ ဒါကိုသူက စွမ်းအားတွေ စုစည်းပြီးတော့ အဓိက တိုက်ကွက် တစ်ခုကို ထုတ်ဖော်ချင်နေ သေးတာလား။ အဲဒါက ကိုယ့်ကိုကိုယ် သေကြောင်းကြံတာနဲ့ တူပါတယ်။

ဒါကြောင့် သူက အဓိက တိုက်ကွက်တစ်ခုကို ထိခိုက်မှုတချို့ ခံစားပြီးမှ ထုတ်ဖော်ဖို့ ဖိအားပေး နိုင်ပါမယ်။

ဟုမ်း။

သူ့ရဲ့ တစ်ကိုယ်လုံး လျှပ်စီးအလင်းတန်းအဖြစ် ပြောင်းလဲသွားပါတယ်။ သူ့ရဲ့အမြင့်က မီတာသုံးဆယ်နီးပါး ရောက်နေပြီး ရောမ အကောင်ကြီးတစ်ကောင်နဲ့ တူပါတယ်။ အဲဒီနောက် သူက သူ့လက်ဝါးနဲ့ လင်းဟန်ဆီကို အပေါ်ကနေ အောက်ဘက်ကို ရိုက်ချလိုက်ပါတယ်။

ဒါက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအား မဟုတ်ပါဘူး။ မိုးပြာမိုးကြိုး ဂိုဏ်းကလည်း မိုးကြိုးလျှပ်စီးတွေနဲ့ ပတ်သက်လို့ရှိရင် ရင်းနှီးကျွမ်းဝင်မှု ရှိပါတယ်။ ဒါကြောင့် လျှပ်စီး ခန္ဓာကိုယ် အဖြစ်ကို ပြောင်းလဲတာက ခက်ခဲစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့လည်း မိုးပြာရောင် မိုးကြိုးလျှပ်စီးက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံရဲ့ စူးရှတောက်ပတဲ့ အဖြူရောင် လျှပ်စီးနဲ့ မတူပါဘူး။ မိုးကြိုးအလင်းတန်းတွေက နေရာတစ်ခုလုံးကို ပျံ့နှံ့သွားပြီး နိုင်းယှဉ်လို့ မရနိုင်တဲ့ ကြောက်မက်ဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းအားတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"အစ်ကိုချီ ခင်ဗျားက ဘေးကနေ ..... လပ္ပွတ်ပဲကွာ"

မြောင်ကျွင့်က ချီလိကုံးကို သူနဲ့အတူ ပူးပေါင်းပြီး ဘေးနှစ်ဖက်ကနေ လင်းဟန်ကို တိုက်ခိုက်ဖို့အတွက် ပြောဖို့ပြင်လိုက်ပါတယ်။ ဒါပေမဲ့ ချီလိကုံးဘက်ကို မျက်စိဝေ့ကြည့် လိုက်တဲ့ အခါမှာတော့ ချီလိကုံးက သဲလွန်စတောင် မကျန်ပဲ ထွက်ပြေးသွားတာကို သိရှိလိုက် ရပါတယ်။

တစ်ဖက်လူရဲ့ အတူတကွ တိုက်ခိုက်မယ်ဆိုတဲ့ တိုက်တွန်းပြောဆိုမှုက အလိမ်အညာ တစ်ခုဆိုတာ ပေါ်လွင်နေပါပြီ။ အဓိက အချက်က သူ့ကို ထိုးကျွေးပြီးတော့ တစ်ဖက်လူက လွတ်မြောက်အောင် ထွက်ပြေးဖို့အတွက် အချိန်တချို့ကို ဂယ်ယူလိုက်သလိုမျိုး ဖြစ်ပါတယ်။

"ချီလိကုံး လပြွတ်ပဲဟေ့။ မင်းမိသားစုရဲ့ ဘိုးဘေး ဆယ့်ရှစ်ဆက်ထိအောင် လပြွတ်ပဲဟေ့"

မြောင်ကျွင့်က စူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူ့ကို တစ်ယောက်တည်း လင်းဟန်နဲ့ တိုက်ခိုက်ခိုင်းပြီး သူ့အနေနဲ့ တကယ်လို့ အဓိက တိုက်ကွက်တစ်ခုကို ထုတ်ဖော်နိုင်ရင်တောင် တိုက်ပွဲကို အချိန်ကြာကြာ မဆွဲထားနိုင်ပါဘူး။ ပြီးတော့ အဓိက တိုက်ကွက် ထုတ်ဖော်ပြီးတဲ့ နောက်မှာရော။

သူက အရမ်းကို အားနည်းတဲ့ အခြေအနေ တစ်ခုကို

ကျရောက်သွားပြီး တစ်ဖက်လူက အသာအယာလေး နှင်းချေသွားနိုင်ပါတယ်။

"အစ်ကိုမြောင် ငါလူတွေကို ခေါ်လာပြီးတော့ မင်းအတွက် သွေးကြွေးပြန်ပြီးတော့ ဆပ်ပေးပါ့မယ်"

ချီလိကုံးရဲ့ အသံကို မလှမ်းမကမ်းကနေ ကြားလိုက် ရပါတယ်။

လင်းဟာန်က အေးစက်စက်နဲ့ ပြုံးလိုက်ပြီး သူ့ရဲ့ ခန္ဓာကိုယ်က လေထဲကို မြောက်တက်လာ ခဲ့ပါတယ်။ သူက မရဏဓားကို အနက်ရောင်မျှော်စင်ထဲ ခဏပြန်သိမ်းလိုက်ပြီး နေဂင်ဆည်းဆာ လေးကို ထုတ်ပြီးတော့ တန်ဖိုးကြီး သတ္တုကနဲ့ သွန်းလုပ်ထားတဲ့ မြားတစ်ချောင်းကို တပ်လိုက် ပါတယ်။ ဆက်တိုက်ဆိုသလို လျှို့ဝှက်ဆန်းကြယ် စွမ်းအားသုံးခုကို အသက်သွင်းပြီးတော့ ချီလိကုံးကို ပစ်မှတ်ထား လိုက်ပါတယ်။

"ဟီးဟီး"

မြောင်ကျွင့်က ဒါကိုမြင်ပါတယ်။ ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်လေး နေဖို့ဆုံးဖြတ်လိုက်ပြီး ဘေးမှာ ရပ်နေပါတယ်။

ရှုပ်။

ချီလိကုံးက တကယ့်ကို တော့်အေ တစ်ယောက်ပါပဲ။

အစတုန်းက မြောင်ကျွင့်က လင်းဟာန်ကို တန်ပြန်တိုက်ခိုက်တဲ့ အချိန်မှာ သူက အဝေးကို ထွက်ပြေး လွတ်မြောက်ပြီလို့ ထင်ထားခဲ့ပါတယ်။ သူက လုံခြုံပါလိမ့်မယ်။ သူက အရမ်းကို စိတ်လက်ပေါ့ပါးတဲ့ အချိန်မှာပဲ တိုက်ခိုက်မှုက အရမ်းကို လျင်မြန် တိကျ ပြင်းထန်စွာနဲ့ ရောက်လာခဲ့ပါတယ်။

ဖောက်။

မြားတစ်ချောင်းက သူ့နှလုံးသားကို ထိုးဖောက်သွားခဲ့ပါတယ်။

ဒီမြားကို နဂါးတွေ အမြစ်ဖြုတ် သုတ်သင်ဖို့နဲ့ ကြယ်စင်တွေကို ဖျက်ဆီးဖို့ ဆိုပြီးတော့ ထင်ပေါ်ကျော်ကြားပါတယ်။ မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံရဲ့ ဖျက်ဆီးခြင်း စိတ်ဝိညာဉ်ကိုပါ ထည့်ပေါင်းလိုက်မယ်ဆိုရင် ဒီမြားက လူတစ်ယောက်ရဲ့ အားနည်းချက်ကို စက်ကွင်းဗဟို တစ်ခုလိုမျိုး တိတိကျကျ ထိုးဖောက်သွားပါလိမ့်မယ်။ ဒီမြားရဲ့ စွမ်းအားက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

ချီလိကုံးက အရှေ့ကို ခြေလှမ်းအနည်းငယ် ဒယိမ်းဒယိုင် တိုးသွားပြီးမှ သူ့ခန္ဓာကိုယ်က ဖြည်းညှင်းစွာ လှည့်လာခဲ့ပါတယ်။ သူက လင်းဟန်နဲ့ မြောင်ကျွင့်ကို ကြောင်တောင်တောင်နဲ့ စိုက်ကြည့်လိုက်ပြီး ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိအောင် ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း မြောင်ကျွင့်ရဲ့ နှုတ်ခမ်းပေါ်က သရော်ပြုံးကို မြင်လိုက်ရတဲ့ အခါမှာ နောက်ဆုံးတော့ လွတ်မြောက်အောင် ထွက်ပြေးခဲ့တာကို နောင်တတွေ

ရနေခဲ့ပါတယ်။ တကယ်လို့ သူက မြောင်ကျွင့်နဲ့ ရင်ဘောင်တန်းပြီး အဓိက တိုက်ကွက်ကို အတူတူ ပူးပေါင်းတိုက်ခိုက် ခဲ့မယ်ဆိုရင် သူတို့ရဲ့ အစွမ်းက လင်းဟန်ကို ခုခံနိုင်ဖို့ အခွင့်အရေးတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပြီး စစ်ကူတွေ ရောက်လာမဲ့ အချိန်အထိ ဆွဲထားနိုင်ပါလိမ့်မယ်။ ဟုတ်ပါတယ်။ သူက အားကုန်သုံးပြီး မတိုက်ခိုက်ချင်ခဲ့ပါဘူး။ ဒါကြောင့် သူက မြောင်ကျွင့်ကို စွန့်ပစ်ခဲ့ပါတယ်။ ဆန့်ကျင်ဘက် အနေနဲ့ သူက အရင်ဆုံး ခံလိုက်ရတဲ့လူ ဖြစ်နေပါတယ်။

သူ့ရဲ့ လုပ်ရပ်က ဘယ်လောက်တောင် စိတ်မကောင်းစရာ ကောင်းလိုက်သလဲ။

သူက သူ့နှလုံးသားကို ထိုးဖောက်ခံရတဲ့ နေရာကနေ သွေးတွေ ပန်းထွက်လျှက်သား လဲကျသွားပြီး မြေပြင်ပေါ်မှာ သွေးတွေအိုင်ထွန်း သွားစေခဲ့ပါတယ်။

ရှပ်။

မြောင်ကျွင့်က အလျင်အမြန် ရှောင်တိမ်းလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က အခုဆိုရင် လျှပ်စီး အလင်းတန်းရဲ့ အခြေအနေမှာ ပြောင်းလဲထားပါတယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု မဟုတ်ပေမဲ့ သူ့ရဲ့အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။

လင်းဟန်က သွေးစုပ်ယူခြင်း မူလရွှေကို ဖော့ယမ်းပြီးတော့ သူပစ်လိုက်တဲ့ တန်ဖိုးကြီးများကို ပြန်သိမ်းယူ လိုက်ပြီးတော့ မြောင်ကျွင့် အနောက်ကို တစ်ဟုန်ထိုး ပြေးလိုက်သွားပါတယ်။ သူ့ခန္ဓာကိုယ်ကလည်း လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူ့ရဲ့ အမြန်နှုန်းက တစ်ဖက်လူထက် သိသိသာသာ လျင်မြန်နေတယ် ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ပြီးတော့ သူက လျင်မြန်စွာနဲ့ သူတို့နှစ်ယောက် အကြားက အကွာအဝေးကို နီးကပ်သွားစေ ခဲ့ပါတယ်။

ကျူးရွှမ်အာ၊ ဟူးညီနဲ့ ယုန်ဖြူကြီးကလည်း လျင်မြန်စွာနဲ့ နောက်ကလိုက်လာခဲ့ ကြပါတယ်။

မြောင်ကျွင့်က ရုတ်တရက် ထိန်းမနိုင် သိမ်းမရလောက်အောင် ကြောက်စိတ်မွှန် လာခဲ့ပါတယ်။ အခု သူစိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတယ်။ အဲဒါက သူ့အသက်အတွက် ထွက်ပြေးဖို့ ဖြစ်ပါတယ်။ သူ့အနောက်က လူငယ်က အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ ပြီးတော့ သူဘယ်လိုမှ ယှဉ်ပြိုင်လို့ မရနိုင်ဘူးဆိုတာ သေချာပါတယ်။

သူ့အမြန်နှုန်းက တကယ်ပဲ မနှေးကွေးပါဘူး။ ပြီးတော့ သူ့အရှေ့မှာ လူတစ်ယောက် ပေါ်လာခဲ့ ပါတယ်။ အဲဒီလူက ပိန်ပိန်ပါးပါးနဲ့ ကြည့်ရတာ သာမန်ဆိုပေမဲ့ သူ့မျက်လုံးထဲကို လူတစ်ယောက် ကြည့်လိုက်မိတဲ့ အခါမှာ သူ့ကိုယ်သူ အဆုံးအစမဲ့ နေရာတစ်ခုဖြစ်တဲ့ အာကာသ စကြာဝဠာကို ကြည့်နေရသလိုမျိုး ဖြစ်နေတာကို သိရပါလိမ့်မယ်။

ရှုရှရန်။

သူက ပျော်ရွှင်မြူးထူးသွားပြီးတော့ အော်လိုက်ပါတယ်။

"တူလေးရှ ငါ့ကို ကယ်ပါဦး"

ဒါပေမဲ့လည်း ရှရှရန်က ရှသိုးသိုး အမူအရာတစ်ခုနဲ့ သူ့လက်ကို ဆန့်ထုတ်ပြီးတော့ အော်ဟစ် လိုက်ပါတယ်။

"သတိထား"

ဘာကို သတိထားရမှာလဲ။

မြောင်ကျွင့်က ကြောင်သွားခဲ့ပါတယ်။ ဖောက်။
ဓားရှည်တစ်လက်က သူ့ရဲ့ ခန္ဓာကိုယ်ကို ဖြတ်သွားခဲ့ပြီး
သတ်ဖြတ်ခြင်း ဆန္ဒတွေက ဝေ့လည်နေပြီး သူ့ရဲ့ စိတ်ဝိညာဉ်က
လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားတာကို တွေ့မြင်နိုင်ပါတယ်။
သူ့ခန္ဓာကိုယ်က ခွန်အားတွေ အားလုံး ဆုံးရှုံးသွားပြီး မြေပြင်ပေါ်ကို

လဲကျသွားခဲ့ပါတယ်။

လင်းဟန်က ဓားကို ပြန်သိမ်းယူလိုက်ပြီးတော့ ရှုရှုရန်ကို အေးစက်စွာနဲ့ ကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းက နောက်ထပ်ပါရမီရှင် တစ်ယောက်ကို သတ်ပစ်ရမယ် ဆိုရင်တောင် ကိစ္စမရှိပါဘူး။

ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင် တစ်ယောက်ကို သုတ်သင်ပစ်ရတာက အနာဂတ်မှာ မိုးကောင်းကင်ကို ဖွင့်လှစ်ချိန်မှာ အနှောင့်အယှက်လေး တစ်ခုကို ဖယ်ရှားလိုက်တာနဲ့ တူညီပါတယ်။ အထူးသဖြင့် ရှုရှုရန်နဲ့ ကျော့မင်းလို ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။ ဒီနှစ်ယောက်ရဲ့ အကန့်အသတ်က အနာဂတ်မှာ ခက်ခဲတဲ့ ပြိုင်ဘက်တွေ ဖြစ်လာပါလိမ့်မယ်။

“ဒါက မိုးပြာလျှပ်စီးဂိုဏ်းက မြောင်ကျွင့်ပဲ”

ရှုရှုရန်က ပြောလိုက်ပါတယ်။

"အဲဒီတော့ ဘာဖြစ်လဲ"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းက ဆေဘာအား ဘုရင်လေးကို သတ်ခဲ့တယ်။ ပြီးတော့ အခု မြောင်ကျွင့်ကို ထပ်ပြီးတော့ သတ်လိုက်ပြန်ပြီ။ မင်းက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ရှုံ့စရာ ကောင်းတယ်လို့ ရည်ရွယ်ထားတာလား"

ရှုရှုရန်ရဲ့ စကားတွေက လေးဖင့်ဖင့်နဲ့ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ထပ် တစ်ယောက်လည်း ရှိသေးတယ်။ သူ့နာမည်က ချီလိကုံးတဲ့။ ငါသူ့ကိုလည်း သတ်လိုက်တယ်"

"အဲဒီတစ်ယောက်က ကောင်းကင်ဓားဂိုဏ်းကပဲ"

ရှုရှုရန်က ဒေါသမထွက်ပါဘူး။ ဒါပေမဲ့ ကြည့်ရတာ အရမ်းကို တည်ငြိမ်နေပါတယ်။ သူက ပြောလိုက်ပါတယ်။

"လင်းဟာန် အစတုန်းက မင်းကို ငါက ယှဉ်ပြိုင်ဘက် တစ်ယောက်လိုမျိုး ဆက်ဆံချင်ခဲ့တာ။ ဒါပေမဲ့ မင်းက မင်းကိုယ်တိုင် ပျက်စီးမဲ့ လမ်းကြောင်းကို ရွေးချယ်ခဲ့တယ်။ နောက်ပိုင်းမှာ မင်းက ငါနဲ့ လက်ရည်စမ်းဖို့ အခွင့်အရေး မရှိတော့ဘူး"

Chapter 735 end

Zaw.အပိုင်း(၇၃၆) အကြွင်းမဲ့ ဆောဘာဓားနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်ခြင်း

"ဒါဆိုရင် မင်းက ဘာကိုဆိုလိုချင်တာလဲ။ ငါသေရတော့မှာလား"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းက ထပ်ပြီးတော့ မသေနိုင်တော့ပါဘူး။ ဘာဖြစ်လို့လဲဆို မင်းက သေလူဖြစ်နေပြီ"

ရှရှရန်က ခေါင်းညိတ်လိုက်ပါတယ်။

"အခုက စပြီးတော့ မင်းက အသက်ရှုနေတဲ့ အလောင်းကောင် တစ်ကောင်ပဲ"

ဂိုဏ်းကြီးငါးဂိုဏ်းက ဒီဘုံမှာ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ခဲ့တာ နှစ်ပေါင်း တစ်သောင်း ဒါမှမဟုတ် နှစ်သောင်းကျော်လောက် ရှိနေပါပြီ။ ဒါက အရမ်းကို ရှည်ကြာလွန်းတဲ့ အချိန်တစ်ခု ဖြစ်ပါတယ်။ သူတို့ရဲ့ စည်းမျဉ်းဥပဒေတွေကို လုပ်ခါလို

မရနိုင်ပါဘူး။ နှစ်ပေါင်းတစ်သောင်း စုစည်းပြီးတဲ့ နောက်မှာတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အရေအတွက်က အဖွဲ့အစည်း အားလုံးရဲ့ မျှော်လင့်ချက်တွေကို ဆုံးရှုံးသွားစေတဲ့အထိ လုပ်နိုင်ပါတယ်။

စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ပဲ ရှိသေးတဲ့ ကောင်လေးတစ်ယောက်ကို သတ်ပစ်ဖို့ဆိုတာ ဘာအမှားအယွင်းများ ရှိနိုင်မှာလဲ။

တကယ်လို့ လင်းဟန်က အခုချိန်မှာ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်နေမယ် ဆိုရင်တောင် ဘာအရေးလဲ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေ ရာနဲ့ချီ လိုက်ဖမ်းနေတာကို တကယ်လို့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က သဘာဝထက် ကျော်လွန်ပြီး ယှဉ်ပြိုင်မရှိ အစွမ်းထက်နေမယ် ဆိုရင်တောင်မှ သူ့အနေနဲ့ မကျေမချမ်း ဖြစ်ပြီးတော့ပဲ သေရပါလိမ့်မယ်။

တစ်ခုသိထားရမှာက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ထိအောင် ကျင့်ကြံအားထုတ်နိုင်တဲ့ လူတွေတောင် ဘယ်လောက်များများ

လေဟာနယ်ကို စုတ်ဖြဲပြီးတော့ တန်ခိုးရှင် ဖြစ်လာနိုင်လို့လဲ။ သူတို့ထဲက ဘယ်တစ်ယောက်ကများ သူ့ခေတ်ရဲ့ ထူးထူးခြားခြား အံ့ဩဖွယ်ရာ ပါရမီရှင်တစ်ယောက် မဖြစ်လို့လဲ။ အဆင့်တွေကို ရှောင်ကွင်းပြီးတော့ သူတို့အားလုံးကို လွယ်လွယ်ကူကူနဲ့ သတ်ပစ်နိုင်စွမ်း ရှိတာပဲ မဟုတ်လား။

လူသားအထွတ်အထိပ်ရဲ့ ခွန်အားအဆင့် ဖြစ်ပါတယ်။

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီအလောင်းကောင်က မင်းကို အရင်ဆုံး ဖျက်ဆီးပစ်ရမှာပေါ့"

"အဲဒါက ဖြစ်နိုင်ပါ့မလား"

ရှုရှုရန်က ချက်ချင်းဆိုသလို အကြွင်းမဲ့ ဆေဘာဓားကို

ဆွဲထုတ်လိုက် ပါတယ်။

"ငါက ဉာဏ်အလင်းတစ်ခုနဲ့ ကြုံတွေ့ခဲ့ရတယ်။ ဆေးဘားဆား လမ်းကြောင်းပေါ်မှာ ငါ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက တစ်ဆင့်ပိုပြီးတော့ မြင့်လာခဲ့ပြီး အကြွင်းမဲ့ ဆေးဘားဆားရဲ့ စွမ်းအားနဲ့ စွမ်းဆောင်နိုင်ရည်ကို နှစ်ဆတိုးလာစေခဲ့တယ်။ ဒီနေ့မှာ မင်းကငါ့ကို ဘယ်လိုမျိုး တုံ့ပြန်နိုင်မှာလဲ"

သူက တကယ့်ကို ဂုဏ်ယူနေပါတယ်။ အစောပိုင်းတုန်းက နတ်ဆိုးရှင်သန်ဓားရဲ့ အပြည့်အဝ ကောင်းမွန်မှုနဲ့တောင် အကြွင်းမဲ့ ဆေးဘားဆားနဲ့ သာတူညီမျှ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ အခု အကြွင်းမဲ့ ဆေးဘားဆားရဲ့ စွမ်းအားနဲ့ စွမ်းဆောင်ရည်က နှစ်ဆ ဖြစ်သွားခဲ့ပါပြီး အကြွင်းမဲ့ ဆေးဘားဆားက လုံးဝဥဿုံ ဖိနှိပ်ထားနိုင်ပါလိမ့်မယ်။

"အိုး ဟုတ်လား"

လင်းဟန်က အသာလေး ပြုံးလိုက်ပါတယ်။ သူက မကြောက်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ သူက အခုချိန်မှာ နတ်ဆိုးရှင်သန်စားကို အသုံးပြုမှာ မဟုတ်ပါဘူး။

ပြောရမယ်ဆိုရင် အဆိုးတကာ့ အဆိုးဆုံး အချိန်ရောက်လာရင်တောင် သူ့မှာက အနက်ရောင် မျော်စင် ရှိနေပါသေးတယ်။

ရှရှရန်က စကားပြောနေတာကို ရပ်လိုက်ပြီး လင်းဟန်ကို စိုက်ကြည့် လိုက်ပါတယ်။ ဆေဘာချီက သူ့ခန္ဓာကိုယ်ကနေ စီးမျောနေပြီး သူ့နောက်ကျောဘက်မှာ ကောင်းကင်ဘုံ ဆေဘာစား တစ်ချောင်းရဲ့ ပုံရိပ်မည်းကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒါက အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိနေသေးတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီကောင်းကင်ဘုံ ဆေဘာစားက အံ့အားသင့်စရာ ကောင်းလောက်အောင် ကောင်းကင်အဆင့်ရဲ့ အရှိန်အဝါ ရှိနေပါတယ်။

သူ့ထက် ကျင့်ကြံခြင်းအဆင့် တစ်ခုလုံး မြင့်မားတဲ့ အထွတ်အထိပ်

ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်နိုင်တဲ့ အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

ကောင်းကင်ဘုံ ဆေဘာဓားက အောက်ဘက်ကို ခုတ်ချလာခဲ့ပါတယ်။ အဲဒါက မီတာသုံးရာခန့် ရှည်လျားတာကြောင့် သူ့ရဲ့အပိုင်းအခြားက ဧရိယာက အံ့မခန်း ကျယ်ပြန့်ပြီး ဆင်းချလာခဲ့ ပါတယ်။

လင်းဟန်က သူ့လက်သီးတွေကို မြှောက်ပြီးတော့ တန်ပြန်တိုက်ခိုက် လိုက်ပါတယ်။ ဒီတိုက်ခိုက်မှု တစ်ခုထဲမှာ ပြိုင်ဘက်ဖြစ်သူက တိုက်ခိုက်ဖို့ အကြွင်းမဲ့ ဆေဘာဓားကို အသုံးမပြုခဲ့ပါဘူး။ ဒါကောင့် လင်းဟန်က သူနဲ့ အကြွင်းမဲ့ ဆေဘာဓားဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင် အကြားက ကွာဟချက် ဘယ်လောက်ရှိလဲ ဆိုတာကို တွေ့မြင်ချင်ခဲ့ပါတယ်။

သူက ရှုရှုရန်ကို လျော့မတွက်ဝံ့ပါဘူး။ ဒါကြောင့် ဒီလက်သီးထဲမှာ သူ့ရဲ့ခွန်အားတွေ အပြည့်အဝ ထည့်ထားပါတယ်။

ပုန်း။

သူက လက်သီးတစ်လုံးကိုပဲ အသုံးပြုပေမဲ့ ဓားအလင်းတန်းက အမှန်တကယ်ပဲ ထွက်ပေါ်လာပြီး လျှပ်တပြက် အတွင်းမှာ ကောင်းကင်ဘုံ ဆေဘာဓားနဲ့ ထိမှန်သွားခဲ့ပါတယ်။

ကောင်းကင်ဘုံ ဆေဘာဓားက အောက်ကို ကျလာဆင်းသက်လာပြီး ဓားအလင်းတန်းက ရုတ်ချည်းဆိုသလို ပြိုလဲသွားခဲ့ပြီး ဆေဘာဓားက လင်းဟာန်ရဲ့ လက်သီးကို ဖိနှိပ်လိုက်ပါတယ်။

ပုမ်း။

လင်းဟာန်ရဲ့ လက်မောင်းက လိုင်းလုံးတစ်ခုနဲ့ တူပြီးတော့ တုန်ခါသွားပြီး အစာသွပ်ထားတဲ့ မုန့်တစ်ခုလိုမျိုး ပြားသွားခဲ့ပါတယ်။ သူ့လက်မောင်းက ထီးတစ်ချောင်းကို

ဖွင့်လိုက်သလိုမျိုး ဘေးဘက်ကို ပြန့်သွားခဲ့ပါတယ်။ ဒါက ဖော်ပြဖို့ အတော်လေးကို ခက်ခဲပြီး ကိုးရိုးကားယားနိုင်ကာ ထူးထူးခြားခြား ဖြစ်နေပါတယ်။

ဆေဘာဓားရဲ့ ခုတ်ချက်တစ်ခုနဲ့ လင်းဟန်က မီတာနှစ်ဆယ်လောက် အနောက်ဘက်ကို ဆုတ်လိုက် ရပါတယ်။ လင်းဟန်ရဲ့ လက်ပေါ်မှာ ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး သူ့လက်မောင်းထဲက သွေးကြောတချို့တောင် ပေါက်ကွဲလာပြီး သူ့လက်မောင်းတစ်ခုလုံး နီရဲသွားခဲ့ပါတယ်။

ရှုရှုရန်က အံ့အားသင့် သွားခဲ့ပါတယ်။

"ခွန်အားနဲ့ နူးညံ့ပျော့ပျောင်းမှုကို ပေါင်းစပ်ထားတာလား"

သူက မျက်ခုံးတွန့် သွားပါတယ်။ သာမန်ခန္ဓာကိုယ် ကျင့်စဉ်တွေတောင်မှ ခွန်အားနဲ့ နူးညံ့ပျော့ပျောင်းမှုကို ပေါင်းစပ်နိုင်တဲ့ အဆင့်အထိ အောင်မြင်မှု ရခဲ့ရင်တောင်မှ

သူ့ဆေဘာဓားရဲ့ တိုက်ခိုက်မှု တစ်ခုကို ကြံ့ကြံ့ခံနိုင်ခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါက နူးညံ့တဲ့ ဂျုံလုံးတစ်ခုနဲ့ တူပါတယ်။ ဘယ်လောက်ပဲ ပျော့ပျောင်းနူးညံ့နေပါစေ ထက်ရှတဲ့ ဓားတစ်လက်နဲ့ နှစ်ပိုင်းပြတ်အောင် ဖြတ်နိုင်ဆဲပါပဲ။

လင်းဟန်က သူ့လက်မောင်းကို လှုပ်လိုက်ပါတယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူ့ရဲ့ စိန်အဆင့် ခန္ဓာကိုယ်က အလိုအလျောက် သူ့ဘာသူ ပြန်လည်ကုသ လိုက်ပါတယ်။ ရုတ်ချည်းဆိုသလို ဒဏ်ရာက ပြန်လည်ကောင်းမွန် လာပြီးတော့ သူ့ရဲ့ချောမွတ်တဲ့ အရေပြားအပေါ်ကနေ ပျောက်ကွယ်သွားပြီး အလင်းရောင်ရဲ့အောက်မှာ ကျောက်စိမ်းလို တောက်ပနေပါတယ်။

ရှုရှရန်က အေးစက်စက် ဖြစ်နေဆဲပါပဲ။ သူက အကြွင်းမဲ့ ဆေဘာဓားကို ဒေါင်လိုက် အနေအထားမှာ ထားလိုက်ပါတယ်။ သူ့အနေနဲ့ သူ့ကိုယ်ပိုင် ခွန်အားအတူ လုံးဝကို ယုံကြည်မှု ရှိနေပေမဲ့ လင်းဟန်ကို ဖြတ်ပစ်နိုင်မယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်မှု ရှိတယ်ဆိုပေမဲ့ အခြေအနေ အားလုံးရဲ့ အကျိုးရလဒ်က ပိုပြီးတော့

အရေးကြီးပါတယ်။ ဒီလိုမျိုး အပြောသမားမဟုတ်ပဲ လက်တွေ့လုပ်တဲ့သူက အမြန်ဆုံး အမြစ်ဖြတ် ချေမှုန်းသုတ်သင်ပြီးတော့ နောက်ပိုင်းမှာ အန္တရာယ် ဖြစ်လာခွင့် မပြုနိုင်ပါဘူး။

ဒါကြောင့် သူက အကြွင်းမဲ့ ဆေဘာဓားကို အသုံးပြုပြီးတော့ နောက်ထပ်ဘာကိုမှ တွေးမနေပဲ ပြိုင်ဘက်ဖြစ်သူတွေကို အမြစ်ဖြုတ် သုတ်သင်ချေမှုန်း ရပါမယ်။

ဟွမ်း။

အကြွင်းမဲ့ ဆေဘာဓားက အနည်းငယ် တောက်ပလာတယ် ဆိုပေမဲ့ ထိခိုက်ပျက်စီးမှုလည်း ရှိနေပါတယ်။ ဆေဘာဓားသွားက သံချေးတက်နေပေမဲ့ ကြောက်မက်ဖွယ်ရာ ဖိနှိပ်ခြင်းရှိတွေကို ထုတ်လွှတ်နေဆဲ ဖြစ်ကာ တော်တော်ဝေးဝေးကို ကျယ်ပြန့်ပျံ့နှံ့လို့ နေပါတယ်။ ဆေဘာဓား ဆန္ဒက စီးမျောနေပြီး အသက်ဝင်လာသလို ဖြစ်နေပါတယ်။ ဓားမှာ ကိုယ်ပိုင်အသိစိတ် စွမ်းအား ရှိနေသလိုမျိုး ရှုရှုရန်ရဲ့ ထိန်းချုပ်မှုအောက်မှာ ထပ်ပြီးတော့

မရှိတော့ပါဘူး။

သန်မာမှုက ဂုဏ်ယူစရာ ကောင်းပါတယ်။ ဘယ်သူကများ ထိန်းချုပ်နိုင်မှာလဲ။

လင်းဟန်က မရဏဓားကို ဆွဲကိုင်လိုက် ပါတယ်။ ဝှမ်း။ ဒီဓားကို ကြည့်ရတာ ခြိမ်းခြောက်သလို ခံစားရပါတယ်။ ဓားသွားပေါ်က အမှတ်အသားတွေက တောက်ပလင်းလက်လာပြီး သတ်ဖြတ်ခြင်း အရှိန်အဝါ တစ်ခုက ဓားမှာလှည့်လည်လို့ နေပါတယ်။

ဒါက သတ်ဖြတ်ခြင်း ဂင်္ဂါ တစ်ခုပဲ ဖြစ်ပါတယ်။

ဟုမ်း။

အကြွင်းမဲ့ ဆေဘာဓားက အံ့မခန်း အလင်းရောင်တစ်ခု ထုတ်ဖော်နေပြီး မိုးကောင်းကင် အပေါ်ကို ထိုးတက်သွားပြီး

နေ့ရဲ့အလင်းရောင် ဖုံးလွှမ်းပြီးတော့ အရမ်းကို အေးစက်ပြီး ဆိုးဝါးမှုတစ်ခု ဖြစ်ပေါ်စေပါတယ်။ အဲဒီအခိုက်အတန့်မှာ အကြွင်းမဲ့ ဆေးဘာများကို ကြည့်ရတာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အထွတ်အထိပ် စွမ်းဆောင်ရည်အဖြစ်ကို ပြောင်းလဲသွားပြီးတော့ အရာအားလုံးကို ဖြတ်တောက်နိုင်စွမ်း ရှိလာသလိုပါပဲ။

တစ်ဖက်က မရဏာများရဲ့ ဂင်္ဂါ အစီအရင် ပုံစံတွေက တောက်ပလင်းလက်လာပြီး ချောမွေ့တည်ငြိမ် လာခဲ့ပါတယ်။ မရဏာများကို ကြည့်ရတာ သာမန်ဓားတစ်ချောင်း ဖြစ်လာပုံမျိုးနဲ့ တူပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ သိနေပါတယ်။ ဒီအချိန် ဒီသတ်ဖြတ်ခြင်းဓားမှာ သူ့လမ်းကြောင်းကို တားဆီးဝံ့တဲ့ ဘယ်နတ်ဘုရားကိုမဆို သတ်ဖြတ်ခြင်း အခြေအနေ တစ်ခုကို ဝင်ရောက်သွားခဲ့ပြီ ဆိုတာကို သိနေပါတယ်။

ကိုက်တတ်တဲ့ ခွေးတစ်ကောင်က ဟောင်လိမ့်မှာ မဟုတ်ပါဘူး။ အစွမ်းထက်ဆုံး သတ်ဖြတ်ခြင်း ဓားအနေနဲ့ သူ့ရဲ့ စွမ်းအားတွေကို ဟန်ရေးပြ ထုတ်ဖော်နေစရာ မလိုပါဘူး။

ဒါက အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်း ဓားတစ်လက် ဖြစ်ပါတယ်။ ဒီဓားက အရာအားလုံးကို သတ်ဖြတ်တယ်လို့ ဆိုလိုပါတယ်။

ရှရှရန်က အံ့အားသင့် နေခဲ့ပါတယ်။ သူ့အနေနဲ့ ဒီဓားက အရင်တုန်းက လင်းဟန် အသုံးပြုခဲ့တဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်း မဟုတ်ဘူးဆိုတာကို သတိပြုမိပါတယ်။ လင်းဟန်က အကြွင်းမဲ့ ဆေဘာဓားရဲ့ စွမ်းအားကို သတိပြုမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာ လဲလှယ်ပြီး တိုက်ခိုက်ဖို့ နောက်ထပ်ဓားတစ်ချောင်း ရှိနေပါတယ်။ အဲဒါက ဘာကိုဆိုလိုတာလဲ။

ဒီဓားက ပိုပြီးတော့ အစွမ်းထက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

သူ့အနေနဲ့ တကယ်ပဲ မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်း တစ်ခုကိုက ရရှိဖို့ တကယ်ပဲ လွယ်ကူလို့လား။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အနေနဲ့တောင် လက်နှစ်ဖက်လုံးမှာ တစ်ခုစီ ကိုင်ဆောင်နိုင်စွမ်း

မရှိပါဘူး။ အဆင့်တစ်ဆယ် အဖိုးထိုက်တန်တဲ့ သတ္တုရဲ့
အရည်အသွေးက အရမ်းကို လက်ခံနိုင်တယ်လို့
သူထင်နေတာလား။ တစ်ခုပိုင်ဆိုင်ရင်ပဲ မယုံနိုင်စရာ
ကောင်းနေပါပြီ။ ဒါပေမဲ့ နောက်ထပ်တစ်ခုနဲ့ အပြောင်းအလဲ
လုပ်နိုင်တာလား။

ဒီအဖြစ်က ယုံကြည်နိုင်ဖို့ တကယ်ပဲ ခက်ခဲပါတယ်။

ဟုမ်း။ အကြွင်းမဲ့ ဆေဘာဓားက သတ်ဖြတ်ဖို့ လက်ဦးမှ ရယူပြီး
လင်းဟန်ဆီကို တိုက်ခိုက်လိုက် ပါတယ်။

မရဏဓားကလည်း လင်းဟန်ရဲ့ ထိန်းချုပ်မှု အောက်ကနေ
ထွက်လာပြီး အလိုအလျောက် ပျံသန်းပြီးတော့ အဆုံးမဲ့
ဓားအလင်းတန်း တစ်ခုက သူ့အနားမှာ တောက်ပလင်းလက်လို့
နေပါတယ်။ မရဏဓားက အကြွင်းမဲ့ ဆေဘာဓားကို
တိုက်ခိုက်လိုက်ပါတယ်။

ပုန်း။

ထူးခြားဆန်းကြယ်တဲ့ စိတ်ဝိညာဉ် ပစ္စည်းနှစ်ခုက ပြင်းပြင်းထန်ထန်နဲ့ တိုက်ခိုက်လိုက် ပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ဆက်တွဲ အဖြစ်ကတော့ အရာအားလုံး တုန်ခါသွားပြီး မြေကမ္ဘာကြီးက ရုတ်တရက် ကွဲအက်လာခဲ့ပြီး ကောင်းကင်ပေါ်က နေမင်းကြီးကလည်း ပြိုလဲလု အခြေအနေမှာ ရောက်နေပါတယ်။ နေလုံးကြီးက သူကိုယ်တိုင် ရောမ မီးဘောလုံးကြီး တစ်ခု ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အစွမ်းထက်တဲ့ နောက်ဆက်တွဲ အဖြစ်ကို ခံနိုင်ရည် ရှိနိုင်မှာလဲ။

တိုက်ခိုက်မှု တစ်ခုပြီးတဲ့ နောက်မှာတော့ အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓား နှစ်ချောင်းလုံးက တစ်ချက်ပြီးတစ်ချက် ထိုးခုတ် တိုက်ခိုက်လိုက် ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားကနေ အနက်ရောင် အလင်းတစ်ခုနဲ့ အရိပ်တစ်ခု ထုတ်လွှတ်နေပြီး မရဏဓားကတော့ အဆုံးမရှိတဲ့ အဖြူရောင် အလင်းနဲ့ လမ်းကြောင်းကို ဦးတည်ခေါ်ဆောင် သွားပါတယ်။ ဒီနှစ်ခုက

ကျွမ်ာကြီးကို အဖြူနဲ့ အမည်းဆိုပြီး နှစ်ပိုင်းပိုင်းထားသလိုမျိုး တစ်ခုနဲ့တစ်ခု လုံးဝဆန့်ကျင် နေပါတယ်။

ရှုရှရန်ရဲ့ အမူအရာက နောက်ဆုံးမှာ ပြောင်းလဲလာခဲ့ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားက အသာစီး မရယူနိုင်ဘူးလား။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အကြွင်းမဲ့ ဆေဘာဓားက ရှေးဟောင်းအချိန်တွေတုန်းက အစွမ်းထက်တဲ့ နတ်ဘုရားတစ်ပါး အသုံးပြုခဲ့တဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။ အစတုန်းကတော့ သာမန်လက်နက် တစ်ခုပဲ ဖြစ်ပါတယ်။ ဒီဓားကို သွန်းလုပ်တဲ့ ပစ္စည်းက အများဆုံး အဆင့်သုံးပဲ ရှိပေမဲ့ နူးညံ့သိမ်မွေ့စွာ ပြုစုပျိုးထောင်ခဲ့ပြီး အစွမ်းထက်တဲ့ နတ်ဘုရားရဲ့ အနှစ်သာရတွေနဲ့အတူ မရပ်မနား ပျိုးထောင်ပေးခဲ့တာကြောင့် ဒီဆေဘာဓားက သူ့ကိုယ်သူ သာမန်ဓားတစ်လက်ကနေ အစစ်အမှန် ကောင်းကင်ဘုံ ဆေဘာဓား တစ်လက်ဖြစ်လာခဲ့ပါတယ်။

အဲဒီအစွမ်းထက်တဲ့ နတ်ဘုရားက ဆေဘာဓားရဲ့ အားမာန်ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ထောင်ပေါင်းများစွာ ဖြတ်သန်းလာပြီးတော့ ဒီဆေဘာဓားက ထိခိုက်ပျက်စီးနေခဲ့တာတောင် တကယ်လို့ ဆေဘာဓားရဲ့ အစိတ်အပိုင်းလေး တစ်ခုပဲ ကျန်နေမယ်ဆိုရင် ဒီဆေဘာဓားက ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး စိတ်ဝိညာဉ် ပစ္စည်းအဖြစ် ရှိနေဦးမှာပါ။

အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတွေ အထဲမှာ ဒီတစ်ခုက သေချာပေါက် ထိပ်ဆုံးဆယ်ခုထဲ ပါဝင်နိုင်ပါတယ်။ ထိပ်ဆုံးသုံးခု စာရင်းမှာ ထည့်ထားမယ် ဆိုရင်တောင်မှ စောဒက တက်စရာ အကြောင်း မရှိပါဘူး။

ဒါပေမဲ့လည်း အရမ်းကို အစွမ်းထက်တဲ့ ဆေဘာဓားက ပိတ်ဆို့ဟန့်တား ခံနေရပါတယ်။

ဒါက ဘယ်လိုအမျိုးအစား ဓားတစ်ချောင်းလဲ။ ဒီဓားက သဘာဝ တရားရဲ့ ဩဇာလွှမ်းမိုးမှုကို ပြောင်ပြောင်တင်းတင်းကို ဖီဆန်နေပါတယ်။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာတော့ ငါ့တို့ရဲ့ စိတ်ဝိညာဉ် ပစ္စည်းတွေကို အသုံးပြုလို့ မရနိုင်တော့ဘူး"

အခု အဖိုးထိုက်တန်တဲ့ လက်နက်နှစ်ခုက အသက်ဝင်လာပြီး သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ် တိုက်ခိုက်နေကြပါတယ်။ လင်းဟာန်ပဲဖြစ်ဖြစ် ရှုရှုရန်ပဲဖြစ်ဖြစ် ဝင်ရောက်စွက်ဖက်လို့ မရနိုင်ပါဘူး။ သူတို့နှစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ဖန်တီးမှုတွေ အကြားက တိုက်ပွဲကို ဝင်ရောက်ပြီး စွက်ဖက်နိုင်မှာတဲ့လဲ။

ဒါပေမဲ့လည်း လင်းဟာန်မှာ စိတ်ဝိညာဉ် ပစ္စည်းတွေ

တော်တော်များများ ပိုင်ဆိုင်ထားပါတယ်။

သူက ချက်ချင်းဆိုသလို နတ်ဆိုးရှင်သန်ဓားကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"လာလေ တိုက်ခိုက်ကြတာပေါ့"

ဒါပေမဲ့လည်း ရှရှရန်ရဲ့ ပင်ကိုစရိုက်က စိတ်ဆတ်ပါတယ်။ သူ့အနေနဲ့ ဘာမှမတတ်နိုင်ပဲ ကျိန်ဆဲပစ်လိုက် ချင်ပါတယ်။ ဒီကောင့်မှာ နောက်ထပ် အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်း ရှိနေပါသေးတယ်။

ကံကောင်းတာက တကယ်လို့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းက မနိုးထလာဖူးဆိုရင် အဲဒီနောက်မှာ အဲဒီပစ္စည်းကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့က မဖြစ်နိုင်စရာ အကြောင်း မရှိပါဘူး။

သူက သူ့လက်ဝါးကို ဆေဘာအား တစ်ချောင်းအဖြစ် အသုံးပြုပြီး တခြားဆေဘာအားတွေကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ လိုအပ်ဦးမှာလဲ။ အခု သူက လင်းဟန်ကို သူ့လက်ဗလာနဲ့ပဲ တိုက်ခိုက်ရ ပါလိမ့်မယ်။

Chapter 736 end

Zaw.အပိုင်း(၇၃၇) မီးတောက်ဘုရင်ကိုယ်တိုင် လုပ်ရှားပြီ

"ဟင့်"

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အရှိန်အဝါ တစ်ခုက တုန်ခါလာပြီး ပုံရိပ်တစ်ခုက အံ့အားသင့်စရာ ကောင်းတဲ့ အမြန်နှုန်းတစ်ခုနဲ့ ပျံသန်းလာပြီး အကြွင်းမဲ့ ဆေဘာအားနဲ့ မရဏအားကနေ ထုတ်လွှတ်နေတဲ့ အလင်းရောင်တွေက သူ့ကို ဟန့်တားထားနိုင်ခြင်း မရှိပါဘူး။

ဒီလူက အရပ်မြင့်ပြီး တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ် ရှိပါတယ်။

သူ့ခန္ဓာကိုယ် အထက်ပိုင်းက ဗလာကျင်းနေပြီး တောင့်တင်းခိုင်မာတဲ့ ကြွက်သားတွေကို ရှင်းရှင်းလင်းလင်း မြင်နိုင်ပါတယ်။ သူက လေထဲမှာ မျောလွင့်နေပြီး မြင့်မားတဲ့ တောင်ကြီးတစ်ခုလိုမျိုး လူတွေကို အပေါ်စီးကနေ ကြည့်နေပါတယ်။

"အရှင်သခင်ဂူလင်း"

ရှုရှုရန်က အလျင်အမြန် ရိုသေလေးစားမှု ပြည့်နေတဲ့ ဟန်ပန်အမူအရာနဲ့ ဂါရဝပြု နှုတ်ဆက် လိုက်ပါတယ်။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ မဟုတ်ခဲ့ဘူးဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားရဲ့ တိုက်ခိုက်မှု ဂန်းကျင်ကို ဖြတ်သန်းလာနိုင်မှာ မဟုတ်ပါဘူး။

"မြေကွက်မှာ မှောက်လှန်ပိတ်ဆို့ခြင်း လျှို့ဝှက်ဆန်းကြယ် စွမ်းအားက ဒီလူ့ဆီမှာလား"

ဂူလင်းက မေးလိုက်ပါတယ်။ သူက မြေနဂါးဂိုဏ်းရဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျွမ်းကျင်မှုတွေအတွက် ထင်ပေါ်ကျော်ကြားသူ ဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ကာကွယ်ဖို့ မူလစွမ်းအင်ကို မလိုပါဘူး။ ဒါကြောင့် သူက မရဏာဓားနဲ့ အကြွင်းမဲ့ ဆေဘာဓားတို့ရဲ့ ထိုးခုတ်ချက်တွေကို သူ့ရင်ဘတ်နဲ့ပဲ ခံယူပြီး ရလဒ်ကတော့ မရေတွက်နိုင်တဲ့ မီးပွားလေးတွေ ပေါက်ကွဲထွက်ပေါ်လာခဲ့ပြီး သူ့ကို နည်းနည်းလေးတောင် ဒဏ်ရာမရစေခဲ့ပါဘူး။

တကယ်တော့ ဒါက အနီးကပ် တိုက်ခိုက်ပြီးတဲ့ နောက်ဆက်တွဲ ရလဒ်ပဲ ဖြစ်ပါတယ်။

"ဟုတ်ပါတယ် အရှင်သခင်"

ရှုရှုရန်က လေးစားမှု အပြည့်နဲ့ ဖြေလိုက်ပါတယ်။

ဂူလင်းက ခေါင်းညိတ်လိုက်ပြီး ချက်ချင်းဆိုသလို
လက်ဝါးတစ်ဖက်နဲ့ လင်းဟာန်ကို ဖမ်းဆုပ်ဖို့
တိုက်ခိုက်လိုက်ပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့
စည်းမျဉ်းစည်းကမ်းတွေကို နည်းနည်းလေးမှ ဂရုစိုက်နေစရာ မလိုပဲ
သူ့စိတ်တိုင်းကျ ဂုဏ်ယူဝင့်ကြွားစွာနဲ့ လုပ်ဆောင်နိုင် ပါတယ်။
ဒါကြောင့် တကယ်လို့ သူက ကမ္ဘာကြီး တစ်ခုလုံးက
လက်ရွေးစင်တွေ အားလုံးကို ဆန့်ကျင်တော့ရော ဘာဖြစ်မှာလဲ။
တကယ်လို့သူက ထွက်ပြေးချင်တယ်ဆိုရင် သေချာပေါက်
လွတ်အောင်လို့ ထွက်ပြေးနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါကြောင့်
သူ့ရဲ့ပင်ကိုယ်စရိုက်က ကြမ်းတမ်းခက်ထန် နေပါတယ်။

သနားစရာကောင်းတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဂျူနီယာ

တစ်ယောက်ကို မျက်နှာချင်းဆိုင် ရတာက သူ့အနေနဲ့ အလေးအနက် ထားနေစရာ မလိုပါဘူး။ ပြီးတော့ ဆွေးနွေးပြောဆို စိတ်အနှောင့်အယှက် လုပ်မနေပဲ တန်းပြီးတော့ သူ့ဆီကနေ လုယူလိုက်တာက အကောင်းဆုံးပဲ မဟုတ်လား။

ဒီအခိုက်အတန့်မှာ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်ချင်နေခဲ့ပါတယ်။ သူ့အတွက်တော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ဆန့်ကျင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ နတ်ဆိုးရှင်သန်ဓားကို နောက်တစ်ကြိမ် အသက်ပြန် ဝင်အောင် လုပ်ပြီးတော့ သူ့ကိုယ်ပိုင် လုပ်ရှားခိုင်းမှ ရပါမယ်။ ဒါပေမဲ့လည်း ဒီဓားက အခုတော့ နည်းနည်းလေးမှ ပြန်မတုံ့ပြန်ပဲ ဒီအကျပ်အတည်း ပြဿနာထဲမှာ သူ့ကိုပစ်ထားခဲ့ပြီး ရှောင်ထွက်သွားပုံ ရပါတယ်။

"တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းလိုက်တာ။ မင်းက ဂျူနီယာလေး တစ်ယောက်ကိုတောင် တိုက်ခိုက်တယ်ပေါ့လေ"

အထင်အမြင်သေးစွာနဲ့ ပြောလိုက်တဲ့ အသံတစ်ခုက လွင့်ပျံလာပြီး

ကြီးမားတဲ့ လက်ကြီးတစ်ဖက်က ဂူလင်းရဲ့ လက်ဝါးကို ဖိချပြီးတော့ ထိမှန်သွားပါတယ်။

ရောမ လက်ဝါးကြီးတွေက တစ်ခုနဲ့တစ်ခု တောင်ကြီးတစ်လုံးစာလောက် ကြီးမားပြီး မူလစွမ်းအင်နဲ့ ဖြစ်ပေါ်ထားတဲ့ လက်ဝါးကြီးတွေဖြစ်ကာ တစ်ဟုန်ထိုး ဆန့်ထွက်လာခဲ့ ကြပါတယ်။ မျှော်လင့်ထားသလိုပဲ လက်ဝါးအချင်းချင်း ရိုက်မိတဲ့ အဖြစ်အပျက်က မိုးခြိမ်းသံကြီးလို ကျယ်လောင်ပြီး ပတ်ဂန်းကျင်အနှံ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အစွမ်းတွေ ပျံ့နှံ့ပြီး မိုးကောင်းကင်က နေမင်းကြီးကိုလည်း လိုင်းတွန့်သလို ဖြစ်သွားစေပြီး သေဆုံးငြိမ်းကွယ်လု ဖြစ်စေခဲ့ပါတယ်။

မီးတောက်တွေ ထွက်ပေါ်နေတဲ့ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူက သေးသွယ်တဲ့ ခန္ဓာကိုယ် တစ်ခုရှိပြီးတော့ သူ့ဆံပင်ရှည်တွေက သူ့ပုခုံးပေါ်ကနေ ရေတံခွန်တစ်ခုအလား ကျဆင်းနေပြီး သူ့ဆံပင်တွေမှာလား မီးတောက်တွေက တူညီစွာနဲ့ ရစ်ပတ်လို့နေပြီး သူ့အနားမှာ ကခုန်နေပါတယ်။ မီးတောက်နဲ့

ပြုလုပ်ထားတဲ့ တာအိုပန်းပွင့်တွေက သူ့ခြေထောက်အောက်မှာ ရှိနေပြီး သူ့ပုံစံကို ကြည့်ရတာ မီးတောက်တွေရဲ့ ဘုရင်တစ်ပါးနဲ့ တူပါတယ်။

"မီးတောက်ဘုရင်"

ဂူလင်းက မသဲမကွဲ နှာခေါင်းရှုံ့လိုက်တဲ့ အသံတစ်ခုနဲ့ သူ့အကြည့်တွေမှာ သတ်ဖြတ်ခြင်း ဆန္ဒတွေက ပျံ့သန်းလို့ နေပါတယ်။ သူက တောင်းဆိုလိုက်ပါတယ်။

"မင်းက တခြားလူရဲ့ အလုပ်ကို ဝင်ပြီးတော့ နှောင့်ယှက်ချင်တာလား"

"ငါဘာပဲလုပ်လုပ် အဲဒါ မင်းကိစ္စလား"

မီးတောက်ဘုရင်က ဂရုမစိုက်တဲ့ပုံစံနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ဟင့်။ တကယ်လို့ ဒီနေရာမှာ မင်းရဲ့ကျဆုံးခန်းကို မမြင်ချင်ဘူးဆိုရင် ထွက်သွားလိုက်တာ အကောင်းဆုံးပဲ ဖြစ်မယ်"

ဂူလင်းက အော်လိုက်ပါတယ်။

မီးတောက်ဘုရင် သူ့လက်နှစ်ဖက်လုံးကို အနောက်ဘက်ကို ပစ်ထားပြီးတော့ ပြန်တုံ့ပြန် လိုက်ပါတယ်။

"ဖြစ်နိုင်တာက ဒီရှေးဟောင်းနယ်မြေက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငါတို့တွေ တည်ထောင်ခဲ့တဲ့ ရှေးဟောင်းနိုင်ငံတစ်ခုကနေ ကျန်ရစ်ခဲ့တဲ့ သမိုင်းဝင် နယ်မြေတစ်ခုဆိုတာကို မင်းမသိဘူးလား။ မင်းငမ်းငမ်းတက် လိုချင်နေတဲ့ မြေကျွှာမှာ မှောက်လှန်ပိတ်ဆို့ခြင်း လျှို့ဝှက်ဆန်းကြယ် စွမ်းအားဆိုတာကလည်း နံပါတ်ခုနစ်ဖြစ်တဲ့ မြေကျွှာမှာ စိတ်ဝိညာဉ် ဘုရင် တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားပဲ။ ငါက ဒီနေရာမှာ ရှိနေမှတော့ အဲဒီ လျှို့ဝှက်ဆန်းကြယ်

စွမ်းအားကို ဂိုဏ်းကြီးငါးဂိုဏ်း လက်ထဲကို ကျရောက်သွားမှာကို ဘယ်လိုလုပ် ထိုင်ကြည့်နေနိုင်မှာလဲ”

ဂူလင်းက အံ့အားသင့် သွားခဲ့ပါတယ်။ ခရမ်းရောင်လ နိုင်ငံတော်က အရမ်းကို အစွမ်းထက်နေတာ အံ့သြးရာ မဟုတ်တော့ပါဘူး။ အဲဒီအချိန်တုန်းက သူတို့တွေ အနေနဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကို မှတ်လောက်သားလောက်အောင် ဆော်ပလော်တီးခဲ့ပြီး သူတို့ရဲ့ အမွေအနှစ်တွေတောင်မှ ဆုံးရှုံးလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ အုတ်မြစ်က တန်ခိုးရှင်ဘုံမှာ အမြစ်တွယ်နေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူတို့တွေက တကယ်ပဲ ထာဝရ ပျောက်ကွယ်သွားဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။

လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို တကယ်ပဲ လက်ဆင့်ကမ်းနိုင်တာလား။ အဲဒါက ဘယ်လိုမျိုး နားလည်သဘောပေါက်မှု အမျိုးအစားလဲ။

လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ကြီးကြီးမားမား အောင်မြင်မှု

အဆင့်ကို ရောက်ရှိသွားပြီလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

မီးတောက်ဘုရင်ကို ကြည့်ရတာ ဘယ်လိုပဲဖြစ်ဖြစ် ဒီလို့ဂုဏ်ဆန်းကြယ် စွမ်းအားကို စိတ်ဝင်စားပုံ မရှိဘူး။ ဒါက ဘာကိုဆိုလိုတာလဲ။

ဒီအချက်ကို စဉ်းစားကြည့်လိုက်တာနဲ့ ဂူလင်းက ချက်ချင်းဆိုသလို ကြောက်ရွံ့မှုတွေ လွှမ်းမိုးလာ ခဲ့ပါတယ်။ ခရမ်းရောင်လ နိုင်ငံတော်က စင်မြင့်ပေါ်ကို ပြန်လာနေပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက ကောင်းမွန်တဲ့ ဂုဏ်ကျက်သရေကို သူတို့တွေ တကယ်ပဲ ပြန်ပြီးတော့ ရယူနိုင်မှာလား။ မဟုတ်ဘူး မဟုတ်သေးဘူး။ ဒီအချိန်မှာ သူတို့ရဲ့ ခွန်အားက အရမ်းကို များပြားပြီး ပိုပြီးတော့ သန်မာပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေ အရေအတွက်ကလည်း လေးဆကျော်လောက် တိုးလာခဲ့ပါပြီ။ နောက်ပြီးတော့ သဘာဝ ပတ်ဝန်းကျင် အနေအထားကလည်း ဒီနှစ်ပေါင်းတစ်သောင်းမှာ စုစည်းရောက်ရှိလာပြီး မရေတွက်နိုင်တဲ့ ပါရမီရှင်တွေလည်း ထွက်ပေါ်လာခဲ့ပါတယ်။

တခြားဘက်ကနေ လှည့်ပတ်ကြည့်မယ်ဆိုရင် ခရမ်းရောင်လ နိုင်ငံတော်က သူတို့နာမည်တွေကို ပြောင်းလဲလိုက်ပေမဲ့ သူတို့ခွန်အားက အများကြီး ပြောင်းလဲသွားတာတော့ မဟုတ်ပါဘူး။

သူ့ရဲ့ စိတ်လှုပ်ရှားနေမှုတွေကို တည်ငြိမ်စေလိုက်ပြီး ချုပ်တည်းထားတဲ့ ပုံစံနဲ့ မေးလိုက်ပါတယ်။

"မင်းက ဒါကို မလိုချင်မှတော့ ဘာဖြစ်လို့ တခြားလူရဲ့ အလုပ်ကို ဂင်ရှုပ်နေတာလဲ"

"ဟားဟား ငါဒါကို မလိုချင်သလို မင်းလိုမျိုး ငတုံးကို တစ်ယောက်ကိုလည်း ရသွားမှာ ခွင့်မပြုနိုင်ဘူး"

မီးတောက်ဘုရင်က လှောင်ပြုံး ပြုံးလိုက်ပါတယ်။

"နောက်ပြီးတော့ ဒီလို့ဂုက်ဆန်းကြယ် စွမ်းအားကို ဒီကောင်လေးက စာကြည့်တိုက်ထဲကနေ ရယူပြီးတော့ ထွက်လာခဲ့တယ်။ သူက လို့ဂုက်ဆန်းကြယ် စွမ်းအားရဲ့ ရွေးချယ်ခံ လူတစ်ယောက်ပဲ။ ဒါတောင်မှ မင်းလိုငတုံးငအေက ဒါကို ဘယ်လိုလုပ်ပြီးတော့ ငမ်းငမ်းတက် လိုချင်နေရတာလဲ"

ဂူလင်းက ဒေါသတွေကို ထိန်းမချုပ်နိုင်တော့ပဲ ပေါက်ကွဲသွားပါတယ်။ သူက အထင်ကြီးစရာ ကောင်းလွန်းတဲ့ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ အခု သူ့ကို ငတုံးလို့ ထပ်ခါထပ်ခါ ခေါ်ခံနေရပြီး ဒီလိုမျိုး စော်ကားတာကို သူ့အနေနဲ့ ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ။

"ဒါဆိုရင်လည်း ငါမင်းကို အရင်သတ်ရမှာပေ့ါ"

ဂူလင်းက သရော်ပြုံးပြုံးလိုက်ပြီး သူ့အနောက်မှာ ရောမ မြွေနဂါးကြီး တစ်ကောင်ရဲ့ အရိပ် ပေါ်လာခဲ့ပြီး ရုတ်ချည်းဆိုသလို မီးတောက်ဘုရင်ဆီကို တွန့်လိမ်ပြီး တစ်ဟုန်ထိုး

ပြေးဝင်လာပါတယ်။

မီးတောက်ဘုရင်က သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ ဆုပ်လိုက်တဲ့ အခါမှာ တောင်ကြီးတစ်တောင်လို ကြီးမားပြီး ရက်စက်ကြမ်းကြုတ်တဲ့ ရောမ ကျားကြီးတစ်ကောင်က ရောမ မြွေနဂါးကြီးကို ထိပ်တိုက်ရင်ဆိုင်ပြီး ခုန်အုပ်လိုက်ပါတယ်။

ထန် ထန် ထန် ထန်။

မြွေနဂါးကြီးနဲ့ ကျားကြီးက ပြင်းထန်စွာနဲ့ အနီးကပ် တိုက်ခိုက်ကြပေမဲ့ မကြာခင်မှာပဲ သူတို့နှစ်ကောင်ထဲက ဘယ်တစ်ကောင်က အသန်မာဆုံးလဲဆိုတာ ပေါ်လွင်လာခဲ့ပါတယ်။ မြွေနဂါးကြီးက ရှုံးနိမ့်သွားပြီးတော့ ရောမ ကျားကြီးရဲ့ ခြေသည်းလက်သည်းတွေ အောက်မှာ သူ့ရဲ့ခေါင်းကို အနင်းခံထားရပြီး ဘယ်လောက်ပဲ အားကုန်သုံးပြီးတော့ ရုန်းထွက်နေပါစေ အသုံးမဝင်ပါဘူး။

"အမိုက်ပဲ"

မီးတောက်ဘုရင်က အေးစက်စွာနဲ့ လှောင်လိုက်ပါတယ်။

ဂူလင်းက စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပေမဲ့ သူ့ခွန်အားက နိုင်းယှဉ်ကြည့်လိုက်ရင် နိမ့်ကျနေတယ် ဆိုတာက ပေါ်လွင်ပါတယ်။ ဒါကြောင့် သူက ဘာများတတ်နိုင်မှာလဲ။ အဲဒီအချိန်တုန်းက မဟာဘုရင်ရှစ်ပါးက အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကို ချေမှုန်းနိုင်ခဲ့ပါတယ်။ ပြီးတော့ တခြားဘာအကြောင်းပြချက်မှ မရှိပဲ အဲဒီမဟာဘုရင်ရှစ်ပါးက တကယ့်ကို နိုင်းယှဉ်လို့ မရလောက်အောင် အစွမ်းထက်လွန်းပါတယ်။

"ဟားဟား မီးတောက်ဘုရင် ဘယ်လောက်တောင် ခံ့ညားထယ်ဝါ လိုက်သလဲ"

နောက်ထပ်လူတစ်ယောက်ရဲ့ အရိပ်က ထွက်ပေါ်လာခဲ့ပြီး အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓား အကြားက တိုက်ပွဲကို လုံးဝကို

ကြောက်ရွံ့မှု ကင်းနေပါတယ်။

အဲဒီအရိပ်က ယောကျ်ားတစ်ယောက် ဖြစ်ပြီးတော့ သူ့အနောက်မှာ ဓားရှည်တစ်ချောင်းကို လွယ်ထားတဲ့ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့ပတ်ပတ်လည်မှာ နတ်ဘုရားလေထုတစ်ခု ရှိနေပြီး အများစု အစိတ်အပိုင်းက သူ့မျက်လုံးတွေ ဖြစ်ပါတယ်။ မျက်လုံးသူငယ်အိမ်က ဓားနှစ်လက်လိုမျိုး ကြည့်လိုက်တာနဲ့ အရမ်းကို ထူးခြားပြီးတော့ တောက်ပလင်းလက်လို့ နေပါတယ်။

"မင်းက ကောင်းကင်ဓားဂိုဏ်းက အမိုက် မဟုတ်လား"

မီးတောက်ဘုရင်က သူ့အကြည့်တွေကို သာမန်ကာလျှံကာ ဝေ့ကြည့်လိုက်ပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် နှစ်ယောက်ကို စိတ်ကူးထဲတောင်မထည့် အရေးမစိုက်ပဲ နေနေပါတယ်။

"ကောင်းကင်ဓားဂိုဏ်းက မာယုတန်က မီးတောက်ဘုရင်ကို နုတ်ခွန်းဆက်သပါတယ်"

ဓားသမားက နွေးထွေးစွာနဲ့ ပြုံးပြပြီးတော့ နုတ်ဆက်တဲ့ အခါမှာ သူ့ရဲ့လက်တွေကိုတောင် ဆုပ်လိုက်ပါတယ်။

မီးတောက်ဘုရင်က သူ့ကိုအာရုံမစိုက်တော့ပဲ လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"လူငယ်လေး။ မင်းရဲ့ ကံကောင်းမှုက မဆိုးဘူး။ ဒီဓားက ငါတို့ရဲ့ အရှင်မင်းကြီးကိုယ်တိုင် သူ့လက်နဲ့ သွန်းလုပ်ထားပြီး မင်းက နံပါတ်ခုနစ် ညီငယ်ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကိုလည်း ရရှိခဲ့တယ်။ ကြည့်ရတာ မင်းနဲ့ ငါတို့ ခရမ်းရောင်လ နိုင်ငံတော်က ရေစက်ပါတယ်နဲ့တူတယ်"

"ထွက်သွားလိုက်တော့။ လက်ရှိအခြေအနေက မင်းရဲ့အစွမ်းနဲ့ ဘာမှမလုပ်နိုင်ဘူး"

လင်းဟန်က စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အကြားက တိုက်ပွဲကို ဝင်ရောက်စွက်ဖက်ဖို့ ဆန္ဒ မရှိပါဘူး။ သူက မရဏဓားကို ပြန်သိမ်းယူပြီးတော့ တစ်ချက် ကြည့်လိုက်ပြီး ကျူးရှမ်အာကို ခေါ်ပြီးတော့ ရုတ်တရက်ဆိုသလို မိစ္ဆာတန်ခိုးရှင် ခြေလှမ်းသိုင်းကို အသုံးပြုပြီးတော့ ထွက်သွားလိုက်ပါတယ်။ ဟူးညီနဲ့ ယုန်ဖြူကြီးကလည်း သူ့အနောက်ကနေ ကပ်ပြီးတော့ လိုက်လာခဲ့ ကြပါတယ်။

"မင်းထွက်သွားလို့ ရပြီလို့ ငါပြောလို့လား"

ဂူလင်းက သူ့လက်ကို ဆန့်ထုတ်ပြီး လင်းဟန်ကို ဖမ်းဆုပ်လိုက် ပါတယ်။

ဘုန်း။

မီးတောက်တွေက ဖြတ်သန်းသွားပြီး ဂူလင်းကို အတင်းအဓမ္မနဲ့

နောက်ဆုတ်သွား စေခဲ့ပါတယ်။ ဒါက မီးတောက်ဘုရင်ရဲ့ လုပ်ရှားမှု ဆိုတာ ထင်ရှားပါတယ်။ အဲဒီနောက် သူက ဂုဏ်ယူဂုဏ်ဝင့်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။

"သူတို့ကို ထွက်သွားနိုင်ပြီလို့ ငါပြောခဲ့တယ်။ ဒါကို မင်းက လုပ်ရှားဝံ့သေးတာလား။ ကိုယ့်ကိုကိုယ် သေကြောင်းကြံနေတာလား"

"ဟင့် အခုအခြေအနေတွေက အရင်ကလို မဟုတ်တော့ဘူး။ ခရမ်းရောင်လ နိုင်ငံတော် ဆိုတာကလည်း သမိုင်းထဲမှာပဲ ကျန်ရစ်ပြီးတော့ ဘာမှမဟုတ်တော့ဘူး။ ဟိုးရှေးရှေးတုန်းက မင်းတို့တွေ ခေတ်ကောင်းခဲ့တဲ့ အချိန်ကာလက ပျောက်ကွယ်သွားခဲ့ပြီ။ မင်းက ဒီဘက်ခေတ်မှာ ဘာမှမဟုတ်တော့ပါဘူး"

ဂူလင်းက ခွန်းတုံ့ပြန် လိုက်ပါတယ်။

မာယုတန်ကလည်း လုပ်ရှားမှု တစ်ခုကို ထုတ်ဖော်လိုက်ပြီး လင်းဟန်ကို ဖမ်းဆုပ်လိုက် ပါတယ်။ ဒီကောင်လေးဆီမှာ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ရှိနေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ထွက်သွားခွင့် လုံးဝမပြုနိုင်ပါဘူး။

မီးတောက်ဘုရင်က နောက်ထပ်တစ်ကြိမ် လက်သီးတစ်လုံးနဲ့ တိုက်ခိုက်ပြီးတော့ မာယုတန်ကို နောက်ဆုတ်သွားစေခဲ့ပါတယ်။ သူက ဟိတ်ကြီးဟန်ကြီးနဲ့ ရယ်မောပြီးတော့ လှောင်ပြောင်လိုက် ပါတယ်။

"ငါဒီနေရာမှာ ရှိနေသေးတာကို မင်းတို့တွေက ပြဿနာ ဖန်တီးချင်နေသေးတာလား"

"အဖွဲ့လိုက်ချမယ်"

မာယုတန်နဲ့ ဂူလင်းတို့က တစ်ယောက်နဲ့တစ်ယောက် ကြည့်လိုက်ပြီး စိတ်ထဲမှာ သဘောတူညီမှု ရယူလိုက်ပါတယ်။

သူတို့တွေက အတူတကွ ပူးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင် မီးတောက်ဘုရင်ကို အနိုင်ရမယ်လို့ ယုံကြည်နေပါတယ်။

မီးတောက်ဘုရင်က အူလိုက်သည်းလိုက် ရယ်မောပြီးတော့ သူ့ပုံရိပ်က လျှင်မြန်စွာနဲ့ ကျယ်ပြန့်လာပြီး မီတာသုံးဆယ်ကျော် အရွယ်အစားရှိတဲ့ ဧရာမ မီးတောက်လူသား တစ်ယောက် အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက တောက်ပလင်းလက်နေတဲ့ ရွှေရောင် သင်္ကေတတွေနဲ့ ဖုံးလွှမ်းထားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ချိန်းကြိုးတွေပုံစံမျိုး ဆက်ပြီးတော့ ဝိုင်းရံထားပါတယ်။

"စည်းမျဉ်းတွေ။ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားပဲ"

မာယုတန်ရဲ့ အမူအရာက ရုတ်ချည်းဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 737 end

Zaw.အပိုင်း(၇၃၈) မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း

မီးတောက်ဘုရင်က နောက်ကနေ လိုက်ပြီးတော့ ကူညီပေးတာကြောင့် လင်းဟန်က အေးအေးဆေးဆေး လွတ်မြောက်သွားခဲ့ပါတယ်။ သူက အရမ်းကို လျင်မြန်စွာနဲ့ ဆေးဥယျာဉ် ဧရိယာကို ရောက်လာခဲ့ပေမဲ့ ပတ်ဂန်းကျင်ကို လေ့လာစူးစမ်းဖို့ အချိန်မဖြုန်းပဲ လျှို့ဝှက်ဆန်းကြယ် နယ်မြေကနေ ထွက်တဲ့နေရာဆီ လမ်းတစ်လျှောက်လုံး ဦးတည်ပြီးတော့ ဖြတ်သန်းလာခဲ့ပါတယ်။

သူက သွားနေတဲ့ အချိန်အတွင်းမှာ နောက်တစ်ကြိမ် လုပ်ရှားရမဲ့ ကိစ္စနဲ့ ပတ်သက်ပြီး လေးလေးနက်နက်နဲ့ စဉ်းစားလာခဲ့ပါတယ်။

မြောင်ကျွင့်နဲ့ ချီလိကုံးတို့ နှစ်ယောက်လုံးကို သတ်ပစ်ပြီးတဲ့ နောက်မှာတော့ သူက ကောင်းကင် ပြန်လည်ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ပြန်လို့ရနိုင်ပါဦးမလား။

ဒီလူနှစ်ယောက်က တိတိကျကျ ပြောရမယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော်တွေ ဖြစ်ရုံသာမက ကောင်းကင်ပြန့်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းရဲ့ ဆရာဆိုတဲ့ ဂုဏ်ပုဒ်တွေလည်း ရှိပါတယ်။ လင်းဟန်က အရင်တုန်းက သူတို့နဲ့ တစ်ခါမှာ ဆုံတွေ့ခဲ့ဖူးခြင်း မရှိပေမဲ့ အကြီးအကဲ တစ်ယောက်ကို ထိပ်တိုက်ရင်ဆိုင်ခြင်း အထူးသဖြင့် ဆရာတစ်ယောက်ကို သတ်ဖြတ်ခြင်းက သိုင်းပညာ ကမ္ဘာကြီးထဲမှာ အဖတ်ဆယ်လို့ မရနိုင်တဲ့ ဆိုးယုတ်မှု တစ်ခုအဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။

အဓိက အချက်က မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ ရပ်တည်ချက်က အရမ်းကို ဒွိဟဖြစ်စေပြီး ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် သူ့ရဲ့အဆင့်အတန်းကို သူတို့တွေက သတိပြုမိမှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူနှစ်ယောက်ကို သတ်ပစ်ခဲ့မယ်ဆိုရင်တောင် သူတို့က ဘာများလုပ်မှာလဲ။

တစ်ခါတရံမှာ အဆင့်အတန်းဆိုတာက အရမ်းကို အရေးပါပါတယ်။

အရေးအကြီးဆုံး အချက်က သူ့မှာ မြေကျွှာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအား ရှိနေပါတယ်။ ပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းကလည်း အဲဒီအပေါ်မှာ သေချာပေါက် မျက်စိကျနေပါတယ်။ အဲဒီခွေးသူတောင်းစား တချို့က လျှို့ဝှက်ချက်အတွက် သူ့စိတ်ဝိညာဉ်ကို တန်းပြီးတော့ ရှာဖွေဖို့ လုပ်ရှားမှုတစ်ခု မလုပ်ဘူးလို့ ဘယ်သူကများ အာမခံနိုင်မှာလဲ။

ကျန်တဲ့သူတွေကို ထားဦး။ မြောင်ကျွင့်နဲ့ ချီလိကုံးတို့ နှစ်ယောက်က ဘယ်လိုအပြုအမူတွေ လုပ်လဲဆိုတာကို ကြည့်ရင်ပဲ သူ့အနေနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းအကြောင်း သိရပါလိမ့်မယ်။ သူတို့တွေ လိုချင်တာနဲ့ ပတ်သက်ရင် လုံးဝကို အရှက်ကင်းမဲ့ပြီး အကုန်လုံးကို လျစ်လျူရှုပြီးတော့ အဆုံးစွန်ထိ မျက်နှာပြောင်လွန်းပါတယ်။

လင်းဟာန်က ပြန်စဉ်းစားပြီးတော့ လက်လျှော့လိုက်ပါတယ်။ သူက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းမှာ နေထိုင်တာက နောက်လိုက်တွေ စုစည်းချင်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီမှာ မိုးရေကေရာဇ်နဲ့ မုယောင်ချင်းတို့ ရှိတာကြောင့်

ဒီအချက်ကို သူတို့တွေ လုပ်ပါလိမ့်မယ်။ သူတို့ကို ကြည့်ရတာလည်း သူ့ကိုမလိုအပ်ပါဘူး။ နောက်လိုက်တွေကို စုစည်းပြီးတဲ့ အချိန်ကျရင် မိုးရေဧကရာဇ်က အဲဒီနေရာမှာ ပိုပြီးတော့ ကျွမ်းကျင်ပါလိမ့်မယ်။ သူက အစကတည်းက ဧကရာဇ်တစ်ပါး ဖြစ်ခဲ့ပြီး လူတွေရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးနိုင်ပြီးတော့ ဆုပေးဒဏ်ပေး စနစ်ကိုလည်း တရားမျှမျှတတနဲ့ လုပ်ဆောင်နိုင်ပါတယ်။ သူက ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ထူးထူးခြားခြားကို ကောင်းမွန်ပါတယ်။

ဒီလိုဖြစ်လာမှတော့ သူ့အနေနဲ့ ဒီကိစ္စကိုက သူ့ရဲ့ အစ်ကိုတော် နှစ်ယောက်ကိုပဲ လုပ်ခိုင်းရ ပါလိမ့်မယ်။

"ဒါဆိုရင် ငါက ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ပြန်ပြီးတော့ ရင်ဆိုင်တဲ့ တပည့်တစ်ယောက် ပုံစံကို ဟန်ဆောင်ရမှာတော့။ ပြီးတော့ သူတို့ကို စပြီးတော့ နှောင့်ယှက်ရမယ်"

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သိပ်မကြာခင်မှာ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ပါလိမ့်မယ်။ ပြီးတော့ အဲဒီနောက် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ကို ကောင်းကင်အဆင့်နဲ့ ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ အဲဒီနောက် ဒီကမ္ဘာကြီးထဲမှာ သူ့ကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့လူက သနားစရာ ကောင်းလောက်အောင် နည်းပါးသွား ပါလိမ့်မယ်။ ပြီးတော့ သူ့အနေနဲ့ ခပ်ကြမ်းကြမ်း ပြေးလွှားလှုပ်ရှားဖို့ အဆင့်မီလာ ပါလိမ့်မယ်။

သူက မီးတောက်ဘုရင်ရဲ့ အင်အားစုတွေနဲ့ ပူးပေါင်းပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းကို မြန်မြန်ဆန်ဆန် ကျဆုံးသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူလည်းပဲ နှစ်တစ်သောင်း အချိန်ကာလက ဘယ်အချိန်မှာ ပြီးဆုံးမလဲ ဆိုတာကို မသိပါဘူး။ နှစ်အနည်းငယ် ဒါမှမဟုတ် နှစ်တစ်ရာလောက် အတွင်းမှာ တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းအနေနဲ့ လောကဘုံ ဆေးလုံးကို သန့်စင်ဖော်စပ်ဖို့ စတင်လုပ်ဆောင်မှု ပြုပါလိမ့်မယ်။

ဂိုဏ်းကြီးငါးဂိုဏ်းကို အမြန်ဆုံး တတ်နိုင်သရွေ့ ချေမှုန်းပစ်ရပါမယ်။ အုပ်ချုပ်သူ တစ်ယောက်ရဲ့ လက်အောက်မှာ ကမ္ဘာကြီး တစ်ခုလုံးကို

စုစည်းပြီးတော့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ကိစ္စမှာ နောက်ဆုံးအတားအဆီးကို ချေမှုန်းပစ် ရပါမယ်။

သူ့စိတ်ကို ဆုံးဖြတ်ချက် ချပြီးတာနဲ့ လင်းဟန်က တုံ့ဆိုင်းမနေတော့ပါဘူး။

ကျူးရှွမ်အာ၊ ဟူးညို့နဲ့ ယုန်ဖြူကြီးကတော့ ဘာထင်မြင်ချက်မှ မပေးပါဘူး။ ယွမ်ချမ်ဟဲ၊ လီဖန်းယုနဲ့ သူ့ညီမ အတွက်ကတော့ လင်းဟန်က သူတို့ကို သူနဲ့အတူ တစ်လျှောက်လုံး ခေါ်သွားဖို့ ဆန္ဒမရှိပါဘူး။ သူတို့ကို သင်တန်းကျောင်းဆီကို ပြန်ခွင့်ပြုလိုက်ပြီး တိုက်ခိုက်မဲ့ အချိန်ကို ရောက်လာတဲ့ အခါကျရင် သူတို့ကို ဆင့်ခေါ်ပြီးတော့ တစ်ဖက်ကနေ တစ်ဖက်ကို ပြောင်းခိုင်းရပါမယ်။

သူက ကျူးရှွမ်အာနဲ့ ယုန်ဖြူကြီးကို အနက်ရောင် မျှော်စင်ထဲမှာ ထည့်ထားလိုက်ပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ထုတ်ဖော်ပြီး သူ့ခရီးစဉ်ကို အရှိန်အဟုန် အပြည့်နဲ့ မြန်မြန်သွားလိုက်ပါတယ်။ ဟူးညို့ကလည်း လျှပ်စီးအလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲပြီး လင်းဟန်ရဲ့ ဘေးနားကနေ နီးကပ်စွာနဲ့

လိုက်လာခဲ့ပါတယ်။

ရွှေရှာကြွက်ကိုတော့ လင်းဟန်က သူနဲ့အတူ သယ်ဆောင်လာခဲ့ပါတယ်။ ရွှေရှာကြွက်က မကြာခဏဆိုသလို တန်ဖိုးရှိတဲ့ သတ္တုတွေက ဘယ်နားမှာ ရှိတယ်ဆိုတာကို ရှာတွေ့နေဆဲ ဖြစ်တာကြောင့် လင်းဟန်က ဖြတ်သွားရင်းနဲ့ စုစည်းခဲ့ပါတယ်။ ဒါက အချိန်အနည်းငယ် နှောင့်နှေးစေပေမဲ့ သိပ်ပြီးတော့ အများကြီး အကျိုးသက်ရောက်မှု မဖြစ်စေပါဘူး။

ခုနစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ သူက နောက်ဆုံးတော့ လျှို့ဝှက်ဆန်းကြယ် နယ်မြေထဲကနေ ထွက်လာခဲ့ပြီး မီးတောက်ဘုရင်ရဲ့ စစ်တပ်အင်အားစုကတော့ အနီးနားမှာ တပ်စွဲထားပြီးတော့ သူက မီးတောက်ဘုရင် ထွက်ပေါ်လာမှာကို စောင့်နေခဲ့ပါတယ်။

ဟုတ်တာပေ့ါ။ သူ့အနေနဲ့ ထိုင်ပြီးတော့ စောင့်မျှော်နေမှာ မဟုတ်ပဲ ချက်ချင်းဆိုသလို အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ မြေကျွန်မှာ မှောက်လှန် ပိတ်ဆို့ခြင်းကို စတင်လေ့လာ

သင်ယူလိုက်ပါတယ်။

မီးတောက်ဘုရင်ရဲ့ စကားလုံးတွေကို သုံးသပ်ကြည့်ရင် မဟာဘုရင်ရှစ်ပါးက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုစီတိုင်းမှာ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်ကြပုံ ရပါတယ်။ ပြီးတော့ သူတို့ကို မှီပြမ်းပြီးတော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို လက်ဆင့်ကမ်းပေးနိုင်ပါတယ်။ ပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကလည်း သူတို့ထဲက လူတစ်ယောက်က ချန်ထားခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်ကို အတော်လေး စိတ်ရှုပ်သွားစေတဲ့ အရာက ဘာဖြစ်လို့ မဟာဘုရင်ရှစ်ပါးက တစ်ယောက်ဆီကနေ တစ်ယောက် မသင်ယူကြတာလဲ။ ဒီနည်းလမ်းနဲ့ဆိုရင် အားလုံးက လျှို့ဝှက်ဆန်းကြယ် စွမ်းအားရှစ်ခုလုံးကို နားလည်သဘောပေါက်ပြီး ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်မလဲ။

"ဒါက လူတစ်ယောက် ဝါးနိုင်တာထက် ပိုပြီးတော့ မစားနဲ့ လောဘမကြီးနဲ့လို့ ပြောတာလား"

သူက သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ အဲဒီနောက်
ပြန်စဉ်းစားလိုက်တဲ့ အခါမှာ သူ့အနေနဲ့ မဟာဘုရင်ရှစ်ပါးရဲ့
ခွန်အားအပြည့်အဝနဲ့ တိုက်ခိုက်တာကို မမြင်တွေ့ဖူးပါဘူး။
တကယ်လို့ သူတို့တွေက လျှိုဝှက်ဆန်းကြယ် စွမ်းအား ရှစ်ခုစလုံးကို
တစ်ဖက်ကမ်းခပ် ကျွမ်းကျင်သလား ဆိုတာကို
သူကဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ။

"အင်း လျှိုဝှက်ဆန်းကြယ် စွမ်းအားရှစ်ခု။ ဒီအကြောင်းကို
စဉ်းစားကြည့်လိုက်ရုံနဲ့ စိတ်လှုပ်ရှား သွားစေတာပဲ"

လင်းဟန်က ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ ဒုတိယ
အတွေးဝင်လာတာက လျှိုဝှက်ဆန်းကြယ် စွမ်းအားတွေ
ဘယ်လောက်ပဲ သူပိုင်ဆိုင်ထားပါစေ တပြိုင်နက်တည်းမှာ
သူတို့အားလုံးကို ကောင်းကောင်းမွန်မွန် အသုံးပြုဖို့ လိုအပ်ပါတယ်။
ဥပမာ တကယ်လို့ သူက မြားပစ်အမျိုးအစား လျှိုဝှက်ဆန်းကြယ်
စွမ်းအားနှစ်မျိုးကို သင်ယူခဲ့မယ်ဆိုရင် သူ့အနေနဲ့ တစ်ကြိမ်မှာ
တစ်မျိုးကိုပဲ အသုံးပြုနိုင်ပါလိမ့်မယ်။ နောက်ပြီးတော့

လူတစ်ယောက်ရဲ့ စွမ်းအင်ကို လျှို့ဝှက်ဆန်းကြယ် စွမ်းအားနှစ်ခု အကြားမှာ ပိုင်းခြားထားတာက သနားစရာ ကောင်းလောက်အောင် အချိန်ဖြုန်းတာနဲ့ ထပ်တူနီးပါး ပါပဲ။

"ဘာပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားကို အရင်ဆုံး သင်ယူလေ့လာကြည့်တာပေ့ါ။ ပြီးတော့မှာပဲ ငါ့အတွက် သင့်တော်လား မသင့်တော်လား ဆုံးဖြတ်တော့မယ်"

လင်းဟန်က အဲဒီအလင်း စက်ဝိုင်းကို သူ့နဖူးပေါ်ကို ဖိကပ်ပြီး ရိုက်ချလိုက်ပါတယ်။ အထဲမှာ ရှိနေတဲ့ အသိဉာဏ် စီးကြောင်းတစ်ခုက ပန်းထွက်လာခဲ့ပြီး ချက်ချင်းဆိုသလို အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီးတော့ သူ့စိတ်ထဲကို ဝင်ရောက်လာခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ အရိပ်တစ်ခု ထွက်ပေါ်လာပြီးတော့ သူက အရပ်မြင့်မြင့် တောင့်တင်းတဲ့ ခန္ဓာကိုယ် ရှိပြီးတော့ သူ့လက်နှစ်ဖက်လုံးကို လက်ဟန်သင်္ကေတ ပုံစံတွေနဲ့ လေထဲမှာ လျှို့ဝှက်နည်းစနစ် အမျိုးအစား တချို့က လှည့်လည်လို့ နေပါတယ်။

အဲဒီလူရဲ့ လက်မှာ သင်္ကေတ ပုံစံတွေက နီးကပ်စွာနဲ့ ဝိုင်းရံနေပြီး အရမ်းကို လှပသိမ်မွေ့စွာနဲ့ ဆွဲထားတဲ့ မျဉ်းကြောင်းတစ်ခုနဲ့ သဘာဂဗတရား ဥပဒေ အမျိုးအစားတချို့ကို ရေးဆွဲထားပြီး သူ့ရဲ့လှုပ်ရှားမှုတွေ နောက်ကို လိုက်နေပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

လက်တွေရဲ့ တိုက်ခိုက်မှု ဟန်ပန်က မြေကမ္ဘာကြီးကို တုန်လှုပ်သွားစေပါတယ်။

မြေကမ္ဘာ မှောက်လှန် ပိတ်ဆို့ခြင်းက တကယ်လို့ အရမ်းကို သိသာထင်ရှားတဲ့ အဆင့်အထိ ကျင့်ကြံအားထုတ်မယ်ဆိုရင် မြေပြင်ကိုတောင် ဖျက်ဆီးပစ် နိုင်ပါတယ်။

အဲဒီအရိပ်က အကုန်လုံး လက်တွေ့ပြပြီးတဲ့နောက်မှာ စကားလုံးတချို့ကို ချန်ထားခဲ့ပါတယ်။ အခြေခံအားဖြင့် မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်းက မပြည့်စုံပါဘူး။ ပြီးတော့ ကျင့်စဉ်

တစ်ဂက်လို သတ်မှတ်နိုင်ပါတယ်။ ပြီးပြည့်စုံတဲ့ ပိတ်ဆိုခြင်းက မိုးကောင်းကင်ကို ပြိုလဲပြီး မြေကမ္ဘာကို မှောက်လှန်ပိတ်ဆို့နိုင်တယ်လို့ သိရပါတယ်။ ပြီးတော့ ပိတ်ဆိုခြင်း နှစ်ခုကို ပေါင်းစည်းလိုက်ရင် မိုးကောင်းကင်ကို ပြိုလဲပြီး မြေကမ္ဘာကို မှောက်လှန်ပစ်နိုင်ရုံမက စကြာဝဠာ တစ်ခုလုံးကိုပါ ချေမှုန်းပစ်နိုင်ပါလိမ့်မယ်။

လင်းဟန်က အရမ်းကို စိတ်လှုပ်ရှားသွား မိပါတယ်။ ဒီမြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်းက အရမ်းကို အံ့သြစရာကောင်းပါတယ်။ တကယ်လို့ သူက ပိတ်ဆိုခြင်း နှစ်ခုကို ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင် လုံးဂကို သန်မာအားကောင်း အစွမ်းထက်လာပါလိမ့်မယ်။

သူက စတင်ပြီးတော့ ကျင့်ကြံအားထုတ် လိုက်ပါတယ်။

သူ့ရဲ့ ထက်မြက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့တောင် အတော်လေးကို နေးကွေးတယ်လို့ ပြောရပါမယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပါတယ်။ သာမန်သိုင်းပညာ နည်းစနစ် တစ်ခု မဟုတ်ပါဘူး။ ဒီထဲမှာ သဘာဂတရား ဥပဒေသ အမျိုးအစား

တချို့လည်း ပါဝင်ပါတယ်။ ကံကောင်းတာက သူ့ရဲ့နားလည်သဘောပေါက်နိုင်စွမ်းက တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ သူ့ကို ဘယ်သူတစ်ဦး တစ်ယောက်ကမှ လမ်းညွှန်သင်ပြပေးခြင်း မရှိပေမဲ့ အဲဒီထဲက အရုပ်အထွေး အကွေ့အကောက်တွေကို ဖြည်းညှင်းစွာနဲ့ တွေ့မြင်လာခဲ့ပါတယ်။

သူက မရပ်မနား အား အိုး ပိုး စတဲ့ အံ့အားသင့်တဲ့ အသံတွေ ရေရွတ်လိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဒါကို အမှန်တကယ် နှစ်သက်သဘောကျ နေတာပဲ ဖြစ်ပါတယ်။

လဂက်လောက် ကြာပြီးတဲ့ နောက်မှာတော့ သူက အသေးစား အောင်မြင်မှု အဆင့်ကို အောင်မြင်သွားခဲ့ပြီး နောက်ဆုံးမှာ ပိတ်ဆို့ခြင်းကို အသုံးပြု နိုင်လာပါတယ်။

သူက ယုန်ဖြူကြီးကို သူ့ရဲ့ လက်ရည်စမ်းတဲ့ အဖော်အဖြစ် လေ့ကျင့်လိုက်ပါတယ်။ မြေကွက်မှာ မှောက်လှန် ပိတ်ဆို့ခြင်းကို ဖြန့်လိုက်ပြီး လက်နှစ်ဖက်စလုံးမှာ သင်္ကေတတွေနဲ့

ဖုံးလွှမ်းသွားကာ သူ့ကိုယ်သူ နတ်ဘုရား တစ်ပါးလို လင်းလက်တောက်ပလာပြီး ယုန်ဖြူကြီးကို ဒီအချက်ကြောင့် မရဲတရဲနဲ့ ဖြစ်လာသလို ခံစားလိုက် ရပါတယ်။ ဒါပေမဲ့ ဟူးညို့ရဲ့ အကြည့်တွေကြောင့် ဘာမှမတတ်နိုင်ပဲ သူ့ကိုယ်သူ သတ္တိမွေးလိုက် ရပါတယ်။

လင်းဟန်နဲ့ ပြိုင်ပွဲတစ်ခု လက်ရည်စမ်းရတာနဲ့ ဟူးညို့ရဲ့ ကိုက်ခံရမှု အကြားမှာဆိုရင် သူ့အနေနဲ့ ပြတ်ပြတ်သားသားကို ရွေးချယ်ရမယ်ဆိုရင် သူတို့နှစ်ယောက်မှာ ဟူးညို့က ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း ယုန်ဖြူကြီးက အရှက်မရှိပါဘူး။ လက်ရည်စမ်းတာကို ဘယ်လိုလုပ်ပြီးတော့ အလေးအနက်ထားမှာလဲ။ သူက အရမ်းကို လျင်မြန်စွာနဲ့ ငိုကြွေးပြီးတော့ အရှုံးပေးလိုက်ပြီး ဆက်ပြီးတော့ လက်ရည်စမ်းဖို့ကို ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ငြင်းဆန်ခဲ့ပါတယ်။

လင်းဟန်က ထပ်ပြီးတော့ ဖိအားမပေးခဲ့ပါဘူး။ သူက ဒီလို့ဂုဏ်ဆန်းကြယ် စွမ်းအားရဲ့ စွမ်းဆောင်နိုင်စွမ်းနဲ့ ခွန်အားကို

အကြမ်းဖျင်း ခန့်မှန်းသုံးသပ်မိပါတယ်။

အရမ်းကို အစွမ်းထက်ပါတယ်။

ဒါပေမဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများထက်တော့ ပိုပြီးတော့ မကောင်းသင့်ပါဘူး။ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများက အဝေးပစ် တိုက်ခိုက်မှု အမျိုးအစား ဖြစ်ပြီးတော့ အကွာအဝေး အားလုံးအတွက် သင့်တော်ပါတယ်။ နီးနီး ဝေးဝေး သူ့ရဲ့ သန်မာတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့အတူ ပူးပေါင်းလိုက်တဲ့ အခါမှာ ပြီးပြည့်စုံတဲ့ ရလဒ်ကို ရရှိစေနိုင်ပါတယ်။

တကယ်လို့ ငါ့ရဲ့ညာဘက်လက်ကို ဓားသိုင်းနည်းစနစ်တွေကို ထုတ်ဖော်ဖို့ အသုံးပြုပြီး ဘယ်ဘက်လက်ကို မြေကွှာမှာ မှောက်လှန်ပိတ်ဆို့ခြင်းကို ထုတ်ဖော်မယ်ဆိုရင် အင်အားက ပိုပြီးတော့တောင် သန်မာလာလိမ့်မယ် မဟုတ်လား။

လင်းဟန်ရဲ့ စိတ်ထဲမှာ အကြံအစည်တွေနဲ့ လှုပ်လှုပ်ရှားရှား

ဖြစ်နေပါတယ်။ ဒါက တစ်ခုလုံး မဖြစ်နိုင်ပေမဲ့ မိုးကောင်းကင်ကို ပြိုလဲပြီး မြေကမ္ဘာကို မှောက်လှန်ပိတ်ဆို့ခြင်းက မူလတုန်းက နှစ်မျိုးဖြစ်ပါတယ်။ လက်တစ်ဖက်က ကောင်းကင်ကို ပြိုလဲစေပြီး တခြားတစ်ဖက်က မြေကမ္ဘာကို မှောက်လှန်ပစ် နိုင်ပါတယ်။ အခုသူက မြေကမ္ဘာ မှောက်လှန်ခြင်းကိုပဲ သင်ယူရပါသေးတယ်။ ဒါကြောင့် လက်တစ်ဖက်ကို ရှေ့ဆက်တိုက်ခိုက်ဖို့ အသုံးပြုလို့ မရဘူးလား။

နောက်ပြီးတော့ မြေကမ္ဘာ မှောက်လှန် ပိတ်ဆို့ခြင်းက အစကတည်းက လက်တစ်ဖက်တည်းနဲ့ ထုတ်ဖော်ရပါတယ်။ ဒါပေမဲ့ ကောင်းကင်ပြိုလဲခြင်း သိုင်းဟန် အမွေအနှစ်က ကျန်ရစ်ခြင်း မရှိပါဘူး။ မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်းဟန်ကို လက်နှစ်ဖက်နဲ့ ထုတ်ဖော်မယ်ဆိုရင် ထွက်ပေါ်လာမဲ့ အားက ပိုပြီးတော့ ကြီးမားတိုးတက် လာမယ်လို့ လင်းဟန်က သုံးသပ်လိုက်ပါတယ်။

မြေကမ္ဘာ မှောက်လှန် ပိတ်ဆို့ခြင်းကို သူ့ရဲ့မူလပုံစံကို ပြန်လည်ရရှိဖို့ အမြစ်ကိုရှာဖွေပြီး သဲလွန်စကနေ လမ်းကြောင်းရှာဖွေရမယ်။

လက်နှစ်ဖက်ကို အသုံးပြုတာလောက် လက်တစ်ဖက် အသုံးပြုတာက အစွမ်းမထက်ဘူး ဆိုပေမဲ့ အကျိုးအမြတ် အနေနဲ့ တခြားလက်တစ်ဖက်ကို လွတ်လွတ်လပ်လပ် လုပ်ရှားနိုင်ပြီးတော့ ဓားသိုင်းနည်းစနစ် တစ်ခု ဒါမှမဟုတ် လက်သီး နည်းစနစ်တစ်ခု ဒါမှမဟုတ် လက်ဝါးနည်းစနစ် တစ်ခုကို အသုံးပြုနိုင်ပါတယ်။

ဒါပေမဲ့ ဒါကငါ့ကို အလုပ်နှစ်ခုလုပ်ဖို့ လိုအပ်ပြီး ငါ့အာရုံကိုလည်း အရာနှစ်ခု အပေါ်မှာ တပြိုင်နက်တည်း စိုက်ရမှာပေါ့။

Chapter 738 end

Zaw.အပိုင်း(၇၃၉) တပ်သားသစ် စုဆောင်းခြင်း

ကျင့်ကြံသူ တစ်ယောက်အတွက် အလုပ်နှစ်ခု လုပ်တယ်ဆိုတာက အရမ်းကြီး ခက်ခဲတဲ့ အရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက်က အဆင့်မြင့်အဆင့် လျှို့ဝှက်နည်းစနစ်တွေကို သူတို့ရဲ့ အမြင့်ဆုံး အကန့်အသတ်အထိ တိုးတက်ပြောင်းလဲချင်တယ် ဆိုရင်တော့ လုပ်ရတာ ခက်ခဲပါတယ်။

လင်းဟန်က မြေကြွမှာ မှောက်လန်ခြင်း စည်းတံဆိပ်တော်ကို အရင်ဆုံး စတင်လေ့လာ လိုက်ပြီး လက်တစ်ဖက်တည်းနဲ့ ဒီပညာကို အသုံးပြုနိုင်စွမ်း ရှိတဲ့အဆင့်အထိ ရောက်ရှိဖို့ ရည်ရွယ်ထားခဲ့ ပါတယ်။

ဒီအချက်ရဲ့ ခက်ခဲမှုက တိုက်ကွက်တွေကနေ အစပြုခဲ့တာ မဟုတ်ပါဘူး။ ပြီးတော့ အမှန်တော့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေက တစ်ကွက်ချင်းစီ လုပ်ရှားမှု မရှိပါဘူး။ ဒီအချက်ကြောင့် လင်းဟန်က လျှို့ဝှက်ဆန်းကြယ် စွမ်းအား လေးမျိုးကို အနည်းဆုံးတော့ သင်ယူလို့ ရရှိပါတယ်။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေက မင်းရဲ့ မူလစွမ်းအားကို ဘယ်လိုမျိုး လည်ပတ်ရမလဲ ဆိုတာလောက်ပဲ သင်ပေးနိုင်ပါမယ်။ ဒါကြောင့် ဒီအထဲမှာ ထူးခြားတဲ့ သင်္ကေတ တချို့ကို ထပ်ပေါင်းထည့်ထားပါတယ်။ ဒါပေမဲ့ တိတိကျကျဆိုရင် လူတစ်ယောက် ဒါကို အသုံးပြုဖို့ သူ့ကိုယ်သူ ခန္ဓာကိုယ် တစ်ခုလုံး အသုံးပြုရပါမယ်။

ဥပမာ မြေကျွှာ မှောက်လှန်ခြင်း တံဆိပ်တော်နဲ့ ပတ်သက်ရင် လက်နှစ်ဖက်စလုံးမှာ ပြိုင်ဘက်ကင်း သင်္ကေတတွေ အပြည့်အဝ ဖုံးလွှမ်းနေပါလိမ့်မယ်။ ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အထင်ကြီး အံ့သြစရာ စွမ်းအားက ဒီသင်္ကေတတွေကနေ အရင်းခံလာတာ ဖြစ်ပြီးတော့ သူတို့တွေမှာ အံ့မခန်း ကြောက်မက်ဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းအားတွေကို ပိုင်ဆိုင် ထားပါတယ်။

ဒါက ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းမြားနဲ့ တူညီပါတယ်။ လင်းဟာန်က အံ့သြဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းအားနဲ့ မြားတစ်ချောင်းကို ပစ်လွှတ်တာနဲ့ တူပါတယ်။ ဒါကြောင့် ဒီမြားပစ် နည်းစနစ်က လေးအစစ် မြားအစစ်တွေကိုတောင် မလိုခဲ့ပါဘူး။ သူကိုယ်တိုင်က လေး ဖြစ်လာနိုင်ပြီး သူ့ရဲ့မူလစွမ်းအင်က မြားတစ်စင်း အဖြစ်ကို ပြောင်းလဲနိုင်ပါတယ်။ ပြီးတော့ သူက အရမ်းကို သန်မာအားကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားရှိ မြားကို ပစ်လွှတ်နိုင်စွမ်း ရှိနေဆဲပါပဲ။

လင်းဟာန်က သင်္ကေတတွေကို ပေါင်းစပ်ပြီးတော့ မူလတုန်းက လက်နှစ်ဖက်ပေါ်မှာ ရှိနေတာကနေ လက်တစ်ဖက်ဆီကို

ဖြန့်ကျက်လိုက်ပါတယ်။

သူက အပတ်တကုတ် ကြိုးစားပြီးတော့ လေ့လာသင်ယူပြီး လေ့ကျင့်နေခဲ့ပါတယ်။ အချိန်တွေက အရမ်းကို လျင်မြန်စွာနဲ့ ကုန်လွန်သွားခဲ့ပြီး မျက်စိတစ်မှိတ် အတွင်းမှာ နောက်ထပ်တစ်လ အချိန်က ကုန်လွန်သွားခဲ့ပါတယ်။ နောက်ဆုံးတော့ လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့ညာဘက် လက်ကို ဆန့်ထုတ်ပြီး ဖြန့်လိုက်တဲ့ အခါမှာ သင်္ကေတတွေက အရမ်းကို နီးကပ်စွာနဲ့ ရောယှက်လို့ နေပါတယ်။ ဒါပေမဲ့ ထူးဆန်းတဲ့ အရာက နတ်ဆိုးပုံစံ သင်္ကေတတွေကလည်း အသံထွက်ပေါ် လာပြီးတော့ မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း သင်္ကေတတွေနဲ့ ပူးပေါင်းလာခဲ့ပါတယ်။

"ဟင် ဒီနှစ်ခုက လုံးဝကို မတူညီဘူး ဆိုပေမဲ့ ဘာဖြစ်လို့ တူညီမှု တစ်ခုကို ငါမြင်နေရတာလဲ"

လင်းဟန်က သိချင်စိတ် ပြင်းပြလာခဲ့ပါတယ်။

"ဒါက စည်းမျဉ်းဥပဒေသရဲ့ စွမ်းအားပဲ ဖြစ်တယ်"

မျှော်စင်လေးက ပေါ်ထွက်လာခဲ့ပါတယ်။

"စည်းမျဉ်းဥပဒေသ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ မျှော်စင်လေးက ဒီနတ်ဆိုးပုံစံ သင်္ကေတတွေက လောကဘုံရဲ့ စည်းမျဉ်းဥပဒေသ အထွတ်အထိပ်ကို ရောက်ရှိနေပြီလို့ အရင်တုန်းက ပြောခဲ့ဖူးပါတယ်။ သူသိတာက ဒီသင်္ကေတတွေမှာ ကြီးမားတဲ့စွမ်းအားတွေ ပိုင်ဆိုင်ထားတယ် ဆိုတာကိုပဲ သိပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့လဲ ဆိုတာကိုတော့ မသိပါဘူး။ သူက ပြောလိုက်ပါတယ်။

"လာလာ ငါ့ကို အသေးစိတ် ရှင်းပြပါဦး"

"ငါ့မှာ ဒီလိုမျိုး တာဂန် နည်းနည်းမှ မရှိဘူး"

မျှော်စင်လေးက အရမ်းကို အေးစက်စက် နိုင်ပါတယ်။

"ဒါပေမဲ့လည်း ငါတို့သိထားရမှာက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေက လောကဘုံ တစ်ခုရဲ့ စည်းမျဉ်းဥပဒေ အကန့်အသတ်ပေါ်ကို အနည်းငယ် ထိတွေ့နိုင်တယ်။ ဒါကြောင့် ဒီလျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကို ကျင့်ကြံအားထုတ်တာက မင်းကို အကျိုးအမြတ် အများကြီး ရစေလိမ့်မယ်"

တကယ်လို့ မျှော်စင်လေးက အများကြီး မပြောဘူးဆိုရင်တောင်မှ သူက အချက်အလက် တစ်ခုကို သိလိုက်ရပါပြီ။

လင်းဟာန်က အရမ်းကို မျက်နှာထား ခက်ထန်လို့ နေပါတယ်။ ဒီအေးစက်စက် မျှော်စင်က သူ့ကို ဆရာသခင် တစ်ယောက်လို လုံးဝကို မဆက်ဆံပါဘူး။ တစ်နေ့မှာ သူက ဒီမျှော်စင်ကို အိမ်သာထဲ ပစ်ချပြီးတော့ သူလုပ်ခဲ့တဲ့ အပြစ်တွေအတွက် ရောင်ပြန်ဟပ် ပါလိမ့်မယ်။

သူက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ ဘေးဘီဝဲယာကို တစ်ချက်လောက် ကြည့်လိုက်ပါတယ်။ မီးတောက်ဘုရင်ရဲ့ စစ်တပ်က ပျောက်ကွယ်သွားခဲ့ပြီး အနီးနားက မြို့ဂင်ပေါက် အပေါ်မှာ ခရမ်းရောင်လ အင်ပါယာရဲ့ အမှတ်သင်္ကေတ အလံတစ်ခုကို လွှင့်ထူထားတယ် ဆိုတာကို တွေ့မြင်လိုက်ရပါတယ်။ မီးတောက်ဘုရင်က ဒီမြို့ကို သိမ်းပိုက်ပြီး သူ့ရဲ့ပိုင်နက်ကို ချဲ့ထွင်ဖို့ ဆက်ပြီးတော့ ချီတက်သွားခဲ့ပြီဆိုတာ သိသာထင်ရှားပါတယ်။

လင်းဟန်က တခြားလူတွေကိုပါ အနက်ရောင် မျှော်စင်ထဲကနေ ထုတ်လိုက်ပါတယ်။ ပြီးတော့ သူတို့တွေက မြို့ထဲကို ဦးတည်ပြီး သွားလိုက်ပါတယ်။ သူက လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး လမ်းသွားလမ်းလာတွေကို မေးမြန်းစုံစမ်းမှုတစ်ခု လုပ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ တစ်လလောက်က လစန္ဒာဘုရင် အနေနဲ့ နောက်ထပ်စစ်တပ် တစ်ခုကို ခေါ်လာပြီးတော့ မီးတောက်ဘုရင်ရဲ့ စစ်တပ်နဲ့ ပူးပေါင်းခဲ့ပါတယ်။ အဆုံးမဲ့ လက်ရွေးစင် နှစ်ယောက်ရဲ့

တပြိုင်နက်တည်း ပြင်းထန်တဲ့ တိုက်ခိုက်မှုကြောင့် မြို့ကို စောင့်ကြပ်ဖို့အတွက် တာဝန်ယူထားရတဲ့ အဖွဲ့အစည်း အမျိုးမျိုးက လုံးဝကို ချေမှုန်းခံလိုက်ရပြီး အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ မဟာမိတ်စစ်တပ်ကို ဖိအားပေးပြီး နောက်တစ်ကြိမ် နောက်ဆုတ်သွား စေခဲ့ပါတယ်။

"တပ်သားသစ် စုဆောင်းနေတယ်။ တပ်သားသစ် စုဆောင်းနေတယ်"

လမ်းမပေါ်မှာ စစ်သားတစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်နေပါတယ်။

"ငါတို့ရဲ့ ခရမ်းရောင်လ စစ်တပ်ကို ပူးပေါင်းပါ။ ပြီးတော့ အဆင့်မြင့် သိုင်းပညာရပ်နဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို သင်ယူဖို့ အခွင့်အရေး တစ်ခုလည်း ရှိတယ်။ ဝင်ခွင့်ရတဲ့သူ ဘယ်သူမဆို တကယ်လို့ မင်းတို့က အဆုံးမဲ့ လက်ရွေးစင်တွေနဲ့ သူငယ်ချင်း ဖြစ်ချင်ရင်တော့ မင်းတို့တွေ ဒီအခွင့်အရေးကို မလွဲချော်သင့်ဘူး"

လင်းဟန်က ရယ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာခဲ့ပါတယ်။ မာထိုပေါင်က စိတ်မချရသလို သူ့လက်အောက်က စစ်သားတွေကလည်း တကယ်ပဲ အားလုံးက အားထားလောက်စရာ မရှိပါဘူး။ စစ်သားသစ် စုဆောင်းမှုအတွက် ဒီကြွေးကြော်သံက လူတစ်ယောက်ကို ရယ်မောချင်အောင် လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ကျင့်ကြံခြင်းနဲ့ သိုင်းပညာ နည်းစနစ်တွေရဲ့ ဆွဲဆောင်မှုက လူတွေအများကြီးကို ပူးပေါင်းဖို့ ဆွဲဆောင်နိုင်ပါလိမ့်မယ်။

ဒီနေရာမှာ ကျင့်ကြံခြင်းအဆင့် တချို့မှာ ရပ်တန့်နေတဲ့ လူတော်တော်များများ ရှိပါတယ်။ သူတို့တွေက လုံလောက်တဲ့ ပါရမီ မရှိတာကြောင့် မဟုတ်သလို သူတို့မှာ လုံလောက်တဲ့ အရင်းအမြစ်တွေ မရှိတာကြောင့်လည်း မဟုတ်ပါဘူး။ သူတို့မှာ ပြတ်လပ်နေတာက အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ်တွေပဲ ဖြစ်ပါတယ်။

"ငါ့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်နဲ့ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း

အဆင့်ကိုပဲ ငါအဆင့်တက် နိုင်လိမ့်မယ်။ ဒါကြောင့် နောက်ပိုင်းမှာ ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ငါဘယ်လိုမျိုး ထောက်ပံ့လို့ ရမလဲ”

ဒါက သူတို့တွေရဲ့ အတွေးတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျင့်ကြံသူ တစ်ယောက်ကို အထွတ်အထိပ်ဆီ ရောက်ရှိဖို့ မှော်ဆေးလုံးတွေ ရှိတယ်ဆိုပေမဲ့ သူတို့အတွက် သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။ တကယ်လို့ လူတစ်ယောက်က သဘာဝကို ဆန့်ကျင်တဲ့ ကံကောင်းမှု ရှိမယ်ဆိုရင် သူတို့အနေနဲ့ ရရှိနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ အများစု အတွက်တော့ သူတို့က သာမန်ကံကောင်းမှုပဲ ရှိပါတယ်။ နောက်ပြီးတော့ အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ်တွေက အစွမ်းထက်တဲ့ အဖွဲ့အစည်းတွေက စစ်မှန်တဲ့ ရတနာတွေလိုမျိုး စောင့်ရှောက်ထားပြီး တကယ်လို့ သူတို့က အဲဒီအဖွဲ့အစည်းတွေရဲ့ ကလန်အဖွဲ့သား ဒါမှမဟုတ် စစ်မှန်တဲ့ တပည့်တွေ မဟုတ်ဘူးဆိုရင် သူတို့အနေနဲ့ ကျင့်ကြံနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့အနေနဲ့ အဆင့်မြင့်

ကျင့်ကြံခြင်း နည်းစနစ်တွေကို ရရှိချင်တယ်ဆိုရင် သူတို့က ဘာလုပ်သင့်လဲ။ ဒါက အခက်အခဲ တစ်ခုပါပဲ။

ဒါကြောင့်လည်း လူတွေအများကြီးက ရှေးဟောင်း သမိုင်းဝင် နယ်မြေတွေ အထဲကို ဝင်ရောက်ပြီး စွန့်စားဖို့ ဆန္ဒရှိနေကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရပ်တန့်နေတဲ့ အခြေအနေကနေ ချိုးဖျက်နိုင်စွမ်း ရှိတဲ့ ကိစ္စထက် ဘယ်အရာက သူတို့ကို စိတ်ဓာတ်တက်ကြွအောင် လုပ်နိုင်မှာလဲ။

အခုတော့ ခရမ်းရောင်လ အင်ပါယာက သူတို့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေနဲ့ သိုင်းပညာရပ် နည်းစနစ်တွေကို အသုံးပြုပြီး သူတို့စစ်တပ်အတွက် တပ်သားသစ် စုဆောင်းနေပါတယ်။ ဒါကြောင့် ဒါက အရမ်းကို စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။

လင်းဟာန်ကလည်း ခရမ်းရောင်လ အင်ပါယာထဲက တကယ့်အခြေအနေ အမှန်ကို တစ်ချက်လောက် သွားကြည့်ချင်ခဲ့ပါတယ်။ ဒါကြောင့် သူက ပြောလိုက်ပါတယ်။

"လာကြ။ စစ်တပ်ထဲကိုဝင်ပြီး စာရင်းသွင်းဖို့ ကြိုးစားကြည့်ရအောင်"

သူတို့တွေက လျှောက်လာခဲ့ကြပြီး လင်းဟာန်က မေးလိုက်ပါတယ်။

"အစ်ကိုကြီး တကယ်လို့ ကျနော်တို့က စာရင်းပေးမယ်ဆိုရင် အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ်တွေကို သင်ယူလို့ ရမှာလား"

"ဒါပေါ့။ မင်းမှာ စစ်ဘက်ဆိုင်ရာ ကောင်းကျိုးအမှတ်တွေ ရှိနေသရွေ့ ရမှာပေါ့"

စစ်သားက ပြန်ဖြေလိုက်ပါတယ်။

"အိုး။ ဘယ်လိုလုပ်ပြီးတော့ အဲဒါကို ရအောင်လုပ်ရမှာလဲ"

ဒီနေရာမှာ လူတွေတော်တော်များများ စုစည်းလာခဲ့ပါတယ်။ စစ်သားက သူ့လည်ချောင်းကို ရှင်းလိုက်ပြီး ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"သိုင်းပညာ နည်းစနစ်တွေနဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို ရအောင်လို့ ဘယ်လိုလုပ်ရမလဲ။ ငါ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အကြိမ်အများကြီး ရှင်းပြပြီးခဲ့ပြီ။ ဒါပေမဲ့ အကြိမ်တိုင်းလိုလို သူငယ်ချင်း အသစ်တစ်ယောက်က ရောက်ရောက်လာတယ်။ ဒါကြောင့် ငါကလည်း အဆုံးမရှိ ရှင်းပြနေရတယ်။ ပြီးတော့ အရင်တုန်းက မကြားဖူးတဲ့ သူတွေ အားလုံးပဲ သေသေချာချာ နားထောင်ပေးကြပါ"

"ငါတို့ရဲ့ ခရမ်းရောင်လ စစ်တပ်မှာ စုစုပေါင်း အဆင့်ငါးဆင့် ရှိတယ်။ ဘုရင်၊ စစ်သူကြီး၊ ဗိုလ်မှူး၊ စစ်ဗိုလ်နဲ့ တပ်သား။ မင်းက တပ်ထဲဝင်ဖို့ စာရင်းပေးလိုက်တာနဲ့ တပ်သား ဖြစ်လာလိမ့်မယ်။ ဒါက အနိမ့်ဆုံး အဆင့်ပဲ။ တပ်သားမှန်သမျှ အဆင့်ခြောက် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို သူတို့ရဲ့ ရွေးချယ်မှုအဖြစ် သင်ယူနိုင်လိမ့်မယ်။ အဲဒါက မင်းတို့ကို ပန်းဖူးအဆင့်ကို

ချိုးဖျက်ဝင်ရောက်နိုင်အောင် အာမခံချက် ရှိလိမ့်မယ်”

လပြွတ်။ လူအုပ်ကြီးက အံ့အားသင့် သွားကြပါတယ်။ ဒီနေရာမှာရှိတဲ့ လူအများစုက ဒါကို ပထမဆုံး အကြိမ်အဖြစ် ကြားရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေ အံ့အားသင့် သွားခဲ့တယ် ဆိုတာက ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ ဖြစ်ပါတယ်။

ဒီနေရာက သိုင်းပညာ အဆင့်တွေ တစ်ခုလုံး တိုးတက်ဖွံ့ဖြိုးဆုံး နေရာဖြစ်တဲ့ အလယ်ပိုင်း ဒေသ ဖြစ်ပေမဲ့ ပန်းဖူးအဆင့်ဆိုတာက လူတစ်ယောက်ရဲ့ သေမျိုးချိန်းကြိုးတွေကို စွန့်ပယ်နိုင်ပြီးတော့ နှစ်ပေါင်းနှစ်ရာ သက်တမ်းတစ်ခုကို ထပ်ပေါင်းပြီး ရရှိပါလိမ့်မယ်။ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဒီလိုမျိုး လူတစ်ယောက်ကို ဆရာသခင် တစ်ယောက်အဖြစ် သတ်မှတ်ယူဆ နိုင်ပါလိမ့်မယ်။ ပြီးတော့ ဘယ်အဖွဲ့အစည်းကိုပဲ သူတို့တွေ ဝင်ဝင် သူတို့အနေနဲ့ အရေးပါတဲ့ နေရာတစ်ခု ရရှိပါလိမ့်မယ်။

ဒါပေမဲ့ ဒါက အဆင့်ခြောက် ကျင့်ကြံခြင်း နည်းစနစ်ကြောင့် ဖြစ်ပြီးတော့ လွယ်လွယ်နဲ့လည်း ရယူနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဘယ်သူသိနိုင်မှာလဲ။ စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ လူတွေက ဘယ်လောက်များများ သောင်တင်နေလဲ ဆိုတာကိုပေါ့။ ဘာကြောင့်လဲဆိုတော့ ပထမအချက်က သူတို့ရဲ့ ပါရမီနဲ့ အရင်းအမြစ်တွေက မဖူလုံ အားနည်းချက် ရှိနေပြီး ဒုတိယ အချက်က သူတို့မှာ သင့်တော်တဲ့ ကျင့်ကြံခြင်း နည်းစနစ် မပိုင်ဆိုင်ထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေက ဘယ်လိုလုပ်ပြီး သေမျိုးချိန်းကြိုးတွေကို စွန့်ပယ်နိုင်စွမ်း ရှိမှာလဲ။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ပန်းဖူးအဆင့်ကို ချိုးဖျက်ဖင်ရောက် ပြီးတဲ့နောက်မှာ သက်တမ်း နှစ်ပေါင်းနှစ်ရာကို ထပ်ပေါင်းရရှိမှာ ဖြစ်ပြီးတော့ ဒါက စိတ်ဝိညာဉ် ဆေးပင်ရဲ့ အာနိသင်ကြောင့် အသက်ကို ဆွဲဆန့်နိုင်တာထက် သာလွန်ပါတယ်။ ဘယ်သူက ဒါကို မလိုချင်ပဲ နေမှာလဲ။

စစ်သားက ကျိတ်ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း စစ်သားတစ်ယောက် ဖြစ်လာဖို့ဆိုတာ သိပ်တော့ မရိုးရှင်းဘူး။ အနည်းဆုံး မင်းတို့က စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာ

ရှိရမယ်။ နောက်ပြီးတော့ စစ်သားတစ်ယောက် ဖြစ်လာပြီးရင် တိုက်ပွဲပြီးတိုင်း ဒါမှမဟုတ် တာဂန်တစ်ခု ပြီးဆုံးသွားတိုင်းမှာ မင်းတို့ရဲ့ စစ်တပ် ကောင်းကျိုးအမှတ်ကို ထည့်တွက်ပေးလိမ့်မယ်။ မင်းတို့ရဲ့ စစ်တပ်ကောင်းကျိုး အမှတ်က သတ်မှတ်ချက်ကို ရောက်သွားရင် မင်းက တပ်သားအဆင့်ကနေ စစ်ဗိုလ်အဖြစ်ကို ရာထူးတိုး သွားလိမ့်မယ်။ စစ်ဗိုလ်တစ်ယောက်ဖြစ်လာရင် ပြီးပြည့်စုံတဲ့ အဆင့်ခုနစ် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုဖြစ်တဲ့ မြေကမ္ဘာအဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ရရှိလိမ့်မယ်”

“အဲဒီလိုပဲ။ တကယ်လို့ မင်းက အမှတ်တွေ ပိုပြီးတော့ စုဆောင်းနိုင်ရင် ဗိုလ်မှူးတစ်ယောက်၊ စစ်သူကြီး တစ်ယောက် ပြီးတော့ ဘုရင်တစ်ယောက်အဖြစ် ရာထူးတိုးလာလိမ့်မယ်။ ပြီးတော့ တကယ်လို့ မင်းက ဘုရင်တစ်ယောက် ဖြစ်လာခဲ့ရင် ကြိုက်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို မင်းလိုချင်သလောက် ရွေးချယ်နိုင်ရုံတင်မက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကိုတောင် မင်းရရှိနိုင်တယ်”

လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု။

အားလုံးက အံ့အားသင့်မှုကြောင့် သူတို့ရဲ့ ဆံပင်တွေ ထောင်သွားသလို ခံစားလိုက် ရပါတယ်။ အများစုက လှိုဂ့်က်ဆန်းကြယ် စွမ်းအားတစ်ခုက ဘာလဲဆိုတာကို မသိကြပေမဲ့ လှိုဂ့်က်ဆန်းကြယ်ဆိုတဲ့ စကားလုံးနဲ့တင် ဒါက မထူးဆန်းပဲနဲ့ ဘယ်လိုလုပ် နေမှာလဲ။

"ငါစာရင်းသွင်းမယ်"

"ငါလည်းစာရင်းသွင်းမယ်"

အားလုံးက သူတို့လက်တွေကို မြှောက်ပြီးတော့ အော်ဟစ်လိုက် ပါတယ်။

စစ်သားက ရယ်မောပြီးတော့ လူတိုင်းလူတိုင်းကို စာရွက်တစ်ရွက်စီ လိုက်ပေးပြီး စာရွက်ပေါ်မှာ တပ်သားသစ် စုဆောင်းခြင်းလို့ ရေးထားပါတယ်။ သူက ပြောလိုက်ပါတယ်။

"ဒီစာရွက်အပိုင်းကို ယူပြီးတော့ မြို့ရဲ့မြောက်ဘက်မှာရှိတဲ့ လေ့ကျင့်ရေးစခန်းဆီကို သွားပြီး တပ်သားသစ် စုဆောင်းခြင်းအတွက် စမ်းသပ်စစ်ဆေးမှုကို ခံယူကြပါတယ်။ တကယ်လို့ မင်းတို့တွေ ဖြတ်ကျော်နိုင်ရင် တပ်ထဲကို ဝင်လို့ရပြီ။ နောက်ပြီးတော့ မင်းတို့တွေက အရန်တပ်သားတွေပဲ။ မင်းတို့အားလုံး လေ့ကျင့်ရေး ပြီးဆုံးသွားမှ တရားဝင် တပ်သား ဖြစ်လာနိုင်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရှ တကယ်လို့ မင်းတို့ကို တိုက်ပွဲစစ်မြေပြင်ကို လွှတ်လိုက်မယ်ဆိုရင် မင်းတို့ကို သေလမ်းကို ပို့လိုက်တာနဲ့ အတူတူ ဖြစ်သွားလိမ့်မယ်။ မင်းတို့ နားလည်ထားရမှာက ငါတို့ ခရမ်းရောင်လ စစ်တပ်က မတော်တဆ ထိခိုက် သေကျေပျက်စီးမှုနဲ့ ဒဏ်ရာရနည်းတယ်ဆိုပြီး ထင်ပေါ်ကျော်ကြားတယ်"

မကြာခင်မှာ လူစုကွဲသွား ကြပါတယ်။ သူတို့တွေက အထွတ်အထိပ် ဆရာသခင်တွေ မဟုတ်ပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေက အနည်းဆုံး အနာဂတ်မှာ စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်ထဲမှာ အထွတ်အထိပ် ဆရာသခင်တွေ ဖြစ်နေပါသေးတယ်။ ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက

သာမန်တပ်သားတစ်ယောက်တောင် ဖြစ်အောင်လို့ မလုပ်နိုင်ရမှာလဲ။

လင်းဟန်က တပ်သားသစ် စုဆောင်းခြင်း ပုံစံစာရွက်ကို တောင်းလိုက်ပါတယ်။ တစ်ခုက သူကိုယ်တိုင်အတွက် ဖြစ်ပြီးတော့ ကျန်တစ်ခုက ကျူးရွှမ်အာအတွက် ဖြစ်ပါတယ်။ အဲဒီနောက် သူက ပြောလိုက်ပါတယ်။

"သွားကြစို့။ ငါတို့လည်း သွားကစားတာပေါ့"

ဟူးညို့အကြောင်းကို မေ့နေပါတယ်။ ဘယ်လိုလုပ်ပြီး သူမက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နားထောင်မယ်ဆိုတာ ဖြစ်နိုင်မှာလဲ။

သူတို့က မြို့ရဲ့ မြောက်ဘက်ဆီကို ဦးတည်ပြီးတော့ ထွက်လာခဲ့ကြပါတယ်။ မြို့ကနေ ထွက်လာပြီးတဲ့ နောက်မှာတော့ သိပ်မဝေးတဲ့နေရာမှာ တောင်ထွတ်တစ်ခု ရှိပြီး အဲဒီတောင်ရဲ့ အောက်ခြေမှာ ခရမ်းရောင်လ အင်ပါယာရဲ့ အလံကို

လွှင့်တင်ထားတဲ့ စစ်တန်းလျားတစ်ခု ရှိပါတယ်။ ဂင်ပေါက်နေရာမှာ လူတော်တော်များများ စုဝေးလို့နေပါတယ်။

Chapter 739 end

Zaw.အပိုင်း(၇၄၀) တပ်သားအသစ်များ

စစ်တန်းလျားထဲကို ဂင်လိုက်တာနဲ့ ပထမဆုံးနဲ့ အထင်ရှားဆုံး အရာက သူတို့ဟာ စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျင့်ကြံခြင်းမှာ ရှိတယ်ဆိုတာကို သက်သေပြရပါတယ်။ ဒီကျင့်ကြံခြင်း အဆင့်ကို ရောက်တဲ့လူတွေကလည်း စမ်းသပ်စစ်ဆေးမှုကို ခံယူဖို့ အခွင့်အရေးကို ရရှိပါလိမ့်မယ်။

ဒီနေရာမှာ စုစုပေါင်း လူလေးယောက် ရှိပါတယ်။ အကြီးဆုံးက အသက်ခြောက်ဆယ်ခန့်ရှိတဲ့ အဘိုးကြီး တစ်ယောက်ဖြစ်ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့်မှာ ရှိပါတယ်။ သူ့အနောက်က သက်လတ်ပိုင်းအရွယ် လူထွားကြီးတစ်ယောက် လိုက်လာပြီး သူလည်း စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ရောက်နေပါပြီ။

အဲဒီနောက်မှာ အသက်သုံးဆယ်အရွယ် လူငယ်တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က အနည်းငယ် နိမ့်နေပြီး ပန်းဖူးအဆင့်မှာပဲ ရှိပါတယ်။ နောက်ဆုံးတစ်ယောက်က ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပြီးတော့ ပန်းဖူးအဆင့်မှာပါပဲ။

တခြား စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့်တွေနဲ့ နှိုင်းယှဉ်လိုက်မယ်ဆိုရင် သူတို့လေးယောက်က ကြက်မတွေကြားထဲက ကြက်ဖတွေလိုမျိုး ခေါင်းမော့ရင်ကော့ပြီး မားမားမတ်မတ် ရပ်တည်နေနိုင်ကြပါတယ်။

လင်းဟာန်က ရှေးဟောင်းနည်းစနစ် တစ်ခုကို ကျင့်ကြံထားပါတယ်။ ဒါကြောင့် သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ကြည့်လို့ မရပါဘူး။ တစ်ဖက်က ကျူးရွှမ်အာကလည်း သူမရဲ့ ကျင့်ကြံခြင်းက ပန်းဖူးအဆင့်မှာဆိုတာ ပေါ်လွင်စေပါတယ်။ ကံကောင်းတာက သူမက သူမကိုယ်သူမ အတော်လေး ရုပ်ဖျက်ထားတယ် ဆိုပေမဲ့ သူမက အရမ်းကို ချောမောလှပနေဆဲပါပဲ သူမက အရင်ကလို သေလောက်အောင် ချောမောလှပ မနေတော့ပါဘူး။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် ဒီနေရာက လူတွေက သူမအတွက်နဲ့ ရှုးသွပ်သွားကုန်ပါလိမ့်မယ်။

လိုအပ်ချက်နဲ့ ပြည့်မီတဲ့ လူတွေက စစ်တန်းလျားထဲကို ဝင်ရောက်ခွင့် ရရှိခဲ့ပါတယ်။ လင်းဟာန်က သူ့အရှိန်အဝါကို အနည်းငယ် ထုတ်ဖော်ပြီးတော့ အထဲကို ဝင်လိုက်ပါတယ်။ အဲဒီအချိန်မှာ ဟူးညို့က အနားယူတဲ့ နေရာမှာ ရှိနေပါတယ်။ သူမက တင်ပလ္လင်ခွေ ထိုင်ပြီးတော့ ယုန်ဖြူကြီးနဲ့ ပျော်ရွှင်မြူးထူးစွာနဲ့ အစားတွေ စားနေကြပါတယ်။

သက်လတ်ပိုင်းအရွယ် ယောက်ကျားက လျှောက်လာခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ရှိပြီးတော့ သူ့ပုံရိပ် တစ်ခုလုံးက ကြမ်းတမ်းမှုတွေ ထွက်ပေါ်နေပြီး သူက သေရေးရှင်ရေး တိုက်ပွဲတွေ ဘယ်လောက်တောင်များ အတွေ့အကြုံ ရှိနေလဲ ဆိုတာကို ပေါ်လွင်စေပါတယ်။ သူ့ကို တစ်ချက်ကြည့်လိုက်တာနဲ့ လူတစ်ယောက်ရဲ့ နှလုံးသားကို တုန်ခါစေပြီး ခြေထောက်တွေကို အားနည်းသွားစေပါတယ်။

"ငါတို့ ခရမ်းရောင်လ စစ်တပ်က အမိုက်တွေကို မလိုချင်ဘူး"

သူက စပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် ရှောင်ယောင်နန် မင်းတို့ရဲ့ စစ်သင်တန်း နည်းပြပဲ။
မင်းတို့အားလုံး ငါ့လက်အောက်မှာ နှစ်လလောက် နေရမယ်။
မင်းတို့တွေကို စစ်သားတွေ ဖြစ်လာဖို့ ငါအာမခံတယ်"

"စစ်တန်းလျားရဲ့ တံခါးပေါက်က ဒီမှာရှိတယ်။ အဆင့်မမီတဲ့
လူတွေကို ငါချက်ချင်းပဲ ကန်ထုတ် ပစ်ရလိမ့်မယ်"

"ငါ့ကိုပြောစမ်း။ မင်းတို့အားလုံး အမိုက်ကောင်တွေလား"

အားလုံးက ဒေါသထွက်သလို ခံစားလိုက် ရပါတယ်။ ဒီနေရာမှာ
ပန်းဖူးအဆင့် လက်ရွေးစင်တွေ အများကြီး မရှိပေမဲ့
အနည်းဆုံးတော့ စိတ်ဝိညာဉ် ပင်လယ်အဆင့်နဲ့ စိတ်ဝိညာဉ်

ပလ္လင်အဆင့်မှာ ရှိကြပါတယ်။ တကယ်လို့ သူတို့ကို အမိုက်ကောင်တွေလို့ သတ်မှတ်ယူဆလိုက်မယ်ဆိုရင် လိုအပ်တဲ့ အဆင့်အတန်းရဲ့ အမြင့်က အကန့်အသတ် မရှိတော့ပါဘူး။

"မဟုတ်ပါဘူး"

အားလုံးက အော်ဟစ်လိုက်ကြပါတယ်။ ကြည့်ရတာ အားလုံးက တပြိုင်နက်တည်း အော်လိုက် သလိုပါပဲ။

"အရမ်းကောင်းတယ်။ ငါလည်း မင်းတို့တွေက အမိုက်ကောင်တွေ မဖြစ်ဖို့ မျှော်လင့်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါအမုန်းဆုံးက အမိုက်ကောင်တွေ ဖြစ်နေလို့ပဲ"

ရှောင်ယောင်နန်ရဲ့ မျက်လုံးက လူအုပ်ကြီးကို ဝေ့ပြီးတော့ ကြည့်လိုက်ပါတယ်။

"ဒီနေရာမှာ စုစုပေါင်း လူအရေအတွက် ၅၃၃ယောက် ရှိနေတယ်။ ဒါပေမဲ့ ငါမြင်နိုင်တာတော့ လူငါးဆယ်လောက်ပဲ အများဆုံး ဖြတ်ကျော်နိုင်လိမ့်မယ်။ အခုချိန်ကနေ စပြီးတော့ မင်းတို့တွေ အားလုံးကို လေ့ကျင့်ပေးဖို့ စည်းကမ်းတင်းကျပ်တဲ့ နည်းလမ်းတွေကို အသုံးပြုရလိမ့်မယ်။ ငါ့မျက်လုံးထဲမှာတော့ အမျိုးသားနဲ့ အမျိုးသမီးကြားမှာ ဘာကွာခြားမှုမှ မရှိသလို အသက်ကြီးတဲ့လူနဲ့ အသက်ငယ်တဲ့လူ ကြားမှာလည်း ဘာကွာခြားမှုမှ မရှိဘူး။ မတူညီတဲ့ တစ်ခုတည်းသော အရာက အရည်အချင်း ပြည့်မီတာနဲ့ အရည်အချင်း မမီတာပဲ။ လေ့ကျင့်ရေး မလုပ်ချင်တဲ့လူတွေ ဒီနေရာကနေ ချက်ချင်းပဲ ထွက်သွားကြ"

ဒီတစ်ကြိမ်တော့ သူတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တယ်လို့ စဉ်းစားမိတဲ့ လူတွေကတော့ ထွက်သွားဖို့ စဉ်းစားလိုက် ပါသေးတယ်။ တကယ်လို့ သူတို့တွေ အခုထွက်သွားမယ်ဆိုရင် သူတို့က အမိုက်ကောင်တွေ ဖြစ်သွားလိမ့်မှာ မဟုတ်ဘူးလား။

ဘယ်သူကမှ ခြေတစ်လှမ်းတောင် မရွေ့ပါဘူး။

"အရမ်းကောင်းတယ်။ မင်းတို့တွေ ဘယ်သူကမှ အမိုက်ကောင် မဖြစ်ချင်ကြဘူး။ ဒါပေမဲ့လည်း မင်းတို့တွေ အမိုက်ကောင် ဟုတ်လား မဟုတ်လားဆိုတာကို မင်းတို့က ဆုံးဖြတ်ရမှာ မဟုတ်ဘူး။ ငါကပဲ ဆုံးဖြတ်ရလိမ့်မယ်"

ရှောင်ယောင်နန်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

"စစ်သားတစ်ယောက် အနေနဲ့ အရေးအကြီးဆုံး အချက်က အမိန့်ကို နာခံတတ်ဖို့ပဲ။ တကယ်လို့ မင်းရဲ့အရှေ့မှာ မီးလောင်နေတဲ့ တောင်ကြီးတစ်လုံး ရှိနေရင်တောင်မှ တကယ်လို့ မင်းကို အရှေ့တက်ဖို့ အမိန့်ပေးလာခဲ့ရင် မင်းက အနောက်ဘက်ကို လှုံးပြန်ဆုတ်လို့ မရဘူး"

"အခု မြင်းထိုင်ပုံစံ ထိုင်ကြ"

မြင်းထိုင်ပုံစံ ဟုတ်လား။

ဒါက တော်တော်လေးကို အခြေခံကျလွန်းတယ် မဟုတ်လား။ သူတို့ထဲမှာ ဘယ်သူမှ ခန္ဓာကိုယ် ပြုပြင်မွန်းမံခြင်းအဆင့် မရှိဘူးမဟုတ်လား။ ဘယ်သူကများ အရင်တုန်းက မြင်းထိုင်ပုံစံကို မလေ့ကျင့်ဖူးပဲ နေမှာလဲ။

လူအများစုက မြင်းထိုင်ပုံစံအတိုင်း လုပ်လိုက်ကြပေမဲ့ လူတချို့ကတော့ အထင်အမြင်သေးတဲ့ ပုံစံနဲ့ မတ်တတ်ရပ်နေဆဲပါပဲ။

"ထွက်သွားစမ်း"

ရှောင်ယောင်နန်က ချက်ချင်းပဲ အဲဒီလူနည်းစုကို ဖမ်းပြီးတော့ အပြင်ဘက်ကို လွှင့်ထုတ်ပစ် လိုက်ပါတယ်။ အဲဒီလူတွေက လေထဲမှာ လွင့်သွားပြီးတော့ အဓိက ဂင်ပေါက်ကနေ လွင့်သွားပြီး သနားစရာ ကောင်းလောက်အောင် ပြုတ်ကျသွားခဲ့ပါတယ်။ အားလုံးက သူတို့ရဲ့ နှလုံးသားတွေ အေးခဲသွားသလို ခံစားလိုက်ရပါတယ်။ ဒါက တကယ့်ကို စစ်မှန်တဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်က လက်ရွေးစင် တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဘုတ် ဘုတ် ဘုတ် ဘုတ်။

စစ်သားဆယ်ယောက်က တန်းစီပြီးတော့ စစ်တန်းလျားကနေ ထွက်လာခဲ့ပါတယ်။ သူတို့တွေက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာပဲ ရှိကြပါတယ်။ သူတို့တွေက တွန်းလှည်းသေးသေးလေး တစ်ခုကို တွန်းလာပြီး အဲဒီထဲမှာ အဆောင်လက်ဖွဲ့ စာရွက်တွေ တော်တော်များများ ရှိနေပါတယ်။

"မြင်းထိုင်ပုံစံက ရိုးရှင်းလိမ့်မယ်လို့ မင်းတို့တွေ ထင်နေတာလား"

ရှောင်ယောင်နန်က အံ့ကိုကြိတ်လိုက်ပါတယ်။ သူ့ရဲ့လက်ကို ဝှေ့ယမ်းပြလိုက်တဲ့ အခါမှာ အဲဒီစစ်သား ဆယ်ယောက်က ချက်ချင်းပဲ လူအုပ်ကြီး အနောက်ကနေ ဝိုင်းလိုက်ပြီး သူတို့ရဲ့ နောက်ကျောတွေမှာ အဆောင်လက်ဖွဲ့ စာရွက်တွေကို ချိတ်ဆွဲလိုက်ပါတယ်။

"အရမ်းကို လေးတာပဲ"

အဆောင်လက်ဖွဲ့ စာရွက်တွေကို နောက်ကျောမှာ ချိတ်ဆွဲခံရတဲ့ လူတွေက အံ့အားသင့်စွာနဲ့ ပြောလိုက်ကြပါတယ်။ တချို့ဆိုရင် အနောက်ကိုတောင် လှန်ကျသွားခဲ့ပါတယ်။

"ဒါက အလေးချိန် အဆောင်လက်ဖွဲ့ တစ်ခုဖြစ်တယ်။ မတူညီတဲ့ လူတွေကို မတူညီတဲ့ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့တွေ ချိတ်ဆွဲပေးထားလိမ့်မယ်။ ငါအာမခံနိုင်တဲ့ အချက်က အဲဒီအလေးချိန်က မင်းတို့အားလုံး တောင့်ခံနိုင်တဲ့ စွမ်းဆောင်ရည် အတွင်းမှာပဲ ရှိလိမ့်မယ်"

ရှောင်ယောင်နန်က အေးစက်စွာနဲ့ ကြေညာလိုက်ပါတယ်။

"မင်းတို့အားလုံး ပြန်ထပြီးတော့ မြင်းထိုင်ပုံစံနဲ့ မားမားမတ်မတ် ရပ်နေကြပါ။ အသက်သုံးခါ ရှုက်စာအတွင်းမှာ တကယ်လို့ လူတစ်ယောက်ရဲ့ ပုံပန်းသွင်ပြင်က အဆင့်အတန်း မမီဘူးဆိုရင်

သူ့ကို ငါကန်ထုတ်ပစ် ရလိမ့်မယ်”

စောစောတုန်းက မြေကြီးပေါ်ကို လဲကျသွားတဲ့ လူတွေက အလျင်အမြန် ပြန်ထပြီးတော့ မြင်းထိုင်ပုံစံ ပြန်ထိုင်လိုက်ကြပါတယ်။ တချို့က မြင်းထိုင်ပုံစံအတိုင်း မြဲမြဲစွာနဲ့ ရပ်နိုင်ပေမဲ့ တချို့ကတော့ နောက်တစ်ကြိမ် မြေကြီးပေါ်ကို ပြုတ်ကျသွားခဲ့ပါတယ်။ အသက်သုံးကြိမ် ရှိုက်စာ ပြီးတဲ့နောက်မှာတော့ ရှောင်ယောင်နန်က နောက်တစ်ကြိမ် မလုပ်နိုင်တဲ့ လူတွေကို စစ်တန်းလျား အပြင်ဘက်ကို ဆွဲထုတ်လွှင့်ပစ် လိုက်ပါတယ်။

လင်းဟန်က ဒီမြင်ကွင်းကို မြင်လိုက်တဲ့ အခါမှာ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ကျင့်ကြံသူ တစ်ယောက်က တစ်ကိုယ်တည်း အရမ်းကို သန်မာနိုင်ပါတယ်။ ဒါပေမဲ့ စစ်သားတစ်ယောက် ဖြစ်ဖို့ကတော့ တစ်ယောက်တည်းရဲ့ တိုက်ပွဲစွမ်းရည်က အသုံးမဝင်ပါဘူး။

တကယ်လို့ ခရမ်းရောင်လ အင်ပါယာက ဂိုဏ်းကြီးငါးဂိုဏ်းကို

အနိုင်မတိုက်နိုင်ဘူးဆိုရင် ဒါမှမဟုတ် မိုးကောင်းကင်ဖို့ ဖွင့်လှစ်ဖို့ ကျရှုံးသွားခဲ့ရင် သူ့အနေနဲ့ ဒီတာဝန်ကို ဆက်လက်ပြီး ထမ်းဆောင်ရ ပါလိမ့်မယ်။ ဒါကြောင့် သူက စစ်သည်တွေကို လေ့ကျင့်ပေးခြင်းနဲ့ အမိန့်ပေးခြင်းမှာ စိတ်ဝင်စားလာခဲ့ပါတယ်။ ခရမ်းရောင်လ အင်ပါယာကနေ လျှို့ဝှက်စွာ သင်ယူခြင်းက သံသယ ရှိစရာ မလိုအောင် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

စွမ်းဆောင်ရည်နဲ့ ပတ်သက်လာရင် သူက ရှောင်ယောင်နန်ကို လွှမ်းမိုးနိုင်စွမ်း ရှိတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါကိုသူက လေးလေးနက်နက်နဲ့ ပြုမူပြီးတော့ အမိန့်ကို လိမ်လိမ်မာမာနဲ့ နာခံကာ သူ့ရဲ့အထွတ်အထိပ် စွမ်းရည်ကို မထုတ်လွှတ်ထားပါဘူး။

အားလုံးကိုယ်စီ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို အသီးသီး ချိတ်ဆွဲထား ရပါတယ်။ လင်းဟန်က ပန်းဖူးအဆင့် ကျင့်ကြံခြင်း အဆင့်ကိုပဲ ဖော်ပြထားတာကြောင့် ဒီနေရာက ဘယ်သူမှ သူ့ရဲ့ အစစ်အမှန် စွမ်းရည်ကို ဖော်ထုတ်နိုင်စွမ်း မရှိပါဘူး။ ပန်းဖူးအဆင့် စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုက သူ့အပေါ်မှာ ချိန်ထားပါတယ်။ ဒါက သူ့အပေါ်မှာ ခြင်တစ်ကောင်

လာနားနေသလိုမျိုး ဖြစ်နေပါတယ်။ သူ့ကို ဒီလိုမျိုး သေးသေးမွှားမွှား အလေးချိန် တစ်ခုက ဘယ်လိုမျိုး အကျိုးသက်ရောက်မှု ရှိစေမှာလဲ။

ဒါပေမဲ့လည်း တကယ်လို့ သူ့ကို စိတ်ဝိညာဉ် နတ်သူငယ်အဆင့် စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့ တစ်ခုကို သူ့အပေါ် ချိတ်ဆွဲထားမယ် ဆိုရင်တောင် အဆင်ပြေပါလိမ့်မယ်။ သူ့ရဲ့ ကြောက်မက်ဖွယ်ရာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ဆိုရင် ဒါက ကြက်ဥတစ်လုံးရဲ့ အလေးချိန် တစ်ခုကို ထပ်ပြီးတော့ ပေါင်းထည့်လိုက်တာနဲ့ အတူတူပါပဲ။

ဒါပေမဲ့ တခြားလူတွေကတော့ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မရှိပါဘူး။ ပြီးတော့ သူတို့ရဲ့ မူလစွမ်းအင်တွေကို လည်ပတ်ပြီးတော့ အလေးချိန်ကို ခုခံနေကြ ရပါတယ်။

ဒါက လက်ဝါးရိုက်ချက်တစ်ခု ဒါမှမဟုတ် လက်သီးထိုးချက် တစ်ခုကို ထုတ်ဖော်လိုက်သလိုမျိုး ရိုးရှင်းတဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ အဆက်မပြတ် ခုခံနေဖို့ တစ်ခုပါပဲ။ ပြီးတော့

လူတစ်ယောက်ရဲ့ အရန်ထားတဲ့ မူလစွမ်းအင်က အကြီးအကျယ် ကုန်ခမ်းလာပါလိမ့်မယ်။ နောက်ပြီးတော့ ကျင့်ကြံသူ အများစုက ခန္ဓာကိုယ် ကျင့်စဉ်တွေ မကျင့်ကြံထားခဲ့ပါဘူး။ ဒါက အဆင်ပြေပါတယ်။ တကယ်လို့ သူတို့က မြင်းထိုင်ပုံစံနဲ့ နှစ်နာရီကနေ လေးနာရီ ရပ်တည်နိုင်မယ် ဆိုရင် တကယ်လို့ သူတို့တွေက မူလစွမ်းအင် မနည်းဘူးဆိုရင် သူတို့ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရပါလိမ့်မယ်။

ဘာတွေဖြစ်လာလဲဆိုရင် မြင်းထိုင်ပုံစံနဲ့ သူတို့တွေက ထိန်းသိမ်းထားရတာကြောင့် တစ်ရက်နဲ့ တစ်ညတိတိအတွက် သူတို့ရဲ့ ဆံပင်တွေ ထောင်လာတာမျိုး ဖြစ်လာပါလိမ့်မယ်။

အဲဒီအချိန်အတွင်းမှာ သူတို့က အနားမယူရသလို မစားရ မသောက်ရပါဘူး။ နေ့တစ်ဝက်လောက် ကြာပြီးတဲ့ နောက်မှာတော့ လူဆယ့်ခုနစ်ယောက်က မတတ်နိုင်တော့ပဲ စစ်တန်းလျားကနေ ဆက်တိုက်လွင့်ထုတ် ခံလိုက်ရပါတယ်။ ပြီးတော့ တစ်နေ့တာ ကုန်ဆုံးသွားတဲ့ အခါမှာ စုစုပေါင်း လေးဆယ့်ကိုးယောက်တိတိ အပယ်ခံလိုက် ရပါတယ်။

တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ ပါဂင်ယှဉ်ပြိုင်သူ ဆယ်ပုံတစ်ပုံခန့်က အရည်အချင်း ပြည့်မီခြင်း မရှိပါဘူး။

လင်းဟန်က သင်ယူလေ့လာ နေပါတယ်။ သိုင်းပညာရပ်နဲ့ မှော်ဆေးပညာမှာ သူက ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အမိန့်ပေးခြင်းနဲ့ စစ်သားတွေကို လေ့ကျင့်ပေးခြင်းမှာ သူက လူသစ်တစ်ယောက်သာသာပဲ ဖြစ်ပြီးတော့ အတွေ့အကြုံတွေကို အဆုံးအစမရှိ သင်ယူလေ့လာ နေပါတယ်။ အမှန်တကယ်တော့ သူ့ကိုယ်ပိုင် နိုင်ငံကို တည်ထောင်ရတာ အရမ်းကို အကျိုးအမြတ် ရှိပါတယ်။ နိုင်ငံရဲ့ စွမ်းအားက သူ့တိုက်ပွဲစွမ်းရည်နဲ့ သူ့ကျင့်ကြံခြင်းရဲ့ အမြန်နှုန်းကို အကြီးအကျယ် တိုးစေနိုင်ပါတယ်။ သူက ဒီအချိန်မှာ အရမ်းကို လျင်မြန်စွာနဲ့ အဆင့်တက်တယ် ဆိုပေမဲ့ ဒါက အတိတ်ဘဝတုန်းက သူ့အနေနဲ့ ဒီလမ်းကြောင်းကို တစ်ကြိမ် လျှောက်လှမ်းဖူးပါတယ်။ ဒါပေမဲ့ သူက တန်ခိုးရှင် လောကကို ခြေချလိုက်တာနဲ့ တကယ်လို့ သူက မကြုံစဖူး ထူးကဲတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင်မှ သူ့အနေနဲ့ ဒီတိုးတက်မှု အမြန်နှုန်းကို အချိန်ကြာကြာ ထိန်းသိမ်းနိုင်ဖို့ မသေချာပါဘူး။

ဖက်တီးမာကို အရင်ဆုံး ရှေ့ထွက်ခိုင်းရမယ်။ တကယ်လို့ သူက ဆက်ပြီးတော့ မထိန်းနိုင်ဘူးဆိုရင် ငါပဲ လုပ်ရမှာပေါ့။ ဒါပေမဲ့လည်း တန်ခိုးရှင်လောကကို ငါတို့တွေ ရောက်ပြီးရင်တောင် ငါ့ရဲ့ကျင့်ကြံခြင်း အမြန်နှုန်းကို အရှိန်မြှင့်တင်နိုင်ဖို့ ငါ့ကိုယ်ပိုင် နိုင်ငံကို တည်ထောင်ဖို့ စဉ်းစားရလိမ့်မယ်။

တန်ခိုးရှင်လောကမှာ ကိုယ်ပိုင်နိုင်ငံတစ်ခု တည်ဆောက်ဖို့က ပိုပြီးတော့တောင် ခက်ခဲပါ လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးက ကိုယ်ပိုင်နိုင်ငံ တည်ထောင်မှုရဲ့ အကျိုးကျေးဇူးကို သိနေတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် စွမ်းအားနည်းနည်းလောက်ရှိတဲ့ အဖွဲ့အစည်းတွေက တိုက်ခိုက်ပြီးတော့ သူတို့ကိုယ်ပိုင် နိုင်ငံတွေကို တည်ထောင်ပါလိမ့်မယ်။ ဒီယှဉ်ပြိုင်မှုက မယုံနိုင်စရာ ကောင်းလောက်အောင် ပြင်းထန်ပါလိမ့်မယ်။

Chapter 740 end

အပိုင်း(၇၄၁) သဘောထား ကွဲလွဲမှု

ဆယ်ရက်ကြာပြီးတဲ့ နောက်မှာတော့ လူတစ်ဝက်လောက် ထုတ်ပယ်ခြင်း ခံလိုက်ရပါတယ်။ နှစ်လကြာပြီးတဲ့ နောက်မှာတော့ ဒီနေရာမှာ အဲဒီပမာဏရဲ့ တစ်ဝက်တောင် မကျန်တော့ပါဘူး။

ဒီဆယ်ရက်ကုန်ဆုံး သွားပြီးတဲ့ နောက်မှာ ကျန်နေတဲ့ လူတွေက ခွန်အားနဲ့ ဖွဲ့ကြီးမှုမှာ ပိုမိုကောင်းမွန်ရုံတင်မက စစ်တပ်ရဲ့ အမိန့်နာခံမှုနဲ့ ပတ်သက်ပြီး ဖော်ပြနိုင်သူတွေ ဖြစ်ပါတယ်။ သူတို့တွေက အတွေ့အကြုံရင့် စစ်သားတွေနဲ့ နှိုင်းယှဉ်လို့ မရသေးပေမဲ့ ကိုယ့်ကိုကိုယ် အရမ်းအထင်ကြီးတဲ့ အစောပိုင်းက အမူအကျင့် လက္ခဏာတွေ အားလုံးက ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ ကြပါတယ်။

တစ်လအကြာမှာတော့ ထုတ်ပယ်နှုန်းက သိသိသာသာကို လျော့ကျသွားခဲ့ပါတယ်။ ဒီနေရာမှာ လူတစ်ရာက ကျန်နေအောင်လို့ စွမ်းဆောင်နိုင်ခဲ့ ကြပါတယ်။

"သုံးရက်အကြာမှာ မင်းတို့အားလုံးကို အဖွဲ့ငယ်
ဆယ်ဖွဲ့ခွဲလိုက်မယ်။ ပြီးတော့ အဖွဲ့ကိုယ်စီက တာဝန်တစ်ခုကို
ထမ်းဆောင်ရမယ်။ မင်းတို့ရဲ့ လုပ်ဆောင်ပုံတွေနဲ့ ပတ်သက်ပြီး
အမှတ်ပေးမယ်။ အမှတ်အနည်းဆုံး အဖွဲ့ကတော့
ထုတ်ပယ်ခံရမယ်"

ရှောင်ယောင်နန်က ကြေညာလိုက်ပါတယ်။

အားလုံးက ဒီကြေညာချက်ကြောင့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပြီး
အတော်လေးကို လက်မခံနိုင်သလို ခံစားနေရပါတယ်။

တကယ်လို့ ငါက အရည်အချင်း မပြည့်မီတဲ့ အုပ်စုတစ်ခုထဲကို
ရောက်သွားမယ်ဆိုရင် ဘာမှမလုပ်ရလည်း
အကျိုးသက်ရောက်မှုကြောင့် ကျရှုံးသွားလိမ့်မယ် မဟုတ်လား။
သူတို့က တွေးလိုက် ကြပါတယ်။

"ဟင့်။ ဒါက အဖွဲ့လိုက် စုစည်းမှုနဲ့ မင်းတို့အုပ်စုအထဲက အဖွဲ့သား စိတ်ဓာတ်ကို စမ်းသပ်မှု တစ်ခုပဲ။ တကယ်လို့ အုပ်စုတစ်ခုက သူတို့ကိုယ်သူတို့ လိုက်လျောညီထွေအောင် မနေနိုင်ဘူး ဆိုရင် ဘယ်လိုလုပ်ပြီးတော့ ငါတို့က စစ်တပ်ထဲကို ပူးပေါင်းဖို့အကြောင်း ပြောနေစရာ လိုဦးမှာလဲ"

ရှောင်ယောင်နန်က နှာခေါင်းရှုံ့ လိုက်ပါတယ်။

"ငါက သူရဲကောင်း တစ်ယောက်တည်းကို ကျော်ပြီးတော့ အပေါက်အလမ်းတည့်တဲ့ အဖွဲ့ကောင်း တစ်ခုကိုပဲ ရွေးချယ်ရလိမ့်မယ်"

လင်းဟန်က လှိုဝ့က်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ အဲဒီအချိန်တုန်းက လစန္ဒာဘုရင်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိသေးတဲ့ ဝါရင့်စစ်သား အယောက်တစ်ရာကို လေ့ကျင့်ပေးထားတဲ့ တပ်ဖွဲ့က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲတစ်ခုရဲ့ နောက်ဆက်တွဲကို မားမားမတ်မတ် တောင့်ခံနိုင်ခဲ့ပါတယ်။ ဘယ်လောက်တောင်

ထိတ်လန့်တုန်လှုပ်စရာ ကောင်းလိုက်သလဲ။

ဒါက စုစည်းမှုရဲ့ စွမ်းအား ဖြစ်ပါတယ်။ ဒါပေါ့။ အဲဒီလူတစ်ရာ အုပ်စုက သူတို့ရဲ့ ခုခံမှု ခွန်အားတွေကို အတူတကွ ပူးပေါင်းပြီးတော့ ဂျက်ပါ အမျိုးအစား တချို့ကို အသုံးပြုခဲ့ကြ ပါတယ်။ အဲဒါက အတော်လေးကို ခန့်မှန်းရ ခက်ခဲပါလိမ့်မယ်။

တကယ်လို့ ငါသာ ဒီဂျက်ပါကို လျှို့ဝှက်သင်ယူ နိုင်ခဲ့မယ်ဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲ။ လင်းဟာန်က သူ့ကိုယ်သူ တွေးလိုက်ပါတယ်။

ဒီတစ်ကြိမ် သူတို့ရဲ့ တာဂန်က ဓားပြအုပ်စု တစ်ခုကို ချေမှုန်းဖို့ ဖြစ်ပါတယ်။

အမှန်တကယ်တော့ ဒီဓားပြတွေက ဥပဒေက တရားဝင် ခွင့်ပြုထားတဲ့ လုပ်ငန်းတွေကို အသုံးချပြီး နောက်ကွယ်က ဓားပြတိုက်နေတာ ဖြစ်ပါတယ်။ ပြီးတော့ သူတို့က နတ်အသွင်

ပြောင်းလဲခြင်း အဆင့်က လူတစ်ယောက်ရဲ့ အင်အားစုတွေ ဖြစ်ပါတယ်။ ခရမ်းရောင်လ အင်ပါယာက လမ်းတစ်လျှောက် ရှင်းလင်းသွားတဲ့ အခါမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စီနီယာ အကြီးအကဲကို သတ်ပစ်ခဲ့ပါတယ်။ တခြားလူတွေကတော့ အညံ့ခံဖို့ ရွေးချယ်ကြပါတယ်။

ဒါပေမဲ့လည်း အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက လျှို့ဝှက်စွာနဲ့ သူတို့အကြားမှာ သူပုန်ထဖို့ သွေးထိုးလှုံ့ဆော် ခဲ့ပါတယ်။ သူတို့က ရှုပ်ထွေးနေတဲ့ တောင်ဇရိယာအထဲကို ဝင်သွားပြီး ဓားပြတွေ ဖြစ်သွားကြပါတယ်။ ပြီးတော့ သာမန်လူတွေကို သတ်ဖြတ်လုယက်ပြီး သူတို့က ခရမ်းရောင်လ အင်ပါယာရဲ့ နိုင်ငံစွမ်းအားကို ထိခိုက်အောင်လို့ လုပ်ဆောင်နေကြပါတယ်။

တကယ်လို့ လူတွေအကြားမှာ ခိုက်ရန်ဒေါသတွေ ဖြစ်ပြီးတော့ ပဋိပက္ခတွေ ဖြစ်ပွားမယ်ဆိုရင် နိုင်ငံရဲ့က စွမ်းအားပေါ်မှာ မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

ဒီလိုမျိုး အကြွင်းအကျန် အဖွဲ့အစည်းမှာ စိတ်ဝိညာဉ်

နတ်သူငယ်အဆင့် ကျင့်ကြံသူ အနည်းစု ရှိပြီးတော့ ခရမ်းရောင်လ အင်ပါယာက တကယ့်စစ်မှန်တဲ့ တိုက်ပွဲကို စိန်ခေါ်ဖို့ မလုံလောက်ပါဘူး။ ဒါကြောင့် သူတို့လိုမျိုး တပ်သားသစ်တွေအတွက် လေ့ကျင့်ရေး ပစ်မှတ်တစ်ခုအဖြစ် အသုံးပြု ကြပါတယ်။

ရှင်းရှင်းပြောရရင် တကယ်လို့ အဲဒီ ဓားပြအဖွဲ့ရဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် စီနီယာ အကြီးအကဲက အသက်ရှင်နေသေးတယ်ဆိုရင်တောင် လင်းဟန်က လက်တစ်ဖက်တည်းနဲ့ လွယ်လွယ်လေး ရှင်းထုတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် သူတို့အဖွဲ့အတွင်းက အဖွဲ့လိုက် လေ့ကျင့်ဖို့အတွက်ကြောင့် လင်းဟန်က သူ့ရဲ့ခွန်အားကို ဖော်ပြမဲ့ ဘယ်လိုလှုပ်ရှားမှုကိုမှ ပြုလုပ်ဖို့ ဆန္ဒမရှိပါဘူး။ ပြီးတော့ သူ့ရဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်လို အပြုအမူကို ရိုးရိုးသားသားနဲ့ လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

သူတို့တွေက လူဆယ်ယောက်ရဲ့ ခွန်အားကို ပေါင်းစပ်နိုင်တဲ့ ဂဏ်ပါ တစ်ခုရဲ့ အသိပညာကို သင်ယူရပြီး ငါးဆယ်ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။

ဒါက ငါးဆယ်ရာခိုင်နှုန်းလေးပါကွာ ဆိုပြီးတော့ မတွေးလိုက်ပါနဲ့။ စုပေါင်းတိုက်ခိုက်မှု တစ်ခုအတွက် လူတွေပိုများလေ ပူးပေါင်းမှုရဲ့ အာနိသင်က အားနည်းလာနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က လုံလောက်တဲ့ အရေအတွက် ရှိနေသရွေ့ ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း စစ်သည်တော်တွေလည်း စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ကို သတ်ပစ်နိုင်စွမ်း ရှိလိမ့်မယ် မဟုတ်လား။

အမှန်တကယ်တော့ ဒီနေရာမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ပြိုင်ဘက်တွေကို အရေအတွက် အပေါ်မှာ မူတည်ပြီးတော့ ချေမှုန်းပစ်နိုင်တာဆိုလို့ ကောင်းကင်အဆင့် လက်ရွေးစင်တွေပဲ ရှိပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့်တွေ အတွက်ကတော့ ဘယ်လောက်ပဲများများ သူတို့အားလုံးက စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ထုတ်လွှတ်တဲ့ အရှိန်အဝါနဲ့တင် သူတို့ကို အမြစ်ဖြုတ် သုတ်သင်ပစ်ဖို့ လုံလောက်ပါတယ်။

ဒါကြောင့် လူဆယ်ယောက်ရဲ့ ခွန်အား တစ်ဂက်ကို

ထိန်းသိမ်းနိုင်တယ်ဆိုတာက ရိုးရိုးလေး ပြောရရင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

သူတို့မှာ အချိန်သုံးရက်ပဲ ရပါတယ်။ သုံးရက်အကြာမှာ သူတို့က ဒီဂက်ပါကို မှီခိုပြီးတော့ ဓားပြအုပ်စုနဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရပါလိမ့်မယ်။ သူတို့အဆိုအရ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အရေအတွက်က လေးယောက်ထက်မနည်းပါဘူး။ နှစ်ယောက်ဆိုရင်ပဲ သူတို့ လူအယောက်တစ်ရာ အုပ်စုထက် သာလွန်နေပါပြီ။

အားလုံးက အတော်လေးကို ကြောက်ရွံ့ထိတ်လန့်ပြီးတော့ စိုးရိမ်စိတ်ကြောင့် ရင်တဒိတ်ဒိတ် ခုန်နေကြပါတယ်။ ကိုယ်စွမ်းကိုယ်စ အားလုံးကို ထုတ်ပြီးတော့ ကျင့်ကြံအားထုတ်ကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ချေမှုန်းရမှာ မဟုတ်ပဲ သူတို့ပဲ အသက်ဆုံးရှုံး သွားရပါလိမ့်မယ်။

အုပ်စုတိုင်းမှာ အသန်မာဆုံးလူက ဂက်ပါ မျက်လုံးအဖြစ် လုပ်ဆောင်ရပြီး ကျန်တဲ့လူ ကိုးယောက်ရဲ့ ခွန်အားတွေကို

ပေါင်းစည်းပြီးတော့ အမိန့်ပေးရပါတယ်။ လင်းဟာန်ရဲ့ ခွန်အားက အသန်မာဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သူ့အသင်းမှာ ခေါင်းဆောင် ဖြစ်ပြီးတော့ ဂက်ပါရဲ့ ဗဟိုချက်မှာ တာဝန်ယူရပါတယ်။

အဖွဲ့တိုင်းကို အင်အားမျှအောင်လို့ လုပ်ထားကြပါတယ်။ ပြောရမယ်ဆိုရင် စွမ်းအားမြင့်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ နှစ်ယောက်အတွက်ဆိုရင် သူတို့အဖွဲ့သားတွေက တခြားအုပ်စုထက် ခွန်အားနိမ့်နေမှ ဖြစ်ပါလိမ့်မယ်။

သံသယ ရှိစရာ မလိုအောင်ပါပဲ။ ကျူးရှွမ်အာက လင်းဟာန်နဲ့ တစ်အုပ်စုထဲမှာ တာဝန်ပေးခြင်း ခံရဖို့ဆို ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ စုစုပေါင်း ပန်းဖူးအဆင့် ကျင့်ကြံသူ ခြောက်ယောက်နဲ့ အထက်ပဲ ရှိပါတယ်။ ဒါကြောင့် သူတို့အားလုံးကို အုပ်စုအသီးသီးမှာ ခွဲပြီးတော့ ဦးဆောင်ခိုင်းပြီး ကျန်တဲ့ အုပ်စုလေးခုမှာတော့ အမိန့်ပေးဖို့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်တောင် မရှိပါဘူး။

ဒါပေမဲ့ သူတို့ကလည်း စိတ်ဝိညာဉ် နတ်သူငယ်အဆင့်က

ဘယ်သူနဲ့မဆို ထိပ်တိုက်ရင်ဆိုင် တွေ့ဖို့ မရှိပါဘူး။ အုပ်စုအားလုံးအတွက် တိကျတဲ့ တာဂန်တစ်ခုစီကို စီစဉ်ပေးထားခဲ့ပါတယ်။ ဒီအုပ်စုတွေက အားနည်းတာကြောင့် အဆင်ပြေတဲ့ ဓားပြတွေကိုပဲ တိုက်ခိုက်ရမှာ ဖြစ်ပြီးတော့ ရလဒ်က အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချက်ကြောင့် ဖြစ်ပါတယ်။

သုံးရက်ကြာပြီးတဲ့နောက်မှာ သူတို့တွေ ထွက်လာခဲ့ပါတယ်။

အဲဒီဓားပြအုပ်စုက သူတို့နဲ့ သိပ်မဝေးပါဘူး။ နေ့တစ်ဂက်လောက်ပဲ ခရီးသွားရပါတယ်။ သတ်မှတ်နေရာကို ရောက်တဲ့ အခါမှာ ရှောင်ယောင်နန်က သူတို့ရဲ့ တိုက်ခိုက်မှုတွေ ပြုလုပ်ဖို့ သူတို့ကို အမိန့်ပေးခဲ့ပါတယ်။

လင်းဟာန်အနေနဲ့ ခရမ်းရောင်လ အင်ပါယာရဲ့ တိုက်ခိုက်နည်း ဟန်ပန်ကို ပထမဆုံးအကြိမ် မျက်မြင်ကြုံတွေ့ရခြင်း ဖြစ်ပါတယ်။ ဒီမတိုင်ခင်က သူ့အနေနဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းရဲ့ ရှုထောင့်ဘက်ကနေ ကြည့်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့

ခရမ်းရောင်လ အင်ပါယာရဲ့ သနားစရာကောင်းတဲ့ တပ်သားတစ်ယောက် ဖြစ်လာပြီး သူက ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာခဲ့ ရပါတယ်။ ဒီခံစားချက်က လုံးဝကို ကွာခြားပါတယ်။

လူဆယ်ယောက် ပါဝင်တဲ့ အုပ်စုတစ်စုက အားလုံးကို သိမ်းပိုက်စိုးမိုးနိုင်လုနီးပါးပါပဲ။ အခု လူဆယ်ယောက်ရဲ့ ခွန်အားတွေကို အထပ်ထပ် ပြုလုပ်ပြီး သူတို့ရဲ့ ပူးပေါင်းစွမ်းအား တစ်ဂက်နဲ့ တိုက်ခိုက်လိုက်ရင် အားအနည်းဆုံး အုပ်စုတောင်မှ ပန်းဖူးအဆင့်ရဲ့ တိုက်ခိုက်မှု စွမ်းအားကို ပိုင်ဆိုင်ပါလိမ့်မယ်။

လမ်းတစ်လျှောက်လုံး သူတို့တွေက ပြင်းပြင်းထန်ထန်နဲ့ ရှေ့တိုးလာခဲ့ပြီး ဓားပြအုပ်စုရဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် လေးယောက်ကို ထွက်ပေါ်လာအောင် ဖိအားပေးပြီး ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲခဲ့ပါတယ်။

လင်းဟန်ရဲ့ စွမ်းဆောင်ရည်က အတော်လေးကို အလွန်အကျွံ မဟုတ်ပဲ သူက သူ့တိုက်ပွဲ စွမ်းရည်ကို စိတ်ဝိညာဉ် နတ်သူငယ်ရဲ့ တိုက်ပွဲကြယ် နစ်လုံးလောက်ပဲ အကြမ်းဖျင်း ဖော်ထုတ်ပြီး

သူ့ရဲ့အဖွဲ့သား ကိုးယောက်ကို ဦးဆောင်ပြီးတော့ ပြိုင်ဘက်တွေကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက် ကြပါတယ်။

တိုက်ပွဲက သုံးရက်နီးပါး ကြာလာပါတယ်။ အဆုံးမှာ ဓားပြတွေရဲ့ အင်အားစုတွေက ချေမှုန်းခံ လိုက်ရပါတယ်။ သူတို့အဖွဲ့တွေလည်း တန်ရာတန်ကြေး ပြန်ပေးဆပ်ခဲ့ရပြီး တိုက်ပွဲအတွင်းမှာ ခုနစ်ယောက် အသတ်ခံရပြီး ဆယ့်ရှစ်ယောက် ဒဏ်ရာရခဲ့ကြပါတယ်။ ဒါကို သေချာတွက်ရင် သူတို့လူတစ်ရာပဲ ပူးပေါင်းထားတာ ဖြစ်ပြီးတော့ လက်ရွေးစင် အရေအတွက်က အရမ်းကို နည်းပါးပြီး ဒီတိုက်ပွဲအောင်မြင်မှုက အံ့အားသင့်စရာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်။

လင်းဟန်တောင်မှ အသိအမှတ်ပြုပြီး ခေါင်းညိတ်ရပါတယ်။ ဒါက သေချာပေါက် စံပြုထားရမဲ့ တိုက်ပွဲတစ်ခု ဖြစ်ပြီးတော့ အားနည်းတဲ့ အဖွဲ့က သန်မာတဲ့ အဖွဲ့ကို တိုက်ခိုက်အနိုင်ယူ ခဲ့ပါတယ်။ တကယ်လို့ သူက ဒီလိုမျိုး ကြီးမားတဲ့ လူအရေအတွက် တစ်ခုကို ဦးဆောင်ပြီး တိုက်ပွဲဝင်ရမယ် ဆိုရင် သူ့ရဲ့အစစ်အမှန် စွမ်းအားကို ထုတ်မဖော်ခဲ့မှ တစ်ဖွဲ့တစ်ခုလုံး သေကျေပျက်စီး

သွားရပါလိမ့်မယ်။

"အင်း လူခုနစ်ယောက် သေသွားခဲ့ရတယ်"

ရှောင်ယောင်နန်ရဲ့ မျက်နှာက ရှုသိုးသိုး ဖြစ်နေပါတယ်။

"မင်းတို့တွေက အရမ်းကို အသုံးမကျဘူး။ ဒီလူခုနစ်ယောက်မှာ သုံးယောက်က ကုန်းဖေးရန်ရဲ့ အဖွဲ့ထဲက အသတ်ခံရတယ်။ နှစ်ယောက်က စုချန်းဂမ်ရဲ့ အဖွဲ့ထဲက အသတ်ခံရတယ်။ ပြီးတော့ နောက်ထပ် လူနှစ်ယောက်က ကျန်းချီဂျန်းရဲ့ အဖွဲ့က အသတ်ခံရတယ်။ ငါဒါကို သတိမထား မိဘူးလို့ မထင်နဲ့။ မင်းတို့တွေအတွက် ကောင်းကျိုးအမှတ်ကို အလွန်အကျွံ ငမ်းငမ်းတက် လိုချင်တဲ့တာကြောင့် မဟုတ်ဘူးဆိုရင် မင်းတို့အဖွဲ့သားတွေ သေလိမ့်မှာလား"

ကုန်းဖေးရန်နဲ့ စုချန်းဂမ်တို့ နှစ်ယောက်စလုံးက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိပါတယ်။ သူတို့တွေက ဒီစကားတွေကို

ကြားလိုက်ရတဲ့ အချိန်မှာ သူတို့ရဲ့ အမှားတွေကို သူတို့က ဝန်ခံလိုက်ပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ပြင်းဆန်ဝံ့မှာလဲ။ ဒါပေမဲ့ ကျန်းချီဂျန်းကတော့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ရှိနေတဲ့ အဲဒီအဘိုးကြီး ဖြစ်ပါတယ်။ ပြီးတော့ သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြန်တုံ့ပြန် လိုက်ပါတယ်။

"စိတ်ဝိညာဉ် ပင်လယ်အဆင့် ကျင့်ကြံသူ သုံးယောက်ကို စတေးပြီးတော့ ငါတို့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လူတစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ အဲဒါက မထိုက်တန်ဘူးလို့ ငါ့ကိုမပြောဘူး မဟုတ်လား"

"မင်းမှာ ဘယ်သူက အသက်ရှင်ရမယ် ဘယ်သူက သေရမယ်ဆိုပြီးတော့ ဆုံးဖြတ်ပိုင်ခွင့် ရှိလို့လား"

ရှောင်ယောင်နန်ရဲ့ မျက်နှာက တင်းမာခက်ထန် လာခဲ့ပါတယ်။

"တိုက်ပွဲစစ်မြေပြင်မှာ အဖွဲ့သားတွေက မင်းရဲ့ တစ်ခုတည်းသော အထောက်အပံ့ပဲ။ ပြီးတော့ မင်းက သူတို့ကို တကယ်ပဲ ချက်ခုံပေါ်က ပွန်းရုပ်ကလေး တစ်ရုပ်လို ဆက်ဆံပြီးတော့ စတေးနိုင်လို့လား။ မင်းလိုမျိုး လုပ်နေမယ်ဆိုရင် ဘယ်သူကများ သူတို့ရဲ့ နောက်ကျောက လုံခြုံစိတ်ချရတယ်လို့ ယုံကြည်မှု ရှိတော့မှာလဲ။ မင်းကိုငါမမြင်ချင်ဘူး အခုထွက်သွားစမ်း။ မင်းကို ရာထူးကနေ ထုတ်ပယ်လိုက်ပြီ"

"ဘာပြောတယ်"

ကျန်းချီဂျန်းက ဒေါသတွေ ထွက်ပြီးတော့ ထခုန်မိမလို ဖြစ်သွားခဲ့ပါတယ်။ သူက အထင်ကြီးစရာ ကောင်းလှတဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒီလေ့ကျင့်ရေး စခန်းထဲမှာ နံပါတ်တစ် လူတစ်ယောက်အဖြစ် ထိုက်တန်ပါတယ်။ အခု တကယ်ပဲ ရာထူးကနေ ထုတ်ပယ်လိုက်ပြီပေါ့။ ဒါကို သူက ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ။

သူက အကျီလက်ကို ခါထုတ်လိုက်ပြီးတော့ မှတ်ချက်ချလိုက်ပါတယ်။

"ငါ့ကို ထွက်သွားစေချင်တာလား။ ကောင်းပြီလေ။ ပြီးပြည့်စုံတဲ့ အဆင့်ရှစ် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကိုပေးရမယ်။ ငါက ဒီနေရာက ဘာမှမရပဲ ထွက်သွားချင်တယ်လို့ မင်းထင်နေတာလား"

ကျင့်ကြံသူ အားလုံးက တစ်ယောက်တည်း တိုက်ခိုက်ကြပြီး သူတို့မှာ အမြင်ကျဉ်းတဲ့ ဟန်ပန်အမူအရာတွေနဲ့ အသက်ရှင်နေထိုင် ကြပါတယ်။ တော်တော်များများက စစ်တပ် လေ့ကျင့်ရေး တစ်ခုရဲ့ နေထိုင်မှု ပုံစံနဲ့ ဘယ်လိုမှ အသားမကျနိုင်ပါဘူး။

ရှောင်ယောင်နန်က ရယ်မောပြီးတော့ လှောင်ပြုံးပြုံးကာ ပြန်တုံ့ပြန် လိုက်ပါတယ်။

"မင်းက တပ်သားသစ် စုဆောင်းတဲ့ လေ့ကျင့်ရေးကိုတောင်

အောင်အောင်မြင်မြင် မဖြတ်သန်း နိုင်ခဲ့ဘူး။ ဒါကို ကျင့်ကြံခြင်း နည်းစနစ်တွေကို တောင်းဆိုချင်နေ သေးတာလား"

"မင်းက ငါ့ကို လွှဲပြောင်းပေးမှာလား"

ကျန်းချီဂျန်းက အရေထူထူနဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ကျင့်ကြံခြင်း နည်းစနစ်ကို ထုတ်မပေးဘူးဆိုရင် ငါက မင်းတို့တွေ တစ်ယောက်စီတိုင်းကို သတ်ပစ်ရလိမ့်မယ်"

အဲဒီနောက် သူက အနက်ရောင် ဓားတစ်ချောင်းကို ဆွဲထုတ်ပြီးတော့ အရှေ့ကို တိုးလာခဲ့ပါတယ်။ အဲဒီဓားက မကောင်းဆိုးဝါး ဓားတစ်လက်လိုမျိုး ဓားသွားတစ်ဝိုက်မှာ နက်မှောင်တဲ့ အရှိန်အဝါ တစ်ခုက ဝိုင်းထားပြီး ကြည့်ရတာ မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်တုန်လှုပ်ဖို့ ကောင်းပါတယ်။

Chapter 741 end

အပိုင်း(၇၄၂) ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲ

ရှောင်ယောင်နန်က သူ့လက်နှစ်ဖက်ကို အနောက်ဘက်ကို ပစ်ထားပြီးတော့ သူ့ကို စိန်ခေါ်လိုက် ပါတယ်။

"မင်းသေချင်နေပြီလား"

"ဟားဟားဟား။ ဒီနေ့တွေတုန်းက ငါ့ရဲ့ အစစ်အမှန် ခွန်အားကို ငါတစ်လျှောက်လုံး ဖုံးကွယ်ထား ခဲ့တယ်။ မင်းကရော"

ကျန်းချီဂျန်းက ရှောင်ယောင်နန်ကို လက်ညှိုးထိုးပြီးတော့ ရယ်မောလိုက်ပါတယ်။

"ငါက မင်းကို အမြဲတမ်း သတိထားနေပြီး မင်းရဲ့ အစစ်အမှန်

ခွန်အားကိုလည်း လေ့လာပြီးပြီ။ နောက်ပြီးတော့ ငါက ဒီစုပေါင်းတိုက်ခိုက်မှု ဂင်္ဂါပါရဲ့ လျှို့ဝှက်ချက်တွေကိုလည်း တွေ့မြင်ပြီးပြီ။ ဒါကြောင့် ငါ့မျက်လုံးထဲမှာ နေရာတိုင်းလိုလို အားနည်းချက်တွေ ရှိနေတယ်။ ဒီလိုမျိုး ဂင်္ဂါပါ တစ်ခုကို ချိုးဖျက်ပစ်ဖို့ဆိုတာ ငါ့အတွက်တော့ အသေးအဖွဲ့လေးပဲ”

“ငါမင်းကို နောက်ဆုံး အခွင့်အရေးတစ်ခု ပေးမယ်။ တကယ်လို့ ငါ့လက်နဲ့ မင်းမသေချင်ဘူးဆိုရင် ကျင့်ကြံခြင်း နည်းစနစ်ကို ပေးစမ်း”

သူက အထက်စီးဆန်တဲ့ လေသံနဲ့ အမိန့်ပေးလိုက်ပါတယ်။ သူ့အမူအရာက လုံးဝကို တုန်လှုပ်ခြောက်ချားဖွယ် ကောင်းပါတယ်။

သူ့လက်ထဲက ဓားနက်က ဆတ်ခနဲ လှုပ်ရှားသွားပြီး ချက်ချင်းဆိုသလို ကြောက်စရာကောင်းတဲ့ အရှိန်အဝါ လည်ပတ်လာခဲ့ပါတယ်။

ရှောင်ယောင်နန်ရဲ့ အမူအရာက ရုတ်တရက်ဆိုသလို ပြောင်းလဲသွားခဲ့ပါတယ်။ ဒီလူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ ပြီးပြည့်စုံမှုကို ရောက်ရှိနေပြီးတော့ ကြောက်စရာကောင်းတဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုလည်း ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံးကို ကျော်လွန်ပါလိမ့်မယ်။ သူကတော့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အလွှာခုနစ်မှာပဲ ရှိပြီးတော့ သူ့တိုက်ပွဲစွမ်းရည်က ကြယ်ရှစ်လုံးပဲ ရှိပါတယ်။ ဒါကြောင့် သူက သေချာပေါက် ဒီလူရဲ့ ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။

ခရမ်းရောင်လ အင်ပါယာရဲ့ စစ်ဘက်ဆိုင်ရာ အရာရှိတွေ အထဲမှာ ပါရမီရှင်တွေ အများကြီး မရှိပါဘူး။ ဒါပေမဲ့ အနီးကပ်တိုက်ခိုက်ရတော့မယ်ဆိုရင် သူတို့အားလုံးက စည်းကမ်းသေဝပ်ပြီး လိုက်နာကြသူတွေ ဖြစ်ပါတယ်။ အဖွဲ့လိုက် လုပ်ရှားမှုကလည်း အရမ်းကို လျော်ကန်သင့်မြတ်ပြီး တိုက်ပွဲစစ်မြေပြင် တစ်ခုမှာ ကျွမ်းကျင်ပိုင်နိုင်စွာနဲ့ တိုက်ခိုက်နိုင်ကြပါတယ်။ သူတို့က ပြီးပြည့်စုံစွာ အထပ်ထပ် ဆင့်ကဲပြုလုပ်ပြီး လူအများကြီးရဲ့ ခွန်အားနဲ့ အစတုန်းက အနိုင်ယူဖို့ မဖြစ်နိုင်တဲ့ ရန်သူတွေကို ချေမှုန်းတိုက်ခိုက်ခဲ့ ကြပါတယ်။

ဒါပေမဲ့လည်း တစ်ဦးချင်း တိုက်ခိုက်မှု စွမ်းရည်ကတော့ သူတို့တွေက ဘုရင်အဆင့် ဒါမှမဟုတ် စစ်သူကြီး အဆင့်ကို မရောက်ရှိနိုင်သရွေ့ အနည်းဆုံး သူတို့ကိုယ်သူတို့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးလောက်ပဲရှိတဲ့ ပြိုင်ဘက်တွေကိုပဲ တိုက်ခိုက်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက မွန်းစတားဆန်ပါလိမ့်မယ်။

ပြဿနာက သူကအခုချိန်မှာ တစ်ယောက်တည်း ဖြစ်ပါတယ်။ ပြီးတော့ ဒီတပ်သားအသစ်တွေက အခုမှ လေ့ကျင့်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူတို့ကို ဘယ်လိုလုပ် အသုံးပြုလို့ ရနိုင်မှာလဲ။ ပြီးတော့ ပြိုင်ဘက်က ဂင်္ကပါရဲ့ ပူးပေါင်းတိုက်ခိုက်မှု လျှို့ဝှက်ချက်ကိုတောင် သတိပြုမိထားပြီး အရမ်းကို လွယ်လွယ်ကူကူနဲ့ ချိုးဖြတ်နိုင်ပါတယ်။

"မင်းတို့အားလုံး လေ့ကျင့်ရေး စခန်းဆီကို တန်းပြီးတော့ ပြန်ကြတော့"

သူက ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်ပါတယ်။

"နည်းပြ"

အားလုံးက အော်ဟစ်လိုက် ပါတယ်။

"အမိန့်ကို နာခံစမ်း"

ရှောင်ယောင်နန်က ပြတ်ပြတ်သားသား အော်ဟစ်လိုက်ပါတယ်။

ကျန်းချိုဂျန်းက လှောင်ပြောင်မှုအပြည့်နဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ထွက်သွားချင်တာလား။ ဟင့် ဘယ်သူမှ ထွက်သွားလို့ မရဘူး"

သူ့ကို ခရမ်းရောင်လ အင်ပါယာရဲ့ လက်ရွေးစင်တွေက နေရာအနှံ့

လိုက်ဖမ်းပြီးတော့ သတ်ပစ်မှာကို မလိုချင်ပါဘူး။ ဒါကြောင့် သူက အားလုံးကို နှုတ်ပိတ်တဲ့ အနေနဲ့ သတ်ပစ်ရ ပါလိမ့်မယ်။ ဒီလိုမှ ဒီနေရာမှာ ဒီနေ့ဘာတွေ ဖြစ်ပျက်သွားခဲ့တယ် ဆိုတာကို ဘယ်သူမှ သိလိမ့်မှာ မဟုတ်ပါဘူး။

"ပြေး"

ရှောင်ယောင်နန်က အော်ဟစ်လိုက် ပါတယ်။

"ငါသူ့ကို ထိန်းထားမယ်"

"မင်းကငါ့ကို ထိန်းထားနိုင်မှာမို့လို့လား"

ကျန်းချီဂျန်းက လှောင်ပြုံးပြုံးပြီးတော့ သူ့ဓားနက်ကြီးကို မြှောက်ကာကိုင်ပါတယ်။ ဒါပေမဲ့ သူက အောက်ကို ခုတ်မချပဲ ပစ်မှတ်တစ်ခုကို ရှာဖွေနေပုံ ပေါ်ပါတယ်။

အားလုံးရဲ့ နှလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်ရဲ့ တိုက်ပွဲစွမ်းအင် ဖြစ်ပါတယ်။ သူ့လက်ထဲက စိတ်ဝိညာဉ် ပစ္စည်းတစ်ခုနဲ့ဆို ဘယ်သူက သူ့ကိုဆန့်ကျင် နိုင်မှာလဲ။ ဒါက ဘာနဲ့ တူနေသလဲ ဆိုရင်တော့ သူက ဘယ်သူ့ကိုမဆို ကြည့်နိုင်ပြီး အဲဒီလူက သေရပါလိမ့်မယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူတို့တွေက စိုးရိမ်ကြောင့်ကြခြင်း မရှိပဲ နေနိုင်မှာလဲ။

လင်းဟန်က ရှေ့တက်ပြီး တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်ပါတယ်။ အားလုံးက နှစ်လလောက် အတူတကွ လေ့ကျင့်ထားခဲ့ ကြပါတယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် သူတို့မှာ တစ်ဦးနဲ့တစ်ဦး ခင်မင်ယုံကြည်ပြီး ရဲဘော်ရဲဘက်စိတ်တွေ ရှိတယ်လို့ ဆိုရပါမယ်။

ဝှမ်း။

အဲဒီအချိန်မှာပဲ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုက

ရုတ်တရက် လှုပ်ရှားလာခဲ့ပြီး အားလုံးရဲ့ နှလုံးသားထဲမှာ ခဲဆွဲထားသလို လေးလံတဲ့ ခံစားချက်တွေ ဖြစ်ပေါ်နေပါတယ်။ ဒါက အရမ်းကို သက်တောင့်သက်သာ မဖြစ်စေပဲ သူတို့တွေကို သွေးအန်ထွက်လုမတတ် ခံစားရ ပါတယ်။

အဘိုးကြီး တစ်ယောက်က မထင်မရှားနဲ့ ပေါ်လာခဲ့ပြီးတော့ ခံ့ညားထယ်ဝါမှုမရှိတဲ့ သွင်ပြင်ပုံစံ ရှိပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ မေးလိုက်ပါတယ်။

"ဘယ်တစ်ယောက်က လင်းဟန်လဲ"

ကျန်းချီဂျန်းက ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုပြီးတော့ ဘဂင်ခိုက်နေတာကြောင့် ရုတ်ချည်းဆိုသလို ဂင်ရောက်စွက်ဖက် လာမှုကြောင့် သူ့နှလုံးသားထဲမှာ အရမ်းကို မကျေမနပ် ဖြစ်သလို ခံစားရပြီး အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျားက ဘယ်သူလဲ။ ဒါက ခင်ဗျားဂင်ပြီးတော့ စွက်ဖက်ရမဲ့

နေရာလား"

ဝုန်း။

သူ့စကားတွေ ဆုံးသွားတာနဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံးက အစိတ်စိတ် အပိုင်းပိုင်းတွေအဖြစ် ပေါက်ကွဲသွားခဲ့ပါတယ်။ လတ်ဆတ်တဲ့ သွေးတွေက ပျံ့နှံ့သွားပြီး ခန္ဓာကိုယ် အစိတ်အပိုင်း တချို့က လူတချို့ရဲ့ ဘေးနားမှာ ကျသွားပြီး သူတို့ကို တိတ်ဆိတ်စွာနဲ့ ညည်းတွားစေခဲ့ပြီး သူတို့ အမူအရာတွေက အရမ်းကို မကျေမနပ် ဖြစ်သွားစေခဲ့ပါတယ်။ ဒါက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်က စစ်သည်တော် တစ်ယောက်ရဲ့ လတ်ဆတ်တဲ့ သွေးတွေ ဖြစ်ပြီးတော့ ထိတ်လန့်ဖွယ်ရာ အရှိန်အဝါတွေ ပြည့်နှက်လို့ နေပါတယ်။ အဲဒါက သူတို့ရဲ့ ခန္ဓာကိုယ်တွေကို အားနည်းသွား စေပြီးတော့ သူတို့ကိုလည်း ကွဲထွက်လုမတတ် ဖြစ်စေပါတယ်။

အားလုံးက အရမ်းကို ကြောက်စိတ်တွေ ဝင်လာပြီးတော့ အဲဒီအဘိုးကြီးဆီကို ကြည့်လိုက် ကြပါတယ်။ သူက အရမ်းကို အစွမ်းထက်ပါတယ်။ သူ့ရဲ့လုပ်ရှားမှု တစ်ခုနဲ့တင် ကျန်းချီဂျန်းကို

ချက်ချင်းဆိုသလို သတ်ပစ်နိုင်ပါတယ်။ ကျန်းချီဂျန်းဆိုတာ စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်မှာ ဖြစ်ပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့် ဒါမှမဟုတ် အဆင့်မြင့် နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာများ ဖြစ်နေမလား။

"စီနီယာကို ဘယ်လိုခေါ်ရမလဲ ဆိုတာကို ကျနော်သိပါရစေ"

ရှောင်ယောင်နန်က လက်သီးဆုပ်ပြီးတော့ မေးလိုက်ပါတယ်။ ဒီအဘိုးကြီးက သူတို့ကို ကူညီပြီး ဒုက္ခတစ်ခုကို ဖယ်ရှားပေးခဲ့တယ် ဆိုပေမဲ့ လင်းဟာန်က သူ့လက်အောက်က တပ်သားအသစ် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဒီအဘိုးကြီးက ဒီနေရာကို လက်ဘက်ရည်သောက်ဖို့ လာခဲ့တာ မဟုတ်ဘူးဆိုတာ ပေါ်လွင်ပါတယ်။

နည်းပြတစ်ယောက် အနေနဲ့ သူ့လက်အောက်မှာရှိတဲ့ တပ်သားတွေကို ကာကွယ်ပေးရမှာက သူ့တာဝန်ပဲ ဖြစ်ပါတယ်။

အဘိုးကြီးက ရှောင်ယောင်နန်ဆီကို မျက်စိတစ်ချက် စေ့ကြည့်လိုက်ပြီး ဂရုမစိုက်တဲ့ဟန်နဲ့ ပြန်တုံ့ပြန် လိုက်ပါတယ်။

"ငါ့မျိုးရိုးက ယု။ ငါ့အနေနဲ့ ခရမ်းရောင်လ အင်ပါယာနဲ့ ရန်သူဖြစ်ဖို့ ဆန္ဒမရှိဘူး။ ဒါကြောင့် လင်းဟန်ကို ငါ့လက်ထဲအပ်လိုက်ရင် ငါဒီကနေခေါ်ပြီးတော့ ထွက်သွားပေးမယ်"

ယုမျိုးရိုး။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် ရုတ်တရက် လက်သွားခဲ့ပါတယ်။ သူက ယုမိသားစုရဲ့ ခုနစ်ယောက် အကြီးအကဲ ဖြစ်ပါတယ်။ ဒီမတိုင်ခင် လျှိုဂှက်ဆန်းကြယ် နယ်မြေထဲမှာ လင်းဟန်က ယုယွမ်ရှန်းဆိုတဲ့ မောက်မာဂင့်ကြွားတဲ့ ခွေးကောင် တစ်ယောက်ကို သတ်ပစ်ခဲ့ ပါတယ်။ တိတိကျကျ ပြောရရင် ဟူးညိုက သတ်ပစ်ခဲ့တာပါ။ ဒါပေမဲ့ သံသယရှိစရာ မလိုအောင် ဒီအပြစ်က သူ့အပေါ် ကျရောက်လာပြီးတော့ သူတို့က ရန်ကြွေးဆပ်ဖို့ လာရှာတာပဲ ဖြစ်ပါတယ်။

သူက ကောင်းကင်အဆင့် လက်ရွေးစင် စီနီယာတစ်ယောက် ဖြစ်ပြီးတော့ ရှောင်ယောင်နန် လုံးဂကို ယှဉ်ပြိုင်လို့ မရနိုင်သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ခရမ်းရောင်လ အင်ပါယာကို ဆန့်ကျင်ဖို့ ဆန္ဒမရှိဘူးလို့ ပြောခဲ့ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ သူတို့ကို အမြစ်ဖြုတ် သုတ်သင်ဖို့တော့ လုပ်ရှားလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က ဘယ်လိုလုပ် လိုလိုလားလား ကူညီလိမ့်မှာလဲ။

တကယ်လို့ ရှောင်ယောင်နန်က လင်းဟန်ကို ပေးအပ်ဖို့ တွင်တွင်ငြင်းဆန်မယ်ဆိုရင်တော့ ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက သနားညှာတာမှုကို ဖော်ပြလိမ့်မှာ မဟုတ်ပါဘူး။ ဆန့်ကျင်ဖို့ ဆန္ဒမရှိဘူးဆိုတာက ဆန့်ကျင်နိုင်စွမ်း မရှိဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ တကယ်တော့ ဒီကမ္ဘာကြီးကို ခရမ်းရောင်လ အင်ပါယာက ပိုင်ဆိုင်ထားတာ မဟုတ်ပါဘူး။ ပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းကို ဘယ်သူကများ အထင်သေး လျော့တွက်ရဲလို့လဲ။ ဘယ်သူသိနိုင်မလဲ သူတို့ရဲ့

အခြေခံအုတ်မြစ်က ဘယ်လောက်တောင် ခိုင်ခိုင်မာမာနဲ့ တည်ဆောက်ထားသလဲ ဆိုတာကိုပေါ့။

လင်းဟန်က လူအုပ်ထဲကနေ အရှေ့ကို တိုးထွက်လာခဲ့ပါတယ်။ သူက ပြဿနာ ဖန်တီးခဲ့တဲ့ လူပဲ ဖြစ်ပါတယ်။ ဒါကြောင့် တခြားလူတွေကို ဒီအကျိုးဆက်ရဲ့ နောက်ဆက်တွဲ အဖြစ်အပျက်နဲ့ သက်ဆိုင်မှု မရှိစေချင်ပါဘူး။ နောက်ပြီးတော့ ရှောင်ယောင်နန်ကလည်း ဒီဘေးဒုက္ခကို ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူ့ကို အလဟဿ အသတ်ခံစေတော့ မှာလဲ။

"လင်းဟန် နောက်ကိုဆုတ်"

ရှောင်ယောင်နန်က သူ့မြင်ကွင်းထဲ လင်းဟန်ဝင်ရောက်လာတာနဲ့ ချက်ချင်းပဲ အမိန့်ပေး လိုက်ပါတယ်။

လင်းဟန်က လက်ဟန်ခြေဟန်နဲ့ ပြောလိုက်ပါတယ်။

"နည်းပြ။ ဒီလူက ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲ ဖြစ်ပြီးတော့ ကောင်းကင်အဆင့် ကျင့်ကြံခြင်းမှာရှိတယ်"

အဟွတ် အဟွတ်။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အနည်းငယ်ပဲ ရှိပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်အောက်မှာ ကောင်းကင်အဆင့် ရှိပါတယ်။ ဒီလူရဲ့ လက်တစ်ချောင်းနဲ့တင် သူတို့အားလုံးကို အမြစ်ဖြုတ် သုတ်သင်ချေမှုန်းပစ်ဖို့ လုံလောက်ပါတယ်။

ရှောင်ယောင်နန်က အနည်းငယ် တွေဝေသွားပြီးမှ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်သလိုမျိုး ပြောလိုက်ပါတယ်။

"အဓိပ္ပါယ် မရှိတာ။ ငါ့လက်အောက်က တပ်သားတွေကို

ကာကွယ်စောင့်ရှောက်ရမဲ့တာဝန် ငါ့မှာရှိတယ်။
ငါမသေသေးသရွေ့ ဘယ်သူကမှ မင်းခေါင်းပေါ်က
ဆံပင်တစ်ချောင်းကို ထိခွင့်မရှိဘူး”

“ငါက ခရမ်းရောင်လ အင်ပါယာနဲ့ ရန်ဘက် မဖြစ်ချင်ပေမဲ့ မင်းက
မင်းရဲ့ ဆုံးဖြတ်ချက် အမှားကို သတိမပြုမိဘူး ဆိုမှတော့
သွားသေလိုက်တော့”

ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အရှေ့ကို
တိုးပြီးတော့ ရှောင်ယောင်နန်ဘက်ကို ရိုက်ချလိုက်ပါတယ်။

ဝုန်း။

လက်ဝါးကြီး တစ်ဖက်က မြေကြီးပေါ်ကို ဆင်းသက်လာပြီး ရောမ
တွင်းကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ ပါတယ်။ ဒါပေမဲ့
ရှောင်ယောင်နန်ကိုတော့ ဘယ်နေရာမှာမှ မတွေ့ရပါဘူး။

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ဘေးဘီဝဲယာကို ဝေ့ကြည့်လိုက်ပြီးတော့ လေးနက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီး ပြောလိုက်ပါတယ်။

"မင်းကိုယ်တိုင်တော့ ခုခံနိုင်စွမ်း မရှိဘူး။ တခြားလူရဲ့ အလုပ်ကိစ္စကို ကိုယ်နဲ့မဆိုင်ပဲ ဂင်စွက်ဖက်တာလား"

လင်းဟန်က ရှောင်ယောင်နန်ကို အောက်ချလိုက်ပါတယ်။ စောစောက ရှောင်ယောင်နန်ရဲ့ ဘေးနားမှာ သူရှိနေတာကြောင့် ချိန်သားကိုက် လုပ်ရှားနိုင်ခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူလည်းပဲ ရှောင်ယောင်နန်လို တူညီတဲ့ ကံတရားတစ်ခုနဲ့ လုံးဝဥသုံ အလောင်းကောင် တစ်ခု အဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။

ရှောင်ယောင်နန်က လင်းဟန်ရဲ့ လုပ်ရှားမှုကြောင့် အံ့အားသင့်နေခဲ့ပါတယ်။ လင်းဟန်ရဲ့ အစွမ်းက သူ့ထက် အများကြီး သာလွန်နေတယ်ဆိုတာကို သူသိလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆို ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းဖို့ဆိုတာ သူ့အတွက်တော့ ဘယ်လိုမှ

မဖြစ်နိုင်ပါဘူး။

"အနည်းဆုံးတော့ အခုငါက အသက်ရှင်နေသေးတာပဲ ဟုတ်တယ်မလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး ရှောင်ယောင်နန်ကို အောက်ကိုချကာ ပြောလိုက်ပါတယ်။

"နည်းပြ ဒီကိစ္စကို ငါပဲ ကိုင်တွယ်ခွင့် ပြုပါ"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အလျင်စလိုနဲ့ မတိုက်ခိုက်သေးပဲ ပြောလိုက်ပါတယ်။

"မင်းက ငါ့ယုကလန်က လူတစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ ဒါကြောင့် မင်းက သေဖို့အတွက် ကံစီမံထားပြီးသားပဲ။ ဒါပေမဲ့ ငါက မျှတတဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် မင်းဘယ်လိုသေမလဲ

ဆိုတာကို မင်းကို ရွေးချယ်ခွင့်ပေးမယ်။ ဘယ်လိုလဲ”

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

“ဒါဆိုရင် ငါအသက်ကြီးမှ သေဖို့ကို ရွေးချယ်တယ်။ ခင်ဗျားဘာပြောချင်လဲ”

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက လှောင်ပြုံးပြုံးလိုက်ပါတယ်။

“မင်းက ဒီနေ့သေဖို့ ကံစီမံပြီးသားပဲ”

“အဲဒီလောက် လွယ်လိမ့်မယ်လို့တော့ မထင်ဘူး”

အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"ဘယ်သူလဲ"

ယုမိသားစုရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ အစွမ်းနဲ့တောင် အသံထွက်ပေါ်လာတဲ့ နေရာကို စုံစမ်းနိုင်စွမ်း မရှိပါဘူး။

"အင်း ဒီအသံ။ ဘယ်လိုဖြစ်လို့ ဒီအသံကို ရင်းနှီးနေသလို ခံစားရတာလဲ"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ ဒါက သူရဲကောင်းဆန်တဲ့ အငွေ့အသက်နဲ့ ပြည့်နှက်နေတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ အသံဖြစ်ပါတယ်။

"ကိုယ်ထင်ပြစမ်း"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက နောက်တစ်ကြိမ် အော်ဟစ်လိုက် ပါတယ်။ သူ့ခန္ဓာကိုယ်ကို လှည့်ပတ်ပြီးတော့ ဘေးဘီဝဲယာ နေရာအနှံ့ကို စိုက်ကြည့်လိုက်ပါတယ်။

"ငါ့ကိုတော့ တားရဲပြီး မင်းကိုယ်မင်း ကိုယ်ထင်မပြဝံ့ဘူးလား။ ဟင့် ဒါဆိုရင် ငါလည်း ဂရုစိုက်စရာ မလိုတော့ဘူး။ ဒီလူကို တန်းပြီးတော့ သတ်ပစ်လိုက်ရုံပဲ"

သူက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပြီး သူ့သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက မိုးထိအောင် ထိုးတက်လာခဲ့ပါတယ်။

"အခုချက်ချင်း ထွက်သွားစမ်း။ ဒီလိုမှ မဟုတ်ဘူးဆိုရင် သေရမယ်"

အဲဒီအသံက နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့ပါတယ်။

"လျှို့ဝှက်ဆန်းကြယ်သလို ဟန်ဆောင်နေသေးတယ်"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ သူ့လက်ကို မြှောက်လိုက်ပါတယ်။

Chapter 742 end

အပိုင်း(၇၄၃) ပင်လယ်မိန်းကလေး(ဟိုင်းညို) ပြန်ပေါ်လာပြီ

လင်းဟန်ရဲ့ အမူအရာက လေးနက်သွားခဲ့ပါတယ်။ ဒါက ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ အဆင့်မြင့် ကောင်းကင်အဆင့်လည်း ဖြစ်ပါတယ်။ ဒါကသူ့လက်ရှိ အမြင့်ဆုံး တိုက်ခိုက်နိုင်စွမ်းထက် အပုံကြီး သာလွန်ပါတယ်။ တကယ်လို့ သူက ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မယ်ဆိုရင် သူ့အနေနဲ့ ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားပါလိမ့်မယ်။

ဒါပေမဲ့။ တကယ်လို့ သူက တိုက်ကွက်တစ်ကွက်ကိုပဲ ပုတ်ထုတ်ရမယ်ဆိုရင် သေချာပေါက် သူသေလိမ့်မှာ မဟုတ်ပါဘူး။

တကယ်တော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည် ကောင်းမွန်နိုင်တဲ့ စွမ်းရည် နှစ်ခုစလုံးက အရမ်းကို အစွမ်းထက်ပါတယ်။

"ရွှမ်းအာ ဒီနားကို လာခဲ့"

လင်းဟန်က လက်ယပ်ခေါ် လိုက်ပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲမှာ သူ့ကိုယ်သူ ပုန်းနေလိမ့်မှာ မဟုတ်ပါဘူး။

ကံကောင်းတာက ဟူးညှိုရော ယုန်ဖြူကြီးပါ သူနဲ့လိုက်လာပေမဲ့ သူတို့တွေက မလှမ်းမကမ်းမှာ စောင့်နေကြပြီး ဒီနေရာမှာ လာစုမနေကြပါဘူး။ တကယ်လို့ သူတို့ကိုလည်း ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက တွေ့မြင်သွားခဲ့ရင်တောင် သူတို့ကို သတိမူမိလိမ့်မှာ မဟုတ်ပါဘူး။

ကျူးရွှမ်အာက ဖြည်းဖြည်းလေး ကပ်လာခဲ့ပြီး ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အာရုံစိုက်မိသွားမှာ

စိုးတာကြောင့် မြန်မြန်မလုပ်ရှားဝံ့ပါဘူး။

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ဒီလိုမျိုး သနားစရာကောင်းတဲ့ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်နဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူတွေဖြစ်တဲ့ လင်းဟန်နဲ့ ကျူးရှွမ်အာကို ဘာဖြစ်လို့ ဂရုစိုက်နေမှာလဲ။ သူက အဲဒီလို့ဂုဏ်ဆန်းကြယ်တဲ့ လူက ဘယ်နားမှာ ရှိနေတယ် ဆိုတာကို လိုက်ရှာနေတုန်းပါပဲ။ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းကိုယ်မင်း လူလုံးထွက်မပြဘူး ဆိုမှတော့ ငါ့အနေနဲ့ ဘာမှပြောနေစရာ မလိုတော့ဘူး"

သူ့ရဲ့ညာဘက်လက်ကို မြှောက်ပြီးတော့ ချက်ချင်းပဲ လင်းဟန်ဘက်ကို ဖိနှိပ်ချ လိုက်ပါတယ်။

ဖြန်း။

လူတစ်ယောက်ရဲ့ ပုံရိပ်က တရိပ်ရိပ် ပျံသန်းလာပြီး အဲဒီနောက်မှာ ဓားပြတွေရဲ့ အဆောက်ဦး အထဲကို ဝုန်းခနဲမြည်ပြီးတော့ ပြင်းပြင်းထန်ထန် ဆောင့်မိသွားပြီးတော့ အခန်းတွေ တော်တော်များများ ပျက်စီးသွားပြီးမှ ရပ်သွားခဲ့ပါတယ်။

ဒါကတော့ ယုကာလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲ ဖြစ်ပါတယ်။ သူက တကယ်ပဲ လက်ဝါးရိုက်ချက် ထုတ်ပြီးတော့ သူပဲ လွင့်ထွက်သွားခဲ့တယ်။ ဘယ်လိုကြီးလဲဟ။

အဲဒီအဘိုးကြီးက တုန်တုန်ရီရီနဲ့ ထလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ထဲက အနည်းဆုံး အရိုးတွေ ဆယ်ချောင်းကျော်လောက် ကျိုးသွားသလို ခံစားလိုက်ရပြီး သူ့ရဲ့ မူလစွမ်းအင်တွေကို အသုံးပြုပြီးတော့ အဲဒီအရိုးတွေကို ပြန်ပြီးတော့ တပ်ဆင်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ အခုလိုမျိုး မတ်တတ်တောင် ထရပ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဘယ်သူလဲ။ ဒါက အရမ်းကို သန်မာလွန်းနေတယ် မဟုတ်လား။ ရိုက်ချက်တစ်ခုတည်းနဲ့ သူ့ကို လွင့်ထွက်သွားစေပြီး

ပြန်လည်တုံ့ပြန်ခွင့်တောင် မရရှိခဲ့ပါဘူး။

သူအရင်က ရပ်ခဲ့တဲ့ နေရာဆီကို စိုက်ကြည့်လိုက်တဲ့ အခါမှာ မျက်နှာဖုံးတပ်ထားတဲ့ လူတစ်ယောက်က အဲဒီနေရာမှာ မတ်တတ်ရပ်နေတာကို တွေ့မြင်လိုက် ရပါတယ်။ ဒါပေမဲ့ တကယ်လို့ မျက်နှာကို မျက်နှာဖုံးတပ်ထားရင်တောင်မှ ခန္ဓာကိုယ် အနေအထားကို ကြည့်ပြီးတော့ ပြောရမယ်ဆိုရင် အဲဒီလူက သေချာပေါက် အမျိုးသမီး တစ်ယောက်ပဲ ဖြစ်ပါတယ်။ သေးသွယ်ကျစ်လစ်ပြီး ကျက်သရေရှိကာ ပြီးပြည့်စုံတဲ့ မိန်းကလေး တစ်ယောက်လို့ ပြောနိုင်ပါတယ်။ နေပါဦး သူမရဲ့ ရင်သားတွေကတော့ တကယ်ပဲ ပြားနေတာလား။

အားလုံးက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသလို ကျေနပ်ပျော်ရွှင် သွားကြပါတယ်။ ဒီမျက်နှာဖုံးတပ် အမျိုးသမီးအကြောင်းကို သူတို့တွေ မသိဘူးဆိုပေမဲ့ ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲကို ရင်ဆိုင်ဖို့ ရပ်တည်တဲ့အတွက် ဒါကကောင်းမွန်တဲ့ အရာတစ်ခုပဲ မဟုတ်ဘူးလား။

လင်းဟန်ရဲ့ အကြည့်တွေက အဲဒီမျက်နှာဖုံးတပ် အမျိုးသမီးရဲ့ ပြားနေတဲ့ ရင်သားတွေဆီကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး အမှတ်မထင် အော်လိုက်မိပါတယ်။

"ဟိုင်းညို"

ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး အစွမ်းထက်ပြီးတော့ ရင်သားပြားချပ်နေတဲ့ အမျိုးသမီးက အများကြီး မရှိနိုင်ပါဘူး။

"တကယ်လို့ နင်ထပ်ပြီးတော့ အဓိပ္ပါယ်မရှိတာတွေကို ဆက်ပြောနေရင် ငါနင့်ကို သတ်ပစ်မယ်"

မျက်နှာဖုံးတပ် အမျိုးသမီးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲ ပြုံးပြပြီးတော့ စောဒက တက်လိုက်ပါတယ်။

"မင်းရဲ့ မှတ်ဉာဏ်တွေ ပြန်ကောင်းသွားပြီလား"

တကယ်လို့ ဒါက ပတ်ုင်းညီးသာဆိုရင် သူမက ချစ်စဖွယ်ကောင်းပြီး ရက်ရှိတဲ့ပုံစံမျိုး လုပ်ပါလိမ့်မယ်။ ဒါပေမဲ့ ဟော့လျန်ချွင်ရွှယ် ဆိုရင်တော့ သူမက အစွမ်းထက်ပြီးတော့ မြင့်မားတဲ့ ကောင်းကင်အဆင့် လက်ရွေးစင် စီနီယာ တစ်ယောက်လိုမျိုး ပြုမူပြောဆိုပါလိမ့်မယ်။ လက်ရှိ အခြေအနေကို ကြည့်ပြီးတော့ သုံးသပ်ရရင် ဒါက ဟော့လျန်ချွင်ရွှယ်ရဲ့ပုံစံပါပဲ။

ဒါပေမဲ့ ဘာဖြစ်လို့ သူမက ရှေ့တိုးပြီးတော့ သူ့ကို ကူညီပေးရတာလဲ။

ဖြစ်နိုင်တာက သူ့ကို သူမရဲ့ ကိုယ်ပိုင်လက်နဲ့ သတ်ပစ်ရမှ ပိုပြီးတော့ စိတ်ကျေနပ်စေမယ်လို့ ခံစားရတာကြောင့်များလား။ ဒါဆိုရင် နောက်တစ်ကြိမ်ပေ့ါ။ သူတို့မှာလည်း အေးငြိမ်းသွားစရာ အကြောင်းလည်း မရှိပါဘူး။ သူက သူမကို တစ်ကြိမ်ပဲ လှည့်စားခဲ့တာပါ။ ဒါပေမဲ့ ဒါက အရမ်းကို ကြာနေပါပြီ။ ဘာဖြစ်လို့ အမုန်းတရားတွေကို အပြုံးလေးနဲ့ မချေဖျက်နိုင်ရတာလဲ။

တကယ်ဆို ငါတို့တွေက အချိန်တော်တော် ကြာအောင်လို့ အတူတူ နေခဲ့ကြတာပဲလေ။

ဟော့လျှန်ချွင်ရွှယ်က အရေးတယူလုပ်ပြီးတော့ ပြန်မဖြေပါဘူး။ ဒါပေမဲ့ ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲကို အေးစက်စွာနဲ့ စိုက်ကြည့်ပြီးတော့ ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။

"စောစောတုန်းက ရှင့်ကို ထွက်သွားဖို့ ကျွမ ပြောခဲ့တယ်။ ဒါပေမဲ့ ရှင်က မလိုက်နာခဲ့ဘူး။ အခုတော့ ရှင်က ထွက်သွားချင်နေပြီလား"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက သူ့ရဲ့လက်တွေကို ဆုပ်ပြီးတော့ ရိုသေလေးစားတဲ့ ဟန်ပန်အမူအရာနဲ့ ကျိုးကျိုးနွံနွံ ပြောလိုက်ပါတယ်။

"ဂုဏ်သရေရှိ အရှင်သခင်။ ဒီလူက ကျုပ်တို့ ယုကလန်ရဲ့ အဖွဲ့သား တစ်ယောက်ကို သတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့်

သူ့ရဲ့သေခြင်းအတွက် ရန်ကြွေးဆပ်ဖို့ ဒီကိုလာခဲ့တာပါ။ ဒါပေမဲ့ မင်းက သူ့ကို ကာကွယ်ထားတယ် ဆိုမှတော့ ဒီရန်ကြွေးကို ထားလိုက်ပါမယ်။ ဘယ်လိုလဲ”

“ဟင့်”

ဟော့လျန်ချွင်ရှယ်က ဒေါသတွေကို မျိုသိပ်ထားရပုံ ဖြစ်ပေါ်နေပါတယ်။ အဲဒီအခိုက်အတန့်မှာ နောက်ဆုံးတော့ သူမက ဒေါသတွေကို ပုံချပစ်ရမဲ့ ပစ်မှတ်တစ်ခုကို ရှာတွေ့သွားသလိုမျိုး သူမရဲ့ အကြည့်တွေက ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲပေါ်ကို ကျရောက်နေပြီး သူမရဲ့ သတ်ဖြတ်ခြင်း အရှိန်အဝါက လည်ပတ်လို့ နေပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲ ပြုံးလိုက်ပါတယ်။ ဒီလူသတ်ချင်တဲ့ ဒေါသက သူ့ဆီကို တန်းပြီးတော့ ကျရောက်သင့်တယ်လို့ ခံစားရပါတယ်။ ဒါပေမဲ့ အခုတော့ ဘယ်လိုကြောင့်မှန်း မသိပဲ ဒီဟိုင်းညီးကို ကြည့်ရတာ သူမရဲ့ အာရုံတွေကို မှန်းချက်နဲ့ မကိုက်ပဲ ဂရုန်းသုန်းကား ဖြစ်အောင် လှည့်သွားခဲ့ပြီး တကယ့်တရားခံအစစ်

ဖြစ်တဲ့ သူ့ကိုတော့ လွှတ်ပေးပြီးတော့ ချိတ်ကို ပစ်လွှတ်ပြီး ယုကာလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲဆီကို ချိတ်ပစ်လိုက်ပါတယ်။

မင်းကိုယ်မင်း ကံကောင်းဖို့ပဲ ဆုတောင်းပေတော့။ လင်းဟာန်က တွေးလိုက်ပါတယ်။

ယုကာလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲလည်း ဒေါသထွက်သွား ခဲ့ပါတယ်။ သူတို့ နှစ်ယောက်စလုံးက အဆင့်မြင့် ကောင်းကင်အဆင့်ခြင်း တူညီပါတယ်။ ပြီးတော့ သူက ဒီကိစ္စကိုက အလျော့ပေးပြီးတော့ သူလည်းပဲ သူမရဲ့ ရိုက်ချက်တစ်ချက်ကို ခံယူခဲ့ရ ပါသေးတယ်။ ဒါကိုတောင် သူမက ဘာများထပ်ပြီးတော့ လိုချင်သေးတာလဲ။ သူက အကျီလက်ကို ခါလိုက်ပြီး သတ္တိကောင်းတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ဂုဏ်သရေရှိတဲ့ အရှင်သခင်။ ငါကလည်း ပြဿနာဖြစ်လိုကောင်းတဲ့ လူတစ်ယောက် မဟုတ်ဘူးနော်"

သူက အစိမ်းရောင် ကျောက်ပြားတစ်ခုကို ထုတ်ယူလိုက်ပါတယ်။ အဲဒီမျက်နှာပြင်ပေါ်မှာ ရုပ်ထွေးနေတဲ့ သင်္ကေတတွေ ပြည့်နှက်နေပြီး ရှေးဟောင်း အငွေ့အသက်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက အတော်လေးကို ပြိုင်ဘက်ကင်းတဲ့ အရာတစ်ခု ဆိုတာကို နားလည်သဘောပေါက်ပြီး ပြောနိုင်ပါတယ်။

စိတ်ဝိညာဉ် ပစ္စည်းတွေကို သွန်းလုပ်တဲ့ ပညာရပ်က ပျောက်ကွယ်သွားခဲ့တာ တော်တော်ကို ကြာပါပြီ။ ဒါကြောင့် ကျင့်ကြံသူတွေ အားလုံးက အခုဆိုရင် သူတို့ရဲ့ လက်နက်တွေကို သိုင်းပညာ စိတ်စွမ်းအားနဲ့ သူတို့ကိုယ်ပိုင် ခန္ဓာကိုယ်ရဲ့ မူလစွမ်းအင်တွေကို အသုံးပြုပြီး ပြုစုပျိုးထောင် ပေးရပါတယ်။ အချိန်တွေ ကုန်ပြီးတော့မှ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်လာတာပါ။ စိတ်ဝိညာဉ် ပစ္စည်းတစ်ခုနဲ့ ကျင့်ကြံသူ တစ်ယောက်က သူတို့ရဲ့ အစွမ်းထက်ဆုံး ခွန်အားနဲ့ စွမ်းဆောင်ရည် အပြည့်အဝကို

ထုတ်ဖော်ပြီး ရှေ့တက် တိုက်ခိုက်နိုင်ပါတယ်။

ဒါပေမဲ့ ရှေးဟောင်းအချိန်တွေတုန်းက စိတ်ဝိညာဉ် ပစ္စည်းတွေကို လက်နက်ပြုလုပ်သူတွေက သွန်းလုပ်ခဲ့ ကြပါတယ်။ သင်္ကေတွေကို ခွဲခြမ်းစိတ်ဖြာပြီး ရေးထွင်းမှုတွေ လုပ်ခဲ့ပြီးတော့ စိတ်ဝိညာဉ် ပစ္စည်းတွေက ဘယ်သူ့လက်မှာပဲ ကိုင်ဆောင်ထားသည်ဖြစ်စေ ကိစ္စမရှိပဲ အဆုံးစွန် စွမ်းအားကို ထုတ်ဖော်နိုင်စွမ်း ရှိပြီးတော့ ကျင့်ကြံသူရဲ့ အဆင့်ကိုတောင် သာလွန်နိုင်စွမ်း ရှိနိုင်ပါတယ်။

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က သူကိုယ်တိုင် ပြုစုပျိုးထောင်ထားတဲ့ စိတ်ဝိညာဉ် ပစ္စည်းကို အသုံးမပြုပဲ ရှေးဟောင်းစိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို တကယ်ကြီး ဆွဲထုတ်လိုက်ပါတယ်။ ဒါက သူ့ကိုယ်ပိုင် စိတ်ဝိညာဉ် ပစ္စည်းထက် ဒီစိတဝိညာဉ် ပစ္စည်းရဲ့ စွမ်းအားက ပိုမိုသာလွန်တယ် ဆိုတာကို ဖော်ပြနေပါတယ်။

ဒါကို လျော့တွက်ထားလို့ မရနိုင်ပါဘူး။

ဒါကြောင့် လင်းဟန်က အနည်းငယ် တရှူရှူ ဖြစ်စေပြီး သူ့သဘာဝအတိုင်း ဒီကျောက်ပြားကို ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ စုပ်ယူပစ်ချင်နေပါတယ်။ အများဆုံး ကျောက်တုံးစိတ်ဝိညာဉ်ကို သွားရည်တမြားမြား ကျစေပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဟော့လျန်ချွင်ရှယ်က လုံးဂကို ဂရုမစိုက်ပဲ သူမရဲ့ လက်တွေကို နောက်ဘက်မှာ ပစ်ထားပြီး သူမရဲ့ ညာဘက်လက် တစ်ဖက်ကိုပဲ ဆန့်ထုတ်ပြီးတော့ ကြောက်ရွံ့မှု ကင်းစွာနဲ့ ကြေညာလိုက်ပါတယ်။

"ရှင်ကို ရင်ဆိုင်ဖို့ဆိုရင် လက်တစ်ဖက်တည်းနဲ့ လုံလောက်ပြီ"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ဒေါသထွက်သွားပုံ ရပါတယ်။ သူ့ကိုယ်သူ နာမည်တစ်ခု တည်ဆောက်ထားခဲ့တာ အချိန်တော်တော် ကြာနေပါပြီ။ နောက်ပြီးတော့ ကောင်းကင်အဆင့် ဆိုတာက ဒီကမ္ဘာကြီးထဲမှာ

ထိပ်ဆုံးအဆင့် တည်ရှိမှုတွေလို့ သတ်မှတ်နိုင်ပါတယ်။ သူ့ကိုတွေ့တဲ့အခါ ဘယ်သူကများ ရိုရိုသေသေနဲ့ နှုတ်မဆက်တာ ရှိလို့လဲ။ အခုတော့ ဒီလိုမျိုး ဟန်ပန်အမူအရာနဲ့ သူ့ကို နိမ့်ချပြီးတော့ ကြည့်နေပါတယ်။ ဒါက သူ့ကို အကြီးအကျယ် အရှက်ခွဲ စော်ကားလိုက်သလို ခံစားရပါတယ်။

သူက ကျောက်ပြားကို ဆွဲထုတ်ယူလိုက်ပြီး ချက်ချင်းဆိုသလို အဲဒီ ကျောက်ပြားက ပျံတက်သွားကာ လေထဲမှာ ထူးခြားဆန်းကြယ်တဲ့ အလင်းရောင်တွေ တောက်ပလင်းလက်လာပြီး လျှင်မြန်စွာနဲ့ တောင်သေးသေးလေး တစ်လုံးအဖြစ် ကြီးထွားလာပြီးတော့ ဟော့လျန်ချွင်ရွှယ်ကို ရိုက်ချလိုက်ပါတယ်။

ဟော့လျန်ချွင်ရွှယ်ရဲ့ အမူအရာက အနည်းငယ် အံ့အားသင့်မှု အရောင်သန်း လာခဲ့ပါတယ်။ သူမအတွက် ဒီကျောက်ပြားရဲ့ အလေးချိန်က အခုဆိုရင် အံ့အားသင့်စရာ ကောင်းလောက်အောင် လေးလံနေတယ် ဆိုတာကို အာရုံခံနိုင်ပြီး တောင်တစ်လုံးရဲ့ အထွတ်အထိပ် တစ်ခုထက် ပိုပြီးတော့ တုန်လှုပ်ချောက်ချားစရာ ကောင်းနေတယ် ဆိုတာကို တွက်ဆနိုင်ခဲ့ပါတယ်။

ရှေးဟောင်းချိန်က လူတွေရဲ့ လက်နက်သွန်းလုပ်တဲ့ နည်းပညာတွေက တကယ့်ကို အံ့သြစရာ ကောင်းလွန်းပါတယ်။ ဒါကိုကြည့်ရတာ တကယ့်တောင်ကြီး တစ်လုံးကို သေးငယ်တဲ့ အရွယ်အစား ဖြစ်သွားအောင်လို့ အတင်းအကျပ် မွမ်းမံပြီးတော့ လိုအပ်တဲ့ အချိန်ရောက်လာတဲ့ အခါမှာ လူတစ်ယောက်ယောက် အပေါ်ကို တန်းပြီးတော့ ရိုက်ချနိုင်အောင် အသုံးပြုထားပုံ ရပါတယ်။

အလေးချိန်က သတ်မှတ်ထားတဲ့ ပမာဏကို ရောက်လာတဲ့ အချိန်မှာ ရိုက်ချလိုက်တာက ကမ္ဘာကြီးရဲ့ အံ့သြဖွယ်ရာ အကောင်းဆုံး တိုက်ခိုက်မှုနဲ့ တူညီပါလိမ့်မယ်။

သူမက နာခေါင်းရှုံ့ လိုက်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်က ချက်ချင်းပဲ လျှပ်စီးအလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲကာ နှိုင်းယှဉ်လို့တောင်မရတဲ့ ပေါ့ပါးဖျတ်လတ်မှုနဲ့အတူ အရှေ့ကို တိုးလာခဲ့ပါတယ်။

အရမ်းကို လျင်မြန်တယ်။

လင်းဟန်က သူ့မျက်လုံးတွေ ဝေဝါးသွားသလို ခံစားလိုက်ရပြီး ဟော့လျှန်ချွင်ရှယ်ရဲ့ ပုံရိပ်ကို ဖမ်းမမိနိုင်ခဲ့ပါဘူး။ ပြောရမယ်ဆိုရင် သူလည်း မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့အမြန်နှုန်းက ကောင်းကင်အဆင့်နဲ့ နိုင်းယှဉ်လို့ ရနိုင်လာခဲ့ ပါတယ်။ အဲဒီနောက် ဟော့လျှန်ချွင်ရှယ်က ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် အဖြစ်နဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်လာတဲ့ နောက်မှာတော့ သူမရဲ့ အမြန်နှုန်းက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အထွတ်အထိပ် အမြန်နှုန်းနဲ့တောင်မှ သူမရဲ့ အမြန်နှုန်းနဲ့ဆို အနည်းဆုံး သူတို့အတွက် ယှဉ်ပြိုင်လို့ ရနိုင်ရုံပဲ ရှိပါလိမ့်မယ်။ ဟုတ်တယ် မဟုတ်လား။

လျပ်ပြက်သလိုပဲ ဟော့လျှန်ချွင်ရှယ်က ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ အရှေ့ကို ရောက်သွားပြီး

သူမရဲ့ နူးညံ့သိမ်မွေ့ပြီး နှင်းလိုဖြူဆွတ်နေတဲ့ လက်တစ်ဖက်က သူ့ရဲ့ နဖူးပေါ်ကို ဖိကပ်တိုက်ခိုက် လိုက်ပါတယ်။

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အလျင်အမြန်ပဲ သူ့လက်ကို မြောက်ပြီးတော့ ဒီတိုက်ခိုက်မှုကို ခုခံလိုက်ပေမဲ့ သူ့မျက်နှာပေါ်မှာ ပော့လျှန်ချွင်ရွှယ်ရဲ့ အမြန်နှုန်းက သူခန့်မှန်းထားတာထက် သာလွန်နေတာကြောင့် မှင်တက်အံ့သြတဲ့ အမူအရာတစ်ခု ဖြစ်လာခဲ့ ပါတယ်။ ဒါက အရမ်းကို ပေါ့ပါးဖျတ်လတ်ပြီးတော့ သူ့အနေနဲ့ ပြန်တုံ့ပြန်ဖို့ အချိန်တောင် မရရှိခဲ့ ပါဘူး။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

ခွန်အားကြီးမားတဲ့ ကောင်းကင်အဆင့် ကျင့်ကြံသူ နှစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ ကြပါတယ်။ ဒါပေမဲ့ တကယ့်အဖြစ်မှန်က ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက တစ်ချိန်လုံး အရိုက်နက် ခံနေရပြီး ပြန်တိုက်ခိုက်ဖို့ လုံးဝကို အခွင့်အရေး မရှိပါဘူး။

သန်မာတယ်။ တကယ့်ကို သန်မာတယ်။ လင်းဟန်က သူ့ကိုယ်သူ စဉ်းစားလိုက် ပါတယ်။ ပော့လျန်ချင်ရွှယ်က ပင်လယ်မျိုးနွယ်စုရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ မူလစွမ်းအင်က ကောင်းကင်အဆင့်ကို အဆင့်တက်သွားခဲ့ရုံတင်မက သူမရဲ့ အသိအမှတ် ပြုရလောက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အစွမ်းကလည်း ဘယ်လိုမှ နှိမ့်ကျစရာအကြောင်း မရှိပါဘူး။ ဒီလိုမျိုး နှစ်မျိုးပေါင်း ကျင့်ကြံထားတဲ့ လက်ရွေးစင် အမျိုးအစားက အဆင့်တူထဲက မူလစွမ်းအင် ကျင့်ကြံသူကို ချေမှုန်းပစ် နိုင်ပါတယ်။

အခု သူမက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို ကျင့်ကြံအားထုတ်ထားပြီး သူမရဲ့ စွမ်းအားက ပိုပြီးတော့တောင် ထိတ်လန့်စရာ ကောင်းလာပါတယ်။

ဒါက အဆင့်တူထဲက ပြိုင်ဘက်နှစ်ယောက် အကြားက တိုက်ပွဲတစ်ခုမှာ လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ ခွန်အားက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းသလဲ ဆိုတာ ပေါ်လွင်ပါတယ်။

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ဒေါသကြောင့် သွေးတွေပွက်ပွက် ဆူလာခဲ့ ပါတယ်။ ဒါကိုကြည့်ပါဦး။ သူ့အနေနဲ့ ဟော့လျန်ချွင်ရှယ်ရဲ့ ဘေးကိုတောင် ထိအောင်လို့ မလုပ်နိုင်ပါပဲနဲ့ ရက်ရက်စက်စက်နဲ့ အရိုက်ခံနေရပါတယ်။ အဲဒီနောက်မှာ သူ့ရဲ့ ဒေါသတွေက ပေါက်ကွဲထွက်လာပြီး ကျောက်ပြားကို ပြန်လည်ဆင့်ခေါ်ပြီးတော့ သူ့လမ်းကြောင်းအတိုင်း ရိုက်ချပစ်လိုက်ပါတယ်။

မင်းရှောင်နိုင်မလား မရှောင်နိုင်ဘူးလား။ တကယ်လို့ မရှောင်ရင် ငါမင်းကိုလည်း အတူတူ ရိုက်ချပစ်လိုက်မယ်။

Chapter 743 end

အပိုင်း(၇၄၄) ဒါက နင့်သားပဲ

ဒီတိုက်ကွက်က အရမ်းကို စက်ဆုပ်ရွံ့ရှာစရာ ကောင်းပြီးတော့ အရမ်းလည်း ထိရောက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က သူနဲ့အတူ ပျက်စီးဖို့ ဆန္ဒမရှိဘူးဆိုတာ အသိသာကြီးပါ။ ပြီးတော့ သူမရဲ့ ပုံရိပ်က ရုတ်တရက် လူးလာပျံသန်းပြီးတော့ ကျောက်ပြားကြီးရဲ့ ရိုက်ချတဲ့ ဧရိယာကနေ လွတ်အောင်လို့ ရှောင်တိမ်းလိုက်ပါတယ်။

ယုကာလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ဒီတိုက်ကွက်ရဲ့ ထိရောက်မှုကို ကြည့်ပြီးတော့ သူ့ပါးစပ်ကနေ မနစ်မြို့စရာ စူးစူးဝါးဝါး ရယ်သံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဒီကျောက်ပြားကို ပိုမိုကြီးပမ်း လှုံ့ဆော်ပြီးတော့ ဟော့လျန်ချွင်ရှယ်ရဲ့ ဦးတည်ရာဆီကို လိုက်သွားစေ လိုက်ပါတယ်။ ဒါပေ့ါ။ ဟော့လျန်ချွင်ရှယ်ရဲ့ အမြန်နှုန်းကို သူသိပါတယ်။ သူ့အတွက်တော့ သူမကို ရင်ဆိုင်တိုက်ခိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူက သူမကို အပေးကို နှင်ထုတ်ပစ် နိုင်ပါတယ်။

သူလိုချင်တာက လင်းဟန်ရဲ့ အသက်ပဲ မဟုတ်လား။

ပောာ့လျှန်ချွင်ရှယ်ကို ကြည့်ရတာ သူမအတွက် မလွယ်ကူတဲ့ စိုးရိမ်ပူပန်မှုကြီးတစ်ခု ရှိနေသလိုမျိုးနဲ့ ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲနဲ့ ပြင်းပြင်းထန်ထန် ထိပ်တိုက်ရင်ဆိုင်ဖို့ ဆန္ဒရှိပုံ မရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်ထက်တောင် သာလွန်တဲ့ သူမရဲ့ သန်မာတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ဆိုရင် သူမက သေချာပေါက် ဒီလေးလံလှတဲ့ စိတ်ဂိညာဉ် ပစ္စည်းအမျိုးအစားကို လှုပ်ခါသွားစေဖို့ အရည်အချင်း ရှိပါတယ်။

ဒါက လင်းဟန်ကို အံ့ဩပြီးတော့ လျှာသပ်မိ သွားစေခဲ့ပြီး လုံးဝကို နားမလည်နိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဖြစ်နိုင်တာက မှတ်ဉာဏ်တွေ ဆုံးရှုံးသွားခဲ့တာက ပောာ့လျှန်ချွင်ရှယ်ကို သက်ရောက်မှု ရှိနေဆဲများလား။ သူမရဲ့ ဆုံးဖြတ်ချက်တွေ လှုပ်ရှားမှုတွေက တိုက်ပွဲမှာ အခက်တွေ့စေပြီး သူမရဲ့ လက်တွေနဲ့ ခြေထောက်တွေကို တွဲချည်ထားသလို ဖြစ်နေတာလား။

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အညှာအတာ ကင်းမဲ့စွာနဲ့ တရစပ် တိုက်ခိုက်နေပြီး ပောာ့လျှန်ချွင်ရှယ်က

ဆက်တိုက်နောက်ဆုတ် နေခဲ့ရပါတယ်။ အခြေအနေက ချက်ချင်းဆိုသလို ပြောင်းပြန်ဖြစ်သွား ခဲ့ပါတယ်။

"ဂုဏ်သရေရှိ အရှင်သခင်။ ငါမှာ အတွေ့အကြုံနည်းပြီးတော့ မပါးမနပ်နဲ့ တဖွတ်ထိုး လုပ်တတ်တဲ့ လူတွေနဲ့ ပြဿနာ မဖြစ်ချင်သလို ပါးနပ်မှုမရှိတဲ့ မင်းနဲ့လည်း ပြဿနာ မဖြစ်ချင်ဘူး။ တကယ်လို့ မင်းအခု ထွက်သွားမယ်ဆိုရင် ဒီကိစ္စကို ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးလို့ ငါသတ်မှတ်လိုက်မယ်"

ယုကာလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ပြောလိုက်ပါတယ်။ သူက တကယ်ပဲ ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်နဲ့ ဆုံးခန်းတိုင် ပြဿနာ မတက်ချင်ပါဘူး။

ဟော့လျန်ချွင်ရှယ်က အေးစက်စက် နှာခေါင်းတချက် ရှုံ့ပြီးတော့ သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ လက်တစ်ဖက်နဲ့ အသာလေး ပုတ်လိုက်ပြီး မူလစွမ်းအင် အားလှိုင်းတစ်ခုကို ဝေ့လည်နေတဲ့ လှုပ်ရှားမှု တစ်ခုနဲ့ အရှေ့ကို တိုးလာခဲ့ပါတယ်။ သင်္ကေတပုံစံတွေက တလက်လက် တောက်ပလင်းလက်နေပြီး သူတို့ရဲ့ အစွမ်းထက်တဲ့

အင်အားတွေက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှပါတယ်။

"ဟင့်။ ဒါဆိုရင် ငါလည်း မင်းနဲ့ စကားပြောပြီး
အချိန်မဖြုန်းတော့ဘူး"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက လှောင်ပြုံးပြုံး
လိုက်ပါတယ်။ အဲဒီနောက် သူက ရုတ်ချည်းဆိုသလို ချာခနဲ
လှည့်ပြီးတော့ သူ့ကြည့်တွေက လင်းဟာန်ရှိတဲ့ဘက်ကို တည့်တည့်
စိုက်ကြည့်လိုက်ပါတယ်။

"ငါမင်းကို အရင်ဆုံး သတ်ရမှာပေါ့"

ဒါက သူ့အတွက် ဒီနေရာကို လာရတဲ့ အဓိက တာဝန်ပဲ
ဖြစ်ပါတယ်။

ဒီကောင့် ကိုယ်ပေါ်မှာ နှစ်ပေါင်းတစ်သောင်း သက်တမ်းရှိတဲ့

ပုလဲလုံး တစ်လုံး ရှိနေပါတယ်။ သူက အဲဒါကို ရအောင်လို့ ယူရပါမယ်။ ဒါပေါ့။ လင်းဟန်က ယုကလန်ရဲ့ မျိုးဆက် တစ်ယောက်ကို သတ်ပစ်မှုအတွက် သွေးကြွေးဆပ်တယ် ဆိုတာက အကြောင်းပြချက် တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းတစ်သောင်း သက်တမ်းရှိတဲ့ ရတနာ ပုလဲနဲ့ နှိုင်းယှဉ်လိုက်ရင် ဒုတိယ နေရာကို ရောက်သွားပါလိမ့်မယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မွန်းစတားအိုကြီး ကျုပ်က ခင်ဗျားကို ဘယ်လိုမျိုး နှိမ်နင်းမလဲ ဆိုတာကို ကြည့်ရအောင်"

သူက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ပစ်ထုတ်လိုက်ပြီး သင်္ကေတ ပုံစံတွေက အသက်ဝင်လာပြီးတော့ တောက်ပလင်းလက်လာပြီး ထူးဆန်းတဲ့ ရောင်စဉ်တန်းတွေ ထုတ်လွှတ်လို့ နေပါတယ်။

ဘုန်း ဘုန်း ဘုန်း။

အဲဒီ ကျောက်ပြားက လျှင်မြန်စွာနဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံဆီကို ရွေ့လျားလာပြီး သူ့အရွယ်အစားကလည်း လျှင်မြန်စွာနဲ့ ကျုံ့လာခဲ့ပါတယ်။

"ဘာလဲဟ"

ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက အကြီးအကျယ် အံ့အားသင့် သွားခဲ့ပြီး ဒီစိတ်ဂိညာဉ် ပစ္စည်းနဲ့ သူ့အကြားက ဆက်သွယ်မှု ပျောက်ဆုံးသွားသလို ခံစားလိုက် ရပါတယ်။ သူက ဒေါသတကြီးနဲ့ အော်ဟစ်ပြီးတော့ လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ သူက ဒီစိတ်ဂိညာဉ် ပစ္စည်းကို ရှေးဟောင်းဂူသင်္ချိုင်း တစ်ခုကနေ ရရှိခဲ့ပြီး အဆင့်တူထဲက လက်ရွေးစင် တချို့ကို သတ်ပစ်နိုင်အောင်လို့ သူ့ကို ကူညီပေးခဲ့ပါတယ်။ ဒါက သူ့ရဲ့အသန်မာဆုံး ဂုက်ဖဲ ဖြစ်ပါတယ်။ ပြီးတော့ သူ့အနေနဲ့ ဒီပစ္စည်းကို ဆုံးရှုံးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

တစ်ဖက်မှာကတော့ လင်းဟန်ကိုင်ထားတာက ကျောက်ဆုံလေး တစ်ခုမျှပဲ ဖြစ်ပါတယ်။ ကျောက်ပြားကို စုပ်ယူနိုင်စွမ်းရှိတဲ့ အာနိသင်က အကြီးအကဲကို စကားလုံးတွေနဲ့တောင် ဖော်ပြလို့ မရနိုင်အောင် အံ့အားသင့် သွားခဲ့ပြီး မြူးထူးပျော်ရွှင် သွားခဲ့ပါတယ်။ တကယ်လို့ သူက ဒီကျောက်ဆုံကို လုယူနိုင်ခဲ့မယ်ဆိုရင် နောက်ထပ် ရတနာ ပစ္စည်းတစ်ခုကို ရရှိသွားတာပဲ မဟုတ်ဘူးလား။

သူ့မျက်နာက လောဘကြောင့် တလက်လက် တောက်ပနေပြီး လင်းဟန်ကို ဖမ်းဆုပ်ဖို့ သူ့ရဲ့ ညာဘက်လက်ကို ဆန့်ထုတ်လိုက်ပါတယ်။

"ဟင့်"

မကောင်းဆိုးဂါး ဆန်ပြီးတော့ အထင်သေးမှုတွေနဲ့ ပြည့်နှက်နေတဲ့ နှာခေါင်းရှုံ့သံ တစ်ခုက သူ့အနောက်ကနေ ထွက်ပေါ်လို့

လာပါတယ်။

အား မပာတ်ဘူး။

သူ့ခေါင်းထဲမှာ ဒီအတွေး ပေါ်လာတာနဲ့ သူ့ရင်ဘက်ဆီကနေ နာကျင်မှုဒဏ် တစ်ခုကို ခံစားလိုက်ရပြီး သူ့ခန္ဓာကိုယ်က နောက်တစ်ကြိမ် ဆွဲလွှင့်လိုက်သလိုမျိုး ဖြစ်သွားပြီး သူ့မျက်လုံးထဲက ပောာ့လျှန်ချွင်ရွှယ်ရဲ့ ပုံရိပ်က တဖြည်းဖြည်း ပိုပိုပြီးတော့ သေးလာခဲ့ပါတယ်။

သူက နောက်တစ်ကြိမ် တိုက်ခိုက်ခံလိုက် ရပြီးတော့ လွှင့်ထွက်သွားခဲ့တယ်ဆိုတာ သေချာပါတယ်။

ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူက သိပ်ပြီးတော့ ကံမကောင်းပါဘူး။ ပောာ့လျှန်ချွင်ရွှယ်က သူ့ကို လိုက်မီသွားပြီး သူ့အပေါ်ကို တရစပ် တိုက်ခိုက်ပါတော့တယ်။

စိတ်ဂိညာဉ် ပစ္စည်းရဲ့ ကာကွယ်မှု မရှိတော့တာကြောင့် သူ့အနေနဲ့ ဘယ်လိုလုပ်ပြီး ဟော့လျှန်ချွင်ရှယ်ကို ယှဉ်နိုင်မှာလဲ။ သူမက ပင်လယ်မျိုးနွယ်စုရဲ့ တော်ဂင်မျိုးနွယ် ဖြစ်ပြီးတော့ မူလစွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ် နှစ်မျိုးလုံးကို ကျင့်ကြံအားထုတ်ထားတဲ့ ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ ပင်လယ်မျိုးနွယ်စုရဲ့ လျှို့ဝှက်နည်းစနစ်တွေကို ပိုင်ဆိုင်ထားတယ် မဟုတ်လား။ သူမရဲ့ တိုက်ခိုက်မှု စွမ်းရည်က သေချာပေါက် ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

အချိန်ခဏလေး အတွင်းမှာပဲ ယုကလန်ရဲ့ ခုနစ်ယောက်မြောက် အကြီးအကဲက ရိုက်နက်ခံ နေရပြီး ဆိုးဆိုးဝါးဝါး ရှုံးနိမ့်သွားပြီး ရွေးချယ်စရာ မရှိပဲ ထွက်ပြေးရပါတယ်။

ကောင်းကင်အဆင့် ဆိုတာ ကောင်းကင်အဆင့်ပါပဲ။ သူ့ကိုယ်ပိုင် အသက်ဓာတ်ကို လောင်ကျွမ်းစေပြီး သူ့အမြန်နှုန်းကလည်း မှုမှုတတနဲ့ ပေါ့ပါးဖျတ်လတ်လာပြီး ဟော့လျှန်ချွင်ရှယ်ရဲ့ အမြန်နှုန်းနဲ့တောင် ယှဉ်လို့ ရလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး ထိခိုက်ပျက်စီးမှုက ဆိုးဝါးပါတယ်။ သူ့ရဲ့အသက်မူလက

လျှော့ကျလာပြီး သူ့အသက်ဓာတ်ကို အနည်းဆုံး ဆယ်စုနှစ် အနည်းငယ် တိုသွားစေပါတယ်။

ဒါပေမဲ့ ဟော့လျန်ချင်ရှယ်ရဲ့ သေအောင်လို့ ရိုက်နက်တာကို ခံရတာထက်စာရင် ဆယ်စုနှစ် အနည်းငယ် လျှော့သွားတာကို သူ့အနေနဲ့ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

ဟော့လျန်ချင်ရှယ်က တကယ်လို့ သူမသာ ဆန္ဒရှိရင် လိုက်ဖမ်းလို့ ရပါတယ်။ ဒါပေမဲ့ သူမလည်း တူညီစွာနဲ့ သူမရဲ့ ကိုယ်ပိုင်အသက်ကို လောင်ကျွမ်းရ ပါလိမ့်မယ်။ အဲဒါက သူမက သူ့ကိုသေချာပေါက် လိုက်ဖမ်းလို့ ရပါလိမ့်မယ်။ ဒါပေမဲ့ သူမက ဒီလိုမျိုးလုပ်ဖို့ ဆန္ဒမရှိပါဘူး။

သူမက ခြေလှမ်းနှစ်လှမ်းလောက်ပဲ နောက်ကနေ လိုက်သွားပြီးတော့ လင်းဟန်ဘက်ကို ပြန်လှည့်လာခဲ့ပါတယ်။

"အရှင်သခင်မ ကူညီပေးမှုအတွက် ကျေးဇူးတင်ပါတယ်။

ခရမ်းရောင်လ အင်ပါယာက သေချာပေါက် ဆုလာဘ်တွေ ပေးပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်ကို ထိခိုက်နာကျင်အောင် လုပ်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျုပ်ကို အရင်ဆုံး ကျော်ဖြတ်ရပါမယ်"

ရှောင်ယောင်နန်က ပြောလိုက်ပြီး ဟော့လျန်ချွင်ရှယ်ရဲ့ လမ်းကို ရှေ့ထွက်လာပြီး ဟန့်တားလိုက် ပါတယ်။

ဒါက ခရမ်းရောင်လ အင်ပါယာရဲ့ ယုံကြည်မှု ဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက် ဖြစ်လာပြီ ဆိုရင်တော့ သူက သူ့လက်အောက်က လူတွေကို ကာကွယ်ပေးရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို နောက်လိုက်တွေက သူတို့ရဲ့ အသက်တွေကို စွန့်လွှတ်ရမဲ့ အကြောင်းတရားတွေကို ဘယ်လိုလုပ် နောက်မဆုတ်စတမ်း လုပ်နိုင်မှာလဲ။

ဟော့လျန်ချွင်ရှယ်က သူမရဲ့ လက်ကို ဆန့်ထုတ်ပြီးတော့ ပြော့ယမ်းလိုက်ပြီး ရှောင်ယောင်နန်ကို လွယ်လွယ်ကူကူနဲ့ ဘေးကိုတွန်းထုတ် လိုက်ပါတယ်။ အဲဒီနောက် သူမက လင်းဟန်ရဲ့

အရှေ့မှာ ရပ်ပြီးတော့ သူမရဲ့ အကြည့်တွေမှာ တစ်ခုခုကို တုံ့ဆိုင်းဆိုင်း ဖြစ်နေသလို တောက်ပ လင်းလက် သွားခဲ့ပါတယ်။

"ဟိုင်ညီး ဘာကိစ္စပဲဖြစ်ဖြစ် ငါတို့တွေ ထိုင်ပြီးတော့ အေးအေးဆေးဆေး ပြောကြတာပေါ့။ မပြောနိုင်တာ ဘာမှမရှိပါဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုကပါတယ်။ အဲဒီနောက်သူက ကျောက်ပြားကို သိမ်းထားလိုက် ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဖို့ လက်တစ်ကမ်း အကွာကို ရောက်နေပါပြီ။ တကယ်လို့ သူက ဒီကျောက်ပြားကို သန့်စင်နိုင်မယ် ဆိုရင် ကောင်းကင်အဆင့်ကို ရောက်ဖို့ သိပ်မဝေးတော့ပါဘူး။

အဲဒီနောက် သူက လူမိုက်တစ်ယောက်ကို ငှားရမ်းနိုင်ပြီလို့ သတ်မှတ်ယူဆလို့ ရပါပြီ။

ဟော့လျန်ချွင်ရှယ်က သူမရဲ့လက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟာန်ကို မပြီးတော့ ချာခနဲ လှည့်ထွက်သွားခဲ့ပါတယ်။

"တော့ငအေ ညီုး။ တော့ငအေ ညီုး"

ဟူးညို့က အော်ဟစ်ပြီးတော့ အလျင်အမြန်ပဲ ဟော့လျန်ချွင်ရှယ်နောက်ကို လိုက်သွားပါတယ်။ သူမက အရာအားလုံးနဲ့ ပတ်သက်ပြီး ဂရုမစိုက်ပဲ နေနိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ကို တခြားတစ်စုံတစ်ယောက်က လုယူသွားမှာကိုတော့ ဘယ်လိုမှ ခွင့်ပြုနိုင်မှာ မဟုတ်ပါဘူး။

"ကလေးမ။ ဦးလေးယုန်ဖြူကြီးကို စောင့်ပါဦး"

ယုန်ဖြူကြီးကလည်း တုံ့ဆိုင်းမနေပဲ အနောက်ကနေ လိုက်သွားလိုက်ပါတယ်။

ကျူးရှမ်အာလည်း မနေးပါဘူး။ ဒါပေမဲ့ သူမရဲ့ ကျင့်ကြံခြင်းက အားအနည်းဆုံး ဖြစ်တာကြောင့် သူမက နောက်ဆုံးနေရာကနေပဲ လိုက်လာနိုင်ပါတယ်။

ရှောင်ယောင်နန်က တုန်တုန်ရီရီနဲ့ ထလာခဲ့ပါတယ်။ သူ့ရင်ဘတ်နေရာမှာ အနည်းငယ် နာကျင်သလို ခံစားရပါတယ်။ သူက ဖြည်းဖြည်းလေး အသက်ကို ပြင်းပြင်းရှူပြီးတော့ မြေပြင်ပေါ် ထိုင်ချလိုက်ပါတယ်။ အဲဒီအချိန်အတွင်းမှာ တပ်သားအသစ်တွေထဲက ဘယ်သူကများ နောက်ကို လိုက်ပြီးတော့ ဖမ်းပွဲမှာလဲ။ သူမက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့က လိုက်ဖမ်းရင် သူမဆီကို သူတို့ရဲ့ ခေါင်းတွေကို ပို့ပေးလိုက်တာပဲ မဟုတ်လား။

သူမက အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကို မလုပ်ခဲ့ပါဘူး။ ဒါက သက်ညှာသနား ကြင်နာမှုကို ဖော်ပြတာ ဖြစ်ပေမဲ့ အသက်ကို နှုတ်မယူဘူးလို့ အာမခံချက် မရှိပါဘူး။

"လေ့ကျင့်ရေး စခန်းကို ပြန်ကြမယ်"

ရှောင်ယောင်နန်ကလည်း တပ်သားတွေကို လိုက်ဖမ်းပြီးတော့ တိုက်ခိုက်ခိုင်းတာက လက်တွေ့မကျဘူး ဆိုတာကို သိပါတယ်။ တစ်ခုတည်းသော နည်းလမ်းက ဒီကိစ္စကို အထက်ကို တင်ပြရပါမယ်။ ဒါက တပ်သားသစ် စုဆောင်းမှုထဲက တစ်ယောက် ဆိုပေမဲ့ ခရမ်းရောင်လ အင်ငပါယာက သူတို့လူတွေကို အနိုင်ကျင့်ခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့က သေချာပေါက် လက်ရွေးစင် တစ်ယောက်ကို အလျင်စလို စေလွှတ်ပါလိမ့်မယ်။ စစ်သူကြီး တစ်ယောက် ဒါမှမဟုတ် ဘုရင်တစ်ယောက်တောင် ဖြစ်နိုင်ပါတယ်။

ဟော့လျန်ချွင်ရှယ်က မရပ်မနား ရှေ့ကိုပြေးလာပြီး လင်းဟန်ကို ဆုပ်ကိုင်ထား ပါတယ်။ သူမရဲ့ အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းပြီးတော့ လင်းဟန်လို ဂန်ထုပ်ဂန်ပိုး တစ်ခု ပိုနေတာတောင် သူမရဲ့ အမြန်နှုန်းက အများကြီး လျော့မသွားခဲ့ပါဘူး။ အချိန်တော်တော် ကြာအောင်လို့ သွားပြီးတဲ့နောက်မှာ သူမက ရပ်ပြီးတော့ လင်းဟန်ကို မြေကြီးပေါ် ပစ်ချလိုက်ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ မပုန်းပါဘူး။ တကယ်လို့ ဟော့လျန်ချင်ရှယ် အနေနဲ့ သူ့ကိုသတ်ပစ်ချင်တယ်ဆိုရင် သူမက သူ့ကို လမ်းတစ်လျှောက်လုံး သယ်လာမှာ မဟုတ်ပါဘူး။ လင်းဟန်က ဖုတ်ဖက်ခါပြီးတော့ မတ်တတ်ရပ်လိုက်ပြီး ပြောလိုက်ပါတယ်။

"မင်းရဲ့ စိတ်နေစိတ်ထားက ရင့်ကျက်လာတာကို ငါမြင်ရတယ်"

ဟော့လျန်ချင်ရှယ်က သူ့ကို မျက်နှာတင်းတင်းနဲ့ စိုက်ကြည့်ပြီး ရုတ်တရက် အရှေ့ကို တိုးလာပြီး သူ့ကို တဘုန်းဘုန်းနဲ့ ရိုက်နက်လိုက်ပါတယ်။

သူမရဲ့ ထုနက်မှုတွေက ပြင်းထန်ပေမဲ့ တစ်ခုမှ သေစေလောက်တဲ့အထိ ဆိုးဆိုးဝါးဝါး မရှိပါဘူး။ လင်းဟန်က သူရဲ့ ခွန်အားကို အသုံးပြုပြီး သူ့ရဲ့ ချောမောခန့်ညားတဲ့ မျက်နှာကိုပဲ ဒိုင်းပုံစံမျိုး ကာကွယ်ထားပါတယ်။ တခြားနေရာတွေလား။

ကောင်းပြီလေ။ ထိချင်ထိ မှန်ချင်မှန်ပါစေ။ သူက ထူးဆန်းသလို ခံဏားရပါတယ်။ ဒီပင်လယ်မိန်းကလေးက တကယ်ပဲ ပိုပိုပြီးတော့ ပုံမှန်မဟုတ် ဖြစ်လာခဲ့ပါတယ်။

ဟော့လျန်ချွင်ရွှယ်က သူမကျေနပ်တဲ့အထိ ထုရိုက်လို့ အပြီးမှာတော့ နောက်ဆုံးမှာ ရပ်လိုက် ပါတယ်။ သူမရဲ့ ဂုတ်ရိုးရှည်ကို ချွတ်လိုက်တဲ့ အခါမှာ ကလေးငယ်တစ်ယောက် ထွက်ပေါ်လာပြီး သူမရဲ့ ကျောမှာ သယ်ဆောင်လာပြီးတော့ ချည်ထားပါတယ်။ ကလေးငယ်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီးတော့ သူ့လက်ချောင်းတွေထဲက တစ်ချောင်းကို စုပ်နေပြီး ကြည့်ရတာ အရမ်းကို ချစ်စရာ ကောင်းပါတယ်။

သူမက အဲဒီကျောက်ပြားနဲ့ အစောပိုင်းတုန်းက မဆင်မခြင် မတိုက်ခိုက်ခဲ့တာ အံ့သြစရာ မရှိတော့ပါဘူး။ ကလေးငယ်ကို ထိခိုက်သွားမှာကို စိုးရိမ်ပူပန်တာကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမရဲ့ ခွန်အားနဲ့ စိတ်နေစိတ်ထားအရ အဲဒီကျောက်ပြားကို အတင်းအဓမ္မ တိုက်ခိုက်လိမ့်မယ် မဟုတ်လား။

အင်း ဖြစ်နိုင်တာက ဒီကလေးက သူမရဲ့ သားများလား။

ဟော့လျန်ချွင်ရှယ်က ကလေးကို သူမရဲ့ လက်မောင်းတွေနဲ့ ပွေ့ဖက်ပြီးတော့ အချိန်အတော် ကြာအောင်လို့ စိုက်ကြည့်လိုက်ပါတယ်။ အဲဒီနောက် သူမက ကလေးကို လင်းဟာန်ဆီကို ပေးလိုက်ပြီး သူမရဲ့ မျက်နှာက အရမ်းကို လေးလေးနက်နက်ပုံစံနဲ့ ပြောလိုက်ပါတယ်။

"သူ့ကို သေသေချာချာ ဂရုစိုက်။ ဒါပေမဲ့ တကယ်လို့ သူ့ခန္ဓာကိုယ်ပေါ်က အမွေးတစ်ချောင်း ဆုံးရှုံးတာနဲ့ ငါနင့်ကို သတ်ပစ်ရလိမ့်မယ်။ နင့်ကို အကြိမ်ပေါင်း တစ်သောင်းလောက် သတ်ပစ်မယ်"

လင်းဟာန်က အမှတ်တမဲ့နဲ့ အနီးထုပ်ကို ဖမ်းလိုက်ပြီး အဲဒီနောက် ခေါင်းရှုပ်သွားပြီး အတော်လေးကို နားမလည်နိုင်သလို ဖြစ်သွားခဲ့ပါတယ်။

"တခြားလူအတွက် ကလေးတွေကို ပြုစုပျိုးထောင်ပေးတဲ့ အကျင့်ငါ့မှာရှိတယ်လို့လည်း မမြင်မိပါဘူး"

ဒီပင်လယ်မိန်းကလေးက ရိုက်နှက်ခံလိုက်ရပြီး ဝေါက်ကြောင်ကြောင် ဖြစ်သွားပြီးတော့ သူ့ကို တကယ်ပဲ ကလေးတစ်ယောက်ကို ထိန်းစေချင်နေတာလား။

"ဒါက နင့်သားပဲ"

ဟော့လျန်ချွင်ရွှယ်က ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

Chapter 744 end

အပိုင်း(၇၄၅) အဖေတစ်ယောက် အမှန်တကယ် ဖြစ်လာခြင်း

"ဒါက နင့်သားပဲ"

အဟွတ် အဟွတ်။

လင်းဟန်က ချက်ချင်းဆိုသလို ချောင်းတစ်ဟွတ်ဟွတ် ဆိုးသွားပြီးတော့ အဲဒီနောက်မှာ ပြန်ပြီးတော့ ပြောလိုက်ပါတယ်။

“အဲ အင်း ဟို ငါတို့ရဲ့ ပတ်သက်ဆက်နွယ်မှုက အတော်လေး နီးကပ်ခဲ့တယ်လို့ ဆိုနိုင်ပေမဲ့ မင်းအနေနဲ့ အဓိပ္ပါယ် မရှိတာတွေကို လျှောက်မပြောသင့်ဘူး။ ငါက လူပျိုတစ်ယောက် ဖြစ်နေဆဲပဲ။ ဘယ်လိုလုပ်ပြီးတော့ သားတစ်ယောက် ရှိနေတာလဲ။ မင်းအနေနဲ့ ငါ့ကို မင်းအတွက် ကလေးတစ်ယောက် ပြုစုပျိုးထောင်ပေးပြီး ဒုက္ခရောက်နေတဲ့သူကို ကူညီပေးတဲ့ လူတစ်ယောက် ဖြစ်စေချင်နေတာလား။ ကောင်းပြီလေ။ ဒါပေမဲ့ ငါက အရှုံးတော့ အလုပ်မခံနိုင်ဘူး”

ဟော့လျန်ချွင်ရွှယ်က ဒေါသထွက်သွားပါတယ်။ သူ့ရင်ဘတ်ကို ဖမ်းဆုပ်ပြီးတော့ သူ့ကို သက်တောင့်သက်သာနဲ့ မလိုက်ပြီး

မာဆတ်ဆတ်နဲ့ ပြောလိုက်ပါတယ်။

"နင့်မျက်စိ ကန်းနေတာလား။ နင့်သားက နင်နဲ့ တထေရာတည်း ချွတ်စွပ်တူနေတာကို နင်မမြင်ဘူးလား။ သူက နင့်ရုပ်နဲ့ တစ်ပုံစံတည်းပဲ"

လင်းဟန်က မမိုတ်မသုန် စူးစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူ့အတွက် အများကြီးပြောဖို့ တကယ်ပဲ ခက်ခဲပါတယ်။

ဒီဘဝမှာ သူက တကယ်ပဲ ကိုယ်လုံးပေါ် ကြေးမုံပြင်မှာ သူ့ပုံကို အနည်းငယ်လောက် ကြည့်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့မျက်နှာသွင်ပြင်နဲ့ ပတ်သက်ပြီး ရင်းနှီးနေပြီး သူ့အတိတ်ဘဝက အားလုံးနဲ့ ပတ်သက်ပြီး ဂရုမစိုက်ပါဘူး။ လင်းဟန်က စပ်ဖြဲဖြဲ ပြုံးလိုက်ပါတယ်။ အနာဂတ်မှာ တကယ်လို့ သူ့အနေနဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ် ဒါမှမဟုတ် ကျူးရွှမ်အာနဲ့ ကလေးတွေ ရလာခဲ့မယ်ဆိုရင် အဲဒီနောက် ကလေးတွေက သူ့ရဲ့ ဒါမှမဟုတ် သူ့ရဲ့ရှေ့လူကို စေ့စေ့စပ်စပ် သုံးသပ်ဆင်ခြင် ကြပါလိမ့်မယ်။

အိုး ဘယ်လောက် ဇရုတ်ကျလိုက်သလဲ။ ဒီကိစ္စကို ကြည့်ရတာ အလုပ်ဖြစ်ဖို့ ခက်ပါသေးတယ်။

ဟော့လျှန်ချွင်ရှယ်က ပိုပြီးတော့ ဒေါသထွက် လာခဲ့ပါတယ်။ ဒီလိုအချိန်မျိုးမှာတောင် ဒီကောင်က အတွေးတွေ ပျံ့လွင့်နေရဲ သေးတာလား။ သူမက လင်းဟန်ကို တစ်ချက်လှုပ်ပြီးတော့ မာမာထန်ထန်နဲ့ ပြောလိုက်ပါတယ်။

"နားထောင်စမ်း။ ဒါက နင့်သားပဲ။ သူ့ကို ကောင်းကောင်း ပျိုးထောင်ပါ။ ငါပြန်လာတဲ့ အချိန်ကျရင် တကယ်လို့ သူ့ဆံပင်မွေး တစ်ချောင်း ပျောက်ဆုံးနေတာကို ရှာတွေ့မယ်ဆိုရင် နင့်ကို အပိုင်းပိုင်း ခုတ်ဖြတ်ပြီး ငါးစာကျွေးပစ်မယ်"

လင်းဟန်က သူ့လက်နဲ့ လက်ဟန်ခြေဟန် လုပ်ပြီးတော့ ပြန်တုံ့ပြန် လိုက်ပါတယ်။

"ကောင်းပြီလေ။ သူက ငါ့သားဆိုတာကို ငါယုံလိုက်ပါမယ်။ ခုလတ်တလော အချိန်မှာတော့..."

"ဒါပေါ့ သူက နင့်ရဲ့သားပဲ"

ဟော့လျန်ချွင်ရွှယ်က စကားဖြတ်ပြောလိုက်ပါတယ်။

လင်းဟန်က ကျွဲမြီးတိုသွားပုံ ရပြီးတော့ ထောက်ပြလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ငါမမှတ်မိတာလဲ။ မင်းနဲ့ ဟိုဒင်းဟိုဟာ ကိစ္စကိုလေ"

ဟော့လျန်ချွင်ရွှယ်ရဲ့ လှပချောမောတဲ့ မျက်နှာပေါ်မှာ ရှက်သွေးတွေ ပျံ့နှံ့လာခဲ့ပါတယ်။ သူမရဲ့ မျက်နှာကို မျက်နှာဖုံး တပ်ထားတာကြောင့် မြင်သွားမှာကို ကြောက်နေစရာ မလိုပါဘူး။ သူမက တီးတိုးပြောလိုက်ပါတယ်။

"မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို ရယူတဲ့ အချိန်ကို နင်မေ့သွားပြီလား"

လင်းဟန်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဒီရှုးနေတဲ့ မိန်းကလေးက လျှပ်စီးမိုးခြိမ်းသံ နယ်မြေထဲကို ပြေးဝင်သွားခဲ့ပြီး သူက သူမကို နောက်ဘက်ကို ပြန်ဆွဲချင်ခဲ့တာပါ။ ဒါပေမဲ့ အဆုံးမှာတော့ လျှပ်စီးမိုးကြိုးတွေ ဝိုင်းပတ်လာပြီး သူတို့ရဲ့ အဂတ်အစားတွေလည်း အပိုင်းပိုင်း အစစ စုတ်ပြဲသွားပြီးတော့ အတူတကွ ရစ်ပတ်မိ သွားခဲ့ပါတယ်။

ဖြစ်နိုင်တာက အဲဒီအချိန်မှာပဲ သူက မမျှော်လင့်ပဲ မတော်တဆ ဒီမိန်းကလေးနဲ့ တကယ်ပဲ အိပ်လိုက်မိတာလား။

လပွတ်ပဲ။ ငါ့ရဲ့ လူပျို ခန္ဓာကိုယ်လေးတော့ သွားပါပြီ။

လင်းဟန်က သူ့နှလုံးသားထဲမှာ အပြင်းအထန် ငိုကြွေးနေပါတယ်။

သူကတကယ်ပဲ ဒီဘဂမှာ ပထမဆုံးအကြိမ် လူပျိုရည်ပျက်တာက မပီမပြင် ဝိုးတိုးဝါးတား အခြေအနေမျိုးကြီးမှာတဲ့လား။ သူက အနည်းငယ် စကားထစ်သွားပါတယ်။

"တကယ်ကြီး ဒီလိုမျိုး ချက်ကောင်းတန်း ထိတာပဲလား။ တစ်ကြိမ်တည်းပဲလေ။ တစ်ကြိမ်တည်းနဲ့ ကိုယ်ဂန်ရသွားတယ်ပေါ့"

"ငါက ဒီလိုဖြစ်ချင်မယ်လို့ နင်ထင်နေတာလား"

ဟော့လျန်ချွင်ရှယ်က နောက်ထပ်တစ်ကြိမ် ကျွဲမြီးတိုသွားပြီး သူမရဲ့ လက်သီးကို မြှောက်လိုက်ပြီး ထုရိုက်ဖို့ကို မနည်းအောင့်အည်း သည်းခံထားရပါတယ်။

"ပင်လယ်မျိုးနွယ်စုကို ငါပြန်သွားပြီး သိပ်မကြာခင်မှာပဲ ငါ့မှာ ကလေးတစ်ယောက် ရှိနေပြီ ဆိုတာကို သိလိုက်ရတယ်။ ဒါကြောင့် ငါပုန်းအောင်းနေပြီးတော့ ကလေးကို လျှို့ဝှက်ပိုပေးဖို့ အစီအစဉ် ဆွဲခဲ့တယ်။ ဒါပေမဲ့လည်း အမှန်တရားက

သတင်းပေါက်ကြားသွားခဲ့တယ်။ အခု အစွမ်းထက် အင်အားကြီး နှစ်ခုဖြစ်တဲ့ ငါ့ရဲ့ ကလန်နဲ့ ရှန်းယု တော်ဝင်ကလန်တို့က ငါ့နောက်ကို အမဲလိုက်နေတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကလေးကို ပြုစုပျိုးထောင်ဖို့ နင့်ကို ငါလိုမှာလား”

လင်းဟန်က သူမကို ဘာဖြစ်လို့ ကိုယ်ဝန်ဖျက်မချတာလဲလို့ပ မမေးတော့ပါဘူး။ အံ့အားသင့်မှုတွေ ပြည့်နှက်နေတဲ့ မျက်နှာနဲ့ သူက သူ့ရဲ့သားကို မမိုတ်မသုန် ကြည့်နေပြီး အံ့သြမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

သူ တကယ်ပဲ သားတစ်ယောက် ရသွားပါပြီ။

သူ့အတိတ်ဘဝတုန်းက သူက မှော်ဆေးပညာရပ်မှာပဲ နှစ်မြုပ်နေခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ အချောအလှတွေက သူ့ရင်ခွင်ထဲ ပစ်ဝင်ချင်နေကြတယ် ဆိုပေမဲ့ သူက အမှန်တကယ်တော့ သူတို့ကို နှစ်ခါတောင် လှည့်ကြည့်ခဲ့တာ မဟုတ်ပါဘူး။ အခု သူ့ကိုယ်ပိုင် ကလေးတစ်ယောက် ရနေပါပြီ။ သူ့ရဲ့သွေးတွေ စီးဆင်းနေတဲ့ ကလေးက သူ့လက်မောင်းထဲမှာ

လှဲနေပြီး ချက်ချင်းပဲ စိတ်ဝိညာဉ် ဆက်သွယ်မှု အမျိုးအစားတစ်ခု ဖြစ်ပေါ်လာသလိုမျိုး ခံစားလိုက်ရပြီး သူ့ကို အရမ်းပဲ စိတ်လှုပ်ရှားပြီးတော့ ခံစားချက်တွေ လှုပ်ရှားလာသလိုမျိုး ဖြစ်စေပါတယ်။

"ငါ့မှာ သားတစ်ယောက် ရှိသွားပြီပေါ့ ဟုတ်လား"

သူက ခေါင်းကိုမော့ပြီးတော့ ဟော့လျန်ချွင်ရှယ်ကို ကြည့်လိုက်ပါတယ်။

"နင့်ကို သမီးတစ်ယောက် ထပ်ပြီးတော့ မပေးနိုင်တော့ဘူး။ မဟုတ်ရင် သားတစ်ယောက် သမီးတစ်ယောက်နဲ့ တစ်ခါတည်း ပျင်းစရာအချိန်မရှိတော့ဘူးပေါ့။ အဲဒီအတွက် တောင်းပန်ပါတယ်"

ဟော့လျန်ချွင်ရှယ်က အံကြိတ်ပြီးတော့ မုန်းတီးမှုတွေကို မျိုသိပ်ထားလိုက်ပါတယ်။

လင်းဟန်က အရမ်းကို ကျေနပ်ပျော်ရွှင်ပြီး အများကြီး မစဉ်းစားပဲ ပြန်ဖြေလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ ငါတို့တွေ နောက်ကျရင် နောက်ထပ်တစ်ယောက် ရနိုင်ပါသေးတယ်"

ဟော့လျန်ချွင်ရှယ်က စိတ်ဆိုးမာန်ဆိုးနဲ့ လင်းဟန်ကို နောက်တစ်ကြိမ် ဖမ်းဆုပ်ပြီးတော့ မလိုက်ပါတယ်။

"နင်က ငါ့ကို နောက်ထပ် လုပ်ချင်သေးတယ်ပေါ့ ဟုတ်လား"

ဘယ်လိုတောင် ကြမ်းတမ်းတဲ့ နဂါးမလဲ။

လင်းဟန်က သူ့ကိုယ်သူ ကျိတ်ပြီးတော့ ကြည်ညိုလေးစား သွားပါတယ်။ သူက တကယ်ပဲ သတ္တိကောင်းတဲ့ ယောကျာ်းတစ်ယောက် ဖြစ်ပြီးတော့ နဂါးတစ်ကောင်ကို

စီးနင်းခဲ့ပါတယ်။ သူက ဟော့လျန်ချွင်ရှယ်ရဲ့ လက်ကို ပုတ်ပြီးတော့ သူမကို အလိုလိုက် ချော့မော့မြှောက်ပင့် နားချလိုက် ပါတယ်။

"မင်းက ငါ့ကို သားတစ်ယောက် မွေးပေးခဲ့တယ်လေ။ မင်းက ငါ့လင်းကလန်ရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာတာပေါ့။ အခုကစပြီး မင်းကိုနောက်ထပ် ထွက်ပြေးခွင့် မပြုနိုင်တော့ဘူး။ မင်းက ငါ့ရဲ့ ကလေးကို ကောင်းကောင်းပြုစုပြီး ဂရုစိုက်ပါ"

"တကယ့်ကို အနိုင်ကျင့်ပြီး အာဏာရှင် တစ်ယောက်လို လုပ်နေသေးတယ်"

ဟော့လျန်ချွင်ရှယ်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါနင့်ကို ဘာဖြစ်လို့ ရှာတယ်လို့ နင်ထင်နေတာလဲ။ အစွမ်းထက်တဲ့ အင်အားစုကြီး နှစ်ခုသာ လိုက်မဖမ်းဘူးဆိုရင် ဒီဘဝတစ်ခုလုံး နင်ငါ့ကို တွေ့မြင်ရမယ်လို့ မစဉ်းစားလိုက်နဲ့။

အခုတော့ နင်က ငါတို့ကလေးကို ကောင်းကောင်းစောင့်ရှောက်ပါ။ နင့်ဆီမှာ သက်ရှိတွေကို ထည့်ထားနိုင်တဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို ငါသိတယ်။ ဒါကြောင့် ငါတို့ကလေးကို နင့်ရဲ့ အဲဒီနေရာမှာ ပေးနေလိုက်ရင် ဘယ်သူမှ သူ့ကိုရှာတွေ့လိမ့်မှာ မဟုတ်ဘူး။ ငါ့အနောက်ကို လိုက်ဖမ်းနေတဲ့ လူတွေကို ငါက လမ်းကြောင်းလွှဲလိုက်မယ်။ တကယ်လို့ ငါမသေခဲ့ဘူးဆိုရင် ကလေးကို နင်ငါ့ကို ပြန်ပေးရမယ်။ ပြီးတော့ ငါတို့တွေ ဘယ်တော့မှ အဆက်အသွယ် မလုပ်တော့ဘူး"

"ဘယ်လိုမျိုး မဟုတ်တမ်း တွေ့ကရာရှစ်သောင်း လျှောက်ပြောနေတာလဲ"

လင်းဟန်ကလည်း ဒေါသထွက်လာခဲ့ပါတယ်။

"ငါမပါပဲနဲ့ ဒီကလေးကို မင်းကိုယ်တိုင် ကိုယ်ဝန်ရအောင် လုပ်နိုင်လို့လား။ အဲဒီအချိန်တုန်းက ငါမင်းနဲ့ ဘယ်လို အိပ်ခဲ့တယ် ဆိုတာကို ဂရုမစိုက်ဘူး။ အခုတော့ မင်းက ငါ့မိန်းမပဲ။ ပြီးတော့ မင်းက ငါ့အတွက် သားတစ်ယောက်တောင် မွေးပေးခဲ့ပြီးပြီ။

မင်းသေသွားတာကို ငါဒီအတိုင်း ရပ်ကြည့်နေမယ်လို့ မင်းထင်နေတာလား”

လင်းဟန်ရဲ့ စကားတွေကြောင့် ဟော့လျန်ချွင်ရှယ်က အနည်းငယ် စိတ်လှုပ်ရှားသွားသလို ခံစားလိုက် ရပါတယ်။ ဒါပေမဲ့ သူမက ချက်ချင်းပဲ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

“နင့်ရဲ့ စိတ်ခံစားချက်က နင့်ကို အကျိုးသက်ရောက်မှု မရှိစေနဲ့။ နင်က တကယ်ပဲ အင်အားကြီး တော်ဂင်ကလန်တွေဖြစ်တဲ့ ဟော့လျန်နဲ့ ရှန်းယုကလန်ရဲ့ အုံ့သြဖွယ်ရာ ခွန်အားကို မသိသေးဘူး။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်နဲ့ ပတ်သက်ရင် သူတို့မှာ သုံးဆယ်ကျော်လောက် ရှိတယ်။ ကောင်းကင်အဆင့် ကျင့်ကြံသူတွေဆိုရင် ရာပေါင်းများစွာရှိတယ်။ ပြီးတော့ အဲဒါက ကလန်တစ်ခုစာပဲ ရှိသေးတယ်။ နှစ်ခုမဟုတ်ဘူး”

တကယ်ပဲ သူတို့က အရမ်းကို သန်မာပါတယ်။ ဒါပေမဲ့ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းမှာလည်း စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ တစ်ရာကျော် ရှိတဲ့အကြောင်းကို ပြန်စဉ်းစားမိ

လိုက်တဲ့ အခါမှာ လင်းဟန်က ဂရုမစိုက်တော့ပါဘူး။

အဲဒီနောက် သူက ပြန်ပြောလိုက်ပါတယ်။

"မင်းက ငါ့မှာရှိတဲ့ စိတ်ဝိညာဉ် ပစ္စည်းက သက်ရှိတွေကို ထည့်ထားနိုင်တယ် ဆိုတာကိုပဲ သိထားတယ်။ ဒါပေမဲ့ ဒီစိတ်ဝိညာဉ် ပစ္စည်းရဲ့ အစစ်အမှန် ခွန်အားက ဘာလဲဆိုတာကို မင်းမသိသေးပါဘူး။ ကောင်းပြီလေ။ ငါ့ရဲ့ နတ်ဘုရားအာရုံ မင်းကို ဝိုင်းရံလိုက်တာကို မခုခံနဲ့။ ငါမင်းကို အတွေ့အကြုံ ရသွားအောင်လို့ အထဲကို ခေါ်သွားပေးမယ်"

ဟီးဟီး အနက်ရောင် မျှော်စင်ထဲကို မင်းဂင်လိုက်တာနဲ့ ငါတို့ရဲ့ ကလေးကို ပြုစုစောင့်ရှောက်ဖို့ စိတ်အားထက်သန် လာနိုင်တယ်။

ဟော့လျန်ချွင်ရွှယ်က ပုံမှန်အားဖြင့် သူမရဲ့သားနဲ့ မခွဲခွာချင်ပါဘူး။ ဒါကြောင့် သူမက အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ ဆုံးဖြတ်လိုက်ပါတယ်။

"ကောင်းပြီ ဒါဆိုရင် လာလေ"

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို ဟော့လျန်ချင်ရှယ်နဲ့ သူ့သားကို ဝိုင်းလိုက်ပြီး သူတို့ သုံးယောက်စလုံး အနက်ရောင် မျှော်စင်ထဲကို အတူတကွ ဂင်ရောက်သွားခဲ့ပါတယ်။

"ဟင်"

ဟော့လျန်ချင်ရှယ်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီနေရာက တကယ်ပဲ အရမ်းကို ကြီးမားနေတာလား။ ဒါက လျှို့ဝှက်ဆန်းကြယ် နယ်မြေတစ်ခုလို့ ပြောနိုင်ပါတယ်။

"ကဲ ဒါဆိုရင် ဘယ်လိုလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါလည်း ဒီနေရာကို ဂင်လာတဲ့ အချိန်မှာ ဒီစိတ်ဝိညာဉ် ပစ္စည်းက မှန်ညင်းစေ့ တစ်စေ့ အဖြစ်ကို ပြောင်းလဲသွားလိမ့်မယ်။ ပြီးတော့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တောင်မှ ဒါကို ရှာလို့မတွေ့နိုင်ဘူး။ ဒါကြောင့် ဒီနေရာ တစ်ခုလုံးက လုံခြုံတယ်လို့ ပြောရမယ်"

ရုတ်တရက် ဆိုသလို ဟော့လျန်ချွင်ရှယ်က တစ်စုံတစ်ခုကို ဖြည်းဖြည်းခြင်း သဘောပေါက် နားလည်လာခဲ့ပါတယ်။ ပထမဆုံးအကြိမ် သူမနဲ့ လင်းဟာန်တွေ့တုန်းက ရှာလို့မတွေ့ခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူမက လင်းဟာန်ဆီကို တိုက်ခိုက်လိုက်တဲ့ အခါမှာ လင်းဟာန်က လေထဲမှာ ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။ အခုတော့ အဖြေကို သိရပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဆီမှာ ဒီလိုမျိုး ရှားပါးတဲ့ ရတနာတစ်ခု ရှိနေပါတယ်။

"ကောင်းပြီလေ။ ငါဒီနေရာမှာ ခဏတဖြုတ်တော့ နေရလိမ့်မယ်။ ဆယ်နှစ် ဒါမှမဟုတ် နှစ်နှစ်ဆယ်လောက် ပုန်းနေပြီး

မတည်ငြိမ်မှုတွေ လျော့ကျသက်သာပြီး ဂရုန်းသုန်းကား အခြေအနေတွေ တည်တည်ငြိမ်ငြိမ် ဖြစ်တဲ့အထိ စောင့်မယ်။ အဲကျမှ ထွက်သွားမယ်"

ခေါင်းတစ်ချက် ညိတ်ပြီးတော့ သူမက လက်ခံလိုက်ပါတယ်။

"အီး အဲ"

ကလေးက ရုတ်တရက် နိုးလာခဲ့ပါတယ်။ ဟုတ်ပါတယ်။ သူ့ကို လူစိမ်းတစ်ယောက်က ချီထားတာကို တွေ့လိုက်ရတဲ့ အခါမှာ သူက မငိုတော့ပဲ လင်းဟာန်ကို မျက်လုံးဝိုင်းဝိုင်းတွေနဲ့ ပြူးပြီးတော့ စိုက်ကြည့်နေပါတယ်။ သူ့ရဲ့ ကြီးမားတဲ့ အဖြူနဲ့ အမည်း မျက်လုံးတွေက လုံးဂကို ဆန့်ကျင်ဘက်ပါပဲ။ သူက သူ့လက်တုတ်တုတ်လေးကိုတောင် လင်းဟာန်ရဲ့ မျက်နှာကို ဖမ်းဆုပ်တော့မဲ့ ပုံစံမျိုးနဲ့ ဆန့်ထုတ် လိုက်ပါတယ်။

ဖခင်တစ်ယောက်ရဲ့ ချစ်ခြင်းတွေက အားကောင်းစွာနဲ့

ပန်းထွက်လာပြီးတော့ လင်းဟန်က ထိန်းမနိုင်ပဲ သူ့မျက်နှာကို အမှတ်မထင် တိုးကပ်လိုက်ပြီး သူ့သားကို ဖမ်းဆုပ်ခွင့် ပြုလိုက်မိပါတယ်။

ကလေးက ပျော်ရွှင်စွာနဲ့ တခစ်ခစ် ရယ်မောပြီးတော့ လင်းဟန်ရဲ့ မျက်နှာကို ကစားစရာ တစ်ခုလိုမျိုး ပွတ်သပ်ပြီး ကစားနေပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကလေးရဲ့ ခွန်အားက တကယ်ပဲ သန်တယ်။ သူက သေချာပေါက် အနာဂတ်မှာ တောက်ပလာ လိမ့်မယ်"

ဒါက လေထွားတာမျိုး မဟုတ်သလို ကိုယ့်ငါးချဉ်ကို ကိုယ်ချဉ်တာလည်း မဟုတ်ပါဘူး။ ကလေးရဲ့ ခွန်အားက တကယ့်ကို ကြီးမားပြီး ခန္ဓာကိုယ် ပြုပြင်မွန်းမံခြင်း အဆင့်ရဲ့ အလွှာကိုးအောက် မနိမ့်ပါဘူး။

ဟော့လျန်ချင်ရှယ်က ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။

"ဒါက နတ်ဘုရားတွေပေးတဲ့ ဆုလာဘ်ပဲ။ သူ့ရဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက်က ငါ့သွေးမျိုးဆက်ရဲ့ အထက်မှာတောင် ရှိတယ်"

"ဒါက ငါတို့ လင်းကလန်ရဲ့ မျိုးစေ့ဗီဇ ဖြစ်လိမ့်မယ်"

လင်းဟန်က သူမရဲ့ စကားတွေကို ဥပက္ခာ ပြုလိုက်ပါတယ်။

ဟော့လျန်ချင်ရှယ်ရဲ့ လှပချောမောတဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒီယောက်ျားက တကယ်ပဲ အရှက်ကို မရှိပါဘူး။ သူ့သားက စစ်မှန်တဲ့ နဂါးသွေးမျိုးဆက်ကို ပိုင်ဆိုင်ထားလို့ ဒီလိုမျိုး ထိတ်လန့်တုန်လှုပ်စရာ ရောမ ခွန်အားကို ပိုင်ဆိုင်ထားမှန်း ပေါ်လွင်နေတာကို ဘယ်လိုလုပ်ပြီး လူသားမျိုးနွယ်က ဒီလိုမျိုး အောင်မြင်မှု ရနိုင်မှာလဲ။

"ဝါး ဝါး ဝါး"

ကလေးက ရုတ်တရက် ငိုလိုက်ပါတယ်။

လင်းဟန်က ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပြီး ပျာယာခပ်သွားခဲ့ပါတယ်။

"ဘာဖြစ်တာလဲ"

ဟော့လျန်ချွင်ရွှယ်က သူမရဲ့ မျက်လုံးဝိုင်းဝိုင်းတွေနဲ့ သူ့ကိုကြည့်ပြီးတော့ ပြန်ဖြေလိုက် ပါတယ်။

"ငါတို့သားက ဗိုက်ဆာနေတာ"

သူမက ကလေးကို ပြန်ချီလိုက်ပြီး သူမရဲ့ အင်္ကျီကို မတင်လိုက်ပါတယ်။ ဒါပေမဲ့ သူမက လင်းဟန်ကို တစ်ချက်စိုက်ကြည့်ပြီးတော့

အမိန့်ပေးလိုက်ပါတယ်။

"နင်ဘာဖြစ်လို့ အနောက်ကို မလှည့်သေးတာလဲ"

"အဟဲ။ အရင်တုန်းက ငါမမြင်ဖူးတာ ကျနေတာပဲ။ နောက်ပြီးတော့ ဒါက ပြားချပ်ချပ်နဲ့ ဘယ်သူက အဲဒါကို ကြည့်ချင်မှာလဲ"

လင်းဟန်က သူ့လက်တွေကို ဖြန့်ပြီးတော့ ချာခနဲ လှည့်လိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က အံ့ကြိတ်ပြီးတော့ တစ်စုံတစ်ယောက်ကို နောက်တစ်ကြိမ် သတ်ပစ်ချင်တဲ့ စိတ်တွေ ပေါ်လာခဲ့ပါတယ်။

Chapter 745 end

အပိုင်း(၇၄၆) ပုန်းကွယ်နေတဲ့ အံ့ဩဖွယ် ရန်သူ

ဟော့လျန်ချင်ရှယ်က သူမရဲ့သားကို ထိန်းနေပါတယ်။ ဒါပေမဲ့ သူမက ကလေးထိန်းနေရင်းနဲ့ သိချင်နေမိတာက တကယ်လို့ လင်းဟာန်နဲ့ တစ်ရက်လုံး အတူတူ နေရမယ်ဆိုရင် ဒီခွေးကောင်က သူမကို သေလောက်တဲ့အထိ စိတ်ဆိုးအောင် လုပ်မှာလား။

"ဟေး သူတို့တွေက ငါတို့ကို လိုက်မီလာပြီ"

လင်းဟာန်က ရုတ်တရက် ပြောလိုက်ပါတယ်။

"မင်းဒီမှာ အရင်ဆုံး နေခဲ့ဦး။ ငါ တခြားလူတွေကို သွားခေါ်လိုက်ဦးမယ်"

လင်းဟာန်က အနက်ရောင် မျှော်စင်ကနေ လျပ်ပြက်သလို ထွက်လိုက်ပါတယ်။ ဟူးညို့နဲ့ ယုန်ဖြူကြီးက သူတို့ကို လိုက်လို့မီသွားခဲ့ပါပြီ။

"လင်းဟန်"

ဟူးညိုက လင်းဟန်ရဲ့ ရင်ခွင်ထဲကို ချက်ချင်းပဲ ခုန်ဝင်လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ မေးလိုက်ပါတယ်။

"ရွှမ်းအာရော ဘယ်မှာလဲ"

ဟူးညိုက ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"သူမက လင်းဟန်ကို မလိုချင်ဘူး။ ဒါကြောင့် ထွက်ပြေးသွားပြီ။ မြန်မြန် သွားကြစို့။ ဒီအသည်းနှလုံး မရှိတဲ့ မိန်းမကို မလိုချင်ဘူး"

တစ်နေ့လုံး သူမက ဒီအပြောကောင်းကောင်းနဲ့ နားယောင်စေတဲ့ အမျိုးသမီးဖြစ်သူ ကျူးရွှမ်အာကို ဘယ်လိုမျိုး ပထုတ်ရမလဲ ဆိုတာကို စဉ်းစားနေပါတယ်။

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်တဲ့ အခါမှာ ကျူးရွှမ်အာက သူတို့အနားကို လျင်မြန်စွာနဲ့ ချဉ်းကပ်လာတာကို မြင်လိုက်ရပါတယ်။ သူက သွားပြီးတော့ သူမကို ကြိုဆိုလိုက်ပါတယ်။ ကျူးရွှမ်အာအတွက်တော့ လင်းဟာန်ကို မြင်လိုက်ရတဲ့ အခါမှာ တည်ငြိမ်ပြီးတော့ သူမရဲ့ ပခုံးပေါ်မှာ တင်ထားရတဲ့ ဂန်ထုပ်ဂန်ပိုးကြီး တစ်ခု ကျသွားသလိုမျိုး စိတ်သက်သာရာ ရသွားခဲ့ပါတယ်။

"ဟင့် ပျော်စရာ မကောင်းဘူး"

ဟူးညိုက သူမရဲ့ လက်တွေကို ဖြန့်ပြီးတော့ လက်ချောင်းလေးတွေကို ကိုက်နေပြီး ကျူးရွှမ်အာကို ဘာဖြစ်လို့ မသတ်ခဲ့တာလဲ ဆိုပြီးတော့ သူမကိုယ်သူမ အပြစ်တင်နေပါတယ်။

"မိန်းကလေး ဟော့လျန် ဘယ်မှာလဲ"

ကျူးရွှမ်အာက မေးလိုက်ပါတယ်။

"အနက်ရောင် မျှော်စင်ထဲမှာ ရှိပါတယ်။ ငါမင်းတို့ အားလုံးကို ခေါ်ပြီးတော့ သူမနဲ့ ငါ့ရဲ့သားကို ပေးတွေ့မယ်"

ဘာ။

ကျူးရွှမ်အာနဲ့ ဟူးညီတို့ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ပါတယ်။ ဘယ်တုန်းက သူ့မှာ သားတစ်ယောက် ရှိသွားတာလဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူတို့လည်း ဘာမှမသိ ရပါလား။ ယုန်ဖြူကြီးက ဟော့လျန်ချွင်ရွှယ်နဲ့ အကြောင်းကို ဘာမှမသိပဲ ပြောလိုက်ပါတယ်။

"ဂုဏ်ပြုပါတယ် ဂုဏ်ပြုပါတယ်။ အန်ပေါင်းလေးတွေ ပေးပါ"

လင်းဟန်က ဘယ်လိုရှင်းပြရမလဲ ဆိုတာကို မသိပါဘူး။ သူလည်း ဒီအကြောင်းကို စောစောကမှ သိရတာပါ။ သူ့ရဲ့လက်ကို ဖော့ယမ်းလိုက်ပြီး အားလုံးကို အနက်ရောင် မျှော်စင်ထဲ ခေါ်လိုက်ပါတယ်။

သူ့ရဲ့နတ်ဘုရား အာရုံက အားလုံးကို ဝိုင်းပတ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို အားလုံးပဲ ရောက်ရှိသွားခဲ့ပါတယ်။ လင်းဟန်က သူ့သားကို ပေါ့လျှန်ချွင်ရှယ်က အစာကျွေးနေတာကို တွေ့လိုက်ပါတယ်။ အဲဒီနောက် သူက သူမရဲ့ဘေးကို အားလုံးခေါ်သွား လိုက်ပါတယ်။

"ဦးနှောက်မရှိတဲ့ မိန်းမကြီး"

ဟူးညို့က ပေါ့လျှန်ချွင်ရှယ်ကို စိုက်ကြည့်နေပါတယ်။ တကယ်ပဲ အရမ်းကို မုန်းစရာ ကောင်းလွန်းပါတယ်။ ဒီဦးနှောက်မရှိတဲ့ မိန်းမက လင်းဟန်ရဲ့ ကလေးကို လျှို့ဝှက်စွာနဲ့ မွေးပေးခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်က ဟူးညိုရဲ့ မနာလို ဂန်တိုမှုတွေကို အတွေ့အကြုံ ရှိပြီးသားပါ။ သူမက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကလေးမလေး"

ဒါက ပါးကိုက်လို့ နားပြန်ကိုက်တယ်လို့ သတ်မှတ်နိုင်ပါတယ်။

"ချစ်စရာကောင်းလိုက်တဲ့ ကလေးလေး"

ကျူးရှွမ်အာရဲ့ စိတ်ခံစားချက် ဉာဏ်ရည်ဉာဏ်သွေးက ဟူးညိုအနေနဲ့ ဘယ်လိုမှ ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

"ငါသူ့ကို ချီလို့ ရမလား"

"ရတာပေါ့"

ဟော့လျန်ချင်ရွယ်က သူမရဲ့သားကို ကျူးရွှမ်အာကို ပေးလိုက်ပါတယ်။

ကလေးလေးက လှည့်လိုက်ပြီး သူ့ပါးစပ်ကိုဟလိုက်ပြီး ကျူးရွှမ်အာရဲ့ ရင်သားကို ဟပ်လိုက်ပါတယ်။

ခပ်ရှက်ရှက်နဲ့ ကျူးရွှမ်အာက ကလေးကို ကိုင်ပြီးတော့ အမြန်ပဲ အဝေးကို ရွှေ့လိုက်ပါတယ်။ ကလေးက ကိုက်လို့မရတဲ့ အခါမှာ ချက်ချင်းပဲ ထငိုပါတော့တယ်။

လင်းဟန်က ရှက်ရှက်နဲ့ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟိုင်းညို့ မင်းတွေ့လား။ ငါတို့ရဲ့သားက သူ့အနောက်မှာရှိတဲ့ မင်းရဲ့ ရင်ဘတ်ပြားပြားကိုပဲ လှည့်လာတယ်။ အိုး တကယ့်ကို သနားစရာကောင်းတဲ့ ငါ့သားလေး။ ဖြစ်နိုင်တာက သူဗိုက်ဝအောင် အမြဲတမ်း မစားရလို့လား"

"လင်းဟန် နင်သေချင်နေပြီလား"

ဟော့လျန်ချွင်ရှယ်က ဒေါသထွက်သွားပါတယ်။ သူက သူမရဲ့ အားနည်းချက်ကို ထပ်ပြီးတော့ ထိလာပါတယ်။

လင်းဟန်က သူ့သားကို ချီပြီးတော့ မေးလိုက်ပါတယ်။

"သူ့ကို နာမည်ပေးပြီးပြီလား"

"မပေးရသေးဘူး"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းက တော်သားပဲ။ အဲဒီလိုမှ မဟုတ်ရင် ငါမင်းဖင်ကို

ရိုက်ပစ်မယ်”

လင်းဟန်က ပြောလိုက်ပါတယ်။ ပြီးတော့ သူက ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက် ပါတယ်။

“ငါသူ့ကို နာမည်ဘယ်လို ပေးသင့်လဲ။ သူက ငါ လင်းဟန်ရဲ့ သားဆိုမှတော့ အနာဂတ်မှာ သေချာပေါက် ကမ္ဘာကြီးရဲ့ အံ့သြဖွယ်ရာ အကောင်းဆုံး လူတစ်ယောက် ဖြစ်လာရလိမ့်မယ်”

“ဒါဆိုရင် သူ့ကို လင်းညိုးပီလို့ ခေါ်ကြရအောင်”

ဟူးညိုက အဆိုပြု လိုက်ပါတယ်။

“ဒီနာမည်က ခံ့ညားထယ်ဝါတယ် ဆိုပေမဲ့ ဒီလိုမျိုး လူအများကြီး သတိထားမိတဲ့ နာမည်က ကောင်းလိမ့်မှာ မဟုတ်ဘူး”

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဒါဆိုရင် လင်းကောင်းရှုံလို့ သူ့ကိုခေါ်ရအောင်"

ဟူးညိုက အားမကိုးရပါဘူး။

ကျူးရွှမ်အာက ဂင်ပြောလိုက်ပါတယ်။

"လင်းကျန်းရွှယ် ဆိုရင်ရော ဘယ်လိုလဲ"

ဟော့လျန်ချွင်ရွှယ်က နာခေါင်းရှုံ့ လိုက်ပါတယ်။
အမှန်တကယ်တော့ လင်းကျန်းရွှယ်ဆိုတာက ထူးထူးခြားခြား
အဓိပ္ပါယ် မရှိပါဘူး။ လင်းက လင်းဟန်ကို ကိုယ်စားပြုပြီး ရွှယ်က
သူမကို ကိုယ်စားပြုပါတယ်။ ကျန်းဆိုတဲ့ စကားကတော့ နာမည်ကို
အဆုံးသတ်ဖို့ ထပ်ပေါင်းထည့် လိုက်တဲ့ သဘောပါပဲ။
အဲဒီလိုမှဆိုတော့ သူမက တကယ်ပဲ လင်းဟန်ကို ကြည့်ရတာ

နှစ်သက်သဘောကျ နေလို့လား။

"သူ့ကို လင်းတပေါင်လို့ ခေါ်တာက ပိုကောင်းနိုင်တယ်"

ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

ဟော့လျှန်ချွင်ရှယ်က မျက်လုံးတွေ ဝိုင်းသွားပါတယ်။ ဒီလူတွေက ဘယ်လိုလုပ်ပြီး တစ်ယောက်ထက် တစ်ယောက် အားကိုးလို့မရ ယုံစားလို့ မရအောင် ဖြစ်နေရတာလဲ။ သူမက ပြောလိုက်ပါတယ်။

"သူ့ကို လင်းကျန်းရှယ်လို့ ခေါ်တာ ပိုကောင်းမယ်"

အနည်းဆုံးတော့ ဒါက သာမန်နာမည်တစ်ခု ဖြစ်နေပါတယ်။

လင်းဟန်က အတော်လေးကို စိတ်ဆိုးသလို ဖြစ်လာပါတယ်။ ဒါက သူ့ရဲ့ ပထမဆုံး ဩရသ သားကြီး ဖြစ်ပါတယ်။ သူ့သားရဲ့ နာမည်ကို

အခုလိုမျိုး သူ့အမြင်ကို အရင်ဆုံး မမေးပဲနဲ့ ဆုံးဖြတ်တော့မှာလား။

"ဒါဆိုရင် နင်က ဘယ်လိုအကြံပြုချင်လဲ"

ဟော့လျန်ချွင်ရွှယ်က သူ့ကို စိုက်ကြည့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟူးညီကို နာမည်ပေးသလိုမျိုး ရှောင်ချီလို့ ပေးလိုက်ပါလား"

(ရှောင်ချီဆိုတာက ကျောက်တုံးလေးလို့ အဓိပ္ပါယ် ရပါတယ်)

ဟော့လျန်ချွင်ရွှယ်က ပြောလိုက်ပါတယ်။

"အရိုးသားဆုံး ပြောရမယ်ဆိုရင် မင်းက ငြိမ်ငြိမ်လေး နေလိုက်တာ အကောင်းဆုံးပဲ"

ဟူးညိုက ချက်ချင်းပဲ မကျေမနပ် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုးရဲ့ နာမည်က အရမ်းကောင်းတယ်"

"ခိ ခိ ခိ ခိ"

ဟော့လျှန်ချွင်ရှယ်နဲ့ ကျူးရှမ်အာတို နှစ်ယောက်စလုံး အပြုံးတုတွေ ပြုံးလိုက်ပါတယ်။ သူတို့က သဘောမတူပါဘူး။

ဟူးညိုက သွားဖြဲပြီးတော့ ဖြူဖွေးနေတဲ့ သွားနှစ်တန်းကို ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါတယ်။

"နင်တို့က ဘာကိုရယ်နေတာလဲ။ ညိုးညိုးနာမည်က မကောင်းဘူးလို့ ထင်နေတာလား"

"ကောင်းတာပေါ့။ တကယ် ကောင်းတာ"

လင်းဟန်က ဟူးညီကို ကောက်ချီလိုက်ပါတယ်။

"ငါတို့ရဲ့ ညီးညီးက နာမည်လှလှလေး ရှိတဲ့အပြင် အနာဂတ်မှာ အရမ်းကို ချောမောလှပတဲ့ မိန်းကလေးလည်း ဖြစ်ဦးမယ်။ အားလုံးက ညီးညီးကို ချစ်ကြမယ်။ ပန်းပွင့်တွေတောင်မှ ညီးညီးအတွက် ပွင့်လန်းပေးကြလိမ့်မယ်"

ဟူးညီက ဂုဏ်ယူစွာနဲ့ ပြုံးပြီးတော့ လင်းဟန်ရဲ့ လည်ပင်းကို ဖက်ထားလိုက်ပါတယ်။

"လင်းဟန်က အကောင်းဆုံးပဲ"

လင်းဟန်ရဲ့ နှလုံးသားက လှုပ်ရှားသွားသလို ခံစားလိုက်ရပြီး

အဲဒီနောက်မှာ သူက ဟော့လျန်ချွင်ရှယ်ကို မေးလိုက်ပါတယ်။

"နင်ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။ ဒီနေရာမှာ နယ်မြေအကန့်အသတ် အတားအဆီးတစ်ခု ရှိနေတယ် မဟုတ်လား"

ဟော့လျန်ချွင်ရှယ်က အထင်သေးစွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ဒါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်က ဖန်တီးထားတဲ့ အတားအဆီးလေး တစ်ခုပဲလေ။ လူတစ်ယောက်က အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ကိုင်ထားသရွေ့ လွယ်လွယ်ကူကူနဲ့ ဖြတ်သန်းသွားလာလို့ရတယ်"

"အိုး မင်းမှာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ရှိလား"

"ပင်လယ်မျိုးနွယ်စုရဲ့ မျိုးရိုးပညာက နင့်ခန်းမှန်းမှုရဲ့

နောက်ကွယ်မှာပဲ”

ဟော့လျန်ချင်ရှယ်က စိတ်ကြီးဂင်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ပင်လယ်မျိုးနွယ်စုမှာ နှစ်ပေါင်းတစ်သောင်းပြည့်တိုင်း တွက်ဆမှု တစ်ခုရဲ့ မှတ်တမ်းတစ်ခု ရှိလား”

“ဟော့ နင်ဘယ်လိုလုပ် သိတာလဲ”

ဟော့လျန်ချင်ရှယ်က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

“ငါက မင်းရဲ့ ယောက်ျားပဲလေ။ ဘယ်လိုလုပ်ပြီး နုံချာချာ လူတစ်ယောက် ဖြစ်နိုင်မှာလဲ”

လင်းဟန်က ပြောလိုက်ပါတယ်။

ဟော့လျန်ချင်ရှယ်က ဒီအချက်ကို ငြင်းမနေတော့ပဲ ပြောလိုက်ပါတယ်။

"ငါက အနာဂတ် မှန်းချက်ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ ပင်လယ်ဒေသရဲ့ စွမ်းအားတွေ အားလုံးကို စုစည်းပြီး မြောက်ပိုင်းပင်လယ်ကို ပေါင်းစည်းဖို့နဲ့ ကျိန်စာများရဲ့ ပုလင်းကို ရှာဖွေဖို့ ရည်ရွယ်ထားခဲ့တာ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာ မင်းလည်း အဲဒီတွက်ဆမှုရဲ့က အစစ်အမှန် အကြောင်းအရာကို မသိသေးဘူးပဲ"

"အဲဒါက ဘာများလဲ"

ဟော့လျန်ချင်ရှယ်က မေးလိုက်ပါတယ်။

လင်းဟာန်က သူမကို လောကဘုံ ဆေးလုံးအကြောင်းကို ပြောပြပြီးတော့ ဟော့လျန်ချင်ရှယ်က အံ့အားသင့်သွားပြီး ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။

အတော်လေး ကြာပြီးတဲ့နောက် သူမက ပြောလိုက်ပါတယ်။

"သမိုင်းထဲမှာ မကြာခဏ ကွာဟချက်တွေ ပျက်ယွင်းမှုတွေ ရှိနေတာ အံ့ဩစရာတော့ မဟုတ်တော့ဘူး။ ငါက သဲလွန်စတွေရဲ့ တစ်စွန်းတစ်စကို ခြေရာခံမိပြီး ရှေးဟောင်းစာအုပ်တွေ ဖွာလန်ကျဲနေအောင် လေ့လာခဲ့တယ်။ အော် လက်စသတ်တော့ ဒီလိုကိုး"

ရုတ်တရက်ဆိုသလို သူမရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပြီး ပြောလိုက်ပါတယ်။

"အင်ပါယာကလန်၊ အင်ပါယာကလန်က နှစ်ထောင်ပေါင်းများစွာ ရှင်သန်ခဲ့ပြီး အမြဲတမ်း တည်ရှိနိုင်ခဲ့တယ်။ သူတို့လည်း ဒီကိစ္စထဲမှာ ပါဝင်ပတ်သက် နေမလား"

သူ့ရဲ့ မျက်ခုံးတွေ နဖူးရေကို တွန့်ပြီးတော့ လင်းဟန်က ပြောလိုက်ပါတယ်။

"တကယ်လို့ သူတို့က ထာဝရ တည်ရှိနိုင်ခဲ့တယ်ဆိုရင် သူတို့က တန်ခိုးရှင်လောကရဲ့ ကြံရာပါ ဖြစ်နေမလား။ အဲဒီလိုမှ မဟုတ်ရင် သူတို့တွေက မတူညီတဲ့ အဆင့်တစ်ခုနဲ့ တည်ရှိလိမ့်မယ်။ ဒါကြောင့် သူတို့က ဒီအဖြစ်အပျက်ကို ရှောင်တိမ်းနိုင်တာပေါ့"

ဟော့လျန်ချင်ရွှယ်က သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါကြောက်တာက သူတို့တွေက ကြံရာပါ ဖြစ်နိုင်ချေ အရမ်းကို မြင့်မားနေတာပဲ။ ငါက ဒီပေဟာကိန်းကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ အကြိမ်ပေါင်းများစွာ အဆိုပြုခဲ့တယ်။ ဒါပေမဲ့ အားလုံးကို အင်ပါယာ ကလန်ကြောင့် ထိန်းချုပ်ခံလိုက်ရတယ်။ သူတို့တွေက ဒီကိစ္စနဲ့ ပတ်သက်ပြီး ကြီးထွားလာဖို့ ဆန္ဒမရှိဘူးဆိုတာ ပေါ်လွင်တယ်"

"ဒီလိုဆိုရင် ငါတို့ရဲ့ ရန်သူတွေက ဂိုဏ်းကြီးငါးဂိုဏ်းတင်မက ပင်လယ်မျိုးနွယ်စုရဲ့ အင်ပါယာ ကလန်လည်း ပါလာပြီပေါ့"

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။

"အင်ပါယာကလန်ရဲ့ ခွန်အားက ဘယ်လိုရှိလဲ"

"အရမ်းကို သန်မာတယ်"

ဟော့လျန်ချင်ရှယ်က ခေါင်းညိတ်လိုက် ပါတယ်။

"ပြောကြတာတော့ အင်ပါယာကလန်မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ရာနဲ့ချီ ရှိတယ်။ နောက်ပြီးတော့ သူတို့က အခြေခံကောင်းကောင်း တည်ထောင်ထားပြီး ပင်လယ်လေးခုရဲ့ ကြည်ညိုလေးစားမှုကိုလည်း ရထားတယ်။ သူက ပင်လယ်ဒေသ တစ်ခုလုံးရဲ့ စွမ်းအားကို စုစည်းနိုင်စွမ်း ရှိတယ်"

ပင်လယ်ဆိုတာက သုံးဖက်မြင် တည်ဆောက်မှု တစ်ခုဖြစ်ပါတယ်။ ပင်လယ်ရေယာရဲ့ ကြီးမားတဲ့ ရေယာနဲ့အတူ အဲဒီမှာ သက်ရှိတွေ အများကြီး ရှိပါတယ်။ ပင်လယ်ထဲမှာလည်း စိတ်ဝိညာဉ် ဆေးပင် အမျိုးအစားတွေ အများကြီး ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ ခွန်အားတစ်ခုလုံးက လူသားမျိုးနွယ်ထက် ပိုမြင့်တဲ့ အဆင့်မှာ ရှိပါတယ်။ တကယ်လို့သာ ပင်လယ်မျိုးနွယ်စုက ရေပတ်ဂန်းကျင်မှာ နေထိုင်တာ မဟုတ်ဘူးဆိုရင် သူတို့က ကုန်းမြေကိုတောင် တိုက်ခိုက်မယ်ဆို လူသားမျိုးနွယ်စုရဲ့ ကောင်းမွန်စွာ တည်ဆောက်ထားမှုက

အချိန်တော်တော်ကြာအောင် တည်မြဲလိမ့်မယ်လို့ အာမခံနိုင်မှာ မဟုတ်ပါဘူး။

လင်းဟာန်ရဲ့ အမူအရာက တည်ကြည်လေးနက် လာခဲ့ပါတယ်။ အစတုန်းက ခရမ်းရောင်လ အင်ပါယာက ဂိုဏ်းကြီးငါးဂိုဏ်းကိုပဲ ရင်ဆိုင်ဖို့ လိုအပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပင်လယ်မျိုးနွယ်စုကိုပါ ထည့်ပြီးတော့ တွက်ထားရပါတော့မယ်။

ပြီးတော့ ပင်လယ်မျိုးနွယ်စုက ပိုပြီးတော့တောင် အစွမ်းထက်နိုင်ပါတယ်။

Chapter 746 end

အပိုင်း(၇၄၇) မြောက်ပိုင်းဒေသကို ပြန်ခြင်း

"ခရမ်းရောင်လ အင်ပါယာကို ငါ သတင်းစကား ပို့ရလိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ အခုချိန်မှာ သူ့ကိုယ်ပိုင် အင်အားက ထည့်တွက်ရအောင် မထိုက်တန်သေးပေမဲ့ မာထိုပေါင်နဲ့သူက မဟာမိတ်တွေလို့ ပြောနိုင်ပါတယ်။

တကယ်လို့ ပင်လယ်မျိုးနွယ်စုက ရုတ်တရက် တိုက်ခိုက်လာမယ်ဆိုရင် အင်အားကြီး ဂိုဏ်းငါးဂိုဏ်းနဲ့ အတူတကွ ပေါင်းပြီးတော့ ဘေးနှစ်ဖက်ကနေ တိုက်ခိုက်လာရင် ခရမ်းရောင်လ အင်ပါယာက ချေမှုန်းခံလိုက် ရပါလိမ့်မယ်။

ဟော့လျန်ချင်ရှယ်က သူ့လူတစ်ယောက် ဖြစ်လာပြီဆိုတော့ လင်းဟန်က ဟော့လျန်ချင်ရှယ်ကို မိုးကောင်းကင် ဖွင့်လှစ်မဲ့ အကြံအစည်ကို ရှင်းပြခဲ့ပါတယ်။ ဒါက ဟော့လျန်ချင်ရှယ်ကို အကြီးအကျယ် အံ့အားသင့် သွားစေခဲ့ပါတယ်။

သူမက မြောက်ပိုင်းပင်လယ်ကို ပေါင်းစည်းဖို့ အတွေးတစ်ခုပဲ ရှိခဲ့ပြီး မြောက်ပိုင်းပင်လယ်ရဲ့ ခွန်အားကို အသုံးပြုပြီးတော့ ဟောကိန်းကို ခုခံတွန်းလှန်ဖို့ပဲ စဉ်းစားခဲ့တာပါ။ လင်းဟန်မှာ ဒီလိုမျိုး ကြီးမားတဲ့ ရည်မှန်းချက်တစ်ခု ရှိလိမ့်မယ်လို့ သူမအနေနဲ့

မထင်မှတ်ထားခဲ့ပါဘူး။ သူက မိုးကောင်းကင်ကို ဖွင့်လှစ်ပြီးတော့ အောက်ဘုံတစ်ခုလုံးကို တန်ခိုးရှင်ဘုံဆီကို ခေါ်ဆောင်သွားဖို့ ကြံစည်ထားပါတယ်။

"မင်းအနေနဲ့ငါ့ကို ဒီလိုမျိုး ကြည်ညိုလေးစားဖို့ မလိုပါဘူး။ နှလုံးသားထဲမှာ ထည့်ထားရင်ပဲ ကောင်းကောင်းကြီး လုံလောက်ပါပြီ။ ငါက လူရမ်းကား တစ်ယောက် မဟုတ်ပါဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့လူတွေ အရှေ့မှာ သူ့အနေနဲ့ ကျီစယ်နောက်ပြောင်တဲ့ စကားနည်းနည်း ပြောရတာ ကိစ္စမရှိပါဘူး။

"ကြွားနေသေးတယ်"

ဟော့လျန်ချွင်ရွှယ်က မျက်လုံးဝိုင်းဝိုင်းတွေနဲ့ လင်းဟန်ကို ကြည့်လိုက်ပါတယ်။ သူမရဲ့ ပုံစံက တကယ်ပဲ ကြည့်ရတာ ချစ်စရာကောင်းပါတယ်။ သူမရဲ့ ရင်ဘတ်က အရမ်းကို

ပြားမနေဘူးဆိုရင် သူမက အရမ်းကို ဆွဲဆောင်မှု ရှိပါလိမ့်မယ်။

"အရင်ဆုံး ခရမ်းရောင်လ အင်ပါယာကို သတင်းပို့ရမယ်။ အဲဒီနောက် ငါတို့တွေ မြောက်ပိုင်း ဒေသကို ပြန်ကြတာပေါ့"

လင်းဟန်က ပြောလိုက်ပါတယ်။

"သူတို့က အလယ်ပိုင်း ဒေသထဲမှာ သူတို့နှလုံးသားတွေ တင်းတိမ်ရောင့်ရဲတဲ့အထိ တိုက်ခိုက် ကြလိမ့်မယ်။ ငါတို့တွေက အရင်ဆုံး အရှေ့၊ တောင်၊ အနောက်နဲ့ မြောက်ပိုင်းဒေသတွေကို ပေါင်းစည်းရလိမ့်မယ်။ မာထိုပေါင် အနိုင်ရသင့်တယ်။ ငါသူ့ကို နိုင်ငံပေးပြီးတော့ မိုးကောင်းကင်ကို သူ့ကိုဖွင့်လှစ်ခိုင်းရမယ်။ တကယ်လို့ သူမလုပ်နိုင်မှ ငါသူ့နေရာဝင်မယ်"

တိတိကျကျ ပြောရမယ်ဆိုရင် အလယ်ပိုင်း ဒေသက စစ်ပွဲရဲ့ အလယ်ဗဟို ဖြစ်ပါလိမ့်မယ်။ ဒီဧရိယာက တခြားနယ်မြေလေးခု ပေါင်းထားတာထက်တောင် ကြီးမားပါတယ်။ ဒါပေမဲ့

နယ်မြေလေးခုကိုလည်း လျော့တွက်လို့ မရနိုင်ပါဘူး။ တစ်ခုသိထားရမှာက မြောက်ပိုင်းဒေသ အစွန်အဖျားမှာ လူဦးရေ တစ်ဘီလျံနီးပါး ရှိပြီးတော့ နိုင်ငံအားလုံးရဲ့ နိုင်ငံစွမ်းအားက ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုးတက်မှုကို မြှင့်တင်ပေးနိုင်ပြီး အတော်လေးကို အထင်ကြီးစရာ ကောင်းနေဆဲပါပဲ။

သူတို့တွေက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ လေ့ကျင့်ရေး စခန်းဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။ ရှောင်ယောင်နန်ကို သူတို့တွေ တွေ့သွားပြီးတဲ့ နောက်မှာတော့ လင်းဟာန်က မီးတောက်ဘုရင် ဒါမှမဟုတ် လစန္ဒာ ဘုရင်ဆီကို စာတစ်စောင် ပို့ပေးဖို့ တောင်းဆိုလိုက်ပါတယ်။ စာထဲမှာ ပင်လယ်မျိုးနွယ်စုကလည်း တပ်သားတွေ စေလွှတ်နိုင်တယ် ဆိုပြီးတော့ သတင်းပေးထားပါတယ်။ ဒါမှ မာထိုပေါင်လည်း ပြင်ဆင်မှုတွေ လုပ်ထားနိုင်မှာပါ။

ရှောင်ယောင်နန်က အတော်လေးကို ဒုက္ခတွေ့နေပါတယ်။ ပြီးတော့ ဟော့လျန်ချွင်ရှယ်ကို စိုက်ကြည့်ပြီး သူမကို စစ်ဆေးမေးမြန်းမှ

တချို့ပြုလုပ်ဖို့ အဝေးကို ခေါ်သွားချင်နေပုံ ရပါတယ်။

လင်းဟန်က အလျင်အမြန် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ငါ့မိန်းမပါ။ ကလေးအမေပေါ့။ သူမက ငါနဲ့ ကစားနေတာပါ"

ရှောင်ယောင်နန်ရဲ့ အမူအရာက ထူးထူးဆန်းဆန်း ဖြစ်သွားပါတယ်။
သူ့နှလုံးသားထဲမှာ တီးတိုးရွတ်ဆို လိုက်ပါတယ်။
မင်းတို့နှစ်ယောက်လုံးက တကယ့်ကို ထူးဆန်းတဲ့ စုံတွဲတစ်တွဲပဲ။
တခြားသူတွေအတွက် မစဉ်းစားပဲနဲ့ ချစ်စခန်းမဖွင့်ခင်
သေချာသုံးသပ်မှပေါ့။ ဘယ်သူက ဒါကို ခံနိုင်ရည် ရှိမှာလဲ။
ဒါပေမဲ့လည်း ဟော့လျန်ချွင်ရွှယ်က ကောင်းကင်အဆင့်
လက်ရွေးစင် တစ်ယောက် ဆိုမှတော့ သူက လင်းဟန်ရဲ့ စာကို
လျော့မတွက်ဝံ့ပါဘူး။ သူက ဒါကို လက်ခံလိုက် ပါတယ်။

ဒါပေမဲ့လည်း သူက စစ်ဗိုလ်တစ်ယောက်ပဲ ဖြစ်ပါတယ်။
ဘုရင်ရှစ်ပါးကို တန်းပြီးတော့ တွေ့ဆုံဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်

ဒီစာကို စစ်သူကြီး အဆင့်တွေကို တင်ပြရပါမယ်။ စာနဲပ ပတ်သက်ပြီး စဉ်းစာသုံးသပ်ပေးနိုင်တဲ့ ခေါင်းဆောင်တွေ ရှိတယ်ဆိုပေမဲ့ ဒီစာကို အထက်ကို ပို့ပေးဖို့က သူတို့ပဲ ဆုံးဖြတ်ရမှာပါ။

လင်းဟန်က ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းဆီကို လျှို့ဝှက်စွာနဲ့ ပြန်လာခဲ့ပါတယ်။ သူ့ရဲ့ရုပ်ကို ဖျက်ပြီးတဲ့နောက်မှာ မိုးရေဧကရာဇ်နဲ့ မုယောင်ချင်းကို ဆက်သွယ်ပြီး သူ့အကြံစည်တွေကို သူတို့ကို ပြောပြကာ မှော်ဆေးလုံးတွေ အများကြီးကို သူတို့အတွက် ချန်ထားပေးခဲ့ပါတယ်။ နောက်ပြီးတော့ သူက ယွမ်ချောင်ဟဲနဲ့ လီမောင်နမကို သူနဲ့အတူ မြောက်ပိုင်းဒေသဆီကို ခေါ်ဆောင်သွားခဲ့ပါတယ်။

တစ်လကျော်လောက် ကြာပြီးတဲ့နောက်မှာ သူတို့က မြောက်ပိုင်းဒေသကို ပြန်လာခဲ့ပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ရဲ့ အထွတ်အထိပ်

အဆင့်ကို ရောက်နေပါပြီ။ ဒါပေမဲ့ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို အလျင်စလိုနဲ့ ချိုးဖျက်ဂင်ရောက်မှာ မဟုတ်ပါဘူး။ သူ့လက်ရှိ အဆင့်ကို ပိုပြီးတော့ ခိုင်မာကျစ်လျစ်အောင် လုပ်ပြီးတော့မှ သူ့ရဲ့စွမ်းဆောင်နိုင်ရည် အမြင့်ဆုံးကို အောင်မြင်မှု ရရှိမှ နောက်တစ်ဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ ဆန္ဒရှိပါတယ်။

ကျူးရှမ်အာက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ဂင်ရောက်လာပြီး ကျောက်တုံး စိတ်ဝိညာဉ်ကလည်း နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဂင်ရောက် လာခဲ့ပါတယ်။ ဒြပ်စင်ငါးမျိုးထဲက တစ်ခုဖြစ်တဲ့ ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ ကြီးမားတဲ့ စွမ်းအားနဲ့ဆိုရင် အဆင့်ချိုးဖျက်ဂင်ရောက်ကာစ ဆိုပေမဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်က တည်ရှိမှု တစ်ခုနဲ့ နိုင်းယှဉ်လို့ ရပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ကိုတော့ အနိုင်မယူ နိုင်သေးပါဘူး။ ကျောက်တုံး စိတ်ဝိညာဉ်ကိုတော့ သူတို့ဘက်ရဲ့ တတိယ အစွမ်းထက်ဆုံး လက်ရွေးစင်လို့ သတ်မှတ်နိုင်ပါတယ်။

ယွမ်ချမ်ဟဲနဲ့ တခြားလူတွေရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကလည်း

အရမ်းကို လျင်မြန်ပါတယ်။ မော်ဆေးကောရာဇ် တစ်ယောက်ရဲ့ အနောက်ကို လိုက်လာတဲ့ သူတိုတွေက စားစရာ မော်ဆေးလုံး မရှိမှာကို ဘယ်လိုလုပ် ကြောက်စရာ လိုမှာလဲ။ တကယ်လို့ လင်းဟာန်ကသာ ကျင့်ကြံခြင်း အဆင့်ကို မော်ဆေးလုံးတွေ စားပြီးတော့ အဆင့်မြှင့်တင်ပြီး မတည်မငြိမ် ခိုင်မာမှု မရှိမှာကို မကြောက်ဘူးဆိုရင် ယွမ်ချောင်ဟဲက အစုဆို နတ်အသွင် ပြောင်းလဲခြင်း အဆင့်ထိ တစ်ဟုန်ထိုး ဂင်ရောက်သွားပါလိမ့်မယ်။

ယွမ်ချောင်ဟဲလည်း စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က လင်းဟာန်နဲ့ အဆင့်တူတူ ဖြစ်ပါတယ်။ လီမောင်နမကလည်း ပန်းဖူးအဆင့် ကျင့်ကြံခြင်း အထွတ်အထိပ်ကို လျင်မြန်စွာနဲ့ အောင်အောင်မြင်မြင် ရောက်ရှိခဲ့ပြီး သူတို့ရဲ့ အဆင့်တွေကို မြှင့်တင်ဖို့ အလျင်စလို မလုပ်ပါဘူး။ လင်းဟာန်ရဲ့ အကြံပေးထားတဲ့အတိုင်း သူတို့ရဲ့ အခြေခံကို အမြင့်ဆုံးထိ တိုးအောင်လို့ လုပ်ရပါလိမ့်မယ်။

ဒီလူတွေက လင်းဟာန်အတွက် နိုင်ငံတစ်ခု တည်ဆောက်တဲ့ အခါမှာ အမာခံ အင်အားတွေ ဖြစ်လာပါလိမ့်မယ်။ ဒီအချိန်မှာ

သူတို့ရဲ့ အစွမ်းတွေက အနည်းငယ် သနားစရာတော့ ကောင်းနေပါသေးတယ်။

လင်းဟန်မှာ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းနှစ်ခု ရှိပါတယ်။ နယ်မြေအတားအဆီးကို ရောက်လာတဲ့ အခါမှာ သူက ပစ္စည်းနှစ်ခုထဲက တစ်ခုကို ထုတ်လိုက်ပါတယ်။ အတားအဆီးကို ထိလိုက်တဲ့ အခါမှာ စိတ်ဝိညာဉ် ပစ္စည်းက အလိုအလျောက် ကာကွယ်ပေးပြီး အလင်းရောင် မျက်နှာပြင် တစ်ခုကို ဖန်တီးကာ သူတို့ကို ထွက်ခွာစေပြီး ဘာအကျိုးသက်ရောက်မှုမှ မဖြစ်စေပါဘူး။

အတားအဆီးက စိတ်ဝိညာဉ် နတ်သူငယ်၊ နတ်အသွင် ပြောင်းလဲခြင်းနဲ့ ကောင်းကင်အဆင့်တွေ အတွက်ပဲ ခွဲခြားထားတာ ဖြစ်ပါတယ်။ စကြာဂဠ ဖျက်ဆီးခြင်း အဆင့်နဲ့ ရင်ဆိုင်လိုက်ရင် ဒါတွေက အသုံးမဝင်ပါဘူး။

"နယ်မြေရဲ့ အတားအဆီး တည်ရှိမှုက ဒီလိုဆိုရင် လက်ရွေးစင်တွေက ဆက်သွယ်နိုင်လိမ့်မှာ မဟုတ်ဘူး။ နယ်မြေလေးခုရဲ့ သိုင်းပညာတွေ အားနည်းလာပြီး အချိန်မကုန်

လူမပင်ပန်းပဲ ထိန်းချုပ်ဖို့ အကောင်းဆုံးပဲ”

လင်းဟန်က ညည်းညူလိုက်ပါတယ်။

“တကယ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီဘုံရဲ့ သိုင်းပညာရပ်တွေက အရမ်းကို ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်။ ငါတို့လည်း စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ပြီးတဲ့နောက်ကျရင် တန်ခိုးရှင်ဘုံကို ဝင်ရောက်နိုင်ပြီး ဒီကမ္ဘာကြီးရဲ့ သဘာဝ အရင်းအမြစ်တွေကို ထပ်ပြီးတော့ စားသုံးဖို့ မလိုတော့ပဲ အစွမ်းပိုထက်တဲ့ လက်ရွေးစင်တွေ ပိုပြီးတော့ မွေးဖွားလာနိုင်မယ်”

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဒီနှစ်ပေါင်း တစ်သောင်းတစ်လျှောက် ဖြစ်ပျက်စေခဲ့လို့ ဖြစ်ပါတယ်။ အနည်းဆုံးတော့ သူ့အတိတ်ဘဝမှာ ဒီနယ်မြေ အတားဆီးတွေ မရှိပါဘူး။ ဇီရှုရှန်းရဲ့ ပုန်ကန်မှုကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက နယ်မြေတွေအကြားက ဆက်သွယ်မှုကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားလိုက်တာ ဖြစ်ပါတယ်။

မြောက်ပိုင်းဒေသကို ဂင်ရောက်လာပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ အမြန်နှုန်းတွေကို လျှော့ချလိုက်ပါတယ်။ မြောက်ပိုင်းအစွန်အဖျား ဒေသကို ပြန်ရောက်ဖို့အတွက် သူတို့က အချိန်အများကြီး မလိုတော့ပါဘူး။

ည။

ဒါက သူတို့အတွက် ပထမဆုံး ရပ်နားပြီးတော့ သူတို့ခရီးကို အလျင်အမြန် ဆက်ပြီးတော့ မသွားပဲ အနားယူလိုက်ကြပါတယ်။ မီးပုံတစ်ခုကို ဖိုလိုက်ပြီး အစားအသောက်တွေကို ချက်ပြုတ်လိုက်ကြပါတယ်။ အနံ့အရသာရှိတဲ့ ဟင်းတွေအပြင် ထူးဆန်းတဲ့ လက်တံမွှန်းစတား စွပ်ပြုတ်ကို နောက်တစ်ကြိမ် ထုတ်ယူလိုက်ပြီး နှစ်တစ်သောင်း ပုလဲရဲ့ ထူးခြားတဲ့ အဆီအနှစ်တွေကို ပေါင်းထည့်ပြီး စိတ်ဝိညာဉ် အရည် အစက်အနည်းငယ်ကိုပါ ထည့်လိုက်တဲ့ အခါမှာ အရမ်းကို အရသာပြည့်ဂတဲ့ အားဆေးတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒီတစ်ကြိမ်တော့ အစားအသောက်ကြီးတဲ့သူက လင်းဟန်နဲ့ ဟူးညီတို့ နှစ်ယောက်တည်း မဟုတ်ပါဘူး။ ဟော့လျန်ချွင်ရှယ်က

ကောင်းကင်အဆင့် လက်ရွေးစင်လည်းဖြစ် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံထားတဲ့ ကျင့်ကြံသူလည်း ဖြစ်တာကြောင့် သူမရဲ့ အစားလောဘက လင်းဟာန်တို့အောက် မနိမ့်ကျပါဘူး။ ဒီလူသုံးယောက်က အစားအသောက်တွေကို အလုအယက် စားသောက်နေရတာကြောင့် ဟူးညိုကို အံ့တကြိတ်ကြိတ် ဖြစ်စေပါတယ်။ ဒီဦးနှောက်မရှိတဲ့ မိန်းမကြီးက သူမရဲ့ လင်းဟာန်ကို လုယူရုံတင်မက သူမရဲ့ အစားကိုပါ လာလုနေတယ်။ တကယ်ပဲ အရမ်းကို မုန်းစရာကောင်းတယ်။

သူတို့က ဒီညမှာ ကောင်းကောင်းမွန်မွန် အိပ်စက်အနားယူပြီးတော့ လွန်ခဲ့တဲ့ ရက်အနည်းငယ် ကုန်ခမ်းသွားတဲ့ စွမ်းအင်တွေကို ပြန်လည်ဖြည့်ဆည်းဖို့ ဆုံးဖြတ်ခဲ့ ကြပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ နောက်ကလိုက်ဖမ်းတဲ့ လူတွေကြောင့် သူတို့က အနက်ရောင် မျှော်စင်ထဲ ဂင်ပြီးတော့ အနားယူကြပါတယ်။ အဲဒီနေရာက အလုံခြုံဆုံး နေရာပဲ ဖြစ်ပါတယ်။

လင်းဟာန်က သူ့သားနဲ့ ဟူးညိုကို ချော့ပြီးတော့

ဒီကလေးနှစ်ယောက်ကို အိပ်စေခဲ့ပါတယ်။ သူလည်း အိပ်ပျော်ခါနီးမှာ ဟော့လျန်ချင်ရှယ် လျှောက်လာတာကို မြင်လိုက်ရပါတယ်။

"ဘာလဲ မအိပ်သေးဘူးလား"

လင်းဟန်က မေးလိုက်ပါတယ်။

ဟော့လျန်ချင်ရှယ်က အဖြေမပေးပါဘူး။ သူမရဲ့ မျက်လုံးတွေထဲမှာ ဆိုးဝါးတဲ့ အလင်းရောင်တစ်ခု တလက်လက် တောက်ပနေပါတယ်။ သူမ ရောက်လာတဲ့ အချိန်မှာ သူမက လင်းဟန်ကို ကုတင်ပေါ် တွန်းလှဲလိုက်ပြီး သူ့တစ်ကိုယ်လုံး စတင်ပြီးတော့ စမ်းနေပါတယ်။

"ဟော့ဟော့ဟော့ နင်ဘာလုပ်တာလဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့ အာသီသတွေက

တကယ်ပဲ အရမ်းကို သန်မာနေတာလား။

"နင်ငါနဲ့ အိပ်ခဲ့တယ်။ ဒါပေမဲ့ နင်ကတာဝန်ကို မယူချင်ခဲ့ဘူးလား"

ဟော့လျန်ချွင်ရှယ်က အံကြိတ်ပြီး ပြောလိုက်ပါတယ်။

"ငါက အဲဒီလို လူစားမျိုး မဟုတ်ပါဘူး။ တကယ်လို့ မင်းက တစ်ခုခု ပြောချင်တယ်ဆိုရင် ကောင်းကောင်းမွန်မွန် ပြောလို့ ရပါတယ်။ ငါ့အဝတ်အစားတွေကို ချွတ်နေတာက ဘာအဓိပ္ပါယ်လဲ"

လင်းဟန်က အားအင်ချိနဲ့စွာနဲ့ တီးတိုးပြောလိုက်ပါတယ်။

"ဟေ့ နင်က ငါ့ကုတင်ပေါ်ကို ရောက်နေပြီ။ နေ့တိုင်းလိုလို ငါ့ကို စဉ်းစားစေခဲ့တယ်။ နင်က ဒီအတွက် တာဝန်မယူချင်ဘူးလား"

ဟော့လျန်ချွင်ရှယ်က သူ့ရဲ့အဝတ်အစားတွေကို ဆက်ပြီးတော့

ဆွဲချွတ်လိုက်ပါတယ်။

"ငါနင့်ကို မေးမယ်။ ဒီနှစ်အတွင်းမှာ နင်ငါ့ကို ဘယ်နှစ်ကြိမ်လောက် သတိရ လွမ်းဆွတ်မိလဲ"

ဒါက ညစ်ညမ်းတဲ့ နဂါးတစ်ကောင်ရဲ့ သဘာဝလား။

လင်းဟန်က အဖျားတက်သလို တုန်တုန်ယင်ယင်နဲ့ ပြောလိုက်ပါတယ်။

"ဒီညမှာ မင်းကို ငါလုပ်ခဲ့သလိုမျိုး အားလုံးပြန်လုပ်ဖို့ အစီအစဉ်ရှိနေတာလား"

"နင်က ပန်းသေနေတယ်လို့တော့ ငါ့ကို မပြောနဲ့"

ဟော့လျန်ချင်ရှယ်က လင်းဟန်ကို အထင်သေးစွာနဲ့

စိုက်ကြည့်လိုက်ပါတယ်။

"ငါက ပန်းသေနေတယ် ဟုတ်လား"

လင်းဟန်က ဒေါသထွက်သွားခဲ့ပါတယ်။ ယောက်ျားတွေရဲ့ အမုန်းဆုံးစကားက ပန်းသေနေတယ် နင်က မစွမ်းဆောင်နိုင်ပါဘူး ဆိုတဲ့စကားပဲ ဖြစ်ပါတယ်။ သူက ချက်ချင်းဆိုသလို ဟော့လျန်ချင်ရှယ်ရဲ့ အပေါ်ကို လှိမ့်တက်ပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ကျမှ အလျော့ပေး သနားဖို့ မတောင်းဆိုနဲ့"

"လာစမ်းပါ"

ဟော့လျန်ချင်ရှယ်ရဲ့ သဘာဝကိုက ကြောက်ရွံ့မှု မရှိပါဘူး။

"မင်းက သားတစ်ယောက် မွေးပေးပြီးပြီ။ ငါကမင်းကို အရှုံးပေးအောင်လို့ မလုပ်နိုင်ဘူး ဆိုတာ ငါမယုံဘူး"

လင်းဟာန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

"နင့်အားတွေကို စကားပြောပြီးတော့ ဖြုန်းမနေနဲ့"

"ဒါဆိုရင် ငါ့အင်အားတွေကို ဘယ်နေရာမှာ သုံးသင့်လဲ"

"နင်ဘာလုပ်မလဲ ဆိုတာကိုပဲ အာရုံစိုက်စမ်းပါ"

"ကဲဒါဆို လာပြီနော်"

မကြာခင်မှာပဲ ကုတင်ပေါ်ကနေ ဟော့လျှန်ချွင်ရှယ်ရဲ့ အော်ဟစ်ညည်းညူသံတွေ အဆက်မပြတ် ထွက်ပေါ်လာပြီး လင်းဟာန်ရဲ့ အသက်ရှူသံ ပြင်းပြင်းတွေလည်း ထွက်လာခဲ့ပါတယ်။

Chapter 747 end

အပိုင်း(၇၄၈) ထိုည

ညက တဖြည်းဖြည်းနဲ့ ကုန်လွန်သွားခဲ့ပါပြီ။ လင်းဟန်က လွမ်းဆွေးဖွယ်ရာကောင်းတဲ့ အားအင်ချို့တဲ့ မောပန်းမှုအမျိုးအစား တစ်ခုကို ခံစားလိုက်ရပါတယ်။

ညတုန်းက မုန်တိုင်းတွေကြားထဲမှာ ဟော့လျန်ချင်ရှယ်ကို သူက လုံးဂကို လွှမ်းမိုးထားပြီး ပထမ အချိန်တစ်ဂက်မှာ အသာစီး ရယူထားခဲ့ပြီး သူမက ခေါင်းကို အဆက်မပြတ် ခါပြီးတော့ ဆွဲဆွဲငင်ငင်နဲ့ မလုပ်နဲ့ မလုပ်နဲ့ ဆိုပြီးတော့ အော်ဟစ်နေပါတယ်။ ဒါပေမဲ့ မိန်းမဆိုတာက တကယ့်ကို ထူးဆန်းတဲ့ သက်ရှိတွေ ဖြစ်ပါတယ်။ သူတို့က မလုပ်နဲ့ မလုပ်နဲ့လို့ ပြောနေပေမဲ့ အမှန်တကယ်တော့ အဲဒါကို အလွန်အမင်း နှစ်သက်ကျေနပ်နေကြတဲ့ သူတွေဖြစ်ပါတယ်။

အဲဒီနောက် ဒုတိယပိုင်းမှာတော့ မလုပ်နဲ့ မလုပ်နဲ့လို့ အော်ဟစ်ပြောရတာက သူ့အလှည့် ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ အဆုံးသတ်မှာတော့ ဒီနဂါးမင်းသမီးက သူ့အပေါ် ကိုတက်ပြီး အရှင်သခင် တစ်ယောက် ဖြစ်လာပြီး သူ့ကို ဦးဆောင်သွားပါတယ်။

ဘာဖြစ်လို့ ဒီလိုမျိုး ဖြစ်ရတာလဲ။

လင်းဟာန်က အတွေ့အကြုံ နည်းပါးပြီးတော့ သူ့အဆင့်က တစ်ဖက်လူနဲ့ အခုချိန်မှာ နိမ့်ကျနေတာကြောင့်လို့ သုံးသပ်ရပါမယ်။ မူလစွမ်းအင်အဆင့် ဒါမှမဟုတ် ပကတိ ခွန်အား အဆင့်ကို လျစ်လျူရှုရင် သူ့အနေနဲ့ ကောင်းကင်အဆင့်ကို ချိုးဖျက်ဖြင်ရောက် ပြီးတဲ့အခါကျရင် သူမကို လုံးဝကို လွှမ်းမိုးနိုင်ပါလိမ့်မယ်။

လတ်တလောမှာတော့ သူက ကုတင်ပေါ်မှာ လှဲနေဆဲ ဖြစ်ပြီး ဟော့လျန်ချွင်ရွှယ်က မှန်အရှေ့မှာ အလှပြင်နေပြီး သူမရဲ့ နူးညံ့ပျော့ပျောင်းတဲ့ ဆံကေသာကို ဖီးနေပါတယ်။ အနက်ရောင် ဆံပင်တွေက ရေတံခွန် တစ်ခုလို ပခုံးပေါ်ကနေ စီးကျနေပြီး သူမရဲ့ အိစက်ညက်ညောတဲ့ နို့နှစ်ရောင် အသားအရေနဲ့

လိုက်ဖက်လွန်းလှပါတယ်။

"နင့်ကြည့်ရတာ မဝသေးဘူးလား"

ဟော့လျန်ချွင်ရှယ်က ကြေးမုံမှန်ကနေတစ်ဆင့် လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။ သူမရဲ့ ပျော်ရွှင်နေတဲ့ စိတ်ခံစားချက်က သူမရဲ့ နှုတ်ခမ်းကို အပြုံးလေးတွေ တွဲခိုစေပါတယ်။

လင်းဟန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီးတော့ ခြောက်ကပ်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ငါစဉ်းစားနေတာ အခုချိန်ကနေ စပြီးတော့ မင်းရဲ့ ရင်ဘတ်ပေါ်က တောင်ပူစာ သေးသေးလေး နှစ်ခုကို တောင်ကြီးနှစ်ခု ဖြစ်လာအောင် ကြိုးကြိုးစားစားနဲ့ အားစိုက်ပြီး နှိပ်နယ်ပေးရလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ မင်းရဲ့ မျက်နှာကို မင်းဆံပင်တွေနဲ့ ဖုံးလိုက်ရင် ဘယ်ဟာက အရှေ့ ဘယ်ဟာက နောက်ကျော ဆိုတာကို ဘယ်သူမှ သိမှာမဟုတ်ဘူး"

"လင်းဟန်"

ဟော့လျှန်ချွင်ရွှယ်က ချက်ချင်းဆိုသလို မှန်တိုင်းထန်သွားခဲ့ပါတယ်။

"နင်သေချင် နေပြီလား"

သူမက စကားကို တစ်လုံးချင်းစီ ပြောလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ ဒါက မင်းရင်သားတွေ သေးနေတဲ့ အချက်ကြောင့်ပဲဟာ"

လင်းဟန်က တိုးတိုးလေး ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဒီအမျိုးသမီးကို နောက်ထပ် မစော်ကား တော့ပါဘူး။ သူမက တကယ်ဆို သူ့ကလေးရဲ့ မိခင်ဖြစ်ပါတယ်။

သူတို့နှစ်ယောက်က အိမ်ထဲကနေ ထွက်လာတဲ့ အခါမှာ ဟူးညိုက လင်းကျန်းရှယ်လေးနဲ့ လေပေါ်ကို မြှောက်မြှောက်ပြီး ကစားနေပါတယ်။ ဟူးညိုက ကလေးကို မီတာထောင်နဲ့ချီအောင် မြှောက်လိုက်ပြီး မြေကြီးပေါ်ကို ကျလာခါနီးမှာ ကပ်ပြီးတော့ သူမရဲ့ လက်တွေနဲ့ ဆီးဖမ်းလိုက် ပါတယ်။

ကလေးက ပီတိတွေ ဖြာနေပြီး သူ့ရဲ့ အထူးတလည် စိတ်လှုပ်ရှားမှုကို ပေါ်လွင်စေပြီး မရပ်မနား ပျော်ရွှင်မြူးထူးစွာနဲ့ ရယ်နေပြီး ဟော့လျန်ချွင်ရှယ်ကတော့ ဒီမြင်ကွင်းကို မြင်လိုက်တဲ့ အခါမှာ သေလုမတတ် ထိတ်လန့်သွားခဲ့ပါတယ်။ ဟူးညိုသာ ဂရုမထားမိပဲ လွဲချော်သွားခဲ့ရင် သူမရဲ့ သားက သေချာပေါက် အစိတ်စိတ် အပိုင်းပိုင်း ကျိုးပဲ့ပြီးတော့ သေသွားပါလိမ့်မယ်။

သူမက အလျင်အမြန်ပဲ လေထဲကို ခုန်တက် ပျံသန်းလိုက်ပြီး သူမရဲ့သားကို ပေါ့ပါးဖျတ်လက်စွာ သူမရင်ခွင်ထဲကို ဆွဲယူလိုက်ပါတယ်။ အဲဒီနောက် လင်းဟန်ဘက်ကို လှည့်ပြီးတော့ အမိန့်ပေး လိုက်ပါတယ်။

"မြန်မြန် သူမကို သေချာပြောထားဦး"

ဒီကလေးမက သူမကိုယ်တိုင် ကလေးတစ်ယောက်ပဲ ရှိပါသေးတယ်။ ဒီလိုမျိုး အဖြစ်အပျက်ရဲ့ နောက်ဆက်တွဲ အနေနဲ့ စိုးရိမ်စရာ ဘယ်လောက်ထိ ကြီးမားတယ်ဆိုတာကို မသိသေးပါဘူး။ အချိန်မရွေး ကံဆိုးမိုးမှောင်ကျပြီးတော့ မတော်တဆ ထိမိခိုက်မိ နိုင်ပါတယ်။

လင်းဟန်က ခေါင်းငြိမ့်ပြီးတော့ လမ်းလျှောက်လာပြီး အေးအေးဆေးဆေးနဲ့ သတိပေး ဆုံးမလိုက် ပါတယ်။

"ဒီနေရာမှာပဲ ပုံ့ ပုံ့ ပုံ့ ဆိုပြီးတော့ ကစားနိုင်တယ်။ ဒါပေမဲ့ အပြင်ဘက်မှာတော့ မကစားရဘူးနော်"

"အင်း"

ဟူးညို က ကြွပ်ဆတ်ဆတ် အသံနဲ့ ကတိပေးလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က စိတ်ကုန်စရာ ကောင်းမှုကြောင့် သတိလစ် မူးမေ့မတတ် ခံစားလိုက် ရပါတယ်။ ဒါကို သတိပေး ဆုံးမတယ်လို့ သတ်မှတ်လို့ ရနိုင်လား။ ဒီနေရာမှာ မျှော်စင်လေး ရှိနေတယ် ဆိုတာကို သူမ အနေနဲ့ သိနားလည်ထားခြင်း မရှိပါဘူး။ လင်းဟန်အနေနဲ့ သူ့ရဲ့သား တစ်စုံတစ်ခု ဆိုးဆိုးဝါးဝါး ဖြစ်သွားမှာကို ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုလိမ့်မှာလဲ။

ဟူးညို က လင်းဟန်ရဲ့ လက်ကို ဆွဲပြီးတော့ မနက်စာစားဖို့ သွားလိုက်ပါတယ်။ တခြားလူတွေက တစ်ယောက်ပြီးတစ်ယောက် နိုးလာပြီး အဲဒီနောက် ကိုယ်လက်ဆေးကြော သန့်စင်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ အစားအသောက်တွေကို သုံးဆောင်ဖို့ ထိုင်စောင့်နေကြပါတယ်။

တကယ်တော့ သူတို့ရဲ့ အစွမ်းနဲ့ဆိုရင် သူတို့စားသည်ဖြစ်စေ

အစားမစားသည်ဖြစ်စေ ကိစ္စမရှိ ပါဘူး။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ထဲကနေ ရရှိတဲ့ အစားအစာတွေက အရမ်းကို အရသာရှိပြီး အာဟာရတွေ အများကြီး ပြည့်ဝစေပါတယ်။ ဒါကြောင့် ဒီလိုမျိုး အရာကို လွဲချော်စေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟာန်က အစားအသောက်တွေကို စုပေးလိုက်ပြီးတဲ့ နောက်မှာတော့ ကျူးရွှမ်အာ၊ လီဇီရှန်းနဲ့ ဟောင့်လျန်ချွင်ရွှယ်တို့ အလုပ်တွေ ရှုပ်ကုန်ပါတယ်။

"လင်းဟာန် မနေ့ညက အဲဒီဦးနှောက်မရှိတဲ့ မိန်းမနဲ့ တိုက်ခိုက်နေတာလား။ သူမအော်ဟစ်တဲ့ အသံနဲ့ စူးစူးဝါးဝါး အော်သံတွေကို ညီုးညီုးကြားရတယ်။ အဲဒီအသံတွေ ကြားရတာ တော်တော်လေး အားရစဖွယ် ကောင်းတယ်။ ပြီးတော့ ညီုးညီုးက လင်းဟာန်ကို လာပြီးတော့တောင် ကူညီပေးချင်သေးတာ။ ဒါပေမဲ့ ညီုးညီုး အထဲကို ဝင်လို့မရဘူး"

ဟူးညို့က အစားအသောက်တွေကို စောင့်နေရင်းနဲ့ အမောတကောနဲ့ ပြောလိုက်ပါတယ်။

ဂလွှမ်။

ရုတ်တရက်ဆိုသလို ပော့လျှန်ချွင်ရှယ်ရဲ့ လက်ထဲက ရေခွက်က မတော်တဆ ပြုတ်ကျ သွားခဲ့ပါတယ်။ အဲဒီနောက် ဟူးညီကို လူသတ်တော့မဲ့အတိုင်း စိုက်ကြည့်လိုက်ပါတယ်။ မနေ့ညက နံရံကနေ တစ်ယောက်ယောက်က ခိုးနားထောင်ခဲ့တယ်ပေါ့။

ကျူးရှုမ်အာနဲ့ လီဇီရှန်းတို့ နှစ်ယောက်စလုံးရဲ့ မျက်နှာတွေက ရှက်သွေးတွေနဲ့ နီရဲသွား ခဲ့ပါတယ်။ သူမတို့ နှစ်ယောက်စလုံးက လက်မထပ်ရသေးတဲ့ အပျိုစင် မိန်းကလေးတွေ ဖြစ်ပေမဲ့ ညနက်သန်းခေါင် အားလုံးအိပ်စက်သွားတဲ့ အချိန်မှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက် ရန်ဖြစ်တယ် ဆိုတာက ဘယ်လိုမျိုး ရန်ဖြစ်တယ် ဆိုတာကို အရွယ်ရောက်တဲ့ လူတွေပဲ မပြောပဲ နားလည်ပါလိမ့်မယ်။

လင်းဟာန်ကို ကြည့်ရတာ အရိုက်ကို လက်သီးနဲ့ တည့်တည့်

ထိုးခံလိုက်ရသလို ချောင်းတဟွတ်ဟွတ် ဆိုးသွားပါတယ်။ အဲဒီနောက် သူက လည်ချောင်းကို ရှင်းပြီးတော့ အပြစ်တင်ဝေဖန်လိုက်ပါတယ်။

"ကလေးဆိုတာ မြန်မြန်ကြီးထွားဖို့ ပိုပြီးအိပ်ဖို့လိုတယ်။ အခုကစပြီးတော့ အိပ်ယာစောစော ဝင်ရမယ်။ ညဘက်တွေ ထွက်ပြီးတော့ လျှောက်မသွားနဲ့"

ဟူးညို့က အို့ဆိုပြီးတော့ သူမရဲ့ လက်ညိုးနဲ့ ဟော့လျန်ချွင်ရှယ်ရဲ့ ရင်ဘတ်ကို ထိုးပြပြီးတော့ ပြောလိုက်ပါတယ်။

"ညိုးညိုး ညဘက်ကျရင် သေချာပေါက် စောစောအိပ်မယ်။ မဟုတ်လို့ရှိရင် ဒီငတုံးမကြီးလို ညိုးညိုးရဲ့ ရင်ဘတ်က ပြားချပ်နေလိမ့်မယ်"

ဟော့လျန်ချွင်ရှယ်က ရူးသွပ်လုမတတ် ဖြစ်သွားပါတယ်။ ဒီနေ့ သူမရဲ့ ရင်ဘတ်ပြားတဲ့ ကိစ္စကြောင့် အမျက်ဒေါသ ထွက်ရတာ

ပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး။ ရင်ဘတ်ပြားတော့ ဘာဖြစ်လဲ။ အဲဒါက နင့်ကို အနှောင့်အယှက် ဖြစ်စေလို့လား။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ဟူးညိုကို သူ့ပေါင်ပေါ် ပေးထိုင်လိုက်ပါတယ်။

"ဒါကြောင့် ညိုးညိုးက အစားများများ စားရမယ်။ နို့ပိုသောက်ရမယ်။ ဟင်းသီးဟင်းရွက်တွေ ပိုစားရမယ်။ ပြီးတော့ စားလို့ရတာ အကုန်လုံး အများကြီး စားရမယ်"

"အင်း ဒီတစ်ခုတော့ ညိုးညိုး ကြိုက်တယ်"

ဟူးညိုက ပြုံးလိုက်ပါတယ်။ အစာစားတယ်ဆိုတာ သူမရဲ့ မွေးရာပါ အနှစ်သက်ဆုံး ဝါသနာပဲ မဟုတ်လား။

မနက်စာ စားပြီးတဲ့ နောက်မှာတော့ သူတို့တွေက အနက်ရောင်

မျှော်စင်ထဲကနေ ထွက်ပြီးတော့ ခရီးဆက်လာခဲ့ ကြပါတယ်။

ကျူးရှမ်အာက တစ်ချိန်လုံး နည်းနည်းလောက် မချိတင်ကဲ ဖြစ်သလို ခံစားနေရပါတယ်။ လင်းဟန်က သူ့အချစ်ဟောင်းနဲ့ ပြန်ပေါင်းမထုပ်ခင် အချစ်အကြောင်းကို ပြောမှာမဟုတ်ဘူး ဆိုတာကို သံသယ မရှိခဲ့ပါဘူး။ အဆုံးမှာတော့ ဒီကောင်က သားတစ်ယောက် တန်းရသွားပြီး သူမကို အရမ်းကို မနာလို သဝန်တိုစေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူမက လင်းဟန်နဲ့ အရင်တွေ့ခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ ဟော့လျှန်ချွင်ရွှယ်က သားတစ်ယောက်ကို အရင်ဆုံး မွေးပေးခဲ့တာ မဟုတ်လား။

ဘယ်သူမှ သတိမထားမိတဲ့ အချိန်မှာ သူမက လင်းဟန်အနားကို ကပ်ပြီးတော့ သူ့ကို တိုးတိုးလေး ပြောလိုက်ပါတယ်။

"ရှမ်အာလည်း နင့်ကလေးကို ကိုယ်ဝန်ဆောင်ပေးချင်တယ်"

လင်းဟန်က သူ့နှလုံးသားတွေ တဒိတ်ဒိတ် ခုန်တာကို မရပ်နိုင်တော့ပါဘူး။ ကျူးရွှမ်အာရဲ့ အလှအပက ကောင်းကင်ဖီးနစ် နတ်မိမယ်အောက် မနိမ့်ကျပါဘူး။ သူတို့နှစ်ယောက်လုံး ဖွံ့သင့်တဲ့ နေရာက ဖွံ့ပြီးတော့ သေးသင့်တဲ့နေရာ သေးပါတယ်။ သူတို့နှစ်ယောက် အကြားမှာ စိတ်ကူးယဉ် ကြည့်လိုက်မယ်ဆိုရင် တကယ့်ကို လောကနိဗ္ဗာန်ကို ရောက်သွားသလိုပါပဲ၊ ဒါပေမဲ့ သူ့နှလုံးသား အထဲမှာ ပြဿနာ တက်နေတာက အချစ်ရေးက အနည်းငယ် အလှမ်းကွာနေဆဲပါပဲ။

ဒါပေမဲ့ ဒါက လင်းဟန်ကို တစ်ဖက်လူရဲ့ အလှအပနဲ့ ပတ်သက်ပြီး သဘောကျမှုကို မရပ်တန့် နိုင်ပါဘူး။ သူမက ထူးထူးခြားခြားကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ အလှအပက ပြိုင်ဘက်ကင်းပြီး မြို့တစ်မြို့လုံး ကျရှုံးသွားစေဖို့ လုံလောက်ပါတယ်။ သူမကို ကြည့်မိတဲ့ ဘယ်သူမဆို မျက်လုံးရော စိတ်ထဲမှာပါ ကျေနပ်ပျော်ရွှင်မှုတွေ ရှာတွေ့နိုင်ပါလိမ့်မယ်။

ဒီလိုမျိုး ထူးထူးခြားခြား ချောမောလှပတဲ့ မိန်းကလေးရဲ့ ပါးစပ်ကနေ

သူ့အတွက် ကလေးတစ်ယောက်
ကိုယ်ဝန်ဆောင်ပေးချင်တယ်ဆိုတဲ့ စကားတွေ ထွက်လာတဲ့
အခါမှာ လင်းဟာန်က သူ့ပါးစပ်တွေ ခြောက်လာသလို
ခံစားရပါတယ်။ သူက ကျူးရှမ်အာရဲ့ တင်ပါးလေးကို ပုတ်ပြီးတော့
ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါနဲ့ ဟိုင်းညိုရဲ့ အရေးအခင်းက
အိုးနင်းခွက်နင်း ယောင်ချာချာ ဖြစ်နေတုန်းပဲ"

"ဒါဆိုရင် မနေ့ညကလည်း အိုးနင်းခွက်နင်း ဖြစ်နေတာပဲလား"

ကျူးရှမ်အာရဲ့ မျက်လုံးတွေထဲမှာ မရေတွက်နိုင်တဲ့ ခံစားချက်တွေ
ပြည့်နှက်လို့ နေပါတယ်။

ဒါက လင်းဟာန်ကို လည်ပင်းနင်သွား စေခဲ့ပါတယ်။ သူ့အနေနဲ့
ဒီနဂါးမရဲ့ ခွန်အားကို မခုခံနိုင်လို့ အတင်းအကျပ်
တွန်းလှဲခံလိုက်ရတယ် ဆိုတာကို ပြောပြလို့ မရပါဘူး။ ဘယ်သူက

ဒါကို ယုံကြည်မှာလဲ။ အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ သူ့ရဲ့တည်ရှိမှုက နတ်ဘုရား တစ်ပါးနဲ့ အတူတူပါပဲ။ ဒါကြောင့် သူ့အပြစ်ကင်းစင်မှုကို ကာကွယ်နိုင်ပါ့မလား။

လင်းဟာန်က ခြောက်ကပ်စွာနဲ့ပဲ ရယ်လိုက်မိပါတယ်။

ကံကောင်းတာက ကျူးရှမ်အာရဲ့ စိတ်ခံစားမှု ဉာဏ်ရည်ဉာဏ်သွေးက အရမ်းကို မြင့်မားတဲ့ အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် သူမက လင်းဟာန်ကို စိတ်အနှောင့်အယှက် ဖြစ်စေမဲ့ အခြေအနေကို ရောက်အောင်လို့ မလုပ်တောပဲ ကောင်းကောင်းမွန်မွန်နဲ့ ငြိမ်နေလိုက် ပါတယ်။ သူမအနေနဲ့ ဒီလိုမျိုး နည်းလမ်းတစ်ခုကို အသုံးပြုပြီး လင်းဟာန်ကို သိသွားစေပြီး သူ့နဲ့အတူ ဒုက္ခတွေ မျှဝေခံစားပေးမဲ့ လူတစ်ယောက် ရှိနေတာကို မမေ့လိုက်ဖို့နဲ့ သူကို စောင့်မျှော်နေတယ် ဆိုတာကို သိသွားစေချင်ရုံ သက်သက်ပါပဲ။

ခုနစ်ရက်ကြာပြီးတဲ့ နောက်မှာတော့ သူတို့က လမင်းကျဆင်း လျှိုမြောင်ကို ဖြတ်ပြီးတော့ မြောက်ဘက်အစွန်အဖျား ဒေသဆီကို

ပြန်လာခဲ့ပါတယ်။

အရင်ဆုံး သူတို့က သူ့မိဘတွေကို သွားတွေ့ကြပါတယ်။

လင်းကလန်ရဲ့ အိမ်တော်ကို သူတို့အုပ်စု ရောက်လာခဲ့ပါတယ်။ တံခါးစောင့်က လင်းဟာန်ကို သတိပြုမိသွားပြီး ချက်ချင်းဆိုသလို အထဲကို ပြေးဝင်ပြီးတော့ သတင်းကောင်းကို ကြေညာလိုက်ပါတယ်။

"သခင်လေး ပြန်လာပြီဟေ့"

ဒါက လင်းကလန် တစ်ခုလုံးကို လေပြင်းမုန်တိုင်းကြီးတစ်ခု တိုက်ခတ်သွားသလိုပါပဲ။ လင်းဒေါင်ရှန်နဲ့ ယွဲ့ဟောင်ချန်တို့ အလျင်အမြန် ပြေးထွက်လာခဲ့ပါတယ်။ သူတို့ရဲ့သားကို မတွေ့ရတာ တစ်နှစ်ကျော် ကြာသွားပါပြီ။ သူတို့က သူတို့သား ပြန်အလာကို စောင့်မျှော်နေပြီး သူ့တို့သားအတွက်လည်း အရမ်းကို စိုးရိမ်ပူပန်နေခဲ့ ရပါတယ်။

လွှိယုထန်နဲ့ လီစီရှန်းတို့လည်း လင်းဟန်ရဲ့ မိဘတွေ အနောက်ကနေ ကပ်ပြီးတော့ လိုက်လာခဲ့ ကြပါတယ်။ သူမတို့ရဲ့ ရှက်ကိုးရှက်ကန်း အမူအရာတွေက နှလုံးသားကို တိုက်ရိုက် ထိစေပြီး လင်းဟန်ကို စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချစေခဲ့ပါတယ်။ ကြည့်ရတာ သူစုဆောင်းမိတဲ့ အချစ်ကြွေးတွေက အတော်လေးကို များများလာပါပြီ။

ကျူးရှမ်အာနဲ့ ဟော့လျန်ချွင်ရွှယ်တို့က မျက်နှာသိတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ယွဲ့ဟောင်ချန်က လီဇီရှန်းကို ကြည့်လိုက်ပြီး သူမရဲ့ နှလုံးသားထဲမှာ နောက်ထပ်ချွေးမလောင်း တစ်ယောက် ထပ်ပြီးတော့ ရလာတာလားလို့ ထင်နေမိပါတယ်။

"ဟင် ဒီကလေးက"

အားလုံးရဲ့ အကြည့်တွေက ဟော့လျန်ချွင်ရွှယ် ချီထားတဲ့ လင်းကျန်းရွှယ် အပေါ်ကို ကျရောက်သွားခဲ့ပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲ ရယ်လိုက်ပြီးတော့ ရှင်းပြလိုက်ပါတယ်။

"အဖေနဲ့ အမေ။ ဒါက အဖေတို့ရဲ့ မြေးပဲ။ သူ့နာမည်က လင်းကျန်းရှယ်လို့ ခေါ်တယ်"

မိဘနှစ်ပါးစလုံး အူးမြူးသွားခဲ့ပါတယ်။ သားသမီးတွေ ရှိတာ ကောင်းပေမဲ့ သားတစ်ယောက်မှ မရှိဘူးဆိုရင် အရမ်းကို ဆိုးဝါးပါတယ်။ သူတို့ရဲ့သားက အခုဆိုရင် မြေးယောက်ျားလေး တစ်ယောက်ကို ပြန်ခေါ်လာပြီးတော့ အဲဒါက သူတို့ကို အလွန်အမင်း ပျော်ရွှင်သွား စေခဲ့ပါတယ်။

လွှီယုထန်နဲ့ လီစီရှန်းတို့ရဲ့ မျက်လုံးတွေက ကျူးရှမ်အာလိုမျိုး မချိတင်ကဲမှုတွေနဲ့ လင်းဟန်ကို ကြည့်လိုက်ကြပါတယ်။

ညရောက်တော့ လင်းကလန်ရဲ့ အိမ်တော်မှာ ဂုဏ်ပြုညှော့ခံစားပွဲကြီးတစ်ခုကို ကျင်းပခဲ့ ကြပါတယ်။ မိသားစုတွေ

ပျော်ပျော်ရွှင်ရွှင်နဲ့ လင်းကလန်ရဲ့ တတိယ မျိုးဆက်အတွက် ပျော်ရွှင်နေကြပါတယ်။

နောက်တစ်နေ့မှာတော့ လင်းဟန်က မိုးရေနိုင်ငံဆီကို သွားခဲ့ပါတယ်။ သူက မိုးရေနိုင်ငံရဲ့ အင်ပါယာ ဩဇာကို ယူပြီးတော့ သိမ်းပိုက်စိုးမိုးမဲ့ လမ်းကြောင်းကို ဖွင့်လှစ်ချင်ခဲ့ပါတယ်။

Chapter 748 end

အပိုင်း(၇၄၉) ကြီးကျယ်ခမ်းနားတဲ့ လှုပ်ရှားမှု တစ်ခုကို ပြုလုပ်ခြင်း

ပြန်မလာခင်တုန်းက လင်းဟန်က မိုးရေကောရာဇ်ကို သီးသန့်သွားရောက် တွေ့ဆုံထားပြီး ဒီကိစ္စနဲ့ ပတ်သက်တဲ့ အကြောင်းကို ပြောပြခဲ့ပါတယ်။ ပြောရရင် သူလည်း မိုးရေကောရာဇ်ရဲ့ သဘောတူညီမှုကို ရရှိခဲ့ပါတယ်။ ဒါကြောင့် မိုးရေကောရာဇ်က စာတစ်စောင် ရေးပေးပြီးတော့ သူ့ကိုယ်စား ချီချန်းယွဲ့ကို ပို့ပေးပြီး သူ့ကို လင်းဟန်နဲ့ ပူးပေါင်းဆောင်ရွက် ခိုင်းထားပါတယ်။

မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ကိစ္စနဲ့ ပတ်သက်လာရင် လင်းဟန်က ချီချန်းယွဲ့ရဲ့ ခံစားချက်နဲ့ ပတ်သက်ပြီး ဂရုစိုက်လိမ့်မှာ မဟုတ်ဘူး။ ဆန္ဒရှိရှိ မရှိရှိ သူ့အနေနဲ့ ထီးနန်းစွန့်ရပါလိမ့်မယ်။

လင်းဟန်က တစ်ယောက်တည်း ထွက်လာခဲ့ပြီး တခြားလူတွေကို ချန်ထားခဲ့ပါတယ်။ သူတို့က နောက်တစ်ကြိမ် လုပ်ရှားရဖို့ ရှိပါတယ်။ အနာဂတ်မှာ လင်းဟန်က ထီးနန်းကို ဆက်ခံတဲ့ အချိန်ကို ရောက်လာတဲ့ အခါမှာ မိသားစုတွေကလည်း အင်ပါယာ နန်းတော်ထဲမှာ နေထိုင်ကြ ရပါမယ်။

"မထီလေးစားနဲ့ အင်ပါယာ နန်းတော်ထဲကို ကျူးကျော်ဝင်ရောက်ရဲတယ်ပေါ့။ သေစမ်းကွာ"

လင်းဟန်က သူ့ရဲ့လမ်းကြောင်းမှာ စိတ်အနှောင့်အယှက် မဖြစ်ချင်ပါဘူး။ အခုလိုမျိုး သာမန်ကာလျှံကာ ခြေလှမ်းကျဲကြီးတွေနဲ့ ဝင်သွားလိုက်တာကြောင့် ချက်ချင်းဆိုသလို

အစောင့်တွေရဲ့ မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေကို ခံလိုက်ရပါတယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

ဒါပေမဲ့ အစောင့်တွေက သူတို့ရဲ့ လက်နက်တွေကို မြှောက်လိုက်ရုံပဲ ရှိပါသေးတယ်။ တစ်ယောက်ပြီး တစ်ယောက် ကြမ်းပြင်ပေါ်ကို လဲကျသွားခဲ့ပြီး သူတို့ရဲ့ မျက်နှာအမူအရာတွေက ဖြူဖပ်ဖြူရော်နဲ့ သူတို့ခန္ဓာကိုယ်တွေက တဆတ်ဆတ် တုန်နေပါတယ်။

လင်းဟန်က သူ့ရဲ့ အရှိန်အဝါ အနည်းငယ်ကိုပဲ ထုတ်လွှတ်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့လက်ရှိ အဆင့်ဖြစ်တဲ့ စိတ်ဝိညာဉ် နတ်သူငယ် အထွတ်အထိပ် အဆင့်နဲ့ဆိုရင် ဒီအရှိန်အဝါ အနည်းငယ်က အံ့သြဖို့ လုံလောက်ပြီ မဟုတ်လား။ အတိတ်တုန်းက ဖန်းယန်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ အမိန့်စာလွှာကို အားကိုးပြီး အင်ပါယာမြို့ တစ်ခုလုံးကို ချေမှုန်းပစ်လုနီးပါး ဖြစ်ခဲ့ပါတယ်။ လင်းဟန်လို ကိုယ်တိုင်ကိုယ်ကျ ရောက်လာတဲ့ လူဆိုရင်တော့ ဘယ်သူသိနိုင်မလဲ။ အစွမ်းတွေက ဘယ်နှစ်ဆလောက် ပိုပြီးတော့

များလာမလဲ ဆိုတာကိုပေါ့။

"ဆရာ ဒါက မိုးရေနိုင်ငံ အင်ပါယာ နန်းတော်ပါ"

အဘိုးကြီး တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ဖြစ်ပြီးတော့ လင်းဟန်ရဲ့ အရှိန်အဝါကို တောင့်ခံနိုင်စွမ်း ရှိပါတယ်။ သိသာစွာပဲ သူက သိုင်းပညာရပ်မှာ အုပ်ချုပ်သူ တစ်ယောက် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူလည်းပဲ တိုက်ခိုက်စရာ မလိုပဲ အရှုံးပေးလိုက်ရတာ ကြာနေပါလိမ့်မယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ငါ ချီကျန်းယွဲ့ကို လာရှာတာ"

"ဘယ်လောက် မထီလေးစားနိုင်လိုက်သလဲ"

အဲဒီစိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက ဒေါသထွက်သွားပြီး လင်းဟန်ကို လက်ညှိုးငေါက်ငေါက် ထိုးပြီးတော့ မိုးခြိမ်းသံလို ကျယ်လောင်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"အရှင်မင်းကြီးရဲ့ နာမည်ကို တိုက်ရိုက်ခေါ်ပြီးတော့ ရိုင်းပျမှုက နိုင်ငံတော် သစ္စာဖောက်မှု တစ်ခုပဲ"

လင်းဟန်က ပြန်ပြောလိုက်ပါတယ်။

"မင်းက အဲဒီမိုးရေကောရာဇ်ဟောင်း ထွက်ပေါ်လာဖို့အတွက် အချိန်တွေ ဆွဲနေတာလား"

သူက ဒါကို အာရုံခံဖို့ ကြိုးစားလိုက်ပါတယ်။ အဲဒီနောက် ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး စိတ်ပျက်လက်ပျက် ဖြစ်ကုန်မှာကို ငါစိုးကြောက်မိတယ်။ မိုးရေ ကေရာဇ်ဟောင်းတောင် ရှုံးသွားနိုင်တယ်။ ကျင့်ကြံနေတာကနေ ထွက်လာပြီးတော့ တိုက်ခိုက်ဖို့ ကိစ္စကို အသာထားဦး သူက သုံးရက်တောင် မနေနိုင်တော့ဘူး"

"မိုက်ရိုင်းလိုက်တာ"

အဲဒီ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက အော်ဟစ်လိုက်ပါတယ်။

"မင်းက ငါ့ကို ဒီစကားတွေနဲ့ ယိမ်းယိုင်သွားအောင် လုပ်နိုင်မယ်လို့ မင်းမထင်လိုက်နဲ့။ ကေရာဇ်ဟောင်းမှာ ငါတို့နိုင်ငံရဲ့ ကံတရားနဲ့ နတ်ဘုရားအစွမ်းရဲ့ ကာကွယ်မှုရှိတယ်။ ပြီးတော့ မင်းဆီက ဘာမဟုတ်တဲ့ စကားနည်းနည်းလေးနဲ့ အမုန်တရားကို ပုံပျက်သွားအောင် လုပ်လို့ မရဘူး"

"တကယ်လား"

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ အဲဒီနောက် သူက နောက်တစ်ကြိမ် အာရုံခံပြီးတဲ့ နောက်မှာတော့ သူ့ရဲ့မူလစွမ်းအင်ကို လက်ကြီးတစ်ဖက်အဖြစ် ပြောင်းလဲပြီး နေရာတစ်ခုဆီကို ဖမ်းဆုပ်လိုက်ပါတယ်။ ဝုန်း။ ဆူညံတဲ့ အသံတစ်ခု ထွက်ပေါ်လာတာကို ကြားလိုက်ရပြီး ကျွတ်ကျွတ်ညံ ဆူလောင်သံတွေကို ကြားလိုက်ရပါတယ်။

"အိုး မကောင်းတော့ဘူး။ တစ်ယောက်ယောက်က အရှင်မင်းကြီးကို ပြန်ပေးဆွဲသွားပြီ"

"ဂဏ်ပါတွေက ပထမဆုံး တိုက်ခိုက်မှုမှာပဲ အကုန်လုံး ပြိုလဲကုန်ပြီ။ လက်ကြီးတစ်ဖက်က ဂဏ်ပါကို တန်းဖျက်ဆီးပြီး ဝင်လာခဲ့တယ်။ ပြီးတော့ အရှင်မင်းကြီးကို ပြန်ပေးဆွဲသွားတယ်"

"ကေရာဇ်ဟောင်း ဘယ်မှာလဲ။ ကေရာဇ်ဟောင်းကို မြန်မြန်

အကြောင်းကြားကြ”

အင်ပါယာ နန်းတော်က တကယ့်ကို ဂရုန်းသုန်းကား ဖြစ်နေပါတယ်။ အစောင့်တွေ၊ မိန်းမစိုးတွေနဲ့ အပျိုတော်တွေ အားလုံးက ထိတ်လန့်တကြားနဲ့ ပြေးလွှားအော်ဟစ် နေကြပါတယ်။

ဂုန်း။

လင်းဟန်ရဲ့ ခေါင်းအပေါ်က မျက်နှာကြက်က အပေါက်ကြီး ဖြစ်သွားပြီး ရောမ လက်တစ်ဖက်က အင်ပါယာဂဝတ်စုံ ဝင်ဆင်ထားတဲ့ လူငယ်တစ်ယောက်ကို ဖမ်းဆုပ်ကိုင်ပြီးတော့ ပြန်ရောက်လာခဲ့ ပါတယ်။ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။ အဲဒီလူငယ်က နံပါတ်ခုနစ်မင်းသား ချီကျန်းယွဲ့ ဖြစ်ပြီးတော့ လက်ရှိမိုးရေကောရာဇ် မဟုတ်လား။

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူက အရမ်းကို အံ့အားသင့် နေခဲ့ပါတယ်။ ဒါကဘယ်လိုမျိုး စွမ်းရည်အမျိုးအစားလဲ။

ဒီနေရာကလူက လုံးဂကို မလုပ်ရှားပဲ အရှင်မင်းကြီးကို ဖမ်းဆုပ်ပြီး ခေါ်လာနိုင်တဲ့အပြင် ဂက်ပါကိုပါ ချိုးဖျက်ပစ်ခဲ့ပါတယ်။

ဒါက ပန်းဖူးအဆင့် မဟာဂက်ပါတစ်ခု ဖြစ်ပါတယ်။ ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်အတွက်တောင် ဒီနေရာမှာ ကိုယ်တိုင်ကိုယ်ကျ ရောက်လာခဲ့ရင် ဒီဂက်ပါကို ချိုးဖျက်ဖို့ အချိန်အနည်းငယ် ယူရပါလိမ့်မယ်။ ဒါဆိုရင် ဒီလိုမျိုး အချိန်ဆွဲထားမှုနဲ့ ဧကရာဇ်ဟောင်းက ရန်သူကို ရင်ဆိုင်ဖို့အတွက် ထွက်ပေါ်လာဖို့ အချိန်ရပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုတော့ ပထမတိုက်ခိုက်မှုမှာတင် အားလုံး ပြိုလဲကျသွားခဲ့ပါပြီ။

အခုဒီလူရဲ့ အစစ်အမှန် ခွန်အားက ဘယ်ထိတောင် ရောက်နေပြီလဲ။

"လင်း။ ဂရန်းမာစတာလင်း မဟုတ်လား"

ချီကျန်းယွဲ့က လင်းဟန်ကို မြင်လိုက်တာနဲ့ ချက်ချင်းပဲ

တည်ငြိမ်သွားပြီး သူ့ရဲ့ ကြောက်စိတ်တွေ အားလုံး ပျောက်ကွယ်သွားခဲ့ပါတယ်။

လင်းဟန်က ချီကျန်းယွဲ့ကို အောက်ချပေးလိုက်ပြီး ပြုံးပြကာ ပြောလိုက်ပါတယ်။

"အခုချိန်မှာ မင်းကိုတွေ့ဖို့က တကယ့်ကို မလွယ်ကူဖူး"

"ဟားဟား ဂရန်းမာစတာလင်း ဘယ်လိုဟာသလဲဗျာ"

ချီကျန်းယွဲ့က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပလ္လင်ကို ဆက်ခံပြီးတဲ့နောက် သူ့မှာလည်း ဧကရာဇ် တစ်ယောက်မှာ ရှိသင့်တဲ့ သဘောထားကြီးမှုတွေ ရှိလာခဲ့ပါတယ်။ အနည်းဆုံးတော့ ဒီအပေါ်ယံ လုပ်ရှားမှုက အရမ်းကို သပ်သပ်ရပ်ရပ် ရှိပြီးတော့ ကြည့်ရတာ တည်ငြိမ်ပြီး မတုန်မလှုပ် ရှိနေပုံ ပေါ်ပါတယ်။ ဒါပေမဲ့လည်း သူ့ခြေထောက်တွေက တဆတ်ဆတ် တုန်ခါနေဆဲပဲ

ဆိုတာကို တွေ့မြင်လိုက်ရင် သူတို့အနေနဲ့ သူက ထိတ်လန့်တုန်လှုပ် ချောက်ချားနေတုန်းပဲ ဆိုတာကို သတိပြုမိသွားပါလိမ့်မယ်။

"စကားနောက်မှ ပြောတာပေါ့။ မိုးရေကေရာဇ်ရဲ့ အခြေအနေက ကြည့်ရတာ အားတက်စရာ မရှိဘူး"

လင်းဟန်က စကားစ ဖြတ်လိုက်ပါတယ်။

ချီကျန်းယွဲ့လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး သူ့နှလုံးသားထဲမှာ စိုးရိမ်ပူပန်မှုတွေနဲ့ ပြည့်နှက်လို့ လာပါတယ်။ ပြောရမယ်ဆိုရင် ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့အနေနဲ့ အခုချိန်ထိ ဂန်ထုပ်ဂန်ပိုးကို ထမ်းထားနေရတုန်းပါပဲ။ မိုးရေကေရာဇ်ဟောင်းဆီက ဘာတုံ့ပြန်မှုမှ မရရှိတာကြောင့် သေချာပေါက် စိုးရိမ်စရာ ဖြစ်လာနိုင်ပါတယ်။

လင်းဟန်ရဲ့ ပုံရိပ်က ပျံသန်းသွားပြီး ခဏလောက် ပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့ ပေါ့ပါးဖျတ်လက်စွာနဲ့

လျှပ်စီးအလင်းတန်း တစ်ခုရဲ့ အလယ်မှာ ပြန်ပေါ်လာခဲ့ပါတယ်။ သူ့လက်ထဲမှာ အဘိုးကြီး တစ်ယောက်ကို ကိုင်လာခဲ့ပါတယ်။ အဘိုးကြီးက ခြောက်သွေ့နေတဲ့ ပင်စည်တစ်ခုလို ပိန်ချည့်ချည့်နဲ့ ဖြစ်နေပါတယ်။ သူက အရမ်းကို အရပ်မြင့်ပေမဲ့ သူ့အလေးချိန်က အခုဆိုရင် နှစ်ဆယ့်ငါး ကီလိုဂရမ်ထက် မပိုတော့ပါဘူး။

"စီနီယာ အကြီးအကဲ"

ချီကျန်းယွဲ့က ချက်ချင်းပဲ အရှေ့ကို တိုးလာခဲ့ပါတယ်။

"ကေရာဇ်ပေါင်း"

စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူကလည်း စိုးရိမ်တကြီးနဲ့ အော်လိုက်ပါတယ်။ သူ့အတွက်တော့ ကေရာဇ်ပေါင်းကို ကောင်းကောင်းမွန်မွန် တွေ့ရတဲ့ အကြိမ်က သိပ်မများပါဘူး။ သူ့အနေနဲ့ ဒါက ကေရာဇ်ပေါင်းဆိုတာကို ယုံတောင်မယုံနိုင်အောင် ဖြစ်သွားပါတယ်။

"ကောင်းပြီလေ။ ဒါက ခင်ဗျားအတွက် တကယ်ပဲ အရမ်းကို ကောင်းမှာပါ"

လင်းဟန်က ပြုံးပြီးတော့ သူ့ခေါင်းကို ခါလိုက်ပါတယ်။ ပြီးတော့ ကလေးတစ်ယောက်ရဲ့ လက်မောင်းအရွယ်အစားလောက် ရှိတဲ့ ဂျင်ဆင်းပင်ကို ထုတ်လိုက်ပါတယ်။ ဂျင်ဆင်းပင်မှာ ခရမ်းရောင် မျဉ်းကြောင်းတွေ ဖုံးလွှမ်းနေပြီး မဟာတာအိုရဲ့ စစ်မှန်မှုတွေ ပြည့်နှက်လို့ နေပါတယ်။

ဒါက နဂါးသွေး ဂျင်ဆင်းပင် ဖြစ်ပါတယ်။ အပင်က ရင့်မှည့်လာတဲ့ အခါမှာ တစ်ခါတည်းနဲ့ အများကြီး ရိတ်သိမ်းနိုင်ပါတယ်။ သူ့အနေနဲ့ မိုးရေကေရာဇ်ဟောင်းကို ဒီဂျင်ဆင်းပင် အရင်ဆုံး မြည်းစမ်းဖို့ မမျှော်လင့်ထားခဲ့ပါဘူး။

တစ်ဖက်လူရဲ့ အသက်ဓာတ်က ကုန်ခမ်းလာခဲ့ပြီး စိတ်ဝိညာဉ် ဆေးပင်တွေ အများကြီးကိုလည်း အသက်ကို ဆွဲဆန့်ဖို့ အသုံးပြုခဲ့ပုံ

ရပါတယ်။ တကယ်လို့ သူ့ကို နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ ဂျင်ဆင်းပင်ကို တန်တွေအများကြီး ပေးရင်တောင် အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တစ်ခုတည်းသော နည်းလမ်းက သူ့ကိုအသက်ဆက်ပြီး ရှင်သန်စေဖို့ သူ့အဆင့်ကို မြှင့်တင်ပေးပြီး ကံတရားဆီကနေ အသက်ဇီဝကို လုယူရပါလိမ့်မယ်။

နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့နဲ့ မိုးရေကေရာဇ်ဟောင်းက ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ခွန်အားကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ စစ်မှန်တဲ့ ပန်းဖူးအဆင့် မဟုတ်သေးပါဘူး။ ဒါကြောင့် သူ့သက်တမ်းကို နှစ်ပေါင်းတစ်ရာကနေ တစ်ရာ့ငါးဆယ်အထိ ဆွဲဆန့်နိုင်တာက အမြင့်ဆုံးပဲ ဖြစ်ပါတယ်။ တကယ်လို့သူက ပန်းဖူးအဆင့်ကို တက်သွားခဲ့မယ်ဆိုရင် နောက်ထပ် နှစ်ပေါင်းငါးဆယ် အသက်ရှင်သန်ဖို့ဆိုတာ ကိစ္စမရှိပါဘူး။

နဂါးသွေး ဂျင်ဆင်းတစ်ပင်က ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက်အတွက် နှစ်ပေါင်းငါးဆယ် အသက်ဓာတ်ကို ရရှိစေပါတယ်။ ဒီအကြောင်းကို တခြားသူတွေသာ

သိသွားမယ်ဆိုရင် အသုံးအဖြုန်းကြီးတဲ့
သခင်လေးတစ်ယောက်အဖြစ် သူ့ကို အပြစ်တင်
ကြိမ်းမောင်းကြလိမ့်မယ် မဟုတ်လား။

ဒါပေမဲ့ လင်းဟာန်က တုန်လှုပ်မှု မရှိပါဘူး။ စိတ်ဝိညာဉ်
ဆေးပင်ဆိုတာ သူ့အတွက်တော့ အလျှံပယ်ဖြစ်နေတာ
မဟုတ်လား။ ဒါကြောင့် သူ့ကို ထိတ်လန့်စေမှာတဲ့လား။

သူက ချက်ချင်းပဲ ဆေးကျိုအိုးကို အပူပေးပြီးတော့ စတင်ဖော်စပ်
လိုက်ပါတယ်။ နဂါးသွေး ဂျင်ဆင်းပင်ရဲ့ မူလသဘာဝက
စိတ်ဝိညာဉ် ဆေးပင်တစ်ပင် ဖြစ်ပါတယ်။ ဒါကြောင့် တန်းပြီးတော့
စားလို့ရနိုင်ပါတယ်။ ဒါပေမဲ့ အဆင့်နိမ့်တဲ့ မိုးရေကြောရာဇ်ဟောင်းကို
ပေးလိုက်ပြီး တကယ်လို့ သူက တန်းစားလိုက်မယ်ဆိုရင်
သူ့ခန္ဓာကိုယ်က ပေါက်ကွဲသွားပါလိမ့်မယ်။ သူ့ကို ပန်းဖူးအဆင့်ကို
ချိုးဖျက်ဝင်ရောက်ဖို့ ဘယ်လိုလုပ် ကူညီနိုင်တော့မှာလဲ။

ဒါကြောင့် လင်းဟာန်က ပထမဆုံး အနေနဲ့ ဆေးပင်ရဲ့
ဂုဏ်သတ္တိတွေကို မိုးရေကြောရာဟောင်း အတွက် အတော်လေး

မပြင်းထန်အောင် လုပ်ရပါတယ်။ ဒါမှသာ မိုးရေကောရာဇ်ဟောင်းက ဒါကို စားနိုင်စွမ်း ရှိပါလိမ့်မယ်။

နေ့တဝက်တောင် မကြာလိုက်ပဲ လင်းဟန်က ဆေးတစ်လုံးကို ဖော်စပ်သန့်စင်လို့ ပြီးသွားခဲ့ပါပြီ။ အဲဒီနောက် သူက မိုးရေကောရာဇ်ဟောင်းရဲ့ ပါးစပ်ထဲကို ထည့်ပြီးတော့ မူလစွမ်းအင်ကို သုံးပြီး မျိုချစေလိုက်ပြီး ဆေးလုံးကို အစာအိမ်ထဲရောက်အောင် ပို့လိုက်ပါတယ်။

အာနိသင်က ချက်ချင်းဆိုသလို အစွမ်းတွေ ပြလာခဲ့ပါတယ်။

ဒါက နဂါးသွေး ဂျင်ဆင်းပင် ဖြစ်ပါတယ်။ အရမ်းကို ရှေးကျတဲ့ မျိုးစိတ်မဟုတ်ပေမဲ့ အစစ်အမှန် နဂါးရဲ့ သွေးကနေ မွေးဖွားလာတဲ့ ဂျင်ဆင်းအရှင်သခင် ဖြစ်ပါတယ်။ ဒါပေါ်မဲ့ ဒီအပင်က နောက်ပိုင်းမျိုးဆက် ဘယ်လောက်တောင် ဖြစ်နေလဲဆိုတာ ဘယ်သူသိမှာလဲ။ ဒါပေမဲ့ ဒီဂျင်ဆင်းပင်က ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် ရတနာတစ်ပါးအဖြစ် သတ်မှတ်ယူဆထားဆဲ ဖြစ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း

အဆင့်ကို အရှိန်မြှင့်တင် ဂင်ရောက်နိုင်ဖို့အတွက် ကူညီပေးနိုင်ပါတယ်။

အခုတော့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက်နိုင်ဖို့ အသုံးပြုခဲ့တာဖြစ်ပြီး ဘယ်လိုလုပ်ပြီးတော့ ရိုးရှင်းလိမ့်မှာလဲ။

မိုးရေဇကေရာဇ်ဟောင်းက ချက်ချင်းပဲ မျက်လုံးပွင့်လာပြီး လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီး မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားခဲ့ပါတယ်။ သူက အဆင့်တက်နေတာ ဖြစ်ပြီးတော့ အကြီးအကျယ် ပျက်စီးမှုတွေ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် အင်ပါယာ နန်းတော်ထဲ ဆက်ပြီးတော့ မနေနိုင်ပါဘူး။

သူက ပန်းဖူးအဆင့်ကို အဆင့်တက်ဖို့ နိုင်ငံရဲ့ စွမ်းအားကို မှီခိုပြီး နတ်ဘုရား ပန်းပွင့်တစ်ပွင့် ပွင့်လာခဲ့ပြီး ပန်းဖူးအဆင့်နဲ့ မယှံနိုင်စရာကောင်းလောက်အောင် ရင်းနှီးကျွမ်းဂင် လာခဲ့ပါတယ်။ တကယ်တော့ သူ့ရဲ့ နတ်ဘုရားမျိုးစေ့က ဟိုးအရင်ကတည်းက မျိုးစေ့ချပြီးသားပါ။ သူက စစ်မှန်တဲ့ နတ်ဘုရား ပန်းပွင့်တစ်ပွင့်ကို ပွင့်လာအောင် မလုပ်နိုင်တာပဲ ရှိပါတယ်။

အခု နဂါးသွေး ဂျင်ဆင်းပင်ရဲ့ ဆေးအာနိသင်နဲ့ပဒအတူ နတ်ဘုရားမျိုးစေ့က ချက်ချင်းပဲ ကြီးထွားရှင်သန် လာခဲ့ပါတယ်။ နတ်ဘုရားမျိုးစေ့က အရမ်းကို လျှင်မြန်စွာနဲ့ ကြီးထွားရှင်သန်လာပြီးတော့ အပြည့်အဝ ပွင့်လန်းလာခဲ့ပါတယ်။

ပန်းဖူးအဆင့်။

"ဟားဟားဟားဟား"

မိုးရေကရာဇ်ဖော်ပေါင်းက ဟားတိုက်ရယ်မော နေပါတယ်။ သူ့ခန္ဓာကိုယ်ကို ကြည့်ရတာ ထောက်ပံ့ခြင်းကို ရရှိနေပုံ ရပါတယ်။ သူ့ခန္ဓာကိုယ်က တောင့်တင်းသန်မာလာတာကို မျက်လုံးနဲ့တောင် မြင်နိုင်စွမ်းရှိပါတယ်။ ကြွက်သားတွေ ပြန်ပြည့်လာပြီး သူ့ခေါင်းက ဆံပင်တွေကလည်း ပြန်ပေါက်လာခဲ့ပါတယ်။

အဲဒီနောက် သူက ခြေလှမ်းတစ်လှမ်းနဲ့ ဆင်းသက်လာပြီးတော့

လင်းဟန်ဘက်ကို လှည့်လိုက်ပြီး လက်နှစ်ဖက်ကို ဆုပ်ကာ အရိုအသေ ပေးလိုက်ပါတယ်။

"သူငယ်ချင်းလေးရဲ့ ကူညီမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်"

သူက ဘယ်လိုလုပ်ပြီးတော့ မပျော်ပဲ နေမှာလဲ။ အခုဆိုရင် သူက စစ်မှန်တဲ့ ပန်းဖူးအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ပြီးတော့ နိုင်ငံရဲ့ စွမ်းအား အထောက်အပံ့နဲ့ဆိုရှ သူ့ရဲ့ အမြင့်ဆုံး တိုက်ခိုက်မှု စွမ်းရည်က ပန်းဖူးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနိုင်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြန်ပြောလိုက်ပါတယ်။

"ငါပြောမဲ့ နောက်ထပ်စကားတွေကြောင့် ခင်ဗျားက ကျုပ်ကို ဓားနဲ့တောင် ထိုးမယ်လို့ ယုံကြည်ထားတယ်"

Chapter 749 end

အပိုင်း(၇၅၀) တက်ရောက်ခြင်း

"ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

မိုးရေဇကေရာဇ်ဟောင်းက သူ့လက်ကို အလျင်အမြန်ပဲ ခါပြီးတော့ ငြင်းဆိုလိုက်ပါတယ်။ သူက သူ့ရဲ့အကြွေးကို မေ့တတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

စောစောတုန်းက သူ့ကိုကြည့်ရတာ လူသေတစ်ယောက်နဲ့ တူပါတယ်။ ဒါပေမဲ့ ဒါကလည်း သူက အရမ်းကို အားနည်းနေတာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ သူ့ဘေးပတ်ဝန်းကျင်ကို သတိမူမိဆဲပါပဲ။

လင်းဟာန်က မငြင်းဆန်ပဲ မိုးရေဇကေရာဇ်ဆီက လက်ရေးစာ တစ်စောင်ကို ဆွဲထုတ်ပြီး ချီကျန်းယွဲ့ကို ပေးလိုက်ပါတယ်။

ချီကျန်းယွဲ့က အသိစိတ်ရဲ့ စေ့ဆော်မှုနဲ့ စာကိုလက်ခံလိုက်ပြီး ခဏလောက် ကြောင်တောင်တောင် ဖြစ်နေပြီးမှ နောက်ဆုံးမှာ နားလည်သွားပြီး စာကိုဖွင့်ဖတ် လိုက်ပါတယ်။

ကေရာဇ်ဟောင်းလည်း သူ့အနားမှာ ရပ်ပြီးတော့ စာကို လေးလေးနက်နက်နဲ့ ဖတ်လိုက်ကြ ပါတယ်။

"ငါ့ဖခမည်းတော်က စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီ"

"ဟားဟား ဟိုင်းချောင်ရဲ့ ပါရမီက ငါတို့ရဲ့ အရင်မျိုးဆက် အားလုံးထက် သာတယ်ဆိုတာ ငါသိတာပေါ့။ တကယ်ပဲ သူက ငါတို့ ချီကလန်ရဲ့ ကြီးမားတဲ့ အောင်မြင်မှုကို ဦးဆောင်နိုင် လိမ့်မယ်"

ချီကျန်းယွဲ့နဲ့ မိုးရေကေရာဇ်ဟောင်းတို့ နှစ်ယောက်စလုံး

အံ့အားသင့် သွားခဲ့ပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်။ ဒါက မြောက်ပိုင်းဒေသမှာ အစွမ်းထက်ဆုံး တည်ရှိမှုတစ်ခု ဖြစ်ပါတယ်။ မြောက်ပိုင်း အစွန်အဖျား ဒေသတစ်ခုလုံးကို ပေါင်းစည်းနိုင်ရုံသာမက မြောက်ပိုင်းဒေသ တစ်ခုလုံးမှာတောင် ဒီလိုမျိုး တည်ရှိမှုက သူ့ကိုယ်ပိုင် နေရာကို တည်ဆောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့ သူတို့တွေ စာကိုဆက်ဖတ်လိုက်တဲ့ အခါမှာ သူတို့ရဲ့ အမူအရာတွေက ချက်ချင်းပဲ မည်းမှောင်သွားခဲ့ပါတယ်။

မိုးရေကေရာဇ်က တကယ်ပဲ သူ့ရဲ့အင်ပါယာ ထီးနန်းကို လင်းဟန်ဆီ လွှဲပြောင်းပေးစေချင် နေခဲ့ပါတယ်။

နောက်ပြီးတော့ မိုးရေကေရာဇ်က ဒီလိုမျိုး ကိစ္စကြီးတစ်ခုအတွက် ရှင်းလင်းတဲ့ ဖြေရှင်းမှု တစ်ခုကို ရေးသားထားခြင်း မရှိပဲ အနာဂတ်မှာ သူ့ရဲ့ဆုံးဖြတ်ချက်ကို သူတို့တွေ နားလည်လာ လိမ့်မယ်လို့ပဲ ရေးထားခဲ့ပါတယ်။

လမြွတ်ပဲ။ ဒါက သူ့ကို ဘုရင်တစ်ပါးအဖြစ် ကြေညာသလို တစ်စုံတစ်ခု မဟုတ်ပဲ အင်ပါယာ ထီးနန်းနဲ့ ပတ်သက်နေပါတယ်။

အဘိုးကြီးနဲ့ လူငယ်တို့ နှစ်ယောက်စလုံး တုံ့ဆိုင်းဆိုင်း ဖြစ်နေပါတယ်။ အင်ပါယာ ထီးနန်းက ချီကလန်ရဲ့ အရေးအကြီးဆုံး အရာပဲ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ အုတ်မြစ်လည်း ဖြစ်ပါတယ်။ ချီကလန်က သူတို့ရဲ့ ပါရမီရှင် မျိုးဆက်တွေထဲမှာ ပျက်စီးမှု တစ်ခုကို ခွင့်ပြုနိုင်ပါတယ်။ သူတို့အတွက်တော့ နိုင်ငံတစ်ခုလုံးရဲ့ စွမ်းအားကို မှီခိုပြီး နိုင်ငံရဲ့ စွမ်းအားအကူအညီနဲ့ဆို စိတ်ဂိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို မွေးထုတ်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ သူတို့အတွက် ပန်းဖူးအဆင့်ရဲ့ စွမ်းအားကို ပိုင်ဆိုင်နိုင်တဲ့ တစ်စုံတစ်ယောက် ရှိဖို့ဆိုတာလည်း ပြဿနာ မဟုတ်ပါဘူး။

ဒါကလည်း ချီကလန်ရဲ့ လက်ထဲမှာ အင်ပါယာသြဇာကို နှစ်ပေါင်းများစွာ ရှိစေတဲ့ အာမခံချက် တစ်ခုပဲ ဖြစ်ပါတယ်။

တကယ်လို့ မိုးရေကောရာဇ် ကိုယ်တိုင်ကိုယ်ကျ ဒီနေရာမှာ

ရှိနေမယ်ဆိုရင် သူ့ရဲ့ လက်ရှိ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းရည်ရယ် သူ့ရဲ့တဖွတ်ထိုး လုပ်တတ်တာကြောင့် တကယ်လို့ ကေရာဇ်ဟောင်းနဲ့ ချိုကျန်းယွဲ့တို့က သဘောမတူဘူး ဆိုရင်တောင် သူတို့က ဘာမှပြောပုံမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ တကယ်လို့ ဒီနေရာမှာ စာတစ်စောင်ပဲ ရှိတယ်ဆိုရင် လက်ခံချင်စရာ ဆွဲဆောင်မှုက အကြီးအကျယ် လျော့ကျပါလိမ့်မယ်။

လင်းဟန်က ဒါကိုမြင်ပါတယ်။ ဒါကြောင့်သူက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"မိုးရေကေရာဇ်က ငါ့သွေးသောက် အစ်ကိုပဲ။ ငါတို့ညီအစ်ကိုတွေ လုပ်တဲ့ကိစ္စတိုင်းအတွက် အကြောင်းပြချက် ရှိတယ်။ ပြီးတော့ မင်းတို့အားလုံးက ငါတို့ပြောသလို လုပ်ဖို့ပဲ လိုတယ်။ မိုးရေနိုင်ငံလေး တစ်ခုကိုပဲ အလေးအနက်ထားပြီး သိမ်းပိုက်ဖို့ လာခဲ့တာမဟုတ်ဘူး။ ဒီနေရာမှာ စစ်တပ်တစ်ခု အဆင်သင့်

ရှိနေတာရယ် နိုင်ငံရဲ့ စွမ်းအား ရှိနေတာကြောင့်ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး နေရာသေးသေးလေး တစ်ခုကို ငါဂရုစိုက်လိမ့်မှာ မဟုတ်ဘူး”

“ပထမခြေလှမ်းက မြောက်ပိုင်းအစွန်အဖျား ဒေသတစ်ခုလုံးကို ပေါင်းစည်းဖို့ပဲ။ ပြီးတော့ ဒုတိယက မြောက်ပိုင်းဒေသကို သိမ်းပိုက်မယ်။ တတိယခြေလှမ်းက အုပ်ချုပ်သူ တစ်ယောက်ရဲ့ လက်အောက်မှာ နယ်မြေကြီး လေးခုစလုံးကို ပေါင်းစည်းဖို့ပဲ။ အဲဒီနောက် အလယ်ပိုင်း ဒေသရဲ့ ခရမ်းရောင်လ အင်ပါယာနဲ့ မဟာမိတ် ဖွဲ့ပြီးတော့ သူတို့ကို ကူညီမယ်။ လွယ်လွယ်လေးပါ”

လင်းဟန်က သက်တောင့်သက်သာ ရွတ်ပြလိုက်ပါတယ်။

လွယ်လွယ်လေး ဟုတ်လား။

မိုးရေဇကေရာဇ်ဖဲ့ဟောင်းနဲ့ ချီကျန်းယွဲ့တို့ နှစ်ယောက်စလုံး သတိလစ်တော့မလို ခံစားလိုက် ရပါတယ်။
ဘယ်လောက်မြင့်မြတ်ပြီး ကြီးကျယ်ခမ်းနားတဲ့ ရည်မှန်းချက်လဲ။

နယ်မြေကြီး လေးခုစလုံးကို ပေါင်းစည်းဖို့နဲ့ အင်အားစုတွေကို ပူးပေါင်းပြီး တစ်ဖက်အဖွဲ့ရဲ့ အမိန့်ကို နာခံစေဖို့က လွယ်လွယ်လေးပဲ ဟုတ်လား။ မင်းမှာ အားလပ်ချိန်တွေ အရမ်းကို များနေတာလား။

လင်းဟန်က အရေးမပါတဲ့ အချက်တွေကို ပြောပြီးတော့ စိတ်အနှောင့်အယှက် ဖြစ်မခံတော့ပါဘူး။ သူက ချီကျန်းယွဲ့ကို ပြောလိုက်ပါတယ်။

"နန်းစွန့်ဖို့ ပြင်ဆင်လိုက်တော့။ ဒီတစ်ကြိမ်တော့ မင်းကို အနိုင်ကျင့်တဲ့လူက ငါပဲ။ ဒါကြောင့် စီနီယာ တစ်ယောက် အနေနဲ့ လျော်ကြေးပေးရလိမ့်မယ်"

သူက လက်တစ်ဖက်ကို သာမန်ကာလျှံကာ ဝှေ့ယမ်းလိုက်ပြီး မှော်ဆေးလုံးတွေနဲ့ လျှို့ဝှက်နည်းစနစ်တွေ အမျိုးမျိုးကို စားပွဲပေါ်ကို ဖြန့်ခင်းပေးလိုက်ပါတယ်။

ဒီနေရာကို မလာခင် သူက ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။

"ကောင်းကင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်"

"နောက်ပြီးတော့ အားလုံးက အဆင့်ကိုးခုနဲ့ ပြီးပြည့်စုံတယ်။
ဒီကျင့်စဉ်အရ ကျင့်ကြံအားထုတ်မယ် ဆိုရင်
ကောင်းကင်အဆင့်ကိုတောင် ချိုးဖျက်ဝင်ရောက်နိုင်စွမ်း
ရှိလိမ့်မယ်"

"သောက်ကျိုးနည်း။ ဒီမှာလည်း ကောင်းကင်အဆင့် သိုင်းပညာ
နည်းစနစ်တစ်ခုတောင် ရှိတယ်"

"ဒါ ဒါ ဒါက မြေကမ္ဘာအဆင့် မှော်ဆေးလုံး တစ်လုံးပဲ"

မိုးရေဧကရာဇ်ဟောင်းနဲ့ ချီကျန်းယွဲ့က အံ့အားသင့်စွာနဲ့
ပြောလိုက်ပြီး သူတို့ရဲ့က မျက်နှာတွေက အရူးအမူးကို

ဖြစ်နေကြပါတယ်။

ရတနာ တချို့က အဖိုးအနဲ့ထက် ထိုက်တန်တယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ရတနာတချို့ ရှိပါတယ်။ ဒါက နိုင်ငံတစ်ခုထက်တောင် ပိုပြီးတော့ တန်ကြေးရှိပါတယ်။ ဒီလိုမျိုး ကောင်းကင်အဆင့် ကျင့်ကြံခြင်းနဲ့ သိုင်းပညာ နည်းစနစ်တွေရယ် မြေကမ္ဘာအဆင့် မှော်ဆေးလုံးတွေက နိုင်ငံတစ်ခုထက်တောင် တန်ဖိုးကြီးပါတယ်။ ဒါပေမဲ့ အခုတော့ ဒီလိုပစ္စည်းတွေကို သူတို့အရှေ့မှာ ဘာမှတန်ဖိုးမရှိတဲ့ အရာတွေလိုမျိုး ခင်ကျင်းထားပါတယ်။

ဒါက မိုးရေနိုင်ငံ တစ်ခုလုံးကို ဂယ်ယူနိုင်တဲ့ တန်ဖိုးထက် ပိုများပါတယ်။ ဒီအရင်းအမြစ်တွေ ချီကာလန်ရဲ့ လက်ထဲမှာ ရှိနေမယ်ဆိုရင် သူတို့ကလန်ထဲမှာ နှစ်ပေါင်းများစွာ ကြာပြီးမှ ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာခဲ့ပြီး သူက ကောင်းကင်အဆင့်ကို တက်ရောက်နိုင်ရင် သူ့အနေနဲ့ မိုးရေနိုင်ငံပေါင်း တစ်ရာ ဒါမှမဟုတ် တစ်သောင်းလောက်တောင် သိမ်းပိုက်နိုင်စွမ်း ရှိပါတယ်။

အဘိုးကြီးနဲ့ လူငယ်က သူတို့ရဲ့ စိတ်လှုပ်ရှားမှုတွေ တည်ငြိမ်လာပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ အရိပ်အယောင်ကို နည်းနည်းလေးမှ မတွေ့ရတော့ပါဘူး။

"အကြီးအကဲ။ ကျနော်တို့ ဘာလုပ်ကြမလဲ"

ချီကျန်းယွဲ့က မိုးရေဧကရာဇ်ဟောင်းကို မေးလိုက်ပါတယ်။ ဒီကိစ္စက အင်ပါယာ ထီးနန်းနဲ့ သက်ဆိုင်နေမှတော့ သူတို့ကလန်ရဲ့ အသန်မာဆုံး လက်ရွေးစင်က ဆုံးဖြတ်ချက်ကို လုပ်သင့်ပါတယ်။

"ချက်ချင်း ထီးနန်းစွန့်လိုက်"

မိုးရေဧကရာဇ်ဟောင်းက ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။ ဒီလိုမျိုး များပြားတဲ့ ရတနာတွေကို မျက်တောင်တစ်ချက်တောင် မခတ်ပဲ ပေးနိုင်စွမ်းရှိတယ် ဆိုကတည်းက လင်းဟန်ရဲ့ ကြွယ်ဝမှုနဲ့ သူ့ရဲ့ ကြောက်မက်ဖွယ်ရာ စွမ်းအားကို ရှင်းရှင်းလင်းလင်း ညွှန်ပြနေရာ ရောက်ပါတယ်။

စွမ်းအားမရှိပဲ ဘယ်လိုလုပ် သူက ဒီလိုမျိုး အရာတွေ အများကြီး ပိုင်ဆိုင်ထားနိုင်မှာလဲ။

မိုးရေကောရာဇ်ဟောင်းက အရမ်းကို ရည်မှန်းချက် ကြီးသလို လောဘလည်း ကြီးပါတယ်။ ဒါပေမဲ့ သူက တချို့အရာတွေက အကျိုးအမြတ် နည်းနည်းလေးပဲ ရှိပြီးတော့ ငမ်းငမ်းတက် လိုချင်နေလို့ မရနိုင်ပါဘူး။ အဲဒါတွေက ပျက်စီးရာ ပျက်စီးကြောင်းတွေ သယ်လာနိုင်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ ချီကျန်းယွဲ့က ဒီပစ္စည်းတွေကို သူ့ကိုယ်သူအတွက် ယူထားမယ် ဆိုရင်တောင် လင်းဟန်က သူတို့ကို သတ်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ သူတို့က မိုးရေကောရာဇ်ရဲ့ သားနဲ့ ဆွေမျိုးတော်တဲ့ စီနီယာ ဖြစ်ပါတယ်။ အများဆုံး သူ့အနေနဲ့ သူတို့နှစ်ယောက်ကို အနက်ရောင် မျှော်စင်ထဲမှာ ချုပ်ထားပြီးတော့ အနာဂတ်မှာ မိုးရေကောရာဇ်ဆီ လွှဲပြောင်းပေးလိုက်ရုံပါပဲ။

သူက လင်းကလန် အိမ်တော်ကို ပြန်လာခဲ့ပြီး အားလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်ပြီးတော့ မိုးရေနိုင်ငံဆီကို နောက်တစ်ကြိမ် ပြန်လာခဲ့ပါတယ်။

ကျူးရှမ်အာ၊ လီမောင်နမ၊ ယွမ်ချောင်ဟဲနဲ့ တခြားလူတွေ တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ် လာခဲ့ပါတယ်။ အထူးသဖြင့် နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရှိ ကျောက်တုံးစိတ်ဂိညာဉ်နဲ့ ကောင်းကင်အဆင့်ရှိတဲ့ ဟော့လျန်ချွင်ရှယ်တို့ရဲ့ အရှိန်အဝါတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ် ကောင်းပါတယ်။

မိုးရေကေရာဇ်ဟောင်းက မခံမရပ်နိုင်အောင် စိုးရိမ်တကြီး ဖြစ်နေပါတယ်။ အထူးသဖြင့် သူ့ဆီမှာ မသင့်လျော်တဲ့ အကြံအစည်တွေလည်း နည်းနည်းလေးမှ မရှိတော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီနေရာမှာ ရှိနေတဲ့ ဘယ်သူမဆို သူ့ကို လွယ်လွယ်လေးနဲ့ ချေမှုန်းပစ်နိုင်စွမ်း ရှိပါတယ်။ သူက အလျင်အမြန်ပဲ ချီကျန်းယွဲ့ကို ထီးနန်းစွန့်ဖို့ လုံ့ဆော်လိုက်ပြီး နည်းနည်းလေး နှောင့်နှေးခြင်း မရှိအောင်လို့ လုပ်ခိုင်းလိုက်ပါတယ်။

ဒါမှ လင်းဟန်ကို မကျေမနပ် မဖြစ်စေပဲ သူတို့မှာလည်း လှည့်စားမှုတွေ မလုပ်ထားဘူးဆိုတာကို သက်သေပြရာ ရောက်ပါလိမ့်မယ်။

ဒီလူက အမှန်တရားကို ပြောခဲ့ပါတယ်။ သူ့စွမ်းအားက မြောက်ပိုင်းဒေသ တစ်ခုလုံးကို ပေါင်းစည်းဖို့ လုံလောက်ပါတယ်။ ဒါကြောင့် သူ့အတွက် မိုးရေနိုင်ငံကို ငမ်းငမ်းတက် လိုချင်စရာ အကြောင်း မရှိသလို လျော်ကြေးအနေနဲ့ ရတနာတွေ အများကြီး ပြန်ပေးနေစရာတောင် မလိုပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ ချီကျန်းယွဲ့က အရမ်းကို ပူးပေါင်းဆောင်ရွက်ရင်တောင် ထီးနန်းစွန့်တာ မရိုးရှင်းပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အကြီးအကျယ် ဂယက်ထမှု ရှိပါတယ်။ တကယ်တော့ လင်းဟန်က နာမည်အားဖြင့် နိုင်ငံတစ်ခုကို လိုချင်ရုံသက်သက် မဟုတ်ပါဘူး။ နိုင်ငံထဲမှာ ရှိနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ သစ္စာရှိမှုကိုလိုချင်တာ ဖြစ်ပါတယ်။ ဒါမှ သူအသုံးပြုဖို့အတွက် နိုင်ငံရဲ့ စွမ်းအားကို ရရှိပါလိမ့်မယ်။

သူက ယွမ်ချောင်ဟဲနဲ့ တခြားသူတွေကို စစ်တပ်ထဲမှာ ခန့်ထားလိုက်ပါတယ်။ ဒါက ပထမ အချက် ဖြစ်ပါတယ်။ စစ်တပ်အင်အားစုရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးဖို့ ဖြစ်ပြီးတော့ ဒုတိယ အချက်က ခရမ်းရောင်လ အင်ပါယာရဲ့ နည်းလမ်းတွေအတိုင်း စစ်သည်တွေကို လေ့ကျင့်သင်ကြားပေးဖို့ ဖြစ်ပါတယ်။ သူက ဒီနည်းလမ်းတွေကို ယွမ်ချောင်ဟဲ၊ လီဖန်းယုနဲ့ တခြားသူတွေကို သင်ကြားပေး ပြီးပါပြီ။

အမှန်တကယ်တော့ အဓိက သော့ချက် အနည်းငယ်ပဲ ရှိပါတယ်။ စည်းကမ်း၊ ပူးပေါင်းဆောင်ရွက်မှုနဲ့ သတ္တိပဲ ဖြစ်ပါတယ်။

ချီကျန်းယွဲ့က အင်ပါယာမြို့ရဲ့ အင်အားကြီး ကလန်ရှစ်ခုလိုမျိုး အရေးကြီးတဲ့ ကိစ္စတွေကို အစီစဉ်ကျအောင် လုပ်လိုက်ပြီး လင်းဟန်က ကျောက်တုံး စိတ်ဝိညာဉ်ကို မြို့ထဲနည်းနည်း လျှောက်သွားခိုင်းလိုက်ပါတယ်။ အားလုံးက ကြံရာမရ ဖြစ်ပြီးတော့ ထိတ်လန့်တုန်လှုပ် ခြောက်ချားကုန်ပြီး သဘောမတူတဲ့ စကားတွေ ဘယ်သူက ပြောဝံ့မှာလဲ။

လဂက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ ထီးနန်းစွန့်ပွဲ

ကျင်းပခဲ့ပါတယ်။ ချီကျန်းယွဲ့က ထီးနန်းကို စွန့်လွှတ်ပြီး လင်းဟန်က ထီးနန်းကို ဆက်ခံပြီးတော့ နိုင်ငံရဲ့ နာမည်ကိုလည်း လင်း ဆိုပြီး တရားဝင် ပြောင်းလဲခဲ့ပြီး မဟာလင်းနိုင်ငံတော်လို့ အမည်တပ်လိုက်ပါတယ်။

လင်းဟန်က အချိန်ကို နည်းနည်းလေးမှ မဖြုန်းချင်ပါဘူး။ ချက်ချင်းပဲ ယွမ်ချမ်ဟဲနဲ့ လီဖန်းယုကို စစ်ဗိုလ်ချုပ် ရာထူးကို ချီးမြှင့်လိုက်ပါတယ်။ သူတို့တွေက စစ်တပ်တစ်ခုစီကို ဦးဆောင်ပြီးတော့ မြောက်ပိုင်းအစွန်အဖျား ဒေသရဲ့ ကျန်ရှိနေတဲ့ နိုင်ငံရှစ်ခုကို သိမ်းပိုက်စိုးမိုးပြီး နိုင်ငံချဲ့ထွင်ဖို့ စတင်လိုက်ကြပါတယ်။

ဒီစစ်ပွဲရဲ့ သော့ချက်က အောင်နိုင်ခြင်း ဖြစ်ပါတယ်။ သတ်ဖြတ်ခြင်း မဟုတ်ပါဘူး။ အတတ်နိုင်ဆုံး သူတို့က ထိခိုက်ပျက်စီး သေကျေမှု မရှိအောင် ရှောင်ရှားရပါမယ်။

စိတ်ဂိညာဉ် နတ်သူငယ် အထွတ်အထိပ်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ပန်းဖူးအဆင့် အထွတ်အထိပ် စစ်သည်တော် တစ်ယောက်က အမိန့်ပေး အရာရှိတွေအဖြစ် ဦးဆောင်နေမှတော့

သူတို့က ဘယ်လိုလုပ်ပြီး ပြိုင်ဘက်ကင်း မဖြစ်နိုင်မှာလဲ။ တစ်လဆိုတဲ့ အချိန်အတွင်းမှာ မဟာစစ်တပ်ကြီး နှစ်ခုက နိုင်ငံရှစ်ခုကို ချေမှုန်းနိုင်ခဲ့ပါတယ်။ သူတို့အနေနဲ့ ဘာမှမတတ်နိုင်ပဲ အလံဖြူလေး တစ်ခုကို လွှင့်တင်ပြီး အညံ့ခံခဲ့ ကြပါတယ်။

လင်းဟန်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို အချိန်ကြာကြာ ထိန်းချုပ်မထားနိုင်ပါဘူး။ ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ တွန်းအားပေး လုပ်လိုက်ပါတယ်။

သူ့ရဲ့ အစပိုင်း အကြံအစည်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို အချိန်အတိုင်းအတာ တစ်ခုအထိ ဆက်ပြီးတော့ ထိန်းချုပ်ထားမလို့ပါ။ တကယ်တော့ သူ့ရဲ့အဆင့်တက်နှုန်းက အရမ်းကို လျင်မြန်ပါတယ်။ ဒါပေမဲ့ သူက ဒါကိုဆက်ပြီးတော့ ထိန်းချုပ်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် အဆင့်တက်ဖို့ကိုပဲ ရွေးချယ်နိုင်ပါတယ်။

နတ်အသွင် ပြောင်းလဲခြင်းအဆင့်။ ဒါက သူ့ခန္ဓာကိုယ်ထဲက စိတ်ဝိညာဉ် နတ်သူငယ်ကို နတ်တစ်ပါး အဖြစ်ကို

ပြောင်းလဲပစ်လိုက်ခြင်း ဖြစ်ပါတယ်။

ပြောရမယ်ဆိုရင် ဒါက သူ့ကိုယ်ပိုင် ခန္ဓာကိုယ် အထဲက နတ်တစ်ပါး အဖြစ်ကို ပြောင်းလဲခြင်း ဖြစ်ပါတယ်။ ပြီးတော့ ဒါက နောက်ထပ်ခုန်ကျော်မှု တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟန်အတွက် ဒီခြေလှမ်းကို လှမ်းရတာ မယုံနိုင်စရာ ကောင်းလောက်အောင် လွယ်ကူပါတယ်။ ပထမအချက်က သူ့မှာ စွမ်းအင်တွေ အများကြီး စုစည်းထားပါတယ်။ ပြီးတော့ ဒုတိယ အချက်က သူ့ရဲ့အရင်ဘဝတုန်းက သူက ဒီအဆင့်ကို ရောက်ခဲ့ဖူးပါတယ်။ ဒါကြောင့် အရာအားလုံးက လွယ်ကူဆင်ပြေ ချောမွေ့နေပါတယ်။

"အင်းအခု ငါက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်ပြီ"

လင်းဟန်က အရမ်းကို နှောင်တရ နေပါတယ်။ အစတုန်းက သူ့အနေနဲ့ ဒီဘဝမှာ အသက်သုံးဆယ် အချိန်အတွင်း

ကောင်းကင်အဆင့်ကို ပြန်ရောက်နိုင်မယ်လို့ ထင်ထားပါတယ်။ ဒါပေမဲ့ အခုအအခြေအနေကို ကြည့်ရသလောက်တော့ နောက်ထပ် တစ်နှစ် ဒါမှမဟုတ် နှစ်နှစ် အချိန်အတွင်းမှာ ရောက်နိုင်ပါလိမ့်မယ်။

ပထမ အချက်အနေနဲ့ ဒီဘာဂမှာ သိုင်းပညာရပ်တွေအတွက် ပတ်ဂန်းကျင် အခြေအနေက အရမ်းကို ကောင်းမွန်လွန်းပါတယ်။ ပြီးတော့ ဒုတိယ အချက်က သူ့မှာ အနက်ရောင် မျှော်စင်ကို ရရှိထားပြီး သူအသုံးပြုဖို့အတွက် ကျင့်ကြံခြင်း အရင်းအမြစ်တွေကို အဆုံးမရှိအောင် ထောက်ပံ့ပေးနိုင်ပါတယ်။ နောက်ပြီးတော့ သူကိုယ်တိုင်က မှော်ဆေးဧကရာဇ် ဖြစ်နေတာကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် သူ့ကျင့်ကြံခြင်း အမြန်နှုန်းက အရင်ကထက် ပိုပြီးတော့တောင် လျင်မြန်တယ်ဆိုတာ ဘာဘာဂ ကျပါတယ်။

"နောက်တစ်ဆင့် ငါတို့တွေ မြောက်ပိုင်းဒေသမှာ စစ်ပြိုင်ရမယ်"

Chapter 750 end

အပိုင်း(၇၅၁) ဆောင်းလဂိုဏ်းသို့ ရောက်လာခြင်း

မြောက်ပိုင်းဒေသကို သိမ်းပိုက်စိုးမိုးဖို့ ကိစ္စက နိုင်ငံပိုင်နက်ကို ချဲ့ထွင်ပြီး နိုင်ငံစွမ်းအားကို ပိုမိုအားကောင်းလာဖို့ တစ်ခုတည်း မဟုတ်ပါဘူး။ ဒီလုပ်ရှားမှုရဲ့ နောက်ကွယ်မှာ နောက်ထပ် အကြောင်းအရာ တစ်ခုလည်း ရှိပါသေးတယ်။ အဲဒါက ဆောင်းလဂိုဏ်းနဲ့ ရန်ငြိုးတွေ အားလုံးကို တစ်ခါတည်း သင်ပုန်းချေဖို့ပဲ ဖြစ်ပါတယ်။

လင်းဒေါင်ရှန်က စိတ်ဝိညာဉ် ပလ္လင်အဆင့် အထွတ်အထိပ်ကို ရောက်နေပါပြီ။ ဒါပေမဲ့ သူ့အတွက် ပန်းဖူးအဆင့်ကို အဆင့်တက်ဖို့ နောက်ဆုံးခြေလှမ်းကို လှမ်းနိုင်ဖို့အတွက်တော့ သီအိုရီအရဆို သူ့အနေနဲ့ ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းနှစ်ဆယ်တောင် လိုပါသေးတယ်။ ဒါပေမဲ့လည်း လင်းဒေါင်ရှန်က အကြာကြီး မစောင့်နိုင်တော့ပါဘူး။ ဒါကို လင်းဟာန် တတ်နိုင်ပါတယ်။

တကယ်လို့ တခြားလူတစ်ယောက်သာဆိုရင် သူတို့အနေနဲ့ ဘာမှမတတ်နိုင်ပဲ စောင့်ကြည့်နေရုံက လွဲပြီးတော့ ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟာန်က မော်ဆေးကေရာဇ် ဖြစ်ပါတယ်။ အဲဒါတော့ တကယ်လို့ သူ့ပါရမီက

အနည်းငယ် နည်းနေတော့ရော ဘာဖြစ်မှာလဲ။

မော်ဆေးလုံးတွေ စားလိုက်ပေါ့။

အခုဆိုရင် ဒီနေရာမှာ နဂါးသွေး ဂျင်ဆင်းပင် အများကြီး ရှိပါတယ်။ ပြီးတော့ ဘေးနားမှာလည်း မျိုးစေ့တွေ ပျိုးထားပါသေးတယ်။ ကျန်တာတွေ အကုန်လုံးကို ဆေးပါဂင်ပစ္စည်းတွေအဖြစ် အသုံးပြုမယ်ဆိုရင် ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။

လင်းဒေါင်ရှန်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပန်းဖူးအဆင့်ကို အတင်းအကျပ် တိုးမြှင့်ခဲ့ပါတယ်။ လင်းဟာန်က နိုင်ငံတစ်ခုကို တည်ထောင်ပြီးစီးခဲ့တဲ့အပြင် ကြီးမားတဲ့ပိုင်နက် တစ်ခုကို ထိန်းချုပ်နိုင်ခဲ့တာကြောင့် သူ လင်းဒေါင်ရှန်က အင်ပါယာရဲ့ အဖေတစ်ယောက် အနေနဲ့ နိုင်ငံရဲ့ စွမ်းအားကို အသုံးပြုနိုင်စွမ်း ရှိပါတယ်။ လင်းအင်ပါယာရဲ့ အဆက်မပြတ် ကျယ်ပြန့်လာမှုကြောင့် နိုင်ငံရဲ့ စွမ်းအားကလည်း ပိုပိုပြီးတော့ သန်မာအားကောင်း လာပါလိမ့်မယ်။

ဒီလိုမျိုး လင်းဒေါင်ရှန်ကို အောင်းဖန်က အနိုင်ယူနိုင်စွမ်း ရှိနေပါဦးမလား။

သူတို့တွေ ထွက်မသွားခင် လင်းဟာန်က မီးနိုင်ငံမှာရှိတဲ့ ရှေးဟောင်းသတ္တုမိုင်းဆီကို တစ်ခါလောက် သွားခဲ့ပါတယ်။ မရေတွက်နိုင်တဲ့ အစွမ်းထက် လက်ရွေးစင်တွေကို အဲဒီနေရာရဲ့ မြေအောက်ထဲမှာ မြှုပ်နှံထားပြီးတော့ မြေအောက်ကမ္ဘာရဲ့ ကျင့်ကြံခြင်းကို လေ့လာသင်ယူ နေကြတယ်ဆိုတာ အရမ်းကို ဖြစ်နိုင်ချေရှိပြီး မြေအောက်ကမ္ဘာကို ဖွင့်မဲ့လမ်းကြောင်းလည်း ဖြစ်နိုင်ပါတယ်။ ဒီဘုံဆီကို ပြိုင်ဘက်ကင်းလောက်အောင် ဆိုးဝါးတဲ့ ကိစ္စတစ်ခု ဖြစ်လာနိုင် ပါတယ်။

လက်ရှိမှာ လင်းဟာန်က အချိန်နဲ့အမျှ ပြေးလွှားလုပ်ရှား နေရပါတယ်။ သူက မိုးကောင်းကင်ကို တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်း မလှုပ်ရှားခင် ဖွင့်လှစ်နိုင်ဖို့ လုပ်ဆောင်နေရုံတင်မက အသက်ရှိ အလောင်းကောင် အုပ်စုနဲ့ ပတ်သက်ပြီးလည်း လုပ်ရပါမယ်။

သူ ရောက်လာတဲ့ အချိန်မှာ အဲဒီရောမ ငွေပင့်ကူကြီးက တကယ်ပဲ ပေါ်ထွက်လာခဲ့ပါတယ်။ ပင့်ကူကြီးရဲ့ နတ်ဘုရား လုံတွေနဲ့တူတဲ့ ရောမ ခြေထောက်ကြီးတွေနဲ့ ရွေ့လျားလာပြီး လမင်းကြီး ဆီကနေ အဆီအနှစ်တွေ စုပ်ယူနေသလိုမျိုး လမင်းကြီးဘက်ကို လှည့်ပြီးတော့ နာခေါင်းကို ရှုံ့ပွရှုံ့ပွ လုပ်နေပါတယ်။

သူ့ရဲ့ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာတာနဲ့ ဒီရောမ ပင့်ကူကြီးရဲ့ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းပုံကို သူက အာရုံပိုခံနိုင် လာခဲ့ပါတယ်။

မျက်လုံး ဆယ့်ငါးလုံး မဟာအလောင်းကောင် ဘုရင်ရဲ့ အဆင့်နဲ့ တန်းတူရှိတဲ့ အံ့ဩဖွယ်ရာ သက်ရှိတစ်ခု ဖြစ်ပါတယ်။

ဒီရောမ ငွေပင့်ကူကြီးက ကျင့်ကြံဖို့ အပြင်ဘက်ကို ထွက်လာတဲ့ အချိန် ဖြစ်ပါလိမ့်မယ်။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို သူက ရောက်လာခဲ့တာ ဖြစ်ပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီရောမ ပင့်ကူကြီးက သူ့ကို ဘယ်လောက် အထင်သေးတဲ့ အကြည့်နဲ့ ကြည့်ခဲ့သလဲ။ ဒီပင့်ကူကြီးက သူ့အတွက်

တမင်သက်သက်နဲ့ ထွက်လာတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

လင်းဟန်က သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို တွက်ဆကြည့် နေပါတယ်။

ကျင့်ကြံခြင်းအဆင့် ပိုပြီးတော့ မြင့်မားလာတာနဲ့အမျှ ကျင့်ကြံခြင်းအဆင့် ပိုမြင့်တဲ့ ပြိုင်ဘက် တစ်ယောက်ကို တိုက်ခိုက်ဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါက လင်းဟန်ကိုလည်း အကျိုးသက်ရောက် စေပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့် ကြယ်တစ်ပွင့် ပမာဏ ရှိပါတယ်။ ဒါပေမဲ့ သူစိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖျက်ဖြတ်ကျော်ခဲ့တုန်းက သူ့တိုက်ပွဲစွမ်းရည်က နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရဲ့ တိုက်ပွဲကြယ် ကိုးလုံးနဲ့ ယှဉ်ပြိုင်နိုင် ပါတယ်။

ဒါပေမဲ့လည်း သူက မဟာလင်းနိုင်ငံတော်ရဲ့ ကေရာဇ်တစ်ပါး ဖြစ်နေတာကြောင့် သူ့ကိုယ်ပိုင် ပိုင်နက်ရှိနေသေးသရွေ့ သူ့က

နိုင်ငံရဲ့ စွမ်းအားကို သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ပေါ်မှာ ထည့်ပေါင်းနိုင်ပါတယ်။

အဲဒါက သူ့ကို တိုက်ပွဲစွမ်းရည် နောက်ထပ် ကြယ်တစ်လုံး ထပ်ပေါင်းနိုင်ပါတယ်။ ပြီးတော့ ဒါက မြောက်ပိုင်းအစွန်အဖျား ဒေသတစ်ခုလုံးကို ပေါင်းစည်းပြီးတဲ့နောက်မှာ သူမြှင့်တင်နိုင်တဲ့ စွမ်းအားပဲ ရှိပါသေးတယ်။

တကယ်လို့ မြောက်ပိုင်းဒေသ တစ်ခုလုံးကို ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင် သူ့အဆင့်မြှင့်တင်နိုင်တဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်ငါးလုံးထိ ရှိလာပါလိမ့်မယ်။ ပြီးတော့ နယ်မြေကြီး လေးခုလုံး ပေါင်းစည်းနိုင်ခဲ့မယ်ဆိုရင် ပိုပြီးတော့တောင် အံ့သြဖွယ်ရာ ကောင်းပါလိမ့်မယ်။ ကြယ်ဆယ်လုံးကို ရောက်ရင်တောင် ဒီထပ်ပိုပြီးတော့ လင်းဟာန်ရဲ့ ခန္ဓာကိုယ်က ဒီလိုမျိုး ကြောက်မက်ဖွယ်ရာ နိုင်ငံရဲ့စွမ်းအားကို တောင့်ခံနိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။

အနက်ရောင် မျှော်စင်ကနေ စွမ်းအားတွေကို ထည့်သွင်းတာနဲ့ဆိုရင်

သူ့တိုက်ပွဲ စွမ်းရည်က စကြာဂဌာ ဖျက်ဆီးခြင်း အဆင့်ထိအောင် တစ်ဟုန်ထိုး တက်သွားပါလိမ့်မယ်။ ဒါပေမဲ့ သော့ချက်က စကြာဂဌာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်ဘယ်နှစ်ပွင့်ထိ သူရောက်နိုင်မလဲ။

တကယ်တော့ မြောက်ပိုင်းအစွန်အဖျား ဒေသက အရမ်းကို သေးငယ်ပါတယ်။ သူ့ကို ကောင်းကင်အဆင့် အခြေခံထဲမှာ တိုက်ပွဲစွမ်းရည် နောက်ထပ် ကြယ်တစ်ပွင့် ထပ်ပေါင်းထည့်လို့ ရအောင်လို့ ကူညီပေးနိုင်တယ် ဆိုပေမဲ့ စကြာဂဌာ ဖျက်ဆီးခြင်း အဆင့်နဲ့ ပတ်သက်ရင်တော့ ဒီတိုးတက်မှုကို လျစ်လျူရှုရပါလိမ့်မယ်။

သူက ဒီရောမ ပင့်ကူကြီးကို အနိုင်ယူနိုင်စွမ်း မရှိသေးပါဘူး။

လင်းဟာန်က စဉ်းစားလိုက်ပါတယ်။ သူ့ရဲ့ခေါင်းကို ခါပြီးတော့ ပိုပြီးတော့ စူးစမ်းလေ့လာချင်တဲ့ အကြံကို လက်လျှော့လိုက်ပါတယ်။ တကယ်တော့ ဒီနေရာမှာ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို ထည့်သွင်းအသုံးပြုတာက အရမ်းကို

ဖြုန်းတီးရာ ရောက်ပါလိမ့်မယ်။

သူက လှည့်ထွက်သွားဖို့ ပြင်လိုက်တဲ့ အခါမှာ သူ့ရဲ့ ခြေလှမ်းတွေကို ရပ်လိုက်ပါတယ်။

သတ္တုမိုင်းတွင်းပေါင်း ဧရိယာက အမြဲတမ်း အနက်ရောင် မြူခိုးတွေထဲမှာ ပိတ်ဖုံးနေပေမဲ့ ဒီတစ်ကြိမ် ကြည့်ရတာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ ချောက်ချားဖွယ်ရာ ကောင်းနေပါတယ်။ ကြည့်ရတာ ပိုပြီးတော့တောင် ဆိုးဝါးနေသလိုပါပဲ၊ ဒီအနက်ရောင်မြူတွေက အရင်ကထက် ပိုထူထဲလာပြီး အစိုင်အခဲကြီးအဖြစ်ကို ပြောင်းလဲလာသလိုပါပဲ။ ဒါက မှင်လိုမျိုး မည်းနေတာကြောင့် ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ ကောင်းနေသလိုမျိုးပါပဲ။

မြေအောက်က လူတွေက ထွက်လာကြပြီလား။

လင်းဟန်က နားကိုစွင့်ပြီးတော့ အနီးကပ် နားထောင်လိုက်ပါတယ်။

ပတ်ဂန်းကျင်မှာ တစ်စုံတစ်ယောက်က အသံတိုးတိုးလေးနဲ့ ပြောနေသလိုပါပဲ။ ဒါပေမဲ့ သူဘယ်လောက်ပဲ ကြိုးစားကြိုးစား ဘာတွေပြောနေလဲ ဆိုတာကို ရှင်းရှင်းလင်းလင်းနဲ့ မကြားနိုင်ပါဘူး။ တစ္ဆေသရဲတွေ စကားပြောနေသလိုမျိုးပါပဲ။

သူက ထွက်လာခဲ့ပါတယ်။ ဒီနေရာက အရမ်းကို ချောက်ချားဖို့ ကောင်းသလို အရမ်းကို ထူးဆန်းလွန်းပါတယ်။ လုံလောက်တဲ့ အစွမ်းမရှိရင် အနားကို မသီတာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

စစ်တပ်ကြီးက လမင်းကျဆင်း လျှိုမြောင်ဆီကို လုပ်ရှားထွက်ခွာ လာခဲ့ပြီး မြောက်ပိုင်းဒေသကို ကျူးကျော်ဖို့ စတင်လိုက် ကြပါတယ်။

လင်းဟန်က ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် သူ့အဆင့်အတန်းကို ထုတ်ဖော်ခဲ့ပြီး သူဖြတ်သွားတဲ့ နေရာတိုင်းမှာရှိတဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်းက အရင်ဆုံး အညံ့ခံကြပါလိမ့်မယ်။ ဟာသပဲ။ သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လေ။ သူတို့အတွက်တော့ သူတို့ရဲ့ နတ်ဘုရားပဲ ဖြစ်ပါတယ်။ အခု သူတို့ရဲ့ နတ်ဘုရားက သူတို့ကို သူ့အနောက် လိုက်စေချင်နေတာကို

ဘယ်လိုလုပ်ပြီး သူတို့က ငြင်းဆန်နိုင်မှာလဲ။

နောက်ပြီး မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ အဆင့်အတန်းက ကိုယ်ပိုင်အဖွဲ့အစည်း တစ်ခု ဖြစ်ပါတယ်။ သူတို့က ကြီးမား ကျယ်ပြန့်တဲ့ ဩဇာလွှမ်းမိုးမှုကို ပိုင်ဆိုင်ထားပြီး မြို့တွေ တော်တော်များများကို တိုက်ခိုက်စရာ မလိုပဲ တန်းပြီးတော့ အညံ့ခံနိုင်အောင် လုပ်နိုင်စွမ်း ရှိပါတယ်။

လင်းဟန် ဘာလုပ်ချင်လဲ။ ကမ္ဘာကြီး တစ်ခုလုံးကို သိမ်းပိုက်စိုးမိုးဖို့ မဟုတ်ပါဘူး။ သူ့အတွက်တော့ မြောက်ပိုင်းဒေသကို သိမ်းပိုက်စိုးမိုးဖို့ အရမ်းကို လွယ်ကူပါလိမ့်မယ်။ သူ့လက်အောက်က စစ်သူကြီးတိုင်းက ဘယ်နယ်မြေထဲမှာမဆို ပြိုင်ဘက်ကင်းတဲ့ တည်ရှိမှု တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ကျင့်ကြံသူတွေအတွက် ဘယ်အရာက အရေးအကြီးဆုံးလဲ။ စွမ်းအား။ သေချာတာပေါ့။

လုံလောက်တဲ့ စွမ်းအားနဲ့ဆိုရင် တခြားလူတွေက အညံ့ခံဖို့ပဲ တတ်နိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ သူတို့အတွက်တော့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ကို သူတို့ရဲ့ အရှင်သခင်အဖြစ် လက်မခံနိုင်စရာ အကြောင်းလည်း မရှိပါဘူး။

တစ်ပတ်ဆိုတဲ့ အချိန်အတွင်းမှာ သူတို့က ဆောင်းလဂိုဏ်း အခြေစိုက်တဲ့ တောင်ကြီးရဲ့ ဂိတ်တံခါးတွေ အရှေ့ထိ ချီတက်လာခဲ့ ကြပါတယ်။

နောက်ဆုံးအချိန်တုန်းက ဒီနေရာမှာ သူရှိနေစဉ် အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားထည့်သွင်းမှုနဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူ့ရဲ့သာမန် တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့်ထိ ရောက်နေပြီး ပြောရမယ်ဆိုရင် သူ့အရင်ဘဝတုန်းက သူ့ရဲ့စွမ်းအားနဲ့ ယှဉ်လို့ရပါတယ်။ တကယ်လို့ အနက်ရောင် မျှော်စင်ကနေ စွမ်းအားထည့်သွင်းမှုကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်နဲ့တောင် ယှဉ်ပြိုင်နိုင်ပြီး ဒီဂိုဏ်းကိုတော့

လက်ချောင်းလေး တစ်ချောင်းနဲ့ ဖျက်ဆီးပစ်နိုင်ပါတယ်။

"အရှင်မင်းကြီး ကျနော်တို့ ချက်ချင်းတိုက်ခိုက် ကြမလား"

လူငယ်တစ်ယောက်က မေးလိုက်ပါတယ်။ သူက ကျူးဝူကျို့ ဖြစ်ပြီးတော့ ဒုယွန်မြို့မှာ လင်းဟာန်နဲ့ ဟိုးအရင်ကတည်းက ဆုံတွေ့ခဲ့ပါတယ်။ အဲဒီအချိန်က သူ့ရဲ့ ညီငယ်အတွက်ကြောင့် လင်းဟာန်နဲ့ တိုက်ခိုက်ခဲ့ပါသေးတယ်။

အဲဒီတုန်းက သူက တခြားသူတွေလို ဆောင်းလဂိုဏ်းဆီကို လိုက်မလာခဲ့ပါဘူး။ အဲဒီအစား သူက လှပချောမောတဲ့ မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ပြီး ဘဝကိုပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခု လင်းဟာန်ပြန်လာတာနဲ့အတူ သူလည်းပဲ လင်းဟာန်ကို ကူညီဖို့ စစ်တပ်ထဲကို စာရင်းပေးပြီး ဝင်ရောက်ခဲ့ပါတယ်။

သူက စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ချိုးဖျက်ကာစပဲ ရှိပါတယ်။

ဒါကြောင့် သူ့စွမ်းအားက လင်းဟန်အတွက် ဂရုစိုက်စရာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်က သူ့ကို ယုံကြည်တဲ့ လူတွေကို လိုအပ်ခဲ့တာကြောင့် ကျူးဝူကျို့ကလည်း အရေးပါတဲ့ နေရာတစ်ခုကို ရရှိခဲ့ပါတယ်။

ဒါပေမဲ့ ဆောင်းလဂိုဏ်းထဲမှာ သူ့ရဲ့ မိတ်ဟောင်းဆွေဟောင်းတွေ အများကြီး ရှိပါသေးတယ်။ ဆောင်းလဂိုဏ်းက ပထမဆုံး ပစ်မှတ်ပဲ ဖြစ်ပါတယ်။ ပထမအချက်က ဒီနေရာက အရမ်းကို နီးပါတယ်။ ဒုတိယ အချက်က လင်းဟန်က ဒီသူငယ်ချင်းဟောင်းတွေကို သူ့လက်အောက်မှာ စုစည်းချင်တာကြောင့် ဖြစ်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျောက်တုံးလေး မင်းက ရှေ့ကနေ ဦးဆောင်ပါ"

ကျောက်တုံးစိတ်ဝိညာဉ်က အော်ဟစ်ပြီးတော့ ဆောင်းလဂိုဏ်းဆီကို တစ်ဟုန်ထိုး ပြေးဝင် သွားခဲ့ပါတယ်။

သူက အခုဆို နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် ခဲ့ပါပြီ။ ပြီးတော့ ဒြပ်စင် ငါးမျိုးထဲက စိတ်ဝိညာဉ် တစ်မျိုးဖြစ်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ် ကျင့်ကြံသူ တစ်ယောက်နဲ့တောင် ယှဉ်ပြိုင်နိုင်ပါတယ်။ သူ့ရဲ့ လက်သီးတစ်ချက်တည်းနဲ့ ဆောင်းလဂိုဏ်းမှာရှိတဲ့ တောင်ကာကွယ်ခြင်း မဟာဂါကပါကို ပျက်စီးသွား စေခဲ့ပါတယ်။

လင်းဟန်က လင်းဒေါင်ရှန်ကို ထွက်လာဖို့ ဖိတ်ခေါ် လိုက်ပါတယ်။ သူနဲ့ အောင်းဖန်အကြားက ရန်ငြွေးကို ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းတာက အကောင်းဆုံးပါပဲ။ ဒါက နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာအောင်လို့ ထိန်းထားရတဲ့ လင်းဒေါင်ရှန်ရဲ့ အမုန်းတရားပဲ ဖြစ်ပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်ကြောင့် ဖြစ်ပေါ် သွားတဲ့ ဆူညံပွက်လောရိုက်မှုနဲ့အတူ ဆောင်းလဂိုဏ်းက လုံးဝကို အရှုံးပေးလိုက်ရပြီလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

သိုင်းပညာကျွမ်းကျင်သူ့ ဥပဒေက စွမ်းအားသာ အဓိကပဲ ဖြစ်ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ်က အရမ်းကို အံ့သြစရာ ကောင်းနေမှတော့ ဆောင်းလဂိုဏ်းရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်ဆန္ဒတွေ ပျောက်ဆုံးကုန်ပြီး သန်းနဲ့ချီတဲ့ စစ်တပ်ကြီးရဲ့ အင်အားနဲ့ဆိုရင် အညံ့ခံတဲ့ သူတွေကို သတ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အားလုံးက သူတို့ရဲ့ လက်နက်တွေကို ပစ်ချလိုက်ပြီး ချက်ချင်းပဲ အညံ့ခံလိုက် ကြပါတယ်။

အောင်းဖန်ကို ဆွဲထုတ်လာခဲ့ ကြပါတယ်။ သူ့ရဲ့စိတ်ဝိညာဉ် အခြေခံက လင်းဟန်ကြောင့် မသန်မစွမ်း ဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ပန်းဖူးအဆင့်ရဲ့ အစောပိုင်း အဆင့်မှာ ရပ်တန့်နေခဲ့ပါတယ်။ သူက လင်းဟန်ကို မြင်လိုက်ရတဲ့ အခါမှာ သူ့ရဲ့ အမုန်းတရားကို မထိန်းချုပ်နိုင်ပဲ ဒေါသတကြီးနဲ့ ထအော်လိုက်ပါတယ်။

"အဲဒီအချိန်တုန်းက တကယ်လို့ အဲဒီခွေးမက မတောင်းပန်ခဲ့ဘူးဆိုရင် ပြီးတော့ ငါ့မှာလည်း သနားစိတ်လေး

မဂင်သွားခဲ့ဘူးဆိုရင် မင်းဆိုတဲ့ ခွေးကောင်လေးကို သတ်ပစ်ခဲ့မိမှာပဲ။ ဒါဆိုရင် အခုလိုမျိုး ပြဿနာတွေ အများကြီး တက်လိမ့်မှာ မဟုတ်ဘူး”

“မင်းက အတင့်ရဲလှချည်လား”

ယွမ်ချောင်ဟဲရဲ့ လက်သီးက အောင်းဖန်ရဲ့ ခေါင်းအနောက်ကို ကျရောက်လာခဲ့ပြီး အဲဒီအတွက်ကြောင့်ပဲ သူ့ကို ချက်ချင်းပဲ မြေကြီးပေါ်ကို လဲကျသွား စေခဲ့ပါတယ်။

လင်းဟန်က ယွဲ့ခိုင်ယုနဲ့သူ့မိသားစုကို ခေါင်းညိတ်ပြလိုက်ပါတယ်။ အခုလောလောဆယ် သူ့အနေနဲ့ သူ့ရဲ့ဒီဆွေမျိုးတွေနဲ့ စကားပြောဖို့ အချိန်မရှိပါဘူး။

လင်းဒေါင်ရှန်က အရှေ့ကို ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

“အောင်းဖန် မင်းငါနဲ့ တိုက်ခိုက်စမ်း။ တကယ်လို့ မင်းငါ့ကို အနိုင်တိုက်နိုင်ရင် ငါမင်းကို ချမ်းသာပေးမယ်”

အောင်းဖန်က လှောင်ရယ်လိုက်ပါတယ်။

"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်က မင်းက အရှုံးသမား ဖြစ်ခဲ့ပြီးပြီ။ အခုလည်းဒီလိုပဲ။ နောက်လည်း ဒီလိုပဲ ဖြစ်လိမ့်မယ်"

"ဒါဆိုရင်လည်း တိုက်ခိုက်ကြတာပေါ့"

လင်းဒေါင်ရှန်ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်က တစ်ဟုန်ထိုး မြင့်တက်လာပြီး လက်ထဲမှာ သူ့ဓားကို ကိုင်ပြီးတော့ ရှေ့ကိုထွက်လာခဲ့ပါတယ်။

Chapter 751 end

အပိုင်း(၇၅၂) ရန်ငြိုးများ အဆုံးသတ်လိုက်ခြင်း

ယွမ်ချောင်ဟဲက လင်းဟန်ဘက်ကို လှည့်ကြည့်လိုက်ပါတယ်။ သူ့အကြည့်တွေမှာ နားမလည် နိုင်သလို ဖြစ်နေပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး သူ့ကိုပြောတဲ့အတိုင်း လုပ်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြလိုက်ပါတယ်။

လက်ရှိသူ့အစွမ်းနဲ့ဆို တကယ်လို့ လင်းဒေါင်ရှန်က အောင်းဖန်ကို မယှဉ်နိုင်ဘူးဆိုရင်တောင် လင်းဟန်အနေနဲ့ သူ့အဖေကို အချိန်ကိုက် ကယ်ဆယ်နိုင်စွမ်း ရှိနေပါတယ်။

ယွမ်ချောင်ဟဲက အောင်းဖန်ကို လွှတ်ပေးလိုက်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က ရန်စရှိခဲ့တဲ့ ယောကျ်ားသား နှစ်ယောက်ကို ဒီနေရာမှာ နောက်ဆုံးတိုက်ပွဲ ဆင်နွှဲဖို့ ခွင့်ပြုလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းကို သူ့အဖေဆီ ပေးထားပါတယ်။ လင်းဒေါင်ရှန်က ခါးပေါ်က သင်္ကေတ တစ်ခုကိုတောင် အသက်သွင်းနိုင်စွမ်း မရှိဘူးဆိုပေမဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းဆိုတာက အဆင့်တစ်ဆယ်

စိတ်ဝိညာဉ် ပစ္စည်းပါပဲ။ သူ့ရဲ့ ထက်ရှမှုကပဲ သဘာဂကို ဆန့်ကျင်နေပါတယ်။

လင်းဒေါင်ရှန်က သိုင်းပညာမှာ ပါရမီ အနည်းငယ် ရှိပြီး အတော်လေး ထူးချွန်တဲ့ လူတစ်ယောက်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ သူက သေချာပေါက် ပါရမီရှင် တစ်ယောက်တော့ မဟုတ်ပါဘူး။ သူ့မှာ လင်းဟန်ရဲ့ လမ်းညွှန်မှု အပြည့်အဝ ရရှိထားပါတယ်။ ဒါပေမဲ့ ဒါတောင်မှ သူက ဓားချီအလင်း တစ်ခုကိုပဲ ထုတ်ဖော်နိုင်ပါတယ်။

ဒါက လုံလောက်ပါပြီ။ ဓားချီအလင်း တစ်ခုက သူ့ကို နတ်ဆိုးရှင်သန်ဓားဆီကနေ ခွန်အားကို ငှားယူသုံးစွဲနိုင်စွမ်း ရှိပါလိမ့်မယ်။ ပြီးတော့ သူထုတ်ဖော်နိုင်တဲ့ ဖျက်ဆီးခြင်း စွမ်းအားကလည်း မယုံနိုင်စရာ ကြောက်မက်ဖွယ် ကောင်းပါလိမ့်မယ်။

တကယ်တမ်းတော့ ဓားချီရဲ့ စွမ်းအားက ကျင့်ကြံသူနဲ့ အသုံးပြုတဲ့ဓား အမျိုးအစားပေါ် မူတည်ပြီး လွှမ်းမိုးမှု ရှိပါတယ်။

အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းက ဘယ်လိုလုပ်ပြီး သာမန်ဖြစ် နိုင်မှာလဲ။

လင်းဒေါင်ရှန်နဲ့ အောင်းဖန်တို့က ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲလို့ နေပါတယ်။

နှစ်ပေါင်းနှစ်ဆယ်ကြာအောင် သိမ်းထားရတဲ့ ရန်ငြိုးတစ်ခုက နောက်ဆုံးမှာ ပေါက်ကွဲထွက် လာခဲ့ပါတယ်။
ယောက်ျားနှစ်ယောက်က အပြန်အလှန် တိုက်ခိုက်နေကြပြီး ဓားချီနဲ့ မူလစွမ်းအင်တွေ ကခုန်ရစ်ပတ်လို့ နေပါတယ်။ နှစ်ယောက်စလုံးက သူတို့ရဲ့ အစွမ်းထက်ဆုံး စွမ်းရည်တွေကို ထုတ်ဖော်နေပါတယ်။

သီအိုရီ အရဆိုရင် အောင်းဖန်က သေချာပေါက် အစွမ်းပိုထက်ပါတယ်။ သူက ပန်းဖူးအဆင့်ကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်က လင်းဒေါင်ရှန်ထက် စောပြီးတော့ ချိုးဖျက်ခဲ့ပြီး ပန်းဖူးအဆင့်ရဲ့ စွမ်းအားကို ဘယ်လိုအသုံးပြုရမလဲ ဆိုတာကို လင်းဒေါင်ရှန်ထက် ပိုပြီးတော့ တတ်သိနားလည် နေပါတယ်။
နောက်ပြီးတော့ သူက ဓားချီအလင်း ကိုးခုကိုလည်း

ထုတ်ဖော်နိုင်ပြီး ချီအလင်း ဆယ်ခုနဲ့ ခြေတစ်လှမ်း အကွာမှာပဲ ရှိပါတယ်။ ဒါက သူ့ကို ဓားချီကနေ ဓားအလင်းတန်းအဖြစ် သိပ်သည်းစေဖို့ မျှော်လင့်လို့ ရနိုင်ပါတယ်။

နိုင်းယှဉ်ကြည့်ရင် လင်းဒေါင်ရှန်က ဓားချီအလင်း တစ်ခုကိုပဲ ဖမ်းဆုပ်နားလည် ခဲ့ပါတယ်။ ဒါပေမဲ့ သူက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

နတ်ဆိုးရှင်သန်ဓားကနေ ထုတ်လွှတ်လိုက်တဲ့ ဓားချီအလင်းက မယုံနိုင်စရာကောင်းပြီး အောင်းဖန်ရဲ့ ဓားချီတွေကို လုံးဝကို ချေမှုန်းပစ်ပါတယ်။ အောင်းဖန်ရဲ့ ဓားချီက ပျက်စီးသွားပြီး ယှဉ်ပြိုင်နိုင်ဖို့ လုံးဝကို အရည်အချင်း မမီပါဘူး။

ထန် ထန် ထန် ထန် ထန်။

လင်းဒေါင်ရှန်က ပိုပြီးတော့ တိုက်ခိုက်လာလေ သူကပိုပြီးတော့ အစွမ်းထက်လာလေပါပဲ။ သူက ဘာမှန်းမသိတဲ့ စိတ်ဝိညာဉ်

ဆေးပင်တွေကို စားသုံးခဲ့ရပေမဲ့ သူတို့ရဲ့ အာနိသင် အားလုံးကို အသုံးမပြုနိုင်ပါဘူး။ အဲဒီဆေးပင်တွေရဲ့ အဆီအနှစ်တွေ အများအပြားက သူ့ခန္ဓာကိုယ် အထဲမှာ စုစည်းနေခဲ့ပြီး ဒီတိုက်ပွဲကြောင့် အဲဒီအဆီအနှစ်တွေ အားလုံးက ချက်ချင်းဆိုသလို လည်ပတ်လာပြီး သူ့ရဲ့အဆုံးမရှိ စုပ်ယူမှုကို ခံနေရပါတယ်။

ဒါက သူ့စွမ်းအားကို အဆက်မပြတ် ပြန်လည်ဖြည့်ဆည်းပေးတာနဲ့ ဆင်တူပါတယ်။ တစ်ဖက်မှာ အောင်းဖန်ရဲ့ စိတ်ဝိညာဉ် အခြေခံက ပျက်စီးနေခဲ့ပြီး သူ့အနေနဲ့ စိတ်ဝိညာဉ် ချီတွေကို သူ့ရဲ့ စိတ်ဝိညာဉ် အခြေခံနဲ့ စုပ်ယူပြီးတော့ သူ့ကိုယ်ပိုင် မူလစွမ်းအားကို ပြောင်းလဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူက မှော်ဆေးလုံးတွေကို အဆက်မပြတ် စားသုံးပြီးတော့ပဲ မှီခိုနိုင်ပါတယ်။

ဒါပေမဲ့လည်း မှော်ဆေးလုံးတွေရဲ့ မသန့်စင်မှုရဲ့ တိုးတက်လာမှုတွေကလည်း ဖြစ်ပေါ်လာပါ လိမ့်မယ်။ ပထမဆေးလုံးက အာနိသင် အပြည့်အဝကို ထုတ်ဖော်ပေးနိုင်ပါလိမ့်မယ်။ ဒုတိယ ဆေးလုံးကတော့ အာနိသင်

ကိုးဆယ်ရာခိုင်နှုန်းကိုပဲ ရရှိလိမ့်မှာဖြစ်ပြီး အဲဒီနောက်မှာ ဖြည်းညှင်းစွာနဲ့ ရှစ်ဆယ်၊ ခုနစ်ဆယ်၊ ခြောက်ဆယ်ရာခိုင်နှုန်းကနေ ဆက်တိုက်ကို လျော့ကျ လာပါလိမ့်မယ်။

ဒီလိုနဲ့ တိုက်ပွဲက အချိန်ကြာလာတာနဲ့အမျှ သူကလည်း ပိုပြီးတော့ အားနည်းလာခဲ့ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ လင်းဒေါင်ရှန်ကို သူက ယှဉ်ပြိုင်နိုင်လိမ့်မှာလဲ။

တိုက်ပွဲက နှစ်နာရီလောက် ကြာပြီးတဲ့နောက် အောင်းဖန်ရဲ့ ခံနိုင်ရည်တွေက ဆိုးရှုံးလာတဲ့ လက္ခဏာတွေ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့အနေနဲ့ လင်းဟန်ပဲဖြစ်ဖြစ် လင်းဒေါင်ရှန်ပဲ ဖြစ်ဖြစ် သူ့ကို ချမ်းသာပေးလိမ့်မှာ မဟုတ်ဘူးဆိုတာကို ကောင်းကောင်းကြီး နားလည်ပါတယ်။ နောက်ဆုံးတော့ သူက ခါးခါးသီးသီးနဲ့ အံကြိတ်ပြီးတော့ ငဲ့ညှာသနားဖို့အတွက် မပြောတော့ပါဘူး။

သူ့ရဲ့ တိုက်ကွက်တိုင်းက လင်းဒေါင်ရှန်နဲ့ သူ့ကိုယ်သူပါ သေစေနိုင်တဲ့ သူသေကိုယ်သေ တိုက်ကွက်တွေကို ထုတ်ဖော်လိုက်ပါတယ်။ တကယ်လို့ သူအသက်ဆုံးရှုံးရမယ်ဆိုရင်

သူ့ရန်သူတော်ကိုပါ သူနဲ့အတူ ဆွဲခေါ်သွားရပါမယ်။

ကံမကောင်းတာက တကယ်လို့ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကသာဆိုရင် လင်းဒေါင်ရှန်က သူနဲ့အတူ သံသယ ရှိစရာမလိုအောင် သေသွားနိုင်ပါတယ်။ ဒါပေမဲ့ အခုတော့ သူ့မှာ သူ့ဇနီး၊ သူ့သားနဲ့ မြေးတစ်ယောက်လည်း ရှိနေပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့မဟာရန်သူတော်နဲ့ အတူတူ သေဖို့ဆန္ဒ ရှိမှာလဲ။

သူက သူ့ရဲ့ခံစစ်ကို အားကောင်းအောင် လုပ်ပြီးတော့ အောင်းဖန်ရဲ့ အစွမ်းတွေ ကုန်ခမ်းသွားတဲ့ အထိကို စောင့်နေပါတယ်။ အဲဒီနောက် သူ့ရဲ့တစ်ခုတည်းသော ကံကြမ္မာက သေခြင်းပဲ ဖြစ်ပါလိမ့်မယ်။

"ငရဲကိုသွားတဲ့ လမ်းကြောင်းမှာ ငါမင်းတို့ နှစ်ယောက်လုံးကို စောင့်နေမယ်"

အောင်းဖန်က နောက်ဆုံးတော့ စူးဝါးတဲ့ အသံနဲ့ အော်ဟစ်လိုက်ပြီး

သူ့အမူအရာက ခွန်အားတွေ ကုန်သွားသလိုမျိုး ဖြစ်နေပါတယ်။ သူ့အကြည့်တွေက မကောင်းဆိုးဝါးဆန်ဆန်နဲ့ ဖြစ်နေပြီး သူတို့ကို ဖျက်ဆီးပစ်ချင်နေပုံ ရပါတယ်။

ဖောက်။

လင်းဒေါင်ရှန်ဆီက တိုက်ခိုက်မှု တစ်ခုက သူ့ရင်ဘတ်ကို ထိုးဖောက်သွားခဲ့ပါတယ်။ နတ်ဆိုးရှင်သန်ဓားက သူ့ရင်ဘတ်ကို ထိုးဖောက်သွားပြီး အသက်ဓာတ် လက္ခဏာ အားလုံးကို ချက်ချင်းပဲ ဖျက်ဆီးပစ်လိုက်ပါတယ်။ သေကွင်းသေကွက် နေရာတစ်ခုကို အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းနဲ့ တိုက်ခိုက်ခံလိုက်ရတာကြောင့် ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ အသက်ရှင်သန်နိုင်ဖို့ မလွယ်ကူပါဘူး။ အောင်းဖန်လို ပန်းဖူးအဆင့်ပဲ ရှိနေတဲ့ လူတစ်ယောက်ကတော့ ဘာများတတ်နိုင်ဦးမှာလဲ။

လင်းဒေါင်ရှန်က အရမ်းကို နောင်တရသလို ခံစားနေမိပါတယ်။ သူက အစတုန်းက ဒီဘဂမှာ သူ့ရဲ့ရန်ငြိုးကို ပြန်ဆပ်နိုင်လိမ့်မှာ

မဟုတ်ဘူးလို့ ထင်မှတ်ထားခဲ့မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အောင်းဖန်ရဲ့ သိုင်းပညာ ပါရမီက သူ့ထက်ပိုမြင့်ပါတယ်။ နောက်ပြီးတော့ အောင်းဖန်မှာက ဆောင်းလဂိုဏ်းလိုမျိုး ရောမ နောက်ခံအင်အားကြီး တစ်ခုက သူ့အနောက်မှာ ရှိနေပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက် အကြားက ကွာဟချက်က ပိုပိုပြီးတော့ ကြီးမားလာပါတယ်။

ဒါပေမဲ့ သူမှာ သားကောင်းတစ်ယောက် ရလာလိမ့်မယ်လို့ ဘယ်သူသိနိုင်မှာလဲ။

လင်းဟန်က အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းမျိုးကို မလုပ်ခဲ့ပါဘူး။ သူက အောင်းဖန်ရဲ့ သားသမီးတွေ အကုန်လုံးကို ချမ်းသာပေးခဲ့ပါတယ်။ သူက ဦးနှောက်မရှိ သွေးဆာလောင်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ တစ်စုံတစ်ယောက်က သူ့ရဲ့နောက်ဆုံးမျဉ်းကို မထိသရွေ့ သူကလည်း ရက်ရက်စက်စက် မလုပ်ခင် အေးအေးချမ်းချမ်း ဆွေးနွေးပါလိမ့်မယ်။

တစ်ချိန်တည်းမှာပဲ သူက ပျင်းရိသူ တစ်ယောက်လည်း ဖြစ်ပါတယ်။

ဟော့လျှန်ချွင်ရှယ်က ထူးခြားတဲ့ ခေါင်းဆောင်မှု အရည်အသွေး ရှိတယ်ဆိုတာကို တွေ့လိုက်ရတဲ့ အခါမှာ နိုင်ငံနဲ့ ပတ်သက်သမျှ ကိစ္စအားလုံးကို သူမကို လုပ်ဆောင်စေခဲ့ပါတယ်။ တကယ်တော့ သူမက မြောက်ပိုင်းပင်လယ်ဒေသက တော်ဝင်ကလန်တစ်ခုရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ မြောက်ပိုင်းပင်လယ်က ဘယ်လောက်တောင် ကြီးမားလိုက်သလဲ။ သူမက မြောက်ပိုင်းပင်လယ်လို ရောမ နေရာတစ်ခုကိုတောင် ထိန်းချုပ်နိုင်မယ်ဆိုတဲ့ ယုံကြည်မှု ရှိနေတာကြောင့် လက်ရှိပိုင်နက်လို နေရာသေးသေးလေးက ဘာမို့လို့လဲ။

ဟော့လျှန်ချွင်ရှယ်က ဒီတာဝန်ကို ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံခဲ့ပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ ဒီပလ္လင်က အနာဂတ် သူမရဲ့သား လက်ထဲကို ရောက်ရပါလိမ့်မယ်။ ဒါကြောင့် သူမရဲ့သားကို ကူညီပေးတာ ဘာများမှားလို့လဲ။ ဒါပေမဲ့လည်း အပြင်လူတွေ အရှေ့မှာတော့ သူမက ပင်လယ်မျိုးနွယ်စုရဲ့ ရှာဖွေမှုကို ရှောင်လွှဲတဲ့ အနေနဲ့ ရုပ်ဖျက်ဆေးလုံးကို

အသုံးပြုပြီးတော့ သူမရဲ့ ရုပ်ရည်ကို ပြောင်းလဲထားခဲ့ပါတယ်။

ပိုင်နက်ကို ချဲ့ထွင်ဖို့အတွက် ယွမ်ချောင်ဟဲနဲ့ လီဖန်းယုတို့လို စစ်ဗိုလ်ချုပ်တွေနဲ့ ကျောက်တုံး စိတ်ဝိညာဉ်ရဲ့ အကူအညီနဲ့ဆိုရင် မထိန်းချုပ်နိုင်တဲ့ နေရာဆိုတာ မရှိပါဘူး။ အနည်းဆုံးတော့ မြောက်ပိုင်းဒေသထဲမှာ သူ့အတွက် လွယ်ကူလွန်းပါတယ်။

တခြားလူတွေက အတွင်းပိုင်းကိစ္စနဲ့ အပြင်ပိုင်း ကိစ္စတွေ နှစ်ခုလုံးကို ကိုင်တွယ်ထားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘာကိုများ စိုးရိမ်ပူပန်နေစရာ လိုဦးမှာလဲ။

တကယ်လို့ အားလုံးကို သူကိုယ်တိုင် လုပ်ရမယ်ဆိုရင် ဘာကိစ္စ နောက်လိုက်တွေ အများကြီး အသုံးပြုနေတော့မှာလဲ။

သူက အရမ်းကို ပျော်ရွှင်ရတဲ့ ယောကျ်ားတစ်ယောက် ဖြစ်လာပြီး တခြားသူတွေကို အလုပ်ကြိုးစားဖို့ ပြောပေမဲ့ သူကိုယ်တိုင်ကတော့ ဘာမှမလုပ်ပါဘူး။ သူ့မှာ တောင်းဆိုစရာ တစ်ချက်ပဲ ရှိပါတယ်။

အဲဒါက လူတွေရဲ့ နှလုံးသားတွေကို အေးချမ်းပြီး အခြေအနေတွေ တည်တည်ငြိမ်ငြိမ် ဖြစ်စေဖို့ပါပဲ။ အခုလိုမျိုး နယ်မြေချဲ့ထွင်ရတဲ့ ရည်ရွယ်ချက်က သူ့နယ်နိမိတ်ကို ချဲ့တာပဲ မဟုတ်ပါဘူး။ နိုင်ငံရဲ့ စွမ်းအားကို ရရှိဖို့ ဖြစ်ပါတယ်။ လူတွေရဲ့ နှလုံးသားမှာ သစ္စာရှိမှုတွေ ပြည့်နှက်လာတဲ့ အချိန်ကျရင် နိုင်ငံစွမ်းအားက ပိုပြီးတော့ အားကောင်းလာပါ လိမ့်မယ်။

လင်းဟန်ရဲ့ အမိန့်အောက်မှာ မဟာလင်းနိုင်ငံက တပ်သားသစ်တွေ အကြီးအကျယ် စတင်ပြီး စုဆောင်းလာပြီး အရမ်းကို ဆွဲဆောင်မှုရှိတဲ့ အခြေအနေတွေ ဖြစ်လာခဲ့ပါတယ်။ နောက်ထပ်တစ်ခုက လူတွေရဲ့ နေထိုင်မှု တိုးတက်စေဖို့ နိုင်ငံသူ နိုင်ငံသား အားလုံးကို ကျင့်ကြံဖို့ အခွင့်အရေးပေးထားပါတယ်။ အနည်းဆုံး ကိုယ်ခန္ဓာ ပြုပြင်မွမ်းမံခြင်း အလွှာလေး သို့မဟုတ် ငါးအထိ ကျင့်ကြံရပါမယ်။ နောက်ပြီးတော့မှ သူတို့ကို အခြေကျလာမှ နိုင်ငံတစ်ခုလုံးရဲ့ အဆင့်အတန်းကို တိုးမြှင့်လာပါလိမ့်မယ်။

ကျူးရွှမ်အာရဲ့လေးလေးနက်နက် တင်ပြမှုကြောင့် လင်းဟန်က

လခြမ်းဂိုဏ်းကို သွားဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

တကယ်လို့ သူတို့က လခြမ်းဂိုဏ်းကို သိမ်းသွင်းနိုင်မယ်ဆိုရင် သူတို့အနေနဲ့ သွေးထွက်သံယို ဖြစ်မှုတွေကို ရှောင်နိုင်ပါလိမ့်မယ်။ အဲဒါဆိုရင် ကျူးရှွမ်အာရဲ့ ခံစားချက်က ပိုပြီးတော့ ကောင်းမွန်လာပါမယ်။ တကယ်တော့ လခြမ်းဂိုဏ်းဆိုတာ သူမနေထိုင် ပညာသင်ယူခဲ့တဲ့ ဂိုဏ်းပဲ မဟုတ်လား။

လင်းဟန်နဲ့ ကျူးရှွမ်အာတို့က ပျက်ကွက်လို့ မရနိုင်ပါဘူး။ ဟော့လျန်ချွင်ရှယ်ကတော့ ကျန်နေခဲ့ပြီး နိုင်ငံရဲ့ အရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်း နေခဲ့ပါတယ်။ လွှီယုထန်နဲ့ လီစီရှန်းတို့က လင်းဟန်ရဲ့ မိဘတွေနဲ့ ဆက်ပြီးတော့ နေထိုင်ကြပြီး ဟူးညို၊ ယုန်ဖြူကြီးနဲ့ ရွှေရာကြွက်တို့ကတော့ လိုက်ပါလာခဲ့ပါတယ်။

လင်းကျန်းရှယ်လေးကတော့ နို့ဖြတ်လို့ မရသေးတာကြောင့် ဟော့လျန်ချွင်ရှယ်ကိုပဲ ကပ်နေရပါတယ်။ ဒါပေမဲ့ လင်းဟန်က ကျောက်စိမ်းဖြူ နို့စားနွားတချို့ကို မွေးမြူပြီး သူ့သားကို နို့လုံလုံလောက်လောက် ရယူပြီး ပြုစုပျိုးထောင် ပေးခဲ့ပါတယ်။

ဒီမိစ္ဆာသားရဲ့ အမျိုးအစားကနေ ရရှိတဲ့ နို့တွေက အရမ်းကို အာဟာရ ပြည့်ဝစေပါတယ်။

ဒါက ဟော့လျန်ချွင်ရှယ်ကို အရမ်းကို မကျေမနပ် ဖြစ်စေပါတယ်။ သူမရဲ့ ရင်သားတွေက နည်းနည်းလေးပဲ သေးတာပါ။ ဒါပေမဲ့ သူမက နို့ကောင်းကောင်းထွက်တယ် မဟုတ်ဘူးလား။

လင်းဟာန်နဲ့ တခြားလူတွေက လခြမ်းဂိုဏ်းဆီကို ဆက်ပြီးတော့ ထွက်ခွာလာခဲ့ ကြပါတယ်။ ခုနစ်ရက်ခန့် ကြပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ ရည်မှန်းချက်ကို ရောက်ရှိလာခဲ့ပါတယ်။ ကျူးရှွမ်အာကို သူတို့ရောက်လာတဲ့ အကြောင်းကို ဂိုဏ်းဆီသတင်းပေးခိုင်းလိုက်ပြီး မကြာခင်မှာ သူတို့ကို လက်ခံတွေ့ဆုံပါတယ်။ အဲဒီနောက် လင်းဟာန်က သူ့ရဲ့စွမ်းအားတချို့ကို ထုတ်ဖော်ပြီး လခြမ်းဂိုဏ်းကို ခြိမ်းခြောက်လိုက်ပါတယ်။

ကျူးရှွမ်အာက အနာဂတ်မှာ လင်းဟာန်ရဲ့ ချစ်ခင်နှစ်သက်တဲ့ ကြင်ယာတော် ဖြစ်လာလိမ့်မယ် ဆိုတဲ့ အချက်နဲ့အတူ လခြမ်းဂိုဏ်းက အသည့်ခံပြီးတော့ သစ္စာခံပြီးတဲ့နောက်မှာ သူတို့ရဲ့

အဆင့်အတန်းက လျော့ကျသွားလိမ့်မှာ မဟုတ်ပါဘူး။ ဂိုဏ်းရဲ့အဆင့်မြင့်တဲ့ လူတွေက အရမ်းကို ပညာရှိတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ပါတယ်။ ခုခံမယ်ဆိုရင် မျှော်လင့်မထားတဲ့ ပျက်စီးမှု ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် သူတို့တွေက ဘယ်လိုရွေးချယ်မှုကို လုပ်ရမလဲ ဆိုတာကို စဉ်းစားရမယ် မဟုတ်လား။

ဒီဆုံးဖြတ်ချက်က အားလုံးကို စိတ်ကျေနပ် စေခဲ့တယ်လို့ သတ်မှတ်လို့ ရပါတယ်။

လင်းဟာန်က ချက်ချင်း မပြန်သေးပဲ အဲဒီအစား စိုက်ပျိုးရေးတောင်ဆီကို ခရီးဆက်ထွက် လာခဲ့ပါတယ်။

ဒီနေရာက ကျူးရွှမ်အာရဲ့ ဆရာသခင်ဖြစ်သူ တာအိုဒဏ်ရာကို ရရှိခဲ့တဲ့ နေရာပဲ ဖြစ်ပါတယ်။ လင်းဟာန်က ဒီအကြောင်းကို ကြားသိခဲ့ရတဲ့ အချိန်တုန်းက အရမ်းကို စိတ်ဂင်စားခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန်တုန်းက သူ့ရဲ့စွမ်းအားက အားနည်းချက်တစ်ခု ဖြစ်နေပြီ အဲဒီအကြံကို ဘေးဖယ်ထားခဲ့

ရပါတယ်။ အခု သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့်နဲ့ ယှဉ်ပြိုင်နိုင်နေပြီး ဒါကြောင့်လည်း သူက ယုံကြည်မှုတွေ ပြည့်ဝနေတာ သဘာဝ ကျပါတယ်။

နောက်ထပ် ခုနစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ သူတို့တွေက သူတို့ရဲ့ ရည်မှန်းချက်ဆီကို ရောက်ရှိလာခဲ့ပါတယ်။ ဒါက မြောက်ပိုင်းဒေသရဲ့ အနောက်ဘက် အစွန်ဆုံး နေရာ ဖြစ်ပါတယ်။ တကယ်လို့ သူတို့တွေက အရှေ့ကို နည်းနည်းလောက် ဆက်သွားလိုက်မယ်ဆိုရင် အနောက်ပိုင်း ဒေသနဲ့ မြောက်ပိုင်းဒေသကို ပိုင်းခြားထားတဲ့ နယ်မြေအတားအဆီးကို ရောက်သွားပါလိမ့်မယ်။

စိုက်ပျိုးရေးတောင်။ သိမ်းငှက်သစ်သားတောင်ကြား။ ဒါက တားမြစ်နေရာတစ်ခု ဖြစ်ပါတယ်။

Chapter 752 end

အပိုင်း(၇၅၃) သိမ်းငှက်သစ်သား တောင်ကြား

မြောက်ပိုင်းဒေသထဲမှာ အသက်ထိန်းချုပ်ခြင်းလို့ခေါ်တဲ့ အန္တရာယ် နေရာတချို့ ရှိပါတယ်။ အဲဒီနေရာတွေက မယုံနိုင်စရာ ကောင်းလောက်အောင် အန္တရာယ် များလွန်းပါတယ်။ တကယ်လို့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ကျင့်ကြံသူတွေလိုမျိုး အရမ်းကို အစွမ်းထက်တဲ့ လက်ရွေးစင် ကျင့်ကြံသူတွေက အဲဒီနေရာတွေကို ဝင်ရောက်ခဲ့မယ် ဆိုရင်တောင် သေခြင်းတရားရဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပြီး အမှောင်နတ်ဆိုး တောအုပ်လို နေရာမျိုးတွေ ဖြစ်ပါတယ်။ အတွင်းပိုင်း အချက်အချာ နေရာထဲမှာ နတ်ဆိုးချီတွေက ပြင်းပြင်းထန်ထန်နဲ့ ပလုံစီနေပြီး အဲဒီနတ်ဆိုးချီတွေရဲ့ လွှမ်းမိုးမှုကို ခံလိုက်ရတဲ့ ဘယ်သူမဆို သူတို့ရဲ့ အသိစိတ်တွေ ပျောက်ဆုံးကုန်ပြီး ဖုတ်ကောင်တွေလို ဖြစ်လာပါလိမ့်မယ်။

သိမ်းငှက်သစ်သား တောင်ကြားကလည်း ဒီလိုမျိုး အသက်ထိန်းချုပ်ထားတဲ့ နေရာတွေထဲက တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အမှောင်နတ်ဆိုး တောအုပ်လို လူသိများ ထင်ရှားခြင်းတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီတောင်ကြားလျှိုမြောင်မှာ ကျောက်တုံးကျောက်ခဲတွေနဲ့ ပြည့်နှက်နေပြီး ဒီနေရာမှာ စိတ်ဝိညာဉ် ဆေးပင်တွေ ပေါက်ရောက်ရှင်သန်နေတယ်လို့

ဘယ်သူကမှ မကြားဖူးခဲ့ပါဘူး။ အဲဒါကြောင့်ပဲ ကျင့်ကြံသူတွေကို ဆွဲဆောင်နိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ကျင့်ကြံသူတွေက သူတို့ရဲ့ အသက်တွေကို စွန့်စားပြီးတော့ အရဲစွန့်ဖို့ ဆန္ဒရှိတယ် ဆိုတာက သူတို့အတွက် တစ်စုံတစ်ခု အကျိုးအမြတ် ရယူနိုင်မှပါ။ အဲဒီလိုမှ မဟုတ်ပဲ အကျိုးအမြတ် မရပဲနဲ့ သူတို့ရဲ့ အသက်ကို စွန့်လွှတ်ရမှာလား။ အဲဒါတွေက ငတုံးတွေရဲ့ အလုပ်ပဲ မဟုတ်လား။

လင်းဟာန်တို့ အုပ်စုက တောင်ကြားရဲ့ အပြင်ဘက်မှာ ရပ်လိုက်ကြပါတယ်။ အပြင်ဘက်ကနေကို သူတို့အနေနဲ့ တောင်ကြားချိုင့်ဝှမ်းထဲမှာ မိုးကောင်းကင်ထိအောင် ထိုးတက်နေတဲ့ ကျောက်တုံးတွေကို မြင်တွေ့နိုင်ပါတယ်။ ထူထဲသိပ်သည်းတဲ့ ခရမ်းရောင် မြူခိုးတွေက အဆုံးမရှိ ပန်းထွက်နေပြီး မတူညီတဲ့ မြင်ကွင်းတွေ ဖြစ်ပေါ်နေပါတယ်။ မှသားမဲ့ မျက်လုံးကို အသက်သွင်း ထားတဲ့ လင်းဟာန်ရဲ့ အမြင်အာရုံထဲမှာတောင် အထဲက တော်တော်ဝေးဝေးကို မြင်နိုင်စွမ်း မရှိပါဘူး။

"အမှောင်နတ်ဆိုး တောအုပ်ထဲမှာ ဖရိုဖရဲ မူလစွမ်းအင် ကျောက်တုံးတွေရှိတယ်။ ဒီနေရာမှာရော ဘာများရှိလိမ့်မလဲ"

လင်းဟန်က တီးတိုးရွတ်ဆို လို က်ပါတယ်။ ပြီးတော့ ကျူးရှမ်အာဘက်ကို လှည့်ပြီးတော့ မေးလိုက်တယ်။

"မင်းရဲ့ ဆရာသခင်က ဒီနေရာကို ဘာလာလုပ်တာလဲ"

ကျူးရှမ်အာက ခဏလောက် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ဆရာသခင်က ကမ္ဘာအနှံ့ လျှောက်သွားပြီး အန္တရာယ်များတဲ့ နေရာတွေ အားလုံးကို လေ့လာစူးစမ်းရတာကို နှစ်သက်တဲ့ လူတစ်ယောက်ပဲ။ သူမပြောတာတော့ အရမ်းကို အန္တရာယ်များတဲ့ နေရာတွေရဲ့ ဂင်္ဂါပါတွေက မရိုးရှင်းဘူး။ ပြီးတော့ အထဲမှာ ထူးခြားတဲ့ ရတနာတွေကို ဝှက်ထားတာမျိုးက ဖြစ်နိုင်တယ်လို့ ပြောဖူးတယ်"

လင်းဟန်က ရယ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ဆရာက တကယ်ပဲ ငွေကို တူးဆွရှာဖွေသူ တစ်ယောက် ဖြစ်လိမ့်မယ်လို့ ငါလုံးဝကို ထင်မှတ်မထားမိဘူး"

ကျူးရှမ်အာက သူ့ကို စိတ်ဆိုးတဲ့ပုံစံနဲ့ မျက်လုံးတွေ ပြူးပြီးတော့ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဒီဟန်ပန်အမူအရာက အရမ်းကို ချောမောလှပနေပြီး လင်းဟာန်ရဲ့ နှလုံးသားကို ခပ်ကြမ်းကြမ်း တဆတ်ဆတ် ခုန်သွားစေပါတယ်။ သူမက ဆက်ပြီးတော့ ပြောလိုက်တယ်။

"ဆရာသခင် ပြောတာတော့ ဒီနေရာက မြူခိုးတွေက ပုံစံအမျိုးမျိုး ပြောင်းနိုင်တယ်။ ပြီးတော့ တချို့တွေမှာ သဘာဝ တာအိုအမျိုးအစား တချို့လည်း ရှိတယ်။ ဒါကြောင့် ဒီနေရာရဲ့ အထဲမှာ လုံးဝကို အံ့အားသင့်စရာကောင်းတဲ့ လျှို့ဝှက်ရတနာတချို့ကို မြုပ်နှံထားတာ ဖြစ်နိုင်တယ်တဲ့"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းရဲ့ ဆရာက အထဲကို စွန့်စားပြီးတော့ ဝင်ရောက်ခဲ့ပြီး နောက်ဆုံးမှာ ဒဏ်ရာရလာ ခဲ့တယ်ပေါ့"

"အဲလိုပဲ ဆိုရမှာပဲ"

ကျူးရှမ်အာက အသာအယာ သက်ပြင်းချ လိုက်ပါတယ်။ သူမ ဆရာသခင်ရဲ့ တာအိုဒဏ်ရာကို ကုသဖို့ သူမက လွန်ခဲ့တဲ့ နှစ်အနည်းညငယ် အတွင်းမှာ ဘယ်လောက်တောင် အလုပ်ရှုပ်ပြီး မျက်တွင်းတွေ ချောင်ကျလိုက်ခဲ့သလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူမဆရာသခင်ရဲ့ ကာကွယ်ပေးမှုကို ဆုံးရှုံးလိုက်ရတဲ့ အချိန်မှာ ဂိုဏ်းထဲက လူတော်တော်များများက သူမကို ပိုင်ဆိုင်ဖို့အတွက် သူတို့ရဲ့ လိုချင်တပ်မက်မှုတွေကို ထုတ်ဖော်ပြီး ဖိအားပေး ကြိုးစားလာခဲ့ ကြပါတယ်။ ပြီးတော့ သူတို့ကြောင့် သူမက ယိုင်လဲလုနီးပါးတောင် ဖြစ်ခဲ့ရပါတယ်။

"ဒါဆိုရင်တော့ ငါတကယ်ပဲ တချက်လောက် ကြည့်ချင်လာမိပြီ"

လင်းဟန်က ရွှေရှာကြွက်ကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဖက်တီးလေး အဲဒီမှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ရှိလာဆိုတာကို ဂင်ပြီးတော့ သွားကြည့်လိုက်စမ်း"

ရွှေရှာကြွက်က တဆတ်ဆတ် တုန်ပြီးတော့ အလျင်အမြန်ပဲ သူ့ရဲ့ပခုံးပေါ်ကို ပြန်တက်လာကာ အရှုံးအမူးကို တကျွိကျွိနဲ့ မြည်နေပါတယ်။ ဒါက ဒီနေရာကို ကြည့်ရတာ မယုံနိုင်စရာ ကောင်းလောက်အောင် အန္တရာယ် များပြားပြီး ကြောက်ရွံ့ထိတ်လန့်မှုကြောင့် သေလုနီးပါး ဖြစ်နေတာကြောင့် ဘယ်လိုလုပ်ပြီးတော့ သွားကြည့်ရမလဲ ဆိုပြီးတော့ အချက်ပြနေတာပဲ ဖြစ်ပါတယ်။

ရွှေရှာကြွက်က သူ့မျက်လုံးတွေကို ပြူးပြလိုက်ပါတယ်။ သူက ရွှေရှာကြွက် တစ်ကောင် ဖြစ်ပါတယ်။ ရတနာရှာတဲ့ ကြွက်မဟုတ်သလို တိုက်ခိုက်ရေး ကြွက်လည်း မဟုတ်ပါဘူး။

ဒီလိုမျိုး အန္တရာယ်များတဲ့ နေရာတစ်ခုကို သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"ဒါဆိုရင် ငါတို့ပဲ သွားကြတာပေါ့"

လင်းဟန်က ကျူးရှမ်အာကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပါတယ်။ အဲဒီတုန်းက သူမရဲ့ ဆရာသခင်ကလည်း စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ရှိနေတာတောင် တာအိုဒဏ်ရာ တစ်ခုကို ခံစားခဲ့ရပါတယ်။ ဒါကြောင့် သူမအနေနဲ့ ဒါကို ခံနိုင်ရည် ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်၊ ဟူးညိုနဲ့ ယုန်ဖြူကြီးတို့ သုံးယောက်အုပ်စုက တောင်ကြားထဲကို အတူတူ လျှောက်ပြီးတော့ ဝင်လာခဲ့ပါတယ်။ ဘယ်သူကမှ အမှုမဲ့ အမှတ်မဲ့ မနေဝံ့ပါဘူး။ သူတို့တွေက အနက်ရောင် မျှော်စင်ထဲကို အချိန်မရွေး ပုန်းအောင်းလိုက်ဖို့ ပြင်ဆင်ထားပါတယ်။

"ဝိုး ဒီနေရာက ဆွဲဆောင်မှု အရမ်းရှိပြီး မျက်စိပသာဒလည်း

ဖြစ်စေတာပဲ။ အရှင်သခင်ယုန်ရဲ့ စိတ်ကို ပေ့ါပါးစေပြီးတော့ ဒီနေရာမှာ ပျံသန်းချင်တဲ့စိတ်တောင် ပေါ်လာတယ်"

ယုန်ဖြူကြီးက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခဏလောက် အာရုံခံကြည့် လိုက်ပါတယ်။ ဒီခရမ်းရောင် မြူတွေထဲမှာ စိတ်ဝိညာဉ် ချီတွေ မပါဝင်ပေမဲ့ ကမ္ဘာ့အပြင်ဘက်မှာရှိတဲ့ ပစ္စည်းအမျိုးအစား တစ်ခုခု ရှိနေတဲ့ ပုံစံမျိုးပါပဲ။ သူက ဘာလဲဆိုတာကို အဖြေမရှာနိုင်ပေမဲ့ အဲဒီအရာကို ကြည့်ရတာ မြင့်မားတဲ့ အဆင့်တစ်ခုကို ပိုင်ဆိုင်ထားပုံ ပေါက်ပါတယ်။

အဆင့်တစ်ဆယ် ရှားပါးသတ္တုက အဆင့်တစ် ပစ္စည်းတစ်ခုကို လုံးဝကို လွှမ်းမိုးနိုင်သလိုမျိုးနဲ့ တူနေပြီး သဘာဝတရားရဲ့ အားသာချက် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

"ရွှမ်အာရဲ့ ဆရာသခင်က ဒီနေရာကို လာခဲ့တာ အံ့သြစရာ

မဟုတ်တော့ဘူး”

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ မြောက်ပိုင်းဒေသထဲမှာ အဆင့်ခုနစ် အထက်မှာရှိတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ မရှိပါဘူး။ ဒါကြောင့် တကယ်လို့ ကျူးရွှမ်အာရဲ့ ဆရာသခင်က နတ်အသွင်ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဖင်ရောက်ချင်တယ် ဆိုရင်တော့ သူမအနေနဲ့ တခြားနည်းလမ်း တချို့ကို စဉ်းစားနိုင်ရပါမယ်။

ခရမ်းရောင်မြူရဲ့ အမြင်အာရုံအပေါ် အကျိုးသက်ရောက်မှုက နတ်ဘုရားအာရုံကို တားဆီးပိတ်ပင် ထားပါတယ်။ ဒါကြောင့် သူတို့သုံးယောက်အုပ်စုက ရှေ့တည့်တည့် ခြောက်မီတာ အကွာလောက်ထိပဲ မြင်နိုင်စွမ်း ရှိပါတယ်။ သူတို့ရဲ့ နတ်ဘုရားအာရုံ ဂန်းကျင်ကလည်း အတူတူပါပဲ။ တကယ်လို့ သူတို့က လုပ်ကြံသတ်ဖြတ်မှု တမျိုးမျိုးနဲ့ တစ်ပြိုင်နက်တည်း ကြုံတွေ့ရမယ်ဆိုရင် သူတို့က သေချာပေါက် သတိပြုမိပါလိမ့်မယ်။

ဟုမ်း။

သူတို့က ချောင်းမြောင်းတိုက်ခိုက်မှု အကြောင်းကို စဉ်းစားနေချိန်မှာပဲ သူတို့က တကယ့်ကို လုပ်ကြံမှု တစ်ခုနဲ့ ကြုံတွေ့လိုက်ရပါတယ်။ ခရမ်းရောင် မြူခိုးတွေက ကျားသစ်တစ်ကောင်ပုံစံ ဖြစ်သွားပြီး သူတို့ဆီကို လျင်မြန်စွာနဲ့ ခုန်အုပ်လိုက်ပါတယ်။ ကျားသစ်ရဲ့ အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး ကောင်းကင်အဆင့်နဲ့ သိပ်ပြီးတော့ မကွာပါဘူး။

လင်းဟာန်က နာခေါင်းတချက် ရှုံ့လိုက်ပြီး သူ့လက်တွေနဲ့ တံဆိပ်ပုံစံတွေ ဖြစ်ပေါ်စေလိုက်ပြီး ခရမ်းရောင်ကျားသစ်ဆီကို ရိုက်ချလိုက်ပါတယ်။

မြေကမ္ဘာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်။

သူ့လက်နှစ်ဖက်စလုံးမှာ ရွှေရောင်အလင်းတွေ ထွက်ပေါ်နေတဲ့ သင်္ကေတတွေ ဖုံးလွှမ်းထားပြီး စကြာဝဠာရဲ့ အလင်းရောင်နဲ့

တူပါတယ်။ ပြီးတော့ ခရမ်းရောင်မြူခိုးတွေကို တော်တော်လေး ပျက်ပြယ်သွား စေနိုင်ပါတယ်။

သူက မြေကမ္ဘာမှောက်လှန် ပိတ်ဆိုခြင်း တံဆိပ်တော်ရဲ့ လက်တစ်ဖက် ပုံစံကို ပြင်ဆင်မွမ်းမံ နိုင်ပေမဲ့ အခုသူ့ရဲ့ဓားကို ဆွဲမထုတ်သေးပါဘူး။ ဒါကြောင့် လက်နှစ်ဖက်နဲ့ အသုံးပြုတာက ပိုပြီးတော့ အားကောင်းပါလိမ့်မယ်။

ခရမ်းရောင် ကျားသစ်က မကြောက်မရွံ့နဲ့ သူ့ရဲ့ ကြီးမားတဲ့ ပါးစပ်ကြီးကို ဟပြီးတော့ လင်းဟန်ကို ကိုက်လိုက်ပါတယ်။

ကျားသစ်ကြီးက မြူခိုးတွေနဲ့ ပြုလုပ်ထားတာ ထင်ရှားပေမဲ့ သူတို့အနေနဲ့ ကျားသစ်ကြီးရဲ့ အံ့ဩထိတ်လန့်ဖွယ်ရာ ခြေသည်းလက်သည်းတွေနဲ့ သွေးနီရောင် လျှာကြီးကို တွေ့မြင်ရပါတယ်။

ပုန်း။

မြေကဲ့သို့မှာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်က ခရမ်းရောင် ကျားသစ်ကြီးရဲ့ ခန္ဓာကိုယ်ပေါ် ထိမှန်သွားခဲ့ပါတယ်။ ရွှေရောင်အလင်းတွေက နေရာအနှံ့အပြားကို လွင့်စဉ်ကုန်ပြီး ချက်ချင်းဆိုသလို ပေါက်ကွဲထွက်ကုန်ပါတယ်။ ဒီအဖြစ်အပျက်ကြောင့် တောင်ကြားထဲမှာ ရှိနေတဲ့ ခရမ်းရောင် မြူခိုးတွေက နောက်ဆုတ်ပျောက်ကွယ် သွားပါတယ်။

ပြိုင်ဘက်ဖြစ်သူက တိုက်ခိုက်မှု တစ်ခုကိုတောင်မှ မခံနိုင်ဘူး ဆိုပေမဲ့ လင်းဟာန်ရဲ့ အမူအရာက အနည်းငယ် လေးနက်လာပြီးတော့ ပြောလိုက်တယ်။

"ဒီခရမ်းရောင် မြူကျားသစ်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်တစ်လုံးကို ပိုင်ဆိုင်ထားတယ်။ နောက်ပြီးတော့ ကြည့်ရတာ စည်းမျဉ်းဥပဒေရဲ့ စွမ်းအား တချို့ကိုလည်း အသုံးပြုနိုင်တဲ့ ပုံစံရှိတယ်"

လင်းဟန်က သူ့လက်ကို မြှောက်လိုက်ပါတယ်။ သူတို့တွေက သူ့လက်ဝါးပေါ်မှာ ဒဏ်ရာတစ်ခု ဖြစ်ပေါ်နေတာကို တွေ့မြင်လိုက်ရပြီး ဒဏ်ရာက အနက်က တိမ်ပါတယ်။

ကျားသစ်ကြီးရဲ့ တိုက်ပွဲစွမ်းရည်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ ကြယ်တစ်လုံးပဲ ရှိတယ်ဆိုပေမဲ့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခုခံနိုင်မှုကို စုတ်ဖြဲပစ်နိုင်စွမ်း ရှိနေပါတယ်။ တကယ်လို့ ဒါက နည်းနည်းလေး ဆိုပေမဲ့ အဆုံအားသင့်သွားဖို့ လုံလောက်ပါတယ်။

သူ့ရဲ့လက်ရှိ ခန္ဓာကိုယ်က မာကျောမှုမှာ အဆင့်ကိုး ရှားပါးသတ္တုတွေနဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။ တကယ်လို့ သာမန်ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်က ပြင်းထန်တဲ့ တိုက်ကွက်တွေ သူ့ဆီကို ထုတ်ဖော်တိုက်ခိုက်မယ်ဆိုရင်တောင် သူ့ကိုဒဏ်ရာရရှိသွားစေဖို့ဆိုတာ အတော်လေး ခက်ခဲပါတယ်။ ကောင်းကင်အဆင့် ကျင့်ကြံသူ တော်တော်များများ ပူးပေါင်းပြီးတော့ သူ့လိုမျိုး အဆင့်ကိုး ရှားပါးသတ္တုကို မွန်းမံသန့်စင်နိုင်မယ်ဆိုရင်တော့ သူတို့တွေက သူ့ကို ထိခိုက်အောင်

လုပ်နိုင်ပါလိမ့်မယ်။

အခုတော့ သူက မြူခိုးတွေကနေ ဖြစ်ပေါ်လာတဲ့ နတ်ဆိုးသားရဲ တစ်ကောင်ကြောင့် အမှန်တကယ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။

ဒါက ယုံကြည်ဖို့ အတော်လေးကို ခက်ခဲပါတယ်။

"ရှမ်အာရဲ့ ဆရာသခင်က တာအိုဒဏ်ရာ တစ်ခုကို ခံစားခဲ့ရတာ အံ့သြစရာ မရှိတော့ဘူး။ ဒီနေရာက တကယ်ပဲ မရိုးရှင်းဘူး။ ပြီးတော့ ဘယ်လိုနည်းနဲ့မဆို အမှောင်နတ်ဆိုး တောအုပ်ထက် မနိမ့်ကျနိုင်ဘူး"

လင်းဟန်က လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါတို့နောက်ဆုတ်တာ ပိုကောင်းမယ်။ အပြင်ဘက်မှာလည်း စားဖို့ဘာမှမရှိဘူး။ ပြီးတော့ ဝါးဖို့ မုန်လာဥလည်း မရှိဘူး။ ဒါကြောင့် ဘာဖြစ်လို့ ငါတို့က ဒီနေရာကိုလာပြီး ကိုယ့်အတွက် သက်သောင့်သက်သာ

မဖြစ်စေတာကို လာရှာနေဦးမှာလဲ"

ယုန်ဖြူကြီးကလည်း သိချင်စိတ်တွေ ပြင်းပြနေတယ် ဆိုပေမဲ့ အသက်စွန့်ရမှာကိုတော့ ပိုပြီးတော့ ကြောက်ရွံ့တယ်ဆိုတာ သိသာပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့က အဲဒီလို လုပ်စရာမှ မလိုတာ။ ငါ့မှာ တည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တွေ ရှိနေတာပဲ။ တကယ်လို့ ငါတို့တွေ ထောင်ချောက်ထဲ ကျရင်တောင် ငါတို့လွတ်နိုင်ပါသေးတယ်။ ငါတို့ရဲ့ အကြံအစည်တွေက ကြီးကျယ်ခမ်းနားတယ်။ ပြီးတော့ ဒီလျှို့ဝှက်ဆန်းကြယ် နယ်မြေတွေနဲ့ အန္တရာယ် ဖုံတွေ အားလုံးက မတည်ငြိမ်နိုင်တဲ့ အကြောင်းတရားတွေ ရှိနိုင်တယ်။ ဒါကြောင့် ငါတို့က တစ်ခုပြီးတစ်ခု စူးစမ်းရမယ်။ အများဆုံးတော့ အထဲမှာ ဘယ်လိုအန္တရာယ်တွေ ရှိနေတယ် ဆိုတာကို ငါတို့သိနိုင်တာပေါ့"

ဥပမာအနေနဲ့ မီးနိုင်ငံထဲက သတ္တုမိုင်းတွင်းဟောင်းကြီး ဖြစ်ပါတယ်။ အဲဒီထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိအလောင်းကောင် တစ်ရာထက်မနည်း ရှိနေပါတယ်။ ပြီးတော့ သူတို့တွေ ထွက်ပေါ်လာမယ်ဆိုရင် မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေ အပေါ်မှာ အကြီးအကျယ် လွှမ်းမိုးနိုင်ပါလိမ့်မယ်။

ခရမ်းရောင်လ အင်ပါယာက လွှန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက အချိန်အရည်ကို အသုံးပြုခဲ့ပြီး သတ္တုမိုင်းတွင်းဟောင်းထဲမှာ ရှိနေတဲ့ သက်ရှိအလောင်းကောင်တွေက သူတို့ကိုယ်ပိုင် ဂူသချိုင်းတွေ တူးပြီးတော့ မြေအောက်ကမ္ဘာရဲ့ သီးခြားနေရာအဖြစ် ရပ်တည်နေပြီး ဒီဘုံကိုတောင် ပိုပြီးတော့ ဒုက္ခတွေ သယ်လာနိုင်ပါတယ်။

သူတို့က အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပါတယ်။ ခရမ်းရောင် မြူတွေက ပိုမိုသိပ်သည်းလာပြီး နတ်ဆိုးသားရဲကောင်တွေ အဖြစ်ကို ပြောင်းလဲကာ သူတို့ကို အကြိမ်တော်တော်များများ တိုက်ခိုက်ခဲ့ပါတယ်။ နောက်ပြီးတော့ အမြဲတမ်း ချောင်းမြောင်းလုပ်ကြံမှု တစ်ခုပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ

မြင်နိုင်စွမ်းက အရမ်းကို အားနည်းပြီး နတ်ဘုရား အာရုံတွေက ပိတ်ပင်တားဆီး ခံထားရပါတယ်။ ဒါက တကယ့်ကို ခေါင်းကိုက်စရာပါပဲ။

ကံကောင်းတာက ဒီခရမ်းရောင် မြူခိုးတွေကနေ ဖြစ်ပေါ်လာတဲ့ မိစ္ဆာသားရဲတွေက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းအားပဲ ရှိပါတယ်။ ပြီးတော့ လင်းဟန်က လွယ်လွယ်နဲ့ ဖျက်ဆီးပစ်လိုက် နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့က လင်းဟန်ရဲ့ လက်ပေါ်မှာ ဒဏ်ရာတွေ အမြောက်အမြား ချန်ထားပေးသွားပါတယ်။ သူတို့ရဲ့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားအနည်းငယ်က စိန်အဆင့် ခန္ဓာကိုယ်တောင်မှ ပြန်လည်ကုသနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို အသုံးပြုပြီး ဒီထူးဆန်းတဲ့ စွမ်းအားတွေကို မောင်းထုတ်ပစ်ရပါတယ်။

သိပ်မကြာခင် မြစ်ကြီးတစ်စင်းက သူတို့ရဲ့ အရှေ့မှာ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ မြစ်ထဲမှာ ရေတွေ စီးဆင်းမနေပဲ

လျှပ်စီးမိုးကြိုးတွေ ဖြစ်ပေါ်နေပါတယ်။

ဒါက အဖြူရောင် မိုးကြိုးလျှပ်စီးတွေ တောက်ပနေတဲ့ မြစ်ကြီးတစ်စင်း ဖြစ်ပါတယ်။

Chapter 753 end

အပိုင်း(၇၅၄) မိုးကြိုးလျှပ်စီးမြစ်

မိုးကြိုးလျှပ်စီးမြစ်လား။

ဒီမြစ်ရဲ့ အရင်းအမြစ်က ဘာလဲ။ လျှပ်စီးမိုးကြိုး ရေအိုင်တစ်ခုလား။

လင်းဟာန်ရဲ့ အမူအရာက ပြောင်းလဲသွားပြီး တဒုန်းဒုန်း ပစ်ချနေတဲ့ လျှပ်စီးတန်းတွေဆီကို ကြည့်လိုက်ပါတယ်။ လျှပ်စီးရဲ့ အဆင့်က အရမ်းကို မြင့်ပြီးတော့ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ သူ့စိတ်ဝိညာဉ်ရဲ့ နက်ရှိုင်းတဲ့ နေရာကနေ အန္တရာယ် အငွေ့အသက် တစ်ခုကို အာရုံခံလိုက် မိပါတယ်။

သူက လျှပ်စီးခန္ဓာကိုယ်ကို လေ့လာသင်ယူထားပြီး လျှပ်စီးအလင်းတန်းတွေထဲမှာ သွားလာကူးသန်း နိုင်ပြီးတော့ သူ့ကို ထိခိုက်စေမှာ မဟုတ်ပဲ စွမ်းအင်ဖြည့်ဆည်းပေးသလို ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ အကြောင်းပြချက် တစ်ခုတော့ ရှိပါတယ်။ လျှပ်စီးမိုးကြိုးတွေက သန့်စင်ပြီးတော့ သိုင်းဆန္ဒတွေ မပါဝင်ရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ကိုယ်ပိုင် သိုင်းဆန္ဒတွေနဲ့ ကသောင်းကနင်း ဖြစ်ပြီးတော့ ကြီးမားတဲ့ တန်ပြန်သက်ရောက်မှုတစ်ခု ဖြစ်လာပါလိမ့်မယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သိုင်းပညာရှင် နစ်ယောက်က မီးဒါမှမဟုတ် ရေကျင့်စဉ် နစ်ခုလုံးကို ကျင့်ကြံအားထုတ်ပြီး တိုက်ခိုက်ဖို့ လိုအပ်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီသိုင်းပညာရှင် နစ်ယောက် တိုက်ခိုက်မယ်ဆိုရင် အချိန်နဲ့ ခွန်အားကို ဖြုန်းတီးတာနဲ့ အတူတူပါပဲ။

ဒါပေမဲ့လည်း ဟူးညိုက အရမ်းကို စိတ်လှုပ်ရှားပြီးတော့ မြစ်ဆီကို တစ်ဟုန်ထိုး ပြေးသွားပြီး အော်ဟစ်နေပါတယ်။

"ရေချိုးချိန်ရောက်ပြီ။ ရေချိုးချိန်ရောက်ပြီ"

လင်းဟန်က အနောက်ကနေ ဟူးညိုကို အလျင်အမြန် ဆွဲလိုက်ပြီးတော့ ပြောလိုက်တယ်။

"မဆင်မခြင် မလုပ်နဲ့။ ဒီမိုးကြိုးလျှပ်စီးတွေက မရိုးရှင်းဘူး"

ဒီမိုးကြိုးလျှပ်စီးတွေက သေချာပေါက် မသန့်စင်ပါဘူး။ လင်းဟန်က တလက်လက် တောက်ပနေတဲ့ သင်္ကေတ ပုံစံတွေကို မြင်တွေ့နိုင်ပါတယ်။ ပြီးတော့ ဒါတွေက လျှပ်စီး အလင်းတန်းတွေတောင် မဟုတ်ပဲ သွေးကြောပုံစံ မီးတောက်သင်္ကေတတွေကို ပစ်လွှတ်နေ ပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

မိုးကြိုးလျှပ်စီး မြစ်တစ်ခု အထဲမှာ မီးတောက်တွေက တကယ်ပဲ ဖြစ်ပေါ်နေတာလား။

"မြစ်တစ်လျှောက်ကို ကြည့်စမ်း"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့အကြည့်တွေက မိုးကြိုးလျှပ်စီးမြစ်ရဲ့ အပေါ်ဘက်ဆီကို လှည့်ကြည့်လိုက်ပြီး မြစ်အထက်မှာ မှေးမိန်တဲ့ ခရမ်းရောင်မြူ ရှိနေပြီး မြင်နိုင်စွမ်းကို ကန့်သတ်ထားပေမဲ့ ခရမ်းရောင်မြူတွေက ပတ်ဂန်းကျင်မှာ ပြည့်နှက်နေတာ သိသာပါတယ်။

မိုးကြိုးလျှပ်စီးမြစ်ရဲ့ အဆုံးမှာ ဘာများရှိမလဲ။ ထူးခြားတဲ့ လျှပ်စီးရတနာ တစ်ခုများ ဖြစ်မလား။

ယုန်ဖြူကြီးက ရုတ်တရက် မျက်လုံးပြူးသွားပြီး သူ့ရင်ဘတ်ကို ဆုပ်ကိုင်ပြီးတော့ အော်ဟစ် လိုက်ပါတယ်။

"အားရိုးရိုး။ ငါ့ရဲ့အစာအိမ် နာလာပြီ။ ငါမုန်လာဥတွေ အများကြီး စားလိုက်မိပြီ။ ဦးလေးယုန် အရင်ဆုံး နောက်ဆုတ်သွားတော့မယ်နော်"

လင်းဟန်က လှောင်ပြုံးပြုံး ပြီးတော့ ပြောလိုက်ပါတယ်။

"ယုန်ဖြူကြီး မင်းက အခုတော့ သေရမှာကို ကြောက်နေပြီလား။ ကောင်းပြီလေ။ တကယ်လို့ မင်းသွားချင်ရင် သွားပေါ့။ နောက်ပိုင်းမှာ အနက်ရောင် မျှော်စင် အထဲက မုန်လာဥတွေ တစ်တိတိ ခိုးစရာ မလိုတော့ဘူးပေါ့"

"ကောင်စုတ်လေး။ မင်းက အရမ်းကို ကပ်စေးနဲတာပဲ"

ယုန်ဖြူကြီးက တရားနည်းလမ်းကျတဲ့ ဟန်ပန်မျိုး လုပ်လိုက်ပါတယ်။

"ဦးလေးယုန်က သေမှာကို ကြောက်တတ်တဲ့ သူတစ်ယောက်လား။ ဦးလေးယုန်က ဒီနေရာမှာ ရန်သူ့လက်ထဲကို ငါတို့သုံးယောက်လုံး ကျဆင်းသွားမှာကိုပဲ ကြောက်တာပါ။ ဒါဆိုရင် ဘယ်သူမှ ငါတို့ကို မကယ်နိုင်တော့ဘူးလေ။ ဒါကြောင့် ဦးလေးယုန်က အပြင်ဘက်မှာ သွားစောင့်နေပြီး မင်းတို့တွေ ထောင်ချောက်ထဲ ကျသွားရင် ဦးလေးယုန်က လူတွေသွားခေါ်ပြီး ကယ်ပေးနိုင်ဖို့ စီစဉ်ထားတာပါ"

"ဟားဟားဟား မင်းက တကယ့်ကို အရှက်ကင်းမဲ့တာပဲ။ ငါတကယ်ပဲ သင်ယူရဦးမယ်။ အနာဂတ်မှာ ဒါကိုပြန်ပြီးတော့ အသုံးချရမယ်"

ဟူးညိုကတော့ ယုန်ဖြူကြီးကို တစ်ချက်ကိုက်လိုက်ပါတယ်။ နာကျင်မှုဒဏ်ကြောင့် ယုန်ဖြူကြီးက ငယ်သံပါအောင် အော်ဟစ်လိုက်ပြီးတဲ့ နောက်မှာတော့ သူတို့ဘေးကနေ လိမ်လိမ်မာမာနဲ့ လိုက်ပါလာခဲ့ပါတယ်။

"ဦးလေးယုန်က အလုပ်လုပ်တယ် ဆိုမှတော့ နဂါးသွေး ဂျင်ဆင်းပင်ကို မြန်မြန်ထုတ်ပြီးတော့ ပေးလိုက်ပါလား။ အဲဒါမှ ဦးလေးယုန် တစ္ဆေသရဲ ဖြစ်သွားရင်တောင် အနည်းဆုံးတော့ စိတ်ချမ်းသာ နိုင်မှာပေါ့"

"ထွက်သွားစမ်းပါ"

လင်းဟာန်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။

"ငါမင်းအပေါ်မှာ အကြွေးတင်နေတဲ့ နှစ်ပင်ကို ပေးပြီးပြီ။ အဲဒါကို ဒီနေရာမှာ ငါ့အပေါ် အမြတ်ထုတ်ဖို့ ကြိုးစားနေသေးတာလား။ မရဘူး"

"ငါတို့က ဘယ်သူတွေလဲ။ ဘဂဝတစ်လျှောက် လက်တွဲသွားမဲ့ ညီအစ်ကိုတွေလေ"

ယုန်ဖြူကြီးက ခင်ခင်မင်မင်နေဖို့ ကြိုးစားလိုက်ပါတယ်။

သူတို့တွေက ငြင်းခုံနေကြပေမဲ့ ပတ်ဝန်းကျင်ကိုတော့ ဂရုမစိုက်ပဲ မနေဝံ့ပါဘူး။ စိတ်ထဲမှာ တင်းကျပ်နေတာကို ပေ့ါပါးသွားဖို့ ဟာသတွေ ပြောနေကြတာပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီနေရာက အရမ်းကို ထူးဆန်းလွန်းပါတယ်။ ဟူးညိုကတော့ တကယ့်ကို စိတ်လက်ပေ့ါပါးတဲ့ တစ်ယောက်တည်းသောသူပဲ ဖြစ်ပါတယ်။ ဘာကိုမှ ဂရုမစိုက်ပဲ သူမက စိတ်ရှင်းရှင်းနဲ့ လျှောက်လာပါတယ်။

သူတို့က မြစ်ရဲ့အထက်ပိုင်းနဲ့ နီးကပ်လာခဲ့ပြီး အဲဒီနေရာမှာ လျှပ်စီးအလင်းတန်းတွေရဲ့ စွမ်းအားက ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းပါတယ်။ လျှပ်စီးကြောင်းတွေက အရမ်းကို အံ့ကြွမနေဘူး ဆိုပေမဲ့ အားလိုင်းတွေက ဘေးဘက်ကို လွင့်စဉ်ပြီး အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ထူးခြားတဲ့ လျှပ်စီးပညာရပ်တွေကို ကျင့်ကြံထားတဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှု တစ်ခုနဲ့ သေချာပေါက် နိုင်းယှဉ်လို့ ရပါလိမ့်မယ်။ ပြီးတော့ ကြည့်ရတာ မိုးကောင်းကင်ကိုတောင် တုန်ခါပြီးတော့ အက်ကွဲလုနီးပါး ဖြစ်နေသလိုပါပဲ။

သူတို့က အနားကို မကပ်ဝံ့ပါဘူး။ အားလိုင်းတွေက လူတွေကို ထိခိုက်နာကျင်မှု မဖြစ်စေပေမဲ့ သူတို့ရဲ့ စွမ်းအားကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပြီး ဘယ်သူကများ လျော့တွက်ဝံ့မှာလဲ။

ယုန်ဖြူကြီးက ဒါကို မခံမရပ်နိုင်အောင် ဖြစ်နေပြီး အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ဖို့ အပြင်းအထန် တောင်းဆိုနေပါတယ်။ လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့ ယုန်ဖြူကြီးနဲ့ ရွှေရှာကြွက်တို့ နှစ်ကောင်လုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပြီး သူနဲ့ ဟူးညို့တို့ပဲ အပြင်ဘက် ဆက်ပြီးတော့ ကျန်နေခဲ့ပါတယ်။ ဟူးညို့က တကယ့်ကို ထူးဆန်းပါတယ်။ လင်းဟာန်ရဲ့ အရေပြားတောင်မှ ဒီလိုမျိုး လေထုမှာ အက်ကွဲပေမဲ့ ဒီကလေးမကတော့ ဘာမှ အကျိုးသက်ရောက်မှု မခံရပါဘူး။

လင်းဟာန်ရဲ့ လက်ရှိရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ကိုး ရှားပါးသတ္တု အဆင့်ကို ရောက်ရှိနေပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အရှိန်အဝါကိုတောင် ခံနိုင်ရည် ရှိပါတယ်။

ဒါကိုကြည့်မယ်ဆိုရင် ဟူးညိုက ဘယ်လောက်တောင်
ထူးဆန်းတယ် ဆိုတာ ပေါ်လွင်ပါတယ်။

နောက်ပြီးတော့ စကြာဂဠုဘ ဖျက်ဆီးခြင်းအဆင့်
လက်ရွေးစင်တွေက ဘယ်လောက်တောင် အစွမ်းထက်တယ်
ဆိုတာ ဖော်ပြနေပါတယ်။

လင်းဟန်က စကြာဂဠုဘ ဖျက်ဆီးခြင်းအဆင့် သက်ရှိတွေကို
မတွေ့မြင်ဖူးတာနဲ့ မတူပါဘူး။ ဒါပေမဲ့ နီးကပ်တဲ့ အကွာအဝေး
တစ်ခုမှာ သူတို့တွေက သူတို့ရဲ့ကိုယ်ပိုင် တည်ရှိမှုကို ပြန်ရုပ်သိမ်းပြီး
တိုက်ပွဲအချိန်အတွင်းမှာ သူက အဝေးမှာ ရှိနေတာကြောင့်
အကုန်လုံး သတိမထားမိပါဘူး။

ဒါပေမဲ့ အခုတော့ သူနားလည်ပါပြီ။

စကြာဂဠုဘ ဖျက်ဆီးခြင်း အဆင့်က လူတစ်ယောက်ရဲ့ အရှေ့မှာ
ကောင်းကင်အဆင့် လက်ရွေးစင်တွေက တကယ်ပဲ

အထိခိုက်မခံနိုင်အောင် နုနယ်လွန်းပါတယ်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်ဖို့ ကောင်းကင်အဆင့် လက်ရွေးစင် ရာပေါင်းများစွာ ပါဝင်ရတာ အံ့ဩစရာ မရှိတော့ပါဘူး။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်က စစ်သည်တော်တွေကတော့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အရှေ့မှာ ပေါ်ထွက်လာဖို့ အရည်အချင်းတောင် မပြည့်မီပါဘူး။ တစ်ခါတည်း အစိတ်စိတ် အပိုင်းပိုင်းအဖြစ် ပြောင်းလဲသွားပါလိမ့်မယ်။

လင်းဟန်က ကျိတ်ပြီးတော့ အံ့အားသင့် နေပြီးတော့ သူ့ပတ်ပတ်လည်မှာ မူလစွမ်းအင်ကို အပြည့်အဝ ထုတ်ဖော်ပြီး ကာကွယ်မှုတစ်ခု လုပ်ထားပါတယ်။ ဘယ်လောက်တောင် သနားဖို့ ကောင်းလိုက်သလဲ။ သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ ငိုနေပါတယ်။ တကယ်လို့ သူ့မှာသာ မိုးကြိုးလျှပ်စီး တိုက်ပွဲချပ်ဝတ်သာ ရှိနေမယ်ဆိုရင် ဒီနေရာမှာ အကြီးအကျယ် အသုံးဝင် ပါလိမ့်မယ်။

ဟူးညိုက ရုတ်တရက် အရှေ့ကို လက်ညှိုးထိုးပြပြီးတော့ ပြောလိုက်ပါတယ်။

"ဟင် လင်းဟန် ဟိုမှာကြည့်။ ပန်းပွင့်တစ်ပွင့် ရှိနေတယ်"

လင်းဟန်က အာရုံစိုက်ပြီးတော့ ကြည့်လိုက်ပေမဲ့ ဘာကိုမှ သူမမြင်နိုင်ပါဘူး။ ဒါပေမဲ့လည်း ဟူးညိုက သူ့ကို လိမ်ညာလိမ့်မယ် မဟုတ်ဘူးဆိုတာကို ကောင်းကောင်းကြီး သိနေပါတယ်။ ဒါကြောင့် သူက အရှေ့ကို နောက်ထပ်တိုးပြီးတော့ လျှောက်လာခဲ့ပါတယ်။ မျှော်လင့်ထားတဲ့ အတိုင်းပဲ မြစ်ဘေးနားမှာ ထူးဆန်းတဲ့ အပင်တစ်ပင် ရှိနေပြီး အကြမ်းအားဖြင့် ယောက်ျား တစ်ယောက်ရဲ့ အမြင့်တစ်ဝက်ခန့် ရှိပြီး လုံးဝကို အပြာရင့်ရောင် ဖြစ်နေပါတယ်။ အရွက်တွေက မြားတွေ လှံတွေနဲ့ တူပြီးတော့ ခုနစ်ရွက်ပဲ ရှိပါတယ်။ ပြီးတော့ ထိပ်မှာ ပန်းတစ်ပွင့် ပွင့်နေပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် လျှပ်စီးတွေကြောင့် ဖြစ်ပေါ်နေပြီး အဆက်မပြတ် ပွင့်လာလိုက် ညှိုးနွမ်းပြီးတော့ ပျော့ကျသွားလိုက် ပြန်ပွင့်လာလိုက်နဲ့ ပြောင်းလဲနေပါတယ်။

အရင်ဘဝတုန်းက မော်ဆေးကောရာဇ် ဖြစ်ခဲ့ဖူးပြီး ဆေးဖက်ဝင်

ပစ္စည်းတွေ အများကြီးအကြောင်း တတ်သိနားလည်တဲ့ လင်းဟန်တောင်မှ ဒီအပင်နဲ့ ပတ်သက်ပြီး ဘာမှကို မသိပါဘူး။

"လှလိုက်တာ။ လှလိုက်တာ"

ဟူးညိုက လင်းဟန်ရဲ့ လက်ကိုဆွဲပြီးတော့ ပန်းပွင့်ဆီကို အတင်းဆွဲခေါ် လာခဲ့ပါတယ်။

လင်းဟန်က အစတုန်းက ဟူးညိုကို တားချင်ပေမဲ့ ဟူးညိုမှာ အန္တရာယ် အငွေ့အသက်နဲ့ ပတ်သက်ရင် အလိုအလျောက် သိနားလည်တဲ့ ပင်ကိုယ်ဗီဇတစ်ခု ရှိတယ်ဆိုတာကို တွေးလိုက်မိတဲ့ အခါမှာတော့ အေးအေးဆေးဆေးပဲ လျှောက်လာခဲ့ပါတယ်။ ဒါကြောင့် သူမက တကယ်ပဲ လျှပ်စီးမြစ်ကို ကြောက်ရွံ့ခြင်း မရှိပါဘူး။

ဟူးညိုက မိုးကြိုးလျှပ်စီးမြစ် ဘေးကို တစ်ဟုန်ထိုး ပြေးသွားပေမဲ့ မျှော်လင့်ထားတဲ့အတိုင်း ကြောက်မက်ဖွယ်ရာကောင်းတဲ့

လျှပ်စီးအလင်းတန်းတွေက သူမကို လုံးဝအာနိသင် သက်ရောက်ခြင်း မရှိပါဘူး။ ဟူးညိုက ပြုံးပြီးတော့ ပန်းပွင့်ကိုခူးပြီး အနောက်ကို ပြန်ဆုတ်လာကာ ပြောလိုက်ပါတယ်။

"လင်းဟန် ညီးညီးကို ခေါင်းပေါ်မှာ ပန်ပေး"

ဟူးညိုက ပန်းပွင့်ကို ယူလာပါတယ်။ ဒါပေမဲ့ အံ့အားသင့်စရာကောင်းအောင်ပဲ ဒီပန်းပွင့်မှာ သန့်စင်တဲ့ မိုးကြိုးလျှပ်စီး စွမ်းအားတွေ ပါဝင်နေတာကို တွေ့လိုက်ရပါတယ်။ ပြောရမယ်ဆိုရင် ဒီပန်းပွင့်ကို သန့်စင်ပြီး စုပ်ယူနိုင်ပါတယ်။

ကမ္ဘာကြီးက တကယ့်ကို အံ့သြဖွယ်ရာ ကောင်းပါတယ်။ မိုးကြိုးလျှပ်စီးမြစ်က ကြောက်မက်ဖွယ် ကောင်းတဲ့ အန္တရာယ်တွေ မရပ်မနား ပန်းထွက်နေပေမဲ့ သူ့စွမ်းအားရဲ့ အစတစ်စက အတင်းအဓမ္မ ဆွဲထုတ်ခံရပြီး လျှပ်စီးပန်း တစ်ပွင့်အဖြစ် မွေးဖွားရှင်သန် စေခဲ့ပါတယ်။

ကောင်းကင်နဲ့ မြေကြီးရဲ့ သန့်စင်မှုနဲ့ ဒီပန်းပွင့်က အရမ်းကို

သန့်စင်လာခဲ့ပါတယ်။ လျှပ်စီး ပညာရပ်ကို ကျင့်ကြံတဲ့ ဘယ်သူမဆို ဒါကို သန့်စင်နိုင်ပြီး အကြီးအကျယ် အကျိုးအမြတ် ရရှိစေ ပါလိမ့်မယ်။

"ဒီလျှပ်စီးပန်းပွင့်က တကယ့်ကို ထူးခြားပြီး လျှပ်စီးခန္ဓာကိုယ်ရဲ့ အဆင့်ကို တိုးတက်စေနိုင်တယ်။ ညီုးညီုး ဒါကို သန့်စင်သင့်တယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညီုက ခေါင်းကိုခါပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ အဲဒါကို စားလိုက်မယ် ဆိုရင်တောင် အချည်းနှီးပဲ ဖြစ်လိမ့်မယ်လို့ ညီုးညီုး ခံစားနေ ရတယ်။ ဟင် လင်းဟာန် ဒါကို လိုချင်လား။ ဒါဆိုရင် ညီုးညီုး လက်ဆောင်ပေးမယ်"

ဟူးညီုက ချက်ချင်းပဲ လင်းဟာန်ရဲ့ နောက်ကျောကို ခုန်တက်ပြီး ပန်းပွင့်ကို လင်းဟာန်ရဲ့ ပါးစပ်ထဲ ထည့်ဖို့ ကြိုးစားလိုက်ပါတယ်။

ဟူးညီရဲ့ စိတ်စေတနာကို ငြင်းဆန်လို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီကလေးမက တစ်နေကုန် ပြောမဆုံးအောင် ဖြစ်နေပါလိမ့်မယ်။

လင်းဟန်က ပန်းပွင့်ကို စားပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံကို အသက်သွင်းပြီး ပန်းပွင့်အတွင်းမှာရှိတဲ့ အဆီအနှစ်ကို လျင်လျင်မြန်မြန်နဲ့ ချေဖျက်လိုက်ပါတယ်။

လျှပ်စီးပန်းပွင့် တစ်ပွင့်က သူ့ရဲ့လျှပ်စီးခန္ဓာကိုယ်ကို လူသစ်ကနေ ကျွမ်းကျင်သူ ဖြစ်အောင်လို့ အဆင့်တက်အောင် မလုပ်ပေးနိုင်ပါဘူး။ ဒါပေမဲ့ တကယ်လို့ ဒီလိုမျိုး ပန်းပွင့်တွေ ရာနဲ့ချီ ရှိနေမယ်ဆိုရင် သူက သေချာပေါက် ခြေတစ်လှမ်းထဲနဲ့ အမြင့်ဆုံး အဆင့်ထိ ရရှိနိုင်ပါလိမ့်မယ်။

မြစ်ဘေးနားမှာ လျှပ်စီးပန်းပွင့်တွေ အများကြီး ထပ်ပြီးတော့များ ရှိနေဦးမလား။

Chapter 754 end

အပိုင်း(၇၅၅) အာရုံငါးပါးလုံး ပျောက်ကွယ်ခြင်း

မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားက ကျင့်ကြံဖို့ မလွယ်ကူပါဘူး။

အဲဒီအချိန်တုန်းက လင်းဟန်အတွက် လျှပ်စီးခန္ဓာကိုယ်ကို ကနဦးအဆင့် အောင်မြင်မှု ရရှိခဲ့တာကလည်း သူက ရက်ပေါင်းများစွာ မိုးကြိုးလျှပ်စီးရဲ့ ပစ်ခတ်မှုကို ခံခဲ့ရပါတယ်။ လျှပ်စီးခန္ဓာကိုယ် တိုးတက်ဖို့ သူက မိုးကြိုးလျှပ်စီး ပစ်ခတ်မှုကို အဆက်မပြတ် ခံခဲ့ရပြီးတော့ လျှပ်စီးအထဲက အဆီအနှစ်တွေကို စုပ်ယူပြီး တိုးတက်လာခဲ့ပါတယ်။

ဒါက အရမ်းကို နှေးကွေးတဲ့ လုပ်ငန်းစဉ် တစ်ခုပဲ ဖြစ်ပါတယ်။ လင်းဟန်ရဲ့ အခုချိန်ထိ ကနဦး အောင်မြင်မှုက သူလုပ်ခဲ့တဲ့ အဆင့်တွေက သနားစရာ ကောင်းလောက်အောင် နည်းပါတယ်။ ဒါပေမဲ့ အဲဒါက အကူအညီ မရနိုင်ပါဘူး။ လျှပ်စီးတွေရဲ့ အစွမ်းက

ကြည့်ရတာ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ ဒါပေမဲ့ လျှပ်စီးခန္ဓာကိုယ် တစ်ခုအတွက်တော့ အထဲမှာ ပါဂင်တဲ့ မိုးကြိုးလျှပ်စီး အဆီအနှစ်က အရမ်းကို နည်းပါးပါတယ်။ နှစ်ပေါင်းငါးဆယ် အတွင်းမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှု အဆင့်ကို ရောက်နိုင်ပါ့မလား။ လင်းဟန်က စဉ်းစားကြည့် လိုက်တဲ့အခါ ဒါက အရမ်းကို လျင်မြန်နေပါသေးတယ်။

ဒါက တကယ့်ကို လျင်မြန်ပါတယ်။ လျှပ်စီးခန္ဓာကိုယ်ကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တဲ့ အဆင့်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ညီမျှပါတယ်။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေ ဘယ်လောက်များ ဒီအဆင့်ကို နှစ်ပေါင်းငါးဆယ် အတွင်းမှာ အောင်မြင်နိုင်လို့လဲ။

အရင်တုန်းက ဒါက လုံးဂကို မဖြစ်နိုင်လောက်ပါဘူး။ ပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်ရှိဖို့ နှစ်ပေါင်းငါးဆယ်နဲ့ မလုံလောက်ပါဘူး။ အခုဆိုရင်တော့ သိုင်းပညာတွေ တိုးတက်စည်ပင်လာတဲ့ အချိန်ကို ရောက်ရှိနေပြီး လက်ရွေးစင်တွေရဲ့ ထွက်ပေါ်လာမှု အရှိန်အဟုန်က တိုးမြှင့်လာပြီး

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို နှစ်ပေါင်းငါးဆယ် အတွင်းမှာ ရောက်ရှိဖို့ဆိုတာ တကယ်တမ်းတော့ ဖြစ်နိုင်ချေ ရှိပါတယ်။

ဒါပေမဲ့လည်း လျှပ်စီးပန်းပွင့်ကနေ ရရှိတဲ့ အကျိုးအမြတ်က မိုးကြိုးလျှပ်စီးတွေကနေ ရရှိတဲ့ စုစုပေါင်း အကျိုးအမြတ်ထက် သာလွန်ပါတယ်။ ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။

"ညီုးညီုးက ငါ့ကို တကယ့်ပဲ ကောင်းချီးပေးတဲ့ လူတစ်ယောက်ပဲ"

လင်းဟန်က ကောက်ကာငင်ကာနဲ့ ပြောလိုက်ပါတယ်။

ဟူးညီုက ပျော်ရွှင်သွားပြီး ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

"ညီုးညီုးက လင်းဟန်ရဲ့ ကောင်းချီးပေးသူပဲ"

သူတို့နှစ်ယောက်က အရှေ့ကို ဆက်ပြီးတော့ ချီတက်လာခဲ့ပေမဲ့ လင်းဟန်ကို စိတ်ပျက်စေတဲ့ အရာကတော့ အချိန်တော်တော် ကြာတဲ့တိုင်အောင် လျှပ်စီးပန်းပွင့် တစ်ပွင့်ကိုမှ သူတို့တွေ မတွေ့ရပါဘူး။ နောက်ထပ်အချိန်နည်းနည်း ထပ်ကြာအောင် လျှောက်လာပြီးမှ သူတို့က ဒုတိယ လျှပ်စီးပန်းပွင့်ကို တွေ့လိုက်ရပါတယ်။

ဟူးညို့က အဲဒီပန်းပွင့်ကို နောက်တစ်ကြိမ် ခူးပြီးတော့ လင်းဟန်ကို ပေးလိုက်ပါတယ်။

လင်းဟန်က ဒီလျှပ်စီးပန်းကို အလျင်စလို မသန့်စင်ပဲ အနက်ရောင် မျော်စင်ထဲကို ထည့်သိမ်း ထားလိုက်ပါတယ်။ အခုဆိုရင် သူက ဒီတောင်ကြားနဲ့ ပတ်သက်ပြီးတော့ ပိုမိုစိတ်ဝင်စား လာခဲ့ပါတယ်။

ဒီမိုးကြိုးလျှပ်စီးမြစ်က ဘယ်ကနေ ဖြစ်ပေါ်လာတာလဲ။

တော်တော်ကြာအောင် လျှောက်ပြီးတဲ့ နောက်မှာတော့ ဝုန်း ဝုန်း

ဝုန်း ဆိုပြီးတော့ လိုင်းလုံးတွေ ရိုက်ခတ်သံကို ကြားလိုက်ရပါတယ်။ ဒါပေမဲ့ မိုးကြိုးလျှပ်စီးမြစ်ကနေ ထွက်ပေါ်လာတာတော့ မဟုတ်ပါဘူး။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက တခြားတစ်ဖက်ကို ကြည့်လိုက်တဲ့ အခါမှာ နောက်ထပ်မြစ်တစ်စင်း ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီမြစ်ထဲမှာ ရေတွေမရှိသလို မိုးကြိုးလျှပ်စီးတွေလည်း မရှိပါဘူး။ ဒါပေမဲ့ မီးတောက်တွေ တောက်လောင်လို့ နေပါတယ်။

ဒါက ခန့်မှန်းရတာ ခက်ခဲပါတယ်။ မီးတောက်တွေ ပန်းထွက်နေတဲ့ မြစ်တစ်စင်းကနေ ကျယ်လောင်တဲ့ အသံတွေ ထွက်ပေါ်လို့ နေပါတယ်။

တကယ်လို့ ဒါက ချော်ရည် ဖြစ်နေမယ်ဆိုရင် နားလည်ရ လွယ်ကူပါလိမ့်မယ်။ ဒါပေမဲ့ အကြောင်းပြချက်ကို ဆန့်ကျင်ရမယ်ဆိုရင်တော့ ဒါက မဖြစ်သေးပါဘူး။ မြစ်အတွင်းမှာ သွေးကြောပုံ သင်္ကေတတွေ တလက်လက် တောက်ပနေတဲ့

သန့်စင်သော မီးတောက်တွေ ဖြစ်ပါတယ်။ လင်းဟန်ကို အံ့အားသင့်စေတဲ့ အချက်က အဲဒီအထဲမှာ သွေးကြောပုံစံ လျှပ်စီးဒြပ်စင် သင်္ကေတတွေကို ရှာတွေ့လိုက် ရပါတယ်။

အစောပိုင်းတုန်းက မိုးကြိုးလျှပ်စီး မြစ်အထဲမှာလည်း မီးဒြပ်စင် သင်္ကေတွေ ပါဝင်နေတာကို တွေ့ခဲ့ရပါတယ်။

ဖြစ်နိုင်တာက။

လင်းဟန်က သူ့စိတ်ထဲမှာ သုံးသပ်ချက် တစ်ခုကို လုပ်လိုက်ပါတယ်။ မိုးကြိုးလျှပ်စီးမြစ်နဲ့ မီးမြစ်တွေက တစ်ခုနဲ့တစ်ခု တူညီပါတယ်။ ဒါဆိုရင် ဘာကြောင့် သူတို့က တစ်ခုနဲ့တစ်ခု ကူးစက်နေရတာလဲ။

သူတို့တွေက အရှေ့ကို ဆက်တိုးလာခဲ့ပြီး ခဏလေး အတွင်းမှာ မြစ်နှစ်စင်းက တစ်နေရာတည်း ဆုံနေပါတယ်။ ဒါပေမဲ့ လင်းဟန်ကို အံ့အားသင့်စေတာက မြစ်နှစ်စင်း ပေါင်းစည်းနေရတာက ချက်ချင်းဆိုသလို တစ်ခုနဲ့တစ်ခု ကူးဖြတ်သွားပါတယ်။

မြစ်တစ်စီး ထွက်ခွာသွားပြီး အဲဒီမြစ်မှာ မိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေ ပန်းထွက်နေပြီးတော့ ရှင်းရှင်းလင်းလင်းကို ခွဲသွားပြီး တစ်ခုနဲ့တစ်ခု ရောစပ်နေခြင်း မရှိပဲ တစ်ခုက အနီ တစ်ခုက အဖြူနဲ့ မျက်စိကျိန်းမတတ် တလက်လက် တောက်ပနေပါတယ်။

လင်းဟန်က သတိပြုမိ သွားပါတယ်။ မြစ်နှစ်စင်းက တစ်ခုနဲ့တစ်ခု လွှမ်းမိုးနိုင်စွမ်း ရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူတို့ရဲ့ ဇာစ်မြစ်တူပြီးတော့မှ နောက်ပိုင်းမှာ ကွဲသွားတယ် ဆိုပေမဲ့ သူတို့က တစ်ခုနဲ့တစ်ခု သက်ရောက်မှုတွေ ရှိနေဆဲပါပဲ။

သူက ပိုပြီးတော့ သိချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ မြစ်ရဲ့ အဆုံးမှာ ဘာများရှိမလဲ။ ဘာဖြစ်လို့ ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခုကို ထုတ်ဖော်နိုင်တာလဲ။

ဒါပေမဲ့လည်း အားလိုင်းစီးကြောင်းနောက်ကို လိုက်ဖို့က

ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေ ရောယှက်နေတဲ့ အားလိုင်းက ပိုပြီးတော့တောင် ကြောက်မက်ဖွယ် စွမ်းအားတွေကို ထုတ်လွှင့်နေပါတယ်။ တကယ်လို့ အဲဒီမိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေ ကိုယ်တိုင် မတိုက်ခိုက်ဘူးဆိုရင်တောင် လျှပ်စီးတွေက အနီးနားက နေရာတွေကို ပျက်စီးသွားစေနိုင်ပြီး မီးတောက်တွေကတော့ တောင်ကြားချိုင့်ဝှမ်းကို စစ်မှန်တဲ့ မီးဖိုကြီး တစ်ခုအဖြစ် အရာအားလုံးကို လောင်ကျွမ်းသွားစေပါလိမ့်မယ်။

"ညီးညီး ဒီနေရာကို မကြိုက်ဘူး"

ဟူးညိုတောင်မှ စပြီးတော့ စောဒကတက်လိုက်ပါတယ်။ သူမက မိုးကြိုးလျှပ်စီးတွေကို မကြောက်ပါဘူး။ ဒါပေမဲ့ မီးတောက်တွေကို ခံနိုင်ရည် မရှိဘူးဆိုတာ ပေါ်လွင်ပြီး သူမရဲ့ မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက် သေးသေးလေးတွေ ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ဟူးညိုမှာ ချွေးသီးချွေးပေါက် အနည်းငယ်ကြောင့် ဘာပြောလို့ ပြောရမှန်း မသိ ဖြစ်သွားပါတယ်။ သူ့မှာတော့

မြစ်တစ်စင်းလို ချွေးတွေစီးကျနေပါတယ်။

"နောက်ထပ်နည်းနည်း သွားကြည့်တာပေါ့။ တကယ်လို့ အရမ်းကို လွန်လာရင် ငါတို့ ပြန်ထွက်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူက အရမ်းကို သိချင်စိတ် ပြင်းပြနေပေမဲ့ ဒီနေရာမှာတော့ သူ့အသက်ကို မစွန့်စားနိုင်ပါဘူး။

တကယ်တော့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က နိမ့်ပါသေးတယ်။ သူ့အနေနဲ့ ကောင်းကင်အဆင့် ဒါမှမဟုတ် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ ရောက်အောင်လို့ စောင့်ပြီးတော့မှ နောက်တစ်ကြိမ် လာနိုင်ပါလိမ့်မယ်။

သူတို့တွေက လက်လျှော့ဖို့ အစီအစဉ် ဆွဲလိုက်တဲ့ အချိန်မှာပဲ မိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေ ထွက်ပေါ်လာတဲ့ မြစ်ကြီးရဲ့ အဆုံးကို ရောက်လာခဲ့ပါတယ်။ သူတို့က တောင်ကြားလျှိုမြောင်ရဲ့ အောက်ခြေကို ရောက်လာပြီး သူတို့အရှေ့မှာ တောင်နံရံတစ်ခု

ပေါ်လာခဲ့ပြီး မိုးကြိုးလျှပ်စီးနဲ့ မီးတောက် မြစ်ကြီးက အဲဒီကနေ စီးထွက်လာသလိုမျိုးပါပဲ။

တောင်ရဲ့ နံ့ရံမှာ အရမ်းကို မည်းမှောင်တဲ့ အပေါက်တစ်ခု ရှိပြီးတော့ ဘယ်နေရာကို ဦးတည်နေလဲ ဆိုတာကိုတော့ မသိပါဘူး။

ဒီနေရာက မိုးကြိုးလျှပ်စီးနဲ့ မီးတောက်ရဲ့ စွမ်းအားတွေက မယုံနိုင်စရာ ကောင်းလောက်အောင် လျော့ပါးသွားပေမဲ့ ပြင်းထန်နေဆဲပါပဲ။ အနည်းဆုံးတော့ သည်းခံနိုင်တဲ့ အတိုင်းအတာတစ်ခုထိ ရှိနေပါတယ်။

လင်းဟန်က အဲဒီလိုဏ်ဂူကို ကြည့်ပြီးတော့ ချီတုံချတုံ ခံစားချက်တစ်ခု ဖြစ်ပေါ်နေပါတယ်။

လိုဏ်ဂူထဲမှာ တောင်ကြားလျှိုမြောင်ရဲ့ လျှို့ဝှက်ချက် ရှိပါလိမ့်မယ်။ ဒါပေမဲ့ အန္တရာယ်လည်း အရမ်းကို များပါတယ်။

သူတို့ဆက်ပြီးတော့ သွားသင့်လား။

သူက အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးမှ အဲဒီနောက်မှာ သတ္တိရှိရှိနဲ့ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ် လိုက်ပါတယ်။

သူ့မှာ ရုတ်ချည်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့နဲ့ အနက်ရောင် မျှော်စင် ရှိနေပါသေးတယ်။ ပြီးတော့ စွမ်းအားကို ယာယီမြှင့်တင်ပြီး သူ့ကို စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်ကိုပါ ခဏတဖြုတ် ရစေနိုင်ပါတယ်။ ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးထဲမှာ ဘယ်လိုအရာကများ သူ့ကို ချက်ချင်းသတ်ပစ်နိုင်စွမ်း ရှိမှာလဲ။

သွားမယ်ကွာ။

သူက ဟူးညိုကို လက်ကနေ ဆွဲပြီးတော့ လိုဏ်ဂူထဲကို လမ်းလျှောက်ဝင်လာခဲ့ပါတယ်။ တကယ်လို့ တစ်ခုခုသာ မှားနေရင် သူက ချက်ချင်းပဲ ဟူးညိုကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပါမယ်။

အနက်ရောင် တွင်းပေါက်ကြီးက မှောင်မည်းနေပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းထားတဲ့ လင်းဟန်တောင်မှ အရာအားလုံးကို ရှင်းရှင်းလင်းလင်း မမြင်နိုင်ပါဘူး။ သူက သူ့လက်ကို မြှောက်ပြီး မူလစွမ်းအင်ကို မီးတောက်အဖြစ်ကို ပြောင်းလိုက်ပါတယ်။ ဒါပေမဲ့ သူက မီးတောက်ကို မြှင့်တင်လိုက်တဲ့ အခါမှာ မီးရဲ့ တောက်ပမှုကို လုံးဝကို မမြင်ရဘူးလို့ ခံစားလိုက်ရပါတယ်။

ဒါက ဘာနဲ့တူလဲဆိုတော့ သူက မျက်စိကန်းနေတဲ့ လူတစ်ယောက်လိုပါပဲ။

ဒါပေမဲ့လည်း သူကအနောက်ဘက်က လိုဏ်ဂူရဲ့ အပြင်ဘက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ မိုးကြိုးလျှပ်စီးတွေနဲ့ မီးတောက်တွေ ပန်းထွက်နေတဲ့ မြစ်ကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင် ပါတယ်။

လင်းဟန်က အံ့အားသင့်နေပါတယ်။ ဒီလိုဏ်ဂူက ဘယ်လိုမျိုးကြီးလဲ။

အစောပိုင်းတုန်းက ခရမ်းရောင် မြူခိုးထဲမှာ သူ့အမြင်နဲ့ နတ်ဘုရား
အာရုံတွေကို အကျိုးသက်ရောက်စေတယ် ဆိုပေမဲ့
အနည်းဆုံးတော့ အသုံးပြုလို့ ရနိုင်ပါသေးတယ်။ ဒါပေမဲ့
အခုကျတော့ရော။ သူက တကယ့်ကို မျက်ကန်းတစ်ယောက်နဲ့
တူနေပြီး သူ့မျက်လုံးတွေနဲ့ ဘာကိုမှ တွေ့မြင်နိုင်စွမ်း မရှိပါဘူး။
သူ့ရဲ့ နတ်ဘုရား အာရုံတောင်မှ ဘယ်အရာကိုမှ အာရုံခံနိုင်စွမ်းမ
ရှိပါဘူး။ တကယ်လို့ သူက ဟူးညီကိုသာ ကိုင်မထားဘူးဆိုရင်
သူ့ဘေးနားမှာ လူတစ်ယောက် ရှိနေတယ် ဆိုတာကို
လုံးဝအာရုံခံလို့ ရမှာမဟုတ်ပါဘူး။

ဟုတ်ပါတယ်။ သူ့ရဲ့အကြားအာရုံလည်း ဆုံးရှုံးသွားပါပြီ။

ထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်။

သူက အရမ်းကို သတိထားနေပါတယ်။ ဒါပေမဲ့ လင်းဟန်က
နောက်ထပ် ခြေတစ်လှမ်း ထပ်လှမ်းပြီး အရှေ့ကို

ထပ်တိုးလာခဲ့ပါတယ်။

အဖြစ်အပျက်တွေ ပိုများလာလေ သူ့ရဲ့သိချင်စိတ်တွေက ဘာကြောင့်မှန်းမသိ ပိုပြီးတော့ ဖြစ်လာခဲ့ပါတယ်။

"မျော်စင်လေး ဒီနေရာက ဘာလဲဆိုတာကို မင်းသိလား"

လင်းဟန်က သူ့ရဲ့နတ်ဘုရား အာရုံနဲ့ အနက်ရောင် မျော်စင်ကို ဆက်သွယ်လိုက်ပါတယ်။

"ဒါက စွမ်းအင်အရင်းအမြစ် အစလေး တစ်ခုပါပဲ"

မျော်စင်လေးကို ကြည့်ရတာ အနည်းငယ် သိချင်နေပုံ ရပါတယ်။

"တကယ်လို့ မင်းက အဲဒါကို ရှာပြီးတော့ ငါ့ကို ပေးဝါးမျိုရင် ငါက 0.00000001 ရာခိုင်နှုန်းတော့ ပြန်ပြင်နိုင်လိမ့်မယ်"

လပြွတ်ပဲ။

လင်းဟန်က တကယ်ပဲ ကျိန်ဆဲပစ်လိုက် ချင်နေပါတယ်။ ဒီနေရာက မိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေ ပန်းထွက်နေတဲ့ မြစ်ကြီးတစ်စင်း ရှိပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ရောင်စဉ်တန်းတွေကို ထုတ်လွှတ်ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါတယ်။ ဒါကို စဉ်းစားကြည့်လိုက်ရင် ဒီနေရာရဲ့ ဇာစ်မြစ်က အသိအမှတ်ပြုစရာ ကောင်းတယ်ဆိုတာ နားလည်သဘောပေါက် နိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒါက အနက်ရောင် မျှော်စင်ကို 0.00000001 ရာခိုင်နှုန်းပဲ ပြင်ဆင်ပေးနိုင်ပါလိမ့်မယ်။ ဒါဆိုရင် သူ့အနေနဲ့ ဒီဘဝမှာ အနက်ရောင် မျှော်စင်ကို သူ့ရဲ့နတ်ဘုရားအလင်းရောင် ပြန်ပေါ်လာတာကို မြင်ရပါ့ဦးမလား။

"သတိထား"

မျှော်စင်လေးက သတိပေးလိုက်ပါတယ်။

"တကယ်လို့ ဒီနေရာက အသက်ရှိတယ်ဆိုရင် မင်းကိုသတ်ပစ်ဖို့ဆိုတာ အရမ်းကို လွယ်ကူနေ လိမ့်မယ်"

မနောက်ပါနဲ့ဟ။

လင်းဟန်က မျှော်စင်လေးကို ထပ်ပြီးတော့ အာရုံမစိုက်နိုင်တော့ပဲ အရှေ့ကိုပဲ ဆက်တိုးလာ ခဲ့ပါတယ်။ ဒါကလုံးဝကို မည်းမှောင်နေပြီး သူ့အနေနဲ့ မမြင်နိုင်၊ မကြားနိုင်၊ အနံ့မရနိုင်ပါဘူး။ ပြီးတော့ သူ့ရဲ့ အထိအတွေ့တောင် ပျောက်ကွယ်သွားခဲ့ပါတယ်။ သူက ဟူးညိုရဲ့ လက်ကို သေသေချာချာ ဆုပ်ကိုင်ထားပေမဲ့ သူ့ရဲ့အာရုံက ပိုပိုအားနည်းလာပြီးတော့ သူ့က အလောင်းကောင်တစ်ကောင် လမ်းလျှောက်နေသလိုမျိုး ဖြစ်နေပါတယ်။

သူက ကျဉ်သလိုလို ခံစားရပါတယ်။ ဒီနေရာက ဘာကြီးလဲဟ။ အရမ်းကို ထူးဆန်းလွန်းတယ်။

ဘယ်လောက် ကြာနေပြီလဲ ဆိုတာကို မသိပဲ နောက်ဆုံးမှာတော့ လင်းဟန်က ဘာကိုမှ ခံစားလို့ မရနိုင်အောင် ဖြစ်သွားပါတယ်။ သူက လိုဏ်ဂူထဲမှာ လမ်းဆက်လျှောက်နေတုန်းပဲလား ဆိုတာကိုတောင် မသိတော့ပါဘူး။ အာရုံငါးပါးလုံး ပျောက်ကွယ်နေပြီး သူက သက်ရှိ အလောင်းကောင် တစ်ခုနဲ့ ဘာများကွာခြားတော့မှာလဲ။

သူက သူ့ကိုယ်သူ ရှာဖွေဖို့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ ဘယ်နေရာကို သွားနေတယ် ဒါမှမဟုတ် သူက နံရံတစ်ခုကို ထိနေလား ဆိုတာကိုတောင် မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မထိပဲနဲ့ သူက တောင်နံရံထဲကို ယောင်တိယောင်ချာ ကိုးရိုးကားယားနဲ့ သွားနေလား ဆိုတာကိုတောင် မသိနိုင်အောင် ဖြစ်နေပါတယ်။ ပြီးတော့ ခွန်အားတွေကို ဆက်တိုက်ဖြုန်းတီးနေရပြီး တစ်နေရာထဲမှာပဲ သွားနေတာလည်း ဖြစ်နိုင်ပါတယ်။

အခြေအနေတွေအရ သူက အနက်ရောင် မျှော်စင်ထဲကို မဂင်မဖြစ်

ဝင်လိုက်ရပါတယ်။

Chapter 755 end

အပိုင်း(၇၅၆) စကားပြောသော ကျောက်ရုပ်တစ်ခု

လင်းဟန် တစ်ယောက်တည်း အနက်ရောင် မျှော်စင်ထဲကို ဝင်ခဲ့တာ မဟုတ်ပါဘူး။ ဟူးညီလည်း ပါပါတယ်။

ဟူးညီနဲ့ လူစုကွဲမသွားတာကြောင့် စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီမိန်းကလေးကို ဒီလိုနေရာမျိုးမှာ လိုက်ရှာရတာက မိုးကောင်းကင်ကို တက်တာထက်တောင် ပိုပြီးတော့ ခက်ခဲပါလိမ့်မယ်။

အခု သူ့ရဲ့အာရုံငါးပါးစလုံးက ပုံမှန်ပြန်ဖြစ် လာခဲ့ပါပြီ။

ဒါက သူ့အတွက် ဘဝအသစ်တစ်ခုကို ပြန်ရလိုက်သလို ကျေနပ်ပျော်ရွှင် သွားစေတာနဲ့ တူပါတယ်။ ကျူးရွှမ်အာက

အနားကို ရောက်လာပြီး လင်းဟန်က သူမကို ပွေ့ဖက်ပြီးတော့ သူမရဲ့ ချယ်ရီရောင် နှုတ်ခမ်းလေးကို ပြင်းပြင်းပြပြ အနမ်းတွေ ခြွေလိုက်ပြီး သူမရဲ့ ကိုယ်သင်းနံ့ သင်းသင်းလေးကို အနံ့ခံလိုက်ပါတယ်။ ကျူးရှမ်အာ ခန္ဓာကိုယ်ရဲ့ ပူးကပ်နေပြီး ဒီအထိအတွေ့က သူ့ကို အစစ်အမှန် အာရုံခံစားမှု တစ်ခုကို ခံစားစေပါတယ်။

ကျူးရှမ်အာ အနေနဲ့ သူက ဒီလိုမျိုး ချစ်စိတ်တွေ ပြင်းပြလာခဲ့မယ်လို့ မထင်ထားမိခဲ့ပါဘူး။ ပြီးတော့ နောက်ပြန်ဆုတ်လို့တောင် မရပဲ ရှက်သွေးတွေ ဖြန်းပြီး မျက်နှာတွေ နီလာခဲ့ပါတယ်။ တခြားလူတွေက ကြည့်နေပါတယ်။ ဒါပေမဲ့လည်း မကြာခင်မှာ သူမရဲ့ ခန္ဓာကိုယ်က ပျော့ခွေသလို ဖြစ်လာပြီး လင်းဟန်ရဲ့ အနမ်းတွေကြောင့် ပူလောင်လာကာ သူမရဲ့ ပါးစပ်ကနေ အားပျော့တဲ့ ညည်းတွားသံလေးတွေ ထွက်လာပြီး သူမရဲ့လက်နဲ့ လင်းဟန်ကို ပြန်ပွေ့ထားပြီးတော့ တရိုက်မက်မက်နဲ့ အပြန်အလှန် အနမ်းတွေ ပြန်ပေးလိုက်ပါတယ်။

သူမရဲ့ အချစ်စိတ်တွေ မှုန်လာပြီးတော့ ဘာကိုမှ မမြင်တော့ပါဘူး။

လင်းဟန်က သူ့ရင်ခွင်ထဲက အချောအလှလေးကို လွှတ်ပေးဖို့ ဂန်လေးနေပြီး သူရဲ့ညာဘက် လက်က အနမ်းတွေ ပေးနေရင်းနဲ့ သူမရဲ့ ရင်ဘတ်ပေါ်ကို တက်ပြီးတော့ တစ်စုံတစ်ခုကို ရှာဖွေလိုက်ပါတယ်။

လူတစ်ယောက်က နိုင်းယှဉ်မှု တစ်ခုကို မပြုလုပ်မချင်း ဘယ်အရာက ပိုကောင်းတယ် ဆိုတာကို မသိနိုင်ပါဘူး။ ကျူးရှမ်အာရဲ့ ဖွံ့ထားတဲ့ ရင်သား အရွယ်အစားက ဟော့လျန်ချွင်ရွှယ်ကို အပြတ်အသတ် ချေမှုန်းပစ်လိုက်နိုင်ပြီး လက်တစ်ဖက်တည်းနဲ့ ဆုပ်ကိုင်နိုင်ဖို့ အတော်လေး ခက်ခဲပါတယ်။ ပြီးတော့ ဒါက အရမ်းကို ကျုံ့နိုင်ဆန့်နိုင်တဲ့ အစွမ်းရှိပြီးတော့ ကိုင်လိုတောင် ဖမ်းဆုပ်မထားရင် ကိုင်လို့တောင် မရပါဘူး။ အဲဒါက သူ့လက်ကနေ ချော်ထွက်နေသလို ဖြစ်နေပါတယ်။

"အားယားယား ညီးညီး ရှူးပြီ။ ညီးညီး ရှူးပြီ"

ဟူးညိုက ရှုံးသွပ်တော့မဲ့ ပုံစံနဲ့ ကျူးရှမ်အာကို ပြင်းပြင်းထန်ထန် စိုက်ကြည့်ပြီး သူမပုံစံကို ကြည့်ရတာ ကျူးရှမ်အာကို သတ်ပစ်ချင်နေပုံ ရပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဟူးညိုဘေးကို လျှောက်လာပြီး ခေါင်းကိုပုတ်ကာ ပြောလိုက်ပါတယ်။

"ကောင်းပါတယ်"

ဟူးညိုက နုတ်ခမ်းကို ဆူထားပြီးတော့ သူမရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေက မလျော့သွား ပါဘူး။

လင်းဟန်က ဂက်ပေါင်တစ်ချောင်းကို ထုတ်ပြီးတော့ ပေးလိုက်ပါတယ်။ ဟူးညိုက အစကတော့ အင်တင်တင်နဲ့ မယူပဲ ငြိမ်နေပေမဲ့လည်း သူမရဲ့ အစားကို တပ်မက်တဲ့ သဘာဂကို ခုခံနိုင်ဖို့ ခဲယဉ်းလှပါတယ်။ မကြာခင်မှာပဲ ဂက်ပေါင်ခြောက်ကို ယူပြီးတော့ တမြုံ့မြုံ့နဲ့ ဝါးနေလိုက်ပါတယ်။ သူမရဲ့ မျက်နှာသေးသေးလေးက

ချက်ချင်းဆိုသလို ဖူးပွင့်လာတဲ့ ပန်းလေးတစ်ပွင့်နဲ့ တူပါတယ်။

အစားအသောက်နဲ့ ချော့မြှူခြင်း။ ဒါက အမြဲတမ်း အောင်မြင်မှု ရပါတယ်။

"အစ်ကိုဟာန်"

ကျူးရှမ်အာက နှုးညံ့သိမ်မွေ့ပြီးတော့ နွေရာသီက စမ်းချောင်းလေး တစ်ခုလိုမျိုး ကြည်လင်လို့ နေပါတယ်။
အချိန်တော်တော်ကြာအောင် နမ်းနေရာကနေ သူမရဲ့ အာရုံတွေ ပြန်လည်ရရှိလာပြီး အရမ်းကို ဆွဲဆောင်မှု ရှိနေပါတယ်။

"မယားငယ် ယူနေတယ်။ မယားငယ် ယူနေတယ်"

ယုန်ဖြူကြီးက ဘေးကနေ တီးတိုးရွတ်နေပါတယ်။

လင်းဟာန်က လိုဏ်ဂူထဲမှာ ကြုံတွေ့နေရမှုတွေကို ခါးခါးသီးသီးနဲ့ ပြောပြလိုက်ပါတယ်။ ကျူးရှမ်အာ တစ်ယောက်ပဲ ထိတ်လန့်တုန်လှုပ် ခြောက်ချားသွားခဲ့ပါတယ်။ ဒါပေမဲ့ ယုန်ဖြူကြီးက ပြောလိုက်ပါတယ်။

"အာရုံငါးပါးကို ပိတ်ဆို့တယ်။ ဒါက အရမ်းကို ခွန်အားကြီးမားတဲ့ လူတစ်ယောက် ဖြစ်လိမ့်မယ်။ တကယ်လို့ မင်းက ဒီလိုမျိုး သက်ရှိတစ်ယောက်နဲ့ ရင်ဆိုင်ရရင် မင်းကိုယ်မင်း ဘယ်လိုလုပ် သေသွားမှန်းတောင် သိလိုက်မှာ မဟုတ်ဘူး"

တကယ် အမှန်ပါ။ အာရုံငါးပါးကို ခံစားခွင့်မရှိပဲ ပိတ်ပင်ထားမယ်ဆိုရင် တိုက်ခိုက်မှုက ဘယ်နေရာကနေ လာတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ သိနိုင်မှာလဲ။ မင်းရဲ့တိုက်ခိုက်မှုရော ဘယ်နေရာကို ဦးတည်မှာလဲ။

"ဒါပေမဲ့ ညီးညီး မြင်နိုင်တယ်လေ"

ဟူးညိုက ဂျက်ကေတ်အင်္ကျီကို ဝါးနေရင်းနဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ ပါးစပ်တစ်ဝိုက်မှာ ဆီတွေ ပေကျံလို့ နေပါတယ်။ ပြီးတော့ သူမရဲ့ လက်ကလေးကို ဇော့ယူမ်းပြီးတော့ ပြောလိုက်တဲ့ အခါမှာ လင်းဟန်ရဲ့ ခန္ဓာကိုယ်ပေါ်ကို ဆီတွေလွင့်စဉ် ကုန်ပါတယ်။

"ညီးညီး မြင်နိုင်တယ်ပေါ့ ဟုတ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

"အင်း"

ဟူးညိုက ခေါင်းညိတ်လိုက်ပါတယ်။

ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းတယ်ဆိုပေမဲ့ ဟူးညိုကလည်း အရမ်းကို ထူးဆန်းပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူမက မလုပ်နိုင်ရမှာလဲ။

"ဒါဆိုရင် ညီုးညီုးက နောက်ကျရင် ရှေ့ကနေ ဦးဆောင်သွားပေး"

လင်းဟန်က ဟူးညိုရဲ့ ခေါင်းကို ပွတ်သပ်လိုက်ပါတယ်။

ဟူးညိုက ဂျက်ပေါင်ခြောက်ကို ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ရတာပေါ့"

သူတို့နှစ်ယောက် အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပြီး ဟူးညိုက လင်းဟန်ရဲ့လက်ကို ကိုင်ပြီးတော့ အရှေ့ကနေ ဦးဆောင်ပြီး သွားလိုက်ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်ကတော့ အရမ်းကို သက်တောင့်သက်သာ ရှိနေပါတယ်။ သူက ဟူးညိုရဲ့လက်ကို ခံစားလို့ မရနိုင်ပေမဲ့ ဟူးညိုက ဦးဆောင်ပြီး ခေါ်သွားလိမ့်မယ်လို့ ယုံကြည်နေခဲ့ပါတယ်။

အမှန်တကယ်တော့ သူ့ကိုယ်သူ ရှေ့လျှားနေသလား

ဆိုတာကိုတောင် မသိပါဘူး။ အချိန်တွေ နေရာတွေ အားလုံးက ဘာမှအဓိပ္ပါယ် မရှိတော့ပါဘူး။ ပြီးတော့ အချိန်တွေ ဘယ်လောက် ကုန်သွားလဲဆိုတာကို သူမသိပါဘူး။ သူက ရုတ်တရက် ထူးဆန်းတဲ့ အလင်းရောင်တစ်ခု သူ့အရှေ့မှာ ပေါ်လာတာကို ရှာတွေ့လိုက်ပါတယ်။

သူက ရုတ်တရက် ထိတ်လန့်သွားပြီးမှ သူပြန်ပြီးတော့ မြင်နိုင်သွားပြီ ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

အာရုံငါးပါးလုံး ပြန်လည်ရရှိလာပြီး လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

ဂင်ပေါက်က အရှေ့တည့်တည့်မှာ မဟုတ်ပါဘူး။ ပြီးတော့ ဟူးညို့က သူ့ကို တွေ့ကရာနေရာကို ခေါ်လာခဲ့တာ မဟုတ်ပါဘူး။ ဒါက နီနှစ်ရောင် အလင်းတွေနဲ့ ကျောက်တုံးအိမ်လေး တစ်ခုဖြစ်ပါတယ်။

လင်းဟန်က အထဲကို ဝင်သွားပြီး ဘေးဘီဝဲယာကို ကြည့်လိုက်ပါတယ်။ ကျောက်တုံးအိမ်က အရမ်းကို ရိုးရှင်းပြီး တိတိကျကျ ပြောရမယ်ဆိုရင် ကျောက်လိုဏ်ဂူလေး တစ်ခုပါပဲ။ ဘာဖြစ်လို့ ကျောက်တုံးအိမ်လို့ ခေါ်ရတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ရုပ်တစ်ခုက အလယ်မှာ စိုက်ထူထားပါတယ်။

ဒီကျောက်ရုပ်က သဘာဝအရ ဖြစ်လာခဲ့တာ မဟုတ်ပါဘူးဆိုတာ သေချာပါတယ်။ ကျောက်ရုပ် ပုံစံက အရမ်းကို အသေးစိတ်ဆန်ပြီးတော့ ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။

ကြည့်ရတာ အဘိုးကြီး တစ်ယောက်ပုံစံနဲ့ တူပါတယ်။ ကျောက်ရုပ်တစ်ခု ဆိုပေမဲ့ ကြည့်ရတာ တန်ခိုးရှင်တစ်ယောက်ကို တွေ့မြင်ရသလို ဆွဲဆောင်မှု ရှိပါတယ်။

အရမ်းကို ရိုးရှင်းမနေဘူးလား။

လင်းဟန်က စိတ်ပျက်လက်ပျက် အကြည့်နဲ့ ကြည့်လိုက်မိပါတယ်။

ထူးဆန်းတဲ့ မြစ်နှစ်စင်းရဲ့ အဆုံးမှာ လိုဏ်ဂူတစ်ခု ရှိပြီးတော့ လူတွေရဲ့ အာရုံငါးပါးကို ဆုံးရှုံးစေနိုင်တဲ့ နေရာမှာ ဒီလိုမျိုး ကျောက်ရုပ်ရိုးရိုးတစ်ခု ရှိနေတာလား။

ကျောက်တုံးအိမ်က သဘာဝအတိုင်း ဖြစ်ပေါ်နေပြီး လူသားတွေရဲ့ ကြိုးစားအားထုတ်မှုကို မတွေ့မြင်ရပါဘူး။ ကျောက်ရုပ်တုက လွဲပြီးတော့ပေါ့။

ထူးဆန်းတယ် အရမ်းကို ထူးဆန်းတယ်။ ဘယ်သူကများ ဒီလိုနေရာ တစ်ခုမှာ ကျောက်ရုပ်တစ်ခုကို ထားသွားခဲ့တာလဲ။

"ဘာလဲဟ။ ဒီအရှင်သခင်ကို တွေ့တာတောင် စိတ်ပျက်လက်ပျက် ဖြစ်နေတာလား"

အသံတစ်ခုက ရုတ်တရက် လင်းဟန်ရဲ့ အသိစိတ်ထဲကို ဝင်ရောက်လာခဲ့ပါတယ်။

လင်းဟန်က ရုတ်တရက် အထိတ်တလန့် ဖြစ်သွားပြီး ကြက်သီးမွေးညှင်းတွေ ထသွားကာ ကျဉ်သွားသလို ခံစားလိုက်ရပါတယ်။ ဘာကြီးလဲဟ။ ဒီနေရာမှာ လူရှိနေတာကို သူမမြင်မိဘူးလား။

"ဟေးဟေးဟေး ဂျူနီယာလေး မင်း ဘယ်နေရာတွေကို ကြည့်နေတာလဲ"

အဲဒီအသံက နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့ပါတယ်။

"ကိုယ်ထင်ပြပါ"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပြီး ဟူးညို့ကို ညာဘက်လက်နဲ့ ဖမ်းဆုပ်ထားပြီးတော့ အချိန်မရွေး အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ဖို့ အဆင်သင့် ပြင်ထားခဲ့ပါတယ်။

"ဒီအရှင်သခင်က မင်းရဲ့အရှေ့မှာပဲ မဟုတ်ဘူးလား။ ဟားဟားဟား သက်ရှိလူတစ်ယောက်မှာ မျက်လုံးတစ်စုံ ရှိနေတာက ဘာမှလည်း အသုံးမဝင်ဘူးပဲ။ ဒီအရှင်သခင်က အဲဒီမျက်လုံးတွေကို ဖောက်သင့်လား"

အသံရှင်က ပြောလိုက်ပါတယ်။

အရှေ့မှာ ဟုတ်လား။

လင်းဟန်က ကျောက်ရုပ်ဆီကို ကြည့်လိုက်မိပါတယ်။ အဲဒီနောက် ကျောက်ရုပ်ကို သူ့လက်ညှိုးနဲ့ ထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားလား"

"ဒီအရှင်သခင်က လက်ညှိုးထိုးပြီးတော့ ပြောတာကို မကြိုက်ဘူး။ ယုံယုံ မယုံယုံ။ ဒီအရှင်သခင်က မင်းလက်တွေကို

ချိုးပစ်ရလိမ့်မယ်”

အသံရှင်က နောက်တစ်ကြိမ် ပြောလိုက်ပါတယ်။

လင်းဟန်က အံ့အားသင့်စွာနဲ့ သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ သူက ထူးဆန်းတဲ့ အရာတွေ အများကြီး မြင်တွေ့ဖူးပါတယ်။ ပြီးတော့ ကျောက်တုံးတွေက အသက်ပိုင်ဆိုင်ထားတယ်ဆိုတာ အံ့အားသင့်စရာတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကျောက်တုံး စိတ်ဝိညာဉ်ကို သူပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ခုကတော့ နည်းနည်းလေးမှ အသက်ဓာတ် မရှိဘူးဆိုတာ ရှင်းနေပါတယ်။

ဒါက ကျောက်တုံးစိတ်ဝိညာဉ် တစ်ခုမဟုတ်ဘူးဆိုတာ သေချာပါတယ်။ လင်းဟန်အနေနဲ့ သေချာပေါက် ပြောနိုင်တာကတော့ ဒါက သာမန်ကျောက်ရုပ် တစ်ခု ဖြစ်ပါတယ်။ အကြောင်းပြချက် တချို့ကြောင့်ပဲ နတ်ဘုရား အာရုံကို ထုတ်လွှတ်နိုင်တာပါ။

ဘာတွေဖြစ်နေလဲ ဆိုတာကို သိပြီးတဲ့ နောက်မှာတော့ လင်းဟန်က စိတ်ချလက်ချ ဖြစ်သွားပြီး ခပ်ပြုံးပြုံး ပြောလိုက်ပါတယ်။

"စီနီယာ ဘာဖြစ်လို့ ထွက်လာပြီးတော့ ကျနော့်ကို လာမတွေ့တာလဲ"

"တကယ်လို့ ဒီအရှင်သခင် ထွက်လာနိုင်ရင် ဒီအရှင်သခင်က မင်းနဲ့ စကားစမြည် ပြောနေဦး မှာလား"

အသံက အတော်လေးကို ဒေါသထွက်နေပုံ ပေါ်ပါတယ်။

"စီနီယာက ဒီနေရာမှာ ထောင်ချောက်မိနေတာလား"

လင်းဟန်က စိုးရိမ်တကြီးပုံစံကို ပြန်ပြောင်းသွားပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က အစိတ်အပိုင်း ကိုးခုအဖြစ် ခွဲပြီးတော့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးထဲက မတူညီတဲ့

နေရာတွေမှာ ပိတ်လှောင်ခံထားရတယ် ဆိုတာကို သတိရသွားပါတယ်။ ဒါက အစိတ်အပိုင်း တစ်ခု မဟုတ်ရင် ပိုကောင်းပါလိမ့်မယ်။

ဒါပေမဲ့လည်း ကြည့်ရတာ မမှန်သလိုပါပဲ။ ဒီနေရာမှာ မြူခိုးတွေ အများအပြား ရှိနေပေမဲ့ မြူခိုးတွေက ခရမ်းရောင် ဖြစ်ပါတယ်။ ပြီးတော့ မိုးကြိုးလျှပ်စီးနဲ့ မီးတောက်တွေက သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်နဲ့ ဘယ်လိုမှ တွဲစပ်လို့ မရပါဘူး။

"ဂျူနီယာ မင်းက ဒီနေရာကို လာနိုင်တဲ့ အစွမ်းရှိတယ် ဆိုမှတော့ ငါတို့တွေက ရေစက်ပါတယ်လို့ ပြောရမှာပဲ။ ဒီလိုလုပ်ပါလား။ ဒီအရှင်သခင်က ရတနာတချို့ကို ပေးမယ်။ ပြီးတော့ ဒီအရှင်သခင်က မင်းကို ထူးခြားတဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကိုလည်း ချီးမြှင့်ပေးမယ်။ ဘယ်လိုလဲ"

အသံပိုင်ရှင်က သွေးဆောင်ဖြားယောင်း နေပါတယ်။

လင်းဟာန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာရဲ့ အယုံသွင်းတဲ့ နည်းလမ်းက အတော်လေးကို ထူးခြားတာပဲ။ စကားနည်းနည်းလေး ပြောရုံနဲ့ ကျနော့က ခင်ဗျားအတွက် အလုပ်လုပ်ပေးရမှာလား"

"ခွေးကောင်လေး။ မရေတွက်နိုင်တဲ့ လူတွေက ဒီအရှင်သခင်ရဲ့ ခြေထောက်ကို ယက်ဖို့အတွက် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေတာတောင် ဒီအရှင်သခင်က မျက်စိတစ်ချက်တောင် ဝေ့မကြည့်ခဲ့ဘူး။ အခုမင်းနဲ့ ထူးခြားတဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို အသုံးချပြီး အလဲအလှယ် လုပ်တာကို မင်းက မကျေနပ်သေးဘူးလား"

အသံပိုင်ရှင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ကျောက်ရုပ်ရဲ့ လက်တစ်ဖက်ကနေ လျှပ်စီးတွေ တလက်လက် တောက်ပလာခဲ့ပါတယ်။

ဘယ်လောက်တောင် ကြောက်စရာကောင်းလဲ။ လျှပ်စီးရဲ့ စွမ်းအားက အနည်းဆုံး ကောင်းကင်အဆင့်မြင့်ကို ရောက်နေပြီး လင်းဟာန်ရဲ့ လက်ရှိအကန့်အသတ်ထက် သာလွန်ပါတယ်။

လင်းဟာန်ရဲ့ နလုံးသားက တဒုတ်ဒုတ် ခုန်နေပါတယ်။ သူ့အနေနဲ့ အပြင်ဘက်က ထူးဆန်းတဲ့ မြစ်နစ်စင်းကို အနည်းဆုံးတော့ မိုးကြိုးလျှပ်စီးမြစ်က ထူးခြားဆန်းကြယ်တဲ့ သက်ရှိနဲ့ ခွဲခြားလို့ မရနိုင်အောင် ဆက်စပ်နေတယ်ဆိုတာ သုံးသပ်ချက် ချနိုင်ခဲ့ပါတယ်။

Chapter 756 end

Zaw.အပိုင်း(၇၅၇) မိုးကြိုးလျှပ်စီးနဲ့မီးတောက်ရဲ့ ကောင်းကင်ဘုံ ကေရာဇ်

လင်းဟာန်ရဲ့ အတွေးတွေက လွင့်ပျံသွားပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ"

ဂျစ်။

ကျောက်ရုပ်ရဲ့ လှျပ်စီးက ဖျတ်ခနဲ လက်သွားပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ပါတယ်။

"ဂျူနီယာလေး မင်းအနေနဲ့ စီနီယာတွေကို ဘယ်လိုမျိုး ရိုသေလေးစားရမယ် ဆိုတာကို သိသွားအောင်လို့ အရင်ဆုံး သင်ခန်းစာတစ်ခု သင်ပေးရမယ်"

လင်းဟန်က လက်သီးတစ်ချက်နဲ့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို အသက်သွင်းပြီးတော့ လှျပ်စီးတန်းကို လှျပ်စီးနဲ့ ပြန်တိုက်ခိုက်လိုက်ပါတယ်။

ဂျစ် ဂျစ် ဂျစ်။

လျှပ်စီးတွေက ပေါက်ကွဲထွက်လာပြီး တောက်ပလင်းလက်တဲ့ အလင်းတန်းတွေက ရောယှက်လို့ နေပါတယ်။

ဂုန်း။

လင်းဟန်က အနောက်ဘက်ကို လွင့်သွားပြီး နံရံနဲ့ ပြင်းပြင်းထန်ထန် ဆောင့်မိသွားပြီးတော့ ပြန်ထလာခဲ့ပါတယ်။ ဒါက အံ့အားသင့်စရာ ကောင်းပါတယ်။
ကောင်းကင်အဆင့်ရဲ့ထိရောက်တဲ့ အကျိုးသက်ရောက်မှု ဆိုပေမဲ့ နံရံပေါ်မှာ တစ်စွန်းတစ်စ ကျန်ရှိတဲ့ လက္ခဏာ မရှိပဲ နံရံရဲ့ မယိုမ်းမယိုင် ခိုင်မာမှုကို ဖော်ပြနေပါတယ်။

"ဟင်"

အသံက အတော်လေးကို အံ့အားသင့် သွားပုံ ရပါတယ်။

"ဂျူနီယာလေး မင်းက တော်တော်လေး ထူးဆန်းတယ်။ မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိသေးတယ်။ ဒါပေမဲ့ မင်းရဲ့တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့်ကို ရောက်နေပြီ။ ပြီးတော့ မင်းရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အဲဒီအဆင့်ကို ရောက်နေပြီ။ ဟားဟားဟား ဒါက အရမ်းကိုရှားတယ်။ အဲဒီမှာတောင် ဒါက အရမ်းကို ရှားတယ်"

အရမ်းကို ရှားတယ် ဟုတ်လား။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ အရမ်းကို ရှားတယ်ဆိုတာက တစ်စုံတစ်ယောက်လည်း ဒီလိုမျိုး အမြင့်ကို ရောက်နိုင်တယ်လို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။

ဒီလိုမျိုးပုက်ဆန်းကြယ်တဲ့ သက်ရှိက ဘယ်သူများ ဖြစ်နေမလဲ။ အနည်းဆုံးတော့ မြေနဂါးဂိုဏ်းက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ်တွေမှာ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပြီး ကျော့မင်းက

နှစ်ပေါင်း တစ်သောင်းမှာ ထွက်ပေါ်လာဖို့ခက်တဲ့ ပါရမီရှင် တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက အဆင့်မြင့်ဆုံး ရှေးဟောင်းသွေးမျိုးဆက်ကို ဆက်ခံထားပေမဲ့ သူ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တူထဲက ရှားပါးသတ္တဝါနဲ့ပဲ နှိုင်းယှဉ်လို့ပဲ ရနိုင်ပြီး လင်းဟာန်နဲ့ ယှဉ်ပြိုင်နိုင်ဖို့ ဝေးကွာလွန်းပါတယ်။

"ပြီးတော့ ဒီကလေးမ"

အသံရှင်က ခဏရပ်လိုက်ပါတယ်။

"တိုက်ပွဲကနေ ထွက်လာတဲ့ အားလှိုင်းတွေကို ခံနိုင်ရည်ရှိပြီးတော့ ဘာမှမဖြစ်ဘူးဆိုတာက တကယ့်ကို မယုံနိုင်စရာ အဖြစ်အပျက်ပဲ။ ထူးဆန်းတယ်။ ထူးဆန်းတယ်။ ပိုးပျံကောင်ဘုံ တစ်ခုက ဒီလိုမျိုး ပါရမီရှင်တွေကို တကယ်ပဲ မွေးထုတ်ပေးနိုင်တာလား"

"စီနီယာ ပိုးပျံကောင်ဘုံတစ်ခုဆိုတာ ဘာကိုပြောတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

"အဲဒါက မင်းရဲ့အရမ်းကို သေးငယ်တဲ့ ကမ္ဘာကို ပြောတာပေါ့"

အသံရှင်က ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က လှျပ်စီးနဲ့မီးတောက်ရဲ့ ကောင်းကင်ဘုံ ကေရာဇ်ပဲ။ ဒီအရှင်သခင်ရဲ့ ထိတ်လန့်စရာ နာမည်ကို မှတ်ထားလိုက်။ ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး အသန်မာဆုံးပဲ"

လင်းဟာန်က ကျိတ်ပြီးတော့ ရယ်လိုက်ပါတယ်။ ခင်ဗျားကို တစ်ယောက်ယောက်က ဖိနှိပ်လိုက်လို့ သေရာပါ ဒဏ်ရာရပြီး ဒီနေရာကို ထွက်ပြေးလာခဲ့ရတာ မဟုတ်လား။ အဲဒီလိုမှ မဟုတ်ရင် ဘာဖြစ်လို့ ရတနာတချို့ကို ရှာဖို့အတွက် လိုမှာလဲ။ ကမ္ဘာ့ အစွမ်းထက်ဆုံး ဟုတ်လား။ ကြွားကြီး။ ဒါပေမဲ့လည်း လင်းဟာန်က သူ့အမူအရာကို မပြောင်းလဲပဲ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီက စီနီယာက မိုးကြိုးလှျပ်စီးနဲ့ မီးတောက်ရဲ့

ကောင်းကင်ဘုံ ဧကရာဇ်ပေါ့။ ဘာဖြစ်လို့ ကျနော်တို့ရဲ့ နေရာက ပိုးကောင်ပျံဘုံ တစ်ခုလို့ ခေါ်ရတာလဲ”

“စစ်မှန်တဲ့ ကြယ်တွေ၊ လတွေ၊ နေတွေမှ မရှိတာ ပိုးကောင်ပျံဘုံတစ်ခု မဖြစ်စရာလား”

မိုးကြိုးလျှပ်စီးနဲ့ မီးတောက်ရဲ့ ကောင်းကင်ဘုံ ဧကရာဇ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

“ကောင်းပြီ ကောင်းပြီ။ အကျိုးမရှိတဲ့ စကားတွေ ပြောနေတာကို လျော့တော့။ ဒီအရှင်သခင် အတွက် ရတနာကို မြန်မြန်ရှာပေး။ ဒီကလေးမကိုတော့ ချန်ထားခဲ့။ ဒီအရှင်သခင်က သူမကို တပည့်အဖြစ် လက်ခံမယ်”

“ထွီ ညီုးညီုး နင့်တပည့် မဖြစ်ချင်ဘူး”

ဟူးညိုက မျက်နှာကို မဲ့ရွဲ့လိုက်ပါတယ်။

"ဒီအရှင်သခင်က တကယ်ပဲ အစွမ်းထက်တယ်နော်။ မဟုတ်သေးဘူး။ ဒီအရှင်သခင်က အစွမ်းထက်ဆုံးပဲ။ ဒါကြောင့် ဒီအရှင်သခင်ကို ဆရာသခင်အဖြစ် အသိအမှတ်သာ ပြုလိုက်။ ဒါဆိုရင် အကြီးအကျယ် အကျိုးအမြတ် ရှိလိမ့်မယ်"

ဒါက မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ဧကရာဇ်က ကလေးတစ်ယောက်ကို အရူးလုပ်နေတာနဲ့ တူပါတယ်။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက်။

လင်းဟန်က ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သွားခဲ့ပါတယ်။ အပြင်ဘက်မှာ ရှိနေတဲ့ မိုးကြိုးလျှပ်စီးနဲ့ မီးတောက်မြစ်ကို မိုးကြိုးလျှပ်စီးနဲ့ မီးတောက်အရှင်သခင်က ဖန်တီးထားတာဖြစ်ပါတယ်။ ဒီအချက်ကို ကြည့်ပြီးတော့ သုံးသပ်ရမယ်ဆိုရင် မိုးကြိုးလျှပ်စီးနဲ့ မီးတောက် အရှင်သခင်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ အနည်းဆုံးတော့ စကြာဝဠာ ဖျက်ဆီးခြင်း

အဆင့်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ သူ့လေသံကို နားထောင် ကြည့်ရတာတော့ သူက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးက လူတစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။

နတ်ဘုရားဘုံက အစွမ်းထက်တဲ့ သက်ရှိတစ်ယောက်လား။ သူက ဖင်ခေါင်းကျယ်ကျယ်နဲ့ ကြွားနေတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။

"ဒီနေရာမှာ ပိတ်မိနေပြီးတော့ ကျောက်ရုပ်အကျိုးအပဲ့ တစ်ခုကို အားကိုးပြီးတော့ စကားပြော နေရတာကို နင်က ဘယ်လောက်များ အစွမ်းထက်နေလို့လဲ"

ဟူးညိုက အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"ဘာကြ"

လျှပ်စီးနဲ့ မီးတောက်တို့ရဲ့ အရှင်သခင်က အကြီးအကျယ်

ဒေါသထွက်သွား ခဲ့ပါတယ်။ သူ့ရဲ့ပြင်းထန်တဲ့ နတ်ဘုရား အာရုံက ဝေ့လည်နေပြီး အချိန်တော်တော်ကြာအောင် ပေါက်ကွဲထွက်နေပါတယ်။ ခဏလောက် ကြာပြီးတဲ့ နောက်မှာတော့ သူက ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က တစ်နေ့နေ့ကျရင် အရင်တုန်းက စွမ်းအားတွေကို ပြန်ပြီးတော့ ရရှိလာလိမ့်မယ်။ အဲဒီအချိန် ကျရင် ဒီအရှင်သခင်က မိုးကောင်းကင်က အဆင့်မြင့်ဆုံး လက်ရွေးစင်တွေ အားလုံးကို သတ်ပစ်ရလိမ့်မယ်။ ပြီးတော့ အားလုံးကို အရှင်သခင်ရဲ့ ခြေထောက်အောက်မှာ ခစားစေမယ်"

လင်းဟန်က ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ ကျနော်တို့ကို နတ်ဘုရားဘုံအကြောင်း ပြောပြနိုင်မလား"

"နတ်ဘုရားဘုံလား။ ဟားဟားဟား"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ဧကရာဇ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သရော်ပြုံး ပြုံးလိုက်ပါတယ်။

“ဒီအရှင်သခင်က မင်းကို ဘာဖြစ်လို့ ပြောပြရမှာလဲ။ ကောင်ကလေး အဲဒီရတနာတွေကို ဒီနေရာကို ယူလာခဲ့။ ပြီးရင်တော့ အရှင်သခင်က မင်းသိချင်တဲ့ အရာအားလုံး မင်းကိုပြောပြ ပေးမယ်”

“မေးခွန်းလေး နည်းနည်းအတွက်နဲ့ ရတနာတချို့နဲ့ အလဲအလှယ် လုပ်ဖို့ကို တောင်းဆိုတယ်လား။ စီနီယာ ခင်ဗျားက စီးပွားရေး ဘယ်လိုလုပ်ရမလဲ ဆိုတာကိုရော သိရဲ့လား။ ဒီလိုမလုပ်ရဘူးလေ”

လင်းဟန်က တန်းပြီးတော့ ငြင်းဆန်လိုက်ပြီး ခဏလောက် ရပ်ကာ ဆက်ပြောလိုက်ပါတယ်။

“ဒါပေမဲ့လည်း ကျနော်က ကောင်းကောင်း နားထောင်ပေးပါ့မယ်။ စီနီယာက ဘယ်ရတနာတွေကို လိုချင်တာလဲ”

မိုးကြိုးလျှပ်စီးနဲ့မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က ဒေါသထွက်သွား ခဲ့ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတဲ့ ဂျူနီယာလေး တစ်ယောက်က သူ့ကို ရိသဲ့သဲ့ ပြောရဲတယ်ပေါ့။ ဒါပေမဲ့ ကံမကောင်းတာက မျက်နှာသာပေးဖို့ လိုချင်နေတဲ့လူက သူဖြစ်နေပါတယ်။ သူက နှာခေါင်းရှုံ့ ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ပစ္စည်းလေးမျိုးကို လိုအပ်တယ်။ အစစ်အမှန် နဂါးရဲ့ ဦးချို၊ ကောင်းကင်ဘုံ ဖီးနစ်ငှက်မွေး၊ ကြက်သွေးရောင် စိတ်ဂိညာဉ်သွေး။ ခရမ်းရောင် ချိုင့်ပုမ်း နတ်ဘုရား သတ္တု"

ထွီ။

လင်းဟန်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားပါတယ်။ ခင်ဗျားက ဘာဖြစ်လို့ အဲဒါတွေကို သွားမခိုးတာလဲ။

ဒီပစ္စည်းလေးခုက ကမ္ဘာကြီးရဲ့ အကောင်းဆုံး နတ်ဘုရား ပစ္စည်း

လေးမျိုး မဟုတ်ဘူးလား။ အဓိက သော့ချက်က ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာတောင် ဒီနတ်ဘုရား ပစ္စည်းတွေ ရှိပါ့မလား။

အစစ်အမှန် နဂါးရဲ့ ဦးချိုကိုပဲ ဥပမာ အနေနဲ့ ယူကြည့်ပါ။ ဟော့လျန်ရှူင်ရွှယ်က အစစ်အမှန် နဂါးတွေကနေ ဆင်းသက်လာတဲ့ မျိုးဆက်တစ်ယောက် ဖြစ်ပေမဲ့ သူမမှာ သူတို့ရဲ့ သွေးမျိုးဆက် အနည်းငယ်ပဲ ပါဝင်ပြီး အစစ်အမှန် နဂါးတွေနဲ့ အရမ်းကို ဝေးကွာလွန်းပါတယ်။ ပင်လယ်လေးခုရဲ့ အရှင်သခင်တွေနဲ့ တော်ဝင်မိသားစုတွေမှာ သွေးမျိုးဆက် ပိုမိုအားကောင်းနိုင်ပေမဲ့ အစစ်အမှန် နဂါးတစ်ကောင်နဲ့ အရမ်းကို ဝေးကွာလွန်းပါသေးတယ်။

ကျန်တဲ့ ပစ္စည်းသုံးခုကလည်း လုံးဝကို မနိမ့်ကျပါဘူး။ လင်းဟန်လို နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိတဲ့ စစ်သည်တော် တစ်ယောက်ကို အသာထားဦး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေတောင်မှ အဲဒီပစ္စည်းတွေကို ရရှိဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူက အရင်ဆုံး မနိုင်နိုင်ဘူး။ ပြီးတော့

ဒုတိယက သူ့အနေနဲ့ အဲဒါတွေကို မရှာနိုင်ဘူး။

"ဟဲဟဲ။ ဒီအရှင်သခင်က မင်းကို အဲဒီပစ္စည်းတွေ ချက်ချင်းကြီး မရှာခိုင်းပါဘူး။ ဒီလိုမျိုး အစွန်အဖျား နေရာတစ်ခုမှာ ရှာတွေ့ဖို့ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ဒါပေမဲ့လည်း အနာဂတ် နတ်ဘုရားဘုံကို မင်းသွားတဲ့ အချိန်ကျရင် အဲဒီပစ္စည်းတွေကို ရရှိဖို့ မင်းမှာ အခွင့်အရေး ရှိလာလိမ့်မယ်။ ဒီအရှင်သခင်က မင်းကို စောင့်နေမှာပါ"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ဧကရာဇ်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

မနောက်ပါနဲ့။ ခင်ဗျားကို ဘယ်လိုပဲကြည့်ကြည့် ထွက်သွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာ။ အဲဒါကို မစောင့်ပဲနဲ့ ထွက်သွားလို့ ရမှာလား။

လင်းဟန်က ကျီစယ်သလို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် စီနီယာက ကျနော့်ကို ချီးမြှင့်မဲ့ လျှို့ဂှက်ဆန်းကြယ် စွမ်းအားက ဘာများဖြစ်မလဲ"

တကယ်လို့ အဲဒီလျှို့ဂှက်ဆန်းကြယ် စွမ်းအားက တကယ်ပဲ ကြောက်စရာကောင်းတယ်ဆိုရင် အဲဒီနတ်ဘုရား ပစ္စည်းတွေကို သူရရှိပြီးတဲ့နောက်မှာ သူက တကယ်ပဲ ဒီအပေးအယူကို လုပ်ဖို့ စဉ်းစားရပါမယ်။

"ဒီအရှင်သခင်က မင်းဆီကို နတ်ဘုရားအာရုံတစ်ခု ပို့လိုက်ပြီးတော့ မင်းကို လျှို့ဂှက်ဆန်းကြယ် စွမ်းအားရဲ့ အစွမ်းကို ပေးကြည့်မယ်"

လျှပ်စီးမိုးကြိုးနဲ့ မီးတောက်ရဲ့ ကောင်းကင်ဘုံ ဧကရာဇ်က ပြောလိုက်တယ်။ ရှပ်။ အလင်းရောင် အစက်အပြောက်လေး တစ်ခုက ကျောက်ရုပ်ကနေ ပျံသန်းလာပြီး လင်းဟာန်အရှေ့မှာ ရပ်သွား ခဲ့ပါတယ်။

လင်းဟာန်က အမှုမဲ့ အမှတ်မဲ့ မနေပုံ့ပါဘူး။ အဲဒါကို သေသေချာချာ

စူးစမ်းလေ့လာပြီးတော့မှ သေချာအောင်လုပ်လိုက်ပါတယ်။ အဲဒီထဲမှာ မှတ်ဉာဏ်တစ်ခု ပါဝင်တာ သေချာတယ်ဆိုမှ သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ဖိနှိပ်လိုက်ပါတယ်။ ဟုမ်း။ သူ့အသိစိတ်ရဲ့ အထဲမှာ တိုက်ပွဲမြင်ကွင်း တစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။

မျက်နှာကို သေသေချာချာ မမြင်နိုင်တဲ့ ယောကျ်ားတစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲ တစ်ခုကို ဆင်နွှဲလို့ နေပါတယ်။ သူ့ပြိုင်ဘက်က ဓားသမားတစ်ယောက် ဖြစ်ပြီးတော့ ဓားရဲ့ အလင်းရောင်တွေက ကြည်လင်တောက်ပနေပြီး အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါတယ်။

သူတို့ရဲ့ မျက်နှာထားကိုတော့ ရှင်းရှင်းလင်းလင်း မမြင်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆို သူတို့အနားမှာ မြူခိုးအလွှာ တစ်ခုက ပိုင်းရံထားပါတယ်။ ဒါပေမဲ့ လင်းဟန်အနေနဲ့ မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ဧကရာဇ်က ဓားအသုံးပြုတဲ့လူ မဟုတ်ဘူးဆိုတာကို ခံစားသိရှိပါတယ်။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က ရုတ်တရက် သူ့အစွမ်းကို ထုတ်ဖော် လိုက်ပါတယ်။ ရေဘဂဲ တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားသလိုမျိုး သူ့ခန္ဓာကိုယ်ကနေ လက်မောင်းလေးခုက ပေါက်လာခဲ့ပါတယ်။ လက်ခြောက်ဖက် လျှို့ပှက်ဆန်းကြယ် စွမ်းအားကို အသက်သွင်းလိုက်တဲ့ အခါမှာ သူက လူသုံးယောက် အဖြစ်ကို တစ်ပြိုင်နက်တည်း ပြောင်းလဲသွား သလိုမျိုးပါပဲ။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေနဲ့ လျှို့ပှက်ဆန်းကြယ် ပညာရပ်တွေ အများကြီးကို နားလည်သဘောပေါက်ပေမဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းမြားနဲ့ မြေကမ္ဘာမှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို ဆက်တိုက် ထုတ်ဖော်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူ့မှာ လက်လေးဖက် အပိုရှိလာမယ်ဆိုရင် ဒါကလုံးဂကို ကွဲပြားခြားနား သွားပါပြီ။

လက်ခြောက်ဖက်နဲ့ လှုပ်ရှားပြီး လျှို့ပှက်ဆန်းကြယ် ပညာရပ်

ငါးခုကို တစ်ပြိုင်နက် အသက်သွင်းပြီး ချက်ချင်းဆိုသလို အဲဒီဓားသမားကို ဖိနှိပ်လိုက်ပါတယ်။

"ဘယ်လိုနေလဲ။ ဒါက မပြောင်းလဲတဲ့ နတ်သတ္တု ခန္ဓာကိုယ် လျှို့ဝှက်စွမ်းအားပဲ။ ဒါက ပထမ အဆင့်ပဲ ရှိသေးတယ်။ ပြီးတော့ နောက်ပိုင်းမှာ ဆက်ပြီးတော့ ကျင့်ကြံအားထုတ်သွားမယ် ဆိုရင် ခန္ဓာကိုယ် တစ်ခုလုံးကို ကြီးလာစေမယ်။ ပြီးတော့ ရိုက်ချက်ရဲ့ စွမ်းအားကိုလည်း ရပ်တန့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က ဆွဲဆောင်မှု အားကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ဒီထူးခြားတဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို ရှာဖွေဖို့ သမိုင်းဝင် နယ်မြေ တစ်ခုအထဲမှာ သေလုနီးပါး အစွမ်းကုန် ကြိုးစားအားထုတ် ခဲ့ရတယ်"

"အဲဒါကို သင်ယူချင်လား။ တကယ်လို့ မင်းအဲဒါကို

သင်ယူချင်တယ်ဆိုရင် အဲဒီနတ်ဘုရား ပစ္စည်း လေးခုကို ယူလာခဲ့။ ဒါဆိုရင် ဒီအရှင်သခင်က မင်းကို သင်ပေးမယ်”

သင်ပေးမယ် ဟုတ်လား။ သူက အဲဒါကို အရမ်းကို သင်ယူချင်နေပါတယ်။

တကယ်လို့ ဒါက ပထမ အဆင့်ပဲ ဆိုရင်တောင်မှ ခန္ဓာကိုယ်ကို လက်ခြောက်ဖက်အဖြစ်ကို ပြောင်းလဲပစ်နိုင်ပါတယ်။ ဒါက အရမ်းကို စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ လှို့ဝှက်ဆန်းကြယ် စွမ်းအား အများကြီးကို ဆက်တိုက်ပစ်လွှတ်နိုင်စွမ်းရှိတဲ့ ဒီစွမ်းအားရဲ့ တန်ဖိုးက အရမ်းအရမ်းကို ကြီးမားပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ကောင်းပါပြီ။ ကျနော် အစွမ်းကုန် ကြိုးစားပြီးတော့ ဒီနတ်ဘုရား ပစ္စည်းလေးခုကို ရှာဖွေပေးပါ့မယ်။ ဒါပေမဲ့ စီနီယာ လက်ရှိ ကျနော့်ရဲ့ ခွန်အားက အရမ်းကို အားနည်းပါတယ်။ စီနီယာ အနေနဲ့ ကျနော့်ရဲ့

အခွင့်အလမ်း တိုးလာဖို့ အရင်ဆုံး နတ်ဘုရားပညာရပ် တချို့ကို လွှဲပြောင်းပေး နိုင်မလား။ ဒါမှမဟုတ်ရင် တကယ်လို့ ကျနော်သေသွားခဲ့ရင် စီနီယာအတွက်လည်း ဆုံးရှုံးသွား နိုင်တယ် မဟုတ်လား”

ဒီလိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုနဲ့ ဆုံတွေ့ဖို့ဆိုတာက အရမ်းကို ရှားပါးပါတယ်။ ဒါကြောင့် အကျိုးအမြတ်ကို ရယူရပါလိမ့်မယ်။

Chapter 757 end

Zaw.အပိုင်း(၇၅၈) ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂကံပါ

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က ချက်ချင်းပဲ စိတ်တိုသွားပြီး ပြောလိုက်ပါတယ်။

“မင်းက ဒီအရှင်သခင် အတွက်ကို အလုပ်မလုပ်ရသေးဘူး အကျိုးအမြတ်ပေးဖို့ တောင်းဆိုနေတယ်ပေါ့ ဟုတ်လား”

သူက ဒီလိုမျိုး အရှက်ကင်းမဲ့ပြီး မျက်နှာပြောင်တဲ့

လူတစ်ယောက်ကို တစ်ခါမှ မတွေ့ဖူးပါဘူး။

"ဒီနေရာကို လာရတာ လွယ်တဲ့အရာတစ်ခုတော့ မဟုတ်ဘူး။ စီနီယာ ဒီကမ္ဘာကြီးထဲမှာ ဒီနေရာကို ရောက်အောင်လို့ လာနိုင်တဲ့လူက ငါးယောက်ထပ် ပိုပြီးတော့ မရှိနိုင်ဘူးဆိုတာကို ကျနော် အာမခံနိုင်တယ်။ တကယ်လို့ ကျနော်သာ တစ်ခုခု ဖြစ်သွားမယ်ဆိုရင် စီနီယာက နောက်ထပ် နှစ်ပေါင်းရှစ်ဆယ်ကနေ ရာနဲ့ချီအောင်လို့ စောင့်နေရလိမ့်မယ်နော်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ဧကရာဇ်က ဘာမှပြန်ပြီးတော့ မတုံ့ပြန်ပါဘူး။ ကြည့်ရတာ လင်းဟန် ပြောတဲ့စကားတွေက အတော်လေး ယုတ္တိရှိတယ်လို့ ခံစားနေရပုံ ပေါ်ပါတယ်။ အတော်လေး အကြာမှာ သူက ပြောလိုက်တယ်။

"ကောင်းပြီလေ။ ဒီအရှင်သခင်က မင်းကို လျှို့ဝှက်ဆန်းကြယ်

ပညာရပ် တစ်ခုကို သင်ပေးမယ်။ အဲဒါက နည်းနည်းလေးပဲ အဆင့်နိမ့်တယ်။ ဒါပေမဲ့လည်း မင်းသိထားရမှာက ဒီအရှင်သခင်ဆီက ရလိုက်တဲ့ ဘယ်ပညာမဆို ပြိုင်ဘက်ကင်း ပညာရပ် တစ်ခုပဲဆိုတာ မှတ်ထားပါ”

“စီနီယာ ကျေးဇူးပြုပြီးတော့ ကျနော့်ကို လမ်းညွှန်သင်ကြားပေးပါ”

လင်းဟန်က ရိုသေလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။ တကယ်တော့ သူက ဒီနေရာမှာ အကျိုးအမြတ်တွေ ရရှိခဲ့ပါပြီ။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက ဘာကို သင်ယူချင်လဲ။ ဒီအရှင်သခင်က လျှို့ဝှက်ပညာရပ် အမျိုးအစား အားလုံးမှာ ဆရာတစ်ဆူပဲ။ ဆေးဘက်ဆိုင်ရာအားသိုင်းတွေ၊ ဓားသိုင်းတွေ၊ တုတ်သိုင်းတွေနဲ့ လက်ဝါးသိုင်းတွေ။ အဲဒီထဲက တချို့ကို ဒီအရှင်သခင် မသင်ယူခဲ့ပေမဲ့ ငါ့ရဲ့မှတ်ဉာဏ်ထဲမှာ တကမ္ဘာလုံး အံ့ဩသွားဖို့ လုံလောက်တဲ့ ထူးခြားဆန်းကြယ်

ပညာရပ်တွေ ရှိနေတယ်”

သူက လေကြွားနေတာလား ဆိုတာကိုတော့ လင်းဟန်က မသိပါဘူး။ လင်းဟန်က ပြောလိုက်ပါတယ်။

“ကျနော် ဂေါ်ပါ ပညာရပ်တွေကို သင်ယူချင်ပါတယ်”

အနီးကပ် တိုက်ခိုက်မှုအတွက် သူ့ဆီမှာ မြေကျွှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ဆိုတဲ့ လျှို့ပုက်ဆန်းကြယ် စွမ်းအားရှိပါတယ်။ ပြီးတော့ မလှမ်းမကမ်း အကွာအဝေး တစ်ခုအတွက် သူ့ဆီမှာ အနက်ရောင်မူလဟန် သုံးမျိုး ရှိပါတယ်။ အဲဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ အသုံးဝင်ပါတယ်။ အလှမ်းဝေးတဲ့ အကွာအဝေးအတွက်တော့ အဆုံးမဲ့ စွမ်းအားတွေနဲ့ လျှို့ပုက်ဆန်းကြယ် စွမ်းအားတစ်ခုဖြစ်တဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများ ရှိပါတယ်။

ဒါကြောင့် သူ့အနေနဲ့ ကျွမ်းကျင်မှု နည်းနေတဲ့ ဂေါ်ပါ ပညာရပ်မှာ

တိုးတက်အောင် လုပ်ချင်ပါတယ်။

သူက ဂဏ်ပါ ပညာရပ်နဲ့ ပတ်သက်လာရင် ကျွမ်းကျင်မှု အားနည်းပါတယ်။ ပထမအချက်က ဂဏ်ပါ ဆရာသခင်တွေက သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။ ပြီးတော့ ဂဏ်ပါ ပညာရပ်တွေ အများကြီးကို လက်ဆင့်ကမ်း မပေးနိုင်ခဲ့ပါဘူး။ ဒုတိယ အချက်က အင်အားစုတွေက ဂဏ်ပါ ပညာရပ်တွေကို သူတို့ကိုယ်တိုင် အားလုံးသိမ်းဆည်ထားပြီး အပြင်လူတွေကို အဆင့်မြောက်အထက် ဂဏ်ပါပညာရပ်တွေကို သင်ကြားပေးဖို့ ဆန္ဒမရှိ ကြပါဘူး။

သော့ချက်က ဂဏ်ပါ ပညာရပ်တွေက ထူးခြားတဲ့ ပညာရပ် ဘယ်လိုနဲ့ဖြစ်ဖြစ် ပြီးပြည့်စုံစွာနဲ့ တွဲဖက်နိုင်ပါတယ်။ ပြီးတော့ ဂဏ်ပါတွေကို ခင်းကျင်းနိုင်ပြီး သူတို့ကို ထိန်းချုပ်ဖို့ ကြိုးစားနေစရာ မလိုပါဘူး။

"ဟင့် မင်းကအတော်လေး ကံကောင်းတယ်"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က ခပ်ချဉ်ချဉ်နဲ့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ဂဏ်ပါတွေကို အသုံးမပြုဘူး။ ဒါပေမဲ့ ရှေးဟောင်းဂဏ်ပါ အစီအရင် တစ်ခုကို ရရှိခဲ့ဖူးတယ်။ မင်းအတွက် ကံကောင်းတာပေါ့"

ကျောက်ရုပ်ကနေ အလင်းရောင်တောက်တောက် ဘောလုံးလေး တစ်ခုက လွင့်လာပြီး လင်းဟာန်ရဲ့ အရှေ့မှာ မျောလွင့်လို့ နေပါတယ်။

လင်းဟာန်က ခဏလောက် စူးစမ်းလိုက်ပြီးမှ သူ့လက်ညှိုးနဲ့ ဖိချလိုက်ပါတယ်။

ဟုမ်း။

သူ့အသိစိတ်ထဲမှာ ချက်ချင်းဆိုသလို ဂျက်ပါပုံစံကားချပ် တစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒါက အဆက်မပြတ် ပြောင်းလဲပြီးတော့ အံ့သြဖွယ်ရာ သင်္ကေတ တစ်ခုနဲ့ ဒီဂျက်ပါနဲ့ ပတ်သက်တဲ့ အခြေခံ သတင်းအချက်လက်တွေကို သူ့ကိုပြောပြနေပါတယ်။

ဒီဂျက်ပါကို ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂျက်ပါလို့ ခေါ်ပါတယ်။ ပြီးတော့ ဒီဂျက်ပါကို ခင်းလိုက်ရင် ကောင်းကင်နဲ့ မြေကြီးရဲ့ စိတ်ဝိညာဉ်ချီတွေက စုစည်းလာပြီးတော့ ရေခဲနဂါး တစ်ကောင်အဖြစ် ဖြစ်ပေါ်လာပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ယှဉ်ပြိုင်နိုင်တဲ့ စွမ်းအားကို ပိုင်ဆိုင်ပါတယ်။

လပြွတ်ပဲ။ ငါတော့ အလုည့်စား ခံလိုက်ရပြီ။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က နတ်ဘုရားဘုံက လက်ရွေးစင် တစ်ယောက် ဖြစ်နိုင်ပါတယ်။ ပြီးတော့ သူနားလည်သဘောပေါက်ထားတဲ့ ထူးထူးဆန်းဆန်း ပညာရပ်တွေက နတ်ဘုရား အဆင့်မှာ ရှိပါလိမ့်မယ်။ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ တူညီတဲ့

လျို့ဝှက်ဆန်းကြယ် စွမ်းအားတွေလိုပေါ့။ ဒါပေမဲ့လည်း ဒီဂကၰပါကိုတော့ နတ်ဘုရား အဆင့်မှာ ရှိတယ်လို့ မခေါ်နိုင်ပါဘူး။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ယှဉ်ပြိုင်နိုင်ပေမဲ့ အဆင့်တစ်ဆယ် ဂကၰပါ တစ်ခုပဲ ဖြစ်ပါတယ်။ ဒါက လင်းဟာန်မျှော်လင့်ထားတာနဲ့ အရမ်းကို ဝေးကွာလွန်းပါတယ်။

ဘာပဲဖြစ်ဖြစ် တကယ်လို့ သူက နတ်ဘုရားအဆင့် ဂကၰပါတစ်ခုကို ရရှိခဲ့မယ်ဆိုရင် သူ့အနေနဲ့ ဂကၰပါ မျက်လုံးအဖြစ် ဖန်တီးဖို့ နတ်ဘုရား ပစ္စည်းတွေ မရှိပါဘူး။

အခုတောင် သူ့အနေနဲ့ အဆင့်တစ်ဆယ် ရတနာ ပစ္စည်းတွေကို ထုတ်ယူနိုင်စွမ်း မရှိသေးပါဘူး။ ပြီးတော့ ပစ္စည်းတွေကို တဖြည်းဖြည်း စုလို့ပဲ ရပါလိမ့်မယ်။ ဒါပေမဲ့လည်း အဆင့်တစ်ဆယ် ဂကၰပါ သင်္ကေတတွေကို နားလည်သဘောပေါက်ဖို့ဆိုတာ သူ့အတွက်တော့ အချိန်တိုတိုနဲ့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီသင်္ကေတတွေကို နားလည်သဘောပေါက်ပြီးတဲ့ အခါကျရင်တော့ လိုအပ်တဲ့ ပစ္စည်းတွေကို ရှာတွေ့နိုင်လောက်ပါပြီ။

အမှန်တကယ်တော့ တကယ်လို့ သူက အရှေ့၊ အနောက်၊ တောင်နဲ့ မြောက် နယ်မြေကြီး လေးခုလုံးကို ပေါင်းစည်းနိုင်ခဲ့ရင်တောင် အဆင့်တစ်ဆယ် ရတနာပစ္စည်းတွေကို ရှာဖွေဖို့ အနည်းနဲ့အများတော့ ခက်ခဲနေပါလိမ့်မယ်။ သူက ဖန်ပိုယွမ်ကို ကြယ်တာရာတွေကို ပစ်ခွင်းဖို့ တောင်းဆိုနိုင်ပြီး တကယ်လို့ သူသာ ကံကောင်းမယ်ဆိုရင် အဆင့်တစ်ဆယ် ရှားပါးသတ္တု တချို့ကို ရကောင်းရနိုင်ပါလိမ့်မယ်။

ညံ့လိုက်တာ။ ငါ့မှာ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံ ရှိနေတာပဲ။ တကယ်လို့ ငါက အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေ မရှိတော့ရော ဘာဂရုစိုက်စရာ လိုလို့လဲ။ သတ္တုတွေ အများကြီး ရှိနေသရွေ့ တစ်ဆင့်ချင်း သန့်စင်နိုင်တာပဲ။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ဧကရာဇ်က စိတ်ထဲကနေ ကျိတ်ပြီးတော့ လှောင်ပြုံးပြုံး နေပါတယ်။ သူကအစစ်အမှန် အဆင့်တစ်ဆယ် ဂက်ပါ တစ်ခုကို

လွှဲပြောင်းပေးခဲ့တယ် ဆိုပေမဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲရှိတဲ့ ဒီကောင်လေးက ဘယ်လိုလုပ်ပြီး ပစ္စည်းတွေကို စုစည်းနိုင်တဲ့ စွမ်းရည်ရှိမှာလဲ။

တကယ်လို့ သူလုပ်နိုင်တယ် ဆိုရင်တောင် အဆင့်တစ်ဆယ် ရှားပါးသတ္တုပေါ်မှာ ဂက်ပါ သင်္ကေတတွေ ရေးထွင်းဖို့က အရမ်းကို ကြီးလေးတဲ့ တာဝန်ကြီး တစ်ခုဖြစ်ပါတယ်။

ဒီအရှင်သခင်ကို ဗရုတ်ကျပုံ့တယ်ပေါ့ ဟုတ်လား။ ဒါဆိုရင် ဒီအရှင်သခင်က မင်းကို ဒီအတိုင်းလေး စောင့်ကြည့်နေရုံပေါ့။

ဒါပေမဲ့လည်း လင်းဟန်မှာ အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေ ဖန်တီးနိုင်တဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ အနက်ရောင်မျှော်စင်လို ကောင်းကင်ဘုံကို ဆန့်ကျင်နိုင်တဲ့ ပစ္စည်းတွေရှိတယ် ဆိုတာကို သူမသိပါဘူး။ ဒီနေရာမှာ ပါဂင်ပစ္စည်းတွေ ရှိနေသရွေ့ ဂက်ပါ သင်္ကေတတွေကို ရေးထွင်းဖို့က ဘယ်လောက်များ ခက်ခဲလိမ့်မှာလဲ။

အဲဒီအစား ဂေါ်ပါကို နားလည်သဘောပေါက်ဖို့ကမှ ခက်ခဲလိမ့်ဦးမယ်။

"ကျေးဇူးအများကြီး တင်ပါတယ် စီနီယာ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟီးဟီး။ ကေရာဇ်မှာ ဆာလောင်မွတ်သိပ်တဲ့ စစ်သားတွေ မရှိဘူး။ မင်းက ဒီအရှင်သခင်အတွက် အလုပ်လုပ်ပေးမှတော့ ဒီအရှင်သခင်က မင်းကို ဆိုးဆိုးဝါးဝါး မဆက်ဆံပါဘူး"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်ကလည်း ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟန်က သေချာပေါက် ထုတ်ပြောလို့ မရနိုင်တဲ့ မကျေနပ်ချက်တစ်ခုကို သေချာပေါက် ခံစားနေရလိမ့်မယ်လို့ စဉ်းစားလိုက်ပါတယ်။

သူက ခဏလောက် ရပ်ပြီးမှ ဆက်ပြောလိုက်ပါတယ်။

"ဒီကလေးမလေးကို ဒီအရှင်သခင်နဲ့ အရင်ဆုံး ထားခဲ့။ ပြီးတော့ ဒီအရှင်သခင်က သေသေချာချာ စောင့်ရှောက်ပြီးတော့ သင်ကြားပေးမယ်။ တစ်နေ့မှာ သူမက မျိုးဆက်တစ်ခုရဲ့ ပါရမီရှင် တစ်ယောက် သေချာပေါက် ဖြစ်လာစေရမယ်။ ပြီးတော့ ကမ္ဘာကြီး တစ်ခုလုံးကို နင်းချေဖို့ဆိုတာ ခက်ခဲတဲ့ အရာတစ်ခု ဖြစ်မှာမဟုတ်ဘူး"

"မရဘူး မရဘူး။ သောက်ချိုးတစ်စက်မှမပြေတဲ့ ကျောက်တုံး။ အရှင်သခင်မ ညီုးညီုး နင့်ကို သတိပေးမယ်။ ညီုးညီုးနဲ့ ပတ်သက်ပြီး ဘာအကြံစည်မှ မတွေးနဲ့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညီုးညီုး နင့်ကို စားပစ်ရလိမ့်မယ်"

ဟူးညိုက ပြင်းပြင်းထန်ထန်ကို ပြောလိုက်ပါတယ်။ သူမကို တပည့်အဖြစ် ရွေးချယ်ဖို့ ပြောပုံတယ်ပေါ့ ဟုတ်လား။ သူနဲ့က သင့်တော်လို့လား။

"စီနီယာ သူက ငယ်ပါသေးတယ်။ ပြီးတော့ သူ့ကိုတပည့်တော်ဖို့ ကိစ္စကို နောက်ကျမှ ဆွေးနွေးလို့ ရတာပဲ။ ဘာပဲဖြစ်ဖြစ် စီနီယာအတွက်က နှစ်ပေါင်းတစ်ရာဆိုတာ မျက်စိတစ်မှိတ်စာလောက်ပဲ မဟုတ်လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က မကျေမနပ် ဖြစ်သွားပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့အတွက် အလုပ်လုပ်ပေးဖို့ လိုအပ်ပါတယ်။ သူမြင်ရသလောက်တော့ လင်းဟန်က သူ့အတွက် နတ်ဘုရားပစ္စည်း လေးမျိုးကို ရှာတွေ့ပြီးတဲ့နောက်မှာ လက်ရှိအကျပ်အတည်းကနေ လွတ်မြောက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ပြီးတော့ လင်းဟန်ကို နှိပ်ကွပ်ဖို့ဆိုတာက အသေးအဖွဲ တစ်ခုပါပဲ။

အဲဒီအချိန်ကျရင် ဒီကလေးမလေးက သူ့လက်ထဲကနေ ပြေးမလွတ်ပါဘူး။ သူမက လိမ်လိမ်မာမာနဲ့ သူ့တပည့် ဖြစ်လာရပါလိမ့်မယ်။

"စီနီယာ နတ်ဘုရားဘုံ အကြောင်းကို ကျနော့်ကို ပြောပြနိုင်မလား"

လင်းဟန်က နောက်တစ်ကြိမ် ထပ်မေးလိုက်ပါတယ်။

"ဟင့်။ ဒီအရှင်သခင်က မင်းကို အကျိုးအမြတ် ပေးပြီးတော့ မင်းက ဒီအရှင်သခင်အတွက်တောင် ဘာမှမလုပ်ပေးရသေးဘူး။ ဒါတောင်မှ ဒီအဓိပ္ပါယ်မရှိတဲ့ အရာတွေကို ဂရုစိုက်နေသေးတာလား။ တစ်နေ့မှာ မင်းက နတ်ဘုရားဘုံကို အဆင့်တက်သွားခဲ့ရင် မင်းသိလာမှာပေါ့။ စောစောသိတာနဲ့ နောက်ကျမှသိတာ ဘာများကွာလို့လဲ"

မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ဧကရာဇ်က စိတ်မရှည်ပဲ ပြောလိုက်ပါတယ်။

"သွားသွားသွား မြန်မြန် ထွက်သွားတော့"

တကယ်လို့ ကျောက်ရုပ်ကသာ လှုပ်ရှားနိုင်မယ်ဆိုရင် သူ့လက်ကို မရပ်မနား ဝှေ့ယမ်းနေမှာ အသေချာပါပဲ။

လင်းဟန်က ဒီကျောက်ရုပ်က မိုးကြိုးလျှပ်စီးနဲ့ မီးတောက်ကောင်းကင်ဘုံ ဧကရာဇ်ရဲ့ အစစ်အမှန် ခန္ဓာကိုယ် မဟုတ်ဘူးဆိုတာကို သိပါတယ်။ ပြီးတော့ တောင်နံရံကနေ စီးဆင်းနေတဲ့ လျှပ်စီးနဲ့ မီးမြစ်တွေ ရှိနေတာကြောင့် ဒီလူရဲ့ အစစ်အမှန် ခန္ဓာကိုယ်က တောင်ကြားချိုင့်ဝှမ်းရဲ့ အောက်ခြေမှာ ဖြစ်နိုင်မလား။ ကံမကောင်းတာက သူက ဒဏ်ရာရတာပဲဖြစ်ဖြစ် ပိတ်မိနေတာပဲ ဖြစ်ဖြစ် လင်းဟန်ကိုတော့ သူ့ရဲ့လျှို့ဝှက်ချက်တွေ ထုတ်ပြောလိမ့်မှာ မဟုတ်ပါဘူး။

"ဒါဆိုရင် စီနီယာကို နှုတ်ဆက်ခဲ့ပါတယ်"

လင်းဟန်က လက်သီးဆုပ်ပြီးတော့ ပြောလိုက်ပြီး ဟူးညိုကို ဆွဲခေါ်ကာ လှည့်ထွက်သွား ခဲ့ပါတယ်။

စောစောကအတိုင်းပဲ ဟူးညိုက လင်းဟန်ကို ဦးဆောင်ပြီး ခေါ်သွားရပါတယ်။

သူတို့နှစ်ယောက် ပျောက်ကွယ်သွားပြီးတဲ့ နောက်မှာတော့ နတ်ဘုရားအာရုံ တစ်ခုက ကျောက်တုံးအိမ်ထဲမှာ ထွက်ပေါ်လာခဲ့ပါတယ်။

"ထူးဆန်းတယ်။ ဒီကလေးမလေးက ဘာများပါလိမ့်။ ဒီအရှင်သခင်ရဲ့ အာရုံငါးပါး ပိတ်ဆို့မှုကို ဆန့်ကျင်နိုင်စွမ်း ရှိနေတယ်။ ကလေးမရဲ့ အစွမ်းက သိသိသာသာ နိမ့်နေတယ်။ ဒါပေမဲ့ တကယ်လို့ ဒီအရှင်သခင်ရဲ့ လက်ရှိခွန်အားက 0.01 ရာခိုင်နှုန်းပဲ ရှိမယ်ဆိုရင်တောင် ဒါက အထွတ်အထိပ် အဆင့်မှာပဲလေ။ ဒီလောက်နဲ့ဆိုရင် စိတ်ကူးယဉ် ဖြတ်တောက်ခြင်း အဆင့်မှာ ရှိနေတဲ့ တည်ရှိမှု တစ်ခုကိုတောင် ပိတ်ဆို့ထားနိုင်စွမ်း ရှိသေးတာပဲ"

"ဒါပေမဲ့လည်း တကယ်လို့ အဲဒီအဆင့်ဆိုရင် သူတို့တွေက ဒီထဲကို ဝင်လာနိုင်လိမ့်မှာ မဟုတ်ဘူး။ ဒီအရှင်သခင်က သူ့ကိုယ်ပိုင် စွမ်းအားကို ထပ်ပြီးတော့ မထိန်းချုပ်နိုင်ဘူး။ အာရုံငါးပါး ပိတ်ဆို့ခြင်းပဲ ဒီအရှင်သခင်ကို ကာကွယ်နိုင်တယ်။ ကံကောင်းတာက ဒီထူးဆန်းတဲ့ ကလေးမလေးနဲ့ တွေ့ရတာက နောက်ဆုံးတော့ ဒီအရှင်သခင်ကို လွတ်မြောက်ဖို့အတွက် မျှော်လင့်ချက် အလင်းတန်းလေးတစ်ခု ဖြစ်စေလိမ့်မယ်"

"ဒီကောင်စုတ်လေး မသေရင် ကောင်းလိမ့်မယ်"

မကြာခင်မှာ လင်းဟန်က လိုဏ်ဂူရဲ့ အပြင်ဘက်ကို ထွက်လာပြီး သူ့ရဲ့အာရုံငါးအားလည်း ပြန်ရရှိသွားပြီး သူ့ကို အကြီးအကျယ် စိတ်လှုပ်ရှား သွားစေခဲ့ပါတယ်။ စောစောတုန်းက သူလျှောက်လာတဲ့ လမ်းက သိပ်ပြီးတော့ မရှည်ပေမဲ့ သူ့ကို နှစ်ပေါင်းတစ်ထောင် ဒါမှမဟုတ် နှစ်ပေါင်းတစ်သောင်းလောက် ကြာနေသလို ခံစားရပါတယ်။

"ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးပေါ်မှာ

မွန်းစတားအိုကြီးတွေ ဘယ်လောက်တောင်များ ပုန်းကွယ်နေကြမလဲ”

လင်းဟန်က အနောက်ဘက်ကို လှည့်ကြည့်ပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

Chapter 758 end

Zaw. အပိုင်း(၇၅၉) အလောင်းကောင် နှစ်

ကျူးရွှမ်အာ၊ ယုန်ဖြူကြီးနဲ့ ရွှေရာကြွက်တို့ကို အနက်ရောင် မျှော်စင်ထဲကနေ ပြန်ဆင့်ခေါ်ပြီးတဲ့ နောက်မှာတော့ သူတို့အဖွဲ့က ပြန်လာခဲ့ ကြပါတယ်။

သူတို့မှာ တာဝန်တစ်ခု ရှိပါသေးတယ်။ မြောက်ပိုင်းဒေသရဲ့ အင်အားကြီး ဂိုဏ်းတွေကို ယှဉ်ပြိုင် အနိုင်ယူဖို့နဲ့ အချိန်ရောက်လာခဲ့ရင် မဟာလင်း အင်ပါယာရဲ့ စစ်တပ်က ပိုင်နက်နယ်မြေတွေကို သိမ်းပိုင်စိုးမိုး ရပါမယ်။ နောက်ပြီးတော့ ဒီအင်အားကြီး ဂိုဏ်းတွေရဲ့ ရောမ လွှမ်းမိုးနိုင်တဲ့ စွမ်းအားက

အစွန်အဖျားက အင်အားစုသေးလေးတွေကို အည့်ခံဖို့စိတ်တွေ ဖြစ်ပေါ်လာစေနိုင်ပြီး မဟာလင်းအင်ပါယာရဲ့ ချဲ့ထွင်မှုကို အကြီးအကျယ် အရှိန်မြှင့်လာပါလိမ့်မယ်။

စကားပုံတစ်ခု ရှိတာက ခေါင်းဆောင်ကို အရင်ဆုံးဖမ်းမှ သူ့နောက်လိုက်တွေ အားလုံးကို ဖမ်းမိပါလိမ့်မယ်။

လမ်းတစ်လျှောက်မှာ လင်းဟာန်က ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂက်ပါ အစီအရင်ကို နားလည်သဘောပေါက်ဖို့ ကြိုးစားခဲ့ပါတယ်။

ဒါက အဆင့်တစ်ဆယ် ဂက်ပါ တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ သီအိုရီအရ ပြောရမယ်ဆိုရင် လင်းဟာန်အနေနဲ့ အခုချိန်မှာ နားလည်သဘောပေါက်နိုင်ဖို့ဆိုတာ အတော်လေးကို မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က မရဏာဓား အပေါ်မှာရှိတဲ့ ဂက်ပါကို အစောပိုင်းတုန်းက လေ့လာသင်ယူခဲ့ပါတယ်။ ပြီးတော့ ဒီသတ်ဖြတ်ခြင်း ဂက်ပါက ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂက်ပါထက်တောင် ပိုပြီးတော့ ကြောက်စရာ ကောင်းပါတယ်။

သူက အတော်လေးကို လိမ်မာပါးနပ်ပြီး ဉာဏ်ကောင်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အရင်ဘဂတုန်းက သူ့အနေနဲ့ အဆင့်ကိုး ဂင်္ကပါ အနည်းငယ်ကို ဖြေရှင်းခဲ့ပါတယ်။ ပြောရမယ်ဆို အခြေခံကောင်းကောင်း ရှိတယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ အခု သူက အဆင့်တစ်ဆယ် ဂင်္ကပါ တစ်ခုရဲ့ အသေးစိတ် ရှင်းပြချက်တွေကို ရရှိထားခဲ့ပြီး သူ့ရဲ့တိုးတက်မှုကလည်း သိသိသာသာနဲ့ လျင်မြန်လာခဲ့ပါတယ်။

တစ်ဖက်မှာ သူကလည်း ရှားပါးတဲ့ သတ္တုတွေကို စုဆောင်းနေပါတယ်။

ဂယ်တယ်။ ဂယ်တယ်။ ဂယ်တယ်။ လမ်းတစ်လျှောက်လုံး ဂယ်လို့ရသမျှ ရှားပါးသတ္တုတွေ အားလုံးကို သူက ဂယ်ယူခဲ့ပါတယ်။

သူ့ရဲ့ဘဏ္ဍာရေးအခြေအနေကို သံသယ မရှိပါနဲ့။

သူက အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ တန်ခိုးရှင် တစ်ယောက်ပါပဲ။ ပြီးတော့ တကယ်လို့ သူက နဂါးသွေး ဂျင်ဆင်းတစ်ပင်ကို ဆွဲထုတ်လိုက်ရင် စိတ်ဂိညာဉ် နတ်သူငယ်အဆင့်ရဲ့ ရောမ အဖွဲ့ကြီး တစ်ခုက ဒီနဂါးသွေး ဂျင်ဆင်းပင်အတွက် အရင်းအမြစ်တွေ အားလုံးကို ထုတ်ပေးချေ ကြပါလိမ့်မယ်။ ဒါပေ့ါ လင်းဟန်က နဂါးသွေး ဂျင်ဆင်းပင်ကို ရောင်းချလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ရတနာဆေးပင်တွေက ဘယ်လောက်တောင် ရှိနေလိုက်သလဲ။

သူက ဆေးလုံးတချို့ကို သန့်စင်ခဲ့ပြီး တကယ်လို့ အချိန်မလုံလောက်ဘူးဆိုရင် သူက ကုန်ကြမ်းပစ္စည်းတွေကိုပဲ ရောင်းပြီးတော့ အလဲအလှယ် လုပ်ပြီး အားလုံးကို ကုန်ချောပစ္စည်း အဖြစ်ကို ပြောင်းလဲပစ်ခဲ့ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ထုတ်ယူပြီးတော့ အဲဒီရှားပါးသတ္တုတွေကို မွန်းမံသန့်စင်ခဲ့ပါတယ်။

အဆင့်တစ်ကနေ အဆင့်နှစ်၊ အဆင့်နှစ်ကနေ အဆင့်သုံး၊ အဆင့်သုံးကနေ အဆင့်လေး အဲဒီလိုနဲ့ ကုန်ကြမ်းပစ္စည်း အမြောက်အများကို သုံးစွဲပြီးတဲ့ နောက်မှာတော့ အဆင့်တစ်ဆယ် ဂက်ပါတစ်ခုကို တည်ဆောက်ဖို့အတွက် အသုံးပြုတဲ့ အဆင့်တစ်တယ် ရှားပါးသတ္တု တစ်ပုံအဖြစ်ကို ပြောင်းလဲပစ်နိုင်ခဲ့ပါတယ်။

မကြာခင်မှာပဲ ရှင်းရဂိုဏ်းကလည်း သစ္စာခံဖို့ ရွေးချယ်ခဲ့ပြီး အဲဒီနောက်မှာ သားရဲကေရာဇ်ဂိုဏ်းက သစ္စာခံခဲ့ပြီး အဲဒီနောက်မှာ အနည်ဆုံး သွေးမီးတောက်ချိုင့်ဝှမ်း တစ်ခုပဲ ကျန်ပါတော့တယ်။

လင်းဟန်က အံ့အားသင့်စရာကောင်းအောင် သုံးပြီးတဲ့ နောက်မှာတော့ သူက နောက်ဆုံးမှာ အဆင့်တစ်ဆယ် ရှားပါးသတ္တု လုံလောက်သွားပါပြီ။ ပြောရမယ်ဆိုရင် မြောက်ပိုင်းဒေသ တစ်ခုလုံးရဲ့ ရှားပါးသတ္တုတွေ တစ်ဂက်လောက်ကို သူ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ဒါက လခြမ်းဂိုဏ်း၊ ဆောင်းလဂိုဏ်းနဲ့ တခြား ထိပ်တန်းအင်အားစုတွေတောင် စိတ်ကူးလို့ မရဲတဲ့ အရာပဲ

ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ အဲဒါကို လုပ်ခဲ့ပါတယ်။

မော်ဆေးကေရာဇ် တစ်ယောက်နဲ့ အနက်ရောင် မျှော်စင်။ ဒီနှစ်ခု ပူးပေါင်းခြင်းက............။

ပိုက်ဆံလား။ သွားစမ်းပါ အရေးမကြီးဘူး။

ဒါပေါ့။ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံသာ မရှိဘူးဆိုရင် အားလုံးက အချည်းနှီးပဲ ဖြစ်ပါလိမ့်မယ်။

ဒီရတနာက တကယ့်ကို သဘာဂတရားကို ဆန့်ကျင်တဲ့ ပစ္စည်းတစ်ခုပါပဲ။

လင်းဟန်က အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေကို ဓားတို ၁၀၈ ချောင်း အဖြစ်ကို သွန်းလုပ်ခဲ့ ပါတယ်။ အမှန်တကယ်တော့ သူက ပုံမှန်အရွယ်အစား လုပ်ချင်ခဲ့တာပါ။ ဒါပေမဲ့ ရှားပါးသတ္တုက အရမ်းကို နည်းပါးပြီး သူ့အနေနဲ့ အကောင်းဆုံး ဒုတိယ အချက်ကိုပဲ ရွေးချယ်ခဲ့ရပါတယ်။

အရေအတွက် ၁၀၈ ဆိုတာက ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂါပါရဲ့ တောင်းဆိုမှု ဖြစ်ပြီးတော့ ဂင်္ဂါပါများလုံး ဒီလောက်အများကြီး လိုအပ်ပါတယ်။ အနက်ရောင် မျှော်စင်ရဲ့ အတွင်းပိုင်းမှာ လင်းဟာန်အတွက် ပစ္စည်းတွေကို သန့်စင်တာက အရမ်းကို လွယ်ကူပြီး အဆင့်တစ်ဆယ် ရှားပါး သတ္တုလို့ ခေါ်နေတဲ့ ဒီအရာတွေက သူ့အတွက်တော့ ဂျုံလုံးတစ်ခုနဲ့ မခြားပါဘူး။ သူ့စိတ်ဆန္ဒ သဘောအတိုင်း လုပ်နိုင်ပါတယ်။

နောက်တစ်ဆင့်က အဓိက သော့ချက်ဖြစ်ပါတယ်။ သူက ဓားတွေအပေါ်မှာ ဂင်္ဂါပါ သင်္ကေတတွေ ရေးထွင်းရပါမယ်။

လင်းဟာန်က ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂါပါကို အကြမ်းဖျင်းတောင် နားလည်မှု မရှိသေးပါဘူး။ တကယ်လို့ သူက အတင်းအကျပ် မိတ္တူပွားလိုက်မယ်ဆိုရင် သူ့အနေနဲ့ အဲဒါရဲ့ အနှစ်သာရ မပါဝင်ပဲနဲ့ ပုံသဏ္ဍာန်ကိုပဲ ဆွဲထုတ်နိုင်ပါလိမ့်မယ်။ ဂင်္ဂါပါတွေက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို စိတ်ဝိညာဉ် ချီတွေကို ဆွဲဆောင်ဖို့ ဆက်သွယ်နိုင် ရပါမယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် ဘာမှသုံးစားလို့ ရလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟန်က သူ့အနေနဲ့ ဂက်ပါရဲ့ အနှစ်သာရကို အမှန်အကန် နားလည်သဘောပေါက်တဲ့အထိ စောင့်ပြီးမှ ရောမ ဂက်ပါကို ခင်းကျင်းနိုင်ပါလိမ့်မယ်။

သူတို့အဖွဲ့က သွေးမီးတောက် ချိုင့်ဂှမ်းဆီကို အလျင်အမြန်ပဲ သွားလိုက်ကြပါတယ်။ စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ပဲရှိတဲ့ အင်အားစု တစ်ခုကို ဖိနှိပ်ထိန်းချုပ်ဖို့ မခက်ခဲပါဘူး။ ဒါပေမဲ့ ခရီးကို အလျင်အမြန် သွားပေမဲ့ အချိန်နည်းနည်းတော့ ပေးရပါတယ်။ အမှန်တကယ်တော့ မြောက်ပိုင်း ဒေသက မသေးငယ်ပါဘူး။

သူတို့က လမ်းလျှောက်လုံး အနားယူဖို့နဲ့ စားဖို့သောက်ဖို့ မကြာခဏ ရပ်နားခဲ့ရပါတယ်။ ဟူးညိုက အနားယူ ရပ်တန့်ဖို့ အပြင်းအထန် တောင်းဆိုပါတယ်။ လင်းဟန်အနေနဲ့ မနက်ဖြန်လောက်ဆို သွေးမီးတောက် ချိုင့်ဂှမ်းဆီကို သူတို့တွေ ရောက်ပါလိမ့်မယ်။ ညဘက်အချိန်ကိုလည်း ရောက်နေတာကြောင့် သူက သဘောတူလိုက်ပါတယ်။

သူတို့တွေက ပိုင်အရက်ကောင်းကောင်းနဲ့ ဟင်းပွဲတွေကို

ပြင်ဆင်လိုက်ပါတယ်။ မြောက်ပိုင်း ဒေသမှာ အားလုံးက အရမ်းကို သက်တောင့်သက်သာ ရှိကြပါတယ်။ တကယ်တော့ သူတို့တွေက ဒီနေရာမှာ သူတို့ကိုယ်သူတို့ ဘုရင်တွေ ဒါမှမဟုတ် ပြိုင်ဘက်ကင်းတဲ့ လူတွေအဖြစ် ကြေညာလို့ ရပါတယ်။

မီးပုံတစ်ခုကို ဖိုလိုက်ပြီး ကျူးရှမ်အာက ပလွေတစ်ချောင်းနဲ့ သီချင်းတစ်ပုဒ်ကို မှုတ်ပြီးတော့ ကပြပြီး လင်းဟန်ရဲ့ နလုံးသားထဲမှာ လှုပ်ရှားနေပြီးတော့ ကြည့်နေရင်းနဲ့ သူ့စိတ်ထဲမှာ ဒီထူးထူးခြားခြား လှပတဲ့ မိန်းကလေးက သူ့ကို စက္ကန့်တိုင်းမှာ သားရဲတစ်ကောင် အဖြစ်ကို ပြောင်းသွားချင်အောင် လုပ်နိုင်တယ်လို့ တွေးနေမိပါတယ်။

ဟူးညိုကို ဒီလိုကျော့လို့ ဘယ်ရမလဲ။ ဟူးညိုကလည်း စပြီးတော့ ကလိုက်ပြီး သူမရဲ့ ကပြမှုက ရယ်စရာကောင်းပါတယ်။ ဟူးညိုရဲ့ အကက မြေကြီးပေါ်ကို ဆောင့်ဆောင့်ခုန်ပြီးတော့ အနားက သားရဲကောင်တွေကို အထိတ်တလန့် ဖြစ်စေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အရမ်းကို

ပျော်ရွှင်နေသလို ခံစားရပါတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့ အခြေအနေ တစ်ခုမှာ ကမ္ဘာကြီးကို အုပ်ချုပ်မဲ့ အကြောင်းတွေကိုတောင် မေ့လျော့နေပြီး ရိုးရိုးရှင်းရှင်းနဲ့ အသက်ရှင်နေထိုင်ချင် သွားခဲ့ပါတယ်။ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ဟာလို အရေးကြီးတဲ့ ကိစ္စတွေ အတွက်တော့ တခြားလူတွေ လုပ်နိုင်ပါတယ်။ ဘာဖြစ်လို့ ဒီဂန်ထုပ်ဂန်ပိုးကြီးကို သူ့ပခုံးပေါ်မှာ ထမ်းထားရမှာလဲ။

ဟုမ်း။

အဲဒီအချိန်မှာပဲ ထိတ်လန့်စရာ လေပြင်းတစ်ခုနဲ့အတူ လုပ်ကြံသတ်ဖြတ်မှု တစ်ခုက လင်းဟာန်ရဲ့ နောက်ကျောကို တန်းပြီးတော့ ဂင်လာခဲ့ပါတယ်။

ဒီအံ့အားသင့်စရာ တိုက်ခိုက်မှုက တကယ်ပဲ အရမ်းကို ကောင်းမွန်ပြီး ချိန်သားကိုက်ပါပဲ။ လင်းဟာန် စားနေတဲ့ အချိန်လည်း မဟုတ်သလို သူအရမ်းကို သက်တောင့်သက်သာ ဖြစ်နေတဲ့ အချိန်လည်း မဟုတ်ပါဘူး။ ဒီတိုက်ခိုက်မှုရဲ့ ဖျက်ဆီးခြင်း

စွမ်းအားကလည်း အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ ကောင်းကင်အဆင့် အလယ်အလတ်ကို ရောက်ရှိနေပါတယ်။

ဂျစ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်က လျှပ်စီးတန်း အဖြစ်ကို ပြောင်းလဲသွားပြီး ဒီတိုက်ခိုက်မှုကို ဆံပင်မွေး တချောင်းစာလောက် လွတ်အောင် ရှောင်တိမ်းလိုက်ပါတယ်။

မဟုတ်သေးဘူး။ သူက လုံးဝကို လွတ်အောင်လို့ မရှောင်နိုင်ခဲ့ပါဘူး။ သူ့ဘယ်ဘက် နံရိုးကို ထိမှန်သွားပြီး အဂတ်အစားတွေ စုတ်ပြဲသွားခဲ့ပြီး သူ့ခါးနားမှာ အံ့အားသင့်စရာကောင်းတဲ့ အနက်ရောင် အမှတ်တစ်ခုက လက်ငါးချောင်းနဲ့ ဆွဲကုတ်ထားသလိုမျိုး ပေါ်လာခဲ့ပါတယ်။ ဒါက ကြောက်မက်စရာ ကောင်းလောက်အောင် မည်းနေရုံတင်မက ထူးဆန်းတဲ့ အငွေ့အသက် တစ်ခုလည်း ထွက်ပေါ်လို့နေပြီး အဆိပ်ချီတွေ ပါဝင်နေသလိုမျိုးပါပဲ။

"ဘယ်သူလဲ"

ကျန်တဲ့သူတွေက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဟူးညိုကတော့ တန်းပြီတော့ ချုံပုတ်အထဲကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ထန် ထန် ထန် ထန်။

ပုံရိပ်နှစ်ခုက တိုက်ခိုက်ရင်းနဲ့ ထွက်လာခဲ့ပါတယ်။ တစ်ယောက်က ဟူးညိုဖြစ်ပြီး သူမရဲ့ သေးငယ်တဲ့ ပုံရိပ်ကို ရုပ်ဖျက်လို့ မရပါဘူး။ နောက်တစ်ယောက်ကတော့ အရပ်မြင့်မြင့် ဗလတောင့်တောင့်နဲ့ တစ်ကိုယ်လုံး ဦးခေါင်းကနေစ ခြေဖျားအဆုံးထိ အမဲရောင် ဂဝတ်စုံကို ဝင်ဆင်ထားပြီး အမှောင်ထုနဲ့ တစ်သားတည်း ကျနေသလိုမျိုးပါပဲ။

ဒါက ပုံရိပ်ယောင်တစ်ခု မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် သူတို့ရဲ့ နတ်ဘုရားအာရုံနဲ့ပဆိုင် လင်းဟန်နဲ့ ဟူးညိုက တစ်စုံတစ်ယောက်

အနားကပ်လာတာကို မသိနိုင်စရာ အကြောင်း လုံးဝမရှိပါဘူး။ တစ်ဖက်လူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် မဟုတ်သရွေ့ သူတို့မသိစရာ အကြောင်း လုံးဝကို မရှိပါဘူး။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အံ့အားသင့်စရာ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်စရာ မလိုပါဘူး။ သူတို့ကို တစ်ချက်တည်းနဲ့ လွင့်ထွက်သွားအောင် လုပ်နိုင်ပါတယ်။

လင်းဟန်က ဟူးညိုကို ပြန်ခေါ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီကဆရာက ကျုပ်တို့အနောက်ကို လိုက်နေတာ တော်တော်လေး ကြာနေပြီ မဟုတ်လား"

"ကိုးရက်တိတိ"

အနက်ရောင် ဝတ်စုံနဲ့ လူက တည်ငြိမ်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူ့အသံက အရမ်းကို တိုးပြီး ခပ်အေးအေး

ဖြစ်နေပါတယ်။ ပြီးတော့ ပြောပြလို့ မရနိုင်တဲ့ သတ္တုအချင်းချင်း ပွတ်တိုက်မိတဲ့ အသံလိုမျိုး ထူးထူးခြားခြား ဖြစ်နေပါတယ်။

"အရမ်းကို စိတ်ရှည်တာပဲ"

လင်းဟာန်က ပြောလိုက်ပါတယ်။ ဒီလူက သူ့ကို လုပ်ကြံသတ်ဖြတ်ဖို့ အချိန်တော်တော်ကြာ စောင့်ဆိုင်းနေခဲ့ပြီး တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အကောင်းဆုံး အခွင့်အရေးကို ရှာဖွေနေခဲ့ပါတယ်။ နောက်ဆုံးမှာတော့ တိုက်ခိုက်မှု တစ်ခုတည်းနဲ့ လင်းဟာန်ကို အနည်းငယ် ထိခိုက်သွားအောင် လုပ်နိုင်ခဲ့ပါတယ်။

"ခင်ဗျားကို ဘယ်လိုခေါ်လဲ"

အနက်ရောင် ဂုတ်စုံနဲ့လူက သူ့ခေါင်းကို ဖုံးထားတဲ့ ခြုံထည်ကို ဖယ်လိုက်ပြီး လေးထောင့်ကျကျ မျက်နှာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ပုံစံကို ကြည့်ရတာ အရမ်းကို ငယ်ရွယ်တယ် ဆိုပေမဲ့ လင်းဟာန်က တစ်ဖက်လူက အရမ်းကို

အိုမင်းနေပြီဆိုတဲ့ ထူးထူးဆန်းဆန်း ခံစားမှု တစ်ခု ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့လက်မောင်းပေါ်က အတွန့်တွေ ရှုံ့တွနေတာက အရမ်းကို သိသာပါတယ်။

"ငါ့ကို အလောင်းကောင်နှစ် လို့ခေါ်တယ်"

အနက်ရောင် ဂတ်စုံနဲ့ လူက ပြောလိုက်ပါတယ်။ အလောင်းကောင်နှစ် ဒါက ဘယ်လိုနာမည်ကြီးလဲ။

"အလောင်းတစ်ထောင် ဂိုဏ်းကလား"

လင်းဟန်က နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

အလောင်းကောင်နှစ်က တခိခိ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက နာမည်ကောင်း တစ်ခုတော့ မဟုတ်ဘူး။ ဒါပေမဲ့ နာမည်ကို ပြောလိုက်တာနဲ့ လူတွေက ခန့်မှန်းလို့ ရနိုင်တာပဲ"

"ဒါဆိုရင် ခင်ဗျားက နာမည်ပြောင်းလိုက်ပေါ့"

လင်းဟာန်ကလည်း ရယ်မောလိုက်ပါတယ်။

"ထားလိုက်ပါ။ တခြားလူတွေ သိသွားလည်း ငါဂရုမစိုက်ပါဘူး"

အလောင်းကောင်နှစ်က ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

သူတို့နှစ်ယောက် အတိုင်အဖောက်ညီညီနဲ့ ပြောဆိုနေတာကိုကြည့်ရင် အလောင်းကောင်နှစ်က လင်းဟာန်ကို သတ်ဖို့ကြိုးစားပြီး ချောင်းမြောင်းလုပ်ကြံခဲ့တယ် ဆိုတာကို ဘယ်သူကများ တွေးမိမှာလဲ။

Chapter 759 end

Zaw.အပိုင်း(၇၆၇) နှစ်တစ်သောင်း အလောင်းအိုကြီး

"ဒီဂဝတ်ရုံက ခန္ဓာကိုယ်ကို ဖုံးကွယ်ထားနိုင်တဲ့ အာနိသင် ရှိတယ်။ ဟုတ်တယ်မလား"

လင်းဟန်က ပြောလိုက်ပါတယ်။

အလောင်းနှစ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်ပဲ။ ဒါက အကွာအဝေးတစ်ခုအတွင်း အမြင်အာရုံကို ဖြတ်တောက်ပြီး နတ်ဘုရား အာရုံနဲ့ အာရုံခံလို့မရတဲ့ ထူးထူးခြားခြား ရတနာတစ်ခုပဲ။ ဒါက လုပ်ကြံသတ်ဖြတ်ခြင်းနဲ့ စိမ့်ဝင်ထိုးဖောက်မှုအတွက် နတ်ဘုရား ပစ္စည်းတစ်ခုပဲ"

"ရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ရပါတယ်။ ဘာပဲဖြစ်ဖြစ် မင်းက သေရတော့မဲ့ လူတစ်ယောက်ပဲလေ။ ပြီးတော့ ငါ့လက်ထဲမှာ သေရမဲ့ လူတစ်ယောက်ကို ငါ့အနေနဲ့ ရိုသေမှုတော့ ပေးရမှာပေ့ါ"

အလောင်းနှစ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ အလောင်းနှစ် ရှိတယ်ဆိုရင် အလောင်းတစ်ရော ရှိလား"

လင်းဟန်က ပြုံးပြီးတော့ နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

အလောင်းနှစ်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"အလောင်းတစ်တော့ မရှိဘူး။ ဒါပေမဲ့ ငါ့ထက်အဆင့်တစ်ဆင့်စော

နိုးထလာပြီး အသိဉာဏ်ပွင့် နိုးထလာတဲ့ အလောင်းခေါင်းဆောင်လို့ ခေါ်တဲ့ လူတစ်ယောက်တော့ ရှိတယ်”

လင်းဟန်ရဲ့ နှလုံးသားက ချက်ချင်းဆိုသလို ပြင်းပြင်းထန်ထန် တဒုတ်ဒုတ် ခုန်သွားခဲ့ပါတယ်။ အဆင့်တစ်ဆင့်စော နိုးထပြီး အသိဉာဏ်နိုးထလာတယ်။ အဲဒါက ဘာကို ဆိုလိုတာလဲ။ အလောင်းနှစ်က ကျောက်တုံးစိတ်ဂိညာဉ်လိုမျိုး မွေးဖွားလာခဲ့တာ မဟုတ်ပဲ သူ့ခန္ဓာကိုယ်က မရေတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ တည်ရှိခဲ့ပြီး အဲဒီနောက်မှ ရုတ်တရက် အသိဉာဏ် ပိုင်ဆိုင်ပြီး ထူးခြားတဲ့ သက်ရှိအရာတစ်ခု ဖြစ်လာနိုင်တာလား။

အလောင်းနှစ်က ပြုံးလိုက်ပေမဲ့ အပြုံးက ခပ်တောင့်တောင့် ဖြစ်နေပြီးတော့ ကြည့်ရတာ ထူးဆန်းလို့ နေပါတယ်။ သူက ပြောလိုက်ပါတယ်။

“မင်းခန့်မှန်းချက်က မှန်ပါတယ်။ ငါက အစတုန်းက အလောင်းတစ်လောင်းပဲ။ အရင်ဘဝတုန်းက လက်ရွေးစင် တစ်ယောက်ပေါ့။ ဒါပေမဲ့ ငါ့အလောင်းက နှစ်ပေါင်းတစ်သောင်း

ဖြတ်ကျော်လာပြီး ပုပ်သိုးဆွေးမြေ့ခြင်း မရှိခဲ့ဘူး။ နောက်ဆုံးမှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှုကို ရရှိခဲ့ပြီး အသိဉာဏ်အသစ် မွေးဖွားလာခဲ့တယ်”

လင်းဟာန်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူ့အနေနဲ့ ဒီလူက အရမ်းကို အိုနေသလို အရမ်းကို ငယ်နေတယ်ဆိုပြီး ခံစားနေရတာက အံ့သြစရာတော့ မဟုတ်တော့ပါဘူး။ အဖြေက ထွက်ပေါ်လို့ လာခဲ့ပါပြီ။ အိုဟောင်းနေတဲ့ အလောင်းကောင် တစ်ကောင်က စိတ်ဝိညာဉ်အသစ် မွေးဖွားလာပြီးတော့ မိုးကောင်းကင်ကြောင့် ဘဝအသစ်တစ်ခု ပြန်လည်မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။ သေခြင်းနဲ့ ရှင်ခြင်း ပါဝင်နေတာကြောင့် ငယ်ရွယ်ပြီး အိုမင်းနေမှု ပေါ်လွင်ပါတယ်။

“ဒါဆိုရင် အလောင်းခေါင်းဆောင်ကလည်း အတူတူပဲပေါ့”

အလောင်းနှစ်က ခေါင်းညိတ်လိုက်ပြီးတော့ ပြောပါတယ်။

"ဟုတ်တယ်။ အလောင်းခေါင်းဆောင်က ငါ့ထက်ပိုပြီးတော့ သန်မာတယ်။ ဘာဖြစ်လို့လဲဆို သူ့ရဲ့အရိုးစု အလောင်းက ပိုကောင်းလို့ပဲ။ ဒါပေမဲ့လည်း ဒုတိယ ဘဝကို ပြောင်းလဲပြီးတဲ့နောက်မှာ ငါက နောက်တစ်ကြိမ် ကျင့်ကြံအားထုတ်နိုင်ပြီ။ ပြီးတော့ နောက်ပိုင်းမှာ သူ့ကို မရှုံးနိုင်တော့ဘူး"

လပြွတ်။ ဘယ်လို လူထူးလူဆန်းလဲ။ ဒါက အသေကောင် အလောင်းတစ်ခုက ပြန်ပြီးတော့ အသက်ဝင်လာတာပဲ ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က တိုင်းတာလို့ မရနိုင်အောင် အံ့အားသင့်စရာ ကောင်းနေပါလိမ့်မယ်။ အရင်ဘဝတုန်းက လျှို့ဝှက်ဆန်းကြယ် ပညာရပ်တွေကို အသုံးချနိုင်စွမ်း ရှိလိမ့်မလား။ ဒီခန္ဓာကိုယ်ရဲ့ ပိုင်ရှင်က ဒီအလောင်းကို နှစ်ပေါင်းတစ်သောင်း အထိ ပုပ်သိုးဆွေးမြေ့မှု မရှိအောင် လုပ်နိုင်ခဲ့ပြီး အဲဒီဘဝမှာ အရမ်းကို အစွမ်းထက်တဲ့ သက်ရှိတစ်ယောက် ဖြစ်ပါလိမ့်မယ်။ သူတို့ရဲ့ သိုင်းဆန္ဒတွေက သွေးစက်တိုင်း အရိုးတိုင်းမှာ ပေါင်းစည်းနေပါလိမ့်မယ်။

အခုဆို သူတို့ရဲ့ ခန္ဓာကိုယ်က မပျက်စီးပဲ သူတို့ရဲ့ သိုင်းဆန္ဒတွေကို

ပြန်ပြီးတော့ အသက်သွင်း နိုင်မယ်ဆို အံ့အားသင့်စရာ မဟုတ်ဘူးလား။

"အလောင်းတစ်ထောင်ဂိုဏ်းက ငါ့ကို တကယ်ပဲ အထင်ကြီးနေတာပဲ။ ဒီလိုမျိုး အစွမ်းထက်တဲ့ ပုက်ဖဲကို ငါ့သတ်ဖို့အတွက် စေလွှတ်လိုက်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ ပြိုင်ဘက်ဖြစ်သူရဲ့ ခွန်အားက အနည်းဆုံး ကောင်းကင်အဆင့် ကြယ်ငါးလုံးမှာ ရှိပါတယ်။ ပြီးတော့ ဒီလိုမျိုး ခွန်အားက အလောင်းတစ်ထောင်ဂိုဏ်းထဲက ကျွမ်းကျင်သူတွေထဲက ကျွမ်းကျင်သူ တစ်ယောက်အဖြစ် ရေတွက်နိုင်ပါတယ်။ အဲဒီမှာ သူ့ထက် အစွမ်းထက်တဲ့လူ သေချာပေါက် အများကြီး မရှိနိုင်ပါဘူး။

အလောင်းနစ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဘာဖြစ်လို့ ကိုယ့်ပျက်စီးရာ ပျက်စီးကြောင်း

လမ်းကြောင်းဖြစ်တဲ့ နိုင်ငံတော် တစ်ခုကို တည်ထောင်တဲ့ အနောက်ကို လိုက်နေရတာလဲ။ ဒါကို ငါတို့ဂိုဏ်းက လုံးဝကို ခွင့်မပြုထားတဲ့ အရာပဲ”

လင်းဟန်က ရုတ်တရက် အကြံတစ်ခု ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

“အလောင်းတစ်ထောင်းဂိုဏ်းကလည်း နိုင်ငံတော်တစ်ခုကို တည်ထောင်ဖို့ ဆန္ဒရှိနေတာ ဖြစ်နိုင်မလား”

“ဟားဟား ငါတို့ဂိုဏ်းမှာ မရေတွက်နိုင်တဲ့ အလောင်းနိုင်ငံတစ်ခု တည်ထောင်ဖို့ ရည်မှန်းချက်က လျှို့ဝှက်ချက် မဟုတ်ဘူး”

အလောင်းနှစ်က ဘာမှဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်ကို ကြည့်ရတာ တစ်စုံတစ်ခုကို ဖမ်းဆုပ်မိသွားပုံ ရပြီးတော့ ပြောလိုက်ပါတယ်။

"ဖြစ်နိုင်တာက အလောင်းတစ်ထောင်ဂိုဏ်းကလည်း ဒါကို စိတ်ဝင်စားနေတာလား"

လင်းဟန်က လက်ဟန်ခြေဟန်နဲ့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ပုံစံမျိုး လုပ်ပြလိုက်ပါတယ်။

အလောင်းနှစ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ ဒါပေမဲ့ မင်းစဉ်းစားနေတာနဲ့ နည်းနည်းတော့ ကွဲပြားခြားနားတယ်"

မိုးကောင်းကင်ကို ဖွင့်ပြီးတော့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီး တစ်ခုလုံးကို နတ်ဘုရားဘုံဆီ သယ်ဆောင်ပြီး ကုန်းမြေတိုက်ကြီး တစ်ခုလုံးကနေ နတ်ဘုရား နယ်မြေအဆင့်ကို တိုးတက်ပြောင်းလဲ စေမှာ ဖြစ်ပါတယ်။ လင်းဟန်က စိတ်ထဲကနေ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ လူတချို့က

မြေအောက်ကမ္ဘာ ပညာရပ်တွေကို ကျင့်ကြံအားထုတ်ပြီး မြေအောက်ကမ္ဘာကို ဝင်ဖို့ တခြားလေဟာနယ်ကို ချိုးဖြတ်နိုင်ပါတယ်။ အဲဒီနောက် တကယ်လို့ အဲဒီမြေအောက်ကမ္ဘာ ပညာရပ်တွေကို ကျင့်ကြံအားထုတ်တဲ့ လူတွေက မိုးကောင်းကင်ကို ဖွင့်လှစ်မယ်ဆိုရင် ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးက ဘယ်ဘုံကို တက်သွားလိမ့်မလဲ။

မြေအောက်ကမ္ဘာလား။

လပြွတ်ပဲ။ အလောင်းတစ်ထောင်ဂိုဏ်းမှာလည်း အိပ်မက်ကြီးတစ်ခု ရှိနေတာပဲ။

ဒါပေမဲ့လည်း အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လက်ရှိခွန်အားနဲ့ဆိုရင် သူတို့မှာ ဒီလိုမျိုး လုပ်နိုင်တဲ့ အစွမ်းရှိလို့လား။ ဒါက လင်းဟာန်အနေနဲ့ သူတို့ကို အထင်အမြင်သေးတာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ့်ကို ကွာဟချက် ကြီးမားနေလို့ ဖြစ်ပါတယ်။ အင်အားကြီး ဂိုဏ်းငါးဂိုဏ်းက ဘယ်သူဖြစ်ဖြစ် သူတို့တွေကို ရှင်းထုတ်ပစ်နိုင်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းက ဘာဖြစ်လို့ နှစ်ပေါင်းများစွာ အမြီးကုပ်ပြီး ငြိမ်နေမှာလဲ။

အလောင်းနှစ်က အေးအေးဆေးဆေး သူနဲ့အချိန်ယူ စကားပြောနေပြီး သူ့ကိုကြည့်ရတာ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်နဲ့ပ မတူပါဘူး။ သူက မနှေးမမြန် လေသံနဲ့ ပြောလိုက်ပါတယ်။

"မင်းက အချိန်ဆွဲနေတယ် ဆိုတာကို ငါသိပါတယ်။ ဒါပေမဲ့ ငါလည်း အတူတူပဲ။ မင်းက ငါ့ရဲ့ အလောင်းအဆိပ်မိသွားပြီ။ ဒါကို ထုတ်လို့မရနိုင်ဘူး။ ပြီးတော့ ဆိုးလာဖို့ပဲ ရှိတယ်။ ငါပြောပါတယ်။ ငါက လူသေတစ်ယောက်ကို ရှိသေလေးစားမှု ရှိတယ်လို့ ပြောတာပဲဟာ"

လင်းဟာန်က ငုံ့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ ဒဏ်ရာမည်းက မျှော်လင့်ထားတဲ့အတိုင်း ပျံ့နှံ့လာပြီး သူ့ခါးတစ်ခုလုံးနီးပါး

အမည်းရောင်ကို ပြောင်းလုနီးနီး ဖြစ်နေပါတယ်။

ကျူးရှမ်အာက ချက်ချင်းပဲ အော်ဟစ်မိပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းကြောင့် ဒဏ်ရာရ သွားခဲ့တဲ့ လူတွေရဲ့ ရလဒ်က မကောင်းပါဘူး။ သေရင်သေ မသေရင် အလောင်းကောင် စစ်သား ဖြစ်သွားပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"နှစ်ပေါင်းတစ်သောင်း သက်တမ်းရှိတဲ့ အလောင်းအို တစ်ယောက်က မျှော်လင့်ထားသလို အစွမ်းထက်တာပဲ။ ငါ့ရဲ့ စိန်အဆင့် ခန္ဓာကိုယ်က ဒီလိုမျိုး အလောင်းချီကို အလိုအလျောက် နှင်ထုတ်မပစ်နိုင်ဘူး"

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ မိုးကောင်းကင် မှော်စာလိပ်ကို အသက်သွင်းလိုက်ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ချက်ချင်းဆိုသလို ရွှေရောင်တွေ တလက်လက် တောက်ပလာပြီး စစ်ပွဲနတ်ဘုရား

တစ်ပါးအဖြစ်ကို ပြောင်းလဲသွားသလိုမျိုး ဖြစ်နေပါတယ်။

အလောင်းနစ်က သူ့လက်တွေကို အနောက်ဘက်ကို ပစ်ပြီးတော့ ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ သူ့ကိုတားဆီးလိုက်ဖို့ ဆန္ဒလည်း ရှိပုံမပေါ်ပါဘူး။ သူက ဂရုမစိုက်တဲ့ ဟန်နဲ့ ပြောလိုက်ပါတယ်။

"မင်းပြောတာ မှန်တယ်။ ငါက နှစ်ပေါင်းတစ်သောင်း သက်တမ်းရှိတဲ့ အလောင်းအိုကြီး တစ်ယောက်ပဲ။ အနည်းဆုံးတော့ ဒီခန္ဓာကိုယ်က နှစ်ပေါင်းတစ်သောင်း မဟုတ်ဘူး။ နှစ်သောင်းပေါင်းများစွာ ကြာနေပြီ"

သူက ရုတ်တရက် စကားပြောရတာကို စိတ်ဝင်စားလာပုံ ပေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းသိလား အလောင်းကောင်တွေက သစ်ပင်တွေနဲ့ တူပြီးတော့ သူတို့မှာ အလောင်းကွင်းတွေ ရှိတယ်။ ငါ့ခန္ဓာကိုယ်ပေါ်မှာ အနည်းဆုံး အလောင်းကွင်း သုံးသောင်းလောက် ရှိမယ်။ ဟဲဟဲ။

တောင်းပန်ပါတယ်ကွာ။ ငါ့မှာ အလောင်းကွင်းတွေကို ရေတွက်ဖို့ အချိန်မရှိဘူး”

တကယ်လို့ အသက်နဲ့ ပတ်သက်လာရင် ဒီကုန်းမြေတိုက်ကြီးထဲမှာ အဆင့်မြင့်ဆုံး စီနီယာလို့ လေကြွားနိုင်ပါတယ်။ မာထို့ပေါင်နဲ့ တခြားအိပ်ပျော်နေတဲ့ ဘုရင်ရှစ်ပါးတောင်မှ နှစ်ပေါင်း တစ်သောင်း ဒါမှမဟုတ် နှစ်သောင်းလောက် ငယ်ပါဦးမယ်။

“နှစ်ပေါင်းသုံးသောင်းကျော် ငါ့ခန္ဓာကိုယ်က ယန်ဓာတ်လုံးဝ မရှိပဲ ယင်ဓာတ်ချည်း ရှိတဲ့နေရာမှာ တချိန်လုံး နေခဲ့ရပြီး အလောင်းကောင် ချီစွမ်းအင်က မှန်းဆလို့ မရတဲ့အထိ သိပ်သည်းလာ ခဲ့တယ်။ အဲဒီလိုသာ မဟုတ်ရင် ငါက နတ်ဘုရား စိတ်ဝိညာဉ်သစ်ကို မထုတ်နိုင်ပဲ အလောင်းကောင် စစ်သားတစ်ယောက် အဖြစ်နဲ့ပဲ ရှိနေမှာပေါ့”

လင်းဟာန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ရွှေရောင်အလင်းတွေ ဖုံးထားပြီးတော့ သူက ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဘာဖြစ်လို့ အလောင်းတစ်ထောင်ဂိုဏ်းကို ခိုလှုံရတာလဲ။ ခင်ဗျားအစွမ်းနဲ့ဆို ကမ္ဘာအနှံ့ လွတ်လွတ်လပ်လပ် သွားလို့ ရတာပဲ မဟုတ်လား"

"လူတွေမှာ အိပ်မက်ကိုယ်စီ ရှိကြတယ်။ ငါ့အိပ်မက်က အလောင်းတစ်ထောင်ဂိုဏ်းနဲ့ အတူတူပဲ။ ဒါကြောင့် ငါတို့က အမြင်တွေကို မျှဝေကြတယ်။ နောက်ပြီးတော့...."

အလောင်းနစ်က ပြုံးလိုက်ပါတယ်။

"ငါ့အလောင်းခန္ဓာကိုယ်ကလည်း ကျင့်ကြံခြင်း တိုးတက်ဖို့ အလောင်းချီ လိုနေသေးတယ်။ ပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းနဲ့မှ မပူးပေါင်းဘူးဆိုရင် ဘယ်လိုလုပ်ရမှာလဲ"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီး ရွှေရောင်အလင်းတွေက မှေးမှိန်သွားပြီး သူက ပြောလိုက်ပါတယ်။

"နစ်ပေါင်းတစ်သောင်း အလောင်းအိုကြီး တစ်ယောက်က ထင်ထားသလို အဲ့ဩဖို့ ကောင်းတာပဲ။ ဒီလိုမျိုး အလောင်းအဆိပ်ကို ငါမထုတ်ပစ်နိုင်ဘူး"

ဒါက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်က အထင်ကြီးစရာ မကောင်းလို့ မဟုတ်ပါဘူး။ ဒီအလောင်းအိုကြီးက နစ်ပေါင်းသုံးသောင်းကျော် မြုပ်နှံခံထားရပြီး အလောင်းအဆိပ်က အရမ်းကို ပြင်းထန်နေပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် ဒီအလောင်းအဆိပ်ကို တောင့်ခံနိုင်စွမ်း ရှိဖို့ဆိုတာ မသေချာပါဘူး။ နောက်ပြီးတော့ လင်းဟန်ရဲ့ ကျင့်ကြံခြင်းကလည်း အတော်လေးကို နိမ့်နေပါတယ်။ တကယ်လို့ ပြိုင်ဘက်နဲ့ ကျင့်ကြံခြင်း တူညီတယ်ဆိုရင် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်က သေချာပေါက် အစွမ်းပြပါလိမ့်မယ်။

အဲဒီအချိန်မှာပဲ အလောင်းအဆိပ်က လင်းဟန်ရဲ့ ရင်ဘတ်ဆီကို တက်လာခဲ့ပါပြီ။

အလောင်းနစ်က အတော်လေး အံ့အားသင့်နေပြီး

ပြောလိုက်ပါတယ်။

"မင်းရဲ့ အစွမ်းက မဆိုးဘူး။ ပြီးတော့ မင်းကျင့်ကြံတဲ့ ပညာက ပိုပြီးတော့တောင် ကောင်းသေးတယ်။ အလောင်းအဆိပ် ပျံ့တာကို ဒီလိုမျိုး နေရာသေးသေးလေး အဖြစ် လျော့ချပြီး ထိန်းနိုင်စွမ်း ရှိနေတယ်။ တကယ်လို့ တခြား နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက် ဒါမှမဟုတ် တစ်ထောင်ဆိုရင်တောင် သူတို့က အခုဆို အလောင်းကောင် စစ်သားအဖြစ် ပြောင်းသွားလောက်ပြီ"

"ဟူး ဒီလို ပါရမီရှင် တစ်ယောက်။ ငါတကယ်ပဲ မင်းကို သတ်ပစ်ရမှာ အတော်လေးကို မချိတင်ကဲ ဖြစ်မိတယ်။ အလောင်းကောင် စစ်သားတွေက သန်မာတယ်ဆိုပေမဲ့ သူတို့က တကယ်တမ်းတော့ အသိစိတ် မရှိကြဘူး။ ပြီးတော့ သူတို့အစွမ်းကလည်း အကန့်အသတ်နဲ့ပဲ"

သူက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ပါတယ်။

"ခင်ဗျားက ဒီလိုမျိုး ပြောမှတော့ ကျနော်က ခင်ဗျားကို ဘယ်လိုလုပ် စိတ်ပျက်စေရမှာလဲ"

လင်းဟန်က ပြုံးလိုက်ပြီး သူ့ပုံရိပ်က လျှပ်ပြက်သွားပြီး အဲဒီနောက် နောက်တစ်ကြိမ် လျှပ်ပြက်သွားပါတယ်။
မျက်စိတစ်မှိတ်စာထက်တောင် ပိုပြီးတော့ လျင်မြန်ပါတယ်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ပေါ်က အလောင်းအဆိပ်ကတော့ လုံးဝကို အာနိသင် ပြယ်သွားခဲ့ပါတယ်။

သူ့အသားအရည်က ကျောက်စိမ်းလို ကြည်လင်တောက်ပနေပြီး နတ်ဘုရား အလင်းတွေတောင် ထုတ်လွှတ်လို့ နေပါတယ်။

အလောင်းနှစ်ရဲ့ အမှုအရာက လုံးဝကို ပြောင်းလဲသွားပါတယ်။ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။

Chapter 760 end

အပိုင်း(၇၆၁) အစွမ်းထက်တဲ့ အလောင်းနှစ်

အလောင်းနှစ်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစောပိုင်းတုန်းက မင်းရဲ့ခန္ဓာကိုယ်က လျှပ်ပြက်သွားပြီး ငှါနတ်ဘုရား အာရုံအပိုင်းအခြားက ထွက်သွားတဲ့ အချိန်နဲ့ အလောင်းအဆိပ်ကို မင်းဘယ်လိုမျိုး ဖယ်ရှားလိုက်တယ် ဆိုတာက ဆက်စပ်နေလိမ့်မယ်"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အမှန်ပဲ"

"မင်းဘယ်လိုနည်းလမ်းတွေ သုံးလိုက်တာလဲ"

အလောင်းနှစ်ကို ကြည့်ရတာ အရမ်းကို သိချင်စိတ် ပြင်းပြနေပုံ

Edit with WPS Office

ရပါတယ်။

လင်းဟန်က ထူးထူးဆန်းဆန်း ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ခင်ဗျားက ကျနော့်အတွက် အများကြီး ရှင်းပြပေးထားတာကြောင့် ကျနော်လည်း ခင်ဗျားကို အဖြေပြန်ပေးရမှာပေါ့။ ကျနော့်မှာ အလောင်းအဆိပ်ကို ထုတ်ပစ်နိုင်တဲ့ ရတနာတစ်ခု ရှိတယ်။ ဘာမှကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး"

လပွတ်ပဲ။ မနောက်ပါနဲ့။ အလောင်းနစ်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူက အလောင်းအဆိပ်ဆိုကို လင်းဟန်ရဲ့ ခွန်အားနဲ့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူးဆိုတာကို ကောင်းကောင်းကြီး သိပါတယ်။ ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ ဘယ်မှော်ဆေးလုံးကများ အလောင်းအဆိပ်ကို ပြေစေနိုင်လို့လဲ။ ဘာဖြစ်လို့လဲဆို သူ့အရင်ဘဝတုန်းက သူက ကမ္ဘာကြီးရဲ့ အသန်မာဆုံး သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ နစ်ပေါင်းသုံးသောင်းကျော် အလောင်းအဆိပ်ကို ဖြစ်ပေါ်စေခဲ့ပြီး လက်ရှိမှာ ရှိနေတဲ့ စိတ်ဝိညာဉ် ဆေးပင် အမျိုးအစား အားလုံးထက်

Edit with WPS Office

သာလွန်ပါတယ်။

ကောင်းကင်အဆင့် လူတစ်ယောက်က စကြာဂဠာ
ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်နဲ့ မျက်နှာခြင်း
ဆိုင်ရသလိုမျိုးနဲ့တူပါတယ်။ ဒါက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

အကောင်းဆုံးက လင်းဟန် အစောပိုင်းတုန်းက လုပ်သလိုမျိုး
အဆိပ်ပျံ့မှုကို နှေးကွေးစေတာပဲ ဖြစ်လို့ ရပါမယ်။ ဒါပေမဲ့
အခုတော့ အလောင်းအဆိပ်က လုံးဂကို အာနိသင် ပျက်ပြယ်သွားခဲ့
ပါတယ်။ သူ့အနေနဲ့ လုံးဂကို နားမလည်နိုင်သလို
လက်မခံနိုင်အောင်လည်း ဖြစ်နေပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ဘယ်ရတနာကများ နှစ်ပေါင်းသုံးသောင်းကျော်
အလောင်းအဆိပ်ကို ဖြေရှင်းနိုင်မှာလဲ။

Edit with WPS Office

လင်းဟန်က လက်သီးဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ အငြင်းအခုံက ပြီးသွားပြီ။ ခင်ဗျားက ကျုပ်ကို အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လျှို့ဝှက်ချက်ကို မပြောပြနိုင်ဘူး။ ပြီးတော့ ကျုပ်ကလည်း ခင်ဗျားကို ကျုပ်ရဲ့ဝှက်ဖဲကို မပြောပြနိုင်ဘူး။ ဒါကြောင့် ဘာမှဆက်ပြီးတော့ ပြောနေစရာ မလိုတော့ဘူး။ လက်သီးတွေ ခြေကန်ချက်တွေကပဲ အမှန်တရားကို ထုတ်ဖော်နိုင်လိမ့်မယ်"

အလောင်းနစ်က ထူးဆန်းစွာ ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ငါမင်းကို သတ်ပြီးတော့ အလောင်းကောင် စစ်သားအဖြစ်ကို ပြောင်းလဲလိုက်တဲ့ အချိန်ကျရင် မင်းရဲ့ လျှို့ဝှက်ချက်တွေ ထွက်ပေါ်လာအောင်လို့ ငါလုပ်နိုင်မယ်ဆိုတာ သေချာတယ်။ မင်းသိလား။ အလောင်းကောင် စစ်သား တစ်ယောက် ဖြစ်လာတဲ့ အချိန်ကျရင် မှတ်ဉာဏ်တွေက ရှိနေလိမ့်ဦးမယ်။ ဒါပေမဲ့ မကြာခင်မှာတော့ ပျောက်ကွယ်သွားမှာပေါ့"

Edit with WPS Office

သူ့ပုံစံက ကျောင်းတော်သား တစ်ယောက်နဲ့ တူပြီးတော့ မကောင်းဆိုးဝါးဆန်တဲ့ အလောင်းကောင်နဲ့ မတူပါဘူး။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားမှာ အခွင့်အရေး မရှိနိုင်ဘူး"

သူ့မှာ ဝှက်ဖဲတွေ အများကြီး ရှိပါတယ်။ တကယ်လို့ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂျက်ပါကို အသက်မသွင်းနိုင်ဘူး ဆိုရင်တောင် အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုနဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းအားကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ တစ်ဟုန်ထိုး မြင့်တက်သွားစေ နိုင်ပါတယ်။ ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ကို လက်တစ်ဖက်ကို မြှောက်လိုက်ရုံနဲ့ အမြစ်ပြတ် သုတ်သင်ပစ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူက အခုချိန်မှာ စွမ်းအားမြှင့်တင်မှု အခွင့်အရေးကို အသုံးမပြုချင်သေးပါဘူး။ ဒါက အဓိက အချိန်မျိုးမှာပဲ အသုံးပြုရပါမယ်။

Edit with WPS Office

အလောင်းနှစ်လည်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဘယ်သူက ပိုပြီးတော့ သန်မာလဲ ဆိုတာကို ကြည့်ကြတာပေါ့"

လင်းဟန်က မာန်သွင်းလိုက်ပြီးတော့ လက်ဦးမှ ရယူကာ တိုက်ခိုက်လိုက်ပါတယ်။

အစောပိုင်းတုန်းက သူက လုပ်ကြံတိုက်ခိုက် ခံရပါတယ်။ ပြီးတော့ တကယ်လို့ အနက်ရောင် မျှော်စင်သာ ရှိမနေဘူးဆိုရင် သူက သေချာပေါက် အလောင်းကောင် စစ်သားတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။ ဒီအတွေ့အကြုံက သူ့ကို ဒေါသထွက်စေပါတယ်။ ပြီးတော့ သူက နောက်ပိုင်းမှာ ဘယ်လိုအခြေအနေမျိုးမှာမဆို အမှုမဲ့ အမှတ်မဲ့ မနေနိုင်တော့ပါဘူး။ ငရဲတံခါးဂကို လမ်းလျှောက်နေရသလိုမျိုး

Edit with WPS Office

သတိထားနေမှ ဖြစ်ပါလိမ့်မယ်။ ဒါက သူ့ရဲ့ဒေါသတွေကို တစ်ဟုန်ထိုး ပေါက်ကွဲစေပါတယ်။

သူပြောသလိုပဲ အခြင်းအခုံလုပ်နေတာက ပြီးဆုံးသွားပါပြီ။ သူဘာကိုလိုချင်လဲ ဆိုတာကို သူသိပါတယ်။ တိုက်ပွဲ စတင်လို့ နေပါပြီ။

အလောင်းနှစ်က မကြောက်မရွံ့နဲ့ သူ့လက်သီးတွေနဲ့ ဆီးကြိုပြီး တိုက်ခိုက်လိုက်ပါတယ်။

အစပိုင်းမှာ သူတို့နှစ်ယောက်က ပြိုင်ဘက်ဖြစ်သူရဲ့ အစစ်အမှန် ခွန်အားကို မသိရသေးခင် အရမ်းကို သတိထားနေခဲ့ ကြပါတယ်။ ဘယ်သူကမှ မဆင်မခြင်နဲ့ တစ်ဟုန်ထိုး မတိုက်ခိုက် ဝံ့ကြပါဘူး။ ဒါပေမဲ့လည်း သူတို့တွေ တိုက်ခိုက်နေရင်း သူတို့အသုံးပြုတဲ့ တိုက်ပွဲစွမ်းရည်တွေက တိုးလာခဲ့ပါတယ်။

လင်းဟန်က သူ့လက်တွေကို ထိလိုက်ပြီး ရွှေရောင်အလင်းတန်းက

Edit with WPS Office

ချက်ချင်းဆိုသလို ပျံ့နှံ့လာ ခဲ့ပါတယ်။ သူက မြေကျွှမ်းမှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို အသက်သွင်းလိုက်တာ ဖြစ်ပါတယ်။ လက်ရှိသူ့ရဲ့ မူလစွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရယ် မြေကျွှမ်းမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်ကိုပါ ထည့်ပေါင်းလိုက်မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့် အထိကို သိသိသာသာ ထိုးတက်သွားခဲ့ပါတယ်။

"နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ အဆင့်အတားအဆီးကို ချိုးဖျက်နိုင်တယ်။ မင်းက တကယ်ပဲ အထင်ကြီးစရာ ကောင်းတယ်"

အလောင်းနစ်ရဲ့ တိုက်ခိုက်မှုတိုင်းက တောင်ကြီးတစ်လုံးလို လေးလံတယ် ဆိုပေမဲ့ သူက အမူအရာ ကင်းမဲ့နေပြီး သူ့မျက်နှာပေါ်က ကြွက်သားတွေကို ထိန်းချုပ်တဲ့ နေရာမှာ ကောင်းမွန်ပုံ မရှိသလိုပါပဲ၊ တကယ်တော့ သူက ပြန်မွေးဖွားလာကာစပဲ ရှိပါတယ်။

Edit with WPS Office

"ကျုပ်က ခင်ဗျားကို သတ်လိုက်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို သတ်မယ် ဟုတ်လား"

အလောင်းနစ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဒီလိုမျိုး ယုံကြည်မှုတွေကို မင်းဘယ်ကနေ ရတာလဲ။ ကိစ္စမရှိပါဘူး။ မင်းကို ငါ့ရဲ့ အစစ်အမှန် တိုက်ပွဲစွမ်းရည်ကို ပြပေးရမှာပေါ့"

သူက နာခေါင်းရှုံ့လိုက်ပြီး သူ့လက်သီးတွေကနေ အရိုးချွန်တွေ ပေါက်လာခဲ့ပါတယ်။

လင်းဟာန်ရဲ့ စိတ်ထဲမှာ ရုတ်ချည်းဆိုသလို အေးစိမ့်စိမ့်

Edit with WPS Office

ခံစားလိုက်ရပါတယ်။ အစောပိုင်းတုန်းက သူက ဒီအရိုးချွန်တွေရဲ့ ထိုးဖောက်မှုကို ခံခဲ့ရတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒါကြောင့်ပဲ သူက အလောင်းအဆိပ် မိသွားခဲ့တာ ဖြစ်ပါတယ်။

ဒါကို လျော့တွက်လို့တော့ မရနိုင်ပါဘူး။

သူက မူလစွမ်းအင်နဲ့ သူ့လက်တွေကို ဝိုင်းပတ်လိုက်ပြီး မြေကမ္ဘာမှောက်လှန် ပိတ်ဆို့ခြင်း စွမ်းအားကို ထုတ်ဖော်လိုက်ပါတယ်။ ကောင်းကင်တစ်ခုလုံး ရွှေရောင်အလင်းတွေ ပြည့်နှက်နေပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းကာ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပိုပြီးတော့ တိုးလာခဲ့ပြီး ကောင်းကင်အဆင့် ကြယ်နှစ်လုံးထိ ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အဆင့်ကြီး တစ်ဆင့်ကို ဖြတ်ကျော်ပြီးတဲ့ နောက်မှာတော့ တိုက်ပွဲစွမ်းရည် ကြယ်တစ်လုံး တိုးလာဖို့ဆိုတာ အရမ်းကို ခက်ခဲ့ပါတယ်။ ပြီးတော့ တကယ်လို့ သူက လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို နောက်တစ်ခု ပိုပြီးတော့ အသက်သွင်းလိုက်မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်တစ်လုံးပဲ ထပ်ပြီးတော့ တိုးလာပါလိမ့်မယ်။

Edit with WPS Office

အလောင်းနှစ်က လက်သီးထိုးချက်တွေကို မိုးစက်မိုးပေါက် ကျလာသလိုမျိုး ထုတ်ဖော်လိုက်ပြီး လင်းဟန်နဲ့ အနီးကပ် တိုက်ခိုက်ရမှာကို ဂရုမစိုက်ပါဘူး။

သူ့မှာ တကယ်ပဲ စွမ်းဆောင်နိုင်ရည် ရှိပါတယ်။

အလောင်းအရိုးတွေက နှစ်ပေါင်းသုံးသောင်းကျော်တဲ့အထိ မကျိုးမပဲ့ မပျက်စီးခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယန်ဓာတ်မရှိပဲ ယင်ဓာတ်ချည်း ရှိတဲ့နေရာမှာ နေခဲ့ရတာကြောင့် ဖြစ်ပါတယ်။ သူက သေချာပေါက် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက်လည်း ဖြစ်ပါလိမ့်မယ်။ ဒါက သူ့အရိုးတွေကို နှစ်ပေါင်းတစ်သောင်း အချိန်ကာလရဲ့ တိုက်စားမှုဒဏ်ကို ခံနိုင်ရည် ရှိစေခဲ့တာပါ။

ဒါကြောင့် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အထင်ကြီးစရာ ကောင်းပြီးတော့ အနီးကပ် တိုက်ခိုက်မှုတွေကို မကြောက်တာပဲ

Edit with WPS Office

ဖြစ်ပါတယ်။

လင်းဟန်က အချိန်တော်တော်ကြာအောင် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခဲ့ပြီး အလောင်းနှစ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောမှုမှာ သူ့ထက်သာတယ် ဆိုတာကို နားလည်သွား ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်။

ဒါက လင်းဟန် လှည့်ဖျားနိုင်တာထက် သာလွန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလောင်းနှစ်က သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သူအသက်ရှင်တုန်းက ဒီအဆင့်ထိ ကျင့်ကြံအားထုတ်ခဲ့ပုံ ရပါတယ်။ ဒီဘဝမှာ အလောင်းနှစ်က အသိဉာဏ်ကို ရရှိခဲ့ပြီး တကယ်လို့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အဆင့်မှာပဲ ရှိနေမယ် ဆိုရင်တောင် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ဆိုတာ တစ်ရာရာခိုင်နှုန်း သေချာပါတယ်။

Edit with WPS Office

ဒါပေါ့။ ဒါက ကျောက်တုံးထဲမှာ နှစ်မြှုပ်ထားသလိုပါပဲ၊ နောက်ပိုင်းမှာ မတိုးတက်နိုင်တော့ပါဘူး။ အလောင်းနှစ် အနေနဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိပြီး ကံထူးမှ တစ်ခုကို ကြုံတွေ့မှသာ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အနာဂတ်မှာ နောက်တစ်ဆင့် တိုးလာပါ လိမ့်မယ်။

ဒါပေမဲ့ အလုပ်ထက် အပြောက လွယ်ပါတယ်။ အနည်းဆုံး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ် ကျင့်စဉ်ကလွဲပြီး တခြားပညာရပ်တွေက ဒီလိုမျိုး လုပ်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟာန်က တိတ်တိတ်ဆိတ်ဆိတ်နဲ့ နတ်ဆိုးသင်္ကေတတွေကို အသက်သွင်းလိုက်ပါတယ်။ မင်းပဲ အစွမ်းထက်တာလား။ ဒါဆိုရင် ဒါကိုမြည်းကြည့်လိုက်စမ်း။

ထန်။

မြေကျွန်းမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်က အလောင်းကောင်ရဲ့ လက်သီးနဲ့ တိုက်မိသွားပြီး ငေါထွက်နေတဲ့ အရိုးချွန်တစ်ခု

Edit with WPS Office

ပျက်စီးသွားပါတယ်။

"ဟင်"

အလောင်းနှစ်က အံ့အားသင့် သွားခဲ့ပါတယ်။ အရိုးချွန်တွေက ရှည်ထွက်ပြီး မာကျောမှုနဲ့ ပတ်သက်ရင် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အောက် မနိမ့်ကျပါဘူး။ ဒါပေမဲ့ တစ်ချက်တည်း ထိလိုက်တာနဲ့ ကျိုးသွားတယ်ဆိုတာကတော့ သူ့အနေနဲ့ လက်ခံနိုင်ဖို့ အတော်လေး ခဲယဉ်းပါတယ်။

သူက လင်းဟန်ရဲ့ ဘယ်ဘက်လက်ကို စိုက်ကြည့်လိုက်ပြီး သူမျက်လုံးတွေထဲမှာ အနက်ရောင် အလင်းတန်းတွေ တလက်လက် တောက်ပသွားသလိုပါပဲ။ ခဏအကြာ သူက မျက်မှောင်ကို ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"စည်းမျဉ်းဥပဒေရဲ့ စွမ်းအားလား။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတယ်။

Edit with WPS Office

ဒါကြောင့် ဘယ်လိုလုပ်ပြီး မင်းက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ကျင့်ကြံအားထုတ် နိုင်မှာလဲ”

“ခင်ဗျားလည်း စည်းမျဉ်းဥပဒေရဲ့ စွမ်းအား အကြောင်းကို သိနေတာပဲလား”

လင်းဟန်က စကားနိုက်ဖို့ ကြိုးစားလိုက်ပါတယ်။ ဒီစိတ်ကြီးဝင်နေတဲ့ အလောင်းကောင်က အမြဲတမ်း တည်တည်ကြည်ကြည်နဲ့ စကားပြောနေပြီး ဒီဟာနဲ့ ပတ်သက်ပြီး သူ့ကို နားမလည်နိုင် ဖြစ်စေပါတယ်။

အလောင်းနစ်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ပြီးတဲ့ နောက်ကျမှ လူတစ်ယောက်က စည်းမျဉ်းဥပဒေရဲ့ စွမ်းအားနဲ့ ထိတွေ့နိုင်မယ်။ ဖြစ်နိုင်တာက မင်းဟာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တစ်ယောက်

Edit with WPS Office

ပြန်လည်မွေးဖွားလာတဲ့ လူများလား”

ဒီလိုလား။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူ့အမူအရာက လုံးဝကို မပြောင်းလဲပဲ အလောင်းနှစ်ကို စိုက်ကြည့်လိုက်ပြီး သူ့ကို သတင်းနိုက်ဖို့ ကြံစည်နေတာ သိနေတဲ့ ပုံစံမျိုး ဟန်ဆောင်နေလိုက်ပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ခင်ဗျားအသက်ရှင်တုန်းကလည်း အရမ်းကို အစွမ်းထက်တာပဲ။ ဒါတောင် စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ခင်ဗျား အသုံးမပြုနိုင်ဘူးလား”

အလောင်းနှစ်က ရှုသိုးသိုး ဖြစ်သွားပါတယ်။ သူက ခန္ဓာကိုယ်ရဲ့ မာကျောမှုကိုပဲ အမွေဆက်ခံ ခဲ့တာပါ။ ပြီးတော့ အရင်ဘဝတုန်းက သိုင်းဆန္ဒကို ပိုင်ဆိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါမှမဟုတ် သူက မွေးဖွားလာတာနဲ့ ဒီကမ္ဘာကြီးထဲမှာ အသန်မာဆုံး ဖြစ်လာပါမယ်။

Edit with WPS Office

သူက သိုင်းပညာရပ် အဆင့်တွေကို တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းနေရပါသေးတယ်။ ပြီးတော့ ကောင်းကင်အဆင့်ကို တက်ဖို့က နှစ်ပေါင်းနှစ်ဆယ်လောက်လိုမှာဖြစ်ပြီး မယုံနိုင်စရာ အံ့သြဖွယ်ကောင်းတဲ့ အရာတစ်ခု ဖြစ်ပါလိမ့်မယ်။ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို အမြင့်ဆုံးထိ တည်ဆောက်ပြီးမှ အဆင့်ပေါင်းတွေကို ပြန်လျှောက်ရပါမယ်။ ပြီးတော့ သေချာပေါက် အဆင့်တက်တဲ့ အချိန်မှာ တစ်ဆို့ခြင်းတွေ ရှိမှာ မဟုတ်ပါဘူး။ အဆင့်တိုင်းမှာ အရမ်းကို ပြီးပြည့်စုံတဲ့အထိ ကျင့်ကြံအားထုတ် နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကတော့ သူ့အနေနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ဖို့လိုအပ်ပါတယ်။ ပြီးတော့ အလွှာကိုးအထိ အဆင့်တက်ပြီး နောက်ပိုင်းမှပဲ နောက်တစ်ကြိမ် ပြန်ကျင့်ကြံအားထုတ်ဖို့ အရည်အချင်း ပြည့်မီပါမယ်။ အဲဒါက ခန္ဓာကိုယ်နဲ့ ဘာမှမဆိုင်ပါဘူး။ ကောင်းကင်တာအိုကို နားလည်သဘောပေါက်နိုင်စွမ်းနဲ့ပဲ ဆိုင်ပါတယ်။

Edit with WPS Office

ဒါကြောင့် သူ့အနေနဲ့ လင်းဟန်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ပြန်လည်မွေးဖွားလာတာလို့ သုံးသပ်ရခြင်း ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး လင်းဟန်က စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ဖမ်းဆုပ်နိုင်မှာလဲ။

"ဒါဆိုရင် ခင်ဗျား မတတ်နိုင်ဘူးပေါ့"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဒီရေလှိုင်းလုံးတွေအလား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးရောက်မှ အသုံးပြုနိုင်ပါလိမ့်မယ်။ အခု သူက အရမ်းကို မိုက်နေပါပြီ။

Chapter 761 end

အပိုင်း(၇၆၂) အရိုးဖြူတူ

"ဟင့် မင်းက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားနည်းနည်းကို

Edit with WPS Office

ဖမ်းဆုပ်မိတာကြောင့်ပဲ သဘာဝ တရားကို ဆန့်ကျင်နိုင်ပြီလို့ မထင်လိုက်နဲ့ဦး"

အလောင်းနှစ်က သရော်ပြုံးပြုံးလိုက်ပါတယ်။ သူက သူ့ညာဘက်လက်မောင်းကို ပြေ့ယမ်းလိုက်ပြီး အရိုးဖြူတူတစ်လက်က သူ့လက်ထဲမှာ ပေါ်လာခဲ့ပါတယ်။ ဒါက အကြမ်းဖျင်း တစ်မီတာလောက် ရှည်ပြီးတော့ ရွှေရောင်သင်္ကေတတွေ ဖုံးလွှမ်းနေပါတယ်။ ဒါပေမဲ့ အနီးကပ် ကြည့်မယ်ဆိုရင် သင်္ကေတ တချို့က အနက်ရောင်ကို ပြောင်းသွားတယ်ဆိုတာ ပြောနိုင်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သတိထားနေပါတယ်။ ပြီးတော့ အလျင်အမြန်ပဲ လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး အနောက်ကို မြန်မြန်ဆုတ်လိုက်ပါတယ်။ သူက မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"သေစမ်း။ ခင်ဗျားက တကယ်ပဲ ခင်ဗျားရဲ့ ပေါင်ရိုးကို ထုတ်ပြီးတော့ လက်နက်တစ်ခု အဖြစ် အသုံးပြုတယ်။ ကျုပ်

Edit with WPS Office

ခင်ဗျားကို အောချမိပါရဲ့.”

ဒါက လူ့ပေါင်ရိုးတစ်ချောင်း ဖြစ်ပါတယ်။ သူ့ရဲ့အစွမ်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ အလောင်းနစ်ကိုယ်တိုင် ပါဂင်နေသလိုပါပဲ။ ဘာကြောင့်လဲဆိုရင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ပူးပေါင်းထားတဲ့ အရာတစ်ခုကို ရှာဖွေဖို့ အရမ်းကို ခက်ခဲပါတယ်။ တချိန်တည်းမှာ အခြေအနေ နစ်ခုလုံး အားရကျေနပ်စရာက သနားစရာကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။

အလောင်းနစ်က အရိုးဖြူတူကို လက်ထဲမှာ ကိုင်ပြီးတော့ ဟိတ်ကြီးဟန်ကြီးနဲ့ မတ်တပ်ရပ် လိုက်ပြီး ပြောပါတယ်။

“ဟုတ်တယ်။ ဒါက ငါ့အရင်ဘဂတုန်းက ငါ့ခန္ဓာကိုယ်ကနေ ဆွဲထုတ်ထားတဲ့ ပေါင်ရိုးကို သန့်စင်ထားတာပဲ။ စိတ်ဝိညာဉ် ပစ္စည်းရဲ့ စကားအရဆိုရင် လူတစ်ယောက်ရဲ့ ကိုယ်ပိုင် ခန္ဓာကိုယ်ရဲ့ တစ်စိတ်တစ်ပိုင်းကနေ သန့်စင်ထားတဲ့ တစ်စုံတစ်ခုထက် ပိုပြီးတော့ အသုံးတည့်တဲ့ ပစ္စည်းမျိုး

Edit with WPS Office

ရှိသေးလို့လား”

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ ခင်ဗျားကိုယ်တိုင် ပြောမှတော့ ကျုပ်လည်း ဘာမှပြောစရာ မရှိတော့ဘူး။ ဟူး။ စကားကို ဘယ်လိုပြောသင့်လဲ ဆိုတာကို မသိဘူးလား။ ဒါက ကျုပ်ခံစားချက်တွေကို တကယ်ပဲ ထိခိုက်စေတယ်”

“လေပေါ်မနေနဲ့ကွ”

အလောင်းနှစ်က အဖြူရောင်အရိုးတူကို ပွေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ အရိုးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလ္လာကိုးမှာ ရှိပြီး ဒီလက်ရွေးစင်ရဲ့ သိုင်းဆန္ဒတွေနဲ့ ပြည့်ဝနေပါတယ်။ ပြီးတော့ တကယ်လို့ သူသာ ဒီအရိုးဖြူတူနဲ့ တစ်ချက်လောက် အရိုက်ခံလိုက်ရရင် ဇာတ်သိမ်းမလှ ဖြစ်သွားပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က စည်းမျဉ်းဥပဒေရဲ့ စွမ်းအားနည်းနည်းကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ သူ့အနေနဲ့ ဒီအရိုးဖြူတူကို ထိပ်တိုက်ရင်ဆိုင် လက်ခံဖို့ မပွံ့ရဲပါဘူး။ ပြီးတော့ အလောင်းနစ်က စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို မထုတ်ဖော်နိုင်ပေမဲ့ သူ့အရိုးတွေ ကိုယ်တိုင်မှာတော့ စည်းမျဉ်း ဥပဒေရဲ့ စွမ်းအားတွေ ပါရှိကောင်း ပါနိုင်ပါတယ်။ တကယ်တမ်းတော့ သူက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် အလ္ဘာကိုးကို တစ်ကြိမ်ရောက်ခဲ့ဖူးပြီး ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ကို ခန့်မှန်းလို့ မရနိုင်ပါဘူး။

"ငါ ဒီအရိုးကို အပြည့်အဝ သန့်စင်ပြီးတဲ့ အချိန်ကျရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေကိုတောင် သတ်ပစ်နိုင်လိမ့်မယ်"

အလောင်းနစ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အရိုးဖြူတူပေါ်က အနက်ရောင် မျဉ်းကြောင်းဆီကို

Edit with WPS Office

ကြည့်လိုက်ပါတယ်။ ဒါက အလောင်းနှစ်ရဲ့ ကျင့်ကြံမှု လမ်းကြောင်း ဖြစ်သင့်ပါတယ်။ သူက အခုဆို အလောင်းတစ်ကောင် လမ်းကြောင်းကို ကျင့်ကြံအားထုတ်ပြီး သူကျင့်ကြံတဲ့ ပညာရပ်တွေကလည်း လုံးဝကို ကွဲပြားခြားနားပါတယ်။ ဒါပေမဲ့ ခန္ဓာကိုယ်ကတော့ အတူတူပဲ ဖြစ်ပါတယ်။ အရိုးဖြူတူကို သူ့အနေနဲ့ ဆန့်ကျင်နိုင်မှာ မဟုတ်ပါဘူး။

ရွှေရောင်သင်္ကေတတွေ အားလုံးက အနက်ရောင် အဖြစ်ကို ပြောင်းလဲသွားတဲ့ အချိန်မှာ အလောင်းနှစ်က အရိုးတူကို အပြည့်အဝ မဖမ်းဆုပ်ပဲ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးရဲ့ စွမ်းအားကို ထုတ်ဖော်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။

ဒင်။

Edit with WPS Office

လင်းဟန်က သူ့ရဲ့ဓားနဲ့ အရိုးဖြူတူကို ခတ်ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကိုယ့်ကိုကိုယ် အရမ်းကြီး အထင်ကြီးမနေနဲ့ဦး။ ခင်ဗျားတစ်ယောက်ပဲ ကမ္ဘာကြီးထဲမှာ ရတနာတွေနဲ့ ကံကြမ္မာကောင်းကို ပိုင်ဆိုင်ထားတာ မဟုတ်ဘူး"

ဒါပေါ့။ လင်းဟန်ရဲ့ လက်ထဲက ဓားက မရဏဓားပဲ ဖြစ်ပါတယ်။

ဂုမ်း။

အရိုးဖြူတူ အပေါ်မှာ သင်္ကေတ တစ်ခုက အသက်ဝင်လာပြီး မရဏဓားလည်း အတူတူပါပဲ။ ချက်ချင်းဆိုသလို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် တည်ရှိမှုက တုန်ခါလာပြီး လေဟာနယ်ကို တည်ငြိမ်မှုမရှိအောင် ဖြစ်စေပြီးတော့ ချက်ချင်းဆိုသလို လေထဲမှာ အက်ကွဲကြောင်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

ဒါက အကြီးကျယ်ဆုံး အဆင့်ရဲ့ ထိပ်တိုက်ရင်ဆိုင်တွေမှု တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟာန်နဲ့ အလောင်းနှစ်တို့ နှစ်ယောက်စလုံး တပြိုင်နက်တည်း နောက်ဆုတ်လိုက် ရပါတယ်။ သူတို့နှစ်ယောက်လုံးရဲ့ လက်ထဲမှာ ကြီးကျယ်ခမ်းနားတဲ့ လက်နက်တစ်ခုစီ ကိုင်ထားပြီး ဒါက အရမ်းကို အစွမ်းထက်ပြီး သူတို့ရဲ့ အဆင့်တွေထက် သာလွန်ပါတယ်။ ဒါကြောင့် သူတို့က သိသိသာသာ စိုးရိမ်ပူပန်လာခဲ့ပါတယ်။

"ဂင်္ဂါပါတွေ ပေါင်းထားတဲ့ ဓားတစ်လက်လား"

အလောင်းနှစ်ရဲ့ အမြော်အမြင်က တကယ့်ကို ကောင်းမွန်ပါတယ်။ သူက မရဏဓားကို ခဏကြာ စိုက်ကြည့်လိုက်ပါတယ်။

"မင်းရဲ့ ကံကောင်းမှုက တကယ့်ကို အံ့အားသင့်စရာကောင်းပြီးတော့ ရတနာကောင်းတွေကို မင်းရထားတာပဲ"

Edit with WPS Office

လင်းဟန်က သူရဲ့ခြားရှည်ကို ပွေ့ယမ်းလိုက်ပြီးတော့ ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

"ကျုပ်ရဲ့ အံ့မခန်း ကံကောင်းမှုအတွက် ဘာမှမတတ်နိုင်ဘူး"

"ဒီလိုမျိုး မွေးဖွာရာ ကံဇာတာက ထိပ်ဆုံးမှာ ရောက်နေတယ်ဆိုရင် ဘုရင်တွေလိုမျိုး တက်ရောက်နိုင်စွမ်း ရှိလိမ့်မယ်"

အလောင်းနှစ်ရဲ့ အမူအရာက ခက်ထန်လာခဲ့ပါတယ်။

"ငါ့မင်းကို အသက်ရှင်လျက်ထားလို့ မဖြစ်ဘူး"

"ခင်ဗျားကြိုက်သလို ပြောနိုင်တယ်။ ဒီနေရာမှာတော့ ကျုပ်ကို သတ်လို့ ရမှာ မဟုတ်ဘူး"

Edit with WPS Office

လင်းဟန်က ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါတယ်။

"လာ လာလာ။ တိုက်ကွက်ပေါင်း သုံးရာလောက် တိုက်ကြတာပေါ့။ ကျုပ် ခင်ဗျားကို မကြောက်ဘူး"

အလောင်းနစ်က အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူက ပိုပြီးတော့ ယုံကြည်မှု ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေနဲ့ ကြုံတွေ့ခဲ့ရင်တောင် ကြောက်နေစရာ မလိုပါဘူး။ သူ့ရဲ့အရိုးတူကို ဝှေ့ယမ်းပြီးတော့ ကြောက်မက်ဖွယ်ရာ လေပြင်းတစ်ခုက ဝေ့လည်လာပြီး တောင်တွေကို ပြိုလဲပြီး မြစ်တွေကို ဖြတ်တောက်ပစ်နိုင်လောက်တဲ့အထိ ကြောက်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က ကျူးရွှမ်အာနဲ့ တခြားလူတွေကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပြီး ဒီလိုမျိုး တိုက်ခိုက်မှုကြောင့် ထိခိုက်ခံစားမှုကနေ ရှောင်လွှဲနိုင်ဖို့ ဖြစ်ပါတယ်။ အဲဒီလိုမှ

Edit with WPS Office

မဟုတ်ဘူးဆိုရင် သူတို့တွေ တော်တော်များများ သေချာပေါက် သေရပါလိမ့်မယ်။

သူက ဒီတိုက်ခိုက်မှုကို တားဆီးနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆို သူ့လက်ထဲမှာ မရဏဓား ရှိနေပြီး ကြီးကျယ်ခမ်းနားတဲ့ စွမ်းအားကို ထုတ်ဖော်နိုင်ပြီးတော့ အရိုးဖြူတူရဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ဟန့်တားနိုင်ပါတယ်။

အခု သူတို့နှစ်ယောက်က သူတို့ကိုယ်ပိုင် ခွန်အားတွေနဲ့ ယှဉ်ပြိုင်နေတာ မဟုတ်ပါဘူး။ သူတို့လက်ထဲက ရတနာလက်နက်တွေကို ထိန်းချုပ်ပြီး တိုက်ခိုက်နေကြတာ ဖြစ်ပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း။

သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတာကြောင့် မြေပြင်က တုန်ခါပြီး တောင်တွေက ယိမ်းထိုးနေပါတယ်။ ဒါက

Edit with WPS Office

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။
ပြီးတော့ ကြယ်တာရာတွေကို လှုပ်ခါနိုင်စွမ်း မရှိပေမဲ့ ဖျက်ဆီးခြင်း
စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေဆဲပါပဲ။

နေ့တစ်ဝက်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့
ခွန်အားတွေက ပြင်းပြင်းထန်ထန် ဆုံးရှုံးလာခဲ့ပါတယ်။ ဒီအချိန်မှာပဲ
လင်းဟာန်ရဲ့ထူးဆန်းမှုကို အပြည့်အဝ ထုတ်ဖော်လာခဲ့ ပါတယ်။

သူက မှော်ဆေးဘေးရာဇ် ဖြစ်ပါတယ်။

မှော်ဆေးလုံး၊ မှော်ဆေးလုံးတွေကို တစ်ခုပြီးတစ်ခု ထုတ်သုံးနေပြီး
သူက မရပ်မနားနဲ့ကို စားနေပါတယ်။

မှော်ဆေးလုံး အနည်းငယ်က သူ့အစာအိမ်ထဲကို ရောက်သွားတဲ့
အခါမှာ သူ့ရဲ့မူလစွမ်းအင်က ချက်ချင်းဆိုသလို
ပြန်လည်ပြည့်ဝလာခဲ့ပြီး သူ့ရဲ့ အထွတ်အထိပ် အဆင့်ကို
ပြန်ရောက်ရှိ သွားခဲ့ပါတယ်။

Edit with WPS Office

ဒါက စိတ်ဂိုညာဉ် ဆေးတွေရဲ့ အာနိသင်ကြောင့်ပဲ မဟုတ်ပါဘူး။ သူက အရင်တုန်းက အာဟာရ အရမ်းကို ပြည့်ဝတဲ့ ဆေးတွေအများကြီး စားခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီက အစွမ်းတွေကို အပြည့်အဝ အစာမချေနိုင်ပဲ သူ့သွေး၊ အရိုးနဲ့ အသားတွေထဲမှာ ပျံ့နှံ့နေပြီးတော့ အခုချိန်မှာ ဆေးလုံးတွေရဲ့ အစွမ်းတွေကိုပါ ထည့်ပေါင်းပြီးတော့ ထွက်ပေါ်လာခဲ့ပြီး လင်းဟန်ကို ချက်ချင်းဆိုသလို အထွတ်အထိပ်အဆင့်ကို ပြန်ရောက်သွားစေခဲ့ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အင်အားတွေတောင် ပါဝင်ပါတယ်။

လင်းဟန်က သူ့ရဲ့ကြွက်သားတွေနဲ့ အရိုးတွေကို လေ့ကျင့်ခန်းလုပ်ခဲ့ပြီး လက်ရှိအခြေအနေမှာ မိုးချုန်းသံတွေလို အက်ကွဲသံတွေက ကျယ်လောင်စွာနဲ့ ထွက်ပေါ်လာပါတယ်။

အလောင်းနစ်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ အလောင်းပညာရပ်တွေကို ကျင့်ကြံအားထုတ်မှုမှာ ကြီးမားတဲ့ ချို့ယွင်းချက်တစ်ခု ရှိပါတယ်။ သိုင်းပညာရှင်တွေ အတွက်တော့ မှော်ဆေးလုံးတွေကို သန့်စင်ပြီး သူတို့အတွက် လုံးဝကို

Edit with WPS Office

အကျိုးသက်ရောက်မှု ရှိပါတယ်။ အခု လင်းဟန်က အကောင်းဆုံး အခြေအနေ တစ်ခုမှာ ရှိနေပေမဲ့ အလောင်းနှစ်ရဲ့ စွမ်းအားကတော့ ကုန်ခမ်းလာပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်လည်း လျော့ကျလာခဲ့ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ ဆက်တိုက်ရမှာလဲ။

သူ့အနေနဲ့ လင်းဟန်ရဲ့ လက်ချက်ကြောင့် ချေမှုန်းခံရမဲ့ အကြောင်းနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုပါဘူး။ တကယ်တော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပြီးတော့ သူ့အတွက် လုံခြုံစိတ်ချရတဲ့ အနေအထားမှာ ရှိနေပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး အားသာချက် ကြီးကြီးမားမား တစ်ခုကို ပိုင်ဆိုင်ထားတာတောင် သူက အမြီးကုပ်ပြီးတော့ ထွက်ပြေးရဦးမှာလား။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

“အခုတော့ ဘယ်လိုလဲ။ ကျုပ်ကိုသတ်ဖို့ ခင်ဗျားမှာ ယုံကြည်မှု ရှိနေသေးလား”

“ဟင့် မင်းကရော ငါ့ကိုဘာလုပ်နိုင်လို့လဲ။ မမေ့လိုက်နဲ့။ ငါကမင်းကို လုပ်ကြံခဲ့တဲ့လူ။ မအောင်မြင်ဘူး ဆိုပေမဲ့ တကယ်လို့ ငါထွက်သွားရင် မင်းက နောက်ကျောကို ကြည့်နေရုံပဲ တတ်နိုင်မယ်”

အလောင်းနှစ်ကလည်း ပြန်တုံ့ပြန်လိုက်ပါတယ်။ သူက လင်းဟာန်ရဲ့ ယုံကြည်မှုကို ဆွဲလှုပ်ချင် နေပါတယ်။

လင်းဟာန်က ဂရုမစိုက်ပါဘူး။ သူက ပြောလိုက်ပါတယ်။

“စကားပုံ တစ်ခုရှိတယ်။ ဘုန်းကြီးတစ်ပါးက အပေးကို ထွက်ပြေးနိုင်တယ်။ ဒါပေမဲ့ ဘုံကျောင်းကတော့ ကျန်နေရတယ်။ ကျုပ်က အခုချိန်မှာ ခင်ဗျားကို မနိုင်သေးဘူး။ ဒါပေမဲ့ ကျုပ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်တဲ့ အချိန်ကျရင်

Edit with WPS Office

အလောင်းတစ်ထောင် ဂိုဏ်းရဲ့ ပျက်စီးရမဲ့ အချိန်ပဲ"

"ဒီစကားတွေကို မှတ်ထားပြီး သူတို့ကို ပြောလိုက်။ တကယ်လို့ ခင်ဗျား မသေချင်ဘူးဆိုရင် အလောင်းတစ်ထောင်ဂိုဏ်းနဲ့ လမ်းခွဲပြီးတော့ ခင်ဗျားရဲ့ ဘဝတစ်လျှောက်လုံး အေးအေးဆေးဆေး နေသွားပါ"

အလောင်းနှစ်ရဲ့ အမူအရာက နောက်တစ်ကြိမ် ပြောင်းလဲသွားပါတယ်။ ဒီကောင်စုတ်လေးက အရမ်းကို လေကြီးပါတယ်။ ဒါပေမဲ့ သူ့လက်ထဲက ရတနာဓားကတော့ တကယ့်ကို ထူးဆန်းပြီး အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်နေရ သလိုပါပဲ။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့ ငရဲကိုးထပ်ဘုရင်တောင်မှ သူ့ကို သတ်ပစ်နိုင်စွမ်း မရှိပါဘူး။

လုပ်ကြံသတ်ဖြတ်မှု။ နောက်ထပ်လုပ်ကြံ သတ်ဖြတ်မှု တစ်ခုလိုပါတယ်။ ဒီကောင်စုတ်လေးကို ရတနာဓားထုတ်ဖို့ အခွင့်အရေး ပေးလို့ မရပါဘူး။

Edit with WPS Office

"ငါမင်းကို လုပ်ကြံသတ်ဖြတ်လို့ မရနိုင်ဘူး။ ဒါပေမဲ့ ငါမလုပ်နိုင်ပေမဲ့ တခြားလူတွေ မလုပ်နိုင်ဘူးလို့ မဆိုလိုဘူး။ စောစောတုန်းက ငါ့အထက်မှာ အလောင်းခေါင်းဆောင် တစ်ယောက် ရှိသေးတယ်လို့ ပြောခဲ့တယ်။ ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ငါ့ထက် နည်းနည်း ပိုပြီးတော့ မြင့်တယ်။ နောက်တစ်ကြိမ် သူက တိုက်ခိုက်လိမ့်မယ်"

အလောင်းနစ်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ငါဒါကို လက်ခံပါတယ်"

လင်းဟန်က ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းက တစ်ဟုန်ထိုး မြင့်တက်နေပါတယ်။ အလောင်းခေါင်းဆောင် ပေါ်လာတဲ့ အချိန်ကျရင် သူက နတ်အသွင် ပြောင်းလဲခြင်း အထွတ်အထိပ်ကို ရောက်နေလောက်ပါပြီ။ အဲဒါက ကောင်းကင်အဆင့်ရဲ့ အဆင့်မြင့် ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင်ဖို့ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

အလောင်းနှစ်ကလည်း လုံးဂကို တည်ငြိမ်လာပြီးတော့ ပြောလိုက်ပါတယ်။

"ကိုယ့်ကိုကိုယ် အထင်ကြီးမနေနဲ့။ အလောင်းခေါင်းဆောင်က မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ်ထဲမှာ မရပ်မနား ကျင့်ကြံအားထုတ်နေတာ။ သူထွက်လာတဲ့ အချိန်ကျရင် သူက စကြာဂဠုဲ ဖျက်ဆီးခြင်း အဆင့်ကိုတောင် ရောက်နေလောက်ပြီ"

သူ့နှလုံးသားထဲက သိုင်းပညာကို လှုပ်ခါဖို့ ကြိုးစားနေတာလား။

လင်းဟန်က နှာခေါင်းရှုံ့လိုက်ပါတယ်။ စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့်ရင်ရော ဘာဖြစ်လဲ။ သူ့မှာ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှု အခွင့်အရေးတစ်ကြိမ် ရှိပါတယ်။ ပြီးတော့ အဆိုးဆုံး အချိန်ကို ရောက်လာရင် အနက်ရောင် မျှော်စင်ကို ထုတ်ဖော်နိုင်ပါတယ်။ သူတို့အနေနဲ့ ဘယ်သူက ပိုပြီးတော့ ကြောက်စရာကောင်းလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

Edit with WPS Office

"ဒါဆိုရင် ငါစောင့်နေပါ့မယ်"

Chapter 762 end

အပိုင်း(၇၆၃) ထင်ပေါ်ကျော်ကြားမှုရဲ့ ပြဿနာ

အလောင်းနစ် ထွက်ခွာသွားခဲ့ပါပြီ။

လင်းဟန်က သူ့ကိုမတားခဲ့ပါဘူး။ အလောင်းနစ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် ရှားပါးသတ္တုနဲ့ နှိုင်းယှဉ်လို့ ရနေပြီး သူ့အနေနဲ့ ဖျက်ဆီးပစ်နိုင်ဖို့ဆို အချိန်တော်တော်ကြာအောင် တိုက်ခိုက်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့ အလောင်းနစ်က လူသေတစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် အလောင်းနစ်က သူ့ကို သူ့စိတ်ကျေနပ်တဲ့အထိ တိုက်ခိုက်ခွင့် ပြုမှာလား။

သူ့စိတ်ထဲမှာ အလောသုံးဆယ် အာရုံတစ်ခု မြင့်တက်လာခဲ့ပါတယ်။ သူ့အနေနဲ့ ဒါက ခရမ်းရောင်လ အင်ပါယာကို သက်ရောက်မှု ရှိစေမယ်ဆိုတာကို လက်ခံပါတယ်။

Edit with WPS Office

အင်အားကြီး ဂိုဏ်းငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်းက အလယ်ပိုင်းဒေသထဲမှာ တည်ငြိမ်နေလိမ့်မှာ ဖြစ်ပြီးတော့ အရှေ့ အနောက် တောင်နဲ့ မြောက်ပိုင်း ဒေသလို နေရာသေးသေးလေးနဲ့ ပတ်သက်ပြီး ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ ဟုတ်ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းက ဒီနေရာမှာ ပထမဆုံး လုံးဝကို မျှော်လင့်မထားပဲ ခြိမ်းခြောက်တိုက်ခိုက် လာခဲ့ပါတယ်။

ကံကောင်းတာက သူတို့ဟာ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ကိုပဲ စေလွှတ်ခဲ့ ပါတယ်။

ပေါင်းစည်းခြင်းကို လျင်လျင်မြန်မြန် လုပ်ရပါလိမ့်မယ်။ ဒါမှ ကျွှမ်ကြီးက ဘုရင်တစ်ပါးတည်းရဲ့ ပိုင်နက်ဖြစ်လာပြီး အဲဒီနောက် ဘယ်နေရာကိုပဲဖြစ်ဖြစ် သူတိုက်ခိုက်ရင် သူ့အိမ်ပိုင်နက် ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ သူက နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုကို လက်ခံရရှိပါလိမ့်မယ်။ နောက်ပြီးတော့ ပိုင်နက်က ပိုပြီးတော့ ကြီးမားလာပြီး နိုင်ငံသူ နိုင်ငံသားတွေက ပိုမိုများပြားလာရင် ပိုအားကောင်းတဲ့ ကောင်းချီးပေးမှုကို သူ့အနေနဲ့ လက်ခံရရှိပါမယ်။

Edit with WPS Office

ဒါ့အပြင် လင်းဟန်က ရေခဲနဂါး မြေပြင်ဖောက်ခွဲမှ ဂင်္ဂပါကို အလျင်မြန် နားလည်နိုင်အောင် လုပ်နေပါတယ်။ ဒါက အဆင့်တစ်ဆယ် ဂင်္ဂပါတစ်ခု ဖြစ်ပြီးတော့ သူ့အတွက် သေရေးရှင်ရေး အချိန်ကာလမှာ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။

သွေးမီးတောက် ချိုင့်ဝှမ်း ခရီးစဉ်မှာ ဆွဲဆောင်စည်းရုံးလို့ မရတဲ့ နောက်လိုက်တချို့ကို သတ်ဖြတ်ခဲ့ပြီး လင်းဟန်ကလည်း သနားညှာတာမှု ကင်းမဲ့သူ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ မိုးကောင်းကင်ကို စုတ်ဖြဲမဲ့ ကိစ္စကြီးအတွက် မကျေနပ်တဲ့ လူတချို့နဲ့ ပတ်သက်ပြီး ဘယ်သူက ဂရုစိုက်မှာလဲ။

ဒီကမ္ဘာကြီးထဲမှာ နေထိုင်တဲ့ လူတွေရဲ့ အသက်က ပိုပြီးတော့ အရေးပါတယ် မဟုတ်လား။ ဒါမှမဟုတ် စွမ်းအားအတွက် လူနည်းစုရဲ့ တပ်မက်မှုတွေ ကျေနပ်စေဖို့က ပိုပြီးတော့ အရေးပါလား။

ဆောင်းလဂိုဏ်းနဲ့ တခြားအင်အားကြီး ဂိုဏ်းတွေက တစ်ခုပြီးတစ်ခု

Edit with WPS Office

အညံ့ခံခဲ့ပြီး မြောက်ပိုင်းဒေသရဲ့ ပေါင်းစည်းမှုကလည်း ပိုပြီးတော့ အဆင်ပြေ ချောမွေ့လာခဲ့ပါတယ်။ မဟာစစ်တပ် ဘယ်နေရာကိုမဆို ဖြတ်သွားတာနဲ့ အဖြူရောင် အလံတွေကို မြှင့်တင်ခဲ့ ကြပါတယ်။

ကောင်းကင်အဆင့် မော်ဆေးပညာရှင်နဲ့ ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည်။ ဒီနှစ်ခုကို အတူတူ ပေါင်းစည်းလိုက်တဲ့ အခါမှာ ပြိုင်ဘက်ကင်း ဖြစ်လာခဲ့ပါတယ်။

လင်းဟန်က အိမ်ပြန်ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ အနည်းငယ် အနားယူကာ ပြန်လည်ဖွဲ့စည်းမှု တစ်ခု ပြီးတဲ့နောက် သူက အရင်ဆုံး အနောက်ပိုင်းဒေသရှိတဲ့ အနောက်ဘက်ကို ဦးတည်ထွက် လာခဲ့ပါတယ်။ အဲဒီနောက် သူက တောင်ပိုင်းဒေသကို သိမ်းပိုက်ပြီး နောက်ဆုံးမှာ အရှေ့ဘက် နယ်မြေကို အနိုင်ယူပြီးတော့ အစွန်းပိုင်းတွေရဲ့ ပေါင်းစည်းခြင်းကို ပြီးပြည့်စုံစေပါတယ်။ အလယ်ပိုင်းဒေသရဲ့ တိုက်ပွဲကိုတော့ ခရမ်းရောင်လ အင်ပါယာနဲ့ မာထိုပေါင်အတွက် ချန်ထားပေး ရပါလိမ့်မယ်။

Edit with WPS Office

ဘုရင့်ရှစ်ယောက်က အရမ်းကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ ဒီမျိုးဆက်ရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းလည်း အစွမ်းထက်ပါတယ်။ နောက်ပြီး ဘုရင်ရှစ်ယောက်ကလည်း အောင်မြင်နိုင်စွမ်း ရှိချင်မှ ရှိပါလိမ့်မယ်။ လစန္ဒာဘုရင်ကလည်း ပြောခဲ့ပါတယ်။ သူတို့ရှစ်ယောက် ပေါင်းရင်တောင် မာထိုပေါင်ရဲ့ ပြိုင်ဘက် မဟုတ်ပါဘူးတဲ့။ ဒီဖက်တီးစုတ်က ဘယ်လောက်တောင် အစွမ်းထက်လဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ဟော့လျန်ချင်ရှယ်က မြို့တော်ကို မြောက်ပိုင်းဒေသရဲ့ ရေခဲလေပြင်းမြို့ကို ပြောင်းရွှေ့လိုက် ပါတယ်။ ဒီနေရာကို ရွေးချယ်လိုက်တယ် ဆိုတာက တည်နေရာကြောင့် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ မြောက်ပိုင်းဒေသရဲ့ အလယ်ဗဟိုမှာ ရှိပြီးတော့ သွားရေးလာရေး ကုန်စည်စီးဆင်းမှု ကောင်းမွန်တဲ့အပြင် ရေခဲလေပြင်းမြို့ရဲ့ စာလုံးထဲမှာ ဟန် ဆိုတဲ့ စကားလုံး ပါဝင်ပါတယ်။

လင်းဟန်က အခုဆို ရေခဲလေပြင်းမြို့ဆီကို ပြန်လာပြီး ခုနစ်ရက်ကြာပြီးတဲ့ နောက်မှာ အင်ပါယာမြို့ဆီကို သူတို့အဖွဲ့

ပြန်ရောက်လာခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်က တကယ်ပဲ နိုင်ငံတစ်ခုကို အုပ်ချုပ်တဲ့ နေရာမှာ ကျွမ်းကျင်ပါတယ်။ အချိန်ခဏလေး အတွင်းမှာ အင်ပါယာမြို့က ခံညားထယ်ဝါမှု ပေါ်လာခဲ့ပြီး ဘုရင်တစ်ပါးရဲ့ ဂုဏ်သတင်း ဩဇာတိက္ကမ ရှိလာပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က လူတွေရဲ့ ကြည်ညိုလေးစားခြင်း ဖြစ်ပါတယ်။ လူတွေက မဟာလင်းအင်ပါယာရဲ့ မူဝါဒအသစ်တွေနဲ့ သူတို့က မရပ်မနား ချီးကျူးပြောဆို နေကြပါတယ်။

လူတွေအတွက် အလေးအနက်ထားပြီး စဉ်းစားပေးတာကြောင့် လူတွေကလည်း ရိုးရိုးသားသားနဲ့ စိတ်ရောကိုယ်ပါ တုံ့ပြန်လာတယ်ဆိုတာ သိသာလာပါလိမ့်မယ်။

လူတွေက အရမ်းကို ရိုးရှင်းပါတယ်။ မင်းက သူတို့ကို ကောင်းကောင်းမွန်မွန် နေထိုင်လို့ ရအောင် လုပ်ပေးတယ်ဆိုရင် သူတို့က မင်းကို ထောက်ပံ့ကူညီပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က နိုင်ငံဦးသျှောင် ဘုရင်တစ်ပါးလိုပါပဲ။
ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်လို ဒါမှမဟုတ်
အဆင့်မြင့် သိုင်းပညာရှင် တစ်ယောက်လိုမျိုး မဟုတ်ပဲ
နောက်ဆုံးတော့ သာမန်လူတွေရဲ့ စိတ်ထဲမှာ
ကြည်ညိုလေးစားမှုတွေ ကျန်ရစ်စေခဲ့ပါတယ်။

သူက ဒီလိုမျိုး ပြောင်းလဲမှုကို တွေ့မြင်ရတာ အရမ်းကို
ဂမ်းသာပါတယ်။ ပြီးတော့ သူ့ရဲ့ ခြေလှမ်းကို ဖြည်းဖြည်းခြင်း
လျှောက်လှမ်းပြီး တစ်လျှောက်လုံး ဖြည်းညှင်းစွာ လျှောက်ရပါမယ်။

"သေစမ်း။ မင်းက ဒီသခင်လေးနဲ့ မိန်းကလေးတစ်ယောက်ကို
ဖက်ပြိုင်ပြီးတော့ လုပ်ဝံ့တယ်ပေါ့ ဟုတ်လား။ ဒီသခင်လေးက
ဘယ်သူလဲဆိုတာ မင်းသိရဲ့လား"

သူတို့က နေရာတစ်ခုကို ဖြတ်သွားတဲ့ အချိန်မှာ ရုတ်တရက်
မောက်မာဂင့်ကြွားမှုတွေ ပြည့်နှက်နေတဲ့ အသံတစ်သံကို

Edit with WPS Office

ကြားလိုက်ရပါတယ်။

"ဟင် ဘာဖြစ်လို့ ဒီအသံကို ရင်းနှီးနေသလို ရှိနေတာလဲ"

လင်းဟန်က သူ့ရဲ့ခြေလှမ်းတွေကို ရပ်လိုက်ပါတယ်။

ဒီအသံ၊ ဒီလေသံက တကယ့်ကို လူပေါ်ကြော့တစ်ယောက်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ဒီအသံကို အရမ်းကို ရင်းနှီးနေရတာလဲ။ ဒီလိုမျိုး အမိုက်ကောင် တစ်ယောက်နဲ့ ရင်းနှီးတာ ဖြစ်နိုင်ပါ့မလား။

ကျူးရှမ်အာရဲက နူးညံ့သိမ်မွေ့တဲ့ မျက်နှာက နီရဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒါက ငါ့ရဲ့မောင်ပါ"

Edit with WPS Office

အိုး ဟုတ်သားပဲ။ ကျူးလောင်ရှင်းပဲ။

လင်းဟန်က ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

"ဒါဆိုရင် သွားပြီးတော့ တစ်ချက်လောက် ကြည့်ရအောင်"

သူက ကျူးရှွမ်အာရဲ့ ဆွေမျိုးတစ်ယောက် ဖြစ်နေပါတယ်။ သူတို့နဲ့ ကြုံတွေ့မှတော့ တစ်ချက်လောက် သွားကြည့်တာ ကောင်းပါလိမ့်မယ်။ သူက အသံထွက်ပေါ်လာတဲ့ နေရာကို ကြည့်လိုက်ပြီး သူ့ခေါင်းကို ခါလိုက်ပါတယ်။

နွေဦးစံအိမ်။ အမျိုးသားထုအတွက် ပျော်ပါးတဲ့ နေရာတစ်ခု။

"ဆရာတို့"

ညှော့ကြိုတစ်ယောက်က သူတို့ကို နွေးထွေးတဲ့ အမူအရာနဲ့

Edit with WPS Office

ကြိုဆိုနှုတ်ဆက်လိုက်ပါတယ်။ ဒါပေမဲ့ လင်းဟန်တို့ အဖွဲ့ကို မြင်လိုက်ရတဲ့ အခါမှာ မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ အရွယ်ရောက်တဲ့ အမျိုးသားတစ်ယောက်၊ အဲဒီနောက် နတ်သမီးလေးတစ်ယောက်၊ ချောမောလှပပြီး ချစ်စဖွယ် ကလေးမလေး တစ်ယောက်နဲ့ ယုန်တစ်ကောင်။

ဘယ်လို အုပ်စုကြီးလဲ။

ရွှေရှာကြွက်က သုတ်သီးသုတ်ပျာနဲ့ ပြေးပြီးတော့ ဧည့်ကြိုလူငယ်ရဲ့ မျက်နှာကို ကုတ်ခြစ်လိုက် ပါတယ်။ ခင်ဗျားက ဘာဖြစ်လို့ ဒီကလေးလေးကို လျစ်လျူရှုထားရတာလဲ။ ဘာဖြစ်လို့ ဒီကလေးလေးကို လျစ်လျူရှုထားရတာလဲ ပြောစမ်း။

လင်းဟန်က ရွှေရှာကြွက်ကို ဖမ်းယူလိုက်ပြီး ရွှေတုံးတစ်တုံးကို ပစ်ပေးလိုက်ပါတယ်။ အဲဒီနောက် ဒုတိယထပ်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"အဲဒီမှာ ဘာတွေ ဖြစ်နေတာလဲ"

ညော့်ကြိုလူငယ်က ကြောက်စိတ်မွှန်နေပါသေးတယ်။ ရောမ ကြွက်ကြီးတစ်ကောင်။ ကြွက်က ဂပတုတ်တုတ် ဆူဖြိုးနေတယ် ဆိုပေမဲ့ ချက်ချင်းဆိုသလို ဟော့ပေါ့ဒိုးထဲကို ကျသွားသလို ခံစားရပါတယ်။ ကြွက်ရဲ့ လက်သည်းတွေက အရမ်းကို ပြင်းထန်ပြီး သူ့အရေပြားကိုတောင် စုတ်ပြဲသွားပါတယ်။ ဒါပေမဲ့ လင်းဟန်ဆီက ဘောက်ဆူးကို ရလိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလို သူ့ရဲ့ဒေါသကနေ ဂမ်းသာမှုကို ပြောင်းသွားပြီး ပြောလိုက်ပါတယ်။

"သခင်လေး။ ညော့်သည်နှစ်ယောက်က မနာလိုဖြစ်နေကြပြီး တစ်ယောက်နဲ့တစ်ယောက် စကားများ ခိုက်ရန်ဖြစ်နေတာပါ"

ဒါက ပုံမှန်ပါပဲ။ အလှမယ် တစ်ယောက်ရဲ့ သူမနဲ့အတူ ပထမဆုံးအကြိမ် ပျော်ပါးရဖို့အတွက် သခင်လေး နှစ်ယောက်က ကြိုးစားနေကြတာပါ။

Edit with WPS Office

ဒါကမှ တကယ့်ပြဿနာပါ။ ပထမဆုံးအကြိမ်ဆိုတာက တစ်ယောက်တည်း တစ်ခါပဲ ဖြစ်ပါတယ်။

ဒါကြောင့် သခင်လေး နှစ်ယောက်က ငြင်းခုံနေကြပြီး ပထမဆုံး ဘယ်သူက ငွေပိုများလဲ ဆိုတာကို ပြိုင်ဆိုင်ကြပါတယ်။ ပြီးတော့ အခုဆိုရင် ယှဉ်ပြိုင်မှုက မိသားစု နောက်ခံတွေပါ ပါဝင်လာခဲ့ပါတယ်။

"မင်းကိုကြည့်ရတာ မဆိုးပါဘူး။ မင်းက ဘိုးတော်ဘုရား လက်ထက်က လူတစ်ယောက်များ ဖြစ်နေမလား"

တစ်ဖက်က အပျော်အပါးမျက်တဲ့ လူငယ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်ကို ကျူးလောင်ရှင်းလို့ခေါ်တယ်။ ဒီနာမည်သုံးလုံးက ဘာကိုကိုယ်စားပြုတယ် ဆိုတာကို မင်းသိရဲ့လား"

Edit with WPS Office

ကျူးလောင်ရှင်းက ကြွားလိုက်ပါတယ်။

"ငါ့အစ်မက မြောက်ပိုင်းဒေသရဲ့ နံပါတ်တစ် ပါရမီရှင် ကမ္ဘာ့အချောဆုံး ကျူးရွှမ်အာပဲ။ ပြီးတော့ ငါ့ယောက်ဖက ပိုပြီးတော့တောင် အထင်ကြီး အံ့သြဖို့ ကောင်းသေးတယ်။ သူက မဟာလင်း နိုင်ငံတော်ရဲ့ ဧကရာဇ်၊ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် လင်းဟန်ပဲ"

"ဟားဟားဟား မင်းက ဒီလိုပြောတယ်ဆိုတော့ ငါလည်း ငါ့ကိုယ်ငါ လင်းဟန်လို့ ပြောနိုင်တာပဲ။ ခေတ်နောက်ကျနေပါပြီကွာ။ ငါ့ကို ယောက်ဖလို့ ခေါ်လိုက်လေ"

တစ်ဖက်က လူငယ်က ပြန်ပြီးတော့ ပြောလိုက်ပါတယ်။

ကျူးရွှမ်အာက ဒေါသထွက်သွားခဲ့ပါတယ်။ ဒီကလီကမာ လုပ်နေတာက သူမကို တိုက်ရိုက် ဖြစ်ပြီးတော့ ဒေါသထွက်စေပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဟူးညိုကတော့ လက်ခုပ်လက်ဝါး တီးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းတယ် ကောင်းတယ်။ သူ့ကို ဒီဆွဲဆောင်မှုရှိပြီး မက်မောစရာကောင်းတဲ့ အမျိုးသမီးကို လက်ဆောင်အဖြစ် ပေးလိုက်ရအောင်"

သူတို့က လှေကားထစ်မှာ စတင်တိုက်ခိုက် ကြပါတယ်။ ပြီးတော့ ကျူးလောင်ရှင်းက အော်ဟစ် လိုက်ပါတယ်။

"ခွေးကောင်။ မင်းက ဒီသခင်လေးရဲ့ ယောက်ဖနဲ့ ဘယ်လိုမှ မတူဘူး။ မင်းကိုယ်မင်း မှန်ထဲလည်း ပြန်ကြည့်လိုက်ဦး။ ဒီသခင်လေးက မင်းရဲ့ မျက်နှာကို သွေးအလိမ်းလိမ်း ဖြစ်အောင်လို့ ဘယ်လိုလုပ်ပစ်မလဲ ဆိုတာကို ကြည့်နေလိုက်"

"ဟားဟား ငါကမင်းကို ကြောက်နေရမှာလား"

သူတို့နှစ်ယောက်က လှေကားထစ်ပေါ်မှာ စပြီးတော့

Edit with WPS Office

တိုက်ခိုက်လိုက်ပြီး စံအိမ်က ချက်ချင်းဆိုသလို ဂရုန်းသုန်းကား အခြေအနေ ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်မှာ နောက်ခံကောင်းကောင်းကိုယ်စီ ရှိတာကြောင့် တခြားလူတွေက သူတို့ကို ရပ်တန့်ဖို့ မတားဆီးရဲ ကြပါဘူး။ ဒါကြောင့် တစ်ယောက်ပြီးတစ်ယောက် ထွက်ပြေးကုန်ကြပါတယ်။

ကျူးလောင်ရှင်းနဲ့ လူငယ်က လမ်းမပေါ်ထိရောက်အောင် တိုက်ခိုက်လာခဲ့ ကြပါတယ်။ လက်သီးနဲ့ထိုး ခြေထောက်နဲ့ကန် ပြီးတော့ တိုက်ခိုက်ကြပါတယ်။ သူတို့တွေရဲ့ တိုက်ခိုက်မှုက ကျွမ်းကျင်သူတွေနဲ့ မတူပဲ လုံးထွေးသတ်ပုတ်နေကြပြီး သူတို့ရဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖူးယောင်နေတဲ့ ဒဏ်ရာတွေနဲ့ ပြည့်လို့နေပါတယ်။

လမ်းမကြီးပေါ်မှာ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတာကြောင့် အစောင့်အကြပ်တွေက လျင်လျင်မြန်မြန် ရောက်လာပြီးတော့ သူတို့နှစ်ယောက်ကို လူစုခွဲလိုက် ကြပါတယ်။

"ရှင်းလိုက်တာ။ မင်းကင့်ါကို ဘယ်လိုလုပ်ပြီးတော့ ထိရဲတာလဲ။

Edit with WPS Office

ငါဘယ်သူလဲဆိုတာ သိရဲ့လား"

တစ်ဖက်လူငယ်က လူစုခွဲခံရပြီးတဲ့ နောက်မှာလည်း မောက်မာဝင့်ကြွားနေပြီး လုံးဝကို ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိပဲ အရမ်းကို မောက်မာဝင့်ကြွားနေပါတယ်။

"ငါ့နာမည် ချင်းဖန်။ ငါ့အစ်ကိုက ချင်းဝူယုံ။ မင်းတို့တွေ သူ့ကိုသိရဲ့လား။ သူက အရှင်မင်းကြီးနဲ့ ညီအစ်ကိုကောင်း ညာလက်ရုံးပဲ"

လူငယ်က အော်ဟစ်လိုက်ပါတယ်။

သူက ချင်းမိသားစုရဲ့ ကလန်အဖွဲ့သားလား။

လင်းဟာန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ ဟွာယန် အကယ်ဒမီထဲက သူငယ်ချင်းဟောင်းတွေ အားလုံးက စစ်တပ်နဲ့

Edit with WPS Office

ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်းက သိပ်ပြီးတော့ မမြင့်မားပေမဲ့ သူတို့က လင်းဟန်ရဲ့ ယုံကြည်ရတဲ့ လူတွေဖြစ်ပါတယ်။ တကယ်တော့ စစ်တပ်ထဲမှာ အားမာန်တိုးတက်ဖို့ အချိန်တွေ အများကြီး မရှိပါဘူး။

ဒါပေမဲ့လည်း ဒီလိုမျိုး ပြဿနာတွေ ဖြစ်လာနေပါတယ်။

မိသားစုကြီးတွေကနေ လာတဲ့ လူတွေက မောက်မာဝင့်ကြွားပြီး ဘဝမြင့်ကြပါတယ်။ ဒီလိုမျိုး အကျင့်စာရိတ္တကို လျော့ပါးသွားစေဖို့ဆိုတာ တော်တော်လေး ခက်ခဲပြီး အချိန်တော်တော် ကြာတဲ့အထိ ထိန်းသိမ်းထားကြပါလိမ့်မယ်။ မြောက်ပိုင်းအစွန်အဖျား ဒေသကနေ လာခဲ့တဲ့ လူတွေနဲ့ မတူတာက ဒီမိသားစုကြီးတွေက သူတို့ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်လာရင် အနည်းနဲ့ အများတော့ အထိမခံကြတဲ့ သူတွေပဲ ဖြစ်ပါတယ်။

သူတို့ကို အမိန့်ထုတ်ဖို့ အချိန်ရောက်လာပြီ။

Edit with WPS Office

Chapter 763 end

အပိုင်း(၇၆၄) ကြက်တစ်ကောင်ကို သတ်ခြင်း

ချင်းဖန်ရဲ့ အော်ဟစ်မှုကြောင့် ဒီစစ်သားတွေ အားလုံးကို ကြည့်ရတာ တုံ့ဆိုင်းသွားပုံ ရပါတယ်။

သူက နောက်ခံကောင်းကောင်း ရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ဖမ်းဆီးတာ တကယ်ပဲ ကောင်းတဲ့အရာ ဖြစ်မှာလား။ တကယ်လို့ သူတို့က သူ့ကိုအခု ဖမ်းလိုက်မယ်ဆိုရင် နောက်ကျရင်လည်း လွှတ်ပေးရမှာပဲ မဟုတ်ဘူးလား။

ချင်းဂူယောင်၊ အရှင်မင်းကြီးရဲ့ သူငယ်ချင်းဟောင်းနဲ့ အင်ပါယာရဲ့ ထူးချွန်ထက်မြက်တဲ့ ဂန်ကြီးက သူ့အစ်ကို ဖြစ်နေတာလား။ တစ်ဖက်မှာ ညီအစ်ကိုရင်း ဖြစ်တာမဖြစ်တာ မလိုပါဘူး။ ညီအစ်ကို ဂမ်းကွဲ တစ်ယောက်လည်း ဖြစ်နိုင်ပါတယ်။ သွားထိလို့ ရမှာလား။

"ချင်းဂူယောင်နဲ့ ငရဲကိုသာ သွား"

Edit with WPS Office

ကျူးလောင်ရှင်းက ပိုပြီးတော့တောင် မောက်မာဂင့်ကြွားပါတယ်။

“ငါ့ဒအစ်မက ကျူးရွှမ်အာ။ အနာဂတ် မဟာလင်းအင်ပါယာရဲ့ ဘုရင်မပဲ။ ဒီသခင်လေးအတွက် ဒီကောင့်ကို ဖမ်းပြီးတော့ အင်ပါယာ အကျဉ်းထောင်မှာ လနည်းနည်းလောက် ချုပ်ထားလိုက်”

ဟူးညိုက ချက်ချင်းပဲ ဒေါသထွက်သွား ခဲ့ပါတယ်။ သူမက လင်းဟာန်ရဲ့ ဘုရင်မပါ။

လင်းဟာန်က မျက်စိတစ်ဖက် မှိတ်ပြလိုက်ပါတယ်။ သူ့အနေနဲ့ ဒီစစ်သားတွေ ဘယ်လိုမျိုး ကိုင်တွယ်ဖြေရှင်းမလဲ ဆိုတာကို ကြည့်ချင်ပါတယ်။ မဟာလင်း အင်ပါယာရဲ့ စည်းမျဉ်း ဥပဒေတွေကို အကျဉ်းချုံးပြီး ဖော်ပြနိုင်မဲ့ အရာတစ်ခု။

“သခင်လေး နှစ်ယောက်ခင်ဗျား။ ဒီနေရာမှာ ရန်မဖြစ်ရပါဘူး။ ဒါက အရမ်းကို ဆိုးဝါးတဲ့ အမှုပါ။ ကျနော်တို့နဲ့အတူ အင်ပါယာအစောင့်

Edit with WPS Office

ဌာနချုပ်ကို လိုက်ခဲ့ပါ။ ကျနော်တို့က ကင်းလှည့်ဖို့ ကျန်ပါသေးတယ်”

အရာရှိ တစ်ယောက်က အသံကို ယဉ်ယဉ်ကျေးကျေးနဲ့ ပြောလိုက်ပါတယ်။

ဒီလူနှစ်ယောက်ရဲ့ နောက်ခံကို အတည်မပြုနိုင်ပေမဲ့ ဒါက အင်ပါယာမြို့တော် ဖြစ်ပါတယ်။ ပြီးတော့ လူဘယ်လောက်ကများ သူတို့ရဲ့ နောက်ခံတွေကို ထုတ်ဖော်ပြီးတော့ မဆင်မခြင်နဲ့ ပြဿနာဖြစ်ဝံ့လို့လဲ။ အထူးသဖြင့် ဂုဏ်သရေရှိတဲ့ နောက်ခံအင်အားစု တစ်ခုကပေါ့။ သူတို့ရဲ့ အကြောင်းကို စုံစမ်းပြီးတော့မှ အတည်ပြုရပါမယ်။ ဒါမှ အတုအယောင်တွေ ဟုတ်မဟုတ် သိနိုင်မှာပါ။

ဒါကြောင့်မို့ အရာရှိက အရမ်းကို သတိထားပါတယ်။

ဒါပေမဲ့လည်း ကျူးလောင်ရှင်းနဲ့ ချင်းဖန်တို့ နှစ်ယောက်လုံးက

Edit with WPS Office

လက်လျှော့ဖို့ ဆန္ဒမရှိပဲ အစောင့်ခေါင်းဆောင်က တစ်ဖက်လူကို ဖမ်းဆီးစေချင် နေကြပါတယ်။

အပျော်အပါးမက်တဲ့ လူငယ်ယောက်ျားလေးတွေက မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာသာ ပေးခံရဖို့ စည်းမျဉ်းစည်းကမ်းတွေကို လျစ်လျူရှုနိုင်ပါတယ်။ တစ်ယောက်ယောက်က အသာစီး ရသွားပြီဆိုရင် ဒါက အဆုံးသတ်သွားပါလိမ့်မယ်။ သူတို့အနေနဲ့ ပုံမှန်အားဖြင့် တစ်ဖက်လူကို သေတဲ့အထိတော့ တွန်းမပို့ပါဘူး။ တကယ်တော့ အပျော်အပါးမက်တဲ့ လူငယ်တွေ သေသွားခဲ့မယ်ဆိုရင် ဘယ်သူက သူတို့ရဲ့ ဇရုတ်ကျမှုတွေကို ကြည့်ရတော့မှာလဲ။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ နယ်မြေတွေက အရမ်းကို လျင်မြန်စွာနဲ့ ကျယ်ပြန့်လာ ပေမဲ့လည်း နိုင်ငံတစ်ခုလုံးရဲ့ အရည်အသွေးကိုတော့ မထိန်းထားနိုင်ပါဘူး။ ဒါက အံ့သြစရာ မဟုတ်ပါဘူး။ သူ့အနေနဲ့ ခေါင်းစဉ်နှစ်ခုကိုပဲ ပြောဖို့လိုပါတယ်။ တစ်ခုက ချဲ့ထွင်ခြင်းနဲ့ ဒုတိယက နိုင်ငံသူ နိုင်ငံသားတွေရဲ့ နှလုံးသားကို နှစ်သိမ့်စေနိုင်ဖို့ ဖြစ်ပါတယ်။ သူ့အနေနဲ့ နိုင်ငံရဲ့

Edit with WPS Office

စည်းမျဉ်းစည်းကမ်းတွေက မြင့်မားတဲ့ အဆင့်အတန်းနဲ့ ပတ်သက်ပြီး မပြောပါဘူး။

လင်းဟန်က ပြောလိုက်ပါတယ်။

"သူတို့နှစ်ယောက်စလုံးကို ဖမ်းပြီးတော့ သူတို့ကို အရှေ့ဘက် ဂိတ်တံခါးမှာ ချိတ်ပြီးတော့ ကျာပွတ်နဲ့ အချက်တစ်ရာ ရိုက်လိုက်"

"ထို့ ငါတို့ကို ရိုက်ဖို့ပြောရအောင် မင်းက ဘယ်သူမို့လို့လဲ။ ငါ့အစ်ကို ဘယ်သူလဲဆိုတာကိုက မင်းသိရဲ့လား"

ချင်းဖန်းက စူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူက တကယ်ကို ဒေါသထွက် နေပါတယ်။ ဒီစစ်သားတွေတောင် သူ့ကို ရိုရိုသေသေနဲ့ ဆက်ဆံရပါတယ်။ ဒါကိုတောင် မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။

Edit with WPS Office

"ယောက် ယောက်ဖ"

ကျူးလောင်ရှင်းက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"အရှင်မင်းကြီး"

စစ်သားတွေ အားလုံးက တစ်ယောက်ပြီး တစ်ယောက်က ဒူးထောက်လိုက်ကြပါတယ်။

အ အ အရှင် မင်းကြီး ဟုတ်လား။

ချင်းဖန်က အံ့ဩမှင်တက် သွားခဲ့ပါတယ်။ ဒါက မဟာလင်း အင်ပါယာရဲ့ အုပ်ချုပ်သူ ဘုရင်မင်းမြတ် ဖြစ်ပြီးတော့ အခုခေတ် မြောက်ပိုင်းဒေသရဲ့ အစွမ်းထက်ဆုံး ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ သူက တကယ်ပဲ တစ်ဖက်လူကို အော်ဟစ်ငေါက်ငမ်း လိုက်တာလား။ မိုးရေနိုင်ငံရဲ့ မိသားစုတွေက လမင်းကျဆင်း

Edit with WPS Office

ချောက်နက်ရဲ့ အပြင်ဘက်ကို ထွက်လာပြီးတဲ့ နောက်ပိုင်းမှာ ဘာမှမဟုတ်တော့ပါဘူး။ သူတို့ရဲ့ ဂုဏ်ကျက်သရေ အားလုံးက လင်းဟန်ကို ကျေးဇူးတင်ရမှာပါ။ သူ့ရဲ့ သတ္တိတွေ ပျောက်သွားပါတယ်။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"သူတို့ကို အဝေးကို ဆွဲခေါ်သွားပြီးတော့ ကျောပွတ်နဲ့ အပြစ်ပေးလိုက်"

"ဟုတ်ကဲ့ပါ အရှင်မင်းကြီး"

အဲဒီစစ်သားတွေက ချက်ချင်းဆိုသလို ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေ ဝံပုလွေတွေ အဖြစ်ကို ပြောင်းသွားပါတယ်။ ဒါက ကေရာဇ်ရဲ့ အမိန့်ကို နာခံခြင်း ဖြစ်ပါတယ်။

"ယောက်ဖ။ ယောက်ဖ။ ဘာဖြစ်လို့ ငါ့ကို ရိုက်ရမှာလဲ။ အစ်မ၊ အစ်မ"

Edit with WPS Office

ကျူးလောင်ရှင်းက ကျူးရွှမ်အာကို ကြည့်ပြီးတော့ အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။ သူ့အစ်မက သူ့ကိုယ်စား သနားငဲ့ညှာပေးဖို့အတွက် တောင်းပန်ပေးဖို့ကို မျှော်လင့်နေမှန်း သိသာပါတယ်။

ဒါပေမဲ့လည်း ကျူးရွှမ်အာက သူမရဲ့ခေါင်းကို ခါပြီးတော့ သူ့ကို ဘာမှမပြောပါဘူး။

အပျော်အပါးမက်တဲ့ လူငယ်နှစ်ယောက်က အဝေးကို ဆွဲထုတ်သွားတာ ခံလိုက်ရပါပြီ။ သူတို့အတွက် ဘယ်လောက်တောင် ကံမကောင်းလိုက်သလဲ။ အမြောက်ပြောင်းဂထဲကိုမှ တည့်တည့် ခုန်ဂင်မိလျက်သားပါပဲ။

ဒါပေမဲ့လည်း တကယ်လို့ ဒီနေရာမှာ ကြုံတွေ့ဖို့ အခွင့်အရေး မရှိဘူးဆိုရင် သူ့အနေနဲ့ ဒီကျူးလောင်ရှင်းက ဒီနေရာကို လာတယ်ဆိုတာကို သိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့

Edit with WPS Office

ဒီအကြောင်းက အတော်လေးကို ရယ်ရပါတယ်။ ကျူးလောင်ရှင်းက အမြော်အမြင်ရှိပြီး သူ့ကို ယောက်ဖလို့တောင် ခေါ်ခဲ့ပါတယ်။

အင်ပါယာ နန်းတော်ဆီကို ပြန်ရောက်လာတာနဲ့ လင်းဟန်က ချက်ချင်းပဲ ဥပဒေနဲ့ တရားစီရင် ပိုင်ခွင့်တွေ ပိုပြီးတော့ အားကောင်းလာဖို့ ချက်ချင်းပဲ လုပ်လိုက်ပါတယ်။

အမှန်တကယ်တော့ အခွင့်အာဏာ လုပ်ပိုင်ခွင့်ဆိုတာက အထူးအခွင့်အရေးကနေ လာတာပါ။ ဒါမှမဟုတ် လူတွေက အခွင့်အာဏာ လုပ်ပိုင်ခွင့်ကို ကြည်ညိုရလိမ့်မှာလား။ လင်းဟန်က မိသားစုတိုင်းကို ရေလိုမျိုး ကြည်လင်အောင် လုပ်ဖို့အထိ မစဉ်းစားခဲ့ပါဘူး။ အဲဒီအစား သတ်မှတ်ထားတဲ့ အတိုင်းအတာတစ်ခု ရှိရမှာ ဖြစ်ပြီးတော့ မကျိုးပျက်သင့်ပါဘူး။

မိန်းမတစ်ယောက်အတွက် တိုက်ခိုက်တာနဲ့ ကြွားဝါတယ်ဆိုတာက သေးငယ်တဲ့ အရာတွေပဲ ဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူ့အနေနဲ့ အရမ်းကြီး တင်းကျပ်ဖို့ မလိုပါဘူး။ ဒါပေမဲ့ အမျိုးသမီးတွေကို ပြည့်တန်ဆာအဖြစ် အတင်းအကျပ် စေခိုင်းတာမျိုး၊ တစ်စုံတစ်ယောက်ရဲ့ ဇနီးမယားကို ချုပ်ကိုင်ပြီး

Edit with WPS Office

ပိုင်ဆိုင်မှုတွေကို သိမ်းပိုက်တာမျိုး ဒီလိုညစ်ပတ်တဲ့ အရာတွေ အတွက်တော့ သေချာပေါက် ချေမှုန်းသုတ်သင် ပစ်ဖို့ လိုအပ်ပါလိမ့်မယ်။

ကျူးလောင်ရှင်းနဲ့ ချင်းဖန်ကို လူပုံအလယ်မှာ ဒီနေ့အပြစ်ဒဏ် ခတ်လိုက်တာက တခြားလူတွေ အတွက် ဥပမာတစ်ခု ဖြစ်အောင်လို့ လုပ်လိုက်တာ ဖြစ်ပါတယ်။ သူက စိတ်ကူးတုန်း ရှိပါသေးတယ်။ ဒီကောင်နှစ်ယောက်က သူ့ဆီကို ခလုတ်လာတိုက်တာပဲ ဖြစ်ပါတယ်။

သူတို့နှစ်ယောက်ကို ကြိမ်ဒဏ်တစ်ရာစီ ရိုက်နက်ခိုင်းလိုက်ပေမဲ့ ချင်းမိသားစုရဲ့ ခေါင်းဆောင်က ညဘက်မှာ အင်ပါယာ နန်းတော်ထဲကို ဝင်လာပြီးတော့ တွေ့ဆုံခွင့်တောင်းဆို ခဲ့ပါတယ်။ လင်းဟန်ထွက်မလာခင်အထိ ဒူးထောက်နေပြီး မျက်ရည်တွေ ပြည့်နေတဲ့ အသံနဲ့ အရမ်းကို ကြီးမားတဲ့ အပြစ်တစ်ခုကို ကျူးလွန်ထားသလိုမျိုး သနားခံနေခဲ့ပါတယ်။

လင်းဟန်က အနည်းငယ် လေသံကို တင်းပြီးတော့ သူ့မိသားစုက

Edit with WPS Office

လူတွေကို ကောင်းကောင်းထိန်းဖို့ သူ့ကိုသတိပေးလိုက်ပြီး သူ့အတွက် အဆုံးစွန် မျဉ်းတစ်ကြောင်းကို ဆွဲပေးလိုက်ပါတယ်။ တကယ်လို့ ဒီမျဉ်းကြောင်းကို ဖြတ်ကျော်လာရင် သူ့အနေနဲ့ ရင်းနှီးမှု ပတ်သက်မှုကို ဂရုစိုက်မှာ မဟုတ်ပါပဲ သတ်ပစ်ဖို့ လိုအပ်တဲ့ ဘယ်သူ့ကိုမဆို အဆုံးစီရင် ပစ်ရပါလိမ့်မယ်။

ချင်းမိသားစုရဲ့ခေါင်းဆောင်က ထိတ်လန့်တုန်လှုပ်စွာနဲ့ နာခံခဲ့ပါတယ်။ သူက စိတ်ဝိညာဉ် ပလ္လင်အဆင့်ပဲ ရှိပါသေးတယ်။ လင်းဟာန်ရဲ့ အရှေ့မှာ ရပ်နေရတာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ ဘာဖြစ်လို့ သူ့အနေနဲ့ လင်းဟာန်ကို ဒေါသထွက်အောင် လုပ်ဝံ့မှာလဲ။ နောက်ပြီး ချင်းမိသားစုက လက်ရှိမှာ မိုးရေနိုင်ငံထဲမှာ ရှိနေချိန်တုန်းကထက် အဆပေါင်း တစ်ရာလောက် ခံ့ညားထယ်ဝါပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူ့အနေနဲ့ အရင်တုန်းက အခြေအနေကို ပြန်ပြီးတော့ ရောက်သွားအောင်လုပ်ဖို့ ဆန္ဒရှိမှာလား။

ဒုတိယမြောက်နေ့မှာ ကျူးလောင်ရှင်းက သူ့တင်ပါးကို ပွတ်ပြီးတော့ လင်းဟာန်ဆီကို တွေ့ဖို့ လာခဲ့ပါတယ်။

Edit with WPS Office

အစောပိုင်းတုန်းက ကျူးရွှမ်အာက လင်းဟာန်နဲ့အတူ အင်ပါယာမြို့ကနေ ထွက်သွားခဲ့ပြီး လူတော်တော်များများကို သူက ကျူးရွှမ်အာရဲ့ မောင်ဆိုတာကို ပြောနေပေမဲ့ မယုံကြည်ခဲ့ ကြပါဘူး။ လူတော်တော်များများက သူ့ကိုဘာမှ မလုပ်ဘူး။ တကယ်လို့ ဒါက မှန်နေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။

ဒါကြောင့် သူ့ရဲ့ နေ့ရက်တွေက ကောင်းတာရော ဆိုးတာရော ရောထွေးနေခဲ့ပါတယ်။ အခု သူ့ယောက်ဖက နောက်ဆုံးတော့ ပြန်လာခဲ့ပါပြီ။ သူ့ကို ဘုရင်ဘွဲ့ထူးဂုဏ်ထူး တချို့ကို ပေးအပ်ချီးမြှင့်ဖို့ တောင်းဆိုရပါလိမ့်မယ်။ အဲဒီနောက် သူက အံ့ဩစရာကောင်းလာပြီး မျက်စိထဲ အချိုးမကျတဲ့ ဘယ်သူ့ကိုမဆို ရိုက်နက်ပစ် နိုင်ပါလိမ့်မယ်။

"ယောက်ဖ ငါမင်းကို အရမ်းသတိရတာပဲ"

ကျူးလောင်ရှင်းက အော်ဟစ်ပြီးတော့ လင်းဟာန်ရဲ့ အရှေ့ကို

Edit with WPS Office

ရောက်တဲ့အခါ ဒိုက်ဖင်ပစ်ပြီး သူ့ခြေထောက်တွေကို
တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါတယ်။

"ဟင် လင်းဟန် မင်းမှာ ဒီလိုမျိုး အရွယ်ရောက်နေတဲ့
သားတစ်ယောက် ရှိနေတယ်ဆိုတာ ဦးလေးယုန် မသိခဲ့ဘူး"
ယုန်ဖြူကြီးက စနောက်လိုက်ပါတယ်။

"ယောက် ယောက် ယောက်ဖ။ ငါ့မျက်လုံးတွေပဲ
အမြင်ဝေဝါးနေတာလား။ ယုန်တစ်ကောင်က တစ်ကယ်ပဲ
စကားပြောနေတာလား"

ကျူးလောင်ရှင်းက ချက်ချင်းပဲ လင်းဟန်ကို မြှောက်ပင့်ပြောဆိုဖို့
မေ့သွားပြီး ယုန်ဖြူကြီးကို အံ့အားသင့်နေတဲ့ ပုံစံနဲ့ မှင်တက်ပြီး
စိုက်ကြည့်နေခဲ့ပါတယ်။

"ဦးလေးယုန် စကားပြောတာက ဒီလောက်တောင် အံ့သြစရာ
ကောင်းနေလို့လား။ ဟိုးအတိတ်တုန်းက ဦးလေးယုန်က

Edit with WPS Office

ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်မရှိ နတ်ဘုရား အစွမ်းနဲ့ အနိုင်းမဲ့
ပြိုင်ဘက်ကင်းတဲ့ သူတစ်ယောက်ပဲ”

ယုန်ဖြူကြီးက ကြွားဝါလိုက်ပါတယ်။

ကျူးလောင်ရှင်းက ပိုပြီးကောင်းလားဆိုတာကို မသိပါဘူး။
ယုန်တစ်ကောင်က စကားပြောနိုင်တဲ့ အတွက်ကြောင့်
အံ့အားသင့်န်ခေဲ့ပြီး ချက်ချင်းဆိုသလို ယုန်ဖြူကြီးကို
ကြည်ညိုသွားပြီး မြှောက်ပင့်တဲ့ စကားတွေနဲ့ ချီးကျူးလိုက်ပါတယ်။

ဘာဖြစ်လို့လဲ။ ယုန်ဖြူကြီးက ဒီလိုမျိုးကို တကယ်နှစ်သက်ပြီး
အရမ်းကို ကျေနပ်ပီတိ ဖြစ်ပါတယ်။ သူ့မျက်လုံးထဲမှာ
ကျူးလောင်ရှင်းကို ကြည့်ရတာ ပိုပိုပြီးတော့ ကျေနပ်စရာ
ကောင်းလာခဲ့ ပါတယ်။

နှစ်လဆိုတဲ့ အချိန်အတွင်းမှာ မြောက်ပိုင်းဒေသက လုံးဂကို
ပေါင်းစည်းသွားပြီး မဟာလင်း အင်ပါယာရဲ့

Edit with WPS Office

တရားစီရင်ပိုင်ခွင့်အောက်မှာ ကျရောက်လာခဲ့ပါတယ်။

ဘာကြောင့်လဲဆိုတော့ မြောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က အရမ်းကို နိမ့်တာကြောင့် ဖြစ်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့်ရဲ့ ခွန်အားနဲ့ဆို အကုန်လုံးကို ရှင်းထုတ်နိုင်ပါတယ်။ ပြီးတော့ လင်းဟန်ရဲ့ ကောင်းကင်အဆင့် မော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင့်အတန်းနဲ့ လခြမ်းဂိုဏ်းနဲ့ တခြားအင်အားကြီး အဖွဲ့ငါးဖွဲ့က အရှုံးပေး အညံ့ခံပြီးတဲ့နောက်မှာ ခုခံမှုဆိုတာ လုံးဝကို မရှိတော့ပါဘူး။

ကျန်ရှိတဲ့ ဒေသကြီး သုံးခုမှာ အနောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က အနိမ့်ဆုံး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေ ရှိပြီးတော့ စောင့်ကြပ်နေ ကြပါတယ်။ အရှေ့ပိုင်းဒေသနဲ့ တောင်ပိုင်းဒေသ နှစ်ခုစလုံးမှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှိပြီးတော့ သိမ်းပိုက်စိုးမိုးဖို့ လွယ်ကူလိမ့်မှာ မဟုတ်ပါဘူး။

မြောက်ပိုင်းဒေသကို ပေါင်းစည်းပြီးတဲ့ နောက်မှာတော့ လင်းဟန်က

Edit with WPS Office

အနောက်ပိုင်းဒေသကို အလျင်စလိုနဲ့ စစ်ချီဖို့ မလုပ်ခဲ့ပဲ အဲဒီအစား စစ်တပ်ကို စတင်ပြီး စီမံပါတယ်။ စိတ်ဝိညာဉ် ပင်လယ်အဆင့် အထက် သိုင်းပညာရှင်တွေကို ရွေးချယ်ပြီးတော့ ခရမ်းရောင်လ အင်ပါယာရဲ့ နည်းလမ်းတွေနဲ့ တိုက်ပွဲစွမ်းအားကို အမြင့်ဆုံးထိ တိုးတက်လာဖို့ လုပ်ခဲ့ပါတယ်။

တကယ်တမ်းတော့ ကျန်တဲ့ ဒေသကြီး သုံးခုရဲ့ သိုင်းပညာအဆင့်တွေက မြင့်ပါတယ်။ သာမန်စစ်သားတွေ အပေါ်ကိုပဲ မှီခိုနေမယ်ဆိုရင် ဟာသတစ်ခု ဖြစ်သွားမှာပေ့ါ။ လက်ရွေးစင်တွေ အတွက်တော့ သူတို့အားလုံးကို လက်တစ်ဖက် ဝှေ့ယမ်းပြီးတော့ သတ်ပစ်နိုင်ပါတယ်။ ပြီးတော့ မဟာလင်း အင်ပါယာရဲ့ ပိုင်ဆိုင်မှုတွေကိုလည်း လျော်ကြေးပေးဖို့အတွက် သုံးစွဲရပါလိမ့်မယ်။

လင်းဟာန်ဆီမှာ အဆင့်မြင့် ထူးခြားဆန်းကြယ်တဲ့ ပညာရပ်တွေ မရှားပါဘူး။ သူက ခရမ်းရောင်လ အင်ပါယာကို အတုခိုးပြီးတော့ သိုင်းပညာရှင်တွေကို သွေးဆောင်ဖြားယောင်းပြီး မျှားခေါ်ခဲ့ပါတယ်။

Edit with WPS Office

မြောက်ပိုင်းဒေသထဲမှာ စိတ်ဝိညာဉ် ပင်လယ်အဆင့်
စစ်သည်တော်တွေကို အဆင့်မြင့်သူတွေလို့ ခေါ်ဆိုနိုင်ပါတယ်။
အစကတည်းက ဒီလူတွေက စစ်တပ်နဲ့ ပူးပေါင်းဖို့ အထင်အမြင်
သေးနေခဲ့ ကြပါတယ်။ ဒါပေမဲ့ အခုတော့
သူတို့တစ်ယောက်စီတိုင်းက တခြားသူတွေရဲ့ နောက်မှာ
ကျန်နေခဲ့ပြီး ထူးခြားတဲ့ ပညာရပ်တွေကို တခြားလူတွေက
သိမ်းပိုက်ရယူသွားမှာကို ထိတ်လန့်နေတာကြောင့် အသည်းအသန်
စာရင်းပေးသွင်း နေကြပါတယ်။

နောက်ပြီးတော့ လင်းဟာန်မှာရှိတဲ့ အနက်ရောင် မျှော်စင်ကနေ
ဆေးပစ္စည်းတွေကို ထောက်ပံ့ပေး ခဲ့ပါတယ်။ မှော်ဆေးပညာရှင်
အဖွဲ့အစည်းကလည်း သူ့အတွက် အမှုထမ်းပြီး မှော်ဆေးလုံးတွေကို
ဆုလာဘ်တစ်စိတ်တစ်ပိုင်းအဖြစ် ပေါင်းထည့်ပေးခဲ့တာကြောင့်
ကောင်းမွန်တဲ့ အမြင်တွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ အခြေအနေတွေက
ကျေနပ်စရာ ကောင်းပါတယ်။

ဒီနေ့မှာတော့ လင်းဟာန်က တော်ဝင်နန်းတော်ထဲမှာ ရှိနေပြီး

Edit with WPS Office

အနောက်ပိုင်းဒေသကို နယ်မြေချဲ့ထွင်မဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဂန်ကြီးတွေ အားလုံးနဲ့ တိုင်ပင်ဆွေးနွေးနေခဲ့ပါတယ်။ အဲဒီအချိန်မှာ လက်ရွေးစင် တစ်ယောက်က နန်းတော်ထဲကို တရကြမ်း တိုးဝင်လာပြီး အထင်သေးတဲ့ အကြည့်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့လူက ဘယ်သူလဲ"

အဲဒီလူက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

Chapter 764 end

အပိုင်း(၇၆၅) ရွှမ်ယု တမာန်တော်

သူက အရမ်းကို ထူးဆန်းတဲ့ လူတစ်ယောက် ဖြစ်တယ်။

သူ့ပုံပန်းသွင်ပြင်က အရပ်မြင့်ပြီး ကြံ့ခိုင်တောင့်တင်းတဲ့ ခန္ဓာကိုယ် ရှိပါတယ်။ ပြီးတော့ သူ့ရဲ့ မျက်နှာသွင်ပြင်ပေါ်မှာ မွေးရာပါ

Edit with WPS Office

သွေးကြောတွေ အပြိုင်းပြိုင်း ထနေပေမဲ့ ဒါက ထူးဆန်းတဲ့ အစိတ်အပိုင်းတော့ မဟုတ်ပါဘူး။ သူ့ခေါင်းပေါ်မှာ ဦးချိုသေးသေးလေးနှစ်ခု ရှိပြီးတော့ ကြည့်ရတာ သမင်ပေါက်တစ်ကောင်နဲ့တောင် တူသလိုလိုပါ။

သူ့မှာ ကောင်းကင်အဆင့် တည်ရှိမှု ရှိနေပြီး အဆင့်မြင့်အဆင့် ဖြစ်နိုင်သလို အထွတ်အထိပ် အဆင့်တောင် ဖြစ်နိုင်ပါတယ်။

"နံပါတ်လေး ဦးလေး။ ဒီနိမ့်ပါးတဲ့ လူသားတွေကို ဘာများပြောနေဦးမှာလဲ။ သူတို့ကို ဖမ်းပြီးတော့ လုပ်စရာရှိတာ လုပ်လိုက်ပေါ့"

လူငယ်တစ်ယောက်ကလည်း အင်ပါယာ နန်းတော်ထဲကို လမ်းလျှောက်ပြီး ဝင်လာခဲ့ပါတယ်။ သူက အရောင်အသွေးစုံလင်စွာနဲ့ ရက်လုပ်ထားတဲ့ ပိုးချည်ထည်ကို ဝတ်ဆင်ထားပြီး ကြည့်ရတာ အမွေးအတောင်တွေကို ဖော်ပြနေတဲ့ ဒေါင်းတစ်ကောင်နဲ့ တူပါတယ်။

Edit with WPS Office

ဟော့လျန်ချင်ရွှယ်က လင်းဟန်အနားကို ကပ်လာပြီးတော့ တိုးတိုးလေး ပြောလိုက်ပါတယ်။

"အဲဒီလူကြီးနာမည်က ရှမ်ယုချန်းလို့ခေါ်တယ်။ လူငယ်ကတော့ ရှမ်ယုတုန်မင်း။ သူတို့ကို မစော်ကားမိစေနဲ့။ သူတို့ကို ကောင်းကောင်းမွန်မွန်နဲ့ ထွက်သွားအောင်ပဲ လုပ်လိုက်ပါ"

ဒါက ပင်လယ်မျိုးနွယ်စု ဆိုတာကို လင်းဟန်က ရုတ်တရက် သတိပြုမိ သွားခဲ့ပါတယ်။

တကယ့်ကို မောက်မာလွန်းတာပဲ၊ ဒီနေရာကို သူတို့ရဲ့ ပိုင်နက်လို့များ ထင်နေတာလား။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး စဉ်းစားကြည့်ရင် အံ့အားသင့်စရာ မဟုတ်ပါဘူး။ ရှမ်ယုတော်ဝင် မျိုးနွယ်တစ်ခုတည်းနဲ့တင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် သုံးဆယ်နီးပါး ရှိပါတယ်။ ဒါက ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်သလဲ။ သူတို့ရဲ့ ခွန်အားက ဘယ်လောက်

Edit with WPS Office

ကြောက်စရာကောင်းလိုက်မလဲ။

ပင်လယ်မျိုးနွယ်စုရဲ့ မျက်လုံးထဲမှာတော့ ဒါက တစပြင်လိုနေရာတစ်ခု ဖြစ်ပြီးတော့ တကယ့်ကို အစွန်အဖျား နေရာတစ်ခုလို့ သတ်မှတ်ထားကြပါတယ်။

ဒါပေမဲ့ ရွှမ်ယုတုန်မင်းလား။

လင်းဟန်က အဲဒီ ဒေါင်းလူသားကို ကြည့်လိုက်ပါတယ်။ သူက ဟော့လျန်ချွင်ရွှယ်ရဲ့ သတို့သားလောင်းလား။

ဟော့လျန်ချွင်ရွှယ်က သူ့ကိုပြောပြဖူးပါတယ်။ ဟော့လျန်နဲ့ ရွှမ်ယု မိသားစုက ဂမ်ရန်တော်ဂင် မိသားစုကို အတူတကွ ပူးပေါင်းဆန့်ကျင် ခုခံဖို့အတွက် မဟာမိတ်ပြုလုပ်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ မြောက်ပိုင်းပင်လယ်မှာ တော်ဂင်မိသားစု သုံးခုရှိတဲ့အ ထဲမှာ ဂမ်ရန်မိသားစုက အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ သူတို့ကိုယ်ပိုင် အစွမ်းနဲ့ တခြားမိသားစု နှစ်ခုကို အမြစ်ဖြုတ်

Edit with WPS Office

သုတ်သင်ပစ်နိုင်တဲ့ အထိကို အစွမ်းထက်ပါတယ်။

ဒါကြောင့် မိသားစု နှစ်ခုက ခုခံကာကွယ်နိုင်ဖို့ မဟာမိတ်တည်ဆောက်ဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

ဒါပေမဲ့ ဘယ်လိုလုပ်ပြီး အာမခံချက် ရှိနိုင်မလဲ။ အားလုံးက သူတို့ရဲ့စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တစ်ဖက်နဲ့တစ်ဖက် ဘယ်လိုမျိုး ထောက်ပံ့ပေးမှာလဲ။

လက်ထပ်ထိမ်းမြားခြင်းနဲ့ ပူးပေါင်းမယ်။

ဟော့လျန်ချွင်ရွှယ်က ဟော့လျန်မိသားစုထဲက လူငယ်မျိုးဆက်ထဲမှာ အထူးချွန်အထက်မြက်ဆုံး မိန်းကလေး ဖြစ်ပြီးတော့ ရွှမ်ယုတုန်မင်းက ရွှမ်ယုမိသားစုထဲမှာ အထူးချွန်အထက်မြက်ဆုံး ယောကျ်ားလေး ဖြစ်ပါတယ်။ ဟော့လျန်ချွင်ရွှယ်ထက် အနည်းငယ် နိမ့်ကျတယ် ဆိုပေမဲ့ သိပ်တော့ မဟုတ်ပါဘူး။ ဟော့လျန်ချွင်ရွှယ်က အရမ်းကို

Edit with WPS Office

ထူးချွန်လွန်းနေတာပါ။

ဒါပေမဲ့လည်း ဟော့လျန်ချင်ရှယ်က ဒီအကြောင်းတွေ အားလုံးကို သိသွားတဲ့ အခါမှာ သူမက ကျိန်စာများရဲ့ ပုလင်းကို ရယူဖို့ ကြံစည်ခဲ့ပါတယ်။ ပြီးတော့ ဒါက လျှို့ဝှက်ချက် တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက တော်ဝင်မိသားစု တစ်ခုရဲ့ အဖွဲ့သားတွေကို သတ်ဖြတ်ဖို့ တရကြမ်းတိုးဝင်သွားခဲ့ရင် အင်ပါယာ မိသားစုကိုတောင် ဒေါသဖြစ်စေပါလိမ့်မယ်။

သူမအနေနဲ့ ရောမ ငွေပင့်ကူကြီးရဲ့ တိုက်ခိုက်မှုကြောင့် သူမရဲ့ မှတ်ဉာဏ်တွေ အားလုံးကို ဆုံးရှုံးလိုက်ရပြီး အဲဒီကနေ လင်းဟန်အနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါပြီးတော့ ချစ်တင်းနှောပြီးတဲ့ နောက်မှာ သူမရဲ့ မှတ်ဉာဏ်တွေ ပြန်လည်ကောင်းမွန်လာမယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားမိခဲ့ပါဘူး။ သူမက မြောက်ပိုင်းပင်လယ်ကို ပြန်ရောက်လာခဲ့တဲ့ အခါမှာ ကိုယ်ဝန်ရှိနေပြီ ဆိုတာကို သိလိုက်ရပါတယ်။ ပြီးတော့ ရှမ်ယုတုန်မင်းနဲ့ လက်ထပ်ဖို့ ဆန္ဒလည်းမရှိတာကြောင့် ကလေးကို ပုန်းလျှိုးကွယ်လျှိုးနဲ့ မွေးဖွားခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း မီးတောက်ကို ရပ်လို့မရနိုင်ပါဘူး။ သတင်းတွေ ပေါက်ကြားသွားခဲ့တာကြောင့် သူမရဲ့ သားနဲ့အတူ အဝေးကို ထွက်ပြေးလာဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

အခု နောက်ဆုံးမှာ ပင်လယ်မျိုးနွယ်စုက သူမကို ရှာတွေ့သွားပါပြီ။

လင်းဟန်က သူ့အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်ပြီး ပလ္လင်ပေါ်ကနေ မတ်တပ်ထရပ်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီး ပြောလိုက်ပါတယ်။

"ကျုပ်က ဆုံးဖြတ်ပေးနိုင်တယ်။ ခင်ဗျားတို့မှာ ဘာကိစ္စ ရှိလို့လဲ"

သူ့အနေနဲ့ ရွှမ်ယုမိသားစုက လူနှစ်ယောက်က ဟော့လျန်ချင်ရှယ်ကို သတိပြုမိသွားလိမ့်မှာကို မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဟော့လျန်ချင်ရှယ်က သူမရဲ့ ရုပ်ရည်ကို ရုပ်ဖျက်ဆေးလုံး အသုံးပြုပြီးတော့ ပြောင်းလဲထားရုံတင်မက သူရဲ့

Edit with WPS Office

ရေးပောင်းပညာရပ်ကိုလည်း ကျင့်ကြံအားထုတ်ခဲ့ပြီး သူမရဲ့ အရှိန်အဝါကို ပြောင်းလဲပစ်နိုင်ပါတယ်။ အခု သူမက ပန်းဖူးအဆင့် စစ်သည်တော် တစ်ယောက်ရဲ့ အရှိန်အဝါပဲ ရှိပြီးတော့ မြောက်ပိုင်းပင်လယ်ရဲ့ ပုလဲရတနာနဲ့ လားလားမှ မသက်ဆိုင်ပါဘူး။

ရွှမ်ယုချန်က ဘေးဘီဝဲယာကို ဝေ့ကြည့်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အရေပြားကိုတောင် စုတ်ပြဲသွားစေနိုင်တဲ့ ကြောက်မက်ဖွယ်ရာ အစွမ်းတွေ စီးမျောနေပါတယ်။ သူ့ရဲ့ခွန်အားတွေကို ထုတ်ဖော်ပြီး လင်းဟာန်ကို အစွမ်းပြလိုက်ပေမဲ့ သူ့ကိုစိတ်ပျက်သွားစေပြီး အံ့အားသင့် သွားစေခဲ့ပါတယ်။ လင်းဟာန်ကို ကြည့်ရတာ ဘာမှမဖြစ်တဲ့ ပုံစံပါပဲ။ နည်းနည်းလေးမှ အကျိုးသက်ရောက်ပုံ မပေါ်ပါဘူး။

ဒီလူသားက အတော်လေးကို ထူးဆန်းတာပဲ။

ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ရွှမ်ယုမိသားစုရဲ့ အုတ်မြစ်က အရမ်းကို နက်ရှိုင်းပြီးတော့ ရေးပောင်း အင်အားကြီး ဂိုဏ်းငါးဂိုဏ်းကိုတောင် ထိပ်တိုက်ရင်ဆိုင်ပြီး သူတို့ရဲ့ နောက်ခံက ဒီလောက်တောင်

Edit with WPS Office

တောင့်တင်းတာကြောင့် အမိန့်ပေးတဲ့ နေရာကနေ သူတို့ကိုတောင် ဒေါသနဲ့ ပြောနေနိုင်ပါတယ်။ ဒါကြောင့် နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတဲ့ ဂျူနီယာလေးကို ဘာများဂရုစိုက်နေစရာလိုလို့လဲ။

သူက ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က မင်းကို လူတစ်ယောက် ရှာပေးဖို့ ပြောချင်တယ်"

"ဝိုး ဘယ်သူ့ကိုလဲ"

လင်းဟန်က ဟော့လျန်ရှုင်ရွှယ်ကို ပြောတာမှန်း သိပေမဲ့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

ရှမ်ယုချန်က သူ့လက်ကို မြှောက်ပြီးတော့ ပန်းချီစာလိပ် တစ်ခုကို ပစ်ထုတ်ပေးပြီး ပြောတယ်။

Edit with WPS Office

"အစွမ်းကုန် ကြိုးစားပြီးတော့ ဒီပန်းချီကားထဲက မိန်းကလေးကို ဒီအရှင်သခင်အတွက် ရှာပေးရမယ်။ သူမကိုရှာတွေ့ရင် ဒီအရှင်သခင်က မင်းအတွက် ဆုလာဘ်တွေ ပေးမယ်။ ဒါပေမဲ့ တကယ်လို့ ရှာမတွေ့ဘူး ဆိုရင်တော့ မင်းတို့ကောင်တွေ မင်းတို့ရဲ့ ကိုယ်ပိုင်အသုဘအတွက် ပြင်ဆင်ထားနိုင်တယ်"

"နံပါတ်လေး ဦးလေး ဒီနေရာက ပတ်ဂန်းကျင်က မဆိုးဘူး"

ရှမ်ယုတုန်မင်းက ပလ္လင်ပေါ်မှာ သာမန်ကာလျှံကာနဲ့ ထိုင်လိုက်ပါတယ်။

"ဒီကနေပဲ စောင့်ကြမလား"

"ကောင်းပြီလေ"

ရှမ်ယုချန်က အနည်းငယ် စဉ်းစားလိုက်ပြီးတော့

Edit with WPS Office

ခေါင်းညိတ်လိုက်ပါတယ်။ မြောက်ပိုင်းဒေသက မြောက်ပိုင်းပင်လယ်လောက် မကြီးမားဘူးဆိုပေမဲ့ လူနှစ်ယောက်အတွက်တော့ ရှာဖွေဖို့ဆိုတာ အရမ်းကို ခက်ခဲပါတယ်။ သူတို့တွေ ပြေးလာတဲ့ လမ်းတစ်လျှောက်လုံး ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ ဒါကြောင့် ဒီနေရာကနေ သတင်းတွေကို ထိုင်စောင့်နေတာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

နောက်ပြီးတော့ သူက စီနီယာ ဆိုပေမဲ့ ရွှမ်ယုတုန်မင်းရဲ့ အဆင့်အတန်းက မိသားစုထဲမှာ သူ့ထက်ပိုပြီး မြင့်ပါတယ်။ ဒီကလေးမှာ အရမ်းကို သန့်စင်တဲ့ ရှေးဟောင်းသွေးမျိုးဆက် ရှိပါတယ်။ ဒါက လုံးဝကို မနိုးထသေးပါဘူး။ သူ့ရဲ့အနာဂတ် အောင်မြင်မှုက အတိုင်းအဆမဲ့ပါတယ်။ ပြီးတော့ သူက မိသားစုထဲက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ တော်တော်များများရဲ့ လေ့ကျင့်သင်ကြားပေးမှုကို လည်း ရရှိခဲ့ပါတယ်။

အရမ်းကြီး မလွန်သရွေ့တော့ သူ့အနေနဲ့ ရွှမ်ယုတုန်မင်းကို ခွင့်ပြုပေးရပါလိမ့်မယ်။

Edit with WPS Office

"နန်းတော်က ချွေရံတော်တွေ ဒီကိုလာခဲ့။ မင်းတို့ကိုင်ထားတဲ့ ပစ္စည်းတွေကို ယူလာခဲ့စမ်း"

ရွှမ်ယုတုန်မင်းရဲ့ အနောက်မှာ နန်းတွင်းအစေခံ မိန်းကလေး နှစ်ယောက်က မတ်တပ်ရပ် နေပါတယ်။ သူတို့ရဲ့ လက်ထဲမှာ သစ်သီးအမျိုးမျိုး ကိုင်ဆောင်ထားပြီး အရောင်အသွေး စုံလင်ပြီး သူ့ရဲ့စားချင်စိတ်ကို လှုံ့ဆော်လာပါတယ်။

နန်းတွင်းအစေခံ မိန်းကလေးတွေက လင်းဟာန်ဆီကို ကြည့်လိုက်ကြပါတယ်။ လင်းဟာန်ရဲ့ မျက်လုံးထဲမှာ သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒတွေ မြင့်တက်လာပေမဲ့ ဟော့လျန်ချွင်ရှယ်ကို ကြည့်ပြီးတဲ့နောက်မှာ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ထိန်းချုပ်လိုက်ပြီးတော့ နန်းတွင်း အစေခံ မိန်းကလေးတွေကို သူပြောသလို လုပ်ပေးလိုက်ဖို့ ခေါင်းညိတ်ပြီး အချက်ပြ လိုက်ပါတယ်။

Edit with WPS Office

ဂန့်ကြီးတွေ ရာနဲ့ချီပြီးတော့ သူတို့ဟာ အရှက်ခွဲ ခံလိုက်ရသလို ခံစားရပါတယ်။ ဒီနေရာက မဟာလင်း အင်ပါယာရဲ့ စွမ်းအားအချက်အချာ နေရာဖြစ်ပြီးတော့ မဟာလင်း အင်ပါယာရဲ့ တစ်ခုလုံးကို ကိုယ်စားပြုပါတယ်။ ဒါပေမဲ့ အခုတော့ အပြင်လူ တစ်ယောက်က အင်ပါယာ ပလ္လင်ပေါ်မှာ စိတ်တိုင်းကျ ထိုင်ပြီးတော့ သူ့ဆန္ဒအတိုင်း မာဆတ်ဆတ်နဲ့ ပြောနေပါတယ်။

ဒါပေမဲ့ ဘာများတတ်နိုင်မှာလဲ။ ပြိုင်ဘက်က အရမ်းကို အစွမ်းထက်ပြီး ယွမ်ချမ်ဟဲတောင်မှ ဒီတည်ရှိမှုကို ခံနိုင်ရည် မရှိနိုင်ပါဘူး။ ဒါကြောင့် ဘယ်သူက သူ့ရဲ့ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။

ရန်လိုတဲ့စိတ်က သူတို့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို ဖိတ်ခေါ်နေသလိုပါပဲ။ ဒါကြောင့် ရွေးချယ်စရာက ရိုးရိုးလေးပါပဲ။

ရွှမ်ယုတုန်မင်းက အသီးတချို့ကို သာမန်ကာလျှံကာ ယူပြီးတော့ စားလိုက်ပြီး သူ့အမူအရာက သက်တောင့်သက်သာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"နံပါတ်လေး ဦးလေး။ ဒီအသီးတွေက တကယ်ပဲ အရသာရှိတယ်။
ဦးလေးလည်း နည်းနည်း စားကြည့်"

သူက ရွှမ်ယုချန်ဆီကို သစ်သီးတချို့ ပစ်ပေးလိုက်ပါတယ်။

ရွှမ်ယုချန်က အသက်ကြီးပြီး ဆင်ခြင်မြော်တွေးတတ်ပါတယ်။ ပြီးတော့ ရွှမ်ယုတုန်မင်းလို သူ့ပုံစံက အလေးမထား ဥပေက္ခာပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ရွှမ်ယုတုန်မင်းက စိတ်စေတနာ ကောင်းနေပါတယ်။ တကယ်လို့ သူကဒါကို လက်မခံဘူးဆိုရင် ခွင့်မလွှတ်နိုင်သလို ဖြစ်သွားပါ လိမ့်မယ်။ ဒါကြောင့် သူက စပျစ်သီးတစ်ခိုင်ကို ယူပြီးတော့ သူ့ပါးစပ်ထဲကို ထည့်လိုက်ပါတယ်။

ချက်ချင်းဆိုသလို သူလည်း အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အရမ်းကို လတ်ဆတ်ပြီး အရမ်းကို အရသာရှိတယ်။

Edit with WPS Office

နောက်ပြီးတော့ စပျစ်သီးတွေထဲမှာ စိတ်ဝိညာဉ် စွမ်းအားနည်းနည်း ရှိပြီးတော့ တန်းပြီးစုပ်ယူ နိုင်ပါတယ်။ ပြီးတော့ ဒါက အရမ်းကို နည်းပါးတယ် ဆိုပေမဲ့ အဆင့်နိမ့် သိုင်းပညာရှင်တွေ အတွက်တော့ သေချာပေါက် အရမ်းကို ကောင်းပါတယ်။ တကယ်လို့ ရှွမ်ယုမိသားစုက ဒီစပျစ်တွေကို တော်တော်များများ စိုက်ပျိုးနိုင်မယ်ဆိုရင် နှစ်ပေါင်းနှစ်ဆယ် သုံးဆယ် အတွင်းမှာ သူတို့မိသားစု တစ်ခုလုံးရဲ့ အစွမ်းက သေချာပေါက် နောက်ထပ်တစ်ဆင့် တိုးလာနိုင်ပါတယ်။

ရှွမ်ယုတုန်မင်းက ပိုပိုပြီးတော့ အထိန်းအကွပ်မဲ့လာပြီး နန်းတွင်းအစေခံ မိန်းကလေး တချို့ကို စိုက်ကြည့်ပြီးတော့ ရမ္မက်ခိုးဝေတဲ့ အကြည့်တွေနဲ့ ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"လူသားမိန်းကလေးတွေက ကြည့်ရတာ အရမ်း အရမ်းကို ချောမောလိမ့်မယ်လို့ မထင်ထားမိ ခဲ့ဘူး။ ဟေး ဒီတစ်ယောက် မဆိုးဘူး။ နောက်ပိုင်းမှာ ငါ့အတွက် ဒီသစ်သီးတွေကို သေတ္တာကြီး တစ်ခုနဲ့ ပြင်ဆင်ထားပေး။ ပြီးတော့ ဒီနန်းတွင်းအစေခံမ

Edit with WPS Office

ချောချောလေးတွေ အင်း ဆယ်ယောက်။ လူသားမျိုးနွယ်က အရမ်းကို နိမ့်ကျတယ် ဆိုပေမဲ့ သူတို့နဲ့ ကစားရတာ ထိခိုက်နစ်နာမှာ မဟုတ်ပါဘူး။ ဆယ်ယောက်က လုံလောက်ပါပြီ။ ဆယ်ယောက်ထပ် ပိုပြီးတော့ မလိုတော့ဘူး"

လင်းဟန်က ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ သူ့အပြုံးက အေးစက်စက်နဲ့ ခက်ထန်လို့ နေပါတယ်။

"မင်းက ငါ့ပိုင်နက်ထဲကိုလည်း ဝင်လာတယ်။ ငါ့နေရာကိုလည်း ဝင်ထိုင်သေးတယ်။ ပြီးတော့ ငါကမင်းကို ပိုက်ဆံနဲ့ မိန်းကလေးတွေ လက်ဆောင်ပေးတာလည်း လိုချင်သေးတယ်ပေါ့ ဟုတ်လား"

"ဘာလဲ မင်းက ဘဝင်မကျဘူးလား"

ရွှမ်ယုတုန်မင်းက လှောင်ပြုံးပြုံး လိုက်ပါတယ်။ ဘယ်လိုဟာသလဲ၊ သူက ရွှမ်ယုမိသားစုရဲ့ ခံ့ညားတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူက ဒီနေရာမှာ ထိုင်ဖို့ဆန္ဒ ရှိတယ်ဆိုတာက လင်းဟန်ကို မြင့်မြင့်မားမား တွေးပေးလို့

Edit with WPS Office

ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူသားမျိုးနွယ်ရဲ့ ညစ်ပတ်ရုပ်ထွေးမှုနဲ့ သူက ဒီနေရာကို လာဖို့ ရှောင်ရပါလိမ့်မယ်။

"ငါဒီမှာ တစ်လလောက်နေဖို့ စိတ်ကူးထားတယ်။ ဒီတစ်လ အချိန်အတွင်းမှာ မင်းက ပန်းချီစာလိပ်ပေါ်က မိန်းကလေးကို ငါ့အတွက် ရှာပေးရလိမ့်မယ်။ ပြီးတော့ တကယ်လို့ မင်းက သူမကို ရှာတွေ့ရင် ငါထွက်သွားမယ်။ ဒါပေမဲ့ ဒီအသီးတွေနဲ့ နန်းတော်အစေခံ မိန်းကလေးတွေကို လတိုင်းပေးဖို့ မမေ့နဲ့။ တကယ်လို့ မင်းက သူမကို ရှာမတွေ့နိုင်ဘူးဆိုရင် မင်းသွားသေလိုက်တော့"

သူက ပြောလိုက်ပါတယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်က အပြုံးက ပိုပိုပြီးတော့ တောက်ပလာခဲ့ပြီး ပြောလိုက်ပါတယ်။

"ငါမင်းကို တစ်ချိန်လုံး သည်းခံလာခဲ့တယ်။ ဒါပေမဲ့ မင်းက

Edit with WPS Office

ကိုယ့်သေလမ်းကို ကိုယ်ရှာနေတာပဲ။ ဒါဆိုရင်လည်း ငါမင်းကို သတ်ပေးရမှာပေ့ါ။ အင်ပါယာရဲ့ ဂုဏ်သိက္ခာကို စိန်ခေါ်လို့ မရနိုင်ဘူး။ အဲဒါကို မင်းရဲ့ခေါင်းထဲမှာ နောင်ဘဝရောက်တဲ့အထိ မြဲမြဲမှတ်ထားလိုက်"

Chapter 765 end

အပိုင်း(၇၆၆) အင်ပါယာရဲ့ ဂုဏ်သိက္ခာကို စိန်ခေါ်လို့ မရဘူး

ရှမ်ယုချန်းက သူ့အရှေ့မှာရှိတဲ့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လူသားပုရွတ်ဆိတ်က ခြိမ်းခြောက်တဲ့စကားတွေ ပြောဆိုနေတာက ရယ်စရာကောင်းတယ်လို့ ခံစားနေရပါတယ်။ တကယ့်ကို ဟာသအကြီးစား တစ်ပုဒ်ပါပဲ။

ရိုးရိုးသားသား ပြောရရင်။ ရှမ်ယုတုန်မင်းက တကယ့်ကို လွန်ပါတယ်။ ဒါပေမဲ့ ဘာဖြစ်လဲ။

သူက အဆင့်နိမ့်တဲ့ လူသားတစ်ယောက်ကို မျက်နှာသာ ပေးသင့်လား။

Edit with WPS Office

ဒါကဘာနဲ့တူသလဲဆိုရင် မင်းက ကြက်တစ်ကောင် သတ်ဖို့အတွက် ကောက်ယူလိုက်ပြီး ကြက်ခြံထဲမှာ ရှိနေတဲ့ တခြားကြက်တွေရဲ့ အမူအရာကို ကြည့်ဖို့ လိုလို့လား။

သိက္ခာစောင့်ထိန်းစရာ မလိုပဲ သူစိတ်ကျေနပ်သလို လုပ်ပါစေ။

ကြည့်ရတာ ဒီလူသားက သူ့အစွမ်းကို သိသေးပုံ မပေါ်ပါဘူး။ ပြီးတော့ အမိန့်အာဏာရဲ့ အစွမ်းကို ပြဖို့တောင် စလုပ်နေပါတယ်။

"လူသား မင်းအသက်ရှင်ရတာ ငြီးငွေ့နေပြီလား"

သူက သူ့ကိုယ်ပိုင် အရှိန်အဝါကို ဖြန့်ကျက်လိုက်ပြီး အင်ပါယာ နန်းတော် အထဲမှာ ပွက်ပွက်ဆူလာတဲ့ ရေတွေလိုမျိုး အားလုံးကို ညည်းတွားစေပြီး သူတို့ရဲ့က ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်တွေ အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးတော့မဲ့အတိုင်း ခက်ခက်ခဲခဲနဲ့ တင်းခံနေကြ ရပါတယ်။

Edit with WPS Office

ဒီနေရာမှာ လက်ရွေးစင် တစ်ယောက်ရဲ့ ဖိအားကို တောင့်ခံနိုင်တဲ့ သိုင်းပညာရှင်တွေ အထဲက ဘုရင်တွေ မရှားပါဘူး။ ဒါပေမဲ့ အခုကတော့ မတူပါဘူး။ ရွှမ်ယုချန်က အရှိန်အဝါမှာ မူလစွမ်းအင် တွဲစပ်ထားပါတယ်။ ဒါက အရှိန်အဝါ တစ်ခုပဲ မဟုတ်ပါဘူး။ တကယ့်ကို ဖိနှိပ်တဲ့ စွမ်းအားပဲ ဖြစ်ပါတယ်။

ဘယ်သူက ဒါကို ခံနိုင်ရည် ရှိနိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟန်က မကြောက်ပဲ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါက မင်းတို့ကို ညှော်သည်တွေ အနေနဲ့ လေးစားခဲ့တယ်။ ဒါပေမဲ့ မင်းတို့တွေ ညှော်သည်က ညှော်သည်လို မနေပဲ အိမ်ရှင်ကိုလည်း စော်ကားတယ်။ မင်းတို့စိတ်တိုင်းကျ လုပ်ချင်သလို လုပ်နေတယ်။ ဒါပဲလားဆိုတော့ မဟုတ်သေးဘူး။ မင်းက ငါနဲ့ ငါ့နန်းတွင်းသူ နန်းတွင်းသားကိုတောင် ခြိမ်းခြောက်လာတယ်။ ငါဘယ်သူလဲ

Edit with WPS Office

ဆိုတာကိုရော မင်းတို့တွေ သိရဲ့လား”

“ငါက မဟာလင်းအင်ပါယာရဲ့ ကေရာဇ်နဲ့ အင်ပါယာရဲ့ ဂုဏ်သိက္ခာကို စိန်ခေါ်လို့ မရနိုင်ဘူးကွ။ ဒီနေ့ ငါမင်းတို့တွေကို နတ်ဘုရားတွေရဲ့ ကောင်းချီးပေးဖို့အတွက် ယစ်ပူဇော်မယ်။ အဲဒီနောက် အနောက်ဘက် ဒေသကို စစ်ချီမယ်”

သူက ကျယ်လောင်စွာ ပြောလိုက်ပြီး မြေကြီးပေါ်မှာ လဲကျနေတဲ့ အဆင့်အသီးသီးက အရာရှိတွေကို အလွန်အမင်း စိတ်လှုပ်ရှား သွားစေခဲ့ပါတယ်။

“ဒါမှ ငါတို့ရဲ့ ကေရာဇ်ကွ”

“ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေ”

အရာရှိတွေ အားလုံးက အံကိုတင်းတင်း ကြိတ်ပြီးတော့

Edit with WPS Office

ပြောလိုက်ပြီး မရမက ဦးညွှတ်ဂါရ၀ ပြုလိုက်ပါတယ်။

"ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေ"

အ၀ေးကနေ ကြားလိုက်ရတဲ့ စစ်သားတွေကလည်း အနောက်ကနေ လိုက်ပြီးတော့ အော်ဟစ်လိုက်ပြီး ဦးညွှန်ဂါရ၀ ပြုလိုက်ပါတယ်။ ဒါက အင်ပါယာမြို့ တစ်ခုလုံးကို ပျံ့နှံ့သွားသလို ဖြစ်ပြီးတော့ သာမန်ပြည်သူတွေတောင်မှ ဒူးထောက်ပြီး ကျယ်လောင်စွာနဲ့ ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေလို့ အော်ဟစ်လိုက်ကြပါတယ်။

ဒီရက်ပိုင်းတွေမှာ လင်းဟာန်ပြုလုပ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေက နိုင်ငံနဲ့ လူတွေအတွက် အကျိုးအမြတ်တွေ ရရှိခဲ့ပြီး လူတွေရဲ့ နှလုံးသားနဲ့ စိတ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး အခုဆိုရင် လူတွေက သူတို့နှလုံးသားနဲ့ တုံ့ပြန်ခဲ့ကြပါတယ်။

အော်ဟစ်သံတွေက အင်ပါယာမြို့တစ်ခုလုံး ပဲ့တင်သံ

Edit with WPS Office

ထပ်သွားစေပြီး လူတွေရဲ့ စိတ်တွေမှာ ပေါင်းစည်းသွားခဲ့ပါတယ်။ နိုင်ငံစွမ်းအားကို အသုံးပြုလို့ ရနေပြီး လင်းဟာန်ရဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို ရွှေရောင်အလင်းတန်းတွေနဲ့ တောက်ပလာပြီး နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုကို ခံလိုက်ရပါတယ်။

ရွှမ်ယုချန်းက လှောင်ပြုံးပြုံး လိုက်ပြီးတော့ မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"မင်းက သတ္တိတော်တော်ကောင်းတာပဲ။ ကောင်းကင်ဘုံရဲ့ ဥပဒေကို ဆန့်ကျင်ပြီးတော့ နိုင်ငံတစ်ခု တည်ထောင်ပြီး ကံတရားတွေကို ပေါင်းစည်းလိုက်တယ်"

ဧကရာဇ်တစ်ပါး ဖြစ်ဖို့ဆိုတာက လူတွေအများကြီးရဲ့ အိပ်မက်ဖြစ်တာကြောင့် မထူးဆန်းပါဘူး။ ဒါပေမဲ့ နိုင်ငံတစ်ခုကို တည်ထောင်ပြီး နိုင်ငံစွမ်းအားကို ပေါင်းစုစည်းတာကိုတော့ အင်အားကြီး ဂိုဏ်းတွေက လုံးဝကို ခွင့်ပြုနိုင်တဲ့ အရာမဟုတ်ပါဘူး။

Edit with WPS Office

အမှန်တကယ်တော့ အင်အားကြီးဂိုဏ်းတွေ တော်တော်များများက ဘာဖြစ်လို့ ခွင့်မပြုတာလဲ ဆိုတာကို မသိကြပါဘူး။ ဒါက သူတို့ရဲ့ ဘိုးဘေးတွေကနေ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာတဲ့ စည်းမျဉ်းစည်းကမ်းတွေ ဖြစ်ပါတယ်။ ချိုးဖောက်တဲ့လူ သေရမယ်။

ဒါက ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ အယူအဆသစ်တွေ ရိုက်သွင်းတာက အတော်လေးကို အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ပင်လယ်မျိုးနွယ်စုလည်း ပါဝင်ပါတယ်။

"နံပါတ်လေး ဦးလေး။ ဒီဖွတ်ကျားနဲ့ စကားပြောမနေနဲ့ သူ့ကို သတ်ပစ်လိုက်ပါ။ ဒီမှာ ကျနော် ရက်နည်းနည်းလောက် ကေရာဇ် လုပ်လိုက်မယ်ဆိုရင် ဘယ်လိုလဲ။ ပျော်စရာ မကောင်းဘူးလား"

ရွှမ်ယုတုန်မင်းက သစ်သီးတွေ စားနေရင်းနဲ့ ပြောလိုက်ပြီး အခွံနဲ့ အစေ့တွေကို ဖြစ်သလို ထွေးထုတ်လိုက်ပါတယ်။

Edit with WPS Office

ရွှမ်ယုချန်က ဒီအကြောင်း စဉ်းစားလိုက်ပေမဲ့ သူက ပြောလိုက်တယ်။

"ငါ သူ့အသက်ကို အချိန်နည်းနည်းလောက် ချမ်းသာပေးလိုက်မယ်။ အဲဒီခွေးမကို ရှာတွေ့ဖို့က ပိုပြီးအရေးကြီးတယ်"

ခွေးမလို့ ပြောလိုက်တာနဲ့ ရွှမ်ယုတုန်မင်းက ချက်ချင်းဆိုသလို သတိဝင်လာပြီး သူ့မျက်လုံးတွေ နီရဲလာပါတယ်။ သူက ရွှမ်ယုမိသားစုရဲ့ ပါရမီရှင် ဖြစ်ပါတယ်။ သူမွေးလာတဲ့ အချိန်ကစပြီး သူလိုချင်တာ မှန်သမျှ ရရှိခဲ့ပြီး အလိုလိုက် ခံထားရပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ချွင်ရွှယ်က သူ့ကို မျောက်မထားတဲ့ လင်ယောက်ျား တစ်ယောက်လို ဖြစ်အောင် လုပ်ခဲ့ပါတယ်။ ဒါက သူ့ကို ခပ်ပြင်းပြင်း ရိုက်ထည့်လိုက်တာနဲ့ တူပြီးတော့ ရတ်ချည်းဆိုသလို မြောက်ပိုင်းပင်လယ်ရဲ့ ဟာသလို ဖြစ်သွားစေခဲ့ပါတယ်။ တခြားပင်လယ် ဒေသတွေက တော်ဝင်မိသားစုတွေတောင် ဒီသတင်းကို ကြားနိုင်ပါတယ်။

Edit with WPS Office

တကယ်လို့ ဟော့လျန်ချင်ရှယ်ကို လူပုံအလယ်မှာ မကွပ်မျက်နိုင်ဘူးဆိုရင် အနာဂတ်မှာ တခြားလူတွေကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမှာလဲ။

ဟော့လျန်ချင်ရှယ်က လင်းဟာန်ကို သူမရဲ့ မျက်လုံးတွေနဲ့ အချက်ပြလိုက်ပြီး ခဏလောက် တိတ်တိတ်ဆိတ်ဆိတ် နေပြီးတော့ သည်းခံနေဖို့ ဆိုလိုတာ ဖြစ်ပါတယ်။ မြောက်ပိုင်းပင်လယ်ရဲ့ တော်ဝင်မိသားစုက အရမ်းကို အစွမ်းထက်ပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် သုံးဆယ်ကျော် ပိုင်ဆိုင်ထားတာကို အသာထား တကယ်လို့ သူတို့ထဲက တစ်ယောက်ပဲ လာရင်တောင် မဟာလင်း အင်ပါယာက ဘယ်လိုလုပ် ခုခံနိုင်မှာလဲ။

ဒါပေမဲ့လည်း လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"တခြားလူတွေက မကျေမနပ်နဲ့ အလျော့ပေးနိုင်မှာ မဟုတ်ဘူး။ မင်းက ပိုပြီးတော့ တိတ်ဆိတ်ငြိမ်သက်ပြီး သည်းခံနေရင် သူတို့က ငါတို့ကို လွယ်လွယ်နဲ့ အနိုင်ကျင့်လို့ ရမယ်လို့ ထင်နေကြလိမ့်မယ်။ ဒီလူနှစ်ယောက် ဒီနေ့မှာ ငါသေချာပေါက် သူတို့ကို သတ်ပစ်ရလိမ့်မယ်"

ရှုပ်။

သူက ရှမ်ယုတုန်မင်းဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"ဟာသပဲ။ ငါ့အရှေ့မှာ လူသတ်မှု ကျူးလွန်ဖို့ ကြိုးစားနေတာလား"

ရှမ်ယုချန်က လှောင်ပြုံးပြုံး လိုက်ပါတယ်။ သူက အဆင့်မြင့် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်အောက်က ပြိုင်ဘက်ကင်းလုနီးပါး လူတစ်ယောက် ဖြစ်ပါတယ်။ သူက လင်းဟန်ရဲ့ လမ်းကြောင်းကို

Edit with WPS Office

ချက်ချင်းပဲ ဂင်ပြီးတော့ ဟန့်တားလိုက်ပါတယ်။

ဒါပေမဲ့လည်း အဲဒီအခိုက်အတန့်မှာ လင်းဟန်ရဲ့ ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်းတစ်ခု လက်သွားပြီး သူ့ပုံရိပ်က ရွှမ်ယုချန်ရဲ့ အရှေ့ကနေ ရုတ်တရက် အရှိန်အဟုန်မြင့်ပြီး ပျောက်ကွယ် သွားခဲ့ပါတယ်။

အရမ်းကို မြန်လိုက်တာ။ ရွှမ်ယုချန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်မိပါတယ်။ ဘယ်လိုလုပ်သူက အရမ်းကို လျင်မြန်နေရတာလဲ။ ဒီကောင်က တကယ်ရော နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှ ဟုတ်ရဲ့လား။ လဗ္ဗတ်ပဲ။ သူက ချက်ချင်းပဲ စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပြီး ရုတ်တရက် ချာခနဲလှည့်လိုက်တဲ့ အခါမှာ သူ့အမူအရာက ချက်ချင်းဆိုသလို ပြောင်းလဲသွားပါတယ်။ မျှော်လင့်ထားတဲ့အတိုင်း ရွှမ်ယုတုန်မင်းက လင်းဟန်ရဲ့ လက်ထဲကို ကျရောက်သွားခဲ့ပါတယ်။

သူက အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ ရွှမ်ယုတုန်မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ

Edit with WPS Office

ရှိပါတယ်။ လင်းဟန်ထက် အဆင့် ပိုမြင့်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက တစ်ကွက်တည်းနဲ့ ထိန်းချုပ်ခံလိုက်ရတာလဲ။

ဒီလူသားက သာမန်တော့ မဟုတ်ဘူး။

"သူတောင်းစား ငါ့ကိုလွှတ်ပေးစမ်း"

ရှမ်ယုတုန်မင်းက ဒေါ်ဟစ်ပြီး အသည်းအသန် ရုန်းလိုက်ပါတယ်။ အစောပိုင်းတုန်းက သူက လုံးဂကို ကာကွယ်ထားခြင်း မရှိခဲ့ပါဘူး။ လင်းဟန်ရဲ့ အစွမ်းက အရမ်းကို အထင်ကြီးစရာ ကောင်းလိမ့်မယ်လို့ လုံးဂမထင်ထားမိတာလဲ ပါပါတယ်။ ပြီးတော့ ရှမ်ယုချန်က သူ့လမ်းကို တားထားတာကနေ တစ်ဟုန်ထိုး ဖြတ်ကျော်လာနိုင်မယ်လို့ မျှော်လင့်မထားမိခဲ့ပါဘူး။

သူက သူ့လက်ကို မြောက်လိုက်ဖို့ပဲ အချိန်ရခဲ့ပြီး လင်းဟန်ရဲ့ ထိန်းချုပ်ခြင်းကို ခံလိုက်ရပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူက မကြောက်ပါဘူး။ သူက ရွှမ်ယုမိသားစုရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ အင်ပါယာ သရဖူပေါ်က ကျောက်မျက်ရတနာ ဖြစ်ပါတယ်။ နိမ့်ကျတဲ့ လူသားတစ်ယောက်က သူ့ကို ထိခိုက်နာကျင်အောင် လုပ်မှာတဲ့လား။ သူက ပင်လယ်မျိုးနွယ်စုရဲ့ လက်ရွေးစင်တွေ ရောက်လာပြီး ဒီအင်ပါယာသေးသေးလေးကို နင်းခြေဖျက်ဆီးပစ်ခံရမှာကို မကြောက်ဘူးလား။

သူက ဒေါသထွက်သွားခဲ့ပါတယ်။ ပြီးတော့ သူလွတ်မြောက်မှု ရရှိတာနဲ့ သူက လင်းဟန်ရဲ့ ခေါင်းပေါ်ကို ပြင်းပြင်းထန်ထန် ဖိနင်းပြီး သူ့ကိုအရှက်ခွဲတဲ့အတွက် ခံစားစေရပါမယ်။ အဲဒီနောက် လင်းဟန်ရဲ့ခေါင်းကို ဖြတ်ပြီးတော့ အနာဂတ်မှာ ဝိုင်ခွက်လုပ်ပြီး အသုံးပြုရပါမယ်။

"သူ့ကို အခုလွှတ်လိုက်စမ်း"

Edit with WPS Office

ရွှမ်ယုချန်ကလည်း အော်ဟစ်လိုက်ပါတယ်။ သူက လင်းဟာန်အနေနဲ့ ရှုံးမိုက်ပြီးတော့ တစ်ခုခု လုပ်ပစ်လိုက်မှာကို ကြောက်နေမိပါတယ်။

လင်းဟာန် အယောက်တစ်သောင်း ပေါင်းရင်တောင်မှ ရွှမ်ယုတုန်မင်းရဲ့ လက်ချောင်းလေး တစ်ချောင်းနဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ အပြန်အလှန် ပျက်စီးစေမဲ့ အတွေးမျိုးတောင် မရှိသင့်ပါဘူး။

လင်းဟာန်က သရော်ပြုံးပြုံးလိုက်ပြီး သူ့ညာဘက်လက် အတွင်းမှာ မူလစွမ်းအင်တွေ ပေါက်ကွဲပြီး ရွှမ်ယုတုန်မင်းရဲ့ ခန္ဓာကိုယ်ကို ကျူးကျော်လိုက်ပါတယ်။ သူက ပြောလိုက်ပါတယ်။

"မင်းမေကြီးတော်ပဲ လွှတ်ပေးလိုက်။ ဒီဧကရာဇ်က ပြောပြီးသား။ ငါ့ရဲ့ အင်ပါယာ ဂုဏ်သိက္ခာကို စိန်ခေါ်တဲ့ ဘယ်သူမဆို ဘယ်သူပဲဖြစ်ဖြစ် အားလုံးကို သတ်ပစ်မယ်"

"အား"

Edit with WPS Office

ရွှမ်ယုတုန်မင်းက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင်
အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ကိုယ်ပိုင် သိုင်းဆန္ဒတွေက
ချေဖျက်ခံရပြီး ပျက်သုန်းကုန်တာကို သိလိုက်ရပါတယ်။

လင်းဟာန်က သူ့ကို မသန်မစွမ်းဖြစ်အောင် လုပ်နေပါတယ်။

ဒါပေမဲ့လည်း ဒါက အရမ်းကို ကြောက်စရာ ကောင်းပါတယ်။
လင်းဟာန်ရဲ့ ကျင့်ကြံခြင်းက သူ့ထက် နိမ့်ကျတယ်ဆိုတာ
ရှင်းပါတယ်။ ဒါဆိုရင် ဘာကြောင့် လင်းဟာန်က သူ့ရဲ့သိုင်းဆန္ဒတွေ
ဖျက်ဆီးပစ်နိုင်ရတာလဲ။

"သေစမ်းကွာ"

ရွှမ်ယုချန်ရဲ့ မျက်လုံးတွေက နီရဲလာခဲ့ပါတယ်။ တကယ်လို့
သူ့အနေနဲ့ လင်းဟာန်က ရွှမ်ယုတုန်မင်းကို မသန်မစွမ်းဖြစ်အောင်
လုပ်နေတာကို ခွင့်ပြုလိုက်မယ်ဆိုရင် မိသားစုဆီကို

Edit with WPS Office

သူပြန်တဲ့အခါကျရင် သူလည်းပဲ အပြစ်ပေးခံရပါလိမ့်မယ်။ သေတောင်သေသွား နိုင်ပါတယ်။ သူက ရွှမ်ယုမိသားစုရဲ့ အထူးချွန်ဆုံး မျိုးဆက်ဖြစ်တဲ့ ရွှမ်ယုတုန်မင်းအတွက် ဂင်ရောက်စွက်ဖက် လိုက်ပါတယ်။

လင်းဟာန်က သူ့ညာဘက်လက်ကို လှုပ်လိုက်ပါတယ်။

ခရက် ခရက် ခရက် ခရက်။

ရွှမ်ယုတုန်မင်းရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတွေ အက်ကွဲသွားပြီး အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားခဲ့ပါတယ်။ ရွှမ်ယုတုန်မင်းက ဒုက္ခိတတစ်ယောက် ဖြစ်သွားခဲ့ပါတယ်။ သူက ရွှမ်ယုတုန်မင်းကို ပေါ့ပေါ့တန်တန်နဲ့ပဲ ရွှမ်ယုချန်ဆီကို ပစ်ထုတ်လိုက်ပါတယ်။

"သေစမ်းကွာ သေစမ်း"

ရွှမ်ယုချန်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပွက်ပွက်ဆူလာခဲ့ပါတယ်။ ရွှမ်ယုတုန်မင်းက မသေပေမဲ့

Edit with WPS Office

သူ့ခန္ဓာကိုယ် တစ်ခုလုံးက ဂျုံလုံးတစ်ခုလို ပျော့နေပါပြီ။ အရိုးတွေအားလုံး ကျိုးသွားပုံ ရပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်က သိုင်းဆန္ဒတွေလည်း ပျောက်ကွယ်လုနီးနီး ဖြစ်နေပါတယ်။ တကယ်လို့ စိတ်ဝိညာဉ် ဆေးပင်တွေနဲ့ ကုသမယ်ဆိုရင်တောင် ဒါက ကြီးမားတဲ့ ဒဏ်ရာတစ်ခု ဖြစ်ပြီးတော့ သူ့ရဲ့တက်လမ်းတွေအားလုံး ပျောက်ဆုံးကုန်ပြီး သေလူနဲ့မခြား သာမန်လူ တစ်ယောက်လို ဖြစ်သွားပါလိမ့်မယ်။

သူက တာဂန်ယူမှ မရှိပဲ ခေါင်းရှောင်လို့ မရနိုင်ပါဘူး။ သူခံစားရမဲ့ အပြစ်ဒဏ် အကြောင်းကို စဉ်းစားလိုက်တဲ့ အခါမှာ ရှုးသွပ်မလိုတောင် ဖြစ်သွားပါတယ်။

ဒီလူသားကို သတ်ပစ်။ သတ်ပစ်။ သတ်ပစ်။

လင်းဟာန်နဲ့ ရွှမ်ယုချန်တို့က ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ကြပါတယ်။ ဝုန်း။ အင်ပါယာ နန်းတော်က ချက်ချင်းပဲ ကျိုးပဲ့ပျက်စီးလာပါတယ်။ ဒါပေမဲ့ လင်းဟာန်က ရွှမ်ယုချန်းကို ကောင်းကင်ပေါ်ကို ခေါ်သွားခဲ့ပါတယ်။ ပြိုင်ဘက်ဖြစ်သူက

Edit with WPS Office

စိတ်လွတ်ကိုယ်လွတ်နဲ့ ဗရမ်းဗတာ တိုက်ခိုက်လို့ ရနိုင်ပေမဲ့ လင်းဟာန်ကတော့ အဲဒီလို လုပ်လို့မရနိုင်ပါဘူး။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောပြီး အကြိမ်အနည်းငယ် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ဖို့ စွန့်စားလို့ ရတာကြောင့် သူက စိတ်မလှုပ်ရှားပဲ တည်တည်ငြိမ်ငြိမ် ရှိနေဆဲပါပဲ။

"သေစမ်း လူသား။ ဒီနေ့ မင်းတစ်ယောက်တည်း သေရမှာ မဟုတ်ဘူး။ အင်ပါယာ တစ်ခုလုံးကိုလည်း မင်းနဲ့အတူ မြေမြှုပ်ပစ်မယ်ကွ"

ရွှမ်ယုချန်က မျက်နှာကြီး ခက်ထန်စွာနဲ့ ပြောလိုက်ပါတယ်။

Chapter 766 end

အပိုင်း(၇၆၇) အစစ်အမှန် နဂါးရဲ့ အရိပ်

Edit with WPS Office

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီနေ့ ဒီနေရာမှာ သေရမဲ့လူတွေက မင်းတို့နှစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

"လပြွတ်ပဲ"

ရွှမ်ယုချန်က သူ့လက်မောင်းတွေကို ဖြန့်ကားလိုက်ပြီး လင်းဟန်ဆီကို ရိုက်ချလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အမူအရာက ချက်ချင်းဆိုသလို ခက်ထန်သွားပါတယ်။ ဒီလူသားက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။ ပြီးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အထင်ကြီးစရာ ကောင်းပြီးတော့ သူ့အနေနဲ့ လွယ်လွယ်နဲ့ ရင်ဆိုင်လို့ ရလိမ့်မှာ မဟုတ်ပါဘူး။

မိုးကောင်းကင်ပေါ်မှာ တိုက်ခိုက်တာက လင်းဟန်အနေနဲ့ ဒွိဟဖြစ်စရာမလိုပဲ သူ့ပြိုင်ဘက်ကို သည်းကြီးမည်းကြီး

Edit with WPS Office

တိုက်ခိုက်လို့ ရပါတယ်။

ထန် ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က ပြင်းထန်စွာနဲ့ တိုက်ခိုက်နေကြပါတယ်။

သူတို့က အနီးကပ် တိုက်ခိုက်နေကြပြီး လက်သီးချက်တိုင်းက ခန္ဓာကိုယ်ဆီကို ရည်ရွယ်တိုက်ခိုက် နေပြီးတော့ အထွတ်အထပ် လက်ရွေးစင်တွေနဲ့ လုံးဝကိုမတူပဲ ဒေသခံ လူတွေရန်ဖြစ်နေသလို ဖြစ်နေပါတယ်။ အစီစဉ်တကျ မရှိပဲ လက်သီးတွေ ထိုးလိုက် ခြေထောက်နဲ့ ကန်လိုက်နဲ့ လုပ်နေကြပါတယ်။ ဒါပေမဲ့ အချိန်တော်တော်ကြာအောင် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက်က တိုင်ပင်ထားခြင်း မရှိပဲ အနောက်ကို ဆုတ်လိုက်ကြပါတယ်။

တိုက်ပွဲက ဒီလိုမျိုး အဆုံးသတ်လိုက်မှာလား။

Edit with WPS Office

လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ကိုး ရှားပါးသတ္တု အဆင့်ကို ရောက်ရှိနေပြီး ရွှမ်ယုချန်ကလည်း အားမနည်းပါဘူး။ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေကို သူ့ခန္ဓာကိုယ်နဲ့ နည်းနည်းလေးမှ ထိခိုက်ခြင်းမရှိပဲ ထိပ်တိုက်ရင်ဆိုင် ခံယူနိုင်ပါတယ်။

ရေးဟောင်း အစစ်အမှန် နဂါးတွေမှာ အံ့သြဖွယ်ရာ ခန္ဓာကိုယ်တွေ ရှိကြတာ သဘာဝပါပဲ။

ရွှမ်ယုချန်မှာ ရေးဟောင်းသွေးမျိုးဆက် အနည်းငယ်ပဲ ဆက်ခံရရှိတယ် ဆိုပေမဲ့ သူ့ခန္ဓာကိုယ် အတွင်းမှာ အစစ်အမှန်နဂါးရဲ့ သွေးအနည်းငယ် လှည့်ပတ်နေသရွေ့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အံ့အားသင့်စရာ အဆင့်တစ်ခုထိ တိုးစေဖို့ လုံလောက်ပြီး သူနဲ့အဆင့်တူ ရှားပါးရွှေနဲ့ ညီမျှပါတယ်။

အနည်းဆုံးတော့ သူက ရေးဟောင်းသွေးရဲ့ အဆုံးစွန်ထိ မရောက်ခင် ပထမတန်းစား ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါက ပင်လယ်မျိုးနွယ်စု တော်ဝင်မိသားစုရဲ့ အားသာချက်ဖြစ်ပြီး

Edit with WPS Office

တခြားအမွေဆက်ခံသူတွေထက် နာတဖျား သာလွန်ပါတယ်။

ပင်လယ်မျိုးနွယ်စုက အရမ်းကို မောက်မာဂင့်ကြွားတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

လင်းဟန်က သူ့လက်တွေကို ထိလိုက်ပြီး ရွှေရောင်အလင်းက ချက်ချင်းဆိုသလို နေရာအနှံ့ကို စီးမျောသွားခဲ့ပါတယ်။ သူက မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်နဲ့ မုသားမဲ့ မျက်လုံးကို တပြိုင်နက်တည်း အသက်သွင်းလိုက်ပါတယ်။ သူ့အနေနဲ့ ပြိုင်ဘက်ဖြစ်သူရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းက အပြစ်အနာအဆာ ကင်းတဲ့အထိ ကျင့်ကြံထားလိမ့်မယ်ဆိုတာကို မယုံကြည်ပါဘူး။ အားနည်းချက် တစ်ခုတော့ ရှိရပါလိမ့်မယ်။

ရွှမ်ယုချန်ကလည်း လက်နှစ်ဖက်လုံးကို ခါလိုက်ပါတယ်။ ထူးဆန်းစွာနဲ့ သူ့လက်တွေက နဂါး လက်သည်းတွေအဖြစ် ပြောင်းလဲသွားပြီး စိမ်းပြာရောင် တလက်လက် ထနေပါတယ်။

Edit with WPS Office

နဂါးလက်သည်းတွေ။

သူ့ရဲ့သွေးမျိုးဆက်က အကန့်အသတ် ရှိပါတယ်။ ပြီးတော့ လက်နှစ်ဖက်ကိုပဲ နဂါးပုံစံအဖြစ် ပြောင်းလဲနိုင်ပြီး အချိန်အတိုင်းအတာ တစ်ခုလောက်ပဲ ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါပေမဲ့ နဂါးလက်သည်းတွေက ကမ္ဘာကြီးရဲ့ စွမ်းအားအထက်ဆုံး လက်နက်ဆိုတာ သေချာပါတယ်။ သတ္တုတွေကို ချိုးဖြတ်ပြီး ကျောက်စိမ်းတွေကို ဖျက်ဆီးတာမျိုးက ခက်ခဲတဲ့ အရာတွေ မဟုတ်ပါဘူး။

နှစ်ဖက်စလုံး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ တိုးလာခဲ့ပြီးတော့ သူတို့က တစ်ယောက်ဆီ တစ်ယောက် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း ဟုမ်း။

မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်က နဂါးလက်သည်းတွေနဲ့ ရင်ဆိုင်မိ သွားခဲ့ပါတယ်။ ဒီအကျိုးဆက်က ရွှေရောင်နဲ့

Edit with WPS Office

စိမ်းပြာရောင် အလင်းတန်းတွေက မိုးကောင်းကင်ပေါ်မှာ ရောယှက်ပြီး ပေါက်ကွဲသွားပါတယ်။ ဒါကို အင်ပါယာ မြို့တစ်ခုလုံးက ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။

"ဟားဟားဟား လူသား။ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ အထင်ကြီးစရာ ကောင်းပြီးတော့ မင်းရဲ့ တိုက်ပွဲစွမ်းရည်ကလည်း အရမ်းကို သန်မာတယ်။ ဒါပေမဲ့ မင်းရဲ့ အကြီးမားဆုံး အားနည်းချက်ကတော့ မင်းရဲ့ကျင့်ကြံခြင်း အဆင့်ပဲ။ မင်းက တကယ်တမ်းတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါသေးတယ်ကွာ ဟားဟားဟား"

ရွှမ်ယုချန်က လှောင်ပြုံးပြုံး လိုက်ပါတယ်။ နဂါးလက်သည်းတွေက မြေကြီးမှာ မှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်ကို ခုခံနိုင်ပြီး အနည်းငယ်တောင် အားသာမှုရှိပြီး သူ့စွမ်းအားက လင်းဟာန်ရဲ့ စွမ်းအားကို လုံးဝကို ချေဖျက်ပစ်ပါတယ်။

"ဒီလိုလား"

Edit with WPS Office

လင်းဟန်က အသက်ကို ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး နိုင်ငံစွမ်းအားကို ထုတ်ဖော်လိုက်ပါတယ်။ ပြီးတော့ ကံကြမ္မာတွေရဲ့ ကောင်းချီးပေးမှုနဲ့အတူ သူ့စွမ်းအားက ချက်ချင်းပဲ တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။

ပညာရပ်တွေနဲ့ ကျွမ်းကျင်မှု၊ နိုင်ငံရဲ့ စွမ်းအား၊ မှော်ဆေးလုံးနဲ့ တခြားဟာတွေက တိုက်ပွဲစွမ်းရည်ကို တိုးလာနိုင်ပါတယ်။ တိုက်ပွဲစွမ်းရည်တွေက အကြောင်းအမျိုးမျိုးကြောင့် ဖြစ်လာနိုင်ပါတယ်။ လူတစ်ယောက်မှာ ဘယ်လိုလုပ်ပြီး မတူညီတဲ့ တိုက်ပွဲစွမ်းရည်တွေ ရှိနေသလဲ ဆိုတာက တိုက်ခိုက်တဲ့ အခါမှာ သစ်သားဓားတစ်လက် ဒါမှမဟုတ် သတ္တုဓားတစ်လက်နဲ့အတူ တိုက်ခိုက်တာနဲ့ တူညီပါတယ်။

နိုင်ငံရဲ့ စွမ်းအားက အစွမ်းတွေ တိုးလာစေပါတယ်။

အခုဆို မဟာလင်း အင်ပါယာက မြောက်ပိုင်းဒေသကို ပေါင်းစည်းခဲ့ပြီး လင်းဟန်ရဲ့ တိုက်ပွဲ စွမ်းရည်ကို ကြယ်ငါးလုံးလောက် တိုးလာစေပါတယ်။ ပြီးတော့

Edit with WPS Office

အမုန်တကယ်တော့ ကံတရားရဲ့ မြှင့်တင်ပေးမှုကြောင့် သူ့စွမ်းအားကို ကြယ်ငါးလုံး တိုးလာစေတာပါ။

ဒါက အနက်ရောင် မျော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုနဲ့ တူတယ်လို့ သတ်မှတ်နိုင်ပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံး မြင့်တက်လာမှုနဲ့အတူ လင်းဟန်က ကောင်းကင်အဆင့်မြင့်ကို ယှဉ်ပြိုင်လို့ မရနိုင်သေးပေမဲ့ သိပ်မကွာတော့ပါဘူး။ သူက မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံစွမ်းအားကိုပါ ထည့်ပေါင်းကာ သူ့ပုံရိပ်က တစ္ဆေသရဲ တစ်ကောင်အလား ယိမ်းထိုးလှုပ်ရှားနေပြီး ရွှမ်ယုချန်ရဲ့ အားနည်းချက် နေရာတွေကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ဖို့အတွက် ရှာဖွေနေပါတယ်။

ရွှမ်ယုချန်က အစစ်အမှန် နဂါးသွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတာပဲ ဖြစ်ပါတယ်။ အစစ်အမှန် နဂါးတစ်ကောင် မဟုတ်ပါဘူး။ နောက်ပြီးတော့ အစစ်အမှန် နဂါးတွေမှာလည်း သေချာပေါက် အားနည်းချက် ရှိနိုင်ပါတယ်။ သူက လင်းဟန်ရဲ့ ပြင်းပြင်းထန်ထန်

Edit with WPS Office

တိုက်ခိုက်မှုကြောင့် စပြီးတော့ ငယ်သံပါအောင်
အော်ဟစ်လာခဲ့ပါတယ်။

လင်းဟန်က သူ့အားနည်းချက်ကို တွေ့သွားပြီး မညှာမတာနဲ့ သူ့ကို ရိုက်နက်တိုက်ခိုက်တာကြောင့် သူ့ခန္ဓာကိုယ်အနန့် သွေးအလိမ်းလိမ်း ပေကျံလာခဲ့ပါတယ်။

"မင်းက ငါ့ကို ဒေါသထွက်စေတာပဲ"

ရွှမ်ယုချန်က စိန်းစိန်းဝါးဝါးနဲ့ ကြည့်လိုက်ပါတယ်။ သူက မြောက်ပိုင်းပင်လယ်က တော်ဂင် မိသားစုနဲ့ အစစ်အမှန် နဂါးတစ်ကောင်ကနေ ဆင်းသက်လာတဲ့ မျိုးနွယ်စု တစ်ယောက် ဖြစ်ပါတယ်။ သူက ဘယ်လောက်တောင် ဂုဏ်ယူစရာကောင်းပြီး လေးစားဖို့ ကောင်းလိုက်သလဲ။ ဒါပေမဲ့ အခုတော့ သူက ဘာမဟုတ်တဲ့ လူသားတစ်ယောက်ရဲ့ ပြင်းပြင်းထန်ထန် ရိုက်နက်ခြင်းကို ခံနေရပါတယ်။ ဒါကို သူက ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

Edit with WPS Office

သူက ကျယ်လောင်စွာ မာန်သွင်းလိုက်ပြီး ဒူးတစ်ဂက်
ထောက်ချလိုက်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးက
ကြွက်သားတွေက တဖျစ်ဖျစ်မြည်လာပြီး သူ့ခေါင်းပေါ်က
ဦးချိုသေးသေးလေး နှစ်ခုကလည်း ထူးဆန်းတဲ့ အလင်းရောင်တွေ
တလက်လက် တောက်ပလာခဲ့ပါတယ်။

လင်းဟန်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားက ဂမ်းချုပ်နေတာလား"

ရွှမ်ယုချန်က သူ့ရဲ့သရော်လှောင်ပြောင်မှုကို လျစ်လျူရှုပြီးတော့
အသက်ကို ပြင်းပြင်းရှုထုတ် လိုက်ပါတယ်။ ဝှမ်း။ အစစ်အမှန်
နဂါးတစ်ကောင်ရဲ့ အရိပ်မည်းတစ်ခုက သူ့နောက်ကျောမှာ
ဖြစ်ပေါ်လာပြီး မီတာသုံးထောင်ကျော် ရှည်လျားကာ အပေါ်ကို
ရစ်ခွေနေပါတယ်။

Edit with WPS Office

ဒါက မိုးပြာရောင် နဂါးတစ်ကောင် ဖြစ်ပါတယ်။
လေလိုင်းထဲမှာတောင် နဂါးရဲ့ မှတ်ဆိတ်က ရွေ့လျားနေတာကို တွေ့မြင်နိုင်ပါတယ်။

လင်းဟာန်က အမှုမဲ့ အမှတ်မဲ့ မနေဝံ့ပါဘူး။ မရဏဓားကို တန်းပြီးတော့ ထုတ်လိုက်ပါတယ်။

"ဘိုးဘေးနဂါးအရှင်သခင် ကျေးဇူးပြုပြီးတော့ ဒီလူသားကို အမြစ်ဖြုတ် သုတ်သင်ဖို့ ကျနော့်ကို ကူညီစောင်မပေးပါ"

ရွှမ်ယုချန်က ဒေါသတကြီးနဲ့ မာန်သွင်းပြီးတော့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ အချိန်မှာ မိုးကောင်းကင်ထက်က အစစ်အမှန် နဂါးရဲ့ အရိပ်မည်းကြီးကလည်း ရွေ့လျားလာပြီး သူ့ကိုယ်သူ လင်းဟာန်ဆီကို ပစ်ဝင်လာခဲ့ပါတယ်။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အားအနည်းငယ် ဖြစ်ပါတယ်။

Edit with WPS Office

သူ့အနေနဲ့ အနက်ရောင် မျော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကို အသုံးပြုသင့်လား။

လင်းဟန်က ချက်ချင်းပဲ သူ့ခေါင်းကို ခါလိုက်ပါတယ်။ အဆင့်မြင့် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်အတွက် အနက်ရောင် မျော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုကို အသုံးပြုတာက တကယ့်ကို ဖြုန်းတီးမှု ဖြစ်ပါလိမ့်မယ်။

တကယ်လို့ လင်းဟန်ရဲ့ အတွေးကို ရွှမ်ယုချန်သာ သိသွားမယ်ဆိုရင် သူက သွေချာပေါက် ဒေါသထွက် သွားပါလိမ့်မယ်။ ကောင်းကင်အဆင့် အဆင့်မြင့် လက်ရွေးစင်လား။ ဒီကမ္ဘာကြီးမှာ ဘယ်လောက်များများ ရှိနေလို့လဲ။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စွမ်းအားတစ်စ ဖြစ်ပါတယ်။ သူက ဒါကို ထိပ်တိုက် ရင်ဆိုင်နေပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ဓားနဲ့ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသို့ သိုင်းကွက်ကို သူ့ညာဘက်လက်နဲ့ ထုတ်ဖော်ပြီး မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို သူ့ရဲ့ ဘယ်ဘက်လက်နဲ့ ထုတ်ဖော်ပြီးတော့ နတ်ဆိုးပုံစံ သင်္ကေတတွေကို အဆက်မပြတ် အသက်သွင်းပြီး စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတစ်စကိုပါ အဲဒီမှာ ထည့်သွင်းလိုက်ပါတယ်။

"မဆင်မခြင်နဲ့"

ရွှမ်ယုချန်က သရော်ပြီး ပြီးလိုက်ပါတယ်။ သူက ဘိုးဘေးသွေးမျိုးဆက် စွမ်းအားကို ဆင့်ခေါ်ခဲ့ ပါတယ်။ ဒီလိုမျိုးကို ကောင်းကင်အဆင့်ကို ရောက်ရှိပြီးမှ တော်ဝင်မျိုးနွယ်စုကပဲ အသုံးပြုနိုင် ပါတယ်။ ရှေးဟောင်းသွေးမျိုးဆက်ရဲ့ မတူညီတဲ့ ပြင်းပြမှုတွေကြောင့် အစစ်အမှန် နဂါး အရိပ်မည်းရဲ့ စွမ်းအားက ကွာခြားပါလိမ့်မယ်။

အသန်မာဆုံးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကိုတောင် ရောက်နိုင်ပါတယ်။ ကံမကောင်းတာက လောကဘုံရဲ့ ဖိနှိပ်မှုကြောင့် နတ်ဘုရား အဆင့်ကို ချိုးဖျက်ဖို့

Edit with WPS Office

မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ ဒါက ပင်လယ်မျိုးနွယ်စုရဲ့ ကြီးကျယ်ခမ်းနားတဲ့ တိုက်ကွက်ဖြစ်ပြီး အရမ်းကို ကြောက်စရာ ကောင်းပါတယ်။

ကမ္ဘာကြီးရဲ့ အစွမ်းထက်ဆုံး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်။

လင်းဟာန်က ရွှမ်ယုချန်နဲ့ တိုက်ကွက်ချင်း ဖလှယ်လိုက်ပါတယ်။ ပြီးတော့ ကြောက်မက်ဖွယ်ရာ အားကောင်းတဲ့ ချီက တက်လိုက်ကျလိုက်နဲ့ မတည်မငြိမ် ဖြစ်နေပြီး တောက်ပလင်းလက်တဲ့ အလင်းတန်းကြီး ပေါက်ကွဲထွက်သလိုမျိုး မိုးကောင်းကင်ပေါ်မှာရှိတဲ့ နေသေးသေးလေး တစ်စင်း ပေါက်ကွဲသလိုမျိုး အောက်မှာရှိတဲ့ လူတွေကို ယာယီအားဖြင့် မျက်မမြင်တွေ ဖြစ်သွားစေ ခဲ့ပါတယ်။ တောက်ပလင်းလက်မှုကလွဲပြီး ဘာကိုမှ မမြင်နိုင်ကြပါဘူး။

Edit with WPS Office

တောက်ပတဲ့ အလင်းရောင် ပျောက်ကွယ်သွားတဲ့ အခါမှာ
လင်းဟန်က သူ့ခန္ဓာကိုယ် တစ်ခုလုံး သွေးအလိမ်းလိမ်း
ပေကျံပြီးတော့ အနည်းဆုံး မီတာသုံးထောင်ကျော်ကို
လွင့်ထွက်သွားပြီး သူ့လက်မောင်းက ထူးဆန်းတဲ့ ပုံစံနဲ့ လည်နေပြီး
သူ့ရင်ဘက်ကလည်း အထဲကို ချိုင့်နေပါတယ်။ သူ့လက်မောင်းနဲ့
နံရိုးတွေအားလုံး ကျိုးသွားပုံ ပေါ်ပါတယ်။

အစစ်အမှန် နဂါးရဲ့ အရိပ်က မျှော်လင့်ထားတဲ့အတိုင်း အထင်ကြီး
အံ့သြဖွယ်ရာ ကောင်းပါတယ်။ တစ်ချက်တည်းနဲ့ လင်းဟန်ကို
ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားစေခဲ့ပါတယ်။ လင်းဟန်မှာ
အဆင့်ကိုး ရှားပါးသတ္တုရဲ့ မာကျောမှုနဲ့ တူညီတဲ့ ရုပ်ပိုင်းဆိုင်ရာ
ခန္ဓာကိုယ် ရှိနေပေမဲ့ မခံနိုင်ခဲ့ပါဘူး။

"ဟားဟားဟား မင်းကိုယ်မင်း အရမ်းကို အထင်ကြီးလွန်းနေပြီ"

ရှမ်ယုချန်က တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူက
ဒီကြောက်စရာကောင်းတဲ့ လူသားကို ခေါင်းဖြတ်ပစ်ရပါမယ်။

Edit with WPS Office

"ဒီလောက်နဲ့ မရသေးဘူး"

လင်းဟန်က ဂရုမစိုက်စွာနဲ့ ပြောလိုက်ပြီး သူ့လက်ကို ဖြန့်လိုက်ပြီးတော့ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ဒဏ်ရာတွေက သက်သာလာခဲ့ပါတယ်။ သူ့ရင်ဘက်ကလည်း ပြန်ပြီးတော့ မောက်လာခဲ့ပြီး ကျိုးနေနေတဲ့ အရိုးတွေအားလုံးနီးပါး ချက်ချင်းကို ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

စိန်အဆင့် ခန္ဓာကိုယ်။

ဒါက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ထူးခြားတဲ့ ပညာရပ် ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တခြားတစ်ဖက်ထိ အားကောင်းသန်မာစေပြီး အထွတ်အထိပ် ပြန်လည်ကောင်းမွန်စေတဲ့ စွမ်းအားလည်း ရှိပါတယ်။ ဒါက အရမ်းကို ကြောက်စရာကောင်းတဲ့ အပိုင်းဖြစ်ပါတယ်။ မင်းက ငါ့ကို အကြိမ်ပေါင်းတစ်သောင်း ပြင်းပြင်းထန်ထန် ဒဏ်ရာရစေရင် ငါက

Edit with WPS Office

အကြိမ်ပေါင်းတစ်သောင်း ဒဏ်ရာတွေ ပြန်လည်ကောင်းမွန်လာစေမယ်။ ဘယ်လိုလဲ။

"ဘ ဘာ"

ရွှမ်ယုချန်က ချက်ချင်းပဲ ထိတ်လန့်တုန်လှုပ် သွားခဲ့ပါတယ်။ ဒီလူသားက မွန်းစတား တစ်ကောင်များလား။ ဒီလိုမျိုး ပြင်းထန်တဲ့ တိုက်ခိုက်မှုကနေ ချက်ချင်းပဲ ပြန်လည်ကောင်းမွန် သက်သာလာခဲ့တာလား။ မင်းက တကယ်ပဲ လူသားမှ ဟုတ်ရဲ့လား။ မင်းက အစွမ်းထက်တဲ့ ပြန်လည်ကောင်းမွန်မှုကြောင့် ထင်ပေါ်ကျော်ကြားတဲ့ ငွေလမျိုးနွယ်စုက မဟုတ်ဘူးဆိုတာ သေချာပါတယ်နော်။

မဟုတ်ဘူး မဟုတ်ဘူး။ မဟုတ်သေးဘူး။ ငွေလမျိုးနွယ်စုရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်က ဒီလောက်ထိ ကြောက်စရာမကောင်းနိုင်ဘူး။

Edit with WPS Office

လင်းဟန်က သူ့ဓားကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

"တိုက်ပွဲက အခုမှ စမှာ"

ရွှမ်ယုချန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး ပြင်းထန်တဲ့ ဒဏ်ရာကနေ ချက်ချင်းကြီး ပြန်လည်ကောင်းမွန်လာတယ်ဆိုတော့ မင်းက သေချာပေါက် တန်ဖိုးကြီးကြီး ပေးခဲ့ရလိမ့်မယ်။ ပြီးတော့ အကြိမ်များများ အသုံးပြုနိုင်မှာ မဟုတ်ဘူး"

ရွှမ်ယုချန်က နောက်တစ်ကြိမ် တိုက်ခိုက်ပြီးတော့ လင်းဟန်ရဲ့ အကန့်အသတ်ကို ချိုးဖျက်ဖို့ ကြိုးစားလိုက်ပါတယ်။

Chapter 767 end

အပိုင်း(၇၆၈) ကေရာဇ်က နဂါးတစ်ကောင်ကို သတ်ပစ်မယ်

Edit with WPS Office

ရွှမ်ယုချန်က ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပြန်လည်ကောင်းမွန်လာနိုင်တဲ့ စွမ်းအား အတွက် သေချာပေါက် တန်ဖိုးကြီးကြီးမားမား ပေးဆပ်ရလိမ့်မယ်လို့ တထစ်ချ ယူဆထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖြစ်နိုင်စရာအကြောင်း လုံးဝကို မရှိပါဘူး။

ဒါပေမဲ့ လင်းဟန်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ဉာဏ်ပညာရှိတာတောင်မှ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မော်စာလိပ်ရဲ့ ပထမအလွှာကို နားလည်သဘောပေါက်ပြီး စိန်အဆင့် ခန္ဓာကိုယ် ရရှိဖို့ နှစ်ပေါင်းတစ်သောင်း အချိန်ကုန်လွန်ခဲ့ရပါတယ်။ တကယ်လို့ ဒီလိုမျိုး ထူးဆန်းတဲ့ ပြန်လည်ကောင်းမွန်မှု စွမ်းအားသာ မရှိခဲ့ဘူးဆိုရင် ဒီလောက်အချိန်ကုန်ခံပြီး နားလည် သဘောပေါက်ဖို့ ကြိုးစားခဲ့ရတာနဲ့ ထိုက်တန်ပါ့မလား။ အနက်ရောင် မျှော်စင်ရဲ့ အဆင့်က ဘယ်လိုလုပ်ပြီး အဖိုးမထိုက်တန်ရမှာလဲ။

"ဒီနေ့မှာ မင်းတို့နှစ်ယောက်လုံးကို ငါသတ်ပစ်မယ်လို့ ပြောထားတယ်လေ။ ဒါကြောင့် ငါ သေချာပေါက် လုပ်ရမယ်"

Edit with WPS Office

လင်းဟန်က မြေကျွန်မှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်နဲ့ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသို့ သိုင်းကွက်ကို ထုတ်ဖော်ပြီး မှသားမဲ့ မျက်လုံးနဲ့ ဟာကွက်ပျော့ကွက်ကို ရှာဖွေပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကိုပါ ထည့်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

သူက လျှို့ဝှက်ဆန်းကြယ်မှ သုံးထောင်ကိုလည်း အသုံးပြုခဲ့ပြီး နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသို့က တစ်ခုတည်း မဟုတ်ပေမဲ့ သူ့စွမ်းအားက သေချာပေါက် နတ်ဘုရားအဆင့် မတိုင်မီ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုနဲ့ သိပ်မကွာပါဘူး။ သုံးမီတာရှည်တဲ့ ဓားအလင်းတန်းက ထွက်ပေါ်လာပြီး ရွှမ်ယုချန်ဆီကို တိုးဝင်လာခဲ့ပါတယ်။

"သေစမ်း သေစမ်း သေစမ်း"

ရွှမ်ယုချန်က အစစ်အမှန် နဂါးလက်သည်းနဲ့ ထိပ်တိုက်ရင်ဆိုင်

Edit with WPS Office

တိုက်ခိုက်လိုက်ပါတယ်။

ပုန်း။

နောက်ထပ် ကြီးမားတဲ့ တိုက်ပွဲအကျိုးဆက်ကြောင့် လင်းဟန်က နောက်တစ်ကြိမ် မီတာသုံးထောင်ကျော် လွင့်ထွက်သွားပြီး အရိုးတွေလည်း ထပ်ပြီးတော့ ကျိုးပဲ့သွားပြန်ပါတယ်။

ဒါပေမဲ့လည်း သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ထင်ထားတဲ့ အတိုင်းပဲ။ မင်းက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ အရိပ်ကို ဆင့်ခေါ်ခဲ့တယ် ဆိုပေမဲ့ ဒါက စစ်မှန်တဲ့ နဂါးအစစ် တစ်ကောင် မဟုတ်ဘူး။ သိုင်းဆန္ဒ အသိစိတ်လေး တစ်ခုပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက လွယ်လွယ်ကူကူနဲ့ ပြန်လည်ကောင်းမွန်လာမှာ မဟုတ်ဘူး။ နောက်ပြီးတော့ ငါ့ခန္ဓာကိုယ်ကို လျှပ်စီးအလင်းတန်းအဖြစ် ပြောင်းလဲပြီး အကျိုးဆက်ကို လျော့ချနိုင်တယ်"

Edit with WPS Office

သီအိုရီအရ ပြောရမယ်ဆိုရင် လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပြီးတဲ့နောက်မှာ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု အားလုံးကို လျစ်လျူရှုလိုက် နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက လျှပ်စီးအလင်းတန်း ဖြစ်သွားပြီး ပကတိ ခွန်အားကြောင့် ထိခိုက်ဒဏ်ရာ ရရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သိုင်းဆန္ဒတွေနဲ့ တွဲပြီးတော့ တိုက်ခိုက်မယ်ဆိုရင်တော့ မတူတော့ပါဘူး။ ပြီးတော့ ဘုရင်တွေက ချီတွေကို ထုတ်ဖော်နိုင်ပြီး လျှပ်စီးခန္ဓာကိုယ်ကို ထိခိုက်ဒဏ်ရာ ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် တကယ်လို့ အစစ်အမှန် နဂါးရဲ့ အရိပ်မှာ သိုင်းဆန္ဒ အသိတစ်ခု ရှိနေတယ် ဆိုရင်တောင် လင်းဟန်ရဲ့ လျှပ်စီးခန္ဓာကိုယ်ကို ခြိမ်းခြောက်နိုင်ဆဲပါပဲ။ ဒါပေမဲ့ စိန်အဆင့် ခန္ဓာကိုယ်ရဲ့ ခုခံနိုင်မှုကို ထည့်ပေါင်းလိုက်မယ်ဆိုရင် လင်းဟန်ကို တစ်ခါတည်း သတ်ပစ်ဖို့တော့ မလုံလောက်ပါဘူး။

သူ့ကို တစ်ခါတည်းနဲ့ မသတ်ပစ်နိုင်ဘူးဆိုတာက စိန်အဆင့် ခန္ဓာကိုယ်ရဲ့ ပြန်လည်ကောင်းမွန် လာနိုင်တဲ့ စွမ်းရည်နဲ့

Edit with WPS Office

ချက်ချင်းပြန်ကောင်းလာနိုင်တယ်လို့ ဆိုလိုတာပါပဲ။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက မင်းရဲ့ အဆုံးစွန် တိုက်ကွက်ပဲ မဟုတ်လား။ သိပ်လည်း အထင်ကြီးစရာ မရှိပါဘူး"

ရွှမ်ယုချန်ရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒါပေမဲ့ သူဘာပြောလို့ ပြောရမှန်း မသိဖြစ်နေပါတယ်။

အစစ်အမှန် နဂါးရဲ့ အရိပ်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အားတစ်စကို ပိုင်ဆိုင်ထားပြီး လင်းဟာန်ပေါင်း တစ်သောင်းလောက် ရှိရင်တောင် သီအိုရီအရဆို ရှင်းထုတ်ပစ်နိုင်သင့်ပါတယ်။ ဒါပေမဲ့ အခုကျ ဘယ်လိုလဲ။ လင်းဟာန်က တိုက်ခိုက်မှုတိုင်းကို ခံယူပြီးတဲ့နောက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တာတောင် သူ့ရဲ့သောက်ကျိုးနည်း ပြန်လည်ကောင်းမွန်မှုက အရမ်းကို လျင်မြန်ပါတယ်။

Edit with WPS Office

ဒါက အစစ်အမှန် နဂါးရဲ့ အရိပ်က အထင်ကြီးစရာ မကောင်းလို့ မဟုတ်ပါဘူး။ ဒီပြန်လည် ကောင်းမွန်စေတဲ့ စွမ်းအားက အရမ်းကို ထူးဆန်းနေတာကြောင့် ဖြစ်ပါတယ်။

ငါဒါကို မယုံနိုင်ဘူး။ ငါဒါကို မယုံနိုင်ဘူး။ မင်းက ဆက်တိုက်ပြန်ပြီးတော့ ကောင်းမွန်မယ် ဆိုတာကို ငါမယုံနိုင်ဘူး။

ရွှမ်ယုချန်က နဂါးဟိန်းသံလိုမျိုး ထူးဆန်းတဲ့ အသံတစ်ခု အော်ဟစ်လိုက်ပြီး လင်းဟာန်ကို အစစ်အမှန် နဂါးရဲ့ အရိပ်မည်းနဲ့အတူ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟာန်က ရှောင်တိမ်းဖို့ ဆန္ဒမရှိပဲ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ပါတယ်။ ပြိုင်ဘက်က ကောင်းကင်အဆင့်မှာပဲ ရှိတာကြောင့် လင်းဟာန်ရဲ့ တိုက်ခိုက်မှုတွေက ပြိုင်ဘက်ကို ခြိမ်းခြောက်ဖို့ လုံလောက်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့တန်ပြန်တိုက်ခိုက်မှုတွေက ပြင်းထန်လာရင် အစောပိုင်းက

Edit with WPS Office

ပြိုင်ဘက်ဖြစ်သူရဲ့ အဆုံးစွန် တိုက်ကွက်ကလည်း အဆုံးသတ်သွားပါလိမ့်မယ်။

သူတို့နှစ်ယောက်စလုံး ခိုင်ခိုင်မာမာနဲ့ ယုံကြည်ထားတဲ့ အရာက ပြိုင်ဘက်ဖြစ်သူရဲ့ အဆုံးစွန် တိုက်ကွက်က အမြဲတမ်း ဆက်ပြီးတော့ အသုံးပြုနိုင်လိမ့်မှာ မဟုတ်ပဲ သူတို့ရဲ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုတွေကို မနားတမ်း ထုတ်ဖော်တိုက်ခိုက်ပြီး တစ်ဖက်လူရဲ့ အကာနဲ့အသတ်ကို ပထမဆုံး ရောက်အောင်လို့ လုပ်ဖို့ ကြိုးစားရမယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ရှမ်ယုချန်က သူ့ရဲ့အဆုံးစွန် တိုက်ကွက်ကို တကယ်ပဲ အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ကတော့ ဝက်ဖဲတချို့က သူ့ဂုတ်ရုံထဲမှာ ကျန်နေပါသေးတယ်။

အနည်းဆုံးတော့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုကို အသုံးမပြုရသေးပါဘူး။ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည်က ပြိုင်ဘက်ကို ချေမှုန်းပစ်နိုင်ပါတယ်။

Edit with WPS Office

တိုက် တိုက် တိုက်စမ်း။

ရွှမ်ယုချန်ရဲ့ အမူအရာက ပိုပိုပြီးတော့ ခက်ထန်တင်းမာလာခဲ့ပါတယ်။ လင်းဟာန်ရဲ့ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်က ဘာဖြစ်လို့ နည်းနည်းလေးမှ လျော့ကျမသွားတာလဲ။ မဖြစ်နိုင်ဘူး။ တကယ်လို့ လင်းဟာန်က ရတနာဆေး တမျိုးမျိုးကို စားရင်တောင် အာနိသင်က တစ်ကြိမ်ပြီးတစ်ကြိမ် လျော့နည်းဆိုးဝါးလာပါလိမ့်မယ်။ သဘာ၀ ရတနာတွေတောင်မှ အကန့်အသတ်ရှိပါတယ်။

ဘာတွေများ ဖြစ်ကုန်တာလဲ။

လင်းဟာန်နဲ့ ဆန့်ကျင်ဘက်ဆိုသလို သူ့ရဲ့ ရှေးဟောင်းသွေးအမွေက လုံး၀ကို လောင်ကျွမ်းပြီး မကြာခင်မှာ ခမ်းခြောက်ပါလိမ့်မယ်။ အနည်းဆုံး နောက်တစ်ကြိမ် ပြန်အသုံးပြုနိုင်ဖို့အတွက် နှစ်ပေါင်းတော်တော်များများ ပြန်လည်ဖြည့်ဆည်းဖို့ လိုအပ်ပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က သူ့အမူအရာ ပြောင်းလဲသွားတာကို
တွေ့မြင်လိုက်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"အဘိုးကြီး ကြံ့ရာမရ ဖြစ်နေပြီလား"

"လဗ္ဗတ်ပဲ။ လူသားတစ်ယောက် ၊ ပုရွက်ဆိတ် တစ်ကောင်ကများ
ငါ့ကိုသတ်နိုင်လိမ့်မယ်လို့ မင်းထင်နေတာလား"

ရွှမ်ယုချန်က သိသိသာသာကို အရှုံးဝန်မခံ လိမ့်မှာ မဟုတ်ပါဘူး။
အဲဒီအစား အသေအကျေ တိုက်ခိုက်ယှဉ်ပြိုင် ပါလိမ့်မယ်။ သူက
နဂါးလက်သည်းကို ဝှေ့ယမ်းလိုက်ပါတယ်။ ဒါပေမဲ့
ကုန်ခမ်းသွားခဲ့တာကြောင့် သူတို့ရဲ့ စွမ်းအားတွေကလည်း
လျော့ကျသွားခဲ့ပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကတော့ အနှောင့်အယှက်
အဟန့်အတား မဖြစ်နေပါဘူး။ စိန်အဆင့် ခန္ဓာကိုယ်ကို

Edit with WPS Office

သူအောင်မြင်ပြီးတဲ့နောက်မှာ သူ့ရဲ့ ပြန်လည်ဖြည့်ဆည်းနိုင်တဲ့ စွမ်းအင်က စိတ်တိုစရာ ကောင်းလောက်တဲ့ အဆင့်တစ်ခုထိ ရောက်ရှိလာခဲ့ပါတယ်။ သူ့မှာ အသုံးမပြု ရသေးတဲ့ ဖျက်ဆီးလို့ မရနိုင်သော အရည်စက် ဆယ်စက်တောင် ကျန်ရှိနေပါတယ်။ တကယ်လို့ ရွှမ်ယုချန်သာ ဒါကိုသိသွားခဲ့မယ်ဆိုရင် သူက သေချာပေါက် လဲပြိုကျသွားပါလိမ့်မယ်။

တိုက်စမ်း။ တိုက်စမ်း။ တိုက်စမ်း။ ရွှမ်ယုချန်ရဲ့ တိုက်ပွဲစွမ်းအင်တွေက စပြီးတော့ ယိမ်းယိုင်လာပြီး လင်းဟန်ကလည်း သူ့ရဲ့မူလစွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ စွမ်းအားကို အကြီးအကျယ် ကုန်ခမ်းနေတယ် ဆိုပေမဲ့ သူက မှော်ဆေးဧကရာဇ် တစ်ယောက်ဆိုတာကို မမေ့ပါနဲ့။ ဘယ်လို မှော်ဆေးလုံး အမျိုးအစားကိုမဆို သာမန်ကာလျှံကာနဲ့ ထုတ်စားနိုင်ပြီး သူ့အခြေအနေက ရွှမ်ယုချန်ထက် သေချာပေါက် ပိုပြီးတော့ ကောင်းမွန်နေတယ်ဆိုတာ ပြောစရာတောင် မလိုပါဘူး။

ရွှမ်ယုချန်က နောက်ဆုံးတော့ အနောက်ကို ခုန်ဆုတ်လိုက်ပါတယ်။ တကယ်လို့ သူက ဆက်ပြီးတော့ တိုက်ခိုက်မယ်ဆိုရင် ဒီနေရာမှာ

Edit with WPS Office

သူက တကယ်ပဲ အသတ်ခံလိုက်ရနိုင်ပါတယ်။

မိုးကောင်းကင်ပေါ်မှာ သူ့အနောက်က အစစ်အမှန် နဂါးရဲ့ အရိပ်က ရုတ်တရက် အကြိမ် အနည်းငယ်မျှ တဖျတ်ဖျတ် တောက်ပပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။

သူ့ရဲ့ရှေးဟောင်း မျိုးဆက်သွေးတွေ လုံးဝကို အသုံးပြုလိုက်ပါပြီ။ အဲဒီအတွက် ပြန်လည်ဖြည့်ဆည်းဖို့ အချိန်လိုအပ်ပါတယ်။

"ဟင့်။ အခုတော့ ငါမင်းကို အသက်ရှင်ခွင့် ပြုလိုက်မယ်။ နောက်တစ်ကြိမ် ငါတို့မိသား ရောက်လာတဲ့ အခါကျရင် မင်းရဲ့ပျက်သုဉ်းမဲ့နေ့ကို ရောက်ပြီလို့သာ မှတ်လိုက်"

ရှမ်ယုချန်က စကားလုံးနည်းနည်းကို ပစ်သွင်းပြီးတော့ ကိုယ့်ဟန်သူဖို့ လုပ်ပြီးတော့ သုတ်ခြေတင် ထွက်ပြေးသွားပါတယ်။

"နံပါတ်လေး ဦးလေး"

Edit with WPS Office

ရွှမ်ယုတုန်မင်းက အကြီးအကျယ် အံ့အားသင့် သွားခဲ့ပါတယ်။
ခွေးသူခိုးကြီး ခင်ဗျားက ကျုပ်ကို ဒီနေရာမှာ ထားခဲ့မလို့လား။

ဒီလူသားက အရမ်းကို ကြမ်းတမ်း ရက်စက်ပါတယ်။ သူက
နဂါးအသားကို ချက်ပြုတ်စားသောက် ချင်နေတာလား။

လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါပြောပြီးသားလေ။ ဒီနေ့ ဒီနေရာမှာ မင်းသေရမယ်။
ဘယ်ကိုသွားဖို့ စဉ်းစားနေတာလဲ"

လင်းဟန်က ပေါ့ပါးဖျတ်လတ်စွာနဲ့ တစ်ဖက်လူကို
ကြားဖြတ်ဟန့်တား လိုက်ပါတယ်။ မိုးထစ်ချုန်း ကိုးခမြောက်
ကောင်းကင်ဘုံရဲ့ စွမ်းအားနဲ့ သူ့အမြန်နှုန်းက ရွှမ်ယုချန်ထက်တောင်
ပိုမြန်နေ ပါတယ်။

Edit with WPS Office

နည်းနည်းလေး မြန်ရင်ကိုပဲ လုံလောက်ပါပြီ။

ရွှမ်ယုချန်အနေနဲ့ အဝေးကို ထွက်သွားလို့ တကယ်ပဲ မရတာကို သိလိုက်ရတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။ သူ့မျက်နှာ အမူအရာက တင်းမာခက်ထန်သွားခဲ့ပါတယ်။ မင်းကင့်ါကို ထွက်သွားခွင့် မပြုမှတော့ ငါမင်းနဲ့ သူသေကိုယ်သေ တိုက်ခိုက်ရတော့မှာပေါ့။

လင်းဟာန်က သူ့ဓားကို ဆွဲထုတ်ပြီးတော့ ဇော့ယမ်းလိုက်ပါတယ်။ ဒါက အရမ်းကို ထူးခြားတဲ့ သတ်ဖြတ်ခြင်း ဂင်္ဂါပါ တစ်ခုကို ရေးထွင်းထားတဲ့ မရဏဓား ဖြစ်ပါတယ်။ တကယ်လို့ ဒီဓားကို ထုတ်ပြီးတော့ တိုက်ခိုက်လိုက်မယ်ဆိုရင် အဆင့်ကိုး ရှားပါးသတ္တဝါလို မာကျောမှုရှိတဲ့ ခန္ဓာကိုယ်တောင်မှ ဒဏ်ရာရသွားပါလိမ့်မယ်။

ရွှမ်ယုချန်က မရဏဓားကို ပြင်းပြင်းထန်ထန် ထိပ်တိုက်ရင်ဆိုဖို့

Edit with WPS Office

မဝံ့ရဲပါဘူး။ သူ့လက်သီးတွေကို လှုပ်ရှားလိုက်တဲ့ အခါမှာ အစွမ်းထက်တဲ့ လေပြင်းတွေ ထွက်ပေါ်လာခဲ့ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းအားတွေနဲ့ ပြည့်နက်နေပါတယ်။

လင်းဟာန်က ရွှမ်ယုချန်ကို ချောင်ပိတ်ထားပြီး ရွှမ်ယုချန်ရဲ့ စွမ်းအားတွေ ကုန်ခမ်းအောင်လို့ သူ့ဓားနဲ့ ဘယ်ဘက်ကတိုက်လိုက် ညာဘက်က တိုက်လိုက်နဲ့ တိုက်ခိုက်နေပါတယ်။

ရွှမ်ယုချန်က ဒေါသလည်းထွက်သလို အံ့အားလည်း သင့်နေခဲ့ပါတယ်။ တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင် လင်းဟာန်က သူ့ပြိုင်ဘက် မဟုတ်ပါဘူး။ အနည်းဆုံး ကြယ်ငါးလုံးလောက် ကွာခြားပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ အမြန်နှုန်းက အထွတ်အထိပ် အဆင့်မှာ ရှိပြီးတော့ လှုပ်ရှားမှုတိုင်း အရမ်းကို လျင်မြန်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပြန်လည်ကောင်းမွန် လာနိုင်စွမ်းလည်း ရှိနေပါတယ်။ ဒါက သူ့အတွက် လင်းဟာန်ကို မောပန်းနွမ်းနယ်ပြီး အားအင် ကုန်ခမ်းအောင် ဘယ်လိုမှ မလုပ်နိုင်ပါဘူး။

Edit with WPS Office

သူက တကယ်ပဲ အကျဉ်းသား တစ်ယောက် အဖြစ်ကို ရောက်သွားတော့မှာလား။

ရှမ်ယုချန်က သတ္တိမွေးလိုက်ပါတယ်။ သူက မြောက်ပိုင်းပင်လယ်ရဲ့ တော်ဝင်မိသားစုက ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူက လူသားတွေကြောင့် ဖမ်းဆီးခံရမယ်ဆိုရင် သူ့အနေနဲ့ အနာဂတ်မှာ တခြားလူတွေကို ဘယ်လိုမျက်နှာ ပြရတော့မှာလဲ။

ဒီအချိန်မှာ လင်းဟာန်က သူနဲ့ ရှမ်ယုတုန်မင်းကို သတ်ပစ်ရဲလိမ့်မယ်လို့ လုံးဝကို မယုံကြည်ပါဘူး။ မြောက်ပိုင်းပင်လယ်ရဲ့ တော်ဝင်မိသားစုက အရမ်းကို အစွမ်းထက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တစ်ယောက်ယောက်ကို စေလွှတ်လိုက်တာနဲ့ ဒီနေရာ တစ်ခုလုံးက အရာအားလုံးကို သတ်ပစ်နိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ ဒါကြောင့် လင်းဟာန်က သူတို့ကို သတ်ပစ်ရဲလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပိုပိုပြီးတော့ အားနည်းလာခဲ့ပါတယ်။ ပြီးတော့ သုံးရက်ကျော်လောက် တိုက်ခိုက်ပြီးတဲ့နောက်မှာ နောက်ဆုံးတော့ သူ့ရဲ့ခွန်အားတွေ ကုန်ခမ်းသွားပြီး လင်းဟန်ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။

သူက တကယ်ပဲ ဒီရှုံးနိမ့်မှုကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

ရွှမ်ယုချန်က အံကိုကြိတ်ထား လိုက်ပါတယ်။ တကယ်လို့ ဒီကောင်စုတ်လေးရဲ့ ကြောက်စရာ ကောင်းတဲ့ ပြန်လည်ကောင်းမွန်တဲ့ စွမ်းအားကြောင့်သာ မဟုတ်ဘူးဆိုရင် သူက ဒီကောင်စုတ်ကို အကြိမ်ပေါင်း ရာနဲ့ချီပြီးတော့ သတ်ပစ်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူက အဖမ်းခံလိုက်ရပါပြီ။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီး ဒီရှုံးနိမ့်မှုကို လက်ခံနိုင်မှာလဲ။

"သူ့ကို အရှေ့ဘက် ဂိတ်ကို ခေါ်သွား။ ဒီကောရာဇ်က သူတို့ကို ကိုယ်တိုင်ကိုယ်ကျ သတ်ပစ်မယ်"

Edit with WPS Office

လင်းဟန်က ကျယ်လောင်စွာ ပြောလိုက်ပါတယ်။ သူ့အသံက ကြည်လင်တောက်ပပြီး ရှင်းလင်းကာ အင်ပါယာမြို့ တစ်ခုလုံးကို ပဲ့တင်သံ ထပ်သွားခဲ့ပါတယ်။

"ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေ"

နိုင်ငံသားတွေ အားလုံးက ကမန်းကတန်းနဲ့ အရှေ့ဘက်ဂိတ်ကို ဦးတည်ပြီး အစစ်အမှန် နဂါးတစ်ကောင် အဖြစ်ကို ပြောင်းလဲနိုင်တဲ့ အရှင်မင်းကြီးရဲ့ ရန်သူကို မျက်မြင်ကိုယ်တွေ့ သွားကြည့်ဖို့ စိုင်းပြင်းလိုက်ကြပါတယ်။ အရှင်မင်းကြီးက နဂါးတွေကို သတ်ပစ်နိုင်တယ်။ ဒါက ဘာကို ကိုယ်စားပြုတာလဲ။

မဟာလင်း အင်ပါယာက ပြိုင်ဘက်ကင်းတယ်။

"မင်း မင်း လုပ်ရဲလား"

Edit with WPS Office

ရွှမ်ယုချန်က အခုတော့ တကယ်ကို ထိတ်လန့်တုန်လှုပ် နေပါပြီ။ ဒီလူသားက တကယ်ပဲ သူ့ကို သတ်ရဲသလား။

"မလုပ်ရဲစရာ ဘာရှိလို့လဲ"

လင်းဟာန်က သရော်ပြုံး ပြုံးလိုက်ပြီး သူ့လက်ကို ဝှေ့ယမ်းကာ ရွှမ်ယုချန်နဲ့ ရွှမ်ယုတုန်မင်းကို အရှေ့ဘက် ဂိတ်တံခါးဆီကို ခေါ်သွားခိုင်း လိုက်ပါတယ်။

Chapter 768 end

အပိုင်း(၇၆၉) မင်းရဲ့နိုင်ငံစွမ်းအားက မှားနေတယ်

"လင်းဟာန် နင်သေသေချာချာ စဉ်းစားရင် ကောင်းမယ်နော်။ နင်တကယ်ပဲ သူတို့ကို သတ်ပစ်ချင်နေတာလား"

ဟော့လျန်ချွင်ရွှယ်က သူ့အနားကို ချဉ်းကပ်လာခဲ့ပြီး သူမရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်နေပုံ ပေါ်နေပါတယ်။

Edit with WPS Office

လင်းဟန်က သူမကို မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ပင်လယ်မျိုးနွယ်စုက တံခါးဂကို ရောက်လာနေပြီ။ ဒါကိုဘယ်လိုမှ ရှောင်လွဲလို့ ရမှာမဟုတ်ဘူး။ ဒီလိုဆိုမှတော့ ဘယ်လိုလုပ်မလဲ။ သူတို့ကို ဒီတစ်ကြိမ် သည်းခံခွင့်လွှတ်ပေးရမှာလား။ ငါတို့က တိုက်ပွဲကွင်းမှာ ဆုံကြလိမ့်မယ်။ ဒီလိုဆိုမှတော့ ဘာဖြစ်လို့ သူတို့ကို ခွင့်လွှတ်နေဦးမှာလဲ။ နောက်ပြီးတော့ သူတို့တွေက လွန်လွန်ကျူးကျူးနဲ့ ဆိုးဆိုးဝါးဝါးတောင် ပြုမူခဲ့သေးတာပဲ"

ဟော့လျန်ချွင်ရှယ်က သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ငါတို့ရဲ့ အစွမ်းက အရမ်းကို နည်းသေးတယ်။ တကယ်တော့ ကြီးထွားဖွံ့ဖြိုးဖို့ အချိန်တွေ အများကြီး လိုသေးတယ်လေ"

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“မင်း သူတို့ပြောတာကို မကြားဖူးလား။ တကယ်လို့ မင်းကို တစ်လအတွင်းမှာ ရှာမတွေ့နိုင်ရင် သူတို့က ဒီအင်ပါယာမြို့ထဲက လူတွေအကုန်လုံးကို သတ်ပစ်မယ်တဲ့။ ဒါဆိုရင် ငါပြောမယ်။ အဲဒီအချိန်ရောက်ရင် ငါကမင်းကို သူတို့လက်ထဲ အပ်သင့်လား မအပ်သင့်ဘူးလား။ ဟာသပဲ။ ငါ့ပိုင်နက်ကိုလည်း လာသေးတယ်။ တစ်စုံတစ်ယောက်ကို ရှာဖို့လည်း ခိုင်းသေးတယ်။ ငါ့နယ်မြေ ဆိုတာကိုရော သူတို့တွေ သိရဲ့လား”

ဟော့လျန်ချွင်ရွှယ်က ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားပြီး ခဏလောက် ရပ်ပြီးမှ ပြောလိုက်ပါတယ်။

“နောက်တစ်ကြိမ် ရွှမ်ယုမိသားစုက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် သေချာပေါက် စေလွှတ်လိမ့်မယ်။ အဲဒီအခါ ငါတို့ဘာလုပ်ကြမလဲ”

Edit with WPS Office

"လည်စင်းခံလိုက်တာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူက တကယ်ပဲ မကြောက်ပါဘူး။ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှုနဲ့ဆို သူက စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ရရှိဖို့ အခွင့်အရေး တစ်ခု ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူက စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်လိုက်မယ်ဆိုရင် ပင်လယ်မျိုးနွယ်စုက သူ့ကိုတိုက်ခိုက်ဖို့နဲ့ ပတ်သက်ပြီး ခက်ခက်ခဲခဲ စဉ်းစားကြပါလိမ့်မယ်။

နောက်ပြီးတော့ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါ အစီအရင်ကို သူ့ရဲ့နားလည်သဘောပေါက်မှု ပိုပြီးတော့ မြင့်မားတဲ့ အဆင့်တစ်ခုကို ရောက်ရှိပြီး အဲဒီအချိန်ကျရင် သူက စကြာဂဠုဲ ဖျက်ဆီးခြင်း အဆင့် တိုက်ပွဲစွမ်းရည် အစစ်အမှန်ကို ပိုင်ဆိုင်လာပါလိမ့်မယ်။

Edit with WPS Office

ဒီကျွန်းမှာကြီးက ခွန်အားကြီးသူကိုသာ လေးစားကြပါတယ်။ တကယ်လို့ သူက လုံလောက်အောင် အစွမ်းမထက်ဘူးဆိုရင် လူတွေက သူ့ကို လွယ်လွယ်နဲ့ အနိုင်ကျင့် စော်ကားနိုင်တယ်လို့ ထင်မှတ်ကြပါလိမ့်မယ်။

ဂုဏ်သိက္ခာနဲ့ လေးစားမှုဆိုတာ တိုက်ခိုက်ခြင်းကနေပဲ ရရှိပါတယ်။ တိုးလျှိုးတောင်းပန်တာကနေ မရပါဘူး။

သူက မြို့ရဲ့ အရှေ့ဘက်ကို လာခဲ့ပါတယ်။ ရွှမ်ယုချန်နဲ့ ရွှမ်ယုတုန်မင်းတို့ တူဂရီး နှစ်ယောက်ကို ဒီနေရာကို ပို့ဆောင်ခေါ်သွားခဲ့ပြီးပါပြီ။ သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးပေါ်မှာ ချိန်းကြိုးတွေနဲ့ ချည်နှောင်ထားပြီးတော့ စင်မြင့်ပေါ်မှာ ဒူးထောက်နေကြ ရပါတယ်။

ဒါက ခေါင်းဖြတ်ကွပ်မျက်တဲ့ စင်မြင့်တစ်ခု ဖြစ်ပြီးတော့ အစောပိုင်းတုန်းက ကျူးလောင်ရှင်းနဲ့ ချင်းဖန်တို့ကို ကျာပွတ်နဲ့

Edit with WPS Office

အချက်တစ်ရာ ပြစ်ဒဏ်ပေးခဲ့တဲ့ နေရာလည်း ဖြစ်ပါတယ်။

"လူသား မင်းက အရမ်းကို ရဲတင်းတာပဲ။ ဒါက မင်းဆီကို သေခြင်းတရားက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာစေလိမ့်မယ်။ ဘယ်သူကမှ မင်းကို ကယ်နိုင်မှာ မဟုတ်ဘူး"

ရွှမ်ယုတုန်မင်းက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

"ငါက မြောက်ပိုင်းပင်လယ်က ရွှမ်ယုတော်ဝင်မိသားစုရဲ့ ကလန်အဖွဲ့သား တစ်ယောက်ပဲ။ တော်ဝင်မိသားစုရဲ့ အနာဂတ် ခေါင်းဆောင်လည်း ဟုတ်တယ်။ တကယ်လို့ ငါ့ခေါင်းပေါ်က ဆံပင်မွှေး တစ်ချောင်းကို မင်းထိပ့်ရင် တော်ဝင်မိသားစုရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သုံးဆယ်ကျော်က ဒီနေရာ တစ်ခုလုံးကို နင်းခြေဖျက်ဆီးပစ်ပြီး ပြာပုံဖြစ်အောင် လုပ်ပစ်လိမ့်မယ်"

ရွှမ်ယုတုန်မင်းရဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ

Edit with WPS Office

လူတွေတော်တော်များများက ချက်ချင်းပဲ ကြောက်ရွံ့သွားခဲ့ပါတယ်။ စကြာဂဠုဒ္ဓာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် သုံးဆယ်ကျော် ဟုတ်လား။ မနောက်ရဘူးနော်။

"သေခါနီးတောင် ကယောင်ကတမ်းတွေ ပြောနေသေးတယ်"

လင်းဟန်က လျှောက်လာပြီးတော့ ရွှမ်ယုတုန်မင်းရဲ့ ပါးစပ်ကို ပြင်းပြင်းထန်ထန် ရိုက်ပစ်လိုက် ပါတယ်။ ရွှမ်ယုတုန်မင်းက ညည်းတွားလိုက်ပြီး ဘာမှမပြောနိုင် ဖြစ်သွားပါတယ်။

ရွှမ်ယုချန်က ကောင်းကောင်း နားလည်သဘောပေါက်ပါတယ်။ ခြိမ်းခြောက်တဲ့ စကားတွေကို မပြောပဲ လင်းဟန်ကို ချော့မော့ဖြောင်းဖျဖို့ ကြိုးစားလိုက်ပါတယ်။

"လူသား ငါတို့တွေ စောစောတုန်းက ရိုသေလေးစားမှု ကင်းမဲ့ခဲ့တယ်။ ဒါပေမဲ့ ငါတို့မှာ မကောင်းတဲ့ စိတ်ဆန္ဒ မရှိပါဘူး။ ငါတို့က အဲဒီအမျိုးသမီးကိုပဲ ရှာချင်ခဲ့တာပါ။ ဒီလိုလုပ်ပါလား။

Edit with WPS Office

ငါတို့ကို ထွက်သွားခွင့်ပေးပါ။ ငါတို့မင်းကို လျော်ကြေးပေးပါ့မယ်။ ပြီးတော့ တကယ်လို့ မင်းက အဲဒီအမျိုးသမီးကို ရှာတွေ့မယ်ဆိုရင် ငါတို့မင်းအတွက် ဆုလာဘ်ကြီးကြီး ပေးပါ့မယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်ပါတယ်။

"ခင်ဗျားက အရူးလား။ ဒါမှမဟုတ် ကျုပ်ကို အရူးလို့ ထင်နေတာလား။ အခုတော့ မကောင်းတဲ့ စိတ်ဆန္ဒတွေ မရှိဘူးလို့ ပြောနေတယ်ပေါ့။ မကောင်းတဲ့ စိတ်မရှိဘူးဟုတ်လား။ ကျုပ်မှာလည်း ခင်ဗျားတို့အပေါ်မှာ မကောင်းတဲ့ စိတ်တွေမရှိပါဘူး။ သတ်ချင်ရုံလေးပါပဲ"

ရွှမ်ယုတုန်မင်းက ထိတ်ထိတ်လန့်လန့်နဲ့ ခုန်ပစ်ချင်ပါတယ်။ တကယ်လို့ သူ့ကိုသတ်တာက မကောင်းတဲ့ စိတ်ဆန္ဒ မဟုတ်ဘူးဆိုရင် မကောင်းတဲ့ စိတ်ဆန္ဒက ဘာလဲ။

ဖြန်း။

Edit with WPS Office

လင်းဟန်က ရွှမ်ယုတုန်မင်းရဲ့ မျက်နှာကို ရိုက်လိုက်ပြီး သူ့ကို ကြောင်တောင်တောင် ဖြစ်သွား စေခဲ့ပါတယ်။ သောက်ကျိုးနည်း ငါကဘာမှတောင် မပြောရသေးဘူးလေ။ ဘာဖြစ်လို့ မင်းက ငါ့ပါးကို ရိုက်ရတာလဲ။

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ အင်ပါယာ နန်းတော်ထဲမှာ ခြိမ်းခြောက်တဲ့ စကားတွေကိုပြောတယ်။ ပြီးတော့ စိတ်တိုင်းကျ ထင်တိုင်းကျဲတယ်။ ဒီလိုမျိုး လုပ်နေတာက ငါ့ကို မျက်လုံးထဲတောင် မထည့်ထားဘူးပဲ"

"လူသား အားလုံးက ငါတို့အများတွေပါ။ ဒါပေမဲ့ ငါတို့ကို မြောက်ပိုင်းပင်လယ်က တော်ဝင်မိသားစု အတွက်ကြောင့် တစ်ကြိမ်လောက်တော့ ခွင့်လွှတ်ပေးပါ"

Edit with WPS Office

ရွှမ်ယုချန်က ရိုးရိုးသားသားနဲ့ ပြောလိုက်ပါတယ်။
သူ့အသက်ရှင်နေသရွေ့ အရာအားလုံးကို အစကနေ ပြန်စလို့ ရနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆိုးဝါးတဲ့ အရာတွေ ဖြစ်လာပါ လိမ့်မယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ရွှမ်ယုချန်ရဲ့ ပခုံးကို ပုတ်ပြီးပြောလိုက်ပါတယ်။

"အခုတော့ ခင်ဗျားက အတော်လေးကို ရိုကျိုးနေပါ့လား။ ဒါပေမဲ့ စောစောတုန်းက အမူအကျင့်တွေ ဘယ်ပျောက်သွားတာလဲ။
ကံမကောင်းတာက ငါတို့တွေက တစ်ယောက်နဲ့ တစ်ယောက် တစ်ဖက်စီမှာနေဖို့ ကံဇာတာ ပါလာပြီးသားပဲ။
ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ လိုက်ရှာနေတဲ့ အမျိုးသမီးက ငါ့မိန်းမပဲ"

လပြွတ်ပဲ။

Edit with WPS Office

အချိန်အတော်ကြာအောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးမှ ရွှမ်ယုတုန်မင်းက သတိပြန်လည် လာခဲ့ပါတယ်။ ဒီကောင် ကြာကူလီကောင်ပဲ။ အဲဒီအခိုက်အတန့်မှာ သူက လင်းဟန်ရဲ့ ဘိုးဘေး ဆယ့်ရှစ်ဆက်ထိအောင် ကျိန်ဆဲလိုက်ပါတယ်။ ဒီလူက သူတို့အရှေ့ကနေ ကြည့်နေတဲ့ လူဆိုတာကို ဘယ်လိုမှ မမျှော်လင့်ထားမိခဲ့ပါဘူး။ ဟော့လျန်ချွင်ရွှယ်လည်း ဒီနေရာမှာ ရှိနေသလို ဒီကြာကူလီကောင်လည်း ရှိနေပါတယ်။

"ကွပ်မျက်ဖို့ အချိန်ရောက်ပြီ"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့လက်ထဲက မရဏဓားကို ကိုင်မြှောက်ပြီးတော့ ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"မဟာလင်း အင်ပါယာရဲ့ အင်ပါယာဂုဏ်သိက္ခာကို ဘယ်သူမှ ထိခိုက်လို့ မရသလို စိန်ခေါ်လို့လည်း မရဘူး။ ပြီးတော့ ဘယ်သူပဲလာလာ ဘယ်သူပဲ ငါ့အင်ပါယာရဲ့ ဂုဏ်သိက္ခာကို စိန်ခေါ်ခေါ် အားလုံးကို သတ်ပစ်ရလိမ့်မယ်"

Edit with WPS Office

ဖူး ဖူး။

အသက်တစ်ချောင်းအတွက် ဓားတစ်ချက်ပဲ။ ရွှမ်ယုတုန်မင်းနဲ့ ရွှမ်ယုချန်တို့ရဲ့ နလုံးသားတွေ ပေါက်ကွဲထွက် ကုန်ပါတယ်။

ပုံမှန်အားဖြင့်တော့ ခေါင်းဖြတ်ကွပ်မျက်ခြင်းက ပိုပြီးတော့ ထိရောက်ပါလိမ့်မယ်။ ဒါပေမဲ့ ရွှမ်ယုတုန်မင်းရဲ့ ခေါင်းကို လွယ်လွယ်နဲ့ ဖြတ်လို့ရတဲ့ အချိန်မှာ ရွှမ်ယုချန်ကတော့ မရပါဘူး။ တကယ်တော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ကိုး ရှားပါးသတ္တုနဲ့ မာကျောမှု တူညီပါတယ်။

မရဏဓားကို အသုံးပြုတာတောင်မှ မလုံလောက်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ ခွန်အားက မလုံလောက်သေးလို့ ဖြစ်ပါတယ်။ ပြီးတော့ အများပြည်သူ လူထုက ကြည့်နေတာကြောင့် စွမ်းအင်ကို အဟန့်အတား ဖြစ်စေပြီးတော့ လျော့ကျသွားပါလိမ့်မယ်။

Edit with WPS Office

"ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေ"

အင်ပါယာ တစ်မြို့လုံးက လူတွေအားလုံး ဒူးထောက်လိုက်ကြပါတယ်။ လင်းဟာန်က သူ့ရဲ့နေရာကို ကြေညာခဲ့ပြီး မဟာလင်းအင်ပါယာက မျိုးနွယ်ခြား ရန်သူတွေကို ကြောက်နေမှာ မဟုတ်ပဲ ကျူးကျော်လာသူတွေ အားလုံးကို သတ်ပစ်ပါလိမ့်မယ်။

ငါတို့ ကေရာဇ်က အရမ်းကို အံ့သြကြည်ညိုဖို့ ကောင်းလိုက်တာ။ ငါတို့ ကေရာဇ်က သြဇာလွှမ်းမိုး နိုင်တယ်။

အများပြည်သူ လူထုအရှေ့မှာ ကွပ်မျက်ခြင်းက လင်းဟာန်ရဲ့ ပုံရိပ်ကို တိုင်းသူပြည်သားတွေရဲ့ နလုံးသားထဲမှာ ကေရာဇ်တစ်ပါးလိုမျိုး နက်ရှိုင်းစွာနဲ့ အမြစ်တွယ်သွားခဲ့ပါတယ်။ ဒီသတင်းက မြောက်ပိုင်းဒေသ တစ်ခုလုံးကို ပျံ့နှံ့သွားတဲ့ အချိန်မှာ သူ့ပုံရိပ်က သံမဏိ နလုံးသား ကေရာဇ် တစ်ပါးအဖြစ် ခိုင်ခိုင်မာမာနဲ့ သက်သေပြခဲ့ပါတယ်။

လင်းဟာန်က အင်ပါယာ နန်းတော်ဆီကို ပြန်လာခဲ့ပါတယ်။ သူက

Edit with WPS Office

အနားယူချင်နေခဲ့ပြီး ချက်ချင်းပဲ မကောင်းတဲ့ စိတ်ခံစားချက် တစ်ခုကို ခံစားလိုက်ရပြီး အော်လိုက်ပါတယ်။

"ဘယ်သူလဲ"

"ခစ် ခစ် ခစ် တော်တော်လေးကို အာရုံကောင်းတာပဲ။ ဒီသခင်မက နည်းနည်းလေး အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားလို့ မင်းက ငါ့ရဲ့ တည်ရှိမှု နည်းနည်းကို အာရုံခံလိုက်မိတာပဲ"

စကားပြောသံနဲ့အတူ ဆံပင်နီနီ မိန်းမချော တစ်ယောက်ရဲ့ ဆွဲဆောင်မှုရှိတဲ့ ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ဖွံ့ထွားတင်းကားနေတဲ့ တင်ပါးတွေကို လှုပ်ခါပြီးတော့ သေးသွယ်ကျစ်လျစ်တဲ့ ခါးသေးသေးလေးနဲ့ လမ်းလျှောက်ပုံက အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။

သူမက ရီရွှမ်ရွှမ်ပဲ ဖြစ်ပါတယ်။ ဆံပင်နီနီက အရမ်းကို သိသာပေါ်လွင်စေပါတယ်။

Edit with WPS Office

"မင်း"

လင်းဟန်က ချက်ချင်းဆိုသလို နိုးနိုးကြားကြား ဖြစ်သွားပါတယ်။ သူမက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ အရမ်းကို အဆင့်မြင့်တဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြင့်တင်မှုကို အသုံးပြုမယ် ဆိုရင်တောင် သူမကို ရင်ဆိုင်ဖို့အတွက် အတော်လေးကို ခက်ခဲပါလိမ့်မယ်။

"ခစ် ခစ် ခစ် မင်းရဲ့စိတ်သဘောထားက ဘယ်လိုလဲ။ မင်းကိုကြည့်ရတာ ဒီအရှင်မကို တွေ့ရတာ မကြိုက်ဘူးလား"

ရီရွှမ်ရွှမ်က မပျော်မရွှင်နဲ့ ပြောလိုက်ပါတယ်။

"ဒီအရှင်မက မင်းမှာ ပြဿနာတချို့ ကြုံတွေ့နေတာကို တွေ့မြင်လို့ မင်းကို အထူးတလည် ကူညီပေးဖို့ ပြေးလာခဲ့တာနော်"

Edit with WPS Office

"အိုး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လား။ မင်းက တကယ့် လူကောင်းတစ်ယောက်လို့တော့ မပြောနိုင်ဘူးလေ"

"ဟင့်။ တကယ်လို့ ဒီအရှင်မက မင်းဟာ တော်တော်လေး ထူးဆန်းတယ်လို့ မခံစားမိဘူး ဆိုရင် ဒီအရှင်မက မင်းရဲ့အလုပ်တွေကို ဂင်စွက်ဖက်လိမ့်မှာတောင် မဟုတ်ဘူး"

ရီရွှမ်ရွှမ်က သူမရဲ့ မေးစေ့ကို ပွတ်ပြီးတော့ ခဏလောက် စဉ်းစားပြီး ပြောလိုက်ပါတယ်။

"ပြီးတော့ အဲဒီကလေးမလည်း အရမ်းကို ထူးဆန်းတယ်။

Edit with WPS Office

ဒီအရှင်မက သူ့ကို တပည့်တော်ကို တော်ရမယ်”

“ထွီ။ ညိုးညိုး မလိုချင်ဘူး”

ဟူးညိုက ဘယ်နေရာကမှန်းမသိ ပေါ်လာပြီးတော့ ရီရွှမ်ရွှမ်ကို မျက်နှာပြောင်ပြ လိုက်ပါတယ်။

လင်းဟန်က ဟူးညိုကို အသာလေး ငြိမ်နေဖို့ လက်ဟန်ခြေဟန်နဲ့ ပြလိုက်ပြီးတော့ ရီရွှမ်ရွှမ်ကို ပြောလိုက်ပါတယ်။

“အိုး ကျုပ်ကို ဘယ်လိုမျိုး ကူညီဖို့ အစီအစဉ်ရှိလဲ”

“ပထမအချက် ဒီအရှင်သခင်မက အနားယူသွားတဲ့ ကေရီတစ်ယောက် ဒါမှမဟုတ် တစ်ခုခုကို အင်တင်တင်နဲ့ လက်ခံပေးနိုင်တယ်။ ပြီးတော့ ဒုတိယက မင်းခေါ်နေတဲ့ ဒီနိုင်ငံစွမ်းအားဆိုလား။ ဒီအရှင်သခင်မကို ခေါင်းခါပြီးတော့

Edit with WPS Office

ရယ်မောစေတာပဲ”

ရီရွှမ်ရှမ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

လင်းဟာန်က ကျီစယ်သလို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“ဒီလိုဆိုရင်ရော ခင်ဗျားကို အင်ပါယာရဲ့ ရံရွှေတော် တစ်ယောက်ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးကို ချီးမြှင့်မယ်လေ။ လိုချင်လား”

“ဒီအရှင်သခင်မကို စနောက်ရဲတယ်။ မင်းက အသက်ရှင်ရတာ ငြီးငွေ့နေပြီလား”

ရီရွှမ်ရှမ်ရဲ့ လှပတဲ့ မျက်လုံးတွေက ကျဉ်းမြောင်းသွားပြီးတော့ အန္တရာယ်ရှိတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပါတယ်။

လင်းဟာန်က လက်နှစ်ဖက်စလုံးကို မြှောက်ပြီးတော့ ပြုံးပြုံးလေး

Edit with WPS Office

ပြောလိုက်ပါတယ်။

"ဘယ်လို ခင်ဗျားကို စနောက်လို့တောင် မရဘူးလား။ ငါတို့က ပျော်စရာကောင်းတဲ့ သူငယ်ချင်းတွေ မဖြစ်နိုင်ဘူးလား"

ရီရွှမ်ရွှမ်က ရယ်မောပြီးတော့ လင်းဟာန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး နင်က တော်တော်လေးကို ရဲတင်းတာပဲ။ ဒီအရှင်သခင်မက နင့်ကို လျော့တွက်သွားမိပြီ"

"ကျေးဇူးပြုပြီးတော့ အကြံပေးပါဦး။ ငါ့ရဲ့ နိုင်ငံစွမ်းအားက ဘာတွေမှားနေတာလဲ"

လင်းဟာန်က လေးလေးနက်နက်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

Chapter 769 end

အပိုင်း(၇၇၀) အထိမ်းအမှတ် ရုပ်ထု

"ဘယ်နေရာက မှန်လဲလို့ နင်မေးသင့်တယ်"

ရှီရွှမ်ရွှမ်က ခေါင်းကို ခါပြီးတော့ သူမပုံစံကို ကြည့်ရတာ သူ့ကို ခပ်နိမ့်နိမ့် ကြည့်နေပုံ ရပါတယ်။

လင်းဟာန်က ဒါကို လက်ခံပြီး သူ့စိတ်ထဲ ဘာမှမထားပဲ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ထောက်ပြပေးပါဦး"

ရှီရွှမ်ရွှမ်က ခက်ခဲအောင် စပြီးတော့ ဖန်တီးလိုက်ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"လက်ဘက်ရည် ဘယ်မှာလဲ။ အသိပညာ သင်ကြားပေးမဲ့ ဆရာသခင် တစ်ယောက်အတွက် လက်ဆောင်ရော။ ကောင်လေး မင်းက အလကား ရမယ်လို့ ထင်နေတာတော့ မဟုတ်ပါဘူးနော်။ ဟုတ်တယ်မလား"

"ဟီးဟီး ခင်ဗျားက အလကား မဟုတ်ဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ရှီရွှမ်ရွှမ်က သူ့ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်ကလေး မင်းသေချင်နေပြန်ပြီလား"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ နန်းတော်အစေခံ မိန်းကလေးတွေကို အနံ့အရသာနဲ့ ပြည့်စုံတဲ့ လက်ဘက်ရည်နဲ့

Edit with WPS Office

သစ်သီးတွေ ယူလာဖို့ အချက်ပြလိုက်ပြီး ပြောပါတယ်။

"ဆရာမရီ ကျေးဇူးပြုပြီးတော့ ဒီနေရာမှာထိုင်ပြီး
မင်းရဲ့ကျောင်းသားကို လမ်းညွှန်သင်ကြား ပြသပေးပါ"

"ကောင်းပြီ"

ရီရွှမ်ရွှမ်က ထိပ်ဆုံးမှာ ထိုင်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ စိတ်ရင်းကိုယ်ရင်းနဲ့ ရိုးသားမှုကို ကြည့်ပြီးတော့
ဒီအရှင်သခင်မက မင်းကို ကြင်ကြင်နာနာ သင်ကြားပေးရမှာပေါ့"

သူမက အသာအယာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"နတ်ဘုရားဘုံမှာ နိုင်ငံတွေကို စုစုပေါင်း အဆင့်လေးခုနဲ့
ခွဲခြားထားတယ်။ ကောင်းကင်ဘုံ စီရင်စု၊ အုပ်ချုပ်သူ စီရင်စု၊

Edit with WPS Office

ဧကရာဇ်ရဲ့ စီရင်စုနဲ့ ဘုရင်ရဲ့ စီရင်စုဆိုပြီး ခွဲထားတယ်။ အဲဒီထဲမှာ ကောင်းကင်ဘုံရဲ့ စီရင်စုက အမြင့်ဆုံးဖြစ်ပြီး ဘုရင်တွေရဲ့ စီရင်စုကတော့ အဆင့်နိမ့်ဆုံးပဲ။ အဆင့်တိုင်းမှာ တင်းကျပ်ထားတဲ့ အကန့်အသတ်ကိုယ်စီ ရှိပြီးတော့ နိုင်ငံပိုင်နက် အရွယ်အစားနဲ့ လက်ရွေးစင်တွေရဲ့ အရည်အသွေးနဲ့ ဆုံးဖြတ်တယ်။ မင်းခေါ်ချင်သလို ခေါ်နေတာမျိုးတော့ သေချာပေါက် မဟုတ်ဘူး"

"သီအိုရီအရဆို ပိုးဖလံကမ္ဘာလေး တစ်ခုအတွက်တော့ အုပ်ချုပ်သူရဲ့ စီရင်စုတစ်ခု ထွက်ပေါ်လာဖို့ဆိုတာ ဖြစ်နိုင်ချေမရှိဘူး။ လုံလောက်တဲ့ အရည်အချင်းမရှိဘူး"

လင်းဟာန်က ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"အရင်တုန်းက ဖက်တီးမာက ခရမ်းရောင်ဘုရင်ရဲ့ စီရင်စုကို တည်ထောင်ခဲ့တယ်။ ဒါပေမဲ့ အခု သူ့ရဲ့ ခရမ်းရောင်လ ဧကရာဇ်ရဲ့ စီရင်စုကို တည်ထောင်နေတယ်။ အဲဒီဖက်တီးက အားကိုးလို့ မရဘူးလို့တော့ ငါမထင်မိဘူး"

Edit with WPS Office

ရှီရွှမ်ရွှမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီဖက်တီးက နှစ်ပေါင်းများစွာ မြုပ်နှံနေခဲ့ပြီးမှ ဂျိုကြွပြီး ဧကရာဇ်တစ်ပါးရဲ့ စီရင်စုကို ရဖို့ အသည်းအသန် ကြိုးစားနေတယ်။ ကံကောင်းတာက သူက နတ်ဘုရားဘုံမှာ မဟုတ်လို့ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဖျက်ဆီးခံလိုက်ရပြီ"

"ဒါဆိုရင် ဧကရာဇ် တစ်ပါးရဲ့ စီရင်စုကို ဘယ်လိုခေါ်နိုင်လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မင်းက အခုချိန်မှာ ဒီအကြောင်းကို မစဉ်းစားသင့်သေးဘူး။ တကယ်လို့ မင်းက မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ဖွင့်နိုင်တဲ့ အခါကျရင် အားလုံးသိနားလည် လာလိမ့်မယ်။ အခု အဲဒီ အကြောင်းကို စဉ်းစားနေတာက အချိန်ဖြုန်းနေတာ သက်သက်ပဲ"

Edit with WPS Office

ရီရွှမ်ရွှမ်က လက်ကိုခါပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"အမှန်တကယ်တော့ နင့်ရဲ့ ဘုရင်စီရင်စုက တက်ကြွမှု အားမာန်မရှိသေးဘူး။ စကြာဂဠုန်ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က စောင့်ကြည့်ပေးနေဖို့ လိုတယ်"

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအကြောင်းကို အခုပြောလို့ရှိရင် အသုံးဝင်လိမ့်မှာ မဟုတ်ဘူး။ ငါတို့တွေက ပိုပြီးတော့ လက်တွေ့ကျတဲ့ အကြောင်းအရာ တစ်ခုခုကို ပြောတာက ပိုကောင်းလိမ့်မယ်"

ရီရွှမ်ရွှမ်က သူ့ကို မျက်လုံးတွေ ပြူးပြီးတော့ ကြည့်လိုက်ပြီး ပြောလိုက်တယ်။

Edit with WPS Office

"အသေးစိတ် အကြောင်းအရာတွေ မပြောပဲနဲ့ ငါက ဘယ်လိုလုပ်ပြီးတော့ အဲဒါကို ရှင်းအောင်လို့ ရှင်းပြနိုင်မှာလဲ"

"ဒါပေမဲ့ မင်းပဲပြောတယ်လေ။ အခုချိန်မှာ ဒီအကြောင်းကို စဉ်းစားနေစရာတောင် မလိုဘူးဆို။ အရည်အချင်းမမီသေးဘူးတဲ့။ ငါတကယ်ပဲ အဓိက အချက်ကို မရနိုင်သေးဘူး"

လင်းဟာန်က သက်ပြင်းချ လိုက်ပါတယ်။

"အဓိက အချက်က လာမယ်လေ။ နည်းနည်းလေး စိတ်ရှည်မှပေါ့။ မဟုတ်ဘူးလား"

ရီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။

"နိုင်ငံတစ်ခုကို တည်ထောင်တာက လွယ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက နိုင်ငံစွမ်းအားကို ထုတ်ယူချင်တယ်ဆိုရင်

Edit with WPS Office

နိုင်ငံတစ်ခုကို တည်ထောင်ရုံနဲ့ မလုံလောက်သေးဘူး”

“နိုင်ငံစွမ်းအား။ နိုင်ငံတစ်ခုရဲ့ လွှမ်းမိုးမှု၊ နိုင်ငံကံကြမ္မာ။ ဒါတွေက ဘယ်ကနေ လာတာလဲ။ ဒီနိုင်ငံထဲက မင်းရဲ့ တိုင်းသူပြည်သားတွေရဲ့ ယုံကြည်မှုတွေနဲ့ နိုင်ငံပေါ်မှာ သူတို့ရဲ့ မှီခိုမှုတွေက နိုင်ငံစွမ်းအားကို ထုတ်ယူနိုင်ဖို့ ခွင့်ပြုလိမ့်မယ်”

လင်းဟန်က ဒါကို သိပါတယ်။ နိုင်ငံစွမ်းအားကို ထုတ်ယူသုံးစွဲနိုင်ခွင့်ရှိမဲ့ သဘောထား ရပ်တည်ချက်တွေကို ထိန်းသိမ်းစောင့်ရှောက် ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နိုင်ငံစွမ်းအားဆိုတာက ဘာမှပြောနေစရာ လိုမှာမဟုတ်ပါဘူး။

“ဒါပေမဲ့လည်း သာမန်လူတွေက နင့်ကိုတွေ့မြင်ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ပြီးတော့ နိုင်ငံတစ်ခုက စိတ်ကူးယဉ် တည်ရှိမှုတစ်ခု ဖြစ်တယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး နင့်တိုင်းသူ ပြည်သားတွေမှာ ပြင်းပြတဲ့ ယုံကြည်သက်ဝင်မှု ရှိမှာလဲ”

ဘာလဲဟ။

Edit with WPS Office

လင်းဟန်က လေးလေးနက်နက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါဘာဆက်လုပ်သင့်လဲ"

"နင့်မှာ နိုင်ငံရဲ့ အမှတ်အသားအဖြစ် အမှတ်အသားရုပ်ထု တစ်ခုလိုအပ်တယ်။ ပြီးတော့ ဒီရုပ်ထု အမှတ်အသားနဲ့ ထိုးဖောက်ပြီး ရုပ်တည်ချက် သဘောထားတွေကို အထိမ်းအမှတ်ရုပ်ရဲ့ စွမ်းအားကို နင်ထုတ်ယူတဲ့ အချိန်မှာ စုပေါင်းနိုင်တယ်။ ဒါက နိုင်ငံစွမ်းအားကို အမှန်ကန်ဆုံး နည်းလမ်းနဲ့ အသုံးပြုတာပဲ"

ရှီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။

လင်းဟန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

Edit with WPS Office

"မင်းက နတ်ဘုရားဘုံရဲ့ အခြေအနေ အကြောင်းကို တော်တော်လေး သိနားလည် နေတာပဲ။ မင်းက နတ်ဘုရားဘုံကနေ လာခဲ့တာများ ဖြစ်နေမလား"

"ခစ်ခစ် နင်ခန့်မှန်းကြည့်လေ"

ရီရွှမ်ရွှမ်က အဖြေပြန်ပေးဖို့ စိတ်ကူး လုံးဝမရှိပါဘူး။

လင်းဟန်က ဒီအချက်ကိုပဲ ဇွဲကာဝိုက်ကာ ပြောမနေတော့ပါဘူး။

"ဒါဆိုရင် အထိမ်းအမှတ် ရုပ်ထုကို ဘယ်လိုလုပ်ရမလဲ"

"ဒါကလွယ်ပါတယ်။ ဘိုးဘေးတွေရဲ့ အထွတ်အမြတ်ထားတဲ့ နေရာမှာရှိတဲ့ အကြွင်းမဲ့ အာဂကာ ပစ္စည်းတချို့ကို ရှာရမယ်။ အဲဒီနောက် ပုံစံတူတွေကို နိုင်ငံအနှံ့မှာ ဖြန့်ကျက်ထားပြီး လူတွေကို

Edit with WPS Office

ကိုးကွယ်ယုံကြည်လာအောင် လုပ်ရမယ်။ ဒါဆိုရင် ယုံကြည်မှုရဲ့ စွမ်းအားကို ထုတ်လို့ရလိမ့်မယ်။ ပြီးတော့ အချိန်တွေ ကြာလာတာနဲ့ ယုံကြည်မှုတွေ လုံလောက်တဲ့အခါ ရုပ်ထုတွေ ပေါင်းစည်းပြီး ဒီနိုင်ငံကို ကာကွယ်ဖို့ စိတ်ဝိညာဉ် စွမ်းအားတစ်ခုကိုလည်း ထုတ်ပေးနိုင်လိမ့်မယ်”

“နတ်ဘုရားဘုံမှာ တကယ်လို့ နိုင်ငံတွေအကြား ကြီးမားတဲ့ စစ်ပွဲတစ်ခု ဖြစ်ခဲ့မယ်ဆိုရင် ရှုံးနိမ့်တဲ့ နိုင်ငံတွေက သူတို့ရဲ့ ရုပ်ထုတွေ အားနည်းလာပြီး စိတ်စွမ်းအားတွေ ဆုံးရှုံးတာကို ခံစားရမယ်။ ပြီးတော့ အနိုင်ရတဲ့သူက သူတို့ရဲ့ ခွန်အားတွေ ပိုပြီးတော့ အားကောင်းလာမယ်။ ဒါက နိုင်ငံတစ်ခုရဲ့ အခြေခံအုတ်မြစ်ပဲ”

နိုင်ငံတစ်ခုရဲ့ သင်္ကေတ။ အထိမ်းအမှတ်ရုပ်ထု ဘယ်လိုလုပ်ပြီးတော့ အကြွင်းမဲ့ အာဏာ ဖြစ်နိုင်မလဲ။

လင်းဟာန်က လေးလေးနက်နက် စဉ်းစားပြီးတော့ ဘယ်လိုရုပ်ထုကို ရွေးချယ်ရမလဲ ဆိုတာကို ရွေးချယ်နေပါတယ်။ အသိစိတ်ရဲ့

Edit with WPS Office

တို့ပြန်မှအရ အစစ်အမှန် နဂါးတစ်ကောင် ဖြစ်ပါတယ်။

နဂါး။ ကောင်းကင်ဘုံရဲ့ သားတစ်ယောက်။ ကောင်းကင်ဘုံရဲ့ ကောင်းချီးပေးမှုကို ခံရသူ။

ဒါပေမဲ့လည်း သူက အစစ်အမှန် နဂါးသွေးနဲ့ ပင်လယ်မျိုးနွယ်က လူနှစ်ယောက်ကို သတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့် အစစ်အမှန် နဂါးကို အထိမ်းအမှတ် ရုပ်တုအနေနဲ့ လုပ်မယ်ဆိုရင် အတော်လေး မတရားရာ ကျပါလိမ့်မယ်။ နောက်ပြီးတော့ လင်းဟန်က အစစ်အမှန် နဂါးတွေက တကယ်ပဲ အရမ်းကို အစွမ်းထက်မယ်လို့ မထင်ပါဘူး။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က အစစ်အမှန် နဂါးကိုးကောင်ရဲ့ စွမ်းအားကို ထောက်ပံ့နိုင်ပြီး ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများက နဂါးတွေကိုတောင် သတ်နိုင်တယ်လို့ ပြောလို့ ရပါတယ်။ ဒါကြောင့် အစစ်အမှန် နဂါးတွေက နတ်ဘုရားလောကမှာ အထွတ်အထိပ် ပြိုင်ဘက်ကင်းတာတော့ မဖြစ်နိုင်ပါဘူး။

Edit with WPS Office

ဒါဆိုရင် ဘာဖြစ်လို့ အနက်ရောင် မျှော်စင်ကို အသုံးမပြုတာလဲ။

အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်တွေက ပေါက်ကြားလို့ မဖြစ်ပါဘူး။ ဒါပေမဲ့ မျှော်စင်ပုံစံ အထိမ်းအမှတ် ရုပ်တုလေးကို ဘယ်သူကများ အနက်ရောင် မျှော်စင်နဲ့ ဆက်စပ်နေမယ်လို့ တွေးခေါ်နိုင်မှာလဲ။ တကယ်တော့ မျှော်စင်ပုံစံ စိတ်ဝိညာဉ် ပစ္စည်းတွေ ရှိပါတယ်။ ဒါပေမဲ့ ဘယ်ဟာကမှ အနက်ရောင် မျှော်စင်နဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ကောင်းပြီလေ။ ဒီလိုပဲ ဆုံးဖြတ်လိုက်တာပေ့ါ။

လင်းဟာန်က ကျီစယ်သလို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အနာဂတ်မှာ ခင်ဗျားဒီမှာ နေထိုင်ပြီးတော့ သာမန်အချိန်တွေမှာ အကြံဉာဏ်တချို့ ပေးပြီးတော့ နေနေပါ့လား။ တကယ်လို့ ကျွမ်းကျင်သူတွေ လာရင် ခင်ဗျားက ကူညီပြီးတော့

Edit with WPS Office

ဖယ်ထုတ်ပေးပေါ့"

"ဒါဆိုရင် ငါက ဘယ်လိုအကျိုးအမြတ် ရမှာလဲ"

"ဒီနေရာက အစားအသောက်တွေကို စိတ်ကြိုက်စားလေ"

"ဒီအရှင်သခင်မကို အစားအသောက် သောင်းကျန်းတဲ့လူလို့ နင်ထင်နေတာလား"

ရှီရွှမ်ရွှမ်က ရှသိုးသိုးနဲ့ ပြောလိုက်ပါတယ်။

"အစားအသောက် မက်တာက အရမ်းကို ကောင်းပါတယ်။ ရှင်များများစားလေ ပိုပြီးတော့ ကြီးထွားလာလေပဲ"

ဟူးညိုက တကယ့်ကို လေးလေးနက်နက်နဲ့ ပြောလိုက်ပြီး ရှီရွှမ်ရွှမ်ရဲ့ ရင်သားတွေကို အတော်လေးကို မနာလိုနေသလိုမျိုး ကြည့်ပါတယ်။

Edit with WPS Office

ရီရွှမ်ရွှမ်ရဲ့ ရင်သားတွေက ကျူးရွှမ်အာရဲ့ ရင်သားတွေလို အရမ်းကို ဆွဲဆောင်မှု ရှိတဲ့နေရာမှာ ယှဉ်နိုင်ပါတယ်။

ရီရွှမ်ရွှမ်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ဟူးညိုကို အတင်းပွေ့ဖက်ဖို့ လျှောက်လာပြီး ပြောလိုက်ပါတယ်။

"ဒီလို ချစ်စရာကောင်းပြီး ဆော့ကစားတတ်တဲ့ ကလေးမလေးကို ဒီအရှင်သခင်မက တစ်နေ့လုံး ပွေ့ဖက်ထားချင်တယ်"

"သောက်ကျိုးနည်း။ ညီးညီး နင်ဖက်တာကို မခံချင်ဘူး"

ဟူးညိုက အကျောက်အကန်ကို ငြင်းဆန်နေပါတယ်။

လင်းဟန်က သူတို့ကို လျစ်လျူရှု ထားလိုက်ပါတယ်။ ရီရွှမ်ရွှမ်ရဲ့ ဇစ်မြစ်ကို မသိရပါဘူး။ ဒါပေမဲ့ မကောင်းတဲ့ စိတ်ဆန္ဒတော့ ရှိပုံမပေါ်တာကြောင့် ဟူးညိုနဲ့အတူ ကစားဖို့ သူမကို ခွင့်ပြုထား

Edit with WPS Office

ခဲ့ပါတယ်။ သူက အနက်ရောင် မျှော်စင်ရဲ့ ရုပ်ထုပုံစံကို ရေးဆွဲပြီး အနည်းငယ် အပြောင်းအလဲ လုပ်လိုက်ပါတယ်။ ဒါက အနက်ရောင် မျှော်စင်နဲ့ တူနေဆဲ ဆိုပေမဲ့ သူ့ဒန်တန်ထဲက တစ်ခုနဲ့တော့ ကွာခြားတယ်လို့ သတ်မှတ်နိုင်ပါတယ်။

သူက ချက်ချင်းပဲ နိုင်ငံရဲ့ အထိမ်းအမှတ် ရုပ်ထုနဲ့ သင်္ကေတ အဖြစ် အသုံးပြုဖို့ အမိန့်ပြန်တမ်း ထုတ်လိုက်ပြီး မြောက်ပိုင်းဒေသရဲ့ နေရာအနှံ့ကို ပြန်ကြားစေခဲ့ပါတယ်။ ဟုတ်ပါတယ်။ ဒါကို အစစ်အမှန် ရုပ်ထုတစ်ခုအဖြစ် ပြောင်းလဲဖို့နဲ့ ယုံကြည်ကိုးကွယ်မှု အမျိုးအစားတစ်ခု ဖြစ်လာဖို့က အချိန်တိုတိုလေး အတွင်းမှာတော့ ပြီးမြောက်မဲ့ အရာတစ်ခု မဟုတ်ပါဘူး။

ရီရှမ်ရှမ်ရဲ့ ထွက်ဆိုချက်အရ ရုပ်ထုဖြစ်ပေါ်ပြီးတဲ့ နောက်မှာ ရုပ်ထုရဲ့ ခန္ဓာကိုယ်တစ်ခု ဖြစ်ပေါ်လာပြီး အင်ပါယာ နန်းတော်ရဲ့ ထိပ်မှာ အင်ပါယာမြို့ကို ကာကွယ်စောင့်ကြပ်ဖို့ ဖြစ်ပေါ်လာပါလိမ့်မယ်။ နိုင်ငံပိုင်နက် ကြီးမားရင် ခွန်အားပိုသန်မာလာပါလိမ့်မယ်။ ပြီးတော့ လူတွေရဲ့ နှလုံးသား ပိုပြီးတော့ စည်းလုံးလာရင် ရုပ်ထုကပိုပြီး အားကောင်းလာပါလိမ့်မယ်။

Edit with WPS Office

ဖက်တီးမာကိုလည်း သတိပေးရပါမယ်။ ဒီအချက်ကြောင့်ပဲ သူက နောက်ဆုံးအကြိမ်တုန်းက မိုးကောင်းကင်ကို ဖွင့်မဲ့ အစီအစဉ်က ကျဆုံးရတဲ့ အကြောင်းရင်းပဲ ဖြစ်ပါလိမ့်မယ်။

ရီရွှမ်ရွှမ်ရဲ့ အကူအညီနဲ့ လင်းဟန်က အတော်လေးကို သေချာလာပါတယ်။ ပြီးတော့ သူက နောက်ဆုံးမှာ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္က်ပါ အစီအရင်ကို နားလည်သဘောပေါက်လာပြီး အနက်ရောင် မျှော်စင်ထဲမှာ ဂင်္က်ပါမျက်လုံး ၁ဂ၈ခုကို ဖန်တီးခဲ့ပါတယ်။

ဓားတို ၁ဂ၈ချောင်းက သူ့အနားမှာ ဖြန့်ထားပြီးတော့ သူတို့ကို ပစ်လွှတ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင်ကိုယ်ကျ ဒီဂင်္က်ပါ မျက်လုံးတွေကို ဖန်တီးထားခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ထိန်းချုပ်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေစရာ မလိုပါဘူး။ ဓားတိုကိုယ်စီက အလိုအလျောက် သူ့နေရာ အသီးသီးကို ရောက်ပြီးတော့ လေထဲမှာ မျောလွင့်လို့ နေပါတယ်။ ဂင်္က်ပါ သင်္ကေတတွေက ထူးခြားတဲ့ အလင်းရောင်

Edit with WPS Office

တစ်ခုကို ထုတ်လွှတ်နေပြီး ကမ္ဘာကြီးရဲ့ စိတ်ဝိညာဉ်ချီက
ချက်ချင်းဆိုသလို စုဝေးလာပြီး အဖြူရောင် ထောက်တိုင်တစ်ခု
အဖြစ်ကို သိပ်သည်းလာခဲ့ပါတယ်။

အပူချိန်က ရုတ်ချည်းဆိုသလို လျော့ကျသွားခဲ့ပြီး အဖြူရောင်
ထောက်တိုင်အနားမှာ စိတ်ဝိညာဉ် ချီတွေက ပိုပြီးတော့
ဝေ့လည်လာပြီးတော့ လျှင်လျှင်မြန်မြန်နဲ့
ရေခဲနဂါးတစ်ကောင်အဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 770 end

Zaw.အပိုင်း(၇၇၁) ဂဏ်ပါရဲ့ စွမ်းအား

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ရေခဲနဂါး။

သီအိုရီအရဆိုရင် ရေခဲနဂါးက ပြိုင်စံရှားအတုမရှိပါဘူး။
ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ဂဏ်ပါ တစ်ခုကြောင့်
ဖြစ်ပေါ်လာခဲ့လို့ ဖြစ်ပါတယ်။ ပြီးတော့ ဂဏ်ပါ ရှိနေသရွေ့ ထာဂရ

Edit with WPS Office

တည်ရှိနေပါ လိမ့်မယ်။ ဒါပေမဲ့လည်း ဒီရေခဲနဂါးက ဂက်ပါ တစ်ခုကနေ ဖြစ်ပေါ်လာခဲ့တာကြောင့် ဂက်ပါ ပျက်စီးသွားတာနဲ့ ရေခဲနဂါးလည်း ပျောက်ကွယ်သွားပါလိမ့်မယ်။ ဒါက သူ့ရဲ့ အားနည်းချက် ဖြစ်ပါတယ်။

ဂက်ပါတွေက လွယ်လွယ်နဲ့ ဖျက်ဆီးလို့ ရလား။

လင်းဟန်က ဟော့လျန်ချင်ရွှယ်ကို ဂက်ပါ မျက်လုံးကို သူမရဲ့ ခွန်အားအပြည့်နဲ့ တိုက်ခိုက်ခိုင်း လိုက်ပါတယ်။ သူကတော့ ရေခဲနဂါးက ဟော့လျန်ချင်ရွှယ်ကို မတိုက်ခိုက်ဖို့ ထိန်းချုပ်ထားခဲ့ ပါတယ်။

ဟုမ်း။

ဟော့လျန်ချင်ရွှယ် တိုက်ခိုက်လိုက်ပါပြီ။

အခုသူမရဲ့ ကျင့်ကြံခြင်းက ကောင်းကင်အဆင့် အထွတ်အထိပ်ကို ရောက်ရှိနေပါတယ်။ ဒါပေမဲ့ နောက်ဆုံးခြေလှမ်းက ဖြတ်ကျော်ဖို့

Edit with WPS Office

အရမ်းကို ခက်ခဲနေပြီး သူမအနေနဲ့ အချိန်တော်တော် ကြာသည့်တိုင်အောင် ချိုးဖြတ်နိုင်ခဲ့ခြင်း မရှိသေးပါဘူး။ ဒီအဆင့်ကို သုံးနှစ်ကနေ ငါးနှစ်ထိ ယူရနိုင်ပြီး နှစ်ပေါင်းသုံးဆယ်ကနေ ငါးဆယ်အထိလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် နှစ်ပေါင်း သုံးရာကနေ ငါးရာအထိလည်း ဖြစ်သွားနိုင်ပါတယ်။ သူမက သူမရဲ့ ဒီဘဝသက်တမ်းမှာ ချိုးဖျက်နိုင်စွမ်းတောင် မရှိတာလည်း ဖြစ်နိုင်ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ကောင်းကင်အဆင့် အကြားက ကွာဟချက်က လေးနက်ပြီး အချိန်ကြာအောင် ကုန်ဆုံးခြင်းဖြင့် ဖြတ်ကျော်နိုင်တဲ့အထိ ရိုးရှင်းတဲ့ အရာမဟုတ်ပါဘူး။

ဟော့လျန်ချွင်ရွှယ်ရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ပေါ့ပါးဖျတ်လတ်ပြီး ပြင်းထန်နေပါတယ်။ ပြီးတော့ တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ရင်ပဲ အင်ပါယာ နန်းတော် တစ်ခုလုံး ပြားချပ်သွား စေနိုင်ပါတယ်။ ဒါက မဖြစ်နိုင်စရာ မရှိပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက မိုးကောင်းကင်ထဲက ကြယ်တွေကို ရိုက်ချနိုင်ပါတယ်။ ဒါကြောင့်

Edit with WPS Office

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က
အင်ပါယာနန်းတော် တစ်ခုကို ပြားချပ်သွားအောင် လုပ်နိုင်တဲ့
အကြောင်းက ထူးဆန်းတဲ့ အရာတစ်ခု ဖြစ်နိုင်ပါ့မလား။

ဟုန်း။ ဂဏ်ပါကို တိုက်ခိုက်လိုက်ပြီး ဂဏ်ပါ အစီအရင် တစ်ခုလုံးက
ချက်ချင်းဆိုသလို မီတာသုံးရာနီးပါး ပေါက်ကွဲသွားပေမဲ့
ဂဏ်ပါမျက်လုံး ၁၀၈ခုက မူလနေရာမှာပဲ ဆက်ရှိနေပြီး
ရေခဲနဂါးကလည်း ဘာမှဖြစ်မသွားခဲ့ပါဘူး။ လင်းဟာန်ရဲ့
အနောက်မှာ ရစ်ခွေနေပြီး အရိုးကွဲမတတ် အေးစိမ့်မှုကို
ထုတ်လွှတ်နေပါတယ်။

"ငါ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှုက ဒီဂဏ်ပါကို တကယ်ပဲ
မဖြိုခွဲနိုင်ဘူး"

ဟော့လျန်ချွင်ရှယ်က အံ့အားသင့် နေခဲ့ပါတယ်။ သူမက
မူလစွမ်းအင်ရော ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်စဉ်တွေကိုပါ
ကျင့်ကြံအားထုတ်သူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့
ကိုယ်ပိုင် တစ်မူထူးခြားမှုတွေကိုပါ ပေါင်းထည့်လိုက်မယ်ဆိုရင်

Edit with WPS Office

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အတားအဆီးကို ချိုးဖျက်နိုင်စွမ်း မရှိသေးပေမဲ့ သူမက အဲဒီအဆင့်နဲ့ နီးကပ်လို နေပါပြီ။

အရမ်းကို အံ့အားသင့်စရာကောင်းတယ်။

လင်းဟာန်က အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ အဆင့်တစ်ဆယ် ဂင်္ကပါကတော့ အဆင့်တစ်ဆယ် ဂင်္ကပါပဲ။ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တရစပ် တိုက်ခိုက်မှု တစ်ခုကတောင် ချိုးဖျက်နိုင်ခြင်း မရှိပါဘူး။

"ငါစမ်းကြည့်မယ်"

ရီရွှမ်ရွှမ် ပေါ်လာခဲ့ပြီး သူမကို ကြည့်ရတာ စမ်းသပ်ကြည့်ချင်တဲ့စိတ်တွေ တရွရွ ဖြစ်နေပုံ ရပါတယ်။

"မင်းလား"

Edit with WPS Office

လင်းဟန်က စဉ်းစားလိုက်ပါတယ်။

"မိုးကောင်းကင်ပေါ်ကို သွားကြတာပေါ့။ တကယ်လို့ ခင်ဗျား အထိန်းအကွပ် မဲ့လာလို့ရှိရင် ကျုပ်ရဲ့ အင်ပါယာနန်းတော်ကို ဖျက်ဆီးပစ်မှာကို ကြောက်မိတယ်။ ကျုပ်ရဲ့ ဒီအထိမ်းအမှတ် ရုပ်ထုက အခုမှ ဖြစ်ပေါ်ကာစပဲ ရှိသေးတယ်"

အင်ပါယာနန်းတော်ရဲ့ အပေါ်မှာ အရမ်းကို ထူးခြားတဲ့ အနက်ရောင် မျှော်စင်တစ်ခုရဲ့ အရိပ်တစ်ခု ရှိနေပါတယ်။ အဲဒါက မဟာလင်း အင်ပါယာရဲ့ အထိမ်းအမှတ်ရုပ်တု ဖြစ်ပါတယ်။ ဒါပေမဲ့ အခုမှ ဖြစ်ပေါ်ကာစပဲ ရှိပါသေးတယ်။ ရီရှွမ်ရှွမ်ရဲ့ ပြောစကားအရ လူတွေရဲ့ စိတ်တွေ စုပေါင်းပြီးတဲ့ စွမ်းအားက နိုင်ငံကို ထာဝရ ကာကွယ်ပေးပါလိမ့်မယ်။

တကယ်လို့ နိုင်ငံက တည်ရှိနေမယ်ဆိုရင် မျှော်စင်လည်း ရှိနေပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ နိုင်ငံပျက်စီးသွားရင် တာဝါလည်း ပျက်စီးသွားပါလိမ့်မယ်။

Edit with WPS Office

သူတို့နှစ်ယောက်က မိုးကောင်းကင်ပေါ်ကို ပျံတက်လာခဲ့ပါတယ်။ လင်းဟာန်က ခံစားချက် ကင်းမဲ့တဲ့ ရေခဲနဂါးကို ထိန်းချုပ်ထားပြီး ရီရွှမ်ရွှမ်ကို တိုက်ခိုက်ခွင့် ပြုလိုက်ပါတယ်။ အဓိက အချက်က ဂင်္ဂါရဲ့ ခုခံနိုင်မှု အကန့်အသတ်ကို မြင်ရဖို့ ဖြစ်ပါတယ်။

"ပထမ တိုက်ကွက်။ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်တစ်လုံး"

ရီရွှမ်ရွှမ်က အရမ်းကို ပူးပေါင်းဆောင်ရွက်နေပုံ ရပြီးတော့ လက်တစ်ဖက်ကို မြှောက်ပြီး ဂင်္ဂါကို ရိုက်ချကာ အထွတ်အထိပ် ခွန်အားကို ထုတ်ဖော်လိုက်ပါတယ်။ တကယ်လို့ ရေခဲနဂါးက လင်းဟာန်ရဲ့ အရှေ့မှာ ရပ်မနေဘူးဆိုရင် ဒီတိုက်ခိုက်မှုကို နီးနီးနားနားကနေ ကြည့်ရှုဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ရဲ့ စွမ်းအားရဲ့ သာလွန်တဲ့ အကြောင်းရင်းက သူ့ကို အနည်းငယ် စိုးရိမ်ပူပန်စေပါတယ်။

Edit with WPS Office

တကယ်လို့ သူက အနက်ရောင်မျှော်စင်ရဲ့ စွမ်းအင်မြှင့်တင်မှုကို အသုံးပြုလိုက်မယ် ဆိုရင်တောင် စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ဘယ်လောက်ထိကို ရောက်နိုင်လိမ့်မလဲ။

ဟွမ်း။

လက်ဝါးရိုက်ချက်ကြောင့် ဂင်္ဂါပါက မီတာရာနဲ့ချီအောင် လွင့်ထွက်သွားပါတယ်။ ဒါပေမဲ့ အရမ်းကို ကောင်းကောင်းမွန်မွန်နဲ့ ထိန်းသိမ်းထားနိုင်ပြီး ရေခဲနဂါးကလည်း ရှိနေဆဲပါပဲ။

"ဒုတိယ တိုက်ခိုက်မှု စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်လုံး"

"တတိယ တိုက်ခိုက်မှု။ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် ကြယ်သုံးလုံး"

ငါးကြိမ်မြောက် တိုက်ခိုက်မှု အပြီးမှာတော့ ဂင်္ဂါပါက နောက်ဆုံးမှာ

Edit with WPS Office

ပြိုလဲသွားခဲ့ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးကို တောင့်ခံနိုင်ရည် မရှိပါဘူး။ ဂက်ပါ မျက်လုံး ၁၀၈ခုက နေရာအနှံ့အပြားကို ပြန့်ကျဲလို့ သွားခဲ့ပါတယ်။

ဒါက အကန့်အသတ်ပဲ ဖြစ်ပါတယ်။

လင်းဟန်က ဂက်ပါမျက်လုံးတွေကို ပြန်သိမ်းလိုက်ပြီး နောက်တစ်ကြိမ် ဂက်ပါကို ခင်းပြီးတော့ ပြောလိုက်ပါတယ်။

"အခု ရေခဲနဂါး ဘယ်လောက်ထိ ခံနိုင်မလဲ ဆိုတာကို စမ်းကြည့်ရအောင်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ဘယ်နှစ်လုံးထိ ဒီကောင် ရောက်နိုင်မလဲဆိုတာ ကြည့်မယ်"

ရှီရွှမ်ရှမ်က တန်းပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးကို ထုတ်သုံးပြီး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ ရေခဲနဂါးက တန်ပြန်တိုက်စစ်

Edit with WPS Office

ဆင်လိုက်တဲ့ အချိန်မှာ ကောင်းကင်တစ်ခုလုံး ချက်ချင်းဆိုသလို အရိုးကွဲမတတ် အေးစိမ့်တဲ့ နေရာကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် တကယ်လို့ အရမ်းကြီး နီးကပ်နေမယ်ဆိုရင် ရေခဲတုံး တစ်ခုအဖြစ်ကို အေးခဲသွားပါလိမ့်မယ်။ ပြီးတော့ တော်တော်လေးကို ဝေးတဲ့ နေရာလောက်ကနေမှ တိုက်ခိုက်မှ အနည်းငယ်ကို လုပ်နိုင်ပါမယ်။

ရှီရွှမ်ရွှမ်က ဖိနှိပ်ခံရပြီး ရေခဲနဂါးရဲ့ ပြိုင်ဘက် မဖြစ်ပါဘူး။ ဒါပေမဲ့ သူမက ချက်ချင်းပဲ သူမရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်လုံးပြီးတစ်လုံး မြှင့်တင်လိုက်ပါတယ်။

"စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ခုနစ်လုံး"

မကြာခင်မှာပဲ ဂက်ပါရဲ့ အကန့်အသတ်ကို ရာတွေ့သွားခဲ့ပါတယ်။ ဂက်ပါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကြယ်ခုနစ်လုံးနဲ့ ညီမျှပြီး ရှီရွှမ်ရွှမ်က သူမရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ရှစ်လုံးထိ တိုးမြှင့်လိုက်တဲ့ အချိန်မှာ ရေခဲနဂါးက ချက်ချင်းပဲ ဖိနှိပ်ခံလိုက်ရပြီး

Edit with WPS Office

ဂေါက်ပါ အစိတ်အပိုင်းတွေက သိပ်ကြာကြာ မခံနိုင်ပဲ တစ်ခုပြီးတစ်ခု ပေါက်ကွဲသွားပါတယ်။

လင်းဟာန်က အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ အခု စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အများကြီး ရှိနေပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံးကို ဖိနှိပ်နိုင်တဲ့လူ ဘယ်လောက်များများ ရှိနိုင်မှာလဲ။ ဟော့လျန်ချင်ရှယ်ရဲ့ ပြောစကားအရဆို ဟော့လျန်တော်ဝင် မိသားစုမှာတောင် ဒီလိုမျိုး လက်ရွေးစင်က သုံးယောက်ပဲ ရှိပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ မွန်းစတားဆန်မှုက သူတို့အားလုံးဟာ အစစ်အမှန် နဂါးရဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားလို့ ဖြစ်ပါတယ်။ ဒီသွေးမျိုးဆက်ကြောင့် ကောင်းကင်အဆင့်မှာ ရှေးဟောင်းသွေး မျိုးဆက်ရဲ့ စွမ်းအားကို ငှားယူနိုင်ပြီး အစစ်အမှန် နဂါးတစ်ကောင့်ကို ဆင့်ခေါ်လို့ ရပါတယ်။ အဲဒီကနေ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ လေးနက်သိမ်မွေ့မှုကို နားလည်သဘောပေါက် နိုင်ပြီးတော့ ဒီအဆင့်ကို ချိုးဖျက်တဲ့ အခါမှာ သူတို့အတွက် တခြားလူတွေနဲ့

Edit with WPS Office

နိုင်းယှဉ်ရင် ပိုပြီးတော့ လွယ်ကူစေပါတယ်။

ဒါပေမဲ့လည်း စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ကို ရောက်သွားပြီးတဲ့နောက်မှာတော့ သွေးမျိုးဆက်ရဲ့ စွမ်းအားက ကုန်ခမ်းလုနီးနီး ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ လူနည်းစုကပဲ စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာငါးကို ကျော်လွှန်နိုင်စွမ်း ရှိပါတယ်။ အများစုကတော့ သေတဲ့အထိ စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်လုံး ဒါမှမဟုတ် သုံးလုံးကို ပိုင်ဆိုင်သွားရပါလိမ့်မယ်။

ဒီတစ်ကြိမ် တကယ်လို့ ရွှမ်ယုမိသားစုက စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို စေလွှတ်လိုက်မယ် ဆိုရင်တောင် လင်းဟန်က ကြောက်နေလိမ့်မှာ မဟုတ်ပါဘူး။ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂပါက သူတို့ကို ရင်ဆိုင်ဖို့ လုံလောက်ပါတယ်။ သူတို့တွေ အနေနဲ့ သူတို့ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်တွေကို တစ်ခါတည်းနဲ့တော့ စေလွှတ်လိမ့်မှာ မဟုတ်ပါဘူး။ ဟုတ်တယ်မလား။

Edit with WPS Office

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ကို ကူညီပေးဖို့ ဆန္ဒရှိတာလဲ"

လင်းဟန်က ရီရွှမ်ရွှမ်ကို မေးလိုက်ပါတယ်။

"ဒီအမျိုးသမီးက မင်းကို ချစ်နေလို့လေ။ ဒီအကြောင်းပြချက်က အဆင်ပြေလား"

ရီရွှမ်ရွှမ်က အရမ်းကို ပေါ့ပျက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"ဟီးဟီး"

လင်းဟန်က ရယ်မောလိုက်ပါတယ်။ ဒါက တကယ့် အဖြေမှန် မဟုတ်ပါဘူး။ ဒါပေမဲ့ သူကလည်း ပြောလိုက်ပါတယ်။

"ဒီသခင်လေးက ချောမောခန့်ညားပြီး သိုင်းပညာမှာလည်း အံ့မခန်း ပါရမီရှိတယ်။ ဒါကြောင့် မိန်းကလေးပေါင်း တစ်သောင်းလောက်က

Edit with WPS Office

နစ်သက်သဘောကျမယ် ဆိုရင်လည်း ဒါက မထူးဆန်းပါဘူးလေ”

“ထို”

ရှီရွှမ်ရွှမ်က တံတွေးထွေးလိုက်ပြီး ပြောလိုက်တယ်။

“နင်က ရေတွင်းအောက်ခြေက ဖားသူငယ်လေး တစ်ကောင်ပဲ။ ထူးခြားမှုက ဘာလဲဆိုတာကို မသိဘူး။ ငါနင့်ကို ကောင်းကောင်း ပြောပြမယ်။ နတ်ဘုရားဘုံမှာ အသက်နှစ်ဆယ်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ဖြတ်ကျော်နိုင်တဲ့လူတွေက ရိုက်သတ်လို့တောင် မကုန်ဘူး။ ဒီအရှင်မကို ဥပမာအနေနဲ့ ကြည့်လေ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အသက်နှစ်ဆယ့် ခုနစ်နှစ်မှာ ရောက်နေပြီ”

လင်းဟန်က မျက်လုံးပြူးပြီးတော့ ရှီရွှမ်ရွှမ်ကို လက်ညှိုးထိုးပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"နောက်ဆုံးတော့ မင်းက နတ်ဘုရားဘုံကနေ လာခဲ့တယ်
ဆိုတာကို ဂန်ခံပြီပေါ့"

ရီရွှမ်ရွှမ်က သူမရဲ့ ဖြူဖွေးနေတဲ့ လည်ပင်းကို ကွေးချပြီးတော့
ပြောလိုက်ပါတယ်။

"အဲဒီတော့ ဘာဖြစ်လဲ။ နင်က ငါ့ကို ကိုက်မလို့လား"

လင်းဟာန်က သက်ပြင်းချ လိုက်ပါတယ်။ ဘာဖြစ်လို့ ဒီအမျိုးသမီးက
ဒီလိုမျိုး ကလိမ်ကကျစ် ကျရတာလဲ။ ဘယ်လောက်တောင်
ဆိုးယုတ်လိုက်သလဲ။ သူက သိချင်စိတ် ပြင်းပြစွာနဲ့
မေးလိုက်ပါတယ်။

"ဒါဆိုရင် ဘာဖြစ်လို့ နတ်ဘုရားဘုံ မပြန်ပဲ ငါ့ကို ကူညီရတာလဲ။
မင်းက လူကောင်းတစ်ယောက် ဆိုပြီးတော့ မပြောနဲ့နော်။
ငါမယုံဘူး"

Edit with WPS Office

ရီရွှမ်ရွှမ်က ပါးစပ်ကို တစ်ဂက်လောက် ဟသွားပြီး ခဏလောက် အကြာမှာ ပြောလိုက်ပါတယ်။

"ဒီဂုဏ်သရေရှိတဲ့ အမျိုးသမီးက ဘယ်လိုကြောင့် လူကောင်းတစ်ယောက်မဖြစ်နိုင်ရမှာလဲ"

"ခေါင်းအစ ခြေအဆုံးနဲ့ အထဲရော အပြင်ရော ဘယ်နေရာကိုပဲ ကြည့်ကြည့် လူကောင်းတစ်ယောက်နဲ့ လုံးဂကို မတူဘူး"

လင်းဟာန်က သူ့ခေါင်းကို ပြတ်ပြတ်သားသားကို ခါလိုက်ပါတယ်။

"အထဲရော အပြင်ရော ဟုတ်လား။ ခစ်ခစ် ခစ် ကောင်စုတ်လေး။
နင်က တကယ့်ကို ရဲတင်းတဲ့ နှာဘူးပဲ။ ပြောစမ်း။
နင်ဘယ်အချိန်တုန်းက ဒီအရှင်သခင်မကို ချောင်းကြည့်ထားလဲ"

ရီရွှမ်ရွှမ်က လက်ဖြောက်တစ်ချက် တီးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီ။ ကောင်းပြီ။ စိတ်ကုန်ပြီး ငြီးငွေ့လာပြီ။ ခေါင်းစဉ်ကို ပြောင်းလိုက်တော့မယ်"

လင်းဟန်က ပြောလိုက်ပြီးတော့ လေးလေးနက်နက်နဲ့ ကြည့်လိုက်ပါတယ်။

"အစွမ်းထက်တဲ့ စကြာဂဠုဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ရဲ့ အကူအညီကို ရရှိတာက အံ့သြဖွယ်ရာ ကောင်းတယ်ဆိုပေမဲ့ အနည်းနဲ့အများတော့ ငါ့ဘေးမှာ တည်ငြိမ်မှု မရှိတဲ့ အရာတစ်ခု ရှိနေတာပဲ"

ရီရွှမ်ရွှမ်က လှောင်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး အကြောင်းတွေကို နင်ပြောတဲ့ အချိန်မှာ ဒီအရှင်သခင်မက နင့်ကို အလှည့်အပြောင်း လုပ်လိုက်မှာကို မကြောက်ဘူးလား။ နင်သိထားသင့်တယ်။ နင့်လို ကောင်လေးသေးသေး

Edit with WPS Office

တစ်ယောက်အတွက် ဒီအရှင်သခင်မက လက်သုံးချောင်းနဲ့ မြစ်ခရုတွေကို ကောက်ပြီးတော့ ကောက်ပေါက်ရင်တောင် ဘယ်တော့မှ မလွဲစေရဘူး”

“တကယ်လို့ မင်းက တိုက်ခိုက်မယ်ဆိုရင် ဘာဖြစ်လို့ မတိုက်သေးတာလဲ။ ဘာကိုများ စောင့်နေသေးတာလဲ”

လင်းဟာန်က ဂရုမစိုက်တဲ့ဟာန်နဲ့ ပြောလိုက်ပါတယ်။

“ဒါကြောင့် မင်းမှာ တခြားအကြံအစည် ရှိလိမ့်မယ်လို့ ငါယုံတယ်”

ရှီရွှမ်ရှမ်က သူမရဲ့ မေးစေ့ကို ပွတ်လိုက်ပီးတော့ ပြောလိုက်တယ်။

“နတ်အသွင် ပြောင်းလဲခြင်းအဆင့်က တစ်စုံတစ်ယောက်ကများ။ နင်က အတော်လေးကို ရဲတင်းတာပဲ၊ ဒီအရှင်သခင်မရဲ့ နောက်ခံအကြောင်းကို သိနေတာတောင်မှ ကတ်တွေကို

Edit with WPS Office

ချရဲသေးတယ်။ ကောင်းပြီလေ။ နင့်ရဲ့ သတ္တိကောင်းပြီး ရဲတင်းမှုကြောင့် ဒီအရှင်သခင်က နင့်မှာရှိတဲ့ အံ့အားသင့်စရာ လျှို့ဝှက်ချက် တစ်ခုကို ခံစားနေရတယ် ဆိုတာကို ပြောပြမယ်။ သူမက နင့်ဆီကနေ အဲဒီလျှို့ဝှက်ချက် ထွက်ပေါ်လာအောင် ဖျစ်ညှစ်ချင်လို့ပဲ"

Chapter 771 end

Zaw.အပိုင်း(၇၇၂) နတ်ဘုရားကမ္ဘာနဲ့ မြေအောက်ကမ္ဘာ

လင်းဟန်က ရီရွှမ်ရွှမ်ကို စိုက်ကြည့်လိုက်ပါတယ်။

"ဘာလဲ။ ငါ့မျက်နှာက တစ်ခုခု ပေနေလို့လား"

ရီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။

"မဟုတ်ပါဘူး။ ဒါပေမဲ့ ငါသိချင်နေတာက မင်းရဲ့စွမ်းရည်တွေနဲ့ ငါ့ကို စစ်မေးလို့ မရနိုင်ဘူးလား"

Edit with WPS Office

လင်းဟန်က မေးလိုက်ပါတယ်။

"ဟားဟားဟား နင့်ရဲ့အရိုးတွေထဲမှာ သောက်သုံးမကျတာတွေနဲ့ မွေးလာတာလား။ ဒီသခင်မက နှိပ်စက်ညှဉ်းပန်းတာ မလုပ်ပါဘူး။ ပြီးတော့ နင်လည်း ကျေနပ်မှာ မဟုတ်ဘူး မလား"

ရှီရွှမ်ရွှမ်က သူမရဲ့ အင်္ကျီလက်စကို လိပ်လိုက်ပြီးတော့ ပြောပါတယ်။

"ဒါဆိုရင် ဒီသခင်မက ယဉ်ကျေးမှု မရှိဘူးနော်"

"ဟီးဟီး"

လင်းဟန်က သူ့လက်ကို ဖော့ယမ်းလိုက်ပါတယ်။

Edit with WPS Office

"ငါက သောက်သုံးမကျလို့ မဟုတ်ပါဘူး။ ဒီတိုင်း သိချင်စိတ်လေး သက်သက်ပါပဲ။ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က မချည်နှောင်နိုင်တဲ့ အရာတွေ မရှိပါဘူး"

ရှီရွှမ်ရွှမ်က သူမရဲ့ခေါင်းကို ဆတ်ခနဲ မော့လိုက်ပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီ။ ဒီအရှင်သခင်မက နတ်ဘုရားသက်ရှိ တစ်ယောက်ပဲ။ ဒါပေမဲ့ ဒီကမ္ဘာငယ်လေးမှာ ကောင်းကင်တာအိုရဲ့ ဖိနှိပ်ထိန်းချုပ်ထားတာကို ခံနေရတယ်။ တကယ်လို့ ဒီအရှင်သခင်မက လွန်လွန်ကျူးကျူးတွေ လုပ်မယ်ဆိုရင် ကောင်းကင်မှာ မျက်လုံးတွေ ရှိနေတာကြောင့် ဒီဘုံကနေ နှင်ထုတ်ခြင်းနဲ့ ကြုံတွေ့ရလိမ့်မယ်"

"မင်းက နတ်ဘုရားဘုံကို ပြန်နိုင်တယ်လို့ မပြောခဲ့ပါဘူး"

လင်းဟာန်က ပြောလိုက်ပါတယ်။

Edit with WPS Office

ရီရွှမ်ရွှမ်က သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ မျက်လုံးတွေကို ပြူးပြပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒီအရှင်သခင်မက စိတ်ဆန္ဒရှိတဲ့အတိုင်း နတ်ဘုရားဘုံကို ပြန်နိုင်မယ်ဆိုရင် သူမက မပြန်ချင်ပဲ နေမှာလား။ ဒါပေမဲ့ ဒီကမ္ဘာကြီးကို သတ်ဖြတ်ခြင်း ဂင်္ဂါပါ အစီအရင်တစ်ခုနဲ့ ပိတ်ဆို့ထားတယ်။ တကယ်လို့ ဒီအရှင်သခင်မက ဒီဘုံရဲ့ အင်အားကြောင့် နှင်ထုတ်ခံလိုက်ရရင် သူမက သေချာပေါက် သတ်ဖြတ်ခြင်း ဂင်္ဂါပါကြောင့် အဆုံးသတ်သွားရလိမ့်မယ်"

"မင်းက နတ်ဘုရားသက်ရှိပဲ။ မင်းက အကြီးကျယ်ဆုံး အခမ်းနားဆုံးပဲလေ ဘာကိုကြောက်နေရမှာလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အဓိပ္ပါယ်မရှိတာ။ ဒီအရှင်သခင်မက နှစ်ပေါင်းတစ်သိန်း

Edit with WPS Office

ဖိနှိပ်ထိန်းချုပ်ခံထားရပြီး သွေးအဆီအနှစ် အားလုံးကို စုပ်ယူခဲ့တယ်။ ပြီးတော့ တကယ်လို့ သူမရဲ့ ဟိုးအရင်တုန်းက စွမ်းအားတွေသာ ရှိနေဦးမယ်ဆိုရင် သူမက ကြောက်နေစရာ လိုမှာတဲ့လား”

ရီရွှမ်ရွှမ်က အရမ်းကို ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

“ပေါ့ပေါ့ပေါ့ မွန်းစတားအိုကြီး တစ်ယောက်ရဲ့ အသက်က ဘယ်လောက်တောင် ရှိနေပြီလဲ”

လင်းဟန်က စိတ်ပျက်ဖွယ်ရာ ကောင်းသလို ခံစားခဲ့ရပါတယ်။ ဒီအမျိုးသမီးက သူ့ကိုယ်သူ မိန်းမပျိုလေး တစ်ယောက်လိုမျိုး ပြောနေပါတယ်။ ဒါပေမဲ့ တကယ်တော့ သူမက မွန်းစတား တစ်ကောင်ဖြစ်ပြီး ဘယ်လောက်တောင် အသက်ကြီးနေပြီလဲ ဆိုတာကို မသိနိုင်ပါဘူး။

“နင့်မျက်လုံးက ဘာကိုကြည့်နေတာလဲ။ ဒီအရှင်သခင်မက

Edit with WPS Office

အမြဲတမ်း ငယ်ရွယ်နုပျိုနေတယ်။ နောက်ပြီး ဒီအရှင်သခင်မရဲ့ သက်တမ်းကို တွက်လိုက်ရင် သူမက အခုချိန်မှာ နုပျိုမှုရဲ့ အရွယ်ကောင်းမှာပဲ ရှိသေးတယ်”

ရှီရွှမ်ရွှမ်က စားပွဲခုံကို ရိုက်လိုက်ပြီး သူမပုံစံကို ကြည့်ရတာ တစ်စုံတစ်ယောက်ကို အစိမ်းလိုက် ဝါးစားချင်နေတဲ့ပုံ ပေါက်နေပါတယ်။

မျှော်လင့်ထားတဲ့အတိုင်း အမျိုးသမီးတွေက သူမတို့ရဲ့ အသက်ကို ထိခိုက်ပြီးတော့ ပြောလို့ မရပါဘူး။

လင်းဟာန်က ခေါင်းစဉ်ကို ပြောင်းပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆို မင်းက ငါ့ကို တိုက်ခိုက်မယ်ဆိုရင် ကောင်းကင်ဘုံ တာအိုကို လှံ့ဆော်သလို ဖြစ်ပြီးတော့ အဲဒီနောက်မှာ မင်းကနင်ထုတ်ခံရပြီး အဆုံးသတ်မှာ သေသွားမှာပေါ့”

Edit with WPS Office

"အဲဒီလောက် ပုံကြီးချဲ့မနေနဲ့။ အဓိက အချက်က ဒီအရှင်သခင်မက ပါရမီကို ချစ်ခင်မြတ်နိုးတဲ့ အကျင့်ကြောင့်ပါ"

ရီရွှမ်ရွှမ်က သူ့ရဲ့စကားတွေကြောင့် မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။

သူမက အကုန်လုံးကို အမှန်အတိုင်း ပြောနေတာ မဟုတ်ဘူးဆိုတာကို လင်းဟာန် သိပါတယ်။ အဲဒီအထဲမှာ ပါဝင်တဲ့ အဓိက အချက်တွေကို ထုတ်ဖော်ပြီး မပြောခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ သူမက သူ့ကို တကယ်ပဲ တိုက်ခိုက်လိမ့်မှာ မဟုတ်ပါဘူး။ သူက အကြောင်းအရာ ပြောင်းပြီးတော့ ပြောလိုက်ပါတယ်။

"သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကိုရော သိလား"

"ဟင့် မြေအောက်ကမ္ဘာရဲ့ အစေခံလေး တစ်ယောက်။ ဘာနတ်ဆိုးဧကရာဇ်လဲ။ သူက သူ့ကိုယ်သူတောင် ဧကရာဇ် တစ်ယောက်လို့ ခေါ်ရဲသေးတာလား။ ဒါက တကယ့်ကို ရယ်စရာ ကောင်းတာပဲ"

Edit with WPS Office

ရှီရွှမ်ရွှမ်က အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

သူမက စစ်မှန်တဲ့ နတ်ဘုရား သက်ရှိတစ်ယောက် ဆိုတာကို သက်သေပြနေပြီး သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်လို အစိတ်အပိုင်း ကိုးခုအဖြစ်ကို ခွဲပြီးတာတောင် နှစ်ထောင်သောင်းပေါင်းများစွာ အသက်ရှင်နေနိုင်သေးတဲ့ လူကိုတောင် နှိမ်ရဲပါတယ်။ သူက မွန်းစတားတွေထဲက မွန်းစတား တစ်ကောင်ပါ။

နေပါဦး။

လင်းဟန်က အထိတ်တလန့် ဖြစ်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က မြေအောက်ကမ္ဘာကလား"

"မြေအောက်ကမ္ဘာထဲက နတ်ဆိုးချီ အမျှင်စ မွေးဖွားလာပြီး

Edit with WPS Office

သက်ရှိစိတ်ဝိညာဉ် တစ်ခု ဖြစ်လာခဲ့တယ်။ ပြီးတော့ မရေတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ကြာလာတဲ့ အခါမှာ နတ်ဘုရားဘုံကို ဖင်ရောက်ခဲ့ပြီး နတ်ဘုရားဘုံနဲ့ မြေအောက်ကမ္ဘာရဲ့ အဟာန့်အတားကို ဖြတ်ကျော်ပြီး ဆိုးဆိုးဝါးဝါး ရှုံးနိမ့်သွားခဲ့တယ်။ ပုံမှန်ဆိုရင်တော့ သေပြီလို့ ထင်ရပေမဲ့ ဒီနေရာမှာ သူက ပိတ်လှောင်ခံ နေတာပဲ"

ရှီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူမက ချက်ချင်းပဲ အံ့အားသင့်တဲ့ အသံတစ်ခု ထွက်ပြီးတော့ ပြောလိုက်ပါတယ်။

"သူ့ကိုဘာဖြစ်လို့ မသတ်တာလဲ"

"နတ်ဆိုးဧကရာဇ်က ဒီနေရာကို ထွက်ပြေးလာခဲ့တာ ဖြစ်မယ်။ ပြီးတော့ နတ်ဘုရားဘုံက လက်ရွေးစင်တွေက မဖင်နိုင်ဘူးလား"

လင်းဟာန်က ထင်ကြေးပေးလိုက်ပါတယ်။

Edit with WPS Office

ပထမတော့ ရီရွှမ်ရွှမ်က သူမရဲ့ ခေါင်းကို ညိတ်လိုက်ပါတယ်။ ဒါပေမဲ့ နောက်မှာ သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကျွှမ်ာငယ်လေးက အပြင်လူတွေကို ပယ်ချပြီးတော့ ထွက်ဖို့လည်းခက်တယ်။ ဒါပေမဲ့ ဝင်ဖို့က ပိုပြီးတော့တောင် ခက်တယ်။ မြေအောက်ကျွှမ်ာက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို အသာထား နတ်ဘုရားဘုံက လူတွေတောင်မှ ဝင်ဖို့ခက်တယ်။ ဒီကိစ္စက တကယ်ပဲ ထူးဆန်းတယ်"

လင်းဟာန်က အံ့အားသင့် နေခဲ့ပါတယ်။ သူ့ရဲ့ခန့်မှန်းသုံးသပ်ချက် အရဆိုရင် သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က နတ်ဘုရားဘုံမှာ အမဲလိုက်ခံရတာကြောင့် အဆုံးမှာ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးရဲ့ ကျွှမ်ာငယ်လေးဆီကို ထွက်ပြေးလာခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဒါက ဖြစ်နိုင်ချေရှိတဲ့ တစ်ခုတည်းသော အရာပဲကို ဘာဖြစ်လို့ ရုတ်တရက် ထူးဆန်းနေရတာလဲ။

"အလောင်းတစ်ထောင်ဂိုဏ်း အကြောင်းကရော ဘယ်လိုလဲ။ ဒီဂိုဏ်းက နတ်ဘုရားဘုံမှာလည်း ရှိတယ်လို့ ငါကြားဖူးတယ်"

Edit with WPS Office

လင်းဟန်က နောက်တစ်ကြိမ် မေးလိုက်ပါတယ်။

"ကောင်စုတ်လေး။ ဘာဖြစ်လို့ နင့်မှာ မေးခွန်းတွေ ဒီလောက်တောင် များပြားနေရတာလဲ။ မင်းက စိတ်တိုစရာကောင်းတာပဲ"

ရှီရွှမ်ရွှမ်ရဲ့ စိတ်ရှည်သည်းခံမှုတွေက ကြည့်ရတာ အခြေအနေ မကောင်းတော့ပါဘူး။

"လာကြစမ်း။ လက်ဘက်ရည်ကောင်းကောင်း မုန့်နဲ့ သစ်သီးတွေ လာချစမ်း"

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို နန်းတွင်းအစေခံ မိန်းမပျိုလေးတွေက အရသာနဲ့ ပြည့်စုံတဲ့ အစားအသောက် အမျိုးမျိုးကို လာချပေးပါတယ်။ အားလုံးက အနက်ရောင် မျှော်စင်ထဲမှာ ကြီးထွားဖွံ့ဖြိုးတဲ့ အပင်တွေကနေ ရရှိထားတာပဲ ဖြစ်ပါတယ်။ လင်းဟန်က တော်တော်များများကို

Edit with WPS Office

ထုတ်ပြီးတော့ တည်ခင်းညှော့ခံဖို့အတွက် ပြင်ဆင်ထားခဲ့တာ ဖြစ်ပါတယ်။

"ဒီမိန်းကလေးက အစားအသောက် မက်တဲ့လူလို နှင်ထင်နေတာလား"

ရှီရွှမ်ရွှမ်က ကန့်ကွက်လိုက်ပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ အရသာရှိရှိနဲ့ စတင်စားသောက် လိုက်ပါတယ်။ အနက်ရောင် မျှော်စင်ထဲမှာ ပစ္စည်းတွေက တကယ့်ကို အရသာရှိလွန်းပါတယ်။ ပြီးတော့ သူမတောင်မှ မရပ်မနားနဲ့ ချီးကျူးနေခဲ့ပါတယ်။

"ကောင်းပြီး ဒီမိန်းကလေးက နှင်သိရဖို့အတွက် လျှို့ဝှက်ချက် နည်းနည်းကို ထုတ်ပြောမယ်။ ဒါပေမဲ့ ဘုံတိုင်းမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေရှိတယ်။ ပြီးတော့ ဒီမိန်းကလေးက အများကြီးပြောလို့ မရနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမကို ပစ်မှတ်ထားတာ ခံရကောင်း ခံရလိမ့်မယ်"

Edit with WPS Office

သူမက မိုးကောင်းကင်ပေါ်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးကို ပြောတယ်ဆိုတာ ထင်ရှားပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်း ကြုံကြိုက်တာမှန်သမျှ ပြောပါ။ ငါသေသေချာချာ နားထောင်ပါ့မယ်။ ဘာမှဂင်မရှုပ်တော့ဘူး"

ရီရွှမ်ရွှမ်က ကျိတ်ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကုန်းမြေတိုက်ကြီးက စည်းမျဉ်းစည်းကမ်းနဲ့ နေရာတွေ မပြည့်စုံတဲ့ ကမ္ဘာငယ်လေး တစ်ခုပဲ။ ပြီးတော့ ပိတ်ဆို့ထားတဲ့ ရေကန်ငယ်လေး တစ်ခုနဲ့တူတယ်။ နင်တို့တွေ မြင်ရတဲ့ ကောင်းကင်က ကျယ်တာပဲ ရှိတယ်။ ကမ္ဘာကြီး ရောက်နိုင်တဲ့ အတိုင်းအတာက ဒီလောက်ပဲ ကျယ်ပြန့်တယ်။ အဲဒါက အဆုံးသတ်ပဲလို့ ထင်ကြတယ်"

Edit with WPS Office

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက မိုးကောင်းကင်ထဲက ကြယ်တွေကို တိုက်ချနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ အဲဒါက အစစ်အမှန် ကမ္ဘာဆိုရင် ကြယ်တာရာတိုင်းက အနည်းဆုံး ကုန်းမြေတိုက်ကြီး အရွယ်အစား ရှိပါလိမ့်မယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ရိုက်ချနိုင်မှာလဲ။

"ပြီးတော့ နတ်ဘုရားဘုံက မြစ်တွေ ပင်လယ်တွေနဲ့ ချိတ်ဆက်နေသလိုမျိုး ပြောနိုင်တယ်။ နင်က ရေကန်တွေကို ဖြတ်ပြီးတော့ မြစ်တွေထဲကို ဝင်နိုင်တယ်။ ပြီးတော့ ရေကန်တွေကို ဖြတ်ပြီး ပင်လယ်တွေထဲ ဝင်နိုင်တယ်။ အဲဒါက အကန့်အသတ် မရှိဘူး"

ရှီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။

"အဲဒါက အရမ်းကို ကြီးမားတဲ့ ကမ္ဘာကြီးတစ်ခုပဲ။ အနည်းဆုံးတော့ ငါသိရသလောက် ဘယ်သူကမှ အဆုံးထိကို မစူးစမ်းနိုင်ဘူး"

Edit with WPS Office

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။
နတ်ဘုရားသက်ရှိတွေတောင် နတ်ဘုရားဘုံက ဘယ်လောက်
ကြီးမားတယ်ဆိုတာကို မသိဘူး။ အဲဒီကမ္ဘာကြီးက
ဘယ်လောက်တောင်များ ကျယ်ပြန့်လိုက်မလဲ။

"ဒါပေမဲ့လည်း ကောင်းကင်နဲ့ မြေကြီးအကြား တကယ်လို့
အပေါင်းရှိရင် အနုတ်လည်း ရှိရမယ်။ ယင်ရှိရင် ယန်ရှိမယ်။
မကောင်းတာရှိရင် ကောင်းတာလည်း ရှိမယ်"

ရီရွှမ်ရွှမ်က ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"နတ်ဘုရားဘုံနဲ့အတူ ဘေးချင်းယှဉ်ပြီးတော့ တည်ရှိတဲ့
မြေအောက်ကမ္ဘာ တစ်ခုလည်း ရှိတယ်။ အဲဒါကို တစ်ချိန်တည်းမှာ
ဖြစ်ပေါ်တဲ့ နေရာတစ်ခုအဖြစ် မြင်နိုင်တယ်။ ဒါပေမဲ့ ငါတို့တွေက
တစ်ခုနဲ့တစ်ခု ကြည့်လို့မရနိုင်သလို ဖင်စွက်ဖက်လို့လည်း
မရနိုင်ဘူး"

Edit with WPS Office

"ဒါပေမဲ့ အမှန်တကယ်တော့ ကမ္ဘာနှစ်ခုလုံးက တစ်ပြိုင်နက်တည်း ဖြစ်လာတာကြောင့် ဘယ်လိုလုပ်ပြီး စွက်ဖက်နိုင်မှာလဲ။ မြေအောက်ကမ္ဘာရဲ့ချီက နတ်ဘုရားဘုံထဲကို ယိုစိမ့်ဝင်ပြီး နတ်ဘုရားဘုံက သက်ရှိတွေကို အကျိုးသက်ရောက်တယ်။ ပြီးတော့ ကမ္ဘာနှစ်ခုလည်း ပြဿနာတွေ တက်လာခဲ့တယ်။ ပြဿနာပိုပြီးတော့ ကြီးထွားတဲ့ နေရာက ဘုံရဲ့ အတားအဆီးက အရမ်းအရမ်းကို ပါးတယ်။ ပြီးတော့ မြေအောက်ကမ္ဘာရဲ့ ကျင့်ကြံသူတွေက သူတို့စိတ်ကြိုက် နတ်ဘုရားဘုံကို ဝင်ရောက်နိုင်တယ်"

"အလောင်းတစ်ထောင်ဂိုဏ်းကို နတ်ဘုရားဘုံမှာ ပေးဒီးစ်လို့ ခေါ်တယ်။ ပြီးတော့ မြေအောက်ကမ္ဘာကနေ နတ်ဘုရားဘုံကို ဝင်ရောက်ဖို့ အစွမ်းထက်တဲ့ အရာတချို့နဲ့ ဖန်တီးထားခဲ့တယ်။ ဒီနေရာက အလောင်းတစ်ထောင်ဂိုဏ်းက ဂိုဏ်းခွဲလေး တစ်ခုပါပဲ။ သူတို့ရဲ့ တာဝန်က နတ်ဘုရားဘုံကို ဂရုန်းသုန်းကားဖြစ်မှုတွေ သယ်ဆောင်ပြီး ဒုတိယ မြေအောက်ကမ္ဘာ အဖြစ်ကို ပြောင်းလဲဖို့ပဲ

Edit with WPS Office

"တကယ်လို့ ကမ္ဘာနှစ်ခုက ပေါင်းစည်းသွားရင် သူတို့ရဲ့အဆင့်က သေချာပေါက် တစ်ဆင့်မြင့် သွားလိမ့်မယ်"

လင်းဟန်က ဘာပြောရမှန်း မသိတော့ပါဘူး။ သူက ဒီနေရာမှာ မိုးကောင်းကင်ကို ဖွင့်ဖို့ အကြောင်းနဲ့ နတ်ဘုရားဘုံကို တက်ဖို့ပအကြောင်း တွေးနေပါတယ်။ ဒါပေမဲ့ နတ်ဘုရားဘုံကို ကြည့်ရတာ ပိုပြီးတော့တောင် မလုံခြုံသလိုပါပဲ။ မြေအောက်ကမ္ဘာရဲ့ ပစ်မှတ်ထားတာကို ခံနေရပါတယ်။ အဆိုးသတ်မှာ မွန်းစတားတွေနဲ့ နတ်ဆိုးတွေရဲ့ ကမ္ဘာတစ်ခု တကယ်ပဲ ဖြစ်လာနိုင်မလား။

"နတ်ဘုရားဘုံက မြေအောက်ကမ္ဘာထက် နိမ့်ကျလား"

သူက မေးလိုက်ပါတယ်။ ကမ္ဘာနှစ်ခုက အပြိုင်ဖြစ်နေရင် နတ်ဘုရားဘုံက အားမနည်းသင့်ပါဘူး။

ရှီရွှမ်ရွှမ်က သူမရဲ့ မျက်လုံးတွေကို ပြူးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"မြေအောက်ကမ္ဘာက နတ်ဘုရားဘုံကို ငမ်းငမ်းတက် လိုချင်နေတယ်။ ကိစ္စတစ်ခုရှိတယ်။ သူတို့က ယူနိုင်နိုင် မယူနိုင်နိုင် အဲဒါက တခြားကိစ္စပဲ။ အနည်းဆုံး ငါသိထားတော့ မရေတွက်နိုင်တဲ့ ပြိုင်ဆိုင်မှုတွေက ဒီကမ္ဘာနှစ်ခုမှာ နှစ်သန်းပေါင်းများစွာမှာ အကြိမ်ပေါင်း ရာနဲ့ချီ ယှဉ်ပြိုင်ခဲ့ကြတယ်။ အခု မြေအောက်ကမ္ဘာက မြေအောက်ကမ္ဘာပဲ ရှိနေသေးတယ်။ ပြီးတော့ နတ်ဘုရားဘုံကလည်း နတ်ဘုရားဘုံအဖြစ် ရှိနေသေးတယ်။ ဘယ်ဘက်ကမှ အသားစီး မရနိုင်ဘူး"

"နောက်ပြီး နတ်ဘုရားဘုံကရော မြေအောက်ကမ္ဘာကို မစုပ်ယူချင်ဘူးလို့ နင်ထင်နေတာလား"

"သူတို့ နှစ်ဖက်လုံးက ခွေးနှစ်ကောင်နဲ့တူတယ်။ ဒါကြောင့် ဘယ်သူက မြင့်မြတ်တယ်လို့ နင်ပြောနိုင်မှာလဲ"

Chapter 772 end

Zaw.အပိုင်း(၇၇၃) ဖြစ်အံ့ဆဲဆဲ မဟာတိုက်ပွဲတစ်ခု

ရီရွှမ်ရွှမ်က တကယ်တော့ ယဉ်ကျေးမှုမရှိတာ မဟုတ်ပါဘူး။

Edit with WPS Office

ကျွန်မာကြီး နှစ်ခုကို ရိုးရိုးလေးပဲ ခွေးတွေလို့ ရုတ်ချဝေဖန်အပြစ်တင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူလည်း အရမ်းကို ရဲတင်းပြီး အစဉ်အလာဟောင်းတွေကို ချိုးဖောက်ရတာ နှစ်သက်ပါတယ်။ ပြီးတော့ ရီရွှမ်ရွှမ်ကလည်း သူနဲ့ အကျင့်စရိုက်ချင်း အတော်လေးကို တူတယ်လို့ ခံစားနေရပါတယ်။ သူက အရှေ့ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နတ်ဘုရားဘုံကို ငါရောက်ပြီးရင် အရပ်ရှစ်မျက်နှာကို ရအောင်သိမ်းပိုက်မယ်"

ရီရွှမ်ရွှမ်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ နင်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင် ဖွင့်လှစ်နိုင်ရင် နတ်ဘုရားဘုံထဲက အင်အားစုကြီးတွေကြောင့် မြေအောက်ကျွန်မာရဲ့ ကျူးကျော်မှုလာတဲ့ စစ်တပ်ကို

Edit with WPS Office

ဘုံအဟန့်အတားမှာ ခုခံဖို့ ဖိအားပေးခံရလိမ့်မယ်”

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပြီး ပြောပါတယ်။

“တကယ်လို့ ငါက လုပ်နိုင်ခဲ့ရင် ငါ့ခွန်အားက နတ်ဘုရားအဆင့်သာသာပဲ ဖြစ်လိမ့်မယ်။ အတားအဆီး နံရံမှာ ငါက အပြောက်ဆန်ဒဏ်ခံရမဲ့ ကျွဲစာပင် မြေစာပင်အဖြစ်တော့ သွားပြီး ပူးပေါင်းလိမ့်မှာ မဟုတ်ဘူး”

“နင်မှန်တယ်”

ရီရွှမ်ရွှမ်က လက်ခုပ်တီးပြီးတော့ ပြောလိုက်ပါတယ်။

“သူတို့က နင့်ကို သေချာပေါက် မြေစာပင်အနေနဲ့ လုပ်လိမ့်မယ်။ တကယ်လို့ နင်မသေဘူးဆိုရင် သူတို့က နင့်နိုင်ငံကို ဘယ်လိုလုပ်ပြီး တိုက်ခိုက်သိမ်းပိုက်မှာလဲ။ နင်သိထားရမှာက နတ်ဘုရားဘုံမှာ ပိုင်နက်နယ်မြေတွေက အရမ်းကို အဖိုးထိုက်တန်တယ်။ ဘယ်အင်အားစုက နိုင်ငံတစ်ခုကို

Edit with WPS Office

မတည်ထောင်ချင်ပဲ နေမှာလဲ။ ပြီးတော့ ဘယ်နိုင်ငံကရော သူတို့ရဲ့ ပိုင်နက်ကို မချဲ့ထွင်ချင်ပဲ နေမှာလဲ။ နင်သေတာနဲ့ပ သူတို့က နင့်သမီးကို လက်ထပ်မယ်။ ဒါမှမဟုတ် နင့်သားနဲ့ အမျိုးသမီး တစ်ယောက်ကို လက်ထပ်ပေးမယ်။ ပြီးတော့ နင့်နတ်ဘုရားနိုင်ငံက သူတို့ရဲ့ ကိုယ်ပိုင်ဖြစ်လာလိမ့်မယ်"

လင်းဟန်က ရယ်လိုက်မိပြီးတော့ ပြောပါတယ်။

"နတ်ဘုရားဘုံက လူတွေက တော်တော်လေးကို အရှက်ကင်းမဲ့ပြီး မျက်နှာပြောင်တာပဲ"

"ဟီးဟီး နတ်ဘုရားဘုံမှာ နတ်ဘုရားစကား တစ်ခုပဲ ရှိတယ်လို့ နင်ထင်နေတာလား။ အဲဒီက လူတွေအားလုံး ဖြောင့်မတ်မှန်ကန်ပြီး တရားမျှတမယ် ထင်နေတာလား"

ရီရွှမ်ရွှမ်က သရော်ပြီး ပြုံးလိုက်ပါတယ်။

Edit with WPS Office

"မတူတာဆိုလို့ ပတ်ဂန်းကျင်နဲ့ ကျင့်ကြံအားထုတ်တဲ့ ပညာရပ်တွေပဲရှိတယ်။ အဲဒီလိုသာ မဟုတ်ရင် မြေအောက်ကမ္ဘာနဲ့ပ နတ်ဘုရားဘုံ အကြားမှာ ဘာကွာခြားချက်များ ရှိဦးမှာလဲ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ လူဆိုးနဲ့ လူကောင်းဆိုတာက နေရာအနှံ့မှာ ရှိပါတယ်။ ပြီးတော့ သူတို့ရဲ့ ပိုင်နက်နယ်မြေ ခွဲဝေတာက အရမ်းကို တစ်ယူသန်လွန်းပါလိမ့်မယ်။

"ဒါဆိုရင် မိုးကောင်းကင်ကို ဖွင့်ပြီးတဲ့နောက်မှာ ပြဿနာကြီးတွေအတွက် အကြံအစည် ကောင်းကောင်း လုပ်ထားရတော့မယ်"

လင်းဟာန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဒါပေမဲ့လည်း ဒီကိစ္စကို ဖြေရှင်းဖို့ဆိုတာက အဝေးကြီးလိုပါသေးတယ်။ လက်ရှိပြဿနာတွေပဲ အရင်ဆုံး

Edit with WPS Office

ရင်ဆိုင်သင့်တယ်”

ရှီရွှမ်ရွှမ်က လင်းဟန်နဲ့အတူ အနောက်ဘက်ကို ချီတက်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ လင်းဟန်ကလည်း အဲဒီအတွက် အစီအစဉ်တွေ မရှိပါဘူး။ တကယ်လို့ သူမက အင်ပါယာမြို့ကို ဆက်ပြီးတော့ စောင့်ကြည့်နေမယ်ဆိုရင် ဘာမှအများအပြား ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူမက နတ်ဘုရား သက်ရှိတစ်ယောက် ဖြစ်ပြီးတော့ သူမရဲ့ အသက်ဓာတ်က အကြီးအကျယ် ထိခိုက်ပျက်စီးထားတာတောင် သူမက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး ပြိုင်ဘက်နဲ့ ယှဉ်ပြိုင်နေနိုင်ဆဲပါပဲ။

သူက စစ်တပ်ကို ပြင်ဆင်လိုက်ပါတယ်။ ဒီတစ်ကြိမ် သူက ကိုယ်တိုင်ကိုယ်ကျ စစ်မြေပြင်မှာ စစ်တပ်ကို အမိန့်ပေးပြီးတော့ အနောက်ပိုင်းဒေသရဲ့ မြို့တွေကို တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက်ရပါမယ်။

လိုအပ်တာတွေ အားလုံးကို ပြင်ဆင်ပြီးတဲ့ နောက်မှာတော့ စစ်တပ်က အနောက်ပိုင်း ဒေသရဲ့ ပိုင်နက်နံရံဆီကို

Edit with WPS Office

ချီတက်ထွက်ခွာလာခဲ့ပါတယ်။

ပော့လျှန်ချွင်ရှယ်၊ လှိုယုထန်၊ လီစီရှန်းနဲ့ သူမိဘတွေကတော့ အင်ပါယာမြို့ထဲမှာပဲ နေခဲ့ကြပြီး တခြားသူတွေ အားလုံးက ထွက်ခွာလာကာ ကွမ်းယွမ်နဲ့ ကျူးဝူကျို့တို့လည်း ပါဝင်ပါတယ်။ ဒီနှစ်ယောက်က ပန်းဖူးအဆင့်ကို ရောက်နေပြီး တစ်ယောက်က အလွှာကိုးမှာ ဖြစ်ပြီးတော့ တစ်ယောက်က အလွှာငါးမှာ ဖြစ်ပါတယ်။ လင်းဟန်ရဲ့ မော်ဆေးလုံး အကူအညီနဲ့ သူတို့လို ပါရမီရှင်တွေကို အသာထား ငတုံးတစ်ယောက်တောင် ကောင်းကင်ပေါ်ကို မြင့်တက်နိုင်ပါတယ်။

စစ်တပ်က လူတစ်သန်းလောက် ပါဝင်ပါတယ်။ မြောက်ပိုင်းဒေသရဲ့ လူဦးရေနဲ့တွက်ရင် ဒီပမာဏက သိပ်ပြီးတော့ မများပါဘူး။ ဒါပေမဲ့ စစ်တပ်ဆိုတဲ့အတိုင်း အရေအတွက်ထက် အရည်အချင်းကိုပဲ ထည့်တွက်ရပါတယ်။ အနောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်အတန်းက မြောက်ပိုင်းဒေသထက် မြင့်ပါတယ်။ ဒါကြောင့် သာမန်စစ်သား အရေအတွက် အများကြီးကို ခေါ်လာပြီး ဘာလုပ်မှာလဲ။

Edit with WPS Office

လူတစ်သန်းရှိတဲ့ စစ်တပ်ထဲမှာ တစ်သိန်းခန့်က စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ရောက်နေပြီး လူတစ်ရာကို အဖွဲ့သေးလေးတစ်ခု၊ လူတစ်ထောင်ကို အလယ်အလတ်အဖွဲ့တစ်ခုနဲ့ လူတစ်သောင်းကိုတော့ ဂင်္က်ပါတစ်ခုအဖြစ်နဲ့ ဖွဲ့စည်းထားပါတယ်။ ဒါက ခရမ်းရောင်လ ကေရာဇ် စီရင်စုရဲ့ ပူပေါင်းတိုက်စစ် ဂင်္က်ပါကို ကျင့်ကြံထားတဲ့ အစစ်အမှန် လက်ရွေးစင်တွေ ဖြစ်ပြီးတော့ တိုက်ပွဲစွမ်းရည်ကို ကြီးကြီးမားမား တိုးလာစေနိုင်ပါတယ်။

ကျန်ရှိတဲ့ လူကိုးသိန်းကတော့ ပိုဆိုးဝါးပြီး တိုက်ပွဲစွမ်းအားအဖြစ် ထည့်တွက်ရုံပဲ ရပါတယ်။ ဒါပေမဲ့ လက်ရွေးစင်တွေနဲ့ အသေးအမွှား ကိစ္စတွေ တော်တော်များများကို မလုပ်သင့်ဘူးလေ ဟုတ်တယ်မလား။

"သတင်းပို့ပါတယ်"

Edit with WPS Office

သူတို့စစ်တပ် ခရီးထွက်လာပြီး သုံးရက်အကြာ နယ်မြေအတားအဆီးကို မရောက်ခင်မှာ ကင်းထောက် တစ်ယောက်က သတင်းပို့ဖို့ ရောက်လာပါတယ်။

"ပြော"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"အရှင်မင်းကြီးခင်ဗျား အနောက်ဘက်ဒေသက နယ်မြေအတားအဆီး နေရာမှာ စစ်သားတွေ စုစည်းထားပြီးတော့ ပြင်ဆင်ထားပါတယ်။ ခန့်မှန်းချေတော့ တစ်သိန်းကျော်လောက် ရှိပြီးတော့ အယောက်တိုင်းက လက်ရွေးစင်တွေချည်းပါပဲ"

ကင်းထောက်က ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်တယ်။ ကင်းထောက်ရဲ့ ခွန်အားက

Edit with WPS Office

အကန့်အသတ် ရှိပါတယ်။ ပြီးတော့ သူက စိတ်ဝိညာဉ် ပလ္လင်၊ ကောင်းကင်အဆင့်နဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အကြားကို ခွဲခြားနိုင်စွမ်း မရှိနိုင်ပါဘူး။ ဒါပေမဲ့လည်း အနောက်ဘက် ဒေသက လျှင်လျှင်မြန်မြန်နဲ့ ပေါင်းစည်းပြီးတော့ နယ်မြေအတားအဆီးမှာ စုစည်းလာခဲ့ပြီး ပြတ်သားတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲဖို့ ပြင်ဆင်ထားပုံ ရပါတယ်။ ဒါက သူမျှော်လင့်ထားတာနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါတယ်။

သူတို့အတွက် အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ တိုက်ခိုက်ဖို့ အဆင့်သင့် ဖြစ်နေတာက လင်းဟန်ကို အတော်လေး အံ့အားသင့်သွားစေခဲ့ပါတယ်။

"အရှင်မင်းကြီး ဒီနောက်လိုက်က ရှေ့ပြေးတပ်အဖြစ် ဦးဆောင်ဖို့ ဆန္ဒရှိပါတယ်"

ယွမ်ချမ်ဟဲက တောင်းဆိုလိုက်ပါတယ်။ ရက်ပေါင်းများစွာ ကုန်လွန်ပြီးတဲ့နောက်မှာ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ရဲ့ သိပ်သည်းကျစ်လျစ်မှုကို အရောင်တင်ပြီး ခိုင်မာအောင် လုပ်ခဲ့ပြီး

Edit with WPS Office

လွန်ခဲ့တဲ့ ဆယ်ရက်အကျော်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် ခဲ့ပါတယ်။ ဒါကြောင့် သူက အရမ်းကို ယုံကြည်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

တကယ်လို့ သူဘာသာသူ ကျင့်ကြံအားထုတ်ခဲ့မယ်ဆိုရင် သူ့အတွက်တော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို ရောက်ဖို့ အနည်းဆုံး ငါးနှစ်လောက် အချိန်ယူရပါမယ်။ ဒါပေမဲ့ မှော်ဆေးဧကရာဇ် တစ်ယောက် အနောက်ကို လိုက်ပြီးတော့ နေ့စဉ်နေ့တိုင်း ဆေးလုံးတွေ သုံးစွဲပြီး ဒီလိုမျိုး အရှိန်အဟုန် မရှိဘူးဆိုမှပဲ ထူးဆန်းပါလိမ့်မယ်။

"အန်း"

ကျောက်တုံးစိတ်ဝိညာဉ်ကလည်း သူ့ရင်ဘတ်ကို ထုပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်ပြီး တိုက်ခိုက်ဖို့ တောင်းဆိုလိုက်ပါတယ်။

Edit with WPS Office

တခြားလူတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ကျောက်တုံးစိတ်ဝိညာဉ်ရဲ့ တိုးတက်မှုနှုန်းက ပိုပြီးတော့တောင် လျင်မြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဆို့ခြင်း မရှိပဲ သူ့အဆင့်ရဲ့ မရှိမဖြစ် လိုအပ်တဲ့ သိပ်သည်းကျစ်လျစ်မှုနဲ့ ရင်ဆိုင်စရာ မလိုပါဘူး။ အနက်ရောင် မျှော်စင်အထဲက ကျောက်တုံးအဆီအနှစ်ကို လစဉ်လတိုင်း ဝါးစားပြီး သူ့ရဲ့အဆင့်က အပေါ်ကို ခုန်ခုန်တက် လာခဲ့ပါတယ်။

အခုဆို သူက ကောင်းကင်အဆင့်ကို ဂင်ရောက်ခဲ့ပါပြီ။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ဖို့တော့ အရမ်းကို ခက်ခဲပါတယ်။ ဒါကြောင့် လူသားလောကရဲ့ အထွတ်အထိပ်ကို အဆင့်တက်ချင်ရင် တစ်နှစ်ကနေ နှစ်နှစ်လောက် ကျောက်တုံးတွေ ဝါးစားရပါဦးမယ်။

ချင်းဂူယောင်၊ ဟုဖန်းယွဲ့နဲ့ တခြားသူတွေလည်း သွားချင်နေကြပြီး တရှုရှု ဖြစ်နေကြပါတယ်။ ဒီနှစ်တွေမှာ သူတို့က ဆောင်းလဂိုဏ်းမှာ နေပြီးတော့ စိတ်ဝိညာဉ် ပလ္လင်အဆင့်ကိုပဲ ရောက်ရှိပါသေးတယ်။ ဒါပေမဲ့ စစ်တပ်နဲ့ ပူးပေါင်းပြီးတဲ့ နောက်ပိုင်းမှာတော့ အချိန်တိုတိုလေး အတွင်းမှာ တစ်ဆင့်တိုးလာပြီး ပန်းဖူးအဆင့်ကို

Edit with WPS Office

ရောက်နေခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ယုံကြည်မှုတွေက အကြီးအကျယ်ကို မြင့်တက်လို့ နေပါတယ်။

ယွဲ့ခိုင်ယုကို ကြည့်ရတာ အတော်လေးကို ရင့်ကျက်လာပုံ ရပြီးတော့ ဘေးမှာပဲ တိတ်ဆိတ် ငြိမ်သက်စွာနဲ့ ထိုင်နေပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးထဲမှာလဲ တိုက်ပွဲအတွက် ဆာလောင်မှုတွေ တောက်လောင်လို့ နေပါတယ်။ သူက ပန်းဖူးအဆင့်ကို ရောက်ရှိနေပြီး ထူးခြားထက်မြက်တဲ့ ခွန်အားလည်း ရှိပါတယ်။

ဒီတစ်ကြိမ် သူတို့ရဲ့ အင်အားစု အကုန်လုံးနီးပါး အနောက်ပိုင်းဒေသဆီကို ချီတက်လာခဲ့ ကြပါတယ်။ ဒါကြောင့် အင်အားကြီးဂိုဏ်း အသီးသီးက လက်ရွေးစင်တွေလည်း ပူးပေါင်းပါဝင်ခဲ့ပြီး စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေလည်း ပါဝင်ပါတယ်။ ဒါပေမဲ့ ဒီအဘိုးကြီးတွေက အရမ်းကို သိုသိုသိပ်သိပ် နေနေကြပါတယ်။ အနောက်ပိုင်းဒေသရဲ့ သိုင်းပညာရပ် အဆင့်အတန်းက မြောက်ပိုင်းဒေသထက် အပုံကြီး သာတယ်ဆိုတာကို သူတို့တွေ ကောင်းကောင်း သိပါတယ်။ တကယ်လို့ တစ်ဖက်က သူတို့ကို လာမတိုက်ဘူးဆိုရင်

Edit with WPS Office

အဆင်ပြေပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့က အရင်ဆုံး လက်ဦးမှု ရယူပြီး တိုက်ခိုက်မဲ့ လူတွေ မဟုတ်လား။

တကယ်လို့ လင်းဟန်ရဲ့ အမိန့်ကြောင့်သာ မဟုတ်ရင် ရွေးချယ်စရာ မရှိပဲ သူတို့အနေနဲ့ သုတ်ခြေတင် ထွက်ပြေးချင်နေ ကြပါတယ်။

လင်းဟန်က ပြုံးပြီးတော့ သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး ပြောပါတယ်။

"ပထမဆုံး နယ်မြေအတားအဆီးဆီကို သွားပြီးတော့ အနောက်ပိုင်းဒေသက လက်ရွေးစင် ကျွမ်းကျင်သူတွေ ဘယ်လောက်များ စေလွှတ်လိုက်လဲဆိုတာကို တိတိကျကျ သိရအောင် အရင်ဆုံး သွားကြည့်တာပေါ့"

စစ်သည်တစ်သိန်းက အရှေ့ကနေ ဦးဆောင်ပြီး နယ်မြေအတားအဆီးကို နှစ်ရက်အကြာမှာ ရောက်လာခဲ့ ကြပါတယ်။ မျှော်လင့်ထားတဲ့အတိုင်း စစ်တန်းလျား ကွင်းပြင်ကြီး

Edit with WPS Office

တစ်ခုက အရှေ့တည့်တည့်မှာ ရှိနေပြီး မရေတွက်နိုင်တဲ့ လူတွေက ဂင်လိုက်ထွက်လိုက်နဲ့ ပျားပန်းခပ်မျှ လှုပ်ရှားနေ ကြပါတယ်။ သူတို့က စစ်စည်းကမ်းတွေနဲ့ အလေ့အကျင့် မရှိကြပေမဲ့ အားလုံးက အနည်းဆုံး စိတ်ဝိညာဉ် ပလ္လင်အဆင့်မှာ ရှိပါတယ်။ စစ်သားတစ်ယောက်ချင်းစီရဲ့ ခွန်အားက အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။

ဒီလိုမျိုး ကြီးမားတဲ့ စစ်တပ်တစ်ခု ရောက်လာတာနဲ့အတူ အနောက်ပိုင်းဒေသက ချက်ချင်းကို လှုပ်ရှားလာပြီး သူတို့ရဲ့ ရွက်ဖျင်တဲတွေထဲကနေ အားလုံးက ထွက်လာပြီး အစီအစဉ်တကျ မရှိပဲ မတ်တပ်ရပ်နေကြပါတယ်။ မရေတွက်နိုင်တဲ့ အုပ်စုသေးသေးလေးတွေကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။ အုပ်စုသေးသေး ကိုယ်စီက အင်အားစု တစ်ခုက ဖြစ်တယ်ဆိုတာ ပေါ်လွင်ပြီး တခြားသူတွေနဲ့ အဖွဲ့ဖွဲ့ထားဖို့ ဆန္ဒရှိပုံ မရပါဘူး။

ဒါက သာမန်ပါပဲ။ သူတို့က နယ်မြေတစ်ခုက လူတွေဖြစ်ပေမဲ့ သူတို့အကြားမှာ ကြီးမားတဲ့ ရန်စတွေ ရှိတာလည်း ဖြစ်နိုင်ပါတယ်။

Edit with WPS Office

နယ်မြေအပြင်ဘက်က အင်အားစုတွေက ကမ္ဘာ့ရန်တစ်ခု စတင်ဖို့ဆိုတာ မဖြစ်နိုင်ပဲ ပဋိပက္ခတွေ အားလုံးက အတွင်းကျိတ် ပဋိပက္ခတွေပဲ ဖြစ်ပါတယ်။

သူတို့ကအခု မြောက်ပိုင်းဒေသကို အတူတကွ ရင်ဆိုင်တယ် ဆိုပေမဲ့ အနောက်ပိုင်း ဒေသက ကျန်တဲ့ လူတွေက သူတို့ရဲ့ အပေါင်းအဖော်တွေကို အနောက်ကနေ ထောက်ပံ့ပေးဖို့က သေချာတဲ့ အာမခံချက် ရှိလို့လား။

ဘယ်သူက ဒီလောက်ထိ တုံးအမှာလဲ။

သူတို့နဲ့ ဆန့်ကျင်ဘက်ခြမ်းမှာတော့ မဟာလင်း အင်ပါယာရဲ့ စစ်တပ်က အင်အားစု အကုန်လုံးကို အနိုင်ယူပြီးတော့ ကျိုးတိုးကျဲတဲ ဖြစ်နေတဲ့ အင်အားစု အမျိုးမျိုးကနေ သူတို့တွေက ပူးပေါင်းခဲ့ခြင်း ဖြစ်ပါတယ်။ သူတို့ကိုယ်ပိုင် အင်အားစုတွေလုပ်ဖို့ အခွင့်အရေး ဘယ်မှာများ ရှိလို့လဲ။

Edit with WPS Office

လင်းဟန်က ကျူးရှွမ်အာ၊ ဟူးညို၊ ကျောက်တုံးစိတ်ဝိညာဉ်နဲ့ လျှောက်လာပြီး တခြားလူတွေက သူ့အနောက်က လိုက်လာပြီး နယ်မြေအတားအဆီးရဲ့ ပိုင်းခြားထားတဲ့ စည်းမျဉ်းဆီကို ရောက်လာခဲ့ပါတယ်။ တကယ်လို့ သူက မရဏဓားနဲ့ ဖြတ်တောက်ဖွင့်လှစ်လိုက်ရင် တိုက်ပွဲက ချက်ချင်းပဲ ပေါက်ကွဲထွက်လာခဲ့ပါလိမ့်မယ်။

အဲဒီအခိုက်အတန့်မှာ အနောက်ဘက်ဒေသရဲ့ စစ်တန်းလျားကနေ လူငယ်ငါးယောက်က လမ်းလျှောက်ထွက်လာခဲ့ပါတယ်။ သူတို့တစ်ယောက်စီတိုင်းမှာ ထူးခြားတဲ့ ပါရမီနဲ့ ပြိုင်ဘက်ကင်း စိတ်ဝိညာဉ် တစ်ခု ရှိနေပါတယ်။

သူတို့တွေထဲမှာ ရှုရှုရန်၊ ကျော့မင်းနဲ့ တုန်လင်းအာတို့ ပါဝင်နေပါတယ်။

Chapter 773 end

Zaw.အပိုင်း(၇၇၄) ဝင်ရောက်စွက်ဖက်ခြင်း

Edit with WPS Office

အတားအဆီး နံရံက ထိတွေ့လို့ မရနိုင်တဲ့ လေထုတစ်ခုလိုမျိုး အမြင်နိုင်ပါဘူး။ ဒါကြောင့် လင်းဟာန်ရဲ့ အမြင်အာရုံအပေါ်မှာ အကျိုးသက်ရောက်မှု မရှိပါဘူး။

ရှုရှုရန်၊ တုန်လင်းအာ၊ ကျော့မင်း။ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လူငယ်မျိုးဆက်တွေထဲက ပါရမီရှင်တွေ ဖြစ်ပြီးတော့ လက်ရှိအသက်တန်းထဲက အသန်မာဆုံး လူတွေကို ယှဉ်ပြိုင်နိုင်လုနီးပါး အရည်အချင်း ပြည့်မီသူတွေ ဖြစ်ပါတယ်။ တစ်ဖက်အဖွဲ့မှာ စုစုပေါင်း ငါးယောက်ရှိပြီး အားလုံးက ရင်ဘောင်တန်းပြီးတော့ ရပ်နေကြပြီး ဒါကဘာကို ဖော်ပြနေတာလဲ။

သူသတိမပြုမိတဲ့ နှစ်ယောက်ကတော့ သေချာပေါက် ဓားကေရာဇ်လေး ကျန်းမိုနဲ့ မိုးကြိုးလျှပ်စီး သားတော်တို့ သေချာပေါက် ဖြစ်ပါလိမ့်မယ်။

ဒီနှစ်ယောက်ကို လွယ်လွယ်နဲ့ သတိပြုမိပါတယ်။ ဓားကေရာဇ်လေးက သူ့နောက်ကျောမှာ ဓားရှည်တစ်ချောင်းကို ချိတ်ဆွဲထားပြီး မိုးကြိုးလျှပ်စီးသားတော်က မိုးပြာရောင် လျှပ်စီး

Edit with WPS Office

ဝိုင်းနေပြီး သူ့အကြည့်တွေက မိုးကြိုးတစ်ခု ပစ်ချလိုက်သလိုမျိုး အရမ်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းပါတယ်။

မိုးကြိုးလျှပ်စီးသားတော်က ပိုပြီးတော့ ကျော်ကြားတယ် ဆိုပေမဲ့ ဓားကေရာဇ်လေးကို လင်းဟာန်က ပိုပြီးတော့ စိတ်ဝင်စားပါတယ်။ ဓားကေရာဇ်လေးက ဓားနလုံးသားကို ဖြစ်ပေါ်နိုင်ခဲ့ပြီလို့ ကောလာဟလတွေ ထွက်နေပါတယ်။ နယ်မြေအတားအဆီးနဲ့ ခွဲခြားထားတယ် ဆိုပေမဲ့ ဓားကေရာဇ်လေးပေါ်က ဓားအသိဆန္ဒတွေကို လင်းဟာန်က ခံစားလို့ ရနိုင်နေဆဲပါပဲ။ နယ်မြေအတားအဆီးတောင်မှ စုတ်ပြဲပြီး ပွင့်တော့မဲ့အတိုင်း တူညီနေပါတယ်။

လင်းဟာန်က ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ အနောက်ပိုင်းဒေသက အရမ်းကို လျင်လျင်မြန်မြန်နဲ့ စုစည်းနိုင်ခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ အဲဒါရဲ့ နောက်ကွယ်က လက်မည်းကြီးက ဂိုဏ်းကြီးငါးဂိုဏ်း ဖြစ်နေပါတယ်။

Edit with WPS Office

"လင်းဟန် မင်းက အရမ်းကို တရားလွန်နေတာပဲ။
နိုင်ငံတစ်ခုကိုတောင် တည်ထောင်ရဲတယ်ပေါ့"

ရှုရှုရန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့လက်ထဲမှာ အကြွင်းမဲ့ ဆေဘာဓားကို ကိုင်ဆောင်ထားပြီး သူ့မျက်လုံးတွေက ဆေဘာဓားတစ်လက်လို ထက်မြက်ကာ သူ့ရဲ့တည်ရှိမှုနဲ့ စိတ်ဝိညာဉ်က ခံညားထယ်ဝါပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ပုံစံ ပေါ်နေပါတယ်။

လင်းဟန်က ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါက နိုင်ငံတစ်ခုကို မတည်ထောင်ဘူးဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လျှို့ဝှက်ကြံစည် လူသတ်ပွဲကနေ ငါတို့တွေ ဘယ်လိုလုပ်ပြီး လွတ်မြောက်နိုင်မှာလဲ"

သူက အခုဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ပြတ်ပြတ်သားသားကို ဆန့်ကျင်နေပြီ ဖြစ်တာကြောင့် စိတ်ထင့်စရာအကြောင်း

Edit with WPS Office

လုံးဝမရှိပါဘူး။

"ကယောင်ချောက်ချားပြောနေတဲ့ အရူးပဲ"

တုန်လင်းအာက ပြစ်တင်ရှုတ်ချလိုက်ပါတယ်။ သူမက ချောမောလှပသလောက် တည့်တိုးသမား ဖြစ်ပြီး မိုးပြာဖီးနစ် နတ်မိမယ် ဧကရီနဲ့ သိပ်မကွာပါဘူး။ သူမက ဝတ်စုံရှည်တစ်ခုကို ဝတ်ဆင်ထားပြီး သူမရဲ့အသားအရည်က နှင်းပွင့်တွေလို ဖြူစွတ်ကာ သူမရဲ့ ပုံပန်းသွင်ပြင်က ပန်းချီကားတစ်ချပ် ရေးဆွဲထားသလို လှပသိမ်မွေ့ပြီး အလှအပမှာ ပြိုင်ဘက်မရှိသလိုပါပဲ။

"ဒါတွေက ကယောင်ချောက်ချား ပြောနေတာ မဟုတ်ဘူး။ မင်းတို့တွေ့ရဲ့ နှလုံးသားထဲမှာ ကောင်းကောင်းကြီး သိပါတယ်"

လင်းဟာန်က နှာခေါင်းရှုံ့လိုက်ပါတယ်။

Edit with WPS Office

ကျော့မင်းက အရှေ့ကို ခြေတစ်လှမ်း တက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဟိုးအရင်ကတည်းက အနောက်ပိုင်း ဒေသကို သေချာပေါက် လွယ်လွယ်လေးနဲ့ ရလိမ့်မယ်ဆိုပြီး ရွေးချယ်မယ်ဆိုတာကို ငါသိနေတယ်။ ဒါကြောင့် ငါတို့ငါးယောက်က ဒီနေရာက လာစောင့်နေတာပဲ။ အခုကစပြီး အရှေ့ကို နည်းနည်းလေးမှ တိုးလာဖို့ မစဥ်းစားနဲ့။ မင်းကိုလည်း ပြောပြလိုက်မယ်။ အရှေ့ဘက် ဒေသက ချက်ချင်းပဲ စစ်သားတွေ စေလွှတ်ပြီးတော့ မြောက်ပိုင်း ဒေသကို တိုက်ခိုက်ဖို့နဲ့ မင်းရဲ့အိမ်ကို သိမ်းပိုက်တော့မယ်"

အနောက်ပိုင်းဒေသရဲ့ အစွမ်းထက်တဲ့ လူတွေက နားထောင်နေကြပြီး သူတို့က စိတ်ဆိုးဒေါသ ထွက်သွားတဲ့ ပုံစံတွေ ဖြစ်လာခဲ့ကြပါတယ်။ သူတို့တွေက သူတို့ကို လွယ်လွယ်နဲ့ သိမ်းပိုက် နိုင်မယ်လို့ ပြောနေတာပေါ့။ သူတို့က ဘာမှမပြောရဲပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းကြီး ငါးဂိုဏ်းက အရမ်းကို သန်မာပြီး ဂိုဏ်းကြီးငါးဂိုဏ်းက လူတွေက ဒီနေရာမှာ

Edit with WPS Office

ကိုယ်စားပြု ရောက်လာတဲ့ လူတွေက လူငယ်မျိုးဆက်ထဲမှာ အားအကောင်းဆုံး တိုက်ပွဲစွမ်းရည် ရှိတဲ့သူတွေ ဖြစ်ကာ သူတို့တောင်မှ ဒီလူငယ်တွေကို တိုက်မထုတ်နိုင်ပါဘူး။

လင်းဟန်ကတော့ တည်တည်ငြိမ်ငြိမ်ပါပဲ၊ အင်ပါယာမြို့မှာ ရှီရွှမ်ရွှမ်က စောင့်ကြည့်နေပါတယ်။ ဒါကြောင့် ဘာမှဆိုးဆိုးဝါးဝါး ဖြစ်စရာအကြောင်း မရှိပါဘူး။ နောက်ပြီးတော့ သူတို့က နိုင်ငံတစ်ခု တည်ဆောက်ရုံပဲ မဟုတ်တာကြောင့် အရှေ့ပိုင်းဒေသက တိုက်ခိုက်တာကလည်း ကိစ္စကြီး တစ်ခုတော့ မဟုတ်ပါဘူး။ သူတို့အတွက်တော့ ပိုင်နက်တွေကို ယူနိုင်မှာ ဖြစ်ပြီး သူ့ဆီက နိုင်ငံစွမ်းအားကို ဓားပြတိုက်လုယက်လို့ မရပါဘူး။

သူကပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းတို့ငါးယောက်ပဲ ရှိတာလဲ။ ဂိုဏ်းကြီးငါးဂိုဏ်းက ကျွမ်းကျင်သူတွေ အားလုံး သေသွားပြီလား"

Edit with WPS Office

ကျော့မင်းက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ငါးယောက်ရဲ့ အစွမ်းနဲ့ဆိုရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ကလွဲရင် ဘယ်သူ့ကိုမဆို မသတ်နိုင်ဘူးလား"

လင်းဟာန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဂိုဏ်းကြီးငါးဂိုဏ်းက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ မပို့နိုင်တာများ ဖြစ်နေမလား။ ငါထင်တာတော့ ခရမ်းရောင်လ ကောရာဇ် စီရင်စုရဲ့ ဘုရင်ရှစ်ပါးလုံး ကမ္ဘာကြီးထဲ ရောက်ရှိလာရင် မင်းတို့ရဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် စစ်သည်တော်တွေ အားလုံးကို ထိန်းချုပ်ထားတယ်နဲ့တူတယ်"

လူငယ်ငါးယောက်ရဲ့ အမူအရာတွေ ပျက်သွားခဲ့ပါတယ်။ လင်းဟာန်ပြောသလိုပဲ ခရမ်းရောင်လ ကောရာဇ်ရဲ့ စီရင်စုက အခုဆို အရမ်းကို အစွမ်းထက်နေပါတယ်။ သူတို့မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ရှစ်ယောက်ပဲ ရှိတယ်ဆိုပေမဲ့

Edit with WPS Office

တစ်ယောက်ချင်းစီက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာ ရှိပြီးတော့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ထိန်းချုပ်အသုံးချနိုင်ပါတယ်။ ဒါကြောင့် သူတို့တစ်ယောက်ချင်းစီက အဆင့်တူထဲက ပြိုင်ဘက် ဆယ်ယောက်ကျော်ကို လွယ်လွယ်ကူကူနဲ့ ရင်ဆိုင်နိုင်စွမ်း ရှိနေကြပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက ရေးဟောင်းအစွမ်းထက်တဲ့ လူတွေနှိုးထလာပြီး အရေအတွက် သာတယ် ဆိုပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ရာလောက်က ဘုရင်ရှစ်ပါးရဲ့ တက်လမ်းကို နှေးကွေးအောင် မလုပ်နိုင်ခဲ့ပါဘူး။ အခုဆိုရင် ခရမ်းရောင်လကေရာဇ်ရဲ့ စီရင်စု ပိုင်နက်က အရမ်းကို ကြီးမားလာပြီး သူတို့က ဘုရင်တစ်ပါးရဲ့ စီရင်စုတစ်ခုလိုမျိုး သူတို့မှာ နောက်လိုက်တွေ ပိုများများ ရရှိလာခဲ့ပါတယ်။ သူတို့မှာရှိတဲ့ နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုက ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ တိုက်ခိုက်တဲ့ အခါမှာ သူတို့ရဲ့ စွမ်းအားတွေကို ပြန်လည်ဖြည့်ဆည်းပေးတဲ့ သဘောမျိုး သက်ရောက်သွားပြီး အခုချိန်မှာ ဘုရင်ရှစ်ပါးက ရပ်တန့်လို့ မရနိုင်တဲ့အထိကို အစွမ်းထက်လို့ နေပါတယ်။

Edit with WPS Office

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်လောက် ထွက်လာရင်ပဲ မဟာလင်းအင်ပါယာကို ချေးတစ်စက်တောင် မထွက်ပဲ ဖိနှိပ်ထိန်းချုပ် နိုင်ပါလိမ့်မယ်။

"ဟင့်။ မင်းကိုယ်မင်း ကိုယ့်အားကိုပဲ ကိုးစမ်းပါ။ တခြားလူတွေရဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အာရုံစိုက်မနေပါနဲ့"

မိုးကြိုးလျှပ်စီး သားတော်က ပြောလိုက်ပါတယ်။ သူပြောလိုက်တဲ့ အခိုက်အတန့်မှာ မိုးကြိုးတွေကို လုံ့ဆော်သလိုမျိုးနဲ့ မိုးကောင်းကင်ထက်မှာ တိမ်မည်းတွေ တလိပ်လိပ် တက်လာပြီး ပင်လယ်တစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး မိုးပြာရောင် လျှပ်စီးတွေ ရစ်ပတ်နေပါတယ်။

လင်းဟန်က မရဏဓားကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ စကားမများနဲ့တော့ ဓားနဲ့ပဲ ဖြေရှင်းကြတာပေါ့"

Edit with WPS Office

လင်းဟန်က အတားအဆီး နံရံကို တွန်းဖွင့်လိုက်ပါတယ်။

"သတ်"

မဟာလင်း အင်ပါယာရဲ့ လက်ရွေးစင် စစ်တပ်က အော်ဟစ်လိုက်ကြပါတယ်။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

ကျောက်တုံးစိတ်ဝိညာဉ်က အရင်ဆုံး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်ပြီး ဟူးညိုက သူ့ပခုံးထက်မှာ စီးပြီးတော့ လိုက်ပါလာခဲ့ပါတယ်။ ဟူးညိုကို ကြည့်ရတာ စိတ်လှုပ်ရှားနေပုံရပါတယ်။ သူမရဲ့ နှလုံးသားထဲမှာ ပုန်းကွယ်နေတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင်ရဲ့ သတ်ဖြတ်ခြင်းနဲ့ သွေးဆာလောင်မှုကို လှုံ့ဆော်သလို ဖြစ်နေပြီး သူမအတွက် ဒီလိုမျိုး တိုက်ပွဲကြီး တစ်ခုရဲ့ မြင်ကွင်းက အသင့်တော်ဆုံး ဖြစ်ပါတယ်။

Edit with WPS Office

ဟူးညိုက လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး ချက်ချင်းဆိုသလို အနောက်ပိုင်း ဒေသရဲ့ စစ်တပ်ထဲကို ပြေးဝင်သွားပြီး မကြာခင်မှာ အနောက်ပိုင်း ဒေသရဲ့ စစ်တပ်က ကြီးမားတဲ့ ဘေးဒုက္ခတွေကို ခံစားလိုက်ရပါတယ်။

သူမရဲ့ တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ ကောင်းလောက်အောင် ကောင်းကင်အဆင့်ကို ရောက်ရှိနေပြီး အဲဒါက အနောက်ပိုင်း ဒေသထဲမှာ ပြိုင်စံရှားတဲ့ သက်ရှိတစ်ယောက်နဲ့ ညီမျှပါတယ်။ နတ်သူငယ် ပြောင်းလဲခြင်း အဆင့်ကတော့ အထွတ်အထိပ်မှာ ရှိပါတယ်။ ဒီမိန်းကလေးရဲ့ သွေးနဲ့ရေချိုးတဲ့ နတ်ဆိုးတစ်ကောင် ဖြစ်လာခဲ့ပြီး သူမရဲ့ မျက်လုံးတွေက လျှပ်စီးတွေ ပစ်လွှတ်နေပြီး မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ လက်ရွေးစင် တော်တော်များများက ချက်ချင်းဆိုသလို ပြာမှုန့်တွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။

မိုးကြိုးလျှပ်စီး သားတော် အကြီးအကျယ် စိတ်ဝင်စားသွားပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"သူ့ကို ငါရင်ဆိုင်မယ်"

သူလည်း မိုးကြိုးလျှပ်စီး အဖြစ်ကို ပြောင်းလဲသွားပြီး ဟူးညိုဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။ သူ့မျက်လုံးတွေနဲ့ စူးစူးဝါးဝါး စိုက်ကြည့်လိုက်ပြီး ထူးခြားတဲ့ ရတနာဓား နှစ်လက်နဲ့ ဟူးညိုကို ခုတ်ပိုင်းလိုက်ပါတယ်။

"ညိုးညိုးရဲ့ လေမီး လက်သီး"

ဟူးညိုက အော်ဟစ် ကြုံးဝါးပြီး မိုးကြိုးလျှပ်စီး သားတော်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲလိုက် ပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေကို ဖြတ်သန်းခွင့်ရအောင် လုပ်ပေးဖို့ပဲ လိုအပ်ပြီး တခြားလူတွေက နယ်မြေအတားအဆီးရဲ့ အကျိုးသက်ရောက်မှု ခံရလိမ့်မှာ မဟုတ်ပါဘူး။ သူက လက်ထဲမှာ မရဏဓားကို ကိုင်ထားပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"မင်းတို့လေးယောက် တစ်ခါတည်း အတူတူ တိုက်ကြ"

အမှန်တကယ်တော့ သူကလွဲပြီး ဒီလေးယောက်ကို ဘယ်သူကမှ တားဆီးနိုင်တဲ့လူ မရှိပါဘူး။

ရှုရှုရန်က ပြုံးပြီးတော့ ငေါ်တော့တော့နဲ့ ပြောလိုက်ပါတယ်။

"မင်းကို ရင်ဆိုင်ဖို့ ငါတို့လေးယောက် ပူးပေါင်းပြီး တိုက်ခိုက်ဖို့ လိုမှာတဲ့လား"

သူက အကြွင်းမဲ့ ဆေဘာဓားကို မနိုးထခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကြွင်းမဲ့ ဆေဘာဓား နိုးထလာရင် လင်းဟန်ရဲ့ လက်ထဲက ဓားလည်း နိုးထလာမှာ ဖြစ်ပြီးတော့ ဘယ်သူကမှ လင်းဟန်ကို သတ်နိုင်တော့မှာ မဟုတ်ပါဘူး။

Edit with WPS Office

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကိုယ့်ကိုယ်ကို အရမ်းကို ယုံကြည်မှုတွေ ရှိနေတယ်ပေါ့။
ဒါဆိုရင်လည်း ငါဘာမှ မပြောတော့ဘူး။ လာခဲ့လိုက်တော့"

ရှုရှုရန်က သူ့ဆေဘာဓားကို ဝှေ့ယမ်းပြီး တစ်ဟုန်ထိုး
ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူက အကြွင်းမဲ့ ဆေဘာဓားကို
မနိုးထခဲ့ပါဘူး။ ဒါပေမဲ့ ဆေဘာဓားက အားလုံးကို သိမ်းပိုက်စိုးမိုး
နေဆဲပါပဲ။ ဆေဘာဓားရဲ့ ခုတ်ချက်ကို လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ
ခန္ဓာကိုယ်တောင်မှ အပြည့်အဝ တောင့်မခံနိုင်ပါဘူး။
ဒီဆေဘာဓားရဲ့ ထက်ရှမှုက အဆင့်တစ်ဆယ် စိတ်ဝိညာဉ်
ပစ္စည်းတွေရဲ့ အဆင့်ကို ကျော်လွန်နေခဲ့ပါပြီ။

ဟ်မ်း။ ထူးဆန်းတဲ့ ခံစားချက် တစ်ခုက လင်းဟန်ကို
ဖုံးကွယ်ပိတ်ဆို့ပြီး သူ့ရဲ့ဓားကို ဝှေ့ယမ်းလို့ မရဘူးဆိုပြီး
ခံစားစေပါတယ်။

Edit with WPS Office

ဆေဘာဓား နလုံးသား။

လင်းဟန်ရဲ့ စိတ်ထဲမှာ အကြီးအကျယ် လုပ်ရှားသွားခဲ့ပါတယ်။ သူနဲ့ ရှုရှရန်က စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ပါတယ်။ ပထမအကြိမ်က ခွန်အားချင်း ရင်ဆိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရှုရှရန်က ဆေဘာဓား နလုံးသားကို နားလည်သဘောပေါက်မှုက ဒီလောက် မသန်မာပါဘူး။ အနည်းဆုံး သူ့ကို လွှမ်းမိုးနိုင်စွမ်း မရှိနိုင်ပါဘူး။ ဒုတိယ တစ်ကြိမ်ကတော့ ထည့်တွက်လို့ မရပါဘူး။ အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားအကြားက ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပြီးတော့ ဆေဘာဓား နလုံးသားကို ဘယ်လိုမှ အသုံးပြုလို့ မရပါဘူး။

ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ရှုရှရန်ရဲ့ ဆေဘာဓား နလုံးသားကို နားလည်သဘောပေါက်မှုက ပိုပြီးတော့တောင် တိုးလာခဲ့ပြီး သူ့ကို ပိုပြီးတော့ အကျိုးသက်ရောက်စေပါတယ်။

လင်းဟန်က သူ့ရဲ့နလုံးသားထဲမှာ တင်းတင်းကြပ်ကြပ် ထိန်းသိမ်းလိုက်ပြီး မရဏဓားကို သူ့ဘယ်လက်နဲ့ ကိုင်ပြီးတော့ ရှုရှရန်ကို ခုတ်ပိုင်းလိုက်ပါတယ်။

Edit with WPS Office

ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က တိုက်ကွက်အချင်းချင်း ဖလှယ်ခဲ့ပြီး အလင်းရောင်တန်းတွေ မရပ်မနား ထုတ်ဖော်လို့ နေပါတယ်။

ရှုရှရန်က နောက်တစ်ကြိမ် သန်မာလာပြီး ဆေဘာဓား နလုံးသားရဲ့ အစဦး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှု ရှိရုံသာမက ဘက်ပေါင်းစုံအားလုံးမှာ အကြီးအကျယ် တိုးတက်လာခဲ့ပါတယ်။ သူ့မှာ အဆင့်မြင့် ကောင်းကင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် သေချာပေါက် ရှိပါတယ်။

လင်းဟန်က မကြောက်ပါဘူး။ အထီးကျန်ငရဲဓားသိုင်းကို မရဏဓားကို ညာဘက်လက်မှာ ကိုင်ပြီးတော့ ထုတ်ဖော်လိုက်ပြီး ဘယ်ဘက်လက်ကနေ မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို ထုတ်ဖော်ပြီး ရွှေရောင်အလင်းတန်းတွေက နေရာအနှံ့အပြားကို ပျံ့နှံ့လို့ နေပါတယ်။ ဒါက ရှုရှရန်ကို

Edit with WPS Office

အကြီးအကျယ် ခြိမ်းခြောက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူတစ်ယောက် မဟုတ်ခဲ့ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က သူ့အတွက်တော့ ပြိုင်ဘက်မဟုတ်သေးပါဘူး။ ရှုရုရန်က ကောင်းကင်အဆင့်ကို ဝင်ရောက်ခဲ့ပြီးပါပြီ။ ဒီကောင်က သာမန်ကာလျှံကာ ကျင့်ကြံရုံနဲ့ တစ်ဆို့မှ လုံးဝမရှိသလိုမျိုး အဆင့်တက်တာ အရမ်းကို အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။

သူက ကောင်းကင်အဆင့် ပထမအလွှာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့် ကြယ်ဆယ်လုံးကို ရောက်ရှိနေခဲ့ပြီး တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးကို ကျော်လွန်နေကာ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါတယ်။

တိုက်ကွက် အနည်းငယ် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ ခန္ဓာကိုယ်မှာ ဒဏ်ရာတွေ တော်တော်များများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့

Edit with WPS Office

မာကျောမှုနဲ့ ပြန်လည်ကောင်းမွန်စေတဲ့ စွမ်းရည်တို့နဲ့ နှိုင်းယှဉ်လိုက်ရင် ဒါက အသေးအဖွဲ့ပါပဲ။ သူ့ကို ကြည့်ရတာ ဒဏ်ရာရပြီး ထိခိုက်နာကျင်နေတာနဲ့ တူနေပုံရပေမဲ့ တကယ်တမ်းတော့ အဲဒီလို ဖြစ်မနေပါဘူး။

အဲဒီအခိုက်အတန့်မှာ လင်းဟန်က သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်လာသလို ခံစားလိုက်ရပြီး အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရပါတယ်။

Chapter 774 end

Zaw.အပိုင်း(၇၇၅) စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ဝှက်ဖဲတစ်ခု

လင်းဟန်က ရုတ်ချည်းဆိုသလို ချာခနဲ လှည့်လိုက်တဲ့ အခါမှာ တုန်လင်းအာက သူမရဲ့ လက်ထဲမှာ စာလိပ်တစ်ခုကို ကိုင်ထားတာ တွေ့လိုက်ရပါတယ်။ အဲဒီပစ္စည်းကပဲ သူ့ကို အရမ်းကို ကျောစိမ့်ပြီး ကျဉ်သလို ခံစားစေပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမိန့်စာလွှာတစ်ခု

Edit with WPS Office

ဖြစ်နေမလား။

တခြားအရာတွေထက် သူ့ကို အခုလိုမျိုး ကြီးမားတဲ့ အန္တရာယ် အာရုံတစ်ခုကို ခံစားအောင် လုပ်နိုင်တဲ့ အရာတွေ တစ်ခုကိုမှ မစဉ်းစားနိုင်ပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်။ ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် ဒီလိုမျိုး လွှမ်းမိုးနိုင်စွမ်း မရှိပါဘူး။

ရှရှရန်ကလည်း အဲဒါကို သတိပြုမိပြီးတော့ မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"ဟင့် ငါသူ့ကို သတ်နိုင်တယ်"

"စီနီယာတွေ ပြောတာက ဒီခရီးစဉ်မှာ တာဂန်တစ်ခုပဲရှိတယ်။

Edit with WPS Office

အဲဒါက ဒီလူကို သတ်ဖို့ပဲ”

တုန်လင်းအာက အေးစက်စွာနဲ့ ပြောလိုက်ပြီး ရှုရှုရန်ကို မျက်နှာသာ မပေးခဲ့ပါဘူး။ သူမက စာလိပ်ကို ဖြည်းညှင်းစွာနဲ့ ဖွင့်လိုက်ပြီး ချက်ချင်းဆိုသလို အစွမ်းထက်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ တည်ရှိမှု တစ်ခုရဲ့ ရိုက်ခတ်မှုကြောင့် အားလုံးကို စိုးရိမ်တကြီး ဖြစ်စေပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်။ လူသားလောကရဲ့ အထွတ်အထိပ် သက်ရှိတွေ။ သူတို့ရဲ့ အရှိန်အဝါ တစ်စကတောင် မိုးကောင်းကင်ကို ထိတ်လန့်တကြား ဖြစ်သွားစေနိုင်တယ်။

စာလိပ်ရဲ့ အထဲမှာ အဖြူရောင် နတ်ဘုရား အလင်းတစ်ခုက ချက်ချင်းဆိုသလို မြင့်တက်လာပြီး တုန်လင်းအာက စာလိပ်ကို ဖွင့်တဲ့လူ တစ်ယောက်ဆိုပေမဲ့ သူမက လုံးဝကို ရှိမနေတဲ့ ပုံစံမျိုးနဲ့ အဲဒီစာလိပ်ပဲ ကမ္ဘာကြီးထဲမှာ ကျန်နေရစ်သလိုမျိုး မိုးကောင်းကင်ရဲ့ အမိန့်ကို သယ်ဆောင် လာပါတယ်။

Edit with WPS Office

ဒါက သေချာပေါက် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အမိန့်စာလွှာတစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက ဒီလိုမျိုး အမိန့်စာလွှာ တစ်ခုကို ထုတ်ပေးဖို့တောင် ဆန္ဒရှိနေတာပဲ။

တကယ်တော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်က သူတို့ရဲ့ ကျင့်ကြံခြင်းကို သုံးစွဲပြီးတော့ ရေးချရတာက ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ပါဂင်ပစ္စည်းတွေက ဘယ်လောက်တောင် အဖိုးထိုက်တန်လိုက်သလဲ။ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သားရဲတစ်ကောင်ရဲ့ အရေပြားသာ မဟုတ်ဘူးဆိုရှ ဘယ်လိုလုပ်ပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စိတ်ဆန္ဒကို တောင့်ခံနိုင်မှာလဲ။ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိရဲ့ သွေးအဆီအနှစ်သာ မဟုတ်ရင် ဒီလိုမျိုး သားရဲတစ်ကောင်ရဲ့ အရေပြားပေါ်မှာ အမှတ်အသားတစ်ခု ကျန်ရစ်စေဖို့က ဘယ်လိုလုပ် ဖြစ်နိုင်ချေ ရှိမှာလဲ။

Edit with WPS Office

ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သားရဲကောင်တွေ ဘယ်လောက်များများ ရှိလို့လဲ။

ဒါကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက တကယ်ပဲ သံန္နဋ္ဌာန် ချထားပုံပါပဲ။

ရှရှရန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပေမဲ့ ဘာမှမပြောတော့ပါဘူး။ သူ့ရဲ့ ကိုယ်ပိုင်အစီအစဉ်က သိသိသာသာနဲ့ကို ဂိုဏ်းရဲ့ စိတ်ဝင်စားမှုထက် ပိုပြီးတော့ အရေးမပါနိုင်ပါဘူး။ တကယ်လို သူက နှစ်ပေါင်းတစ်သောင်း အချိန်အတွင်းမှာ အကြွင်းမဲ့ ဆေဘာဘားဂိုဏ်းရဲ့ အထူးချွန်အထက်မြက်ဆုံး ပါရမီရှင် ဖြစ်နေရင်တောင်မှ မရပါဘူး။

ဟုမ်း။

စာလိပ်ကို အပြည့်အဝ ဖြည်ချလိုက်ပြီးတဲ့ အချိန်မှာ အဖြူရောင် အလင်းတွေက ရစ်ပတ်ပြီး ဖီးနစ်ငှက် တစ်ကောင် ဖြစ်လာခဲ့ပါတယ်။ ဖီးနစ်ငှက်ရဲ့ အတောင်ပံက မီတာသုံးရာလောက်

Edit with WPS Office

ရှည်လျားပြီး အစွမ်းထက်ဆုံး တည်ရှိမှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်။

တုန်လင်းအာက လက်ညှိုးထိုးပြီးတော့ ညွှန်ပြလိုက်တဲ့ အခါမှာ ဖီးနစ်ငှက်က အော်ဟစ်ပြီးတော့ သူ့အတောင်ပံတွေကို တဖျပ်ဖျပ် ခတ်ပြီး ပျံသန်းလိုက်ပါတယ်။ အပြာရောင် မိုးကောင်းကင်က ပြိုလဲတော့မလို ဖြစ်သွားပြီး ဖီးနစ်ငှက်က လင်းဟန်ဆီကို အရမ်းကို လျင်မြန်စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ခိုက်မှုတစ်ခု။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်က ဒီတိုက်ခိုက်မှုကို ခုခံနိုင်ဖို့ အရည်အချင်း ပြည့်မီပါ့မလား။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကို အသာထား ကောင်းကင်ဘုံကို ဆန့်ကျင်နိုင်တဲ့ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဘယ်လောက်ပဲ သန်မာအားကောင်းတဲ့ စိတ်ဝိညာဉ် ပလ္လင်အဆင့် စစ်သည်တော်

Edit with WPS Office

တစ်ယောက်က ပန်းဖူးအဆင့် လူတစ်ယောက်ကို ယှဉ်ပြိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တာမျိုးနဲ့ တူပါတယ်။

ဒါပေမဲ့ အဲဒီအခိုက်အတန့်မှာပဲ လေထုရဲ့ အပူချိန်က လျင်မြန်စွာနဲ့ လျော့ကျလာခဲ့ပြီး လူတိုင်း လူတိုင်းက သူတို့ဟာ ရေခဲလိုဏ်ဂူထဲကို ကျသွားသလိုမျိုး ခံစားလိုက်ရပြီး ချက်ချင်းဆိုသလို သူတို့ရဲ့ တိုက်ပွဲစိတ်ဝိညာဉ်တွေ ပျောက်ဆုံးကုန်ပြီး အအေးဒဏ်ကနေ လွတ်မြောက်အောင်လို့ သူတို့ရဲ့ လက်မောင်းတွေကို ပွေ့ထားချင်ပါတယ်။

နဂါးတစ်ကောင်ရဲ့ တွန်သံနဲ့အတူ တစ်ကိုယ်လုံး ရေခဲတွေလို ဖြူစွတ်နေတဲ့ အစစ်အမှန် နဂါးတစ်ကောင် ပေါ်လာခဲ့ပြီး သူ့ရဲ့ လက်သည်းတွေနဲ့ ဖီးနစ်ငှက်ဆီကို ပြင်းပြင်းထန်ထန် ဖော့ယမ်းကုတ်ဆွဲ လိုက်ပါတယ်။

ပုန်း။

Edit with WPS Office

နတ်ဘုရား သားရဲနှစ်ကောင်ရဲ့ တိုက်ခိုက်မှုက
မိုးကောင်းကင်ကိုတောင် တုန်လှုပ်စေပါတယ်။

သီအိုရီအရဆို အစစ်အမှန် ဖီးနစ်ငှက်တွေက အစစ်အမှန် နဂါးတွေကို ရှုံးနိမ့်စရာ မရှိပါဘူး။ ဒါပေမဲ့ အစစ်အမှန် နဂါးတွေက နိုင်းယှဉ်ချက်အရ ပိုသန်မာပါတယ်။ ဒါကြောင့် အစစ်အမှန် နဂါးတွေက နတ်ဘုရားဘုံရဲ့ စွမ်းအားတိုင်းတာမှု အဆင့်တန်းအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒါပေမဲ့ ပြဿနာက ဒီနှစ်ကောင်လုံးက အစစ်အမှန် နတ်ဘုရားသားရဲကောင်တွေ မဟုတ်ပါဘူး။

တစ်ကောင်က ဂင်္ဂါ အစီအရင်ကနေ ဖြစ်ပေါ်လာပြီး
တစ်ကောင်ကတော့ အမိန့်စာလွှာ တစ်ခုကနေ ဖြစ်ပေါ်လာခဲ့တာပါ။

ပုန်း။ နတ်ဘုရား သားရဲနှစ်ကောင်ရဲ့ တိုက်ခိုက်မှုမှာ ဖီးနစ်ငှက်က ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပြီး တိုက်ခိုက်မှု တစ်ခုကိုတောင် ခံနိုင်ရည် မရှိခဲ့ပါဘူး။

Edit with WPS Office

လင်းဟန်က ဂုဏ်ယူစွာနဲ့ ပြုံးလိုက်ပါတယ်။ ဒီရလဒ်က သူမျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာခဲ့ပါတယ်။

အမိန့်စာလွှာ တစ်ခုရဲ့ တိုက်ခိုက်မှုတွေက ဘယ်နေရာကနေ လာတာလဲ။

သိုင်းပညာရှင်တွေက သူတို့ရဲ့ သိုင်းဆန္ဒတွေကို အဆောင်လက်ဖွဲ့တွေ အပေါ်မှာ သူတို့ရဲ့ကိုယ်ပိုင် သွေးအဆီအနှစ်နဲ့ တံဆိပ်ခတ်ထားပြီး တိုက်ခိုက်မှုတွေ ဖြစ်ပေါ်လာနိုင်တာပါ။ စိတ်ဝိညာဉ် အဆောင်လက်ဖွဲ့ပတွေနဲ့ မတူညီတာ မရှိပါဘူး။ ဒီလိုမျိုးပဲ အမိန့်စာလွှာတွေရဲ့ စွမ်းအားမှာ ကန့်သတ်ချက် နှစ်ခု ရှိပါတယ်။ ပထမ အချက်က သိုင်းပညာရှင်ရဲ့ ခွန်အားနဲ့ ဒုတိယက အဆောင်လက်ဖွဲ့ စာရွက်ရဲ့ အရည်အသွေး ဖြစ်ပါတယ်။

စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် အမိန့်စာရွက်အတွက် အသုံးပြုတဲ့ အဆောင်လက်ဖွဲ့ စာရွက်က စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် သားရဲကောင်ရဲ့ အရေပြား ဖြစ်ရပါလိမ့်မယ်။ ပြီးတော့ တကယ်လို့

Edit with WPS Office

သားရဲကောင်က စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာသုံးမှာပဲ ရှိမယ်ဆိုရင် အလွှာတစ်ခု ပိုပြီးတော့ မြင့်မားရင်တောင် သိုင်းဆန္ဒကို ခံနိုင်ရည်ရှိဖို့ဆိုတာ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ထို့အတူ တကယ်လို့ အဆောင်လက်ဖွဲ့ စာရွက်က စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုးမှာ ရှိနေပြီး ဖန်တီးတဲ့သူက စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာသုံးမှာပဲ ရှိနေမယ်ဆိုရင် ဖန်တီးလိုက်တဲ့ အမိန့်စာလွှာက အများဆုံး စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာသုံး စွမ်းအားလောက်ပဲ ရှိပါလိမ့်မယ်။

စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် သားရဲကောင်တွေက သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။ ဒါကြောင့် အဆင့်မြင့်တဲ့ အကောင်ကို ဘယ်နေရာကို သွားပြီးတော့ သားရဲအရေပြားကို ရအောင်လို့ သတ်ဖြတ်ပစ်ရမှာလဲ။ ဒီလိုမျိုး ပစ္စည်းတစ်ခုက အဖိုးထိုက်တန်တဲ့ ရတနာတစ်ခု ဖြစ်ပြီးတော့ အဆင့်မြင့် ခုခံကာကွယ်တဲ့ ပစ္စည်းတစ်ခုအဖြစ် အသုံးပြုနိုင်ပြီး အမိန့်စာလွှာတစ်ခုအဖြစ် ဖန်တီးတာက တကယ်ပဲ အရမ်းကို ဖြုန်းတီးလွန်းပါတယ်။

Edit with WPS Office

နောက်ပြီးတော့ အမိန့်စာလွှာတစ်ခုကို ရေးတဲ့နေရာမှာ အဲဒီလူ့ရဲ့ ကိုယ်ပိုင် သွေးအဆီအနှစ် လိုအပ်ပါတယ်။ ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေအတွက် ကြီးမားတဲ့ သုံးစွဲမှု အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ဘယ်သူကများ ဒါကိုလုပ်ဖို့ ဆန္ဒရှိမှာလဲ။

ဒါကြောင့် ဒီအမိန့်စာလွှာရဲ့ စွမ်းအားက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ငါးလုံးကို ကျော်လွန်မှာ မဟုတ်ဘူးလို့ လင်းဟာန်က သုံးသပ်ခဲ့ပါတယ်။ ပြီးတော့ သူမျှော်လင့်ထားတဲ့ အတိုင်းပဲ ဖီးနစ်ငှက်ရဲ့ တိုက်ခိုက်မှုကို ရေခဲနဂါးက အပြတ်အသတ် အနိုင်ယူခဲ့ပါတယ်။ ဖီးနစ်ငှက်မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်လုံး ဒါမှမဟုတ် သုံးလုံးလောက်ပဲ ရှိပါလိမ့်မယ်။

"ဘာ"

ရှုရှရန်နဲ့ ကျန်တဲ့လေးယောက်စလုံး အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

လက်ရွေးစင် တစ်ယောက်ရဲ့ ကိုယ်တိုင်ကိုယ်ကျ သန့်စင်ထားတဲ့ အမိန့်စာလွှာ တစ်ခု ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ တိုက်ခိုက်မှု တစ်ခုကိုတောင် တောင်မခံ နိုင်ရတာလဲ။

ဒါ ရခဲနေဂါးလား။

သူတို့အားလုံး အံ့အားသင့် သွားခဲ့ပါတယ်။ သူတို့ရဲ့ ခန့်မှန်းသုံးသပ်ချက်အရ ဒါက ဂျက်ပါ တစ်ခုဆိုတာ ကောင်းကောင်းကြီး မြင်နိုင်ပါတယ်။ ပြီးတော့ ဂျက်ပါတွေနဲ့ အမိန့်စာလွှာတွေရဲ့ အကြားက အကြီးမားဆုံး ကွာခြားချက်က အမိန့်စာလွှာတွေက အသုံးပြုပြီးတဲ့နောက်မှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ သွေးအဆီအနှစ်တွေ အားလုံးလောင်ကျွမ်းသွားတဲ့ အခါမှာ အသုံးမဝင်တဲ့ စာရွက်အပိုင်းအစ တစ်ခု ဖြစ်သွားပါတယ်။ ဒါပေမဲ့ ဂျက်ပါတွေကတော့ မတူညီပါဘူး။ မိုးကောင်းကင်နဲ့ မြေကြီး တည်ရှိနေသရွေ့ ရှိနေပါတယ်။ ဂျက်ပါတွေက စိတ်ဝိညာဉ် ချီတွေကို အဆက်မပြတ် စုပ်ယူနိုင်ပြီး သူ့ရဲ့ စွမ်းအားကလည်း မလျော့ကျသွားပါဘူး။

Edit with WPS Office

တကယ်လို့ အမိန့်စာလွှာက ပိုပြီးတော့ အစွမ်းထက်မယ်ဆိုရင် အဲဒါက ဂျက်ပါကို အားကုန်ထုတ်ပြီး ဖျက်ဆီးပစ်နိုင်ပါတယ်။ ပြီးတော့ အဲဒါက အသုံးမဝင် ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ အဓိက အချက်က ဂျက်ပါက အခု အစွမ်းထက်ဆုံး ဖြစ်နေပါတယ်။

ဘာများတတ်နိုင်ဦးမှာလဲ။

ရှုရှုရန်က အကြွင်းမဲ့ ဆေဘာစားကို ဖော့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟာန် ဘယ်သူမှ သူတို့ရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ဝှက်ဖဲကို အသုံးမပြုစေရဘူး။ ငါမင်းနဲ့ တိုက်မယ်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"စိတ်မကောင်းပါဘူး။ အခုက စစ်ပွဲပဲ။ ကိုယ်ပိုင်ခွန်အားကို

Edit with WPS Office

ယှဉ်ပြိုင်နေဖို့ အချိန်မရှိဘူး"

သူက ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါ အစီအရင်ကို ပါရမီရှင် လေးယောက်ဆီကို ပစ်ထုတ် လိုက်ပါတယ်။

"သေစမ်း"

ရှုရှရန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီးတော့ တခြားရွေးချယ်စရာလည်း မရှိတော့လို့ အကြွင်းမဲ့ ဆေဘာဓားကို နှိုးထလိုက်ရပါတယ်။ ကြောက်မက်ဖွယ်ရာ အထွတ်အထိပ် တည်ရှိမှု တစ်ခုက စီးမျောလာပြီး အကြွင်းမဲ့ ဆေဘာဓားက အပြာရောင် မိုးကောင်းကင်ထက်မှာ မျောလွင့်ပြီးတော့ အလင်းရောင်တွေ တောက်ပနေပါတယ်။

အကြွင်းမဲ့ ဆေဘာဓား နိုးထလာတာနဲ့ မရဏဓားကလည်း သူ့ကိုယ်ပိုင် နိုးထလာပြီး အကြွင်းမဲ့ ဆေဘာဓားနဲ့ တိုက်ခိုက်ယှဉ်ပြိုင် လိုက်ပါတယ်။

Edit with WPS Office

အခု စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်တွေက နှစ်ဖက်စလုံးမှာ အရေအတွက် ညီမျှနေပါတယ်။ အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားက ပြိုင်ဘက်ဟောင်းတွေ ဖြစ်ပြီးတော့ ဘယ်ဟာက ပိုပြီးတော့ ကောင်းတယ်ဆိုတာကို ပြောပြဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ ရေခဲနဂါးက ဖီးနစ်ငှက်ထက် ပိုပြီးတော့ သန်မာပါတယ်။ ပြီးတော့ အမိန့်စာလွှာရဲ့ တည်ရှိမှုက အချိန်အကန့်အသတ် ရှိပါတယ်။ သွေးအဆီအနှစ်တွေ လောင်ကျွမ်းကုန်ခမ်း ပြီးတာနဲ့ အနောက်ပိုင်း ဒေသရဲ့ မဟာမိတ် စစ်တပ်က သံသယ ရှိစရာ မလိုအောင် အသတ်ခံရပါလိမ့်မယ်။

ရှုရှုရန်နဲ့ တခြားပါရမီရှင်တွေရဲ့ မျက်နှာအမူအရာက ပြောင်းသွားပါတယ်။ လင်းဟန်မှာ ဒီလိုမျိုး အချိန်တိုတိုလေး အတွင်းမှာပဲ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည်တစ်ခု ပိုင်ဆိုင်လိမ့်မယ်လို့ ဘယ်သူကများ ထင်မှတ်ထားမိမှာလဲ။

"နောက်ဆုတ်။ ဒါက မှားယွင်းတဲ့ တွက်ဆမှု တစ်ခုပဲ။ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ကိုယ်တိုင်ကိုယ်ကျ

Edit with WPS Office

တာဝန်ယူမှ ဖြစ်လိမ့်မယ်”

“ဟုတ်တယ်။ အနည်းဆုံး စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံး ပိုင်ဆိုင်မှ ရမယ်”

ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင် လေးယောက်လုံးက ချက်ချင်းပဲ တိုက်ခိုက်မှုကို လက်လျှော့လိုက် ကြပါတယ်။ ပြီးတော့ အကြွင်းမဲ့ ဆေဘာဓားနဲ့ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် အမိန့်စာလွှာကို ကာကွယ်မှုအဖြစ် အသုံးချပြီး ပေါ့ပါးဖျတ်လတ်စွာနဲ့ နောက်ဆုတ်သွားခဲ့ ကြပါတယ်။

လင်းဟန်က ခဏလောက် အနောက်ကနေ လိုက်ပြီးမှ လက်လျှော့လိုက်ပါတယ်။ အခုချိန်မှာ အာရုံစိုက်ရမှာက အနောက်ပိုင်းဒေသကို သိမ်းပိုက်ဖို့ ဖြစ်ပါတယ်။ ရှရှုရန်နဲ့ တခြားလူတွေကို နောက်မှာပဲ ဖြေရှင်းကြတာပေါ့။ သူသာ ကောင်းကင်အဆင့်ကို ရောက်သွားရင် သူတို့ထဲက ဘယ်သူကများ သူ့ပြိုင်ဘက် ဖြစ်နိုင်ဦးမှာလဲ။ သူစကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်တဲ့ အချိန်ကျရင် သူက ပြိုင်ဘက်ကင်း

Edit with WPS Office

ဖြစ်လာပါလိမ့်မယ်။

သူပြန်ရောက်လာတဲ့ အခါမှာ မိုးကြိုးလျှပ်စီး သားတော်ကလည်း ထွက်ပြေးသွားခဲ့တာကို တွေ့မြင်လိုက်ရပါတယ်။ ဟူးညို့က မရှုံးနိမ့်ခဲ့ပါဘူး။ ပြီးတော့ သူမရဲ့ ကမ္ဘာကြီးထဲက အကြီးကျယ်ဆုံး ပါရမီရှင်ရဲ့ ကြောက်မက်ဖွယ်ရာ ခွန်အားကို ထုတ်ဖော်ပြခဲ့ပါတယ်။

တိုက်ပွဲမှာ အနောက်ပိုင်းဒေသရဲ့ မဟာမိတ်စစ်တပ်က လုံးဂကို ရှုံးနိမ့်သွားပြီး နေရာအနှံ့ အပြားကို ထွက်ပြေးကုန်ကြပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တော်တော်များများ အသတ်ခံလိုက်ရပြီး တိုက်ပွဲရဲ့ စွမ်းအားက အကြီးအကျယ် အားနည်းသွား စေခဲ့ပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်က နယ်မြေတွေ ဆက်ပြီးတော့ ချဲ့ထွင်ဖို့အတွက် စစ်တပ်ကို ကူညီပေးဖို့ ကျန်နေခဲ့ပြီး လင်းဟန်၊ ဟူးညို၊ ကျူးရွှမ်အာနဲ့ တခြားလူတွေက မြောက်ပိုင်းဒေသကို ပြန်သွားခဲ့ ကြပါတယ်။ အရှေ့ဘက် ဒေသက ကျူးကျော်လာခဲ့ပါတယ်။ အင်ပါယာမြို့က ရှုံးနိမ့်စရာ မရှိဘူး

Edit with WPS Office

ဆိုတာကို အာမခံနိုင်ပေမဲ့ တခြားမြို့တွေက ရန်သူတွေရဲ့ လက်ထဲကို ကျရောက်သွားမယ် ဆိုရင် နိုင်ငံရဲ့ ကံကြမ္မာအပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။

သူတို့တွေက လာရာလမ်းအတိုင်း လှည့်ပြန်လာခဲ့ ကြပါတယ်။ သုံးရက်မြောက်နေ့မှာ လမ်းရဲ့ အလယ်မှာ လူတစ်ယောက်က သူ့အရှေ့မှာ စားပွဲတစ်လုံးနဲ့အတူ ပေါ်လာခဲ့ပါတယ်။ သူက စားပွဲထိပ်မှာ ထိုင်ပြီးတော့ လက်ဘက်ရည်ကြမ်း တစ်ခွက်ကို နည်းနည်းချင်းစီ စုပ်သောက်နေပြီး လုံးဝကို သက်တောင့်သက်သာနဲ့ အေးအေးလူလူပုံစံ ဖြစ်နေပါတယ်။

Chapter 775 end

Zaw.အပိုင်း(၇၇၆) လက်ဘက်ရည် အရင်သောက် ပြီးမှ လူကိုသတ်

ဒီလိုမျိုး လူသူကင်းမဲ့တဲ့ နေရာတစ်ခုမှာ မမျှော်လင့်ထားပဲ လက်ဘက်ရည်သောက်နေတဲ့ လူတစ်ယောက် ပေါ်လာခဲ့ပြီးတော့ အရမ်းကို သက်တောင့်သက်သာပုံ ဖြစ်နေပါတယ်။ ဘယ်လိုပဲကြည့်ကြည့် ဒါက ပုံမှန်ကိစ္စ တစ်ခုမဟုတ်ပါဘူး။

Edit with WPS Office

လင်းဟာန်နဲ့ တခြားလူတွေက သူတို့ရဲ့ ခြေလှမ်းတွေကို ရပ်လိုက်ပြီးတော့ အဲဒီလူကို ကြည့်လိုက်ကြ ပါတယ်။

သူက ကျောက်စိမ်းလို နူးညံ့သိမ်မွေ့တဲ့ ယောက်ျားတစ်ယောက် ဖြစ်ပြီးတော့ အသက်သုံးဆယ် ဂန်းကျင်ခန့် ရှိပြီး တည်ငြိမ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ မည်းနက်နေတဲ့ ဆံပင်တွေက သူ့ရဲ့ ပခုံးပေါ်က ဝေ့ဝဲကျနေပြီး ကြည့်ရတာ အတော်လေးကို ထူးခြားနေပါတယ်။

အဲဒီလူကလည်း လင်းဟာန်ကို တွေ့မြင်တယ်ဆိုတာ သိသာပါတယ်။ သူက ခွက်ကို ချလိုက်ပြီး ပြောလိုက်တယ်။

"ရေနွေးကြမ်း တကယ်ပဲ ကောင်းတယ်။ လူတစ်ယောက်ရဲ့ စိတ်ကို ကျင့်ကြံခြင်းနဲ့ လူတစ်ယောက်ရဲ့ နှလုံးသား အလင်းရောင် တောက်ပစေတယ်"

"ဆရာက လမ်းမရဲ့ အလယ်မှာ ထိုင်နေတာဆိုတော့ ကျနော့်ကို

Edit with WPS Office

လက်ဘက်ရည်ကြမ်းတိုက်ဖို့ အစီအစဉ်များ ရှိနေတာလား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။

အဲဒီလူက ခွက်တစ်ခွက်ကို ထုတ်ယူပြီးတော့ ရေနွေးကြမ်းအပြည့် ငှဲ့လိုက်ပြီး ပြောလိုက်ပါတယ်။

“ဘာလို့ မရရမှာလဲ”

လင်းဟန်က ကုလားထိုင် တစ်ခုကို ဆွဲယူပြီးတော့ အဲဒီလူနဲ့ မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပါတယ်။ သူက လက်ဘက်ရည်ခွက်ကို မပြီးတော့ အနံ့ခံလိုက်ပြီး ပြောလိုက်တယ်။

“တကယ်ကိုကောင်းတဲ့ လက်ဘက်ရည်ကြမ်းပဲ”

Edit with WPS Office

အဲဒီလူက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါက နဂါးမွေးဖွားခြင်း လက်ဘက်ရည်ကြမ်းပဲ။ ဒဏ္ဍာရီတွေ အရတော့ အစစ်အမှန် နဂါးတွေရဲ့ မိုးရေစက်ထဲမှာ ပေါက်ဖွားကြီးထွားလာပြီး နှစ်ပေါင်းတစ်ရာကို တစ်ကြိမ် ထွက်ပေါ်လာတယ်။ အစစ်အမှန် နဂါးတွေရဲ့ မိုးရေစက်ထဲမှာ ပေါက်ဖွားလာခဲ့တာ အမှန်ဟုတ်မဟုတ် ဘယ်သူမှ မသိပေမဲ့ အဖိုးထိုက်တန်မှုကတော့ သံသယ ရှိစရာကို မလိုဘူး။ ဒီလက်ဘက်ရည်ကြမ်းရဲ့ အနံ့အရသာက ပါးစပ်ထဲမှာ စီးဆင်းသွားပြီး အချိန်တော်တော်ကြာတဲ့အထိ စိတ်ကျေနပ် နှစ်သိမ့်စေတယ်”

“ကျေးဇူးပဲ”

လင်းဟန်က နည်းနည်းချင်းစီ စုပ်သောက်လိုက်ပါတယ်။ သူ့ရဲ့ မျက်ခုံးတွေ ပြေလျော့သွား ပါတယ်။ သူလည်း ဒီလိုမျိုး အပင်ကို အနက်ရောင် မြေစင်ထဲမှာ စိုက်ပျိုးထားသင့်ပါတယ်။

Edit with WPS Office

"စိတ်တိုင်းကျ သုံးဆောင်ပါ"

အဲဒီလူက သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ဖိတ်ခေါ်တဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က နောက်ထပ်နည်းနည်းထပ်ပြီး မော့သောက်လိုက်ပြီးမှ ခွက်ကို အောက်ပြန်ချပြီး ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်ရဲ့ နာမည်က ဘယ်လိုခေါ်လဲ ဆိုတာကို ကျနော် မမေးရသေးဘူးနော်"

အဲဒီလူက ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါ့ကို အလောင်းခေါင်းဆောင်လို့ ခေါ်ကြတယ်"

ဖူး။

Edit with WPS Office

လင်းဟန်က ပါးစပ်အပြည့် ရေနွေးကြမ်းတွေ ထွေးထုတ်လုမတတ်ဖြစ်သွားခဲ့ပါတယ်။ သူက ဖြစ်နိုင်ချေတွေ အမြောက်အများကို စဉ်းစားခဲ့ပေမဲ့ ဒီလူက အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ဆက်စပ်နေမယ်လို့ မထင်ထားမိခဲ့ပါဘူး။

ရုံဟွမ်ရှမ်၊ အလောင်းနှစ် ဒါမှမဟုတ် ငရဲကိုးထပ်ဘုရင်ပဲဖြစ်ဖြစ် သူတို့အားလုံးမှာ အလောင်းချီ ရှိကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မျက်လုံးအရှေ့က ကျောင်းတော်သား တစ်ယောက်နဲ့တူတဲ့ ဒီလူက တကယ်ပဲ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ပတ်သက်နေတယ်ဆိုတာ တကယ်ကို မထင်ထားမိ ခဲ့ပါဘူး။

အလောင်းနှစ်ရဲ့ ပြောစကားအရ အလောင်းခေါင်းဆောင်က သူ့ထက်ပိုပြီးတော့ ပြီးပြည့်စုံ ပါတယ်။

ဘယ်လောက်ထိတောင် ပြီးပြည့်စုံလဲဆိုရင် သူ့ကိုကြည့်ရတာ အလောင်းကောင် အဖြစ်ကနေ အသက်ပြန်ရှင်လာတယ်လို့

Edit with WPS Office

မထင်ရပါဘူး။ အလောင်းနှစ်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အသက်ကြီးမှုရဲ့ အမှတ်အသားတွေကို တွေ့မြင်နိုင်ဆဲပါပဲ။ ဒါပေမဲ့ အလောင်းခေါင်းဆောင်က အိုမင်းတဲ့ အရေပြား တကယ့်ကို မရှိပဲ ဘဂအသစ်ကို ရရှိထားပါတယ်။

"တကယ်ကို မမျှော်လင့်ထားမိခဲ့ဘူး"

လင်းဟန်က ရိုးရိုးသားသားနဲ့ ပြောလိုက်ပါတယ်။

အလောင်းခေါင်းဆောင် နာမည်ကို ကြားခဲ့တုန်းက အဲဒီလူဟာ နဖူးတွန့်ပြီးတော့ တောက်ပတဲ့ မျက်လုံးတွေနဲ့ အားလုံးကို သတ်ချင်ဖြတ်နေတဲ့ လူတစ်ယောက်လို့ ထင်ထားခဲ့ပါတယ်။ သူတို့ရဲ့ မျက်လုံးနဲ့ မြင်လိုက်ရတဲ့ အခါမှာတော့ တကယ့်ကို ကွာဟချက်ကြီးမားပါတယ်။

အလောင်းဘုရင်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပြီးတော့ ပြောပါတယ်။

Edit with WPS Office

"ငါလူသတ်တာ အရမ်းကို ရှားတယ်။ ဒါပေမဲ့ ငါကြားဖြတ်ဝင်ပြီး ရင်ဆိုင်ဖို့ ထိုက်တန်လာရင်တော့ သူတို့ကို ငါက အမြဲတမ်း လက်ဘက်ရည်ကြမ်းနဲ့ ဧည့်ခံတယ်"

"ဒါကို ကွပ်မျက်ခြင်း လက်ဘက်ရည်ကြမ်းလို့ ပြောလို့ရလား"

လင်းဟန်က ပြောလိုက်ပါတယ်။

"အဲလို ပြောလို့ရတယ်"

အလောင်းခေါင်းဆောင်က ခေါင်းညိတ်လိုက်ပါတယ်။

"ငါတို့ ရေနွေးကြမ်းတွေ မကုန်ခင် စကားစမြည်ပြောလို့ ရလား"

"ရတာပေါ့"

Edit with WPS Office

"ကျေးရူးပြုပြီး"

"ကျေးရူးပြုပြီး"

သူတို့နှစ်ယောက်ကို ကြည့်ရတာ ရန်သူတွေနဲ့ လုံးဂကို မတူပါဘူး။ အားရပါးရ စကားပြောဆို နေကြပြီး သဟာဇာတ အရမ်းကို ဖြစ်လွန်းပါတယ်။ အလောင်းခေါင်းဆောင်က စာတတ်ပေတတ် လူတစ်ယောက် ဖြစ်ပြီးတော့ ဘယ်လိုခေါင်းစဉ် အကြောင်းအရာကိုပဲပြောပြော သူတို့အတွက် လုံးဂကို ပြဿနာ မရှိပဲ အားရပါးရ ပြောဆိုနိုင်ကြပါတယ်။ လင်းဟန်ကလည်း ပြတ်မကျန်ခဲ့ပါဘူး။ သူက အရင်ဘဂတုန်းက နှစ်ပေါင်းနှစ်ရာလောက် အသက်ရှင်နေထိုင်ခဲ့ပြီး စာပေါင်းများစွာ ဖတ်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ အသိအမြင်နဲ့ နားလည်သဘောပေါက်နိုင်စွမ်းကို ယှဉ်ပြိုင်နိုင်သူ အရမ်းကို နည်းပါးပါတယ်။

သူတို့က စကားပြောလိုက် လက်ဘက်ရည်ကြမ်း သောက်လိုက်နဲ့ မကြာခင်မှာပဲ လက်ဘက်ရည်အိုး ကုန်သွားခဲ့ပါတယ်။

Edit with WPS Office

သူတို့ရဲ့ ခွက်တွေထဲက လက်ဘက်ရည်ကြမ်းတွေ အားလုံးကို သောက်ပြီးတဲ့ နောက်မှာတော့ သူတို့က ရုတ်တရက် စကားပြောတာ ရပ်လိုက်ကြပါတယ်။

အလောင်းဘုရင်က သိုလှောင် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု အထဲကို ခွက်တွေ ဖြည်းဖြည်းလေး ထည့်သိမ်းလိုက်ပါတယ်။ လင်းဟန်က မတ်တပ်ထရပ်လိုက်တဲ့ အချိန်မှာ အလောင်းခေါင်းဆောင် အနေနဲ့ စားပွဲခုံနဲ့ ကုလားထိုင်တွေကို တပြိုင်နက်တည်း ထည့်သိမ်းလိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ရဲ့တိုက်ကွက် ဆယ်ကွက်ကို ကာကွယ်နိုင်ရင် ငါမင်းကို သွားခွင့်ပြုမယ်"

အလောင်းခေါင်းဆောင်က ပြောလိုက်ပါတယ်။

လင်းဟန်က အမှုမဲ့ အမှတ်မဲ့ မနေဝံ့ပါဘူး။

Edit with WPS Office

အလောင်းခေါင်းဆောင်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို သူမမြင်နိုင်ပါဘူး။ အလောင်းနှစ်ရဲ့ ပြောစကားအရဆို အလောင်းခေါင်းဆောင်က မြေအောက်ကမ္ဘာရဲ့ ရေကန်ငယ်ထဲမှာ အမြဲတမ်း ကျင့်ကြံအားထုတ်နေခဲ့ပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်မှပဲ သူထွက်လာမယ်လို့ ပြောခဲ့ပါတယ်။

တကယ်လို့ အလောင်းခေါင်းဆောင်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေရင် သူက တကယ်ပဲ မိုးကောင်းကင်ကို တိုက်ခိုက်နိုင်ပြီး ငရဲကို ဖျက်ဆီးပစ်နိုင်တဲ့အထိ အစွမ်းထက်ပါတယ်။

ဆယ်ကွက်။ တကယ်လို့ လင်းဟာန်က သူ့ရဲ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်နဲ့ ခုခံမယ်ဆိုရင် ဒါက အရမ်းကို ခက်ခဲပါလိမ့်မယ်။

လင်းဟာန်က မရဏာများကို ဆွဲထုတ်ပြီးတော့ တိုက်ပွဲအတွက် ပြင်ဆင်လိုက်ပါတယ်။

Edit with WPS Office

အလောင်းခေါင်းဆောင်က သူ့လက်နဲ့ လင်းဟန်ဆီကို သာမန်ကာလျှံကာပဲ ရိုက်ချလိုက်ပါတယ်။ ဝုန်း။ ပါးလွှာတဲ့ လေထုထဲကနေ ကြီးမားတဲ့ ရောမ လက်ကြီးတစ်ဖက် ထွက်ပေါ်လာသလိုမျိုး လင်းဟန်ဆီကို ဖိချလာခဲ့ပြီး ကမ္ဘာကြီးတစ်ခုလုံး အမှောင်ကျသွားခဲ့ပါတယ်။ ထူးခြားဆန်းကြယ်မှု မရှိပဲ အရမ်းကို ရိုးရှင်းတဲ့ လက်ဝါးတိုက်ကွက် တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်ဝါးရဲ့ စွမ်းအားက အံ့အားသင့်စရာ ကောင်းလောက်အောင် ကောင်းကင်အဆင့် အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့ဓားနဲ့ ဆီးကြိုဟန့်တားလိုက်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီးတော့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားပြီး သွေးတွေအန်ထုတ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

ဒါက အရမ်းကို အံ့အားသင့်ဖို့ ကောင်းပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက အဆင့်ကိုး ရှားပါးသတ္တုတွေ အဆင့်ကို ရောက်ရှိနေပေမဲ့ သူ့ကိုယ်တွင်း ကလီစာတွေက

Edit with WPS Office

ဒီတိုက်ခိုက်မှုကြောင့် ပင်လယ်တွေနဲ့ မြစ်တွေကို မှောက်လှန်ပစ်လိုက်သလိုမျိုး တောင့်ခံနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

"ဒုတိယ တစ်ကွက်"

အလောင်းခေါင်းဆောင်က သူ့လက်ကို ဝှေ့ယမ်းလိုက်တယ်။ စွမ်းအားတွေက ခန့်မှန်းလို့ မရနိုင်အောင် တိုးလာခဲ့ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို မရောက်ပေမဲ့ သိပ်တော့ မကွာပါဘူး။

ဒီကောင်က တကယ်ပဲ သံသယ ရှိစရာ မလိုအောင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ပဲ။

တိုက်ကွက်ဆယ်ကွက်။ တစ်ကွက်ချင်းစီမှာ တိုက်ပွဲစွမ်းရည်ကို တိုးလာခဲ့ပြီး သုံးကွက်မြောက်မှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ကောင်းရောက်နိုင်ပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က နောက်တစ်ချက် ထိမှန်သွားခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ပြားချပ်နေတဲ့ စာရွက်တစ်ခုလို အရမ်းကို ပြားချပ်သွားပါတယ်။ ဒါပေမဲ့လည်း ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားတစ်ဝက် ပျက်ပြယ်သွားတဲ့ အချိန်မှာ သူက ကျန်ရှိနေတဲ့ တစ်ဝက်ကို သူ့ခန္ဓာကိုယ်နဲ့ လုံးဝကို ခံယူနိုင်ခဲ့ပါတယ်။

"မာကျောမှုနဲ့ ပျော့ပြောင်းမှုကို ပေါင်းစပ်ထားတာလား"

အလောင်းခေါင်းဆောင်က အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။

"မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်က ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အတန်း တစ်ခုကို ရောက်နေလိမ့်မယ်လို့ ငါလုံးဝကို မျှော်လင့်မထားမိဘူး။ ဒါပေမဲ့ ဒါက ဒုတိယအကွက်ပဲ ရှိသေးတယ်"

သူက ညာဘက်လက်ကို နောက်တစ်ကြိမ် ဇော့ယမ်းလိုက်ပြီး

Edit with WPS Office

တတိယ လက်ဝါးရိုက်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။

ဒီတစ်ကြိမ် လက်ဝါးရိုက်ချက်က စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ကို တကယ်ပဲ ရောက်ရှိသွားခဲ့ပြီး မိုးကောင်းကင်က တုန်ခါပြီးတော့ မြေကမ္ဘာတောင် ကွဲအက်လာခဲ့ပြီး စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်အောက်မှာ ညည်းတွားသံတွေ ပဲ့တင်သံ ထပ်နေပါတယ်။

လင်းဟာန်က တုံ့ဆိုင်းမှု မရှိပဲ သူ့ညာဘက်လက်ကို ဝှေ့ယမ်းလိုက်ပြီး ဓားတို ၁ဂ၈ ချောင်းကို ဖြန့်ကျက်လိုက်ပြီး ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါ အစီအရင်ကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဝုန်း။

ရှေ့မလက်ကြီးကို ကြားဖြတ်ဝင်ရောက်ပြီး ဟန့်တားမဲ့ ရေခဲနဂါး တစ်ကောင် ထွက်ပေါ်လာခဲ့ပြီး လက်ဝါးရိုက်ချက်ကို

Edit with WPS Office

တားဆီးလိုက်ပါတယ်။

"ဟင်"

အလောင်းခေါင်းဆောင်ကို ကြည့်ရတာ နောက်တစ်ကြိမ် အံ့အားသင့်သွားပုံ ရပါတယ်။

"မင်းက တကယ်ပဲ လူတွေကို အံ့အားသင့်အောင် လုပ်နိုင်တာပဲ။ မင်းက ဂင်္ကပါ အစီအရင် ဆရာသခင် တစ်ယောက်လည်း ဖြစ်နေသေးတာလား"

ဒီကောင်လေးရဲ့ အသက်က နှစ်ဆယ်ကျော်ရုံလောက်ပဲ ရှိပါသေးတယ်။ ဒါပေမဲ့ သူက သိုင်းပညာရပ်တွေမှာ အံ့မခန်း အောင်မြင်မှုတွေ ရရှိခဲ့ရုံတင်မက ကောင်းကင်အဆင့် မှော်ဆေး ပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။ အခု သူက အဆင့်တစ်ဆယ် ဂင်္ကပါ အစီအရင် တစ်ခုကိုတောင် ထုတ်ဖော်ခဲ့ပြီး ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းလိုက်သလဲ။

Edit with WPS Office

လူတစ်ယောက်က ဒီလိုမျိုး အောင်မြင်မှုတွေ ပေါင်းစုံကို ဘယ်လိုလုပ် ရရှိနိုင်တာလဲ။

"အလောင်းနှစ် ပြောတာက မင်းက အရင်ဘဝတုန်းက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ယောက်ရဲ့ စိတ်ဝိညာဉ် ပြန်လည်ဝင်စားလာတဲ့ လူတစ်ယောက် ဖြစ်နိုင်တယ်တဲ့။ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကိုလည်း အသုံးပြုနိုင်စွမ်းရှိတယ်။ ကြည့်ရတာ အတော်လေးကို ဖြစ်နိုင်ချေ ရှိတာပဲ"

အလောင်းခေါင်းဆောင်က ပြောလိုက်ပါတယ်။ လူသားတွေမှာ အချိန်အကန့်အသတ် ရှိပါတယ်။ ပြီးတော့ တကယ်လို့ လင်းဟန်က သူမွေးကာစ အချိန်က စပြီးတော့ တာအိုသုံးခုကို စေ့စေ့စပ်စပ် စတင်လေ့လာခဲ့မယ် ဆိုရင်တောင် နှစ်ပေါင်းနှစ်ဆယ် အချိန်မှာ ပညာရပ် တစ်ခုကိုတောင် အထွတ်အထိပ်ထိ ရောက်အောင်လို့ လုပ်နိုင်ဖို့ မလုံလောက်ပါဘူး။ တာအိုသုံးခုကို အတူတူ သင်ယူလေ့လာနိုင်တယ်ဆိုရင်တော့ ဘယ်လိုမှကို မဖြစ်နိုင်ပါဘူး။

Edit with WPS Office

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ပြန်လည်မွေးဖွားလာတာကလွဲလို့ ဒုတိယ ဖြစ်နိုင်ချေ အမျိုးအစား လုံးဝကို မရှိတော့ပါဘူး။

ဒါပေမဲ့ ပြန်လည်ဝင်စားခြင်းနဲ့ ပြန်မွေးဖွားလာခြင်း။ ဒါက လုံးဝကို မကြားဖူးပါဘူး။

သူနဲ့ အလောင်းနစ်ကိုပဲ ဥပမာ ထားကြည့်ပါ။ သူတို့မှာ လွှန်ခဲ့တဲ့ နှစ်ပေါင်းသောင်းနဲ့ချီတုန်းက ခန္ဓာကိုယ်တွေ ရှိနေသေးတယ် ဆိုပေမဲ့ သူတို့ရဲ့ စိတ်ဝိညာဉ်တွေက အရင်တုန်းက စိတ်ဝိညာဉ်နဲ့ နည်းနည်းလေးမှ ပတ်သက်ဆက်နွယ်မှု မရှိခဲ့ပါဘူး။ ခန္ဓာကိုယ်ကလည်း အတူတူပါပဲ။ ဒါပေမဲ့ အရင်ဘဝအချိန်တုန်းက ခန္ဓာကိုယ်က ဆက်လက်ဖြစ်ပေါ်နေဆဲပဲလို့ ပြောနိုင်တယ် မဟုတ်လား။

စိတ်ဝိညာဉ် ပြန်လည်ဝင်စားခြင်းလား။ မယုံနိုင်စရာပဲ။ တကယ်လို့

Edit with WPS Office

သတင်းသာ ပျံ့နှံ့သွားရင် ကမ္ဘာကြီး တစ်ခုလုံး အံ့အားသင့်သွားနိုင်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"နောက်ထပ် ခုနစ်ကွက် ကျန်သေးတယ်နော်"

အလောင်းဘုရင်ရဲ့ အမူအရာက တင်းမာခက်ထန်လာပြီး သူ့ညာဘက်လက်ကို သူ့ရင်ဘက် အရှေ့မှာ မြှောက်လိုက်ပြီး အံ့အားသင့်စရာ အလင်းရောင်ခြည်တန်း တစ်ခုက သူ့လက်ဝါးထဲမှာ သိပ်သည်းကျစ်လျစ်လာခဲ့ပြီး လက်ဝါးမျက်နှာပြင်ပေါ်မှာ သင်္ကေတတွေ တောက်ပလာပြီး ရှေးဟောင်း အငွေ့အသက် တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ဒါက သူ့ရဲ့ အရင်ဘဝက သိုင်းဆန္ဒများ ဖြစ်နေမလား။

Edit with WPS Office

လင်းဟန်ရဲ့ မျက်နှာက အတော်လေးကို ရှုသိုးသိုး ဖြစ်နေခဲ့ပါတယ်။ အလောင်းခေါင်းဆောင်က အဆုံးစွန် တိုက်ကွက်တစ်ခုအတွက် စွမ်းအားတွေ စုစည်းနေတယ် ဆိုတာကို သူကောင်းကောင်း သိပါတယ်။ သူက မျက်နှာတင်းတင်းနဲ့ စိုက်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ သူက စဉ်းစားလိုက်ပြီး ပြုသမျှနုပြီး ငြိမ်ခံနေလို့ မဖြစ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး နေဝင်ဆည်းဆာလေးကို ထုတ်ယူ လိုက်ပါတယ်။

တိုက်ကွက်ဆယ်ကွက်ကို ဟန့်တားရမယ်။ ဘယ်လိုရင်ဆိုင်ရမလဲ။ ဒါပေမဲ့ သူ့အနေနဲ့ အရိုက်ခံနေလို့ပဲ မဖြစ်ပါဘူး။

လင်းဟန်က လေးကိုဆွဲပြီး မြားတစ်ချောင်းတပ်ကာ အလောင်းခေါင်းဆောင်ရဲ့ အားနည်းချက်ကို ရှာဖို့အတွက် မှသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပါတယ်။

Chapter 776 end

Zaw.အပိုင်း(၇၇၇) နတ်ဘုရားသက်ရှိရဲ့ အရိုးစုလက်

Edit with WPS Office

လင်းဟန်ကို အံ့အားသင့် သွားစေခဲ့တဲ့ အချက်က
အလောင်းခေါင်းဆောင်ပေါ်မှာ အားနည်းချက် နည်းနည်းလေးမှကို
ရှာမတွေ့ခဲ့ပါဘူး။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အရက်တိုင်းမှာ အနည်းဆုံးတော့ အနည်အနည်းငယ် ရှိပါတယ်။
ပြီးတော့ ကမ္ဘာကြီးရဲ့ အကောင်းဆုံး ခုခံကာကွယ်မှု
ပညာရပ်တွေမှာလည်း အားနည်းချက် မရှိတဲ့ ပညာဆိုတာ
မရှိပါဘူး။

ဒါပေမဲ့ အခုတော့ လုံးဝကို ပြီးပြည့်စုံတဲ့ သက်ရှိတစ်ယောက်
ထွက်ပေါ်လာခဲ့ပါပြီ။ မှသားမဲ့ မျက်လုံးကနေ ပြန်ပို့ပေးတဲ့
သတင်းအချက်အလက်တွေအရ သူ့ရဲ့မြားက ဘယ်နေရာကိုပဲ
ပစ်ပစ် အသုံးမဝင် ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က ချက်ချင်းပဲ သတိပြုမိ သွားခဲ့တာက

Edit with WPS Office

အလောင်းခေါင်းဆောင်မှာ အားနည်းချက် တစ်ခုမှ မရှိတာ မဟုတ်ပဲ သူ့ကိုယ်ပိုင် ခွန်အားက အရမ်းကို အားနည်းနေတာကြောင့် ဖြစ်တယ် ဆိုတာကို သိသွားခဲ့ပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အရမ်းကို အစွမ်းထက်ပါတယ်။ ဘယ်လောက်ထိ အစွမ်းထက်လဲဆိုရင် တကယ်လို့ သူတို့တွေက မတိုက်ခိုက်ဘူး ဆိုရင်တောင် သူတို့ရဲ့ ခုခံမှုက အားနည်းချက် မရှိသလောက်နီးပါး တည်ငြိမ်နေပြီး ကောင်းကင်အဆင့် လက်ရွေးစင်တွေ ဘယ်လောက်များများက တိုက်ခိုက်သည်ဖြစ်စေ ကိစ္စမရှိပါဘူး။ အနည်းဆုံး လင်းဟာန် တစ်ယောက်တည်း ဒါကို ချိုးဖြတ်နိုင်မှာ မဟုတ်ပါဘူး။

ဒါက အဆင့်ကွာဟချက် ဖြစ်ပါတယ်။

လင်းဟာန်က သူ့ရဲ့အရင်ဘဝတုန်းက သိုင်းပညာရဲ့ အထွတ်အထိပ် အဆင့်မှာ ရပ်တည်ခဲ့ပေမဲ့ အဲဒါက ကောင်းကင်အဆင့်ပဲ ဖြစ်ပါတယ်။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကလည်း သူ့အတွက် အရမ်းကို

Edit with WPS Office

ထူးခြားဆန်းကြယ်တဲ့ တည်ရှိမှုတွေ ဖြစ်ပါတယ်။ ပြီးတော့ အခုတော့ သူက ဒီလိုမျိုး သက်ရှိတစ်ယောက်နဲ့ ရင်ဆိုင်နေရပါတယ်။

ကံကောင်းတာက ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂဏ်ပါ အစီအရင် ရှိနေသေးတာပါပဲ။

လင်းဟန်က သူ့ရဲ့ခွန်အားတွေကို အဆုံးစွန်ထိ ထုတ်ဖော်လိုက်ပါတယ်။ တကယ်လို့ ရေခဲနဂါးက အလောင်းခေါင်းဆောင်ကို မယှဉ်ပြိုင်နိုင်ခဲ့ဘူး ဆိုရင်တောင်မှ အနက်ရောင် မျှော်စင်ထဲမှာ ပုန်းအောင်းဖို့ စဉ်းစားရပါလိမ့်မယ်။ ဒါမှမဟုတ် အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်မှု တစ်ကြိမ်ကို အသုံးပြုရပါမယ်။ စဉ်းစားကြည့်ရင် တကယ်ပဲ အရမ်းကို သနားစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ သေရမှာထက်စာရင် တော်ပါသေးတယ်။

အလောင်းခေါင်းဆောင်က လက်ဝါးရိုက်ချက် တစ်ခုကို ရိုက်ထုတ်ပြီး တိုက်ခိုက်လိုက်ပါတယ်။ ပြီးတော့ မရေတွက်နိုင်တဲ့

Edit with WPS Office

ရောမ ကြြယ်တာရာတွေက မိုးကောင်းကင်ကနေ ချက်ချင်းဆိုသလို ကျဆင်းလာပြီး လင်းဟန်အပေါ်ကို မိုးသီးမိုးပေါက်တွေအလား ကြယ်တာရာတွေ ကြွေကျလာခဲ့ ပါတယ်။

ဒါတွေက ရောမ ကြယ်ကြီးတွေ မဟုတ်ပါဘူး။ ဒါပေမဲ့ မူလစွမ်းအင်ကို အဓိက အသုံးပြုပြီး စိတ်ဝိညာဉ် ချီတွေကို စုစည်းကာ သိုင်းဆန္ဒရဲ့ ကောင်းချီးပေးမှုနဲ့အတူ ကြယ်တာရာတွေထက် ပိုမိုလေးလံပါတယ်။ ဒါကြောင့် သူတို့ကို ရောမ ကြယ်တွေလို့ ခေါ်တာလည်း မမှားပါဘူး။ ဒီကြယ်တွေက အစုလိုက် အပြုံလိုက် မိုးရွာချသလို ကျလာခဲ့ပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ထုတ်ဖော်လိုက်တဲ့ အဆုံးစွန် တိုက်ကွက်တစ်ခု ဖြစ်ပြီးတော့ ပြောမပြတတ်လောက်အောင် ကြောက်စရာ ကောင်းပါတယ်။

ရေခဲနဂါးက ဟိန်းလိုက်ပြီး မိုးကောင်းကင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက် သလိုမျိုး အဆက်မပြတ် ဟိန်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို ကောင်းကင်ပေါ်ကို

Edit with WPS Office

အံ့အားသင့်စရာ ကောင်းလှတဲ့ အလင်းတန်းတွေက ပေါက်ကွဲထွက်ပြီး ပြေးဝင်သွားခဲ့ပါတယ်။ လင်းဟန်တောင်မှ သူ့ခေါင်းကို မော့ပြီးတော့ စိုက်မကြည့်ဝံ့ပါဘူး။

သူက အရမ်းကို အစွမ်းထက်တဲ့ ခုခံမှု တစ်ခုဖြစ်တဲ့ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂါ အစီအရင် အထဲမှာ ဖြစ်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ငါးလုံးရဲ့ တိုက်ခိုက်မှုကို ခုခံရင်ဆိုင်ဖို့ လုံလောက်ပါတယ်။

အလောင်းခေါင်းဆောင်က သူ့လက်နှစ်ဖက်ကို ဆက်တိုက်လှုပ်ရှားလိုက်ပြီး မရေတွက်နိုင်တဲ့ ရောမကြယ်တွေက ဆက်ပြီးတော့ ကျဆင်းလာခဲ့ပြီး နေရဲ့အလင်းရောင်တောင်မှ လုံးဝကို ပိတ်ဆို့ခံလိုက် ရပါတယ်။

ရေခဲနဂါးက အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။ သူ့မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံး ပိုင်ဆိုင်ထားပြီး မသေနိုင်တဲ့ သက်ရှိလည်း ဖြစ်ပါတယ်။ တကယ်လို့ အစိတ်အပိုင်းတွေအဖြစ် ပြန့်ကျဲသွားရင်တောင် ကိစ္စမရှိပါဘူး။

Edit with WPS Office

စိတ်ဝိညာဉ် ချီတွေကို ပြန်လည်စုစည်းပြီးတော့ ချက်ချင်းပဲ ပြန်လည်ကောင်းမွန် လာနိုင်ပါတယ်။

သူ့ရဲ့ အခြေခံ အုတ်မြစ်က ဂင်္ကပါမှာ ရှိပါတယ်။ ဂင်္ကပါ မပျက်စီးသရွေ့ စိတ်ဝိညာဉ် ချီတွေ မကုန်ဆုံးသရွေ့ ထာဝရ တည်ရှိနေနိုင်ပါတယ်။

အလောင်းခေါင်းဆောင်က အရမ်းကို သန်မာပါတယ်။ ဒါပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးနဲ့ သိပ်မကွာပါဘူး။ သူက ဂင်္ကပါနဲ့ ထိပ်တိုက်ရင်ဆိုင်လို့ မရနိုင်သလို ရေခဲနဂါးရဲ့ တိုက်ခိုက်မှုကိုတောင် ခံနေရပါတယ်။ တကယ်လို့ သူ့ရဲ့ အရမ်းကို အံ့သြဖွယ်ရာ ကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူက ချက်ချင်းဆိုသလို အသတ်ခံရ နိုင်ပါတယ်။

သူက ရုပ်လိုက်ပြီး တီးတိုးရွတ်ဆို လိုက်ပါတယ်။

Edit with WPS Office

"တစ်ကွက်ပဲကျန်တယ်"

လင်းဟန်က စိတ်ထဲကနေ ကိုယ့်ကိုကိုယ် စိတ်ချနေပါတယ်။ စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ခွန်အားကို သူ့အနေနဲ့ မမြင်နိုင်ပေမဲ့ ရေခဲနဂါးနဲ့ အလောင်း ခေါင်းဆောင်တို့ အကြားက ထိပ်တိုက်ရင်ဆိုင်မှုကို အခြေခံပြီးတော့ ကောက်ချက်ချ နိုင်ပါတယ်။ အလောင်းခေါင်းဆောင်ရဲ့ ခွန်အားက အကြမ်းအားဖြင့် စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် ကြယ်လေးလုံးလောက် ရှိပါတယ်။ ဒါကလည်း အလောင်းခေါင်းဆောင်က သူ့ရဲ့ အဆုံးစွန် တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်တုန်းက ခန့်မှန်းထားခြင်း ဖြစ်ပါတယ်။

ကံမကောင်းတာက လင်းဟန်အနေနဲ့ ရေခဲနဂါးရဲ့ ခွန်အားကို မှီခိုထားနေရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ အလောင်းခေါင်းဆောင်ကို ဖိနှိပ်ထိန်းချုပ်ဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဂင်္ကပါတွေက ခြေထောက်ပေါက်ပြီးတော့ လိုက်လံတိုက်ခိုက်မှု မလုပ်နိုင်ပါဘူး။ ရေခဲနဂါးက အများဆုံး ဂင်္ကပါရဲ့ သတ်မှတ်နေရာ

Edit with WPS Office

အဂေန်းအဝိုင်းထဲမှာပဲ တိုက်ခိုက်နိုင်ပါလိမ့်မယ်။ ပြီးတော့ ပြန်ရုပ်သိမ်းလိုက်တဲ့ အချိန်မှာ ပျောက်ကွယ်သွားပါလိမ့်မယ်။ ဒါက ဂဏ်ပါကနေ ဖန်တီးထားတာကြောင့် ဖြစ်ပါတယ်။

နောက်ထပ် တိုက်ကွက် တစ်ကွက်ပဲ ကျန်ပါတော့တယ်။ အလောင်းခေါင်းဆောင်မှာ ပိုပြီးတော့ အစွမ်းထက်တဲ့ အဆုံးစွန် တိုက်ကွက် တစ်ခုရှိနေသေးတာလား။

အလောင်းခေါင်းဆောင်က သူ့ညာဘက်လက်ကို ဖြန့်လိုက်ပြီး သလင်းကျောက်ပုံစံရှိတဲ့ အရိုးစု လက်တစ်ဖက် ပေါ်လာခဲ့ပါတယ်။

အရိုးစုလက်ကို ကြည့်ရတာ ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီသလင်းကျောက် အရိုးစုလက်ကို ကြည့်ရတာ လက်ရာမြောက်တဲ့ ပညာရပ်တစ်ခုရဲ့ အစိတ်အပိုင်း တစ်ခုနဲ့ တူပြီးတော့ ထိတ်လန့်ချောက်ချားစရာ ခံစားမှု နည်းနည်းလေးမှ မရှိပဲ အဲဒီအစား ရင်သပ်ရှုမောစရာတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ ဒါပေမဲ့ အနီးကပ် သေချာလေ့လာကြည့်မယ် ဆိုရင်တော့ အရိုးစု လက်အပေါ်မှာ မရေတွက်နိုင်တဲ့ သွေးကြောပုံစံ သင်္ကေတတွေကို

Edit with WPS Office

တွေ့မြင်ရမှာ ဖြစ်ပြီးတော့ အရမ်းကို များပြားပြီးတော့ ရေလို့တောင် မရနိုင်ပါဘူး။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျားလည်း အရင်ဘဝတုန်းက ခင်ဗျားခန္ဓာကိုယ်ကို ဖြတ်ခဲ့သေးတာများ ဖြစ်နိုင်မလား"

အလောင်းနှစ်ရဲ့ အရိုးဖြူတူက သူ့ရဲ့ပေါင်ရိုးနဲ့ ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒီလိုမျိုး အဆင့်ထိ ရောက်နေတဲ့ သက်ရှိတစ်ယောက် အတွက်တော့ ခြေလက်တွေတောင်မှ ပြန်ပြီးတော့ ပေါက်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့က လင်းဟာန်ရဲ့ အရိုးတွေလိုမျိုး လျင်လျင်မြန်မြန်နဲ့ ပြန်လည် ပေါက်နိုင်စွမ်း မရှိနိုင်ပါဘူး။

လူတစ်ယောက်က သူ့ကိုယ်ပိုင် အရိုးကို စိတ်ဝိညာဉ် ပစ္စည်း တစ်ခုအဖြစ် အသုံးပြုတာက ကိုယ်တိုင် စိတ်ဝိညာဉ်

Edit with WPS Office

ပစ္စည်းတစ်ခုကို ပြုစုပျိုးထောင်ပြီး အသုံးပြုတာထက် ပိုပြီးတော့ သက်တောင့်သက်သာ ရှိစေပါတယ်။

အလောင်းခေါင်းဆောင်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မဟုတ်ဘူး။ ဒီလက်က ငါ့အရင်ဘဝတုန်းက ရရှိခဲ့တဲ့ ပစ္စည်းတစ်ခုလို့ ပြောရမယ်။ ဒါပေမဲ့ ဒါက ငါ့ခန္ဓာကိုယ်ကနေတော့ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ ငါ့ရဲ့ လေ့လာစမ်းစစ်မှုအရ ဒါက နတ်ဘုရား သက်ရှိတစ်ယောက်ရဲ့ လက်တစ်ဖက် ဖြစ်နိုင်တယ်"

ဘာ။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ နတ်ဘုရား သက်ရှိတစ်ယောက်ရဲ့ လက်။

Edit with WPS Office

နေပါဦး။ ဒီဘုံက နတ်ဘုရား စိတ်ဝိညာဉ် လက်ရွေးစင်တွေ ပေါ်လာခွင့် မပြုဘူးမဟုတ်လား။ အား မဟုတ်သေးဘူး။ ဒါက လက်တစ်ဖက်ပဲ အများဆုံး နတ်ဘုရား ပစ္စည်းတစ်ခုလို့ မြင်ရမယ်။ အနက်ရောင် မျှော်စင်၊ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ ကျိန်စာများရဲ့ ပုလင်းတောင် ရှိနိုင်သေးတာ ဘာဖြစ်လို့ နတ်ဘုရား သက်ရှိတစ်ယောက်ရဲ့ လက်တစ်ဖက်က မရနိုင်မှာလဲ။

အဓိက သော့ချက်က ဘယ်လိုမျိုး စွမ်းအားကို ထုတ်ဖော်နိုင်မှာလဲပဲ ဖြစ်ပါတယ်။

"အဲဒါက အစွမ်းထက်လား"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ အရှမ်းကို အန္တရာယ်များလာတဲ့ အခိုက်အတန့် သူ့စိတ်ထဲမှာ ပိုပြီးတော့ သက်တောင့်သက်သာ ပိုရှိပါတယ်။

"အရှမ်းအစွမ်းထက်တယ်"

Edit with WPS Office

အလောင်းခေါင်းဆောင်က တည်ကြည်လေးနက်စွာနဲ့ ပြောလိုက်တယ်။

"ဒါက သာမန် စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကို သတ်ပစ်နိုင်တယ်။ ပြီးတော့ တကယ်လို့ ဒီဘုံရဲ့ စွမ်းအားက ဖိနှိပ်ထိန်းချုပ်ထားတာကြောင့်သာ မဟုတ်ရင် ပိုပြီးတော့တောင် အစွမ်းထက်နိုင်တယ်"

"ဒါဆိုရင် ငါစမ်းကြည့်ပါရစေ"

လင်းဟန်က ပြောလိုက်ပြီး မရဏဓားကို ဆွဲထုတ်လိုက်ပါတယ်။ မရဏဓားကလည်း အားကောင်းတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ဆုံတဲ့ အချိန်မှာ ပိုပြီးတော့ အားကောင်းသန်မာ လာခဲ့ပါတယ်။ သူက ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကိုလည်း ထုတ်ယူလိုက်ပါတယ်။ အရိုးစုလက်ကို စုပ်ယူပြီးတော့ နတ်ဘုရား သက်ရှိရဲ့ ရိုးတွင်းခြင်ဆီ အရည်စက် အနည်းငယ် အဖြစ်ကို သန့်စင်နိုင်မလား။

Edit with WPS Office

အလောင်းခေါင်းဆောင်က သလင်းကျောက် အရိုးစုလက်ကို ဆုပ်ကိုင်လိုက်ပြီး သွေးကြောပုံစံ သင်္ကေတတွေက လင်းလက်တောက်ပ လာခဲ့ပါတယ်။ ခလွမ်း။ ကောင်းကင်နဲ့မြေကြီးက အာရုံခံမိ သလိုမျိုး မိုးကောင်းကင်က ချက်ချင်းပဲ ကျယ်လောင်တဲ့ မိုးခြိမ်းသံတစ်ခု ပွဲတင်ထပ်လာပြီး အလောင်းခေါင်းဆောင်ရဲ့ အထပ်မှာ အနက်ရောင်တိမ်တွေက တလိပ်လိပ် တက်လာပြီးတော့ သိပ်သည်းစုဝေးနေပါတယ်။ ကောင်းကင်ဘုံရဲ့ ကပ်ဘေးက ဆင်းသက်လာပြီးတော့ သူ့ကို သတ်ပစ်တော့မဲ့ အတိုင်းပါပဲ။

ဒီသလင်းကျောက် အရိုးစုလက်က အရမ်းကို အစွမ်းထက်ပြီး ဒီလောကဘုံရဲ့ တည်ရှိမှုကို ခြိမ်းခြောက်နေခဲ့ပါတယ်။ ကောင်းကင်တာအိုကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး အချိန်မရွေး ဂင်ရောက်စွက်ဖက်ဖို့ ပြင်ဆင်ထားပြီး လေဟာနယ် အက်ကွဲကြောင်း တစ်ခုကို ဖွင့်ထားပြီး နှင်ထုတ်ဖို့ ပြင်ထားပါတယ်။

မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး သူတို့ရဲ့ ခွန်အားကို ထုတ်ဖော်နေတာကို လင်းဟန်က တွေ့မြင်လိုက် ရပါတယ်။

Edit with WPS Office

ဇီရှုရှန်းရဲ့ မှတ်ဉာဏ်ထဲမှာ နတ်ဘုရား သက်ရှိတွေက အရမ်းကို အစွမ်းထက်ကြပြီး ဒီလောကဘုံမှာ မရှိတဲ့ စွမ်းအားကို သူတို့တွေ ထုတ်ဖော်လိုက်တာနဲ့ ချက်ချင်းပဲ ဝါးမျို ပြီးတော့ နှင်ထုတ်ပစ်ခြင်း ခံရပါတယ်။

တိမ်စိုင်တိမ်မည်းတွေက တလိပ်လိပ် လိမ့်တက်လာပေမဲ့လည်း မိုးကြိုးလျှပ်စီးတွေ ပစ်မချပါဘူး။ ပြီးတော့ လေဟာနယ် အက်ကွဲကြောင်းလည်း မဟတော့ပါဘူး။ သလင်းကျောက် အရိုးစုလက်က အစွမ်းထက်ပေမဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက အဲဒီလက်ကို နှင်ထုတ်အောင် လုပ်နိုင်တဲ့ အထိတော့ အစွမ်းထက်ပုံ မပေါ်ပါဘူး။

ဘယ်လောက် ခေါင်းကိုက်လိုက်သလဲ။

လင်းဟန်က ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ပစ်ထုတ်လိုက်တာနဲ့ ရတနာ ကျောက်ဆုံက လင်းလက်တောက်ပလာပြီး အရာအားလုံးကို စုပ်ယူဖို့ စတင်လိုက်ပြီး ဘေးနားတဝိုက် ထိန်းချုပ်လို့တောင် မရပါဘူး။

Edit with WPS Office

သာမန်ကျောက်တုံးတွေတောင် မကျန်ပါဘူး။ ဒီသလင်းကျောက်
အရိုးစုလက်ကို ကိုယ့်အားကိုယ်ကိုးပြီး ထိပ်တိုက်ရင်ဆိုင်ဖို့
ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ကြည့်ရတာတော့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက
ဒါနဲ့ ရင်မဆိုင်နိုင်ပါဘူး။

ဒီပစ္စည်းနှစ်ခုရဲ့ အဆင့်တွေက တူညီပါတယ်။ ဒါကြောင့်
ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံက ဒါကို မလုပ်နိုင်ပါဘူး။

လင်းဟန်က ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို
ပြန်သိမ်းလိုက်ပြီး မရဏဓားကို အပြည့်အဝ အသက်သွင်းခဲ့ပါတယ်။

သူက အဆင့်တစ်ဆယ် ဂင်္ဂါပါ တစ်ခုကို ရေးထွင်းခဲ့တယ်
ဆိုရင်တောင်မှ မရဏ ဓားအပေါ်က ဂင်္ဂါပါတွေကို
နားလည်သဘောပေါက်နိုင်ဖို့ ခက်ခဲပါတယ်။ သူက ဂင်္ဂါပါ
သင်္ကေတ ခုနစ်ခုကိုပဲ အသက်သွင်းနိုင်ခဲ့ပြီး ဓားအပေါ်က ဂင်္ဂါပါ

Edit with WPS Office

သင်္ကေတတွေရဲ့ အရေအတွက်က တစ်သောင်းကျော် ရှိပါတယ်။

သလင်းကျောက် အရိုးစုလက်ရဲ့ ခြိမ်းခြောက်နိုင်မှုကို အာရုံခံမိလိုက်တာနဲ့ မရဏဓားက သူ့ဘာသာသူ စတင်ပြီး နိုးထလာခဲ့ပါတယ်။ သူ့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒက ပျံ့နှံ့လာပြီး သူ့ကိုယ်ပိုင် အရှိန်အဝါနဲ့ လေဟာနက် ဝဲကတော့တစ်ခု ဖြစ်လာခဲ့ပြီး အဲဒီမှာ ဓာတ်ငွေ့ဓားတစ်ခု ဖြစ်လာကာ အရမ်းကို သေးငယ်ပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အဲဒါကို တွေ့တဲ့ အခါမှာ ထိတ်လန့်သွားစေနိုင်ပါတယ်။

အလောင်းခေါင်းဆောင်ရဲ့ မျက်လုံးတွေက အလိုအလျောက် အေးစိမ့်လာပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ဓားက အသိအမှတ်ပြုလောက် စရာပဲ။ အဲဒါကို ငါ့မှတ်ဉာဏ်တချို့မှာ တွေ့မြင်ဖူးပုံပဲ။ ဒါပေမဲ့ ငါသတိမရဘူး"

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိတွေက

Edit with WPS Office

သတိမေ့တတ်တာလား။ ဒါပေါ့ ဒါက မဖြစ်နိုင်ပါဘူး။ သူ့ရဲ့အရင်ဘဝက မှတ်ဉာဏ်တစ်ခုကို သတိမရသေးတာလို့ ဆိုလိုတာပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒါက ရှေးဟောင်းအလောင်းတစ်ခု ဖြစ်ပြီးတော့ စိတ်ဝိညာဉ် အသစ် မွေးဖွားလာခဲ့တာ ဖြစ်ပါတယ်။ ဒါက လုံးဝကို ကွဲပြားခြားနားတဲ့ သက်ရှိတစ်ခုအဖြစ် မြင်နိုင်ပါတယ်။

ဒါပေမဲ့ မရဏာဓားအတွက် အလောင်းခေါင်းဆောင်ရဲ့ အရင်ဘဝက မှတ်ဉာဏ်ကို နှိုးဆွပေးတာက ပိုပြီးတော့တောင် ကြောက်စရာကောင်းပါတယ်။

မှတ်ဉာဏ်ကို ဘယ်လောက်ထိ တူးဆွနိုင်သလဲ ဆိုတဲ့ အချက်က နှစ်ထောင်သောင်းပေါင်းများစွာ ဖြတ်သန်းလာတဲ့ စိတ်ဝိညာဉ်နှစ်ခု ဆက်သွယ်ဖို့ အတွက်တော့ ဘယ်လောက်ထိ နက်ရှိုင်းလိမ့်မလဲ။

သူ့အရိုးတွေထဲမှာ နက်နက်ရှိုင်းရှိုင်း တူးဆွထားခဲ့တာ ဖြစ်နိုင်ပါတယ်။

Edit with WPS Office

Chapter 777 end

Zaw.အပိုင်း(၇၇၈) အစမွှယူခြင်း

လင်းဟာန်ကို အံ့အားသင့် သွားစေတဲ့ အရာက အလောင်းခေါင်းဆောင်ရဲ့ ခန္ဓာကိုယ်က နစ်ထောင်ပေါင်းများစွာ အကျော်က ဂက်ပါ တစ်ခုလုံးကို သတိရနိုင်တာ မဟုတ်ပဲ မရဏာဓားကို ဖန်တီးခဲ့တဲ့ မာထိုပေါင်ပဲ ဖြစ်ပါတယ်။

ဒီလူရဲ့ ခွန်အားက လုံးဂကို အံ့အားသင့်စရာ ကောင်းပါတယ်။

လက်ရွေးစင် တစ်ယောက်ရဲ့ အရိုးထဲထိ နက်နက်ရှိုင်းရှိုင်းနဲ့ ဂက်ပါ တစ်ခုရဲ့ မှတ်ဉာဏ်ကို ဘယ်တော့မှ မမေ့နိုင်အောင် လုပ်နိုင်စွမ်း တခြားစကားလုံး ကြမ်းကြမ်း ပြောရမယ်ဆိုရင် အရိုးထဲထိ စိမ့်နေအောင် ထိတ်လန့်တုန်လုပ် ချောက်ချားစေတယ် မဟုတ်လား။ ဒါဆိုရင် ဂက်ပါကို ဖန်တီးခဲ့တဲ့ မာထိုပေါင်က ဘယ်လောက်တောင် ကြောက်စရာ ကောင်းနေလိုက်မလဲ။

Edit with WPS Office

ကမ္ဘာ့နံပါတ်တစ် ဂဏ်ပါ ဆရာသခင်တစ်ယောက်။ ဒီလိုမျိုး ဂုဏ်ထူးနဲ့ တကယ်ပဲ ထိုက်တန်ပါတယ်။

သိုင်းပညာအသိ ကျောက်တုံးပေါ်မှာ နံပါတ်တစ်အဖြစ် ရပ်တည်နေနိုင်ခဲ့တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့ကိုယ်သူ နံပါတ်တစ်လို့ ခေါ်ဆိုပြီး ကမ္ဘာကြီးအပေါ်ကနေ ငုံ့ကြည့်နေလို့ ရပါတယ်။ ဒါက လေကြီးတာ မဟုတ်တော့ပါဘူး။ သူက တကယ့်ကို အစွမ်းထက်နေတာပါ။

ဒါပေမဲ့လည်း ဘယ်လိုမျိုး ဂဏ်ပါ အမျိုးအစားလဲ။

သလင်းကျောက်အရိုးစုလက်က လုံးဝကို အသက်ဝင်သွားခဲ့ပြီး သေးသွယ်ပြီး အသွေးအသားရှိတဲ့ လက်တစ်ဖက် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ဒါက လက်တစ်ဖက်ပဲ ဆိုပေမဲ့ ဆွဲဆောင်မှု ရှိပါတယ်။ ဒီလက်က အရင်တုန်းက အရမ်းကို ထူးခြားတဲ့ တန်ခိုးရှင် နတ်သမီး တစ်ပါးရဲ့ လက်ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း လှပတဲ့ လက်က ဧရာမ တောင်ကြီးတစ်လုံးရဲ့

Edit with WPS Office

အရွယ်အစားအဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ဆီကို ရိုက်ချလိုက်ပါတယ်။

မယုံနိုင်စရာ ကောင်းလောက်အောင်ပဲ ကြောက်မက်ဖွယ်ရာ သိုင်းဆန္ဒတွေ ထွက်ပေါ်နေပြီး အရမ်းကို မောက်မာဝင့်ကြွားပြီးတော့ လွှမ်းမိုးနိုင်တဲ့ တည်ရှိမှု တစ်ခုကို ထုတ်ဖော်နေပါတယ်။

ဘယ်အရာကမှ ငါ့ကိုမတားနိုင်ဘူး အရာအားလုံးကို ဖျက်ဆီးပစ်မယ်လို့ ပြောနေသလိုလိုပါပဲ။

မရဏဓားကလည်း တောက်ပလင်းလက်တဲ့ အလင်းရောင်တွေ တဖျတ်ဖျတ်လက်လာပြီး သင်္ကေတပေါင်း တစ်သောင်းကျော် လင်းလက်တောက်ပ လာခဲ့ပါတယ်။ မရဏဓားက လင်းဟန်ရဲ့ လက်ထဲကနေ ခုန်ထွက်သွားပြီးတော့ မိုးကောင်းကင်ပေါ်ကို သူ့ဘာသာသူ မြင့်တက်ကာ လှပသိမ်မွေ့တဲ့ လက်ကို ရင်ဆိုင်လိုက်ပါတယ်။

Edit with WPS Office

မရဏာဓားက လက်ကို ခုတ်ချလိုက်ပြီး မျက်စိစူးမတတ် အလင်းရောင်တွေက တစ်ဟုန်ထိုး ပေါက်ကွဲထွက်ပေါ်လာပြီး လူတွေကို မျက်စိကန်းလုနီးပါး ဖြစ်စေပါတယ်။

အလင်းရောင်တွေ ပျောက်ကွယ်သွားတဲ့ အချိန်မှာ မရဏာဓားနဲ့ ဖြူသွယ်တဲ့ လက်တစ်ဖက်က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြပြီး ကြောက်မက်ဖွယ် အစွမ်းထက်တဲ့ ချီတွေကလည်း ပေါက်ကွဲထွက်လို့ နေပါတယ်။ လင်းဟန်က အားလုံးကိုက အလျင်အမြန် ဆင့်ခေါ်ပြီး ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါနဲ့ ကာကွယ်စောင့်ရှောက်ထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့သာ ထိသွားရင် သေချာပေါက် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

အလောင်းခေါင်းဆောင်က သူ့ခေါင်းကို ခါပြီးတော့ တိုက်ပွဲကို သူ့ဘာသာသူ ရပ်လိုက်ပြီး သလင်းကျောက် အရိုးစုလက်ကို ပြန်ရုပ်သိမ်းကာ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဆယ်ကွက်ပြည့်ပြီ။ ငါမင်းကို မသတ်နိုင်ဘူး"

လင်းဟန်ရဲ့ တိုက်ပွဲစိတ်ဝိညာဉ်က တလက်လက် တောက်ပနေပြီး သူက ပြောလိုက်ပါတယ်။

"အစ်ကိုအလောင်းခေါင်းဆောင် နောက်တစ်ကြိမ် မင်းနဲ့ တိုက်ခိုက်ဖို့အတွက် လာရှာမယ်"

အလောင်းခေါင်းဆောင်က ယဉ်ယဉ်ကျေးကျေးနဲ့ ပြုံးပြီးတော့ ဒေါသထွက်တဲ့ အရိပ်အယောင် လက္ခဏာ နည်းနည်းလေးမှ မရှိပဲ စိတ်သဘောထားကြီးတဲ့ ပုံစံမျိုးပေါ်နေပါတယ်။ သူက ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းအနေနဲ့ မြန်မြန်ကျင့်ကြံအားထုတ်တာ ပိုကောင်းမယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က ရောက်ဖို့ မလွယ်ကူဘူး။ ငါက အတားအဆီးမရှိ ဖြတ်ကျော်နိုင်ခဲ့တယ် ဆိုတာက ငါ့ရဲ့ အရင်ဘဝကြောင့်ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အရမ်း အရမ်းကို

Edit with WPS Office

ခက်ခဲတယ်"

"ဒီတစ်ကြိမ်တော့ အစ်ကိုအလောင်းခေါင်းဆောင်က အရမ်းကို ကောင်းတဲ့ ရေနွေးကြမ်းနဲ့ ညှော့ခံခဲ့တဲ့အတွက် ကျနော်အကြွေးတင်သွားခဲ့ပြီ။ နောက်တစ်ကြိမ်ကျရင် ကျနော်က ခင်ဗျားကို အရက်ကောင်းကောင်းနဲ့ ညှော့ခံမယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အလောင်းခေါင်းဆောင်က ပြုံးမိသွားပြီးတော့ ပြောလိုက်တယ်။

"ငါက အရက်မသောက်ပေမဲ့ မင်းကိုတော့ ချွင်းချက်အနေနဲ့ လက်ခံပေးဖို့ ဆန္ဒရှိတယ်"

"ကျေးဇူးပြုပြီး"

"ကျေးဇူးပြုပြီး"

Edit with WPS Office

အလောင်းခေါင်းဆောင်က သူ့ခန္ဓာကိုယ်ကို လှည့်ပြီးတော့ ခြေတစ်လှမ်း လှမ်းလိုက်တာနဲ့ မိုင်ပေါင်းများစွာ အဝေးကို ရောက်သွားခဲ့ပါတယ်။

သေခြင်းရှင်ခြင်း တိုက်ပွဲတစ်ခု ပြီးတဲ့နောက်မှာ စိတ်အားတက်ကြွစေတာက လင်းဟန်အတွက် ပထမဆုံး အကြိမ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အလောင်းခေါင်းဆောင်မှာ တကယ့်ကို အသိအမှတ် ပြုလောက်စရာကောင်းတဲ့ သည်းခံနိုင်မှုတစ်ခု ရှိပါတယ်။ သူ့ကို မျက်နှာသာ ပေးပြီးတော့ သူ့သူငယ်ချင်း ဖြစ်ဖို့ ဆန္ဒရှိနေပါတယ်။

"ဒါပေမဲ့လည်း သူက အလောင်းတစ်ထောင်ဂိုဏ်းက လူတစ်ယောက် ဖြစ်နေမှတော့ အနာဂတ် အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ငါတိုက်ခိုက်ရင် သူသေကိုယ်သေ တိုက်ပွဲက ရှောင်လွှဲလို့ ရမှာ မဟုတ်ဘူး"

Edit with WPS Office

လင်းဟန်က အသက်ကို ပြင်းပြင်း ရှုထုတ် လိုက်ပါတယ်။

အံ့အားသင့်စရာကောင်းတဲ့ တိုက်ပွဲအားလိုင်းတစ်ခုက အဝေးကနေ ရုတ်တရက် ပေါ်လာခဲ့ ပါတယ်။ မိုးကောင်းကင်ပေါ်က ကြယ်တာရာတွေက အဆက်မပြတ် အစိတ်စိတ်အမွှာမွှာ ကွဲပြီးတော့ ကြီးမားတဲ့ ကြယ်တာရာ အစုအဝေးကြီး တစ်ခုက နေ့ဘက်အချိန်မှာတောင် ကြွေဆင်းလာတာကို တွေ့မြင်နိုင်ပါတယ်။ ကမ္ဘာ့လေထုကြောင့် လောင်ကျွမ်းပြီးတော့ ဥက္ကာပျံ ကြွေကျမှု အဖြစ်ကို ပြောင်းလဲလာခဲ့ပါတယ်။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အဲဒါက အလောင်းခေါင်းဆောင် ဦးတည်ထွက်သွားတဲ့ နေရာဘက်မှာ ဖြစ်ပျက်ခဲ့တာပါ။

သူက အံ့သြဖွယ်ရာ ရန်သူတစ်ယောက်နဲ့ ကြုံတွေ့နေခဲ့တာလား။

လင်းဟန်က စိုးရိမ်ပူပန်မှု မရှိခဲ့ပါဘူး။ စကြာဝဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အမြန်နှုန်းက အတူတူပါပဲ။ ဒါကြောင့် တကယ်လို့ တစ်ဖက်က ထွက်ပြေးချင်ခဲ့ရင် သူတို့က သေချာပေါက် လုံးဝကို လွတ်မြောက်နိုင်ပါတယ်။ ဒါကြောင့်ပဲ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက မသေနိုင်လုနီးပါး ဖြစ်နေရတာပါပဲ။ တကယ်လို့ ငါအနိုင်မယူနိုင်ရင် ငါပြေးမှာပေါ့။ မင်းဘာတတ်နိုင်မှာလဲ။

တကယ်လို့ တစ်စုံတစ်ယောက်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားလိုမျိုး လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို ကျင့်ကြံအားထုတ်ထားတယ် ဆိုရင်တော့ ထွက်ပြေးတဲ့ အခါမှာ ဘယ်သူကမှ ဖမ်းမိနိုင်မှာ မဟုတ်သလို လိုက်ဖမ်းတဲ့ အခါမှာ ဘယ်သူမှ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့လည်း တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က သူ့ရဲ့အသက်ဓာတ် အဆီအနှစ်ကို လောင်ကျွမ်းစေဖို့ ဆန္ဒရှိရင်တော့ အရှိန်အဟုန်မြင့်မားမှုက ထွက်ပေါ်လာနိုင်ပြီး ဒါက ဖြေရှင်းလို့ မရနိုင်ပါဘူး။

ခပ်ဝေးဝေးက မဟာတိုက်ပွဲကြီးကတော့ အချိန်သိပ်ကြာခြင်း မရှိပဲ

Edit with WPS Office

မကြာမီမှာ တည်ငြိမ်သွား ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အပေါ်ကို
အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှု တစ်ခုရဲ့
ဖိအားက ကျရောက်လာပြီး လူတွေရဲ့ အရေပြားတွေကို
အက်ကွဲစေပြီး တောင့်ခံနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

မလှမ်းမကမ်းမှာ ဆံပင်နီနီနဲ့ မိန်းကလေးတစ်ယောက်က
မီတာသုံးထောင်ကျော် ရှိတဲ့ ပန်းရောင် အတောင်ပံတစ်စုံကို
ဖြန့်ကျက်ထားပါတယ်။ ဒါပေမဲ့ အတောင်ပံတွေက လျင်မြန်စွာနဲ့
ကျုံ့သွားပြီး အသက်တစ်ရှိက်စာ အတွင်းမှာ အတောင်ပံတွေ
လုံးဝကို ပျောက်ကွယ်သွားခဲ့ပါတယ်။

ရီရွှမ်ရွှမ်။

သူမရဲ့ လက်ထဲမှာ သလင်းကျောက် အရိုးစုလက် တစ်ဖက်ကို
ကိုင်ထားပြီး ဆော့ကစားလို့ နေပါတယ်။

“ဟေး”

Edit with WPS Office

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

"အမယ်လေးတော့။ ဘယ်သူလဲ။ ဒီအရှင်သခင်မကို
လန့်အောင်လုပ်တာ"

ရှိန္တမ်ရှမ်က သလင်းကျောက် အရိုးစုလက်ကို အလျင်အမြန်ပဲ
ဖွက်လိုက်ပါတယ်။ သူမက လင်းဟန်နဲ့ တခြားသူတွေကို
တွေ့မြင်လိုက်ရတဲ့ အခါမှာ ပဟေဠိ ဖြစ်သွားပြီး သူမကိုယ်သူမ
ပြောလိုက်ပါတယ်။

"ထူးဆန်းတယ်။ ငါအနောက်ဘက်ကို လမ်းလျှောက်လာခဲ့တာပဲ
ဘာဖြစ်လို့ ဒီကောင်တွေနဲ့ ဂင်တိုးမိတာလဲ"

လင်းဟန်က ထောက်ပြလိုက်ပါတယ်။

Edit with WPS Office

“မင်းလမ်းလျှောက်တာ လမ်းမှားနေတယ်။ အင်ပါယာမြို့က တခြားလမ်း”

“ဟီးဟီး သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ရီရွှမ်ရွှမ်က ထွက်သွားဖို့ ချာခနဲ လှည့်လိုက်ပါတယ်။

“နေဦး”

လင်းဟာန်က အလျင်အမြန်ပဲ အော်ဟစ်ပြီးတော့ သူမကို တားလိုက်ပါတယ်။

“မင်းက အင်ပါယာမြို့ကို စောင့်ကြည့်နေတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ ဒီနေရာကို ပြေးလာရတာလဲ”

ရီရွှမ်ရွှမ်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"အင်ပါယာမြို့ကနေ ဒီနေရာမှာ တိုက်ပွဲဖြစ်နေတာကို အာရုံခံမိလို့လေ။ ဒါကြောင့် ဒီနေရာကို လာပြီးတော့ ပျော်စရာလေး လာရှာကြည့်တာ"

လင်းဟန်က မျက်လုံးပြူးပြီးတော့ ပြောလိုက်ပါတယ်။

"ပျော်စရာလာရှာရုံတင်မက သူတစ်ပါးရဲ့ ပစ္စည်းကိုလည်း ခိုးသေးတယ်"

ဒီအမျိုးသမီးက အချိန်တော်တော်ကြာကတည်းက ရောက်နေပုံ ရပါတယ်။ ဒါပေမဲ့ တချိန်လုံး ဂင်ရောက်စွက်ဖက်ခြင်း မရှိပဲ အလောင်းခေါင်းဆောင် ထွက်သွားပြီးတဲ့ အချိန်ထိ စောင့်ပြီးမှ သူ့ကို လိုက်ဖမ်းပြီး သလင်းကျောက် အရိုးစုလက်ကို ဖြတ်လုခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဘာမှမတတ်နိုင်ပါဘူး။ ဒီအမျိုးသမီးက အရမ်းကို အစွမ်းထက်တာကိုး။ သလင်းကျောက် အရိုးစု လက်က အရမ်းကို

Edit with WPS Office

ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခွန်အားကို ထုတ်ဖော်နေပေမဲ့ သူမကတော့ ဒါကို အတင်းအဓမ္မ ဖိနှိပ်ထိန်းချုပ်ထားဆဲပါပဲ။

သနားစရာ အလောင်းခေါင်းဆောင်ကတော့ မျက်နှာက ရှုသိုးသိုး ဖြစ်နေတယ် မဟုတ်လား။ ဒါပေမဲ့လည်း သူ့အတွက် ကံမကောင်းတာက နတ်ဘုရားဘုံက သက်ရှိတစ်ယောက်နဲ့ ဆုံတွေ့ရခြင်း ဖြစ်ပါတယ်။ သူမရဲ့ ခွန်အားက ဖိနှိပ်ထိန်းချုပ်ခံထားရတာကြောင့် အရင်ကလောက် မသန်မာပေမဲ့ အနည်းဆုံး လက်ရှိမှာ သူ့ကို ယှဉ်ပြိုင်ဖို့အတွက် အခက်အခဲ မရှိပါဘူး။ သူမကို လစန္ဒာဘုရင်တို့နဲ့ တစ်တန်းတည်း ထားရမှာ ဖြစ်ပြီးတော့ မာထိုပေါင်လို လက်ရွေးစင်တောင်မှ သူမကို ဖြို့ပါတယ်။

ရှီရွှမ်ရွှမ်က တခစ်ခစ် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"နင်မသိပါဘူး။ ဒီအရိုးစု လက်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ပုဂ္ဂိုလ်တစ်ယောက်ဆီက ဖြစ်ဖို့ အလားအလာရှိတယ်။ ပြီးတော့ တကယ်လို့ အထဲမှာရှိတဲ့ အဆီအနှစ်က ဆွဲထုတ်ခံထား ရတာ

Edit with WPS Office

ဖြစ်နိုင်တယ်။ ဒီအရှင်သခင်မက သူမရဲ့ အားမာန်တက်ကြွမှု အားလုံးကို ပြန်ပြီးတော့ ရနိုင်လောက်တယ်”

“ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ဆိုတာ ဘာလဲ။ ပြီးတော့ အင်ပါယာမြို့က ဒီနေရာနဲ့ ဘယ်လောက်တောင် ဝေးလဲ။ မင်းက ဒါကို အာရုံခံနိုင်သေးတယ်ပေါ့”

လင်းဟာန်က မေးခွန်းထုတ် လိုက်ပါတယ်။

“ခစ်ခစ် ဒီလိုမျိုး အကွာအဝေး သေးသေးလေးခွဲထားရုံနဲ့များ တကယ်လို့ ဒီအရှင်သခင်မက ဒါကို အာရုံမခံနိုင်ဘူးဆိုမှ ထူးဆန်းနေမှာ။ ဒီဘုံရဲ့ စည်းမျဉ်းဥပဒေတွေက အရမ်းကို ရိုးရှင်းတယ်။ ဒီအရှင်သခင်မက ဒီနေရာမှာ အစွမ်းထက်ဆုံး နတ်ဘုရား တစ်ပါးနဲ့ တူတယ်”

ရှီရွှမ်ရွှမ်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်တယ်။

Edit with WPS Office

"ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်က နတ်ဘုရား သက်ရှိတစ်ယောက်ရဲ့ အဆင့်လား"

လင်းဟာန်က မေးလိုက်ပါတယ်။ ဒီနတ်ဘုရား သက်ရှိကလည်း အထွတ်အထိပ် လူတွေနဲ့ ပတ်သက်ဆက်နွယ်မှု ရှိလိမ့်မယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်လိုမျိုး ပိုင်းခြားထားလဲ ဆိုတာကို သူမသိပါဘူး။

"ဟူး နင်က တော်တော်ကို စိတ်တိုစရာကောင်းတယ်။ နတ်သူငယ် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတဲ့ စစ်သည်တော်လေး တစ်ယောက်ကများ နတ်ဘုရားဘုံက ကိစ္စတွေ အကြောင်းကို အာရုံစိုက်နေသေးတယ်"

ရီရွှမ်ရွှမ်က အထင်သေးစွာနဲ့ ပြောလိုက်တယ်။

လင်းဟာန်ကလည်း ငြိမ်မခံပဲ ပြန်ပြောလိုက်ပါတယ်။

Edit with WPS Office

"ယုံတာမယုံတာ အပထား။ ဆယ်နှစ်အတွင်းမှာ ငါက စကြာဂဠုဉ်
ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်လိမ့်မယ်။ ပြီးတော့
နတ်ဘုရားဘုံဆီကို ချိုးဖျက်ဝင်ပြီး နေရာစုံအောင်
လျှောက်သွားမယ်"

လင်းဟန်ရဲ့ သူ့ရဲကောင်းဆန်ဆန် ပြောဆိုမှုကို ကြည့်ပြီးတော့
ရီရွှမ်ရွှမ်က တစ်ခဏမျှ မှင်တက်သွားပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုရင် ဒီအရှင်သခင်မက ကောင်းမွန်တဲ့
ဆောင်ရွက်ချက် တစ်ခုကို လုပ်ပြီးတော့ နင်အဆင့်တက်တဲ့ အခါမှာ
လမ်းညွှန်သင်ကြားပေးမယ်။ ဒါပေမဲ့ နင်သိထားရမှာက
နင်အံ့သြမသွားတာ ပိုကောင်းမယ်။ မဟုတ်ရင်
သတိတောင်ပြန်လည်မှာ မဟုတ်ဘူး"

"ဟက် ငါက ဒီလိုမျိုး စိတ်စွမ်းအင် အားနည်းတဲ့ လူတစ်ယောက်
ဖြစ်နေလို့လား"

လင်းဟန်က သိသိသာသာကို ယုံကြည်လိမ့်မှာ မဟုတ်ဘူး။

Edit with WPS Office

"သိပ်လည်း သေချာမနေနဲ့"

ရီရွှမ်ရှမ်က သလင်းကျောက် အရိုးစုလက်ကို ကစားပြီးတော့ ပြောလိုက်တယ်။

"နတ်ဘုရားသက်ရှိတွေကို အဆင့်ကြီး ငါးဆင့် ကွဲခြားထားတယ်။ တောင်နဲ့မြစ်၊ နေလ၊ ကောင်းကင်ဘုံ ခန္ဓာကိုယ်၊ ထာဝရမြစ်နဲ့ မူလဇာစ်မြစ်။ ဒါပေမဲ့ အဆင့်ကြီးတိုင်းကို အလွှာကိုးလွှာ မခွဲခြားထားတော့ဘူး။ အဲဒီအစား အဆင့်သေး လေးခုပဲရှိတယ်။ အဲဒါတွေက ထူးကဲအဆင့်နိမ့်၊ ထူးကဲ အလယ်အလတ်အဆင့်၊ ထူးကဲအဆင့်မြင့်နဲ့ ပြီးပြည့်စုံခြင်းတို့ပဲ"

"အဆင့်ကြီးတွေကို အသာထားဦး အဆင့်သေးလေးတွေရဲ့ အကြားက ခွန်အားကွာဟချက်က မိုးကောင်းကင်လို ကြီးမားတယ်။ နင်က အခုမှ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတယ်။ နင်က အဆင့်ကြီးတစ်ဆင့်ကို ဖြတ်ကျော်ပြီး ကောင်းကင်အဆင့်နဲ့

Edit with WPS Office

တိုက်ခိုက်နိုင်တယ်။ ပြီးတော့ ဒါကို သေမျိုးဘုံထဲမှာ ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုနိုင်တယ်။ ဒါပေမဲ့ နတ်ဘုရား အဆင့်ကို အဆင့်တက်ပြီးရင် အဆင့်သေးလေး တစ်ခုကို ကျော်ဖြတ်တိုက်ခိုက်ဖို့တောင် ခက်ခဲတယ်”

Chapter 778 end

Zaw.အပိုင်း(၇၇၉) နတ်ဘုရားဘုံရဲ့ ပါရမီရှင်များ

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်က တကယ်ပဲ အတော်လေး အံ့အားသင့် သွားခဲ့ပါတယ်။ သူက အဆင့်ကြီး တစ်ခုလုံးကို ဖြတ်ကျော်ပြီး ပြိုင်ဘက်တစ်ယောက်ကို ရင်ဆိုင်တိုက်ခိုက် အနိုင်ယူနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး ပင်ကိုယ်အရည်အချင်းနဲ့ ထူးခြားမှုက နတ်ဘုရား အဆင့်ကို ရောက်သွားတဲ့ အခါကျရင် အဆင့်သေးလေး တစ်ခုကိုတောင် ကျော်လွန် တိုက်ခိုက်ဖို့ တကယ်ပဲ ခက်ခဲသွားပြီလား။

“နင် အံ့သြသွားပြီ မဟုတ်လား”

Edit with WPS Office

ရီရွှမ်ရွှမ်က သရော်ပြီး ပြုံးလိုက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ အဆင့်သေးလေးလေးတိုင်းက ကူးဖြတ်ဖို့ ခက်ခဲတယ်။ ထူးကဲ အဆင့်နိမ့်၊ ထူးကဲ အလယ်အလတ်၊ ထူးကဲ အဆင့်မြင့်တွေကို အစောပိုင်းအဆင့်၊ အလယ်ပိုင်းအဆင့်၊ နောက်ပိုင်းအဆင့်နဲ့ အထွတ်အထိပ်အဆင့် ဆိုပြီးတော့ ခွဲထားသေးတယ်။ ဒီအရှင်သခင်မရဲ့ သုံးသပ်ချက်အရ မင်းက အစောပိုင်း အဆင့်နဲ့ အထွတ်အထိပ်အဆင့်ကို ရင်ဆိုင်တိုက်ခိုက်နိုင်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။ နတ်ဘုရားဘုံမှ ဒီလိုမျိုး ပါရမီရှင်တွေက နေရာအနှံ့အပြားမှာ မရှိပေမဲ့ သေချာပေါက်တော့ မနည်းဘူး"

လင်းဟန်ရဲ့ နှလုံးသားက တဒုတ်ဒုတ် မြည်နေခဲ့ပါတယ်။ တကယ်လို့ သူက ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးရဲ့ လူငယ်မျိုးဆက်သစ်တွေ အထဲမှာ အဆင့်တူခြင်း တိုက်ခိုက်တဲ့ နေရာမှာ ဒုတိယလို့ ပြောရင် ဘယ်သိုင်းပညာရှင်ကမှ သူတို့ကိုယ်သူတို့ ပထမလို့ မပြောဝံ့ပါဘူး။ ပြီးတော့ တကယ်လို့ ဓားကောရာဇ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓား ဧကရာဇ်တို့ကလည်း

Edit with WPS Office

ဒီအဆင့်ကို နောက်တစ်ကြိမ် ပြန်လျော့ကျလာရင်တောင်မှ မရနိုင်ပါဘူး။

ကုန်းမြေတစ်ခုပေါ်က နှစ်ပေါင်းတစ်သောင်းအတွင်း နံပါတ်တစ် ပါရမီရှင်က နတ်ဘုရားဘုံထဲမှာ ထိပ်ဆုံးပါရမီရှင်တွေ စာရင်းထဲတောင် တကယ်ပဲ မဝင်နိုင်ဘူးလား။

လပြွတ်ပဲ။ နတ်ဘုရားဘုံက ဘယ်လောက်တောင် ထူးခြားဆန်းကြယ် လိုက်သလဲ။

နောက်တစ်ကြိမ် ပြန်စဉ်းစားကြည့်ရင် နတ်ဘုရားဘုံရဲ့ အရင်းအမြစ်တွေက သေချာပေါက် သေမျိုးဘုံထက် မရေတွက်နိုင်တဲ့ အဆပေါင်းများစွာ သာလွန်ပါလိမ့်မယ်။ ပြီးတော့ သဘာဂတရားကို ဆန့်ကျင်နိုင်တဲ့ ပစ္စည်းတချို့တောင် ရှိနိုင်ပြီး သိုင်းပညာရှင်တွေရဲ့ တိုက်ပွဲစွမ်းရည်ကို တစ်ဟုန်ထိုး တိုးတက်သွားစေနိုင်ပါလို့မ်မယ်။ လင်းဟန် တစ်ခါတုန်းက သန့်စင်ခဲ့တဲ့ ကောင်းကင်ဘုံ ကံကော်ငေးခြင်း ကျောက်တုံးလိုမျိုး ပစ္စည်းက နတ်ဘုရားဘုံထဲမှာ မရှိနိုင်စရာတော့

Edit with WPS Office

မဟုတ်နိုင်လောက်ပါဘူး။

ဖြစ်နိုင်တာက အဲဒီမှာ ပိုပြီးတော့တောင် အစွမ်းထက်တဲ့ ပစ္စည်းတွေ ရှိပါလိမ့်မယ်။

မိုးကြိုးလျှပ်စီးနဲ့မီးတောက် ကောင်းကင်ဘုံ ကေရာဇ်တောင်မှ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကို ပိုးကောင်ငယ် ကမ္ဘာတစ်ခုလိုမျိုး နှိမ့်ချပြီး ကြည့်နေခဲ့ပါတယ်။ လင်းဟာန်က နတ်ဘုရားအဆင့် ပါရမီရှင်တွေကို နိုင်းယှဉ်လို့ ရနိုင်တဲ့ အဆင့်တစ်ခုထိ ကြီးထွားနိုင်ပါတယ်။ အဲဒီနောက် သူက နတ်ဘုရားဘုံကို ဖင်ရောက်ပြီးရင် ပိုပြီးတော့တောင် မသန်မာလာနိုင်ဘူးလား။

အတော်ဆုံး ပါရမီရှင်တွေ ဆိုတော့ရော ဘာဂရုစိုက်စရာလိုလဲ။ ငါသူတို့ကို ကျော်ဖြတ်နိုင်တာပဲ။

လင်းဟာန်က ချက်ချင်းပဲ သူ့ရဲ့ ယုံကြည်မှုတွေ ပြန်လည်ရရှိ

Edit with WPS Office

လာခဲ့ပါတယ်။ ပြီးတော့ သူ့နတ်ခမ်းထောင့်မှာ အပြုံးတစ်ခု ပေါ်လာပြီး တိုက်ပွဲဝင်ချင်တဲ့ စိတ်ဝိညာဉ်နဲ့ ပြည့်နေပါတယ်။

အဲဒီအချိန် သူက နတ်ဘုရားဘုံထဲကို တစ်ဟုန်ထိုး တက်ရောက်ပြီး ဓားကေရာဇ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓား ကေရာဇ်တို့ကို နောက်တစ်ကြိမ် တိုက်ခိုက်ရပါမယ်။ ပြီးတော့ ကောင်းကင်ဘုံ ဖီးနစ် နတ်မိမယ်ကို လင်းမိသားစုရဲ့ ချွေးမဖြစ်အောင် လုပ်ပြီးတော့ သူ့အိပ်ယာကို နွေးတိုင်း နွေးအောင်လို့ လုပ်ခိုင်းပါမယ်။

"ဟင်း"

ရီရွှမ်ရွှမ်က ကျောချမ်းပြီး တဆတ်ဆတ် တုန်သွားခဲ့ပါတယ်။

"နင့်မျက်လုံးတွေက ဘာကြောင့် ချက်ချင်းကြီး ရမ္မက်ခိုးတွေ ဝေလာရတာလဲ။ ကောင်စုတ် နင်က ဒီအရှင်သခင်မ အကြောင်းကို စိတ်ကူးယဉ်နေတာလား"

Edit with WPS Office

"မင်း ဟုတ်လား။ ဟားဟား"

လင်းဟန်က ပခုံးတွန့်လိုက်ပါတယ်။

"အဲဒါက ဘာကိုဆိုလိုတာလဲ။ ဒီအရှင်သခင်မက နင်စိတ်ကူးယဉ်ရလောက်အောင် မချောဘူးလို့ ထင်နေတာလား"

ရီရွှမ်ရွှမ်က ဒေါသထွက် လာခဲ့ပါတယ်။

ဘယ်လောက်ခေါင်းရှုပ်လိုက်သလဲ။

လင်းဟန်က ဒီအခြေအမြစ် မရှိတဲ့ ခေါင်းစဉ်ကနေ လမ်းကြောင်းပြောင်းပြီးတော့ ပြောလိုက်တယ်။

"မင်းကရော ဘယ်အဆင့်လဲ။ ပြီးတော့ မင်းရဲ့ တိုက်ပွဲစွမ်းရည်က အဆင့်ဘယ်လောက်များများ ကျော်ဖြတ်နိုင်လဲ"

Edit with WPS Office

ရှိရွမ်ရွမ်က သူမရဲ့ လက်တွေကို တင်ပါးပေါ်မှာ ဂုဏ်ယူစွာနဲ့ ထောက်လိုက်ပြီးတော့ ပြောလိုက်တယ်။

"ဒီအရှင်သခင်မက နေလအဆင့်က အဆင့်မြင့်သူ တစ်ယောက်ပဲ။ ငါက ထူးကဲအဆင့်နိမ့်ရဲ့ အလယ်အလတ် အဆင့်ကို ရောက်နေပြီ။ ဒါပေမဲ့ နှစ်ပေါင်းတစ်သောင်းလောက် ပိတ်မိနေပြီး ငါ့ရဲ့ကျင့်ကြံခြင်းက ထူးကဲအဆင့်နိမ့်ရဲ့ အစောပိုင်း အဆင့်ကို လျော့ကျသွားခဲ့ပြီး တိုက်ပွဲစွမ်းရည်တောင် တောင်နဲ့မြစ် အဆင့်ရဲ့ ထူးကဲအဆင့်နိမ့် အစောပိုင်းအဆင့်ထိ လျောကျသွားခဲ့တယ်"

သူမက အလောင်းခေါင်းဆောင်ကို လွယ်လွယ်နဲ့ ဖိနှိပ်ထိန်းချုပ်နိုင်တာ အံ့သြစရာ မရှိပါဘူး။ လောကဘုံရဲ့ စွမ်းအားကြောင့် ဖိနှိပ်ထိန်းချုပ်ခံထားရပေမဲ့ သူမက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် အလှ္ဘာကိုးရဲ့ စွမ်းအားကို ထုတ်ဖော်နိုင်ပြီး တိုက်ပွဲစွမ်းရည် ကြယ်ပမာဏက ဘယ်လောက်ထိ ဖြစ်နေမလဲဆိုတာ မသိနိုင်ပါဘူး။

Edit with WPS Office

"ဒီအရှင်သခင်မရဲ့ အထွတ်အထိပ်အဆင့်မှာ အဆင့်သေး နှစ်ခုကို ဖြတ်ကျော်ပြီး အစောပိုင်း အဆင့်နဲ့တင် နောက်ပိုင်းအဆင့်ကို တိုက်ခိုက်နိုင်တယ်။ ဒါကို နတ်ဘုရားဘုံထဲမှာ ကြယ်နှစ်လုံး ပါရမီရှင်တစ်ယောက်လို့ ခေါ်တယ်"

ရီရွှမ်ရွှမ်အနေနဲ့ လင်းဟန်က လုံးဝကို အရေးမစိုက်တာကို မြင်လိုက်ရပြီး ချက်ချင်းပဲ ဆက်ပြီးတော့ ပြောလိုက်တယ်။

"နင်ဘာသိလိုလဲ။ နတ်ဘုရားဘုံမှာ အဆင့်သေးတစ်ခုကို ကျော်ဖြတ်တိုက်ခိုက်နိုင်တာကပဲ အသိအမှတ် ပြုစရာ ကောင်းနေပြီး ကြယ်တစ်လုံး ပါရမီရှင် တစ်ယောက်လို့ ခေါ်တယ်။ ပြီးတော့ အဲဒါက လူသန်းတစ်ရာမှာ တစ်ယောက်ပဲ။ ဒီထဲက သာမညောင်ည လူတွေက နတ်ဘုရားတွေ ဖြစ်နိုင်တယ်လို့ နင်ထင်နေလား"

ဒါမှန်ပါတယ်။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးထဲမှာ ဘယ်စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က ပါရမီရှင်တွေထဲက ပါရမီရှင်တစ်ယောက် မဖြစ်လိုလဲ။ ပြီးတော့ သူတို့ကို အဆင့်တွေ

Edit with WPS Office

ကျော်ဖြတ်ပြီး အနိုင်ယူဖို့ ခက်ခဲပါတယ်။ နတ်ဘုရားဘုံထဲမှာ အတူတူပါပဲ။ နတ်ဘုရား အဆင့်ကို တက်သွားရင် မော်ဆေးလုံးတွေ သုံးတာကြောင့် ပါရမီရှင်တွေ အကြားက ပါရမီရှင်တွေလည်း သူတို့ကိုယ်ပိုင် လုံလဝီရိယ ထုတ်ပြီးတော့ အဆင့်ချိုးဖြတ်နိုင်ကြလို့လား။

အဆင့်တွေကို ကျော်ဖြတ်တိုက်ခိုက်ပြီး အနိုင်ယူဖို့က ခက်ခဲပါလိမ့်မယ်။

"အဲဒီလိုမျိုး အဆင့်ကနေ အထက်မှာ ကြယ်နှစ်လုံး ပါရမီရှင်တွေ ရှိတယ်။ ကြယ်သုံးလုံး ပါရမီရှင်တွေနဲ့ ကြယ်လေးလုံး ပါရမီရှင်တွေ ရှိတယ်။ ဒီအရှင်သခင်မက သိရသလောက်တော့ ကြယ်လေးလုံး ပါရမီရှင်က လူနည်းစုပဲ ရှိပြီးတော့ ရှေးဟောင်းစာအုပ်တွေထဲမှာပဲ မှတ်တမ်း တင်ထားတဲ့ ကြယ်ငါးလုံး ပါရမီရှင်က တစ်ယောက်ပဲ ရှိတယ်"

ရှီရွှမ်ရွှမ်က မနေးမမြန် ပြောလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ကိုယ်သူ ယုံကြည်မှု ရှိပါတယ်။ သူက ကောင်းကင်ဘုံ ဖျက်ဆီးလို့ မရနိုင်တဲ့ မှော်စာလိပ်ကို ပထမအလွှာကိုပဲ ကျင့်ကြံအားထုတ်ခဲ့ရပါသေးတယ်။ အဲဒါက သိုင်းပညာအသိ ကျောက်တုံးမှာ သူ့ကို နံပါတ်တစ် ပါရမီရှင်အဖြစ် အသိအမှတ် ပြုစေခဲ့ပါတယ်။ တကယ်လို့ သူက ဒုတိယအလွှာကို ကျွမ်းကျင်မယ်ဆိုရင် ဘယ်အဆင့်ကို သူရောက်နိုင်မလဲ။

သူက ရီရွှမ်ရွှမ်ကို ပြုံးပြီးတော့ ကြည့်လိုက်ပြီး ပြောလိုက်တယ်။

"ငါ့မှာ မင်းနဲ့ ဆွေးနွေးစရာ ကိစ္စတစ်ခုရှိတယ်"

"ဘာလဲ နင်က ဒီအရှင်သခင်မရဲ့ ရတနာကို အပိုင်စီးချင်နေတာလား"

သူခိုးတစ်ယောက်ရဲ့ လက်ထဲကနေ ကာကွယ်နေသလိုမျိုး ရီရွှမ်ရွှမ်က သလင်းကျောက် အရိုးစု လက်ကို တင်းတင်းကျပ်ကျပ်

Edit with WPS Office

ကိုင်ထားလိုက်ပါတယ်။

"ငါက ဒီလိုအဆင့်မရှိတဲ့ လူတစ်ယောက်မို့လို့လား"

"ပြောရခက်တယ်လေ"

လင်းဟန်က ဘာပြောလို့ ပြောရမှန်းတောင် မသိ ဖြစ်သွားခဲ့ပါတယ်။ အဲဒီနောက် သူက ပြောလိုက်တယ်။

"တကယ်လို့ ငါက ဒါကို လိုချင်တယ်ဆိုရင်တောင် မင်းကို မတိုက်ခိုက်နိုင်ဘူးလေ။ ဟုတ်တယ်မလား"

"ဟုတ်တယ်"

နောက်ဆုံးတော့ ရှီရွှမ်ရွှမ်က စိုးရိမ်ပူပန်မှုတွေ ရပ်တန့်သွားပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဘာကိစ္စကို နင်က ဆွေးနွေးချင်နေတာလဲ"

"ငါ့မှာ အဆင့်တစ်ဆယ် ပညာရပ်တွေ ကင်းမဲ့နေတယ်။ ပြီးတော့ မင်းဆီကနေ အရင်ဆုံး တစ်ခုလောက် ငှားချင်တယ်"

လင်းဟာန်က ပြောလိုက်တယ်။ သူ့ဆီမှာရှိတဲ့ ပညာရပ်တွေက အဆင့်ကိုးပဲ ရှိပြီးတော့ ကောင်းကင်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိပဲ ကျင့်ကြံအားထုတ်လို့ ရနိုင်ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် သူ့အနေနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ပြီးမှ သူ့ကိုယ်ပိုင် အဆင့်တစ်ဆယ် ပညာရပ်ကို ဖန်တီးနိုင်ပါမယ်။ ဒါပေမဲ့ အချိန်ဘယ်လောက်တောင် ယူရမလဲ။ တကယ်လို့ သူက ရှေးလူတွေရဲ့ မြေပေါ်မှာ ရပ်နေရင်တောင် နှစ်ပေါင်းရာနဲ့ချီပြီး အချိန်ယူရပါလိမ့်မယ်။

သူ့အနေနဲ့ အဲဒီလောက်ထိကြာအောင် မစောင့်နိုင်ပါဘူး။

Edit with WPS Office

"ခစ်ခစ်ခစ်ခစ်"

ရီရွှမ်ရွှမ်က ချက်ချင်းပဲ ကျယ်လောင်စွာ ရယ်မောလိုက်ပြီး ဂုဏ်ယူစွာနဲ့ ပြောလိုက်တယ်။

"သေချာတာပေါ့။ ဒါပေမဲ့ နင်ကဘာနဲ့ အလဲအလှယ်လုပ်မလဲ။ ဒါက ငှားတယ်ဆိုပေမဲ့ အကျိုးအမြတ် မရှိပဲနဲ့တော့ ချေးငှားလို့ မရနိုင်ဘူး။ အဲဒီတော့ အပေါင်ပစ္စည်း အဖြစ်နဲ့ နင်က တစ်ခုခုတော့ ပေးရမှာပေါ့ မဟုတ်ဘူးလား"

"ငါ့ကိုပြော မင်းဘာလိုချင်လဲ"

လင်းဟာန်က အမြတ်ထုတ်ဖို့ ပြင်ဆင်လိုက်ပါတယ်။ တကယ်တော့ ဒါက နှစ်ပေါင်းတစ်ရာလောက် တန်ပါတယ်။ ဘယ်ရတနာပစ္စည်းထက်မဆို ပိုပြီးတော့ တန်ဖိုးကြီးပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူက အနက်ရောင်မျှော်စင်၊ ကောင်းကင်ဘုံပြောင်းလဲခြင်း ကျောက်ဆုံ၊ ဒါမှမဟုတ် မရဏာဓားကိုတော့ သေချာပေါက် ထုတ်ပေးမှာ မဟုတ်ပါဘူး။ အဆိုးဆုံး သူ့အနေနဲ့ ဂိုဏ်းကြီး ငါးဂိုဏ်းထဲ ခိုးဝင်ပြီးတော့ ခိုးရမဲ့ နည်းလမ်းတွေကို စဉ်းစားထားပါတယ်။ အနက်ရောင် မျှော်စင်သာ လက်ထဲမှာ ရှိနေရင် မဖြစ်နိုင်စရာ အကြောင်း လုံးဝမရှိပါဘူး။

"နင်က မြောက်ပိုင်းအစွန်အဖျား ဒေသထဲက နိုင်ငံငယ်လေး တစ်ခုကနေ လာခဲ့တာပဲ။ ဒီအရှင်သခင်မက နင့်ကိုယ်ပိုင် ကြိုးစားအားထုတ်မှုပေါ် မှီခိုတယ် ဆိုတာကို လုံးဝ မယုံဘူး။ မြန်မြန်ပြောစမ်း။ နင့်မှာ ဘယ်လိုမျိုး ထူးခြားဆန်းကြယ်တဲ့ ရတနာ ရှိနေတာလဲ"

ရီရွှမ်ရွှမ်ရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပပြီးတော့ သိချင်စိတ်တွေနဲ့ ပြည့်နေပါတယ်။

လင်းဟာန်က မနေးမမြန်ပဲ ပြောလိုက်တယ်။

Edit with WPS Office

"အမှန်တကယ်တော့ ငါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ကနေ ပြန်လည်မွေးဖွားလာတဲ့ လူပဲ။ ဒါကြောင့် ငါ့ကျင့်ကြံခြင်း အမြန်နှုန်းက သိသိသာသာကို မြန်နေတာ"

ရှီရွမ်ရွမ်က မျက်လုံးပြူးပြီးတော့ သူ့ကိုကြည့်ပြီး ပြောလိုက်တယ်။

"စိတ်ဝိညာဉ် တစ်ခုရဲ့ ပြန်လည်မွေးဖွားခြင်းက နတ်ဘုရားဘုံမှာ မဖြစ်နိုင်လုနီးပါးပဲ။ ထူးခြားတဲ့ ပြန်လည်မွေးဖွားခြင်း ပန်းပွင့်လိုမျိုး နတ်ဘုရားပစ္စည်းကို မရရှိထားသရွေ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီအရှင်သခင်မက နင့်ကို ယုံလိမ့်မယ် ထင်နေတာလား။ နောက်ပြီး တကယ်လို့ နင်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်က ပြန်လည်မွေးဖွားလာတာဆိုရင် အဆင့်တစ်ဆယ် ပညာရပ်ကို နင်လိုလိမ့်မှာလား"

ဟုတ်သားပဲ။ ဒီဆော်က မအဘူးဟ။

လင်းဟန်ရဲ့ နှလုံးသားက တဒုတ်ဒုတ် ခုန်သွားပါတယ်။ ဒါဆိုရင်

Edit with WPS Office

စိတ်ဝိညာဉ် တစ်ခုရဲ့ ပြန်လည်မွေးဖွားခြင်းက နတ်ဘုရားဘုံထဲမှာတောင် အရမ်းကို ရှားပါးတာပဲလား။ လပြွတ်ပဲ။ အနက်ရောင် မျှော်စင်ရဲ့ အဆင့်က ဘယ်ထိတောင် ရောက်နေလဲ။ သူ့ရဲ့စိတ်ဝိညာဉ်ကို ပြန်လည်မွေးဖွားလာအောင် လုပ်ရုံတင်မက နှစ်ပေါင်းတစ်သောင်းပါ ထိန်းထားခဲ့ပြီး ဒီနှစ်ပေါင်း တစ်သောင်း အချိန်အတွင်းမှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို အဆက်မပြတ် သဘောပေါက် နားလည်စေခဲ့ပါတယ်။

သူက တကယ်ပဲ အနက်ရောင် မျှော်စင်ကို ပိုမိုခန့်မှန်းထားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ကြည့်ရတာ သူက လျှော့တွက်ထားခဲ့မိ သလိုပါပဲ၊

"ဟူး ငါပြောပြတာတောင် မင်းက မယုံဘူးဆိုတော့ ငါလည်းမတတ်နိုင်ဘူး"

လင်းဟန်က ပခုံးတွန့်လိုက်ပါတယ်။ သူက သေချာပေါက် အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

"ဒါဆိုရင် နင်လိုချင်တဲ့ အဆင့်တစ်ဆယ် ပညာရပ်ကို တာတာလို့သာ ပြောလိုက်တော့"

ရီရွှမ်ရွှမ်က မပျော်မရွှင်နဲ့ ပြောလိုက်ပါတယ်။

ဒါဆိုလည်း သူက တာတာလို့ ပြောလိုက်ရုံပဲပေါ့။ ဒီကမ္ဘာကြီးထဲမှာ မဖြစ်နိုင်တာ မရှိပါဘူး။ ပြီးတော့ သူလုပ်ရမှာက အချိန်ယူပြီးတော့ နောက်ထပ်နည်းလမ်းကို စဉ်းစားဖို့ပဲ ဖြစ်ပါတယ်။ သူက ဘယ်လိုပဲဖြစ်ဖြစ် ကောင်းကင်အဆင့် အထွတ်အထိပ်နဲ့ ဝေးနေပါသေးတယ်။

"ပြန်ကြမယ်"

အင်ပါယာမြို့ကို ရောက်တဲ့ အခါမှာ ပေါ့လျန်ချင်ရှယ်နဲ့ တခြားလူတွေကို ခေါ်ပြီးတော့ အရှေ့ပိုင်း ဒေသရဲ့ ပြဿနာကို မြန်မြန်ပဲ ကိုင်တွယ်လိုက်ပါတယ်။

Edit with WPS Office

Chapter 779 end

Zaw.အပိုင်း(၇၈၀) အရှေ့ပိုင်းဒေသ လက်ရွေးစင်များ၏ တိုက်ခိုက်မှု

အရှေ့ပိုင်းဒေသ။ အလယ်ပိုင်း ဒေသနဲ့ သိုင်းပညာရပ် အဆင့်အတန်းချင်း ယှဉ်လိုက်မယ်ဆိုရင် တောင်ပိုင်းဒေသနဲ့အတူ ဒုတိယနေရာမှာ တည်ရှိပြီး ဒေသနှစ်ခုလုံးမှာ ကောင်းကင်အဆင့် လက်ရွေးစင်တွေ ရှိကြပါတယ်။

မြောက်ပိုင်းဒေသကို ဒီတစ်ကြိမ် ကျူးကျော်ဝင်ရောက်မှုက အစတုန်းက အရှေ့ပိုင်းဒေသရဲ့ လက်ရွေးစင်တွေက ငြင်းဆိုခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဆန္ဒကို မနာခံလို့ မရနိုင်ပါဘူး။ ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင်တော်တော်များများက ထွက်တိုက်ပြီး နတ်အသွင် ပြောင်းလဲခြင်းအဆင့် ပမာဏ အများကြီးကိုပါ ခေါ်ဆောင်လာခဲ့ကြပြီ။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့်၊ ပန်းဖူးအဆင့် စစ်သည်တော်တွေက နယ်မြေအတားအဆီးကို ဂိုဏ်းကြီးငါးဂိုဏ်းက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုနဲ့

Edit with WPS Office

ဖွင့်လိုက်တဲ့ အချိန်မှာ မြောက်ပိုင်းဒေသကို ဂင်ရောက်တိုက်ခိုက်ကြပါတယ်။

ဒီလိုမျိုး ပူးပေါင်းမှုတစ်ခုက ပြိုင်ဘက်ကင်း တုနိုင်းမဲ့ ဆိုတာ ပေါ်လွင်ပါတယ်။ သူတို့က မြို့တွေနဲ့ ခံတပ်တွေကို လမ်းတစ်လျှောက်လုံး သိမ်းပိုက်လာခဲ့ပြီး မြို့တိုင်းမြို့တိုင်းကို အစွမ်းကုန် ထုတ်ပြီး တိုက်ခိုက်စရာ မလိုပဲ အညံ့ခံ ပူးပေါင်းလာဖို့ လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေ အနေနဲ့ အိမ်တိုင်းအိမ်တိုင်းမှာ အနက်ရောင် မျှော်စင်တစ်ခုကို ကိုးကွယ်နေတယ် ဆိုတာကို သတိမပြုခဲ့မိပဲ အဲဒါက လူတွေရဲ့ စိတ်ဝိညာဉ်ကို အဆက်မပြတ် စုစည်းနေဆဲပါပဲ။

နိုင်ငံရဲ့ စွမ်းအားက နိုင်ငံတွေ အကြားက စစ်ပွဲတစ်ခုမှာ ဝါးမျိုပြီးတော့ အမြစ်ဖြုတ် နှိမ်နင်းနိုင် ပါတယ်။ သူတို့က အခုဆို ဓားပြတွေနဲ့ တူနေပြီး ပိုင်နက်တွေကို သိမ်းပိုက်နိုင်စွမ်း ရှိနေပေမဲ့ လူတွေရဲ့ နှလုံးသားကိုတော့ ဖျက်ဆီးနိုင်စွမ်း မရှိပါဘူး။

ဒါပေါ့။ တကယ်လို့ အင်ပါယာမြို့နဲ့ ကေရာဇ်သာ

Edit with WPS Office

ချေမှုန်းခံလိုက်ရမယ် ဆိုရင်တော့ နိုင်ငံရဲ့ အုတ်မြစ်အခြေခံတွေ သေဆုံးပြီး နိုင်ငံဆိုတာလည်း နိုင်ငံတစ်ခု မဖြစ်နိုင်တော့ပါဘူး။ ဒါက ထိခိုက်ဒဏ်ရာရနေတဲ့ နေရာကို ထိမှန်သွားတာနဲ့ အတူတူပါပဲ။

နယ်မြေဒေသတွေက ပူးပေါင်းကြပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆို သူတို့က အမိန့်တွေကို လက်ခံရရှိ ထားပါတယ်။ လင်းဟန်က အင်ပါယာမြို့ကို ပြန်ရောက်လာခဲ့ပါပြီ။ လမ်းမှာ သူက ရန်သူတွေကို ပိုပြီးတော့ ထဲထဲဝင်ဝင် ဝင်ရောက်လာဖို့ ဆွဲဆောင်ရန် စိတ်ကူးထားပါတယ်။ သူတို့ကို မဟာလင်း အင်ပါယာရဲ့ အတွင်းပိုင်းနက်နက်ထဲ ဝင်ရောက်စေပြီးမှ သူတို့အားလုံးကို သူက အမြစ်ဖြုတ် ချေမှုန်းပစ်ရပါမယ်။

ပြိုင်ဘက်တွေက အရမ်းကို လျင်မြန်စွာနဲ့ တိုးဝင်လာခဲ့ကြပြီး သိမ်းပိုက်ရရှိထားတဲ့ မြို့တွေကို စောင့်ကြည့်ဖို့ ပန်းဖူးအဆင့် သိုင်းပညာရှင်တွေကို ချန်ထားခဲ့ပြီး ကျန်နေတဲ့ လက်ရွေးစင်တွေက အနောက်ဘက်က အင်ပါယာမြို့ဆီကို ချီတက်လာခဲ့ကြပါတယ်။

Edit with WPS Office

"လင်းဟန် ငါနင်နဲ့ ဆွေးနွေးစရာကိစ္စတစ်ခု ရှိတယ်"

အင်ပါယာမြို့ကို သူပြန်ရောက်လာတဲ့ အချိန်မှာပဲ လင်းဟန်ကို ဟော့လျန်ချင်ရှယ်က ဆွဲခေါ်သွား ခဲ့ပါတယ်။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ ဒီမိန်းမက နေ့ခင်းဘက်မှာတောင် စိတ်ဆန္ဒတွေ ပြင်းထန်ပြီး အချစ်နလံထဖို့ ကြိုးစားနေတာလား။

"နင့်အမူအရာက ဘာဖြစ်နေတာလဲ"

ဟော့လျန်ချင်ရှယ်က သူ့ကို ဘေးနားကို ဆွဲခေါ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ပင်လယ်မျိုးနွယ်စုက လူတွေ ရောက်လာတယ်"

Edit with WPS Office

ဟင်။

လင်းဟန်က သူမကို ကြည့်ပြီးတော့ ပြောလိုက်တယ်။

“ဘယ်မှာလဲ”

“သူတို့တွေကို ရီရွှမ်ရွှမ်က မောင်းထုတ်ပစ်လိုက်တယ်”

ဟော့လျှန်ချွင်ရွှယ်က ပြောလိုက်တယ်။

“ဒီတစ်ကြိမ် ရွှမ်ယုတော်ဂင် မိသားစုတင်မက
ငှါမိသားစုလည်းပါတယ်။ အစတုန်းကတော့ သူတို့ကို
ငါပုန်းနေမလို့ပဲ။ ဒါပေမဲ့ အဆင်ပြေဖို့ အမှန်တရားကို သိရမယ်။
ငှါမိသားစုလည်း သိသင့်တယ်လို့ ခံစားရတယ်။ ဒါကြောင့်
ငှါမိသားစုက လူဆီကို စာတစ်စောင် ရေးပြီးတော့ ငှါအဖေဆီကို
ပို့ခိုင်းလိုက်တယ်”

Edit with WPS Office

"ဒါဆိုရင် မင်းဒီမှာ ရှိနေတယ် ဆိုတာကို ဟော့လျန်တော်ဝင် မိသားစုက သိသွားပြီပေါ့"

လင်းဟာန်က ပြောလိုက်တယ်။

"အင်း"

ဟော့လျန်ချင်ရှယ်က ခေါင်းညိတ်လိုက်တယ်။

"တကယ်လို့ ငါလုပ်တာ တစ်ခုခု မှားတယ်လို့ နင်ထင်ရင်လည်း ငါထွက်သွားနိုင်တယ်။ နင့်ကို ပြဿနာ မဖြစ်စေရဘူး"

လင်းဟာန်က သူမကို သူ့ပေါင်ပေါ် ဆွဲထိုင်ချလိုက်ပြီး သူမရဲ့ ဖင်တုံးလေးကို လက်ဝါးနဲ့ ဆတ်ဆတ်လေး ရိုက်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါက ငါ့ကလေးရဲ့ အမေကို အဝေးကို လွှင့်ပစ်တတ်တဲ့ လူစားမျိုးလို့ မင်းထင်နေတာလား။ မင်းကို ရိုက်သင့်တယ်"

"ကောင်းကောင်းသာ ရိုက်။ ကောင်းကောင်းသာ ရိုက်"

ဟူးညို့က ချက်ချင်းပဲ ကျောက်တိုင်တစ်ခုရဲ့ အနောက်ကနေ ခုန်ထွက်လာပြီး ခြေထောက်နဲ့ တစ်ချက်ကန်ပြီး ပြောလိုက်တယ်။

"လင်းဟာန် သူမကို သေအောင်ရိုက်ကြစို့။ ပြီးရင် နဂါးအသား ကင်စားကြမယ်လေ"

လင်းဟာန်အတွက် သူမနဲ့ ဘယ်သူပဲ ယှဉ်ပြိုင်ယှဉ်ပြိုင် ပစ်မှတ်တစ်ခု အနေနဲ့ ဆက်ဆံပြီး ဖျက်ဆီးပစ်ဖို့ လိုပါတယ်။ ဒါပေမဲ့ ကံမကောင်းတာက သူမကို လင်းဟာန်က ခွင့်မပြုခဲ့ပါဘူး။ ဟူးညို့ကို ရွေးချယ်စရာ မပေးပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း ပော့လျှန်ချွင်ရွှယ်က ချာခနဲ လှည့်ပြီးတော့ လင်းဟာန်ကို အပေါ်စီးကနေ ကြည့်လိုက်တယ်။ သူမရဲ့ မက်မွန်သီးပုံစံ မျက်လုံးတွေမှာ မီးတောက်တွေ လောင်ကျွမ်းနေပြီး လင်းဟာန်ရဲ့ အဂတ်အစားတွေကို စုတ်ဖြဲပြီးတော့ ပြင်းပြင်းထန်ထန် ပြောလိုက်တယ်။

"နင်ငါ့ကို ဘယ်နှစ်ကြိမ် အကြွေးတင်နေလဲ"

"အား အား အား"

ဟူးညို့က လက်နှစ်ဖက်နဲ့ သူမရဲ့ မျက်လုံးတွေကို အလျင်အမြန်ပဲ ဖုံးလိုက်ပါတယ်။ ပင်လယ်မိန်းကလေးက တကယ်ပဲ အရမ်းကို ညစ်တီးညစ်ပတ်နဲ့ ညိုးညိုးရဲ့ သန့်စင်တဲ့ စိတ်ဝိညာဉ်ကို ညစ်ထေးအောင် လုပ်နေတာပဲ။

"ဒီမှာ ဟူးညို့ ရှိနေသေးတယ်လေ။ ကလေးတစ်ယောက်ရဲ့ စိတ်တွေ ညစ်ညမ်းသွားမှာကို နင်မကြောက်ဘူးလား"

Edit with WPS Office

လင်းဟန်က အလျှင်အမြန်ပဲ နောက်တစ်ကြိမ် လည့်လိုက်ပါတယ်။

"ခစ်ခစ် ညှိုးညှိုးလည်း ကစားချင်တယ်"

ဟူးညိုက အပေါ်ကို ခုန်အုပ်လိုက်ပါတယ်။ သူမက
သူတို့နှစ်ယောက် ကစားနေကြတယ်လို့ ထင်နေပါတယ်။

ဟူးညိုရှိနေတာကြောင့် ပေဟ့လျန်ချင်ရှယ်က သူမရဲ့ အကြွေးကို
မရမက တောင်းဆိုလို့ မရနိုင်တော့ပဲ သူမရဲ့ စိတ်ကလည်း
အတော်လေးကို ဒေါသထွက်ကျန်ခဲ့ပါတယ်။ ကံကောင်းတာက
လင်းကျန်းရှယ် နိုးလာခဲ့တာကြောင့် သူမက အလျှင်အမြန်ပဲ
အစာကျွေးဖို့ ပြင်လိုက်ရပါတယ်။

ဟူးညိုက ဘေးနားကနေ ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဒီနှင်းလေးလေးက ဘာဖြစ်လို့ လင်းဟန်နဲ့ နည်းနည်းလေးမှ

Edit with WPS Office

မတူတာလဲ”

“သူက ငယ်သေးတယ်လေ။ ဒါကြောင့် ပြောရခက်တယ်”

လွီယုထန်က ပြောလိုက်ပါတယ်။ သူမနဲ့ လီစီရှန်းတို့က လင်းဟန်မိသားစုရဲ့ လက်ရှိ အချစ်တော် ကလေးလေးဖြစ်တဲ့ လင်းကျန်းရှယ်ကို ကူညီပြီးတော့ ကြည့်ရှု ပေးပါတယ်။ အားလုံးက လင်းကျန်းရှယ်လေးကို ဖူးဖူးမှုတ် အလိုလိုက်ထားပြီး ပိုးမွေးသလို မွေးထားကြပါတယ်။

“အီး အဲ အဲ”

ကောင်ကလေးက တခစ်ခစ်ရယ်ပြီးတော့ သူ့လက်သေးသေးလေးတွေကို လွီယုထန်ရဲ့ ရင်သားတွေကို ဖမ်းကိုင်ဖို့ ဆန့်ထုတ်လိုက်ပါတယ်။ သူထင်နေတာက လွီယုထန်ရဲ့ ရင်သားတွေက ပိုပြီးတော့ ဖွံ့ထားပြီး နို့စို့ရတာ ပိုပြီးတော့ အရသာကောင်းမယ်လို့ ထင်နေပုံ ရပါတယ်။ ဒါက

Edit with WPS Office

ဟော့လျှန်ချင်ရှယ်ကို အတော်လေး အားငယ်သွားစေခဲ့ပါတယ်။

ရက်အနည်းငယ် အကြာမှာ အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင် မဟာမိတ်တွေက အင်ပါယာမြို့ကနေ မီတာရာပေါင်းများစွာ အကွာကို ရောက်လာခဲ့ပါတယ်။ သူတို့တွေရဲ့ နောက်ထပ်ခြေလှမ်းက မဟာလင်း အင်ပါယာရဲ့ ကျောရိုးကို ဆွဲထုတ်ပြီးတော့ ဘုရင်အသစ်ရဲ့ စီရင်စုကို ဖျက်ဆီးပစ်ဖို့ ဖြစ်ပါတယ်။

လင်းဟန်က အားလုံးကို ထွက်လာဖို့ အမိန့်ပေးလိုက်ပါတယ်။ အခုက အသိုက်ကို ဆွဲထုတ်ရမဲ့ အချိန်ကို ရောက်လာပါပြီ။

အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေက ဒီနေရာအထိ လမ်းတလျှောက်လုံး ချောချောမွေ့မွေ့နဲ့ တိုက်ခိုက်လာခဲ့ ရပါတယ်။ နောက်ပြီးတော့ မြောက်ပိုင်းဒေသရဲ့ သိုင်းပညာအဆင့်က အနိမ့်ဆုံးပဲ ဆိုတာကို မသိတဲ့လူ ဘယ်သူရှိလို့လဲ။ ဒါကြောင့် သူတို့အားလုံး ကိုယ်စီက သိသိသာသာကို မောက်မာပြီး ဂုဏ်ယူဝင့်ကြွားနေခဲ့ပါတယ်။

Edit with WPS Office

မြောက်ပိုင်းဒေသမှာ သူတို့ကို ချေမှုန်းနိုင်တဲ့ စွမ်းအားမျိုး နည်းနည်းလေးမှတောင် ရှိမှာမဟုတ်ဘူးလို့ ထင်နေကြပါတယ်။

သူတို့က ဒါကို ထူးဆန်းတယ်လို့ ထင်နေကြပါတယ်။
မြောက်ပိုင်းဒေသရဲ့ ချို့ငဲ့တဲ့ အင်အားနဲ့ သူတို့က အဝေးကြီးကနေ လာပြီးတော့ အလယ်ပိုင်းဒေသရဲ့ အတင်းအကျပ် ခိုင်းစေမှုကြောင့် သူတို့ရဲ့ ထိပ်တန်းအင်အားစုတွေ အားလုံးနီးပါး ချီတက်ပြီး တိုက်ခိုက်ရတာက သူတို့ကို စိတ်ကသိကအောက် ဖြစ်စေပါတယ်။
ကြည့်လေ။ သူတို့က မဟာလင်း အင်ပါယာရဲ့ အင်ပါယာမြို့ကို လွယ်လွယ်လေး ချီတက်လာနိုင်တယ် မဟုတ်လား။

အခု အရာအားလုံး ဖြေရှင်းပြီးသား ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က ဟူးညိုကို ခေါ်ပြီးတော့ ရန်သူတွေကို ထွက်ကြိုလိုက်ပါတယ်။

"ငါက မဟာလင်း အင်ပါယာရဲ့ ကောင်းကင်ဘုံ သားတော်ပဲ။

Edit with WPS Office

ပြီးတော့ တကယ်လို့ မင်းတို့အားလုံးက ငါ့အင်ပါယာကို တိုက်ခိုက်ဝံ့တယ်ဆိုရင် မင်းတို့အားလုံး သေရမယ်။ ဒါပေမဲ့ မင်းတို့တွေ အမိန့်ကို နာခံဖို့ စဉ်းစားလို့ ရတယ်။ ငါမင်းတို့ အားလုံးကို အခွင့်အရေးတစ်ခု ပေးမယ်။ အခုချက်ချင်း အညံ့ခံလိုက်ပါ။ ငါမင်းတို့ရဲ့ အသက်တွေကို ချမ်းသာပေးနိုင်တယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့အသံက အင်ပါယာမြို့ တစ်ခုလုံးကို ပဲ့တင်သံ ထပ်သွားပြီး အထိမ်းအမှတ် ရုပ်ထုတ်ကိုတောင် ဖြတ်သွားကာ မြို့တိုင်းမြို့တိုင်းမှာ အသံတွေ ကြားလိုက် ကြရပါတယ်။

ဒါက အထိမ်းအမှတ် ရုပ်တုတွေရဲ့ ထူးခြားတဲ့ အာနိသင် ဖြစ်ပြီးတော့ မဟာလင်း အင်ပါယာ တစ်ခုလုံးကို ဆက်သွယ်လို့ ရနိုင်ပါတယ်။

"ဟားဟားဟားဟား"

အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေက အူလိုက်သည်းလိုက်

Edit with WPS Office

အော်ဟစ်ရယ်မောလိုက်ကြပါတယ်။ ဒီကောင်စုတ်လေးက တကယ်ပဲ ကောရာဇ်လား။ ရယ်စရာ မကောင်းဘူးလား။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲရှိတဲ့ စစ်သည်တော် တစ်ယောက်က သူတို့ကို အညံ့ခံခိုင်းရဲတယ်။ သူ့ကိုယ်ပိုင် စွမ်းရည်လေးနဲ့ ဟန်လုပ်နေတာပဲ။

"ကောင်စုတ်လေး။ ငါမင်းကို သတ်မယ်"

နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်က ခုန်ထွက်လာခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ အသက်လေးဆယ်ခန့် ရှိပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အမှန်တကယ် အသက်က အနည်းဆုံး နှစ်ပေါင်းနှစ်ရာခန့် ရှိနေပြီ ဖြစ်ပြီးတော့ သွေးနဲ့ချီဓာတ်တွေကနေ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

လင်းဟန်က ခြေလှမ်းကျယ်ကြီးနဲ့ လျှောက်လာပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"တကယ်လို့ ခင်ဗျားက ဒီဇေကရာဇ်ရဲ့ တိုက်ကွက်တစ်ကွက်ကို ဟန့်တားနိုင်ရင် ဒီဇေကရာဇ်က ခင်ဗျားရဲ့ အသက်ကို ချမ်းသာပေးမယ်"

"လပြွတ်ပဲ။ ငါမင်းကို တစ်ကွက်တည်းနဲ့ သတ်ပစ်မယ်ကွ။ ကြည့်ထား"

အဲဒီလူက ဒေါသထွက်သွားပြီး ဆေဘာဓားရှည်ကို ဝှေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက် လိုက်ပါတယ်။ သူ့ရဲ့ခွန်အားက အတော်လေးကို အံ့အားသင့်စရာ ကောင်းပြီးတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ထဲမှာတောင် ကျွမ်းကျင်သူ တစ်ယောက်လို့ ခေါ်ဆိုနိုင်ပါတယ်။

လင်းဟန်က သူ့လက်တွေကို အနောက်မှာ ပစ်ထားပါတယ်။ ပြိုင်ဘက်ဖြစ်သူရဲ့ တိုက်ခိုက်မှု ရောက်လာတဲ့ အချိန်ကျမှပဲ သူက လက်ဝါးတစ်ဖက်နဲ့ သာမန်ကာလျှံကာ ရိုက်ချလိုက်ပါတယ်။

Edit with WPS Office

ပုန်း။

အဲဒီလူက ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း ပြတ်သွားခဲ့ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ သွေးအသားအနှစ်တွေက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးပေါ် ပြန့်သွားပြီး တောက်ပတဲ့ နတ်ဘုရား အလင်းတွေ အဖြစ်ကို ပြောင်းလဲကာ အရမ်းကို အံ့အားသင့်ဖို့ကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က သူ့လက်ကို ပြန်ရုပ်သိမ်းပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"အခွင့်အရေးက အများကြီး မကျန်တော့ဘူး။ အညံ့မခံချင်တဲ့သူ ကျန်နေသေးလား"

သူထုတ်ဖော်ပြတဲ့ လက်ဝါးက အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေကို အံ့အားသင့် သွားစေခဲ့ ပါတယ်။ အဲဒီနတ်အသွင် ပြောင်းလဲခြင်း အဆင့် စစ်သည်တော်က

Edit with WPS Office

အားမနည်းပါဘူး။ အရှေ့ပိုင်း ဒေသမှာ လက်ရွေးစင် တစ်ယောက်အဖြစ် ထင်ပေါ်ကျော်ကြားပြီး ထိပ်ဆုံးအယောက် တစ်ရာထဲ ပါဝင်ဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ကို လက်ဝါး တစ်ဖက်တည်းနဲ့ သတ်ပစ်လိုက်ပါတယ်။ လင်းဟန်ရဲ့ ခွန်အားက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းနေမလဲ။

သူတို့က မြောက်ပိုင်းဒေသကို လျှော့တွက်ထားခဲ့ပါတယ်။ ဒီနေရာမှာ ဒီလိုလက်ရွေးစင် တစ်ယောက် တကယ်ပဲ ရှိနေလိမ့်မယ်လို့ သူတို့တွေ ဘယ်တုန်းကမှ မထင်မှတ် ထားခဲ့မိပါဘူး။

ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က ထွက်လာပြီး မထီတထီ အပြုံးနဲ့ ပြောလိုက်တယ်။

"တကယ့်ကို အသိအမှတ် ပြုလောက်စရာပဲ။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်မှာ ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည် ရှိနေတယ်။

Edit with WPS Office

တန်ဖိုးမဖြတ်နိုင်တဲ့ ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုဖို့ ထိုက်တန်တယ်။ ဒါပေမဲ့ နိုင်ငံတစ်ခုကို တည်ထောင်က မိုးကောင်းကင်ရဲ့ ဥပဒေကို ဆန့်ကျင်တဲ့ အရာဆိုတာကို မင်းမသိဘူးလား”

လင်းဟန်က ခပ်ဟဟ ပြုံးပြီးတော့ ပြောလိုက်တယ်။

“အဲဒါက ဘယ်လိုလုပ်ပြီးတော့ မိုးကောင်းကင်ရဲ့ ဥပဒေကို ဆန့်ကျင်တာလဲ ဆိုတာကို မေးပါရစေ”

“ရှေးဘိုးဘေးတွေ သဘောတူထားတဲ့ စည်းမျဉ်းစည်းကမ်းတွေပဲလေ။ ဘာဖြစ်လို့လဲ”

အဲဒီကောင်းကင်အဆင့် လက်ရွေးစင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

ဒီလူတွေက တုံးတုံးအအနဲ့ အယူအဆ အသစ်တွေ ရိုက်သွင်းခံထား ရပါတယ်။ သူတို့ကို သတိပြန်ဝင်လာအောင် ကောင်းကောင်းကြီး ရိုက်နက်ဆုံးမမှ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ သရော်ပြုံး ပြုံးလိုက်ပါတယ်။

"တကယ်လို့ မင်းရဲ့ဘိုးဘေးက မင်းကို ချီးစားဆိုရင် မင်းစားမှာပဲလား"

Chapter 780 end

Edit with WPS Office

အပိုင်း(၇၈၁) အားလုံး စာရင်းရှင်း

"ပေါက်ပန်းလေးဆယ် လျှောက်ပြောနေတယ်"

အဲဒီ ကောင်းကင်အဆင့် လက်ရွေးစင်က ဝေဖန်ရှုတ်ချ လိုက်ပါတယ်။

"ဘိုးဘေးတွေ ချမှတ်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေက နှစ်ပေါင်းတစ်သောင်းလောက် ကျော်လွန်လာခဲ့ပြီ။ ဒါတွေက စကြာဂဠာရဲ့ အမှန်တရားတွေဆိုတာ ထင်ရှားနေတာပဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက အရူးပဲ။ ဘယ်ဘိုးဘေးရဲ့ စည်းမျဉ်းစည်းကမ်းလဲ။ ဒါတွေ အားလုံးက လက်ရွေးစင်တွေ ချမှတ်ခဲ့တယ်ဆိုတာ အသိသာကြီး။ ငါက သန့်မာတယ်။ ငါပြောတဲ့ စကားက အသက်အရွယ် အားလုံးရဲ့

Edit with WPS Office

အမှန်တရားအဖြစ် ခိုင်မြဲနေတယ်”

“တကယ်လို့ ဒီလိုသာဆို။ ဒီအဘိုးကြီးက မင်းကို ရိုက်နက်ပြီးတော့ ဆုံးမရတော့မှာပေါ့”

အဲဒီကောင်းကင်အဆင့် လက်ရွေးစင်က ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ သူ့ရဲ့ စိတ်ဝိညာဉ်နဲ့ ချီတွေက မီးဟုန်းဟုန်း တောက်နေတဲ့ မီးပြင်းဖိုကြီး တစ်ခုနဲ့ တူပါတယ်။

“ဒါဆိုရင် ခင်ဗျားကို ကြက်တစ်ကောင်လို သဘောထားပြီးတော့ မျောက်တွေကြည့်ရအောင် သတ်ပြရမှာပေါ့”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

“မိုက်ရိုင်းလိုက်တာ”

အဲဒီကောင်းကင်အဆင့် လက်ရွေးစင်က ဒေါသထွက်သွား

Edit with WPS Office

ခဲ့ပါတယ်။ သူက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီးတော့ အရှေ့ပိုင်း ဒေသရဲ့ အထွတ်အထိပ်သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူက အခုဆိုကြက်တစ်ကောင်လို သဘောထား ခံနေရတာက ဘယ်လိုလုပ်ပြီးသူ့ကို ဒေါသမဖြစ်စေပဲ နေမှာလဲ။

သူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ရှည်လျားတဲ့ မိုးပြာရောင်ကျောက်ပွတ်တစ်ချောင်းကို ထုတ်ယူကာ တစ်ချက် လှုပ်လိုက်ပါတယ်။ ကျောက်ပွတ်က ချက်ချင်းဆိုသလို ဖြောင့်တန်းသွားပြီး ကြည့်ရတာလှံရှည်တစ်ချောင်းနဲ့ တူပါတယ်။

"စီနီယာ ကျန်း ဒေါသထွက်နေပြီ။ သူက တကယ့်ကိုလေးလေးနက်နက် ဖြစ်နေတာပဲ"

"သေချာတာပေါ့။ စီနီယာကျန်းက ငါတို့ အရှေ့ပိုင်း ဒေသမှာထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့အစွမ်းထက်ဆုံး လူငါးယောက်ထဲမှာပါတယ်"

Edit with WPS Office

"ဒီကောင်စုတ်လေးက စီနီယာကျန်းကို အရှက်ခွဲဝံ့တာပဲ။ သူက သေချာပေါက် သေချင်နေလို့ ဖြစ်ရမယ်"

အရှေ့ပိုင်းဒေသရဲ့ လက်ရွေးစင်တွေက တီးတိုးတီးတိုးနဲ့ ဆွေးနွေးနေကြပြီး လင်းဟာန်ကတော့ သေမယ်ဆိုတာ သေချာနေပြီလို့ စဉ်းစားနေကြပါတယ်။

အဲဒီကောင်းကင်အဆင့် လက်ရွေးစင်ရဲ့ မျိုးရိုးနာမည်က ကျားဖြစ်ပြီး နာမည်က ကျန်းတစ်လုံးပဲ ရှိပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ သူ့နာမည်ကို တိုက်ရိုက်မခေါ်ဝံ့ကြပဲ စီနီယာ ကျန်းလို့ပဲ ခေါ်ကြပါတယ်။

ကျားကျန်းက အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေကို ဒီစစ်ချီမှုမှာ ဦးဆောင်လာတဲ့ လူထဲက တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ စွက်ဖက်ခြင်းက ဘုရင်တစ်ပါးကို ဆန့်ကျင်ရင်ဆိုင်တဲ့ ဘုရင်တစ်ပါးအဖြစ် မြင်နိုင်ပါတယ်။ နှစ်ဖက်အဖွဲ့ရဲ့ အသန်မာဆုံး လူနှစ်ယောက်ရဲ့ တိုက်ပွဲ ဖြစ်ပါတယ်။ ဒါပေါ့။ အရှေ့ပိုင်း ဒေသက လက်ရွေးစင်တွေရဲ့ ခန့်မှန်းသုံးသပ်ချက်အရ ဒီတိုက်ပွဲမှာ သံသယ

Edit with WPS Office

ရှိစရာ မလိုအောင် ကျားကျန်းက အောင်ပွဲဆင်နိုင်ပါလိမ့်မယ်။

လင်းဟန်က သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ ဂရုမစိုက်ပဲ ပြောလိုက်ပါတယ်။

"ကျုပ်က လက်တစ်ဖက်တည်းပဲ အသုံးပြုမယ်"

လပြွတ်ပဲလေ။

ကျားကျန်းရဲ့ ဦးခေါင်းအထက်မှာ ချက်ချင်းဆိုသလို မီးတောက်တွေ တလက်လက် တောက်ပလာခဲ့ပါတယ်။ ဒီအဆင့်ထိ ရောက်ရှိခဲ့တဲ့ လက်ရွေးစင် တစ်ယောက်က မီးအမျိုးအစား ပညာရပ်တွေကို ကျင့်ကြံအားထုတ်ခြင်း မရှိဘူးဆိုရင်တောင် ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်ဝိညာဉ် ချီတွေကို ဆွဲယူပြီးတော့ အတွေးတစ်ချက်တည်းနဲ့ မီးတောက်တွေ အဖြစ်ကို ပြောင်းလဲနိုင်ပါတယ်။

Edit with WPS Office

သူက သိသိသာသာကို ဒေါသထွက်နေခဲ့ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်က ဂျူနီယာ တစ်ယောက်က သူ့ပါရမီ ဘယ်လောက်ပဲ အံ့မခန်းဖြစ်နေပါစေ ကိစ္စမရှိပါဘူး။ သူ့ကို ရင်ဆိုင်တာတောင် လက်နှစ်ဖက်ကို အသုံးမပြုပဲ နေဝံ့တယ်ပေါ့။ ဒါက သူ့ကို ဒေါသထွက်စေပြီး မျက်လုံးနှစ်လုံးကနေ မီးတောက်မီးလျှံတွေ အလျှံတငြီးငြီး တောက်လောင်လာစေခဲ့ပါတယ်။

ဒီဂျူနီယာက သူ့သေလမ်းကို သူရှာနေတာပဲ။

သူက ကျာပွတ်လုံ့ကို ဝှေ့ယမ်းပြီးတော့ လင်းဟန်ကို တိုက်ခိုက် လိုက်ပါတယ်။

လင်းဟန်က ဒီလိုမျိုး လက်နက်တစ်ခုကို ဘယ်တုန်းကမှ မတွေ့မြင်ခဲ့ဖူးပါဘူး။ ဒါကြောင့် သိချင်စိတ် ပြင်းပြလာပြီး သူ့ခြေလှမ်းတွေက အရမ်းကို ပေါ့ပါးဖျတ်လတ်စွာနဲ့ ရှွေ့လျားကာ ဒီလိုပညာရပ် တစ်ခုနဲ့ ပတ်သက်ပြီး အသိအမှတ် ပြုရပါမယ်။

Edit with WPS Office

ပြောစရာ မလိုအောင် စိတ်ဝိညာဉ် ပစ္စည်းတွေက သာမန်မဟုတ်ပဲ ထူးကဲနေကြပါတယ်။ ဒီကျာပွတ်လုံက လုံတစ်ချောင်းလို ထိုးစိုက်နိုင်ပြီး ပိတ်ဆို့တားဆီး ခံလိုက်ရပြီးတဲ့နောက်မှာ ပျော့ပျောင်းတဲ့ ကျာပွတ်တစ်ချောင်းအဖြစ် ပြောင်းလဲနိုင်ပြီး တိုက်ခိုက်မှုတွေကို ဆက်ပြီးတော့ လုပ်နိုင်ပါတယ်။ ကျာပွတ်ရဲ့ ထိပ်နားမှာလည်း သွေးကြောပုံစံ သင်္ကေတတွေ ရေးထွင်းထားပြီး အသက်သွင်းပြီးတဲ့ နောက်မှာ အပြာရောင် အလင်းတန်း တစ်ခုကို ထုတ်လွှတ်နေပြီး သူ့ရဲ့ စွမ်းအားက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

သူ့အတွက်တော့ အရှေ့ပိုင်းဒေသရဲ့ အသန်မာဆုံး အစွမ်းထက်ဆုံး လူတွေထဲမှာ ပါဝင်နိုင်တာက လေကြွားပြီး ပုံကြီးချဲ့တာမျိုး မဟုတ်ဘူးဆိုတာ ပေါ်လွင်နေပါတယ်။

ကံမကောင်းတာက သူ့ပြိုင်ဘက်က လင်းဟန် ဖြစ်နေတာပါပဲ။

Edit with WPS Office

ငါ့ရဲ့ခန္ဓာကိုယ်က အဆင့်ကိုး ရှားပါးသတ္တုနဲ့တောင် ယှဉ်လို့ရတာကို ငါ့ကိုထိခိုက်ဒဏ်ရာ ရအောင်လို့ မင်းက ဘယ်လိုမျိုး စီစဉ်ထားလဲ။ တကယ်လို့ ထူးဆန်းတဲ့မီးနဲ့ အရည်ဖျော်ရင်တောင် အချိန်တိုတိုလေး အတွင်းမှာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အနည်းဆုံး ရက်ပေါင်းများစွာ နေ့ရောညပါ သန့်စင်ဖို့ အချိန်ယူရမယ်။

ကျားကျန်းက သူ့ရဲ့ တိုက်ခိုက်မှုမှာ ခွန်အားတွေ အများကြီး အသုံးပြုထားပြီး မြင်ကွင်းအရ အသာစီး ရယူထားပြီး လင်းဟန်ကို ဖိအားပေးထားတယ်လို့ မြင်ရပေမဲ့ အမှန်တကယ်တော့ လင်းဟန်ကို ခြိမ်းချောက်နိုင်ခြင်း မရှိပါဘူး။ လင်းဟန်က ကျားပွတ်လုံ့ရဲ့ ပြောင်းလဲမှုကို ကြည့်ချင်ရုံ သက်သက်ပါပဲ။ သူက တချိန်လုံး ဘာဖြစ်လို့ မတိုက်ပဲ နေရမှာလဲ။

"စီနီယာကျန်း ကောင်းကင်ဘုံကိုတောင် ဆန့်ကျင်ရဲတဲ့ ဒီကောင်စုတ်လေးကို သတ်ပစ်"

"ဟုတ်တယ်။ ဒီကောင်စုတ်လေးကို သတ်ပစ်။ ဒါမှ ကျုပ်တို့တွေ အရှေ့ဘက် ဒေသကို ပြန်နိုင်မှာ။ ဒီနေရာရဲ့ စိတ်ဝိညာဉ် ချီတွေက

Edit with WPS Office

အရမ်းကို ပါးလွှာတယ်။ ပြီးတော့ ဒီနေရာမှာ တစ်ရက်နေတာက တစ်ရက်ပိုပြီး အကျိုးယုတ်တာပဲ”

အားလုံးက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက်ပြီး လင်းဟန်ကို လျှင်လျှင်မြန်မြန်နဲ့ သတ်ပစ်ပြီး အရှေ့ပိုင်းဒေသကို အမြန်ဆုံး ပြန်ဖို့ လှုံ့ဆော်နေကြပါတယ်။

ကျော့ကျန်းကလည်း လင်းဟန်ကို အရမ်းပဲ သတ်ပစ်ချင်နေခဲ့ပါတယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ သိနေတာက လင်းဟန်ကို ကြည့်ရတာ အရေးနိမ့်နေပုံ ရပေမဲ့ သူက တကယ်တော့ အရမ်းကို သက်တောင့်သက်သာ ဖြစ်နေပြီး သူ့အနေနဲ့ အချိန်တိုတိုလေး အတွင်းမှာ လင်းဟန်ကို မသတ်ပစ်နိုင်ပါဘူး။ သူက ဘာမှမတတ်နိုင်ပဲ လင်းဟန်ကို စကားစစ်ထိုးဖို့ ကြိုးစားလိုက်ပါတယ်။

“ဂျူနီယာ မင်းက ဒီကနေဟို ရှောင်တိမ်းနေတာပဲ။ ဘယ်လောက်ကြာကြာ ရှောင်တိမ်းချင် နေတာလဲ။ မင်းအနောက်မှာ အင်ပါယာမြို့ပဲ ရှိတော့တယ်။ မင်းဘယ်ကို

Edit with WPS Office

ရှောင်တိမ်းနိုင်ဦးမှာလဲ”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ခင်ဗျားက ဆိုးဆိုးဝါးဝါး ရှုံးနိမ့်ချင်နေတာလား။ ကောင်းပြီလေ။ ခင်ဗျားရဲ့ ဆန္ဒအတိုင်းပဲ ဖြစ်ရမှာပေါ့”

သူက ညာဘက်လက်ကို ဆန့်ထုတ်လိုက်ပြီး ရွှေရောင် အလင်းတန်းတွေက ချက်ချင်းဆိုသလို ရောင်စဉ်ဖြာလာခဲ့ပါတယ်။ သူက မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအားကို ထုတ်ဖော်ပြီးတော့ ပြိုင်ဘက်ဖြစ်သူဆီကို ဖိနှိပ်လိုက်ပါတယ်။

ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း စွမ်းအားကို လက်နှစ်ဖက်လုံးနဲ့ အဆက်မပြတ် ထုတ်ဖော်နိုင်တဲ့အထိ ကျင့်ကြံထားခဲ့ပါတယ်။ သူက လက်တစ်ဖက်တည်းနဲ့လည်း အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် သူ့ရဲ့တိုက်ပွဲ စွမ်းရည်က

Edit with WPS Office

ညာဘက်လက် တစ်ဖက်တည်းပဲ အသုံးပြုတယ် ဆိုပေမဲ့ အနည်းငယ်ပဲ အားနည်းသွားတာပါ။

သူအရင်တုန်းက ကြုံတွေ့ဖူးတဲ့ ကောင်းကင်အဆင့် လက်ရွေးစင်က ရှုရှုရန်၊ အလောင်းနှစ်တို့ ဖြစ်ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင်တွေက အရမ်းကို အစွမ်းထက်တယ်လို့ သူ့ကို ခံစားဖြစ်ပေါ်စေပါတယ်။ ဒါပေမဲ့ အခု ကျားကျန်းနဲ့ တိုက်ခိုက်တဲ့ အခါမှာ သူက ချက်ချင်းပဲ မတူညီတာကို ခံစားလိုက်ရပြီး ကောင်းကင်အဆင့်က အရမ်းကို အားနည်းနေပါတယ်။

ကျားကျန်းက အရှေ့ပိုင်း ဒေသထဲမှာ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်လို့ ခေါ်ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူက ဘယ်လိုလုပ်ပြီးတော့ ရှုရှုရန်တို့နဲ့ တခြားလူတွေကို နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။

"ဘာလဲဟ"

Edit with WPS Office

"စီနီယာကျွန်းက တကယ်ပဲ ဖိနှိပ်ခံနေရတယ်။ ဒါက ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

"ဒါက အတုအယောင်ပဲ ဖြစ်လိမ့်မယ်"

အရှေ့ဘက်ဒေသရဲ့ လက်ရွေးစင်တွေ အားလုံးက အော်ဟစ်လိုက်ပြီး သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ထားပါတယ်။ ဒါက လုံး၀ အတုပဲ ဖြစ်ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် ဂျူနီယာ တစ်ယောက်က ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ တိုက်ခိုက်တဲ့ အခါမှာ ဖိအားပေးနိုင်တယ်။ ပြီးတော့ ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော်ကလည်း ဟိုးအရင်ကတည်းက နာမည်ကျော်ကြား လူသိများတဲ့ အစွမ်းထက်သူ တစ်ယောက် ဖြစ်ပါတယ်။

ဘ၀အပေါ်မှာ သူတို့ရဲ့ အမြင်တွေ အားလုံးက ပြိုလဲကျသွားပါပြီ။

Edit with WPS Office

နောက်ထပ် ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"အခုက တစ်ကိုယ်တည်း တိုက်ခိုက်ရမဲ့ အချိန်မဟုတ်ဘူး။ ငါတို့ရဲ့ တာဝန်က မဟာလင်း ဘုရင်ရဲ့ စီရင်စုကို ဖျက်ဆီးပစ်ဖို့ပဲ၊ ပြီးတော့ နိုင်ငံ့ဥသျှောင်က ငါတို့ရဲ့ အရှေ့မှာ ရောက်နေပြီ။ အစ်ကိုတု၊ အစ်ကိုမာနဲ့ အစ်ကိုကျန်း ဒီအဘိုးကြီးနဲ့ အတူတူ တိုက်ခိုက်ပြီး ဒီဂျူနီယာကို ကွပ်မျက်ပစ်ရအောင်"

"ကောင်းပြီလေ"

ကောင်းကင်အဆင့် လက်ရွေးစင်တွေက တစ်ယောက်ပြီး တစ်ယောက် ခေါင်းညိတ်လိုက် ကြပါတယ်။ ဒါက သိုင်းပညာ ယှဉ်ပြိုင်ပွဲ တစ်ခုမဟုတ်ပါဘူး။ ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ရင်ဆိုင်တိုက်ခိုက်တဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာလေးစားနေစရာ မလိုပါဘူး။

Edit with WPS Office

စုစုပေါင်း ကောင်းကင်အဆင့် လက်ရွေးစင် ခုနစ်ယောက် ထွက်လာပြီး လင်းဟာန်ကို ဝိုင်းလိုက် ကြပါတယ်။

ဟူးညိုက ချက်ချင်းပဲ ခုန်ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးက နင်တို့နဲ့ ပြိုင်ပေးမယ်"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မလိုဘူး။ ငါသူတို့တွေကို ရင်ဆိုင်နိုင်တယ်"

ဒီလူတွေက အတူတကွ ပေါင်းပြီးတော့ တိုက်ခိုက်မှတော့ သူ့အနေနဲ့ လက်တစ်ဖက်တည်း အသုံးပြုမယ်ဆိုတဲ့ ကတိကို စောင့်ထိန်းစရာ မလိုတော့ပါဘူး။ ပြီးတော့ မရဏဓားကို တန်းပြီး ဆွဲထုတ်လိုက်ပါတယ်။ ဓားကို ဝှေ့ယမ်းလိုက်တာနဲ့ ဓာအလင်းက မိုးကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး မြင့်တက်သွားခဲ့ပါတယ်။

Edit with WPS Office

နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုနဲ့အတူ သူက လျှို့ဝှက်ဆန်းကြယ်မှု
သုံးထောင် သိုင်းကွက်ကို အသုံးပြုပြီးတော့ ဓားအလင်း
သုံးထောင့်တစ်ရာက ချက်ချင်းပဲ ပေါက်ကွဲထွက်လာပြီး
ကောင်းကင်အဆင့် လက်ရွေးစင် ရှစ်ယောက်ကို
တစ်ပြိုင်နက်တည်း ဝိုင်းပတ်လိုက်ပါတယ်။

"ဘာလဲဟ"

ကျားကျန်းနဲ့ တခြားလူတွေက သူတို့ရဲ့ မျက်လုံးတွေ
အံ့အားသင့်မှုကြောင့် ပြူးထွက်လာခဲ့ ပါတယ်။ ဘာလဲ။ ဘာလဲ။
ဘာလဲ။ ဒီလောက်ပေါ့ပါးဖျတ်လတ်ပြီး ပြင်းထန်တဲ့
ဓားသိုင်းပညာက ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုလုပ် ရှိနိုင်မှာလဲ။
ကောင်းကင်အဆင့် လက်ရွေးစင် ရှစ်ယောက်ကို တပြိုင်နက်
တိုက်ခိုက်နိုင်ပြီး သူတို့ကို ခုခံကာကွယ်လို့ မရနိုင်ဘူးလို့
ခံစားစေရတာလဲ။

Edit with WPS Office

သူတို့ သတိပြုမိတာ အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ ဓားအလင်းတွေက ဖြတ်သွားပြီး ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော် ရှစ်ယောက်က ပြုတ်ကျလာကာ အားလုံး ချက်ချင်းပဲ သေသွားခဲ့ ကြပါတယ်။

အရှေ့ဘက်ဒေသရဲ့ လက်ရွေးစင် တန်လျားက လုံးဂကို တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

အရမ်းကို အားကောင်းလွန်းတယ်။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက် ရှိနိုင်ရတာလဲ။ ကောင်းကင်အဆင့် လက်ရွေးစင်တွေကို ဟင်းသီးဟင်းရွက် ရိတ်သိမ်းသလို သတ်ပစ်လိုက်တာလား။ ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်များ ဖြစ်နိုင်မလား။

သူတို့က ဘယ်လိုလုပ် ခုခံနိုင်မှာလဲ။ သူတို့တွေ လုံးဂကို မခုခံနိုင်ပါဘူး။

Edit with WPS Office

လင်းဟန်က သူ့ဓားကို ပြန်သိမ်းပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ဘယ်လိုလဲ။ ဘယ်သူ အညံ့ခံချင်လဲ။ ဒါမှမဟုတ် အဆုံးထိ ဆက်ပြီးတော့ ခုခံသွားကြမှာလား"

အရှေ့ပိုင်း ဒေသက အဖွဲ့ရဲ့ ကောင်းကင်အဆင့် လက်ရွေးစင် စစ်သည်တော်တွေ အားလုံး တိုက်ပွဲမှာ သေသွားခဲ့ပြီး နတ်အသွင် ပြောင်းလဲခြင်း အဆင့်တွေပဲ ကျန်ရှိပါတော့တယ်။ လင်းဟန်လို နတ်ဘုရား တစ်ပါးနဲ့တူတဲ့ လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ရတဲ့ အခါ သူတို့မှာ တိုက်ခိုက်ချင်တဲ့ စိတ်တွေ နည်းနည်းမှ မရှိတော့ပါဘူး။ လူတချို့က တန်းပြီးတော့ အညံ့ခံကြပေမဲ့ တချို့ကတော့ ထွက်ပြေးဖို့ ရွေးချယ်ခဲ့ပါတယ်။ သူတို့က တစ်စုံတစ်ယောက်ရဲ့ အစေခံ မဖြစ်ချင် ကြပါဘူး။

ဟူးညိုက သူမရဲ့ အစွမ်းကို ထုတ်ဖော်ပြီးတော့ လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပြီး တစ်ယောက်ပြီးတစ်ယောက် လိုက်ဖမ်းပါတယ်။ ဘယ်သူကမျှ သူမရဲ့ လက်ကနေ လွတ်အောင်

Edit with WPS Office

ထွက်ပြေးနိုင်မှာလဲ။

ရန်သူတွေကို အတွင်းပိုင်းထိ မျှားခေါ်ပြီးတဲ့နောက် ရန်သူတွေရဲ့ ဆုတ်ခွာမှု လမ်းကြောင်းကို ဟန့်တားပိတ်ဆို့ပြီး သူတို့ကို ဖျက်ဆီးပစ်ခဲ့ပါတယ်။ အရှေ့ပိုင်းဒေသရဲ့ စစ်တပ်က လုံးဂကို အမြစ်ဖြတ် ချေမှုန်းခံလိုက်ရပြီလို့ ကြေညာခဲ့ပါတယ်။

လင်းဟာန်က အညွှံ့ခံတဲ့ လူတစ်ယောက်ချင်းဆီကို ဆင့်ခေါ်ခဲ့ပါတယ်။ ထွက်ပြေးတဲ့ လူတွေကိုတော့ သေခြင်းတရားနဲ့ ရင်ဆိုင်ခိုင်းပြီး အရမ်းကို နည်းပါးတဲ့ လူတချို့ပဲ သူတို့ရဲ့ မျက်လုံးတွေထဲမှာ တည်ငြိမ်စွာနဲ့ သေခြင်းတရားကို ရင်ဆိုင်နိုင်ကြပါတယ်။ နောက်ပြီးတော့ သူတို့က တိုက်ခိုက်ဖို့ အမိန့်ပေးခံခဲ့ရတာပါ။ သူတို့ကိုယ်တိုင်နဲ့ လင်းဟာန်က ဖြေရှင်းလို့ မရတဲ့ ရန်ငြိုးလည်း မရှိပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့ရဲ့ အသက်တွေကို စွန့်ရမှာလဲ။

အလယ်ပိုင်းဒေသက သူတို့ကို အာဇာနည် ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြင့်မြှောက်စားမှာ မိုလို့လား။

Edit with WPS Office

Chapter 781 end

အပိုင်း(၇၈၂) လိပ်ခုံးတိမ်တိုက်ကျွန်းသို့ ရောက်ရှိခြင်း

အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေကို နှိမ်နင်းပြီးတဲ့နောက်မှာတော့ သူတို့တွေ သိမ်းပိုက်ထားတဲ့ မြို့တွေကို ပြန်လည်သိမ်းယူ လိုက်ပါတယ်။

အရှေ့ပိုင်းဒေသရဲ့ လက်ရွေးစင်တွေ အားလုံးရဲ့ မျက်နှာအမူအရာက အရမ်းကို မည်းမှောင်လို့ နေပါတယ်။ သူတို့က တစ်ဟုန်ထိုး ချီတက်လာပြီးမှ ခွေးပြေးဂက်ပြေး ပြေးရတာကို ဘယ်လိုလုပ်ပြီး ယုံကြည်နိုင်မှာလဲ။ ဒါက လုံးဂကို ဟာသတစ်ခုနဲ့ တူပါတယ်။

ဆုံးရှုံးသွားတဲ့ ပိုင်နက်တွေကို ပြန်လည်သိမ်းယူပြီးတဲ့ နောက်မှာ လင်းဟန်က အရှေ့ပိုင်း ဒေသရဲ့ လက်ရွေးစင်တွေကို အရှေ့ပိုင်း ဒေသရဲ့ ဂိုဏ်းကြီးတွေ ကိစ္စကို ကိုင်တွယ်ဖို့ ပြန်လွှတ်လိုက်ပါတယ်။ အနောက်ပိုင်း ဒေသကို သိမ်းပိုက်ပြီးတဲ့နောက်မှာ မြောက်ပိုင်းစစ်တပ် ဒါမှမဟုတ် အနောက်ပိုင်း စစ်တပ်ကို

Edit with WPS Office

ဦးဆောင်ရမလား ဆိုတာကို စဉ်းစားရပါမယ်။

ရက်အနည်းငယ် အကြာမှာ ပင်လယ်မျိုးနွယ်စုက လူတွေ ရောက်လာပါတယ်။

ဟော့လျှန်မိသားစုရဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ဟော့လျှန်ရုံ ကိုယ်တိုင်ကိုယ်ကျ ရေးထားတဲ့ စာတစ်စောင်ကို ဟော့လျှန်ချွင်ရှယ်ဖတ်ဖို့ လင်းဟာန်ဆီ ပို့လာခဲ့ပါတယ်။

ဟော့လျှန်ရုံက ဟော့လျှန်တော်ဂင် မိသားစုရဲ့ လက်ရှိမျိုးဆက် မိသားစုခေါင်းဆောင် ဖြစ်ပြီး ဟော့လျှန်ဘုရင်လို့လည်း ခေါ်ပါတယ်။ သူက ဟော့လျှန်ချွင်ရှယ်ရဲ့ အဖေလည်း ဖြစ်ပါတယ်။

စာထဲမှာ အဓိက အကြံပေးတာက ဟော့လျှန်ချွင်ရှယ် ပြောပြထားတဲ့ အကြောင်းအရာက အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ စာထဲက စကားလုံး အနည်းငယ်လောက်နဲ့

Edit with WPS Office

လူတွေကို ယုံကြည်လာအောင် လုပ်ဖို့ မလုံလောက်သေးပါဘူး။ နောက်ပြီးတော့ မေးခွန်းတွေ အများကြီး ရှိသေးတာကြောင့် လင်းဟာန်နဲ့ ဟော့လျန်ချင်ရွှယ်တို့က မြောက်ပိုင်းပင်လယ်ရဲ့ တော်ဝင်မိသားစုဆီကို လာရောက်တွေ့ဆုံပြီး ကိုယ်တိုင်ကိုယ်ကျ ရှင်းပြစေချင်နေပါတယ်။

စာထဲမှာ အထူးသဖြင့် လင်းကျန်းရွှယ်ကို ရည်ညွှန်းပြောဆိုထားပြီး သူ့အဘိုးဖြစ်တဲ့ ဟော့လျန်ရုံက ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ချင်နေပါတယ်။

"ဘယ်လိုလဲ"

ဟော့လျန်ချင်ရွှယ်က လင်းဟာန်ကို မေးလိုက်ပါတယ်။ လင်းဟာန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆိုပြီးတော့ ပြောလိုက်တယ်။

"ငါတို့သွားရမယ်။ ငါတို့က မိသားစုတွေပဲလေ။ ဒါပေမဲ့လည်း ဒါက ထောင်ချောက်တစ်ခုလည်း ဖြစ်နိုင်တာကြောင့် ငါတို့ရဲ့

Edit with WPS Office

လုံခြုံရေးကိုလည်း မပေါ့ဆသင့်ဘူး”

“ဒါဆိုရင် နင်ဘာလုပ်မယ်လို့ စိတ်ကူးထားလဲ”

ဟော့လျန်ချွင်ရှယ်က ပြောလိုက်တယ်။ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် သူမရဲ့ မိသားစုကို ဒုက္ခတွင်းထဲ ကျရောက်မှာကို မလိုလားပါဘူး။

လင်းဟာန်က စဉ်းစားပြီးတော့ ပြောလိုက်တယ်။

“ရှီရွှမ်ရွှမ်ကို သွားမေးရမယ်။ တကယ်လို့ ငါတို့ရဲ့ သက်တော်စောင့်လုပ်ဖို့ ဆန္ဒရှိရင်တော့ ဒီခရီးက လုံခြုံ စိတ်ချရလိမ့်မယ်။ ဒါပေမဲ့လည်း အင်ပါယာမြို့ကို စောင့်ကြည့်ဖို့ သူမ မရှိရင် လူတွေက အခွင့်အရေး ယူပြီးတော့ ပြဿနာတွေ တက်လာမှာကို ငါစိတ်ပူမိတယ်”

Edit with WPS Office

ဟော့လျန်ချင်ရှယ်က ခေါင်းညိတ်လိုက်ပါတယ်။ အခု ရှေးဟောင်းဂိုဏ်းကြီး ငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်း အားလုံးက မဟာလင်း အင်ပါယာကို စောင့်ကြည့်နေ ကြပါတယ်။ ခရမ်းရောင်လ ဧကရာဇ်ရဲ့ စီရင်စုနဲ့ သူတို့ရဲ့ အဓိက အင်အားစုတွေ ရင်ဆိုင်နေရပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တချို့ကို စေလွှတ်ဖို့ဆိုတာ ဖြစ်နိုင်ပါသေးတယ်။ အင်ပါယာမြို့ အထဲမှာ ဘယ်သူကများ သူတို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိလို့လဲ။

လင်းဟန်က တစ်ခဏမျှ စဉ်းစားပြီးတော့ သူ့ခေါင်းကို ခါပြီးပြောလိုက်တယ်။

"ရီရှမ်ရှမ်က ထွက်သွားဖို့ မသင့်တော်ဘူး။ ငါ ရေခဲနဂါး ဂင်္ဂါပါကို ယူလာလိုက်မယ်။ ဒါဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ခုနစ်လုံးနဲ့ ယှဉ်ပြိုင်နိုင်ပြီး အနက်ရောင် မျှော်စင်ရဲ့ ကာကွယ်မှုနဲ့ဆို တကယ်လို့ ထောင်ချောက်ထဲ ကျရင်တောင်မှ ကြောက်နေစရာ မလိုဘူး"

"ဒါဆိုရင် ငါတို့နှစ်ယောက် တကယ်ပဲ သွားမှာလား"

Edit with WPS Office

ဟော့လျန်ချင်ရှယ်က အတော်လေး စိုးရိမ်ပူပန်လို့ နေပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ယောကျ်ားထီးကြီးက သူ့မြေးကို တွေ့ချင်တယ် ဆိုမှတော့ ငါတို့သွားပြတာပေါ့"

"ဒါဆိုရင် ငါ စီမံစရာရှိတာတွေ စီစဉ်ပြီး ပြင်ဆင်လိုက်ဦးမယ်။ ဒါမှမဟုတ်ရင် တကယ်လို့ ဒီနေရာမှာ ငါမရှိရင် အင်ပါယာရဲ့ ကိစ္စတွေက ဂရုန်းသုန်းကား ဖြစ်နေဦးမယ်"

ဟော့လျန်ချင်ရှယ်က ပြောလိုက်ပါတယ်။

လင်းဟာန်က နုတ်ခမ်းကို မဲ့ရွဲ့ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းက ဒီလိုမျိုး ပြောလိုက်တော့ ငါကပဲ အသုံးမကျသလိုလို"

ဟော့လျှန်ချွင်ရှယ်က မျက်လုံးပြူးပြပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါ့ကိုပြောပြလေ။ နင်ဘာများ လုပ်တတ်လို့လဲ"

လင်းဟာန်က သူမရဲ့ သေးသွယ်ကျစ်လျစ်ပြီး ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ်လေးကို ကြည့်ပြီးတော့ သူမကို မစပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။

"နင်နော်"

ဟော့လျှန်ချွင်ရှယ်က ပထမတော့ အံ့အားသင့်သွားပြီး အဲဒီနောက် သတိပြန်ဝင်လာကာ လင်းဟာန်ကို ပြင်းပြင်းထန်ထန် ထုနက်ပါတယ်။ ဒီကောင်က တကယ်ပဲ နာဘူးကျပြီး လာနောက်နေပါသေးတယ်။ ဘယ်လောက်တောင် ဆိုးလိုက်သလဲ။

Edit with WPS Office

ရီရွှမ်ရွှမ်က ထွက်သွားလို့ မရနိုင်ပါဘူး။ အင်ပါယာမြို့က နိုင်ငံရဲ့ အချက်အချာ ဖြစ်သလို လင်းမိသားစုရဲ့ ဌာနချုပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့် မတော်တဆ ထိခိုက်ပျက်စီးနိုင်မှုကို ဘယ်လိုလုပ် ခွင့်ပြုလို့ ဖြစ်မှာလဲ။ တကယ်လို့ ရီရွှမ်ရွှမ်က စောင့်မကြည့်ဘူးဆိုရင် လင်းဟာန်က သေချာပေါက် သူ့မိဘတွေကို အနက်ရောင် မျှော်စင်ထဲ ထည့်ထားရပါလိမ့်မယ်။ အခုချိန်မှာ သူက အားလုံးအတွက် ပစ်မှတ်အသစ် ဖြစ်ပါတယ်။

အချိန်တော်တော်ကြာအောင် ဆွေးနွေးပြီးတဲ့ နောက်မှာတော့ လင်းဟာန်က ဟောင့်လျန်ချွင်ရှယ်၊ ဟူးညီနဲ့ သူ့သားကို မြောက်ပိုင်းပင်လယ်ဆီကို ခေါ်သွားဖို့ ဆုံးဖြတ်လိုက်ပြီး ကျန်တဲ့သူတွေကို မခေါ်တော့ပါဘူး။

ဟူးညီက စကြာဝဠာ ဖျက်ဆီးခြင်း အဆင်ကို မရောက်သေးပါဘူး။ ဒါပေမဲ့ သူမမှာ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်း ရှိပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်တောင် သူမကို လိုက်ဖမ်းဖို့ဆိုတာ တော်တော်ခက်ခဲပါလိမ့်မယ်။ သူမက ဒီကမ္ဘာကြီး အထဲက ကြိုက်တဲ့နေရာကို သွားနိုင်ပါတယ်။

Edit with WPS Office

နောက်ပြီးတော့ သူမကို ခေါ်မသွားလို့ ဖြစ်နိုင်မယ် ထင်နေတာလား။ ဒီကလေးမက ခေါင်းခါပြီးတော့ အသည်းအသန် ငြင်းပါလိမ့်မယ်။

သူတို့က မြောက်ပိုင်းအစွန်အဖျား ဒေသကို နောက်တစ်ကြိမ် ပြန်ဝင်လာခဲ့ပြီး ပထမဆုံး မီးနိုင်ငံ အထဲက ရှေးဟောင်းသတ္တုမိုင်းတွင်းရဲ့ အခြေအနေကို သွားကြည့်ခဲ့ပါတယ်။ အနက်ရောင်ချီတွေက ပိုပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလာပြီး မြေအောက်ထဲမှာ မြုပ်နှံထားတဲ့ လူသေတွေက ကမ္ဘာကြီးအထဲကို ထွက်ပေါ်လာမှာကို လင်းဟန်အနေနဲ့ ပိုပြီးတော့ စိုးရိမ်ပူပန်စေခဲ့ပါတယ်။

သူတို့တွေ တစ်ချက်ကြည့်ပြီးတဲ့ နောက်မှာတော့ ပင်လယ်ဆီကို ဆက်သွားပြီး ဟော့လျန် တော်ဝင် မိသားစုရဲ့ ရှေးဟောင်းကုန်းမြေဆီကို ဦးတည်ထွက်လာခဲ့ ကြပါတယ်။

သိုင်းပညာရှင်တွေက ပန်းဖူးအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာတော့ သူတို့က သေမျိုး ခန္ဓာကိုယ်ကနေ စွန့်ခွာလာခဲ့ပါပြီ။

Edit with WPS Office

တကယ်လို့ သူတို့က အသက်မရှုတာပဲဖြစ်ဖြစ် မစားရင်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး။ သူတို့က စိတ်ဝိညာဉ် ချီတွေကို စုပ်ယူနိုင်သရွေ့ သူတို့ရဲ့ အသက်ဓာတ်ကို ထိန်းသိမ်းထားနိုင်ပါတယ်။ သူတို့က နှစ်ပေါင်းဆယ်နဲ့ချီ ကြာအောင်လို့ သူတို့ကိုယ်ပိုင် မူလစွမ်းအင်တွေ ကုန်ခမ်းသွားတဲ့အထိ ထိန်းသိမ်းထားနိုင်ဆဲပါပဲ။

ဒါကြောင့် သူတို့က ပင်လယ်ထဲမှာလည်း ငါးတွေလိုပဲ အသက်ရှု နေနိုင်ကြပါတယ်။

ဟော့လျန်ချင်ရှယ်အနေနဲ့ အသက်မရှုပဲ ထိန်းထားဖို့ မလိုပါဘူး။ သူမက စစ်မှန်တဲ့ နဂါးရဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားတာကြောင့် သူမအတွက်တော့ ကုန်းပေါ်ပဲဖြစ်ဖြစ် ရေထဲမှာပဲ ဖြစ်ဖြစ် ဘာမှမကွာပါဘူး။ အမှန်တကယ်တော့ သူမရဲ့ တိုက်ပွဲစွမ်းရည်က ပင်လယ်ထဲမှာဆို ပိုပြီးတော့တောင် မြင့်မားပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ စိတ်ဝိညာဉ်ချီတွေရဲ့ သိပ်သည်းခြင်းနဲ့ ပတ်သက်ရင် ပင်လယ်က ကုန်းမြေအောက် မနိမ့်ကျပါဘူး။ ဒါပေမဲ့

Edit with WPS Office

ပင်လယ်ရဲ့ စိတ်ဝိညာဉ်ချီက ရေဓာတ်ကနေ အခြေခံပါတယ်။ ပင်လယ်မျိုးနွယ်စုကလည်း ရေဓာတ် သဘာဂ ရှိပါတယ်။ ဒါကြောင့် ပင်လယ်မျိုးနွယ်စုက ကျင့်ကြံခြင်းမှာ အရမ်းကို အားသာချက် ရှိပါတယ်။

ပင်လယ်က သုံးဖက်မြင် ပုံရိပ်ယောင် တစ်ခု ဖြစ်ပါတယ်။ ငါးသေးသေးလေး တစ်ကောင်က ရေတိမ်တိမ်မှာပဲ နေပါတယ်။ ဒါပေမဲ့ ပင်လယ်ထဲကို နက်နက်ရှိုင်းရှိုင်း ဂင်ရောက်ပြီးရင်တော့ ရေဓမင်းကြီး အမျိုးအစား ပေါင်းစုံက တစ်မျိုးပြီးတစ်မျိုး ထွက်ပေါ်လာခဲ့ပါတယ်။ ပင်လယ်ကြမ်းပြင်အောက် အနက် မီတာငါးထောင်ကျော်လောက်အထိ ဂင်ရောက်ပြီးရင်တော့ အရမ်းအရမ်းကို ကြီးမားလှတဲ့ မျိုးစိတ်တွေလည်း ပေါ်လာပါတယ်။

ဒီလိုမျိုး သက်ရှိအမျိုးအစားတွေက အရွယ်အစားမှာ မီတာရာနဲ့ချီအောင် ကြီးမားတဲ့အထိ လွယ်လွယ်နဲ့ ရောက်ရှိနိုင်ပြီး တောင်ကြီးတစ်လုံးလို ကြီးမားလာနိုင်ပါတယ်။ အရမ်းကို အံ့အားသင့် စရာကောင်းတဲ့ သက်ရှိတွေ ဖြစ်ပါတယ်။ တကယ်လို့ ဒီသက်ရှိတွေက မကျင့်ကြံ နိုင်ဘူးဆိုရင်တောင် သူတို့ရဲ့ ပကတိ

Edit with WPS Office

ခွန်အားသက်သက်ကပဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပြီး တောင်တစ်လုံးကို အသာအယာလေး နင်းချေဖျက်ဆီး ပစ်နိုင်ပါတယ်။

ဟော့လျန်ချင်ရှယ်ရဲ့ စကားတွေကို ကြားရတဲ့ နောက်မှာ ဒါတွေက အကြီးမားဆုံး ခန္ဓာကိုယ် အမျိုးအစားတွေ မဟုတ်သေးပဲ တစ်ရာပုံ တစ်ပုံတောင် မရှိပါဘူးတဲ့။ ဒါက လင်းဟာန်ကို အံ့အားသင့် သွားစေခဲ့ပါတယ်။ ဒါဆိုရင် အထွတ်အထိပ် အရွယ်အစားရှိတဲ့ ပင်လယ်မွန်းစတားတွေ အရွယ်ရောက်လာရင် သူတို့က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေနဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိလိမ့်မလား။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ သူတို့က မြောက်ပိုင်းအစွန်အဖျား ဒေသနဲ့ ဝေးကွာလာခဲ့ပါပြီ။ ဟော့လျန်ချင်ရှယ်ရဲ့ ပြောစကားအရ ခုနစ်ရက်လောက် ခရီးသွားပြီးရင် ဟော့လျန်တော်ဝင် မိသားစုရဲ့ ဘိုးဘေးအမွေအနှစ် ကုန်းမြေဆီကို ရောက်ပါလိမ့်မယ်။

လင်းဟာန် မှန်းဆထားတာ ဟော့လျန် တော်ဝင်မိသားစုရဲ့

Edit with WPS Office

ဘိုးဘေးအမွေအနှစ် ကုန်းမြေက ပင်လယ်နက်ထဲမှာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအစား ဒါကရောမ ကျွန်းကြီးတစ်ခုပေါ်မှာ ဖြစ်ပါတယ်။ အမှန်တကယ်တော့ ပင်လယ်မျိုးနွယ်စုရဲ့ အဓိက အများစုက သူတို့ရဲ့ ဘိုးဘေးကုန်းမြေကို ကျွန်းတွေပေါ်မှာ ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်ရဲ့ အောက်ခြေမှာ အရမ်းကို ကြီးမားတဲ့ သက်ရှိတွေ ရှိပါတယ်။ သူတို့က အာရုံခံနိုင်တဲ့ အသိမရှိသလို ကျင့်ကြံလို့လည်း မရပါဘူး။ ဒါပေမဲ့ သူတို့က မွေးကတည်းက အံ့သြဖွယ် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ မွေးဖွားလာခဲ့ ကြပါတယ်။ တကယ်လို့ ဘိုးဘေးအမွေအနှစ် ကုန်းမြေတွေကို ပင်လယ်ကြမ်းပြင်ရဲ့ အောက်မှာ နေရာချထားမယ်ဆိုရင် ဒီသက်ရှိ သတ္တဝါတွေကြောင့် ပျက်စီးသွားနိုင်တဲ့ အန္တရာယ်နဲ့ ကြုံကောင်း ကြုံရနိုင်ပါတယ်။

“ဒါဆိုရင် ဘာဖြစ်လို့ မင်းက ငါ့ကို ပင်လယ်ရဲ့ အောက်ခြေကို ခေါ်သွားမှာလဲ”

လင်းဟန်က မနေနိုင်ပဲ မေးလိုက်ပါတယ်။

Edit with WPS Office

ဟော့လျန်ချင်ရှယ်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါတို့က ပင်လယ်မှာဆိုမှတော့ ပင်လယ်မျိုးနွယ်စုရဲ့ ရှုခင်းတွေနဲ့ ပိုင်ဆိုင်မှုတွေကို ပြချင်လို့လေ"

လင်းဟန်က ဘာပြောရမှန်းမသိ ဖြစ်သွားပါတယ်။

နောက်ထပ် ခုနစ်ရက် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က ဟော့လျန်တော်ဝင် မိသားစုရဲ့ ဘိုးဘေးအမွေအနှစ် ကုန်းမြေဖြစ်တဲ့ လိပ်ခုံးတိမ်တိုက် ကျွန်းဆီကို ရောက်လာခဲ့ကြပါတယ်။

"ရပ်စမ်း။ ဟော့လျန်မိသားစုရဲ့ ပိုင်နက်ထဲကို မဆင်မခြင်နဲ့ အတင့်ရဲပြီး ဝင်လာတာ ဘယ်သူလဲ"

သူတို့တွေ ကုန်းမြေပေါ်ကို ခြေချလိုက်တာနဲ့ လူနဲ့တူတဲ့ အစောင့်နှစ်ယောက်ကို တွေ့မြင်လိုက် ရပါတယ်။ သူတို့ရဲ့

Edit with WPS Office

အပေါ်ပိုင်း ခန္ဓာကိုယ်က လူသားနဲ့ တူပေမဲ့ သူတို့ရဲ့အောက်ပိုင်းကတော့ ကျောက်ပုစွန်ပုံစံ ရှိပြီးတော့ လင်းဟန်ကို အံ့အားသင့် သွားစေခဲ့ပါတယ်။

"နံ့ပါတ် ခုနစ် မင်းသမီး"

သူတို့က ဟော့လျန်ချွင်ရှယ်ကို တွေ့မြင်လိုက်တဲ့ အခါမှာတော့ သူတို့နှစ်ယောက်လုံး ဒူးတစ်ဖက် ထောက်ပြီးတော့ အရိုအသေ ပေးလိုက်ပါတယ်။

ဟော့လျန်ချွင်ရှယ်က လက်ထပ်ထိမ်းမြားမှုကို ရှောင်တိမ်းခဲ့ပြီး ဟော့လျန်နဲ့ ရွှမ်ယု မိသားစုက သူမကို အတူတကွက် လိုက်လံရှာဖွေ ဖမ်းဆီးမှု ပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ဟော့လျန်တော်ဝင် မိသားစုက ဟော့လျန်ချွင်ရှယ်ရဲ့ မင်းသမီး နေရာကို ဖျက်သိမ်းတယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ သူမရဲ့ သွေးမျိုးဆက်က အရမ်းကို ရှားပါပြီး တော်ဝင်အဆင့် ဖြစ်ပါတယ်။ ပြီးတော့ သူမက သေချာပေါက် အခုလိုမျိုး နိမ့်ကျသွားစရာအကြောင်း မရှိပါဘူး။

Edit with WPS Office

တကယ်လို့ ဒီလိုဆိုမှတော့ ဒီပုစွန်ခန္ဓာကိုယ်နဲ့ အစောင့်တွေက အရိုအသေမပြု မလေးမစား လုပ်ဝံ့မှာတဲ့လား။

ဟော့လျန်ချွင်ရှယ်က သူမရဲ့လက်ကို ဖော့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ငါ အဖေနဲ့ တွေ့ချင်တယ်"

"ဟုတ်ကဲ့ပါ။ ကျတော်မျိုး ချက်ချင်းပဲ သတင်းပို့လိုက်ပါမယ်"

ပုစွန်ခန္ဓာကိုယ်နဲ့ အစောင့်တစ်ယောက်က ချက်ချင်းပဲ လှည့်ထွက်သွားခဲ့ပါတယ်။ အမှန်တော့ တကယ်လို့ ဟော့လျန်ချွင်ရှယ်က မပြောရင်တောင်မှ သူတို့တွေက သတင်းပို့ရပါလိမ့်မယ်။ ဟော့လျန်ချွင်ရှယ်က အခုဆို ထောင်ပြေးတစ်ယောက်ရဲ့ အဆင့်အတန်းမျိုးနဲ့ ဖြစ်နေပြီး ဟော့လျန်မိသားစုက သူမကို အဆက်မပြတ် ရှာဖွေနေခဲ့

Edit with WPS Office

ကြပါတယ်။

လင်းဟာန်က မေးစေ့ကို ပွတ်နေပါတယ်။ ပြောနေကြတဲ့ စကားပုံတစ်ခု ရှိပါတယ်။

ရုပ်ဆိုးဆိုး သတို့သမီးက သူမရဲ့ ယောက္ခထီးနဲ့ တွေ့ဆုံဖို့ မကြောက်ဘူးဆိုတာ တကယ် မှန်တာပဲ။ အခုတော့ သူ့အလှည့်ကို ရောက်လာပြီး ယောက္ခထီးနဲ့ တွေ့ဆုံရပါတော့မယ်။ သူက တကယ်ပဲ အတော်လေးကို စိတ်လှုပ်ရှား နေခဲ့ပါတယ်။

Chapter 782 end

အပိုင်း(၇၈၃) အင်အားပြခြင်း

သိပ်မကြာခင် အစွမ်းထက်တဲ့ ပုံရိပ်တွေ တော်တော်များများ ပေါ်လာခဲ့ပါတယ်။ သူတို့ရဲ့ အစွမ်းထက်တဲ့ တည်ရှိမှုတွေကို ပြန်ရုပ်သိမ်းထားတယ် ဆိုပေမဲ့ သူတို့ရဲ့ မျက်လုံးတွေ ပွင့်လိုက် ပိတ်လိုက်သလိုမျိုး နေ၊လ၊ ကြယ်တာရာတွေရဲ့ ပုံရိပ်မည်းကို ထုတ်ဖော်ထားဆဲပါပဲ။ ဒါက အံ့အားသင့်စရာ ကောင်းပြီးတော့

Edit with WPS Office

ကြောက်မက်ဖွယ် ကောင်းပါတယ်။

သူတို့က သေချာပေါက် စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

"ချွင်ရှယ်"

အလယ်က ယောက်ျားက ခေါ်လိုက်ပါတယ်။ အရောင်အသွေး စုံလင်တဲ့ ချည်ထည်ကို ဂတ်ဆင်ထားပြီး သူက အရပ်မြင့်မြင့် ဗလတောင့်တောင့် ခန္ဓာကိုယ်ရှိပြီးတော့ သူ့ခေါင်းပေါ်မှာ ဦးချိုသေးသေးနှစ်ခု ရှိပါတယ်။ ဒါက နဂါးတစ်ကောင်ရဲ့ မျိုးဆက်ဆိုတဲ့ အမှတ်အသား ဖြစ်ပါတယ်။ ဒါပေမဲ့ အားလုံးကတော့ ဒီလိုမျိုး မဟုတ်ပါဘူး။ ဥပမာ ဟော့လျန်ချွင်ရှယ်ဆို နဂါးမျိုးနွယ်ရဲ့ ထူးထူးခြားခြား လက္ခဏာ နည်းနည်းမှ မရှိပါဘူး။ ဒါပေမဲ့ သူမရဲ့ သွေးမျိုးဆက်က သန့်စင်ပြီးတော့ အားကောင်းတယ်လို့ သတ်မှတ်ရပါမယ်။

Edit with WPS Office

"ဘုရင်မင်းမြတ်ကို ဂါရဝပြုပါတယ်"

ဟော့လျန်ချွင်ရှယ်က ဦးညွှတ်ဂါရဝ ပြုလိုက်ပါတယ်။ တဖက်လူက ဟော့လျန်မိသားစုရဲ့ ခေါင်းဆောင်နဲ့ သူမ အဖေဆိုတာကို အသာထား စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ဆိုတာ တစ်ခုတည်းနဲ့ ရှိသေလေးစားဖို့ ကောင်းပါတယ်။

လင်းဟာန်က တစ်ချက်စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ကျနော့်နာမည် လင်းဟာန်ပါ။ မြောက်ပိုင်းပင်လယ် ဟော့လျန်မိသားစုရဲ့ စီနီယာတွေကို ဂါရဝပြုပါတယ်"

ဟော့လျန်မိသားစုက သူ့ကို သားမက်တစ်ယောက် အနေနဲ့ လက်ခံတယ်လို့ ရှင်းရှင်းလင်းလင်း မဖော်ပြရသေးပါဘူး။ ဒါကြောင့် လင်းဟာန်က အေးစက်စက် လူတစ်စုကို စိတ်ပါလက်ပါနဲ့ နှုတ်ဆက်ဖို့ ဆန္ဒမရှိတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ ဒီအရာတွေက တစ်ဆင့်ချင်း သွားရပါမယ်။ မင်းတို့ကောင်တွေက ငါ့ကိုလာဖို့

Edit with WPS Office

ဖိတ်ခေါ်တယ်ဆိုတော့ ရင်းနှီးတဲ့ လက္ခဏာတစ်ခု ထုတ်ပြရမှာပေါ့။

"ဟင့်"

ဟော့လျန်ရှံကလှဲပြီး ကျန်တဲ့ငါးယောက်က လင်းဟန်ကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး သူတို့အကြည့်တွေထဲမှာ မကျေနပ်မှုတွေ ဖြစ်ပေါ်နေပါတယ်။

ဒါက ဟော့လျန်နဲ့ ရွှမ်ယုမိသားစုရဲ့ ပူးပေါင်းမှဲ့ ဆက်ဆံရေးကို ဖျက်ဆီးခဲ့တဲ့ ယောက်ျားပါ။ သူက တကယ့်ကို သတ်ပစ်ဖို့ ထိုက်တန်ပါတယ်။

ဟော့လျန်ရှံက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါတို့တွေ အခန်းထဲကို ရောက်မှ စကားပြောတာပေါ့"

လူခြောက်ယောက်က လှည့်ထွက်လိုက်ပြီး ဟော့လျန်ချင်ရှယ်က

Edit with WPS Office

သူတို့အနောက်ကနေ လိုက်သွားဖို့ လင်းဟန်ကို သူမရဲ့ မျက်လုံးနဲ့ အချက်ပြလိုက်ပါတယ်။

လင်းဟန်က ဟူးညီရဲ့လက်ကို ဆွဲပြီးတော့ အရှေ့ကို လမ်းလျှောက်လာရင်း အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"မင်းအဖေက ငါတို့ကို မျှားခေါ်လာပြီးတော့ အခန်းတံခါးပိတ်ပြီး ရိုက်မှာလား"

သူ့အသံက တိုးတယ်ဆိုပေမဲ့ ဟော့လျန်ရုံနဲ့ ကျန်တဲ့ငါးယောက်က ဒီလောက်တောင် အစွမ်းထက်တာ မကြားဘူးဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူတို့ရဲ့ မျက်နှာက ရှုံ့မဲ့သွားပြီး လင်းဟန်ကို အသံထွက်တဲ့အထိ ရိုက်နက်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်လည်း သတိဝီရိယနဲ့ နီးနီးကြားကြား ဖြစ်လာခဲ့ပြီး လင်းဟန်ကို စိုက်ကြည့်လိုက် ပါတယ်။ ဒီကောင်က တကယ်ပဲ

Edit with WPS Office

အားအားယားယား အရှုးထနေပါတယ်။ တကယ်လို့ သူမက သူနဲ့ သားတစ်ယောက်သာ မရရှိခဲ့ဘူးဆိုရင် သူ့ကိုပြင်းပြင်းထန်ထန် ကျာပွတ်နဲ့ ရိုက်နှက်ဆုံးမ ပစ်လိုက်မိမှာပါ။

သူတို့တွေက ခန်းမကျယ်ကြီး တစ်ခုထဲကို ဝင်လာခဲ့ပြီး လူတော်တော်များများက ထိုင်နေကာ လူတချို့ကတော့ မတ်တပ်ရပ်နေပြီး လူကြီးလူငယ် အရွယ်စုံပါတယ်။ စီနီယာတွေက ထိုင်ပြီး ဂျူနီယာတွေက ဘေးနားမှာ မတ်တပ် ရပ်နေကြပါတယ်။ ဒါပေမဲ့ ခြွင်းချက်အနေနဲ့ သိုင်းပညာ စိတ်ဝိညာဉ်နဲ့ ပြည့်နေတဲ့ လူငယ်တချို့ကတော့ တော်တော်လေး အရှေ့ကျတဲ့ နေရာမှာ ထိုင်ခွင့် ရကြပါတယ်။

သူတို့က ဟော့လျန်မိသားစုရဲ့ နောက်မျိုးဆက်ကို ဦးဆောင်မဲ့ လူတွေဖြစ်နိုင်တာကြောင့် သူတို့ကို ထိုင်ခုံတစ်ခုနဲ့ ထိုင်နိုင်တဲ့အထိ ချီးမြှင့်မြှောက်စားထားဖို့ အရည်အချင်း ပြည့်မီသူတွေ ဖြစ်ပါမယ်။

လင်းဟာန်က မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ ဒီလူငယ် အများစုက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့

Edit with WPS Office

နစ်ယောက်ကတော့ ကောင်းကင်အဆင့်မှာ ရှိနေပေမဲ့ အတော်လေး အသက်ကြီးပါတယ်။ သူတို့ရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ပြီးတော့ ခွဲခြားလို့ မရနိုင်ပေမဲ့ သူတို့ရဲ့ ချီနဲ့သွေးဓာတ်ကနေ ခန့်မှန်းသုံးသပ်ရမယ်ဆိုရင် သူတို့နှစ်ယောက် အသက်လေးဆယ်ကနေ ငါးဆယ်မှာ ရှိသင့်ပါတယ်။ အရမ်းကို တိတိကျကျတော့ ခန့်မှန်းလို့ မရနိုင်ပါဘူး။

"ချင်ရွှယ် မင်းက စေ့စပ်ပွဲကနေ ခွင့်ပြုချက် မရှိပဲ ထွက်ပြေးသွားတယ်။ မင်းရဲ့အပြစ်ကို မင်းသိလား"

အဘိုးကြီးတစ်ယောက်က ရုတ်တရက် ထပြောလိုက်ပြီး သူ့အသံက အထက်စီးဆန်ဆန်နဲ့ မေးမြန်လိုက်တဲ့ အသံမျိုးပါပဲ။

အစွမ်းပြချင်တာလား။

လင်းဟန်က သတ္တိရှိရှိနဲ့ ရှေ့ထွက်လာပြီးတော့ ပြုံးပြကာ ပြောလိုက်တယ်။

Edit with WPS Office

"အားလုံးပဲ ဒီတစ်ကြိမ် ငါတို့ လင်မယားနှစ်ယောက်က ပင်လယ်မျိုးနွယ်စုရဲ့ ဖိတ်ကြားမှုကို လက်ခံပြီး ကျေးဇူးတင်ဖို့ အကြောင်းအရာကို ဆွေးနွေးဖို့ လာခဲ့တာပဲ။ ဘာဖြစ်လို့ ရုတ်တရက် ချွင်ရွှယ်ရဲ့ အပြစ်ကို ဖော်ထုတ်နေတာလဲ။ ဒီလိုဆိုရင်တော့ ကျုပ်တို့လည်း လှည့်ပြန်ရုံပဲ ရှိတာပေါ့"

"ရှင်းစိုင်းတဲ့ လူသား။ မင်းက ဒီအဘိုးကြီး အရှေ့မှာ ရှိုင်းရှိုင်းစိုင်းစိုင်းနဲ့ ပြောရဲတယ်ပေါ့"

အဘိုးကြီးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူက စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ဒေါသနဲ့အတူ သူ့အရှိန်အဝါက ပေါက်ကွဲထွက်လာပြီး ချက်ချင်းဆိုသလို လူတွေအများကြီးက သူတို့ရဲ့ ရင်ဘတ်ပေါ်မှာ လေးလံတဲ့ အရာတစ်ခု ဖိကျလာသလိုမျိုး ခံစားရပြီး သူတို့ရဲ့ အသားတွေတောင် ပေါက်ကွဲထွက်မတတ် ဖြစ်သွားပါတယ်။

Edit with WPS Office

လင်းဟန်က မကြောက်ပါဘူး။ သူနဲ့ ဟော့လျန်ချင်ရှယ်က ဒီနေရာကို ရောက်လာတဲ့ အချိန်မှာ ဟော့လျန်ရုံနဲ့ တခြားစကြာဂဠ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ငါးယောက်က သူတို့ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြိုဆိုကြပါတယ်။ ဟော့လျန်ရုံက ကြိုဆိုတဲ့စကား နည်းနည်းမှ မပြောပေမဲ့ ဒါက နေရာတစ်ခုရဲ့ ကြေညာခြင်း အမျိုးအစားတစ်ခု ဖြစ်ပြီးတော့ အဆင့်မြင့်တဲ့ အဆင့်အတန်းနဲ့ ပြုမူဆက်ဆံမှု တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။

ဒါကြောင့် သူတို့နဲ့က အဖြူနဲ့အမည်း လူဆိုးနဲ့လူကောင်းလို့ ကစားတယ်လို့ တွေးလို့ရနိုင်ပါတယ်။ သူတို့က အစောပိုင်းတုန်း စိတ်ကောင်းတဲ့ ပုံစံကို ဖော်ပြပြီး အခုတော့ တစ်စုံတစ်ယောက်က လူဆိုးပုံစံ ကစားနေကာ လင်းဟန်ကို ခွန်အားတွေ ထုတ်ပြနေပါတယ်။ တကယ်လို့ လင်းဟန်သာ သတ္တိရှိရှိနဲ့ မလာခဲ့ဘူးဆိုရင် သူ့ကို နှိမ့်ချပြီး ကြည့်မယ်ဆိုတာ သေချာပါလိမ့်မယ်။ သူ့ဇနီးကို အပြစ်တင် ကြိမ်းမောင်းနေတာကို ကြည့်ပြီးတော့ မငြင်းဆန်ပဲ ငြိမ်ခံနေရမယ်ဆိုရင် သူက ယောကျာ်းကောင်းတစ်ယောက် ဖြစ်နိုင်ပါဦးမလား။

Edit with WPS Office

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ ပော့လျှန်တော်ဂင် မိသားစုက ကျုပ်တို့ကို မကြိုဆိုဘူးဆိုရင် ကျုပ်တို့ ပြန်ရလိမ့်မယ်"

"ဒီနေရာကို ရောက်လာပြီးတော့ မင်းစိတ်တိုင်းကျ မင်းပြန်ချင်တိုင်း ပြန်လို့ရမယ်လို့ ထင်နေတာလား"

နောက်ထပ် စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တစ်ယောက်ကလည်း ထပြောလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အသက်လေးဆယ်လောက်ပဲ ရှိပါဦးမယ်။ သူ့ပုံစံက အံ့အားသင့်စရာ ကောင်းလောက်အောင် အားထားရလောက်တဲ့ ပုံစံမျိုးပါပဲ။ သူ့အရပ်အမောင်းက သုံးမီတာကျော် ရှိပြီးတော့ ဒီနေရာမှာ တောင်သေးသေးလေး တစ်ခု ရှိနေသလိုမျိုးနဲ့ တူပါတယ်။

လင်းဟန်က သူ့ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"အိုး ခင်ဗျားက ကျုပ်တို့ကို တားချင်တာလား။ လာလေ။ တိုက်ခိုက်တာပေါ့။ ပင်လယ်မျိုးနွယ်စုက ဘယ်လောက်ထိ အစွမ်းထက်တယ် ဆိုတာကို ကျုပ်ကြည့်ရတာပေါ့"

တကယ်လို့ သူက ဆက်ပြီးတော့ သည်းခံနေမယ်ဆိုရင် ဟော့လျန်ကလန်က သူ့ကို လွယ်လွယ်နဲ့ အနိုင်ကျင့်လို့ ရလိမ့်မယ်လို့ ထင်နေကြပါလိမ့်မယ်။ ပြီးတော့မှ ဆွေးနွေးညှိနှိုင်းမယ်ဆိုရင် သူက သေချာပေါက် အသာစီးရလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူကလည်း ဟော့လျန်မိသားစုကို တိုက်ခိုက်ပြီး အစွမ်းပြချင်ပါတယ်။

"ဟားဟားဟား မင်းက ဒီပိုလ်ချုပ်ကို စိန်ခေါ်ချင်နေတာလား"

အဲဒီလူထွားကြီးက ရယ်မောလိုက်ပါတယ်။ ဒါက သူကြားဖူးခဲ့သမျှ မောက်မာဝင့်ကြွားတဲ့ ဟာသတစ်ပုဒ် ဆိုတာ သေချာပါတယ်။

Edit with WPS Office

နတ်အသွင် ပြောင်းလဲခြင်းအဆင့်ပဲရှိတဲ့ လူတစ်ယောက်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို စိန်ခေါ်ရဲတယ်။

"ခင်ဗျား မရဲဘူးလား။ တကယ်လို့ ခင်ဗျားမရဲဘူးဆိုရင် ဒုက္ခလာမပေးနဲ့။ ခင်ဗျားက ဒီနေရာမှာ ဆုံးဖြတ်ချက် ချနိုင်တဲ့ လူနဲ့လည်း မတူပါဘူး"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လပြွတ်ပဲ။ ဒီကောင်စုတ်လေးက အရမ်းကို မောက်မာတယ်။

လူတော်တော်များများက ဒေါသတွေ ထွက်လာကြပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ လူသားမျိုးနွယ်စု ဆိုတာက အားနည်းတဲ့ လူတွေပါ။ အခုတော့ ပျော့ညံ့တဲ့ လူသားတွေက သူတို့ကို စော်ကားမော်ကား ပြောဝံ့နေကြပါတယ်။ ဒါက သူတို့ကို အံ့အားသင့် သွားစေသလို ဒေါသလည်း ထွက်စေပါတယ်။

Edit with WPS Office

အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းတာပဲ။

ဒီရောမ လူထွားကြီးက ဟော့လျှန်တော်ဂင် မိသားစုက မဟုတ်ပါဘူး။ ဒါပေမဲ့ သူက ဘုရင်ရဲ့ ဗိုလ်ချုပ် ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်ပြီး မျိုးရိုးနာမည်က ယုပါ။ ရွှမ်ယုကလည်း မိသားစုကြီး တစ်ခုဖြစ်ပြီး ဟော့လျှန်တော်ဂင် မိသားစုကို သစ္စာခံထားတဲ့ ကလန်တစ်ခု ဖြစ်ပြီး ကလန်ထဲမှာ အသန်မာဆုံးက ယုကျန်းရှန် ဖြစ်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အလွှာသုံးမှာ ဖြစ်ပါတယ်။

ဟော့လျှန်တော်ဂင် မိသားစုမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် သုံးဆယ်ကျော်ပဲ ရှိပြီးတော့ ဒီသစ္စာခံ အင်အားစုတွေလည်း ပါဝင်ပါတယ်။ ဟော့လျှန်မိသားစု တစ်ခုတည်းမှာဆိုရင်တော့ အကြမ်းဖျင်း စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် နှစ်ဆယ်လောက်ရှိပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အရာတစ်ခုလည်း ဖြစ်ပါတယ်။

ဒီနေရာကို မလာခင်မှာ ဟော့လျှန်ချွင်ရွှယ်က ပင်လယ်မျိုးနွယ်စုက

Edit with WPS Office

အင်အားကြီး အဖွဲ့တိုင်းရဲ့ အကြောင်းကို ပြောပြထားခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်က သူတို့အကြောင်းကို သိနေပါတယ်။ ဟော့လျှန်တော်ဂင် မိသားစုမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ပိုများနေရတဲ့ အကြောင်းရင်းက ရှေးဟောင်းမျိုးဆက်သွေး အမွေအနှစ်ကြောင့် ဖြစ်ပါတယ်။ ဒါက သူတို့ရဲ့ အဆင့်ကို လွယ်လွယ်ကူကူနဲ့ အဆင့်တက်စေနိုင်ပါတယ်။ ဒုတိယ အချက်က သူတို့က နဂါးမျိုးနွယ်က ဆင်းသက်လာသူတွေ ဖြစ်ပြီးတော့ သက်တမ်းအရမ်းကို ရှည်ကြပါတယ်။ လူသားမျိုးနွယ်ရဲ့ ဘယ်အဆင့်နဲ့ပဲ နှိုင်းယှဉ်ပါစေ သူတို့က သုံးဆလောက် အသက်ပိုရှည် ကြပါတယ်။

အဆင့်ချိုးဖျက် ဂင်ရောက်နိုင်ချေက အနည်းငယ် ပိုပြီးတော့ မြင့်မားနိုင်ပါတယ်။ အထူးသဖြင့် သုံးဆကနေ လေးဆငါးဆထိ ဖြစ်နိုင်ပြီး ဖြစ်နိုင်ချေတွေ အဆုံးမရှိ ဖန်တီးနိုင်ပါတယ်။

ဒ့ါအပြင် လူသားစကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အကြမ်းအားဖြင့် နှစ်ပေါင်းတစ်ထောင် သက်တမ်းပဲ ရှိပါတယ်။ ဒါပေမဲ့ ပင်လယ်မျိုးနွယ်စုရဲ့

Edit with WPS Office

တော်ဂင်မိသားစုက နှစ်ပေါင်းလေးထောင်အထိ အသက်ရှည်နိုင်ကြပါတယ်။ မျိုးဆက်သုံးခုလောက် စုစည်းမှုနဲ့ဆို စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တွေ အများကြီး ဘယ်လိုလုပ်ပြီး မရှိနိုင်ရမှာလဲ။

"ဟားဟား လူသားဂျူနီယာလေး။ တကယ်လို့ မင်းက ဒီဗိုလ်ချုပ်ရဲ့ သိုင်းတစ်ကွက်ကို ခံနိုင်ရင် ဒီဗိုလ်ချုပ်ကို မင်းကို စကားပြောခွင့်ပြုမယ်"

ယုကျန်းရှန်က ရယ်မောပြီး အရမ်းကို ဒေါသဖြစ်နေပါတယ်။

တခြားလူတွေက ဘာမှမပြောပဲ ယုကျန်းရှန်ရဲ့ နည်းလမ်းကို အသိအမှတ်ပြု ထောက်ခံနေ ကြပါတယ်။ ဒါက လင်းဟန်အတွက် ခက်ခဲတဲ့ အချိန်တစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေ့ါ။ သူတို့ကလည်း လင်းဟန်ကို အရမ်းကြီး အလွန်အကျွံ လုပ်လိမ့်မှာ မဟုတ်ပါဘူး။ ပထမ အချက်က သူတို့က ကျေးအေးခြင်းနဲ့ ပတ်သက်တဲ့ အမှန်တရားကို အတည်ပြုချင်ပါသေးတယ်။ ပြီးတော့ ဒုတိယ အချက်က သူတို့က ရှီရွှမ်ရွှမ်ရဲ့လက်ထဲမှာ ခံစားခဲ့ရပါတယ်။

Edit with WPS Office

ဒါကြောင့် သူတို့က အရမ်းကို အလွန်အကျွံ လုပ်ဝံ့လိမ့်မှာ မဟုတ်ပါဘူး။

"တတိယဘိုးဘေး ဘိုးဘေးကိုယ်တိုင်ကိုယ်ကျ တိုက်ခိုက်ဖို့ မလိုပါဘူး။ ကျနော့်ကို ခွင့်ပြုပါ"

ယောက်ျားတစ်ယောက်က ခုန်ထွက်လာပြီးတော့ လင်းဟန်ကို လက်ညှိုးနဲ့ထိုးကာ ပြောလိုက်ပါတယ်။

"ငါက ရွှမ်ယုမိသားစုရဲ့ ယုဇီဟဲ။ လူသား မင်းရဲ့သေခြင်းတရားက စောင့်နေပြီ"

ယုဇီဟဲ ခုန်ထွက်လာတာကို ကြည့်ပြီးတော့ ဟော့လျန်မိသားစုရဲ့ လူတချို့က ချက်ချင်းဆိုသလို မျက်မှောင်ကြုတ် သွားခဲ့ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အနည်းနဲ့အများတော့ ကျေအေးမှုနဲ့ ပတ်သက်တဲ့ အကြောင်းကို သိထားကြပြီး လင်းဟန်ကို ဖိတ်ခေါ်ထားတဲ့ အကြောင်းကို

Edit with WPS Office

နားလည်ထားပါတယ်။ သူတို့တွေက ဘယ်လောက်ပဲ ဒေါသထွက်ထွက် မထိန်းနိုင်အောင် တိုက်ခိုက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ပြေလည်မှုကိစ္စမှာ များပြားတဲ့ အရာတွေ ပါဝင်ပြီး ဂျူနီယာတွေကို သိခွင့်မပြုပဲ့ပါဘူး။ နည်းနည်းလေး ပေါက်ကြားသွားတာနဲ့ ကလန်ရဲ့ ပျက်စီးခြင်း ဘေးဒုက္ခကို ဖြစ်ပေါ်စေတဲ့ တရားခံ ဖြစ်လာနိုင်ပါတယ်။

ယုဇီဟဲက အမှန်တရားကို မသိတဲ့ လူတွေထဲက တစ်ယောက် ဖြစ်ပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိတယ်ဆိုပေမဲ့ အလွှာကိုးကို ရောက်ရှိနေပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြောက်မက်ဖွယ်ရာကောင်းကာ အဆင့်နိမ့် ကောင်းကင်အဆင့်နဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ တကယ်လို့ သူက လင်းဟန်ကို မတော်တဆ သေတဲ့အထိ ရိုက်နှက်မိရင် ဒီကိစ္စက စိုးရိမ်စရာ ဖြစ်လာပါလိမ့်မယ်။

Chapter 783 end

အပိုင်း(၇၈၄) တန်ပြန်တိုက်ခိုက် အနိုင်ယူခြင်း

နောက်ပြီးတော့ ဟော့လျန်ကလန်ထဲက လူတွေအားလုံးက

Edit with WPS Office

ဟော့လျန်ချွင်ရွှယ်ကို ယုဇီဟဲက သဘောကျနှစ်သက်နေတယ် ဆိုတာကို အားလုံးသိပါတယ်။ သူမသွားတဲ့ နေရာတိုင်းကို အနောက်ကနေ လိုက်ပြီးတော့ သူမကို ပိုးပန်းခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အချစ်က တစ်ဖက်သတ် ဖြစ်ပြီးတော့ ဟော့လျန်ချွင်ရွှယ်က ရွှမ်ယုတုန်မင်းနဲ့ စေ့စပ်ကြောင်းလမ်းမှု ကိစ္စဖြစ်လာခဲ့ပြီး နောက်ဆုံးမှာ ယုဇီဟဲက လက်လျှော့လိုက် ရပါတယ်။

သူ့အနေနဲ့ ဘာမှမတတ်နိုင်ပါဘူး။ ဒါက ကလန်နှစ်ခုရဲ့ ရှင်သန်မှုနဲ့ သက်ဆိုင်နေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကလန်နှစ်ခုလုံးက ဂမ်ရန်တော်ဝင် မိသားစုရဲ့ အမြစ်ဖြုတ် သုတ်သင် ချေမှုန်းခြင်းကို ခံရနိုင်ပါတယ်။

ဒါပေမဲ့လည်း အခုတော့ ဟော့လျန်ချွင်ရွှယ်က သားတစ်ယောက်တောင် မွေးပြီးပါပြီ။ သူမအတွက် ရွှမ်ယုတော်ဝင် မိသားစုနဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ရွှမ်ယုတုန်မင်းတောင် သေသွားခဲ့ ပါပြီ။ ဒါကြောင့် သူ့နှလုံးသားက နောက်တစ်ကြိမ် ပြန်ရှင်သန်လာခဲ့ပါတယ်။

Edit with WPS Office

တကယ်လို့ လင်းဟန်ကို သတ်လိုက်မယ်ဆိုရင် သူက အဲဒီနေရာကို ဖြည့်နိုင်စွမ်း ရှိလိမ့်မယ် မဟုတ်လား။

ဒုတိယလူ ဖြစ်ရတာကို သူဂရုမစိုက်ပါဘူး။

သူက ပျော့လျှန်ချွင်ရှယ်ကို အရူးအမူးကို နှစ်သက်သဘောကျပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို စိတ်မမှန်တဲ့ အရူးတွေပဲ ဒီလိုမျိုး တစ်စုံတစ်ခုကို စဉ်းစားပါလိမ့်မယ်။ တကယ်လို့ သူသာ သူမရဲ့ ယောက်ျားကို သတ်လိုက်မယ်ဆိုရင် သူမက သူ့ကို လက်ထပ်ချင်ပါဦးမလား။ ခွေးတစ်ကောင် ဒါမှမဟုတ် ကြက်တစ်ကောင်ကိုသာ လက်ထပ်ချင် လက်ထပ်မယ် သူမက သူ့ကို မျက်စိနဲ့ တစ်ချက်တောင် ဝေ့ကြည့်လိမ့်မှာ မဟုတ်ဘူး။

ယုဇီဟဲရဲ့ အတွေးတွေကို ဘယ်သူကများ မခန့်မှန်းနိုင်မှာလဲ။ ဒါကြောင့် အားလုံးက ဒါကို ဆန့်ကျင်ဖို့ အကြံပေးချင်ခဲ့ပါတယ်။ သူတို့အနေနဲ့ လင်းဟန်ကို မှတ်လောက်သားလောက်အောင် ဆုံးမဖို့ပဲ လိုချင်ခဲ့တာဖြစ်ပြီး သူ့အသက်ကို နှုတ်ယူဖို့ဆန္ဒ လုံးဝမရှိပါဘူး။

Edit with WPS Office

"သူ့ကို ခွင့်ပြုလိုက်ပါ"

ဟောင့်လျန်ရဲ့ သူ့လက်ကို ဖေ့ယမ်းပြလိုက်ပါတယ်။ တကယ်လို့ လင်းဟန်က အဆင့်တူထဲမှာ တိုက်ခိုက်တဲ့ အခါ ပြိုင်ဘက်မရှိဘူးဆိုရင် သူ့အနေနဲ့ ဘာကြောင့် ဒီလိုမျိုး သားမက်ကို မလိုချင်ရမှာလဲ။ ရှက်စရာလိုလို့လား။

ယုဇီဟဲက ချက်ချင်းဆိုသလို ပျော်ရွှင်မြူးထူး သွားခဲ့ပါတယ်။ ဘုရင်မင်းမြတ်က ဒီလိုပြောတယ် ဆိုမှတော့ သူ့ကို သားမက်တော်ဖို့ ဆန္ဒရှိတယ်ဆိုတာကို ဖော်ပြနေတာပဲ မဟုတ်လား။ သူက ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီးတော့ ပြောလိုက်တယ်။

"လူသား ငါမင်းကို အနိုင်ကျင့်တယ်လို့ မပြောနဲ့။ ငါ လက်တစ်ဖက်တည်းပဲ အသုံးပြုမှာပါ"

ဟောင့်လျန်ချင်ရှယ်နဲ့ ဟူးညီတို့ နှစ်ယောက်စလုံး

Edit with WPS Office

ပြီးလိုက်ကြပါတယ်။ တခြားလူတွေ မသိပေမဲ့ သူတို့က လင်းဟန်ရဲ့ ခွန်အားကို ကောင်းကောင်းကြီး သိနေတယ် မဟုတ်လား။ ဒီလိုမျိုး နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်ကို အသာထားဦး ကောင်းကင်အဆင့် လူတစ်ယောက်ကိုတောင် ချက်ချင်းပဲ ပျော့ဖတ်သွားအောင် ခုတ်ပစ်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ တကယ်လို့ စကြာဂဠုဒ်ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် လာရင်တောင် ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂက်ပါ အစီအရင် ရှိနေသေးတယ် မဟုတ်လား။

ဟော့လျန်မိသားစုက လင်းဟန်ကို အစွမ်းပြချင်နေတာလား။ ဒါပေမဲ့ လင်းဟန်က သူတို့အကွက်နဲ့ သူတို့ကို ပြန်တိုက်ဖို့ ဆန္ဒမရှိတာ ဖြစ်နိုင်ပါ့မလား။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ အရှေ့ကို ခြေနှစ်လှမ်းခန့် တိုးလာပြီး ပြောလိုက်တယ်။

"မင်းက တကယ်ပဲ လက်တစ်ဖက်တည်း အသုံးပြုမလို့လား"

Edit with WPS Office

"ဒါပေါ့။ ငါ ယုဇီဟဲက ထွက်ပြီးဆင်စွယ် ပြန်မပေါက်ဘူး ဆိုသလိုပဲ ငါ့စကားလုံးတွေကို ဘယ်တော့မှ ပြန်မရုပ်သိမ်းဘူး"

"ဒါဆိုရင် ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းကို ငါ့ရဲ့ ရှိသေလေးစားမှုကို ဖော်ပြတဲ့ အနေနဲ့ အစွမ်းကုန်ထုတ်ပြီး ကြိုးစားပါမယ်။ ဒါမှပဲ မင်းအတွက် အကြီးမားဆုံး ရှိသေလေးစားမှု ရှိမှာပေါ့ မဟုတ်ဘူးလား"

ယုဇီဟဲက မထီတထိ ပြုံးလိုက်ပါတယ်။ ဒီလူသားက တကယ့်ကို လူပြက်တစ်ယောက်ပဲ။ ငါက မင်းရဲ့မိန်းမကို ခိုးဖို့လုပ်နေတာတောင် မင်းက ရှိသေလေးစားမှုတွေ အကြောင်းကို ပြောနေသေးတယ်။ ဟားဟား ငါက သေချာပေါက် မင်းရဲ့မိန်းမကို ခိုးပြမယ်။ သူက သူ့ရင်ဘတ်ကို ပုတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ကိုသာ ထုတ်လိုက်ပါ"

"ကောင်းပြီလေ"

လင်းဟန်က မရဏဓားကို ဆွဲထုတ်ပြီးတော့ ဓားကိုညင်ညင်သာသာနဲ့ ဝှေ့ယမ်းလိုက်ပါတယ်။ အဲဒီနောက် သူ့ရင်ဘတ်အရှေ့မှာ ဒေါင်လိုက်ထောင်ပြီး ကိုင်ထားလိုက်တယ်။

"ဟင်"

စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အားလုံးပဲ သူတို့ရဲ့ မျက်လုံးတွေ မှေးပြီးတော့ ကြည့်လိုက်ပြီး ကြောက်ရွံ့တဲ့ ခံစားချက် တစ်ခုခုကို ခံစားလိုက်ရပါတယ်။ သူတို့က သူတို့ကိုယ်သူတို့ ဟန်ဆောင်ဖုံးကွယ်ထားတယ် ဆိုရင်တောင် လက်ရွေးစင်တွေ အများကြီးကို ဆက်တိုက်ဆိုသလို ထိတ်လန့်စေတဲ့ ဒီပစ္စည်းတစ်ခုက ဘယ်လောက်တောင် ကြောက်စရာ ကောင်းနေလိုက်မလဲ။

Edit with WPS Office

ချက်ချင်းဆိုသလို လူတော်တော်များများက သူတို့ရဲ့ ရင်ဘတ်တွေကို ကာထားပြီး သူတို့မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းသွားခဲ့ပါတယ်။ ကောင်းကင်အဆင့် စစ်သည်တော်တွေက သူတို့ရဲ့ ထိုင်ခုံပေါ်ကနေတောင် လျှောကျလုနီးပါး ဖြစ်သွားကြပါတယ်။

ယုဇီဟဲလည်း ခြေခုနစ်လှမ်းခန့် ဆုတ်လိုက်ရပါတယ်။ ကံကောင်းတာက ယုကျန်းရှန်က သူ့အနောက်ကနေ တံတောင်နဲ့ အသာအယာ ထိုးလိုက်တာကြောင့် သူ့ခြေလှမ်းတွေ ရပ်သွားခဲ့ပါတယ်။ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် သူက သေချာပေါက် မြေပြင်ပေါ်ကို လဲကျသွားပါလိမ့်မယ်။

"လူသား ဒီစားမှာ နာမည်ရှိလား"

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တစ်ယောက်က မေးလိုက်ပါတယ်။ သူက ဓားပေါ်မှာရှိတဲ့ သွေးကြောပုံစံ သင်္ကေတတွေကနေ မကောင်းတဲ့ နိမိတ်တစ်ခုကို ခံစားလိုက်ရပါတယ်။ တကယ်လို့ ဒီဂင်္ကပါ သင်္ကေတတွေ

Edit with WPS Office

အသက်ဝင်လာခဲ့မယ်ဆိုရင် သူ့ကိုတောင်မှ လွယ်လွယ်နဲ့ သတ်ပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ဒါက စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဟုတ်လား။

"မရဏဓား"

လင်းဟန်က ဓားသွားကို ပွတ်သပ်ပြီးတော့ ထူးဆန်းစွာပြုံးပြီး ပြောလိုက်ပါတယ်။

"ဒီဓားရဲ့ မူလပိုင်ရှင်က ကမ္ဘာကြီးရဲ့ အကြီးကျယ် အခမ်းနားဆုံး သတ်ဖြတ်ခြင်းဓားလို့ ခေါ်တွင်ခဲ့တယ်။ ဒါပေမဲ့ အရမ်းကို ဝင့်ကြွားလွန်းတယ်လို့ ကျုပ်က ခံစားရတယ်။ ပြီးတော့ ကောင်းကင်ဘုံနဲ့ သဟဇာတ ဖြစ်ပြီးတော့ သတ်ဖြတ်ခြင်း အန္တရာယ် ဖြစ်စေတာကြောင့် မရဏဓားလို့ ခေါ်တာက အကောင်းဆုံးပဲ"

"ကမ္ဘာကြီးရဲ့ အကြီးကျယ် အခမ်းနားဆုံး သတ်ဖြတ်ခြင်းဓား"

Edit with WPS Office

စကြာဂဠုဏ်ာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တော်တော်များများက တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက အရောင်တဖျတ်ဖျတ် လက်နေပြီး ဒီလူသားရဲ့ မရဏဓားနဲ့ အလဲအလှယ် ပြုလုပ်ဖို့အတွက် ရတနာပစ္စည်းတချို့ကို ထုတ်ဖို့အကြောင်းကိုတောင် စဉ်းစားနေကြပါတယ်။ ဒါက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ဆယ်လုံးလောက် တိုးလာဖို့ လုံလောက်ပါတယ်။

ယုကျန်းရှန်ရဲ့ အမူအရာကလည်း ခက်ထန်တင်းမာလာပြီး ပြောလိုက်တယ်။

"ဇီဟဲ မင်း မဆင်မခြင် မနေနဲ့။ ဒီဓားက ထူးခြားတယ်။ သာမန်မဟုတ်ဘူး"

ယုဇီဟဲက သိပ်တော့ မစိုးရိမ်ပါဘူး။ စိတ်ဝိညာဉ် ပစ္စည်းတွေက ဘယ်လောက်ပဲ အစွမ်းထက်ပါစေ ကိစ္စမရှိပါဘူး။ စိတ်ဝိညာဉ်

Edit with WPS Office

ပစ္စည်းတွေကို ဘယ်သူက အသုံးပြုလဲ ဆိုတဲ့အပေါ် မှာပဲ မူတည်ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်က အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုရဲ့ စွမ်းအားကို ထုတ်ဖော်နိုင်မှာတဲ့လား။ အများဆုံး နည်းနည်းလောက် ထက်မြက်ရုံပဲ ရှိမှာပါ။ ဒါကြောင့် သူ့အနေနဲ့ ကြောက်ရွံ့နေဖို့ လိုမှာလား။

ဒါပေမဲ့လည်း သူက ယုကျန်းရှန်နဲ့ မငြင်းခုံပဲ့ပါဘူး။ ဒါကြောင့် အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"တတိယဘိုးဘေး ဇီဟဲ နားလည်ပါပြီ"

သူက ခြေလှမ်းအနည်းငယ် အရှေ့ကို တိုးလာပြီးတော့ ပြောလိုက်တယ်။

"လူသား မင်းမှာရှိတာ ဒါအကုန်ပဲလား"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဆင်းရဲတယ် မဟုတ်လား။ ဒါပေမဲ့ ဒါက ငါ့မှာရှိတာ အကုန်ပဲ။ စိတ်ထဲမထားပါနဲ့"

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ မျက်နှာတွေအားလုံး ရှုံ့မဲ့သွားပါတယ်။ ဒီလိုမျိုး ထူးခြားတဲ့ နတ်ဘုရား ဓားတစ်လက်ရှိတာကို မင်းက ထူးထူးဆန်းဆန်းနဲ့ ဆင်းရဲတယ်လို့ ပြောနေသေးတယ်။ ဒါဆိုရင် ငါတို့ကရော သူတောင်းစားတွေလား။ အဆင့်တစ်ဆယ် ရှားပါး သတ္တုတွေက အရမ်းကို ရှားပါးပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တိုင်းက သက်ဆိုင်ရာ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ပိုင်ဆိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တွေ တော်တော်များများက သူတို့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခုကို ဆွဲနုတ်ယူပြီး စိတ်ဝိညာဉ် ပစ္စည်းတစ်ခုအဖြစ် ပြုလုပ်ရပါလိမ့်မယ်။ ပထမအချက်က အသုံးပြုတဲ့နေရာမှာ ပိုပြီးတော့ အဆင်ပြေပါတယ်။ သူတို့မှာ ရွေးချယ်စရာ မရှိတာကြောင့် ဒီလိုမျိုး

Edit with WPS Office

ဖိအားပေး လုပ်ရတာ ဖြစ်ပါတယ်။ လူတချို့က သူတို့ရဲ့ ကိုယ်ပိုင် အရိုးတွေကို အသုံးပြုပြီး စိတ်ဝိညာဉ် ပစ္စည်းတွေကို ပြုလုပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက အစွမ်းပိုထက်ပါတယ်။

ဥပမာ အလောင်းနစ်က အရင်ဘာဂတုန်းက အရမ်းကို အစွမ်းထက်တယ်ဆိုတာ သေချာပါတယ်။ သူ့မှာ အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေကို ရရှိနိုင်စွမ်း မရှိတာကြောင့် သူ့ကိုယ်ပိုင် ပေါင်ရိုးကို ဆွဲနုတ်ပြီး စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ပြုလုပ်ခဲ့ပါတယ်။ ဒါက ရှင်းပါတယ်။ ဘာဖြစ်လို့လဲဆို သူက အရမ်းကို အစွမ်းထက်တာကြောင့် တခြားစိတ်ဝိညာဉ် ပစ္စည်းတွေက အဆင်မပြေပါဘူး။

"မင်းတိုက်နိုင်ပြီ"

ယုဇီဟဲက ယုံကြည်မှုအပြည့် ရှိနေပါတယ်။ ပထမ သူက မရဏာဓားဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းတယ် ဆိုတာကို မသိပါဘူး။ ပြီးတော့ ဒုတိယက ဒီလူသားဟာ သူ့ရဲ့ တိုက်ကွက် တစ်ကွက်ကိုတောင် တောင့်ခံနိုင်မှာ

Edit with WPS Office

မပဟုတ်ဘူးဆိုပြီးတော့ စဉ်းစားထားတာ ကြာနေပါပြီ။

အခုဆို သူ့မှာ အဆင့်အားသာချက် ရှိပါတယ်။ ဒါကြောင့် ဒီလူသားကို ရှင်းထုတ်ပစ်နိုင်မှာပါ။ တကယ်လို့ သူက နတ်ဘုရား လက်နက်တစ်ခုကို ကိုင်ထားတော့ရော ဘာဖြစ်မှာမို့လဲ။

လင်းဟန်က ဓားရှည်ကို အပြားလိုက် ကိုင်ပြီးတော့ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီ သိုင်းကွက်ကို စတင်ထုတ်ဖော် လိုက်ပါတယ်။

ဓားအသိဆန္ဒတွေ ထွက်လာတာနဲ့ ယုဇီဟဲက စိတ်လှုပ်ရှားလာခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး ရေခဲတမျှ အေးစက်လာသလို ခံစားလိုက်ရပြီး အသက်တောင် ရှုလို့ မရနိုင်အောင် ဖြစ်လာခဲ့ပါတယ်။ သူ့စိတ်တွေက လုံးဝကို ဟာလာဟင်းလင်း ဖြစ်နေပြီး သူ့လက်တွေကို တင်းတင်းကျပ်ကျပ် ဆုပ်ထားပြီးတော့ ချွေးတဒီးဒီး ကျနေပါတယ်။

Edit with WPS Office

စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အားလုံး အံ့အားသင့် ကုန်ကြပါတယ်။ ဓားကို ဖော့ယမ်းခြင်း မရှိပေမဲ့ သူတို့အနေနဲ့ ဒီဓားကွက်ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အနည်းဆုံး ကောင်းကင်အဆင့် ကြယ်ကိုးလုံးမှာ ရှိတယ်ဆိုတာကို ခန့်မှန်းသုံးသပ် နိုင်ပါတယ်။

ယုဇီဟဲက ပါရမီရှင် တစ်ယောက်ပါ။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ အများဆုံး ကြယ်တစ်လုံးပဲ ရှိပါမယ်။ ဒီကွာဟချက်က ကောင်းကင်နဲ့ မြေကြီးအကြားက ကွာဟချက်နဲ့ တူပါတယ်။

"ရပ်လိုက်"

ယုကျန်းရှန်က အလျင်အမြန်ပဲ ယုဇီဟဲကို ကာကွယ်ဖို့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ တကယ်လို့ လင်းဟန်သာ ဓားကွက်ကို ထုတ်ဖော်လိုက်ရင် ဒီထူးချွန်ထက်မြက်တဲ့ မျိုးဆက်က သေချာပေါက် သေသွားရပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က အထိတ်တလန့် ဖြစ်သွားပုံ ဟန်ဆောင်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက လက်တစ်ဖက်တည်းသုံးပြီးတော့ တိုက်ခိုက်မယ်လို့ မပြောခဲ့ဘူးလား။ အခု ဘာဖြစ်လို့ ကျုပ်ကို နှစ်ယောက် တစ်ယောက် တိုက်ခိုက်နေတာလဲ"

ယုကျန်းရှန်ရဲ့ အမူအရာက မည်းမှောင်သွားခဲ့ပါတယ်။ မင်းက ရည်ရွယ်ချက် ရှိရှိနဲ့ လျှောက်ပြော နေတာပဲ။ လဗွတ်ပဲ။ သေချာပေါက်ကို ရည်ရွယ်ချက် ရှိရှိနဲ့ပဲ။ သူ့ဓားကွက်ရဲ့ စွမ်းအားက ဘယ်လောက်တောင် ကြောက်စရာကောင်းတယ် ဆိုတာကို ရှင်းရှင်းလင်းလင်း သိနေရဲ့သားနဲ့ ငါ့ရဲ့အရှူး မျိုးဆက်နဲ့ ဘာမှမသိသလို ကစားပြီး ငါးစာကို ကိုက်အောင်လို့ လုပ်ခဲ့တာပဲ။

သူက နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဇီဟဲက မင်းပြိုင်ဘက်မဟုတ်ဘူး။ ဒီတိုက်ပွဲမှာ ငါတို့ရှုံးတယ်"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျနော်တို့ ပြိုင်တောင်မပြိုင်ရသေးဘူး။ တိုက်ပွဲရလဒ်က ဘယ်လို ထွက်ပေါ်လာမယ် ဆိုတာကို ဘယ်သူသိမှာလဲ"

လင်းဟန်က ခေါင်းခါလိုက်တယ်။

"စီနီယာ မနိမ့်ချပါနဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်တို့ကို တိုက်ခိုက်ခွင့်ပြုပြီး ဘယ်သူက သန်မာလဲ ဆိုတာကို ကြည့်ရတာပေါ့"

ယုကျန်းရှန်က လင်းဟန်ကို ရိုက်ပစ်လုနီးပါး ဖြစ်သွားပါတယ်။ ရလဒ်ထွက်ပေါ်တဲ့အထိ တိုက်မယ် ဟုတ်လား။ တကယ်လို့ လင်းဟန်က သူ့ရဲ့ဓားနဲ့သာ တိုက်ခိုက်လိုက်ရင် ယုဇီဟဲက လူသေ တစ်ယောက် ဖြစ်သွားပါလိမ့်မယ်။ သူက နာခေါင်းရှုံ့ပြီး ပြောလိုက်တယ်။

Edit with WPS Office

"လူသား သိပ်ပြီးတော့ မလွန်နဲ့"

"သိပ်မလွန်နဲ့ ဟုတ်လား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကျုပ်ဒီနေရာကို စစ်သားတစ်ယောက်တောင် မခေါ်ပဲ လာခဲ့တယ်။ စိတ်ရင်းကိုယ်ပါ အပြည့်နဲ့ပဲ။ ဒါပေမဲ့ ဒီနေရာမှာ ရှိနေတဲ့ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အားလုံးက ကျုပ်ကို ပစ်မှတ်ထားပြီး ထိပ်တိုက်တိုက်ပွဲတစ်ခု လုပ်စေချင်ကြတယ်။ ဘယ်သူက အရမ်းကို လွန်တာလဲ"

စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက မျက်စိမျက်နှာ ပျက်ကုန်ကြပါတယ်။ သူက တကယ့်ပဲ ခြေမထိပ် တူနဲ့ ရိုက်ချက်လိုက် သလိုပါပဲ။

Chapter 784 end

Edit with WPS Office

အပိုင်း(၇၈၅) နောက်တစ်ကြိမ် လှည့်ဖျားခြင်း

ယုကျန်းရှန်က လင်းဟာန်ကို သေတဲ့အထိ
ရိုက်နှက်ပစ်ချင်စိတ်တွေကို ချိုးနှိမ်ပြီးတော့ မျက်နှာထား
တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"ဒီတော့ မင်းက ဘာလုပ်ချင်တာလဲ"

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ခင်ဗျားက ဒဏ်ရာရသွားတဲ့ ကျုပ် နှလုံးသားကို
သက်သာဖို့ ကျောက်ကြေးတချို့ ပေးမယ်ဆိုရင် ကျုပ် ငြင်းပယ်နိုင်မှာ
မဟုတ်ဘူး"

အားလုံး လျှာစေးမိသွားခဲ့ပါတယ်။ သူတို့က အရှက်မရှိတဲ့
လူတွေကို မြင်တွေ့ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ကျောက်ကြေးပေးဖို့အတွက်

Edit with WPS Office

မျက်နှာပြောင်ပြောင်နဲ့ တောင်းဆိုတာက ဒီတစ်ယောက်က နံပါတ်တစ် ဖြစ်ပါလိမ့်မယ်။

တကယ်လို့ ဒါက လင်းဟန်သာ မဟုတ်ဘူးဆိုရင် ယုကျန်းရှန်က သူ့ကို လျစ်လျူရှုပြီးတော့ သေတဲ့အထိ ရိုက်သတ်ပစ် ပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က ဟော့လျန်တော်ဂင် မိသားစုရဲ့ သားမက်ဖြစ်နေပြီး ဟော့လျန်မိသားစုရဲ့ သစ္စာခံ ကလန်အနေနဲ့ တကယ်လို့ သူက တော်ဂင် မိသားစုရဲ့ သားမက်ကို သတ်လိုက်မယ်ဆိုရင် ရွှမ်ယုကလန်က သေချာပေါက် ချေမှုန်းခံ ရပါလိမ့်မယ်။

တော်ဂင်မိသားစုနဲ့ ပတ်သက်ပြီး တခြားသူတွေကို ဂင်ရောက်စွက်ဖက်ခွင့် ပြုနိုင်မှာလဲ။ တကယ်လို့ လင်းဟန်ကို သတ်ရမယ်ဆိုရင်တောင် ဟော့လျန်မိသားစုကပဲ လုပ်ပါလိမ့်မယ်။ တခြားလူတွေက လုပ်စရာ မလိုပါဘူး။

ယုကျန်းရှန်က ပင့်သက်အနည်းငယ် ရှိုက်လိုက်ပြီးတဲ့ နောက်မှာ သူ့လက်ကို မချိတင်ကဲ ဝှေ့ယမ်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို

Edit with WPS Office

ကြမ်းပြင်ပေါ်မှာ ရတနာတွေ ပြည့်နှက်သွားခဲ့ပါတယ်။ သွေးနီရောင် သန္တာကျောက်တွေနဲ့ လက်သီးအရွယ်အစား ပုလဲလုံးတွေက တဖိတ်ဖိတ် တောက်ပနေပြီး စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့် တော်တော်များများရဲ့ မျက်လုံးတွေ အရောင်တောက်လာပြီး သူတို့ရဲ့ လက်တွေကို ဆန့်ထုတ်ပြီး လိုချင်တပ်မက်နေကြပါတယ်။

"အခု အဆင်ပြေပြီလား"

ယုကျန်းရှန်က နှာခေါင်းရှုံ့ လိုက်ပါတယ်။

လင်းဟန်က ရတနာတွေကို သိမ်းဆည်းလိုက်ပြီး တီးတိုးရွတ်ဆို လိုက်ပါတယ်။

"သွေးနီရောင် သန္တာကျောက်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အားကောင်းစေတဲ့ အာနိသင် ရှိတယ်။ နစ်ထောင်ချီ ပုလဲကတော့ ဒီလိုမျိုး အာနိသင် ရှိတယ်ဆိုပေမဲ့ နည်းနည်းတော့ ဆိုးတယ်။ ချက်ပြုတ်စားရင်တော့ မဆိုးလောက်ပါဘူး။ နောက်ပြီး

Edit with WPS Office

လိပ်နက်အခွံကို ကာကွယ်ရေး ချပ်ဝတ် အနေနဲ့ အသုံးပြုနိုင်တယ်။ မဆိုးဘူး မဆိုးဘူး”

လင်းဟာန်ရဲ့ တီးတိုးရွတ်ဆိုမှုကို ဒီနေရာမှာ ရှိနေတဲ့ အစွမ်းထက်ပုဂ္ဂိုလ်တွေက ရှင်းရှင်းလင်းလင်း ကြားရပြီး သူ့ကို ရိုက်ပုတ်ပစ်ချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါက မဆိုးရုံတင် မဟုတ်ဘူး။ သူတို့ကိုတောင် လှုပ်လှုပ်ရှားရှား ဖြစ်စေပါတယ်။ ဒါကိုတောင် မင်းက အာနိသင် နည်းနည်းလေး ဆိုးတယ်လို့တောင် စောဒက တက်နေသေးတယ်။

လင်းဟာန်က ရတနာတွေကို သိမ်းဆည်းပြီးတော့ ယုကျန်းရှန်ကို ပြောလိုက်ပါတယ်။

“ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း စီနီယာက ရတနာတွေ အများကြီး ဆုံးရှုံးသွားတာဆိုတော့ အရမ်းကြီး မခံစားပဲတော့ မနေနိုင်ပါဘူး။ ဒီလိုလုပ်ပါလား။ ကျနော်တို့ လောင်ကြေးလေးတစ်ခု ထပ်ရအောင်”

Edit with WPS Office

"မင်းက ဘယ်လိုလောင်းကြေး ထပ်ချင်လို့လဲ"

ယုကျန်းရှန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒီလူသားကောင်စုတ်လေးက တကယ်ပဲ အတင့်ရဲလွန်းတာလား ဒါမှမဟုတ် ငတုံးငအ တစ်ယောက် အဆင့်ပဲလား ဆိုတာကို သူတကယ် မသိပါဘူး။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"အရင်က စီနီယာ ကျနော့်ကို အကြံပေးချင်တယ်လို့ မပြောခဲ့ဘူးလား။ အခု ကျနော်တို့ အလောင်းအစား တစ်ခုလုပ်တာပေါ့။ တကယ်လို့ စီနီယာက ကျနော်ကို ရိုက်နှက်နိုင်ရင် စောစောက စီနီယာဆီက ယူထားတဲ့ ဒီရတနာ ပစ္စည်းတွေကို ကျနော် ပြန်ပေးမယ်"

အားလုံးက ကြားလိုက်ရတဲ့ အခါမှာ လင်းဟာန်က

Edit with WPS Office

အရူးတစ်ယောက်လို ခံစားလိုက်ရပါတယ်။ သူ့ကိုယ်သူ စိတ်ပျက်လက်ပျက် ဖြစ်နေတာလား။

"ဟားဟား ဒီလူသား ကောင်စုတ်လေးက သူ့ကိုယ်သူ ဘယ်လို ပြုမူနေထိုင်ရမလဲ ဆိုတာကို ကောင်းကောင်းသိတာပဲ"

တစ်စုံတစ်ယောက်က ပြောလိုက်တယ်။

"ဘယ်လိုကြီးလဲ"

တခြားသူတွေက ဦးနှောက်ခြောက်သွားပါတယ်။ လင်းဟန်က ဘယ်သူ့ကိုမှ ရှိသေလေးစားမှု မရှိတာ ပေါ်လွင်ပါတယ်။

အစောပိုင်းတုန်းက လူက ပြောလိုက်ပါတယ်။

"ဒီလူသားက အဘိုးကြီးယုအတွက် ပြိုင်ဘက်မဟုတ်ဘူးဆိုတာ

Edit with WPS Office

သေချာတယ်။ ဒါပေမဲ့ ဒီအလောင်းအစားကို လုပ်ပြီးတော့ သူစောစောက တောင်းဆိုခဲ့တဲ့ ရတနာတွေကို ပြန်ပေးနိုင်တာပေါ့။ အဘိုးကြီးယုက မပျော်ပဲ နေမှာလား"

"စဉ်းစားကြည့်လေ သူလည်း ဒီလူသားကို ကျေးဇူးတင်သွားမှာပေါ့"

"အား ဟုတ်သားပဲ ငါဘာဖြစ်လို့ ဒါကို မစဉ်းစားမိတာလဲ"

"ဟင့် လူသားတွေက ဉာဏ်တော်တော်များတာပဲ။ ယုံလို့မရနိုင်ဘူး"

"ဒါပေမဲ့လည်း ဒီလူသားက သူ့ကိုယ်သူ ဘယ်လိုမျိုး နေထိုင်ပြုမူရမယ် ဆိုတာကို ကောင်းကောင်းသိတယ်။ မောက်မာပင့်ကြွားတာကနေ နှိမ့်ချမှုကို ပြောင်းလဲပစ်တယ်။ အရင်ဆုံး မင်းကို ထိုးကျင့်တယ်။ အဲဒီနောက် ဖားတော့တာပဲ။ ဒီလိုမျိုး ကပ်ပါးရပ်ပါးက အရမ်းကို ကောင်းမွန်တဲ့ ခံစားချက် ဖြစ်လာလိမ့်မယ်"

Edit with WPS Office

"အရမ်းကိုဆိုးတာပဲ။ သူက တခြားဘာပစ္စည်းမှ ထုတ်မပေးပဲ ဗိုလ်ချုပ်ယုရဲ့ ရတနာတွေကိုပဲ ပြန်ပေးမှာပေါ့"

"ဒါကပဲ လူသားတွေက ဘာကြောင့် အရမ်းကို ကျီစယ်တတ်လဲဆိုတာပဲ"

လင်းဟာန်ရဲ့ အကြားအာရုံက မဆိုးပါဘူး။ သူက အားလုံးကို ရှင်းရှင်းလင်းလင်း ကြားရပါတယ်။ သူ့ရဲ့ အမူအရာက ထူးဆန်းနေပါတယ်။ သူ့အတွက်တော့ ယုကျန်းရှန်ကို ကပ်ပါးရပ်ပါးလုပ်ဖို့ မလိုပါဘူး။ ဒါပေမဲ့ သူ့ကိုနောက်ထပ် လှည့်စားရပါမယ်။ ဒီလူတွေရဲ့ ခေါင်းတွေက မကောင်းတော့ဘူးလား။

သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိပါတယ်။ နတ်အသွင် ပြောင်းလဲခြင်း အဆင့် စစ်သည်တော် တစ်ယောက်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လူတစ်ယောက်နဲ့ ယှဥ်ပြိုင်နိုင်မယ်လို့ ဘယ်သူက ယုံကြည်လိမ့်မှာလဲ။

Edit with WPS Office

ယုကျန်းရှန်တောင်မှ လင်းဟန်က ပြေလည်ချင်နေတယ်လို့ တွေးနေပြီး ပြုံးလိုက်မိပါတယ်။ သူက ပြောလိုက်တယ်။

"ကောင်းပြီ ဒီဗိုလ်ချုပ်က အလောင်းအစားကို လက်ခံတယ်"

တကယ်တော့ လင်းဟန်က ဟော့လျန်တော်ဝင် မိသားစုရဲ့ သားမက်ဖြစ်ပါတယ်။ လင်းဟန်က သူ့ကို ထွက်လို့ရမဲ့ လမ်းကြောင်းတစ်ခု ပေးမှတော့ သူက အလွန်အကျွံ လုပ်လို့ မရနိုင်ပါဘူး။

"လူသား မင်းအရင်စပါ။ ဒီအရှင်သခင်က မင်းကို ဆယ်ကွက် အကျောပေးမယ်။ ပြီးမှ တစ်ကွက်ပဲ တိုက်မယ်"

သူက ပြောလိုက်ပါတယ်။ လင်းဟန်ကို ဆယ်ကွက် အကျောပေးတာက သူ့ကို မျက်နှာသာပေး လိုက်တာပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်က

Edit with WPS Office

စစ်သည်တော် တစ်ယောက်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ပြိုင်ဘက် တစ်ယောက်ရဲ့ လက်အောက်မှာ ဆယ်ကွက်တောင် ခံနိုင်ပါ့မလား။

မဖြစ်နိုင်တာ။

လင်းဟန်က ပြောလိုက်တယ်။

"တကယ်လို့ ဗိုလ်ချုပ်ယု ရှုံးသွားရင်ရော"

သူက ယုကျန်းရှန်ကို စီနီယာလို့ ခေါ်ဖို့ အရမ်းကို ပျင်းရိသွားပြီး သူ့ရဲ့ ရာထူးအဆင့်အတန်းကို ခေါ်လိုက်ပါတယ်။ ဒါက မယဉ်ကျေးတာ မဖြစ်ဘူး မဟုတ်လား။

ယုကျန်းရှန်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ မင်းက ထူးထူးဆန်းဆန်းနဲ့ အနိုင်လိုချင် သေးတာလား။ မင်းဦးနှောက်က

Edit with WPS Office

ကောင်းမှုကောင်းရဲ့လား။ ဒါပေမဲ့ ဒါကိုစဉ်းစားကြည့်ရင် လင်းဟန်က သူ့ကို မျက်နှာသာတချို့ ပေးတာဖြစ်နိုင်ပါတယ်။ သူက ပြောလိုက်တယ်။

"တကယ်လို့ မင်းနိုင်ရင် ဒီဗိုလ်ချုပ်က စောစောက ပစ္စည်းတွေနဲ့ တန်ဖိုးတူတူ နောက်ထပ် ထပ်ပေးမယ်"

လင်းဟန်က သူ့လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ကျေးဇူးတင်ပါတယ် ဗိုလ်ချုပ်ယု"

မဆိုးပါဘူး။ သူက နောက်ထပ် လက်ဆောင်ပစ္စည်းတွေ ရဦးမှာပဲ။

ယုကျန်းရှန်က စိတ်ထဲတောင် မထည့်ပဲ လင်းဟန်က ထွက်လမ်းတစ်ခုကို ရှာဖွေနေတယ်လို့ပဲ စဉ်းစားနေပါတယ်။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကဲ စတော့"

"ကျေးဇူးပြုပြီးတော့ လမ်းညွှန်ပေးပါဦး ဗိုလ်ချုပ်ယု"

လင်းဟန်က သူ့လက်ကို သာမန်ကာလျှံကာ ဝှေ့ယမ်းပြီးတော့ ဓားတို ၁၀၈ ချောင်းကို ခင်းကျင်း လိုက်ပါတယ်။ ဝှမ်း။ ကောင်းကင်နဲ့ မြေကြီးက စိတ်ဝိညာဉ် ချီတွေက တရစပ် တိုးဝင်လာပြီး အပူချိန်က ချက်ချင်းဆိုသလို လျော့ကျလာခဲ့ပါတယ်။

"ဘာ ဘာလဲဟ။ ဒါက ဂက်ပါ အစီအရင်လား။ ကြည့်ရတာ အရမ်းအစွမ်းထက်ပုံပဲ"

"ဒီလူသားက တကယ်ပဲ ဂက်ပါ အရှင်သခင် တစ်ယောက်လား"

"သူက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တစ်ယောက် မဟုတ်ဘူးလား။ မှော်ဆေးပညာရှင်နဲ့ ဂက်ပါ ဆရာသခင်၊ ပြီးတော့

Edit with WPS Office

သိုင်းပညာမှာလည်း အံ့မခန်း ပါရမီရှိတယ်။ သူက လူထူးလူးဆန်း တစ်ယောက်လား”

အားလုံးက ဆွေးနွေးနေကြပေမဲ့ အပူချိန်က နည်းသထက် နည်းကျလာပြီး စိတ်ဝိညာဉ် ချီတွေက အဖြူရောင် ထောက်တိုင်ကြီး တစ်ခုအဖြစ်ကို သိပ်သည်းကျစ်လျစ်သွားပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေရဲ့ အမူအရာတောင်မှ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။

အရမ်းကို အစွမ်းထက်တယ်။

ယုကျန်းရှန်ရဲ့ နဖူးကနေ အေးစက်တဲ့ ချွေးတွေက စီးကျလာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက တကယ်ပဲ ကျိန်ဆဲပစ်ချင်ခဲ့ပါတယ်။

လပ္ပြတ်ပဲ။ လပ္ပြတ်ပဲ။ ဒီလူသားရဲ့ နောက်တစ်ကြိမ် လှည့်စားတာကို ခံလိုက်ရပြန်ပြီ။

Edit with WPS Office

ဒီဂက်ပါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

သူ့ကိုပိုပြီးတော့ ဒေါသထွက်သွားစေတာက ဒီလူသားဟာ ဂက်ပါကို ချက်ချင်းပဲ ခင်းကျင်းလိုက်တာ ဖြစ်ပါတယ်။ သူက ဂက်ပါကို ဖြည်းညှင်းစွာနဲ့ ခင်းကျင်းရပါမယ်။ ဒါက သူ့ကို ကြီးစယ်တာ ဖုံးကွယ်လို့ ရပါတယ်။ ဒါပေမဲ့ ပြဿနာက အစောပိုင်းတုန်းက လင်းဟာန်ကို ဆယ်ကွက် အကျောပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒါကြောင့် သူက ဂက်ပါ မဖြစ်ပေါ်လာခင် ဖြေရှင်းဖို့ အရင်ဆုံး တိုက်ခိုက်လို့ ရနိုင်မှာတဲ့လား။

ယုကျန်းရှန်က သူ့ရင်ဘတ်က အရမ်းကို နာကျင်သလို ခံစားလိုက်ရပါတယ်။ ဒေါသကြောင့် ဖြစ်ပါတယ်။ လူတွေ ပြောကြတာတော့ လူတစ်ယောက်ဟာ လှည့်ကွက်တစ်ခုတည်း နှစ်ခါကျရင် ငတုံးအေးပဲတဲ့။ ဒါပေမဲ့ သူ့ဂျူနီယာက စောစောကမှ လှည့်စားခံလိုက်ရပြီး မျက်စိတစ်မှိတ် အတွင်းမှာ သူက တူညီတဲ့ အကွက်ထဲ ကျရောက်သွားခဲ့တာက သူ့ကို လုံးဝ စိတ်ပျက်လက်ပျက် ဖြစ်သွားစေခဲ့ပါတယ်။

Edit with WPS Office

ဒီလူသားက အရမ်းကို ဆိုးယုတ်ပြီး လိမ်ညာလှည့်ဖျားလွန်းပါတယ်။

ယုကျန်းရှန်က အချိန်တော်တော်ကြာအောင် ရင်တမမ ဖြစ်နေပြီး ဗိုလ်ချုပ်တစ်ယောက်ရဲ့ သွေးတွေက ပေါက်ကွဲလာတဲ့ အချိန်မှာ လင်းဟန်ရဲ့ ရေခဲနဂါး ဂင်္ဂါက ပြီးပြည့်စုံ သွားခဲ့ပါတယ်။ အမှန်တကယ်တော့ သူက ယုကျန်းရှန်ကို လုံးဝစနောက်ကျီစယ်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက နောက်ထပ် အကြောင်းပြချက်အတွက် ထိန်းထားပြီး တခြားသူတွေကို ဂင်္ဂါ အစီအရင်ကို အချိန်ဘယ်လောက်ယူပြီးတော့ သူခင်းနိုင်တယ် ဆိုတာကို ဖုံးကွယ်ချင်တာကြောင့် ဖြစ်ပါတယ်။ အနာဂတ်မှာ ဒါကလည်း အသုံးဝင်ကောင်း ဝင်နိုင်ပါတယ်။

ရေခဲနဂါး ထွက်ပေါ်လာခဲ့ပါပြီ။ မိုးကောင်ကင်က ချက်ချင်းပဲ ရေခဲအမှုန်အမွှားတွေ ကျဆင်းလာပြီး ဆောင်းရာသီကို ရုတ်တရက် ပြောင်းလဲသွားသလိုမျိုး အတော်လေးကို အေးစက်လာခဲ့ပါတယ်။

Edit with WPS Office

"သွား"

လင်းဟန်က သူစိတ်ဆန္ဒရှိတဲ့ နေရာကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ရေခဲနဂါးက ချက်ချင်းပဲ မြင့်တက်လာပြီး ယုကျန်းရှန်ဆီကို ခုန်ဝင်သွားပါတယ်။

ဒါက အထင်နဲ့အမြင် တခြားစီပါပဲ။ ပင်လယ်မျိုးနွယ်စုက အစစ်အမှန် နဂါးကို ယုံကြည်ကိုးကွယ်ပြီး သူတို့ရဲ့ ဘိုးဘေးအဖြစ် သတ်မှတ်ပါတယ်။ ဒါပေမဲ့ လူသားတစ်ယောက်က အစစ်အမှန် နဂါးတစ်ကောင်ကို ဆင့်ခေါ်ခဲ့ပါတယ်။ ရေခဲနဂါးက ဂင်္ဂါကြောင့် ဖြစ်ပေါ်လာတယ် ဆိုပေမဲ့ ဟော့လျန်မိသားစုရဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အားလုံးရဲ့ မျက်နှာကို နီရဲသွားစေပါတယ်။

ရေခဲနဂါးက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံးကို ပိုင်ဆိုင်ထား ပါတယ်။ ဒါပေမဲ့ ယုကျန်းရှန်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာသုံးမှာပဲ ရှိပါသေးတယ်။ ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကလည်း ကြယ်သုံးလုံးပဲ ရှိပါတယ်။

Edit with WPS Office

ဒါကြောင့် သူက ဘယ်လိုလုပ် ရေခဲနဂါးကို ခုခံကာကွယ်နိုင်မှာလဲ။

စကြာဂဠုဇာ ဖျက်ဆီးခြင်း အဆင့်မှာ တိုက်ပွဲအထဲ ကြယ်တစ်လုံး ကွာခြားမှုက ကမ္ဘာကြီး တစ်ခု ကွာဟချက်နဲ့ တူပါတယ်။ ပြီးတော့ ကြယ်လေးလုံး ကွာဟချက်က လုံးဝကို နင်းချေဖျက်ဆီးပစ် ပါလိမ့်မယ်။

ယုကျန်းရှန်က တိုက်ကွက်ခုနစ်ကွက်ပဲ ခုခံခဲ့ပြီး နောက်ဆုံးမှာ ရွေးချယ်စရာမရှိတော့ပဲ အရှုံးပေး လိုက်ရပါတယ်။ တကယ်လို့ သူကဆက်ပြီး တိုက်နေဦးမယ်ဆိုရင် သူ့အနေနဲ့ တကယ်ပဲ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ နာမည်ဂုဏ်သိက္ခာကိုလည်း ထိခိုက်နိုင်ပါလိမ့်မယ်။

သူက ရတနာပစ္စည်း အရေအတွက် ကြီးကြီးမားမားကို ဖြန့်ချလိုက်ပြီး ယုဇီဟဲကို ဖမ်းဆုပ်ပြီး ပေါာခန်းထဲကနေ ထွက်သွားလိုက်ပါတယ်။ ဒီနေရာမှာ ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးတော့ နေရမှာလဲ။

Edit with WPS Office

Chapter 785 end

အပိုင်း(၇၈၆) အများသဘောဆန္ဒ တစ်ခု

ဒီလိုရလဒ်ကို ဘယ်သူကမျှ မျှော်လင့်ထားမိ ကြမှာလဲ။

နတ်အသွင် ပြောင်းလဲခြင်းအဆင့်က လူတစ်ယောက်ဟာ တကယ်ပဲ စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်က ပြိုင်ဘက်တစ်ယောက်ကို အရေးနိမ့်စေခဲ့ပါတယ်။ ဒါက လင်းဟန်ရဲ့ အစစ်အမှန် ခွန်အား မဟုတ်ပေမဲ့ ဒီလိုမျိုး ဂင်္ဂပါ တစ်ခုကို ထုတ်ဖော်နိုင်စွမ်းရှိတာက လင်းဟန်ရဲ့ စွမ်းရည်ပဲ ဖြစ်ပါတယ်။ ဒါက မင်းဆီမှာ မရှိတဲ့ တစ်စုံတစ်ခုပဲ မဟုတ်လား။

ဟော့လျန်ရုံတောင် ထူးဆန်းတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ သူက လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ချင်စု ကျန်းရှန်ကို သွားနှစ်သိမ့်ပေးလိုက်ပါ။ ဒါက လက်ရည်စမ်းပွဲ

Edit with WPS Office

တစ်ခုပဲ။ ပြီးတော့ ဒီလိုမျိုး ဂဏ်ပါ တစ်ခုကို ရှုံးနိမ့်တာ ဘယ်သူကမှ ဘာမှပြောလိမ့်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ"

သက်လတ်ပိုင်းအရွယ် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ခေါင်းညိတ် လိုက်ပါပြီး လှသားခန် ခုန်ကာ ပျောက်ကွယ်သွားခဲ့ပါတယ်။

ခန်းမထဲက လူတွေအားလုံးရဲ့ မျက်နှာက တင်းမာခက်ထန် သွားခဲ့ပါတယ်။ ဟော့လျန်ရုံက ဒီပြဿနာကို ကျေအေးလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါက လက်ရည်စမ်းပွဲ တစ်ခုဖြစ်ပြီး ဘယ်သူကမှ ဘာမှ ပြောလိမ့်မှာ မဟုတ်ဘူးတဲ့။ ဒါဆိုရင် တကယ်လို့ တစ်ယောက်ယောက်က သူတို့ရဲ့ လျှာတွေကို မထိန်းနိုင်ပဲ လျှောက်ဖွရဲရင် ဟော့လျန်တော်ဝင် မိသားစုရဲ့ ဆန္ဒကို မနာခံသလို ဖြစ်မယ်ဆိုတာ ထင်ရှားပါတယ်။ ဒါက အရမ်းကို အန္တရာယ်များတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

နောက်တစ်မျိုး ပြောရမယ်ဆိုရင် ယုကျန်းရှန်က လင်းဟာန်ဆီမှာ ရှုံးနိမ့်သွားတဲ့ ကိစ္စကို ပြောခွင့် မရှိပါဘူး။

ဟော့လျန်ရှံုက အားပါးတရ ပြုံးပြီးတော့ ရတနာတွေကို ရေတွက်နေတဲ့ လင်းဟာန်ဆီကို ကြည့်ကာ ပြောလိုက်ပါတယ်။

"မဆိုးဘူး မဆိုးဘူး။ ကောင်ကလေး မင်းက သတ္တိကောင်းပြီး ဉာဏ်အမြော်အမြင်ရှိတယ်။ ရဲရင့်ပြီး အကွက်မြင်တယ်။ ငါက မင်းကို အစွမ်းပြစေဖို့ စိတ်ကူးထားခဲ့တယ်။ ဒါပေမဲ့ မင်းကတော့ မမျှော်လင့်ပဲ ငါ့ကို တန်ပြန်တိုက်စစ်နဲ့ အပြတ်အသတ် အနိုင်ယူသွားတာပဲ"

လင်းဟာန်က ရတနာတွေ အားလုံးကို ထည့်သိမ်းလိုက်ပြီးတော့ သွားပေါ်အောင် ပြုံးဖြီးဖြီး ပြုံးလိုက်ကာ ပြောပါတယ်။

"ယောက္ခထီးကြီးက ဒီပစ္စည်းတွေကို ခန်းဂင်ပစ္စည်း

Edit with WPS Office

လက်ဆောင်အဖြစ်နဲ့ ယူမလို့ စဉ်းစားနေတာတော့ မဟုတ်လောက်ပါဘူးနော်။ ဒါကြောင့်ပဲ ကျနော့်ကို ယဉ်ယဉ်ကျေးကျေးနဲ့ ပြောနေတာလား”

အဟွတ် အဟွတ်။

လူငယ်တချို့က ဒီအချိန်မှာ မထိန်းနိုင်ပဲ တံတွေးတွေ သီးကုန်ပါတယ်။

ဒီလူသားက ဟော့လျန်ရှုံကိုလည်း သူ့လိုမျိုး ဓားပြတိုက် လုယက်တတ်တဲ့သူ တစ်ယောက်လို့ ထင်နေတာလား။ မြောက်ပိုင်းပင်လယ်က တော်ဝင်မိသားစု သုံးခုထဲက တစ်ခုဖြစ်တဲ့ ဟော့လျန် မိသားစုရဲ့ ချမ်းသာကြွယ်ဝမှုက အံ့အားသင့်စရာ ကောင်းပါတယ်။ ပစ္စည်းလေး နည်းနည်းလောက် ထုတ်လိုက်ရင်ပဲ ရွှမ်ယုမိသားစုထက် အဆပေါင်းများစွာ သာလွန်ပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ရှုံက ပြောလိုက်ပါတယ်။

Edit with WPS Office

"ဘာလို့မဖြစ်မှာလဲ။ လက်ထပ်ဖို့ သဘောတူညီတဲ့ လက်ဆောင်ပစ္စည်းတွေကို ဒီဘုရင်က သိမ်းထားသင့်တာပေါ့"

"ယောက္ခထီးကြီး ပြောရမှာတော့ မကောင်းပါဘူး။ တကယ်တော့ ခင်ဗျားက မြောက်ပိုင်းပင်လယ် တော်ဝင်မိသားစု သုံးခုထဲက တစ်ခုပဲ။ ခင်ဗျားဆီမှာ ရတနာ ပစ္စည်းတွေ ရှားလိမ့်မှာလား"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနှစ်တွေမှာ ငါလည်း ပိုပိုလျှံလျှံ မရှိလှဘူး။ နောက်ပြီး ဘယ်သူကများ ရတနာတွေကို မလိုချင်တဲ့လူ ရှိမှာလဲ"

ဟော့လျန်ရှုံက ဂန်ခံလိုက်ပါတယ်။

ဂျူနီယာလေး တချို့က စိတ်ရှုပ်ထွေးသွားပေမဲ့

Edit with WPS Office

လူကြီးမျိုးဆက်တွေကတော့ နစ်ဖက်စလုံးက စတင်ညှိနှိုင်း ဆွေးနွေးနေတယ် ဆိုတာကို နားလည်သဘော ပေါက်ကြပါတယ်။ လက်ဦးမှု ရယူပြီးတော့ အသာစီးများများရအောင် ကြိုးစားနေကြပါတယ်။

လင်းဟန်က ကျီစယ်သလို ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ ချင်ရွှယ်ကြောင့် ဒီသားမက်က ရိုးရိုးသားသားနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖို့ ဆန္ဒရှိတယ်"

ဟော့လျန်ရုံက လင်းဟန်ကို လေးလေးနက်နက်နဲ့ တစ်ချက်ကြည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်တွေကလွဲပြီး အားလုံးပဲ ပြန်ကြတော့"

အားလုံးက ပဟေဠိ ဖြစ်သွားကြပါတယ်။ ဒါကဘာလဲဟ။ သူတို့တွေက ဒီလူသားရဲ့ မောက်မောက်မာမာ ပြုမူပြောဆိုမှုကို

Edit with WPS Office

ခွင့်ပြုလိုက်ရတော့မှာလား။ သူ့ကို အမိန့်မချ တော့ဘူးလား။ ဒါပေမဲ့လည်း ဘုရင်မင်းမြင်က အမိန့်ပေးမှတော့ ဘယ်သူကများ မနာခံပဲ နေပုံမှာလဲ။ ချက်ချင်းဆိုသလို ဂျူနီယာ အားလုံးနဲ့ စီနီယာတွေ နောက်ဆုတ်ကုန်ပြီး စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ဆယ့်ခုနစ်ယောက်ပဲ ကျန်ရစ်ပါတော့တယ်။

အစွမ်းထက်ဆုံး လက်ရွေးစင်တွေ အားလုံး မရောက်ရှိခဲ့ပါဘူး။ ဒါကသာမန်ပါပဲ၊ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တွေက တံခါးပိတ် ကျင့်ကြံအားထုတ်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ တိုက်ပွဲကြယ် တစ်လုံးကလည်း ကမ္ဘာကြီးတစ်ခုလောက် ကွာခြားတာကြောင့် ဘယ်သူကများ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို မတိုးတက်ချင်ပဲ နေမှာလဲ။

လင်းဟန်၊ ပောာ့လျန်ချွင်ရှယ်နဲ့ ဟူးညိုတို့က ထွက်မသွားကြပါဘူး။ ဟူးညိုက သူမကိုယ်သူမ ဘယ်တုန်းကမှ အပြင်လူ တစ်ယောက်လို မသတ်မှတ်ပဲ ချက်ချင်းဆိုသလို ကုလားထိုင် တစ်လုံးကို ရှာပြီးတော့ ထိုင်ချလိုက်ပြီး ဖရဲသီးစေ့တွေကို သွားနဲ့ကိုက်စား နေလိုက်ပါတယ်။

Edit with WPS Office

"ကျေအေးမဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အစကနေ အဆုံး အသေးစိတ် ပြောပြပါ"

လင်းဟန်က ကျေအေးခြင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ အပြင်မှာ မပြောချင်ပါဘူး။ ကောင်းကင်မှာ နားတွေရှိပါတယ်။ နတ်ဘုရားဘုံက ဂိုဏ်းကြီးငါးဂိုဏ်းမှာ အသိအမှတ် ပြုရလောက်တဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားပြီး ဒီအဓိက စကားလုံးတွေ အပေါ်မှာ နားစိုက်ထောင်ထားတာမျိုး ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တကယ်လို့ သူတို့ ချိတက်ပြီး တိုက်ခိုက်မှု လုပ်လိုက်ရင် ပိုပြီးတော့တောင် ပြောင်းလဲသွားပါမယ်။

ဒါပေမဲ့လည်း သူက ဟော့လျန်ရုံကို ယုံကြည်မှု မရှိနိုင်ပါဘူး။ ပြီးတော့ အနက်ရောင်မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်လို့ မရနိုင်ပါဘူး။ ဒါကြောင့် သူက ဒီကိစ္စကို ချိန်ဆပြီး ဒီနေရာမှာပဲ ပြောပြလိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ဆန့်ကျင်တဲ့ လမ်းကို လျှောက်နေမှတော့ သူတို့လည်း နည်းနည်းတော့ ခန့်မှန်းမိနိုင်တာ ဖြစ်နိုင်ပါတယ်။

Edit with WPS Office

ဒီလှို့ဝှက်ချက်က အခု လှို့ဝှက်ချက် တစ်ခု မဟုတ်တော့ပါဘူး။

သူက ဇီရှုရှန်ရဲ့ သတင်းစကားကို ရရှိခဲ့တဲ့ အကြောင်းရင်း အသေးစိတ်ကို ပြောပြလိုက်ပြီး ခရမ်းရောင်လ ကောရာဇ်ရဲ့ စီရင်စု ကိစ္စနဲ့ သူတို့က နှစ်ပေါင်းနှစ်သောင်းကျော်က ရှေးဟောင်း ဘုရင်ရဲ့ စီရင်စု ဖြစ်တယ်ဆိုတာနဲ့ အဲဒီခေတ်မှာ မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ ကြိုးစားခဲ့တာတွေပါ ပြောပြလိုက်ပါတယ်။

သူပြောတာကို အဆုံးထိ နားထောင်ပြီးတော့ ပင်လယ်မျိုးနွယ်စုရဲ့ လက်ရွေးစင် အားလုံးမျက်နှာ အမူအရာက မတူညီကြပါဘူး။

လင်းဟာန်ရဲ့ ဖော်ပြချက်တွေက အစကနေ အဆုံးထိ အခြေခံကျတဲ့ အကြောင်းပြချက် တစ်ခုပဲ ဖြစ်ပြီးတော့ အသေးစိတ် အချက်တွေကို ဖုံးကွယ်ထားနိုင်ပါတယ်။ ဒါက အမှန်တရား ဆိုပေမဲ့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ နတ်ဘုရားဘုံက ကုန်းမြေတိုက်ကြီး တစ်ခုလုံးရဲ့ သက်ရှိတွေကို မော်ဆေးလုံးတစ်ခု အဖြစ်ကို သန့်စင်ချင်တာက လုံးဝကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

Edit with WPS Office

"အံ့သြစရာ မဟုတ်တော့ဘူး။ ဒီအရှင်သခင်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင်လောက်က အဆင့်တက်ပြီးတဲ့နောက်မှာ အမြဲတမ်းလိုလို လေဟာနယ်ကို စုတ်ဖြဲတာက အွန္တရာယ် အရမ်းများတယ်လို့ ခံစားနေရတယ်။ အစောပိုင်းတုန်းက အမြဲတမ်း တွေးနေတာက လုံလောက်တဲ့ အစွမ်း မရှိတာကြောင့် မိုးကောင်းကင်ကို စုတ်ဖြဲနိုင်စွမ်း မရှိသေးတာလို့ ထင်ခဲ့မိတယ်။ တကယ်လို့ အမှန်တရားက ဒီလိုဆိုမှတော့ အံ့သြစရာ မဟုတ်တော့ဘူး"

"ဒါဆိုရင် အရင်တုန်းက လေဟာနယ်ကို စုတ်ဖြဲခဲ့တဲ့ ကလန်သားတွေက သူတို့အားလုံး သေသွားကြတာလား"

"တကယ်လို့ အမှန်တရားက ဒီလိုသာဆိုရင် သူတို့က သေချာပေါက် မဟာဂဏ်ပါကြောင့် ချေမှုန်းခံလိုက်ရပြီပဲ"

အမှန်တကယ်တော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

လက်ရွေးစင်တိုင်းက လေဟာနယ်ကို စုတ်ဖြဲချင်တဲ့ အချိန်မှာ အန္တရာယ်ကို ခံစားရပါတယ်။ ဒါပေမဲ့ အရင်တုန်းက သူတို့က သူတို့ကိုယ်ပိုင် ခွန်အားက မလုံလောက်တာကြောင့်လို့ ထင်ခဲ့မိပါတယ်။ ပြီးတော့ နတ်ဘုရားဘုံကို တက်သွားတဲ့ လူတွေကလည်း သူတို့ကို ဘယ်တုန်းကမှ ဆက်သွယ်ခြင်း မရှိခဲ့ပါဘူး။

အရင်တုန်းက သူတို့ထင်မိတာက ဘုံနှစ်ခုက ဖြတ်သန်းသွားလာဖို့ အရမ်းကို ခက်ခဲတာကြောင့် သတင်းတွေ ပို့လို့မရတာ ဖြစ်မယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ အခုတော့ နောက်တစ်ကြိမ် ပြန်စဉ်းစားမိရင် တကယ်လို့ သူတို့က လမ်းတစ်ဝက်မှာ သေသွားခဲ့ကြရင် ဘာသတင်းမှ ပြန်ပို့နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဟော့လျန်ရုံရဲ့ အမူအရာက တင်းမာခက်ထန်သွားပြီး လင်းဟန်ကို မေးလိုက်ပါတယ်။

"မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့က တစ်ခုတည်းသော နည်းလမ်းပဲလား"

Edit with WPS Office

"တကယ်လို့ ယောက္ခထီးကြီးက ကောင်းကင်ဘုံကို ပိတ်ဆို့ထားတဲ့ ဂက်ပါကို တရကြမ်း ဖြတ်ကျော်ဖို့ ယုံကြည်ချက်ရှိရင် လေဟာနယ်ကို စုတ်ဖြတ်ဖို့ ကြိုးစားကြည့်နိုင်တယ်။ ဒါပေမဲ့ ကျနော်သိရသလောက်တော့ တောင်နဲ့မြစ် အဆင့်ရဲ့ ထူးကဲအဆင့်နိမ့်တောင်မှ ဒီမဟာဂက်ပါကို ယှဉ်ပြိုင်လို့ မရနိုင်ဘူး"

လင်းဟန်က ပြောလိုက်ပါတယ်။

"တောင်နဲ့မြစ် အဆင့် ဟုတ်လား။ နတ်ဘုရားဘုံရဲ့ အဆင့်တွေလား"

အားလုံးက သိချင်စိတ် ပြင်းပြလာခဲ့ကြပါတယ်။

လင်းဟန်က ရှီရွှမ်ရွှမ်ဆီကနေ ကြားသိခဲ့ရတဲ့ သတင်းအချက်အလက်တွေကို ထပ်ပေါင်းပြောဆိုဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါက နတ်ဘုရားသက်ရှိရဲ့ အဆင့် ခွဲခြားမှု

Edit with WPS Office

အကြောင်းပဲ ဖြစ်ပါတယ်။ ပြီးတော့ မြေအောက်ကမ္ဘာနဲ့ နတ်ဘုရားဘုံတို့ရဲ့ နှစ်ပေါင်းသန်းရာနဲ့ချီ စစ်ပွဲဖြစ်ခဲ့တာကို အသာထားပါဦး။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက လေဟာနယ်ကို ဖွင့်ပြီးတဲ့နောက်မှာ သူတို့က ချက်ချင်း နတ်ဘုရား မဖြစ်ပဲ နတ်ဘုရားဘုံကိုပဲ ဝင်ရောက်လို့ ရတာပဲ ရှိပါသေးတယ်။ ဘာဖြစ်လို့လဲဆို နတ်ဘုရားဘုံရဲ့ ပတ်ဝန်းကျင်က နတ်ဘုရားတစ်ပါး ဖြစ်လာဖို့ လိုအပ်ပါတယ်။

ဒါပေမဲ့လည်း နတ်ဘုရားဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက ဒီအရေးပါတဲ့ လမ်းကြောင်းမှာ တောင်နဲ့မြစ် အဆင့် ထူးကဲအဆင့်နိမ့်ကိုတောင် သတ်ပစ်နိုင်တဲ့ သတ်ဖြတ်ခြင်း ဂဏ်ပါ တစ်ခုကို ခင်းကျင်းထားပါတယ်။ ဘယ်သူပဲရောက်လာလာ အသတ်ခံရပါလိမ့်မယ်။ မင်းရဲ့ ပါရမီက ဘယ်လောက်ပဲ ထူးချွန်ထက်မြက်နေပါစေ နတ်ဘုရားသက်ရှိတွေနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အကြားက ကွာဟချက်ကို ကျော်လွှန်နိုင်မှာတဲ့လား။

Edit with WPS Office

ရှိရှမ်းရှမ်းလို နတ်ဘုရားသက်ရှိ တစ်ယောက်တောင် မရှိုးဖျက်ပွဲတာ တခြားသူဆို ဝေလာဝေးပေါ့။

အတင်းအဓမ္မ ချိုးဖျက်ဖို့ မဖြစ်နိုင်ဘူး ဆိုမှတော့ ထိုင်နေမယ်ဆိုရင်လည်း ရလဒ်က မော်ဆေးလုံး သန့်စင်ဖို့ တစ်ခုတည်းပဲ ဖြစ်သွားပါလိမ့်မယ်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်လိုမျိုး ဒီကမ္ဘာကြီးရဲ့ အထွတ်အထိပ် တည်ရှိမှုတွေက ဘယ်သူကမှ သေခြင်းတရားကို ထိုင်စောင့်ဖို့ ဆန္ဒမရှိကြပါဘူး။ ပြီးတော့ သူတို့က အားကြိုးမာန်တက်နဲ့ မိုးကောင်းကင်ကို ဖွင့်မဲ့အကြောင်းနဲ့ ပတ်သက်ပြီး စတင်ဆွေးနွေး ကြပါတယ်။

ဒါက ဟော့လျန် တော်ဝင် မိသားစု တစ်ခုတည်း အပေါ်မှာ မူတည်ပြီးတော့ မလုံလောက်ဘူး ဆိုတာကို အများသဘောတူညီမှုတစ်ခု ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ ဖြစ်နိုင်သမျှ စွမ်းအားစုတွေ အကုန်လုံးကို ပူးပေါင်းဖို့ လိုအပ်ပါတယ်။ အရှေ့၊ အနောက်၊ တောင်နဲ့ မြောက် ပင်လယ်ဒေသ အကုန်လုံး ပူးပေါင်းဖို့ လိုပါတယ်။

Edit with WPS Office

ဒါကြောင့် ဒါကလည်း ရွှမ်ယုကလန်နဲ့ ရန်ငြိုးတွေကို ဖြေရှင်းဖို့လည်း အရမ်းကို လိုအပ်လာခဲ့ပါပြီ။

ဒါပေမဲ့လည်း နောက်ထပ်ပြဿနာက ဘယ်သူက ခေါင်းဆောင်ဖြစ်လိမ့်မလဲ။ တကယ်လို့ မိုးကောင်းကင်ကို ဖွင့်လှစ်တဲ့ကိစ္စ အောင်မြင်သွားခဲ့ရင် ဘယ်လောက်တောင် ကြီးမားတဲ့ အောင်မြင်မှု ဖြစ်နေမလဲ။ ပြီးတော့ ဒီကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုရဲ့ ပွဲကိုင်ရှင်က ဘယ်သူ ဖြစ်မှာလဲ။ ဒါက မျိုးဆက်တွေအတွက် ကောင်းမွန်တဲ့ ထင်ပေါ်ကျော်ကြားမှု တစ်ခုဆိုတာ သေချာပါတယ်။ ပြီးတော့ သမိုင်းမှတ်တမ်းထဲမှာ ထိပ်ဆုံးနေရာကနေ နာမည်ထိုး မော်ကွန်းတင် နိုင်ပါလိမ့်မယ်။

သူတို့က မိုးကောင်းကင်ကို ဖွင့်လှစ်မှုရဲ့ တခြားအကျိုးအမြတ်တွေကို မသိပါဘူး။ ဥပမာ ကောင်းကင်ဘုံရဲ့ ကံကောင်းခြင်း ကောင်းချီးပေးမှုကို လက်ခံရရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း နိုင်ငံစွမ်းအား တစ်ခုတည်းနဲ့ တိုက်ပွဲစွမ်းရည်နဲ့

Edit with WPS Office

ကျင့်ကြံခြင်း အမြန်နှုန်းကို အရှိန်မြှင့်တင် နိုင်ပါတယ်။ ဒီလိုမျိုး အကျိုးအမြတ်ကလည်း လူတွေကို မနာလို သဝန်တိုစေပါတယ်။

ဒါပေမဲ့လည်း ပင်လယ်လေးခုက အများသဘောတူညီမှု မရရှိခင် အချိန်ဘယ်လောက် ကြာမလဲ ဆိုတာကို မသိပါဘူး။ ဒါကို ဖြည်းဖြည်းလေး ဆွေးနွေးနေကြ နိုင်ပါတယ်။ လင်းဟန်က နည်းနည်း အလျင်လိုနေပါတယ်။ အဲဒီအချိန်ကျရင် သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ရောက် သင့်ပါပြီ။ မာထိုပေါင်လို ခန့်မှန်းလို့ မရနိုင်တဲ့ လူကလွဲရင် လင်းဟန်က တခြားလူတွေ အားလုံးကို ဖိနှိပ်နိုင်ဖို့ ယုံကြည်ချက် ရှိပါတယ်။

ဟောင့်လျန်ရုံက ချက်ချင်းပဲ ကလန်ထဲက အရေးပါတဲ့ လူတစ်ယောက်ကို စေလွှတ်လိုက်ပြီး ရှွမ်ယုကလန်ဆီကို သူကိုယ်တိုင်ကိုယ်ကျ ရေးထားတဲ့ စာတစ်စောင် ပို့ခိုင်းလိုက်ပါတယ်။ အဓိကတော့ ကျေအေးပေးဖို့ရဲ့ အမှန်တရား အကြောင်းကို တော်တော်လေး ရေးထားပါတယ်။

မကြာခင်မှာ ရှွမ်ယုမိသားစုက စာပြန်လာခဲ့ပါတယ်။ သူတို့ဘက်က

Edit with WPS Office

ထိုင်ပြီးတော့ ဆွေးနွေးဖို့ သဘောတူခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တောင်းဆိုတာက လင်းဟန်ကိုပါ ခေါ်လာခဲ့ရပါတယ်။

Chapter 786 end

အပိုင်း(၇၈၇) မြန်မြန်နောက်တစ်ယောက် မွေးပေးပေတော့

လင်းဟန်က အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ ခေါင်းညိတ် သဘောတူလိုက်ပါတယ်။

အရင်ဆုံးအနေနဲ့ စကြာဂဠုဇာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲကြယ်ခုနစ်လုံးအောက်က သူ့ကို ထိခိုက်အောင် မလုပ်နိုင်ပါဘူး။ ပြီးတော့ ကြယ်ခုနစ်လုံးအထက် လက်ရွေးစင်တွေက ရှားပါးပြီး အရမ်းကို သနားစရာ ကောင်းလောက်အောင် နည်းပါတယ်။ ဟော့လျန်ရုံကိုပဲ ကြည့်ပါ။

ဟော့လျန်ရုံက စကြာဂဠုဇာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာ ရှိပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံးကိုတောင် ရောက်ရှိနေပါတယ်။ သူက မြောက်ပိုင်းပင်လယ်ထဲမှာ

Edit with WPS Office

ရွှမ်ယုမိသားစု ခေါင်းဆောင်နဲ့အတူ ထိပ်ဆုံးသုံးယောက်
စာရင်းဝင်တဲ့ အဆင့်မြင့်သူ တစ်ယောက် ဖြစ်ပါတယ်။ ဘယ်သူက
ပိုပြီးတော့ သာတယ်ဆိုတာကို ပြောဖို့ခက်ပါတယ်။

ဒါပေမဲ့လည်း ဂမ်ရန်မိသားစုရဲ့ ဂမ်ရန်ကျီးကတော့ သေချာပေါက်
နံပါတ်တစ်ပါ။ သူလည်းပဲ စကြာဝဋ္ဌာ ဖျက်ဆီးခြင်း အလွှာကိုး
ဆိုပေမဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ
ကောင်းလောက်အောင် ကြယ်ဆယ့်တစ်လုံး ရှိပါတယ်။

ကြယ်တစ်လုံးက ကမ္ဘာကြီးတစ်ခုလောက် ကွာခြားပါတယ်။
တကယ်လို့ ရွှမ်ယုထောင်နဲ့ ဟော့လျန်ရုံတို့ ပူးပေါင်းလိုက်မယ်
ဆိုရင်တောင် သူတို့က ဂမ်ရန်ကျီးနဲ့ ယှဉ်ပြိုင်နိုင်ရုံသာသာပဲ
ရှိပါလိမ့်မယ်။ ပြီးတော့ ဂမ်ရန်မိသားစုရဲ့ စကြာဝဋ္ဌာ
ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ ခွန်အားက ကျန်တော်ဝင်
မိသားစု နှစ်ခုထက် နှာတစ်ဖျား ပိုမြင့်ပါတယ်။ ဒါကြောင့်လည်း
တော်ဝင်မိသားစု နှစ်ခုက ကိုယ့်ကိုကိုယ် ကာကွယ်ဖို့အတွက်
မဟာမိတ် ဖွဲ့ကြခြင်း ဖြစ်ပါတယ်။

ရွှမ်ယုတော်ဝင် မိသားစုရဲ့ ဘိုးဘေးအမွေအနှစ် ကုန်းမြေကလည်း

Edit with WPS Office

တိတ်ဆိတ်သောကြယ်လို့ ခေါ်တဲ့ ရောမ ကျွန်းကြီးတစ်ခု အပေါ်မှာ ရှိပါတယ်။ ဒါက ထူးထူးဆန်းဆန်း လိပ်ခုံးတိမ်တိုက် ကျွန်းနဲ့ ဝေးပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် အဲဒီနေရာကို ရောက်ဖို့ ရက်တော်တော်များများ သွားဖို့လိုပါတယ်။

ဟော့လျန်ရုံက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကိုးယောက်ကို ကလန်ကနေ ခေါ်လာပြီး လင်းဟန်၊ ဟော့လျန်ချွင်ရွှယ်၊ ဟူးညီုတို့နဲ့အတူတူ တိတ်ဆိတ်သောကြယ် ကျွန်းဆီကို အပြင်းနှင်လာခဲ့ ကြပါတယ်။

သူတို့က မရပ်မနား သွားလို့ မရပါဘူး။ သုံးရက်လောက် ခရီးသွားပြီးတဲ့နောက်မှာ လူသူကင်းမဲ့တဲ့ ကျွန်းတစ်ခုမှာ အနားယူဖို့ ရပ်လိုက်ပြီး အစားအသောက်မျိုးစုံကို ထုတ်ယူလိုက်ကြပါတယ်။ ဒါကလည်း ဟူးညီုရဲ့ ပြင်းပြင်းထန်ထန် တောင်းဆိုမှုကြောင့် ဖြစ်ပါတယ်။ တိုက်ခိုက်ချိန်မှာ ဟူးညီုက ပူးပေါင်းကောင်း ပူးပေါင်းပါလိမ့်မယ်။ အစာစားတဲ့ အချိန်မှာတော့ မရပါဘူး။

Edit with WPS Office

ဟော့လျန်ရုံနဲ့ တခြားသူတွေက အနက်ရောင် မျော်စင်အထဲက အစားအသောက်တွေကို အလွန်အမင်း ချီးကျူးကြပါတယ်။ ဒါက အနံ့အရသာနဲ့ ပြည့်စုံပြီး တန်ခိုးရှင်တွေတောင်မှ သွားရည်တမြားမြား ကျပါလိမ့်မယ်။ အထူးသဖြင့် နှစ်တစ်သောင်း ရတနာ ပုလဲလိုမျိုး အဖိုးထိုက်တန်တဲ့ ဆေးဘက်ဝင် ပါဝင်ပစ္စည်း အမျိုးမျိုးကို ပေါင်းထည့်လိုက်တဲ့ အခါမှာ ကြီးမား ကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးထဲမှာ ဘယ်လောက်များများ ရှိလို့လဲ။

ဟော့လျန်တော်ဝင် မိသားစုတောင်မှ ထုတ်မပေးနိုင်ပါဘူး။ တကယ်တော့ နှစ်ပေါင်းတစ်သောင်း ပြည့်တိုင်း ပြီးပြတ်သွားပါတယ်။ ပြီးတော့ သက်ရှိတွေက လျှို့ဝှက်ဆန်းကြယ်ဘုံတွေရဲ့ သက်ရှိစိတ်ဝိညာဉ်တွေကလွဲလို့ မျိုးသုဉ်းပျောက်ကွယ် လာကြပါတယ်။ ဒါကြောင့် ဘယ်လောက်များများ အသက်ရှင်နိုင်ကြမှာလဲ။

"ဒီကလေးက တကယ့်ကို ပါရမီရှင် အစစ်အမှန် တစ်ယောက်ပဲ"

ဟော့လျန်ရုံက လင်းကျန်းရွှယ်ကို ချီးပြီးတော့ အရမ်းကို

Edit with WPS Office

စိတ်အေးလက်အေး ဖြစ်နေပါတယ်။

လင်းဟန်က သူ့ရဲ့ဂုဏ်ဖဲတချို့ကို ထုတ်ဖော်ပြသပြီး သင့်လျော်အောင် လုပ်ခဲ့ပါတယ်။ ဥပမာ သက်ရှိတွေကို သိုလှောင်ထည့်သိမ်းနိုင်တဲ့ စိတ်ဝိညာဉ် ပစ္စည်းတစ်ခု။ ဒါက နတ်ဘုရားဘုံထဲမှာ အရမ်းကို ရှားပါးတဲ့ ပစ္စည်းမျိုး ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ခုတည်း ရှိတာတော့ မဟုတ်ပါဘူး။ ဒါကြောင့် သူက ဒါကို ထုတ်ပြောရဲပါတယ်။ ဒါပေမဲ့လည်း သူစိတ်ချယုံကြည်ရသူတွေပဲ အနက်ရောင် မျှော်စင်က သိုလှောင်နတ်ဘုရား ပစ္စည်းတစ်မျိုးလို မရိုးရှင်းဘူးဆိုတာကို သိကြပါတယ်။

လင်းကျန်းရွှယ်က အသက်ခြောက်လခန့် ရှိပါပြီ။ ပြီးတော့ သူ့ရဲ့ ပကတိ ခွန်အားက နေဦးစမ်းရေ အဆင့်ကို ပိုင်ဆိုင်ထားပြီး လုံးဝကို အံ့အားသင့်စရာ ကောင်းပါတယ်။ သူနည်းနည်းလေး အသက်ကြီးလာပြီး ကျင့်ကြံအားထုတ်ဖို့အတွက် စိတ်ဝိညာဉ် အခြေခံတစ်ခု ပွင့်လာချိန်ကျရင် သူ့ရဲ့ ပကတိခွန်အားက ပန်းဖူးအဆင့်ထိ အဆင့်တက်နိုင်ငပ်ပါတယ်။ သူ့ရဲ့စမှတ်က အရမ်းကို

Edit with WPS Office

အံ့အားသင့်စရာ ကောင်းပါတယ်။

သူ့ရဲ့ ရှေးဘိုးဘေး သွေးမျိုးဆက်က အရမ်းကို သန့်စင်ပြီးတော့ သိပ်သည်းပါတယ်။ ဟော့လျန်ချင်ရှယ်တောင် အနားမကပ်နိုင်ပါဘူး။ ပင်လယ်မျိုးနွယ်စုက သွေးမျိုးဆက်ကို အလေးထားပါတယ်။ ဟော့လျန်ရုံက လင်းကျန်းရှယ်ကို ကလန်ရဲ့ နောက်လာမဲ့ ခေါင်းဆောင် လုပ်ဖို့ အကြံပြုပါတယ်။

ဒါပေါ့။ လင်းဟန်ရဲ့ ဆန္ဒကလည်း သူ့ရဲ့သား အပေါ်မှာပဲ အရင်းအမြစ်တွေကို ကုန်ခမ်းစေချင် ပါတယ်။ နှစ်တစ်ထောင် ရတနာပုလဲ၊ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် အရည်နဲ့ တခြားပစ္စည်း အမျိုးမျိုးနဲ့ နေ့စဉ်နေ့တိုင်း သူ့ကလေးကို ရေချိုးသန့်စင်ပေးပါတယ်။ ဒါကြောင့် တကယ်လို့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အံ့သြစရာမှ မဖြစ်ဘူးဆိုရင် ဒီကမ္ဘာကြီးထဲမှာ ယုတ္တိမတန် ဖြစ်သွားပါလိမ့်မယ်။

မရှိမဖြစ် လိုအပ်တဲ့ အချက်က လင်းကျန်းရှယ်မှာ ဒီလိုမျိုး ဆေးစွမ်းအားကို ခံနိုင်ရည်ရှိဖို့ပဲ ဖြစ်ပါတယ်။ တကယ်လို့

Edit with WPS Office

ဖခင်ဖြစ်သူက တူညီတဲ့ နောက်တစ်ယောက် ရှိမယ်ဆိုရင်တောင် သူတို့ရဲ့ ကံတရားက တူညီကြလိမ့်မှာ မဟုတ်ပါဘူး။

"လင်းဟန်။ ချွင်ရှယ်က ငါ့ကလန်ရဲ့ အတောက်ပဆုံး ပုလဲရတနာပဲ။ မင်းရဲ့သားကို ဟောဲ့လျန် ကလန်ရဲ့ အမွေကို ဆက်ခံခိုင်းပြီး မျိုးရိုးနာမည်ကို ဟောဲ့လျန်လို့ ပေးသင့်တယ်"

ဟောဲ့လျန်ရုံက ကလေးကို ဓားပြတိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ လင်းကျန်းရှယ်က အရမ်းကို ထူးချွန်ထက်မြက်တယ် မဟုတ်လား။

လင်းဟန်က သူ့ခေါင်းကို မြန်မြန်ပဲ ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ကျနော့်ရဲ့ ပထမဆုံး သားပဲ။ ဒါကြောင့် သူ့ရဲ့မျိုးရိုးနာမည်က လင်းဖြစ်ရမယ်"

"ဒီဘုရင်က ငါ့တို့ကလန်ရဲ့ အတောက်ပဆုံး ပုလဲရတနာနဲ့ မင်းကို

Edit with WPS Office

လက်ထပ်ပေးခဲ့တယ်။ ဒါကြောင့် မြေးယောကျ်ားလေး တစ်ယောက် မတောင်းသင့်ဘူးလား”

ဟော့လျန်ရုံက မရှက်မကြောက်နဲ့ ပြောလိုက်ပါတယ်။ ဒါက အထွတ်အထိပ် ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ ရှေးဘိုးဘေးတွေထက် သေချာပေါက် သာလွန်ပြီး အင်ပါယာ မိသားစုရဲ့ အဆင့်ကိုတောင် ရောက်နိုင်ပါတယ်။

ဒါကြောင့် သူက လွယ်လွယ်နဲ့ လက်လျော့မှာ မဟုတ်ပါဘူး။

“ဟော့လျန်မိသားစုမှာ ယောကျ်ားလေးတွေ အများကြီး ရှိတာပဲ။ ကလန်သားတွေဆို သောင်းနဲ့ချီ ရှိတယ်။ ကျနော့် လင်းမိသာစုမှာက ကျနော်တစ်ယောက်ပဲရှိတယ်။ ယောက္ခထီးကြီးက ကျနော်နဲ့ ရဲတင်းမှ ပြိုင်ချင်လို့လား။ ဒီလိုမလုပ်ပါနဲ့”

လင်းဟန်က အဓိပ္ပါယ်ပြည့်ဝတဲ့ အကြည့်နဲ့ ဟော့လျန်ချွင်ရွှယ်ကို ကြည့်လိုက်ပြီး သူ့သားကို နိုချိုတိုက်ကျွေးဖို့အတွက် ပြန်ခေါ်လာဖို့

Edit with WPS Office

အချက်ပြလိုက်ပါတယ်။

ဟော့လျှန်ရုံလည်း ဘာမှမတတ်နိုင်ပဲ သက်ပြင်းချလိုက်ပါတယ်။ အရွယ်ရောက်နေတဲ့ မိန်းကလေး တစ်ယောက်ကို အိမ်မှာ ထိန်းသိမ်းထားဖို့ဆိုတာ ခက်ပါတယ်။ လက်ထပ်ပြီးတာနဲ့ သူမကို တခြားတစ်ယောက်က ပိုင်သွားပြီး အပြင်လူ တစ်ယောက်ကို အရမ်းလျှင်လျှင်မြန်မြန်နဲ့ မျက်နှာသာ ပေးပါတော့တယ်။ သူက လက်လျှော့လိုက်ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် အသက်ငါးရာ မပြည့်ခင်အထိ ကလေးကို မိသားစုထဲမှာ နေပါစေ။ တကယ်တော့ ငါ့မိသားစုမှာ ခိုင်မာတဲ့ စုစည်းမှုတွေ ရှိပြီးတော့ ကလေး ကြီးထွားဖွံ့ဖြိုးဖို့ အခြေအနေ အကောင်းဆုံးတွေ ပေးနိုင်တယ်။ နောက်ပြီးတော့ ချှင်ရွှယ်က ကလေးကို လုံလုံလောက်လောက် နို့မတိုက်ပေးနိုင်မှာကို ဒီဘုရင်က စိတ်ပူမိတယ်"

ဟော့လျှန်ချှင်ရွှယ်က ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒါက သူမရဲ့ အသွေးအသားတွေ

Edit with WPS Office

စီးဆင်းနေတဲ့ မြွေးဖခင်မှ ဟုတ်သေးရဲ့လား။
ကလေးတစ်ယောက်ကို လုယူဖို့ အတွက်နဲ့ သူ့သမီးကိုတောင် ပစ်မှတ်ထားပြီး တိုက်ခိုက်နေတာလား။ ငဲ့ရင်သားတွေက အတော်လေး သေးပါတယ်။ ဒါပေမဲ့ သူ့သားကို နိုတိုက်ဖို့တော့ မခက်ပါဘူး။

လင်းဟန်က သရော်ပြုံး ပြုံးလိုက်ပြီး အဖိုးထိုက်တန်တဲ့ ရတနာပစ္စည်း အမျိုးမျိုးကို ဆွဲထုတ် လိုက်ပါတယ်။ သူထုတ်လိုက်တဲ့ ပစ္စည်းတစ်ခုချင်းစီကို ကြည့်ပြီးတော့ ဟော့လျန်ရုံရဲ့ မျက်နာက ရှုံ့မဲ့သွားပါတယ်။ ဒီရတနာတွေထဲက တချို့က ဟော့လျန်မိသားစုမှာ ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ပမာဏက ဒီလောက်ထိ ကြောက်မက်ဖွယ်ရာ မကောင်းပါဘူး။

ကြည့်ပါ။ နစ်ပေါင်းတစ်ထောင် ဂျင်ဆင်းပင်တွေက မရေမတွက်နိုင်တဲ့ ခြင်းအပြည့်ရှိနေပြီး ဘယ်လိုလုပ် နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ နစ်တစ်သောင်း ပုလဲရတနာနဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် အရည်တွေက ဟော့လျန်မိသားစုကတောင် ကမ်းလှမ်းလို့ မရနိုင်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

Edit with WPS Office

ဆိုးဆိုးဝါးဝါး ရှုံးနိမ့်မှု တစ်ခုပဲ။

ဟော့လျန်ရှုံက ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ကလေးကို မြေထောင်မြှောက်ပေးဖို့ ပြောမယ်ဆိုရင် လင်းဟာန်က သေချာပေါက် ပိုကောင်းပါတယ်။ ကလန်တစ်ခုက လူတစ်ယောက်ကို ယှဉ်လို့မရနိုင်ပါဘူး။ ဟော့လျန်ရှုံက ဧရာမ ဖိအားကို ခံစားရပြီး သူ့နှလုံးသားထဲက စိတ်အားငယ်မှုတွေက ပိုပြီးတော့တောင် ကြီးမားလာပါတယ်။

ဖြစ်နိုင်ချေရှိတဲ့ နည်းလမ်းတွေ ကြိုးစားခဲ့ပြီးမှ သူက နောက်ဆုံးမှာ လင်းဟာန်နဲ့ သဘောတူညီမှု ရရှိခဲ့ပါတယ်။ အဲဒါက ဟော့လျန်ချင်ရွှယ်ကနေ မွေးလာမဲ့ ဒုတိယ ကလေးကို ဟော့လျန်မိသားစုကို ပေးဖို့ ဖြစ်ပါတယ်။ အဘိုးကြီးက တကယ့်ကို အရမ်းပဲ အခြေအနေကို ဖန်တီးနေပါတယ်။ အစာစားလို့တောင် မပြီးသေးပဲ သူက လင်းဟာန်နဲ့ ဟော့လျန်ချင်ရွှယ်ကို နောက်မျိုးဆက် မြန်မြန်ရယူဖို့အတွက် အနားယူဖို့ အတင်းပဲ တိုက်တွန်းပါတယ်။ ဒါက ဟော့လျန်ချင်ရွှယ်ကို လုံးဝကို ရှုးသွပ်လုမတတ် ဖြစ်စေပါတယ်။

Edit with WPS Office

နောက်ထပ်ငါးရက် အကြာမှာတော့ တိတ်ဆိတ်သောကြယ်ကျွန်းက သူတို့ရဲ့ မြင်ကွင်းထဲကို ရောက်လာခဲ့ပါတယ်။

ရွှပ်။

ပုံရိပ်တစ်ခု ပျံသန်းလာပြီး သူတို့ရဲ့ လမ်းကြောင်းကို တားဆီးလိုက်ပါတယ်။ သူကတော့ နောက်ကျောမှာ ငှက်တောင်ပံတစ်စုံ ပါရှိတဲ့ သိုင်းပညာရှင် တစ်ယောက်ဖြစ်ပါတယ်။ သူ့ခြေထောက်တွေက ဘဲခြေထောက်တွေလို အရေပြားဆက်နေပြီး သူ့ပါးစပ်က ပြားပြီးတော့ ချွန်ထွက်နေကာ ကြည့်ရတာ အရမ်းကို ရယ်စရာကောင်းပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ရုံနဲ့ တခြားလူတွေက သူတို့ရဲ့ မျက်နှာပေါ်မှာ နည်းနည်းလေးမှတောင် အပြုံးအရယ် မရှိပါဘူး။ သူတို့အတွက် အတိတ်ဘိုးဘေးတို့ရဲ့ ပုံပန်းသွင်ပြင်ကို ပိုင်ဆိုင်ထားတဲ့ နတ်ဘုရား သားရဲသွေးပိုင်သူတွေဟာ သူတို့ရဲ့

Edit with WPS Office

သွေးမျိုးဆက် ပိုသန့်စင်ပြီး သိုင်းပညာ ကျင်ကြံခြင်း အဆင့်တက်တဲ့ နေရာမှာ အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိပါတယ်။

ဥပမာ။ နဂါးတစ်ကောင်ကနေ မွေးဖွားလာတဲ့လူက ကျင့်ကြံအားထုတ်ခြင်း မရှိပဲ ကြီးထွားဖို့ တစ်ခုပဲ လိုပါတယ်။ ပြီးတော့ အရွယ်ရောက်ပြီးတဲ့နောက်မှာ ကမ္ဘာကြီးထဲ အစွမ်းထက်ဆုံး အစစ်အမှန် နဂါးတစ်ကောင် ဖြစ်လာပါလိမ့်မယ်။

"ခိ ခိ ခိ ခိ ခိ ခိ "

ဒါပေမဲ့လည်း ဟူးညိုက ထိန်းမနိုင်ပဲ ကျယ်လောင်စွာ ရယ်မောကာ ပြောလိုက်ပါတယ်။

"လင်းဟန် လင်းဟန် ဒီဘဲကို ချက်စားရင်ကောင်းမလား။ ကင်စားရင် ကောင်းမလား။ ဘယ်လိုထင်လဲ"

Edit with WPS Office

ဟူးညိုပြောလိုက်တာကို ကြားလိုက်ရတဲ့ အခါမှာ ပောဲလျှန်ရုံနဲ့ တခြားလူတွေရဲ့ စိတ်ထဲမှာ သွားပြီ မကောင်းတော့ဘူးလို့ အော်ဟစ်လိုက်ကြပါတယ်။ ဒီလူက သာမန်ပင်လယ်မျိုးနွယ်စုက မဟုတ်ပါဘူး။ ရွှမ်ယုတော်ဂင် မိသားစုရဲ့ လက်အောက်က ရက်စက်ကြမ်းကြုတ်တဲ့ ဗိုလ်ချုပ် တစ်ယောက် ဖြစ်ပြီး ဂုဏ်သိက္ခာပြည့်ဝတဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူ့နာမည်က အိုးပုလော်။

ဒီအချိန်မှာ ရွှမ်ယုကလန်နဲ့ ရန်ငြိုးဟောင်းက မဖြေရှင်းရသေးပါဘူး။ ဒါကို မင်းက သူတို့ရဲ့ ဗိုလ်ချုပ်ကို ထူးထူးဆန်းဆန်း စော်ကားလိုက်တာက ပြဿနာပိုပြီးတော့ မဖြစ်လာဘူးလား။

မျှော်လင့်ထားသလိုပါပဲ။ အိုးပုလော်က ဒေါသထွက်သွားတဲ့ အမူအရာ ဖြစ်သွားပြီး ပြောလိုက်တယ်။

"အရမ်းကောင်းတယ်။ ဒါဆိုရင် အရှင်သခင်လော့နဲ့ သူ့အပေါင်းအဖော်တွေလည်း ဒီဗိုလ်ချုပ်ကို စားချင်နေတယ်ပေါ့"

Edit with WPS Office

"ဟဲဟဲ ကလေးမလေးက စလိုက်တာပါ။ ဗိုလ်ချုပ်အိုးက ရွှမ်ယုဘုရင်ရဲ့ လက်အောက်က ဗိုလ်ချုပ် တစ်ယောက်ပဲဟာ ဘယ်သူကများ ဗိုလ်ချုပ်အိုးကို မရှိမသေ လုပ်ဝံ့မှာလဲ"

ဟော့လျှန်ရုံက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ သူ့အဆင့်အတန်းက အိုးပုလော်ထက် ပိုမြင့်ပါတယ်။ ပြီးတော့ တကယ်လို့ သူက ဟူးညိုရဲ့ အပြုအမူအတွက် ကြားဝင်ခဲ့ရင်တောင် သူ့ရဲ့ ဟန်ပန်အမူအရာက ခံ့ညားထယ်ဝါနေဆဲပါပဲ။

အိုးပုလောက ကလေးမလေး တစ်ယောက်နဲ့ အငြင်းမပွားတော့ပါဘူး။ မဟုတ်ရင် သူပဲ မျက်နှာပျက်ရမဲ့ လူတစ်ယောက် ဖြစ်ပါလိမ့်မယ်။ သူ့လက်ကိုက ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်မင်းမြတ်က ရှိသေလေးစားမှု အပြည့်နဲ့ ရက်ပေါင်းများစွာ စောင့်နေခဲ့ပါတယ်။ ကျေးဇူးပြုပြီး လာပါ"

Edit with WPS Office

သူ့အကြည့်တွေက အေးစက်စက်နဲ့ ကျောချမ်းစရာကောင်းပြီး လင်းဟန်ကို ဝေ့ကြည့်လိုက် ပါတယ်။

Chapter 787 end

အပိုင်း(၇၈၈) သိုင်းကွက်ဆယ်ကွက် တားဆီးခုခံခြင်း

လင်းဟန်က ရွှမ်ယုချန်နဲ့ ရွှမ်ယုတုန်မင်းကို လူပုံအလယ်မှာ ခေါင်းဖြတ်ကွပ်မျက် သတ်ပစ်ခဲ့တာက ရွှမ်ယုတော်ဝင် မိသားစုကို အကြီးအကျယ် အရှက်ရစေခဲ့ပါတယ်။ သူတို့တစ်ယောက်ချင်းစီက လင်းဟန်ကို အရိုးထဲကနေ မုန်းတီးနေပြီး သေမျိုးရန်သူ တစ်ယောက်အဖြစ် မြင်ထားပါတယ်။

အခု ဒီသေမျိုးရန်သူက ထွက်ပေါ်လာခဲ့ပါပြီ။ တကယ်လို့ အိုးပုလော်ရဲ့ မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်တဲ့ အမူအရာတစ်ခု ရှိနေမယ်ဆိုရင် ထူးဆန်းနေပါလိမ့်မယ်။

သူတို့အဖွဲ့က ကျွန်းပေါ်ကို ခြေချလိုက်ပါတယ်။ ဒီနေရာမှာ နေထိုင်သူတွေက ရွှမ်ယုတော်ဝင် မိသားစု ဒါမှမဟုတ်

Edit with WPS Office

တော်ဝင်မိသားစုရဲ့ နောက်လိုက်အခြင်းအားစုတွေ ဖြစ်တာကြောင့် သူတို့ရဲ့ ခွန်အားက သာမန်တော့ မဟုတ်ဘူးလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

ဒါပေမဲ့လည်း ဘယ်လောက်ပဲ ထူးချွန်နေပါစေ သူတို့က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အရှေ့မှာ အသက်ကိုတောင် ကျယ်ကျယ်မရှူပုံ ကြပါဘူး။ လင်းဟန်နဲ့ တခြားသူတွေ ဖြတ်သွားတာနဲ့ အားလုံးက ထိတ်လန့်တုန်လှုပ်ပြီး တဆတ်ဆတ်တုန်ယင်ကာ ရပ်နိုင်ရုံပဲ တတ်နိုင်ပါတယ်။

အိုးပုလော်ရဲ့ ဦးဆောင်မှုနဲ့ သူတို့က ရွှမ်ယုကလန်ရဲ့ တော်ဝင်နန်းတော်ဆီကို ရောက်ရှိလာခဲ့ ကြပါတယ်။

သူတို့ကို တော်ဝင်မိသားစုတွေလို့ ခေါ်ကြပေမဲ့ သူတို့က နိုင်ငံတစ်ခုကို မတည်ထောင် ထားပါဘူး။ မဟာတော်ဝင် မိသားစု သုံးခုလိုမျိုး သက်ဆိုင်ရာ အသီးအသီးကို ရိုးရိုးလေးပဲ ခေါ်ဆိုကြတာပါ။ ဒါက အောင်းမိသားစုလိုမျိုးပါပဲ။ ပင်လယ်လေးခုရဲ့ ဘုရင်ကို အင်ပါယာ ကလန်တစ်ခုလို့

Edit with WPS Office

ခေါ်ပါတယ်။ သူတို့က နိုင်ငံတစ်ခု တည်ထောင်ထားခြင်း မရှိပေမဲ့ ပင်လယ်လေးခုက သက်ရှိအားလုံးရဲ့ ရိုသေလေးစားမှုကို ခံရပြီး စည်းကမ်းတွေနဲ့ ထိန်းချုပ်စောင့်ကြည့် ပါတယ်။

"အရှင်ဟော့လျန်"

ရွှမ်ယုတော်ဂင် မိသားစုရဲ့ခေါင်းဆောင် ရွှမ်ယုထောင်က ကြိုဆိုနှုတ်ဆက် လိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို ကလန်ကလားနိုင်ပြီး ဟော့လျန်ရဲ့လိုမျိုး သူ့ခေါင်းပေါ်မှာ ဦးချိုလေးတွေ မရှိပါဘူး။ အဲဒီအစား သူ့လက်တစ်ဖက်က အကြေးခွံတွေနဲ့ ဖုံးကွယ်ထားပြီး သူ့လက်ဂါးကလည်း သာမန်လူတွေနဲ့ လုံးဝကို ကွဲပြားပြီး နဂါးတစ်ကောင်ရဲ့ လက်သည်းနဲ့ တူပါတယ်။

တော်ဂင်မိသားစု အားလုံးမှာ အစစ်အမှန် နဂါးရဲ့ သွေးရှိကြပြီး သန့်စင်မှု ကွာခြားတာပဲ ရှိပါတယ်။ ဒါပေမဲ့ ပုံမှန်အားဖြင့် နဂါးဦးချိုတွေက အပြင်ဘက် ထူးခြားတဲ့ လက္ခဏာတွေ ဖြစ်ပြီး သူ့လိုမျိုး နဂါးလက်သည်းတစ်ခု ဖြစ်ပေါ်ဖို့ဆိုတာက အရမ်းအရမ်းကို ရှားပါတယ်။

Edit with WPS Office

ဒီအချက်ကြောင့် ရွှမ်ယုထောင်က ဒီနဂါးလက်သည်းနဲ့ ရွှမ်ယုတော်ဝင် မိသားစုရဲ့ ခေါင်းဆောင် ဖြစ်လာခဲ့ပုံ ရပါတယ်။ သွေးမျိုးဆက်ရဲ့ သန့်စွမ်းတဲ့ စွမ်းအားတစ်ခုနဲ့ သူက မြောက်ပိုင်းပင်လယ် အထဲမှာ အထွတ်အထိပ် လက်ရွေးစင် သုံးယောက်ထဲက တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူနဲ့ ဟော့လျန်ရုံတို့ အတူတူ ပူးပေါင်းမှပဲ ဂမ်ရန်ကျီးကို ယှဉ်ပြိုင်နိုင်ပါမယ်။ ဂမ်ရန်ကျီးရဲ့ ခွန်အားက တကယ့်ကို အစွမ်းထက်ပြီး တိုင်းတာလို့ မရနိုင်ပါဘူး။

"အရှင်ရွှမ်ယု"

ဟော့လျန်ရုံက ယဉ်ယဉ်ကျေးကျေးနဲ့ သူ့လက်တွေကို ဆုပ်လိုက်ပါတယ်။

"ဒီလူသားက ဒီဘုရင်ရဲ့သားကို သတ်ပစ်ခဲ့တဲ့

Edit with WPS Office

လူသတ်တရားခံလား”

ရွှမ်ယုထောင်က လင်းဟန်ကို ပျူငှာမှု မရှိတဲ့ အမူအရာနဲ့ စိုက်ကြည့်လိုက်ပါတယ်။

ဒါက သဘာဝပါပဲ။ သူ့သားကို သတ်ခဲ့တဲ့ အမှန်းတရားက လုံးဝကို မကျေအေးနိုင်ပါဘူး။

“အရှင်ရွှမ်ယု ဒါကို အစကတည်းက ပြောတာက ကြည့်ရတာ အတော်လေး မသင့်လျော်ဘူးနော်”

ဟော့လျန်ရုံက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်တယ်။

ရွှမ်ယုထောင်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

“မင်းပြောတဲ့ အကြောင်းအရာက နည်းနည်းလေးမှ အမှားမပါတာ

Edit with WPS Office

ပိုကောင်းလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီဘုရင်က ဒီကောင်လေးကို ဘာပဲပေးဆပ်ရပေးဆပ်ရ သတ်ပစ်ရလိမ့်မယ်"

"အရှင်ရွှမ်ယု ဒီကိစ္စကို ဒီဘုရင်က ဟာသလုပ်လိမ့်မယ်လို့ မင်းထင်နေတာလား"

ဟော့လျန်ရုံက ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် အထဲကို ကျေးဇူးပြုပြီးတော့ ကြွပါ"

ရွှမ်ယုထောင်က အထဲကို သွားဖို့ လက်ဟန်ခြေဟန်နဲ့ ပြောလိုက်ပြီး သူ့အပြုအမူက အေးစက်စက် ရှိနေဆဲပါပဲ။

အားလုံးက ဟောခန်းထဲကို ဝင်လာခဲ့ကြပါတယ်။ အရမ်းကို အရေးကြီးတဲ့ ကိစ္စတစ်ခုကို စာရင်းရှင်းသလိုမျိုး အမူထမ်းတွေကို နားထောင်ခွင့် မပြုကြပါဘူး။ ဟောခန်းထဲမှာ စကြာဂဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတင်မက ကြီးကျယ်ခမ်းနားတဲ့ ခုခံခြင်း ဂင်္ကပါ တစ်ခုကို အသက်သွင်းထားပြီး ကျွန်းတစ်ခုလုံးကို တင်းကျပ်စွာ ဖုံးလွှမ်းထားပါတယ်။

လင်းဟာန်က နတ်ဘုရားဘုံက ဂိုဏ်းငါးဂိုဏ်းရဲ့ အကြံအစည်ကို နောက်တစ်ကြိမ် ပြောပြလိုက်ပြီး ရှမ်ယုတော်ဝင် မိသားစုရဲ့ မေးခွန်းတွေကို ဖြေပေးခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာတွေက တင်းမာခက်ထန်လာပြီး အစောပိုင်းတုန်းက ဟော့လျန်တော်ဝင် မိသားစုတွေ ဖြစ်ခဲ့သလိုမျိုး တူညီတဲ့ တုံ့ပြန်မှုတွေ ဖြစ်လာပါတယ်။

အံ့အားသင့်စွာနဲ့ လက်မခံနိုင်ရာကနေ ဖြည်းညှင်းစွာနဲ့ လက်ခံလာပြီး အံ့ဩမှင်တက် နေကြပါတယ်။ ဒီလိုမျိုး သတင်းကြီးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အတွက်တောင် သည်းခံနိုင်ဖို့ ခက်ခဲပါတယ်။

ဒါပေမဲ့ သူတို့အတွက် ကံမကောင်းတာက သူတို့အားလုံး ဒါကို ယုံကြည်ကြပါတယ်။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတော့ သူတို့က သမိုင်းထဲက ကျွာဟာချက်ကို လုံးဝရှင်းပြနိုင်ပြီး လေဟာနယ်ကို စုတ်ဖြဲဖို့ သူတို့တွေ တွေးလိုက်တဲ့ အချိန်မှာ ဝေခွဲလို့ မရနိုင်တဲ့ အန္တရာယ်အာရုံ တစ်ခုကို အမြဲတမ်း ခံစားနေကြရပါတယ်။

ရွှမ်ယုထောင်က သူ့လက်ချောင်းကို စားပွဲပေါ် ခေါက်ပြီးတော့ ပြောလိုက်တယ်။

"အရှင်ဟော့လျန် မင်းက မဟာမိတ် ဖွဲ့ချင်လား။ ကောင်းပြီ။ ဒါပေမဲ့ ဒီဘုရင်မှာ တောင်းဆိုစရာ အခြေအနေတစ်ခု ရှိတယ်"

"ဘာအခြေအနေလဲ"

ဟော့လျန်ရှုံက မေးလိုက်တယ်။

Edit with WPS Office

ရွှမ်ယုထောင်က လင်းဟာန်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

"ဒီလူသားရဲ့ခေါင်း"

"မရဘူး"

ဟော့လျှန်ရှုံက ပြတ်ပြတ်သားသားကို ငြင်းပယ်လိုက်ပါတယ်။ လင်းဟာန်ရဲ့ ကိုယ်ပိုင် အလားအလာကို အသာထားဦး လင်းဟာန်နဲ့ ဟော့လျှန်ချွင်ရွှယ်တို့ရဲ့ နောက်ထပ် ကလေးတစ်ယောက် မွေးလာတာကို စောင့်ရပါဦးမယ်။ အဲဒီကလေးက ရှေးဘိုးဘေး သွေးပိုပြီးတောင် သန့်စင်နိုင်ပြီး ဟော့လျှန်တော်ဝင် မိသားစုကို အမြင့်ဆုံးထိ ခေါ်သွားနိုင်ပြီး အင်ပါယာ မိသားစုကိုတောင် ကျော်လွန်သွားနိုင်ပါတယ်။

"လူသား တစ်ယောက်လေးကို"

Edit with WPS Office

ရွှမ်ယုထောင်က နှာခေါင်းရှုံ့ လိုက်ပါတယ်။

"အရှင်ဟော့လျန် မင်းအနေနဲ့ သေသေချာချာ စဉ်းစားတ ပိုကောင်းမယ်။ လူသား ပုရွက်ဆိတ်လေး တစ်ကောင်အတွက် မင်းက ငါတို့ရဲ့ မဟာမိတ်ကို တကယ်ပဲ ဖျက်တော့မှာလား"

"ဟားဟားဟား တကယ်လို့ ခင်ဗျား ကြိုးစားကြည့်မယ်ဆိုရင် ခင်ဗျားပြောသလို ကျုပ်သေသွား လိမ့်မယ်"

လင်းဟန်က ဂင်ရောက်ပြောဆို လိုက်ပါတယ်။

ဟော့လျန်ရှုံက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုလုပ်ပါလား။ အရှင်ရွှမ်ယုက ကျွမ်းကျင်သူ တစ်ယောက်ကို လွှတ်နိုင်တယ်။ ပြီးတော့ သတ်မှတ်ထားတဲ့ သိုင်းကွက်အတွင်းမှာ ဒီဘုရင်က ကူညီဖို့ ဂင်ရောက်စွက်ဖက်မှာ မဟုတ်ဘူး။ ဒါပေမဲ့

Edit with WPS Office

သတ်မှတ်ထားတဲ့ သိုင်းကွက်ပမာဏကို ကျော်သွားရင်တော့ ရန်ညိုးတွေ အားလုံးကို ကျေအေးရမယ်”

“အဖေ”

ဟော့လျန်ချင်ရှယ်က အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ ဒါက ရှမ်ယုထောင် မြင်အောင်လို့ အတုအယောင်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့လည်း မိန်းမဆိုတာက သဘာဝ အတိုင်း ဘယ်လိုမျိုး ပြုမူရမလဲ ဆိုတာကို ကောင်းကောင်းသိပါတယ်။ သူမရဲ့ မျက်နှာပေါ်ကို ကြည့်လိုက်ရင် ထိတ်လန့်တုန်လှုပ်မှုက အတုအယောင်နဲ့ မတူပါဘူး။

ဟော့လျန်ရှုံက သူ့လက်ကို ဖေ့ယမ်းလိုက်ပြီး ဟော့လျန်ချင်ရှယ်ကို ထပ်ပြီးတော့ မပြောဖို့ အချက်ပြလိုက်ပါတယ်။

ရှမ်ယုထောင်က အံ့အားသင့် သွားမိပါတယ်။ ဒီလူသားရဲ့ အဆင့်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အလွှာငါးပဲ ရှိပါသေးတယ်။

Edit with WPS Office

ဆိုလိုတာက သူ့မှာ အများဆုံး ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည်ပဲ ရှိပါလိမ့်မယ်။ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အရှေ့မှာ ကောင်းကင်အဆင့် လူတစ်ယောက်က မကျေနပ်ချက်တွေ ဘယ်လောက်ပဲရှိရှိ ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ သူတို့က ကစားပြနေသလိုပဲ မဟုတ်လား။

ဟော့လျန်ရုံက ဒီလူသားကို သူနဲ့မဟာမိတ် ပူးပေါင်းဖို့အတွက် စတေးဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်နိုင်မလား။ ဒါပေါ့။ သူက နိမ့်ကျတဲ့ လူသားတစ်ယောက်ပဲ။ ဒါကြောင့် တကယ်လို့ သူသေသွားရင်ရော ဘာဖြစ်သေးလဲ။

ရွှမ်ယုထောင်က မကျေမနပ် ဖြစ်နေဆဲပါပဲ။ လင်းဟန်ကို သတ်ပစ်တာက သူ့သားအတွက် လက်စားချေတာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ဟော့လျန်ချင်ရွှယ်ကတော့ လက်ထပ်ထိမ်းမြားမှုက ထွက်ပြေးသွားပြီး ရွှမ်ယုတော်ဂင် မိသားစုကို မျက်နှာပျက်အောင် လုပ်ခဲ့ပါတယ်။ ဒါကြောင့် ဒီအကြွေးကို အခုလိုမျိုး လွယ်လွယ်နဲ့ လက်လျော့ပေးလိုက်

Edit with WPS Office

ရမှာလား။

ဒါကလုံးဝ မဖြစ်နိုင်ပါဘူး။

"ကောင်းပြီလေ။ ဒါဆိုရင် ဆယ်ကွက်လို့ သတ်မှတ်မယ်"

ရွှမ်ယုထောင်က ခေါင်းညိတ်လိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဒီလူသားကို အရင်ဆုံး သတ်ပစ်နိုင်ပါတယ်။ အဲဒီနောက်မှ ဖြည်းဖြည်းချင်း ဟော့လျန်ရုံနဲ့ အပေးအယူ လုပ်ရပါမယ်။ အချိန်တိုတိုနဲ့ ရွှမ်ယုမိသားစုက သေချာပေါက် မဆုံးရှုံးနိုင်ပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ဂင်ရောက်စွက်ဖက်မှုနဲ့အတူ ဒါကို ဖြေရှင်းဖို့ တစ်ကွက်က လုံလောက်သင့်ပါတယ်။ ဒါဆို ဘာဖြစ်လို့ ဆယ်ကွက်လို့ ကန့်သတ်ထားတာလဲ။ ဒါက လင်းဟာန်ကို အတတ်နိုင်ဆုံး ခံစားရအောင် လုပ်ပြီးတော့မှ နောက်ဆုံးတိုက်ကွက်မှာ လင်းဟာန်ရဲ့အသက်ကို နှုတ်ယူဖို့ပဲ ဖြစ်ပါတယ်။

Edit with WPS Office

သူက လူတစ်ယောက်ကို လွှတ်ပြီးတော့ ကျွန်းတစ်ခုလုံးက လူတွေကို သံမဏိသွေး ပြိုင်ကွင်းဆီ လာခဲ့ဖို့ ကြေညာခိုင်းလိုက်ပါတယ်။ ဒီလူသားက ရှမ်ယုကလန်က လူတွေကို သတ်ရဲပါတယ်။ ပြီးတော့ သူ့ကို လူပုံအလယ်မှာ မကွပ်မျက်ဖူးဆိုရင် သူတို့တွေကို ဘယ်လိုလုပ်ပြီး ချေးသိပ်ပေး နိုင်မှာလဲ။

သံမဏိသွေး ပြိုင်ကွင်းက တိုက်ပွဲအတွက် အသုံးပြုပြီး ကြာကြာအသုံးခံနိုင်တဲ့ ပစ္စည်းတွေ အသုံးပြုပြီးတော့ တည်ဆောက်ထားသလို စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ငါးလုံးရဲ့ တိုက်ခိုက်မှု နောက်ဆက်တွဲကို ခံနိုင်တဲ့ ဂျက်ပါကြီး တစ်ခုကိုလည်း ခင်းကျင်းထားပါတယ်။

တိုက်ပွဲမှာ သိုင်းပညာရှင်တွေက သူတို့ကိုယ်သူတို့ တိုးတက်လာနိုင်ပါတယ်။ ပြီးတော့ လက်ရွေးစင်တွေရဲ့ တိုက်ပွဲတွေကို လေ့လာစူးစမ်းတာကလည်း အရမ်းကို အကျိုးအမြတ် ရှိပါတယ်။ ဒါကြောင့် သံမဏိသွေး ပြိုင်ကွင်းမှာ

Edit with WPS Office

ထိုင်ခုံတွေ အများအပြားရှိပြီးတော့ လူတစ်သောင်းလောက် ဆန့်ပါတယ်။ ပုံမှန်ဆိုရင် တိုက်ပွဲတွေ အပေါ်မှာ အလောင်းအစားတွေ လုပ်နိုင်ပါတယ်။

လင်းဟာန်၊ ရွှမ်ယုထောင်၊ ပော့လျန်ရှုံနဲ့ တခြားသူတွေ အားလုံးက ဒီနေရာကို လာခဲ့ကြပါတယ်။ လင်းဟာန်က တည်ငြိမ်တဲ့ မျက်နှာသေကြီးနဲ့ ဟန်ဆောင်နေပြီး ရွှမ်ယုကလန်က လူတွေကို သရော်အောင် လုပ်ထားပါတယ်။ မင်းက ဒီလိုမျိုး တည်တည်ငြိမ်ငြိမ်နဲ့ ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲဆိုတာကို ငါတို့ကြည့်မယ်။ သနားညှာတာဖို့ ငိုကြွေးတဲ့အထိကို စောင့်ကြည့်မယ်။

ပော့လျန်ရှုံက သူ့နှလုံးသားထဲမှာ ကောင်းကောင်းနားလည်သဘော ပေါက်ထားပါတယ်။ သူက အစောပိုင်းတုန်းက သူ့စကားတွေနဲ့ ရွှမ်ယုထောင်ကို ချည်တုပ်ထားပြီး ရွှမ်ယုထောင် ဂင်ရောက်စွက်ဖက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါဆိုရင် ရွှမ်ယုတော်ဂင် မိသားစုထဲမှာ ဘယ်သူကများ လင်းဟာန်ကို ထိခိုက်အောင် လုပ်နိုင်မှာလဲ။

Edit with WPS Office

လင်းဟန်က ဂဏ်ပါ ဆရာသခင် တစ်ယောက် ဆိုတာကို ဘယ်သူက တွေးမိမှာလဲ။

ရွှမ်ယုထောင်က တစ်စုံတစ်ယောက်ဆီကို ခေါင်းညိတ်ပြပြီးတော့ ပြောလိုက်တယ်။

"ဇီယွမ် မင်းသွားလိုက်။ မင်းဒီကောင်လေးကို ဆယ်ကွက်အတွင်းမှာ သတ်ပစ်ရမယ်"

အဲဒီလူက ခေါင်းညိတ်လိုက်ပြီး ပြောပါတယ်။

"အစ်ကိုဘုရင်မင်းမြတ် ငါနားလည်ပါတယ်"

ဒီလူကို ရွှမ်ယုဇီယွမ်လို့ ခေါ်ပါတယ်။ သူက ရွှမ်ယုထောင်ရဲ့ ညီဖြစ်ပြီး စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့် အလွှာငါးမှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပြီး တိုက်ပွဲစွမ်းရည်ကလည်း

Edit with WPS Office

ကြယ်ငါးလုံးကို ရောက်နေပါတယ်။

"ကွင်းထဲကို ဝင်လိုက်"

ရွှမ်ယုထောင်က လင်းဟာန်ကို အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။
လင်းဟာန်က မထိတထိ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော်က ဆယ်ကွက်ကို တားဆီးဖို့ပဲ လိုတာပေါ့ ဟုတ်လား"

လပြွတ်ပဲ။ မင်းက ဆယ်ကွက်ပဲ တားဆီးဖို့ လိုတယ်ဆိုတာ
ဘာကိုဆိုလိုတာလဲ။ တစ်ကွက်ကိုတောင် မင်းက
ကာကွယ်နိုင်မှာမို့လို့လား။

ပတ်ပတ်လည်က လူတွေအားလုံး လှောင်ပြုံးပြုံး လိုက်ကြပါတယ်။
မင်းက အခုချိန်ထိ လေကြီး နေသေးတာပဲ။ မကြာခင်မှာ
သနားညှာတာဖို့အတွက် ငိုကြွေးနေရလိမ့်မယ်။

Edit with WPS Office

Chapter 788 end

အပိုင်း(၇၈၉) လူသားတွေမှာလည်း ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေ ရှိလား

"အမှန်ပဲ။ မင်းက တိုက်ကွက်ဆယ်ကွက် ဟန့်တားနိုင်ဖို့ပဲ လိုတယ်"

ရှမ်ယုထောင်က အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူက ဟော့လျှန်ရုံကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး အဓိပ္ပါယ်က မင်း ဂင်ရောက်စွက်ဖက်လို့ မရနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအလောင်းအစားကို ထည့်တွက်နိုင်မှာ မဟုတ်ဘူး။

ဟော့လျှန်ရုံက တည်ငြိမ်တဲ့ အမူအရာ တစ်ခုနဲ့အတူ ထူးဆန်းစွာ ပြုံးနေပါတယ်။ လင်းဟန်ရဲ့ ရှင်သန်မှုနဲ့ ပတ်သက်ပြီး လုံးဝကို ဂရုမစိုက်တဲ့ ဟန်ပန်နဲ့ပါ။ ဒါပေမဲ့လည်း သူ့စိတ်ထဲမှာတော့ အပြည့်အဝကို ပြုံးနေပါတယ်။ အစောပိုင်း ဟော့လျှန်မိသားစုက လင်းဟန်ရဲ့ လှည့်ဖျားမှုကို ခံခဲ့ရပါတယ်။ ဒီတစ်ကြိမ် ရှမ်ယုထောင် မြည်းစမ်းကြည့်ရမဲ့ အလှည့်ကို ရောက်လာခဲ့ပါပြီ။

Edit with WPS Office

သူက စွမ်းအားနဲ့ ပတ်သက်ရင် အသန်မာဆုံး လက်ရွေးစင်တွေထဲက တစ်ယောက်ဆိုပေမဲ့ ခံစားချက် အမူအရာကို အချိန်အကြာကြီး ထိန်းနိုင်သူမဟုတ်ပဲ ဒီပြိုင်ဘက်ပေါင်းကြီးရဲ့ နောက်ပိုင်းမှာ ဖြစ်ပျက်လာမဲ့ အံ့အားသင့်မှုကို ကြိုမြင်ပြီးတော့ မနေနိုင်ပဲ ရယ်မောလိုက် မိပါတယ်။

ဒီအကြောင်းကို စဉ်းစားကြည့်လိုက်ရင် တကယ့်ကို ကျေနပ်ပျော်ရွှင်စရာ ကောင်းပါတယ်။ သူက တကယ်ပဲ ရှေ့ဆက်ဘာတွေ ဖြစ်လာမလဲဆိုတာကို ကြည့်ရပါမယ်။

"သွားတော့"

ရှမ်ယုထောင်က ဆော်ဩလိုက်ပါတယ်။ ရှမ်ယုမိသားစုရဲ့ ပိုင်နက်ထဲကို ဂင်လာပြီးတော့ မင်းက မိုးကောင်းကင်ကို လှန်ပစ်ချင်နေသေးတာလား။

Edit with WPS Office

လင်းဟာန်က သေခြင်းတရားကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်မဲ့ အမူအရာနဲ့ တိုက်ပွဲကွင်းပြင်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ ကြမ်းပြင်ကို ထူးဆန်းတဲ့ ကျောက်တုံးတွေနဲ့ ခင်းထားပြီး ဒီကျောက်တုံးတွေကို ပင်လယ်ကြမ်းပြင်ရဲ့ အောက်ဘက်က ပစ္စည်းတွေလို့ ပြောနိုင်ပါတယ်။ ဒီကျောက်တုံးတွေကို လက်နက်တွေအဖြစ် သွန်းလုပ်လို့ မရနိုင်ပေမဲ့ ဒါက အရမ်းကို မာကျောပြီး သူ့ရဲ့ မာကျောမှုက အဆင့်ကိုး ရှားပါးသတ္တု အဆင့်ကို ရောက်ရှိလို့ နေပါတယ်။ အပေါ်က ဂင်္ဂါပါတွေရဲ့ ခုခံနိုင်စွမ်းအားက အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေကို ယှဉ်ပြိုင်နိုင်ပါတယ်။

ချက်ချင်းဆိုသလို စိတ်ဆိုးမာန်ဆိုးနဲ့ ဒေါသတကြီး အော်ဟစ်ပြောဆိုတဲ့ အသံလိုင်းတွေက ဘေးကနေ ထွက်ပေါ်လာပါတယ်။ ဒါက ရွှမ်ယုတော်ဂင် မိသားစုကို အရှက်ခွဲခဲ့တဲ့ ကျူးလွန်သူ ဖြစ်ပြီးတော့ ဒီနေ့ ဒီနေရာမှာ သူက အပြစ်ဒဏ်ခတ်ခံရပါတော့မယ်။

Edit with WPS Office

အခု အားလုံး နားလည်သဘောပေါက် ထားကြတာက လင်းဟန်အနေနဲ့ ရွှမ်ယုဇီယွမ်ရဲ့ တိုက်ကွက် ဆယ်ကွက်ကို လက်ခံရမယ် ဆိုတာပါပဲ။ အပေါ်ယံ ကြည့်ရင်တော့ ဒါက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အမှန်တကယ်တော့ ရက်ရက်စက်စက်နဲ့ အပြစ်ဒဏ်ပေးတာပဲ မဟုတ်ဘူးလား။ ရွှမ်ယုဇီကွမ်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်ရဲ့ ကြယ်ငါးလုံးကို ပိုင်ဆိုင်ထားပြီး လင်းဟန်ကို ချက်ချင်းပဲ တစ်ကွက်တည်းနဲ့ တိုက်ခိုက်နိုင်ပါတယ်။

လူတချို့ကတော့ အော်ဟစ်ရုံတင်မက ပစ္စည်းတွေနဲ့ပါ ပစ်ပေါက်ကြပေမဲ့ ဂဏ်ပါရဲ့ တားဆီးမှုကို ခံလိုက်ရပါတယ်။ ဂဏ်ပါ ဒိုင်းကာပေါ်ကနေ ဘေးဘက်ကို ပစ္စည်းတွေက လျောကျသွားပြီး သူတို့ရဲ့ အပြုအမူတွေက ဘယ်လောက်ထိ ပမာဏကို ရောက်နေတယ်ဆိုတာ ဖော်ပြနေပါတယ်။

မြန်မြန် သတ်။

လင်းဟန်က ရွှမ်ယုဇီယွမ်ဆီကို ကြည့်လိုက်ပါတယ်။ သူက

Edit with WPS Office

အတော်လေးကို အိုနေပြီး အသက်ငါးဆယ် အရွယ်ခန့် ရှိပါတယ်။ ပြီးတော့ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ မျိုးဆက်တွေ အနေနဲ့ အသက်ရှည်ကြပြီး သူက အကြမ်းအားဖြင့် နှစ်ပေါင်းနှစ်ထောင်လောက် ရှင်သန်နေထိုင် ခဲ့ပြီးပါပြီ။ ဒါကြောင့် အရမ်းကို အိုနေပြီလို့တောင် ပြောလို့ရပါတယ်။

လူသား စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ သက်တမ်းနှစ်ကြိမ် ရှင်သန်နိုင်ပါတယ်။ ဒါပေမဲ့ သူကတော့ သူ့သက်တမ်း တစ်ဝက်ပဲ ဖြတ်ကျော်ရပါသေးတယ်။ ဒါက အရမ်းကို မနာလိုစရာ ကောင်းပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ အစစ်အမှန် နဂါးရဲ့သွေးက သူ့ခန္ဓာကိုယ်ထဲမှာ လည်ပတ်လို့ နေပါတယ်။

"လူသား တကယ်လို့ မင်းက ဒီအရှင်သခင်ရဲ့ တိုက်ကွက်ဆယ်ကွက်ကို ခံယူနိုင်ရင် မင်းအသက်ရှင်လျက်နဲ့ ထွက်သွားလို့ ရမယ်"

Edit with WPS Office

ရွှမ်ယုဇီကွမ်က ရက်စက်ကြမ်းကြုတ်တဲ့ အမှုအရာတစ်ခု ထုတ်ဖော်လိုက်ပါတယ်။ အစတုန်းက သူ့ရဲ့ အဆင့်အတန်းနဲ့ နတ်အသွင် ပြောင်းလဲခြင်း အဆင့် ပုရွက်ဆိတ်လေး တစ်ကောင်ကို တိုက်ခိုက်ခိုင်းတာက သူ့ကို အဆင့်နိမ့်စေသလို ခံစားရပါတယ်။ ဒါပေမဲ့ လင်းဟန်က ရွှမ်ယု မိသားစုရဲ့ လူတွေကို လူပုံအလယ်မှာ ကွပ်မျက်ရဲတဲ့အတိ သတ္တိကောင်းပြီး သူတို့ထဲက တစ်ယောက်မှာ ရှေးဘိုးဘေးရဲ့ အရမ်းကို သန့်စင်တဲ့ သွေးမျိုးဆက်တောင် ရှိပါတယ်။ သူက ဘုရင်မင်းမြတ်ရဲ့ နောက်အမွေကို ဆက်ခံမဲ့သူ ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီအရှင်သခင်က ကျေးဇူးပြုပြီး သနားညှာတာငဲ့ညှာပေးပါ"

"သေချာတာပေါ့"

Edit with WPS Office

ရွှမ်ယုဇီကွမ်က သရော်ပြီး ပြုံးလိုက်ပါတယ်။ သူက ပထမ တိုက်ကွက်ကိုးခုမှာ တကယ်ပဲ အချိန်ဆွဲပါလိမ့်မယ်။ လင်းဟန်က မျှော်လင့်ချက်လေး ပါးပါးတစ်ခုကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာ သူက ညှာတာကင်းမဲ့စွာနဲ့ သူတို့ရဲ့ အမှန်းတရားတွေကို ပေါက်ကွဲပစ်လိုက်မဲ့ နည်းလမ်းပါပဲ။

"ခင်ဗျားရဲ့ တိုက်ကွက်တွေ စလို့ရပြီ"

လင်းဟန်က လက်ဟန်ခြေဟန်နဲ့ ပြလိုက်ပါတယ်။

ရွှမ်ယုဇီကွမ်က သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ မူလစွမ်းအားကိုတော့ မထုတ်ပဲ လင်းဟန်ဆီကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အမြန်နှုန်းက ဘယ်လောက်တောင် လျင်မြန်လိုက်သလဲ။ လင်းဟန်အတွက် ပြန်တုံ့ပြန်ဖို့ အချိန်တောင် မရှိပါဘူး။ ဒီလက်သီးက သူ့အစာအိမ်ရဲ့

Edit with WPS Office

ညာဘက်ခြမ်းကို ထိမှန်သွားခဲ့ပါတယ်။ ဝုန်း။ သူက ချက်ချင်းဆိုသလို အမြောက်ဆံ တစ်ခုကို ပစ်လွှတ်လိုက်သလို လွင့်ထွက်သွားခဲ့ပါတယ်။

လင်းဟန်က တိုက်ပွဲကွင်းပြင်ရဲ့ အဆုံးနားက ကျောက်နံရံဆီကို ပြင်းပြင်းထန်ထန် ဆောင့်မိသွားပြီး မြေကြီးပေါ်ကို ပြုတ်ကျလာခဲ့ပါတယ်။ သူက တကယ့်ကို ပြင်ဆင်ထားတယ် ဆိုပေမဲ့ သူ့အစာအိမ်နားမှာ နာကျင်မှု တစ်ခုကို ခံစားနေရဆဲပါပဲ။

သူက တကယ်ပဲ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုကို မရှောင်တိမ်း နိုင်ပါဘူး။ ဒါပေမဲ့ မှသားမဲ့ မျက်လုံးနဲ့ တိုက်ခိုက်မှုက ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို မြင်တွေ့နိုင်ပါတယ်။ ရှမ်ယုဇီကွမ်က တိုက်ကွက်ဆယ်ကွက် ပြည့်တဲ့အထိ သူ့ကို အချိန်ဆွဲပြီးတော့ ပြင်းပြင်းထန်ထန် ခံစားစေချင်နေတာပါ။ ဒါကြောင့် သူက ပထမ တိုက်ခိုက်မှုရဲ့ စွမ်းအားကို ကောင်းကင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးအထိ ထိန်းချုပ်ထားပြီးမှ ပကတိ ခွန်အားနဲ့ တိုက်ခိုက်ခဲ့တာပါ။

Edit with WPS Office

ဒါက လင်းဟာန်ကို ထိခိုက်ဒဏ်ရာ ရစေဖို့ မလုံလောက်ပါဘူး။ ဒါပေမဲ့ ပြိုင်ဘက်က စကြာဂင္ဘာ ဖျက်ဆီးခြင်းအဆင့် ပြိုင်ဘက်တစ်ယောက် ဖြစ်ပါတယ်။ သိုင်းဆန္ဒ နည်းနည်းကို ထောက်ထား စာနာမှု မရှိပဲ ထည့်လိုက်တာကြောင့် လင်းဟာန်ရဲ့ နာကျင်မှုကို ဖြစ်စေတဲ့ အဓိက အကြောင်းပဲ ဖြစ်ပါတယ်။

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အံ့ဩဖွယ်ရာ ကောင်းပါတယ်။ ဟုတ်တာပေါ့။ ဒါက နာကျင်ရပေမဲ့ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး။ သူက ချက်ချင်းပဲ ကုန်းထပြီးတော့ ပါးစပ်အပြည့် သွေးနက်တွေကို ထွေးထုတ်လိုက်ပြီး သူ့ရဲ့ ကြွက်သားတွေနဲ့ အရိုးတွေကို လှုပ်ရှား လိုက်ပါတယ်။ ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတွေ အားလုံးဟာ တဖျစ်ဖျစ်နဲ့ မြည်လာခဲ့ပြီး သူ့ရဲ့ရှီနဲ့ သွေးဓာတ်က မိုးထိအောင် ထိုးတက်လာခဲ့ပြီး သူ့ရဲ့ အရမ်းကို တက်ကြွတဲ့ အသက်ဓာတ် စွမ်းအားကို ဖော်ပြနေပါတယ်။

ချက်ချင်းဆိုသလို ပွဲကြည့်စင်ပေါ်မှာ ဆူညံပွက်လော ရိုက်သွားပါတယ်။

Edit with WPS Office

ပင်လယ်မျိုးနွယ်စုက လူသားတစ်ဂက် သားရဲတစ်ဂက်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေက အံ့သြဖွယ် ကောင်းတယ်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ ကျောက်ပုစွန်လူသား ဂဏန်းလူသားတွေနဲ့ တူပါတယ်။ သူတို့ရဲ့ အခွံတွေ တစ်ခုတည်းနဲ့ အဆင့်တူထဲက သိုင်းပညာရှင်တွေကို စိတ်ပျက်သွားအောင် လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ အောင်မြင်မှုတွေလည်း အကန့်အသတ် ရှိပါတယ်။ အများဆုံး နတ်အသွင် ပြောင်းလဲခြင်းအဆင့်ကို ရောက်ရှိနိုင်ပြီး သူတို့ရဲ့ သွေးမျိုးဆက်က အတော်လေး အကန့်အသတ် ရှိပါတယ်။

ဒါကြောင့်လဲ သူတို့အနေနဲ့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အဆင့်ကို ကောင်းကင်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ရရှိဖို့ ဘယ်လောက်တောင် ခက်ခဲလည်း ဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်။

ဒီလူသားက ဒါကိုလုပ်ခဲ့တယ်။

Edit with WPS Office

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ မင်းက လူသားစစ်စစ်မှ ဟုတ်ရဲ့လား။ နတ်ဘုရား သားရဲကောင်တွေကနေ ဆင်းသက်လာတဲ့ လူသားတဂက် မျိုးနွယ်စု တစ်ခုခုကလား။

ရွှမ်ယုထောင်ရဲ့ မျက်လုံးတွေတောင် အနည်းငယ် မှေးသွားပြီး သူ့အကြည့်ထဲမှာ သနားတဲ့ အကြည့်တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ ဘုရင်တွေအတွက် ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပိုင်ဆိုင်ဖို့က မရှားပါဘူး။ သူတို့ရဲ့ သွေးမျိုးဆက်က သူတို့ကို ဒီလိုမျိုး စွမ်းရည်တွေ ချီးမြှောက်ပေးထားပါတယ်။ ဒါပေမဲ့လည်း လူသားတစ်ယောက် အတွက်တော့ ဒီလိုမျိုး အမြင့်အထိ ရောက်ရှိတာက အံ့အားသင့်စရာ ကောင်းပြီးတော့ ဒီလူသားရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တက်လမ်းကို ဖော်ပြနေရာ ရောက်ပါတယ်။

လူသားတွေမှာ ဆိုးဝါးတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေ ရှိပြီးတော့

Edit with WPS Office

အားအနည်းဆုံး ခန္ဓာကိုယ် ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့က သိုင်းပညာမှာ အဆုံးအစမရှိတဲ့ ဖြစ်နိုင်ချေတွေ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ မျိုးဆက်သွေးရဲ့ ကောင်းချီးပေးမှု မရှိတာကြောင့် မျိုးဆက်သွေးရဲ့ အကန့်အသတ်လည်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီလူသားက ဘယ်လောက်တောင် ကံဆိုးလိုက်သလဲ။ သူ့ရဲ့ သားကို သတ်ခဲ့ပါတယ်။ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလူသားက တကယ်ပဲ လူသစ်စုဆောင်းဖို့ ထိုက်တန်ပြီး သူ့ရဲ့ကလန်က မိန်းကလေး တစ်ယောက်နဲ့တောင် လက်ထပ်ပေး ရပါမယ်။ သူတို့ရဲ့ မျိုးဆက်ကလည်း အရမ်းကို အံ့သြစရာ ကောင်းလာပါလိမ့်မယ်။

ဒီအတွေးက သူ့စိတ်ထဲမှာ ဖျတ်ခနဲ ပေါ်သွားတာပါ။ မဖြစ်နိုင်ဘူး။ ဒီလူသားက သေကိုသေရမယ်။ နောက်ပြီးတော့ သူတို့က သံမဏိသွေး ပြိုင်ကွင်းထဲကို ဝင်ရောက်နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ တိုက်ပွဲကို ရပ်တန့်လို့ မရနိုင်ပါဘူး။ အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့စကားကို သူမတည်သလို ဖြစ်သွားပါမယ်။ ဒါဆိုရင် ဘုရင်တစ်ပါးအဖြစ် သူ့နေရာကို ဘယ်လိုလုပ်

Edit with WPS Office

ထိန်းနိုင်မှာလဲ။

ရွှမ်ယုဇီကွမ်လည်း အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူအသုံးပြုလိုက်တဲ့ စွမ်းအားက ဘယ်လောက်ထိ အစွမ်းထက်တယ် ဆိုတာကို သူ့အနေနဲ့ ရှင်းရှင်းလင်းလင်း သိနားလည် ပါတယ်။ ကောင်းကင်အထွတ်အထိပ်အဆင့် စစ်သည်တော်တွေကို ကိုးဆယ်ရာခိုင်နှုန်း ပြင်းပြင်းထန်ထန် ဒဏ်ရာရစေဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က ပါးစပ်အပြည့် သွေးတစ်လုတ်ပဲ ထွေးထုတ်ခဲ့ပြီး ပြီးသွားခဲ့ပါတယ်။ လင်းဟာန်ရဲ့ သွေးနဲ့ ချီရဲ့ တက်ကြွမှုက သူ့ကို ပိုပြီးတော့တောင် အံ့သြမှင်တက် သွားစေခဲ့ပါတယ်။

"ဒုတိယ အကွက်"

သူက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပြီး သူ့ညာဘက်လက်ကို နောက်တစ်ကြိမ် မြှောက်ပြီးတော့ ကောင်းကင်အဆင့် ကြယ်ဆယ့်နှစ်လုံးရဲ့ စွမ်းအားအထိ တိုးလိုက်ပါတယ်။

Edit with WPS Office

ရွှစ်။

သူ့လက်သီးချက် ပစ်သွင်းလိုက်သလို လင်းဟန်ကလည်း နောက်တစ်ကြိမ် လွင့်ထွက် သွားခဲ့ပါတယ်။

"ဝေါ့"

လင်းဟန်က နောက်ထပ် အနက်ရောင် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပါတယ်။ သူက ခေါင်းငုံ့ပြီး ကြည့်လိုက်တဲ့ အခါမှာ သူ့ရင်ဘက်က ချိုင့်ဝင်နေပြီး သူ့အရိုးတွေ အားလုံး ကျိုးသွားတာကို တွေ့မြင်လိုက်ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ရဲ့ သိုင်းဆန္ဒကို ထည့်သွင်းပြီးတဲ့နောက်မှာ ကောင်းကင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်သက်သက်နဲ့ သူ့ခန္ဓာကိုယ်ကို ဒဏ်ရာရစေနိုင်ပါတယ်။ တကယ့်ကို အံ့အားသင့်စရာ ကောင်းတာပဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အားက

Edit with WPS Office

ကောင်းကင်အဆင့်ကို မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာ ချေမှုန်းပစ်နိုင်တာကိုလည်း တွေ့မြင်နိုင်ပါတယ်။

လင်းဟာန်က အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ သိုင်းဆန္ဒ တစ်ခုနဲ့ စိန်အဆင့် ခန္ဓာကိုယ်က ဒဏ်ရာတွေကို အလိုအလျောက် ကုသနိုင်ခြင်း မရှိပါဘူး။ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံး ချက်ချင်းဆိုသလို ရွှေရောင်အလင်းတန်းတွေနဲ့ တောက်ပလာပြီး ရှေးဟောင်းတော်ဝင် အငွေ့အသက်တစ်ခု ထုတ်လွှတ်ကာ ရှေးဟောင်းကောင်းကင်ဘုံ ကေရာဇ် တစ်ပါး ထွက်ပေါ်လာသလိုမျိုးပါပဲ။

သူ့ရဲ့ ကျိုးနေတဲ့ အရိုးတွေက မျက်စိနဲ့တောင် မြင်နိုင်တဲ့ အမြန်နှုန်းနဲ့ ပြန်လည်ကောင်းမွန် လာခဲ့ပြီး အသက်တစ်ရှိုက်စာ အချိန်မှာပဲ အရင်အခြေအနေအတိုင်း ပြန်ဖြစ်သွားခဲ့ပြီး သွေးနဲ့ ချီတွေကို နည်းနည်းလေးမှ ထိခိုက်ပျက်စီးခြင်း မရှိပဲ သူ့ရဲ့အသက်ဓာတ် စွမ်းအင်ကလည်း သန်စွမ်းနေပါတယ်။

Edit with WPS Office

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ရပ်လိုက်ပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အားလုံးက တစ်ယောက်ပြီးတစ်ယောက် အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်လာကြပါတယ်။

ဒီရှေးဟောင်းတော်ဝင် တည်ရှိမှုက သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို ကြောက်ရွံ့မှုနဲ့အတူ တုန်လှုပ်အောင် လုပ်ပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူက လူသားလေး တစ်ယောက်ပဲဟာ။ အစစ်အမှန် နဂါး တစ်ကောင်က ပြန်လည်မွေးဖွားလာတာ မဟုတ်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ စိတ်ဝိညာဉ် အရည်အသွေးနဲ့ ပတ်သက်ရင် သူတို့ကို သာလွန်နိုင်မှာလဲ။

"နောက်ထပ် ရှစ်ကွက်ပဲ ကျန်တယ်"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

သိုင်းပညာရပ်တွေရဲ့ ဘုရင်တွေ အတော်ဆုံး ပါရမီရှင်တွေလိုပါပဲ။

Chapter 789 end

အပိုင်း(၇၉၀) ဓားနှလုံးသားကို နားလည်သဘောပေါက်ခြင်း

လင်းဟန်က ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါ အစီအရင်ကို ချက်ချင်းကြီး အသုံးမပြု သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို အသုံးချပြီးတော့ သူ့ကိုယ်သူ တိုးတက်စေချင်လို့ ဖြစ်ပါတယ်။ သူအနေနဲ့ အမြဲတမ်းလိုလို သူ့ရဲ့ ကျင့်ကြံခြင်း တိုးတက်မှုက အရမ်းကို လျှင်မြန်တယ်လို့ ခံစားနေရပါတယ်။ သူ့အတွက်တော့ ရိုးရိုးသားသား ပြောရမယ်ဆိုရင် အဆင့်မြင့် မော်ဆေးလုံးတွေနဲ့ ကမ္ဘာ့ရတနာတွေ အမျိုးမျိုးကို အများအပြား စားပြီး သူ့ခန္ဓာကိုယ်ထဲမှာ အစီစဉ်တကျ ဖြစ်စေခဲ့ပါတယ်။ ပြီးတော့ သူက အဲဒါတွေကို ဆက်တိုက် မသန့်စင်နိုင်ခဲ့ပါဘူး။ ဆန့်ကျင်ဘက် ရလဒ်နဲ့ အာနိသင်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

ပြင်းထန်တဲ့ တိုက်ခိုက်မှု နှစ်ကြိမ်ကို ထိမှန်ခံလိုက်ရပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ သိုင်းဆန္ဒ တစ်ခုကိုတောင် ခုခံနိုင်ခဲ့တယ်။ သူက သူ့ခန္ဓာကိုယ်အထဲက အဲဒီဆေးစွမ်းအားတွေ

Edit with WPS Office

ဖြည်းဖြည်းလေး အထိုင်ကျလာပြီး သူ့ကိုယ်ပိုင် မူလစွမ်းအင်
အဖြစ်ကို လျင်လျင်မြန်မြန်နဲ့ ပြောင်းလဲသွားတာကို
ခံစားလိုက်ရပါတယ်။

သူ့အသွေးအသားတွေထဲမှာ ဆေးစွမ်းအားတွေ ပိုပြီးတော့
စီးဆင်းလာလေ သူ့ရဲ့ ပကတိ ခွန်အားက တိုးတက်လာပြီး အရမ်းကို
သက်သာစေတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

သူက မူးယစ်တဲ့ အမူအရာတစ်ခုကို ဖြစ်ပေါ်လာမိပါတယ်။ အခု
သူ့ရဲ့ချီနဲ့သွေးနဲ့ ဆေးစွမ်းအားက လုံးဂကို တက်ကြွလာခဲ့ပြီး
သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ သူ့ဆီကို မရေတွက်နိုင်တဲ့
အသိပေးချက် ပို့လွှတ်လိုက်သလို တကယ့်ကို
အံ့သြဖွယ်ရာကောင်းတဲ့ ခံစားချက် တစ်ခုပါပဲ။

ဒါကိုကြည့်ပြီးတော့ ရှမ်ယုဇီကွမ်က ဒေါသတကြီးနဲ့
ကြည့်လိုက်မိပါတယ်။

Edit with WPS Office

ငါက မင်းကို နှိပ်စက်ညှဉ်းပန်းနေတာကို မင်းက ကျေနပ်အားရနေတဲ့ အမူအရာမျိုး ဖြစ်နေတယ်။ မင်းကဘာကို ဆိုလိုတာလဲ။ ငါ့ရဲ့တိုက်ခိုက်မှုက အရမ်းကို အားပျော့နေတာလား။

သူလည်း လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကုသနိုင်တဲ့ စွမ်းရည်ကြောင့် အံ့အားသင့် နေခဲ့ပါတယ်။ ဒါပေမဲ့ စိတ်ထဲမှာ မထည့်ထားပါဘူး။ ဘာဖြစ်လို့လဲဆို လင်းဟာန်က စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ကို သူ့အနေနဲ့ ဘယ်လောက်ပဲ ထူးဆန်းနေပါစေ ကျော်လွှန်နိုင်မှာ မဟုတ်ပါဘူး။ ဒါက သိုင်းပညာရပ်တွေရဲ့ အမှန်တရားပဲ ဖြစ်ပါတယ်။

"တတိယ တိုက်ကွက်"

ရွှမ်ယုဇီကွမ်က တတိယမြောက် လက်သီးကို ပစ်သွင်းလိုက်ပါတယ်။

အရင်အကြိမ်တွေအတိုင်း လင်းဟာန်က လွင့်ထွက်သွားပြီး

Edit with WPS Office

သွေးတစ်လုတ် အန်ပြီးတော့ သူ့ရဲ့ အရိုးတွေတောင် ကျိုးကုန်ပါတယ်။ ဒါပေမဲ့လည်း သူက မတ်တပ်ထရပ်ပြီး သူ့အရိုးတွေ ပြန်ဆက်ကာ ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။ ဒီအမြန်နှုန်းက အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်နဲ့ လူသိများတဲ့ ရေဘာဝဲ ကလန်ကိုတောင် သူတို့ရဲ့ စွမ်းရည်က နိမ့်ကျတယ်လို့ ခံစားစေရပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လူထူးလူဆန်းတစ်ယောက် ရှိနေရတာလဲ။

"လေးကွက်မြောက်"

"ငါးကွက်မြောက်"

"ခြောက်ကွက်မြောက်"

Edit with WPS Office

ရွှမ်ယုဇီကွမ်းက လက်သီးတစ်ချက် ပစ်မသွင်းပဲ အချိန်အနည်းငယ် ရပ်ပြီးတော့မှ ချက်ချင်းဆိုသလို လက်သီးသုံးလုံးဆက်တိုက် ပစ်သွင်းပြီး တိုက်ခိုက်လိုက်ပါတယ်။ လက်သီး ထိုးချက်တိုင်းမှာ စွမ်းအားတွေကို တိုးမြှင့်ထားပြီး လင်းဟာန်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရသွား စေခဲ့ပါတယ်။

ဒီတစ်ကြိမ်တော့ လင်းဟာန်က မတ်တပ်မရပ်ခင် မြေကြီးပေါ်မှာ အချိန်တော်တော်ကြာအောင် လဲနေပါတယ်။ သူ့ရင်ဘက်မှာ ရောမ ချိုင့်ခွက်ကြီး သုံးခုရှိနေပါတယ်။ သူရဲ့သဘက်ဆန်တဲ့ မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရပါတယ်။ အချိန်ခဏလေး အတွင်းမှာ အဲဒီချိုင့်ခွက်ကြီးတွေက ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ရွှေရောင်အလင်းတန်းတွေ ထုတ်လွှတ်နေပြီး ကောင်းကင်ဘုံ ကေရာဇ်တစ်ပါးက မြေပြင်ပေါ်ကို ဆင်းသက်လာသလိုမျိုးနဲ့ တူနေပါတယ်။

ဝုန်း ဝုန်း ဝုန်း။

Edit with WPS Office

သူ့ခန္ဓာကိုယ်ကနေ ပေါက်ကွဲထွက်တဲ့ အသံတွေ ထွက်ပေါ်လာပြီး သူ့တည်ရှိမှုက ရုတ်တရက် ထိုးတက်သွားလိုပါပဲ။ မီးတောင်တစ်ခု ရုတ်တရက် ပေါက်ကွဲထွက်သလိုမျိုးနဲ့ တူပါတယ်။

"သူအဆင့်တက်သွားပြီ"

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်လိုက် ကြပြီး သူတို့ရဲ့ အမူအရာတွေမှာ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လပ္ပွတ်ပဲ။ မင်းတို့ကောင်တွေ ဘယ်တုန်းကများ ရိုက်နှက်ခံနေရပြီး အဆင့်တက်သွားနိုင်တဲ့ လူထူးလူဆန်း တစ်ယောက်ကို တွေ့မြင်ဖူးလို့လဲ။ ပြီးတော့ ဒါက ရိုးရိုးရိုက်နှက်ခြင်းတစ်ခု မဟုတ်ပါဘူး။ ဒါက နှိပ်စက်ညှင်းပန်းမှု ဖြစ်ပါတယ်။ အရိုးတွေ ကျိုးကြေကုန်တဲ့အထိ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာ ရစေတာပါ။ ဒီလိုမျိုး အခြေအနေ တစ်ခုမှာ အဆင့်ချိုးဖြတ်ပြီး တက်သွားတယ် ဆိုတာက လုံးဝကို မယုံနိုင်စရာ ကောင်းပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း အမှန်တကယ် ဖြစ်ပျက်သွားတာကို တွေ့မြင်ရပါတယ်။ ဒီလူသားက နတ်အသွင် ပြောင်းလဲခြင်းအဆင့် အလွှာငါးကနေ အလွှာခြောက်ကို အဆင့်တက်သွားခဲ့ပါပြီ။

လင်းဟာန်က စိတ်ပျက်သွားမိခဲ့ပါတယ်။ သူက သူ့ရဲ့အဆင့်တက်နှုန်းက အရမ်းကို လျင်မြန်လို့ စိတ်ဆိုးနေခဲ့ပါတယ်။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ကိုငှားပြီး သူ့ကိုယ်သူ မာကျောလာအောင် သူ့အဆင့် ခိုင်မာလာအောင် လုပ်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ မျှော်လင့်မထားမိတာက လက်သီးချက် ခြောက်ချက် ထိမှန်ခံရပြီးတဲ့နောက်မှာ သူ့ခန္ဓာကိုယ်ထဲက စုစည်းထားတဲ့ ဆေးစွမ်းအားတွေကြောင့် သူ့ကို ချက်ချင်းပဲ အဆင့်တက် သွားစေခဲ့ပါတယ်။

သူက ထူးခြားတဲ့ ရတနာဆေး တစ်မျိုးကို သောက်လိုက်သလိုပါပဲ။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်က ဆေးစွမ်းအားတွေကို ဖြေရှင်းပေးခဲ့သလိုမျိုးနဲ့ တူညီပြီး ဘယ်လိုလုပ်

Edit with WPS Office

တိုးတက်မှုက မမြန်ပဲ နေမှာလဲ။

ဒါပေမဲ့လည်း တခြားလူတွေက သူ့ရဲ့ ရှုသိုးသိုး မည်းမှောင်နေတဲ့ အမူအရာကို မြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံး ရူးသွားမလိုတောင် ဖြစ်သွားပါတယ်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ နိပ်စက်ညှင်းပန်းမှု ခံနေရတဲ့အ ချိန်အတွင်းမှာ အဆင့်တက်သွားတာကို မင်းက မကျေမနပ် ဖြစ်နေသေးတာလား။

လပ္ပြွတ်ပဲ။ အရမ်းကို လွန်လွန်းနေပြီ။ မင်းက မိုးကြိုးပစ်ခံရသင့်တဲ့ ကောင်ပဲ။

ရွှမ်ယုဇီကွမ်က အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်။ အစတုန်းက သူ့အနေနဲ့ လင်းဟန်ကို လက်သီးကိုးချက်နဲ့ ဖူးယောင်ညိုမည်းသွားအောင် ရိုက်နက်ဖို့ စိတ်ကူးထားပါတယ်။ အဲဒီနောက် နောက်ဆုံးတိုက်ကွက်နဲ့ လင်းဟန်ရဲ့ အသက်ကို

Edit with WPS Office

နတ်ယူပြီးတော့ အဆုံးသတ်ပါမယ်။ ဒါပေမဲ့ လက်သီးခြောက်ချက် ထိုးပြီးတဲ့ နောက်မှာ လင်းဟန်က သေမင်းတံခါးဂကိုတောင် မရောက်တဲ့ အပြင် စွမ်းအင်တွေ ပြည့်ဂလာပြီး အဆင့်တောင် တက်သွားခဲ့ပါတယ်။ ဒါက သူ့ကို အတော်လေး ရှုသိုးသိုး ဖြစ်စေပါတယ်။

သူ့လက်သီးကို ခုနစ်ကြိမ်မြောက် မြှောက်လိုက်ပြီး ဒီတစ်ကြိမ်တော့ သူက အတော်လေး အလေးအနက် ထားလာခဲ့ကာ မူလစွမ်းအင်ကို ထုတ်ဖော်ထားပြီး သူ့လက်သီးပေါ်မှာ သွေးကြောပုံစံ သင်္ကေတတွေ ရစ်ပတ်လို့ နေပါတယ်။

အစောပိုင်းတုန်းက သူက သိုင်းဆန္ဒ နည်းနည်းကို အသုံးပြုခဲ့တယ် ဆိုပေမဲ့ မသိစိတ်က ထည့်လိုက်မိတာ ဖြစ်ပြီးတော့ အပြည့်အဂ ထုတ်ဖော်ထားတာနဲ့ နှိုင်းယှဉ်ရင် ဒါက တကယ်ပဲ အရမ်းကို ကွာခြားပါတယ်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက လက်သီးတစ်ချက်နဲ့ ကြယ်တာရာတွေကို ဖျက်ဆီးပစ်နိုင်ပါတယ်။

Edit with WPS Office

ဒီလိုမျိုး သက်ရှိတွေက ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်သလဲ။

သူက လင်းဟာန်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေပါတယ်။

လင်းဟာန်ရဲ့ နှလုံးသားက တင်းကျပ်လာသလို ခံစားရပြီး ရောမဖိအားတစ်ခုကို ခံစားလိုက် ရပါတယ်။ စကြာဂဠာဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကလေးလေးနက်နက် ဖြစ်လာခဲ့ပြီး သူ့ရဲ့ ခွန်အားအကုန်လုံးကို ထုတ်ဖော်မထားဘူး ဆိုပေမဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို အေးစိမ့်စိမ့်ဖြစ်စေပြီး ရေခဲလိုက်ဂူထဲ ကျဆင်းသွားသလိုမျိုး ခံစားရပါတယ်။

ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ကပါကို အသုံးပြုသင့်လား။

လင်းဟာန်က အချိန်အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ နည်းနည်းကြာကြာ တောင့်ခံဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

Edit with WPS Office

ဒီတိုက်ခိုက်မှုက သေချာပေါက် သူ့အသက်ကို မယူနိုင်ပါဘူး။ ပြီးတော့ သူက သူ့ရဲ့ခန္ဓာကိုယ် အတွင်းက ဆေးစွမ်းအားကို လှုံ့ဆော်ဖို့ နည်းနည်းကြာကြာ တောင့်ခံနိုင်ပါသေးတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ကိုငှားယူပြီး ဆေးစွမ်းအားကို နှိုးဆွဖို့ လွယ်တဲ့အရာတော့ မဟုတ်ပါဘူး။

ရှမ်ယုဇီကွမ်က တိုက်ခိုက်လိုက်ပါတယ်။ ဒီအခိုက်အတန့်မှာ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အစစ်အမှန် ခွန်အားကို ထုတ်ဖော်ခဲ့ပါတယ်။ လက်သီးချက်နဲ့အတူ မိုးကောင်းကင်နဲ့ မြေကြီးတောင် မှေးမှိန်သွားပြီး အဲဒီလက်သီး တစ်ခုတည်းပဲ အဆုံးမရှိ ထာဝရ တည်တံ့နေသလိုပါပဲ။

လင်းဟန်က လွင့်ထွက်သွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတစ်ဝက်လောက် ကျိုးကြေသွား ပါတယ်။ သူ့အရေပြား ကိုးဆယ်ရာခိုင်နှုန်းကျော် အက်ကွဲသွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး သွေးတွေ ရွှဲနစ်လို့ နေပြီးတော့ သူ့ရဲ့အမြင်တွေတောင် ဝေဝါးလာခဲ့ပါတယ်။

Edit with WPS Office

အရမ်းကို သန်မာတယ်။ အရမ်းကို အားကောင်းတယ်။ ဒါက စကြဲဂဥ္ဇာ ဖျက်ဆီးခြင်း အဆင့်ပဲ။

လင်းဟာန်က ဒီလိုမျိုး တိုက်ပွဲစွမ်းရည်ကို အတွေ့အကြုံ ရှိပါတယ်။ ဒါပေမဲ့လည်း သူက အလောင်းခေါင်းဆောင်နဲ့ တိုက်ခိုက်တုန်းက မရဏာစားကပဲ စကြာဂဥ္ဇာ ဖျက်ဆီးခြင်း အဆင့် တိုက်ပွဲစွမ်းရည်ကို အစစ်အမှန် ယှဉ်ပြိုင်ခဲ့တာပါ။ သူကတော့ ဂင်မပါခဲ့ပါဘူး။ ဒါကြောင့် အခုမှပဲ သူကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက် သွားခဲ့ပါတယ်။

ဒါက သူ့ကို အရမ်းထိတ်လန့် တုန်လှုပ်သွားစေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်လာသလို ခံစားရပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အခြေအနေအောက်မှာ သူ့ရဲ့တိုက်ပွဲဂင် စိတ်ဝိညာဉ်ကလည်း ချက်ချင်းဆိုသလို မီးတောက်တစ်ခုလို တောက်လောင်လို့ လာပါတယ်။

သူ့ရဲ့လက်ဆယ်ချောင်းကို ညင်သာစွာနဲ့ ဆတ်ခနဲ လှုပ်လိုက်ပြီး ဓားအလင်းတန်းတွေ တောက်ပ လာခဲ့ပါတယ်။ ဒီလိုမျိုး ပြင်းထန်တဲ့

Edit with WPS Office

ထိခိုက်ဒဏ်ရာ ရနေခဲ့ချိန်မှာ သူက တကယ်ပဲ ဓားလမ်းကြောင်းကို စပြီးတော့ နားလည်သဘောပေါက် လာခဲ့ပါတယ်။

ဓားနလုံးသားဆိုတာ သူလေ့လာလိုက်စားတဲ့ အရာဖြစ်ပါတယ်။

သူ့အရင်ဘဝတုန်းက သူက ဓားတွေနဲ့ လေ့ကျင့်တယ် ဆိုပေမဲ့ သူက ဓားချီအလင်း တစ်ခုကိုတောင် အားထုတ်နိုင်ခြင်း မရှိခဲ့ပါဘူး။ အစကတည်းက သိုင်းပညာရှင်တွေ အထဲမှာ ဘုရင်တစ်ပါး ဖြစ်လာဖို့ လုံးဝကို မစဉ်းစားထားခဲ့ပါဘူး။ မှော်ဆေးဧကရာဇ် တစ်ပါးရဲ့ အဆင့်အတန်း တစ်ခုနဲ့ အံ့သြဖို့ မလုံလောက်သေးဘူးလား။ တကယ်လို့ ကောင်းကင်ဖီးနစ် နတ်မိမယ်ထက် သာလွန်ချင်တဲ့ အကြောင်းပြချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ နေရာအနှံ့အပြား သွားပြီးတော့ ရှေးဟောင်းသမိုင်းဝင် နေရာတွေကို သွားရှာမှာ မဟုတ်ပါဘူး။

ဒီဘဝမှာသူက ငါးနှစ်ကျော်ကျော်လေးပဲ ကျင့်ကြံအားထုတ်ရပါသေးတယ်။ ပြီးတော့ ရှုရှုရန်နဲ့ ဓားဧကရာဇ်လေးတို့နဲ့ နှိုင်းယှဉ်လို့ မရနိုင်တာ သိသာပါတယ်။ သူတို့က မွေးလာတဲ့ အချိန်ကနေ စပြီးတော့ ဓားတွေ

Edit with WPS Office

ဆေဘာဓားတွေနဲ့ ရင်းနှီးကျွမ်းဝင်နေပြီး ဆေဘာဓားနဲ့ ဓားဆရာသခင်တွေ ဖြစ်လာပြီး သူတို့အပေါ်မှာ အစစ်အမှန် နားလည်သဘောပေါက် လာခဲ့ပါတယ်။ သူတို့မှာ အစမှတ်ခြင်း လုံးဝကို မတူညီ ကွဲပြားပါတယ်။

သူက သူ့ကိုယ်သူပဲ အားကိုးခဲ့ရပါတယ်။

ပြင်းထန်တဲ့ ဒဏ်ရာရနေတာတာတောင် လင်းဟန်က မမျှော်လင့်ပဲ ဓားလမ်းကြောင်းကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

သူ့ခန္ဓာကိုယ် အတွင်းက သိုင်းဆန္ဒကို ခုခံဖို့ ဓားအသိဆန္ဒကို ထုတ်ဖော်လိုက်ပါတယ်။ ပြီးတော့ သူ့ကိုယ်ပိုင် ဓားလမ်းကြောင်းရဲ့ နားလည်သဘောပေါက်နိုင်စွမ်း တိုးလာပြီး ဒီလိုမျိုး ခုခံလာ နိုင်ပါတယ်။

တကယ်လို့ သူက ဓားနလုံးသားကို ထွက်လာအောင် ကျင့်ကြံအားထုတ်နိုင်ရင် သူ့ရဲ့ တာအိုဲ အပေါ်မှာ

Edit with WPS Office

နားလည်သဘောပေါက်နိုင်စွမ်း တစ်ခုလုံး အဆင့်တက်သွားပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ရဲ့ သိုင်းဆန္ဒကို ဆန့်ကျင်ရင်ဆိုင်ပြီး ခုခံနိုင်စွမ်း ရှိလာပါလိမ့်မယ်။ တကယ်တော့ ဓားနှလုံးသားက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သိုင်းပညာ အဆင့်တွေနဲ့အတူ အထူးသီးသန့် အဆင့်တစ်ခု ဖြစ်ပါတယ်။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အားလုံးရဲ့ မျက်နှာတွေက တွန့်လိမ်ရှုံ့မဲ့ကုန်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့် ကုန်ကြပါတယ်။

ဒီကောင်စုတ်လေးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းအားကို ငှားပြီးတော့ တာအိုကို နားလည်သဘောပေါက် ခဲ့ပါတယ်။

ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ပိုပြီးတော့ အရေးကြီးတာက ဒီလူသားက အနှစ်သာရတွေ အမြောက်အမြား ဆည်းပူးခဲ့ပါတယ်။ ပြီးတော့ ဓားအလင်းတန်းတွေ တောက်ပလာခဲ့ပေမဲ့ ဓားအလင်းတန်းတွေက ထုတ်ဖော်တဲ့

Edit with WPS Office

တည်ရှိမှုက ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းလာပါတယ်။

သောက်ကျိုးနည်းပါလား။

ရွှမ်ယုဇီကွမ်းလည်း အတော်လေးကို မှင်တက်သွားခဲ့ပါတယ်။ ဒီလူသားက အရမ်းကို ယုတ္တိမရှိတော့ပါဘူး။

မဟုတ်ဘူး။ သူ့ကို ဒီထပ်ပိုပြီးတော့ အသက်ရှင်သန်ခွင့်ပြုလို့ မဖြစ်နိုင်ဘူး။ သူ့ကို နောက်ထပ် နှစ်အနည်းငယ် ထပ်ပေးလိုက်ရင် သူက ရွှမ်ယုကလန်ကို ခြိမ်းခြောက်ကလာနိုင်ပါတယ်။

သူက ဘာမှထပ်ပြီးတော့ မတွေးတော့ပဲ သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ လက်သီးကို မဆုပ်တော့ပဲ အဲဒီအစား ရွှေနဂါး လက်သည်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက လင်းဟန်ကို တစ်ချက်တည်းနဲ့ သတ်ပစ်ဖို့ ကြိုးစားလိုက်ပြီး အနာဂတ်မှာ ကျလာနိုင်တဲ့ ဘေးဒုက္ခကို အဆုံးသတ်ဖို့ ကြိုးစားလိုက်ပါတယ်။

Edit with WPS Office

နဂါးတစ်ကောင်ရဲ့ ဟိန်းသံနဲ့အတူ သူက ပျံထွက်လာပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

အခု ဒီလူသားက ပြင်းပြင်းထန်ထန် ဒဏ်ရာရှိနေပြီး ခုခံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ငရဲကို သွားပေတော့။

Chapter 790 end

အပိုင်း(၇၉၁) ရွှမ်ယုကာလန် အဆိုပြုချက်များ

ရွှမ်ယုဇီကွမ်းက နတ်နဂါးတစ်ကောင်နဲ့ တူပါတယ်။ သူ့ရဲ့ ညာဘက် လက်သည်းကို လင်းဟန်ရဲ့ နှလုံးသားဆီကို ဖော့ယမ်းပြီး ကုတ်ဆွဲလိုက်ပါတယ်။

ဒါက နဂါးလက်သည်း တစ်ခုဖြစ်ပါတယ်။ အဆင့်တစ်ဆယ်

Edit with WPS Office

ရှားပါးသတ္တုကိုတောင် အပေါက်ကြီး ဖြစ်သွားအောင် ကုတ်ဆွဲနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ ဒီလူသားရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အှံ့သြဖွယ်ရာ ဖြစ်နေတော့ရော ဘာဖြစ်ဦးမှာလဲ။

ဒါပေမဲ့လည်း အဲဒီအချိန်မှာ အပူချိန်က ရုတ်ချည်းဆိုသလို လျော့ကျသွားခဲ့ပါတယ်။

အဖြူရောင် နှင်းပွင့်ချပ်တွေ မျောလွင့်နေပြီး ရေခဲမုန်တွေ ပြန့်ကျဲသွားပါတယ်။

အစစ်အမှန်နဂါးရဲ့ အော်သံနဲ့အတူ နှင်းကဲ့သို့ ဖြူစွတ်နေသော အစစ်အမှန် နဂါးတစ်ကောင် ပေါ်လာခဲ့ပြီး လင်းဟန်ရဲ့ အပေါ်မှာ ရစ်ခွေကာ ရက်စက်ကြမ်းကြုတ်စွာနဲ့ စိုက်ကြည့်ပြီးတော့ အဆုံးမဲ့ နတ်ဘုရားအစွမ်းတွေကို ထုတ်လွှတ်နေပါတယ်။

ပုန်း။

Edit with WPS Office

ရေခဲနဂါးက ရွှမ်ယုဇီကွမ်ကို ဆီးကြိုနှုတ်ဆက်ပြီးတော့ သူ့ကို လွင့်ထွက်သွားအောင် ရိုက်ချပြီး အဲဒီနောက် ခုန်အုပ်ပြီးတော့ ပြင်းပြင်းထန်ထန် ရိုက်နှက်နှိပ်စက်နေပါတယ်။

ရွှမ်ယုဇီကွမ်က အရမ်းကို သန်မာပြီး စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းအား ကြယ်ငါးလုံး ရှိပေမဲ့ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံးကို ရောက်နေတဲ့ ရေခဲနဂါးကို တောင့်မခံနိုင်ပါဘူး။

စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံးက ကမ္ဘာတစ်ခုလောက် ကွာခြားပါတယ်။ ဒါကြောင့် ကြယ်ခုနစ်လုံးက ကြယ်ငါးလုံး အပေါ်မှာ အနိုင်ကျင့်ဖို့ မလုံလောက်ဘူးလား။

"အား"

ရွှမ်ယုဇီကွမ်းက ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်ပြီးတော့ အသည်းအသန် ခုခံနေရပါတယ်။ ပြတ်ရှရာတွေ ပွန်းပဲ့ရာတွေက

Edit with WPS Office

ခန္ဓာကိုယ် တစ်ခုလုံးမှာ ဆန်ခါပေါက်လို ပွထနေပြီး တိုက်ကွက် ဆယ်ကွက်ကို ကျော်လွန်သွားခဲ့တာ တော်တော်ကို ကြာနေပါပြီ။

ဟော့လျန်ရုံနဲ့ ဟော့လျန်ကလန်က လူတွေကလွဲပြီး အားလုံးရဲ့ ပါးစပ်တွေက အဟောင်းသား ပွင့်နေကြပြီး ဒီရလဒ်ကို လုံးဝကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

တစ်ကျော့ပြန်လာခြင်း။ ဒီလူသားက တစ်ကျော့ပြန်လာမှု တစ်ခုကို လုပ်ခဲ့ပါတယ်။

သူက မျဉ်းကြောင်းရဲ့ အဆုံးသတ်မှာဆိုတာ သိသာထင်ရှားပါတယ်။ ဒါပေမဲ့ ရတ်ခြည်းဆိုသလို ကံကြမ္မာအလှည့်အပြောင်းက လျင်မြန်ပြီး ရွှမ်ယုဇီကွမ်းက ပြင်းပြင်းထန်ထန် နှိပ်စက်ခံလိုက်ရပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာကောင်းပါတယ်။ အရမ်းကို မယုံနိုင်စရာကောင်းပြီးတော့ လက်ခံနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

ရွှမ်ယုထောင်ရဲ့ ပါးစပ်က တွန့်လိမ်ရှုံ့မဲ့ သွားခဲ့ပါတယ်။

Edit with WPS Office

နောက်ဆုံးတော့ ဟော့လျန်ရုံက လင်းဟန်ကို လက်လျှော့ဖို့ မလုပ်ခဲ့ဘူးဆိုတာကို နားလည်သဘောပေါက် သွားတဲ့အပြင် လင်းဟန်မှာ ဒီလိုမျိုး အံ့အားသင့်စရာ ဝှက်ဖဲတစ်ခုလည်း ပိုင်ဆိုင်ထားတယ် ဆိုတာကို သိလိုက်ရပါတယ်။

ဒီကောင်လေးက သူ့ကို စကားလုံးတွေနဲ့ တမင်တကာ ရည်ရွယ်ပြီး ချည်နှောင်ခဲ့တာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့ကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်စွက်ဖက်ခွင့် မပြုခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ရေခဲနဂါးရဲ့ တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြယ်ငါးလုံးကို ကျော်လွန်ပေမဲ့ ကြယ်ဆယ်လုံးကိုတော့ မရောက်ရှိခဲ့ပါဘူး။ တကယ်လို့ သူသာ တိုက်ခိုက်မယ်ဆိုရင် လင်းဟန်က ဆယ်ကွက်မြောက်မှာ အသတ်ခံရဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။

မြေခွေးအိုကြီး။ လဗ္ဗတ်လိုပဲ။

"လုံလောက်ပြီ"

Edit with WPS Office

သူက လက်ကို ဝှေ့ယမ်းပြီးတော့ ညာဘက်လက်ကို ဆန့်ထုတ်ပြီး ရေခဲနဂါးကို လက်သီးနဲ့ ညင်သာစွာ တစ်ချက် ထိုးပြီးတော့ လွင့်ထွက်သွားစေပြီး ရွှမ်ယုဇီကွမ်ကို ဖမ်းဆုပ်ကာ သူနဲ့အတူ ပြန်ထွက်လာခဲ့ပါတယ်။ အဲဒီနောက် ပော့လျန်ရုံကို ပြင်းပြင်းထန်ထန် စိုက်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဂုဏ်သရေရှိ ဧည့်သည်တော်တွေ အနားယူဖို့အတွက် အခုရင်ဆုံး ပြင်ဆင်ပေးလိုက်ကြ။ ဒီဘုရင်က ဇီကွမ်ရဲ့ ဒဏ်ရာတွေကို ကုသပေးလိုက်ဦးမယ်"

ဒဏ်ရာတွေကို ကုသမယ်ဆိုတာက ဆင်ခြေတစ်ခု ဖြစ်ပါတယ်။ အဓိက အချက်က ဘယ်လို အဆုံးသတ်မလဲ ဆိုတာကနေ ရုန်းထွက်လိုက်တာပဲ ဖြစ်ပါတယ်။

ရွှမ်ယုမိသားစုရဲ့ အရေးကြီးဆုံး လူနှစ်ယောက် ဘာမဟုတ်ပဲ သေသွားခဲ့တာကို ဘယ်လိုလုပ် ဒီအတိုင်း ထားနိုင်မှာလဲ။ ဒါပေမဲ့

Edit with WPS Office

အလောင်းအစားကို လူပုံအလယ်မှာ လုပ်ခဲ့တာ ဖြစ်ပြီးဆော့ ဆယ်ကွက်ပြည့်ပြီးတဲ့ နောက်မှာ ရန်ငြိုးတွေ အားလုံးကို ကျေအေးပေးရပါမယ်။ ဒါကြောင့် သူ့စကားတွေကို သူမတည်လို့ ဘယ်လိုလုပ် ဖြစ်မှာလဲ။ တကယ်လို့ လင်းဟန်က တစ်ယောက်တည်းသာ ဆိုရင်တော့ ဂုဏ်သိက္ခာရှိတဲ့ မြောက်ပိုင်းတော်ဝင် မိသားစု တစ်ခုက ကတိဖျက်တာ ပြဿနာရှိလိမ့်မှာ မဟုတ်ဘူး။ မင်းကဘာများ လုပ်နိုင်မှာလဲ။ ငါ့ကိုကိုက်မလား။

ဒါပေမဲ့ အခုတော့ ဟော့လျန်ရုံ ရှိနေပါတယ်။ ပြီးတော့ တကယ်လို့ ဒီအကြောင်းကို ပုံကြီးချဲ့ပြီး သတင်းဖြန့်လိုက်မယ်ဆိုရင် ရွှမ်ယုတော်ဝင် မိသားစုရဲ့ မျက်နှာက ဘယ်နားကို သွားထားရမှာလဲ။

လင်းဟန်က မတ်တပ်မရပ်သလို ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂျက်ပါကိုလည်း ပြန်မရုပ်သိမ်း ခဲ့ပါဘူး။ သူက ဒီဂျက်ပါရဲ့ ကာကွယ်မှုအောက်မှာ ထိုင်နေပြီး သူ့ခန္ဓာကိုယ်ထဲက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် သိုင်းဆန္ဒကို သူ့ရဲ့ ဓားအသိဆန္ဒနဲ့ ဆန့်ကျင်ပြီး

Edit with WPS Office

အကြမ်းခံနိုင်အောင် လုပ်နေပါတယ်။

ဒါက အမှန်တကယ်တော့ အရမ်းကို အန္တရာယ်များပါတယ်။ နည်းနည်းလောက် သတိမထားမိပဲ အမှုမဲ့ အမှတ်မဲ့ ဖြစ်သွားခဲ့ရင် ရလဒ်က သူ့နတ်ဘုရား အာရုံကို အဲဒီ သိုင်းဆန္ဒက ဖျက်ဆီးပစ်ပါလိမ့်မယ်။ ပြီးတော့ အနက်ရောင် မျှော်စင်တောင် သူ့ကို ကယ်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ပါရမီရှင် တစ်ယောက်နဲ့ ငတုံးတစ်ယောက် အကြားမှာ ကြောက်လန့်မှု တစ်ခုနဲ့ ခွဲခြားထားပါတယ်။ တကယ်လို့ သူက ဒါကို အခွင့်အလမ်းကောင်း တစ်ခုလို့ တွေးထားရင် သူက ဆက်ပြီးတော့ ပြတ်ပြတ်သားသား လုပ်ရပါမယ်။

ရှုရှုရန်နဲ့ ဓားကေရာဇ်လေးတို့က ဆေဘာနလုံးသားနဲ့ ဓားနလုံးသားကို အသီးသီး ဖမ်းဆုပ်မိ သွားခဲ့ပြီး ဒါက သူ့ကို ကြီးမားတဲ့ ဖိအားဖြစ်စေပါတယ်။ နောက်ပြီးတော့ သူ့ကို အင်တင်တင်နဲ့ ရှုံးနိမ့်ကြောင်း ဝန်ခံစေပါတယ်။ အတတ်နိုင်ဆုံး သူ့အနေနဲ့ ဓားနလုံးသားကို အရေးပေါ် ဖမ်းဆုပ်နိုင်ဖို့ ကြိုးစားရပါမယ်။

Edit with WPS Office

တစ်ရက်၊ နှစ်ရက်၊ ဆယ်ရက်၊ တစ်လ။ သူက သူ့ခန္ဓာကိုယ်အထဲက သိုင်းဆန္ဒကို ခက်ခက်ခဲခဲ ခုခံခဲ့ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်က အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးတော့ သူတို့ရဲ့ သိုင်းဆန္ဒက နှစ်ရာပေါင်းများစွာ တည်ရှိနိုင်ပါတယ်။ ဒီတစ်လကျော်မှာ လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲက သိုင်းဆန္ဒက ကိုးဆယ့်ကိုး ရာခိုင်နှုန်းနီးပါး ပျက်စီးသွားခဲ့ပြီး သူ့နှလုံးသားတောင် ခုန်နေရာကနေ ရပ်လုနီးပါး ဖြစ်သွားခဲ့ပြီး လင်းဟန်ရဲ့ ပိုင်နက်လိုမျိုး အသိစိတ် တစ်ခုပဲ ကျန်ရှိပါတော့တယ်။

အခုချိန်မှာ သူ့လက်တွေနဲ့ ခြေထောက်တွေကို လှုပ်ရှားလို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အသိစိတ် ဆက်သွယ်မှုက ပြင်းထန်ပြီး သူတို့ကို တစ်စုံတစ်ယောက်က ပိုင်ဆိုင်ထားသလိုမျိုး ဖြစ်နေတာကြောင့် ဖြစ်ပါတယ်။ ပြီးတော့ သူ့အသိစိတ်သာ ယူသွားခံလိုက်ရမယ်ဆိုရင် သူက လူသေတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

စိတ်ဝိညာဉ် နတ်သူငယ်ကနေ ဖြစ်ပေါ်လာတဲ့ လူသေးသေးလေးက

Edit with WPS Office

အသိစိတ် ပင်လယ်ပေါ်က စောင့်ကြည့်နေပြီး လက်တံဆိပ်တွေကို ဖြစ်ပေါ်စေပြီး လျှို့ဝှက်ဆန်းကြယ် စွမ်းအား အမျိုးမျိုးကို သုံးပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စိတ်ဆန္ဒရဲ့ ကျူးကျော်မှုကို ခုခံတားဆီး နေပါတယ်။

လင်းဟာန်ရဲ့ ခန္ဓာကိုယ် အထဲက ဓားဆန္ဒက ပိုပြီးတော့ ပြင်းထန်လာပြီး အနက်ရောင် မျှော်စင် အထဲမှာရှိတဲ့ မရဏဓားက ညင်သာစွာ တုန်ခါပြီးတော့ သွေးကြောပုံစံ သင်္ကေတတွေက တစ်ခုပြီးတစ်ခု လင်းလက်တောက်ပ လာခဲ့ပါတယ်။

ရှွပ်။

လင်းဟာန်က ရုတ်တရက် သူ့မျက်လုံးတွေ ဖွင့်လိုက်ပြီး ရုတ်ချည်းဆိုသလို မတ်တပ်ထ ရပ်လိုက်ပါတယ်။ ရွှေရောင်အလင်းတွေက သူ့ခန္ဓာကိုယ် အတွင်းမှာ ပျံ့နှံ့နေပြီး ဒါက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စိတ်ဆန္ဒကို ထုတ်ပယ်ပစ်ဖို့ စတင်လည်ပတ်လိုက်တာ ဖြစ်ပါတယ်။

Edit with WPS Office

"နည်းနည်းလေး လိုသေးတာပဲ"

သူက ဓားနလုံးသားရဲ့ အစွန်းအဖျားနဲ့ ဆက်သွယ်မိပြီးတော့ အလှ္ဘာပါးပါးလေး တစ်ခုက ပိုင်းခြားထားပြီးတော့ ထိုးဖောက်လို့ မရနိုင်သေးပါဘူး။

မနက်ဖြန် ဒါမှမဟုတ် ချက်ချင်း သူက နားလည်သဘောပေါက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒီဘဝ တစ်လျှောက်လုံး အောင်မြင်မှု မရနိုင်တာလည်း ဖြစ်ပါလိမ့်မယ်။ ဒါက ဒီလိုမျိုး ဉာဏ်အလင်း ရစေတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

"မြန်မြန် ဂင်္ကပါကို ပြန်ရုပ်သိမ်းလိုက်"

ရွှမ်ယုထောင်ရဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

"မင်း သံမဏိသေွး ပြိုင်ကွင်းကို ဘယ်နှစ်ရက်တောင် အပိုင်စီးထားမှာလဲ"

လင်းဟန်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ရွှမ်ယုထောင်က သူ့ကို ဒေါသနဲ့ ဝေဖန်ပြောတယ် ဆိုပေမဲ့ သူ့စကားလုံးတွေထဲမှာ အစောပိုင်းတုန်းကလို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ မရှိတော့ပါဘူး။ ရွှမ်ယုထောင်က သူ့ကတိကို ထိန်းပြီးတော့ သူ့ရဲ့သားကို သတ်ပစ်ခဲ့တဲ့ အမုန်းတရားကို သင်ပုန်းချေလိုက်တာ ဖြစ်နိုင်ပါ့မလား။

ထူးဆန်းတယ်။ ဒါက ယုံကြည်ဖို့ ခက်ခဲတယ်။

"ဂက်ပါကို ပြန်သိမ်းလိုက်တော့။ တကယ်လို့ အရှင်သခင်ရွှမ်ယုက မင်းကို သတ်ချင်တယ်ဆိုရင် ဒီဂက်ပါက မင်းကို ကာကွယ်ပေးနိုင်မယ်လို့ တကယ်ပဲ ထင်နေတာလား"

ဟော့လျန်ရုံရဲ့ အသံကလည်း ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်က စပ်ဖြီးဖြီးနဲ့ ဂျက်ပါကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ တကယ်လို့ ပြတ်ပြတ်သားသား တိုက်ခိုက်ဖို့ ဖြစ်လာခဲ့မယ်ဆိုရင် သူ့မှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တစ်ယောက်ကို သတ်ပစ်ဖို့ဆိုတာက လက်ဝါးကို မှောက်လှန်သလိုမျိုး လွယ်ကူပါတယ်။ ဒါပေမဲ့ အဲဒါက အစစ်အမှန် ပုဂ္ဂိုလ်တွေကို ဆွဲဆောင်စေပြီး သူတောင်မှ ကပ်ဘေးဒုက္ခ ခံစားရပါလိမ့်မယ်။

"လူသား မင်းဘက်က ဒီဘုရင်ရဲ့ တောင်းဆိုမှု တစ်ခုကို သဘောတူရင် ဒီဘုရင်က အားလုံးကို ခွင့်လွှတ်ပေးနိုင်တယ်။ ရန်ညိုးတွေ အားလုံးကို ချေပေးမယ်"

ရွှမ်ယုထောင်က ပြောလိုက်တယ်။

လင်းဟန်က သူ့ခေါင်းကို ထိုးဖွပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ကျနော်က လောင်ကြေးနိုင်တယ်လေ။ ဒါကြောင့် ရန်ညိုးအားလုံး ကျေအေးသင့်ပြီ မဟုတ်လား"

ရွှမ်ယုထောင်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ရွှမ်ယုမိသားစုရဲ့ လူနှစ်ယောက်ကို သတ်ခဲ့တယ်။ ဒါပေမဲ့ အလောင်းအစား တစ်ခုပဲ အနိုင်ရခဲ့တာလေ။ ဒါက လူတစ်ယောက်အတွက် အမုန်းတရားကိုပဲ ပယ်လိုက်နိုင်တယ်"

လပွတ်ပဲပေါ့။ ခင်ဗျားဒီထပ်ပိုပြီး မျက်နှာပြောင်နိုင်သေးလား။

လင်းဟန်က မှင်တက်အံ့သြ သွားခဲ့ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက အရမ်းကို အရှက်ကင်းမဲ့တာပဲလား။ ဒါပေမဲ့လည်း ရွှမ်ယုထောင်ရဲ့ စကားတွေထဲမှာ သတ်ဖြတ်ခြင်း ဆန္ဒတွေ မရှိတော့ပါဘူး။ ပြီးတော့ ဟော့လျန်ရုံကို ကြည့်ရတာ သက်သောစင့်သက်သာ ရှိပါတယ်။ မြေခွေးအိုကြီးနှစ်ယောက်က ဒီတစ်လအတွင်းမှာ သူမရှိတုန်း

Edit with WPS Office

သဘောတူညီမှု တချို့ကို လုပ်ခဲ့တာ ဖြစ်နိုင်မလား။

သူ့ကိုယ်သူ ဇဝေဇဝါနဲ့ ဝေခွဲမရဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

"ဒီအရှင်သခင်ရဲ့ တောင်းဆိုချက်က ဘာများပါလိမ့်"

"ငါတို့ကလန်က မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ပြီး သားသမီးတစ်ယောက် မွေးပေးရမယ်။ ဒါဆိုရင် ရန်ညိုးတွေ အကုန်လုံးကို သင်ပုန်းချေပေးမယ်"

ရွှမ်ယုထောင်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"နောက်ပြီး အဲဒီကလေးက ငါတို့ကလန်အပိုင် ဖြစ်ရမယ်။ မင်းက ငါ့ကလန်ရဲ့ ပါရမီရှင်ထဲက တစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ ဒါကြောင့် မင်းက တစ်ယောက် ပြန်ပေးရမယ်"

Edit with WPS Office

ဒီလိုမျိုး လုပ်လို့လည်း ဖြစ်တာပဲလား။

လင်းဟန်က ဟော့လျန်ရုံဆီကို ကြည့်လိုက်မိပါတယ်။ ဒါက သူ့ကြောင့် သတင်းပေါက်ကြား သွားခဲ့တာ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရွှမ်ယုထောင်က ဘာဖြစ်လို့ သူ့ကို ဂက်တစ်ကောင် မိတ်လိုက်သလိုမျိုး လိုချင်မှာလဲ။ ဒီယောက္ခထီးက ဘယ်လိုမျိုး ယောက္ခထီးလဲ။ ပြည့်တန်ဆာခေါင်း တစ်ယောက်လား။

လင်းဟန်ရဲ့ စိုက်ကြည့်ခံရမှုကြောင့် ဟော့လျန်ရုံရဲ့ မျက်နှာက အနည်းငယ် နီမြန်းသွားပြီးတော့ သူက ရှင်းပြလိုက်ပါတယ်။

"ဒီဘုရင်ရဲ့ ပါးစပ်က အရက်မူးသွားလို့ လွှတ်ခနဲ ထွက်သွားတာပါ"

ရွှမ်ယုထောင်က လင်းဟန်ရဲ့ ထူးဆန်းမှုနဲ့ ပတ်သက်ပြီး သူ့ကိုယ်ပိုင် တွေးတော စဉ်းစားနေချိန်မှာ သူ့ဆီမှာ အံ့မခန်း ပါရမီရှိတဲ့ မြေးယောက်ျားလေး တစ်ယောက်ကို ရရှိထားတာကို

Edit with WPS Office

ထုတ်ပြောလိုက် မိပါတယ်။ ရွှမ်ယုထောင်လည်း အကြံတစ်ခု ရသွားခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က ရွှမ်ယုမိသားစုအတွက် မျိုးဆက်တစ်ယောက်ကို ချန်ထားပေးနိုင်မလား။

ဒါကြောင့်လည်း လင်းဟန် ပြန်နိုးထလာတာကို သိလိုက်ရတဲ့ အချိန်မှာ ချက်ချင်းပဲ အပြေးအလွှား ရောက်လာကြတာ ဖြစ်ပါတယ်။

"ကျနော် သဘောမတူဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့မှာ ဂက်တစ်ကောင်လို မိတ်လိုက်တဲ့ အရည်အသွေး မရှိပါဘူး။ ပြီးတော့ ရန်ညိုးရန်စကို ဖြေရှင်းဖို့အတွက် လူစိမ်းတစ်ယောက်ကို လက်မထပ် နိုင်ပါဘူး။ နောက်ပြီး အဲဒီမိန်းကလေးကလည်း သူ့ကို လက်ထပ်ဖို့ ဆန္ဒရှိမှာတဲ့လား။

သူစိမ်း နှစ်ယောက်ကို အတင်းအကျပ် လက်ထပ်ပေးစားတာက

Edit with WPS Office

ပြဿနာ တက်စေမယ် မဟုတ်လား။

"လူသား မင်းနဲ့ လက်ထပ်မဲ့ မိန်းကလေးက
ရုပ်ဆိုးအကျည်းတန်နေမှာကို ကြောက်နေတာလား"

ရွှမ်ယုထောင်က စပ်ဖြဲဖြဲနဲ့ ပြုံးလိုက်ပါတယ်။

"မစိုးရိမ်နဲ့ မစိုးရိမ်နဲ့။ သူက ငါတို့ကလန်ရဲ့ ပုလဲရတနာ တစ်ပါးပဲ။
နံပါတ်ခုနစ် ညီလေးရဲ့ တစ်ဦးတည်းသော အချစ်ဆုံး သမီးပဲ။
သူ့နာမည်က ရွှမ်ယုချိုင်လို့ခေါ်တယ်။ သူက ပန်းပွင့်လေး
တစ်ပွင့်လို လှပရုံတင်မက သူမရဲ့ ရှေးဘိုးဘေး
မျိုးဆက်သွေးကလည်း အရမ်းကို သန့်စင်တယ်။ သူက
လူငယ်မျိုးဆက်ထဲမှာ ထိပ်ဆုံးသုံးယောက်ထဲတောင် ဝင်နိုင်တယ်"

"ဟင့် တကယ်လို့ သေသွားမယ် ဆိုရင်တောင် ဒီလူသားနဲ့
ငါလက်မထပ်နိုင်ဘူး"

Edit with WPS Office

အဲဒီအခိုက်အတန့်မှာ မိန်းကလေးတစ်ယောက်က မလှမ်းမကမ်းမှာ ပေါ်လာခဲ့ပြီး လက်ထဲမှာ တောက်ပနေတဲ့ ရတနာ ဓားတစ်လက်ကို ကိုင်ထားပါတယ်။

"ဘယ်သူမဆို သူနဲ့လက်ထပ်ဖို့ ငါ့ကို အတင်းအကျပ် ဖိအားပေးရင် သူသေရင်သေမယ် ဒါမှမဟုတ် ငါသေပစ်လိုက်မယ်"

Chapter 791 end

အပိုင်း(၇၉၂) ရွေးချယ်စရာနှစ်ခု

ဒီမိန်းကလေးက ရှမ်ယုချိုင် ဖြစ်ပါတယ်။

ရှမ်ယုထောင်က ချဲ့ကားပြီးတော့ ပြောခဲ့တာ မဟုတ်ပါဘူး။ ဒီမိန်းကလေးရဲ့ မျက်နှာသွင်ပြင်က တကယ်ပဲ အရမ်းကို ချောမောလှပပြီး ဟော့လျန်ချွင်ရွှယ်အောက် မနိမ့်ကျပါဘူး။ ပြီးတော့ သူမရဲ့ ပုံစံက ပိုပြီးတော့တောင် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆို သူမရဲ့ ရင်သားတွေက ဖွံ့ထွားပြီးတော့ ဟော့လျန်ချွင်ရွှယ်ရဲ့ ပြားချပ်နေတဲ့ ကုန်းမြေနဲ့ လုံးဝကို

Edit with WPS Office

မတူညီပါဘူး။

"အရှင် အတင်းအကျပ် မလုပ်တဲ့ အရာတွေပဲ သာယာချမ်းမြေ့စရာ ကောင်းတာပါ။ ကျနော့်မှာ စိတ်ကူးမရှိသလို မိန်းကလေးရှမ်ယုမှာလည်း နှလုံးသားနဲ့ ခံစားချက် မရှိပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ ကျနော်တို့ကို အတင်းအကျပ် စုံတွဲဖြစ်စေချင်နေတာလဲ"

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်တယ်။

ရှမ်ယုထောင်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"လက်ထပ်ထိမ်းမြားခြင်းလို အရေးကြီးတဲ့ ကိစ္စတစ်ခုကို ဂျူနီယာတွေက ဘယ်လိုလုပ်ပြီးတော့ သူတို့ကိုယ်သူတို့ ဆုံးဖြတ်ပိုင်ခွင့် ရှိမှာလဲ"

ရှမ်ယုချိုင်က ရှမ်ယုထန်ကိုတော့ စကားလုံး ကြမ်းကြမ်းတွေနဲ့ မပြောဝံ့ပါဘူး။ သူမက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"တကယ်လို့ နင်သဘောတူရဲတယ်ဆိုရင် အဆုံးသတ်ကို နင်ဘယ်တော့မှ မကြားရဘူး မှတ်ပါ"

သူမက ပြောပြီးတာနဲ့ ချာခနဲ လှည့်ထွက်သွားပြီး သူမရဲ့ လှပတဲ့ နောက်ကျောလေးကိုပဲ အားလုံးက ကြည့်နေကြပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီအရှင်က မိန်းကလေး ရှမ်ယုရဲ့ လက်ထပ်ထိမ်းမြားမှုလို အရေးကြီးတဲ့ ကိစ္စကို ဆုံးဖြတ်နိုင်ပါတယ်။ ဒါပေမဲ့ ကျနော့်အတွက်ကတော့ ဟဲဟဲ တောင်းပန်ပါတယ်ဗျာ"

ရှမ်ယုထောင်ရဲ့ အမူအရာက အေးစက်သွားပြီး ပြောလိုက်တယ်။

Edit with WPS Office

"လင်းဟန်က မင်းအတွက် အကောင်းအဆိုးကို ချင့်ချိန်စဉ်းစား ပြီးပြီလား။ တကယ်လို့ မင်းသာ သဘောတူရင် ပန်းကလေးလို လှပချောမောတဲ့ မိန်းကလေး တစ်ယောက်ကို ဇနီးမယားအဖြစ် ရမဲ့အပြင် မင်းအတွက် ရွှမ်ယုတော်ဝင် မိသားစုရဲ့ စွမ်းအားကိုပါ အတိုင်းအတာ တစ်ခုအထိ အသုံးပြုနိုင် လိမ့်မယ်။ ဒီဘုရင်က မင်းဟာ ဘုရင်တစ်ပါးရဲ့ စီရင်စု တစ်ခုကို တည်ထောင်ထားပြီး အလယ်ပိုင်း ဒေသရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက မင်းကို သူတို့ရဲ့ဘက်ခြမ်းကနေ ဆူးတစ်ချောင်းလို့ မြင်နေကြတယ် ဆိုတာကို သိတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ငါတို့ကလန်ရဲ့ အထောက်အပံ့ကို ရမယ်ဆိုရင် မင်းဘာကိုမှ ကြောက်စရာ လိုတော့မှာ မဟုတ်ဘူး"

"ပြီးတော့ မင်းအနေနဲ့ ဘာများ ပေးရလို့လဲ။ အလကားနီးပါးပဲ မဟုတ်လား"

"ဒီလိုမျိုး သဘောတူညီမှု တစ်ခုက အကျိုးအမြတ်တွေပဲ ရှိပြီးတော့ ဆုံးရှုံးမှု မရှိဘူး။ ဒါကို မင်းက ငြင်းဆန်ချင်သေးတာလား"

Edit with WPS Office

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်သခင် အနေနဲ့ စိတ်ပျက်သွားပါလိမ့်မယ်။ ကျနော်ကတော့ ငြင်းဆန်ဖို့ပဲ ရွေးတယ်"

ရွှမ်ယုထောင်က လင်းဟန်ကို အချိန်အတော်ကြာအောင် စိုက်ကြည့်လိုက်ပြီး အဲဒီနောက်မှာ ရုတ်တရက် ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ကောင်းတယ်။ ကောင်းတယ်။ ကောင်းတယ်။ ဒီဘုရင်က အတော်လေး စိတ်ပျက်သွားတယ် ဆိုပေမဲ့ တော်တော်လေးလည်း အထင်ကြီးသွားမိတယ်။ အခုချိန်မှာ လူတွေဟာ သူတို့ရဲ့ ကိုယ်ကျင့်တရားတွေကို ထိန်းသိမ်းနိုင်တဲ့သူ ဘယ်လောက်များများ ရှိနိုင်လို့လဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဒါဆိုရင် အရှင်ရဲ့ နောက်ထပ် ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ"

"မင်းနဲ့ ချိုင်အာကို ပိုပြီးတော့ ရင်းနှီးလာအောင် လုပ်ရမှာပေါ့။ လူငယ်တွေက တွေ့ဖန်များလာတဲ့ အခါမှာ တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးပြီး နားလည်လာကြတဲ့ အခါမှာ ခံစားချက်တွေ ပိုပြီးတော့ ဖြစ်လာတာ သဘာဝပဲလေ"

ရှမ်ယုထောင်က ပြောလိုက်ပါတယ်။

ဟမ်။ သူက ဒီအကြံကို လက်မလျှော့သေးဘူးလား။

လင်းဟန်က ဘာမှဆက်မပြောတော့ပါဘူး။ သူက လွယ်လွယ်နဲ့ ယိမ်းယိုင်တတ်တဲ့လူ တစ်ယောက်မှ မဟုတ်တာ။

ရှမ်ယုထောင်က ခေါင်းစဉ်ကို ပြောင်းပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ရန်ငြိုးတွေကို ချေပြီးတော့ မဟာမိတ် တစ်ခုဖွဲ့ဖို့က မဖြစ်နိုင်စရာတော့ မရှိပါဘူး။ ဒီဘုရင်အတွက် မင်းက တစ်စုံတစ်ခုကို ရယူလာပေးရင် အခြေအနေကို ပြောင်းလဲပေးနိုင်တယ်"

"ဘာပစ္စည်းလဲ"

လင်းဟန်က မေးလိုက်ပါတယ်။ ဒီပစ္စည်းက သေချာပေါက် သာမန်ပစ္စည်းတစ်ခုတော့ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရွှမ်ယုထောင်က ဒီအကြောင်းကို ပါးစပ်ဟမှာ မဟုတ်ပါဘူး။

"နောက်ထပ် ဆယ်ရက်အကြာမှာ တစ္ဆေနဂါးလိုဏ်ဂူ ပွင့်လိမ့်မယ်"

ရွှမ်ယုထောင်က ပြောလိုက်တယ်။

"အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သွားတွေ"

Edit with WPS Office

ဟော့လျန်ရုံက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

ရွှမ်ယုထောင်က သူဘာကိုပြောချင်လဲ ဆိုတာကို တစ်ဖက်လူ သိသွားတာကို ထူးဆန်းလို့ မနေပါဘူး။ တစ္စေ့နဂါးလိုဏ်ဂူက မြောက်ပိုင်းပင်လယ်ရဲ့ လျှို့ဝှက်ချက်တစ်ခု မဟုတ်ပါဘူး။ ဟော့လျန်ရုံက ဘယ်လိုလုပ်ပြီး မခန့်မှန်းမိပဲ နေမှာလဲ။ သူက ပြောလိုက်တယ်။

"မှန်တယ်။ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သွားတွေ။ ဒီဘုရင်အတွက် မင်းက အဲဒါကို ရအောင် ယူပေးနိုင်ရင် ရန်ငြိုးတွေ အားလုံးကို ချေဖျက်ပေးမဲ့အပြင် ဆုလာဘ်ကြီးကြီးကိုလည်း ပေးမယ်"

ဒါပေမဲ့လည်း ဟော့လျန်ရုံက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"အစစ်အမှန် နဂါးတစ်ကောင်ရဲ့သွားတွေက တစ္ဆေနဂါးလိုဏ်ဂူရဲ့ လေးခုမြောက် အလွှာထဲမှာ ရှိတယ်။ အဲဒီကို ခြေချမိတဲ့ လူတွေအားလုံးက အသက်ရှင်လျက်နဲ့ ထွက်မလာနိုင်ဘူး။ တကယ်လို့ ကံအရမ်းကောင်းတဲ့ လူနည်းစုတောင်မှ သူတို့တွေ ထွက်လာပြီး မကြာခင်မှာပဲ သေသွားကြတယ်"

"ဟားဟားဟား။ ဒီပစ္စည်းကို ယူဖို့ ကြိုးစားအားထုတ်မှုမရှိတဲ့ လွယ်လွယ်နဲ့ရတဲ့ လမ်းကြောင်း မဟုတ်ဘူး။ ဒီကောင်လေးက လွယ်လွယ်နဲ့ အဆင်ပြေမဲ့ လမ်းကြောင်းကို မလိုချင်မှတော့ သူ့ကို ခက်ခဲတဲ့ လမ်းကို ပေးရမှာပေါ့"

ရွှမ်ယုထောင်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီဘုရင်က နောက်တစ်ကြိမ် ထပ်ပြောမယ်။ တကယ်လို့ မင်းက ချိုင်အာနဲ့ လက်ထပ်မယ်ဆိုရင် ရန်ငြိုးအားလုံးကို ကျေအေးပေးမဲ့အပြင် မဟာမိတ်ဖွဲ့မဲ့ ကိစ္စလည်း ချက်ချင်း ပြေလည်သွားမယ်"

Edit with WPS Office

"မင်း သေသေချာချာ စဉ်းစားဖို့ အချိန်ယူပါ"

ရွှမ်ယုထောင်က သူ့အကျီလက်စကို ဖော့ယမ်းလိုက်ပြီး ချာခနဲလှည့်ထွက် သွားပါတယ်။

လင်းဟာန် ထွက်ပြေးသွားမှာကို သူမစိုးရိမ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟာန်က လာလို့တောင် ရမှာမဟုတ်ပါဘူး။ မဟာမိတ် ကိစ္စက ခက်ခဲတဲ့ ပြဿနာ ဖြစ်ပြီး လင်းဟာန်အနေနဲ့ သောက်ကျိုးနည်းကြာအောင် စောင့်ရပါလိမ့်မယ်။

လင်းဟာန်က သိချင်စိတ် ပြင်းပြပြီးတော့ မေးလိုက်ပါတယ်။

"ယောက္ခထီးကြီး တစ္ဆေနဂါး လိုက်ဂူဆိုတာ ဘယ်လိုနေရာမျိုးလဲ"

ဟော့လျန်ရုံရဲ့ အကြည့်ထဲမှာ ကြည်ညိုမှုတွေနဲ့ ပြည့်နက်လာပြီး ပြောလိုက်တယ်။

Edit with WPS Office

"မြောက်ပိုင်းပင်လယ်ရဲ့ နဂါးကလန် ပုဂ္ဂိုလ်တစ်ယောက်။ သူတို့ရဲ့ အကြောင်းက သမိုင်းတွေထဲ ပျောက်ကွယ်နေကြတယ်။ ဘယ်အချိန်တုန်းက သေသွားတယ် ဆိုတာကို မသိကြဘူး။ သူ့ခန္ဓာကိုယ်က တစ္ဆေနဂါးလိုဏ်ဂူ အဖြစ်ကို ပြောင်းလဲသွားတယ်။ ဒီအစွမ်းထက် ပုဂ္ဂိုလ်က တကယ်ပဲ အစွမ်းထက်တယ်။ သူ့ရဲ့အသွေး အသားနဲ့ အရိုးတွေက အံ့အားသင့်စရာကောင်းတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေအဖြစ် ပေါက်ဖွားလာခဲ့ပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ အနားမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သားရဲကောင်တွေလည်း ရှိလာတယ်။ တစ္ဆေနဂါးလိုဏ်ဂူက ရတနာတွေနဲ့ ပြည့်နှက်နေတဲ့ နေရာတစ်ခု ဖြစ်တဲ့အပြင် အရမ်းကို အန္တရာယ်များတဲ့ နေရာလည်း ဟုတ်တယ်"

"အဲဒီလောက် အစွမ်းထက်တာလား"

လင်းဟန်က ရှေ့နောက်မစဉ်းစားပဲ ပြောချလိုက်ပါတယ်။

Edit with WPS Office

“ဒဏ္ဍာရီတွေအရ ဒီပုဂ္ဂိုလ်ဟာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ပိုင်ဆိုင်ထားပြီး လူသားလောကရဲ့ အထွတ်အထိပ်မှာ ရပ်တည်ခဲ့တယ်။ ဒီဘုံကို ဆင်းသက်လာတဲ့ နတ်ဘုရား သက်ရှိတွေတောင် သူ့ကို မယှဉ်ပြိုင်နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီလိုမျိုး ထူးခြားတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်လာတာ ဘာများ ထူးဆန်းစရာရှိလဲ။ သူ့ခန္ဓာကိုယ်က ထူးခြားဆန်းကြယ် လျှို့ဝှက်နယ်မြေ တစ်ခုအဖြစ်ကို ပြောင်းလဲပြီးတော့ နှစ်ပေါင်းသန်းနဲ့ချီပြီး မပျက်မစီးနဲ့ ကျန်နေရစ်တယ်”

ဟော့လျန်ရုံက ကြည်ညိုမှု အပြည့်နဲ့ ပြောလိုက်တယ်။

သူမှာလည်း စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲကြယ် ဆယ်လုံးရှိပါတယ်။ ဒါပေမဲ့ အဲဒီ နဂါးအိုကြီးရဲ့ စွမ်းအားနဲ့ နှိုင်းယှဉ်လို့ မရပါဘူး။

“အဲဒီ ပုဂ္ဂိုလ်က အစစ်အမှန် နဂါးတစ်ကောင် ဖြစ်လာဖို့ ခြေတစ်လှမ်းပဲ လိုတော့တယ်။ ကံမကောင်းတာက

Edit with WPS Office

နောက်ဆုံးအဆင့်ကို မကျော်ဖြတ်နိုင်ပဲ နဂါးတစ်ပိုင်းလို့ပဲ ခေါ်နိုင်တယ်"

ဟော့လျန်ရှံက လေးလေးနက်နက်နဲ့ ပြောလိုက်တယ်။ အစောပိုင်းတုန်းက ဒီလိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုက ဘာကြောင့် နတ်ဘုရားတစ်ပါး မဖြစ်လာခဲ့တာလဲ ဆိုတာကို နားမလည်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ အခုတော့ သူသိလိုက်ရပါပြီ။ အဲဒီပုဂ္ဂိုလ်က အရမ်းကို အစွမ်းထက်ပြီး ဆင်းသက်လာတဲ့ နတ်ဘုရားတွေတောင် သူ့ကို မသတ်ပစ်နိုင်ပါဘူး။ ဒါပေမဲ့ ဒီပုဂ္ဂိုလ်က လေဟာနယ်ကို မစုတ်ဖြဲဝံ့ပဲ အောက်ဘုံမှာပဲ အသက်ကြီးပြီးတော့ သေတဲ့အထိ နေသွားခဲ့ပါတယ်။

ဂမ်းနည်းစရာပဲ။ တကယ့်ကို ဂမ်းနည်းစရာကောင်းတယ်။

ဒါက သူ့ရဲ့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ဆုံးဖြတ်ချက်ကို ပိုမိုခိုင်မာလာစေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဆေးလုံးအဖြစ် သန့်စင်ခံရရင် ခံရ ဒါမှမဟုတ် အောက်ဘုံမှာပဲ အသက်ကြီးတဲ့အထိ နေပြီးတော့ သေသွားရပါမယ်။ တတိယ

Edit with WPS Office

ဖြစ်နိုင်ချေ မရှိပါဘူး။

"ဒါဆိုရင် အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သွားနဲ့ ဒီကိစ္စက ဘာများပတ်သက်နေလို့လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"နဂါးတစ်ပိုင်း ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တစ္ဆေနဂါးလိုက်ဂူ အဖြစ်ကို ပြောင်းလဲသွားပြီး နဂါးသွား တစ်ခုပဲ အပြည့်အဝ မူလအခြေအနေအတိုင်း ထိန်းထားပြီး နဂါးတစ်ကောင်ရဲ့ အဆုံးမရှိ စွမ်းအားတွေ ပါဝင်တယ်။ အဲဒါက အစစ်အမှန် နဂါးရဲ့ မျိုးဆက်တွေအတွက် အထွတ်အထိပ် ရတနာပစ္စည်း တစ်ခုပဲ"

ဟော့လျန်ရုံလည်း စိတ်လှုပ်ရှား လာခဲ့ပါတယ်။ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သွားတွေကလည်း သူ့ကို အကြီးအကျယ် ဆွဲဆောင်နေပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို စိတ်လှုပ်ရှားသွားသလို

Edit with WPS Office

ခံစားလိုက်ရပါတယ်။ သူ့ရဲ့သားမှာ အစစ်အမှန် နဂါးရဲ့ သွေး ရှိပါတယ်။ တကယ်လို့ သူ့သားက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သွေးကို သန့်စင်နိုင်မယ်ဆိုရင် ဒီကောင်လေးက အနာဂတ်မှာ ဘယ်အဆင့်ထိ ရောက်နိုင်သွား မလဲ။

ဒီသဘောတူညီချက် ဖြစ်ပြီ။

သူက ဟော့လျှန်ရုံဆီကနေ တစ္ဆေနဂါးလိုဏ်ဂူနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို အသေးစိတ် မေးမြန်းခဲ့ပါတယ်။ ဟော့လျှန်ရုံကလည်း သူသိထားတာမှန်သမျှ နည်းနည်းလေးမှ ချန်မထားပဲ လင်းဟန်ကို အားလုံးအသေးစိတ် ပြောလိုက်ပါတယ်။

တစ္ဆေနဂါးလိုဏ်ဂူက မြောက်ပိုင်းပင်လယ်ရဲ့ အနောက်ဘက်မှာ တည်ရှိပါတယ်။ သာမန် အချိန်တွေဆိုရင် ဝင်လို့မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆို နဂါးတစ်ပိုင်းရဲ့ ဖိနှိပ်တဲ့ အင်အားက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းထောင်သောင်းနဲ့ချီ သေသွားပြီးတာတောင်မှ အားကောင်းနေဆဲ ဖြစ်ပါတယ်။ နဂါးတစ်ပိုင်းပုဂ္ဂိုလ်က အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးတော့

Edit with WPS Office

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးက ခွင့်ပြုနိုင်တဲ့ အကန့်အသတ်ကို ရောက်ရှိလာခဲ့ပြီး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် ပမာဏ အများကြီးကိုတောင် သေတဲ့အထိ ချေမှုန်းနိုင်ပါတယ်။

နှစ်ပေါင်းငါးရာပြည့်တိုင်း တစ္ဆေနဂါး လိုဏ်ဂူက တစ်ကြိမ်ပွင့်ပါတယ်။ အကြာကြီး မဟုတ်ပဲ လဂက်လောက်ပဲ ဖြစ်ပါတယ်။ လိုဏ်ဂူကို အလွှာလေးခု ခွဲခြားထားပြီး အလွှာတိုင်းမှာ စိတ်ဝိညာဉ် ဆေးပင်တွေ အမျိုးမျိုး ရှိပါတယ်။ ဒီဆေးပင်အားလုံးက နဂါးရဲ့ အဆီအနှစ်တွေကနေ ပေါက်ဖွားလာတာ ဖြစ်ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ဆေးစွမ်းအားတွေကို ပိုင်ဆိုင်ထား ပါတယ်။

ဒါပေမဲ့ တချိန်တည်းမှာပဲ နဂါးတစ်ပိုင်းရဲ့ သွေးနဲ့အသား အဆီအနှစ်တွေကလည်း နဂါးတစ်ပိုင်းရဲ့ ခန္ဓာကိုယ်ကြောင့် ကန့်သတ်ချက်ရှိတဲ့ အစွမ်းထက်ပြီး ထူးဆန်းတဲ့ သက်ရှိစိတ်ဝိညာဉ်တွေ အများကြီးကိုလည်း ပေါက်ဖွားလာစေခဲ့ပါတယ်။ သူတို့က လမ်းမလျှောက်နိုင်ပါဘူး။ ဒါပေမဲ့ အထဲက ဆေးပင်တွေကို ရိတ်သိမ်းမယ်ဆိုရင် ဒီမွန်းစတားတွေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပြီးတော့ အရမ်းကို

Edit with WPS Office

အနန္တရာယ်များတဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။

နောက်ပြီးတော့ အစစ်အမှန် နဂါးတစ်ကောင်ရဲ့သွားအပြင် တစ္ဆေနဂါးလိုဏ်ဂူမှာ နဂါးသွေးမြက်လည်း ရှိပါတယ်။ ဒါက အစစ်အမှန် နဂါးရဲ့သွား ပြီးရင် ဒုတိယ အကောင်းဆုံး ပစ္စည်း ဖြစ်ပါတယ်။ အဲဒီဆေးမြက်ပင်မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်စင်တဲ့ အပေါ်မှာ အံ့အားသင့်စရာကောင်းတဲ့ အာနိသင်တွေ ရှိပြီးတော့ နဂါးတစ်ကောင်ရဲ့ ခန္ဓာကိုယ် ဖြစ်အောင်လို့ ကျင့်ကြံအားထုတ် နိုင်ပါတယ်။

အရမ်းကောင်းတယ်။ သူက နဂါးသွေးမြက်ကိုလည်း သူ့သား သန့်စင်ဖို့အတွက် လိုချင်ပါတယ်။ ကလေးတစ်ယောက် အနေနဲ့ အခိုင်မာဆုံး အခြေခံကို တည်ဆောက်ပေးချင်ပါတယ်။

သူက ဟော့လျန်ချွင်ရှယ်ကို သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြောပြလိုက်ပါတယ်။ ဟော့လျန်ချွင်ရှယ်က သိသိသာသာ စိုးရိမ်ပူပန်သွားပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"တစ္ဆေနဂါးလိုဏ်ဂူရဲ့ ပထမအလွှာ သုံးခုက အဆင်ပြေတယ်။ အန္တရာယ်များတယ် ဆိုပေမဲ့ အသက်ရှင်ဖို့ အခွင့်အရေးပါးပါးလေးတစ်ခု အမြဲတမ်းရှိတယ်။ ဒါပေမဲ့လည်း လေးခုမြောက် အလွှာကတော့ အရမ်းကို အန္တရာယ်များလွန်းတယ်။ အဲဒီကို ဝင်သွားတဲ့ လူတွေအားလုံးနီးပါး အထဲမှာပဲ သေသွားကြတယ်။ ပြန်ထွက်လာနိုင်တဲ့ လူနည်းစုကလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာတွေ ရရှိခဲ့ပြီး သိပ်မကြာခင်မှာ သေသွားကြတယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ စွမ်းရည်တွေနဲ့ လုပ်ဆောင်မှု အားလုံးကို ချင့်ချိန်ပြီးပြီ"

Chapter 792 end

အပိုင်း(၇၉၃) ဝမ်ရန်ကျီး

တစ္ဆေနဂါး လိုဏ်ဂူက မကြာခင်မှာ ပွင့်လာပါတော့မယ်။ လင်းဟန်၊

Edit with WPS Office

ဟော့လျန်ရုံနဲ့ တခြားလူတွေ အားလုံးက တန်းပြီးတော့ ထွက်လာခဲ့ကြပါတယ်။ သူတို့က ဟော့လျန်ကလန်ဆီကို ပြန်ပြီးတော့ စီစဉ်စရာရှိတာ စီစဉ်ဖို့ အချိန်မရှိတော့ပါဘူး။ ဒါပေမဲ့လည်း ဟော့လျန်ကလန်လိုမျိုး ကလန်ကြီး တစ်ခုအတွက်တော့ သူတို့က လူအုပ်ကြီးတစ်ခုကို စေလွှတ်လိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆို သူတို့ရဲ့ ကလန်ဘုရင် ထွက်ခွာလာတာကြောင့် သူတို့က တစ္ဆေနဂါး လိုဏ်ဂူထဲကို ဝင်ရောက်ဖို့ လူပဲစုပါလိမ့်မယ်။

ရှမ်ယုထောင်က သူတို့နဲ့အတူ မသွားပါဘူး။ သူက တော်ဝင်ကလန်တစ်ခုရဲ့ ဘုရင်ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကိုယ်ပိုင် အသင်းကို ဦးဆောင်ရပါလိမ့်မယ်။

သူတို့က နေ့ရောညပါ ခရီးထွက်လာခဲ့ ကြရပါတယ်။ ငါးရက်ကြာပြီးတဲ့နောက်မှာ သူတို့က ပင်လယ်ကမ်းခြေနားက ကျွန်းတစ်ခုဆီကို ရောက်လာခဲ့ပါတယ်။ အဝေးကနေ ကြည့်ရင် ကျွန်းကြီးက အစစ်အမှန် နဂါးတစ်ကောင် ရစ်ခွေထားသလိုမျိုးနဲ့ တူပါတယ်။ ပြီးတော့ မိုင်ပေါင်းများစွာ ရှည်လျားပြီး ကြည့်ရတာ အရမ်းကို ဆန်းကြယ်လို့ နေပါတယ်။

Edit with WPS Office

ဒါက တစ္ဆေနဂါး လိုဂ်ဂို ဖြစ်ပါတယ်။ ဂင်ပေါက်က ကျွန်းရဲ့ အရှေ့ပိုင်းမှာ ရှိပါတယ်။

သူတို့အုပ်စုက ဆင်းသက်လာတဲ့ အခါမှာ လူတွေတော်တော်များများ စုနေတာကို တွေ့မြင်လိုက် ရပါတယ်။ ဒီလူတွေက တခြားအဖွဲ့က လူတွေဖြစ်ပြီး သူတို့တွေ အထဲမှာတော့ အတော်အတန် များတယ်လို့ ပြောရပါမယ်။

ဟော့လျှန်ရုံက မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီးတော့ စိုးရိမ်ပူပန်တဲ့ အမူအရာတစ်ခု ဖြစ်သွားပြီး ပြောလိုက်တယ်။

"ဂမ်ရန်ကျီးလည်း ဒီနေရာမှာ ရှိနေတယ်"

သူက အရပ်မြင့်မြင့် ပခုံးကျယ်ကျယ် ယောက်ျားတစ်ယောက်ကို စိုက်ကြည့်လိုက်ပါတယ်။ အဲဒီယောက်ျားမှာ အုပ်ချုပ်သူ တစ်ယောက်ရဲ့ ကြီးမားတဲ့ အရှိန်အဝါတွေနဲ့ ပြည့်နှက်နေပြီး ကမ္ဘာလောကကြီးရဲ့ အလယ်ဗဟိုမှာ ရပ်နေသလိုမျိုး ထင်ရပြီး

Edit with WPS Office

သူ့အရှိန်အဝါကို ဖုံးကွယ်ပြီးတော့ မထုတ်လွှတ်ပဲ နေရင်တောင်မှ အရှိန်အဝါ ကြီးမားပါတယ်။ လူအုပ်ကြီးကနေ သူ့ကို ချက်ချင်းပဲ လွယ်လွယ်နဲ့ ခွဲခြားပြီး သိမြင်နိုင်ပါတယ်။

ဂမ်ရန်ကျီး။ မြောက်ပိုင်းပင်လယ်ရဲ့ အစွမ်းထက်ဆုံး ပုဂ္ဂိုလ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်တစ်လုံးကို ပိုင်ဆိုင်ထားသူ။

လင်းဟာန်ကလည်း ဂမ်ရန်ကျီးကို ခဏခဏ ကြည့်လိုက်မိပါတယ်။ အပေါ်ယံအားဖြင့်တော့ ဒီလူမှာ နဂါးမျိုးနွယ်စုရဲ့ သွင်ပြင်လက္ခဏာ အရိပ်အယောင် နည်းနည်းလေးမှ မရှိပါဘူး။ ဒါပေမဲ့ သူ့ရဲ့ မျိုးဆက်သွေး သန့်စင်မှုက ဟော့လျန်ရုံနဲ့ ရွှမ်ယုထောင်တို့ထက် သာလွန်ပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အာရုံခံနိုင်စွမ်းက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။ ဟော့လျန်ရုံရဲ့ အကြည့်က သူ့အပေါ်မှာ ရပ်တန့်သွားတဲ့ အချိန်မှာ ဂမ်ရန်ကျီးက ချက်ချင်းပဲ သူ့ခေါင်းကို

Edit with WPS Office

မော့ပြီးတော့ ဟော့လျန်ရုံရှိတဲ့ ဘက်ကို လှည့်ကြည့်လိုက်ပါတယ်။ သူ့ရဲ့အကြည့်တွေက သတ်ဖြတ်ခြင်း ဆန္ဒတွေနဲ့ တလက်လက် တောက်ပနေပြီး ဟော့လျန်ရုံကို ဒီနေရာမှာ အဆုံးသတ်လိုက်ဖို့ လှုံ့ဆော်နေသလိုပါပဲ။

ဟော့လျန်ရုံက အမှုမဲ့ အမှတ်မဲ့ မဆင်မခြင် မလုပ်ဝံ့ပါဘူး။ သူတို့နှစ်ယောက် အကြားမှာ တိုက်ပွဲကြယ် တစ်လုံး ကွာဟနေပါတယ်။ ဒါက ဂမ်ရန်ကျီးအနေနဲ့ သူ့ကို သတ်ဖြတ်နိုင်တဲ့ စွမ်းရည်မျိုး ရှိတယ်လို့ ဆိုလိုတာပါ။ ပြောရမယ်ဆိုရှ သူ့အတွက် မယုံနိုင်စရာကောင်းတဲ့ အန္တရာယ် မဖြစ်အောင် ရှောင်တိမ်းရပါမယ်။

"အရှင်ဟော့လျန်လည်း ဒီကိုရောက်လာတာပဲ"

ဂမ်ရန်ကျီးက အနည်းငယ် ပြုံးပြလိုက်ပါတယ်။ သူ့မျက်လုံးတွေက လင်းဟန်ဆီကို ဖြတ်သွားတဲ့ အခါမှာ မကျေမနပ်တဲ့ အရိပ်အယောင်တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

Edit with WPS Office

"တစ္ဆေနဂါး လိုဏ်ဂူက အထွတ်အမြတ် နေရာတစ်ခုပဲ။ ဒါကိုမင်းက အပြင်လူတစ်ယောက်ကို ဂင်ဖို့ ခေါ်လာခဲ့တယ်။ ငါတို့ရဲ့ ဘိုးဘေးတွေက ပြစ်တင်ကြိမ်းမောင်းမှာကို မင်းမကြောက်ဘူးလား"

"ကျုပ်အခု ဒီမှာရှိနေတယ်။ ဒါကြောင့် ကျုပ်ကိုလာကိုက်လေ"

လင်းဟန်က ပြောလိုက်ပါတယ်။ ဂမ်ရန်ကျီးက ဟော့လျန်နဲ့ ရွှမ်ယုကလန် နှစ်ခုလုံးကို သုတ်သင် ချေမှုန်းပစ်ဖို့ ဆုံးဖြတ်ထားတယ် ဆိုတာကို သူကောင်းကောင်းနားလည်ပါတယ်။ ဒါကြောင့် စစ်ပွဲတစ်ခုအတွက် ဓာတ်ဆီလောင်း မီးမြိုက်လိုက်ပါတယ်။ တကယ်လို့ သူက တွက်ဆမှု အကြောင်း အမှန်တရားကို သိနေရင်တောင် သူက ဟော့လျန်နဲ့ ရွှမ်ယုကလန်တွေကို အရင်ဆုံး ချေမှုန်းပစ်ရပါမယ်။ မြောက်ပိုင်းပင်လယ် တစ်ခုလုံးကို ပေါင်းစည်းပြီးတော့ သူ့ရဲ့တော်ဂင် စည်းမျဉ်းစည်းကမ်းတွေကို ဖွဲ့စည်းတည်ထောင်ပြီး အဲဒီနောက်မှ အင်ပါယာ ကလန်ကို ဆန့်ကျင်ရင်ဆိုင်မဲ့ နည်းလမ်းတစ်ခုကို စဉ်းစားရပါမယ်။

Edit with WPS Office

ဒါကြောင့် တကယ်လို့ သူက ဂမ်ရန်တော်ဂင် ကလန်နဲ့ အင်အားပူးပေါင်းချင်တယ် ဆိုရင်တောင် သူ့အနေနဲ့ ဂမ်ရန်ကြီးကို အရင်ဆုံး သုတ်သင်ပစ်ရပါလိမ့်မယ်။ ဒါကြောင့် ယဉ်ကျေးနေစရာ မလိုပါဘူး။

ဂမ်ရန်ကြီးက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"အရှင်ဟော့လျန် တကယ်လို့ ငါသူ့ကို သတ်လိုက်မယ်ဆိုရင် မင်းစိတ်ထဲ မထားဘူး မဟုတ်လား"

"ဒါပေါ့"

ဟော့လျန်ရှုံက အရှေ့ကို ထွက်လာပြီးတော့ ကြေညာလိုက်ပါတယ်။

"ဒါက ငါ့သားမကျပဲ"

Edit with WPS Office

"ဟင်"

ဂမ်ရန်ကျီးက အံ့သြမှင်တက် သွားခဲ့ပါတယ်။ သူက ဟော့လျန်နဲ့ ရှမ်ယုကလန်တို့ရဲ့ မဟာမိတ် အကြောင်းကို သိထားပါတယ်။ ပြီးတော့ ဟော့လျန်တော်ဝင် ကလန်ကနေ လက်ထပ်ထိမ်းမြားဖို့ စေလွှတ်လိုက်တဲ့သူက ဟော့လျန်ရှုံရဲ့ သမီးဖြစ်တယ် ဆိုတာကိုလည်း သိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ သားမက်ဖြစ်တဲ့သူက လူသားတစ်ယောက် ဖြစ်နေတာလဲ။

"တကယ်လို့ ငါလုပ်ရှားရင်ရော မင်းက သူ့ကို ကယ်နိုင်မှာလား"

ဂမ်ရန်ကျီးက တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်ပါတယ်။ သူ့အသံက သိပ်မကျယ်ပါဘူး။ ဒါပေမဲ့ ခြိမ်းချောက်မှုတွေနဲ့ ပြည့်နက်နေပြီး သူက ဟော့လျန်ရှုံကို နည်းနည်းလေးမှတောင် အလေးအနက် ထားပုံ မပေါ်ပါဘူး။

"ကြိုးစားကြည့်လေ"

Edit with WPS Office

ဟော့လျန်ရုံကလည်း နည်းနည်းလေးမှ အားနည်းတဲ့ အပြုအမူမျိုး မရှိပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ ဂမ်ရန်ကျီးသာ တကယ်လုပ်ရှားလာခဲ့မယ်ဆိုရင် သူက သေချာပေါက် အားလုံးကို သူနဲ့အတူ ခေါ်ပြီးတော့ ချက်ချင်းပဲ အဆင်သင့် ပြင်လိုက်ပါမယ်။ သူ့ကို ထိပ်တိုက်ရင်ဆိုင်တာက သေခြင်းတရားဆီ ဦးတည်နေတာပဲ ဖြစ်ပါလိမ့်မယ်။

ဂမ်ရန်ကျီးက ဟော့လျန်ကလန်ရဲ့ တခြားအဖွဲ့ဝင်တွေကို ထိခိုက်အောင် လုပ်မှာကို မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လည်းဆို သူလည်းပဲ ဂမ်ရန်ကလန်ရဲ့ ဂျူနီယာ အဖွဲ့သားတွေကို လုပ်ရှားမှု လုပ်လို့ ရပါလိမ့်မယ်။ ဒါက ဘုရင်အချင်းချင်း၊ ဗိုလ်ချုပ်အချင်းချင်းနဲ့ နောက်လိုက်အချင်းချင်း ထိပ်တိုက် ရင်ဆိုင်တဲ့ ဇာတ်ကွက်အပြင်အဆင် တစ်ခု ဖြစ်ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နေဖို့ပဲ လိုပါတယ်။

ဒါပေါ့ တကယ်လို့ သူကို ဂမ်ရန်ကျီးက သတ်ပစ်ခဲ့မယ်ဆိုရင်တော့ ဒီလိုမျိုး အဟန့်အတား ဖြစ်စေတဲ့ အရာက ဆက်ပြီးတော့

Edit with WPS Office

ရှိတော့မှာ မဟုတ်ပါဘူး။

"ဟားဟားဟား ငါလွဲချော်သွားတာ တစ်ခုခုများ ရှိနေလား"

ကျယ်လောင်တဲ့ ရယ်သံနဲ့အတူ ရွှမ်ယုထောင်ရဲ့ ပုံရိပ်က ဆင်းသက်လာခဲ့ပြီး ဂမ်ရန်ကျီးနဲ့ ဟောင့်လျန်ရှယ်တို့ အနားမှာ ရပ်လိုက်ပါတယ်။

ကြည့်လိုက်ရင်တော့ သူက ဟောင့်လျန်ရုံနဲ့ ဆန့်ကျင်ဘက် နေရာမှာ ရပ်နေတယ်လို့ ထင်ရသလို သူက ဂမ်ရန်ကျီးကို သူနဲ့ ဟောင့်လျန်ရုံအကြား ပိတ်ထားသလိုမျိုး အဖြစ်လည်း မြင်နိုင်ပါတယ်။

ဂမ်ရန်ကျီးက သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ အရမ်းကို တည်ငြိမ်နေပုံ ပေါ်ပါတယ်။ တကယ်လို့ ဟောင့်လျန်ရုံနဲ့ ရွှမ်ယုထောင်တို့ အင်အားတွေ ပူးပေါင်းခဲ့ရင်တောင် သူ့အတွက်တော့ သူတို့ကို ကြောက်နေစရာ မလိုဘူးလို့ လုံးဝကို

Edit with WPS Office

ယုံကြည်ချက် ရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ သူတို့နှစ်ယောက် အတူတူ ပူးပေါင်းမယ်ဆိုရင် သူ့အတွက်တော့ လင်းဟန်ကို သတ်ပစ်ဖို့ အရမ်းအရမ်းကို ခက်ခဲသွားပါလိမ့်မယ်။

သူက အကျီလက်စကို ခါပြီးတော့ ချာခနဲလှည့်ကာ ထွက်သွားလိုက်ပါတယ်။ လူသားမျိုးနွယ်ရဲ့ ပိုးကောင်လေး တစ်ကောင်ကများ။ သူ့လက်ကို အသာလေး လှုပ်လိုက်တာနဲ့ သတ်ပစ်နိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် သူ့အတွက်တော့ နှလုံးသားထဲမှာ ထည့်ထားစရာ မလိုပါဘူး။

"လင်းဟန် ငါမင်းနဲ့ နှစ်ယောက်ချင်း တိုက်ချင်တယ်"

အဲဒီအခိုက်အတန့်မှာ ရွှမ်ယုထောင်ရဲ့ အနောက်ကနေ အသံတစ်ခု ထွက်လာခဲ့ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ထူးဆန်းတဲ့ ယောကျာ်းတစ်ယောက် ထွက်လာခဲ့ပါတယ်။

သူ့ရဲ့နောက်ကျောမှာ လိပ်ခွံတစ်ခု ရှိနေပြီး သူ့လက်မောင်းတွေက

Edit with WPS Office

ရောမ ဂဏန်းတွေရဲ့ လက်မတွေနဲ့ တူပါတယ်။ ပင်လယ်မျိုးနွယ်စုထဲမှာ ဒါတွေက သွေးမျိုးဆက် သန့်စင်မှုရဲ့ အမှတ်အသားတွေပဲ ဖြစ်ပါတယ်။ ဒီယောက်ျားက ဖန်ရှင်းလို့ ခေါ်ပါတယ်။ သူ့မှာ စိတ်ဝိညာဉ် လိပ်အမွေအနှစ်ကို ဆက်ခံထားပြီး နတ်ဆိုးဂဏန်း သွေးမျိုးဆက် ရှိပြီးတော့ သန့်စင်မှု ငါးဆယ်ရာခိုင်နှုန်းကို ရောက်နေပါတယ်။ သွေးမျိုးဆက် သန့်စင်မှုနဲ့ ပတ်သက်ရင် အကောင်းဆုံးတွေထဲက တစ်ယောက်အဖြစ် သတ်မှတ်နိုင်ပါတယ်။

ကံမကောင်းတာက စိတ်ဝိညာဉ်လိပ်နဲ့ နတ်ဆိုးဂဏန်းက အစစ်အမှန် နဂါးသွေးမျိုးဆက်နဲ့ နိုင်းယှဉ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူတို့ရဲ့ သန့်စင်မှု ငါးဆယ်ရာခိုင်နှုန်းတောင်မှ အစစ်အမှန် နဂါးသွေးမျိုးဆက် သန့်စင်မှု ဆယ်ရာခိုင်နှုန်းကို မယှဉ်နိုင်ပါဘူး။ ဒါပေမဲ့လည်း မျိုးဆက်သွေး အမွေအနှစ်ရဲ့ စွမ်းအားကိုတော့ လျော့မတွက်သင့်ပါဘူး။ သူက အသက်လေးဆယ်နဲ့ ကောင်းကင်အဆင့်ကို အဆင့်တက်ခဲ့ပြီး အရမ်းကို ထူးချွန်ထက်မြက်ပါတယ်။

Edit with WPS Office

အဲဒီလိုမဟုတ်ရင် သူက တစ္ဆေနဂါးလိုဏ်ဂူဆီကို လာဖို့အတွက် အရည်အချင်း ပြည့်မီခြင်း ရှိမှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့ကို တစ်ချက်လှမ်းကြည့်ပြီးတော့ ပြုံးပြုံးလေးနဲ့ မေးလိုက်ပါတယ်။

"မင်းက ဘာဖြစ်လို့ ငါနဲ့ နှစ်ယောက်တည်း တိုက်ခိုက်ချင်တာလဲ"

"ငါမင်းကို မင်းသမီးလေး ချိုင်နဲ့ လက်ထပ်ဖို့ ခွင့်မပြုနိုင်ဘူး"

ဖန်ရှင်းက ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

"ငါက သူနဲ့လက်ထပ်ချင်တယ်လို့ ဘယ်တုန်းကများ ပြောမိလို့လဲ"

Edit with WPS Office

တစ်ဖက်မှာရှိတဲ့ ရွှမ်ယုချိုင်ရဲ့ လှပချောမောတဲ့ မျက်နှာက ဒေါသတွေနဲ့ ပြည့်နှက်သွားခဲ့ပါတယ်။ လင်းဟန်က သူမနဲ့ လက်မထပ်ချင်တာက သူမအတွက်တော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လင်းဟန်က သူမနဲ့ လက်ထပ်ဖို့ကိစ္စကို ရှောင်လွှဲချင်တာကြောင့် တစ္ဆေနဂါးလိုဏ်ဂူထဲကို ဆင်းပြီးတော့ အစစ်အမှန် နဂါးအစွယ်ကို ရှာဖို့ ရွေးချယ်လိုက်ပါတယ်။ ဒါက သူမကို အရမ်း မကျေမနပ် ဖြစ်စေခဲ့ပါတယ်။

သူမက ဘယ်လောက်များ ဆိုးနေလို့ လင်းဟန်က သူမဆီကနေ မြွေတစ်ကောင်ကို တွေ့လို့ အလန့်တကြားနဲ့ ထွက်ပြေးသလိုမျိုး ပြေးဖို့ကြိုးစားနေရတာလဲ။

တော်ဝင်ကလန် တစ်ခုရဲ့ အဖွဲ့ဝင်တစ်ယောက်၊ ပါရမီရှင်တစ်ယောက် ပြီးတော့ ထူးထူးခြားခြား လှပချောမောသူဖြစ်တဲ့ သူမရဲ့ ဂုဏ်သိက္ခာကို ဒီလိုမျိုး ပွန်းပဲ့မခံနိုင်ပါဘူး။

Edit with WPS Office

တကယ်လို့ လင်းဟန်က သူမကို လက်ထပ်ချင်တယ်ဆိုရင် သူမက ငြင်းပယ်ရပါလိမ့်မယ်။ ဒါကြောင့် ဒါက တကယ်ပဲ ဆန့်ကျင်ဘက်လုပ်တာ တစ်ခု ဖြစ်ပါတယ်။

"နိမ့်ကျတဲ့ လူသားတစ်ယောက်က မင်းသမီးလေးချိုင်နဲ့ လက်ထပ်ဖို့ လုံးဝကို အရည်အချင်း မပြည့်မီဘူး"

ဖန်ရှင်းက သူ့လက်သည်းတွေနဲ့ လင်းဟန်ကို ထိုးညွှန်လိုက်ပါတယ်။

"ဒီနေ့မှာ ငါမင်းကို အနိုင်ယူချင်တယ်။ ပြီးတော့ မင်းက မင်းသမီးလေးချိုင်နဲ့ အဆပေါင်း တစ်သောင်းလောက် ယှဉ်လို့မရဘူးဆိုတာကို သိစေချင်တယ်။ ဒါကြောင့် မင်းမှာ အတွေး နည်းနည်းလေးတောင် မရှိသင့်ဘူး"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"လေကြီးလေးကျယ်နဲ့ကွာ။ ငါမင်းနဲ့ အချေအတင်
စကားများမနေချင်ဘူး"

ဖန်ရှင်းက တစ်ခုခုပြောမလို့ ပြင်လိုက်ပေမဲ့ ရွှမ်ယုထောင်က
သူ့လက်တစ်ဖက်ကို ဇော့ယမ်းပြ လိုက်တာကို မြင်လိုက်ရတဲ့
အခါမှာ သူက ပါးစပ်ပိတ်ပြီးတော့ ငြိမ်ငြိမ်လေးပဲ နေလိုက်ပါတယ်။
သူကဘယ်လောက်ပဲ သတ္တိကောင်းနေပါစေ အမိန့်ကို
မနာခံပဲနဲ့တော့ မနေဝံ့ပါဘူး။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ကျိတ်ပြီးတော့
ဆုံးဖြတ်ချက် ချထားပါတယ်။ တစ္ဆေနဂါးလိုဏ်ဂူထဲကို သူတို့တွေ
ဝင်သွားတဲ့ အခါကျရင် လင်းဟာန်ကို သတ်ပစ်ဖို့ အခွင့်အရေး
တစ်ခုကို ရှာပြီးတော့ အစွမ်းကုန် ထုတ်ပြီးတော့
ရှင်းထုတ်ပစ်ပါမယ်။

သူတစ်ယောက်ပဲ မင်းသမီးလေးချိုင်ရဲ့ ဘေးနားမှာ ရပ်ဖို့
အရည်အချင်း ပြည့်မီတာပါ။

တစ္ဆေနဂါး လိုဏ်ဂူဖွင့်ဖို့ အချိန်နှစ်ရက် လိုပါသေးတယ်။
သူတို့အားလုံးက စိတ်ရှည်လက်ရှည်နဲ့ စောင့်နေကြပါတယ်။

Edit with WPS Office

တော်ဝင်ကလန်ကြီး သုံးခုလုံး ရှိနေပေမဲ့ သူတို့က စပြီးတော့ မတိုက်ခိုက် ကြပါဘူး။ ဒီနေရာမှာ စွမ်းအင်တွေ ဖြုန်းတီးတာက မတန်ပါဘူး။ တစ္ဆေနဂါး လိုဏ်ဂူကပဲ သူတို့ရဲ့ စစ်မှန်တဲ့ စစ်မြေပြင် ဖြစ်ပါလိမ့်မယ်။

နှစ်ရက်ကြာပြီးတဲ့နောက်မှာ အစွမ်းထက်တဲ့ နဂါးတစ်ကောင်ရဲ့ ခွန်အားက တုန်ခါလာသလိုမျိုး မြေပြင်က အက်ကွဲလာပြီး ရောမ ဝဲကန်တော့ကြီးတစ်ခု ပေါ်လာပါတယ်။ ရေတွေ ပန်းထွက် လာတာကို ကြည့်ပြီးတော့ တခြားသူတွေက ကြောက်ရွံ့ကောင်း ကြောက်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆို အထဲမှာ ကြောက်မက်ဖွယ်ရာ သင်္ကေတတွေနဲ့ ဖုံးထားလို့ ဖြစ်ပါတယ်။ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်တွေတောင်မှ ချက်ချင်းပဲ ချေမှုန်းခံရနိုင်ပါတယ်။

"ဟားဟားဟား အချိန်ကိုက်ပဲ။ ငါတို့တွေ နောက်မကျဘူး"

ကျယ်လောင်တဲ့ အသံတစ်ခုက ကောင်းကင်ပေါ်ကနေ ထွက်ပေါ်လာခဲ့ပြီး ရောမ လေသဘော်ကြီး တစ်စင်းက သူတို့ဆီကို

Edit with WPS Office

လျှင်မြန်စွာနဲ့ ပျံသန်းလာခဲ့ပါတယ်။ အဲဒီလေသဘောကြီးရဲ့ ကိုယ်ထည် တစ်ခုလုံးက မည်းနက်နေပြီး အပေါ်မှာ အလံတစ်ခုကို လွှင့်ထူထားပါတယ်။ အလံပေါ်မှာတော့ အစစ်အမှန် နဂါးနက်ကြီး တစ်ကောင်ရဲ့ပုံကို ရေးဆွဲထားပြီး လက်သည်းတွေ ကုတ်ခြစ်နေတဲ့ ပုံစံနဲ့ ပါးစပ်ဖြဲနေပြီး သတ်ဖြတ်ခြင်း အသိတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"အနောက်ပင်လယ်ရဲ့ မိုတော်ဂင်ကလန်"

ဟော့လျှန်ရုံနဲ့ ရှမ်ယုထောင်တို့ နှစ်ယောက်စလုံး မျက်မှောင်ကြုတ် လိုက်ကြပါတယ်။ ဂမ်ရန်ကျီးတောင် အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

တစ္ဆေနဂါး လိုက်ဂူက မြောက်ပိုင်းပင်လယ်အတွက် ကံတရားက ပေးတဲ့ အခွင့်အလမ်း တစ်ခု ဖြစ်ပါတယ်။ အနောက်ပင်လယ်ရဲ့ တော်ဂင်ကလန်တစ်ခုက ဒီနေရာကို ဘာလာလုပ်တာလဲ။

Chapter 793 end

Edit with WPS Office

အပိုင်း(၇၉၄) အနောက်ပင်လယ်က ညှော်သည်တွေ

ဂမ်ရန်ကျီးက မြောက်ပိုင်းပင်လယ် တစ်ခုလုံးကို ပေါင်းစည်းဖို့ ရည်မှန်းချက် ရှိတာကြောင့် မြောက်ပိုင်းပင်လယ်မှာရှိတဲ့ ပစ္စည်းတွေ အထူးသဖြင့်တော့ နှစ်ပေါင်းငါးရာပြည့်မှ တစ်ကြိမ်ပွင့်တဲ့ တစ္ဆေနဂါးလိုဏ်ဂူကိုလည်း သူ့ရဲ့သီးသန့် ပိုင်ဆိုင်မှုအဖြစ် သတ်မှတ်ထားပါတယ်။ တော်ဂင်ကလန်တိုင်းက အထဲမှာရှိတဲ့ နဂါးသွေးမြက်ကို စုစည်းရိတ်သိမ်းနိုင်ပြီး အဲဒါက အရမ်းကို အကျိုးအမြတ်ရှိတဲ့ အားဆေးကြီးတစ်ခု ဖြစ်ပြီးတော့ သူတို့ရဲ့ မျိုးဆက်သွေး သန့်စင်မှုကို မြှင့်တင်နိုင်ပါတယ်။

စစ်မှန်တဲ့ နဂါးအစွယ်ကတော့ သနားစရာကောင်းလောက်အောင် ရရှိဖို့ လုံးဝကို မဖြစ်နိုင်တဲ့ ပစ္စည်းတစ်ခုပဲ ဖြစ်ပါတယ်။

ဒါက မြောက်ပိုင်းပင်လယ်ရဲ့ ရတနာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အနောက်ပိုင်း ပင်လယ်က ကောင်တွေက ငမ်းငမ်းတက် လိုချင်နေရတာလဲ။

Edit with WPS Office

"အနောက်ပိုင်း ပင်လယ်ရဲ့ မိုကလန်က ဘာလာလုပ်တာလဲ။
မြောက်ပိုင်းပင်လယ်ရဲ့ စုစည်းမှုကို အသိအမှတ် လာပြုတာလား။"

ဂမ်ရန်ကြီးက အရင်ဆုံး ထလာခဲ့ပါတယ်။ သူက
မြောက်ပိုင်းပင်လယ်ရဲ့ နံပါတ်တစ် ဖြစ်ပြီးတော့ ဒီဒေသကို
ကိုယ်စားပြုသူ တစ်ယောက်လည်း ဖြစ်ပါတယ်။

"ဟားဟားဟား ပင်လယ်လေးခုလုံးရဲ့ ရေတွေအားလုံးကို အင်ပါယာ
မိသားစုက ပိုင်ဆိုင်တယ်။ ဒါကြောင့် အရှင်ဂမ်ရန်က
အရမ်းကြီးလည်း ဂင့်ကြွားမနေပါနဲ့"

လေသဘော်ပေါ်က လူတစ်ယောက်က အပေါ်ကနေ အောက်ကို
ငုံ့ကြည့်ပြီးတော့ အော်ပြောလိုက်ပါတယ်။ ဒါပေမဲ့ အောက်ကိုတော့
ဆင်းမလာပါဘူး။

ဟော့လျှန်ရှုံလည်း စိတ်ဆိုးသွားခဲ့ပါတယ်။ သူ ထိပ်တိုက်ရင်ဆိုင်တဲ့

Edit with WPS Office

ဂမ်ရန်ကလန်က မသေးငယ် ပါဘူး။ ဒါပေမဲ့ အပြင်လူတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ သူတို့က အရင်ဆုံး တစ်ဖက်တည်း ဖြစ်သွားပါတယ်။ သူက ပြန်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

"ပင်လယ်လေးခုရဲ့ ရေတွေက အင်ပါယာ မိသားစု အလုံးစုံ ပိုင်တယ်ဆိုတာ သဘာဝပါပဲ၊ အင်ပါယာ မိသားစုက နယ်မြေတွေကို ပိုင်းခြားပေးပြီးတော့ မြောက်ပိုင်းပင်လယ်ကို ငါတို့ကလန် သုံးခုက ထိန်းချုပ်ဖို့ အမိန့်ပေးခဲ့တယ်။ ဒါကို မင်းအနေနဲ့ ဆင်ခြင်တုံတရား ရှိသင့်တယ်။ မိုကလန်က ဂါရဝပြု နှုတ်ဆက်ဖို့တောင် မလုပ်ပဲနဲ့ အတင်းအကျပ်နဲ့ ဝင်လာခဲ့တာ ဘာလုပ်ချင်လို့လဲ"

"ဟားဟားဟား အရှင်ဟော့လျန်က ငါ့အတွက် ဆုံးဖြတ်ချက် ချပေးမလို့လား"

အာလိုက်သည်းလိုက် ရယ်မောသံက လေသင်္ဘောပေါ် ကနေ ထွက်ပေါ်လာပြီး ပုံရိပ်တစ်ခုက အပေါ်ကနေ အောက်ကို ဆင်းချလာတာကို တွေ့လိုက်ရပါတယ်။ သူက လေထဲမှာ

Edit with WPS Office

လမ်းလျှောက်နေပြီး လေကားထစ်တွေ ရှိသလိုမျိုး တစ်လှမ်းချင်းလှမ်းပြီး ဆင်းချလာခဲ့ပါတယ်။

အဲဒီလူက အသက်ခြောက်ဆယ် အရွယ်ခန့်ရှိတဲ့ အဘိုးကြီးတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ဓာတ်ကို ကြည့်ရတာ ကိုယ်စိတ်ညှိုးလျှပုံပေါက်နေပြီး ခပ်ယဲ့ယဲ့သာ ရှိပါတယ်။ ပြီးတော့ သူ့မှာ သူ့ရဲ့အကောင်းဆုံး အခြေအနေ မရှိပါဘူး။ သူက တုတ်တံတစ်ချောင်းလို မပြိုလဲပဲ ရှိနေပါသေးတယ်။ သူ့ရဲ့ ပါးနှစ်ဖက်လုံးပေါ်မှာ နဂါးကြေးခွံတွေ တော်တော်များများ ရှိပြီးတော့ သူ့ကို ထူးခြားတဲ့ မျက်နှာထားတစ်ခု ဖြစ်စေပါတယ်။

သူ့အနောက်မှာ လူငယ်တွေ တော်တော်များများ ထွက်ပေါ်လာခဲ့ပြီး လေသဘောကြီးပေါ်ကနေ တစ်ယောက်ပြီးတစ်ယောက် ဆင်းသက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက ချက်ချင်းဆိုသလို မှေးသွားခဲ့ပါတယ်။ သူ့မြင်ကွင်းထဲမှာ ရှေးဟောင်း ဂိုဏ်းကြီးငါးဂိုဏ်းရဲ့

Edit with WPS Office

ထူးချွန်ထက်မြက်တဲ့ လူတွေဖြစ်တဲ့ ရှုရုရန်၊ ဓားကေရာဇ်လေး၊ တုန်လင်းအာတို့ကို တွေ့လိုက်ရပါတယ်။

"မိုယွမ်"

ရွှမ်ယုထောင်က ချက်ချင်းပဲ အော်ခေါ်လိုက်ပါတယ်။ သူ့ရဲ့မျက်လုံးထဲမှာ စိုးရိမ်ပူပန်တဲ့ အရိပ်အယောင်တစ်ခု လက်သွားခဲ့ပါတယ်။

သူတစ်ယောက်တည်း မဟုတ်ပါဘူး။ ဟော့လျန်ရှံနဲ့ ဂမ်ရန်ကျီးတို့လည်း သူ့လိုဖြစ်နေ ကြတာပါ။ သူတို့က အဲဒီအဘိုးကြီးကို နှိမ်ချပြီးတော့ ကြည့်လို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အသက်ဓာတ် တက်ကြွမှုနဲ့ သူ့အသက်ကို ခန့်မှန်းလို့ ရပါတယ်။ မိုယွမ်။ မိုကလန်ရဲ့ နောက်ဆုံးမျိုးဆက်က ကလန်ဘုရင်။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက မိုကလန်ထဲမှာ ရှားပါးတဲ့ ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ သူက မျှော်မှန်းထားတဲ့ အချိန်ထက် စောပြီးတော့ ဘုရင်ရဲ့ နေရာကို စွန့်လွှတ်ခဲ့ပါတယ်။

Edit with WPS Office

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက အသက်အရွယ် အိုမင်းတဲ့အထိ အဲဒီနေရာမှာပဲ ထိုင်နေမယ် ဆိုရင်တောင် သူ့ရဲ့ အရည်အချင်းတွေကြောင့် ဘယ်သူမှ ပြောရဲကြလိမ့်မှာ မဟုတ်ပါဘူး။

သူက အိုမင်းလှပြီ ဖြစ်ပေမဲ့ သူ့တိုက်ခိုက်မှု စွမ်းအားက လုံးဝကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ သူက ဂမ်ရန်ကျီးကိုတောင် ရှုံးနိုင်စရာအကြောင်း မရှိပါဘူး။

"ငါ့မှာ ရွေးချယ်စရာ မရှိဘူး။ ဒီလူသားတွေက အလယ်ပိုင်းဒေသရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကနေ လာခဲ့ကြတာပဲ။ သိပ်မကြာခင်ကပဲ သူတို့က နဂါးဗိမာန်ကနေ ထွက်လာခဲ့ကြပြီး နဂါးကောရာဇ် ကိုယ်တိုင်ပေးတဲ့ အမိန့်ကြောင့် သူတို့ကို တစ္ဆေနဂါးလိုဏ်ဂူဆီကို ခရီးထွက်လာဖို့အတွက် ငါခေါ်လာခဲ့တာ။ ငါ့မှာ ရွေးချယ်စရာ မရှိဘူး။ ဒါပေမဲ့ တာဝန်တစ်ခုကို ထမ်းဆောင်နေတာပဲ"

မိုယွမ်က ရယ်မောပြီးတော့ ရှင်းပြလိုက်ပါတယ်။

Edit with WPS Office

ဂမ်ရန်ကျီးနဲ့ တခြားအဆုံးမဲ့ လက်ရွေးစင်တွေ အားလုံးက နာခေါင်းရှုံ့ လိုက်ကြပါတယ်။ တကယ်လို့ နဂါးဧကရာဇ်ရဲ့ စီမံမှု ဖြစ်တယ်ဆိုရင်တောင် ဒီလူသားတွေက တစ္ဆေနဂါးလိုဏ်ဂူထဲ ဝင်ဖို့အတွက် နဂါးဧကရာဇ်ရဲ့ အမိန့်ကို ယူပြီးတော့ မြောက်ပိုင်းပင်လယ်က သူတို့ကို လာရှာသင့်တယ် မဟုတ်လား။ မြောက်ပိုင်းပင်လယ်ရဲ့ တော်ဝင်ကလန်သုံးခုက သူတို့ပဲလေ။

ဘာဖြစ်လို့ အနောက်ဘက် ပင်လယ်ရဲ့ မိုကလန်က သူတို့ကို ခေါ်လာတဲ့သူ ဖြစ်ရတာလဲ။

ဒီအတွက် အကြောင်းပြချက်က မိုကလန် ပြောသလို မရိုးရှင်းနိုင်ပါဘူး။ ဒါကြောင့် တစ်စုံတစ်ခု ဖုံးကွယ်ထားတာမျိုး ရှိနိုင်ပါတယ်။

လင်းဟာန်ရဲ့ နှလုံးသားကလည်း တဆတ်ဆတ် တုန်လာခဲ့ပါတယ်။ ဖြစ်နိုင်တာက.......။ ဂိုဏ်းကြီး ငါးဂိုဏ်းက ပင်လယ်မျိုးနွယ်စုနဲ့

Edit with WPS Office

သဘောတူညီမှုတစ်ခုလုပ်ဖို့ ရောက်လာခဲ့ကြပြီး အစွမ်းထက်တဲ့ အင်အားစု နှစ်ခု ပူးပေါင်းပြီးတော့ ခရမ်းရောင်လ နိုင်ငံနဲ့ ဆန့်ကျင်ဖို့ ဒါမှမဟုတ် မဟာလင်း အင်ပါယာကို ချေမှုန်းပစ်ဖို့ စီစဉ်ထားတာလား။

ဒါက သတင်းကောင်း မဟုတ်ပါဘူး။ ပင်လယ်မျိုးနွယ်စုရဲ့ ခွန်အားက ဂိုဏ်းကြီးငါးဂိုဏ်းထက် မနိမ့်ကျတဲ့အပြင် ပိုပြီးတော့တောင် သာလွန်နိုင်ပါတယ်။ ဒီအင်အားကြီး အဖွဲ့နှစ်ခု အတူတကွ ပူးပေါင်းထားတဲ့ အင်အားစုကို ခရမ်းရောင်လ အင်ပါယာက ခုခံနိုင်မလား မခုခံနိုင်ဘူးလား ဆိုတာကို မသိပါဘူး။ ဒါပေမဲ့ မဟာလင်း အင်ပါယာကို နှစ်ဖက်စလုံးက လက်ရွေးစင် တစ်ယောက်က ဝိုင်းရံပါလိမ့်မယ်။ နောက်ပြီးတော့ မဟာလင်း အင်ပါယာ အပေါ်ကို လုပ်ရှားမှု လုပ်မလား မလုပ်ဘူးလား ဆိုတာက သူတို့ရဲ့ ခံစားချက် အပေါ်မှာ လုံးဝကို မူတည်ပါတယ်။ ဒါက ထိတ်လန့်တုန်လုပ်စရာပါပဲ။

တစ္ဆေနဂါးလိုဏ်ဂူကို လာတဲ့ လမ်းခရီးမှာ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တိုးမြှင့်ဖို့အတွက် လုံလောက်တဲ့ ရတနာတွေကို

Edit with WPS Office

ရရှိခဲ့ပါတယ်။

"လင်းဟန် မင်းက တကယ်ပဲ နေရာစုံအောင်
လျှောက်သွားနေတာပဲ။ ငါတို့ကတော့ ကံကောင်းလို့ မင်းကို
တွေ့ရတာပဲ"

ရှုရှရန်က အသံကို မြှင့်ပြီးတော့ ပြောလိုက်တယ်။

လင်းဟန်က ဒီနေရာမှာ သူတို့နဲ့ အမှတ်မထင် ကြုံတွေ့ရတာကို
အံ့အားသင့် နေခဲ့ပါတယ်။ သူတို့ငါးယောက်က ပိုပြီးတော့တောင်
အံ့အားသင့် နေကြပါတယ်။ အမှန်တကယ်တော့
သူတို့ငါးယောက်ကို ဂိုဏ်းကြီးငါးဂိုဏ်းက အရေးကြီးတဲ့
လူတစ်ယောက်ရဲ့ အမိန့်တွေကို ကိုယ်တိုင်ကိုယ်ကျ
သယ်ဆောင်လာပြီးတော့ နဂါးဧကရာဇ်ဆီကို သွားတွေ့ခဲ့ရတာပါ။
တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ မိုယွမ်ကလည်း ဒီနေရာဆီ သူတို့ကို
လိုက်ပို့ပေးဖို့အတွက် စေတနာ့ဝန်ထမ်း လုပ်ခဲ့ပါတယ်။

Edit with WPS Office

မိုယွမ်က အလကားတော့ ဘယ်လုပ်ပေးမလဲ။ မိုကလန်ရဲ့ မျိုးဆက်တချို့ကိုလည်း ဂင်လို့ရအောင် ခေါ်လာခဲ့ပါတယ်။ တကယ်တော့ တစ္ဆေနဂါး လိုဏ်ဂူက မြောက်ပိုင်း ပင်လယ်ရဲ့ သီးသန့်ပိုင်ဆိုင်မှုထဲမှာ ပါဂင်ပါတယ်။ ပြီးတော့ အတိတ်တုန်းက မိုကလန်က ဂင်ရောက်ခွင့် နည်းနည်းမှ မရရှိခဲ့ပဲ မနာလိုစွာနဲ့ ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

ဒီနည်းနဲ့ဆိုရင် အားလုံးက ပျော်ရွှင်ကျေနပ်ကြပါတယ်။

ဒါပေမဲ့ လင်းဟန်က ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာလည်း အပြုံးတစ်ခု ဖျတ်ခနဲ လက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းတို့အားလုံးကို အထဲမဂင်ဖို့ အကြံပေးလိုက်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းတို့အားလုံးရဲ့ အသက်တွေ ဆုံးရှုံးသွားနိုင်တယ်နော်"

Edit with WPS Office

ရှုရှုရန် အပါအဝင် ငါးယောက်စလုံးရဲ့ အကြည့်တွေထဲမှာ ဒေါသအရိပ်အယောင်တွေ တလက်လက် တောက်ပနေပါတယ်။ သူတို့တွေက လူငယ်မျိုးဆက်ထဲမှာ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည် ရှိကြတဲ့ လူတွေဖြစ်ပါတယ်။ ဒါကို ဒီကောင်က သူတို့ကို အရမ်းပဲ နှိမ်ချပြီး ကြည့်ပါတယ်။ ဒါက လုံးဝကို စက်ဆုပ်ရွံရှာစရာကောင်းပါတယ်။ သူမကိုယ်သူမ မထိန်းနိုင်ပဲ တုန်လင်းအာက မခံချင်အောင် ထိကပါး ရိကပါးနဲ့ ပြောလိုက်ပါတယ်။

"နင်က ဂျက်ပါလေး တစ်ခုကိုပဲ အားကိုးနေရတာပါ။ ငါတို့က ဒီတစ်ကြိမ် မပြင်ဆင်ထားဘူးလို့ နင်ထင်နေတာလား"

လင်းဟာန်က အိုးလို့ အော်လိုက်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။ သူတို့ရဲ့ ဗုက်ဖဲတွေ အကြောင်းကို ထုတ်ပြောလာအောင်လို့ သူက စကားနိုက်နိုင်ခဲ့ပါတယ်။ အဲဒါက ဘာလဲဆိုတာကို သူမသိပေမဲ့ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂျက်ပါကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါလိမ့်မယ်။

Edit with WPS Office

သူမရဲ့ ပါးစပ်ကနေ အဲဒီစကားကို ပြောပြီးတဲ့နောက်မှာ တုန်လင်းအာက စကားကျွံသွားခဲ့ပြီ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမက ဂရုမစိုက်ပါဘူး။ တကယ်တော့ သူမအသုံးပြုမဲ့ ဗုက်ဖဲက ဘာပဲဖြစ်ဖြစ် လင်းဟာန်ကို ရင်ဆိုင်ဖို့ပါပဲ။

"နဂါးဂေါ့ရောဇ်ရဲ့ ကိုယ်ပိုင်အမိန့်တွေက ဘယ်မှာလဲ"

ဂမ်ရန်ကျီးက အေးစက်စက်နဲ့ မေးလိုက်ပါတယ်။ သူက လင်းဟာန်နဲ့ ရှုရှရန်တို့ လူငယ်ငါးယောက် အုပ်စုလို ဂျူနီယာတွေ အကြားက ပြဿနာကို လုံးဝလျစ်လျူရှု ထားခဲ့ပါတယ်။

မိုယ်ရှုက သူ့လက်ကို ဝှေ့ယမ်းလိုက်တဲ့ အခါမှာ ရွှေရောင်စာလိပ် တစ်ခုက ဂမ်ရန်ကျီးဆီကို လူးလွန့်လာခဲ့ပါတယ်။ ဂမ်ရန်ကျီးက ဖမ်းယူပြီးတော့ တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ သူ့မျက်နှာပေါ်က အမူအရာက ရုတ်ချည်းဆိုသလို မည်းမှောင်သွားခဲ့ပါတယ်။

Edit with WPS Office

အဲဒီနောက် သူက စာလိပ်ကို ဟော့လျန်ရုံဆီ ပစ်ပေးလိုက်ပြီး ဟော့လျန်ရုံက တစ်ချက်ဖတ်ကြည့် ပြီးတာနဲ့ ရွှမ်ယုထောင်ကို ပေးလိုက်ပါတယ်။ လုံလောက်ပါပြီ။ ဒါက နဂါးကေရာဇ်ရဲ့ လက်ရေးဆိုတာ ရှင်းပါတယ်။ သံသယ ရှိစရာကို မလိုပါဘူး။ သူတို့တွေက ရှုရှုရန်တို့ အုပ်စုကို လက်ခံရပါမယ်။ သူတို့က ဂုဏ်သရေရှိ ညှော်သည်တော်တွေ ဖြစ်ပါတယ်။

ဒါက အင်ပါယာ မိသားစုက အမိန့်တစ်ခု ဖြစ်ပါတယ်။ ပင်လယ်လေးခုထဲက ဘယ်သူကများ မလိုက်နာပဲ နေဝံ့မှာလဲ။

ဟော့လျန်ရုံတို့ သုံးယောက်စလုံး စိတ်ပျက်သွားပါတယ်။ တစ္ဆေနဂါး လိုဏ်ဂူက မြောက်ပိုင်း ပင်လယ်ရဲ့ သီးသန့်ပိုင်ဆိုင်မှု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အပြင်လူတွေကို အထဲကို ဘယ်လိုလုပ် ပေးဝင်လို့ ဖြစ်မှာလဲ။ ဒါပေမဲ့ နဂါးကေရာဇ်က ဒီလိုမျိုး အမိန့်ပေးလာတယ် ဆိုမှတော့ သူတို့တွေက အမိန့်မနာခံပဲ ဘယ်လိုလုပ် နေဝံ့မှာလဲ။ တကယ်လို့ သူတို့က အမိန့်မနာခံခဲ့ရင် ပုန်ကန်သူတွေ ဖြစ်သွားပြီး သူတို့ရဲ့ မြောက်ပိုင်းပင်လယ် တစ်ခုလုံး ပျက်စီးသွား ရပါလိမ့်မယ်။

Edit with WPS Office

ရွှမ်ယုထောင်က စာလိပ်ကို မိုယွမ်ဆီကို ပြန်ပေးပြီးတော့ သရော်ပြုံးပြုံးပြီး ပြောလိုက်ပါတယ်။

"အရှင်မိုက အချိန်ကုန်ခံပြီး ဒီဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးအတွက်နဲ့ ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ပေးနေပဲ့ါလား"

"ဟဲဟဲ ကျားတွေ ဝံပုလွေတွေလို ရက်စက်ကြမ်းကြုတ်တဲ့ မင်းတို့အရှင်သုံးပါးရဲ့ ပုံစံကို ကြည့်ပြီး ငါက သူတို့ကို ကိုယ်တိုင်ကိုယ်ကျ လိုက်မပို့လို့ ဘယ်ဖြစ်မလဲ။ သူတို့တွေက ဝါးစားခံလိုက်ရမလား ဆိုတာကို ဘယ်သူသိမလဲ"

မိုယွမ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဟင့် အခြေအနေက ဒီအဆင့်ထိ ရောက်လာမှတော့ အချိန်တွေ ဖြုန်းမနေပဲ တစ္ဆေနဂါး လိုဏ်ဂူထဲကို ဝင်ကြတာပေါ့"

Edit with WPS Office

ဂမ်ရန်ကျီးက သူ့အနောက်က ဂျူနီယာတွေကို လက်တစ်ဖက်ဝှေ့ယမ်းပြပြီးတော့ ပြောလိုက်တယ်။

"တစ္ဆေနဂါး လိုဏ်ဂူနား ရောက်လာရင် အပြင်ဘက် စက်ဝိုင်းထဲမှာ သက်ရှိတွေကို မှတ်ထုတ် ပစ်လိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ မင်းတို့အားလုံးက အထဲမှာ အချိန်အကြာကြီး နေခဲ့မယ် ဒါမှမဟုတ် အထဲက အရှိန်အဝါကြောင့် အရမ်းကို ရောဂါကူးစက်ခံရမယ်ဆို မင်းက တစ္ဆေနဂါး လိုဏ်ဂူကြောင့်ဆိုတာ လက်ခံရလိမ့်မယ်။ ဒီနေရာရဲ့ အန္တရာယ်များတဲ့ ပတ်ဝန်းကျင်နဲ့ မင်းတို့တွေ နောက်နှစ်ပေါင်းငါးရာထိ ခုခံနိုင်လိမ့်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

အားလုံးက အမိန့်နာခံစွာနဲ့ အော်ဟစ်လိုက်ပါတယ်။

သူတို့အားလုံးက လူစုခွဲပြီးတော့ အဲဒီဝဲကတော့ကြီးရဲ့ အလယ်ထဲကို

Edit with WPS Office

ခုန်ဝင်သွားခဲ့ ကြပါတယ်။ ဒါက တစ္ဆေနဂါး လိုဏ်ဂူရဲ့ ဝင်ပေါက်ဖြစ်ပါတယ်။

ဂမ်ရန်တော်ဝင် ကလန်က အရင်ဆုံးသွားပြီး အနောက်ကနေမှ ရွှမ်ယုနဲ့ ဟော့လျန်တော်ဝင် ကလန်တို့က လိုက်သွားကြပါတယ်။ လင်းဟာန်လည်း ခုန်ဝင်သွားတဲ့ အချိန်မှာ ရှုရှုရန်နဲ့ တခြားလူတွေ အားလုံးက သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြ ပါတယ်။

ဒီလူကို သုတ်သင်ပစ် ရမယ်။

Chapter 794 end

အပိုင်း(၇၉၅) သွေးမြစ်

တစ္ဆေနဂါးလိုဏ်ဂူက အရမ်းကို ထူးခြားတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ဒါက ပင်လယ်မျိုးနွယ်စုရဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကနေ ဖြစ်ပေါ်လာခဲ့တဲ့ နေရာဖြစ်ပါတယ်။ အဲဒီအချိန်က သူ့မှာ အထွတ်အထိပ်အဆင့်ထိ ကျင့်ကြံနိုင်ခဲ့ပြီး အမြင့်ဆုံးရဲ့ အမြင့်ဆုံးအဆင့်ထိရောက်ရှိခဲ့ပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲကြွယ် နှစ်ဆယ်လုံးထိ ရောက်ရှိခဲ့ပါတယ်။ အားလုံးက လိုချင်တပ်မက်ကြတဲ့ အောင်မြင်မှုကို ရရှိခဲ့ပြီး အောက်ဘုံကို ဆင်းလာခဲ့ တန်ခိုးရှင်တွေတောင်မှ သူ့ကို ဘာမှမလုပ်နိုင်ခဲ့ပါဘူး။

ဒီလက်ရွေးစင် သေသွားခဲ့ပေမဲ့ သူတည်ဆောက်ခဲ့တဲ့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားက ကျန်ရှိခဲ့ပြီး ဒီနေရာ တစ်ခုလုံးကို အချိန်ရဲ့ တိုက်စားမှု မခံစေရပဲ တစ္ဆေနဂါး လိုဏ်ဂူကို ဆက်လက်စောင့်ကြည့် နေခဲ့ပါတယ်။ လူတစ်ယောက်ရဲ့ ခွန်အားက ဟိုးရှေးတုန်းက အဲဒီလက်ရွေးစင်လောက် သန်မာမှု မရှိဘူးဆိုရင် ဒီနေရာရဲ့ စည်းမျဉ်းဥပဒေတွေကို မဖျောက်ဖျက် နိုင်ပါဘူး။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ မဝင်နိုင်ပါဘူး။ ဝင်ရောက်တဲ့ ဘယ်သူမဆို အသတ်ခံရ ပါလိမ့်မယ်။

Edit with WPS Office

ဟုတ်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ ဂင်လို့မရနိုင်ပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲခွန်အားကိုတော့ ထုတ်ဖော်လို့ မရနိုင်ဘူးလို့ မဆိုလိုထားပါဘူး။ အမိန့်စာလွှာ ဒါမှမဟုတ် တားမြစ်ပစ္စည်းတွေကိုတော့ အသုံးပြုလို့ ရနေဆဲပါပဲ။ ဒါပေမဲ့ ဒီလိုအဆုံးမဲ့ တိုက်ပွဲစွမ်းရည် အမျိုးအစားရဲ့ ခွန်အားက အကြာကြီး ခံလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ဟော့လျန်ချွင်ရှယ်ကို လက်တစ်ဖက်က ကိုင်ပြီးတော့ တစ်ဖက်က ဟူးညို့ကို ဆွဲလာခဲ့ပါတယ်။ သူတို့သုံးယောက်က ဝဲကန်တော့ကြီးရဲ့ အလယ်ကို ခုန်ဂင်လာခဲ့ ကြပါတယ်။ ရပ်တန့်လို့ မရနိုင်တဲ့ အင်အားတစ်ခုက သူတို့ကို ရေအောက်ရဲ့ အဆုံးထိ ဆွဲခေါ်သွားခဲ့ပါတယ်။

သူတို့က ဝဲကတော့အတိုင်း လည်ပတ်နေတဲ့ အခြေအနေ တစ်ခုကနေ ရုတ်ချည်းဆိုသလို သူတို့က သွေးမြစ်တစ်ခု အထဲက ကြမ်းပြင်မှာ ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

"ဝေါ့"

အရှေ့က ဦးဆုံးဂင်သွားတဲ့ လူတွေအားလုံး မြစ်ဘေးနားမှာ ပြင်းပြင်းထန်ထန် အန်နေကြ ပါတယ်။ ဒါပေမဲ့လည်း လူဦးရေ အရေအတွက်ကတော့ သိသိသာသာကို လျော့ကျသွားခဲ့ပြီး မူလစုစုပေါင်း အရေအတွက်ရဲ့ ဆယ်ပုံတစ်ပုံလောက် အတော်လေးကို နည်းပါတယ်။ ကြည့်ရတာ ဂင်ပေါက်တစ်ခုတည်း ရှိတယ်ဆိုပေမဲ့ အားလုံးကို အဖွဲ့တွေခွဲပြီးတော့ မတူညီတဲ့ နေရာတွေဆီကို ပို့လိုက်ပုံ ရပါတယ်။

"မြန်မြန် ငါတို့ သွားကြစို့"

လင်းဟန်ရဲ့ အမူအရာက ပြောင်းသွားခဲ့ပါတယ်။ သူက မိန်းကလေး နှစ်ယောက်ကို ဆွဲပြီးတော့ လေထဲကို ခုန်တက်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူ့ကို အံ့အားသင့် သွားစေခဲ့တာက ဒီနေရာမှာ သူက တကယ်ပဲ ပျံသန်းလို့ မရနိုင်ပါဘူး။ ဒါကြောင့် သူက လေထဲကနေ နောက်တစ်ကြိမ် ပြန်ကျ လာခဲ့ပါတယ်။

Edit with WPS Office

သူက အသက်ကို ပြင်းပြင်းရှိုက်လိုက်ပြီး ဒီအင်အားအပေါ်က ကန်အားကို အသုံးပြုပြီးတော့ သူ့ကိုယ်သူ အလျားလိုက် မီတာသုံးဆယ်ကျော် အကွာအဝေးကို ခုန်လွှားပြီးတော့ မြစ်ဘေးကို ဆင်းသက်လာခဲ့ပါတယ်။

ဟော့လျန်ချင်ရွှယ်ရဲ့ အမူအရာကလည်း အတော်လေးကို ဆိုးဝါးနေပါတယ်။ သူမက စောစောက ဝဲကတော့ရဲ့ လည်ပတ်မှုကြောင့် မူးဝေတဲ့ ခံစားချက် ဖြစ်ပေါ်နေပြီးတော့ အန်ထုတ်ပစ်ချင် နေပါတယ်။ ဟူးညိုကတော့ ဆန့်ကျင်ဘက်ပါပဲ။ ဘာမှမခံစားရသလို လက်ခုပ်လက်ဝါးတီးပြီး စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"နောက်တစ်ကြိမ် ဆော့ကြရအောင်လေ"

လင်းဟန်က သူ့အဝတ်အစားတွေကို ငုံ့ကြည့်လိုက်ပါတယ်။ အဝတ်အစားတွေမှာ အက်ဆစ်နဲ့ အစားခံရသလို

Edit with WPS Office

ပေါက်ပြနေပါတယ်။ ဒါက တိုက်စားတတ်တဲ့ မြစ်ရေကြောင့် ဖြစ်ပေါ်နေတာပါ။ တိုက်စားတဲ့ နှုန်းက အရမ်းကို နှေးတယ်ဆိုပေမဲ့ မရပ်မနားနဲ့ ဖြစ်နေပြီး သူက ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ရင်တောင် တိုက်စားတဲ့ အရှိန်နှုန်းကို တန့်ရုံပဲ လုပ်နိုင်ပြီး ဖြေရှင်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ပြောရမယ်ဆိုရင် တကယ်လို့ သူသာ မြစ်ထဲမှာ အချိန်တော်တော်ကြာအောင် နစ်မြုပ်နေမယ်ဆို သူလည်းပဲ အရည်ပျော်ကျသွားပါလိမ့်မယ်။

ဒါကဘာကြီးလဲ။

လင်းဟန်က တော်တော်ဝေးဝေးကို လှမ်းကြည့်လိုက်ပါတယ်။ မြစ်ရဲ့အရှည်က ဘယ်လောက်ထိ ရှည်မှန်း မသိရပါဘူး။ ဒါပေမဲ့ မြစ်ရေက သွေးလိုမျိုး နီရဲနေပြီး ထူးခြားတဲ့ သတ္တုအနံ့တစ်ခုကို ရပါတယ်။

Edit with WPS Office

"ဒါက နဂါးတစ်ပိုင်းရဲ့ သွေးတွေများ ဖြစ်နေမလား"

ဟော့လျန်ချွင်ရှယ်က အသက်ပြန်ရှုလို့ အဆင်ပြေသွားတဲ့ အချိန်မှာ ဒီမြစ်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

ဒီဘုံထဲမှာ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ ထွက်ပေါ်လာမှု ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ ဒီနေရာထဲမှာ အစစ်အမှန် နဂါးရဲ့ အခြေအနေထိ ကျင့်ကြံအားထုတ်လို့ မရနိုင်ပါဘူး။
ဒီဘုံသေးသေးလေးမှာ နဂါးကလန်ရဲ့ မျိုးဆက်သွေးကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်အတွက် နောက်ဆုံး ခြေလှမ်းကို ကျော်လွှားနိုင်ဖို့ ပတ်ဝန်းကျင် မရှိပါဘူး။ အများဆုံး နဂါးတစ်ပိုင်း အဆင့်ထိပဲ အောင်မြင်နိုင်ပါလိမ့်မယ်။

တကယ်လို့ ဒါက နဂါးတစ်ပိုင်း တစ်ယောက်ရဲ့ သွေးဆိုရင် သူ့ရဲ့တန်ဖိုးက သတ်မှတ်လို့တောင် မရနိုင်ပဲ စကားလုံးတွေနဲ့တောင် ဖော်ပြလို့ မရနိုင်အောင် အဖိုးထိုက်တန်ပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"တကယ်လို့ ဒါက နဂါးတစ်ပိုင်းရဲ့ သွေးဆိုရင်တောင် တိုက်စားတဲ့ စွမ်းအင်တွေနဲ့ ပြည့်နေပြီး မသန့်စင်ပဲ ညစ်ညမ်းနေတယ်။ ပြီးတော့ အချိန်တွေလည်း ကြာလာပြီဆိုတော့ ငါခန့်မှန်းရ သလောက်တော့ အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုကိုတောင် တစ်စ တစ်စပဲ တိုက်စားလိမ့်မယ်"

တခြားစကြာဂဠာ ဖျက်ဆီးခြင်းအဆင့်တွေလည်း လုပ်နိုင်လောက်ပါတယ်။ ဒါပေမဲ့ ဒီနဂါးတစ်ပိုင်းက တိုက်ပွဲစွမ်းရည် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နစ်ဆယ်လုံးထိ အောင်မြင်ခဲ့ပါတယ်။ ပြီးတော့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကိုလည်း ကျင့်ကြံခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ပြီးတော့ စည်းမျဉ်းဥပဒေ စွမ်းအားရဲ့ သန့်စင်နိုင်မှုနဲ့အတူ ဒီဘုံမှာ မသန့်စင်နိုင်တဲ့ အရာဆိုတာ ရှိနိုင်မှာ မဟုတ်ပါဘူး။

ဒီဘုံထဲက ပစ္စည်းမဟုတ်သရွေ့ပေါ့။

Edit with WPS Office

"ဒီနေရာက တကယ်ပဲ ခြောက်ကပ်ပြီးတော့ ဆိုးဝါးတာပဲ"

လင်းဟန်က ဘေးဘီဝဲယာ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ အရမ်းကို ကျဉ်းမြောင်းတဲ့ နေရာလွတ် တစ်ခုပဲ ရှိပါတယ်။ သွေးမြစ်က အလယ်မှာ စီးဆင်းနေပြီး သွေးရောင်အဆင်းရှိတဲ့ ရေတွေက ပန်းထွက်နေပြီး မြစ်ဘေးနစ်ဖက်မှာတော့ အကျယ် မီတာသုံးရာ ဝန်းကျင်ပဲ ကျယ်ပြန့်ပြီး အဲဒီနောက်မှာ ဘာမှမရှိပါဘူး။ သူ့ပုံစံကို ကြည့်ရတာ ဒီကမ္ဘာကြီး အထဲမှာ ပြတ်ရွှေ့ကြော တစ်ခုဖြစ်ပေါ်နေသလိုပါပဲ။

ဒီနေရာက လက်ရွေးစင် တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကနေ ဖြစ်ပေါ်လာတယ် ဆိုမှတော့ တကယ့် ကမ္ဘာအစစ်အမှန်နဲ့ တူဖို့အတွက်ကိုတော့ မျှော်လင့်ချက် ကြီးကြီးမားမား မရှိသင့်ပါဘူး။

"ငါတို့ဘယ်လမ်းကို သွားကြမလဲ"

Edit with WPS Office

ဟောလျှန်ချင်ရှယ်က မေးလိုက်ပါတယ်။

"ဇာစ်မြစ်"

လင်းဟာန်က စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

သူတို့က စပြီးတော့ ထွက်ခွာလိုက်တဲ့ အချိန်မှာပဲ သူတို့ရဲ့ အမြင်အာရုံထဲ ဓားသွားတစ်ခုရဲ့ အလင်းရောင်က ဖျတ်ခနဲ လက်သွားခဲ့ပါတယ်။ လူတစ်ယောက်က သူတို့ဆီကို ရုတ်တရက် ဆိုသလို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူတို့ဆီကို ပြေးဝင်လာတဲ့ ဓားချီထဲမှာ အေးစိမ့်မှုနဲ့ ပြည့်နှက်လို့ နေပါတယ်။

"လင်းဟာန် ငါ နင့်ကို သတ်မယ်"

လင်းဟာန်က တစ်ချက် ကြည့်ပြီးတော့ သူ့လက်ကို သာမန်ကာလျှံကာ ဆန့်ထုတ်ပြီး လက်ချောင်း နှစ်ချောင်းကိုပဲ အသုံးပြုပြီးတော့ ပြိုင်ဘက်ဖြစ်သူရဲ့ ဓားရှည်ကို မြဲမြံစွာနဲ့ ညှပ်လိုက်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒါဆိုရင် ဒါကိုကြည့်ရတာ မင်းသမီးချိုင်က အတော်လေး ဒေါသထွက်နေတာပဲ။ အကောင်းဆုံးက ဒီလိုမျိုး စိတ်ဆိုးဒေါသထွက်လွယ်တာမျိုး မရှိရဘူးလို့ ရှေးလူကြီးတွေက ပြောထားတယ်"

ဓားကိုင်ထားတဲ့လူက ရှမ်ယုချိုင် ဖြစ်နေပါတယ်။ သူမအနေနဲ့ သူမရဲ့ဓားကို ပြန်ဆွဲယူဖို့ ခက်ခက်ခဲခဲ ကြိုးစားနေရပြီး အံ့အားသင့်စရာကောင်းတာက သူမရဲ့ဓားက လင်းဟန်ရဲ့ လက်မှာ အမြစ်တွယ်နေသလိုမျိုး ဘယ်လောက်ပဲ ကြိုးစားပြီး ဆွဲဆွဲ တုတ်တုတ်တောင် မလှုပ်ပါဘူး။ သူမက အံ့သြမှင်တက် သွားပါတယ်။ ဒီလူသားက ဘယ်လိုမျိုး မွန်းစတား တစ်ကောင်လဲ။ ဒီဓားက အဆင့်ရှစ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ နောက်ပြီးတော့ အရမ်းကို ကောင်းမွန်တဲ့ အရည်အသွေး ရှိပြီးတော့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် အထွတ်အထိပ် ခွန်အားကို ထုတ်ဖော်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ လက်ထဲမှာ ကလေးလေး တစ်ယောက်လို အစွမ်းမဲ့နေပါတယ်။

Edit with WPS Office

သူမက လင်းဟာန်နဲ့ ရွှမ်ယုဇီကွမ်းတို့ နှစ်ယောက်ရဲ့ တိုက်ပွဲကို ကြားပါတယ်။ ဒါပေမဲ့ ဒါက ပုံကြီးချဲ့ပြီးတော့ ပြောတာပဲလို့ သူမက အမြဲတမ်း ထင်နေခဲ့ပါတယ်။ ဂဏ်ပါ တစ်ခုရဲ့ ခွန်အားကိုပဲ တချိန်လုံး အသုံးချသွားတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူမမှာ လင်းဟာန်ကို ခုတ်ဖို့ အခွင့်အရေး ရှိခဲ့ပြီး သူမက ရုတ်တရက် သတိပြုမိသွားတာက သူက တကယ့်ကို မယုံနိုင်စရာ အစွမ်းထက်တယ် ဆိုတာပါပဲ။

လင်းဟာန်က သူ့လက်နဲ့ အသာလေး တွန်းလိုက်တဲ့ အခါမှာ ရွှမ်ယုချိုင်ကို ရုတ်တရက် ဒယိမ်းဒယိုင် ဖြစ်သွားစေပြီး အနောက်ကို လန်ကျတော့မလို ဖြစ်သွားခဲ့ပါတယ်။ အဲဒီနောက် သူမရဲ့ ခါးပေါ်မှာ ကိုင်ထားတဲ့ သူ့လက်ချောင်းတွေကို ပြန်လွှတ်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ရွှမ်ယုတော်ဂင် ကလန်ကြောင့် ဒီတစ်ကြိမ် ငါလက်တုံ့ပြန်မှာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းက အကြောင်းအရင်းမရှိ ဖွတ်လုပ်လာမယ်ဆိုရင် မင်းအတွက် မကောင်းဘူး။ အဲဒီအခါကျရင် ထိန်လန့်တုန်လုပ်မှုဆိုတာ ဘာလဲလို့ မင်းသိအောင် ငါလုပ်ပြမယ်"

Edit with WPS Office

ဒါက ရွှမ်ယုတောင်ဂင် ကလန်ကို သူ့အနေနဲ့ ကြောက်နေလို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီကလန်က သူနဲ့ ဟောလျန်ကလန်ရဲ့ ဘက်ခြမ်းမှာ စုစည်းမှု လုပ်ဖို့ကျန်ပါသေးတယ်။ သူ့အနေနဲ့ ရွှမ်ယုရှိုင်လို မောက်မာဂင့်ကြွားတဲ့ မင်းသမီးလေး တစ်ယောက်ကြောင့် ကလန်နှစ်ခု အကြားက မဟာမိတ် အစီအစဉ်ကို ဖျက်လိုဖျက်ဆီး မဖြစ်စေချင်ပါဘူး။

"ဟင်း ဟင်း နဂါးအသားဆိုတာ ညိုးညိုး အကြိုက်ဆုံးနော်"

ဟူးညိုကလည်း ဘေးကနေ ခြိမ်းခြောက်လိုက်ပါတယ်။

ရွှမ်ယုရှိုင်ရဲ့ မျက်လုံးတွေထဲမှာ မျက်ရည်စတွေ ဝေ့သီလို့ လာခဲ့ပါတယ်။ ဒီလူသားက အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။ သူမကလန်ရဲ့ အကြီးအကဲက သူမကို သူနဲ့လက်ထပ်ဖို့ အတင်းအကျပ် ဖိအားပေးချင် နေပါတယ်။ ပြီးတော့ ဒီလူသားက တကယ်ပဲ ငြင်းဆန်ခဲ့ပါတယ်။ အခု သူက

Edit with WPS Office

သူမကို ပြင်းပြင်းထန်ထန် ဆုံးမပြီး သူမရဲ့ ခံစားချက်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် ငြိမ်းနည်းလာခဲ့ပါတယ်။

သူမက ဘာများမှားနေလို့လဲ။ သူမက ဒုက္ခကြီး တစ်ခုဖြစ်နေတာလား။

"သွားကြစို့"

လင်းဟန်က ရွှမ်ယုချိုင်ကို ဂရုမစိုက်တော့ပါဘူး။ သူတို့က အထဲကို ဝင်လာတဲ့ အခါမှာ အစီအစဉ် မကျပဲ နေရာအနှံ့ ကွဲသွားတယ် ဆိုပေမဲ့ ကလန်ကြီး သုံးခုရဲ့ အရေအတွက်က ဒီနေရာမှာ ကိုးဆယ့်ကိုး ရာခိုင်နှုန်း ရှိပါတယ်။ ဒါကြောင့် ရွှမ်ယုတော်ဝင် ကလန်က လူတွေလည်း ရှိနေပါတယ်။ ပြီးတော့ ဒီမင်းသမီးလေးကို သူ့အနေနဲ့ ဂရုစိုက်နေစရာ မလိုပါဘူး။

ဒါပေမဲ့ သူတို့တွေ ခြေလှမ်းအနည်းငယ် သွားပြီးတဲ့ အချိန်မှာ ရွှမ်ယုချိုင်က သူတို့အနောက်ကနေ လိုက်လာတာကို

Edit with WPS Office

သတိပြုမိလိုက်ပါတယ်။

လင်းဟာန်က သူ့ခြေလှမ်းတွေကို ရပ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းဘာဖြစ်လို့ ငါတို့နောက်ကို လိုက်နေတာလဲ"

"ငါနင့်အနောက်ကို လိုက်တယ်လို့ ဘယ်သူပြောလဲ"

ရွှမ်ယုချိုင်က သူမရဲ့ခေါင်းကို မြင့်မြင့်မော့ထားပြီး
ပြန်တုံ့ပြန်လိုက်ပါတယ်။

"ဒီလမ်းကို ငါသွားလို့ မရနိုင်ဘူးလား"

"သေချာတာပေါ့။ သွားပါ"

Edit with WPS Office

လင်းဟန်က လမ်းဖယ်ပေးလိုက်ပါတယ်။

ရွှမ်ယုရှိုင်က စိတ်ထဲကနေ ကျိတ်ရယ်ပြီးတော့
ခြေလှမ်းကျဲကြီးတွေနဲ့ လင်းဟန်ကို ဖြတ်ကျော် သွားလိုက်ပါတယ်။
သူမပုံစံ ကြည့်ရတာ ဆောင့်ကြီးအောင့်ကြီးနဲ့ လျှောက်သွားသလိုမျိုး
မြေပြင်ကို ခပ်ကြမ်းကြမ်း နင်းသွားတာကြောင့် အသံတောင်
ထွက်ပါတယ်။

သူတို့က ရွှမ်ယုရှိုင် အရှေ့ကို တော်တော်လေး ရောက်တဲ့အထိ
စောင့်လိုက်ပါတယ်။ အဲဒီနောက်မှ သူတို့သုံးယောက်က
နောက်တစ်ကြိမ် ပြန်လျှောက်လိုက်ပါတယ်။

"ခစ်ခစ် သူမက အရမ်းကို လှတာနော်။ နင်ဘာဖြစ်လို့ သူ့ကို
လက်မခံတာလဲ"

ဟော့လျန်ချွင်ရှယ်က မနာလိုမှုတွေ ပါဝင်နေတဲ့ ခပ်ချဉ်ချဉ် အသံနဲ့
ပြောလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းမနာလို သဝန်တိုနေတာလား"

"အိပ်မက်မက် နေလိုက်"

ဟော့လျန်ချွင်ရွှယ်က အပြတ်ကို ငြင်းဆန်လိုက်ပါတယ်။

"ညီးညီးကတော့ မနာလိုဘူး"

ဟူးညိုကတော့ သူမရဲ့ ခံစားချက်ကို ဘယ်လိုမျိုး ဖုံးကွယ်ရမယ် ဆိုတာကို မသိပါဘူး။ သူမက လင်းဟန်ပေါ်ကို ခုန်တက်လိုက်ပြီး သူမရဲ့ လက်တွေနဲ့ လင်းဟန်ရဲ့ လည်ပင်းကို ဖက်ထားပြီး ကြေညာလိုက်ပါတယ်။

Edit with WPS Office

"လင်းဟန်က ညိုးညိုးအပိုင် ဘယ်သူမှ သူ့ကို လုလို့မရဘူး"

ဟော့လျန်ချင်ရွှယ်က ရယ်မောလိုက်ပါတယ်။ ဟူးညို့က အသက်ငါးနှစ် ခြောက်နှစ်လောက်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ လင်းဟန်ကို သူမရဲ့ မူပိုင်သီးသန့် ပစ္စည်းတစ်ခု အဖြစ်ပဲ သတ်မှတ်ထားပါတယ်။ ဒီလိုမျိုး ကလေးမ တစ်ယောက်က ဒီလိုမျိုး သဘောထား အယူအဆ တစ်ခုကို ဘယ်လိုလုပ် သိနိုင်မှာလဲ။

"ဒီနေရာက သွေးနဂါးလိုဏ်ဂူလို့ခေါ်တဲ့ ပထမအထပ် မဟုတ်လား။ ဒီနေရာမှာ စိတ်ဝိညာဉ် ဆေးပင်တွေ အမျိုးအစားပေါင်း အများကြီး ရှိတယ်လို့ ပြောထားတယ် မဟုတ်လား။ ဘာဖြစ်လို့ နည်းနည်းလေးတောင်မှ မမြင်ရတာလဲ"

လင်းဟန်က ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပါတယ်။ ပတ်ဝန်းကျင်က အရမ်းကို ရှင်းလင်းပြီး မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်တွေ့

Edit with WPS Office

နိုင်ပါတယ်။ ဘယ်မှာလဲ စိတ်ဝိညာဉ် ဆေးပင်တွေ။

"စိတ်ဝိညာဉ် ဆေးပင်တွေကို ဟင်းသီးဟင်းရွက်တွေလို နေရာအနှံ့မှာ ပေါက်နေမယ်လို့ နင်ထင်နေတာလား"

ဟော့လျန်ချင်ရှယ်က မျက်လုံးပြူးပြီးတော့ သူ့ကို စိုက်ကြည့်လိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ညိတ်ပြီးတော့ ပြန်မေးခွန်း ထုတ်လိုက်ပါတယ်။

"မဟုတ်ဘူးလား"

လင်းဟာန် ပိုင်ဆိုင်ထားတဲ့ အနက်ရောင် မျော်စင်ထဲမှာ စိတ်ဝိညာဉ် ဆေးပင်တွေက နေရာအနှံ့ ပေါက်နေတာကို ပြန်စဉ်းစားလိုက်မိတော့ ဟော့လျန်ချင်ရှယ်က ရုတ်တရက်

Edit with WPS Office

ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပါတယ်။

Chapter 795 end

အပိုင်း(၇၉၆) နဂါးသွေးမြက်

အနက်ရောင် မျှော်စင်အထဲက စိတ်ဝိညာဉ် ဆေးပင်တွေဟာ လင်းဟာန်ရဲ့ တစ်ကိုယ်ရည် စွမ်းရည်ကြောင့် စိုက်ပျိုးထားတယ် ဆိုပေမဲ့ အကန့်အသတ် ရှိပါတယ်။ အခု အထဲမှာ နဂါးသွေး ဂျင်ဆင်းပင်လိုမျိုး အဆင့်မြင့်တဲ့ စိတ်ဝိညာဉ် ဆေးပင်တွေ သိပ်မရှိပါဘူး။ ဒါက လင်းဟာန်ကို စိတ်မချမ်းမသာ ဖြစ်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ဝိညာဉ် ဆေးပင် အများစုက သူ့အတွက် အသုံးမဝင်ပါဘူး။ ပြီးတော့ သူက ဆေးပင်တွေရဲ့ အဆီအနှစ်တွေကို ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို အသုံးပြုပြီးတော့ ဆွဲထုတ်ယူပြီးမှ သုံးစွဲလို့ ရတာပါ။ ဒါကြောင့် သူတို့ရဲ့ အာနိသင်တွေက မှော်ဆေးလုံးအဖြစ် ဖော်စပ်သလိုမျိုး မကောင်းပါဘူး။

စိတ်ဝိညာဉ် ဆေးပင်တွေရဲ့ အံ့မခန်း လက္ခဏာက ကျင့်ကြံခြင်းကို တိုးပေးနိုင်တဲ့အပြင် တခြား အာနိသင်တွေလည်း ရှိပါတယ်။ ဥပမာ

Edit with WPS Office

သဘာဝရဲ့ နတ်ဘုရား ဆေးပင်ကိုယ်စီမှာ သူတို့ရဲ့ သီးသန့်စိတ်ဝိညာဉ် အာနိသင်တွေ ရှိကြပါတယ်။

ဒါကြောင့် လင်းဟန်က ဒီနေရာမှာရှိတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေကို စိတ်ဝင်စားရခြင်း ဖြစ်ပါတယ်။ အထူးသဖြင့်တော့ နဂါးသွေး မြက်ပဲ ဖြစ်ပါတယ်။ တစ်ခု နားလည်ထားရမှာက သူဟာ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံအားထုတ် ထားခဲ့ပါတယ်။ တကယ်လို့ သူက နဂါးသွေးမြက်ကို သန့်စင်ခဲ့မယ်ဆိုရင် ဒီကျင့်ကြံခြင်း နည်းစနစ်က အဆင့်တစ်ခုထိ တိုးတက်သွားနိုင်ပါတယ်။

ဟော့လျန်ချင်ရှယ်က သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ကံတရားရဲ့ အခွင့်အလမ်းတွေက အမြဲတမ်း အန္တရာယ်နဲ့အတူတူ လာတယ်။ တကယ်လို့ စိတ်ဝိညာဉ် ဆေးပင်တွေကို နင်က ရိတ်သိမ်းခူးဆွတ်ချင်တယ် ဆိုရင်တော့ အဲဒါက မဖြစ်နိုင်ဘူး"

Edit with WPS Office

"ဘာလို့မဖြစ်နိုင်တာလဲ"

လင်းဟာန်က ပြန်ဖြေလိုက်ပါတယ်။ သူက ရှမ်ယွမ်ဇီကွမ်းအကြောင်း စဉ်းစားလိုက်မိပါတယ်။ ဒီကောင်ရဲ့ ကံကောင်းမှုက သဘာဂကို လွန်ဆန်ပြီး ရတနာ ပစ္စည်းတွေက သူတို့ဘာသာသူတို့ ခြေထောက်တွေ ပေါက်နေသလိုမျိုး သူ့ဆီကို ခုန်ဝင်လာတတ်ကြပါတယ်။ ဥပမာ မြေကျွှာ မှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ် စွမ်းအားကိုကြည့်ပါ။ အဲဒီအချိန်က သူ့ဘာသာသူ သူ့လက်မောင်းထဲ ပစ်ဝင်ခဲ့တာ မဟုတ်လား။ တကယ်လို့ လင်းဟာန်ရဲ့ လုပ်ရှားမှုကသာ နည်းနည်းလေး နှေးသွားမယ်ဆိုရင် ဒီလျှိုဂှက်ဆန်းကြယ် စွမ်းအားကို ရှမ်ယွမ်ဇီကွမ်း ပိုင်ဆိုင်သွား ပါလိမ့်မယ်။

သူတို့က အရှေ့ကို တော်တော်ဝေးဝေး လျှောက်လာလိုက်တဲ့ အခါမှာ ဒီနေရာရဲ့ ပတ်ဝန်းကျင်က ပိုပြီးတော့ ကြီးမားကျယ်ပြန့်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘာမှမရှိတာကတော့ ပြောင်းလဲ မသွားပါဘူး။ မြစ်တစ်ခုပဲ ကျယ်လာခဲ့ပါတယ်။

Edit with WPS Office

သူ့ရဲ့အကျယ်က မီတာသုံးဆယ်ကနေ လက်ရှိမှာ မီတာသုံးရာအထိ ကျယ်လာခဲ့ပါတယ်။ နောက်ပြီးတော့ မကြာခင်မှာ အချိန်မရွေး ပြောင်းလဲသွားမဲ့ ပုံစံလည်း မမြင်ပါဘူး။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပြီး ပြောလိုက်ပါတယ်။

"ဒါက နဂါးတစ်ပိုင်း လူတစ်ယောက်ကနေ ဖြစ်ပေါ်လာတာ ဆိုတော့ ဒီသွေးမြစ်က သူ့ရဲ့ သွေးကြောတွေများ ဖြစ်နိုင်မလား"

ဟော့လျန်ချင်ရှယ်က ခေါင်းညိတ်လိုက်ပါတယ်။

"အစောတုန်းက ငါတို့တွေ သွေးကြောအဆုံးကို ရောက်သွားတာကြောင့် ကျဉ်းကျဉ်းလေး ဖြစ်နေတာပဲ။ ဒါပေမဲ့ ငါတို့ အဓိက သွေးလွှတ်ကြောတွေနဲ့ နီးလာတဲ့ အခါမှာ ပိုပြီးတော့ ကျယ်လာခဲ့တယ်"

Edit with WPS Office

"ဒါဆိုရင် ဒါက နဂါးသွေးလား။ အရမ်းဆိုးတာပဲ။ ဒီထဲမှာ နားလည်ရခက်တဲ့ ထူးထူးခြားခြား စွမ်းအင်နည်းနည်း ပါနေတာကြောင့် မသန့်စင်မှုတွေ ရှိနေပြီး သန့်စင်လို့ မရနိုင်ဘူး"

လင်းဟန်က မချိတင်ကဲ ပြောလိုက်ပါတယ်။

"အဖေ အရင်တုန်းက ပြောပြဖူးတယ်။ ဒီမှာ တစ်ခါတစ်လေ သန့်စင်တဲ့ သွေးစက် တစ်ခု ဒါမှမဟုတ် နှစ်ခုရှိပြီးတော့ ညစ်ညမ်းမှုတွေ မရှိတာကို တွေ့ရတတ်တယ်တဲ့။ တကယ်လို့ ငါတို့ ကံကောင်းမယ်ဆိုရင် တချို့တော့ ရနိုင်ပါတယ်"

ဟော့လျန်ချင်ရှယ်က ပြောလိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက အရောင်တွေ တောက်လာ ခဲ့ပါတယ်။

သူမလို နဂါးသွေး မျိုးဆက် အမွေအနှစ်ကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက် အတွက်တော့ နဂါးတစ်ပိုင်းရဲ့ သွေးကို သန့်စင်နိုင်မယ်ဆိုရင် သွေးစက်နည်းနည်းလေး ဆိုရင်တောင်မှ

Edit with WPS Office

အရမ်းကို အကျိုးအမြတ် ရှိပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ တစ္ဆေနဂါး လိုဏ်ဂူက မြောက်ပိုင်းပင်လယ်မှာ တည်ရှိခဲ့တာ ဘယ်လောက်တောင် ကြာနေပြီလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒီနေရာက နှစ်ပေါင်း ငါးရာပြည့်တိုင်း တစ်ကြိမ်ပွင့်တယ် ဆိုပေမဲ့ နှစ်ပေါင်းများစွာ ကြာပြီးတဲ့ အခါမှာပဲ ပောဲ့လျန်ရှံက သတင်းအချက်လက်တွေ စုဆောင်းမိဖို့ လုံလောက်ပါတယ်။

သူတို့က အချိန်တော်တော်ကြာအောင် လျှောက်လာခဲ့ရပြီး အရှေ့မှာ ရွှမ်ယုချိုင်က သူတို့ကို စောင့်နေသလိုမျိုး ရပ်နေတာကို တွေ့လိုက်ရပါတယ်။

သူတို့ အနားကို ရောက်လာတာကို ကြည့်ပြီးတော့ ရွှမ်ယုချိုင်က အရမ်းကို ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

"ငါ နင်တို့ကို စောင့်နေတာ မဟုတ်ဘူးနော်။ ငါက နည်းနည်းလေး ပင်ပန်းလာလို့ ခဏလေး အနားယူချင်တာကြောင့် ရပ်နေတာ"

Edit with WPS Office

လင်းဟန်က ဘာမှမတုံ့ပြန်ပဲ သူမကို ဖြတ်ကျော်သွားတာကြောင့် ရွှမ်ယုချိုင်က သူမရဲ့ ဓားကို ပြင်းပြင်းထန်ထန် ဝှေ့ယမ်းလိုက်ပါတယ်။ တကယ်လို့ စွမ်းအင်ကွာဟချက် အရမ်းကို ကြီးမားနေတဲ့ အချက်အတွက် မဟုတ်ဘူးဆိုရင် သူမက တကယ်ပဲ လင်းဟန်ကို ဖမ်းမိပြီး သူ့ခေါင်းကို ဖြတ်ပစ်လိုက်ချင်ပါတယ်။ သူမက အရမ်းကို ဂုဏ်ယူဝင့်ကြွားတယ် ဆိုပေမဲ့ ဒီနေရာက အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ဖြစ်တယ်ဆိုတာကို သိနေပါတယ်။ ဒါကြောင့် လင်းဟန်တို့ အုပ်စုနဲ့ နီးနီးကပ်ကပ် နေတာက သူမအတွက် အသက်ရှင်သန်နိုင်မဲ့ အခွင့်အရေး ပိုပြီးတော့ တိုးလာပါလိမ့်မယ်။

ဟူးလားလား။

ရုတ်တရက် သူတို့အရှေ့က မြစ်ရေတွေထဲမှာ ကြီးမားတဲ့ ရေပန်းတစ်ခု ထွက်ပေါ်လာပါတယ်။ သူတို့က သွေးနီရောင် အရာတစ်ခု ဖြတ်သွားတယ် ဆိုတာကို ဝိုးတိုးဝါးတား တွေ့မြင်လိုက်ရပေမဲ့ ဘာလဲဆိုတာကိုတော့ သေသေချာချာ

Edit with WPS Office

မမြင်နိုင်ပါဘူး။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ရေအောက်က အရိပ်ရှည်ရှည် တစ်ခုကို ရိပ်ခနဲ မြင်လိုက်ပါတယ်။ အဲဒါက မြွေတစ်ကောင်နဲ့ တူတယ်လို့ ခံစားရပြီး အရမ်းကို လျင်မြန်စွာနဲ့ လှုပ်ရှားနေခဲ့ပါတယ်။ မျက်စိတစ်မှိတ်အတွင်းမှာ သူ့ရဲ့အမြင်အာရုံကနေ ပေါ့ပါးဖျတ်လက်စွာနဲ့ ပျောက်ကွယ်သွားပြီး လင်းဟန်က ကောင်းကောင်းတောင် မကြည့်လိုက်ရပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က သူ့မြင်ကွင်းကနေ မိအောင်လို့ လိုက်ပြီးတော့ မကြည့်ပဲ ရေစီးကြောင်းရဲ့ အောက်ခြေကို စိုက်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"နဂါးသွေးမြက်က ဘယ်လိုပုံစံမျိုး ရှိလဲ"

"အဲဒါက လုံးဂကို နီရဲနေပြီးတော့ အရွက်သုံးခုရှိတယ်။ ပြီးတော့ နဂါးတစ်ကောင်ရဲ့ ပုံစံ သင်္ကေတ တစ်ခုလည်းရှိတယ်။ သက်တမ်းပိုရင့်ရင် အရွက်ပိုများပြီး နဂါးပုံစံ သင်္ကေတတွေလည်း

Edit with WPS Office

ပိုများလာ လိမ့်မယ်”

ဟော့လျန်ချင်ရှယ်က ကြောင်တောင်တောင် ဖြစ်သွားပြီးတဲ့နောက်မှာ ဖြေလိုက်ပါတယ်။

လင်းဟာန်ရဲ့ အမူအရာက ပိုပိုပြီးတော့ ထူးဆန်းလာပြီး သူက မေးလိုက်ပါတယ်။

“နဂါးသွေးမြက်က မြစ်ကမ်းပါးပေါ်မှာ ပေါက်နိုင်လား”

“အင်း”

ဟော့လျန်ချင်ရှယ်က ခေါင်းညိတ်လိုက်ပါတယ်။

သူတို့ရဲ့ အနောက်ကနေ ရှမ်ယုချိုင်က အားလုံးကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရပြီး အထင်သေးတဲ့ အမူအရာတစ်ခု

Edit with WPS Office

ဖြစ်သွားမိပါတယ်။ ဒီလူသားရဲ့ခေါင်းက တစ်ခုခုများ လွဲချော်နေတာ ရှိနေလို့လား။ သူက ဒီလိုမျိုး ကိစ္စရှုံးရှုံးလေး တစ်ခုကိုတောင်မှ အဆုံးထိအောင် မေးနေသေးတယ်။

လင်းဟာန်က ရေစီးကြောင်းကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီမှာ နဂါးသွေးမြက် တစ်ပင်ကို ငါတွေ့လိုက်တယ်။ မင်းပြောသလိုပဲ အရွက်သုံးရွက် ရှိပြီးတော့ အရွက်တွေ အပေါ်မှာ သင်္ကေတတွေ ရှိတယ်"

"ဘာ"

ဟော့လျန်ချင်ရှယ်က အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ နဂါးသွေးမြက်က မြစ်ကမ်းပါးပေါ်မှာ ပေါက်နေတယ်"

Edit with WPS Office

လင်းဟန်က တစ်ချက်စဉ်းစားလိုက်ပြီး ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

"မင်းတို့အားလုံးက မြစ်ကမ်းဘေး တစ်လျှောက်လုံး ကြည့်ပြီးတော့ပဲ နဂါးသွေးမြက်ကို လိုက်ရှာခဲ့ ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က ဘယ်တုန်းကမှ ရေစီးကြောင်းကို ဂင်ပြီးတော့ မကြည့်ဘူး"

သေချာစဉ်းစားကြည့်ပြီး ဟောလျန်ချင်ရှယ်က သဘောတူလိုက်ပါတယ်။ သွေးမြစ်မှာ ကြောက်မက်ဖွယ်ရာ တိုက်စားခြင်း စွမ်းရည်တစ်ခု ရှိပါတယ်။ သူတို့လို အစစ်အမှန် နဂါးတစ်ကောင်ရဲ့ မျိုးဆက်သွေးကို ပိုင်ဆိုင်ထားတဲ့ လူတွေတောင်မှ မာကျောကြံ့ခိုင်တဲ့ ခန္ဓာကိုယ် တစ်ခုနဲ့ ဒါကို တောင့်မခံနိုင်ပါဘူး။ အချိန်အကြာကြီး စောင့်နေမိရင် သူတို့ရဲ့ အရေပြားတွေ အက်ကွဲပြီး အချိန်ကြာလာတာနဲ့အမျှ သူတို့ရဲ့ အရိုးတွေတောင် အရည်ပျော် လာပါလိမ့်မယ်။

Edit with WPS Office

အားလုံးက သွေးမြစ်ကို တားမြစ်နယ်မြေ တစ်ခုလိုမျိုး သတ်မှတ်ထားကြပါတယ်။ နောက်ပြီးတော့ မြစ်ထဲမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ မွန်းစတားတွေလည်း ရှိပါတယ်။ ဒါကြောင့် သူတို့က မြစ်ထဲကို ဒိုင်ဗင်ပစ်ဂင်ဖို့ ဆန္ဒနည်းနည်းမှတောင် မရှိကြပါဘူး။

ရွှမ်ယုချိုင်က ဆက်ပြီးတော့ စုပုတ်နေပါတယ်။ လင်းဟာန်ကို သူမရဲ့ပထမ သဘောထားက အရမ်းကို ဆိုးပါတယ်။ ဒါကြောင့် သူမရဲ့ အသိစိတ်ထဲမှာ လင်းဟာန်ပြောတဲ့ စကားလုံးတိုင်းကို ဟာသတွေလို့ ယူဆထားပါတယ်။ နဂါးသွေးမြက်က မြစ်ကြမ်းပြင်မှာ ပေါက်နေတယ် ဟုတ်လား။ ဘယ်သူကများ သူ့လောက် ရူးသွပ်လိမ့်မလဲ။

ဒီသွေးမြစ်က အမြင်အာရုံကို ဝေဝါးစေပြီး လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံကို ပိတ်ဆို့တားဆီး ထားပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက မြင်နိုင်မှာလဲ။ ဟင့်။ ကြွားကောင်။

"ဒီမှာစောင့်နေ"

Edit with WPS Office

လင်းဟန်က မြစ်ထဲကို ခုန်ဆင်းဖို့ ပြင်လိုက်ပါတယ်။

"သတိထားနော်"

ဟော့လျန်ချင်ရှယ်က အလျင်အမြန် ပြောလိုက်ပါတယ်။
ဒီသွေးမြစ်ရဲ့ တိုက်စားမှုက မမြန်ပေမဲ့ အာနိသင်က အရမ်းကို ပြင်းပါတယ်။ ပြီးတော့ မူလစွမ်းအင် ဘယ်လိုအမျိုးအစားနဲ့မှ ခုခံလို့ မရနိုင်ပါဘူး။ နောက်ပြီးတော့ ဒီသွေးမြစ်က ဘယ်လောက်တောင် ကျယ်လဲဆိုတာကို ပင်လယ်မျိုးနွယ်စုက သိနားလည်ပါတယ်။ နောက်ပြီးတော့ မြစ်ထဲမှာလည်း ကြောက်မက်ဖွယ်ရာ ကောင်းလှတဲ့ မွန်းစတားတွေ ပုန်းကွယ်နေပြီး တိုက်စားတဲ့ အရည်အသွေးကလည်း ပိုပြီးတော့ အားကောင်းပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ သွေးမြစ်ထဲကို ခုန်ဝင်သွားလိုက်ပါတယ်။

Edit with WPS Office

ရွှမ်ယုချိုင်က အံ့သြမှင်တက် သွားမိပါတယ်။ ဒီလူသားက ရူးသွားပါပြီ။ လေလုံးကြွားရုံနဲ့ မလုံလောက်သေးပဲ မြစ်ထဲကို တကယ်ပဲ ခုန်ဆင်းသွားတယ်။ ဒါက သူ့သေလမ်းကို သူရှာတာ မဟုတ်လား။ သူမက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"အခုသူ မြစ်ထဲကို ခုန်ဆင်းသွားပြီးတော့ ပြန်ထွက်မလာနိုင်မှာကိုပဲ ကြောက်မိတယ်"

ဟော့လျန်ချင်ရွှယ်က ဒေါသတွေ ထွက်သွားပြီး အေးစက်စွာနဲ့ ပြန်တုံ့ပြန်လိုက်ပါတယ်။

"ရွှမ်ယုချိုင် လမ်းတစ်လျှောက်လုံး တစ်ခွန်းမှ ငါမပြောရတဲ့ အကြောင်းက နင့်ကို ကြောက်နေလို့ မဟုတ်ဘူး။ ရွှမ်ယုတော်ဝင် ကလန်ကို ငါ မျက်နှာသာ ပေးနေတာပဲ။ ဒါပေမဲ့ တစ်ခါပြီးတစ်ခါ နင်က လွန်ကဲလာခဲ့တယ်။ ငါနင့်ကို မတိုက်ခိုက်ရဲဘူးလို့ နင်ထင်နေတာလား"

Edit with WPS Office

ရွှမ်ယုချိုင်က သူမရဲ့ အရှိန်အဝါကြောင့် ရောမတောင်ကြီး အကြားမှာ ညှပ်ပြီးတော့ ပျောက်နေသလို ခံစားလိုက်ရပါတယ်။ သူမအနေနဲ့ တစ်ဖက်လူက မြောက်ပိုင်းပင်လယ်ရဲ့ တော်ဂင်ကလန်တွေ အထဲက လူငယ်မျိုးဆက် အထဲမှာ အတောက်ပဆုံး အထူးချွန်ဆုံး ပုလဲရတနာ ဆိုတာကိုကို သတိပြုမိပါတယ်။ သူမရဲ့ သွေးမျိုးဆက်က မယုံနိုင်အောင် သန့်စင်ပြီး သူမထက်တောင်မှ တောက်ပတဲ့ တည်ရှိမှု တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူမက ကိုယ့်ဂုဏ်ကို ထိန်းပြီးတော့ ပြောင်ပြောင်တင်းတင်းပဲ ရန်တုံ့ပြန်လိုတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ငါပြောတာ မှားနေလို့လား။ ဒါက သွေးမြစ်လေ။ ပြီးတော့ အရှင်နဂါးတစ်ပိုင်းရဲ့ တိုက်စားခြင်း သွေးတွေ စီးဆင်းနေတယ်။ ဒါက သေခြင်းတရားကို ကိုယ်စားပြုတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့် စစ်သည်တော်လေး တစ်ယောက်ဆိုတာကို အသာထားဦး တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ရောက်လာမယ်ဆိုရင်တောင် သူက

Edit with WPS Office

ဒီလိုမျိုး လုပ်လိမ့်မှာမဟုတ်ဘူး"

"ဒါက တခြားလူတွေအတွက်ပဲ သက်ဆိုင်လိမ့်မယ်"

ဟော့လျန်ချွင်ရှယ်က အေးစက်စွာနဲ့ တုံ့ပြန်လိုက်ပါတယ်။

ရွှမ်ယုရှိုင်က အံ့အားသင့် သွားပါတယ်။ သူမရဲ့ စကားတွေက လင်းဟန်အနေနဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင်တွေတောင် မလုပ်နိုင်တဲ့ တာဝန်တွေကိုတောင် အောင်မြင်အောင် လုပ်နိုင်တယ်လို့ ဆိုလိုတာလား။ သူမရဲ့ ယုံကြည်ချက်တွေက ဘယ်ကနေ ရောက်လာတာလဲ။ ဟင့်။ ဒီမိန်းမတော့ တကယ်ပဲ ရူးနေပြီ။ ဒီသောက်ကျိုးနည်း ယောက်ျား တစ်ယောက်အတွက်နဲ့ ရိုးရှင်းတဲ့ သဘောတရားကိုတောင် နားမလည်နိုင်လောက်အောင် ရူးသွပ်သွားပြီပဲ။

ဟုမ်း။

အဲဒီအချိန်မှာပဲ သူတို့က သွေးမြစ်အပေါ်မှာ လိုင်းတစ်ခု

Edit with WPS Office

ပေါ်လာတာကို တွေ့မြင်လိုက် ရပါတယ်။ ပြီးတော့ မိုးကောင်းကင်ပေါ်ကို ရောမ ရေပန်းကြီးတစ်ခု ပန်းထွက်လာခဲ့ပါတယ်။ မကြာခင်မှာပဲ လင်းဟန်က လိုင်းလုံးတွေ အပေါ်မှာ ခြေလှမ်းလာတာကို တွေ့မြင်လိုက်ရပြီး သူ့လက်ထဲမှာ မရဏဓားကို ကိုင်ဆောင်ထားပါတယ်။ ဓားရဲ့အေးစက်တဲ့ အလင်းရောင်က တလက်လက် တောက်ပနေပြီး သူက အောက်ဘက်ကို ခုတ်ချလိုက်ပါတယ်။

ဟူးလားလား။

ရှည်လျားတဲ့ သွေးရောင်အရိပ်မည်း တစ်ခုက ရေမျက်နှာပြင်ပေါ်ကို ထွက်ပေါ်လာခဲ့ပါတယ်။ မျက်စိနဲ့ ပထမဆုံး ဝေ့ကြည့်လိုက်ရင် အဲဒါက ရောမ မြွေနဂါးတစ်ကောင်ဖြစ်ပြီး ဆယ်မီတာခန့် ရှည်ပါတယ်။ ဒါပေမဲ့ သေသေချာချာ အနီးကပ်ပြီး ကြည့်ရင်တော့ ဒီသက်ရှိသတ္တဝါမှာ မျက်လုံးတွေ၊ နှာခေါင်းပေါက်တွေနဲ့ နားရွက်တွေ မပါဘူးဆိုတာကို သတိထားမိပါလိမ့်မယ်။ အဲဒီအကောင်က ကြီးမားပြီး လည်နေတဲ့ ပါးစပ်ရှိပါတယ်။ ပါးစပ်ကို ဟလိုက်တဲ့ အချိန်မှာ ထက်ရှတဲ့ အစွယ်တွေကို တွေ့မြင်ရပါတယ်။

Edit with WPS Office

Chapter 796 end

အပိုင်း(၇၉၇) အမြောက်အမြား ရိတ်သိမ်းခြင်း

"သွေးသန်ကောင်"

ဟော့လျန်ချင်ရှယ်နဲ့ ရှမ်ယုခိုင်တို့ နှစ်ယောက်စလုံး အံ့အားသင့်ပြီးတော့ ရေရွတ်လိုက် မိပါတယ်။

သူတို့ထဲက ဘယ်သူကမှ အရင်တုန်းက တစ္ဆေနဂါး လိုဏ်ဂူထဲကို ဝင်ရောက်ဖူးခြင်း မရှိပေမဲ့ ဒီနေရာနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သင်ယူလေ့လာခဲ့ကြပါတယ်။ ဘာဖြစ်လို့လဲဆို သူတို့က ဒီနေရာကို အနည်းဆုံးတော့ တစ်ကြိမ်လောက် ဝင်ဖို့အခွင့်အရေး ရှိပါတယ်။ ဒီနေရာရဲ့ အခြေအနေနဲ့ ပတ်သက်ပြီး အကြံကောင်းတစ်ခု ရှိပါလိမ့်မယ်။

သွေးသန်ကောင်ဆိုတာက နဂါးတစ်ပိုင်း ပုဂ္ဂိုလ် သေဆုံးပြီးတဲ့နောက်မှာ သွေးထဲကနေ မွေးဖွားလာတဲ့ အထူးသက်ရှိ

Edit with WPS Office

တစ်ကောင် ဖြစ်ပါတယ်။ ဒီအကောင်ရဲ့ အသက်က နဂါးတစ်ပိုင်းကြောင့် အသက်ဝင်လာခဲ့ပြီး သက်တမ်းတစ်ခုလုံးအတွက် နဂါးတစ်ပိုင်းရဲ့ ခန္ဓာကိုယ်ကြောင့် အကန့်အသတ် ရှိပါလိမ့်မယ်။

ဒါပေမဲ့ ဒီသတ္တဝါက အရမ်းကို အစွမ်းထက်ပါတယ်။ တကယ်တော့ ဒီကောင်က သွေးမြစ်ကနေ မွေးဖွားလာခဲ့ပြီး နဂါးတစ်ပိုင်းရဲ့ သွေးနည်းနည်းကို စုပ်ယူထားခဲ့ပါတယ်။

သွေးသန်ကောင်က သူ့ရဲ့ပါးစပ်ကြီးကို ဟပြီးတော့ ထက်မြက်တဲ့ အစွယ်တွေနဲ့ လင်းဟန်ကို လှမ်းကိုက်လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ရေစီးကြောင်းထဲမှာ မင်းကို လူးသာလွန့်သာအောင်လို့ ငါတချို့ကို ခွင့်ပြုပေးခဲ့တယ်။ ဒါပေမဲ့ အခုတော့ ငါတို့က ရေပေါ်ကို ရောက်လာတာတောင် မင်းက နိုင်လိုမင်းထက် ပြုမူချင်နေသေး

Edit with WPS Office

တာပဲလား”

သူ့ရဲ့ဓားကို တစ်ချက်ဝှေ့ယမ်းလိုက်ပြီး သွေးတွေက နေရာအနှံ့ကို ပျံ့နှံ့သွားတာကို သူတို့တွေ မြင်လိုက်ရပါတယ်။ ဒီသွေးသန်ကောင်က ချက်ချင်းဆိုသလို ခေါင်းကနေ အဖျားထိ နှစ်ခြမ်းကွဲ သွားပါတယ်။ သူ့ရဲ့အတွင်းပိုင်း အင်္ဂါအစိတ်အပိုင်းတွေက မြစ်ရေပြင်ပေါ်ကို ကျသွားပြီး မယုံနိုင်စရာကောင်းပြီး အစွမ်းပြည့်ဝတဲ့ ဆိုးရွားနံစော်တဲ့ အနံ့အသက် တစ်ခု ရခဲ့ပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။

ရွှမ်ယုချိုင်က တအံ့တသြနဲ့ ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေပါတယ်။ သူမအနေနဲ့ သွေးသန်ကောင်ရဲ့ ထင်ပေါ်ကျော်ကြားမှုကို ကြားဖူးနေတာ ကြာပါပြီ။ ဒါပေမဲ့ အခုတော့ လင်းဟန်က ဓားတစ်ချက်တည်းနဲ့ ချက်ချင်းဆိုသလို သတ်ပစ်ခဲ့ပါတယ်။ ဆိုလိုတာက လင်းဟန်က အရမ်းကို သန်မာနေတာလား ဒါမှမဟုတ် ကောလာဟလတွေက

Edit with WPS Office

မှားနေတာလား။ ပြီးတော့ ဒီသွေးသန့်ကောင်က တကယ်ပဲ ပြောသလောက် အစွမ်းမထက်တာပဲလား။

လင်းဟန်က ချာခနဲ လှည့်ပြီးတော့ မြစ်ကမ်းဘေးကို ဆင်းလာခဲ့ပါတယ်။

ဟော့လျန်ချွင်ရှယ်က သူ့ဆီကို လျှောက်လာပြီးတော့ မေးလိုက်ပါတယ်။

"နင်အဆင်ပြေရဲ့လား"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ဖြေလိုက်ပါတယ်။

"ငါအဆင်ပြေပါတယ်။ ဒီသွေးမြစ်ထဲမှာ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားရှိတယ်။ ပြီးတော့ တိုက်စားခြင်းရဲ့ စွမ်းအားကလည်း တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကျင့်ကြံခြင်း အဆင့်အရ

Edit with WPS Office

ကွာခြားတယ်။ မင်းသိတာပဲ။ ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် အဆင့်ကြီး တစ်ခုလုံး မြင့်တယ်ဆိုတာကို"

ချက်ချင်းဆိုသလို ဟော့လျန်ချွင်ရှယ်က သတိရသွားခဲ့ပါတယ်။ တိုက်စားခြင်း အမြန်နှုန်းက အားလုံးအတွက် မြစ်ရေထဲကို ကျသွားတဲ့ အချိန်မှာ တူညီနေတာ အံ့သြစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ထဲက အများစုက အစစ်အမှန် နဂါးသွေးမျိုးဆက်တွ ဖြစ်ပြီးတော့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက အဆင့်တူထဲက တန်ဖိုးကြီး သတ္တုတွေထိ တိုးတက်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့တွေ အောက်ကိုသွားရင် တိုက်စားမှုနှုန်းက အတူတူပဲ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ထက် တစ်ဆင့်ပိုမြင့် ပါတယ်။ ဒါကြောင့် သူက တိုက်စားမှုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ပင်လယ်မျိုးနွယ်စုရဲ့ အုပ်ချုပ်သူတွေထက် အရမ်းကို နှေးကွေးသွားပါလိမ့်မယ်။

Edit with WPS Office

နိုင်းယှဉ်ကြည့်ရမယ်ဆိုရင် သူကမှ စစ်မှန်တဲ့ အုပ်ချုပ်သူ ဖြစ်ပါတယ်။

"ဟော့ နဂါးသွေးမြက် ဘယ်မှာလဲ"

ရွှမ်ယုရှိုင်က ခပ်လှမ်းလှမ်းကနေ မေးလိုက်ပါတယ်။ သူမ အနေနဲ့ လင်းဟန်က ဂုဏ်ယူပြီးတော့ ကြည့်ရမှာမျိုးကို သဘောမကျပါဘူး။ အမြဲတမ်း သူ့ကို တိုက်ခိုက်ဖို့ပဲ လှုံ့ဆော်နေသလို ခံစားရပါတယ်။

နင်က သွေးသန်ကောင်ကိုတောင် သတ်ပစ်နိုင်စွမ်းရှိတဲ့အထိ အရမ်းကို အံ့ဩဖွယ်ကောင်းတယ်။ ဒါပေမဲ့ အစောတုန်းက နဂါးသွေးမြက်ကို ရှာတွေ့ခဲ့တယ်လို့ ပြောခဲ့တယ် မဟုတ်လား။ အခု အဲဒါက ဘယ်မှာလဲ။

"နင်နဲ့ ဘာဆိုင်လို့လဲ"

ဟော့လျန်ချွင်ရွှယ်က မျက်စောင်းတစ်ချက် ထိုးလိုက်ပါတယ်။ ဟူးညိုက ပိုပြီးတော့တောင် ရက်စက်ကြမ်းကြုတ်ပါတယ်။

Edit with WPS Office

"ဘာဖြစ်လို့ ငါတို့တွေ နဂါးအသားကင် လုပ်မစားတာလဲ"

လင်းဟန်က ဒီမင်းသမီးလေးရဲ့ သဘောထား အမြင်ကို ဂရုမစိုက်ပါဘူး။ သူ့ညာဘက်လက်ကို တစ်ချက်လှုပ်ပြီးတော့ ဟော့လျှန်ချွင်ရှယ်ကို ပြလိုက်ပြီး အဲဒီနောက်မှာ ပြန်သိမ်းလိုက်ပါတယ်။

ချက်ချင်းဆိုသလို ဟော့လျှန်ချွင်ရှယ်ရဲ့ လှပတဲ့ မျက်လုံးလေးတွေက အရောင်လက်သွား ခဲ့ပါတယ်။ နဂါးသွေးမြက်။

တကယ်ပဲ နဂါးသွေးမြက်က မြစ်ကြမ်းပြင်ပေါ်မှာလည်း ပေါက်နေပါတယ်။ ပြီးတော့ ကြည့်ရတာ လင်းဟန် တစ်ယောက်ပဲ ဒါကို ရယူနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါကဘာကို ဆိုလိုတာလဲ။ မရေတွက်နိုင်တဲ့ နဂါးသွေးမြက် ပမာဏတစ်ခုက သူတို့ဆီကိုလာဖို့ လက်ယပ်ပြီးတော့ ခေါ်နေတာပဲ မဟုတ်လား။ သူ့ရဲ့သား

Edit with WPS Office

အခြေခံတည်ဆောက်ဖို့ လုံလောက်ရုံတင်မက လင်းဟန် အသုံးပြုဖို့ အတွက်တောင် လုံလောက်ပါတယ်။

ဒီလိုဆိုမှတော့ လျှို့ဝှက်ထားတာက အကောင်းဆုံးပဲ ဖြစ်ပြီးတော့ ကြီးမားတဲ့ အကျိုးအမြတ် ရရှိပါလိမ့်မယ်။ ရွှမ်ယုချိုင်ကို ပေးသိစရာ မလိုပါဘူး။

လင်းဟန်က နဂါးသွေးမြက်ကို ထုတ်မပြနိုင်တာကို ကြည့်ပြီးတော့ ရွှမ်ယုချိုင်က ပိုပြီးတော့တောင် အထင်အမြင် သေးသွားပါတယ်။ လင်းဟန်ကို လူလိမ်တစ်ယောက်လို့ သတ်မှတ်လိုက်ပါပြီ။ ပြီးတော့ ဟော့လျန်ချွင်ရွှယ်ကလည်း လုံးဂကို ရှုးနေပြီးတော့ သူ့ကိုတောင် သံသယ လုံးဂကို မဂင်ပဲ မှင်တက်အံ့သြနေပါသေးတယ်။

အဲဒီအချိန်မှာ လင်းဟန်က မျှော်စင်လေးနဲ့ ဆက်သွယ်ပြီးတော့ နဂါးသွေးမြက်ကို အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးလို့ ရမရကို သိချင်နေပါတယ်။ ထောက်ခံချက် အဖြေကို ရရှိခဲ့ပြီး သူက အကြီးအကျယ် ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ မကြာခင်မှာ သူက စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနက်ရောင် မျှော်စင်က နဂါးသွေးမြက်ပင်ရဲ့

Edit with WPS Office

ကြီးထွားမှုကိုပဲ အရှိန်မြှင့်တင်ပေးနိုင်ပြီး အဲဒီကနေ မျိုးစေ့ရရှိအောင် လုပ်နိုင်စွမ်း မရှိပါဘူး။

ဒါက ဘာဖြစ်လို့လဲဆိုတော့ ဒီအပင်မှာ မျိုးစေ့တောင် မရှိပါဘူး။ နဂါးတစ်ပိုင်းကနေ လုံးဝမွေးဖွား လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာပဲ သဘာဝအတိုင်း ပေါက်ရောက်နိုင်ပါတယ်။

ဒီအပင်က မျိုးစေ့မရနိုင်ဘူး ဆိုမှတော့ ကောင်းပြီလေ။ အရွက်သုံးခုကနေ လေးခု၊ ငါးခု ဒါမှမဟုတ် ခြောက်ခုတောင် ဖြစ်နိုင်ပါတယ်။ အာနိသင်တွေလည်း တိုးလာပြီး အဲဒါက ဘယ်လိုပဲဖြစ်ဖြစ် အပင်တွေ အများကြီး ရရှိတာနဲ့ ညီမျှပါတယ်။

သူတို့တွေက ဆက်လျှောက်လာပြီး လင်းဟန်က မြစ်ကြမ်းပြင်ပေါ်မှာ နဂါးသွေးမြက်ကို ရှာဖွေဖို့ မသွားမဲ့ မျက်လုံးကို ဆက်ပြီးတော့ အသက်သွင်းထားခဲ့ပါတယ်။ ဒါက နဂါးတစ်ပိုင်း ပုဂ္ဂိုလ် တစ်ယောက်ရဲ့ သွေးကနေ သဘာဝအတိုင်း ဖြစ်ပေါ်နေတာပါ။ သူ့မှာ သွေးတိုက်စားမှုရဲ့ အန္တရာယ်ကို ဖယ်ရှားပြီး လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်စင်နိုင်ပြီး

Edit with WPS Office

စွမ်းအားကို တိုးစေတဲ့ အာနိသင်ပဲ ကျန်ပါတယ်။

နဂါးသွေးမြက် ရှိတဲ့နေရာမှာ သွေးသန်ကောင်တွေက စောင့်ကြပ်နေကြပါလိမ့်မယ်။ ဒါကြောင့် တိုက်ခိုက်မှုကို ရှောင်လွှဲလို့ မရပါဘူး။ ဒီသွေးသန်ကောင်တွေ အားလုံးက ကောင်းကင်အဆင့်မှာ ရှိပါတယ်။ တချို့ဆိုရင် ကောင်းကင်အဆင့်ရဲ့ ကြယ်ဆယ်လုံး တိုက်ပွဲစွမ်းရည်ကိုတောင် ရောက်ရှိ နေကြပါတယ်။ လင်းဟာန်တောင်မှ သူတို့ကို သတ်ပစ်ဖို့အတွက် သူ့ရဲ့ စွမ်းရည်တွေကို အမြင့်ဆုံး အသုံးပြုရပါလိမ့်မယ်။

သုံးရက်အတွင်းမှာ သူတို့က နဂါးသွေးမြက် တစ်ရာကျော်လောက် စုစည်းနိုင်ခဲ့ပြီး အဲဒါက ဟော့လျန်ချွင်ရှယ်ကို မယုံနိုင်စရာ ကောင်းလောက်အောင် စိတ်လှုပ်ရှားစေခဲ့ပါတယ်။ တစ်ခုသိထားရမှာက ဒီပမာဏက လွန်ခဲ့တဲ့ နှစ်တွေတုန်းက ကလန်တစ်ခုလုံး စုစည်းထားတဲ့ အရေအတွက်ထက်တောင် များပါသေးတယ်။

လင်းဟာန်က မြစ်ထဲကို ဆင်းသွားနိုင်စွမ်း ရှိလားဆိုပြီး

Edit with WPS Office

ဘယ်သူကများ မေးခဲ့လိုလဲ။

ရွှမ်ယုချိုင်က ပိုပြီးတော့တောင် အားစေးမိသလို မှင်တက်နေပါတယ်။ ဒီလူသားက တစ်ကြိမ်ပြီး တစ်ကြိမ် မြစ်ထဲကို ဆင်းသွားပြီး ပြန်လာတိုင်း လက်ဗလာနဲ့ပဲ တက်လာခဲ့ပါတယ်။ အကြိမ်ပေါင်း များစွာပြီးတဲ့နောက်မှာ ဟော့လျန်ချွင်ရှယ်က တကယ်ပဲ သူ့ကို ယုံကြည်နေပါသေးတယ်။ ဒါက လုံးဝကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

ပင်လယ်မျိုးနွယ်စုရဲ့ တစ်သီးတခြား အဖက်မလုပ်တဲ့ အုပ်ချုပ်သူ တစ်ယောက်က ဘာတွေဖြစ် ကုန်တာလဲ။ ပြီးတော့ မြင့်မြတ်ခြင်းတွေရော ဘယ်ရောက်ကုန်လဲ။ နင်က အဆုံးထိ ဒီလိုပဲ မြှောက်နေပေးဦးမှာလား။ ဟူး။

ဒီတစ္ဆေနဂါး လိုဏ်ဂူရဲ့ ပထမအဆင့်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။ လေးရက်မြောက်နေ့မှာ သူတို့က သွေးမြစ်တွေ အများကြီး စီးဆင်းနေတဲ့ မူလဇာစ်မြစ် နေရာကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနေရာက ကြီးမားတဲ့

Edit with WPS Office

ပင်လယ်ကြီး တစ်ခုနဲ့တူပြီး ရောမ ရေကန်ကြီး တစ်ခု ဖြစ်ပေါ်နေပါတယ်။

ဒီကန်ကြီးရဲ့ အလယ်မှာ ကျွန်းသေးသေးလေး တစ်ခုလည်း ရှိပါတယ်။ ကျွန်းပေါ်မှာ အဖြူရောင် အဆောက်အဦးတစ်ခု ရှိပါတယ်။ ပြောစကားတွေအရတော့ ဒါက လမ်းကြောင်းတစ်ခု ဖြစ်ပြီး ဒုတိယအလွှာဆီကို ဆင်းသွားလို့ ရနိုင်ပါတယ်။

ဒီနေရာကို ရောက်လာပြီးတဲ့ နောက်မှာ သူတို့က ရေကန်ကို ဖြတ်ကူးဖို့ နည်းလမ်းတချို့ကို စဉ်းစားရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့က ကျွန်းသေးသေးလေးဆီကို ရောက်အောင်လို့ မသွားနိုင်ဘူးဆိုရင် ဒုတိယ အလွှာဆီကို ဘယ်လိုလုပ်ပြီး သွားလို့ ရနိုင်မှာလဲ။

လူတချို့က ရေကန်ကို ကူးဖြတ်နေကြပါတယ်။ နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ တော်ဂင် ကလန်ကြီး သုံးခုလုံးမှာ သူတို့ရဲ့ နည်းဗျူဟာတွေ ရှိပြီးတော့ ပင်လယ်မျိုးနွယ်စုက အုပ်ချုပ်သူတွေရဲ့ အရိုးတွေနဲ့ ပြုလုပ်ထားတဲ့ လှေတွေက သွေးမြစ်ရေရဲ့

Edit with WPS Office

တိုက်စားမှုဒဏ်ကို အချိန်တော်တော်ကြာအောင်
ခံနိုင်တယ်ဆိုတာကို ရှာတွေ့သွားခဲ့ ကြပါတယ်။

ဒီအရိုးတွေက သေဆုံးသွားကြပြီဖြစ်တဲ့ ပင်လယ်မျိုးနွယ်စုက လက်ရွေးစင်တွေ ချန်ထားရစ်တဲ့ အရိုးတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ ဦးခွံတွေက သူတို့ရဲ့ ရှေးဟောင်းဗိမာန်ထဲမှာ မြုပ်နှံထားကြပေမဲ့ သူတို့ရဲ့ တခြားအရိုးတွေကိုတော့ ချန်ထားရစ်ခဲ့ ကြပါလိမ့်မယ်။ ဒီနေရာကို ဖြတ်ကျော်ဖို့အတွက် အသုံးပြုဖို့အပြင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အရိုးတွေကလည်း စိတ်ဝိညာဉ် ပစ္စည်းတွေ အဖြစ်ကို သန့်စင်သွန်းလုပ်ပြီးတော့ အသုံးပြုနိုင်ပြီး အံ့မခန်း အစွမ်းတွေ ပိုင်ဆိုင်ထားပါတယ်။

အစောပိုင်းတုန်းက သူတို့အားလုံးကို အစီစဉ်တကျ မရှိပဲ သွေးကြောအမျိုးမျိုးရဲ့ အဆုံးကို ပို့လွှတ်ခံရပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့အားလုံး နောက်တစ်ကြိမ် ပြန်စုစည်းမိခဲ့ ကြပါပြီ။ လင်းဟာန်က ရှုရှုရှန်နဲ့ တခြားသူတွေကို တွေ့ပါတယ်။ သူတို့တွေက အရိုးလှေ တစ်စီးအပေါ်မှာ ထိုင်ပြီးတော့ ရေကန်အလယ်က ကျွန်းဆီကို ဦးတည်သွားနေ ကြပါတယ်။

Edit with WPS Office

ဖြတ်ကူးနေတဲ့ အချိန်အတွင်းမှာ အရိုးလေ့က အဆက်မပြတ် တိုက်စားတဲ့ဒဏ်ကို ခံနေရပါတယ်။ တွက်ချက်ကြည့်မယ်ဆိုရင် သူတို့အတွက် ကန်အလယ်က ကျွန်းဆီကို ရောက်ဖို့အထိ အချိန်လုံလောက်ပါတယ်။ ပြီးတော့ အဲဒီနောက်မှာ ပျက်စီးသွားပါလိမ့်မယ်။

ဟော့လျှန်ချင်ရှယ်ကလည်း သူမရဲ့ စိတ်ဝိညာဉ် သိုလှောင်ပစ္စည်းအထဲကနေ အရိုးလေ့ တစ်စီးကို ဆွဲထုတ်လိုက်ပါတယ်။ သူတို့တွေက ဒီနေရာကို စွန့်စားလာခဲ့မှတော့ မပြင်ဆင်ပဲနဲ့ လာမှာတော့ မဟုတ်ပါဘူး။ အရိုးလေ့က အရမ်းကို သေးငယ်ပါတယ်။ ကြည့်ရတာ လူငါးယောက်လောက်ပဲ ဆန့်ပုံရပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ လူသုံးယောက်ပဲ တက်မယ်ဆို ချောင်ချောင်ချိချိ ရှိတယ်လို့ ပြောလို့ရပါတယ်။

ရှမ်ယုချိုင်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ အရိုးလေ့တစ်စင်းကို ထုတ်လိုက်ပါတယ်။ သူမလို အဆင့်အတန်း မြင့်မားတဲ့

Edit with WPS Office

သူတစ်ယောက် အတွက်တော့ သူမကိုယ်ပိုင် အရိုးလှေတစ်စင်း ရှိရပါလိမ့်မယ်။ တခြားသူတွေလိုမျိုး တခြားသူတွေနဲ့အတူ ရေကန်ကို ဖြတ်ကူးဖို့ မလိုပါဘူး။ သူမက အသက်ကို ရဲရဲတောင် မရှူနိုင်ပဲ လင်းဟာန် ဘယ်လိုမျိုး ရုံးနိမ့်သွားမလဲ ဆိုတာကို စောင့်နေပါတယ်။

လင်းဟာန်က လှေကို လှော်တက်နဲ့ ခတ်ပြီးတော့ ရေကန်ရဲ့ အောက်ခြေကို ဆက်ပြီးကြည့်နေ လိုက်ပါတယ်။ ရုတ်တရက် ဆိုသလို သူက အံ့အားသင့်ပြီး ကျယ်လောင်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါတို့တော့ ရွှေပုံကြီးနဲ့ တိုးမိပြီ"

"နောက်ထပ် နဂါးသွေးမြက်လား"

ဟော့လျန်ချင်ရှယ်က ကျေနပ်ပျော်ရွှင်စွာနဲ့ မေးလိုက်ပါတယ်။

Edit with WPS Office

"နဂါးသွေးမြက်တော့ နဂါးသွေးမြက်ပဲ ဒါပေမဲ့ အရွက်လေးခုနဲ့ပဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ ဟော့လျန်ချင်ရှယ်တောင် တည်တည်ငြိမ်ငြိမ်နဲ့ မနေနိုင်တော့ပါဘူး။ တကယ်လို့ အရွက်တစ်ခု ပိုနေတယ်ဆိုရင် အရွက်သုံးရွက်ပါတဲ့ အပင်နဲ့ အာနိသင် လုံးဝကို ကွဲပြားခြားနား ပါတယ်။

လင်းဟာန်က ချက်ချင်းကြီး အောက်ကို ဒိုင်ဗင်ပစ် မသွားပါဘူး။ အဲဒီအစား သူက ရေကန်ရဲ့ ကြမ်းပြင်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဒီနဂါးမြက်ကို စောင့်ကြပ်နေတဲ့ အကောင်ကြီး တစ်ကောင်လည်း ရှိသေးတယ်"

နဂါးသွေးမြက်ကို သွေးသန်ကောင် တစ်ကောင်က ရစ်ခွေပတ်ထားပြီး အံ့အားသင့်စရာ ကောင်းလောက်အောင်

Edit with WPS Office

မီတာသုံးဆယ်လောက် ရှည်ပါတယ်။ ရေကန်ရေတွေ ဖြတ်သွားတာတောင် ဒီရောမ သွေးသန်ကောင်က ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလဲ ဆိုတာကို လင်းဟန်က အာရုံခံနိုင်နေဆဲပါပဲ။

စကြာဝဋ္ဋာ ဖျက်ဆီးခြင်းအဆင့်။ အဲဒါက သေချာပေါက် စကြာဝဋ္ဋာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး ကြီးမားတဲ့ ဖိအားတစ်ခုကို ထုတ်လွှတ်နိုင်ဖို့ ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"တကယ်လို့ အရမ်းအန္တရာယ်များတယ်ဆိုရင် အရဲမစွန့်နဲ့"

ဟော့လျန်ချွင်ရှယ်က အကြံပေးလိုက်ပါတယ်။ စိတ်ဝိညာဉ် ဆေးပင်တွေက အရမ်းကို ကောင်းတယ် ဆိုပေမဲ့ သူတို့ရဲ့ အသက်ထက်တော့ ဘယ်လိုလုပ်ပြီး အရေးပါမှာလဲ။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ငါ ဂက်ပါ ထုတ်ပြီးတော့ သတ်လိုက်မယ်"

ပလုံ။

သူက ရေကန်ထဲကို ဆင်းသွားခဲ့ပါတယ်။ ရေခဲနဂါး ဂက်ပါကို ခင်းပြီးတော့ သူ့အနောက်ကနေ လိုက်ပြီး ရေကန်ရဲ့ အောက်ခြေဆီကို ဆင်းလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ရေကန်က ရေတွေရဲ့ တိုက်စားတဲ့ စွမ်းအင်က သိသိသာသာ အားကောင်းလာတာကို ချက်ချင်းပဲ ရှာတွေ့သွားခဲ့ပါတယ်။ တကယ်လို့ သူက သူ့ကျင့်ကြံခြင်း အဆင့်ထက် တစ်ဆင့်လုံးမြင့်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင်မှ မယုံနိုင်စရာ ဖိအားဒဏ်ကို ခံစားရပါတယ်။ သူ့အရေပြားက စတင်ပြီးတော့ ပျက်စီးယိုယွင်း လာခဲ့ပါတယ်။

Chapter 797 end

အပိုင်း(၇၉၈) ချောင်းမြောင်းတိုက်ခိုက်ခြင်း

Edit with WPS Office

လင်းဟာန်က အလျှင်အမြန်ပဲ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်လိုက် ပါတယ်။ ရေးဟောင်းအရှိန်အဝါ တစ်ခုက အသာအယာ ပျံ့နှံ့လာပြီး ချက်ချင်းဆိုသလို တိုက်စားမှုကို နှေးသွားအောင်လို့ တားဆီးလိုက်ပါတယ်။

သူ့ခန္ဓာကိုယ်က တိုက်စားခံနေရဆဲပါပဲ။ ဒါပေမဲ့ တိုက်စားနှုန်းက ဆယ်ဆကျော်လောက် နှေးကွေးသွားခဲ့ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ တစ်ခုနားလည် ထားရမှာက ဒီရေကန်ထဲက သွေးရေထဲမှာ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေ ရှိပါတယ်။ နောက်ပြီးတော့ ဒါက နဂါးတစ်ပိုင်း ပုဂ္ဂိုလ်တစ်ယောက် ချန်ထားရစ်ခဲ့တာ ဖြစ်ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်က ကျင့်ကြံသူ တစ်ယောက်တောင်မှ ရေအောက်မှာ အချိန်တော်တော် ကြာတဲ့အထိ နေရဲလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအရိုးလှေ တိုက်စားခံ နေရတာကို တစ်ချက်လောက်

Edit with WPS Office

ကြည့်လိုက်ပါ။ ဒီအရိုးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အရိုးတွေကနေ လုပ်ထားတာပဲ မဟုတ်လား။ ဒီအရိုးလှေတောင်မှ ထိခိုက်ပျက်စီးပါတယ်။ ထိခိုက်ပျက်စီးတဲ့နှုန်းက နေးကွေးတယ် ဆိုပေမဲ့ ရေကန်ကို ဖြတ်ကူးတော့ ခရီးသည်တွေကိုလည်း သယ်လာနိုင်ဆဲပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆို ဒီနေရာမှာ ပျံသန်းလို့လည်း မရပါဘူး။ လင်းဟာန်လို မွန်းစတားကလွဲရင် ဘယ်သူကများ ဒုတိယ အလွှာကို ရောက်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေရှိမှာလဲ။

လင်းဟာန်က အရမ်းကို လျင်မြန်စွာနဲ့ ကူးခတ်ပြီးတော့ အနားကို အရင်ဆုံး ကပ်လိုက်ပြီး နဂါးသွေးမြက်ဆီ ကပ်လာခဲ့ပါတယ်။ ရုတ်တရက်ဆိုသလို အနှောင့်အယှက်ကြောင့် ရောမ သွေးသန်ကောင်ကြီးက နိုးထသွားခဲ့တယ်။ သွေးသန်ကောင်က သူ့ရဲ့ ပါးစပ်ဝိုင်းဝိုင်းကြီးကို ဟပြီးတော့ ထက်မြက်တဲ့ အစွယ်တွေကို ထုတ်ဖော်လိုက်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရက်စက်ကြမ်းကြုတ်မှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

"မင်းက ဘာဖြစ်လို့ ခပ်ကြမ်းကြမ်း လုပ်နေတာလဲ။ ငါမင်းကို

Edit with WPS Office

ကြောက်မယ်လို့ ထင်နေတာလား”

လင်းဟန်က နာခေါင်းတချက် ရှုံ့ပြီးတော့ ရယ်မောလိုက်ပါတယ်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ချက်ချင်းဆိုသလို ရေခဲနဂါးက ပျံထွက်လာပြီး သွေးသန်ကောင်ဆီကို ကူးခတ်သွားပါတယ်။ သူ့ရဲ့နဂါးလက်သည်းကို လှုပ်ရှားလိုက်ပြီး အရမ်းကို ထူးခြားတဲ့ စွမ်းအားတွေ ဖြစ်ပေါ်လာပါတယ်။

ဒီသွေးသန်ကောင်ကို သန်ကောင်ဘုရင်လို့ ခေါ်နိုင်ပါတယ်။ သူ့ရဲ့ သွေးနီရောင် လက်နေတဲ့ ခန္ဓာကိုယ် အပေါ်မှာ ရွှေရောင်အမှတ်အသား အနည်းငယ် လည်ပတ်နေပါတယ်။ ပြီးတော့ အဲဒါတွေက ခံ့ညားထယ်ဝါပြီး ထူးခြားတဲ့ လေထုနဲ့အတူ သန်ကောင် တစ်ကောင်ကနေ နဂါးတစ်ကောင် အဖြစ်ကို ဆင့်ကဲပြောင်းလဲတော့မလိုပါပဲ။ ဒါပေမဲ့လည်း သူရင်ဆိုင်ရတဲ့ ပြိုင်ဘက်က တကယ့်နဂါးတစ်ကောင် ဖြစ်ပါတယ်။

နဂါးနဲ့ မြွေရဲ့ တိုက်ပွဲက ပြင်းထန်ပါတယ်။ သွေးသန်ကောင်ဘုရင်က

Edit with WPS Office

အတော်လေးကို ထူးခြားပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြယ်ခုနစ်ပွင့်အောက် မနိမ့်ပါဘူး။ သူက ရေခဲနဂါးနဲ့ လက်ရည်တူ တိုက်ခိုက်နိုင်ပြီး အနည်းငယ် အသာစီး ရယူထားနိုင်တယ်လို့တောင် သတ်မှတ်လို့ ရပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။ သွေးသန့်ကောင် ဘုရင်ဆိုတဲ့ နာမည်နဲ့ ထိုက်တန်ပါတယ်။

ဒါပေမဲ့လည်း သွေးသန့်ကောင် ဘုရင်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အကန့်အသတ် ရှိပါတယ်။ ရေခဲနဂါးက ဂင်္ဂါ တစ်ခုနဲ့ ဖန်တီးထားတယ် ဆိုတာကို မသိပါဘူး။ ဒါကြောင့် တကယ်လို့ သူက အကြိမ်ပေါင်း တစ်ရာလောက် သေအောင်လို့ ရိုက်ပစ်တော့ရော ဘာဖြစ်မှာလဲ။ ရေခဲနဂါးက အကြိမ်ပေါင်း တစ်ရာလောက် ပြန်ပြီးတော့ အသက်ဂင်နိုင်ပါတယ်။ ပြီးတော့ အသစ်အတိုင်းပဲ ကောင်းမွန်နေပါလိမ့်မယ်။ သွေးသန့်ကောင် ဘုရင်က ရေခဲနဂါးနဲ့ ပြင်းထန်တဲ့ တိုက်ပွဲ တစ်ခုကို ဆက်လက်ဆင်နွှဲဖို့ စိတ်အားထက်သန်နေပြီး တစ်ဖက်က ပြိုင်ဘက်ကို လုံးဝကို လွှမ်းမိုးချင်နေပုံ ပေါ်ပါတယ်။ သူက

Edit with WPS Office

အစွမ်းထက်ဆုံး တည်ရှိမှု တစ်ခုလို့ သက်သေပြချင်နေပုံ ပေါ်ပါတယ်။

လင်းဟန်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးကတော့ သွေးသန်ကောင် ဘုရင်နဲ့ အဆင့်တူတူ မဟုတ်တာ သေချာပါတယ်။ သူ့အနေနဲ့ တိုက်ပွဲပြီးတဲ့အထိ မှင်တက်အံ့သြစွာနဲ့ စောင့်နေလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူက အရွက်လေးခု နဂါးသွေးမြက်ဆီကို ချက်ချင်းပဲ ကူးခတ်သွား ခဲ့ပါတယ်။ သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ဆွဲနုတ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲကို ချက်ချင်းပဲ ထည့်သိမ်းလိုက်ပါတယ်။

အဲဒီနောက် သူက စတင်ထွက်ပြေး ပါတော့တယ်။

ဒီသွေးသန်ကောင်ကို သတ်ပြီးတော့ ဘာအကျိုးအမြတ်မှ ရလိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဘာမှတန်ဖိုးရှိတာ မရှိပါဘူး။ နောက်ပြီးတော့ သူက ဒီသန်ကောင်ဘုရင်ကို သတ်ပစ်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် သူက ဒီနေရာမှာ ဘာဖြစ်လို့ ဆက်ပြီးတော့ နေရဦးမှာလဲ။

Edit with WPS Office

သူထွက်ခွာတာနဲ့ ဂျက်ပါကလည်း သူနဲ့အတူ လိုက်ပါလာခဲ့ပါတယ်။ ရေခဲနဂါးက ဂျက်ပါ အစီအရင် ပတ်ဂန်းကျင် လေးမိုင်အကွာအဝေးအထိ လှုပ်ရှားလို့ ရနိုင်ပါတယ်။ ဒီအကွာအဝေး အကန့်အသတ်ကို ကျော်သွားတဲ့ အချိန်ကျရင် ရေခဲနဂါးက ချက်ချင်းပျောက်ကွယ်သွားပြီး ဂျက်ပါ အထဲမှာ ပြန်ဖြစ်ပေါ်လာခဲ့ပါတယ်။

သွေးသန်ကောင် ဘုရင်က ဒေါသအကြီးအကျယ် ထွက်သွားပြီး ချက်ချင်းပဲ လင်းဟာန်အနောက် လိုက်ဖမ်းပါတယ်။ သူက တကယ်ပဲ ဒီရတနာဆေးပင်ကို ယူသွားရဲပါတယ်။ ဒါက ဘယ်လိုမှ သည်းမခံနိုင်ပါဘူး။

လင်းဟာန်က ဆက်ပြီးတော့ တိုက်ခိုက်ဖို့ ဆန္ဒ မရှိပါဘူး။ သွေးသန်ကောင် ဘုရင်က နီးလာတဲ့ အချိန်မှာ သူက ရေခဲနဂါးကို သွေးသန်ကောင် ဘုရင်ရဲ့ တိုက်ခိုက်မှုတွေကို ကာကွယ်ခိုင်း လိုက်ပါတယ်။ အဲဒီအချိန်မှာ သူကတော့ အဝေးကို မြန်မြန်ဆန်ဆန်နဲ့ ထွက်ပြေးသွားပါတယ်။ အဲဒီသွေးသန်ကောင်

Edit with WPS Office

ဘုရင်လည်း ရေခဲနဂါး ထွက်ပေါ်လာတဲ့ အချိန်မှာ မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒါက လင်းဟန်ရဲ့ နှောင့်နှေးအောင်လုပ်တဲ့ နည်းဗျူဟာ ဆိုတာကို မသိပဲနဲ့ အရှေ့ကို တိုးပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

အချိန်တိုတိုလေး အတွင်းမှာ လင်းဟန်က ရေမျက်နှာပြင်ပေါ်ကို ကူးခတ်လာခဲ့ပြီး ဟောဲလျန်ချင်ရှယ်က အရိုးလှေကို ကျွန်းငယ်လေးဆီကို ဦးတည်ပြီး သွားနေတာကို တွေ့လိုက်ရပါတယ်။ သူက သူမတို့ဆီကို လျင်လျင်မြန်မြန်နဲ့ ကူးခတ်သွားလိုက်ပါတယ်။

ဟုမ်း

သွေးသန်ကောင် ဘုရင်လည်း ရေပေါ်ကို တက်လာပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ လှိုင်းလုံးကြီး တစ်ခုဖြစ်ပေါ်လာခဲ့ပါတယ်။ ရေကန်က ရေတွေက နေရာအနှံ့ကို ပျံ့နှံ့သွားပြီး လူတော်တော်များများက သူတို့ရဲ့ ခေါင်းတွေနဲ့ မျက်နှာတွေကို ရေတွေ ပက်ခံလိုက်ရသလို ဖြစ်သွားပြီး

Edit with WPS Office

သူတို့အားလုံးက ထိတ်လန့်တုန်လှုပ် ချောက်ချားစွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။ ဒီသွေးရေတွေမှာ အစွမ်းထက်တဲ့ တိုက်စားမှု စွမ်းအား ပါဝင်ပြီး နည်းနည်းလေး ထိလိုက်ရင် မသေနိုင်ဘူး ဆိုပေမဲ့ သူတို့ကို အကြီးအကျယ် ခံစားစေပါတယ်။

ဒါပေမဲ့ သူတို့က ဒီရောမ အကောင်ကြီးကို မြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံး ဘာအသံမှ မထွက်ရဲတော့ပါဘူး။ သူတို့သိတာ တစ်ခုတည်းက သူတို့ရဲ့ အသက်ကို ဖက်နဲ့ထုပ်ပြီးတော့ အရိုးလှေတွေကို အပြင်းအထန် လှော်ခတ်ဖို့ပါပဲ။ ကန်ကိုစပြီးတော့ ဖြတ်ကူးတဲ့ အကွာအဝေးမှာ သူတို့ ရပ်ပြီးတော့ စောင့်ကြည့်ဖို့ကိုပဲ ရွေးလိုက်ပါတယ်။ အားလုံးတည်တည်ငြိမ်ငြိမ် ဖြစ်သွားတဲ့ အချိန်ထိ စောင့်ပြီးတော့မှ ရေကန်ထဲကို ပြန်ဆင်းကြပါလိမ့်မယ်။

ရေထဲကနေ ကမ်းစပ်က ကုန်းမြေပေါ်ကိုလည်း သွားချင်ပါတယ်။ ဒါပေမဲ့ အားလုံးမှာ အရိုးလှေ တစ်စီးပဲ ရှိပါတယ်။ တကယ်လို့ အခုသူတို့က အခုပြန်လှည့်မယ်ဆိုရင် အဲဒါက ဖြုန်းတီးတာ ဖြစ်သွားပါလိမ့်မယ်။ သူတို့က ရေကန်ကို နောက်တစ်ကြိမ် ဘယ်လိုလုပ်ပြီး ဖြတ်ကျော်လို့ ရလိမ့်မှာလဲ။

Edit with WPS Office

ချက်ချင်းဆိုသလို ရေကန်ရဲ့ မျက်နှာပြင်မှာ ဂရန်းသုန်းကား ဖြစ်နေပါတယ်။ အားလုံးက သူတို့ရဲ့ အစွမ်းတွေ အကုန်ထုတ်ပြီးတော့ အလျင်စလိုနဲ့ လှော်ခတ်နေကြပြီး လင်းဟန်ကိုလည်း ကျိန်ဆဲ နေကြပါတယ်။ ဒီကောင်က ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ သက်ရှိတစ်ကောင်ကို ဆွဲခေါ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က နည်းနည်းလေးမှ ထိခိုက်ခြင်း မရှိပဲ ဖြတ်ကူးနေပါတယ်။ သူ့အတွက် ရေခဲနဂါးက ကာကွယ်ပေးထားနေပြီး မကြာခင်မှာ သူက ကုန်းပေါ်ကို တက်ပြီးတော့ ပြုံးကာ ပြောလိုက်ပါတယ်။

"အောင်မြင်သွားပြီ။ နောက်ဆုတ်ကြစို့"

"အင်း"

Edit with WPS Office

ပော့လျန်ချွင်ရှယ်က ခေါင်းညိတ်လိုက်ပါတယ်။

သူတို့အရှေ့က မျှော်စင်က အရိုးတွေနဲ့ တည်ဆောက်ထားပါတယ်။ အလယ်မှာ နေရာလွတ် ဖြစ်နေပြီး ဥမင်လိုဏ်ခေါင်း တစ်ခု ဖြစ်ပေါ်နေပြီး ဒုတိယ အလွှာကို ရောက်နိုင်ပါတယ်။ လင်းဟာန်၊ ပော့လျန်ချွင်ရှယ်နဲ့ ဟူးညိုတို့က လိုဏ်ခေါင်းထဲကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ လှေားခနဲ ခုန်ဝင်လိုက်ပါတယ်။

သွေးသန်ကောင် ဘုရင်က သူ့ရဲ့ပစ်မှတ်တွေအားလုံး ရုတ်တရက် ပျောက်ကွယ်သွားတာကြောင့် အကြီးအကျယ်ကို ဒေါသထွက်နေခဲ့ပါတယ်။ သူက ရေကန်ထဲမှာ မကောင်းဆိုးဝါး နဂါး တစ်ကောင်လိုမျိုး လူးလာလှုပ်ရှားနေပြီး အားလုံးကို မရပ်မနားနဲ့ ရန်တွေ့နေပါတယ်။ ဒီသွေးသန်ကောင် ဘုရင်ရဲ့ အမျက်ဒေါသ မီးတောက်တွေကို ယာယီရှောင်တိမ်းဖို့ လူတော်တော် များများက အနောက်ဘက်ကို ဆုတ်လာကြပါတယ်။

သွေးသန်ကောင် ဘုရင်ရဲ့ ဒေါသ ရပ်စဲသွားတဲ့ အချိန်ကျရင် ဒီလူနည်းစုက လှေတစ်စင်း အပေါ်မှာ စုပြုံတိုးပြီးတော့ အတူတကွ

Edit with WPS Office

ကျပ်ကျပ်ညှပ်ညှပ်နဲ့ သွားရပါလိမ့်မယ်။ ဒါမှပဲ သူတို့ရဲ့ ခရီးကို ဒီနေရာမှာ အဆုံးမသတ်လိုက်ရမှာပါ။

ရွှမ်ယုချိုင်က သူတို့တွေ နောက်ကနေ အလျင်အမြန်ပဲ အရိုးလိုဏ်ခေါင်းထဲကို ဝင်လာခဲ့ပါတယ်။ သူမက အံ့အားသင့်နေခဲ့ပါတယ်။ လင်းဟာန်က တကယ်ပဲ သတ္တိကောင်းလွန်းပါတယ်။ သူက သွေးသန့်ကောင် ဘုရင်နဲ့တောင်မှ ပြဿနာ တက်ရဲပါတယ်။ သူမက လင်းဟာန်ကို အရမ်းမုန်းတီး နေတယ်ဆိုပေမဲ့ သူမအနေနဲ့ သူလုပ်သလိုမျိုး တခြားဘယ်သူကမှ လုပ်နိုင်လိမ့်မယ် မဟုတ်ဘူး ဆိုတာကို ငြင်းဆန်လို့ မရနိုင်ပါဘူး။

လိုဏ်ခေါင်းက အရမ်းကို ရှည်လျားပါတယ်။ အတွေး တစ်ချက်တည်းနဲ့ လင်းဟာန်က ဟော့လျန်ချွင်ရွှယ်နဲ့ ဟူးညိုတို့ နှစ်ယောက်စလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပါတယ်။ အဲဒီနောက် သူလည်း အထဲကို ဝင်သွားခဲ့ပါတယ်။

ရှုရှုရန်တို့ အုပ်စုက သူတို့ထက်အရင် အထဲကို ဝင်သွားကြတာကို သူလည်းတွေ့လိုက် ရပါတယ်။ နောက်ပြီးတော့ ဒီလိုဏ်ခေါင်းက

Edit with WPS Office

အံ့အားသင့်စရာ ကောင်းလောက်အောင် ရှည်လျားပြီး ဘယ်အချိန်ကျမှ ရုတ်တရက် အဆုံးသတ်သွားမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ တကယ်လို့ တစ်စုံတစ်ယောက်က ချောင်းမြောင်းတိုက်ခိုက်မှု လုပ်ဖို့ ပြင်ဆင်ထားမယ်ဆိုရင် ထောင်ချောက်ထဲ ကျသွားနိုင်တဲ့ သူတို့ရဲ့ အခွင့်အရေးက အရမ်းကို မြင့်မားပါတယ်။

ဒီလိုမျိုး နေရာတစ်ခုကို လာတဲ့အချိန်မှာ လူတစ်ယောက် အနေနဲ့ မျက်လုံးအပို တစ်စုံနဲ့ ကြည့်နေရပါမယ်။

လင်းဟာန် ခန့်မှန်းထားသလိုပဲ တစ္ဆေနဂါး လိုဏ်ဂူရဲ့ ဒုတိယ အဆင့်မှာ ရှုရှုရန်နဲ့ သူတို့အုပ်စုက သတိထားပြီး စောင့်နေကြပါတယ်။ သူတို့တွေ ဖြတ်ကျော်လာတဲ့ အခိုက်အတန့်မှာ ချက်ချင်းပဲ ဒီနေရာက ချောင်းမြောင်းလုပ်ကြံမှု တစ်ခုအတွက် အကောင်းဆုံး နေရာတစ်ခု ဖြစ်တယ် ဆိုတာကို သူတို့က ချက်ချင်းသတိပြုမိ သွားခဲ့ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက ပါရမီရှင်တွေက သူတို့ကိုယ်ပိုင်

Edit with WPS Office

လူငယ်မျိုးဆက်ရဲ့ အုပ်ချုပ်သူတွေ အဆင့်မှာ ရှိနေဖို့ အားလုံးက အရည်အချင်းပြည့်မီကြပြီး သူတို့တွေက ပူးပေါင်းပြီးတော့ သက်တူရွယ်တူက တစ်စုံတစ်ယောက်ကို တိုက်ခိုက်ဖို့ ဆိုတာက သူတို့ကို စော်ကားလိုက် သလိုပဲ ဆိုပေမဲ့ လင်းဟန်က အရမ်းကို မွန်းစတားဆန်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူ့ကို ကြီးထွားလာဖို့ အချိန်ပေးလိုက်မယ်ဆိုရင် တန်ခိုးရှင်ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ နှစ်ပေါင်းတစ်သောင်း အဖြစ်အပျက်တွေ အပေါ်မှာ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။

ဒါကြောင့် သူတို့က ဒီလိုမျိုး အဖြစ်မခံနိုင်ပဲ အမြန်ဆုံး ဖျက်ဆီးပစ်ရပါမယ်။

သူတို့က စိတ်ရှည်လက်ရှည်နဲ့ စောင့်မျှော်နေကြပါတယ်။ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်။ ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားတွေက ဆက်တိုက်ဖြတ်ကျော် သွားကြပါတယ်။ သူတို့က နည်းနည်းမှ မလှုပ်ရှားပဲ ချောင်းမြောင်းလုပ်ကြံဖို့ ဆက်ပြီးတော့ ပုန်းခိုနေကြပါတယ်။

Edit with WPS Office

ဟူး။ ရွှမ်ယုချိုင် ပေါ်လာခဲ့ပါတယ်။ သူမက ဘေးဘီဝဲယာကို ကြည့်ပြီးတော့ အံ့အားသင့် နေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမက လင်းဟန်တို့ အုပ်စုထက် ခြေတစ်လှမ်းပဲ နောက်ကျခဲ့ပေမဲ့ ဘယ်လိုဖြစ်လို့ သူတို့သုံးယောက်လုံးရဲ့ အရိပ်အယောင်က ပျောက်သွား ရတာလဲ။ သူမက စိတ်ရှုပ်ထွေးစွာနဲ့ လမ်းလျှောက်လာပြီးတော့ ဘေးဘီဝဲယာကို ဆက်ပြီးတော့ ကြည့်နေပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီငါးယောက်က တကယ်ပဲ အပြင်မှာ ချောင်းမြောင်းလုပ်ကြံဖို့ ပြင်ဆင်ထားတာပဲ"

"ဒါဆိုရင် ငါတို့ အခွင့်ကောင်း ယူပြီးတော့ သူတို့ကို သတ်ပစ်ရအောင်"

Edit with WPS Office

ဟောဲလျှန်ချွင်ရွှယ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူမကလည်း မြောက်ပိုင်း ပင်လယ်ရဲ့ မကြုံစဖူး ထူးကဲတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ကောင်းကင်အဆင့်ကို ရောက်နေတာ ကြာပါပြီ။ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ကို တက်ဖို့ခြေလှမ်းက အရမ်းကို ခက်ခဲတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဘယ်သူသိနိုင်မလဲ။ သူမလည်း လူသားလောကရဲ့ အထွတ်အထိပ် အဆင့်မှာ ရပ်တည်နေကောင်း နေပါလိမ့်မယ်။

"ကောင်းတယ်။ ငါတို့ရဲ့ နှလုံးသားတွေ ကျေနပ်ပျော်ရွှင်တဲ့အထိ သတ်ကြစို့"

ဟူးညို့က ပိုပြီးတော့တောင် စိတ်လှုပ်ရှားလာခဲ့ပါတယ်။ ဒါက သူမ နှစ်သက်သဘောကျဆုံး လှုပ်ရှားမှု ဖြစ်ပါတယ်။

"ကောင်းပြီ။ တစ်ယောက်ကို သတ်ဖို့ ရွေးကြစို့"

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ရှုရှုရန်နဲ့ သူ့အုပ်စုက သူတို့ကို လုပ်ကြံသတ်ဖြတ်ဖို့ စောင့်နေကြပေမဲ့ စားပွဲခုံက အခုတော့ လှည့်သွားခဲ့ပါပြီ။ လင်းဟန်တို့ အုပ်စုက ပုန်းကွယ်နေတဲ့ လူတွေဖြစ်ပြီးတော့ သူတို့ငါးယောက်က အပြင်မှာ ရှိနေကြတဲ့ လူတွေဖြစ်ပါတယ်။ လုပ်ကြံသတ်ဖြတ်ဖို့ စောင့်နေတဲ့ လူတွေနဲ့ ပစ်မှတ်ထားခံရတဲ့ လူတွေက ချက်ချင်းဆိုသလို သူတို့ရဲ့ ဇာတ်ကောင်နေရာ ပြောင်းလဲသွားပါတယ်။

သုံးယောက်နဲ့ ငါးယောက်။ တကယ်လို့ လင်းဟန်တို့က ရုတ်တရက် တိုက်ခိုက်မှု တစ်ခုနဲ့ အားသာချက် ယူပြီးတော့ တိုက်ခိုက်မယ်ဆိုရင်တောင် ရှုရှုရန်နဲ့ သူတို့အုပ်စုက လက်ရှိ လူငယ်မျိုးဆက်ရဲ့ အုပ်ချုပ်သူတွေ ဖြစ်ပါတယ်။ ပြီးတော့ အရေအတွက်လည်း အသာစီး ရှိပါတယ်။ တိုက်ပွဲစွမ်းရည်မှာ သူတို့က သေချာပေါက် အားမနည်းပါဘူး။ ဒါကြောင့် တကယ်လို့ လင်းဟန်က လောဘကြီးမယ်ဆိုရင် တစ်ယောက်ကိုတောင်မှ သတ်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သူတို့အားလုံးရဲ့ စွမ်းအားတွေကို တစ်ယောက်တည်းကို

Edit with WPS Office

သတ်ပစ်ဖို့ အတွက်ပဲ အာရုံစိုက်ထား လိုက်ကြပါတယ်။

“ကျော့မင်းကို သတ်”

Chapter 798 end

အပိုင်း(၇၉၉) ကျော့မင်းကို သုတ်သင်ခြင်း

ကျော့မင်းကို သတ်။

အခုဆိုရင် ဆုံးဖြတ်ချက် ချပြီးတာကြောင့် သူတို့သုံးယောက်က သူတို့ကိုယ်သူတို့ အလုပ်တွေကို ခွဲလိုက်ပါတယ်။ ရှရှုရန်တို့ အုပ်စုရဲ့ ခွန်အားနဲ့ တကယ်လို့ သူတို့တွေက ချောင်းမြောင်းတိုက်ခိုက်မှု တစ်ခုနဲ့ သူတို့ကို သတိမထားမိအောင် လုပ်နိုင်မယ်ဆိုရင် သူတို့က အရမ်းကို လျင်မြန်စွာနဲ့ တုံ့ပြန်နိုင်စွမ်း ရှိရပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ သူတို့ငါးယောက် အင်အားတွေ ပူးပေါင်းမယ်ဆိုရင် ကျော့မင်းကို သတ်ပစ်ဖို့က ခက်ခဲလာပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်မှာ ရေခဲနဂါး ဂက်ပါ ရှိပါတယ်။ ဒါကြောင့် သူတို့ငါးယောက်မှာလည်း သူတို့ရဲ့ အကျီတွေ အထဲမှာ တူညီတဲ့ ဂုဏ်ဖဲတစ်ခု မရှိဘူးဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း သူတို့ရဲ့ ဂုဏ်ဖဲကို ဆင့်ခေါ်ဖို့ အချိန်လိုအပ်ပါလိမ့်မယ်။ ပြီးတော့ အဲဒါကပဲ ဘာကြောင့်မို့ သူတို့က ဒီနေရာမှာ ချောင်းမြောင်းလုပ်ကြံမှု တစ်ခုကို လုပ်ဖို့ ပြင်ဆင်ထားရသလဲ ဆိုတာဖြစ်ပါတယ်။ လင်းဟန်မှာ သက်ရှိတွေကို ထည့်သိမ်းထားနိုင်တဲ့ အနက်ရောင် မျှော်စင်လို ရတနာပစ္စည်းတစ်ခု ရှိနေလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက ခန့်မှန်းနိုင်မှာလဲ။ အနက်ရောင် မျှော်စင်က မုန့်ညှင်းစေ့လေး တစ်စေ့အရွယ်လောက် သေးငယ်ပြီး သူတို့တွေက နည်းနည်းလေးမှတောင် ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။

"ထွက်မယ်"

လင်းဟန်နဲ့ မိန်းကလေး နှစ်ယောက်ရဲ့ပုံရိပ်က ပေါ်လာခဲ့ပြီး ကျဥ့်မင်းရှိတဲ့ နေရာကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

Edit with WPS Office

“ဘာလဲဟ”

ရှုရှုရန်တို့ အုပ်စုက အံ့အားသင့် သွားခဲ့ပါတယ်။ ဒီနေရာမှာ ဘာတွေဖြစ်ကုန်တာလဲ။ လင်းဟာန်တို့ အုပ်စုက ဘယ်လိုလုပ်ပြီးတော့ လေထဲကနေ ပေါ်လာတာလဲ။ ဒါပေမဲ့ သူတို့ရဲ့ အံ့အားသင့် နေမှုကြောင့် လင်းဟာန်တို့ အုပ်စုက ကျော့မင်းဆီကို တစ်ဟုန်ထိုး ပြေးဝင်ရောက်ရှိ သွားခဲ့ပါတယ်။

လင်းဟာန်က သူ့ဓားကို ဆွဲထုတ်ပြီး ဟူးညို့ကတော့ သူမရဲ့ လက်သည်းတွေကို အသုံးပြုကာ ဟော့လျန်ချွင်ရှယ်ကတော့ သူမရဲ့ လက်သီးနဲ့ ထိုးလိုက်ပါတယ်။ နဂါးချီရဲ့ သိပ်သည်းခြင်းနဲ့ အတူ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ကျင့်စဉ်တွေကို ကျင့်ကြံအားထုတ်မှုကြောင့် မွန်းစတားဆန်တဲ့ ခွန်အားကို ပေါင်းထည့်လိုက်တဲ့ အခါမှာ ဒီလက်သီးချက်ရဲ့ အနောက်က ခွန်အားဟာ မယုံနိုင်စရာ ကြောက်မက်ဖွယ် ကောင်းသွားပါတယ်။

Edit with WPS Office

"မင်းတို့အားလုံးမှာ ငါ့ကို သတ်ဖို့ အရည်အချင်းရော ရှိလို့လား"

ကျော့မင်းက ချက်ချင်းပဲ လှုပ်ရှားလိုက်ပါတယ်။ ဒီလိုမျိုး အချိန်တိုတိုလေး အတွင်းမှာ သူက သူ့ရတနာကို ဆင့်ခေါ်နိုင်စွမ်း မရှိပါဘူး။ ပြီးတော့ သူ့ရဲ့ ဗလာလက်သီးတွေကိုပဲ အသုံးပြုနိုင်ပြီး သူ့အရှေ့မှာ ကာကွယ်ထားပြီးတော့ သူ့ရဲ့ မူလစွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို အမြင့်ဆုံးထိ မြှင့်တင်ထားပြီး သူ့လက်သီးရဲ့ ခွန်အားကို အသုံးပြု လိုက်ပါတယ်။

ဟူးလား။

ဟူးညီရှုရဲ့ အရှိန်အဟုန်က အမြန်ဆုံး ဖြစ်ပါတယ်။ သူမရဲ့ လက်သီးသေးသေးကို ဝှေ့ယမ်းပြီး ချက်ချင်းဆိုသလို ကျော့မင်းခန္ဓာကိုယ်ပေါ်မှာ သွေးတွေပေကျံနေတဲ့ အမာရွတ်တစ်ခု ဖြစ်ပေါ်စေ ခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့ ခန္ဓာကိုယ်က အဆင့်ကိုး တန်ဖိုးကြီး သတ္တုနဲ့ ယှဉ်လို့ရရင်တောင် အဲဒါက အသုံးမဝင်ပါဘူး။ ချက်ချင်းဆိုသလို သူက ဒဏ်ရာတွေ တော်တော်များများ ရရှိသွားခဲ့ ပါတယ်။

Edit with WPS Office

အဲဒီနောက်မှာ ဟော့လျန်ချင်ရှယ် ဖြစ်ပါတယ်။ သူမကလည်း မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို သင်ယူထားပြီး သူမရဲ့ အမြန်နှုန်းက လင်းဟန်ထက်တောင် သာပါတယ်။ လက်သီးချက်နဲ့အတူ ကျော့မင်းက ချက်ချင်းဆိုသလို သွေးတွေ အရှုံးအမူး အန်ထုတ် လိုက်ရပါတယ်။ သူမရဲ့ စွမ်းရည်က ကျော့မင်းထက်သာလွန်ပြီး သူမရဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက်နဲ့အတူ သူမရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းနေလိုက်မလဲ။

ကျော့မင်းရဲ့ ခန္ဓာကိုယ်က ဒယိမ်းဒယိုင် ဖြစ်နေပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က တကယ်ပဲ အရမ်းကို မာကျောပါတယ်။ အစွမ်းထက်တဲ့ လူနှစ်ယောက်က လျပ်တပြက် တိုက်ခိုက်မှုတွေကို အတင်းအဓမ္မ လက်ခံထားတာတောင်မှ သူက သေမသွားခဲ့ပါဘူး။ အဲဒီအစား သူက သူ့ခန္ဓာကိုယ်ရဲ့ မာကျောမှုနဲ့ ပျော့ပြောင်းမှုကို အသုံးပြုပြီး ထိခိုက်မှုရဲ့ အဓိကအစိတ်အပိုင်း တစ်ခုကို အာနိသင် ပျက်ပြယ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်နှာက မယုံနိုင်စရာ ကောင်းအောင် ဖြူဖပ်ဖြူရော် ဖြစ်နေဆဲပါပဲ။

Edit with WPS Office

လင်းဟာန်က နောက်ဆုံးမှ ရောက်လာတဲ့သူ ဖြစ်ပါတယ်။ သူ့မှာ အားက ကျော့မင်းရဲ့ နောက်ကျောကို တန်းပြီးတော့ ရည်ရွယ်ထားပါတယ်။

"လင်းဟာန် မင်းငါ့ကို မသတ်နိုင်ပါဘူး"

ကျော့မင်းက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ သူက တိုက်ခိုက်မှု နှစ်ခုက ထိခိုက်မှုကို ခန္ဓာကိုယ်အနံ့ကို ပြန့်အောင်ခွဲလိုက်ပြီးတော့ ရရှုရန်နဲ့ တခြားသူတွေကလည်း လှုပ်ရှားလာခဲ့ ပါတယ်။ လင်းဟာန်ဆီက ဒီတိုက်ခိုက်မှုကို တောင့်ခံနိုင်သရွေ့ အခြေအနေတွေက ချက်ချင်းပဲ ပြောင်းလဲသွားပြီး သူတို့က လင်းဟာန်တို့ သုံးယောက်အုပ်စုကို လွှမ်းမိုးနိုင်ပါလိမ့်မယ်။

စားပွဲခုံက ချက်ချင်းပဲ ပြောင်းလဲလာခဲ့ပါလိမ့်မယ်။ နောက်ပြီးတော့ သူတို့တွေမှာလည်း သူတို့နဲ့အတူ အရမ်းကို ကြောက်စရာကောင်းတဲ့ သတ်ဖြတ်ခြင်း လက်နက်ကိုယ်စီ ယူဆောင်လာ ခဲ့ကြပါတယ်။

Edit with WPS Office

ပထမတော့ သူတို့က တစ္ဆေနဂါးလိုက်ဂူ အထဲက အစွမ်းထက်တဲ့ မွန်းစတားတွေနဲ့ တိုက်ခိုက်တဲ့ အခါကျမှ အသုံးပြုဖို့ စီစဉ်ထားခဲ့ကြပါတယ်။ ဒါပေမဲ့ လင်းဟန်ကို သတ်တဲ့နေရာမှာ အသုံးပြုတာက ပိုပြီးတော့တောင် ပြည့်စုံပါလိမ့်မယ်။

သူက လက်နစ်ဖက်လုံးကို ဖြန့်ထားပြီး လင်းဟန်ရဲ့ဓားကို ထိပ်တိုက်ရင်ဆိုင်ဖို့ ပြင်ဆင်လိုက်ပါတယ်။

သူ့လိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရှိတဲ့ တစ်စုံတစ်ယောက်ပဲ ဒီလိုမျိုး လုပ်ဆောင်မှု တစ်ခုကို လုပ်ဝံ့ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်သူကများ သူတို့ရဲ့ လက်ဗလာကို အသုံးပြုပြီး မရဏဓားကို ဖမ်းဆုပ်ဖို့ ကြိုးစားဝံ့မှာလဲ။ ဓားကို အပြည့်အဝ ဆုပ်ကိုင်ဖို့ လုပ်စရာတောင် မလိုပါဘူး။ ထက်ရှတဲ့ဓားချိုက ချက်ချင်းဆိုသလို လက်ဆယ်ချောင်းလုံးကို လှီးဖြတ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟန်ရဲ့ နလုံးသားက သန့်ရှင်းလို့ နေပါတယ်။ ဓားရှည်ရဲ့ သန့်စင်တဲ့ ဓားအသိဆန္ဒက ပေါက်ကွဲထွက် လာခဲ့ပါတယ်။

Edit with WPS Office

ဖူး။

ကျော့မင်းက ဓားသွားကို ဖမ်းလိုက်ပေမဲ့ ဓားရဲ့တိုးဝင်လာမှုကို လုံးဝရပ်တန့်အောင် မစွမ်းဆောင် နိုင်ပါဘူး။ သူ့ရဲ့ လက်ဆယ်ချောင်းစလုံးက တိုဖူးလိုမျိုး ဖြတ်ခံလိုက်ရပြီး လွင့်ထွက်ကုန်ပါတယ်။ ဓားရဲ့ထိပ်ဖျားက သူ့နလုံးသားဆီကို တန်းပြီးတော့ ထိုးစိုက်လာခဲ့ပါတယ်။ ဒါက ကမ္ဘာကြီးထဲက နံပါတ်တစ် သတ်ဖြတ်ခြင်းဓား ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က ဒီဓားက တိုက်ရိုက် တိုက်ခိုက်မှုကို ခံရမယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ အသက်ရှင်သန်နိုင်စွမ်း ရှိမှာလဲ။

ပြင်းထန်ကြမ်းကြုတ်တဲ့ ချီတစ်ခုက တရစပ် ထွက်ပေါ်လာပြီး ကျော့မင်းက ချက်ချင်းဆိုသလို ပါးစပ်အပြည့် သွေးတွေ အန်ထုတ်လိုက်ပါတယ်။ သူက လင်းဟန်ကို မယုံကြည်နိုင်မှုတွေနဲ့ မှင်တက်အံ့သြစွာ စိုက်ကြည့်လိုက်ပြီး သူ့လိုမျိုး သန်မာအားကောင်းတဲ့ သက်ရှိတစ်ယောက်က လင်းဟန်ဆီက ဒီတိုက်ခိုက်မှုကို တကယ်ပဲ ဟန့်တားနိုင်ခြင်း မရှိပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း မရဏာစားရဲ့ အင်အားနဲ့ သူ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို စောင်းသွားပြီး မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။

သူ့မျိုးဆက်ရဲ့ ပါရမီရှင်တစ်ယောက်၊ သိုင်းပညာအသိ ကျောက်တုံးပေါ်မှာ နာမည်တောင် ချန်ထားရစ်နိုင်တဲ့ လူတစ်ယောက်က အခုလိုမျိုး သေသွားခဲ့ပါပြီ။ သူက အဆုံစွန်တိုက်ကွက်တွေ၊ ပြင်းထန်တဲ့ တိုက်ကွက်တွေ ဒါမှမဟုတ် ဝှက်ဖဲတွေ ဘာဆိုဘာမှ ထုတ်ဖော်ဖို့ အခွင့်အရေးတောင် မရရှိခဲ့ပါဘူး။

လင်းဟာန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ဖမ်းဆုပ်ကိုင်ပြီး ကျော့မင်းရဲ့ ခန္ဓာကိုယ်ကို အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပါတယ်။ ဒီကောင့်မှာ သေချာပေါက် စိတ်ဝိညာဉ် သိုလှောင် ပစ္စည်းတစ်ခု ရှိပါတယ်။ အခုတော့ သူ့အနေနဲ့ ရှာဖို့အချိန်မရှိသေးပါဘူး။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး အလေအလွင့် အဖြစ်ခံနိုင်မှာလဲ။

Edit with WPS Office

အဲဒီအချိန်မှာ ရှုရှုရန်နဲ့ တခြားသူတွေက နောက်ဆုံးတော့ သူတို့နားကို ရောက်လာခဲ့ပါပြီ။

သူတို့အားလုံးက လူငယ်မျိုးဆက်တွေရဲ့ အုပ်ချုပ်သူတွေ ဖြစ်ပေမဲ့ တစ်ဖက်လူရဲ့ အံ့အားသင့်စရာ လုပ်ရှားမှုကြောင့် မှင်တက်နေပြီး လုံးဝကို မျှော်လင့်မထားမိ ခဲ့ကြပါဘူး။ ဒီလိုမျိုး အချိန်တိုတိုလေး အတွင်းမှာ တုံ့ပြန်နိုင်တာကကိုပဲ သူတို့ကို ချီးကျူးဖို့ ထိုက်တန်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ကို ချာခနဲ လှည့်ပြီးတော့ သူက နောက်ထပ်တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ အထီးကျန် ငရဲဓားသိုင်းကို ထုတ်ဖော်လိုက်တယ်။ ဒီဓားသိုင်း နည်းစနစ်ရဲ့ ခွန်အားက သူ့ရဲ့ ခုခံမှုပေါ်မှာ မူတည်ပါတယ်။ ချက်ချင်းဆိုသလို အဆုံးမရှိ ဓားအလင်းတွေ ထွက်ပေါ်လာပြီး သူ့တို့ သုံးယောက်ရဲ့ အကာအကွယ် တစ်ခုအဖြစ် ဖြစ်ပေါ်လာခဲ့ပါတယ်။

ထန် ထန် ထန် ထန်။

Edit with WPS Office

တိုက်ခိုက်မှုချင်း ဖလှယ်ပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ဖက်စလုံး အနောက်ဘက်ကို ဆုတ်လိုက် ရပါတယ်။ ပထမတိုက်ကွက်မှာ လင်းဟာန်တို့ဘက်က ချောင်းမြောင်းလုပ်ကြံမှုက အောင်မြင်စွာနဲ့ အဆုံးသတ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း နှစ်ဖက်စလုံးက အခုတော့ တူညီတဲ့ စမှတ်ကို ပြန်ရောက်လာခဲ့ပါပြီ။ ရှုရှရန်တို့ အုပ်စုက အရေအတွက် လေးယောက်ရှိနေပြီး တစ်ဦးချင်းစီက ကောင်းကင်အဆင့်ထဲမှာ အစွမ်းထက်ဆုံး ပုဂ္ဂိုလ်တွေလို့ သတ်မှတ်နိုင်ပါတယ်။

"နင်တကယ်ပဲ ကျော့မင်းကို သတ်ပစ်လိုက်တယ်ပေါ့"

တုန်လင်းအာက အကြီးအကျယ် အံ့အားသင့်နေပြီး သူမရဲ့ လှပချောမောတဲ့ မျက်လုံးတွေထဲမှာ ဒေါသမီးတောက်တွေ တောက်လောင်လို့ နေပါတယ်။

လင်းဟာန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"မင်းက ဒီလိုမျိုး ပြောတယ်ပေါ့။ မင်းတို့တွေပဲ ဒီနေရာမှာ ငါ့အလာကို စောင့်နေတာ မဟုတ်လား။ မင်းတို့ကောင်တွေက အရင်ဆုံး ညစ်ပတ်တဲ့ နည်းလမ်းကို သုံးတာပဲ။ ဒါကြောင့် ငါက ဘာဖြစ်လို့ ဒီလိုမျိုး ပြန်သုံးလို့ မရမှာလဲ"

အဲဒီအချိန်မှာ မိုးကြိုးလျှပ်စီးသားတော်က မျက်မှောင်ကြုတ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့အားလုံး ငါတို့ရဲ့ နတ်ဘုရား အာရုံနဲ့ အာရုံခံလို့ မရအောင် ဘယ်လိုလုပ်ခဲ့တာလဲ"

ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းပါတယ်။ တကယ်လို့ လူတစ်ယောက်ပဲ ဆိုရင်တောင် အဆင်ပြေပါတယ်။ ဒါပေမဲ့ သူတို့သုံးယောက်စလုံးကို သူတို့ရဲ့ အာရုံနဲ့ ထောက်လှမ်းလို့ မရခဲ့ပဲ ရုတ်တရက် ကျူမင်းကို သတ်ဖြတ်ခြင်း တိုက်ကွက် တစ်ခုနဲ့ ရှင်းထုတ်ပစ်ခဲ့ပါတယ်။ ဒါက သူ့ကို လုံးဝကို မှင်တက်အံ့သြ

Edit with WPS Office

သွားစေခဲ့ပါတယ်။

တကယ်လို့ သူတို့က ဒီကိစ္စကို ရှင်းရှင်းလင်းလင်း မသိရဘူးဆိုရင် လင်းဟန်က နောက်တစ်ကြိမ် ဒါမျိုးမလုပ်နိုင်ဘူးလို့ ပြောနိုင်မှာလား။

ရှရှရန်နဲ့ တခြားသူတွေရဲ့ မျက်နှာတွေ အပေါ်မှာလည်း လေးနက်တဲ့ အမူအရာတွေ ပေါ်လာခဲ့ပါတယ်။ ဒီစွမ်းရည်က တကယ်ပဲ အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ငါက ဘာဖြစ်လို့ မင်းကို ပြောပြရမှာလဲ"

မိုးကြိုးလျှပ်စီးသားတော်က ဟင့်ဆိုပြီး နှာခေါင်းရှုံ့လိုက်ပါတယ်။ ပြီးတော့ လင်းဟန်က ဒီလိုမျိုး လှို့ဝှက်ချက် တစ်ခုကို

Edit with WPS Office

ထုတ်ဖော်ပြောဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကိုလည်း သိပါတယ်။ ဒါကသူ့ကို သက်တောင့်သက်သာ မဖြစ်စေပါဘူး။ ဒါကြောင့် သူက မနေနိုင်ပဲ မေးခွန်းထုတ်လိုက် မိတာပါ။

"မင်းက ဓားနှလုံးသားကို ထုတ်ဖော်နိုင်ပြီလား"

ရှုရှရန်က မေးလိုက်ပါတယ်။

"စောစောတုန်းက မင်းဆီကနေ ဓားနှလုံးသားရဲ့ လွှမ်းမိုးမှုကို အသုံးပြုခဲ့တာ ငါသိလိုက်ရတယ်။ တကယ်လို့ မင်းက ဓားနှလုံးသားကို မထုတ်ဖော်နိုင်ဘူးဆိုရင် သေချာပေါက် အကျိုးသက်ရောက်မှု ရှိပြီးတော့ ဒီတိုက်ခိုက်မှုကလည်း တိကျလိမ့်မှာ မဟုတ်ဘူး"

လင်းဟန်က သူ့ကိုယ်သူ ကျေနပ်အားရစွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါ့ခါးက လျှင်မြန်လို့ နေမှာပေါ့။ ပြီးတော့ မင်းဆီက လွှမ်းမိုးမှုကြောင့်လည်း ခါးက သူ့ပစ်မှတ်ကို ထိသွားတာဖြစ်မလားမသိဘူး"

ရှရှရန်က သဘောပြေး ပြေးလိုက်ပြီး သူ့အမူအရာက ပိုပိုပြီးတော့ အေးစက်သထက် အေးစက် လာခဲ့ပါတယ်။ လင်းဟန်က ခါးနလုံးသားကို ကျင့်ကြံအားထုတ်ထားတယ် ဆိုတာကို သူသေချာ ပြောနိုင်ပါတယ်။ တကယ်လို့ သူက မကျင့်ကြံထားဘူး ဆိုရင်တောင် သူက သိပ်မဝေးတော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက သေချာပေါက် သူ့ရဲ့ဆေဘာခါးနလုံးသားရဲ့ အကျိုးသက်ရောက်မှုကို ခံရပါလိမ့်မယ်။ စိတ်ထဲကနေ ကျိတ်ပြီးတော့ သူက အံ့အားသင့် သွားခဲ့ပါတယ်။ တစ်ခုသိထားရမှာက သူက အကြွင်းမဲ့ ဆေဘာခါးကို နေ့စဉ်နေ့တိုင်း ကိုင်ဆွဲထားပြီး အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်က ချန်ထားခဲ့တဲ့ ဆေဘာခါး အသိစိတ်ကို အမြဲတမ်း နားလည်သဘောပေါက်အောင် ဆင်ခြင်ခဲ့ရပါတယ်။ ဒါကပဲ ဆေဘာခါး နလုံးသားကို အသက်နစ်ဆယ် အစောပိုင်း အချိန်မှာပဲ နားလည်သဘောပေါက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

Edit with WPS Office

ဓားကေရာဇ်လေးလည်း အတူတူပါပဲ။ ဓားစမ်းချောင်းအလယ် ဆိုတာက ကောင်းကင်ဓားဂိုဏ်းရဲ့ မျိုးဆက်အမျိုးမျိုးရဲ့ အဆုံးမဲ့ လက်ရွေးစင်တွေက အသုံးပြုခဲ့တဲ့ ဓားတစ်လက် ဖြစ်ပြီးတော့ ဓားအသိဆန္ဒ အမျိုးမျိုးကို ပိုင်ဆိုင်ထားပါတယ်။

လင်းဟန်မှာ ဒီလိုအမျိုးအစား အရင်းအမြစ် မရှိတာ သေချာပါတယ်။ ဟုတ်ပါတယ်။ ဒါကို သူက သူတို့ရဲ့ အသက်အရွယ်လောက်မှာ ဓားနှလုံးသားနဲ့ ထိတွေ့နိုင်စွမ်း ရှိပါတယ်။ ဒါမှမဟုတ် ဓားနှလုံးသားကို နားလည်သဘောပေါက်သွားတာတောင် ဖြစ်နိုင်ပါတယ်။ ဒါက အရမ်းကို မွန်းစတား ဆန်ပါတယ်။

ဓားကေရာဇ်လေးရဲ့ မျက်လုံးတွေက ချက်ချင်းပဲ တောက်ပလာပြီးတော့ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါသိပြီ။ မင်းမှာ သိုလှောင်နတ်ဘုရား ပစ္စည်း တစ်ခုကို ပိုင်ဆိုင်ထားတယ်"

Edit with WPS Office

"ဘာ"

ရှုရှုရန်နဲ့ တခြားသူတွေက တစ်ယောက်ပြီးတစ်ယောက် အံ့အားသင့်သွားကြပါတယ်။

တန်ခိုးရှင်ဘုံထဲမှာတောင် ဒီလိုမျိုး နတ်ဘုရား ပစ္စည်းက အံ့မခန်းဖြစ်ပြီး သက်ရှိတွေကို ထည့်သိမ်းနိုင်ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ အထွတ်အထိပ် အဆင့်မှာ ရပ်တည်နေတဲ့ အဆုံးမဲ့လက်ရွေးစင် တချို့ပဲ တစ်ခုကို သွန်းလုပ်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ သူတို့အားလုံးကိုယ်စီမှာ အဆုံးမဲ့ ရတနာ ပစ္စည်းတွေ ရှိပါတယ်။ အဲဒီပစ္စည်းတွေ ပေါ်ထွက်လာတဲ့ အချိန်တိုင်း အစုလိုက် အပြုံလိုက် သတ်ဖြတ်ခြင်းတွေ ဖြစ်ပေါ်လာပါလိမ့်မယ်။

တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းတောင်မှ ဒီလိုမျိုး ရတနာပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားခြင်း မရှိပါဘူး။ အခုတော့ အဲဒီပစ္စည်းက အောက်ဘုံက တစ်စုံတစ်ယောက်ရဲ့ ပိုင်ဆိုင်မှု အဖြစ်နဲ့

Edit with WPS Office

ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"တကယ်ပဲ"

ဒါပေမဲ့လည်း သူတို့သုံးယောက်လုံးက အရမ်းကို ဉာဏ်ကောင်းတဲ့ သူတွေပဲ ဖြစ်ပြီးတော့ အစောပိုင်းတုန်းက ကျော့မင်းရဲ့ ခန္ဓာကိုယ်ကို ထည့်သိမ်းလိုက်တာကို သူတို့တွေ သိသွားပြီး လင်းဟာန်ဆီမှာ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခု ရှိနေတာကို သူတို့သိသွားတယ်ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ အားလုံးသိထားကြတာက သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခုက တခြားလူရဲ့ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကို သိုလှောင်လို့ မရနိုင်ဘူး ဆိုတာကို နားလည်ထားကြပါတယ်။ ဒါကြောင့် အဖြေက တစ်ခုတည်းပဲ ရှိပါတယ်။

လင်းဟာန်က သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုကို ရရှိထားပါတယ်။

Edit with WPS Office

ချက်ချင်းဆိုသလို ရှရှရန်တို့ လေးယောက်ရဲ့ မျက်လုံးတွေမှာ လိုချင်တပ်မက်မှုတွေနဲ့ ပြည့်နှက်နေပြီး နတ်ဘုရား ဆေးပင်တစ်ပင်က သူတို့အမြင်ရှေ့ကို ရောက်လာသလိုမျိုး လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

Chapter 799 end

အပိုင်း(၈၀၀) တောင်နဲ့မြစ် ပုဆိန်

တန်ခိုးရှင်ဘုံထဲမှာတောင် သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုက နှိုင်းယှဥ်လို့ မရနိုင်တဲ့ အံ့အားသင့်စရာ ရတနာတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ အဲဒီပစ္စည်းကို ပိုင်ဆိုင်နိုင်မယ် ဆိုရင် သူတို့အနေနဲ့ အရင်းအမြစ်တွေအတွက် အဲဒါနဲ့ အလဲအလှယ်လုပ်နိုင်ပြီး သူတို့တွေ အနာဂတ်မှာ တန်ခိုးရှင်ဘုံထဲကို ဝင်တဲ့ အချိန်ကျရင် စိတ်လုပ်ရှားဖို့ ကောင်းအောင်လို့ လုပ်နိုင်ပါလိမ့်မယ်။

သူတို့တွေ အဲဒီပစ္စည်းကို သေချာပေါက် ရအောင်လို့ လုပ်ရပါမယ်။

Edit with WPS Office

ရှုရှုရန်နဲ့ တခြားသူတွေရဲ့ မျက်လုံးတွေထဲမှာ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ တကယ်လို့ ဒီသိုလှောင် နတ်ဘုရား ပစ္စည်းအတွက်ကြောင့် မဟုတ်ဘူးဆိုရင်တောင် သူတို့အနေနဲ့ လင်းဟန်ကို အသက်ချမ်းသာခွင့် ဘယ်လိုနည်းနဲ့မှ မပြုနိုင်ပါဘူး။

"ဒီကောင်ကို အစွမ်းကုန်သုံးပြီး သတ်ကြစို့"

သူတို့လေးယောက်စလုံး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီးတော့ ခေါင်းညိတ်လိုက် ကြပါတယ်။

သိုလှောင်နတ်ဘုရား ပစ္စည်းကိုတော့ ဘယ်လိုမျိုး ဝေခွဲကြမလဲ ဆိုတာကို နောက်မှပဲ မေးခွန်းထုတ် ကြတာပေါ့။ သူတို့က အရင်ဆုံး လင်းဟန်ကို သတ်ပစ်ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အားလုံးက လက်တွေ့ကျလိမ့်မှာ မဟုတ်ပါဘူး။

ရှုရှုရန်က အကြွင်းမဲ့ ဆေဘာဓားကို ဆွဲထုတ်လိုက်ပြီး မိုးကြိုးလျှပ်စီး

Edit with WPS Office

သားတော်က ရောမ ပုဆိုးကြီး တစ်လက်ကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒီပုဆိုးက သူ့ထက်တောင်မှ နည်းနည်းလေး မြင့်ပါတယ်။ သူ့လက်ထဲမှာ ကိုင်ပြီးတော့ ဖော့ယမ်းလိုက်တဲ့ အခါမှာ ချက်ချင်းဆိုသလို ရက်စက်ကြမ်းကြုတ်တဲ့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါတစ်ခုက ချက်ချင်းကြီး ထွက်ပေးလာပြီး အားလုံးကို အလွယ်တကူနဲ့ ထွက်ပြေးသွားအောင် ဖြစ်စေပါလိမ့်မယ်။

လင်းဟာန်လည်း စိတ်ထဲကနေ ကျိတ်ပြီးတော့ သိချင်စိတ် ပြင်းပြလာမိပါတယ်။ ဒီပုဆိုးက သူ့ကို ပေးတဲ့ ခံစားချက်က အကြွင်းမဲ့ ဆေဘာဓားအောက် မနိမ့်ကျပါဘူး။

ဂိုဏ်းကြီးငါးဂိုဏ်းက တကယ်ပဲ ချမ်းသာကြွယ်ဝပြီး အစွမ်းထက်တဲ့ နောက်ခံတစ်ခု ရှိကြပါတယ်။ အကြွင်းမဲ့ ဆေဘာဓားကိုယ်တိုင်က သေချာပေါက် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ်လုံးထက် အားမနည်းနိုင်ပါဘူး။ ပြီးတော့ အခုဆို ပုဆိုးတစ်လက်ပါ ပေါင်းထည့်ရ ပါလိမ့်မယ်။ ဒါကပဲ ရှုရှုရန်နဲ့ တခြားသူတွေက ရွှမ်ယုထောင်လို အစွမ်းထက်တဲ့ လက်ရွေးစင်

Edit with WPS Office

တစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုရင်တောင် လုံးဝကို ကြောက်ရွံ့နေလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေ့ါ။ မရှိမဖြစ် လိုအပ်တဲ့ အချက်ကတော့ သူတို့က အဆုံးမဲ့ ရတနာတွေကို အသက်သွင်းနိုင်စွမ်း ရှိဖို့ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အရာအားလုံးက အချည်းနှီးပါပဲ။ တကယ်လို့ ဒီလိုမှ မဟုတ်ဘူးဆိုရင် ကျော့မင်းက ဘယ်လိုလုပ်ပြီးတော့ သေသွားနိုင်မှာလဲ။

ထိပ်တန်းအဆင့် စိတ်ဝိညာဉ် ပစ္စည်းနှစ်ခု။ ဒါက နည်းနည်းလေးတော့ ပြဿနာ ရှိပါတယ်။

လင်းဟာန်ရဲ့ လက်ထဲက မရဏဓားက အလိုအလျောက်ပဲ သင်္ကေတတွေ တစ်ခုပြီးတစ်ခု နိုးထပြီး တောက်ပလာခဲ့ပါတယ်။ ဒါက အကြွင်းမဲ့ ဆေဘာဓားနဲ့ အဲဒီပုဆိန်ဆီက ခြိမ်းခြောက်မှုကို အာရုံခံမိတာကြောင့် ဖြစ်ပါတယ်။ လင်းဟာန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒီပုဆိန်က တကယ်ပဲ အတော်လေး အသိအမှတ်
ပြုစရာကောင်းတယ်"

"ဒါပေါ့။ ဒါက အသိအမှတ်ပြုရလောက်တယ်။ ဒါက တောင်နဲ့မြစ်
ပုဆိန်ကို တုပထားတဲ့ ပစ္စည်း တစ်ခုပဲ"

မိုးကြိုးလျှပ်စီးသားတော်က ပြောလိုက်ပါတယ်။

တုပထားတာလား။

လင်းဟန်က တကယ်ပဲ အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလိုမျိုး
အစွမ်းထက်တဲ့ စိတ်ဝိညာဉ် ပစ္စည်း တစ်ခုက တကယ့်ကို
တုပထားတဲ့ ပစ္စည်းတစ်ခု ဖြစ်နေတာလား။ ဒါဆိုရင် စစ်မှန်တဲ့
တောင်နဲ့မြစ် ပုဆိန်ရဲ့ အစွမ်းက ဘယ်လောက်တောင်
အစွမ်းထက်လိုက်မလဲ။

Edit with WPS Office

"ဟားဟားဟား လင်းဟန်။ မင်းက မင်းကိုယ်ပိုင် နိုင်ငံတစ်ခုကို တည်ဆောက်ပြီးတော့ မိုးကောင်းကင်ကို ဖွင့်ချင်နေတာလား"

မိုးကြိုးလျှပ်စီးသားတော်က အထက်စီးလေသံနဲ့ အော်ဟစ်ရယ်မောလိုက်ပါတယ်။

"မင်းကို ပြောပြလိုက်လို့လဲ ဘာမှမဖြစ်လောက်ပါဘူး။ တကယ်လို့ မင်းက တောင်နဲ့မြစ် ပုဆိန်ကို အသုံးပြုမယ်ဆိုရင် မိုးကောင်းကင်ကို ဖွင့်နိုင်စွမ်း ရှိလိမ့်မယ်။ တခြားနတ်ဘုရား ပစ္စည်းတွေကို တုပထားတာထက်စာရင် မိုးကောင်းကင်ကို လှုပ်ရှားအောင် စွမ်းဆောင်နိုင်တဲ့ ရတနာပစ္စည်းက ဘယ်လိုအမျိုးအစား ရှိလိမ့်မှာလဲ"

"အိုး ငါ့အသေးစိတ် အချက်အလက်ကို ကြားရတာမျိုး သဘောကျတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဟင့်။ တောင်နဲ့မြစ် ပုဆိန်ကို ဒီဘုံရဲ့ အတားအဆီး စွမ်းအင်နဲ့ အရင်းအမြစ်တွေကနေ သွန်းလုပ်ထားခဲ့တယ်။ ပြီးတော့ အဲဒါကို မင်းက ဘာကြောင့်လို့ ထင်နေတာလဲ"

ရှုရှုရန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါတို့တွေ ဒီအကြောင်း မင်းကို ပြောပြနေရတာကလည်း မင်းက သေချာပေါက် သေရမဲ့လူ ဖြစ်နေလို့ပဲ"

တုန်လင်းအာနဲ့ ဓားရောဇ်လေးတို့က စာလိပ်တစ်ခု ကိုယ်စီကို ကိုင်ထားကြပါတယ်။ ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ အမိန့်စာလွှာတွေ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်တို့က လင်းဟာန်ကို ချေမှုန်းပစ်နိုင်စွမ်း ရှိတယ်ဆိုရင် သူတို့အနေနဲ့ သူတို့ပိုင်ထားတဲ့ ဒီအမိန့်စာလွှာတွေကို ဖြုန်းတီးပစ်စရာတောင် မလိုပါဘူး။

Edit with WPS Office

တကယ်တော့ သူတို့က ဒီခရီးစဉ်အတွက် တခြားရည်ရွယ်ချက် ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို သူတို့ရဲ့ စီနီယာတွေက ဘယ်လိုလုပ်ပြီးတော့ ရတနာပစ္စည်းတွေ အများကြီး ပေးအပ်လိမ့်မှာလဲ။ တစ်ခုသိထားရမှာက ခရမ်းရောင်လ အင်ပါယာနဲ့ ရင်ဆိုင်တိုက်ခိုက်နေတဲ့ စစ်ပွဲက အရမ်းကို အများအယွင်း မခံနိုင်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ ထိပ်တန်းအဆင့် ရတနာတွေ နည်းနည်းလောက် ဖယ်ရှားလိုက်တာနဲ့ စစ်ပွဲအပေါ်မှာ အကျိုးသက်ရောက်မှု ဖြစ်သွားနိုင်ပါတယ်။

သူတို့က အစစ်အမှန် နဂါးရဲ့ အစွယ်ကို ရယူဖို့ ဆုံးဖြတ်ထားခဲ့ကြတာပါ။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ဒီလိုမျိုး ရတနာပစ္စည်း အမျိုးအစားက တကယ်ပဲ

Edit with WPS Office

တည်ရှိတာပေါ့။ ဘုံတစ်ခုလုံးရဲ့ အတားအဆီး စွမ်းအင်တွေနဲ့ အရင်းအမြစ်ကနေ သွန်းလုပ်ထားတဲ့ ပစ္စည်းပေါ့။ ဒါဆိုရင် ငါတကယ်ပဲ တောင်နဲ့မြစ် ပုဆိန်အစစ်အမှန်ကို တစ်ခါလောက်တော့ ကြည့်ချင်မိတယ်"

"မင်းမှာ ဒီလိုအခွင့်အရေးမျိုး ရှိလိမ့်မှာ မဟုတ်ပါဘူး"

အဲဒီအခိုက်အတန့်မှာ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ်ပုဆိန်တို့က နီးထလာခဲ့ပြီး ကြောက်မက်ဖွယ်ရာ စွမ်းအားလှိုင်းတစ်ခုကို ထုတ်လွှတ်နေပါတယ်။

ဒီရတနာပစ္စည်း နှစ်ခုက အဆင့်တစ်ဆယ်စိတ်ဝိညာဉ် ပစ္စည်းတွေအထဲမှာ သေချာပေါက် ထူးကဲတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ သူတို့က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလယ်အလတ် လက်ရွေးစင်နဲ့ အဆင့်မြင့် လက်ရွေးစင်ကိုတောင် သတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ နတ်ဆိုးရှင်သန်ဓားကို ထုတ်ပြီးတော့ အဲဒီပစ္စည်းတွေနဲ့ တိုက်ခိုက်လိုက်မယ်ဆိုရင် တိုက်ကွက် အနည်းငယ် အတွင်းမှာပဲ နှစ်ပိုင်းပြတ်သွားပါလိမ့်မယ်။

Edit with WPS Office

သူနဲ့ ရှုရှရန်တို့ ပထမဆုံး တိုက်ခိုက်တုန်းက နတ်ဆိုးရှင်သန်ဓားက အပွန်းအပဲ့ တော်တော်လေး ဖြစ်ပေါ်သွားခဲ့ပါတယ်။ ပြီးတော့ တကယ်လို့ တိုက်ပွဲကို ဖွတ်တိုက်ခိုင်မးယ်ဆိုရင် သေချာပေါက် နှစ်ပိုင်းပြတ်ထွက် သွားပါလိမ့်မယ်။ ပြီးတော့ ဓားက နှစ်ပိုင်းပြတ်သွားတာနဲ့ သူ့ရဲ့သိုင်းဆန္ဒပါ သေသွားပါလိမ့်မယ်။ အဲဒီနောက် အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတစ်ခု မဖြစ်တော့ပဲ အဆင့်တစ်ဆယ် လက်နက်တစ်ခုသာသာပဲ ဖြစ်သွားပါလိမ့်မယ်။

မရဏဓားကလည်း သူ့ဘာသာသူ အသက်ဝင်လာခဲ့ပြီး အံ့အားသင့်စရာကောင်းတဲ့ သတ်ဖြတ်ခြင်း အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။ ဒါက ဒီကမ္ဘာကြီးထဲမှာ နံပါတ်တစ် သတ်ဖြတ်ခြင်း ဓားဖြစ်ပါတယ်။ ပြီးတော့ ဒီနာမည်က ပုံကြီးချဲ့ကားပြီးတော့ ပြောထားတာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီမှာက မရဏဓားက တစ်လက်ပဲ ရှိပါတယ်။ ပြိုင်ဘက်အဖွဲ့မှာက ကြီးကျယ်ခမ်းနားတဲ့ သတ်ဖြတ်ခြင်း

Edit with WPS Office

ပစ္စည်းနှစ်ခု နိုးထလာခဲ့ပါတယ်။

လင်းဟန်က ရေခဲနဂါး ဂက်ံပါကို နောက်တစ်ကြိမ် ခင်းလိုက်ပါတယ်။ ဒါတောင်မှ ရှုရှုရန်နဲ့ တခြားလူတွေဆီက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ပစ္စည်းလေးခုရဲ့ တိုက်ပွဲစွမ်းရည်နဲ့ ရင်ဆိုင်တဲ့ အခါမှာ သူက အရေးနိမ့်နေဆဲပါပဲ။ သူက နောက်မဆုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက တောင်နဲ့မြစ် ပုဆိန်ရဲ့ ခွန်အား ဘယ်လောက်ရှိလဲ ဆိုတာကို မြင်တွေ့ချင်ပါတယ်။ ဒါမှ အစစ်အမှန် တောင်နဲ့မြစ် ပုဆိန်ရဲ့ အစွမ်းက ဘယ်လောက်ထိ ရှိမလဲ ဆိုတာကို သုံးသပ်နိုင်ပါ လိမ့်မယ်။

"ငါဒီဓားကို ဟန့်တားထားမယ်။ မင်းက တိုက်ခိုက်လိုက်"

ရှုရှုရန်က ပြောလိုက်ပြီး အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားကို ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီ"

မိုးကြိုးလျှပ်စီးသားတော်က ပြောလိုက်ပြီး တောင်နဲ့မြစ်ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ဒင်။

အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားတို့က တစ်ခုနဲ့တစ်ခု ထိမိသွားပြီး ကျယ်လောင်တဲ့ အသံကြီး တစ်ခုဖြစ်ပေါ်လာကာ တောက်ပလင်းလက်တဲ့ မီးပွားတွေက နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ ပါတယ်။ အလင်းရောင်တွေက မိုးကောင်းကင်မှာ တလက်လက် တောက်ပနေပြီး မရေတွက်နိုင်တဲ့ လိုင်းတွေ ဖြစ်ပေါ်ပြီး ဒီနေရာတစ်ခုလုံး ပျက်စီးသွားတော့မဲ့ ပုံစံအတိုင်း ဖြစ်နေပါတယ်။

ဒီဓားနှစ်လက်က ပြိုင်ဘက်ဟောင်းတွေ ဖြစ်ပါတယ်။ တစ်ခုနဲ့ တစ်ခု အပေါ်မှာ အသာစီးရဖို့ ကြိုတင်ခန့်မှန်းလို့ မရပါဘူး။

Edit with WPS Office

အဲဒီအခိုက်အတန့်မှာ မိုးကြိုးလျှပ်စီးသားတော်က အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး သူ့ရဲ့တောင်နဲ့မြစ် ပုဆိန်ကို ဝှေ့ယမ်းလိုက်ပါတယ်။ ဒါက တကယ့်ကို စစ်မှန်တဲ့ သတ်ဖြတ်ခြင်းတိုက်ကွက် ဖြစ်ပါတယ်။

ရေခဲနဂါးက အရှေ့ကို တိုးလာပြီး မိုးခြိမ်းသံနဲ့တူတဲ့ ဟိန်းသံတစ်ခုကို အော်မြည်လိုက်ပါတယ်။

ရှပ်။

မိုးကြိုးလျှပ်စီး သားတော်ရဲ့ ပုဆိန်ဝှေ့ချက်နဲ့ ရေခဲနဂါးက နှစ်ပိုင်းပြတ်သွားခဲ့ပြီး အရိပ်အယောင် မကျန်ပဲ ချက်ချင်းပျောက်ကွယ် သွားခဲ့ပါတယ်။ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂါပါဒအထဲမှာ အဖြူရောင်မြူခိုးတွေ သိပ်သည်းလာပြီးတော့ မြူခိုးတွေရဲ့ အလယ်ထဲမှာ ရေခဲနဂါးအသစ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလိုဖြစ်လာဖို့ စောင့်ရတဲ့ အချိန်ပမာဏက အရမ်းကို တိုတောင်းတယ် ဆိုပေမဲ့ အချိန်တော့ လိုတာပါပဲ။

Edit with WPS Office

ဒါက အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ရေခဲနဂါးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံး ပိုင်ဆိုင်ထားပါတယ်။ ဒါကိုတောင်မှ ပုဆိန်ခုတ်ချက် တစ်ချက်ကို တားဆီးနိုင်စွမ်း မရှိပါဘူး။ ဒါက မိုးကြိုးလျှပ်စီး သားတော်က တကယ်ပဲ အစွမ်းထက်လို့ မဟုတ်ပါဘူး။ ပုဆိန်ကိုယ်တိုင်က အစွမ်းထက်တာကြောင့် ဖြစ်ပါတယ်။

မိုးကြိုးလျှပ်စီး သားတော်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပုဆိန်ကို အနောက်ပြန် ရုပ်လိုက်ပါတယ်။ အဲဒီနောက် သူက နောက်တစ်ကြိမ် လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။ သူက တောင်နဲ့မြစ်ပုဆိန်ကို အမြင့်ဆီမြှောက်ပြီး သူ့မျက်နှာကတော့ အေးစက်မှု အပြည့်နဲ့ သတ်ချင်ဖြတ်ချင်တဲ့ အမူအရာတွေ ဖြစ်နေပါတယ်။

ခုတ်ချက်တစ်ခုက မင်းရဲ့ စိတ်ဝိညာဉ်ကို ဖျက်ဆီးပစ်ရမယ်။ သေစမ်း။

Edit with WPS Office

လင်းဟန်က ကျိတ်ပြီးတော့ သက်ပြင်းချ လိုက်ပါတယ်။ တကယ်လို့ ဒီတောင်နဲ့မြစ် ပုဆိန်က တုပထားတဲ့ ပစ္စည်းတစ်ခု ဖြစ်တယ်ဆိုရင်တောင် သူ့ရဲ့အစွမ်းက အနည်းဆုံး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ်လုံးကို ရောက်ကောင်းရောက်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို ရေခဲနဂါးကို လွယ်လွယ်ကူကူနဲ့ ခုတ်ပိုင်းဖို့ဆိုတာ ဘယ်လိုမှ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီနောက် အစစ်အမှန် တောင်နဲ့မြစ် ပုဆိန်က ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိမ့်မလဲ။

ကြယ်ဆယ့်ငါးလုံးလား။ ဒါမှမဟုတ် ကြယ်နှစ်ဆယ်လုံးတောင်လား။

ဂိုဏ်းကြီးငါးဂိုဏ်းမှာ တကယ်ပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရင်းအမြစ်ပမာဏတစ်ခု ရှိပါတယ်။ သူတို့က သူတို့ရဲ့ ဝှက်ဖဲ့တွေ အားလုံးကို ထုတ်မပြခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မာထိုပေါင်ကလည်း ကိုယ်တိုင်ကိုယ်ကျ လှုပ်ရှားလာခြင်း မရှိသေးပါဘူး။ သူတို့က ဒီရှေးဟောင်း အင်ပါယာကို တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားစေမဲ့ အခွင့်အရေး တစ်ခုကို

Edit with WPS Office

ရှာဖွေချင်နေ ကြပါတယ်။

ဒီအတွေးတွေက လင်းဟန်ရဲ့ စိတ်ထဲမှာ ဖျတ်ခနဲ လက်သွားပြီး အနက်ရောင်မျှော်စင်ကနေ စွမ်းအားမြှင့်တင်ခြင်း တစ်ခု အသုံးပြုမဲ့ အကြံကို ခေါင်းထဲကနေ ချက်ချင်းပဲ ထုတ်ပစ်လိုက် ပါတယ်။

ဒီစွမ်းအားမြှင့်တင်မှုပြီးတဲ့နောက် သူ့အတွက် ရှုရှုရန်နဲ့ တခြားသူတွေကို လွှမ်းမိုးဖို့အတွက် အသေးအဖွဲ့ ဖြစ်သွားပါလိမ့်မယ်။ မရှိမဖြစ် လိုအပ်တဲ့ အချက်က သူတို့ဆီမှာ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ်ပုဆိန်တို့ လက်ထဲမှာ မရှိရပါဘူး။ ဒါပေမဲ့လည်း ဒါက အဓိပ္ပါယ် မရှိပါဘူး။ အဲဒီနောက် စွမ်းအားမြှင့်တင် သွတ်သွင်းမှု တစ်ခု အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ သူလည်း ဒီလိုရတနာ ပစ္စည်းမျိုးကို ထိပ်တိုက်ရင်ဆိုင် ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"ငါမင်းတို့ကောင်တွေနဲ့ ဆက်ပြီးတော့ မကစားတော့ဘူး"

Edit with WPS Office

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ လက်နှစ်ဖက်လုံးကို ဆန့်ထုတ်ပြီး ဟူးညီနဲ့ ဟောင့်လျန်ချင်ရှယ်ကို ဆွဲပြီးတော့ မရဏာစားနဲ့ ရေခဲနဂါး ဂဏ်ပါကိုလည်း အနက်ရောင် မျှော်စင်ထဲ ထည့်ပြီး သူလည်းပဲ အထဲကို ဝင်လိုက်ပါတယ်။

ရှွပ်။

သူတို့က ဘယ်တုန်းကမှ ပေါ်မလာဖူးသလိုမျိုး အစအနတောင်မကျန်ပဲ ပျောက်ကွယ်သွား ခဲ့ပါတယ်။

"သတိထား"

ရှုရှုရန်နဲ့ တခြားသူတွေ အားလုံးပဲ အရမ်းကို သတိထားတဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက စောစောတုန်းကလိုပါပဲ။ လင်းဟန်နဲ့ သူ့အုပ်စုက ရုတ်တရက် တိုက်ခိုက်ခဲ့ပြီး ကျော့မင်းကို သေသွားစေခဲ့ပါတယ်။ အခု သူတို့က တူညီတဲ့ လှည့်ကွက်ကို နောက်တစ်ကြိမ် အသုံးပြုနေ ပါတယ်။ ဒါပေမဲ့ ဒါက အရမ်းကို

Edit with WPS Office

အနန္တရာယ်များနေဆဲပါပဲ။

"ဂရုစိုက်ပြီးတော့ ရှာကြ။ ဒါက သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ဆိုမှတော့ အမှန်တကယ် ပုံစံတစ်ခုတော့ ရှိရမယ်"

"ဒီနေရာမှာရှိတဲ့ အရာအားလုံးကို ခုတ်ပြီးတော့ ရှင်းပစ်။ ပြီးတော့ မြေကြီးပေါ် တစ်လက်မ မကျန်အောင် ဖျက်ဆီးပစ်ကြ"

သူတို့လေးယောက်စလုံး ဒေါ်သအိုး ပေါက်ကွဲပြီးတော့ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်ကို မြေကြီးပေါ် အရှုးအမူး ခုတ်နေကြပါတယ်။ မူလမြေဆီလွှာနဲ့ ကျောက်တုံးတွေက ဒီလိုမျိုး ပြင်းထန်တဲ့ ခုတ်ချက်တွေကြောင့် ဘာမှမကျန်တော့အောင် ပြောင်းလဲသွားပြီး ဖုန်မှုန့်တောင် မကျန်တော့ပါဘူး။

ဒါပေမဲ့လည်း နတ်ဘုရား ပစ္စည်းတစ်ခုက ဘယ်လိုလုပ်ပြီး လွယ်လွယ်ကူကူနဲ့ ပျက်စီးနိုင်မှာလဲ။ သူတို့တွေ ရှာလို့ တွေ့ရင်တောင် သူတို့က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

အမိန့်စာလွှာ တစ်ခုနဲ့ ချက်ချင်းလွှမ်းခြုံ ရပါလိမ့်မယ်။ ပြီးတော့မှ ဂိုဏ်းကြီးငါးဂိုဏ်းဆီ ပြန်ယူသွားရပါမယ်။ အဆုံးမဲ့ လက်ရွေးစင်တွေပဲ နတ်ဘုရား ပစ္စည်းကို ဖွင့်နိုင်ပါမယ်။ ပြီးမှ လင်းဟာန်တို့ အုပ်စုကို အင်အားသုံး ဆွဲထုတ်ရပါမယ်။

ဒါပေမဲ့လည်း သူတို့ကို အကြီးအကျယ် ဒေါသထွက်စေတာက ဘယ်လောက်ပဲ သူတို့တွေ ကြိုးစားပါစေ နတ်ဘုရာပစ္စည်းရဲ့ တည်ရှိမှုကို ရှာတွေ့နိုင်ခြင်း မရှိပါဘူး။

Chapter 800 end

Edit with WPS Office

အပိုင်း(801) မရဏဝိညာဉ် ပန်းပွင့်

"ဟာ မဟုတ်သေးဘူး"

ရုတ်ချည်းဆိုသလို ခါးကောရာဇ်လေးရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။

"ကျော့မင်းက လင်းဟန်ရဲ့ လက်ထဲမှာ ရှိနေသေးတယ်"

"မရဏဝိညာဉ် ပန်းပွင့်"

ရှုရုရန်နဲ့ တခြားသူတွေက အံ့အားသင့်စွာနဲ့ ဆက်တိုက်အော်လိုက်ကြပါတယ်။

"မရဏဝိညာဉ် ပန်းပွင့်ကို ကိုင်ထားတဲ့ လူကပဲ အလှွာလေးကို ဖင်တဲ့အခါမှာ သူ့ရဲ့ နတ်ဘုရား အာရုံကို ထိခိုက်မှု မရှိအောင်လို့

Edit with WPS Office

ကာကွယ်နိုင်စွမ်းရှိတာ"

"မရဏဝိညာဉ် ပန်းပွင့်မရှိပဲ ငါတို့တွေ အစစ်အမှန် နဂါးအစွယ်ကို ရအောင်ယူနိုင်ဖို့ နည်းလမ်း မရှိဘူး"

"အဆုံးမဲ့ လက်ရွေးစင်တွေက ပြတ်ပြတ်သားသား ပြောထားတယ်။ ငါတို့တွေ ဒီအစစ်အမှန် နဂါးအစွယ်ကို ရအောင်ယူရမယ်တဲ့။ ပြီးတော့ အဲဒီတာဝန်အတွက် မရဏဝိညာဉ်ပန်းပွင့်ကို သုံးစွဲဖို့ အပိုမရှိဘူး"

"သေစမ်းကွာ။ ဘာဖြစ်လို့များ ကျော့မင်းက မရဏဝိညာဉ် ပန်းပွင့်ကို ကိုင်ထားတဲ့သူ ဖြစ်နေရတာလဲ"

သူတို့လေးယောက်စလုံး အံ့ကြိတ်လိုက် ကြပါတယ်။ တကယ်လို့ သူတို့က ဒီတာဝန်ကို အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ရင် သူတို့ရဲ့ အဆင့်အတန်းနဲ့တောင် ပြန်သွားတဲ့ အချိန်မှာ သူတို့ကို အထင်အမြင်သေးစွာနဲ့ နှတ်ဆက်ခံရပါလိမ့်မယ်။ ဒါမှမဟုတ်

Edit with WPS Office

အပြစ်တောင် ပေးခံရနိုင် ပါတယ်။ တစ်ခုသိထားရမှာက သူတို့က ဒီမျိုးဆက်ရဲ့ လူငယ်အုပ်ချုပ်သူတွေ ဖြစ်တယ်ဆိုပေမဲ့ ဒီနှစ်ပေါင်းတစ်သောင်း အချိန်အတွင်း ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ ပါရမီရှင်တွေနဲ့ အုပ်ချုပ်သူတွေ ဘယ်လောက်တောင်များ ထွက်ပေါ်လာခဲ့ကြသလဲ။ နောက်ပြီးတော့ ဒါက အောက်ဘုံလေး တစ်ခုပါပဲ။ တန်ခိုးရှင်ဘုံထဲမှာ ထိပ်တန်းအဆင့် ပါရမီရှင်တွေ ဘယ်လောက်တောင်များ ရှိနေလိမ့်မလဲ။

တန်ခိုးရှင်ဘုံမှာလည်း ရှင်သန်နိုင်ဖို့ သူတို့က အပြည့်အဝ ထောက်ပံ့မှုနဲ့ သူတို့ဂိုဏ်းတွေဆီက ပြုစုပျိုးထောင်ပေးမှု ရဖို့လိုပါတယ်။ ပြီးတော့ တကယ်လို့ သူတို့ရဲ့ ဂိုဏ်းတွေက သူတို့အပေါ် သူတို့ရဲ့ ထောက်ပံ့မှုတွေ ပြန်ရုပ်သိမ်းလိုက်ရင် သူတို့က မကြာခင်မှာပဲ တန်ခိုးရှင်လောကရဲ့ လူအုပ်ကြားထဲမှာ ပျောက်ဆုံးကုန်ကြပါလိမ့်မယ်။

တန်ခိုးရှင်ဘုံက အရမ်းကို ကြီးမားပါတယ်။ ပြီးတော့ အဲဒီမှာ ပါရမီရှင်တွေ အများကြီး ရှိပါတယ်။ ဒီနေရာမှာက အများကြီးရှိလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့မရှိလည်း

Edit with WPS Office

သူတို့တွေက ဘာမှဖြစ် သွားမှာမဟုတ်ပါဘူး။

"အလှာလေးကို တန်းသွားပြီးတော့ အဲဒီနေရာမှာ စောင့်နေကြရအောင်။ တကယ်လို့ လင်းဟန်က အစစ်အမှန် နဂါးအစွယ်ကို လိုချင်တယ်ဆိုရင် သေချာပေါက် အဲဒီနေရာကို ဦးတည်လာလိမ့်မယ်"

သိပ်မကြာခင်မှာ သူတို့တွေ သတိပြန်ဝင်လာခဲ့ပြီး သူတို့ရဲ့ ရတနာပစ္စည်းတွေကို ပြန်သိမ်းပြီးတော့ ဒုတိယ အလှာရဲ့ နက်ရှိုင်းတဲ့ဆီကို ဦးတည်သွားခဲ့ပါတယ်။

သူတို့တွေ ထွက်သွားပြီးတဲ့ နောက်မှာ လင်းဟန်တို့အဖွဲ့ ပြန်ပေါ်လာခဲ့ပါတယ်။

"ဟားဟား တကယ့်ကို ကြက်ကန်းဆန်အိုး တိုးတာပဲ။ ကျော့မင်းရဲ့ ကိုယ်ပေါ်မှာ ဒီလိုမျိုး ရတနာ ရှိနေတာလား"

လင်းဟန်ရဲ့ လက်ထဲမှာ နှင်းလိုဖြူဖွေးဆွတ်နေတဲ့ ပန်းတစ်ပွင့်ကို

Edit with WPS Office

ကိုင်ထားပါတယ်။ ပန်းပွင့်ရဲ့ အလယ်မှာ အနက်ရောင် မြူခိုးတွေ စုစည်းနေပါတယ်။ ဒါပေမဲ့လည်း အချိန်ခဏလေး အတွင်းမှာ ပန်းပွင့်အဖြူရောင်ကနေ ခရမ်းရောင် အဖြစ်ကို ပြောင်းလဲသွားပါတယ်။

"မရဏဝိညာဉ် ပန်းပွင့်။ ဒီလိုမျိုး အံ့မခန်း ပန်းတစ်ပွင့် တကယ်ပဲ ရှိလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး"

ဟော့လျန်ချင်ရွှယ်က အံ့အားသင့်ပြီးတော့ ပြောလိုက်ပါတယ်။

"အိုး နင်ဒီပန်းပွင့်အကြောင်း ကြားဖူးလို့လား"

လင်းဟာန်က မေးလိုက်ပါတယ်။

ဟော့လျန်ချင်ရွှယ်က ခေါင်းညိတ်ပြီးတော့ ပြန်ဖြေလိုက်တယ်။

Edit with WPS Office

"ဒဏ္ဍာရီတွေအရ ဒီအုံ့မခန်းပန်းပွင့်ရဲ့ မူလဇာစ်မြစ်က မြေအောက်ကမ္ဘာကနေ လာခဲ့တာပဲ။ ဒါကိုစားပြီးရင် လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်က မြေအောက်ကမ္ဘာရဲ့ နက်ရှိုင်းတဲ့ နေရာဆီကို ဆင်းသက်သွားသလို ဖြစ်သွားပြီး သေခြင်းနဲ့ ရှင်ခြင်းအကြားက နယ်နိမိတ်အကြား ဟိုယောင်ယောင် ဒီယောင်ယောင် လျှောက်သွားပြီးတော့ သေခြင်းရှင်ခြင်းရဲ့ အံ့ဩဖွယ်ရာကို အပြည့်အဝ အတွေ့အကြုံ ရလိမ့်မယ်။ ပြီးတော့ တစ္ဆေနဂါးလိုဏ်ဂူရဲ့ လေးခုမြောက် အလွှာက လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ် အပေါ်ကို ပြင်းပြင်းထန်ထန် သက်ရောက်စေတယ်။ တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ သူတွေတောင်မှ ဒီလိုမျိုး တရစပ်ထိုးနှက်မှုကို တောင့်ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

"မရဏဝိညာဉ် ပန်းပွင့်က အဲဒါကို ဖြေရှင်းနိုင်လား"

လင်းဟန်က မေးလိုက်ပါတယ်။

"အင်း။ မရဏဝိညာဉ် ပန်းပွင့်က စိတ်ဝိညာဉ်ကို ဝိုင်းထားလိမ့်မယ်။

Edit with WPS Office

ဒါဆိုရင် လူတစ်ယောက်က ဒီလိုမျိုး တရစပ် ထိုးနက်မှုမျိုးကို ခံစားရလိမ့်မှာ မဟုတ်ဘူး”

ဟော့လျန်ချင်ရှယ်က ပြောလိုက်ပါတယ်။

လင်းဟာန်က မရဏ ဝိညာဉ် ပန်းပွင့်ကို ထည့်သိမ်းလိုက်ပြီးတော့ ပြုံးလိုက်ပြီး ပြောလိုက်တယ်။

“ဒါဆိုရင် ငါတို့တွေ အစစ်အမှန် နဂါးအစွယ်နဲ့ ပိုပြီးတော့ နီးကပ်လာလိမ့်မယ်”

ဟော့လျန်ချင်ရှယ်က အကြီးအကျယ်ကို စိတ်လှုပ်ရှား လာခဲ့ပါတယ်။ အစပိုင်းတုန်းက သူမမှာ ဒီလိုမျိုး အတွေးကိုတောင် လက်သင့်မခံရဲပါဘူး။ ဒါပေမဲ့ အခုတော့ မရဏဝိညာဉ် ပန်းပွင့်ကို ရရှိထားပြီးတော့ အစစ်အမှန် နဂါးအစွယ်က သူမကို လက်ယပ်ခေါ်နေသလိုမျိုး မြင်နေရပါတယ်။ သူမသားရဲ့ သွေးမျိုးဆက်က သေချာပေါက် ကြောက်မက်ဖွယ်ရာ

Edit with WPS Office

အဆင့်တစ်ခုအထိ တိုးတက်လာပါလိမ့်မယ်။

ဘာဖြစ်လို့ နဂါးတစ်ပိုင်းရဲ့ တခြားအစိတ်အပိုင်းတွေက တာအို အဖြစ်ကို ပြောင်းလဲသွားပြီး အစွယ်တစ်ချောင်းပဲ ချန်ထားခဲ့တာလဲ။ အဲဒါက ဘာဖြစ်လို့လဲဆိုရင် ဒီအစွယ်က နတ်ဘုရား အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီး စစ်မှန်တဲ့ နဂါးတစ်ကောင်ရဲ့ အစွယ်ဖြစ်ပါတယ်။

"ဒါပေမဲ့လည်း အဲဒီလေးယောက်က လေးခုမြောက် အလွှာရဲ့ ဝင်ပေါက်မှာ စောင့်ကြပ်နေကြ လိမ့်မယ်။ ဒါကြောင့် အထဲကို ဝင်ဖို့တော့ သိပ်လွယ်ကူမှာ မဟုတ်ဘူး"

ဟော့လျန်ချင်ရှယ်က နောက်တစ်ကြိမ် မျက်မှောင်ကြုတ်လိုက်ပါတယ်။

"တစ္ဆေနဂါး လိုဏ်ဂူဖွင့်တဲ့ အချိန်က အကန့်အသတ်ရှိတယ်။ ပြီးတော့ အဲဒီအချိန်ကာလရဲ့ အဆုံးမှာ ငါတို့တွေ ထွက်လို့ရရင်ရ

Edit with WPS Office

မဟုတ်ရင် ဒီနေရာမှာ နှစ်ပေါင်းငါးရာ ပိတ်ခံရလိမ့်မယ်။ ငါတို့မှာ အနက်ရောင် မျှော်စင်ရှိတယ် ဆိုပေမဲ့ နှစ်ပေါင်းငါးရာ ကြာပြီးမှဆိုရင် အပြင်ကလူတွေ ထိတ်လန့်ချောက်ချားဖွယ်ရာ အခြေအနေတစ်ခု ဖြစ်နေမှာကို ငါစိုးရိမ်မိတယ်။ ပြီးတော့ အခြေနေတွေက တစ်ခုလုံး ပြောင်းလဲသွားနိုင်တယ်”

နှစ်ပေါင်းငါးရာ ကြာပြီးမှ မာထိုပေါင်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ဖွင့်ကောင်း ဖွင့်နိုင်ပါလိမ့်မယ်။ ဒါမှမဟုတ် လောကဘုံ ဆေးလုံးက ပြီးပြည့်စုံ သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ မိဘနဲ့ မိသားစုက အပြင်မှာ ရှိနေပါသေးတယ်။ ပြီးတော့ နှစ်ပေါင်းငါးရာ နောက်ပိုင်းမှာ သူတို့က သေချာပေါက် အရိုးစုတွေအဖြစ်ကို ပြောင်းလဲသွားနေလောက်ပါပြီ။ ဒါက သူဘယ်လိုမှ လက်မခံနိုင်တဲ့ အရာပဲ ဖြစ်ပါတယ်။

“အဲဒီအချိန်ကျရင် ဘာကိုပဲပေးဆပ်ရ ပေးဆပ်ရ အထဲကို ငါတို့တွေ တိုးဝင်ကြတာပေါ့”

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့မှာ မရဏဓား ရှိပါတယ်။

Edit with WPS Office

ပြီးတော့ အဆိုးဆုံး အခြေအနေ ရောက်လာရင် သူက အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုကို အသုံးပြုပြီး ချက်ချင်းဆိုသလို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ခွန်အားနဲ့ အမြန်နှုန်းကို ပိုင်ဆိုင်ပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူက သူတို့ရဲ့ ပိုင်းရံပိတ်ဆို့မှုကို ထိုးဖောက်နိုင်စွမ်း မရှိဘူးဆိုတာကို မယုံကြည်နိုင်ပါဘူး။

"ညီုးညီုး လင်းဟာန်ကို ကူမယ်"

ဟူးညိုက သူမရဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟာန်က ဟူးညိုရဲ့ ခေါင်းလေးကို ပွတ်ပြီးတော့ ပြုံးပြီးပြောလိုက်ပါတယ်။

"ညီုးညီုးရဲ့ အကူအညီနဲ့ဆိုရင် ငါတို့ သေချာပေါက် အောင်မြင်မှာပါ"

Edit with WPS Office

"ခစ် ခစ် ခစ်"

ဟူးညိုက ချက်ချင်းဆိုသလို သူမကိုယ်သူမ ဂုဏ်ယူသွားပါတယ်။

သူတို့သုံးယောက်က ခရီးဆက်လာခဲ့ပါတယ်။ အတွေးတချို့ ဝင်လာပြီးတဲ့ အခါမှာ လင်းဟန်က မေးလိုက်ပါတယ်။

"မရဏဝိညာဉ် ပန်းပွင့်က မြေအောက်ကမ္ဘာကနေ လာခဲ့တယ်။ ဒါဆိုရင် ဒါက ငရဲကနေ လာတယ်လို့ ပြောနိုင်တယ် မဟုတ်လား။ ဂိုဏ်းကြီးငါးဂိုဏ်းက ငရဲကိုတော့ စွန့်စားသွားကြလိမ့်မှာ မဟုတ်ဘူး။ ဒါဆိုရင် သူတို့တွေ ဒါကိုဘယ်ကနေ ရလာခဲ့တာလဲ"

သူ့ရဲ့ မျက်လုံးတွေ ရုတ်တရက် တောက်ပလာခဲ့ပြီး ပြောလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်း"

Edit with WPS Office

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ မူလဇာစ်မြစ်က တန်ခိုးရှင်ဘုံက မဟုတ်ပဲ ငရဲက ဖြစ်ပါတယ်။ ဒါဆို ဂိုဏ်းကြီးငါးဂိုဏ်းက အလောင်းတစ်ထောင်ဂိုဏ်းနဲ့ သဘောတူညီမှု တချို့ ပြုလုပ်ပြီးတော့ ရထားတာ ဖြစ်ပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အတွက်တော့ မရဏဝိညာဉ် ပန်းပွင့်ကို ရယူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာတစ်ခုပါပဲ။

"သူတို့ရဲ့ ပူးပေါင်းလုပ်ဆောင်မှုရဲ့ နက်ရှိုင်းခြင်းက ငါခန့်မှန်းထားတာထက် ကျော်လွန်နေပြီ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

နည်းနည်းလောက် လျှောက်လာပြီးတဲ့ နောက်မှာ ရွှမ်ယုချိုင်က အရှေ့မှာ စောင့်နေတာကို သူတို့တွေ တွေ့မြင်လိုက်ရပါတယ်။ သူမက သူတို့ကို မြင်လိုက်ရတဲ့ အခါမှာ သူမရဲ့ မျက်နှာပေါ်မှာ ငါထင်ထားတဲ့ အတိုင်းပါပဲ ဆိုတဲ့ ပုံစံမျိုး အမူအရာတစ်ခု

Edit with WPS Office

ဖြစ်ပေါ်လာခဲ့ပြီး သူမက သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နင်ငါ့ကို မျက်ခြေပြတ်လို့ မရပါဘူး"

တကယ့်ပြဿနာအိုးပဲ။

လင်းဟန်က ဟော့လျန်ချွင်ရှယ်ဆီကို ကြည့်ပြီးတော့ ပြုံးလိုက်ပြီး ပြောပါတယ်။

"ငါတို့ သူမကို သတ်လို့ရလား"

"ကောင်းတယ် ကောင်းတယ်။ ညီုညီု နဂါးအသားကင် စားချင်တယ်"

ဟူးညီုက ပြောလိုက်ပြီး ချက်ချင်းပဲ သွားရည်တမြားမြား ကျလာတာကြောင့် ရှမ်ယုချိုင်ကို ထိန်လန့်သွား စေခဲ့ပါတယ်။ ဒီကလေးမလေးက ဘာဖြစ်လို့ အရမ်းကို ရက်စက်ကြမ်းကြုတ်

Edit with WPS Office

ရတာလဲ။ နဂါးအသားကို စားချင်လွန်းလို့ သွားရည်တောင် တမြားမြား ကျနေတာလား။

ဟော့လျန်ချွင်ရွှယ်က သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ထားလိုက်ပါ။ တကယ်တော့ သူက ရွှမ်ယုကလန်ရဲ့ မင်းသမီးတစ်ပါးပဲ။ ပြီးတော့အခုချိန်မှာ ငါတို့က တစ်ဖက်တည်းလို့ ပြောရမယ်။ ဒါကြောင့် သူ့ကိုသတ်လိုက်တာက လွယ်လွယ်နဲ့ ရှင်းချက် ပေးနိုင်လိမ့်မှာ မဟုတ်ဘူး"

အခုမှပဲ ရွှမ်ယုချိုင်က သက်ပြင်းချ နိုင်ပါတော့တယ်။ လင်းဟာန်ပဲဖြစ်ဖြစ် ဟော့လျန်ချွင်ရွှယ်ပဲ ဖြစ်ဖြစ် သူမကို သတ်ပစ်နိုင်တဲ့ စွမ်းရည်တွေ ရှိတယ်ဆိုတာကို သိပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ နောက်စကားတွေက သူမကို နောက်တစ်ကြိမ် စိုးရိမ်စိတ် ဖြစ်စေပါတယ်။

Edit with WPS Office

"ဘာပဲဖြစ်ဖြစ် ဒါက တစ္ဆေနဂါး လိုဏ်ဂူပဲလေ။ ဒါကြောင်
တကယ်လို့ ငါတို့က သူမကို သတ်လိုက်မယ် ဆိုရင်တောင်
ဘယ်သူကမှ ငါတို့လုပ်တယ် ဆိုတာကို သိမှာမဟုတ်ဘူး"

ဟော့လျန်ချင်ရှယ်က အလိုအလျောက် ခေါင်းခါပြီးတော့
ရယ်မောကာ ပြောလိုက်ပါတယ်။

"ထားပါတော့။ သူ့ကို ထပ်ပြီးတော့ စိတ်ဝေဒနာ မပေးပါနဲ့တော့"

နောက်ဆုံးမှာ လင်းဟာန်က ပြောလိုက်ပါတယ်။

"ငါတို့နောက်ကို ဆက်ပြီးတော့ မလိုက်စေနဲ့။ အဲဒီလိုမှ
မဟုတ်ဘူးဆိုရင် သူက ဘယ်သူပဲဖြစ်ဖြစ် ငါသူ့ကို
သတ်ပစ်ရလိမ့်မယ်"

ရှမ်ယုချိုင်ရဲ့ ပင်ကိုယ်စရိုက်က စော်ကားမော်ကား ပြောတာကို
မခံချင်ပါဘူး။ သူမရဲ့ ခေါင်းကို မော့ထားပြီးတော့
ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒါဆိုလည်း ငါ့ကို သတ်လိုက်လေ။ ဒါပေမဲ့ နင်ငါ့ကို သတ်ရဲလို့လား"

ဒါက ဒုတိယ အထပ်ပဲ ရှိပါသေးတယ်။ ဒါကြောင့် ဖြစ်သွားဖြစ်လာတွေ အများကြီး ရှိပါတယ်။ လင်းဟန်က တကယ်ပဲ တိုက်ခိုက်ရဲလိမ့်မယ်လို့ သူမက မယုံကြည်ပါဘူး။

"မသိနားမလည်တတ်ဘူးပဲ"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီမင်းသမီးလေးက အလိုလိုက်ခံထားရပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ဆိုးပါတယ်။ ကံကောင်းတာက သူမတွေ့တဲ့လူက သူဖြစ်နေလို့ပါ။ အဲလိုမှ မဟုတ်ရင် သူမရဲ့ အသက် ဆုံးရှုံးသွားတာ ကြာနေလောက်ပါပြီ။

သူတို့တွေက ဆက်ပြီးတော့ ချီတက်လာခဲ့ပါတယ်။ ဒုတိယအလွှာရဲ့

Edit with WPS Office

ပတ်ဂန်းကျင်က လုံးဂကို ကွာခြားပါတယ်။ ဒုတိယအလွှာ တစ်ခုလုံးကို မီးလိုမျိုးရဲရဲနီတဲ့ တောအုပ်တစ်ခုနဲ့ ဖုံးကွယ်ထား ပါတယ်။ သစ်ပင်တိုင်း မီတာသုံးရာလောက် ရှည်လျားပြီး ကြီးမားတဲ့ အမိုးကြီး တစ်ခုလိုမျိုး ဖြစ်နေပါတယ်။

"ဒါတွေက သွေးကျိုင်းကောင် သစ်ပင်တွေပဲ။ အစစ်အမှန် နဂါးရဲ့ အသွေးအသားရဲ့ အဆီအနှစ်ကို စုပ်ယူပြီးတော့ ပေါက်လာကြတယ်။ သူတို့အထဲမှာ တချို့သွေးကျိုင်းကောင် သစ်ပင်တွေမှာ ကျင့်ကြံနိုင်စွမ်းတောင် ရှိကြတယ်။ ပြီးတော့ သူတို့ကိုယ်သူတို့ အမြစ်ဖြတ်ပြီး တခြားသူတွေကို လမ်းလျှောက် သတ်နိုင်တယ်။ သူတို့ကို သွေးကျိုင်းကောင် သစ်လူသားလို့ ခေါ်တယ်"

ဟော့လျန်ချွင်ရွှယ်က သတိပေးလိုက်ပါတယ်။

"သွေးကျိုင်းကောင် သစ်လူသားတွေ မလှုပ်ရှားခင် သူတို့က အနီးအနားမှာရှိတဲ့ သစ်ပင်တွေနဲ့ နည်းနည်းလေးမှ မကွဲပြားဖူး။ ဒါကြောင့် ငါတို့တွေ သတိထားရလိမ့်မယ်။ တစ္ဆေနဂါး လိုဏ်ဂူ ပွင့်တဲ့အချိန်တိုင်း ဒီနေရာမှာ သေသွားတဲ့ အရေအတွက်က

Edit with WPS Office

အများဆုံးပဲ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါက ကျော့မင်းကို အစောပိုင်းတုန်းက သူတို့တွေ ဘယ်လိုမျိုး ချောင်းမြောင်းလုပ်ကြံခဲ့သလဲ ဆိုတာနဲ့ တူညီပါတယ်။ သတိမမူရင် အစွမ်းထက်ဆုံး ပါရမီရှင်တွေတောင် အာဃာတတွေနဲ့ သေသွားရပါလိမ့်မယ်။

ဒါပေမဲ့လည်း တချိန်တည်းမှာ သွေးကျိုင်းကောင် သစ်လူသားတွေကလည်း ရတနာတွေ ဖြစ်ပါတယ်။ သူတို့တွေမှာ သစ်ပင်နလုံးသားတွေ ရှိပြီးတော့ နဂါးတစ်ပိုင်းရဲ့ အဆီအနှစ် တချို့ သိပ်သည်းထားတာ ရှိပါတယ်။ ဒါကြောင့် အဲဒါတွေက အနည်းနဲ့ အများဆိုသလို နဂါးသွေး မြက်ပင်နဲ့ တူညီတဲ့ အာနိသင်ရှိပြီးတော့ ဒီပစ္စည်းတွေအတွက် တိုက်ခိုက်ရပါမယ်။ ရတနာတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ တကယ်လို့ အားလုံးက ဒီနေရာဟာ အရမ်းကို အန္တရာယ်များတဲ့ နေရာတစ်ခု ဖြစ်တယ်ဆိုတာကို သိနေရင်တောင်မှ သစ်ပင်တွေအောက်ကို လမ်းလျှောက်ပြီးတော့ သူတို့ကို သွေးကျိုင်းကောင် သစ်လူသားတွေ

Edit with WPS Office

တိုက်ခိုက်လာဖို့အတွက် ဆွဲဆောင်မဲ့ လမ်းကို ရွေးချယ်ကြပါဦးမယ်။ ဒါမှပဲ သူတို့တွေက သွေးကျိုင်းကောင် သစ်လူသားတွေရဲ့ ရတနာတွေကို ပြန်ပြီးတော့ လုယူနိုင်မှာပါ။

လင်းဟာန်ကလည်း ဒီလိုမျိုး လုပ်ဖို့ အစီအစဉ် ဆွဲထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ သုံးယောက်စလုံး အဆင့်မြင့် ကျွမ်းကျင်သူတွေ ဖြစ်ပြီးတော့ ရဲဝံ့သူတွေ ဖြစ်ပါတယ်။ သူတို့က သွေးကျိုင်းကောင် သစ်လူသား ဘုရင်ကို ရှောင်ရှားဖို့ ဂရုစိုက်ရမှာ ဖြစ်ပါတယ်။

Chapter 801 end

အပိုင်း(802) သွေးကျိုင်းကောင် သစ်လူသား

ရှုပ်။

ရွှမ်ယုချိုင်အနားက သစ်မြစ်တစ်ခုက ရုတ်တရက် တွန့်လိမ်ပြီးတော့ ရစ်ပတ်လာပါတယ်။ သူ့ရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီးတော့ သူမကို အံ့အားသင့် သွားစေခဲ့ပါတယ်။

Edit with WPS Office

တကယ်လို့ ရှမ်ယုချိုင်က တစ်ချိန်လုံး သတိဝီရိယ ထားနေမယ်ဆိုရင်တောင် ချောင်းမြောင်း တိုက်ခိုက်မှုက အောင်မြင်မှု ရှိနေပါဦးမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသစ်မြစ်က သူမရဲ့ ခြေထောက်အောက်ဘက်မှာ ရှိနေပြီး တစ်ချက်တည်းနဲ့ သူမရဲ့ ခြေထောက်ကို ရစ်ပတ်နိုင်စွမ်း ရှိပါတယ်။ သစ်မြစ်က အပေါ်ဘက်ကို ဆွဲမြှောက်လိုက်တဲ့ အခါမှာ ရှမ်ယုချိုင်က လေထဲမှာ ဇောက်ထိုးကြီး တွဲလောင်းချိတ်ခံရသလို ဖြစ်နေပါတယ်။

အဲဒီအခိုက်အတန့် အနည်းဆုံး သစ်မြစ်ဆယ်ခုကျော်က အရှေ့ကို တွန့်လိမ်ပြီးတော့ သူမကို အစာသွပ်ထားတဲ့ မုန့်တစ်ခုလိုမျိုး တင်းတင်းကျပ်ကျပ် ချည်နှောင်ထား ကြပါတယ်။

"အား"

ရှမ်ယုချိုင်က အထိတ်တလန့် အံ့အားသင့်နေမိပါတယ်။

Edit with WPS Office

လင်းဟာန်က လှည့်ကြည့်ပြီးတော့ သဘောကျစွာနဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"ဒီသစ်ပင်က တရုတ်ရှား သစ်ပင်ဆိုတာကို ငါလောင်းကြေးထပ်ရဲတယ်"

ချည်နှောင်ထားတဲ့ နည်းလမ်းက တကယ်ပဲ အရမ်းကို အနုပညာရသ မြောက်ပါတယ်။ သစ်မြစ်တွေက ရွှမ်ယုချိုင်ကို တင်းတင်းကျပ်ကျပ် ချည်နှောင်ထားပြီး သူမခန္ဓာကိုယ် တစ်ခုလုံးရဲ့ အမို့အမောက် အကွေ့အဝိုက်တွေကို ထင်းခနဲ ဖြစ်စေပြီး အထူးသဖြင့်တော့ သူမရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေက တောင်ပူစာလေး နှစ်လုံးလိုမျိုး ထင်းနေပါတယ်။

အဲဒီအချိန်မှာ ဟော့လျန်ချွင်ရွှယ်ကတော့ မကျေနပ်မှုတွေနဲ့ ပြည့်နေတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။ သူမအမုန်းဆုံးအရာက သူမရဲ့ အရှေ့မှာ တခြားလူတစ်ယောက်ရဲ့ ဖွံ့ထွားနေတဲ့ ရင်သားတွေကို ပြနေတာမျိုးပဲ မဟုတ်လား။ သူမက လင်းဟာန်ကို မေးလိုက်ပါတယ်။

Edit with WPS Office

“နင်သူ့ကို ကယ်ဖို့ အစီအစဉ် မရှိဘူးလား”

“ဘာဖြစ်လို့ ငါတို့က သူ့ကို ဒီနေရာမှာ မထားခဲ့ရမှာလဲ။ ဒါမှ ငါတို့အနောက်ကို သူဆက်ပြီးတော့ မလိုက်တော့မှာပေါ့”

လင်းဟန်က ရယ်မောလိုက်ပါတယ်။

ရွှပ်။

နောက်ထပ် သစ်ကိုင်းတစ်ခု ထွက်လာပြီး ရွှမ်ယုချိုင်ရဲ့ နှလုံးသားဆီကို တိုက်ရိုက်ရည်ရွယ် လာခဲ့ပါတယ်။ ဒီတစ်ကြိမ် သူမအနားမှာ ချည်နှောင်ဖို့ မဟုတ်ပဲနဲ့ သူမရဲ့ နှလုံးသားကို ထိုးစိုက်ပြီး သူမရဲ့ အသက်ဓာတ် အဆီအနှစ်ကို စုပ်ယူဖို့ ဖြစ်ပါတယ်။

Edit with WPS Office

"ဟင့်"

လင်းဟန်က သူ့လက်ချောင်းတစ်ချောင်းကို ဆတ်ခနဲ လုပ်လိုက်ပါတယ်။ ဝှမ်း။ အဲဒီသစ်မြစ်က ချက်ချင်းဆိုသလို အနောက်ကို ဆုတ်သွားခဲ့ပါတယ်။

ရှွပ် ရှွပ် ရှွပ် ရှွပ်။

သစ်ကိုင်းချက် ခုနစ်ခုဆက်တိုက်က ရှမ်ယုချိုင်ရဲ့ ရင်သားတွေဆီကို ဦးတည်လာခဲ့ပါတယ်။

"မင်းက သင်ခန်းစာ မရသေးဘူးလား"

လင်းဟန်က မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို အသုံးပြုပြီးတော့ အဲဒီသစ်ကိုင်းခက်တွေကို ရိုက်ချလိုက်ပါတယ်။ ဖြန်း ဖြန်း ဖြန်း။ အဲဒီသစ်ကိုင်းခက်တွေ အားလုံး ကျိုးပဲ့ကုန်ပြီးတော့ အနီးကပ် သေသေချာချာ ကြည့်လိုက်မယ်ဆိုရင် အစိမ်းရောင် အရည်တွေက သွေးတွေပန်းထွက်နေသလို ထွက်နေတာကို

Edit with WPS Office

တွေ့မြင်ရပါမယ်။

"ဂါး"

ဒေါသနဲ့ ပြည့်နေတဲ့ အသံတစ်ခုကို ကြားလိုက်ရပြီး သစ်ပင်ကြီး တစ်ပင်က သူ့ဘာသာသူ အမြစ်တွေ ကျွတ်ထွက်လာတာကို မြင်လိုက်ရပါတယ်။ ရောမ သွေးကြောပုံစံတွေ ပိုင်းရံထားတဲ့ ခြေထောက်ပုံစံ နှစ်ခုကိုလည်း တွေ့လိုက်ရပါတယ်။ ရွှမ်ယုချိုင်က သစ်ပင်ပင်စည်ကြီး တစ်ခုမှာ တွဲလောင်းချိတ် ခံထားရပြီး သူ့ရဲ့လုပ်ရှားမှုနဲ့အတူ ဘေးဘီဝဲယာကို ရမ်းခါနေပါတယ်။

သွေးကျိုင်းကောင် သစ်လူသားတစ်ယောက်။

"ကယ်ကြပါ။ ကယ်ကြပါ"

သေခြင်းအစွန်းကို ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့

Edit with WPS Office

နှစ်ကြိမ်တိုင်တိုင် ရောက်ပြီးတဲ့ နောက်မှာတော့ ရွှမ်ယုချိုင်က ကြောက်ရွံ့မှု ဆိုတာကို သိသွားပြီး လင်းဟန်နဲ့ တခြားသူတွေကို တုန်တုန်ယင်ယင် အသံနဲ့ အကူအညီတောင်းနေပါတယ်။

လင်းဟန်က သူမကို အလျင်စလိုနဲ့ မကယ်တင်ခဲ့ပဲ ဒီမင်းသမီးလေးကို နည်းနည်းပိုပြီးတော့ ခံစားတွေ့ကြုံစေပြီး ပိုပြီးတော့ လိမ္မာလာဖို့ ဆုံးဖြတ်ထားပါတယ်။ သူက အဲဒီသွေးကျိုင်းကောင် သစ်လူသားကို ရယ်ရယ်မောမောနဲ့ ကြည့်ပြီးတော့ ပြောလိုက်တယ်။

"တိုက်ခိုက်ခြင်းက အော်ဟစ်တဲ့ အပေါ်မှာ မူမတည်ဘူး"

ဟုမ်း။

သွေးကျိုင်းကောင် သစ်လူသားက သူ့ရဲ့နွယ်ပင်တွေကို တန်းပြီးတော့ တွန့်လိမ်ပြီး မယုံနိုင်စရာ ကောင်းပြီး ကြီးမားထူထဲတဲ့ လက်ဝါးပုံစံ ဖြစ်ပေါ်စေပြီး လင်းဟန်ပေါ်ကို ရိုက်ချလိုက်ပါတယ်။

Edit with WPS Office

ပေါ့ပါးဖျတ်လတ်တဲ့ လှုပ်ရှားမှုက လေချွန်သံလို မြည်သွားပေမဲ့ အသံက လက်ဝါးထက် နောက်ကျနေပြီး ဒီတိုက်ခိုက်မှုက ဘယ်လောက်တောင် မြန်သလဲဆိုတာ ဖော်ပြနေပါတယ်။

"ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည် ကြယ်ခုနစ်လုံး"

လင်းဟန်က တွက်ချက်ကြည့် လိုက်ပါတယ်။ ဒီနေရာကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ဝင်လာနိုင်စွမ်း မရှိပါဘူး။ ကောင်းကင်အဆင့် ကြယ်ခုနစ်လုံးက အဆင့်က အရမ်းကို အစွမ်းထက်ပါတယ်။

သူက မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်ကို ဆက်ပြီးတော့ အသုံးပြုလိုက်ပြီး သစ်ပင်လူသားဆီကို ရိုက်ချလိုက်ပါတယ်။

ပုန်း။

Edit with WPS Office

ပြင်းထန်တဲ့ ဒီတိုက်ခိုက်ဖလှယ်မှုမှာ သစ်ပင်လူသားက ချက်ချင်းပဲ လွင့်ထွက်သွားပြီး လင်းဟာန်က အနောက်ကနေ နီးနီးကပ်ကပ်နဲ့ လိုက်သွားပါတယ်။ ထန် ထန် ထန်။ နောက်ထပ် လက်ဝါးချက် အနည်းငယ် ရိုက်ထုတ်လိုက်ပြီး ဒီသွေးကျိုင်းကောင် သစ်ပင်လူသားကို ပြုတ်ကျသွားတဲ့အထိ ချလိုက်ပါတယ်။

ဟူးညိုက လှစ်ခနဲ ပြေးလာပြီး နွယ်ပင်တွေ အကြားက လက်သီးတစ်လုံး အရွယ်အစားရှိတဲ့ သွေးနီရောင် သလင်းကျောက် တစ်ခုကို လျင်လျင်မြန်မြန်နဲ့ ဆွဲထုတ်ယူလိုက်ပါတယ်။ သူမက ပျော်ရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

"လင်းဟာန် လင်းဟာန် ညီးညီး သစ်ပင်နှလုံးသားကို ရှာတွေ့ပြီ"

အဲဒီအချိန်မှာ ရွှမ်ယုချိုင်က သူမရဲ့ တင်ပါးတွေကို ပွတ်သပ်ပြီးတော့ တုန်လှုပ်ချောက်ချား နေပါတယ်။ မြေပြင်ပေါ်ကို ပြုတ်ကျလာတာက သူမကို မနာကျင်စေဘူး ဆိုပေမဲ့ ဒီလူသုံးယောက်က သူမကို မရှိတဲ့အတိုင်း လျစ်လျူရှုထားပြီးတော့ အဲဒါက သူမကို အရမ်းပဲ မတရားသလို ခံစားရပါတယ်။

Edit with WPS Office

အနည်းဆုံးတော့ သူမက ကလန်တစ်ခုရဲ့ မင်းသမီးတစ်ပါး ဖြစ်ပြီးတော့ နုနယ်ပြီး လှပချောမောတဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူမက အခုလိုမျိုး လျစ်လျူရှုတာကို ခံနေရပါတယ်။

လင်းဟန်က သစ်ပင်နလုံးသားကို သိမ်းလိုက်ပါတယ်။ အခုအဲဒါကို မွမ်းမံသန့်စင်ဖို့ အချိန်မရှိသေး ပါဘူး။ သူတို့ရဲ့ အချိန်က အကန့်အသတ် ရှိပါတယ်။ ဒါကြောင့် အစစ်အမှန် နဂါးအစွယ်ကို အရင်ဆုံး ရှာတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

သူတို့က သွေးကျိုင်းကောင် သစ်ပင်လူသားတွေကို တမင်သက်သက် လိုက်မရှာပဲ ဆက်ပြီးတော့ ထွက်လာခဲ့ကြပါတယ်။ တကယ်လို့ သူတို့ကို သွေးကျိုင်းကောင် သစ်ပင်လူသားတွေက ချောင်းမြောင်းလုပ်ကြံရင်တော့ သူတို့က တန်းပြီးတော့ သတ်ပစ်လိုက်ပြီး သစ်ပင်နလုံးသားကို စုစည်းခဲ့ပါတယ်။

ဒီနေရာမှာ သွေးကျိုင်းကောင် သစ်ပင်လူသား အရေအတွက်က တော်တော်လေးကို များပါတယ်။ ပြီးတော့ သူတို့က

Edit with WPS Office

လမ်းတစ်လျှောက်မှာ သစ်ပင်နှလုံးသား သုံးဆယ်ခန့် စုစည်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒါတွေက တိုက်ပွဲဆုလာဘ်တွေ ဖြစ်ပြီးတော့ ရုံဖန်ရံခါ ပိုင်ရှင်မဲ့ လက်နက်တွေနဲ့ အဂတ်အစား အစုတ်အပြဲတွေကို လမ်းတစ်လျှောက် တွေ့မြင်ရပါတယ်။ ဒါတွေက သွေးကျိုးကောင် သစ်ပင်လူသားတွေရဲ့ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးသွားတဲ့ လူတွေရဲ့ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

တစ်ရက်ခန့် ကြာပြီးတဲ့ နောက်မှာ သူတို့အရှေ့တည့်တည့်က နေရာတစ်ခုကနေ ကြီးမားတဲ့ အသံကြီး တစ်ခုကို ကြားလိုက်ရပါတယ်။ အဝေးကနေ သစ်ပင်ကြီး တစ်ပင်က ဘေးဘီဝဲယာကို လှည့်ပြီးတော့ သူ့ရဲ့ နွယ်ပင်တွေဟာ ထူထဲတဲ့ လက်မောင်းတွေ အဖြစ်ကို ပြောင်းထားပြီး အောက်ဘက်ကို အဆက်မပြတ် မိုးရေစက်တွေလို ရိုက်ချနေတာကို တွေ့မြင်လိုက်ရပါတယ်။

"ဒီသစ်ပင်ကြီးက စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်နဲ့ ကပ်နေပြီ မဟုတ်လား"

Edit with WPS Office

ဟော့လျန်ချင်ရှယ်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ တကယ်လို့ သူမလုပ်ရှားမယ် ဆိုရင်တောင် ဒီနတ်ဆိုးသစ်ပင်ကို လွှမ်းမိုးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ဖြေလိုက်ပါတယ်။

"အရမ်းကို သန်မာတယ်။ ဒါက တကယ်ပဲ အရမ်းကို သန်မာတယ်။ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုတာက အရမ်းကို ခက်ခဲတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းအားကို ပိုင်ဆိုင်ဖို့ တကယ်ပဲ ဖြစ်နိုင်လိမ့်မယ်"

သူတောင်မှ ဆူးဗြောင့်ခလုတ် ပြဿနာ တစ်ခုလို့ ခံစားနေရပါတယ်။ သူ့အနေနဲ့ ဒီလိုမျိုး တည်ရှိမှု တစ်ခုကို ရေခဲနဂါး ဂက်ပါကို အသုံးမပြုသရွေ့ ရှုံးနိမ့်အောင် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း သူတို့က ကြောက်ရွံ့ခြင်း ကင်းနေကြပါတယ်။ တကယ်လို့ သူတို့ဟာ ဒီသစ်ပင် လူသားကို အနိုင်မယူနိုင်ဘူး ဆိုရင်တောင် တည်တည်ငြိမ်ငြိမ်နဲ့ နောက်ဆုတ်နိုင်စွမ်း ရှိပါလိမ့်မယ်။ နောက်ပြီးတော့ လင်းဟာန်ဆီမှာ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂျက်ပါ အစီအရင် ရှိနေပါသေးတယ်။

သူတို့တွေ အနားကို ကပ်လာတဲ့ အခါမှာ ဒီသစ်ပင်လူသားက လူပေါင်းနှစ်ဆယ်ကျော်နဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေတာ တွေ့မြင်လိုက်ရပါတယ်။

"ရွှမ်ယုကလန်"

လင်းဟာန်က ပြောလိုက်ပါတယ်။ သူက လူတစ်ချို့ကို သတိပြုမိသွားပြီး သူတို့အထဲမှာ အံ့အားသင့်စရာ ကောင်းလောက်အောင် ဖန်ရှင်းလည်း ပါဝင်နေပါတယ်။

Edit with WPS Office

သူတို့က လူပေါင်းနှစ်ဆယ်ကျော် ရှိတယ်ဆိုပေမဲ့ သူတို့ပုံစံက ဒီဧရာမ သစ်ပင်လူသားနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ခက်ခဲတဲ့ အခြေအနေ တစ်ခု ဖြစ်နေပုံပါပဲ။ သူတို့ထဲက အများစုဟာ သစ်ပင်လူသားက လက်သီးတစ်ချက် ထိုးလိုက်တာကို မြင်လိုက်ရတဲ့ အခါမှာ စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်ကြပါတယ်။ ဖန်ရှင်းတစ်ယောက်ပဲ ဒီသစ်ပင်လူသားကို ထိပ်တိုက် ရင်ဆိုင်ရဲပါတယ်။ ပြီးတော့ သူ့ရဲ့လိပ်ခွံကို ဒိုင်းတစ်ခုလို အသုံးပြုရပါတယ်။ သူတောင်မှ ဒီသစ်ပင်လူသားဆီက တိုက်ခိုက်မှုကို လက်ခံရရှိတဲ့ အခါမှာ အနောက်ကို ဆုတ်ပေးရပါတယ်။ ပြီးတော့ ပြင်းထန်တဲ့ ဒဏ်ရာတော့ နည်းနည်းလေးမှ မခံစားရပါဘူး။

ဒါက အရမ်းကို ထူးခြားပါတယ်။ ဒီလိုမျိုး ခုခံကာကွယ်နိုင်တဲ့ စွမ်းရည်က တကယ်ပဲ အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။

လိပ်ခွံ အင်း။ ခုခံမှုမှာ အစွမ်းထက်ဆုံး မျိုးနွယ်စုပဲ။ ဒါကို ဘယ်သူမှ ယှဉ်နိုင်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ဖန်ရှင်းက သစ်ပင်လူသားကို တာဝန်ယူပြီး တခြားသူတွေက သူတို့ရဲ့ တိုက်ခိုက်မှု အသီးသီးကို ပစ်လွှတ်လိုက် ကြပါတယ်။ ဒါပေမဲ့လည်း သစ်ပင်လူသားရဲ့ ခုခံမှုက အားမနည်းပါဘူး။ ဓားသွားတွေက သူ့ခန္ဓာကိုယ်ကို ခုတ်မိတဲ့ အခါမှာ သူတို့က သစ်သားအပိုင်းစ တချို့ပဲ လှီးဖြတ်နိုင်ပါတယ်။ သူ့ရဲ့ အမြစ်ကို ထိခိုက်ဒဏ်ရာ ရရှိစေဖို့ အရမ်းကို ခက်ခဲပါတယ်။ နောက်ပြီးတော့ သစ်သားဓာတ် သက်ရှိသတ္တဝါတွေရဲ့ ခွန်အားက သူတို့ရဲ့ ပြန်လည်ကောင်းမွန် လာနိုင်တဲ့ စွမ်းရည်ပေါ်မှာ မူတည်ပါတယ်။ မကြာခင် အဲဒီဒဏ်ရာတွေက ပြန်လည်ကောင်းမွန် သွားပါတယ်။

"သူတို့ကို ကူညီလိုက်"

ရွှမ်ယုချိုင်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူမရဲ့ ဓားကို ဆွဲထုတ်ပြီးတော့ တိုက်ပွဲထဲကို တစ်ဟုန်ထိုး ပြေးဝင်သွားခဲ့ပါတယ်။

သူမက အပေါ်ယံ မျက်နှာထားတင်းတယ် ဆိုပေမဲ့ သူမရဲ့

Edit with WPS Office

အစစ်အမှန် ခွန်အားက တကယ်ပဲ အားကောင်းတယ်လို့ သတ်မှတ်နိုင်ပါတယ်။ သူမက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့်ကို ရောက်နေပါတယ်။ သူမအတွက်တော့ အခြေအနေ တစ်ခုလုံးကို ပြောင်းလဲပစ်လိုက်ဖို့ဆိုတာ မဖြစ်နိုင်ပေမဲ့ သူမရဲ့ တိုက်ပွဲစွမ်းရည်က လျစ်လျူရှုလို့တော့ မရနိုင်ပါဘူး။

"မင်းသမီးလေးချိုင်"

ဖန်ရှင်းနဲ့ တခြားသူတွေက ကျေနပ်အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

လင်းဟာန်က ဂင်ပြီးတော့ မစွက်ဖက်ပဲ ပြောလိုက်ပါတယ်။

"ဒီလူတွေဆီမှာ အသက်ကယ်တင်နိုင်တဲ့ ဗုက်ဖဲတချို့ ရှိမှာပဲ။ ဒါကြောင့် သူတို့တွေက ဒီနေရာမှာ သေသွားမှာတော့ မဟုတ်လောက်ဘူး။ ကောင်းပြီလေ။ ငါတို့ နောက်ဆုံးတော့

Edit with WPS Office

ဒီခပ်တုံးတုံး မိန်းကလေးကို ချန်ထားခဲ့နိုင်ပြီ"

"သူ့ကိုကြည့်ရတာ ချောမောလှပပြီး သူ့ရင်သားတွေလည်း အရမ်းကို ကြီးတယ်။ ဒါကြောင့် ဘာဖြစ်လို့ ပိုင်ဆိုင်အောင်လို့ မလုပ်တာလဲ"

ဟော့လျန်ချွင်ရွယ်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။ သူမက ရှမ်ယုကလန် အနေနဲ့ လင်းဟန်ကို ရှမ်ယုချိုင်နဲ့ လက်ထပ်ပေးချင်နေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး အရမ်းကို စိတ်အနှောင့်အယှက် ဖြစ်နေပါသေးတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူမကို လက်တစ်ဖက်တည်းနဲ့ ဖက်ပြီး အရှေ့ကို ပျော်ပါးဖျတ်လက်စွာနဲ့ ပြေးသွားလိုက်ပါတယ်။

"အကြောင်းမရှိ အကြောင်းရှာပြီး သဝန်တိုမနေနဲ့။ သွားကြမယ်"

"ညိုးညိုးကိုလည်း အဲဒီလိုမျိုး ခေါ်သွားလေ"

Edit with WPS Office

ဟူးညိုက လျှင်မြန်စွာနဲ့ ပြေးပြီးတော့ သူတို့နောက်ကနေ လိုက်ဖမ်းပါတယ်။

သူတို့ရဲ့ ပစ်မှတ်က မိုးကောင်းကင်ထိအောင် မြင့်တက်နေတဲ့ ရောမ သစ်ပင်ကြီး ဖြစ်ပြီးတော့ ဒုတိယအလွှာရဲ့ နေရာအနှံ့ကို တွေ့မြင်နိုင်ပါတယ်။ တကယ်လို့ သူတို့က တတိယ အလွှာကို ဝင်ချင်တယ်ဆိုရင် အဲဒီရောမ သစ်ပင်ကြီးဆီကို ရောက်ဖို့လိုအပ်ပြီး အပင်ပေါ်ကို တက်ကာ တတိယ အလွှာကို ရောက်ရှိပါလိမ့်မယ်။

ဒီမှာရှိတဲ့ နေရာက နည်းနည်းတော့ အစီအစဉ်တကျ မရှိပါဘူး။ ဒါပေမဲ့လည်း ဒါက သာမန်ပါပဲ။ တကယ်တော့ သူတို့က နဂါးတစ်ပိုင်း လူတစ်ယောက်ရဲ့ အထဲမှာ ဖြစ်ပါတယ်။ အတိတ်တုန်းက အောက်ဘုံကို ဆင်းသက်လာတဲ့ တန်ခိုးရှင်တွေတောင်မှ မသတ်ဖြတ်နိုင်တဲ့ လူဖြစ်ပါတယ်။ အခု အသက်အရွယ် အိုမင်းပြီး သေသွားခဲ့ပေမဲ့ အံ့မခန်း လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ ဖြစ်ပေါ်နေဆဲပါပဲ။

သူတို့ရဲ့ လမ်းမှာ ဆူးခြောင့်ခလုတ်တချို့နဲ့ ကြုံတွေ့ခဲ့ပါတယ်။

Edit with WPS Office

ပြီးတော့ သွေးကျိုင်းကောင် သစ်ပင်လူသား တော်တော်များများကို သတ်ပစ်ခဲ့ပါတယ်။ ဒါက သူတို့ရဲ့ ခရီးကို အနည်းငယ် နှောင့်နှေးစေခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က နေ့တစ်ဝက် မကြာခင်မှာပဲ ရှေးမ သစ်ပင်ကြီးရဲ့ အောက်ကို ရောက်လာနိုင်ခဲ့ ကြပါတယ်။

"ဒါကြီးက တကယ်ရှေး သစ်ပင်မှ ဟုတ်ရဲ့လား"

အနီးကပ် သေချာလေ့လာကြည့်ပြီးတော့ ဒီရှေးမ သစ်ပင်ကြီးက တောင်ကြီးတစ်လုံးလောက် ကျယ်ပြီးတော့ သူ့ကိုယ်ပိုင် အရိုးတွေ ဖြစ်ပေါ်နေသလိုမျိုး တွေ့မြင်ရပါတယ်။

Chapter 802 end

အပိုင်း(803) အစစ်အမှန် နဂါးရဲ့ သွေးကျောက်တုံး

"ငါတို့ရဲ့ ရှေးဘိုးဘေးတွေရဲ့ လေ့လာစူးစမ်းမှု အရတော့ ဒါက နဂါးတစ်ပိုင်းရဲ့ ကျောရိုးပဲ"

Edit with WPS Office

ပေါ့လျှန်ချင်ရွှယ် ပြောလိုက်တယ်။

လူသားတွေ ဒါမှမဟုတ် မိစ္ဆာသားရဲတွေအတွက် ကျောရိုးက အရမ်းကို အရေးပါတဲ့ အရိုးပဲ ဖြစ်ပါတယ်။ အဲဒါက ဦးခေါင်းခွံထက်တောင် ပိုပြီးတော့ အရေးပါပါတယ်။ တကယ်လို့ ဒါက နဂါးတစ်ကောင်ရဲ့ ကျောရိုးဖြစ်တယ်ဆိုရင် မိုးကောင်းကင်နဲ့ မြေကြီးကို ဆက်သွယ်နိုင်စွမ်း ရှိတာက အံ့ဩစရာ မဟုတ်တော့ပါဘူး။

"နဂါးရဲ့ ခွန်အားတွေ သွားလိုက်ပြီ"

လင်းဟန်က ရောမ သစ်ပင်ပေါ်ကို သူ့လက်နဲ့ ဖိကပ်လိုက်ပါတယ်။ အရိုးသင်္ကေတတွေက အလင်းရောင် ထိုးဖောက်နိုင်တဲ့ အထိ အရည်လဲ့ပြီး ဖြူဖွေးနေပါတယ်။ ပြီးတော့ နှစ်ပေါင်း ဘယ်လောက်တောင် ကြာမြင့်ခဲ့ပြီလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ ဒါက မထိမရှ သေးပါဘူး။ ဟုတ်ပါတယ်။ အရိုးထဲမှာတော့ လက်ရွေးစင် တစ်ယောက်ရဲ့ အရှိန်အဝါ နည်းနည်းလေးမှ လည်ပတ်နေခြင်း မရှိတော့ပါဘူး။

Edit with WPS Office

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ဒီလိုမျိုး နောက်ကျောရိုးလို အရေးကြီးတဲ့ အစိတ်အပိုင်း တစ်ခုက အရှိန်အဝါ တစ်စကို အလျဉ်းသင့်သလို ထုတ်ဖော်မယ်ဆိုရင် သာမန်စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး ကျင့်ကြံသူတွေကို ဖိနှိပ်ထားပြီး သူတို့ရဲ့ ခြေထောက်တွေကို အားနည်းသွားစေပါလိမ့်မယ်။

"သတိမလွတ်စေနဲ့။ ဒီနေရာမှာ နဂါးရဲ့ ခွန်အား မရှိတော့ဘူး ဆိုပေမဲ့ အဆင့်တစ်ခုကို နင် တက်သွားရင် ခြိမ်းခြောက်နိုင်တဲ့ အာနိသင်တစ်ခု ရှိလိမ့်မယ်။ နောက်ပြီးတော့ ပိုမြင့်မြင့်ကို နင်သွားတဲ့ အခါ အဲဒီအင်အားက ပိုပြီးတော့ ကြောက်စရာ ကောင်းလာလိမ့်မယ်"

ဟော့လျန်ချွင်ရွှယ်က သတိပေးလိုက်ပါတယ်။

သူမရဲ့ စကားလုံးတွေအတွက် သက်သေပြလိုက်သလိုပဲ လူတစ်ယောက်က အပေါ်ကနေ အောက်ကို ပြုတ်ကျလာတာကို

Edit with WPS Office

သူတို့တွေ မြင်လိုက်ရပါတယ်။ သူက မြေပြင်ပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျလာပြီး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားခဲ့ပါတယ်။ သူက ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက် ရှိတဲ့သူ တစ်ယောက်တော့ မဟုတ်ပါဘူး။ အဲဒီအစား သူက မိုးပြာရေဘဝဲ မျိုးနွယ်စုရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အရိုးတစ်ချောင်းမှ မကျန်ပါဘူး။ ပြီးတော့ သူ့ရဲ့မျိုးနွယ်စုက အကြွမ်းခံနိုင်ပြီး ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားတဲ့ အတွက်ကြောင့် ထင်ရှားကျော်ကြားပါတယ်။ ဒါတောင်မှ ဒီနေရာမှာ သူ့ရဲ့အသက်ကို ဆုံးရှုံးသွား ရပါတယ်။

"အား"

နောက်ထပ်လူတစ်ယောက် ပြုတ်ကျလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူက မသေပါဘူး။ ဒါပေမဲ့လည်း သူ့ခန္ဓာကိုယ်ထဲက အနည်းဆုံး အရိုးတွေ တစ်ဝက်လောက် ကျိုးကြေသွားပြီး သူ့ဆီကနေ သွေးတွေက ရေအိုင်တစ်ခုလို

Edit with WPS Office

အိုင်ထွန်းနေပြီး မကြာခင်မှာပဲ သွေးတွေက ခြောက်ကပ်သွားပြီး သူ့အောက်က မြေကြီးက နီရဲသွားပါတယ်။

သူက တုန်တုန်ယင်ယင်နဲ့ ထရပ်လိုက်ပြီးတော့ သူ့ရဲ့ မူလစွမ်းအင်ကို အသုံးပြုပြီး သူ့ရဲ့ကျိုးသွားတဲ့ အရိုးတွေကို ပြန်ပြီးတော့ ဆက်ဖို့လုပ်လိုက်ပါတယ်။ သူက မှော်ဆေးလုံး တချို့ကို ထုတ်ပြီးတော့ ဝါးစားလိုက်ပြီး မြေပြင်ပေါ် ကြက်ခြေခတ်ပုံစံ ထိုင်ချပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေကို ကုသဖို့အတွက် ဆေးစွမ်းအားတွေကို စတင်သန့်စင်လိုက်ပါတယ်။

ဒီအရိုးသစ်ပင်က တကယ်ပဲ အရမ်းကို ကြီးမားပါတယ်။ ဒီအပေါ်ကနေ လူတွေက အောက်ကို ပြုတ်ကျလာကြတယ် ဆိုပေမဲ့ သူတို့ရဲ့ အမြင်အာရုံ အကန့်အသတ်ကြောင့် အဲဒီလူတွေကို မမြင်တွေ့ရပါဘူး။

"မင်း အနက်ရောင် မျှော်စင်ထဲကို ဝင်ချင်လား"

Edit with WPS Office

လင်းဟန်က ဟော့လျန်ချွင်ရှယ်ကို မေးလိုက်ပါတယ်။

"ဟင့် နင်က ငါ့ကို အထင်သေးတာလား"

ဟော့လျန်ချွင်ရှယ်က မကျေမနပ်နဲ့ မေးလိုက်ပါတယ်။ မြောက်ပိုင်း ပင်လယ်ရဲ့ တောက်ပတဲ့ ပုလဲရတနာ ဖြစ်တဲ့ သူမရဲ့ လက်ရှိ တိုက်ပွဲစွမ်းရည်က လင်းဟန်ထက်တောင် သာလွန်နိုင် ပါတယ်။

လင်းဟန်က သူ့လက်တွေကို မြှောက်ပြီးတော့ ပြုံးပြုံးလေး ပြောလိုက်ပါတယ်။

"အဆိုးကနေ အကောင်းကို ဘယ်လိုပြောရမလဲ မင်းမသိဘူးပဲ။ ငါကမင်းကို ဂရုစိုက်တာပါ။ ဒါကြောင့် မင်းကို အနားယူဖို့ အခွင့်ရေးလေး ပေးချင်လို့ပါ"

"မလိုဘူး"

Edit with WPS Office

ဟော့လျန်ချင်ရှယ်က အရိုးသစ်ပင်ပေါ်ကို ချက်ချင်းပဲ စပြီးတော့ တက်လိုက်ပါတယ်။ သူမရဲ့ အမြန်နှုန်းက အရမ်းကို လျင်မြန်ပြီး ခဏလေး အတွင်းမှာ သူမက မီတာသုံးရာကျော် အမြင့်ကို ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမဲ့ သိပ်မကြာခင် သူမရဲ့ အမြန်နှုန်းက နှေးကွေးလာခဲ့ပါတယ်။

"ဟူးညို ငါတို့လည်း သွားကြစို့"

"အင်း"

ဟူးညိုက ခေါင်းညိတ်ပြီးတော့ လင်းဟန်နဲ့ အတူ စပြီးတော့ တက်လိုက်ပါတယ်။

သူတို့တွေ မီတာသုံးရာလောက်ကို ရောက်တဲ့ အချိန်မှာ အရိုးသစ်ပင်ကနေ ဖိအားအနည်းငယ် ထွက်ပေါ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ဘယ်သူကမှ ပျံသန်းလို့

Edit with WPS Office

မရနိုင်ပါဘူး။ ပြီးတော့ သူတို့က အပင်ကို တက်ပြီးတော့ သစ်ကိုင်းတွေကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလို့ပဲ ရပါတယ်။ ပြီးတော့ ဒီလိုမျိုး ဖိအားကို အင်အားသုံးပြီး တောင့်ခံနေရပါတယ်။

ဒီအဆင့်ရဲ့ ဖိအားနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လင်းဟန်နဲ့ ဟူးညိုက နည်းနည်းလေးမှ ဂရုမစိုက် ပါဘူး။ သူတို့နှစ်ယောက်စလုံး မိုးကြိုးလျှပ်စီးအဖြစ် ပြောင်းလဲသွားပြီး သစ်ပင်ရဲ့ ပင်စည်ပေါ်ကို လျင်မြန်စွာနဲ့ မြန်နိုင်သမျှ အမြန်ဆုံး တက်နေကြပါတယ်။

ဟော့လျန်ချွင်ရွှယ်လည်း မနေးပါဘူး။ သူမလည်း မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို သင်ယူခဲ့ရုံတင်မက သူမကိုယ်တိုင်ကလည်း အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ ပါရမီအမြင့်က ရှုရှရန်တို့ အုပ်စုထက် မနိမ့်ကျပါဘူး။

နှစ်နာရီကျော် ကြာပြီးတဲ့နောက်မှာ သူတို့တွေက လမ်းတစ်လျှောက်လုံး လူတော်တော်များများကို ဖြတ်ကျော်လာခဲ့ပါတယ်။ တချို့က အဆင်ပြေပြေနဲ့ သစ်ပင်ပေါ်ကို အာရုံစိုက်ပြီး တက်နေကြပါတယ်။ ဒါပေမဲ့လည်း တချို့က

Edit with WPS Office

လင်းဟန်နဲ့ တခြားသူတွေကို တိုက်ခိုက်မှုတွေ လုပ်ကြပါတယ်။ အဲဒီနောက် လင်းဟန်ကလည်း ငြင်းခုံနေစရာ မလိုတော့ပဲ မညှာမတာနဲ့ လုပ်ရှားခဲ့ပါတယ်။ ဒီလူတွေကို သူတို့ရဲ့ လက်တွေနဲ့ သစ်ပင်ကို ထိန်းထားနိုင်ခြင်း မရှိအောင် လုပ်ခါချခဲ့ပြီး သူတို့တွေ သေတာရှင်တာက သူတို့ရဲ့ ကံကြမ္မာပါပဲ။

လင်းဟန်နဲ့ တခြားသူတွေက နေးကွေးသထက် နေးလာခဲ့ပါတယ်။ အခုဆိုရင် သူတို့က သစ်ပင်ရဲ့ သုံးပုံနှစ်ပုံကို တက်ရောက်နိုင်ခဲ့ပြီး နဂါးရဲ့ခွန်အားက ပိုပိုပြီးတော့ အားကောင်းလာခဲ့ပါတယ်။ အဲဒါက လင်းဟန်နဲ့ ပေါ့လျှန်ချင်ရွှယ်ကိုတောင် ချွေးတွေ ဘူးသီးလုံးလောက် ကျလာစေပါတယ်။

ဟူးညီတစ်ယောက်ပဲ သာသာယာယာ ရှိနေပါတယ်။ တစ်ခါတလေ ဟူးညီက အပေါ်ကို ပြေးတက်လိုက် အဲဒီနောက် အောက်ကို ပြန်ဆင်းလာပြီး လင်းဟန်ကို သူ့ရဲ့အရှိန်မြှင့်ဖို့ လှုံ့ဆော်လိုက်နဲ့ ပျော်နေပါတယ်။

လင်းဟန်က တကယ်လို့ တစ်စုံတစ်ယောက်က တတိယအလွှာရဲ့

Edit with WPS Office

ဂင်ပေါက်မှာ ချောင်းမြောင်း လုပ်ကြံဖို့ စောင့်နေမယ်ဆိုရင် အကျိုးသက်ရောက်မှုက အရမ်းကို ထူးခြားပါလိမ့်မယ်။ ပြီးတော့ ထောင်ချောက်ထဲကို ကျရောက်ဖို့ အခွင့်အရေးကလည်း ကိုးဆယ်ရာခိုင်နှုန်းကျော် ရှိပါတယ်။ ဒါပေမဲ့လည်း ဒီကျောရိုးက တကယ်ပဲ အရမ်းကို ကြီးမားပြီး ပစ်မှတ်က ဘယ်နေရာကနေ တက်လာမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ ဒါကြောင့် တကယ်လို့ တစ်စုံတစ်ယောက်က ချောင်းမြောင်းလုပ်ကြံချင်တယ် ဆိုရင်တော့ အနည်းဆုံး လူထောင်ပေါင်းများစွာက စက်ဝိုင်းပုံစံ တစ်ခု ဖော်ထားဖို့ လိုပါလိမ့်မယ်။

နောက်ပြီးတော့ သူတို့တစ်ယောက်ချင်းစီမှာ ကောင်းကင်အထွတ်အထိပ် အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ရှိရပါလိမ့်မယ်။ ဒါမှမဟုတ် လင်းဟာန်ကို ထိပ်တိုက်ရင်ဆိုင်ပြီး ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဟူးညိုကတော့ နဂါးရဲ့ ခွန်အားကြောင့် ဘာသက်ရောက်မှုမှ မရှိပဲ ဟူးညိုကို ထောက်လှမ်းခိုင်းလိုက်ရင် ဘယ်သူက သူတို့ကို အောင်အောင်မြင်မြင်နဲ့

Edit with WPS Office

ချောင်းမြောင်းလုပ်ကြံလို့ ရနိုင်မှာလဲ။

သူတို့ရဲ့ အမြန်နှုန်းက နေးသထက် နေးလာခဲ့ပေမဲ့ နောက်ထပ် နှစ်နာရီခန့် အကြာမှာတော့ သူတို့က အရိုးသစ်ပင်ရဲ့ ထိပ်ကို ရောက်ရှိသွားပြီး တစ္ဆေနဂါးလိုဏ်ဂူရဲ့ တတိယ အလွှာဆီကို ဝင်လာခဲ့ပါတယ်။

ပတ်ဂန်းကျင် တစ်ခုလုံးက နောက်တစ်ကြိမ် မတူညီတော့ပါဘူး။ သူတို့ပတ်ပတ်လည်မှာ ကျောက်တုံးတွေနဲ့ ပြည့်နှက်နေတဲ့ တောင်တွေ ဝိုင်းရံထားပါတယ်။ ဒါပေမဲ့ ကျောက်တုံးတိုင်း နီမြန်းတဲ့ အရောင်အသွေး ရှိပါတယ်။ အဝေးကနေ ကြည့်လိုက်မယ်ဆိုရင် သွေးမြေပြင်ကြီး တစ်ခုနဲ့ တူပြီးတော့ မီးတောက်တွေ တောက်လောင်နေတဲ့ ပင်လယ်တစ်ခုနဲ့လည်း တူပါတယ်။

ဒီနေရာရဲ့ အဓိက အရောင်က နီမြန်းမြန်း ဖြစ်ပြီး ဒီနေရာမှာ တခြားဘာအရောင်မှ မရှိပါဘူး။

Edit with WPS Office

"နဂါးသွေးမြက်က ဒီနေရာက ကျောက်ပက်ကြားအက်တွေ ထဲမှာလည်း ပေါက်ရောက်နိုင်တယ်"

ဟော့လျန်ချွင်ရွှယ်က ပြောလိုက်ပါတယ်။ သူတို့တွေက တစ်ရာကျော်လောက် စုစည်းခဲ့တဲ့ အပြင် သွေးကျိုးကောင် သစ်ပင်လူသားဆီက သစ်ပင်နှလုံးသားတွေလည်း အလျှံပယ်ရှိနေတယ် ဆိုပေမဲ့ ဒီလိုမျိုး ရတနာအမျိုးအစား အများကြီး ထပ်ရမယ်ဆိုရင်လည်း ကိစ္စမရှိပါဘူး။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူတို့သုံးယောက်က ဆက်ပြီးတော့ ခရီးဆက်လာရင်း ဆက်လက်ရှာဖွေ ခဲ့ကြပါမယ်။ ဒါပေမဲ့ သူတို့ရဲ့ လမ်းခရီးပေါ်မှာ အချိန်တွေ အများကြီး မဖြုန်းတီး ခဲ့ပါဘူး။ တကယ်တော့ သူတို့ရဲ့ ဒီခရီးစဉ်မှာ အဓိက အာရုံစိုက်ရမှာက အစစ်အမှန် နဂါးအစွယ်ပဲ ဖြစ်ပါတယ်။ ဒါက တန်ဖိုးအရှိဆုံး ရတနာပဲ ဖြစ်ပါတယ်။ တကယ်လို့ သူတို့က ဒီနေရာမှာ အချိန်တွေ အများကြီး ဖြုန်းတီးလိုက်မယ်ဆိုရင် တစ္ဆေနဂါး လိုဏ်ဂူပိတ်မဲ့ အချိန်နဲ့ နီးကပ်လာတဲ့ အခါမှာ သူတို့တွေက အပြင်ကို ထွက်ရပါလိမ့်မယ်။ ဒါဆိုရင် တကယ်လို့

Edit with WPS Office

နောက်တစ်ကြိမ် ဒီအထဲကို ပြန်ဝင်ချင်တယ်ဆိုရင် နှစ်ပေါင်းငါးရာ နောက်ပိုင်းမှပဲ ရပါလိမ့်မယ်။

သူတို့ရဲ့ ကံကောင်းမှုက သိပ်တော့လည်း မဆိုးပါဘူး။ ပြီးတော့ သူတို့တွေက သူတို့ရဲ့ လမ်းမှာ တော်တော်များများ ရိတ်သိမ်းနိုင်ခဲ့ပါတယ်။ ဒါကလည်း လင်းဟန်က မှသားမဲ့ မျက်လုံးကို အသုံးပြုခဲ့တာကြောင့် ဖြစ်ပြီးတော့ အရာအားလုံးကို ဖြတ်ပြီးတော့ မြင်နိုင်ပါတယ်။ သေးသေး ကြီးကြီး ကိစ္စမရှိပါဘူး။

ဒီနည်းလမ်းက သူတို့ရဲ့ အမြန်နှုန်းကိုလည်း သေချာပေါက် အကျိုးသက်ရောက်စေပါတယ်။ ဒါပေမဲ့ တစ္ဆေနဂါး လိုဏ်ဂူက တစ်ကြိမ်ပွင့်ရင် အနည်းဆုံး လဝက်လောက် ပွင့်ပါလိမ့်မယ်။ သူတို့က ဒီနေရာမှာ ငါးရက်လောက်ပဲ အချိန်သုံးစွဲရပါသေးတယ်။ ဒါကြောင့် သူတို့မှာ ဆယ်ရက်ခန့် ကျန်ရှိနေပါသေးတယ်။

"အရှေ့မှာ အကောင်ကြီး တစ်ကောင် ရှိတယ်"

Edit with WPS Office

လင်းဟာန်က သူ့အကြည့်ကို ရုပ်သိမ်းပြီးတော့ သူ့မျက်လုံးကို ပွတ်သပ်လိုက်ပါတယ်။ သူက မုသားမဲ့ မျက်လုံးကို ဒီရက်အနည်းငယ် အတွင်းမှာ ဆက်တိုက်အသုံးပြုခဲ့ပြီး အဲဒါက သူ့မျက်လုံးတွေကို အနည်းငယ် နာကျင်စေပြီး အတော်လေးကို သက်တောင့်သက်သာ မဖြစ်ပါဘူး။

"နတ်ဆိုးမျောက်ဝံများ ဖြစ်နိုင်မလား"

ဟော့လျန်ချင်ရှယ်က သူမကိုယ်သူမ တီးတိုးရွတ်ဆို လိုက်ပါတယ်။ လင်းဟာန်ရဲ့ မေးခွန်းထုတ်တဲ့ အမူအရာကို မြင်လိုက်ရတဲ့ အချိန်မှာ သူမက ရှင်းပြလိုက်ပါတယ်။

"တတိယ အလွှာက မွန်းစတားတွေက မျောက်ဝံ ဒါမှမဟုတ် မျောက်နဲ့ ပုံပန်းသဏ္ဍာန်ချင်း အရမ်းကို တူကြတယ်။ ဒါပေမဲ့လည်း လေ့လာစူးစမ်းမှုတွေအရ ဒီမွန်းစတားတွေက နဂါးတစ်ပိုင်းရဲ့ လေးတွေပဲ။ ပြီးတော့ နဂါးရဲ့ သွေးတွေကို စုပ်ယူပြီးတဲ့နောက်မှာ ဖြစ်ပေါ်လာခဲ့ ကြတာ"

Edit with WPS Office

လင်းဟန်ရဲ့ အမူအရာက ထူးထူးဆန်းဆန်း ဖြစ်သွားပြီးတော့ သူက မေးလိုက်ပါတယ်။

"ဒီလိုမျိုး အစွမ်းထက်တဲ့ သက်ရှိက နဂါးတစ်ပိုင်းရဲ့ လေးပဲ ရှိသေးတာပေါ့ ဟုတ်လား"

"သူ့ရဲ့ ဂုဏ်ယူရတဲ့ အချိန်အခါလောက်ပါပဲ။ ဒါပေမဲ့ အသက်ကြီးလာတဲ့ အခါမှာ သူ့ရဲ့ သက်တမ်းက ယွဲ့ယွဲ့ပဲ ကျန်တော့တဲ့ အချိန်ကျရင်တော့ လက်ညှိုးလေး တစ်ချောင်းပဲ လုပ်နိုင်တော့တယ်။ အဲဒီအခါကျရင် သာမန်လေးတွေ အဖြစ်ကို ပြောင်းသွားလိမ့်မယ်"

ဟော့လျန်ချွင်ရွှယ်က ရှင်းပြလိုက်ပါတယ်။

နဂါးမျိုးနွယ်က အရမ်းကို ရှည်လျားတဲ့ သက်တမ်းတစ်ခု ရှိပါတယ်။ ပြီးတော့ သူတို့ရဲ့ အသက်အရွယ် အိုမင်းလာရင်တောင်

Edit with WPS Office

အသက်တစ်ရိုက်စာပဲ ကျန်ရင်တောင်မှ နောက်ထပ် ရှစ်နှစ်ကနေ ဆယ်နှစ်ကြာပြီးမှ သေတတ်ကြပါတယ်။ အဲဒီနောက် ဒီထူးဆန်းမှုမျိုးက သူတို့ အတွက်တော့ ဘာမှမဟုတ်သလိုပါပဲ။ ပထမ အလှူတုန်းက သွေးသန့်ကောင်လိုမျိုးနဲ့ တူပါတယ်။ သူတို့ကလည်း သဘာဝနဲ့ မညီတဲ့ သန္ဓေပြောင်းလဲမှုတွေနဲ့ သူတို့ရဲ့ အိုမင်းတဲ့ အသက်ကို ပြင်းပယ်ထားပါတယ်။

"ဒီလှေးတွေက နဂါးသွေးကို စုပ်ယူပြီးတော့ မီတာသုံးဆယ် အရှယ်အမြင့်ကို တကယ်ပဲ ကြီးထားလာခဲ့တာပေါ့။ ဒါကအတော်လေးကို အံ့မခန်းစရာပဲ "

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဒီရောမ လှေးကောင်က ခံစားချက်မဲ့တဲ့ ပုံစံနဲ့ ထိုင်နေတယ်။ သူ့ကြည့်ရတာ ရတနာပစ္စည်း တမျိုးမျိုးကို စောင့်ကြပ်နေသလိုပဲ။ ဘယ်သူသိနိုင်မလဲ။ အဲဒီမှာ နောက်ထပ် နဂါးသွေးမြက် ရှိနေမလားပဲ"

Edit with WPS Office

"လာ သွားပြီးတော့ တစ်ချက်ကြည့်ကြစို့"

သူတို့က ဆက်ပြီးတော့ လျှောက်လာပြီး ခဏလေး အတွင်းမှာ ရောမ အနီရောင် မွန်းစတား တစ်ကောင်က သူတို့အရှေ့မှာ တကယ်ပဲ တွားသွားနေတာကို တွေ့မြင်လိုက်ရပါတယ်။ သူ့ပုံစံက မျောက်တစ်ကောင်ရဲ့ ပုံစံနဲ့ တူပါတယ်။ ဒါပေမဲ့ ခြေလက် ခြောက်ဖက်ပါပြီးတော့ ကြည့်ရတာ လေး(သန်း) တစ်ကောင်နဲ့ ပိုပြီးတော့ တူပါတယ်။ ဒီလေးရဲ့ အောက်ဘက်မှာ ရောမ သွေးနီရောင် ကျောက်တုံးတစ်တုံး ရှိပြီးတော့ တခြားကျောက်တုံးတွေထက် အနီရောင်ပိုတောက်ပါတယ်။

ဟော့လျန်ချင်ရှယ်က အနည်းငယ် စိတ်လှုပ်ရှားသွားပြီး မေးလိုက်ပါတယ်။

"ဒါက အစစ်အမှန် နဂါးရဲ့ သွေးကျောက်တုံးများ ဖြစ်နိုင်မလား"

Chapter 803 end

Edit with WPS Office

အပိုင်း(804) သန်းဘုရင်

အစစ်အမှန် နဂါးသွေးကျောက်တုံးဆိုတာ နဂါးတစ်ပိုင်းရဲ့ သွေးအဆီအနှစ်ကနေ ဖြစ်ပေါ်လာတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် လက်သီးအရွယ်အစားရှိတဲ့ သွေးကျောက်တုံး တစ်တုံးက အရွက်သုံးခုပါတဲ့ နဂါးသွေးမြက် တစ်ပင်နဲ့ ယှဉ်လို့ရပါတယ်။ ပြီးတော့ သူတို့ရဲ့ မျက်စိအရှေ့က ဒီလိုရောမ အတုံးကြီး တစ်ခုဆိုရင် လုံးဂကို အံ့အားသင့်စရာ ကောင်းပါတယ်။

ဒါကြောင့် လင်းဟန်နဲ့ ပောဲ့လျန်ချင်ရွှယ်တို့ နှစ်ယောက်စလုံးက အံ့အားသင့်သွားကြပြီး ဒီမြင်ကွင်းကို မယုံကြည်နိုင်စွာနဲ့ ကြည့်နေကြပါတယ်။

ဒါပေမဲ့လည်း ဒီရောမ သန်းကောင်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပြီးတော့ ဒီလောက် အကွာအဝေး တစ်ခုမှာ လှဲနေရင်းနဲ့တောင် ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။ ပြီးတော့ အနားကို နည်းနည်းလောက် တိုးကပ်လိုက်တာတဲ့ အခါမှာ လင်းဟန်နဲ့

Edit with WPS Office

ပော့လျှန်ချင်ရှယ်တို့ရဲ့ အရေပြားတွေက အက်ကွဲတော့မလို ဖြစ်လာပါတယ်။

သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ကိုး ရှားပါးသတ္တု အဆင့်မှာ ရှိပါတယ်။ သူတို့က အနားကိုတောင် မကပ်နိုင်ပဲ ကြီးမားတဲ့ သန်းကောင်ကြီးရဲ့ အစွမ်းထက်မှုကို လေ့လာစူးစမ်း နေရပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ်လုံး၊ ဆယ့်နှစ်လုံး ဒါမှမဟုတ် ဆယ့်သုံးလုံးတောင် ရှိနိုင်ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ ဒီသန်းကောင်က အကြမ်းအားဖြင့် မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်အဆင့်မှာ ရှိမယ်လို့ ခံစားရပြီး မီးနိုင်ငံထဲက သတ္တုမိုင်းတွင်း အတွင်းမှာရှိတဲ့ ရောမ ငွေပင့်ကူကြီးကိုတောင် ယှဉ်နိုင်တယ်လို့ ခံစားရပါတယ်။ တကယ်လို့ ရေခဲနဂါး ဂင်္က်ပါကို ပစ်လွှတ်လိုက်မယ် ဆိုရင်လည်း အသုံးဝင်လိမ့်မှာ မဟုတ်ပဲ ချက်ချင်းပဲ ချေမှုန်းခံလိုက် ရပါလိမ့်မယ်။

Edit with WPS Office

ဘာလုပ်ရမလဲ။

ရတနာက သူတို့မျက်စိ အရှေ့မှာပဲ ရှိနေပါတယ်။ သူတို့က ဒီအတိုင်းပဲ ရပ်ကြည့်နေရုံပဲ တတ်နိုင်မှာလား။

"သွားကြစို့။ သွားကြစို့"

ဟူးညိုက လင်းဟန်ရဲ့ လက်ကိုဆွဲပြီးတော့ အရှေ့ကို ဆက်သွားဖို့ ပြင်လိုက်ပါတယ်။ သူမက တကယ့်ကို ငယ်ရွယ်ပြီး ကြောက်ရွံ့ခြင်းဆိုတာ ဘာမှန်းမသိပါဘူး။

လင်းဟန်က သူမကို ဆွဲထားပြီးတော့ ပြောလိုက်ပါတယ်။

"မရဘူး။ အရှေ့က အကောင်ကြီးက အရမ်းကို အစွမ်းထက်တယ်။ ငါတို့ ခံနိုင်ရည် မရှိနိုင်ဘူး။ ချက်ချင်းပဲ ပေါက်ကွဲသွားလိမ့်မယ်"

Edit with WPS Office

အစတုန်းက ရေခဲနဂါး ဂဏ်ပါကို အသုံးပြုပြီး ရန်ရှာပြီး ပစ္စည်းလုမယ်ပေါ့။ ဒါပေမဲ့ ဒီကောင်ကြီးက အရမ်းကို အစွမ်းထက်ပြီး သူ့ခေါင်းကို လှည့်လိုက်တာနဲ့ ရေခဲနဂါးကို တစ်ခါတည်း ချေမှုန်းပစ်လိုက် နိုင်ပါလိမ့်မယ်။

“ဒါပေမဲ့ ညီးညီးမှ မကြောက်တာ”

ဟူးညိုက ပြောပြီးတော့ သွက်လက်ပေါ့ပါးစွာနဲ့ ခုန်ပေါက်ပြေးသွားခဲ့ပါတယ်။

ဒီကလေးမရဲ့ ပါရမီက တစ်မူထူးခြားပါတယ်။ သူမက တိုက်စားခြင်း ဖိအားကိုလည်း မကြောက်သလို အဆိပ်၊ မီး၊ ရေခဲနဲ့ ဘယ်လိုအရာမျိုးကိုမဆို သူမနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အာနိသင် သက်ရောက်မှု မရှိပါဘူး။ အရင်က မိုးကြိုးလျှပ်စီးနဲ့ မီးကောင်းကင်ဘုံ ဧကရာဇ်ရဲ့ အာရုံငါးပါး ပိတ်ဆို့တဲ့ လမ်းကြောင်းကိုတောင် သူမက မရပ်မနား ဖြတ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ပြဿနာက သူမမှာ အနက်ရောင် မျော်စင် မရှိပါဘူး။ ဒါကြောင့် ဒီရောမ သွေးကျောက်တုံးကို ဘယ်လိုမျိုး သိမ်းဆည်းလို့

Edit with WPS Office

ရလိမ့်မှာလဲ။

နောက်ပြီးတော့ အနက်ရောင် မျှော်စင်က မုန်ညှင်းစေ့လောက် သေးငယ်ပြီး ဟူးညီနဲ့ သယ်သွားလို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက အနားကို ခိုးကြောင်ခိုးဝှက်နဲ့ ကပ်မသွားနိုင်ရင်တောင် လင်းဟန်က ရုတ်တရက် ပေါ်လာပြီး အစစ်အမှန် နဂါးရဲ့ သွေးကျောက်တုံးကို လုပြီးတော့ ပြန်ပြီးပုန်းကွယ်လိုက်မှာပါ။

"ညီးညီး အဲဒါကို ဆွဲထုတ်လာခဲ့မယ်"

ဟူးညီက ဆန္ဒပြုလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"မရဘူး။ ဒီကောင်ကြီးက အနည်းဆုံး မျက်လုံးဆယ့်ငါးလုံး

Edit with WPS Office

အလောင်းကောင် ဘုရင်နဲ့ ယှဉ်နိုင်ပြီး တစ္ဆေနဂါးလိုက်ဂူထဲက အစွမ်းထက်ဆုံး သက်ရှိဖြစ်နိုင်တယ်။ ဒါကြောင့် သူက အစစ်အမှန် နဂါးရဲ့ သွေးကျောက်တုံးကြီးပေါ်မှာ စောင့်ကြပ်နေတာပဲ ဖြစ်လိမ့်မယ်။ ငါတို့ ဒါကို မရနိုင်ဘူး"

"ညီးညီးကို လျော့မတွက်နဲ့လေ"

ဟူးညိုက လက်မခံပါဘူး။ သူမရဲ့ လက်တွေကို တင်ပါးပေါ် ထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးရဲ့ အရှိန်အဟုန်က အမြန်ဆုံးပဲ"

ဇီ။

သူမရဲ့ ခန္ဓာကိုယ်က လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲသွားပြီး လျှပ်ပြက်ခနဲ သူမက တော်တော်ဝေးတဲ့ နေရာမှာ ပေါ်လာခဲ့ပါတယ်။ ပြီးတော့ နောက်ထပ်လျှပ်ပြက်သွားပြီး သူမက ပိုပြီးတော့တောင် ဝေးတဲ့နေရာတစ်ခုမှာ ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်နဲ့ ဟော့လျန်ချွင်ရှယ်တို့ နှစ်ယောက်စလုံး အံ့အားသင့်တဲ့ အမူအရာတွေ တစ်ပြိုင်နက်တည်း ပေါ်လာခဲ့ပါတယ်။ ဒီလိုမျိုး မြင့်မားတဲ့ အမြန်နှုန်း။ သူတို့တောင် နိုင်းယှဉ်ကြည့်ရင် အရမ်းကို နိမ့်ကျနေသလို ခံစားရပါတယ်။ သူတို့ ပါးစပ်တွေ တွန့်ကုန်ပါတယ်။ အားလုံးက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို လေ့လာသင်ယူခဲ့ကြပေမဲ့ ဘာဖြစ်လို့ သူတို့ရဲ့ အမြန်နှုန်းတွေက ဒီလောက်တောင် ကွာခြားနေရတာလဲ။

"ညီုးညီးက ပါရမီရှင် တစ်ယောက်ပဲ ရေး"

ဟူးညိုက လျှပ်ပြက်သလို လေထဲမှာ လမ်းလျှောက်ရင်း ပြန်ရောက်လာခဲ့ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ညီုးညီးရဲ့ အမြန်နှုန်းက တကယ်ပဲ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

လက်ရွေးစင်တွေနဲ့ ယှဥ်လို့ ရနိုင်တယ်။ သူတို့ထက်တောင်မှ ပိုမြန်နိုင်တယ်"

"ဒါဆိုရင် ညီးညီးသွားမယ်လေ"

ဟူးညီက တကယ်လည်း သန်းဘုရင်ကို ကြောက်ရွံ့ခြင်း မရှိပါဘူး။

လင်းဟာန်က နောက်တစ်ကြိမ် ပြန်စဥ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ညီးညီးက ဒီကောင်ကြီးကို လမ်းကြောင်းပြောင်းပေး ပြီးရင် ငါတို့တွေ ဒီကနေ အရှေ့တည့်တည့် မီတာငါးထောင် အကွာမှာ ပြန်ဆုံကြမယ်"

"ကောင်းပြီ"

Edit with WPS Office

ဟူးညိုက ခပ်ပြတ်ပြတ် ပြောပြီးတော့ ရှပ်ခနဲဆို ပြေးထွက်သွားပြီး သန်းဘုရင်ရဲ့ အရှေ့မှာ ရပ်လိုက်ပါတယ်။ အဲဒီနောက် ဟူးညိုက ကျယ်လောင်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ပုပ်စော်နံတဲ့ အကောင်ကြီး ညိုးညိုးကို လာဖမ်းလေ"

သန်းဘုရင်က ဟူးညိုကို သာမန်ကာလျှံကာပဲ ကြည့်လိုက်ပြီး သူ့အကြည့်ကို ပြန်ရုပ်သိမ်းကာ ကျယ်လောင်တဲ့ ဟောက်သံကြီးနဲ့ ပြန်အိပ်နေပြီး ဒီပုရွက်ဆိတ်လေးကို ဂရုစိုက်ဖို့ အရမ်းကို ပျင်းနေပုံရပါတယ်။

ဟူးညိုကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ။ ဟူးညို ဒေါသတွေ ထွက်သွားခဲ့ပါတယ်။ သူမလိုမျိုး အရမ်းကို ချစ်စရာကောင်းတဲ့သူကို လျစ်လျူရှုခံ့တယ်ပေါ့။

ဟူးညိုက နီမြန်းနေတဲ့ ကျောက်တုံးတစ်တုံးကို ကောက်လိုက်ပြီး ကျောက်တုံးရဲ့ အရွယ်အစားက သူမရဲ့ ခန္ဓာကိုယ် သေးသေးလေးကို

Edit with WPS Office

လုံးဝဖုံးကွယ်သွားခဲ့ပါတယ်။ ဟူးညိုက ကျယ်လောင်စွာ မာန်သွင်းလိုက်ပြီးတော့ ကျောက်တုံးက ချက်ချင်းဆိုသလို လျှပ်စီးတွေနဲ့ ဝိုင်းပတ်သွားပြီး အမြောက်ကျည်ဆန်တစ်ခုလို သန်းဘုရင်ဆီကို လျင်မြန်စွာနဲ့ ပစ်လွှတ်လိုက်ပါတယ်။

ပုန်း။

ကျောက်တုံးက မထိမှန်ခင် သန်းဘုရင်ရဲ့ ကြောက်မက်ဖွယ်ရာ အရှိန်အဝါက ကျောက်တုံးကို ပျက်စီးသွားစေပါတယ်။ ဒီလိုမျိုး အမြင့်ကို ရောက်ပြီးတဲ့နောက်မှာ အရှိန်အဝါ နည်းနည်းလေးနဲ့ ကြယ်တွေကိုတောင် ဖျက်ဆီးပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ရောမ အကောင်ကြီးက နောက်ဆုံးမှာ ဒေါသထွက်သွားပါပြီ။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ကို မထပဲ ဟူးညိုဆီကို စိုက်ကြည့်လိုက်ပါတယ်။ သူက ချက်ချင်းပဲ မျက်နှာထား တင်းသွားပြီး ဒီပုရွက်ဆိတ်က သူ့ရဲ့တိုက်ခိုက်မှုတွေ အားနည်းသွားနိုင်တဲ့ အကွာအဝေးမှာ ရှိနေပါတယ်။ ဒါကြောင့် တိုက်ခိုက်မှု တစ်ခုကို ထုတ်လိုက်မယ်ဆိုရင် ဘာမှအကျိုးထူးမှာ မဟုတ်ပါဘူး။

Edit with WPS Office

အဲဒီကောင်ကြီးက အရမ်းကို ပျင်းရိပြီး ချက်ချင်းဆိုသလို အိပ်ဖို့အတွက် လှဲချလိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါက ပုရွက်ဆိတ်လေး တစ်ကောင်ပဲလေ။ ဘာလို့ စိတ်အနှောင့်အယှက် ဖြစ်ခံမှာလဲ။

ရှပ် ရှပ် ရှပ် ရှပ်။

ဟူးညိုက ကျောက်တုံးတွေကို တရစပ် မရပ်မနား လျှင်လျှင်မြန်မြန်နဲ့ ပစ်လိုက်ပါတယ်။ သန်းဘုရင်က သူ့ရဲ့ အရှိန်အဝါကို သုံးပြီးတော့ ကျောက်တုံးတွေကို ဖျက်ဆီးပစ်နိုင်ပါတယ်။ ဒါပေမဲ့ ကျောက်တုံးတွေမှာ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ ဖန်တီးထားတဲ့ လျှပ်စီးစွမ်းအားတွေလည်း ပါဝင်ပြီး သန်းဘုရင်တောင်မှ သူ့ခန္ဓာကိုယ်က အတော်လေး မာတောင့်လာသလို ခံစားရပါတယ်။

သူ့ကိုဒဏ်ရာ ရစေဖို့ ဆိုတာတော့ အရမ်းကို ဝေးကွာလွန်းပါတယ်။

Edit with WPS Office

ဒါပေမဲ့ ဒါက အရမ်းအရမ်းကို မအီမသာ ဖြစ်စေပါတယ်။

နောက်ဆုံးတော့ ဟူးညို့က ကျောက်တုံးတွေ တော်တော်များများ ပစ်လွှတ်တိုက်ခိုက် ပြီးတဲ့နောက် သန်းဘုရင်က ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒီဘုရင်က ကိုယ်ပိုင်အစွမ်းကို မထုတ်ဖော်သေးဘူး။ မင်းက တကယ်ပဲ ဒီဘုရင်ရဲ့ ခေါင်းပေါ် ခြေဆောင့်နင်းနိုင်တယ်လို့ ထင်နေတာလား။

သူက ဒေါသအိုး ပေါက်ကွဲပြီး ဟိန်းလိုက်ပါတယ်။ အသံလှိုင်းတွေက နေရာအနှံ့အပြားကို ပျံ့နှံ့သွားပြီး ပတ်ဂန်းကျင်မှာရှိတဲ့ ကျောက်တုံးတွေ အားလုံးက ပျက်စီးသွားခဲ့ပြီး အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

"ဟားဟားဟား ညိုးညိုးကို ထိခိုက်ဒဏ်ရာ ရစေချင်တာလား။ အာပုပ်နဲ့ နံတဲ့ပိုးကောင်ကြီး အဲဒီလိုမျိုးလုပ်ဖို့ဆိုတာ နင့်အစွမ်းက အဝေးကြီး လိုသေးတယ်"

Edit with WPS Office

ဟူးညို့က မျက်နှာပြောင်ပြပြီး ချက်ချင်းပဲ အဝေးကို လှွားခနဲ ခုန်ပေါက်ကျော်လွှား သွားပါတယ်။

သန်းဘုရင်က နောက်ဆုံးတော့ ထလာပြီး ဟူးညို့အနောက်ကို တစ်ဟုန်ထိုး လိုက်သွားပါတယ်။

လင်းဟန်က ချက်ချင်းပဲ အစစ်အမှန် နဂါးသွေး ကျောက်တုံးဆီကို ပြေးဝင်သွားပါတယ်။ ဒါပေမဲ့ သူလှုပ်ရှားလိုက်တာနဲ့ ဒီသန်းဘုရင်က ဒီနေရာမှာ အချိန်တော်တော်ကြာအောင် အမြစ်တွယ် နေခဲ့တာကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အရှိန်အဝါက ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် ထိခိုက်လုနီးပါး ဖြစ်စေတယ် ဆိုတာကို သတိထားလိုက်မိပါတယ်။ သူက ချက်ချင်းပဲ ဒီလေထုက ဆေဘာစားတွေလိုမျိုး သူလှုပ်ရှားလိုက်တာနဲ့ သူ့အရေပြားကို စုတ်ဖြဲလိုက်သလို ခံစားရပါတယ်။

"လင်းဟန်"

Edit with WPS Office

ဟော့လျန်ချင်ရှယ်က သူ့ကို အလျင်အမြန်ပဲ ဆွဲထားလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မင်းအရင်ဆုံး အနက်ရောင် မျှော်စင်ထဲကို ဝင်နှင့်။
ငါတစ်ယောက်တည်း သွားမယ်"

"ဒါပေမဲ့"

ဟော့လျန်ချင်ရှယ်က စိုးရိမ်ပူပန်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

"ငါတို့သားကို နှိုတိုက်ရမဲ့ အချိန်ရောက်ပြီ"

လင်းဟန်က ဟော့လျန်ချင်ရှယ်ကို ဖမ်းဆုပ်ပြီးတော့ သူမကို
အနက်ရောင် မျှော်စင်ထဲကို ပို့လွှတ်လိုက်ပါတယ်။

Edit with WPS Office

သူက ရေခဲနဂါး ဂျက်ပါကို ထုတ်ဖော်လိုက်ပါတယ်။ ဒါက သန်းဘုရင်ကို ထိပ်တိုက်ရင်ဆိုင် ခုခံနိုင်မှာ မဟုတ်ဘူးဆိုပေမဲ့ သန်းဘုရင် ချန်ထားခဲ့တဲ့ အရှိန်အဝါကို ရင်ဆိုင်ဖို့တော့ ပြဿနာ မရှိနိုင်ပါဘူး။ အားလုံးက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ဖြစ်ပါတယ်။ ကွာဟချက် တစ်ခု ရှိတယ်ဆိုပေမဲ့ ဒီလောက်ထိ ကြီးမားလိမ့်မှာ မဟုတ်ပါဘူး။

ရေခဲနဂါး ပေါ်လာခဲ့ပြီး လင်းဟာန်ရဲ့ အထက် မိုးကောင်းကင်ပေါ်မှာ ရစ်ခွေနေပါတယ်။ သူက ဂျက်ပါကို အရှေ့ကို သယ်လာပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ ဂျက်ပါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အရှိန်အဝါကို ဆန့်ကျင်ဖို့ အရာမရောက်ဘူးဆိုတာ သိလိုက်ရပါတယ်။

လပ္ပွတ်ပဲ။

လင်းဟာန်က ဂျက်ပါမျက်လုံးတွေကို သိမ်းလိုက်ပြီးတော့

Edit with WPS Office

တစ်ယောက်တည်း အရှေ့ကို လျှောက်လာခဲ့ပါတယ်။
သူ့ရဲ့အရေပြားက ချက်ချင်းဆိုသလို သွေးတွေယိုကျလာပြီး
သူ့သွေးကြောတွေက ဒီလိုမျိုး ဖိအားအောက်မှာ
ဖျစ်ညှစ်ခံနေရပါတယ်။ သူက အလျင်အမြန်ပဲ ဖျက်ဆီးလို့ မရနိုင်တဲ့
ကောင်းကင်မှော်စာလိပ်ကို ထုတ်ဖော်လိုက်ပြီး
ဒီရှေးဟောင်းဆန်းကြယ်တဲ့ ပညာရပ်ရဲ့ ကောင်းချီးပေးမှုအောက်မှာ
သူ့ရဲ့အခြေအနေက ချက်ချင်းဆိုသလို အတော်လေး
ကောင်းမွန်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပြီး
အရှေ့မှာရှိတဲ့ အရှိန်အဝါက ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ
ကောင်းနေပါတယ်။ နောက်ထပ် လမ်းဆက်လျှောက် လာပြီးတဲ့
နောက်မှာ သူ့အရိုးတွေကနေ ကျိုးပဲ့သံတွေ
ထွက်ပေါ်လာခဲ့ပါတယ်။

ဒါက ကောင်းမွန်တဲ့ စမ်းသပ်မှု တစ်ခုပဲ။ လင်းဟန်က
ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

သူက ကြီးမားတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရတဲ့ အခါမှာ ကံကောင်းမှု အဖြစ်ကို ပြောင်းလဲတဲ့ နေရာမှာ ကျွမ်းကျင်ဆုံး ဖြစ်ပါတယ်။ ဒီလိုမျိုး ရောမဖိအားအောက်မှာ သူချိုးဖျက်ဖို့ လိုအပ်နေတဲ့ ဓားနလုံးသားကို ချိုးဖြတ်ကောင်း ချိုးဖြတ်နိုင်ပါလိမ့်မယ်။

ဓားနလုံးသားက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူသာ ဓားနလုံးသားကို ကျင့်ကြံနိုင်ရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အရှိန်အဝါကို ရင်ဆိုင်တဲ့ အခါ လွယ်ကူပါလိမ့်မယ်။

သူက တစ်လှမ်းပြီး တစ်လှမ်း တိုးလာခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး သွေးတွေစွန်းထင်းလို့ နေပါတယ်။ ဒါပေမဲ့ သူ့ရဲ့အကြည့်တွေက သူ့ခန္ဓာကိုယ် အထဲမှာ တစ်စုံတစ်ခု ပေါက်ဖွားလာ သလိုမျိုး တောက်ပသထက် တောက်ပလာခဲ့ပါတယ်။

Chapter 804 end

အပိုင်း(805) နောက်ဆုံးမှာ ဓားနလုံးသားကို နားလည်သဘောပေါက်ခြင်း

Edit with WPS Office

အရင်က လင်းဟန်နဲ့ ရွှမ်ယုဇီကွမ်ရဲ့ တိုက်ပွဲထဲမှာ ရွှမ်ယုဇီကွမ်ရဲ့ သိုင်းအသိဆန္ဒက သူ့ခန္ဓာကိုယ် အထဲကို ဝင်လာခဲ့ပါတယ်။ ပြီးတော့ သူက အဲဒါကို တစ်လလုံး ထိပ်တိုက်ရင်ဆိုင် ခုခံခဲ့ပြီးမှ အဝေးကို ထုတ်ပစ်နိုင်ခဲ့တာပါ။

အဲဒါက သူ့ကို ဓားနလုံးသားရဲ့ အစွန်းအနည်းငယ်ကို ထိတွေ့ခွင့် ပြုခဲ့ပါတယ်။ ဒါပေမဲ့ ဒီနောက်ဆုံး ခြေလှမ်းကို ဖြတ်ကျော်ဖို့ ရက်တော်တော်များများ ယူရနိုင်ပါတယ်။ ဒါမှမဟုတ် နှစ်ပေါင်းတချို့ ဒါမှမဟုတ် ဆယ်စုနှစ်ပေါင်းတချို့ ရာစုနှစ်ပေါင်းတချို့ ဒါမဟုတ် သူ့ရဲ့ ဘဝတစ်လျှောက်လုံး မအောင်မြင်နိုင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

တာအိုကို နားလည်သဘောပေါက်ခြင်းက တကယ့်ကို ပဟေဋ္ဌိဆန်ပြီး နာလည်ရခက်ပါတယ်။ ပြောနေကြတာတော့ ပန်းမဂင်ခင် တက်မထောင်နဲ့ ဆိုသလိုမျိုး ခရီးအဆုံးထိ မရောက်သရွေ့ လူတစ်ယောက်ရဲ့ ကံဇာတာဟာ ကိုးဆယ်ရာခိုင်နှုန်းထိ ရောက်လာလည်း လမ်းခုလတ်မှာပဲ

Edit with WPS Office

ရှိပါသေးတယ်။

အခု သန်းဘုရင်ရဲ့ အရှိန်အဝါက ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ ကောင်းလာပါတယ်။ ဒါက မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်အဆင့် ရှိပြီးတော့ ထိပ်တိုက်ရင်ဆိုင်ရရင် သန်းဘုရင်က လင်းဟာန်ကို အသက်တစ်ရှိက်စာ အတွင်းမှာပဲ အကြိမ်ပေါင်း ရာနဲ့ချီပြီးတော့ သတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့ အခုတော့ သူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တည်ရှိမှု တစ်ခုတည်းကိုပဲ ခုခံနေရတာ ဖြစ်ပြီးတော့ ဒါကလုံးဝကို မတူညီ ကွာခြားပါတယ်။

ဒါက သိုင်းပညာအဆင့်ရဲ့ ယှဉ်ပြိုင်မှု တစ်ခု ဖြစ်ပါတယ်။ လင်းဟာန်ရဲ့ အဆင့်က အရမ်းကို နိမ့်ကျတယ် ဆိုပေမဲ့ သူက ဓားနလုံးသားကို ကျင့်ကြံထုတ်နိုင်လုနီးပါး ဖြစ်နေပြီး သူ့ရဲ့ ယုံကြည်မှုက အဲဒီကနေ လာတာပဲ ဖြစ်ပါတယ်။

ပိုးတုံးလုံး အဆင့်ကနေ ချိုးဖျက်ပြီး လိပ်ပြာတစ်ကောင် ဖြစ်လာပြီးတော့ ထွက်ပေါ်လာသလိုပါပဲ။ ဓားနလုံးသား။

Edit with WPS Office

လင်းဟန်က စိတ်ထဲကနေ ရေရွတ်လိုက်မိပါတယ်။ ဒါပေမဲ့ အဲဒါက အမြဲတမ်းလိုလို နည်းနည်းလေးပဲ လိုတော့တာက သူ့ကို အရှုံးအမှုး ဖြစ်စေပါတယ်။

ဖူး။

သူက ပါးစပ်ထဲကနေ သွေးတစ်လုတ်ကို အန်ထုတ်လိုက်ရပါတယ်။ စကြာဂဠုာ ဖျက်ဆီးခြင်း အဆင့် တည်ရှိမှုရဲ့ ဖိနှိပ်မှုအောက်မှာ သူတောင်မှ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။

အပြင်ဘက်မှာတော့ ဘယ်စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက သူတို့ရဲ့ တည်ရှိမှုကို တမင်တကာ မထိန်းချုပ်ထားတာ ရှိလို့လဲ။ တကယ်လို့ သူတို့သာ မဆင်မခြင်နဲ့ ထုတ်ဖော်လိုက်မယ်ဆိုရင် တခြားသူတွေကို သတ်မိသွားပါလိမ့်မယ်။ ကောင်းကင်အဆင့် စစ်သည်တော်တွေတောင် ဒီလိုမျိုး တည်ရှိမှုကို အနီးကပ် အနေအထား တစ်ခုမှာ အချိန်အကြာကြီး တောင့်မခံနိုင်ကြပါဘူး။

Edit with WPS Office

ဖျောက် ဖျောက် ဖျောက်။

လင်းဟာန်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတွေ ကျိုးကုန်ပါတယ်။ ပြီးတော့ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးက တည်ရှိမှုရဲ့ ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ ရွဲ့စောင်းလာခဲ့ပါတယ်။ အခု သူက ဆယ်မီတာခန့် ရှည်လာပေမဲ့ သူ့ခန္ဓာကိုယ်က ပါးလွှာပြီး ပျော့ဖတ်နေကာ ကြည့်ရတာ အရမ်းကို ထူးဆန်းနေပါတယ်။

သူက သေတော့မလိုပါပဲ။

လင်းဟာန်ရဲ့ ခေါင်းထဲမှာ အသိဉာဏ်အလင်းတစ်ခု ဖျတ်ခနဲ လက်သွားပြီးတော့ သူက အလျင်အမြန် ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်တစ်စက်ကို သန့်စင်လိုက်ပြီး သူ့ခန္ဓာကိုယ်ကို ချက်ချင်းပဲ ပြန်လည်ကုသလိုက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တည်ရှိမှုတောင်မှ ဒါကို မတားဆီးနိုင်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း ပုံစံကောင်းက သိပ်မကြာပါဘူး။ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်ရဲ့ အဆီအနှစ် အပြည့်အဂ သန့်စင်ပြီးတဲ့ နောက်မှာတော့ သူ့ခန္ဓာကိုယ်က နောက်တစ်ကြိမ် ပြန်ပြီးတော့ ပျက်ယွင်းလာခဲ့ပါတယ်။

ဓားနလုံးသားကို ဘယ်လိုလုပ်ပြီးတော့ သူက နားလည်သဘောပေါက်နိုင်ခြင်း မရှိသေးတာလဲ။

လင်းဟန်က ရုတ်တရက် သူအလျင်လိုနေတာကြောင့် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ သိုင်းပညာရပ်တွေကို နားလည်သဘောပေါက်ဖို့ ဘယ်လိုလုပ်ပြီး အလျင်စလို လုပ်လို့ရမှာလဲ။ ပိုပြီးတော့ ကတိုက်ကရိုက်နဲ့လုပ်လေ အရှိန်အဟုန် နှေးလေပဲ။ သူက လမ်းမှားကြီးကို လျှောက်နေ မိပါတယ်။ အံ့သြစရာတော့ မရှိပါဘူး။ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ဖိနှိပ်တဲ့ တည်ရှိမှုအောက်မှာ ဘယ်သူကများ အလျင်စလို မလုပ်မိပဲ နေမှာလဲ။

လင်းဟန်က သူ့စိတ်ကို အေးဆေးဖြစ်အောင် လုပ်ပြီးတော့

Edit with WPS Office

ဓားနှလုံးသားကို အတင်းအကျပ်ကြီး လိုက်မဖမ်းဆုပ်တော့ပဲ အဲဒီအစား ဖိအားကို ခုခံခြင်းအပေါ်မှာပဲ အာရုံစိုက်လိုက်ပါတယ်။

ဖျောက် ဖျောက် ဖျောက်။

သူ့ခန္ဓာကိုယ်ကနေ ဒဏ်ရာကြီးကြီးမားမားတွေ စုတ်ဖြဲနေဆဲဖြစ်ပြီးတော့ သူ့ပုံစံကို ကြည့်ရတာ လူပေါင်းတစ်ထောင်လောက်ကို သတ်ဖြတ်လာပြီး သွေးရေချိုးလာခဲ့တဲ့ နတ်ဆိုးတစ်ကောင်နဲ့ တူနေပါတယ်။

တစ်လှမ်းပြီး တစ်လှမ်း။ လင်းဟာန်ရဲ့ ခြေလှမ်းတွေက ခိုင်မြဲလာခဲ့ပါတယ်။

သွေးတွေက စီးဆင်းနေဆဲ။ ချွေးတွေကလည်း စီးကျနေဆဲ။ ဒါပေမဲ့ သူ့အကြည့်တွေက တောက်ပလာပြီး မျက်လုံးထဲမှာ အရှုံးမပေးမှုတွေနဲ့ တောက်လောင်လို့ နေပါတယ်။ ဓားနှလုံးသားကို သင်ယူမှု မရှိပဲနဲ့တောင် သူ့ကိုယ်သူ အားကိုးပြီးတော့ စကြာဂဠာ

Edit with WPS Office

ဖျက်ဆီးခြင်း အဆင့် တည်ရှိမှုကို ခုခံလာနိုင်ခဲ့ပါတယ်။

အဆိုးဆုံး သူက အမာရွတ်တွေ ပွထနေပေမဲ့ သိုင်းပညာရှင်တွေက ထိခိုက်ဒဏ်ရာ မရရှိတဲ့သူဆိုတာ ဘယ်မှာများ ရှိလို့လဲ။

သူက ခြေလှမ်းကျဲကြီးတွေနဲ့ ရှေ့ဆက်တက်လာခဲ့ပြီး အစစ်အမှန် နဂါးသွေး ကျောက်တုံးနဲ့ နီးသထက် နီးလာခဲ့ပါတယ်။

နောက်ဆုံးမှာ သူက အဲဒီနဂါးသွေး ကျောက်တုံးကို ထိမိခဲ့ပါပြီ။

သူ့နှလုံးသား အထဲကနေ ကျေနပ်ပီတိဖြစ်မှု တစ်ခုက မြင့်တက်လာပြီး အဲဒီအခိုက်အတန့်မှာပဲ သူ့ခန္ဓာကိုယ် အတွင်းက အချုပ်အနှောင် အမျိုးအစား တချို့က ကျိုးပျက်သွားသလို ခံစားလိုက်ရပြီး သူ့စိတ်ထဲကို ဖော်ပြလို့ မရနိုင်တဲ့ ခံစားချက်တစ်ခုက တိုးဂင်လာပြီး သူ့စိတ်ထဲမှာ အဆုံးမရှိတဲ့ ဓားအသိဆန္ဒတွေ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

Edit with WPS Office

ဓားနလုံးသား။

သူက အဲဒါကို သတိမပြုမိခင်မှာ အရင်ဆုံး အံ့အားသင့်သွားခဲ့ပါတယ်။

သူက နောက်ဆုံးခြေလှမ်းကို လှမ်းလိုက်တဲ့ အချိန်မှာ သူ့ရဲ့စိတ်ဝိညာဉ်ကလည်း ပြီးပြည့်စုံမှု တစ်ခုအဖြစ် ပြောင်းလဲသွားပြီး ဓားနလုံးသားရဲ့ နောက်ဆုံးခြေလှမ်းကို ဖြတ်ကျော်ခဲ့ပါတယ်။

သူ့မှာ ဉာဏ်အလင်းတစ်ခု ဖြစ်သွားခဲ့ပါတယ်။ တချို့သော အမှန်တရားတွေက အတင်းအဓမ္မ လိုက်ဖမ်းလို့ မရနိုင်ပါဘူး။ အမှန်တရားရဲ့ သဘာဝကျခြင်း။ အဲဒါက တာအိုနဲ့အညီ ဖြစ်ပါတယ်။

သူက ဒီအရာတွေကို စဉ်းစားလိုက်သလို သူ့ရဲ့ လုပ်ရှားမှုတွေကလည်း မနှေးကွေးပါဘူး။ သူ့ရဲ့လက်ကို အစစ်အမှန် နဂါးသွေးကျောက်တုံးပေါ် ဖိကပ်လိုက်ပါတယ်။ ဒါက ရောမ ကြီးမားလှတယ် ဆိုပေမဲ့ ဓားနလုံးသားကို ကျင့်ကြံအားထုတ်ပြီးတဲ့

Edit with WPS Office

နောက်မှာ သူ့ရဲ့ နတ်ဘုရား အာရုံကလည်း
အသစ်ပြန်လည်ပုံသွင်းပြီးတော့ အရမ်းကို ခိုင်ခံ့လာပါတယ်။
အဲဒါက ငါးဖမ်းပိုက်ကွန် တစ်ခုနဲ့ ဖြန့်အုပ်လိုက်သလိုမျိုး တူပြီးတော့
အစစ်အမှန် နဂါးသွေးကျောက်တုံးကို ဝိုင်းပတ်ပြီး အနက်ရောင်
မျှော်စင်ထဲကို ထည့်သိမ်းလိုက်ပါတယ်။

အားလုံးပြီးသွားပြီ။

သူက ချာခနဲ လှည့်ပြီးတော့ ဖိနှိပ်ခြင်း တည်ရှိနေတဲ့ နေရာကနေ
ထွက်ခွာဖို့ စတင်လိုက်ပါတယ်။

အဲဒီအခိုက်အတန့်မှာ သူက အားစိုက်စရာ မလိုတော့သလို
ခံစားရပါတယ်။ ဓားနလုံးသားရဲ့ ကာကွယ်မှုနဲ့အတူ သူ့ရဲ့
နတ်ဘုရားအာရုံကလည်း ကြံ့ခိုင်လာပြီး စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့် တည်ရှိမှုရဲ့ ထိခိုက်ပျက်စီးမှုကတောင် သူ့ကို
နည်းနည်းလေးမှ မထိခိုက်စေပါဘူး။ သူက ဒဏ်ရာရနေဆဲပါပဲ။
ဘာဖြစ်လို့လဲဆိုတော့ သူက ဓားနလုံးသားကို ကျင့်ကြံအားထုတ်
နိုင်ပေမဲ့ အစဦး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှုတောင် မရှိသေးပဲ

Edit with WPS Office

ဓားနှလုံးသား အလင်းရောင်ဆိုတာ အသာထားဦး။

သိပ်မကြာခင်မှာ သူက ဒီဇရိယာကနေ နောက်ဆုံးတော့ ထွက်လာခဲ့ပါတယ်။ ပြီးတော့ စိန်အဆင့် ခန္ဓာကိုယ်ကလည်း သူ့အစွမ်းနဲ့ ကျိုးသွားတဲ့ အရိုးတွေရယ် ကွဲအက်နေတဲ့ အသားအရေကို ချက်ချင်းပဲ ပြန်လည်ကုသခဲ့ပါတယ်။ အဲဒီနောက် သူက အနက်ရောင် မျှော်စင်ထဲကနေ အဂတ်အစားတစ်စုံ ထုတ်ပြီးတော့ လဲလှယ်လိုက်ပြီး သူ့ကိုကြည့်ရတာ ဒဏ်ရာနည်းနည်းမှ မရရှိခဲ့သလိုပါပဲ။

"ဟားဟား အစစ်အမှန် နဂါးသွေး ကျောက်တုံးကို ပေးစမ်း။ ဒါဆိုရင် မင်းအသက်ကို ချမ်းသာပေးမယ်"

အဲဒီအချိန်မှာပဲ ကျောက်တုံးနီနီ တချို့ရဲ့ အနောက်ကနေ လူငယ်ငါးယောက်က လမ်းလျှောက် ထွက်လာခဲ့ပြီး သူ့ကို သတ်ချင်ဖြတ်ချင်တဲ့ အကြည့်တွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။

Edit with WPS Office

ဘာလဲဟ။ သူတကယ်ပဲ သူတို့ကို သတိမပြုမိခဲ့ပါဘူး။

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ ပြီးတော့ သူက ဓားနလုံသားရဲ့ အံ့သြဖွယ်ရာ အသုံးဝင်မှုတွေကို အဆက်မပြတ် ကြိုးစားခဲ့တဲ့ အပြန်လမ်းတစ်လျှောက်လုံးမှာ ပတ်ဝန်းကျင် တစ်ခုလုံးကို ဘယ်လောက်တောင် လျစ်လျူရှုမိလိုက်သလဲ ဆိုတာကို သိလိုက်ရပါတယ်။ နောက်ပြီးတော့ ဒီနေရာမှာ နတ်ဘုရားအာရုံက အကြီးအကျယ် အကန့်အသတ် ရှိပါတယ်။ ဒါကြောင့်လည်း ဒီလူငါးယောက်ရဲ့ တည်ရှိမှုကို သူက သတိမပြုနိုင်ခဲ့ပါဘူး။

တကယ်လို့ သူတို့မှာ ရှုရှရန်ရဲ့ အဆင့်မျိုး ရှိနေပြီး ရုတ်တရက် တိုက်ခိုက်လာမယ်ဆိုရင် သူတောင်မှ ပျာယာခတ်သွားနိုင်ပါတယ်။

သူက သတိလစ်ဟင်းပြီး မေ့လျော့နေခဲ့မိပါတယ်။ အနာဂတ်မှာ သူက တချိန်လုံး သတိဝီရိယ နိုးကြားမှုကို ထိန်းသိမ်းထားရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာမှမဟုတ်တဲ့ အချက်သေးသေးလေးတွေကြောင့် သေသွားနိုင်ပါလိမ့်မယ်။

Edit with WPS Office

ဒါဆိုရင် သိုင်းပညာရဲ့ အထွတ်အထိပ်ကို သူ့အနေနဲ့ ဘယ်လိုမှ ရောက်ရှိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူတို့ကို လျစ်လျူရှုငံ့တာကို ကြည့်ပြီးတော့ လူငါးယောက်လုံး အကြီးအကျယ် ဒေါသထွက်နေခဲ့ပါတယ်။

ပွဲတက်ဂုတ်ရုံကို ဂုတ်ဆင်ထားတဲ့ ယောက်ျားတစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

"လူသား ငါ့မင်းကို စကားပြောနေတယ်"

လင်းဟန်က သူ့အတွေးတွေကို ပြန်ရုပ်သိမ်းလိုက်ပြီး ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"အစစ်အမှန် နဂါးသွေး ကျောက်တုံးက ငါရထားတဲ့ ပစ္စည်းပဲ။ ဘာဖြစ်လို့ မင်းတို့တွေကို ပေးရမှာလဲ။ လိုချင်တာလား။

Edit with WPS Office

ကိုယ့်ဘာသာကိုယ် ရှာကြလေ။ ငါအခု စိတ်ကောင်းဝင်နေတယ်။ မင်းတို့ကောင်တွေ အဲဒါကို မပျက်စီးစေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

"ဟားဟားဟားဟား"

ပွဲတက်ဝတ်စုံကို ဝတ်ဆင်ထားတဲ့ လူငယ်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လောက်တောင် ရယ်စရာ ကောင်းလိုက်သလဲကွာ။ လူသားတစ်ယောက်ကများ ရာရာစစ စော်ကားမော်ကား ပြောရဲတယ်။ ငါတို့ဘယ်သူလဲဆိုတာကို မင်းမသိဘူးလား"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါသိတာပေါ့"

Edit with WPS Office

အဲဒီလူငယ် ငါးယောက်က ဂုဏ်ယူသွားမိပါတယ်။ လူသားတစ်ယောက်တောင်မှ သူတို့ရဲ့ ဂုဏ်သတင်းကို ကြားသိထားပါတယ်။ ဘယ်လောက်တောင် အံ့ဩဖို့ ကောင်းလိုက်သလဲ။ ဒါပေမဲ့ လင်းဟန်ရဲ့ နောက်ထပ်စကားလုံးတွေက သူတို့ရဲ့ မျက်နှာတွေကို တွန့်လိမ်ရှုံ့မဲ့ကုန်ပြီး ဒေါသထွက်တဲ့ အမူအရာတွေ ဖြစ်ပေါ်စေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က သူတို့ တစ်ယောက်ချင်းစီကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ကြောင်၊ မင်းက ခွေး၊ မင်းက နွား၊ မင်းက ဂက်နဲ့ မင်းကတော့ သိုးတစ်ကောင်ပဲ"

ပွဲတက်ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူငယ်က ပြင်းပြင်းထန်ထန်နဲ့ အော်ဟစ်လိုက်ပါတယ်။

Edit with WPS Office

"ငါ့နာမည် မိုယွမ်မင်းလို့ခေါ်တယ်။ အနောက်ပင်လယ် မိုတော်ဝင် မိသားစုရဲ့ ပါရမီရှင်ပဲ"

"အိုး ဒါဆိုရင် မင်းနာမည် မိုယွမ်မင်းလို့ ခေါ်တယ်ပေါ့။ ငါသိပြီး ခွေးပေါက်လေး"

လင်းဟန်က ခေါင်းညိတ်ပြီး အနောက်ကနေ ချောချောမွေ့မွေ့နဲ့ စကားလိုက်ထောက် ပေးပါတယ်။

ခရမ်းရောင် ဝတ်စုံနဲ့ လူငယ်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"သူနဲ့ စကားပြောမနေနဲ့။ သူ့ကိုသတ်ပြီးတော့ အစစ်အမှန် နဂါးသွေးကျောက်တုံးကို လုယူကြ တာပေါ့"

"ဟုတ်ကဲ့ တော်ဝင်အစ်ကို ကျန်းရှင်းဝမ်"

Edit with WPS Office

တခြားလူငယ် လေးယောက်က သူ့ရဲ့အမိန့်ကို လိုက်နာကြပါတယ်။

သူတို့အားလုံးက မိုမိသားစုရဲ့ လူငယ်မျိုးဆက်ထဲမှာ လူသိများ ထင်ရှားကြသူတွေ ဖြစ်ပေမဲ့ ဘယ်သူကမှ မိုကျန်းရှင်းကို မယှဉ်နိုင်ကြပါဘူး။ သူက နှစ်ပေါင်းတစ်ထောင် ဒါမှမဟုတ် နှစ်ပေါင်းသောင်းနဲ့ချီမှ တစ်ကြိမ်သာ ထွက်ပေါ်လာတဲ့ အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ သန့်စင်တဲ့ ရှေးဘိုးဘေး မျိုးဆက်သွေး ရှိပြီးတော့ အနောက်ပိုင်း ပင်လယ်ထဲက မဟာဘုရင်သုံးပါးထဲက တစ်ယောက်ဖြစ်ပြီး အသက်ငါးဆယ် မတိုင်ခင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်က သူ့ကိုပိုင်းထားပြီး မိုကျန်းရှင်းက သူ့လက်နှစ်ဖက်ကို အနောက်မှာ ပစ်ထားပြီးတော့ သူတိုက်ခိုက်စရာ မလိုဘူးလို့ ခံစားနေပါတယ်။

Edit with WPS Office

ပင်လယ်မျိုးနွယ်စုက ဂုဏ်မောက်ကြပါတယ်။ ပြီးတော့ သူတို့လေးယောက်က လူသားတစ်ယောက်ကို ပူးပေါင်းတိုက်ခိုက်တယ် ဆိုတာက သူ့ကို အရမ်းပဲ မြင့်မြင့်မားမား စဉ်းစားထားလို့ ဖြစ်ပါတယ်။ တကယ်တော့ လင်းဟန်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိတဲ့ တည်ရှိမှု တစ်ခုကို ထုတ်ဖော်ထားပြီး လူငယ်လေးယောက် အထဲမှာတော့ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက် ပါဝင်ပါတယ်။

"နောက်ဆုံးအခွင့်အရေးပဲ။ အစစ်အမှန် နဂါးသွေးကျောက်ကို ပေးစမ်း။ အဲဒီလိုမှ မဟုတ်ရင်"

"သေရမယ်"

Chapter 805 end

အပိုင်း(806) မိုမိသားစုရဲ့ ပါရမီရှင်

"ငါမင်းတို့ကောင်တွေနဲ့ စကားပြောပြီး စိတ်အနှောင့်အယှက် ဖြစ်မခံနိုင်ဘူး"

Edit with WPS Office

ဒါပေမဲ့လည်း လင်းဟန်က လက်ဦးမှ ရယူပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ညာဘက်လက်နဲ့ တံဆိပ်တော် တစ်ခုကို ဖြစ်ပေါ်စေပြီး လူလေးယောက်ဆီကို ပစ်လွှတ် လိုက်ပါတယ်။ ရွှေရောင် အလင်းတန်းတွေက ချက်ချင်းဆိုသလို နေရာအနှံ့အပြားကို ရောင်ပြန်ဟပ်လာခဲ့ပါတယ်။ ဒါက လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုဖြစ်တဲ့ မြေကမ္ဘာ မှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်ဖြစ်ပါတယ်။

အဲဒီသန်းဘုရင်က အချိန်မရွေး ပြန်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဒီနေရာမှာ ဆက်ပြီးတော့ အချိန်ကြာကြာ မနေချင်ပါဘူး။

တကယ်တော့ သူက ဓားနှလုံးသားကို ကျင့်ကြံအားထုတ်နိုင်ခဲ့ပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ဖိနှိပ်ချုပ်ခြယ်မှု စွမ်းအားကို ရင်ဆိုင်ခုခံနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ယှဉ်ပြိုင်နိုင်တယ်လို့ မဆိုလိုပါဘူး။ အထူးသဖြင့် သန်းဘုရင်လို သက်ရှိတစ်ကောင်ကိုပါ။ လစန္ဒာဘုရင်နဲ့

Edit with WPS Office

တခြားသူတွေတောင်မှ ဒီသန်းဘုရင်နဲ့ ရင်ဆိုင်ရရင်
ခေါင်းကိုက်သွားနိုင်ပါတယ်။

"ရှင်းစိုင်းလိုက်တာ"

မိုယွမ်မင်းနဲ့ တခြားသူတွေ အားလုံးက နှာခေါင်းရှုံ့လိုက် ကြပါတယ်။
နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲရှိတဲ့ လူသားတစ်ယောက်က
သူတို့ကို တိုက်ခိုက်ဝံ့တယ်လား။

သူတို့အားလုံးက တစ်ယောက်ပြီးတစ်ယောက် သူတို့ရဲ့
လက်နက်တွေကို မြှောက်ပြီးတော့ လင်းဟန်ကို ခုတ်တယ်၊
ပိုင်းတယ်၊ ထိုးဖောက် လိုက်ကြပါတယ်။

လင်းဟန်က ကြိုးစားကြည့်ဖို့ ယားကျိကျို ဖြစ်လာပါတယ်။
ဓားနလုံးသားရဲ့ အံ့သြဖွယ်ရာ အချက်က ကမ္ဘာကြီးရဲ့
လက်နက်တွေကို ထိန်းချုပ်အသုံးနိုင်ပြုတာ ဖြစ်ပါတယ်။ ဒါကြောင့်
အဲဒီလူတွေကို ဓားဘုရင်၊ ဆေဘာဓားဘုရင် ဒါမှမဟုတ်

Edit with WPS Office

လက်သီးဘုရင်ဆိုင်ပြီး သူတို့ဖမ်းဆုပ် နားလည်နိုင်တဲ့ သိုင်းပညာရပ်ရဲ့ နလုံးသားနဲ့ ပတ်သက်ပြီး ခေါ်ဆိုကြခြင်း ဖြစ်ပါတယ်။ ပလ္လင် တစ်ခုအပေါ်မှာ ထိုင်နိုင်ရင်ပဲ ကမ္ဘာကြီး တစ်ခုလုံးကို အမိန့်ပေးနိုင်စွမ်း ရှိပါတယ်။

လင်းဟာန်က သူ့ရဲ့ဘယ်လက်ကို ဆန့်ထုတ်ပြီးတော့ အသာအယာ ဖမ်းဆုပ်လိုက်ပြီး ချက်ချင်းဆိုသလို မိုယွမ်မင်းနဲ့ တခြားလူတွေရဲ့ လက်ထဲက လက်နက်တွေ အားလုံးကနေ တိုးညှင်းတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး သူတို့ဘာသာသူတို့ မိုယွမ်မင်းတို့ရဲ့ လက်ထဲကနေ လွတ်ထွက်ပြီးတော့ လင်းဟာန်ဆီကို ပျံထွက်သွားတော့မဲ့အတိုင်း ညင်ညင်သာသာ လုပ်လာခဲ့ ပါတယ်။

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်က အကြီးအကျယ် အံ့အားသင့် နေခဲ့ပါတယ်။ ဘာတွေ ဖြစ်နေတာလဲ။ သူတို့က အနောက်ကို ဆုတ်ပြီးတော့ သူတို့လက်နက်တွေကို ပျံထွက်ကုန်မှာကို ကြောက်ရွံ့စွာနဲ့ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပါတယ်။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့

Edit with WPS Office

သက်ပြင်းချလိုက်ပါတယ်။ သူက ဓားနလုံးသားကို လေ့ကျင့်ကာစ ဖြစ်ပါတယ်။ ဒါကြောင့် လုံလုံလောက်လောက် မသန်မာသေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အတွေးတစ်ချက်နဲ့ပဲ ဒီလက်နက်တွေ အားလုံးက သူ့ဘေးကို ပျံသန်းလာပြီး တော်ဂင်အစောင့်အရှောက်တွေလို သူ့ကိုကာကွယ် ပေးထားပါလိမ့်မယ်။

ဒါက သူ့ကို ပိုပြီးတော့တောင် မျှော်လင့်မိ စေပါတယ်။ ဓားနလုံးသားကို အကြီးအကျယ် ကျွမ်းကျင်သွားရင် ဘယ်လောက်တောင် အံ့သြစရာ ကောင်းလိုက်မလဲ။ ပြီးတော့ ဓားနလုံးသား အလင်းရောင်က ဓားလမ်းကြောင်းထဲမှာ အမြင့်မားဆုံး အဆင့်ကို ကိုယ်စားပြုပြီး အရာအားလုံးကို ဖြတ်တောက်ပစ်ပြီး အတွင်းပိုင်း နတ်ဆိုးတွေကိုတောင် ချေမှုန်းပစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့နာမည်က အလင်းရောင်လို့ ဘယ်လိုလုပ် ဖြစ်နိုင်လိမ့်မှာလဲ။

"ဓားနလုံးသား"

Edit with WPS Office

မိုကျန်းရှင်းက အသံတိုးတိုးနဲ့ ပြောလိုက်ပြီး သူ့မျက်နှာပေါ်မှာ သတိထားတဲ့ အမူအရာတစ်ချက် လက်ခနဲ ဖြစ်သွားခဲ့ပါတယ်။

"ဘာ ဓားနှလုံးသား ဟုတ်လား"

"မဖြစ်နိုင်ဘူး။ ဒီလူသားက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတယ်။ ဘယ်လိုလုပ်ပြီး ဓားနှလုံးသားကို နားလည်သဘောပေါက်နိုင်မှာလဲ"

"ဟုတ်တယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တွေတောင် ဓားနှလုံးသားကို နားလည် သဘောပေါက်နိုင်စွမ်း ရှိချင်မှ ရှိကြလိမ့်မယ်။ ဒီလူသားက ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ဂုဏ်ယူဖွယ်ရာ တစ်ခုကို နားလည်ဖို့ ထိုက်တန်မှာလဲ"

မိုယွမ်မင်းနဲ့ တခြားသိုင်းယောက်က ဒါကို မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။ သူတို့ရဲ့ ထင်မြင်ချက်အရဆိုရင် သိုင်းပညာရပ်ရဲ့ နှလုံးသားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ပါဝင်ပြီး အရမ်းကို နည်းပါးတဲ့ လူနည်းစုကပဲ နားလည်သဘောပေါက်

Edit with WPS Office

နိုင်ကြပါတယ်။ စကြာဂဠုဘ ဖျက်ဆီးခြင်းအဆင့်
လက်ရွေးစင်တိုင်းမှာ သိုင်းပညာနလုံးသား မရှိပါဘူး။

မိုကျန်းက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့တွေ မှတ်မိသေးလား။ ငါတို့နဲ့အတူ ပါလာတဲ့ ရှရှုရန်နဲ့
မိုကျန်းကိုလေ"

"အင်း"

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်စလုံး ခေါင်းညိတ်လိုက် ကြပါတယ်။
သူတို့ငါးယောက်က ပင်လယ်ကေရာဇ် ကိုယ်တိုင်ကိုယ်ကျ
လက်ခံတွေ့ဆုံတဲ့ ဧည့်သည်တွေ ဖြစ်ပြီးတော့ အဆင့်နိမ့်ကျတဲ့
လူသားတွေ ဆိုပေမဲ့ သူတို့တွေကို လျော့တွက်လို့ မရကြပါဘူး။

"အဲဒီလူနှစ်ယောက်ကလည်း ဆေဘာဓားနလုံးသားနဲ့

Edit with WPS Office

ဓားနှလုံးသားကို ကျင့်ကြံအားထုတ်ပြီး ဒီလူသားထက် ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်း နားလည်ထားကြတယ်"

မိုကျန်းရှင်းက ပြောလိုက်ပါတယ်။

"ဘ ဘ ဘယ်လို"

မိုယွမ်မင်းနဲ့ တခြားသုံးယောက်စလုံး အံ့အားသင့်ကုန်ပြီး ကြက်သီးမွေးညင်းတွေ ထကုန်ကြပါတယ်။

လူသားတွေက တကယ်ပဲ အရမ်းကို နိမ့်ကျတဲ့ မျိုးနွယ်စု ဟုတ်ရဲ့လား။ ဒီသုံးယောက်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကိုတောင် မရောက်သေးပဲ သူတို့က သိုင်းပညာနှလုံးသားကို ဖမ်းဆုပ်နားလည်ပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အများစုတောင် ပိုင်ဆိုင်ထားခြင်း မရှိပါဘူး။ ဒီနိုင်းယှဉ်မှုနဲ့ဆိုရင် ဘာကြောင့် ပင်လယ်မျိုးနွယ်စုက အဆင့်နိမ့်ကျနေသလိုမျိုး ခံစားရတာလဲ။

Edit with WPS Office

ဒါပေမဲ့လည်း မိုကျန်းရှင်းက စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ ပင်လယ်မျိုးနွယ်စုမှာ ကျင့်ကြံခြင်း အဆင့်နဲ့ ပတ်သက်ရင် လုံးဝကို အားသာချက် ရှိပြီးတော့ နဂါးသွေးမျိုးဆက်ရဲ့ ကောင်းချီးပေးမှုနဲ့အတူ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လူသားတွေထက် သာလွန်ပါတယ်။ ဒါပေမဲ့လည်း သိုင်းပညာရပ်တွေကို နားလည်သဘောပေါက်မှုနဲ့ ပတ်သက်ရင် လူသားတွေက နာတဖျား ပိုသာလွန်ပါတယ်။

နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတို့ရဲ့ သွေးမျိုးဆက်က သူတို့ရဲ့ အောင်မြင်မှုအတွက် အကြောင်းပြချက် ဖြစ်သလို သူတို့ရဲ့ ကျရှုံးမှုအတွက် အကြောင်းပြချက်လည်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူက ချက်ချင်းပဲ စိတ်ထဲက ခံစားချက်တွေကို ပြန်ရုပ်သိမ်းပြီးတော့ ဂရုမစိုက်တဲ့ ဟန်နဲ့ ပြောလိုက်ပါတယ်။

"ဒီအကြောင်းကို အခုဂရုမစိုက်နဲ့။ ဒီလူသားကို သတ်ပြီးတော့ အစစ်အမှန် နဂါးသွေး ကျောက်တုံးကို လုယူလိုက်"

Edit with WPS Office

"ဟုတ်ကဲ့"

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်က အော်လိုက်ပြီးတော့ လင်းဟန်ကို နောက်တစ်ကြိမ် ဝိုင်းထားလိုက်ပါတယ်။

လင်းဟန်က သူ့ဘယ်ဘက်လက်ကို မြှောက်လိုက်ပါတယ်။ အခုသူက ဓားနလုံးသားကို ဘယ်လို ဖော်ထုတ်ရမလဲ ဆိုတာကို အလုံးစုံ စိတ်ဝင်စားနေပြီး အဆက်မပြတ် လေ့ကျင့်နေပါတယ်။ ပြီးတော့ လုပ်ရှားမှုတိုင်းမှာ သူက ဓားနလုံးသားရဲ့ နားလည်သဘောပေါက်နိုင်စွမ်း လုပ်ရပ်တွေကို ရှာတွေ့ခဲ့ပါတယ်။

"တကယ်လို့ သူက ဓားနလုံးသားကို ဖမ်းဆုပ်မိတော့ရော ဘာဖြစ်သေးလဲ။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိသေးတဲ့ လူသားတစ်ယောက်ပဲ"

မိုယွမ်မင်းနဲ့ ကျန်တဲ့ သုံးယောက်က တိုက်ခိုက်လိုက်ပြီး လင်းဟန်ဆီကို ဒုတိယအကြိမ် သူတို့ရဲ့ တိုက်ကွက်တွေကို

Edit with WPS Office

ပစ်လွှတ်လိုက်ပါတယ်။

လင်းဟန်က ဓားနလုံးသားကို အသက်သွင်းပြီးတော့ မိုယွမ်မင်းနဲ့ တခြားသုံးယောက်ရဲ့ လက်နက်တွေကို လွှမ်းမိုးလိုက်ပါတယ်။ တကယ်လို့ သူတို့လက်ထဲက စိတ်ဝိညာဉ် ပစ္စည်းတွေက သူတို့ကို ပြန်ပြီးတော့ ဆန့်ကျင်မယ်ဆိုရင် သူတို့ရဲ့ တိုက်ခိုက်မှုတွေက တကယ်ဆို တိကျမှု မရှိတော့ပါဘူး။

မိုယွမ်မင်းနဲ့ ကျန်တဲ့လူ သုံးယောက်က အံ့အားသင့် သွားခဲ့ပါတယ်။ တိကျမှု မရှိပဲ ဘယ်လိုလုပ် သူတို့က ဆက်ပြီးတော့ တိုက်ခိုက်နိုင်မှာလဲ။

တကယ်လို့ လင်းဟန်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေမယ်ဆိုရင် သူတို့အနေနဲ့ အနိုင်ရစရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ ပြိုင်ဘက်ဖြစ်သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ သူတို့က ဘာမှမလုပ်နိုင်တာ တကယ်ပဲ စိတ်ပျက်စရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

"ယား"

သူတို့တွေက ရှုံးသွပ်ကုန်ပါတယ်။ လင်းဟန်က သူတို့ကို စိတ်တိုင်းကျ တိုက်ခိုက်ခွင့် ပြုထားပြီး ရှောင်တိမ်းမှုတောင် မလုပ်တာတောင်မှ လင်းဟန်ရဲ့ အဝတ်အစား အစွန်းအဖျားကိုတောင် သူတို့က မထိနိုင်ခဲ့ပါဘူး။ ဒါကို သူတို့က ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ။

သိုင်းပညာ နှလုံးသားက တကယ်ပဲ ဒီလောက်တောင် အစွမ်းထက်တာလား။

မကြာခင်မှာ လင်းဟန်က စိတ်ဂင်စားမှု ကုန်သွားခဲ့ပါတယ်။ ဒီလူလေးယောက်က အရမ်းကို အားနည်းပြီး သူ့ရဲ့ ဓားနှလုံးသားကို တိုးလာအောင်လို့ ကူညီတဲ့ နေရာမှာ အကန့်အသတ် ရှိပါတယ်။ သူက ရှုရှရန်၊ ဓားကေရာဇ်လေးတို့နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ပြီး သူတို့ရဲ့ ဓားနှလုံးသားနဲ့ ဆေဘာဓား နှလုံးသားကို

Edit with WPS Office

အသုံးပြုပြီးတော့ သူ့ကိုယ်ပိုင် ဓားနလုံးသားကို လျင်လျင်မြန်မြန် တိုးလာနိုင်အောင် လုပ်နိုင်ပါလိမ့်မယ်။

သူ့ရဲ့ညာဘက်လက်ကို အရှေ့ကို တိုးပြီးတော့ ဖိလိုက်ပါတယ်။ မြေကြီးမှာ မှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်က ရွှေရောင်အလင်းတန်းတွေ တောက်ပလာပြီးတော့ မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်ကို လွှင့်ထွက်သွားစေပါတယ်။

"ဝေါ့"

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်က သွေးတွေပွက်ပွက် အန်ပြီး လင်းဟန်ရဲ့ တိုက်ခိုက်မှု အောက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားကြပါတယ်။

"သုံးမရတဲ့ကောင်တွေ"

Edit with WPS Office

မိုကျန်းရှင်းက အေးစက်စွာနဲ့ ပြောလိုက်ပြီး သူ့မျက်နှာပေါ်မှာ အထင်သေးမှုတစ်ခု ဖြတ်သွားပါတယ်။

သူတို့က နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိသေးတဲ့ လူသားတစ်ယောက်ကိုတောင် မထိန်းနိုင်ပါဘူး။ ဒါကြောင့် သူတို့က သုံးမစားမရတဲ့ အမှိုက်ကောင်တွေ မဟုတ်လို့ ဘာဖြစ်နိုင်မှာလဲ။

လင်းဟန်က သူ့ကိုမျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"မင်းကိုယ်မင်း သုံးစားမရတဲ့ အမှိုက်ကောင် တစ်ကောင်လို့ ပြောရတာကို ကြိုက်တာလား"

"ငါက သုံးစားမရတဲ့ အမှိုက်ကောင် တစ်ကောင် မဟုတ်ဘူး"

မိုကျန်းရှင်းက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

“မင်းက သုံးစားမရတဲ့ အမိုက်ကောင် ဟုတ်ဟုတ် မဟုတ်ဟုတ် စကားလုံးနဲ့ပဲ ဆုံးဖြတ်လို့ မရဘူး”

လင်းဟန်က သူ့လက်ချောင်းနဲ့ စိန်ခေါ်တဲ့ လက်ဟန်ခြေဟန် လုပ်ပြလိုက်ပါတယ်။

“လာခဲ့စမ်းပါ။ မင်းရဲ့အရှုံးကို ဂန်ခံလာတဲ့အထိ ငါမင်းကို ရိုက်ပုတ်ပစ်မယ်။ ဒါမှမင်းကိုယ်မင်း သုံးစားမရတဲ့ အမိုက်ကောင်တစ်ကောင်ဆိုတာ သိသွားမှာ”

“အဲဒါက ဖြစ်နိုင်ပဲ့မလား”

မိုကျန်းရှင်းက သူ့လက်ကို ခါပြီးတော့ နဂါးလက်သည်းတွေ အဖြစ်ကို ပြောင်းလဲလိုက် ပါတယ်။

Edit with WPS Office

"မင်းက သိုင်းပညာ နလုံးသားကို ကျင့်ကြံအားထုတ်ထားပြီး ဒီကမ္ဘာကြီးထဲက လက်နက်တွေကို ထိန်းချုပ်နိုင်တယ်။ ဒါပေမဲ့ ငါ့လက်နက်က ငါ့ခန္ဓာကိုယ်ကနေ ပြောင်းလဲထားတာပဲ။ မင်းက အဲဒါကို လွှမ်းမိုးနိုင်မှာလား"

လင်းဟန်က သူ့ကို အကြိမ်အနည်းငယ် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကို ကြည့်ရတာ ကိုယ့်ကိုကိုယ် ယုံကြည်ချက် တော်တော်လေး ရှိနေပုံပဲ"

"သေချာတာပေါ့။ ငါက အနောက်ပင်လယ် မိုမိသားစုရဲ့ အထူးချွန် အထက်မြက်ဆုံး မျိုးဆက်ပဲ။ အခုမှ အသက် နှစ်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးပြီး ကောင်းကင်အဆင့် အလွှာကိုးမှာရောက်နေပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်နဲ့ ခြေတလှမ်းပဲ ကွာတော့တယ်"

မိုကျန်းရှင်းက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

ဒါက တကယ့်ကို အံ့သြဖွယ်ရာ ကောင်းပြီးတော့ ဂုဏ်ယူဖို့လည်း ထိုက်တန်ပါတယ်။

"အဲဒီတစ်ဆင့်က မင်းရဲ့ ဘဝတစ်လျှောက်လုံး ဖြတ်မကျော်နိုင်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်တယ်။ သွေးမျိုးဆက်ပေါ်ကို မှီခိုနေတယ်။ သွေးမျိုးဆက်က အကန့်အသတ်ရှိတယ်။ တကယ်လို့ မင်းကိုယ်ပိုင်လမ်းကို မင်းလျှောက်လှမ်းနိုင်စွမ်း မရှိဘူးဆိုရင် ကံတရားရဲ့ အောင်မြင်မှုကလည်း အကန့်အသတ်ဆိုတာ ရှိတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စကားပြောတာက အပေါစားဆန်တယ်။ လူသားတစ်ယောက်က အရှက်မရှိ လေကြွားရဲတယ်"

မိုကျန်းရှင်းက ခြေတစ်လှမ်းထဲနဲ့ လင်းဟန်ရဲ့ အရှေ့ကို

Edit with WPS Office

ရောက်လာပြီး သူ့ညာဘက် လက်သည်းကို ဆန့်ထုတ်ပြီးတော့ လင်းဟာန်ရဲ့ မျက်နှာဆီကို တန်းတန်းမတ်မတ် တိုက်ခိုက် လိုက်ပါတယ်။

တကယ်လို့ ဒီတိုက်ခိုက်မှုသာ ထိသွားမယ်ဆိုရင် နဂါးလက်သည်းရဲ့ ထက်ရှမှုကြောင့် လင်းဟာန်ရဲ့ ခန္ဓာကိုယ်တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။

လင်းဟာန်က သူ့လက်ကို ဆန့်ထုတ်ပြီး နဂါးလက်သည်းကို ဖမ်းဆုပ်လိုက်ပါတယ်။

"ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

"မင်းသေလမ်းကို မင်းရှာတာပဲ"

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်က နှာခေါင်းရှုံ့ လိုက်ကြပါတယ်။

Edit with WPS Office

နဂါးလက်သည်းတွေက အထွတ်အထိပ် လက်နက်တွေ ဖြစ်ပြီးတော့ မင်းက ထိပ်တိုက်ရင်ဆိုင် ခံယူရဲတယ်ပေါ့။ မင်းက တကယ်ပဲ သေခြင်းတရားဆိုတာကို ဘယ်လိုရေးရမလဲ ဆိုတာတောင် မသိဘူးလား။

ပုန်း။

လင်းဟာန်က နဂါးလက်သည်းကို ဖမ်းဆုပ်ကိုင်လိုက်ပြီး သူ့ဘယ်ဘက်လက်ကနေ ထူးဆန်းတဲ့ ရွှေရောင်အလင်းတစ်ခု ထွက်ပေါ်လာလဲ့ပါတယ်။ အဲဒါက စိန်အဆင့် ခန္ဓာကိုယ် ဖြစ်ပါတယ်။

သူက ရောမ ကျောက်တုံးကြီး တစ်ခုလိုမျိုး မြဲမြဲမြံမြံနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

မိုယွမ်မင်းနဲ့ ကျန်တဲ့သုံးယောက်ရဲ့ မျက်လုံးတွေက

Edit with WPS Office

ပုစွန်မျက်လုံးတွေလိုမျိုး ပြူးထွက်လာခဲ့ ပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ လူသားတစ်ယောက် အတွက်တော့ နဂါးလက်သည်းကို သူ့ရဲ့ဗလာလက်နဲ့ ဖမ်းဆုပ်ဖို့ဆိုတာ သဘာဝ တရားရဲ့ အစီစဉ်တကျ ရှိနေသေးရဲ့လား။ ဒီကုန်းမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေဆိုတာကရော ရှိသေးရဲ့လား။

လပြွတ်ပဲပေါ့ကွာ။

Chapter 806 end

အပိုင်း(807) အနီးကပ် တိုက်ခိုက်ခြင်း

မိုကျုန်းရှင်းတောင် စိတ်လုပ်ရှားသွားခဲ့ပါတယ်။ ပြိုင်ဘက်ဖြစ်သူရဲ့ လက်က သတ္တုလိုမျိုး မာကျောတယ် ဆိုတာကို သိလိုက်ရပြီး နဂါးလက်သည်းနဲ့ ကုတ်ဆွဲတဲ့ အချိန်မှာတောင် မချိုးဖြတ်နိုင်သလို ဒဏ်ရာလည်း မရရှိသွားခဲ့ပါတယ်။ ဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း မင်းက လူသားတစ်ယောက်ပဲဟာ။

Edit with WPS Office

ပင်လယ်မျိုးနွယ်စုနဲ့ အနီးကပ် တိုက်ခိုက်ချင် နေတာလား။ အထူးသဖြင့် ပင်လယ်မျိုးနွယ်စုရဲ့ အုပ်ချုပ်သူ တစ်ယောက်နဲ့ပေါ့။

လူသားမျိုးနွယ်စုရဲ့ ခွန်အားနဲ့ သူတို့ရဲ့ သိုင်းပညာအပေါ် နားလည်သဘောပေါက်နိုင်စွမ်းကို သိနားလည်ထားဖို့ လိုအပ်ပါတယ်။ ဘုရင်တစ်ပါးရဲ့ လမ်းကြောင်းမှာ နည်းစနစ်တွေနဲ့ ကျွမ်းကျင်မှုတွေက ဇာတ်လမ်းအပြင်အဆင် ဖြစ်တယ်ဆိုရင် အနီးကပ်တိုက်ခိုက်ခြင်းက ခန္ဓာကိုယ် ကျင့်ကြံသူတွေရဲ့ အဓိက အချက်လို့ သတ်မှတ်နိုင်ပါတယ်။ ပင်လယ်မျိုးနွယ်စုရဲ့ အုပ်ချုပ်သူတွေ ဖြစ်တာကြောင့် နဂါးသွေးရဲ့ ထိန်းချုပ်မှု ရှိပြီးတော့ အားလုံးကိုယ်စီက ခန္ဓာကိုယ် ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောကြပါတယ်။

အနီးကပ် တိုက်ပွဲတစ်ခုမှာ မင်းဟာ အံ့သြဖွယ်ရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ခွန်အား မရှိဘူးဆိုရင် လက်ဝါးရိုက်ချက်ကို ဘယ်လောက်ကြာကြာ ခံနိုင်မှာလဲ။ ဒီအချိန်တိုတိုလေး အတွင်းမှာ ငါမင်းကို အချက်ပေါင်း ရာနဲ့ချီ တိုက်ခိုက်ပြီးတော့ မင်းကို ရိုက်ချပစ်မယ်။

Edit with WPS Office

မိုကျန်းရှင်းက နာခေါင်းရှုံ့ပြီးတော့ သူ့ရဲ့ တခြားလက်တစ်ဖက်နဲ့ လင်းဟန်ကို ဖမ်းဆုပ်လိုက် ပါတယ်။

ဒီတိုက်ခိုက်မှုက လျင်မြန်တိကျပြီး ညှာတာကင်းမဲ့မှု မရှိပါဘူး။

သူတို့နှစ်ယောက် အကြားက ဒီလိုမျိုး အကွာအဝေး နီးနီးကပ်ကပ် တစ်ခုမှာ လင်းဟန်က ဒါကို ဘယ်လိုလုပ်ပြီးတော့ တန်ပြန်နိုင်မှာလဲ။

တကယ်လို့ အကွာအဝေးက ဝေးတယ်ဆိုရင် သူ့ရဲ့လက်ကို မလိုက်ပြီး မူလစွမ်းအင်ကို ဖောက်ခွဲပြီးတော့ တိုက်ခိုက်လို့ ရပါလိမ့်မယ်။ တကယ်လို့ အမြန်နှုန်းက နှေးကွေးနေမယ် ဆိုရင်တောင် အဆင်ပြေပါသေးတယ်။ ငါက မင်းရဲ့ တိုက်ခိုက်မှုထက် ပိုမြန်အောင် ငါ့ရဲ့ လက်မောင်းကို လုပ်ရှားနိုင်ပြီး ဒီအကွာအဝေးကို ဖြတ်ကျော်နိုင်စွမ်း ရှိလိမ့်မယ်။

Edit with WPS Office

ဒါပေမဲ့ အခုတော့ မင်းရဲ့လက်ကို ပင့်လိုက်တာနဲ့ ငွေနဂါးလက်သည်းရဲ့ တိုက်ခိုက်မှုက မင်းရဲ့ လည်ပင်းကို ဖြတ်ပစ်လိမ့်မယ်။

မိုကျန်းရှင်းရဲ့ နှုတ်ခမ်းထောင့်က ကွေးသွားပြီး အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီတိုက်ခိုက်မှု တစ်ခုနဲ့ လူသားမျိုးနွယ်စုရဲ့ ထူးချွန်တဲ့ ပါရမီရှင် တစ်ယောက်က သေသွားပါလိမ့်မယ်။ အဲဒါက သူ့နှလုံးသားကို အရမ်းပဲ ကျေနပ်ပီတိ ခံစားစေပါတယ်။ သာမန်လူတွေကို သတ်ပြီးတော့ ဘာလုပ်ရမှာလဲ။ သာမန်လူပေါင်း တစ်ထောင် တစ်သောင်းကို သတ်ရတာနဲ့ ပါရမီရှင် တစ်ယောက်ကို သတ်ရတဲ့ စိတ်ကျေနပ်မှုက ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ပုန်း။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ညာဘက်လက်က ဆန့်ထွက်လာပြီးတော့ သူရဲ့နဂါး လက်သည်း အပေါ်ကို နောက်တစ်ကြိမ် ဖမ်းဆုပ်လိုက်တာကို ရုတ်တရက် သတိပြုမိ သွားခဲ့ပါတယ်။

Edit with WPS Office

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အစောပိုင်း သူက လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒါကို တောင့်မခံပဲ လင်းဟာန်က အနောက်ကို ဆုတ်ပေးလိုက်ရပါတယ်။ ပြီးတော့ ဒါက အချိန်နည်းနည်းလေး ယူပြီးတော့ လုပ်ရပါတယ်။ ဒါကြောင့် သူ့လက်တွေပေါ်ကို ဖမ်းဆုပ်နိုင်တာကို နားလည်ပေး နိုင်ပါတယ်။ ဒါပေမဲ့ အခုတော့။

ဒီလူသားကလည်း အံ့မခန်း ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားကို ပိုင်ဆိုင်ထားတာ ဖြစ်နေမလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့ တုံ့ပြန်မှုက အရမ်းကို လျင်မြန်နေမှာလဲ။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အစတုန်းက မင်းရဲ့ စွမ်းဆောင်နိုင်ရည်တွေအတွက် ငါ့မှာ တန်ဖိုးထားမှု တချို့ရှိတယ်။ အနာဂတ်မှာ မင်းက ပြဿနာတချို့

Edit with WPS Office

ဖြစ်လာနိုင်တယ်။ ဒါပေမဲ့လည်း မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာတယ် ဆိုမှတော့ မင်းရဲ့ ဆန္ဒတွေ ပြည့်ဝသွားအောင် ငါဖြည့်ဆည်းပေးရမှာပေါ့"

"ဟင့် ငါမင်းကို လျော့တွက်မိတယ် ဆိုတာကို ဝန်ခံတယ်။ ဒါပေမဲ့ မင်းကငါ့ကို သတ်ချင်တယ် ဟုတ်လား။ အိပ်မက်မက်နေလိုက်"

မိုကျန်းရှင်းက သရော်ပြုံးပြုံးလိုက်ပြီး လင်းဟာန်ဆီကို ရုတ်တရက် လေပေါ်ပျံဝဲ ကန်ချက်တစ်ချက် ကန်ထုတ်လိုက်ပါတယ်။

လင်းဟာန်ကလည်း သူ့ခြေထောက်ကို မပြီးတော့ တန်ပြန်တိုက်ခိုက်လိုက်ပါတယ်။ ဖြောင်း ဖြောင်း ဖြောင်း။ သူတို့ရဲ့ ခြေထောက်နှစ်ဖက်စလုံး အဆက်မပြတ် တစ်ယောက်ကို တစ်ယောက် ကန်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ လက်တွေက တစ်ယောက်နဲ့ တစ်ယောက် ဖမ်းဆုပ်ထားတာကြောင့်ပါပဲ။ သူတို့ခြေထောက်တွေရဲ့ ကန်ချက်တိုင်းက အလျော့ပေးခြင်း မရှိတာကြောင့် တစ်ယောက်အပေါ် တစ်ယောက် ကွက်တိထိမှန်သွားပါတယ်။

Edit with WPS Office

ပင်လယ်မျိုးနွယ်စုမှာ ရုပ်ပိုင်းဆိုင်ရာ အာသားချက် တစ်ခုရှိပါတယ်။ မိုကျန်းရှင်းရဲ့ ခန္ဓာကိုယ်က အဆင့်ကိုး တန်ဖိုးကြီး သတ္တုနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ ဒါပေမဲ့ လင်းဟာန်ကလည်း အားမနည်းခဲ့ပါဘူး။ သူလည်းပဲ ဒီအဆင့်ကို ရောက်ရှိနေခဲ့ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူတို့နှစ်ယောက် အကြားက ပြိုင်ပွဲဟာ သရေပါပဲ။

ဒါပေမဲ့ သရေဆိုတာက ဘယ်သူကမှ ထိခိုက်ဒဏ်ရာ မရဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ခြေကန်ချက်တွေကြောင့် ဒဏ်ရာတွေအသီးသီး ရရှိကြပါတယ်။ သူတို့ရဲ့ ခြေထောက်တွေက ထိမှန်မှုတွေကြောင့် ပုံစံပျက်လာခဲ့ ကြပါတယ်။

ဒါက အစွမ်းထက်တဲ့ ခြေနှစ်လက်က တစ်ခုနဲ့တစ်ခု ထိခိုက်မိတာနဲ့ တူပါတယ်။ တကယ်လို့ ဒီလိုမျိုး ခြေနှစ်လက်က တစ်ခုနဲ့တစ်ခု ထိမိခိုက်မိကြမယ်ဆိုရင် နှစ်ခုစလုံး ဖွတ်ဖွတ်ညက် ကြေမလား။ ဒါမှမဟုတ် ကျိုးပဲ့ကုန်မလား တစ်ခုခုပါပဲ။

အခုကိစ္စက သူတို့ရဲ့ ခြေထောက်နှစ်ဖက်စလုံးက တွန့်လာခဲ့ပြီး

Edit with WPS Office

ရွှံ့စောင်းလာတဲ့ အခြေအနေက အတော်လေး
ထိတ်လန့်စရာကောင်းပါတယ်။ ဒါပေမဲ့ သူတို့က
တစ်ယောက်ဆီတစ်ယောက် ဆက်ပြီးတော့ ကန်နေဆဲပါပဲ။
ဒီတိုက်ခိုက်မှုမှာ နှစ်ဖက်စလုံး သူတို့ရဲ့ အစွမ်းအကုန် အသုံးချခဲ့
ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က မထိန်းနိုင်ဘူးဆိုရင်
ခြေထောက်နဲ့ ကန်မဲ့ နေရာက ဘယ်နားဖြစ်လိမ့်မယ်။
ခါးအောက်ပိုင်းရဲ့ သေကွင်းသေကွက် ဖြစ်ပါလိမ့်မယ်။

တကယ်လို့ ဒန်တန်သာ ပျက်စီးသွားခဲ့ရင် လူတစ်ယောက်ဟာ
မသန်မစွမ်း ဖြစ်သွားလိမ့်မယ် မဟုတ်လား။

မိုကျန်းရှင်းက စိတ်ထဲကနေ ကျိတ်ပြီးတော့ မရှိတင်ကဲ
ဖြစ်နေပါတယ်။ စိတ်ဝိညာဉ်ပစ္စည်း ဒါမှမဟုတ် အမိန့်စာလွှာ
တစ်ခုခုကို ထုတ်ယူသုံးစွဲဖို့ အခွင့်အရေး နည်းနည်းမှ မရှိခဲ့ပါဘူး။
နှစ်ဖက်စလုံးရဲ့ လက်မောင်းတွေက တစ်ယောက်နဲ့တစ်ယောက်
ကိုင်ထားပြီး ပြန်ရုပ်သိမ်းဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

သူက မိုကလန်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်ပါတယ်။ သူ့မှာ
အစွမ်းထက်တဲ့ ရတနာပစ္စည်း တော်တော်များများ

Edit with WPS Office

သယ်လာခဲ့ပါတယ်။ တစ်ခုချင်းစီကပဲ လင်းဟန်ကို သတ်ပစ်ဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ အခုတော့ တစ်ခုမှကို အသုံးမပြုနိုင်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ သူက နောင်တမရပဲ နေမှာလဲ။

ဒါပေမဲ့ သူ့ကို လင်းဟန်က လူသားဖြစ်လို့ အနိုင်ကျင့်ရတယ်လို့ တောင်းဆိုလို့လဲ။ ပြီးတော့ သူနဲ့အတူ အနီးကပ်တိုက်ခိုက်ပြီး သူ့ကို တစ်ချက်တည်းနဲ့ ချေမှုန်းပစ်ဖို့ရော ဘယ်သူက တောင်းဆိုခဲ့လို့လဲ။ ဒါပေမဲ့လည်း သူက ဒီလိုမျိုး အံ့သြဖွယ်ရာ ပြိုင်ဘက်တစ်ယောက်နဲ့ ကြုံတွေ့ရမယ်လို့ မျှော်လင့်မထားမိခဲ့ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟား မင်းနောင်တ ရနေပြီလား"

"ဟ ငါကဘာဖြစ်လို့ နောင်တရသင့်လဲ။ မင်းရဲ့အခြေအနေက ငါ့ထက်ပိုပြီးတော့ ကောင်းနေတယ်လို့ မင်းထင်နေတာလား"

Edit with WPS Office

မိုကျန်းရှင်းကလည်း အားနည်းချက် နည်းနည်းလေးကိုမှ ထုတ်ပြဖို့ ဆန္ဒမရှိပါဘူး။

"မင်းထက် သေချာပေါက် အခြေအနေ ကောင်းတာပေါ့"

လင်းဟန်က ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူ့ရဲ့ ပုံသဏ္ဍာန်က ချက်ချင်းပဲ ပုံမှန်အတိုင်း ပြန်ရောက်ရှိ သွားခဲ့ပါတယ်။

ဘာလဲဟ။ မိုကျန်းရှင်းက အံ့အားသင့် သွားခဲ့ပါတယ်။ လပြွတ်ပဲ။ ဒါကဘယ်လိုမျိုး ဒဏ်ခံနိုင်မှုလဲ။ မင်းက တကယ်ရော လူမှဟုတ်ရဲ့လား။ မွန်းစတား တစ်ကောင် မဟုတ်ဘူးဆိုတာ သေချာပါတယ်နော်။

"အခု ဘယ်လိုနေလဲ"

Edit with WPS Office

လင်းဟန်က နောက်တစ်ကြိမ် ခြေကန်ချက် တစ်ချက် ထုတ်လိုက်ပါတယ်။

"အား"

မိုကျန်းရှင်းက ရုတ်တရက် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ ဒီကန်ချက်ရဲ့ စွမ်းအားထဲမှာ နည်းနည်းမှ တိုးမထားဘူး ဆိုပေမဲ့ သူက ပြင်းထန်တဲ့ ကန်ချက်တစ်ခုကို ခံလိုက်ရသလို ခံစားရပါတယ်။

ဒါက စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်ကြောင့် ဖြစ်ပါတယ်။ သူက ဆိုးဆိုးဝါးဝါး ကန်ခံထိထားပေမဲ့ လင်းဟန်ကတော့ လုံးဝကို ကောင်းမွန်သွားခဲ့ပါတယ်။ ဒီလိုမျိုး ဆန့်ကျင်ဘက် အနေအထားက သူ့ကို စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ သိသိသာသာ အားနည်းသွားစေပြီး အရမ်းကို ခံပြင်းဒေါသထွက် စေခဲ့ပါတယ်။ အစစ်အမှန် နဂါးရဲ့ မျိုးဆက်တစ်ယောက် အနေနဲ့ သူက လူသားတစ်ယောက်ကို

Edit with WPS Office

ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး ရှုံးနိမ့်လိမ့်မယ်လို့ မမျှော်လင့်ထားမိခဲ့ပါဘူး။

လင်းဟန်က နည်းနည်းလေးမှ ညှာတာမှု မပြပဲ သူ့ကန်ချက်တွေကို ပိုပြီးတော့တောင် အရှိန်အဟုန် မြှင့်တင်ပြီး ကန်ချလိုက်ပါတယ်။

ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း။

မိုကျန်းရှင်းရဲ့ တိုက်ခိုက်မှု စိတ်ဝိညာဉ်က စတင်ပြီး ယိမ်းယိုင်လာခဲ့ပါတယ်။ သူက အရင်တုန်းက ဟန်ပန်အမူအရာ ပုံစံမျိုးနဲ့ ဆက်ပြီးတော့ စကားမပြောနိုင်တော့ပါဘူး။ ရုတ်ခြည်းဆိုသလို သူက လင်းဟန်ရဲ့ ကန်ချက်တွေကြောင့် ဒေါသထွက်လာခဲ့ပါတယ်။ သူက လင်းဟန်ကို နောက်တစ်ကြိမ် ဆုပ်မကိုင်နိုင်တော့ပဲ သူ့ကန်ချက်တွေကြောင့် လွင့်ထွက်သွားပါတယ်။

သူ့ပါးစပ်ထောင့်ကနေ သွေးစသွေးနတွေ ကျလာပြီး သူ့အောက်ပိုင်း

Edit with WPS Office

ခန္ဓာကိုယ်ရဲ့ ကြီးမားတဲ့ အစိတ်အပိုင်း တစ်ခုက ခွက်လာခဲ့ပါတယ်။ ဒီမြင်ကွင်းက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

မိုကျုန်းရှင်းက ခက်ခက်ခဲခဲနဲ့ လူးလဲထလိုက်ပါတယ်။ သူက အသက်ကို ပြင်းပြင်းတစ်ချက် ရှူထုတ်ပြီးတော့ အနည်းငယ် တည်ငြိမ်လာခဲ့ပါတယ်။ အဲဒီနောက် သူက စာလိပ်တစ်ခုကို ဆွဲထုတ် လိုက်ပါတယ်။

စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် အမိန့်စာလွှာ။

"မင်းက အရမ်းကို သန်မာတယ်။ ဒါပေမဲ့ အဲဒီတော့ ဘာဖြစ်လဲ"

သူက သရော်ပြုံး ပြုံးလိုက်ပါတယ်။

"စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် အဆင့်မှာ မင်းက ပုရွက်ဆိတ်တစ်ကောင် သာသာပါပဲ။ သေစမ်းကွာ"

Edit with WPS Office

သူက ရုတ်တရက် အမိန့်စာလွှာကို ဖွင့်လိုက်ပြီး အစွမ်းထက်တဲ့ ဖိအားတစ်ခုကို ထုတ်ဖော်လိုက်ခြင်းက မိုယွမ်မင်းအပါအဝင် လူလေးယောက်ကို ဒူးထောက်သွားစေပြီး သူတို့ရဲ့ အရေပြားတွေက စုတ်ပြဲပြီးတော့ အသားတွေ ကွဲထွက်ကုန်ပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ကိုယ်တိုင်ကိုယ်ကျ ရောက်လာသလိုပါပဲ။ ဒါပေမဲ့ ခံ့ညားထယ်ဝါတဲ့ ဟန်ပန်အပြုအမူပုံစံ မရှိပါဘူး။ တကယ်လို့ သူတို့က သိုင်းပညာရဲ့ အုပ်ချုပ်သူတွေ ဖြစ်နေတယ် ဆိုရင်တောင် သူတို့ရဲ့ ခန္ဓာကိုယ်က တစ်စတစ်စနဲ့ ပြိုလဲသွားခဲ့ပါလိမ့်မယ်။

လင်းဟန်က အသာအယာ ပြုံးလိုက်ပါတယ်။
သူ့ရဲ့ညာဘက်လက်ကို ဇော့ယမ်းလိုက်တာနဲ့အတူ ရုတ်တရက်
ဓားတို့ ၁၀၈ချောင်း ပေါ်လာခဲ့ပြီး ရေခဲနဂါး ဂဏ်ပါ
ဖြစ်ပေါ်လာခဲ့ပါတယ်။ ချက်ချင်း ဆိုသလို ရေခဲနဂါးတစ်ကောင်
ဖြစ်ပေါ်လာပြီး မိုးကောင်းကင်ကို ခေါင်းမော့ပြီးတော့ မိုးခြိမ်းသံလို
ကျယ်လောင်တဲ့ အသံကြီးတစ်ခု ဟိန်းလိုက်ပါတယ်။

Edit with WPS Office

"သွား"

လင်းဟန်ရဲ့ လက်ညှိုး ထိုးညွှန်လိုက်တဲ့အတိုင်း ရေခဲနဂါးက သတ်ဖြတ်ချင်တဲ့ ဆန္ဒနဲ့ မိကျုန်းရှင်းဆီကို ပြေးဝင်သွားခဲ့ပါတယ်။

အမိန့်စာလွှာကို ဖွင့်လိုက်ပြီး ဗလတောင့်တောင့် လူတစ်ယောက် ထွက်လာကာ အစွမ်းထက်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အရှိန်အဝါကို ထုတ်ဖော်လိုက်ပါတယ်။ သူက ရေခဲနဂါးရဲ့ ဝင်လာတဲ့ တိုက်ခိုက်မှုကို မြင်လိုက်ပြီး ချက်ချင်းဆိုသလို သွားရောက်တွေ့ဆုံ လိုက်ပါတယ်။ ဝုန်း ဝုန်း ဝုန်း ဝုန်း။ နှစ်ဖက်စလုံး တိုက်ခိုက်ကြပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည်က ချက်ချင်းဆိုသလို ဘေးနားမှာရှိတဲ့ တောင်တွေ ကျောက်တုံးတွေကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်ကုန်ပါတယ်။

တကယ်လို့ ဒီနေရာက တစ္ဆေနဂါးလိုဏ်ဂူထဲမှာ မဟုတ်ဘူးတာကြောင့် ကမ္ဘာကြီးထဲက ကြယ်တာရာတွေ

Edit with WPS Office

နောက်တစ်ကြိမ် ကံကောင်းသွားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လောက်တောင် ပျက်စီးသွားမလဲဆိုတာ ဘယ်သူသိနိုင်မလဲ။

အဲဒီလူက ဖိနှိပ်ခံလိုက် ရပါတယ်။

"ဘာလဲဟ"

မိုကျန်းရှင်းအပါအဝင် သူတို့ငါးယောက်အုပ်စုရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်တဲ့ အမူအရာတွေ ဖြစ်သွားခဲ့ပါတယ်။ ဒါက သူတို့ရဲ့ အကြီးမားဆုံး ဝက်ဖဲ ဖြစ်ပါတယ်။ ဒီတစ္ဆေနဂါး လိုဏ်ဂူထဲကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ဝင်လို့မရနိုင်ပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် အမိန့်စာလွှာ တစ်ခုက အံ့ဩဖွယ်ရာကောင်းဖို့ မလုံလောက်ဘူးလား။

ဒါပေမဲ့ အခုတော့ တစ်ဖက်လူကြောင့် လုံးဝကို ထိန်းချုပ်ခံလိုက်ရပါတယ်။

Edit with WPS Office

လင်းဟန်က သူ့နှလုံးသားထဲကနေ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်ပါတယ်။ အမိန့်စာလွှာ တစ်ခုထဲမှာ ပိတ်ဆို့ထားတဲ့ ခွန်အားက ဘယ်လောက်များ သန်မာလိမ့်မလဲ။ ပြုလုပ်မှုရဲ့ တားမြစ်ထားမှုနဲ့ အမိန့်စာလွှာကို ပြုလုပ်တဲ့ ပစ္စည်းကြောင့် ဖြစ်ပါတယ်။ တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးထိ ရောက်ရှိနိုင်ရင်ပဲ အရမ်းကို အသိအမှတ် ပြုရပါမယ်။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံး ကွာခြားမှုက ကောင်းကင်နဲ့ မြေကြီးအကြား ကွာခြားချက်နဲ့ တူပါတယ်။ ကြယ်နှစ်လုံး သုံးလုံးဆိုရင် ပြောမနေပါနဲ့တော့။ ရေခဲနဂါးဆီက ဟိန်းသံနဲ့အတူ အမိန့်စာလွှာလည်း အပိုင်းပိုင်း အစစ စုတ်ပြဲသွားပါတယ်။

"မဟုတ်ဘူး"

မိုကျန်းရှင်းက စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့ ရေခဲနဂါးကြောင့် သေခြင်းတရားက သူ့လည်ပင်းကို

Edit with WPS Office

လာညှစ်တယ်ဆိုတာ သံသယ ရှိစရာ မလိုပါဘူး။

လင်းဟန်က မိုယွမ်မင်း အပါဝင် လူလေးယောက် အုပ်စုကိုလည်း သတ်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ သန်းဘုရင်က ကျည်ဆန်တစ်ခုလို အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ပြန်လာတာကို တွေ့လိုက်ရတဲ့ အခါမှာ သူကအံ့အားသင့် သွားခဲ့ပါတယ်။

ဒီကောင်ကြီးသာ အစစ်အမှန် နဂါးသွေးကျောက်တုံး ပျောက်သွားတာကို မြင်လိုက်ရင် သေချာပေါက် ဒေါသတွေ တလိပ်လိပ် ထွက်လာပါလိမ့်မယ်။ သူနောက်ဆုတ်တာ အကောင်းဆုံး ဖြစ်ပါမယ်။

လင်းဟန်က မိုယွမ်မင်းတို့ လူလေးယောက်ကို သတ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် အဖြစ်မခံတော့ပါဘူး။ သူ့မျက်လုံးထဲမှာ သူတို့က ဘာမှအရေးမကြီးပါဘူး။ သူက လွှားခနဲ ခုန်ပြီးတော့ လျှပ်တပြက် အတွင်းမှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

Chapter 807 end

Edit with WPS Office

အပိုင်း(808) တရကြမ်း တိုးဝှေ့ဖြတ်ကျော်ခြင်း

လင်းဟန်က ဟူးညီနဲ့ ချိန်းဆိုထားတဲ့ နေရာဆီကို ကမန်းကတန်း သွားလိုက်ပါတယ်။ သူရောက် သွားတဲ့အခါမှာ ဟူးညီက အချိန်တော်တော်ကြာကတည်းက ရောက်နေပြီး ကျောက်တုံးပေါ်မှာ ထိုင်နေကာ သူမရဲ့ ခြေထောက်တွေကို လှုပ်ယမ်းကစားနေပြီးတော့ ပျင်းရိနေပုံ ရပါတယ်။ သူမရဲ့ နှုတ်ခမ်းသေးသေးလေးက စူပုတ်နေပြီးတော့ အရမ်းကို မပျော်မရွှင် ဖြစ်နေပုံ ရပါတယ်။

လင်းဟန် ရောက်လာတာကို တွေ့လိုက်ရတော့ သူမက ညည်းတွားပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန် နင်က အရမ်းကို နှေးတာပဲ။ ညီးညီးကို အချိန်အကြာကြီး စောင့်ရအောင် လုပ်တယ်"

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်"

Edit with WPS Office

လင်းဟန်က အလျှင်အမြန် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ညီုးညီုးက ဒီတစ်ကြိမ် ငါ့ကို အကြီးကြီး မျက်နှာသာပေးပြီး လုပ်ပေးခဲ့တာပဲ"

ဟူးညိုက ချက်ချင်းပဲ အရမ်းကို ကျေနပ်ပျော်ရွှင် သွားခဲ့ပါတယ်။ လက်ခုပ်လက်ဝါးတွေ တီးပြီးတော့ ပြောလိုက်ပါတယ်။

"ညီုးညီုးက အကောင်းဆုံးပဲ"

"ညီုးညီုးက တကယ့်ကို အကောင်းဆုံးပဲ"

လင်းဟန်က ဟူးညိုရဲ့ ခေါင်းလေးကို ပုတ်လိုက်ပါတယ်။ ဒီကလေးမလေးက တကယ်ပဲ အရမ်းကို ထူးခြားပါတယ်။

"ငါတို့ယူလာတဲ့ ပစ္စည်းကို အရင်ဆုံး တစ်ချက်ကြည့်ရအောင်"

Edit with WPS Office

လင်းဟန်နဲ့ ဟူးညိုက အနက်ရောင် မျှော်ဟင်ထဲကို အတူတူ ဝင်လာခဲ့ပါတယ်။ အဲဒီနောက် သူက ဟောလျှန်ချင်ရှယ်ကိုပါ ခေါ်လိုက်ပါတယ်။ သူမက လင်းကျန်းရှယ်ကို ချီထားပြီး သူတို့တွေက ရောမ နဂါးသွေး ကျောက်တုံးဆီကို အတူတူ ရောက်လာခဲ့ ကြပါတယ်။

"ယိ ယား ယိ ယား"

လင်းကျန်းရှယ်က သူ့ရဲ့ လက်သေးသေးလေးနဲ့ ခြေထောက်တွေနဲ့ ဟောလျှန်ချင်ရှယ်ရဲ့ လက်မောင်းတွေထဲကနေ ရုန်းကန်လှုပ်ရှားနေပါတယ်။

"အိုး"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

Edit with WPS Office

“ဒီကောင်လေးက အစစ်အမှန် နဂါးသွေးကျောက်တုံးရဲ့ စွမ်းအားကို ခံစားမိနေတာလား”

သူက ခဏလောက် စဉ်းစားပြီးတော့မှ ပြောလိုက်ပါတယ်။

“ချွင်ရှယ် သူ့ကို လွှတ်ပေးလိုက်ပြီး ငါတို့တွေ ကြည့်ရအောင်”

တကယ်ဆိုရင် အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ပြဿနာ ဖြစ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဟော့လျန်ချွင်ရှယ်က သူမရဲ့သားကို မြေပြင်ပေါ် ချပေးလိုက်ပါတယ်။ လင်းကျန်းရှယ်က ချက်ချင်းပဲ သူ့ရဲ့ လက်တွေနဲ့ ခြေထောက်တွေကို အသုံးပြုပြီး အစစ်အမှန် နဂါးသွေး ကျောက်တုံးဆီကို လေးဘက်ထောက် ပြေးသွားခဲ့ပါတယ်။

Edit with WPS Office

သူ့အသက်က တစ်နှစ်မပြည့်သေးပေမဲ့ သူ့ရဲ့ ပကာတိ ခွန်အားနဲ့ အမြန်နှုန်းက နိုင်းယှဉ်လို့ မရအောင် အံ့ဩဖွယ်ရာ ကောင်းပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ သူက အစစ်အမှန် နဂါးသွေး ကျောက်တုံးရဲ့ အရှေ့ကို ပြေးသွားပြီး အပေါ်ကို ကုတ်ကပ်တက်လိုက်ပါတယ်။ ထိပ်ကို ရောက်သွားတဲ့ အချိန်မှာ သူက ဖိမ်ကျနေတဲ့ မျက်နှာနဲ့ အပေါ်ယံ မျက်နှာပြင်ပေါ်မှာ ထိုင်ပြီးတော့ အရင်က သန်းဘုရင်နဲ့တောင် တူပါတယ်။

လင်းဟန်က ချက်ချင်းပဲ သတိပြုမိသွားတာက သူ့သားခန္ဓာကိုယ် အပေါ်မှာ နဂါးသင်္ကေတတွေ တလက်လက် တောက်ပနေပြီး ထူးဆန်းတဲ့ ရောင်စဉ်တန်းတွေ ထုတ်လွှတ်နေပါတယ်။ အဲဒါက နဂါးရဲ့ ခွန်အားတွေ ဝေါခနဲ ထွက်လာခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒါက သန်မာပါတယ်။

သူက အစစ်အမှန် နဂါးသွေး ကျောက်တုံးကို စုပ်ယူနေပြီးတော့ ပိုပိုသန်မာလာပါတယ်။

အစစ်အမှန် နဂါးရဲ့ မျိုးဆက်တွေ အတွက်တော့ အစစ်အမှန် နဂါးရဲ့

Edit with WPS Office

သွေးက သေချာပေါက် ရှားပါးတဲ့ ရတနာတစ်ခု ဖြစ်ပါတယ်။
ပြီးတော့ အစားထိုးလို့တောင် မရနိုင်တဲ့ ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။

လင်းဟန်က လျှောက်လာပြီးတော့ အစစ်အမှန် နဂါးသွေး ကျောက်တုံးပေါ်ကို သူ့လက် တင်လိုက်ပါတယ်။ ချက်ချင်းဆိုသလို နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်က အလိုအလျောက် လည်ပတ်လာပြီး နဂါးသွေး ကျောက်တုံးရဲ့ အဆီအနှစ်ကို ဆွဲထုတ်ယူပြီး သူ့ခန္ဓာကိုယ်ကို အားကောင်းလာစေပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အနည်းငယ် တိုးမြှင့်ပေးကာ ခွန်အားတွေ တရစပ် တိုးလာစေပါတယ်။

သူက ရုတ်တရက် နဂါးသွေး ကျောက်တုံးရဲ့ အထဲက စွမ်းအင်တွေ အကုန်လုံး ဆွဲထုတ်ယူချင်တဲ့ စိတ်ကလှုံ့ဆော်လာပြီး သူ့ရဲ့ပကတိ ခွန်အားက ချက်ချင်းဆိုသလို ကောင်းကင်အဆင့်ထိ တိုးမြှင့်သွားနိုင်ပါတယ်။ ဒါမှမဟုတ် ဒီထက်တောင် ပိုပြီးတော့ သန်မာသွားနိုင်ပါတယ်။

သူက သူ့ကိုယ်သူ ထိန်းချုပ်လိုက်ပါတယ်။ ခွန်အားတွေ

Edit with WPS Office

အလျှင်အမြန် တိုးတာက ကောင်းတဲ့ အရာတစ်ခု မဟုတ်ပါဘူး။ လူတစ်ယောက်က ဒီလိုမျိုး စွမ်းအားကို ထိန်းချုပ်ဖို့ လုံလောက်တဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ခု ရှိဖို့လိုပါတယ်။ သူ့ရဲ့အရင်ဘဝမှာ ကောင်းကင်အဆင့် သက်ရှိတစ်ယောက် ဖြစ်တယ်ဆိုပေမဲ့လည်း သူ့ရဲ့တိုက်ပွဲစွမ်းရည်က တကယ်တမ်းတော့ မသန်မာပါဘူး။ ပြီးတော့ အတိတ်တုန်းက သူက အခုလက်ရှိ သူ့ကိုတောင် ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုးလည်း ပြောလို့ရပါတယ်။ ကောင်းကင်အဆင့်ဆီကို ရင်းနှီးကျွမ်းဝင်နေတဲ့ လမ်းပေါ်ကနေ ရှေ့ဆက်လာတယ်လို့ ပြောနိုင်ပါတယ်။ သူက သူ့ရဲ့အရင်ဘဝထက် လုံးဝကို သာလွန်နေပြီး ဒီတစ်ကြိမ် ငါးနှစ်ကျော်ပဲ သုံးစွဲရပါသေးတယ်။ ဒီအကြောင်းကို သူတွေးလိုက်မိတဲ့ အချိန်မှာ အဲဒါက သူ့ကို အိပ်မက်များ မက်နေသလားလို့တောင် ခံစားစေရပါတယ်။

နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ပြီးတဲ့ နောက်မှာတော့ အဆင့်မတက်ခင်မှာ ဒီအဆင့်ရဲ့ အခြေခံကို ခိုင်မာကျစ်လျစ်အောင် တည်ဆောက်ဖို့ လိုအပ်ပါတယ်။

Edit with WPS Office

သူက စိတ်မကောင်းစရာတွေကို ချန်မထားခဲ့နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြီးမားတဲ့ အကျိုးသက်ရောက်မှုတစ်ခု သယ်ဆောင်လာနိုင်ပါတယ်။

လင်းဟန်က သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မျှော်စင်လေး။ ဒီကလေးက အစစ်အမှန် နဂါးသွေး ကျောက်တုံးကို ဘယ်လိုစုပ်ယူလို့ ရမလဲ။ ပြဿနာ ရှိနိုင်လား"

မျှော်စင်လေးက ထွက်ပေါ်လာပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ဖြေလိုက်ပါတယ်။

"သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ကောင်းတယ်။ မင်းထက်တောင်မှ ပိုသန်မာတယ်။ မင်းမြန်မြန် သေသွားတာ ကောင်းလိမ့်မယ်။ အဲဒါမှ မင်းသားက အနက်ရောင် မျှော်စင်ကို အမွေဆက်ခံပြီး မင်းထက်တောင်မှ ပိုပြီးတော့

Edit with WPS Office

ထူးချွန်ထက်မြက်လိမ့်မယ်”

လပြွတ်ပဲပေါ့။

လင်းဟာန်ရဲ့ နှတ်ခမ်းထောင့်က တွန့်သွားခဲ့ပါတယ်။ မင်းက ငါ့သားကို ချီးကျူးနေတယ် ဆိုပေမဲ့ မင်းကငါ့ကို အများကြီး သိမ်ငယ်အောင် လုပ်စရာ မလိုဘူးလေ။ ဟုတ်တယ်မလား။ ဒီဂုဏ်မောက်တဲ့ မျှော်စင်တော့လား။ တစ်နေ့နေ့ကျရင် ဒူးထောက်ပြီးတော့ ရှုံးနိမ့်ကြောင်း ဝန်ခံခိုင်းရမယ်။

ဒါပေမဲ့လည်း တကယ်လို့ ပြဿနာ မရှိဘူးဆိုရင် ကောင်းပါတယ်။ ဒီကလေးကို အစစ်အမှန် နဂါးသွေးကျောက်ကို စုပ်ယူဖို့ ကျောက်တုံးပေါ်မှာ လုံခွင့်ပြုထားလိုက်ပါမယ်။ သူ့ရဲ့ စိတ်ဝိညာဉ် အခြေခံ နိုးထလာတဲ့ အခါကျရင် သူ့ရဲ့ပကတိ ခွန်အားက ဘယ်လောက်အမြင့်ထိကို ရောက်သွားမလဲ ဆိုတာကို ငါတကယ်မသိဘူး။ ပန်းဖူးအဆင့်လား။ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်လား။

Edit with WPS Office

လင်းဟန်အပါအဝင် သူတို့သုံးယောက်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ တန်ဖိုးအကြီးဆုံး ရတနာက အစစ်အမှန် နဂါးအစွယ် ဖြစ်ပါတယ်။ နိုင်းယှဉ်ကြည့်မယ်ဆိုရင် တခြားအရာတွေက နမ်းစေ့လောက်ပဲ ရှိပါတယ်။ အစစ်အမှန် နဂါးသွေး ကျောက်တုံးတောင်မှ နည်းနည်းလေးကြီးတဲ့ နမ်းစေ့တစ်စေ့လိုပဲ သတ်မှတ်ရနိုင်ပါတယ်။

"ဂါး"

သူတို့တွေ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ချိန်မှာ ထိတ်လန့်တုန်လှုပ်စရာ ဟိန်းသံကြီး တစ်ခုကို သူတို့ကြားလိုက်ရပါတယ်။ သူတို့ကို လုံးဝကို တုန်ခါသွားစေပြီး သူတို့ရဲ့ အရေပြားတွေက လိုင်းလုံးတွေလိုမျိုး တအိအိ လှုပ်သွားတဲ့ အထိပါပဲ။

အဲဒါက သန်းဘုရင် ဖြစ်ပါတယ်။ သူ ပြန်လာပါပြီ။ ပြီးတော့

Edit with WPS Office

အစစ်အမှန် နဂါးသွေး ကျောက်တုံး သူ့နေရာမှာ မရှိတော့တာကို ရှာတွေ့သွားခဲ့ပါတယ်။ သူက ဒေါသအကြီးအကျယ် ထွက်သွားပြီး ဘုံရဲ့ဒီအစိတ်အပိုင်းကို ဖျက်ဆီးပစ်ချင်တဲ့အထိ ရက်စက်ကြမ်းကြုတ်လာပါတယ်။

"သွားကြစို့"

လင်းဟန်အပါအဝင် သူတို့သုံးယောက်လုံး တန်းပြီးတော့ ထွက်လာခဲ့ပါတယ်။ မျက်လုံး ဆယ့်ငါးလုံး အလောင်းကောင် ဘုရင်အဆင့်ရှိတဲ့ သန်းဘုရင်နဲ့ ထိပ်တိုက်ရင်ဆိုင်တာက ကိုယ့်ကိုကိုယ် သေလမ်းရှာတာပါပဲ။ အရူးတွေပဲ ဒီလိုမျိုး လုပ်ပါလိမ့်မယ်။ မိုင်ပေါင်း တစ်ရာကျော် ပြေးလာပြီးတဲ့နောက်မှာ သူတို့က ဟိန်းသံတွေကို ကြားနေရသေးတယ် ဆိုပေမဲ့ လေလှိုင်းတွေက နောက်ဆုံးတော့ သူတို့ကို အကျိုးသက်ရောက်မှု မရှိနိုင်တော့ပါဘူး။

ဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ကောင်ရဲ့ ဟိန်းသံလေးပဲ ရှိပါတယ်။ အဲ့ဒါက ကောင်းကင်အဆင့် လက်ရွေးစင်

Edit with WPS Office

တစ်ယောက်ကိုတောင် ထိခိုက်ဒဏ်ရာ ဖြစ်စေပါတယ်။

မိုင်ပေါင်းရာနဲ့ချီအောင် ပြေးလာပြီးတဲ့ နောက်မှာတော့ ဟိန်းသံတွေက နောက်ဆုံးလုံးဝကို ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီအချိန်ကျမှပဲ သူတို့သုံးယောက်စလုံး စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ကံကောင်းတာက ဒီဧရာမ အကောင်ကြီးက သူတို့အနောက်ကို မလိုက်ပဲ နေရာအနှံ့ကို တိုက်ခိုက်နေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့သာ ပစ်မှတ်ထားခံရမယ်ဆိုရင် မရဏာဓား နိုးထအောင် လုပ်နိုင်ရင်တောင်မှ သူတို့တွေ တောင့်ခံနိုင်စွမ်း ရှိလိမ့်မလား။

သူတို့က တခြားရတနာတွေဖြစ်တဲ့ နဂါးသွေးမြက်နဲ့ အစစ်အမှန် နဂါးသွေး ကျောက်တုံးကို ဆက်ပြီးတော့ မရှာတော့ပါဘူး။ အခု သူတို့က အစစ်အမှန် နဂါးရဲ့ အစွယ်ကိုပဲ အာရုံစိုက် ထားပါတယ်။ တကယ်တော့ သူတို့က လေးခုမြောက် အလွှာပေါ်မှာ အချိန်ဘယ်လောက်တောင် သုံးစွဲရမလဲ ဆိုတာကို သူတို့မသိပါဘူး။

နှစ်ရက်ခန့် ကြာပြီးတဲ့နောက် သူတို့က တတိယ အလွှာရဲ့ အဆုံးကို

Edit with WPS Office

ရောက်လာခဲ့ ကြပါတယ်။ ဒီနေရာမှာ လမ်းကြောင်း ဒါမှမဟုတ် အရိုးနဲ့ လုပ်ထားတဲ့ တောင်အမြင့်ကြီးမျိုး မရှိပါဘူး။ သာမန်မုခ်ဂ တစ်ခုကိုပဲ တွေ့မြင်ရပါတယ်။ ဒါပေမဲ့ လုံးဂကို မတူညီတဲ့ ကျောက်တစ်ခုနဲ့ ဆက်သွယ် ထားပါတယ်။ တစ်ဖက်မှာတော့ မီးတောက်ပင်လယ် တစ်ခု ရှိနေပါတယ်။

"ဟားဟား နောက်ဆုံးတော့ မင်းရောက်လာပြီပေါ့။ ငါမင်းကို စောင့်နေတာ"

သရော်တဲ့ လှောင်ရယ်သံနဲ့အတူ ရှုရှုရန်တို့ လေးယောက်အုပ်စုက တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်လာပြီး ဂင်ပေါက်ရဲ့ မုခ်ဂကို ပိတ်ဆို့ထားပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံးကို အချိန်အကြာကြီး စောင့်ရအောင် လုပ်မိတဲ့အတွက် ငါတကယ်ပဲ တောင်းပန်ပါတယ်"

Edit with WPS Office

"ကိစ္စမရှိပါဘူး။ မင်းရဲ့အသက်ကို လျော်ကြေးအနေနဲ့ ငါတို့ကို ပေးနိုင်တယ်"

ဓားကေရာဇ်လေးက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါက ပိုပြီးတော့တောင် တောင်းပန်ပါတယ်။ ငါ့အသက်ကို ငါ့အရှင်မ်း တန်ဖိုးထားတယ်။ ငါ့အသက်ကို လျော်ကြေးအနေနဲ့ ဘယ်သူ့ကိုမှ ပေးဖို့ ဆန္ဒမရှိဘူး"

လင်းဟန်က သူတို့လေးယောက်ကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။

သူ့ကိုယ်ပိုင် ခွန်အားနဲ့ ဒီလေးယောက်ကို သူလုံးဝကို မကြောက်ပါဘူး။ တကယ်လို့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူတို့ထက် နည်းနည်းလေး နိမ့်ကျမယ်ဆိုရင်တောင် သူ့ခန္ဓာကိုယ်က အဆက်မပြတ် ပြန်လည်ကုသနိုင်ပြီး နောက်ဆုံးမှာ ရယ်မောပြီး ကျန်နေရစ်မဲ့လူက သူပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အားလုံးမှာ

Edit with WPS Office

သန်မာတဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ စွမ်းရည်ရှိပါတယ်။ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်တို့နဲ့ဆို သူတို့က အစောပိုင်းက သန်းဘုရင်ကိုတောင် လက်ရည်တူ ယှဉ်ပြိုင်နိုင်လောက်ပါတယ်။

သူက ချက်ချင်းပဲ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။ သူက အရှေ့ကို တရကြမ်း တိုးဝင်ပြီး အစစ်အမှန် နဂါးရဲ့ အစွယ်ကို သူ့လက်ထဲမှာ အရင်ဆုံး ရအောင်လို့ လုပ်ရပါမယ်။ ဒီလူလေးယောက် အတွက်တော့ သူ့အနေနဲ့ နောက်ကျမှ ရင်ဆိုင်ရနိုင်ပါတယ်။

"သေစမ်း"

ရှုရန်က ချက်ချင်းပဲ အကြွင်းမဲ့ ဆေဘာဓားကို ကိုင်ဆွဲပြီး မိုးကြိုးလျှပ်စီး သားတော်က တောင်နဲ့မြစ် ပုဆိုင်ကို ထုတ်ယူလိုက်ပါတယ်။ သူ့ရဲ့လက်ထဲမှာ မြင့်မြင့်ကိုင်ထားပြီး ဒီရတနာ ပစ္စည်းကလည်း နီးထလာကာ နိုင်းယှဉ်လို့ မရနိုင်တဲ့ လွှမ်းမိုးခြယ်လှယ်ခြင်း အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပါတယ်။

Edit with WPS Office

လင်းဟန်က ဟော့လျန်ချင်ရှယ်နဲ့ ဟူးညီကို ဆွဲပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့လေးယောက်က သူ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို သိနေပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့အရှေ့မှာ အသုံးပြုခဲ့ရင်လည်း ကိစ္စမရှိပါဘူး။

"မင်းက ငါတို့ကို ဖြတ်ပြီးတော့ တရကြမ်း တိုးဝင်ချင်တာလား။ မင်းက အရမ်းကို အတွေ့အကြုံ နုသေးတာပဲ"

ဓားကေရာဇ်လေးက သရော်ပြုံး ပြုံးလိုက်ပြီး ရတနာဓားတစ်လက်ကို ကိုင်ဆွဲထားပါတယ်။ ဓားအသိဆန္ဒရဲ့ လည်ပတ်ခြင်းနဲ့အတူ ဒီရတနာ ပစ္စည်းကလည်း နီးထလာပြီး ရက်စက်ကြမ်းကြုတ်တဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပါတယ်။ အဲဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို မရောက်ဘူးဆိုရင်တောင် သိပ်တော့ မကွာပါဘူး။

Edit with WPS Office

တုန်လင်းအာလည်း ဓားတစ်လက်ကို ကိုင်ဆောင်ထားပါတယ်။ သူမက ဓားနှလုံးသားမှာ ကျွမ်းကျင်မှု မရှိပါဘူး။ ဒါပေမဲ့ သူမကိုယ်ပိုင် အထင်ကြီးလောက်တဲ့ စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။ သူမရဲ့ သွေးအထဲက စွမ်းအားကို ထုတ်ဖော်လိုက်ပြီး သူမရဲ့ ကျောဘက်မှာ ရှည်လျားတဲ့ အတောင်ပံနှစ်ခုကို ဖြန့်လိုက်ပြီး ဖီးနစ်အမြီးတစ်ခုနဲ့အတူ သူမကို ကြည့်ရတာ အရောင်အသွေးစုံလင်တဲ့ ဖီးနစ်ငှက်တစ်ကောင် ဖြစ်လာသလိုမျိုးပါပဲ။

အုပ်ချုပ်သူ လူငယ်လေးယောက်က လင်းဟာန်ကို တားဆီးဖို့ အင်အားစုပေါင်း လိုက်ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်ကို ထည့်ပေါင်းလိုက်ရင် သူတို့က ကောင်းမွန်တဲ့ ခံစစ်အတားအဆီး တစ်ခုကို လုပ်ထားတယ်လို့ ပြောလို့ရနိုင်ပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်အတွက်တောင် လူနည်းစုကလွဲရင် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က မရဏဓားကို ဆွဲထုတ်ယူပြီးတော့ ပြုံးလိုက်ပါတယ်။

"ဒါဆိုရင် ငါမင်းတို့ကို ပြရမှာပေါ့"

Edit with WPS Office

Chapter 808 end

အပိုင်း(809) ထောင်ချောက်

နည်းနည်းလေးမှ တုံ့ဆိုင်းခြင်းမရှိပဲ လင်းဟန်က တစ်ဟုန်ထိုး ပြေးဝင်ပြီး လေးခုမြောက် အလွှာကို ဦးတည်တဲ့ လမ်းကြောင်းဆီကို တည့်တည့် ပြေးဝင်လာခဲ့ပါတယ်။

သူဝင်သွားတာနဲ့ ရှုရှရန်တို့ လေးယောက်က လိုက်လာလို့ ရတော့မှာ မဟုတ်ပါဘူး။

မရဏဓားက အကြွင်းမဲ့ ဆေးဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်ရဲ့ အရှိန်အဝါ ထိစပ်မှုကြောင့် အလိုအလျောက် နိုးထလာခဲ့ပါတယ်။ သူ့ရဲ့ သကော်တတွေ တောက်ပလင်းလက်လာပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေက မိုးကောင်းကင်ပေါ်ကို ပေါက်ကွဲထွက် လာခဲ့ပါတယ်။ လင်းဟန်က ရေခဲနဂါး ဂက်ပါကို မဆင့်ခေါ်ခဲ့ပါဘူး။ သူ့ရဲ့ လက်ရှိသဘောထားက သူ့လမ်းကြောင်းကို တရကြမ်း ဖြတ်ကျော်သွားဖို့ပဲ ဖြစ်ပါတယ်။ ဒီလူလေးယောက်ကို အနိုင်ယူဖို့

Edit with WPS Office

မဟုတ်ပါဘူး။ ဒါက ခက်ခဲပုံ ခက်ခဲနည်း လုံးဝကို မတူညီ ကွဲပြားခြားနားပါတယ်။

မရဏဓားက အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်တို့ပရဲ့ ပူးပေါင်းတိုက်ခိုက်မှု တစ်ကွက်ကို ဘယ်လိုလုပ်ပြီးတော့ ထိန်းချုပ်နိုင်စွမ်း မရှိရမှာလဲ။ မင်းနောက်နေတာပဲ ဖြစ်ရမယ်။

"နောက်ဆုတ်စမ်း"

လူငယ်လက်ရွေးစင် လေးယောက်က သူတို့ရဲ့ တိုက်ခိုက်မှုတွေကို ပူးပေါင်းလိုက်ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်လိုမျိုး အစွမ်းထက်တဲ့ သတ်ဖြတ်ခြင်း ပစ္စည်းတွေကို အသုံးပြုထားတာတောင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက သူတို့ကို တိုက်နိုင်စွမ်း မရှိပါဘူး။

လင်းဟာန်က သူ့လမ်းကြောင်းကို အင်အားသုံးပြီး ပြေးဝင်နေပါတယ်။ မရဏဓားရဲ့ သကော်တတွေကနေ အဆုံးမရှိ

Edit with WPS Office

အလင်းရောင်တွေ ထုတ်လွှတ်နေပြီး သူ့ကို အတွင်းမှာ တင်းတင်းကျပ်ကျပ် ဝိုင်းရံပြီးတော့ တံခါးပေါက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ဟုမ်း ဟုမ်း ဟုမ်း။

ပြင်းထန်တဲ့ တိုက်ကွက် ဖလှယ်မှု အတွင်းမှာ လင်းဟန်က ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ရပါတယ်။ သူလည်း သူ့ကိုယ်သူ လူငယ်အုပ်ချုပ်သူ လေးယောက်ရဲ့ ဝိုင်းရံပိတ်ဆို့မှုကနေ တံခါးဝဆီကို ပစ်ဝင်သွားခဲ့ပါတယ်။

သူဝင်လိုက်တဲ့ အခိုက်အတန့်မှာ သူက ချက်ချင်းပဲ မရဏဝိညာဉ်ပန်းပွင့်ကို ဆွဲထုတ်လိုက်ပါတယ်။ ဝုမ်း။ မြေအောက်ကမ္ဘာကနေလာတဲ့ ဒီအံ့မခန်း ပန်းပွင့်က ချက်ချင်းဆိုသလို အနက်ရောင် အလင်းတစ်ခု တောက်ပလာပြီး သူ့အနားမှာ တောက်လောင်ပြီး ဝိုင်းရံထားတဲ့ မီးတောက်တွေကို ဖိနှိပ်ထိန်းချုပ် လိုက်ပါတယ်။

Edit with WPS Office

ဒီမီးတောက်တွေမှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အပေါ်မှာ လုံးဝကို အာနိသင် သက်ရောက်မှု မရှိပါဘူး။ အဲဒီအစား သူတို့က စိတ်ဝိညာဉ်ကို တိုက်ရိုက်အကျိုး သက်ရောက်ပြီး သူ့ရဲ့ စိတ်ဝိညာဉ်ကို ပြာကျသွားအောင် လောင်ကျွမ်းစေပါတယ်။ ပြီးတော့ မရဏစိတ်ဝိညာဉ် ပန်းပွင့်က သူတို့ကို ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိပါတယ်။ ဘာကြောင့် မရဏဝိညာဉ် ပန်းပွင့်က ဒီလိုလုပ်နိုင်တယ် ဆိုတာကို လင်းဟန်နားမလည်ပါဘူး။ သူသိတာက အဲဒီအကျိုးသက်ရောက်မှုက အရမ်းကို ထူးကဲတယ်ဆိုတာကိုတော့ သိပါတယ်။

သူကချာခနဲ လှည့်ကြည့်လိုက်တဲ့ အခါမှာ ရှုရှရန်တို့ လေးယောက်ရဲ့ မျက်နှာပေါ်က အမူအရာတွေက အရမ်းကို ထူးဆန်းနေတာကို တွေ့မြင်လိုက်ရပါတယ်။ သူတို့ကို ကြည့်ရတာ ရှုံးနိမ့်သွားပြီးတော့ သူက အထဲကို တရကြမ်း ဝင်နိုင်ခဲ့ပုံနဲ့ မတူပဲ အေးစက်စက် သရော်ပြုံးတွေ ပြုံးနေပြီး မင်းက အရမ်းကို ညံ့ဖျင်းတဲ့ ငတုံးတစ်ယောက်ပဲလို့ ပြောနေသယောင်ပါပဲ။

Edit with WPS Office

"လင်းဟန် မင်းမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို ငါတို့သိထားတယ်။ ဒါကြောင့်မရဏဝိညာဉ် ပန်းပွင့်ရဲ့ အသုံးဝင်ပုံကို တမင်တကာ ထုတ်ဖော်ခဲ့တယ်။ မင်းက ငါတို့ကို ငတုံးငအတွေလို့ ထင်နေတာလား"

ရှုရှုရန်က သရော်ပြုံးပြုံး လိုက်ပါတယ်။

တုန်လင်းအာက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"နင်မှားနေပြီ။ ငါတို့က နင်ကြားအောင်လို့ တမင်သက်သက်နဲ့ ဒီစကားတွေကို ပြောခဲ့တာပဲ။ မရဏဝိညာဉ် ပန်းပွင့်က လေးခုမြောက် အလွှာထဲကို ဝင်ဖို့ အဓိက သော့ချက်ဆိုတာ အမှန်ပဲ။ ဒါပေမဲ့ တစ်ခုပဲ ရှိသေးတယ်။ တခြား သော့ချက်က သိုင်းပညာ နှလုံးသားကို ဖြစ်ပေါ်ဖို့ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နင်က ပြာကျတဲ့အထိ လောင်ကျွမ်းခံရလိမ့်မယ်"

"မင်းသေသွားတဲ့ အခါကျရင် ငါတို့ ဝင်ပြီးတော့ မရဏဝိညာဉ် ပန်းပွင့်ကို ပြန်ယူမယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းရဲ့

Edit with WPS Office

လက်ရှိအခြေအနေနဲ့ အဝေးကြီးကို မသွားနိုင်ပါဘူး”

ဓားကေရာဇ်လေးက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အိုးလို့ တစ်ချက် အော်လိုက်ပြီး ပြုံးပြလိုက်ပါတယ်။

“မင်းတို့အားလုံးက ဒါကို တမင်သက်သက် ပြောတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့တွေက ငါ့ကို ဒီနေရာမှာ အတတ်နိုင်ဆုံး အချိန်ဆွဲထားချင်လို့ပဲ။ တစ်ဖက်မှာတော့ မင်းတို့က ထွက်ပေါက်ကို ပိတ်ဆို့ထားပြီး ငါက ဒီနေရာမှာ ဆက်ပြီးတော့ ရှိနေမယ်။ ဒါဆိုရင် မင်းတို့က မရဏဝိညာဉ် ပန်းပွင့်ကို နောက်ကျရင် လွယ်လွယ်နဲ့ ပြန်ရုပ်သိမ်းနိုင်ပြီ။ အခုငါစဉ်းစားနေတာက မင်းတို့အားလုံး ငါ့ကို အရင်ကလို တားဆီးဖို့ မကြိုးစားတာ အကောင်းဆုံးပဲ”

“အဲဒါ အမှန်ပဲ။ ဒီသဘာဝ သတ်ဖြတ်ခြင်း နေရာကို အသုံးချပြီး မင်းကို ချေမှုန်းပစ်မယ်။ အဲဒါက ပိုပြီးတော့ ရိုးရှင်းတယ်

Edit with WPS Office

မဟုတ်ဘူးလား”

မိုးကြိုးလျှပ်စီး သားတော်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့အားလုံး ငါ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို သိထားကြတယ်။ ငါက အဲဒီထဲမှာ ပုန်းနေရုံပဲ ဆိုတာကို မင်းတို့တွေ မသိဘူးဆိုတာ ဖြစ်နိုင်မှာလား။ ပြီးတော့ အပြင်ဘက် အခြေအနေတွေက ဘယ်လောက်ပဲ ထိတ်လန့်တုန်လှုပ်စရာကောင်းကောင်း ကိစ္စမရှိဘူး မဟုတ်လား။ မင်းတို့က ငါ့ကိုဘာများ လုပ်နိုင်မှာလဲ”

“ဟင့် ငါတို့တွေ အရင်တုန်းက သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ အသုံးဝင်ပုံကို ငါတို့တွေ မသိဘူး မမြင်ဖူးဘူးလို့ နင်ထင်နေတာလား”

Edit with WPS Office

တုန်လင်းအာက နှာခေါင်းရှုံ့ပြီး လှောင်ပြောင်လိုက်ပါတယ်။

"သိုလှောင်နတ်ဘုရား ပစ္စည်းတွေက အဆင်ပြေတယ် ဆိုပေမဲ့ ပတ်ဂန်းကျင် တစ်ခုလုံးကို ပိတ်ဆို့ဖို့ မလုပ်နိုင်ဘူး။ တကယ်လို့ မင်းက အထဲမှာ ပုန်းနေမယ်ဆိုရင်တောင် သေခြင်းတရားကနေ ဘယ်လိုမှ ချမ်းသာခွင့်ရလိမ့်မှာ မဟုတ်ဘူး"

လင်းဟာန်က စပ်ဖြဲဖြဲနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် တကယ်လို့ ငါသေသွားရင်တောင် မင်းတို့အတွက် မရဏဝိညာဉ် ပန်းပွင့် ဒါမှမဟုတ် သိုလှောင်နတ်ဘုရားပစ္စည်းက အကျိုးအမြတ်ရဖို့ ခွင့်ပြုလိမ့်မှာ မဟုတ်ဘူး။ မင်းတို့တွေ အရင်ကလည်း ရှာမတွေ့ခဲ့ဘူး။ အခုလည်း အဲဒီလိုပဲ။ ပြီးတော့ နောက်ပိုင်းကျရင်လည်း မင်းတို့တွေ လုပ်နိုင်မှာ မဟုတ်ဘူး"

ဒီစကားတွေ ကြားလိုက်ရတဲ့ အခါမှာ ရှုရှုရန်တို့ လေးယောက်စလုံး မျက်မှောင်တွေ ကြုတ်ကုန် ကြပါတယ်။ ဒါကတကယ်ပဲ

Edit with WPS Office

သူတို့စိုးရိမ်ပူပန်နေတဲ့ အရာဖြစ်ပါတယ်။ သူတို့က သိုလှောင်နတ်ဘုရား ပစ္စည်းတွေရဲ့ အကြောင်းကို ကြားပဲကြားဖူးခဲ့ပါတယ်။ ဒါပေမဲ့ အရင်က တစ်ခါမှ မမြင်တွေ့ဖူးခဲ့ပါဘူး။ ဒါကြောင့် အဲဒါကို ဘယ်လိုရုပ်သိမ်းရမလဲ ဆိုတာကို ဘယ်လိုလုပ် သူတို့သိမှာလဲ။

ရှုရှုရန်က ချင့်ချိန်စဥ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"မရဏဝိညာဉ် ပန်းပွင့်နဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းကို ပေးပါ။ ဒါဆိုရင် မင်းအသက်ကို ငါတို့တွေ ချမ်းသာပေးမယ်"

လင်းဟာန်ရဲ့ ဂရုမစိုက်တဲ့ အမူအရာကို မြင်လိုက်ရတဲ့ အခါမှာ သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါကျိန်ဆိုရဲတယ်"

"ငါတို့လည်း ကျိန်ရဲတယ်"

Edit with WPS Office

ကျန်တဲ့သူတွေလည်း ပြောလိုက်ပါတယ်။

အစစ်အမှန် နဂါးအစွယ်နဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းတို့ရဲ့ တန်ဖိုးနဲ့ နှိုင်းယှဉ်လိုက်ရင် လင်းဟန်ရဲ့ အသက်က အခုချိန် ဘေးဖယ်ထားတာ အကောင်းဆုံးပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူက အရမ်းကို အစွမ်းထက်လာဦးမှာ မဟုတ်ပါဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းထဲက လက်ရွေးစင် အများကြီးက သူ့ကို လွယ်လွယ်နဲ့ သတ်ပစ်နိုင်ပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါက သေမှာကို ကြောက်တတ်တဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာကို မင်းတို့အားလုံး မသိသေးဘူးလား။ မင်းတို့နဲ့ စကားစမြည် ပြောပြီးတော့ အချိန်ဖြုန်းနေလို့ မဖြစ်ဘူး။ အားလုံးပဲ တာတာ"

Edit with WPS Office

သူက ချာခနဲ လှည့်ပြီးတော့ ထွက်သွားပါတယ်။

ဒါကို ရှုရှုရန်နဲ့ တခြားသူတွေ လုံးဂမမျှော်လင့်ထားတဲ့ အရာပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ အမြင်အရ လင်းဟန်က သေချာပေါက် လိမ္မာပါးနပ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ အဲဒီလို လိမ္မာပါးနပ်တဲ့ လူတစ်ယောက်က ဒီလိုမျိုး ရွေးချယ်မှုကို ရွေးချယ်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက ဘယ်ဘက်ကမှ အနိုင်မရတဲ့ အခြေအနေ တစ်ခုဖြစ်ပါတယ်။ အများဆုံး သူတို့လည်း အနည်းအကျဉ်းတော့ ထိခိုက်မှု ခံစားရပါတယ်။ သူတို့က မရဏဝိညာဉ် ပန်းပွင့်ကို ဆုံးရှုံးရုံပါပဲ။ ဒါပေမဲ့ လင်းဟန်ဘက်ကတော့ သူ့အသက်ကို ဆုံးရှုံး ရပါလိမ့်မယ်။

ဒါကိုဘယ်လိုပဲ သူတို့တွေ စဉ်းစားစဉ်းစား လင်းဟန်ကို ကြည့်ရတာ သေမှာကို မကြောက်တဲ့ လူတစ်ယောက်လို့ မမြင်ပဲ သူ့ကိုယ်သူ ကြွားလုံးထုတ်တဲ့ လူတစ်ယောက်လို့ပဲ မြင်မိပါတယ်။

Edit with WPS Office

"သူက ဓားနလုံးသားကို ဖြစ်ပေါ်နိုင်တာများ ဖြစ်နိုင်မလား"

ရှုရှုရှန်ရဲ့ အမူအရာက ပြောင်းလဲသွားပါတယ်။ သူက လင်းဟာန်နဲ့ အကြိမ်အများဆုံး တိုက်ခိုက်ဖူးသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တခြားသူတွေထက် လင်းဟာန်ရဲ့ ထူးခြားတဲ့ ပင်ကိုယ်စရိုက်နဲ့ ပိုပြီးတော့ ရင်းနှီးကျွမ်းဝင်သူလို့ သတ်မှတ်နိုင်ပါတယ်။

တခြားလူတွေရဲ့ အမူအရာတွေလည်း ပြောင်းသွားကြပါတယ်။ ဒါက လုံးဝကို မဖြစ်နိုင်ပါဘူး။ အရင်တုန်းက လင်းဟာန်အနေနဲ့ ဓားနလုံးသားရဲ့ နယ်နိမိတ်ကို ထိတွေ့ခဲ့ရုံသာ ရှိပြီးတော့ ရှုရှုရှန်နဲ့ ဓားကေရာဇ်လေးရဲ့ လွှမ်းမိုးမှုကို မခံရပဲ ကျော့မင်းကို အောင်အောင်မြင်မြင်နဲ့ သတ်ပစ်ခဲ့ပါတယ်။

တခြားလူတွေက ဒီလိုမျိုး အချိန်တိုတိုလေး အတွင်းမှာ လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေနဲ့ တူနိုင်မှာလဲ။

Edit with WPS Office

"ဒါဆိုရင်တော့ အတော်လေးကို ကြောက်စရာကောင်းပြီ"

ဓားနလုံးသားနဲ့ မရဏဝိဉာဉ် ပန်းပွင့်ကို ပေါင်းလိုက်ရင် လေးခုမြောက် အလွှာရဲ့ စိတ်ဝိဉာဉ် လောင်ကျွမ်းတဲ့ မီးတောက်တွေကို ခုခံဖို့ လုံလောက်ပါလိမ့်မယ်။ ပြီးတော့ သူ့အတွက် အစစ်အမှန် နဂါးအစွယ်ကို ရယူဖို့ဆိုတာ သေချာပေါက် ခက်ခဲတော့မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့အတွက် ဒီနေရာမှာ စောင့်ကြပ်နေတာက ဘာမှသုံးရတော့မှာ မဟုတ်ပါဘူး။ ကန့်သတ်ထားတဲ့ အချိန်ကို ရောက်လာတဲ့ အချိန်ကျရင် လင်းဟန်က တစ္ဆေနဂါး လိုဏ်ဂူကနေ တန်းပြီးတော့ ပို့လွှတ်ခြင်း ခံရပါလိမ့်မယ်။

"ငါတို့တွေ ဒီနေရာမှာ ဆက်စောင့်နေကြမယ်။ တကယ်လို့ လင်းဟန်ကို ဖမ်းဖို့ မတတ်နိုင်တဲ့ အချိန်ကို ရောက်လာခဲ့မယ်ဆိုရင် ငါတို့ အလယ်ပိုင်းဒေသကို ချက်ချင်းပြန်ပြီးတော့ အဆုံးမဲ့ လက်ရွေးစင်တွေကို လုပ်ရှားဖို့ တောင်းဆိုရမယ်။ ငါတို့ဒီကောင့်ကို သေချာပေါက် သတ်ပစ်မှ ရလိမ့်မယ်"

Edit with WPS Office

"ဟုတ်တယ်။ အစစ်အမှန် နဂါးအစွယ်နဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းကို သူပိုင်ဆိုင်ထားရင် အဆုံးမဲ့ လက်ရွေးစင်တွေ လုပ်ရားဖို့ သေချာပေါက် လိုလာပြီ"

သူတို့လေးယောက်စလုံး ဂင်ပေါက်မှာ ထိုင်ချလိုက်ပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ စောင့်နေကြ ပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ တစ္ဆေနဂါးလိုဏ်ဂူအထဲ တန်ဖိုးရှိတဲ့ တစ်ခုတည်းသော ပစ္စည်းက အစစ်အမှန် နဂါးအစွယ် ဖြစ်ပါတယ်။ ဒါကြောင့် တခြားရတနာတွေကို သွားရှာဖို့အတွက် သူတို့ရဲ့ အချိန်တွေကို မဖြုန်းတီးနိုင်ပါဘူး။

လင်းဟန်က မရဏဝိညာဉ် ပန်းပွင့်ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားပါတယ်။ ဒီမီးတောက် ပင်လယ်ကို လမ်းလျှောက်ပြီးတော့ ဖြတ်သန်းလိုက်ပြီး သူ့ခြေလှမ်းတွေက ခိုင်ခိုင်မာမာ ရှိပြီးတော့ အရမ်းကို တည်ငြိမ်နေပါတယ်။

Edit with WPS Office

စိတ်ဝိညာဉ်ကို လောင်ကျွမ်းစေနိုင်တဲ့ သူတို့ရဲ့ စွမ်းရည်ကို ဘေးဖယ်ထားရင် ဒီမီးတောက်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အပေါ်ကို ထိခိုက်ပျက်စီးစေမှုက လုံးဝကို သုညပါပဲ၊ နောက်ပြီးတော့ မရဏဝိညာဉ်ပန်းပွင့်ရဲ့ ကာကွယ်မှုနဲ့အတူ ဓားနှလုံးသား အထောက်အပံ့နဲ့ သူက ဒီနေရာကို လုံးဝကို ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိပါဘူး။

သူက အရှေ့ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ လေးခုမြောက် အလွှာရဲ့ တည်ဆောက်ပုံက ရိုးရှင်းပါတယ်။ အဆုံးထိကို ရှည်လျားတဲ့ လမ်းကြောင်းတစ်ခုပါပဲ။ ဒါကြောင့် သူ့အနေနဲ့ ရွေးချယ်စရာမရှိပဲ အရှေ့ကိုပဲ လျှောက်လာရပါတယ်။ အစစ်အမှန် နဂါးအစွယ်က ဒီလမ်းကြောင်းရဲ့ အဆုံးမှာ ရှိနေပုံရပါတယ်။ ဒါပေမဲ့လည်း ဘယ်သူကမှ အဲဒါကို ရရှိအောင် လုပ်နိုင်စွမ်းမ ရှိပဲ အဝေးကနေပဲ ကြည့်နေရုံသာ တတ်နိုင်ပါတယ်။

လမ်းကြောင်းက အရမ်းကို ရှည်လျားလွန်းပါတယ်။ နေ့တစ်ဝက်ခန့် ကြာပြီးတဲ့နောက် လင်းဟန်က နောက်ဆုံးမှာ အဆုံးကို မြင်လိုက်ရပါတယ်။ သူ့အရှေ့တည့်တည့်မှာ ကျောက်တုံးနဲ့

Edit with WPS Office

လုပ်ထားတဲ့ ယစ်ပလ္လင်တစ်ခု ပေါ်လာခဲ့ပါတယ်။ ယစ်ပလ္လင်က ကြီးမားပြီးတော့ ခရမ်းရောင် အလင်းစက်ဝိုင်း တစ်ခုက ယစ်ပလ္လင်ကို ဝိုင်းရံထားပါတယ်။

အခုချိန်ထိ ဘယ်သူကမှ ဒီအလင်းရောင် စက်ဝိုင်းကို ဖြတ်သွားနိုင်စွမ်း မရှိခဲ့သေးပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ တစ်စုံတစ်ယောက်က ဖြတ်သွားမယ်ဆိုရင် သူတို့တွေ ပြန်ထွက်လာရင် အစစ်အမှန် နဂါးအစွယ်ကို ယူမလာနိုင်စရာအကြောင်း ဘယ်လိုလုပ် ရှိမှာလဲ။

ယစ်ပလ္လင်ရဲ့ အလယ်မှာ ရောမ အစွယ်တစ်ခု ရှိနေပါတယ်။ အဲဒီအစွယ်က မီတာသုံးဆယ်ခန့် ရှည်ပြီးတော့ လုံးဂကို အဖြူရောင်အလင်းတွေ တလက်လက် တောက်ပနေပြီး အရမ်းကို လှပပြီး လက်ရာမြောက်တဲ့ ပညာရပ် တစ်ခုလိုပါပဲ။ ကြည့်နေရုံနဲ့တင်ပဲ စိတ်ကျေနပ်တဲ့ ခံစားမှု အမျိုးအစားကို ပေးစွမ်းပါတယ်။ နောက်ပြီးတော့ သူက အဲဒါနဲ့ အဝေးမှာ ရပ်နေတယ် ဆိုပေမဲ့ အစွယ်ကနေ အကန့်အသတ်မရှိတဲ့ စွမ်းအားတွေ ထွက်ပေါ်နေတာကို လင်းဟန်က အာရုံခံနိုင် ပါတယ်။

Edit with WPS Office

အစစ်အမှန် နဂါးရဲ့အစွယ်။

Chapter 809 end

အပိုင်း(810) အစစ်အမှန် နဂါးအစွယ်

လင်းဟန်က အရှေ့ကို လျှောက်လာခဲ့ပါတယ်။ သူက ဒီအတွက်ပဲ တစ်လျှောက်လုံး လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘာကိစ္စပဲဖြစ်ဖြစ် သူက လုပ်ကိုလုပ်ချင်ပါတယ်။ တကယ်လို့ အဆုံးသတ်ဆိုရင်တောင် သူက မရဏာများကို အသုံးပြုပြီးတော့ အကြွင်းနာမဲ့စွာနဲ့ ခုတ်ပစ်ရပါမယ်။ ဒါမှမဟုတ် မျှော်စင်လေးကို လုပ်ရှားဖို့တောင် ပြောပြီး ကြိုးစားကြည့်ချင်ပါတယ်။

အစစ်အမှန် နဂါးတစ်ကောင်က ချန်ထားခဲ့တဲ့ နတ်ဘုရား ပစ္စည်း။ တန်ခိုးရှင် လောကမှာတောင် ဒီပစ္စည်းအတွက် တိုက်ခိုက်ကြပါလိမ့်မယ်။ ဟုတ်တယ်မလား။

ဟုမ်း။ လင်းဟန်က အဲဒီခရမ်းရောင် အလင်းစက်ဝိုင်းအရှေ့ကို

Edit with WPS Office

ပျော့လာခဲ့တဲ့ အချိန်မှာ အလင်းရောင် စက်ဝိုင်းက ရေလိုမျိုး သူ့ကို ဝိုင်းပတ်လာခဲ့ပါတယ်။ သူက ငုံ့ကြည့်လိုက်တဲ့ အခါမှာ သူကိုင်ထားတဲ့ မရဏဝိညာဉ်ပန်းကနေ ထူးခြားတဲ့ အလင်းရောင်တစ်ခု ထွက်ပေါ်လာပြီး အဲဒီ ခရမ်းရောင် အလင်းစက်ဝိုင်းနဲ့ ဆင်တူတဲ့ အရာတစ်ခု ဖြစ်ပေါ်လာတာကို တွေ့လိုက်ပါတယ်။

သူစိတ်ထဲမှာ အသိတရားတစ်ခု ဝင်လာခဲ့ပါတယ်။ တကယ်လို့ ဒီနေရာကို အရင်တုန်းက လူတွေ အများကြီးရောက်လာပြီးမှ သူတို့အားလုံး နောက်ဆုံးမှာ သေသွားကြပါပုံ ရပါတယ်။ အစစ်အမှန် နဂါးအစွယ်ကို ရရှိအောင် စွမ်းဆောင်နိုင်ဖို့ မရဏဝိညာဉ် ပန်းပွင့်ရှိနေဖို့အတွက် ဘာဖြစ်လို့ လိုနေဦးမှာလဲ။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာကို ရောက်လာဖို့ဆိုတာ မခက်ခဲပါဘူး။ တကယ်တမ်း ခက်ခဲတာက ဒီခရမ်းရောင် အလင်းစက်ဝိုင်းကို ဘယ်လိုဖြတ်ကျော်ရမလဲ ဆိုတာဖြစ်ပြီး မရဏဝိညာဉ် ပန်းပွင့်က အဓိက သော့ချက်တစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ဘယ်လောက် ထူးဆန်းလိုက်သလဲ။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ သူ့နှလုံးသားထဲမှာ စိတ်ရှုပ်ထွေးမှုတစ်ခု မြင့်တက် လာခဲ့ပါတယ်။ သူက အဲဒါကို ဂရုမစိုက်ပါဘူး။ သူက ယစ်ပလ္လင်ဆီ ဝင်လာခဲ့ပြီး နောက်တစ်ခု သူလုပ်ရမှာက အစစ်အမှန် နဂါးအစွယ်ကို ဆွဲယူပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ဖို့ပါပဲ။ အဲဒီနောက် တန်ခိုးရှင်တွေတောင် တကယ်လို့ အောက်ဘုံကို ဆင်းလာမယ် ဆိုရင်တောင် သူ့ဆီကနေ လုယူဖို့ဆိုတာ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

ဂှမ်းဝှမ်း ဝှမ်း။

သူက ယစ်ပလ္လင်ဆီ လျှောက်လာခဲ့ပါတယ်။ ကျောက်တုံးတွေက တလက်လက် တောက်ပလာပြီး ထူးဆန်းတဲ့ သင်္ကေတ အမျိုးအစားတချို့ ဖြစ်လာပြီး အဆုံးမရှိ အတူတကွ ထူးခြားတဲ့ တေးသွားအမျိုးအစား တစ်ခုကို တီးခတ်နေသလိုမျိုး စီးမျောနေပြီး အသံမရှိတဲ့ ဖျော်ဖြေမှု တစ်ခုလိုပါပဲ။

Edit with WPS Office

သူက ရပ်လိုက်ပါတယ်။ သူ့နှလုံးသား အထဲကနေ အစွမ်းထက်တဲ့ သတိပေးနိုးကြားမှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ အဲဒါက သူမယှဉ်နိုင်တဲ့ အန္တရာယ်တစ်ခုခု ရှိနေသလိုမျိုး ပထမဦးဆုံး အခိုက်အတန့်မှာ အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ရပါလိမ့်မယ်။ အဲဒါက သူ့အနေနဲ့ ကြိုးစားကြည့်ဖို့ သေချာပေါက် သတ္တိမရှိပါဘူး။

တကယ်တော့ ဒီနေရာရဲ့ အောက်မှာ ဒီကျွမ်းကြီးထဲက အစွမ်းထက်ဆုံး နဂါးကို မြုပ်နှံထားတာ ဖြစ်ပါတယ်။

လင်းဟန်က ရပ်လိုက်ပါတယ်။ ဒါပေမဲ့ ကျောက်တုံးတချို့က တောက်ပနေဆဲ ဖြစ်ပြီးတော့ တောက်ပမှု အလင်းရောင်တွေက အတက်အကျ ရှိပြီး သံစဉ်အမျိုးအစား တချို့ ဖြစ်ပေါ်နေ သလိုပါပဲ။ ထူးကဲတဲ့ အရှိန်အဝါတစ်ခု လည်ပတ်နေပြီး ရှေးဟောင်းအငွေ့အသက်တွေ ပြည့်နှက်နေပြီး မရေတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ သက်တမ်းရှိနေပုံ ရပါတယ်။

Edit with WPS Office

ဒါက အဲဒီနဂါးအိုကြီး ချန်ထားခဲ့တဲ့ အရာဖြစ်ပါတယ်။

လင်းဟန်က ခဏလောက် လေ့လာကြည့်လိုက်ပါတယ်။ ကျောက်အုတ်တွေ တောက်ပလင်းလက်မှု အကြားမှာ တခြားဘာပြောင်းလဲမှုမှ မရှိဘူးဆိုတာကို ရှာတွေ့သွားတဲ့ အချိန်မှာ သူက နောက်တစ်ကြိမ် အရှေ့ကို တိုးလာခဲ့ပါတယ်။ အစစ်အမှန် နဂါးအစွယ်က သူ့အရှေ့မှာ ရှိနေပါပြီ။ သူ့အတွက်တော့ လက်လျှော့လိုက်စရာအကြောင်း လုံးဝမရှိပါဘူး။

နောက်ဆုံးတော့ သူက အစစ်အမှန် နဂါးအစွယ်ရဲ့ အရှေ့ကို ရောက်လာခဲ့ပါပြီ။ သူ့လက်ကို ဖြည်းညှင်းစွာနဲ့ ဆန့်ထုတ်ပြီး အစစ်အမှန် နဂါးအစွယ်ပေါ်ကို ဖိကပ်လိုက်ပါတယ်။ နောက်တစ်ခုက သူ့ရဲ့နတ်ဘုရား အာရုံကို ဒီနဂါးအစွယ်ကို ဝိုင်းရံလိုက်ပြီး အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ရုံပါပဲ။

ဟမ်း။

သူ့လက်ထဲက မရဏဝိညာဉ် ပန်းပွင့်က

Edit with WPS Office

တောက်ပလင်းလက်လာခဲ့ပါတယ်။ ပြီးတော့ လျှင်မြန်စွာနဲ့ ညှိုးနွမ်းလာခဲ့ပါတယ်။ တစ်ခုပြီးတစ်ခု မရဏဝိညာဉ် ပန်းပွင့်ရဲ့ အဆီအနှစ်တွေ စုပ်ထုတ်ခံလိုက်ရ သလိုမျိုး ညှိုးနွမ်းတဲ့ အရွက်တွေ ပြုတ်ကျလာပြီး မည်းနက်လာကာ အသက်ကင်းမဲ့လာပါတယ်။

အဲဒီအခိုက်အတန့်မှာ အစစ်အမှန် နဂါးအစွယ်ကလည်း မျက်စိကန်းလုမတတ် တောက်ပတဲ့ အလင်းရောင်တွေ တလက်လက် ထလာပါတယ်။ လင်းဟန်တောင်မှ တိုက်ရိုက်စိုက်ပြီး မကြည့်ရဲပါဘူး။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ထဲ အစစ်အမှန် နဂါးအစွယ်ကို ဆွဲထည့်မဲ့ သူ့ရဲ့ လုပ်ရှားမှုက နည်းနည်းမှ မနှေးကွေးပါဘူး။ သူ့ရဲ့ နတ်ဘုရား အာရုံကို နဂါးအစွယ်မှာ အပြည့်အ၀ ဝိုင်းရံလိုက်ပါတယ်။

အထဲကို ဝင်သွားစမ်း။

လင်းဟန်ရဲ့ အမူအရာက အံ့အားသင့်သွားခဲ့ပါတယ်။ သူအနေနဲ့ အနက်ရောင် မျှော်စင်ထဲကို အစစ်အမှန် နဂါးအစွယ်ကို ဆွဲထည့်ဖို့ နည်းလမ်းမရှိဘူး ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

Edit with WPS Office

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်လို့ မရနိုင်တဲ့ ပစ္စည်းက တစ်မျိုးပဲ ရှိပါတယ်။ အဲဒါက အသိစိတ် အာရုံခံစားနိုင်စွမ်း ပိုင်ဆိုင်ထားတဲ့ သီးခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ အဲဒီသက်ရှိက သူ့ရဲ့စိတ်အာရုံကို မခုခံဘူးဆိုရင် အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခုဟာက နဂါးတစ်ကောင်ရဲ့ အစွယ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒါဆိုရင် ဘာဖြစ်လို့ အနက်ရောင် မျှော်စင်ထဲကို သူကထည့်လို့ မရနိုင်တာလဲ။

နဂါးအစွယ်မှာ သူ့ကိုယ်ပိုင် သီးခြားအသိစိတ် အာရုံခံစားနိုင်စွမ်း ရှိနေတာလား။ အဲဒီလိုမှ မဟုတ်ရင် နဂါးအစွယ်က နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်တာကြောင့် အနက်ရောင် မျှော်စင်ထဲကို ထည့်လို့မရနိုင်တာပဲလား။

လင်းဟန်က နားမလည်ပါဘူး။ ဒါပေမဲ့ အခု သူ့ရဲ့မျက်လုံးတွေကို ဖွင့်လို့မရနိုင်ပါဘူး။ ဒါကြောင့် ဒီနဂါးအစွယ်မှာ ဘယ်လိုမျိုး

Edit with WPS Office

ထူးဆန်းတဲ့ အရာတွေ ဖြစ်ပျက်နေလဲ ဆိုတာကို လေ့လာစူးစမ်းဖို့ သူ့အတွက်တော့ နည်းလမ်းမရှိပါဘူး။ ဒီနဂါးအစွယ်က နှစ်ပေါင်း ဘယ်လောက်ကြာအောင် မပြောင်းလဲပဲ ရှိနေတယ်ဆိုတာ ဘယ်သူသိနိုင်မလဲ။ ဒါကြောင့် သူရောက်လာတဲ့ အချိန်မှာ ဘယ်လိုမျိုး ခန့်မှန်းလို့ မရတဲ့ ပြောင်းလဲမှု အမျိုးအစားတချို့ကို ကြုံတွေ့ရမလဲ။

မရဏဝိညာဉ် ပန်းပွင့်။

ချက်ချင်းဆိုသလို သူ့ခေါင်းထဲကို အသိတရားတချို့ ဝင်လာခဲ့ပါတယ်။ အရင်က လူတော်တော် များများက ဒီနေရာကို ရောက်လာတယ် ဆိုပေမဲ့ ဘယ်သူကမှ မရဏဝိညာဉ် ပန်းပွင့်ကို သူတို့နဲ့အတူ မသယ်ဆောင်လာခဲ့ပါဘူး။ သူတစ်ယောက်တည်းပဲ အစစ်အမှန် နဂါးအစွယ်ရဲ့ ထူးခြားဆန်းကြယ်တဲ့ ပြောင်းလဲမှု တချို့ကို တူးဖော်နိုင်ခဲ့ပုံ ရပါတယ်။

ဒါပေမဲ့ ပြောင်းလဲမှုက ဘာများလဲ။

Edit with WPS Office

အနည်းဆုံး ဆယ့်ငါးမိနစ်ခန့် ကြာပြီးတဲ့ နောက်မှာ အစစ်အမှန် နဂါးအစွယ်က ထွက်ပေါ်နေတဲ့ အလင်းရောင်က နောက်ဆုံးမှာ မှေးမှိန်လာခဲ့ပါတယ်။ လင်းဟန်က သူ့မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တဲ့ အခါမှာ သူ့လက်ထဲက မရဏဝိညာဉ်ပန်းက လုံးဝကို ညှိုးနွမ်းသွေ့ခြောက် သွားပြီး ရိုးတံလေး တစ်ခုပဲ ကျန်ပါတော့တယ်။

သူက အစစ်အမှန် နဂါးအစွယ်ကို ပြန်လှည့်ကြည့်လိုက်ပါတယ်။ ဒီရောမ အစွယ်က ကျောက်စိမ်းလို ဖြူစွတ်ပြီး ကြည်လင်တောက်ပကာ ပိုပြီးတော့တောင် အရည်ကြည် လဲ့လာခဲ့ပါတယ်။ နဂါးအစွယ်ကို သင်္ကေတတွေနဲ့ ပိတ်ဆို့ဝိုင်းရံထားပေမဲ့ အစစ်အမှန် နဂါးအစွယ်ရဲ့ အထဲကို ကြည့်ရှုနိုင်ပါတယ်။ အဲဒီထဲမှာ ဘောလုံးတစ်လုံးလို တစ်ခုခု ရှိနေပါတယ်။

အဲဒါက ဘာလဲဆိုတာကို သူက တိတိကျကျ မခွဲခြားနိုင်ပါဘူး။ သင်္ကေတတွေက ကာကွယ်ခြင်းမှာ အရမ်းကို အာနိသင်ရှိပေမဲ့ သူက အဲဒီဘောလုံး ရွေ့လျားနေတာကို ဝိုးတိုးဝါးတား

Edit with WPS Office

တွေ့မြင်နိုင်ပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ အစစ်အမှန် နဂါးအစွယ်ဆိုတာ နှစ်ပေါင်း ဘယ်လောက်ကြာအောင် စွန့်ပစ်ခံထားရတယ် ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ ဒါပေမဲ့ သူ့ရဲ့ အထဲမှာ သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ သက်ရှိအမျိုးအစားတချို့ တကယ်ပဲ ရှိနေပါတယ်။ အဲဒါက အသက်ဓာတ်တစ်ခု ဖြစ်ပြီးတော့ ကိုယ်ပိုင် အာရုံခံစားနိုင်တဲ့ အသိစိတ်ကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့်လည်း အနက်ရောင် မျှော်စင်ထဲကို ထည့်ဖို့ဟာကို ခုခံနိုင်တာ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ မလွယ်ကူတဲ့ ခံစားချက်တွေ တိုးလာခဲ့ပါတယ်။ ကြည့်ရတာ သူက ထောင်ချောက်အမျိုးအစား တစ်ခုခုထဲကို ကျနေသလိုမျိုး ခံစားရပါတယ်။ ဒါပေမဲ့ အချိန်လွန် သွားခဲ့ပါပြီ။ ဒါကြောင့် သူက မသားမဲ့ မျက်လုံးကို အသက်သွင်းပြီး ရှင်းရှင်းလင်းလင်း ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အံ့အားသင့်စရာပဲ။

Edit with WPS Office

လင်းဟန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ မှသားမဲ့ မျက်လုံးကြောင့် နောက်ဆုံးမှာ သူက ရှင်းလင်းတဲ့ မြင်ကွင်းတစ်ခုကို တွေ့မြင်လိုက်ရပါတယ်။ နဂါးအစွယ်ရဲ့ အထဲမှာ သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ သက်ရှိက တကယ်တော့ လူငယ်သေးသေးလေး တစ်ယောက် ဖြစ်ပါတယ်။

သူ့ကိုကြည့်ရတာ အသက်ခြောက်နှစ် ဒါမှမဟုတ် ခုနစ်နှစ်လောက်ပဲ ရှိပုံရပြီးတော့ ဟူးညိုထက် ပိုငယ်ပါတယ်။ သူ့ကိုကြည့်ရတာ အတော်လေး ချောမောပုံရပြီး လုံးဝကို အဝတ်အစားမရှိပါဘူး။ ဒါပေမဲ့ လင်းဟန်က သူ့ပေါ်မှာ နဂါးမျိုးနွယ်ရဲ့ ဆင်းသက်သူ တစ်ယောက်ပုံစံမျိုး ထူးခြားတဲ့ လက္ခဏာတွေ ကို ရှာမတွေ့ပါဘူး။

ဒီနဂါးအစွယ်က တကယ့်ကို ကိုးရိုးကားယား နိုင်ပါတယ်။ အချိန်တွေ ဒီလောက်ကြာအောင် ဖြတ်သန်းလာပြီးတဲ့ နောက်မှာတော့ သူ့ကိုယ်ပိုင် အသိစိတ် တကယ်ပဲ တိုးတက်လာခဲ့ပြီး ဘဝအသစ်ကို ပိုင်ဆိုင်လာခဲ့တာလား။

ဒါမဟုတ်သေးပါဘူး။

Edit with WPS Office

အလောင်းခေါင်းဆောင်နဲ့ အလောင်းနှစ်တို့ အကြောင်းကို ပြန်စဉ်းစားကြည့်လိုက်ရင် သူတို့က အလောင်းကောင်းတွေကနေ ပြန်ရှင်သန်လာခဲ့ပြီး သူတို့မှာ အနည်းဆုံးတော့ အလောင်း တစ်ခုလုံးကနေ ဆင့်ကဲဖြစ်ပေါ်လာခဲ့ပါတယ်။ နဂါးအစွယ် တစ်ခုက တကယ်ပဲ ဘဂအသစ် တစ်ခုကို မွေးမြူနိုင်တယ်။ ဒါက နည်းနည်းလေးတော့ မလွန်ဘူးလား။

ခရက် ခရက် ခရက် ခရက်။

သူ့ခန့်မှန်းချက်တွေက အပြေးအလွှား တွေးတောနေတုန်းမှာ နဂါးအစွယ်ပေါ် အက်ရာတွေ တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒီအက်ရာတွေက ပင့်ကူမျှင်အိမ်တစ်ခုလိုမျိုး နဂါးအစွယ် တစ်ခုလုံးမှာ ပေါ်လာခဲ့ပြီး ဖုန်းဆိုတဲ့ မြည်သံနဲ့အတူ နဂါးအစွယ် တစ်ခုလုံး ပျက်စီးသွား ခဲ့ပါတယ်။ အဲဒီနောက် ကောင်ကလေးက မြေပြင်ပေါ်မှာ မတ်တပ်ရပ်လိုက်ပါတယ်။

Edit with WPS Office

"ဟားဟားဟား နောက်ဆုံးတော့ ငါ့အသက်ပြန်ရှင်လာခဲ့ပြီ"

ဒီကောင်ကလေးက ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူ့လေသံက တည်ငြိမ်ရင့်ကျက်နေပါတယ်။ သူက လင်းဟန်ကို ကြည့်ပြီးတော့ စိတ်ကျေနပ် ပျော်ရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

"ဂျူနီယာလေး။ မင်းရဲ့ဘိုးဘေးကို မြင်တွေ့တာတောင် ဘာဖြစ်လို့ ဒူးမထောက်သေးတာလဲ"

လင်းဟန်က ပထမတော့ အံ့သြမှင်တက် သွားခဲ့ပါတယ်။ ဒီမွန်းစတားက ဘယ်ကနေ လာတာလဲ။ ဒါပေမဲ့ ဒီကလေးလေးက ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အဆင့်မှာပဲ ရှိသေးတယ် ဆိုတာကို ချက်ချင်း သတိပြုမိသွားခဲ့ပါတယ်။ ဒါကြောင့် သူက စိုးရိမ်ပူပန်နေစရာ လိုသေးလို့လား။ လင်းဟန်က ကောင်ကလေးကို သူ့လက်ဆန့်ထုတ်ပြီး ဖမ်းဆုပ်လိုက်ပါတယ်။

Edit with WPS Office

"ရှိုင်းလိုက်တာ။ ငါ့ကို တကယ်ပဲ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံဖို့တယ်ပေါ့။ ငါမင်းကို ဘယ်လိုမျိုး ရင်ဆိုင်မလဲ ဆိုတာကို ကြည့်လိုက်"

ကောင်ကလေးက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။ ဝှမ်း။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နဂါးရဲ့အစွမ်းက သူ့ဆီကနေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါက အရမ်းကို ခံ့ညားပြီး ထူးခြားပါတယ်။ ပြီးတော့ ရွှမ်ယုထောင်နဲ့ ဂမ်ရန်ကျီးတောင်မှ ဒီလိုမျိုး ဖိအားနဲ့ ရင်ဆိုင်ရရင် ချက်ချင်းဆိုသလို သူတို့ကိုယ်သူတို့ မထိန်းနိုင်ပဲ ဒူးထောက်မိပါလိမ့်မယ်။ ဒါက ကျင့်ကြံခြင်း အဆင့်နဲ့ ဘာမှလုပ်လို့ မရပါဘူး။ ဒါက သန့်စင်တဲ့ သွေးမျိုးဆက်ရဲ့ လွှမ်းမိုးနိုင်စွမ်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနဂါးရဲ့ ခြိမ်းခြောက်နိုင်စွမ်း အာနိသင်က လင်းဟန်အပေါ်ကို ဘယ်လိုလုပ် အကျိုးသက်ရောက်စေမှာလဲ။ သူက ပင်လယ်မျိုးနွယ်စုရဲ့ အဖွဲ့သားတစ်ယောက် မဟုတ်သလို ဓားနလုံးသားကိုလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ နောက်ပြီး သူ့မှာလည်း သူ့ကိုထောက်ပံ့ကူညီထားတဲ့ အနက်ရောင်

Edit with WPS Office

မျှော်စင်လည်း ရှိပါတယ်။ ဒါကြောင့် ဒီလိုမျိုး စိတ်ပိုင်းဆိုင်ရာ ဖိအားအမျိုးအစားကို သူက ကြောက်နေစရာမလိုပါဘူး။

လင်းဟန်က သူဖမ်းဆုပ်ထားတဲ့လက်ကို လွှတ်လိုက်တာနဲ့ ကောင်ကလေးက သူ့လက်ကနေ ပြုတ်ကျလာပါတယ်။ လင်းဟန်က ရယ်မောပြီး သူ့ရဲ့ရောမ လက်ကိုမြှောက်ကာ ကောင်ကလေးရဲ့ တင်ပါးကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်ပြီး ချက်ချင်းဆိုသလို ကောင်ကလေးရဲ့ ပါးစပ်က ကျယ်လောင်တဲ့ ညည်းတွားသံတွေ ထွက်ပေါ်လာပြီး သူ့မျက်နှာ သေးသေးလေးက လုံးဂကို နီရဲလာပါတယ်။

ဒါက လုံးဂကို အရှက်ခွဲလိုက်တာပါပဲ။ သူ့ရဲ့အဆင့်အတန်းက ဘယ်လောက်မြင့်လိုက်သလဲ။ ဒါတောင်သူက ဂျူနီယာ တစ်ယောက်က သူ့ဖင်ကို ရိုက်တာခံနေရပါတယ်။ နောက်ပြီးတော့ သူနောက်က ကိုယ်လုံးတီး ဖြစ်နေတာက သူ့ကို ရှက်ဒေါသတွေကြောင့် သွေးအန်ထွက်လုမတတ် ဖြစ်စေပါတယ်။

“ဂျူနီယာ ချက်ချင်းရပ်လိုက်စမ်း။ ငါဘယ်သူလဲ ဆိုတာကို မင်းမသိဘူးလား”

Edit with WPS Office

ကောင်ကလေးက ကျယ်လောင်စွာနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး အပြင်းအထန် ရုန်းကန်လှုပ်ရှား နေပါတယ်။

လင်းဟန်ရဲ့ လက်က မရပ်ပဲနဲ့ ကောင်ကလေးရဲ့ တင်ပါးကို အရူးတစ်ယောက်လို ရိုက်နက်ပြီး တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါခန့်မှန်းတာ မမှားဘူးဆိုရင် မင်းက နဂါးတစ်ပိုင်းပဲ ဖြစ်ရမယ်"

Chapter 810 end

အပိုင်း(811) နဂါးတစ်ပိုင်း တစ်ဖန်ပြန်လည်ပေါ်ထွက်လာခြင်း

ကောင်ကလေးက အထိတ်တလန့် ဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

Edit with WPS Office

"ဘာဖြစ်လို့ မင်းက ဒီလိုမျိုး ခန့်မှန်းချက် လုပ်ရတာလဲ"

"လွယ်ပါတယ်ပဲ။ တကယ်လို့ မင်းက အဲဒီ နဂါးတစ်ပိုင်း မဟုတ်ဘူးဆိုရင် ဘာကြောင့် အစစ်အမှန် နဂါးရဲ့အစွယ်ထဲက အဆီအနှစ်တွေကို စုပ်ယူနိုင်စွမ်း ရှိမှာလဲ။ နောက်ပြီးတော့ မင်းက အရမ်းကို အရွယ်ရောက်ပြီး အသက်ကြီးနေသလိုမျိုး ပြောဆိုပြုမူနေတာကို ကြည့်ရင် အဲဒီဦးတည်ချက် တစ်ခုတည်းကိုပဲ သွားပြီးတော့ စဉ်းစားမိမှာပေါ့"

လင်းဟာန်က ကျွဲမြီးတိုသွားပါတယ်။ ဒါပေမဲ့ ဆက်ပြီးတော့ မရိုက်တော့ပဲ ကောင်ကလေးကို ဘေးနားမှာ ချက်လိုက်ပြီး အဂတ်အစား တစ်စုံ ပစ်ပေးလိုက်ပါတယ်။

ဒါပေမဲ့ ဒါက လင်းဟာန်ရဲ့ အဂတ်အစားဖြစ်ပါတယ်။ သူ့အတွက်တော့ တကယ်ပဲ အရမ်းကို ကြီးမားပြီး ရှည်လွန်းတာကြောင့် သူ့ရဲ့လက်တွေကိုတောင် မတွေ့မြင်ရပါဘူး။ အကျီလက်စက ကြမ်းပေါ်မှာ တရွတ်တိုက်ဆွဲနေပါတယ်။ သူက စိတ်ပျက်သလို ခံစားလိုက်ရပြီး မေးပါတယ်။

Edit with WPS Office

"သေးတာလေးများ မရှိတော့ဘူးလား"

"ရှိတာပေါ့။ ဒါပေမဲ့ အားလုံးက မိန်းကလေး အဝတ်အစားတွေပဲ။ မင်းအဲဒါတွေကိုတော့ မလိုချင်ဘူး မဟုတ်လား"

လင်းဟန်က မေးလိုက်ပါတယ်။

ကောင်ကလေးက ခဏလောက် တုံ့ဆိုင်းသွားပြီး သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတစ်ခုကိုပဲ ငါဝတ်တော့မယ်"

သူက အကျီလက်စတွေကို ဆွဲတင်ပြီး ဘောင်းဘီကိုပါ ဆွဲတင်လိုက်ပါတယ်။ ဒါပေမဲ့ အဝတ်အစားက အရမ်းကို ရှည်နေတာကြောင့် သူ့ကိုကြည့်ရတာ အတော်လေးကို ရယ်စရာ

Edit with WPS Office

ကောင်းနေပါတယ်။ လင်းဟန်ကလည်း သူ့ကိုကြည့်ပြီးတော့ ကျိတ်ရယ်လိုက်ပါတယ်။

"မင်းက ငါဘယ်သူလဲ ဆိုတာကို သိနေတာတောင် ငါ့ကို ရယ်ရဲသေးတယ်။ မင်းအသက်ရှင် နေရတာ ငြီးငွေ့နေပြီလား"

ကောင်ကလေးက ပြင်းပြင်းထန်ထန်ကို ခြိမ်းခြောက်လိုက်ပါတယ်။

ဒေါက်။

လင်းဟန်က သူ့ခေါင်းကို တစ်ချက် ခေါက်လိုက်ပြီး ချက်ချင်းဆိုသလို ကောင်ကလေးက နာကျင်မှုကြောင့် သူ့ခေါင်းကို အုပ်ထားလိုက်ပါတယ်။

"ဘာလဲ။ မင်းနာခံလာအောင်လို့ စောစောကလို ရိုက်ရဦးမှာလား"

Edit with WPS Office

ကောင်ကလေးက စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။

"ငါ့ရဲ့ နဂါးအစွမ်းက ဘာဖြစ်လို့ မင်းအပေါ်မှာ အကျိုးသက်ရောက်မှု မရှိတာလဲ။ ငါ့ရဲ့ ကျင့်ကြံခြင်းအားလုံး ဆုံးရှုံးနေတယ် ဆိုပေမဲ့ ငါ့ရဲ့နဂါးအစွမ်းက ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံးအဖြစ် ရှိနေသေးတယ်။ နဂါးမျိုးနွယ်စုကနေ ဆင်းသက်လာသူတိုင်း ငါ့ရဲ့ နဂါးအစွမ်း အကျိုးသက်ရောက်မှု ရှိလိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"မင်းရဲ့ မျက်လုံးတွေကို ပြူးပြီးတော့ သေသေချာချာ ကြည့်စမ်း။ ငါ့ရဲ့ ဘယ်အစိတ်အပိုင်းက နဂါးမျိုးနွယ်စုက ဆင်းသက်လာတဲ့ လူတစ်ယောက်နဲ့ သွားတူနေတာရှိလို့လဲ"

"ဘယ်လို။ မင်းက တကယ်ပဲ နဂါးမျိုးနွယ်စုရဲ့ ဆင်းသက်လာသူ တစ်ယောက် မဟုတ်ဘူးလား။ ဒါပေမဲ့ မင်းဆီကနေ နဂါးမျိုးနွယ်စုရဲ့ အရှိန်အဝါကို ရှင်းရှင်းလင်းလင်းကို အာရုံခံလို့ ရနေတာပဲ"

Edit with WPS Office

ကောင်ကလေးရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒါက သာမန်ပါပဲ။ သူ့ရဲ့ဇနီးက နဂါးမျိုးနွယ်စုရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီးတော့ သူ့သားမှာ နဂါးမျိုးနွယ်စုရဲ့ မျိုးဆက်သွေး ရှိပါတယ်။ နောက်ပြီးတော့ သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံထားပါတယ်။ ဒါကြောင့် သူ့ဆီမှာ နဂါးအငွေ့အသက် အနည်းငယ် ရှိနေတာ ထူးဆန်းလို့လား။ လင်းဟန်က ကောင်ကလေးကို တစ်ခါတည်း ကောက်ချီပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို မေးဖို့ မေ့နေတယ်။ မင်းကို နောက်တစ်ကြိမ် ဘယ်လိုခေါ်ရမလဲ"

ကောင်ကလေးက လက်ရှိမှာ လေးနက်တဲ့ အမူအရာတစ်ခုကို ခက်ခက်ခဲခဲ လုပ်ထားပြီး သူ့လက်မောင်းကို ရင်ဘတ်အရှေ့မှာ

Edit with WPS Office

ပိုက်ထားပြီး ဟန်ဆောင်ထားပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူ့အကျီရဲ့ လည်ပင်းပေါ်ကို ဆုပ်ကိုင်ပြီး သူ့ခန္ဓာကိုယ်ကို ဆွဲလှုပ်ခါလိုက်ပြီး ချက်ချင်းဆိုသလို သူ့ရဲ့ ကြိုးစားပြီးတော့ လုပ်ထားတဲ့ ဟိတ်ကြီးဟန်ကြီး ပုံစံက လုံးဂကို ပျောက်ကွယ်သွားခဲ့ပါတယ်။

သူက အရှက်ခွဲခံရတာကြောင့် ဒေါသတွေ ထွက်သွားပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက နဂါးမျိုးနွယ်က ဆင်းသက်လာသူ တစ်ယောက်မဟုတ်ပေမဲ့ ငါက မင်းရဲ့ စီနီယာပဲ။ ငါ့အသက်ဘယ်လောက် ရှိလဲ ဘယ်သူသိနိုင်မှာလဲ။ ငါ့ကို မင်းက လေးလေးစားစား စကားတွေ ပြောသင့်တယ်။ နောက်ပြီး ဒီဘုံက ငါထွက်လာပြီး ကယ်တင်ပေးဖို့ လိုနေသေးတယ်"

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတွေ ပျံ့လွင့်လာခဲ့ပါတယ်။ အတိတ်တုန်းက နဂါးတစ်ပိုင်းက နိုင်းယှဉ်လို့ မရအောင် အစွမ်းထက်ပြီး တန်ခိုးရှင်ဘုံက ဆင်းသက်လာတဲ့ နတ်ဘုရားတွေတောင် သူ့ကိုမသတ်နိုင်ပါဘူး။ ဒါကြောင့် သူက

Edit with WPS Office

သမိုင်းထဲက ကွာဟချက်ရဲ့ အမှန်တရားကို သေချာပေါက် သိပါလိမ့်မယ်။ အခု အဆုံးမရှိတဲ့ နှစ်ပေါင်းများစွာ ဖြတ်သန်းပြီးတဲ့ နောက်မှာ ပြန်လည်မွေးဖွား လာခဲ့ပြီး သူ့ရဲ့ ဒီနေရာမှာ အသက်အရွယ် အိုမင်းပြီး သေသွားတာကို ကျေနပ်လိမ့်မှာ မဟုတ်ပါဘူး။

ကယ်တင်မယ်လို့ ပြောတယ်ဆိုတာက မိုးကောင်းကင်ကို ဖွင့်မယ်ဆိုတာကို ရည်ညွှန်းတာများ ဖြစ်နိုင်မလား။

လင်းဟာန်က တိုက်ရိုက်မမေးပဲ အဲဒီအစား သူက ပြောလိုက်ပါတယ်။

"ငါမသိဘူးလို့ မထင်နဲ့။ ဒီနေရာစုတ်က မရဏစိတ်ဝိညာဉ် ပန်းပွင့်နဲ့မှ ဂင်လို့ရနိုင်တယ်။ အဲဒါက မင်းရဲ့ လှည့်ကွက်ပဲ ဖြစ်လိမ့်မယ်။ ပြီးတော့ မင်းရဲ့ပြန်လည်မွေးဖွားမှုနဲ့ သေချာပေါက် ပတ်သက်နေလိမ့်မယ်။ မင်းသိသင့်တယ်။ ငါက မရဏဝိညာဉ် ပန်းပွင့်ကို ယူလာတဲ့လူပဲ။ ဒါကြောင့် ငါက မင်းရဲ့ ကျေးဇူးရှင်ပဲ။ မင်းက ငါ့ကို စီနီယာတစ်ယောက်လိုမျိုး လုပ်ချင်နေသေး တာလား။

Edit with WPS Office

မင်းရဲ့ဖင်ကို နောက်တစ်ခါ ထပ်ပြီးတော့ ရိုက်ရဦးမလား"

မရဏဝိဉာဉ် ပန်းပွင့်ကို ရှရှရန်တို့ အုပ်စုက ယူလာခဲ့တယ် ဆိုပေမဲ့ လင်းဟာန်က အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နဂါးတစ်ပိုင်းကို ရှင်းပြနေဖို့ လိုဦးမှာလား။

ကောင်ကလေးရဲ့ အရှိန်အဝါက အားနည်းနေပါတယ်။ လင်းဟာန်ပြောတာ မှန်ပါတယ်။ သူ့ရဲ့ ပြန်လည်မွေးဖွားခြင်းက မရဏဝိဉာဉ် ပန်းပွင့်က သော့ချက်ဖြစ်ပါတယ်။ ဒါကလုံးဝကို လွဲချော်လို့ မရနိုင်တဲ့ တစ်စုံတစ်ခု ဖြစ်ပြီးတော့ လင်းဟာန်က သူ့ရဲ့အသက်သခင် ကျေးဇူးရှင်ပါ။

သူက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ မင်းကို ငါ့ရဲ့ နာမည်အစစ်အမှန်ကို ပြောပြမယ်။ ငါ့ရဲ့မျိုးရိုးက ဟော့လျန်၊ နာမည်က ထန်းယွင်။ ဒီဘုံရဲ့ အစွမ်းထက်ဆုံး နဂါးပဲ"

Edit with WPS Office

သူက သူ့ကိုယ်သူ အရမ်းကို ဂုဏ်ယူနေပြီး အဲဒါက
လင်းဟန်အနေနဲ့ သူ့ကို အထင်သေးသလို ဖြစ်သွားစေပါတယ်။

ဒါကိုကြည့်ပါဦး။ သူက ဘဝအသစ်ကို ပြန်လည်ရရှိပြီးတဲ့နောက်မှာ
နဂါးတစ်ပိုင်းရဲ့ ထူးခြားတဲ့ ပင်ကိုယ်အရည်အသွေးတွေက
အကြီးအကျယ် ပြောင်းလဲသွားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို
စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်နှစ်ဆယ်လုံးရှိတဲ့ လက်ရွေးစင် တစ်ယောက် အတွက်
ဘာများလိုအပ်ဦးမှာလဲ။ ဒီလိုမျိုး တည်ရှိမှု တစ်ခုက တခြားလူ
တစ်ယောက်ရဲ့ သဘောထား အမြင်ကို ထောက်ခံဖို့
လိုအပ်ဦးမှာတဲ့လား။ အောက်ဘုံကို ဆင်းသက်လာတဲ့
တန်ခိုးရှင်တွေတောင်မှ ပြိုင်ဘက်မဟုတ်ခဲ့တဲ့လူ
မယုံနိုင်စရာကောင်းတဲ့ အဆင့်တစ်ခုထိ အစွမ်းထက်တဲ့
သက်ရှိတစ်ယောက် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မျိုးရိုးနာမည်က ဟောင့်လျန် ဟုတ်လား။ သူက
ဟောင့်လျန်ရုံရဲ့ ရှေးဘိုးဘေး တစ်ယောက် ဖြစ်နိုင်ပေါ့မလား။

Edit with WPS Office

လပြွတ်ပဲပေါ့။ ဒါဆိုရင် သူက ဌါမိန်းမ ဟော့လျန်ချင်ရှယ်ကို ရှာတွေ့သွားလို့ မဖြစ်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီကောင်က သေချာပေါက် သူ့အရှေ့မှာ အကြီးအကဲ တစ်ယောက်လိုမျိုး ပြုမူပြောဆိုတော့မှာပဲ။

လင်းဟာန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ခြိမ်းခြောက်ရင်းနဲ့ မေးလိုက်ပါတယ်။

"မင်းက နှစ်ပေါင်းဘယ်လောက်ကြာအောင် သေသွားခဲ့လဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒါကြောင့် မင်းနောက်ထပ် ဘဝတစ်ခု ဘယ်လိုလုပ် ပြန်ရလာတာလဲ"

"ဟင့် ငါ့လိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုက ဒုတိယဘဝတစ်ခု ပြန်ရှင်သန်လာတာ ဘာများ ထူးဆန်းလို့လဲ"

ဟော့လျန်ထန်းယွင်က နှာခေါင်းရှုံ့ လိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ကို မယုံကြည်ပါဘူး။ တန်ခိုးရှင်ဘုံထဲမှာတောင် စိတ်ဝိညာဉ် ပြန်လည်မွေးဖွားခြင်း ဆိုတာက တိုင်းတာလို့ မရအောင် ခက်ခဲပါတယ်။ ဒါကြောင့် အောက်ဘုံလိုမျိုး ဒီနေရာတစ်ခုမှာ ပိုပြီးတော့တောင် ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒါက သူတို့ရဲ့ ပထမဆုံးအကြိမ် တွေ့ဆုံတာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူက ဟော့လျန်ထန်းယွင်ရဲ့ အသက်ကို ကယ်တင်ခဲ့တယ် ဆိုရင်တောင် ဟော့လျန်ထန်းယွင်က ဘယ်လိုလုပ်ပြီး သူ့ရဲ့ လျှို့ဝှက်ချက်ကို လွယ်လွယ်ကူကူနဲ့ ထုတ်ဖော်ပြမှာလဲ။

တကယ်လို့ မင်းက တခြားလူရဲ့ လျှို့ဝှက်ချက်ကို သိချင်တယ်ဆိုရင် မင်းရဲ့ကိုယ်ပိုင် လျှို့ဝှက်ချက်ကိုလည်း ထုတ်ဖော်ရပါလိမ့်မယ်။ အဲဒါမှ တစ်ဖက်လူရဲ့ ယုံကြည်မှုကို ရရှိနိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟန်က မေးလိုက်ပါတယ်။

"မင်းက ကျွန်မှာကြီးကို ကယ်တင်ရမယ်လို့ ပြောတာက မိုးကောင်းကင်ကို စုတ်ဖြဲမယ်လို့ ရည်ညွှန်းတာလား"

Edit with WPS Office

ဟုမ်း။

တကယ်လို့ သူတို့က တစ္ဆေနဂါးလိုဏ်ဂူထဲမှာ ဖြစ်နေတယ် ဆိုရင်တောင်မှ မိုးကောင်းကင်ကို စုတ်ဖြဲမယ်ဆိုတဲ့ စကားလုံးကို လင်းဟန် ပြောလိုက်တဲ့ အခိုက်အတန့်မှာ သူတို့ဘေးနား မိုးခြိမ်းသံတွေ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့ပါတယ်။

ဟော့လျန်ထန်းယွင်က အံ့သြမှင်တက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက မကောင်းဆိုးဝါးပဲ။ ကောင်းကင်ဘုံကတောင် မင်းကို သည်းမခံနိုင်ဘူး။ မဟုတ်ဘူး မဟုတ်ဘူး မဟုတ်သေးဘူး။ မင်းမှာရှိတဲ့ အလားအလာ တက်လမ်းက ဒီကမ္ဘာကြီးကို ခြိမ်းခြောက်နိုင်တယ်။ ဒါကြောင့်ပဲ ကမ္ဘာကြီးက မင်းကို အာရုံခံနိုင်ပြီး မင်းကို ချေမှုန်းပစ်ဖို့ မိုးကြိုးကပ်ဘေးတစ်ခုကို ဆွဲထုတ်ချင်နေတာပဲ"

Edit with WPS Office

လင်းဟန်ရဲ့ မျက်နှာက မရည်ရွယ်ပဲနဲ့ မည်းမှောင်လာခဲ့ပါတယ်။ နှစ်ပေါင်းဘယ်လောက်တောင် ကြာနေပြီလဲမသိတဲ့ မကောင်းဆိုးဝါးအိုကြီး တစ်ယောက်က သူ့မျက်နှာကို လက်ညှိုးထိုးပြီးတော့ သူ့ကို မကောင်းဆိုးဝါးလို့ ခေါ်တာက ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို ခွတီးခွတ ဖြစ်စေပါတယ်။

"ငါက ဘယ်လောက်တောင် ကြာအောင်လို့ အိပ်ပျော်သွားတာလဲ။ ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ထူးဆန်းတဲ့ လူတစ်ယောက် တကယ် ထွက်ပေါ်လာတာပဲ"

ဟော့လျန်ထန်းယွင်က သူ့ခေါင်းကို ဆုပ်ကိုင်ပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဝါး။ ဒီကမ္ဘာကြီးထဲက သက်ရှိတွေ အားလုံးကို ကယ်ပြီးတော့ မဟာကယ်တင်ရှင် ဖြစ်ချင်တယ်။ ဒါပေမဲ့ ငါ့ရဲ့ အလုပ်ကို ငါ့ဆီကနေ လုယူသွားတာ ခံရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်

Edit with WPS Office

ထားမိခဲ့ဘူး။ လပြွတ် လပြွတ် လပြွတ်ပဲ။ ငါဘာဖြစ်လို့ အစောကြီး မနိုးထလာရတာလဲ”

“မင်းရဲ့သောကတွေကို ထိန်းပါဦး”

လင်းဟန်က ဘေးနားကနေ ပြောလိုက်ပါတယ်။

“ငါ့မိသားစုထဲက ဘယ်သူမှ မသေတာကို ဘာဖြစ်လို့ငါက သောကဝေဒနာ ခံစားနေရမှာလဲ”

ဟော့လျန်ထန်းယွင်က ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒီနဂါးတစ်ပိုင်းက အတိတ်တုန်းကလည်း လူပြက်တစ်ယောက် ဖြစ်မဲ့ပုံပဲ။ ပြောနေကြ စကားပုံ တစ်ခုရှိပါတယ်။ လူတစ်ယောက်ရဲ့ ပင်ကိုယ်ဗီဇ စရိုက်ထက် တောင်တွေမြစ်တွေရဲ့ ပုံသဏ္ဌာန်

Edit with WPS Office

ပြောင်းလဲဖို့က ပိုပြီးတော့ လွယ်ကူပါတယ်။ တကယ်လို့ သူက ဒုတိယဘဝကို ရရှိတဲ့ အတွေ့အကြုံ ပြောင်းလဲသွားရင်လည်း အများကြီး ပြောင်းလဲသွားဖို့ဆိုတာ ဖြစ်နိုင်ချေ သိပ်မရှိပါဘူး။

"ဒါပေမဲ့လည်း မင်းက မိုးကောင်းကင်ကို စုတ်ဖြဲမဲ့ ကိစ္စကို ရည်ညွှန်းခဲ့တယ်။ ဒါကြောင့် မင်းက တန်ခိုးရှင်ဘုံရဲ့ ကျူးကျော်မှ အမှန်တရားကို မင်းသိနေရလိမ့်မယ်"

ဟော့လျန်ထန်းယွင်က သတိပြန်ဝင်လာပြီး အလျင်အမြန် ပြောလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အတိတ်တုန်းက လေဟာနယ်ကို စုတ်မဖြဲခဲ့လို့ မင်းက တန်ခိုးရှင် တစ်ယောက် ဖြစ်မလာခဲ့ဘူး။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ မိုးကောင်းကင် ပိတ်ဆို့ခြင်း မဟာဂဏ်ပါကို ရှာတွေ့ခဲ့တာကြောင့် မဟုတ်လား"

Edit with WPS Office

"အမှန်ပဲ။ အစတုန်းက အမြင့်ဆုံး အဆင့်ထိ ငါကျင့်ကြံအားထုတ်ပြီးတဲ့နောက်မှာ လေဟာနယ်ကို စုတ်ဖြဲတာက ပြဿနာ မရှိဘူးလို့ ထင်နေခဲ့တယ်။ မျှော်လင့်မထားမိတာက ငါက ပြိုင်ဘက် မဟုတ်သေးဘူး"

ဟော့လျန်ထန်းယွင်က သက်ပြင်းချလိုက်ပါတယ်။

"ကံကောင်းတာက ငါ့မှာ တခြားအကြံအစည်တစ်ခု ရှိနေတာပဲ။ အဲဒီအချိန်တုန်းက ပြင်းထန်တဲ့ ဒဏ်ရာတချို့ ခံစားနေရပေမဲ့ ငါက ဒီနေရာကို ပြန်ပြီးတော့ လွတ်မြောက်ထွက်ပြေး လာနိုင်ပြီး ဒီနေရာမှာ သေသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ငါ့ရဲ့သေခြင်းကနေ ဘဝအသစ်ကို ရှာဖွေဖို့ နဂါးအစွယ်အထဲမှာ ငါ့ရဲ့နတ်ဘုရားအာရုံ တစ်စကို ပျိုးထောင်ခဲ့တယ်"

"ငါငယ်ငယ်တုန်းက နတ်ဘုရားဆေးပင် တစ်မျိုးကို ရရှိခဲ့တယ်။ အဲဒါက စိတ်ဝိညာဉ်ကို အသွင်ပြောင်းလဲခြင်း ခံလိုရတယ်။ ဒါကြောင့် ငါ့ရဲ့နှလုံးသားကို မာကျောပြီး ငါ့မူလခန္ဓာကိုယ်ကို စွန့်ပစ်ပြီးတော့ အစစ်အမှန် နဂါးအစွယ်နဲ့ ငါ့ခန္ဓာကိုယ် အသစ်ကို

Edit with WPS Office

ပြန်လည်ဖြစ်ပေါ်စေခဲ့တယ်"

"ငါက ဒီအစွယ်ကို အစစ်အမှန် နဂါးရဲ့ အစွယ်အဆင့်ထိ ကျင့်ကြံအားထုတ်ခဲ့တယ်။ တန်ခိုးရှင် ဘုံထဲမှာတောင် အံ့သြဖွယ်ရာ ရတနာပစ္စည်းတစ်ခု ဖြစ်လိမ့်မယ်။ အခု မရေမတွက်နိုင်တဲ့ နှစ်တွေကြာပြီးတဲ့နောက်မှာ နဂါးအစွယ်ရဲ့ အဆီအနှစ်တွေကို သိပ်သည်းစေပြီး ငါ့ခန္ဓာကိုယ် အထဲမှာ ထည့်ပြီးတော့ မရဏဝိညာဉ် ပန်းပွင့်ရဲ့ အကူအညီနဲ့ နောက်ဆုံးအဆင့်ကို ကျော်ဖြတ်ပြီး ဘဂအသစ် ပြန်ရရှိလာခဲ့တာပဲ"

"အဲဒီအချိန်တုန်းက ငါ့ခန္ဓာကိုယ်က အရမ်းကို အစွမ်းထက်တယ် ဆိုပေမဲ့ ဒီကမ္ဘာကြီးထဲက သက်ရှိတွေ အားလုံးရဲ့ အတွေးကို တောင့်ခံနိုင်တဲ့အထိ လုံလောက်အောင် မသန်မာသေးဘူး။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ငါသေချာပေါက် ဒါကိုလုပ်နိုင်လိမ့်မယ်"

Chapter 811 end

အပိုင်း(812) တပည့်မွေးခြင်း

Edit with WPS Office

သူ့ရဲ့အတိတ်ဘဝမှာ ပေါ့လျန်ထန်းယွင်က မိုးကောင်းကင်ကို ဖွင့်ဟချင်ခဲ့ပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်ကို ဖွင့်ဟဖို့က နိုင်ငံတစ်ခုကို တည်ထောင်ဖို့ လိုအပ်ပါလိမ့်မယ်။ တကယ်တော့ လူတစ်ဦးတစ်ယောက်ချင်းရဲ့ စွမ်းအားက အကန့်အသတ်ရှိပါတယ်။ ဒီဘုံက တစ်စုံတစ်ယောက်ကို တန်ခိုးရှင် ဖြစ်စေမဲ့ အခြေအနေမျိုးနဲ့ တွေ့ဆုံခွင့် မပြုခဲ့ပါဘူး။ နိုင်ငံရဲ့ စွမ်းအားအထောက်အပံ့ မရှိပဲနဲ့ ဘယ်သူရဲ့ စွမ်းအားကမှ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ အဆင့်ထိ သန်မာလိမ့်မှာ မဟုတ်ပါဘူး။

တန်ခိုးရှင်တွေတောင်မှ မလုပ်နိုင်ပါဘူး။ အရမ်းကို များပြားတဲ့ စွမ်းအားပမာဏကို ထုတ်လွှတ် လိုက်ရင် သူတို့ကို ဒီကမ္ဘာကြီးကနေ နှင်ထုတ်ခံလိုက် ရပါလိမ့်မယ်။

ဒါပေမဲ့ နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့နဲ့ဆိုရင် ဒါကမတူညီတဲ့ကိစ္စ ဖြစ်သွားပါပြီ။ ဘာဖြစ်လို့လဲဆို မူလကျင့်ကြံခြင်း အဆင့်က ဒီကမ္ဘာကြီးရဲ့ အကန့်အသတ်ကို မကျော်လွန် နိုင်ပါဘူး။ ကမ္ဘာကြီးမှာလည်း လိုက်နာဖို့လိုတဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မိုးကောင်းကင်ကို

Edit with WPS Office

ဖွင့်လှစ်ဆိုတာက ဘာမှမဟုတ်တဲ့ စကားပဲ ဖြစ်သွား ပါလိမ့်မယ်။

ဒါပေမဲ့ နိုင်ငံစွမ်းအားကို အထောက်အပံ့အနေနဲ့ အသုံးပြုမယ်ဆိုရင် တစ်ဦးချင်းစီ အပေါ်က ရောမ ဂန်ထုပ်ဂန်ပိုးကို ထမ်းရသလိုမျိုး ဖြစ်တာကြောင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘယ်လောက်ထိ သန်မာအားကောင်းဖို့ လိုအပ်လိမ့်မလဲ။ နဂါးမျိုးနွယ်စုက အဖွဲ့ဝင် တစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ သန်စွမ်းမှုနဲ့ ပြီးတော့ အဲဒီအချိန်က နဂါးတစ်ပိုင်းရဲ့ စွမ်းအားနဲ့တောင် သူက မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ မရွေးချယ်နိုင်ခဲ့ပါဘူး။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် ဒီဘုံထဲက သက်ရှိအားလုံးရဲ့ အတွေးတွေကို စုပေါင်းပြီး ဖြစ်ပေါ်လာမဲ့ နိုင်ငံစွမ်းအားကို တောင်ခံဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကို သိနေတာကြောင့်ပါပဲ။

ဒီဘဝမှာတော့ ဟော့လျန်ထန်းယွင်က သူ့ခန္ဓာကိုယ် ပြန်လည်ဖြစ်ပေါ်လာဖို့ အစစ်အမှန် နဂါးအစွယ်ကို အသုံးပြုခဲ့ပါတယ်။ အဲဒီနောက် သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ ရောက်အောင်လို့ နောက်တစ်ကြိမ် ပြန်ကျင့်ကြံအားထုတ်ပြီး သူ့ခန္ဓာကိုယ်က ပိုပြီးတော့တောင်

Edit with WPS Office

သန်မာအားကောင်း လာပါလိမ့်မယ်။ အဲဒီလိုမှ သူက ဒီဘုံပေါ်က သက်ရှိအားလုံးရဲ့ အတွေးတွေ ပေါင်းစည်းမှုကို တောင့်ခံနိုင်စွမ်း ရှိလာပါလိမ့်မယ်။

"ဒါပေမဲ့လည်း အခုတော့ ဒီနေရာမှာ မင်းလိုမျိုး မွန်းစတား တစ်ကောင် ရှိနေတယ်ဆိုတော့ ငါပိုပြီး စိတ်သက်သာရာ ရသွားပြီ။ ပြီးတော့ မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ တာဝန်နဲ့ ပတ်သက်တဲ့ ဝန်ထုပ်ဝန်ပိုးကို ငါ့ရဲ့ပခုံးပေါ်မှာ ထမ်းထားစရာ မလိုတော့ဘူး"

ဟော့လျန်ထန်းယွင်က ရယ်မောလိုက်ပါတယ်။

"ကမ္ဘာကြီးတောင်မှ မင်းကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်ဆိုတော့ မင်းရဲ့အောင်မြင်နိုင်မဲ့ အခွင့်အရေးက မယုံနိုင်စရာ ကောင်းလောက်အောင် မြင့်မားတယ် ဆိုတာကို ညွှန်ပြနေတာပဲ"

လင်းဟာန်က စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

Edit with WPS Office

"မင်းက တကယ်ပဲ ကံကောင်းတယ်။ မရဏဝိညာဉ် ပန်းပွင့် ရောက်တာတဲ့အထိ စောင့်နေနိုင်တယ်။ အဲဒီပစ္စည်းက မြေအောက်ကမ္ဘာရဲ့ ပစ္စည်းတစ်ခုပဲ။ ဘဝတစ်လျှောက်လုံး အဲဒါက မင်းဆီကို မရောက်လာနိုင်တာလည်း ဖြစ်နိုင်တယ်။ ဒီအစစ်အမှန် နဂါးအစွယ်က မင်းရဲ့ စိတ်ဝိညာဉ်ကို ထာဝရ တည်မြဲအောင် ထိန်းထားနိုင်လိမ့်မယ် ဆိုတာကို ငါမယုံကြည်ဘူး"

"ဟားဟား ဒါကြောင့်လည်း ငါက အရမ်းကို ကံကောင်းတဲ့လူလို့ ပြောတာပေါ့။ ငါ့မှာ နောက်တစ်ကြိမ် ဘဝအသစ် ပြန်ရရှိမဲ့ ကံတရား ရှိနေတယ်လေ"

ဟော့လျန်ထန်းယွင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းမှာငါ့ကို ကူညီဖို့ အစီအစဉ် ရှိလား"

လင်းဟန်က မေးခွန်း ထုတ်လိုက်ပါတယ်။

Edit with WPS Office

"တကယ်တော့ ငါကနောက်ထပ် ဘဝတစ်ခုနဲ့ ရှင်သန်နေတယ် ဆိုရင်တောင် ကောင်းကင်ပိတ်ဆို့ မဟာဂဏ်ပါကို ချိုးဖြတ်ဖို့ ယုံကြည်ချက် မရှိသေးဘူး။ ဒါကြောင့် မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ ငါ့ရဲ့ မျှော်လင့်ချက်တွေကို မင်းအပေါ်မှာပဲ ပုံချထားနိုင်မယ်"

ဟော့လျန်ထန်းယွင်က ပြောလိုက်ပါတယ်။ ကောင်းကင်ပိတ်ဆို့ခြင်း မဟာဂဏ်ပါ အကြောင်းကို ပြောလိုက်တဲ့ အချိန်မှာ သူက တဆတ်ဆတ် တုန်လှုပ်သွားမိပါတယ်။ အဲဒီအချိန်က သူဟာ ဧရာမ ဒဏ်ရာဒဏ်ချက်တွေကို ခံစားခဲ့ရပြီး သေလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် သူက ထိတ်လန့်တုန်လှုပ် နေဆဲပါပဲ။

လင်းဟန်က ရယ်မောပြီးတော့ နောက်ပြောင်လိုက်ပါတယ်။

"မင်းကအခုလက်ရှိမှာ ကိုယ်ခန္ဓာပြုပြင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတယ်။ ဒါကြောင့် မင်းကငါ့ကို ဘယ်လိုများ ကူညီနိုင်မှာလဲ"

Edit with WPS Office

"ထို့။ ငါ့ရဲ့လက်ရှိ ခန္ဓာကိုယ်က အစစ်အမှန် နဂါးအစွယ်ကနေ ပြုစုပျိုးထောင်ထားတယ်။ နောက်ပြီး ငါ့အရင်ဘဝတုန်းက လူသားမျိုးနွယ်ရဲ့ အထွတ်အထိပ်ကို ရောက်ခဲ့တဲ့ အချက်ကိုပါ ပေါင်းထည့်လိုက်ရင် ဒီဘဝမှာ လမ်းဟောင်းပေါ်ကို လျှောက်လှမ်းပြီး နည်းနည်းလေးမှ တစ်ဆို့မှ ရှိလိမ့်မှာ မဟုတ်ဘူး။ မင်းကငါ့ကို နှစ်အနည်းငယ် အချိန်ပေးပြီးတော့ ကျင့်ကြံခြင်းအတွက် အရင်းအမြစ်တွေ ပေးမယ်ဆိုရင် အထွတ်အထိပ် အဆင့်ကို ပြန်ရောက်ဖို့ဆိုတာ ငါ့အတွက် ဘယ်လောက်များ ခက်ခဲမှာမို့လဲ။ နောက်ပြီးတော့ ငါ့ရဲ့ နဂါးခွန်အားကလည်း အရင်ကထက် ပိုပြီးတော့ သန်မာအားကောင်းလာတယ်။ ဘယ်နဂါးပဲဖြစ်ဖြစ် ငါ့အရှေ့မှာဆိုရင် ခေါင်းငုံ့ပြီးတော့ လိမ်လိမ်မာမာနဲ့ အညံ့ခံ ဦးညွှတ်ရလိမ့်မယ်"

ဟော့လျန်ထန်းယွင်က ဂုဏ်ယူစွာနဲ့ ကြေညာလိုက်ပါတယ်။

ဒီအကျိုးသက်ရောက်မှုက တကယ်ပဲ အရမ်းကို အသုံးဝင်ပါတယ်။ တကယ်လို့ ဟော့လျန် ထန်းယွင်က ပင်လယ်တွေကို

Edit with WPS Office

သိမ်းပိုက်နိုင်မယ်ဆိုရင် သူနဲ့ မာထိုပေါင်တို့က ကုန်းမြေကို သိမ်းပိုက်ပြီး နှစ်ဖက်စလုံး သူတို့ရဲ့ ပိုင်နက်အသီးသီးကို ပူးပေါင်းဖို့ပဲ လိုပါတယ်။ အချိန်ကျလာတဲ့ အခါမှာ ဘုံတစ်ခုလုံးကို အဆင်ပြေသွားလိမ့်မယ် မဟုတ်လား။

မဆိုးဘူး။ မဆိုးဘူး။ နဂါးတစ်ပိုင်းရဲ့ ရိုက်စားလုပ်တာကို ခံလိုက်ရတယ် ဆိုပေမဲ့ သူက တစ်ခုခုတော့ ပြန်ရပါသေးတယ်။

လင်းဟန်က ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း မရဏဝိညာဉ် ပန်းပွင့်ကို မင်းက စုပ်ယူလိုက်ပြီလေ။ ဒီနေရာကနေ ငါတို့ ဘယ်လို ထွက်မလဲ"

"ငတုံး ဒီနေရာက ငါ့ခန္ဓာကိုယ်ကနေ ဖြစ်လာခဲ့တာ။ ပြီးတော့ ငါ့စိတ်ဝိညာဉ်ကို ကာကွယ်ဖို့ အသုံးပြုခဲ့တာ။ ငါက ဒီနေရာကို မရဏဝိညာဉ် ပန်းပွင့် ယူလာဖို့ တခြားသူတွေကို ဆွဲဆောင်တဲ့ အနေနဲ့ အစစ်အမှန် နဂါးအစွယ်ကို အသုံးပြုခဲ့တယ်။ အခုငါက

Edit with WPS Office

ပြန်လည်မွေးဖွားလာခဲ့ပြီ။ ဒါကြောင့် ဒီနေရာက
နောက်ထပ်ဆက်ပြီးတော့ ရှိနေဖို့ မလိုတော့ဘူး”

ဟော့လျန်ထန်းယွင်က အထင်အမြင်သေးစွာနဲ့
ပြန်ဖြေလိုက်ပါတယ်။

အမှန်ပါပဲ။ သူ့ရဲ့လက်ရှိ စွမ်းရည်တွေက အားနည်းပြီး သူ့ရဲ့လက်ညှိုး
တစ်ချောင်းတည်းနဲ့ တွန်းနိုင်တယ် ဆိုပေမဲ့ သူက နဂါးတစ်ပိုင်း
ဖြစ်ခဲ့တယ် ဆိုတဲ့အချက်ကတော့ မပြောင်းလဲ ပါဘူး။

လင်းဟာန်က တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့မင်းကို လူတချို့နဲ့ မိတ်ဆက်ပေးပါရစေ”

“ဟာင်”

Edit with WPS Office

ဟော့လျှန်ထန်းယွင်ပုံစံက အရမ်းကို အံ့အားသင့်သွားပုံ ပေါ်ပါတယ်။ ဒီနေရာ ပတ်ပတ်လည်မှာ စိတ်ဝိညာဉ် တစ်ခုတောင် မရှိပါဘူး။ ဒါကြောင့် မင်းကဘယ်နေရာက လူတွေနဲ့ ငါ့ကို မိတ်ဆက်ပေးမှာလဲ။ ဒါပေမဲ့ သူ့အတွေးတွေ မဆုံးသေးခင်မှာပဲ လူပိုတချို့က သူ့အနားမှာ ရုတ်တရက် ပေါ်လာခဲ့တာကို တွေ့မြင်လိုက်ရပါတယ်။

အဲဒါက သူ့ကို ထိတ်လန့်တုန်လှုပ် သွားစေပါတယ်။ သူက လုံးဝကို အံ့အားသင့် သွားပြီးတော့ ပြောလိုက်ပါတယ်။

"သိုလှောင်နတ်ဘုရား ပစ္စည်း။ တကယ်ပဲ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု။ ဒီကောင်စုတ်လေးက ကံတရားရဲ့ မျက်နှာသာပေးမှုကို တကယ်ခံရတာပဲ။ သူ့လက်ထဲမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု တကယ်ပဲ ရှိနေတယ်"

သူ့ရဲ့ မျက်စိတွေနဲ့ ဘေးဘီဝဲယာကို ကြည့်လိုက်ပြီးမှ သူ့ကိုသူ မထိန်းနိုင်ဘဲ ပြောလိုက်ပါတယ်။

Edit with WPS Office

"နဂါးမျိုးနွယ်စုက ဆင်းသက်လာတဲ့သူ ရှိသေးတာပဲ။
ငါသူတို့ကိုယ်ပေါ်က အနံ့ကို ရတယ်"

သူက ဟောင့်လျန်ချွင်ရှယ်နဲ့ လင်းကျန်းရှယ်ကို
လက်ညှိုးထိုးလိုက်ပါတယ်။

အဲဒီအချိန်မှာ ဟောင့်လျန်ချွင်ရှယ်က လင်းဟန်ကို ပဟေဋ္ဌိဆန်ဆန်နဲ့
စိုက်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"ဒီကလေးက ဘယ်သူလဲ"

"မင်းရဲ့ ဘိုးဘေးပဲ"

ဟောင့်လျန်ထန်းယွင်က အရမ်းကို ရင့်ကျက်တည်ငြိမ်တဲ့
ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

ဟော့လျန်ချင်ရှယ်က သူ့ကိုဘယ်လိုမှ မယုံကြည်ပါဘူး။ ဒီကလေးသေးသေးလေးက သူမကို အမြတ်ထုတ်ဖို့ ကြိုးစားဝံ့တယ်ပေါ့။ သူမက ချက်ချင်းပဲ သူမရဲ့လက်နဲ့ သူ့ခေါင်းကို ခေါက်ဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ လက်ကို ဆန့်ထုတ်လိုက်တဲ့ အခါမှာ သူ့ဆီကနေ အထွတ်အထိပ် နဂါးအစွမ်းတစ်ခု ထွက်ပေါ်လာပြီး သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်က ချက်ချင်းဆိုသလို အားနည်းသွားခဲ့ပါတယ်။ သူမရဲ့ ခြေထောက်တွေက သူမခန္ဓာကိုယ်ကိုတောင် ထောက်ပံ့မပေးနိုင်ပဲ အနောက်ဘက်ကို လဲပြိုသွားပါတယ်။

လင်းဟန်က လက်ကိုဆန့်ထုတ်ပြီး သူမကို ဆီးဖမ်းကာ ပွေ့ဖက်လိုက်ပါတယ်။

အဲဒီအချိန် လင်းကျန်းရှယ်က ဒေါသထွက်သွားပါတယ်။ ဒီကလေးသေးသေးလေးက အသက်ခြောက်လလောက်ပဲ ရှိသေးပေမဲ့ သူ့ရဲ့ဉာဏ်ရည်ဉာဏ်သွေးက သာမန်အဆင့်အတန်းနဲ့ တိုင်းတာလို့ မရနိုင်ပါဘူး။ သူက ချက်ချင်းပဲ ဟော့လျန်ချင်ရှယ်ရဲ့

Edit with WPS Office

လက်တွေကနေ ခုန်ထွက်ပြီး ကြမ်းပြင်ပေါ် တွားသွားပြီးတော့ ဟော့လျန်ထန်းယွင်ဆီကို တိုက်ရိုက်အော်ဟစ် လိုက်ပါတယ်။

"ဟင်"

ဟော့လျန်ထန်းယွင်က အံ့အားသင့် သွားခဲ့ပါတယ်။

"ဒီကောင်လေးမှာ အရမ်းကို သိပ်သည်းတဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက် ရှိပြီးတော့ ငါ့ရဲ့ နဂါးအစွမ်းနဲ့တောင် ယှဉ်ပြိုင်နိုင်စွမ်း ရှိတာပဲ။ အားယား"

သူက ချက်ချင်းဆိုသလို အထိတ်တလန့်နဲ့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းကျန်းရှယ်က သူ့ကို လက်သီးနဲ့ တန်းပြီးတော့ ထိုးလိုက်တာကြောင့် မြေပြင်ပေါ်ကို လဲကျသွားစေခဲ့ပါတယ်။

Edit with WPS Office

သူက နဂါးတစ်ပိုင်း ဖြစ်ခဲ့ဖူးပြီး သူ့ရဲ့နဂါးအစွမ်းက စွမ်းရည်နဲ့ ပတ်သက်လာရင် တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုပေမဲ့ သူက ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ပြီးတော့ လင်းကျန်း၅ွယ်က ဘယ်သူမိုလို့လဲ။ သူ့ရဲ့ပကတိ ခွန်အားက နွေဦးစမ်းရေ အဆင့်ကို ရောက်နေပါပြီ။ ဒါကြောင့် နှစ်ဖက်လုံးရဲ့ တိုက်ပွဲစွမ်းရည်က လုံးဂကို ကွာခြားတဲ့ အဆင့်မှာ ရှိပါတယ်။

ဒီကလေးလေးက သူ့ကို ပြင်းပြင်းထန်ထန် ရိုက်နှက်တယ်။ ဟော့လျန်ထန်းယွင်က နာကျင်မှုကြောင့် ညည်းတွားနေရုံပဲ တတ်နိုင်ပါတယ်။

သူ့အမေကို အနိုင်ကျင့်ဖို့ မင်းကို ဘယ်သူကများ တောင်းဆိုနေလို့လဲ။

ဟော့လျန်ထန်းယွင်က ကျေနပ်ဂမ်းသာပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒီကောင်လေးက မဆိုးဘူး။ ငါသူ့ကို တပည့်အဖြစ် ရွေးချယ်ချင်တယ်။ ပြီးတော့ သူ့ကို နဂါးမျိုးနွယ်စုရဲ့ ပြိုင်ဘက်ကင်း အဆုံးမဲ့ လျှို့ဝှက်ချက်တွေ သင်ပေးမယ်"

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြီးတော့ သူက မေးလိုက်ပါတယ်။

"ငါ့သားကို မင်းရဲ့တပည့်အဖြစ် တကယ်ပဲ ရွေးချယ်မယ်ဆိုတာ သေချာလား"

"မင်းရဲ့သား ဟုတ်လား"

ဟော့လျန်ထန်းယွင်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"သူ့ရဲ့သွေးမျိုးဆက်က အရမ်းကို သန့်စင်ပြီးတော့ ငါ့နဂါးအစွမ်းကိုတောင် ခုခံနိုင်တာ အံ့သြစရာ မဟုတ်တော့ပါဘူး။

Edit with WPS Office

ဟားဟား ငါဒီကောင်စုတ်လေးကို ငါ့တပည့်အဖြစ် လုံးဝကို ရွေးမယ်။ ဒီကောင်လေးကို ငါ့ဆီကနေ လုဝံ့တဲ့ ဘယ်သူမဆို ငါကယည်ကျေးနေမှာ မဟုတ်ပဲ တိုက်ခိုက် ပစ်မယ်"

သူ့ပုံရိပ်ကို လုံးဝကို မေ့လျော့ပြီးတော့သူက လင်းကျန်းရှယ်ကြောင့် ကျယ်လောင်စွာ ငိုနေရဆဲပါပဲ။

လင်းဟာန်က ဟော့လျန်ချွင်ရှယ် အနားကို ကပ်ပြီးတော့ တစ်စုံတစ်ခုကို အသံတိုးတိုးနဲ့ ပြောလိုက်ပြီး ဟော့လျန်ချွင်ရှယ်ရဲ့ လှပတဲ့ မျက်လုံးတွေ ပြူးသွားစေခဲ့ပါတယ်။ ဒါက တကယ်ပဲ သူမရဲ့ ဘိုးဘေးပေါ့။ ဒါပေမဲ့ တကယ်လို့ ဟော့လျန်ထန်းယွင်က လင်းကျန်းရှယ်ကို သူ့ရဲ့ တပည့်အဖြစ် သတ်မှတ်ချင်တယ်ဆိုရင် အဲဒီနောက် သူက သူမနဲ့ လင်းဟာန်တို့နဲ့အတူ အဆင့်ချင်း တူသွားမယ် မဟုတ်လား။ ဒါဆိုရင် ဘယ်လောက်တောင် ရှုပ်ထွေးနေလိုက်မလဲ။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီလေ။ မင်းရဲ့ အသက်အရွယ် ကြီးရင့်မှု အတွက်ကြောင့် ငါ့သားကို မင်းတပည့် ဖြစ်ခွင့်ပြုလိုက်မယ်"

သူက လျှောက်သွားပြီးတော့ လင်းကျန်းရွှယ်ကို ကောက်ချီကာ ပြောလိုက်ပါတယ်။

"အခု မင်းက တပည့်တစ်ယောက် ရသွားပြီ။ ပထမဆုံး တွေ့ဆုံခြင်း အထိမ်းအမှတ် လက်ဆောင်က ဘာလဲ။ မင်းက နဂါးတစ်ပိုင်းနော်။ ဒါကြောင့် ရက်ရောမှု မရှိဘူးဆိုရင် တခြားသူတွေက မင်းကို အထင်သေးကြလိမ့်မယ်"

ဟော့လျန်ထန်းယွင်က ခြောက်ကပ်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က တစ္ဆေနဂါးလိုက်ဂူ အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ နောက်ပြီးတော့ နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရတာကြောင့် သူက အခုဆို လုံးဝကို ဗလာနတ္ထိ ဖြစ်နေပါတယ်။ ဒါကြောင့် ဘယ်လိုမျိုး တန်ဖိုးကြီးတဲ့ ရတနာကို သူက ထုတ်ပေးနိုင်မှာလဲ။ သူက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါသိထားသမျှ အားလုံး ဒီကောင်လေးကို သင်ပေးမယ်။ အဲဒါက တခြားအရာတွေထက် ပိုပြီးတော့ အဖိုးထိုက်တန်ပါတယ်"

"ထားလိုက်တော့။ မင်းက အရမ်းကို ဆင်းရဲတယ်ဆိုတာကို ငါသိတယ်"

လင်းဟာန်က စိတ်ဝိညာဉ် ဆေးပင်တချို့ကို သာမန်ကာလျှံကာ ပစ်ပေးလိုက်ပြီး ပြောလိုက်တယ်။

"ဒီမှာ ဒါတွေကို ယူပြီးတော့ သန့်စင်လိုက်။ မင်းရဲ့ စွမ်းရည်တွေကို မြန်မြန်တိုးအောင် လုပ်လိုက်။ မင်းရဲ့ကိုယ်ပိုင် တပည့်နဲ့ စွမ်းအားမယှဉ်နိုင်အောင်တော့ မဖြစ်စေနဲ့"

ဟော့လျန်ထန်းယွင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး အဲဒီအတွက် နည်းနည်းလေးမှ စိတ်ပျက်သလို ဖြစ်မသွားပါဘူး။ သူက စိတ်ဝိညာဉ် ဆေးပင်တွေကို ဖမ်းဆုပ်ပြီးတော့ စတင်

Edit with WPS Office

ဝါးစားလိုက်ပါတယ်။ တိုတောင်းတဲ့ အချိန်လေး အတွင်းမှာ သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရှိန်အဝါတွေက ပြင်းပြင်းထန်ထန် ပေါက်ကွဲလာပြီး သူက ဒြပ်စင်စုစည်းခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပါတယ်။

တကယ်ပါပဲ။ သူမှာ ကျင့်ကြံခြင်းနဲ့ ပတ်သက်လာရင် တစ်ဆို့ခြင်း နည်းနည်းမှ မရှိပါဘူး။ ပြီးတော့ စွမ်းအားတွေ စုစည်းဖို့လည်း မလိုပါဘူး။ အဆင့်တက်တာက သူ့အတွက်တော့ ရေသောက်သလို လွယ်ကူလွန်းပါတယ်။

Chapter 812end

အပိုင်း(813) နောက်ဆုံးတော့ နဂါးအစွမ်းပြပြီ

လင်းဟန်က ညှော်ခံပွဲတစ်ခု ကျင်းပလိုက်ပြီး တန်ဖိုးကြီးမားတဲ့အသားနဲ့ ပါဝင်ပစ္စည်း အမျိုးမျိုးကို အသုံးပြုလိုက်ပါတယ်။ အဲဒီထဲမှာ ထိပ်တန်းအဆင့် မိစ္ဆာသားရဲ အသားတွေ အသင်္ချေ ပုလဲရတနာနဲ့ နဂါးသွေး ဂျင်ဆင်းပင်တို့ ပါဝင်ပြီး အားလုံးကို အိုးကြီးတစ်ခုထဲ အတူတကွ ထည့်ပြီးတော့ ချက်ပြုတ်လိုက်ပါတယ်။

Edit with WPS Office

သူ့မှာ ဟင်းချက်တဲ့ ကျွမ်းကျင်မှု လုံးဝကို ကင်းမဲ့နေတယ် ဆိုပေမဲ့ ဒီထိပ်တန်းအဆင့် တန်ဖိုးကြီး ပါဝင်ပစ္စည်းတွေရဲ့ အနှစ်သာရကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ပစ္စည်းအားလုံးကို ပေါင်းပြီးတော့ ချက်ပြုတ်တာကြောင့် မွှေးကြိုင်လှတဲ့ ရနံ့က သူတို့ရဲ့ နှာဝမှာ ဝေ့သီလာပြီး ကလူကျီစယ်နေပါတယ်။

ဟော့လျှန်ထန်းယွင်လည်း သွားရည်ကျလာပြီးတော့ ပြောလိုက်ပါတယ်။

"အိုး အသချေ ပုလဲရတနာပဲ။ အဲဒီနှစ်တွေတုန်းက ငါတောင်မှ ရအောင်လို့ မစွမ်းဆောင် နိုင်ခဲ့ဘူး။ နောက်ပြီးတော့ နဂါးသွေးဂျင်ဆင်း။ ငါတောင် တစ်ခါပဲ စားခဲ့ဖူးတယ်"

"ဒါတွေအားလုံး ညီးညီး ပစ္စည်းတွေပဲ သူတို့ကို လုသွားမှာ ခွင့်မပြုနိုင်ဘူး"

Edit with WPS Office

ဟူးညိုက ပြင်းပြင်းထန်ထန် သတိပေးလိုက်ပါတယ်။

ဟော့လျန်ထန်းယွင်က ဟူးညိုကို တွေ့မြင်လိုက်တဲ့ အခါမှာ သူ့ရဲ့မျက်လုံးတွေက တောက်ပသွား ခဲ့ပါတယ်။ သူက ပြောလိုက်ပါတယ်။

"ကောင်မလေး မင်းမှာ တခြားသူနဲ့ လက်ထပ်ဖို့ သဘောတူထားတာ ရှိလား။ မင်းဘာလို့ ငါ့ကို မစဉ်းစားတာလဲ။ ငါကမင်းအတွက် အရမ်းကို လိုက်ဖက်ညီတဲ့သူ ဖြစ်မှာပါ"

ဖျောင်း ဖျောင်း ဖျောင်း။

ပါးစပ်ဖွာတဲ့ အကျိုးဆက်ကတော့ ဟော့လျန်ထန်းယွင်တစ်ယောက် ဟူးညိုရဲ့ ရိုက်နှက်ခြင်းကို ခံလိုက်ရပါတယ်။ ဟူးညိုရဲ့ ရိုက်ချက်တွေက ညင်သာမှုမရှိပါဘူး။ ဟော့လျန်ထန်းယွင်က ဟူးညိုကို ရပ်ပေးဖို့ တောင်းပန်လိုက်ရပြီး အဲဒါက သူ့ကို အတော်လေး ရှုသိုးသိုး ဖြစ်သွား စေခဲ့ပါတယ်။

Edit with WPS Office

သူ့ရဲ့အရင်ဘဝတုန်းက သူ့တည်ရှိမှုက ပြိုင်ဘက်ကင်း အဆင့်ဖြစ်ပါတယ်။ အခုတော့သူက ပြန်လည်မွေးဖွားလာတဲ့ အချိန်မှာပဲ ဘယ်လိုလုပ်ပြီးတော့ လူသုံးယောက်ရဲ့ ဆက်တိုက်ရိုက်နက်တာကို ခံနေရတာလဲ။

ဘယ်လိုဖြစ်လို့ သူ့ရဲ့နဂါးအစွမ်းက နောက်တစ်ကြိမ် အသုံးမပြုနိုင် ဖြစ်သွားရတာလဲ။

"ကောင်စုတ်လေး ဒီကလေးမကလည်း မင်းရဲ့ သမီးပဲလား"

သူက စူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့နဂါးအစွမ်းက ဘယ်လိုလုပ်ပြီး သူမအပေါ် အကျိုးသက်ရောက်မှု မရှိနိုင်ရမှာလဲ။ အဲဒါက နဂါးမျိုးနွယ်စု အတွက်ပဲ အသုံးပြုနိုင်တာ မဟုတ်ပါဘူး။ တခြားမျိုးနွယ်စု အပေါ်မှာလည်း အစွမ်းထက်တဲ့ ဖိနှိပ်မှု ရှိပါတယ်။ အခုတော့ ဘာအစွမ်းမှကို မပြနိုင်အောင် ဖြစ်နေပါတယ်။

Edit with WPS Office

"ညိုးညိုးက လင်းဟန်ရဲ့ အနာဂတ် သတို့သမီးလောင်း"

ဟူးညိုက သူမရဲ့ ခြေထောက်သေးသေးလေးနဲ့
ဟော့လျှန်ထန်းယွင်ကို ဆောင့်ကန်ပြီးတော့ ပြောလိုက်ပါတယ်။
ဟော့လျှန်ထန်းယွင်လည်း အရမ်းကို နာကျင်မှုကြောင့်
သေချင်စိတ်တောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟော့လျှန်ထန်းယွင်က စိတ်အားငယ်သလို ခံစားလိုက်ရပါတယ်။
ဘယ်လိုလုပ်ပြီးတော့ ပစ္စည်းကောင်းတွေ အကုန်လုံးကို
လင်းဟန်ယူသွားတာလဲ။ သူ့ရဲ့တပည့်၊ ပြိုင်ဘက်ကင်း
ပါရမီရှင်ကလည်း လင်းဟန်ရဲ့ သားဖြစ်နေတယ်။ အခု ဒီထူးဆန်းတဲ့
အလှပဂေးလေးကလည်း လင်းဟန်ရဲ့ ဇနီးမယားလေး ဖြစ်နေတယ်။

ချက်ပြုတ်လို့ ပြီးသွားတဲ့ အခါမှာ အားလုံးက
အစားအသောက်တွေကို ယူလိုက် ကြပါတယ်။

ဒီလိုမျိုး ပါဂင်ပစ္စည်းတွေနဲ့ ကြိုရတဲ့ အခါမှာ ကောင်းကင်အဆင့်
ကျင့်ကြံသူတွေတောင်မှ အများကြီး စားဝံ့မှာ မဟုတ်ပါဘူး။

Edit with WPS Office

အများဆုံး သူတို့က စွပ်ပြုတ်ကို ဇွန်းအပြည့်နဲ့ အနည်းငယ် သောက်ရုံလောက်ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ခန္ဓာကိုယ်က ပေါက်ကွဲသွား ပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်၊ ဟူးညို၊ ဟော့လျန်ချွင်ရှယ်နဲ့ ဟော့လျန်ထန်းယွင်တို့ အားလုံးက အစားအသောက် အရမ်းကို လောဘကြီးပြီး သူတို့တစ်ယောက်ချင်းစီက သူတို့ရဲ့ စိတ်ကျေနပ်တဲ့အထိ စားသောက်နိုင်ကြပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ချွင်ရှယ်က ပထမဆုံး စားသောက်တာကို ရပ်လိုက်တဲ့သူ ဖြစ်ပါတယ်။ သူမရဲ့အစာအိမ်က ထပ်ပြီးတော့ မစားနိုင်တော့ပါဘူး။ သူမက အားဆေးအဆီအနှစ်တွေကို ထပ်ပြီးတော့ စုပ်ယူနိုင်စွမ်း မရှိတော့ပဲ ဘေးနားမှာ ထိုင်ပြီးတော့ စတင်သန့်စင်လိုက်ပါတယ်။ လင်းဟန်၊ ဟူးညိုနဲ့ ဟော့လျန်ထန်းယွင်တို့ကတော့ ရပ်တန့်ဖို့ ဆန္ဒလုံးဝ မရှိပဲ အသည်းအသန် စားသောက်နေကြဆဲပါပဲ။

ဟော့လျန်ထန်းယွင်က ပိုပြီးတော့တောင် စိတ်ပျက်လာပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါက အစစ်အမှန် နဂါးအစွယ်ကနေ ပြုစုပျိုးထောင်လာခဲ့တယ်။ ငါ့ခန္ဓာကိုယ်က မာကျောပြီး စွမ်းအားတွေ အများကြီး စားတာတောင်မှ ပေါက်ကွဲလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းတို့နှစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ငါ့ထက်ပိုစားသောက်နိုင်ရတာလဲ"

သူက သူ့ရဲ့အကန့်အသတ်ကကို ရောက်နေပြီလို့ ခံစားရပါတယ်။ တကယ်တော့ သူ့ရဲ့ကျင့်ကြံခြင်းက အခုချိန်မှာ အရမ်းကို နိမ့်နေပါသေးတယ်။

"အသုံးကို မကျဘူး"

ဟူးညိုက သူ့ကို မျက်လုံးပြူးပြလိုက်ပြီး သူက အရမ်းကို အဆင့်နိမ့်တယ်လို့ ရည်ညွှန်းလိုက် ပါတယ်။

ဟော့လျန်ထန်းယွင်က တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေရုံပဲ တတ်နိုင်ပါတယ်။ အသားတွေကို ပါးစပ်ပြည့်အောင်

Edit with WPS Office

နည်းနည်းထပ်စားပြီးတဲ့ နောက်မှာတော့ သူက ဘေးမှာထိုင်ပြီးတော့ စတင်သန့်စင်လိုက်ပါတယ်။

သူက တကယ့်ကို မွန်းစတား တစ်ကောင်ပါပဲ။ မျက်စိတစ်မှိတ် အတွင်းမှာ သူက အလွှာတချို့ကို ချိုးဖျက်ပြီးတော့ နွေဦးစမ်းရေ အဆင့်ကို ဖင်သွားခဲ့ပါတယ်။ နောက်ဆုံးတော့ သူက လင်းကျန်းရှယ်နဲ့ ယှဉ်လိုက်ရင် အဆင့်တူသွားပါပြီ။ ဒါပေမဲ့လည်း သူ့အဆင့်တက်သလို သူ့ရဲ့အဆင့် မြင့်လာတာကလည်း ရိုးရိုးရှင်းရှင်းတော့ မဟုတ်ပါဘူး။ တကယ်တော့ ကျင့်ကြံခြင်း အဆင့်ပိုမြင့်လေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအင်ပမာဏတစ်ခု ပိုပြီးတော့ လိုအပ်လာပါလိမ့်မယ်။ အထူးသဖြင့်တော့ ကောင်းကင်အဆင့်ကနေ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖြတ်တဲ့ အချိန်မှာ လိုအပ်တဲ့ စွမ်းအင်ပမာဏက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

သူ့အတွက်တော့ အဲဒါက တစ်နှစ် ဒါမှမဟုတ် နှစ်နှစ် ဒါမှမဟုတ် နှစ်နှစ်ကနေ သုံးနှစ် အတွင်းမှာ အောင်မြင်မှု ရနိုင်ပါတယ်။

Edit with WPS Office

လင်းဟန်နဲ့ ဟူးညိုတို့ အတွက်ကတော့ အစားအသောက်တွေ စားသောက်ပြီးတဲ့ နောက်မှာ မျှတရုံလောက်ပဲ ရှိပါသေးတယ်။ တကယ်တော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ကောင်းကင်အဆင့်ကို ရောက်ရှိနေပါပြီ။ ဒါကြောင့် တကယ်လို့ သူတို့ရဲ့အဆင့်ကို နောက်ထပ် ဆက်မြှင့်ချင်တယ်ဆိုရင် ပိုပြီးတော့ စိန်ခေါ်ရပါလိမ့်မယ်။

"သွားကြစို့။ ဒီနေရာကနေ ထွက်ဖို့အချိန်ရောက်ပြီ"

လင်းဟန်က လက်ဖျောက်တီးလိုက်ပါတယ်။ အိုးတွေခွက်တွေကို သိမ်းပြီးတဲ့နောက်မှာ သူတို့လာခဲ့တဲ့ ဦးတည်ရာဘက်ကို ပြန်လျှောက်လာခဲ့ပါတယ်။

"ရှုရှုရန်တို့ အုပ်စုက ဂင်ပေါက်မှာပဲ ရှိနေဦးမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါတို့အတွက် ဒီတစ်ကြိမ် မြေပြင်အနေအထား အားသာချက်လုံးဝမရှိဘူး။ ဒါကြောင့် ငါတို့ အစွမ်းကုန် တိုက်ခိုက်ဖို့ပဲ လိုတယ်"

"ထွီ ငါ့တာဝန် ထားလိုက်စမ်းပါ"

ဟော့လျန်ထန်းယွင်က ထခုန်လိုက်ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ လင်းဟာန်နဲ့ဟူးညိုလိုမျိုး သာမန်မဟုတ်တဲ့ လူတွေနဲ့ ပြည့်နှက်နေလိမ့်မယ်ဆိုတာကို သူလုံးဝကို မယုံပါဘူး။ သူတို့ကလွဲရင် ဘယ်သူကများ သူ့ရဲ့နဂါးအစွမ်းကို အကျိုးသက်ရောက်မှု မရှိပဲ နေမှာလဲ။

လင်းဟာန်က ကျီစယ်တဲ့ အနေနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ပြန်လည်မွေးဖွားလာပြီး သိပ်မကြာခင်မှာ မသေသွားတာက ပိုကောင်းမယ်။ အနည်းဆုံးတော့ ငါ့သားအတွက်

Edit with WPS Office

လျှို့ဝှက်ဆန်းကြယ် စွမ်းအားတချို့ကို ချန်ထားပေးခဲ့ဦး”

“မင်းမေ့ကြီးတော်”

ဟော့လျန်ထန်းယွင်က ဒေါသတကြီးနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။ ကံမကောင်းတာက သူ့မှာရှိတဲ့ နတ်ဘုရား ဂုဏ်ကျက်သရေက အတိတ်မှာ ကျန်ခဲ့ပါပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလူသား သက်ရှိက သူ့လိုမျိုး မဟာအရှင်သခင် နဂါးတစ်ပိုင်းကို အထင်အမြင်သေးစွာနဲ့ နိမ့်ချပြီး ကြည့်ဝံ့မှာလား။

သူတို့တွေက ဂင်ပေါက်ဆီကို ရောက်လာတဲ့ အခါမှာ ထင်ထားတဲ့အတိုင်း ရှုရှရန်နဲ့ သူ့အုပ်စုက သူတို့ရဲ့ လုပ်ရှားမှုတွေကို အာရုံခံမိသွားခဲ့ပါတယ်။ တစ်ယောက်ပြီးတစ်ယောက် နေရာယူပြီး ဂင်ပေါက်ကို တားဆီးလိုက်ပါတယ်။

ဟော့လျန်ချွင်ရွှယ်က အရှေ့ကို ခြေလှမ်းအနည်းငယ် တိုးလာပြီးတော့ နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

Edit with WPS Office

"ဂျူနီယာလေးတွေ မင်းတို့တွေ ငါ့ကိုမြင်တာတောင်မှ ဘာဖြစ်လို့ ချက်ချင်းဒူးမထောက် သေးတာလဲ"

ရှရှရှန်တို့ အုပ်စုက လင်းဟာန်ဆီမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတယ် ဆိုတာကို သိထားကြပါတယ်။ ဒါကြောင့် သူတို့က နောက်ထပ် ကောင်လေးသေးသေး တစ်ယောက် ထပ်တိုးလာတာကို အံ့သြခြင်းမရှိပဲ သူ့ကို လုံးဝကို အရေးမစိုက်ပဲ နေလိုက် ကြပါတယ်။ တုန်လင်းအာက ပြောလိုက်ပါတယ်။

"လင်းဟာန် အစစ်အမှန် နဂါးအစွယ်နဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းကို ပေးစမ်း။ နင်ဒီနေရာကနေ အသက်ရှင်လျက်နဲ့ ထွက်မသွားနိုင်ဘူးဆိုတာကို နင်သိသင့်တယ်"

ဟော့လျန်ထန်းယွင်က ဒေါသထွက်သွားခဲ့ပါတယ်။ သူတို့က အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။ သူက

Edit with WPS Office

နောက်တစ်ကြိမ် ဥပေက္ခာပြု ခံလိုက်ရပါတယ်။ နောက်ပြီး သူတို့က အစစ်အမှန် နဂါးအစွယ်ကို လိုချင်တာလား။ သူက အစစ်အမှန် နဂါးအစွယ်ပဲ မဟုတ်လား။ သူက နှာခေါင်းရှုံ့လိုက်ပါတယ်။ ဝှမ်း။ နဂါးစွမ်းအားကို ထုတ်ဖော်ပြီး လူလေးယောက်ဆီကို ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

"အီး"

"အား"

"အိုး"

ရှုရှုရှန်တို့ လေးယောက်အုပ်စုက ညည်းတွားသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ နဂါးစွမ်းအားရဲ့ ဖိနှိပ်မှုအောက်မှာ သူတို့အားလုံး မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။ သူတို့တွေက သိုင်းပညာရပ်တွေရဲ့ အုပ်ချုပ်သူတွေ ဖြစ်ကြတယ် ဆိုရင်တောင် သူတို့က ဒီလိုမျိုး နဂါးစွမ်းအားရဲ့ ဖိနှိပ်မှုအောက်မှာ

Edit with WPS Office

အသက်ကို ခက်ခက်ခဲခဲ ရှုနေရပါတယ်။

ဂုမ်း။

ရှုရှုရှုန်က ချက်ချင်းပဲ အကြွင်းမဲ့ ဆေးဘားကို အသုံးပြုပြီး ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။ အကြွင်းမဲ့ ဆေးဘားရဲ့ အားကောင်းတဲ့ ဆေးဘားဆန္ဒတွေ စီးမျောလာပြီး နဂါးစွမ်းအားကို တားဆီးလိုက်ပါတယ်။ မိုးကြိုးလျှပ်စီးသားတော်ကလည်း မနေးပါဘူး။ တောင်နဲ့မြစ် ပုဆိန်ကို ဆွဲထုတ်ပြီး ဒီရတနာ ပစ္စည်းကနေ အလင်းရောင်တွေ ထွက်ပေါ်လာပြီးတော့ နဂါးစွမ်းအားကို တားဆီးလိုက်ပါတယ်။

ဟော့လျန်ထန်းယွင်က ခါးခါးသီးသီးနဲ့ အော်ဟစ်လိုက်မိပါတယ်။ သူ့ရဲ့ နဂါးစွမ်းအားက နောက်တစ်ကြိမ် တားဆီးခံလိုက်ရပါတယ်။ ဒါကိုသူက ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ။ ကံကောင်းတာက ဒီဂျူနီယာလေး နှစ်ယောက်က သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေနဲ့ နဂါးစွမ်းအားကို တားဆီးနိုင်စွမ်း မရှိပါဘူး။ စိတ်ဝိညာဉ် ပစ္စည်းနှစ်ခုကို အသုံးပြုရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက

Edit with WPS Office

တကယ့်ကို ဂမ်းနည်းပြီး ငိုကြွေးမိပါလိမ့်မယ်။

သူက စိတ်ဝိညာဉ် ပစ္စည်းနှစ်ခုကို ခဏလောက် စိုက်ကြည့်ပြီး တီးတိုးရွတ်လိုက်ပါတယ်။

"ဒီပစ္စည်းတွေက အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်ကို တုပထားတဲ့ ပစ္စည်းတစ်ခု မဟုတ်လား"

ဒီပစ္စည်းတွေကို သတိပြုမိလိုက်တဲ့ အခါမှာ သူက စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားရဲ့ ပထမဆုံးမျိုးဆက် ဆရာသခင်က တန်ခိုးရှင်ဘုံမှာတောင် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ တောင်နဲ့မြစ် ပုဆိန်က ဒီဘုံရဲ့ စွမ်းအားကို အသုံးပြုပြီးတော့ သွန်းလုပ်ထားပါတယ်။ တကယ်လို့ ဒီပုဆိန်က တုပထားတဲ့ ပစ္စည်းတစ်ခု ဆိုရင်တောင် သူ့ရဲ့ နဂါးစွမ်းအားကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ထူးကဲစွမ်းအားတချို့ ရှိနေတာက အဓိပ္ပါယ်ရှိပါတယ်။

ရှုရှုရှန်နဲ့ မိုးကြိုးလျှပ်စီး သားတော်က နဂါးစွမ်းအားကို ခုခံနိုင်ပေမဲ့

Edit with WPS Office

ဓားကေရာဇ်လေးနဲ့ တုန်လင်းအာတို့က မခုခံနိုင်ပါဘူး။ သူတို့တင်မက သူတို့ရဲ့ လက်ထဲက သူတို့ရဲ့ အကြီးအကဲတွေ ချီးမြှင့်ပေးထားတဲ့ အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတွေ ရှိမယ်ဆိုရင်တောင် နဂါးစွမ်းအားကို ခုခံနိုင်မှု လုံးဝကို ရှိမှာမဟုတ်ပါဘူး။

တကယ်တော့ ဒါက နဂါးတစ်ပိုင်းတစ်ယောက် ဖြစ်ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ တစ်ခါတုန်းက ပြိုင်ဘက်ကင်း ဖြစ်ခဲ့ပါတယ်။

ရှရှရှန်နဲ့ မိုးကြိုးလျှပ်စီးသားတော်တို့က တုန်လင်းအာနဲ့ ဓားကေရာဇ်လေးကို အလျင်အမြန် ကာကွယ်စောင့်ကြပ်လိုက်ပါတယ်။ လင်းဟန်က အခွင့်အရေးကို အသုံးချပြီးတော့ သူတို့ကို သတ်သွားလို့ မရအောင် ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှု စွမ်းအားက ချက်ချင်းဆိုသလို လူနှစ်ယောက် လျော့ကျသွားခဲ့ပါတယ်။ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်တို့ ရှိနေသေးတယ် ဆိုပေမဲ့ သူတို့ရဲ့ ခြိမ်းခြောက်နိုင်မှုကလည်း အကြီးအကျယ် လျော့ကျ သွားခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ မရဏဓားကို ကိုင်ဆွဲပြီးတော့ သူက လမ်းကြောင်းတစ်ခု ဖွင့်ပြီး တစ်ဟုန်ထိုး ပြေးထွက်လာပါတယ်။

ရှုရှရန်နဲ့ မိုးကြိုးလျှပ်စီး သားတော်က သူ့ကို သတ်ဖို့ ပြေးထွက်သွားချင်ပေမဲ့ အချိန်တိုတိုလေး အတွင်းမှာ မရဏဓားကို သူတို့တွေ ဘယ်လိုလုပ် ဖိနှိပ်နိုင်မှာလဲ။ လင်းဟန်ကတော့ ဒါကို စွမ်းဆောင်နိုင်ပြီး အားမာန်အပြည့် စိတ်အားထက်သန်စွာနဲ့ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက် နိုင်ပါတယ်။ သူက တခြားသူတွေကို သူနဲ့အတူ အဝေးကို ခေါ်သွားပြီး ရှုရှရန်ကို သောင်မတင် ရေမကျ အခြေအနေမှာ ထားခဲ့ပြီး သူတို့တွေ လိုက်ဖမ်းသည်ဖြစ်စေ လိုက်မဖမ်းသည်ဖြစ်စေ ဂရုမစိုက်ပါဘူး။

တကယ်လို့ သူတို့တွေ လိုက်ဖမ်းမယ်ဆိုရင် တုန်လင်းအာနဲ့ ဓားကေရာဇ်လေးကို ဘယ်လိုလုပ် ကြမလဲ။ တကယ်လို့ လင်းဟန်နဲ့ သူ့အုပ်စုကို သူတို့က လိုက်ဖမ်းဖို့အတွက် မစောင့်ကြပ်ပဲ နေလိုက်ရမှာလား။ တကယ်လို့ သူတို့လိုက်မဖမ်းနိုင်ဘူးဆိုရင်

Edit with WPS Office

တစ်ဖက်အဖွဲ့က အစစ်အမှန် နဂါးအစွယ်ကို ရရှိသွားပါလိမ့်မယ်။ လင်းဟန်နဲ့ သူ့အုပ်စုက အဝေးကို လမ်းလျှောက်သွားတာကို သူတို့တွေ ဘာမှမတတ်နိုင်ပဲ ဒီအတိုင်းပဲ ကြည့်နေရတော့မှာလား။

ဒါပေမဲ့ အဆုံးမှာတော့ သူတို့က လိုက်မသွားခဲ့ပါဘူး။ ခဏအကြာမှာ ဓားကေရာဇ်လေးနဲ့ တုန်လင်းအာတို့က နဂါးစွမ်းအားရဲ့ ရိုက်ခတ်မှုဒဏ်ကနေ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်လုံးရဲ့ မျက်နှာတွေမှာ ထိတ်လန့်တုန်လှုပ်မှုတွေ အထင်သား ပေါ်လွင်နေပါတယ်။ ဒီခံ့ညားထယ်ဝါတဲ့ အင်အားက ဘယ်လိုလုပ်ပြီး အရမ်းကို ထိတ်လန့်စရာ ကောင်းနေရတာလဲ။

"ဒီအခြေအနေက ငါတို့ထိန်းချုပ်နိုင်မှုရဲ့ အပြင်ကို ရောက်နေပြီ။ အလယ်ပိုင်းဒေသကို ချက်ချင်း ပြန်ပြီးတော့ လင်းဟန်ကို သတ်ဖို့နဲ့ အစစ်အမှန် နဂါးအစွယ်ကို ပြန်လုယူဖို့အတွက် ကူညီပေးဖို့ အဆုံးမဲ့လက်ရွေးစင်တွေကို တောင်းဆိုရတော့မယ်"

"ဟိုကောင်လေးကလည်း အရမ်းကို အံ့သြစရာကောင်းတယ်။

Edit with WPS Office

ဒီလိုမျိုး ထိတ်လန့်တုန်လှုပ်စရာ ကောင်းတဲ့ နဂါးစွမ်းအားကိုတောင် ထုတ်လွှတ်နိုင်တယ်။ ငါတို့သူ့ကို လွှတ်ထားလို့ မရဘူး"

Chapter 813 end

အပိုင်း(814) စစ်မှန်တဲ့ အုပ်ချုပ်သူ

ဟောင့်လျန်ထန်းယွင်က လမ်းကို ဦးဆောင်မှုနဲ့အတူ လင်းဟာန်နဲ့ တခြားသူတွေက အစီစဉ်မကျ ဟိုယောင်ယောင် ဒီယောင်ယောင် လျှောက်သွားလို့ မရတော့ပါဘူး။ အဲဒီအစား သူတို့က လမ်းတစ်လျှောက်လုံး တတ်နိုင်သမျှ နဂါးသွေးမြက်တွေကို ကြိုးစားပြီး စုဆောင်းခဲ့ပါတယ်။

နဂါးသွေးမြက်တွေက ဟောင့်လျန်ထန်းယွင်အတွက် အသုံးမဝင်ပါဘူး။ သူက အစစ်အမှန် နဂါးအစွယ်ရဲ့ ပြုစုပျိုးထောင်ပေးထားတာ ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့မျိုးဆက်သွေး သန့်စင်မှုက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ အဆင့်ကို ရောက်လုနီးပါး ဖြစ်ပါတယ်။ ဒါပေမဲ့ နဂါးမျိုးနွယ်က ဆင်းသက်လာတဲ့ တခြားသူတွေ အတွက်တော့ ဒါကပစ္စည်းကောင်း ဖြစ်ပါလိမ့်မယ်။ လင်းဟာန်တောင်မှ နဂါးသွေးမြက် အများကြီးကို

Edit with WPS Office

လိုချင်ပါတယ်။ ဒီနဂါးသွေးမြက်က သူ့ကို နဂါးကိုးကောင် ခန္ဓာကိုယ် လေ့ကျင့်မှုအတွက် ကြီးမားတဲ့ အကျိုးအမြတ်ကို ပေးနိုင်ပါတယ်။

ဒီနေရာက နှစ်ပေါင်းဘယ်လောက် ရှိပြီဆိုတာကို မသိသလို ထောင်စုနှစ်ပေါင်း ဘယ်လောက် ကြာအောင်လို့ ဖြတ်ကျော်ခဲ့မှန်းလည်း မသိပေမဲ့ တကယ်တမ်းတော့ ဟော့လျန်ထန်းယွင်ရဲ့ မူလခန္ဓာကိုယ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက အဲဒါကို ရွေးချယ်အာရုံခံလိုက်တာနဲ့ နဂါးသွေးမြက်နဲ့ အစစ်အမှန် နဂါးသွေးကျောက်တုံးကို လွယ်ကူစွာနဲ့ ရှာဖွေနိုင်ခဲ့ပါတယ်။

လင်းဟန်က ဒီခရီးမှာ အပြည့်အဝ ရိတ်သိမ်းရရှိ ခဲ့ပါတယ်။

တကယ်လို့ လူတစ်ယောက်က ဂရုစိုက်ပြီး အာရုံခံခဲ့မယ်ဆိုရင် ဒီနေရာရဲ့ ပတ်ဝန်းကျင်က သေဆုံးလုနီးပါး ယိုယွင်းပျက်စီးလာတာကို သတိပြုမိပါလိမ့်မယ်။ တစ္ဆေနဂါးလိုဏ်ဂူက လူတွေကို ထပ်ပြီးတော့ နှင်ထုတ်လိမ့်မှာ မဟုတ်ပါဘူး။ အတိအကျ ဆိုရမယ်ဆိုရင် အပြင်ဘက် ကမ္ဘာနဲ့

Edit with WPS Office

ဖြည်းညှင်းစွာ ပေါင်းလာခဲ့ပါတယ်။ အတွင်းပိုင်း နေရာတွေက ပြိုလဲသွားပြီးတော့ ဘာမှမရှိတဲ့ အပျက်အစီးပုံ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒီနေရာနဲ့ ပတ်သက်ပြီးတော့ ဘာမှအံ့သြစရာ မရှိတော့ပါဘူး။

ခုနစ်ရက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်နဲ့ တခြားသူတွေက နောက်ဆုံးမှာ တစ္ဆေနဂါး လိုဏ်ဂူထဲကနေ လမ်းလျှောက်ထွက်လာခဲ့ ကြပါတယ်။

"လူသား"

အပြင်ဘက် ကမ္ဘာကို ရောက်လာတာနဲ့ အော်ဟစ်သံကြီး တစ်ခုကို သူတို့တွေ ကြားလိုက် ရပါတယ်။ မိုယွမ်က သူတို့ အထက်မှာ ပေါ်လာခဲ့ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ မကုန်ခမ်းနိုင်တဲ့ မီးတောက်တွေ ထွက်ပေါ်နေပြီး ပတ်ဂန်းကျင်လေထုကို လှိုင်းတွန့်တွေ ထစေပါတယ်။

Edit with WPS Office

သူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံး ဒါမှမဟုတ် ဆယ့်တစ်လုံးတောင် ရှိပါတယ်။ သူက အရမ်းကို အထင်ကြီးစရာကောင်းပြီး အခုတော့ သူက အရမ်းကို ဒေါသထွက်နေပါတယ်။

လွန်ခဲ့တဲ့ ရက်အနည်းငယ်လောက်က ကလန်ရဲ့ လူငယ်မျိုးဆက်ထဲက အထူးချွန်ဆုံး လူငယ်ဖြစ်တဲ့ မိုကျန်းရှင်းက လင်းဟန်ရဲ့ လက်ချက်ကြောင့် သေဆုံးသွားရတယ် ဆိုတဲ့သတင်းကို သူလက်ခံရရှိ ခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်ကို သူတွေ့လိုက်တဲ့ အခါမှာ ဒေါသတွေ ပေါက်ကွဲသွားခဲ့ပါတယ်။

"မိုယွမ် မင်းဘာလုပ်ချင်တာလဲ"

ဟော့လျန်ရုံက ချက်ချင်းပဲ အရှေ့ကို ထွက်လာပြီး သူ့ကို တားဆီးလိုက်ပါတယ်။

Edit with WPS Office

"ငါဘာလုပ်ချင်လဲ ဟုတ်လား"

မိုယွမ်က အံကြိတ်လိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီလူသားက မိုကလန်ရဲ့ အဖွဲ့သား တစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ ငါသူ့ကို ဖမ်းပြီးတော့ ကလန်ကို ခေါ်သွားပြီး စစ်ဆေးမေးမြန်းဖို့ စိတ်ကူးထားတယ်"

"ဟင့် ဒါက တကယ့်ကို ဟာသပဲ။ တကယ်တော့ ရတနာပစ္စည်းတွေကို လုရင်းနဲ့ တစ်ယောက်ကို တစ်ယောက် သတ်ပစ်မိတာက သာမန်ကိစ္စပဲ မဟုတ်ဘူးလား။ တကယ်လို့ တစ်စုံတစ်ယောက်က အရှင်သခင်မိုလို ပြုမူလာမယ်ဆိုရင် ကမ္ဘာကြီးတစ်ခုလုံး ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်ကုန်လိမ့်မယ် မဟုတ်လား"

ဟော့လျန်ရုံက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

မိုယွမ်က သူ့ဒေါသကို ထိန်းပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒါပေမဲ့ ဒါကလူသား တစ်ယောက်ပဲ။ သူက တစ္ဆေနဂါး လိုက်ဂူထဲကို ဝင်ဖို့ အရည်အချင်း မမီဘူး"

"ဟင့်။ ခင်ဗျားလည်း လူသားတချို့ကို ကိုယ်တိုင်ခေါ်လာတာပဲ မဟုတ်ဘူးလား"

ဟော့လျန်ရှံက တည်ငြိမ်စွာနဲ့ ပြန်ခံပက်လိုက်ပါတယ်။

ဒါကဘယ်လိုလုပ်ပြီး တူညီနိုင်မှာလဲ။

မိုယွမ်က ချက်ချင်းပဲ ပြန်ပြောလိုက်ပါတယ်။

"အဲဒီလူတွေက ပင်လယ်ကောရာဇ်ရဲ့ အမိန့်ကြောင့် ခေါ်လာရတာလေ"

Edit with WPS Office

"ဒါဆိုရင် သူကလည်း ငါ့သားမက်ပဲ။ ဘာဖြစ်လို့ တစ္ဆေနဂါးလိုက်ဂူထဲကို ဂင်လို့မရနိုင်မှာလဲ"

ဟော့လျန်ရှံကလည်း ချက်ကျလက်ကျ တုံ့ပြန်လိုက်ပါတယ်။

မိုယွမ်က စိတ်ငြိမ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာ ဒီတိုက်ပွဲက ရှောင်လွှဲလို့ မရတော့ဘူး။ ဟော့လျန်ဘုရင် မင်းသေသေချာချာ စဉ်းစားသင့်တယ်။ ဒါက အနောက်ပိုင်း ပင်လယ်နဲ့ မြောက်ပိုင်းပင်လယ် အကြားက စစ်ပွဲတစ်ခု စလိုက်တာပဲ"

"ဟားဟား မင်းက အနောက်ပိုင်း ပင်လယ်ကို ကိုယ်စားပြုနိုင်စွမ်း မရှိသေးပါဘူး"

ဟော့လျန်ရှံက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"မင်းက သေလမ်းရှာနေတာပဲ"

အဆုံးမှာတော့ မိုယွမ်က ဒေါသတွေ ပေါက်ကွဲလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးရဲ့ သွေးနဲ့ချီတွေက လောင်ကျွမ်းနေပြီး အဆုံးမဲ့ စွမ်းအားကို ထုတ်ဖော်လိုက်ပါတယ်။

သူ့ရဲ့နောက်ဆုံးနှစ်တွေ အထဲကို ရောက်ရှိလာပြီး သူ့ရဲ့သွေးတွေ လျော့ကျလာတာကို ရှောင်လွှဲလို့ မရပါဘူး။ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ကျန်ရှိနေသေးတယ် ဆိုပေမဲ့ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က သူ့ရဲ့ကျင့်ကြံခြင်းအဆင့်နဲ့အတူ ထိန်းထားနိုင်စွမ်း မရှိပါဘူး။ အများဆုံး သူ့မှာ ကြယ်ရှစ်လုံးပဲ ရှိပါတယ်။ ဒါကြောင့် ဟော့လျန်ရုံလို ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ သူက သူ့ရဲ့သွေးနဲ့ချီတွေကို လောင်ကျွမ်းပြီး သူ့ရဲ့အစောပိုင်းနှစ်တွေက အားမာန်တက်ကြွမှုတွေ ပြန်လည်ရရှိဖို့ စတေးလိုက်ခြင်း ဖြစ်ပါတယ်။

"အရှင်မို မင်းက ငါတို့မြောက်ပိုင်း ပင်လယ်ကိုလည်း လာသေးတယ်။ ရမ်းရမ်းကားကားလည်း ပြုမူချင်နေသေးတာလား"

Edit with WPS Office

ရှမ်းယုထောင်ကလည်း မတ်တပ်ရပ်ပြီးတော့ တိုက်ခိုက်ဖို့
အဆင့်သင့် ဖြစ်နေတဲ့ ဟန်ပန်မျိုး ရှိနေပြီး ဟော့လျန်ရုံနဲ့
အေးချင်းယှဉ်ပြီးတော့ တိုက်ခိုက်မဲ့ပုံစံမျိုး ဖြစ်နေပါတယ်။

"ဟေး ဒါက မိုကလန်နဲ့ ဟော့လျန်ကလန်ရဲ့ အကြားက ရန်စပဲလေ။
ဘာဖြစ်လို့ အရှင်ရှမ်းယုက ပါဝင်နေတာလဲ"

ဂမ်ရန်ကျီးက ရောက်လာပြီး သူ့လက်တွေကို ဆန့်ထုတ်ကာ
ရှမ်းယုထောင်ကို တားဆီးလိုက်ပြီး ငါကအေးနားမှာ အလဟဿ
ထိုင်မနေဘူးလို့ ဖော်ပြနေသလိုပါပဲ။

သူ့အမြင်ကနေ ကြည့်မယ်ဆိုရင် မိုယွမ်က ဟော့လျန်ရုံကို
သတ်ပစ်မှာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ
မဟုတ်ဘူးဆိုရင်လည်း နှစ်ဖက်စလုံး တိုက်ခိုက်ပြီးတော့
ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားတာလည်း မဆိုးပါဘူး။ အဲဒီနောက်
သူက အပိုင်းအစတွေ လိုက်ကောက်ရုံပါပဲ။ သူ့ကို

Edit with WPS Office

ရွှမ်ယုထောင်လည်း တားဆီးနိုင်မှာ မဟုတ်ဘူးလို့ လက်ခံယုံကြည်ပါတယ်။

ဒါကြောင့် ဒီတိုက်ပွဲကို ခွင့်ပြုကို ခွင့်ပြုရပါမယ်။ ဒီအခွင့်အလမ်းကို ယူပြီးတော့ ရွှမ်ယုထောင်ကို သတ်ရမယ်ဆိုရင်လည်း ကောင်းမွန်ပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဟော့လျန်ရုံ ဒါမှမဟုတ် ရွှမ်ယုထောင် သေသွားရင်လည်း မြောက်ပိုင်းပင်လယ်ထဲမှာ သူ့ရဲ့ ပေါင်းစည်းမဲ့ ရည်မှန်းချက်ကို ဘယ်သူကမှ တားဆီးနိုင်လိမ့်မှာ မဟုတ်ဘူး။

ရွှမ်ယုထောင်လို မြေခွေးအိုကြီး တစ်ယောက်ကလည်း ဂမ်ရန်ကျီးရဲ့ ရည်ရွယ်ချက်ကို ခန့်မှန်းမိ ပါတယ်။ ဒါပေမဲ့ ခန့်မှန်းမိတာက တစ်ခုဖြစ်ပြီး ပြဿနာကို ဖြေရှင်းတာက တစ်ခုဖြစ်ပါတယ်။ မိုယွမ်က ဒေါသပေါက်ကွဲနေတဲ့ ပုံစံမှာ ရှိပြီးတော့ လင်းဟာန်ကို သတ်ပစ်ဖို့ ဆုံးဖြတ်ထားပုံ ရပါတယ်။ ဒါကြောင့် လွယ်လွယ်နဲ့ ဖြေရှင်းလို့ ရမှာတော့ မဟုတ်ပါဘူး။

ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

Edit with WPS Office

ရွှမ်ယုထောင်မှာ မရေမတွက်နိုင်တဲ့ မုန်တိုင်း အတွေ့အကြုံ ရှိပါတယ်။ ဒါပေမဲ့ လက်ရှိ အခြေအနေက သူ့ကို အတော်လေး ခေါင်းကိုက်စေပါတယ်။ တကယ်လို့ ဒီတိုက်ပွဲသာ ဖြစ်ပျက်မယ်ဆိုရင် မြောက်ပိုင်းပင်လယ်ရဲ့ စွမ်းအားမျှခြေက နောက်တစ်ကြိမ် ပြောင်းလဲသွား နိုင်ပါတယ်။

"မင်းတို့အားလုံး ရပ်လိုက်ဖို့ ငါအမိန့်ပေးတယ်"

ကလေးအသံ တစ်သံကို ကြားလိုက်ရပါတယ်။ ဒါပေမဲ့လည်း ဟော့လျန်ထန်းယွင် တစ်ယောက်ပဲ လမ်းလျှောက်လာတာကို တွေ့မြင်လိုက်ရပြီး သူ့ရဲ့ကလက်တွေကို အနောက်ဘက်ကို ပစ်ထားကာ ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

"ငါက သမာသမတ်ကျတဲ့ ခုံသမာဓိပဲ။ ဒီနေရာမှာ ရန်ပြိုးတွေအားလုံးကို ကျေအေးရမယ်။ အခု အရေးအကြီးဆုံး အချက်က အင်အားစုတွေ အားလုံးကို စုပေါင်းပြီးတော့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ နေ့ရက်အတွက် ပြင်ဆင်ထားနိုင်ရမယ်"

Edit with WPS Office

လပြွတ်ပဲ။ ဒီပါးစပ်ကြီးကတော့ကွာ။ ဘယ်လိုလုပ်ပြီး ဒီကိစ္စကို လူပုံအလယ်မှာ ကြေညာရတာလဲ။

ဟော့လျန်ရှံနဲ့ ရွှမ်ယုထောင်တို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း အံ့အားသင့် သွားခဲ့ပါတယ်။ သူတို့အားလုံးက မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ အကြောင်းကို နားလည်သဘောပေါက်ထားပေမဲ့ ကောင်လေးငယ်ငယ် တစ်ယောက်ရဲ့ ပါးစပ်ကနေ အဲဒါကို ကြားရတဲ့ အခါမှာ သူတို့ကို ကိုးရိုကားရား ဖြစ်သွားသလို ခံစားရပါတယ်။ သူတို့က လင်းဟာန်ကို မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ မင်းကတကယ်ပဲ ဒီလိုကောင်လေးငယ်ငယ်လေးကို မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ လျှို့ဝှက်ချက် အကြောင်း ပြောပြထားတယ်ပေါ့။

လင်းဟာန်က သူ့ပခုံးကို တွန့်လိုက်ပါတယ်။ ဒီအကြောင်းကို ပြောခဲ့တဲ့လူက သူမဟုတ်ပါဘူး။ ဟော့လျန်ထန်းယွင်မှာ ဒီလိုမျိုး အကြံအစည်က လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက ရှိနေခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက မင်းတို့ရဲ့

Edit with WPS Office

ဘိုးဘေးအစစ်အမှန်ပဲ။

"ဟားဟားဟား"

မိုယွမ်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ လင်းဟန်ဆီကို သူ့လက်ဝါးနဲ့ ဖမ်းဆုပ်ဖို့ လှှားခနဲ ခုန်ဝင်လာခဲ့ပါတယ်။ သူက လင်းဟန်ကို အခုမသတ်သေးပါဘူး။ တိတိကျကျ ပြောရမယ်ဆိုရင် သူ့ကို မိုကလန်ကို ခေါ်သွားပြီးတော့မှ လူပုံအလယ်မှာ ခေါင်းဖြတ်ကွပ်မျက်ပစ်မှာပါ။

"ဟေး မင်းက ငါ့စကားတွေကို ဂရုမစိုက်တာလား"

ဟော့လျန်ထန်းယွင်က ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ မေးခွန်းထုတ်လိုက်ပါတယ်။ ဝှမ်း။ နဂါးစွမ်းအားက ပန်းထွက်လာခဲ့ပါတယ်။

Edit with WPS Office

ဘုတ်။

မိုယွမ်က ချက်ချင်းဆိုသလို မိုးကောင်းကင်ပေါ်ကနေ အောက်ကို ပြုတ်ကျလာခဲ့ပါတယ်။ တကယ်လို့ သူက စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် အလှူ့ကိုး ဖြစ်တော့ရော ဘာဂရုစိုက်စရာ လိုလို့လဲ။ တကယ်လို့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့သွေးနဲ့ချီတွေကို လောင်ကျွမ်းလို့ ကြယ်ဆယ်လုံး ရှိနေတော့ရော ဘာဂရုစိုက်စရာ လိုလို့လဲ။ သူက နဂါးတစ်ပိုင်းရဲ့ စွမ်းအား ဖိနှိပ်ခြင်းနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ကလေးငယ်လေး တစ်ယောက်လို အားနည်းသွားရမှာပဲလေ။

ဒါက အသက်ဇီဂရဲ့ အဆင့်အပေါ်မှာ ဖိနှိပ်ထိန်းချုပ်ခြင်း ဖြစ်ပါတယ်။ အထူးသဖြင့်တော့ နဂါးမျိုးနွယ်စုတွေ အပေါ်မှာ အကျိုးသက်ရောက်မှု ပိုရှိပါတယ်။

"ဘာလဲဟ"

Edit with WPS Office

ဟော့လျန်ရုံ၊ ရှမ်ယုထောင်နဲ့ ဂမ်ရန်ကျိုးတို့ သုံးယောက်စလုံး သူတို့ရဲ့ နှလုံးသား အထဲကနေ တဆတ်ဆတ် တုန်နေသလိုမျိုး ခံစားမိပါတယ်။ တစ်ခုသိထားရမှာက အဲဒီမိုယွမ်က သူတို့လို လက်ရွေးစင် တစ်ဖွဲ့တည်း ဖြစ်ပေမဲ့ သူက တကယ်ပဲ အခုလိုမျိုး အခြေအနေနဲ့ ပြုတ်ကျလာခဲ့ပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။

စောစောက နဂါးစွမ်းအားက မိုယွမ်တစ်ယောက်တည်းကိုပဲ ရည်ရွယ်ထားခဲ့ပါတယ်။ သူတို့ သုံးယောက်က အရမ်းကို အားကောင်းတယ် ဆိုပေမဲ့ သူတို့က အရှိန်အဝါရဲ့ သဲလွန်စကိုပဲ ဖမ်းမိခဲ့ပြီး အဲဒါက သူတို့ရဲ့ စိတ်ထဲမှာ ကျိတ်ပြီးတော့ တုန်လှုပ်သွားစေပြီး မယုံနိုင်စရာ ထိတ်လန့်တုန်လှုပ်မှုတွေ မြင့်တက်လာစေခဲ့ပါတယ်။

မိုယွမ်ရဲ့ ခန္ဓာကိုယ်က မြေကြီးပေါ်မှာ မှောက်လျက်သား လဲကျနေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစက်တဲ့ ချွေးတွေထွက်လာပါတယ်။ သူ့ရဲ့ခေါင်းကို အတင်းမော့ပြီးတော့ ဟော့လျန်ထန်းယွင် ရှိတဲ့ဆီကို ကြည့်လိုက်ပြီး တုန်လှုပ်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"အရှင် အရှင်ဘိုးဘေး နဂါး"

တကယ်လို့ ဒါကဘိုးဘေးနဂါး မဟုတ်ဘူးဆိုရင် ဘယ်သူ့မှာ ဒီလိုမျိုး နဂါးစွမ်းအား ရှိပြီးတော့ သူ့ကို နည်းနည်းလေးမှတောင် ခုခံနိုင်စွမ်း မရှိအောင်လို့ ဖြစ်စေနိုင်မှာလဲ။

ဘိုးဘေးနဂါး။

ဟော့လျှန်ရှံ အပါအဝင် လက်ရွေးစင် သုံးယောက်စလုံးက သူတို့ရဲ့ ခြေတွေလက်တွေ တောင့်တင်းသွားသလို ခံစားလိုက်ရပါတယ်။ ဒါက ဖြစ်နိုင်ပါ့မလား။

ဟော့လျှန်ထန်းယွင်က သူတို့အပေါ်ကို ဝေ့ကြည့်ပြီးတော့ သူ့ရဲ့နဂါးစွမ်းအားကို ဖြန့်ကျက် လိုက်ပါတယ်။ ဒုန်း ဒုန်း ဒုန်း။ ဟော့လျှန်ရှံအပါအဝင် လက်ရွေးစင် သုံးယောက်စလုံး မထင်မှတ်ပဲ ဒူးထောက်ကျသွားပါတယ်။

Edit with WPS Office

အနီးအနား လူတွေအားလုံး အထိတ်လန့် ဖြစ်ကုန်ပါတယ်။
သူတို့လေးယောက်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်မှာ ရှိပါတယ်။
စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို
သတ်ဖို့ဆိုတာက မိုးကောင်းကင်ကို ထိကိုင်ရသလို ခက်ခဲပါတယ်။
သူတို့ကို အရှက်ခွဲသလို ဒူးထောက်ခိုင်းဖို့ဆိုတာ အသာထား
ခက်ခဲမှုတွေက အနည်းဆုံး အကြိမ်ပေါင်း တစ်ရာလောက်ထိ
နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။

ဖြစ်နိုင်တာက ဒီလူက တကယ်ပဲ အရှင်ဘိုးဘေးနဂါးလား။

ဟော့လျန်ထန်းယွင်က သူ့ကိုယ်သူ ဂုဏ်ယူသလို ခံစားမိပါတယ်။
သူက စောစောတုန်းက ခဏခဏ ဒေါသထွက် စိတ်ဆိုးခဲ့ရပြီး
သူ့ကိုယ်သူ စပြီးတော့တောင် သံသယဝင်မိပါတယ်။
ကံကောင်းတာက ဒီနေရာမှာ ပုံမှန်လူတွေ အများကြီး
ရှိနေပါသေးတယ်။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

“အခု မင်း ငါ့ရဲ့စကားတွေကို နားထောင်မှာလား”

“ဘယ်ဟာကိုပဲ အမိန့်ပေးပေး ကျနော်တို့တွေ အရှင်ဘိုးဘေးနဂါးရဲ့ အမိန့်ကို နာခံပါ့မယ်”

ဟောင့်လျန်ရှံနဲ့ တခြားသူတွေက မြေပြင်ပေါ်မှာ ဝမ်းလျားမှောက်ပြီး အားလုံးဟာ လေးစားမှု အပြည့်နဲ့ သူတို့မျက်နှာပေါ်မှာ အရမ်းကို ရိုသေကိုင်းရှိုင်းမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒီလိုမျိုး နဂါးစွမ်းအားက အရမ်းကို သန့်စင်ပြီး အရမ်းကို အစွမ်းထက်ကာ လက်ရှိပင်လယ် ဧကရာဇ်ထက် အဆပေါင်းများစွာ သာလွန်ပါတယ်။

အစစ်အမှန် အုပ်ချုပ်သူ။

Chapter 814 end

အပိုင်း(815) မင်းရဲ့ဘိုးဘေး

Edit with WPS Office

"ငါပြန်လာပြီဆိုတော့ ပင်လယ်လေးခုရဲ့ ဘုရင်က ငါကလွဲပြီး တခြားဘယ်သူမှ မဟုတ်တော့ဘူး"

ဟော့လျှန်ထန်းယွင်က မျက်နှာပြောင်ပြောင်နဲ့ ကြေညာလိုက်ပါတယ်။

"ဒါကို ကမ္ဘာကြီး တစ်ခုလုံးကို ကြေညာလိုက်။ အောင်းကလန်က ဘယ်သူမဆို ငါ့ကို ချက်ချင်း လာတွေ့ပြီး ထီးနန်းစွန့်ဖို့ ပြင်ဆင်ထားလို့ ပြောပြလိုက်"

တကယ်လို့ ဒီစကားလုံးတွေသာ အလယ်ပိုင်း ဒေသထဲက ကျင့်ကြံသူတွေ နားထဲကို ရောက်သွားမယ်ဆိုရင် သူတို့က သေချာပေါက် သူ့ကို ရူးသွပ်နေတဲ့ လူတစ်ယောက်လို့ ထင်ပြီးတော့ ဖယ်ထားပါလိမ့်မယ်။ နွေဦးစမ်းရေအဆင့် ကျင့်ကြံသူတစ်ယောက်က ပင်လယ် လေးခုရဲ့ အုပ်ချုပ်သူကို ထီးနန်းစွန့်ဖို့ တောင်းဆိုရဲတယ်။ ဒါက ကြားဖူးသမျှ ဟာသတွေ အထဲမှာ အရယ်ရဆုံးပဲ မဟုတ်လား။

Edit with WPS Office

ဒါပေမဲ့လည်း ဟော့လျှန်ရုံအပါအဝင် လူလေးယောက်က ဒါကို ရယ်စရာလို့ မသတ်ပါဘူး။ ဆန့်ကျင်ဘက် ဆိုသလို သူတို့က ဒါကို မှန်ကန်တယ်လို့ သတ်မှတ်ယူဆထားပါတယ်။

သူက အရှင်ဘိုးဘေး နဂါးဖြစ်ပြီး ပြိုင်ဘက်ကင်း အထွတ်အထိပ် တည်ရှိမှု ဖြစ်ပါတယ်။ ပင်လယ်လေးခုရဲ့ ဧကရာဇ် နေရာကို လက်ခံခြင်းက မှန်ကန်ပြီး ကောန်မှုချ မလွဲမသွေ ကိစ္စတစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်သူကများ အရှင်ဘိုးဘေးနဂါးရဲ့ အထက်မှာ နေရဲမှာလဲ။ အဲဒါက ပုန်ကန်ခြင်းပဲ မဟုတ်ဘူးလား။

လင်းဟာန်က ဒါကို ဘိုးဘေးနဂါးဆိုတာပဲ သိနားလည်ထားပြီး နှစ်ပေါင်းဘယ်လောက်တုန်းက နဂါးမျိုးနွယ်ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်ဖြစ်ပြီးတော့ နဂါးတစ်ပိုင်းအဆင့်ထိ ရောက်ရှိခဲ့လဲ ဆိုတာကို မသိပါဘူး။ ဒါပေမဲ့လည်း ဒီအရှင်နဂါးတစ်ပိုင်းက အစစ်အမှန် နဂါးအစွယ်ကို အသုံးချပြီး ပြန်လည်မွေးဖွားလာကာ သွေးမျိုးဆက်နဲ့ ပတ်သက်ရင် အစစ်အမှန် နဂါးလို့ ခေါ်မယ်ဆိုရင်တောင် ပုံကြီးချဲ့ပြီးတော့ ပြောတာမဟုတ်ပါဘူး။

Edit with WPS Office

"အရှင်ဘိုးဘေးနဂါးခင်ဗျား ဒီလူသားက နဂါးမျိုးနွယ်ရဲ့ အဖွဲ့ဝင်တစ်ယောက်ကို သတ်ဖြတ်ခဲ့ ပါတယ်။ သူ့ကို သတ်ပစ်ဖို့အတွက် ကျနော်ဒီနေရာကနေ အရှင်ဘိုးဘေးနဂါးရဲ့ သဘောတူညီမှုကို လိုချင်ပါတယ်"

မိုယွမ်က လင်းဟန်ကို လက်လွှတ်ဖို့ ငြင်းဆန်နေဆဲပါပဲ။

ဟော့လျန်ထန်းယွင်က သူ့ကိုစိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလူသားက ငါ့တပည့်ရဲ့ အဖေပဲ။ ဆိုလိုတာက သူကလည်း ငါ့ရဲ့ ညီအစ်ကို တစ်ယောက်ပဲ။ မင်းက ငါ့ညီအစ်ကို ဖြစ်တဲ့သူကို သတ်ချင်နေတာလား"

မျက်စိတစ်ချက် ဇွေ့ကြည့်လိုက်တာနဲ့ သူ့ရဲ့နဂါးစွမ်းအားက ပတ်ဝန်းကျင် လေထုကို ပျံ့နှံ့ သွားခဲ့ပါတယ်။ ဒါက နိုင်းယုဉ်လို့

Edit with WPS Office

မရအောင် ကြောက်စရာကောင်းလွန်းပါတယ်။

မိုယွမ်က ချက်ချင်းပဲ သူ့ရဲ့အပြုအမူအတွက် အရမ်းကို ထိတ်လန့်ကြောက်ရွံ့သလို ခံစားလိုက်ရပြီး အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"ကျနော် မဝံ့ပါဘူး။ မလုပ်ရဲပါဘူး"

ခံ့ညားထယ်ဝါတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က အမှန်တကယ်ပဲ ခြေတွေလက်တွေ တုန်တုန်ယင်ယင်နဲ့ ထိတ်လန့်ချောက်ချား နေပါတယ်။

ဒါက လူသားတွေရဲ့ ကမ္ဘာထဲမှာ ဖြစ်ပျက်ဖို့ လုံးဝကို မဖြစ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမြင့်ကို ရောက်ရှိခြင်းက ပါရမီရှင်တစ်ယောက် ဒါမှမဟုတ် အုပ်ချုပ်သူတွေ အထဲက အုပ်ချုပ်သူ မဟုတ်တဲ့လူ ရှိလို့လား။ ဘယ်လိုလုပ်ပြီးတော့ သူတို့က အမြဲတမ်း ခေါင်းငုံ့နေမှာလဲ။

Edit with WPS Office

ဒါပေမဲ့လည်း ပင်လယ်မျိုးနွယ်စု အတွက်တော့ အောင်မြင်ခြင်း ဒါမှမဟုတ် ရှုံးနိမ့်ခြင်းက သွေးမျိုးဆက် အပေါ်မှာ မူတည်ပါတယ်။ လက်ရွေးစင် အရေအတွက်က သွေးမျိုးဆက်ကြောင့် အကူအညီ ရရှိတာဖြစ်ပြီးတော့ လူသားမျိုးနွယ်စုထက် ပိုမိုသာလွန်ပါတယ်။ ထိပ်တန်းတိုက်ပွဲ စွမ်းရည်ကို ယှဉ်ပြိုင်ရတဲ့ အချိန်ကို ရောက်လာရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဘယ်တုန်းကမှ ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

တခြားအရာတွေကို အသာထားပြီး ခရမ်းရောင်လ အင်ပါယာရဲ့ ဘုရင်ရှစ်ပါးကိုပဲ ဥပမာ ယူကြည့်ပါ။ သူတို့ထဲက ဘယ်တစ်ယောက်ပဲဖြစ်ဖြစ် ပေါ့လျှန်ရုံ ဒါမှမဟုတ် ဂမ်ရန်ကျီးကို ယှဉ်ပြိုင်နိုင်တယ် မဟုတ်ဘူးလား။

ပင်လယ်မျိုးနွယ်စုမှာ လက်ရွေးစင် ပမာဏနဲ့ ပတ်သက်ရင် အားသာချက် ကြီးကြီးမားမား ရှိပေမဲ့ ထိပ်တန်းတိုက်ပွဲစွမ်းရည်နဲ့ ယှဉ်ရတဲ့ အချိန်ကျရင်တော့ လူသားမျိုးနွယ်က တကယ့်ကို သန်မာပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းကိုပဲ

Edit with WPS Office

တစ်ချက်ကြည့်ရင် နားလည်သွားပါမယ်။ သူတို့က မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်တစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ ပစ်ထုတ်နိုင်ပါတယ်။ ပင်လယ်မျိုးနွယ်စုမှာ ဘာများရှိလဲ။

ပင်လယ်မျိုးနွယ်စုရဲ့ မျက်လုံးထဲမှာ ကြီးကျယ်ခမ်းနားတဲ့ သွေးမျိုးဆက်တစ်ခုက အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ ဟော့လျန်ထန်းယွင်ရဲ့ လက်ရှိခွန်အားက သနားစရာကောင်းအောင် နိမ့်ကျတယ်ဆိုပေမဲ့ နဂါးစွမ်းအားနဲ့တင် သူတို့ကို ထိတ်လန့်တုန်လှုပ်စေဖို့ လုံလောက်ပါတယ်။ ဒါကအရာအားလုံးကို ရှင်းပြစရာ လိုသေးလို့လား။

ဟော့လျန်ရုံရဲ့ မျက်နှာက တဆတ်ဆတ် တုန်နေပါတယ်။ အရှင်ဘိုးဘေးနဂါးက သူ့ရဲ့မြေးကို တပည့်အဖြစ် လက်ခံလိုက်တယ်ဆိုတော့ သူ့အနေနဲ့ ကြီးစဉ်ငယ်လိုက် ဝါစဉ်အဆင့်ထဲမှာ ဘိုးဘေးနဂါးရဲ့ အထက်မှာ ဒါမှမဟုတ် ဝါစဉ်တူအနေနဲ့ မလုပ်ဝံ့ပါဘူး။ ဒါဆိုရင် သူက ဘိုးဘေးနဂါးနဲ့ လင်းဟာန်ကို ဘယ်လိုများ ခေါ်ရမလဲ။

Edit with WPS Office

ရှုပ်လိုက်တာ။ တကယ့်ကို သပွတ်အူလိုပဲ ရှုပ်ထွေးနေပါတယ်။

"ထွက်သွားစမ်း"

ဟော့လျန်ထန်းယွင်က အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့မျက်နှာသေးသေးမှာ ဂုဏ်ယူမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူ့ရဲ့မကျေနပ်ချက်တွေကို အချိန်တော်တော်ကြာအောင် ထိန်းထားပြီး အခုတော့ နောက်ဆုံးမှာ သူ့ရဲ့ခေါင်းကို နောက်တစ်ကြိမ် မော့ပြီးတော့ မော်ကြွားနိုင်ပါပြီ။ ဒါက သူ့ကို အရမ်းကို ကြီးကျယ်ခမ်းနားသလို ခံစားရပါတယ်။

မိုယွမ်က ထိတ်လန့်တုန်လှုပ်စွာနဲ့ အဝေးကို အလျင်အမြန်ပဲ ထွက်ပြေးလိုက်ပြီး လေတောင်မှ မလည်ဝံ့ပါဘူး။

ဂမ်ရန်ကျီးနဲ့ ရွှမ်ယုထောင်လည်း အဓိပ္ပါယ်မရှိတဲ့ စကားတွေကို မပြောဝံ့ပဲ သူတို့ကလန်ရဲ့ အဖွဲ့သားတွေကို ခေါ်ပြီးတော့

Edit with WPS Office

တစ်ယောက်ပြီး တစ်ယောက် ထွက်သွားလိုက်ကြပါတယ်။ လင်းဟန်က အရှင်ဘိုးဘေးနဂါးရဲ့ ညီအစ်ကို တစ်ယောက် တကယ်ပဲ ဖြစ်လာခဲ့ပြီး ဘယ်သူကများ သူ့ကို ထပ်ပြီးတော့ ရန်စဝံ့မှာလဲ။ ရွှမ်ယုထောင်က လင်းဟန်ကို အရင်က ရွှမ်ယုချိုင်နဲ့ စုံမက်မပေးလိုက်ရတဲ့ အတွက်ကြောင့် အရမ်းကို မချိတင်ကဲ ဖြစ်နေပါတယ်။ သူသာ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ရင် အခုချိန်မှာ အရှင်ဘိုးဘေးနဂါးနဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်နိုင်ပါလိမ့်မယ်။

တကယ့်ကို မချိတင်ကဲ ဖြစ်စရာပဲ။

ရွှမ်ယုချိုင်ကလည်း လင်းဟန်ကို ထူးထူးဆန်းဆန်း စိုက်ကြည့်နေပါတယ်။ တစ္ဆေနဂါးလိုဏ်ဂူမှာ ဖြစ်ပျက်ခဲ့မှုတွေအရ သူမရဲ့ လင်းဟန်အပေါ် သဘောထားက ပြောင်းလဲသွားခဲ့ပါတယ်။ တစ်ဖက်လူရဲ့ ကယ်တင်ခြင်းကို ခံရပြီးတဲ့ နောက်မှာတော့ သူ့အပေါ် သူမရဲ့ အမြင်တွေ ကောင်းလာပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ပြန်ပေါ်လာတဲ့အချိန်မှာ သူက အရှင်ဘိုးဘေးနဂါးရဲ့ ညီအစ်ကို တစ်ယောက် ဖြစ်နေလိမ့်မယ်လို့တော့ သူမအနေနဲ့ လုံးဝကို မတွေးမိထားခဲ့ပါဘူး။

Edit with WPS Office

လင်းဟာန်နဲ့ လက်ထပ်ချင်နေတဲ့ ပင်လယ်မျိုးနွယ်စုရဲ့ လှပချောမောတဲ့ မိန်းကလေးတွေ ဘယ်လောက်တောင် ရှိနေလိမ့်မလဲ။ အဲဒီအထဲမှာ အဖိုးမဖြတ်နိုင်တဲ့ ပုလဲရတနာအဖြစ် တင်စားခံရတဲ့ သူမတောင်မှ လင်းဟာန်က သူမလက်လှမ်းမီနိုင်တဲ့ အကွာအဝေးကို ကျော်လွန်နေပြီလို့ ပြောနိုင်ပြီး သူ့အရှေ့မှာ ဟိတ်ကြီးဟန်ကြီးနဲ့ ပြုမူပြောဆိုဖို့တောင် သူမက အရည်အချင်း မပြည့်မီတော့ပါဘူး။

သူမက စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ ဒီယောက်ျားက ဘယ်တုန်းကမှ သူမကို ရှိတယ်လို့ မထင်ထားပါဘူး။ ဒါကြောင့် သူ့ကို အနာဂတ်မှာ မေ့ထားတာက သူမအတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ သူမက ရွှမ်ယုထောင်နဲ့အတူ ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ မျှော်လင့်မထားမိတာက သူမရဲ့ မျက်လုံးတွေကနေ မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။

"ဟော့ မင်းကဘာဖြစ်လို့ ထွက်မသွားသေးတာလဲ"

Edit with WPS Office

ဟော့လျန်ထန်းယွင်က ဟော့လျန်ရုံကို ပဟေဠိဆန်ဆန်နဲ့ ကြည့်လိုက်ပါတယ်။ ဒီကောင်က သူ့အမိန့်ကို တကယ်ပဲ မနာခံဘူးလား။

ဟုတ်တာပေါ့။ ဟော့လျန်ရုံက အမိန့်ကို မနာခံပဲ မနေဝံ့ပါဘူး။ ဒါပေမဲ့ သူ့ကို လင်းဟာန်က တားထားတာကြောင့် သူက ထွက်သွားလို့ မရပါဘူး။ သူက လင်းဟာန်ရဲ့ ဘေးနားကို ချက်ချင်းပဲ တိုးဝှေ့လိုက်ပါတယ်။ ဒါဆိုရင် လုံလောက်ပါလိမ့်မယ်။ တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လူတစ်ယောက်သာ ထွက်သွားဖို့ ဆန္ဒရှိမယ်ဆိုရင် နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ကိုဘယ်လိုလုပ်ပြီး တားဆီးနိုင်မှာလဲ။

ဒါပေမဲ့ အခုတော့ သူက လင်းဟာန်ကို ဆန့်ကျင်ပြီးတော့ လုပ်ရှားမှု တစ်စုံတစ်ရာ မလုပ်ဝံ့ပါဘူး။ သူက အရှင်ဘိုးဘေးနဂါးရဲ့ ညီအစ်ကိုတော် ဖြစ်နေပါပြီ။ တကယ်လို့ သူသာလုပ်ရှား လိုက်မယ်ဆိုရင် အမိန့်ကို ဖီဆန်တဲ့ လုပ်ရှားမှု တစ်ခုကို

Edit with WPS Office

လုပ်လိုက်တာနဲ့ တူပါတယ်။ ပင်လယ်မျိုးနွယ်စုက ဘယ်သူမဆို သူ့ကို ဆန့်ကျင်လာပါလိမ့်မယ်။ ဒါက သစ္စာဖောက် ပုန်ကန်မှု တစ်ခုဖြစ်ပါတယ်။

ပင်လယ်မျိုးနွယ်စု အတွက်တော့ လူတစ်ယောက်ရဲ့ သွေးမျိုးဆက်ကပဲ အမြင့်မားဆုံး အလေးထားရတဲ့ အရာတစ်ခု ဖြစ်ပါလိမ့်မယ်။ အောင်းကလန်က အကောင်းဆုံး ဥပမာပါပဲ။ သူတို့ကို မရိုမသေ ပြုတဲ့သူတိုင်းက ပင်လယ်မျိုးနွယ်စု တစ်ခုလုံးရဲ့ ရန်သူဖြစ်လာပါလိမ့်မယ်။

အရှင်ဘိုးဘေးနဂါး စိတ်တိုနေတာကို ကြည့်ပြီးတော့ ဟော့လျန်ရုံက လင်းဟာန်ဆီကို အလျင်အမြန် မျက်စိတစ်ချက် ဝှေ့ကြည့်လိုက်ပါတယ်။ သူ့အကြည့်တွေထဲမှာ မင်းကင့်ါကို တားထားမှတော့ မင်းပဲ ရှင်းပြ ပေးသင့်တယ်ဆိုပြီးတော့ အဓိပ္ပါယ်ရပါတယ်။

လင်းဟာန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါမင်းကို မိတ်ဆက်ပေးရဦးမယ်။ ဒါက ငါ့ရဲ့ ယောက္ခထီးကြီး မင်းတပည့်ရဲ့ အဘိုးပဲ။ နောက်ပြီး သူ့ရဲ့မျိုးရိုးနာမည်က ဟော့လျန်။ သူ့နာမည်က ဟော့လျန်ရုံ"

ဖူး။

ဟော့လျန်ထန်းယွင်က ချက်ချင်းပဲ ရေတစ်ငုံစာကို မှတ်ထုတ်လိုက်မိပြီး ဟော့လျန်ရုံရဲ့ မျက်နှာဆီကို တန်းပြီးတော့ ထွေးလိုက်မိပါတယ်။ သနားစရာကောင်းတဲ့ ဟော့လျန်ရုံ။ သူက ဒေါသလည်း မထွက်ဝံ့သလို မျက်နှာကိုလည်း မသုတ်ဝံ့ပါဘူး။ ဒီအတိုင်းပဲ ပြုံးပြုံးလေးနဲ့ သူ့ကိုယ်သူ ထိန်းပြီးတော့ နေရပါတယ်။

"ဘာ သူ့ရဲ့မျိုးရိုးနာမည်ကလည်း ဟော့လျန် ဟုတ်လား"

ဟော့လျန်ထန်းယွင်က ကျေနပ်မှုမရှိသလို ခံစားရပါတယ်။ သူက ချက်ချင်း ဟော့လျန်ချင်ရွှယ်ကို လက်ညှိုးထိုးပြီးတော့

Edit with WPS Office

မေးလိုက်ပါတယ်။

"သူကရော ဘယ်လိုလဲ။ သူလည်း ဟော့လျန်ကလန်ကပဲလား"

"မှားတယ်။ သူက ငါ့မိန်းမပဲလေ။ ငါနဲ့လက်ထပ်ပြီးပြီ ဆိုမှတော့ သူက လင်းကလန်ရဲ့ အစိတ်အပိုင်း ဖြစ်နေပြီ"

လင်းဟာန်က ကျီစယ်သလိုနဲ့ ရယ်မောလိုက်ပါတယ်။

ဟော့လျန်ထန်းယွင်က ရုတ်ခြည်းဆိုသလို ဟောက်လိုက်ပါတယ်။

"ကောင်စုတ်လေး မင်းက ငါ့ကို ဖုံးကွယ်ထားရဲတယ်ပေါ့"

လင်းကျန်းရှယ်က သူ့မျိုးဆက်သွေးကနေ ဆင်းသက်လာသူမှန်း ရှင်းရှင်းလင်းလင်း သိလိုက်ရပါပြီ။ သူ့အတွက်တော့ တပည့်အဖြစ် လက်ခံစရာတောင် မလိုပါဘူး။ သူက သူ့ကလန်ရဲ့

Edit with WPS Office

လူငယ်မျိုးဆက်တစ်ယောက် ဖြစ်နေပါပြီ။

အခုတော့ သူက ဒီတပည့်ကို လက်ခံခဲ့ပြီး သူနဲ့ လင်းဟန်က ကလန်ရဲ့ မျိုးဆက်အကြီးအကဲ အထဲမှာ အဆင့်အတူတူလို့ သတ်မှတ်လိုက်သလို ဖြစ်သွားပါပြီ။ ဒါက သူ့အတွက်တော့ အကြီးအကျယ် ဆုံးရှုံးခြင်း ဖြစ်ပါတယ်။ အစတုန်းကဆို လင်းဟန်က သူ့ကို ဘိုးဘေးအနေနဲ့ ခေါ်ဆိုပြီးတော့ ဂရုတစ်စိုက် ရှိရပါလိမ့်မယ်။

သူက ငိုပစ်လိုက်ချင်ပါတယ်။ ဒါပေမဲ့ မျက်ရည်တွေက မကျလာခဲ့ပါဘူး။ လင်းကျန်းရွှယ်ရဲ့ ပြိုင်ဘက်ကင်း သန့်စင်တဲ့ သွေးမျိုးဆက်ကို သတိပြုမိဖို့ သူ့ကို ဘယ်သူက တောင်းဆိုလို့လဲ။ အဲဒါက သူ့ရဲ့ခေါင်းကို ထူပူသွားစေခဲ့တာလား။

ဟူးညိုက ဒေါသထွက်လာပြီး သူ့ခေါင်းကို ဒေါက်ခနဲမြည်အောင် ခေါက်လိုက်ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒေါက်။ ဘာဖြစ်လဲ။ နင်က ညီးညီးနဲ့ မျိုးဆက်အတူတူပဲလေ။ ညီးညီးက ဘယ်လောက် ကြီးကျယ်ခမ်းနားလဲ ဆိုတာကို နင်မသိဘူးလား"

ဟော့လျန်ထန်းယွင်က အနောက်ဘက်ကို ဒယိမ်းဒယိုင် ဖြစ်သွားပေမဲ့ ဟူးညိုရဲ့ အရှေ့မှာ ဒေါသထွက်တဲ့ အရိပ်အယောင် နည်းနည်းလေးမှ မလုပ်ဝံ့ပါဘူး။ သူက အားနည်းစွာနဲ့ တီးတိုးပြောလိုက်ပါတယ်။

"ဒါပေမဲ့ ငါက သူတို့ရဲ့ ဘိုးဘေးလေ"

"ဘာဘိုးဘေးလဲ။ နင့်ကို ညီးညီးက အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားအောင် ရိုက်ပစ်နိုင်တယ် ဆိုတာကို မယုံဘူးလား"

ဟူးညိုက အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ အရှိန်အဝါ တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

Edit with WPS Office

ဟောဲ့လျှန်ထန်းယွင်က ရုတ်တရက်ဆိုသလို လက်သီးထိုးတဲ့ သဲအိတ်အသေးလေး တစ်ခုလိုမျိုး ဖြစ်သွားပြီး အသံတစ်သံမှတောင် မထွက်ရဲပါဘူး။ ဒီမိန်းကလေးက သူမရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေနဲ့ အလစ်အငိုက်ဖမ်း တိုက်ခိုက်တတ်ပြီး စိတ်ကူးပေါက်သလို ထင်တိုင်းကြဲ လုပ်ရှားပါလိမ့်မယ်။ သူက လင်းဟာန်ထက် ဒီမကောင်းဆိုးဝါးလေးကို အပြစ်မပြုဝံ့ပါဘူး။

ဟောဲ့လျှန်ရှံရဲ့ နဖူးကနေ အေးစက်တဲ့ ချွေးတွေ စီးကျနေရင်းနဲ့ သူက ကြည့်နေပါတယ်။ လူသား တစ်ယောက်က အရှင်ဘိုးဘေးနဂါးကို တကယ်ပဲ ရိုက်ပုတ်ဆုံးမနေတယ်။ ဒါက တကယ့်ကို ဂုဏ်သရေပျက်ပြီး မျက်နှာမလှ ဖြစ်ရပါတယ်။ သနားစရာ အရှင်ဘိုးဘေးနဂါးတောင်မှ ဒါကို တောင့်ခံပြီး မဆန့်ကျင်ဝံ့ဘူးလား။ သူက အရှင်ဘိုးဘေးနဂါးထက်တောင် ပိုပြီးတော့ အစွမ်းထက်တယ်လို့ ထင်နေတာလား။

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ယောက္ခထီးကြီး သူက ဟိုးအစောပိုင်း နေ့ရက်တွေတုန်းက ပင်လယ်မျိုးနွယ်စုရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်ဖြစ်ခဲ့ပြီး တစ္ဆေနဂါးလိုက်ဂူရဲ့ အရှင်နဂါးတစ်ပိုင်းလို့ အရင်က လူသိများ ထင်ရှားခဲ့သလို ဟော့လျန်ကလန်ရဲ့ ဘိုးဘေးလည်းဖြစ်တယ်။ သူ့နာမည်က ဟော့လျန်ထန်းယွင်"

လပြွတ်ပဲ။

ဟော့လျန်ရုံရဲ့ အမူအရာက ချက်ချင်းဆိုသလို အရမ်းကို စိတ်ဝင်စားလာခဲ့ပါတယ်။ အရှင်ဘိုးဘေး နဂါးလို့ သူတို့တွေ ယုံကြည်ကိုးကွယ်ခဲ့တဲ့ လူတစ်ယောက်က ဟော့လျန်ကလန်ရဲ့ ရှေးဘိုးဘေးတစ်ယောက် ဖြစ်နေမယ်ဆိုတာကို သူလုံးဝကို ထင်မှတ်မထားမိခဲ့ပါဘူး။ နောက်ပြီးတော့ သူဟာ တစ်ချိန်တုန်းက ပင်လယ်မျိုးနွယ်စုရဲ့ အသန်မာဆုံး လက်ရွေးစင် တစ်ယောက်လည်း ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူက အစစ်အမှန် နဂါးတစ်ကောင် ဖြစ်လုနီးပါး ဖြစ်ခဲ့ပါတယ်။

Edit with WPS Office

ဒါကလည်း သမိုင်းထဲက ကွာဟချက်ကြောင့် ဖြစ်ပါတယ်။ တစ္ဆေနဂါးလိုဏ်ဂူရဲ့ တည်ရှိမှုနဲ့ ပင်လယ်မျိုးနွယ်စုပဲ သူတို့ရဲ့ အဆင့်အတန်းအထဲက ဒီလိုမျိုး လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့တယ် ဆိုတာကိုပဲ သိထားကြပါတယ်။ ဒါပေမဲ့လည်း သူနဲ့ပတ်သက်တဲ့ သတင်းအချက် အလက်တွေ အားလုံးက လုံးဝကို အလွတ်ဖြစ်နေပါတယ်။

ဒီတစ်ကြိမ် သူတို့ရဲ့မျိုးဆက် ကြီးစဉ်ငယ်လိုက် ဝါစဉ်က သေချာပေါက် သပွတ်အူလို ရှုပ်ထွေးပါလိမ့်မယ်။

ဒါက ဟော့လျန်ရုံရဲ့ အတွေးသက်သက် ဖြစ်ပြီးတော့ ချာချာကိုလည်စေခဲ့ပါတယ်။

Chapter 815 end

အပိုင်း(816) အင်ပါယာမြို့တော်ဆီ ပြန်လာပြီ

အားလုံးက အံ့အားသင့်နေ ကြပါတယ်။ ဒါပေမဲ့ သူတို့က ကျွန်းပေါ်ကနေ ခွာလာပြီး လိပ်ခုံးတိမ်တိုက် ကျွန်းဆီကို

Edit with WPS Office

ဦးတည်ထွက်ခွာ လာခဲ့ကြပါတယ်။

သူတို့က လမ်းခရီးမှာ ငါးရက်ခန့် အချိန်ကုန်လွန်ခဲ့ပြီး သူတို့တွေ ရောက်တဲ့အချိန်မှာ ဟောဲ့လျှန်ထန်းယွင်က နောက်ထပ်အဆင့်တစ်ခုကို ချိုးဖျက်ဖင်ရောက်သွားပြီး စိတ်ဝိညာဉ် ပင်လယ်အဆင့်ကို ရောက်လာခဲ့ပါတယ်။

ဒီလိုမျိုး ကျင့်ကြံခြင်းအဆင့်က လက်ရွေးစင်တွေရဲ့ မျက်လုံးထဲမှာ ဘာမှထူးထူးခြားခြား လက္ခဏာ ရှိလိမ့်မှာ မဟုတ်ပဲ ငါးရက်ဆိုတဲ့ အချိန်အတွင်းမှာ အဆင့်ချိုးဖျက်ဖင်ရောက် ခဲ့တာကပဲ အရမ်းကို အံ့မခန်းဆန်းကြယ်တဲ့ ကံတရားတစ်ခု ဖြစ်ပါလိမ့်မယ်။ သူက စိတ်ဝိညာဉ် ပလ္လင် အဆင့်ရဲ့ နယ်နိမိတ်ကို နောက်ထပ်ဆယ်ရက်မှာ ရောက်ရှိပြီး တစ်လအကြာမှာ ပန်းဖူးအဆင့်၊ နှစ်လအကြာမှာ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လေးလအကြာမှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ တစ်နှစ်အကြာမှာ ကောင်းကင်အဆင့်ကိုတောင် ရောက်နိုင်ပြီး စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တစ်ဟုန်ထိုး တိုးဖောက်ပြီး ဖင်နိုင်လိမ့်မယ်လို့ လက်ခံယုံကြည် ထားပါတယ်။

Edit with WPS Office

သူဟာ အစကတည်းက သူ့မျိုးဆက်ရဲ့ အစွမ်းထက်ဆုံး ကျင့်ကြံသူ ဖြစ်ပါတယ်။ အခု သူ့ရဲ့ အခြေခံတွေက ပိုအားကောင်းလာနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူ့အတွက် အချိန်တိုတိုလေး အတွင်းမှာ ကျင့်ကြံခြင်း အထွတ်အထိပ်ကို ရောက်လာရင်လည်း အံ့ဩစရာ ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ ကျင့်ကြံခြင်း အရင်းအမြစ် အမျိုးအစား အားလုံးကို သူ့ရဲ့တိုးတက်မှုကို ထိန်းပေးထား နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တစ်နှစ်ဆိုတဲ့ အချိန်မပြောနဲ့ ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာတောင် ကြာနိုင်ပါတယ်။

ဟော့လျန်ထန်းယွင်ရဲ့ အသည်းအသန် အကြံပြုချက်နဲ့ တောင်းဆိုချက်နဲ့ အသနားခံပြီး နားပူနားဆာ လုပ်နေတာကြောင့် နောက်ဆုံးမှာ လင်းဟန်က သူ့သားကို ပင်လယ်မျိုးနွယ်စုနဲ့ အတူ ထားခဲ့ဖို့ သဘောတူလိုက်ပါတယ်။

လင်းကျန်းရှယ်ရဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက်က ပြိုင်ဘက်ကင်းလောက်အောင် သန့်စင်ပါတယ်။ တကယ်လို့ သူက ဟော့လျန်ထန်းယွင်ရဲ့ လမ်းညွှန်မှုကို ကလေးဘ၀ အရွယ်မှာ

Edit with WPS Office

ရရှိမယ်ဆိုရင် အကောင်းဆုံး ကြီးထွားဖွံ့ဖြိုး လာပါလိမ့်မယ်။

ဟော့လျှန်ချွင်ရှယ်က သူ့သားကို မထားခဲ့ချင်ပေမဲ့လည်း သူ့သားရဲ့ အနာဂတ်အတွက် ခွင့်ပြုခဲ့ ရပါတယ်။ တကယ်တော့ မဟာလင်း အင်ပါယာမှာ သူမရဲ့ အုပ်ချုပ်မှု မရှိပဲ အဆင်မပြေပါဘူး။ လင်းဟာန်ကို သူမက လက်လွှဲလိုက်မယ်ဆိုရင် အဆင်ပြေသွားမယ်လို့ ခံစားရလိမ့်မှာ မဟုတ်ပါဘူး။

အားလုံးက သူမရဲ့ သားအတွက်ကြောင့် ဖြစ်ပါတယ်။ သူမအနေနဲ့ ဒီလိုမျိုး ဘယ်တော့မှ မတွေးသင့်ပါဘူး။ မိုးကောင်းကင်ကို ဖွင့်လှစ်ပြီး လင်းကျန်းရှယ်က တန်ခိုးရှင်ဘုံထဲမှာ သခင်လေး တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

လင်းဟာန်က အစစ်အမှန် နဂါးသွေးကျောက်တုံး အကြီးဆုံးကို ချန်ထားခဲ့ပါတယ်။ ဟော့လျှန်ထန်းယွင်ရဲ့ ပြောစကားအရတော့ လင်းကျန်းရှယ်ရဲ့ သွေးမျိုးဆက် သန့်စင်မှုက လုံလောက်နေပါပြီ။ ဒါကြောင့် နဂါးသွေးမြက်က သူ့ကို အရမ်းကြီး အကူအညီ ဖြစ်စေလိမ့်မှာ မဟုတ်ပါဘူး။ နဂါးသွေး ကျောက်တုံး တစ်မျိုးကပဲ

Edit with WPS Office

နည်းနည်းအသုံးဝင်ပါလိမ့်မယ်။

နောက်ပြီး လင်းဟန်က အနက်ရောင် မျှော်စင်ထဲက တခြားရတနာပစ္စည်း အများကြီးကိုလည်း ချန်ထားခဲ့ပါတယ်။ ဟော့လျန်ထန်းယွင်က လင်းကျန်းရှယ်အတွက် ခန္ဓာကိုယ်အားကောင်းဖို့ ဆေးတွေကို ပြင်ဆင်ပေးလိမ့်မှာ ဖြစ်ပြီးတော့ အဲဒါက အကောင်းဆုံး ဖွံ့ဖြိုးဖို့ အခြေအနေကို ရရှိစေပါလိမ့်မယ်။

လင်းဟန်က စိတ်ချလက်ချ ဖြစ်သွားပါတယ်။ ဟော့လျန်ထန်းယွင်က ဟော့လျန်ကလန်ရဲ့ ဘိုးဘေးဖြစ်ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ သူ့သားကို ပြုစုပျိုးထောင်ဖို့ စိတ်မဝင်စားပဲ နေမှာလဲ။

သူနဲ့ ဟော့လျန်ချင်ရှယ်က နောက်တစ်နှစ် အကြာမှပဲ ပြန်လာဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအချိန်ရောက်ရင် ချန်ထားခဲ့တဲ့ ဆေးပစ္စည်းတွေလည်း ကုန်ခမ်းလုနီးပါး ဖြစ်သွားပါလိမ့်မယ်။ အဲဒါတွေကို ပြန်လည်ဖြည့်ဆည်းပေးဖို့ အချိန်ကိုက်

Edit with WPS Office

ဖြစ်လာပါလိမ့်မယ်။

ဟော့လျန်ရုံက သူတို့နှစ်ယောက်ကို စေတနာပြုလ်ဆိုးလိုမျိုး လိပ်ခုံးတိမ်တိုက်ကျွန်းကနေ အလျင်အမြန်ပဲ ပြန်ပို့လိုက်ပါတယ်။ သူက လင်းကျန်းရှယ်ကို အယူအဆအသစ်တွေ ထည့်ပေးဖို့ မစောင့်နိုင်အောင် ဖြစ်နေပါတယ်။ ငါက မင်းရဲ့အဘိုး။ ဒီကမ္ဘာကြီးထဲမှာ မင်းကို အချစ်ဆုံး။ မင်းရဲ့မိဘတွေထက်တောင် ငါကပိုပြီးတော့ ချစ်တယ်။

အယူအဆအသစ်တွေ အောင်အောင်မြင်မြင်နဲ့ ရိုက်သွင်းပြီးတဲ့အခါကျရင် လင်းကျန်းရှယ်က ဟော့လျန်ကလန်ရဲ့ အဖွဲ့သားတစ်ယောက် ဖြစ်လာလိမ့်မယ် မဟုတ်လား။

လင်းဟန်က သူ့ယောက္ခထီးရဲ့ အတွေးကို သတိမပြုမိပဲ ဘယ်လိုလုပ် နေမှာလဲ။ သူက စိတ်ထဲက ကျိတ်ပြီးတော့ ရယ်လိုက်ပါတယ်။ သူ့သား အသက်ငါးနှစ်ပြည့်ရင် သူက သေချာပေါက် ပြန်လာခေါ်ပါလိမ့်မယ်။ သူ့ရဲ့အဘိုးနဲ့ ဘယ်လောက်ပဲ ရင်းနှီးနေပါစေ ကိစ္စမရှိပါဘူး။

Edit with WPS Office

သူ့ကိုမွေးဖွားပေးခဲ့တဲ့ သူ့မိဘနဲ့ နှိုင်းယှဉ်လို့ ရမှာတဲ့လား။

သူတို့နှစ်ယောက်ရဲ့ ခေါင်းထဲမှာ သူတို့ရဲ့ သဘောထား အသီးသီးကို ကျေနပ်အားရနေကြပြီး တစ်ဖက်လူ အပေးကို မရောက်ခင်မှာပဲ သူတို့တွေက ဟက်ဟက်ပက်ပက်နဲ့ ရယ်မောလိုက် ကြပါတယ်။

"နင်နဲ့ ငါ့အဖေတို့ နှစ်ယောက်စလုံး ရယ်နေကြတာ အရမ်းကို ထူးဆန်းတယ်"

ဟော့လျန်ချွင်ရွှယ်က ထောက်ပြလိုက်ပါတယ်။

"ငါ့ဆီကနေ ငါ့သားကို လုယူချင်တာလား။ တကယ်လို့ သူက ယောက္ခထီးကြီး ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"မြန်မြန်ပြန်ကြစို့။ ငါတို့ထွက်လာတာ အချိန်တော်တော် ကြာနေပြီ။ အုပ်ချုပ်မှုအပိုင်းမှာ ဂရုန်းသုန်းကားတွေ ဖြစ်နေမလား ဆိုတာကို ငါတို့မသိရသေးဘူး"

ဟော့လျန်ချွင်ရှယ်က သူမရဲ့မျက်လုံးကို ပြူးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ နောက်နှစ်ပေါင်း တစ်ရာလောက် နင်ပြန်မလာရင်တောင် ဘာပြဿနာမှ မရှိနိုင်ပါဘူး။ တကယ်လို့ ငါမပြန်မှပဲ ဂရုန်းသုန်းကား ဖြစ်လိမ့်မယ်"

လင်းဟာန်က နိုးနိုးကြားကြားပုံစံနဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ဒီလိုပြောတယ်ဆိုတော့ ငါက အရမ်းကို အပြစ်ရှိနေသလို ခံစားရလိမ့်မယ်"

ဒီခရီးကနေ သူတို့အတွက် မျှော်လင့်မထားတဲ့ ရလဒ်တစ်ခု သယ်လာခဲ့တယ်လို့ ပြောလို့ ရနိုင်ပါတယ်။

Edit with WPS Office

မြောက်ပိုင်းပင်လယ် ပေါင်းစည်းမဲ့ ကိစ္စတွေကို ဟော့လျန်ထန်းယွင်ကိုယ်တိုင် စောင့်ကြပ်မှုနဲ့ဆို သေချာပေါက် စိုးရိမ်ပူပန်စရာ မလိုတော့ပါဘူး။ ဒါပေမဲ့လည်း အောင်းကလန်က စွမ်းအားကို လွယ်လွယ်နဲ့တော့ လက်လျော့မှာ မဟုတ်ဘူးဆိုတာကို ယုံကြည်ပါတယ်။ ပြီးတော့ ဟော့လျန်ထန်းယွင်ရဲ့ ဘိုးဘေးနဂါးဆိုတဲ့ နောက်ခံအကြောင်းကိုလည်း မေးခွန်းထုတ်နိုင်ပါတယ်။ တကယ်လို့ အလိမ်အညာသာ ဖြစ်မယ်ဆိုရင် ပင်လယ်လေးခုရဲ့ အာဏာရှိတဲ့ သူတွေရဲ့ အပြစ်ဒဏ်ခတ်မှုနဲ့ ထိပ်တိုက်ရင်ဆိုင်ရပါလိမ့်မယ်။

ကံမကောင်းတဲ့ အချက်က ပင်လယ်မျိုးနွယ်စုက လူတစ်ယောက်ရဲ့ သွေးမျိုးဆက်ကို အမြင့်မားဆုံး အလေးထားတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဟော့လျန်ထန်းယွင်ရဲ့ သွေးမျိုးဆက်က တကယ့်ကို သန့်စင်ပြီး အစစ်အမှန် နဂါးတစ်ကောင် သက်ရှိအခြေအနေကိုတောင် ရောက်ရှိနိုင်ပါတယ်။ သူ့ကို အရှင်ဘိုးဘေးနဂါးအဖြစ် ရည်ညွှန်းပြောဆိုတာက ပုံကြီးချဲ့ပြီး ပြောနေတာ မဟုတ်ပါဘူး။

Edit with WPS Office

ဒါကြောင့် ပင်လယ်လေးခုရဲ့ ပေါင်းစည်းခြင်း နေ့ရက်က ဖြစ်လာအုံ့ဆဲဆဲ အခြေအနေကို ရောက်ရှိလာပါလိမ့်မယ်။ ဒီကိစ္စက အလယ်ပိုင်းဒေသထဲမှာ ဂိုဏ်းကြီးငါးဂိုဏ်းကို ရင်ဆိုင်ရတာထက် ပိုပြီးတော့တောင် လွယ်ကူပါတယ်။

အစတုန်းက လင်းဟန်အနေနဲ့ ပင်လယ်မျိုးနွယ်စုနဲ့ အလယ်ပိုင်းဒေသရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းတို့ အင်အားတွေ ပူးပေါင်းသွားမှာကို စိုးရိမ်ပူပန်ခဲ့ရပါတယ်။ အခုတော့ အလယ်ပိုင်းဒေသက ဂိုဏ်းကြီးငါးဂိုဏ်း ခေါင်းကိုက်ရမဲ့ အလှည့်ကို ရောက်သွားပါပြီ။ ပင်လယ်မျိုးနွယ်စုမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ မရှားပါဘူး။ ဟော့လျန်ထန်းယွင်ရဲ့ အုပ်ချုပ်မှုအောက်မှာ သူတို့တွေ အားလုံးက သစ္စာရှိကြပါလိမ့်မယ်။ ဒါက အင်အားစုတစ်ခု အတူတကွ လာဆုံတာနဲ့ တူညီပါတယ်။

လင်းဟန်အနေနဲ့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ လုပ်ရှားမှုမှာ ပထမဆုံးအကြိမ်အဖြစ် အနစ်သာရ ရှိလာသလို ခံစားရပါတယ်။

Edit with WPS Office

နောက်ခြေလှမ်းက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်းကို ချေမှုန်းပစ်ဖို့ပါပဲ။ လင်းဟန်က သူ့စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဒီအင်အားစု နှစ်ခုကို ရှင်းထုတ်လိုက်နိုင်တာနဲ့ ကမ္ဘာကြီးတစ်ခုလုံး မကြာခင်မှာ ငြိမ်းချမ်းသွားပါလိမ့်မယ်။

ရက်အနည်းငယ် ကြာပြီးတဲ့ နောက်မှာ သူတို့က မြောက်ပိုင်းအစွန်အဖျား ဒေသကို ပြန်ရောက်လာ ခဲ့ပါတယ်။ မီးနိုင်ငံရဲ့ ရှေးဟောင်းမိုင်းတွင်းက အခုဆို ငရဲရဲ့ နေရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ အနက်ရောင် မြူခိုးတွေ မြင့်တက်နေပြီးတော့ မကောင်းဆိုးဝါး စိတ်ဝိညာဉ်တွေက လူသားပုံစံမျိုး တစ်ယောက်ပြီးတစ်ယောက် ထူးထူးကဲကဲ ဖြစ်တည်လာခဲ့ပါတယ်။

လူတွေပြောနေကြတာတော့ ညစဉ်ညတိုင်း သန်းခေါင်ယံ အချိန်မှာ ထူးခြားတဲ့ စိတ်ဝိညာဉ်တွေရဲ့ အသံကို အရင်မြို့တော်ဟောင်းရဲ့ ဘေးကနေ ရှင်းရှင်းလင်းလင်းနဲ့ ကြားနိုင်တယ်လို့ ဆိုပါတယ်။ အဲဒါကြောင့် လူတွေအများကြီးက အင်ပါယာမြို့တော်ကနေ

Edit with WPS Office

အဝေးကို ပြောင်းရွှေ့ကုန် ကြပါတယ်။ ဒါက တကယ့်ကို ကြက်သီးဖြန်းဖြန်း ထဖို့ကောင်းပါတယ်။ မပြောင်းမရွှေ့ ကျန်ရှိနေတဲ့ လူတွေထဲမှာ လူတော်တော်များများက မကြာခဏ ဖျားနာကြတာကြောင့်လည်း လူတွေပိုပိုပြီးတော့ နေရာပြောင်းရွှေ့ ဆုံးဖြတ်လာခဲ့ ကြပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ ဒါက မှုမမှန်ပါဘူး။ မြေအောက်ကမ္ဘာရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို ကျင့်ကြံအားထုတ်တဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အနည်းဆုံး တစ်ရာလောက်ကို မြုပ်နှံထားပါတယ်။ ဒါကဘာကိုဆိုလိုလဲဆိုရင် မြေအောက်က ယင်ချီတွေကို အားထားပြီးတော့ သက်ရှိလူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ယင်အလောင်းကောင် တစ်ယောက် အဖြစ်ကို ပြောင်းလဲလိုက်တာပါပဲ။

အရေးကြီးဆုံး အချက်က ဒီလူတွေက ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို ဘယ်သူမှ မသိပါဘူး။ တကယ်လို့ သူတို့က ပင်လယ်မျိုးနွယ်စုနဲ့ အဆင့်တူတယ်ဆိုရင် သူတို့အနေနဲ့ ပင်လယ်မျိုးနွယ်စုကို စေလွှတ်ပြီး ရင်ဆိုင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့အားလုံးက လစန္ဒာဘုရင်တို့လို

Edit with WPS Office

အဆင့်မျိုး ဆိုရင်တော့ နိုင်းယှဉ်လို့ မရနိုင်တဲ့ အံ့သြဖွယ်ရာ
အင်အားစု တစ်ခု ဖြစ်ပါလိမ့်မယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး သိပ်ပြီးတော့ စိတ်အနှောင့်အယှက်
ဖြစ်မခံနိုင်ဘူး။ အခုချိန်မှာ ဒီအကြောင်း စဉ်းစားတာက
အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ ငါ့ခွန်အား အဆင့်ကို မြင့်ဖို့လိုနေပြီ။
သူတို့ဘယ်သူပဲဖြစ်ဖြစ် ကိစ္စမရှိဘူး။ သူတို့အားလုံးကို
ငါဖိနှိပ်ထိန်းချုပ် ပစ်ရလိမ့်မယ်။

သူတို့က အင်ပါယာမြို့တော်ကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ
ရှေ့တန်းကနေ ပို့လိုက်တဲ့ အစီရင်ခံစာတွေ အများကြီး
ရှိနေပါတယ်။ အဲဒါတွေကို ဖွင့်ပြီးတော့ ဖတ်လိုက်တဲ့အခါမှာ
အားလုံးက သတင်းကောင်းတွေ ဖြစ်ပါတယ်။
အနောက်ပိုင်းဒေသက အခြေခံအားဖြင့် ပေါင်းစည်းသွားခဲ့ပြီး
မဟာလင်းအင်ပါယာရဲ့ အုပ်ချုပ်မှု လက်အောက်ခံ ဖြစ်လာခဲ့ပါပြီ။

နောက်ခြေလှမ်းက အရှေ့ပိုင်းဒေသ ဒါမှမဟုတ်
မြောက်ပိုင်းဒေသကို တိုက်ခိုက်ဖို့အတွက် စဉ်းစားရတော့ပါမယ်။

Edit with WPS Office

မဟာလင်း အင်ပါယာအတွက်တော့ အခုချိန်မှာ ဒါက
ပြဿနာတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က နိုင်ငံစွမ်းအား အတော်လေး အားကောင်းလာတာကို
ရှင်းရှင်းလင်းလင်း ခံစားနိုင်ပါတယ်။

ပထမအချက်က ပိုင်နက်နယ်မြေ ကျယ်ပြန့်လာပြီးတော့ လူဦးရေ
တိုးပွားလာတာကြောင့် ဖြစ်ပါတယ်။ ဒုတိယ အချက်က မဟာလင်း
အင်ပါယာရဲ့ ပုံရိပ်ကလည်း လူတွေရဲ့ နှလုံးသားထဲ
ထိုးဖောက်ဝင်ရောက်ပြီး လူတွေရဲ့ စိတ်နှလုံးသားကို
သိမ်းပိုက်အောင်မြင်နိုင်တာကြောင့် ဖြစ်ပါတယ်။ လူတွေရဲ့
နှလုံးသားတွေ ပေါင်းစည်းမှုနဲ့အတူ နိုင်ငံရဲ့ ကံတရားကလည်း
ပိုပြီးတော့ အားကောင်းလာပါလိမ့်မယ်။

သူက အစစ်အမှန် နဂါးသွေးကျောက်တုံးကို စတင်သန့်စင်ပြီး
သူ့နှလုံးသားကို သွေးစီးဆင်းပြီး ကျင့်ကြံအားထုတ် ခဲ့ပါတယ်။
အကြီးမားဆုံး သွေးကျောက်တုံးက မြောက်ပိုင်းပင်လယ်မှာ
ကျန်ခဲ့တယ် ဆိုပေမဲ့ သူတို့က တစ္ဆေနဂါးလိုဏ်ဂူထဲကနေ
နောက်ပိုင်းမှာ တော်တော်များများ ရရှိခဲ့ပြီး ဘာမှမကျန်အောင်

Edit with WPS Office

ရိတ်သိမ်းနိုင်ခဲ့တယ်လို့ ပြောရပါမယ်။

နဂါးသွေးရဲ့ အဆီအနှစ်ကို သိပ်သည်းကျစ်လျစ်ပြီး အားလုံးအတွက် အထောက်အပံ့ ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ အရေအတွက်က အကန့်အသတ် ရှိပါလိမ့်မယ်။ လင်းဟန်နဲ့ ဟော့လျန်ချွင်ရှယ်တို့ပဲ သူတို့ရဲ့ ခန္ဓာကိုယ်ထဲကို သန့်စင်ပြီး ဒီလိုမျိုး ရတနာပစ္စည်းက သတို့အတွက် အကောင်းဆုံး ပြီးပြည့်စုံတဲ့ အာနိသင် ဖြစ်စေနိုင်ပါတယ်။

နဂါးသွေး အဆီအနှစ်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိတဲ့ လူတစ်ယောက်က ချန်ထားခဲ့တာမို့ တကယ်ပဲ အံ့သြဖွယ်ရာ ကောင်းပါတယ်။ လင်းဟန်ရဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ အဆင့်က အရမ်းကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ မြင့်တက်လာခဲ့ပါတယ်။ ဆယ်ရက်ခန့် ကြာပြီးတဲ့နောက် လင်းဟန်က သူ့ရဲ့ပကတိ ခွန်အားဟာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ရဲ့ အကန့်အသတ်ကို ရောက်သွားပြီ ဆိုတာကို သိလိုက်ရပါတယ်။

Edit with WPS Office

အဲဒီနောက် သူက ခန္ဓာကိုယ်ပညာရပ်ရဲ့ အဆင့်ကို ကောင်းကင်အဆင့်ထိ တစ်ဟုန်ထိုး ပြေးဝင်ဖို့ အရင်ဆုံး လုပ်ရပါမယ်။ အဲဒါက သူ့ရဲ့ခန္ဓာကိုယ်ကို အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေနဲ့ နှိုင်းယှဉ်လို့ ရတဲ့အထိ မြှင့်တင်နိုင်ပြီး ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မော်စာလိပ်ရဲ့ အရည်အသွေးပိုင်း ပြောင်းလဲမှု တစ်ခုကိုလည်း ရရှိနိုင်ပါလိမ့်မယ်။ ဒီလိုသာဆို ဒီကမ္ဘာကြီး အထဲမှာ အရမ်းကို နည်းပါးတဲ့ လူနည်းစုကပဲ သူ့ကိုထိခိုက်ဒဏ်ရာ ရစေနိုင်ပါလိမ့်မယ်။

သူက သူ့ခန္ဓာကိုယ် ကျင့်စဉ်ရဲ့ အဆင့်ကို အမြန်ဆုံး ကောင်းကင်အဆင့်ကို ရောက်စေနိုင်မဲ့ တိကျတဲ့ ဖြေရှင်းချက်တစ်ခုကို လုပ်ခဲ့ပါတယ်။

နောက်ပြီးတော့ ပင်လယ်မျိုးနွယ်စုရဲ့ ပိုင်နက်ကို ခရီးသွားတုန်းကနောက်ထပ် အရေးပါတဲ့ အကျိုးအမြတ်ကို ရရှိခဲ့ပါတယ်။ အဲဒါက သူ့မှာ အဆင့်တစ်ဆယ် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ရရှိခဲ့ပြီး သူ့ရဲ့မူလစွမ်းအင်ကို ကောင်းကင်အထွတ်အထိပ်အဆင့်ထိ ရောက်ရှိစေနိုင်ပါတယ်။

Edit with WPS Office

ဒီကျင့်ကြံခြင်း နည်းစနစ်ကို ပြောင်းလဲပြီးတဲ့နောက်မှာ သူက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တစ်ဟုန်ထိုး ပြေးဝင်နိုင်ပါလိမ့်မယ်။

ဒီနည်းစနစ်က သူ့ရဲ့ယောက္ခထီးကြီးဆီကနေ ရရှိခဲ့တာ ဖြစ်ပြီးတော့ ဟော့လျန်ချင်ရွှယ်နဲ့ လင်းကျန်းရွှယ်ရဲ့ မျက်နှာကြောင့်ပေးတာပါ။ နောက်ပြီးတော့ ဟော့လျန်ထန်းယွင်ရဲ့ ရှေးဘိုးဘေးနဂါးဆိုတဲ့ အဆင့်ကြောင့်လည်း ဟော့လျန်ရုံက ဘယ်လိုလုပ်ပြီး ငြင်းဆန်နိုင်မှာလဲ။

လင်းဟန်က မော်ဆေးလုံး အများကြီးကို ဖော်စပ်ပြီးတော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပညာရပ်ရဲ့ အဆင့်ကို တိုးတက်စေဖို့ ရည်ရွယ်ထားပါတယ်။

နောက်ထပ်တစ်လ ကြာပြီးတဲ့နောက်မှာ သူက နောက်ဆုံးတော့ သူ့ခန္ဓာကိုယ် ပညာရပ်ကို ကောင်းကင်အဆင့် အထွတ်အထိပ်အဆင့်ထိ တိုးမြှင့်နိုင်ခဲ့ပါတယ်။

Edit with WPS Office

အဲဒီအချိန်မှာ အလယ်ပိုင်းဒေသရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင်တွေက နောက်တစ်ကြိမ် လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်လာကြပါတယ်။

Chapter 816 end

အပိုင်း(817) လက်ရွေးစင်များရဲ့ သည်းကြီးမည်းကြီး တိုက်ခိုက်မှု

အလယ်ပိုင်း ဒေသက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ သည်းကြီးမည်းကြီး တိုက်ခိုက်မှုက လင်းဟန် မျှော်လင့်ထားတဲ့အတိုင်း ဖြစ်ပျက်လာတာမို့ သူ့အနေနဲ့ အံ့အားသင့်ခြင်း မရှိပါဘူး။ တစ်ဖက်မှာတော့ ဂိုဏ်းကြီးငါးဂိုဏ်းက တစ်စုံတစ်ယောက်အတွက် အချိန်အကြာကြီး ယူနေတာက လင်းဟန်အနေနဲ့ မှန်းချက်နဲ့ နမ်းထွက်မကိုက်သလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခရမ်းရောင်လ အင်ပါယာကနေ အရမ်းကို များပြားတဲ့ ဖိအားနဲ့ ရင်ဆိုင်နေရတာကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ရဲ့ လူတွေကို အချိုးကျ ထုတ်ပေးလို့ပဲ ရနိုင်ပါတယ်။

Edit with WPS Office

သူက ဘယ်သူများ လာလိမ့်မလဲဆိုပြီး အနည်းငယ်
မျှော်လင့်စောင့်စားမိပါတယ်။

လင်းဟန်က အင်ပါယာ နန်းတော်ထဲကနေ ထွက်လာခဲ့ပြီး
အင်ပါယာနန်းတော်ရဲ့အထက် မိုးကောင်းကင်ပေါ်မှာ
စစ်သင်္ဘောကြီးတစ်ခု ဆိုက်ကပ်လာတာကို
တွေ့မြင်လိုက်ရပါတယ်။ စစ်သင်္ဘောကြီး အပေါ်မှာ အလံတစ်ခုကို
လွှင့်ထူထားပြီး မြွေနဂါးတစ်ကောင် ဒါမှမဟုတ် ရှည်လျားတဲ့
မြေနဂါးတစ်ကောင်ပုံကို ရေးဆွဲထားပါတယ်။

မြေနဂါးဂိုဏ်း။

ဟုတ်ပါတယ်။ သူက ကျော့မင်းကို သတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့်
မြေနဂါးဂိုဏ်းက ရန်ကြွေးဆပ်ဖို့ အတွက်နဲ့ သူ့ကိုသတ်ပစ်ဖို့
လက်ရွေးစင် တစ်ယောက်ကို စေလွှတ်တာက ယုတ္တိရှိပါတယ်။

"ဟင့် ဒီလိုမျိုး ဘာမဟုတ်တဲ့ လူတစ်ယောက်က သူ့ကိုယ်ပိုင် နိုင်ငံနဲ့

Edit with WPS Office

အင်ပါယာတစ်ခုကို တည်ထောင်ရဲတယ်။ ဘယ်လောက်တောင်
အဓိပ္ပါယ် မဲ့လိုက်သလဲ”

မိုးကောင်းကင်ပေါ်ကနေ ရေခဲတမျှ အေးစက်တဲ့ အသံတစ်ခုကို
ကြားလိုက်ရပါတယ်။

ဒီအသံက အတော်လေးကို ရင်းနှီးမှု ရှိပါတယ်။

မြွေသားရဲဘုရင်။

လင်းဟန်က ချက်ချင်းပဲ သူ့ကို မှတ်မိသွားခဲ့ပါတယ်။ အရင်တုန်းက
မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်နဲ့ တိုက်ခိုက်တဲ့
အချိန်တုန်းက ပေါ်လာခဲ့ဖူးပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက
စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် စုစုပေါင်း သုံးယောက်
ရောက်လာခဲ့ပြီး ဒီမြွေသားရဲ ဘုရင်က မြေနဂါးဂိုဏ်းက
လက်ရွေးစင် ဖြစ်ပါတယ်။

Edit with WPS Office

"ဟားဟား ငါ့ကို ကိုက်မလို့လား"

လင်းဟန်က ရယ်မောလိုက်ပါတယ်။

"အရှင်မြွေသားရဲ့ဘုရင် ဒီကောင်နဲ့ ကျနော် အရင်ဆုံး တိုက်ခိုက်ဖို့ ခွင့်ပြုနိုင်မလား"

ရှုရှုရှန်ရဲ့ အသံကို စစ်သဘော်ပေါ် ကနေ ကြားလိုက်ရပါတယ်။

"ကောင်းပြီလေ။ ဒီကောင်က မင်းရဲ့ အတွင်းစိတ် နတ်ဆိုးလို့ သတ်မှတ်နိုင်တယ်။ မင်းဒီကောင့်ကို သုတ်သင်ပစ်မှ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဖင်ရောက်နိုင်လိမ့်မယ်။ နောက်ပြီးတော့ မင်းရဲ့ပါရမီနဲ့ဆိုရင် မင်းဂိုဏ်းကလည်း အပြည့်အဝ ထောက်ပံ့ပြီး ပြုစုပျိုးထောင် ပေးလိမ့်မယ်။ ဒါဆိုရင် ဆယ်နှစ်အတွင်းမှာ မင်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို တစ်ဟုန်ထိုး အဆင့်တက်နိုင်ပြီး တိုက်ပွဲစွမ်းရည် အများကြီးက စောင့်မျှော်နေလိမ့်မယ်"

Edit with WPS Office

ရှုရှုရှန်က အကြွင်းမဲ့ ဆေးဘာစားဂိုဏ်းရဲ့ သမိုင်းထဲမှာ အစွမ်းထက်ဆုံး ပါရမီရှင် မဟုတ်ပေမဲ့ သူက အကြွင်းမဲ့ ဆေးဘာစားရဲ့ အသိအမှတ်ပြုမှုကို ခံရတဲ့ တစ်ဦးတည်းသောသူ ဖြစ်ပါတယ်။ ဒီအချက်ကြောင့်ပဲ မြွေသားရဲဘုရင်တောင်မှ သူ့ကို အတော်လေး မျှော်လင့်ထားမိပါတယ်။ တကယ်တော့ အဲဒီအကြွင်းမဲ့ ဆေးဘာစားဂိုဏ်းရဲ့ အကြီးအကဲအိုကြီးက အသက်ရှင်လျက် ရှိနေပါသေးတယ်။

"ကျေးဇူးတင်ပါတယ် အရှင်"

ရှုရှုရှန်က စစ်သင်္ဘောကြီးပေါ်ကနေ အောက်ကို လွှားခနဲ ခုန်ဆင်းလာခဲ့ပြီး မိုးကောင်းကင်မှာ ရပ်နေပါတယ်။ သူက ကြေညာလိုက်ပါတယ်။

"လင်းဟာန် ငါတို့ဘယ်သူ့ဘယ်သူမှ အပြင်ဘက် အကူအညီ အသုံးမပြုပဲ ငါတို့ရဲ့ နှလုံးသားတွေ ကျေနပ်တဲ့အထိ တိုက်ခိုက်ကြမယ်"

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"မင်းက တော်တော်လေး မျက်နှာပြောင်တာပဲ။ မင်းရဲ့ကျင့်ကြံခြင်း အဆင့်က ကောင်းကင်အဆင့် အထွတ်အထိပ်ကို ရောက်နေတယ်ဆိုတာ ထင်ရှားရဲ့သားနဲ့ ငါနဲ့ တိုက်ပွဲကောင်းကောင်းတစ်ခု တိုက်ခိုက်ဖို့ အာသီသရှိတယ်လို့ ကြေညာသေးတယ်။ မင်းရဲ့ခေါင်းက တကယ်ပဲ ဘာတွေမှားနေလဲ ဆိုတာကို ငါမသိတော့ဘူး"

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ဖြေလိုက်ပါတယ်။

"ဒါပေမဲ့လည်း တကယ်လို့ ငါက မင်းနဲ့ မတိုက်ခိုက်ဘူးဆိုရင် မင်းကိုငါက ကြောက်နေတယ်လို့ မင်းတကယ် ထင်သွားလိမ့်ဦးမယ်"

ရှုပ်။

Edit with WPS Office

သူက လေထဲကို ခုန်တက်လာပြီးတော့ ရှုရှုရှန်နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"လာလေ။ ငါက မဟာလင်း အင်ပါယာရဲ့ အုပ်ချုပ်သူပဲ။ လူပြက်တစ်အုပ် ငါမင်းကို ဘယ်လိုမျိုး ဖိနှိပ်ထိန်းချုပ်မလဲ ဆိုတာကို တွေ့မြင်စေရမယ်"

ရှုရှုရှန်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဘာမဟာလင်း အင်ပါယာရဲ့ အုပ်ချုပ်သူလဲ။ မင်းက အလကား အုပ်ချုပ်သူပဲ။ ဒီနေ့ ငါ့ရဲ့ဆေဘာနဲ့ မင်းကို သတ်ပစ်မယ်။ ဒါဆိုရင် မဟာလင်း အင်ပါယာဆိုတာ ဘယ်နားမှာ ဆက်ပြီးတော့ ရှိဦးမှာလဲ"

လင်းဟန်က သူ့နားရွက်နားမှာ လက်ထောင်ပြီးတော့ နားထောင်သလို လှောင်ပြောင်တဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။

Edit with WPS Office

"မင်းငါ့ကို သတ်မယ်ဆိုပြီးတော့ ဘယ်နှစ်ကြိမ်တောင် ပြောပြီးပြီလဲ။ ဒါကို ခဏခဏ နားထောင်ရတာ ငါတောင်အတော်လေး ငြီးငွေ့လာပြီ။ ဒါကြောင့် မင်းဒီထပ်ပိုပြီး အသစ်အဆန်း ကြိုးစားပြီးတော့ မပြောနိုင်ဘူးလား"

"ဒါဆိုရင်လည်း သေလိုက်တော့"

ရှုရှုရှန်က ပျံသန်းလာပြီး အကြွင်းမဲ့ဆေဘာဓားကို ဝှေ့ယမ်းပြီးတော့ လင်းဟာန်ဆီကို ခုတ်ပိုင်း လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုမှာ နည်းစနစ်တွေ အများကြီး မပါရှိပါဘူး။ ဒါကို စကားတစ်လုံးထဲနဲ့ ဖော်ပြနိုင်ပါတယ်။ အဲဒါက လျင်မြန်မှု ။

ဆေဘာဓားကို ကြည့်လိုက်ရင် မြှောက်လိုက်တယ်လို့ပဲ ထင်ရပေမဲ့ လင်းဟာန်ရဲ့ အရှေ့ကို ခုတ်ချလိုက် ပြီးပါပြီ။ မျက်စိကျိန်းမတတ် ဆေဘာဓား အလင်းရောင်တစ်ခု တောက်ပလာပြီး ကမ္ဘာကြီးရဲ့ အစဦးကို ရောက်သွားသလိုပါပဲ။

Edit with WPS Office

ဒီရှုရှုရှုန်ကိုတော့ တကယ်ပဲ လျော့တွက်လို့ မရနိုင်ပါဘူး။ လအနည်းငယ် ကုန်လွန်သွားရုံနဲ့ သူ့ရဲ့စွမ်းရည်တွေက နောက်တစ်ကြိမ် အံ့အားသင့်စရာ ကောင်းလောက်အောင် တိုးတက်လာ ခဲ့ပါတယ်။ ဒါက ကျင့်ကြံခြင်းထဲမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တိုက်ပွဲစွမ်းရည် ဖြစ်ပါတယ်။ သူ့ရဲ့ဆေဘာဓား လမ်းကြောင်းရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက နောက်တစ်ကြိမ် အကြီးအကျယ် တိုးလာခဲ့ပါပြီ။

ဂုမ်း။

လင်းဟန်ရဲ့ လက်ထဲက မရဏဓားက တုန်ခါလာပြီးတော့ သူ့လက်ထဲကနေ ပျံထွက်တော့ မလိုပါပဲ။

ဓားနှလုံးသား။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ ဓားနှလုံးသားကို

Edit with WPS Office

ထုတ်ဖော်လိုက်ပြီး မရဏာဓားက ချက်ချင်းဆိုသလို တည်ငြိမ်သွားခဲ့ပါတယ်။ လင်းဟန်က ခတ်ထုတ်ဖို့ သူ့ဓားကို ပြောက်လိုက်ပြီး ရှုရှုရှန်က သူ့ကို ခုတ်ချလာတဲ့ ဆေဘာဓားသွားကို ဟန့်တားလိုက်ပါတယ်။

ထန်။

တကယ်လို့ တခြားနတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတစ်ယောက် ဒါမှမဟုတ် ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ဆိုရင်တောင် ဒီဓားချက်ကြောင့် မျက်လုံးတွေ ဝေဝါးပြီးတော့ ခေါင်းဖြတ်ခံလိုက် ရပါလိမ့်မယ်။ ဒီဓားချက်က အရမ်းကို လျင်မြန်တာကြောင့် သူတို့အနေနဲ့ တားဆီးနိုင်စရာအကြောင်း လုံးဝမမြင်ပါဘူး။ တကယ်လို့ မျက်လုံးနဲ့ ဆေဘာဓားရဲ့ လှုပ်ရှားမှုကို ဖမ်းမိနိုင်ခဲ့ရင်တောင် တကယ်လို့ သူ့ရဲ့လှုပ်ရှားမှုက အရမ်းကို နှေးကွေးနေမယ် ဆိုရင်တော့ သူတို့ဟာ ဒီဓားချက်ကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့ရဲ့ မူလစွမ်းအင်ကို အသုံးပြုပြီးတော့ အဲဒီဓားချက်ကို ထိပ်တိုက်ခံယူဖို့ပဲ တတ်နိုင်ပါလိမ့်မယ်။

Edit with WPS Office

ဒါပေမဲ့ လင်းဟန်က ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ကောင်းကင်အဆင့်ထိ တိုးတက်လာခဲ့ပါပြီ။ သူ့အတွက်တော့ ဒီတိုက်ခိုက်မှုကို တားဆီးဖို့ဆိုတာ အရမ်းကို လွယ်ကူပါတယ်။

ဓားနဲ့ဆေဘာဓားတို့ ထိမိသွားပြီး အဆုံးမရှိတဲ့ မီးပွားတွေက မျက်စိကန်းလုမတတ် အလင်းရောင်တွေ တောက်ပလာခဲ့ပါတယ်။

လင်းဟန်က တရကြမ်း တိုးဝှေ့တိုက်ခိုက်လိုက်ပါတယ်။ ဘုန်း။ ရှုရှုရှန်က အားလိုင်းကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတိုက်ကွက်က တကယ်ပဲ အရမ်းကို လျင်မြန်ပါတယ်။ ဒါပေမဲ့ စွမ်းအားကို ကြည့်ရတာတော့ မလုံလောက်သေးဘူး"

ဟုတ်ပါတယ်။ စွမ်းအားနဲ့ အမြန်နှုန်းက တပြိုင်နက်တည်း

Edit with WPS Office

အောင်မြင်မှု မရရှိနိုင်ပါဘူး။ သူ့ရဲ့ တိုက်ခိုက်မှုက အရမ်းကို လျင်မြန်ပါတယ်။ ဒါကြောင့် အဲဒီဓားချက်ရဲ့ စွမ်းအားက ကင်းမဲ့နေတာ သဘာဝ ကျပါတယ်။ ဒါကလည်း ရှုရှုရှန်က လင်းဟာန်ဆီမှာ ထူးဆန်းတဲ့ လုပ်ရှားမှု နည်းစနစ် တစ်ခုရှိတယ် ဆိုတာကို သိထားတဲ့ အချက်ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် သူက တမင်တကာ လျင်မြန်တဲ့ တိုက်ခိုက်မှုနဲ့ စမ်းလိုက်တာ ဖြစ်ပါတယ်။ သူထင်မှတ် မထားမိတာက လင်းဟာန် အနေနဲ့ ရှောင်တိမ်းခြင်း ပုန်းခိုခြင်းမပြုလုပ်ပဲ သူ့ရဲ့ဓားချက်ကို ခတ်ထုတ်ပစ်နိုင်လိမ့်မယ် ဆိုတာပါပဲ။

သူ့ခန္ဓာကိုယ်ကို ဆတ်ခနဲ လှန်လိုက်ပြီး သူ့ရဲ့တည်ငြိမ်မှုကို ထိန်းလိုက်ပါတယ်။ သူက အကြွင်းမဲ့ ဆေဘာဓားကို မြှောက်လိုက်ပြီး သူ့မျက်လုံးတွေက ရေခဲတမျှ အေးစက်လို့ နေပါတယ်။ သူ့ခန္ဓာကိုယ် အတွင်းမှာ အဆုံးမရှိ ဆေဘာဓားအသိတွေ လည်ပတ်နေပြီးတော့ သူ့အနားမှာ ဆေဘာဓားပေါင်း ထောင်နဲ့ချီပြီးတော့ ဖြစ်ပေါ်လာခဲ့ပါတယ်။

အရွယ်အစား ပုံသဏ္ဍာန်ပေါင်းစုံ ရှိပြီးတော့ အားလုံးက ဆေဘာဓား

Edit with WPS Office

အသိဆန္ဒကနေ ဖြစ်ပေါ်လာခဲ့တာပါ။ ဒါက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ထိခိုက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို တိုက်ခိုက်နိုင်စွမ်း ရှိပြီးတော့ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဓားနလုံးသားကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ရင် စိတ်ဝိညာဉ်ကို ဖြတ်တောက်နိုင်ပြီးတော့ ဆေးဘာဓား နလုံးသားကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ရင်လည်း ဒီလိုမျိုး လုပ်နိုင်ပါတယ်။

"ဒါဆိုရင် ငါ့ဆီက နောက်ထပ်တိုက်ကွက်ကို ခံယူကြည့်"

ရှုရှုရန်က အေးစက်စွာနဲ့ ကြေညာလိုက်ပါတယ်။ သူ့ရဲ့အမူအရာက အလေးအနက် ဖြစ်လာပြီး အကြွင်းမဲ့ ဆေးဘာဓားကို ဖြည်းညှင်းစွာ လုပ်ရှားလိုက်ပြီး လှိုင်းတွန့်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"လေဟာနယ် အက်ကွဲကြောင်း ခုတ်ချက်"

Edit with WPS Office

လင်းဟန်က ဂရုမစိုက်ပဲ မနေဝံ့ပါဘူး။ ဒီခုတ်ချက်ရဲ့ စွမ်းအားက တကယ့်ကို ထိတ်လန့်တုန်လှုပ်ဖို့ ကောင်းပါတယ်။ လင်းဟန်က မရဏဓားကို ရင်ဘတ်ထိ မြှောက်ပြီးတော့ လျှို့ဝှက်ဆန်းကြယ် သုံးထောင်ရဲ့ ဓားအသိဆန္ဒကို လည်ပတ်ပြီးတော့ တူညီစွာနဲ့ အရမ်းကို အစွမ်းထက်တဲ့ အရှိန်အဝါ ပျံ့နှံ့လာခဲ့ပါတယ်။

"ဟင်"

စစ်သဘောပေါ်က မြွေသားရဲဘုရင်လည်း အံ့အားသင့်ပြီး အော်လိုက်မိပါတယ်။ သူ့လို အစွမ်းထက်တဲ့ သက်ရှိတစ်ယောက် အနေနဲ့ လင်းဟန်ရဲ့ ဓားအသိဆန္ဒက သူ့ကို ရင်းနှီးတဲ့ ခံစားချက် တစ်ခုကို အာရုံခံလိုက်မိပြီး ချက်ချင်းဆိုသလို သတိပြုမိ သွားခဲ့ပါတယ်။

"ဒါက မူလအနက်ရောင်ရဲ့ နည်းစနစ်သုံးခုပဲ"

ဒါက ကောင်းကင်ဓားဂိုဏ်းရဲ့ အဆုံးစွန် နည်းစနစ်တွေထဲက

Edit with WPS Office

တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် သူက ဒီဓားသိုင်းနဲ့ မရင်းနှီးစရာအကြောင်း မရှိပါဘူး။

ရှုရှုရှန်က ညင်သာတဲ့ အသံတစ်ချက် အော်လိုက်ပြီး အကြွင်းမဲ့ ဆေဘာဓားကို ဝှေ့ယမ်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ ချက်ချင်းဆိုသလို သူတို့အနားက ကမ္ဘာကြီးက အားနည်းသွားသလို ဖြစ်သွားပြီး အမှောင်ထုတစ်ခုပဲ ကျန်ရစ်ခဲ့ပါတယ်။ ဒီနေရာမှာ အကြွင်းမဲ့ ဆေဘာဓားက ထုတ်လွှတ်နေတဲ့ အဆိုးမရှိ အလင်းရောင်က လင်းဟာန်ဆီကို တစ်ဟုန်ထိုး စီးလာခဲ့ပါတယ်။

တကယ်လို့ လင်းဟာန်က သူ့ရဲ့မျက်လုံးကို ဖွင့်ကြည့်မယ် ဆိုရင်တောင် သူက ရှုရှုရှန် နေရာကို တွေ့မြင်နိုင်စွမ်း မရှိပါဘူး။ တောက်ပလင်းလကတဲ့ ဆေဘာဓား အလင်းရောင်ကြီး တစ်ခုပဲ သူ့ဆီကို ခုတ်ချလာခဲ့ပါတယ်။

ဓားကိုင်သူကို မမြင်ရပဲ ဆေဘာဓားကိုပဲ တွေ့မြင်လိုက် ရပါတယ်။

Edit with WPS Office

လင်းဟန်က ကြောက်ရွံ့ခြင်း မရှိပဲ သူ့ရဲ့မျက်လုံးကို မှိတ်ထားပြီးတော့ သူ့ရဲ့နလုံးသားကို အသုံးပြုပြီးတော့ပဲ ကြည့်လိုက်ပါတယ်။

ဓားနလုံးသား။

သူ့နှုတ်ခမ်းထောင့်တွေ ကွေးသွားပြီးတော့ ပြုံးလိုက်ပါတယ်။ သူ့ရဲ့ ဓားရှည်ကို ဖော့ ယမ်းလိုက်ပြီး တောက်ပလင်းလက်တဲ့ ဓားအလင်းပေါင်း သုံးထောင့်တစ်ရာကို ပစ်လွှတ်လိုက်ပါတယ်။ ဓားအလင်းကိုယ်စီက ပြင်းထန်ပြီး အားလုံးက ရှုရှုရှန်ဆီကို ပြေးဝင်သွားပါတယ်။

သီအိုရီအရဆို နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီက တစ်ဦးချင်း သတ်ဖြတ်တဲ့ တိုက်ကွက်ထဲမှာ အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ လှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကတော့ အုပ်စုလိုက် တိုက်ခိုက်မှုမှာ အသုံးပြုရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ခိုက်မှုရဲ့ စွမ်းအားကို ခွဲခြမ်းထားပြီး သူ့ရဲ့ဖျက်ဆီးခြင်း စွမ်းအားက နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီ သိုင်းကွက်နဲ့

Edit with WPS Office

အဆင့်ခြင်း မတူညီပါဘူး။ လင်းဟာန်က အခုဆို အရမ်းကို သန်မာနေပြီး မရဏာဓားရဲ့ အားသာချက်ကိုပါ ပေါင်းလိုက်မယ်ဆိုရင် တိုက်ခိုက်မှု တစ်ခုတည်းနဲ့တောင် ရှုရှုရှန်ကို ကြီးမားတဲ့ ခြိမ်းခြောက်မှု ဖြစ်လာစေဖို့ လုံလောက်ပါတယ်။ ဒါကြောင့် လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်ကို အသုံးပြုခြင်းက ပိုပြီးတော့ အကျိုးသက်ရောက်မှု ရှိပြီးတော့ တိုက်ခိုက်မှု အကျယ်အဝန်းလည်း ကျယ်ပြန့်ပါတယ်။

ချက်ချင်းဆိုသလို နှစ်ဖက်စလုံးက သူတို့ရဲ့ အဆုံးစွန် တိုက်ကွက်တွေကို အသုံးပြုလိုက် ကြပါပြီ။

ဟုန်း။

ဓားအလင်းနဲ့ ဆေဘာဓားအလင်းတွေ တိုက်မိပြီးတော့ မိုးကောင်းကင်ထက်မှာ ရောမ ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အားလုံးက သူတို့ရဲ့ အမြင်တွေ အကြားအာရုံတွေ ခဏလောက် ဆုံးရှုံးသွားပြီး သူတို့ရဲ့ မျက်စိအရှေ့မှာ အရာအားလုံး လုံးဝကို ဖြူဖွေးနေပြီးတော့ သူတို့ရဲ့

Edit with WPS Office

နားထဲမှာ တိုးညှင်းတဲ့ တစီဂီမြည်သံတွေနဲ့ နားထဲက လေတွေထွက်နေသလို ခံစားကြ ရပါတယ်။

အလင်းရောင်တွေ မှေးမှိန်သွားတဲ့ အချိန်မှာ ရှုရှုရှန်က မီတာသုံးရာ အကွာကို နောက်ဆုတ်လိုက် ရပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ပေါ်မှာ စုစုပေါင်း ဒဏ်ရာငါးချက် ရသွားပြီး အဲဒီကနေ သွေးတွေ စိမ့်ထွက်နေပြီး သူဘယ်လိုပဲ ကြိုးစားကြိုးစား သွေးတွေစီးကျနေတာက မရပ်ပါဘူး။

မရဏဓားကြောင့် ရရှိတဲ့ ဒဏ်ရာတစ်ခုက သွေးတွေ စီးကျနေတာကို ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်ကူကူနဲ့ ရပ်တန့်လို့ ရနိုင်မှာလဲ။

လင်းဟန်မှာလည်း အစက်အပြောက် သုံးခုရှိနေပြီး သူ့ရဲ့အဂတ်အစားတွေက စုတ်ပြဲလို့ နေပါတယ်။ ဒါပေမဲ့ အပေါ်ယံလို့ပဲ ပြောရမှာ ဖြစ်ပြီးတော့ သူ့ရဲ့ဒဏ်ရာကို ဘယ်နေရာမှာမှ မတွေ့မြင်ရပါဘူး။ သူ့ခန္ဓာကိုယ် ပညာရပ်ရဲ့ ကျင့်ကြံခြင်းက ကောင်းကင်အဆင့်ကို ဖြင်ပြီးတဲ့ နောက်မှာ

Edit with WPS Office

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း နောက်တစ်ကြိမ် တစ်ဆင့်တိုးလာခဲ့ပြီး အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေ အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ထဲမှာ အကြွင်းမဲ့ ဆေဘာဓားက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုအပေးမှာ အမှတ်တစ်ခုပဲ ချန်ထားနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ရှုရှုရှန်ဆိုရင်ရော။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒီကွာဟချက် တစ်ခုက ကမ္ဘာကြီးတစ်ခုလောက် ကွာခြားပါတယ်။

Chapter 817 end

အပိုင်း(818) ဖိနှိပ်ခြင်း

ရှုရှုရှန်ရဲ့ အမူအရာက စိုးရိမ်စဖွယ်အနေအထားကို ပြောင်းလဲသွားပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ထက် နည်းနည်းလေးမှ မနိမ့်ကျပေမဲ့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကတော့ လင်းဟန်နဲ့

Edit with WPS Office

ဝေးကွာလွန်းပါတယ်။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲမှာ စွမ်းအားခြင်း တူညီတယ်ဆိုပေမဲ့ ဒီကွာခြားချက်ကတော့ လုံးဝကို သေလောက်အောင် ဆိုးဝါးလွန်းပါတယ်။

သူက အသက်ကို ပြင်းပြင်း ရှုလိုက်ပါတယ်။ သူ့မျက်နှာ အမူအရာက မည်းမှောင်လာပါတယ်။ သူ့ရဲ့တိုက်ခိုက်ချင်တဲ့ စိတ်ဝိညာဉ်က လောင်ကျွမ်းလို့ လာခဲ့ပါတယ်။ တကယ်လို့ သူက လင်းဟာန်ကို အားသာချက်မရှိတဲ့ အနေအထား တစ်ခုမှာ အနိုင်ယူနိုင်ခဲ့မယ်ဆိုရင် သူ့ရဲ့ ယုံကြည်မှုတွေက ဖော်ပြလို့ မရနိုင်လောက်အောင် မြင့်တက်လာပါလိမ့်မယ်။

သူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာမဲ့ အဲဒီနောက်ဆုံး ခြေလှမ်းကိုတောင် လှမ်းနိုင်စွမ်း ရှိကောင်းရှိလာပါလိမ့်မယ်။

လက်ရှိမှာ သူက ကြီးကျယ်ခမ်းနားတဲ့ အလားအလာကောင်း

Edit with WPS Office

ပိုင်ဆိုင်ထားတဲ့ လူငယ် ပါရမီရှင် တစ်ယောက်လို့ပဲ သတ်မှတ်နိုင်ပြီး စကြာဂဠုဗ ဖျက်ဆီးခြင်း အဆင့်ကို အောင်မြင်မှု မရှိခဲ့ဘူး ဆိုရင်တော့ သူက အဆုံးသတ်နေ့တွေမှာ ဘာမဟုတ်တဲ့ လူတစ်ယောက် အနေနဲ့ပဲ ရှိနေပါမယ်။ ဒီလိုခေတ်ကြီးထဲမှာ စကြာဂဠုဗ ဖျက်ဆီးခြင်း အဆင့်ကပဲ လွှမ်းမိုးနိုင်စွမ်း ရှိပြီးတော့ အခြေအနေတွေ အပေါ်မှာ ပြတ်သားတဲ့ အကျိုးသက်ရောက်မှု ရှိစေနိုင်သူတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် သူက တိုက်ခိုက်ဖို့ လိုအပ်ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အဆုံးစွန်ထိ တိုးလာဖို့ လိုပါတယ်။ အနိုင်ရပြီးတဲ့ အခါမှာ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက နောက်ထပ်တစ်ဆင့်ထိ တိုးလာပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ဆေဘာစား နှလုံးသားကလည်း တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တဲ့ အဆင့်ကို ဝင်သွားပါလိမ့်မယ်။ သူ့ရဲ့ကျင့်ကြံခြင်းက စကြာဂဠုဗ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီး သူကလည်း လူသားလောကရဲ့ အထွတ်အထိပ်ကို တက်ရောက်သွား ပါလိမ့်မယ်။

"ငါတို့ တိုက်ခိုက်ကြစို့"

Edit with WPS Office

သူက ခံ့ညားထယ်ဝါစွာနဲ့ ကြေညာလိုက်ပါတယ်။
သူ့ရဲ့မျက်လုံးတွေကလည်း အရောင်တွေ တလက်လက်
တောက်ပလို့ နေပါတယ်။

"မင်းဆန္ဒအတိုင်းပဲ"

လင်းဟန်ရဲ့ တိုက်ပွဲစိတ်ဝိညာဉ်ကလည်း တောက်လောင်လို့
နေပါတယ်။ ရှရှရှန်က ဆေဘာဓား နှလုံးသားကို
ဖြစ်ပေါ်ထားပါတယ်။ နောက်ပြီးတော့ သူက အဓိက အောင်မြင်မှု
အဆင့်ထိ ရောက်ရှိနေပါတယ်။ ဒါကြောင့် ရှရှရှန်က သူ့အတွက်
အကောင်းဆုံး ပြိုင်ဘက် ဖြစ်ပါလိမ့်မယ်။ ရှရှရှန်နဲ့ တိုက်ခိုက်ခြင်းက
သူ့အတွက်လည်း သူ့ကိုယ်ပိုင် ဓားနှလုံးသားကို
တက်စေနိုင်ပါတယ်။

တိုက် တိုက် တိုက်။

တိုက်ခိုက်သူ နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလို့

Edit with WPS Office

နေကြပါတယ်။ ဓားနဲ့ ဆေဘာဓား ထိမိပြီး စွမ်းအားလှိုင်းတွန့်တွေ ဖြစ်ပေါ်ပြီးတော့ သူတို့ရဲ့ ပတ်ဝန်းကျင်ကို ပျံ့နှံ့သွား ကုန်ပါတယ်။

အကြွင်းမဲ့ ဆေဘာဓားနဲ့ မရဏဓားက အဆုံးအစမရှိ ရင်ဆိုင်တိုက်ခိုက် နေခဲ့ပါတယ်။ ဒီဓားနှစ်လက်လုံးက အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတွေ ဖြစ်တဲ့အပြင် အဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းတွေထဲမှာ ထိပ်ဆုံးအဆင့် ပစ္စည်းတွေ ဖြစ်ပါတယ်။ ဒီလူတွေရဲ့ လက်ထဲမှာတောင် သူတို့ဆီကနေ ကြောက်မက်ဖွယ်ရာ ခွန်အားတစ်ခုကို ထုတ်နိုင်ပါတယ်။

မြွေသားရဲဘုရင်က အဆက်မပြတ် ခေါင်းညိတ်နေပြီး ဒီလူငယ် နှစ်ယောက်ဟာ အထွတ်အထိပ် ပါရမီရှင်တွေ ဖြစ်တယ်ဆိုတာကို ဝန်မခံချင်လို့ မရပါဘူး။ သူ့စိတ်ထဲမှာ ရတနာလို တန်ဖိုးထားတဲ့ ခံစားချက် တစ်ခု မြင့်တက်လာပါတယ်။ ကံမကောင်းတာက သူတို့ထဲက တစ်ယောက်က ဒီနေ့ ဒီနေရာမှာ သေချာပေါက် သေရပါလိမ့်မယ်။

Edit with WPS Office

မြေနဂါးဂိုဏ်းမှာ ဒီလိုမျိုး ပါရမီရှင်တစ်ယောက် မရှိတာတော့ မဟုတ်ပါဘူး။ သူက လင်းဟန်ရဲ့ လက်ထဲမှာ သေသွားခဲ့ပါပြီ။ ဒါကြောင့်လည်း သူကိုယ်တိုင်ကိုယ်ကျ ဒီနေရာကို လာရတဲ့ အဓိက အကြောင်းပြချက် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ခရမ်းရောင်လ အင်ပါယာနဲ့ စစ်ပွဲ အထဲမှာ တင်းမာနေတဲ့ အခြေအနေကြောင့် ဘယ်လိုလုပ်ပြီးတော့ အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်က ဒီနေရာကို လွယ်လွယ်ကူကူနဲ့ ထွက်လာနိုင်မှာလဲ။

"ထူးဆန်းတယ်။ ဒီကောင်လေးက ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်ဓားဂိုဏ်းရဲ့ အဆုံးစွန် နည်းစနစ်ကို သင်ယူထားတာလဲ"

မြွေသားရဲဘုရင်က စိတ်ထဲမှာ ကျိတ်ပြီးတော့ ရုပ်ထွေးနေပါတယ်။ မူလအနက်ရောင် သိုင်းဟန်သုံးကွက်က သာမန်နည်းစနစ်တွေ မဟုတ်ပါဘူး။ ဒါပေမဲ့ ကောင်းကင်ဓားဂိုဏ်းရဲ့ အဓိက အချက်အချာကျတဲ့ လျှို့ဝှက်နည်းစနစ်တွေ အထဲက တစ်ခုဖြစ်ပါတယ်။ အစစ်အမှန် တပည့်တွေအထဲမှာတောင် ဒီနည်းစနစ်ကို သင်ယူနိုင်တဲ့သူ အများကြီး မရှိပါဘူး။

Edit with WPS Office

ဒါကြောင့် အပြင်လူ တစ်ယောက်ကို ဒီနည်းစနစ် လေ့လာသင်ယူဖို့ ဘယ်လိုလုပ် ခွင့်ပြုမှာလဲ။

ဒါပေမဲ့လည်း ကိစ္စမရှိပါဘူး။ အဆုံးမှာ တန်ခိုးရှင်ဘုံက တန်ခိုးရှင်တွေ ဆင်းချလာပြီး ဒီဘုံရဲ့ သက်ရှိအားလုံးကို လောကဘုံ ဆေးလုံးအဖြစ် သန့်စင်ပါလိမ့်မယ်။ တကယ်လို့ အားလုံးက မူလအနက်ရောင် သိုင်းဟန်သုံးမျိုးကို သင်ယူထားမယ် ဆိုရင်တော့ ဘာဖြစ်မှာလဲ။

လင်းဟန်က သူ့ညာဘက်လက်နဲ့ သူ့ဓားကို ဆုပ်ကိုင်ထားပြီး သူ့ရဲ့ဘယ်ဘက်လက်ဝါးနဲ့လည်း ရင်ဆိုင်ပါတယ်။ သူက မြေကျွှမ်ား မှောက်လှန်ပိတ်ဆို့ပခြင်း တံဆိပ်တော်နဲ့လည်း အဆက်မပြတ် တိုက်ခိုက်ပြီး ရွှေရောင်အလင်းတွေ လင်းလက်တောက်ပလာပြီး ဖျက်ဆီးခြင်း စွမ်းအားကလည်း နိုင်းယှဉ်လို့ မရအောင် ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံရဲ့ အဆင့်မြှင့်တင်မှုနဲ့အတူ သူ့ရဲ့အမြန်နှုန်းက ရှူရှူရှန်ထက် အနည်းငယ် လျင်မြန်ပြီး တစ်ဖက်လူကို သူ့ရဲ့တိုက်ခိုက်မှုတွေ ထိပ်တိုက်ရင်ဆိုင် ခံယူဖို့ ဖိအားပေး

Edit with WPS Office

နေခဲ့ပါတယ်။

ဒါက ရှုရှုရှုန်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေပါတယ်။

လင်းဟန်က ခန္ဓာကိုယ် ပညာရပ် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ ကြောက်စရာကောင်းတဲ့ ပကတိ ခွန်အား ရှိပါတယ်။ အနီးကပ် တိုက်ပွဲတစ်ခုမှာ ရှုရှုရှုန် ထုတ်ဖော်တဲ့ တိုက်ကွက်တိုင်း အတွက် သူက အနည်းဆုံး ဆယ်ဆ ပြန်ထုတ်နိုင်ပါတယ်။ ဒီကွာဟချက်က ဘယ်လောက်တောင် ကြီးမားလိုက်သလဲ။ နောက်ပြီးတော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေပါပြီ။ ဒါကြောင့် တကယ်လို့ မြွေသားရဲဘုရင် လုပ်ရှားလာခဲ့မယ်ဆိုရင် သူ့ကိုသေအောင်လို့ဆိုရင် အရမ်းကို ကြိုးစားအားထုတ်ရပါလိမ့်မယ်။ ရှုရှုရှုန်ကတော့ ဘာများ တတ်နိုင်မှာမို့လဲ။

အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုအဆင့်နဲ့ မာကျောမှုခြင်း တူညီတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုနဲ့ဆိုတော့ သူ့ကိုဘယ်သူကများ တန်းပြီးတော့ သတ်ပစ်နိုင်လိမ့်မှာလဲ။

Edit with WPS Office

သူတို့က လင်းဟန်ရဲ့ အသက်ဓာတ်ကို သုတ်သင်ပစ်ဖို့ လျှို့ဝှက်နည်းစနစ်တွေကို အသုံးပြုဖို့ပဲ တတ်နိုင်ပါတယ်။ ဒါမှမဟုတ် လင်းဟန်ရဲ့ စိတ်ဝိညာဉ်ကို ဖြတ်တောက်ဖို့ ဓားနှလုံးသားမှာ အပြည့်အဝ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်တဲ့ တစ်စုံတစ်ယောက် ရှိနေဖို့ လိုပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို လှီးဖြတ်ဖို့က အတွေးသက်သက်ပဲ ရနိုင်ပါလိမ့်မယ်။

အဲဒီအချက်တွေကလွဲရင် ရှုရှုရှန်ဆိုတာ လင်းဟန်နဲ့ အဆင့်ချင်း မတူပါဘူး။

လင်းဟန်က သူ့ပြိုင်ဘက်ကို အသုံးချပြီးတော့ သူ့ရဲ့ဓားနှလုံးသားကို အရောင်တင်နေ ခဲ့ပါတယ်။ သူ့မျက်လုံးထဲမှာ ရှုရှုရှန်ရဲ့ အသက်က ဒီအတွက်ပဲ တန်ဖိုးရှိပါတယ်။

ရှုရှုရှန်က သူတတ်မြောက် ကျွမ်းကျင်ထားတဲ့ အဆုံးမဲ့ နည်းစနစ်တွေ အားလုံးကို အသုံးပြု ခဲ့ပါတယ်။ သူက အရမ်းကို သန်မာပါတယ်။ အရမ်းအရမ်းကို သန်မာပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အောက်မှာ အစွမ်းထက်ဆုံး

Edit with WPS Office

လက်ရွေးစင်တွေထဲက တစ်ယောက်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်က အရမ်းကို မွန်းစတားဆန်သူ ဖြစ်ပြီးတော့ ပြိုင်ဘက်ကင်း နေရာမှာ ရပ်တည်နေတဲ့သူ ဖြစ်ပါတယ်။ သူဘယ်လောက်ပဲ ကြိုးစားကြိုးစား အားလုံးက အချည်းနှီးပါပဲ။ သူ့အနေနဲ့ ဘာမှမတတ်နိုင်ပဲ အရှုံးရဲ့ သစ်သီးကို ခါးခါးသီးသီး ခူးဆွတ်ရုံပဲ တတ်နိုင်ပါတယ်။

လင်းဟန်က ဓားနလုံးသား အသုံးချမှုနဲ့ ပိုပိုပြီးတော့ ရင်းနှီးကျွမ်းဝင်လာတဲ့ အချိန်မှာ ရှုရှုရှန်က အားသာချက် မရှိတော့ပါဘူး။ အဲဒီနောက် သူက ပိုပိုပြီးတော့ သိသာလာပြီး ချုပ်တည်းထား ရပါတယ်။ သူ့ရဲ့တိုက်ကွက် ဆယ်ကွက်တိုင်းမှာ ကိုးကွက်က ခံစစ်အကွက်တွေ ဖြစ်ပါတယ်။

ရှုရှုရှန်ရဲ့ အမူအရာက အကျည်းတန် ဆိုးဝါးလာခဲ့ပါတယ်။ သူက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အမြင့်ဆုံးထိ တိုးလာခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ကို ယှဉ်ပြိုင်လို့ မရနိုင်ပဲ ရှိနေပါသေးတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က တစ်ဖက်လူဟာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိသေးပေမဲ့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ

Edit with WPS Office

ခန္ဓာကိုယ် ပညာရပ်က ကြောက်မက်ဖွယ်ရာ ကောင်းနေပြီး ကောင်းကင်အဆင့်ကိုတောင် ရောက်နေပါပြီ။ ခန္ဓာကိုယ် ပညာရပ်က အမြဲတမ်းလိုလို ဖြည့်စွက်မှု တစ်စုံတစ်ခု အဖြစ်ပဲ အသုံးပြုပါတယ်။ ကျင့်ကြံခြင်းမှာ ပိုပြီးတော့ အရေးကြီးဆုံး အချက်က ဘာများလဲ။

တကယ်လို့ သူ့မှာ လင်းဟန်ထက် ကျင့်ကြံခြင်းအဆင့် တစ်ဂက်နဲ့ တစ်ခုလုံး အသာစီး ရရှိထားရင်တောင် သူပဲ အရိုက်ခံနေရပြီး ပြန်ပြီးတော့တောင် မတိုက်ခိုက်နိုင်တာက သူ့ကို အလွန်အမင်း စိတ်ပျက်လက်ပျက် ဖြစ်စေပါတယ်။

သူက လင်းဟန်ကို အနိုင်မယူနိုင်ပါဘူး။ တကယ်လို့ မြွေသားရဲဘုရင်က နောက်ပိုင်းမှာ လင်းဟန်ကို သတ်ပစ်မယ်ဆိုရင်ရော ဘာလုပ်ရမှာလဲ။ သူ့ရဲ့နှလုံးသားထဲမှာ ဒဏ်ရာကြီးတစ်ခု ကျန်နေပါလိမ့်မယ်။ ဒါက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ အချိန်မှာ ရောမ အားနည်းချက်ကြီးတစ်ခု ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ အဲဒါက သူ့အတွက် ကြမ္မာငင်တဲ့ ကပ်ဘေးဒုက္ခမှာ အသက်ရှင်သန်နိုင်ဖို့

Edit with WPS Office

မဖြစ်နိုင်လောက်ပါဘူး။

"လုံလောက်ပြီ"

မြွေသားရဲဘုရင်ရဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။ အစကတော့ သူကိုယ်တိုင် လုပ်ရှားမှ မလုပ်ခင်မှာ ရှုရှုရှန်က လင်းဟန်ကို အနိုင်ယူခွင့် ပြုလိုက်ဖို့ စီစဉ်ထားခဲ့ပါတယ်။ ဒါမှ ရှုရှုရှန်က အဆင့်ချိုးဖျက် တက်ရောက်ဖို့ အခွင့်အလမ်း ရှိလာပါလိမ့်မယ်။ အဆုံးမှာတော့ သူကူညီပေး လိုက်တဲ့ ရလဒ်က လင်းဟန်ကို အောင်မြင်သွားစေခဲ့ပါတယ်။

သူ့အနေနဲ့ လင်းဟန်ရဲ့ ဓားနှလုံးသားက တိုးတက်လာတာကို အာရုံခံနိုင်ခဲ့ပါတယ်။

"ကျနော် မရှုံးသေးဘူး"

Edit with WPS Office

ရှုရှုရှန်က စူးစူးဝါးဝါးနဲ့ အော်လိုက်ပါတယ်။ သူက သေချာပေါက် ဒီရှုံးနိမ့်မှုကို လက်မခံနိုင်ပါဘူး။

သူက လင်းဟာန်နဲ့ တိုက်ပွဲအနည်းငယ် ရင်ဆိုင်ဖူးပြီး သူက အနည်းငယ် အသာစီး ရခဲ့ဖူးပါတယ်။ တကယ်လို့ လင်းဟာန်ကို သတ်ဖြတ်ချင်တဲ့ သူ့ရဲ့စိတ်ဆန္ဒတွေ မပြင်းထန်ဘူးဆိုရင် သူ့အနေနဲ့ အကြွင်းမဲ့ ဆေဘာဓားကို နှိုးဆွဖို့တောင် လိုလိမ့်မှာ မဟုတ်ပါဘူး။ သူက အကြိမ်တိုင်း ကျရှုံးခဲ့တဲ့ ရလဒ်က လင်းဟာန်ပိုပြီးတော့ သန်မာလာတာကို ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

"ဟင့်"

မြွေသားရဲ ဘုရင်က တိုက်ရိုက်လုပ်ရှားလိုက်ပြီး ရှုရှုရှန်ကို ဖမ်းဆုပ်ကိုင် လိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းကို ပိတ်ဆို့ပြီးတဲ့ နောက်မှာ စစ်သင်္ဘော ကုန်းပတ်ပေါ်ကို ပစ်တင်လိုက်ပါတယ်။ သူက လင်းဟာန်ကို အေးစက်စွာနဲ့ ကြည့်ပြီးတော့ အမိန့်ပေးလိုက်ပါတယ်။

Edit with WPS Office

"မင်းကိုယ်မင်း သတ်သေလိုက်"

"မြွေသားရဲအိုကြီး ခင်ဗျားရဲ့ ယုံကြည်မှုတွေက ဘယ်ကနေများ ရောက်လာသလဲ"

မြွေသားရဲဘုရင်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းမှာ ဂေါ်ပါ နည်းစနစ်လေး တစ်ခုပဲ ရှိတယ်။ ပြီးတော့ အဲဒါက အများဆုံး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲကြွယ် ရှစ်လုံးလောက်ပဲ ရှိမှာပေါ့။ ငါ့ရဲ့တိုက်ပွဲ စွမ်းရည်က ဘယ်လောက် ရှိတယ်ဆိုတာကို မင်းသိရဲ့လား"

"ကျုပ်မသိဘူး။ ဒါပေမဲ့ အဲဒါက ဘယ်လိုပဲဖြစ်ဖြစ် ကြွယ်ဆယ့်ငါးလုံးကိုတော့ မရောက်နိုင်ဘူး"

Edit with WPS Office

လင်းဟာန်က နည်းနည်းလေးမှ ရှိန်မနေပဲ ရိုးရိုးသားသားနဲ့ ပြောလိုက်ပါတယ်။

မင်းလပွတ်ကောင်။ တကယ်ပဲ ဒီလိုမျိုး ပြောရဲတယ်ပေါ့။

မြွေသားရဲဘုရင်က ရှုသိုးသိုးဖြစ်သွားပြီး မျက်နှာထား တင်းသွားပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်ဆယ့်ငါးလုံး ရှိတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက အဲဒီမျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်ကို ဘာကြောင့် ကြောက်နေရမှာလဲ။ ဒီကောင်လေးက တကယ်ပဲ ပေကတ်ကတ်နဲ့ ခေါင်းမာပါတယ်။ သူလည်း ဘာမှမတတ်နိုင်ပဲ လုပ်ရှားလိုက်ပါတယ်။ သူ့ရဲ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ သူ့လက်မောင်းက မြွေနဂါး တစ်ကောင်လိုမျိုး တွန့်လိမ်ပြီးတော့ လင်းဟာန်ရှိရာကို ဖမ်းဆုပ်ဖို့ ဦးတည်လာခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်က နည်းနည်းလေးမှ မကြောက်ပါဘူး။ သူ့ရဲ့ဓားကို ဝှေ့ယမ်းပြီးတော့ ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်လိုက်ပါတယ်။

မြွေသားရဲဘုရင်က ဒေါသထွက်သွားခဲ့ပါတယ်။ နတ်အသွင်ပြောင်းလဲခြင်းအဆင့်မှာပဲရှိတဲ့ ဂျူနီယာလေး တစ်ယောက်ကများ ရာရာစစ။ သူ့ရဲ့ခန္ဓာကိုယ် ပညာရပ်က ကောင်းကင်အဆင့်ကို ရောက်ရှိနေပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ဘယ်လောက်များ ခံနိုင်ရည်ရှိမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒါက သူ့ကို အရက်ခွဲလိုက် သလိုပါပဲ။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကို ဘယ်သူကများ အရက်ခွဲနိုင်မှာလဲ။

သတ်။

မြွေသားရဲဘုရင်ရဲ့ လက်ဝါးက အောက်ကို နိမ့်ကျလာပြီး တောင်ကြီးတစ်လုံးလို ဖြစ်ပေါ်လာပြီး လင်းဟန်ဆီကို

Edit with WPS Office

ဖိချလိုက်ပါတယ်။ သူက လင်းဟန်ကို ဒီတစ်ချက်တည်းနဲ့ အမှုန့်ဖြစ်သွားအောင် ရိုက်ချပစ်ချင်နေခဲ့တာပါ။

သံသယ ရှိစရာ မလိုအောင်ပဲ လင်းဟန်က ဒီရိုက်ချက်ကြောင့် မိုးကောင်းကင်ကနေ အောက်ကို ဖိခံလိုက်ရပါတယ်။ ရောမ တိုက်ခိုက်မှုကြီး တစ်ခုနဲ့အတူ မိုးကောင်းကင်မှာ လက်ဝါးအရိပ်ကြီး တစ်ခု ထင်ကျန်နေပြီး လင်းဟန်က မြို့အပြင်ဘက်ကို ပြုတ်ကျသွားခဲ့ပါတယ်။ ဝုန်း ဝုန်း ဝုန်း။ မြေကြီးတွေ တုန်ခါလာပြီး မြို့ရိုးတွေကလည်း ငလျင်တစ်ခု လှုပ်ခတ်သွားသလို တုန်ခါသွား ခဲ့ပါတယ်။

သူသေသွားပြီလား။

ရှရှရှန်က ဘယ်လိုမျိုး ခံစားနေရသလဲဆိုတာကို သူ့ကိုယ်သူတောင် ဝေခွဲမရပါဘူး။ သူ့ရဲ့ အကြီးမားဆုံး ရန်သူက အရမ်းကို ရူးမိုက်စွာနဲ့ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်ကို တကယ်ပဲ ထိပ်တိုက်ရင်ဆိုင်ခဲ့တာလား။ နောက်ပြီးတော့ ဒါက မွေ့သားရဲ ဘုရင်လို စကြာဂဠုာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် အတွေ့အကြုံရှိတဲ့ ဝါရင့်လူ တစ်ယောက် ဖြစ်ပါတယ်။ သူဘယ်လိုပဲကြည့်ကြည့် ဒါက လင်းဟာန်ရဲ့ အမူအကျင့်မျိုး မဟုတ်ပါဘူး။

အဲဒီအချိန်မှာ မြွေသားရဲ ဘုရင်က သူ့လက်ကို မြှောက်လိုက်ပါတယ်။ ဒီမြေကြီးပေါ်က မီတာရာပေါင်းများစွာ ရှည်လျားတဲ့ မူလစွမ်းအင် လက်ဝါးကြီးက ပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ အထင်သေးတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပေမဲ့ သိပ်မကြာခင်မှာ ချက်ချင်းပဲ မာတောင့် သွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မြေကြီးပေါ်မှာ လင်းဟာန်က အဂတ်အစားတွေ ပေကျံညစ်ပတ်ပြီးတော့ မတ်တပ်ပြန်ထ လာလို့ဖြစ်ပါတယ်။ သူ့ပုံစံက အမှုမဲ့ အမှတ်မဲ့ ခြေချိတ်မိပြီးတော့ လဲကျသွားပြီး ပေကျံညစ်ပတ်နေသလိုမျိုး ဖုတ်ဖက်ခါပြီးတော့ ပြန်ထလာခဲ့တာ ဖြစ်ပါတယ်။

Chapter 818 end

အပိုင်း(819) ရီရွှမ်ရွှမ် လုပ်ရှားပြီ

Edit with WPS Office

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ဆီက လက်ဝါးရိုက်ချက် တစ်ခုက လင်းဟာန်ကို ခလုတ်တိုက်ပြီး ဒယိမ်းဒယိုင် ဖြစ်သွားစေရုံပဲလား။

အားလုံးရဲ့ အမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။ ဒီကောင့်မှာ ပိုးဟပ်တစ်ကောင်လို အသက်မျိုး ရှိနေပြီး သတ်လို့မရနိုင်ဘူးလား။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကိုယ်တိုင် လုပ်ရှားတာတောင် သူက တကယ်ပဲ မထိမရှပါဘူး။ အိုး သူ့ကိုယ်ပေါ်မှာ ဖုန်တချို့ ရှိနေပေမဲ့ ဒါအကုန်ပါပဲ။

လင်းဟာန်ကို အသာထား တကယ်လို့ တခြားစကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဆိုရင်တောင် သူက ဒဏ်ရာတွေ တော်တော်များများ ရသွားပါလိမ့်မယ်။ ဒါမှမဟုတ် ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုနဲ့ ချက်ချင်းသေတောင်သေသွား နိုင်ပါတယ်။

Edit with WPS Office

မဟုတ်ဘူး မဟုတ်ဘူး။ မဟုတ်သေးဘူး။ ဒါက
အလိမ်အညာတစ်ခုပဲ ဖြစ်ရမယ်။

ရှုရှုရှန်ရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးထွက်လာခဲ့ပြီး ပါးစပ်အဟောင်းသား ငေးနေမိပါတယ်။ အံ့အားသင့်လွန်းတာကြောင့် သူ့လျှာကိုတောင်သူ ပြန်ကိုက်လိုက်မိပါတယ်။ သူ့ရဲ့တည်ငြိမ်အေးဆေးမှုတွေ ပျောက်ကွယ်ကုန်တဲ့အတွက် သူ့ကို အပြစ်မတင်ပါနဲ့။ သူ့အနေနဲ့ ခန္ဓာကိုယ် ပညာရပ်ကို အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုရဲ့ အဆင့်ထိရောက်အောင် ကျင့်ကြံဖို့ ဘယ်လောက်ထိ ခက်ခဲနက်နဲတယ် ဆိုတာကို ကောင်းကောင်းကြီး သိနားလည်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူလည်းပဲ ပါရမီရှင်တစ်ယောက် ဖြစ်နေလို့ပါပဲ။

ပင်လယ်မျိုးနွယ်စုက အစွမ်းထက်ပါတယ်။ ဟုတ်တယ်မလား။ သူတို့အားလုံးမှာ မျိုးဆက်သွေး တစ်ခု ရှိပါတယ်။ အထူးသဖြင့်တော့ တော်ဝင်ကလန်တွေမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ အစစ်အမှန် နဂါးသွေးမျိုးဆက်နဲ့ သူတို့ဟာ စကြာဝဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်ခြင်းအတွက် သူတို့ရဲ့ အခွင့်အရေးက အကြီးအကျယ် တိုးလာခဲ့သလို သူတို့အားလုံးက တချိန်တည်းမှာပဲ ခန္ဓာကိုယ်ပညာရပ် ကျင့်ကြံသူတွေ ဖြစ်ပြီးတော့ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေကို ပိုင်ဆိုင်ထားပါတယ်။ ကျင့်ကြံခြင်းအဆင့် တူညီတဲ့ ပြိုင်ဘက်တွေ အကြားက တိုက်ပွဲတစ်ခုမှာ သူတို့က အသာစီး ရယူနိုင်ပါတယ်။

ဒါပေမဲ့ ပင်လယ်မျိုးနွယ်စုရဲ့ အရမ်းအရမ်း အရမ်းကို နည်းပါးတဲ့ အုပ်ချုပ်သူတွေပဲ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပတ်သက်လာရင် အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေရဲ့ အဆင့်ထိ ရောက်အောင်လို့ ကျင့်ကြံနိုင်ပါတယ်။ ဒီကွာဟချက်က အရမ်းကို ကြီးမားပြီး ခက်ခဲလွန်းပါတယ်။ အစစ်အမှန် နဂါးသွေးမျိုးဆက် ရှိရမဲ့အပြင် သန့်စင်မှု အဆင့်ကလည်း အရမ်းကို မြင့်မားဖို့ လိုပါတယ်။

ဥပမာ ပင်လယ်လေးခုရဲ့ အုပ်ချုပ်သူ ကလန်ဖြစ်တဲ့ အောင်းကလန်မှာ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ဒီအဆင့်ထိ ရော်ကအောင်လို့ ကျင့်ကြံအားထုတ်နိုင်တဲ့လူ နှစ်ယောက်ကနေ

Edit with WPS Office

သုံးယောက်ပဲ ရှိပါမယ်။ နောက်ပြီးတော့ အဲဒီတစ္ဆေနဂါး လိုဏ်ဂူရဲ့ နဂါးတစ်ပိုင်းကလည်း ပြိုင်စံရှားသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ဘိုးဘေး မျိုးဆက်သွေးက အရမ်းကို သန့်စင်ပြီး အရင်က သူလည်း ဒီအဆင့်ထိရောက်အောင် လုပ်နိုင်ခဲ့ပါတယ်။

ဘာဖြစ်လို့ နဂါးတစ်ပိုင်းကို တန်ခိုးရှင်ဘုံကနေ ဆင်းသက်လာတဲ့ တန်ခိုးရှင်တွေတောင်မှ သတ်ပစ်နိုင်ခြင်း မရှိရတာလဲ။ ရိုးရိုးလေးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေအဆင့်ကို ရောက်ရှိ နေတာကြောင့် သူ့ကိုသတ်ပစ်ဖို့ဆိုတာ အရမ်းအရမ်းကို ခက်ခဲပါတယ်။

ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုရဲ့ ပိုင်ရှင်ကို ခပ်အုပ်အုပ် ဖြည်းညှင်းစွာနဲ့ သန့်စင်လို့ပဲ ရနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒီနဂါးတစ်ပိုင်းမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိတာကြောင့် သူ့ကို သေသွားအောင် ဖြည်းဖြည်းလေး သန့်စင်ဖို့ တခြားတစ်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ သူကခွင့်ပြုမှာလဲ။

Edit with WPS Office

လင်းဟန်က လက်ရှိမှာ နတ်အသွင် ပြောင်းလဲခြင်းအဆင့်မှာပဲ ရှိပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုအဆင့်ကို ရောက်ရှိနေပါပြီ။ ဒီလိုမျိုး အမှန်တရား တစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အဲဒီလူက ဘယ်လိုလုပ်ပြီးတော့များ တည်ငြိမ်အေးဆေး နိုင်မှာလဲ။

ရှုရှုရှန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ လင်းဟန်ရဲ့ လက်ထဲမှာ သူ့ရဲ့ရှုံးနိမ့်မှုက အနည်းဆုံးတော့ မထိုက်တန်စရာအကြောင်း မရှိပါဘူး။ တကယ်လို့ သူက တဖက်လူကို တကယ်တမ်း ခုတ်ဖြတ်နိုင်မယ်ဆိုရင် အဆင့်တစ်ဆယ် တန်ဖိုးကြီး ပစ္စည်းတွေက တကယ်ပဲ အရမ်းကို ဈေးပေါသွားပါလိမ့်မယ်။ ဟုတ်တယ်မဟုတ်လား။

မြွေသားရဲဘုရင်က နှစ်ပေါင်းများစွာ အသက်ရှင်နေထိုင်ခဲ့ပြီး မျက်မှောက်ခေတ်ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်တွေထဲက တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ မိုးကောင်းကင်ကြီး လဲပြိုသွားခဲ့ရင်တောင်မှ မျက်တောင်တစ်ချက်မှ

Edit with WPS Office

ခတ်မဲ့လူစားမျိုး မဟုတ်ပါဘူး။ သူက လင်းဟာန်ကို အေးစက်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဒီအဆင့်ထိ တကယ်ကြီး ရောက်နေလိမ့်မယ်လို့ ငါလုံးဝကို မထင်မှတ်ထားမိခဲ့ဘူး"

"မြွေသားရဲ့အိုကြီး ခင်ဗျားကျုပ်ကို သတ်ချင်သေးလား"

လင်းဟာန်က သူ့ခန္ဓာကိုယ်ပေါ်က ဖုန်မှုန့်တွေကို ခါထုတ်သန့်ရှင်းပြီးတဲ့နောက်မှာ သူက လေထဲကို နောက်တစ်ကြိမ် ထိုးတက်လာပြီးတော့ လေထဲမှာ ရပ်လိုက်ပါတယ်။

အမှန်တော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်ရဲ့ အမှတ်လက္ခဏာ တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီပညာရပ်ရဲ့ အသန်မာဆုံး လက္ခဏာက သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်ဖြစ်ပါတယ်။ တကယ်လို့ စိန်အဆင့် ခန္ဓာကိုယ်နဲ့ လူတစ်ယောက်က ခြေလက်

Edit with WPS Office

ဆုံးရှုံးသွားခဲ့ရင်တောင် သူက အလိုအလျောက် ပြန်လည်ပေါက်လာပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါအတွက် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို လည်ပတ်ဖို့ လုံးဝကို မလိုပါဘူး။ ဒါကဘယ်လောက်တောင် ထိတ်လန့်တုန်လှုပ်စရာ ကောင်းလိုက်သလဲ။

သေချာတာပေ့ါ။ ဒီအကြောင်းကို သူ့ရဲ့ပြိုင်ဘက်ကို ပြောပြမှာ မဟုတ်ပါဘူး။

မြွေသားရဲဘုရင်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက နည်းနည်းလေး မာတဲ့ ခန္ဓာကိုယ် တစ်ခုပဲ ရှိတာပါကွာ။ တကယ်လို့ ငါက မင်းကို အခုချိန်မှာ ဒဏ်ရာရအောင် မလုပ်နိုင်ဘူးဆိုရင်တောင် ကိစ္စမရှိပါဘူး။ မင်းကို ဖမ်းခေါ်သွားပြီး နောက်မှပဲ ဖြည်းဖြည်းချင်း သန့်စင်တော့မယ်။ တစ်နှစ်၊ ဆယ်နှစ်။ ငါမင်းကို လုံးဝကို သန့်စင်ပစ်နိုင်လိမ့်မယ်။ ငါ့မှာရှိရမဲ့ အရာက စိတ်ရှည်မှုနဲ့ အချိန်ပဲ"

Edit with WPS Office

"ခင်ဗျားက ကျုပ်ကို ဖမ်းနိုင်လို့လား"

လင်းဟန်က လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

ရုတ်ချည်းဆိုသလို မြွေသားရဲဘုရင်က မကျေမနပ် ဖြစ်သွားသလို ခံစားလိုက် ရပါတယ်။ သူ့ရဲ့ အဆင့်က ဘယ်လိုတည်ရှိမှုမျိုးလဲ။ ပြီးတော့ တစ်စုံတစ်ယောက်က သူ့ကို အခုလိုမျိုး လက်ညှိုးထိုးပြီး ပြောတာကို ဘယ်အချိန်တုန်းက မြင်ခဲ့ဖူးလို့လဲ။ သူက ချက်ချင်းပဲ လှုပ်ရှားလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့လက်ကို မြှောက်လိုက်ချိန်မှာ သူက ရုတ်ချည်းဆိုသလို ခက်ထန်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

" မိန်းကလေး ကျေးဇူးပြုပြီးတော့ ငါနဲ့တွေ့ဖို့ မင်းကိုယ်မင်း ထွက်လာပါ"

"တကယ်လို့ ငါက နင့်ကိုမတွေ့ချင်ဘူးဆိုရင်ရော ဘာလုပ်ချင်လဲ"

Edit with WPS Office

ရီရွှမ်ရွှမ်ရဲ့ ပျင်းရိငြီးငွေ့စရာကောင်းတဲ့ အသံကို
ကြားလိုက်ရပါတယ်။

"ဒါဆိုရင် ကျေးဇူးပြုပြီးတော့ ပင်ရောက်မစွက်ဖက်ပါနဲ့ မိန်းကလေး။
ဒါက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ သဘောထား ဆန္ဒဖြစ်ပါတယ်"

မြွေသားရဲဘုရင်က ဟင့်ဆိုပြီး နှာခေါင်းတချက် ရှုံ့လိုက်ပါတယ်။

"တီကောင်သေးသေးလေး ငါ့အရင်တုန်းက
ဘယ်လောက်တောင်များ သေတဲ့အထိ နင်းချေခဲ့လဲ ဆိုတာကို
ဘယ်သူသိလဲ။ နင်က တကယ်ပဲ ငါ့အရှေ့မှာ ရိုင်းစိုင်းဝံ့တယ်ပေါ့"

ရီရွှမ်ရွှမ်က မောက်မာပြီး မာန်တက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။
သူမက ထွက်မလာသေးပါဘူး။

"ငါက အဲဒီတီကောင်ကြီးနဲ့ ရန်သူတွေ မဖြစ်ချင်လို့ပဲ။ ဒါကြောင့်

Edit with WPS Office

ထွက်သွားလိုက်တော့။ မဟုတ်ရင် နောက်ပိုင်းမှာ ငါက အနိုင်ကျင့်တယ်လို့ မပြောနဲ့"

"မိန်းကလေး ခင်ဗျားက လေလုံးတော်တော်ထွားတာပဲ"

မြွေသားရဲဘုရင်က သရော်ပြုံးပြုံးပြီး ပြန်ခံပက်လိုက်ပါတယ်။ သူက မျက်မှောက်ခေတ်ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်ထဲက တစ်ယောက် ဖြစ်ပြီးတော့ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲကြယ် နှစ်ဆယ်ကို ရောက်နေပါပြီ။ ဒါကြောင့် ဒီကမ္ဘာကြီးထဲမှာ သူ့ကိုယှဉ်ပြိုင်နိုင်သူက တကယ်တမ်း လက်ချိုးရေတွက်လို့ ရပါတယ်။

ခရမ်းရောင်လ အင်ပါယာရဲ့ ဟိုမွန်းစတားတွေကိုတော့ ပြောနေစရာမလိုပါဘူး။ သူတို့အားလုံးက လျှို့ဝှက်ဆန်းကြယ်စွမ်းအား လေးခုကနေ ငါးခုထိ တတ်ကျွမ်းထားပြီး နိုင်ငံစွမ်းအားကိုလည်း အသုံးပြုနိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံးကိုတောင် သာလွန်ပါတယ်။

Edit with WPS Office

"နင်ထွက်သွားမလား မသွားဘူးလား"

ရီရွှမ်ရွှမ်က တန်းပြီးတော့ အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

မြွေသားရဲ ဘုရင်က အသက်ကို ပြင်းပြင်းရှိုက်လိုက်ပါတယ်။ သူမကလည်း စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်ဆိုတာ ထင်ရှားပါတယ်။ ဒါကို သံသယ ဖြစ်နေစရာ မလိုပါဘူး။ ဒါပေမဲ့လည်း သူမက တိုက်ပွဲစွမ်းရည် ဘယ်လောက်များ ပိုင်ဆိုင်ထားမလဲ။ ဒီအချိန်မှာ ခရမ်းရောင်လ အင်ပါယာနဲ့ စစ်ပွဲကလည်း အရမ်းကို ခက်ခဲလို့ နေပါတယ်။ တကယ်လို့ သူတို့က နောက်ထပ် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ရန်သူတစ်ယောက် တိုးလာမယ်ဆိုရင် တကယ့်ကို ဂန်ထုပ်ဂန်ပိုးတစ်ခု ဖြစ်လာပါလိမ့်မယ်။

သူတို့ရဲ ရန်သူစာရင်းထဲမှာ နောက်ထပ်ရန်သူတစ်ယောက် မထည့်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ သူ့မှာ သူမကို ဒီနေရာမှာပဲ သတ်ပစ်နိုင်ဖို့ ယုံကြည်ချက် မရှိသရွေ့ပေါ့။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်စလုံးက စကြာဂဠာ ဖျက်ဆီးခြင်း

Edit with WPS Office

အဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့ထဲက တစ်ယောက်က ထွက်ပြေးချင်တယ်ဆိုရင် အောင်မြင်ဖို့ အခွင့်အရေး မြင့်မြင့်မားမား ရှိနေဆဲပါပဲ။ အဆိုးဆုံး အခြေအနေကို ကြုံလာရင်တောင် သူတို့က သူတို့ရဲ့ အသက်ဓာတ်ရင်းမြစ်ကို လောင်ကျွမ်းပြီးတော့ အမြန်နှုန်းကို မြှင့်တင်ပြီး ထွက်ပြေးနိုင်ပါတယ်။ အဲဒါဆိုရင် တန်ခိုးရှင်ဘုံက ဆင်းသက်လာတဲ့ တန်ခိုးရှင်တွေဗတောင် သူတို့ကို လိုက်ဖမ်းနိုင်မှာ မဟုတ်ပါဘူး။

"ကောင်းပြီလေ။ ငါက ဒီဂျူနီယာလေးကိုပဲ ငါနဲ့အတူ ခေါ်သွားမယ်"

သူက လင်းဟာန်ကို လက်ညှိုးထိုးပြပြီး အော်ပြောလိုက်ပါတယ်။

"မရဘူး"

ရှီရွှမ်ရွှမ်က ပြတ်ပြတ်သားသားကို ငြင်းဆန်လိုက်ပါတယ်။

Edit with WPS Office

" မိန်းကလေး ခင်ဗျားက အရမ်းကို ဗိုလ်ကျတာပဲ"

မြွေသားရဲဘုရင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက တကယ်ပဲ သူမကို ကြောက်နေတယ်လို့ ထင်နေတာလား။

ရှီရွှမ်ရွှမ်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အမြဲတမ်း ဗိုလ်ကျနေကျပဲ။ နင်မကြိုက်ဘူးလား။ တကယ်လို့ နင့်မှာ အစွမ်းရှိရင် ငါနဲ့ လာတိုက်လေ။ ငါနင့်ကို ဘယ်လိုမျိုး ရင်ဆိုင်မလဲ ဆိုတာကို ပြရသေးတာပေါ့"

မြွေသားရဲဘုရင်က ဒေါသကြောင့် တဆတ်ဆတ် တုန်နေပါတယ်။ ဒီအမျိုးသမီးက တကယ်ပဲ အရမ်းကို ရမ်းကားပါတယ်။ သူက သူမကို ဂရုမစိုက်တော့ပဲ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး လင်းဟန်ကို ဖမ်းဆုပ်လိုက်ပါတယ်။ သူက ဒီမွန်းစတားကို သေအောင်လို့ မရိုက်နိုင်ဘူးဆိုမှတော့ သူ့ကို ဖမ်းခေါ်သွားပြီးမှ

Edit with WPS Office

ထိန်းချုပ်ထားရပါမယ်။

ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ပဆိုရင် သူက တကယ့်ကို လူသားပုံစံ မှော်ဆေးလုံး တစ်ခု အဖြစ် ဆက်ဆံခံရနိုင်ပါတယ်။ သူ့ကိုသန့်စင်ပြီးတဲ့ အခါကျရင် သေချာပေါက် အရမ်းကို အားကောင်းစေပါလိမ့်မယ်။

"အတင့်ရဲလှချည်လား"

သေးသွယ်တဲ့ လက်တစ်ဖက်က ရိုက်ချလာခဲ့ပါတယ်။ အဲဒီလက်က အဆုံးမရှိ ကြီးမားကျယ်ပြန့်ပြီး မြွေသားရဲ့ဘုရင် ဆန့်ထုတ်လိုက်တဲ့ ရောမ လက်ကြီးကို တားဆီးလိုက်ပါတယ်။ ဝုန်း။ လက်ဝါးနှစ်ဖက် ရိုက်မိသွားပြီး ချက်ချင်းဆိုသလို လိုင်းတွန့်တွေ ဖြစ်ပေါ်လာပြီး လေထဲကနေ အရပ်မျက်နှာ အားလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။

ဗုမ်း ဝုမ်း ဝုမ်း။

Edit with WPS Office

ချက်ချင်းဆိုသလို သူတို့အောက်မှာရှိတဲ့ အင်ပါယာမြို့တော်အပေါ်မှာ စက်ဝိုင်းခြမ်းပုံစံ အလင်းရောင် ဒိုင်းကာတစ်ခု ပေါ်လာခဲ့ပါတယ်။ ဒီအားလိုင်းရဲ့ အင်အားက အင်ပါယာမြို့တော်ကို ကာကွယ်ထားတဲ့ အလင်းစက်ဝိုင်းကိုတောင်မှ တုန်ခါပြီးတော့ ပျက်စီးတော့မလို ဖြစ်စေပါတယ်။ ခရက် ခရက် ခရက်။ နေရာတချို့မှာ အက်ကွဲကြောင်းတွေ ပေါ်လာခဲ့ပါတယ်။ ဒီအားလိုင်းက ချက်ချင်းဆိုသလို ရောမ ထိခိုက်ပျက်စီးမှုကြီး ဖြစ်စေပါတယ်။

ကံကောင်းတာက ဒီအလင်းရောင် ဒိုင်းကာကြီး ရှိနေတာကြောင့် အင်ပါယာမြို့တော်က တုန်ပဲ တုန်ခါသွားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အင်ပါယာမြို့တော်က သေချာပေါက် လုံးဝကို ပျက်စီးပြိုလဲသွားပါလိမ့်မယ်။

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က အရမ်းကို အစွမ်းထက်ပါတယ်။

လေထဲမှာရှိတဲ့ စစ်သဘော်ကြီးကိုလည်း အလင်းရောင် ဒိုင်းကြီးတစ်ခုက ဖုံးထားပါတယ်။ စစ်သဘော်ကြီးကလည်း

Edit with WPS Office

ဒီအားလိုင်းတွေရဲ့ အကျိုးသက်ရောက်မှုကြောင့် ရေထဲမှာ လွင့်မျောနေသလိုမျိုး လုပ်ခါသွားပါတယ်။

"ရှီရှွမ်ရှွမ်။ သူ့ကို ဒီနေရာမှာ မတိုက်နဲ့။ ငါ့ရဲ့ အင်ပါယာမြို့တော် ပျက်စီးသွားလိမ့်မယ်"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။ ဒီခုခံကာကွယ်တဲ့ အလင်းရောင်ဒိုင်းကာက အင်ပါယာ မြို့တော်ရဲ့ အထက်မှာရှိတဲ့ အနက်ရောင် မျှော်စင်ရဲ့ ပုံရိပ်ကနေ ဖြစ်ပေါ်လာခဲ့တာပါ။

ဒါက နိုင်ငံစွမ်းအားရဲ့ အံ့မခန်း အသုံးဝင်မှု ဖြစ်ပါတယ်။

တကယ်လို့ သူက မြောက်ပိုင်းဒေသ တစ်ခုလုံးကို ခိုင်ခိုင်မာမာ ပေါင်းစည်းနိုင်ခဲ့ရင် ဖြစ်ပေါ်လာမဲ့ ခုခံကာကွယ်မှုက အရမ်းကို သန်မာလာမှာ ဖြစ်ပြီးတော့ မြွေသားရဲဘုရင်တောင်မှ သူတို့ကို ချိုးဖောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ရီရွှမ်းရွှမ်းရဲ့ ပုံရိပ်က လျှပ်ပြက်သလို လေထဲမှာ မတ်တတ်ရပ်လျက်သား ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ဆံပင်တွေကို မကျေမနပ်နဲ့ ခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး နင်တော်တော် သတ္တိကောင်းနေတာလား။ ငါ့ကိုတောင် လူပုံအလယ်မှာ အမိန့်ပေးရဲတယ်ပေါ့လေ"

"သခင်မခင်ဗျား ကျေးဇူးပြုပြီးတော့ ဒီမြွေအိုကြီးကို တိုက်ထုတ်ပေးပါ။ အဲဒါဆို ပိုကောင်းလား"

လင်းဟာန်က ပြုံးပြုံးလေးနဲ့ မေးလိုက်ပါတယ်။

"ဒါက ရိုးရိုးသားသားနဲ့ ပြောတာမဟုတ်ဘူးဆိုပေမဲ့ ငါက အရမ်းကို ကူညီတတ်တဲ့ ဗီဇရှိတယ်။ ဒါကဘာမှမဟုတ်ပါဘူး။ ဒါကြောင့် နင့်ကို ငါဒီတစ်ကြိမ်တော့ ကူညီပေးလိုက်မယ်"

Edit with WPS Office

ရီရွှမ်ရွှမ်က မြွေသားရဲဘုရင်ဘက်ကို ချာခနဲ လှည့်ပြီးတော့ အလွန်လှပတဲ့ အပြုံးပြုံးပြ လိုက်ပါတယ်။

"တီကောင်လေး။ တကယ်လို့ နင်ထွက်မသွားသေးဘူးဆိုရင် နောက်ထပ် အခွင့်အရေး မရနိုင်တော့ဘူးနော်"

"မင်းကဘယ်သူလဲ မိန်းကလေး"

မြွေသားရဲဘုရင်က ရီရွှမ်ရွှမ်ကို အရမ်းကို သတိထားတဲ့ အကြည့်နဲ့ ကြည့်လိုက်ပါတယ်။ သူက တကယ်ပဲ သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို မသိနိုင်ပါဘူး။ ဒါက သူမရဲ့ ကျင့်ကြံခြင်း အဆင့်ဟာ သူ့ထက်မနိမ့်ကျဘူးလို့ ဆိုလိုတာပါပဲ။

သူမအတွက်တော့ ကျင့်ကြံခြင်း အဆင့်မှာ သူ့ထက် သာလွန်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ စဉ်းစားကြည့်ပါ။ ဒီဘုံထဲမှာ တန်ခိုးရှင်တစ်ယောက် ဆင်းသက်မလာသေး သရွေ့တော့ အမြင့်ဆုံးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုး

Edit with WPS Office

ဖြစ်ပါတယ်။

Chapter 819 end

အပိုင်း(820) အင်အားသုံးပြီး နောက်ဆုတ်စေခြင်း

"ငါလား"

ရှီရွှမ်ရွှမ်က တခစ်ခစ် ရယ်မောလိုက်ပါတယ်။

"ငါက ဒီကဗ္ဘာကြီးရဲ့ နံပါတ်တစ် အချောအလှပဲလေ"

"အဓိပ္ပါယ်မရှိတာ။ ဒီကဗ္ဘာကြီးရဲ့ နံပါတ်တစ် အချောအလှက ညီးညီးပဲ"

ဟူးညီက အောက်ကနေ ဗလုံးဗထွေးနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဒီအချိန်မှာ ဟူးညို ဘာပြောပြော ဘယ်သူကမှ ဂရုမစိုက်နိုင်ပါဘူး။

မြွေသားရဲဘုရင်က ရှီရွှမ်ရွှမ်ကို စိုက်ကြည့်ပြီးတော့ သူမကို ကြည့်နေရင်းနဲ့ တစ်စုံတစ်ခုကို ခွဲခြားသိသွားသလိုမျိုးပါပဲ။ အချိန်အတော်ကြာအောင် စိုက်ကြည့်ပြီးတော့ နောက်ဆုံးမှာ သူက ပြောလိုက်ပါတယ်။

"ဒီနေ့မှာ ငါသေချာပေါက် ဒီကောင်လေးကို ခေါ်သွားရလိမ့်မယ်"

"ဒါဆိုရင် နင်ပြင်ဆင်ထားရလိမ့်မယ်။ နင့်ရဲ့အသက်ကို ဒီနေရာမှာ ချန်ထားခဲ့ဖို့ အတွက်ပေါ့"

ရှီရွှမ်ရွှမ်က သာမန်ကာလျှံကာ ပြောလိုက်ပါတယ်။ မြွေသားရဲ ဘုရင်လို လူတစ်ယောက်နဲ့ ရင်ဆိုင်နေရတဲ့ အချိန်မှာတောင် သူမက အရမ်းကို သက်သောင့်သက်သာ ရှိနေပါတယ်။

Edit with WPS Office

ဒါပေမဲ့ သူမက ပိုပြီးတော့ တည်ငြိမ်လေ မြွေသားရဲ့ဘုရင်က မဆင်မခြင်နဲ့ မလုပ်ဝံ့လေပါပဲ။

အတိတ်တုန်းက သူက သေချာပေါက် အရမ်းကို ယုံကြည်ချက်ရှိပါလိမ့်မယ်။ ဒါပေမဲ့ ခရမ်းရောင်လ အင်ပါယာရဲ့ ထွက်ပေါ်လာမှုနဲ့အတူ နောက်ဆုံးမှာတော့ သူက ကမ္ဘာကြီးက ကျယ်လွန်းပြီ ပိုပြီးတော့ ပါရမီထူးချွန်တဲ့ လူတွေက အမြဲတမ်း ထွက်ပေါ်လာတတ်တယ် ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို နားလည်သဘောပေါက် လာခဲ့ပါတယ်။ ဘုရင်ရှစ်ပါးနဲ့တင်ပဲ သူတို့ကို ခေါင်းခြောက်သွားဖို့ လုံလောက်ပါတယ်။

ဒီအမျိုးသမီးကလည်း လွန်ခဲ့တဲ့ ခေတ်ဟောင်းတချို့က မွန်းစတားအို တချို့ထဲက ဖြစ်နိုင်မလား။

ရီရွှမ်ရွှမ်က မျက်ခုံးပင့်လိုက်ပြီးတော့ မေးလိုက်ပါတယ်။

"နင်က စိတ်ထဲကနေ ငါ့ကို ရှေးဟောင်းခေတ်တချို့က လာတဲ့

Edit with WPS Office

မွန်းစတားအို တစ်ယောက်ဆိုပြီး ကောက်ချက်ချနေတာလား”

လပြွတ်။ လပြွတ်ပဲ။ မင်းက တကယ့်ကို မွန်းစတား တစ်ယောက်ပဲ။ မြွေသားရဲ့ ဘုရင်က သူ့နှလုံးသား အထဲကနေ အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်မိပါတယ်။ သူ့မျက်နှာပေါ်က အမူအရာကလည်း မရည်ရွယ်ပဲနဲ့ အနည်းငယ် ပြောင်းလဲမှု ဖြစ်ပေါ်သွားခဲ့ပါတယ်။

“နင် တကယ်ပဲ ငါ့ကို မွန်းစတားအိုတစ်ယောက်လို့ ခေါ်ဝံ့တဲ့ပေါ့။ တီကောင်စုတ် တီကောင်နာ။ နင်က အရိုက်ခံဖို့ တောင်းဆိုနေတာပဲ”

ရီရွှမ်ရွှမ်က ဒေါသထွက်သွားပြီး ချက်ချင်းဆိုသလို မြွေသားရဲဘုရင်ဆီကို ပြေးဝင်သွား ပါတယ်။

မြွေသားရဲဘုရင်က အမုမဲ့ အမှတ်မဲ့ မနေဝံ့ပဲ လျင်မြန်စွာနဲ့ လေးလေးနက်နက် ဖြစ်လာပြီး သူမကို ဆီးကြိုတိုက်ခိုက် လိုက်ပါတယ်။

Edit with WPS Office

ဝုန်း ဝုန်း ဝုန်း ဝုန်း။

သူတို့နှစ်ယောက်က တိုက်ခိုက်နေရင်းနဲ့ မိုးကောင်းကင်ပေါ်ကို ဆက်ပြီးတော့ တစ်ဟုန်ထိုး ထိုးတက်သွားပါတယ်။ ဒါကြောင့် တိုက်ပွဲက အားလှိုင်းတွေက ပြင်းပြင်းထန်ထန် ပေါက်ကွဲ ထွက်နေဆဲပါပဲ။ သူတို့က အင်ပါယာမြို့တော်ရဲ့ ပတ်ဝန်းကျင်နဲ့ လွတ်သွားပါတယ်။ လင်းဟန်က ကျိတ်ပြီးတော့ခေါင်းညိတ်လိုက်ပါတယ်။ ကြည့်ရတာ ရီရွှမ်ရှမ်က တဖက်လူကို ဘယ်လိုမျိုး အရှုံးလုပ်ရမလဲ ဆိုတာကို ကောင်းကောင်းသိတာပဲ။

သူက လွှားခနဲ ခုန်တက်ပြီးတော့ တိုက်ပွဲကို အနားဝန်းကျင် တစ်နေရာကနေ ကြည့်နေ လိုက်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ သူတွေကလွဲလို့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က လက်ရွေးစင် နှစ်ယောက်အကြား တိုက်ပွဲကို အနီးအနားကနေ စောင့်ကြည့်နိုင်တဲ့ အရည်အချင်း ပြည့်မီသူက သူတစ်ယောက်ပဲ ရှိပါတယ်။

Edit with WPS Office

"ချ ချ ဆော်ပစ်"

ဟူးညိုက သူ့ဘေးနားမှာ ပေါ်လာပြီး လက်ခုပ်လက်ဝါးတီး အားပေးနေပါတယ်။

ဟုတ်သားပဲ သူက ဒီမကောင်းဆိုးဝါး သေးသေးလေး ရှိနေသေးတာကို မေ့သွားခဲ့ပါတယ်။

တိုက်ကွက်အနည်းငယ် အပြီးမှာ မြွေသားရဲဘုရင်ကို ကြည့်ရတာ မျက်နှာထား တင်းမာလာပေမဲ့ အေးအေးဆေးဆေး စိတ်ချလက်ချ ရှိနေပါသေးတယ်။

သူမက တကယ်ပဲ အရမ်းကို သန်မာပြီး သူ့အောက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ဒါပေမဲ့လည်း သူမက သူ့ထက်တော့ မသန်မာပါဘူး။

Edit with WPS Office

တကယ်တော့ ဒီကမ္ဘာကြီးထဲမှာ သာမန်လူတွေ အများကြီး ရှိနေပါသေးတယ်။ ခရမ်းရောင်လ အင်ပါယာထဲက အဲဒီအရူးတွေလိုမျိုးကတော့ သာမန်မဟုတ်တဲ့ လူတွေပါပဲ။

"အဆွေတော် မင်းက တကယ်ပဲ အရမ်းကို သန်မာတယ် ဆိုတာကို ငါဂုဏ်ခံပါတယ်။ ဒါပေမဲ့လည်း မင်းက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ဆန့်ကျင်ဘက် ထိပ်တိုက်ရင်ဆိုင်ဖို့ အရည်အချင်း မပြည့်မီသေးဘူး။ မင်းရပ်လိုက်တာ ကောင်းမယ်လို့ ငါအကြံပေးပါရစေ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းရဲ့ ဘဝတစ်လျှောက်လုံး ကျင့်ကြံအားထုတ်ခဲ့တာက အလဟဿ အချည်းနှီး ဖြစ်သွားလိမ့်မယ်"

မြွေသားရဲဘုရင်က အကြံပေးလိုက်ပါတယ်။

နစ်ဖက်စလုံးရဲ့ တိုက်ပွဲစွမ်းရည်က လက်ရည်ညီနေပါတယ်။ သူသေကိုယ်သေ တိုက်ပွဲတစ်ခုမှာ ဘယ်သူကမှ မသေနိုင်ပါဘူး။ နောက်ပြီးတော့ သူက ဒီပျက်ကပ်ကြီး အပြီးမှာ တန်ခိုးရှင်ဘုံကို ဝင်ရောက်ပြီး တန်ခိုးရှင်တစ်ယောက် ဖြစ်လာဖို့ စောင့်နေပါတယ်။

Edit with WPS Office

ဒီလိုမျိုး အံ့ဩဖွယ်ရာ အနာဂတ် တစ်ခုက သူ့အရှေ့မှာ ရှိနေတာကို သူက ဘယ်လိုလုပ်ပြီးတော့ သေဖို့ဆန္ဒ ရှိမှာလဲ။

"ခစ်ခစ်ခစ် ဉာဏ်နည်းတဲ့ အရူးကောင်။ ငါ့ခွန်အားကို ငါမပြရသေးဘူး။ ပြီးတော့ နင့်ကိုယ်နင် တော်တော်လေး အံ့ဩစရာ ကောင်းနေပြီလို့ ထင်နေတာလား"

ရီရွှမ်ရွှမ်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူမက သွားပေါ်အောင် ပြုံးပြီးတော့ ချက်ချင်းဆိုသလို သူမရဲ့ အနောက်ကနေ သွေးရောင်အတောင်ပံ နှစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။

မဟုတ်ဘူး မဟုတ်ဘူး။ ဒါတွေကို အတောင်ပံလို့ တကယ်ဆို သတ်မှတ်လို့ မရဘူး။ သူတို့မှာ အမွေးအတောင် ဒါမှမဟုတ် အကြေးခွံတွေ မရှိပါဘူး။ အရေပြားနဲ့ ပြုလုပ်ထားတဲ့ အရမ်းကို ပါးလွှာတဲ့ တောင်ပံတွေနဲ့ တူပြီးတော့ လင်းနို့တစ်ကောင်နဲ့ ပိုတူပါတယ်။

"မင်း မင်း မင်းက ဘယ်သူလဲ"

Edit with WPS Office

မြွေသားရဲဘုရင်က ဆက်ပြီးတော့ မတည်ငြိမ် နိုင်တော့ပါဘူး။ သူမရဲ့ အတောင်ပံကို ဖြန့်လိုက်တဲ့ အခိုက်အတန့်မှာ သူမရဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို ပြင်းပြင်းထန်ထန် ပေါက်ကွဲထွက်လာပြီးတော့ ရုတ်တရက် သူ့အပေါ်ကို လွှမ်းမိုးသွားပါတယ်။

အဲဒါက သူ့ကို လစန္ဒာဘုရင်တို့ ဘုရင်ရှစ်ပါး အကြောင်း အမှတ်ရစေပါတယ်။ ချက်ချင်းဆိုသလို သူ့နှလုံးသား အထဲက အစွမ်းထက်တဲ့ အရိပ်မည်းတစ်ခု မြင့်တက်လာခဲ့ပါတယ်။ သူက ဒီရက်အနည်းငယ် အတွင်းမှာ အဲဒီလူထူးလူဆန်း ရှစ်ယောက်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့် တကယ်လို့ သူတောင်မှ သူတို့ကို မေ့မဖြစ်နိုင်ဘူးဆိုရင်တောင် သူဘာမှမတတ်နိုင်လို့ ဖြစ်ပါတယ်။

"နင်သိဖို့ ထိုက်တန်တယ်လို့ ထင်နေတာလား"

ရှီရွှမ်ရွှမ်က အထင်အမြင်သေးစွာနဲ့ မေးလိုက်ပါတယ်။ သူမက လက်ဝါးတစ်ချက် ရိုက်ထုတ် လိုက်ပြီး ရုတ်ချည်းဆိုသလို

Edit with WPS Office

မရေမတွက်နိုင်တဲ့ ကြယ်တာရာတွေက မိုးကောင်းကင်ကနေ ကျဆင်းလာခဲ့ပါတယ်။ မိုးကောင်းကင်ပေါ်မှာ တွန့်ခေါက်အာကာသ အပေါက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး။ သေချာပေါက် ကြယ်ဆယ့်ငါးလုံးပဲ။

ဒုတိယ စကားမဆိုပဲ မြွေသားရဲ ဘုရင်က ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံး ကွာဟချက်က ကောင်းကင်နဲ့ မြေကြီးအကြား ကွာဟချက်လောက် ရှိတယ်လို့ ဆိုလိုပါတယ်။ အဲဒါက ပိုပြီးတော့ အားနည်းတဲ့ အဖွဲ့က သေချာပေါက် ရှုံးနိမ့်မယ်လို့ ဆိုလိုတာပါပဲ။ နောက်ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်နှစ်လုံးပဲ ရှိပါတယ်။ ဒါကြောင့် တိုက်ပွဲစွမ်းရည် ကြယ်သုံးလုံးတောင် ကွာဟနေပါတယ်။ အဲဒါက သူမရဲ့လက်ကို အသာလေး ဖော့ယမ်းလိုက်ရုံနဲ့ သူ့ကို လွယ်ကူစွာ လွှမ်းမိုးနိုင်တယ်လို့ ဆိုလိုတာပါပဲ။

Edit with WPS Office

ပြေးစမ်း။ ပြေးစမ်း။ ပြေးစမ်း။

သူက စစ်သဘော်ဆီကို ပြန်လာခဲ့ပြီး အလျင်အမြန်ပဲ သဘော်ရဲ့ ခုခံမှု စွမ်းအားကို နှိုးဆွပြီး သူကိုယ်တိုင်လည်း အကြွင်းမဲ့ ဆေဘာဓားရဲ့ အကာအကွယ်ကို ယူပြီးတော့ ထွက်ပြေးပါတယ်။ သူတို့အနေနဲ့ သူတို့ရဲ့ အသက်ရှင်သန်မှုအတွက် သွေးခင်းလမ်းကို ဖြတ်တောက်ပြီး ပြေးမှပဲ ရပါလိမ့်မယ်။

ရှီရွှမ်ရွှမ်က သူ့ကိုလိုက်ဖမ်းဖို့ အကြံအစည် မရှိပါဘူး။ သူမရဲ့ အတောင်ပံတွေကို ပြန်ရုပ်သိမ်းပြီး ပျင်းရိစွာနဲ့ သမ်းလိုက်ပြီးတော့ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို အပြည့်အဝ ထုတ်ဖော်ပြသလိုက် သလိုပါပဲ။

ဟူးညိုက နတ်ခမ်းထော် မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မြေခွေးမ"

Edit with WPS Office

သူမ အမုန်းဆုံး အရာက သူမရဲ့ အရှေ့မှာ တခြားအမျိုးသမီးတွေက သူတို့ရဲ့ ကောက်ကြောင်း အလှအပတွေကို လာပြနေတာပဲ ဖြစ်ပါတယ်။

လင်းဟန်က သူတို့အရှေ့က စစ်သဘောင်္ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ မေးလိုက်ပါတယ်။

"မင်းဘာဖြစ်လို့ လိုက်မဖမ်းတာလဲ"

"ငါက မင်းရဲ့အိမ်ကို စောင့်ကြည့်ပေးဖို့ ကူညီမယ်လို့ပဲ သဘောတူထားခဲ့တာလေ။ မင်းအတွက် ဓားပြတွေကို တိုက်ခိုက်ပေးမယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး"

ရှီရွှမ်ရွှမ်က တခစ်ခစ် ရယ်မောလိုက်ပါတယ်။ အဲဒီနောက် ခေါင်းစဉ်ပြောင်းပြီးတော့ သူမက ပြောလိုက်ပါတယ်။

Edit with WPS Office

"တကယ်လို့ နင်က ငါ့ကို လုပ်ရှားစေချင်တယ်ဆိုရင် မဖြစ်နိုင်တာတော့ မရှိပါဘူး။ ဒါပေမဲ့ နင်က ငါ့ကို ဘယ်လိုအကျိုးအမြတ် ပေးမှာလဲ"

"ငါတို့က သူငယ်ချင်းတွေပဲဟာ။ အကျိုးအမြတ် အကြောင်းကို ပြောတာက အရမ်းကို ညစ်ပတ်ရာ မကျဘူးလား"

လင်းဟာန်က တရားမျှတဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

"ထွီ။ ငါ့ကို ဒီလိုလှည့်ကွက်သုံးဖို့ မကြိုးစားနဲ့။ တကယ်လို့ နင့်ရဲ့လျှို့ဝှက်ချက် အားလုံး ငါ့ကို ပြောပြမယ်ဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်း မကလို့ ခရမ်းရောင်လ အင်ပါယာပဲဖြစ်ဖြစ် မြေကြီးထဲ ရောက်တဲ့အထိ ငါလှုပ်ရှားနိုင်တယ်။ ဘယ်လိုလဲ"

ရီရွှမ်ရွှမ်က ကမ်းလှမ်းလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က ဟ လို တစ်ချက်အော်လိုက်ပြီးတော့ ပြန်ခံပက်လိုက်ပါတယ်။

"အိပ်မက်ပဲ မက်နေလိုက်။ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အုတ်မြစ်က အရမ်းကို အားကောင်းတယ်။ ဒါကြောင့် သူတို့ဆီမှာ ဘယ်လောက်တောင် အံ့သြစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေ ရှိဦးမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ခရမ်းရောင်လ အင်ပါယာ အတွက်ကတော့ ဖက်တီးမာက အရင်က ဘယ်တုန်းကမှ မလုပ်ရှားခဲ့ဘူး။ သူ့ရဲ့ စွမ်းအားက ထိတ်လန့်တုန်လုပ်စရာ ကောင်းလွန်းလို့လဲ ဘုရင်ရှစ်ပါးကို အမိန့်ပေးနိုင်စွမ်း ရှိတာပေါ့"

"ငါလည်း အရမ်းကို အစွမ်းထက်တယ်လေ။ မဟုတ်ဘူးလား"

ရှီရွှမ်ရွှမ်က မကျေမနပ်နဲ့ ပြန်ထောက်လိုက်ပါတယ်။

"မင်းရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်က အများဆုံး ကြယ်ဆယ့်ငါးလုံးပဲ

Edit with WPS Office

ရှိလိမ့်မယ်။ ဒီလောက်နဲ့ မင်းက ဒီကမ္ဘာကြီးထဲက နေရာအားလုံးကို ရှင်းထုတ်ပစ်ချင်နေတာလား”

“ခက်တယ် ခက်တယ်”

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။
နောက်ထပ်နှစ်အနည်းငယ် ကြာပြီးရင် ဟော့လျန်ထန်းယွင်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးနဲ့အတူ အထွတ်အထိပ်ကို ပြန်ရောက်လာနိုင်စွမ်း ရှိပါလိမ့်မယ်။ အဲဒီအခါကျရင် ငါကမင်းကို နောက်တစ်ကြိမ် မင်းကြောက်နေပြီလားလို့ မေးရမှာလား။

ရီရွှမ်ရှမ်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ ဒီဘုံကြောင့် ငါဟာ တားမြစ်မခံရဘူးဆိုရင် ငါ့စွမ်းရည်ရဲ့ တစ်ထောင်ပုံ တစ်ပုံကို အသုံးပြုရုံနဲ့ ဒီဘုံတစ်ခုလုံးကို ချေမှုန်းပစ်ဖို့ လုံလောက်တယ်”

Edit with WPS Office

"ဒါက အဓိပ္ပါယ်ရော ရှိရဲ့လား။ တန်ခိုးရှင်ဘုံထဲမှာ တန်ခိုးရှင်တွေ အများကြီးရှိတယ်။ ဘယ်တန်ခိုးရှင်မဆို ဒီလိုမျိုး လုပ်နိုင်စွမ်း ရှိတာပဲ။ ဒါကြောင့် မင်းအတွက် ပြဿနာ ကြုံဖို့ မလိုပါဘူး"

ရီရွှမ်ရွှမ်ရဲ့ နဖူးပေါ်က သွေးကြောတစ်ခု ထောင်လာပြီးတော့ သူမက ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး။ ငါနင့်ကို အရင်ဆုံး ရိုက်မှပဲ နင်ယုံမှာလား။ နင့်ခန္ဓာကိုယ်က တောင့်တင်းသန်မာတာနဲ့ပဲ ငါ့မှာ သံမဏိကို ပျော့အောင်လို့ လုပ်နိုင်တဲ့ နည်းလမ်းမရှိဘူးလို့တော့ မထင်လိုက်နဲ့"

လင်းဟာန်က ဒီမကောင်းဆိုးဝါး အမျိုးသမီးကို အရမ်းကြီး စော်ကားမော်ကားပြောဖို့ အစီအစဉ် မရှိပါဘူး။

"ဟီးဟီး ဒီနေ့ ရာသီဥတုက သိပ်မဆိုးဘူး။ လေပြေလေညှင်းလေးတွေ တိုက်ပြီးတော့ နေရောင်ခြည်ကလည်း

Edit with WPS Office

နွေးထွေးတယ်။ လက်ဘက်ရည်ကြမ်းလေးဘာလေး သောက်ကြစို့”

“လက်ဘက်ရည်ကြမ်းက မကောင်းဘူး။ အသားစားကြမယ်လေ”
ဟူးညိုက ချက်ချင်းပဲ ဝင်ပြောလိုက်ပါတယ်။

ရီရွှမ်ရွှမ်က မနေနိုင်ပဲ ရယ်မောလိုက်မိပါတယ်။ သူမက
ပြောလိုက်တယ်။

“ဟူးညိုကြောင့် နင့်အဆင့်ကို ချပစ်ဖို့ ငါမလုပ်တော့ဘူး။
ဒါပေမဲ့လည်း စာအုပ်ထဲမှာ ငါက နင့်ကို ဘယ်နှစ်ကြိမ် ကူညီခဲ့တယ်
ဆိုတာကို ချရေးထားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်။
အနာဂတ်မှာ ဒီအတွက် နင်က ပြန်ပြီးတော့ မျက်နှာသာ
ပေးရလိမ့်မယ်”

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"လူတွေ အမြဲတမ်း ပြောတတ်ကြတာက မင်းရဲ့ကြင်နာမှုအတွက် ပြန်ပြီးတော့ ပေးဆပ်ဖို့ ဆန္ဒ လုံးဝမရှိသင့်ဘူးတဲ့။ ဘာဖြစ်လို့ မင်းက ဒါကို နားမလည်နိုင်လောက်အောင် သနားဖို့ ကောင်းနေတာလဲ"

"နင်အဲဒါကို မကြိုက်ဘူးလား။ ငါ့ကိုလာကိုက်လေ"

ရှီရွှမ်ရွှမ်က သူမရဲ့ ရင်ဘတ်ကို ကော့လိုက်ပြီး သူမရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေက အရှေ့ကို ပြူးထွက်လာခဲ့ပါတယ်။

"ညီးညီးရဲ့ အရှေ့မှာ နင့်ရဲ့ရင်သားတွေကို လာမပြနဲ့"

ဟူးညီက ဒေါသထွက်သွားပါတယ်။ ဘာဖြစ်လို့ သူတို့အားလုံးက သူမရဲ့ အရွယ်အစား သေးငယ်မှု အပေါ်မှာ အမြတ်ထုတ်ချင်နေကြရတာလဲ။

"ဘာကြီးလဲ"

Edit with WPS Office

သူတို့သုံးယောက်က မြေပြင်ပေါ်ကို ဆင်းမလို့ ပြင်လိုက်တဲ့အခါမှာ အဝေးကနေ မြင်းလှည်းအိမ် တစ်စီး လာနေတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့လည်း အဲဒီမြင်းလှည်းအိမ်က မြေပြင်ပေါ်မှာ ခရီးသွားနေတာ မဟုတ်ပဲ လေထဲကနေ လာနေတာပါ။ မြင်းလှည်းအိမ်ကို ဆွဲလာတဲ့ မိစ္ဆာသားရဲက တကယ်ပဲ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်မှာ ရှိပါတယ်။ သူ့ပုံစံက ခြင်္သေ့တစ်ကောင် ဖြစ်ပြီးတော့ အရှိန်အဝါကို ထုတ်လွှတ်လိုက်ရင်ပဲ ကမ္ဘာကြီး အက်ကွဲသွားစေဖို့ လုံလောက်ပါတယ်။

ရှီရွှမ်ရွှမ်က ချက်ချင်းပဲ မျက်မှောင်ကြုတ် လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ အစွမ်းထက်တဲ့ ရန်သူတစ်ယောက် ရောက်လာပါပြီ။

သူမရဲ့ မျက်လုံးတွေက စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် မိစ္ဆာသားရဲပေါ်ကနေ ကျော်ပြီးတော့ ကြည့်လိုက်တဲ့ပြီး မြင်းလှည်းအိမ်ထဲက လူကို တိုက်ရိုက်တွေ့မြင်သလိုမျိုး လေ့လာစူးစမ်းနေတဲ့ ပုံစံပေါက်ပါတယ်။ အထဲမှာ ထိုင်နေတဲ့သူက တကယ်ပဲ အစွမ်းထက်တဲ့ ရန်သူ ဖြစ်ပါတယ်။

Edit with WPS Office

Chapter 820 end

Edit with WPS Office

အပိုင်း(821) လစန္ဒာဘုရင်နဲ့ ရှီရွှမ်ရှမ်ရဲ့ တိုက်ပွဲ

လင်းဟန်က သူ့လက်ကို မြှောက်ပြီးတော့ ပြုံးပြုံးပြီး နှုတ်ဆက်လိုက်ပါတယ်။

"အရှင်လစန္ဒာဘုရင် ရောက်လာတာပဲ။ ထွက်လာပြီးတော့ ခရီးဦးကြိုဆို နှုတ်မဆက်မိတဲ့အတွက် တောင်းပန်ပါတယ်"

"ခစ်ခစ်ခစ်ခစ်"

မယုံနိုင်စရာကောင်းအောင် ဆွဲဆောင်မှု ပြင်းထန်တဲ့ ရယ်သံလွင်လွင်တစ်ခုက လှည်းအိမ်ထဲက ထွက်ပေါ်လာခဲ့ပြီး ဒီအသံကို ကြားရတဲ့သူတိုင်းကို မရေမတွက်နိုင်တဲ့ လက်သေးသေးလေးတွေနဲ့ ကလိလာထိုးနေသလိုမျိုး ယားကျိယားကျိနဲ့ ဖြစ်စေပါတယ်။

Edit with WPS Office

“မြေခွေးမကြီး”

ရီရွှမ်ရွှမ်နဲ့ ဟူးညိုတို့ နှစ်ယောက်စလုံးပဲ တပြိုင်နက်တည်း ပြောလိုက်ကြပါတယ်။

မြင်းလှည်းအိမ်ရဲ့ တံခါးပွင့်သွားပြီး ရိုက်ဖိုကြီးငယ် အသွယ်သွယ်နဲ့ ပြည့်စုံတဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် ဆွဲဆောင်မှု ညှို့အားပြင်းထန်တဲ့ လုံကြီးပေါက်လှ မိန်းမပျို တစ်ယောက် ထွက်လာခဲ့ပါတယ်။ ရုပ်ရည်သွင်ပြင်နဲ့ ပတ်သက်ရင် ရီရွှမ်ရွှမ်က သူမကို ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါပေမဲ့ ဟန်ပန်အမူအရာနဲ့ ပတ်သက်ရင် ရီရွှမ်ရွှမ်က တင့်တယ်ပြီး ကျက်သရေရှိပေမဲ့ တစ်ဖက်လူနဲ့ ယှဉ်လိုက်ရင် သူမက မှေးမှိန်သွားခဲ့ပါတယ်။

ဒါက သာမန်ထက် လွန်ကဲတဲ့ မွေးရာပါ အလှအပတစ်ခု ဖြစ်ပါတယ်။ သူမက ကမ္ဘာကြီး တစ်ခုလုံးကို ညှို့ယူဆွဲဆောင်ဖို့ မွေးဖွားလာတာ ဖြစ်ပြီးတော့ တကယ့်ကို စစ်မှန်တဲ့ ကပ်ဘေး ဒုက္ခတစ်ခုပါပဲ။

Edit with WPS Office

သူမကတော့ လစန္ဒာဘုရင်ပဲ ဖြစ်ပါတယ်။

"အိုး မောင်ငယ်လေး"

လစန္ဒာဘုရင်က တင့်တယ်လှပစွာနဲ့ နုတ်ဆက်လိုက်ပြီး အဲဒီနောက်မှာ သူမရဲ့လက်တွေကို တင်ပါးပေါ်မှာ ထောက်ထားပြီး အလွန့်အလွန် ဆွဲဆောင်နိုင်တဲ့ ဟန်ပန်အမူအရာမျိုး လုပ်လိုက်ပါတယ်။ သူမကို တွေ့မြင်လိုက်တဲ့ ဘယ်သူမဆို မျက်နှာတွေ နီရဲသွားပါလိမ့်မယ်။

"ကြည့်ပါဦး။ ငါက ပိုငယ်သွားပြီးတော့ ပိုမချောလာဘူးလား"

လင်းဟန်က အရင်တုန်းကဆိုရင် အမျိုးသမီးတွေကို နားလည်သဘောပေါက်တဲ့ နေရာမှာ ငတုံးငအ တစ်ယောက် အဆင့်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက နှစ်ထောင်ပေါင်းများစွာ ကုန်လွန်ခဲ့တာတောင်မှ ကောင်းကင်ဖီးနစ် နတ်မိမယ်က

Edit with WPS Office

သူ့ကိုတကယ်ပဲ နှစ်သက်သဘောကျ နေတယ်ဆိုတာကို သတိမပြုခဲ့မိပါဘူး။ ဒါပေမဲ့ သူက ဟော့လျှန်ချွင်ရှယ်နဲ့ မထင်မှတ်ပဲ ဆက်ဆံမိပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ နားလည်းသဘောပေါက်နိုင်စွမ်းက အနည်းငယ် တိုးတက်လာခဲ့ပါတယ်။

"အင်း။ လစန္ဒာဘုရင်က တကယ်ပဲ အရင်ကထက် ပိုနုပျိုပြီးတော့ ချောလာတယ်"

သူက မြှောက်ပင့်လိုက်ပါတယ်။

ဒီမြေခွေးမကြီးက သူမရဲ့ ငယ်ရွယ်နုပျိုမှုနဲ့ ပတ်သက်ပြီး မာထိုပေါင်ကိုတောင် ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့ပါသေးတယ်။ ဒါကြောင့် သူက သေချာပေါက် ဒီကိစ္စကို မှတ်ထားပြီး သူမအလိုကျ ပြောပေးရပါမယ်။ လက်ရှိ သူက ရိုက်နှက်မှုဒဏ်ကို အတော်လေးကို တောင့်ခံနိုင်စွမ်း ရှိတယ် ဆိုပေမဲ့ လစန္ဒာဘုရင်ရဲ့အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်နဲ့ဆိုရင် တကယ်လို့ သူမက သူ့ကို တစ်ချက်တည်းနဲ့

Edit with WPS Office

မသတ်ပစ်နိုင်ဘူးဆိုရင်တောင် သူ့ကို နာကျင်အောင်
ရိုက်နှက်ဖို့ဆိုတာ သူမအတွက်တော့ ခက်ခဲမှုတစ်ခု ဖြစ်လိမ့်မှာ
မဟုတ်ပါဘူး။

လစန္ဒာဘုရင်က ရုတ်ချည်းဆိုသလို အပြုံးပန်း ဝေဆာသွားပါတယ်။
အဲဒီနောက် သူမက ရီရွှမ်ရွှမ်ဘက်ကို လှည့်ပြီးတော့
မေးလိုက်ပါတယ်။

"ဒီက အစ်မကြီးကို ဘယ်လိုခေါ်ရမလဲရှင်"

"ငါက အစ်မကြီးလို့ မခံယူဝံ့ပါဘူး"

ရီရွှမ်ရွှမ်ရဲ့ လှပတဲ့ မျက်နှာက ချက်ချင်းဆိုသလို အေးစက်စက်
ဖြစ်သွားပါတယ်။

"ဘယ်လိုပဲကြည့်ကြည့် နင်က ငါ့ထက် ပိုပြီးတော့တောင်

Edit with WPS Office

အသက်ကြီးသေးတယ်”

“ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒီအသားအရေကို တစ်ချက်ကြည့်လိုက်စမ်းပါ။ ငါသိပါတယ် ဒီကအစ်မကြီးက ငါ့ထက် အနည်းဆုံး နှစ်ထောင်ဂဏန်း နည်းနည်းလောက် ပိုအသက်ကြီးတယ် ဆိုတာကိုပေါ့”

လစန္ဒာဘုရင်က တကယ်ပဲ သူမပြောချင်တာ မှန်သမျှကို ပြောချဝံ့ပါတယ်။

ရှီရွှမ်ရွှမ်ရဲ့ နဖူးပေါ်က သွေးကြောတစ်ခုက ချက်ချင်းပဲ ဖောင်းကြွလာခဲ့ပါတယ်။ သူမက ပြုံးပြီးတော့ ပြောလိုက်တယ်။

“ငါကြားဖူးတာတော့ နင်တို့တွေက နှစ်ပေါင်းနှစ်သောင်းကျော်လောက် မြုပ်ခံထားရတယ်ဆို။ ခစ်ခစ်ခစ် ဒါဆို ငါ့ထက်ပိုပြီးတော့ အသက်ကြီးလိမ့်မယ်။ ဒါကြောင့် နင်ကမှ တကယ့် အစ်မကြီးပဲ။ မဟုတ်ဘူးမဟုတ်ဘူး အစ်မကြီး မဟုတ်သေးဘူး။ အဘွားဆိုမှ မှန်မယ်”

Edit with WPS Office

လစန္ဒာဘုရင်က တင့်တယ်လှပစွာနဲ့ တစ်ခစ်ခစ် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ခစ်ခစ်ခစ် ငါက ခဏလောက်ပဲ တစ်မှေးအိပ်စက်လိုက်တာပါ။ အချိန်အရင်းအမြစ် အရည်က ငါ့ခန္ဓာကိုယ် အပေါ်က အချိန်ရဲ့ ဖြတ်သန်းမှုကို နှေးကွေးသွားစေခဲ့တယ်။ ဒါကြောင့် အများဆုံး ငါက နှစ်နည်းနည်းလေးလောက်ပဲ အိပ်ပျော်သွားခဲ့တာပါ။ ငါ့ကို အဘွားတစ်ယောက်လို ဆက်ဆံတာကို မခံယူဝံ့ပါဘူး။ ဒါကြောင့် ရှိသေလေးစားသမှု အပြည့်နဲ့ နင့်ကို အစ်မကြီးလို့ ခေါ်တာက ပိုပြီးတော့ ကောင်းမှာပဲ"

"နင်ပဲ အစ်မကြီး"

"နင်ကမှ အစ်မကြီး။ နင်မိသားစု တစ်ခုလုံး အစ်မကြီးတွေပဲ"

အမျိုးသမီးနှစ်ယောက်က တစ်ယောက်ကို တစ်ယောက်

Edit with WPS Office

ဒေါ်သအမျက် ခြောင်းခြောင်းထွက်ပြီး ကြည့်နေကြပါတယ်။

လင်းဟန်က တကယ့်ကို နားမလည်နိုင်တော့ပါဘူး။ ဒါက အမည်တပ် ခေါ်တာလေး တစ်ခုပဲလေ။ ဒါကြောင့် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာများ အရေးကြီးတာ ရှိလို့လဲ။ ဒီအမျိုးသမီး နှစ်ယောက်ရဲ့ အပြုအမူတွေကို ကြည့်လိုက်ရင် သူတို့ပုံစံက တိုက်ပွဲတစ်ခုကို စတင်ဖို့ အဆင့်သင့် ဖြစ်နေကြပုံပါပဲ။ ဒီတိုက်ပွဲရဲ့ ဖျက်ဆီးခြင်း စွမ်းအားက သေချာပေါက်ကို ရီရှမ်ရှမ်နဲ့ မြွေသားရဲ ဘုရင်တို့ တိုက်ခိုက်တုန်းကထက် သာလွန်ပါလိမ့်မယ်။ ပြောရမယ်ဆိုရင် နောက်ထပ် အဆင့် တစ်ခုကို ရောက်နေတယ်လို့ ပြောရပါမယ်။

ဟူးညိုကတော့ ပီတိဖြာပြီးတော့ တက်ကြွနေပါတယ်။ သူမက တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပြောလိုက်တယ်။

"တိုက်ကြ မြန်မြန်တိုက်ကြ။ နှစ်ယောက်စလုံး တိုက်ခိုက်ရင်းနဲ့ သေသွားတာ အကောင်းဆုံးပဲ"

Edit with WPS Office

လင်းဟန်က အကြံပြုလိုက်ပါတယ်။

“အရှင်လစန္ဒာဘုရင် မင်းက ခရီးဝေးကြီးကနေ လာခဲ့ရတာဆိုတော့ ပင်ပန်းနေရောပေါ့။ ဘာဖြစ်လို့ အောက်ကိုဆင်းပြီး လက်ဘက်ရည်ကြမ်း မသောက်တာလဲ”

“ထွက်သွားစမ်း”

အမျိုးသမီး နှစ်ယောက်စလုံးက တပြိုင်နက်တည်း လုပ်ရှားလိုက်ကြပါတယ်။ ဘုန်း။ လင်းဟန်က မိုင်ပေါင်းရာနဲ့ချီတဲ့ အဝေးကို လွင့်စဉ်ထွက်သွားပါတယ်။

လပ္ပြတ်ပဲလေ။ ငါက တိုက်ပွဲကို ရပ်တန့်ဖို့ ကြိုးစားရုံပဲကို ဘာဖြစ်လို့ ဒီလိုမျိုး ကပ်ဘေးဒုက္ခနဲ့ သူက ရင်ဆိုင်ခံစားရတာလဲ။

Edit with WPS Office

"လာစမ်းပါ။ နင့်ရဲ့စွမ်းရည်ကို ငါတစ်ချက်လောက် ကြည့်ဦးမယ်"

"ခစ်ခစ်ခစ် ဒါက ငါ့သဘောဆန္ဒနဲ့ ကွက်တိပဲ"

အမျိုးသမီး နှစ်ယောက်က လေထဲကို နောက်တစ်ကြိမ် ခုန်တက်သွားပြီးတော့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို စတင်လိုက်ကြပါတယ်။

ဒီအမျိုးသမီး နှစ်ယောက်ကို ကြည့်ရတာ သူတို့ရဲ့ အသိစိတ်တွေ လုံးဝကို ဆုံးရှုံးသွားပုံတော့ မပေါ်ပါဘူး။ သူမတို့အောက်မှာရှိတဲ့ အင်ပါယာမြို့တော် ထိခိုက်ပျက်စီးမှုကနေ ရှောင်ရှားရမယ် ဆိုတာကို သိနေပါသေးတယ်။ ဒါပေမဲ့လည်း အရင်ဆုံး အခိုက်အတန့်မှာပဲ သူတို့တွေက သူတို့ရဲ့ အဆုံးစွန် တိုက်ကွက်တွေကို ထုတ်ဖော်ပြီး လေထဲမှာ အရမ်းကို ရက်စက်ကြမ်းကြုတ် ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပါတယ်။

Edit with WPS Office

"သွေးဝါးမျိုးကန္တာ"

"လစန္ဒာ သိုင်းရှစ်ကွက်"

အမျိုးသမီး နှစ်ယောက် အကြားက တိုက်ကွက်တွေ ဖလှယ်မှု အတွင်းမှာ သူတို့က ချက်ချင်းပဲ အစွမ်းထက်တဲ့ တိုက်ကွက်တွေကို ထုတ်ဖော်တာကြောင့် မယုံနိုင်စရာကောင်းတဲ့ ကြောက်မက်ဖွယ်ရာ အစွမ်းတွေကို ထုတ်ဖော်ပြသနေ ကြပါတယ်။

လင်းဟာန်က အံ့သြလေးစားလို့ နေပါတယ်။ ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည် ဖြစ်ပါတယ်။ နှိုင်းယှဉ်ရမယ်ဆိုရင် မြွေသားရဲဘုရင်က ကလေးတစ်ယောက် သက်သက်ပါပဲ။

"သူတို့နှစ်ယောက်စလုံးရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံးရှိပြီး မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်နဲ့ အဆင့်တူတူ ရှိလောက်တယ်။ ပြီးတော့ ဧရာမ ငွေပင့်ကူကြီးနဲ့ရောပဲ။ ဒါက

Edit with WPS Office

တိုက်ပွဲစွမ်းရည် ကြယ်သုံးလုံးရဲ့ ကွာဟချက်လေး တစ်ခုပဲ ဆိုပေမဲ့ သူတို့တွေက မြွေသားရဲ့ ဘုရင်ထက် အဆပေါင်းများစွာ သန်မာအားကောင်းကြတယ်။ ဟိုနဂါးအိုကြီးက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်မလဲ ဆိုတာကို ငါမခန့်မှန်းနိုင်ဘူး။ တိုက်ပွဲကြယ် နှစ်ဆယ်လုံးတဲ့လား”

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

ဒါပေမဲ့လည်း တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ လူတစ်ယောက် ထွက်ပေါ်လာနိုင်တယ် ဆိုမှတော့ ဘာဖြစ်လို့ ဒုတိယမြောက် တတိယမြောက် မထွက်ပေါ်လာနိုင်မှာလဲ။ ဘယ်သူသိ နိုင်မှာလဲ။ ဂိုဏ်းကြီးငါးဂိုဏ်းမှာ ဒီလိုမျိုး လက်ရွေးစင်တွေ ရှိလား မရှိဘူးလား ဆိုတာကိုပေါ့။

မရှိဖို့တော့ မျှော်လင့်ရတာပဲ။

အချိန်တော်တော်ကြာ တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လေထုက ရုတ်တရက် ငြိမ်သက် တိတ်ဆိတ်လာခဲ့ပါတယ်။ လစန္ဒာဘုရင်နဲ့

Edit with WPS Office

ရီရွှမ်ရွှမ်တို့ နှစ်ယောက်စလုံး ဆင်းလာခဲ့ပါတယ်။ သူမတို့ရဲ့ အဝတ်အစားတွေ အပေါ်မှာ ဆုတ်ပြဲရာတွေ ပေါက်ပြဲရာတွေ အနည်းငယ် ရှိပြီး သူမတို့ရဲ့ နှင်းလိုဖွေးဆွတ်နေတဲ့ အသားအရေကို တွေ့မြင်နေရပါတယ်။ မျက်စိနဲ့ ဖျတ်ခနဲ ကြည့်လိုက်ရင်ပဲ ရမ္မက်စိတ်ကို နှိုးကြွစေမဲ့ အတွင်းပိုင်းက ဖုံးကွယ်ထားတဲ့ အလှအပတွေတောင် မြင်နိုင်ပါတယ်။

ဒါပေမဲ့လည်း အမျိုးသမီး နှစ်ယောက်က သူမတို့ရဲ့ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းကိုယ်စီကနေ ဂတ်ရုံရှည်တစ်ခုစီကို ဆွဲထုတ်ယူပြီးတော့ ခြုံလိုက်ကြပါတယ်။ ဒါကြောင့် လင်းဟာန်အနေနဲ့ အကြာကြီး မျက်စိအစာကျွေးလို့ မရနိုင်ပါဘူး။

"တကယ်လို့ ငါ့ရဲ့ စွမ်းရည် အပြည့်အဝ အသုံးပြုနိုင်မယ်ဆိုရင် နင့်ကို လက်ချောင်းလေး တစ်ချောင်းထဲနဲ့ လွင့်ထွက်သွားအောင် လုပ်နိုင်တယ်"

ရီရွှမ်ရွှမ်ရဲ့ ဒေါသတွေက မလျော့သေးပါဘူး။

Edit with WPS Office

လစန္ဒာဘုရင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နင်က တန်ခိုးရှင်ဘုံကပဲ။ ဒါပေမဲ့လည်း ဒီဘုံရဲ့ တားမြစ်ထားမှုကြောင့် နင့်မှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးပဲ ရှိတယ်။ ဒါက ဘာကိုဆိုလိုလဲဆိုရင် နင် အတိတ်တုန်းက အဆင့် မတက်ခင်မှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးပဲ ရှိခဲ့တယ်လို့ ပြောလိုက်တာပဲ။ ဒါက ငါ့ထက် ဘယ်လိုမှ မသန်မာနိုင်ဘူး"

လင်းဟာန်က ခေါင်းရှုပ်သွားပြီးတော့ ဂင်ရောက်စွက်ဖက်လိုက်ပါတယ်။

"တန်ခိုးရှင်ဘုံကို တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံး ရှိမှပဲ တက်နိုင်တာ မဟုတ်ဘူးလား"

ရီရွှမ်ရွှမ်က သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"လောကဘုံရဲ့ တားမြစ်မှုတွေက ရိုးရိုးလေး တွက်ချက်ထားတာ မဟုတ်ဘူး။ အမှန်တော့ ဒီဘုံရဲ့ အမြင့်ဆုံး အကန့်အသတ်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးပဲ။ ဒါပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုးကို နင်ရောက်တဲ့ အချိန်ကျရင် တိုက်ပွဲစွမ်းရည် ဘယ်လောက်ပဲ ရှိရှိ နင့်ကိုယ်ပိုင် ပါရမီ အပေါ်မှာပဲ မူတည်လိမ့်မယ်"

လင်းဟန်က နောက်ဆုံးတော့ နားလည်သဘောပေါက်သွားပြီး ပြောလိုက်ပါတယ်။

"ဒါဆိုရင် မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုးကို ဖိနှိပ်ထိန်းချုပ် ခံရတာပဲ။ မင်းရဲ့ တိုက်ပွဲစွမ်းရည်ကို စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးထိ ထိန်းချုပ်ခံထားရတာ မဟုတ်ဘူးပေါ့"

ဒီနှစ်ခု အကြားမှာ ကြီးမားတဲ့ ကွာခြားမှု တစ်ခု ရှိပါတယ်။ ဥပမာ။

Edit with WPS Office

ဟော့လျှန်ရုံနဲ့ ဂမ်ရန်ကျီးတို့ နှစ်ယောက်စလုံးက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလှူကိုး ဖြစ်ကြပါတယ်။ ဒါပေမဲ့ တစ်ယောက်က တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးပဲ ရှိပြီးတော့ တစ်ယောက်က ကြယ်ဆယ့်တစ်လုံး ဖြစ်ပါတယ်။ တကယ်လို့ သူတို့နှစ်ယောက်က အသေအကျေ တိုက်ပွဲတစ်ခု ယှဉ်ပြိုင်ရမယ်ဆိုရင် ဟော့လျှန်ရုံက အရမ်းကို လျင်မြန်စွာနဲ့ပဲ ဂမ်ရန်ကျီးရဲ့ သတ်ဖြတ်မှုကို ခံလိုက်ရပါလိမ့်မယ်။ သူက ဂမ်ရန်ကျီးကို သူနဲ့အတူ အပါခေါ်သွားဖို့ အရည်အချင်းတောင် ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။

ဒါက တကယ့်ကို တိကျတဲ့ အကြောင်းအရင်းပဲ ဖြစ်ပါတယ်။ အဲဒီနှစ်တွေတုန်းက ဆင်းလာခဲ့တဲ့ တန်ခိုးရှင်တွေက ဘာဖြစ်လို့ ဟော့လျှန်ထန်းယွင်ကို ဖိနှိပ်နိုင်ခြင်း မရှိခဲ့တာလဲ။ အဲဒီနဂါးအိုကြီးက အဲဒီအချိန်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနေပါတယ်။ ပြီးတော့ အဲဒါက ဒီဘုံထဲမှာရှိတဲ့ အရာအားလုံးကို ရှင်းထုတ်ပစ်နိုင်တဲ့အထိ လုံလောက်ပါတယ်။

Edit with WPS Office

"အိုး ဟုတ်သားပဲ။ လစန္ဒာဘုရင် အလယ်ပိုင်းဒေသက စစ်ပွဲက အရမ်းကို တင်းမာနေပြီး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေကို ရောက်နေတယ်ဆို။ ဘာဖြစ်လို့ မင်းက ဒီကို လာခဲ့တာလဲ"

လင်းဟန်က အလျှင်အမြန်ပဲ ခေါင်းစဉ်ကို ပြောင်းလိုက်ပါတယ်။ ဒီအမျိုးသမီး နှစ်ယောက်ကို နောက်တစ်ကြိမ် ထပ်ပြီးတော့တောင် မတိုက်ခိုက်စေချင်တော့ပါဘူး။

"အိုး ဂိုဏ်းကြီးငါးဂိုဏ်းလား။ သူတို့က အရင်တုန်းကလည်း ငါတို့ကို တစ်ကြိမ် ရှုံးနိမ့်ခဲ့ဖူးတယ်။ ပြီးတော့ ဒုတိယ တစ်ကြိမ်လည်း ဘာပြောင်းလဲမှုမှ မရှိပါဘူး"

လစန္ဒာဘုရင်က အရမ်းကိုဟိတ်ကြီးဟန်ကြီး ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ငါတို့က နှင်နိုင်ငံတည်ထောင်လိုက်တယ် ဆိုတဲ့သတင်းကို

Edit with WPS Office

ကြားလိုက်ရတယ်။ ဒါကြောင့် အရှင်မင်းကြီးက အကြံပြုချက် တစ်ခုနဲ့အတူ နင့်ရဲ့စစ်တပ်ကို ကူညီပြီး လေ့ကျင့်ပေးဖို့ ဒီနေရာကို ငါလာခဲ့တာပဲ"

"ဒါက တကယ်ကို ကောင်းတာပဲ"

လင်းဟန်က အံ့အားသင့်ပြီးတော့ ပျော်ရွှင်သွားခဲ့ပါတယ်။ သူက ခရမ်းရောင်လ အင်ပါယာကနေ စစ်သားတွေကို လေ့ကျင့်ပေးတဲ့ လှည့်ကွက်အနည်းငယ်ကိုပဲ လျှို့ဝှက်စွာနဲ့ သင်ယူခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒါက တကယ့်ကျွမ်းကျင်မှုနဲ့ဆိုရင် ဝေးကွာနေပါသေးတယ်။

"ခစ်ခစ်။ ဒါဆိုရင် နင်ငါ့ကို ဘယ်လိုပြန်ပေးဆပ်မယ်လို့ ကြံစည်ထားလဲ မောင်ငယ်လေး"

လစန္ဒာဘုရင်က ပြုံးပြီးတော့ လှပပြီး ညှုတုတုအသံနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"လင်းဟန်အပေါ်မှာ နင်ရဲ့ တမင်တကာ ကြံစည်မှုတွေကို ခွင့်မပြုဘူး"

ဟူးညိုက ချက်ချင်းပဲ လင်းဟန်ရဲ့ အရှေ့ကို ခုန်ထွက်လာခဲ့ပြီး သူမရဲ့က လက်တွေကို အကျယ်ကြီး ဖြန့်ထားလိုက်ပါတယ်။ သူမပုံစံ ကြည့်ရတာ သူမရဲ့ အစားအစာကို ကာကွယ်နေပုံနဲ့ တူပါတယ်။

လစန္ဒာဘုရင်က ချက်ချင်းဆိုသလို ရယ်မောလိုက်ပါတယ်။ သူမရဲ့ ကောက်ကြောင်းအလှ ခန္ဓာကိုယ် ပေါ်လွင်အောင်လို့ လှုပ်လီလှုပ်လဲ့နဲ့ ရယ်မောလိုက် ခေါင်းခါလိုက်နဲ့ လုပ်နေပြီး ဟူးညိုနဲ့ ရီရွှမ်ရွှမ်တို့ နှစ်ယောက်စလုံး စိတ်ထဲကနေ တပြိုင်နက်တည်း မြေခွေးမကြီးလို့ ခေါ်လိုက်မိစေခဲ့ပါတယ်။

မြေခွေးမကြီးက အချိန်ကြာအောင်လို့ နေရလိမ့်မှာ မဟုတ်ပါဘူး။ သူမနဲ့အတူ သူမရဲ့ လူတစ်ရာ စစ်တပ်ကိုပါ ခေါ်လာခဲ့ပြီး သူတို့အားလုံးက လက်ရွေးစင်တွေထဲက လက်ရွေးစင်တွေ ဖြစ်ပါတယ်။ စစ်သားတွေကို လေ့ကျင့်ပေးတဲ့ နေရာမှာ

Edit with WPS Office

ကျွမ်းကျင်တဲ့အပြင် သူတို့ရဲ့ ကိုယ်ပိုင် အရည်အချင်းတွေကလည်း အရမ်းကို အစွမ်းထက်ပြီး မဟာလင်းအင်ပါယာကို အရှေ့ပိုင်းနဲ့ တောင်ပိုင်းဒေသ နှစ်ခုလုံးကို သိမ်းပိုက်ဖို့အတွက် ကူညီဖို့ လုံလောက်ပါတယ်။

ဒါကြောင့် လစန္ဒာဘုရင်က လင်းဟာန်ကို အလယ်ပိုင်းဒေသဆီ ဦးတည်လာဖို့ ဖိတ်ကြားခဲ့ ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ စစ်ပွဲက မကြာခင်မှာ စတင်ပါတော့မယ်။ ပြီးတော့ မာထိုပေါင် ကိုယ်တိုင်တောင် လုပ်ရှားကောင်း လုပ်ရှားပါလိမ့်မယ်။

Chapter 821 end

အပိုင်း(822) နတ်ဆိုးဧကရာဇ် ပြန်လာပြီ

လင်းဟာန်က စဉ်းစားစရာ တချို့ကို စဉ်းစားသုံးသပ်ပြီးတော့မှ အလယ်ပိုင်းဒေသဆီကို သွားဖို့ လစန္ဒာဘုရင်ရဲ့ ဖိတ်ကြားမှုကို လက်ခံခဲ့ပါတယ်။

သူ့အနေနဲ့ ဒီနေရာမှာ ဆက်နေမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ်

Edit with WPS Office

အများကြီး အသုံးမဝင်ပါဘူး။ သူ့ကိုထွက်လာဖို့ လိုအပ်တဲ့ ရန်သူ့လက်ရွေးစင်တွေ ဒီနေရာမှာ လုံးဝကို မရှိပါဘူး။ ပင်လယ်မျိုးနွယ်စုရဲ့ ကိစ္စတွေကတော့ ဟော့လျန်ထန်းယွင်က သူတို့အားလုံးကို နိုင်နိုင်နင်းနင်းနဲ့ ကိုင်တွယ်နိုင်ပါတယ်။ ဒါဆိုရင် အလယ်ပိုင်းဒေသက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ရင်ဆိုင်ဖို့ပဲ ရှိပါတော့တယ်။

ဒါက အဓိက အရေးအကြီးဆုံး ဦးစားပေးရမဲ့ ကိစ္စဖြစ်ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းကို အမြစ်ဖြုတ် သုတ်သင်ပစ်ခြင်း မရှိပဲနဲ့ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ အကြောင်းကို ပြောပြီးတော့ ဘာများ အသုံးဝင်မှာလဲ။

လင်းဟာန်က စီစဉ်စရာ ရှိတဲ့ကိစ္စ တချို့ကို ပြင်ဆင်ပြီးတဲ့ နောက်မှာတော့ သူက ခရီးထွက်ဖို့ ပြင်လိုက်ပါတယ်။

ဟော့လျန်ချွင်ရွှယ်က ကျန်နေခဲ့ပြီးတော့ နိုင်ငံရဲ့ ကိစ္စအဝဝကို စီမံဆောင်ရွက်ပါလိမ့်မယ်။ ဒါကြောင့် လင်းဟာန်က သူနဲ့အတူ ကျူးရွှမ်အာ၊ ဟူးညို၊ ယုန်ဖြူကြီးနဲ့ ရွှေရှာကြွက်တို့ကို

Edit with WPS Office

ခေါ်လာခဲ့ပါတယ်။ ရီရွှမ်ရွှမ်ရဲ့ စောင့်ကြပ်မှုနဲ့ သူ့ရဲ့သားရဲတွင်းကို တစ်စုံတစ်ယောက်က လှန်လှောမွှေနှောက် ခိုးယူဖျက်ဆီးမှာကို မကြောက်ပါဘူး။

"ဟားဟားဟား လင်းဟန် ဘယ်မှာလဲ"

သူတို့တွေ ထွက်လာတာနဲ့ အန္တရာယ်ပြုမဲ့ လက္ခဏာရှိတဲ့ အသံကို ကြားလိုက်ရပြီး မနှစ်မြို့ဖွယ်ရာ ရယ်သံလည်း ထွက်ပေါ်လာခဲ့ပါတယ်။ အင်ပါယာမြို့ရဲ့ အထက်မှာ တစ်ကိုယ်လုံးကို ဖုံးအုပ်ထားတဲ့ ဂတ်ရုံရှည်နဲ့ လျှို့ဝှက်ဆန်းကြယ် လူတစ်ယောက် ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ထူးဆန်းတဲ့ အမူအရာတစ်ခု ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမှာဘာတွေ ဖြစ်နေတာလဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်က အတော်လေးကို ပေါ်များနေတာပဲ။ ဒီနေရာမှာ ဘာဖြစ်လို့ သူတို့က မကြာခဏ ပေါ်လာနေရတာလဲ"

Edit with WPS Office

ဒီလို့ဝှက်ဆန်းကြယ်တဲ့လူက သေချာပေါက် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။ သူတို့ဆီကနေ ထုတ်လွှတ်တဲ့ အရှိန်အဝါတွေက မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့်ဖို့ ကောင်းပြီးတော့ လေထုမှာ လှိုင်းတွန့်တွေ ဖြစ်စေပါတယ်။

လင်းဟာန်က လေထဲကို ခုန်တက်လိုက်ပြီးတော့ လျှို့ဝှက်ဆန်းကြယ်တဲ့လူကို အတော်ကြာအောင် ကြည့်လိုက်ပြီး အဲဒီနောက်မှာ ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ပဲ"

"ဟားဟားဟား ကောင်လေး မင်းရဲ့မျက်လုံးတွေက မဆိုးဘူးပဲ"

လျှို့ဝှက်ဆန်းကြယ်တဲ့လူက သူ့ရဲ့ဂတ်ရုံရှည်ကို လှစ်ဟလိုက်ပြီး အရပ်မြင့်မြင့် ဗလတောင့်တောင့် အမျိုးသားတစ်ယောက်

Edit with WPS Office

ပေါ်လာခဲ့ပါတယ်။ သူက သာမန်ရုပ်ရည်သွင်ပြင် ရှိပြီးတော့ သံမဏိချောင်းတွေလို ထက်ရှတဲ့ မုတ်ဆိတ်မွေးတွေ ရှိပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပါဘူး။ သူ့ရဲ့နတ်ဆိုးချီ လွှမ်းအုပ်ခံထားရတဲ့ ဘယ်သူမဆို သူက အဲဒီလူ ဖြစ်လာပါတယ်။ ဒါကြောင့် သူ့ကိုသတ်ပစ်ဖို့ နည်းလမ်းမရှိပါဘူး။ ဒီအတွက်ကြောင့်လည်း သူ့ကို အစိတ်အပိုင်း ကိုးခုခွဲပြီးတော့ တစ်နေရာစီမှာ ဖိနှိပ်ထိန်းချုပ်ထားရခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်ရှိ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က တကယ့်ကို သန်မာပါတယ်။ သူ့ကို ကြည့်လိုက်တာနဲ့ လင်းဟန်က သူ့မျက်လုံးတွေ အက်ကွဲလုမတတ် နာကျင်မှုကို ခံစားလိုက် ရပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ငါးလုံးလား။

လပြွတ်ပဲ။ ဒီနေ့ခေတ် ကမ္ဘာထဲမှာ အဆုံးမဲ့ လက်ရွေးစင်တွေ

Edit with WPS Office

အားလုံးက ပေါပေါလောလော ရှိနေကြတာလား။
တစ်ယောက်ပြီးတစ်ယောက် ထွက်ပေါ်လို့ လာနေပါတယ်။

လွန်ခဲ့တဲ့ နှစ်က လစန္ဒာဘုရင်နဲ့ သူမရဲ့အပေါင်းအသင်း
ခုနစ်ယောက်က ကမ္ဘာကြီး တစ်ခုလုံးကို ရှင်းထုတ်ပစ်နိုင်တဲ့အထိ
အင်အားကြီးမားပြီး ဒီကမ္ဘာကြီးရဲ့ အထွတ်အထိပ် အဆင့်က
စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ငါးလုံး
ဖြစ်တယ်ဆိုတာကို သက်သေပြနေပါတယ်။ အခု စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ငါးလုံးရှိတဲ့ လူတွေထဲက
တစ်ယောက် ထွက်ပေါ်လာ ပြန်ပါပြီ။

ဘုရင်ရှစ်ပါးအပြင် မျက်လုံးဆယ့်ငါးလုံး အလောင်းကောင်ဘုရင်၊
ရောမ ငွေပင့်ကူကြီးနဲ့ ရီရွှမ်ရွှမ်တို့ ရှိပါသေးတယ်။ ပြီးတော့အခု
သတ်ဖြတ်သူ နတ်ဆိုးကေရာဇ် တစ်ယောက်ပါ ရှိလာပါပြီ။

"မင်းရဲ့ အစိတ်အပိုင်း ကိုးခုစလုံးကို ပြန်သိမ်းနိုင်ပြီလား"

Edit with WPS Office

လင်းဟန်က ခန့်မှန်းကြည့်လိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က ပကတိ အတိုင်း ရှိတဲ့ အချိန်ဆိုရင် သူ့အတွက်တော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးကို သာလွန်ဖို့ မဖြစ်နိုင်စရာ မရှိပါဘူး။ တကယ်လို့ သူက ဒီလောက်ရှိတယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူက ရှုံးနိမ့်ပြီးတော့ အစိတ်အပိုင်း ကိုးခုအဖြစ်ကို ခွဲခံရလိမ့်မှာလဲ။

"ဟားဟားဟားဟား အမှန်ပဲ"

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က လင်းဟန်ကို စိုက်ကြည့်နေပါတယ်။ သူ့မျက်လုံးတွေထဲမှာ အရမ်းကို ဒေါသထွက်နေတဲ့ အရိပ်အယောင်နဲ့ ပြည့်နှက်လို့ နေပါတယ်။

အစိတ်အပိုင်း ကိုးခုက တစ်နေရာစီ ခွဲခြားပြီးတော့ တည်ရှိကြပါတယ်။ ဒါပေမဲ့ ပေါင်းစည်းပြီးတဲ့ နောက်မှာတော့ သူတို့အားလုံးရဲ့ မှတ်ဉာဏ်တွေက လူတစ်ယောက်တည်းမှာပဲ ပူးပေါင်းသွား ပါလိမ့်မယ်။ သူ့အတွက်တော့ ဒီလူသားက အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။ အဲဒီ အချိန်တုန်းက အမှန့်ချေဖို့

Edit with WPS Office

အသင့်ဖြစ်နေတဲ့ ဖရိုဖရဲအရင်းအမြစ် ကျောက်တုံးကို ပိုင်ဆိုင်ထားတယ်လို့ သူ့ကို အရှူးလုပ်ခဲ့တဲ့ အချိန်တုန်းက ထာဂရငရဲကို ဖောက်ထိုးကျလုနီးပါး ဖြစ်ခဲ့ရပါတယ်။

ကံကောင်းတာက အစိတ်အပိုင်း ကိုးခုက တစ်ခုနဲ့တစ်ခု ပေါင်းစပ်နိုင်ပါတယ်။ သူက သူ့ရဲ့ တခြားအစိတ်အပိုင်းတွေ ရှာတွေ့ခဲ့ပြီးတော့ ဝါးမျိုရင်းနဲ့ ဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးကနေ ရတ်တရက် ဖောက်ထွက်နိုင်ခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့အမြင့်ဆုံး စွမ်းရည်က ပန်းဖူးအဆင့်မှာပဲ ရှိနေပါလိမ့်မယ်။

"ဖရိုဖရဲအရင်းအမြစ် ကျောက်တုံးကို ပေးစမ်း"

သူက မျက်နှာထား တင်းတင်းနဲ့ အမိန့်ပေးလိုက်ပါတယ်။

သူ့လိုမျိုး တည်ရှိမှု တစ်ယောက်အတွက် ဖရိုဖရဲအရင်းအမြစ် ကျောက်တုံးက အကောင်းဆုံး သွေးကြောဖြစ်ပြီးတော့

Edit with WPS Office

အကြီးမားဆုံး အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီကျောက်တုံးက အံ့မခန်း မှော်ဆေးလုံးတွေ ဒါမှမဟုတ် အဆုံးမဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေထက်တောင် ပိုပြီးတော့ အဖိုးအနဂ္ဃ ထိုက်တန်ပါတယ်။

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်ပါတယ်။

"တောင်းပန်ပါတယ်။ ဒါပေမဲ့ အဲဒါမရှိတော့ဘူး။ ဘာဖြစ်လို့ ကျုပ်က မင်းကို ကြီးရာကျပန်း ကျောက်တုံးတချို့ ပေးလို့မရတာလဲ။ အထင်မသေးပါနဲ့။ တကယ်တော့ ကျောက်တုံးဆိုတာက ကျောက်တုံးပဲ မဟုတ်ဘူးလား"

"မင်းက တကယ့်ကို ပေကတ်ကတ်နဲ့ ပြောဆိုပုံ့သေးတယ်ပေါ့"

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က နှာခေါင်းရှုံ့ လိုက်ပါတယ်။ လင်းဟန်က ဒီလိုမျိုး အချိန်တိုတို အတွင်းမှာ ဖရိုဖရဲအရင်းအမြစ် ကျောက်တုံးကို သန့်စင်နိုင်စွမ်း ရှိလိမ့်မယ်လို့တော့ လုံးဝကို

Edit with WPS Office

မယုံကြည်ပါဘူး။ ဒါက လုံးဝကို မဖြစ်နိုင်တဲ့ ကိစ္စတစ်ခုပါပဲ။ နှစ်ထောင်ပေါင်း အနည်းငယ် အတွင်းမှာတောင် အောင်မြင်ဖို့ မဖြစ်နိုင်ပါဘူး။ နှစ်အနည်းငယ် ဖြတ်ကျော်လာခဲ့သေးတာ ဘာများလုပ်နိုင်မှာလဲ။ ဒါက သေမျိုးလူသားတွေ အသုံးပြုနိုင်တဲ့ ရတနာပစ္စည်း မဟုတ်ပါဘူး။

"မင်းက မပေးချင်ဘူးပေါ့"

သူက ထူးထူးဆန်းဆန်း ထိတ်လန့်ဖွယ်ကောင်းတဲ့ အသံနဲ့ ရယ်မောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါက မင်းရဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ဖို့ပဲ လိုတယ်။ ပြီးတော့ မင်းဆီမှာရှိတဲ့ ပစ္စည်းတွေ အားလုံးကို ငါပိုင်မှာပဲ"

ပိုင်ဆိုင်ခြင်းဆိုတာ သူ့အတွက်တော့ အသေးအဖွဲ့လေးပါပဲ၊ သူ့ရဲ့မူလပုံစံက နတ်ဆိုးချီ မီးခိုးတန်း တစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

လင်းဟန်က စိတ်ထဲကနေ အလေးအနက် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်က ဘယ်လိုတိုက်ခိုက်မှုကိုမဆို ခံနိုင်ရည် ရှိနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စိတ်ဝိညာဉ်ကရော။ ဒီသတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က သူ့ကို ကြီးမားတဲ့ ခြိမ်းခြောက်မှု ပေးနိုင်ပါတယ်။

"လိမ်လိမ်မာမာနဲ့ မင်းမှာရှိတဲ့ ပစ္စည်းအားလုံး ငါ့ကိုပေးစမ်း"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟန်ဆီကို ဖမ်းဆုပ်လိုက်ပါတယ်။

ဟုန်း ဝုန်း။

အဲဒီအချိန်မှာပဲ လှပတဲ့ လက်သီးနှစ်လုံးက တစ်ပြိုင်နက်တည်း တိုက်ခိုက်လာပြီး သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ မျက်နှာပေါ်ကို တရစပ် ကျရောက်လာခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာ အားတစ်ခု ပေါက်ကွဲသွားပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို

Edit with WPS Office

လွင့်ထွက်သွားစေခဲ့ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က သူ့ကိုသူ ပြန်ထိန်းလိုက်နိုင်ပါတယ်။ သူ့ရဲ့ မျက်နှာတစ်ခုလုံး အထဲကို ချိုင့်ဝင်နေပြီး သူ့ခေါင်းအနောက်ဘက်ကလည်း အနည်းငယ် ချွန်ထွက်သွားခဲ့ပြီး ကြည့်ရတာ အရမ်းကို ထူးဆန်းနေပါတယ်။ တကယ်လို့ တခြားလူတစ်ယောက် ဆိုရင် သူက သေချာပေါက် သေသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က သူ့ရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး သူ့ခေါင်းအနောက်ကနေ ပြန်ရိုက်လိုက်ပါတယ်။ ဘုန်း။ ချိုင့်ဝင်နေတဲ့ မျက်နှာက ချက်ချင်းဆိုသလို ပြန်ဖောင်းလာခဲ့ပါတယ်။ သူ့ရဲ့ပုံသဏ္ဍာန်က ဖိသိပ်မှုကြောင့် ပုံပန်းပျက်နေပြီး ကြည့်ရတာ ထူးထူးဆန်းဆန်းနဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းနေပါတယ်။

ဒါက အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပြီးတော့ အန်ထွက်လုမတတ် ဖြစ်စေပါတယ်။ ဟုတ်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကတော့ လုံးဝကို ခေါင်းထဲထည့် မထားပါဘူး။ အဲဒီအစား သူက အေးစက်တဲ့ အရှိန်အဝါတစ်ခု ထုတ်လွှတ်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါ့ထက် မနိမ့်ကျတဲ့ အစွမ်းထက် လူနှစ်ယောက်
ရှိနေလိမ့်မယ်ဆိုတာကို ငါလုံးဝကို မျှော်လင့် မထားမိခဲ့ဘူး"

"တကယ်လို့ နင့်အတွက် ဘယ်ဟာက ပိုကောင်းမလဲ ဆိုတာကို
နားလည်တတ်မယ်ဆိုရင် မြန်မြန် ထွက်သွားလိုက်တော့"

လစန္ဒာဘုရင်က ပျင်းရိငြီးငွေ့စွာနဲ့ ပြောလိုက်ပါတယ်။

"ဟားဟားဟား တကယ်လို့ မင်းက ငါ့ကို
မောင်းထုတ်ချင်တယ်ဆိုရင် မင်းဆီမှာ ဒီလိုလုပ်နိုင်တဲ့ စွမ်းရည်
ရှိဖို့တော့ လိုလိမ့်မယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လှောင်နဲ့သပ် လိုက်ပါတယ်။

"ငါ အရင်တုန်းက အမျိုးသမီး တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို

Edit with WPS Office

ဘယ်တုန်းကမှ မပိုင်ဆိုင် ဖူးခဲ့ဘူး။ ပြီးတော့ ရုတ်တရက် ဒါကိုလုပ်ရဖို့ အရမ်းကို စိတ်ဝင်စားလာသလို ခံစားရတယ်"

လစန္ဒာ ဘုရင်ရဲ့ လှပချောမောတဲ့ မျက်နှာက ချက်ချင်းဆိုသလို ရေခဲတမျှ အေးစက်သွား ခဲ့ပါတယ်။ သူမက ပြောလိုက်ပါတယ်။

"နင်က တကယ်ပဲ ငါ့အပေါ်မှာ မကောင်းကြံခဲ့တယ်ပေါ့။ နင်က သေချင်နေပြီပဲ"

သူမက ချက်ချင်းပဲ တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ဒေါသပေါက်ကွဲပြီး သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို အတွဲလိုက် စတင်တိုက်ခိုက် လိုက်ပါတယ်။

အစောတုန်းက သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အမျိုးသမီး နှစ်ယောက်ရဲ့ ရုတ်တရက် ရိုက်နှက်ခြင်းကို ခံခဲ့ရတာပါ။ နောက်ပြီးတော့ သူက အမှုမဲ့ အမှတ်မဲ့ ဖြစ်ခဲ့ပါတယ်။ သေးငယ်တဲ့ မဟာလင်း အင်ပါယာမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

လက်ရွေးစင် နစ်ယောက် ရှိနေလိမ့်မယ်လို့ လုံးဝကို ထင်မှတ်မထားမိခဲ့တာလည်း ပါပါတယ်။

ဒါပေ့ါ။ ပိုပြီးတော့ အရေးကြီးတာက သူရဲ့မူလပုံစံက နတ်ဆိုးချီ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ သွေးကြောတွေ ထိခိုက်ဒဏ်ရာ ရသွားမှာ ဒါမှမဟုတ် ပျက်စီးသွားမှာကို သူ့အနေနဲ့ ဂရုစိုက်နေစရာ မလိုပါဘူး။ သူက တခြားသူရဲ့ ခန္ဓာကိုယ်ကို ပြောင်းလိုက်ရုံပါပဲ။

"မင်းမှာ အရမ်းကိုကောင်းတဲ့ ခန္ဓာကိုယ် တစ်ခုရှိတယ်။ ငါဒါကို သေချာပေါက် နစ်နာကြေးအဖြစ် ယူရမယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လစန္ဒာဘုရင်ရဲ့ အဆက်မပြတ် တိုက်ခိုက်မှုတွေကို ပုတ်ထုတ် ကာကွယ်ရင်းနဲ့ ရန်စလိုက်ပါတယ်။

"လစန္ဒာ ရှစ်ကွက်"

Edit with WPS Office

လစန္ဒာဘုရင်က သူမရဲ့ အဆုံးစွန် တိုက်ကွက်ကို အသုံးပြုလိုက်ပါတယ်။ သူမရဲ့ အနောက်ကနေ နတ်ဘုရား ဆေဘာဓား တစ်လက်ကို ထုတ်ယူလိုက်ပြီး သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ဆီကို ခုတ်ချလိုက်ပါတ်ယ။ ရှပ်။ တစ်ချက်ခုတ်ပြီးတာနဲ့ နောက်ထပ် နတ်ဘုရားဆေဘာဓား တစ်ချောင်း ဖြစ်ပေါ်လာပြီး နောက်တစ်ကြိမ် ဆက်ပြီးတော့ ခုတ်လိုက်ပါတယ်။

"ဟင်"

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်ပါတယ်။

"မင်းက တကယ်ပဲ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ဖြစ်ပေါ်နိုင်တယ်ပေါ့"

သူ့မျက်နှာအမူအရာက ခန့်မှန်းလို့ မရနိုင်အောင် ဖြစ်နေပြီး သူ့လေသံမှာ ထိတ်လန့်တုန်လှုပ်မှုနဲ့ ပြည့်နှက်လို့ နေပါတယ်။

Edit with WPS Office

"ဟင့် နင်လို မြေအောက်ကမ္ဘာက မကောင်းဆိုးဝါး တစ်ယောက်ရဲ့ အကြောက်ဆုံး အရာက လောကဘုံရဲ့ တားမြစ်မှုနဲ့ လောကဘုံကို စွမ်းအားပေးနေတဲ့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားပဲ ဖြစ်လိမ့်မယ်။ နင့်ကို ဖိနှိပ်ထိန်းချုပ်ဖို့ ပြီးပြည့်စုံတဲ့ အရာပဲ"

လစန္ဒာဘုရင်က မရပ်မနား တိုက်ခိုက်လိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အဆက်မပြတ် အင့်ခနဲ ညည်းနေရပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထက် သာလွန်ပါတယ်။ ဒါကြောင့် သူလည်း စည်းမျဉ်းဥပဒေ စွမ်းအားကို ထုတ်ဖော်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားက မြေအောက်ကမ္ဘာထဲမှာ ကျင့်ကြံအားထုတ်ခဲ့ပြီး ဒီဘုံနဲ့ ကိုက်ညီမှု မရှိနိုင်ပါဘူး။

သူ့ရဲ့ စွမ်းအားက အရမ်းကို အားကောင်းပါတယ်။ ဒါပေမဲ့ ကမ္ဘာကြီးကနေ ထောက်ပံ့မှု မရှိဘူးဆိုရင် ဒီဘုံရဲ့ စည်းမျဉ်းဥပဒေ

Edit with WPS Office

စွမ်းအားကို ဆန့်ကျင်ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"သေစမ်းကွာ သေစမ်း"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လစန္ဒာဘုရင်ရဲ့ တိုက်ကွက်တွဲလုံးတွေကြောင့် အနောက်ကို အဆက်မပြတ် ဆုတ်နေရပါတယ်။ သူနဲ့ စွမ်းအားချင်းတူတဲ့ လစန္ဒာ ဘုရင်နဲ့ တိုက်ခိုက်တဲ့ အချိန်မှာ လောကဘုံရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကြောင့် သူက ဖိနှိပ်ခံနေရပါတယ်။ ဒါက သူ့ကို ဆိုးဆိုးဝါးဝါး အရေးနိမ့်စေပါတယ်။ တိုက်ကွက်အနည်းငယ် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ သူက နောက်ဆုံးမှာ တိုက်ပွဲကို လက်လျှော့ပြီးတော့ ချာခနဲလှည့်ကာ ထွက်ပြေးသွားပါတယ်။

"ကောင်စုတ်လေး ဒီအမျိုးသမီးနစ်ယောက် ဘေးမှာ ထာဝရ ပုန်းခိုနေဖို့ မင်းမှာ အစီအစဉ် မရှိသရွေ့ ငါမင်းရဲ့ ခန္ဓာကိုယ်ကို သေချာပေါက် ရယူရလိမ့်မယ်။ ပြီးတော့ မင်းပိုင်တဲ့ ပစ္စည်းတွေ အကုန်လုံးကိုလည်း ယူပစ်မယ်"

Edit with WPS Office

လင်းဟန်က အေးစက်စွာနဲ့ သရော်ပြီး ပြီးလိုက်ပါတယ်။ သူ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ အခါကျရင် သူ့ရဲ ဓားနှလုံးသား အလင်းရောင်ကို အသုံးပြုပြီးတော့ ဒီမကောင်းဆိုးဝါး နတ်ဆိုးကို သတ်ပစ်ရပါလိမ့်မယ်။

Chapter 822 end

အပိုင်း(823) အေးခဲမြို့သို့ ရောက်ရှိခြင်း

တိုက်ပွဲပြီးသွားတဲ့ နောက်မှာတော့ လင်းဟန်နဲ့ လစန္ဒာ ဘုရင်တို့က သူတို့ရဲ့ ခရီးစဉ်အတိုင်း ထွက်ခွာလာခဲ့ ကြပါတယ်။

သိပ်မကြာခင်မှာပဲ နယ်မြေအပိုင်းအခြား အတားအဆီး အပြင်ဘက်ကို ရောက်လာခဲ့ကြပါတယ်။ ပြီးတော့ နယ်မြေအတားအဆီး နံ့ရံ မရှိတော့တာကို တွေ့လိုက်ရပါတယ်။

“အဲဒါနဲ့ ငါ နည်းနည်း ဒုက္ခရောက်နေလို့ ဖျက်ဆီးပစ်လိုက်တယ်”

Edit with WPS Office

လစန္ဒာဘုရင်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

သန်လိုက်တာ။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက အဖြစ်အပျက်ပြီးသွားတဲ့နောက်မှာ တန်ခိုးရှင်ဘုံက အုပ်စုအနေနဲ့ ကူညီပြီးတော့ တည်ဆောက်ပေးခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူမက တကယ်ပဲ အဲဒါကို ဖျက်ဆီးပစ်လိုက်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီမြေခွေးမကြီးက ဘယ်လောက် အစွမ်းထက်သလဲ ဆိုတာကို သက်သေပြဖို့ လုံလောက်ပါတယ်။

သူတို့က မနားမနေ ခရီးဆက်လာကြပြီး ခရမ်းရောင်လ အင်ပါယာရဲ့ ပိုင်နက်ဖြစ်တဲ့ မြို့တစ်မြို့ကို လှမ်းမြင်တွေ့ နိုင်ပါတယ်။ မြို့ရိုးထိပ်မှာ ခရမ်းရောင်လ အင်ပါယာရဲ့ အမှတ်တံဆိပ် အလံတစ်ခုကို လွှင့်ထူထားပြီး ကြည့်ရတာ အရမ်းကို ကြီးကျယ်ခမ်းနားလို့ နေပါတယ်။

Edit with WPS Office

နောက်ထပ် ဆယ်ရက်အကြာမှာ သူတို့က ခရမ်းရောင်လ အင်ပါယာရဲ့ မြို့တော်ဆီကို ရောက်လာခဲ့ပါတယ်။

မာထိုပေါင်က ကိုယ်တိုင်ကိုယ်ကျ ထွက်ပြီးတော့ သူတို့ကို ခရီးဦးကြိုဆိုခဲ့ပြီး ဒါက လင်းဟာန်ကို မျက်နှာသာ ပေးလိုက်တာပါပဲ။

"မင်းဘာဖြစ်လို့ ငါ့ကို အထင်ကြီးနေရတာလဲ အစ်ကိုမာ"

လင်းဟာန်က စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။
သူ့စွမ်းရည်နဲ့ဆိုရင် တကယ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ခေါင်းဆောင်အားလုံး ဒီနေရာကို ရောက်လာခဲ့ရင်တောင် သူ့ကို ဒုတိယတစ်ကြိမ် မျက်စိဝေ့ကြည့်မှာ မဟုတ်ပါဘူး။

မာထိုပေါင်က ဟက်ဟက်ပက်ပက်ကို ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါ့ရဲ့ အသားညိုတဲ့ ညီငယ်လေး။ ငါလူတစ်ယောက်ကို ဘယ်တော့မှ မှားယွင်းပြီးတော့ မကြည့်မိဖူးဘူး။ မင်းက ကံတရားကို မွေနှောက်ပစ်နိုင်မဲ့ ကံဇာတာနဲ့ လူပဲ။ မင်းရဲ့ အောင်မြင်မှုက သေချာပေါက် ငါ့ထက် နိမ့်ကျမှာမဟုတ်ဘူး"

လင်းဟန်ရဲ့ စိတ်ထဲမှာ အရမ်းကို ကျေနပ်သွားတဲ့ ခံစားချက် တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အနာဂတ်မှာ သူဟာ မျှော်လင့်မထားတဲ့ အောင်မြင်မှုတွေ ရယူနိုင်စွမ်း ရှိမယ်ဆိုတာကိုလည်း ယုံကြည်ထားပါတယ်။ဒါပေမဲ့ အဲဒီအမြင့်ကို မရောက်ခင်မှာတော့ သူက ကိုယ့်ကိုကိုယ် အမြဲတမ်း နှိမ့်ချပြီးတော့ စွမ်းရည်နိမ့်ကျတဲ့ သူအဖြစ် နေရပါမယ်။ ဒါက သူ့ကို အရမ်းသက်သောင့်သက်သာ ဖြစ်စေပါတယ်။

ဒါပေမဲ့လည်း။

"အစ်ကိုမာ မင်းငါ့ကို အသားညိုညို ညီငယ်လေးလို့ ထပ်ပြီးတော့

Edit with WPS Office

မခေါ်လို့ မရနိုင်ဘူးလား”

“ကောင်းပြီလေ ငါ့ရဲ့အသားညိုတဲ့ ညီငယ်လေး”

မာထိုပေါင်က အဆင်သင့် လက်ခံလိုက်ပါတယ်။ သူက သူ့လမ်းကြောင်းကို ဘယ်တော့မှ မပြောင်းလဲတဲ့ ပုံစံမျိုးရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ပါဘူး။ ခဏအကြာမှာတော့ သူက ပြောလိုက်ပါတယ်။

“အစ်ကိုမာ ငါမင်းကို နိုင်ငံစွမ်းအားရဲ့ အသုံးပြုမှု အပေါ်မှာ အကြံပြုချက်တချို့ကို ပြောပြချင်တယ်”

“အိုး ဘာများပါလိမ့်။ ငါ့ကိုပြောပါဦး”

မာထိုပေါင်က လင်းဟန်ရဲ့ စကားကို ပေါ့သေးသေး မမှတ်ပါဘူး။

Edit with WPS Office

လင်းဟန်က ရီရွှမ်ရွှမ်ဆီက ကြားသိခဲ့ရတဲ့ သတင်းအချက်အလက်တွေ အကုန်လုံးကို အသေးစိတ် ပြောပြလိုက်ပြီး ချက်ချင်းဆိုသလို မာထိုပေါင်ကို အတွေးနက်သွား စေခဲ့ပါတယ်။

"ဟူး ဒါဆိုရင် နောက်ဆုံးအကြိမ် မိုးကောင်းကင်ကို ဖွင့်လှစ်တုန်းက ကျရှုံးခဲ့တာ နင့်အမှားပေါ့ ဟုတ်လား"

လစန္ဒာ ဘုရင်က သူမရဲ့ လက်ဆစ်တွေကို တဖျောက်ဖျောက် ချိုးပြီးတော့ ပြောလိုက်ပါတယ်။

"ဖက်တီးစုတ် ဖက်တီးနာ နင်က တကယ့်ကို အားမကိုးရဘူးပဲ"

မာထိုပေါင်က အလျင်အမြန်ပဲ သူ့လက်တွေကို မြှောက်ပြီးတော့ အသံ့ခံပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"တကယ်လို့ နောက်ဆုံးအကြိမ်တုန်းက ငါတို့တွေ မှန်ကန်တဲ့ နည်းလမ်းကို သိထားမယ် ဆိုရင်တောင် ငါတို့ ကျရှုံးခဲ့ဦးမှာပဲ"

"ဘာကြောင့်လဲ"

လစန္ဒာဘုရင်က မာထိုပေါင်ဆီကို အန္တရာယ်ပြုတော့မဲ့ အကြည့်နဲ့ လှည့်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ တိုက်ခိုက်ဖို့တော့ မလုပ်ရှားခဲ့ပါဘူး။

မာထိုပေါင်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ဆုံးအကြိမ်တုန်းကတောင် ငါက နိုင်ငံစွမ်းအားတွေနဲ့ ပေါက်ကွဲထွက်မတတ် ပြည့်လုနီးပါး ဖြစ်နေခဲ့တယ်။ တကယ်လို့ နိုင်ငံစွမ်းအား ဆယ်ဆလောက် တိုးလာဖို့ ဖြစ်နိုင်တယ် ဆိုရင်တောင် ငါက အဲဒါကို တောင့်ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

Edit with WPS Office

လစန္ဒာဘုရင်က ကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေပါတယ်။ ခဏအကြာမှာ သူမက ရုတ်တရက် ထခုန်လိုက်ပါတယ်။ မာထိုပေါင်ရဲ့ မျက်နှာကို ဆုပ်ကိုင်ထားပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"နင့်ကိုယ်နင် ဖက်တီးတစ်ယောက် အဖြစ်ပြောင်းလဲပစ်ခဲ့တယ်။ နင့်ရဲ့ သည်းခံနိုင်တဲ့ အဆင့်ကို တိုးလာဖို့ ထူးဆန်းတဲ့ ကျင့်ကြံခြင်း နည်းစနစ် တချို့ကို နင်လေ့ကျင့်နေခဲ့တာလား"

"ငါ့အချစ်ဆုံးက တကယ့်ကို တော်တာပဲ"

မာထိုပေါင်က ကြည့်ရတာ အရမ်းကို ဆိုးဝါးပြီး ပုံပျက်ပန်းပျက် ဖြစ်နေပေမဲ့ သူက အရမ်းကို ကြင်ကြင်နာနာနဲ့ ရယ်မောလိုက်ပါတယ်။

"အဲဒီအချိန်တုန်းက ငါတို့က ပင်လယ်တွေကို မပေါင်းစည်းခဲ့ဘူး။

Edit with WPS Office

ငါ့ရဲ့အကန့်အသတ်ကိုလည်း ရောက်နေခဲ့တယ်။ ဒါကြောင့် မင်းတို့အားလုံးကို ပင်လယ်ပြင်ကို ဆန့်ကျင်ပြီး နယ်မြေချဲ့ထွင်ဖို့ အမိန့်မပေးခဲ့တာပဲ။ ကံမကောင်းတာက ငါ့ရဲ့စွမ်းရည်က မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ မလုံလောက်ခဲ့ သေးတာပဲ။ ဒါကြောင့် ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ဒီတစ်ကြိမ် ပိုပြီးတော့ အားကောင်းတဲ့ နိုင်ငံစွမ်းအားကို တောင့်ခံနိုင်စွမ်း ရှိအောင်လို့ ပြန်လေ့ကျင့်ခဲ့တယ်”

ရုတ်ချည်းဆိုသလို လစန္ဒာဘုရင်ရဲ့ လက်တွေက ပြုတ်ကျသွားခဲ့ပြီး သူမက ခြေထောက်ကို ဆောင့်အောင့်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့ရဲ့ ချောမောခန့်ညားတဲ့ ယောက်ျားကို ငါ့ပြန်ပေး။ ဖက်တီးတစ်ယောက်ကို အချိန်တော်တော် ကြာအောင်လို့ ကြည့်နေရပြီး မျက်စိအသားကျနေပြီ ဆိုပေမဲ့ မူလချောမောခန့်ညားတဲ့ ယောက်ျားနဲ့ ဘယ်လိုလုပ် ယှဉ်လို့ ရမှာလဲ”

သူမက ချက်ချင်းပဲ လင်းဟန်ဘေးနားကို ရောက်လာပြီးတော့ သူ့ကို

Edit with WPS Office

ဆုပ်ကိုင်ပြီး အလေးအနက် ပြောလိုက်ပါတယ်။

"မောင်ငယ်လေး နင်လည်း ဒီဖက်တီးစုတ်ရဲ့ လမ်းကြောင်းအနောက်ကို မလိုက်ရဘူးနော်။ ငါနောက်ထပ် ဖက်တီးစုတ် တစ်ယောက်ကို ထပ်မမြင်ချင်ဘူး"

လင်းဟန်က အလျင်အမြန်ပဲ သူ့လက်ကို မြှောက်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"ဒါပေါ့ ဒါပေါ့"

သူလည်းပဲ ဖက်တီးစုတ် တစ်ယောက် မဖြစ်ချင်ပါဘူး။

ဒါပေမဲ့ မာထိုပေါင်က ဘယ်လို ကျင့်ကြံခြင်း နည်းစနစ်ကို ကျင့်ကြံအားထုတ်ခဲ့လို့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်က အသားတိုးလာပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုကို

Edit with WPS Office

တိုးလာစေနိုင်တာလဲ။

"အောင်မြင်ပြီးတဲ့နောက်မှာ အလယ်ပိုင်းဒေသရဲ့ နိုင်ငံစွမ်းအားလောက်နဲ့ ငါ့ကို ပေါက်ကွဲသွားအောင် ပြည့်ဖို့ လုံလောက်လာလိမ့်မယ်"

မာထိုပေါင်က သူ့မေးစေ့ကို ပွတ်နေပါတယ်။ လင်းဟန်ရဲ့ အတွေ့အကြုံကနေ လူသားတွေရဲ့ စိတ်ဆန္ဒကို မသိပ်သည်းခင်မှာ အထိမ်းအမှတ် ရုပ်တုတစ်ခုကို တည်ဆောက်လိုက်ရင် နိုင်ငံစွမ်းအားက ဆယ်ဆလောက် တိုးလာဖို့ လုံလောက်ပါလိမ့်မယ်။

တကယ်တော့ အလယ်ပိုင်းဒေသက သိုင်းပညာရပ်တွေရဲ့ ကောင်းကင်ဘုံတစ်ခု ဖြစ်ပါတယ်။ ဒီဒေသ တစ်ခုထဲနဲ့ ကျန်တဲ့ ဒေသလေးခု ပေါင်းထားတာကို ယှဉ်နိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ နိုင်ငံစွမ်းအားက နောက်ထပ်ဆယ်ဆလောက် တိုးလာခဲ့ရင် အာနိသင်က သူနယ်မြေတစ်ခုလုံးကို ပေါင်းစည်းခဲ့တဲ့ အချိန်ကထက် နှစ်ဆ သို့မဟုတ် သုံးဆတောင် သာလွန်နိုင်ပါတယ်။

Edit with WPS Office

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တိုးလာခဲ့တယ် ဆိုပေမဲ့
အရင်ကထက် နစ်ဆ ဒါမှမဟုတ် သုံးဆ သန်မာလာပြီလား။

"ငါတို့ ကြိုးစားကြည့်တာပေါ့"

မာထိုပေါင်က ချက်ချင်းပဲ အထိမ်းအမှတ် ရုပ်တုကို
စတင်တည်ဆောက်ပါတယ်။ ဒါက နိုင်ငံတစ်ခုလုံးရဲ့ ပုံရိပ်သင်္ကေတ
ဖြစ်တာကြောင့် သူက ဂရုတစိုက်နဲ့ စဉ်းစားထားပါတယ်။

အခုဆို ခရမ်းရောင်လ အင်ပါယာက အလယ်ပိုင်းဒေသရဲ့
ကုန်းမြေကို ကိုးဆယ်ရာခိုင်းနှုန်းကျော် ရယူထားပြီးပါပြီ။
ဂိုဏ်းကြီးငါးဂိုဏ်းက ရယူထားတဲ့ နေရာသေးသေးလေးမှာပဲ သူတို့ရဲ့
အလှတွေ ပြောင်းလဲရယူဖို့ လိုပါတော့တယ်။ ဒါပေမဲ့လည်း
ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ပိုင်နက်တွေက တစ်ခုနဲ့တစ်ခု သိပ်မဝေးပါဘူး။
ဒါကြောင့် သူတို့က တစ်ယောက်နဲ့တစ်ယောက် ကူညီထောက်ပံ့
ပေးနိုင်ပါတယ်။ တကယ်လို့ သူတို့ထဲက တစ်နေရာရာကို

Edit with WPS Office

သိမ်းပိုက်ချင်တယ်ဆိုရင် အရမ်းအရမ်း ခက်ခဲပါတယ်။

ဒီလိုနေရာသေးသေးလေး တစ်ခုမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ရာကျော် စုစည်းနေပါတယ်။ နောက်ပြီးတော့ အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်လိုမျိုး အစွမ်းထက်တဲ့ ပစ္စည်းတွေလည်း ရှိပါတယ်။ ဒါကြောင့် သူတို့က လွယ်ကူတဲ့ ပြိုင်ဘက်တွေတော့ မဟုတ်တာ သေချာပါတယ်။ မာထိုပေါင် ကိုယ်တိုင်ကိုယ်ကျ လုပ်ရှားဖို့ လိုအပ်ပါတယ်။

အခုက နောက်ဆုံးတိုက်ပွဲက သိပ်မဝေးတော့ပါဘူး။

နောက်ဆုံးတိုက်ပွဲ မစခင် ဒီအချိန်မှာ အခွင့်ကောင်းယူပြီးတော့ လင်းဟန်က အေးခဲမြို့ဆီ ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီမှာ အေးခဲလုံ အဖွဲ့အစည်း နှစ်ခုရှိပါတယ်။
ဒီအဖွဲ့အစည်းတွေက သူ့ရဲ့ တပည့်တချို့နဲ့ ပတ်သက်ဆက်နွယ်နေပါတယ်။ ဒါကြောင့် သူက ဒီကိစ္စကို ရှင်းရှင်းလင်းလင်း သိဖို့လိုပါတယ်။

Edit with WPS Office

သူက ကျူးရှမ်အော၊ ဟူးညီနဲ့ တခြားသူတွေကို ခေါ်ပြီးတော့ ခရီးထွက်လာခဲ့ပါတယ်။ ရက်အနည်းငယ် အကြာမှာ သူတို့က အေးခဲမြို့ကို ရောက်လာခဲ့ပါတယ်။

ဒီမတိုင်ခင် လင်းဟန်က အေးခဲလုံ အဖွဲ့အစည်းက အေးခဲမြို့မှာ ရှိတယ်ဆိုတာကိုပဲ သိထားပါတယ်။ အေးခဲမြို့က ဘယ်နေရာမှာ ရှိတယ်ဆိုတာကို တိကျတဲ့ မှတ်ဉာဏ် မရှိပါဘူး။ အနည်းဆုံးတော့ ဒီနေရာကို သူရောက်လာတဲ့ အချိန်မှာ သူ့ရဲ့အာရုံတွေ ထွေပြားသွားပြီး အတိတ်ကို ပြန်ပြီးတော့ ရောက်သွားသလို ဖြစ်သွားပါတယ်။

အေးခဲမြို့က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းတုန်းက ထာဂရ အလင်းမြို့ ဖြစ်ပြီးတော့ သူနေထိုင်ခဲ့တဲ့ နေရာလည်း ဖြစ်ပါတယ်။

နှစ်ပေါင်းတစ်သောင်း ကြာပြီးတဲ့အထိ ဒီမြို့က မပျက်စီးပဲနဲ့ ဆက်ပြီးတော့ ရှိနေဦးမယ်လို့ သူလုံးဝကို ထင်မှတ်မထားမိခဲ့ပါဘူး။

Edit with WPS Office

လင်းဟာန်က မြို့နံရံတွေရဲ့ ပျက်စီးနေတဲ့
တချို့အစိတ်အပိုင်းတွေကိုတောင် အမှတ်ရနေဆဲပါပဲ။ ပြီးတော့
ဒါတွေက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကနဲ့ လုံးဝကို
မကွာခြားပါဘူး။

"လင်းဟာန် ဘာဖြစ်တာလဲ"

ဟူးညို့က မေးလိုက်ပြီး သူ့လက်တွေကို ဆွဲလိုက်ပါတယ်။

"ဘာမှမဟုတ်ပါဘူး"

လင်းဟာန်က ပြုံးပြလိုက်ပြီးတော့ ဟူးညို့ရဲ့ လက်ကိုဆွဲပြီးတော့
မြို့ထဲကို ဝင်လာခဲ့ပါတယ်။

သူက အေးခဲလုံအဖွဲ့အစည်းဆီကို တန်းပြီးတော့
ဦးတည်လိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဒီမှာက အေးခဲလုံ အဖွဲ့အစည်း နှစ်ခုရှိပါတယ်။ တစ်ခုက မြို့ရဲ့တောင်ဘက်မှာ ရှိပြီးတော့ တောင်ပိုင်းလုံအဖွဲ့လို့ ခေါ်ပြီးတော့ တစ်ခုက မြောက်ဘက်မှာ ရှိပြီးတော့ မြောက်ပိုင်းလုံအဖွဲ့လို့ ခေါ်ပါတယ်။ အေးခဲလုံ အဖွဲ့အစည်း နှစ်ခုစလုံးက သူတို့ကိုယ်သူတို့ အေးခဲလုံ အဖွဲ့အစည်း အစစ်လို့ ကြေညာထားကြပြီး မကြာခဏဆိုသလို တစ်ဖွဲ့နဲ့တစ်ဖွဲ့ သတ်ပွဲတွေမှာ ပါဝင်ခဲ့ကြပြီး သူတို့အကြားမှာ မဆုံးနိုင်တဲ့ ရန်ငြိုးတွေ ဖြစ်တည်နေပါတယ်။

လင်းဟန်က မြို့ရဲ့အရှေ့ဘက် တံခါးကနေ ဝင်လာခဲ့ပြီး ဘယ်အေးခဲလုံအဖွဲ့အစည်းပဲဖြစ်ဖြစ် သူနဲ့အကွာအဝေး တူပါတယ်။ သူက ကြေးပြားတစ်ပြား ထုတ်လိုက်ပြီးတော့ ပြုံးလိုက်ပါတယ်။

"တကယ်လို့ ခေါင်းကျရင် ငါတို့တွေ တောင်ပိုင်းလုံ အဖွဲ့ကိုသွားမယ်။ တကယ်လို့ ပန်းကျရင်တော့ မြောက်ပိုင်းလုံ အဖွဲ့ဆီကို သွားကြမယ်"

Edit with WPS Office

လင်းဟန်က ကြေးပြားကို မြှောက်လိုက်ပါတယ်။ ကြေးပြားက ချွင်ခနဲမြည်ပြီးတော့ မြေကြီးပေါ်ကို ကျသွားပါတယ်။ လင်းဟန်က ငုံ့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ ကြေးပြားက ပန်းကျနေပါတယ်။

သူက ဖြေးဖြေးမှန်မှန်ပဲ လျှောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း မြို့က အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် မြောက်ပိုင်းလုံအဖွဲ့ကို တော်တော်ကြာမှ ရောက်လာပါတယ်။

"ဒီနေရာမှာ စကားပြောဆိုနိုင်တဲ့ တစ်ယောက်ယောက်နဲ့ ငါတွေ့ချင်တယ်"

လင်းဟန်က ဂင်ပေါက်မှာ ရပ်စောင့်နေတဲ့ အစောင့်တွေကို ပြောလိုက်ပါတယ်။

"မင်းကဘယ်သူလဲ"

အစောင့်က ပြန်မေးလိုက်ပါတယ်။ သူ့ရဲ့မျက်နှာပေါ်မှာ အထင်သေးတဲ့ အပြုံးတစ်ခု ရှိနေပါတယ်။ ဒါက သဘာဝပါပဲ။

Edit with WPS Office

တကယ်လို့ တစ်စုံတစ်ယောက်က ရောက်လာပြီးတော့ သူတို့ရဲ့ ခေါင်းဆောင်ကို တွေ့ချင်တယ်လို့ တောင်းဆိုရင် အဲဒီလူတွေက သူတို့ရဲ့ ခေါင်းဆောင်ကို ဘယ်လိုမျိုး ထင်နေကြလဲ။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် လင်းဟာန်။ အထဲကို သွားပြီးတော့ ဒီလိုပဲ ပြောလိုက်ပါ"

"လင်းဟာန်"

အစောင့်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ အေးခဲလုံ့ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေ နားလည်သဘောပေါက်ထားကြတာက သူတို့တွေ ဒီနေရာမှာ စုစည်းတည်ရှိ နေရတာက လင်းဟာန်နဲ့ ပက်သက်ဆက်နွယ်နေပါတယ်။

ဒါပေါ့။ အဲဒီလင်းဟာန်က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းအကျော်က

Edit with WPS Office

မော်ဆေးကောရာဇ် ဖြစ်ပါတယ်။ အခု သူ့ရဲ့အရှေ့က လင်းဟန် မဟုတ်ပါဘူး။

အေးခဲလုံ အဖွဲ့အစည်းက အဖွဲ့သားတိုင်းရဲ့ နလုံးသားထဲမှာ လွှန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက လင်းဟန်ဟာ အထွတ်အထိပ် တည်ရှိမှု တစ်ခုဖြစ်ပါတယ်။ သူက နတ်ဘုရား တစ်ပါးနဲ့ တူပြီးတော့ သူ့ကိုဆန့်ကျင်ပြီး စော်ကားမော်ကား ပြုလုပ်တာမျိုး မခန့်လေးစား ပြုလုပ်တာမျိုး လုံးဝကို လုပ်လို့ မရနိုင်ပါဘူး။ အခုတော့ သူ့အရှေ့ကလူက သူ့ကိုယ်သူ လင်းဟန်လို့ ခေါ်ရဲပါတယ်။ ဒါက တကယ့်ကို စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။

သူက လင်းဟန်ကို တစ်ချက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါအထဲကို သွားပြီးတော့ ပြောပေးမယ်"

ဟင့်။ တကယ်လို့ သူက လက်ရွေးစင်တွေကို ခေါ်ပြီးတော့ ဒီကောင်လေးကို ပြင်းပြင်းထန်ထန် ရိုက်ပုတ်ပြီး သူ့ရဲ့အမေတောင်

Edit with WPS Office

သူ့ကို မမှတ်မိအောင် ဖြစ်သွားတဲ့အထိ မလုပ်နိုင်ဘူးဆိုရင် သူ့ပဲ တစ်စုံတစ်ခု မှားနေသလို ဖြစ်ပါလိမ့်မယ်။

Chapter 823 end

အပိုင်း(824) လူပြက်တွေက နေရာအနှံ့ပဲ

လင်းဟန်က တံခါးပေါက်မှာ စောင့်နေခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ပေါင်းများစွာ ဖြတ်ကျော်ခဲ့ ပြီးပါပြီ။ ဒါကြောင့် နည်းနည်းလေး ထပ်ပြီးတော့ စောင့်နေရတာကို သူက စိတ်ထဲမှာ ထားလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာ ဟူးညိုက ပျင်းရိမှုကို ဖြေဖျောက်တဲ့ အနေနဲ့ ကျောက်တုံးတွေကို ကန်နေပါတယ်။ ဘုန်း ဘုန်း ဘုန်း။ အစပိုင်းမှာတော့ သူမက ဖြေးဖြေးချင်း ကန်နေပေမဲ့ သူမရဲ့ ကန်ချက်တွေ ပိုပိုပြီးတော့ ပြင်းလာခဲ့ပါတယ်။ နောက်ဆုံးတော့ သူမက ဒုက္ခကို ဖိတ်ခေါ်လိုက်ပါတယ်။

"အားယား ငါ့ကို ဘယ်သူ ချောင်းမြောင်းလုပ်ကြံနေတာလဲ"

Edit with WPS Office

လူငယ်တစ်ယောက်က သူ့နဖူးကို လက်တစ်ဖက်နဲ့ ကိုင်ပြီးတော့ လမ်းလျှောက်ထွက် လာခဲ့ပါတယ်။ သူက နာကျင်မှုကြောင့် အံကိုကြိတ်ထားပြီး သူ့မျက်နှာကလည်း နာကျင်လို့ ရှုံ့မဲ့နေပါတယ်။

ဟူးညိုက သူ့ကို သတိပြုလိုက်မိတဲ့ အခါ သူမက ချက်ချင်းပဲ လင်းဟန်အနောက်မှာ ခေါင်းပုပြီး ပုန်းနေလိုက်ပါတယ်။ အဲဒီနောက် သူမရဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ကျူးရှွမ်အာဆီ လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအမျိုးသမီးပဲ နင့်ဆီကို ကျောက်တုံးပစ်လိုက်တာပေါ့။ ညိုးညိုး သေသေချာချာ မြင်လိုက်တယ်"

ကလေးတစ်ယောက်ကို ဘယ်သူကများ သံသယ ဝင်မိမှာလဲ။

အဲဒီလူငယ်က ဟူးညိုရဲ့ လက်ညိုးညွှန်တဲ့ဆီကို ချာခနဲ လှည့်ပြီးတော့ ကျူးရှွမ်အာကို ကြည့်လိုက် ပါတယ်။ သူက

Edit with WPS Office

အတော်လေးကို ဒေါသထွက်နေခဲ့ပေမဲ့ ချက်ချင်းဆိုသလို သူ့မျက်နှာပေါ်မှာ မှင်တက်တွေဝေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီအမျိုးသမီးက အရမ်းအရမ်းကို ချောမောလှပါတယ် မဟုတ်ပါလား။ သူမရဲ့ အလှအပက အေးခဲမြို့ တစ်ခုလုံးရဲ့ ထိပ်ဆုံးမှာ ရှိပြီးတော့ ဘယ်အမျိုးသမီးကမှ သူမကို ယှဉ်ပြိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ရုတ်ချည်းဆိုသလို သူ့ကိုကြည့်ရတာ သူ့နဖူးက နာကျင်မှု ပျောက်သွားသလိုပါပဲ။ သူက အလျင်အမြန်ပဲ ပြုံးပြီးတော့ သူ့ကိုယ်သူ အရမ်းကို ခန့်ညားချောမောတဲ့ အမူအရာမျိုးနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် ဖန်ယီရှုလို့ခေါ်တယ်။ ဒီက အလှလေးရဲ့ နာမည်ကို သိပါရစေ"

Edit with WPS Office

ကျူးရှမ်အာက သူ့ကို ဂရုမစိုက်တဲ့ဟန်နဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျမတို့က သူစိမ်းတွေပဲ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် နာမည်သိဖို့ မလိုပါဘူး"

"ဘယ်လောက်တောင် ပြိုင်စံရှားလိုက်သလဲ။ ငါတော့ သဘောကျသွားပြီ"

ဖန်ယီရှူက တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူ့ရဲ့မျက်နှာကို ဘေးဘက်ကို လှည့်လိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ခေါင်းကို အနောက်ဘက်ကို လှည့်လိုက်ပြီး သူ့အပြုံးက အရင်ကထက်တောင် ပိုပြီးတော့ တောက်ပလာခဲ့ပါတယ်။

"လူပင်လယ်ကြီး တစ်ခုထဲမှာ တွေ့ဆုံခွင့် ရတာက ဘယ်လိုလုပ်ပြီးတော့ ရေစက်မပါပဲ နေမှာလဲ။ မိန်းကလေး မင်းရဲ့အလှက အရမ်းကို တောက်ပလွန်းတယ်။

Edit with WPS Office

ငါ့မျက်လုံးတွေထဲမှာ မင်းတစ်ယောက်တည်းကိုပဲ မြင်နိုင်တယ်”

ကျုံးရွှမ်အာက သူ့ကို လုံးဂကို လျစ်လျူရှုထားလိုက်ပါတယ်။ ဒါကြောင့် သူက သူ့ရဲ့ အားသာချက်ကို အသုံးပြုလို့ မရနိုင်ပဲ ဆက်ပြီးတော့ နှောင့်ယှက်နေပါတယ်။

“မိန်းကလေး မင်းရဲ့ အလှအပက အဆိပ်တစ်ခုလိုပဲ။ ဒါပေမဲ့ ငါက ဒီခံစားချက်ကို ကျေကျေနပ်နပ်နဲ့ ခံယူပါ့မယ်”

“မင်းက ငါ့ကို သိမ်းပိုက်စိုးမိုး သွားပြီကွာ။ ကျေးဇူးပြုပြီးတော့ ငါ့ရဲ့လက်ကျန် ဘဝတစ်လျှောက်လုံးကို အချစ်တွေနဲ့အတူ မင်းကို ဖူးဖူးမှုတ် အလိုလိုက်ဖို့ အသုံးပြုခွင့် ပြုပါ”

“........”

ဖန်ယီရှုက ကြည်နူးဖွယ်ရာကောင်းတဲ့ စကားလုံး လှလှတွေကို

Edit with WPS Office

တစ်ခွန်းပြီးတစ်ခွန်း ဆက်တိုက် ပြောနေပါတယ်။ သူက တကယ့်ကို အချစ်ရေးနဲ့ပတ်သက်ရင် ဝါရင့်တစ်ယောက် ပါပဲ။ သူက စကားလုံး နည်းနည်းလေးမှတောင် မထပ်စေရပါဘူး။ သူ့ရဲ့ ခန့်ညားချောမောတဲ့ ရုပ်ရည်နဲ့ ချိုသာတဲ့ ပါးစပ်ကြောင့် သေချာပေါက်ကို မရေတွက်နိုင်တဲ့ အမျိုးသမီးတွေက သူ့ရဲ့ နူးညံ့ညင်သာ သိမ်မွေ့တဲ့ ထောင်ချောက်ထဲကို ခုန်ချဖို့ပ ဆန္ဒရှိနေပါလိမ့်မယ်။

ကံမကောင်းတာက ဒီထောင်ချောက်က ကျူးရှမ်အာ အပေါ်မှာ နည်းနည်းလေးမှ အကျိုး သက်ရောက်မှု မရှိပါဘူး။ တစ်ဖက်မှာတော့ သူမရဲ့ အမူအရာက ပိုပိုပြီးတော့ အေးသထက် အေးစက်လာခဲ့ပါတယ်။

"ငတုံး အဓိပ္ပါယ်မရှိတဲ့ စကားတွေ ဘာဖြစ်လို့ ပြောနေတာလဲ။ သူမကို သတိလစ်အောင် ရိုက်ပြီးတော့ အိမ်ထဲကို သယ်သွားပါလား"

ဟူးညိုကလည်း ဖန်ယီရှုရဲ့ စကားတွေကို ဆက်ပြီးတော့

Edit with WPS Office

သည်းမခံနိုင်တော့ပဲ သူ့ကို တိုက်ရိုက်အကြံ ပေးလိုက်ပါတယ်။

"အဲဒါက မသင့်တော်ဘူးထင်တယ်။ ဟုတ်တယ်မလား"

ဖန်ယီရှုက သူ့ခေါင်းကို ပွတ်နေပြီး စပ်ဖြီးဖြီး ပြုံးလိုက်ပါတယ်။

"ညီုးညီုးကို ယုံစမ်းပါ"

ဟူညိုက သူ့ကိုဆက်ပြီးတော့ အားပေးလိုက်ပါတယ်။

ဖန်ယီရှုက သူ့လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။
"ကောင်းပြီလေ ဒီလိုပဲ လုပ်လိုက်တာပေါ့"

လင်းဟာန်က သဘောကျစွာနဲ့ ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

Edit with WPS Office

"မင်းက ဘာကိုလုပ်ချင်တာလဲ"

ဖန်ယီရှုက ချက်ချင်းဆိုသလို တဆတ်ဆတ် တုန်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ ယောက်ျားလေးတွေကို စိတ်မဝင်စားဘူး။ ဒါကြောင့် ငါ့ကို ညစ်ညစ်ပတ်ပတ် စကားတွေ လာမပြောနဲ့"

လပ္ပွတ်ပဲ။ ဒီကောင်က လူပြက်တစ်ယောက်ပဲ။ ဟုတ်တယ်မလား။

လင်းဟန်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဒီလိုပြောတယ် ဆိုမှတော့ ငါကလည်း မင်းနဲ့ တကယ်ပဲ ကစားချင်လာပြီ"

"မင်း မင်း ပြဿနာ မရှာနဲ့နော်။ ငါက ဒီလိုမျိုး လူစားမဟုတ်ဘူး။

Edit with WPS Office

နောက်ပြီး ငါက အရမ်းကို အစွမ်းထက်တယ်။ ဒါကြောင့် မင်းကိုယ်မင်း ထိခိုက်ခံစားသွားရမဲ့ အဖြစ်ကို မရှာချင်ပါနဲ့"

ဖန်ယီရှုက အလျင်အမြန်ပဲ သူ့ဓားကို ဆွဲထုတ်လိုက်ပါတယ်။ မင်းက နာဘူးတစ်ယောက်ပဲ။ ငါ့အနားကို ကပ်မလာနဲ့ ဆိုတဲ့ အမူအရာမျိုးနဲ့ သူ့ကိုယ်သူ ကာကွယ်ထားပါတယ်။

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ဖန်ယီရှုကို သာမန်ကာလျှံကာနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

"နာဘူးကောင် သေစမ်း။ ငါ့ဓားကို ကြည့်"

ဖန်ယီရှုက ဓားနဲ့ ခုတ်လိုက်ပါတယ်။ ရွှစ်။ ဓားအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ လက်ကောက်ဝတ်ဆီကို ခုတ်ချလိုက်ပါတယ်။

Edit with WPS Office

သူက တကယ့်ကို ပြောလို့ မရနိုင်ပါဘူး။ ဒီလူငယ်က အကြောင်းတချို့အတွက် အားကိုးလို့ မရလောက်ပေမဲ့ သူက အတော်လေးကို ကျွမ်းကျင်မှု ရှိပါတယ်။ ဒီလိုမျိုး အသက်အရွယ် ငယ်ငယ်နဲ့ ဓားအလင်းတန်းကို ထုတ်ဖော်နိုင်တဲ့လူ အများကြီး မရှိပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်နဲ့ ယှဉ်လိုက်မယ်ဆိုရင် ဖန်ယီရှူက ကလေးသာသာပါပဲ။ သူတို့နှစ်ယောက်က လုံးဝကို မတူညီ ကွဲပြားတဲ့ အဆင့်တွေ ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ လက်က ဦးတည်ချက် ပြောင်းသွားပြီး တစ်ဖက်လူရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်ပါတယ်။ သူက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ခန့်မှန်းကြည့်စမ်း။ ငါက မင်းကို ပွက်ပွက်ဆူအောင် ပြုတ်ပစ်မလား ကင်ပစ်မလား"

"အမေရေ"

Edit with WPS Office

ဖန်ယီရှုရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ကြက်သီးမွေးညင်းတွေနဲ့ ဖုံးသွားပါတယ်။ သူက အလျင်အမြန်ပဲ လွတ်အောင်လို့ အားကုန်သုံး ရုန်းလိုက်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ လက်တွေက သံမဏိ ညှပ်ကြီးတွေလိုပဲ နည်းနည်းလေးမှတောင် လှုပ်လို့မရပဲ သူ့ကို ဘာမှမတတ်နိုင်ပဲ စိုက်ကြည့် နေရုံပဲ တတ်နိုင်ပါတယ်။

"အမေကို တမနေနဲ့။ ငါ့ကို အစ်ကိုကြီးလို့ခေါ်။ ဒါဆိုရင် ငါမင်းကို လွှတ်ပေးမယ်"

"မင်းက အစ်ကိုကြီးလို့ ခေါ်ဖို့ ထိုက်တန်တယ်လို့ ထင်နေတာလား"

ဖန်ယီရှုက နှာခေါင်းရှုံ့လိုက်ပါတယ်။ သူ့ရဲ့ဘယ်ဘက်လက်ကို ခါလိုက်တဲ့ အခါမှာ နောက်ထပ် ဓားတစ်ချောင်း ပေါ်လာခဲ့ပြီး လင်းဟာန်ကို မြန်မြန်ဆန်ဆန် ထိုးထည့်လိုက်ပါတယ်။

လင်းဟာန်က သူ့ရဲ့လက်ကို လျော့ပေးလိုက်ပြီး ဖန်ယီရှုရဲ့ ဘယ်ဘက်လက်ကို နောက်တစ်ကြိမ် ဖမ်းဆုပ်လိုက်ပါတယ်။

Edit with WPS Office

လင်းဟာန်ရဲ့ လက်က လုံးဂကို တိကျပါတယ်။

ဖန်ယီရှူက လုံးဂကို အံ့အားသင့် သွားခဲ့ပါတယ်။
ဘယ်လိုလုပ်ပြီးတော့ ဒီလူရဲ့ လုပ်ရှားမှုက အရမ်းကို
လျင်မြန်နေရတာလဲ။ သူက ဒေါသတကြီးနဲ့ မာန်သွင်းလိုက်ပြီးတော့
သူ့ရဲ့ ညာဘက်လက်နဲ့ နောက်တစ်ကြိမ် ထပ်ခုတ်လိုက်ပါတယ်။
ဒီတိုက်ခိုက်မှုမှာ သူ့ရဲ့ခွန်အား အကုန်လုံးကို အသုံးပြုခဲ့ပါတယ်။
သူ့ရဲ့ဆံပင်တွေတောင် အပ်ချောင်းတွေလို မာကျောလာပါတယ်။
သူ့ရဲ့ ဓားအသိဆန္ဒက ခိုင်မာပြီး လင်းဟာန်ဆီကို ညာတာကင်းမဲ့စွာနဲ့
ခုတ်ချလိုက်ပါတယ်။

လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို
မာကျောပါတယ်။ ဒါကြောင့် သူ့ရဲ့ စိတ်ဝိညာဉ်ကလည်း
သေချာပေါက် သန်စွမ်းပါလိမ့်မယ်။ လင်းဟာန်ဆီက စိတ်ဝိညာဉ်
တိုက်ခိုက်မှုကြောင့် သူ့ခေါင်းကို ဆုပ်ကိုင်ပြီး မရိုမသေ့ဝေဒနာကြောင့်
အင့်ခနဲ ငြည်သွားပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်

Edit with WPS Office

နှစ်ခုလုံးကို အဆုံးစွန် အထွတ်အထိပ်ထိ ကျင့်ကြံနိုင်တဲ့ မွန်းစတားမျိုး နောက်ထပ်မရှိနိုင်ပါဘူး။

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ သူ့ရဲ့ ဓားနှလုံးသားကို ထုတ်ဖော်လိုက်တာနဲ့ ဖန်ယီရှုရဲ့ ဓားအာသိဆန္ဒက ချက်ချင်းကို ပြိုလဲသွားပါတယ်။ သူ့ကိုကြည့်ရတာ ဒဏ်ရာ ကြီးကြီးမားမား ခံစားလိုက်ရသလို သူ့မျက်နှာ တစ်ခုလုံး ချက်ချင်းပဲ ဖြူဖပ်ဖြူရော် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ အမူအရာတောင် ရှုံ့မဲ့နေပြီး ဒါက သူ့ကို မယုံနိုင်စရာကောင်းတဲ့ နာကျင်မှုကို ခံစားနေရသလိုပါပဲ။

လင်းဟာန်က သူ့လက်ကို လျော့ပေးလိုက်ပါတယ်။ ဖန်ယီရှုက မြေကြီးပေါ်မှာ လူးလိမ့်လို့ နေပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက တွန့်လိမ်လို့ နေပါတယ်။ စိတ်ဝိညာဉ်ကို တိုက်ခိုက်တာက ပေါ့သေးသေး တိုက်ခိုက်မှုတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့အတွက်တော့ ဒီခွန်အားက ကျောက်တုံးနဲ့ ကြိတ်နေသလို ခံစားရပါတယ်။ တကယ်လို့ သူက ဒီခံစားမှုကနေ ရှင်သန်နိုင်မယ် ဆိုရင်တော့ သူ့ရဲ့ စိတ်ဝိညာဉ် မာကျောမှုက သေချာပေါက် တိုးတက်လာပါလိမ့်မယ်။

Edit with WPS Office

"သခင်လေးဖန်"

အဲဒီအချိန်မှာပဲ လူနှစ်ယောက်က တံခါးကနေ ထွက်လာကြပါတယ်။ တစ်ယောက်က စောစောက သွားပြောတဲ့ အစောင့်ဖြစ်ပြီးတော့ ကျန်တစ်ယောက်ကတော့ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး အဘိုးအို တစ်ယောက် ဖြစ်ပါတယ်။ သူ့ကိုကြည့်ရတာ အသက်ခြောက်ဆယ် ဒါမှမဟုတ် ခုနစ်ဆယ်ခန့် ရှိတဲ့ ဟန်ပန်အမူအရာမျိုး ရှိပါတယ်။ ဒါပေမဲ့လည်း အခုချိန်မှာတော့ သူ့အမူအရာက စိုးရိမ်ပူပန်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ သူက အလျင်အမြန်ပဲ ဖန်ယီရှုဘေးနားကို သွားပြီးတော့ သူ့ကို မတ်တပ်ရပ်နိုင်အောင်လို့ ကူညီလိုက်ပါတယ်။ အနီးကပ်သေချာ ကြည့်လိုက်ပြီးတော့ ဖန်ယီရှုရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ မရှိဘူးဆိုတာကို သိလိုက်ရတဲ့အခါ သူက စိတ်သက်သာရာ ရသွားပါတယ်။

အဘိုးအိုက လင်းဟန်ကို ကြည့်လိုက်ပြီး သူ့အကြည့်တွေက ရေခဲတမျှ အေးစက်လို့ နေပါတယ်။ အဘိုးအိုက လင်းဟန်ကို မေးလိုက်ပါတယ်။

Edit with WPS Office

"မင်းက သခင်လေးဖန်ကို ဒဏ်ရာရအောင် လုပ်လိုက်တဲ့ သူလား"

လင်းဟာန်က ရယ်မောလိုက်ပါတယ်။

"အမှန်တကယ်တော့ ဒဏ်ရာရတယ်ဆိုတဲ့ စကားကို မသုံးသင့်ဘူး။ ဖြစ်သင့်တာက လက်ရည်စမ်းတယ်လို့ ခေါ်ရမယ်။ ပြီးတော့ သူ့က ကျုပ်ပြိုင်ဘက် မဟုတ်ဘူး"

"ဟင့် မင်းက ငါတို့အေးခဲလုံ အဖွဲ့အစည်းကို လာပြီးတော့ ဒဏ်ရာရအောင် လုပ်ဝံ့တယ်။ ဘယ်လောက်တောင် အတင့်ရဲလိုက်သလဲ"

အဘိုးအိုက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ညာဘက်ကို ဆန့်ထုတ်လိုက်ပြီး ချက်ချင်းပဲ အစိမ်းရောင်ကို ပြောင်းသွားပြီး သတ္တုကိုယ်ထည် တစ်ခုလိုမျိုး ထုတ်ဖော်နေပြီး သူ့လက်ဝါးပေါ်မှာ သင်္ကေတတွေ တလက်လက် တောက်ပနေပါတယ်။

Edit with WPS Office

ဒီအဘိုးကြီးက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့စွမ်းရည်က တကယ့်ကို မနိမ့်ကျပါဘူး။

လင်းဟာန်က သူ့လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားရဲ့ အဆင့်အတန်းက မနိမ့်ဘူးလို့ထင်တယ်။ ဒါကြောင့် ကျုပ်က ခင်ဗျားကို ဒီမေးခွန်း မေးချင်တယ်။ ခင်ဗျား ကျန်းယွဲ့ဖန်၊ ယွမ်ရောင်ဂမ်၊ ထန်ရှုယွမ်ဆိုတဲ့ နာမည်တွေကို ကြားဖူးလား"

"ဟင့် တကယ်လို့ မင်းက အင်အားကြီးတဲ့ နောက်ခံတစ်ခုကို ထုတ်ဖော်ခဲ့မယ် ဆိုရင်တောင် အသုံးမဝင်ဘူး။ ဒီနေ့ ဘယ်သူကမှ မင်းကို ကယ်နိုင်မှာ မဟုတ်ဘူး"

အဘိုးကြီးက လှောင်ခနဲ ခုန်ဝင်ပြီးတော့ လင်းဟာန်ကို တိုက်ခိုက်လိုက်ပါတယ်။ ထန်။ သူ့ရဲ့ လက်ဝါးက ပစ်မှတ်ကို

Edit with WPS Office

ရောက်သွားပြီး ဒီတိုက်ခိုက်မှုကြောင့် လေပြင်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ မူလစွမ်းအင်ကို ဖိထည့်ထားပြီး ဖျက်ဆီးခြင်း စွမ်းရည်ကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

လင်းဟာန်က သူ့ညာဘက်လက်ကို ထုတ်ပြီးတော့ အဘိုးအိုရဲ့လက်ကို ဖိကပ်လိုက်တဲ့ အခါမှာ အဘိုးကြီးက ချက်ချင်းဆိုသလို လွင့်ထွက်သွားခဲ့ပါတယ်။ ဝုန်း ဝုန်း ဝုန်း ဝုန်း။။ အနည်းဆုံး နံရံဆယ်ခုကို ပေါက်ထွက်သွားပြီးမှ ရပ်တန့်သွားပြီး ချက်ချင်း သတိလစ်သွားပါတယ်။

ဒီတစ်ကြိမ်တော့ သူက တကယ်ပဲ အာရုံစိုက်ခံရဖို့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဟုတ်တယ်မလား။

ဘုတ် ဘုတ် ဘုတ် ဘုတ်။

လူတော်တော်များများ စံအိမ်ထဲကနေ ပြေးထွက်လာပြီး လင်းဟာန်ကို ဝိုင်းထားလိုက်ပါတယ်။ ဒါပေမဲ့ တစ်ယောက်ကမှ မလှုပ်ရှားကြသေးပါဘူး။

Edit with WPS Office

"ဟင့်"

ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရိုန်အဝါ တစ်ခု ပျံ့နှံ့လာပြီး လူတစ်ယောက် ထွက်လာခဲ့ပါတယ်။

"အကြီးအကဲ ခုနစ်ကို နှုတ်ဆက်ပါတယ်"

တစ်ယောက်ပြီးတစ်ယောက် ဒူးထောက်ပြီးတော့ ဂါရဝ ပြုလိုက်ကြပါတယ်။

သူက ဆံပင်ဖြူဖြူနဲ့ အဘိုးကြီးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စိတ်ဝိညာဉ်က ကျန်မာသန်စွမ်းပြီး သူ့မျက်လုံးတွေက တောက်ပနေပါတယ်။ သူက လင်းဟာန်ကို စိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"လူငယ်လေး မင်းမှာ ချီးကျူးစရာကောင်းတဲ့ သတ္တိရှိတာပဲ။ အေးခဲလုံ အဖွဲ့အစည်းကို လာပြီးတော့ ဆိုးဆိုးဝါးဝါး အပြုအမူတောင် လုပ်ဝံ့တယ်"

"ဆိုးဝါးတဲ့ အပြုအမူ ဟုတ်လား"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဒါက ကိုယ့်ကိုကိုယ် ကာကွယ်တာ သက်သက်ပါပဲ။ ဒါပေမဲ့လည်း ကျုပ်ရဲ့ စိတ်ရည်မှုက အကန့်အသတ်နဲ့ရှိတယ်။ တကယ်လို့ ဘယ်သူမှ ရေငုံနှုတ်ပိတ်ဖို့ ဆန္ဒရှိတယ်ဆိုရင် ကျုပ်နဲ့ အေးအေးချမ်းချမ်း ဆွေးနွေးလို့ မရမှတော့ ဒီနေရာကို အထက်အောက် ပြောင်းဆန်အောင် လှန်ပစ်ဖို့ ရွေးချယ်လိုက်ရုံပဲ တတ်နိုင်မယ်။ ဒါမှ အားလုံးက အေးအေးဆေးဆေး ဖြစ်သွားနိုင်မယ်"

Chapter 824 end

အပိုင်း(825) အေးခဲလုံ အဖွဲ့အစည်းရဲ့ တည်ထောင်သူ

Edit with WPS Office

"ဘယ်လောက်တောင် လေကြီးလိုက်သလဲ။ မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်ပဲ ရှိသေးတယ်"

နံပါတ်ခုနစ် အကြီးအကဲက သရော်ပြီး ပြီးလိုက်ပါတယ်။

"လူငယ်လေး မာတောင့်တောင့် ဖြစ်တဲ့ အပင်တွေက လွယ်လွယ်နဲ့ အက်ကွဲနိုင်ဆုံးပဲ။ မင်းက အရမ်းကို မာနကြီးလွန်းတယ်။ ဒါကြောင့် မင်းကို ဘယ်လိုမျိုး ယဉ်ယဉ်ကျေးကျေး ပြုမူရမလဲ ဆိုတာကို သိအောင်လို့ ဆုံးမခွင့်ပြုပါ"

လင်းဟာန်က ပြန်တုံ့ပြန် လိုက်ပါတယ်။

"ခင်ဗျားလည်း လေတော်တော် ကြီးတာပဲ။ ရေတွင်းအောက်ခြေက ဖားတစ်ကောင်တော့ မဖြစ်စေနဲ့။ ကမ္ဘာကြီးက အရမ်းကို ကြီးတယ်လို့ စဉ်းစားကြည့်လိုက်ပါ။ ခင်ဗျားအနေနဲ့ တစ်ခုတော့ နားလည်ထားရမယ်။ ကမ္ဘာကြီးက အကျယ်ကြီးပဲ။ ဒါကြောင့် ခင်ဗျားထက် တော်တဲ့တတ်တဲ့ တစ်ယောက်ယောက်က အမြဲတမ်း

Edit with WPS Office

ရှိနေမှာပဲ”

“ဟားဟားဟားဟား”

နံပါတ်ခုနစ် အကြီးအကဲက ဒေါသတွေနဲ့ မဲ့ရွဲ့ပြီး ရယ်မောလိုက်ပါတယ်။ တကယ်လို့ သူတို့နှစ်ယောက်ရဲ့ အသက်တွေကို ပြောင်းလိုက်မယ်ဆိုရင်တော့ ဒီစကားတွေက အတော်လေး ယုတ္တိရှိပါတယ်။ ဒါပေမဲ့ အခုတော့ လူငယ်တစ်ယောက်က သူ့လို အဘိုးကြီး တစ်ယောက်ကို သင်ခန်းစာ ပို့ချနေပါတယ်။ သူ့ကို ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်စေပါတယ်။

သူ့ရဲ့ မျက်လုံးတွေက အေးခဲလာပါတယ်။ သူက လင်းဟန်နဲ့ ဆက်ပြီးတော့ ငြင်းခုံနေဖို့ စိတ်မဝင်စားပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဒေါသထွက်ပြီး တကယ့်ကို သေသွားပါလိမ့်မယ်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လင်းဟန်ကို ဖမ်းဆုပ် လိုက်ပါတယ်။

Edit with WPS Office

သူက ကောင်းကင်အဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နတ်အသွင်ပြောင်းလဲခြင်းအဆင့်ပဲ ရှိသေးတဲ့ ဂျူနီယာလေး တစ်ယောက်ကို ရင်ဆိုင်ရတာ အရမ်းကို လွယ်ကူလွန်းတယ် မဟုတ်လား။ သူ့အနေနဲ့ တိုက်ခိုက်ဖို့အတွက် မိုးကောင်းကင်ပေါ်ကို ပျံတက်စရာ လိုလို့လား။ တစ်ဖက်လူက ပြန်ပြီးတော့တောင် တိုက်ခိုက်နိုင်မှာ မဟုတ်ပါဘူး။ သူ့အတွက်တော့ သူ့ရဲ့ တိုက်ကွက် တစ်ကွက်တည်းနဲ့ ဖိနှိပ်လို့ ရပါတယ်။ ဒါကြောင့် ဇရာမ ပျက်စီးထိခိုက်မှု ဖြစ်စေဖို့ အကြောင်း လုံးဝကို မရှိပါဘူး။

သူ့ရဲ့ ညာဘက်လက်နဲ့ ဖမ်းဆုပ်လိုက်တာ ဖြစ်ပါတယ်။ ကောင်းကင်အဆင့်ရဲ့ သိုင်းဆန္ဒတွေက ပန်းထွက်လာပြီး ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခု ဖြစ်ပေါ်နေပါတယ်။ နတ်အသွင်ပြောင်းလဲခြင်း အဆင့် ကျင့်ကြံသူတွေက ခွန်အားနည်းပြီးတော့ သူ့ရဲ့ ဇရာမ ဖိအားအောက်မှာ မြေကြီးပေါ်ကို တန်းပြီးတော့တောင် လဲကျသွားပါလိမ့်မယ်။

လင်းဟာန်က ရှောင်လည်းမရှောင်သလို တားလည်းမတားပါဘူး။

Edit with WPS Office

တခြားသူတွေရဲ့ မျက်လုံးထဲမှာတော့ ဒါက အရမ်းကို ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။ ကောင်းကင်အဆင့် အဆုံးမဲ့ လက်ရွေးစင်တစ်ယောက် လုပ်ရှားလာမှတော့ ဒီကောင်လေးမှာ ဘယ်လိုလုပ်ပြီးတော့ ရှောင်ဖို့ အခွင့်အရေး ရှိမှာလဲ။ ကောင်းကင်အဆင့်ရဲ့ သိုင်းဆန္ဒ ဖိအားနဲ့ဆိုရင် သူက စောင့်နေပြီး ဖမ်းခံလိုက်ရုံပဲ တတ်နိုင်ပါလိမ့်မယ်။

ဒီလက်က သူ့ကို ဖမ်းဆုပ်မိခါနီး အချိန်မှာ လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။ သူက အရမ်းကို လျင်မြန်စွာနဲ့ လှုပ်ရှားလိုက်ပြီး အဘိုးအိုရဲ့ လက်ဝါးကို ဆတ်ခနဲ တောက်လိုက်ပါတယ်။

ရုတ်ချည်းဆိုသလို နံပါတ်ခုနစ် အကြီးအကဲရဲ့ အမူအရာက ပြောင်းသွားပါတယ်။ လင်းဟန်ရဲ့ စွမ်းရည်က သူ့လောက် မသန်မာပေမဲ့ သူ့ရဲ့ သိုင်းဆန္ဒက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ ဒါကိုကြည့်ရတာ သူ့ခန္ဓာကိုယ်ကို အပ်တစ်ချောင်းနဲ့ ထိုးဖောက်လိုက်သလိုမျိုး သူ့ကို

Edit with WPS Office

အချွန်နဲ့ထိုးလိုက်သလို အကြီးအကျယ် နာကျင်သွားစေခဲ့ပါတယ်။

သူက အနောက်ကို ခြေခုနစ်လှမ်း ဆုတ်လိုက်ရပါတယ်။ သူ့ရဲ့ကလက်ကို မြှောက်ပြီးတော့ တစ်ချက် ကြည့်လိုက်တဲ့ အခါမှာ သူ့ရဲ့လက်ချောင်းတွေက အရမ်းကို တုန်ခါနေပြီးတော့ လက်သီးကို တင်းတင်းဆုပ်လို့တောင် မရဘူးဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

ဒါက အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ ဒီလူငယ်က မွန်းစတားတစ်ကောင်များလား။ သူ့ဆီက သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို တစ်စစီ ဖြစ်သွားစေ ခဲ့ပါတယ်။

"ဟင် နံပါတ်ခုနစ် အကြီးအကဲက ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

"ငါမသိဘူး။ ငါမြင်တာတော့ နံပါတ်ခုနစ်အကြီးအကဲက တစ်ဟုန်ထိုး ဝင်သွားပြီး အဲဒီနောက် ပြန်ဆုတ်သွားတာပဲ"

Edit with WPS Office

"အဲဒီကောင်လေးက နံပါတ်ခုနစ် အကြီးအကဲရဲ့ တိုက်ခိုက်မှုကို တားဆီးလိုက်နိုင်တာများ ဖြစ်နေမလား"

"မင်းလာနောက်နေတာလား။ နံပါတ်ခုနစ် အကြီးအကဲရဲ့ ကျင့်ကြံခြင်းအဆင့်က ဘယ်လောက် ရှိနေပြီလဲ။ သူက ဒီကဗ္ဗာကြီးရဲ့ အစွမ်းထက်ဆုံး အဆင့်တွေထဲမှာ ရပ်တည်နေတာ ဘယ်လိုလုပ်ပြီးတော့ လူငယ်တစ်ယောက်ကိုတောင်မှ သူက ရင်မဆိုင်နိုင်စရာအကြောင်း ရှိမှာလဲ"

ပရိသတ်တွေက အကျိုးအနယ်ကို ဆွေးနွေးနေကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေနဲ့ စောစောက ဘာတွေဖြစ်ပျက်သွားတယ် ဆိုတာကို ရှင်းရှင်းလင်းလင်း မတွေ့မြင်နိုင်ကြပါဘူး။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုလဲ။ အခု ကျုပ်တို့တွေ ထိုင်ပြီးတော့ စကားပြောလို့ ရပြီလား"

Edit with WPS Office

နံပါတ်ခုနစ် အကြီးအကဲက လင်းဟန်ကို ကြည့်ပြီးတော့မှ အချိန်အတော်ကြာပြီးတဲ့နောက် ပြောလိုက်ပါတယ်။

"မင်းက အေးခဲလုံ့ အဖွဲ့အစည်းကို အရမ်းကို လျော့တွက်လွန်းတယ်။ ငါမင်းကို မတားနိုင်ဘူး။ ဒါပေမဲ့ ဒီနေရာမှာ မင်းကို မတားနိုင်တဲ့လူ မရှိတော့ဘူးလို့ မဆိုလိုဘူး"

ဘာလဲဟ။

သူတို့ပြောတဲ့ စကားတွေကို ကြားပြီးတော့ အားလုံးက မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။ သူတို့က ဒါကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။ နံပါတ်ခုနစ် အကြီးအကဲက တကယ်ပဲ ဒီလူငယ်လေးကို ရပ်တန့်အောင် တားဆီးနိုင်စွမ်း မရှိဘူးလား။ ဒီကောင့်ကို ကြည့်ရတာ အများဆုံး အသက်နှစ်ဆယ်ပဲ ရှိဦးမယ်လေ။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူက ဒီလောက်တောင် အစွမ်းထက် နေရတာလဲ။

Edit with WPS Office

ဖြစ်နိုင်တာအချက် သူဟာ မွန်းစတားအိုကြီး တချို့က သူ့ကိုယ်သူ နပိုျဒအောင်လို့ ရုပ်ဖျက်ထားတာ ဖြစ်နေမလား။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်က ဒီနေရာမှာ ခင်ဗျားတို့ တစ်ယောက်ချင်းစီ အလှည့်ကျ ထွက်လာတာကို စောင့်နေဖို့ အချိန်မပေးနိုင်ဘူး"

သူက အဲဒီလို ပြောပြီးတာနဲ့ စံအိမ်ဆီကို ဦးတည်ပြီးတော့ သွားလိုက်ပါတယ်။

"ရပ်စမ်း"

အားလုံးက ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

အပြင်လူတွေက ဘယ်လိုလုပ်ပြီးတော့ အေးခဲလုံ အဖွဲ့အစည်းထဲကို

Edit with WPS Office

ဝင်ဖို့ အရည်အချင်း ပြည့်မီမှာလဲ။ ဒါက ရိုင်းစိုင်းတဲ့ အပြုအမူ ဖြစ်ပါတယ်။

"မင်းတို့အားလုံးက သူ့ကိုတားဆီးနိုင်စွမ်း မရှိဘူး။ သူ့ကိုအထဲ ပေးဝင်လိုက်။ သူ့ကို တစ်ယောက်ယောက်က သူ့အပြုအမူတွေ ယဉ်ကျေးလာအောင်လို့ ဆုံးမပေးလိမ့်မယ်"

နံပါတ်ခုနစ် အကြီးအကဲက ပြောလိုက်ပါတယ်။

အားလုံးက ခေါင်းညိတ်လိုက်ကြပါတယ်။ အေးခဲလုံ့ အဖွဲ့အစည်းမှာ လက်ရွေးစင်တွေ မနည်းပါဘူး။ တကယ်လို့ ကောင်းကင်အဆင့် ကျင့်ကြံသူတွေတောင် လင်းဟာန်ကို မတားဆီး နိုင်ဘူးဆိုရင်တောင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကလည်း မလုပ်နိုင်စရာအကြောင်း ရှိမှာလဲ။

ခဏအကြာမှာ အထဲကနေ ဒုန်းခနဲ ဒိုင်းခနဲ အသံတွေ ကြားလိုက်ရပါတယ်။ အထဲမှာ တိုက်ပွဲတစ်ပွဲ ဖြစ်နေတာ

Edit with WPS Office

ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ခဏအကြာပဲ တိတ်ဆိတ်ပြီးတော့ နောက်ထပ် ထပ်ပြီး ကြားရပါတယ်။ နောက်ထပ်အချိန် အနည်းငယ် အကြာမှာ အဘိုးအိုတစ်ယောက် ပြေးထွက်လာပြီး သူ့မျက်နှာက ဖူးယောင်လို့ နေပါတယ်။

"ဘာ နံပါတ်ငါး အကြီးအကဲတောင် ရှုံးသွားတာလား"

အားလုံးက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

ဒီလူငယ်လေးက နည်းနည်းတော့ အရမ်းကို သန်မာလွန်းနေပါပြီ။ နံပါတ်ခုနစ် အကြီးအကဲက သူ့ရဲ့တိုက်ပွဲ အဖြစ်အပျက်ကို အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ အဲဒီလင်းဟန်က နံပါတ်ငါးကို အနိုင်ယူဖို့ တိုက်ကွက်ဘယ်လောက် အသုံးပြုခဲ့ရသလဲ။

နံပါတ်ငါး အကြီးအကဲရဲ့ မျက်နှာက လုံးဝကို နီမြန်းသွားခဲ့ပါတယ်။ သူက ခဏလောက် ရပ်ပြီးတော့မှ နောက်ဆုံးမှာ ပြောပြလိုက်ပါတယ်။

Edit with WPS Office

“ငါ့ကို အသက်ဆယ်နှစ်လောက်ပဲ ရှိသေးတဲ့ ကလေးမလေး တစ်ယောက်က ရိုက်နှက်ခဲ့တာပဲ”

သူက အမှန်တကယ်တော့ ဟူးညို့ရဲ့ အသက်ကို နည်းနည်းလေး တိုးပြီးတော့ ပြောလိုက်တာက သူ့ရဲ့အရှုံးအတွက် ပိုပြီးတော့ အနည်းငယ် ကြည့်ကောင်းသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း သူမက တကယ်ပဲ အရမ်းကို ငယ်ရွယ်ပါတယ်။ ဒါကြောင့် သူက နှစ်အများကြီး ပေါင်းထည့်လို့ မရနိုင်ပါဘူး။

အဟွတ် အဟွတ် အဟွတ်။

အားလုံးက တံတွေးတွေ သီးကုန်ကြပါတယ်။ ဒါက နံပါတ်ငါး အကြီးအကဲ ဖြစ်ပြီးတော့ စွမ်းရည်ရော ဉာဏ်ပညာမှာပါ နံပါတ်ခုနစ် အကြီးအကဲထက်တောင် အစွမ်းထက်ပါတယ်။ ဒါပေမဲ့ သူက ရှုံးနိမ့်သွားရုံသာမက သူရှုံးသွားခဲ့တာက စောစောတုန်းက သူတို့တွေ့ခဲ့တဲ့ ကလေးမလေး ဖြစ်ပါတယ်။

Edit with WPS Office

ဟူးညီ့ကို မတွေ့တာ ဘယ်သူများ ရှိလို့လဲ။ ဒီလိုမျိုး ကလေးမလေး တစ်ယောက်က တကယ်ပဲ လက်ရွေးစင် တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ ဘယ်သူကများ ခန့်မှန်းနိုင်မှာလဲ။

ပုန်း။

အထဲက တိုက်ပွဲအသံတွေကို နောက်တစ်ကြိမ် ကြားလိုက်ရပါတယ်။ စောစောကလိုပဲ သိပ်မကြာခင်မှာ အဘိုးကြီး နှစ်ယောက် ပြေးထွက်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်လုံး ဒဏ်ရာတွေ ရလာခဲ့ကြပြီး သူတို့ထဲက တစ်ယောက်ဆိုရင် သူ့မျက်နှာပေါ်မှာ ကုတ်ရာတွေတောင် ရှိပါတယ်။

"တတိယ အကြီးအကဲ"

"ဒုတိယ အကြီးအကဲ"

Edit with WPS Office

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအကြီးအကဲ နှစ်ယောက်တောင်မှ ရှုံးနိမ့်သွားခဲ့ပါတယ်။ သူတို့က စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်အောက်မှာ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည်အတွက် လူသိများ ထင်ရှားကြပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး စွမ်းအားအဆင့်တောင်မှ ကျူးကျော်သူတွေကို မယှဉ်နိုင်ပါဘူး။ ဖြစ်နိုင်တာက လင်းဟန်နဲ့ သူ့ရဲ့အုပ်စုမှာ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ရှိနေတာများလား။

ဒါပေမဲ့ သူတို့ကို မေးလိုက်တဲ့ အခါမှာ အကြီးအကဲ နှစ်ယောက်က လင်းဟန်နဲ့ ဟူးညိုတို့ကို အသီးသီး ရှုံးနိမ့်သွားပြီး ဒီအကြောင်းကို နည်းနည်းလေးမှ ပုံကြီးချဲ့ မပြောပါဘူး။

သူတို့ရဲ့ အဖြေကို ကြားရတဲ့ အခါမှာ ပတ်ဂန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

"ဟားဟားဟား မင်းတို့ရဲ့ အေးခဲလုံ အဖွဲ့အစည်း အတုထဲကို တစ်စုံတစ်ယောက်က တရကြမ်း တိုးဝင်လာတယ်ဆိုတာကို ငါကြားလိုက်ရတယ်"

Edit with WPS Office

အဲဒီအချိန်မှာ လူဆယ်ယောက်ကျော်က လမ်းလျှောက်လာကြပါတယ်။ အဲဒီလူတွေကို အဘိုးကြီး သုံးယောက်က ဦးဆောင်ပြီးတော့ သူတို့အနောက်မှာ လူငယ်ဆယ့်တစ်ယောက် ရှိပါတယ်။

တကယ်လို့ လင်းဟန်သာ ဒီနေရာမှာ ရှိနေမယ်ဆိုရင် အမျိုးသမီးငယ်ထဲက တစ်ယောက်ကို သေချာပေါက် သတိပြုမိပါလိမ့်မယ်။ အဲဒါက မုဖေးယောင် ဖြစ်ပါတယ်။

ဒီလူတွေက တောင်ပိုင်းလုံ အဖွဲ့ပအစည်းကဆိုတာ သိသာပါတယ်။

"အစိပ္ပါယ်မရှိလိုက်တာ။ မင်းတို့အားလုံးကမှ အေးခဲလုံ အဖွဲ့အစည်း အတုကွ"

မြောက်ပိုင်းလုံအဖွဲ့က လူတွေက အော်ဟစ်လိုက် ကြပါတယ်။ ဘယ်တစ်ခုက အေးခဲလုံ အဖွဲ့အစည်း အစစ်လဲ။ ဒါက အခြေခံ

Edit with WPS Office

သဘောတရားရဲ့ မေးခွန်းတစ်ခု ဖြစ်ပြီးတော့ တခြားကိစ္စ အားလုံးကို မေ့သွားပြီး လင်းဟန်ရဲ့ စံအိမ်ထဲကို ကျူးကျော်ဝင်ရောက်တဲ့ ကိစ္စထက်တောင် ပိုပြီးတော့ လေးနက်ပါတယ်။

"အမိုက်တွေ။ မင်းတို့ အေးခဲလုံ အဖွဲ့အစည်း အတုရဲ့ အဖွဲ့သားတွေက လုံးဝကို အရှက်မရှိကြဘူး"

တောင်ပိုင်းလုံအဖွဲ့အစည်းဘက်က လူတွေက ပြန်ပြီးတော့ တုံ့ပြန်လိုက်ကြပါတယ်။

သူတို့အဖွဲ့အစည်းနှစ်ခု ကြုံလိုက်တဲ့ အချိန်တိုင်း ဒီကိစ္စနဲ့ ပတ်သက်ပြီး အနည်းဆုံး နေ့တစ်ဝက်ခန့် ငြင်းခုံနေတတ် ကြပါတယ်။ အတိတ်တုန်းက သူတို့က ဒီကိစ္စနဲ့ ပတ်သက်ပြီး သတ်ဖြတ်မှုတွေ ဖြစ်ပွားခဲ့ပြီး နှစ်ဖက်စလုံး ပျက်စီးလုနီးပါး ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် နှစ်ဖက်စလုံး သဘောတူညီမှု တစ်ခုကို ချမှတ်ခဲ့ပါတယ်။ ဒီအေးခဲမြို့က သူတို့ရဲ့ အထွတ်အမြတ်ထားရာ နေရာဖြစ်တာကြောင့် ဒီနေရာမှာ လုံးဝကို မတိုက်ခိုက်ရပါဘူး။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတော့ အေးခဲမြို့ရဲ့ အထူးအဆင့်အတန်းအရ အေးခဲလုံအဖွဲ့အစည်း နှစ်ခုက အေးခဲမြို့ကို ဖျက်ဆီးပဲ့တဲ့ ဘယ်သူ့ကိုမဆို အတူတကွ ပူးပေါင်းပြီးတော့ အစွမ်းကုန် ချေမှုန်းပစ်ဖို့ကိုတောင် သဘောတူညီ ထားခဲ့ပါတယ်။

"ကြည့်ရတာ မင်းတို့တွေမှာ ပြဿနာတချို့ တက်နေပုံပဲ။ ငါတို့ကူညီပေးဖို့ လိုသေးလား"

တောင်ပိုင်းလုံအဖွဲ့အစည်းရဲ့ အဖွဲ့သား တစ်ယောက်က မေးလိုက်ပါတယ်။

"ဟင့် ငါတို့ဒီကိစ္စကို ငါတို့ဘာသာ ရှင်းနိုင်တယ်။ မင်းတို့လို အေးခဲလုံအဖွဲ့အစည်း အတုက အဖွဲ့သားတွေရဲ့ အကူအညီကို မလိုဘူး"

မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တွေကလည်း ကူညီထောက်ပံ့မှုကို လက်ခံဖို့ ဆန္ဒ မရှိကြပါဘူး။ အဲဒီလိုသာ

Edit with WPS Office

လုပ်လိုက်ရင် သူတို့က တစ်ဖက်အဖွဲ့အစည်းထက် နိမ့်ကျတယ်လို့ ဂန်ခံလိုက်တာနဲ့ အတူတူ ဖြစ်သွားလိမ့်မယ် မဟုတ်လား။

သူတို့မှာ ယုံကြည်ချက် ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမ အကြီးအကဲက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လို့ပါပဲ။ မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ ထိပ်တန်းလက်ရွေးစင် ဖြစ်ပါတယ်။

စံအိမ်ရဲ့ အတွင်းပိုင်း နက်နက်က တစ်နေရာမှာတော့ လင်းဟန်က အဘိုးကြီး တစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီးတော့ သူတို့နှစ်ယောက်ရဲ့ အရှေ့မှာ ရန့်မွှေးကြိုင်တဲ့ လက်ဘက်ရည် တစ်ခွက်စီ ရှိနေပါတယ်။ ကျူးရွှမ်အာနဲ့ ဟူးညိုတို့လည်း လင်းဟန်ရဲ့ အနောက်မှာ ထိုင်နေကြ ပါတယ်။ ကျူးရွှမ်အာက ယဉ်ကျေးသိမ်မွေ့ပြီး မျိုးရိုးသန့် ဂုဏ်ကျက်သရေရှိ သခင်မလေး တစ်ယောက်ရဲ့ ဟန်ပန်အမူအရာမျိုးနဲ့ ထိုင်နေပါတယ်။ ဒါပေမဲ့လည်း ဟူးညိုကတော့ ကောင်းကောင်းမွန်မွန်နဲ့ မထိုင်နိုင်ပါဘူး။ သူမက ကြမ်းခင်းပျဉ်ပေါ်မှာ ခြေကားရား လက်ကားရား လှဲပြီးတော့ သူမရဲ့ ခေါင်းကို ဟိုလှည့်ကြည့်

Edit with WPS Office

ဒီလှည့်ကြည့်လိုက် လုပ်နေပါတယ်။

အဲဒီအဘိုးအိုက မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ ပထမ အကြီးအကဲဖြစ်တဲ့ ထိပ်တန်းလက်ရွေးစင် ဖြစ်ပါတယ်။

ဒီပထမ အကြီးအကဲက အရမ်းကို သိမ်မွေ့တဲ့ စိတ်သဘောထား ရှိပါတယ်။ ပြီးတော့ ချက်ချင်း စပြီးတော့ မတိုက်ခိုက်ခဲ့ပါဘူး။ အဲဒီအစား သူက လင်းဟာန်ကို ထိုင်ပြီးတော့ လက်ဘက်ရည် သောက်ဖို့ကို ဖိတ်ခေါ်ပြီးတော့ ပြောလိုက်ပါတယ်။

"သူငယ်ချင်းလေး မင်းက အခုမှ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ဒီလောက်အမြင့်ကို ရောက်နေပြီပဲ။ ဒီလိုမျိုး ပါရမီကို တွေ့မြင်ရဖို့ဆိုတာက သမိုင်းတစ်လျှောက်လုံးမှာတောင် အရမ်းအရမ်းကို ရှားပါးလွန်းတယ်"

"ပထမ အကြီးအကဲရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်။ ကျနော်က ပထမ အကြီးအကဲကို ကိစ္စလေးတချို့နဲ့ ပတ်သက်ပြီး

Edit with WPS Office

မေးချင်ပါတယ်။ ပထမ အကြီးအကဲက ကျနော့်ကို ပြောပြပေးဖို့ မျှော်လင့်ပါတယ်”

လင်းဟန်က အရမ်းကို ယဉ်ကျေးစွာနဲ့ ပြောလိုက်ပါတယ်။

ရှိသေလေးစားမှုက အားလုံးအဆင်ပြေတဲ့ လမ်းပါပဲ။

“မင်းက ဘာအကြောင်းကို သိချင်တာလဲ သူငယ်ချင်းလေး”

ပထမ အကြီးအကဲက မေးခွန်းထုတ်လိုက်ပါတယ်။

“အေးခဲလုံ အဖွဲ့အစည်းရဲ့ တည်ထောင်သူ”

Chapter 825 end

အပိုင်း(826) နာမည်ပြောင်းလိုက်

Edit with WPS Office

"အေးခဲလုံ အဖွဲ့အစည်းရဲ့ တည်ထောင်သူ ဟုတ်လား"

ပထမ အကြီးအကဲကို ကြည့်ရတာ ခေါင်းရှုပ်သွားပုံ ရပါတယ်။
လင်းဟန်က ဒီအကြောင်းကို ဘာဖြစ်လို့များ သိချင်နေရတာလဲ။

ဒါက လျှို့ဝှက်သိုင်းပညာ နည်းစနစ် မဟုတ်သလို
ရှေးဟောင်းလျှို့ဝှက်ချက် နည်းနည်းမှလည်း မပါဝင်ပါဘူး။
ဘာဖြစ်လို့ ဒီမေးခွန်းတစ်ခုကို မေးဖို့အတွက်
ဒီနေရာထိရောက်အောင်လို့ တစ်ဟုန်ထိုး တိုးဝင်လာရတာလဲ။
ဒီအကြောင်းကို သူဘယ်လိုပဲ တွေးကြည့်တွေးကြည့် ဒါက
နည်းနည်းတော့ အရူးထနေသလိုပါပဲ။

ဒါပေမဲ့ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ ရူးသွပ်နေစရာ
အကြောင်း ရှိမှာလဲ။

ပထမ အကြီးအကဲက မေးခွန်းနဲ့ ပတ်သက်ပြီး
ချင့်ချိန်စဉ်းစားပြီးတော့ အဲဒီနောက်မှာ ပြန်ပြီး မေးလိုက်ပါတယ်။

Edit with WPS Office

"ဒီအကြောင်းကို မင်းက ဘာဖြစ်လို့ သိချင်ရတာလဲ ဆိုတာကို ငါ့ကို ပြောပြနိုင်မလား"

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ အဖြေပေးလိုက်ပါတယ်။

"ကျနော့်ရဲ့ ဘိုဘေးက အေးခဲလုံ အဖွဲ့အစည်းရဲ့ တည်ထောင်သူနဲ့ ရင်းနှီးပတ်သက်မှုတချို့ ရှိနိုင်ပါတယ်။ ဒါကြောင့် ကျနော်က အဲဒီကိစ္စကို ရှင်းရှင်းလင်းလင်းဖြစ်အောင်လို့ သိချင်တာကြောင့်ပါ"

ပထမ အကြီးအကဲက အာမေဋိတ်သံ ထွက်ပေါ်သွားပြီးတော့ မေးလိုက်ပါတယ်။

"မင်းရဲ့ မျိုးရိုးနာမည်က လင်းဆိုတော့ မင်းက အဲဒီလူကနေ ဆင်းသက်လာတဲ့ မျိုးဆက်တစ်ယောက်များ ဖြစ်နိုင်မလား"

Edit with WPS Office

လင်းဟန်က ပြန်ဖြေလိုက်ပါတယ်။

"အဲဒီလိုပါပဲ"

သူက ပထမ အကြီးအကဲကို အသေးစိတ် အကြောင်းအရာတွေ ရှင်းမပြနိုင်ပါဘူး။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က လင်းဟန်ရဲ့ မျိုးရိုးကနေ ဆင်းသက်လာသူ မဟုတ်ပဲ သူကိုယ်တိုင်ပဲ ဖြစ်နေပါတယ်။

"အေးခဲလုံ အဖွဲ့အစည်းရဲ့ တည်ထောင်သူက စုစုပေါင်း သုံးယောက်ရှိတယ်။ သူတို့ကတော့ ချန်ရှီကျန်း (အရှင်ချန်)၊ ယွမ်ယုဂမ် (အရှင်ယွမ်)နဲ့ တန်ရှီယွမ်(အရှင်ခန်)တို့ပဲ"

ပထမ အကြီးအကဲက အရမ်းကို လေးလေးစားစားနဲ့ ပြောလိုက်ပြီး သူ့ရဲ့မျက်လုံးတွေ အထဲမှာ အလင်းရောင်တွေ တလက်လက် တောက်ပလို့ နေပါတယ်။

Edit with WPS Office

အမှတ်မထင် အလိုလိုနဲ့ သူ့လက်တွေကို အတူတူ ပူးကပ်လိုက်ပြီး ကြည့်ရတာ ဒီလူသုံးယောက်ကို ကြည်ညိုလေးစားနေပုံ ရပါတယ်။

တကယ်ပဲပေါ့။

ဒါဆိုရင် နောက်အေးခဲလုံ အဖွဲ့အစည်းကို ကျန်းယွဲ့ဖန်း တည်ထောင်ခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အေးခဲလုံ အဖွဲ့အစည်း နှစ်ခုလုံးက တစ်ဖွဲ့နဲ့တစ်ဖွဲ့ အစေးမကပ်ပဲ မတည့်ကြပါဘူး။ ကျန်းယွဲ့ဖန်းနဲ့ ကျန်တဲ့သုံးယောက် အကြားမှာ ပြဿနာတချို့ ဖြစ်ခဲ့ပုံ ရပါတယ်။

လင်းဟန်က တစ်စုံတစ်ခုကို ခဏလောက် စဉ်းစားပြီးတဲ့နောက်မှာ မေးလိုက်ပါတယ်။

"ဒီသုံးယောက်စလုံး တန်ခိုးရှင်ဘုံကို အားလုံးတက်သွားခဲ့လား"

Edit with WPS Office

"ဒါပေါ့"

ပထမ အကြီးအကဲက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

"ဒီအရှင်သုံးယောက်က တန်ခိုးရှင်တွေ ဖြစ်သွားတာ ကြာပါပြီ။ ပြီးတော့ အံ့မခန်း နည်းစနစ် တစ်ခုကနေ တစ်ဆင့် အောက်ဘုံနဲ့ ဆက်သွယ်ပြီးတော့ ဂရန်းမာစတာလင်း ချန်ထားတဲ့ အကြွင်းအကျန်တွေကို ထိန်းသိမ်းဖို့ အေးခဲလုံအဖွဲ့စည်းကို တည်ထောင်ခဲ့တယ်"

လင်းဟာန်က မျက်မှောင်တအား ကြုတ်လိုက်ပါတယ်။ ဒီနေရာမှာ ဘာတွေဖြစ်ကုန်တာလဲ။

ကျန်းယွဲ့ဖန်းက သေချာပေါက် တန်ခိုးရှင် ဖြစ်လာခဲ့ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အတွက်တော့ အသက်လေးထောင် ငါးထောင် ရှင်သန်နေထိုင်ဖို့ဆိုတာ ဖြစ်နိုင်စရာ မရှိပါဘူး။ ပြီးတော့ ကျန်းယွဲ့ဖန်းက သူ့ရဲ့ကျန်တဲ့ တပည့်သုံးယောက်နဲ့ သဘောထား ကွဲလွဲသွားပုံ ရပါတယ်။ လင်းဟာန်က ခန့်မှန်းကြည့်ပြီး

Edit with WPS Office

ဘာဖြစ်လို့လဲဆို ကပ်ဘေးဒုက္ခကြောင့် ဖြစ်ပါလိမ့်မယ်။

ကျွန်းယွဲ့ဖန်းက တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းငါးဂိုဏ်းနဲ့ မဟာမိတ်ပူးပေါင်းလိုက်တာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ရလာဒ်ကတော့ ကျန်တဲ့သုံးယောက်က သူတို့ကိုယ်သူတို့နဲ့ သူ့အကြားမှာ မျဉ်းကြောင်းတစ်ကြောင်းကို ထင်သာမြင်သာအောင် တားလိုက်ကြပုံပါပဲ။ ဒါကြောင့် အေးခဲလုံ အဖွဲ့အစည်း နှစ်ခုက တစ်ဖွဲ့နဲ့တစ်ဖွဲ့ လုံးဝကို အစေးမကပ်ကြတာ ဖြစ်ပါလိမ့်မယ်။ ဒါက အရမ်းကို ယုတ္တိရှိတဲ့ ခန့်မှန်းသုံးသပ်ချက်တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ ချန်ရှီကျန်းနဲ့ ကျန်တဲ့သူတွေလည်း တန်ခိုးရှင်ဖြစ်သွားကြတယ်ဆိုတော့ ဘာတွေများ ဖြစ်ကုန်တာလဲ။

သူ့ရဲ့နားလည်ထားမှု အရဆိုရင်တော့ သူတို့သုံးယောက်က ချွတ်ယွင်းချက်လုံးဝ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့က တန်ခိုးရှင်ဘုံက ဂိုဏ်းငါးဂိုဏ်းနဲ့ မဟာမိတ်ပူးပေါင်းကြမှာလဲ။ ဒါပေမဲ့ ဒီမိုးကောင်းကင်ကို မဖွင့်လှစ်နိုင်ဘူးဆိုရင် တကယ်လို့ သူတို့တွေသာ လွန်ခဲ့တဲ့

Edit with WPS Office

နှစ်ပေါင်းတစ်သောင်းအကျော်တုန်းက တန်ခိုးရှင်ဖြစ်ချင်ကြရင် သူတို့ရဲ့ တစ်ခုတည်း ရွေးချယ်ချက်က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်လာရပါလိမ့်မယ်။

သူရဲ့တပည့်လေးယောက်စလုံးက စိတ်ချလို့ မရနိုင်ကြဘူးလား။

နေပါဦး။

လင်းဟာန်က သူ့ခေါင်းကိုခါလိုက်ပါတယ်။ သူ့ရဲ့တပည့် လေးယောက်ကို သူကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်။ သူတို့တွေက သေချာပေါက် ဒီလိုလူစားမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ သူက တစ်စုံတစ်ယောက်ကို မေ့နေခဲ့ပါတယ်။ ကောင်းကင်ဖီးနစ် နတ်မိမယ်။

ကောင်းကင်ဖီးနစ် နတ်မိမယ်ကများ သူတို့ကို ကူညီပေးခဲ့တာ ဖြစ်နိုင်မလား။ ပြီးတော့ သူ့ရဲ့တပည့်လေးယောက်ကို သူမနဲ့အတူ တန်ခိုးရှင်ဘုံကို ခေါ်သွားတာလား။ တကယ်လို့ ချန်ရှီကျန်းနဲ့ တခြားသူတွေက အရှုံးပေးအညံ့ခံဖို့ထက် သေဖို့ကို

Edit with WPS Office

ရွှေချယ်ရင်တောင် သူတို့က ကောင်းကင်ဖီးနစ် နတ်မိမယ်ရဲ့ ပြိုင်ဘက်တွေ ဖြစ်နိုင်ပဲ့မလား။ နောက်ပြီးတော့ ဒီအမျိုးသမီးက သူ့ကိုယ်သူ အိမ်ရှင်မ တစ်ယောက်လို သတ်မှတ်ယူဆ ထားပါတယ်။ လင်းဟာန်သေသွားပြီးတဲ့ နောက်မှာတော့ ချန်ရှီကျန်းနဲ့ တခြားသူတွေက သူတို့ ဆရာသခင်ရဲ့ ဇနီးကို အာခံရဲလိမ့်မှာလား။

ဒါကမှ တကယ့်ကို ဖြစ်နိုင်ချေရှိတဲ့ ရှင်းပြချက် ဖြစ်ပါတယ်။

"သူငယ်ချင်းလေး သူငယ်ချင်းလေး"

ပထမ အကြီးအကဲက လင်းဟာန် အတွေးနက်နေတာကို မြင်လိုက်တဲ့ အချိန်မှာ သူက လင်းဟာန်ကို အကြိမ်နည်းနည်း ခေါ်လိုက်မိပါတယ်။

လင်းဟာန်က ရုတ်တရက် သတိပြန်ဝင်လာပြီးတော့ ပြုံးလိုက်ပါတယ်။

Edit with WPS Office

"ကျနော့်ရဲ့ ရှုပ်ထွေးနေတဲ့ အဖြေပုစ္ဆာကို ရှင်းလင်းသွားစေတဲ့အတွက် ပထမ အကြီးအကဲကို အများကြီး ကျေးဇူးတင်ပါတယ်"

"ဟားဟားဟား ဒါက အသေးအမွှားကိစ္စလေးတစ်ခုပါ။ စိတ်ထဲမထားပါနဲ့"

ပထမ အကြီးအကဲက ပြုံးလိုက်ပါတယ်။ လင်းဟန်မှာ အဆုံးအစမရှိတဲ့ အနာဂတ် တက်လမ်းတွေ ရှိတယ်ဆိုတာကို သူပြောနိုင်ပါတယ်။ ဒါကြောင့် လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခု တည်ဆောက်ထားဖို့ကို သူစီစဉ်ထားခဲ့ပါတယ်။ တကယ်တော့ ဒါက ကောင်းကျိုးနဲ့ ဆိုးကျိုးပဲ ရှိပါလိမ့်မယ်။

လင်းဟန်က တန်ဖိုးကြီးတဲ့ ဆေးပင် အမြောက်အများကို ဆွဲထုတ်ယူလိုက်ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"ကျနော်က အဖွဲ့အစည်းက လူတချို့ကို ဒဏ်ရာရစေခဲ့မိပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျနော် အရမ်းကို တောင်းပန်ပါတယ်။ ဒါက ကျနော့်ရဲ့ တောင်းပန်မှုပါ။ ကျေးဇူးပြုပြီးတော့ လက်ခံပေးပါ"

ပထမ အကြီးအကဲက ဟန်ဆောင်မှု မရှိပါဘူး။ သူ့ရဲ့လက်ကို တစ်ချက်ဝှေ့ပြီးတော့ အဲဒီဆေးပင်တွေ အားလုံးကို သူ့ရဲ့သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းထဲမှာ သိမ်းလိုက်ပါတယ်။

"သူငယ်ချင်းလေး တကယ်လို့ မင်းမှာ ဖြေရှင်းလို့မနိုင်တဲ့ အန္တရာယ်တစ်စုံတစ်ခုနဲ့ ကြုံတွေ့ခဲ့မယ် ဆိုရင်တော့ ဒီနေရာကိုသာ ပြေးလာခဲ့ပါ။ မင်းရဲ့လုံခြုံမှုအတွက် ငါအာမခံပေးနိုင်တယ်။ ဘယ်လောက်ပဲ အန္တရာယ်ကြီးမားပါစေ ကိစ္စမရှိဘူး"

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့တယ်။ သူက ကပ်ဘေးဒုက္ခကို သဲလွန်စ ပေးနေတာလား။ ဒါပေမဲ့လည်း သူတို့က အတော်လေး စကားပြောခဲ့တယ် ဆိုပေမဲ့ လူစိမ်း နှစ်ယောက်အတွက် အရမ်းကို နက်နက်နဲနဲ စုံစမ်းစစ်ဆေးဖို့အတွက်

Edit with WPS Office

မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူကခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ပထမအကြီးအကဲကို ကျနော် ကျေးဇူးတင်ပါတယ်။ ကျနော် ပြန်ပါဦးမယ်"

"ငါမင်းကို လိုက်မပို့တော့ဘူး"

ပထမ အကြီးအကဲက ပြုံးလိုက်ပါတယ်။

သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ဖြစ်ပြီးတော့ လင်းဟန်က ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်လို့ အတော်လေး သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါကြောင့် သူက ပထမ အကြီးအကဲ အတွက်တော့ ကိုယ်တိုင်ကိုယ်ကျ ပြန်လိုက်ပို့ရဖို့ အရည်အချင်း မပြည့်မီသေးပါဘူး။ တကယ်လို့ ပထမ အကြီးအကဲက သူ့ကို လိုက်ပို့ချင်တယ်လို့ ပြောခဲ့မယ် ဆိုရင်တောင် ဒါက လောကဝတ် စကားလုံးမျှသာ ဖြစ်ပါတယ်။

Edit with WPS Office

သိုင်းပညာရှင်တွေရဲ့ ကမ္ဘာမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။

"သွားမယ် သွားမယ်"

ဟူးညိုက စိတ်မရှည်တဲ့ နေရာမှာ ပထမဆုံး နေရာက ဖြစ်ပါတယ်။ သူမက တချိန်လုံး ယုန်ဖြူကြီးကို နှိပ်စက်ညှဉ်းပန်းနေခဲ့တာပါ။ သူတို့တွေ ပြန်တော့မယ်ဆိုတဲ့ စကားကို ကြားလိုက်ရတဲ့ အခိုက်အတန့်မှာ သူမက အလျင်အမြန်ပဲ ယုန်ဖြူကြီးရဲ့ ခြေထောက် တစ်ချောင်းကို ဖမ်းဆုပ်ပြီးတော့ သူ့ကို တရွတ်တိုက် ဆွဲလာတာကြောင့် ယုန်ဖြူကြီးက မရပ်မနား စောဒကတွေ တက်နေပါတယ်။

ယုန်ဖြူကြီးက ဒီကမ္ဘာကြီးထဲမှာ ဘာကိုမှ မကြောက်ပါဘူး။ ဒါပေမဲ့ ဟူးညိုကတော့ ခြွင်းချက်ပေါ့။

Edit with WPS Office

သူတို့တွေက အေးခဲလုံ အဖွဲ့အစည်းရဲ့ အဓိက ပင်မတံခါးတွေကနေ လမ်းလျှောက်ပြီး ထွက်လာကြပါတယ်။ ချက်ချင်းဆိုသလို လူတွေအများကြီးက သူတို့ကို စိုက်ကြည့်နေတာကို တွေ့လိုက်ရပါတယ်။

ဟူးညိုက ချက်ချင်းပဲ သတိဝီရိယ နိုးကြားလာပြီး ယုန်ဖြူကြီးကို လွှတ်ချပြီးတော့ ပြောလိုက်ပါတယ်။

"တိုက်ချင်လို့လား။ ညိုးညိုးက တွဲဖက်အဖြစ် လုပ်ပေးမယ်လေ"

ဆယ်နှစ်ဂန်းကျင်ပဲရှိတဲ့ ကလေးတစ်ယောက်ရဲ့ ပါးစပ်ကနေ ကြားရတဲ့အတွက် ဒီစကားတွေက သေချာပေါက် အရမ်းကို ရယ်စရာ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့ တတိယ အကြီးအကဲနဲ့ နံပါတ်ငါး အကြီးအကဲတောင်မှ သူမရဲ့ လက်ချက်နဲ့ ရိုက်နှက်ခံထားရပါတယ်။ ဘယ်သူကများ ကလေးတစ်ယောက်က အန္တရာယ်မပြုတဲ့ ဟာသတစ်ပုဒ်လို သဘောထားဝံ့မှာလဲ။

Edit with WPS Office

ယုန်ဖြူကြီးက သူ့တင်ပါးတွေကို ပွတ်ပြီးတော့ သူ့မျက်နှာကလည်း ပူဆွေးမှုတွေနဲ့ ပြွတ်သိပ်လို့ နေပါတယ်။ လမ်းတစ်လျှောက်လုံး တရွတ်တိုက် ဆွဲခံလာရတဲ့အတွက် ယုန်ဖြူကြီးက အရမ်းကို သောကတွေ ခံစားနေရပါတယ်။

ဘာဖြစ်လို့ ဒီကောင်က လုံးဝကို မထိမရှ မပွန်းမပဲ့ ရှိနေရသေးတာလဲ။

အားလုံးက ခေါင်းရှုပ်သွားခဲ့ပါတယ်။ သူတို့တွေ ဘယ်လိုပဲ တွေးကြည့်တွေးကြည့် လင်းဟန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ပြိုင်ဘက်တစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အခုတော့ သူက အခုလိုမျိုး ဘာမှထိခိုက်ဒဏ်ရာ မရပဲနဲ့ လမ်းလျှောက်ပြီး ထွက်လာတာလား။

"ဟားဟားဟား အေးခဲလုံ အဖွဲ့အစည်း အတုက အမြဲတမ်း အေးခဲလုံ အဖွဲ့အစည်း အတုပါပဲ။ ကျူးကျော်လာတဲ့သူ တစ်ယောက်ကတောင် ဒီလိုမျိုး ကြိုက်သလို ဝင်ထွက်နိုင်တယ်။ ဘယ်လောက် အရှက်ကွဲလိုက်သလဲကွာ"

Edit with WPS Office

မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေက အရမ်းကို မကျေမနပ် ဖြစ်နေကြပေမဲ့ လင်းဟန်က လုံးဝကို ထိခိုက်မှု မရှိပဲ လမ်းလျှောက်ထွက်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့က ဘယ်လိုလုပ်ပြီး ပြန်ခံပက်လို့ ရမှာလဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်က ပထမ အကြီးအကဲရဲ့ အရှေ့ကို ရောက်သွားခဲ့တယ်။ ပြီးတော့ သူ့ပြိုင်ဘက် မဖြစ်နိုင်ဘူးဆိုတာကို သတိပြုမိတာကြောင့် ကျုပ်ရဲ့ အရှုံးကို ဝန်ခံပြီးတော့ တောင်းပန်ခဲ့တယ်။ ပထမ အကြီးအကဲက ပါရမီရှင်တွေကို ရတနာလို သဘောထား မြတ်နိုးတာကြောင့် ကျုပ်ကို ထွက်သွားဖို့ ခွင့်ပြုပေးခဲ့တယ်"

ပထမ အကြီးအကဲက အရမ်းကို သိမ်မွေ့တယ် ဆိုမှတော့ သူက မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးဖို့အတွက် သူ့ကိုသူ အနည်းငယ် နှိမ့်ချလိုက်ရတာကို

Edit with WPS Office

စိတ်ထဲမှာ ထားမှာမဟုတ်ပါဘူး။

လင်းဟန်ရဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေ အားလုံးက ချက်ချင်းပဲ ပြုံးသွားခဲ့ပါတယ်။ ဒါဆိုရင် ကြည့်ရတာ ပထမ အကြီးအကဲက သူ့ရဲ့ ပါရမီကို တန်ဖိုးထားတာကြောင့် လင်းဟန်ကို ထိခိုက်အောင် မလုပ်ခဲ့တာပေါ့။ နောက်ပြီးတော့ လင်းဟန်ကလည်း သူဟာ ပထမ အကြီးအကဲရဲ့ ပြိုင်ဘက်မဟုတ်ဘူးဆိုတာကို ဝန်ခံခဲ့ပါတယ်။ ဒါက မြောက်ပိုင်းလုံ အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

သူတို့တွေက လင်းဟန်ကိုယ်ပေါ်မှာ ထိခိုက်မှု နည်းနည်းမှ မရှိပဲ ထွက်လာခဲ့တာကိုတော့ နည်းနည်းလေး မကျေမနပ် ဖြစ်နေသလို ခံစားနေရပါသေးတယ်။

"အကြီးအကဲ သုံးယောက်။ သူကတော့ လင်းဟန်ပဲ"

Edit with WPS Office

မုဖေးယောင်က ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"အင်း ဒါဆိုရင် သူက လင်းဟာန်ပေါ့ ဟုတ်လား"

တောင်ပိုင်းလုံ အဖွဲ့အစည်းရဲက အကြီးအကဲ သုံးယောက်က လင်းဟာန်ဆီကို ဆက်တိုက် လှည့်ကြည့်လိုက်ပြီး သတ်ချင်ဖြတ်ချင်တဲ့ အကြည့်တွေနဲ့ ကြည့်နေပါတယ်။

"အမှန်ပဲ"

မုဖေးယောင်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"လူငယ်လေး ချက်ချင်းပဲ မင်းရဲ့ နာမည်ကို ပြောင်းလိုက်စမ်း"

အဘိုးကြီး သုံးယောက်ထဲက တစ်ယောက်က လင်းဟာန်ကို အမိန့်ပေးလိုက်ပါတယ်။

Edit with WPS Office

ဒီအဘိုးကြီး သုံးယောက်က တောင်ပိုင်းလုံ အဖွဲ့အစည်းရဲ့ တတိယ အကြီးအကဲ၊ စတုတ္ထ အကြီးအကဲနဲ့ အဋ္ဌမ အကြီးအကဲတို့ ဖြစ်ပါတယ်။ ပြောလိုက်တဲ့ သူကတော့ စတုတ္ထ အကြီးအကဲ ဖြစ်ပါတယ်။

လင်းဟန်က ပြုံးလိုက်မိပြီးတော့ မေးလိုက်ပါတယ်။

"ဘာကြောင့်လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ အရည်အချင်း မပြည့်မီဘူး"

အဋ္ဌမ အကြီးအကဲက ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားတို့ အားလုံးက သမိုင်းထဲက လူတစ်ယောက်ကို

Edit with WPS Office

ကြည်ညိုလေးစားကြတာက ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ။
ဒါပေမဲ့ တခြားသူတွေကိုတော့ လွှမ်းမိုးလို့ မရနိုင်ဘူး။
ကျုပ်နာမည်က ဘယ်လိုပဲခေါ်ခေါ် ဒါက ကျုပ်ရဲ့ လွတ်လပ်ခွင့်ပဲ။
ခင်ဗျားတို့ အပူ တစ်ပြားသားမှ မပါဘူး။ ဘယ်သူကမှလည်း
ဝင်ပြီးတော့ စွက်ဖက်လို့ မရနိုင်ဘူး"

"ဒါဆိုရင် မင်းကို အင်အားမသုံးသရွေ့ မင်းက မလုပ်နိုင်ပဲ
ငြင်းဆန်နေဦးမယ်လို့ ဆိုလိုတာပေါ့"

အဌမမြောက် အကြီးအကဲက ရှုသိုးသိုးမျက်နှာနဲ့ မေးလိုက်ပါတယ်။

"အဘိုးကြီးစတု။ ဘာဖြစ်လို့ နင်တို့အားလုံးရဲ့ အမူအရာတွေက
ခက်ထန်နေတာလဲ"

ဟူးညိုက ခုန်ထွက်လာပြီးတော့ သူ့ကိုလက်ညှိုးထိုးပြီး
ပြောလိုက်ပါတယ်။

Edit with WPS Office

"ညီးညီး နင့်ကို ရိုက်နက် ဆုံးမပစ်မယ်"

အဌမမြောက် အကြီးအကဲက ကလေးမလေး တစ်ယောက်ကို အာရုံမစိုက်ပါဘူး။ သူက ဟူးညိုပြောတာကို မကြားသလိုမျိုး ဟန်ဆောင်နေလိုက်ပါတယ်။

"ညီးညီးကို လျစ်လျူရှုံတယ်ပေါ့လေ။ ညီးညီးအခု ဒေါသတွေ ထွက်လာပြီနော်"

ဟူးညိုက လက်တစ်ဖက်နဲ့ ယုန်ဖြူကြီးကို ကိုင်ပြီးတော့ ဇော့ယမ်းပစ်လိုက်ပြီး ယုန်ဖြူကြီးကို အဌမမြောက် အကြီးအကဲဆီ တန်းပြီးတော့ လွှင့်ထုတ်ပစ်လိုက်ပါတယ်။

"လပ္ပတ်ပဲ။ အရှင်သခင်ယုန်က ဘယ်သူ့ကို အပြစ်ပြုမိလို့လဲ"

ယုန်ဖြူကြီးက အမြောက်ကျည်ဆန် တစ်လုံးလို

Edit with WPS Office

လွင့်ထွက်သွားချိန်မှာ စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင်
အော်ဟစ်လိုက်ပါတယ်။

Chapter 826 end

အပိုင်း(827) ဒေါသထွက်လွန်းလို့ သတိလစ်

ထန်။

ယုန်ဖြူကြီး အရမ်းကို လျင်မြန်စွာနဲ့ ပျံသန်းသွားပြီး အဌမမြောက် အကြီးအကဲရဲ့ မျက်နှာဆီကို ဝင်တိုက်မိ သွားခဲ့ပါတယ်။ ဒီလောက်နဲ့ မပြီးသွားပါဘူး။ ယုန်ဖြူကြီးမှာ သူ့ကိုယ်ပိုင် တိုက်ခိုက်မှု စွမ်းရည်တွေ ရှိပါတယ်။ သူ့ရဲ့ခြေသည်းလက်သည်း လေးခုနဲ့ အဌမမြောက် အကြီးအကဲရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ကုတ်ခြစ်လိုက်ပြီး သူ့မျက်နှာကို ကုတ်ရာခြစ်ရာတွေနဲ့ ပြည့်နက်သွားပြီး သွေးတွေအဆက်မပြတ် ကျလာစေခဲ့ပါတယ်။

အားလုံးက ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပြီးတော့ ကြည့်နေကြပါတယ်။ အနည်းဆုံးတော့ မြောက်ပိုင်းလုံ

Edit with WPS Office

အဖွဲ့အစည်းက အဖွဲ့သားတွေက အဲဒီဟူးညိုပြာ နိုင်းဆလို မရနိုင်အောင် အစွမ်းထက်တယ် ဆိုတာကို သိထားပါတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ယုန်ဖြူကြီး တစ်ကောင်တောင် ဒီလောက်အစွမ်းထက်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါဘူး။ တောင်ပိုင်းလုံ အဖွဲ့အစည်းက အငှမြောက် အကြီးအကဲကို ဒီလိုမျိုး ဆိုးဝါးတဲ့ အခြေအနေ တစ်ခုကို ကျရောက်သွား စေခဲ့ပါတယ်။

ယုန်ဖြူကြီးက သူ့အရှေ့က ရန်သူကို ကြည့်ပြီးတော့ သူ့ကိုယ်သူ စိတ်သက်သာရာ ရသွားပြီးတော့ ကြောက်စိတ်မကုန်သေးသလိုမျိုး သူ့ရင်ဘတ်ကိုသူ ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အမယ်လေး။ အရှင်သခင်ယုန်တော့ လန့်ဖျပ်ပြီးတော့ သေတော့မလိုတောင် ဖြစ်သွားတယ်။ ကံကောင်းတာက ငါနည်းနည်းလေးမှ ဒဏ်ရာမရတာပဲ"

ဒီမြင်ကွင်းက အားလုံးကို စိတ်တိုသွားစေခဲ့ပါတယ်။ ဒါပေါ့။ မင်းကဘယ်လိုလုပ် ဒဏ်ရာရမှာလဲ။ ဒဏ်ရာရတဲ့သူက အငှမြောက် အကြီးအကဲလေ။ အငှမြောက် အကြီးအကဲကမှ

Edit with WPS Office

သနားစရာ ကောင်းတာ။ သူက ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်လေ။ ဘယ်လိုလုပ်ပြီးတော့ လူပုံအလယ်မှာ ဒီလိုမျိုး ဆိုးဆိုးဝါးဝါး အရှက်ခွဲခံနိုင်မှာလဲ။

ဒါတောင် ယုန်ဖြူကြီးတစ်ကောင်က သူ့ပါးစပ်ကနေ အခုလိုမျိုး ပြောနိုင်သေးတယ်ပေါ့။

အဌမမြောက် အကြီးအကဲကလည်း ဒေါသတွေ ထွက်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ် တုန်ခါနေပါတယ်။ တုန်ယင်နေတဲ့ လက်ညှိုးတစ်ချောင်းနဲ့ သူက ဟူးညိုကို ထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ ငါ"

သူက အသက်ကို ရှိုက်ထုတ်လိုက်ပြီး ဘေးနားမှာ တွင်းတစ်ခုသာရှိမယ်ဆိုရင် ပြေးဝင်ပြီးတော့ ပုန်းမိမှာပါ။ ဒါက တကယ့်ကို အရှက်ကွဲတာပါပဲ။ သူက ကောင်းကင်အဆင့်

Edit with WPS Office

လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ အဆုံးမှာတော့ ဒီလိုမျိုး သနားစရာကောင်းတဲ့ အခြေအနေ တစ်ခုနဲ့ အဆုံးသတ်သွားပါတယ်။ ဒါက တကယ့်ကို တုန်လှုပ်စရာကောင်းပြီးတော့ စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။

"မင်း မင်း ဘာဖြစ်လဲ။ ဒီအရှင်သခင်ယုန်တောင်မှ မညည်းညူခဲ့ဘူး။ အဘိုးကြီး မင်းရဲ့မျက်နှာက တကယ့်ကို မာကျောပြီး ဒီအရှင်သခင်ယုန်ရဲ့ လက်သည်းတွေတောင် ကျိုးလုနီးပါးပဲ။ မင်းငါ့ကို လျော်ကြေးပေးနိုင်မလား"

ယုန်ဖြူကြီးက သူ့ကိုပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပါတယ်။

အဌမမြောက် အကြီးအကဲရဲ့ ဒေါသက ချက်ချင်းဆိုသလို ယုန်ဖြူကြီးပေါ်ကို ပြောင်းသွားပါတယ်။ ဒီယုန်ဖြူကြီးက သူ့ပါးစပ်ကို ဟလိုက်တဲ့ အခါမှာ တစ်ဖက်လူကို စော်ကားမော်ကား ပြောပြီးတော့ မခံချင်အောင် ထိကပါးရိကပါး လုပ်နေပါတယ်။

Edit with WPS Office

"သေစမ်း"

အငှမမြောက် အကြီးအကဲက ပျံထွက်လာပြီး လက်ဝါးနဲ့ ယုန်ဖြူကြီးကို ရိုက်လိုက်ပါတယ်။

"ဘိုးဘေးလေး ကယ်ပါ"

ယုန်ဖြူကြီးက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အစွမ်းထက်တဲ့ မျိုးဆက်သွေး တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့်လည်း အငှမမြောက် အကြီးအကဲက သူ့ရဲ့ လက်သည်း ကုတ်ချက်ကြောင့် ဒဏ်ရာရသွားခဲ့ခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ သူ့အတွက် ထိပ်တိုက်ရင်ဆိုင်တဲ့အခါ ဘယ်လိုလုပ်ပြီး ပြိုင်ဘက်ဖြစ်နိုင်မှာလဲ။

ယုန်ဖြူကြီးက လျှင်မြန်စွာနဲ့ ပြေးသွားပါတယ်။ ရွှစ်။ သူက ဟူးညို့ရဲ့ အနောက်မှာ ပုန်းလိုက်ပါတယ်။ အဲဒီနောက် သူက

Edit with WPS Office

ခေါင်းပြုပြီးတော့ အငှမပြောက် အကြီးအကဲဆီကို သူ့လက်သည်းနဲ့ ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဘိုးဘေးလေး သူ့ကို ချချ"

ဟူးညိုက သူမရဲ့ အကျီစကို လိပ်တင်လိုက်ပါတယ်။ တိုက်ခိုက်ခြင်းဆိုတာက သူမအနှစ်သက်ဆုံး အရာတစ်ခု မဟုတ်လား။

အငှမပြောက် အကြီးအကဲက သူ့ရဲ့ပစ်မှတ်ကို လွဲချော်သွားပြီး လေကိုပဲ ရိုက်လိုက်မယ်ပါတယ်။ သူက ချာခနဲ ဘေးကိုလှည့်ပြီးတော့ ဟူးညိုဆီကို လက်သီးတစ်ချက် တန်းထိုးလိုက်ပါတယ်။ ဒီလက်သီးထဲမှာ အဆုံးမရှိတဲ့ တောက်ပလင်းလက်မှုတွေနဲ့ နှိုင်းယှဉ်လို့ မရနိုင်တဲ့ အံ့ဩဖွယ်ရာ သိုင်းဆန္ဒတွေ စီးမျောလို့ နေပါတယ်။

ရက်စိတ်ဒေါသနဲ့အတူ သူက အေးခဲမြို့အထဲက

Edit with WPS Office

သူ့ရဲ့အဆင့်အတန်းကို မေ့သွားပြီး ပစ်မှတ်ဆီကို အားကုန်သုံး တရစပ် တိုက်ခိုက်လိုက်ပါတယ်။ အဲဒီအခိုက်အတန့် ဒီနေ့မတော်တဆ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့တာကို ကာကွယ်ဖို့အတွက် အရှက်ခွဲတဲ့လူတွေ အားလုံးကို ချေမှုန်းပစ်ဖို့ဆိုတဲ့ စိတ်ဆန္ဒပဲ ပြင်းပြင်းထန်ထန် ရှိနေပါတယ်။ ဒါမှ ဘယ်သူကမှ သူဘယ်လိုလုပ် အရှက်ခွဲခံရတာကို မပြောကြတော့မှာပါ။

ဟုမ်း။

တိုက်ကွက်က ရောက်လာပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ် ကောင်းပါတယ်။

ဟူးညို့က သူမရဲ့ အနောက်ဘက်က ယုန်ဖြူကြီးကို ဖမ်းဆုပ်ပြီးတော့ မလိုက်ပြီး အဋ္ဌမမြောက် အကြီးအကဲဆီကို နောက်တစ်ကြိမ် ရိုက်ထုတ်လိုက်ပါတယ်။

Edit with WPS Office

"လပြွတ်ပဲ။ ဘာဖြစ်လို့ အရှင်သခင်ယုန်ပဲ နောက်တစ်ကြိမ် ဖြစ်ရပြန်တာလဲ"

ယုန်ဖြူကြီးက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ ဘုန်း။ ယုန်ဖြူကြီးက နောက်တစ်ကြိမ် အဌမမြောက် အကြီးအကဲရဲ့ မျက်နှာပေါ်ကို ရိုက်ချလိုက်မိပါတယ်။ သူက အစွမ်းထက်တဲ့ မျိုးဆက်သွေးတစ်ခု ပိုင်ဆိုင်ထားပြီး သာမန်ယုန်တစ်ကောင်ရဲ့ ခန္ဓာကိုယ်နဲ့ မတူပါဘူး။ ဒါကြောင့် ဒီရိုက်ချက်တစ်ချက်က အဌမမြောက် အကြီးအကဲကို ကြယ်တွေလတွေ မြင်သွားစေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒါက အသေးအဖွဲ့ပဲ ရှိပါသေးတယ်။ ရှပ် ရှပ် ရှပ်။ ယုန်ဖြူကြီးက နောက်တစ်ကြိမ် အဌမမြောက် အကြီးအကဲရဲ့ မျက်နှာကို အဝေးကို ထွက်မပြေးခင် အရှုံးအမူး ကုတ်ခြစ်လိုက်ပါတယ်။

"မင်း မင်း"

အဌမမြောက် အကြီးအကဲက ဟူးညိုနဲ့ ယုန်ဖြူကြီးကို လက်ညှိုးထိုး လိုက်ပြီးတော့ အသက်ကို ပင့်သက်ရှိုက်ပြီး

Edit with WPS Office

ဟောဟဲလိုက်နေပါတယ်။ ရုတ်တရက်ဆိုသလို သူ့ခန္ဓာကိုယ်က တဆတ်ဆတ် တုန်ပြီးတော့ မြေကြီးပေါ်ကို လဲကျသွားခဲ့ပါတယ်။

တောင်ပိုင်းလုံအဖွဲ့အစည်းရဲ့ အဖွဲ့သားတွေက သူ့အနားမှာ လျှင်မြန်စွာနဲ့ ဝိုင်းလာခဲ့ ကြပါတယ်။ အဲဒီနောက် တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်ငိုကြွေးပြီးတော့ ထူးထူးဆန်းဆန်း အထိတ်တလန့် အမူအရာတွေ ဖြစ်နေကြပါတယ်။

"အဌမမြောက် အကြီးအကဲ သတိလစ်သွားပြီ"

သူတို့ရဲ့ မျက်လုံးထဲမှာ ကောင်းကင်အဆင့် လက်ရွေးစင် တစ်ယောက်က ကမ္ဘာကြီးရဲ့ ပြိုင်ဘက်ကင်းဆုံး ယှဉ်ပြိုင်လို့ မရနိုင်တဲ့ တည်ရှိမှု တစ်ခု ဖြစ်ပါတယ်။ ဒီလက်ရွေးစင်က တကယ်ပဲ ဒေါသကြောင့် သတိလစ် မေ့မျောသွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းကလေး တစ်ယောက်ဆီက လှည့်ကွက်နည်းနည်းလေးနဲ့ ယုန်တစ်ကောင်ရဲ့ စကားပြောတာကြောင့် ဒေါသတွေ ထွက်ပြီးတော့

Edit with WPS Office

သတိလစ်သွားပါတယ်။ ဘယ်သူက ဒါကို လက်ခံနိုင်မှာလဲ။

အရာအားလုံးက အိပ်မက်တစ်ခုလိုမျိုး ဖြစ်ပျက်သွားခဲ့ပါတယ်။

"ခစ်ခစ်ခစ်ခစ်"

ဟူးညိုကတော့ ဘေးနားကနေ လက်ခုပ်လက်ဝါး တီးပြီးတော့ ပျော်ရွှင်မြူးထူးနေပါတယ်။

"ဒါက ပျော်စရာကောင်းတယ်။ တကယ့်ကို ပျော်စရာကောင်းတယ်။ ဘယ်သူ ငါတို့နဲ့ နောက်ထပ် ကစားဦးမလဲ"

သူမရဲ့ အကြည့်တွေက တတိယ အကြီးအကဲနဲ့ စတုတ္ထအကြီးအကဲတို့ရဲ့ မျက်နှာတွေပေါ်ကို ဝေ့ဝဲသွားပြီး ဒီအဘိုးကြီး နှစ်ယောက်ကို ရောမ ဖိအားတွေ ခံစားသွားစေခဲ့ပါတယ်။

Edit with WPS Office

သူတို့တွေက ဟူးညီ့ရဲ့ စောစောက တိုက်ခိုက်မှုကို သူတို့မျက်လုံးတွေနဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ပါတယ်။ သူမရဲ့ တိုက်ခိုက်မှုက ထူးခြားဆန်းပြားတာမျိုး မရှိပါဘူး။ အရမ်းကို လျင်မြန်တာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း ဒီအမြန်နှုန်းက သူတို့ကို အထိတ်တလန့် ဖြစ်စေပြီး သူတို့ရဲ့ နှလုံးသားတွေကို တဒုတ်ဒုတ်နဲ့ လျင်မြန်စွာ ခုန်သွားစေပါတယ်။

အဌမမြောက် အကြီးအကဲရဲ့ ခွန်အားက သူတို့ထက် အနည်းငယ် အားနည်းတယ် ဆိုပေမဲ့ သူတို့တွေ အကြားက ခွန်အားကွာဟချက်က သိပ်မကြီးမားပါဘူး။ တကယ်လို့ အစောပိုင်းက သူတို့ဆိုရင်တောင် ရလာဒ်က အတူတူပဲ ထွက်လာပါလိမ့်မယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အခု ကျုပ်နာမည်ကို အင်အားသုံးပြီး ပြောင်းခိုင်းမဲ့လူတွေ ရှိသေးလား"

Edit with WPS Office

တောင်ပိုင်းလုံ အဖွဲ့အစည်းရဲ့ အဖွဲ့သားတွေ အားလုံးက ဒေါသထွက်သွား ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မချိတင်ကဲ ဖြစ်နေမှုကို အသံတောင် မထွက်ဝံ့ပါဘူး။ အဌမမြောက် အကြီးအကဲဆိုရင် ဒေါသကြောင့် သတိလစ် မေ့မျောသွားပြီး တခြား အကြီးအကဲ နှစ်ယောက်ဆိုရင် ရုတ်တရက် အသံတိတ်နေပါတယ်။ ဒါကြောင့် သူတို့က ဘာများပြောနိုင်ဦးမှာလဲ။

"သွားကြစို့"

လင်းဟန်က လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

"သွားကြစို့"

ဟူးညို့ကလည်း အားရဝမ်းသာစွာနဲ့ ယုန်ဖြူကြီးရဲ့ နားရွက်ရှည်ကြီး တစ်ဖက်ကို ဆွဲကိုင်ပြီး သူမနဲ့အတူ တရွတ်တိုက် ဆွဲခေါ်သွားခဲ့ပါတယ်။

Edit with WPS Office

"အား မင်းက တိရစ္ဆာန်တွေကို အနိုင်ကျင့်နေတာပဲ"

ယုန်ဖြူကြီးက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

မုဖေးယောင်က မျက်လုံးတွေ ပြူးပြီးတော့ ကြည့်နေပြီး အံ့အားသင့်နေတဲ့ အမူအရာတွေ ဖြစ်နေပါတယ်။ လင်းဟန်ကို သူမ ပထမဆုံး ကြုံတွေ့ခဲ့ချိန်တုန်းက တစ်ဖက်လူရဲ့ အစွမ်းက အရမ်းကို အားနည်းပါတယ်။ သူ့ကို လက်ချောင်းလေး တစ်ချောင်းနဲ့တောင် သူမက သတ်ပစ် နိုင်ပါတယ်။ အခု သူမက ပန်းဖူးအဆင့်ကို ခြေချရုံပဲ ရှိပါသေးတယ်။ ဒါပေမဲ့ တစ်ဖက်လူကတော့ သူမတောင် မော့ကြည့်ရမဲ့ အမြင့်ထိကို ရောက်နေပါပြီ။

အရင်တုန်းက သူမရဲ့ တင်ပါးကို လင်းဟန်က ရိုက်နက်ခဲ့တာကို ပြန်စဉ်းစားမိတဲ့ အခါမှာ သူမရဲ့က လှပတဲ့ မျက်နှာလေးက ပူလာပြီး သူမရဲ့ တင်ပါးတွေလည်း အနည်းငယ် ကျဉ်သွားသလို ခံစားလိုက်

Edit with WPS Office

ရပါတယ်။

လင်းဟန်က ခရမ်းရောင်လ အင်ပါယာရဲ့ မြို့တော်ကို ပြန်လာခဲ့ပါတယ်။ ဒီပြန်လာတဲ့ ခရီးက အများဆုံး ဆယ်ရက်လောက်ပဲ ကြာပါတယ်။ မာထိုပေါင်က အထိမ်းအမှတ် ရုပ်တုအကြောင်းကို ဖြေရှင်းပြီးသင့်ပါပြီ။ ပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ နောက်ဆုံးတိုက်ပွဲအတွက် ဦးတည်သွားရ ပါလိမ့်မယ်။

သူက ဒီလိုမျိုး ပြပွဲကောင်းကောင်းကို လွှဲမချော်သွားစေခဲ့ပါဘူး။

တကယ်ကို လုံလောက်ပါတယ်။ သူက နန်းတော်ဆီကို ပြန်ရောက်လာတဲ့ အချိန်မှာ ဓားတစ်လက်ရဲ့ သုံးဖက်မြင် ပုံရိပ်တစ်ခုကို နန်းတော်ရဲ့ အထက်မှာ တွေ့မြင်လိုက်ရပါတယ်။ အထိမ်းအမှတ် ရုပ်တုပဲ။ လင်းဟန်က အဲဒီတည်ရှိမှုကို အာရုံခံနိုင်ခဲ့ပြီး ဒီဓားမှာ လူတွေရဲ့ စိတ်ဆန္ဒ စွမ်းအားပမာဏ တော်တော်များများကို စုစည်းထားပြီး ပန်းဖူးအဆင့် ကျင့်ကြံသူတွေကို ဖိနှိပ်ဖို့ လုံလောက်ပါတယ်။

Edit with WPS Office

တကယ့်ကို အံ့မခန်းပါပဲ။ ဒါက ရက်နည်းနည်းပဲ ရှိပါသေးတယ်။

ဒါပေမဲ့လည်း ခရမ်းရောင်လ အင်ပါယာရဲ့ တည်ထောင်မှုက မဟာလင်း အင်ပါယာထက် အများကြီး လွယ်ကူပါတယ်။ အခု နိုင်ငံက လူတွေကို သူတို့ရဲ့ ယုံကြည်မှုအတွက် ပြုလုပ်ဖို့ တစ်ခုကိုပဲ ပစ်မှတ်ထားပါတော့တယ်။ ဒါမှ လူတွေရဲ့ နှလုံးသား စွမ်းအားကို စုစည်းဖို့ လွယ်ကူပါလိမ့်မယ်။ ရက်အနည်းငယ် အတွင်းမှာ အထိမ်းအမှတ် ရုပ်တုက အမြင့်ကို တော်တော်လေး တက်သွားခဲ့ပါတယ်။

အလယ်ပိုင်း ဒေသက ကြီးမားပြီး သိုင်းပညာရပ် အားလုံးရဲ့ အဆင့်အတန်းက အတော်လေး မြင့်မားပါတယ်။ သိပ်မကြာခင်မှာပဲ ဒီအထိမ်းအမှတ် ရုပ်တုက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ယှဉ်ပြိုင်နိုင်ပါတော့မယ်။

"ဟိုးဟိုး ငါ့ရဲ့ အသားညိုညို ညီငယ်လေး ငါတွေးကြည့်မိတယ်။

Edit with WPS Office

စစ်မှန်တဲ့ နိုင်ငံတစ်ခု ဖြစ်လာပြီးတဲ့ နောက်မှာ အလယ်ပိုင်း ဒေသတစ်ခုတည်းနဲ့ အရမ်းကို ကြီးမားတာကြောင့် ငါ့ကိုပေါက်ကွဲထွက်တော့မဲ့အထိ လုံလောက်လိမ့်မယ်"

မာထိုပေါင်က သက်ပြင်းချလိုက်ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုမှာ မင်းက ခန္ဓာကိုယ် ကျင့်စဉ်ကို ပြန်ပြီးတော့ ကျင့်ကြံအားထုတ်ခဲ့တယ်။ ဒါပေမဲ့ ဒီလိုမျိုး အားကောင်းတဲ့ နိုင်ငံစွမ်းအားကို တောင်မခံနိုင်သေးဘူးလား"

"နိုင်ငံစွမ်းအားကို ဘယ်လောက်များများ တောင့်ခံနိုင်မလဲ ဆိုတာကို အချက်နှစ်ချက်နဲ့ ဆုံးဖြတ်တယ်။ တစ်ခုက မင်းရဲ့ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်ပဲ၊ ပြီးတော့ တခြားတစ်ခုကတော့ သန်မာအားကောင်းတဲ့ ခန္ဓာကိုယ်ပဲ။
ကျင့်ကြံခြင်းအဆင့်အနေနဲ့ကတော့ ငါဟာ စကြဝဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာရှိတယ်။ ဒါကြောင့် ထပ်ပြီးတော့ အဆင့်တက်ဖို့ မဖြစ်နိုင်တော့ဘူး။ ငါ့ရဲ့ ခန္ဓာကိုယ် မာကျောမှုက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေ အဆင့်ကို ရောက်နေပြီ။ ဒါပေမဲ့ အဲဒါကလည်း အကန့်အသတ်ရှိတယ်”

မာထိုပေါင်က သူ့ခေါင်းကို ခါပြီးတော့ အတော်လေးကို သနားစရာကောင်းတဲ့ပုံ ပေါ်ပါတယ်။

ဒါပေမဲ့ သူက ချက်ချင်းပဲ ပြန်ပြုံးလိုက်ပါတယ်။

“ဒါပေမဲ့လည်း နောက်ဆုံးအကြိမ်တုန်းကနဲ့ ယှဉ်ကြည့်မယ်ဆိုရင် နိုင်ငံစွမ်းအားကို ဒီတစ်ကြိမ် အနည်းဆုံး နှစ်ဆလောက် စုစည်းနိုင်တယ်။ ဒါက မိုးကောင်းကင်ကို ဖွင့်ဖို့ သုံးဆယ်ရာခိုင်နှုန်း အောင်မြင်သင့်တယ်”

သုံးဆယ်ရာခိုင်နှုန်းပဲလား။

Edit with WPS Office

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ပထမအချက်က ဘာကြောင့်လဲဆိုတော့ မာထိုပေါင်ရဲ့ ခွန်အားကြောင့် ဖြစ်ပါတယ်။ သူရဲ့တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြယ်ဆယ့်ငါးလုံးထက် ကျော်ပါလိမ့်မယ်။ နောက်ပြီးတော့ သူ့ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုရဲ့ မာကျောမှု အဆင့်ထိ ရောက်နေတာက ဒီကမ္ဘာကြီးထဲမှာ လက်ရည်တူမရှိ ပြိုင်ဘက်ကင်း ဖြစ်စေပါတယ်။

ဒီလိုမျိုး စွမ်းအားနဲ့ ခန္ဓာကိုယ် ရှိနေတာကို နိုင်ငံစွမ်းအားကိုပါ ပေါင်းလိုက်ရင် မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ အောင်မြင်မှုနှုန်းက သုံးဆယ်ရာခိုင်နှုန်းပဲ ရှိပါသေးတယ်။ ဒါက တကယ့်ကို အံ့အားသင့်ဖို့ ကောင်းပါတယ်။

တကယ်လို့ သူဆိုရင်ရော ဘယ်လိုလုပ်မလဲ။

လင်းဟန်က သူ့ကိုယ်သူ စဉ်းစားကြည့်လိုက်ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ပြီး သူ့ရဲ့ခန္ဓာကိုယ်ကလည်း နတ်ဘုရား သတ္တုအဆင့်ကို

Edit with WPS Office

ရောက်နိုင်ပါတယ်။ ပြီးတော့ နိုင်ငံစွမ်းအားကို မာထိုပေါင်ထက် ပိုများများ စုစည်းနိုင်ပါလိမ့်မယ်။

ပြီးတော့ သူ့ရဲ့ကိုယ်ပိုင်သိုင်းစွမ်းအားက နိမ့်ကျစရာ မရှိပါဘူး။ သူတို့နှစ်ယောက် နိုင်းယှဉ်ကြည့်ရင် သူ့အတွက် မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ အောင်မြင်မှုနှုန်းက ပိုများနေတယ် မဟုတ်လား။

Chapter 827 end

အပိုင်း(828) ကောင်းကင်ဓားဂိုဏ်းထဲကို မှန်တိုင်းမွှေခြင်း

"အစ်ကိုမာ တကယ်လို့ ဒီကိစ္စကို မလုပ်နိုင်ဘူးဆိုရင် ဘာဖြစ်လို့ ကျနော့်ကို တာဝန်မပေးတာလဲ"

လင်းဟန်က မိုးကောင်းကင်ကို ရင်ဆိုင်ပြီး ဖြတ်ပစ်တဲ့ လက်ဟန်ခြေဟန် လုပ်ပြလိုက်ပါတယ်။

မိုးကောင်းကင်ကို ဖွင့်တယ်ဆိုတာက ဟာသမဟုတ်ပါဘူး။

Edit with WPS Office

ကောင်းကင်နဲ့ မြေကြီးမှာ သူတို့ရဲ့ စိတ်ဝိညာဉ်တွေ ရှိပြီးတော့ လွတ်လပ်တဲ့ ခန္ဓာကိုယ် တစ်ခုနဲ့ ညီမျှပါတယ်။ ဒါက လမ်းကြောင်း ဖြစ်နေသရွေ့ ခန္ဓာကိုယ်အသစ် တစ်ခုရဲ့ ပေါင်းစည်းခြင်းကို တကယ်လို့ သူက မြင့်မားနေရင် ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

ဒါက ငရဲမှာ စိုးမိုးခြယ်လှယ်တာထက် ကောင်းကင်ဘုံမှာ တာဂန်ထမ်းဆောင်ရတာက ပိုကောင်းတယ်ဆိုတဲ့ အကြောင်းပြချက်ပဲ ဖြစ်ပါတယ်။

မိုးကောင်းကင်ကို ဖွင့်ဟခြင်းကို အောင်အောင်မြင်မြင်နဲ့ လုပ်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ ကျရှုံးသွားခဲ့ရင်ရော။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အမျက်ဒေါသကို တောင်းခံလိုက်ပြီး အပြစ်ပြုလုပ်သူကို မိုးကြိုးလျှပ်စီးတွေနဲ့ ပစ်ခတ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အတိတ်တုန်းက ခရမ်းရောင်လ အင်ပါယာက ဘယ်လိုလုပ်ပြီး ပျက်စီးသွားနိုင်မှာလဲ။ အဆိုးတကာ့ အဆိုးဆုံး ရောက်လာခဲ့ရင် သူတို့က အချိန်အတိုင်းအတာ တစ်ခုပြီးတဲ့နောက်မှာ နောက်တစ်ကြိမ် ကြိုးစားနိုင်ပါသေးတယ်။ တစ်ကြိမ်ပြီးတစ်ကြိမ် ကြိုးစားရင်းနဲ့ သူတို့က တစ်ချိန်ချိန်မှာတော့

Edit with WPS Office

အောင်မြင်ကောင်း အောင်မြင်နိုင်ပါတယ်။

သူတို့တွေ အိပ်ပျော်သွားတဲ့ အချိန်မှာ အဲဒါက
နစ်ထောင်ပေါင်းများစွာ ဖြစ်သွားပါလိမ့်မယ်။ အဲဒါက
မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီက လက်စားချေမှုကို ရှောင်တိမ်းဖို့
သူတို့ရဲ့ သဘောထားပဲ ဖြစ်ပါတယ်။

မာထိုပေါင်က ခေါင်းခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့အတွက် အချိန်တွေ အများကြီး မကျန်တော့ဘူး။ တကယ်လို့
ငါတို့က အထက်ကလူတွေ လုပ်ရှားတဲ့အထိ စောင့်နေမယ်ဆိုရင်
ငါတို့တွေ လက်ဦးမှု မရရယူနိုင်ပဲ ရှုံးနိမ့်သွားလိမ့်မယ်"

တန်ခိုးရှင်တွေက လောကဘုံ ဆေးလုံး ဖော်စပ်ဖို့
အချိန်ကျရောက်လာတဲ့ အခါကျရင် ရောက်လာပါလိမ့်မယ်။
တန်ခိုးရှင်တွေ ဆင်းသက်လာတဲ့ အချိန်ကျရင် စကြဝဠာ
ဖျက်ဆီးခြင်း အဆင့်ကို ကန့်သတ်ခံထား ရပါလိမ့်မယ်။ သူတို့ရဲ့

Edit with WPS Office

တိုက်ပွဲစွမ်းရည်တွေက လုံးဝကို အံ့သြဖွယ်ရာ ကောင်းပြီးတော့ သူတို့ကို သတ်ပစ်ဖို့ဆိုတာ အခြေခံအားဖြင့်တော့ မဖြစ်နိုင်ပါဘူး။

တကယ်လို့ တိုက်ပွဲရဲ့ အလယ်မှာ လူတွေအများကြီး တစ်ဟုန်ထိုး ရှေ့ဆက်နေကြရင် မင်းက ဘယ်လိုလုပ်ပြီးတော့ မိုးကောင်းကင်ကို ဖွင့်လှစ်မှာလဲ။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူတို့မှာ လိုနေတာက အချိန်ပဲ ဖြစ်ပါတယ်။

နောက်တစ်နေ့ အရောက်မှာ သူတို့တွေက အဖွဲ့လိုက် ခရီးထွက်လာပြီး ဂိုဏ်းကြီးငါးဂိုဏ်းနဲ့အတူ တိုက်ပွဲဆင်နွှဲဖို့ အရှေ့ကို တိုးလာခဲ့ ကြပါတယ်။

သေမျိုးတွေ အမြင်ကနေ ကြည့်မယ်ဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းက မိုင်ပေါင်းထောင်နဲ့ချီအောင် ဝေးကွာထားပြီး အကန့်အသတ် ရှိပါတယ်။ ဒါပေမဲ့လည်း စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ မျက်လုံးထဲမှာတော့ ဒီအကွာအဝေးက

Edit with WPS Office

တစ်နေ့တာ ခရီးလောက်ပဲ ရှိပါတယ်။ ဒါကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း အရမ်းကို နီးကပ်နေကြပါတယ်။ ဒါက တစ်ဖွဲ့နဲ့တစ်ဖွဲ့ အကူအညီပေးဖို့ အရမ်းကို လွယ်ကူစေပါတယ်။

မာထိုပေါင်က ရှေ့တန်းကို ရောက်လာတဲ့ အချိန်မှာ ကျန်ရှိတဲ့ ဘုရင်ခုနစ်ပါးကလည်း စုစည်းလာခဲ့ပါတယ်။ သူတို့က သူနဲ့ လစန္ဒာဘုရင်တို့ဆီ လာရောက်ပူးပေါင်းပြီးတော့ ကောင်းကင်ဓားဂိုဏ်းဆီကို ခရီးထွက်လာခဲ့ကြပါတယ်။

ပြောနေစရာ မလိုအောင်ပဲ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လက်ရွေးစင်တွေက ခရမ်းရောင်လ အင်ပါယာနဲ့ ပြတ်သားတဲ့ တိုက်ပွဲတစ်ခုအတွက် ကောင်းကင်ဓားဂိုဏ်းမှာ လာရောက်စုဝေး နေကြပါတယ်။

ကောင်းကင်ဘုံ ကြယ်တာရာဘုရင်၊ လစန္ဒာဘုရင်နဲ့ မီးတောက်ဘုရင်တို့အပြင် ကျန်တဲ့ ဘုရင် ငါးပါးက မဟာရေဘုရင်၊ တရားမျှတမှု တောင်ဘုရင်၊ မြူကင်းစင် သူရိယဘုရင်၊ သန့်စင်သော ရွှေဘုရင်နဲ့ ခမ်းနားထည်ဝါသော ငြိမ်းချမ်းရေး

Edit with WPS Office

ဘုရင်တို့ ဖြစ်ပါတယ်။ သူတို့ရှစ်ယောက်လုံးက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး ရှိကြပြီး ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် အံ့သြဖို့ကောင်းသူတွေ ဖြစ်ပါတယ်။

လမ်းတစ်လျှောက်မှာ သူတို့ရဲ့ ချီတက်မှုကို တားဆီးဖို့ လုပ်ဆောင်တဲ့ လူတွေလည်း ရှိပါတယ်။ ဒါပေမဲ့လည်း ဘုရင်ရှစ်ပါးက သာမန်ကာလျှံကာ တိုက်ခိုက်ဖို့ပဲ လိုအပ်ပြီး သူတို့အားလုံးကို အစအနတောင် မကျန်အောင် ရှင်းထုတ်ပစ်ခဲ့ပြီး ကောင်းကင်ဓားဂိုဏ်းရဲ့ အဓိက ဂိတ်ပေါက်ဆီကို တလှမ်းခြင်း ချီတက်လာခဲ့ ကြပါတယ်။

သူတို့အဖွဲ့မှာ လူအများကြီး မပါဝင်ပါဘူး။ လင်းဟန်ရဲ့ အုပ်စုက သုံးယောက်၊ မာထိုပေါင်က ဘုရင်ရှစ်ပါးနဲ့ လက်ရွေးစင် စစ်သည်တော် တစ်ထောင်ကိုပဲ ခေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလက်ရွေးစင် တစ်ထောင်က အဆင့်မြင့် ကောင်းကင်အဆင့် ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့က ပူးပေါင်းတိုက်ကွက် ဂင်္ဂါပါပညာရပ်တွေကိုလည်း ကျွမ်းကျင်သူတွေ

Edit with WPS Office

ဖြစ်ကြပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက အဆင့်မြင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို ယှဉ်ပြိုင်ဖို့ လုံလောက်ပါတယ်။

သူတို့ရဲ့ ခရီးတစ်လျှောက်မှာ ကောင်းကင်ဓားဂိုဏ်းရဲ့ တပည့်တွေက ရှုံးနိမ့်သွားခဲ့ပါတယ်။ မကြာမီပဲ သူတို့ရဲ့ စစ်တပ်က ကောင်းကင်ဓားဂိုဏ်းရဲ့ အဓိက ဂင်ပေါက်ဆီကို ရောက်လာခဲ့ ပါတယ်။

သူတို့တွေက ရှေ့ဆက်ပြီးတော့ သွားလို့ မရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ကာကွယ်ရေး ဂင်္ဂပါတစ်ခု ရှိနေပါတယ်။

"ငွါတာဂန်ထားလိုက်"

သန့်စင်သောရွှေ ဘုရင်က ထွက်လာပြီး ရွှေရောင်လှံ တစ်ချောင်းကို ထုတ်လိုက်ပါတယ်။ သူ့ရဲ့ ရင်ဘတ်အရှေ့မှာ ကိုင်ထားပြီး

Edit with WPS Office

သူ့မျက်လုံးတွေက ရွှေကြယ်နှစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ လှံ့ရဲ့ထိပ်ဖျားပေါ်မှာ စွမ်းအားတွေက အလင်းရောင်အလုံးတစ်လုံး အဖြစ်ကို စုစည်း လာခဲ့ပါတယ်။ ပထမတော့ အလင်းလုံးအရွယ်အစားက ကြက်ဥတစ်လုံးလောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ သူဘယ်လောက်တောင် ကြိုးစားပြီးတော့ စွမ်းအားတွေကို စုစည်းနေလဲဆိုရင် အဲဒါက ဖရဲသီးတစ်လုံး အရွယ်အစား အဖြစ်ကို ပြောင်းလဲသွားပြီး အဲဒီထက် ပိုမကြီးလာတော့ပါဘူး။

လင်းဟာန်က ကြည့်နေတဲ့ အချိန်အတွင်းမှာ သူ့သွေးတွေက စတင်အေးစက်လာခဲ့ပါတယ်။ ဒီတိုက်ခိုက်မှု တစ်ခုရဲ့ စွမ်းအားက လုံးဝကို ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။

အနက်ရောင်မှုလ သုံးဟာန်ထဲက နောက်ဆုံးအမျိုးအစားဖြစ်တဲ့ အကန့်အသတ်များကို ချိုးဖျက်ခြင်းလို့ ခေါ်ပါတယ်။ လူတစ်ယောက်က ရပ်ပြီးတော့ မိနစ်အနည်းငယ်လောက် ခွန်အားကို စုစည်းဖို့ လိုအပ်ပါလိမ့်မယ်။ ဒီတိုက်ကွက်ကို ထုတ်ဖော်လိုက်တာနဲ့ လူတစ်ယောက်လုံးရဲ့ ခွန်အားကို အသုံးပြုလိုက်တာ ဖြစ်ပါလိမ့်မယ်။ တိုက်ပွဲမှာ အသုံးပြုတဲ့

Edit with WPS Office

အခါကျရင်တော့ အဲဒါက သေခြင်းတရားကို လက်ယပ်ခေါ်နေတဲ့ အပြုအမူ တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ ကာကွယ်မှု ဂင်္ဂါ တစ်ခုကို ဖျက်ဆီးပစ်ဖို့ အတွက်ဆိုရင်တော့ ဒါက တကယ့်ကို လိမ္မာပါးနပ်တဲ့ လုပ်ရှားမှု တစ်ခုပါပဲ။

ဒီကမ္ဘာကြီးထဲမှာ မချိုးဖျက်နိုင်တဲ့ ခုခံမှုဆိုတာ ရှိလို့လား။ မရှိပါဘူး။ မချိုးဖျက်နိုင်တဲ့ အရာတစ်ခုမှ မရှိပါဘူး။ တကယ်လို့ မကျိုးပျက်ဘူးဆိုရင် ဖြေရှင်းချက် တစ်ခုပဲ ရှိပါတယ်။ အဲဒါက ထုတ်ဖော်လိုက်တဲ့ အင်အားက လုံလောက်မှု မရှိတာပါပဲ။

ဒါကြောင့် အကန့်အသတ်ကို ချိုးဖျက်ခြင်းဆိုတဲ့ နာမည်က တကယ့်ကို စစ်မှန်ပါတယ်။

သန့်ရှင်းသောရွှေဘုရင်ရဲ့ ဒီတိုက်ခိုက်မှုက မတူညီတဲ့ လမ်းကြောင်းတစ်ခုကို အသုံးပြုပြီး ချည်းကပ်ကာ တူညီတဲ့

Edit with WPS Office

အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မယ်။ သူက ဒါကို တိုက်ပွဲအတွင်းမှာ ရန်သူနဲ့ ရင်ဆိုင်တဲ့အချိန် ဘယ်တော့မှ အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုလို ကာကွယ်မှု ဂေါ်ပါကို ရင်ဆိုင်ဖို့ ဆိုရင်တော့ သူက စွမ်းအားတွေကို ဖြည်းဖြည်းခြင်း စုစည်းပြီး အစွမ်းထက်ဆုံး တိုက်ခိုက်မှုနဲ့ ဖောက်ခွဲပစ်ဖို့ နှစ်ခါစဉ်းစားနေစရာ မလိုပါဘူး။

အနည်းဆုံး ငါးမိနစ်ခန့် ကြာပြီးတဲ့ နောက်မှာတော့ သန့်စင်သော ရွှေဘုရင်က နောက်ဆုံးမှာ အရှေ့ကို ခြေတစ်လှမ်း တိုးလိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီခြေတစ်လှမ်းနဲ့ သူက ဂေါ်ပါကနေ ဖန်တီးထားတဲ့ ခုခံမှု အတားအဆီးရဲ့ အရှေ့ကို ရောက်သွားပါတယ်။ သူက သူ့ရဲ့လှံနဲ့ ရွယ်လိုက်ပါတယ်။

ဖူး။

လှံရဲ့ထိပ်ဖျားက ခုခံမှု ဂေါ်ပါကို ထိုးလိုက်ပြီး ရုတ်တရက်ဆိုသလို အလင်းရောင်တွေ တလက်လက် တောက်ပလာပြီး ဘေးနားက လူတွေတောင်မှ သူတို့ရဲ့ မျက်လုံးတွေကို ဖွင့်လို့တောင် မရကြပါဘူး။

Edit with WPS Office

ဘုန်း။

မြေပြင်က တုန်ခါသွားခဲ့ပါတယ်။ ကောင်းကင်ဓား တောင်ကလည်း တုန်ခါသွားပြီး ခုခံမှု အတားအဆီးက ပြိုလဲလုနီးပါး ဖြစ်သွားပေမဲ့ အဆုံးစွန်ထိ တည်ငြိမ်နေပါတယ်။

သန့်စင်သောရွှေဘုရင်ရဲ့ ငါးမိနစ်ကျော်လောက် စုစည်းထားတဲ့ စွမ်းအားရဲ့ ဒီတိုက်ခိုက်မှု တစ်ခုက ခုခံကာကွယ်မှု ဂျက်ပါကို တကယ်ပဲ မဖျက်ဆီးနိုင်ခဲ့ပါဘူး။

"ဟားဟားဟားဟား"

ကျန်တဲ့ ဘုရင်ခုနစ်ပါးက ရယ်မောလိုက်ပါတယ်။ သူတို့အားလုံးက သူတို့ရဲ့ ပုံရိပ်တွေ ထိခိုက်မှာ စိုးရိမ်ခြင်း မရှိပဲ ခန္ဓာကိုယ် ဒယိမ်းဒယိုင်ဖြစ်တဲ့အထိ ရယ်မောနေကြပါတယ်။

Edit with WPS Office

"နံပါတ်ခုနစ် မင်းက တကယ့်ကို ဆုတ်ယုတ်နေပြီပဲ။ ဒီခုခံမှု ဂင်္ကပါလေးကို တစ်ချက်တည်းနဲ့ ဘယ်လိုလုပ်ပြီးတော့ မဖျက်ဆီးနိုင်ရတာလဲ"

"မနေ့ညက မင်းအစွမ်းတွေ အများကြီး အသုံးပြုခဲ့လို့လား"

"ဟေး လူငယ်တွေ သူတို့ကိုယ်သူတို့ ဘယ်လိုမျိုး ထိန်းချုပ်ရမလဲ ဆိုတာကို သိထားသင့်တယ်။ ဒီလိုမျိုး အရာတွေကို တစ်နေ့လုံး အမြဲတမ်း မလုပ်သင့်ဘူးနော်"

တစ်ယောက်ပြီးတစ်ယောက် ဘုရင်ခုနစ်ပါးက သူ့ကို ညှာတာမှုမရှိ လှောင်ပြောင်နေကြ ပါတယ်။

သန့်စင်သောရွှေ ဘုရင်ရဲ့ အမူအရာက လေးလေးနက်နက် ဖြစ်လာပါတယ်။ သူက ပြောလိုက်တယ်။

Edit with WPS Office

"ဒီဂက်ပါက ငါတို့ ပထမအကြိမ် လာတုန်းကထက် အများကြီး အားကောင်းလာတယ်"

မာထိုပေါင်က သူယုံကြည်ရတဲ့ သူ့လူတွေ စိတ်မပျက်စေဖို့ ကူညီတဲ့ အနေနဲ့ ပြောလိုက်ပါတယ်။

"ဒါက ပုံမှန်ပါပဲ။ သူတို့တွေက အတိတ်တုန်းက ငါတို့ရဲ့ အနိုင်ယူတာကို ခံလိုက်ရပြီးတဲ့ နောက်မှာ ဂိုဏ်းကြီးငါးဂိုဏ်းကလည်း ခုခံမှု ဂက်ပါရဲ့ ခွန်အားတွေကို တိုးမြှင့်ထားကြလိမ့်မယ်။ ဒါကြောင့် ငါ့လူတွေ ဒီဂက်ပါကို မချိုးဖျက်နိုင်ဘူးဆိုတာက ပုံမှန်ပါပဲ"

"ဒီဂက်ပါက ငါ့ရဲ့ တိုက်ကွက်လေး တစ်ခုကိုပဲ တားဆီးခဲ့တာပါ။ ငါ့ကို နောက်တစ်ကြိမ် ကြိုးစားခွင့် ပြုပါ။ ပြီးတော့ တစ်ရက်အတွင်းမှာ ဒီဂက်ပါကို ဖောက်ခွဲပစ်နိုင်မယ်ဆိုတာ သေချာတယ်"

Edit with WPS Office

သန့်စင်သော ရွှေဘုရင်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ လက်မလျှော့သေးပါဘူး။

"နင့်အတွက် ဒီနေရာမှာ အချိန်တွေ အများကြီး မဖြုန်းနိုင်ဘူး"

လစန္ဒာဘုရင်က တင့်တယ်လှပစွာနဲ့ လှုပ်လီလှုပ်လဲ့ ထွက်လာခဲ့ပါတယ်။

"ငါ့ါတာဂန်ထားလိုက်"

"နံပါတ်လေးအစ်မ ငါ့ါတာဂန်ထားလိုက်ပါ"

သန့်စင်သော ရွှေဘုရင်က ငြင်းပယ်လိုက်ပါတယ်။ ဒါက ဟာသမဟုတ်ပါဘူး။ ဒီကိစ္စက သူ့ကို မျက်နှာပျက်ရာကနေ အဖတ်ပြန်ဆယ် နိုင်ပါလိမ့်မယ်။

Edit with WPS Office

"ဘာလဲ နင်က နည်းနည်းလေး ပိုပြီးတော့ သန်မာလာတာနဲ့ ငါ့စကားကိုတောင် နားမထောင်စရာ မလိုတော့ဘူးလို့ စဉ်းစားနေတာလား။ ငါနင့်ကို သင်ခန်းစား ပေးသင့်လား"

လစန္ဒာ ဘုရင်က သူမရဲ့ နုတ်ခမ်းနီနီလေးကို လျှာနဲ့ သပ်လိုက်ပါတယ်။ သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ မျက်လုံးတွေက ပျော့ပျောင်းလာပြီး အန္တရာယ်ရှိတဲ့ အရိုန်အဝါ တစ်ခုကို ပေးစွမ်းပါတယ်။

သန့်စင်သော ရွှေဘုရင်က ချက်ချင်းပဲ ထိတ်လန့်တုန်လုပ် သွားခဲ့ပါတယ်။ ဒီနံပါတ်လေး အစ်မရဲ့ တင့်တယ်လှပမှုနဲ့ ဆွဲဆောင်မှုရှိတဲ့ သွင်ပြင်အမူအရာကြောင့် အရူးလုပ်မခံရစေနဲ့။ သူမရဲ့ စိတ်က အရမ်းကို ပေါက်ကွဲလွယ်ပါတယ်။ သူမက အရှင်မင်းကြီးကိုတောင် ရိုက်ပုတ်ရဲပါတယ်။ သူကဘာမို့လဲ။ တကယ်လို့ အတိတ်တုန်းက သူရိုက်နက်ခံခဲ့ရတဲ့ အရေအတွက်ကိုသာ ရေတွက်ကြည့်လိုက်မယ်ဆိုရင် အဲဒါက သေချာပေါက် သူ့ကို စိတ်ဒဏ်ရာ ဖြစ်စေပါလိမ့်မယ်။

Edit with WPS Office

"ကောင်းပြီလေ။ ငါ့တာဝန်ထားလိုက်"

မာထိုပေါင်က သူ့ရဲ့ ကြီးမားတဲ့ ဂမ်းဗိုက်နဲ့အတူ ထွက်လာခဲ့ပြီး ပြုံးလိုက်ပါတယ်။

"ဒီဂင်္ကပါကို မဖျက်နိုင်လည်း အဆင်ပြေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က ဒါကို ဖြတ်သွားရုံပဲ။ ဘယ်လိုပဲပွင့်အောင်လုပ်လုပ် ကိစ္စမရှိပါဘူး"

"အဲဒါက ငါတို့တွေ အထဲကို အတင်းတိုးဝှေ့ဝင်သွားဖို့ ဆိုလိုတာ မဟုတ်ဘူးလား။ အရှင်မင်းကြီး နင့်ရဲ့ လိုအပ်ချက်က တကယ်ပဲ အရမ်းကို နိမ့်ကျလွန်းတယ်"

လစန္ဒာဘုရင်က ချက်ချင်းပဲ အဲဒါကို ဆန့်ကျင်လိုက်ပါတယ်။

"အဲဒါဟုတ်တယ်။ ခေါင်းဆောင် အဲဒါက လွှမ်းမိုးဖို့

Edit with WPS Office

မလုံလောက်ဘူး"

"ဒါကို ဖောက်ခွဲပြီးမှ ဖြတ်သွားတာ အကောင်းဆုံးပဲ"]

တခြားဘုရင်ခုနစ်ပါးကလည်း ဝင်ပြီးတော့ ပြောလိုက်ပါတယ်။

မာထိုပေါင်က ဖော်ရွေတဲ့ အမူအရာနဲ့ ရယ်မောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးသေးသေးလေးတွေ ကြည်လင်တောက်ပလာပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ ချစ်လှစွာသော ဘုရင်တွေ မင်းတို့တွေ ငါ့ကို မကျေမနပ်ဖြစ်ပြီး သည်းမခံနိုင်တာများ ရှိနေသလား"

ဘုရင်ရှစ်ပါးက ချက်ချင်းပဲ သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့ တပြိုင်နက်တည်း ဖြေလိုက်ပါတယ်။

Edit with WPS Office

"မရှိဘူး။ မရှိဘူး"

သူက နောက်နေတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ခေါင်းဆောင်က အမြဲတမ်းလိုလို ယည်ယည်ကျေးကျေးနဲ့ ပြောတတ်သူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အရမ်းကို လေးနက်လာပြီဆိုရင်တော့ သူ့ရဲ့လမ်းမှာ ရှုပ်နေတဲ့ နတ်ဘုရားတွေကိုတောင် ဖျက်ဆီးပစ်တတ်တဲ့ လူတစ်ယောက် ဖြစ်လာပါတယ်။ အစမှာတော့ သူတို့ထဲက ဘယ်သူကများ အကြောင်နာ မမဲ့တဲ့သူ မရက်စက်တဲ့သူ ရှိလို့လဲ။ သူတို့ကို မာထိုပေါင်က အရှုံးပေးလာတဲ့အထိ ရိုက်နှက်ခဲ့တယ် မဟုတ်ပါလား။

"တစ်ယောက်မှ မရှိဘူးဆိုတော့ ကောင်းပါတယ်"

မာထိုပေါင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက လက်ချောင်းအနည်းငယ်နဲ့ သာမန်ကာလျှံကာ တောက်လိုက်ပါတယ်။ ခလွမ်။ ဂက်ပါရဲ့ ခုခံမှု အတားအဆီးက ချက်ချင်းဆိုသလို အပေါက်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အပေါက်က ကြီးမားလာပြီးတော့ စစ်တပ်တစ်ခုလုံး ဂင်ဆံ့တဲ့အထိ လုံလောက်ပါတယ်။

Edit with WPS Office

အရမ်းကို အစွမ်းထက်တာပဲ။

သူ့ရဲ့နှလုံးသားထဲမှာ လင်းဟန်က မှင်တက်အံ့သြ သွားခဲ့ပါတယ်။ အစောပိုင်းတုန်းက သန့်စင်သော ရွှေဘုရင်က ဂက်ပါကို ဖျက်ဆီးပစ်ချင်ခဲ့ပြီး မာထိုပေါင်ကတော့ လမ်းတစ်ခုပဲ ဖန်တီးခဲ့ပါတယ်။ ဒီခက်ခဲမှုက နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ သာမန်ကာလျှံကာ လက်ချောင်းနဲ့ တောက်လိုက်တာက ဒီလိုမျိုး ဖျက်ဆီးခြင်း စွမ်းအားတစ်ခု ရှိနေတယ်ဆိုတော့ တကယ်ပဲ မာထိုပေါင်ဟာ ဘုရင်ရှစ်ပါးရဲ့ ခေါင်းဆောင် ဖြစ်ဖို့ ထိုက်တန်ပါတယ်။

သူ့ခေါင်းကို မော့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ အဲဒီ ကောင်းကင်ဓားဂိုဏ်းကို နီးနီးကပ်ကပ် တွေ့လိုက်ရပါတယ်။

Chapter 828 end

Uni.အပိုင်း(829) လောင်းကြေး

Edit with WPS Office

သူက ကောင်းကင်ဓားဂိုဏ်းကို နောက်ဆုံးဘယ်အချိန်က ရောက်လာခဲ့ဖူးတာလဲ။

လင်းဟန်က လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းကျော်က အချိန်ကို ပြန်ပြီးတော့ ရောက်သွားသလိုမျိုး တွေဝေငေးမောသွားမိပါတယ်။ ဓားကေရာ့ဇ္ဇ သူ့ကို မော်ဆေးလုံးတွေ ဖော်စပ်ကို ဖိတ်ကြားခဲ့တာကြောင့် ဒီနေရာကို လာခဲ့ပါတယ်။ ဒီနေရာမှာပဲ သူက ကလိမ္မာပြီး ဓားကေရာ့ဇ္ဇိက အနက်ရောင်မူလ သုံးဟန် နည်းစနစ်ကို ရယူခဲ့ပါတယ်။

နှစ်ပေါင်းတစ်သောင်း ကျော်လွန်ခဲ့ပြီး ဒီနေရာမှာ ဘာမှပြောင်းလဲပုံ မပေါ်ပါဘူး။ အဲဒါကို ကြည့်ရတာ အဲဒီနှစ်တွေကအတိုင်း တူပါတယ်။

ပူး။

စစ္စရာသံ ထွက်ပေါ်လာပြီး တောင်ရဲ့ နေရာအသီးသီးကနေ

Edit with WPS Office

ရေတွက်လို့ မရနိုင်တဲ့ လူတွေက ပျံ့သန်းထွက်လာခဲ့ပါတယ်။ ဒီခုခံမှု တောင်ဂက်ပါက ပျက်စီးသွားခဲ့ပါပြီ။ ဒါကြောင့် ဂိုဏ်းငါးဂိုဏ်းက အဖွဲ့သားတွေက လုပ်ရှားလာခဲ့ကြပါတယ်။

အစွမ်းထက်တဲ့ လက်ရွေးစင်တွေရဲ့ အရှိန်အဝါက လှိုင်းထနေပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် ထိတ်လုပ်ချောက်ချားဖို့ ကောင်းပါတယ်။

တကယ်လို့ ဒီလူတွေက သူတို့ရဲ့ အင်အားစုတွေကို ပူးပေါင်းပြီးတော့ တပြိုင်နက်တည်း တိုက်ခိုက်မယ်ဆိုရင် ဒီလောကဘုံက ချက်ချင်းပဲ ပြိုလဲကျသွားလိမ့်မလား။ ဒါပေမဲ့လည်း အဲဒါက ကောင်းကင်တာအိုရဲ့ မ်္ဂလ္လာံး တည်ရှိမှုနဲ့ သိပ်မကွာသင့်ပါဘူး။ ဒီဘုံရဲ့ တည်ငြိမ်မှုကို ထိန်းသိမ်းဖို့အတွက် ကောင်းကင်တာအိုရဲ့ မ်္ဂလ္လာံးက သေချာပေါက် ဂင်ရောက်စွက်ဖက် ပါလိမ့်မယ်။

ကောင်းကင်တာအိုရဲ့ မ်္ဂလ္လာံးက ဒီဘုံရဲ့ စည်းမျဉ်းဥပဒေကို မဖျက်ဆီးသေးသရွေ့ လူတွေ ဘယ်လောက်များများကို မင်းသတ်လိုက်ပါစေ သူကတော့ ဂရုစိုက်မှာ မဟုတ်ပါဘူး။

Edit with WPS Office

မိုးပြာဖီးနစ် နတ်မိမယ် ဧကရီ၊ မြွေသားရဲဘုရင်နဲ့ တခြားသူတွေလည်း ဒီနေရာမှာ အားလုံး ရှိနေပါတယ်။ ဂရုစိုက်ပြီးတော့ တွက်ချက်ကြည့်ရင် ဒီနေရာမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အရေအတွက်က ရာနဲ့ချီ ရှိပြီးတော့ အဲဒါက ဂိုဏ်းကြီးငါးဂိုဏ်းကလည်း သူတို့ရဲ့ ပုက်ဖဲအားလုံးကို ထုတ်ဖော်လိုက်ပြီ ဆိုတာကို သက်သေပြနေပါတယ်။ ဒီနေရာမှာ ခရမ်းရောင်လ အင်ပါယာနဲ့အတူ သူသေကိုယ်သေ ရင်ဆိုင်တိုက်ခိုက်ဖို့ သဘောထား ရှိနေပါတယ်။

ဒီတိုက်ပွဲ ပြီးသွားတဲ့ နောက်မှာ ကမ္ဘာကြီးက ငြိမ်းချမ်းသွားပါလိမ့်မယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ မယုံကြည်နိုင်တဲ့ ခံစားချက်တစ်ခု မြင့်တက်လာခဲ့ပါတယ်။ ဒါက နည်းနည်းတော့ အရမ်းကို လွယ်ကူနေပါတယ်။ ဟုတ်တယ်မဟုတ်လား။

Edit with WPS Office

ဒါပေမဲ့ သူက ဒီအကြောင်းကို နောက်တစ်ကြိမ် စဉ်းစားကြည့်တဲ့ အခါမှာ ခရမ်းရောင်လ အင်ပါယာရဲ့ လက်ထဲမှာရှိတဲ့ စွမ်းအားပမာဏက အပြတ်အသတ် သာလွန်နေပါတယ်။ တကယ်လို့ မာထိုပေါင်ကိုယ်တိုင် လုပ်ရှားမှု မလုပ်ခဲ့ဘူးဆိုရင်တောင် ဘုရင်ရှစ်ပါးက ဂိုဏ်းကြီးငါးဂိုဏ်းကို အပြင်းအထန် တိုက်ခိုက်နိုင်ပါတယ်။ အဆုံးမှာတော့ သူတို့တွေက ဒီနေရာမှာ ပိတ်ခံထားရပြီး ဒီနောက်ဆုံး ပိုင်နက်အစိတ်အပိုင်းကို စောင့်ကြပ်နေရုံပဲ တတ်နိုင်ပါတယ်။

အဲဒါက အခု နောက်ဆုံးတိုက်ပွဲကို ဖြစ်ပေါ်စေခဲ့တယ်လို့ သဘောပေါက်နိုင်ပါတယ်။

ဂုဏ်သရေရှိ ညှော်သည်တော်တွေ အောဂါးကြီးကနေ လာခဲ့ရပြီး ကျုပ်တို့တွေက ခင်ဗျားတို့ကို ထွက်ပြီးတော့ မကြိုဆိုနိုင်တာကို ကျေးဇူးပြုပြီးတော့ ခွင့်လွှတ်ပါ.

အရမ်းကို ဖော်ရွေတတ်ပုံရတဲ့ အဘိုးအို တစ်ယောက်က ထွက်လာပါတယ်။ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ကိုယ်လုံးရှိပြီး

Edit with WPS Office

ခေါင်းတစ်ခုလုံး ဆံပင်တွေဖြူနေပြီး မုတ်ဆိတ်ကျင်စွယ်ကလည်း ဖြူနေပါပြီ။ အညှို့စား ချည်ထည်ကို ဂုတ်ဆင်ထားပြီး သူ့ပုံစံကို ကြည့်ရတာ သူတော်စင် တစ်ပါးနဲ့ တူပါတယ်။

သူလျှောက်လာတဲ့ အခါမှာ ဓားဘုရင်နဲ့ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီတို့လို လူတွေတောင် နောက်ကို ခြေတစ်လှမ်း ဆုတ်ပြီးတော့ သူ့ကို ဦးစားပေးရပါတယ်။

ဒါပေမဲ့ အခုတော့ အဲဒီအဘိုးကြီးနဲ့အတူ ဆံပင်ဖြူဖြူ အကြီးအကဲ လေးယောက်က အတူတကြ ရပ်နေပြီး အမျိုးသား သုံးယောက်နဲ့ အမျိုးသမီး တစ်ယောက် ဖြစ်ပါတယ်။ သူတို့က လုံးဂကို အိုမင်းပြီး သူတို့ရဲ့ အသက္ခာတ္တ လျော့ကျနေတာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

ဒါက အရမ်းကို ထူးဆန်းပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းမှာ အချိန်အရည်တွေ ပိုင်ဆိုင်ထားပြီး သူတို့ရဲ့ အသက်ဓာတ် စွမ်းအင်ကို ပိတ်ဆို့ထားနိုင်ပါတယ်။ ကပ်ဘေးဒုက္ခ ပြီးတဲ့နောက်မှာ သူတို့က တန်ခိုးရှင်ဘုံကို တက်ရောက်ပြီး နောက်ထပ်

Edit with WPS Office

အဆင့်ချိုးဖျက်ဂင်ရောက်လို့ ရနိုင်ပါတယ်။ သူတို့တွေ တန်ခိုးရှင် ဖြစ်လာပြီးတဲ့ နောက်မှာ သူတို့ရဲ့ သက်တမ်းက ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိုးလာပါလိမ့်မယ်။

ဟိုးဟိုး အဲဒါက ငါတို့လို အစွမ်းထက်တဲ့ ရန်သူတွေနဲ့ ရင်ဆိုင်တော့မယ်လို့ ဆိုလိုတာလား

တရားမွှဲတေသာ တောင်ဘုရင်က သရော်လိုက်ပါတယ်။

ဒီဘုံထဲမှာ အဆင့်ချိုးဖြတ်တက်ရောက်ပြီး တန်ခိုးရှင် ဖြစ်လာဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် ခင်ဗျား အချိန်တွေ ပိုပြီးတော့ သုံးစွလိုက်ရင် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ဒီထက်ပို အဆင့်တက်ဖို့ ပိုပြီးတော့ ဖြစ်နိုင်ပြီး ခင်ဗျားရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံး ဆယ့်ခြောက်လုံး ဒါမှမဟုတ် ဒီထက်တောင် ပိုတိုးလာနိုင်တာပေါ့

မီးတောက်ဘုရင်က ဆက်ပြောလိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ကြယ်ဆယ်လေးလုံးက သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လိမ့်မယ်။ ပြီးတော့ နောက်ပိုင်း ကြယ်တစ်လုံး တိုးလာဖို့ဆိုတာက မိုးကောင်းကင်ကို တက်ရသလို ခက်ခဲလာလိမ့်မယ်

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေတောင် နှစ်ပေါင်းတစ်ထောင်ကျော်လောက်ပဲ သက်တမ်းရှိတယ်။ ဒါကြောင့် တကယ်လို့ ခင်ဗျားရဲ့ ဘဝတစ်လျှောက်လုံး လေ့လာသင်ယူမှုနဲ့ ရှာဖွေမှု အပေါ်မှာ သုံးစွဲခဲ့တာလား။ ခင်ဗျားရဲ့ ပါရမီက ဆိုးလိုက်တာ။ အမွန္တရားက ခက်ခဲတယ်။ တကယ်လို့ ခင်ဗျားရဲ့ နှပျိုနေတဲ့ အချိန်တုန်းက တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်နှစ်လုံး ရောက်နိုင်ရင်တောင် ခင်ဗျားရဲ့ အသက်အရွယ်အရ သေဆုံးခါနီး အမြင့်ဆုံး အဆင့်က ကြယ်ဆယ့်လေးလုံးပဲ ရှိလိမ့်မယ်

ဘုရင်ရှစ်ပါးက တစ်ယောက်ပြီး တစ်ယောက်က မှတ်ချက်တွေ ပေးနေကြပြီး ဒီအကြီးအကဲ ငါးယောက်ကို မရှိတဲ့အတိုင်း လုံးဝကို ဂရုမစိုက်ပဲ ပြောနေကြပါတယ်။

Edit with WPS Office

ဟိုးဟိုး ဘုရင်ရှစ်ပါးက မကြုံစဖူး သူရဲကောင်းတွေလို့ ငါကြားဖူးတာ ကြာနေပြီ။ ပြီးတော့ သူတို့ရဲ့ နတ်အုရား နည်းစနစ်တွေက ပြိုင်ဘက်ကင်းတယ်တဲ့။ ဒီနေ့တော့ ငါကိုယ်တိုင်ပဲ တွေ့မြင်ရတော့မှာပေါ့

အဲဒီအဘိုးကြီးတွေက ဒေါသမထွက်ပဲ အဲဒီအစား ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ငါတို့တွေ ဘာဖြစ်လို့ လောင်းကြေးတစ်ခု မထပ်တာလဲ

အရှုံးသမားတစ်စုက ငါတို့နဲ့ လောင်းကြေးတစ်ခုတောင် လုပ်ချင်သေးတယ်ပေါ့ ဟုတ္လား

ဘုရင်ရှစ်ပါးက သရော်ပြီး ပြုံးလိုက်ပါတယ်။

Edit with WPS Office

မင်းကြောက်နေတာလား

အဘိုးကြီးက ရန်စလိုက်ပါတယ်။

ဘုရင်ရှစ်ပါးရဲ့ သူရဲကောင်းဆန်တဲ့ စိတ်ဓာတ်ဂိညာဉ်တွေက တိမ်တိုက်ပေါ်ထိ ရောက်နေတယ် ဆိုပေမဲ့ သူတို့က သေချာပေါက် အလျင်စလိုနဲ့ လုပ်ဆောင်လိမ့်မှာ မဟုတ်ပါဘူး။ ဘယ်သူကမှ ပြန်မဖြေပါဘူး။

သူတို့တွေက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ရင်ဆိုင်ဖို့ လာခဲ့တာ ဖြစ်ပြီးတော့ လောင်းကြေးတချို့အတွက် မဟုတ်ပါဘူး။

မာထိုပေါင်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ဘယ်လို လောင်းကြေးမျိုးလဲ

Edit with WPS Office

ငါတို့အားလုံးက ကျင့်ကြံသူတွေပဲလေ။ ဒါကြောင့် လောင်းကြေးကလည်း စွမ်းရည်နဲ့ ပတ်သက်မှ သဘာဝ ကျမှာပေါ့

အဲဒီအဘိုးအိုက ပြုံးလိုက်ပါတယ်။

နှစ်ဖက်စလုံးက တစ်ယောက်ချင်းစီ တိုက်ခိုက်ဖို့ လူကိုးယောက်ကို စေလွှတ်ရလိမ့်မယ်။ ငါးပွဲအနိုင်ရတဲ့ဘက်က ဒီလောင်းကြေးကို အနိုင်ရလိမ့်မယ်

ဘုရင်ရှစ်ပါးက ကြောင်တောင်တောင် ဖြစ်သွားခဲ့ပါတယ်။ ကိုးပွဲလား။ မင်းသေချာရဲ့လား။ မင်းက သူတို့ ဘုရင်ရှစ်ပါးနဲ့ မာထိုပေါင်ကိုရော ထည့်တွက်မှ ကိုးယောက်ဖြစ်ပြီး ခရမ်းရောင်လ အင်ပါယာရဲ့ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည် ရှိတယ်ဆိုတာကို မင်းသိနိုင်ပါ့မလား။

ဒီလိုမျိုး တစ်ယောက်ချင်းစီ တိုက်ကွဲက ခရမ်းရောင်လ အင်ပါယာအတွက် အသင့်တော်ဆုံး ဖြစ်ပါတယ်။

Edit with WPS Office

သူတို့ပြိုင်ဘက်ရဲ့ ခွန်အားကို ထိပ်တိုက်ရင်ဆိုင်ပြီး အားနည်းချက်တစ်ခုကို အသုံးချလိုက်ရင် ရပါတယ်။ သူတို့တွေက အရမ်းကိုတုံးအေနတာလား။ ဒါပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းမှာ အရမ်းကိုကောက်ကျစ်တဲ့ မြေခွေးအိုကြီးတွေ အများကြီး ရှိပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူတို့တွေ အားလုံးက ရူးသွပ်ကြမှာလဲ။

မာထိုပေါင်က ဆက်ပြီးတော့ မေးလိုက်ပါတယ်။

တကယ်လို့ ငါတို့နိုင်ရင် ဘာဖြစ်မလဲ။ ပြီးတော့ တကယ်လို့ ငါတို့ရှုံးရင်ရော ဘာဖြစ်မလဲ

ဒါက အဓိက သော့ချက် ဖြစ်ပါတယ်။ တကယ်လို့ သူတို့ရှုံးနိမ့်မယ်ဆိုရင် အကျိုးဆက်က ထိခိုက်နစ်နာမှု မရှိပဲတော့ မနေပါဘူး။

အဘိုးကြီးက ပြောလိုက်ပါတယ်။

Edit with WPS Office

တကယ်လို့ ငါတို့ရှုံးရင် ငါတို့တွေ ခရမ်းရောင်လ အင်ပါယာကို အညံ့ခံမယ်။ ပြီးတော့ ငါတို့ကို မင်းတို့ကြိုက်သလို စီရင်ဆုံးဖြတ်နိုင်တယ်

ဒီစကားတွေက ဘုရင်ရှစ်ပါးကိုတောင် လုပ်လုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

သူတို့က ဘာမွမလုပ္ဘူးလား။ ငတုံးငအေတြ ဖြစ်နေလို့လား။

မာထိုပေါင်က ထူးဆန်းစွာ ပြုံးပြီးတော့ ကြည့်ရတာ လုံးဂကို ဂရုမစိုက်တဲ့ပုံစံနဲ့ မေးလိုက်ပါတယ်။

တကယ်လို့ ငါတို့ဘက်က ရှုံးရင်ရော

နှစ်ပေါင်းတစ်ရာအတွင်း မင်းတို့အားလုံး လက်နက်ကိုင် မတိုက်ခိုက်ရဘူး

Edit with WPS Office

အဘိုးကြီးက လက်တစ်ချောင်းကို အပေါ်ကို မြှောက်ပြလိုက်ပါတယ်။

ဒီလောင်းကြေးရဲ့ အခြေအနေက အရမ်းကို မမွဲတပါဘူး။ တကယ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းက ရှုံးနိမ့်မယ်ဆိုရင် သူတို့ရဲ့အသက်တွေ ဒါမှမဟုတ် သေခြင်းတရားတွေက လုံးဝကို သူတို့အပေါ်မှာ မူတည်နေပါတယ်။ ဒါပေမဲ့ တကယ်လို့ ခရမ်းရောင်လ အင်ပါယာသာ ရှုံးနိမ့်သွားခဲ့ရင် သူတို့တွေက နှစ်ပေါင်းတစ်ရာပဲ မတိုက်ခိုက်ပဲ နေရမှာပါ။ သာမန်လူ တစ်ယောက်အတွက်တော့ နှစ်ပေါင်းတစ်ရာဆိုတာက သူတို့ရဲ့ ဘဝတစ်ခုလုံး ဖြစ်ပါတယ်။ ဒါပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင်တွေ အတွက်တော့ နှစ်ပေါင်းတစ်ယောက်ဆိုတာက သာမန်လူ တစ်ယောက် သက်တမ်းရဲ့ ဆယ်နှစ်နဲ့ ညီမျှတယ်လို့ သတ်မှတ်နိုင်ပါတယ်။

မာထိုပေါင်ကို ကြည့်ရတာ ခေါင်းခြောက်သွားသလိုပါပဲ။ ဂိုဏ်းကြီးငါးဂိုဏ်းမှာ အားကိုးစရာက သူတို့ရဲ့ စကြာဝဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် အရေအတွက် အပေါ်မှာ မှီခိုနေတာပါ။ စကားပုံ တစ္ခု ရှိပါတယ်။ ပုရွက်ဆိတ် အများကြီးက ဆင်တစ်ကောင်ကို သတ်ပစ်နိုင်တယ်တဲ့။ ခွန်အားဆိုတာ အေရအတြက္ကေန လာခဲ့တာပါတဲ့။ ဒါပေမဲ့ သူကေတာ့ မကြောက်ပါဘူး။ သူကိုယ်တိုင်ကလွဲရှိ ဘယ်သူကမှ သူ့ခွန်အား ဘယ်လောက်ထိ ရှိတယ်ဆိုတာ မသိပါဘူး။

အခု ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ရဲ့ အရေအတွက် အားသာချက်ကို အသုံးမခ်ပဲ သူတို့နဲ့ တစ်ယောက်ချင်းစီ တိုက်ခိုက်ဖို့ ဆန္ဒပြုနေပါတယ်။ ဒါက သူတို့ရဲ့ သနားစရာ ကောင်းလောက်တဲ့ ရူးသွပ်မှုလား။

သူတို့ရဲ့ လုပ်ရှားမှု နောက်ကွယ်က အကြောင်းရင်းက ဘာများဖြစ်မလဲ။

အဘိုးကြီးက နောက်ထပ် လက်တစ်ချောင်း ထောင်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ ငါတို့မှာ အကြောင်းရင်းတစ်ခု ရှိတယ်

ဒါဆိုရင်ဗျ ဒါက အဓိက အချက်လား။

အဲဒါက အရှင်မင်းကြီးက တိုက်ပွဲတွေမှာ ဂင်ပြိုင်လို့ မရနိုင်ဘူး

မာထိုပေါင်က ဂင်ပြိုင်လို့ မရဘူး။ ဒါက ခရမ်းရောင်လ အင်ပါယာက အရမ်းကို သန္တာတဲ့ တိုက်ခိုက်ရေးသမား တစ်ယောက်ကို လျော့ချပစ်လိုက်တာပါပဲ။ ဒါပေမဲ့ ဒီနေရာမှာ ပြဿနာ ရှိတာက ဘုရင်ရှစ်ပါးကလည်း ပြိုင်ဘက်ကင်းပါတယ်။ မီးနိုင်ငံရဲ့ ရှေးဟောင်း သတ္တုမိုင်း အထဲက ရောမ ငွေပင့်ကူကြီးနဲ့ ရီရွှမ်ရွှမ်တို့ကလွဲရင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးနဲ့ အသက်ရှင်နေတဲ့လူ ဘယ်သူမှ မရှိနိုင်ပါဘူး။ ဟုတ္တာယ့္မလား။

ဘယ်လောက် ထူးဆန်းလိုက်သလဲ။

Edit with WPS Office

ဘယ်လိုလဲ သတ်တိရှိလား

အဘိုးကြီးက မေးလိုက်ပါတယ်။

မာထိုပေါင်က အသာအယာ နှာခေါင်းရှုံ့ပြီးတော့
ခေါင်းညိတ်လိုက်ပြီး ပြောလိုက်တယ်။

ကောင်းပြီလေ ဒီလောင်းကြေးကို ငါသဘောတူတယ်

တစ်ဖက်မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်
တစ်ရာကျော် ရှိပါတယ်။ သူတို့ထဲက လူနည်းစုက
အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ပြီး
ကမ်ဘာအကျယ်ကြီးထဲမှာ ဖျက်ဆီးနှောင့်ယှက်နေမယ်ဆိုရင်
နိုင်ငံစွမ်းအားကို အကြီးအကျယ် ထိခိုက်သွားစေပါလိမ့်မယ်။
ဒါကြောင့် တကယ်လို့ သူက ရန်သူစစ်သားတွေကို လက္ခဏ္ဍတွေရာ
မလိုပဲ ချေမှုန်းနိုင်ခဲ့ရင် အကောင်းဆုံး ဗျူဟာပဲ ဖြစ်ပါလိမ့်မယ်။

Edit with WPS Office

အဘိုးကြီးက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ဒီလိုဆိုမှတော့ ပထမပြ‌ေ စလိုက်တာပေါ့။ ငါတို့ဘက်က တစ်ယောက်ကို အရင်ဆုံး စေလွှတ်မယ်။ နောက်တစ်ပွဲကျရင် မင်းတို့အလှည့်ပေါ့။ ဒီနည်းနဲ့ ငါတို့တွေ တစ်လှည့်စီ သွားကြတာပေါ့။ ဘယ်လိုသဘောရလဲ

သဘောတူတယ်

မာထိုပေါင်က သဘောတူလိုက်ပါတယ်။

အန်းယွင် ပထမပွဲကို မင်းအရင်ဆုံး တိုက်လိုက်

အဘိုးကြီးက ပြောလိုက်ပါတယ်။

Edit with WPS Office

ဟုတ်ကဲ့

ဓားဘုရင်က ပြန်ဖြေလိုက်ပါတယ်။ သူက လေထဲမှာ လမ်းလျှောက်လာပြီး တောင်ထိပ်အထက် လီတစ်ရာ အကြာမှာ ရပ်ပြီးတော့ မေးလိုက်ပါတယ်။

ဘုရင်ရှစ်ပါး မင်းတို့ထဲက ဘယ်သူ ငါနဲ့တိုက်မလဲ

ငါသွားမယ်

လစန္ဒာ ဘုရင်ကလည်း မိုးကောင်းကင်ပေါ်ကို ပျံတက်သွားပြီး ဓားဘုရင်နဲ့ ရေပြင်ညီ အဆင့်မှာ ရပ်လိုက်ပါတယ်။

ဒီပထမပြိုမှာ ခရမ်းရောင်လ အင်ပါယာရဲ့ အနိုင်က သေချာတယ်ဆိုတာ ထင်ရှားပါတယ်။

Edit with WPS Office

ဓားဘုရင်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူက ဓားနှလုံးသားကို နားလည်သဘောပေါက် နေပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုးကို မရောက်သေးပါဘူး။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်တစ်လုံးကို မရောက်သေးပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး လစန္ဒာဘုရင်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။ ဒါက လုံးဂကို အဆင့်ကျွာတဲ့ လူနှစ်ယောက် အကြားက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

စပါ

ဓားဘုရင်က မကြောက်ပါဘူး။ သူ့လက်ချောင်းတွေ အပေါ်မှာ ဓားတံဆိပ်ပုံ တစ္စု ဖြစ်ပေါ်မှုနဲ့အတူ သူ့ကိုကြည့်ရတာ ခံ့ညားထယ်ဝါပြီး အသင့်အနေအထား ရှိနေပါတယ်။

Chapter 829 end

Zaw.အပိုင်း(830) အံ့အားသင့်စရာကောင်းတဲ့ စစ်ကူများ

အပြန်အလှန် ဂါရဝ ပြုပြီးတဲ့ နောက်မှာတော့ ဓားဘုရင်က

Edit with WPS Office

ချက်ချင်းဆိုသလို သူ့ရဲ့အစွမ်းကို ထုတ်ဖော်လိုက်ပြီး ဓားတိုက်ကွက် တစ်ခုကို ထုတ်ဖော်လိုကပါတယ်။ အဲဒါက နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့ဆိုတဲ့ တိုက်ကွက်ဖြစ်ပါတယ်။ မီတာသုံးရာခန့် ရှည်လျားတဲ့ ဓားအလင်းတန်း တစ်ခုက သိပ်သည်းလာပြီး လစန္ဒာ ဘုရင်ဆီကို ခုတ်ပိုင်းလိုက်ပါတယ်။

ဒါပေမဲ့လည်း လစန္ဒာဘုရင်ကို ကြည့်ရတာ လုံးဝကို ဂရုမစိုက်တဲ့ ပုံစံနဲ့ သူမရဲ့လက်ကို ဆန့်ထုတ်ပြီး ဓားဘုရင်ရဲ့ ဓားအလင်းတန်းကို ဆုပ်ကိုင်လိုက်ပါတယ်။ သူမက ဓားအလင်းတန်းကို တင်းတင်းဆုပ်လိုက်ပါတယ်။ ခလွမ်း။ ဓားအလင်းတန်းက ချက်ချင်းဆိုသလို ကြေမွသွားပြီး အစိတ်စိတ် အပိုင်းပိုင်းတွေ အဖြစ်ကို ပြောင်းပြီးတော့ ကျဆင်းလာခဲ့ပါတယ်။ သူမက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ပါရမီက မဆိုးပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ပြီးတဲ့နောက် တိုက်ပွဲစွမ်းရည် တိုးလာဖို့ နောက်ထပ် နှစ်ရာနဲ့ချီ ကြိုးကြိုးစားစား ကျင့်ကြံအားထုတ်မယ် ဆိုရင်တော့ မင်းက တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးထိကို

Edit with WPS Office

ရောက်နိုင်လိမ့်မယ်”

ဒါက အရမ်းကို မြင့်မားတဲ့ တန်ဖိုးဖြတ်မှုတစ်ခု ဖြစ်ပါတယ်။ အနည်းဆုံးတော့ အခုချိန်ထိ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးက အစွမ်းထက်ဆုံး ဖြစ်ပါတယ်။

မာထို့ပေါင်က သူ့အစွမ်း အစစ်အမှန်ကို မထုတ်ပြခဲ့ပါဘူး။ ပော့လျန်ထန်းယွင်ကတော့ လွန်ခဲ့တဲ့ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာကပဲ ရှေ့ထီးဆောင်းခဲ့တာဖြစ်ပြီး အခုချိန်မှာ အများဆုံး စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ကိုပဲ ပြန်ရောက်ပါဦးမယ်။

လင်းဟန်က စိတ်ထဲကနေ အသိအမှတ် ပြုလိုက်ပါတယ်။ သိုင်းပညာရဲ့ နှလုံးသားကို နားလည်သဘောပေါက်နိုင်စွမ်းရှိတဲ့ ဘယ်သူမဆို သေချာပေါက် ထူးချွန်ထက်မြက်တဲ့ ပါရမီတွေ ရှိပြီးတော့ အဆင့်တူ တိုက်ပွဲတွေမှာ သေချာပေါက် အနိုင်ရစရာ ကောင်းပါတယ်။

Edit with WPS Office

ဓားဘုရင်က ဘာမှမတုံ့ပြန်ပါဘူး။ သူက ဟိုးအရင်ကတည်းက ထင်ရှားကျော်ကြားလာခဲ့ပြီး ဒီကမ္ဘာကြီးထဲမှာ အကောင်းဆုံး လက်ရွေးစင် တစ်ယောက်အနေနဲ့ စတင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူက ချီးကျူးမှုတစ်ခုကို ခံရပြီး ဂျူနီယာလေး တစ်ယောက်လိုမျိုး ဆက်ဆံခံနေရတာ သူက ဘယ်လိုလုပ်ပြီး ခံနိုင်မှာလဲ။

ဓားဘုရင်က သူ့ဓားကို ပွေ့ယမ်းလိုက်ပြီး ခံ့ညားထယ်ဝါတဲ့ ဓားချီက ကမ္ဘာကြီး တစ်ခုလုံးကို တောက်ပလင်းလာလာပြီး မိုးကောင်းကင်နဲ့ မြေကြီးတောင် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူ့ဓားတစ်ခုပဲ မိုးကောင်းကင်နဲ့ ကမ္ဘာကြီးကို ခွဲခြမ်းတော့မဲ့ ပုံစံနဲ့ ကောင်းကင်နဲ့ မြေကြီး အကြားမှာ လှုပ်ရှားနေပါတယ်။

အစွမ်းထက်တယ်။ သူက တကယ့်ကို အစွမ်းထက်လွန်းတယ်။

ကံမကောင်း အကြောင်းမလှတာက သူ့ပြိုင်ဘက်က လစန္ဒာဘုရင်

Edit with WPS Office

ဖြစ်နေပါတယ်။

ခွန်အားမှာ ကြယ်လေးလုံး ကွာဟမှု တစ်ခုက ခံ့ညားထယ်ဂါမှု ဟန်ပန်အမူအရာနဲ့ ဘယ်လို အားထုတ်ကြိုးစားကြိုးစား ပြောင်းလဲလို့ရတဲ့ အရာတစ်ခုမှ မဟုတ်တာ။ လစန္ဒာဘုရင်က သူမဆီကို တိုက်ခိုက်ဖို့ တိုးဝင်လာတဲ့ အဲဒီဓားအလင်းတွေကို သာမန်ကာလျှံကာ ရိုက်ထုတ်ပစ် လိုက်ပြီး သူတို့ကို လွယ်လွယ်နဲ့ ချေဖျက်ပစ်လိုက်ပါတယ်။

တိုက်ကွက်ပေါင်း တစ်ရာလောက် ဖလှယ်ပြီးတဲ့ နောက်မှာတော့ လစန္ဒာဘုရင်က နောက်ဆုံးမှာ လေးလေးနက်နက် ဖြစ်လာပြီး ဓားဘုရင်ကို ရိုက်ချက်တစ်ချက်တည်းနဲ့ ကောင်းကင်ပေါ်ကနေ ပြုတ်ကျအောင် ရိုက်ချလိုက်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို လုံးဝဆုံးရှုံးသွားအောင် လုပ်လိုက်ပါတယ်။

ပထမ တိုက်ပွဲမှာ ခရမ်းရောင်လ အင်ပါယာဘက်က အနိုင်ရပါတယ်။

Edit with WPS Office

ဒီတစ်ကြိမ် ခရမ်းရောင်လ အင်ပါယာဘက်က တိုက်ခိုက်ဖို့အတွက် တစ်ယောက်ယောက်ကို စေလွှတ်ရမဲ့ အချိန်ဖြစ်ပါတယ်။

မီးတောက်ဘုရင်က တိုက်ပွဲကွင်းပြင်ထဲ ဂင်လိုက်ပြီး တစ်ဖက်မှာတော့ မိုးပြာဖီးနစ် နတ်မိမယ် ကေရီကို စေလွှတ်လိုက်ပါတယ်။

မိုးပြာဖီးနစ်နတ်မိမယ် ကေရီက မမျှော်လင့်ပဲ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးဆီ ရောက်ရှိနေပြီး သူမရဲ့ သာမန်တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်တစ်လုံးကို ရောက်နေပါတယ်။ ပြီးတော့ သူမမှာ သူမရဲ့ သွေးမျိုးဆက် အားသာချက်လည်း ရှိပါတယ်။ သူမရဲ့ အတောင်ပံတွေ ဖြန့်ထုတ်လိုက်တာနဲ့ သူမရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်သုံးလုံးကို တစ်ဟုန်ထိုး ထိုးတက်သွား ပါလိမ့်မယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ သူမက မြောက်ပိုင်းပင်လယ်ရဲ့ တော်ဂင်ကလန် တစ်ခုကို သူမကိုယ်တိုင် တည်ဆောက်လို့ ရပါတယ်။ ဒါပေမဲ့လည်း မီးတောက်ဘုရင်နဲ့

Edit with WPS Office

ရင်ဆိုင်တဲ့ အခါမှာတော့ ဒါက မလုံလောက်ပါဘူး။ မကြာခင်မှာပဲ သူမက ရှုံးနိမ့်သွားပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းဘက်မှာ နောက်ထပ်ရှုံးပွဲတစ်ပွဲ တိုးသွားခဲ့ပါတယ်။

လင်းဟာန်က ဒုတိယပွဲမှာ ဂိုဏ်းကြီးငါးဂိုဏ်းက ထူးခြားတဲ့ အဆင့်မြင့်သူ တချို့ကို စေလွှတ်လိမ့်မယ်လို့ တွေးထားခဲ့ပါတယ်။ ဥမှာ ပင်လယ်မျိုးနွယ်စုက လက်ရွေးစင် တစ်ယောက်၊ သူတို့ရဲ့ အင်ပါယာကာလန်မှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး အထွတ်အထိပ် လက်ရွေးစင်တွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့ အခုဒါကို ကြည့်ရတာတော့ တစ်ဖက်အဖွဲ့က လက်လျှော့လိုက်သလိုပါပဲ။

ဒါကလုံးဝကို မဖြစ်နိုင်ပါဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းက တန်ခိုးရှင် လောကထဲမှာ နက်ရှိုင်းတဲ့ အုတ်မြစ် ရှိပါတယ်။ ဒါကြောင့်သူတို့က ဘယ်လိုလုပ်ပြီး လွယ်လွယ်ကူကူနဲ့ အညံ့ခံ အရှုံးပေးနိုင်မှာလဲ။

ဒါက သေချာပေါက် မှုမမှန်ပါဘူး။

Edit with WPS Office

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို ဖြန့်ကျက်ပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းက အခြေအနေကို အခွင့်ကောင်းယူပြီး သတ်ဖြတ်ခြင်း ဂင်္ဂါပါတစ်ခု ခင်းကျင်းထားပြီးတော့ လောင်းကြေးကို အသုံးချပြီး အချိန်ဆွဲကာ သူတို့အားလုံးကို တစ်ချက်တည်းနဲ့ သတ်ပစ်ဖို့ လုပ်ဆောင်နေတာလား ဆိုတာကို ရှာဖွေလိုက်ပါတယ်။

"သူတို့တွေ နည်းနည်းလေးမှ ကူလီကူမာ မလုပ်ဘူး"

မာထို့ပေါင်က ပြောလိုက်ပါတယ်။ သူလည်းပဲ ပဟေဠိ ဖြစ်နေပုံ ရပါတယ်။

လင်းဟန်က သူ့ရဲ့သုံးသပ်ချက်ကို ယုံကြည်မှု ရှိပါတယ်။ မာထို့ပေါင်က သူ့ရဲ့ခွန်အား အကုန်လုံးကို ဘယ်တုန်းကမှ ထုတ်မပြခဲ့ဘူး ဆိုပေမဲ့ လင်းဟန်ကတော့ မာထို့ပေါင်ကို လက်ရှိမျက်မှောက်ခေတ် ဒီကမ္ဘာကြီးရဲ့ နံပါတ်တစ်ဆိုတာ

Edit with WPS Office

သေချာပါတယ်။

အနာဂတ်မှာတော့ ဟော့လျှန်ထန်းယွင်က မာထိုဲ့ပေါင်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါလိမ့်မယ်။ ပြီးတော့ သူကိုယ်တိုင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ ရန်သူတွေကို ကြောက်နေမှာ မဟုတ်ပါဘူး။ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုနဲ့ သူက ချက်ချင်းပဲ အနိုင်ယူနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ မာထိုဲ့ပေါင်က ကမ္ဘာ့အစွမ်းထက်ဆုံးဆိုတာ သေချာပါတယ်။ သူက ချောင်းမြောင်း လုပ်ကြံမဲ့သူ မရှိဘူးလို့ ပြောမှတော့ သေချာပေါက် မရှိလို့ပါပဲ။

မကြာခင်မှာ နောက်ထပ်တိုက်ပွဲနှစ်ပွဲ ပြီးသွားခဲ့ပါပြီ။ ကောင်းကင်ဘုံ ကြယ်တာရာဘုရင်နဲ့ မဟာရေဘုရင်တို့က ခရမ်းရောင်လ အင်ပါယာအတွက် အနိုင်ပွဲကိုယ်စီ ရယူပေးခဲ့ပါတယ်။

အခုဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းဘက်က နောက်ထပ် ပြိုင်ပွဲတစ်ပွဲ

Edit with WPS Office

ရှုံးနိမ့်သွားရင် ဆက်ပြီးတော့ တိုက်ခိုက်စရာမလိုတော့ပဲ သူတို့တွေက ငါးပွဲတောင် ရှုံးနိမ့်သွားပါလိမ့်မယ်။

ဒါက တကယ်ပဲ လွယ်ကူလွန်း မနေဘူးလား။

"ဟဲဟဲ ငါးပွဲမြောက်က လျင်လျင်မြန်မြန်နဲ့ ရောက်လာတာပဲ"

စောစောတုန်းက အဘိုးကြီးက ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျိုးချီဖန်း ဒီပွဲကို မင်းတာဝန်ယူလိုက်"

လူအုပ်ကြီးက ကွဲသွားပြီး လူငယ်တစ်ယောက် လမ်းလျှောက်လာခဲ့ပါတယ်။

သူက တကယ့်ကို ငယ်ရွယ်ပါတယ်။ သူ့ရဲ့သွေးနဲ့ ချီတွေက မီးကျိုးအိုးတစ်လုံးလို အားမာန်တက်ကြွပြီး မိုးကောင်းကင်ပေါ်ကို

Edit with WPS Office

တစ်ဖြောင့်တည်း ထိုးတက်နေပါတယ်။ သူ့အသက်က ခန္ဓာကိုယ်ရဲ့ ကြီးထွားမှု အဆင့်အချိန်မှာ နှစ်ဆယ်မကျော်သေးပါဘူး။ ဒါကြောင့် တကယ်လို့ သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာဆိုရင်တောင် အများဆုံး နှစ်ပေါင်းနှစ်ရာခန့်ပဲ ရှိပါဦးမယ်။

ဒီလူငယ်က တကယ်ပဲ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေပါတယ်။

"ဒီအညတရက ကျိုးနွံဖန်းပါ"

လူငယ်က သူ့လက်ကို အနောက်မှာ ပစ်ထားပြီးတော့ လမ်းလျှောက်လာပြီး သူ့ပုံစံက အရမ်းကို တည်ငြိမ်အေးဆေးနေပုံ ပေါ်နေပါတယ်။

"ဒီနှစ်မှာ ကျနော်က ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်"

Edit with WPS Office

ဒီစကားလုံးတွေက သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ မာနပလွှားမှုအတွက် လုံလောက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ သူ့အသက်ကို ကြေညာမှာလဲ။ ငါက အသက်ဆယ့်ကိုးနှစ်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတယ်။ တကယ်လို့ ငါက အထင်ကြီး အံ့သြစရာ မကောင်းဘူး ဆိုရင် ဘယ်သူက အထင်ကြီးစရာ ကောင်းနေမှာလဲ။

လင်းဟာန်၊ မာထို့ပေါင်နဲ့ ဘုရင်ရှစ်ပါးလုံး အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ အသက်ဆယ့်ကိုးနှစ် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်က အရမ်းကို လွန်လွန်းပါတယ်။ လင်းဟာန်က လမ်းပဟောင်းကို ပြန်လျှောက်လာခဲ့တာ ဖြစ်ပေမဲ့ သူက အခုဆိုရင် နှစ်ဆယ့်တစ်နှစ်နီးပါး ရှိနေပြီး ကောင်းကင်အဆင့်ကိုတောင် ပြန်မရောက်သေးပါဘူး။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို နောက်ထပ် နှစ်နှစ်ကနေ သုံးနှစ်လောက် လိုပါဦးမယ်။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ အမြန်နှုန်းက မြန်တာထက်ကို ပိုပြီးတော့ လုံလောက်ပါတယ်။ သူက သူ့ကိုယ်ပိုင် ကျင့်ကြံခြင်းကိုတောင် အခြေခံ မတည်ငြိမ်မှာကို ရှောင်လွှဲတဲ့ အနေနဲ့ ဖိနှိပ်ထိန်းချုပ်ထားတာ ဖြစ်ပြီးတော့ အနာဂတ်မှာ သူ့ရဲ့အလုပ်ကို ဘယ်အရာက လွှမ်းမိုးနိုင်လိမ့်မှာလဲ။

Edit with WPS Office

အသက်ဆယ့်ကိုးနှစ် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်။ ဘယ်လို သောက်ကျိုးနည်းလဲဟ။

ဒီအဆင့်ကို အောင်မြင်ဖို့အတွက် စိတ်ဂိညာဉ်ဆေးတွေ ဘယ်လောက်တောင်များ သူသုံးခဲ့မလဲ။ ဒီလိုမျိုး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်က စက္ကူကျားတစ်ကောင် ဖြစ်ပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ပထမ အလွှာက ဘယ်သူမဆို သူ့ကို အနိုင်ယူနိုင်ပါတယ်။

မာထို့ပေါင်က ကျိုးချီဖန်းကို စိုက်ကြည့်ပြီးတော့ ခဏအကြာမှာ သူ့မျက်နှာအမူအရာက တင်းမာလာပြီး ပြောလိုက်ပါတယ်။

"ဒီကောင်လေးက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာဖြစ်ပြီး အရမ်းအရမ်းကို သန်မာတယ်"

မာထို့ပေါင်တောင်မှ အရမ်းအရမ်းကို နှစ်ခါတောင်

Edit with WPS Office

အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် သူက ဘယ်လောက်တောင် သတိထားနေလဲဆိုတာ တွေ့မြင်နိုင်ပါတယ်။

ဘုရင်ရှစ်ပါးလုံးလည်း အံ့အားသင့် နေပါတယ်။ ကျိုးချီဖန်းက ဒီလိုမျိုး ငယ်ငယ်ရွယ်ရွယ် စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ဆိုတာကို လက်ခံနိုင်ဖို့ အတော်လေး ခက်ခဲတယ်ဆိုပေမဲ့ လူတစ်ယောက်ကို မိုးကောင်းကင်ထိ တစ်ခါတည်းနဲ့ လွှားခနဲ ရောက်သွားနိုင်တဲ့ နတ်ဘုရားဆေးတချို့ တကယ်ပဲ ရှိပါတယ်။ ဒါပေမဲ့လည်း စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် ပထမအလွှာကနေ အလွှာကိုးအထိ ဆယ်စုနှစ်ပေါင်းများစွာ ကြာလိမ့်မယ် မဟုတ်ပါလား။

အသက်ဆယ့်ကိုးနှစ် လူငယ်လေး တစ်ယောက်က စကြာဂဠ္ဍာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို ရောက်နေတာက တကယ့်ကို အံ့အားသင့်စရာပါပဲ။

သူ့ကိုဘယ်သူကများ ယှဉ်ပြိုင်နိုင်မှာလဲ။

Edit with WPS Office

ဟူးညီ့တစ်ယောက်ပဲ ဖြစ်နိုင်ပါတယ်။ သူမက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ကနေ ခြေတစ်လှမ်း အကွာမှာ ရှိပါတယ်။ သူမရဲ့ ထူးဆန်းမှုနဲ့ဆိုရင် ပထမအလွှာကနေ အလွှာကိုးအထိကို အချိန်တွေ အများကြီး ယူရမှာ မဟုတ်ပါဘူး။ သူမအတွက်တော့ အသက်ဆယ့်ကိုးနှစ်မှာ လူ့လောကရဲ့ အထွတ်အထိပ်ကို ရောက်ဖို့ ကိုးဆယ့်ကိုး ရာခိုင်နှုန်း သေချာပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ဟူးညီ့လို လူထူးလူဆန်း နောက်ထပ်တစ်ယောက် ရှိနိုင်ပါဦးမလား။

"ငါနဲ့ဘယ်သူ တိုက်မလဲ"

ကျိုးချီဖန်းက မခံချင်အောင် ထိကပါး ရိကပါးနဲ့ ပြောလိုက်ပါတယ်။

"ငါ့ကို အကြာကြီး စောင့်ရအောင် မလုပ်နဲ့"

Edit with WPS Office

တရားမျှတသော တောင်ဘုရင်က သူ့ရဲ့မောက်မာမှုကြောင့် ဒေါသထွက်လာပြီး သူက ချက်ချင်း ခုန်ထွက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီဘုရင်က မင်းနဲ့တိုက်မယ်"

"ကောင်းပြီလေ။ ကျုပ်ခင်ဗျားကို လမ်းညွှန်မှုတွေ လုပ်ပေးရမှာပေါ့"

ကျိုးချီဖန်းက ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

တရားမျှတသော တောင်ဘုရင်က အရမ်းကို ဒေါသထွက်ပြီးတော့ ရယ်မောလိုက်ပြီး ပြောလိုက်တယ်။

"ဒါဆိုရင်လည်း ကောင်းကင်ပေါ်မှာ တိုက်တာပေါ့"

Edit with WPS Office

"မလိုပါဘူး။ ခင်ဗျားကို နှိမ်နင်းဖို့ တစ်ကွက်ဆို လုံလောက်ပါပြီ။ အချိန်တွေ ဖြုန်းနေစရာ မလိုပါဘူး"

ကျိုးချီဖန်းက အပြုံးနဲ့ ပြောလိုက်ပါတယ်။ ဒီစကားတွေက ပိုပြီးတော့တောင် မောက်မာလွန်း နေပါတယ်။

တရားမျှတသော တောင်ဘုရင်က ချက်ချင်းဆိုသလို ဒေါသထွက်လာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး လျှပ်စီးအလင်းတန်းတွေနဲ့ ပိုင်းရံပြီးတော့ သူ့လက်တွေကို တံဆိပ်တွေပုံစံ ဖြစ်ပေါ်စေပြီး နေရာအနှံ့အပြားကို ရွှေရောင်အလင်းတန်းတွေ ဖြာကျစေပါတယ်။

မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဘုရင်ရှစ်ပါးလုံးက တစ်ယောက်ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို တစ်ယောက်က

Edit with WPS Office

နားလည်သဘောပေါက်ပြီး တစ်ယောက်ချင်းစီက
လှိုဲ့ပုက်ဆန်းကြယ် စွမ်းအားတစ်ခုတည်းကိုပဲ
တတ်မြောက်ထားတာ မဟုတ်ပါဘူး။

ကျိုးချီဖန်းက သတိထားတဲ့ အကြည့်နဲ့ ကြည့်ပြီးတော့
ပြောလိုက်ပါတယ်။

"လှိုဲ့ပုက်ဆန်းကြယ် စွမ်းအားတွေလား။ ဟားဟား
ငါအဲဒီစွမ်းအားတွေကို ကြည့်ဖို့ စိတ်ဝင်စားလာပြီ"

သူက တကယ်ပဲ သူ့လက်နှစ်ဖက်ကို အနောက်ကို ပစ်ထားပြီးတော့
ဒီလိုမျိုး မောက်မာမှုက အရမ်းကို လွန်သွားပါပြီ။

တရားမျှတသော တောင်ဘုရင်က မာန်သွင်းပြီးတော့ တစ်ဟုန်ထိုး
ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ ဂျစ်။ သူက လျှပ်စီးအလင်းတန်း
အဖြစ်ကို ပြောင်းပြီးတော့ အရမ်းကို လျင်မြန်စွာနဲ့
လှုပ်ရှားလိုက်ပါတယ်။

Edit with WPS Office

လျှပ်စီးအလင်းတန်း အဖြစ်ကို ပြောင်းလဲပြီးတဲ့ အခါမှာ သူ့ရဲ့အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းနေပါတယ်။ ပြီးတော့ လူသားလောကရဲ့ အထွတ်အထိပ်ဖြစ်တဲ့ စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ရဲ့ ထိပ်မှာ ရှိပြီးတော့ အမြန်နှုန်းက ပိုပြီးတော့တောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ တရားမျှတသော တောင်ဘုရင်ရဲ့ ခန္ဓာကိုယ်က သူ့မူလ နေရာမှာ ပုံရိပ်ယောင် တစ်ခု ကျန်နေပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် အစစ်ကတော့ ကျိုးချီဖန်းအရှေ့ကို တစ်ဟုန်ထိုး ရောက်ရှိ သွားခဲ့ပါတယ်။

သူ့ညာဘက်လက်နဲ့ ကျိုးချီဖန်းရဲ့ ရင်ဘတ်ကို ရိုက်ချလိုက်ပြီး ရွှေရောင်အလင်းတန်း ရောင်ခြည်တစ်ခုက နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။

ထန်။

မြေကြီးမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိုက်က ဖိချလာခဲ့သလို

Edit with WPS Office

ကျိုးချီဖန်းလည်း ချက်ချင်းပဲ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လို့ ရိုက်ချလိုက်ပါတယ်။

စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်အတွက် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် ချိုးဖဲ့ပစ်တာက သေခြင်းတရားနဲ့ တကယ်တော့ ပတ်သက်ခြင်း မရှိပါဘူး။ သူက သူ့ခန္ဓာကိုယ်ကို လုံးဝပြန်လည်ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါပေမဲ့ သူက သေချာပေါက်တော့ ပြင်းထန်တဲ့ ဒဏ်ရာတွေကို ခံစားရပါလိမ့်မယ်။

အဲဒီနေ့ ဒီတိုက်ပွဲမှာ သူက ရှုံးနိမ့်သွားခဲ့ပေမဲ့ လောင်းကြေးမှာ ရှုံးနိမ့်သွားလိမ့်မယ်လို့တော့ မဆိုလိုပါဘူး။

"ဟဲဟဲ နည်းနည်းတော့ စိတ်ဂင်စားစရာကောင်းတယ်။ ဒါပေမဲ့ လုံလောက်တဲ့အထိ မမြန်သေးဘူး"

ကျိုးချီဖန်းရဲ့ အသံက ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က ပြီးပြည့်စုံစွာ ဖြစ်ပေါ်လာခဲ့ပါပြီ။ ပျက်စီးသွားတဲ့ ခန္ဓာကိုယ်ကလည်း

Edit with WPS Office

ပုံရိပ်ယောင်တစ်ခု ဖြစ်ပါတယ်။

Chapter 830 end

Zaw.အပိုင်း(831) ဆက်တိုက်ရှုံးနိမ့်မှုများ

ဘုရင်ရှစ်ပါးရဲ့ အမူအရာတွေက တပြိုင်နက်တည်း ပြောင်းလဲသွားခဲ့တဲ့ အချိန်မှာ ဂိုဏ်းကြီးငါးဂိုဏ်းဘက်ခြမ်းက ဩဘာသံတွေက ဆူညံလို့ လာခဲ့ပါတယ်။

ကျိုးချီဖန်းက ဟိတ်ကြီးဟန်ကြီးနဲ့ မတ်တပ်ရပ်နေပြီး သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျားပိုပြီးတော့ လျင်မြန်နိုင်လား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ခင်ဗျားကျူပ်ကို ဖမ်းလို့မိမှာ မဟုတ်ဘူး"

တရားမျှတသော တောင်ဘုရင်ရဲ့ မျက်နှာ အမူအရာက

Edit with WPS Office

ခက်ထန်တင်းမာ သွားခဲ့ပါတယ်။ မာထိုဝ့်ပေါင်ရဲ့ ဒီလူအပေါ်ကို သုံးသပ်ချက်က အရမ်းအရမ်းကို သန်မာပြီး အရမ်းဆိုတဲ့ စကားကို နှစ်ခါတိုင်တိုင် အသုံးပြုခဲ့ပါတယ်။ ကျိုးချီဖန်းမှာ သူ့ရဲ့ ကြောက်မက်ဖွယ်ရာ အမြန်နှုန်းကို ဖော်ပြခဲ့တယ် ဆိုပေမဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က နိမ့်ကျစရာ မရှိပါဘူး။ ဒါမှမဟုတ်ရင် မာထိုဝ့်ပေါင်ရဲ့ တန်ဖိုးဖြတ်မှုနဲ့ ထိုက်တန်လိမ့်မှာ မဟုတ်ပါဘူး။

တရားမျှတသော တောင်ဘုရင်က လက်နှစ်ဖက်ကို ကြက်ခြေခတ်ပုံစံ ထားပြီးတော့ ခံ့ညားထယ်ဝါတဲ့ တည်ရှိမှုတစ်ခုနဲ့ အတောမသတ် လည်ပတ်လိုက်ပါတယ်။

"စည်းမျဉ်းဥပဒေသရဲ့ စွမ်းအားလား"

ကျိုးချီဖန်းက မျက်မှောင်ကြုတ်လိုက်ပါတယ်။

"အခု ဒါကအတော်လေး ပြဿနာတက်ပြီ။ တစ်ကွက်တည်းနဲ့တော့ အဆင်မပြေနိုင်ဘူး"

Edit with WPS Office

တကယ်လို့ အစောပိုင်းတုန်းကသာ သူပြောခဲ့မယ်ဆိုရင် ဘယ်သူကမှ သူ့ကို ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။ ဘုရင်ရှစ်ပါးကို ရှုံးနိမ့်သွားစေဖို့ဆိုတာက လုံးဝကို မဖြစ်နိုင်လောက်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ မင်းကသူ့ကို တစ်ကွက်တည်းနဲ့တောင် ရှုံးနိမ့်စေချင်သေးတာလား။ ဒါပေမဲ့ သူက အံ့အားသင့်စရာ အမြန်နှုန်းကို ဖော်ပြပြီးတဲ့ နောက်မှာတော့ သူ့စကားလုံးတွေက ရုတ်တရက် ပိုပြီးတော့ ဖိစီးလာပြီး လူတွေကို အံ့သြသွားစေခဲ့ပါတယ်။

သူက တကယ်ပဲ အရမ်းကို အစွမ်းထက်ကောင်း ထက်နိုင်ပါတယ်။

တကယ်တော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးကနေ ကြယ်နှစ်ဆယ်လုံးထိ ရှေ့လျှောက် ကြယ်ငါးလုံး ကျန်နေပါသေးတယ်။ သူက ဘာဖြစ်လို့ ကြယ်ဆယ့်ခြောက်လုံး၊ ဆယ့်ခုနစ်လုံး၊ ဆယ့်ကိုးလုံး ဒါမှမဟုတ် နှစ်ဆယ်လုံးထိတောင် မရှိနိုင်ရမှာလဲ။

တရားမျှတသော ဘုရင်က ပြင်းထန်စွာ အော်ဟစ်လိုက်ပြီး

Edit with WPS Office

လျှပ်စီးအလင်းတန်း တောက်ပလင်းလက်သွားသလို သူက ကျိုးချီဖန်းဆီကို နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ရွှေရောင်လက်ဝါးတံဆိပ်တွေက မိုးကောင်းကင် တစ်ခုလုံး တဖျပ်ဖျပ် လှုပ်ခါနေပါတယ်။

ကျိုးချီဖန်းက သူ့ခြေထောက်တွေနဲ့ ပေါ့ပါးဖျတ်လတ်စွာ ရှောင်တိမ်းလိုက်ပြီး ရွှေရောင် အလင်းတန်းတွေကို လွတ်လပ်ပေါ့ပါးစွာနဲ့ ရှပ်တိုက် ကျော်ဖြတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း တရားမျှတသော ဘုရင်က ဒီတစ်ကြိမ်မှာ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကိုလည်း အသုံးပြုခဲ့ပါတယ်။ လင်းဟန်လို သူ့ရဲ့ဘယ်ဘက်လက် တစ်ဖက်နဲ့ပဲ ထိထိရောက်ရောက် အသုံးချနိုင်တာမျိုး မဟုတ်ပဲ မျဉ်းကြောင်းတွေ ဖြစ်ပေါ်လာပြီး ပင့်ကူအိမ်တစ်ခု အဖြစ်ကို ဖြည်းညှင်းစွာနဲ့ လိမ်ယှက်ပြီး ကျိုးချီဖန်းကို ပိုင်းအုပ်လိုက်ပါတယ်။

"ပြန်ရုပ်မယ်"

Edit with WPS Office

တရားမျှတသော ဘုရင်က ရေရွတ်လိုက်ပြီး ငါးဖမ်းနေသလိုမျိုး စည်းမျဉ်းဥပဒေရဲ့ ပင့်ကူအိမ်ကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ အခု ကျိုးချီဖန်းက ဘယ်နေရာကို ပြေးမလဲ။

ဒါပေမဲ့လည်း ကျိုးချီဖန်းက ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ လက်ညှိုးတစ်ချောင်းကို ဆန့်ထုတ်ပြီး အရှေ့ကို ထိုးလိုက်ပါတယ်။

"ပွင့်စမ်း"

ဟွမ်း။

သူ့လက်ချောင်းပေါ်ကနေ ထူးဆန်းတဲ့ အလင်းရောင်တစ်ခု တလက်လက် တောက်ပသွားပြီး စည်းမျဉ်းဥပဒေရဲ့ ပင့်ကူအိမ်က ချက်ချင်းကို ပွင့်သွားသလိုမျိုး သူက အပြုံးတစ်ခုနဲ့အတူ မနေးမမြန် လမ်းလျှောက်လာပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒါကို တစ်ကွက်လို့ သတ်မှတ်ရလိမ့်မယ်။ ပြီးတော့ ခင်ဗျားကို အနိုင်ယူဖို့ နောက်ထပ်တစ်ကွက် အသုံးပြုရလိမ့်မယ်"

သူက နောက်တစ်ကြိမ် လက်ညိုးတစ်ချောင်းနဲ့ တိုက်ခိုက်လိုက်ပါတယ်။ မီတာသုံးထောင်လောက် ရှည်လျားတဲ့ ရောမ လက်ညိုးကြီး တစ်ချောင်းက မိုးကောင်းကင်ထက်မှာ ပေါ်လာပြီးတော့ တရားမျှတသော တောင်ဘုရင်ဆီကို ဖိချလာခဲ့ပါတယ်။ ရောမ လက်ညိုးကြီးက ဆင်းသက်လာသလို လေထုက မီးဟုန်းဟုန်းတောက်ပြီး အရာအားလုံးကို ချေမှုန်းပစ်တော့မဲ့ ပုံစံပါပဲ။

"ကြယ်ဆယ့်ရှစ်လုံး"

လစန္ဒာဘုရင်နဲ့ တခြားဘုရင်အားလုံးက တပြိုင်နက်တည်း အော်ဟစ်လိုက် ကြပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

Edit with WPS Office

ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက ကြယ်ဆယ့်ရှစ်လုံးကို ရောက်နေပါပြီ။

ဟုမ်း။

ရောမ လက်ညှိုးကြီးက ဆင်းသက်လာပြီး တောင်တွေနဲ့ မြေပြင်တွေ အက်ကွဲပြိုလဲပြီးတော့ တောက်ပနေတဲ့ နေအလင်းရောင်က မှေးမှိန်သွားပြီး မရေတွက်နိုင်တဲ့ ကြယ်တာရာတွေ ကောင်းကင်ကနေ ကြွေကျလာခဲ့ပါတယ်။

အားလုံးက မှင်တက်အံ့သြ နေကြပါတယ်။ ဒီကောင်လေးက တကယ်ပဲ ဒီလိုမျိုး စွမ်းအားကို ထုတ်ဖော်နိုင်တယ်ပေါ့။ ဒါက နတ်ဘုရား သက်ရှိတစ်ယောက် ထုတ်ဖော်နိုင်တဲ့ အစွမ်းမျိုး မဟုတ်လား။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ တာအိုရဲ့ မျက်လုံးက ပေါ်မလာခဲ့ပါဘူး။ ဆိုလိုတာက လူ့လောက အထွတ်အထိပ်ရဲ့ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်တယ်လို့ ဆိုလိုတာပါပဲ။

Edit with WPS Office

လက်ရွေးစင်တွေ တစ်ယောက်ပြီးတစ်ယောက် ကြားဖြင်လာရင် မိုးကောင်းကင် တစ်ခုလုံးမှာ ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ တရားမျှတသော တောင်ဘုရင် ရပ်နေတဲ့ နေရာမှာ ဘာမှကို မရှိတော့ပါဘူး။ သူ ဒါမှမဟုတ် သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတောင် မတွေ့ရပါဘူး။

"ငါတို့ ဒီတိုက်ပွဲ ရှုံးတယ်"

မာထို့ပေါင်က ပြောလိုက်ပြီး သူ့လက်တွေမှာ တရားမျှတသော ဘုရင်ကို ဆုပ်ကိုင်ထားပါတယ်။ တကယ်လို့ စောစောက သူသာ ကြားမဖြင်ခဲ့ဘူးဆိုရင် တရားမျှတသော ဘုရင်က တကယ်လို့ မသေရင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပေ့ါလိမ့်မယ်။

ကြယ်ဆယ့်ရှစ်လုံးနဲ့ ဆယ့်ငါးလုံး ထိပ်တိုက်ရင်ဆိုင်ခြင်း။ ဒါက စွမ်းအားချင်း လုံးဝကို ကွာခြားမှု တစ်ခုဖြစ်ပါတယ်။

"ဟားဟားဟားဟား"

Edit with WPS Office

ကျိုးချီဖန်းက မာထို့ပေါင်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို မရောက်သေးဘူး ဟုတ်တယ်မလား"

ဘုရင်ရှစ်ပါးက ရုတ်တရက် ဒေါသထွက် သွားခဲ့ပါတယ်။ သူက သူတို့ရဲ့ အရှင်သခင် ဖြစ်ပါတယ်။ ပြီးတော့ သူတို့တွေက သူ့ကို ဟာသလုပ် ရယ်မောတယ်ဆိုတာက သာမန်ပါပဲ။ သူတို့အနေနဲ့ တခြားသူတွေက သူ့ကို မရိုမသေ မလေးမစား လုပ်တာကို ခွင့်မပြုနိုင်ပါဘူး။

မာထို့ပေါင်က အဖြေမပေးပဲ ပြန်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းက နတ်ဘုရားဘုံက ဖြစ်လိမ့်မယ်။ ဟုတ်တယ်မလား။ စောစောကပဲ မင်းလည်း စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို အသုံးပြုခဲ့တယ်။ ဒါပေမဲ့ အဲဒါက ဒီဘုံရဲ့ ဘုံစွမ်းအားနဲ့ အများကြီး ကွဲပြားခြားနားတယ်"

Edit with WPS Office

ဘာ။

အားလုံးက အထိတ်အလန့် ဖြစ်သွားခဲ့ပါတယ်။ နတ်ဘုရားဘုံက ဟုတ်လား။ ဒါက ဘာဖြစ်လို့ ကျိုးချီဖန်းဟာ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို ငယ်ငယ်ရွယ်ရွယ်နဲ့ ရောက်ရှိနေပြီး တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံးကိုတောင် ဘာကြောင့် ရောက်ရှိနေရလဲ ဆိုတာကို ဖြေရှင်းပြီးသား ဖြစ်သွားပါပြီ။

ဒါပေမဲ့လည်း ပြဿနာရှိတာက ဘာဖြစ်လို့ နတ်ဘုရားဘုံက ဒီအချိန်မှာ လူတွေကို စေလွှတ်လိုက် ရတာလဲ။

ကျိုးချီဖန်းက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါဒါကို ဖုံးကွယ်လို့ မရနိုင်ဘူး။ မင်းထင်သလိုပဲ မှန်ပါတယ်။ ငါက နတ်ဘုရားဘုံက လာခဲ့ပြီး မင်းနဲ့ အရမ်းကို တိုက်ခိုက်ချင်တယ်။

Edit with WPS Office

ဒါပေမဲ့လည်း တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး။ ဒါကို အထွတ်အထိပ် တိုက်ပွဲစွမ်းရည်လို့ ခေါ်ပြီး ငါတောင်မှ မထိမရှနဲ့ ထွက်လာနိုင်မယ်လို့ မပြောနိုင်ဘူး”

သူက ဒါကို ဝန်ခံခဲ့တယ်။

လင်းဟန်ရဲ့ နှလုံးသားက ပြင်းပြင်းထန်ထန်နဲ့ တဒုတ်ဒုတ် ခုန်နေခဲ့ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက ဒီလိုမျိုး လောင်းကြေးတစ်ခုကို ဘာဖြစ်လို့ အစီအစဉ်ချထားလဲ ဆိုတာ ပေါ်လွင်လာခဲ့ပါပြီ။ ကျိုးချီဖန်းက နတ်ဘုရားဘုံကနေ ဆင်းလာတဲ့ တစ်ဦးတည်းသော လူတစ်ယောက် မဖြစ်နိုင်ပါဘူး။ ဟုတ်ပါတယ်။ ငါးယောက်ဖြစ်ပါတယ်။ ပြီးတော့ မာထိုပေါင်ကို ဘေးကန်ထုတ်ထားလိုက်မယ်ဆိုရင် သူတို့ဘက်က ငါးပွဲအနိုင်ရဖို့ သေချာနိုင်ပါတယ်။

နတ်ဘုရားဘုံက လူတွေ ဆင်းလာလိမ့်မယ်လို့ ဘယ်သူက ထင်မှတ်ထားမိမှာလဲ။

Edit with WPS Office

"နတ်ဘုရားသက်ရှိတွေ အောက်ကိုဆင်းလာဖို့ စေလွှတ်လိုက်တဲ့ အဖိုးအခက အရမ်းကို ကြီးမားတယ်။ ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တချို့ပဲ လာခဲ့ကြတာ"

ကျိုးချီဖန်းက ကြင်နာစွာနဲ့ ရှင်းပြလိုက်ပါတယ်။

"ဒါပေမဲ့ ဒါနဲ့တင် လုံလောက်ပါပြီ။ တကယ်တော့ ငါတို့က နတ်ဘုရားဘုံကပဲလေ"

မြူကင်းစင် သူရိယဘုရင်က ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

"နောက်တစ်ပွဲကို ငါတိုက်မယ် ဘယ်သူ ဒီဘုရင်နဲ့ တိုက်ခိုက်မှာလဲ"

မက်မွန်သီးပုံစံ မျက်လုံးနဲ့ ကျောက်စိမ်းလို နှာတံရှိတဲ့ မိန်းကလေးတစ်ယောက် ထွက်လာခဲ့ပြီး သူမကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် ငယ်ရွယ်နုပျိုကာ

Edit with WPS Office

ပန်းချီကားထဲက ထွက်လာသလို ချောမောလှပလွန်းပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က သေးသွယ်ပြီး သေးကျင်တဲ့ ခါးက လက်တစ်ဖက်နဲ့ ကိုင်လို့တောင် ရနိုင်ပါတယ်။ ပြီးတော့ သူမရဲ့ ရင်သားတွေက အနည်းငယ် ဖွံ့ထွားနေပြီး တောင်ပူစာလေး နှစ်ခုလို ဖြစ်ပေါ်နေပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး။

ပြောနေစရာ မလိုအောင် သူမက နတ်ဘုရားဘုံက ပါရမီရှင်တစ်ယောက် ဖြစ်ပါလိမ့်မယ်။ နတ်ဘုရားဘုံမှာရှိတဲ့ ဂိုဏ်းငါးဂိုဏ်းရဲ့ လေ့ကျင့်ပေးထားတဲ့ ပါရမီရှင် တစ်ယောက်။

နှိုင်းယှဉ်ကြည့်လိုက်ရင် အောက်ဘုံရဲ့ ပါရမီရှင်တွေဖြစ်တဲ့ ရှရှုရှန်၊ ဓားကေရာဇ်လေးနဲ့ တုန်လင်းအာတို့က အတော်ကြီးကို မှေးမှိန်သွားခဲ့ပါတယ်။

နတ်ဘုရားဘုံရဲ့ အရင်းအမြစ်တွေက သေချာပေါက်

Edit with WPS Office

ဒီအောက်ဘုံထက် သာလွန်ပါတယ်။ တကယ်လို့ အကောင်းဆုံးရှင်တွေကို လေ့ကျင့်ပေးပြီး ဒီလိုမျိုး အဆင့်တစ်ခုကို မရောက်နိုင်ဘူး ဆိုမှပဲ တစ်စုံတစ်ခု မှားယွင်းနေပါလိမ့်မယ် မဟုတ်လား။

"ရှောင်မြောင့်ယန်"

မိန်းကလေးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ အမူအရာက တည်ငြိမ်နေပေမဲ့ သူမရဲ့ မျက်လုံးထဲမှာ အထင်သေးမှုတွေကို တွေ့မြင်နိုင်ပါတယ်။

ဒါက အလကားနေ အထင်သေးနေတာ ဖြစ်ပါတယ်။

အောက်ဘုံ။ သူမရဲ့ မျက်လုံးထဲမှာတော့ အဆင့်နိမ့်မှုရဲ့ သင်္ကေတ ဖြစ်ပြီး သူတို့ကို ထောက်ပံ့ဖို့ လောကဘုံ ဆေးလုံးရဲ့ ဆေးစိုက်ခင်းတစ်ခု သာသာပါပဲ။ ဒါကြောင့် သူမက အထင်သေးမှုနဲ့ နိမ့်ချပြီး ကြည့်ရတာပါပဲ။

Edit with WPS Office

မြူကောင်းစင် သူရိယ ဘုရင်က အမှုမဲ့ အမှတ်မဲ့ မနေပံ့ပဲ တစ်ခါတည်း အစွမ်းထက်ဆုံး တိုက်ကွက်ကို ထုတ်ဖော်လိုက်ပါတယ်။ သူက မိုးထစ်ချုန်း ကိုးခုမြောက် စွမ်းအားကို မသင်ယူခဲ့ပါဘူး။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်က မီးတောက်အဖြစ်ကို ပြောင်းလဲသွားပြီး မီးပင်လယ်ကြီး တစ်ခု ဖြစ်ပေါ်လာကာ လျှပ်ပြက်သလို ရှောင်မြောင့်ယန်ဆီ ပြေးဝင်သွားပါတယ်။

မီးတောက်ပင်လယ်ကြီးက နေထက်တောင် ပူပြင်းပြီး မလှမ်းမကမ်းက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တော်တော်များများကို မြင့်မားတဲ့ အပူချိန် ဟပ်သွားပြီး အနောက်ကို ဆုတ်သွားစေခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြောက်မက်ဖွယ်ရာ ကပ်ဘေးဒုက္ခ တစ်ခု ဖြစ်ပေါ်လာပါလိမ့်မယ်။

ရှောင်မြောင့်ယန်က ကြောက်ရွံ့မှု မရှိပဲ သူမ နောက်ကျောက အတောင်ပံ နှစ်ခုကို ဖြန့်လိုက်ပြီး အတောင်ပံတွေက အနည်းဆုံး မီတာသုံးရာရှိပြီးတော့ သူမကို ပိုင်းရံထားကာ မီးတောက်ကြောင့် ထိခိုက်ဒဏ်ရာ မရစေပဲ မိုးကောင်းကင်ကြီးပဲ လောင်ကျွမ်းနေသလို

Edit with WPS Office

ထင်ရပါတယ်။

တိမ်ဖီးနစ်ဂိုဏ်း။

နတ်ဘုရားဘုံမှာတော့ သူတို့ကို ဘယ်လိုခေါ်လဲဆိုတာကို မသိပါဘူး။

ရှောင်မြောင့်ယန်က တိုက်ခိုက်လိုက်ပြီး သူမမှာလည်း အံ့အားသင့်စရာကောင်းတဲ့ တိုက်ပွဲ စွမ်းရည်ရှိကာ မြူကင်းစင် သူရိယဘုရင်ကို တိုက်ကွက်အနည်းငယ် အတွင်းမှာ ဖိနှိပ်ထိန်းချုပ်ပြီး နောက်ထပ် အနိုင်ပွဲတစ်ပွဲကို ရယူခဲ့ပါတယ်။

နောက်ထပ် ဂိုဏ်းကြီးငါးဂိုဏ်းဘက်က လူငယ်ပါရမီရှင် နှစ်ယောက်ဖြစ်တဲ့ ချန်ဂမ်ရှီ၊ ရန်ကွမ်းတို့ကို စေလွှတ်ပြီး သူတို့မှာလည်း တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ရှိပြီးတော့ တိုက်ပွဲရှစ်ပွဲ တိုက်ခိုက်လို့ အပြီးမှာ သရေရလာဒ် ထွက်ပေါ်နေပါတယ်။

Edit with WPS Office

နောက်ထပ်တစ်ပွဲပဲ ကျန်ပါတော့တယ်။

တကယ်လို့ မာထို့ပေါင် လုပ်ရှားနိုင်မယ်ဆိုရင် သူက အနိုင်ရဖို့ သေချာပါလိမ့်မယ်။ ဒါပေမဲ့ တစ်ဖက်အဖွဲ့က အကြံအစည်တစ်ခု ထုတ်ထားပြီး သူ့ကို ထုတ်ပယ်ထားပါတယ်။

ဘုရင်ရှစ်ပါးကိုလည်း တိုက်ပွဲကွင်းထဲ နောက်တစ်ကြိမ် ဝင်လို့မရဘူးလို့ မပြောထားပါဘူး။ ဒါပေမဲ့ တကယ်လို့ သူတို့တွေ နောက်တစ်ကြိမ် တိုက်ပွဲကွင်းထဲ ဝင်ရင်တောင် သူတို့က နတ်ဘုရားဘုံက ပါရမီရှင်တွေရဲ့ ပြိုင်ဘက်ဖြစ်လိမ့်မှာလား။

"ဒီအညာတရ နာမည်က ပူဝေါင်ယွမ် ဖြစ်ပါတယ်။ ဘယ်သူက ကျုပ်ရဲ့ ပြိုင်ဘက်ဖြစ်လိမ့်မလဲ"

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ နောက်ဆုံးတိုက်ခိုက်ရေးသမားကလည်း အရမ်းကို ငယ်ရွယ်ပါတယ်။ သူက အဖြူရောင် အဝတ်အစားကို

Edit with WPS Office

ဂုတ်ဆင်ထားပြီး သူ့ဟန်ပန်အမူအရာက ရည်မွန်ပါတယ်။

မာထို့ပေါင်နဲ့ ဘုရင်ရှစ်ပါးက မျက်မှောင်ကြုတ် လိုက်ပါတယ်။
သူတို့တွေ တကယ်ပဲ ရှုံးနိမ့် သွားကြပြီလား။ ဒီအရှုံးရဲ့ ရလာဒ်က
နှစ်ပေါင်းတစ်ရာကြာအောင် တံခါးပိတ်နေရမှာ ဖြစ်ပြီးတော့
မရေမတွက်နိုင်တဲ့ ပြောင်းလဲမှုတွေ ဖြစ်နိုင်ပါတယ်။
အဲဒီအချိန်ကျရင် နတ်ဘုရားဘုံက လမ်းကြောင်းတစ်ခု
ပွင့်လာနိုင်ပြီး အစစ်အမှန် နတ်ဘုရား သက်ရှိတွေကို အောက်ကို
ပို့လွှတ်ပြီးတော့ ဘယ်အရာမဆို ဖြစ်ပျက်လာနိုင်ပါတယ်။

သူတို့က ရှုံးနိမ့်ဖို့ ဆန္ဒမရှိပါဘူး။

"ငါသွားမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

Chapter 831 end

Edit with WPS Office

Zaw.အပိုင်း(832) ငါသွားမယ်

မင်းသွားမယ် ဟုတ်လား။

အပြောကတော့ လွယ်ပါတယ်။ ဒါပေမဲ့ မင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် မင်းက တိုက်ပွဲထဲဝင်ပြီးတော့ အလကား အရှုံးပေးလိုက်မှာလား။ မရဘူး။ ဒါက ဟာသမဟုတ်ဘူး။ တကယ်လို့ မင်းက အရမ်းကို အားနည်းနေရင် တစ်ဖက်က တိုက်ကွက် တစ်ကွက်ကို လက်ခံဖို့ အသာထားဦး ရန်သူရဲ့ အရှိန်အဝါနဲ့တင် မင်းက ချေမှုန်းခံလိုက် ရပါမယ်။

မာထို့ပေါင်က လင်းဟန်ရဲ့ စွမ်းအားကို မယုံကြည်ခဲ့ပါဘူး။ ဒါပေမဲ့ လင်းဟန်က လူတစ်ယောက် အနေနဲ့ ယုံကြည်ရတဲ့သူ ဖြစ်ပါတယ်။ သူက မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းသေချာရဲ့လား"

Edit with WPS Office

"သေချာတယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"ကောင်းပြီ"

မာထို့ပေါင်က ဘယ်တော့မှ ပေ့ါပေ့ါတန်တန် မပြောပါဘူး။ သူက ချက်ချင်းပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ဆုံးပွဲကို မင်းတာဝန်ယူလိုက်"

"အစ်ကိုဟန်"

ကျူးရှွမ်အာက လင်းဟန်ရဲ့လက်ကို ဆွဲထားပြီး သူမရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတွေ ပြည့်နက်နေပါတယ်။ ပြိုင်ဘက်က သာမန်လူတစ်ယောက် မဟုတ်ပါဘူး။ မျိုးဆက်ဟောင်းက

Edit with WPS Office

လက်ရွေးစင်တွေကိုတောင် နိမ့်ကျသလို ကြည့်နိုင်တဲ့
နတ်ဘုရားဘုံက ပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။
လစန္ဒာဘုရင်လို ထိပ်တန်းလက်ရွေးစင် တစ်ယောက်တောင်မှ
သူ့ကို မယှဉ်နိုင်ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ ငါအဆင်ပြေမှာပါ"

"လင်းဟန် အကောင်းဆုံးသာ လုပ်ခဲ့"

ဟူးညိုက သူမရဲ့ လက်သေးသေးလေးကို ပွေ့ယမ်းပြီးတော့
သူ့အတွက် အားပေးလိုက်ပါတယ်။

"သူ့ကို ဆော်ပစ်လိုက်ကွာ။ ဦးလေးယုန်ကို မျက်နှာမပျက်ရစေနဲ့"

Edit with WPS Office

ယုန်ဖြူကြီးက ဘေးကနေ အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတိုက်ပွဲကို ငါလက်ခံတယ်"

ဖူး။

ဂိုဏ်းကြီးငါးဂိုဏ်းဘက်က အားလုံးက မနေနိုင်ပဲ ကျယ်လောင်စွာနဲ့ ရယ်မောလိုက် ကြပါတယ်။

မင်း။ နတ်အသွင် ပြောင်းလဲခြင်းအဆင့်ပဲရှိတဲ့ စစ်သည်တော် တစ်ယောက်က တကယ်ပဲ ဒီလိုမျိုး တိုက်ပွဲတစ်ခုမှာ ပါဝင်ဆင်နွှဲချင်တယ်ပေါ့ ဟုတ်လား။ ဒါက သေကြောင်းကြံနေတာ မဟုတ်လား။ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ စကြာဝဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့်ကို အသာထားဦး သာမန်စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ သူ့ကို သေသွားအောင် အလွယ်တကူ ရိုက်ပစ်နိုင်ပါတယ်။

ဒါက ခရမ်းရောင်လ အင်ပါယာရဲ့ လက်လျော့လိုက်တဲ့ နည်းလမ်းလား။

ဟုတ်ပါတယ်။ မာထို့ပေါင်က ပြိုင်လို့မရနိုင်ပါဘူး။ ဒါကြောင့် ဘယ်သူပဲ တိုက်ပွဲထဲ ဝင်လာသည် ဖြစ်စေ အရှုံးကိုပဲ ခံစားသွားရပါလိမ့်မယ်။ ဘယ်သူပဲဖြစ်ဖြစ် ရလဒ်က အတူတူပါပဲ။

ဒါပေမဲ့ မြွေသားရဲဘုရင်ရဲ့ အမူအရာက ပြောင်းလဲသွားပြီးတော့ သူက ပြောလိုက်တယ်။

"ဒီကလေးကို လျော့တွက်လို့မရဘူး။ သူ့ရဲ့ခုခံကာကွယ်မှု စွမ်းရည်က အရမ်းအရမ်းကို သန်မာတယ်"

Edit with WPS Office

တကယ်တော့ သူ့ရဲ့လက်ဝါးနဲ့ လင်းဟာန်ကို ရိုက်လိုက်တဲ့ အချိန်တုန်းက လင်းဟာန်က ဘာမှမဖြစ်ခဲ့ပါဘူး။ ဒီလိုမျိုး ခုခံကာကွယ်နိုင်တဲ့ စွမ်းရည်က တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဒီကိစ္စက အရမ်းကို စိတ်ပျက်စရာ ကောင်းတာကြောင့် သူက ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါဘူး။ ပြီးတော့ ရှုရှုရှန်တောင် သူ့ပါးစပ်ကို ပိတ်ထားရပါတယ်။ ဒါကြောင့် လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ အဆင့်တစ်ဆယ် ရှားပါးသတ္တုနဲ့ နှိုင်းယှဉ်လို့ ရတယ်ဆိုတာကို အခုဘယ်သူမှ မသိပါဘူး။

"မင်းလား"

ပူဂေါင်ယွမ်က မျက်မှောင်ကြုတ် လိုက်ပါတယ်။

"ငါ့ရဲ့ တော်ဝင်အဆင့်အတန်းနဲ့ မင်းက ဘယ်လိုလုပ်ပြီး ငါနဲ့တိုက်ခိုက်ဖို့ သင့်တော်မှာလဲ"

Edit with WPS Office

သူက အကြီးအကျယ် အရှက်ခွဲခံရသလိုမျိုး ခံစားရပါတယ်။

ခရမ်းရောင်လ ဇေကရာဇ် စီရင်စုက သူတို့ရှုံးမယ်ဆိုတာကို သိတာကြောင့် သူတို့က နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်ကို စေလွှတ်ပြီးတော့ သူ့ကို အရှက်ခွဲတာလား။ သေစမ်း။ အရမ်းကို မုန်းဖို့ကောင်းတယ်။

သူ့မျက်လုံးတွေထဲမှာ မကောင်းတဲ့ အတိတ်နမိတ်တွေ ပြည့်နှက်လာပြီး ဒီလိုမျိုး ဆိုမှတော့ သူက လင်းဟာန်ကို အကြီးအကျယ် ဒုက္ခရောက်အောင် လုပ်ပြီးတော့ လင်းဟာန် မျက်နှာ ဘယ်လောက် ကျန်နေဦးမလဲ ဆိုတာကို ကြည့်တာပေါ့။

"လေပေါမနေနဲ့။ လာခဲ့လိုက်"

လင်းဟာန်က သူ့ကို လက်အမူအရာနဲ့ မခံချင်အောင် ရန်စလိုက်ပါတယ်။

Edit with WPS Office

ပူဂေါင်ယွမ်က သူ့ရဲ့ဟန်ပန်အမူအရာ ပြန်လည်တည်ငြိမ်သွားပြီး ဒေါသတွေကနေ ရက်စက်ကြမ်းကြုတ်တဲ့ သတ်ဖြတ်ခြင်း အရှိန်အဝါ တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက အကြွင်နာမဲ့တဲ့ အပြုံးတစ်ခုကိုပြုံးပြီး သူ့လက်ကို မြှောက်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ငွေရောင် အသင်္ချေအလင်းတန်းတစ်ခု ရောင်စဉ်ဖြာထွက်လာပြီး မရေမတွက်နိုင်တဲ့ ဓားတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ လင်းဟန်ဆီကို တိုက်ခိုက်လိုက်ပါတယ်။

ဓားပေါင်းတစ်သောင်းနဲ့ မင်းရဲ့နှလုံးသားကို ထိုးစိုက်မယ်။

လင်းဟန်က မပုတ်ထုတ်ပဲ သူ့ရဲ့ဓားနှလုံးသားကိုပဲ ရိုးရိုးလေး အသုံးပြုခဲ့ပါတယ်။ ရွှပ် ရွှပ် ရွှပ်။ ထက်မြက်တဲ့ ဓားတွေအားလုံး သူ့ခန္ဓာကိုယ်ဘေးကနေ ဖြတ်သွားပြီး သူ့ကိုဂိုင်းသွားကာ ဆံပင်မွေး တစ်ချောင်းမှ ထိခိုက်ခြင်း မရှိပါဘူး။

"ဓားနှလုံးသားလား"

Edit with WPS Office

ပူဂေါင်ယွမ်က အနည်းငယ် နောက်ဆုတ်ပြီးတော့ အဲဒီနောက် ကျယ်လောင်စွာ ရယ်မောလိုက် ပါတယ်။

"မဆိုးဘူး မဆိုးဘူး။ သိုင်းပညာ နလုံးသားကို တကယ်ပဲ နားလည်သဘောပေါက်မှု ရှိတာပဲ။ ဒါက တကယ့်ကို ရှားပါးလွန်းတယ်။ ငါတို့နတ်ဘုရားဘုံထဲမှာတောင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ဆယ်ယောက်မှာ တစ်ယောက်ပဲ သိုင်းပညာ နလုံးသားကို နားလည်သဘောပေါက် နိုင်ကြတယ်"

အရမ်း နည်းတာလား။ လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဘုရင်ရှစ်ပါးလုံးမှာလည်း သိုင်းပညာ နလုံးသားရှိပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းထဲက လူနည်းစုတွေ ဖြစ်ကြတဲ့ ဓားဘုရင်၊ ကောင်းကင်ဖြတ် ဆေဘာဓားနဲ့ ရှရှုရှန်၊ ဓားကေရာဇ်လေးတို့ အားလုံးမှာတောင် သိုင်းပညာ နလုံးသားကို ဖြစ်ပေါ်စေခဲ့ပါတယ်။

အချိုးအစ တွက်ကြည့်မယ်ဆိုရင် အနည်းဆုံး ဆယ်ဆတစ်ဆ ရှိပြီးတော့ အဲဒီထက်တောင် ပိုလွန်နိုင်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ ပြန်ပြီးတော့ စဉ်းစားကြည့်လိုက်ရင် ဒါက သာမန်ပါပဲ။ နတ်ဘုရားဘုံမှာ ကျင့်ကြံခြင်း အရင်းအမြစ်တွေ အလျှံပယ် ဖြစ်နေရင်တောင် သိုင်းပညာရှင်တွေကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ ပိုပြီးတော့ မြင့်မားတဲ့ အဆင့်တစ်ခုထိတောင် ရောက်အောင်လို့ အရမ်းကို လျင်မြန်တဲ့ နှုန်းထားနဲ့ လုပ်ပေးနိုင်ပါတယ်။ သိုင်းပညာရပ်တွေကိုတော့ ကိုယ်တိုင်ကိုယ်ကျ နားလည် သဘောပေါက်ဖို့ လိုပါတယ်။

နောက်ပြီးတော့ အောက်ဘုံမှာ ကျင့်ကြံခြင်း အရင်းအမြစ်တွေ ရှားပါးတယ်ဆိုပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်တဲ့ သူတွေက ပါရမီရှင်တွေထဲက ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သိုင်းပညာ နလုံးသားကို နားလည်သဘောပေါက်နိုင်တဲ့ အချိုးအစားက မြင့်မားတယ်ဆိုတာ သဘာဝကျပါလိမ့်မယ်။

"ငါအတော်လေး စိတ်ဝင်စားသွားပြီ"

Edit with WPS Office

ပုဂေါင်ယွမ်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ပိုပြီးတော့ တိုးပွားလာခဲ့ပါတယ်။

"ဒါက ဒီလိုမျိုး ပါရမီရှင် တစ်ယောက်ကို သတ်ပစ်ဖို့ စိတ်ဂင်စားတာပါပဲ။ မဆိုးဘူး။ မဆိုးဘူး။ နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ဓားနလုံးသားကို ကျင့်ကြံနိုင်တာ အောက်ဘုံမှာ မင်းပထမဆုံး ဖြစ်လိမ့်မယ်။ ဟုတ်တယ်မလား"

ရှရှုရှန်နဲ့ ဓားကေရာဇ်လေးတို့က တပြိုင်နက်တည်း အထင်သေးတဲ့ အကြည့်တွေ ဖြစ်ပေါ်လာခဲ့ ပါတယ်။ သူတို့တွေက အောက်ဘုံမှာ မွေးဖွားလာတာကြောင့်ပါ။ တကယ်လို့ နတ်ဘုရားဘုံရဲ့ ကျင့်ကြံခြင်း အရင်းအမြစ်နဲ့ ပြုစုပျိုးထောင်မှုကို လက်ခံရရှိနိုင်မယ်ဆိုရင် သူတို့တွေက သေချာပေါက် ပုဂေါင်ယွမ်နဲ့ တခြားသူတွေထက် အားနည်းလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က သူ့လက်ညှိုးတစ်ချောင်းနဲ့ ပုဂေါင်ယွမ်ကို ရန်စပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းရဲ့ ဖွားဖက်တော်ခွင်က မြည်းတစ်ကောင်လား။ မင်းက အရမ်းကို စကားများလွန်းတယ်"

ပူဂေါင်ယွမ်ရဲ့ နဖူးပေါ်က သွေးကြောတစ်ခု ထောင်လာပြီးတော့ သူက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ငါ့ကို ဒေါသထွက်အောင် လုပ်တာလား။ ဒါက မင်းအတွက် အကျိုးရှိလိမ့်မှာ မဟုတ်ဘူး"

"မင်းက လေပေါ်နေပြန်ပြီလား"

လင်းဟာန်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

လပြွတ်ပဲ။

Edit with WPS Office

ပူဂေါင်ယွမ်က နောက်ဆုံးတော့ မထိန်းနိုင်တော့ပဲ လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော် လိုက်ပါတယ်။ ဓားပေါင်းတစ်သောင်းက တဖျပ်ဖျပ် ပျံသန်းပြီး သူ့ကိုယ်ပိုင် ဓားနှလုံးသား တစ်ခုနဲ့ တိုးမြှင့်ထားပြီး သူတို့ရဲ့ စွမ်းအားတွေက သိသိသာသာ အားကောင်းလာပြီး လင်းဟန်ရဲ့ ဓားနှလုံးသားကြောင့် အကျိုးသက်ရောက်မှု မရှိတော့ပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ရှစ်လုံးရဲ့ ခွန်အားအကုန် တိုက်ခိုက်မှု။

ဒါကို ဘယ်လိုလုပ် တားဆီးနိုင်မလဲ။

ဒါကို တားဆီးလို့ မရနိုင်ပါဘူး။

ပုန်း။

Edit with WPS Office

လင်းဟန်က ချက်ချင်းဆိုသလို ကြိုးပြတ်တဲ့ စွန်လို လွင့်ထွက်သွားခဲ့ပါတယ်။

ပုဂေါင်ယွမ်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ထပ်ပြီးတော့ ယှဉ်ပြိုင်ဖို့ လိုသေးလား"

"ဒါပေါ့"

လင်းဟန်က မြေပြင်ပေါ်ကနေ ပြန်ခုန်တက်လာပြီး သူ့ရဲ့ အဆစ်အမြစ်တွေကို လေ့ကျင့်ခန်း လုပ်လိုက်ပါတယ်။ ဖျောက် ဖျောက် ဖျောက်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ အရိုးတွေ မြည်လာပြီး သူ့သွေးနဲ့ ချီတွေ ပွက်ပွက်ဆူကာ မိုးကောင်းကင်ကို ထိုးတက်လာခဲ့ပါတယ်။

ဒါက။

Edit with WPS Office

အားလုံးက အံ့ဩမှင်တက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။
ဒီကောင်က လူထူးလူဆန်း တစ်ယောက်လား။

ဒီမတိုင်ခင် တရားမျှတသော တောင်ဘုရင်က တစ်ချက်တည်း ထိမှန်ပြီး သေလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ မာထို့ပေါင်သာ ဝင်မကယ်ခဲ့ရင် ဒီကပ်ဒေးဒုက္ခကို ရှောင်တိမ်းနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်က ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ခံစားရပြီး ဘာမှမဖြစ်ပဲ အကောင်းအတိုင်း ရှိနေပါသေးတယ်။ ဒါကို လူတွေက ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။

သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူက အရမ်းကို သန်မာနိုင်မှာလဲ။

“ဒီကလေးရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေနဲ့ ယှဉ်လို့ရတယ်”

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က

Edit with WPS Office

အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက တခြားလူတွေလည်း နောက်ဆုံးတော့ နားလည်သဘောပေါက် သွားခဲ့ပြီး ဘာမှမတတ်နိုင်ပဲ မျက်နှာတွေ ရှုံ့မဲ့သွားကုန်ပါတယ်။ ဒီကောင်လေးက အရမ်းကို ထူးဆန်း လွန်းပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်က အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေနဲ့ မာကျောမှုခြင်း တူညီတဲ့ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထား ပါတယ်။ အဲဒါက ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်ကင်းလုနီးပါးပဲ မဟုတ်ဘူးလား။

ဒီကောင်လေး ပြိုင်ပွဲကွင်းထဲကို ဝင်လာရဲတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒီလိုမျိုး သဘာဝကို ဆန့်ကျင်နိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပြိုင်ဘက်ကင်း အဆင့်တစ်ခုမှာ ရပ်တည်နိုင် ပါတယ်။

"ဟင့် အဆင့်တစ်ဆယ် ရှားပါးသတ္တုလား"

ပူဝေါင်ယွမ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

Edit with WPS Office

"အဲဒီတော့ ဘာဖြစ်လဲ။ ငါက အဲဒါကို သန့်စင်ပစ်လိမ့်မယ်"

လင်းဟန်က သူ့လက်ချောင်းကို ကွေးချည်ဆန့်ချည်နဲ့ သရော်ပြီးတော့ ပြောလိုက်ပါတယ်။

"လေလုံးကြီးမနေနဲ့။ လာပြီးတော့ တိုက်စမ်း။ တကယ်လို့ မင်းငါ့ကို ဆယ်ကွက်အတွင်းမှာ မနိုင်ဘူးဆိုရင် မင်းရှုံးလိမ့်မယ်"

လပြွတ်ပဲ။ မင်းဘာသာမင်း ပြောလို့မရဘူးလေ။

ပူဂေါင်ယွမ်က နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါကို ဘယ်သူက မင်းကို ကတိပေးလို့လဲ"

"မင်းက စကြာဂုဏ်ဗြဟ္မာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်လည်းဖြစ်ပြီး တိုက်ပွဲစွမ်းရည်

Edit with WPS Office

ကြယ်ဆယ့်ရှစ်လုံးရှိတယ်။ ပြီးတော့ ငါ့လို နတ်အသွင်
ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်နဲ့လည်း
တိုက်ရသေးတယ်။ ဆယ်ကွက်ကို စောဒက
တက်နေသေးတာလား။ မလုံလောက်သေးဘူးလား။
ငါ့လက်တစ်ဖက်နဲ့ မင်းကို ရင်ဆိုင်မယ်ဆိုရင်ရော ဘယ်လိုလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက လူတွေက ဒေါသကြောင့် သူတို့ရဲ့
နာခေါင်းတွေ ရှုံ့တွကုန်ပါတယ်။ မင်းရဲ့ သောက်ကျိုးနည်း
ခန္ဓာကိုယ်က အဆင့်တစ်ဆယ် ရှားပါးသတ္တုနဲ့တူပြီး အပြင်ပိုင်း
အင်အားကြောင့် ထိခိုက်နိုင်စွမ်း မရှိလုနီးပါးပဲလေ။ ဒါကြောင့်
ဘယ်သူက မင်းကို ဆယ်ကွက် အတွင်းမှာ ရိုက်နက်နိုင်မှာလဲ။
နောက်ပြီးတော့ မင်းက နတ်အသွင်ပြောင်းလဲခြင်း အဆင့်မှာပဲ
ရှိပေမဲ့ မင်းရဲ့ တိုက်ပွဲစွမ်းရည်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်
လက်ရွေးစင် တစ်ယောက်ရဲ့ အရှေ့မှာ တခုတ်တရ ပြောဖို့တောင်
ထိုက်တန်လိမ့်မှာ မဟုတ်ဘူး။ လက်တစ်ဖက်တည်း ဆိုတာကို
အသာထားဦး။ တကယ်လို့ မင်းမှာ လက်လေးဘက်

Edit with WPS Office

ရှိနေရင်တောင် ဘာလုပ်လို့ ရနိုင်မှာလဲ။

ဒီကောင်စုတ်လေးက တကယ့်ကို မရိုးမသား
ကောက်ကျစ်စဉ်းလဲတာပဲ။

ပူဂေါင်ယွမ်က အတော်လေးကို ဒေါသထွက်သွားခဲ့ပါတယ်။
အခုသူက လင်းဟာန်ကို စကားပြောဖို့ တကယ့်ကို ပင်ပန်းနေပြီး
တစ်ဟုန်ထိုး ပြေးဝင်ကာ လင်းဟာန်ကို တိုက်ခိုက်လိုက်ပါတယ်။

ရှုပ်။

သူက ရတနာ ဓားတစ်လက်ကို ထုတ်ပြီးတော့ အေးစိမ့်စိမ့်
စူးရှတောက်ပတဲ့ အလင်းတစ်ခုက မိုးကောင်းကင်ကို အံ့အားသင့်
သွားစေပါတယ်။

ဒါက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ပြီးတော့ ဒီအချိန်မှာ အပြည့်အဝ အသက်သွင်းထားခဲ့ပါတယ်။ ဒါကြောင့် နောက်ထပ် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က တိုက်ပွဲထဲကို လာရောက်ပူးပေါင်းသလိုပါပဲ။

လင်းဟာန်က လုံးဝကို မကြောက်ပါဘူး။ သူက အနိုင်ရဖို့ အစီအစဉ် မရှိပါဘူး။ နောက်ဆုံး တိုက်ပွဲရဲ့ ရလာဒ်ကို သရေဖြစ်ဖို့ပဲ ကြိုးစားအားထုတ်နေတာ ဖြစ်ပါတယ်။ မင်း တစ်ယောက်ပဲ ဖြစ်ဖြစ် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ဆယ်ယောက် ရှေ့တက်လာတာပဲ ဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ငါက ကာကွယ်ပြီးတော့ လုံးဝမတိုက်ဘူး။ ဒါကြောင့် လာခဲ့စမ်းပါ။

ဟုမ်း ဟုမ်း ဟုမ်း။

ပူဂေါင်ယွမ်က အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းကို ပှေ့ယမ်းပြီးတော့ မကောင်းဆိုးဝါး နတ်ဘုရား တစ်ပါးနဲ့တူတဲ့ လင်းဟာန်ကို သွေးရူးသွေးတန်းနဲ့ ခုတ်ချလိုက်ပါတယ်။

Chapter 832 end

Edit with WPS Office

Zaw.အပိုင်း(833) ဖျက်ဆီးမရတဲ့ ခန္ဓာကိုယ်

တစ်ခုသိထားရမှာက အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုနဲ့ နောက်ထပ် အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခု အကြား တိုက်ခိုက်မှုမှာ နှစ်ဖက်စလုံး ထိခိုက်ပျက်စီးမှု မရှိပဲ ရပ်တန့်နိုင်မှာ မဟုတ်ပါဘူး။

အကြိမ်နည်းနည်း ထိမိခိုက်မိတာက အဆင်ပြေပါလိမ့်ဦးမယ်။ ဒါပေမဲ့ များလာတဲ့ နောက်ပိုင်းမှာ တစ်ဖက်ကတော့ သေချာပေါက် ထိခိုက်ပျက်စီးလာပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ နှစ်ဖက်စလုံးရဲ့ အရည်အသွေးက တူညီနေတယ်ဆိုရင် နှစ်ခုလုံး ပျက်စီးထိခိုက်ပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် ရှားပါးရွှေစင်နဲ့ နှိုင်းယှဉ်ကောင်း နှိုင်းယှဉ်လို့ ရနိုင်မယ်။ ဒါပေမဲ့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကြောင့် ဒဏ်ရာလည်း ရနိုင်ပါသေးတယ်။

Edit with WPS Office

ပုဂေါင်ယွမ်ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို အစွမ်းထက်ပြီး ခုတ်ချက်အနည်းငယ် အတွင်းမှာ လင်းဟန်က သွေးတွေ ပြင်းပြင်းထန်ထန် စီးကျလာခဲ့ပါတယ်။ အဆင့်တစ်ဆယ် ရှားပါးသတ္တု ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင် ဒါကို တောင့်မခံနိုင်ပါဘူး။

"ဟားဟားဟား မာတယ်ဆိုတဲ့ကောင် မင်းဘာဖြစ်လို့ စကားထပ်မပြောနိုင်တော့လဲ"

သူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"ဒါက စကားကြမ်းကြမ်း ပြောတာမဟုတ်ဘူး။ ဒါက ခွန်အားပဲ"

လင်းဟန်က ဂရုမစိုက်ပဲ ပြောလိုက်ပြီး ဖျက်ဆီးလို့မရနိုင်တဲ့ ကောင်းကင် မော်စာလိပ်ကို လည်ပတ်စေပြီး ဒဏ်ရာတွေကို ချက်ချင်းပဲ အလိုအလျောက် သက်သာကောင်းမွန်စေပါတယ်။

Edit with WPS Office

တကယ်လို့ ဒဏ်ရာတွေက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ကြောင့် ရတာမဟုတ်ဘူးဆိုရင် စိန်အဆင့် ခန္ဓာကိုယ်က သူ့အလိုလို ပြန်လည်သက်သာ ကောင်းမွန်လာ စေနိုင်ပါတယ်။ ကံမကောင်းတာက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုမှာ သိုင်းဆန္ဒ ပါဝင်နေပြီး စိန်အဆင့် ခန္ဓာကိုယ်ရဲ့ ကိုယ်တိုင်ပြန်လည် ကောင်းမွန်မှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို လည်ပတ်စေပြီး ပုဂေါင်ယွမ်ရဲ့ သိုင်းဆန္ဒကို ပယ်ဖျက်ပြီးမှ ဒဏ်ရာတွေကို ပြန်လည်ကောင်းမွန်လာစေခဲ့တာပါ။

အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းတစ်ခုနဲ့ သူက ချက်ချင်းပဲ လုံးဝကို ပြန်လည် ကောင်းမွန် လာခဲ့ပါတယ်။ သူ့ရဲ့သွေးနဲ့ချီတွေက မိုးကောင်းကင်ကို လောင်ကျွမ်းပစ်နိုင်သလိုမျိုး သန်စွမ်းလာပါတယ်။

"ဘာလဲဟ"

Edit with WPS Office

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အားလုံးက ပြောစရာစကား ကင်းမဲ့ကုန်ပါတယ်။

သောက်ကျိုးနည်း။ ဒါက ဘယ်လိုမျိုး ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်အဆင့်လဲ။ တကယ်လို့ ထိခိုက်ပျက်စီးမှု မရှိနိုင်ဘူးဆိုရင် အဲ့ဒီဖြွယ် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုတည်းကို ဖြည်းညှင်းစွာနဲ့ သန့်စင်နိုင်ပါမယ်။ ဒါပေမဲ့ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုမှာ ဒီလိုမျိုး ပြန်လည်ကောင်းမွန်လာနိုင်တဲ့ စွမ်းရည်ရှိနေရင် ဘယ်လိုအဖြေမျိုးမှ ရှိလိမ့်မှာ မဟုတ်ပါဘူး။

"ဟင့်။ ဒီလိုမျိုး ပြန်လည်ကောင်းမွန်စေနိုင်တဲ့ စွမ်းရည်ကို မင်းက အဆက်မပြတ် အသုံးပြုနိုင်ပါ့မလား"

ပူဂေါင်ယွမ်က သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းကို လင်းဟန်က အကန့်အသတ်မရှိ လုပ်နိုင်တယ်လို့ သူလုံးဝ မယုံကြည်နိုင်ပါဘူး။ သိပ်မကြာခင်မှာပဲ ဒီလိုမျိုး အာနိသင်က ပျောက်ကွယ်သွား ပါလိမ့်မယ်။

Edit with WPS Office

သူက အရှုံးအမှုံး တိုက်ခိုက်ပြီးတော့ လင်းဟန်ကို သူ့ရဲ့အကန့်အသတ်ကို ရောက်အောင်လို့ ဖိအားပေး ကြိုးစားနေပါတယ်။

အားလုံးက ခေါင်းညိတ်လိုက် ကြပါတယ်။ ဒီလိုမျိုး အံ့အားသင့်စရာ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်ကို အဆက်မပြတ် ထိန်းသိမ်းထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒါက သေချာပေါက် စွမ်းအင်ပမာဏ အများကြီးကို ကုန်ခမ်းသွားစေပါလိမ့်မယ်။ နောက်ပြီးတော့ ဒီလိုမျိုး ပြန်လည်ကောင်းမွန်လာနိုင်တဲ့ စွမ်းရည်ကို ပျောက်ကွယ်သွားဖို့ စောင့်နေစရာ မလိုပါဘူး။ ဖျက်ဆီးခြင်း စွမ်းအားနဲ့အတူ ပြန်လည်ကောင်းမွန်နိုင်တဲ့ အမြန်နှုန်းကို ထိန်းမထားနိုင်သရွေ့ လင်းဟန်က သေရပါလိမ့်မယ်။

ဒါပေမဲ့လည်း အားလုံးရဲ့ ခန့်မှန်းချက်က မှန်းချက်နဲ့ နမ်းထွက် မကိုက်ခဲ့ပါဘူး။ လင်းဟန်က တစ်ကြိမ်ပြီး တစ်ကြိမ် ပြန်ရပ်လာပြီး ဘယ်ဘက်ကနေပဲ လေတိုက်တိုက် သူက ရေ၊လေ တိုက်စားထားတဲ့ ကျောက်တုံးကြီး တစ်တုံးလိုမျိုး မလှုပ်မရှားနဲ့

Edit with WPS Office

မားမားမတ်မတ် ရှိနေဆဲပါပဲ။

ပူဂေါင်ယွမ်က ဒါကို လက်ခံနိုင်ဖို့ ငြင်းဆန်ခဲ့ပါတယ်။ လင်းဟန်ကို နောက်တိုက်ကွက်မှာ အကန့်အသတ်ကို ရောက်အောင်လို့ လုပ်နိုင်လိမ့်မယ် ဆိုတာကိုပဲ လက်ခံနေခဲ့ပါတယ်။ ဒါပေမဲ့ သူက တစ်ကြိမ်ပြီးတစ်ကြိမ် စိတ်ပျက်သွားစေခဲ့ပါတယ်။ လင်းဟန်က တစ်ကြိမ်ပြီး တစ်ကြိမ် ပြန်ပြီးမားမားမတ်မတ် ရပ်နေပါတယ်။

ဒါက။

သူ့ခွန်အားက ပိုပြီးတော့ သန်မာတယ်ဆိုတာ ရှင်းနေတာပါပဲ။ ပြီးတော့ နည်းနည်းလေးတောင် မဟုတ်ပဲ လုံးဂကို လွှမ်းမိုးခြယ်လှယ်နိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ ဒါပေမဲ့လည်း ဒီလူထူး လူဆန်းနဲ့ ကြုံလိုက်ရတဲ့ အခါမှာ သူက ဒီကောင့်ကို အနိုင်ယူဖို့ နည်းလမ်းမရှိ ဖြစ်သွားပြီး သူ့ကို မှောက်သွားအောင် အဆက်မပြတ် တိုက်ခိုက်နေရုံပဲ တတ်နိုင်ပါတယ်။ ဟုတ်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို သတ်ပစ်ဖို့ ဖြစ်နိုင်ချေ ရှာမတွေ့နိုင်ခဲ့ပါဘူး။

Edit with WPS Office

ဘုရင်ရှစ်ပါးက နောက်ဆုံးတော့ ပျော်ရွှင်မြူးထူးစွာနဲ့ ကြည့်လိုက်ပါတယ်။ သူတို့က အစတုန်းက တွေးထားတာက ဒီတစ်ကြိမ်တော့ ဂိုဏ်းကြီးငါးဂိုဏ်းကို သူတို့တွေက အခွင့်အရေး ပေးလိုက်ရပြီလို့ ထင်ထားခဲ့ပါတယ်။ သူတို့ရဲ့ ကတိကို သေချာပေါက် ထိန်းရမှာ ဖြစ်ပြီးတော့ လာမဲ့နှစ်ပေါင်းတစ်ရာ အတွင်းမှာ ဘယ်စစ်သားမှ ထွက်တိုက်ရမှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း မဖြစ်နိုင်ဘူးဆိုတဲ့ အရာဆိုတာ မရှိနိုင်ပေမဲ့ ပေးထားတဲ့ ကတိကို ထိန်းတာက တခြားအရာတွေထက် ပိုပြီးတော့ ကြီးမားပါတယ်။

ဒါက လုံးဝကို ထင်မှတ်မထားတဲ့ အခြေအနေ တစ်ခုမှာ မျှော်လင့်မထားတဲ့ ကယ်ဆယ်မှု တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟာန်က သေချာပေါက် အနိုင်ယူနိုင်မှာ မဟုတ်ပေမဲ့ သူမရှုံးသေးသရွေ့ ဒီပြိုင်ပွဲက သရေကျပါလိမ့်မယ်။ ပြီးတော့

Edit with WPS Office

လောင်းကြေးတစ်ခုလုံးကလည်း သရေပွဲ ဖြစ်သွားပါလိမ့်မယ်။
ဒါဆိုရင် သူတို့တွေက နှစ်ပေါင်းတစ်ရာ အတွင်းမှာ
ဘယ်စစ်သားကိုမှ မလှုပ်ရှားရဘူးဆိုတဲ့ ကတိကို ထိန်းစရာ
လိုလိမ့်မှာ မဟုတ်ပါဘူး။

မာထို့ပေါင်တောင်မှ ခေါင်းကို အသာအယာ ညိတ်လိုက်ပါတယ်။
လင်းဟန်က အသိအမှတ် ပြုစရာ ကောင်းလောက်တယ် ဆိုတာကို
သူသိပေမဲ့ ဒီလောက်ထိ အသိအမှတ်ပြုဖို့ ကောင်းလိမ့်မယ်လို့
လုံးဝကို ထင်မှတ်မထားမိခဲ့ပါဘူး။

သူတို့နဲ့ ဆန့်ကျင်ဘက်ဆိုသလို
ဂိုဏ်းကြီးငါးဂိုဏ်းဘက်ခြမ်းမှာတော့ တစ်ယောက်ပြီးတစ်ယောက်
အားလုံးရဲ့ မျက်နှာတွေက မည်းမှောင်လို့ လာခဲ့ပါတယ်။

အစပိုင်းမှာ သူတို့တွေက အားနည်းချင်ယောင် ဆောင်ပြီးတော့
လောင်းကြေးကို သဘောတူလာဖို့ မာထို့ပေါင်ကို
လှည့်စားခဲ့ပါတယ်။ ဒါကိုကြည့်ပြီး မကြာခင်မှာ
အောင်မြင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီလိုမျိုး လူထူးလူဆန်း

Edit with WPS Office

တစ်ယောက်က ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူကများ ထင်မှတ်ထား မိခဲ့ကြမှာလဲ။

တိုက်ပွဲကိုးခုက အဆုံးသတ်မှာ သရေကျသွားပါတယ်။ မာထို့ပေါင်က သဘောတူထားသလို တိုက်ပွဲထဲ သူကိုယ်တိုင် မဝင်ပဲ နေလိမ့်မှာလား။

သေစမ်းကွာ။ ဒီသောက်ကျိုးနည်း ကောင်စုတ်။

ဂိုဏ်းကြီးငါးဂိုဏ်းလုံး လင်းဟာန်ကို မုန်းတီးသွားခဲ့ ကြပါတယ်။ တကယ်လို့ ဒီတိုက်ပွဲသာ တကယ်ပဲ သရေပွဲနဲ့ အဆုံးသတ်သွားခဲ့မယ်ဆိုရင် လင်းဟာန်က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ရန်သူတွေ ဖြစ်သွားပါလိမ့်မယ်။ နောက်ပြီးတော့ ဒီကလေးရဲ့ ကျင့်ကြံခြင်းက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် တကယ်လို့ သူသာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်သွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ ဒီကမ္ဘာကြီးထဲမှာ သူ့ကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့လူ ရှိပါဦးမလား။

Edit with WPS Office

ပူဂေါင်ယွမ်က ရှုးသွပ်လုမတတ် ဖြစ်သွားပါတယ်။ သူက ကိုယ့်ကိုကိုယ် အထင်ကြီးထားတဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ နတ်ဘုရားဘုံရဲ့ ပါရမီရှင် တစ်ယောက်က အောက်ဘုံက လူတွေကို အထင်သေးတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒီတစ်ကြိမ် ဂိုဏ်းကြီးငါးဂိုဏ်းက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ငါးယောက်ကို တိုက်ပွဲအခြေအနေကို လှန်ပစ်ဖို့အတွက် တန်ဖိုးကြီးကြီးမားမား တစ်ခုကို ပေးဆပ်ပြီးတော့မှ စေလွှတ်ခဲ့ရပါတယ်။

ဒါပေမဲ့ အခုတော့ နတ်အသွင် ပြောင်းလဲခြင်းအဆင့် စစ်သည်တော် တစ်ယောက်က သူ့ကို တားဆီးနေခဲ့ပါတယ်။ တကယ်လို့ ဒီသတင်းသာ နတ်ဘုရားဘုံမှာ ပျံ့နှံ့သွားမယ်ဆိုရင် နောက်ပိုင်းကျရင် တခြားလူတွေကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမှာလဲ။

သူက ရတနာဓားကို ဝှေ့ယမ်းပြီးတော့ လင်းဟန်ကို ဆက်ပြီးခုတ်လိုက်ပါတယ်။ သူ့စိတ်ထဲမှာ လင်းဟန်ကို အစိတ်စိတ်

Edit with WPS Office

အပိုင်းပိုင်း ဖြစ်အောင်လို့ ချေမှုန်းပစ်မယ်ဆိုပြီး ကျိန်ဆိုလိုက်ပါတယ်။

အချည်းနှီးပါပဲ၊

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ စိန်အဆင့် ခန္ဓာကိုယ်တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် သူလည်း ဒဏ်ရာရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်က လူတွေကို ပြောစရာစကား ကင်းမဲ့သွားစေပါတယ်။ လင်းဟန်ရဲ့ သေကွင်းသေကွက် နေရာကို တစ်ချက်တည်းနဲ့ ဖျက်ဆီးပစ်ဖို့ စွမ်းရည်မရှိသရွေ့က သူက အခုလိုမျိုး ဘယ်တော့မှ မရှုံးနိမ့်ပဲ တိုက်ခိုက်နေပါဦးမယ်။

ပုဂေါင်ယွမ်က သူ့ခွန်အား အကုန်လုံးကို အသုံးပြုခဲ့ပါတယ်။ သူက ဓားနှလုံးသားကို ရရှိထားခဲ့ ပေမဲ့လည်း ဓားနှလုံးသား အလင်းရောင် အဆင့်ကို မရောက်သေးပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ စိတ်ဂိညာဉ်ကို ဓားနှလုံးသားနဲ့ ဖျက်ဆီးဖို့ လုပ်ဆောင်တဲ့ အခါမှာ လင်းဟန်က သူ့ထက် အားနည်းမနေခဲ့ပါဘူး။

Edit with WPS Office

သူလည်း ဓားနှလုံးသား အဆင့်ကို ရောက်နေပြီး
မကြာခင်မှာတောင် အရမ်းကို ကျွမ်းကျင်တဲ့ အဆင့်ကို
ရောက်လာပါလိမ့်မယ်။

သူတို့နှစ်ယောက် ပြင်းပြင်းထန်ထန် တိုက်ခိုက် နေကြပါတယ်။

တစ်ရက်အချိန် ကုန်လွန်သွားခဲ့ပါတယ်။ နှစ်ရက်။ သုံးရက်အချိန်
ကုန်သွားပါပြီ။

လင်းဟန်က မရေမတွက်နိုင်အောင် အကြိမ်ပေါင်းများစွာ
ဒဏ်ရာရခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဒဏ်ရာတွေကို တကယ်တမ်းဆို
တွေ့မြင်နိုင်ခြင်း မရှိပါဘူး။ ပြောင်းလဲသွားတဲ့ တစ်ခုတည်းသော
အရာက သူ့အဝတ်အစား အစုံလိုက် လဲလှယ်ဝတ်ဆင်ခဲ့ရတာပဲ
ဖြစ်ပါတယ်။ ဒါတော့ မတတ်နိုင်ပါဘူး။ ဖျက်ဆီးလို့ မရတဲ့
ကောင်းကင်မှော်စာလိပ်က သူ့အဝတ်အစားတွေကို
ပြန်လည်ကောင်းမွန်လာအောင် မတတ်နိုင်ပါဘူး။ ဒါကြောင့်

Edit with WPS Office

အဂတ်အစားတွေ စုတ်ပြတ်သတ်တဲ့ အချိန်ရောက်ရင် အဂတ်အစားအသစ် တစ်စုံ လဲလှယ်ဂတ်ဆင်ဖို့ပဲ တတ်နိုင်ပါတယ်။

"အချိန်အကန့်အသတ် မရှိဘူးဆိုရင် အဆုံးမရှိ တိုက်ခိုက်လို့ မရနိုင်ဘူး"

မာထို့ပေါင်က ပြောလိုက်ပါတယ်။

"လုံလောက်ပြီ။ ဒီတိုက်ပွဲက သရေပွဲအဖြစ် အဆုံးသတ်မယ်"

"ဒါက ဘယ်လိုလုပ်ပြီးတော့ သရေပွဲ ဖြစ်နိုင်မှာလဲ"

ဂိုဏ်းကြီးငါးဂိုဏ်းက ဒါကို ဂန်ခံဖို့ ဆန္ဒမရှိဘူးဆိုတာ ပေါ်လွင်ပါတယ်။ တစ်ယောက်ပြီး တစ်ယောက် ပြောလိုက်ပါတယ်။

"ပူဂေါင်ယွမ်က လုံးဂကို အသားစီး ရနေတယ်ဆိုတာ ရှင်းနေတာပဲ"

Edit with WPS Office

"အသာစီးရတာနဲ့ အနိုင်ရတာက တူလို့လား"

လစန္ဒာဘုရင်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

"ဒါဆိုရင် လင်းဟန်က နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် ပြိုင်ဘက်တစ်ယောက်ကို သုံးရက်တိုင်တိုင် တိုက်ခိုက်နိုင်ခဲ့တယ်။ ဒီဘုရင်က လင်းဟန် အနိုင်ရတယ်လို့ ပြောနိုင်တယ်"

မာထို့ပေါင်က အရှေ့ကို ခြေလှမ်းအနည်းငယ် လျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောရာဇ်က ဒီပြိုင်ပွဲကို သရေလို့ ပြောမယ်။ ဘယ်သူ ဘာပြောချင်သေးလဲ"

Edit with WPS Office

"ငါ့မှာရှိတယ်"

ဂိုဏ်းကြီးငါးဂိုဏ်းက လူတစ်ယောက် ခုန်ထွက်လာခဲ့ပါတယ်။ သူက စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အလှဲ့သုံးမှာပဲ ရှိပါတယ်။

မာထို့ပေါင်က သူ့ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ သူ့ညာဘက်လက်ကို ဝှေ့ယမ်းလိုက် ပါတယ်။ အဆုံးမရှိ သတ်ဖြတ်ခြင်း ဆန္ဒတွေ ပိုင်းရုံသွားပြီး အဲဒီစကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကို အလင်းရောင် ဘောလုံးတစ်လုံးက ဖြတ်သွားပြီး ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း ပြတ်ထွက်ပြီးတော့ သွေးတွေစီးကျလာကာ တောင်တွေကို တုန်ခါသွားစေခဲ့ပါတယ်။

စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်က အမှန်တကယ်ပဲ နောက်တစ်ကြိမ် မရပ်နိုင်ပဲ သူ့ရဲ့တည်ရှိမှုက လျှင်မြန်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

Edit with WPS Office

သူသေသွားခဲ့ပါတယ်။

တိုက်ခိုက်မှု တစ်ခုတည်းနဲ့ စကြာဂဠုဉ် ဖျက်ဆီးခြင်းအဆင့် အလွှာသုံးရှိတဲ့ လက်ရွေးစင် တစ်ယောက်က အသတ်ခံလိုက်ရပါတယ်။ ပြီးတော့ ဒီလိုမျိုး ပေးကွာတဲ့ အကွာအဝေး တစ်ခု ခွဲထားတာတောင် မာထို့ပေါင် လုပ်သွားတာက သူ့အိပ်ကပ်ထဲက ပစ္စည်းတစ်ခုခုကို ဆွဲထုတ်လိုက် သလိုမျိုး လွယ်လွယ်ကူကူနဲ့ လုပ်ပြနိုင်ပါတယ်။

ဒါက ခရမ်းရောင်လ အင်ပါယာရဲ့ နံပါတ်တစ် ကျွမ်းကျင်သူရဲ့ အစွမ်းဖြစ်ပါတယ်။

မာထို့ပေါင်က နောက်ထပ် တစ်ချက်တောင် ပေ့မကြည့်ပဲ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

“ဘယ်သူ ဘာပြောချင်သေးလဲ”

Edit with WPS Office

ဂိုဏ်းကြီးငါးဂိုဏ်းဘက်က ဘာအသံမှ ထွက်ပေါ်မလာခဲ့ပါဘူး။ အစွမ်းထက်ပါတယ်ဆိုတဲ့ ကျိုးချီဖန်းနဲ့ ကျန်တဲ့သုံးယောက်တောင်မှ မာထို့ပေါင်ကို ထိပ်တိုက်ရင်ဆိုင်ပြီး မခုခံပုံ့ပါဘူး။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးလား"

"အသေအချာပဲ"

"လူသားတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ အောင်မြင်မှု ရနိုင်တာလဲ။ သူတော်စင်တွေရဲ့ မျိုးရိုးက ဆင်းသက်လာတဲ့ နတ်ဘုရားသားရဲတွေတောင် အနည်းစုပဲ ဒီလိုမျိုး အမြင့်ကို ရောက်နိုင်တယ်"

"သေစမ်း။ တကယ်လို့ နတ်ဘုရားဘုံမှာဆိုရင် ဂိုဏ်းက သူ့ကို သတ်ပစ်ဖို့ တစ်ယောက်ယောက် စေလွှတ်ပေးနိုင်လိမ့်မယ်"

Edit with WPS Office

ကျိုးချီဖန်းနဲ့ တခြားသုံးယောက်က အသံတိုးတိုးနဲ့ ဆက်သွယ်ပြောဆို နေကြပါတယ်။ သူတို့တွေ ငါးယောက်ပူးပေါင်းပြီးတော့ မာထို့ပေါင်ကို တားဆီးဖို့ စဉ်းစားလိုက်ပါတယ်။ တကယ်လို့ သူတို့တွေ တားနိုင်ခဲ့ရင်တောင် ဘယ်သူက ဘုရင်ရှစ်ပါးကို ဟန့်တားမှာလဲ။

"ပူဂေါင်ယွမ် ဒီပုဆိန်ကို ယူလိုက်"

အဘိုးကြီးတစ်ယောက်က ပုဆိန်တစ်လက်ကို ပူဂေါင်ယွမ်ဆီကို ပစ်ပေးလိုက်ပါတယ်။

တောင်နဲ့မြစ် ပုဆိန်။

တုပထားတဲ့ ပုဆိန်တစ်လက် မဟုတ်ပဲ အစစ်အမှန် တောင်နဲ့ မြစ် ပုဆိန် ဖြစ်ပြီးတော့ ပုဆိန်ရဲ့ မျက်နှာပြင်ကို ဘုံစွမ်းအားနဲ့ ဖန်တီးထားပါတယ်။

Edit with WPS Office

ဒီပုဆိန်နဲ့ ခုတ်ချလိုက်မယ်ဆိုရင် အဆင့်တစ်ဆယ် ရှားပါးသတ္တုကိုတောင် တန်းပြီးတော့ နှစ်ခြမ်းပြတ်သွား စေလိမ့်မယ် မဟုတ်လား။

Chapter 833 end

Zaw.အပိုင်း(834) ရျာန်ဂင်စားခြင်း အဆင့်ကို ဂင်ရောက်ခြင်း

တောင်နဲ့မြစ် ပုဆိန်။ ဘုံတစ်ခုရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားနဲ့ ဖန်တီးထားပြီး အဲဒီပုဆိန်မှာ ဘယ်လောက်တောင် အံ့အားသင့်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းရည်တွေ ရှိနေလိမ့်မလဲ။

ပူဂေါင်ယွမ်က တောင်နဲ့မြစ် ပုဆိန်ကို ဆုပ်ကိုင်ပြီးတော့ ချက်ချင်းပဲ ကျယ်လောင်စွာ ရယ်မောလိုက် ပါတယ်။ ဒီပစ္စည်း၊ တန်ခိုးရှင်ဘုံမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲမှာ ပြိုင်ဘက်ကင်းလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ နတ်ဘုရား ပစ္စည်းတစ်ခုလို့တော့ သတ်မှတ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ဒီအောက်ဘုံမှာတော့ အစွမ်းထက်ဆုံး စိတ်ဂိညာဉ် ပစ္စည်းဆိုတာ သေချာပါတယ်။ ပြီးတော့ ဒီပုဆိန်ကို ယှဉ်နိုင်မဲ့ တခြားပစ္စည်း ရှိနိုင်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ဒီပုဆိန်နဲ့ဆို လင်းဟန်က ဘယ်လိုလုပ်ပြီး
အသက်ရှင်နိုင်တော့မှာလဲ။

"ဟိုးဟိုးဟိုး အရမ်းကို အရှက်ကင်းမဲ့နေတာပဲ့ါလား"

မာထို့ပေါင်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက
လက်ညှိုးတစ်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်ပြီး လင်းဟန်နဲ့
ပူဂေါင်ယွမ် အကြားမှာ အမှတ်အသားတစ်ခု ပေါ်လာခဲ့ပါတယ်။
ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခုက
ထိုးတက်လာပြီး ပူဂေါင်ယွမ်ရဲ့ ခွန်အားနဲ့တောင် သူက
ခြေတစ်လှမ်း ဖြတ်မကူးပံ့ပါဘူး။

"အရှင်မင်းကြီး။ ဒါက ဘာကို ဆိုလိုတာလဲ။ ငါတို့ရဲ့
လောင်းကြေးကို ဖျက်ဆီးပစ်ချင်တဲ့ သဘောလား"

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတွေက မေးလိုက်ပါတယ်။ သူတို့ကို

Edit with WPS Office

ကြည့်ရတာ ယဉ်ကျေးတဲ့ ပုံစံနဲ့ မာထို့ပေါင်ကို သူတို့ရဲ့
စကားလုံးတွေနဲ့အတူ ထောင်ချောက်ဆင်လိုက်တဲ့ သဘောပါပဲ။

မာထို့ပေါင်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့က တောင်နဲ့မြစ် ပုဆိန်ကိုတောင် ထုတ်သုံးလာပြီဆိုတော့
ငါကလည်း ခြေစောင့် လက်စောင့် ထားမနေတော့ဘူးလေ"

သူက ခဏရပ်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"လင်းဟန် အဲဒီဓားကို ငါ့ဆီကို ပေး"

အဲဒီဓား ဟုတ်လား။

လင်းဟန်က ချက်ချင်းပဲ ဘာကိုဆိုလိုတယ် ဆိုတာကို သတိပြုမိ
သွားခဲ့ပါတယ်။ အဲဒါက မရဏဓား ဖြစ်ပြီးတော့

Edit with WPS Office

မာထိုပေါင်ရဲ့လက်နဲ့ ကိုယ်တိုင်ကိုယ်ကျ သွန်းလုပ်ခဲ့တဲ့ ပစ္စည်း ဖြစ်ပါတယ်။ နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ သူက မရဏာဓားကို အနက်ရောင် မျှော်စင်ထဲကနေ ဆင့်ခေါ်ပြီးတော့ မာထိုပေါင်ဆီကို ပစ်ပေးလိုက်ပါတယ်။

အစောတုန်းက သူ့အနေနဲ့ ဒီဓားကို အသုံးပြုဖို့ စိတ်ကူးမရှိပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ရှစ်လုံး တိုက်ပွဲစွမ်းရည်ရဲ့ အရှေ့မှာ တကယ်လို့ မရဏာဓားက လုံးဝကို ရှင်သန်လာခဲ့မယ် ဆိုရင်တောင် အများကြီး အသုံးဝင်မှာ မဟုတ်ပါဘူး။

မာထိုပေါင်က ဓားကို လက်ခံပြီးတော့ အသာအယာလေး ခေါက်လိုက်ပါတယ်။ ဓားပေါ်က သင်္ကေတတွေက ချက်ချင်းဆိုသလို တောက်ပလင်းလက် လာခဲ့ပါတယ်။ မရဏာဓားက လုံးဝကို အသက်ဝင်လာတဲ့အပြင် ပိုပြီးတော့တောင် သန်မာလာခဲ့ပါတယ်။ သူက တဟားဟားနဲ့ ရယ်မောပြီးတော့ မရဏာဓားကို လင်းဟန်ဆီ ပြန်ပစ်ပေးလိုက်ပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။

Edit with WPS Office

လင်းဟန်က မရဏာဓားကို ဆုပ်ကိုင်လိုက်ပြီး သူ့နှလုံးသားထဲမှာ မလှုပ်မိမိုးနိုင်တဲ့ ခံစားချက် တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ တန်ခိုးရှင်တွေ ဆင်းလာရင်တောင် သူက သူတို့ကို သတ်ပစ်နိုင်လိမ့်မယ်လို့ ခံစားနေရပါတယ်။

မာထို့ပေါင်က လက်နဲ့ နောက်တစ်ချက် ဖျော့ယမ်းလိုက်တဲ့ အခါမှာ မြေပြင်ပေါ်က အမှတ်အသားက ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပြီး သတ်ဖြတ်ခြင်း ဆန္ဒကလည်း ထပ်ပြီးတော့ မရှိတော့ပါဘူး။

မာထို့ပေါင်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ လင်းဟန်က ဓားတစ်လက်ကို ကိုင်လိုက်ရုံနဲ့ သူ့ကို ရင်ဆိုင်ရပ်တည်နိုင်စွမ်း ရှိလိမ့်မယ်လို့ ထင်နေတာလား။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က လင်းဟန်ထက် သာလွန်ပြီး အဆပေါင်းဘယ်လောက် သာလဲဆိုတာကို ဘယ်သူသိမှာလဲ။ ပြီးတော့ တောင်နဲ့မြစ် ပုဆိန်ကိုပါ ဒီညီမျှခြင်းထဲ ပေါင်းထည့်လိုက်တော့ လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို နှစ်ပိုင်းဖြတ်ဖို့ဆိုတာ သူ့အတွက်တော့ သေချာပေါက်

Edit with WPS Office

မခက်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

သူက နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ လင်းဟန်ကို ခုတ်လိုက်ပါတယ်။

လင်းဟန်က သူ့ဓားကို ပေ့ယမ်းလိုက်ပါတယ်။ ရှပ်။ ဓားအလင်းက ပန်းထွက်လာပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေက ဆူပွက်လာခဲ့ပါတယ်။

ဒီတိုက်ခိုက်မှုက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ ပူဂေါင်ယွမ်မှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ လင်းဟန်မှာရှိတဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေ မရှိပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒီတိုက်ခိုက်မှုကို သူက ထိပ်တိုက် ရင်ဆိုင်ရဲမှာလဲ။ သူက အလျင်အမြန်ပဲ တောင်နဲ့မြစ် ပုဆိန်နဲ့ ခုတ်ထုတ်လိုက်ပါတယ်။ ထန်။ ကျယ်လောင်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေက စီးမျောလို့ နေပါတယ်။ သူက တကယ်ပဲ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ဖျက်ဆီးပစ်ဖို့ ကျရှုံးခဲ့ပါတယ်။

Edit with WPS Office

"ဘာ"

အားလုံးက အံ့ဩသွားခဲ့ကြပါတယ်။

ဒါက တောင်နဲ့မြစ် ပုဆိန် ဖြစ်ပြီးတော့ ဘုံတစ်ခုလုံးရဲ့ စွမ်းအားကနေ ဖြစ်ပေါ်လာခဲ့တာပါ။ ပူဂေါင်ယွမ်ရဲ့ ကိုယ်ပိုင်ခွန်အားကိုပါ ထည့်လိုက်ရင် သူက လင်းဟန်ရဲ့ ဓားအလင်းကို တစ်ချက်တည်းနဲ့ လှီးဖြတ်ပစ်နိုင်စွမ်း ရှိသင့်ပါတယ်။ ပြီးတော့ အခုတော့ သူကိုယ်တိုင်တောင် ကာကွယ်နိုင်စွမ်း မရှိပါဘူး။

ကွာဟချက်က တကယ်ပဲ အရမ်းအရမ်းကို ကြီးမားလွန်းပါတယ်။

ဟုတ်ပါတယ်။ ပူဂေါင်ယွမ်ရဲ့ တန်ပြန်မှုက အမှန်တကယ်ပဲ တားဆီးခံလိုက်ရပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

Edit with WPS Office

"ဒါက ဘယ်လိုဓား အမျိုးအစားလဲ။ တကယ်ပဲ တောင်နဲ့မြစ် ပုဆိန်ကို ယှဉ်နိုင်တယ်ပေါ့"

"ပုဂေါင်ယွမ်မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ရှိတယ်။ တောင်နဲ့မြစ် ပုဆိန်ကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးထိ ထိုးတက်သွားလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကို ဓားတစ်လက်နဲ့ ဟန့်တားလိုက်နိုင်တယ်။ ဒါက အရမ်းကို လွန်လွန်းသွားပြီ"

ဘုရင်ရှစ်ပါးပဲ ဂုဏ်ယူပင့်ကြွားတဲ့ အမူအရာတွေ ရှိနေပါတယ်။ ဒီဓားက သူတို့ခေါင်းဆောင် လုပ်ထားတာ ဖြစ်ပါတယ်။ ဒီတစ်ခုက အရမ်းကို သန်မာပြီးတော့ သူက ဖိနှိပ်နိုင်တာက သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။

"ငါမယုံဘူး"

Edit with WPS Office

ပုဂေါင်ယွမ်ရဲ့ ခေါင်းက ဆံပင်တွေက ထောင်လာခဲ့ပါတယ်။ သူက အံကိုကြိတ်လိုက်ပါတယ်။ သူက တန်ခိုးရှင်ဘုံရဲ့ ဂုဏ်ယူရတဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ လင်းဟာန်ထက် အဆင့်ကြီး နှစ်ဆင့်တောင် သာပါတယ်။ နောက်ပြီးတော့ သူက တောင်နဲ့မြစ် ပုဆိန်လိုမျိုး အစွမ်းထက်ဆုံး လက်နက်ကို ကိုင်ဆောင်ထားပါတယ်။ ဒါကို သူက နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို ရင်ဆိုင်လို့ မရနိုင်ဘူးလား။

လင်းဟာန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ အမှန်တကယ်တော့ မရဏာဓားက သူ့ဘာသာ အသက်ဝင်နေခဲ့တာပါ။ ပြီးတော့ သူက ဓားကို ဟန်ပြအနေနဲ့ လျှောက်ယမ်းနေရုံပါပဲ။ အမှန်တော့ မရဏာဓားက သူ့ကို ပျော့ယမ်းဖို့ အမိန့်ပေးတယ်လို့ ပြောလို့ရနိုင်ပြီး သူက မရဏာဓားကို အသုံးပြုနေတာ မဟုတ်ပါဘူး။

မာထိုပေါင်က လှည့်ကွက်တချို့ကို ပြုလုပ်ပြီးတဲ့နောက်မှာ ဒီဓားက အသက်ဝင်လာရုံတင်မက အရင်ကထက် ဆယ်ဆလောက်

Edit with WPS Office

ပိုပြီးတော့ သန့်မာလာခဲ့ပါတယ်။

တိုက်နေရုံပဲ လိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက လှုပ်ရှားမှု လုပ်လိုက်ရုံ ဖြစ်ပြီးတော့ စစ်မှန်တဲ့ စွမ်းအားကို ထုတ်ဖော်စရာမလိုပါဘူး။ ဒါကြောင့် တိုက်ပွဲအချိန် ဘယ်လောက်ပဲ ကြာကြာ အဆင်ပြေပါတယ်။

"ဟားဟားဟား ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်သလဲ။ တကယ်လို့ ငါတို့လည်း ပါဝင်ပူးပေါင်းမယ်ဆိုရင် စိတ်မဆိုးလောက်ပါဘူး။ ဟုတ်တယ်မလား"

တောင်ခြေကနေ နောက်ထပ် လူတစ်အုပ် လမ်းလျှောက်လာခဲ့ပြီး တစ်ယောက်ချင်းစီတိုင်း ကြည့်ရတာ မယုံနိုင်စရာ ကောင်းလောက်အောင် ထူးဆန်းနေပါတယ်။

အဲဒါက သူတို့မှာ ထူးဆန်းတဲ့ ရုပ်ရည်သွင်ပြင် ရှိတာကြောင့်

Edit with WPS Office

မဟုတ်ပါဘူး။ သူတို့တွေ ထုတ်လွှတ်တဲ့ အရှိန်အဟုန်က အရမ်းကို ထူးဆန်းနေပါတယ်။ သူတို့တစ်ယောက်ချင်းစီတိုင်းက သချိုင်းဂူ တစ်ခုကနေ တက်လာသလိုမျိုး ခံစားရပြီး ထူးထူးဆန်းဆန်း အထိတ်တလန့် ခံစားချက်မျိုးကို ပေးစွမ်းနေပါတယ်။

အဲဒါက နားလည်မှုလွဲခြင်း မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အလောင်းတစ်ထောင် ဂိုဏ်းက အဖွဲ့သားတွေ ဖြစ်နေပါတယ်။

ငရဲကိုးထပ် ဘုရင်၊ အလောင်းခေါင်းဆောင်၊ အလောင်းနှစ်၊ ရှုံ့ဟွမ်ရွှမ်လည်း ပါပါတယ်။

ဒီကောင်က ဘာဖြစ်လို့ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ အတူတူ ဖြစ်နေတာလဲ။

မာထို့ပေါင်ရဲ့ မျက်လုံးတွေက သူတို့ကို ဖေ့ကြည့်လိုက်ပါတယ်။ သူက မေးလိုက်တယ်။

Edit with WPS Office

"အလောင်းတစ်ထောင်ဂိုဏ်းကလည်း
မြန်မြန်သေချင်နေတယ်နဲ့တူတယ်"

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ သွင်ပြင်က အေးအေးဆေးဆေးပါပဲ။ သူတို့တွေက အေးအေးဆေးဆေး လျှောက်သွားကြည့်နေတာ ဖြစ်နိုင်ပါ့မလား။ တစ်ခုခုများ ပျောက်သွားလို့လား။ အဲဒါက မဖြစ်နိုင်ပါဘူး။ သူတို့က ဒီနေရာကို တမင်သက်သက် လာခဲ့တာ ဖြစ်ပါတယ်။ စဉ်းစားကြည့်ပါ။ သူတို့က စိတ်လှုပ်ရှားမှုကြောင့် ဒီနေရာကို လာကြည့်တာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

အလောင်းတစ်ထောင်ဂိုဏ်းက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့ထားတာလား။

ငရဲကိုးထပ် ဘုရင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

Edit with WPS Office

"အရှင်မင်းကြီး ဒီကမ္ဘာကြီးထဲမှာ မင်းကို ဘယ်သူကမှ မယှဉ်ပြိုင်နိုင်ဘူးလို့ တကယ်ပဲ ထင်နေတာလား"

"အမှန်ပဲလေ"

မာထို့ပေါင်က ရိုးရိုးသားသားနဲ့ ခေါင်းညိတ်ပြီးတော့ သံသယတောင် မရှိပါဘူး။

"ငါက ဒီကမ္ဘာကြီးထဲမှာ နံပါတ်တစ်ပဲ။ ပြီးတော့ ဒီအချက်ကို လက်မခံတဲ့ ဘယ်သူ့ကိုမဆို ငါသတ်ပစ်ရလိမ့်မယ်။ ဒါကြောင့် မင်းက အဲဒါကို လက်ခံလား လက်မခံဘူးလား"

ဒီလေလုံးက အရမ်းကို ကြီးပါတယ်။ ဒါပေမဲ့ ငရဲကိုးထပ်ဘုရင်က ဒါကိုငြင်းဆန်ဖို့ နည်းလမ်းကို ရှာမတွေ့နိုင်ပါဘူး။ စွမ်းအားနဲ့ ပတ်သက်ရင် သူက ဓားဘုရင်နဲ့ မြွေသားရဲ ဘုရင်တို့ရဲ့ အဆင့်မှာပဲ ရှိပါတယ်။ သူက ဘုရင်ရှစ်ပါးနဲ့တောင် ယှဉ်လို့မရနိုင်ပါဘူး။ မာထို့ပေါင်နဲ့ တိုက်ကွက် ဖလှယ်ဖို့ဆိုတာ ဘယ်လိုလုပ်

Edit with WPS Office

ဖြစ်နိုင်မှာလဲ။ ဒါပေမဲ့ သူက ဒီအချိန်မှာ သူ့အဖွဲ့ရဲ့ စိတ်အားတက်ကြွမှုကို လျော့ကျသွားအောင် ဘယ်လိုလုပ်ခွင့်ပြုနိုင်မှာလဲ။

"ဟားဟား ဒီအချက်ကို ငါတကယ်ပဲ လက်မခံနိုင်ဘူး"

ငရဲကိုးထပ် ဘုရင်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး တစ်စုံတစ်ခုကို ဆင့်ခေါ်လိုက်ပါတယ်။ ရုတ်တရက် ဆိုသလို အလောင်းခေါင်းတလားတစ်ခု လျှောတိုက်ပြီး ထွက်လာခဲ့ပါတယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား။

ပုန်း။

ခေါင်းတလားရဲ့ အဖုံးက ပွင့်လာပြီး အလောင်းကောင် စစ်သားတစ်ယောက် ခုန်ထွက်လာခဲ့ ပါတယ်။ အံ့အားသင့်စရာကောင်းတဲ့ အချက်က သူ့မျက်နှာမှာ

Edit with WPS Office

မျက်လုံးအစုတစ်ခု ရှိနေပြီး ရေတွက်ကြည့်လိုက်ရင် စုစုပေါင်း ဆယ့်ရှစ်လုံး ရှိနေပါတယ်။

မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင်ဘုရင်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အလောင်းတစ်ထောင်ဂိုဏ်းက နှစ်ထောင်ပေါင်းများစွာ လျှို့ဝှက်ကြံစည်ထားခဲ့ပြီးမှ မျက်လုံးဆယ့်ငါးလုံး အလောင်းကောင် ဘုရင်တစ်ကောင်ကိုပဲ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ အခုတော့ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင်ဘုရင် တစ်ကောင် တကယ်ထွက်ပေါ်လာခဲ့တာလား။

လင်းဟန်က ရုံဟွမ်ရွှမ်ကို လှည့်ပြီးတော့ ကြည့်လိုက်မိပါတယ်။ ဒါက သေချာပေါက် အသက် သုံးချောင်း အလောင်းကောင် ခေါင်းတလားနဲ့ ပတ်သက်နေပါတယ်။ ရုံဟွမ်ရွှမ်က အလောင်းတစ်ထောင်ဂိုဏ်းနဲ့ သဘောတူညီမှုတစ်ခု လုပ်ခဲ့တာ

Edit with WPS Office

ဖြစ်နိုင်ပါတယ်။ ဒါကြောင့် သူတို့ကို အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား ပြန်ပေးခဲ့တာလား။ ရတနာသုံးမျိုး စုစည်းမှုနဲ့အတူ ပင်ကိုယ်သဘာဝ ပြောင်းလဲခြင်း အမျိုးအစား တချို့ ဆက်တိုက် ဖြစ်ပေါ်လာတာလား။

"မင်းက ဒီလိုနည်းနဲ့ ငါ့ကိုတားဖို့ ကြံစည်ထားတာလား"

မာထို့ပေါင်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်မိပါတယ်။ သူ့ရဲ့ မျက်လုံးသေးသေးလေးတွေကို မှေးပြီးတော့ ကြည့်လိုက်ပါတယ်။ သူ့ပုံစံက လုံးဝကို အနှောင့်အယှက် ဖြစ်နေပုံ မပေါ်ပါဘူး။ ဒါပေမဲ့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခု ထုတ်ဖော်လိုက်ပြီး အားလုံးကို သူတို့ရဲ့ သွေးတွေ အေးစက်စက် ဖြစ်သွားသလို ခံစားစေပါတယ်။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးနဲ့အတူ သူက သေချာပေါက် ဒီကဗ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး လူဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကများ သူ့ရဲ့အရှေ့မှာ မကြောက်မရွံ့ နေနိုင်မှာလား။

Edit with WPS Office

"ငါတို့ကို မေ့နေတာလား။ အရှင်မင်းကြီး"

ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင်တွေ အားလုံး အရှေ့ကို ထွက်လာခဲ့ ကြပါတယ်။ သူတို့မှာ စုစုပေါင်း စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး လက်ရွေးစင် ငါးယောက် ရှိပါတယ်။ ပြီးတော့ အစွမ်းထက်တဲ့ သေမင်းတမန်လက်နက်ဖြစ်တဲ့ တောင်နဲ့မြစ် ပုဆိန်လည်း ရှိပါတယ်။

"မင်းတို့အားလုံးလား"

မာထို့ပေါင်က သူ့ရဲ့ လွှမ်းမိုးနိုင်မှုကို စတင်ထုတ်ဖော်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"သိုးအုပ်လေး တစ်အုပ်ပဲ။ ဘယ်လောက်ပဲ အရေအတွက်များများ ခြင်္သေ့တစ်ကောင်ကို ဘယ်လိုလုပ်ပြီးတော့ ယှဉ်နိုင်မှာလဲ"

Edit with WPS Office

သူတို့ကို သိုးတွေနဲ့ နှိုင်းနှိုင်းလိုက်တဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ ဂိုဏ်းကြီးငါးဂိုဏ်းရော အလောင်းတစ်ထောင်ဂိုဏ်းက လူတွေရော အားလုံးပဲ ဒေါသတွေ ထွက်ကုန်ပါတယ်။ ဟုတ်ပါတယ်။ သူတို့မှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး မရှိပါဘူး။ ဒါပေမဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အများကြီးနဲ့ သူတို့က ဘယ်လိုလုပ်ပြီးတော့ သူ့ကို အုပ်စုဖွဲ့ပြီး သတ်ပစ်နိုင်စွမ်း မရှိရမှာလဲ။

"ကဲ ဒီလိုဆိုမှတော့ ငရဲကိုးထပ်ဘုရင် ငါတို့တွေ အရင်တုန်းက သဘောတူထားတဲ့ အတိုင်းပဲ လုပ်ကြတာပေါ့။ အတူတူ ပူးပေါင်းပြီး လုပ်ကြစို့"

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အကြီးအကဲ တစ်ယောက်က ပြောလိုက်ပါတယ်။

"ကောင်းပြီလေ"

Edit with WPS Office

ငရဲကိုးထပ် ဘုရင်က ပြတ်ပြတ်သားသား သဘောတူလိုက်ပြီး ရုံဟွမ်ရှမ်ကို ခေါင်းညိတ်ပြ လိုက်ပါတယ်။ ရုံဟွမ်ရှမ်က ကြေးနီခေါင်းတလားတစ်ခုကို ဆင့်ခေါ်လိုက်ပြီး နောက်ထပ် မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင်ဘုရင် တစ်ယောက် ခုန်ထွက်လာခဲ့ပါတယ်။

အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားမှာ ခေါင်းတလား သုံးခု ပါဝင်ပြီး အခုဆို တစ်ခုက ငရဲကိုးထပ် ဘုရင်ရဲ့ လက်ထဲမှာ ရှိပါတယ်။ ကျန်တဲ့ နှစ်ခုကတော့ ရုံဟွမ်ရှမ်ရဲ့ လက်ထဲမှာပဲ ရှိနေပါသေးတယ်။ ကျေးဇူးတင်ရမှာက သူတို့ဆီမှာ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင်ဘုရင် နှစ်ယောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေဆဲပါပဲ။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ မဟာလက်ရွေးစင် ခုနစ်ယောက်က ပူးပေါင်းပြီးတော့ မာထို့ပေါင်ကို ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

Edit with WPS Office

Chapter 834 end

Zaw.အပိုင်း(835) နောက်ဆုံးတိုက်ပွဲ

မာထို့ပေါင်က သူတို့ကို တကယ်တမ်းတော့ လုံးဝကို ဂရုမစိုက်ပဲ ပြောလိုက်တယ်။

"မင်းတို့အားလုံး တက်လာခဲ့"

"မင်းမပြောလည်း ဒါက ငါတို့ရဲ့ သဘောထားပဲ"

တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင်တွေ ဖြစ်ကြတဲ့ ကျိုးချီဖန်း၊ ပူဝေါင်ယွမ်နဲ့ ကျန်တဲ့သုံးယောက်ရယ် မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်နှစ်ယောက်ရယ် ဒီအုပ်စုရဲ့ ထိတ်လန့်စရာ ကောင်းမှုကြောင့် အားလုံးကို တုန်လှုပ်ခြောက်ချားအောင် လုပ်နိုင်ပါတယ်။

"ဟိုးဟိုး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

Edit with WPS Office

ကြယ်နစ်ဆယ်လုံးပဲ။ တန်ခိုးရှင် ဘုံမှာတောင် အဲဒါက မယုံနိုင်စရာကောင်းလောက်အောင် ရှားပါးတယ်။ ငါဒါကို တစ်ချက်လောက် တကယ်ပဲ ကြည့်ချင်လာမိတယ်"

"အရမ်းဆိုးတယ်။ တကယ်လို့ မင်းမှာ တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံး ရှိတော့ရော ဘာဖြစ်လဲ။ တန်ခိုးရှင် အဆင့်နဲ့ အရမ်းကို ကြီးမားတဲ့ ကွာဟချက် တစ်ခု ရှိနေသေးတာပဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံးနဲ့ ကြယ်ဆယ်လုံး အကြားက အရမ်းကြီး မကြီးမားဘူး။ ဒါကြောင့် အဲဒီအကန့်အသတ်ကို ရောက်သွားရင်တောင် ကိစ္စမရှိဘူး"

"ဒီနေ့က စပြီးတော့ ခရမ်းရောင်လ အင်ပါယာဆိုတာ မရှိတော့ဘူး"

ကျိုးချီဖန်းနဲ့ တခြားသူတွေက အေးစက်စက်နဲ့ သရော်လှောင်ပြောင်ပြီး သူတို့ရဲ့ စကားလုံးတွေ အထဲမှာ အထင်သေးမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ တန်ခိုးရှင်အဆင့်မှာ အဆင့်တိုင်းရဲ့ အကြားက ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် အဲဒီအဆင့်အောက်က ကျင့်ကြံခြင်း အဆင့်တိုင်းမှာ ပြီးပြည့်စုံအောင် ကျင့်ကြံအားထုတ်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တခြားသူတွေထက် သန်မာတဲ့ ပါရမီရှင်တွေကို ကြယ်တစ်လုံး ပါရမီရှင်၊ ကြယ်နှစ်လုံး ပါရမီရှင်လို့ ဘာဖြစ်လို့ ခေါ်နေကြဦးမှာလဲ။

ကျိုးချီဖန်းနဲ့ တခြားသူတွေက ဒီလိုမျိုး ပြောတယ်ဆိုတာက သူတို့အနေနဲ့ ကြယ်နှစ်ဆယ်လုံးရဲ့ အမြင့်အဆင့်ကို ထိတွေ့နိုင်ခြင်း မရှိတာကြောင့် ဖြစ်ပါတယ်။

တန်ခိုးရှင်ဘုံမှာရှိတဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက ဘယ်သူ့ကိုမဆို စေလွှတ်လိုက်ရင် တကယ်လို့ သူတို့တွေဟာ ဒီဘုံရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကြောင့် ဖိနှိပ်ထိန်းချုပ်မှုကို မခံရဘူးဆိုရင် အောက်ဘုံမှာရှိတဲ့ အရာအားလုံးကို ရှင်းထုတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက တန်ခိုးရှင်ဘုံထဲမှာ

Edit with WPS Office

သူတို့ကိုယ်တိုင်တောင် ထိပ်တန်းအဆင့် အဖွဲ့အစည်း အမျိုးအစား ဖြစ်ချင်မှ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူတို့တွေ ပြုစုပျိုးထောင်ပေးတဲ့ လူငယ်မျိုးဆက်က ကျင့်ကြံခြင်း အဆင့်တိုင်းမှာ သူတို့ရဲ့ ကျင့်ကြံမှုက ပြီးပြည့်စုံမှု ရှိချင်မှ ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်မှာ ကြယ်ဆယ့်ရှစ်လုံးကို ရောက်ရှိနိုင်စွမ်း ရှိတာက သူတို့ကိုယ်တိုင် အရမ်းကို ထူးချွန်ထက်မြက်နေတာကြောင့် ဖြစ်ပါတယ်။ အနည်းဆုံးတော့ အောက်ဘုံမှာ မာထို့ပေါင်နဲ့ ဟော့လျန်ထန်းယွင်လိုမျိုး လူထူးလူဆန်းနှစ်ယောက် ထွက်ပေါ်လာဖို့ အတွက်က နှစ်ပေါင်းဘယ်လောက်တောင် ကြာမလဲဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

မာထို့ပေါင်က ဂရုမစိုက်ပဲ လက်တစ်ဖက်ကို မြှောက်ပြီးတော့ လက်ရွေးစင် ခုနစ်ယောက်ဆီကို တိုက်ခိုက်မှုတစ်ခု ထုတ်ဖော်လိုက်ပါတယ်။

Edit with WPS Office

"ယား"

ပါရမီရှင် ငါးယောက်စလုံးက သူတို့ရဲ့ ကိုယ်ပိုင်တိုက်ကွက်တွေကို ထုတ်ဖော်လိုက်ပါတယ်။ ပူဂေါင်ယွမ်က တောင်နဲ့မြစ် ပုဆိန်ကိုတောင် ဖွေ့ယမ်းလိုက်ပါတယ်။ ပုဆိန်ဖြတ်သွားလိုက်တာနဲ့ လေဟာနယ်က စုတ်ပြဲပြီး ပွင့်လာခဲ့ပါတယ်။ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်တွေက မာထို့ပေါင်ရဲ့ ခွန်အားကို ကြောက်ရွံ့ခြင်းမရှိ သူ့ဆီကို တန်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

ထန် ထန်။

အလောင်းကောင် ဘုရင်နှစ်ယောက်စလုံး ချက်ချင်းပဲ အနောက်ကို လွင့်ထွက်သွား ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဝင်ဆောင့်မိတာနဲ့အတူ မာထို့ပေါင်ရဲ့ တိုက်ခိုက်မှုကလည်း ပျောက်ကွယ်သွားတယ်လို့ သတ်မှတ်လို့ ရပါတယ်။ ပြီးတော့ ကျိုးချီဖန်းနဲ့ တခြားသူတွေက အဲဒါကို လွယ်လွယ်နဲ့ ခတ်ထုတ်ပစ်လိုက်နိုင်ပါတယ်။

Edit with WPS Office

ဒါကိုကြည့်ရင်ပဲ မာထို့ပေါင်က ဘယ်လောက်တောင်
အစွမ်းထက်သလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိရပါတယ်။
သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုက စကြာဂဋ္ဌာ
ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့
လက်ရွေးစင် ခုနစ်ယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုကို
ယှဉ်ပြိုင်နိုင်ပါတယ်။

ထန် ထန် ဘုန်း ဘုန်း။

သူတို့တွေက မကြာခင်မှာပဲ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို
လုံးထွေးသတ်ပုတ် နေကြပါတယ်။ နှစ်ဖက်စလုံးက အဆုံးစွန်
တိုက်ကွက်တွေကို သေချာပေါက် အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။
သူတို့တွေက တောင်ခြေကနေ တောင်ထိပ်အထိ
လမ်းတစ်လျှောက်လုံး တိုက်ခိုက်လာပြီး အဲဒီနောက်
မိုးကောင်းကင်ပေါ်မှာ ဆက်လက်တိုက်ခိုက် နေကြပါတယ်။
အာကာခွင် တပြင်လုံးက ကြယ်တာရာတွေ
ကြွေဆင်းလာခဲ့ပါတယ်။ အဲဒါက ကမ္ဘာကြီးရဲ့ အဆုံးသတ်နဲ့တောင်

Edit with WPS Office

တူနေပါတယ်။

ကျေးဇူးတင်ရမှာက မိုးကောင်းကင်က ကြယ်တာရာတွေကလည်း ကမ္ဘာရဲ့ စွမ်းအားနဲ့ ဖန်တီးထားတာကြောင့် အဆုံးမရှိ ပြန်လည်ဖြည့်ဆည်း ပေးနိုင်ပါတယ်။ အဲဒီအဲဒီလိုမှ မဟုတ်ဘူးဆိုရင် မိုးကောင်းကင်ပေါ်မှာ ကြယ်တာရာတွေ ဘယ်လောက်ရှိရှိ သူတို့ရဲ့ တိုက်ပွဲကြောင့် ကြယ်တာရာတွေ တစ်ခုမှ ကျန်နေတော့မှာ မဟုတ်ပါဘူး။

"ဟဲဟဲ မင်းတို့ရဲ့ လည်ပင်းတွေကို ဆေးကြောပြီးပြီလား"

ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်က သရော်ပြုံးပြုံးပြီး မေးလိုက်ပါတယ်။ အခုချိန်မှာ ဘုရင်ရှစ်ပါးကို ဒုတိယထိပ်တန်းအဆင့် လက်ရွေးစင်တွေလို့ သတ်မှတ်လို့ မရနိုင်တော့ပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ လူတွေ ထွက်ပေါ်လာမှုကြောင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးရှိတဲ့ သူတို့တွေက တတိယအဆင့် လက်ရွေးစင်တွေလို့ပဲ သတ်မှတ်ရပါမယ်။

Edit with WPS Office

သူတို့က ရှစ်ယောက်ပဲ ရှိတယ်ဆိုပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းဘက်က စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ပေါင်း တစ်ရာကျော်ကို ချေမှုန်းပစ်နိုင်တဲ့ အစွမ်း သူတို့မှာ ရှိတယ်ဆိုတာကို ယုံကြည်နေပါတယ်။

"အရှက်မရှိ လေလုံးထွားနေတယ်"

ဆံပင်ညိုညိုနဲ့ လူတချို့က သူတို့ရဲ့ အသက်ဓာတ် စွမ်းအင်ကို စတင်လောင်ကျွမ်း လိုက်ပါတယ်။ ဟုမ်း။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတစ်ခုက သူတို့ရဲ့ ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာခဲ့တယ်။ အဲဒီနောက် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ဆယ့်လေးလုံးအထိ ချက်ချင်း မြင့်သွားခဲ့ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက တကယ့်ကို နက်ရှိုင်းတဲ့ အုတ်မြစ်အခြေခံ ရှိတာပဲ။

Edit with WPS Office

သာမန်ဆိုရင် သူတို့က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိသွားတာနဲ့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လက်ရွေးစင်တွေကို ရွေးချယ်ပြီးပြီး သူတို့ကိုယ် အပေးမှာ ပိတ်လှောင်ထားပြီး ကပ်ဘေးဒုက္ခကြီး ပြီးဆုံးတဲ့အထိ စောင့်နေခိုင်းပြီးမှ တန်ခိုးရှင်ဘုံကို ဝင်ရောက်စေပြီး သူတို့ရဲ့ ကျင့်ကြံခြင်းကို ဆက်ပြီးတော့ ကျင့်စေခဲ့ပါတယ်။ ဒါက အကျိုးရှိရှိ သိမ်းထားခြင်း ဖြစ်ပြီးတော့ ကောင်းမွန်တဲ့ ရလာဒ်ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း တချို့က သူတို့ကို ပိတ်လှောင်ထားဖို့ မရွေးချယ်ပဲ ဆက်ပြီးတော့ ကျင့်ကြံဖို့ကိုလည်း ရွေးချယ်နိုင်ပါတယ်။ သူတို့က ဆယ်စုနှစ်တချို့ ကျင့်ကြံပြီးမှ အချိန်အရည်ကို အသုံးပြုကြတာပါ။

သူတို့ကို ကာကွယ်သူ နည်းစနစ် ဘုရင်များလို့ ခေါ်ပါတယ်။

တကယ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ရှင်သန်မှုကို ခြိမ်းခြောက်နိုင်တဲ့ အဓိက အရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့မယ်ဆိုရင် သူတို့ကိုယ်သူတို့ မပိတ်လှောင်ပဲ ရှေ့တန်းကို ထွက်လာပြီး အန္တရာယ်ကို ချေမှုန်းပစ်ကြ ပါလိမ့်မယ်။ ဒါပေမဲ့ သူတို့မှာ

Edit with WPS Office

နှစ်တွေအများကြီး မကျန်တော့ပါဘူး။ ဘာဖြစ်လို့လဲဆို သူတို့တိုက်ခိုက်ချိန်တိုင်း သူတို့ရဲ့ အသက်ဓာတ်ကို လောင်ကျွမ်းခဲ့ရပါတယ်။ ဒါက သူတို့ရဲ့ အသတ်ဓာတ်ကို တန်ကြေးတစ်ခုအဖြစ် သုံးစွဲတာဖြစ်ပြီး သူတို့ရဲ့ အသက်ဓာတ် စွမ်းအင်ကလည်း နောက်ပိုင်းမှာ အကန့်အသတ်နဲ့ တိုတောင်းလာခဲ့ပါတယ်။ တကယ်လို့ နောက်ပိုင်းမှာ သူတို့က တန်ခိုးရှင်ဘုံကို ဖင်တဲ့ အခါမှာတောင် တန်ခိုးရှင် အဆင့်ကို တက်ရောက်ဖို့ သူတို့အတွက် လုံလောက်တဲ့ အချိန်ရှိချင်မှ ရှိပါတော့မယ်။

ဒါက သတ္တိကောင်းဖို့နဲ့ အသိရှိဖို့ လိုအပ်တဲ့ ကိစ္စတစ်ခုလို့ သတ်မှတ်လို့ ရပါတယ်။ ဒါကြောင့် ကာကွယ်သူ နည်းစနစ် ဘုရင်တွေက လေးစားမှု အခံရဆုံး လူတွေဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံက ပါရမီရှင်တွေဖြစ်တဲ့ ကျိုးချီဖန်းနဲ့ တခြားလေးယောက်ကတောင် သူတို့ကို မယုံနိုင်စရာ ကောင်းလောက်တဲ့ ရိုသေလေးစားမှုနဲ့အတူ အရမ်းကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံကြ ရပါတယ်။

စုစုပေါင်း ကာကွယ်သူ နည်းစနစ် ဘုရင်တွေက ငါးယောက်တိတိ

Edit with WPS Office

ရှိပါတယ်။ အဲဒီထဲကမှ လေးယောက်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်လေးလုံးကို ရောက်ရှိပြီး နောက်ဆုံးတစ်ယောက်ကတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ဆယ့်ငါးလုံးကို အောင်မြင်ခဲ့ပါတယ်။ သူတို့ငါးယောက်ကိုပါ ထည့်တွက်လိုက်ရင် ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အစွမ်းက အတော်လေးကို တိုးလာခဲ့ပါပြီ။

"တိုက်"

လစန္ဒာဘုရင်က အမျိုးသမီးတစ်ယောက် ဆိုပေမဲ့ သူမရဲ့ စိတ်နေသဘောထားက အရမ်းကို ကြမ်းတမ်းခက်ထန်ပါတယ်။ သူမက အရင်ဆုံး ခုန်ဝင်ပြီးတော့ တိုက်ခိုက်တဲ့သူ ဖြစ်နေပါတယ်။

"လစန္ဒာ ရှစ်ကွက်"

ပွဲအစမှာကတည်းက သူမက အစွမ်းထက်ဆုံး တိုက်ကွက်တွေကို ထုတ်ဖော်လိုက်ပါတယ်။ သူမရဲ့ လှပသိမ်မွေ့တဲ့ လက်နှစ်ဖက်က

Edit with WPS Office

မြေကျွမှာ ဖျက်စီးခြင်း ဧရာမ လက်ဂါးနစ်ခုအသွင်ကို ပြောင်းလဲသွားပြီး လက်ဂါးရိုက်ချက်တွေကို မရပ်မနားနဲ့ အောက်ဘက်ကို ရိုက်ချလိုက်ပါတယ်။

တခြားဘုရင်ခုနစ်ပါးကလည်း ထိုင်ပြီးတော့ ကြည့်မနေပါဘူး။ သူတို့လည်း တစ်ဟုန်ထိုး ပြေးဝင်ပြီး တိုက်ခိုက်လိုက်ပါတယ်။

တစ်ဖက်မှာတော့ လင်းဟန်ကို ကြည့်ရတာ လုံးဝကို လွတ်လပ်တဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။ လင်းဟန်က သူ့မေးစေ့ကို ပွတ်ပြီးတော့ သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ငါလှုပ်ရှားဖို့ရော လိုသေးရဲ့လား"

မရဏာဓားက ဆက်ပြီးတော့ မတောက်ပတော့ပါဘူး။ အမှန်တကယ်တော့ စောစောတုန်းက မရဏာဓားကို မာထို့ပေါင်က အဝေးကနေ ထိန်းချုပ်နေတာ ဖြစ်ပါတယ်။ အခုတော့ မာထို့ပေါင်က သူ့ကိုယ်တိုင် အစွမ်းထက်တဲ့ ရန်သူတွေကို

Edit with WPS Office

ရင်ဆိုင်တိုက်ခိုက်နေပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မရဏာဓားကို ကြိုးကိုင်ခြယ်လှယ်ဖို့ အားလပ်ချိန် မရှိတော့ပါဘူး။

လင်းဟာန်ရဲ့ ခုခံမှု စွမ်းအားက ထိပ်တန်းအဆင့်ဖြစ်ပြီး သူနဲ့ယှဉ်ပြိုင်နိုင်တဲ့ တခြားသူတွေ မရှိဘူးဆိုပေမဲ့ သူ့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လုံးဝကို လျစ်လျူရှုထားရပါလိမ့်မယ်။ သူလှုပ်ရှားသည်ဖြစ်စေ မလှုပ်ရှားသည်ဖြစ်စေ ကြည့်ရတာတော့ ဘာမှပြောင်းလဲသွားမဲ့ ပုံစံ မပေါ်ပါဘူး။

"လင်းဟာန် ငါက မင်းရဲ့ပြိုင်ဘက်ပဲ"

ရှရှုရှန်က အကြွင်းမဲ့ ဆေဘာဓားကို ဆွဲကိုင်ပြီးတော့ ပြေးထွက်လာခဲ့ပါတယ်။

လင်းဟာန်က သူ့ကို လက်တစ်ဖက် ဖွေ့ယမ်းပြပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"ငါမင်းနဲ့ တိုက်ခိုက်ပြီး အချိန်ဖြုန်းမနေတော့ဘူး။ မင်းကအခုဆို အရမ်းကို အားနည်းတယ်"

ရှုရှုရှန်က လုံးဂကို ဒေါသထွက်သွားပြီး သူ့ခန္ဓာကိုယ်က တဆတ်ဆတ် တုန်လို့နေပါတယ်။ သူက ဒီကမ္ဘာကြီး တစ်ခုလုံးထဲက လူငယ်မျိုးဆက်ထဲမှာ ထင်ပေါ်ကျော်ကြားတဲ့ လူတစ်ယောက် ဖြစ်နေဆဲပါပဲ။ တန်ခိုးရှင်ဘုံထဲမှာတောင် သူက ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ သူက ဆေဘာစား နလုံးသားကို နားလည်ထားပြီး ဒါကအရမ်းကို ရှားပါးတဲ့ အရာတစ်ခု မဟုတ်ပါလား။

မင်းက ငါ့ကို အရမ်းလျှော့တွက်လွန်းတယ်။

"တကယ်လို့ ငါကလည်း ပူးပေါင်းမယ်ဆိုရင်ရော ဘယ်လိုလဲ"

Edit with WPS Office

"ငါရောပဲ"

"ပြီးတော့ ငါ"

တုန်လင်းအာ၊ ဓားကေရာဇ်လေးနဲ့ မိုးကြိုးလျှပ်စီး သားတော်တို့ အကုန်လုံးက အရှေ့ကို ထွက်လာခဲ့ ကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက ရေခဲတမျှ အေးစက်လို့ နေပါတယ်။

လင်းဟာန်က မရဏဓားကို ယမ်းပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ ဒါဆိုရင် ငါက မင်းတို့အားလုံးကို ငရဲကိုပို့ပေးမယ်။ ဒါမှ မင်းတို့ဘိုးဘေးတွေရဲ့ အပြစ်ကင်းတဲ့ သွေးတွေနဲ့ အပြစ်တွေကို ဆေးကြောလို့ ရနိုင်တာပေါ့ကွာ"

"သူတို့အားလုံးက ပုရွက်ဆိတ်တွေပဲ။ ငါတို့ရဲ့ တန်ခိုးရှင်ဘုံအတွက်ကြောင့် သူတို့မှာရှိတာကို ပံ့ပိုးပေးမှုတွေပဲ။

Edit with WPS Office

သူတို့ကို တာဝန်ယူခိုင်းဖို့ မဖြစ်သင့်ဘူး"

မိုးကြိုးလျှပ်စီးသားတော်က သူ့နှုတ်ခမ်းတွေ ကွေးသွားအောင်လို့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက တုပထားတဲ့ တောင်နဲ့မြစ်ပုဆိန်ကို ဆင့်ခေါ်ထားပြီးပါပြီ။ အထဲမှာ ဘုံရဲ့စွမ်းအားတွေ နည်းနည်းပါဝင်တာကြောင့် ဒီပုဆိန်ရဲ့ ခွန်အားကို လျော့တွက်လို့ မရနိုင်ပါဘူး။

လင်းဟန်ရဲ့ အမူအရာက ကြမ်းတမ်းလာခဲ့ပါတယ်။ သူရဲ့ဓားကို မြှောက်ပြီးတော့ မိုးကြိုးလျှပ်စီး သားတော်ကို ဓားဦးနဲ့ ထိုးညွှန်ပြီး ပြောလိုက်ပါတယ်။

"ဒီစကားလုံးတွေကြောင့် မင်းက သေဖို့ ထိုက်တန်သွားပြီ"

"မင်းက ငါ့ကို သတ်နိုင်တဲ့အစွမ်း အရင်ဆုံးရှိရလိမ့်မယ်"

Edit with WPS Office

မိုးကြိုးလျှပ်စီးသားတော်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ တောင်နဲ့မြစ် ပုဆိန်ကို ပေ့ယမ်းပြီးတော့ သူက တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။ ဒီရတနာ ပစ္စည်းကို အသက်သွင်းထားပြီးတာကြောင့် ကြောက်မက်ဖွယ်ရာ ခွန်အားတစ်ခုကို ထုတ်ဖော်လို့ နေပါတယ်။

ဒါပေမဲ့ မရဏဓားကတော့ လုံးဝကို တုံ့ပြန်မှု မရှိပါဘူး။

ဖြစ်နိုင်တာက စောစောတုန်းက တိုက်ပွဲမှာ အဆုံးစွန်တောက်ပ်ပြီး တိုက်ပွဲဝင်ခဲ့တဲ့ အတွက် စွမ်းအင်တွေ အများကြီး ကုန်ခမ်းသွားတာများလား။

ဒါကတော့ မဖြစ်နိုင်စရာအကြောင်း မရှိပါဘူး။ တောင်နဲ့မြစ် ပုဆိန်က ဒီဘုံတစ်ခုလုံးမှာ အစွမ်းထက်ဆုံး စိတ်ဂိညာဉ် ပစ္စည်းလို့ သတ်မှတ်နိုင်ပါတယ်။ ပြီးတော့ ပူဂေါင်ယွမ်ရဲ့ ကိုယ်ပိုင်စွမ်းအားကို ပေါင်းထည့်လိုက်မယ်ဆိုရင် ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းသွားမလဲ။ ဒါတောင်သူက မရဏဓားရဲ့ ဟန့်တားမှုကို ခံရပါသေးတယ်။ မာထို့ပေါင်က

Edit with WPS Office

မရဏာဓားကို ထိန်းချုပ်နေတယ် ဆိုပေမဲ့ စွမ်းအားပမာဏ တော်တော်များများကို ကုန်ခမ်းသွား စေတာကြောင့် မရဏာဓားရဲ့ စွမ်းအားကို အခုချိန်မှာ မထုတ်ဖော်နိုင်တာက ယုတ္တိရှိပါတယ်။

"ဟားဟားဟားဟား"

ရှုရှုရှန်က ဒါကိုမြင်လိုက်တဲ့ အခါမှာ သူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်မိပါတယ်။ တကယ်လို့ မင်းရဲ့ဓားကို အသက်သွင်းလို့ မရဘူးဆိုမှတော့ ဘယ်လိုလုပ်ပြီးတော့ မင်းက ငါတို့ရဲ့ ပြိုင်ဘက်ဖြစ်လာနိုင်မှာလဲ။

သူက အကြွင်းမဲ့ ဆေဘာဓားကို အသက်သွင်းပြီးတော့ လင်းဟန်ကို ခုတ်ချလိုက်ပါတယ်။

ဒီစိတ်ဂိညာဉ် ပစ္စည်းနှစ်ခုကို အသက်သွင်းလိုက်တာနဲ့ သူတို့က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်နဲ့ ညီမျှပါလိမ့်မယ်။ နောက်ပြီးတော့ အဲဒါက အနည်းဆုံး ကြယ်ဆယ်လုံး ရှိပြီးတော့ ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂဏ်ပါထက်တောင်

Edit with WPS Office

အစွမ်းထက်ပါတယ်။ အဲဒါက လင်းဟန်ရဲ့
ကိုယ်ပိုင်တိုက်ပွဲစွမ်းရည်ထက် အများကြီး သာလွန်ပါတယ်။

Chapter 835 end

Zaw.အပိုင်း(836) အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါရဲ့
ထိတ်လန့်တုန်လှုပ်စရာကောင်းမှု

လင်းဟန်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ မိုးစွာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုလိုက်တာကြောင့် သူ့ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် ပေါ့ပါးသွက်လက်လို့ နေပါတယ်။

သူက ကျူးရှမ်အာ၊ ယန်ဖြူကြီးနဲ့ ရွှေရာကြွက်တို့ကို ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲထဲမှာ မမျှော်လင့်ပဲ ထိခိုက်ဒဏ်ရာရမှာဆိုးတဲ့ အတွက်ကြောင့် အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့ နောက်ဆံမတင်းချင်လို့ ဖြစ်ပါတယ်။ သူ့အတွက်တော့ ရန်သူတစ်ထောင်လာရင်တောင် စိုးရိမ်စရာ မရှိပါဘူး။ သူတို့က တိုက်ပွဲဂဏ်ပါ တစ်ခုပုံစံ နေရာချထားပြီး နိုင်ငံယှဉ်လို့မရအောင်

Edit with WPS Office

ကြောက်မက်ဖွယ်ကောင်းတဲ့ တိုက်ပွဲစွမ်းရည်နဲ့ အတူ
သူတို့ခေါင်းဆောင်တွေနဲ့ ဘုရင်ရှစ်ပါးတို့ရဲ့
တိုက်ပွဲဘေးချင်းယှဉ်ကပ်ပြီး တိုက်ခိုက် လိုက်ကြပါတယ်။

အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ် ပုဆိန်က အစွမ်းထက်တယ် ဆိုပေမဲ့ အဲဒါတွေက စိတ်ဂိညာဉ် ပစ္စည်းနှစ်ခုမျှပဲ ရှိပါသေးတယ်။ နောက်ပြီးတော့ သူတို့မှာ စိတ်ဂိညာဉ် ပစ္စည်းတွေ မရှိပါဘူး။ ဆိုလိုတာက သူတို့တွေက ထိတ်လန့်တုန်လှုပ်စရာ ခွန်အားနဲ့ တိုက်ခိုက်မှုတွေကို ထုတ်ဖော်လို့ပဲ ရနိုင်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ပစ်မှတ်တွေကို အလိုအလျောက် ပစ်မှတ်ထားနိုင်စွမ်း မရှိပဲ ကိုယ့်ဘာသာကိုယ် ထိန်းချုပ်ဖို့ လိုအပ်ပါတယ်။

ရှရှူရှန်နဲ့ မိုးကြိုးလျှပ်စီး သားတော်တို့က ဘယ်လောက်ပဲ မွန်းစတားဆန်အောင် ထူးချွန်ထက်မြက် နေပါစေ ကိစ္စမရှိပါဘူး။ သူတို့ရဲ့ကျင့်ကြံခြင်း အဆင့်က ကြီးမားတဲ့ အားနည်းချက်တစ်ခု ဖြစ်နေပါသေးတယ်။ ပထမ အချက်က သူတို့က လင်းဟန်ရဲ့ လှုပ်ရှားမှုတွေ အနောက်ကို သူတို့ရဲ့ တိုက်ကွက်တွေနဲ့ ထိအောင်လို့ လုပ်နိုင်စွမ်း ရှိရပါမယ်။ သူတို့ ဒီလိုမျိုး လုပ်နိုင်ရင်တော့ ဒီစိတ်ဂိညာဉ် ပစ္စည်းနှစ်ခုကနေ တိုက်ခိုက်မှုတွေကို အမြန်နှုန်းနဲ့ ထုတ်ဖော်တိုက်ခိုက်မယ်ဆိုရင်

Edit with WPS Office

လင်းဟာန်က ရှောင်တိမ်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ပြဿနာက သူတို့က လင်းဟာန်ရဲ့ လှုပ်ရှားမှုကို အရင်ဆုံး လိုက်ဖမ်းနိုင်လိမ့်မှာလား။

လင်းဟာန်ရဲ့ အမြန်နှုန်းက အခုဆို ဘယ်လောက်တောင် လျှင်မြန်နေလဲ။ သူတို့ရဲ့ အမြင်တွေမှာ ပိုးတိုးပါးတား ဖြစ်နေပါတယ်။ သူတို့တွေ ဆယ်ကြိမ်လောက် တိုက်ခိုက်တိုင်း အနည်းဆုံး ကိုးကြိမ်က လွဲချော်သွားပါလိမ့်မယ်။ တကယ်လို့ သူတို့က တခြားလူတစ်ယောက်နဲ့ ရင်ဆိုင်ရတယ် ဆိုရင်တော့ အဆင်ပြေပါလိမ့်မယ်။ ဒီစိတ်ဂိညာဉ် ပစ္စည်းနှစ်ခုရဲ့ အစွမ်းနဲ့ဆို တစ်ချက်တည်းနဲ့တောင် ခံစားသွားရနိုင်ပါတယ်။ တကယ်လို့ သူက မသေရင်တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ သူတို့ရဲ့ ပြိုင်ဘက်က လင်းဟာန် ဖြစ်နေပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ်

Edit with WPS Office

ရှားပါးသတ္တုတစ်ခုလို မာကျောပါတယ်။ ဒါကြောင့် တိုက်ခိုက်မှု တစ်ခု ထိမှန်လိုက်ရုံနဲ့ ဘာများလုပ်လို့ ရမှာလဲ။ အဲဒါက သူ့ကို ကလိထိုးသလောက်ပဲ ယားကျိယားကျိ ဖြစ်စေပါလိမ့်မယ်။ နာကျင်ဖို့ကိုတော့ ပြောမနေပါနဲ့။ တကယ်လို့ သူက အချက်ပေါင်းရာနဲ့ချီအောင် ခုတ်ခံရမယ်ဆိုရင်တောင် သူ့အနေနဲ့ ဒဏ်ရာက လျင်မြန်စွာနဲ့ ပျောက်ကင်းနိုင်ပါလိမ့်မယ်။ ဘာမှလုပ်လို့ မရပါဘူး။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက သူ့ကို စိတ်ကြိုက် လှုပ်ရှားလို့ ရပါတယ်။

"ညိုးညိုး လင်းဟန်ကို လာကူမယ်"

ဟူးညိုကလည်း တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လင်းဟန်ထက်စာရင် အများကြီး နိမ့်ကျပါတယ်။ ဒါပေမဲ့ အမြန်နှုန်းနဲ့ ပတ်သက်ရင်တော့ သူမက အထွတ်အထိပ်မှာပါ။ ဟူးညိုရဲ့ လက်သီးသေးသေးနဲ့ လက်သည်းတွေမှာ ဖျက်ဆီးခြင်း စွမ်းရည်တွေနဲ့ ပြည့်နှက်နေပြီး ရှရှရှနဲ့ သူ့အုပ်စုကို ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ခု ပေးစွမ်းနိုင်ပါတယ်။

Edit with WPS Office

တိုက်ပွဲစစ်မြေပြင် သုံးခုစလုံးက ကြီးကျယ်ခမ်းနားတဲ့ တိုက်ပွဲတွေ ဖြစ်ကြပါတယ်။

ဘယ်တိုက်ပွဲပဲဖြစ်ဖြစ် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် ကောင်းကင်အဆင့် ကျင့်ကြံသူတွေက ဒီလိုမျိုး တိုက်ပွဲထဲမှာ ဝင်ပါဖို့ အရည်အချင်း မမီတာကြောင့် အဝေးကနေ ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

ဒါပေမဲ့ မာထို့ပေါင်နဲ့ ပူဂေါင်ယွမ်တို့ အကြားက တိုက်ပွဲက စစ်မှန်ပြီး အဆုံးအဖြတ်ပေးတဲ့ တိုက်ပွဲ ဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာ ဘယ်သူပဲ အနိုင်ရသည်ဖြစ်စေ သံသယ ရှိစရာမလိုအောင် အနိုင်ရတဲ့ ဘက်ခြမ်းက အောင်ပွဲဆင်နိုင်ပါလိမ့်မယ်။

ဒါကြောင့် ကျန်တဲ့အုပ်စု နှစ်ခုက ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြပေမဲ့ သူတို့အားလုံးရဲ့ အာရုံတွေကို ဆွဲဆောင်မှု အရှိဆုံး တိုက်ပွဲမှာ အာရုံစိုက်ထားကြပါတယ်။ မာထို့ပေါင်ကပဲ

Edit with WPS Office

သူ့ရဲ့ပြိုင်ဘက် အားလုံးအပေါ်မှာ အောင်ပွဲဆင်သွားမလား။ ဒါမှမဟုတ် သူက ဂံပုလွေ တစ်အုပ်ရဲ့ ဂါးမျိုးခြင်းကို ခံရမလား။

ဒုတိယ အုပ်စုထဲမှာ မြွေသားရဲဘုရင်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"သတ်ဖြတ်သူ နတ်ဆိုးကောရာဇ် မင်းဘာဖြစ်လို့ ထွက်မလာသေးတာလဲ"

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်။

လင်းဟန်ရဲ့ နှလုံးသား တဒုတ်ဒုတ် ခုန်သွားခဲ့ပါတယ်။ ဒါက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးရှိတဲ့ တည်ရှိမှုတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယ အုပ်စုရဲ့ တိုက်ပွဲမျှခြေကို တစ်ဖက်စောင်းနင်း ဖြစ်သွားစေနိုင်ပါတယ်။

Edit with WPS Office

"မင်းတို့အားလုံးက ခွေးတွေလို အနံ့ခံ ကောင်းတာပဲ၊ ငါက အပေးကြီးမှာ ပုန်းနေတာတောင်မှ ငါ့အနံ့ကို ခံမိနိုင်သေးတယ်ပေါ့"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ထွက်ပေါ်လာခဲ့ပါပြီ။ သူက ဗလတောင့်တောင့် ယောကျ်ား တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားဆဲပါပဲ။ ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ နတ်ဆိုးချီတွေ ဖုံးအုပ်လို့ နေပါတယ်။ မျက်စိနဲ့ တစ်ချက် ပေ့ကြည့်လိုက်ရင်ကိုပဲ သူက သာမန်လူတစ်ယောက် မဟုတ်ဘူးဆိုတာကို ပြောနိုင်ပါတယ်။

"နောက်တစ်ယောက်လည်း အတူတူပဲ။ ဒီပွဲကို ဘယ်လောက်ကြာအောင် စောင့်ကြည့်ချင် နေသေးတာလဲ"

ဓားဘုရင်ကလည်း အော်ဟစ်လိုက်ပြီး ဓားချီအလင်းတစ်ခုနဲ့ နေရာတစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

"ဟီးဟီး"

Edit with WPS Office

ဂုတ်ရုံရှည်နဲ့ လူတစ်ယောက်က အဲဒီနေရာကနေ
ထွက်ပေါ်လာခဲ့ပါတယ်။

အဆင့်သုံး သတ်ဖြတ်ခြင်း ဂေါ်ပါ။

မွေးလာကတည်းက သဘာဝ တရားကြောင့် သတ်ဖြတ်ခြင်း
ဂေါ်ပါကို ခင်းကျင်းနိုင်တဲ့ လူတစ်ယောက်ဖြစ်ပြီး သူက
ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး တည်ရှိမှုတစ်ခု ဖြစ်ပါတယ်။
စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကိုတောင်
သတ်ပစ်နိုင်ပါတယ်။

လင်းဟန်က သူ့ကို ငေးကြည့်လိုက်ပြီး လျှို့ဝှက်စွာနဲ့ အံ့အားသင့်
သွားမိပါတယ်။ သူက ဒီလူကို အရင်တစ်ခါက တွေ့ခဲ့ဖူးပါတယ်။
ဒါပေမဲ့ အဲဒီအချိန်တုန်းက ဒီလူကပေးတဲ့ ခံစားမှုက
အားနည်းပါတယ်။ သူက အရမ်းကို အစွမ်းထက်တယ် ဆိုပေမဲ့
သူ့ကိုယ်သူ အရမ်းကို အားနည်းပြီး အရောင်မှိန်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ အခုတော့ အဲဒီခံစားမှု မရှိတော့ပါဘူး။

အရင်တုန်းက သူက အလောင်းတစ်ထောင်ဂိုဏ်းကို ကူညီပေးခဲ့ပြီး သူ့ကိုပေးချေရတဲ့ တန်ရာတန်ကြေးက ဒါနဲ့ပတ်သက်ကောင်း ပတ်သက်နိုင်ပါတယ်။ သူ့ရဲ့အားနည်းချက် တစ်ခု အတွက် ဖာထေးဖို့ ဖြစ်ပါတယ်။

ဒီလိုမျိုး အဆင့်သုံး သတ်ဖြတ်ခြင်း ဂက်ပါက ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ။

မဟာသတ်ဖြတ်ခြင်း ဂက်ပါ ကိုးခုလုံးက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အားလုံးကို သတ်ပစ်နိုင်ပါတယ်။ လင်းဟန်က အဆင့်လေး သတ်ဖြတ်ခြင်း ဂက်ပါကို တွေ့မြင်ဖူးပါတယ်။ နောက်ပြီး အဲဒါက သဘာဝအတိုင်း ဖြစ်ပေါ်တာ မဟုတ်ပဲ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ လက်ရာ ဂက်ပါတစ်ခု ဖြစ်ပြီး ဖန်ပိုယွမ်က အေးအေးဆေးဆေးပဲ ဖျက်ဆီးပစ်နိုင်ခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂက်ပါ တစ်ခုက ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ။ ပြီးတော့ သူ့ရဲ့ အားနည်းချက်ကိုလည်း ပြုပြင်ပြီးနေပြီ မဟုတ်လား။

သူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ဆယ်လုံး ဒါမှမဟုတ် ဆယ့်ငါးလုံးရှိတဲ့ လူတွေကိုတောင် သတ်ပစ်နိုင်မလား။

"ငါ့ကို မျက်နှာသာ ပေးဖို့ တောင်းဆိုပါရစေ။ ငါတစ်ကြိမ်ပဲ လှုပ်ရှားပြီး လူတစ်ယောက်ကို သတ်မယ်။ ပြီးတော့ ထွက်သွားမယ်"

အဆင့်သုံး သတ်ဖြတ်ခြင်း ဂက်ပါက ပြောလိုက်ပြီး ဘုရင်ရှစ်ပါးကို ဖေ့ကြည့်လိုက်ပါတယ်။

သူက လူတစ်ယောက်ကိုပဲ သတ်မယ်လို့ ပြောခဲ့ပြီး သူ့အကြည့်တွေကနေ သူသတ်ချင်တဲ့လူက ဘုရင်ရှစ်ပါးထဲက တစ်ယောက်ဆိုတာကို ပြောနေပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး

Edit with WPS Office

ကေရာဇ် ပါဂင်မှုကြောင့် ဘုရင်ရှစ်ပါးက တိုက်ပွဲမှာ ဆက်ပြီးတော့ အသာစီး မရတော့ပါဘူး။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ကပါက တကယ်ပဲ သူတို့ထဲက တစ်ယောက်ကို သတ်ပစ်နိုင်ပါတယ်။

အဲဒီနောက် ဒီလိုမျိုး ဖြစ်လာခဲ့ရင် ကျန်တဲ့ ဘုရင်ခုနစ်ပါးက သေချာပေါက် တဖြည်းဖြည်းခြင်း ရှုံးနိမ့်ပြီးတော့ နောက်ဆုတ်ရပါလိမ့်မယ်။ သူတို့တွေက နောက်ဆုတ်မလား ဒါမှမဟုတ် ဒီနေရာမှာပဲ တိုက်ခိုက်ရင်း သေမလား။

စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက် သေဖို့ဆိုတာက ခက်ကခဲပါတယ်။ ဒါပေမဲ့ သူတို့ကို သတ်လို့မရဘူးလို့ မဆိုလိုပါဘူး။

လင်းဟန်က အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ကပါကို ဟန့်တားဖို့အတွက် လှုပ်ရှားခဲ့ပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က မသန်မာဘူး ဆိုပေမဲ့ သူ့ရဲ့ခုခံနိုင်စွမ်းက အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးတော့ ရန်သူဘက်ဘက် ဒီလိုမျိုး အကြံအစည်တစ်ခုကို ရပ်တန့်ဖို့ သူ့ကိုအသုံးပြုတာက

Edit with WPS Office

အကောင်းဆုံး အရာတစ်ခု ဖြစ်ပါလိမ့်မယ်။

"မင်းဒီနေရာမှာပဲ လိမ်လိမ်မာမာနဲ့ နေတာ အကောင်းဆုံးပဲ"

ရှုရှုရှန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။
မိုးကြိုးလျှပ်စီး သားတော်နဲ့ ပူးပေါင်းပြီး သူတို့က
လင်းဟန်ဂင်ပြီးတော့ မစွက်ဖက်နိုင်အောင် တားဆီးနေကြပါတယ်။

အကြွင်းမဲ့ ဆေဘာဓားနဲ့ တောင်နဲ့မြစ်ပုဆိန်တို့ရဲ့ ပူးပေါင်းမှုက
တကယ်လို့ လင်းဟန်ကို တားထားမနိုင်ဘူးဆိုရင် တစ်ခုခုတော့
မှားယွင်းနေပါလိမ့်မယ်။

"ဟင့်"

မာထို့ပေါင်ရဲ့ အေးစက်စက် နှာခေါင်းရှုံ့သံက
ကောင်းကင်ပေါ်ကနေ ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။

Edit with WPS Office

"....... အတွက်ကြောင့် ငါမင်းရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်။ ငါမင်းကို မမြင်ချင်ဘူး ထွက်သွားစမ်း"

အဆင့်သို့ သတ်ဖြတ်ခြင်း ဂက်ပါက သရော်ပြုံး ပြုံးလိုက်မိပါတယ်။ ဘယ်လောက်တောင် လေကြီးလိုက်သလဲ။ သူ့ကိုများ ထွက်သွားစမ်း ဆိုပြီးတော့ ပြောရဲတယ်ပေါ့။ သူက ခေါင်းကို မော့ပြီးတော့ အပေါ်ကို ကြည့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို သူ့ရဲ့အမူအရာက တစ်စုံတစ်ခုကို မနှစ်မြို့တဲ့ ပုံစံနဲ့ပါပဲ။ ဒါပေမဲ့ ချက်ချင်းဆိုသလို သူ့ရဲ့အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူ့မျက်နှာပေါ်က အပြောင်းအလဲကို မမြင်တွေ့နိုင်ပေမဲ့ သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ် တုန်ခါလာတာကို သူတို့တွေက ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။

"မင်း မင်းက"

သူက အံ့အားသင့်နေပြီး သူ့ပုံစံက အထိတ်တလန့် ဖြစ်နေပုံ

Edit with WPS Office

ရပါတယ်။ သူ့လေသံမှာ မယုံနိုင်စရာ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"မင်းထွက်သွားမှာလား မသွားဘူးလား"

မာထို့ပေါင်က ပြင်းပြင်းထန်ထန် ကြိမ်းမောင်းလိုက်ပါတယ်။

"ဟုတ်ကဲ့ ဟုတ်ကဲ့"

အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါက နောက်ထပ်ဘာစကားမှ မဆိုရဲတော့ပါဘူး။ သူက တကယ်ပဲ ချာခနဲ လှည့်ပြီးတော့ ထွက်သွားပြီး မျက်စိတစ်မှိတ်အတွင်းမှာ အရိပ်အယောင်တောင် မကျန်အောင် ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒါက။

Edit with WPS Office

ဒါက သဘာဂတရားကြောင့် ဖြစ်ပေါ်လာတဲ့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကိုတောင် သတ်ပစ်နိုင်တဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ကပါ ဖြစ်ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ စကားလေးတစ်ခွန်းကြောင့် အထိတ်တလန့် ဖြစ်သွားရတာလဲ။

မာထို့ပေါင်မှာ နောက်ထပ်လူမသိတဲ့ အကြောင်းအရာတစ်ခုခုများ ရှိနေတာ ဖြစ်နိုင်မလား။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ကပါက သူ့ကို သတိပြုမိသွားပြီး အထိတ်တလန့်နဲ့ ထွက်ပြေးသွားခဲ့တာ ဖြစ်ပါတယ်။

"ဟင့် မင်းက ငါတို့နဲ့ တိုက်ခိုက်နေတာတောင်မှ အတွေးပျံ့ပွံ့သေးတယ်ပေါ့ ဟုတ်လား"

ပူဂေါင်ယွမ်နဲ့ သူ့အုပ်စုက အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ ပြီးတော့ သူတို့အားလုံး သူတို့ရဲ့ တိုက်ကွက်တွေကို ထုတ်ဖော်လိုက်ပါတယ်။

Edit with WPS Office

ဟုမ်း။

ချက်ချင်းဆိုသလို မာထို့ပေါင်က အဆုံးမရှိ အလင်းရောင်ထဲမှာ နစ်မြုပ်သွားပါတယ်။ ဒီလိုမျိုး အကြိတ်အနယ် တိုက်ပွဲထဲမှာ သူက ဘယ်လိုလုပ်ပြီး သူ့အာရုံကို ခွဲနိုင်ရတာလဲ။

ဂူဂေါင်ယွမ်နဲ့ သူ့အုပ်စုက ပြုံးနေကြပါတယ်။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂင်္ဂါက ထိတ်လန့် တုန်လှုပ်သွားတယ် ဆိုပေမဲ့ တကယ်လို့ သူတို့က မာထို့ပေါင်ကို သတ်ပစ်နိုင်ခဲ့ရင် ဒါမှမဟုတ် သူ့ကို ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ရအောင်လုပ်နိုင်ခဲ့ရင် လုံးဂကို ထိုက်တန်ပါတယ်။

တောက်ပလင်းလက်တဲ့ အလင်းရောင်ကြီး မှေးမှိန်သွားသလို မာထို့ပေါင်ကလည်း အဲဒီမှာ ဂုဏ်ယူဂင့်ကြွားစွာနဲ့ မတ်တပ်ရပ်နေပြီး ပွန်းရာတစ်ခုတောင် ရှိမနေပါဘူး။ တကယ်လို့ မလျော့တမ်း ပြောမယ်ဆိုရင်တော့ သူ့ရဲ့ အင်ပါယာဂတ်စုံပေါ်မှာ စုတ်ပြဲရာ

Edit with WPS Office

အနည်းငယ် ရှိနေပြီး စောစောက တရစပ် တိုက်ခိုက်မှုကို ခံစားခဲ့ရတယ်ဆိုတာကို သက်သေပြနေပါတယ်။ ဒါပေမဲ့လည်း သူ့ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာနည်းနည်းလေးမှတောင် ရှိမနေပါဘူး။

"ဘာ"

ပူဂေါင်ယွမ်နဲ့ တခြားသူတွေက အံ့အားသင့်သွားခဲ့ ကြပါတယ်။

ဘာတွေဖြစ်ကုန်တာလဲ။ သူတို့အားလုံးမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ရှိပါတယ်။ တကယ်လို့ သူတို့ရဲ့ တိုက်ခိုက်မှုကိုသာ ခံရမယ်ဆိုရင် တကယ်လို့ တစ်ဖက်လူက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိနေတော့ရော ဘာလုပ်လို့ ရမှာလဲ။ သူက ပြင်းပြင်းထန်ထန် ဒဏ်ရာရရင်ရ မရရင် သေတောင်သေသွား နိုင်ပါလိမ့်မယ်။

"မင်း မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က........"

Edit with WPS Office

ကျိုးချီဖန်းက သတိပြုမိသွားခဲ့ပါတယ်။

"အဆင့်တစ်ဆယ် ရှားပါးသတ္တုတွေရဲ့ မာကျောမှု အဆင့်ကို ရောက်နေပြီပဲ"

ဖူး။

အားလုံးက အံ့အားသင့်မှုကြောင့် တံတွေးသီးကုန် ကြပါတယ်။ အစောတုန်းက လင်းဟာန်မှာရှိတဲ့ ကြောက်မက်ဖွယ်ရာ ခန္ဓာကိုယ်ကြောင့် သူတို့ကို စိတ်ပိုင်းဆိုင်ရာ ထိတ်လန့်တုန်လှုပ်မှုတစ်ခု ဖြစ်စေခဲ့ပါတယ်။ နောက်ပြီး လင်းဟာန်မှာက မွန်းစတားဆန်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုပဲ ရှိတာဖြစ်ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က လုံးဝကို ဂရုစိုက်စရာ မလိုပါဘူး။

ဒါပေမဲ့ အခုကရော။ မာထို့ပေါင်ရဲ့ တိုက်ပွဲစွမ်းရည်က

Edit with WPS Office

ဒီနေရာမှာရှိတဲ့ လူတွေအားလုံးရဲ့ ထိပ်မှာ ရပ်တည်နေတာဖြစ်ပြီး ဒီလိုမျိုး အစွမ်းထက်တဲ့ ခုခံမှုကိုပါ ရောစပ်လိုက်ရင် သူတို့တွေက ဘယ်လိုလုပ်ပြီးတော့ ဆက်တိုက်လို့ ရနိုင်မှာလဲ။

ပူဂေါင်ယွမ်နဲ့ သူ့အုပ်စုက တံတွေးကို ခက်ခက်ခဲခဲ မျိုချလိုက်ရပါတယ်။ ဒါက သူတို့အတွက် ပထမဆုံး အကြိမ်အဖြစ် ဒီတိုက်ပွဲရဲ့ အခြေအနေကို ထိန်းချုပ်နိုင်မှု လုံးဝကို မရှိတော့ဘူးလို့ ခံစားလိုက်ရခြင်း ဖြစ်ပါတယ်။ ဒီမှာထို့ပေါင်က လွှန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက နဂါးတစ်ပိုင်းနဲ့ လုံးဝကို ယှဉ်လို့ရနိုင်ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပြိုင်ဘက်ကင်းပြီး သူ့ရဲ့ခုခံမှုကလည်း ဖျက်ဆီးလို့ မရပါဘူး။ တကယ်လို့ တန်ခိုးရှင်တွေ ဆင်းသက်လာရင်တောင် သူတို့က သူ့ကို ဘယ်လိုရင်ဆိုင်နိုင်မှာလဲ။

ကံကောင်းတာက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေမှာ အသက်အကန့်အသတ် ရှိပါတယ်။ အချိန်က အစွမ်းထက်ဆုံး လက်နက် ဖြစ်ပါတယ်။ ငါမင်းကို မသတ်နိုင်ဘူး။ ဒါပေမဲ့ မင်းသေတဲ့အထိ ဒီဘုံရဲ့ အကျဉ်းထောင်ထဲမှာ မင်းကို

Edit with WPS Office

ပိတ်ထားနိုင်တယ်။

မာထို့ပါင်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

"ဒီလိုအစွမ်း နည်းနည်းလေး မရှိပဲနဲ့ မိုးကောင်းကင်ကို ဖွင့်မယ်ဆိုတဲ့ စကားကို ဘယ်လိုလုပ် ပြောလို့ ဖြစ်မှာလဲ"

ရှုပ်။

သူ့အရှိန်အဝါက အရှူးအမူးကို ထိုးတက်လာပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေက တစ်ဟုန်ထိုး ပန်းထွက်လာခဲ့ပါတယ်။ ပူဂေါင်ယွမ်နဲ့ ကျန်တဲ့သူတွေက သူတို့ကျောရိုးတွေ စိမ့်တဲ့အထိ ခံစားလိုက်ရပြီး သူတို့ခန္ဓာကိုယ် တစ်ခုလုံး ကြက်သီးမွေးညှင်းတွေ ဖုံးလာခဲ့ပါတယ်။ မာထို့ပေါင်က သူ့ရဲ့လက်ကို မြှောက်လိုက်ရုံနဲ့ သူတို့ကို သတ်ပစ်နိုင်တယ်လို့ ခံစားနေကြ ရပါတယ်။

Chapter 836 end

Edit with WPS Office

Zaw.အပိုင်း(837) အဆင့်တစ် သတ်ဖြတ်ခြင်း ဂဏ်ပါ

လူသားတွေက ဘယ်လိုလုပ်ပြီးတော့ အရမ်းကို အစွမ်းထက်ပြီး ဒီလိုမျိုး တည်ရှိမှုတစ်ခု ဖြစ်လာနိုင်မှာလဲ။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ရှစ်လုံးဆိုတာ ဒီအဆင့်ရဲ့ အဆုံးစွန် တိုက်ပွဲစွမ်းရည် တစ်ခုဖြစ်ပြီး လူခုနစ်ယောက်တောင်မှ အောင်မြင်မှု ရရှိထားပါတယ်။ ဒီလူခုနစ်ယောက် ပူးပေါင်းထားတဲ့ အင်အားစု တစ်ခုက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ တစ်စုံတစ်ယောက်ကို ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါဆို ဘာဖြစ်လို့ သူတို့တွေက စိုးရိမ်ပူပန်ပြီး ရင်တဒိတ်ဒိတ် ခုန်နေရတာလဲ။

ဒီမာထို့ပေါင်ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးထက် ကျော်လွန်နေတာ ဖြစ်နိုင်မလား။

"မဖြစ်နိုင်ဘူး"

Edit with WPS Office

ပူဂေါင်ယွမ်နဲ့ တခြားသူတွေက သူတို့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ လူတစ်ယောက်က တိုက်ပွဲ စွမ်းရည် ကြယ်နှစ်ဆယ်လုံး အကန့်အသတ်ကို ကျော်လွှန်နိုင်လိမ့်မယ် ဆိုတာကို သူတို့တွေ လုံးဝကို မယုံနိုင်ပါဘူး။ နတ်ဘုရား သားရဲတွေနဲ့ သူတော်စင်တွေရဲ့ မျိုးဆက်တွေတောင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ အောင်မြင်ဖို့ဆိုတာ အရမ်းကို ရှားပါးပါတယ်။ အဲဒါကို ကျော်လွှန်ဖို့ဆိုတာ အသာထားလိုက်ဦး။

"ငါတို့ ဒီနေ့ သူ့ကို သတ်ပစ်ရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နိုင်ငံစွမ်းအားရဲ့ မြှင့်တင်ပေးမှုနဲ့ သူက ပိုပြီးတော့ သန်မာလာလိမ့်မယ်"

ကျိုးချီဖန်းက ပြောလိုက်ပါတယ်။

"တိုက်"

Edit with WPS Office

ရှောင်မြောင့်ယန်က စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး သွေးရောင်ဓားရှည်တစ်လက်ကို ဝှေ့ယမ်းလိုက် ပါတယ်။ အဲဒီနောက် သူမရဲ့ မျက်ခုံးတွေကို တစ်ချက်ဖြတ်လိုက်ပါတယ်။ သူမရဲ့ နဖူးမှာ ပြတ်ရှရာ တစ်ခု ဖြစ်သွားပြီး နီမြန်းတဲ့ သွေးတစ်စက် ထွက်လာပြီး သလင်းကျောက်ပုံစံ ရှိပြီးတော့ ထူထဲစေးပျစ် နေပါတယ်။

ဒီသွေးစက် ထွက်ပေါ်လာတဲ့ အချိန်မှာ ကောင်းကင်နဲ့ မြေကြီးက လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ ပါတယ်။ တိမ်မည်းတွေ စတင်ပြီး တလိပ်လိပ် ထိုးတက်လာခဲ့ပြီး ကောင်းကင်ပြင်ရဲ့ အနောက်ခံက တောက်ပလင်းလက်တဲ့ မိုးကြိုးလျှပ်စီးတွေ တလက်လက် တောက်ပလို့ နေပါတယ်။

ဒီသွေးစက်က အရမ်းကို အစွမ်းထက်ပါတယ်။ အဲဒီသွေးစက်က ဒီဘုံရဲ့ အကန့်အသတ်ကို ကျော်လွန်တဲ့အထိ အစွမ်းထက်နေပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကတောင် တုံ့ပြန်လာခဲ့ ပါတယ်။

"တန်ခိုးရှင် သွေးစက်"

Edit with WPS Office

နောက်ဆုံးတော့ မာထို့ပေါင်က အရမ်းကို သတိထားတဲ့ အမူအရာတစ်ခု ဖြစ်လာပါတယ်။

တန်ခိုးရှင်တွေက လူငါးယောက်ကို စေလွှတ်လိုက်တဲ့အပြင် ကိုယ်ပိုင်ပစ္စည်းတစ်ခုကိုပါ ပို့လိုက်ပါတယ်။ သွေးတစ်စက်က တန်ခိုးရှင်တွေကို ကိုယ်စားမပြုနိုင်ပေမဲ့ ဒီအောက်ဘုံထဲမှာ တန်ခိုးရှင်သွေးရဲ့ စွမ်းအားကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

ရှောင်မြောင့်ယန်က တစ်စုံတစ်ခုကို တီးတိုးရွတ်ဆိုလိုက်ပါတယ်။ သူမဘာတွေ ရွတ်နေတယ် ဆိုတာကို မသိရပါဘူး။ အဲဒီအချိန်မှာပဲ တန်ခိုးရှင်ရဲ့ သွေးစက်က ရုတ်တရက် မိုးအဖြစ် ပြောင်းလဲပြီး သူမရဲ့ ဓားရှည်ပေါ်ကို ပက်ဖျန်းလိုက်ပါတယ်။ ရုတ်တရက် သူမရဲ့ဓားကနေ အဆုံးမရှိ အလင်းရောင်တစ်ခု တောက်ပလာခဲ့ပါတယ်။ သူ့ရဲ့စွမ်းအားက တောင်နဲ့မြစ် ပုဆိန်ထက်တောင် သာလွန်နိုင်ပါတယ်။

Edit with WPS Office

တန်ခိုးရှင် သေွးတစ်စက်က ဓားရဲ့စွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး တောင်နဲ့မြစ် ပုဆိန် အစစ်ကိုတောင် ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ကျိုးချီဖန်းနဲ့ တခြားသူတွေလည်း အတူတူပါပဲ။ သူတို့လည်း တန်ခိုးရှင် သွေးတစ်စက်စီ ထုတ်ယူပြီး သူတို့ကိုယ်ပိုင် စိတ်ဂိညာဉ် ပစ္စည်းတွေ အပေါ်မှာ လိမ်းကျံလိုက်ပါတယ်။ ချက်ချင်းဆိုသလို သူတို့လက်နက်တွေရဲ့ အရှိန်အဝါက အဆပေါင်းများစွာ ကြောက်မက်ဖွယ် ကောင်းလာခဲ့ပြီး တန်ခိုးရှင်တွေရဲ့ ခန္ဓာကိုယ်တွေကို ယူလိုက်သလိုမျိုး ဖြစ်လာပါတယ်။

အခု ဒီလူငါးယောက်ရဲ့ တိုက်ပွဲစွမ်းရည်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်ကို ရောက်ရှိနေပြီး သူတို့တစ်ယောက်ချင်းစီက မာထို့ပေါင်ထက် ဘယ်လိုမှ မနိမ့်ကျပါဘူး။

"သေစမ်း"

Edit with WPS Office

လူငါးယောက်ရဲ့ ပူးပေါင်းထားတဲ့ အင်အားစုတစ်ခုက သူတို့ရဲ့ အစွမ်းထက်တဲ့ တိုက်ကွက် အသီးသီးကို ထုတ်ဖော်လိုက်ပါတယ်။ စိတ်ဂိညာဉ် ပစ္စည်းငါးခုက သူတို့ရဲ့ စွမ်းအားတွေကို ထုတ်ဖော်ပြီး အပေါ်ကို ပန်းထွက်လာကာ ကြယ်တာရာ အမြောက်အများကို ကျဆင်းလာစေ ခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒါကို တားဆီးနိုင်မှာလဲ။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ငါးယောက်ရဲ့ စွမ်းအားနဲ့ဆို အဆင့်တစ်ဆယ် ရှားပါးသတ္တုအဆင့်ရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုတောင်မှ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။ မာထိုဲ့ပေါင်မှာလည်း လင်းဟာန်လိုမျိုး ကြောက်စရာကောင်းတဲ့ ပြန်လည်ကုသနိုင်စွမ်း ရှိနိုင်ပါ့မလား။

အရာအားလုံး အဆုံးသတ် သွားပါလိမ့်မယ်။

Edit with WPS Office

မာထို့ပေါင်ရဲ့ မျက်နှာအမူအရာက တင်းမာခက်ထန် လာခဲ့ပါတယ်။ သူက စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး အပေါ်မှာ နည်းနည်းလေးမှ အထင်မသေးပုံပါဘူး။ သူ့ပြိုင်ဘက်က ငါးယောက်တောင် ဖြစ်နေတာကို အသာထားဦး တစ်ယောက်တည်း ဆိုရင်တောင် သူက အထင်မသေးပါဘူး။ သူ့ရဲ့ လက်ညှိုးနဲ့ ရင်ဘက်ကို အသာလေး တောက်လိုက်ပြီး ပြောလိုက်ပါတယ်။

"ထွက်စမ်း"

ဟုမ်း။

ချက်ချင်းဆိုသလို အဆုံးမရှိ သတ်ဖြတ်ခြင်း ဆန္ဒတွေက စတင်လည်ပတ် လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က အဖြူရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး သူ့ရဲ့အရေပြားပေါ်မှာ တောက်ပလင်းလက်တဲ့ ရှေးဟောင်းသင်္ကေတတွေက တလက်လက် တောက်ပလာပြီး အရမ်းကို ခံ့ညားထယ်ဝါနေတာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

Edit with WPS Office

သတ်ဖြတ်ခြင်း ဆန္ဒထက် ပိုပြီးတော့
အံ့အားသင့်စရာကောင်းတာက ဘာများလဲ။ ဒီသင်္ကေတတွေရဲ့
ပုံစံက လူတစ်ယောက်ရဲ့ နလုံးသားကို ကြောက်ရွံ့မှုနဲ့
အသွေးအသားကို တုန်လှုပ်သွားအောင် လုပ်နိုင်ပါတယ်။
ကျင့်ကြံခြင်းအဆင့် နိမ့်တဲ့လူတွေက ချက်ချင်းပဲ သူတို့ရဲ့
အမြင်အာရုံတွေ ကန်းသွားသလို ခံစားရပါတယ်။

သိုင်းဆန္ဒလား။

မဟုတ်ဘူး။ ဒါတွေက ဂင်္ကပါ တစ်ခုရဲ့ သင်္ကေတတွေပဲ။

လင်းဟန်က ရင်ပေါင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရေးထွင်းထားတဲ့
ဂင်္ကပါ သင်္ကေတတွေကို တွေ့မြင်ဖူးပါတယ်။ ဒါက အရမ်းကို
လက်တွေ့ကျပြီး သူမရဲ့ ကိုယ်ပိုင်ခန္ဓာကိုယ်ကို ဂင်္ကပါ တစ်ခုအဖြစ်
အသုံးပြုပြီးတော့ သင်္ကေတတွေရဲ့ စွမ်းအားကို တိုက်ခိုက်ဖို့နဲ့
ခုခံဖို့အတွက် အချိန်မရွေး အသက်သွင်းနိုင်ပါလိမ့်မယ်။ ဒီဂင်္ကပါ

Edit with WPS Office

သင်္ကေတမျိုးက မာထို့ပေါင်ပေါ်မှာလည်း ရှိနေပါတယ်။ ကြည့်ရတာ သူက ဒီသင်္ကေတတွေနဲ့ မွေးဖွားလာတဲ့ ပုံစံအတိုင်းပါပဲ။

လင်းဟန်က ဘယ်သူမဆို ဒီလိုမျိုး သင်္ကေတတွေ ကူးယူနိုင်မလား ဆိုတာကို သံသယ ရှိမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်္ကေတတွေကို မျက်လုံးနဲ့ ကြည့်လိုက်ရုံနဲ့တင် အရမ်းကို သက်တောင့်သက်သာ မရှိလှပါဘူး။ ဒါကြောင့် သူက မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီး ဓားနလုံးသားကိုလည်း တပြိုင်နက်တည်း လည်ပတ်ထားပါတယ်။

သာမန်စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက အဲဒီသင်္ကေတတွေကို စိုက်ကြည့်ရဲ လိမ့်မှာလား။ တကယ်လို့ အဲဒီသင်္ကေတတွေကိုတောင် စိုက်မကြည့်ရဲဘူးဆိုရင် ဒီသင်္ကေတတွေကို ဘယ်လိုလုပ် ကူးယူနိုင်မှာလဲ။ အရမ်းကို ရှုပ်ထွေးပါတယ်။ တကယ်လို့ လူတစ်ယောက်က စေ့စေ့စပ်စပ်နဲ့ ရာစုနှစ်ပေါင်းများစွာ လေ့လာမှု မရှိဘူးဆိုရင်တောင်မှ ဘယ်လိုလုပ်ပြီး ကျွမ်းကျင်မှု ရှိနိုင်မှာလဲ။

Edit with WPS Office

ဒီသင်္ကေတတွေနဲ့အတူ မွေးဖွားလာတာလား။ သေချာပေါက် မဟုတ်ဘူး။ အဲဒါဆို သူလည်း အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါနဲ့ အတူတူပဲပေါ့။

သူက စောစောတုန်းက အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါကို သနားကြင်နာမှု ဖော်ပြခဲ့တဲ့ သူ့ရဲ့ဟန်ပန်အမူအရာနဲ့ ထူးထူးဆန်းဆန်း စကားတွေကို အံ့သြစရာ မရှိတော့ပါဘူး။ အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါက အရမ်းကို စိတ်လှုပ်ရှားသွားခဲ့တာလည်း အံ့သြစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေက အတူတူပဲ ဖြစ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် သတိပြုမိ သွားခဲ့လို့ ဖြစ်ပါတယ်။

ဒါပေမဲ့ အဆင့်သုံး သတ်ဖြတ်ခြင်း ဂဏ်ပါက မာထို့ပေါင်ဆီက စကားတစ်ခွန်းကြောင့် တကယ်ပဲ အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ အဲဒါက ဘာကိုဆိုလိုတာလဲ။

"ကမ္ဘာကြီးရဲ့ အဆင့်တစ် သတ်ဖြတ်ခြင်း ဂဏ်ပါ"

Edit with WPS Office

ကျိုးချီဖန်းအပါအဝင် လူငါးယောက်လုံးရဲ့ တိုက်ခိုက်မှုတွေက ဆက်တိုက်ဆိုသလို ရပ်တန့်သွားပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ ကြပါတယ်။

မာထို့ပေါင်က လူသားပုံစံရှိတဲ့ သဘာဝ ဂင်္ဂါပါတစ်ခုဖြစ်ပြီး အဆင့်တစ် သတ်ဖြတ်ခြင်း ဂင်္ဂါပါ ဖြစ်နေလိမ့်မယ်လို့ မျှော်လင့်မထားခဲ့မိပါဘူး။

ဒဏ္ဍာရီတွေအရ အဆင့်တစ် သတ်ဖြတ်ခြင်း ဂင်္ဂါပါက တန်ခိုးရှင်တွေကိုတောင် သတ်ပစ်နိုင်ပါတယ်။ ကျိုးချီဖန်းအပါအဝင် သူတို့ငါးယောက် အုပ်စုက ဘယ်လိုလုပ်ပြီးတော့ မကြောက်ပဲ နေမှာလဲ။ သူတို့တွေက တန်ခိုးရှင်တွေ ဖြစ်ချင်ပါသေးတယ်။

လင်းဟန်က နောက်ဆုံးမှာတော့ နားလည်သွားခဲ့ပါတယ်။ မာထို့ပေါင်က သိုင်းပညာအသိ ကျောက်တုံးပေါ်မှာ နံပါတ်တစ် ရယူနိုင်ခဲ့တာ အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒါက သူ့ရဲ့ ဂုဏ်သိက္ခာတင်မက သူ့ရဲ့ စစ်မှန်တဲ့ နာမည်လည်း ဖြစ်ပါတယ်။

Edit with WPS Office

ကမ္ဘာ့ နံပါတ်တစ် သတ်ဖြတ်ခြင်း ဂင်္က်ပါ။

မာထို့ပေါင်က တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ ဟုမ်း။ အဆုံးမရှိ သတ်ဖြတ်ခြင်း ဆန္ဒတွေ လည်ပတ်လာပြီး ဘုံတစ်ခုလုံးကို ဖုံးကွယ်လာခဲ့ပါတယ်။

အဖြူရောင် အလင်းတန်းတွေက နေရာအနှံ့အပြားမှာ ထွက်ပေါ်လာပြီး လေဟာနယ်က အတင်းအကျပ် စုတ်ပြဲလာတာကြောင့် အဆုံးမရှိတဲ့ စွမ်းအင်တွေက ဒလဟော စီးဆင်းလာပြီး ဒီဖြစ်ရပ်ကြောင့် နှိုင်းယှဉ်လို့ မရနိုင်အောင် ကြောက်မက်ဖွယ် ကောင်းပါတယ်။

ဒါက သူ့ရဲ့ စစ်မှန်တဲ့ ခွန်အားဖြစ်ပါတယ်။ ကမ္ဘာ့နံပါတ်တစ် သတ်ဖြတ်ခြင်း ဂင်္က်ပါက တန်ခိုးရှင်တွေကိုတောင် သတ်ပစ်နိုင်ပါတယ်။

Edit with WPS Office

ကျိုးချီဖန်း အပါအဝင် သူတို့ငါးယောက်က အတူတကွ
ပူးပေါင်းပြီးတော့ တောင်ခံဖို့ ကြိုးစားပြီး ဒီတိုက်ခိုက်မှုကို ရင်ဆိုင်ဖို့
အင်အားတွေ ပူးပေါင်းခဲ့ပါတယ်။ တကယ်လို့ ကမ္ဘာကြီးထဲက
အစွမ်းထက်ဆုံး စိတ်ဝိညာဉ် ပစ္စည်းတွေ ပူးပေါင်းတော့ရော
ဘာဖြစ်သေးလဲ။ သူတို့ထက် သာလွန်နေဆဲ ဖြစ်ပြီးတော့
သူတို့ကိုယ်သူတို့ ခုခံနိုင်ရုံပဲ တတ်နိုင်ပါတယ်။

ဖူး ဖူး ဖူး ဖူး။

သူတို့ရဲ့ ခန္ဓာကိုယ်ကနေ သွေးတွေ ပန်းထွက်လာပြီး
ချက်ချင်းဆိုသလို သူတို့တွေက ပြင်းထန်တဲ့ ဒဏ်ရာတွေ ရသွားခဲ့
ကြပါတယ်။

ဒါက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်းကို
မျှော်လင့်ချက်တွေ ကုန်ဆုံးသွား စေခဲ့ပါတယ်။ ကမ္ဘာနံပါတ်တစ်
သတ်ဖြတ်ခြင်း ဂင်္ကပါ။ သူ့ရဲ့လမ်းကြောင်းမှာ ရှိနေတဲ့
ဘယ်အရာကိုမဆို သတ်ပစ်နိုင်ပါတယ်။ နတ်ဘုရားလာမလား။
တန်ခိုးရှင်တွေပဲလာဦးမလား။ ဒီဘုံသေးသေးလေး အထဲမှာ သူက

Edit with WPS Office

လုံးပကို ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆို နံပါတ်တစ်လို့ သရဖူဆောင်းလို့ ရမှာတဲ့လား။

ဟုမ်း။

အဲဒီအချိန်မှာ ထူးဆန်းတဲ့ တစ်စုံတစ်ခု ဖြစ်ပျက်သွားခဲ့ပါတယ်။ မာထို့ပေါင် စုတ်ဖြဲထားတဲ့ လေဟာနယ်ထဲ အက်ကြောင်းထဲကနေ လေ့တစ်စင်း ထိုးခွဲပြီး ထွက်လာခဲ့ပါတယ်။

လေဟာနယ် အက်ကွဲကြောင်းက သိပ်ပြီးတော့ မကြီးပေမဲ့ လှေတစ်စင်းရဲ့ ဦးပိုင်း သေးသေးလေး ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ဒီဦးပိုင်း သေးသေးလေးတစ်ခုက အားလုံးရဲ့ ခြေထောက်တွေ အားနည်းပြီး ကောင်းကင်ပေါ်ကနေ ပြုတ်ကျသွားစေခဲ့ပါတယ်။

ချွင်းချက်ဘယ်သူမှ မရှိပါဘူး။ ကျိုးချီဖန်းတို့ ငါးယောက်အုပ်စု၊ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင်ဘုရင် နှစ်ယောက်နဲ့ မာထို့ပေါင်တောင် ပြုတ်ကျလာခဲ့ပါတယ်။

Edit with WPS Office

ပုန်း ပုန်း ပုန်း။

စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ရာကျော်က မိုးကောင်းကင်ပေါ်က ပြုတ်ကျလာပြီး သူတို့အားလုံး အရမ်းကို သနားစရာ ကောင်းလောက်အောင် ကျလာခဲ့တာ ဖြစ်ပါတယ်။ ဒါက လုံးဝကို မျှော်လင့်မထားတဲ့ ဆိုးဆိုးဝါးဝါး အခြေအနေ တစ်ခု ဖြစ်ပါတယ်။

ဒီမြင်ကွင်းက တကယ်တော့ အတော်လေး ရယ်ရွှယ်ဖွယ်ကောင်းပါတယ်။ စကြာဂဠ္ဍာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေလည်း ဒီလိုမျိုး ဖြစ်နိုင်တယ်ဆိုတာကို ဘယ်သူမှ မျှော်လင့် မထားမိပါဘူး။ ဒါပေမဲ့ ဒီအချိန်မှာ ဘယ်သူမှ မရယ်နိုင်ကြပါဘူး။ အဲဒီအစား သူတို့ရဲ့ မျက်နှာအမူအရာမှာ ထိတ်လန့်တုန်လှုပ်မှုတွေ မဖုံးနိုင်မဖိနိုင် ထွက်ပေါ်လို့ နေပါတယ်။

ကမ္ဘာကြီးထဲမှာ လေဟာနယ်က အွန္တရာယ် အများဆုံး

Edit with WPS Office

နေရာဆိုတာကို အားလုံးက သိထားပါတယ်။ တကယ်လို့ အဲဒီထဲကို ခြေချမိတာနဲ့ အဆင့်တစ်ဆယ် ရှားပါးသတ္တုအဆင့်ရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ လူတောင်မှ လျင်မြန်စွာနဲ့ အပိုင်းပိုင်း အစစ ဖြစ်သွားပါလိမ့်မယ်။ ဟုတ်ပါတယ်။ လေဟာနယ်ကို ဖွင့်ဖို့က အရမ်းကို ခက်ခဲလွန်းပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေပဲ လုပ်ဆောင်နိုင်တဲ့ အရာဖြစ်ပါတယ်။ အဲဒါက တန်ခိုးရှင် ဘုံထဲကို ဝင်ရောက်ဖို့ လမ်းကြောင်းတစ်ခုကို ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။

လေဟာနယ်ကို စုတ်ဖြဲခြင်းက လုံးဝကို အန္တရာယ်များတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ သေခြင်းတရားကို လွယ်လွယ်နဲ့ ကျရောက်သွားနိုင်ပါတယ်။ တကယ်လို့ ဂိုဏ်းကြီးငါးဂိုဏ်းက ခင်းကျင်းထားတဲ့ မဟာဂဏ်ပါအစီအရင်ရဲ့ လုပ်ကြံသတ်ဖြတ်မှုသာ မရှိခဲ့ဘူးဆိုရင်တောင် လေဟာနယ်ကို အောင်အောင်မြင်မြင် စုတ်ဖြဲနိုင်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အရေအတွက်က အများဆုံး တစ်ဝက်လောက်ပဲ ရှိပါလိမ့်မယ်။

ဒါပေမဲ့ လေ့တစ်စင်းလုံးက လေဟာနယ်ကို ဖြတ်ပြီးတော့

Edit with WPS Office

ထွက်လာခဲ့ပါတယ်။

ဒါက ဒဏ္ဍာရီ တစ်ခုနဲ့ တူပါတယ်။ လေဟာနယ်ရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားကို ခုခံနိုင်တာ ဘယ်လိုပစ္စည်းမျိုး ဖြစ်နိုင်မလဲ။

အဲဒီအချိန်မှာ အားလုံးက တိုက်ခိုက်ဖို့ ဆန္ဒတွေ မရှိတော့ပါဘူး။ သူတို့တွေမှာ ရှိနေတာက အံ့အားသင့်ခြင်းနဲ့ ပဟေဠိ ဖြစ်နေခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီလှေက ဘာကို ကိုယ်စားပြုသလဲ။

ဟုမ်း ဟုမ်း ဟုမ်း။

လှေရဲ့ဦးပိုင်းက လေဟာနယ် အက်ကွဲကြောင်းကို နူးညံ့ညင်သာစွာနဲ့ ထိုးထွက်လာခဲ့ပါတယ်။ လှေပုံစံကို ကြည့်ရတာ လေးလံပုံ မရပေမဲ့ ဒီအကျိုးဆက်ကြောင့် မိုးကောင်းကင်တောင်မှ

Edit with WPS Office

လှုပ်ခါသွားပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင်မှ သူတို့ရဲ့ နှလုံးသားတွေကို တိုက်ရိုက်ထိမှန်သလိုမျိုး သွေးတွေအန်လိုက်ကြ ရပါတယ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ်အထဲက အနက်ရောင် မျှော်စင်က ညင်ညင်သာသာနဲ့ တုန်ခါလာပြီး လင်းဟန်ကတော့ ဘာမှမဖြစ်သလိုမျိုး အေးဆေးတည်ငြိမ်နေပါတယ်။ ဒါဆိုရင် ဟူးညိုလည်း လုပ်နိုင်ပါတယ်။ ဒီကလေးမလေးကလည်း အရမ်းကို ထူးဆန်းပါတယ်။

Chapter 837 end

Zaw.အပိုင်း(838) လေဟာနယ်ထဲက ထွက်ပေါ်လာတဲ့ ရောမ လှေကြီး

ပုန်း။

နောက်ဆုံးတော့ လေဟာနယ် အက်ကွဲကြောင်းက ဒါဇင်နဲ့ချီအောင် တိုက်ခိုက်ခံရမှုရဲ့ အကျိုးဆက်ကြောင့် လှေရဲ့ဦးပိုင်းက လုံးဝကို

Edit with WPS Office

ထွက်ပေါ်လာခဲ့ပါတယ်။ လှေရဲ့ ကိုယ်ထည် တစ်ခုလုံး အဆင်ပြေပြေနဲ့ လိုက်ပါလာပြီး မြေကွှာရဲ့ ဆွဲငင်အားကြောင့် ဖြတ်သန်းလာပြီး မြေပြင်ပေါ်ကို အရှိန်ပြင်းပြင်းနဲ့ ထိုးစိုက်ပြီး ဆင်းလာခဲ့ပါတယ်။

ပုန်း။

လှေဦးက တောင်တစ်လုံးရဲ့ ထိပ်ကို တိုက်မိသွားပြီးတော့ တောင်က လုံးဝကို လဲပြိုသွား ခဲ့ပါတယ်။ မဟာကာကွယ်မှု ဂင်္ဂါပါက လုံးဝကို အသုံးမဝင်ဘူးဆိုတာ ပေါ်လွင်ပါတယ်။ လှေဦးနဲ့ တိုက်မိတာကြောင့် အလင်းရောင် ဒိုင်း အတားအဆီးက ချက်ချင်းဆိုသလို မရေမတွက်နိုင်တဲ့ အမှုန်တွေ အဖြစ်ကို ပျက်စီးပြီးတော့ လွင့်စဉ်ထွက်ကုန်ပါတယ်။

အရမ်းကို မြင့်မားတဲ့ တောင်ကြီးက သဲကျောက်နဲ့ လုပ်ထားသလိုမျိုး ပြိုလဲသွားပြီး တစ်ချက်လေး ထိလိုက်တာနဲ့ အစိတ်စိတ်အမြွှာမြွှာ တစ်စစီ ဖြစ်သွားခဲ့ပါတယ်။ လှေဦးက မြေကြီးနဲ့ ထိသွားတာနဲ့ လှေတစ်စင်းလုံး ကျယ်လောင်တဲ့ အသံကြီးနဲ့ မြေပြင်ပေါ်မှာ

Edit with WPS Office

သက်ဆင်းသွားခဲ့ပါတယ်။ လှေကြီးက မြေပြင်ပေါ်မှာ ရွက်လွှင့်နေတဲ့အတိုင်း ခုံခုံညားညားနဲ့ ရပ်နေပါတယ်။

လှေကြီးက အရမ်းကို ကြီးမားပြီး ရှည်လျားလွန်းပါတယ်။ သူ့ရဲ့အရှည်က မီတာတစ်ထောင်နီးပါး ရှိပြီးတော့ အမြင့်က မီတာ ၁၇၀ကျော် ရှိပါတယ်။ အနီးကနေ ကြည့်ရင် တောင်သေးသေးလေး တစ်လုံးနဲ့ တူပါတယ်။ လှေရဲ့ကိုယ်ထည် တစ်ခုလုံး စိမ်းညို့ညို့ အရောင်ရှိပြီး အများစုက သစ်သားနဲ့ ပြုလုပ်ထားပါတယ်။ ဒီသစ်သားတွေက ဘယ်သစ်ပင်ကနေ ရရှိတယ်ဆိုတာကို သေချာအောင် လေ့လာစိစစ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လှေကို ပြုလုပ်ထားတဲ့ သစ်သားဟာ အစွမ်းထက်တဲ့ ဖိအားဒဏ်ကို ခုခံနိုင်ပြီးတော့ လေဟာနယ်ကို အင်အားသုံးပြီး စုတ်ဖြဲနိုင်စွမ်း ရှိနေတာလား။

ဒါကို ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ။

Edit with WPS Office

ဒီလှေက လေဟာနယ်ထဲမှာ နှစ်ပေါင်းဘယ်လောက်ကြာအောင် တည်ရှိနေခဲ့သလဲ ဆိုတာကို မသိရပါဘူး။ လှေဦးရဲ့ နေရာမှာရှိတဲ့ အလံက လုံးဝကို ပျက်စီးနေပြီး အလံတိုင်တစ်ခုပဲ ကျန်ပါတော့တယ်။ အဲဒါကလွဲပြီး လှေရဲ့ကိုယ်ထည်မှာ အပေါက်တွေအများကြီး ရှိပြီးတော့ အပြင်ဘက်က တရစပ်တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ထားပုံ ရပါတယ်။

တကယ်လို့ လှေက လေဟာနယ်အထဲမှာ တရစပ် တိုက်ခိုက်ခံခဲ့ရတယ်ဆိုရင် ဒါကို လက်ခံနိုင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ လှေကြီးက လေဟာနယ်ထဲကို မဝင်ခင် တရစပ် တိုက်ခိုက်ခံခဲ့ ရတယ်ဆိုရင်တော့ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါလိမ့်မယ်။

ဘယ်လိုစွမ်းအားမျိုးက လေဟာနယ်ကတောင် ဘာမှမလုပ်နိုင်တဲ့ လှေကြီးကို ဒီလိုမျိုး ပျက်စီးသွားအောင် လုပ်နိုင်တဲ့အထိ အစွမ်းထက်နေရတာလဲ။ ပြီးတော့ ဘယ်လိုမျိုး ဖျက်ဆီးခြင်း စွမ်းအားက ဒီလောက်ထိ ဖြစ်စေနိုင်ရတာလဲ။

Edit with WPS Office

ဒုတိယ ဖြစ်နိုင်ချေက ပိုပြီးတော့ နီးစပ်ပါတယ်။ လေဟာနယ်ကြောင့် လှေရဲ့ကိုယ်ထည်မှာ အပေါက်တွေ ဖြစ်စေနိုင်တယ်ဆိုရင် ဘယ်လိုလုပ်ပြီး အပေါက်အနည်းငယ်ပဲ ဖြစ်စေနိုင်မှာလဲ။ လှေတစ်စီးလုံးကို ပျက်စီးပစ်ပါလိမ့်မယ်။

လှေကြီးက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရှိနေပါတယ်။ လှေကြီး ထွက်ပေါ်လာတဲ့ အချိန်မှာ အုတ်အော်သောင်းတင်း ဖြစ်သွားတယ် ဆိုပေမဲ့ အခုတော့ အရမ်းကို တိတ်ဆိတ်လို့ နေပါတယ်။ လှေကိုယ်ထည်က အစတုန်းက တောက်ပနေပြီး အခုတော့ အတော်လေးကို မှေးမှိန်လို့ နေပါတယ်။ လှေပုံစံ ကြည့်ရတာ သာမန်ပါပဲ။ ဒါပေမဲ့ ဘယ်လိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဘေးဒုက္ခကြီး တစ်ခုကို သယ်ဆောင်လာမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။

ဖိအားက အတော်လေးကို အားနည်းသွားခဲ့ပါပြီ။ လူတချို့က အတော်လေး မသက်မသာ ဖြစ်နေသေးတယ် ဆိုပေမဲ့ လူတွေကို သွေးအန်လောက်တဲ့အထိ မရိုမသေ့ဝေဒနာကို ထပ်ပြီးတော့ မခံစားရတော့ပါဘူး။

Edit with WPS Office

ဒီအချိန်မှာ အားလုံးရဲ့ မျက်လုံးတွေက တောက်လောင်လို့ နေပါတယ်။

ဒီလှေက လေဟာနယ်ကို ပျက်စီးခြင်း မရှိပဲ ဖြတ်လာနိုင်တယ် ဆိုမှတော့ လှေကြီးကိုယ်တိုင်နဲ့ အထဲမှာ ရတနာ တစ်ခု ဖြစ်ပါလိမ့်မယ်။ တကယ်လို့ လှေကြီးကို တစ်စစီ ဖြုတ်ပြီးတော့ သူ့ပစ္စည်းတွေကို သန့်စင်ပစ်မယ်ဆိုရင် အဲဒီကနေ ထိပ်တန်းအဆင့် စိတ်ဂိညာဉ် ပစ္စည်းတွေ ဘယ်လောက်တောင် ပြုလုပ်နိုင်မလဲ ဆိုတာကို မသိနိုင်ပါဘူး။ နောက်ပြီးတော့ ကိုယ်ထည်တောင် အရမ်းကို အဖိုးထိုက်တန်နေပါတယ်။ တကယ်လို့ အထဲမှာ တစ်စုံတစ်ခု ရှိနေမယ်ဆိုရင် ဘယ်လိုရတနာမျိုး ဖြစ်လိမ့်မလဲ။

ဘယ်လိုပဲ အသုံးဝင်ဝင် ဆက်ပြီးတော့ တိုက်ခိုက်ရမှာပဲ။

အားလုံးက လှေကြီးဆီကို အလျင်စလိုနဲ့ ပြေးသွားကြပါတယ်။ သူတို့က လှေရဲ့ကုန်းပတ်ပေါ်ကို လှသားခန် ခုန်တက်ပြီးတော့ လှေကိုယ်ထည် အခန်းထဲက ဝင်ချင်နေကြပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ သူတို့က လှေကိုယ်ထည်ပေါ်ကိုတောင်

Edit with WPS Office

မတက်နိုင်ဘူး ဆိုတာကို ရှာတွေ့သွားခဲ့ ကြပါတယ်။

ဒါက မီတာ ၁၇၀လောက်ပဲ မြင့်ပါတယ်။ သူတို့တွေ ဘယ်လောက်အမြင့်ထိ ခုန်ခုန် ဒါမှမဟုတ် ဘယ်လောက်ပဲ ပျံပျံ သူတို့က အမြဲတမ်းတော့ အနည်းငယ် လိုအပ်နေပါတယ်။ သူတို့က လေ့ရဲ့ကုန်းပတ်ပေါ်ကို ခြေချဖို့ နည်းလမ်းမရှိပါဘူး။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ အတွက်လည်း အတူတူပါပဲ။

အဲဒါက သူတို့အတွက် ဒါက စစ်မှန်တဲ့ ရတနာတစ်ခု ဆိုတာ ပိုပြီးတော့တောင် သေချာသွား စေခဲ့ပါတယ်။ အရာအားလုံးကိုတောင် ကျော်လွှန်သွားမဲ့ ရတနာတစ်ခု ဖြစ်ပါလိမ့်မယ်။ တန်ခိုးရှင်ဘုံထဲမှာတောင် ဒီပစ္စည်းအတွက် အားလုံးက ရေကုန်ရေခမ်း တိုက်ခိုက်ကြပါလိမ့်မယ်။

တကယ်လို့ ကုန်းပတ်ပေါ်ကို မရောက်နိုင်ဘူးဆိုရင်

Edit with WPS Office

လှေရဲ့ကိုယ်ထည်မှာ အပေါက်တချို့ ရှိတယ် မဟုတ်လား။

တချို့က ကြိုးစားကြည့် ပြီးတော့ အထဲကို ချောချောမွေ့မွေ့နဲ့ ဝင်သွားကြပါတယ်။ ဒါက တခြားသူတွေကို စိတ်လှုပ်ရှားသွားစေပြီး သူတို့လည်း အနောက်ကနေ အလျင်အမြန် လိုက်သွားပါတယ်။

လှေရဲ့အထဲမှာ နတ်ဘုရား ပစ္စည်းတွေ ရှိနိုင်လောက်ပါတယ်။ အဲဒါက တိုက်ပွဲအခြေအနေကို တစ်မျိုးတစ်ဖုံတောင် ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။

"အရှင်မင်းကြီး"

ဘုရင်ရှစ်ပါးက မာထို့ပေါင်ကို ကြည့်လိုက်ကြပါတယ်။

"အထဲကို သွားပြီးတော့ တစ်ချက်ကြည့်လိုက်"

Edit with WPS Office

မာထို့ပေါင်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်း အထဲကို မဂင်အောင် ဟန့်တားဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စွမ်းအားတွေက လှေကြီးအနားကို ကပ်လိုက်တာနဲ့ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

အခု အားလုံးရဲ့ တိုက်ပွဲစွမ်းရည်က အရေးမကြီးတော့ပါဘူး။ အရေးကြီးတဲ့ အချက်က ဒီလှေက အားလုံးကို ပြောင်းလဲပစ်နိုင်ပါတယ်။

"အသားညိုတဲ့ ညီငယ် မင်းရော ဘယ်လိုလဲ"

မာထို့ပေါင်က လှည့်ပြီးတော့ လင်းဟာန်ကို မေးလိုက်ပါတယ်။

"ငါ့ဘာသာငါ အထဲကို သွားမယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီ"

မာထို့ပေါင်က လက်ရွေးစင် တစ်ထောင်ကို အနောက်မှာ ချန်ထားခဲ့ပြီး ဘုရင်ရှစ်ပါးကို ဦးဆောင်ပြီးတော့ လေ့ရဲ့ကိုယ်ထည်ပေါ်မှာရှိတဲ့ အပေါက်တွေထဲက တစ်ပေါက်ကနေ ဝင်သွား လိုက်ပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲက ကျူးရွှမ်အာ၊ ယုန်ဖြူကြီးနဲ့ ရွှေရာကြွက်တို့ကို ပြန်ထုတ်လိုက်ပါတယ်။ ပြီးတော့ အစောပိုင်းတုန်းက ဖြစ်ပျက်သွားခဲ့တာတွေကို အကျဉ်းချုံးပြီး ပြောပြလိုက်ပါတယ်။

"ရတနာ။ ကမ္ဘာကြီးရဲ့ အကြီးမားဆုံး ရတနာ"

ယုန်ဖြူကြီးက အံ့အားသင့်မှုတွေကြောင့် မျက်လုံးတွေ ပြူးလာခဲ့ပါတယ်။

Edit with WPS Office

"ကောင်စုတ်လေး။ ဒီရတနာက တန်ခိုးရှင်ဘုံက ရတနာတစ်ခု ဖြစ်မယ်ဆိုတာ အရှင်သခင်ယုန် အတည်ပြုနိုင်တယ်။ မင်းဒါကို ရအောင်ယူရမယ်"

ရွှေရာကြွက်က ပိုပြီးတော့တောင် စိတ်လှုပ်ရှားနေပြီး လေ့ရဲကကိုယ်ထည်ကို နည်းနည်းချင်းစီ ကိုက်ဝါးဖို့ အစွမ်းကုန် ကြိုးစားနေပါတယ်။ သူက လေ့ရဲ့ကိုယ်ထည်ပေါ်က သံမှိုတစ်ခုကို အာရုံကျသွားပြီး အစွမ်းကုန် ကြိုးစားပြီးတော့ ဆွဲထုတ်ဖို့ လုပ်နေပါတယ်။ ဒါပေမဲ့ သူ့ပါးစပ်နဲ့ လေ့ကြီးပေါ်ကို ကိုက်ချလိုက်တဲ့ အခါမှာ သူ့ရဲ့စွမ်းရည်တွေကို လုံးဝအသုံးပြုနိုင်စွမ်း မရှိတော့ပါဘူး။ ရွှေရာကြွက်က အရမ်းကို သောကရောက်နေပြီး ကျွိကျွိကျွိနဲ့ အော်နေပါတယ်။

အရသာရှိတဲ့ အစားအစာက မင်းအရှေ့ကို ရောက်နေပြီ။ ဒါပေမဲ့ မင်းက အဲဒါကို မစားနိုင်ဘူး။ ဒါက အရမ်းကို စိတ်ပျက်စရာကောင်းတယ် မဟုတ်လား။

Edit with WPS Office

လင်းဟန်က ဘယ်တုန်းကမှ ရွှေရှာကြွက်ဟာ အရမ်းကို စိတ်လှုပ်ရှားနေတာကို မတွေ့ဖူးပါဘူး။ တကယ်လို့ အဆင့်တစ်ဆယ် ရှားပါးသတ္တုကို ပေးလိုက်ရင်တောင် ရွှေရှာကြွက်က အရမ်းကို စိတ်အားထက်သန်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ကြည့်ရတာ ဒီလှေကြီးကိုယ်တိုင်ရဲ့ တန်ဖိုးက အဆင့်တစ်ဆယ် ရှားပါးသတ္တု အဆင့်ထက် သာလွန်နေပုံ ရပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လေဟာနယ်ရဲ့ ဖိအားကို ဘယ်လိုလုပ်ပြီးတော့ ခုခံနိုင်မှာလဲ။

"လာ။ ငါတို့တွေ အထဲကို တစ်ချက်သွားကြည့်ရအောင်"

လင်းဟန်က ဦးဆောင်လိုက်ပါတယ်။

ဟူးညိုက သူမရဲ့ခေါင်းကို တစ်ဖက်စောင်းပြီးတော့ လင်းဟန်ရဲ့ အဂတ်အစားကို သူမရဲ့လက်နဲ့ ဆုပ်ကိုင်ပြီး သူနဲ့အတူ

Edit with WPS Office

လိုက်ပါသွားပါတယ်။ ရုတ်တရက် ဟူးညို့က ပြောလိုက်ပါတယ်။

"ထူးဆန်းတယ်။ ညိုးညိုး ဒီလေ့ကြီးကို မြင်ဖူးသလိုပဲ"

"ဘယ်လို ဘယ်လို"

လင်းဟာန်ရဲ့ နှလုံးသားက တဒုတ်ဒုတ်နဲ့ အခုန်မြန်သွားခဲ့ပါတယ်။

"သေသေချာချာ စဉ်းစားကြည့်ပါဦး။ ဘယ်နေရာမှာ ဘယ်တုန်းက ညိုးညိုး မြင်ဖူးတာလဲ"

"ညိုးညိုး မမှတ်မိဘူး"

ဟူးညို့က စိတ်ပျက်လက်ပျက်နဲ့ပ ပြန်ဖြေလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ သူမရဲ့ ခေါင်းလေးကို ပုတ်ပြီး

Edit with WPS Office

ပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ အထဲကို ရောက်တဲ့အခါ မင်းက ပစ္စည်းတွေ အများကြီး တွေ့ရလိမ့်မယ်။ အဲဒါက မင်းကို ပြန်ပြီးတော့ သတိရအောင် ကူညီပေးကောင်း ကူညီပေးနိုင်လိမ့်မယ်"

ဟူးညိုရဲ့ ဇာစ်မြစ်က ထူးခြားဆန်းကြယ်ပါတယ်။ သူမက နိုင်ငံးယှဉ်လို့ မရနိုင်လောက်အောင် အံ့သြဖို့ ကောင်းပြီးတော့ ကြောက်စရာ ကောင်းပါတယ်။ ပြောရမယ်ဆိုရင် သူမက ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ လှေကြီးနဲ့ ပတ်သက်နေတယ် ဆိုတာက မဖြစ်နိုင်စရာတစ်ခုတော့ မဟုတ်ပါဘူး။

သူတို့က အပေါက်တစ်ခုကို ရွေးပြီးတော့ လှေထဲကို ဝင်လာခဲ့ပါတယ်။ သူတို့က အနိမ့်ဆုံး အထပ်ကို ဝင်လာခဲ့ကြတာ ဖြစ်ပါတယ်။

အထဲကို ရောက်တဲ့အခါမှာ အရမ်းကို မည်းမှောင်နေပြီး ဘာကိုမှ

Edit with WPS Office

ရှင်းရှင်းလင်းလင်းနဲ့ မမြင်နိုင်ပါဘူး။ ဒါက အရမ်းကို ဆန်းကြယ်လို့ နေပါတယ်။ တစ်ခုသိထားရမှာက သူတို့ရဲ့ အမြင်အာရုံက မှောင်မည်းနေတဲ့ ပတ်ဝန်းကျင် တစ်ခုမှာတောင် ပစ္စည်းတွေကို မြင်နိုင်စွမ်း ရှိပါတယ်။ ဒီနေရာမှာ တားမြစ်မှုအမျိုးအစား တချို့ ရှိနေပုံ ရပါတယ်။ အဲဒါက သူတို့ရဲ့ အမြင်အာရုံအပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။

လင်းဟန်က သူ့လက်ကို မြှောက်ပြီးတော့ သူ့ရဲ့ မူလစွမ်းအင်ကို မီးဓာတ်အဖြစ် ပြောင်းလဲလိုက် ပါတယ်။ သူ့လက်ဖဝါးပေါ်မှာ တောက်ပတဲ့ မီးတောက်တစ်ခု လောင်ကျွမ်းလို့ လာပါတယ်။ အလင်းရောင်က အရမ်းဝေးဝေးကို မရောက်နိုင်ပါဘူး။

ကံကောင်းတာက သူတို့က အနည်းဆုံး သုံးမီတာ အကွာအဝေးက ပစ္စည်းတွေကို မြင်နိုင်ပါတယ်။

သူတို့က လှေဂမ်းဗိုက်ထဲမှာ ဖြစ်ပေမဲ့ ဘာကိုမှ ရှာမတွေ့ပါဘူး။ ဖြစ်နိုင်ချေ ရှိတာက လေဟာနယ်ကို ဖြတ်လာတဲ့ အခါမှာ ပွင့်နေတဲ့ အပေါက်ကနေ အထဲမှာရှိတဲ့ ပစ္စည်းအားလုံး ပျက်စီးသွားတာ ဖြစ်ပါလိမ့်မယ်။

Edit with WPS Office

ဒါကို နားလည်ဖို့ အရမ်းကို လွယ်ပါတယ်။ အပြင်ဘက် အကာအကွယ်က အစွမ်းထက်ဆုံး ဖြစ်ပြီးတော့ အထဲက ပစ္စည်းတွေကတော့ အထိခိုက် မခံနိုင်ပါဘူး။ မဟာတောင်ကာကွယ်ခြင်း ဂင်္ကပါနဲ့ တူပါတယ်။

တံခါးကို ဖွင့်လိုက်တော့ အပြင်ဘက်မှာ အရမ်းကို ရှည်လျားတဲ့ လူသွားလမ်းတစ်ခု ပေါ်လာခဲ့ပါတယ်။ ဘေးတစ်ဖက်တစ်ချက်မှာ အခန်းတွေရှိပါတယ်။ တစ်ခန်းပြီးတစ်ခန်း သူတို့က တံခါးတွေကို တွန်းဖွင့်ပြီး ကြည့်လိုက်တော့ အခန်းအားလုံးက ဓားပြတိုက်သွားသလိုမျိုး ရှင်းလင်းနေတာကို တွေ့လိုက်ရပါတယ်။

သူတို့တွေက လျှောက်လာပြီး မကြာခင်မှာ လမ်းအဆုံးကို ရောက်လာတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ အပေါ်ထပ်ကို တက်ဖို့ လှေကားထစ် မရှိပါဘူး။ ဒါကြောင့် သူတို့က အနောက်ဘက်ကို ပြန်လျှောက်လာခဲ့ ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လှေကိုယ်ထည်က မီတာတစ်ထောင်လောက်ပဲ ရှည်တာကြောင့် အကြိမ်ပေါင်း ရာနဲ့ချီအောင် သွားလိုက် ပြန်လာလိုက်

Edit with WPS Office

လုပ်ရင်တောင်မှ သူတို့အတွက် အချိန်တွေ အများကြီး ကုန်သွားလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ လမ်းတစ်ဂက်မှာ မမျှော်လင့်ပဲ အမျိုးသမီး ငါးယောက်က သူတို့ဆီကို လျှောက်လာတာ တွေ့လိုက်ရပါတယ်။

သူမတို့က ဂိုဏ်းကြီးငါးဂိုဏ်း၊ အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ခရမ်းရောင်လ အင်ပါယာကလူတွေ မဖြစ်နိုင်ပါဘူး။ သူမတို့ရဲ့ လက်ထဲမှာ လုံတစ်ချောင်းစီ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပြီး လုံသွားက ငွေရောင်သတ္တုတစ်ခုနဲ့ ပြုလုပ်ထားပြီး တောက်ပလင်းလက်တဲ့ အလင်းရောင်တစ်ခု တလက်လက် တောက်ပလို့ နေပါတယ်။

သူတို့တွေက လေ့အဖွဲ့သားတွေ ဖြစ်နိုင်မလား။ သူတို့တွေ မသေသေးဘူးလား။

Chapter 838 end

Zaw.အပိုင်း(839) လူသေဂိညာဉ်များ

Edit with WPS Office

"ဒီနေရာကို ပျက်စီးအောင် လုပ်ပုံတယ်ပေါ့။ နင်တို့ထွက်သွားတာ အကောင်းဆုံးပဲ"

အမျိုးသမီး ငါးယောက်က ဆက်တိုက် အော်ဟစ်လိုက်ပါတယ်။ ရုတ်တရက် ဆိုသလို ခံ့ညားထယ်ဂါတဲ့ အရိုန်အဝါတစ်ခု ဖြတ်သွားပြီး ကျူးရွှမ်အာနဲ့ ယုန်ဖြူကြီးတို့ ခေါင်းအစ ခြေအဆုံး တုန်လှုပ်သွားခဲ့ပါတယ်။ ရွှေရှာကြွက်ကတော့ တန်းပြီးတော့ ခြေထောက်လေးချောင်းလုံး မိုးပေါ်ကို ထောင်လိုက်ပြီး သေချင်ယောင် ဆောင်နေပါတယ်။

ဟူးညိုက ချက်ချင်းပဲ ဒေါသထွက်သွားပြီး အော်ဟစ်လိုက်ပါတယ်။

"ညိုးညိုးကတော့ ထွက်မသွားနိုင်ဘူး။ အဲဒီတော့ ဘာလုပ်ချင်လဲ"

"နင် သေချင်နေပြီလား"

Edit with WPS Office

အမျိုးသမီး တစ်ယောက်က သူမရဲ့ လုံကို မြောက်ပြီးတော့ ဟူးညိုဆီကို ရွယ်ထားလိုက်ပါတယ်။ ချက်ချင်းဆိုသလို မကျော်လွှားနိုင်တဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခု လည်ပတ်လာပြီး လေထုက သူ့ဘာသာသူ အေးခဲလာတာကို တွေ့မြင်လိုက်ရပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအမျိုးသမီးရဲ့ ခံ့ညားထယ်ဂါတဲ့ အရှိန်အဂါ ခွန်အားက မာထိုပေါင်ထက်တောင် သန်မာနေပါတယ်။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ မာထိုပေါင်က ကမ္ဘာ့နံပါတ်တစ် သတ်ဖြတ်ခြင်း ဂင်္ဂါပါ ဖြစ်ပြီးတော့ တန်ခိုးရှင်တွေကိုတောင် ကွပ်မျက်နိုင်စွမ်း ရှိပါတယ်။ သီအိုရီ အရဆိုရင် သူက ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအမျိုးသမီးရဲ့ ခံ့ညားထယ်ဂါတဲ့ အရှိန်အဂါ ခွန်အားက မာထိုပေါင်ရဲ့ အထက်မှာတောင် ရှိနေပါတယ်။

ဒါက ဖြစ်နိုင်ချေ တစ်ခုပဲ ရှိပါတယ်။

Edit with WPS Office

တန်ခိုးရှင်တွေ။

တကယ်လို့ တန်ခိုးရှင်တွေက အောက်ဘုံကို ဆင်းသက်လာခဲ့မယ် ဆိုရင်တောင် ဘုံစွမ်းအားရဲ့ ဖိနှိပ်ထိန်းချုပ်မှုကို ခံရပါလိမ့်မယ်။ ဒါကြောင့် တန်ခိုးရှင် တစ်ယောက်ရဲ့ စွမ်းအားကို ထုတ်ဖော်ဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး။

ထူးဆန်းတယ်။ တကယ်ပဲ အရမ်းကို ထူးဆန်းတယ်။

လင်းဟာန်က ဟူးညိုကို ဘေးနားကို ဆွဲထားလိုက်ပြီး အမျိုးသမီးတွေကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ အခုပဲ ထွက်သွားပါ့မယ်"

သူတို့က ပထမဆုံး ဝင်လာခဲ့တဲ့ အခန်းထဲကို ဖြည်းညှင်းစွာနဲ့ နောက်ဆုတ်ပြီးတော့ လှေရဲ့ အပြင်ဘက်ကို အပေါက်ကနေ

Edit with WPS Office

ဖြတ်ပြီးတော့ ထွက်လာခဲ့ပါတယ်။ အဲဒီနောက် သူတို့ထက်အရင် ဝင်သွားတဲ့ သူတွေလည်း အောင်မြင်စွာနဲ့ ဆုတ်ခွာလာရတာကို တွေ့လိုက်ရပါတယ်။ ကျိုးချီဖန်း၊ မာထို့ပေါင်နဲ့ တခြားသူတွေ အကုန်လုံးပါပဲ။

ပြောရမယ်ဆိုရင် တိုက်ပွဲစွမ်းရည် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး ရှိတဲ့ သူတောင်မှ သူတို့ကို စပြီးတော့ မတိုက်ခိုက်ပုံပါဘူး။ အဲဒါက ဒီအမျိုးသမီး စစ်သည်တွေရဲ့ ခွန်အားကို သက်သေပြဖို့ လုံလောက်ပါတယ်။

ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းတာက ဒီအမျိုးသမီးတွေက စစ်သည်တွေပဲ ရှိပါသေးတယ်။ ဒီလှေအပေါ်က အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည်ရှိတဲ့သူတွေ မဟုတ်သေးပါဘူး။

"အစ်ကိုမှာ မင်းတောင်မှ သူတို့ကို မယှဉ်နိုင်ဘူးလား"

လင်းဟန်က မာထို့ပေါင်ကို မေးလိုက်ပါတယ်။

Edit with WPS Office

မာထို့ပေါင်က ခါးခါးသီးသီး ပြုံးလိုက်ပြီးတော့ ပြောလိုက်တယ်။

"ကြည့်ရတာ အရင်တုန်းက ကမ္ဘာကြီး တစ်ခုလုံးကို ငါလျှော့တွက်မိခဲ့ပုံပဲ။ အလျဉ်းသင့်သလို ထွက်ပေါ်လာတဲ့ လူနည်းစုလေးကတောင် ငါ့ကို မဖြစ်စလောက် ပမွှားတစ်ယောက်လို့ ခံစားသွားစေဖို့ လုံလောက်တယ်"

အဲဒါက ဘယ်လိုတောင် ဖြစ်နိုင်မှာလဲ။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်နဲ့ဆို သူက လူသားလောကရဲ့ အထွတ်အထိပ်မှာ ရပ်တည်နေပါတယ်။ သူနဲ့ ယှဉ်နိုင်တဲ့ လူတစ်ယောက်နဲ့ တွေ့ဆုံရဖို့ ဆိုတာက အရမ်းကို ခက်ခဲလွန်းပါတယ်။ အခုလိုမျိုး အချိန်တိုတိုလေး အတွင်းမှာ အများကြီး ထွက်ပေါ်လာတာကိုတော့ ပြောမနေပါနဲ့တော့။

"ဒါတွေက အသွေးအသားနဲ့ လူသားစစ်စစ်တွေ မဟုတ်ဘူး။

Edit with WPS Office

အတွေးရဲ့ ကိုယ်ထင်ပြခြင်း သက်သက်ပဲ။ အဲဒါက ပျောက်ကွယ်မသွားဘူး”

မျှော်စင်လေးက ရုတ်ချည်းဆိုသလို သတင်းပို့လာခဲ့ပါတယ်။

ဘာ။

လင်းဟန်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ စောစောက သူတွေ့ခဲ့တဲ့ အမျိုးသမီး ငါးယောက်က အသွေးအသားနဲ့ လူသားတွေ မဟုတ်ဘူးလား။ သူမတို့က တစ္ဆေသရဲတွေ ဖြစ်နိုင်ပါ့မလား။

“မင်းရဲ့ နားလည်သဘောပေါက်မှုအရ သူတို့ကို တစ္ဆေတွေလို့ ခေါ်နိုင်တယ်”

မျှော်စင်လေးက လင်းဟန်ရဲ့ အတွေးတွေကို အာရုံခံမိပါတယ်။

Edit with WPS Office

"သူတို့တွေ သေသွားပြီးတဲ့နောက်မှာ အားကောင်းတဲ့ စွဲလမ်းစိတ်တစ်ခု ကပ်ကျန်နေခဲ့တယ်။ သူတို့တွေ အသက်ရှင်တဲ့ အချိန်တုန်းက အစွမ်းထက်တဲ့ ခွန်အားကို ကျေးဇူးတင်ရမယ်။ သူတို့ရဲ့ ဝိညာဉ်တွေက ဒီလိုမျိုး ပုံစံတစ်ခု ဖြစ်နေတာပဲ"

"ဒါပေမဲ့ သူတို့ကို လူသားအစစ်တွေနဲ့ မခွဲခြားနိုင်ဘူး။ ပြီးတော့ ကြည့်ရတာ ကိုယ်ပိုင်အသိစိတ် ပိုင်ဆိုင်ထားပုံ ရတယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ စောစောတုန်းက အမျိုးသမီး ငါးယောက်က သူတို့ကို နှင်ထုတ်ခဲ့တယ် မဟုတ်လား။ သူမတို့ရဲ့ အမူအရာက သာမန်လူတစ်ယောက်နဲ့ မခြားပါဘူး။

"အဲဒါက သူတို့ရဲ့ အသက်ရှင်နေတဲ့ အချိန်တုန်းက ပင်ကိုယ်ဗီဇ တစ်ခုကို အမွေဆက်ခံ ထားတာထက် မပိုဘူး"

မျှော်စင်လေးက ပျင်းရိစရာကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"တကယ်လို့ မင်းငါ့ကို မယုံဘူးဆိုရင် သူတို့ရဲ့ နာမည်ကို မေးစမ်းကြည့်နိုင်တယ်။ ဂိညာဉ်တွေမှာ စွဲလမ်းစိတ် တစ်ခုပဲ ကျန်ခဲ့ပြီး တခြားမှတ်ဉာဏ်တွေကတော့ လုံးဝကို ပျောက်ကွယ်သွား လိမ့်မယ်"

လင်းဟန်က ပါးစပ်ကို မဲ့ရွဲ့ပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် သူတို့ရဲ့ လုံတွေနဲ့ ငါ့ကို သေအောင်လို့ အဆော်ခံရလိမ့်မလား"

"သူတို့က တကယ်တော့ တည်ရှိနေတာ မဟုတ်ဘူး။ သူတို့က မင်းရဲ့ အမြင်အာရုံကိုပဲ လှည့်စားနေတာ။ တန်ခိုးရှင်တွေတောင်မှ အလှည့်စား ခံရလိမ့်မယ်။ မင်းကို ဘယ်လိုလုပ်ပြီး သူတို့က ဒဏ်ရာရစေနိုင်မှာလဲ"

မျှော်စင်လေးက အထင်သေးစွာနဲ့ ပြောလိုက်ပြီး အေးစက်စက် ဟန်ပန်အမူအရာတစ်ခုကို ထပ်လုပ်လိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က ခဏတဖြုတ် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုမာ။ ငါတို့ နောက်တစ်ကြိမ် အထဲကို ဝင်ဖို့ ကြိုးစားကြည့်မယ်ဆို မင်းဘာများ ပြောမလဲ"

"အိုး အသားညို ညီငယ်လေး။ မင်းမှာ နည်းဗျူဟာကောင်းတွေ ရှိလို့လား"

မာထို့ပေါင်က မေးလိုက်ပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ အထဲကို ရောက်တဲ့အခါမှာ မင်းသိရမှာပေါ့"

Edit with WPS Office

"ကောင်းပြီလေ"

မာထို့ပေါင်က ပေါ့ပေါ့ပါးပါးနဲ့ သဘောတူလိုက်ပါတယ်။ သူက စောစောကတုန်းက သူ့ရဲ့ အဖြစ်ကြောင့် အထဲကို ထပ်သွားချင်ပါသေးတယ်။ လင်းဟာန်ရဲ့ ခွန်အားနဲ့ ပတ်သက်ပြီး ယုံကြည်တာကြောင့် မဟုတ်ပဲ လင်းဟာန်ရဲ့ အကျင့်စရိုက်နဲ့ ပတ်သက်ပြီးတော့ သူက ယုံကြည်စိတ်ချပါတယ်။

ဘုရင်ရှစ်ပါးက တစ်ယောက်ကို တစ်ယောက် ကြောင်တောင်တောင်နဲ့ ကြည့်ပြီးတော့ မာထို့ပေါင် အနောက်ကနေ လိုက်သွားကြပါတယ်။ စောစောတုန်းက သူတို့နဲ့ တွေ့ကြုံခဲ့တဲ့ အမျိုးသမီး စစ်သည်တွေက သူတို့အားလုံးကို ဖိမ့်ဖိမ့်တုန်အောင် လုပ်နိုင်ပြီး သူတို့ရဲ့ တိုက်ခိုက်ဖို့ သတ္တိတွေကို ဓားပြတိုက်သွားခဲ့ပါတယ်။ သူတို့တွေက ကြောက်တတ်တာကြောင့် မဟုတ်ပဲ နှစ်ဖက်စလုံးရဲ့ ခွန်အားအကြား ကွာဟချက်က အရမ်းကို ကြီးမားနေတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ သူတို့တွေ တိုက်ခိုက်မယ်ဆိုရင် လုံးဝကို သေသွားပါလိမ့်မယ်။

Edit with WPS Office

သူတို့က သူတို့ရဲ့ဘုရင်နဲ့အတူ သေဖို့ ကျိန်ဆိုထားခဲ့ပါတယ်။

လင်းဟာန်နဲ့ လူတော်တော်များများ လှေကြီးထဲကို ဝင်သွားတာကို ကြည့်ပြီးတော့ ပူဝေါင်ယွမ်နဲ့ တခြားသူတွေက တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး အနောက်ကနေ လိုက်သွား ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေ အန္တရာယ်နဲ့ ကြုံရမယ်ဆိုရင်တောင် သူတို့အရှေ့မှာ လူတချို့ ရှိပါတယ်။ တကယ်လို့ ရတနာပစ္စည်းတွေနဲ့ ကြုံတွေ့ရမယ်ဆိုရင် သူတို့လည်း ရရှိနိုင်ပါတယ်။

လှေထဲကို ဝင်လာပြီး မကြာခင်မှာပဲ သူတို့အရှေ့မှာ အမျိုးသမီး စစ်သည်တော် ငါးယောက်အုပ်စုနဲ့ ထပ်ပြီးတော့ တွေ့ဆုံခဲ့ပါတယ်။

"ဒီနေရာကို ပျက်စီးအောင် လုပ်ပံ့တယ်ပေါ့။ မင်းထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

အမျိုးသမီး စစ်သည်တော် တစ်ယောက်က အော်ဟစ်လိုက်ပါတယ်။ သူမရဲ့ အမူအရာက စောစောတုန်းကနဲ့ နည်းနည်းလေးမှတောင်

Edit with WPS Office

မကွာခြားပါဘူး။

ဒါပေမဲ့ ဒီအချက်ကြောင့် လင်းဟန်၊ မာထိုပေါင်နဲ့ တခြားသူတွေက တစ်ခုခု မှုမမှန်တာကို ခံစားလိုက် ရပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်က မင်းရဲ့အိမ်ကို မတော်တဆ ပျက်စီးသွားစေတယ်ဆိုရင် ပထမ အကြိမ်ဆိုရင်တော့ မင်းက တစ်ဖက်လူကို ထွက်သွားဖို့ ယဉ်ယဉ်ကျေးကျေးနဲ့ တောင်းဆိုနိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ တစ်ဖက်လူက အရမ်းကို လျင်မြန်စွာနဲ့ နောက်တစ်ကြိမ် ပျက်စီးစေမယ် ဆိုရင်ရော။ မင်းရဲ့တုံ့ပြန်မှုက သေချာပေါက် ကွဲပြားခြားနား သွားရလိမ့်မယ် မဟုတ်လား။

ဒါပေမဲ့ အမျိုးသမီး ငါးယောက်ရဲ့ အမူအရာက အရင်ကနဲ့ တစ်ထပ်တည်းပါပဲ။ ဒါက ထူးဆန်းပါတယ်။ တကယ့်ကို ထူးဆန်းလွန်းပါတယ်။

Edit with WPS Office

မျှော်စင်လေး ပြောတဲ့စကားတွေက အမှန်ဆိုတာ သေချာနေပါပြီ။ ဒီအမျိုးသမီး ငါးယောက်က သူတို့ရဲ့ တစ်သက်တာအတွက် သူတို့ရဲ့ စွဲလမ်းစိတ် တစ်ခုကို ကိုယ်ထင်ပြခြင်း သက်သက်ပါပဲ။ သူတို့မှာ မှတ်ဉာဏ်တွေ မရှိပါဘူး။ ဒါကြောင့် ဒီကျူးကျော်ဝင်ရောက်လာတဲ့ လူတွေက အရင်က တစ်ကြိမ် လာခဲ့ဖူးဆာကိုလည်း မှတ်မိနိုင်စွမ်း မရှိပါဘူး။

နောက်ပြီးတော့ လေ့ကြီးက လေဟာနယ်ရဲ့ တိုက်ခိုက်မှုကို ခံထားရပါတယ်။ ဒါပေမဲ့ သူတို့တွေက ခပ်တည်တည်နဲ့ ကင်းလှည့်နေဆဲပါပဲ။ ဒါတွေက ပုံမှန်မဟုတ်ပါဘူး။ အားလုံးက ဒီလူသေဂိုဏ်းတွေရဲ့ ခံညားထယ်ဂါတဲ့ အရှိန်အဂါကြောင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ပြီး ဘာကိုမှ သေသေချာချာ စဉ်းစားနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

လင်းဟန်က သူ့လက်ချောင်းကို အသာအယာ ဆတ်ခနဲ တောက်လိုက်တဲ့အခါ ဓားချီအလင်း တစ်ခုက အမျိုးသမီးတွေထဲက တစ်ယောက်ကို ချက်ချင်းပဲ ဖြတ်သွားခဲ့ပါတယ်။

Edit with WPS Office

"မင်းသေချင်နေတာလား"

အမျိုးသမီးက သူမကိုယ်သူမ ယုံကြည်မှုနဲ့ ရှေ့တိုးလာပြီး သူမရဲ့လုံ့ကို ပေ့ယမ်းကာ လင်းဟာန်ရဲ့ ဦးခေါင်းခွံကို ထိုးဖောက်တော့မဲ့ လှုပ်ရှားမှုတစ်ခု လုပ်လိုက်ပါတယ်။

သူမရဲ့ စွမ်းအားက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ မာထိုပေါင်တောင်မှ ပြန်တိုက်ခိုက်ချင်ရင်တောင် ဘာမှမတတ်နိုင်ပါဘူး။ ဒါက ကျင့်ကြံသူ တစ်ယောက်ရဲ့ ပင်ကိုယ်အသိစိတ် တစ်ခု ဖြစ်ပါတယ်။ သေခြင်းတရားကို အကူအညီမဲ့စွာနဲ့ ဘယ်လိုလုပ်ပြီး စောင့်နေနိုင်မှာလဲ။ အနောက်ကနေ လိုက်လာတဲ့ ပူဂေါင်ယွမ်နဲ့ တခြားသူတွေက ငေါ်တော့တော့ အပြုံးတွေ ပြုံးနေကြပါတယ်။ ဒီလိုမျိုး တည်ရှိမှု တစ်ခုကို တကယ်ပဲ စော်ကားမော်ကား သွားလုပ်တာက ကိုယ့်ကိုကိုယ် သေကြောင်းကြံသလိုပါပဲ။ တကယ်လို့ လင်းဟာန်ရဲ့ ခန္ဓာကိုယ် မာကျောမှုက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုနဲ့ နှိုင်းယှဉ်လို့ ရနိုင်တော့ရော ဘာတတ်နိုင်မှာလဲ။ ဒီလိုမျိုး တည်ရှိမှု တစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အဲဒါက လုံးဝကို

Edit with WPS Office

တန်ဖိုးမရှိ ဖြစ်သွားပါလိမ့်မယ်။

လင်းဟာန်က မကြောက်မရွံ့ ခပ်တည်တည်ပဲ ရပ်နေပါတယ်။
သူ့ရင်ဘတ်ကိုတောင် ကော့ထားလိုက် ပါသေးတယ်။

ဟုမ်း။

အမျိုးသမီးက အရှေ့ကို တစ်ဟုန်ထိုး ပြေးထွက်လာပြီး
သူ့ခန္ဓာကိုယ်ကို ဖြတ်သွားပြီးတော့ အနောက်မှာ ရပ်နေတဲ့
ဘုရင်ရှစ်ပါးကိုတောင် ထိတ်လန့်တုန်လှုပ်မှုကြောင့် သူတို့ရဲ့
ဆံပင်တွေ ထောင်သွားစေပါတယ်။ ပုဂေါင်ယွမ်နဲ့
တခြားသူတွေတောင် ပိုပြီးတော့ ထိတ်လန့်သွားပြီး
ထွက်ပြေးလုနီးပါး ဖြစ်သွားပါတယ်။ ဒီအမျိုးသမီး ဦးနှောက်က
ကောင်းမှကောင်းသေးရဲ့လား။ သူမက သူတို့ကို သတ်မလို့လား။

"ဒါက ပုံရိပ်ယောင် မြင်ကွင်းတစ်ခုလား"

မာထို့ပေါင်က ချက်ချင်းပဲ မေးလိုက်ပါတယ်။ သူက လင်းဟာန်ရဲ့

Edit with WPS Office

ခန္ဓာကိုယ်ကို ဘာမှမရှိတဲ့ အတိုင်းပဲ အမျိုးသမီးက ဖြတ်သွားတာကို တွေ့မြင်လိုက်ပါတယ်။

"တောစ္ဆ"

လင်းဟန်က တစ်ခွန်းတည်းပဲ ပြောလိုက်ပါတယ်။

မာထို့ပေါင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ သူက နတ်ဘုရားတွေနဲ့ ဘုရားတွေကို အယုံအကြည် မရှိပါဘူး။ သူယုံကြည်တာက နတ်ဘုရားလို့ ခေါ်တဲ့သူတွေက သက်ရှိတွေထက် စွမ်းအားပိုမိုသာလွန်ပြီး အသက်ပိုရှည်တာကလွဲရင် ဘာမှမဟုတ်ပါဘူး။ ဒါကြောင့် သူက တစ္ဆေတွေကိုလည်း မကြောက်ပါဘူး။ သူက ကျန်နေတဲ့ အမျိုးသမီး စစ်သည်တွေကို စိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

"ဒါက ဘယ်လိုတန်ခိုးရှင်တွေ ဖြစ်မလဲ။ သေပြီးတာတောင်မှ ဝိညာဉ်တွေက မပျောက်သေးပဲ လူတစ်ယောက်ကို

Edit with WPS Office

ခံ့ညားထယ်ဂါတဲ့ အရှိန်အဟါနဲ့တင် သေလုမတတ်
ထိတ်လန့်တုန်လှုပ် သွားစေနိုင်တယ်”

လင်းဟန်သာ တစ်ကြိမ်စမ်းသပ်ပြမှု မရှိဘူးဆိုရင်
ဒီအမျိုးသမီးတွေက ဂိညာဥ်တွေ ဖြစ်ပြီးတော့ ထိခိုက်နာကျင်အောင်
မလုပ်နိုင်ဘူးဆိုတာကို ဘယ်သူက ယုံကြည်နိုင်မှာလဲ။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ ပူဂေါင်ယွမ်နဲ့ တခြားသူတွေက
နောက်ဆုံးမှာ သတိပြန်ဝင်လာပြီး သူတို့ရဲ့ မျက်နှာတွေက
အတော်လေးကို နီရဲလို့ နေပါတယ်။ သူတို့အုပ်စုလို တန်ခိုးရှင်ဘုံက
သက်ရှိတွေဖြစ်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်
ကျင့်ကြံသူတွေရဲ့ အသိပညာနဲ့ အတွေ့အကြုံက နတ်အသွင်
ပြောင်းလဲခြင်းအဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်ကို
ယှဉ်လို့တောင် မရခဲ့ပါဘူး။ ဘယ်လောက်တောင် စိတ်ပျက်စရာ
ကောင်းလိုက်သလဲ။

“ထွက်သွားစမ်း”

Edit with WPS Office

ကျန်နေတဲ့ အမျိုးသမီး လေးယောက်က ဆက်ပြီးတော့ အော်ဟစ်လိုက်ပြီး အတူတကွ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ ဘာမှကို မလုပ်နိုင်ပါဘူး။

ဒါပေမဲ့ အကြိမ်အနည်းငယ် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က ခေါင်းကိုက်တဲ့ ခံစားမှု ဝေဒနာတချို့ ခံစားလာရပြီး အဲဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ မျှော်စင်လေးကို မေးလိုက်မိပါတယ်။

"သူတို့တွေက စွဲလမ်းစိတ်ကြောင့် သေဆုံးသွားတဲ့ ဝိညာဉ်တွေ ဖြစ်နေတော့ မင်းရဲ့ ဝိညာဉ် အပေါ်မှာ အကျိုးသက်ရောက်မှု ရှိတယ်လို့ ပြောလို့ရတယ်။ တကယ်လို့ အဲဒါက ရှစ်နှစ်ကနေ ဆယ်နှစ်လောက် ထိတွေ့နေမယ်ဆိုရင် မင်းလည်း ဖြည်းဖြည်းခြင်း သေသွားလိမ့်မယ်"

မျှော်စင်လေးက ရှင်းပြလိုက်ပါတယ်။

Edit with WPS Office

ကံကောင်းတာက ဒီလှေကြီးကို စူးစမ်းလေ့လာနေတာ သိပ်မကြာသေးပါဘူး။ ဒါကြောင့် တစ္ဆေတွေရဲ့ ဂိညာဉ်လွှမ်းမိုးမှုနဲ့ ဖြည်းညှင်းစွာ သေရမှာကို ကြောက်နေစရာ မလိုပါဘူး။

Chapter 839 end

Zaw.အပိုင်း(840) ငါနဲ့အတူ လက်ဘက်ရည် တစ်ခွက်သောက်ပါ

သေဆုံးဂိညာဉ်တွေရဲ့ အတားအဆီးကို ရင်ဆိုင်တဲ့ အခါမှာ ဂိညာဉ်အဆင့် အပေါ်မှာ ထိခိုက်မှု ပမာဏ ရှိပါလိမ့်မယ်။ တကယ်တော့ ဒီအမျိုးသမီး စစ်သည်တော်တွေက အသက်ရှင်တဲ့ အချိန်တုန်းက မယုံနိုင်စရာကောင်းလောက်အောင် အစွမ်းထက်ပြီး လင်းဟန်ထက် သေချာပေါက် သန်မာအားကောင်း ပါလိမ့်မယ်။ သေပြီးတဲ့နောက်မှာ သေတာတောင်မှ သူတို့ရဲ့ စွဲလမ်းစိတ်က မလျော့ကျသွားပဲ ဒီကျွန်မှာကြီးထဲမှာ အမှတ်အသားတစ်ခု ချန်ထားခဲ့ပါတယ်။ ဒါက ခန့်မှန်းဖို့ အရမ်းကို ခက်ခဲပါတယ်။

တစ်ခုသိထားရမှာက ဒီလှေကြီးက လေဟာနယ်ကို တိုက်ပြီးတော့

Edit with WPS Office

ထွက်လာခဲ့ပါတယ်။ ပြီးတော့ လေဟာနယ်ကလည်း ဂြိုဟ်တွေ အပေါ်မှာ အထူးတလည် အကျိုးသက်ရောက်မှု ရှိပါတယ်။ သူတို့တွေက ထွက်ပေါ်လာနိုင်ပြီး လုံးဝကို ထိခိုက်မှု မရှိပါဘူး။

ဒီလူတွေက အသက်ရှင်တဲ့ အချိန်တုန်းက တန်ခိုးရှင်တွေ ဖြစ်ပါလိမ့်မယ်။

လင်းဟန်ခံစားရတဲ့ အတားအဆီးက အနည်းငယ် ပြင်းထန်ပါတယ်။ ကျင့်ကြံသူတွေရဲ့ နားလည်သဘောပေါက်မှုအရ ဂြိုဟ်ဆိုတာက ဘာလဲ။ ဖျက်ဆီးလို့ မရနိုင်တဲ့ ထာဝရ တည်ရှိနိုင်စွမ်း ရှိတဲ့အရာ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ ဘယ်လိုလဲ။ တန်ခိုးရှင်တွေရဲ့ လှေတစ်စီးက ဆိုးဆိုးဝါးဝါး ထိခိုက်ပျက်စီးနေပြီး လှေပေါ်မှာရှိတဲ့ တန်ခိုးရှင်တွေအားလုံး သုတ်သင်ခံလိုက် ရပါတယ်။

တန်ခိုးရှင်ဘုံက သိုင်းပညာရပ်တွေရဲ့ အဆင့်မြင့်တဲ့ ဘုံတစ်ခုလို့

Edit with WPS Office

ခေါ်ဆိုကြတယ် မဟုတ်လား။ နည်းနည်းပိုပြီးတော့ သန်မာတဲ့ လက်ရွေးစင်တွေက အသက်နည်းနည်း ပိုရှင်ပြီး ပိုင်နက်နယ်မြေ နည်းနည်း ပိုကြီးမားပြီးတော့ အရင်းအမြစ်နည်းနည်း ပိုရပါလိမ့်မယ်။

ဒါပေမဲ့လည်း နတ်ဘုရားတွေရဲ့ အစစ်အမှန်အဓိပ္ပါယ်က အရာရာကို စွမ်းဆောင်နိုင်တဲ့ အနန္တတန်ခိုးရှင်တွေ မဟုတ်ပါဘူး။

အမျိုးသမီး စစ်သည်တော် ငါးယောက်က တိုက်ခိုက်ပြီး စူးစူးဝါးဝါး အော်ဟစ်နေကြပါတယ်။ သူတို့က လင်းဟာန်ကိုပဲ ရည်ရွယ်တာ မဟုတ်ပဲ တခြားသူတွေကိုလည်း ရည်ရွယ်ပြီး တိုက်ခိုက်ကြပါတယ်။

လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းရည်တွေ သူတို့မှာ မရှိတာနဲ့ သူတို့က ဂိညာဉ်အဆင့်ပေါ်မှာ ထိခိုက်ပျက်စီးတဲ့ အာနိသင် ရှိနေဆဲပါပဲ။ လင်းဟာန်က ဒါကို ရှစ်နှစ်ကနေ ဆယ်နှစ် တောင့်ခံနိုင်ပါတယ်။ ဒါပေမဲ့ တခြားသူတွေက ဒီလိုမျိုး လုပ်နိုင်မယ်လို့ မဆိုလိုပါဘူး။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်

Edit with WPS Office

အဆုံးမဲ့ လက်ရွေးစင်တွေက သဘာဝအားဖြင့် မကြောက်ကြပါဘူး။ အထူးသဖြင့်တော့ သိုင်းပညာ နှလုံးသားကို ဖြစ်ပေါ်ထားတဲ့ သူတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ စိတ်ဂိညာဉ်တွေက မြဲမြံခိုင်မာလို့ နေပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အောက်မှာရှိတဲ့ သိုင်းပညာနှလုံးသား မဖြစ်ပေါ်ထားတဲ့ လူတွေကတော့ ဖြူဖပ်ဖြူရော်တွေ ဖြစ်ပြီးတော့ ဆိုးဆိုးဝါးဝါး ခံစားနေရပါတယ်။

သူတို့ရဲ့ စိတ်ဂိညာဉ်တွေက ဒီလူသေဂိညာဉ်တွေကြောင့် စုတ်ဖြဲခံရသလို ခံစားရပြီး သူတို့ကို ညည်းတွားစေပါတယ်။

ဒါပေမဲ့လည်း ဒီလှေအပေါ်မှာ အံ့အားသင့်စရာကောင်းတဲ့ အဆုံးမဲ့ ရတနာတစ်ခု ဖွက်ထားတာ ဖြစ်နိုင်ပါတယ်။ အခုချိန်မှာ ဘယ်သူကမှ နောက်မဆုတ်ချင် ကြပါဘူး။ တကယ်လို့ သူတို့ကိုယ်တိုင် အဲဒါကို မရယူနိုင်ရင်တောင် အနည်းဆုံး တစ်ချက်လောက်တော့ ကြည့်ချင်နေ ကြပါတယ်။ ဒါက သူတို့ရဲ့ ပြင်းပြတဲ့ အာသီသတစ်ခု ဖြစ်ပါတယ်။

နောက်ပြီးတော့ ကံတရားဆိုတာက ဆန်းကြယ်ပါတယ်။

Edit with WPS Office

ခွန်အားရှိရုံနဲ့ ပစ္စည်းတွေကို ရယူနိုင်တာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှို့ပှက်ဆန်းကြယ် ဘုံတွေထဲကို လူတွေအများကြီးက ဘာဖြစ်လို့ စွန့်စားသွားလာနေတော့မှာလဲ။ သူတို့ထက်ပိုပြီးတော့ အစွမ်းထက်တဲ့ လူတွေရဲ့ အမြင်ကနေ နောက်ဆုတ်လိုက်တော့မှာပေါ့ မဟုတ်ဘူးလား။

ဖူး။

နတ်အသွင် ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် ရုတ်တရက် လဲကျသွားပြီး နောက်တစ်ကြိမ် ပြန်မထလာနိုင်တော့ပါဘူး။

သူ သေသွားခဲ့ပါပြီ။

သူ့ဂိညာဉ်က ဖျက်ဆီးခံလိုက်ရပါတယ်။ ဒါကြောင့် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘာမှမရှိတဲ့ အခွံကြီး တစ်ခုလိုမျိုး ဖြည်းညှင်းစွာနဲ့ ယိုယွင်းပျက်စီး သွားပါလိမ့်မယ်။

Edit with WPS Office

သူက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သား တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက အတွေ့အကြုံရှိတဲ့ နတ်အသွင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ ဘယ်နေရာပဲဖြစ်ဖြစ် သူ့ကို လက်ရွေးစင် တစ်ယောက်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ သူက ဘာအသံမှ မထွက်နိုင်ပဲ သေသွားခဲ့ပါပြီ။

သူ့ခန္ဓာကိုယ်ကို ဘယ်သူမှ သူတို့ရဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းထဲ ထည့်သိမ်းမှာ မဟုတ်ပါဘူး။ သူတို့တွေက သူ့ရုပ်အလောင်းကို အပြင်ကို သယ်ထုတ်သွားဖို့တောင် စိတ်မဝင်စားပါဘူး။

ပုန်း ပုန်း ပုန်း။

ဒီအမျိုးသမီး စစ်သည်တော် လူသေဂိညာဉ်တွေရဲ့ တရစပ်တိုက်ခိုက်မှုကြောင့် လူတော်တော် များများက

Edit with WPS Office

ဆက်တိုက်လဲပြို သွားခဲ့ပါတယ်။ သူတို့အားလုံးက နတ်အသွင်ပြောင်းလဲခြင်း အဆင့်နဲ့ ပန်းဖူးအဆင့်မှာ ရှိပါတယ်။ ဒီကျင့်ကြံသူတွေက ကျင့်ကြံခြင်းအဆင့် နိမ့်ပြီးတော့ ဒီနေရာကို ဝင်ရောက်ဖို့ အရည်အချင်း မပြည့်မီပါဘူး။

"ကောင်းကင်အဆင့် အောက်မှာရှိတဲ့ လူတွေအကုန် ထွက်သွား"

ဓားဘုရင်က အလျင်စလို အမိန့်ပေးလိုက်ပါတယ်။ သူက ဓားနှလုံးသားကို ဖြစ်ပေါ်ထားခဲ့ပြီး ဒီအော်သံက ဂိုညာဉ်အသိထဲကို တန်းရောက်သွားပြီး ချက်ချင်းဆိုသလို လူအများအပြားရဲ့ မျက်လုံးတွေထဲမှာ ကြီးမားတဲ့ လောဘတွေ အပေါ် လွှမ်းမိုးသွားပြီးတော့ ရှင်းလင်းသွား စေခဲ့ပါတယ်။ သူတို့က အသိတရားတွေ ပြန်ဝင်လာပြီး အလျင်အမြန် နောက်ဆုတ်သွားခဲ့ပါတယ်။

ဒီနေရာမှာ ရပ်နေဖို့တောင် အရည်အချင်း မရှိပဲ ကံတရား အခွင့်အလမ်းအကြောင်း ပြောပြီးတော့ ဘာကိစ္စ ဆက်လျှောက်နေမှာလဲ။ သူတို့က သူတို့ကိုယ်သူတို့

Edit with WPS Office

သည်းကြီးမည်းကြီး သတ်ဖြတ်နေတဲ့ အထဲကို ဂင်နေတာနဲ့ တူတူပါပဲ။

ကောင်းကင်အဆင့် လက်ရွေးစင်တွေတောင် အတော်လေးကို စိတ်ဖိစီးနေပြီး သူတို့ရဲ့ စိတ်မသက်မသာ ဖြစ်မှုကြောင့် သေွးအန်လုနီးပါး ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ စိတ်ဂိညာဉ်တွေကို လူသေဂိညာဉ်တွေ တိုက်ခိုက်မှုကို အခုချိန်မှာ အနည်းဆုံးတော့ ခံရလိမ့်မှာ မဟုတ်ပါဘူး။ သူတို့က အနည်းဆုံးတော့ ဒီလေ့ကြီးတစ်လျှောက် ရှာဖွေဖို့ လုံလောက်ပါ လိမ့်မယ်။

သူတို့က အခန်းတစ်ခုပြီးတစ်ခု လိုက်ရှာဖွေနေခဲ့ပါတယ်။ တကယ်လို့ အရှေ့မှာ လျှို့ဂှက် ရတနာတစ်ခု ထွက်ပေါ်လာခဲ့မယ်ဆိုရင် သူတို့က မာထို့ပေါင်တို့ အုပ်စုနဲ့ တိုက်ခိုက်ဖို့ အရည်အချင်း ပြည့်မီမှာ မဟုတ်ပါဘူး။ ဒါက ကျိုးချီဖန်းနဲ့ တခြားလက်ရွေးစင်တွေ အတွက် လုပ်ရမဲ့ကိစ္စ ဖြစ်ပါတယ်။

လင်းဟန်က မာထို့ပေါင်ရဲ့ ဘေးကနေ ကပ်ပြီးတော့

Edit with WPS Office

လျှောက်လာပါတယ်။ အမျိုးသမီး စစ်သည်တော် ငါးယောက်ရဲ့ ဂိညာဉ်တွေက ဒီအနိမ့်ဆုံး အထပ်မှာ ကင်းလှည့်နေကြပါတယ်။ ဒါပေမဲ့ အခန်းအရေအတွက်ကို ကြည့်လိုက်ရင် စစ်သည်တွေရဲ့ အရေအတွက်က ဒီပမာထက် သာလွန်နေသင့်ပါတယ်။ ဒီအမျိုးသမီး စစ်သည်တော် ငါးယောက်ရဲ့ ဂိညာဉ်တွေပဲ ထွက်ပေါ်လာခဲ့ပါတယ်။ ဒီငါးယောက်က တခြားသူတွေထက် ပိုပြီးတော့ အစွမ်းထက်တာကြောင့် ဖြစ်နေမလား။ ဒါမှမဟုတ် တခြားတစ်နေရာရာမှာ တခြားသူတွေရဲ့ ဂိညာဉ်တွေ ရှိနေတာလား။

စိတ်ထဲမှာ ဒီမေးခွန်းနဲ့အတူ သူတို့က နောက်တစ်ထပ်ကို တက်လာခဲ့ပါတယ်။

ဒီအထပ်ကလည်း ပထမထပ်လိုပဲ အခန်းတွေနဲ့ ပြည့်နေပါတယ်။ အခန်းအရွယ်အစားကို ကြည့်ရတာတော့ အနားယူဖို့အတွက် တည်ဆောက်ထားပုံ ရပါတယ်။ ဒါပေမဲ့ အောက်ထပ်နဲ့ တူညီတာတစ်ခုက ဘာပစ္စည်းမှ မရှိပါဘူး။

Edit with WPS Office

သူတို့တွေက ဆက်ပြီးတော့ ရှေ့ဆက်တက်လာတဲ့ အခါမှာ အမျိုးသမီး စစ်သည်တော် ငါးယောက်ရဲ့ ဂိုညာဉ် ငါးယောက်တစ်ဖွဲ့နဲ့ နောက်တစ်ကြိမ် တွေ့ဆုံခဲ့ ပါတယ်။ တခြားသူတွေကို ခြောက်လှန့်တဲ့ တည်ရှိမှု ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ဘယ်သူကမှ ထပ်ပြီးတော့ မကြောက်ပဲ အမျိုးသမီး စစ်သည်တွေက တရစပ် တိုက်ခိုက်နေပေမဲ့ သူတို့က အရှေ့ကို ဆက်ပြီးတော့ တိုးလာခဲ့ပါတယ်။

လှေက ကြီးတယ်ဆိုပေမဲ့ ဘယ်လောက်ကြာကြာ လမ်းလျှောက်စရာ လိုမှာလဲ။

သူတို့က အောက်ခြေကနေ တတိယ အထပ်ကို ဝင်လာခဲ့ပါတယ်။

ဒီအထပ်ကလည်း အနားယူဖို့ အခန်းတွေနဲ့ ပြည့်နက်နေပါတယ်။ ဒါပေမဲ့ ဒီအထပ်က အခန်းတွေက ပိုပြီးတော့ ဇိမ်ခံပစ္စည်းတွေနဲ့ ပြည့်နေပါတယ်။ အခန်းတိုင်းက အောက်ဆုံးထပ်က အခန်းတွေထက် ပိုမိုကြီးမားပြီး ဒီနေရာမှာ အဆင့်အတန်းပိုမြင့်တဲ့ လူတွေ နေထိုင်တဲ့နေရာ ဖြစ်ပါလိမ့်မယ်။

Edit with WPS Office

ဒီနေရာမှာရှိတဲ့ စစ်သည်တွေက သေချာပေါက် အရာရှိတွေ ဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ အမျိုးသမီး စစ်သည်တော်တွေ ပိုပြီးတော့တောင် ကင်းလှည့်နေကြပါတယ်။ အနည်းဆုံး ခုနစ်ဖွဲ့ခန့် ရှိပြီးတော့ စောတုန်းက အမျိုးသမီး စစ်သည်တော် အဖွဲ့နှစ်ခုလည်း ပါရှိပြီး လူသေဂိညာဉ်ပေါင်း ငါးဆယ်လောက်က သူတို့ကို အဆက်မပြတ် တိုက်ခိုက်နေကြပါတယ်။ အဲဒီတိုက်ခိုက်မှုကို ကောင်းကင်အဆင့် စစ်သည်တော်တွေတောင် တောင့်မခံနိုင်ခဲ့ပါဘူး။ သိုင်းပညာ နလုံးသားကို မဖြစ်ပေါ်နိုင်တဲ့ လူတွေကတော့ ခုခံနိုင်ဖို့လမ်း ဘယ်လိုမှ မရှိပါဘူး။ သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ပြီးတော့ နာကျင်မှုကြောင့် စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်နေ ကြပါတယ်။

လင်းဟာန်က ကျူးရွှမ်အာ၊ ယုန်ဖြူကြီးနဲ့ ရွှေရှာကြွက်တို့ကို အနက်ရောင် မျှော်စင်ထဲ ပြန်ထည့်ထားတာ ကြာပါပြီ။ ဟူးညိုကတော့ မွန်းစတားတစ်ယောက် ဖြစ်တာကြောင့် သူမက လုံးဝကို အကြောက်အလန့် မရှိပါဘူး။ သူကိုယ်တိုင်ကလည်း

Edit with WPS Office

ဓားနှလုံးသားကို ဖြစ်ပေါ်ထားလို့ ကြောက်ရွံ့ခြင်း မရှိပါဘူး။

ဂိုဏ်းကြီးငါးဂိုဏ်း ဘက်မှာတော့ အတော်လေးကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ အချိန်တိုတိုလေး အတွင်းမှာ မတော်တဆ ထိခိုက်ဒဏ်ရာ သေကျေပျက်စီးမှုတွေနဲ့ ကြုံတွေ့ ခဲ့ရပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင်တွေလဲ သူတို့ရဲ့ စိတ်ဂိညာဉ်တွေ ဖျက်ဆီးခံလိုက် ရပြီးတော့ အလောင်းကောင်တွေ ဖြစ်ကုန်ပါတယ်။ အဲဒီအဖြစ်အပျက်က ငရဲကိုးထပ်ဘုရင်တို့ အလောင်းတစ်ထောင်ဂိုဏ်းက လူတွေကို သွားရည်တမြားမြား ဖြစ်စေပါတယ်။

ဒါတွေက အလောင်းကောင် စစ်သားတွေအဖြစ် သန့်စင်ဖို့အတွက် ပါဂင်တဲ့ လတ်လတ်ဆတ်ဆတ် ပစ္စည်းတွေ ဖြစ်ပါတယ်။ သူတို့တွေရဲ့ ခန္ဓာကိုယ်က နွေးထွေးနေပြီး သူတို့ကို အလောင်းကောင် စစ်သားအဖြစ် သန့်စင်လိုက်မယ်ဆိုရင် သူတို့ရဲ့ စွမ်းအားအပြည့်အဂကို ထုတ်ဖော်နိုင်စွမ်း ရှိပါလိမ့်မယ်။

သူတို့တွေက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို

Edit with WPS Office

ပေ့ကြည့်လိုက်ပါတယ်။ သူတို့တွေက အလောင်းကောင် ဘုရင်အဖြစ် သန့်စင်နိုင်ပါတယ်။

တကယ်လို့ သူတို့တွေက အခုချိန်မှာ မဟာမိတ်တွေ ဆိုရင်တောင် သူတို့ရဲ့ အကြည့်တွေကနေ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတွေက ဒီလူတွေကို အရင်ဆုံး ချေမှုန်းပစ်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက်မှ ရတနာ ရှာဖွေဖို့ ကိစ္စကို စဉ်းစားနိုင်ပါလိမ့်မယ်။

"တကယ်လို့ ဒီခန္ဓာကိုယ်တွေကို ငါယူလိုက်မယ်ဆိုရင် မင်းတို့ စိတ်မဆိုးပါဘူးနော်။ သူတို့ကို ဒီနေရာမှာ ချန်ထားခဲ့တာက ဖြုန်းတီးမှု သက်သက်ပဲ"

နောက်ဆုံးတော့ ငရဲကိုးထပ်ဘုရင်က ဆက်ပြီးတော့ သည်းမခံနိုင်တော့ပဲ ပြောလိုက်ပါတယ်။ ကောင်းကင်အဆင့် လက်ရွေးစင် အလောင်းကောင်တွေကို အဆင့်သုံး ရွှေချပ်ဂတ် အလောင်းကောင် စစ်သည်တွေအဖြစ်ကို သန့်စင်ပစ်နိုင်ပါတယ်။ သူတို့ထက် ပိုပြီးတော့ အစွမ်းထက်တာဆိုလို့ အလောင်းကောင်

Edit with WPS Office

ဘုရင်တွေပဲ ရှိပါတော့မယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတွေက သူ့ကို အမျက်ဒေါသတွေနဲ့ လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။ ဒါက တဆိတ်တော့ အရမ်းကို တရားလွန် ဖြစ်မနေဘူးလား။ သူတို့ရဲ့ မိသားစု အဖွဲ့ဝင်တွေရဲ့ အရှေ့မှာ အလောင်းတွေကို တောင်းဆိုနေတာက အရမ်းကို စိတ်မရှည်နိုင်တော့ပဲ မုန်းတီးလာခဲ့ပါတယ်။ ဘယ်သူက အဲဒါကို ခံနိုင်မှာလဲ။

နောက်ပြီးတော့ အဲဒါက ဖြုန်းတီးမှု တစ်ခု ဖြစ်လိမ့်မယ်ဆိုတာ မင်းကဘာကို ဆိုလိုတာလဲ။ လူသေတွေကို မြုပ်နှံပြီးတော့ ပေးနားရတာ သဘာဝပါပဲ။ တကယ်လို့ သူတို့ကို မင်းက အလောင်းကောင် စစ်သားအဖြစ် သန့်စင်လိုက်တာက စော်ကားမှု သက်သက်ပဲ ဖြစ်ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတွေက ခန္ဓာကိုယ်တွေကို အလျင်အမြန်ပဲ သိမ်းဆည်းလိုက် ကြပါတယ်။ သိုလှောင်လက်စွပ်တွေ အထဲကို သက်ရှိပစ္စည်းတွေ ထည့်သိမ်းလို့

Edit with WPS Office

မရဘူးဆိုပေမဲ့ လူသေအလောင်းတွေကိုတော့ သူတို့နဲ့အတူ ခေါ်ဆောင်သွားဖို့ဆိုတာ ပြဿနာ မရှိပါဘူး။

သူတို့တွေ ရှေ့ကိုဆက်တိုးလာပြီး တတိယအထပ်ရဲ့ အလယ်ဗဟိုကို ရောက်လာခဲ့ပါတယ်။ ပြီးတော့ သူတို့အရှေ့မှာ အမျိုးသမီးတစ်ယောက် ပေါ်လာတာကို တွေ့လိုက်ရပါတယ်။ သူမက ထိုင်နေပြီး သူမအရှေ့မှာ စားပွဲခုံ အရှည်ကြီးတစ်ခု ရှိနေပါတယ်။ သူမက တိုက်ပွဲချုပ်ဂတ် ဂတ်စုံတစ်ခုကို ဂတ်ဆင်ထားပေမဲ့ တခြားအမျိုးသမီး စစ်သည်တော်တွေနဲ့ လုံးဝကို မတူညီပါဘူး။ သူမရဲ့ တိုက်ပွဲဂတ်စုံကို ကြည့်ရတာ ပိုပြီးတော့ အဆင့်မြင့်မားပုံ ရပါတယ်။ သူမရဲ့ နောက်ကျောဘက်မှာ ဂတ်ရုံရှည်တစ်ခုတောင် ရှိနေပြီး အေးစက်တဲ့ နတ်ဘုရား စွမ်းအားတစ်ခု ထွက်ပေါ်နေပါတယ်။

သူမက အမျိုးသမီး ဗိုလ်ချုပ်တစ်ယောက် ဖြစ်ပါတယ်။

"ရပ်လိုက်"

Edit with WPS Office

အမျိုးသမီး ဗိုလ်ချုပ်က အမိန့်ပေးလိုက်ပါတယ်။

"ဟုတ်ကဲ့"

အမျိုးသမီး စစ်သည်တော် အဖွဲ့ကိုးခုက ရှိသေလေးစားစွာနဲ့ အဖြေပေးပြီးတော့ အနောက်ဆုတ် ရပ်လိုက်ပါတယ်။

"နှစ်ပေါင်းများစွာ ကုန်လွန်သွားပြီးတဲ့နောက်မှာ ပျောက်ကွယ်မသွားခင် မင်းတို့အားလုံးကို ငါတွေ့မြင်နိုင်သေးတယ်။ ဒါက ရေစက်လို့ ပြောလို့ရတယ်"

အမျိုးသမီး ဗိုလ်ချုပ်က သူတို့အားလုံးကို ကြည့်ပြီးတော့ ဖိတ်ကြားတဲ့ ဟန်ပန်အမူအရာတစ်ခု လုပ်လိုက်ပါတယ်။

"ငါမင်းတို့ အားလုံးကို ငါနဲ့အတူ လက်ဘက်ရည်သောက်ဖို့

Edit with WPS Office

ဖိတ်ပါတယ်”

အားလုံးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် ကြပါတယ်။ ဂိညာဉ်တစ်ခုနဲ့အတူ လက်ဘက်ရည်တစ်ခွက် သောက်ဖို့အတွက် ဖိတ်ကြားခံရတယ်။ ဘယ်သူက သောက်ပံ့မှာလဲ။

“ငါနဲ့ လက်ဘက်ရည် သောက်ဖို့ ဘယ်သူမှ ဆန္ဒမရှိဘူးလား”

အမျိုးသမီး ဗိုလ်ချုပ်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

စောစောက အမျိုးသမီး စစ်သည်တော်တွေ အားလုံးက မာဆတ်ဆတ် တောင့်တောင့်ကြီး ရပ်နေပါတယ်။ သူတို့တွေမှာ ဒီလေ့ကြီးကို ကာကွယ်ဖို့ အတွေးတစ်ခုပဲ ကျန်ခဲ့ပါတယ်။ ဒါက စွဲလမ်းစိတ်ရဲ့ အထောက်အပံ့ကြောင့် သူတို့တွေ ပျောက်ကွယ်မသွားခဲ့တာပါ။ ဒါပေမဲ့ ဒီအမျိုးသမီး ဗိုလ်ချုပ်ကို ကြည့်ရတာ သူမကိုယ်ပိုင် အသိစိတ် ရှိနေပုံ ရပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

Edit with WPS Office

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ စီနီယာက ကျနော့်ရဲ့ ကျင့်ကြံခြင်း အဆင့် အရမ်းကို နိမ့်နေတာကို အထင်မသေးဘူးဆိုရင် စီနီယာနဲ့အတူ လက်ဘက်ရည်တစ်ခွက် အတူတူသောက်ပြီးတော့ စကားစမြည်ပြောဖို့ ဆန္ဒရှိပါတယ်"

Chapter 840 end

Edit with WPS Office

အပိုင်း(841) ပြန်လည်မွေးဖွားခြင်း

တစ္ဆေတစ်ကောင်နဲ့ လက်ဖက်ရည်ကြမ်း သောက်ဖို့ လူတစ်ယောက်မှာ ဘယ်လိုမျိုး သတ္တိရှိဖို့ လိုအပ်သလဲ။

နောက်ပြီးတော့ မင်းဘာသောက်ရမလဲ ဆိုတာကို မင်းက တိတိကျကျ သိလို့လား။ အဲဒါက တစ္ဆေတစ်ကောင် သောက်တဲ့အရာ တစ်ခုခု ဖြစ်ပြီး မင်းကလည်း အဲဒါကို သောက်ရဲတယ်ပေါ့။ မင်းလည်း တစ္ဆေတစ်ကောင် ဖြစ်သွားမှာကို မစိုးရိမ်ဘူးလား။

တခြားသူတွေက တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်း ဖလှယ်လိုက် ကြပါတယ်။ သူတို့အားလုံးက လင်းဟာန်ကို အရူးတစ်ကောင်လို့ တွေးနေကြပြီး သူ့ကို ခွင့်ပြုလိုက်ဖို့ ဆန္ဒရှိ နေပါတယ်။ သူတို့က အခြေအနေကို စောင့်ကြည့်ပြီးတော့ အခွင့်အရေး ယူနိုင်ပါလိမ့်မယ်။

အစောပိုင်းတုန်းက ကောင်းကင်အဆင့် ကျင့်ကြံသူတွေကိုတောင် ခြိမ်းခြောက်နိုင်တဲ့ အမျိုးသမီး စစ်သည်တော်တွေရဲ့ ဝိညာဉ်တွေ အများကြီး ရှိပါတယ်။ ဒါဆိုရင် ဒီအမျိုးသမီး ဗိုလ်ချုပ်က ပိုပြီးတော့တောင် အစွမ်းထက်ပါလိမ့်မယ်။ သူမက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကိုတောင် ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မလား။ ဘာမှန်းမသိတဲ့ အရာတစ်ခုနဲ့ မျက်နှာချင်းဆိုင်ရတဲ့ အခါမှာ ဘယ်သူကမှ ဟိုဟိုဒီဒီ စိတ်မကူးဝံ့ပါဘူး။ တကယ်တော့ ဒီနတ်ဘုရားလှေရဲ့ ခေါင်းဆောင်က အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်မြက် နိုင်ပါတယ်။

"ဟားဟားဟား ငါ့မျက်လုံးထဲမှာတော့ မင်းတို့အားလုံးအထဲမှာ မတူညီတာတွေ ဘာများ ရှိလို့လဲ။ မင်းက ပုရွက်ဆိတ်တွေထက် နည်းနည်းလေး ပိုသန်မာတာပဲ ရှိပါတယ်"

အမျိုးသမီး ဗိုလ်ချုပ်က တစ်ချက်မျှ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ထိုင်”

သူမ ပြောတာကို ကြားလိုက်ရတဲ့ အချိန်မှာ တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင်တွေ ဖြစ်ကြတဲ့ ကျိုးချီဖန်နဲ့ ကျန်တဲ့ လေးယောက်စလုံးကို ဒေါသတွေနဲ့ ကြည့်လိုက်ပါတယ်။ သူတို့အားလုံးက နတ်ဘုရား ဘုံကနေ လာခဲ့ကြတာပါ။ ဒါကြောင့် သူမက တကယ်ပဲ အထက်စီးကနေ သူတို့ကို ဆက်ဆံစရာ အကြောင်း ရှိလို့လား။

လင်းဟာန်က ပြုံးပြီးတော့ ထိုင်ခုံတစ်ခုကို ဆွဲယူပြီး ထိုင်လိုက်ပါတယ်။ သူအခုလို လုပ်ရတာကလည်း မျော်စင်လေးရဲ့ တိုက်တွန်းမှုကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် တစ္ဆေတစ်ကောင်နဲ့အတူ
လက်ဖက်ရည်အတူသောက်ဖို့ ဖိတ်ခေါ်မှုကို
တွေးကြည့်လိုက်ရင်ပဲ ကျောရိုးတွေ အေးစိမ့်သွားပါလိမ့်မယ်။

အေးစက်စက် မျှော်စင်က နောက်ထပ်ပိုင်ရှင်အသစ်
ပြောင်းချင်တယ်ဆိုပြီး အကြိမ်ပေါင်းများစွာ ပြောခဲ့တယ်
ဆိုပေမဲ့ အဲဒါက သူ့ရဲ့ ပေကတ်ကတ်နိုင်ပြီး ခေါင်းမာတတ်တဲ့
စကားပြော အကျင့်ကြောင့် ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်
သူက လင်းဟာန်ကို အမြဲတမ်း ကူညီပေးခဲ့ပါတယ်။ ဒါကြောင့်
သူက ဒီတစ်ကြိမ်လည်း ခြွင်းချက်မရှိ ယုံကြည်ခဲ့ပါတယ်။

အဲဒီ အမျိုးသမီး ဗိုလ်ချုပ်က လင်းဟာန်အတွက်
လက်ဖက်ရည် တစ်ခွက်ကို လောင်းထည့် လိုက်ပါတယ်။
လက်ဖက်ရည်အိုး နှတ်သီးကနေ ရေစီးကြောင်းတစ်ခု
စီးကျလာခဲ့ပါတယ်။ သူက အဲဒီရေစီးကြောင်းကိုတောင်
တွေ့မြင်နိုင်ပါတယ်။ ပြီးတော့ လက်ဖက်ရည်ခွက်
တစ်ဂက်ခန့် ပြည့်သွားတဲ့ အချိန်မှာ အမျိုးသမီး ဗိုလ်ချုပ်က

လက်ဖက်ရည်အိုးကို ပြန်ချလိုက်ပါတယ်။

ဒီမြင်ကွင်းက အားလုံးအတွက် လုံးဝကို ခန့်မှန်းလို့ မရနိုင်ပါဘူး။ သူတို့တွေက လေဟာနယ်ကနေ ထွက်လာခဲ့ ကြပါတယ်။ ပြီးတော့ အားလုံးက သေသွားခဲ့ ကြပါပြီ။ ဒါပေမဲ့ လက်ဖက်ရည်ပူပူ တစ်ခွက်ကို လောင်းထည့်နိုင်ပါသေးတယ်။ ဒါက အရမ်းကို အဓိပ္ပါယ် မဲ့သွားပါပြီ။ လပြွတ်ပဲ။ ဒါက ဘယ်လို လက်ဖက်ရည် အမျိုးအစား ဖြစ်နေမလဲ။

အားလုံးက လင်းဟန်အရှေ့မှာ ရှိနေတဲ့ လက်ဖက်ရည်ခွက်ကို စိုက်ကြည့်နေခဲ့ ကြပါတယ်။ ရုတ်တရက် ဆိုသလို အားလုံးက အထင်အမြင်သေးသလို မဲ့ရွဲ့သွားပါတယ်။

“အစုလိုက် အပြုံလိုက် သတ်နေတဲ့ မြင်ကွင်းတစ်ခု

အေးစက်စက် သံမဏိ အရောင်တွေ ငါ့မျက်လုံးထဲမှာ ဂင်းခနဲ လက်ခနဲ တွေ့နေရတယ်”

“အနာဂတ်ကို ဖျတ်ခနဲ မြင်လိုက်ရတယ်”

“တစ္ဆေတွေရဲ့ အတိတ်နိမိတ်မကောင်းတဲ့ နယ်မြေတစ်ခုကို ငါမြင်လိုက်ရတယ်”

အားလုံးက မတူညီတဲ့ မြင်ကွင်းကိုယ်စီ တစ်ခုကို တွေ့မြင်နေကြပါတယ်။ ဒါပေမဲ့ ခြွင်းချက်မရှိ သူတို့တွေ မြင်ရတဲ့ မြင်ကွင်းတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းတာကြောင့် အသည်းအသန် ဖျားနာတဲ့ ဝေဒနာကို ခံစားနေရသလိုမျိုး အေးစက်တဲ့ ချွေးတွေက သူတို့တစ်ကိုယ်လုံးကို ဖုံးလွှမ်းလာခဲ့ပါတယ်။ သာမန်စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို

ဘေးဖယ်ထားဦး မျက်မှောက်ခေတ်ရဲ့ အစွမ်းထက်ဆုံးဖြစ်တဲ့ မာထိုပေါင်နဲ့ ဂူဂေါင်ယွမ်တို့လို လူတွေတောင်မှ ခိုက်ခိုက်တုန်နေ ကြပါတယ်။

ဟုန်း ဝုန်း ဝုန်း။

မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်နှစ်ယောက်က ပိုပြီးတော့တောင် ဆိုးပါတယ်။ သူတို့ရဲ့ မျက်လုံး ခုနစ်လုံး ပေါက်ကွဲထွက်ပြီး သူတို့ရဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို ကျဆင်းသွားခဲ့ပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်လည်း လျော့ကျသွားတယ်ဆိုတာ သိသာပါတယ်။

ဘယ်လောက် ကြောက်စရာ ကောင်းလိုက်သလဲ။ ဒါက လက်ဖက်ရည် တစ်ခွက်သက်သက်ပါပဲ။ ပြီးတော့ သူတို့က တစ်ချက်ပဲ ကြည့်လိုက်တာက အခုလို အံ့အားသင့်စရာကောင်းတဲ့ ရလာဒ်တစ်ခုကို

ဖြစ်စေခဲ့ပါတယ်။

တစ်ချက်ကြည့်လိုက်ရုံနဲ့ အခုလိုမျိုး ဖြစ်စေတယ်။ ဒါဆိုရင် အသက်ရှင်နေတဲ့ လူတစ်ယောက်က အဲဒါကို သောက်ပြီးတဲ့နောက်မှာ ဘာဖြစ်သွားမလဲ။

"ဝူး ဝူး "

အလောင်းကောင် ဘုရင်နှစ်ယောက်က ညည်းညူနေပြီးတော့ အနောက်ကို ဆုတ်လိုက်မိပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး တုန်လှုပ်နေပြီး သူတို့ရဲ့ အရိုးစုတွေကလည်း အချိန်မရွေး လဲပြိုတော့မလိုမျိုး လှုပ်ယမ်းလို့ နေပါတယ်။

အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက် ကြပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူတို့ရဲ့ လည်ပင်းပေါ် မှာ ဓားတစ်ချောင်း တင်ထားမယ်ဆိုရင်တောင် သူတို့အနေနဲ့ ဒီလက်ဖက်ရည်ခွက်ကို သေချာပေါက် သောက်ဝံ့မှာ မဟုတ်ပါဘူး။ တကယ်လို့ သူတို့ သောက်လိုက်ရင် သေချာပေါက် သေသွားပါလိမ့်မယ်။

"လင်းဟန်"

မာထိုပေါင်က အော်ခေါ် လိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို အရဲမစွန့်စေချင်ပါဘူး။ လင်းဟန်မှာ အံ့မခန်း တောက်ပတဲ့ အနာဂတ်တစ်ခု ရှိပါတယ်။ တကယ်လို့ မာထိုပေါင်က မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ ကျရှုံးသွားခဲ့မယ်ဆိုရင် သူ့အနေနဲ့ လင်းဟန်ကို အားကိုးလို့ ရနိုင်ပါသေးတယ်။ ဒါပေမဲ့ ဘုရင်ရှစ်ပါးအတွက်ကတော့ အဲဒါက လုံးဝကို မဖြစ်နိုင်ပါဘူး။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။ ဒီလက်ဖက်ရည် ခွက်က တကယ်ပဲ အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ လူတစ်ယောက်ကို သေသွားလောက်တဲ့အထိ ကြောက်လန့်တကြား ဖြစ်စေဖို့ လုံလောက်ပါတယ်။

အမျိုးသမီး ဗိုလ်ချုပ်က သူ့ကို အလျင်စလိုနဲ့ မတိုက်တွန်းပါဘူး။ သူမက လင်းဟာန်ကို ပြုံးပြုံးလေးနဲ့ပဲ ကြည့်နေပါတယ်။

လင်းဟာန်က သူ့နှလုံးသားထဲမှာ ခဏလောက် ဒီကိစ္စကို ချိန်ကြည့်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာ သင့်ဆီက ဒီလက်ဖက်ရည်ခွက်က အတော်လေး အံ့အားသင့်စရာ ကောင်းပြီးတော့ ကျနော့်ကို အတော်လေး

စိုးရိမ်ပူပန်သွားအောင် ဖြစ်စေခဲ့တယ်။ ဒါပေမဲ့လည်း ဒါက စီနီယာရဲ့ ကောင်းမွန်တဲ့ စိတ်သဘောထား အမှတ်သညာတစ်ခုဖြစ်တယ်။ ဒါကြောင့် ကျနော်ကလည်း လက်ခံပါတယ်။ လမ်းတစ်ဂက်ကို ရောက်မှတော့ ကျနော့်အတွက် နောက်ပြန်ဆုတ်ဖို့ ဘယ်လိုအကြောင်းမှ မရှိပါဘူး”

သူက လက်ဖက်ရည်ခွက်ကို မပြီးတော့ အနည်းငယ် မော့သောက် လိုက်ပါတယ်။

ထွီ ခါးလိုက်တာ။ သောက်ကျိုးနည်း ခါးချက် လက်လန်တယ်။

လင်းဟာန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို အရောင်အသွေးစုံအောင် ပြောင်းသွားပါတယ်။ ဒီခါးသီးမှုက သေတောင်သေသွား နိုင်ပါတယ်။ သူက လက်ဖက်ရည်ကို

တွေးမထုတ်မိအောင် သူ့ကိုယ်သူ ထိန်းလိုက်နိုင်ပါတယ်။ ဒါပေမဲ့ ဘုတ် ဘုတ် ဆိုတဲ့ အသံနဲ့အတူ သူ့မျက်လုံးနှစ်လုံးက သူ့ရဲ့မျက်လုံးအိမ်ထဲကနေ ထွက်ကျလာခဲ့ပါတယ်။

အရမ်းကို ခါးသီးလွန်းတာကြောင့် မျက်လုံးတွေ ပြုတ်ထွက်လာခဲ့ပါတယ်။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုနဲ့ ပတ်သက်ရင် ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးထဲမှာ မာထိုပေါင်တစ်ယောက်ပဲ လင်းဟန်ကို ယှဉ်နိုင်ပါတယ်။ လင်းဟန်ကိုတောင် ဒီလိုမျိုး ဖြစ်စေတယ်ဆိုတော့ ဘယ်သူမဆို ဒီလက်ဘက်ရည်ကို သောက်လိုက်ရင် တူညီတဲ့ အဖြစ်မျိုး ဖြစ်လာလိမ့်မယ်လို့ ဆိုလိုတာပါပဲ။

အားလုံးက တွေးလိုက်ကြပါတယ်။ နတ်ဘုရားတွေကို

ကျေးဇူးတင်ရမှာပဲ။ ငါက ခေါင်းကို အပြင်ထုတ်
ပြူကြည့်တတ်တဲ့ ငှက်မဟုတ်လို့ပဲ။

လင်းဟန်ရဲ့ နားရွက်တွေလည်း ပြုတ်ကျသွားပြီး အဲဒီနောက်
သူ့နှာခေါင်းလည်း ပြုတ်ကျသွား ခဲ့ပါတယ်။ သူ့ရဲ့
ပါးစပ်အပြည့် သွားတွေအကုန်လုံး ပြုတ်ကျသွားပြီး
သူ့ဆံပင်တွေလည်း ချက်ချင်းဆိုသလို အကုန်လုံး
ကျွတ်ထွက်သွားပြီး ခေါင်းတုံးကြီး ဖြစ်သွားပါတယ်။

ဒီလောက်နဲ့ မပြီးသေးပါဘူး။ သူ့ရဲ့ အရေပြားတွေ
အက်ကွဲလာပြီး ရွှေရောင်ဦးခေါင်းခွံတစ်ခု
ထွက်ပေါ်လာပါတယ်။ ဒါပေမဲ့ ပင့်ကူအိမ်လို
အက်ကွဲရာတွေက အဆင့်တစ်ဆယ် ရှားပါးသတ္တုလို
အဲဒီအရိုးတွေ အပေါ်မှာ စတင်ပေါ်လာခဲ့ပါတယ်။

အရမ်းကို ကြောက်ဖို့ကောင်းပါတယ်။ ဒီလိုမျိုး သန်မာတဲ့

အရိုးတွေတောင် လက်ဘက်ရည်ရဲ့ ခါးသက်မှုကြောင့် ပျက်စီးလာခဲ့ပါတယ်။

"ဆိုးလိုက်တာ ဆိုးလိုက်တာ"

ငရဲကိုးထပ် ဘုရင်က အရမ်းကို သနားစရာကောင်းသလို ခံစားလိုက်မိပါတယ်။ တကယ်လို့ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက်ကို အလောင်းကောင် စစ်သားအဖြစ် သန့်စင်လိုက်မယ်ဆိုရင် ထိပ်တန်းအလောင်းကောင် ဘုရင်တစ်ယောက်ကို ဖန်တီးလိုက် နိုင်တယ်လို့ ဆိုလိုပါလိမ့်မယ်။ အခုတော့ အဲဒီခန္ဓာကိုယ်က သူ့ဘာသာသူ ပျက်စီးသွားခဲ့ပါတယ်။

"အဲဒါ ကောင်းတယ်။ ငါတို့အတွက် အနာဂတ် ပြဿနာတစ်ခု လျော့ကျသွားတာပေါ့"

တစ်စုံတစ်ယောက်က သရော်လိုက်ပါတယ်။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောလွန်းပါတယ်။ တန်ခိုးရှင်ဘုံက ဆင်းသက်လာတဲ့ တန်ခိုးရှင်တွေတောင် သူ့ကို သတ်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူသာ ဒီနေရာမှာ အခုသေသွားခဲ့မယ်ဆိုရင် ကောင်းသွားပါလိမ့်မယ်။

ဒီလက်ဖက်ရည်က သမိုင်းတစ်လျှောက် အပြင်းထန်ဆုံး အဆိပ်ဖြစ်ပါလိမ့်မယ်။ အဆင့်တစ်ဆယ် ရှားပါးသတ္တုလို မာကျောတဲ့ ခန္ဓာကိုယ်တောင်မှ ဒီအဆိပ်ဒဏ်ကို ယှဉ်ပြိုင်ဖို့ အရည်အချင်း မရှိပါဘူး။

ဟူးညို့က သူမရဲ့ စိုးရိမ်မှုကြောင့် ထိုင်ရမလို ထရမလို ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူမက ထူးဆန်းစွာနဲ့ပဲ အရှေ့ကို ခြေတစ်လှမ်းတောင် မတိုးသွားပါဘူး။ သူမပုံစံကို ကြည့်ရတာ တစ်စုံ တစ်ခုကို အာရုံခံလိုက် မိသွားသလိုပါပဲ။

မာထိုပေါင်နဲ့ ဘုရင်ရှစ်ပါးက ချက်ချင်းပဲ ရှေ့ကို တိုးလာချင်ခဲ့ပါတယ်။ ဒါပေမဲ့ အမျိုးသမီး ဗိုလ်ချုပ်က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး မယုံနိုင်စရာကောင်းတဲ့ ထိတ်လန့်တုန်လှုပ်ဖွယ် အရှိန်အဝါ တစ်ခုက ချက်ချင်းပျံ့နှံ့သွားခဲ့ပါတယ်။ မာထိုပေါင်နဲ့ ဘုရင်ရှစ်ပါးက ချက်ချင်းဆိုသလို ကြမ်းပေါ်ကို လဲကျသွားပြီး အသက်ကို ခက်ခက်ခဲခဲ ရှူနေကြပါတယ်။ ဒါကြောင့် သူတို့က ဆက်ပြီးတော့ ရပ်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အရမ်း အံ့ဩစရာကောင်းတာပဲ။ ဒါက တန်ခိုးရှင်အဆင့် တိုက်ပွဲစွမ်းရည် ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ကောင်းကင်တာအို မျက်လုံးရဲ့ ဖိနှိပ်ထိန်းချုပ်မှုကို ခေါ်မထုတ်ခဲ့တာလဲ။

"ဒါက အရှိန်အဝါ သက်သက်မို့ ဖြစ်ရမယ်။ အစစ်အမှန် စွမ်းအားကို လည်ပတ်ထားတာ မရှိဘူး"

အဘိုးအိုကြီး တစ်ယောက်က ခန့်မှန်းသုံးသပ် လိုက်ပါတယ်။

ဒါပေမဲ့ တကယ်လို့ သူတို့က ဒါဟာ တုပထားခြင်း တစ်ခုဆိုတာကို သိသွားမယ် ဆိုရင်တောင် ဘာဖြစ်မှာလဲ။ စိတ်ဝိညာဉ် ပလ္လင်အဆင့် ကျင့်ကြံသူတွေကို ဒူးထောက်သွားအောင် ဖိအားပေး နိုင်တဲ့ စိတ်ဝိညာဉ် နတ်သူငယ်အဆင့် အမိန့်စာလွှာတွေလိုမျိုးနဲ့ တူပါတယ်။ ဒီအမျိုးသမီး ဗိုလ်ချုပ်က အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးတော့ ဒီကမ္ဘာကြီးရဲ့ သာမန်အမြင်ထက် သာလွန်တဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

"သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ် ဒါမှမဟုတ် ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်များ ဖြစ်နိုင်မလား"

တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင်တွေဖြစ်တဲ့ ဂူဂေါင်ယွမ်နဲ့ တခြားသူတွေအားလုံး လျှို့ဝှက်စွာနဲ့ ကောက်ချက်ချ လိုက်ကြပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းမှာ တောင်မြစ် နဲ့ နေလအဆင့် လက်ရွေးစင်တွေ ရှိပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး အစွမ်းထက်တဲ့ လူတော့ သူတို့မှာ သေချာပေါက် မရှိပါဘူး။

လင်းဟာန်ရဲ့ အရိုးတွေက နောက်ဆုံးတော့ အားလုံးပျက်စီး သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက အသွေးအသားရေအိုင်လေး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ ကြည့်လိုက်တာနဲ့တင် မယုံနိုင်စရာ ထိတ်လန့်တုန်လှုပ်ဖို့ ကောင်းပါတယ်။

ဒါက အဆိပ်ပဲ။ နည်းနည်းလေး စုပ်သောက်လိုက်တာနဲ့ လူတစ်ယောက်ကို အရည်ပျော်ကျ သွားဖို့ လုံလောက်ပါပြီ။

အားလုံးက မှင်တက်အံ့သြ သွားခဲ့ပြီး သူတို့ကိုယ်သူတို့ ကျိတ်ပြီးတော့ ကျေးဇူးတင်နေ ကြပါတယ်။

လင်းဟန်က သေသွားခဲ့ပါပြီ။ ဒီလိုမျိုး မွန်းစတားဆန်တဲ့ လူတစ်ယောက်က အခုလိုမျိုး သေသွားခဲ့တယ်။ ဒါက အရမ်းကို ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။

တစ်ဖက်က ဟူးညိုကတော့ တည်ငြိမ်လို့ နေပါတယ်။ သူမက လင်းဟန်ရဲ့ ပျက်စီးနေတဲ့ အရိုးတွေကို ကြည့်နေပြီး သူမရဲ့ မျက်လုံးထဲမှာ စိတ်လှုပ်ရှားမှုကြောင့် အရောင်တွေ တဖျတ်ဖျတ် တောက်ပနေပါတယ်။

အမျိုးသမီး ဗိုလ်ချုပ်လည်း အတူတူပါပဲ။ လင်းဟန်ထိုင်နေခဲ့တဲ့ နေရာကို ကြည့်ပြီးတော့ သူမက ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

“ဒီပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ကို တကယ်ပဲ ခံနိုင်ရည်စွမ်း ရှိနေတာက အတော်လေးကို ကောင်းတဲ့

ကံတရားပဲ”

သူမပြောပြီး မကြာခင်မှာ လင်းဟန်ရဲ့ ကျိုးပဲ့နေတဲ့ အရိုးတွေကနေ ရွှေရောင်အလင်းတွေ စတင်ထွက်ပေါ်လာခဲ့ပါတယ်။ မရေမတွက်နိုင်အောင် ပျက်စီးနေတဲ့ အရိုးအစိတ်အပိုင်းတွေက အရမ်းကို လျင်မြန်စွာနဲ့ ပြန်လည်ဆက်စပ်လာပြီး လူသားတစ်ယောက်ပုံစံ အရိုးစုတစ်ခုအဖြစ် ပြန်လည်တည်ဆောက် နေခဲ့ပါတယ်။

ဘာ ဒီကောင်လေး မသေသွားဘူးလား။

အားလုံးက မှင်တက်အံ့သြ သွားခဲ့ပါတယ်။ သူ့အရိုးတွေ အားလုံးက သောက်ကျိုးနည်း ပျက်စီးကုန်တာလေ။ တကယ်လို့ သူက ဒီအတွက်ကြောင့် မသေသွားဘူးဆိုရင် ဘယ်လိုလုပ် မျှတတော့မှာလဲ။

“သေခြင်းတရားကနေ ဘဂတစ်ခု ပြန်လည်မွေးဖွားလာခြင်း။ ဒီဘဂထက် သာလွန်တယ်”

အမျိုးသမီး ဗိုလ်ချုပ်ရဲ့ အမူအရာက တည်ငြိမ်လွန်းပါတယ်။

လင်းဟာန်ရဲ့ ပြန်လည်တည်ဆောက်မှုနှုန်းက အရှိန်အဟုန် မြင့်လာခဲ့ပါတယ်။ သူ့ရဲ့အရိုးစု ဖြစ်ပေါ်လာပြီး သူရဲ့အသွေးနဲ့ အသားတွေ ပြန်လည်ဖွံ့ဖြိုး လာခဲ့ပြီး လက်ရှိမှာ သူ့ကိုယ်သူ ပြန်လည် ဖြစ်ပေါ်နေပါပြီ။

“သေခြင်းတရားကနေ အသက်ရှင်တယ်။ သူက အရင်ကထက် ပိုပြီးတော့ သန်မာလာလိမ့်မယ်။ ငါတို့သူ့ကို အသက်ရှင်ခွင့် ပြုလို့ မဖြစ်ဘူး”

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဘိုးကြီးတစ်ယောက်က ပြောလိုက်ပါတယ်။ သူက သူ့ရဲ့တက်ကြွမှု အားမာန်ကို

နောက်တစ်ကြိမ် လောင်ကျွမ်းစေပြီး တိုက်ပွဲစွမ်းရည်
ကြယ်ဆယ့်လေးလုံးကို ချက်ချင်းပဲ ရောက်သွားပါတယ်။
အဲဒီနောက် သူက လင်းဟန်ရဲ့ ဦးခေါင်းကို လက်ဝါးရိုက်ချက်
တစ်ချက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။

အခုက လင်းဟန်ရဲ့ ပြန်လည်တည်ဆောက်မှု အမှားအယွင်း
မခံနိုင်တဲ့ အခိုက်အတန့်မှာ ဖြစ်ပါတယ်။
သူ့ခန္ဓာကိုယ်အတွက် အခုချိန်က အားအနည်းဆုံး
အချိန်ဖြစ်ပါတယ်။ တစ်ချက်တည်းနဲ့ သူ့ကို သတ်ပစ်ဖို့
လုံလောက်ပါလိမ့်မယ်။

မာထိုပေါင်နဲ့ ဘုရင်ရှစ်ပါးစလုံး ကြက်သေသေနေခဲ့ပြီး သူ့ကို
ကယ်တင်နိုင်စွမ်း မရှိကြပါဘူး။

Chapter 841 end

အပိုင်း(842) ကောင်းကင်အဆင့်ကို တန်းခုန်တက်ခြင်း

“သေချင်နေပြီလား”

အဲဒီအမျိုးသမီး ဗိုလ်ချုပ်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူမက လက်တစ်ချောင်း လှုပ်ရှားလိုက်စရာတောင် မလိုပါဘူး။ အဲဒီအဘိုးကြီးကိုပဲ မျက်စိတစ်ချက် ဝေ့ကြည့်လိုက် ပါတယ်။

ဖူး။

အဲဒီအဘိုးကြီးက ချက်ချင်းဆိုသလို ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်ပြီးတော့ လဲပြိုကျသွားခဲ့ပါတယ်။ ချက်ချင်းပဲ အသက်ဓာတ် လက္ခဏာတွေ ပျောက်ဆုံးကုန်ပါတယ်။

အကြည့်တစ်ချက်နဲ့ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်

တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်လေးလုံးရှိတဲ့ လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်ဖို့ လုံလောက်ပါတယ်။ ဒါက ဘယ်လို စွမ်းအား အမျိုးအစားလဲ။

လပြွတ်ပဲ။ ကောင်းကင်တာအို မျက်လုံးက ဘယ်ရောက်နေတာလဲ။ မြန်မြန်ထွက်လာပြီးတော့ သူ့ကို ဖိနှိပ်လိုက်စမ်းပါ။

"စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး"

"ဒါက ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု တစ်ခု မဟုတ်ဘူး။ နတ်ဘုရားအာရုံကို တိုက်ရိုက် တိုက်ခိုက်မှု တစ်ခုပဲ"

မာထိုပေါင်၊ ကျိုးချီဖန်နဲ့ တခြားအဆုံးမဲ့ လက်ရွေးစင်တွေက ဒီအမျိုးသမီး ဗိုလ်ချုပ်ဟာ တန်ခိုးရှင်အဆင့် စွမ်းအားကို

အသုံးမပြုခဲ့ဘူးဆိုတာ ပြောနိုင်ပါတယ်။ ဒါကြောင့် သဘာဝတရား တာအိုက သူမကို ဖိနှိပ်ထိန်းချုပ်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ လူတစ်ယောက်က စိတ်ဝိညာဉ်အဆင့် အပေါ်မှာ တိုက်ခိုက်မှု တစ်ခုကို တားဆီးနိုင်မယ်ဆိုရင် အဲဒါကို တားဆီးနိုင်ပါလိမ့်မယ်။ တကယ်လို့ မလုပ်နိုင်ဘူးဆိုရင် တစ်ခါတည်းက လုံလောက်ပါပြီ။

ဒါကြောင့် ဒါက ချက်ချင်းသတ်ဖြတ်မှုတစ်ခု ဖြစ်ပါတယ်။ ဒါမှမဟုတ် ပြိုင်ဘက်ကို ဘယ်လိုမှ သတ်ပစ်နိုင်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ တတိယ ဖြစ်နိုင်ချေ မရှိပါဘူး။

ဒီနေရာမှာ လူတွေအများကြီး ရှိပါတယ်။ ဒါပေမဲ့ ဘယ်စိတ်ဝိညာဉ်ကများ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး အဆင့်ရှိတဲ့ တိုက်ခိုက်မှု တစ်ခုကို တောင့်ခံနိုင်တဲ့အထိ သန်မာမှု ရှိမှာလဲ။ တစ်ယောက်မှ မရှိပါဘူး။ ဒီနေရာမှာ အဲဒီလိုမျိုး

လုပ်နိုင်တဲ့လူ တစ်ယောက်မှ မရှိဘူးဆိုတာ သေချာပါတယ်။ ဒါကြောင့် အားလုံးက ပါးစပ်ကိုပိတ် တိတ်ဆိတ်ငြိမ်သက်စွာ နေနေကြပါတယ်။ တကယ်လို့ ဒီအမျိုးသမီး ဗိုလ်ချုပ်က သူတို့ကို သတ်ပစ်ချင်တယ်ဆိုရင် အားလုံး ချေမှုန်းခံရပါလိမ့်မယ်။

မာထိုပေါင်လို အစွမ်းထက် သန်မာတဲ့ လူတစ်ယောက်တောင်မှ မကျေမနပ်နဲ့ သေသွားရပါလိမ့်မယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုရဲ့ မာကျောမှု အဆင့်မျိုး ပိုင်ဆိုင်ထားပေမဲ့ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှု တစ်ခုကို သူက ခုခံနိုင်မှာတဲ့လား။

တကယ်လို့ သူတောင် တောင့်ခံနိုင်စွမ်း မရှိဘူးဆိုရင် ဘယ်သူကများ လုပ်ရှားဝံ့လိမ့်မှာလဲ။

အဲဒီအချိန်မှာ လင်းဟန့်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ရွှေရောင်အလင်းတန်းတွေ ဝိုင်းရံလို့ နေပါတယ်။ ရုတ်ချည်းဆိုသလို သူ့ရဲ့အရှိန်အဝါက အရှူးအမူး ထိုးတက်လာခဲ့ပါတယ်။

နတ်အသွင် ပြောင်းလဲခြင်းအဆင့် အလွှာခုနစ်၊ အလွှာရှစ်၊ အလွှာကိုး။ ချက်ချင်းဆိုသလို သူက နတ်အသွင် ပြောင်းလဲခြင်းအဆင့် အထွတ်အထိပ်ကို ရောက်ရှိသွားပြီး ကောင်းကင်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အရည်အချင်းတွေ ပိုင်ဆိုင်သွားခဲ့ပါတယ်။

လင်းဟန်က လွဲပြီးတော့ ဒီလိုမျိုး ပျက်စီးခြင်းနဲ့ ပြန်လည်တည်ဆောက်ခြင်း အဖြစ်အပျက်ရဲ့ အတွေ့အကြုံကို ဘယ်သူမှ သိနားလည်မှာ မဟုတ်ပါဘူး။

ဒါက ပြန်လည်မွေးဖွားခြင်း စက်ဝန်းတစ်ခု ဖြစ်ပါတယ်။

ခါးသက်လွန်းတဲ့ လက်ဘက်ရည်ရဲ့ အာနိသင်အောက်မှာ
သူက သူ့အရင်ဘဝကို ပြန်ရောက်သွားပြီး
ဘဝတစ်လျှောက်လုံးကို ပြန်လည်တွေ့ကြုံ
ခံစားလိုက်မိပါတယ်။ ဒါပေမဲ့လည်း သူက အနက်ရောင်
မျှော်စင်နဲ့ ကြုံတွေ့ခဲ့ခြင်း မရှိပဲ ဒီဘုံထဲမှာ
အသက်လေးရာတိုင်အောင် ဘဝတစ်လျှောက်လုံး
နေထိုင်ခဲ့မှုကို ကြုံတွေ့ခဲ့ပြီး ကောင်းကင်ဖီးနစ်
နတ်မိမယ်နဲ့တောင် လက်ထပ်ထိမ်းမြားခဲ့ပါတယ်။

ဒါပေမဲ့ တန်ခိုးရှင်ဘုံရဲ့ ကျူးကျော်မှုကြောင့် သူ့ရဲ့အသက်ကို
ခုခံကာကွယ်ဖို့ ကျိန်ဆိုခဲ့ပါတယ်။ သူက စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့်ကို ဝင်ရောက်ခဲ့တယ် ဆိုပေမဲ့
သူ့ရဲ့တိုက်ပွဲစွမ်းရည်က ဒီဘဝထက် အများကြီး
နိမ့်ကျပါတယ်။ သူက မကျေမနပ်နဲ့ သေသွားခဲ့ရပါတယ်။

ကောင်းကင်ဖီးနစ် နတ်မိမယ်ကလည်း

သူသေဆုံးသွားပြီးတဲ့နောက်မှာ သူမကိုယ်သူမ သတ်သေသွားခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ တပည့်လေးယောက်ကလည်း သူနဲ့အတူ ဘေးကနေ ရင်ဘောင်တန်း တိုက်ခိုက်ပြီး သေဆုံးသွားခဲ့ပါတယ်။ သန်မာမှုနဲ့ အားမာန်တက်ကြွမှုတွေလည်း မယုံနိုင်စရာ ကောင်းလောက်အောင် ဆိုးဆိုးဝါးဝါးပါပဲ။

အဲဒီနောက်မှာ သူက သူ့ရဲ့ပြန်လည်မွေးဖွားခြင်း အိပ်မက်ကနေ နိုးထလာခဲ့ပါတယ်။

တခြားသူတွေရဲ့ မျက်လုံးထဲမှာ ဒါက အချိန်ခဏလေးပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန် အတွက်ကတော့ သူက နောက်ထပ်နှစ်ပေါင်းလေးရာ အချိန်ကို နောက်တစ်ကြိမ် ကြုံတွေ့ခံစား ခဲ့ရပြီးတော့ သူ့ကို လိပ်ပြာတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားတဲ့ ပိုးတောင့်မာတစ်ကောင် အဖြစ် ခံစားစေရပါတယ်။ လုံးဝကို အံ့အားသင့်စရာကောင်းတဲ့ ပင်ကိုယ်သဘာဝ ပြောင်းလဲခြင်း တစ်ခု ဖြစ်ပါတယ်။

သူ့ရဲ့ကျင့်ကြံခြင်းကို ပြောင်းလဲသွားခဲ့တာ မဟုတ်ပါဘူး။သူ့ရဲ့ စိတ်ဝိညာဉ်နဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက စကြဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်သွားခဲ့ပါတယ်။

အဲဒီနောက် ခါးသက်တဲ့ လက်ဘက်ရည်က သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တိုးတက်ဖို့နဲ့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်မားလာဖို့ စတင်လုပ်ဆောင်ပေးပါတယ်။ ဒီအချက်တွေအားလုံး အရမ်းကို လျင်မြန်စွာနဲ့ ဖြစ်ပျက်သွားခဲ့ရတဲ့ အကြောင်းရင်းက သူ့ခန္ဓာကိုယ်ထဲက ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်တစ်စက်ရဲ့ အာနိသင်ကို ယူထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ်ရဲ့ ပြန်လည်တည်ဆောက်မှုက အရမ်းကို လျင်မြန်နေတာပဲ ဖြစ်ပါတယ်။

အမျိုးသမီး ဗိုလ်ချုပ်တောင်မှ ဒါကို လုံး၊

ထင်မှတ်မထားပါဘူး။ သူမရဲ့ အမြင်အရ လင်းဟန်က ဒီပြန်လည်မွေးဖွားခြင်းကနေ ရှင်သန်နိုင်ဖို့ အနည်းဆုံး သုံးရက်အချိန်လောက် ယူရမယ်လို့ ကောက်ချက်ချထားခဲ့ပါတယ်။

လင်းဟန်က ကောင်းကင်အဆင့်ကို တန်းပြီးတော့ တက်သွားခဲ့ပါတယ်။

သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ အခြေအနေနဲ့ စိတ်ဝိညာဉ်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ရောက်သွားတာကြောင့် သူ့ရဲ့ ထက်ရှစွာ တိုးလာတဲ့ စွမ်းအားကို ထိန်းချုပ်နိုင်စွမ်း မရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ ခါးသက်တဲ့ လက်ဖက်ရည်ရဲ့ အာနိသင်နဲ့အတူ သူက နတ်အသွင် ပြောင်းလဲခြင်းအဆင့်မှာ သူ့ရဲ့ကျင့်ကြံခြင်းကို အဆင့်မြင့်ဆုံး အဆင့်ထိ ပြီးပြည့်စုံခဲ့ပါတယ်။

သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ထားစရာအကြောင်း လုံးဝမရှိပါဘူး။ ဒါကြောင့်လည်း အဆင့်ချိုးဖျက် ဝင်ရောက်သွားတာ သဘာဝ ကျပါတယ်။

သူ့အတွက်တော့ ဒါက ရင်းနှီးပြီးသား လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ တကယ်တော့ သူက သူ့ရဲ့ ပြန်လည်မွေးဖွားခြင်း အိပ်မက်ထဲမှာပဲ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်သွားခဲ့တာ ဖြစ်ပါတယ်။ အဲဒါက စိတ်ဝိညာဉ် အဆင့်နဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေအပေါ်မှာ ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ရုပ်ပိုင်းဆိုင်ရာ အတွေ့အကြုံနဲ့ အမှန်တကယ် အဆင့်တက်တာ မဟုတ်ပါဘူး။

ဟုမ်း။

သူ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားပြီးတော့ သူက ကောင်းကင်အဆင့်ကို တက်သွားခဲ့ပါတယ်။

တခြားသူတွေက အံ့သြမှင်တက်သွားခဲ့ပါတယ်။ သူက အခုလိုမျိုး အဆင့်တက်သွားခဲ့တာလား။

သူတို့အားလုံး အရမ်းကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်လိုက်ကြ ရပါတယ်။ အစောတုန်းက လင်းဟန်ဟာ နတ်အသွင် ပြောင်းလဲခြင်းအဆင့် အလွှာ ခြောက်မှာပဲ ရှိပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို သူက ကောင်းကင်အဆင့်ကို တန်းပြီးတော့ ချိုးဖျက်ဝင်ရောက် သွားခဲ့ပါတယ်။ ဒီလိုမျိုး အဆင့်မြှင့်တင်တဲ့ အမြန်နှုန်းက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းနေပါပြီ။

ဒီလက်ဖက်ရည်ခွက်က အဆိပ်တစ်ခွက် မဟုတ်ပါဘူး။ အဆုံးမဲ့ ရတနာတစ်ခု ဖြစ်ပါတယ်။

ရုတ်ခြည်းဆိုသလို အားလုံးရဲ့ အကြည့်တွေက

ပူလောင်လာခဲ့ပါတယ်။ ဒါပေမဲ့ အမျိုးသမီး ဗိုလ်ချုပ်က အားလုံးကို စောင့်ကြည့်နေမှုကြောင့် ဘယ်သူကမျှ အရှေ့ကို ထွက်ပြီးတော့ ဒါကို လုယူဝံ့မှာလဲ။

ဒါပေမဲ့ သူတို့အားလုံးကို အံ့သြသွားစေတဲ့ အချက်က လက်ဘက်ရည် ခွက်ထဲမှာရှိတဲ့ အရည်တွေက လျင်မြန်စွာနဲ့ အငွေ့ပျံသွားပြီး အထဲက ခွက်အောက်ခြေကိုတောင် တွေ့မြင်နိုင်ပါတယ်။ အဲဒါက လူတိုင်းလူတိုင်းကို စိတ်ထဲကနေ ကျိတ်ပြီးတော့ မရိုတင်ကဲ ညည်းညူသွားစေခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျိတ်ပြီးတော့ ကျေနပ်ပျော်ရွှင်နေတဲ့ လူတချို့လည်း ရှိပါတယ်။ သူတို့ကိုယ်တိုင် အဲဒီပစ္စည်းကို မရယူနိုင်သလို တခြားသူတွေ ရသွားမှာကိုလည်း မလိုချင်ကြပါဘူး။

လင်းဟန်တောင်မှ ပါးစပ်အပြည့် တစ်ငုံ့ပဲ သောက်ခဲ့ပါတယ်။

လင်းဟန်က ရုတ်ချည်းဆိုသလို သူ့မျက်လုံးကို ဖွင့်လိုက်ပါတယ်။ သူ့မျက်လုံးတွေထဲမှာ နဂါးငွေ့တန်းကြယ်တာရာ ပုံစံတွေရဲ့ တောက်ပမှုတွေနဲ့ ပြည့်နက်လို့နေပါတယ်။ ဒါပေမဲ့ မကြာခင်မှာပဲ ပုံမှန်အတိုင်း ပြန်ဖြစ်သွားပါတယ်။ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရင် သူ့မျက်လုံးတွေက သာမန်ပါပဲ။ ဒါပေမဲ့ အနီးကပ်သေချာလေ့လာကြည့်မယ် ဆိုရင်တော့ သူ့မျက်လုံးတွေက နူးညံ့သိမ်မွေ့ပြီး ကျောက်စိမ်းလို ကြည်လင်တောက်ပကာ မယုံနိုင်စရာ ကောင်းအောင် နက်ရှိုင်းတာကို ရှာတွေ့သွားပါလိမ့်မယ်။

လက်ဖက်ရည်တွေ မရှိတော့ဘူးလား။ သူက တစ်ငုံ့ပဲ သောက်ခဲ့တာပါ။

လင်းဟန်လည်း အနည်းငယ် ခေါင်းရှုပ်သွားခဲ့ပါတယ်။

“ပြန်လည်မွေးဖွားခြင်း လက်ဖက်ရည်။ တစ်ငုံ့ဆိုရင်ပဲ ပြန်လည်မွေးဖွားခြင်း တစ်ကြိမ်နဲ့ ညီမျှတယ်။ မင်းရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ မင်းက တစ်ငုံ့ပဲ သောက်နိုင်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းက ပြန်လည်မွေးဖွားခြင်းထဲမှာ ပိတ်မိနေပြီး ထာဝရ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး”

အမျိုးသမီး ဗိုလ်ချုပ်က ပြောလိုက်ပါတယ်။

လင်းဟာန်ရဲ့ စိတ်ထဲမှာ မချိတင်ကဲ ဖြစ်နေမှုတွေက ချက်ချင်းဆိုသလို သန့်ရှင်းသွားခဲ့ပါတယ်။ သူက အမျိုးသမီး ဗိုလ်ချုပ်ကို လက်နှစ်ဖက်ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာရဲ့ ကူညီပေးမှုအတွက်ကျေးဇူးအများကြီး တင်ပါတယ်”

အမျိုးသမီး ဗိုလ်ချုပ်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက ဒီနေရာမှာ ထိုင်ပြီးတော့ ဒီလက်ဖက်ရည်ကို သောက်ဝံ့တဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် ဒီဟာက မင်းရဲ့ ကံတရား အခွင့်အလမ်းပဲ ဖြစ်တယ်။ ကောင်းပြီလေ။ ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်လည်း ကုန်ပြီဆိုတော့ နောက်ဆုံး ငါထွက်သွားနိုင်ပြီပေါ့”

သူမရဲ့ မျက်လုံးတွေကို မှိတ်လိုက်ပြီးတော့ အပြုံးတစ်ခုနဲ့အတူ သူမရဲ့ ခန္ဓာကိုယ်က ကြေမွသွားတဲ့ ကြွေးမုံမှုန် တစ်ခုလို ပျောက်ကွယ်သွားခဲ့ပါတယ်။

သူမရဲ့ စွဲလမ်းမှုကို လျစ်လျူရှုနိုင်ခဲ့တဲ့ အတွက် သူမက ထွက်သွားခဲ့ပါတယ်။ ဒါကြောင့် ဝိညာဉ်လည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

သူမပျောက်ကွယ် သွားပြီးတဲ့ နောက်မှာတော့
ဖိအားတွေလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။
ရုတ်ခြည်းဆိုသလို အားလုံးရဲ့ မျက်လုံးတွေက
အဲဒီလက်ဖက်ရည်အိုးပေါ်ကို ကျရောက် သွားခဲ့ပါတယ်။

သူတို့အားလုံးက လက်ဖက်ရည်အိုးကို သူ့ထက်ငါအရင်
ခုန်အုပ်လိုက်ပြီး ချက်ချင်းဆိုသလို လက်ဖက်ရည်အိုးအတွက်
တိုက်ခိုက်နေ ကြပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ
လက်ဖက်ရည် အိုးထဲမှာလည်း ဘာမှမရှိဘူးဆိုတာကို
သူတို့တွေ သိလိုက်ရပါတယ်။

တကယ်ပါပဲ။ အမျိုးသမီး ဗိုလ်ချုပ်က ဘာပြောခဲ့သလဲ။
လက်ဖက်ရည်လည်းကုန်ပြီ။ ဒါကြောင့် နောက်ဆုံးတော့
သူမထွက်သွားနိုင်ပါပြီတဲ့။

အားလုံးက စိတ်ထဲကနေ ကျိတ်ပြီးတော့ ညည်းညူနေခဲ့ကြပါတယ်။ စောစောတုန်းက ပြန်လည်မွေးဖွားခြင်းလက်ဖက်ရည်က ခွက်တစ်ဂက် ရှိတယ်ဆိုပေမဲ့ သူတို့ရဲ့စွမ်းရည်နဲ့ဆို ပါးစပ်အပြည့် သောက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ခွက်တစ်ဂက်က သူတို့ ခုနစ်ယောက် ရှစ်ယောက်သောက်ဖို့တောင် လုံလောက်ပါလိမ့်မယ်။

ဒါက နတ်ဘုရား လက်ဖက်ရည် တစ်ခွက် ဖြစ်ပါတယ်။

အားလုံးက ခေါင်းတွေ ငိုက်စိုက်ကျပြီးတော့ ခြေဆောင့်လိုက်ကြပါတယ်။ စောစောက သူတို့သာ သတ္တိနည်းနည်းရှိခဲ့မယ်ဆိုရင် ထူးခြားဆန်းကြယ်တဲ့ ကံကြမ္မာ အခွင့်အလမ်းတစ်ခုကို ရရှိနိုင်စွမ်း ရှိလိမ့်မယ် မဟုတ်လား။

လင်းဟာန်ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်တက်တာ တစ်ခုပဲရိုးရိုးရှင်းရှင်း မဖြစ်နိုင်ပါဘူး။ အားလုံးက သူနဲ့ပတ်သက်ပြီး

ကွဲပြားခြားနားမှုကို အာရုံခံနိုင်ပါတယ်။ အဓိက ပြောင်းလဲသွားတဲ့ အချက်အလက်တွေကိုသာ သူတို့က ရှင်းရှင်းလင်းလင်း မသိနိုင်တာပဲ ရှိပါတယ်။

"ဒီလက်ဖက်ရည်အိုးက ပူနေသေးတယ်"

တစ်စုံတစ်ယောက်က တုန်လှုပ်နေတဲ့ အသံနဲ့ အံ့အားသင့်စွာ ပြောလိုက်ပါတယ်။

တခြားသူတွေလည်း အံ့ဩမှင်တက်သွားခဲ့ပါတယ်။ ဒါက သူတို့ကို သေလုမတတ် ထိတ်လန့်တုန်လှုပ်သွားဖို့ လုံလောက်ပါတယ်။ ဒီလှေကြီးက လေဟာနယ်ထဲက ထွက်လာခဲ့ပါတယ်။ ပြီးတော့ နှစ်ပေါင်းဘယ်လောက်ကြာအောင် ဖြတ်လာခဲ့သလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒီလက်ဖက်ရည်အိုးက တကယ်ပဲ ပူနွေးနေဆဲပါပဲ။ ဘယ်လောက်တောင်

ထူးဆန်းလိုက်သလဲ။

“လင်းဟာန် နင်အခု အဆင်ပြေရဲ့လား”

ဟူးညိုက ညင်ညင်သာသာလေး မေးလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြုံးပြီးပြောလိုက်တယ်။

“ငါအဆင်ပြေပါတယ်။ ညိုးညိုးက စိတ်ပူနေတာလား”

“နည်းနည်း။ နည်းနည်းလေးပါ”

ဟူးညိုက သူမရဲ့ လက်ကလေးတွေနဲ့ နည်းနည်းဆိုတာကို ချစ်စဖွယ် အမူအရာနဲ့ လုပ်ပြလိုက်ပါတယ်။ သူမက တကယ်ပဲ လင်းဟာန်အပေါ်မှာ ယုံကြည်မှု အပြည့်ရှိပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ သူက သူ့ကိုယ်အတွင်းပိုင်းကို တစ်ချက် ကြည့်လိုက်ပြီး ပြုံးစိစိ ဖြစ်သွားပါတယ်။ သူက အကြီးအကျယ် ပြောင်းလဲသွားခဲ့ပါတယ်။ သူ့ရဲ့ စိတ်ဝိညာဉ်က မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာနေပြီး သာမန်စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေထက် သာလွန်နေပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မာကျောမှု နံပါတ်တစ် ဖြစ်ပါတယ်။ ပြီးတော့ အခု သူ့ရဲ့ စိတ်ဝိညာဉ်ကလည်း တိုးတက်လာခဲ့ ပါပြီ။ ဒါက သူ့ရဲ့ အားနည်းချက်ကို ဖာထေးလိုက်သလိုပါပဲ။

"ဓားနလုံးသားလည်း အဓိက အောင်မြင်မှုကို ရောက်သွားတာပဲ"

လင်းဟန်က သူ့ကိုယ်သူ ပြောလိုက်ပါတယ်။ သူက ဓားနလုံးသားရဲ့ ပြီးပြည့်စုံမှု အဆင့်ကို မရောက်သေးဘူး

ဆိုပေမဲ့ သူက ဆံပင်မွေး တမျှင်စာပဲ လိုပါတော့တယ်။

“ငါ့ရဲ့ အသားညို ညီငယ်လေး မင်းက တကယ်ပဲ မယုံနိုင်စရာကောင်းလောက်အောင် ကံကောင်းတယ်”

မာထိုပေါင်က မချိတင်ကဲ ပြောလိုက်ပါတယ်။ ဒီနေရာမှာ လူတွေအများကြီး ရှိပါတယ်။ လင်းဟာန် တစ်ယောက်ပဲ ထိုင်ပြီးတော့ လက်ဖက်ရည်ကို သောက်ဝံ့ပါတယ်။ ဒါက သူ့ရဲ့ ကံကြမ္မာ အခွင့်အလမ်း ဖြစ်ပါတယ်။ တခြားသူတွေ လက်လျော့အရှုံးပေးလိုက်ဖို့ ဘယ်သူကများ တောင်းဆိုခဲ့လို့လဲ။

လင်းဟာန်က သူ့အနေနဲ့ အနက်ရောင် မျှော်စင်ရဲ့ ကာကွယ်ပေးမှု မရှိပဲနဲ့ အရဲစွန့်ပြီးတော့ လုပ်ဝံ့လိမ့်မှာ မဟုတ်ဘူးဆိုတာ သူ့ကိုယ်သူ သိပါတယ်။ ဒါက သူ့ယုံကြည်မှုရဲ့ စစ်မှန်တဲ့ အခြေခံ ဖြစ်ပါတယ်။

သူက ဒီအကြောင်းကို ဘာမှမပြောပါဘူး။

ပြန်လည်မွေးဖွားခြင်း လက်ဖက်ရည်ကိစ္စ ပြီးသွားပြီဆိုတော့ သူတို့က သူတို့ရဲ့ လမ်းကြောင်းအတိုင်း ဆက်ပြီးတော့ ချီတက်လာခဲ့ပါတယ်။ လေးထပ်မြောက် အလွှာကို ရောက်သွားတဲ့ အချိန်မှာ အခန်းတွေက ပိုပြီးတော့တောင် ကြီးမားပါတယ်။ ဒါပေမဲ့ အခန်းတွေ စီစဉ်ထားတဲ့ ပုံစံကို ကြည့်ရင် အိပ်ခန်းတွေနဲ့ မတူပဲ အစည်းအဝေးခန်းတွေနဲ့ အတော်လေး တူပါတယ်။

ဒီနေရာမှာလည်း အမျိုးသမီး စစ်သည်တော် ငါးယောက်တစ်ဖွဲ့က ကင်းလှည့်နေပြီး သူတို့ကို တိုက်ခိုက်ကြပါတယ်။

Chapter 842 end

အပိုင်း(843) သူမက ဘယ်သူလဲ

လင်းဟာန်က သူ့ရဲ့လက်ရှိ စိတ်ဝိညာဉ်က အရမ်းကို ခိုင်မာကျစ်လျစ်တယ် ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။ လူသေဝိညာဉ်တွေဆီက တရစပ် တိုက်ခိုက်မှုတွေက သူ့ကို လွယ်လွယ်နဲ့ အကျိုးသက်ရောက်မှု မရှိတော့ပါဘူး။

အရင်က သူ့ရဲ့စိတ်ဝိညာဉ်က ဒီလိုတိုက်ခိုက်မှုကို ရှစ်နှစ်ကနေ ဆယ်နှစ်လောက်ပဲ ခံနိုင်ရည် ရှိနိုင်ပါတယ်။ အခုတော့ သူက နှစ်ပေါင်းတစ်ရာ ဒါမှမဟုတ် နှစ်ပေါင်းတစ်ထောင်တောင်မှ ကြောက်စရာ မလိုတော့ပါဘူး။ ပြန်လည်မွေးဖွားခြင်း စက်ဂန်းတစ်ခု အတွေ့အကြုံ ရလာပြီးတဲ့ နောက်မှာတော့ သူ့ရဲ့စိတ်ဝိညာဉ်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အများစုထက်တောင် ပိုမိုသန်မာအားကောင်း လာခဲ့ပါတယ်။

ဒီအထပ် နေရာက အထူးတလည် ကြီးမားပါတယ်။

အစည်းအဝေးခန်းမတွေအပြင် အမြောက် အချို့ကိုလည်း သူတို့တွေ တွေ့မြင်ခဲ့ပါတယ်။ အနီးကပ် ကြည့်လိုက်ရင် အမြောက်တွေ အပေါ်မှာ သင်္ကေတတွေ ရေးထွင်းထားတာကို တွေ့မြင်နိုင်ပါတယ်။ မျက်စိတချက် ဝေ့ကြည့်လိုက်ရင်ပဲ လူတစ်ယောက်ရဲ့ ကျောရိုး စိမ့်သွားအောင် တုန်လှုပ်သွားစေပါလိမ့်မယ်။ အဲဒါက အရိုးထဲထိ စိမ့်နေအောင် ကြောက်ရွံ့တုန်လှုပ်မှုပဲ ဖြစ်ပါတယ်။

ကံမကောင်းတဲ့ အချက်က ဒီအမြောက်တွေက ပျက်စီးသွားပါပြီ။

“ဒါက နတ်ဘုရား သင်္ကေတတစ်ခု ဖြစ်နိုင်တယ်”

လူအားလုံးက အဲဒီပျက်စီးနေတဲ့ အမြောက်တွေကို စိုက်ကြည့်လိုက်ပါတယ်။ ဒီအမြောက်တွေကို သင်္ကေတတွေနဲ့

သွန်းလုပ်ထားတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီအမြောက်တွေကို ဒီနေရာမှာ အသုံးပြုတယ်ဆိုတော့ ဒီအမြောက်တွေကို ဘယ်လိုအံ့အားသင့်စရာကောင်းတဲ့ ပစ္စည်းတွေနဲ့ သွန်းလုပ်ထားတာ ဖြစ်နေမလဲ။

သူတို့အားလုံးက ဒီအမြောက်တွေကို ယူသွားချင်ကြပါတယ်။ ဒါပေမဲ့ သူတို့တွေက အဲဒီအမြောက် အနားကို မကပ်နိုင်ပါဘူး။ ဒီသင်္ကေတတွေက အရမ်းကို တုန်လှုပ်စရာကောင်းပါတယ်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က လျှင်မြန်စွာနဲ့ လျှောက်သွားပြီး အမြောက်ကို ထိလိုက်တာနဲ့ အသံတစ်စက်မှတောင် မထွက်ပဲ အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားခဲ့ပါတယ်။

ဒါက သင်္ကေတတွေရဲ့က အစွမ်းဖြစ်ပါတယ်။ တကယ်လို့ သူတို့ကို အသက်မသွင်းနိုင်ဘူး ဆိုရင်တောင် သူတို့က သေစေနိုင်တဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။

သူတို့က ဒီအပြောက်တွေကို ယူမသွားနိုင်ပါတယ်။

အဲဒါက သူတို့အားလုံးကို ရှုးသွပ်လုမတတ် ဖြစ်သွားသလို ခံစားရပါတယ်။ ဒါက ဘယ်လိုရတနာ အမျိုးအစားလဲ။ ဒါက နတ်ဘုရား သတ္တုဖြစ်ပါတယ်။ သူတို့က အဲဒါကို ဒီအတိုင်း ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ အဲဒါက သူတို့ကို သွေးအနိတဲ့ ခံစားချက်မျိုး မချိမဆံ့ ဝေဒနာတစ်ခုကို ခံစားသွားရပါတယ်။

ဒီသင်္ကေတတွေမှာ ဖျက်ဆီးခြင်းစွမ်းအား ဘယ်လောက်ရှိတယ်ဆိုတာအသာထား တကယ်လို့ လူတစ်ယောက်ကသာ ဒီအပြောက်တွေကို စုစည်းနိုင်မယ်ဆိုရင် သူတို့ကိုယ်တိုင်က သေစေနိုင်တဲ့ လက်နက်တစ်ခုလို ဖြစ်သွားပါလိမ့်မယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို သတ်ပစ်ဖို့ဆိုတာ ကလေးကစားစရာ တစ်ခု ဖြစ်သွားပါလိမ့်မယ်။

တကယ်လို့ သူတို့တွေ အငမ်းမရ လိုချင်နေတော့ရော ဘာတတ်နိုင်မှာလဲ။ သူတို့တွေက ထွက်သွားရုံပဲ တတ်နိုင်ပါတယ်။

နောက်တစ်ထပ်ကို တက်လာတဲ့ အခါမှာ သူတို့တွေက ကုန်းပတ်ပေါ်ကို ရောက်လာခဲ့ပါတယ်။

စောစောတုန်းက သူတို့တွေက ခုန်ပျံကျော်လွှားပြီး လှေကုန်းပတ်ပေါ်ကို တက်ချင်ခဲ့ပေမဲ့ ဘယ်သူမှ အောင်မြင်မှု မရရှိခဲ့ပါဘူး။ ကုန်းပတ်ပေါ်မှာ ဘယ်လိုအခြေအနေမျိုး ရှိတယ် ဆိုတာတောင် သူတို့တွေ မသိကြပါဘူး။

ဘယ်လောက်အမြင့်ကိုပဲ သူတို့တွေ ပျံသန်းပါစေ ကုန်းပတ်ကို ရှင်းရှင်းလင်းလင်းနဲ့ မတွေ့မြင် နိုင်ပါဘူး။ ဒါက အရမ်းကို ထူးခြားဆန်းကြယ်လွန်းပါတယ်။

ဒီတစ်ကြိမ်တော့ သူတို့က အထဲကနေတစ်ဆင့် ကုန်းပတ်ပေါ်ကို ရောက်လာခဲ့ပြီး ရှင်းရှင်းလင်းလင်း ကြည့်လို့ ရသွားပါပြီ။

"ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ"

ကုန်းပတ်ပေါ်ကို ရောက်သွားတဲ့ အချိန်မှာ သူတို့အားလုံးက အံ့အားသင့်စွာနဲ့ အာမေဋိတ်သံတွေ ထွက်ကုန်ပါတယ်။ ဒီနေရာက ငရဲပြည်က တိုက်ပွဲကွင်းပြင် တစ်ခုများလား။

ကုန်းပတ်ပေါ်မှာ အလောင်းတွေ လဲလျောင်းနေတာကို တွေ့လိုက်ပါတယ်။ တချို့တွေက လူသားတွေ ဖြစ်ပြီး တချို့က လူတစ်ဝက် သားရဲတစ်ဝက် ဖြစ်ပါတယ်။ သူတို့မှာ အတောင်ပံတွေနဲ့ ဦးချိုတွေ ပါပြီးတော့ တစ်ကိုယ်လုံး မည်းနက်နေပါတယ်။ တကယ်လို့ ညဘက်မှာ လရဲ့အလင်းရောင်သာ မရှိဘူးဆိုရင် သူတို့ကို မတော်တဆ

ဂင်တိုက်မိနိုင်ပါလိမ့်မယ်။

ကုန်းပတ်တစ်ခုလုံး သွေးအိုင်တွေ ထွန်းနေပါတယ်။ ခြေပြတ် လက်ပြတ်တွေနဲ့ ခေါင်းပြတ်တွေလည်း ရှိပါတယ်။ သူတို့တွေက ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ်ဖြတ်ခြင်း အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပြီး လေထဲမှာ ဝေ့လည်နေပါတယ်။

ဒါပေမဲ့ ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ အကောင်းဆုံး အရာကတော့ ကုန်းပတ်အလယ်မှာ ထားရှိထားတဲ့ ရောမ ဖန်ဘူးကြီးတစ်ခု ဖြစ်ပါတယ်။ အဲဒီထဲမှာ ခေါင်းပြတ်တွေနဲ့ ပြည့်နက်နေပြီး အားလုံးက ဦးချိုပါ လူသားတစ်ဂက်တွေ ဖြစ်ပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက တောက်ပနေဆဲ ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခုကို ထုတ်လွှတ်နေပါတယ်။

အဲဒီကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရင်ပဲ သူတို့ရဲ့ ခန္ဓာကိုယ်တွေက အချိန်မရွေး ပေါက်ကွဲထွက်တော့မဲ့အတိုင်း ခံစားလိုက်ရပါတယ်။ ဒါကြောင့် သူတို့က အလျင်အမြန်ပဲ ခေါင်းငုံ့ပြီးတော့ နောက်တစ်ကြိမ် ထပ်မကြည့်ဝံ့ ကြတော့ပါဘူး။

ဒါတွေက ဘယ်လိုသက်ရှိအမျိုးအစားတွေလဲ။

ဒီရောမလှေကြီးက တိုက်ခိုက်မှု တစ်ခုနဲ့ ကြုံတွေ့ခဲ့ပြီး နှစ်ဖက်စလုံး တိုက်ပွဲမှာ သေသွားတာမျိုး ဖြစ်နိုင်တယ်လို့ သူတို့တွေ တွေးကြည့်လိုက်မိပါတယ်။ နောက်ပြီးတော့ တိုက်ပွဲကနေ ဖန်တီးလိုက်တဲ့ အားလှိုင်းတွေက အရမ်းကို ကြီးမားပြီး လေဟာနယ်ကို အပေါက်တစ်ခု ဖြစ်အောင်လို့ စုတ်ပြဲသွားစေခဲ့ပြီး လေဟာနယ်ထဲကို ဂင်လာခဲ့တာ ဖြစ်ပါလိမ့်မယ်။ မာထို့ပေါင်က လေဟာနယ်ကို မဖွင့်ခဲ့ပဲ ဒီလှေကြီးက ထွက်ပေါ်လာခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

ဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ လှေပေါ်မှာရှိတဲ့ ပစ္စည်းအများစုက ပျောက်ကွယ်သွားခဲ့ပြီး လှေရဲ့ကာကွယ်မှု အာနိသင်က ထပ်မရှိတော့ဘူးလို့ ဆိုလိုပါတယ်။ ဒီအလောင်းတွေက ဒီနေရာမှာ ရှိနေသေးပြီး သူတို့ကို ကြည့်လိုက်ရင်တောင် သိပ်မကြာခင်က သေသွားခဲ့ပုံ ရပြီးတော့ ဒီသက်ရှိတွေက ဘယ်လောက်တောင် အစွမ်းထက်သလဲ ဆိုတာကို ဖော်ပြနေပါတယ်။ တကယ်လို့ သူတို့တွေ သေသွားတာတောင်မှ လေဟာနယ်အက်ကွဲကြောင်းက သူတို့ရဲ့ ခန္ဓာကိုယ်ကို မဖျက်စီးပစ်နိုင်ခဲ့ပါဘူး။

လင်းဟန်က သူ့အကြည့်တွေကို အဝေးကို ကြည့်လိုက်ပြီး လှေရဲ့ ဦးပိုင်းမှာ အမျိုးသမီး တစ်ယောက်က ဂုဏ်ယူဖွယ်ကောင်း ကြွားစွာနဲ့ ရပ်နေတာကို တွေ့မြင်လိုက်ရပါတယ်။ သူမရဲ့ နောက်ကျောမှာ ဆယ်မီတာကျော်ရှည်လျားတဲ့ ဂုဏ်ရုံရှည်တစ်ခုရှိနေပြီး အဲဒီအောက်မှာတော့ ရွှေရောင်တိုက်ပွဲချပ်ဝတ် တစ်ထည်ကို ဝတ်ဆင်ထားပါတယ်။ တိုက်ပွဲချပ်ဝတ်က အရမ်းကို

တင်းကျပ်ပြီး သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို အပြည့်အဝ ဖော်ပြနေပါတယ်။

သူတို့တွေက သူမရဲ့ နောက်ကျောဘက်ကိုပဲ တွေ့မြင်ရပါတယ်။ ဒါက နှလုံးသားကိုရော စိတ်ဝိညာဉ်ကိုပါ မူးယစ်သွားစေဖို့ လုံလောက်ပါတယ်။

သူမကရော တစ္ဆေတစ်ယောက်ပဲလား။

အားလုံးက သတိအရမ်းကို ထားနေကြပါတယ်။ ဒီနေရာမှာရှိတဲ့ အလောင်းတွေက အရမ်းကို အစွမ်းထက်ပါတယ်။ တစ်ချက်လေး ထိလိုက်တာနဲ့ သူတို့တွေကို သတ်ပစ်နိုင်တာကြောင့် သူတို့တွေက ကြောက်ရွံ့နေကြပါတယ်။ မီတာတစ်ထောင်ရှိတဲ့ ကုန်းပတ်က ဘယ်လောက်တောင် ကျယ်ပြန့်မလဲ။ သိပ်မကြာခင်မှာပဲ သူတို့က လှေဦးကို ရောက်သွားပြီး အဲဒီအမျိုးသမီးရဲ့ အနောက်မှာ ရပ်လိုက်ကြပါတယ်။

ပုန်း။

သူမရဲ့ ဂုတ်ရိုးက လှုပ်ရှားသွားပါတယ်။ အမျိုးသမီးက ချာခနဲ လှည့်လာပါတယ်။ ရုတ်တရက် မိုးကောင်းကင်ကြီးက အရောင်တွေ ပြောင်းလဲသွားပြီး ကမ္ဘာကြီးတစ်ခုလုံး လဲပြိုသွားသလို ခံစားလိုက် ကြရပါတယ်။

ဒီအဆုံးမဲ့ လက်ရွေးစင်က ဘယ်လိုအမျိုးအစားလဲ။ သူမက ချာခနဲ လှည့်လိုက်ရုံနဲ့ ပတ်ဝန်းကျင်ကို ဒီလိုမျိုး ပြောင်းလဲသွားမှု ဖြစ်ပေါ်စေနိုင်ပါတယ်။

"အရမ်းကို လှတာပဲ"

အဲဒီအမျိုးသမီး ချာခနဲ လှည့်လာပြီးတဲ့ နောက်မှာ အားလုံးကို ကြည့်ရတာ ပီတိဖြစ်နေကြပါတယ်။ သူမက

ထူးထူးခြားခြားကို ချောမောလှပပြီးတော့
မယုံနိုင်စရာကောင်းလောက်အောင် နန်းဆန်တဲ့
အငွေ့အသက်တွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမချောတစ်ယောက်
ဖြစ်ပါတယ်။

ကျူးရှမ်အာနဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ရဲ့
အလှတရားကလည်း သူမထက် မနိမ့်ကျပါဘူး။ ဒါပေမဲ့
တကယ်လို့ သူမတို့က ဒီမိန်းကလေးဘေးနားမှာ ရပ်နေပြီး
နှိုင်းယှဉ်ကြည့်လိုက်မယ် ဆိုရင်တော့ မှေးမှိန်သွားပြီး
သာမန်ကျေးလက်တောရွာက မိန်းကလေးတွေနဲ့
တူသွားပါလိမ့်မယ်။

မိုးကောင်းကင်ဘုံ ကိုးခုက နတ်သမီးတစ်ပါး။

ရုတ်ချည်းဆိုသလို သူတို့အားလုံးရဲ့ ခေါင်းထဲမှာ
တပြိုင်နက်တည်း ဒီအတွေး ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

သူတို့တွေက ဘယ်လောက် အိုမင်းနေပါစေ
ယောက်ျားတစ်ယောက်ရဲ့ နှလုံးသားထဲမှာ
ကြင်နာမြတ်နိုးမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ပြီးတော့
ဒီအမျိုးသမီးတွေရဲ့ နှလုံးသားတွေက ရေပြင်လိုမျိုးနဲ့ တူပြီး
သူမတို့ရဲ့ နှလုံးသားထဲမှာ လှိုင်းတွန့်သလို တသိမ့်သိမ့်
ရိုက်ခတ်မှု တစ်ခုကို ခံစားနိုင်ပါတယ်။

သူမက အမျိုးသားရော အမျိုးသမီးတွေကိုပါ
ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။

ဟုတ်ပါတယ်။ လင်းဟာန်က ချက်ချင်းဆိုသလို
သူ့ခြေတွေလက်တွေက အေးခဲသွားသလို
ခံစားလိုက်ရပါတယ်။ ဒီအမျိုးသမီးရဲ့ မျက်နှာသွင်ပြင်က
ဟူးညိုရဲ့ ဒန်တန်အထဲမှာရှိတဲ့ လူသားပုံစံ စိတ်ဝိညာဉ်
အခြေခံနဲ့ ကွက်တိတူနေပါတယ်။

လူသားတစ်ယောက်နဲ့တူတဲ့ စိတ်ဝိညာဉ် အခြေခံ တစ်ခုက မယုံနိုင်စရာ ကောင်းလောက်အောင် သဘာဝယုတ္တိနဲ့ မကိုက်ညီပါဘူး။ ဒါပေမဲ့ အခုတော့ ပိုပြီးတော့ ယုတ္တိမရှိတဲ့ အရာတွေတောင် ဖြစ်လာခဲ့ပါတယ်။ လူသားပုံစံ စိတ်ဝိညာဉ် အခြေခံနဲ့တူတဲ့ တကယ့်လူတစ်ယောက် ရှိနေပါပြီ။

ဟူးညို့က ဒီမတိုင်ခင် သူမက ဒီနေရာမှာ ရှိနေခဲ့ဖူးသလိုမျိုး ဒီရောမလေ့ကြီးနဲ့ ရင်းနှီးတဲ့ ခံစားချက်မျိုးတစ်ခု သူမမှာ ရှိနေတယ်လို့ အရင်တုန်းက ပြောခဲ့ဖူးပါတယ်။ အခုတော့ သူမရဲ့ ခန္ဓာကိုယ် အတွင်းက လူသားပုံစံ စိတ်ဝိညာဉ် အခြေခံနဲ့ တထပ်တည်း တူညီတဲ့ အမျိုးသမီး တစ်ယောက် ထွက်ပေါ်လာခဲ့ပါပြီ။ တကယ်လို့ သူတွေးနေသလိုမျိုး သူမနဲ့ ဒီနတ်ဘုရား လေ့အကြားမှာ ဘာဆက်သွယ်မှုမှ မရှိဘူးဆိုမှပဲ အဲဒါက တကယ့်ကို ထူးဆန်းနေပါလိမ့်မယ်။

ခဏအကြာမှာ တစ်စုံတစ်ယောက်က အဲဒီအမျိုးသမီးရဲ့ အရှေ့က လေထုထဲမှာ မျောလွင့်နေတဲ့ အရာတစ်ခုကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ အံ့အားသင့်စွာနဲ့

ပြောလိုက်ပါတယ်။

"အဲဒါက ဘာကြီးလဲ"

"ကြည့်ရတာတော့ ဥ တစ်လုံးနဲ့ တူတယ်"

"အဲဒါတကယ် ဥတစ်လုံးပဲဟ။ သူ့ရဲ့မျက်နှာပြင်ပေါ်မှာ သင်္ကေတတွေနဲ့ ဖုံးအုပ်နေပြီး ဘာလဲဆိုတာကိုတော့ ငါလည်း မမြင်နိုင်ဘူး"

"အဲဒါက နတ်ဘုရားဥ တစ်လုံးပဲ ဖြစ်ရမယ်။ တကယ်လို့ ငါတို့အဲ့ဒါကို စားလိုက်မယ်ဆိုရင် ငါတို့တွေက ချက်ချင်းပဲ တန်ခိုးရှင်အဆင့် အဆုံးမဲ့ လက်ရွေးစင်တစ်ယောက် ဖြစ်သွားမလား မသိဘူး"

လူတွေက တစ်ယောက်ပြီး တစ်ယောက်က အဲဒီအမျိုးသမီး အရှေ့က အရာအပေါ်ကို အာရုံစိုက် လာခဲ့ကြပါတယ်။ ဒီအမျိုးသမီးက သေသွားပြီဆိုတာကို သူတို့အားလုံး သိထားပါတယ်။ ဒါက ဝိညာဉ်တစ်ခုကို ချန်ထားခဲ့တာပါ ဖြစ်ပါတယ်။ ဘယ်လောက်ပဲလှပချောမော နေပါစေ ဒါမှမဟုတ် သူမရဲ့ လုပ်ရှားမှုက ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ အရေးပါလို့လား။ ဒီလူတွေ အားလုံးက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ ဖြစ်ပါတယ်။ သူတို့က အရမ်းကို လျင်လျင်မြန်မြန်နဲ့ ပြန်ဆုတ်လာနိုင်ပါတယ်။

ပိုမိုသန်စွမ်းတဲ့ လူတစ်ယောက် ဖြစ်လာဖို့က သူတို့ရဲ့ မပြောင်းလဲနိုင်တဲ့ စစ်မှန်သော သစ္စာတရားပဲ ဖြစ်ပါတယ်။

ဟူးညိုက အာရုံပြောင်းသွားပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်မိပါတယ်။

"တစ်ယောက်ယောက်က ဟူးညိုကို ခေါ်နေတယ်။ အရမ်းကို ထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်။ ညိုးညိုး ကိုယ့်ဘာကိုယ် မထိန်းနိုင်တော့ဘူး"

ဟူးညိုက ခြေထောက်မြှောက်ပြီးတော့ အရှေ့ကို တိုးသွားပါတယ်။

"ဟူးညို"

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ဟူးညိုကို ပြန်ဆွဲထားချင်ခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို သူ့ရင်ဘက်မှာ နာကျင်မှုတစ်ခုကို ခံစားလိုက်ရပြီး သူ့လက်မောင်းကလည်း ဆန့်တန်းနေရာကနေ ပြုတ်ကျသွားပါတယ်။

တစ်လှမ်းပြီးတစ်လှမ်း ဟူးညိုက အရှေ့မှာ ရပ်နေတဲ့

အဲဒီအမျိုးသမီးဆီကို လျှောက်သွားပြီးတော့ အဲဒီဥကို ဆုပ်ကိုင်ဖို့ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။

အဲဒါက တကယ်ပဲ ဥတစ်လုံး ဖြစ်ပါတယ်။ သူတို့တွေ ဘယ်လိုပဲကြည့်ကြည့် ဥတစ်လုံးနဲ့ပဲ တူပါတယ်။

သူမရဲ့ လက်နဲ့ ဥကို ထိလိုက်တဲ့ အချိန်မှာ အဲဒီဥကနေ ချက်ချင်းဆိုသလို တောက်ပလင်းလက်တဲ့ အလင်းရောင်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် ရှုပ်ဆိုပြီး ဟူးညီရှုရဲ့ ရင်ဘတ်ထဲကို နစ်မြုပ်ပြီးတော့ လုံးဝကို ပျောက်ကွယ်သွားခဲ့ပါတယ်။

“နောက်ဆုံးတော့ မင်းရောက်လာပြီပေါ့”

အမျိုးသမီးက ညင်သာစွာနဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ အသံက သာယာနာပျော်ဖွယ်ရာ ကောင်းပြီးတော့

မိုးကောင်းကင်ပေါ်ကနေ
တိုက်ရိုက်ဆင်းသက်လာသလိုမျိုးပါပဲ။

“နင်က ဘယ်သူလဲ။ ညီုးညီုး နင့်ကို သိလို့လား”

ဟူးညီုက တီးတိုးပြောလိုက်ပါတယ်။

“ငါက မင်းရဲ့ အတိတ်ဘဝပဲ။ မင်းက ငါ့ရဲ့ နောက်ဘဝ။
ပြီးတော့ အခုချိန်ကစပြီး မင်းဟာမင်းပဲ ဖြစ်သွားပြီ”

အမျိုးသမီးက ပြောလိုက်ပါတယ်။ သူမရဲ့ ပုံရိပ်က
စတင်ပြီးတော့ မှေးမှိန်လာပြီး ပျောက်ကွယ်ဖို့
အဆင့်သင့်ပါပဲ။

“ညီုးညီုးက လင်းဟာန်ရဲ့ အပိုင်ပဲ။ နင့်အပိုင် မဟုတ်ဘူး”

ဟူးညိုက ချက်ချင်းပဲ ကြိမ်းမောင်းလိုက်ပါတယ်။

“နတ်ဘုရားဥ။ နတ်ဘုရားဥ”

အားလုံးရဲ့ အကြည့်တွေက ဟူးညိုပေါ်ကို ကျရောက်လို့နေပါတယ်။ ဒီဥက ဒီလှေကြီး တစ်ခုလုံးမှာ တန်ဖိုးအကြီးဆုံးပစ္စည်း ဖြစ်ပါလိမ့်မယ်။ ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်က အရမ်းကို မယုံနိုင်စရာ ကောင်းပါတယ်။ ဒါကြောင့် ဒီနတ်ဘုရားဥကိုသာ ရရှိခဲ့မယ်ဆိုရင် ဘယ်လိုအကျိုးအမြတ်တွေ ရနိုင်မလဲ။

“အဲဒါကို ပေးစမ်း”

“ဒါမှမဟုတ် သေစမ်း”

အလောင်းတစ်ထောင်ဂိုဏ်းနဲ့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့
အဖွဲ့ဝင်တွေက ဟူးညိုကို ဝိုင်းထားလိုက် ကြပါတယ်။
သူတို့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒတွေက မြင့်မားလို့ နေပါတယ်။
သူတို့နဲ့ ဆန့်ကျင်ဘက် ဟိုအမျိုးသမီးက
ကွယ်ပျောက်သွားပါတော့မယ်။ ဒါကြောင့် သူမကို
ခေါင်းထဲမှာတောင် မထည့်ပါဘူး။ ဟူးညိုက
ကောင်းကင်အဆင့် ကလေးမလေး တစ်ယောက်သာသာပဲ
ဖြစ်ပါတယ်။ ဒါကြောင့် သူတို့တွေက သူမကို
ဘယ်လိုလုပ်ပြီးတော့ မယှဉ်နိုင်မှာလဲ။

"အဆုံးသတ်မှာတောင် မင်းတို့ကို သတ်ပစ်ဖို့ ငါ့ကို
ဖိအားပေးနေတာလား"

ကွယ်ပျောက်လုဖြစ်နေတဲ့ အမျိုးသမီးက မေးလိုက်ပါတယ်။
သူမရဲ့ လှပတဲ့ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး
လက်ဝါးရိုက်ချက် တစ်ချက်နဲ့အတူ အရှေ့မှာရှိတဲ့
အဲဒီလက်ရွေးစင်တွေ အားလုံး ပေါက်ကွဲထွက်ကုန်ပါတယ်။

တောင်နဲ့မြစ် ပုဆိုးကို ကိုင်ထားတဲ့ ဂူဂေါင်ယွမ်လည်း တိုက်ခိုက်မှုရဲ့ ဒဏ်ကို ခံစားရပြီး ချက်ချင်းဆိုသလို သူလည်းပေါက်ကွဲထွက် သွားခဲ့ပါတယ်။ သူမရဲ့ အရှေ့မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြွယ်ဆယ့်ရှစ်လုံး ဆိုတာကလည်း ဘာမှမဟုတ်ပါဘူး။

"တန်ခိုးရှင်အဆင့်။ တန်ခိုးရှင်အဆင့် ခွန်အား"

တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင်တွေဖြစ်တဲ့ ကျိုးချီဖန်နဲ့ တခြားသုံးယောက်စလုံး အံ့အားသင့်စွာနဲ့ ရပ်နေပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်တုန်လှုပ် ချောက်ချားနေကြပါတယ်။

ဟုမ်း။

ကောင်းကင်တာအိုရဲ့ မျက်လုံးက ရုတ်ချည်းဆိုသလို ရောမလေ့ကြီးရဲ့ အပေါ်မှာ ထွက်ပေါ်လာခဲ့ပါတယ်။

နောက်ဆုံးတော့ ဒီကောင် ထွက်လာပြီပေါ့။

Chapter 843 end

အပိုင်း(844) ကောင်းကင်တာအိုရဲ့ မျက်လုံး ထွက်ပြေးခြင်း

အဲဒီအမျိုးသမီးက ထုတ်လွှတ်လိုက်တဲ့ အရှိန်အဝါ တစ်ခုတည်းနဲ့တင် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထက် ကျော်လွန်ပြီး ဘုံတစ်ခုလုံးကို တုန်လှုပ်သွားစေခဲ့ပါတယ်။

အဲဒီအရှိန်အဝါက ဒီဘုံရဲ့ အပြင်ကိုတောင် ရောင်စဉ်ဖြာဖွက်ပြီး အရမ်းကို ဝေးကွာတဲ့ နယ်မြေတွေဆီကိုတောင် ပျံ့နှံ့သွားခဲ့ပါတယ်။

ကောင်းကင်တာအိုရဲ့ မျက်လုံးလည်း ပေါ်လာခဲ့ပါတယ်။ သူက ဒီဘုံရဲ့ စိတ်စွမ်းအား ဖြစ်ပါတယ်။ ဒီဘုံရဲ့ မျခြေကို ထိခိုက်လာစေနိုင်မဲ့ ဘယ်လိုသက်ရှိမျိုးကိုမှ တည်ရှိခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။

ဒီအမျိုးသမီးကို နှင်ထုတ်ပစ်ရပါလိမ့်မယ်။

ဒါပေမဲ့လည်း ပထမအချက်က သူမက လူသေဝိညာဉ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူမကို နှင်ထုတ်လိုက်သည်ဖြစ်စေ နှင်မထုတ်သည်ဖြစ်စေ ဘာမှကွာခြားသွားမှာ မဟုတ်ပါဘူး။ နောက်ပြီး သူမကလည်း ပျောက်ကွယ်သွားပါတော့မယ်။

ကောင်းကင်တာအိုရဲ့ မျက်လုံးက သူ့ရဲ့ရောမ မျက်လုံးကြီးကို တစ်ချက် ခတ်လိုက်ပြီး အမျိုးသမီးရဲ့ ဘေးနားမှာ ချက်ချင်းဆိုသလို လေဟာနယ် အက်ကွဲကြောင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီလေဟာနယ် အက်ကွဲကြောင်းက

လျှင်မြန်စွာနဲ့ ကြီးထွားလာပြီး သူမကို ဝါးမျိုဖို့ ပြင်နေပါတယ်။ သူမကို လေဟာနယ်ထဲ ဆွဲထည့်လိုက်ပြီးတာနဲ့ အဲဒီနောက် သူမက ဒီဘုံကနေ လုံးဝကို နှင်ထုတ်ခံလိုက် ရပါလိမ့်မယ်။ သူမ နောက်တစ်ကြိမ် ဘယ်မှာ ပြန်ပေါ်လာမလဲ ဆိုတာကတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးနဲ့ မသက်ဆိုင်ပါဘူး။

"တကယ်လို့ ငါထွက်သွားချင်တယ်ဆိုရင် ငါ့ဆန္ဒအတိုင်းပဲ ထွက်သွားမယ်"

အမျိုးသမီးက လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်တဲ့ အခါမှာ ဘေးနားမှာပေါ်လာတဲ့ လေဟာနယ် အက်ကွဲကြောင်းကြီးက ဘယ်တုန်းကမှ ပေါ်မလာခဲ့သလိုမျိုး ချက်ချင်းပျောက်ကွယ် သွားခဲ့ပါတယ်။

ဒါ ဒါက။

အားလုံးက မှင်တက်အံ့သြ သွားခဲ့ပါတယ်။
ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့
အဖွဲ့သားတွေ အားလုံးက တန်ခိုးရှင်တွေ ဘယ်လောက်ပဲ
အစွမ်းထက်ပါစေ သူတို့တွေက ဘုံတစ်ခုလုံးရဲ့ စွမ်းအားကို
ယှဉ်ပြိုင်နိုင်စွမ်း မရှိဘူးဆိုတာကို အရမ်းကို
ရှင်းရှင်းလင်းလင်းနဲ့ သိထားကြပါတယ်။ တကယ်လို့
သူတို့တွေက ဒီဘုံထဲကို ဝင်ချင်တယ်ဆိုရင် သူတို့ရဲ့
စွမ်းအားတွေကို ဖိနှိပ်ထိန်းချုပ် ခံရပါလိမ့်မယ်။ ပြီးတော့
တန်ခိုးရှင်အဆင့်ရဲ့ စွမ်းအားကို ထုတ်ဖော်လိုက်တာနဲ့
သူတို့က ဒီဘုံထဲမှာ ဆက်ပြီးတော့ ရှိမနေနိုင်ပဲ
နှင်ထုတ်ခံလိုက် ရပါလိမ့်မယ်။

ဒါက သံမဏိ စည်းမျဉ်းတစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့်
ဒီနှစ်တွေမှာ နဂါးတစ်ပိုင်းက ထိခိုက်မှု မရှိပဲ
အောက်ကိုဆင်းလာတဲ့ တန်ခိုးရှင်တွေတောင် သူ့ကို
မယှဉ်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့ အခုတော့။

ကောင်းကင်တာအိုရဲ့ မျက်လုံးက သူမကို ဖမ်းဆီးဖို့ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူမက ဆက်ပြီးတော့ ရှိနေနိုင်သေးပါတယ်။ ဒါက ဘယ်လောက်တောင် အစွမ်းထက်လိုက်သလဲ။

မမျှတဘူး။ ဒါက လုံးဝကို မမျှတဘူး။

အားလုံးရဲ့ ခန္ဓာကိုယ်တွေက တဆတ်ဆတ်နဲ့ တုန်နေကြပါတယ်။ ဒီစွမ်းအားရဲ့ အဆင့်က သူတို့နားလည်နိုင်တာထက် သာလွန်နေခဲ့ပါတယ်။

လင်းဟာန်တစ်ယောက်ပဲ ဒီအတွက် ပြင်ဆင်ထားခဲ့ပါတယ်။ အရင်တုန်းက ဟူးညိုက အော်ထုတ်ပြီး ကောင်းကင်တာအိုရဲ့ မျက်လုံးကို ထွက်ပြေးသွားစေခဲ့ပါတယ်။ ပြီးတော့ ဟူးညိုက

ဒီအမျိုးသမီးနဲ့ နိုင်းယှဉ်လို့ မရနိုင်တဲ့ ရင်းနှီးပတ်သက်မှု တစ်ခု ရှိပါတယ်။ ဒါကြောင့် ဒီအမျိုးသမီးက ပိုပြီးတော့တောင် အစွမ်းထက်နိုင်ပါတယ်။

ကောင်းကင်တာအိုရဲ့ မျက်လုံးက ကမ္ဘာကြီးရဲ့ စိတ်စွမ်းအားကို ကိုယ်စားပြုပါတယ်။ သူကိုယ်တိုင်တော့ ခံစားချက် ကင်းမဲ့ပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးက အမျိုးသမီးကို စိုက်ကြည့်ပြီး နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။ နောက်ထပ် လေဟာနယ် အက်ကွဲကြောင်း တစ်ခု ပွင့်လာခဲ့ပါတယ်။

"ဟင့်"

အမျိုးသမီးကို ကြည့်ရတာ ဒေါသထွက်လာပုံ ရပါတယ်။ ပြီးတော့ သာမန်ကာလျှံကာ ရိုက်ချက် တစ်ခုကို ထုတ်လိုက်ပါတယ်။

ဖြန်း။

ကောင်းကင်တာအိုရဲ့ မျက်လုံးက ချက်ချင်းဆိုသလို ပြန်တိုက်ခိုက် ခံလိုက်ရပြီး လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ပိုပြီးတော့တောင် ရှင်းရှင်းလင်းလင်း တွေ့မြင်လိုက် ရပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးပေါ်မှာ ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာပြီး သွေးတွေ စီးကျလာခဲ့ပါတယ်။

ဟူး။

တိမ်မည်းတွေ တလိပ်လိပ် တက်လာပြီး ကမ္ဘာကြီးက ညည်းညူလာခဲ့ပါတယ်။ ကောင်းကင် တာအိုရဲ့ မျက်လုံးက ဒဏ်ရာရသွားခဲ့ပါပြီး ပြီးတော့ ဒါက ဘုံတစ်ခုလုံးရဲ့ ကျရှုံးမှု ဖြစ်ပါတယ်။

ဒါ ဒါ ဒါက။

ကောင်းကင်တာအိုရဲ့ မျက်လုံးတောင် ဒဏ်ရာရသွားတာလား။ ဒါက လုံးဂကို ပြိုင်ဘက်ကင်းတဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ သူမက ဒီဘုံထဲမှာ သူမစိတ်တိုင်းကျ လုပ်နိုင်ပါတယ်။ ဘယ်သူကများ သူမကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာလဲ။ တစ်ခုသိထားရမှာက သူမက လက်ရှိမှာ ဝိညာဉ်တစ်ခု ဖြစ်ပါတယ်။ သူမအသက်ရှင်တဲ့ အချိန်တုန်းက ဘယ်လောက်တောင်မှ အစွမ်းထက်မြက်လိုက်မလဲ။

ဟုတ်ပါတယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့လူ တစ်ယောက်တောင် တိုက်ပွဲမှာ သေဆုံးသွားခဲ့ပါတယ်။ သူမက ဘယ်လိုမျိုး ရန်သူတွေနဲ့ ရင်ဆိုင်ခဲ့ရတာလဲ။

လင်းဟန်က သူ့ရဲ့ နလုံးသားထဲမှာ ဟူးညို့အတွက် စိုးရိမ်ပူပန်

လာခဲ့ပါတယ်။

ဒီအမျိုးသမီးက သူမဟာ ဟူးညို့ရဲ့ အတိတ်ဘဝ ဖြစ်ပြီးတော့ ဟူးညိုက သူမရဲ့ နောက်ဘဝ ဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ အဲဒါက တကယ်လို့ သူမရဲ့ အစွမ်းထက်တဲ့ ရန်သူကလည်း မသေသေးဘူးဆိုရင် ဟူးညိုက ဒီလိုမျိုး အစွမ်းထက်တဲ့ ရန်သူကို ရင်ဆိုင်ဖို့ လိုတယ်လို့ ဆိုလိုတာပါပဲ။

ရီရွှမ်ရွှမ်နဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက တန်ခိုးရှင်တွေတောင် အောက်ဘုံကို ဆင်းလာတဲ့ အချိန်မှာ သူတို့တွေက ဒီဘုံစွမ်းအားရဲ့ ဖိနှိပ်မှုကို ခံရပါတယ်။ ဒီအမျိုးသမီးကတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးကိုတောင် အမှန်တကယ် ဒဏ်ရာရသွားစေခဲ့ပါတယ်။ နောက်ပြီးတော့ သူမက တစ္ဆေပုံစံမှာ ရှိနေပါတယ်။ ဆိုလိုတာက သူမအသက်ရှင်နေတုန်းက ဒီထက်တောင်မှ ပိုပြီးတော့ အစွမ်းထက်တယ်လို့ ပြောခြင်းပါပဲ။ ဒီအချက်ကို လိုက်ပြီးတော့ သုံးသပ်ကြည့်ရင် သူမရဲ့ ရန်သူတွေက

ဘယ်လောက်တောင် အစွမ်းထက်လိမ့်မလဲ။

ကောင်းကင်တာအိုရဲ့ မျက်လုံးက မိုးကောင်းကင်ပေါ်ကနေ မျက်စိတဖျတ်ဖျတ် ခတ်ပြီးတော့ မျက်စိတစ်မှိတ် အတွင်းမှာ မြင်ကွင်းကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဆိုလိုတာက လပြွတ်လိုပဲ နောက်ထပ်ငါ ဂင်ပြီးတော့ မစွက်ဖက်တော့ဘူးလို့ ပြောနေသယောင်ပါပဲ။

သူတို့အားလုံး မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးတောင်မှ မယှဉ်နိုင်ဘူးလား။

သေစမ်း။ ဒီအမျိုးသမီးက အရမ်းကို သန်မာလွန်းပြီး သဘာဝ တရားကိုတောင် အန်တုနိုင်ပါတယ်။

သူတို့အားလုံး တုန်လှုပ်နေပါတယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့ သက်ရှိတစ်ယောက်က သူတို့ရဲ့ ခန့်မှန်းချက်တွေထက်

လုံးဂကို ကျော်လွှန်နေပါတယ်။

“အနာဂတ်မှာ မင်းကိုယ်ပိုင်လမ်းကြောင်းကိုပဲ မင်းဖောက်ရလိမ့်မယ်”

အမျိုးသမီးက ဟူးညိုကို နူးညံ့သိမ်မွေ့တဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က ဆက်ပြီးတော့ မှေးမှိန်လာပြီး နောက်ဆုံးမှာ အရိပ်အယောင်တောင် မကျန်တော့ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

အားလုံးက ဟူးညိုကို ကြည့်လိုက်ကြပါတယ်။ အဲဒီအခိုက်အတန့် ဘယ်သူကမှ မလှုပ်ရှားဝံ့ပါဘူး။ ဒီအမျိုးသမီးက ပြန်လာလိမ့်မလား ဆိုတာကို ဘယ်သူသိမှာလဲ။ အစောတုန်းက သူမလည်းက ပျောက်ကွယ်နေပြီး စကြဝဠာ ဖျက်ဆီးခြင်းအဆင့်

တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ လက်ရွေးစင် တစ်ယောက်ကို ကြက်ကလေး ငှက်ကလေး သတ်သလိုမျိုး သတ်သွားခဲ့ပါတယ်။ သူမက ကောင်းကင်တာအိုရဲ့ မျက်လုံးထက်တောင် ကြောက်လန့်စရာ ကောင်းနေပါတယ်။

ဟုန်းဟုန်းဟုန်း ဟုန်း။

နတ်ဘုရားလှေ တစ်ခုလုံး အဆက်မပြတ် မြည်လာပြီး တစ်စတစ်စနဲ့ စတင်ပြိုလဲလာခဲ့ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေရဲ့ တရစပ် တိုက်ခိုက်မှုကိုတောင် ထိခိုက်ပျက်စီးမှု မရှိနိုင်တဲ့ နတ်ဘုရားလှေရဲ့ သစ်သားတွေက စတင်ပြီးတော့ အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးလာခဲ့ပါတယ်။ အမြောက်တွေတောင်မှ အတူတူ ပျက်စီးလာခဲ့ပါတယ်။

ခဏလေး အတွင်းမှာ လှေတစ်စီးလုံး လုံးဝကို

ပျောက်ကွယ်သွားပြီး ဖုန်မှုန့်တွေပဲ ကျန်ရစ်ခဲ့ ပါတော့တယ်။ မသိလိုက်ရှိရင် ဒီနတ်ဘုရားလျှော့ကြီးရဲ့ တာဂန်က လေဟာနယ်ကို ဖြတ်သန်း ခရီးထွက်လာပြီး အဲဒီဥကို ဟူးညိုဆီကို ပေးလိုက်တာက တာဂန်ပြီးဆုံးသွားတဲ့ အတိုင်းပါပဲ။

ပုံစံက အဲဒီ နတ်ဘုရားလျှော့ကြီးက ဒီနေရာကို အကြောင်းတိုက်ဆိုင်ပြီးတော့ ပေါ်လာခဲ့တာ မဟုတ်ပဲ ဟူးညိုရဲ့ ဆွဲထုတ်မှုကြောင့် ပေါ်လာခဲ့သလိုပါပဲ။

မာထိုပေါင်က မြေကြီးပေါ်မှာ ကျနေတဲ့ တောင်နဲ့မြစ် ပုဆိန်ကို ကောက်ယူပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီး ပြောလိုက်ပါတယ်။

"ဆက်ပြီးတော့ တိုက်ခိုက်တာပေါ့"

ဟုမ်း။

သူက ထပ်ပြီးတော့ ပြောမနေတော့ပဲ သူ့ခန္ဓာကိုယ်ပေါ်က သင်္ကေတတွေက ဆက်တိုက်ဆိုသလို တောက်ပလာပြီး သတ်ဖြတ်ခြင်း ဂက်ပ်ါ တစ်ခုအဖြစ် ရောယှက်လာခဲ့ပါတယ်။

နတ်ဘုရားတွေကိုတောင် ချေမှုန်းပစ်နိုင်တဲ့ ဒီကမ္ဘာကြီးရဲ့ နံပတ်တစ် သတ်ဖြတ်ခြင်း ဂက်ပ်ါ။

သတ်ဖြတ်ခြင်း ဂက်ပ်ါရဲ့ ရုတ်တရက် ဆွဲငင်မှုကြောင့် ချန်ဂမ်ရှီနဲ့ ကျိုးချီဖန်တို့က အထိတ်တလန့် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ကြပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလို ချေမှုန်းခံ လိုက်ရပါတယ်။ သူတို့စောစောတုန်းက ကိုင်ဆွဲထားတဲ့ စိတ်ဝိညာဉ် ပစ္စည်းတွေကို တန်ခိုးရှင် သွေးနဲ့ သုတ်လိမ်းထားပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်စရာကောင်းတယ် ဆိုပေမဲ့ လှေကြီးအထဲကို ဝင်ပြီးတဲ့နောက်မှာ လုံးဂကို ထိန်းချုပ်ခံလိုက်ရပါတယ်။

သူတို့ရဲ့ တန်ခိုးရှင် အငွေ့အသက်တွေ ပျောက်ကွယ်သွားပြီး အခု မာထိုပေါင်ရဲ့ ရုတ်တရက် တိုက်ခိုက်မှုကြောင့် သူက အစွမ်းထက်တဲ့ လူနှစ်ယောက်ကို ရုတ်ချည်းဆိုသလို ချေမှုန်းပစ်ခဲ့ ပါတယ်။

ဘုရင်ရှစ်ပါးကလည်း ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင်တွေကို ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေ ဝံပုလွေတွေမျိုး စတင်တိုက်ခိုက် လိုက်ပါတယ်။

ဒါက နောက်ဆုံးတိုက်ပွဲ ဖြစ်ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အကူအညီနဲ့တောင် အသုံးမဝင်ပဲ ရှုံးနိမ့်သွားခဲ့ပါတယ်။ မာထိုပေါင်က ဒီကမ္ဘာကြီးရဲ့ နံပါတ်တစ် သတ်ဖြတ်ခြင်း ဂင်္ကပါ ဖြစ်နေမယ်ဆိုတာကို ဘယ်သူကများ ခန့်မှန်းမိမှာလဲ။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က နတ်ဘုရားကိုတောင်

သတ်ပစ်နိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ တန်ခိုးရှင်ဘုံထဲမှာတော့ ဒါက ဘာမဟုတ်တဲ့ ခြိမ်းခြောက်မှု တစ်ခု ဖြစ်ပါတယ်။ ဒီလိုမျိုး တန်ခိုးရှင်တွေကို ဘုံစွမ်းအားရဲ့ ဖိနှိပ်ထိန်းချုပ် ခံရတဲ့ နေရာမျိုးမှာတော့ နတ်ဘုရားတွေကို သတ်ပစ်ဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။

နောက်ပြီးတော့ ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းတို့ နှစ်ယောက်စလုံးမှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ရှိပါတယ်။

မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်တစ်ယောက်ကိုလည်း သတ်ပစ်ပြီးတဲ့ နောက်မှာတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ အားလုံးက သတ်ခြေတင် ထွက်ပြေးသွားကြပါတယ်။ သူတို့ရဲ့ အသက်ဓာတ်တွေကို လောင်မြိုက်ပြီးတဲ့ နောက်မှာ သူတို့ရဲ့ အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့တွေ

ထွက်ပြေးသွားကြတယ်ဆိုပေမဲ့ စကြဂဋ္ဌာ
ဖျက်ဆီးခြင်းအဆင့် အောက်က ဘယ်သူမှတော့
ထွက်မပြေးနိုင်ပါဘူး။

စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက
သူတို့နဲ့အတူ လူတချို့ကို ခေါ်ပြီးတော့
ထွက်ပြေးသွားတာကလွဲရင် တခြားသူတွေက တိုက်ပွဲမှာ
သေရင်သေ ဒါမှမဟုတ် အညံ့ခံ အရှုံးပေး လိုက်ကြရပါတယ်။

အလယ်ပိုင်းဒေသအပေါ် ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အုပ်ချုပ်မှုနဲ့
ကျန်တဲ့ နယ်မြေလေးခုအပေါ် သူတို့ရဲ့ လွှမ်းမိုးမှုတွေက
အဆုံးသတ်သွားခဲ့ပါပြီ။

"တချို့တွေ ထွက်ပြေးလွတ်မြောက် သွားကြတယ်"

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ရှောင်မြောင့်ယန်နဲ့

ရန်ကုန်ကွမ်းတို့ နှစ်ယောက်စလုံးမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ရှိပါတယ်။ မာထိုပေါင်ကလွဲလို့ ဘယ်သူကမှ သူတို့ကို မထိန်းချုပ်နိုင်ပါဘူး။ တကယ်လို့ သူတို့တွေက တစ်ခါတည်းနဲ့ သူတို့ကို အနိုင်ယူဖို့ ဒီအခွင့်အရေး လွဲချော်သွားခဲ့ရင် အနာဂတ်မှာ သူတို့ရဲ့ ရန်သူတွေက လှိုဝှက်စွာနဲ့ ကြံစည်လာနိုင်ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးက ပြဿနာတွေ ဖန်တီးဖို့ လုံလောက်ပါလိမ့်မယ်။

“ငါ့ရဲ့ အသားညို ညီငယ် အခုဆိုရင် ကမ္ဘာကြီးက ပေါင်းစည်းသွားပြီ။ ကျန်နေတဲ့ လူပြက်တချို့က ကြီးကြီးမားမား အန္တရာယ်တော့ ဖြစ်စေနိုင်လိမ့်မှာ မဟုတ်ဘူး။ တကယ်လို့ သူတို့တွေ ထွက်လာရဲရင် ငါသူတို့ကို သေချာပေါက် သတ်ပစ်ရလိမ့်မယ်”

မာထိုပေါင်က ရယ်မောလိုက်ပါတယ်။

“မိုးကောင်းကင်ကို ဖွင့်လှစ်တဲ့ အချိန်ကျရင် ဒီထူးခြားတဲ့ ကံတရားကို အတူတကွ မျက်မြင်ကိုယ်တွေ့ ငါတို့အားလုံး ကြုံရနိုင်ဖို့ မင်းကို ငါဖိတ်လိုက်မယ်”

“ကောင်းပြီ”

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ သူလည်း ဟူးညိုကို သေသေချာချာ စစ်ဆေးရပါဦးမယ်။ အဲဒီဥက ဒီကလေးမဆီကို ဘယ်လိုမျိုး အာနိသင်အမျိုးအစား သယ်လာမလဲ။

သူတို့က အချင်းချင်း နှုတ်ဆက်ပြီးတော့ လမ်းခွဲလိုက်ကြပါတယ်။

ချက်ချင်းပဲ လင်းဟန်က ဟူးညိုကို အနက်ရောင်
မျှော်စင်ထဲကို ခေါ်လာခဲ့ပါတယ်။ ပြီးတော့ မျှော်စင်လေးကို
ခေါ်ပြီးတော့ ဟူးညိုကို အသေးစိတ်
စစ်ဆေးခိုင်းလိုက်ပါတယ်။

"ငါမလုပ်နိုင်ဘူး"

မျှော်စင်လေးက သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ငါ့ရဲ့လက်ရှိစွမ်းရည်တွေနဲ့ ဒါကိုငါမလုပ်နိုင်ဘူး။
ငါ့ရဲ့ပြီးပြည့်စုံတဲ့ ပုံစံကို အရင်ဆုံး ပြန်လည် ကောင်းမွန်လာဖို့
လိုတယ်"

လင်းဟန်က ဘာမှမတတ်နိုင်ပဲ မျက်မှောင်ကြုတ်ပြီးတော့
ဟူးညိုကို မေးလိုက်ပါတယ်။

“ညီးညီး မင်းတစ်ခုခုများ စိတ်မသက်မသာ သက်သောင့်သက်သာ မဖြစ်တာမျိုး ခံစားရလား”

ဟူးညီက တစ်ချက် စဉ်းစားပြီးတော့ လေးလေးနက်နက်နဲ့ ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

“ရှိတယ်”

“ဘယ်နေရာလဲ”

“ညီးညီး ဗိုက်ဆာတယ်”

ဒီအစားပုတ်ကတော့။

Chapter 844 end

အပိုင်း(845) အပြန်လမ်း တစ်ထောက်နားခြင်း

အဲဒီဥက အရမ်းကို ရှားပါးလွန်းတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ပြီးတော့ သူ့ရဲ့ တန်ဖိုးက ပြန်လည်မွေးဖွားခြင်း လက်ဖက်ရည်ထက် အများကြီး သာလွန်ပုံ ရပါတယ်။ ဒါပေမဲ့လည်း ဟူးညို့ကို နည်းနည်းလေးမှတောင် ပြောင်းလဲသွားပုံ မပေါ်တာကြောင့် လင်းဟန်ကို အရမ်းကြီး ပဟေဠိ ဖြစ်စေခဲ့ပါတယ်။

ဒီလိုမျိုး နားမလည်မှုတွေနဲ့ လင်းဟန်က မြောက်ပိုင်းဒေသကို ပြန်လာခဲ့ပါတယ်။

ဒီအချိန်မှာ နယ်မြေလေးခုက မဟာလင်း အင်ပါယာရဲ့ အလံအောက်မှာ ပေါင်းစည်းနေပြီး နိုင်ငံရဲ့ မူဝါဒ အကျိုးအမြတ်တွေအရ လူတွေရဲ့ ကောင်းကျိုးချမ်းသာကို ဖြစ်စေပြီး လူတွေရဲ့ နှလုံးသားကို လျင်လျင်မြန်မြန်နဲ့

သိမ်းပိုက်နိုင်ခဲ့ပါတယ်။

လင်းဟန်က တစ်ချက် ကြိုးစားကြည့်လိုက်ပါတယ်။ နိုင်ငံစွမ်းအားကို သိပ်သည်းစေလိုက်တဲ့ အခါမှာ အံ့သြစရာ ကောင်းလောက်အောင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးကို ရောက်ရှိနေပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်က အရမ်းကို သန်မာလွန်းပါတယ်။ ဒါကြောင့် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးရဲ့ အောင်မြင်မှုကို ရရှိစေနိုင်တဲ့ အတွက်ကြောင့် နိုင်ငံစွမ်းအား ဖြည့်တင်းမှုကို လင်းဟန်ကိုယ်တိုင်တောင် လျစ်လျူမရှုဝံ့ပါဘူး။ ပြီးတော့ သူက အရမ်းကို အစွမ်းထက်မြက်လာနိုင်ပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အရမ်းကို သန်မာလွန်းပါတယ်။

တကယ်လို့ တခြားကောင်းကင်အဆင့် ကျင့်ကြံသူတွေသာဆိုရင် နိုင်ငံစွမ်းအားကို

ပေါင်းထည့်လိုက်ရင် ကောင်းကင်အဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိပဲ အောင်မြင်မှု ရရှိနိုင်ပါတယ်။ ပြီးတော့ နောက်ထပ် အဆင့်မြှင့်နိုင်တော့မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ခန္ဓာကိုယ်က အရင်ဆုံး ပေါက်ကွဲသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ မတူပါဘူး။ သူ့ရဲ့ခန္ဓာကိုယ် မာကျောမှုက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေနဲ့ တူပြီးတော့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးကို ခံနိုင်ရည် ရှိပါတယ်။

ပြီးတော့ ဒါက သူ့ခန္ဓာကိုယ်ရဲ့ အကန့်အသတ်နား နီးနေပါပြီ။

မာထိုပေါင်က နိုင်ငံပိုင်နက်ကို ချဲ့ထွင်ပြီး သူ့ရဲ့ အုပ်ချုပ်မှုအောက်မှာ လူအရေအတွက် တိုးလာဖို့ ဆန္ဒမရှိတော့တာ အံ့သြစရာ မဟုတ်ပါဘူး။ သူ့ခန္ဓာကိုယ်ကလည်း မာကျောမှုမှာ အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေနဲ့ အတူတူပါပဲ။ အများဆုံး သူက

တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးလောက်ပဲ အောင်မြင်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သူ့အတွက် ပိုင်နက်တွေကို နောက်ထပ် ချဲ့ထွင်တာက အဓိပ္ပါယ်မရှိတော့ပါဘူး။ မလုံလောက်ဘူးဆိုပြီး အရမ်းကြီး စားတာက မကောင်းပါဘူးတဲ့။

လင်းဟန်က ဒီလိုမျိုး စိုးရိမ်ပူပန်မှု မရှိပါဘူး။ တကယ်လို့ သူက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ခဲ့မယ်ဆိုရင် သူ့ရဲ့ ခန္ဓာကိုယ်ကလည်း နောက်တစ်ဆင့်ဖြစ်တဲ့ နတ်ဘုရား သတ္တု အဆင့်ကို တိုးသွားနိုင်ပါလိမ့်မယ်။ အဲဒီလိုဆိုရင် သူက နိုင်ငံစွမ်းအားရဲ့က အကန့်အသတ် ဘယ်လောက်ကို တောင့်ခံနိုင်လိမ့်မှာလဲ။

ကြယ်နှစ်ဆယ်လုံးလား။ သုံးဆယ်လား။ ဒါမှမဟုတ် ငါးဆယ်လား။

ဒါမှမဟုတ် ဘုံတစ်ခုလုံးက လူအားလုံးရဲ့ စိတ်စွမ်းအားတွေကို သူ့တစ်ယောက်တည်း အပေါ်မှာ ပေါင်းထည့်နိုင်မှာလား။ သူ့ရဲ့ခန္ဓာကိုယ် ပေါက်ကွဲထွက်သွားမဲ့ အကြောင်းနဲ့ ပတ်သက်လို့တော့ လင်းဟန်က နည်းနည်းလေး မထိတ်လန့်ပါဘူး။

အခု လင်းဟန်သတိပြုမိတဲ့ တစ်ခုတည်းသော အချက်က အရမ်းကို အစွမ်းထက် သန်မာတဲ့ ခန္ဓာကိုယ် တစ်ခုရှိဖို့က အရေးအကြီးဆုံး ဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံစွမ်းအားနဲ့အတူ ပူးပေါင်းလိုက်တဲ့ အခါမှာ သူ့ကို ပြိုင်ဘက်ကင်းတဲ့အထိ အစွမ်းထက်မြက် စေပါလိမ့်မယ်။ ဒါကလည်း သူကဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံအားထုတ် ထားခဲ့တာကြောင့် ဒီလိုမျိုး ခန္ဓာကိုယ်တစ်ခု ရှိနေတာပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး စွမ်းအားကို ပုံစံတူ ကူးချလို့ မရနိုင်ပါဘူး။

လက်ရှိ သူ့ရဲ့ စိတ်ဝိညာဉ်က အရမ်းကို အစွမ်းထက်ပါတယ်။

သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေတောင် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေပြီး သူ့ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးကို ပြီးပြည့်စုံစွာနဲ့ ထိန်းချုပ်နိုင်စေပါတယ်။ သိုင်းပညာအပေါ်မှာ သူ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းကလည်း အရမ်းကို အံ့မခန်း လျင်မြန်တာကို တွေ့ရပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ရောက်တဲ့ အချိန်မှာ သိုင်းပညာကို နားလည်သဘောပေါက်ခြင်းက တာအိုကို နားလည်သဘောပေါက်ခြင်းနဲ့ တူပါတယ်။ စိတ်ဝိညာဉ်ရဲ့ ခွန်အားနဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေရဲ့ တိုးတက်မှုက သူ့ကို အဆင့်တက်တဲ့ အခါမှာ လုံးဂကို တစ်ဆို့ခြင်း မရှိစေပါဘူး။ သူက မူလစွမ်းအင် စုစည်းခြင်းကိုပဲ အဆက်မပြတ် လုပ်နေဖို့ပဲ လိုပါတယ်။ ဒါကြောင့် အဆင့်ကျော်ဖြတ် တိုးတက်ခြင်းက လျှပ်စီးလက်သလို အမြန်နှုန်းနဲ့ပါပဲ။

ဒီအတိုင်းဆိုရင် သူက တစ်နှစ်အချိန်အတွင်းမှာ စကြာဝဠာ

ဖျက်ဆီးခြင်း အဆင့်ကို တစ်ဟုန်ထိုး ဖြတ်ကျော်နိုင်ဖို့ ရှိနေပါတယ်။

မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့က လူအများကြီးခေါ်ပြီးတော့ ပြန်လာခဲ့ ကြပါတယ်။ အခုဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းကလည်း ပျက်စီးသွားတာကြောင့် ကောင်းကင်ပြန်လည် ထိန်းသိမ်းခြင်း သင်တန်းကျောင်းကို ဆက်ဖွင့်ပြီး လည်ပတ်ဖို့အတွက် မဖြစ်နိုင်ပါဘူး။ ဒီလူတွေက လက်ရွေးစင်တွေထဲက လက်ရွေးစင်၊ ပါရမီရှင်တွေထဲက ပါရမီရှင် ဖြစ်ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ကို တန်ခိုးရှင်ဘုံကို ခေါ်သွားပြီးတော့ လူမိုက်အဖြစ် ခန့်ထားဖို့ ဆန္ဒရှိကြပါတယ်။ ဒါက သူတို့အားလုံးမှာ ကြီးမားတဲ့ တက်လမ်းကိုယ်စီ ရှိတယ်ဆိုတာကို ဖော်ပြနေပြီး ပျိုးထောင်ပေးဖို့ ထိုက်တန်ပါတယ်။

လင်းဟန်မှာ အနည်းဆုံး အခုချိန်မှာ ရှားပါးနေတာက ကျင့်ကြံခြင်း အရင်းအမြစ်တွေပဲ ဖြစ်ပါတယ်။

ခရမ်းရောင်လ အင်ပါယာက နေရာအနှံ့အပြားကို ကပ်ဘေးဒုက္ခရဲ့ အမှန်တရားနဲ့ ပတ်သက်ပြီး သတင်းလွှင့်ခဲ့ပါတယ်။ လင်းဟန်ကလည်း နယ်မြေလေးခုလုံးကို အမှန်တရားနဲ့ ပတ်သက်ပြီး ကြေညာခဲ့ပါတယ်။ ဒါကြောင့် အားလုံးက လောကဘုံ ဆေးလုံးအဖြစ် ပြုလုပ်ဖို့ အသုံးပြုခဲ့ရမဲ့ ကံတရားကို ဖယ်ရှားပြီးတော့ တစ်ခုတည်းသော အရာက မိုးကောင်းကင်ကို ဖွင့်လှစ်ဖို့ပဲ ဆန္ဒရှိနေကြပါတယ်။

အစပိုင်းမှာတော့ လူအများစုက အယုံအကြည် ကင်းမဲ့နေခဲ့ပါတယ်။ တကယ်တော့ သူတို့အားလုံးကို ဂိုဏ်းကြီးငါးဂိုဏ်းက နှစ်ပေါင်းတစ်သောင်းကျော်လောက် အယူအဆ အသစ်တွေ ရိုက်သွင်းထားခဲ့ပါတယ်။ ဒါပေမဲ့လည်း အချိန်တွေ ကြာလာတာနဲ့အမျှ သက်သေ သာဓကတွေ ပိုပိုပြီးတော့ သယ်ဆောင်လာခဲ့ပြီး လူတွေကို အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ယုံကြည်သွားစေခဲ့ပါတယ်။

လူတွေရဲ့ နလုံးသားပိုပြီးတော့ ပေါင်းစည်းလာလေ နိုင်ငံစွမ်းအားက ပိုပြီးတော့ အစွမ်းထက် လာခဲ့ပါတယ်။

မိုးရေကောရာဇ်၊ ဟော့လျန်ချွင်ရွှယ်တို့ရဲ့ အကူအညီနဲ့ ဖိအားတွေ အကြီးအကျယ် လျော့ကျသွား ခဲ့ပါတယ်။ သူကလည်း နှစ်ပေါင်းများစွာ အုပ်ချုပ်လာတဲ့ ကောရာဇ် တစ်ပါးလို ဖြစ်နေပါပြီ။ သူကလည်း လိမ္မာပါးနပ်စွာနဲ့ နိုင်ငံရဲ့ အရေးကိစ္စတွေကို အကြင်နာမဲ့စွာနဲ့ ကိုင်တွယ်ဖြေရှင်းခြင်း မပြုခဲ့ပါဘူး။

မာထိုပေါင်နဲ့ လင်းဟာန်က ပြင်ဆင်မှုတွေ ပြုလုပ်ဖို့ တစ်နှစ်အချိန် သဘောတူညီ ထားခဲ့ပါတယ်။ အဲဒီနောက်မှ သူက မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်ပါလိမ့်မယ်။ ဒါကြောင့် လင်းဟာန်က ဒီတစ်နှစ်ကို အထူးသဖြင့် ကျင့်ကြံခြင်းမှာ နှစ်မြုပ်ထားဖို့ စိတ်ကူးထားပါတယ်။ တကယ်လို့ မာထိုပေါင်က မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်နိုင်ခဲ့ရင်

အဲဒါက အရမ်းကို မိုက်ပါလိမ့်မယ်။ ပြီးတော့ သူလည်းပဲ ဂုဏ်ကျက်သရေအောက်မှာ စိန်နားကပ်ရောင်နဲ့ ပါးပြောင်နိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဒီတာဂန်ကို ရှေ့ထွက်ပြီး ထမ်းဆောင်ရပါလိမ့်မယ်။

ဒါက အောက်ဘုံအတွက် တစ်ခုတည်းသော ထွက်မြောက်ရာလမ်း ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို ပြောင်းလဲဖို့ ပြင်ဆင်လိုက်ပါတယ်။ အဲဒါက ပင်လယ်မျိုးနွယ်စုဆီက ရခဲ့တာမဟုတ်ပဲ ဂိုဏ်းကြီးငါးဂိုဏ်းဆီက ရခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ပင်လယ်မျိုးနွယ်စုရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေက ပင်လယ်မျိုးနွယ်စု တစ်ခုတည်း အတွက်ပဲ သင့်တော်ပါတယ်။ ဂိုဏ်းကြီးငါးဂိုဏ်း အရေးနိမ့်သွားပြီးတဲ့

နောက်မှာတော့ မာထိုပေါင်က လင်းဟန်ကို ရက်ရက်ရောရောနဲ့ ဂိုဏ်းတွေထဲကို ဂင်ပြီးတော့ ကျင့်ကြံခြင်း နည်းစနစ် ရွေးချယ်ခွင့် ပြုခဲ့ပါတယ်။ လင်းဟန်က ယန်စွမ်းအားမြင့် နည်းစနစ်ကို ရွေးချယ်ခဲ့ပါတယ်။ ဒီနည်းစနစ်က သူ့အတွက်တော့ အသင့်တော်ဆုံး မဟုတ်ပေမဲ့ ကျန်တာတွေထက် ပိုပြီးတော့ ကောင်းမွန်ပါတယ်။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က လင်းဟန်အနေနဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ဖို့တစ်ခုပဲ လိုအပ်ပါတယ်။ တန်ခိုးရှင်ဘုံကို တက်ရောက်ပြီးရင် အဲဒီမှာ သူ့အတွက် ကျင့်ကြံဖို့ နတ်ဘုရား နည်းစနစ်တွေ ရှိပါလိမ့်မယ်။

ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ အနည်းငယ် နှေးသွားမယ်ဆိုရင်တောင် လျစ်လျူရှုခဲ့ပါလိမ့်မယ်။

ဒီမှာ ဂိုဏ်းကြီးငါးဂိုဏ်းကနေ လွတ်မြောက်ထွက်ပြေးသွားတဲ့ လူတချို့လည်း ရှိပါသေးတယ်။ ဒါပေမဲ့လည်း သူတို့က လက်ရှိမှာ လန့်ဖျပ်နေပြီး ပစ်မှတ်အဖြစ် သတ်မှတ်ထားခံရတာကြောင့် ဘယ်လိုလုပ်ပြီးတော့ သူတို့တွေ ထွက်လာဝံ့မှာလဲ။ သုံးလဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပြီး အရာအားလုံး တည်ငြိမ်လာခဲ့ပါတယ်။ လင်းဟာန်ရဲ့ ကျင့်ကြံခြင်းကလည်း တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။ သူက ကောင်းကင်အဆင့် တတိယ အလွှာကို ဂင်ရောက်နေခဲ့ပါပြီ။ သူ့ရဲ့ ခန္ဓာကိုယ် ပညာရပ်တွေကလည်း အတော်လေးကို တိုးတက်လာခဲ့ပါပြီ။

ဒါပေမဲ့လည်း လင်းဟာန်က တကယ်လို့ ရှောင်မြောင့်ယန်နဲ့ တခြားသူတွေ ပြန်ပေါ်လာခဲ့ရင် သူ့ကို ပစ်မှတ်ထားလိမ့်မယ်ဆိုတာကို ယုံကြည်နေခဲ့ပါတယ်။

ဘယ်လောက်ပဲ သတ္တိရှိရှိ သူတို့တွေက မာထိုပေါင်ကိုတော့

သွားရှာရဲလိမ့်မှာ မဟုတ်ပါဘူး။ သူက နံပါတ်တစ် သတ်ဖြတ်ခြင်း ဂေါ်ပါ ဖြစ်ပါတယ်။ သူတို့အတွက်တော့ အဲဒီကို သွားရင် ပြန်လမ်းမရှိတဲ့ ခရီးတစ်ခု ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် သူ့ကို တန်ခိုးရှင် အစစ်အမှန်တွေပဲ ရင်ဆိုင်လို့ ရပါလိမ့်မယ်။ သူတို့က ထူးခြားတဲ့ ဆက်သွယ်မှုနဲ့ တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းကို ဆက်သွယ်ပြီး နတ်ဘုရားလောကကြီးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုပါ သတင်းပို့ပါလိမ့်မယ်။ အဲဒါကြောင့် တန်ခိုးရှင်ဘုံက လူတွေ ရောက်လာဖို့ ယုံကြည်နေပါတယ်။

အဲဒီ အမျိုးသမီးရဲ့ စွမ်းအားက သာမန်မြင်နေကျ မြင်ကွင်းတွေထက် ကျော်လွန်ပါတယ်။ သူမက တန်ခိုးရှင်ဘုံထဲက အထွတ်အထိပ် အစွမ်းထက်တဲ့သူ ဖြစ်နိုင်ပါတယ်။ အဲဒီနောက် သူမရဲ့ အသက်နဲ့ ဘယ်လိုမျိုး တန်ဖိုးကြီးမားတဲ့ ရတနာကို စောင့်ကြပ်နေတာ ဖြစ်နေလိမ့်မလဲ။

ဒါကြောင့် လင်းဟန် တွေးထားတာက သူနဲ့ ဟူးညီ့က ဂိုဏ်းကြီးငါးဂိုဏ်းက တိုက်ခိုက်မဲ့ အဓိက ပစ်မှတ်တွေ ဖြစ်တယ်လို့ ထင်ထားပါတယ်။ နောက်ပြီးတော့ အလောင်းတစ်ထောင်ဂိုဏ်းကလည်း စိတ်အားထက်သန်စွာနဲ့ လှုပ်ရှားမှုတစ်ခု ပြုလုပ်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ သူတို့တွေ ဘာကြောင့် မလှုပ်ရှားဘူးလဲ ဆိုတဲ့ အကြောင်းရင်းကလည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် မာထိုပေါင်က လင်းဟန်ကို ငါးစာအဖြစ် အသုံးချပြီးတော့ သူတို့ကို ထွက်ပေါ်လာအောင် မျှားခေါ်နေသလားဆိုတာ သူတို့လည်း မသေချာပါဘူး။

နောက်ထပ် တစ်လဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါတယ်။ နောက်ဆုံးတော့ သူတို့တွေ ထွက်လာခဲ့ပါတယ်။

ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းတို့ ပေါ်လာခဲ့ပါတယ်။ ပြီးတော့ ဓားတစ်ချက်တည်းနဲ့ အထိမ်းအမှတ် ရုပ်တုကြောင့်

ဖြစ်ပေါ်နေတဲ့ ခုခံကာကွယ်မှု အတားအဆီးက ချက်ချင်းဆိုသလို ပြိုလဲသွား ခဲ့ပါတယ်။ ဒီလူနှစ်ယောက်က အင်အားသုံးပြီး ဂင်လာကာ လူသတ်ဖို့ ရှာဖွေနေကြပါတယ်။

"လင်းဟန် မင်းအခု ထွက်လာတာ ပိုကောင်းမယ်"

သူတို့နှစ်ယောက်စလုံး အော်ဟစ်လိုက်ပါတယ်။

"တကယ်လို့ မင်းထွက်မလာဘူးဆိုရင် ငါတို့က အင်ပါယာမြို့တော်ထဲက လူတွေအားလုံးကို သတ်ပစ်ရလိမ့်မယ်။ ပြီးတော့ နေ့တိုင်း တစ်မြို့စီ ချေမှုန်းပစ်မယ်။ မင်းအတွက်ကြောင့် လူတွေ အများကြီး သေကျေပျက်စီးမှာ ရပ်ပြီးတော့ ကြည့်နေနိုင်လား"

"ဘယ်ဖြစ်မလဲ"

လင်းဟန်က လေပေါ်ကို တက်လာပြီး ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းတို့ကို ရင်ဆိုင်လိုက်ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ ယုံကြည်မှုရှိတဲ့ အပြုံးတစ်ခုကို ဆင်မြန်းထားပါတယ်။

“ငါထွက်လာပြီ။ ဒါပေမဲ့ အဆုံးသတ်ကတော့ မင်းတို့ထင်ထားသလို ဖြစ်လာလိမ့်မှာ မဟုတ်ဘူး။ ငါက မင်းတို့နှစ်ယောက်စလုံးကို သတ်ပစ်ရလိမ့်မယ်”

“ဟားဟားဟားဟား”

“ခစ် ခစ် ခစ် ခစ်”

ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းတို့ နှစ်ယောက်စလုံး ရယ်မောလိုက်ပါတယ်။ သူတို့က မာထိုပေါင်ရဲ့ တည်နေရာကို စုံစမ်းခဲ့ပါတယ်။ တကယ်လို့ တစ်ဖက်လူက ထွက်လာပြီးတော့ ကူညီချင်တယ် ဆိုရင်တောင်မှ

အနည်းဆုံး သုံးရက်လောက် အချိန်ယူရပါလိမ့်မယ်။

သူတို့အတွက်တော့ သုံးရက်ဆိုတဲ့ အချိန်က ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို အကြိမ်ပေါင်း ရာနဲ့ချီ သတ်ပစ်ဖို့ လုံလောက်တယ် မဟုတ်လား။

ဟင့်။ သူတို့တွေက အလျင်စလိုနဲ့ မလုပ်ရှားသေးပါဘူး။ ဒါပေ့ါ။ သူတို့က အချိန်တွေ ဖြုန်းဖို့တော့ စိတ်မကူးပါဘူး။

"နင်က ဒီလိုမျိုး ယုံကြည်ချက်ကို ဘယ်နေရာကနေ ရလာတာလဲ"

ရှောင်မြောင့်ယန်က အေးစက်စွာနဲ့ ပြောလိုက်ပြီး ဒေါသတွေ ထွက်နေပါတယ်။

တန်ခိုးရှင်ဘုံရဲ့ ဂုဏ်သိက္ခာရှိ သက်ရှိတစ်ယောက် အနေနဲ့

သူမက အောက်ဘုံကို ဆင်းသက်လာတဲ့ အခါမှာ တကယ်ပဲ လမ်းဘေးကြွက် တစ်ကောင်လိုမျိုး ပုန်းခိုနေရပါတယ်။ ဒီလိုမျိုး အရှက်ကွဲမှုကို သူမအနေနဲ့ ဘယ်လိုလုပ် လက်သင့်ခံနိုင်မှာလဲ။ အခု သူမက လင်းဟန်အပေါ်မှာ သူမရဲ့ မကျေမချမ်းမှုတွေကို ပုံချပစ်ဖို့ စိတ်ကူးထားပါတယ်။ လင်းဟန်သာ ဂင်မရှုပ်ခဲ့ဘူးဆိုရင် ခရမ်းရောင်လ အင်ပါယာက သူတို့ရဲ့ လောင်းကြေးကို ရှုံးသွားပြီး နစ်ပေါင်းတစ်ရာ အတွင်းမှာ လုပ်ရှားမှု တစ်စုံတစ်ရာတောင် လုပ်ရလိမ့်မှာ မဟုတ်ပါဘူး။

နစ်ပေါင်းတစ်ရာ အချိန်နဲ့ဆို တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကလည်း အောက်ဘုံဆီကို လမ်းကြောင်းတစ်ခု ခင်းလို့ပြီးလောက်ပါပြီ။ အဲဒီတော့ ကမ္ဘာ့ နံပါတ်တစ် သတ်ဖြတ်ခြင်း ဂင်္ဂပါ ဖြစ်နေတော့ရော ဘာဂရုစိုက်စရာ လိုဦးမှာလဲ။ သူက အသတ်မခံရဘူး ဆိုရင်တောင် သူ့ကို ပိတ်ဆို့ပြီး နှင်ထုတ်လို့ ရနိုင်ပါတယ်။ သူတို့က ဘုံတစ်ခုလုံးရဲ့ သက်ရှိတွေကို မော်ဆေးလုံး တစ်လုံးအဖြစ် သန့်စင်တာကို သူ့ကို ဒီအတိုင်း

ကြည့်ခွင့်ပြုရမှာပေါ့။

ဒါကြောင့် လင်းဟန်အပေါ် သူမရဲ့ အမုန်းတရားက မာထိုပေါင်ထက် ပိုပြီးတော့တောင် သာလွန်ပါသေးတယ်။

လင်းဟန်က ပြန်မဖြေပဲ တစ်နေရာကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်။ မင်းရောက်လာပြီ ဆိုမှတော့ ဘာဖြစ်လို့ ပုန်းနေသေးတာလဲ”

“ဟေး မင်းက ကောင်းကင်အဆင့် ကျင့်ကြံသူ တစ်ယောက်ပဲ ရှိသေးတယ်လေ။ ဘယ်လိုလုပ်ပြီး ငါ့ကို ရှာတွေ့သွားတာလဲ”

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က သူ့ကိုယ်သူ ကိုယ်ထင်ပြလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာ အပေါ်မှာတော့ အံ့အားသင့်ပြီး ပဟေဠိ ဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။

Chapter 845 end

အပိုင်း(846) သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်ကို ဖမ်းခြင်း

လင်းဟာန်က ခပ်တည်တည် ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ မကောင်းဆိုးဝါး အနံ့ကပဟောင်နေတာပဲ။ ဒါကြောင့် မင်းဘယ်နေရာမှာ ရှိတယ်ဆိုတာကို ရှာဖို့ဆိုတာ ဘယ်လိုလုပ် ခက်ခဲနိုင်မှာလဲ။ လီပေါင်းတစ်ရာကနေတောင် မင်းရဲ့အနံ့ကို ငါခံလို့ ရနိုင်တယ်"

ဟုတ်ပါတယ်။ ဒါက စကားသက်သက်ပါပဲ။ အမှန်တကယ်တော့ သူ့မှာ နိုင်ငံစွမ်းအား ထိန်းချုပ်မှု

ရှိနေတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ သူသာ ဆန္ဒရှိရင် နိုင်ငံတစ်ခုလုံးက လုပ်ရှားမှုတိုင်းကို မြို့အသီးသီးပေါ်က အထိမ်းအမှတ်ရုပ်တုကနေ ကြေးမုံမှန်ပြင် တစ်ခုလို တွေ့မြင်နိုင်ပါလိမ့်မယ်။

အဲဒီ လူသားစွမ်းအင်က အကန့်အသတ်တော့ ရှိပါတယ်။ သူ့အနေနဲ့ တခြားလူတွေရဲ့ သီးသန့်ဘဝ အပေါ်မှာ လှေ့လာစူးစမ်းတာမျိုးတွေ လုပ်ဖို့ အာရုံထွေပြားလို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ မိသားစုနဲ့ သူငယ်ချင်းတွေက အင်ပါယာမြို့ထဲမှာ အခြေချ နေထိုင်နေကြပြီး သူ့ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေပါတယ်။

"ဟင့် သနားစရာ ကောင်းကင်အဆင့် စစ်သည်တော် တစ်ယောက်ကများ ငါတို့အကြားက ကွာဟချက် ဘယ်လောက်ထိ ကြီးမားတယ်ဆိုတာကိုတောင် မသိပဲနဲ့။ ဒီနေရာကနေ နင် အသက်ရှင်လျက် ထွက်သွားနိုင်ဖို့ နင့်မှာ ဘယ်လိုမျိုး စွမ်းဆောင်ရည်တွေ ရှိတယ်ဆိုတာကို

ငါတကယ်ပဲ ကြားချင်မိတယ်”

ရှောင်မြောင့်ယန်က သရော်လိုက်ပါတယ်။

သူမက လင်းဟာန်ကို ရိုးတွင်းခြင်ဆီထဲကနေ မုန်းတီးနေခဲ့ပါတယ်။

“ကောင်လေး။ ဒီအမျိုးသမီးကို ကြည့်ရတာ မဆိုးဘူး။ သူ့ကို အရှင်သခင်ယုန်ရဲ့ အစေခံ အမျိုးသမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်းဖို့ ဖမ်းလိုက်”

ယုန်ဖြူကြီးက အောက်ဘက်ကနေ လှမ်းအော်လိုက်ပါတယ်။

ရှောင်မြောင့်ယန်က ချက်ချင်းဆိုသလို ဒေါသအိုး ပေါက်ကွဲသွားပါတယ်။ ဒါပေမဲ့ သူမက ယုန်ဖြူကြီးကို

မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပြီး အောင့်အည်းမထားနိုင်ပဲ အမုမဲ့ အမှတ်မဲ့ မေးလိုက်ပါတယ်။

"ကျောင်းချင်းယီရဲ့ မျိုးဆက်တစ်ယောက်လား"

"ဘာကျောင်းချင်းယီလဲ။ မင်းသူ့ကို ဘိုးဘေးလို့တောင် ခေါ်ထိုက်တယ်"

ယုန်ဖြူကြီးက မကျေမချမ်းနဲ့ အော်လိုက်ပါတယ်။

ရှောင်မြောင့်ယန်ရဲ့ လှပတဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒါပေမဲ့ သူမက အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ ချေပမနေတော့ပါဘူး။ ကျောင်းချင်းယီကလည်း တန်ခိုးရှင်ဘုံထဲမှာ အရမ်းအရမ်းကို ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက သူ့ရဲ့ မျိုးဆက်တွေကို မထိပါးကြပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ယုန်ဖြူကြီးရဲ့ မျိုးဆက်သွေးက မျိုးသုဉ်းပျောက်ကွယ် တိမ်ကောသွားတာ ကြာနေလောက်ပါပြီ။

သူမက ယုန်ဖြူကြီးကို အာရုံမစိုက်တော့ပဲ လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နင့်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေလို သန်မာတယ် ဆိုပေမဲ့ ငါ့လက်ထဲကို ကျရောက်လာခဲ့ရင် နင့်ကို သန့်စင်ပစ်ဖို့ နည်းလမ်းတွေ အများကြီး ရှိတယ်"

"ဒါက ခြောက်လှန့်တတ်တဲ့ အသံမျိုးပဲ"

လင်းဟန်က ဟားတိုက်ရယ်မော လိုက်ပါတယ်။

“မင်းတို့တွေက အောက်ဘုံရဲ့ သက်ရှိတွေကို ရက်ရက်စက်စက် အကြင်နာမဲ့ပြီး ထိခိုက်ပျက်စီးအောင် လုပ်ခဲ့ကြတယ်။ မင်းတို့ရဲ့ အကျိုးအမြတ်အတွက် ဘုံတစ်ခုလုံးက သက်ရှိတွေ အားလုံးကို မော်ဆေးလုံးအဖြစ် သန့်စင်ခဲ့ကြတယ်။ ဒီနေ့တော့ ငါမင်းတို့တွေကို သတ်ပြီးတော့ ငါတို့ရဲ့ ဘိုးဘေးတွေကို ယစ်ပူဇော် တောင်းပန်ဖို့အတွက် မင်းတို့ခေါင်းတွေကို ဖြတ်ပစ်မယ်”

“ကောင်လေး မလုပ်ပါနဲ့ဟ။ ဒီအမျိုးသမီးကိုတော့ အရှင်သခင်ယုန်အတွက် အမျိုးသမီး အစေခံအဖြစ် တာဝန်ထမ်းဆောင်ဖို့ ချန်ထားပေးပါ။ အဲဒီအမျိုးသားကိုလည်း အရှင်သခင်ယုန်ရဲ့ အစီးအနင်းအဖြစ် အသုံးပြုလို့ ရနိုင်လောက်တယ်။ တကယ်လို့ မင်း သူတို့နှစ်ယောက်ကို ချန်ထားပေးရင် ပိုကောင်းလိမ့်မယ်”

ယုန်ဖြူကြီးက နောက်တစ်ကြိမ် ဂင်ပြီးတော့ ပြောလိုက်ပါတယ်။

ရှောင်မြောင့်ယန်က ယုန်ဖြူကြီးကို လုံးဂကို လျစ်လျူရှုထားပြီးတော့ ပြောလိုက်ပါတယ်။

“နင်က စိတ်ဝိညာဉ် ဆေးပင်တွေ အများကြီးကို စုစည်းပြီး မိစ္ဆာသားရဲတွေကို သတ်ခဲ့တယ်။ အဲဒါကို ရက်စက်မှုတစ်ခု မဟုတ်ဘူးလို့တော့ ငါ့ကိုလာမပြောနဲ့”

“ဟားဟားဟားဟားဟား”

လင်းဟန်က အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။

“မင်းကိုယ်မင်း မိစ္ဆာသားရဲတွေနဲ့ မျိုးနွယ်စု တူတယ်ဆိုပြီးတော့ တကယ်ပဲ နိုင်းယှဉ်လိုက်တာပေါ့။ မင်းက အရမ်းကို သွေးအေးတယ်ဆိုတာကို ငါသိပါတယ်”

"မျိုးနွယ်တူတယ် ဟုတ်လား"

ရန်ကွမ်းက အင်ပါယာမြို့တော် တစ်ခုလုံးကို အထင်အမြင်သေးစွာနဲ့ မျက်စိဝေ့ကြည့်ပြီးတော့ ပြန်ပြီးမေးလိုက်ပါတယ်။

"မင်းတို့ကောင်တွေက တန်လို့လား"

ဘာမှထပ်ပြီးတော့ ပြောနေစရာ မလိုပါဘူး။

"ကောင်းပြီ။ လာခဲ့ကြလေ။ ဒီနေ့မှာ မင်းတို့သုံးယောက် ထွက်ပြေးဖို့တောင် မစဉ်းစားနဲ့။ ပြဿနာကြီး တစ်ခုကို အမြစ်ဖြတ်ပစ်ဖို့ တကယ့်ကို အချိန်ကိုက်ပဲ"

လင်းဟန်က မျက်နှာတင်းတင်းနဲ့ ပြောလိုက်ပါတယ်။ ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းတို့ နှစ်ယောက်စလုံး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ပိုင်ဆိုင်ထားတာကြောင့် အရမ်းကို ကြီးမားတဲ့ အန္တရာယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။ သူတို့ကို အခုချိန်မှာ အမြစ်ဖြုတ် သုတ်သင်ထားရင် ကျန်တာတွေက သိပ်ပြီးတော့ ပြဿနာ မရှိတော့ပါဘူး။ ဘုရင်ရှစ်ပါးက အဲဒါကို ကိုင်တွယ်ဖို့ လိုအပ်တာထက်တောင် ပိုနေပါဦးမယ်။

"မင်းကိုယ်မင်း အရမ်းကို အစွမ်းထက်နေသလိုမျိုး ပြောနေတာပဲ"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က လှောင်လိုက်ပါတယ်။ တချိန်တည်းမှာပဲ သူ့နှလုံးသားထဲမှာ အကြီးအကျယ်ကို မကျေမနပ် ခံစားလိုက်ရပါတယ်။ သူနဲ့ ရှောင်မြောင့်ယန်တို့ အုပ်စုက အတူတူ မဟုတ်ပါဘူး။ သူက အင်ပါယာမြို့တော်ရဲ့ ပိုင်နက်ထဲကို ပိုစောပြီးတော့ ရောက်နေပြီး လင်းဟန်

ဒါမှမဟုတ် ဟူးညိုကို ဖမ်းဆီးဖို့ အခွင့်အရေးတစ်ခုကို စောင့်နေခဲ့တာပါ။

ရှောင်မြောင့်ယန်နဲ့ သူမရဲ့ အဖော် ပေါ်ထွက်လာတာကို ကြည့်ပြီးတော့ သူ့တို့ကို အခွင့်ကောင်းယူ အသုံးချဖို့ အကြံအစည် ပေါ်လာခဲ့ပါတယ်။ သူတို့ကို ကာဗာလုပ်ပြီးတော့ ခိုးကြောင်ခိုးဝှက် လုပ်ဖို့ စိတ်ကူးထားပါတယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ အော်သံကြောင့် သူထွက်လိုက်ရမယ်လို့ မမျှော်လင့် ထားမိခဲ့ပါဘူး။

လင်းဟာန်က ရှောင်မြောင့်ယန်နဲ့ ရန်ကွမ်းကို စိုက်ကြည့်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကိုတော့ လုံးဂကို လျစ်လျူရှုထားပြီး အဲဒါက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ဒေါသထွက်သွားစေခဲ့ပါတယ်။ အတိတ်နေ့ရက်တွေတုန်းက သူလည်း ထိပ်တန်း လက်ရွေးစင်ထဲက တစ်ယောက် ဖြစ်ပြီးတော့ အောက်ဘုံတစ်ခုလုံးကို ထိတ်လန့်တုန်လုပ် စေတဲ့

သူဖြစ်ပါတယ်။ အဲဒီနောက် မရေမတွက်နိုင်တဲ့ သေခြင်းတရားတွေအတွက် တန်ရာတန်ကြေး အနေနဲ့ သူ့ကို အစိတ်အပိုင်း ကိုးခုခွဲပြီးတော့ ဖိနိပ်ထိန်းချုပ် ထားခဲ့ပါတယ်။ အခုတော့ လင်းဟန်က သူ့ကို ဘာမှမဟုတ်သလို လျစ်လျူရှုထားပါတယ်။

သေစမ်း။ တကယ်လို့ သူ့ရဲ့အဆင့်ကသာ လျော့ကျမသွားခဲ့ရင် ပြီးတော့ သူ့အတွက် အရေးကြီးတဲ့ တာဂန်တစ်ခုကို ထမ်းဆောင်နေရတဲ့ အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူက တန်ခိုးရှင်အဆင့် စွမ်းအားကို ပေါက်ကွဲထွက်ပြီး လင်းဟန်ကို သတ်ပစ်လိုက်မှာပါ။

“မျှော်စင်လေး”

လင်းဟန်က သူ့နှလုံးသားထဲကနေ ညင်သာစွာနဲ့ အော်ခေါ်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်က သူ့ကို

စွမ်းအားတွေ ချက်ချင်းဖြည့်တင်းပေးပြီး သူ့ခွန်အားက ရုတ်ချည်းဆိုသလို မြင့်တက်လာခဲ့ပါတယ်။ အဲဒါအပြင် နိုင်ငံစွမ်းအားကိုပါ ထုတ်ယူပြီးတော့ သူ့ခွန်အားကား ပိုပြီးတော့ မြင့်မားလာခဲ့ပါတယ်။

“ဘာလဲ”

ရှောင်မြှောင့်ယန်တို့ အုပ်စုက တပြိုင်နက်တည်း အထိတ်တလန့် ဖြစ်သွားပါတယ်။ မျက်စိ တစ်မှိတ်အတွင်းမှာ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ လုံးဝကို ကွဲပြားခြားနားတဲ့ လူတစ်ယောက် အဖြစ်ကို ပြောင်းလဲသွားရတာလဲ။ ဒီလိုမျိုး စွမ်းအားက ဘယ်လိုလုပ်ပြီး သူတို့ကို ထိတ်လန့်တုန်လှုပ်သွား စေရတာလဲ။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ လူတွေတောင်

ထိတ်လန့်တုန်လှုပ်သွားရတယ် ဆိုတော့ လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုတွေတောင် ပြောင်းလဲသွားတာလဲ။

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ မရဏဓားကို ဆွဲထုတ်လိုက်ပါတယ်။ သူ့လက်ကို ဆတ်ခနဲ လှုပ်လိုက်ပြီး နံပါတ်တစ် သတ်ဖြတ်ခြင်း ဓားက ချက်ချင်း အသက်ဝင်လာပြီး အဆုံးမဲ့ အလင်းရောင်တွေ ထုတ်လွှင့်နေပါတယ်။ အခု လင်းဟန်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အစစ်အမှန် ခွန်အားကို အောင်မြင်မှု ရရှိခဲ့ပြီး ဒီဓားရဲ့ စွမ်းအားကို အပြည့်အဝ ထုတ်ဖော်နိုင်ခဲ့ပါပြီ။

“ငါ မယုံကြည် နိုင်ဘူး”

ရှောင်မြောင့်ယန်က ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။ သူမရဲ့ နောက်ကျော်မှာ ရောမ အတောင်ပံကြီး တစ်စုံ ပေါ်လာပြီး ဖြတ်ခနဲ တစ်ချက် ခတ်လိုက်တာနဲ့ သူမရဲ့

စွမ်းအင်တွေက ချက်ချင်းဆိုသလို တိုးပွားလာခဲ့ပါတယ်။ သွေးနီရတနာခားကို ကိုင်ပြီးတော့ သူမက လင်းဟာန်ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိုက်ပါတယ်။

သူမရဲ့ သွေးမျိုးဆက်ကို လည်ပတ်ပြီးတော့ သူမရဲ့ တိုက်ပွဲစွမ်းရည်ကို အဆုံးစွန်ထိ တိုးမြင့်လိုက် ပါတယ်။

ဒါက စကြာဂဠုဇာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး ဖြစ်ပါတယ်။ သူမရဲ့ သွေးမျိုးဆက်ကို အသုံးမပြုဘူးဆိုရင် သူမရဲ့ တိုက်ပွဲစွမ်းရည်က ဆယ့်ခြောက်လုံး ဒါမှမဟုတ် ဆယ့်ခုနစ်လုံးပဲ ရှိပါလိမ့်မယ်။

ဟုမ်း။

ဓားနှစ်လက် ထိမိသွားပြီး အံ့မခန်း အလင်းတန်းတွေ ဖြာထွက်လာခဲ့ပါတယ်။ ဓားချီတွေက ကြီးမားကျယ်ပြန့်တဲ့

မိုးကောင်းကင် တစ်ခုလုံးကို ထိုးတက်သွားခဲ့ပြီး အကျိုးသက်ရောက်မှုကနေ ကြယ်တာရာ အစုအဝေးတွေ ကြွေဆင်းလာခဲ့ပါတယ်။ အဲဒီနောက် ချက်ချင်းဆိုသလို ပေါက်ကွဲထွက်လာတဲ့ အလင်းရောင် အစုအဝေးအလယ်မှာ လူတစ်ယောက်က အမြောက်ကျည် တစ်ခု ပစ်လိုက်သလိုမျိုး လွင့်ထွက်သွားပြီး တော်တော်ဝေးဝေးက တောင်တွေဆီကို ဝင်ဆောင့်ပြီး ချက်ချင်းဆိုသလို အဲဒီနေရာက ပျက်စီးသွားပါတယ်။

ဟုမ်း ဝုန်း ဝုန်း။

တောင်တစ်လုံးရဲ့ထိပ်က ပြိုလဲကျသွားပြီး ကျယ်လောင်တဲ့ အသံတွေ ထွက်ပေါ်လာကာ ကျောက်တုံးကျောက်ခဲတွေ မြေကြီးပေါ်ကို ပြိုကျလာခဲ့ပါတယ်။

ရန်ကွမ်က မှင်တက်အံ့သြစွာနဲ့ စိုက်ကြည့်နေပါတယ်။

လွင့်ထွက်သွားတဲ့လူက ရှောင်မြောင့်ယန် ဆိုတာကို သူရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

ဒါ ဒါ ဒါက။

ရှောင်မြောင့်ယန်လို့ အစွမ်းထက်တဲ့ သူတောင်မှ လင်းဟန်ရဲ့ ဓားကို မတားဆီးနိုင်ခဲ့ဘူးလား။

ဒါက ဘယ်လိုတိုက်ပွဲစွမ်းရည် အမျိုးအစားလဲ။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ခန္ဓာကိုယ်လည်း တုန်လှုပ်လို့ နေပါတယ်။ အရမ်းကို ကြောက်စရာ ကောင်းပါတယ်။ နောက်ဆုံးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ပိုင်ဆိုင်ထားတဲ့ နောက်ထပ်မွန်းစတားတစ်ယောက် ပေါ်ထွက်လာခဲ့ပါပြီ။ ဒါက လူသားလောကရဲ့ အထွတ်အထိပ်

အဆင့်ပဲ ဖြစ်ပါတယ်။ သူ့လို မြေအောက်ကမ္ဘာရဲ့ ထူးခြားတဲ့ သက်ရှိကိုတောင် သတ်ပစ်နိုင်စွမ်း ရှိပါတယ်။

ပြေး။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်တွေက ချက်ချင်းကို ပျောက်ကွယ် သွားခဲ့ပြီး အခုချိန်မှာ အဝေးကို ထွက်ပြေးဖို့ တစ်ခုပဲ သိပါတော့တယ်။ ဒီလိုမျိုး အခြေအနေ ဖြစ်လာလိမ့်မယ်လို့ လင်းဟန်နဲ့ ပထမဆုံး အကြိမ် တွေ့ဆုံခဲ့တုန်းကတောင် သူ့အနေနဲ့ လုံးဝကို စဉ်းစားမိခဲ့မှာ မဟုတ်ပါဘူး။ စဉ်းစားကြည့်ရင် လင်းဟန်ကြောင့် သူ့ရဲ့ သတ္တိတွေ ပျောက်ပြီးတော့ ထိတ်လန့်တုန်လှုပ်ရမဲ့ နေ့ရက်မျိုး ရှိလာလိမ့်မယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လင်းဟန်က သူ့ဓားကို ပြန်ရုတ်လိုက်ပါတယ်။

ရှောင်မြှောင့်ယန်က တကယ်ပဲ သူ့ကို ထိပ်တိုက် ရင်ဆိုင်ဖို့ ဖိအားပေးလာခဲ့ပါတယ်။ အဲဒါက ကိုယ့်ကိုကိုယ် သေကြောင်းကြံတာပဲ မဟုတ်ဘူးလား။ အစတုန်းက သူမရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးက သူမအတွက်တော့ သူ့နဲ့ ပွဲပေါင်း အနည်းငယ် ယှဉ်ပြိုင်ဖို့ လုံလောက်ပါတယ်။ သူမက သူ့ကို ထိပ်တိုက်ရင်ဆိုင်ဖို့ ဖွတ်လုပ်ခဲ့တာပါ။ ဒါကြောင့် သူမက တိုက်ကွက်တစ်ကွက်တည်းနဲ့ ပြင်းထန်တဲ့ ဒဏ်ရာတွေနဲ့ လွင့်ထွက်သွားရခြင်း ဖြစ်ပါတယ်။

အနက်ရောင် မျှော်စင်ကနေ စွမ်းအားဖြည့်ဆည်းပေးမှုနဲ့ နိုင်ငံစွမ်းအားကိုပါ ထည့်ပေါင်းလိုက်ရင် သူ့ခွန်အားက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိသွားခဲ့ပါတယ်။

တခြားလျှို့ဝှက် ပညာတွေကို အသုံးပြုစရာ မလိုပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး

ခွန်အားကို ရောက်နိုင်ပါတယ်။ ဘယ်လို တိုက်ခိုက်မှုမဆို ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံးအဖြစ် ကိုယ်စားပြုနိုင်ပါတယ်။

တကယ်လို့ သူက အနက်ရောင်မူလ သိုင်းဟန် သုံးကွက် ဒါမှမဟုတ် မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်လို ပညာရပ်တွေကို လည်ပတ်စေလိုက်မယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်ထိတောင် ရောက်ရှိသွားနိုင်မလဲ။

ဂိုဏ်းကြီးငါးဂိုဏ်းက မာထိုပေါင်ကို သူသေကိုယ်သေ တိုက်ပွဲအတွက် ခရမ်းရောင်လ အင်ပါယာကနေ ထုတ်ပယ်ချင်နေခဲ့တာက အံ့သြစရာ မဟုတ်တော့ပါဘူး။ မာထိုပေါင်က နိုင်ငံစွမ်းအားနဲ့ဆိုရင် နတ်ဘုရားတစ်ပါးရဲ့ တိုက်ပွဲစွမ်းရည်ကို ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ တန်ခိုးရှင်အဆင့် တိုက်ပွဲစွမ်းရည် တစ်ခုကို ဒီဘုံထဲမှာ ကောင်းကင်နဲ့ မြေကြီးရဲ့ စည်းမျဉ်းဥပဒေအရ ခွင့်မပြုထားပါဘူး။

“ထွက်ပြေးချင်တာလား”

လင်းဟန်က အေးစက်စွာနဲ့ ပြုံးပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို သူ့ဓားနဲ့ တိုက်ခိုက် လိုက်ပါတယ်။

ဖူး။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့က ခန္ဓာကိုယ်က ချက်ချင်းဆိုသလို အစိတ်စိတ်အမွှာမွှာ ပြိုလဲသွားတယ်ဆိုတာ သံသယ နည်းနည်းလေးမှတောင် ရှိစရာမလိုပါဘူး။

အခု စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးရှိတဲ့ လူတစ်ယောက်က လင်းဟန်ကို ဘယ်လိုမျိုး ရင်ဆိုင်နိုင်မှာလဲ။ သေချာတာပေါ့။ သူက

တစ်ချက်တည်းနဲ့ သေသွား ပါလိမ့်မယ်။ ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က လွယ်လွယ်နဲ့ သေလိမ့်မှာ မဟုတ်ပါဘူး။ သူ့ခန္ဓာကိုယ်က အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားတယ် ဆိုပေမဲ့ အနက်ရောင် ချီတွေက မျောလွင့်နေပြီး ခန္ဓာကိုယ် အမျိုးအစား တချို့ပုံစံ ဖြစ်ပေါ်နေသလိုမျိုး ရောယှက်နေပေမဲ့ ခိုင်မာမှုတော့ မရှိပါဘူး။

သူက အစကတည်းက ပုံစံတစ်ခု မရှိပါဘူး။ သူက မူလရှေးဦး ဖရိုဖရဲရဲ့ နတ်ဆိုးချီကနေ ဆင့်ကဲ ပြောင်းလဲလာခဲ့တာပါ။

လင်းဟန်က သူ့ဓားနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။ နတ်ဆိုးချီတွေက နှစ်ပိုင်း ပြတ်သွားပေမဲ့ အရမ်းကို လျင်မြန်စွာနဲ့ နောက်တစ်ကြိမ် ပူးပေါင်းသွားပြီး မသေတဲ့ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားသလိုပါပဲ။

“ဟားဟားဟား ငါက မူလရှေးဦး ဖရိုဖရဲရဲ့ နတ်ဆိုးချီကနေ ပြောင်းလဲလာခဲ့တာ။ ဒါကြောင့် ထာဝရ သေဆုံးခြင်း မရှိတဲ့ တည်ရှိမှု တစ်ခုပဲ။ မင်းကငါ့ကို သတ်ချင်နေတာလား။ အဲဒါက မင်းအတွက်တော့ နှစ်ပေါင်းတစ်သန်းလောက် စောနေလိမ့်ဦးမယ်”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ရဲ့ နတ်ဘုရားအာရုံကို သတင်းစကား ပို့လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က မရှိတော့ဘူးဆိုတော့ သူက ပုံမှန်အတိုင်း စကားပြောနိုင်စွမ်း မရှိတော့ပါဘူး။

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ပုံရိပ်က တစ်ဟုတ်ထိုး ပြေးဝင်သွားပါတယ်။ ဓားနှလုံးသားကို ထုတ်ဖော်ပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ရုတ်တရက် တိုက်ခိုက် လိုက်ပါတယ်။

“အား”

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ နတ်ဘုရား အာရုံက ချက်ချင်းဆိုသလို ထိတ်လန့်တုန်လှုပ်ဖွယ် အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဓားနှလုံးသား၊ ပြီးပြည့်စုံတဲ့ ဓားနှလုံးသားက စိတ်ဝိညာဉ်တွေကိုတောင် သတ်ပစ်နိုင်ပါတယ်။ ဓားနှလုံးသားရဲ့ အာနိသင်က အထူးသဖြင့်တော့ ဒီလိုမျိုး မကောင်းဆိုးဝါး နတ်ဆိုးတွေ အပေါ်မှာ အထူးတလည် တိုက်ခိုက်ဖို့ အသုံးပြုပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ နတ်ဘုရားအာရုံက ခဏလောက် နစ်ခြမ်းကွဲသွားတာကို အခွင့်ကောင်း ယူတဲ့အနေနဲ့ လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို ဆုပ်ကိုင်ပြီး အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။

Chapter 846 end

အပိုင်း(847) ငှါးတစ်ချက်ကို ခံယူကြည့်စမ်း

အနက်ရောင် မျှော်စင်ထဲကို ဝင်သွားတာနဲ့ ဘယ်လောက်ပဲ အစွမ်းထက်တဲ့ လူဖြစ်ဖြစ် ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က ချာခနဲ လှည့်ပြီးတော့ ရန်ကွမ်ကို ကြည့်လိုက်ပါတယ်။

သူနဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ တိုက်ပွဲက ကြာတယ်လို့ ထင်ရပေမဲ့ အမှန်တကယ်တော့ တိုက်ကွက် နှစ်ခု ဒါမှမဟုတ် သုံးခုလောက်ပါပဲ။ အဲဒီအချိန်မှာ ရန်ကွမ်က အံ့အားသင့်နေတဲ့ အခြေအနေမှာပဲ ရှိပါသေးတယ်။ သူက လင်းဟန်ကို ပြန်ပြီးတော့ စိုက်ကြည့်ပြီးတော့မှာ သတိပြန်ဝင် လာခဲ့ပါတယ်။

ပုန်း။

အဝေးကနေ ရှောင်မြောင့်ယန်က ပျက်စီးနေတဲ့ တောင်ကနေ ပျံထွက်လာခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ပေါ်က အဂတ်အစား နေရာတော်တော်များများ စုတ်ပြဲနေပြီး သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ အသားအရည်ကို တွေ့မြင်နိုင်ပြီး သူမရဲ့ ပုံစံက အရမ်းကို ဆွဲဆောင်မှု ရှိနေပါတယ်။ သူမရဲ့ ပါးစပ်ထောင့်ကနေ သွေးစီးကြောင်းတစ်ခု စီးကျနေပြီး သူမရဲ့ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ ဆံပင်တွေကလည်း ရှုပ်ပွလို့နေပြီး သူမရဲ့ မျက်လုံးထဲမှာ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူမက တကယ့်ကို တုန်လှုပ်လို့ နေပါပြီ။

လက်ရှိမှာ သူမက ဘယ်လိုလုပ်ပြီး လင်းဟန်ကို ယှဉ်ပြိုင်နိုင်မှာလဲ။

သူမက တကယ်ပဲ ငိုပစ်လိုက်ချင်နေပါတယ်။ တန်ခိုးရှင်ဘုံထဲမှာဆို အနည်းဆုံးတော့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ပိုင်နက်ထဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ လူတစ်ယောက် အတွက်တော့ သက်တူရွယ်တူက တစ်စုံတစ်ယောက်ကို ချေမှုန်းပစ်နိုင်ပါတယ်။ ဒါပေမဲ့ အောက်ဘုံကို ဆင်းသက်လာမှပဲ သူမရဲ့ မျက်နှာကို တကယ်ပဲ အရိုက်ခံလိုက်ရပါတယ်။

မာထိုပေါင်၊ ရောမ လှေကြီးထဲက လျှို့ဝှက်ဆန်းကြယ်တဲ့ လက်ရွေးစင် တစ်ယောက်နဲ့ အခု လင်းဟန်ကိုပါ ထည့်တွက်ရပါမယ်။

ဒီနေရာက တန်ခိုးရှင်ဘုံများ ဖြစ်နေမလား။

"နောက်ဆုတ်မယ်"

သူမက ချက်ချင်းပဲ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သေစမ်း။ ဒီနေရာကို နောက်ဘယ်တော့မှ မလာတော့ဘူး။ နောက်ထပ် မလုပ်ရှားခင် တန်ခိုးရှင်ဘုံက သူတို့ရဲ့ လူတွေကို စေလွှတ်တဲ့အထိ စောင့်နေတာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ဒီလိုမျိုး မွန်းစတားတစ်ကောင်ကို ရင်ဆိုင်ဖို့က တန်ခိုးရှင်ဘုံက လူတွေနဲ့မှ ရပါလိမ့်မယ်။

စကားတစ်ခွန်းမှ မဆိုပဲ ရန်ကွမ်က ချာခနဲ လှည့်ပြီးတော့ သုတ်ခြေတင် ထွက်ပြေးပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုကွမ် မင်းက တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင် တစ်ယောက်ပဲ။ မင်းဒီနေရာကို လာခဲ့တုန်းက ဘယ်လောက်တောင်

ယုံကြည်မှုတွေနဲ့ ပြည့်နက်ပြီး တိုက်ပွဲဝင်ချင်တဲ့ စိတ်တွေ ပြည့်နေလိုက်သလဲ။ အခုတော့ တစ်ချက်မှတောင် မလုပ်ရှားပဲနဲ့ အမြီးကုပ်ပြီးတော့ ပြေးတော့မလို့လား။ ဒါက ဘယ်လိုမှ လက်သင့်ခံလို့ မရနိုင်ဘူး။ လာပါ လက်ရည်စမ်းကြည့် ရအောင်”

မင်းညီမနဲ့ပဲ လက်ရည်စမ်း။

ရန်ကွမ်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားပါတယ်။ ရှောင်မြောင့်ယန်တောင် တစ်ကွက်တည်း ဖလှယ်ပြီး ရလဒ်က ဒီတိုက်ခိုက်မှုကို ခံယူလိုက်တဲ့ အချိန်မှာ အဝေးကို လွင့်ထွက်သွားသေးတာပဲ။ သူမကို ကြည့်ရတာ အဆင်ပြေနေပုံ ရပေမဲ့ အတွင်းဒဏ်ရာ တစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရပုံ ပေါ်ပါတယ်။ တကယ်လို့ ဒီအချိန်မှာ နောက်မဆုတ်ဘူးဆိုရင် ဖြစ်လာမဲ့ အကျိုးဆက်က မတွေးဝံ့စရာ ဖြစ်သွားပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ သူမကို ကုသဖို့ အချိန် မရှိပါဘူး။
သူ့ရဲ့အသက်အတွက် အရင်ဆုံး ထွက်ပြေးရပါမယ်။

သူ့ကိုယ်သူ အသက်ရှင်အောင် ထိန်းထားရပါမယ်။
တန်ခိုးရှင်ဘုံကို သူပြန်ရောက်တဲ့ အခါကျရင် သူ့ဒဏ်ရာကို
ကုသနိုင်မဲ့ စိတ်ဝိညာဉ်ဆေး အဲဒီမှာ ရှိပါတယ်။

“အစ်ကိုကွမ်က မပူးပေါင်းဘူးပဲ။ ဒါဆိုရင်တော့ ငါ့မှာ
ရွေးချယ်စရာ မရှိတော့ဘူး”

လင်းဟာန်က မိစ္ဆာတန်ခိုးရှင် ခြေလှမ်းနဲ့ မိုးထစ်ချုန်း
ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားကို ထုတ်ဖော်လိုက်ပြီး
သူ့ရဲ့ အမြန်နှုန်းက နတ်ဆိုးတစ်ကောင်လို လျင်မြန်လာပြီး
ချက်ချင်းဆိုသလို ရန်ကွမ်ရဲ့ အရှေ့ကို ရောက်သွားပြီး
သူ့လမ်းကြောင်းကို ပိတ်ကာ တားလိုက်ပါတယ်။

ရန်ကွမ်က အံကိုကြိတ်လိုက်ပါတယ်။ ဟုမ်း။ သူ့ခန္ဓာကိုယ်ကနေ အလင်းရောင်တွေ တလက်လက် တောက်ပလာခဲ့ပါတယ်။

သူက သူ့အသက်ဓာတ်ကို လောင်ကျွမ်းပြီး လင်းဟာန်ရဲ့ ပိတ်ဆို့မှုကနေ ထိုးဖောက်ဖို့ စိတ်ကူးလိုက်ပါတယ်။

“မင်းက အောက်ဘုံက သက်ရှိတွေကို အထင်သေးခဲ့တယ် မဟုတ်လား”

လင်းဟာန်က အေးစက်စက် ပြုံးလိုက်ပါတယ်။ လက်ဝါးနဲ့ ရန်ကွမ်ကို တစ်ချက် ရိုက်လိုက်ပြီး ရွှေရောင်အလင်းတန်းတွေက မိုးကောင်းကင်ကြီး တစ်ခုလုံးကို ဖုံးကွယ်သွားခဲ့ပါတယ်။

“အခုတော့ မင်းက ထွက်ပြေးချင်နေသေးတာလား။

အောက်ဘုံက ငှါလိုမျိုး ပုရွက်ဆိတ် တစ်ကောင်နဲ့ လာတိုက်ခိုက်စမ်းပါ”

ရန်ကွမ်က ထွက်ပြေးဖို့ ကြိုးစားလိုက်ပါတယ်။ ထန်။ သူ့ရဲ့အမြန်နှုန်းက လျင်မြန်တယ် ဆိုပေမဲ့ သူ့အနားက လေဟာနယ် တစ်ခုလုံးကို ရွှေရောင်အလင်းကြီး တစ်ခုက ပိတ်ဆို့ထားပြီး အဲဒီဟာနဲ့ တိုက်မိပြီးတဲ့ အနောက်ကို သူက အနောက်ကို ဆုတ်လိုက်ရပါတယ်။

သူက အံ့အားသင့် သွားခဲ့ပါတယ်။ သူ့ရဲ့အသက်ဓာတ်ကို လောင်ကျွမ်းထားရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ ကျင့်ကြံသူ တစ်ယောက်တောင်မှ သူထွက်ပြေးတာကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက အခုတော့ တကယ်ပဲ တားဆီးခံနေရပါတယ်။ ဒါက ဘာကိုဆိုလိုတာလဲ။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးထက် သာလွန်နေတာလား။

ခွန်အားက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံး အကန့်အသတ်ကို မကျော်လွှန်နိုင်ပါဘူး။ ဒါပေမဲ့ အဲဒါက တိုက်ပွဲစွမ်းရည်အတွက် တူညီရလိမ့်မယ်လို့ မဆိုလိုပါဘူး။

"ငါ့ဓားနဲ့ တစ်ချက်ပဲ တိုက်ခိုက်မယ်။ တကယ်လို့ မင်းက အဲဒါကို တားနိုင်ရင် မင်းအသက်ကို ငါချမ်းသာပေးမယ်"

လင်းဟန်က အော်လိုက်ပါတယ်။

"စစ်မှန်မှုအတွက်ပဲ"

ဒီစာကြောင်း နှစ်ခုက သူက အထိမ်းအမှတ် ရုပ်တုကနေ ကျွှမ်းကြီးကို ကြေညာလိုက်ပါတယ်။

“အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ”

“တန်ခိုးရှင်တွေကို သတ်။ တန်ခိုးရှင်တွေကို သတ်။ တန်ခိုးရှင်တွေကို သတ်”

အမှန်တရားကို သိနေတဲ့ အင်ပါယာ မြို့တော်က လူတွေက ချက်ချင်းပဲ ဩဘာပေးလိုက် ကြပါတယ်။ တခြားမြို့က လူတွေက အကြောင်းအရာကို ရှင်းရှင်းလင်းလင်း မသိကြပေမဲ့ သူတို့အားလုံးက သွေးတွေပွက်ပွက်ဆူလာကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ဧကရာဇ်က အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိတယ်လို့ ခံစားနေကြပါတယ်။ ဒါပေ့ါ။ ဟော့လျှန်ချွင်ရွှယ်က အထိမ်းအမှတ် ရုပ်တုကနေ တစ်ဆင့် အဖြစ်အပျက် တစ်ခုလုံးကို ရှင်းပြလိုက်ပါတယ်။ အခုအချိန်က လင်းဟန်အတွက်တော့ ပြိုင်ဘက်ကင်းတဲ့ ပုံရိပ်တစ်ခုကို တည်ဆောက်ဖို့ အကောင်းဆုံး အချိန်ပဲ ဖြစ်ပါတယ်။

မကြာခင်မှာ မဟာလင်း အင်ပါယာ တစ်ခုလုံးက သူတို့ရဲ့ ကောရာဇ်က တန်ခိုးရှင်တွေနဲ့ တိုက်ခိုက်နေပြီး သူတို့တွေကို မှော်ဆေးလုံးတွေအဖြစ် ဖော်စပ်ပစ်ဖို့ ကြံစည်နေတဲ့ တရားခံတွေ ဆိုတာကို သိသွားကြပါတယ်။

ရန်ကွမ်နဲ့ ရှောင်မြောင့်ယန်တို့က တန်ခိုးရှင်တွေ မဟုတ်ကြသေးပါဘူး။ ဒါပေမဲ့ ဘယ်သူကရော ဒီအသေးစိတ် အချက်အလက်တွေကို ဂရုစိုက်နေမှာလဲ။ ဟော့လျန်ချွင်ရှယ်က တန်ခိုးရှင်တွေရဲ့ အစွမ်းထက်ဆုံး လူနှစ်ယောက်လို့တောင် ပြောလိုက်ချင်ပြီး အဲဒီလိုသာဆို လင်းဟာန်က ပိုပြီးတော့ လွှမ်းမိုးလာနိုင်ပါလိမ့်မယ်။

နိုင်ငံထဲက လူတွေအားလုံး သွေးတွေပွက်ပွက် ဆူလာတဲ့ အချိန်မှာ လင်းဟာန်က သူစုပ်ယူတဲ့ နိုင်ငံစွမ်းအားက အတော်လေးကို သန်စွမ်းလာတာကို သတိပြုမိ သွားခဲ့ပါတယ်။ အရမ်းကို များပြားပြီးတော့ သူက

ပေါက်ကွဲထွက်လုမတတ် ပြည့်လာသလို ခံစားရပါတယ်။

နယ်မြေလေးခု ပေါင်းစည်းမှုက အလယ်ပိုင်း ဒေသကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါတယ်။

အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုအဆင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နိုင်ငံစွမ်းအားကို အများကြီး စုပ်ယူနိုင်ပါတယ်။ ပိုပြီးတော့ များလာရင် ပေါက်ကွဲထွက်သွား နိုင်ပါလိမ့်မယ်။ မာထိုပေါင်လို ကိုယ့်ကိုကိုယ် အသိရှိတဲ့ လူတစ်ယောက်တောင်မှ အလယ်ပိုင်းဒေသက ဝေစုတစ်ခုနဲ့တင် သူ့အတွက် လုံလောက်နေပါတယ်။

လင်းဟန်က သူ့စားကို ဖော့ယမ်းပြီး လျှို့ဝှက်ဆန်းကြယ်မှ သုံးထောင် နည်းစနစ်ကို အသုံးပြု လိုက်ပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မင်းက ဘယ်လိုလုပ်ပြီး

ဒီနည်းစနစ်ကို သိနေ”

ဖူး။

ရန်ကွမ်က လျှိုဝှက်ဆန်းကြယ်မှု သုံးထောင်ကို ကြည့်ပြီးတော့ အံ့အားသင့် နေခဲ့ပါတယ်။ ဒါက ကောင်းကင်ဓားဂိုဏ်းရဲ့ နည်းစနစ်တစ်ခု ဖြစ်ပြီးတော့ လွယ်လွယ်နဲ့ လက်ဆင့်ကမ်းတာ မဟုတ်ပါဘူး။ အဲဒါက ဘယ်လိုလုပ်ပြီးတော့ အောက်ဘုံက ပုရွက်ဆိတ်တစ်ကောင်ရဲ့ လက်ထဲမှာ ပေါ်လာရတာလဲ။ ဒါပေမဲ့ သူ့စကားမဆုံးခင်မှာ ဓားအလင်းတန်းကြောင့် သူ့ရဲ့ ခန္ဓာကိုယ်က အပိုင်းပိုင်းဖြစ်အောင် ခုတ်ခံလိုက်ရပါတယ်။

သူ့ရဲ့တိုက်ပွဲစွမ်းရည်နဲ့ ခန္ဓာကိုယ်က လက်ရှိ လင်းဟာန်ရဲ့ အခြေအနေနဲ့ ယှဉ်လိုက်ရင် ကွာဟချက် အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါကြောင့် နည်းစနစ်ပေါင်း

တစ်သောင်းမှ တစ်ခု သိုင်းကွက်ကို အသုံးပြုစရာ မလိုပါဘူး။

တိုက်ကွက်တစ်ခုတည်းနဲ့ တန်ခိုးရှင်ဘုံရဲ့ ပါရမီရှင်လို့ လူသိများ ထင်ရှားတဲ့ လူတစ်ယောက်က အခုလိုမျိုး အသတ်ခံလိုက်ရပြီး အောက်ဘုံရဲ့ ကုန်းမြေမှာ သေဆုံးသွားခဲ့ရပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူရဲ့ သွေးတွေက ဖိတ်လျှံထွက်လာပြီး ကောင်းကင်နဲ့ မြေကြီးကို တုန်လှုပ်စေပါတယ်။ ဒါက အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ နောက်ထပ် နှစ်ပေါင်းများစွာ ကြာတဲ့အခါမှာ အဆင့်မြင့် အရည်အသွေးရှိတဲ့ စိတ်ဝိညာဉ် ဆေးပင် တစ်ပင် ဒါမှမဟုတ် အနည်းငယ်လောက် ပေါက်လာနိုင်ပါတယ်။

"ရန်ကွမ်"

ရှောင်မြောင့်ယန်ကလည်း ပြေးနေရင်းနဲ့ ရန်ကွမ်ကို

လင်းဟန်က ဓားတစ်ချက်နဲ့ သတ်လိုက်တဲ့ မြင်ကွင်းကို လှည့်ကြည့်လိုက်ပြီးတော့ ပြင်းပြင်းထန်ထန်နဲ့ ပြောလိုက်ပါတယ်။

“နင်က တန်ခိုးရှင်ဘုံက လူကို သတ်ဝံ့တယ်ပေါ့။ နင်တော့ ကံဆိုးမိုးမှောင်ကျပြီး သေရလိမ့်မယ်။ ငါ့ဂိုဏ်းက အဆုံးမဲ့ လက်ရွေးစင် ရောက်လာတဲ့ အခါကျရင် နင့်ရဲ့အပြစ်ဒဏ် ခံရမဲ့ နေ့ဖြစ်လာလိမ့်မယ်”

လင်းဟန်ရဲ့ အမူအရာက အေးစက်စက် ရှိနေပြီး သူ့ဓားကို ကိုင်ပြီးတော့ ပေါ့ပါးဖျတ်လက်စွာနဲ့ လိုက်ဖမ်းလိုက်ပါတယ်။

“နှစ်ပေါင်းတစ်သောင်းပြည့်တိုင်း ဂိုဏ်းကြီးငါးဂိုဏ်းက မှော်ဆေးလုံးလေး တစ်လုံး ဖော်စပ်ဖို့ ဘုံတစ်ခုလုံးက သက်ရှိတွေ အားလုံးကို အသုံးချခဲ့တယ်။ နှစ်ထောင်သောင်းပေါင်းများစွာ ကျော်လွန်ခဲ့ပြီး

သွေးကြွေးတွေ ဘယ်လောက်တောင် တင်နေပြီလဲ။
တန်ခိုးရှင်ဘုံကို ငါရောက်တဲ့ အချိန်ကျရင်
ဂိုဏ်းကြီးငါးဂိုဏ်းကို ငါမြေလှန်ပစ်မယ်။ သူတို့ကို
ဒီအကြွေးဟောင်းတွေအတွက် မျိုးဆက်ပေါင်းများစွာ
တာဝန်ယူခိုင်းမယ်”

“ရေကန်ထဲက ငါးလေးတစ်ကောင်နဲ့ တူလိုက်တာ။
တန်ခိုးရှင်ဘုံက ဘယ်လောက်ကြီးတယ် ဆိုတာကို
နင်မသိပါဘူး။ ပြီးတော့ တန်ခိုးရှင်တွေက ဘယ်လောက်
သန်မာတယ် ဆိုတာကိုလည်း နင်မသိဘူး”

ရှောင်မြော့ယန်က သူမရဲ့ အသက်ဓာတ်ကို
လောင်ကျွမ်းပြီးတော့ အသည်းအသန် ပြေးနေပါတယ်။
မဟာလင်း အင်ပါယာကနေ သူမ လွတ်မြောက်သွားတာနဲ့
လင်းဟန်က နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့ ဆုံးရှုံးပြီးတော့
အရမ်းကို မသန်မာနိုင်တော့ပါဘူး။

အဲဒီအချိန်ကျမှ တကယ်လို့ သူက ဆက်ပြီးတော့ လိုက်လာရဲသေးတယ်ဆိုရင် သမူက ပြန်ပြီးတော့ တိုက်ခိုက် ရပါလိမ့်မယ်။

"အောက်ဘုံကိုတောင် သူတို့က အာရုံစိုက်နေတယ် ဆိုမှတော့ တန်ခိုးရှင်ဘုံမှာ ဂိုဏ်းကြီး ငါးဂိုဏ်းက သေချာပေါက် အားအနည်းဆုံး ဂိုဏ်းတွေ ဖြစ်ရမယ်လို့ ငါခန့်မှန်းလို့ ရနိုင်တယ်။ အများဆုံးမှ နေလအဆင့် ကျင့်ကြံသူတွေပဲ ရှိလိမ့်မယ်"

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

နေလအဆင့်ပဲ ရှိလိမ့်မယ်ဆိုတာ နင်က ဘာကို ဆိုလိုတာလဲ။ တန်ခိုးရှင်ဘုံမှာ အဆင့်တစ်ခု တက်ရတာ ဘယ်လောက်တောင် ခက်ခဲလဲ ဆိုတာကို နင်သိလို့လား။ တန်ခိုးရှင် အဆင့်တွေကို အဆင့်ကြီးငါးခု

ပိုင်းခြားထားတာကိုပဲ မကြည့်နဲ့။ သူတို့တွေ အကြား
ကွာခြားမှုက ကမ္ဘာကြီး တစ်ခုလောက် ရှိတယ်။ စကြဝဠာ
ဖျက်ဆီးခြင်း အဆင့်နဲ့ ကိုယ်ခန္ဓာပြုပြင် မွမ်းမံခြင်း
အဆင့်အကြားက ကွာခြားချက်မျိုးနဲ့တူတယ်။

အဆင့်တိုင်းကို အဆင့်လေး လေးခုစီ ခွဲထားသေးတယ်။
ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။ နောက်ပြီးတော့
ဘယ်သူမှ သူတို့ထက် အဆင့်သေးတစ်ခု ပိုမြင့်တဲ့ ပြိုင်ဘက်
တစ်ယောက်ကို မယှဉ်ပြိုင်နိုင်ပါဘူး။
အဆင့်သေးလေးတွေကို အစောပိုင်း အလယ်ပိုင်း
နောက်ပိုင်းနဲ့ အထွတ်အထိပ်အဆင့်လို့ ထပ်ပြီးတော့
ခွဲထားပြီး အဆင့်သေးလေး တစ်ဆင့်ကို
ကျော်ဖြတ်နိုင်တဲ့လူကို ပါရမီရှင် တစ်ယောက်
ထွက်ပေါ်လာတယ်လို့ ပြောလို့ ရပါတယ်။

ဒီအချက်တွေ အားလုံးကို ထည့်တွက်လိုက်ရင်
နေလအဆင့်က ဘယ်လောက်တောင်

အစွမ်းထက်လိုက်မလဲ။

အဲဒါက အနည်းဆုံးတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထက် အဆင့်ပေါင်း အနည်းငယ် ပိုပါတယ်။

“ဘယ်လောက်တောင် လေကြီးလိုက်သလဲ”

ရောင်မြောင့်ယန်က လင်းဟာန်ကို တန်ခိုးရှင်ဘုံနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ဝေမျှလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူမက ဒီလိုမျိုး အချက်အလက်တွေကို ရိရွမ်ရွမ်က လင်းဟာန်ကို ပြောပြထားတယ် ဆိုတာကိုလည်း မသိပါဘူး။ အခုချိန်မှာ ဘာပြောပြော အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ တန်ခိုးရှင်ဘုံက အဆုံးမဲ့ လက်ရွေးစင်တစ်ယောက်ပဲ လာခဲ့မယ်ဆိုရင် လင်းဟာန်ကို ပိတ်ဆို့ပြီး သူ့ကို တန်ခိုးရှင်ဘုံကို ခေါ်သွားပါလိမ့်မယ်။ အဲဒါဆိုရင် သူပြောတဲ့

မကျော်လွှားနိုင်ခြင်းဆိုတာက ရယ်စရာ ဟာသကြီးတစ်ခု ဖြစ်သွားပါလိမ့်မယ်။

တန်ခိုးရှင်ဘုံမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို သတ်ရတာက တန်ခိုးရှင် တစ်ယောက်က သူ့ခြေထောက်ကို မြှောက်ပြီးတော့ ပုရွက်ဆိတ်လေး တစ်ကောင်ကို သတ်တာနဲ့ ဘာများကွာခြားမှာလဲ။

“ဟားဟားဟား တကယ်လို့ မင်းသဘောမတူဘူးဆိုရင် ငါ့ဓားကွက် တစ်ကွက်ကို လက်ခံလိုက်လေ”

လင်းဟန်က အနောက်ကနေ အလျင်စလိုနဲ့ လိုက်လာပါတယ်။ တစ်ဖက်လူက သူမရဲ့ အသက်ဓာတ်ကို လောင်ကျွမ်းနေပြီး အဲဒါက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို

အသုံးပြုရင်တောင် တစ်ဖက်လူရဲ့ အမြန်နန်းကို ထိန်းချုပ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း ဒါက မဟာလင်း အင်ပါယာ ဖြစ်ပါတယ်။

Chapter 847 end

အပိုင်း(848) ကမ္ဘာမြေတစ်ခုလုံး တုန်ခါသွားလောက်တဲ့ လျှို့ဝှက်ချက်

မိုးကောင်းကင်အောက်က ကုန်းမြေအားလုံးက အင်ပါယာရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိပါတယ်။

ကမ္ဘာကြီးက ငါ့အပိုပဲ။ မင်းက ငါ့ပိုင်နက်ထဲမှာပဲ။ ဒါကိုတောင် မင်းက မင်းစိတ်ကြိုက် လာချင်သလိုလာ သွားချင်သလို ထွက်သွားချင်နေတာလား။ ဘယ်လိုဟာသလဲ။

လင်းဟန်က သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ တွန်းလိုက်ပါတယ်။ ချက်ချင်းဆိုသလို မရေမတွက်နိုင်တဲ့ လေလှိုင်းတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒါတွေက ရှောင်မြောင့်ယန်ဆီကို နတ်ဘုရား ဓားတွေ အစုံလိုက်လိုမျိုး စတင်ခုတ်ပိုင်း လိုက်ပါတယ်။

ဒါက သူ့ရဲ့ တိုက်ပွဲစွမ်းရည် မဟုတ်ပါဘူး။ နိုင်ငံစွမ်းအားကို အသုံးပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် သူက မဟာလင်း အင်ပါယာကို အမိန့်ပေးလိုက်တာနဲ့ နိုင်ငံအတွင်း ထောင့်တိုင်းမှာ ရှိတဲ့ အထိမ်းအမှတ် ရုပ်တုတွေက အတားအဆီး ပြုလုပ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက အရမ်းကို ကြီးမားတဲ့ စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တစ်ခု ထောက်ပံ့ဖို့ လိုပါတယ်။ တကယ်လို့ လင်းဟန်ရဲ့ စိတ်ဝိညာဉ်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေတယ် ဆိုရင်တောင် အဆုံးမရှိ နယ်နိမိတ် အကန့်အသတ်ကို

မရောက်နိုင်သေးပါဘူး။

ဒါပေမဲ့ ရှောင်မြောင့်ယန်က သူ့အရှေ့ ဆယ်လီအကွာမှာ ဖြစ်ပါတယ်။ တကယ်လို့ သူက ဒီလိုမျိုး အကွာအဝေးတိုတိုလေး တစ်ခုကိုတောင် မထိန်းချုပ်နိုင်ဘူးဆိုရင် သူက အရမ်းကို အသုံးမကျသလို ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ နိုင်ငံစွမ်းအားကလည်း အရမ်းကို အဓိပ္ပါယ် မရှိသလို ဖြစ်ပါလိမ့်မယ်။

ဖူး။

ရှောင်မြောင့်ယန်ကို ထိမှန်သွားပါတယ်။ ဒါပေမဲ့လည်း ဒါက နိုင်ငံစွမ်းအားသက်သက်ပါပဲ။ ဒါက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ကိုးလုံးပဲ ရှိပါတယ်။ အများဆုံး ကြယ်ဆယ်လုံးရဲ့ ခွန်အားပေါ့။ ပြီးတော့ အဲဒါက သူမကို ခြိမ်းခြောက်ဖို့ မလုံလောက်ပါဘူး။ အဲဒါက သူမရဲ့

အဂဝတ်အစားကို နည်းနည်းလေး စုတ်ပြဲသွားစေနိုင်ရုံပါပဲ။ သူမကလည်း တန်ပြန်တိုက်ခိုက်မှု တချို့ကို ပြန်တိုက်ခိုက်ခဲ့ပါသေးတယ်။

တကယ်တော့ သူမမှာ မွန်းစတား တစ်ကောင်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မရှိပါဘူး။ သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီတိုက်ခိုက်မှုတွေကို အတင်းအကျပ် ထိပ်တိုက်ရင်ဆိုင် ခံယူဝံ့မှာလဲ။

ဒါကြောင့် သူမရဲ့ အမြန်နှုန်းအပေါ်မှာ အတော်လေး အကျိုးသက်ရောက်မှု ရှိသွားပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ သူ့လက်ကို မြှောက်လိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ လေဓားသွားတွေက ရှောင်မြောင့်ယန်ဆီကို နောက်ထပ် ပြေးဝင်သွားပါတယ်။

သူကလည်း တပြိုင်နက်တည်းမှာ ပြေးသွားလိုက်ပါတယ်။

နိုင်ငံစွမ်းအားက လုံးဂကို ကုန်ခမ်းနိုင်ခြင်း မရှိပါဘူး။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ကနေ ခွန်အားမြှင့်တင်ထားတာက အနည်းဆုံး တစ်နာရီလောက်ပဲ အချိန်ရပါလိမ့်မယ်။ တကယ်လို့ သူက ရှောင်မြောင့်ယန်ကို အဲဒီအချိန်အတွင်းမှာ လိုက်ဖမ်းပြီးတော့ မသတ်ပစ်နိုင်ဘူးဆိုရင် သူ့အနေနဲ့ နောက်ကနေ လိုက်တာကို လက်လျှော့လိုက်ရပါလိမ့်မယ်။

နိုင်ငံစွမ်းအား တစ်ခုတည်းနဲ့ သူက ရှောင်မြောင့်ယန်ရဲ့ ပြိုင်ဘက် မဟုတ်ပါဘူး။ တကယ်တော့ သူတို့ရဲ့ အစစ်အမှန် အဆင့်ကြားက ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။

ဖူး ဖူး ဖူး။

ရှောင်မြောင့်ယန်က သူမရဲ့ ဓားကို ဝှေ့ယမ်းပြီးတော့ သူမဆီကို ပြေးဝင်လာတဲ့ လေဓားသွားတွေကို

အဆက်မပြတ် ခုတ်ချလိုက်ပါတယ်။ ဒါပေမဲ့လည်း သူမကို အံ့အားသင့် သွားစေခဲ့တာက လင်းဟန်က ပိုပိုပြီးတော့ နီးလာတာကို တွေ့လိုက်ရလို့ ဖြစ်ပါတယ်။

သူမက ဒီလေဓားသွားတွေနဲ့ ဆက်ပြီးတော့ အချိန်မဖြုန်းတော့ပဲ သူမရဲ့ သေကွင်းသေကွက် နေရာတွေကို မူလစွမ်းအင်နဲ့ ကာကွယ်ပြီးတော့ သူမရဲ့အသက်အတွက် အစွမ်းကုန် ကြိုးစားပြီး ထွက်ပြေးပါတယ်။

သူမရဲ့ ဒီလုပ်ရှားမှုက သူမကို ပြင်းထန်တဲ့ ဒဏ်ရာတွေ ဖြစ်စေခဲ့ပြီး အဲဒီအကျိုး သက်ရောက်မှုက သူမနဲ့ လင်းဟန်အကြားက အကွာအဝေးကို နောက်တစ်ကြိမ် ပိုပြီးတော့ နီးကပ်စေပါတယ်။ သူမရဲ့ အမြန်နှုန်းနဲ့ဆိုရင် မြောက်ပိုင်းပင်လယ်ကို ရောက်ဖို့အတွက် နေ့တစ်ဝက်တောင် မလိုပါဘူး။ အဲဒီနေရာက မဟာလင်း အင်ပါယာရဲ့ နိုင်ငံစွမ်းအား ရောက်ရှိနိုင်မှုရဲ့ အကွယ်မှာ ရှိပါတယ်။

အဲဒီကိုရောက်ရင် ဘယ်သူက ဘယ်သူ့ကို သတ်မလဲ ဆိုတာကို ကြည့်ကြတာပေ့ါ။

ရှောင်မြောင့်ယန်ရဲ့ မျက်လုံးတွေမှာ သတ်ဖြတ်ခြင်း ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။ သူမက တန်ခိုးရှင်ဘုံထဲမှာတောင် ဒီလိုမျိုး သနားစရာကောင်းတဲ့ အခြေအနေတစ်ခုမျိုး ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ အခုတော့ အောက်ဘုံမှာ သူမရဲ့ အသက်အတွက် သူမရဲ့ အသက်ဓာတ်ကို လောင်ကျွမ်းပြီးတော့ ထွက်ပြေးနေရပါတယ်။

သူမ ဒေါသတွေ ထွက်နေတဲ့ အချိန်မှာ သူမအရှေ့မှာ သေးငယ်တဲ့ အစက်အပြောက်လေး တစ်ခုကို မြင်လိုက်ရပါတယ်။ အဲဒီနောက် လက်သီးတစ်လုံးက သူမကို ထိမှန်သွားပါတယ်။

“ညိုးညိုးရဲ့ လေမုန်တိုင်း လက်သီး”

ဂုန်း။

ဒီလက်သီးက သူမရဲ့ မျက်နှာပေါ်ကို ပြင်းပြင်းထန်ထန် ထိမှန်သွားပါတယ်။

ရှောင်မြောင့်ယန်က သူမရဲ့ အရှေ့မှာ လူတစ်ယောက်က ရုတ်တရက် ပေါ်လာခဲ့မယ်လို့ လုံးဝကို ထင်မှတ်မထားမိခဲ့ပါဘူး။ သူမက လေထဲမှာ ပြေးလွှားနေရင်း လေးဘက်လေးတန် ပတ်ဝန်းကျင်ကိုလည်း လေ့လာနေပြီး ဘယ်သူကမှ အရှေ့မှာ ရှိမနေပါဘူး။ အဲဒါက ဒီချောင်းမြောင်း လုပ်ကြံမှုကို ကျူးလွန်တဲ့သူက သူမရဲ့ အနောက်ကနေ နီးကပ်လာတာ တစ်ခုပဲ ဖြစ်နိုင်ပါတယ်။

ဟင့် တစ္ဆေတစ်ကောင်များလား။ သူမက သူမရဲ့

အသက်ခတ်ကို လောင်ကျွမ်းပြီး ပြေးနေတာပါ။ ဘယ်သူက သူမကို ဖမ်းနိုင်မှာလဲ။

သူမရဲ့ နာခေါင်းကနေ သွေးစီးကြောင်းတစ်ခု စီးကျလာပြီး သူမရဲ့ အပေါ်ပိုင်း ခန္ဓာကိုယ်က အနောက်ဘက်ကို လှန်ကျသွားခဲ့ပါတယ်။ ဒီလိုမျိုး အရှိန်အဟုန် မြင့်မားစွာနဲ့ ပြေးနေတဲ့ အချိန်မှာ လက်သီးတစ်ချက် ခံလိုက်ရတာက သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားစေခဲ့ပါတယ်။

"ညိုးညိုး နာသွားပြီ"

ဟူးညိုက သူမလက်ကို ကပျာကယာ ခါလိုက်ပါတယ်။ သူမရဲ့ လက်သီးနဲ့ ရှောင်မြောင့်ယန်ရဲ့ မျက်နှာကို တိုက်ခိုက်လိုက်တယ် ဆိုပေမဲ့ သူမရဲ့ လက်သီးကလည်း တူညီတဲ့ အင်အားတစ်ခု ထိမှန်သွားတဲ့ သဘောသက်ရောက်

သွားခဲ့ပါတယ်။ ရှောင်မြောင့်ယန်ရဲ့ အရိုန်အဟုန်နဲ့ဆို သူမရဲ့ လက်က အရိုးတွေအားလုံး ကျိုးသွားပြီး လက်မောင်းတစ်ဖက်လုံးတောင် အားပျော့သွားပါတယ်။

"သေစမ်း"

ရှောင်မြောင့်ယန်က ဖြည်းညှင်းစွာနဲ့ သတိပြန်ဝင် လာခဲ့ပါတယ်။ အဲဒီနောက် သူမက ဟူးညို့ကို စိုက်ကြည့်ပြီး သတ်ဖြတ်ခြင်း ဆန္ဒတွေ ပေါက်ကွဲထွက်နေပါတယ်။

ဒီကလေးမ ကိုယ်ပေါ်မှာ အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ ရတနာတစ်ခု ရှိပါတယ်။ တန်ခိုးရှင်ဘုံက အဆုံးမဲ့ လက်ရွေးစင်တွေတောင် ငမ်းငမ်းတက် လိုချင်ပါလိမ့်မယ်။

ငါ သူ့ကို သတ်ပစ်ပြီး ရတနာကို လုယူမယ်။ ပြီးတော့ ငါ့ဘာသာငါ သန့်စင်လိုက်မယ်။

ရှောင်မြောင့်ယန်က လောဘတွေ ပြည့်နေတဲ့ပ အမူအရာတစ်ခု ဖြစ်လာပါတယ်။ ဒါက အရမ်းကို ရှားပါးတဲ့ အခွင့်အရေး တစ်ခုက သူမရဲ့ တံခါးဂ အရှေ့ကို ရောက်လာသလိုပါပဲ။

“မင်းကိုယ်မင်း အရမ်းကို အထင်ကြီးနေပြီ”

အဲဒီအချိန်မှာ အေးစက်စက် အသံတစ်ခုက သူမရဲ့ အနောက်ကနေ ထွက်ပေါ်လာပြီး သူမရဲ့ ခန္ဓာကိုယ်ပေါ် ရေခဲရေနဲ့ လောင်းချလိုက်သလိုမျိုး ခံစားရပြီး ချက်ချင်းပဲ သူမရဲ့ နဖူးပေါ်မှာ အေးစက်စက် ချွေးတွေနဲ့ ဖုံးလာခဲ့ပါတယ်။

သူမက အနောက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ လင်းဟန်က မရဏဓားကို ဖော့ယမ်းပြီးတော့ ပြေးလာတာကို တွေ့လိုက်ရပါတယ်။

“ငါ့ကို မသတ်ပါနဲ့။ ငါနင့်ရဲ့ မိန်းမ လုပ်နိုင်ပါတယ်”

သူမက စူးစူးဝါးဝါးနဲ့ အော်လိုက်ပါတယ်။

“ငါ့ရဲ့ ရုပ်ရည် သိုင်းပညာ ပါရမီနဲ့ဆိုရင် သေချာပေါက် နင့်ကို အကူအညီ ပေးနိုင်မှာပါ”

သူမက စိတ်ထဲကနေ ကျိတ်ပြီးတော့ သရော်နေပါတယ်။ ဒါက ဗျူဟာတစ်ခုပဲ ဖြစ်ပြီးတော့ သူမအတွက်တော့ ဒီလူကို အစွမ်းကုန် ကြိုးစားပြီး သတ်ပစ်ချင်ပါတယ်။

“မင်းအိပ်မက်ထဲပဲ ရမယ်”

လင်းဟာန်က သူမ့စားကို ဝှေ့ယမ်းပြီး နည်းနည်းလေးမှတောင် မရပ်တန့်ပါဘူး။

ဘာ။

သူမက အရမ်းကို ချောမောလှပပြီး ဒီလိုမျိုး အံ့မခန်း သိုင်းပညာ ပါရမီလည်း ရှိပါတယ်။ ဒါတောင် သူက သူမကို တိုက်ခိုက်ချင်နေသေးတာလား။

ရှောင်မြောင့်ယန်က ကျယ်လောင်စွာ အော်လိုက်ပြီး သူမရဲ့ အတောင်ပံတွေကို ဖြန့်လိုက်ပါတယ်။ သူမက အစွမ်းကုန် ကြိုးစားပြီး ဒီတိုက်ခိုက်မှုကို ကြိုးစားရှောင်တိမ်းချင်ခဲ့ပါတယ်။

ဖူး။

ဓားအလင်းရောင် တစ်ချက် လက်သွားပြီး လူတစ်ယောက်ရဲ့ ခေါင်းက လွင့်စဉ်သွားပါတယ်။ ခေါင်းပြတ်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်မှု၊ မယုံကြည်နိုင်တဲ့ အမူအရာတွေနဲ့ သွေးတွေက

ဖိတ်လျှံထွက်နေပြီး မိုးကောင်းကင်နဲ့ မြေကြီးကိုတောင် တုန်ခါသွားစေခဲ့ပါတယ်။ ဝုန်း။ ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်ကြီးက မြေကြီးပေါ်ကို လဲပြိုကျသွားခဲ့ပြီး တွန့်လိမ်ခြင်းတောင် မရှိပါဘူး။ သူမက တစ်ခါတည်း တန်းပြီးတော့ အသတ်ခံလိုက်ရပါတယ်။

ဒါက မိုးကောင်းကင်အောက်က နံပါတ်တစ် သတ်ဖြတ်ခြင်း ဓားဖြစ်ပါတယ်။

လင်းဟာန်က သူ့ဓားကို ပြန်သိမ်းပြီးတော့ ပြောလိုက်ပါတယ်။

“ဘယ်လိုနေသေးလဲ။ ဒဏ်ရာက ကြီးလား သေးလားဆိုတာ ငါကြည့်ဦးမယ်”

“ညီးညီး အရမ်းနာတယ်”

ဟူးညိုက နှုတ်ခမ်းစူပြီးတော့ လုံးဂကို စိတ်ဆိုးနေပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် ဆေးပင်တွေ ထုတ်ယူပြီးတော့ ဟူးညိုကို ပြုစုပေးပြီး ပြုံးပြလိုက်ပါတယ်။

“မင်းက တကယ်ပဲ ရဲတင်းပြီးတော့ မဆင်မခြင် လုပ်တာပဲ။ သူမကိုတောင် သွားပြီးတော့ တားဆီးရဲတယ်။ စောစောတုန်းက ညိုးညိုး အပိုင်းပိုင်းအစစ ဖြစ်သွားပြီးလားလို့ ငါတောင် ထိတ်ခနဲဖြစ်ပြီးတော့ ကြက်သီးထသွားသေးတယ်”

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က အသည်းအသန် ထွက်ပြေးနေတဲ့ အချိန်မှာ နောက်ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ လူတစ်ယောက်က အသက်ဓာတ်ကို လောင်ကျွမ်းပြီးတော့ ပြေးနေရင်း တစ်ခုခုနဲ့ ဂင်တိုက်မိတယ်ဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ ဂင်ဆောင့်မှုဒဏ်ကြောင့်

မှန့်မှန့်ညက်ညက် ကြွေသွားနိုင်ပါတယ်။

ဒါပေမဲ့ ဟူးညိုကတော့ ဟူးညိုပါပဲ။ သူမက နိုင်းယှဉ်လို့ မရသိလို ပုံမှန်စည်းမျဉ်းတွေနဲ့လည်း တိုင်းတာလို့ မရနိုင်ပါဘူး။

“ခစ်ခစ် ဒီစုန်းမကလည်း လင်းဟန်ရဲ့ အမျိုးသမီး ဖြစ်ချင်နေသေးတယ်။ ညိုးညိုးက ဒါကို သဘောမတူနိုင်ပေါင်”

ဟူးညိုက သူမရဲ့ တခြားလက်တစ်ဖက်နဲ့ လင်းဟန်ကို ဖက်လိုက်ပါတယ်။

“လင်းဟန်က ညိုးညိုးရဲ့ အပိုင်ပဲ”

သူမရဲ့ အမူအရာက လင်းဟန်ကို လက်ဝါးကြီး အုပ်ချင်တဲ့ ပုံစံမျိုးပါပဲ။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ ဒီမိန်းကလေးကတော့ လုံးဂကို မပြောင်းလဲပါဘူး။ သူမအသက် ငါးနှစ်လောက်က အခုလိုမျိုးပဲ ပြောပါတယ်။ ပြီးတော့ ဆယ်နှစ်လည်း ဒီလိုပဲ ပြောပါတယ်။ ဒါပေမဲ့လည်း ကလေးမက ကြီးပြင်းလာပြီး အခုဆိုရင် အပျိုပေါက်လေး တစ်ယောက်လို့ ခေါ်နိုင်ပါပြီ။ အပျိုပေါက်တစ်ယောက်ရဲ့ အရိပ်အယောင် အနည်းငယ် ပိုင်ဆိုင်ထားပါပြီ။

"ညီုးညီုးရဲ့ ခန္ဓာကိုယ် ပြန်ပြီးတော့ ကောင်းမွန်လာဖို့ အရသာရှိတဲ့ အစားအသောက်တွေ အများကြီး ညီုးညီုး စားချင်တယ်"

ဟူးညီုက လင်းဟန်ရဲ့ လက်ကို ဆွဲလုပ်ပြီးတော့ အစားအသောက် တောင်းလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ရောင်မြောင့်ယန်ရဲ့ ခန္ဓာကိုယ်ကို အရင်ဆုံး ရှာလိုက်ပါတယ်။ သူမရဲ့ သိုလှောင်ပစ္စည်းကို ရှာမတွေ့ပါဘူး။ သူမက တန်ခိုးရှင်ဘုံကနေ ဆင်းလာတုန်း သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းကို ပျက်စီးပစ်လိုက်တာများလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူတစ်ယောက်က ရတနာတွေ အများကြီးကို အတူတူ ယူဆောင်နိုင်ပါလိမ့်မယ်။ သူတို့အဖွဲ့က လူတိုင်းလူတိုင်းက တန်ခိုးရှင် သွေးတစ်စက်ကိုပဲ ယူလာတာတော့ မဟုတ်လောက်ပါဘူး။

လင်းဟာန်နဲ့ ဟူးညို့က အနက်ရောင် မျှော်စင်ထဲကို ဝင်လာခဲ့ပါတယ်။ သူက ဟူးညို့အတွက် အစားအသောက်တွေ အရင်ပြင်ပေးလိုက်ပါတယ်။ ဟူးညို့ကို ကျေနပ်တဲ့အထိ စားသောက်စေပြီး သူမရဲ့ လက်မောင်းကျိုးနေတဲ့ နာကျင်မှု ဝေဒနာကို မေ့သွားစေခဲ့ပါတယ်။

အဲဒီနောက် လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ဆုပ်ကိုင်လိုက်ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာတော့ လင်းဟန်က နတ်ဘုရားတစ်ပါးပဲ ဖြစ်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က တုန်လှုပ်လို့ နေပါတယ်။ သူ့ကို မျှော်စင်လေးက သင်ခန်းစာ ကောင်းကောင်း ပေးထားပါတယ်။ အခု သူမှာ ဒေါသမရှိတော့ပဲ မြေးတစ်ယောက်လို လိမ်လိမ်မာမာနဲ့ ရိုကျိုးနေပါတယ်။

ကေရာဇ်လို့ တူညီစွာနဲ့ ပြောဆိုနေပေမဲ့ သူ့ရဲ့ အရှိန်အဝါနဲ့ မိုးကြိုးလျှပ်စီးနဲ့ မီး ကောင်းကင်ဘုံ ကေရာဇ်ရဲ့ အရှိန်အဝါက အပြတ်အသတ်ကြီး ကွာလွန်းပါတယ်။

“ငါမင်းကို ပြောပါမယ်။ ကမ္ဘာမြေကြီးတောင်

တုန်လုပ်သွားစေမဲ့ လျှို့ဝှက်ချက် တစ်ခုကို ငါမင်းကို ပြောပြပါမယ်။ ငါ့ကို မသတ်ပါနဲ့”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လင်းဟန်ကို မြင်လိုက်တာနဲ့ အလျင်အမြန်ပဲ အော်ပြောလိုက်ပါတယ်။ အစောပိုင်းတုန်းက ဒီနေရာမှာ သူ့ရဲ့အသက်က လုံးဝကို အထိခိုက် မခံနိုင်ဘူး ဆိုတာကို မျှော်စင်လေးက သက်သေပြခဲ့ ပြီးပါပြီ။

သူက ဖရိုဖရဲ အရင်းအမြစ် ကျောက်တုံးကိုတောင် သန့်စင်နိုင်ခဲ့ပါတယ်။ သူ့လိုမျိုး နတ်ဆိုးချီ အမျှင်တစ်ခုက ဘာများတတ်နိုင်မှာလဲ။

လင်းဟန်က လေထဲမှာ ကြက်ခြေခတ်ပုံစံ ထိုင်လိုက်ပါတယ်။ သူ့အနေနဲ့ သူ့ကိုယ်ပိုင် အသက်အတွက် သူရဲဘောကြောင်နေတဲ့ လူစားမျိုးကို မျက်နှာသာပေးပြီး

ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ တစ်ဖက်လူက သေမှာကို မကြောက်ပဲ အော်ဟစ်နေဦးမယ် ဆိုရင်တောင် သူက အနည်းဆုံးတော့ လေးစားမိပါဦးမယ်။ မကျေနပ်တဲ့ လေသံနဲ့ လင်းဟန်က မေးလိုက်ပါတယ်။

“လျှို့ဝှက်ချက် တချို့ကို အသုံးချပြီးတော့ သေခြင်းကနေ ရှောင်လွှဲနိုင်လိမ့်မယ်လို့ မင်းကို ဘယ်သူပြောလဲ”

“ဒီလျှို့ဝှက်ချက်ကို မင်းသေချာပေါက် စိတ်ဝင်စားလိမ့်မယ်”

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က အလျင်အမြန်ပဲ အော်ပြောလိုက်ပါတယ်။

“ဒီလျှို့ဝှက်ချက်က အောက်ဘုံတစ်ခုလုံးနဲ့ ပတ်သက်နေတယ်”

Chapter 848 end

အပိုင်း(849) အောက်ဘုံရဲ့ မူလ

“ငါ့ကို စိတ်မရှည်အောင် မလုပ်နဲ့”

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ အထင်သေးစွာ ပြောလိုက်ပါတယ်။

“ငါ့ကို မသတ်ပါဘူးလို့ မင်းအရင်ဆုံး ကျိန်ဆိုရမယ်”

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က သူ့ရဲ့ အခြေအနေကို တောင်းဆိုလိုက်ပါတယ်။

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်ကို မျက်လုံးပြူးပြီးတော့ စိုက်ကြည့်ကာ ပြောလိုက်တယ်။

“မေ့လိုက်တော့။ ငါစိတ်မဝင်စားတော့ဘူး”

အဲဒီနောက် လင်းဟန်က သူ့လက်ဝါးကို မြှောက်ပြီးတော့ တိုက်ခိုက်မဲ့ပုံ ပြင်လိုက်ပါတယ်။

“မလုပ်ပါနဲ့။ မလုပ်ပါနဲ့။ ငါဒီအကြောင်းကို ယဉ်ယဉ်ကျေးကျေး ပြောပြပေးပါ့မယ်။ ကြမ်းကြမ်းတမ်းတမ်း လုပ်ဖို့ မလုပ်ပါဘူး”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

“ငါ လျှို့ဝှက်ချက် တချို့ကို အရင်ဆုံး ထုတ်ပြောနိုင်တယ်”

“ပြော”

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က သူ့ရဲ့ တုံ့ပြန်မှုအပေါ်မှာ တမင်သက်သက် ချောင်းအသာ ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"အောက်ဘုံက ကျွန်မာငယ်လေး တစ်ခုဖြစ်တယ်"

ဘာလဲဟ။

ဒီကောင် ဖွတ်ကျားလား။ ကျွန်မာငယ်လေး တစ်ခုက သက်ရှိတွေအတွက် တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက အမြဲတမ်း ပစ်မှတ်ထားနေတာပဲ မဟုတ်ဘူးလား။

"အဓိပ္ပါယ်မရှိတာတွေ ဆက်ပြောနေဦးမယ်ဆိုရင် မင်းရဲ့ သေခြင်းတရားက မြန်မြန်ရောက် လာလိမ့်မယ်။ ငါ့ကို လှောင်ပြောင်နေတာလား"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ဒီတစ်ကြိမ် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က မကြောက်မလန့်နဲ့ ပြန်ဖြေလိုက်ပါတယ်။

“လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသန်း လေးသန်းအကျော်က ဒီအောက်ဘုံဟာ တန်ခိုးရှင်ဘုံရဲ့ အစိတ်အပိုင်းလေး တစ်ခုဖြစ်ခဲ့တယ်လို့ ငါကမင်းကို ပြောရင်ရော ဘယ်လိုလဲ”

ဘာ။

ဒီသတင်းအပိုင်းအစ တစ်ခုက လင်းဟန်ဆီက ထိပ်ထိပ်ပျာပျာ တုံ့ပြန်မှု ရအောင်လို့ လှုံ့ဆော်နိုင် ခဲ့ပါတယ်။ ဒါက ဘာကိုဆိုလိုတာလဲ။ အောက်ဘုံက အစတုန်းက တန်ခိုးရှင်ဘုံရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့တာလား။ ဒါဆိုရင် ဘယ်လိုလုပ်ပြီးတော့ တန်ခိုးရှင်ဘုံကနေ ပဲ့ထွက်လာပြီး

ကျွှမ်းကျင်လေး တစ်ခုအဖြစ်ကို ပြောင်းလဲသွားတာလဲ။

တွေးတွေးဆဆ အမူအရာ တစ်ခုနဲ့ လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို စိုက်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းအသက်ကို ကယ်တင်နိုင်ဖို့အတွက် ပုံပြင်တွေကို လုပ်ကြံပြီးတော့ ပြောနေတာတော့ မဟုတ်ပါဘူးနော်"

ဒါက အရမ်းကို လွန်လွန်းသွားပါပြီ။

"ငါပြောတာ အားလုံး အမှန်တွေ ဆိုတာကို မိုးကောင်းကင်ကို ငါကျိန်ဆိုနိုင်တယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ပေါ့ပါးဖျတ်လတ်စွာနဲ့ပဲ

မိုးကောင်းကင်သစ္စာ ဆိုလိုက်ပါတယ်။

လင်းဟာန်က ခဏစဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ မင်းသိထားတဲ့ အရာအားလုံး ငါ့ကို တစ်ခုမကျန် အစကနေ အဆုံးထိ ရှင်းရှင်းလင်းလင်းနဲ့ ပြောပြ။ နည်းနည်းလေးမှ ထိမ်ချန်မထားခဲ့နဲ့။ တကယ်လို့ ဒီသတင်းတွေက အမှန်ဆိုရင် မင်းကို အသက်မချမ်းသာပေးနိုင်စရာအကြောင်း မရှိဘူး"

"ကျေးဇူးတင်ပါတယ် သခင်လေးဟာန်။ ကျေးဇူးတင်ပါတယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရိုရိုကျိုးကျိုးနဲ့ တုံ့ပြန်လိုက်ပါတယ်။ သူ့ရဲ့ပုံစံက တကယ့်ကို ကပ်ပါးရပ်ပါး လူတစ်ယောက်နဲ့ တူပါတယ်။

“ဒါဆိုပြောတော့”

လင်းဟန်က လက်ဟန်အမူအရာနဲ့ ပြောလိုက်ပါတယ်။ ဒီကောင်စုတ်က ဘယ်လိုလုပ်ပြီးတော့ ကေရာဇ် တစ်ယောက်ဆိုတဲ့ ဘွဲ့ထူးနဲ့ ထိုက်တန်မှာလဲ။ သူက ဒီစကားလုံးကို ဂုဏ်သိက္ခာမဲ့အောင် လုပ်နေတာပဲ။

“ဟုတ်ကဲ့ ဟုတ်ကဲ့”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့အတွေးတွေကို စည်းရုံးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအောက်ဘုံက ဟိုးအရင်တုန်းက တန်ခိုးရှင်ဘုံမှာ ရှိခဲ့တယ်။ ဒါပေမဲ့ ရုတ်တရက် ဆိုသလို ပျောက်ကွယ်သွားခဲ့တယ်။ ဒါက ငါတို့မြေအောက်ကမ္ဘာရဲ့ ထိပ်ပိုင်းအကြီးအကဲ တော်တော်များများရဲ့ သိချင်စိတ်ကို

တဖွားဖွား ဖြစ်ပေါ်လာစေပြီး တန်ခိုးရှင်ဘုံထဲမှာ သူတို့က စတင်ပြီးတော့ စုံစမ်းခဲ့ကြတယ်”

“အဆုံးမှာ ဒီကုန်းမြေအပိုင်းအစက တန်ခိုးရှင်ဘုံကနေ ခွဲထွက်ပြီးတော့ ကမ္ဘာငယ်လေး တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့တယ်လို့ သုံးသပ်ချက် ချခဲ့ကြတယ်”

“အရမ်းကို သိချင်လာတာကြောင့် အဆုံးမဲ့ လက်ရွေးစင်တွေက အောက်ဘုံကို နောက်တစ်ကြိမ် လေ့လာစုံစမ်းခဲ့ကြတယ်။ အဲဒီမှာ ပိုပြီးတော့တောင် အံ့အားသင့်စရာကောင်းတဲ့ ကိစ္စတစ်ခုကို ရှာတွေ့ခဲ့ကြတယ်။ အဲဒါက အောက်ဘုံက အနည်းဆုံး လွန်ခဲ့တဲ့ နှစ်ပေါင်းဆယ်သန်းလောက်က ကမ္ဘာငယ်လေး တစ်ခု ဖြစ်နေခဲ့ပြီးမှ မိုးကောင်းကင်ကို ဖွင့်လှစ်တဲ့ နည်းလမ်းနဲ့ တန်ခိုးရှင်ဘုံကို ဂင်လာခဲ့တယ်ဆိုတဲ့ အကြောင်းပဲ”

"ဒါက ဘယ်တုန်းကမှ မဖြစ်ပျက်ဖူးခဲ့တဲ့ အရာတစ်ခုလိုပဲ။ ကျွှမ်းကျင်မှုလေး တစ်ခုက မိုးကောင်းကင်ကို ဖွင့်လှစ်တဲ့ နည်းလမ်းနဲ့ တန်ခိုးရှင်ဘုံကို ရောက်လာပြီးမှ အဲဒီနောက်မှာ ကျွှမ်းကျင်မှု အသစ်တစ်ခု အဖြစ်ကို ပြန်ပြောင်းသွားခဲ့တယ်"

"အဆုံးမဲ့ လက်ရွေးစင် အားလုံးက ဒီလိုပြောင်းလဲမှု တစ်ခုကြောင့် အောက်ဘုံထဲမှာ တန်ဖိုးရှိတဲ့ ရတနာတွေ ထွက်ပေါ်လာ လိမ့်မယ်လို့ ကောက်ချက်ချခဲ့ကြတယ်။ ဒါကြောင့် အဆုံးမဲ့ လက်ရွေးစင်အားလုံးက အောက်ဘုံမှာ ရှာဖွေကြပြီး ဘယ်လိုမျိုး ရှားပါးတဲ့ ရတနာပစ္စည်း အမျိုးအစားတွေ ထွက်ပေါ်လာမလဲ ဆိုတာကို သိချင်နေကြပြီး အခွင့်အလမ်းရတာနဲ့ အဲဒါကို လုယူဖို့ စိတ်ကူးနေကြတယ်"

"ဒါပေမဲ့ ဒီနေရာမှာ ကျွှမ်းကျင်မှုလေးတွေ အများကြီး ရှိတယ်။ နောက်ပြီးတော့ ဒီနေရာကို အောက်ဘုံလို့ ခေါ်တယ်။ ဒါပေမဲ့လည်း အရင်တုန်းက တန်ခိုးရှင်ဘုံမှာ

ဒီလိုနာမည်တော့ မဟုတ်ဘူး။ ဒါကြောင့် ဒီကမ္ဘာငယ်လေးကို တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းလို အစွမ်းနည်းတဲ့ လူတွေ နည်းနည်းလေး ထိန်းချုပ်နေတာကို ဘယ်သူမှ မသိဘူး။ ဒါကြောင့် အဆုံးမဲ့ လက်ရွေးစင်တွေက အဲဒါကို ရှာဖွေဖို့ အရင်းအမြစ်တွေ အများကြီး သုံးစွဲခဲ့ရတယ်”

လင်းဟာန်က လက်ဟန်အမူအရာနဲ့ မေးလိုက်ပါတယ်။

“အရင်တုန်းက အောက်ဘုံကို ဒီလိုနာမည်မျိုး မခေါ်ဘူးဆိုတော့ မင်းက ဘယ်လိုလုပ်ပြီးတော့ သိတာလဲ။ ဒါက တန်ခိုးရှင်ဘုံကနေ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ခွဲထွက်လာတဲ့ ကုန်းမြေအပိုင်းအစ တစ်ခုမဟုတ်လား”

“ဒါက အရမ်းကို ရိုးရှင်းပါတယ်။ ငါဒီနေရာကို ဘာဖြစ်လို့ လာရတာလဲဆိုတော့ ငါ့ကို စုံစမ်းဖို့ အမိန့်ပေးထားလို့ပဲ။

တကယ်လို့ ဒီကျွန်းကလေးက အဆုံးမဲ့ လက်ရွေးစင်တွေရဲ့ ပစ်မှတ်ထားခြင်း ခံရတယ်ဆိုတာကို သက်သေပြနိုင်ခဲ့ရင် ကွက်တိဖြစ်ပြီ။ ဒါပေမဲ့ ငါဒီကို ရောက်ပြီး မကြာခင်မှာပဲ ဖိနှိပ်ထိန်းချုပ် ခံလိုက်ရတယ်”

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အတော်လေးကို အားငယ်သွားပုံ ပေါ်ပါတယ်။

“ဒါဆိုရင် ဒါကို မင်းဘယ်လိုလုပ်ပြီး သက်သေပြမှာလဲ”

အနည်းဆုံးတော့ လင်းဟန်က စိတ်ဝင်စားလာပုံ ရပါတယ်။

“ဒီကုန်းမြေ အစိတ်အပိုင်းက တန်ခိုးရှင်ဘုံမှာ အရင်က ပေါ်လာခဲ့ဖူးတာကြောင့် တန်ခိုးရှင်ဘုံရဲ့ အရှိန်အဝါ ရှိနေတာ ရှောင်လွှဲလို့ မရဘူး။ ဒါပေမဲ့ ဒီသဲလွန်စတွေကို ရှာဖွေကို အရမ်းကို စေ့စေ့စပ်စပ် ရှိရမယ် ဆိုပေမဲ့ ဒီကုန်းမြေကြီးရဲ့

အူတိုင်အတွင်းမှာ တန်ခိုးရှင်ဘုံရဲ့ အရှိန်အဝါ အငွေ့အသက်
တစ်ခုကို ငါဖမ်းနိုင်ခဲ့တယ်”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဂုဏ်ယူစွာနဲ့
ကြွားဝါလိုက်ပါတယ်။

“ငါကြွားချင်လို့ ပြောတာတော့ မဟုတ်ဘူး။ ငါတို့အုပ်စုမှာ
ဒီလိုမျိုး စွမ်းရည်အမျိုးအစား ကိုယ်စီ ပိုင်ဆိုင်ပြီးတော့
ထူးချွန်ကြတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ကို
ဒီနေရာကိုလာဖို့ တာဝန်ပေးလိမ့်မှာ မဟုတ်ဘူး”

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့
မေးလိုက်ပါတယ်။

“မြေအောက်ကမ္ဘာက မင်းလိုမျိုး ကိုယ်စားလှယ်တွေကို
ကမ္ဘာငယ်လေးတွေ အများကြီးဆီ စုံစမ်းဖို့ စေလွှတ်ထားလာ

း”

“သခင်လေးဟာန် မင်းက တကယ့်ကို လိမ္မာပါးနပ်တာပဲ။ မင်းပြောတာ အမှန်ပဲ”

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က မျက်နှာသာရဖို့ တုံ့ဆိုင်းခြင်း မရှိပဲ မြောက်ပင့်လိုက်ပါတယ်။ တကယ်တော့ သူ့ရဲ့ အသက်က လင်းဟာန်ရဲ့ လက်ထဲမှာပါ။

လင်းဟာန်က သူ့အတွေးတွေထဲမှာ ရှာန်ဂင်နေပါတယ်။ တကယ်လို့ အောက်ဘုံက အစကတည်းက ကျွှမ်ာငယ်လေး တစ်ခုဆိုရင် အရင်က မိုးကောင်းကင်ဟာ တစ်ကြိမ် ဖွင့်ခဲ့ဖူးပြီးမှ နောက်ပိုင်းမှာ ကျွှမ်ာငယ်လေး တစ်ခုအဖြစ်ကို ဆုတ်ယုတ်လာပြီး ခန့်မှန်းလို့ မရနိုင်တဲ့ အကြောင်းအရာ တချို့ကြောင့် ဖြစ်ပါလိမ့်မယ်။ ဒါဆိုရင် အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်း သွားပါပြီ။

တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာက အဆုံးမဲ့ လက်ရွေးစင်တွေတောင်မှ ရုတ်ရုတ်သဲသဲ ဖြစ်သွားခဲ့ရင် သူတို့မှာတောင် ဒီလိုမျိုး ကံတရားရဲ့ စွမ်းဆောင်နိုင်မှု မရှိဘူးဆိုတာ သက်သေပြ နေပါတယ်။ ဒါကြောင့်ပဲ သူတို့ရဲ့ စိတ်ဝင်စားမှုတွေက တိုးလာခဲ့တာ ဖြစ်ပါမယ်။ ဘာမှတောင် မသက်ဆိုင်တဲ့ မြေအောက်ကမ္ဘာရဲက အာရုံကိုတောင် စွဲဆောင်နိုင်ခဲ့ပြီး ကမ္ဘာငယ်လေးတွေကို ဝင်ရောက်ပြီး ရှာဖွေဖို့ လမ်းကြောင်းတွေကို တစ်ဦးချင်းစီ ပမာဏ အများကြီး စေလွှတ်ခဲ့ကြ ပါတယ်။

လင်းဟာန်ရဲ့ နလုံးခုန်နှုန်းက ပိုပြီးတော့ မြန်လာခဲ့ပါတယ်။ ဒီအဆုံးမဲ့ လက်ရွေးစင်တွေ ရှာဖွေနေတဲ့ ပစ္စည်းက အနက်ရောင် မျှော်စင်များ ဖြစ်နေမလား။

မျှော်စင်လေးက သူ့ရဲ့ခွန်အား အပြည့်အဝ အသုံးချလို့ရတဲ့ အချိန်ကျရင် အောက်ဘုံ တစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိတယ်လို့ ပြောဖူးပါတယ်။ ဒါပေမဲ့ အဲဒါကလည်း

အစစ်အမှန် အဆုံးမဲ့ လက်ရွေးစင်တွေကို တချိန်တည်းမှာ လုပ်ရှားမှု တစ်ခုလုပ်ဖို့ ဆွဲဆောင်ပါလိမ့်မယ်။ ဒီလိုဆို တကယ်လို့ သူ့မှာ ကြီးကျယ်ခမ်းနားပြီး အံ့ဖွယ်စွမ်းအား ရှိနေရင် ကောင်းကောင်း အသုံးမပြုနိုင်ရင် အရင်ဆုံး သူ့ကိုယ်သူ ပုန်းခိုနေရပါမယ်။ ဒီနည်းနဲ့ဆိုရင် အဲဒါက သူ့ရဲ့ ခွန်အားကို ထုတ်ဖော်ခဲ့ရင် သူ့ရဲ့အရှိန်အဝါကို ထိန်းချုပ်ထားပြီး တန်ခိုးရှင်ဘုံက အဆုံးမဲ့ လက်ရွေးစင်တွေက သူ့ကိုအာရုံခံလို့ မရနိုင်ပါဘူး။

လင်းဟန်က အသက်ကို ပြင်းပြင်းရှုလိုက်ပါတယ်။ တကယ်လို့ ကမ္ဘာငယ်လေးက တန်ခိုးရှင်ဘုံကို မိုးကောင်းကင်ဖွင့်လှစ်ပြီး တက်ရောက်သွားနိုင်ပြီးမှ နောက်တစ်ကြိမ် ကမ္ဘာငယ်အဖြစ် ပြန်ပြောင်းလာတာဆိုရင် ဘယ်လိုမျိုး အံ့ဖွယ်စွမ်းရည် အမျိုးအစား ရှိနိုင်မှာလဲ။

အနက်ရောင် မျှော်စင်။ သူ့မှာ ဘယ်လိုမျိုး နောက်ခံအကြောင်းအရာတွေ ရှိနေမလဲ။

ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်က သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုကို သူ့ကျင့်ကြံခြင်း အဆင့်ထက် တစ်ဆင့်ပိုမြင့်မားတဲ့ အောင်မြင်မှုကို ရရှိစေပြီး အဲဒါက ကျင့်ကြံခြင်း အဆင့်ရဲ့ ပထမအလွှာ ခွန်အားပဲ ရှိပါသေးတယ်။ ဒီလိုဆိုရင် ကျင့်ကြံခြင်း နည်းစနစ်ရဲ့ ဒုတိယနဲ့ တတိယ အလွှာရဲ့ ခွန်အားက ဘယ်လောက်မြင့်မားလိမ့်မလဲ။

အနက်ရောင် မျှော်စင်ကို ဘယ်သူ ဖန်တီးခဲ့တာလဲ။ ဘယ်လိုလုပ်ပြီး ကျဆင်းလာတာလဲ။ အနက်ရောင် မျှော်စင်လို အစွမ်းထက်တဲ့ ပစ္စည်းတောင်မှ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီး ခဲ့ပြီးတော့ ဘယ်သူက အဲဒီလို ဖြစ်အောင် လုပ်နိုင်တာလဲ။

လင်းဟာန်က သူပိုပြီးတော့ သိလာလေ အဖြေမရှိတဲ့ မေးခွန်းတွေ ပိုများလာတယ်လို့ ခံစားရပါတယ်။

သူက ခေါင်းခါပြီးတော့ အားလုံးကို နှလုံးသားထဲမှာ သိမ်းထားလိုက်ပါတယ်။ နောက်ကျမှ တန်ခိုးရှင်ဘုံကို သူဝင်ပြီးတဲ့နောက်မှာ ဖြည်းဖြည်းချင်း စုံစမ်းနိုင်ပါလိမ့်မယ်။ ဥပမာ။ သူက နောက်ဆုံးအကြိမ် မိုးကောင်းကင်ကို စုတ်ဖြဲပြီး ဖွင့်ခဲ့တုန်းက ဘယ်သူကများ ဦးဆောင်ခဲ့လဲ ဆိုတာကို စုံစမ်းရပါမယ်။

တောင်နဲ့မြစ် ပုဆိန်ကိုလည်း အဲဒီလူက သွန်းလုပ်ခဲ့တာ ဖြစ်နိုင်မလား။

“ဟဲဟဲ သခင်လေးဟာန် ငါအခု သွားလို့ ရပြီလား”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မေးလိုက်ပါတယ်။

လင်းဟာန်ကလည်း ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

“မင်းဘာယ်လို ထင်လဲ”

သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်ရဲ့ မျက်နှာပေါ်မှာ စိတ်ပျက်သွားတဲ့ အမူအရာတစ်ခု ဖြတ်သွားခဲ့ ပါတယ်။ သူလည်းပဲ ဒီလို့ဂုဏ်ချက်က အရမ်းကို လေးနက်တယ် ဆိုတာကို သိပါတယ်။ ဒါကြောင့် လင်းဟာန်အနေနဲ့ သူ့ကို တခြားသူတွေကို ပြောခွင့်ပြုလိမ့်မှာ မဟုတ်ဘူးဆိုတာကို သိနေပါတယ်။ ကြည့်ရတာ သူက ဒီနေရာမှာပဲ တစ်သက်လုံး အဖမ်းခံ ရတော့မဲ့ ပုံစံပါပဲ။

ဒီနေရာရဲ့ ပတ်ဂန်းကျင် အတော်လေးကို တိတ်ဆိတ်ငြိမ်သက်ပြီး နေရာကလည်း အရမ်းကို ကြီးမားပါတယ်။ နောက်ပြီးတော့ ဒီနေရာ တစ်ခုလုံးမှာ စိတ်ဝိညာဉ် ဆေးပင်တွေ ရှိနေပြီး သူက စိတ်ဝိညာဉ် ဆေးပင်တွေကို မလိုပါဘူး။ ဒါပေမဲ့လည်း ဒီနေရာက လူတွေက အရမ်းကို ထိတ်လန့်စရာ ကောင်းပြီးတော့

သူ့အတွက် နေသားမကျသေးပါဘူး။

“မင်း ဒီနေရာမှာ နေလိုက်ဦး။ တကယ်လို့ မင်းရဲ့ အပြုအမူတွေ ကောင်းလာမယ်ဆိုရင် မင်းကို လတ်ဆတ်တဲ့ လေရှုလို့ရအောင် ငါအပြင်ကို ထုတ်ပေးမယ်”

လင်းဟာန်က ပြောလိုက်ပါတယ်။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အစစ်အမှန် ရောက်သွားတဲ့ အချိန်ကျရင် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ထုတ်ပေးရပါလိမ့်မယ်။ ပြီးတော့ သူ့ကို သူဆန္ဒရှိသလို ကြိုးကိုင်ခြယ်လှယ်နိုင်ပါလိမ့်မယ်။

ဟူးညို့ရဲ့ ဒဏ်ရာတွေက အရမ်းကို လျင်မြန်စွာနဲ့ ပျောက်ကင်းသွားခဲ့ပါတယ်။ ဒီမိန်းကလေးလည်း အရမ်းကို ထူးဆန်းတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အခု သူမရဲ့ ခန္ဓာကိုယ်မှာ နောက်ထပ် နတ်ဘုရားဥတစ်လုံး ရှိနေပြီး

သူမမှာ ဘယ်လိုမျိုး ပြောင်းလဲမှုတွေ ဖြစ်လာမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

“ငါတို့ အရင်ဆုံး ပြန်သွားကြတာပေ့ါ”

လင်းဟန်နဲ့ ဟူးညို့က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပြီး အင်ပါယာ မြို့တော်ဆီကို ပြန်လာခဲ့ပါတယ်။ ဒီတစ်ကြိမ်တော့ ရှောင်မြောင့်ယန်၊ ရန်ကွမ်နဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်တို့ အားလုံးကို ရင်ဆိုင်ပြီးပါပြီ။ ဒါကြောင့် ကျန်နေတဲ့ အစွမ်းထက်ဆုံး အရာက အလောင်းတစ်ထောင်ဂိုဏ်းရဲ့ မျက်လုံးဆယ့်ရှစ်လုံး အလောင်းဘုရင် တစ်ကောင်ပဲ ဖြစ်ပါတယ်။

အဲဒါကို ရင်ဆိုင်ရမှာက အရမ်းကို လွယ်ကူလွန်းပါတယ်။

Chapter 849 end

အပိုင်း(850) ပင်လယ်မျိုးနွယ်စုကို ပြန်ခြင်း

ဒီတိုက်ပွဲ အပြီးမှာ မဟာလင်း အင်ပါယာထဲက လူတွေရဲ့ နလုံးသားက ပိုပြီးတော့ ပေါင်းစည်း လာခဲ့ပါတယ်။ တစ်ခုတည်းသော အကြောင်းအရာက လင်းဟန်ရဲ့ ခန္ဓာကိုယ်ဟာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးရဲ့ စွမ်းအားကိုပဲ ခံနိုင်ရည် ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့စွမ်းအားက အများကြီး တိုးမလာခဲ့ပါဘူး။

သူ့ရဲ့ ကျင့်ကြံခြင်းက ဒီအချိန်အတွင်းမှာ တိုးလာခဲ့ပေမဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ်လုံးရဲ့ စွမ်းအားနဲ့ နှိုင်းယှဉ်လိုက်ရင် ဥပေက္ခာပြုထားရဆဲပါပဲ။ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ခြေချပြီးမှပဲ သူ့ရဲ့စွမ်းအား အရည်အသွေး ပြောင်းလဲခြင်း အကြောင်းကို သိလာပါ လိမ့်မယ်။

အမှတ်တမဲ့နဲ့ နောက်ထပ် လအချို့ ကုန်လွန်သွားခဲ့ပါတယ်။

လင်းဟန်က ကောင်းကင်အဆင့် အလွှာကိုးကို ရောက်ရှိပြီးတော့ ယန်စွမ်းအားမြင့် နည်းစနစ်ကို ပြောင်းလဲပြီး ကျင့်ကြံလိုက်ပါတယ်။ ဒီနေရာမှာ တစ်ဆိုခြင်း နည်းနည်းမှ မရှိဘူးဆိုပေမဲ့ နည်းစနစ် အသစ်တစ်ခုကို စပြီးတော့ ကျင့်ကြံတဲ့ အခါမှာ တစ်စတစ်စ တိုးပွားလာအောင်လုပ်ဖို့ လိုပါသေးတယ်။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တစ်နှစ်အချိန်ယူပြီးတော့ ချိုးဖျက်တက်ရောက်ဖို့ မျှော်လင့်ထားခဲ့ပါတယ်။

ဒါက အတော်လေးကို အံ့အားသင့်စရာ ကောင်းနေပါပြီ။ တစ်ခုသိထားရမှာက သူက အခုမှ အသက်နှစ်ဆယ့်တစ်နှစ်ပဲ ရှိပါသေးတယ်။ တကယ်တော့ သူက ရင့်ကျက်တဲ့ အရွယ်ကို ခြေချမိရုံပဲ ရှိပါသေးတယ်။ တကယ်လို့ သူ့ရဲ့ အသက်နဲ့ နှိုင်းယှဉ်ရမယ်ဆိုရင် တစ်နှစ် နှစ်နှစ်ပဲ ရှိပါသေးတယ်။

ဒါပေမဲ့ သိထားရမဲ့ အရေးကြီးတဲ့ အချက်က သူက

တကယ့်ကို အောက်ဘုံမှာပဲ ရှိပါသေးတယ်။

အောက်ဘုံက တကယ်ပဲ တန်ခိုးရှင်ဘုံနဲ့ နိုင်းယှဉ်လို့ ရနိုင်လို့လား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တန်ခိုးရှင်ဘုံက ဘယ်လိုလုပ်ပြီးတော့ အောက်ဘုံကို ကျူးကျော်ထိပါးနိုင်မှာလဲ။ အဲဒီအစား အောက်ဘုံကတောင် တန်ခိုးရှင်ဘုံကို ပြန်ပြီးတော့ ကျူးကျော်ထိပါးပါလိမ့်မယ်။

ပင်လယ်မျိုးနွယ်စုနဲ့ သဘောတူညီထားတဲ့ တစ်နှစ်အချိန် ပြည့်သွားတာနဲ့ လင်းဟန်နဲ့ ဟော့လျန်ချွင်ရွှယ်တို့က အထုတ်အပိုးတွေ ပြင်ဆင်ပြီးတော့ မြောက်ပိုင်းပင်လယ်ကို ခရီးထွက်ဖို့ လုပ်လိုက်ပါတယ်။ ပထမအချက်က သူတို့ရဲ့ သားကို တစ်ချက်သွားကြည့်ပြီး ဒုတိယ အချက်က ဟော့လျန်ထန်းယွင်က ဘယ်လိုမျိုး အောင်မြင်မှု အမျိုးအစားကို ရရှိနေပြီလဲ ဆိုတာကို သွားကြည့်ဖို့ ဖြစ်ပါတယ်။

လင်းဒေါင်ရှန်က ဟော့လျန်ချင်ရွှယ်နဲ့အတူ သူ့မြေးကို သွားကြည့်ချင်ခဲ့ပါတယ်။ ဒါကြောင့် လင်းဟာန်က သူတို့နဲ့အတူ ခေါ်လာခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်က အရမ်းကို ကြီးမားပြီး လူတွေအများကြီး ဆန့်တယ် မဟုတ်လား။

ဟူးညိုကတော့ ထုံးစံအတိုင်း မကျန်ခဲ့ပါဘူး။ ဒီမိန်းကလေးက ပိုပြီးတော့ မိန်းကလေး သဘာဝ ပေါ်လွင်လာပြီး သူမရဲ့ ရင်ဘတ်ကလည်း အနည်းငယ် မို့မောက်လာခဲ့ပါတယ်။ တခါတလေ သူမက ကျူးရှွမ်အာလို ကလူကျီစယ်တဲ့ ဟန်ပန်မျိုး လေ့လာသင်ယူပြီး အဲဒါက လင်းဟာန်ကို အလွန်ရယ်စရာ ကောင်းစေခဲ့ပါတယ်။

ယုန်ဖြူကြီးကလည်း ပင်လယ်ပြင်ကို မမြင်ဖူးဘူးဆိုလို့ ခေါ်လာခဲ့ရ ပါသေးတယ်။ ကျောက်တုံး စိတ်ဝိညာဉ်ကတော့ ပြန်ရောက်လာတာ ကြာနေပြီ ဖြစ်တာကြောင့် ဒီခရီးမှာ သူတို့နဲ့အတူ ပါလာခဲ့ပြီး ဟူးညိုရဲ့ အစီးအနင်း တာဝန်ကို

ယူရပါတယ်။ ကျောက်တုံး စိတ်ဝိညာဉ်က အနက်ရောင် မျှော်စင် အထဲက မြေကျွှာ အဆီအနှစ်ကို အဆက်မပြတ် ရရှိခဲ့တာကြောင့် သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိဖို့ နောက်ဆုံး ခြေလှမ်းကို ဖြတ်ကျော်ခဲ့ပါတယ်။

ဒါက အတိတ်တုန်းကဆို ခန့်မှန်းလို့ မရနိုင်ပါဘူး။ ပန်းဖူးအဆင့်ကနေ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထိရောက်ဖို့ စိတ်ဝိညာဉ် ကျောက်တုံးတွေ ဘယ်လောက်များများကို စုပ်ယူဖို့ လိုအပ်ခဲ့သလဲ။

ကျောက်တုံးအရှင်က တကယ့်ကို လိမ္မာပါးနပ်ပြီး မှန်ကန်တဲ့ ပိုင်ရှင်အနောက်ကို လိုက်ခဲ့ပါတယ်။ ဒီအတွေးနဲ့ သူ့ရဲ့မျက်နှာပေါ်မှာ ပျော်ရွှင်တဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် သက်ရှိတစ်ယောက် ဆိုပေမဲ့ ဟူးညီအရှေ့မှာတော့ ခွေးလေး တစ်ကောင်လိုပါပဲ။

အားလုံးက ပင်လယ်ဆီကို ဦးတည်ပြီး
ထွက်လာခဲ့ကြပါတယ်။

မြောက်ပိုင်းဒေသကို မဟင်ခင် လင်းဟန်က ရှေးဟောင်းသတ္တု
မိုင်းတွင်းဆီကို သွားကြည့်ခဲ့ ပါသေးတယ်။
အနက်ရောင်မြူတွေက ကျယ်ပြန့်တဲ့ ပင်လယ်တစ်ခုနဲ့
တူနေပြီး မီးနိုင်ငံရဲ့ မူလမြို့တော်ကို ဝါးမျိုထားပါတယ်။

ဒါက အမှောင်ထဲက အန္တရာယ်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က သူသာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို
ခြေချပြီးရင် ဒီနေရာကို ဖြိုပစ်ဖို့ ပထမဆုံး လုပ်ရမဲ့
အရာတစ်ခုအဖြစ် တွေးထားပါတယ်။

သူတို့က ပင်လယ်ထဲကို ဝင်လာပြီး လိပ်ခုံးတိမ်တိုက်
ကျွန်းဆီကို သွားခဲ့ပါတယ်။ သူတို့ရဲ့ ခရီးစဉ်က

လမ်းတစ်လျှောက်လုံး အဆင်ပြေ ချောမွေ့ခဲ့ပါတယ်။ သူတို့ရဲ့ ရည်မှန်းချက် နေရာကို ရောက်ရှိဖို့ လေးရက်လောက် အချိန်ယူခဲ့ရပါတယ်။ အဲ့ဒါက ဘာဖြစ်လို့လဲဆိုရင် လင်းဟာန်နဲ့ ဟူးညီတို့ နှစ်ယောက်စလုံးက နောက်တစ်ဆင့်ကို ရောက်သွားတာကြောင့် သူတို့ရဲ့ အမြန်နှုန်းက လျင်မြန်လာခဲ့ပါတယ်။

"ဘယ်သူတွေလဲ"

အစောင့်တွေက မိုးကောင်းကင်ပေါ်ကို တက်လာပြီး လင်းဟာန်နဲ့ တခြားသူတွေကို တားဆီး လိုက်ပါတယ်။

"နံ့ပါတ်ခုနစ် မင်းသမီးနဲ့ သားမက်တော်"

လင်းဟာန်တို့ကို တွေ့လိုက်ရတဲ့ အခါမှာ သူတို့က ချက်ချင်းပဲ ဂါရဝပြုလိုက် ကြပါတယ်။

ဟော့လျန်ချွင်ရှယ်က သူမလက်ကို ဖေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

“ခလေ့ထုံးစံတွေ လုပ်မနေပါနဲ့။ ဘုရင်မင်းမြတ် ဘယ်မှာလဲ”

“နန်းတော်ထဲမှာ ရှိပါတယ်”

ဟော့လျန်ချွင်ရှယ်က အစောင့်တွေကို ရှေ့ကနေ ဦးဆောင်သွားဖို့ မခေါ်တော့ပါဘူး။ သူမရဲ့ သားကို သတိရနေတာကြောင့် စိတ်မရှည်ပဲ လမ်းတစ်လျှောက်လုံး ပျံသန်းလာခဲ့ပါတယ်။ တော်ဝင်နန်းတော်ထဲကို ဝင်လာတဲ့ အခါမှာ ဟော့လျန်ရုံက ကလေးလေး တစ်ယောက်ကို ချီပြီးတော့ တက်တက်ကြွကြွနဲ့ ဆော့ကစားနေတာကို မြင်လိုက်ရပါတယ်။

“အဘိုးလို ခေါ်။ အဘိုးလိုခေါ်”

“အကြီးကြီးပဲ။ အကြီးကြီးပဲ”

ကလေးငယ်က ဟော့လျန်ရုံရဲ့ နားရွက်ကို ကိုင်ပြီးတော့ လက်ခုပ်တီးနေပါတယ်။

“ဒါက အဘိုးလေ။ အကြီးကြီး မဟုတ်ဘူး”

ဟော့လျန်ရုံက ကမန်းကတန်း ပြောလိုက်ပါတယ်။ ဒီကလေးလေးက လွန်ခဲ့တဲ့ လအနည်းငယ် စကားစပြောလာပြီး သူ့ကို အကြီးကြီးလို့ပဲ ခေါ်နေပါတယ်။ ဒါက တကယ်ပဲ သူ့ကို အရမ်းပဲ သောကရောက်သလို ခံစားစေပါတယ်။

လင်းဟာန်နဲ့ ဟော့လျန်ချင်ရွှယ်တို့ နှစ်ယောက်စလုံး အောက်ကို ဆင်းလာလိုက်တော့ ဟော့လျန်ရုံက အထိတ်တလန့် ဖြစ်ပြီးတော့ ထခုန်လိုက်မိပါတယ်။ သူ့အာရုံကို လင်းကျန်းရွှယ် အပေါ်မှာပဲ နှစ်မြုပ်ထားပြီး သူ့ကို အဘိုးလို့ခေါ်ဖို့ မျှော်လင့်နေခဲ့တာပါ။ လင်းဟာန်နဲ့ တခြားသူတွေက ရုတ်တရက် ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးတော့ သူထင်မိမှာလဲ။

"ဖေဖေ။ မေမေ"

လင်းကျန်းရွှယ်က ရုတ်တရက် အော်ဟစ်လိုက်ပြီး သူတို့ဆီကို ခုန်ပေါက်ပြေးလာပါတယ်။

ဖူး။

ဟော့လျန်ရုံက ရုတ်တရက် ပါးစပ်အပြည့် သွေးတလုတ်

အန်ထုတ်လိုက်ပါတယ်။ သူက ဒီကလေးလေးကို
အကြီးကြီးပဲလို့ ခေါ်မဲ့အစား အဘိုးလို့ခေါ်ဖို့
ဘယ်နှစ်ကြိမ်တောင် သင်ခဲ့ရသလဲဆိုတာကို
မမှတ်မိတော့ပါဘူး။ လင်းဟန်နဲ့ ဟော့လျန်ချမ်ရှယ်တို့
ရောက်လာတဲ့ အခါမှာ ဒီလူရုပ်ကလေးက သူတို့ကို
မှန်မှန်ကန်ကန် ခေါ်နိုင်လိမ့်မယ်လို့ သူဘယ်တုန်းကမှ
မတွေးမိခဲ့ပါဘူး။

သေစမ်းကွာ။

ဟော့လျန်ချင်ရှယ်က ဂမ်းနည်းဂမ်းသာ ဖြစ်နေပါတယ်။
သူမက သူမရဲ့သားကို ဖေဖေ မေမေ ခေါ်ဖို့
မသင်ပေးနိုင်ခဲ့ပါဘူး။ သူမသားက သူ့ဘာသာသူ
သင်ယူခဲ့တာ ဖြစ်ပါတယ်။ သူမက သူမသားကို
ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

“သားလိမ္မာလေး။ မေမေ မင်းနဲ့နောက်ထပ်
ခွဲမသွားတော့ပါဘူး”

သူမက ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။ သူမရဲ့သားနဲ့ မခွဲဖို့ဆိုတဲ့ အတွေးတစ်ခုပဲ ရှိပါတယ်။

"ဟားဟားဟား ကောင်စုတ်လေး။ မင်းနောက်ဆုံးတော့ ရောက်လာပြီပဲ"

ဟော့လျန်ထန်းယွင်ကလည်း ပျံသန်းလာခဲ့ပါတယ်။ တစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ သူက ကောင်းကင်အဆင့်ကို ရောက်လာခဲ့ပါတယ်။ သူ့ရဲ့ နဂါးစွမ်းအားကလည်း အရမ်းကြီး ပြောင်းလဲ မသွားဘူး ဆိုပေမဲ့ အတော်လေးကို သန်မာလာခဲ့ပါတယ်။ တကယ်တော့ သူက အစကတည်းက သူ့ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပြီးသားပါ။ ပြီးတော့ တိုးတက်မှုတွေက ဒါကြောင့် အကန့်အသတ် ရှိနေပါတယ်။

လင်းဟာန်လည်း သူ့သားကို အရမ်းသတိရနေတယ် ဆိုပေမဲ့ သူ့သားရဲ့ ပြောင်းလဲမှုကို တွေ့မြင်ရတာ ပိုပြီးတော့ ကျေနပ်စေခဲ့ပါတယ်။ ဒီကောင်လေးက နှစ်နှစ်အရွယ်ကို ရောက်နေပေမဲ့ သူ့ရဲ့ ပကတိ ခွန်အားက စိတ်ဝိညာဉ် ပလ္လင်ရဲ့ အထွတ်အထိပ် အဆင့်ကိုရောက်နေပါပြီ။ သူ့ရဲ့ တိုးတက်နှုန်းက တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

"ပင်လယ်လေးခုရဲ့ လက်ရှိအခြေအနေက ဘယ်လိုရှိလဲ"

သူက မေးလိုက်ပါတယ်။ ဒီကိစ္စက အရင်ဆုံး အလေးအနက်ထားပြီး ဂရုစိုက်ရပါမယ်။

ဟော့လျန်ထန်းယွင်က ဂုဏ်ယူဂုဏ်ဝင့်ကြွားစွာနဲ့ ရင်ကော့ပြီးတော့ ပြောလိုက်ပါတယ်။

"အခု ပင်လယ်လေးခုလုံးက ဒီအရှင်သခင်ရဲ့

ထိန်းချုပ်မှုအောက်မှာ ရှိနေတယ်။ အလယ်ပိုင်း ပင်လယ်ရဲ့ ပင်လယ်မျိုးနွယ်စု တစ်ဂက်ကျော်ကလည်း ဒီအရှင်သခင်ဆီမှာ သစ္စာခံ ကျိန်ဆိုခဲ့တယ်။ မင်းက အချိန်ကိုက် ရောက်လာတာပဲ။ နောက်ထပ်ရက်အနည်းငယ် အတွင်းမှာ ပင်လယ်ကောရာဇ်ကို တိုက်ခိုက်ဖို့ ငါစိတ်ကူးထားတယ်။ ငါတို့နဲ့အတူတူ ပူးပေါင်းပြီး ပျော်ရတာပေ့ါ”

နဂါးအစွမ်းက တကယ့်ကို အသုံးဝင်ပါတယ်။ ပင်လယ်မျိုးနွယ်စု အထဲမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ အများကြီး ရှိပေမဲ့ အများစုက လက်ရှိမှာ ကောင်းကင်အဆင့်မှာပဲ ရှိသေးတဲ့ ဒီကောင်လေးရဲ့ သိမ်းပိုက်စိုးမိုးမှုကို ခံခဲ့ရပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါက စောင့်ကြည့်ပြီးတော့ ဗဟုသုတယူဖို့ အကောင်းဆုံးပဲ"

ဟော့လျန်ထန်းယွင်ရဲ့ အစစ်အမှန် နဂါးခွန်အားအောက်မှာ ပင်လယ်မျိုးနွယ် အများစုက သူ့ရဲ့ အုပ်ချုပ်မှုအောက်မှာ ရပ်တည်ဖို့ ရွေးချယ်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း အင်ပါယာမိသားစုက သူတို့ရဲ့ လက်နက်တွေကို ချပြီးတော့ အညံ့ခံ အရှုံးပေးဖို့ ဆန္ဒမရှိပါဘူး။ သူတို့မှာ တန်ခိုးရှင်ဘုံရဲ့ နောက်ခံတောင် ရှိပါတယ်။ ဒါကြောင့် သူတို့က အဆုံးထိ သူ့ကို တိုက်ခိုက်ပါလိမ့်မယ်။

ဒါပေမဲ့လည်း အင်ပါယာမိသားစုမှာ လက်ရွေးစင်တွေ အများကြီး ရှိတယ်ဆိုပေမဲ့ ပင်လယ်လေးခုလုံးရဲ့ အရေအတွက်ထက် ပိုများလိမ့်မှာ မဟုတ်ပါဘူး။ ဒီဆူးညောင့်ခလုတ်ကို ကောင်းကောင်းကြီး ဖယ်ရှားပစ်ရပါမယ်။

သုံးရက်ကြာအောင် ပြင်ဆင်ပြီးတဲ့ နောက်မှာတော့ စစ်တပ်ကြီးက ချီတက်သွားခဲ့ပါတယ်။ စစ်တပ်ထဲကို လက်ရွေးစင်တွေ အဆက်မပြတ် လာရောက်ပူးပေါင်းခဲ့ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ကျင့်ကြံသူ အရေအတွက်က သုံးရာကျော် ရှိပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တချို့က သူတို့ရဲ့ ကလန်တွေကို စောင့်ကြပ်နေဖို့ ကျန်နေခဲ့တာကြောင့်ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် လေးရာကို စုစည်းလို့ ရပါလိမ့်မယ်။

ပင်လယ်လေးခုက တော်ဂင်ကလန်တွေရဲ့ ဘိုးဘေးအမွေအနှစ်အိမ်တွေက ကျွန်းတွေအားလုံး ပေါ်မှာ ရှိပါတယ်။ ချွင်းချက်အနေနဲ့ အင်ပါယာ မိသားစု တစ်ခုပဲ ရှိပါတယ်။ သူတို့ရဲ့ ဘိုးဘေးကုန်းမြေက ပင်လယ်အနက်ပိုင်းက ရေလက်ကြား တစ်ခုရဲ့ အတွင်းမှာ ရှိပါတယ်။ အဲဒီနေရာကို ထိပ်တန်းအဆင့် ကြီးမားတဲ့ ပင်လယ်သားရဲကောင်တွေ ဝိုင်းရံထားပါတယ်။ သူတို့မှာ

ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှု မရှိသလို ကျင့်ကြံခြင်း ဗဟုသုတလည်း မရှိပါဘူး။ သူတို့ရဲ့ အရမ်းကို အံ့သြဖွယ်ရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပကတိ ခွန်အားကြောင့် ကြယ်ဆယ့်ငါးလုံး တိုက်ပွဲစွမ်းရည်ကို ရောက်ရှိနေခဲ့ပါတယ်။

သူတို့က အင်ပါယာ မိသားစုရဲ့ သဘာဂ အစောင့်အကြပ်တွေ ဖြစ်ပါတယ်။ အစွမ်းထက်ဆုံး အစောင့်အရှောက်တွေက တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ဘယ်လိုကျင့်ကြံသူမျိုးကိုမဆို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် စုတ်ဖြဲပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ဟော့လျန်ထန်းယွင်ရဲ့ အရှေ့မှာတော့ ဒီပင်လယ်သားရဲတွေက လုံးဝကို အစွမ်းကင်းမဲ့ ကုန်ပါတယ်။

အင်ပါယာ မိသားစုက သူတို့ကို အစောင့်အကြပ်တွေအဖြစ်

အသုံးပြုနိုင်တဲ့ အချက်က ပင်လယ်သားရဲတွေ အပေါ်မှာ နဂါးစွမ်းအားက အကျိုးသက်ရောက်မှု ရှိလို့ပါပဲ။ ဒီလိုမျိုး နဂါးစွမ်းအားက အရမ်းကို သန့်စင်ပါတယ်။ ဟော့လျန်ရုံလို နဂါးစွမ်းအားက တကယ်တော့ နည်းနည်းလေးမှ အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဟော့လျန်ထန်းယွင်က ဘယ်သူများလဲ။ သူက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက နဂါးတစ်ပိုင်း ဖြစ်ပြီးတော့ အစစ်အမှန် နဂါးရဲ့ အစွယ်တစ်ခုကိုတောင် ကျင့်ကြံအားထုတ် ခဲ့ပါတယ်။ အခု သူက အစစ်အမှန် နဂါးအစွယ်ကနေ ဒုတိယ ဘဂတစ်ခုကို ရရှိခဲ့ပါပြီ။ သူ့ရဲ့ နဂါးအစွမ်းက အရင်ဘဂကထက်တောင် ပိုပြီးတော့ သန်မာပါတယ်။ ဒါကြောင့် သူ့ရဲ့ အတွေးတစ်ချက်နဲ့တင် ဒီပင်လယ်သားရဲတွေက တစ်ကောင်ပြီးတစ်ကောင် နောက်ဆုတ်ကုန် ပါတယ်။

အရှေ့မှာတော့ အရမ်းကို ကြီးမားတဲ့ ရေလက်ကြားတစ်ခု

ရှိပါတယ်။

“ဘယ်လောက်တောင် အတင့်ရဲပြီး အင်ပါယာ မိသားစုကို အပြစ်ကျူးလွန်ရဲတာလဲ။ မင်းတို့ရဲ့ ပြစ်မှုကို သိရဲ့လား”

ရေလက်ကြားအတွင်းကနေ အေးစက်စက် အသံတစ်ခုကို ကြားလိုက်ရပါတယ်။

Chapter 850 end

Zaw.အပိုင်း(851) အတွက်မှားခြင်း

ရေလက်ကြားထဲက အသံနဲ့အတူ အစွမ်းထက်တဲ့ နဂါးစွမ်းအား တစ်ခုလည်း ထွက်ပေါ်လာပြီး အားလုံးရဲ့ ခန္ဓာကိုယ်ကို တုန်ခါသွားစေပြီး ဒူးထောက်လဲကျလုမတတ် ဖြစ်သွားပါတယ်။

ပင်လယ်မျိုးနွယ်စုအတွက်တော့ သွေးမျိုးဆက်က အရမ်းကို အရေးကြီးပါတယ်။

ဒါက လူသားစိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်က စိတ်ဂိညာဉ် ပလ္လင်အဆင့် စစ်သည်တော်တွေကို လှုပ်ရှားလို့ မရနိုင်အောင် ဖိနှိပ်ထိန်းချုပ်ဖို့ အမိန့်စာလွှာ တစ်ခုကို ရေးတာမျိုးနဲ့ တူညီပါတယ်။ ကံကောင်းတာက သိုင်းပညာရှင်တွေ အထဲမှာ ဘုရင်တွေက ဒီလိုမျိုး ဖိအားကို ခုခံနိုင်ကြပါတယ်။ ဒါပေမဲ့လည်း ပင်လယ်မျိုးနွယ်စု အထဲမှာတော့ အထွတ်အထိပ် သွေးမျိုးဆက် ရှိတဲ့သူကပဲ အားလုံးကို ထိန်းနိုင်ပါတယ်။

အရင်တုန်းက ဟော့လျန်ထန်းယွင်က နွေဦးစမ်းရေ အဆင့်မှာ ရှိနေတာတောင် ဟော့လျန်ရုံနဲ့ ဂမ်ရန်ကျီးတို့တွေကို ဖိနှိပ်ထိန်းချုပ်ပြီး ချက်ချင်းဒူးထောက်စေတာမျိုးနဲ့ အခုတူညီပါတယ်။

ဟော့လျန်ထန်းယွင်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့လက်တွေကို အနောက်ကို ပစ်ပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူက ကလေးတစ်ယောက်ပဲ ရှိသေးပေမဲ့ သူ့အမူအရာက ရင့်ကျက်တဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ မောက်မာဂုဏ်ကြွားမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူက ပြောလိုက်ပါတယ်။

"ဒီအရှင်သခင်က ဒီနေရာမှာ ရှိတယ်။ အောင်းချင်းပိုကို မြန်မြန်ထွက်လာပြီးတော့ ငါ့ကို ဂါရဝ လာပြုခိုင်းလိုက်"

"ကောင်ကလေး မင်းက ပင်လယ်ကရောဇ်ကို မရိုမသေ လုပ်ပုံ့တယ်ပေါ့လေ ဟုတ်လား"

အဲဒီအသံက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

“ဟားဟားဟား သောက်သုံးမကျတဲ့ အဓိပ္ပါယ်မရှိတာတွေကို ပြောမနေနဲ့။ ပင်လယ်မျိုးနွယ်စု ဆိုတာက သွေးမျိုးဆက်ကိုပဲ အလေးထားတဲ့ နေရာတစ်ခုပဲ။ ဒီအရှင်သခင်ရဲ့ ဘိုးဘေး သွေးမျိုးဆက်က သန့်စင်တယ်။ ဘယ်သူက ဒီအရှင်သခင်ကို မရှိမသေ လုပ်ဂုံ့လဲ”

ဟော့လျန်ထန်းယွင်က သရော်လိုက်ပါတယ်။

“ဟားဟားဟား ပင်လယ်မျိုးနွယ်စုက သွေးမျိုးဆက်ကို အလေးထားတဲ့ နေရာတစ်ခု ဆိုတာကို မင်းသိထားတာပဲလား”

လှောင်ပြောင်တဲ့ အသံနဲ့အတူ လူပေါင်းတစ်ရာလောက် ရေလက်ကြားကနေ ထွက်ပေါ်လာခဲ့ ကြပါတယ်။

ဒီလူတွေ အားလုံးက နဂါးဂတ်ရုံတွေ ဂတ်ဆင်ထားပြီး အစွမ်းထက်တဲ့ တည်ရှိမှုတွေကို ထုတ်လွှတ်လို့ နေပါတယ်။

သူတို့အားလုံးက အရမ်းကို သန့်စင်တဲ့ နဂါးသွေးမျိုးဆက်နဲ့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပြီးတော့ ဟော့လျန်ရုံ၊ ရွှမ်ယုထောင်တို့ထက် သာလွန်ပါတယ်။

ဒါကြောင့်လည်း အောင်းမိသားစုက ပင်လယ်လေးခုကို ပေါင်းစည်းနိုင်ခဲ့တာပေါ့။

“ဒီနေရာကို မြန်မြန်လာပြီးတော့ ဒီအရှင်သခင်ကို ဂါရဝပြုစမ်း”

ဟော့လျန်ထန်းယွင်က ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။ ဒီတစ်ကြိမ် စစ်ဆင်ရေး တစ်ခု ဖြစ်ပေမဲ့ တိုက်ပွဲမဖြစ်အောင် လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ နဂါးခွန်အားကို ထုတ်ဖော်လိုက်ရင် တစ်ဖက်က လုံးဂကို အညံ့ခံသွားပါလိမ့်မယ်။

ပေါ့လျှန်ထန်းယွင်က သူ့ရဲ့ နဂါးခွန်အားနဲ့ အောင်းမိသားစုဘက်ကို တိုက်ခိုက်လိုက်ပါတယ်။

ဂုမ်း။

နဂါးခွန်အား အသက်ဝင်သွားပြီး အောင်းမိသားစုထဲက လူတွေက အရင်တုန်းက ပင်လယ်လေးခု တော်ဝင်မိသားစုတွေလိုမျိုး တုန်လှုပ်ပြီးတော့ ဒူးထောက်လဲကျလုမတတ် ဖြစ်သွားပါတယ်။

ပေါ့လျှန်ထန်းယွင်က လေထဲမှာ လမ်းလျှောက်လာခဲ့ပါတယ်။ သူက ချာခနဲ လှည့်ပြီးတော့ လင်းကျန်းရှယ်ကို ပြောလိုက်ပါတယ်။

“တပည့်လေး ဒါကိုမြင်လား။ ဒီအရှင်သခင်က

သောက်ရမ်းကြမ်းတယ် မဟုတ်လား”

“ဟင့်”

သရော်သံနဲ့အတူ လူငယ်တစ်ယောက် လျှောက်လာခဲ့ပြီး ဟောင့်လျန်ထန်းယွင်ရဲ့ နဂါးစွမ်းအား သက်ရောက်မှု မရှိပါဘူး။ သူက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

“မင်းက နဂါးအတု တစ်ကောင်ပဲ။ ငါက အစစ်အမှန် နဂါးတစ်ကောင်”

ဟုမ်း။

သူလည်း သူ့ရဲ့နဂါးစွမ်းအားကို ဖြန့်ကျက်လိုက်ပါတယ်။ ဟောင့်လျန်ထန်းယွင်ထက် မနိမ့်ကျတဲ့ တည်ရှိမှု တစ်ခုက ဖြတ်သန်းသွားပြီး ချက်ချင်းဆိုသလို ပင်လယ်လေးခုရဲ့ တော်ဂင်မိသားစု အားလုံးကို သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ

ဆုံးရှုံးသွားစေခဲ့ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ ဟော့လျန်ချင်ရှယ်ကို အနက်ရောင် မျှော်စင်ထဲ တန်းထည့် လိုက်ပါတယ်။ သူမရဲ့ သွေးမျိုးဆက်က အရမ်းကို သန့်စင်တယ် ဆိုပေမဲ့ ဟော့လျန်ထန်းယွင်လို အမြင့်ကို ရောက်ဖို့ ဝေးပါသေးတယ်။ သူမက အခု တည်တည်ငြိမ်ငြိမ်နဲ့ မရပ်နိုင်ပါဘူး။

လင်းဒေါင်ရှန်နဲ့ ယွဲ့ဟောင်ချန်တို့ကတော့ ပင်လယ်မျိုးနွယ်စုကို ဝင်လာပြီးတဲ့ နောက်မှာ အနက်ရောင် မျှော်စင်ထဲကို ဝင်နေကြပါတယ်။

"ဘာ"

ဟော့လျန်ထန်းယွင်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလူငယ်လေးက တကယ်ပဲ သူ့နဂါးခွန်အား အစွမ်းရဲ့

အကျိုးသက်ရောက်မှုကို မခံရပဲ သူ့ထက် မနိမ့်ကျတဲ့ နဂါးစွမ်းအားကို တစ်ခုကိုတောင် ထုတ်လွှတ်လို့ နေပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

သူက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာကတည်းက နဂါးတစ်ပိုင်း အဆင့်ကို ရောက်အောင်လို့ ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ပြီးတော့ အနည်းဆုံး အစစ်အမှန် နဂါးအစွယ် တစ်ခုကနေ ပြန်လည်မွေးဖွားလာခဲ့ပါတယ်။ နဂါးစွမ်းအား တစ်ခုတည်းနဲ့ ပတ်သက်ရင် အနည်းဆုံးတော့ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးမှာ သူ့ကိုယှဉ်ပြိုင်နိုင်တဲ့ နဂါးမျိုးနွယ် တစ်ယောက်မှ မရှိနိုင်ပါဘူး။

သူ့ကို ယှဉ်ပြိုင်နိုင်တဲ့ သွေးမျိုးဆက် စွမ်းအားရှိတဲ့ လူတစ်ယောက်က ဘယ်ကနေ ထွက်ပေါ်လာ ခဲ့တာလဲ။

“မင်းက တန်ခိုးရှင်ဘုံကလား”

လင်းဟန်က ဂင်ပြီးတော့ မေးလိုက်ပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းက လူတွေကို စေလွှတ်နိုင်တယ်ဆိုရင် အောင်းမိသာစုကရော ဘာဖြစ်လို့ မလွှတ်နိုင်မှာလဲ။

“တော်တယ်”

လူငယ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို ခံ့ညားပြီးတော့ သူ့ရဲ့ကောင်းပုံစံ ဆွဲဆောင်မှု တစ်ခုတောင် ရှိပါတယ်။ သူ့ခေါင်းပေါ်မှာ နဂါးဦးချိုနှစ်ခု ပေါက်နေပြီး ရှေးဟောင်း ခံ့ညားတဲ့ တည်ရှိမှုတစ်ခု ထွက်ပေါ်နေပါတယ်။

“အစစ်အမှန် နဂါးတစ်ကောင်ရဲ့ ဦးချိုတွေ”

ဟော့လျန်ထန်းယွင်ရဲ့ မျက်နှာက တင်းမာခက်ထန်သွားခဲ့ပါတယ်။ သူက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ အစွယ်ကနေ ပြုစုပျိုးထောင်ပြီး ပြန်လည်မွေးဖွားလာခဲ့တာပါ။ ဒါကြောင့် အစစ်အမှန် နဂါးတစ်ကောင်ရဲ့ တည်ရှိမှုကို တုံ့ပြန်နိုင်မှု ရှိပါတယ်။

ပြိုင်ဘက်က သူ့ကို ယှဉ်ပြိုင်နိုင်တာ အံ့သြစရာမဟုတ်တော့ပါဘူး။ သူက တန်ခိုးရှင်ဘုံက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ ဦးချိုတွေလား။ မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်က သူ့ကို နတ်ဘုရားပစ္စည်း လေးမျိုး စုစည်းခိုင်းထားပြီး အဲဒီထဲက တစ်ခုက အစစ်အမှန် နဂါးရဲ့ ဦးချိုမဟုတ်လား။ ဟားဟားဟား။ တကယ်လို့ ငါက ဒီကောင်ဆီက

ဖြတ်ပြီးတော့ ပေးလိုက်ရင် လျှို့ပှက်ဆန်းကြယ် စွမ်းအား တစ်ခုကို ပြန်ပြီးတော့ ရနိုင်လိမ့်မယ် မဟုတ်လား။

“ဟားဟားဟား တကယ့်ကို ရေတွင်းအောက်ခြေက ဖားလေးတစ်ကောင်ပဲ”

လူငယ်က သူ့ခေါင်းကို ခါပြီးတော့ သူ့အမူအရာက အထင်သေးမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

“နတ်ဘုရား အဆင့်အောက်မှာ အစစ်အမှန် နဂါးတစ်ကောင်ရဲ့ အဆင့်ကို ရောက်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဇာစ်မြစ်အဆင့်ကို အောင်မြင်တဲ့ သူတွေကိုပဲ အစစ်အမှန် နဂါးတွေလို့ ခေါ်ဆိုဖို့ အရည်အချင်း ပြည့်မီတယ်”

ဖွီ။

လင်းဟန်ရဲ့ ပါးစပ်က ချက်ချင်းပဲ မဲ့ရွဲ့သွားခဲ့ပါတယ်။ နဂါးတစ်ကောင်က မူလဇာစ်မြစ် အဆင့်ကို ရောက်မှပဲ အစစ်အမှန် နဂါးတစ်ကောင်လို့ ခေါ်နိုင်တာလား။ ဒါဆိုရင် ဖီးနစ်ငှက် တစ်ကောင်လည်း မူလဇာစ်မြစ် အဆင့်ကို ရောက်မှပဲ အစစ်အမှန် ဖီးနစ်ငှက် တစ်ကောင်လို့ ခေါ်နိုင်တာလား။ ဒါဆိုရင် သူက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ ဦးချိုနဲ့ ကောင်းကင်ဘုံ ဖီးနစ်ငှက်မွေးတွေကို ဘယ်လိုလုပ် ရအောင်ယူနိုင်မှာလဲ။

တကယ်လို့ သူက အဲဒါတွေကို ယူနိုင်မယ်ဆိုရင် သူရဲ့ကျင့်ကြံခြင်းကလည်း မူလဇာစ်မြစ် အဆင့်မှာ ရှိနေပါလိမ့်မယ်။ အဲဒါက သူလည်း နတ်ဘုရားဘုံထဲမှာ ထိပ်တန်းလက်ရွေးစင် တစ်ယောက် ဖြစ်တယ်လို့ ဆိုလိုတာပါပဲ။ ဒါဆိုရင် သူက မိုးကြိုးလျှပ်စီးနဲ့ မီးတောက် ကောင်းကင်ဘုံ ကေရာဇ်ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို သင်ယူဖို့ လိုဦးမှာလား။

လပြွတ်ပဲ။ ဒီကောင်က သူ့မျက်နှာ အစစ်အမှန်နဲ့ လူတွေကို တွေ့ဖို့ ဆန္ဒမရှိတာ အံ့ဩစရာ မဟုတ်တော့ဘူး။ သူက ကျိန်ဆဲခံရမှာကို ကြောက်နေတာလား။

ဟော့လျန်ထန်းယွင်လည်း အတော်လေးကို အံ့အားသင့်နေခဲ့ပါတယ်။ ပြီးတော့ ဒီအချိန်မှာ ဒါကို ပိုပြီးတော့တောင် လက်မခံနိုင်ပါဘူး။ သူ့ရဲ့ မျိုးဆက်သွေးက အရမ်းကို သန့်စင်ပြီး အစစ်အမှန် နဂါးတစ်ကောင်အဖြစ် လုံးဝကို သတ်မှတ်ထားပါတယ်။ သူက သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ကောလာဟာလတွေ လွှင့်ပြီးတော့ လူတွေကို လှည့်စားဖို့ မကြိုးစားပါနဲ့။ ဟိုကောင်စုတ် ဘယ်မှာလဲ။ မြန်မြန်ခေါ်ပြီး ဒီအရှင်သခင်ကို ဂါရဝ လာပြုခိုင်းလိုက်”

သူ့ကိုကြည့်ရတာ ငါးနှစ် ခြောက်နှစ်ပဲ ရှိပါသေးတယ်။ တခြားလူကို ကောင်စုတ်လို့ ခေါ်နေပါတယ်။ ရှက်ရမှာကို မသိဘူးပဲ။

"ငါ့နာမည် အောင်းဂျန်လို့ခေါ်တယ်"

လူငယ်ရဲ့ အမူအရာက တည်ငြိမ်နေပြီး အလျင်စလိုပုံစံ မရှိပါဘူး။ ဒီဟန်ပန်အမူအရာ တစ်ခုတည်းနဲ့တင် ပေါ့လျှန်ထန်းယွင်လို ဘဂ္ဂတစ်ခု ပိုပြီးတော့ နေထိုင်ခဲ့တဲ့သူက ယှဉ်ပြိုင်ဖို့ ခက်ခဲပါတယ်။

"ပင်လယ်မျိုးနွယ်စုက ဘယ်သူပိုပြီးတော့ သာလွန်မြင့်မြတ်လဲ ဆိုတာကို သွေးမျိုးဆက်နဲ့ တိုင်းတာတယ်။ အခု မင်းနဲ့ ငါ့သွေးမျိုးဆက်ရဲ့ သန့်စင်မှုက အတူတူပဲ။ ဒါကြောင့် ငါတို့တွေက အနိုင်ရတဲ့သူကို ခွန်အားနဲ့ ဆုံးဖြတ်ကြမယ်"

ဟော့လျှန်ထန်းယွင်က လင်းဟန်ဆီကို ကြည့်လိုက်ပြီး အတော်လေးကို အံ့သြမှင်တက်နေပုံ ရပါတယ်။

ဒီစကားတွေက အတော်လေးကို အကျိုးသက်ရောက်ပါတယ်။ ပင်လယ်မျိုးနွယ်စုက သွေးမျိုးဆက်နဲ့ အရင်ဆုံး နိုင်းယှဉ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သွေးမျိုးဆက် သန့်စင်မှု တူညီနေမယ် ဆိုရင်ရော။ အဲဒီတော့ သူတို့က ခွန်အားနဲ့ ယှဉ်ပြိုင်ကြပါတယ်။ ဟော့လျှန်ရှံနဲ့ ဂမ်ရန်ကျီးတို့လိုမျိုးပါပဲ။ သူတို့ရဲ့ သွေးမျိုးဆက် သူတို့အကြားမှာ ကွာဟချက် အတော်လေး ရှိပေမဲ့ လွှမ်းမိုးနိုင်လောက်တဲ့အထိ အားသာချက်တစ်ခု မဖြစ်နိုင်ပါဘူး။ ဒါကြောင့် တိုက်ခိုက်ခြင်းက နည်းလမ်းတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့ ပြဿနာက ဒီအောင်းဂျန်က သောက်ကျိုးနည်း စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် တစ်ယောက်

ဖြစ်နေပါတယ်။

ဘယ်လိုတိုက်ခိုက် ရမှာလဲ။ တကယ်လို့ တိုက်ပွဲစလိုက်တာနဲ့ ဟော့လျန်ထန်းယွင်က သေချာပေါက် သေသွားပါလိမ့်မယ်။

လင်းဟန်က ဒီတစ်ကြိမ် သူတို့တွေ လမ်းမှားကို လျှောက်မိသွားပြီ ဆိုတာကို ဂန်ခံလိုက်မိ ပါတယ်။ တန်ခိုးရှင်ဘုံကို လျော့တွက်လိုက်မိပါတယ်။

သူက အစတုန်းက ဂိုဏ်းကြီးငါးဂိုဏ်းလိုမျိုးပဲ ချောမွေ့လိမ့်မယ်လို့ ထင်ထားခဲ့ပါတယ်။ တကယ်လို့ တန်ခိုးရှင်ဘုံက လူတွေ ဆင်းလာခဲ့ရင်တောင် ကိစ္စမရှိပါဘူး။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ ပါရမီရှင်တွေက အရမ်းကို ရှားပါးလွန်းပါတယ်။ ဒါပေမဲ့ သူတို့ကို မာထို့ပေါင်က ရှင်းထုတ်ပစ်နိုင်ပါလိမ့်မယ်။

ဟော့လျန်ထန်းယွင်ရဲ့ အဆင့်က လျော့ကျသွားခဲ့တယ် ဆိုပေမဲ့ သူ့သွေးမျိုးဆက်က အရမ်းကို သန့်စင်ပါတယ်။ ပြီးတော့ သူက အဲဒါကို တစ်လျှောက်လုံး သက်သေပြခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အားလုံးသွားပါပြီ။

တကယ်လို့ ဟော့လျန်ထန်းယွင်က တိုက်ပွဲမှာ သေသွားခဲ့မယ်ဆိုရင် ပင်လယ်မျိုးနွယ်စုက အောင်းမိသားစုရဲ့ ထိန်းချုပ်မှုအောက်ကို ပြန်ရောက်သွားပါလိမ့်မယ်။ ဒါက လုံးဝကို အကျိုးမရှိပါဘူး။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်နဲ့ ကောင်းကင်အဆင့်။ သည်းထိတ်ရင်ဖိုစရာ ရှိလို့လား။ ဂိုဏ်းကြီးငါးဂိုဏ်းက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးရှိတဲ့ ပါရမီရှင်တွေကို စေလွှတ်နိုင်ပါတယ်။ အောင်းမိသားစုက ဘာဖြစ်လို့ ဒီလိုမျိုး မလုပ်နိုင်ရမှာလဲ။

လပြွတ်ပဲ။

လင်းဟန်က ချက်ချင်းပဲ ဟော့လျန်ထန်းယွင်ကို ခေါင်းခါပြလိုက်ပါတယ်။ သူပဲဖြစ်ဖြစ် ဟော့လျန်ထန်းယွင်ပဲဖြစ်ဖြစ် သူတို့နှစ်ယောက်မှာ လိုအပ်နေတာ အချိန်ပဲ ဖြစ်ပါတယ်။ သူတို့ကို အချိန်နှစ်နှစ် ဒါမှမဟုတ် သုံးနှစ်သာ ပေးလိုက်မယ်ဆိုရင် မဟုတ်ဘူး တစ်နှစ်တည်းလည်း ရတာပဲ။ သူတို့တွေက ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး တည်ရှိမှုတွေ ဖြစ်လာပြီး ဘယ်သူကိုမှ ကြောက်နေစရာ မလိုပါဘူး။

သူတို့က အခုချိန်မှာ စစ်ပွဲတစ်ခုကို စလို့မဖြစ်ပါဘူး။ တိုက်ခိုက်တာနဲ့ သေခြင်းတရားဆီကို လျှောက်လှမ်းရပါလိမ့်မယ်။

ဟော့လျန်ထန်းယွင်က လင်းဟန်ကို ခေါင်းညိတ်လိုက်ပြီး

လင်းဟာန်ရဲ့ အမြင်ကို သဘောတူပုံ ပြပါတယ်။

လင်းဟာန်က ဟော့လျန်ရှုံကို နတ်ဘုရားအာရုံနဲ့ စကားတချို့ ပြောလိုက်ပြီး အဲဒီနောက်မှာ ယုန်ဖြူကြီး၊ ကျောက်တုံး စိတ်ဂိညာဉ်နဲ့ ဟူးညိုကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ အဲဒီနောက် ဟော့လျန်ထန်းယွင်ကို ဖမ်းဆုပ်ပြီးတော့ သုတ်ခြေတင် ထွက်ပြေးသွားပါတယ်။

ဒါပေါ့။ သူပြေးရမှာပေါ့။ မပြေးပဲနဲ့ လက်ဘက်ရည်ထိုင်သောက် နေရမှာလား။

အားလုံးက အရမ်းကို အံ့အားင့် နေကြပါတယ်။ ဘာဖြစ်လို့ သူက ရုတ်တရက် ထွက်ပြေးသွား ရတာလဲ။

ဟော့လျန်ရှုံက လင်းဟာန်ဆီက အသံမက်ဆေ့ကို လက်ခံရရှိပြီး အမြန်ဆုံး တုံ့ပြန်လိုက်ပါတယ်။ သူက

ချက်ချင်းပဲ ပြောလိုက်ပါတယ်။

“အစစ်အမှန် နဂါးအတု မပြေးနဲ့”

ဒါပေမဲ့လည်း သူက အောင်းဂျန်ရဲ့ နဂါးအစွမ်း ဖိနှိပ်ထားမှုကြောင့် လိုက်လံဖမ်းဆီးနိုင်စွမ်း မရှိပဲ ဟန်ပြအနေနဲ့ အော်ဟစ်ရုံပဲ တတ်နိုင်ပါတယ်။

ပင်လယ်လေးခုရဲ့ တော်ဝင်မိသားစုတွေကလည်း နောက်ဆုံးတော့ တုံ့ပြန်လာပြီးတော့ ဟော့လျန်ရှုံနဲ့ ပူးပေါင်းပြီး ရှုတ်ချလိုက်ပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ ပင်လယ်မျိုးနွယ်စုက အရာအားလုံးကို သွေးမျိုးဆက်နဲ့ပဲ ဆုံးဖြတ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ နေရာတွေကို အရိပ်အယောင်ပြပြီး အင်ပါယာ မိသားစုရဲ့ ရန်ညှိုးဖွဲ့မဲ့ ကိစ္စကို

ရှောင်ရှားနိုင်ပါလိမ့်မယ်။ ဒါကြောင့်လည်း ဟော့လျန်ရုံကို လင်းဟာန်က သူတို့ကို ပြစ်တင်ရှုတ်ချဖို့ မှာခဲ့တာပါ။

ဟော့လျန်ရုံက ပြေးနိုင်ပေမဲ့ ဟော့လျန်မိသားစု မပြေးနိုင်ပါဘူး။

Chapter 851 end

Uni.အပိုင်း(852) ရှေးဟောင်းသတ္တုမိုင်းတွင်းမှ စစ်သည်တော်များ ထွက်လာခြင်း

လင်းဟာန်နဲ့ ဟော့လျန်ထန်းယွင်တို့ ထွက်ပြေးလာခဲ့ပါတယ်။ သူတို့အသက်ရှင်နေသရွေ့ အနာဂတ်မှာ သူတို့ပြန်ပြီးတော့ တိုက်ခိုက်ဖို့ အချိန်တစ်ခု ရှိပါတယ်။ ဒါကြောင့် သူတို့က အချည်းနှီး စွန့်စားလိမ့်မှာ မဟုတ်ပါဘူး။

သူတို့က အသက်မကြီး သေးပါဘူး။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး တစ္ဆဂဗီ နေထိုင်ခဲ့ ပြီးပါပြီ။

ဒါကြောင့်လည်း ခံစားချက်တွေကြောင့် သူတို့ရဲ့ ဆုံးဖြတ်ချက်တွေကို ယိမ်းယိုင်စေမှာတဲ့လား။

အဲဒါက တုံးအလွန်းရာ ကျသွားပါလိမ့်မယ်။

မင်းက ပြေးချင်တာလား

အောင်းဂျန်က ချက်ချင်းပဲ အနောက်ကနေ လိုက်သွားပါတယ်။ သူတစ်ယောက်ပဲ လိုက်ဖမ်းဖို့ အရည်အချင်း ပြည့်မီပါတယ်။ တခြားသူတွေကတော့ အင်ပါယာမိသားစုက လူတွေတောင်မှ ဟော့လျန်ထန်းယွင်ရဲ့ နဂါးစွမ်းအား ဖိနှိပ်မှုကို ခံထားရတာကြောင့် လိုက်ဖမ်းတယ်ဆိုရင် ဘာမှသုံးမရပါဘူး။

အောင်းဂျန်က သူ့ရဲ့ သွေးကြောထဲမှာ အစစ်အမှန် နဂါးသွေးတွေ စီးဆင်းနေတဲ့ တန်ခိုးရှင်ဘုံက နဂါးမျိုးနွယ်

ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ လက်ရှိမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ကိုးလုံး ရှိပြီးတော့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်နဲ့ ကြယ်တစ်ပွင့်ပဲ ကွာပါတော့တယ်။

ဒါကြောင့် သူက အရမ်းကို စိတ်ကြီးဝင်နေပါတယ်။

ရပ်စမ်း

အောင်းဂျန်က မန္တန်တွေ အသုံးပြုပြီးတော့ ရေစီးကြောင်းတွေကို ထိန်းချုပ်ပြီး လင်းဟန်နဲ့ ပောာ့လျန်ထန်းယွင်ဆီကို ဝင်ဆောင့်လိုက်ပါတယ်။

သူက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ မျိုးဆက်ဖြစ်ပါတယ်။ ဒါကြောင့် ရေကို ထိန်းချုပ်နိုင်တဲ့ အမွေအနှစ်ကို ဆက်ခံထားပါတယ်။

ဒီရေလိုင်းတွေက စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က ထိန်းချုပ်ထားတာ ဖြစ်ပြီးတော့ လင်းဟန်နဲ့ ဟော့လျန်ထန်းယွင်တို့ရဲ့ ကျင့်ကြံခြင်းက ကောင်းကင်အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့တွေက ဘယ်လိုလုပ်ပြီးတော့ တားဆီး နိုင်မှာလဲ။ ထန် ထန် ထန်။ သူတို့နှစ်ယောက်ကို ရေလိုင်းလုံးတွေက ရိုက်ခတ်သွားပြီးတော့ တစ်ကိုယ်လုံး အံ့အားသင့်စရာကောင်းလောက်အောင် ကျည်သွားခဲ့ပါတယ်။

ကံကောင်းတာက သူတို့နှစ်ယောက်မှာ တစ်ယောက်က အဆင့်တစ်ဆယ် ရှားပါးသတ္တုရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိပြီးတော့ ကျန်တဲ့တစ်ယောက်က အနည်းငယ်ပဲ နိမ့်ကျပါတယ်။ သိပ္ပကြာပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရေလိုင်းတွေက သူတို့ကို အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လို့ ဖျက်ဆီးပစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း အောင်းဂျန်က သူတို့ကို ဖမ်းမိဖို့ အခွင့်အရေးတစ်ခု ရသွားခဲ့ပါတယ်။

လပြွတ်ပဲ။ အခု ဒါက အကြီးအကျယ် ဆုံးရှုံးနစ်နာမှု တစ်ခုပဲ

လင်းဟာန်က နောက်ဆုံးမှာ ရုတ်ချည်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို ထုတ်လွှတ်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက ဟန်ပြလုပ်နေတာ မဟုတ်ပါဘူး။ ဒါကို တကယ်ပဲ အသုံးပြုဖို့ ရည်ရွယ်ထားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီပင်လယ် ဧရိယာကနေ လွတ်မြောက်နိုင်မှာ မဟုတ်ပဲ ပိတ်ဆို့မိနေပါလိမ့်မယ်။ သူက နောက်ဆုံးတော့ ရုတ်ချည်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ကို အသုံးပြုရပါတော့မယ်။

ရုတ်ချည်း တည်နေရာ ရွှေ့ပြောင်းခြင်း

အဆောင်လက်ဖွဲ့လား

အောင်းဂျန်က အလျင်စလိုပဲ သူ့ရဲ့အမြန်နှုန်းကို မြှင့်တင်လိုက်ပြီး သူတို့ထွက်မသွားနိုင်အောင် တားဆီးဖို့ ကြိုးစားလိုက်ပါတယ်။

နောက်တစ်ကြိမ်မှ ပြန်တွေ့မယ် ကောင်စုတ်လေး။ အဲဒီအချိန်ကျရင် ဒီအရှင်သခင်က မင်းကို သေချာပေါက် သတ်ပစ်မယ်

ဟောချန်ထန်းယွင်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ သူ့လိုမျိုး ခံ့ညားထယ်ဝါတဲ့ နဂါးတစ်ပိုင်းကို အမဲလိုက်ခံနေရပြီး သူကေတာ့ ဂရုန်းသုန်းကား ထွက်ပြေးနေရပါတယ်။ ဒီလိုမျိုး အရာတစ်ခုကို ဘယ်လိုမှ လက်မခံနိုင်ပါဘူး။

ရှုပ်။

အောင်းဂျုန်က သူ့လက်ကို ဆန့်ထုတ်လိုက်တဲ့ အခါမှာ လုံ့ရှည်တစ်ချောင်း ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ လုံ့ရဲ့ထိပ်ဖျားက ဘာမှမရှိတဲ့ လေထုကိုပဲ ထိုးမိသွားခဲ့ပါတယ်။ လင်းဟာန်နဲ့ ဟော့လျန်ထန်းယွင်တို့က အစအနတောင် ရှာမရပဲ ပျောက်ကွယ်သွားခဲ့ပါပြီ။

သေစမ်းကွာ

အောင်းဂျုန်ရဲ့ အကြည့်တွေက အေးစက်စက်နဲ့ အရမ်းကို မချိတင်ကဲ ဖြစ်နေပုံ ပေါ်နေပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူ့အနေနဲ့ သူတို့ကို ကုန်းမြေပေါ်မှာ လိုက်ဖမ်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒီမှာ အရမ်းကို အစွမ်းထက်တဲ့

လူသားတစ်ယောက် ရှိတယ်ဆိုတာကို ကြားထားပါတယ်။ မွေးရာပါ သတ်ဖြတ်ခြင်း ဂင်္ဂါ တစ္စု ဖြစ်သလို နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးထားမှုကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ကျော်နိုင်ပါတယ်။

ဒီနေရာမှာ သူသေရမှာကိုတော့ သူကြောက်ပါတယ်။

ဘယ်ရမလဲ။ သူက ခံ့ညားထယ်ဝါတဲ့ အစစ်အမှန် နဂါးမျိုးဆက် တစ်ယောက် ဖြစ်ပြီးတော့ အဆုံးမရှိ တက်လမ်းတွေကို ပိုင်ဆိုင်ထားပြီး သူ့ကိုယ်သူ ဒီလိုမျိုး နိမ့်ကျတဲ့ ကမ်ဘာငယ်လေး တစ္စုမှာ ဘေးအန္တရာယ်သင့်အောင် လုပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီနေရာကို သူရောက်လာရတဲ့ တစ်ခုတည်းသော အကြောင်းအရာက လောကဘုံ ဆေးလုံး ဖန်တီးခြင်းကို ချောမွေ့အောင်လို ကူညီပေးဖို့ပဲ ဖြစ်ပါတယ်။

မြေခွေးကောင်။ သေစမ်းကွာ။ ဘယ်လိုလုပ်ပြီးတော့ သူတို့မှာ ရုတ်ချည်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တစ်ခု ရှိနေတာလဲ။ အဲဒီပစ္စည်းမျိုးက တန်ခိုးရှင်ဘုံထဲမှာတောင် အရမ်းကို ရှားပါးတဲ့ ပစ္စည်းမျိုး ဖြစ်ပါတယ်။

ရွှပ်။

လျပ်ပြက်သလိုပဲ လင်းဟာန်နဲ့ ဟော့လျန်ထန်းယွင်တို့က ပင်လယ်ပြင် အပေါ်မှာ ပေါ်လာခဲ့ ကြပါတယ်။

ဒါက ဘယ်နေရာလဲ

လင်းဟာန်က အေဂးကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

ပော့လျန်ထန်းယွင်က နာခေါင်းတစ်ချက် ရှုံ့ကာ
အနံ့ခံလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

ဒါက အနောက်ပင်လယ်ဆိုတာ ဒီအရှင်သခင် ပြောနိုင်တယ်

လင်းဟာန်က ထူးဆန်းတဲ့ အမူအရာတစ်ခု
ဖြစ်ပေါ်သွားပြီးတော့ ပြောလိုက်ပါတယ်။

မင်းက ဒါကိုတောင် အနံ့ခံပြီးတော့ သိနိုင်တာလား

သောက်ရေးမပါတာ။ ပင်လယ်လေးခုရဲ့ ရေတွေက လုံးဝကို
ကွဲပြားခြားနားတယ်။ ဒီအရှင်သခင်က အဲဒါကို
ဘယ်လိုလုပ်ပြီးတော့ အနံ့မခံနိုင်ရမှာလဲ

ပော့လျန်ထန်းယွင်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး

သူ့ပုံစံက အရမ်းကို ဂုဏ်ယူနေပုံ ပေါက်ပါတယ်။ အဲဒီနောက် သူက ထူးဆန်းစွာနဲ့ မေးလိုက်ပါတယ်။

ကောင်စုတ်လေး။ ဘယ်လိုလုပ်ပြီးတော့ မင်းဆီမှာ ရုတ်ချည်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့တစ်ခု ရှိနေတာလဲ။ ဒီပစ္စည်းက အရမ်းကို လူသိမ်ား ထင်ရှားတယ် ဆိုပေမဲ့ ဒီအရှင်သခင်တောင် အရင်တုန်းက တစ္ခုမွ မပိုင်ဆိုင်ဖူးဘူး

လင်းဟန်က ရုတ်တရက် အသိဉာဏ္တစ္ခု ဝင်လာခဲ့ပြီး အဲဒါက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ထုတ်ဖော်ပြောခဲ့တဲ့ သတင်းကြီးတွေနဲ့ ဆက်စပ်နေပါတယ်။

တကယ်လို့ အစတုန်းက ကြီးများကျယ်ပြန့်တဲ့ ကုန်းမြေကြီးက တန်ခိုးရှင်ဘုံထဲမှာ နေခဲ့တယ်ဆိုရင် ဒီနေရာမှာ နတ်ဘုရားအဆင့် ပစ္စည်းတချို့

ပေါ်ထွက်လာတာက လက်မခံနိုင်စရာ မရှိပါဘူး။
မာထိုပေါင်တောင်မှ အဲဒါတွေကို တူးဖော်နိုင်လိမ့်မှာ
မဟုတ်ပါဘူး။

ဒီဖက္ကီးက တကယ့်ကို လူကောင်းတစ်ယောက် ဖြစ်ပြီးတော့
သူ့ကို ဒီလိုမျိုး တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်ခုကို ပေးခဲ့ပါတယ်။

တစ်စုံတစ်ယောက်က ငါ့ကို လက်ဆောင်ပေးတာပါ

လင်းဟာန်က ပြောလိုက်ပါတယ်။

ဒီလို တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်ခုကိုတောင်
လက်ဆောင်ပေးတယ် ဟုတ္လား

ဟော့လျန်ထန်းယွင်က အံ့အားသင့် သွားခဲ့ပါတယ်။

အဲဒီလူက ဘယ်သူလဲ။ မြန်မြန်လေး သူ့ကို ဒီအရှင်သခင်နဲ့ မိတ်ဆက်ပေးစမ်းပါ။ ဒီအရှင်သခင်က သူနဲ့ သူငယ်ချင်းကောင်းတွေ ဖြစ်ဖို့ ဂန်မလေးဘူး

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

မင်းနဲ့သူက တချို့နေရာတွေမှာ အတော်လေးကို တူညီကြတယ်

သူက ဟော့လျန်ထန်းယွင်ကို ကုန်းမြေဆီကို ပြန်လာတဲ့ အချိန်မှာ မာထိုပေါင် အကြောင်းကို ပြောပြလိုက်ပါတယ်။ သူတို့က အနောက်ပင်လယ်မှာ ဆိုမှတော့ အနောက်ပင်လယ်ကို သူတို့က အရင်ဆုံး ရောက်လာခဲ့တာ ဖြစ်ပြီးတော့ မြောက်ပိုင်းပင်လယ်က အင်ပါယာ မြို့တော်ဆီကို ပြန်လှည့်လာခဲ့ ကြပါတယ်။

သူတို့က အေးအေးဆေးဆေး လျှောက်လာခဲ့ကြပြီး ခုနစ်ရက်အကြာမှာ ပင်လယ်ရေပြင်ကနေ ထွက်လာပြီးတော့ ကုန်းမြေပေါ်ကို ခြေချမိကြပါတယ်။

အနက်ရောင် မျှော်စင်ထဲက လူတွေလည်း ပြဿနာ အရင်းခံကို သိသွားခဲ့ကြပါတယ်။ ဟူးညိုက လွဲပြီးတော့ ကျန်တဲ့သူတွေက ခရီးတစ်လျှောက်လုံး အနက်ရောင် မျှော်စင်ထဲမှာပဲ ဆက်နေပြီး အေးအေးချမ်းချမ်းနဲ့ လိုက်ပါလာခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တခါတရံမှာ သူ့သားကို အပြင်ကို ထုတ်ပြီးတော့ ချီထားပြီး အဖေနဲ့သား အကြားက သံယောဇဉ်ကို ပြုစုပျိုးထောင် နေခဲ့ပါတယ်။

အနောက်ပိုင်း ဒေသကလည်း အခုဆိုရင် မဟာလင်း အင်ပါယာရဲ့ ပိုင်နက်ဖြစ်နေပြီး နိုင်ငံ့အထိမ်းအမှတ် ရုပ်ထုလည်း ရှိနေတာကြောင့် လင်းဟန်က အဲဒါကို

ဆက်သွယ်ပြီး မဟာလင်း အင်ပါယာရဲ့ လုပ်ရှားမှုတွေကို ထုတ်ဖော်နိုင်စွမ်း ရှိပါတယ်။ အစတုန်းကတော့ သူက ဒီအတိုင်းပဲ အထိမ်းအမှတ် ရုပ်တုနဲ့ ဆက်သွယ်လိုက်တယ် ဆိုပေမဲ့ သတင်းတချို့ကို လက်ခံပြီးတဲ့ နောက်မှာတော့ သူက ချက်ချင်းပဲ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။

အကြောင်းကတော့ မီးနိုင်ငံထဲမှာ ရှိနေတဲ့ သတ္တုမိုင်းတွင်းအောက်မှာ မြုပ်နှံထားတဲ့ အရာတွေက နောက်ဆုံးတော့ ထွက်ပေါ်လာခဲ့ပါပြီ။

အထိမ်းအမှတ် ရုပ်တုကနေတစ်ဆင့် အနက်ရောင် မြူခိုးတွေ ပိုင်းရံထားတဲ့ လူသားပုံစံ သက်ရှိအရိပ်မည်းတွေကို ပိုးတိုးဝါးတားနဲ့ တွေ့မြင်လိုက်ရပြီး အဲဒီအရာတွေက အရမ်းကို အစွမ်းထက်နေပါတယ်။
သူတို့လမ်းကြောင်းမှာရှိတဲ့ မြို့တွေနဲ့ ခံတပ်တွေကို ပိုင်းအုံထား ပါတယ်။ သူတို့သိမ်းပိုက်ထားတဲ့ မြို့တိုင်းမှာ မြို့ထဲက လူတွေအားလုံးကို လမ်းလျှောက်နေတဲ့ လူသေတွေ

အဖြစ်ကို သန့်စင်လိုက်ပြီး သူတို့ရဲ့ နောက်လိုက်တွေ ဖြစ်လာစေခဲ့ပါတယ်။ အဲဒီလူတွေမှာ အနက်ရောင် မျိုးတွေ ပိုင်းရံနေပေမဲ့ သူတို့ရဲ့ ခွန်အားကတော့ သာမန်ပါပဲ။

ကံကောင်းတာက မျိုးတစ်မျိုးကို သန့်စင်ဖို့အတွက် အချိန်အတိုင်းအတာ တစ်ခုတော့ ယူရပါတယ်။ သူတို့က မြောက်ပိုင်းအစွန်အဖျား ဒေသကို လုံးဝသိမ်းပိုက်ထားနိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် သူတို့တွေက လမင်းကျဆင်းချောက်နက်ကို ဖြတ်ပြီးတော့ မြောက်ပိုင်းဒေသရဲ့ ကြီးမားကျယ်ပြန့်တဲ့ ပိုင်နက်ထဲကို ဝင်ရောက်ဖို့ မကြာခင် အချိန်အတွင်းမှာ မဖြစ်နိုင်ပါဘူး။

ဘာကိစ္စတွေ ဖြစ်နေတာလဲ

ဟော့လျန်ထန်းယွင်က သာမန်ကာလျှံကာနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က အခြေအနေကို ပြောပြလိုက်တဲ့ အခါမှာ ဟော့လျန်ထန်းယွင်လည်း မျက်မှောင် ကြုတ်သွားခဲ့ပါတယ်။

ဒီအချိန်ကျမှ ဖြစ်လာရသလား။

တကယ်လို့ သူတို့နှစ်ယောက်ကို အချိန်သာ ပေးလိုက်မယ်ဆိုရင် အနာဂတ်မှာ စကြာဂဗ္ဗာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ ကမ်ဘာ့အစွမ်းထက်ဆုံး လက်ရွေးစင်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ ကြည့်ရတာတော့ မိုးကောင်းကင်က သူတို့အတွက် ခက်ခဲတဲ့ အရာတွေကို တွေ့ကြုံစေပြီး သူတို့ကို တစ်နှစ်တောင် အချိန်မပေးပါဘူး။ သူတို့အတွက် ခက်ခဲတဲ့ ပြဿနာတွေ တစ်ခုပြီးတစ်ခု စီစဉ်ထားပုံ ရပါတယ်။

လင်းဟန်က ချက်ချင်းပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး

ကျောက်တုံးစိတ်ဂိညာဉ်ကို ခရမ်းရောင်လ အင်ပါယာဆီကို စေလွှတ်ပြီးတော့ စစ်ကူတောင်းခိုင်းလိုက်ပြီး သူကတော့ နောက်ကြောင်းကို အမြန်ပြန်သွားခဲ့ပါတယ်။ ဒါက သူကိုယ်တိုင် တာဝန်ယူရမဲ့ အပိုင်းဖြစ်ပြီးတော့ ရှေးဟောင်း သတ္တုမိုင်းတွင်းက ဒီလူတွေကို သူတားဆီးရပါမယ်။

သူတို့က သူတို့ကိုယ်သူတို့ မြေကြီးထဲမှာ ယင်ချီတွေနဲ့အတူ မြှုပ်နှံပြီး မြေအောက်ကမ်ဘာရဲ့ အသက်ရှင်နေတဲ့ လူတစ်ယောက်အဖြစ်ကို ပြောင်းလဲအောင် လုပ်နေပါတယ်။ ပြီးတော့ ဒီကမ်ဘာငယ်လေးကိုလည်း မြေအောက်ကမ်ဘာရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်အောင်လို့တောင် ကြိုးစားပြောင်းလဲ နေကြပါတယ်။ မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ အချိန်ကို ရောက်လာတဲ့ အခါမှာ သူတို့က မြေအောက်ကမ်ဘာထဲကို ဆင်းသက်ပါလိမ့်မယ်။

အဲဒါက လုံးဝကို ဖြစ်ပျက်လို့ မဖြစ်ပါဘူး။

နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုနဲ့အတူ လင်းဟန်ရဲ့
စွမ်းအားက ချက်ချင်းဆိုသလို စကြာဂဠာ
ဖျက်ဆီးခြင်းအဆင့် ကြယ်ကိုးလုံးကို တစ်ဟုန်ထိုး
မြင့်တက်သွားခဲ့ပါတယ်။ မြောက်ပိုင်း အစွန်အဖျား ဒေသက
သေးငယ်တယ် ဆိုပေမဲ့ ရန်သူလက်ထဲကို ကျရောက်သွားတဲ့
အခါကျရင် နိုင်ငံစွမ်းအား အပေါ်မှာ အကျိုးသက်ရောက်မှု
ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ စကြာဂဠာ
ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ်လုံးထိ
မြှင့်တင်နိုင်သင့်ပါတယ်။

မိုးထစ်ချုန်း ကိုးစမြောက် ကောင်းကင်ဘုံနဲ့ မိစ္ဆာတန်ခိုးရှင်
ခြေလှမ်းကို တစ်ပြိုင်နက်တည်း အသက်သွင်းပြီးတော့
အသုံးပြုလိုက်တာကြောင့် သူ့ရဲ့အမြန်နှုန်းက
ပေါ့ပါးဖျတ်လတ်စွာနဲ့ လမင်းကျဆင်း
ချောက်နက်ရှိရာဘက်ကို လျင်မြန်စွာနဲ့
ပျံသန်းသွားခဲ့ပါတယ်။ တစ်ဖက်မှာ သူက နိုင်ငံရပ်တုကနေ
အမိန့်တွေ ပေးပြီးတော့ မြေအောက်ကမ်ဘာက လူတွေကို
တိုက်ခိုက်ဖို့ လက်ရွေးစင်တွေ အားလုံးကို

လမင်းကျဆင်းချောက်နက်ဆီကို စုစည်းခိုင်းလိုက်ပါတယ်။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ သူက လမင်းကျဆင်း ချောက်နက်ဆီကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ မိုးရေဧကရာဇ်နဲ့ မုယောင်ချင်းတို့ကလည်း ကျွမ်းကျင်သူတွေ အများကြီးနဲ့အတူ ရောက်ရှိနေပြီး ရောမ စစ်တပ်ကြီးကို ချောက်နက်အပြင်ဘက်မှာ ရပ်တန့်ထားပါတယ်။ ရီရွှမ်ရွှမ်ကိုလည်း လာခဲ့ဖို့ တောင်းဆိုထားတာကြောင့် သူမက အခုဆိုရင် တစ်ဖက်မှာ ဆွဲဆောင်မှု အပြည့်နဲ့ ထိုင်နေပြီး အားလုံးနဲ့ အထာမကျ ဖြစ်နေပါတယ်။

အရှင်မင်းကြီး

လင်းဟန်ကို မြင်လိုက်တာနဲ့ အားလုံးက ဒူးထောက်ပြီးတော့ ဂါရဝပြု နှုတ်ဆက်လိုက် ကြပါတယ်။

လင်းဟန်က သူ့လက်ကို ပွေ့ယမ်းပြီးတော့ အားလုံးကို မတ်တပ်ရပ်စေပြီးတော့ ပြောလိုက်ပါတယ်။

အစျကိုကြီး အခွအေနေ ဘယ်လိုရှိလဲ

မြောက်ပိုင်းအစွန်အဖျား ဒေသက ရန်သူ့လက်ထဲကို ကျရောက်သွားခဲ့တာကြောင့် အထိမ်းအမှတ် ရုပ်တုကို သူ့မျက်လုံးတွေ နားတွေအဖြစ် အသုံးပြုလို့ မရတော့ပါဘူး။ အထဲမှာ ဘာတွေဖြစ်နေလဲ ဆိုတာကို သူ့အနေနဲ့ ဘာမှမသိပါဘူး။

ငါအကြိမ်အနည်းငယ် စုံစမ်းကြည့်ပြီးတော့ တွေ့မြင်ရသလောက်ကတော့ ရန်သူတွေက သူတို့ရဲ့ အင်အားစုတွေကို နောက်တစ်ကြိမ် ပြန်စုစည်းနေပြီး ရက်အနည်းငယ် အတွင်းမှာ အပြင်ကို ထွက်လာကြလိမ့်မယ်

မိုးရေကောရာဇ်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူက မိုးရေနိုင်ငံရဲ့ အရင်အုပ်ချုပ်သူ တစ်ယောက်အနေနဲ့ ဒီအရာတွေ ပျက်စီးတာကို မြင်ချင်ပါတယ်။ သူက ဒီအရာတွေကို အရမ်းကို မုန်းတီးနေတာ ထင်ရှားပါတယ်။

သတင်းပို့ပါတယ်

ကင်းထောက်တစ်ယောက်က တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ ဒူးထောက်ကာ ပြောလိုက်ပါတယ်။

လျှိုမြောင်ထဲမှာ လုပ်ရှားမှု ရှိနေပါတယ်

Chapter 852 end

Uni.အပိုင်း(853) နတ်ဆိုးအစေခံများ

သူတို့တွေ လျင်မြန်စွာနဲ့ လာနေပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

ပြင်းထန်တဲ့ ခြေလှမ်းသံတွေက လှိုဏ်မြောင်းအထဲကနေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒီအချက် တစ်ခုတည်းကို ကြည့်ပြီးတော့ သုံးသပ်ရမယ်ဆိုရင် အဲဒါက ရောသမမွှေထားတဲ့ လူစုတစ်စု ဖြစ်ပါတယ်။

လင်းဟာန်နဲ့ တခြားသူတွေက ချက်ချင်းပဲ သူတို့ရဲ့ ရွက်ဖျင်တဲ အတွင်းကနေ ထွက်လာပြီး လှိုဏ်မြောင်းဆီကို ကြည့်လိုက်ပါတယ်။ ရှေ့တန်းမှာ လူသားပုံစံ သက်ရှိတွေ ရာနဲ့ချီပြီးတော့ တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကို အနက်ရောင် မြူတွေနဲ့ ပိုင်းရံထားပြီး သူတို့ရဲ့ ပုံပန်းသဏ္ဍာန်တွေကို မတွေ့မြင်နိုင်ပါဘူး။ သူတို့ရဲ့ အမြင့်နဲ့ အထီးအမကိုတောင် မခွဲခြားနိုင်ပါဘူး။

သူတို့ အနောက်မှာ လူအုပ်စုကြီးတစ်ခု ရှိပြီးတော့ သာမန်လူတွေ ဖြစ်ပေမဲ့ အနက်ရောင် နတ်ဆိုးချီတွေ ပိုင်းထားပြီး သူတို့ရဲ့ ပုံပန်းသဏ္ဍာန်ကို ကြောက်မက်ဖွယ်ရာကောင်းအောင် လုပ်နေပါတယ်။ သူတို့ဆီကနေ သွေးဆာလောင်တဲ့ အငွေ့အသက်တစ်ခု ထုတ်လွှတ်လို့ နေပါတယ်။

သူတို့က မြေအောက်ကမ်ဘာရဲ့ အဆင့်နိမ့် နတ်ဆိုးအေစခံ အဖြစ်ကို ပြောင်းလဲခံထားရတဲ့ လူတွေပဲ

ရီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။

အလောင်းကောင် စစ်သားတွေနဲ့ အတော်လေးကို တူတယ်။ နာကျင်မှုဆိုတာလည်း မသိ သေရမှာကိုလည်း မကြောက်ဘူး။ ဒါပေမဲ့ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကတော့ အရမ်းကို နိမ့်ကျတယ်။ ဒါပေမဲ့လည်း သူတို့က ဉာဏ်ရည်ဉာဏ်သွေးကို ထိန်းထားနိုင်သေးတာကြောင့် အဆင့်တူထဲက

အလောင်းကောင် စစ်သားတွေလိုမျိုး လွယ်လွယ်နဲ့ သတ်ပစ်လို့ မရနိုင်ဘူး

ဒါဆိုရင် ဒီလူတွေရဲ့ အရှေ့ကရော ဘာတွေလဲ

လင်းဟန်က မေးလိုက်ပါတယ်။

ရှီရွှမ်ရွှမ်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

သူတို့ကိုတော့ အဆင့်မြင့် နတ်ဆိုးအစေခံတွေလို့ သတ်မှတ်နိုင်တယ်

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်တောင်မှ အဆင့်မြင့် နတ်ဆိုးအစေခံပဲ ဖြစ်နိုင်တာလား

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

ရီရွှမ်ရွှမ်က သူ့ကို မျက်လုံးပြူး ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

နတ်ဘုရား သက်ရှိတွေကို အဆင့်ငါးဆင့် ခွဲခြားထားတယ်။ ပြီးတော့ အဆင့်ကြီးတိုင်းမှာ အဆင့်သေး လေးခုတွေ ထပ်ခွဲထားတယ်။ အဆင့်သေးတိုင်းမှာတောင် ကျော်လွှားလို့ မရနိုင်ပဲ အဆင့်နှစ်ဆယ်နဲ့ ညီမျှတယ်။ ဒီကောင်တွေက နတ်ဘုရား အဆင့်ကိုတောင် မတက်နိုင်ဘူး။ ဘယ်လိုလုပ်ပြီးတော့ သူတို့ကို နတ်ဆိုးဗိုလ်ချုပ်တွေ ဒါမှမဟုတ် နတ်ဆိုးဘုရင်တွေလို့ ခေါ်နိုင်မှာလဲ

ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးရဲ့ အဆင့်ကနေ သုံးသပ်ကြည့်ရင် ဒီအဆင့်မြင့် နတ်ဆိုး အစေခံတွေက အထွတ်အထိပ် တည်ရှိမှုတွေ ဖြစ်ပါတယ်။ ဒါပေမဲ့

မြေအောက်ကမ်ဘာထဲမှာတော့ သူတို့က လက်ရွေးစင်
တစ်ယောက်ရဲ့ အစွန်းအဖျားနားကိုတောင် မကပ်နိုင်ပါဘူး။

မြေအောက်ကမ်ဘာကို ခုခံတာက နတ်ဘုရား သက်ရှိတိုင်းရဲ့
တာဝန်နဲ့ ဂတ္တရားပဲ။ ဒီအရှင်သခင်မလည်း ချွင်းချက်လုံးဝ
မရှိဘူး

ရီရွှမ်ရွှမ်ရဲ့ မျက်နှာအမူအရာက တင်းမာခက်ထန်
သွားခဲ့ပါတယ်။

ဒီနေ့မှာ ဒီအရှင်သခင်မက မင်းနဲ့ဘေးချင်းယှဉ်ပြီးတော့
တိုက်ခိုက်ရလိမ့်မယ်။ ဒီနတ်ဆိုး အစေခံတွေကို
ချေမှုန်းပစ်ရမယ်

ဟားဟားဟား ငါလာတာ နောက်မကျသေးဘူး မဟုတ်လား

ရယ်သံနဲ့အတူ ကလန်ကလားနိုင်တဲ့ အမျိုးသားတစ်ယောက် ကောင်းကင်ပေါ်ကနေ ဆင်းသက်လာခဲ့ပြီး သူ့လက်ထဲမှာ ဝိုင်အရက်အိုးတစ်လုံးကို ကိုင်ထားပြီး သူ့မျက်နှာတစ်ခုလုံးမှာ သေရည်တွေ စီးကျနေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို အိုမင်းနေပုံ ရပါတယ်။

အစ်ကိုကြီး

လင်းဟန်က အံ့အားသင့်ပြီး ပျော်ရွှင်သွားကာ ချက်ချင်းပဲ သူ့ကို သွားနှုတ်ဆက်လိုက်ပါတယ်။

ဖန်ပိုယွမ် ဖြစ်ပါတယ်။

သူတို့တစ်ယောက်နဲ့တစ်ယောက် မတွေ့တာ နှစ်အနည်းငယ် ကြာပါပြီ။ ပြီးတော့ ဖန်ပိုယွမ်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာသုံးကနေ အလွှာငါးကို

အဆင့်တက်သွားပါပြီ။ ဒီလိုမျိုး တိုးတက်မှု တစ်ခုက တကယ့်ကို ကြီးကျယ်ခမ်းနားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဓားနှလုံးသား အလင်းရောင်ကို ကျင့်ကြံအားထုတ်နိုင်ခဲ့ပြီး သူ့နှလုံးသားထဲက အတွင်းနတ်ဆိုးကို ဖြတ်တောက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ အဆင့်တိုးတက်မှုက ပိုပြီးတော့ လွယ်ကူလာခဲ့တာ ဖြစ်ပါတယ်။

ဒါက သေချာပေါက် ကူညီမဲ့ လက်တစ်ဖက် ဖြစ်ပါတယ်။ ဖန်ပိုယွမ်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို မရောက်သေးပေမဲ့ ဓားနှလုံးသား အလင်းရောင်က ဒီနတ်ဆိုးတွေ အတွက်တော့ အရမ်းကို ကြီးမားတဲ့ ဖျက်ဆီးခြင်း စွမ်းအား ဖြစ်ပါတယ်။

ညီငယ်လေး မတွေ့တာတောင် ကြာပြီ။ မင်းရဲ့ ကျင့်ကြံခြင်းအဆင့် တိုးတက်မှုနှုန်းက ငါ့ကို တကယ်ပဲ အံ့အားသင့်စေတယ်

ဖန်ပိုယွမ်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူတို့တွေ တွေ့ဆုံတဲ့ အချိန်တုန်းက လင်းဟန်က ပန်းဖူးအဆင့်မှာပဲ ရှိပါသေးတယ်။ အခုတော့ သူက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ကူးဖြတ်တော့ပါမယ်။

အစ်ကိုကြီး ကျုပ်ရဲ့ အင်ပါယာလက်အောက်ကို ခဏလောက် ဂင်ခိုလှုံလိုက်ပါ။ ကျနော် အစ်ကိုကြီးကို ဘုရင်တစ်ပါး ဘွဲ့ထူးကို အပ်နှင်းပြီးတော့ နိုင်ငံစွမ်းအားကို အသုံးပြုပြီး တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ပေးမယ်

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကောင်းပြီ

ဖန်ပိုယွမ်က ပြုံးပြီးတော့ သဘောတူလိုက်ပါတယ်။

အစတုန်းက သူ့ရဲ့အဆင့်နဲ့ အဆင့်အတန်းအရ သူ့အနေနဲ့ တစ်စုံတစ်ယောက်ရဲ့ လက်အောက်မှာ ဘုရင်တစ်ပါး အနေနဲ့ ပူးပေါင်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ မြေအောက်ကမ်ဘာရဲ့ ကျူးကျော်မှုကို ခုခံကာကွယ်ဖို့ဆိုရင် သူ့ရဲ့ ထင်ပေါ်ကျော်ကြားမှုနဲ့ အဓိက အကြောင်းကိစ္စ အကြားမှာ ဘယ်အရာကို ဦးစားပေးရမယ် ဆိုတာကို ပြတ်ပြတ်သားသား ရွေးချယ်နိုင်ပါတယ်။

နောက်ပြီးတော့ ဒါက သူ့ရဲ့ညီငယ်လေးအတွက် အလုပ်လုပ်ပေးရတာ တစ္ခုမဟုတ္လား။

လင်းဟာန်က ရုပ်တုကို အသက်သွင်းပြီးတော့ ပြောလိုက်ပါတယ်။

ဒီကောရက္က အခု အစ်ကိုကြီး ဖန်ပိုယွမ်ကို ဒီစီရင်စုရဲ့

ဘုရင်ဖန်ပိုအဖြစ် ဘွဲ့ထူးကို ချီးမြှင့်မြှောက်စားလိုက်ပြီး နိုင်ငံတစ်ဝန်းလုံးကို ကြေညာလိုက်သည်

ပုန်း။

ရုပ္ပူက ချက်ချင်းဆိုသလို အသက်ဝင်သွားပြီး ဒီကြေညာချက်ကို မဟာလင်း အင်ပါယာရဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကြေညာလိုက်ပါတယ်။ အင်ပါယာမြို့ရဲ့ အထက်က အနက်ရောင် မျှော်စင်ရုပ်ထုရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရွှေရောင်နာမည်တစ်ခု ထပ်တိုးလာခဲ့ပါတယ်။

ဖန်ယွမ်ဘုရင် ဖန်ပိုယွမ်

ဒါက မဟာလင်း အင်ပါယာရဲ့ အရာရှိ ဘွဲ့ထူးဂုဏ်ထူးတွေကို ကိုယ်စားပြုပါတယ်။ သူက လူသန်းပေါင်း များစွာရဲ့ စိတ်စွမ်းအားကို ရုပ်ထုကနေတဆင့် လက်ခံနိုင်ပြီး

နိုင်ငံစွမ်းအားကို ထုတ်ဖော်သုံးစွဲ နိုင်ပါတယ်။

အခုဆို မဟာလင်းအင်ပါယာမှာ စုစုပေါင်း ဘုရင်သုံးပါး ရှိပါတယ်။ မိုးရေကေရာဇ်၊ မုယောင်ချင်းနဲ့ ဖန်ပိုယွမ်တို့ ဖြစ်ပါတယ်။

ဖန်ပိုယွမ်က ချက်ချင်းပဲ နိုင်ငံစွမ်းအားကို အသက်သွင်းပြီးတော့ ကျေနပ်ပီတိဖြစ်ကာ အံ့အားသင့်သွားခဲ့ပါတယ်။ သူက ပြောလိုက်ပါတယ်။

ငါ့ရဲ့စွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်တစ်လုံးထိ တိုးလာခဲ့တာပဲ။ ကံမကောင်းတာက ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက လုံလောက်မှု မရှိတာပဲ။ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် နောက်ထပ်နည်းနည်းလောက် ထပ်တိုးလို့ ရနိုင်သေးတယ်

နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုအောက်မှာ သူ့စွမ်းအားက ကြယ်လေးလုံးလောက် တိုးလာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အမှန်တကယ် တိုက်ပွဲစွမ်းရည် တိုးတက်မှုက ပိုပြီးတော့တောင် ရှိသင့်ပါတယ်။

ကောင်စုတ်လေး။ ဒီအရှင်သခင်မကိုလည်း ဘုရင်ဘွဲ့ထူးပေး

ရီရွှမ်ရွှမ်က ပြောလိုက်ပါတယ်။ သူမက နတ်ဘုရားသက်ရှိတစ်ယောက် ဖြစ်ပေမဲ့ ဘုံစွမ်းအားရဲ့ ဖိနှိပ်ထိန်းချုပ်မှုကြောင့် သူမရဲ့ အဆင့်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို လျော့ကျလာပေမဲ့ အဲဒါက သူမရဲ့ တိုက်ပွဲစွမ်းရည်ကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို မရောက်နိုင်ဘူးလို့ မဆိုလိုပါဘူး။

ဒါကြောင့် နိုင်ငံစွမ်းအားကလည်း သူမအပေါ်မှာ နောက်ထပ်အာနိသင် ပေါင်းပေးနိုင်ပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ရီရွှမ်ရွှမ်ကို ပူရွှမ်ဘုရင်ဆိုတဲ့ ဘွဲ့ထူးကို ချီးမြှင့်မြောက်စား လိုက်ပါတယ်။

ဒီအရှင်သခင်မရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်သုံးလုံးပဲ တိုးလာတာလား

ရီရွှမ်ရွှမ်က ဘာမှမတတ်နိုင်ပဲ မျက်နှာမည်းမှောင်သွားပါတယ်။

ဒါက ဘာမှမတတ်နိုင်ပါဘူး။ လူတစ်ယောက်ရဲ့ ခွန်အား ပိုပြီးတော့ သန်မာလေ နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှု စွမ်းအားက အားနည်းလာပါတယ်။ သူမက နိုင်ငံ့ဥသျှောင် အရှင်သခင်မ တစ်ယောက် မဖြစ်သရွေ့တော့ ကောင်းချီးပေါ်တဲ့ အဆုံးမဲ့ စွမ်းအားတွေကို လက်ခံရရှိမှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စိတ်စွမ်းအားကို တောင့်ခံနိုင်တဲ့ ခန္ဓာကိုယ်လည်း ရှိရပါမယ်။

ဒါပေမဲ့လည်း ဒီလောက်ဆို ဟိုဆွဲဆောင်မှုရှိတဲ့ အမျိုးသမီးထက် သာလွန်ဖို့ လုံလောက်ပါတယ်

ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီး ဆိုတာက သူမရဲ့ စိတ်ထဲမှာ အမြဲတေစ ရှိနေတဲ့ လစန္ဒာ ဘုရင်ကို ဆိုလိုတာမှန်း သိသာပါတယ်။ အဲဒီအချိန်တုန်းက လစန္ဒာဘုရင်ရဲ့ ဆွဲဆောင်နိုင်မှုက ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားသလဲ ဆိုတာကိုလည်း ပေါ်လွင်စေပါတယ်။

လူသား မြန်မြန်အရှုံးပေး အညံ့ခံလိုက်ပါ။ ဒီဘုရင်က မင်းတို့ကို ထာဂရ သက်တမ်းရရှိဖို့ အာမခံ နိုင်တယ်

လျှိုမြောင်ရဲ့ တစ္ဆက္ကာ အဆင့်မြင့် နတ်ဆိုးအစေခံတွေ ထွက်လာပါတယ်။ အဲဒီမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ရာလောက် ရပ်နေပြီး အရမ်းကို

ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ တည်ရှိမှုကို ထုတ်လွှတ်ပြီး ကြယ်တာရာတွေကိုတောင် တုန်ခါစေနိုင်ပါတယ်။

နတ်ဆိုးအစေခံလေး တစ်ယောက်ကများ အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး လေလုံးထွား နေရဲတယ်

လင်းဟန်က သရော်လိုက်ပါတယ်။

သတ္တိတွေကောင်းနေတယ်ပေါ့။ မင်းက ဒီဘုရင်ကို ဒီလိုမျိုးတောင် ပြောရဲတယ်ပေါ့လေ

အရပ်အမြင့်ဆုံး အဆင့်မြင့် နတ်ဆိုး အစေခံတစ်ယောက်က အော်ဟစ်လိုက်ပါတယ်။ သူ့လက်ကို မြှောက်ပြီးတော့ ငွေရောင်အလင်းတန်း တစ်ခု ပျံ့နှံ့လာပြီး ချက်ချင်းဆိုသလို အဆုံးအစမရှိ ကြီးမားကျယ်ပြန့်လာကာ တောင်တစ်လုံး အရွယ်အစားရှိတဲ့ ရောမ ငွေရောင်ပင့်ကူကြီး တစ်ကောင်

အဖြစ်ကို ပြောင်းလဲသွားပါတယ်။

ဒီရောမ ပင့်ကူကြီးရဲ့ ကောင်းကင်ဘုံ ပုဆိန်တွေနဲ့တူတဲ့ ခြေချောင်းရှစ်ချောင်းနဲ့ လှုပ်ရှားပြီး အောက်မှာရှိတဲ့ သက်ရှိတွေ အားလုံးကို အထင်သေးတဲ့ အကြည့်တွေနဲ့ ကြည့်နေပါတယ်။

ဒီလိုအဆင့်ကို ရောက်နေမှတော့ သူ့ခန္ဓာကိုယ် အရွယ်အစားကို ပြောင်းလဲရတာက အရမ်းကို လွယ်ကူပါတယ်။

သတ်

သူ့ကိုယ်သူဘုရင်အဖြစ် ကြွေးကြော်ထားတဲ့ အဲဒီအဆင့်မြင့် နတ်ဆိုး အေစခံက လင်းဟန်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ ရောမ ငွေရောင်ပင့်ကူကြီးက သူ့ရဲ့

ခြေထောက်ရှစ်ချောင်းကို ရွှေ့လျားပြီးတော့ လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ဟားဟား ငါက မင်းရဲ့ ပြိုင်ဘက်ပဲ

ဖန်ပိုယွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပြီး သူ့ရဲ့ဓားကို ပွေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူ့ရဲ့အဆင့်အရမ်းကို လျင်မြန်စွာနဲ့ တိုးလာတဲ့ အချက်ကလည်း ဒီကောရာမ ပင့်ကူကြီးနဲ့ ပတ်သက်နေပြီး သူ့ကို အဆက်မပြတ် သန်မာစေအောင် စေ့ဆော်ခဲ့ပါတယ်။

အခု နိုင်ငံစွမ်အားရဲ့ ကောင်းချီးပေးမှုနဲ့အတူ ဖန်ပိုယွမ်က ကြီးကျယ်ခမ်းနားတဲ့ တိုက်ကွက်တစ်ခုကို အားမာန်အပြည့်နဲ့ တိုက်ခိုက်ပါတော့မယ်။

ထန်။

လက်ရွေးစင် နှစ်ယောက်က တိုက်ကွက်ခြင်း ဖလှယ်လိုက်ပြီး ချက်ချင်းဆိုသလို မြေပြင်ကနေ ကောင်းကင်ပေါ် ပျံတက်ပြီး တိုက်ခိုက်ပါတယ်။ သူတို့ရဲ့ တိုက်ကွက်က အရမ်းကို ပြင်းထန်ပါတယ်။

လင်းဟာန်က တစ်ချက်ပေ့ကြည့်လိုက်ပြီး လက်ရှိ ဖန်ပိုယွမ်ရဲ့ တိုက်ပွဲစွမ်းရည်က ရောမ ငွေပင့်ကူကြီးထက် မနိမ့်ကျဘူး ဆိုတာကို သိလိုက်ရပြီး ချက်ချင်းပဲ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူက ဂရုမစိုက်တဲ့ဟာန်နဲ့ ပြောလိုက်ပါတယ်။

ငါက မဟာလင်း အင်ပါယာရဲ့ ကောရာဇ်ဖြစ်တဲ့ လင်းဟာန်ပဲ။ မင်းတို့က ဘယ်သူတွေလဲ။ မင်းတို့နာမည်တွေကို ပြောပြစမ်း

နတ်ဆိုးအစေခံတွေရဲ့ ဘုရင်က သရော်ပြုံး ပြုံးလိုက်ပါတယ်။

ကောင်းကင်အဆင့်ပဲ ရှိသေးတဲ့ စစ်သည်တော်လေး တစ်ယောက်က ဘုရင်လို့ ခံယူဝံ့တယ်ပေါ့။ တကယ့်ကို ဟာသတစ်ပုဒ်ပဲ။ ဒီဘုရင်က အရင်တုန်းက သူ့ရဲ့နာမည်ကို စွန့်ပယ်ခဲ့တယ်။ မင်းတို့လူတွေက ဒီဘုရင်ကို နတ်ဆိုးဘုရင် ဆန်းမီလို့ ခေါ်နိုင်တယ်

ရီရွှမ်ရွှမ်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

နတ်ဆိုးအစေခံလေး တစ်ယောက်ကများ သူ့ကိုယ်သူ နတ်ဆိုးဘုရင်တစ်ယောက်လို့ ကြေညာရဲတယ်။ နင်က ဘယ်လောက်တောင် မျက်နှာပြောင်ပြီး တော်တော်လေး အရှက်ကင်းမဲ့တာပဲ။ လာလာလာ ဒီအရှင်သခင်မနဲ့ ပွဲပေါင်းသုံးရာတိုက်ခိုက်ပြီး ဒီအရှင်သခင်မက နင့်ရဲ့ မျက်နှာထူထူကို စုတ်ဖြဲနိုင်မလား ဆိုတာကို ကြည့်ရအောင်

မင်းက သေကြောင်းကြံစည်နေတာလား

နတ်ဆိုးအစေခံတွေရဲ့ ဘုရင်က လှောင်ပြုံးပြုံးပြီးတော့
ရီရွှမ်ရွှမ်ကို ရိုက်ချဖို့ သူ့လက်ကို ဆန့်ထုတ်လိုက်ပါတယ်။

ဒီအရှင်သခင်မက လျှပ်ပေါ်လော်လည်တဲ့ သူ မဟုတ္တာူး။
နင့်ရဲ့ ညစ်ပတ်နေတဲ့ လက်နဲ့ ငါ့ကို လာမထိနဲ့

ရီရွှမ်ရွှမ်က သူမရဲ့ လက်နဲ့ ရိုက်ချလိုက်ပြီး ချက်ချင်းဆိုသလို
နတ်ဆိုးအစေခံ ဘုရင်ရဲ့ လက္က လွင့်ထွက်သွားပါတယ်။

နတ်ဆိုးအစေခံ ဘုရင်ရဲ့ အပြုံးက တင်းမာခက်ထန်သွားပြီး
သူ့ရဲ့ နတ်ဆိုးချီတွေနဲ့ ပိုင်းထားတဲ့ ဧရာမ လက်ကြီးကို
ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

သူတို့အားလုံးကို သတ်ပစ်

ရောမ စစ်တပ်ကြီးက ချက်ချင်းဆိုသလို မဟာလင်း အင်ပါယာရဲ့ စစ်သည်တော်တွေဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။

Chapter 853 end

Zaw.အပိုင်း(854) စစ်ကူများ

“သတ်”

လင်းဟန်ကလည်း မရဏဓားကို ဆွဲထုတ်လိုက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးက ဒီဓားကို အသက်သွင်းဖို့ လုံလောက်ပါတယ်။ ပြီးတော့ သူက ရေခဲနဂါး မြေပြင်ဖောက်ခွဲမှု ဂင်္ဂပါကိုလည်း ပစ်ထုတ်လိုက်ပါတယ်။ အခုချိန်မှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် စွမ်းအားတိုင်းက တန်ဖိုးကြီးပါတယ်။

မဟာစစ်ပွဲကြီးတစ်ခုက ချက်ချင်းပဲ စတင်လာခဲ့ပါတယ်။

ပထမတော့ မဟာလင်း အင်ပါယာက လုံးဂကို အားသာချက်
မရှိပဲနဲ့ အရေးနိမ့်နေပါတယ်။

နတ်ဆိုးအစေခံတွေဘက်မှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်
လက်ရွေးစင်တွေ အများကြီး ရှိပြီးတော့ နတ်ဆိုးအစေခံ
ဘုရင်က စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်ဆယ့်ကိုးလုံးကို ရောက်နေပြီး ရီရွှမ်ရွှမ်ထက်
နာတဖျားသာလွန်နေတာကြောင့် သူမအနေနဲ့ သူ့ကို
နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်ခြင်း မရှိပါဘူး။

ရီရွှမ်ရွှမ်က ဒေါသတွေ ပေါက်ကွဲလာခဲ့ပါတယ်။ တကယ်လို့
ဒါက တန်ခိုးရှင်ဘုံထဲမှာသာဆိုရင် သူမအနေနဲ့
ဒီလိုအမိုက်မျိုးကို အသက်တစ်ရှူက်စာ အချိန်အတွင်းမှာ

အကြိမ်ပေါင်း တစ်သောင်းလောက် ရိုက်နက်ပစ် နိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ သူမက အားနည်းချက် တစ်ခုရှိပြီး ဘုံစွမ်းအားရဲ့ ဖိနှိပ်ထိန်းချုပ်မှုကို ခံနေရပါတယ်။

တကယ်လို့ သူမက အစွမ်းကုန်ထုတ်ပြီး တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်မယ်ဆိုရင် နတ်ဆိုးအစေခံ ဘုရင်ကို ချေမှုန်းပစ်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ သူမလည်း ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေတိုက်ကြီးကနေ နှင်ထုတ်ခံလိုက်ရပြီး ပြင်ပဘုံကို သတ်ဖြတ်ခြင်း ဂင်္ကပါ တစ်ခုနဲ့ ပိတ်ဆို့ထားတာကြောင့် သူမကို သတ်ပစ်နိုင်ပါတယ်။

အတူတူ ပျက်စီးခံမလို့လား။ သူမကတော့ ဒီလိုမျိုးဆန္ဒ လုံးဂကို မရှိပါဘူး။

သူမက အစွမ်းကုန် ကြိုးစားပြီးတော့ အချိန်ဆွဲဖို့ ခက်ခက်ခဲခဲ

ကြိုးစားနေပါတယ်။ အခု သူတို့လုပ်နိုင်တာက ခရမ်းရောင်လ အင်ပါယာရဲ့ စစ်ကူတွေ ရောက်လာတာကို စောင့်နေဖို့ပါပဲ။

လင်းဟာန်က နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုနဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က စကြာဂဠုဏ် ဖျက်ဆီးခြင်း အဆင့်ကို တက်သွားပေမဲ့ ခက်ခဲနေဆဲ အချိန်မှာ တခြားသူ အများစုက နတ်အသွင် ပြောင်းလဲခြင်း အဆင့်နဲ့ ကောင်းကင်အဆင့်တွေဆီကို တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်နေ ကြပါတယ်။

ဒါကြောင့် သူတို့ဘက်မှာ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ရှိတဲ့သူက ဖန်ပိုယွမ်၊ ရီရွှမ်ရွှမ်နဲ့ သူပဲရှိပါတယ်။ ရေခဲနဂါး ဂက်ပါကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် လေးယောက်ပဲ ရှိပါတယ်။

တစ်ဖက်မှာတော့ စကြာဂဠုဏ် ဖျက်ဆီးခြင်းအဆင့်

လက်ရွေးစင် တစ်ရာကျော်ရှိပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့အချက်က သူတို့အားလုံးမှာ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာ ရှိပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံးကို လွယ်လွယ်နဲ့ ရောက်ရှိနေပြီး အသန်မာဆုံး တစ်ယောက်ဆိုရင် ကြယ်ဆယ့်ငါးလုံးတောင် ရှိပါတယ်။

ဒါကိုဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။

ချက်ချင်းဆိုသလို သူတို့က အနီးကပ် တိုက်ပွဲတစ်ခု ဖြစ်နေပြီး မဟာလင်း အင်ပါယာက အကြီးအကျယ် ထိခိုက်သေကျေ ပျက်စီးမှုတွေ ခံစားခဲ့ရပါတယ်။

ဒါပေမဲ့လည်း သူတို့တေါက ဆက်ပြီးတော့ တိုက်ခိုက်နေပါတယ်။

တကယ်လို့ ဒီနတ်ဆိုးအစေခံတွေသာ မြောက်ပိုင်းဒေသကို ဝင်လာခဲ့မယ်ဆိုရင် မြောက်ပိုင်း ဒေသက ဆိုးဝါးတဲ့ ကုန်းမြေကြီးတစ်ခု ဖြစ်သွားပါလိမ့်မယ်။ အဲဒီနောက် ကျန်တဲ့ နယ်မြေသုံးခုလည်း အတူတူပဲ ဖြစ်ပြီးတော့ နောက်ဆုံးမှာ အလယ်ပိုင်း ဒေသပဲ ကျန်ပါလိမ့်မယ်။
ပင်လယ်မျိုးနွယ်စုတောင် ဒီလိုမျိုး ကံတရားကနေ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သူတို့က ဒီနေရာမှာ ရပ်ပစ်ရပါမယ်။

မာထို့ပေါင်သာ အချိန်ကိုက် ရောက်လာမယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးက ရန်သူတွေကို ရှင်းထုတ်ပစ်ဖို့ လုံလောက်ပါတယ်။

လင်းဟာန်က ပြင်းပြင်းထန်ထန် တိုက်ခိုက်ပြီး မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့

မိစ္ဆာတန်ခိုးရှင် ခြေလှမ်းကို အသုံးပြုပြီး နေရာအနှံ့အပြားက လူတွေကို ကယ်တင်နေပါတယ်။ သူ့ရဲ့ အံ့သြဖွယ်ကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ သဘာဝတရားကိုတောင် ဆန့်ကျင်နိုင်တဲ့ ပြန်လည်ကောင်းမွန်မှု စွမ်းအားကို အားကိုးပြီးတော့ လက်ရွေးစင်တွေရဲ့ တိုက်ခိုက်မှုကို သူက ဆွဲဆောင်ထားခဲ့ပါတယ်။

တစ်ဖက်လူတွေက သူ့ကို ထိတ်လန့်ကြောက်ရွံ့ပါတယ်။ ဘာမှမတတ်နိုင်ပါဘူး။ လင်းဟန်ရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်က စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်နှစ်လုံး ကြယ်ဆယ့်သုံးလုံးတောင် ရှိနိုင်ပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်မှု စွမ်းအားကြောင့် စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် နတ်ဆိုးအစေခံ တော်တော်များများကို ခြိမ်းခြောက်နိုင်ပါတယ်။

နောက်ပြီးတော့ သူက မဟာလင်း အင်ပါယာရဲ့ ကောရာဇ်

ဖြစ်ပါတယ်။ သူ့ကို သတ်လိုက်ပြီးရင် နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုကို ဘယ်သူမှ ဆက်ပြီးတော့ ရရှိတော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက ဦးစားပေး ပစ်မှတ်လည်း ဖြစ်နေပါတယ်။

ဒါက လင်းဟာန်ရဲ့ စိတ်သဘောထားနဲ့ ကိုက်ညီနေပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် ရာနဲ့ချီပြီးတော့ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေတာကြောင့် သူက နောက်ဆုံးမှာ မဟာလင်း အင်ပါယာက စစ်သည်တော်တွေရဲ့ သေဆုံးဒဏ်ရာရရှိမှုကို ထိန်းချုပ်လာနိုင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ဆိုးဝါးတဲ့ အခြေအနေ တစ်ခုထဲမှာ ရှိနေပါတယ်။

ပြိုင်ဘက်တွေက နတ်ဆိုးအစေခံတွေ ဖြစ်ပြီးတော့

သူတို့ကျင့်ကြံထားတဲ့ ပညာရပ်တွေက ဒီဘုံနဲ့ သဟဇာတ မဖြစ်ပဲ ပျက်စီးခြင်းနဲ့ မကောင်းတဲ့ အငွေ့အသက်တွေ ပြည့်နှက်လို့ နေပါတယ်။ သူတို့ရဲ့ မူလစွမ်းအင် တိုက်ခိုက်မှုတိုင်းက အရမ်းကြီး အားမကောင်းပေမဲ့ ဖျက်ဆီးခြင်း စွမ်းအားက အရမ်းကို ကြီးမားပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ပျက်စီးမှုတွေ ဖြစ်စေပါတယ်။

လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ရှားပါးသတ္တုနဲ့ ညီမျှပေမဲ့ သူတို့ရဲ့ မူလစွမ်းအင်က အက်ဆစ်ရည်နဲ့ တူပြီးတော့ သူ့ကို ဖြည်းညှင်းစွာနဲ့ တိုက်စားနိုင်ပါတယ်။

ကံကောင်းတာက လင်းဟန်ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းအားက အံ့မခန်းဖြစ်နေတာပါပဲ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ရန်သူတစ်ရာရဲ့ တရစပ် တိုက်ခိုက်မှုအောက်မှာ သူ့ရဲ့ လက်မောင်းတွေ ခြေထောက်တွေက ဖြည်းညှင်းစွာနဲ့ တိုက်စားလာပြီး သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာ သွေးပေါက်တွေ ပေါ်လာခဲ့ပါတယ်။

နေ့တစ်ဝက်လောက် တောင့်ခံပြီးတဲ့ နောက်မှာတော့ လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက်ကို အသုံးပြုပြီးတော့ သူ့ရဲ့ခန္ဓာကိုယ်က ချက်ချင်းဆိုသလို အပြည့်အဝ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း မကြာခင်ပဲ သူ့ခန္ဓာကိုယ် အပေါ်မှာ သွေးကွက်တွေ ပြန်လည်ပေါ်ပေါက် လာခဲ့ပြီး သူ့ကိုကြည့်ရတာ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာကောင်းပြီးတော့ သူ့ဆီကိုတောင် မကြည့်ပုံ့တော့ပါဘူး။

“ညို့ညို့ ကူညီပေးမယ်”

ဟူးညို့က မိုးကောင်းကင်ပေါ်ကို ခုန်တက်ပြီးတော့ နတ်ဆိုးအစေခံတွေကို စက်ဝိုင်းပုံစံ ပတ်ပြီး လင်းဟန်ရဲ့

ဖိအားကို လျော့ပါးစေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူမရဲ့ စွမ်းအားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို မရောက်သေးတာကြောင့် သူမရဲ့ လွှမ်းမိုးနိုင်မှုက အတော်လေး အကန့်အသတ်ရှိပြီး မကျေမချမ်းဖြစ်မှုကြောင့် သူမကို အော်ဟစ်သွားစေပါတယ်။

ပြင်းထန်တဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပေါ်နေပြီး မျက်စိတစ်မှိတ် အတွင်းမှာ အချိန်သုံးရက် ကုန်လွန်သွားခဲ့ပါတယ်။

လင်းဟန်က ဆက်ပြီးတော့ ထိန်းထားပေမဲ့ သူ့မှာ ဖျက်ဆီးလို့မရတဲ့ အစစ်အမှန် အရည်စက်က တစ်စက်ပဲ ကျန်ပါတော့တယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက်မှာ ခုခံနိုင်စွမ်း

ရှိတယ်ဆိုပေမဲ့ အဆက်မပြတ် အသုံးပြုပြီးတဲ့ နောက်မှာ အရည်တစ်စက်ရဲ့ အာနိသင်က အရင်ဟာထက် နိမ့်ကျလာတယ် ဆိုတာက သိသာထင်ရှားပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ နောက်ဆုံးအစစ်အမှန် အရည်စက်ကို အသုံးပြုလိုက်ရင် သူဘာများ လုပ်နိုင်ဦးမှာလဲ။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ ငါတို့လာတာ နောက်ကျသွားတယ်"

ကျယ်လောင်တဲ့ အသံတစ်ခုနဲ့အတူ လူရှစ်ယောက်က အဝေးကနေ ပျံသန်းလာခဲ့ပါတယ်။ သူတို့တစ်ယောက်ချင်းစီက ခံ့ညားထယ်ဝါတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပြီး မိုးကောင်းကင်ကိုတောင် တုန်ခါစေနိုင်ပါတယ်။

ဘုရှင်ရှစ်ပါး ရောက်လာခဲ့ပါပြီ။

"နောက်ကျမှ ရောက်တာက မရောက်လာတာထက်စာရင် ပိုကောင်းပါတယ်"

လင်းဟန်က ပြုံးလိုက်ပါတယ်။

"အားလုံး ချက်ချင်းပဲ တိုက်ပွဲဝင်ကြပါ"

"ကောင်းပြီ"

ဘုရင်ရှစ်ပါးလုံး တိုက်ခိုက်လိုက်ပါတယ်။ သူတို့တစ်ယောက်ချင်းစီမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး ရှိပါတယ်။ ပြီးတော့ သူတို့ရဲ့ အကူအညီနဲ့ လင်းဟန်အပေါ်မှာ ကျရောက်နေတဲ့

ဖိအားက ချက်ချင်းဆိုသလို အကြီးအကျယ် လျော့ကျသွားခဲ့ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

ကျောက်တုံးစိတ်ဂိညာဉ်လည်း အဝေးကနေ ပြေးလာခဲ့ပါတယ်။ သူရဲ့အမြန်နှုန်းက ဘုရင်ရှစ်ပါးနဲ့ နှိုင်းယှဉ်လို့ မရပေမဲ့ သူ့က အသက်လုပြီး ပြေးလာခဲ့ပါတယ်။
“ဟားဟားဟား အားလုံးတစ်ပြိုင်နက် တက်လာခဲ့ကြတယ်။ ဒါမှ မင်းတို့အားလုံးကို တစ်ခါတည်းနဲ့ သတ်ပစ်နိုင်မှာ”

နတ်ဆိုးအစေခံ ဘုရင်က သရော်လိုက်ပါတယ်။

“ဒီအရှင်သခင်မနဲ့ တိုက်ခိုက်နေတာတောင်မှ နင့်ရဲ့စိတ်က တခြားကို ပျံ့လွင့်ရဲသေးတယ်ပေါ့လေ ဟုတ်လား”

ရီရွှမ်ရွှမ်က သူမရဲ့ မီတာသုံးထောင်လောက်ရှည်တဲ့ အတောင်ပံကို ဖြန့်ပြီးတော့ ကောင်းကင်ဘုံ ပုဆိန်နှစ်လက်ကို အသုံးပြုလိုက်သလိုမျိုး နတ်ဆိုးအစေခံ ဘုရင်ဆီကို ရိုက်ချလိုက်ပါတယ်။

"ဟင့် မင်းက ဒီအရှင်သခင်နဲ့ အချိန်ကြာကြာ တိုက်နိုင်တာနဲ့ပဲ မင်းမှာ လုံလောက်တဲ့ ခွန်အား ရှိနေတယ်လို့ ထင်နေတာလား"

နတ်ဆိုးအစေခံ ဘုရင်က အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"လာစမ်း ဂဏ်ပါတစ်ခု ပုံဖော်လိုက်။ ဒီဘုရင်က ဒီလူသားတွေရဲ့ သွေးကို ဒီနေ့မှာ စိတ်ကျေနပ်အောင် သောက်ပစ်မယ်"

စကြာဂဠုဘာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ရာလောက်က ချက်ချင်းပဲ စုစည်းလာပြီး ဂျက်ပါ အမျိုးအစား ပုံစံတချို့ကို ပုံဖော်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူတို့ရဲ့ ခန္ဓာကိုယ်ကနေ နတ်ဆိုးချီတွေကို တစ်ယောက်ပြီးတစ်ယောက် ထုတ်လွှတ်လိုက်ပြီး နတ်ဆိုးအစေခံ ဘုရင်ရဲ့ ခန္ဓာကိုယ်ထဲကို တလိပ်လိပ် တိုးဝင်သွားခဲ့ပါတယ်။

ဟုမ်း။

နတ်ဆိုးအစေခံ ဘုရင်ရဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို ပေါက်ကွဲထွက် လာခဲ့ပါတယ်။

ရှီရွှမ်ရွှမ်ရဲ့ မျက်နှာတောင် ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူမက အလေးအနက်နဲ့ ပြောလိုက်ပါတယ်။

“မကောင်းတော့ဘူး။ ဒီစွမ်းအားက ကြယ်နစ်ဆယ်လုံး ရှိမယ
ေ”

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အကန့်အသတ်က ကြယ်နှစ်ဆယ်လုံး ဖြစ်ပါတယ်။ ဒါပေမဲ့ စကားကတ်ပြီးတော့ပြောမယ်ဆိုရင် အဲဒါက ကြယ်နှစ်ဆယ်လုံးကို ကျော်လွန်နိုင်တဲ့ စွမ်းအား မဟုတ်ပဲ သိုင်းပညာရပ်တွေ လျှို့ဝှက်ပညာရပ်တွေကို ပေါင်းထည့်လိုက်ရင် အဲဒီတိုက်ပွဲ စွမ်းရည်ကို ကျော်လွန်နိုင်ပါတယ်။ ဥပမာ။ မာထို့ပေါင်က နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှု မရှိပဲ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိပါတယ်။ နိုင်ငံစွမ်းအားနဲ့ဆိုရင် စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကြယ်နှစ်ဆယ်လုံးက သူ့အတွက် အောင်မြင်ဖို့ လွယ်ပါတယ်။

နတ်ဆိုးအစေခံ ဘုရင်က ဂင်္ဂါပါ အမျိုးအစား တချို့ကို ထုတ်ဖော်ပြီး တခြားနတ်ဆိုး အစေခံတွေဆီက

စွမ်းအားတွေကို ထုတ်ယူပြီးတော့ သူ့ကိုယ်ပိုင် ခန္ဓာကိုယ်မှာ ပေါင်းထည့်ပြီး သူ့ကို ချက်ချင်းဆိုသလို စွမ်းအားတွေ ခုန်တက်သွားစေခဲ့ပါတယ်။

တကယ်လို့ စွမ်းအားက ကြယ်နှစ်ဆယ်လုံးနဲ့ နီးကပ်လာနိုင်ရင် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ကျော်လွန်ဖို့ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

အခုဒါကို ဘယ်လိုရင်ဆိုင် ရမှာလဲ။

"အစ်ကိုမာ ဘယ်မှာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ မျက်လုံးဆယ့်ရှစ်လုံး အလောင်းဘုရင် ပေါ်လာပြီးတော့ သောင်းကျန်းနေလို့ အရှင်မင်းကြီး ကိုယ်တိုင်သွားပြီးတော့ နှိမ်နင်းနေတယ်"

လစန္ဒာ ဘုရင်က ဖြေလိုက်ပါတယ်။

အားလုံးရဲ့ အမူအရာတွေက တင်းမာခက်ထန်လို့ လာခဲ့ပါတယ်။ ဒီနတ်ဆိုးအစေခံတွေက အလောင်းတစ်ထောင်ဂိုဏ်းနဲ့အတူ ဆွေးနွေးထားခဲ့တာများလား။

ဒါက အရမ်းကို ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အလောင်းတစ်ထောင်ဂိုဏ်းက မြေအောက် ကမ္ဘာရဲ့ လက်ရွေးစင် တစ်ယောက်က တည်ထောင်ထားတာ ဖြစ်ပါတယ်။ ပြီးမှ တန်ခိုးရှင်ဘုံ အထဲကို သွားခဲ့တာပါ။

"ဟားဟားဟား မင်းတို့အားလုံး သေရလိမ့်မယ်"

နတ်ဆိုးအစေခံ ဘုရင်က တိုက်ခိုက်လိုက်ပါတယ်။ သူရဲ့

လက်ဂါးနဲ့ အားလုံးကို ရိုက်ချ လိုက်ပါတယ်။
နတ်ဆိုးချီတွေက ပျံ့နှံ့သွားပြီး ကမ္ဘာကြီးကိုတောင်
မှေးမှိန်သွားစေခဲ့ပါတယ်။

"ကောင်းကင်တာအို မျက်လုံး ဘယ်ရောက်နေလဲ။
မြန်မြန်ထွက်လာပြီး ဒီမကောင်းဆိုးဂါးတွေကို
အပြစ်ပေးလိုက်လေ"

ယုန်ဖြူကြီးက စိုးရိမ်ပူပန်ပြီး အမောတကောနဲ့
ထခုန်လိုက်ပါတယ်။

ရီရွှမ်ရွှမ်က သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနတ်ဆိုးအစေခံတွေက အစတုန်းက ကြီးမားကျယ်ပြန့်တဲ့
ကုန်းမြေကြီးကပဲ။ ဒါပေမဲ့ နတ်ဆိုးပညာရပ်တွေကို
ကျင့်ကြံအားထုတ်ပြီး သူတို့ရဲ့ ခန္ဓာကိုယ်တွေကို

မြေအောက်ကမ္ဘာရဲ့ ဒီအရာတွေအဖြစ် ပြောင်းလဲခဲ့တယ်။ ဒါကြောင့် ကောင်းကင်တာအိုရဲ့ မျက်လုံးက သူတို့ကို နှင်မထုတ်နိုင်ဘူး။ နောက်ပြီးတော့ နတ်ဆိုးအစေခံ ဘုရင်ရဲ့ အဆင့်က နတ်ဘုရား အဆင့်ကို မချိုးဖျက်နိုင်ခဲ့ဘူး။ ဒါကြောင့် ကောင်းကင်တာအိုရဲ့ မျက်လုံးကြောင့် သူလည်း နှင်ထုတ်ခံရမှာ မဟုတ်ဘူး”

လစန္ဒာဘုရင်က သူမရဲ့ လက်ဝါးနဲ့ ရိုက်ပြီးတော့ ရီရွှမ်ရွှမ်ကို အော်ငေါက်လိုက်ပါတယ်။

“နင့်မှာ ဒီလူတွေကို ပျော်အောင်လို့ ဘာမှမပြောနိုင်တော့ဘူးလား”

“ဒါဆိုရင် အားလုံးက တစ်နှစ်တည်း တစ်လတည်း တစ်ရက်တည်းမှာ မမွေးနိုင်ကြပေမဲ့ တစ်နှစ်တည်း တစ်လတည်း တစ်ရက်တည်းမှာ အတူတူ သေနိုင်တာပေါ့။

အဲဒါက လူတွေကို ပျော်ရွှင်စေမယ်လို့ ထည့်တွက်လို့ရလား”

ရီရွှမ်ရွှမ်ကလည်း ပြောပြီးတော့ ပြုံးလိုက်ပြီး သူမရဲ့ လက်ဂါးနဲ့ တိုက်ခိုက်လိုက်ပါတယ်။ ရီရွှမ်ရွှမ်၊ ဘုရင်ရှစ်ပါးနဲ့ လင်းဟာန်တို့ရဲ့ လက်တွေ ပေါင်းပြီးတော့ နတ်ဆိုးအစေခံ ဘုရင်ရဲ့ လွှမ်းမိုးလာတဲ့ တိုက်ခိုက်မှုကို ခုခံလိုက်ပါတယ်။

ဟုမ်း။

တိုက်ခိုက်မှုရဲ့ ရိုက်ချက်က ဆင်းသက်လာပြီး လင်းဟာန်၊ ရီရွှမ်ရွှမ်နဲ့ ဘုရင်ရှစ်ပါးစလုံး လွင့်ထွက် သွားခဲ့ပြီး အားလုံးက သွေးတွေ အန်ထုတ်လိုက်ကြပါတယ်။
ချက်ချင်းမသေသွားတာကပဲ တကယ့်ကို ကံကောင်းလွန်းနေပါပြီ။

ဒါပေမဲ့လည်း သူတို့က နတ်ဆိုးအစေခံ ဘုရင်ရဲ့ တိုက်ခိုက်မှု

တစ်ခုကိုတောင် အတူတကွ ပူးပေါင်းပြီး မခုခံနိုင်ခဲ့ပါဘူး။
မျှော်လင့်ချက်ရော ရှိပါဦးမလား။

Chapter 854 end

Zaw.အပိုင်း(855) လှေကြီး နောက်တစ်ခါ ထပ်လာပြီ

ဒါကို ချေမှုန်းပစ်ဖို့ ဆိုတာ အသာထားဦး။
မာထို့ပေါင်ကိုယ်တိုင် ရောက်မလာသရွေ့ သူတို့က
ဒီနတ်ဆိုးအစေခံ ဘုရင်ကို ယှဉ်ပြိုင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း မာထို့ပေါင်က အလောင်းတစ်ထောင်ဂိုဏ်းကို
ထိန်းချုပ်နေပါတယ်။ အဂေးက ရေက မီးကို
မငြိမ်းသတ်နိုင်ပါဘူး။ သူကလည်း သူတို့ကို
မကယ်နိုင်ပါဘူး။

သူတို့ဘာများ လုပ်နိုင်မှာလဲ။

လင်းဟာန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ သူက အားလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းနိုင်ပါတယ်။ သူတို့တွေ ဒီနေရာမှာ သေသွားလို့ မဖြစ်ပါဘူး။ သူတို့မသေသေးသရွေ့ အရာအားလုံးက ဖြစ်နိုင်ချေ ရှိပါသေးတယ်။ နောက်ပြီးတော့ မာထို့ပေါ်က ဘာတွေဖြစ်နေလဲ ဆိုတာကို သတိပြုမိသွားရင် သူက ချက်ချင်းပဲ ပြေးလာပြီးတော့ ကူညီပါလိမ့်မယ်။

ဒီတစ်ခုပဲ လုပ်နိုင်ပါလိမ့်မယ်။

"အားလုံးပဲ ငါ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုရှိတယ်။ အဲဒါက ငါတို့အားလုံးရဲ့ အသက်ကို ကယ်နိုင်တယ်။ ငါ့ရဲ့ နတ်ဘုရားအာရုံ ပိုင်းရံတာကို မခုခံနဲ့။ ငါအားလုံးကို အထဲခေါ်သွား ပေးမယ်"

လင်းဟာန်က ဘုရင်ရှစ်ပါးနဲ့ ရီရွှမ်ရွှမ်ဆီကို

နတ်ဘုရားအာရုံကနေတဆင့် ပြောလိုက်ပါတယ်။

“သိုလှောင်နတ်ဘုရား ပစ္စည်း”

ရီရွှမ်ရွှမ်ရဲ့ လှပတဲ့ မျက်လုံးတွေ ချက်ချင်း ပိုင်းစက်သွားခဲ့ပါတယ်။ ဒီပစ္စည်းက နတ်ဘုရားဘုံ အထဲမှာတောင် အရမ်းကို တန်ဖိုးကြီးမားပါတယ်။ အစွမ်းထက်ဆုံး ခွန်အားကြီးသူတွေပဲ အဲဒါကို သန့်စင်နိုင်ပါတယ်။ လင်းဟာန်က တစ်ခုပိုင်ဆိုင်ထားလိမ့်မယ်လို့ သူမ ဘယ်တုန်းကမှ ထင်မှတ် မထားမိခဲ့ပါဘူး။

သူ့ကိုယ်ပေါ်မှာ အံ့မခန်း ရတနာ တစ်ခုရဲ့ တည်ရှိမှုကို သူမ အနံ့ရနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။

ဘုရင်ရှစ်ပါးလုံး ခေါင်းညိတ်လိုက် ကြပါတယ်။

ဒီစင်မြင့်ပေါ်က အခြေအနေက သူတို့ ထိန်းချုပ်နိုင်တာထက် ကျော်လွန်နေပါပြီ။ မာထိုပေါင် တစ်ယောက်ပဲ သူတို့အတွက် တိုက်ပွဲ အခြေအနေကို ပြောင်းပြန်လှန်ပေးနိုင်ပါလိမ့်မယ်။

လင်းဟာန်မှာက အံ့သြဖွယ်ကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိတာကြောင့် အရင်ဆုံး ထရပ်လိုက်ပါတယ်။ ဒါပေမဲ့ စောစောတုန်းက တိုက်ပွဲမှာ သူက ပြင်းထန်တဲ့ ဒဏ်ရာတွေကို ခံစားခဲ့ရပြီး လက်ရှိမှာတော့ အမာရွတ်တွေနဲ့ ပြည့်နှက်နေကာ သူ့ကိုကြည့်ရတာ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေပါတယ်။

"လင်းဟာန်"

ဟူးညီကြ လွှားခနဲ ခုန်လာခဲ့ပါတယ်။ ဒီကလေးမလည်း ဒဏ်ရာရထားပြီး အတော်လေးကို တုန်လှုပ်ဖို့

ကောင်းပါတယ်။ သူမရဲ့ နဖူးကနေ
သွေးတွေစီးကျနေပြီးတော့ စိတ်သောက အတော်လေး
ဖြစ်စေပါတယ်။

သေစမ်းကွာ။

လင်းဟန်က စိတ်ထဲကနေ စိတ်ထိခိုက်ဂမ်းနည်းလို့
နေပါတယ်။ အရင်တုန်းက ပင်လယ်မျိုးနွယ်စု လက်ထဲကနေ
ထွက်ပြေးလာရပေမဲ့ သူက အဲဒါကို ဂရုမစိုက်ပါဘူး။
စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ အစစ်အမှန်
နဂါးတစ်ကောင်ဆီက မထိမရှပဲ ထွက်ပြေးလာနိုင်တာက
ရှက်စရာကောင်းတဲ့ အရာတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့
အခုတော့ သူက ဆိုးဆိုးဂါးဂါးကို ရှုံးနိမ့်ပြီး
နတ်ဆိုးအစေခံတွေရဲ့ ကျူးကျော်မှုနဲ့အတူ
မရေမတွက်နိုင်တဲ့ သက်ရှိတွေကို သွေးအေးအေးနဲ့
သတ်ဖြတ်နေကြပါတယ်။ ဘုရင်တစ်ယောက် အနေနဲ့ သူက
ဒါကို ဘယ်လိုလုပ်ပြီးတော့ ခံစားနိုင်မှာလဲ။

နိုင်ငံစွမ်းအား ဆိုတာကလည်း နှစ်ဖက်သွား
ဓားတစ်ချောင်းလိုပါပဲ။ အခု အဲဒါက ပြန်ပြီးတော့
စိုက်ဝင်လာပါတယ်။

"ဟားဟားဟား မင်းတို့ရဲ့ အသက်တွေကို ဒီနေရာမှာ
ဒီဘုရင်အတွက် ချန်ထားစမ်း"

နတ်ဆိုးအစေခံ ဘုရင်က ကျယ်လောင်စွာ ရယ်မောပြီးတော့
သူ့လက်ဝါးနဲ့ နောက်တစ်ကြိမ် ရိုက်ချလိုက်ပါတယ်။
စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်နှစ်ဆယ်လုံးကို သာလွန်ပြီး မိုးကောင်းကင်နဲ့
မြေကမ္ဘာကို တုန်ခါသွားစေပြီးတော့ လေဟာနယ်ကိုတောင်
စုတ်ပြဲသွားစေခဲ့ပါတယ်။

ဟုမ်း။

အဲဒီအချိန်မှာ ရုတ်တရက်ဆိုသလို လှေတစ်စီးရဲ့ ဦးပိုင်းက ပက်ကြားအက်ကနေ ထိုးထွက် လာခဲ့ပါတယ်။

လပြွတ်ပဲ။ နောက်တစ်ကြိမ်လား။

အရင်တုန်းက မာထို့ပေါင်အနေနဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကို တိုက်ခိုက်တုန်းက စကြာဂဠုန် ဖျက်ဆီးခြင်း အဆင့် တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံးကို ပေါက်ကွဲထွက်ပြီး လေဟာနယ်ကို ချက်ချင်း စုတ်ပြဲသွားစေခဲ့ပါတယ်။ ရလာဒ်အနေနဲ့ နတ်ဘုရားလှေတစ်စီးက ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါက လေဟာနယ်ထဲမှာ ဘယ်လောက်ကြာအောင် ရှုက်လှင့်နေလဲ ဆိုတာကို မသိပါဘူး။ ဒါပေမဲ့ အဲဒီမှာ လူသေဂိညာဉ်တွေ ရှိနေပြီးတော့ ပျောက်ကွယ်မသွားခဲ့သေးပါဘူး။ ပြီးတော့ သူတို့ရဲ့ စွမ်းအားတွေက သဘာဂတရားကိုတောင် ဆန့်ကျင်နိုင်လောက်အောင် အစွမ်းထက် လွန်းပါတယ်။

အခု နောက်တစ်ကြိမ် ထပ်ပြီးတော့ ဖြစ်လာပြန်ပြီလား။

လှေဦးက အတင်းထိုးထွက်လာပြီး မီတာကိုးရာကျော်
ရှည်လျားတဲ့ လှေကြီးတစ်စင်း ထွက်ပေါ် လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီလှေကြီးက အရင်တစ်ခုနဲ့ မတူပါဘူး။
လှေပေါ်မှာ ပျက်စီးနေတဲ့ အပေါက်အပြဲ တစ်ခုမှ မပါပဲ
အလံကလည်း ထင်ထင်ရှားရှားနဲ့ လွင့်ထူထားပါတယ်။
ပြီးတော့ လှေရဲ့ ဦးပိုင်းမှာ အမျိုးသမီး
စစ်သည်တော်တွေတောင်မှ စောင့်ကြပ်နေကြပါတယ်။

လင်းဟာန်က အလံပေါ်မှာ ထူးဆန်းတဲ့ သက်ရှိတစ်ကောင်ရဲ့
ပုံစံကို ရေးဆွဲထားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း
တွေ့မြင်နိုင်ပါတယ်။ ပင်လယ်ထဲမှာ ကူးခတ်နေတဲ့
ငါးတစ်ကောင်။ ရုတ်တရက် ရေလှိုင်းတွေက ကြီးမားတဲ့
ရေလှိုင်းကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး
မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး အကြားမှာ
လည်ပတ်သွားနေပါတယ်။

ဒါက ပန်းချီတစ်ခု ဖြစ်ပြီးတော့ သူ့စိတ်ထဲမှာ
အသက်ဝင်နေတဲ့ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာခဲ့တာပါ။
တကယ့်ကို လှျို့ဝှက်ဆန်းကြယ် လွန်းပါတယ်။

လှေကြီးက နတ်ဆိုးအစေခံ ဘုရင်နဲ့ လင်းဟန်တို့
အုပ်စုအကြားကို ထိုးစိုက်လာခဲ့ပါတယ်။

"ဒီဘုရင်ကို တားဆီးရဲတာ ဘယ်သူလဲကွ"

နတ်ဆိုးအစေခံ ဘုရင်က ရုတ်တရက်
အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်က
ကြယ်နှစ်ဆယ်လုံး အမြင့်မှာ ရှိပြီးတော့ ဒီဘုံထဲမှာ
ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။ ဒါကြောင့် သူက အရမ်းကို
ယုံကြည်မှုတွေ ပြင်းထန်လို့ နေပါတယ်။

လင်းဟန်နဲ့ ဘုရင်ရှစ်ပါးရဲ့က အမူအရာက ထူးထူးဆန်းဆန်း ဖြစ်သွားပါတယ်။ သူတို့က အရမ်းကို အံ့သြစရာကောင်းတဲ့ နတ်ဘုရားလှေ နောက်တစ်စီးကို မြင်တွေ့ခဲ့ဖူးပါတယ်။ ပြီးတော့ အဲဒီအပေါ်က မိန်းကလေးက ကောင်းကင်တာအိုရဲ့ မျက်လုံးကိုတောင် အပေးကို ထွက်ပြေးသွားအောင် လုပ်နိုင်ခဲ့ပါတယ်။ မင်းက ပြဿနာရှာနေတာလား။

လှေပေါ်က လူတွေက တစ်ယောက်မှ သူ့ကို အာရုံမစိုက်ပါဘူး။ မိုးပြာရောင် ဂတ်စုံနဲ့ အမျိုးသမီးအို တစ်ယောက်က လှေဦးကို လျှောက်လာပြီး အောက်ကို မျက်စိတစ်ချက် ငေ့ကြည့်လိုက်ပါတယ်။ သူမရဲ့ အကြည့်တွေက ဟူးညို့ဆီမှာ ရပ်သွားပြီး ချက်ချင်းဆိုသလို ကျေနပ်ပျော်ရွှင်သွားတဲ့ အမူအရာနဲ့ ကြည့်နေပါတယ်။

ရှုပ် ရှုပ် ရှုပ် ရှုပ်။

လူဆယ်ယောက်ကျော်က လှေပေါ်ကနေ ချက်ချင်းပဲ ခုန်ဆင်းလာခဲ့ပါတယ်။ အားလုံးက အမျိုးသမီးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ စစ်သည်တော်တွေလို မဝတ်ဆင်ထားပါဘူး။ သူမတို့ အားလုံးက ဗိုလ်ချုပ်ဂတ်စုံတွေ ဂင်ဆင်ထားပြီး သူမတို့ရဲ့ အဆင့်အတန်းကို ဖော်ပြနေ ပါတယ်။

"သခင်မကို တွေ့ရတာ ဂုဏ်ယူစရာကောင်းတဲ့ အရာတစ်ခုပါပဲ"

အဲဒီမိန်းကလေးတွေ အားလုံးက ခေါင်းကိုငုံ့ပြီးတော့ ဟူးညိုဆီကို ဂါရဂပြု နှုတ်ဆက် လိုက်ကြပါတယ်။ မိုးပြာရောင် ဂတ်ဆ်ထားတဲ့ အမျိုးသမီးအိုကြီးပဲ ချွင်းချက်အနေနဲ့ ရပ်နေပြီး သူမက ပြုံးပြကာ ပြောလိုက်ပါတယ်။

“ကလေးမလေး နောက်ဆုံးတော့ ဒီအဘွားကြီးက မင်းကို ရှာတွေ့ပြီပေါ့”

“မင်းတို့တွေ”

နတ်ဆိုးအစေခံ ဘုရင်က ဒေါသထွက်သွားခဲ့ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ သူ့ကို လျစ်လျူရှုပုံ့တဲ့ လူတွေ ရှိသေးတာလား။ သူက သရော်ပြုံး ပြုံးပြီးတော့ သူ့လက်ကို အဲဒီမိန်းကလေးတွေဆီကို ဝှေ့ယမ်းလိုက်ပါတယ်။ သူတို့တွေ သွေးအိုင်အဖြစ် ပြောင်းသွားတော့မှ သူတို့ရဲ့ လက်ရှိ အပြုအမူတွေကို နောင်တရသွားလိမ့်မယ်။ ဟုတ်တယ်မလား။

“သခင်မလေး မင်းကို ဘယ်သူက ဒဏ်ရာရအောင် လုပ်တာလဲ”

မိန်းကလေးတွေ အားလုံးက ဟူးညိုကို မေးလိုက်ပါတယ်။ သူမတို့အားလုံးက ဒေါသတွေ ထွက်နေတဲ့ အမူအရာတွေ ဖြစ်ပေါ်နေပါတယ်။

ဟူးညိုက ဘာတွေဖြစ်နေလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း နားမလည်ပေမဲ့ သူမက အတော်လေးကို ပါးနပ်ချက်ချာတဲ့ မိန်းကလေးတစ်ယောက် ဖြစ်တာကြောင့် ချက်ချင်းပဲ နတ်ဆိုးအစေခံ ဘုရင်နဲ့ နတ်ဆိုးအစေခံတွေကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒါသူပဲ။ ပြီးတော့ သူ သူ သူ သူရောပါတယ်။ သူရောပဲ။ သူ သူသူတို့ အကုန်လုံး"

မိန်းကလေးတွေ အားလုံးက ချာခနဲလှည့်ပြီးတော့ နတ်ဆိုးအစေခံ ဘုရင်ဆီကို ကြည့်လိုက်ပါတယ်။

ဒါက အရမ်းကို ထူးဆန်းပါတယ်။ နတ်ဆိုးဘုရင် အစေခံက

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်နှစ်ဆယ်လုံးရှိတဲ့ အမြန်နှုန်းနဲ့ တိုက်ခိုက်လိုက်ပေမဲ့
ဒီတိုက်ခိုက်မှုက ဘယ်လိုလုပ်ပြီးတော့ မထိမှန်သွားတာလဲ။
အချိန်တွေက အေးခဲပြီးတော့ ရပ်တန့်သွားတာလား။

အမျိုးသမီး ဗိုလ်ချုပ်တစ်ယောက်က နတ်ဆိုးအစေခံ
ဘုရင်ကို တိုက်ခိုက်လိုက်ပါတယ်။ ဟုမ်း။ ကောင်းကင်နဲ့
ကမ္ဘာမြေကြီးက စတင်ပြီးတော့ ညည်းညူလာခဲ့ပါတယ်။
ဖြန်းဆိုတဲ့ အသံနဲ့အတူ နတ်ဆိုးအစေခံ ဘုရင်က ချက်ချင်းပဲ
အံ့အားသင့်စရာ ကောင်းလောက်အောင် အစိတ်စိတ်
အပိုင်းပိုင်း ဖြစ်သွားပြီး သူ့ရဲ့တည်ရှိမှုက ရုတ်ချည်းဆိုသလို
ပျောက်ကွယ်သွားခဲ့ပါတယ်။

နတ်ဆိုးအစေခံ ဘုရင်က ဒီလိုပုံစံနဲ့ သေသွားခဲ့ပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

ကြယ်နှစ်ဆယ်လုံးရှိတဲ့ ဒီဘုံထဲမှာ ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။ ဒါကြောင့် တိုက်ကွက်တစ်ချက်တည်းနဲ့ သတ်ခံလိုက်ရဖို့ ဆိုတာက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

ရီရှွမ်ရှွမ်က သူမရဲ့ တည်ငြိမ်မှုတွေ ပျောက်ဆုံးသွားပြီးတော့ အော်လိုက်ပါတယ်။

"ဒါက နတ်ဘုရားအဆင့် စွမ်းအားပဲ"

"နတ်ဘုရားအဆင့် စွမ်းအား လာပြန်ပြီလား"

လင်းဟာန်နဲ့ ဘုရင်ရှစ်ပါးရဲ့ အမူအရာတွေက အရမ်းကို ထူးဆန်းလို့ နေပါတယ်။ သူတို့တွေက ပိတ်ဆို့ထားတဲ့ ကမ္ဘာငယ်လေး တစ်ခုမှာ တကယ်ပဲ နေထိုင်ကြတာမှ ဟုတ်ရဲ့လား။ နတ်ဘုရား အဆင့်ရှိတဲ့ စွမ်းအားတွေက

အဆက်မပြတ် ပေါ်လာနေတာပဲလား။

နောက်ထပ် လှေကြီးတစ်စီးနဲ့ အရမ်းကို ကြောက်စရာ ကောင်းပါတယ်။

အဲဒီ နတ်ဆိုးအစေခံတွေက လုံးဂကို အံ့အားသင့် သွားခဲ့ကြပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ သူတို့တွေက မရေမတွက်နိုင်တဲ့ နှစ်ထောင်ပေါင်းများစွာ ကြာအောင်လို့ အသံတိတ် အိပ်စက်နေပြီး သူတို့ရဲ့ ခန္ဓာကိုယ်ကို နတ်ဆိုးတွေအဖြစ် ပြောင်းလဲခဲ့ပါတယ်။ ပြီးတော့ သူတို့တွေ ထွက်ပေါ်လာတဲ့ အချိန်မှာ သူတို့က ကမ္ဘာကြီးထဲ ပြိုင်ဘက်ကင်းတွေ ဖြစ်သင့်ပါတယ်။ သူတို့မှာ ကြီးမားကျယ်ပြန့်တဲ့ပ ကုန်းမြေကြီးကို မြေအောက်ကမ္ဘာထဲ သယ်သွားမဲ့ အရေးကြီး တာဝန်တောင် ရှိပါတယ်။ ဒါက သမိုင်းတစ်ခုကို ဖန်တီးတာဖြစ်ပေမဲ့ မြောက်ပိုင်းအစွန်အဖျား ဒေသကနေပဲ ထွက်လာရသေးတယ်။ သူတို့ရဲ့ ခေါင်းဆောင်က သေသွားခဲ့ပါပြီ။

ဒါကို သူတို့က ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

ဂုန်း ဂုန်း ဂုန်း။

ကမ္ဘာကြီးက အပြင်းအထန် တုန်ခါနေသလိုမျိုး ကောင်းကင်တာအိုရဲ့ မျက်လုံးက ထွက်ပေါ် လာခဲ့ပါတယ်။ ကောင်းကင်မျက်လုံးရဲ့ မျက်လုံးအိမ် အပေါ်မှာ သွေးထွက်နေတဲ့ ဒဏ်ရာတစ်ခုကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပြီး ဒီလောက်အချိန်ကြာတာတောင် ပျောက်အောင်လို့ မကုသ နိုင်သေးပါဘူး။

“သခင်မရဲ့ အရှိန်အဝါပဲ”

အမျိုးသမီး ဗိုလ်ချုပ်တစ်ယောက်က ပြောလိုက်ပါတယ်။

"သခင်မကြောင့် ဒဏ်ရာရထားတာပဲ"

"ဒါပေမဲ့လည်း သခင်မက အဲဒါကို မသုတ်သင်ခဲ့ဘူးဆိုတော့ ငါတို့လည်း ညှာတာမှုတော့ ပြသင့်တယ်"

အမျိုးသမီး ဗိုလ်ချုပ်တွေက တစ်ယောက်ပြီးတစ်ယောက် ပြောလိုက်ပါတယ်။

မိုးပြာရောင် ဂုတ်စုံနဲ့ အမျိုးသမီးအိုကြီးက မိုးကောင်းကင်ကို ကြည့်ပြီးတော့ ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ထွက်သွားစမ်း"

ကောင်းကင်တာအိုရဲ့ မျက်လုံးက ချက်ချင်းပဲ ကြောင်တောင်တောင် ဖြစ်သွားခဲ့ပါတယ်။ မင်းတို့တွေက

အမျိုးသမီးတွေလည်း ဖြစ်သေးတယ် ငါ့ကို ဒဏ်ရာရအောင် ပြင်းပြင်းထန်ထန် ရိုက်နှက်နိုင်စွမ်း ရှိလိမ့်မယ်လို့ ထင်နေတာလား။ ကောင်းကင်တာအိုရဲ့ မျက်လုံးက ဒေါသတွေ ထွက်သွားပြီး မိုးကောင်းကင်နဲ့ မြေကြီးရဲ့ ခွန်အားကို အသက်သွင်းကာ ဒီလူတွေကို နှင်ထုတ်ဖို့ ပြင်လိုက်ပါတယ်။

ကျွှာငယ်လေးက နတ်ဘုရားအဆင့် စွမ်းအားတွေကို ခွင့်မပြုနိုင်ဘူး။

"ငါမင်းကို ထွက်သွားဖို့ ပြောနေတယ်လေ။ မကြားဘူးလား"

မိုးပြာရောင် ဂတ်စုံနဲ့ အမျိုးသမီးက သူမရဲ့ မျက်လုံးကို ပြူးပြလိုက်ပါတယ်။ ချက်ချင်းဆိုသလို အဆုံးမဲ့ ခံ့ညားထယ်ဂါတဲ့ အရှိန်အဂါတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ပုန်း။ ကောင်းကင်တာအို မျက်လုံးရဲ့ ဒဏ်ရာက ပွင့်သွားပြီး

သွေးတွေအများကြီး ပန်းထွက်လာခဲ့ပါတယ်။

လပြွတ်ပဲ။

ချက်ချင်းဆိုသလို အားလုံးက စိတ်ထဲကနေ
ကျိန်ဆဲလိုက်ကြပါတယ်။

အရမ်းကို လက်မခံနိုင်စရာ ကောင်းနေပါတယ်။
ခံ့ညားထယ်ဂါတဲ့ ကောင်းကင်တာအို မျက်လုံး၊
မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်စွမ်းအားတွေ
ရစ်ပတ်ထားတဲ့ ပြိုင်ဘက်ကင်း အရာတစ်ခုက
အမျိုးသမီးအိုကြီးရဲ့ အကြည့်ကို ခံနိုင်ရည် မရှိခဲ့ပါဘူး။

ကောင်းကင်တာအို မျက်လုံးဆိုတာက ဘာလဲ။

ကောင်းကင်တာအိုရဲ့ မျက်လုံးက
တုန်လှုပ်ခြောက်ချားသွားပြီး ပြင်းထန်တဲ့ ကြောက်ရွံ့မှု
တစ်ခုကို ခံစားလိုက်ရပါတယ်။ အဲဒီခံစားချက်က
အောက်မှာရှိနေတဲ့ သက်ရှိက သူ့ကို ဖျက်ဆီးပစ်နိုင်တဲ့
စွမ်းအားကို ပိုင်ဆိုင်ထားတယ်ဆိုတဲ့ ခံစားချက်ပါပဲ။

အမျိုးသမီး ဗိုလ်ချုပ် အနည်းငယ်က ချာခနဲလှည့်ပြီးတော့
နတ်ဆိုးအစေခံတွေကို တိုက်ခိုက်လိုက် ပါတယ်။ ပုန်း ပုန်း
ပုန်း။ နတ်ဘုရားအဆင့် စွမ်းအားတွေကို ထိန်းချုပ်မှု မရှိပဲ
အသုံးပြုပြီးတော့ နတ်ဆိုးအစေခံ အားလုံးကို
ရှင်းထုတ်ပစ်လိုက်ပါတယ်။

နတ်ဘုရားအဆင့် စွမ်းအားက ကမ္ဘာငယ်လေးထဲမှာ
ထွက်ပေါ်လာတာကနေ တားမြစ်ထားသင့် ပါတယ်။ ဒါပေမဲ့
သူတို့က ကောင်းကင်တာအိုရဲ့ မျက်လုံးအရှေ့မှာပဲ
ထိန်းချုပ်မှု မရှိပဲ တိုက်ခိုက်နေပါတယ်။ ဒါက ကမ္ဘာကြီးထဲမှာ
အရမ်းကို အထင်ကြီးစရာ အကောင်းဆုံး မသမာတဲ့

နည်းလမ်းဖြစ်ပါတယ်။ ဟုတ်တယ်မလား။

အားလုံးက အံ့သြမှင်တက်နေကြပြီး သူတို့ရဲ့ ဘဂတစ်လျှောက်လုံးမှာ ဒီနေ့အဖြစ်အပျက်ကို ဘယ်တော့မှ မေ့ပစ်လို့ ရနိုင်တော့မှာ မဟုတ်ဘူးဆိုပြီး ခံစားနေကြရပါတယ်။

ဒီမြင်ကွင်းကို ကြည့်ရတာက ဒီဘဂမှာ အသက်ရှင်နေရတာ ထိုက်တန်သွားပါပြီ။

ကောင်းကင်တာအိုရဲ့ မျက်လုံးက ညည်းညူပြီးတော့ ထွက်သွားပါတယ်။ မင်းတို့တွေက တော်တော်လေးကို ပြဿနာရှာတဲ့ လူတွေပဲ။ ငါနောက်ထပ် ဂရုမစိုက်တော့ဘူး။

Chapter 855 end

Zaw.အပိုင်း(856) အပေးအယူ

တကယ့်သေရေးရှင်ရေး အခြေအနေက အရမ်းကို လွယ်လွယ်ကူကူနဲ့ ဖြေရှင်းပြီးသား ဖြစ်သွားလိမ့်မယ်လို့ ဘယ်သူက ထင်မှတ်မိကြမှာလဲ။ ဒါပေ့ါ။ နတ်ဘုရား သက်ရှိတွေက ဆင်းသက်လာပြီး ဂင်ရောက်စွက်ဖက်ခဲ့တာကလည်း အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ကောင်းကင်တာအို မျက်လုံးရဲ့ ဖိနှိပ်ထိန်းချုပ်မှုကိုတောင် နည်းနည်းလေးမှ ဂရုစိုက်ပုံ မပြပါဘူး။ ဒါက တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

"သခင်မလေး။ အိမ်ပြန်ကြပါစို့"

မိုးပြာရောင် ဂတ်စုံကို ဂင်ဆင်ထားတဲ့ အဘွားကြီးက ဟူးညိုရဲ့လက်ကို ဆွဲကိုင်လိုက်ပါတယ်။ နတ်ဘုရား အလင်းတွေ လည်ပတ်လာပြီး ဟူးညိုရဲ့ ဒဏ်ရာတွေက ချက်ချင်းဆိုသလို သက်သာပျောက်ကင်း သွားခဲ့ပါတယ်။

“မရဘူး။ ညီုးညီုးက လင်းဟာန်နဲ့ပဲ နေချင်တာ”

ဟူးညို့က အလျင်အမြန်ပဲ အပြင်းအထန် ရုန်းကန်ပြီး လင်းဟာန်ရဲ့ အနောက်ကို ပြေးဝင်သွား လိုက်ပါတယ်။

မိုးပြာရောင်ဂဝတ်စုံနဲ့ အဘွားကြီးက ချက်ချင်းပဲ လင်းဟာန်ကို ကြည့်လိုက်ပြီး အမျိုးသမီး ဗိုလ်ချုပ်တွေကလည်း လင်းဟာန်ကို မရင်းနှီးတဲ့ အကြည့်စိမ်းစိမ်းတွေနဲ့ စိုက်ကြည့် လိုက်ပါတယ်။

ဒါက သဘာဂပါပဲ။ ကလေးငယ်ကို ဖျားယောင်းသွေးဆောင်ခြင်း။ နောက်ပြီးတော့ သူတို့ရဲ့ အရှင်သခင်မ ဖြစ်ပါတယ်။ ဒီလူသားက တကယ်ပဲ သေဖို့ထိုက်တန်ပါတယ်။

မိုးပြာရောင်ဂဝတ်စုံနဲ့ အဘွားကြီးက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ ကြောက်မက်ဖွယ်ရာ ဖိနှိပ်မှု

ဖိအားတစ်ခုကို လည်ပတ်လိုက်ပါတယ်။

ဖူး။

လင်းဟာန်က ချက်ချင်းဆိုသလို သွေးတွေအန်ထုတ်လိုက်ပြီး သူ့ခန္ဓာကိုယ်က အရိုးတွေက အက်ကွဲသံတွေ ထွက်လာပြီး ကျိုးပဲ့ပျက်စီးတော့မလိုတောင် ဖြစ်နေပါတယ်။ သူအမြဲတမ်း ဂုဏ်ယူဂင့်ကြွားရတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ ဒီအဘွားကြီးရဲ့ အကြည့်ကို ခံနိုင်ရည် မရှိခဲ့ပါဘူး။

နတ်ဘုရား သက်ရှိတစ်ယောက်က မျှော်လင့်ထားတဲ့အတိုင်း ကမ္ဘာငယ်လေးရဲ့ စည်းမျဉ်းဥပဒေတွေကိုတောင် လျစ်လျူရှုထားနိုင်ခဲ့ပါတယ်။

ရီရွှမ်ရွှမ်ရဲ့ မျက်နှာက ကျဉ်သွားသလို ခံစားလိုက်ရပြီး သူမက တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဒါကဘယ်လောက်တောင် အစွမ်းထက်တဲ့ သက်ရှိအမျိုးအစားလဲ။ ကျွန်မာင်ယ်လေးရဲ့ စည်းမျဉ်း ဥပဒေကိုတောင် ချိုးဖျောက်နိုင်တယ်။ ဒါက မူလဇာစ်မြစ်အဆင့် ပုဂ္ဂိုလ်တစ်ယောက်များ ဖြစ်နေမလား။ သောက်ကျိုးနည်း နောက်ဆုံးတော့ ဒီအရှင်သခင်မက မူလဇာစ်မြစ်အဆင့် ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်ရမဲ့ ကံကြမ္မာ ရှိလာပြီပေ့ါ"

ဒါက တကယ့်ကို ပြိုင်ဘက်ကင်းတဲ့ စွမ်းအားဖြစ်ပါတယ်။ မာထို့ပေါင်ကိုယ်တိုင် ရောက်လာမှာကို အသာထားဦး တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းအနေနဲ့ အစွမ်းထက်ဆုံး လူတွေကို လွှတ်လိုက်ရင်တောင် သူတို့တွေက ဒီအဘွားကြီးရဲ့ လှုပ်ရှားမှု တစ်ခုတည်းနဲ့တင် အမြစ်ပြတ် ချေမှုန်းခံရပါလိမ့်မယ်။

"လင်းဟန်ကို ထိခိုက်အောင်လုပ်ခွင့် မပြုနိုင်ဘူး"

ဟူးညိုက အရှေ့ကို တက်လာပြီးတော့ သူမရဲ့ လက်နှစ်ဖက်ကို ဆန့်တန်းထားပြီး လင်းဟန်ရဲ့ အရှေ့မှာ ကာကွယ်ထားပါတယ်။ သူမက အဘွားကြီးကို ဒေါသတကြီးနဲ့ စိုက်ကြည့်လိုက်ပြီး သူမရဲ့ ရင်ဘတ်ကနေ နတ်ဘုရားအလင်းတစ်ခုက တောက်ပလင်းလက်လာသလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ သတ်ဖြတ်ခြင်းဆန္ဒတစ်ခု ထွက်ပေါ်လာကာ အထွတ်အထိပ် တည်ရှိမှု တစ်ခု ထုတ်လွှတ်နေပါတယ်။

"အမွေအနှစ် စွမ်းအား"

အမျိုးသမီး ဗိုလ်ချုပ် အားလုံးက ဟန်ဆောင်မှုမရှိ စိတ်ရင်းအတိုင်း ချစ်ခင်မှုတွေ ပြည့်နေတဲ့ အကြည့်နဲ့ ကြည့်လိုက်ပြီးတော့ တစ်ယောက်ပြီးတစ်ယောက် ဒူးထောက်ပြီး ဟူးညိုကို အရမ်းစိတ်လှုပ်ရှားစွာနဲ့ စိုက်ကြည့်လိုက် ကြပါတယ်။

မိုးပြာဂဝတ်စုံနဲ့ အဘွားကြီးကတော့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မျှော်လင့်ထားတဲ့ အတိုင်းပဲ။ ရီယွမ်က သူ့အမွေအနှစ် စွမ်းအားကို မင်းဆီပေးခဲ့တာပဲ။ မိန်းကလေး မင်းက ငါတို့ ဂဠုန်နန်းတော်ရဲ့ အရှင်သခင် အနာဂတ်မှာ အထွတ်အထိပ် အုပ်ချုပ်သူ တစ်ယောက် ဖြစ်လိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ ယောကျ်ားတစ်ယောက်ရဲ့ ထိန်းချုပ်မှုကို ခံနေရတာလဲ။ ဒီအနာဂါတ် ပြဿနာကို ရှင်းလင်းပစ်ဖို့ ငါ့ကို ခွင့်ပြုပါ”

“နင်လုပ်ရဲလား”

ဟူးညိုက လှည့်ပြီးတော့ လင်းဟာန်ကို ဖက်ထားလိုက်ပါတယ်။

“လင်းဟန်က ညိုးညိုးအပိုင်ပဲ။ တကယ်လို့ သူ့ရဲ့ ဆံပင်မွေးတစ်ချောင်းကို ထိရဲတယ်ဆိုရင် ဟူးညိုက ဟူးညိုက ဟူးညိုက ကိုယ့်ဘာသာကိုယ် သတ်သေပစ်မယ်”

သူမကို ကြည့်ရတာ ဒီအဘွားကြီးရဲ့ စွမ်းအားကို သူမ ဘာမှမလုပ်နိုင်ဘူး ဆိုတာကို သတိပြုမိပုံ ရပါတယ်။ ဒါကြောင့် သူမက သူမကိုယ်ပိုင် အသက်ကို အသုံးပြုပြီးတော့ ခြိမ်းခြောက်လိုက်ရုံပဲ တတ်နိုင်ပါတယ်။

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ဟူးညိုကို အနောက်ကို ပို့ထားပြီးတော့ ပြောလိုက်ပါတယ်။

“ကျနော့်မှာ စီနီယာနဲ့ ရန်ညိုးလည်းမရှိ အမုန်းတရားလည်း မရှိပါဘူး။ ဒါကို စီနီယာက ကျနော့်ကို သတ်ချင်နေတယ်။ ဒါက ဘယ်လို သဘောတရားကြီးလဲ”

“မင်းအရှုံးပဲ။ ဒီသက်ရှိက အရမ်းကို အစွမ်းထက်လွန်းတယ်။ ငါအပြည့်အဝ ပြန်လည် မကောင်းမွန်လာသရွေ့ ငါက သူမရဲ့ ပြိုင်ဘက်မဖြစ်နိုင်ဘူး”

မျှော်စင်လေးက သူ့စိတ်ရဲ့ အတွင်းကနေ အော်လိုက်ပါတယ်။ သူ့လေသံက ပထမဆုံး အကြိမ်အဖြစ် ထိတ်လန့်တုန်လှုပ်နေပါတယ်။

မျှော်စင်လေးကို တည်ငြိမ်မှုတွေ ပျောက်ဆုံးသွားစေနိုင်တဲ့ ဒီအဘွားကြီးရဲ့ စွမ်းအားကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

အဘွားကြီးက သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ကောင်စုတ်လေး။ မင်းကတော်တော် အတင့်ရဲတာပဲ။ တကယ်လို့ ငါမင်းကို သတ်ချင်တယ်ဆိုရင် ဘယ်သူကမှ ငါ့ကို မတားနိုင်ဘူးဆိုတာကို မင်းသိရဲ့လား”

“လင်းဟာန်ကို ဒဏ်ရာရအောင် လုပ်ခွင့်မပြုနိုင်ဘူး”

ဟူးညိုက လက်သီးဆုပ် ခြေထောက်တွေ ဆောင့်ပြီးတော့ ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

“စီနီယာရဲ့ ခွန်အားက တကယ်ပဲ ဒီဂျူနီယာလေးထက် အပြတ်အသတ် သာပါတယ်။ ဒါပေမဲ့ ဒီဂျူနီယာလေးရဲ့ ခွန်အားက နိမ့်ကျတာနဲ့ပဲ သူ့မှာ ဂုဏ်သိက္ခာ မရှိဘူးလို့ မဆိုလိုပါဘူး”

လင်းဟာန်က အော်လိုက်ပါတယ်။

“စီနီယာက ကျနော့်ကို သတ်နိုင်ပေမဲ့ ကျနော့်ကို အသံတိတ်အောင် မလုပ်နိုင်ဘူး”

"ဟားဟားဟားဟား"

မိုးပြာဂုတ်စုံနဲ့ အဘွားကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။

"အကြီးအကဲချုပ် ဒီကောင်လေးက အရှင်သခင်မ အပေါ်မှာ အရမ်းကို လွှမ်းမိုးနိုင်တယ်။ သူ့ကို သတ်လိုက်တာ အကောင်းဆုံးပဲ"

အမျိုးသမီး ဗိုလ်ချုပ် တစ်ယောက်က အကြံပြု လိုက်ပါတယ်။

"ဟုတ်တယ် သခင်မက ငယ်သေးတယ်။ အကောင်းအဆိုးကို မသိသေးဘူး။ လွယ်လွယ်နဲ့ ဖမ်းစားထားနိုင်တယ်"

"ဒီလူက သူ့ရဲ့ရည်ရွယ်ချက် အပြုအမူအတွက် သေသင့်တယ်"

မိုးပြာဂဝတ်စုံနဲ့ အဘွားကြီးက သူမရဲ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"အဲဒါကောင်းတယ်။ ငါတို့ပြန်သွားတဲ့ အချိန်ကျရင် ဒီကောင်စုတ်လေးကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဘယ်တော့မှ တွေ့ရမှာ မဟုတ်တော့ဘူး။ သူ့မှာနောက်ခံတချို့ ရှိပုံတော့ရတယ်။ ငါတို့ သူ့အသက်ကို ချမ်းသာပေးလို့ရတယ "

"ဟုတ်ကဲ့ပါ အကြီးအကဲချုပ်"

အမျိုးသမီး ဗိုလ်ချုပ်အားလုံးက မျက်နှာထားတင်းတင်းနဲ့ ပြန်ဖြေလိုက်ပါတယ်။

မိုးပြာဂုတ်စုံနဲ့ အဘွားကြီးက ဟူးညိုကို ပြုံးပြီးတော့ ကြည့်လိုက်ကာ ပြောလိုက်ပါတယ်။

“မိန်းကလေး ငါတို့နောက်ကို ပြန်လိုက်ခဲ့ပါ”

“မသွားဘူး။ မသွားဘူး”

ဟူးညိုက အမောတကောနဲ့ သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။

မိုးပြာဂုတ်စုံနဲ့ အဘွားကြီးက သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ဒီအဘွားကြီးကလည်း ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်ကို သတ်ပစ်ရတော့မှာပဲ”

"မလုပ်ရဘူး"

ဟူးညိုက စိုးရိမ်တကြီးနဲ့ အဘွားကြီးရဲ့ နာခေါင်းကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟန်ကို ထိခိုက်အောင် မလုပ်ဘူးလို့ ရှင်မပြောခဲ့ဘူးလား"

"ဒါပေမဲ့ မင်းကစကားမှ နားမထောင်တာ။ ဒီတော့ အဘွားကြီးမှာ တခြားနည်းလမ်း မရှိတော့ဘူး"

မိုးပြာဂုတ်စုံနဲ့ အဘွားကြီးက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဟူးညိုက နှုတ်ခမ်းစူပြီးတော့ ထပ်ခါထပ်ခါ စဉ်းစားပြီးတဲ့နောက်မှာ သူမက နောက်ဆုံးတော့ ခေါင်းညိတ်ပြီး ပြောပါတယ်။

"ကောင်းပြီလေ။ ညီးညီး နင်နဲ့ လိုက်ခဲ့မယ်"

"ဒါမှ လိမ္မာတဲ့ ကလေး"

အဘွားကြီးက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူမက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပါတယ်။ ဒါကြောင့် သူမက ကလေးမလေး တစ်ယောက်ကို မကိုင်တွယ်နိုင်ဘူးလား။

ဟူးညိုရဲ့ အကြည့်ကို လွှဲပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ညီးညီးက သူမနဲ့အတူ လင်းဟန်ကိုပါ ခေါ်သွားချင်တယ်"

အဟွတ် အဟွတ် အဟွတ်။

မိုးပြာဂဝတ်စုံနဲ့ အမျိုးသမီးက ချက်ချင်းဆိုသလို တံတွေးသီးသွားပြီး ချောင်းတစ်ဟွတ်ဟွတ် ဆိုးသွားခဲ့ပါတယ်။ ဘာဖြစ်လို့ ဒီကလေးမလေးက ကိုင်တွယ်ရတာ အရမ်းကို ခက်ခဲနေတာလဲ။ သူမက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

“မရဘူး။ ဒီကောင်လေးက ငါတို့နဲ့အတူ ပြန်သွားလို့ မရနိုင်ဘူး”

ဟူးညိုက စိတ်ကသိကအောက် ဖြစ်ပြီးတော့ ကုန်းအော်လိုက်ပါတယ်။ ဒါပေမဲ့ အဘွားကြီးက မဖြေပါဘူး။

“မစိုးရိမ်ပါနဲ့။ မင်းသူတို့နဲ့အတူ အရင်ပြန်သွားလိုက်ပါ။ ငါမင်းကို သေချာပေါက် လာရှာပါမယ်”

လင်းဟန်က ပြောလိုက်ပါတယ်။ တကယ်လို့ သူတို့က နတ်ဘုရားဘုံက ပုဂ္ဂိုလ်ဖြစ်နေတော့ရော ဘာဖြစ်မှာလဲ။ သူက တနေ့နေ့မှာ အဲဒီအဆင့်ထိ ကျင့်ကြံအားထုတ် ရပါလိမ့်မယ်။

"လင်းဟန်က ကတိပေးလား"

ဟူးညိုက စိတ်မချမ်းမမြေ့နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ အရမ်းကို လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"အင်း ငါကတိပေးတယ်"

အမျိုးသမီး ဗိုလ်ချုပ်အားလုံးက လင်းဟန်ကို အထင်သေးစွာနဲ့ ကြည့်လိုက်ပါတယ်။ ဒီကောင်စုတ်လေးက ဘယ်လောက်အစွမ်းထက်တဲ့ အင်အားစုကနေ သူတို့တွေ လာခဲ့လဲဆိုတာ မသိပါဘူး။ တကယ်လို့ မင်းက အလောင်းဖြစ်သွားတဲ့အထိ ကျင့်ကြံအားထုတ်မယ် ဆိုရင်တောင် အဲဒီအဆင့်က မင်းရဲ့အထက်မှာ ကြီးမားကျယ်ပြန့်နေပါဦးမယ်။

သူ့အတွက်တော့ ဒီဘဂတစ်လျှောက်လုံးမှာ သူတို့ရဲ့ ပိုင်နက်ထဲကို ရောက်လာဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကို စဉ်းစားမစဉ်းစားနဲ့။

"ကောင်းပြီလေ"

ဟူးညိုက အင်တင်တင်နဲ့ သဘောတူလိုက်ပြီး မိုးပြာရောင် ဂတ်စုံနဲ့ အဘွားကြီးဆီကို လေးလံတဲ့ ခြေလှမ်းတွေနဲ့

ဖြည်းညှင်းစွာ သွားပြီးတော့ သူမရဲ့ခေါင်းကို မော့ကာ ပြောလိုက်ပါတယ်။

"ညိုးညိုး လူတချို့ကို ခေါ်သွားချင်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညိုးညိုးက လုံးဂကို အမိန့်နာခံမှာ မဟုတ်ဘူး"

မိုးပြာဂတ်စုံနဲ့ အဘွားကြီးက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်စုတ်လေး မဟုတ်ဘူးဆိုရင် ဘယ်သူမဆို အဆင်ပြေတယ်"

နောက်ဆုံးတော့ ဟူးညိုက ကျေနပ်ပီတိ ဖြစ်သွားပြီး ဟော့လျန်ချွင်ရှယ်ကို လက်ညိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

“ရင်ဘတ်မရှိတဲ့ ဒီအမျိုးသမီးကို ခေါ်ခဲ့”

သူမက ခဏလောက် ရပ်ပြီးတော့ လစန္ဒာဘုရင်ကို လက်ညှိုးထိုးပြီး ပြောလိုက်ပါတယ်။

“ပြီးတော့ ဒီဆွဲဆောင်မှုရှိတဲ့ မိန်းမကြီးရောပဲ။ ညိုးညိုး စိုးရိမ်ရလိမ့်မယ်”

အဲဒီနောက် သူမက ရီရွှမ်ရွှမ်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

“နောက်ပြီးတော့ ဒီဆွဲဆောင်မှု နည်းနည်းရှိတဲ့ မိန်းမကိုရောပဲ။ ညိုးညိုး သူ့ကြောင့်လည်း စိုးရိမ်ပူပန်ရလိမ့်မယ်”

သူမရဲ့ သဂၤန်တိုချက်က 9 လောက်ရှိပါတယ်။ လှိုဃုထန်၊ လီစီရှန်းနဲ့ ကျူရွှမ်အာတို့ကိုပါ ခေါ်ခဲ့ပါတယ်။ လင်းကျန်းရွှယ်တောင် ပါပါတယ်။

လင်းဟာန်ရဲ့ အမူအရာက ထူးထူးဆန်းဆန်း ဖြစ်သွားပါတယ်။ ဟူးညိုက တကယ်ပဲ သူ့ကို အထီးကျန်အောင်လုပ်ဖို့ စီစဉ်နေတာပါတယ်။ ဒါပေမဲ့လည်း ဒီအင်အားစုက နတ်ဘုရားဘုံထဲမှာ အထွတ်အထိပ် တည်ရှိမှုတစ်ခု ဖြစ်ပါလိမ့်မယ်။ ပြီးတော့ နတ်ဘုရားဘုံကို တက်သွားပြီး ဟူးညိုရဲ့ ဂရုစိုက်မှုနဲ့ဆိုရင် သူတို့အားလုံးအတွက် ကြီးမားတဲ့ အခွင့်အလမ်းတစ်ခု ဖြစ်ပါလိမ့်မယ်။

"သခင်မလေး ညိုးညိုး ဦးလေးယုန်ကို ခေါ်ပါ။ ဦးလေးယုန်ကိုလည်း ခေါ်ပါ"

ယုန်ဖြူကြီးက အရမ်းကို တက်ကြွနေပါတယ်။ အခုဆိုရင် ဟူးညိုက နတ်ဘုရားဘုံရဲ့ အရှင်သခင်မလေး တစ်ယောက်ဖြစ်ပြီး သူမရဲ့ အနာဂတ် တက်လမ်းတွေက လုံးဝကို အံ့အားသင့်စရာ ကောင်းနေပါလိမ့်မယ်။ ဒါကြောင့် ဦးလေးယုန်ကလည်း ဒီလှေကြီးပေါ်ကို တက်ပြီးတော့ လိုက်သွားချင်ပါတယ်။

ဒါပေမဲ့လည်း ဟူးညိုက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“နင်က လင်းဟန်နဲ့ ဆက်ပြီးတော့ နေခဲ့။ လင်းဟန်ကို ကောင်းကောင်းဂရုစိုက်။ သူ့ကို မပျင်းစေနဲ့။ နည်းနည်းလေးမှ မထိခိုက်စေနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ညီးညီး နင့်ကို စားပစ်ရလိမ့်မယ်”

ယုန်ဖြူကြီးက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို

ညည်းညူလိုက်ပါတယ်။ ဘယ်လိုမျိုး အပြစ်တွေကို သူကျူးလွန်ခဲ့မိလို့ အခုလိုမျိုး စွန့်ပယ်ခံနေရတာလဲ။

လင်းဟာန်က သူမရဲ့ စိတ်ကို ပြောင်းလဲအောင်လုပ်ဖို့ အကြံအစည်မရှိပါဘူး။ သူ့နားကနေ ဟူးညီနောက်ကို လိုက်သွားတာက မကောင်းတဲ့ အကြံတစ်ခု မဟုတ်ပါဘူး။ ပထမအချက် သူတို့တွေက ပိုမိုကောင်းမွန်တဲ့ ကျင့်ကြံခြင်း အရင်းအမြစ်နဲ့ ပတ်ဂန်းကျင်ကို ရရှိနိုင်ပါတယ်။ ပြီးတော့ ဒုတိယအချက်က သူ့ဘေးမှာရှိနေတာထက် ပိုပြီးတော့ လုံခြုံပါလိမ့်မယ်။

မူလအရှင်သခင်မကို သေစေနိုင်တဲ့အထိ ဂဠုန်နန်းတော်ရဲ့ အင်အားကြီးမားတဲ့ ရန်သူကလွဲရင်ပေါ့။ ဒါပေမဲ့လည်း မိုးပြာဂတ်စုံ အဘွားကြီးနဲ့ တခြားသူတွေကို ကြည့်လိုက်ရင် ဂဠုန်နန်းတော်က အုတ်မြစ်ခိုင်မာပြီး အရမ်းကို အစွမ်းထက်တဲ့ အင်အားစုတစ်ခု ဖြစ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ အရှင်သခင်မ

သေသွားတာတောင် သူတို့က ဘယ်လိုလုပ်ပြီး အဆုံးသတ် မသွားနိုင်တာလဲ။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲက လူတွေကို ထုတ်ပြီးတော့ သူတို့ကို လှေပေါ်တင်ပေး လိုက်ပါတယ်။

Chapter 856 end

Uni.အပိုင်း(857) ထွက်ခွာခြင်း

ဟူးညို့ရဲ့ သဂန်တိုမှက အရမ်းကို ကြီးမားပြီး လင်းဟာန်ရဲ့ ဘေးနားမှာရှိနေတဲ့ အမျိုးသမီးတွေ အားလုံးကို ခေါ်သွားပြီးတော့ သူနဲ့အတူ အမျိုးသားတစ်စုကိုပဲ ချန်ထားခဲ့ပါတယ်။ ဥပမာ။ မိုးရေကောရာဇ်၊ မုယောင်ချင်း၊ ဖန်ပိုယွမ်၊ ယုန်ဖြူကြီးနဲ့ ကျောက်တုံးစိတ်ဝိညာဉ်တို့ ဖြစ်ပါတယ်။ သူတို့တွေက တခြားတစ်နည်းနည်းနဲ့ သူ့ဘက်ကို လှည့်လာမှာ မကြောက်ပါဘူး။

သခင်မလေးရဲ့ စကားလုံးတွေက အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။ သူတို့တွေ ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သူတို့က လှေပေါ်ကို တက်ရပါတယ်။

လူတချို့က စိတ်ထဲမထားပဲ ကျေတောင်ကျေနပ်နေကြပါတယ်။ ဒါပေမဲ့ လူတချို့ကတော့ ထွက်ခွာဖို့ အင်တင်တင် ဖြစ်နေကြပါတယ်။ အထူးသဖြင့် လင်းဟန်ရဲ့ မိဘတွေ ဖြစ်ပြီးတော့ သူတို့ရဲ့ သားနဲ့ နေရတဲ့ အချိန်ထက် ခွဲခွာနေရတဲ့အချိန် ပိုများနေပြီး အခု သူတို့က နောက်တစ်ကြိမ် ထွက်သွားရပါဦးမယ်။ သူတို့က အသည်းတွေ ကွဲနေကြပါတယ်။

ကံကောင်းတာက သူတို့ရဲ့ မြေးက သူတို့ရဲ့ဘက်မှာ ဖြစ်ပြီးတော့ သူတို့အတွက် မျှော်လင့်ချက်တွေ ထားရှိနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ သားအကြောင်းကို အဆက်မပြတ် စဉ်စားရလွန်းလို့ သူတို့ရဲ့

ဆံပင်တွေက မီးခိုးရောင်အဖြစ် ပြောင်းလဲသွား ပါလိမ့်မယ်။

ကျူးရွှမ်အာ၊ လီစီရှန်းနဲ့ လွိုယုထန်တို့ကတော့
မျက်ရည်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။
ဟော့လျန်ချွင်ရွှယ်က ခေါင်းမာတယ် ဆိုပေမဲ့ သူမက
အနည်းငယ် အင်တင်တင် ပုံစံ ဖြစ်နေပါတယ်။

လစန္ဒာဘုရင်က အော်လိုက်ပါတယ်။

ဘာဖြစ်လို့ ဒီဘုရင်ကိုပါ အဒေါ်ဂေးကို ခေါ်သွားတာလဲ။
ဒီဘုရင်က ဒီကောင်စုတ်လေးနဲ့ မရှင်းမရှင်း ကိစ္စတွေ
တစ်ခုမှမရှိဘူးလေ

ဟုတ်တယ်။ ဟုတ်တယ်။ ဒီအရှင်သခင်မကလည်း ရေခဲလို
ကြည်လင်ပြီး ကျောက်စိမ်းလို အပြစ်အဆာနာ ကင်းတယ်။
ဒီကောင်စုတ်လေးနဲ့ ဘာမှလုပ်စရာမရှိဘူး

ရှီရွှမ်ရွှမ်ကလည်း သွေးတိုးစမ်းလိုက်ပါတယ်။ သူမက တန်ခိုးရှင်ဘုံကို ပြန်ချင်တယ် ဆိုပေမဲ့ ဒီလိုမျိုး နည်းလမ်းနဲ့တော့ ပြန်သွားဖို့ ဆန္ဒမရှိပါဘူး။

ဒါပေမဲ့လည်း ဟူးညိုက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

နတ်သမီးကြီးနဲ့ နတ်သမီးလေး။ နတ်သမီး ကြီးကြီး ငယ်ငယ် ညီုးညီုးက နင်တို့အားလုံးနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေရတယ်။ သူတို့အားလုံးကို ခေါ်လာခဲ့ကြ

အားလုံးလှေပေါ်ကို တက်ပြီးတဲ့ နောက်မှာ နတ်ဘုရားလှေက ဖြည်းညှင်းစွာနဲ့ ပီတကြွသွား ခဲ့ပါတယ်။

လင်းဟာန် နင် ညီုးညီုးကို သေချာပေါက် လာရှာရမယ်နော်

လေ့ဦးမှာဟူးညို့က သူမရဲ့ လက်ကို အစွမ်းကုန်
ပေ့ယမ်းပြီးတော့ နုတ်ဆက်နေပါတယ်။

သေချာပေါက် လာရှာမှာပါ

လင်းဟန်က အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။
မကြာခင်မှာသူက တန်ခိုးရှင်ဘုံကို ဝင်ပြီးတော့ အားလုံးကို
ပြန်ခေါ်ပါမယ်။ ပြီးတော့ သူက ဂဋ္ဌုန်နန်းတော်က
လူတွေကိုလည်း သူ့ကို ရိုသေလေးစားမှုရှိအောင်
လုပ်ရပါမယ်။

ဟုမ်း။

နတ်ဘုရားလေ့ကြီးက လေဟာနယ် အက်ကွဲကြောင်း
တစ္ခုကို ဖွင့်ပြီးတော့ ထိုးထွက်သွား ခဲ့ပါတယ်။
နတ်ဘုရားလေ့ကြီး ပျောက်ကွယ်သွားပြီးတဲ့နောက်မှာ

လေပောနယ် အက်ကွဲကြောင်းကလည်း နတ်ဘုရားလှေကြီး ဘယ်တုန်းကမှ ထွက်ပေါ်လာဖူးတဲ့ပုံစံ မရှိသလိုမျိုး ပျောက်ကွယ်သွားခဲ့ပါတယ်။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖိနှိပ်မှု အင်အားတစ်ခုက ထွက်ပေါ်လာပြီး မိုးကောင်းကင် အပေါ်မှာ ကောင်းကင်တာအိုရဲ့ မ်ဂ္ဂလွှံး ထွက်ပေါ်လာပါတယ်။ သူ့ဆီကနေ သွေးတွေက စီးကျနေပါတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးအတွက် ညည်းညူနေသလိုမျိုး ကမ်ဘာကြီးကလည်း သွေးမိုးတွေ ရွာချလို့ နေပါတယ်။

ရောမ မျက်လုံးကြီးက လင်းဟန်ကို သတ်ပစ်ချင်နေသလိုမျိုးနဲ့ စိုက်ကြည့်နေပါတယ်။ ဒီမ်ဂ္ဂလွံးက မိုးကောင်းကင်နဲ့ ကမ်ဘာမြေကြီးရဲ့ စိတ်ဆန္ဒကို ကိုယ်စားပြုပါတယ်။

လင်းဟန်က သူ့လက်တွေကို အနောက်ဘက်မှာ ပစ်ထားပြီးတော့ သူ့ပုံစံက ခံ့ညားထယ်ဝါတဲ့ ဟန်ပန်အမူအရာနဲ့ နည်းနည်းလေးမှ မနိမ့်ကျပါဘူး။

ကောင်းကင်တာအိုရဲ့ မ်ဂ္ဂလုံးက တကယ့်ကို အစွမ်းထက်ပါတယ်။ သူ့ကိုသတ်ပစ်ဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်နဲ့ ကမ်ဘာမြေကြီးမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်း ရှိပါတယ်။ လူတစ်ယောက်က သဘာဂတရားရဲ့ အမိန့်ကို မဆန့်ကျင်သရွေ့ ကောင်းကင်နဲ့ မြေကြီးက သူ့ကို ထိမှာတောင် မဟုတ်ပါဘူး။ ဒါက စည်းမျဉ်းတစ်ခု ဖြစ်ပြီးတော့ ကောင်းကင် တာအိုရဲ့ မျက်လည်းလုံး လိုက်နာရပါတယ်။ အဲဒီလိုမွ မဟုတ်ဘူးဆိုရင် စည်းမျဉ်းစည်းကမ်းတွေ မရှိဘူးဆို ကောင်းကင်နဲ့ မြေကြီးကလည်း သူ့ရဲ့တည်ရှိမှု အဓိပ္ပါယ်တွေ ပျောက်ဆုံးသွား ပါလိမ့်မယ်။

သူက လူသားလောက အထွတ်အထိပ်အတွက်

အလုပ်လုပ်ပြီး သူ့ရဲ့အသိစိတ်က ကမ်ဘာကြီးရဲ့ လူတွေနဲ့ သက်ဆိုင်ပါတယ်။ ဒါကြောင့် သူက ကောင်းကင်တာအိုရဲ့ မျက်လုံးကို ကြောက်နေစရာ လိုဦးမှာလား။

သေစမ်း။ နံပါတ်ခုနစ် အစ်မတော် ပြန်ပေးဆွဲခံလိုက်ရပြီ။ ငါတို့ခေါင်းဆောင်ကို ဘယ်လိုမျိုး ရှင်းပြရမလဲ

ကျန်ရှိနေတဲ့ ဘုရင်ခုနစ်ပါးစလုံးက နောက်ဆုံးတော့ အသက်ပြန်ရှုလာပြီး စောဒက တက်နေခဲ့ ကြပါတယ်။

လင်းဟာန်က သူတို့ကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အပြေးအလွှားလာပြီးတော့ ကူညီကယ်တင်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း လစန္ဒာဘုရင်က နတ်ဘုရားဘုံကို ဂင်သွားတာက မကောင်းတဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ တကယ်လို့

မင်းတို့တွေ ပိုပြီးတော့ မကြိုးစားဘူးဆိုရင် နောက်တစ်ကြိမ် မင်းတို့အားလုံး ပြန်ဆုံတဲ့ အခါမှာ လစန္ဒာ ဘုရင်က မင်းတို့တွေကို ကောင်းကောင်းကြီး ဆုံးမလိမ့်မယ်

ဘုရင်ခုနစ်ပါး၏ အမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။ လစန္ဒာဘုရင်က သေချာပေါက် ဒီလိုမျိုး အရာတစ်ခုကို လုပ်ပါလိမ့်မယ်။

မျဖ္တစျူး မျဖ္တစျူး။ သူတို့တွေ ပိုပြီးတော့ ကျင့်ကြံအားထုတ်ပြီး သူတို့ရဲ့ နတ်ဘုရား အာရုံ စွမ်းအားတွေ တိုးလာအောင် လုပ်ရမယ်။ သူတို့ရဲ့ ကျင့်ကြံခြင်းက မတိုးတက်နိုင်ပေမဲ့ သူတို့ရဲ့ နတ်ဘုရား အာရုံကတော့ တိုးတက်လာနိုင်ပါတယ်။ ဒါကြောင့် နတ်ဘုရားဘုံကို သူတို့တွေ ဝင်တဲ့အခါကျရင် နတ်ဘုရားအဆင့်ကို ချိုးဖျက်ပါလိမ့်မယ်။ သူတို့တွေက တိုးတက်မှုရဲ့ အချိန်တစ်ခုကို ကြုံဆိုပြီးတော့ အကန့်အသတ်တွေကို ခုန်ကျော်ရပါလိမ့်မယ်။

ဘုရင်ခုနစ်ပါးက နတ်ဆက်ပြီးတော့ ထွက်သွားကြပါတယ်။ လစန္ဒာဘုရင်ကို နတ္တာ့ရုံးဘုံဆီ ခေါ်သွားခြင်း ခံရတာက အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပြီးတော့ မာထိုပေါင်ဆီကို ချက်ချင်း သတင်းပို့ ရပါလိမ့်မယ်။

လင်းဟာန်က သူတို့ကို လိုက်ပို့ပြီးတဲ့ နောက်မှာတော့ အင်ပါယာနန်းတော်ကို ဖန်ပိုယွမ်၊ မိုးရေ ကေရာဇ်တို့နဲ့အတူ ပြန်လာခဲ့ပါတယ်။ နတ်ဆိုးအစေခံတွေကို လုံးဂချေမှုန်းပစ်လိုက်ပြီ ဆိုပေမဲ့ နတ်ဆိုးချီတွေကို ပြန်ရှင်းလင်းပြီး မြောက်ပိုင်းအစွန်အဖျား ဒေသကို ပြန်လည်တည်ဆောက်မှုက အရမ်းကို ခေါင်းခဲရမဲ့ ပြဿနာ ဖြစ်ပါတယ်။

ဖန်ပိုယွမ်က အရမ်းကို သတ္တိကောင်းပြီး စေတနာကောင်းပါတယ်။ လင်းဟာန်က ဘယ်သူ့ကို အစ်ကိုကြီးလို့ ခေါ်ရမလဲဆိုတာ ကြံရာမရ ဖြစ်နေပုံကို ကြည့်ပြီးတော့ သူတို့လေးယောက်စလုံး

သွေးသောက်ညီအစ်ကိုတွေ ဖြစ်ဖို့ကို ဆုံးဖြတ်လိုက်ပါတယ်။ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့က ဂမ်းမြောက်ဂမ်းသာနဲ့ သဘောတူကြပါတယ်။ ပြီးတော့ အခုဆိုရင် ဖန်ပိုယွမ်က အစ်ကို အကြီးဆုံး၊ မိုးရေကောရာဇ်က ဒုတိယအစ်ကိုနဲ့ မုယောင်ချင်းက တတိယ အစ်ကိုလေး ဖြစ်ပြီးတော့ လင်းဟာန်ကတော့ အဆင့်သုံးကနေ အဆင့်လေးကို ကျသွားပြီး အငယ်ဆုံး ညီငယ်လေး ဖြစ်သွားပါတယ်။

ဒါကသူ့ကို အတော်လေး စိတ်မချမ်းမမြေ့ ဖြစ်သွားစေပါတယ်။ တတိယ နေရာ ယူထားရတာက အရမ်းကို သနားစရာကောင်းဖို့ လုံလောက်နေပါပြီ။ ဒါပေမဲ့ အခုတော့ သူက အဆင့်လေးကို ထပ်ပြီးတော့ လျော့ကျသွားခဲ့ပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ သူကကျင့်ကြံအားထုတ်ဖို့ တစ္ခုပဲ တတ်နိုင်ပါတယ်။

လင်းဟာန်နဲ့ သူ့ရဲ့ ညီအစ်ကိုတွေက ပိုပြီးတော့ သန်မာလာခဲ့ပါတယ်။ သူတို့ကို ကြည့်ရတာ အရမ်းကို အစွမ်းထက်ပြီး ကောင်းကင်တာအိုရဲ့ မျက်လုံးတောင်မှ သူတို့ရဲ့ အရှေ့မှာ အော်ဟစ်ရုံပဲ တတ်နိုင်ပါတယ်။ ဒါက သူတို့စိတ်ကို အလွန်အမင်း လှုပ်ရှားသွားစေပြီး သူတို့ရဲ့ တိုက်ပွဲဝင်ချင်တဲ့ စိတ်ဆန္ဒတွေက တစ်ဟုန်ထိုး မြင့်တက်လို့ နေပါတယ်။

သူတို့တွေက သူတို့ကိုယ်ပိုင် ကံကြမ္မာကို ဆုံးဖြတ်ချင်ကြပါတယ်။ ပြီးတော့ ဒီလိုမျိုး လုပ်ဖို့ သူတို့က အရမ်းကို အစွမ်းထက်တဲ့ ခွန်အားရဲ့ အထောက်အပံ့ လိုအပ်ပါတယ်။

အချိန်တွေက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ကုန်လွန်သွားခဲ့ပါတယ်။ ထူးဆန်းတဲ့ အခ်က္က ပင်လယ်မျိုးနွယ်စုက လှုပ်ရှားမှု လုံးဝမလုပ်ပါဘူး။ သူတို့ရဲ့ ခေါင်းတွေကို ကုန်းမြေဘက်ကို လှည့်မလား ဒါမှမဟုတ်

တစ်ခုခုကို စောင့်မျှော်နေတာလား ဆိုတာကို မသိရပါဘူး။ နောက်ပြီးတော့ အောင်းဂျန်က အစွမ်းထက်တယ် ဆိုပေမဲ့ သူက မာထိုပေါင်နဲ့ ယှဉ်ပြိုင်ဖို့အထိ လုံလောက်အောင် အစွမ်းမထက်သေးပါဘူး။ မာထိုပေါင်မှာ နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှု ရှိနေတာကို အသာထားဦး သူ့ကိုယ်ပိုင် စွမ်းအားတစ်ခုတည်းနဲ့တင် ကြောက်မက်ဖွယ်ရာ ကောင်းနေပါပြီ။

နှစ်ဂက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က နောက်ဆုံးမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပါတယ်။

ဟုမ်း ဂုန်း ဂုန်း။

ကောင်းကင်နဲ့ မြေကြီးက ချက်ချင်းပဲ တုံ့ပြန်လာပြီး မိုးကြိုးတိမ်တိုက်တွေက တလိပ်လိပ် တက်လာပြီးတော့

စုဝေးလာခဲ့ပါတယ်။ တလက်လက်တောက်ပနေတဲ့ မိုးကြိုးလျှပ်စီးတွေက တိမ်တိုက်တွေ အထဲမှာ တလက်လက် တောက်ပနေပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အန္တရာယ်တစ်ခုရဲ့ အငွေ့အသက်ကို ပိုင်ဆိုင်ထားပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ဝင်ရောက်ဖို့အတွက် မိုးကောင်းကင်ရဲ့ ကပ်ဘေးကို ဖြတ်ကျော်နိုင်ဖို့ လိုအပ်ပါတယ်။

ဒီလိုမျိုး သက်ရှိတွေက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ခြိမ်းချောက်နိုင်တဲ့ ခွန်အားကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် ကောင်းကင်နဲ့ မြေကြီးက တင်းတင်းကျပ်ကျပ် တားမြစ်ထား ပါတယ်။ ပြီးတော့ မိုးကောင်းကင်ရဲ့ ကပ်ဘေးဒုက္ခကို ဖြတ်ကျော်နိုင်မှပဲ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ဖြစ်လာပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အတွက် စောင့်မျှော်နေတဲ့ စကားလုံး တစ်ခုပဲ ရှိပါတယ်။ အဲဒါက သေခြင်းတရားပါပဲ။

အဲဒါက စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့်တွေက ကောင်းကင်နဲ့ မြေကြီးရဲ့ ဂင်ရောက် စွက်ဖက်မှုကိုတောင် ခံနိုင်ရည်ရှိတယ်ဆိုတာ သက်သေပြနေပါတယ်။

လင်းဟန်က ဂုဏ်ယူဂုဏ်ကြွားတဲ့ ဟန်ပန်အမူအရာ တစ်ခုနဲ့ ကောင်းကင်နဲ့မြေကြီး အကြားမှာ မားမားမတ်မတ် ရပ်ပြီးတော့ မိုးကောင်းကင် ကပ်ဘေးရဲ့ တိုက်ခိုက်မှုတွေကို တောင့်ခံနေ ပါတယ်။ မိုးကောင်းကင် ကပ်ဘေးက ကိုးခုမြောက် ကောင်းကင်ဘုံ နတ်ဘုရားမိုးကြိုး ဖြစ်လာပြီး ဓာတ်ကြီးငါးပါးနဲ့ ပိုင်းခြားထားပြီး သူ့ရဲ့စွမ်းအားက အဆုံးအစမဲ့ပါတယ်။

ဟုမ်း ဂုန်း ဂုန်း။

နတ်ဘုရားမိုးကြိုးက အရမ်းကို

ကြောက်စရာကောင်းပါတယ်။ သူ့ရဲ့စွမ်းအားက စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနေခဲ့ပါတယ်။

လူတစ်ယောက်မှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ အခါမွာ တိုက်ပွဲစွမ်းရည် ဘယ်လောက်ရှိနိုင်လဲ။ ကြယ်တစ်လုံး ရှိရင်ကိုပဲ ဂုဏ်ပြုချီးကျူးဖို့ ထိုက်တန်ပါတယ်။ ပြီးတော့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်လုံးကို မယှဉ်ပြိုင် နိုင်ပါဘူး။ ကံကောင်းတာက ကောင်းကင်ဘုံ ကပ်ဘေးမှာ အချိန်ပမာဏ ကန့်သတ်မှု ရှိပါတယ်။ နေ့တစ်ဝက်ပါပဲ။ အဲဒီလိုမွ မဟုတ်ဘူးဆိုရင် တကယ်လို့ ကောင်းကင်ဘုံ ကပ်ဘေးမှာ ဖြတ်ကျော်တာကို အနိုင်ယူရမယ်ဆိုရင် ဒီကမ်ဘာကြီးထဲမှာ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တစ်သောင်းမှာ တစ်ယောက်ပဲ ကျန်ရှိပါလိမ့်မယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

နတ္တာရုရား မိုးကြိုးတွေက လင်းဟာန်ရဲ့ ခန္ဓာကိုယ်ကို ပစ်ခတ်တိုက်ခိုက်ပြီး မိုးသီးမိုးပေါက် ကျသလိုမျိုးနဲ့ တူပါတယ်။ ဒါပေမဲ့ ဘာအကျိုးသက်ရောက်မှုမှ မရှိပါဘူး။

မျက်စိတစ်မှိတ် အတွင်းမှာ လင်းဟာန်က စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို ခြေချလိုက်မိပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အဆင့်တစ်ဆယ် ရှားပါးသတ္တုကို ကျော်လွန်ပြီး နတ်ဘုရားသတ္တု အဆင့်ကို ရောက်ရှိသွားပါတယ်။ ဒါကြောင့် ဒီလိုမျိုး နတ္တာရုရား မိုးကြိုးရဲ့ တရစပ် တိုက်ခိုက်မှုက သူ့ကို ဘယ်လိုလုပ်ပြီးတော့ ခြိမ်းခြောက်နိုင်မှာလဲ။

သူ့ရဲ့ လျှပ်စီးခန္ဓာကိုယ်က လက်သင်အဆင့်မှာပဲ ရှိပါသေးတယ်။ ပြီးတော့ တစ်ဖက်ကမ်းခတ် ကျွမ်းကျင်မှု ရရှိဖို့ မိုးကြိုးလျှပ်စီးရဲ့ စွမ်းအားက သန်မာဖို့ လိုအပ်သလို သန့်စင်ဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် သာမန်လျှပ်စီးတွေကို သန့်စင်ရုံနဲ့ အောင်မြင်မှု ရလိမ့်မှာ

မဟုတ်ပါဘူး။

ကောင်းကင်ဘုံ ကပ်ဘေးကို အသုံးပြုလို့ မရနိုင်ပါဘူး။ ဒါက နတ္တာရုရား မိုးကြိုးလို့ ထင်ရှားပါတယ်။

လန်းဆန်းတက်ကြွခြင်း

လင်းဟန်က သူ့ခန္ဓာကိုယ် အတွင်းက မိုးထစ်ချုန်းကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားကို လည်ပတ်ပြီး မိုးကြိုးလျှပ်စီး စွမ်းအားကို စုပ်ယူလိုက်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ် ပြောင်းလဲပြီး တစ်ဖက်ကမ်းခတ် ကျွမ်းကျင်မှုအဆင့်ကို တက်သွားပါတယ်။

တကယ့်ကို မနာလိုစရာပဲ။ ငါတို့ရဲ့ အငယ်ဆုံး ညီငယ်လေးက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို အရင်ဆုံး တက်သွားပြီ။ ငါက ကောင်းကင်အဆင့်ရဲ့ အဖေးကို နည်းနည်းပဲ

ရောက်သေးတယ်

မုယောင်ချင်းက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပြီး လင်းဟာန်အတွက် ပျော်ရွှင်နေပါတယ်။ ပြီးတော့ တပြိုင်နက်တည်းမှာ ကြီးမားတဲ့ ဖိအားကို ခံစားနေပါတယ်။

သူ့ရဲ့ကျင့်ကြံခြင်း အမြန်နှုန်းက မနှေးကွေးပါဘူး။ ဒါပေမဲ့ လင်းဟာန်နဲ့တော့ သေချာပေါက် ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

မိုးရေကောရာဇ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ငါတို့ရဲ့ အငယ်ဆုံး ညီလေးကမှ စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်ပဲ။ သိုင်းပညာ ပါရမီမှာ ထူးချွန်ထက်မြက်ရုံတင်မက မှော်ဆေးပညာနဲ့ ဂဏ်ပါ ပညာမှာလည်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တဲ့သူ ဖြစ်တယ်။ မင်းသူ့ကို မနာလို မဖြစ်ပဲ လုံ့လဂီရိယ

အားထုတ်ပြီး ကျင့်ကြံနေပါ

ဖန်ပိုယွမ်ကလည်း ခေါင်းကို အထပ်ထပ်အခါခါ ညိတ်ပြီးတော့ ပြောလိုက်တယ်။

ငါတို့ရဲ့ အငယ်ဆုံး ညီငယ်လေးရဲ့ ခန္ဓာကိုယ်ကလည်း တကယ့်ကို ကြောက်စရာ ကောင်းတယ်။ နတ်ဘုရားမိုးကြိုးရဲ့ တရစပ် ပစ်ခွတ်ခံရတဲ့ အခြေအနေမှာတောင် မပျက်စီးမထိခိုက်ပဲ သူ့အသုံးပြုဖို့ အတွက်တောင် ပြောင်းလဲနေသေးတယ်

သတင်းပို့ပါတယ်

စစ်သားတစ်ယောက်က ပြေးဝင်လာပြီးတော့ ဒူးထောက်ကာ ပြောလိုက်ပါတယ်။

ဘုရင်သုံးပါးကို သတင်းပို့ပါတယ်။ ခရမ်းရောင်လ အင်ပါယာ စီရင်စုက အထူးသံတမန်တော်က တွေ့ဆုံဖို့ တောင်းဆိုလာပါတယ်

Chapter 857 end

Zaw.အပိုင်း(858) သတင်းကောင်းနဲ့ သတင်းဆိုး

လင်းဟန်က နတ်ဘုရား မိုးကြိုးအထဲမှာ နေပြီးတော့ သူ့ရဲ့ ပုံစံက နတ်ဘုရားအလင်းတွေ ထုတ်လွှတ်နေပြီး နတ်ဘုရား သက်ရှိတစ်ပါးနဲ့ တူနေပါတယ်။

သူ့အတွက်တော့ ကောင်းကင်ဘုံ ကပ်ဘေးက ခံစားချက်တွေ ကောင်းမွန်စေပြီး သူ့ရဲ့ အံ့ဩဖွယ် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဒီလိုမျိုး တရစပ် ပစ်ခတ်မှုတွေကို လျစ်လျူရှုနိုင်ပါတယ်။ ဒါက သူ့ကို နှိပ်နယ်ပေးနေသလိုမျိုးနဲ့တောင် တူနေပါတယ်။

သူ့ရဲ့မိုးကြိုးလျှပ်စီး ခန္ဓာကိုယ်က တစ်ဖက်ကမ်းခတ် ကျွမ်းကျင်မှု အဆင့်ကို တက်သွားပြီး ပြီးပြည့်စုံမှု အဆင့်နားကို နီးကပ်လာပြီး အနည်းဆုံးတော့ လူသားလောက အထွတ်အထိပ် အဆင့်ကို ရောက်နေပါပြီ။ နတ်ဘုရားဘို့ ရောက်ပြီးတဲ့ အခါမှာ ထိပ်ပိုင်းအကန့်အသတ်က ပွင့်သွားနိုင်မလား ဆိုတာကို ဘယ်သူသိနိုင်မလဲ။

နေ့တစ်ဂက်ခန့် အကြာမှာတော့ သူက ကောင်းကင်ဘုံ ကပ်ဘေးကို လွယ်ကူစွာနဲ့ ဖြတ်ကျော်လာပြီး သူ့ရဲ့ လျှပ်စီးခန္ဓာကိုယ်ကလည်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်မှု အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။

"ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်။ နောက်ဆုံးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ပြီးတော့ သေမျိုးအဆင့်ကနေ ချိုးဖျက်နိုင်ရုံ အဆင့်ကို ရောက်လာပြီပေါ့"

မျှော်စင်လေးက သူ့ရဲ့အသိစိတ် အတွင်းကနေ ပြောလိုက်ပါတယ်။

လင်းဟန်က အံ့အားသင့်သွားပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက တကယ်ပဲ ဂုဏ်ပြုစကားကို ဘယ်လိုမျိုး ပြောရမယ်ဆိုတာ သိတယ်ပေါ့။ မင်းရဲ့ ပင်ကိုယ်ဗီဇ ပြောင်းလဲသွားပြီလား”

မျှော်စင်လေးက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“ငါက မင်းလေ့လာစူးစမ်းဖို့ နတ်ဘုရားလိုင်းတစ်ခု ပို့ပေးရမှာလား”

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့

ပြောလိုက်ပါတယ်။

“ဒါမှ မင်းနဲ့ပိုပြီးတော့ တူတာ။ ငါယုံပါတယ်”

မျှော်စင်လေးက စိတ်ပျက်သွားမိပါတယ်။ ထုံးစံအတိုင်း စကားကြမ်းကြမ်း ပြောရမှာလား။

“ဒါပေမဲ့လည်း စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်က သေမျိုးအဆင့်ကို ချိုးဖျက်နိုင်တာ ဟုတ်လား။ ပြီးတော့ ချိုးဖျက်နိုင်ရုံသာသာပဲ ရှိသေးတယ်ဟုတ်လား”

လင်းဟာန်က ချက်ချင်းပဲ မေးလိုက်ပါတယ်။ ပန်းဖူးအဆင့်က သေမျိုးအဆင့်ကို ကျော်လွန်တဲ့ အဆင့်မဟုတ်ဘူးလား။

မျှော်စင်လေးက နှာခေါင်းတချက် ရှုံ့ပြီးတော့

စိတ်ကြီးဝင်နေတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

“သာမန် အခြေအနေတွေ အောက်မှာတော့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်က လေဟာနယ်ကို စုတ်ဖြဲပြီး နတ်ဘုရားဘုံထဲကို ခြေလှမ်းနိုင်တယ်။ ဒါက နတ်ဘုရားနဲ့ သေမျိုးအကြားက နယ်နိမိတ် ဖြစ်တယ်။ ဒါကြောင့် ဒီခြေလှမ်းကို လျှောက်နိုင်မှပဲ သေမျိုးအဆင့်ကနေ ချိုးဖျက်နိုင်တဲ့ အရည်အချင်း ရှိတယ်လို့ ပြောနိုင်တယ်”

လင်းဟန်က အိုးလို့ အော်လိုက်မိပါတယ်။ နောက်ဆုံးတော့ သူက အဆင့်သစ် တစ်ခုထဲကို ကူးဖြတ်လာခဲ့ပါပြီ။ ဒါက သူ့ရဲ့အရင်ဘဝက အတွေ့အကြုံထက် သာလွန်ပါတယ်။ ပြီးတော့ အခုချိန်က စပြီးတော့ သူရဲ့ကိုယ်ပိုင် လမ်းကြောင်းကိုပဲ ခန့်မှန်းပြီးတော့ လျှောက်ရမှာ ဖြစ်ပြီး အားကိုးစရာ အတွေ့အကြုံ နည်းနည်းလေးမှ မရှိတော့ပါဘူး။

“မင်းမှာ သတင်းကောင်း နှစ်ခုနဲ့ သတင်းဆိုးတစ်ခုရှိတယ်။ မင်းဘယ်ဟာကို အရင်ဆုံး နားထောင်ချင်လဲ”

လင်းဟန်က အံ့အားသင့်သွားပြီးတော့ ပြောလိုက်ပါတယ်။

“မင်းဒီနေ့ ဆေးစားများ မှားနေတာလား။ အခု လှည့်ကွက်တွေတောင် သုံးနေပြီလား။ ဒါဆိုရင်လည်း သတင်းဆိုးကို အရင်ဆုံး နားထောင်ကြတာပေါ့”

“မင်းက အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားမြှင့်တင်ပေးမှုကို ဆက်ပြီးတော့ အသုံးပြုလို့ မရနိုင်တော့ဘူး”

တကယ်လို့ မျှော်စင်လေးမှာ သူ့မျက်လုံးတွေ ရှိတယ်ဆိုရင် သေချာပေါက် ပြူးပြပါလိမ့်မယ်။

“ဘာဖြစ်လို့လဲ”

လင်းဟန်ရဲ့ မျက်နှာက အရမ်းကို သုန်မှုန်သွားပါတယ်။ ဒါက သူ့ရဲ့ အစွမ်းထက်ဆုံး ဗုက်ဖဲ ဖြစ်ပါတယ်။ ပြီးတော့ အဲဒါက အဆင့်တစ်ဆင့်တက်မှ တစ်ခါပဲ အသုံးပြုနိုင်ပြီး အခြေအနေကို ပြောင်းပြန်လှန်ပစ်နိုင်ပါတယ်။

"တခြားဘာမှမရှိဘူး။ အစတုန်းက မင်းအားနည်းနေတဲ့ အချိန်မှာ အဆင်ပြေအောင်လို့ အသုံးပြုခွင့် ပြုတာလို့ပဲ ပြောရလိမ့်မယ်။ မင်းအတွက် နည်းလမ်းတစ်ခု အဖြစ်နဲ့ မှီခိုနေလို့တော့ မရဘူး"

မျှော်စင်လေးက နှာခေါင်းရှုံ့လိုက်ပါတယ်။

ဒါက တကယ့်ကို သတင်းဆိုးပါပဲ။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် သတင်းကောင်းတွေကရော ဘာလဲ"

"ပထမ တစ်ခုက အနက်ရောင် မျှော်စင်ရဲ့ တတိယအလွှာ နေရာလွတ် ပွင့်သွားပြီ"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"သတ္တုစွမ်းအားလား"

လင်းဟန်က ရွှင်ပျလန်းဆန်းသွားခဲ့ပါတယ်။ အနက်ရောင် မျှော်စင်မှာ စုစုပေါင်း အလွှာကိုးခု ဖြစ်ပါတယ်။ ဒါပေမဲ့ အခုမှ တတိယ အလွှာပဲ ပွင့်ပါသေးတယ်။ ကျန်နေတဲ့ အလွှာတွေ အားလုံးက နတ်ဘုရားဘုံကို ရောက်မှပဲ ပွင့်မှာလား။

"အမှန်ပဲ။ အခုကနေ စပြီးတော့ တစ်နှစ်ကို နတ်ဘုရားသတ္တု

ကီလိုဂရမ် တစ်ဂက် ထုတ်ပေးနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ မင်းက အဲဒါကို ချန်ထားမယ်ဆိုရင် နတ်ဘုရား သတ္တုရဲ့ အရည်အသွေးက ပိုပိုပြီးတော့ မြင့်မားလာမယ်”

မျှော်စင်လေးက ပြောလိုက်ပါတယ်။

နတ်ဘုရားသတ္တု။

နတ်ဘုရားဘုံကို သူဂင်တာနဲ့ မရဏာဓားတောင်မှ မကြာခင်မှာ သူ့ရဲ့ ဂုဏ်ရောင်ထွန်းပြောင်မှု ဆုံးရှုံးသွားပါလိမ့်မယ်။ အဲဒီနေရာမှာ နတ်ဘုရားသတ္တုနဲ့ သွန်းလုပ်ထားတဲ့ လက်နက်တွေပဲ လွှမ်းမိုးနိုင်ပါလိမ့်မယ်။

“ဘာဖြစ်လို့ အချိန်တစ်နှစ်တောင် ယူရတာလဲ”

“ဒါက နတ်ဘုရား သတ္တုလေ။ ပြီးတော့ ငါက ပြန်ပြီးတော့ မကောင်းသေးဘူး။ ဒါကြောင့် ကီလိုဂရမ် တစ်ဂက်

ပေးနိုင်တာက မဆိုးပါဘူး”

မျှော်စင်လေးက နှာခေါင်းရှုံ့လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

“ဒါကို သတင်းကောင်းလို့ ပြောလို့ ရပါတယ်။ ဒါဆိုရင် ဒုတိယ တစ်ခုက ဘာလဲ”

“မင်းအခု ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ဒုတိယ အလွှာကို ကျင့်ကြံလို့ ရပြီ”

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်က ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့ပါတယ်။

ခဏအကြာမှာ သူက ပြောလိုက်ပါတယ်။

“ဒါက သတင်းကောင်းဆိုတာ မင်းသေချာရဲ့လား။ မင်းသိသင့်တယ်။ ပထမအလွှာကို နားလည်ဖို့ ငါနှစ်ပေါင်းတစ်သောင်း အချိန် ယူခဲ့ရတယ်။ အခု ဒုတိယ အလွှာကို နားလည်ဖို့ အချိန်ဘယ်လောက်တောင် ကြာမလဲ။ နှစ်ပေါင်းတစ်သန်းလား”

မျှော်စင်လေးက သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ပထမ အလွှာရဲ့ ခန္ဓာကိုယ်က ထင်သလောက် မရိုးရှင်းဘူး။ အဲဒီမှာ ပညာရပ်သုံးခုကို ခေါက်ထားတဲ့ အခြေခံ သဘောတရားတွေ ပါဝင်တယ်။ အဲဒါက မင်းမသင်ရသေးတဲ့ ဒုတိယ အလွှာရဲ့ ပညာရပ်ရှိတယ်။ ဒါကြောင့် မင်းက အဲဒါကို မင်းဖမ်းဆုပ်နိုင်သလောက် နားလည်လိမ့်မယ်”

လင်းဟန်က စိတ်သက်သာရာ ရသွားပြီးတော့

ပြောလိုက်ပါတယ်။

“မင်းဆိုလိုတာက ဒုတိယအလွှာက ပညာရပ်ကို ငါမြန်မြန်နဲ့ နားလည်သဘောပေါက် နိုင်တယ်ပေါ့”

“ငါဒီလိုမျိုး မပြောမိပါဘူး”

မျှော်စင်လေးက သူ့ခေါင်းကို ခါလိုက်သလိုမျိုး သူ့ခန္ဓာကိုယ်ကို လှုပ်ယမ်းလိုက်ပါတယ်။

“တကယ်လို့ မင်းက ပိုပြီးတော့ တုံးအနေမယ်ဆိုရင် နှစ်ပေါင်းတစ်သောင်း တစ်သန်းကြာရင်လည်း နားလည်သဘောပေါက်လိမ့်မှာ မဟုတ်ဘူး”

လင်းဟာန်က မချိတင်ကဲ ဖြစ်သွားပြီးတော့

စတင်ရယ်မောလိုက်ပြီး ပြောလိုက်ပါတယ်။

“ဒါမှ မဟုတ်မမှန် ပြောဆိုတတ်တဲ့ မျှော်စင်လေး အစစ်ပဲ။ ပိုပြီးတော့ ရင်းနှီးတဲ့ ခံစားမှုပဲ”

မျှော်စင်လေးက အတော်လေးကို ရှူးသွပ်သွားပါတယ်။ ဒီကောင်လေးရဲ့ မွေးရာပါ အရည်အသွေးက အပေါစားတစ်ခု ဖြစ်နေတာလား။ သူက ဘယ်လောက်ပဲ ကြင်နာတဲ့ လေသံနဲ့ ပြောပြော ဒီကောင်စုတ်လေး ကြည့်ရတာ သက်တောင့်သက်သာ ရှိပုံ မပေါ်ပါဘူး။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

“ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ပထမအလွှာက ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ကျင့်ကြံအားထုတ်တယ်။ ဒုတိယ အလွှာက နတ်ဘုရားအာရုံကို ကျင့်ကြံအားထုတ်တယ်။ ဒီမှာ

အဲဒီပညာရပ်ပဲ။ မင်းဘာသာမင်း နားလည်အောင်
သွားကျင့်ချည်”

မျှော်စင်လေးက အသာလေး လှုပ်လိုက်ပါတယ်။
မရေမတွက်နိုင်တဲ့ နတ်ဘုရား စာလုံးတွေက အနက်ရောင်
မျှော်စင်ရဲ့ အတွင်းမှာ ချက်ချင်းဆိုသလို လည်ပတ်လာပြီး
လင်းဟာန်ရဲ့ အသိစိတ်ထဲကို တစ်ဟုန်ထိုး
ပြေးဝင်သွားပါတယ်။

တိတိကျကျ ပြောရမယ်ဆိုရင် ဒါတွေက စကားလုံးတွေ
မဟုတ်ပါဘူး။ အနည်းဆုံးတော့ လင်းဟာန်က
ဘာလဲဆိုတာကို သတိမပြုမိနိုင်ပါဘူး။ ဒါပေမဲ့ အဲဒါက
သူ့အတွက်တော့ မနာကျင်စေပဲ အဲဒါတွေကို စိတ်ထဲကနေ
သဘောပေါက် နားလည်စေနိုင်ပါတယ်။ ဒါက စကားလုံးတွေ
ဘာသာစကားတွေရဲ့ အဆင့်ထက် ကျော်လွန်ပြီး အနှစ်သာရ
အဆင့်ကို တန်းပြီးတော့ ရောက်ရှိနေပါတယ်။

အစတုန်းက သူက တတိယ အလွှာက ဘာလဲဆိုတာကို မေးချင်ခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ အာရုံကို ချက်ချင်းပဲ ဒီရွှေရောင်ပုံစံတွေက ဆွဲဆောင်သွားပြီးတော့ သူတို့အထဲမှာ အာရုံနှစ်မြုပ်သွားပြီး စတင်နားလည် သဘောပေါက်လာပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ဒုတိယ အလွှာက နတ်ဘုရား အာရုံကို ကျင့်ကြံအားထုတ်ခြင်း ဖြစ်ပါတယ်။

သက်ရှိတွေရဲ့ နတ်ဘုရား အာရုံက အရမ်းကို အထိခိုက် မခံနိုင်ပါဘူး။ ဥပမာ။ အခုဆိုရင် လင်းဟာန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ကူးဖြတ်သွားခဲ့တာတောင် တကယ်လို့ ဓားဘုရင်နဲ့ သူတွေ့ဆုံမိရင် ဓားနှလုံးသား အလင်းရောင်နဲ့ ချောင်းမြောင်းပြီး တိုက်ခိုက်မယ်ဆိုရင် လင်းဟာန်ရဲ့ ခန္ဓာကိုယ်က အဆင်ပြေပေမဲ့ သူ့ရဲ့ နတ်ဘုရား အာရုံကတော့ တန်းပြီးတော့ အဆုံးသတ် သွားပါလိမ့်မယ်။

အဲဒါကို တောင့်ခံနိုင်ဖို့ အရမ်းကို လွယ်ကူပါတယ်။ အဝေးကို ထွက်ပြေးရင်ပြေး ဒါမှမဟုတ် အဲဒါကို သိုင်းပညာ နလုံးသားနဲ့ သူလုပ်သလိုမျိုး ပြန်လုပ်ပြီး ဆန့်ကျင်ရပါမယ်။ အဲဒါက နတ်ဘုရား အာရုံနှစ်ခု အကြားက တိုက်ပွဲဖြစ်ပါလိမ့်မယ်။ ပိုပြီးတော့ အန္တရာယ်များပြီး တကယ်လို့ တစ်ယောက်ယောက်က ရှုံးနိမ့်သွားရင် သူတို့ရဲ့ နတ်ဘုရားအာရုံက ချေမှုန်းခံလိုက် ရပါလိမ့်မယ်။ ပြီးတော့ အသွေးအသားပဲရှိပြီး အသိစိတ်မရှိတဲ့ အခွံကြီးတစ်ခုလိုမျိုး ဖြည်းညှင်းစွာနဲ့ ပုပ်သိုးဆွေးမြေ့လာပါလိမ့်မယ်။ ဒါမှမဟုတ် နှစ်ပေါင်းထောင်နဲ့ချီ ကြာပြီးမှ စိတ်ဝိညာဉ် အသစ်တစ်ခု ပြန်လည်မွေးဖွားကောင်း မွေးဖွားလာပါလိမ့်မယ်။

လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အခုဆိုရင် နတ်ဘုရားသတ္တု အဆင့်ကို ရောက်ရှိလို့ နေခဲ့ပါပြီ။ အဲဒါက အောက်ဘုံထဲမှာ သေချာပေါက် မပျက်စီးနိုင်ပါဘူး။ တကယ်လို့ သူ့ရဲ့ နတ်ဘုရားအာရုံ

ချေမှုန်းခံလိုက်ရရင်တောင် စိတ်ဂိညာဉ် အသစ်
ပြန်လည်မွေးဖွားလာဖို့က အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။
ဒါပေမဲ့ သူက အဲဒီလိုမျိုး အဖြစ်ခံလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ သူက ဖျက်ဆီးလို့ မရနိုင်တဲ့
ကောင်းကင်မော်စာလိပ်ရဲ့ ဒုတိယ အလွှာကို ကျင့်ကြံပြီးရင်
သူ့ရဲ့ နတ်ဘုရားအာရုံက သန်မာလာပါလိမ့်မယ်။ ပြီးတော့
အနည်းဆုံးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်လို
တည်ငြိမ်လာပါလိမ့်မယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကနေ
ထွက်သွားလိမ့်မှာ မဟုတ်သလို အစွမ်းထက်တဲ့
တိုက်ခိုက်မှုကို ခံရတဲ့ အချိန်မှာ မထိမခိုက်ပဲ
ကျန်ရှိနေပါဦးမယ်။

ပြန်လည်မွေးဖွားခြင်း ဆိုတာက အတွေးတစ်ခုပါပဲ။

မပျက်စီးနိုင်တဲ့ ခန္ဓာကိုယ်ရှိတဲ့ သက်ရှိတစ်ယောက်က

ဘယ်လိုလုပ်ပြီးတော့ ပျက်စီးနိုင်မှာလဲ။

လင်းဟန်က သူ့ပျော်ရွှင်မှုကို မထိန်းနိုင်အောင်
ဖြစ်နေပါတယ်။ ဒါပေမဲ့ ဒါကို စပြီးတော့
နားလည်သဘောပေါက်ဖို့ မတတ်နိုင်အောင် ဖြစ်နေပါတယ်။
သူက နည်းနည်းလောက် နားလည်သဘောပေါက်လာတဲ့
အခါမှာ ရုတ်တရက် ရပ်တန့်လိုက်ပါတယ်။
အချိန်ဆယ်ရက်ခန့် ကုန်လွန်သွားခဲ့ပါပြီ။

သူက မိုးကောင်းကင်ပေါ်ကနေ ဆင်းလာတဲ့ အခါမှာ
ဖန်ပိုယွမ်နဲ့ တခြားသူတွေက သူ့ကို စောင့်မျှော်နေတာကို
တွေ့လိုက်ရပါတယ်။

ဖန်ပိုယွမ်တို့က သူ့ကို နှုတ်ဆက်ပြီးတော့ စိုးရိမ်တကြီးနဲ့
မေးလိုက်ပါတယ်။

"ညီလေး အဆင့်ချိုးဖျက်ဂင်ရောက်တဲ့ အချိန်မှာ ပြဿနာတွေကြုံပြီးတော့ အတွင်းဒဏ်ရာတွေ ခံစားနေရလို့လား"

လင်းဟန်က ချက်ချင်းပဲ ရှက်ကိုးရှက်ကန်း အမူအရာ ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုတို့ကို စိုးရိမ်ပူပန်မိစေတဲ့အတွက် တောင်းပန်ပါတယ်။ ကျနော် အားလုံး အဆင်ပြေပါတယ်။ ရုတ်တရက် ဉာဏ်အလင်းတစ်ခု ပေါ်လာလို့ အဲဒါကို ချက်ချင်းပဲ နားလည်နိုင်အောင် ကြိုးစားနေတာပါ"

"ဒါဆို တော်သေးတာပေါ့"

အစ်ကိုသုံးယောက်စလုံးက ခေါင်းညိတ်လိုက်ပါတယ်။

“ဟုတ်ပြီ။ ခရမ်းရောင်လ အင်ပါယာရဲ့ စီရင်စုကနေ
အထူးသံတမန်တစ်ယောက် ရောက်လာတယ်”

မိုးရေကောရာဇ်က ရုတ်တရက် သူ့ခေါင်းကို ပုတ်ပြီးတော့
တစ်ခုခုကို သတိရသွားသလို ပြောလိုက်ပါတယ်။

“ဘာကိစ္စများလဲ”

လင်းဟန်က မေးလိုက်ပါတယ်။

“မာထို့ပေါင်က မိုးကောင်းကင်ကို ဖွင့်လှစ်တော့မဲ့
အကြောင်းပဲ။ ပြီးတော့ ငါတို့ကိုလည်း အဲဒီ အခမ်းအနားကို
တက်ရောက်ဖို့ အထူးတလည် ဖိတ်ကြားခဲ့တယ်”

ဖန်ပိုယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က အဲဒါကို စဉ်းစားကြည့်လိုက်တော့ တကယ်ပဲ တစ်နှစ်ဆိုတဲ့ အချိန်က ကုန်လွန်သွား ခဲ့ပါပြီ။

အချိန်တွေ ကုန်တာ အရမ်းကို လျင်မြန်လွန်းပါတယ်။ ဟူးညိုနဲ့ သူ့ရဲ့မိဘတွေ ထွက်သွားတာ နှစ်ဂက်ခန့် အချိန်ရှိပါပြီ။ ပြီးတော့ သူက ဒီနှစ်ဂက် အချိန်အတွင်းမှာ အဆက်မပြတ် ကျင့်ကြံအားထုတ်ခဲ့ပြီး သူမိသားစုနဲ့ ချစ်သူတွေအကြောင်းကို မစဉ်းစားခဲ့ပါဘူး။ ဒါပေမဲ့ အခု သူက ရုတ်တရက် သတိရလွမ်းဆွတ်သွားပြီးတော့ ချက်ချင်းပဲ နတ်ဘုရားဘုံကို တစ်ဟုန်ထိုး တက်ရောက်ဖို့ ဆန္ဒတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

“အရမ်းကောင်းတယ်။ အခမ်းအနားကို သွားတက်ကြတာပေါ့”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“အဲဒီဖက်တီးက လုံလောက်အောင် သန်မာရင် အကောင်းဆုံးပဲ။ ဒါမှ ငါတို့ အဲဒီနေက အကျိုးအမြတ် ရနိုင်မှာ”

အစ်ကိုသုံးယောက်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ မိုးကောင်းကင်ကို ခွဲတာက အရမ်းကို အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ မိုးကောင်းကင်ကို မခွဲရသေးပဲ နတ်ဘုရားဘုံကို တစ်ရက်မဟင်ရသေးရင် ဂိုဏ်းကြီးငါးဂိုဏ်းက လျှို့ဝှက်ကြံစည်လာမှာကို တစ်ရက်ပိုပြီးတော့ စိုးရိမ်ပူပန်ရပါတယ်။ ဒါက တကယ့်ကို ဒေါသထွက်စရာ ကောင်းပါတယ်။

နောက်ပြီးတော့ ပင်လယ်မျိုးနွယ်စုကိုလည်း

လျစ်လျူရှုထားလို့ မရပါဘူး။ သူတို့က ဘာမှမသိသလို စောင့်ကြည့်နေမှာ မဟုတ်ပါဘူး။ ကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးကို ပျက်စီးဖို့ အခွင့်ကောင်း စောင့်နေကြပါလိမ့်မယ်။

ယုန်ဖြူကြီး၊ ကျောက်တုံးစိတ်ဂိညာဉ်၊ ရွှေရှာကြွက်နဲ့ ဟော့လျန်ထန်းယွင်တို့ အားလုံး ပါလာပြီး ကွမ်းရန်၊ ကန်းယီနဲ့ တခြားဗိုလ်ချုပ်တွေလည်း ပါဂင်ကာ လူပေါင်းငါးဆယ်လောက်က ခရမ်းရောင်လ ကောရာဇ်ရဲ့ စီရင်စုကို ထွက်လာခဲ့ပါတယ်။

မိုးကောင်းကင်ကို ခွဲခြမ်းမဲ့ ကိစ္စက ကမ္ဘာငယ်လေးထဲမှာ အရမ်းကို သူရဲကောင်းဆန်တဲ့ လှုပ်ရှားမှု တစ်ခု ဖြစ်ပါတယ်။

Chapter 858 end

Uni.အပိုင်း(859) အခမ်းအနားကို တက်ရောက်ခြင်း

လင်းဟန်က ဖန်ပိုယွမ်နဲ့ ဟော့လျန်ထန်းယွင်ကလွဲရင် အားလုံးကို အနက်ရောင် မျှော်စင်ထဲ ထည့်ထားပြီး လေနဲ့မိုးကြိုးလျှပ်စီးလိုမျိုး ပေါ့ပါးဖျတ်လတ်စွာနဲ့ ထွက်လာခဲ့ကြပါတယ်။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အမြန်နှုန်းက ဒီကမ်ဘာကြီးထဲမှာ အချမ်းဆုံး ဖြစ်ပါတယ်။

ဟော့လျန်ထန်းယွင်က လင်းဟန်ထက် နှစ်ဂက်ခန့် စောပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်သွားခဲ့တာဖြစ်ပါတယ်။ အနက်ရောင် မျှော်စင်ထဲက စိတ်ဂိညာဉ် ဆေးပင်တွေရဲ့ အကန့်အသတ်မရှိ ထောက်ပံ့ကူညီမှုနဲ့ သူ့မှာရှိတဲ့ တစ်ဆိုမှာကို စိုးရိမ်ပူပန်စရာ မရှိတာကြောင့် စိတ်ဂိညာဉ် ဆေးပင်ပမာဏ များများကို သူသုံးစွဲနိုင်လေ သူ့ရဲ့အဆင့်တက်နှုန်းက အရမ်းကို လျင်မြန်လေပါပဲ။

ငါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ပထမ အလွှာပဲ ရှိသေးပေမဲ့ ငါ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ်လုံးကို ယှဉ်ပြိုင်နိုင်ပါတယ်။ ပြီးတော့ နိုင်ငံစွမ်းအားရဲ့ ကောင်းချီးပေးမှုကို ပေါင်းထည့်လိုက်ရင် ငါ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံးကို ရောက်ရှိနိုင်တယ်။ လင်းဟန်က သွားရင်းလာရင်း သူ့ကိုယ်ပိုင်ခွန်အားကို စမ်းသပ်နေပါတယ်။

ဒါပေမဲ့လည်း နိုင်ငံစွမ်းအားရဲ့ တိုက်ပွဲစွမ်းရည်က ထင်သလိုမျိုး ပေါင်းထည့်လို့ မရပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ကိုးလုံးတောင်မဟုတ်ပဲ နှစ်ဆယ်လုံးတောင် ဖြစ်နိုင်ပါတယ်။

အဆင့်ပိုမြင့်လေ အားနည်းသူက စွမ်းအားပိုပြီးတော့ ယူလာနိုင်တာက သဘာဝ အရာတစ္စု ဖြစ်ပါတယ်။ ငါကောင်းကင်အဆင့်မှာ ရှိနေတုန်း အချိန်တုန်းက ငါ့ရဲ့

ကိုယ်ပိုင် တိုက်ပွဲစွမ်းရည် တိုးလာမှုက ပြောဖို့တောင် မထိုက်တန်ဖူး။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံးက ကမ်ဘာတစ်ခု ကွာခြားမှုတစ်ခု ဖြစ်ပါတယ်။ ဒီအတိုင်း ကြည့်လိုက်မယ်ဆိုရင် တကယ်လို့ ငါ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်မယ်ဆိုရင် လက်ရှိနိုင်ငံစွမ်းအားနဲ့ ပတ်သက်လာရင် ငါ့ရဲ့တိုက်ပွဲစွမ်းရည်က အမ်ားဆုံး ကြယ်နှစ်လုံးလောက်ပဲ တိုးလာလိမ့်မယ်။

ဒါပေမဲ့လည်း အကန့်အသတ်အထက် တိုးတက်မှုတွေနဲ့ ပတ်သက်ပြီး တိုက်ပွဲစွမ်းရည် ကြယ်တစ်လုံးတောင်မှ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ ပင်ကိုယ်အားဖြင့် ပြောင်းလဲမှု တစ်ခုနဲ့ တူပါတယ်။

သုံးရက်အကြာမှာ သူတို့က အလယ်ပိုင်း ဒေသထဲကို ဝင်လာခဲ့ပြီး ခရမ်းရောင်လ အင်ပါယာရဲ့ စီရင်စု ပိုင်နက်ထဲကို ဝင်လာခဲ့ပါတယ်။

ချက်ချင်းဆိုသလို လင်းဟာန်နဲ့ ဖန်ပိုယွမ်တို့ နှစ်ယောက်စလုံးရဲ့ နိုင်ငံစွမ်းအား ကောင်းချီးပေးမှု ဆုံးရှုံးသွားပါတယ်။ ရုတ်တရက်ဆိုသလို အရမ်းကို ကြီးမားတဲ့ စွမ်းအား ဆုံးရှုံးသွားတာက သူတို့ကို ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ခုကို ခံစားစေပါတယ်။

လင်းဟာန်က အဲဒါကို အသုံးပြုလို့ မရနိုင်တော့ပေမဲ့ ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိ သွားပြီးတော့ ပြောလိုက်ပါတယ်။

နိုင်ငံစွမ်းအားက တကယ်ပဲ ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါကို အထောက်အပံ့ တစ်ခု အနေနဲ့ပဲ

အသုံးပြုနိုင်တယ်။ အဲဒါကို မီနိုနေတာက ကောင်းတဲ့ အလေ့အကျင့်တစ်ခုတော့ မဖြစ်နိုင်ဘူး

ဖန်ပိုယွမ်ကလည်း ခေါင်းညိတ်လိုက်ပါတယ်။ သိုင်းပညာရှင်တွေက အဆုံးစွန်ထိ သူတို့ရဲ့ ကိုယ်ပိုင်ခွန်အားအနောက်ကို လိုက်ရပါမယ်။ တကယ်လို့ မင်းက နိုင်ငံစွမ်းအား အပေါ်မှာ အရမ်းကြီး အားကိုးနေမယ်ဆိုရင် နိုင်ငံစွမ်းအား မသက်ရောက်နိုင်တဲ့ နေရာကို ရောက်သွားရင် မင်းဘာလုပ်မှာလဲ။ အဲဒီလိုသာဆို ရှေးဟောင်းသမိုင်းဂင် နေရာတွေလိုမျိုးကို လေ့လာစူးစမ်း သွားမယ်ဆိုရင် မင်းဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။

သူတို့သုံးယောက်က အင်ပါယာမြို့ဆီကို ရောက်လာခဲ့ပါတယ်။ သူတို့က အပြင်မှာ ရပ်ပြီး အနက်ရောင် မျှော်စင်ထဲကနေ အားလုံးကို ထုတ်လိုက်ပါတယ်။ ပြီးတော့ သူတို့နဲ့ သင့်တော်တဲ့ နေရာတွေကို လွှတ်ပြီးတော့ နေထိုင်စေပါတယ်။

မာထိုပေါင်က ကောင်းကင်ဘုံ ကြယ်တာရာဘုရင်ကို စေလွှတ်ပြီးတော့ မဟာလင်း အင်ပါယာရဲ့ လူတွေကို အင်ပါယာ နန်းတော်ဆီကို အကြိုလွှတ်လိုက်ပါတယ်။

ဂုဏ်ပြုပါတယ် မဟာလင်း ဘုရင်။ နောက်ဆုံးတော့ စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်သွားပြီပေါ့

ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်က လင်းဟန်ကို ပြောလိုက်ပါတယ်။ သူက လင်းဟန်နဲ့ ပထမဆုံးအကြိမ် တွေ့ဆုံတုန်းက အဖြစ်ကို အမှတ်ရလိုက်ပါတယ်။ အဲဒီတုန်းက လင်းဟန်ရဲ့ ခွန်အားက သူ့အာရုံစိုက်ရလောက်တဲ့အထိ မရောက်သေးပါဘူး။ ဒါပေမဲ့ အခုတော့ သူက အရမ်းကို လျင်မြန်စွာနဲ့ အဆင့်တူကို ရောက်လာလိမ့်မယ်လို့ လုံးဝကိုမျှော်လင့် မထားမိခဲ့ပါဘူး။

ဒါပေါ့။ သူက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ယုံကြည်မှု ရှိပါတယ်။ ပြီးတော့ တကယ်လို့ လင်းဟန်က သူနဲ့ တူချင်တယ်ဆိုရင် အနည်းဆုံး နှစ်ပေါင်းတစ်ရာကျော်လောက် သူ့ရဲ့အဆင့်ကို အရောင်တင်ပြီး တိုးတက်အောင် အချိန်ယူရလိမ့်မယ်လို့ ယုံကြည်နေခဲ့ပါတယ်။

လင်းဟန်က ဟားတိုက်ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ငါတို့မတွေ့တာ နှစ်ဂက်အချိန်တောင် ရှိသွားပြီ။ ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်ရဲ့ ဟန်ပန်အမူအရာက ခံ့ညားထယ်ဝါနေတုန်းပဲ

မြို့သူမြို့သား အနည်းငယ်နဲ့ စကားခဏလောက် ပြောပြီးတဲ့နောက်မှာ သူတို့က အင်ပါယာ နန်းတော်ဆီကို ဂင်လာခဲ့ပါတယ်။

မိုးကောင်းကင်ကို ဖွင့်မဲ့ကိစ္စကို နောက်သုံးရက် အကြာမှာ ပြုလုပ်ပါလိမ့်မယ်။

အဲဒီအချိန်ကျရင် အလယ်ပိုင်းဒေသရဲ့ မရေတွက်နိုင်တဲ့ တော်ဝင်မိသားစုတွေ ရောက်လာပြီ အင်ပါယာ နန်းတော်ထဲကို ဝင်ရောက်ချီးကျူး ပြောဆိုကြပါလိမ့်မယ်။ ခရမ်းရောင်လ ကောရာဇ်ရဲ့ စီရင်စုက အခုဆိုရင် အရမ်းကို အစွမ်းထက်ပါတယ်။ ကောင်းကင်ဓားဂိုဏ်းနဲ့ တိုက်ပွဲမှာတုန်းက ဂိုဏ်းကြီးငါးဂိုဏ်းက ဆိုးဆိုးဝါးဝါး ရှုံးနိမ့်သွားခဲ့ပြီး မာထိုပေါင်ရဲ့ ထင်ပေါ်ကျော်ကြားမှုက ပြိုင်ဘက်ကင်း ဖြစ်လာခဲ့ပါတယ်။

ကမ်ဘာနံပါတ်တစ် သတ်ဖြတ်ခြင်း ဂက်ပါ။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံး။

ဒါကြောင့် မာထိုပေါင်မှာ ကေရီတစ်ပါးမှ မရှိဘူးဆိုတာကို ကြားသိရတဲ့ အချိန်မှာ မိန်းကလေး တချို့က ဂနာမငြိမ် ဖြစ်လာကြပြီး ကမ်ဘာကြီးရဲ့ တန်ဖိုးအရှိဆုံး လူပျိုကို ရယူချင်နေကြပြီး တချက်တည်းနဲ့ မိုးကောင်းကင်ဘုံကို ရောက်ချင်နေခဲ့ပါတယ်။

မာထိုပေါင်က နောက်ဆုံး ပြင်ဆင်စရာရှိတာတွေကို ပြုလုပ်နေပါတယ်။ သူ့ကို ဘယ်သူကမှ ဒီရက်အနည်းငယ် အတွင်းမှာ မတွေ့မြင်ရပါဘူး။ သူ့ရဲ့စိတ်ကို သန့်ရှင်းအောင် လုပ်ပြီးတော့ သူ့ရဲ့စိတ်ဂိညာဉ်ကို အာရုံစိုက်ပြီး သူ့ရဲ့ အဆင့်အတန်းကို သင့်မြင့်အောင် ထိန်းညှိနေပါတယ်။

လင်းဟန်က ဒါကို နားလည်သဘောပေါက်ပါတယ်။ တကယ်လို့ သူသာဆိုရင်လည်း ဒီလိုမျိုး လုပ်မိပါလိမ့်မယ်။ တကယ်တော့ ဒါက မကြီးစဖူး သူရဲကောင်းဆန်တဲ့ လုပ်ရှားမှု တစ္စု ဖြစ်ပါတယ်။ လင်းဟန်အတွက်ကလွဲပြီး ဘယ်သူကမှ ဒီကြီးမားကျယ်ပြန့်တဲ့ ကုန်းမြေကြီးက မိုးကောင်းကင်ကို

တစ်ကြိမ်ဖွင့်ခဲ့ဖူးတဲ့ အတွေ့အကြုံ ရှိတယ်ဆိုတာကို မသိကြပါဘူး။ ဒါက အရမ်းကို မစဉ်းစားတတ်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ နတ္တာရုံးဘုံထဲက ပုဂ္ဂိုလ်တွေတောင် ဒါကို မလုပ်နိုင်ပါဘူး။ ဒါကြောင့် အောက်ဘုံအတွက်ဆိုရင် ပိုပြီးတော့တောင် စဉ်းစားကြည့်လို့ မရနိုင်ပါဘူး။

လင်းဟန်နဲ့ တခြားသူတွေကို တင့်တယ်လှပတဲ့ စံအိမ်တစ်ခုမှာ နေရာချထားပေးပါတယ်။ ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်က စကားအနည်းငယ် ပြောဆိုပြီးတဲ့နောက်မှာ ပြန်သွားပါတယ်။ တကယ်တော့ ဒီနေရာမှာ ဧည့်သည်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဘုရင်ခုနစ်ပါးလုံး အရမ်းကို အလုပ်ရှုပ်နေကြပါတယ်။

ဒါပေမဲ့လည်း မီးဆိုတာက အလည်ရောက်လာတတ်ပါတယ်။

မြန်မြန်ဒူးထောက်စမ်း။ မင်းတို့ကောင်တွေကို ကြည့်ရတာ

စိတ္တဇစရာ အရမ်းကောင်းတယ်

လူငယ်တချို့က ချက်ချင်းပဲ ကောက်ကာငင်ကာ ပြောလိုက်ပြီး သူတို့အားလုံးရဲ့ မျက်နှာပေါ်မှာ မောက်မာဂုဏ်ကြွားမှုတွေ ရှိနေပါတယ်။

အရင်တုန်းက သူတို့ရဲ့ ဘိုးဘေးတွေက ကောင်းကင်အဆင့်မှာ ရှိနေပြီး သူတို့က ရမ်းကားနိုင်ကြပါတယ်။ ပြီးတော့ အခုဆို သူတို့ကို ကြည့်ရတာ ပိုပြီးတော့တောင် အထိန်းအကွပ် မဲ့လာပုံ ရပါတယ်။

မိုက်ရိုင်းလိုက်တာ

ကန်းယီနဲ့ တခြားသူတွေက သူတို့ရဲ့ လက်နက်တွေကို တစ်ယောက်ပြီးတစ်ယောက် ထုတ်လိုက်ပါတယ်။ သူတို့ရဲ့ ဂုဏ်သိက္ခာကို မရိုမသေ လာလုပ်ဝံ့တယ်။ သူတို့က သေချင်နေတာပဲ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ဒီနေ့က အစ်ကိုမာရဲ့ အကြီးအကျယ် ပျော်ရွှင်ရတဲ့နေ့ပဲ။ အင်အားမသုံးကြနဲ့

ဟုတ်ကဲ့

အားလုံးက သည်းခံလိုက်ပါတယ်။

မင်းအခု ဘာပြောနေတာလဲ

လီမိသားစုရဲ့ လူငယ်အားလုံးက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ လင်းဟန်ရဲ့ အလိုလိုက်မှုနဲ့

လင်းဟန်နဲ့ တခြားသူတွေကို ဒူးထောက်ခိုင်းဖို့ အေတြး
မရှိတော့ပဲ သူတို့ဘေးကနေ ထောင်ထောင်ထောင်ထောင်နဲ့
လမ်းလျှောက်ပြီးတော့ သူတို့ရဲ့ သတ်မှတ်ထားတဲ့
ထိုင်ခုံတွေဆီကို ရောက်လာပါတယ်။

သူတို့ရဲ့ ဒီလိုမျိုးနဲ့ စောစောက အကြောင်းကို
တက်တက်ကြွကြွနဲ့ ပြောနေပြီး သူတို့တွေရဲ့ ဘိုးဘေးက
ဘယ်လောက်တောင် အထင်ကြီးစရာ ကောင်းလိုက်သလဲ။
သူတို့ရဲ့ မျိုးရိုး နာမည်ကိုတောင် မကြေညာရသေးဘူး။
တစ်ဖက်အဖွဲ့က နောက်ဆုတ်သွား ရပါပြီ။

ဘာတွေ ဖြစ်နေတာလဲ

လီွမိသားစုရဲ့ ဘိုးဘေးနဲ့ မိသားစုထဲက အေရးပါ
အရာရောက်တဲ့ ပုဂ္ဂိုလ်တချို့ ရောက်လာပြီး
ထိုင်လိုက်ပါတယ်။ ဒါပေမဲ့ လူငယ်တွေကတော့

မထိုင်နိုင်သေးပဲ နေရာအနှံ့မှာ သူတို့မြင်ရတဲ့ အလှပဂေးတွေ အကြောင်းကို အဆက်မပြတ် ပြောဆိုနေကြပါတယ်။

ဒီလူငယ်တွေရဲ့ စကားတွေက အရှိန်ရလာပြီး လင်းဟန်နဲ့ တခြားသူတွေကို အေးရးလုပ္စရာ မလိုတဲ့ ပုံစံမျိုး လျစ်လျူရှုလာခဲ့ ပါတယ်။

လှိုမိသားစုရဲ့ ဘိုးဘေးက မဆိုင်းမတွ သူ့ခေါင်းကို လှည့်ပြီးတော့ ကြည့်လိုက်ပြီး ချက်ချင်းဆိုသလို သူ့မျက်နှာက ရှုံ့မဲ့သွားကာ မျက်နှာထား တင်းမာခက်ထန်လို သွားပါတယ်။ သူက လင်းဟန်နဲ့ တခြားသူတွေကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

မင်းတို့ကောင်တွေ စောစောကပြောနေတဲ့ အုပ်စုအကြောင်းက သူတို့တွေလား

ဘိုးဘေး သူတို့တွေပါပဲ

လူငယ်တွေက တစ်ယောက်ပြီးတစ်ယောက် ခေါင်းညိတ်လိုက်ပါတယ်။

ဒီ ဒီအဘိုးကြီး မင်းတို့တွေကို သေအောင်လို့ ရိုက်ပစ်မှရတော့မယ်

လှီမိသားစုရဲ့ ဘိုးဘေးက အသက်တောင် မရှူနိုင်အောင် ဖြစ်သွားပြီး ချက်ချင်းပဲ လူငယ်တွေရဲ့ မျက်နှာကို ရိုက်ချလိုက်ပါတယ်။

Chapter 859 end

Zaw.အပိုင်း(860) ထိတ်လန့်တုန်လှုပ် ခြောက်ချားသွားခြင်း

တခြားသူတွေက သူ့ကို သတိမပြုမိပေမဲ့ လှီမိသားစုရဲ့ ဘိုးဘေးက ဘယ်လိုလုပ်ပြီးတော့ ဖန်ပိုယွမ်ကို မသိပဲ နေမှာလဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက

အရမ်းကို ရှားပါးတယ် မဟုတ်လား။

သူနဲ့ပတ်သက်ပြီး ဒဏ္ဍာရီတချို့ ရှိပါတယ်။ ဖန်ပိုယွမ်က ဓားနလုံးသားကိုလည်း ကျင့်ကြံထားပြီး အဆင့်တူထဲမှာ ပြိုင်ဘက်ကင်းဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ထင်ပေါ်ကျော်ကြားမှု ရှိပါတယ်။ လှီမိသားစုရဲ့ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့်ကို ချိုးဖျက်ဝင်ရောက်တဲ့ သူ့လိုဘိုးဘေး တစ်ယောက်ကို အသာထားဦး သူ့ရဲ့ အသိပညာနဲ့ဆိုရင် အဲဒီဘိုးဘေးတောင် စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် အလွှာငါးမှာရှိတဲ့ ဖန်ပိုယွမ်ရဲ့ ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။

နောက်ပြီးတော့ တစ်ဖက်အဖွဲ့မှာ စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် စုစုပေါင်း ဘယ်နှစ်ယောက် ရှိနေလဲ။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်။

လူသုံးယောက်နဲ့ ရောမ ကျောက်တုံးကောင်ကြီးတစ်ကောင်။

မင်းတို့တွေက နဂါးအသည်းကို စားထားတာလား။ ဒါက လွှီမိသားစုကို သေတွင်းထဲ တွန်းချလိုက်တာနဲ့ အတူတူပဲ မဟုတ်ဘူးလား။

ဖြန်း ဖြန်း ဖြန်း ဖြန်း။

လွှီမိသားစုရဲ့ ဘိုးဘေးက လူငယ်တွေကို ရိုက်နက်ဆုံးမပြီး သူတို့တွေ အားလုံး လုံးဂကို ခေါင်းခြောက်သွား စေခဲ့ပါတယ်။ သူတို့အားလုံး မျက်နှာတွေ ဖူးယောင်လာမှပဲ လွှီမိသားစုရဲ့ ဘိုးဘေးက ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့ဒဏ်ရာတွေကို မကုနဲ့။ ပြီးတော့ ဒီအဘိုးကြီးနောက်ကနေ လိုက်ပြီးတော့ တောင်းပန်ရမယ်”

“ဘာ”

နောက်ဆုံးတော့ လူငယ်တွေ အားလုံးက လင်းဟန်နဲ့ တခြားလူတွေကြောင့် သူတို့ရဲ့ ဘိုးဘေးက သူတို့ကို ရိုက်နက်ဆုံးမတယ် ဆိုတာကို နားလည်သဘောပေါက်သွားပြီး ပဟေဠိတွေ ဖြစ်နေပါတယ်။

သူတို့တွေက ပုံမှန်အတိုင်းပဲ ရမ်းကားတာ မဟုတ်ဘူးလား။ သူတို့က ပိုပြီးတော့တောင် ပုံကြီးချဲ့ပြီး မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာတောင် လွှမ်းမိုးတဲ့ အရာတွေကို လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ မိသားစုက သူတို့ကို တစ်ခါမှ ကြိမ်းမောင်းပြစ်တင်ခြင်း မရှိခဲ့ဘူးမဟုတ်လား။ အခုတော့ သူတို့ကို ပြင်းပြင်းထန်ထန် ရိုက်နက်တဲ့အပြင် သွားပြီးတော့တောင် တောင်းပန်ရဦးမှာလား။

ဒီလူတွေက ဘယ် ဘယ် ဘယ်သူတွေများလဲ။

တကယ်လို့ သူတို့က ကြောက်စရာကောင်းတယ်ဆိုရင် ဘာဖြစ်လို့ သူတို့က နောက်ဆုတ်သွားမှာလဲ။ ဒါက လှိုမိသားစုကို ကြောက်လို့ပဲ မဟုတ်ဘူးလား။

"ဘိုးဘေး ဘာဖြစ်လို့လဲ"

တစ်စုံတစ်ယောက်က မေးလိုက်ပါတယ်။ သူက လှိုမိသားစုရဲ့ အချစ်တော် မျိုးဆက်သစ် တစ်ယောက် ဖြစ်ပါတယ်။ သူတစ်ယောက်ပဲ ဒီအချိန်မှာ မေးပုံ့ပါတယ်။

တခြားသူတွေက အသက်ကို အောင့်ပြီးတော့ အာရုံစိုက်ထားပါတယ်။ သူတို့လည်း အဖြေကို သိချင်နေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က အရမ်းကို မှားယွင်းနေသလို ခံစားရပါလိမ့်မယ်။

“မင်းတို့ကောင်တွေက ဒီအဘိုးကြီး စကြာဂဠုဘာ ဖျက်ဆီးခြင်းအဆင့်ကို ချိုးဖျက်ဂင်ရောက် သွားတာနဲ့ပဲ သူက ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်ကင်းလို့ ထင်နေကြတာလား”

လွှီမိသားစုရဲ့ ဘိုးဘေးက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းတို့တွေ စောစောတုန်းက အနိုင်ကျင့်စော်ကားခဲ့တဲ့ လူတွေထဲမှာ စကြာဂဠုဘာ ဖျက်ဆီးခြင်း အဆင့် လက်ရွေးစင် လေးယောက်တောင် ရှိတယ်ကွ။ သူတို့ထဲက ဘယ်သူပဲဖြစ်ဖြစ် ဒီအဘိုးကြီးကို တစ်ကွက်တည်းနဲ့ အနိုင်ယူသွားနိုင်တယ်”

ဖူး။

လူငယ်တွေက ချက်ချင်းဆိုသလို တံတွေးသီးကုန်ကြပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူတို့ရဲ့ မျက်လုံးထဲမှာ သူတို့ရဲ့ ဘိုးဘေးက ပြိုင်ဘက်ကင်းပါပဲ။ တကယ်လို့သူက အနည်းငယ် အဆင့်နိမ့်မယ်ဆိုရင်တောင် မရှုံးနိမ့်နိုင်တဲ့သူ တစ်ယောက် ဖြစ်နေဆဲပါပဲ။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်က ကမ္ဘာကြီးရဲ့ အထွတ်အထိပ်မှာ ရပ်တည်နေတာ ဖြစ်ပြီးတော့ ဘယ်သူ့ကိုမှ ကြောက်နေစရာ မလိုပါဘူး။

လှီမိသားစုရဲ့ ဘိုးဘေးက စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ တကယ်လို့ သူက ချုပ်ချယ်မှုတွေနဲ့ ဖိအားတွေ မရှိဘူးဆိုရင် သူ့အနေနဲ့ တကယ်ပဲ ဘယ်သူ့ကိုမှ ကြောက်နေစရာ မလိုပါဘူး။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေက တကယ်လို့ သူတို့ထွက်ပြေးချင်တယ်ဆိုရင် လွယ်လွယ်နဲ့ ပြေးနိုင်တယ် မဟုတ်လား။ ဒါပေမဲ့ အခုတော့ သူ့မှာ မိသားစု

တစ်ခု၊ လုပ်ငန်းတွေနဲ့ မျိုးဆက်တွေ ရှိပါတယ်။ ဒါပေမဲ့ ဖန်ပိုယွမ်ကတော့ တစ်ယောက်တည်းပါပဲ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက သူ့ခေါင်းကို နိမ့်ချမှာလဲ။

သူက မလှုပ်ရှားသေးပဲ လင်းဟန်နဲ့ တခြားသူတွေ ထိုင်ပြီးတဲ့အထိ စောင့်နေလိုက်ပါတယ်။ သူက ချက်ချင်းပဲ ဂျူနီယာတွေကို ခေါ်ပြီးတော့ သွားတောင်းပန်ရပါမယ်။

လွီမိသားစုရဲ့ လူတွေအားလုံးက စောင့်ကြည့်နေပြီး အံ့အားသင့်တဲ့ အကြည့်တွေ ဖြစ်ပေါ်လို့ နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်နဲ့ တခြားသူတွေရဲ့ နေရာက သူတို့ထက် အရမ်းကို မြင့်မားပြီး မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ စင်မြင့်ရဲ့ အဆင့်အမြင့်ဆုံး နေရာမှာ ရှိပြီးတော့ မြင်ကွင်းတစ်ခုလုံးကို အပေါ်စီးကနေ တွေ့မြင်နိုင်တဲ့ နေရာဖြစ်နေပါတယ်။

ဒါက။

ထိုင်ခုံတွေကို အမှုမဲ့အမှတ်မဲ့ နေရာချထားတာ မဟုတ်နိုင်ပါဘူး။ ခရမ်းရောင်လ အင်ပါယာရဲ့ စီရင်စုက အသိအမှတ်ပြုထားတဲ့ အမျိုးအစားတစ်ခု ဖြစ်ပြီးတော့ အင်အားစုကိုယ်စီ ထိုင်ဖို့ကို သတ်မှတ်ပေးထားပါတယ်။ ပြီးတော့ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူကများ ခရမ်းရောင်လ အင်ပါယာ စီရင်စုရဲ့ စကားကို ဆန့်ကျင်ရဲမှာလား။ မင်းက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ လက်ရွေးစင် တစ်ယောက်ကို သွေးတိုးစမ်းရဲလို့လား။

လင်းဟန်ရဲ့အောက်မှာ နေရာတစ်ခုလုံးက အလွတ်ပါပဲ။ ဒါက ခရမ်းရောင်လ အင်ပါယာ စီရင်စုရဲ့ အဆင့်အတန်းမျိုးတစ်ခု ဖြစ်ပြီးတော့ ဘယ်အဖွဲ့ပအစည်းကမှ မဟာလင်း အင်ပါယာနဲ့ တန်းတူ မထိုင်နိုင်ပဲ နာတဖျားနိမ့်တာမဟုတ်ပဲ အဆင့်ပေါင်းများစွာ နိမ့်ကျတာ

ဖြစ်ပါတယ်။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ မယုံနိုင်အောင် ဖြစ်နေတဲ့ လွီမိသားစုရဲ့ လူငယ်တွေကို အသာထားဦး လွီမိသားစုရဲ့ ဘိုးဘေးတောင်မှ စိတ်ထဲမှာ အတော်လေးကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။

သူက ဖန်ပိုယွမ်ကို မယှဉ်နိုင်ဘူးဆိုတာကို ဝန်ခံပါတယ်။ ဒါပေမဲ့ အားလုံးက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။ သူက အနည်းငယ်ပဲ နိမ့်ကျပေမဲ့ အဆင့်တူမှာ ရှိပါသေးတယ်။ အခုတော့ သူတို့နှစ်ယောက်က အတူတူတောင် မထိုင်ရပဲ အဆင့်တွေအများကြီး ကွာဝေးပါတယ်။ ဒါက သူ့ကို အရမ်းလျှော့တွက်လွန်းတာ မဟုတ်ဘူးလား။

သူ့တစ်ယောက်တည်းမဟုတ်ပဲ တခြားလူတွေလည်း

သတိပြုမိသွားခဲ့ပါတယ်။

အလယ်ပိုင်းဒေသမှာ စကြာဂဠုန် ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် အနည်းငယ်ပဲ ရှိတယ်ဆိုပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းအပြင် စိတ်ဂိညာဉ် ရတနာစံအိမ်၊ မှော်ဆေးပညာရှင် အဖွဲ့အစည်း၊ အေးခဲလုံ အဖွဲ့ပအစည်းနဲ့ တခြားအင်အားစု အနည်းငယ်မှာလည်း ဒီအဆင့် လက်ရွေးစင်တွေ ပိုင်ဆိုင်ထားပါတယ်။ တကယ်တော့ သူတို့မှာလည်း ရှိပါတယ်။

အခု သူတို့က လင်းဟန်ထက် အဆင့်တော်တော်များများ နိမ့်ကျနေပါတယ်။ သူတို့ကို ကြည့်လိုက်ရင် သူ့ရဲ့နောက်လိုက်တွေလိုမျိုး ဖြစ်နေတာကြောင့် အဲဒါက သူတို့အားလုံးကို စိတ်မကြည်မလင် ဖြစ်စေပါတယ်။

လီမိသားစုရဲ့ ဘိုးဘေးက ချက်ချင်းဆိုသလို

မူလအကြံအစည်ကို လက်လျှော့လိုက်ပြီး စိတ်ထဲကနေ ကျိတ်ပြီးတော့ ပြောလိုက်ပါတယ်။ ဟားဟားဟား အပင်မြင့်လေ လေတိုက်ခံ ရလေပေါ့။ လက်ရွေးစင်တွေ အများကြီးရဲ့ ဂင်ရောက်စွက်ဖက်မှုနဲ့ ဒီအဘိုးကြီးက စောင့်ပြီးတော့ ကြည့်လိုက်ဦးမယ်။ တကယ်လို့ သူတို့တွေ ရိုက်ချခံလိုက်ရမယ်ဆိုရင် အဲဒီနောက် သူတို့မှာ သူတို့ကို ပြဿနာပေးဖို့ မျက်နှာမရှိတော့ပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေ ရှိနေတဲ့ အင်အားစု အားလုံးက မယုံနိုင်အောင် ဖြစ်နေကြပါတယ်။

ဘာအချက်ကြောင့် မင်းတို့တွေက အမြင့်မှာ ထိုင်နိုင်ရတာလဲ။

ဖန်ပိုယွမ်က အရမ်းကို သန်မာပါတယ်။ ဒါပေမဲ့ အဲဒီလောက်ထိတော့ အစွမ်းမထက်သေးပါဘူး။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်က အမြင့်ဆုံးထိ တက်လာပြီးတော့ အထင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

“ဟဲဟဲဟဲ တချို့ထိုင်ခုံတွေအောက်မှာ မီးတောင်တစ်ခုရှိတယ်။ လူတိုင်းလူတိုင်းက ဒီနေရာမှာ ထိုင်နေဖို့ အရည်အချင်းမရှိဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မီးတောင်ပေါက်ကွဲသွားတာနဲ့ ပြာမှုန့်တွေဖြစ်တဲ့အထိ လောင်ကျွမ်းသွားလိမ့်မယ်”

သူက အနည်းဆုံး နှစ်ပေါင်းငါးရာ ခြောက်ရာလောက် နာမည်ကျော်ကြား လူသိများတဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လူရမ်းကားတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ အခုဆို စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် အလယ်ရစ်မှာ ရှိပါတယ်။ သူက အရမ်းကို အိုမင်းနေပြီး သူ့ရဲ့ ချီနဲ့သွေးဓာတ်က လျော့ကျလာကာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က

ကြယ်ရှစ်လုံးကိုတောင် မရောက်ရှိတော့ပါဘူး။

ဒါပေမဲ့လည်း အရည်အချင်းတစ်ခုတည်းနဲ့ဆိုရင် သူက တကယ့်ကို ပြိုင်ဘက်ကင်းတဲ့ လူရမ်းကား တစ်ယောက် ဖြစ်ပါတယ်။

ဒါကြောင့် သူက ဒါကို လက်မခံနိုင်တဲ့ ပထမဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ငါ့မှာ မြင့်မားတဲ့ ဂုဏ်သိက္ခာနဲ့ အောင်မြင်မှု သမိုင်းကြောင်း နာမည်တစ်ခုရှိတယ်။ ငါက မင်းတို့တွေရဲ့ အောက်မှာ ထိုင်နေရတယ်။ မင်းတို့တွေမှာ ဒီလိုမျိုး အရည်အချင်းရော ရှိရဲ့လား။

ဒီလက်ရွေးစင်ရဲ့ နာမန်က မန်ဂျင်းဂျီ ဖြစ်ပါတယ်။ သူ့ရဲ့အသက်က အခုဆိုရင် နှစ်ပေါင်း တစ်ထောင်ကျော်နေပါပြီ။ အနည်းဆုံး ဆယ်နှစ်လောက်ပဲ သက်တမ်းကျန်ပါတော့တယ်။ ဒါကြောင့် သူက

သူစိတ်ကျေနပ်မယ် ထင်တာတွေကို လျှောက်လုပ်ပြီး ဘယ်လောက်ပဲ အစွမ်းထက်တဲ့ ပြိုင်ဘက်နဲ့ တွေ့ပါစေ သူမမှု့ပါဘူး။

သူပိုပြီးတော့ အိုမင်းလာလေ ထင်ပေါ်ကျော်ကြားမှုကို ပိုပြီးတော့ ဂရုစိုက်လေပါပဲ။

လင်းဟန်က ဟားတိုက်ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကိစ္စမရှိဘူး။ ငါဒါကို ဖြေရှင်းလိုက်မယ်"

"မင်းသေချာလို့လား"

မန်ဂျင်းဂျီက သူ့ရဲ့ မျက်ခုံးဖြူဖြူတွေကို ပင့်လိုက်ပါတယ်။

“ဟားဟား အကြီးအကဲမန်က တကယ့်ကို အလေးအနက် ထားနေပြီ”

“ဒီအဘိုးကြီးရဲ့ ချီနဲ့သွေးဓာတ်က လျော့ကျလာတယ် ဆိုပေမဲ့ သူ့ရဲ့အဆင့်က စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာရှစ်မှာ ရပ်တည်နေတယ်။ သူ့ထက်အဆင့်မြင့်တဲ့ လူတွေကို ဒီကမ္ဘာကြီးထဲမှာ လက်ချိုးရေတွက်လို့တောင် ရနိုင်တယ်”

“သွေးနဲ့ချီကို လောင်ကျွမ်းပြီးတော့ တိုက်ခိုက်တာက အရမ်းကို လွန်ပါတယ်။ အကြီးအကဲ မန်က တိုက်ပွဲစွမ်းရည် ကြယ်ရှစ်လုံးကို ထုတ်ဖော်နိုင်သေးတယ်။ ဒါက ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည် တစ်ခုပဲ”

အားလုံးက ခေါင်းညိတ်လိုက်ပါတယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးအထက်ကို

အောင်မြင်ဖို့ လွယ်ကူတယ်လို့ မယူဆပါနဲ့။ စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မှာ အဆင့်ကျော်ပြီး တိုက်ခိုက်ဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါကြောင့်လည်း လူတွေက ကြယ်တစ်လုံးဟာ ကမ္ဘာကြီး တစ်ခုလောက် ကွာခြားတယ်လို့ ပြောကြခြင်း ဖြစ်ပါတယ်။ ဓားဘုရင်လို့ အစွမ်းထက်တဲ့ သူတောင်မှ ကြယ်သုံးလုံး လေးလုံးလောက် ကျော်ပြီးတော့ပဲ တိုက်ခိုက်နိုင်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ပါရမီရှင်တွေ ပြည့်နေလို့လား။

“သေချာတာပေါ့”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

မန်ဂျင်းရှီက သူ့လက်ကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ဒီအဘိုးကြီးရဲ့ တိုက်ကွက်ကို
မင်းခံယူမယ်ဆိုရင်ရော ဘယ်လိုလဲ”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“သေချာတာပေါ့။ ကျေးဇူးပြုပြီး လုပ်စရာရှိတာ ဆက်လုပ်ပါ”

မိုးကောင်းကင်ပေါ်မှာ ဘုရင်ခုနစ်ပါးက
စောင့်ကြည့်နေပါတယ်။

“ငါတို့ကူညီပေးသင့်လား”

တရားမျှတသော တောင်ဘုရင်က ပြောလိုက်ပါတယ်။

ကောင်းကင်ဘုံ ကြယ်တာရာဘုရင်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

“အရှင်မင်းကြီးရဲ့ အသိအမှတ် ပြုမှုကို ရရှိနိုင်စွမ်းရှိတယ် ဆိုမှတော့ သူ့ရဲ့ခွန်အားက ငါတို့နဲ့ ယှဉ်လို့မရနိုင်ဘူး ဆိုရင်တောင် ဒီလိုမျိုး အမိုက်ကို ရှုံးနိမ့်သွားမဲ့ လူတစ်ယောက်လို့ မဆိုလိုဘူး။ နောက်ပြီးတော့ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရှင်မင်းကြီးနဲ့ တန်းတူအဆင့်မှာ ရှိတယ်။ ဒါကြောင့် တကယ်လို့ ဒီအမိုက်အိုကြီးက သူ့ကို တရစပ်တိုက်ခိုက်ရင်လည်း ဘာဖြစ်မှာလဲ”

“ကောင်းပြီ”

တခြားဘုရင်ခြောက်ပါးစလုံး ခေါင်းညိတ်ပြီးတော့ ဂင်ရောက်စွက်ဖက်မဲ့ အကြံအစည်ကို လက်လျှော့လိုက်

ကြပါတယ်။

မန်ဂျင်းဂျီက အတော်လေးကို အံ့အားသင့် နေခဲ့ပါတယ်။ ဒီလူငယ်လေးက အရမ်းကို ငယ်ရွယ်ပြီး ကြောက်ရွံ့ခြင်းဆိုတာကို သိပုံမရပါဘူး။ သူ့ကိုယ်သူ စကြာဂဠ္ဍာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်သွားတာနဲ့ ပြိုင်ဘက်ကင်းလို့ ထင်နေပုံရပါတယ်။ဟင့်။ ဒီနေ့မှာ ဂျင်းဆိုတာက ပိုရင့်လေ ပိုစပ်လေပဲ ဆိုတာကို မင်းသိအောင် လုပ်ပေးရမှာပေါ့။

သူက မိုးကောင်းကင်ပေါ်ကို လှ္ဓားခနဲ ခုန်တက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် တိုက်ခိုက်ကြတာပေါ့"

သူက ဘယ်လောက်ပဲ မောက်မာဂင့်ကြွားနေပါစေ

မိုးကောင်းကင်ကို ဖွင့်လှစ်မဲ့ စင်မြင့်ကို မဖျက်ဆီးပုံပါဘူး။ မာထိုပေါင်ကိုအသာထားဦး။ ဘုရင်ခုနစ်ပါးထဲက ဘယ်သူပဲဖြစ်ဖြစ် သူ့ကို အသာလေး ထိန်းနိုင်ပါတယ်။

အဘိုးကြီးတွေက မျက်နှာသာပေးရတာ နှစ်သက်သဘောကျပါတယ်။ ပြီးတော့ လူပုံအလယ်မှာ မရှုံးနိမ့်ချင်ဘူးဆိုတာ သိသာပါတယ်။

Chapter 860 end

အပိုင်း(861) မမျှတသော ခန္ဓာကိုယ်

“သူတို့တွေ တိုက်တော့မယ်။ သူတို့တွေ တိုက်ကြတော့မယ်”

လှီမိသားစုရဲ့ လူတွေကလည်း စိတ်လှုပ်ရှားမှုနဲ့အတူ ကြည့်နေကြပါတယ်။ သူတို့အားလုံးက လင်းဟာန် ရှုံးနိမ့်သွားဖို့ ဆုတောင်းနေကြတာ သဘာဝကျပါတယ်။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ လေပေါ်ကို ခြေနင်းလိုက်ပါတယ်။ မိုးကောင်းကင်ပေါ်က မမြင်နိုင်တဲ့ ကြယ်တာရာတွေက သူ့ကို တောင်တစ်လုံး အပေါ်ကို တက်လာသလိုမျိုး လေပေါ်ကို တက်လာလို့ရအောင် လုပ်ပေးနေသလိုပါပဲ။

“ခင်ဗျားက ဝါစဉ်ပိုကြီးတယ်ဆိုတော့ အရင်ဆုံး တိုက်ကွက်သုံးကွက် အကျောပေးပါတယ်”

လင်းဟန်က တစ်ဖက်လူကို လက်ညှိုးတစ်ချောင်းနဲ့ ဆန့်ချည်ကွေးချည် လုပ်ပြီးတော့ ရန်စလိုက် ပါတယ်။

"ဘယ်လောက် မိုက်ရိုင်းလိုက်သလဲ"

မန်ဂျင်းဂျီရဲ့ ဒေါသက အကန့်အသတ်ကို ရောက်သွားပြီး သူ့ရဲ့ဆံပင်ဖြူဖြူတွေက လေထဲမှာ ယိမ်းနွဲ့လို့ နေပါတယ်။ သူက သူ့ရဲ့ချိန်ခွင်သွေးခါတ်ကို စပြီးတော့ လောင်ကျွမ်းလိုက်ပြီး သူ့ရဲ့အပြည့်ဂုဏ်ဆုံး စွမ်းအားနဲ့ တိုက်ခိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက ဒီမောက်မာဂုဏ်ကြွားတဲ့ လူငယ်လေးကို တစ်ကွက်တည်းနဲ့ အနိုင်ယူပစ်ချင်ပါတယ်။ တကယ်လို့ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အံ့အားသင့်ဖွယ် ရောက်လာနိုင်ခဲ့တယ် ဆိုရင်တောင် မင်းအနေနဲ့ တစ်စုံတစ်ယောက်က အမြဲတမ်းလိုလို ထူးခြားတယ်ဆိုတာကို သင်ယူလေ့လာသင့်တယ်။

ဟုမ်း။

သူ့ရဲ့ခံ့ညားထယ်ဝါတဲ့ အရှိန်အဝါက အဆက်မပြတ်
သန်မာလာပြီး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်ရှစ်လုံးကို ရောက်ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းနဲ့ တန်းတူ
ဖြစ်သွားပါပြီ။

“ငါ့အတွက် ဖိနှိပ်လိုက်စမ်း”

သူက လင်းဟန်ဆီကို လေထဲမှာ ပျံသန်းလာပြီး
သူ့ရဲ့အာရုံတွေကို လင်းဟန်အပေါ် ဖိနှိပ်ဖို့
အာရုံစိုက်ထားခဲ့ပါတယ်။

လင်းဟန်က ရှောင်လည်းမရှောင်သလို နောက်ကိုလည်း
မဆုတ်ပဲ တဖက်လူရဲ့ တိုက်ခိုက်မှုကို သူ့ဆီ ရောက်လာခွင့်

ပြုလိုက်ပါတယ်။ ဝုန်း။ သူက ချက်ချင်းဆိုသလို သူ့ရင်ဘတ်ပေါ်ကို လက်ဝါးရိုက်ချက်တစ်ခု ထိမှန်သွားခဲ့ပါတယ်။

လပြွတ်ပဲ။ ဒါက သူပြောတဲ့ သုံးကွက်အကျောပေးတာလား။

အားလုံးရဲ့ ပါးစပ်တွေက ရှုံ့မဲ့သွားခဲ့ပါတယ်။ သူတို့ရဲ့က မျက်လုံးတွေကိုတောင် သူတို့တွေ မယုံနိုင်အောင် ဖြစ်သွားပြီး အေးစက်တဲ့ လေတွေကို ရှိုက်သွင်းလိုက်ပါတယ်။

တစ်စုံတစ်ယောက်ကို တိုက်ကွက်အကျောပေးတယ် ဆိုတာက အရင်ဆုံး တစ်ဖက်လူကို တိုက်ခိုက်ခွင့် ပြုတာပါ။ သူတို့ခုခံဖို့ လိုအပ်ရင် ခုခံလို့ ရပါတယ်။ ပြီးတော့ ရှောင်တိမ်းဖို့ လိုတယ်ဆိုရင် ရှောင်လို့ရပါတယ်။ မရှောင်ရ မခုခံရပဲ ထိပ်တိုက်ကဂင်လာတဲ့ တိုက်ခိုက်မှုတွေကို ခန္ဓာကိုယ်နဲ့ ခံယူရလိမ့်မယ်လို့ မဆိုလိုပါဘူး။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် သိုင်းပညာရှင်တွေ မသေရတဲ့ အချက်က တကယ်လို့ သူတို့တွေ လွတ်အောင်လို့ ပြေးချင်တယ်ဆိုရင် ဘယ်သူကမှ သူတို့ကို ပိတ်ဆို့လို့ မရနိုင်ပါဘူး။ ဒီလိုမျိုး နည်းလမ်းနဲ့သာ အချိန်ဖြုန်းရမယ်ဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့်က လူတွေတောင်မှ လျင်လျင်မြန်မြန်နဲ့ သေသွားနိုင်ပါတယ်။

အခု သူက သေချာပေါက် တိုက်ကွက်တစ်ကွက်နဲ့ သူ့ကို ချက်ချင်းသတ်ပစ် ပါလိမ့်မယ်။

"အား"

ဟုတ်ပါတယ်။ မန်ဂျင်းဂျီက စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ လက်မောင်းတွေက တဆတ်ဆတ် တုန်ခါလို့ နေပြီးတော့ စဉ်းစားလို့ မရအောင်

ပုံပျက်ပန်းပျက် ရှုံမဲ့လို နေပါတယ်။ သူ့ရဲ့အရိုးအဆစ်တွေ လွဲသွားခဲ့ပါတယ်။

ဘာကြီးလဲ။

လူတိုင်းက သူတို့ရဲ့ မျက်လုံးတွေကိုတောင် ယုံကြည်ဖို့ ခက်ခဲနေပါတယ်။ သောက်ကျိုးနည်း တစ်ယောက်က အစွမ်းထက်တဲ့ လက်ဝါးရိုက်ချက်တစ်ခုနဲ့ တခြားလူကို တိုက်ခိုက်ပြီး ရလာဒ်က တိုက်ခိုက်လိုက်တဲ့ လူတွေရဲ့ လက်မောင်းတွေ ကျိုးသွားခဲ့တာလား။ ဒါက ဘယ်လိုမျိုး သဘောတရားလဲ။

ဖျောက် ဖျောက် ဖျောက်။

မန်ဂျင်းဂျီရဲ့ မူလစွမ်းအင်တွေ လုပ်ခါသွားပြီး လွဲနေတဲ့ အရိုးတွေကို ပြန်ပြီးတော့ တည့်လိုက်ပါတယ်။ သူ့ရဲ့ပါးတွေက တွန့်လိမ့်နေပြီး သူ့မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေနဲ့

ပြည့်နက်လို့ နေပါတယ်။ ဒါကဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ တစ်ဖက်လူက သူ့လက်ဝါးရဲ့ စွမ်းအားကို ထွင်းဖောက်သွားလို့ သူက မထိခိုက်ပဲ သူကိုယ်တိုင် ဒဏ်ပြန်ထိပြီး သူ့ရဲ့အရိုးအဆစ်တွေ လွဲသွားတာလား။

ဒီခုခံမှု စွမ်းအားက လုံးဂကို သဘာဂ မကျပါဘူး။

"နောက်ထပ် နှစ်ကွက်ကျန်သေးတယ်"

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

အားလုံးက လုံးဂကို တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ ဘယ်သူကမှ စကားမပြောကြပဲ အသက်ရှုသံ ပြင်းပြင်းနဲ့ လင်းဟန် အသံရဲ့ ပဲ့တင်သံတွေကိုပဲ ကြားနိုင်ပါတယ်။

ဘုရင်ခုနစ်ပါးတောင်မှ မယုံနိုင်စရာကောင်းလောက်အောင် အံ့အားသင့် နေခဲ့ပါတယ်။

“ကြည့်ရတာ ဒီကောင်လေးရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နောက်တစ်ကြိမ် ပိုပြီးတော့ သန်မာလာပုံပဲ”

“အရင်တုန်းက သူ့ရဲ့ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုရဲ့ အဆင့်မှာ ရှိတယ်။ အခုပိုပြီးတော့ သန်မာလာတယ်ဆိုတော့ နတ်ဘုရား သတ္တုတစ်ခု လိုမျိုးလား”

“လပြွတ်ပဲ။ ဒီကမ္ဘာကြီးထဲမှာ သူ့ကို သတ်နိုင်တဲ့လူ ရှိပါဦးမလား”

“သတ်ဖို့ဆိုတာ အသာထားဦး။ သူ့ကို ဒဏ်ရာရအောင်လို့ ဘယ်သူက လုပ်နိုင်မှာလဲ”

မန်ဂျင်းဂျီရဲ့ မျက်နှာပေါ်မှာ မရှိတင်ကဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ သူက လင်းဟန်ကိုတောင် အနိုင်မယူနိုင်ဘူးဆိုရင် ဘာဖြစ်သွားမလဲ။ ဂုဏ်ယူစရာရော ရှိဦးမှာလား။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး သာမန်မဟုတ်တဲ့ လူတစ်ယောက် ရှိနေနိုင်တာလဲ။ လင်းဟန်ကို ခရမ်းရောင်လ စီရင်စုက အဆင့်မြင့်ဆုံး နေရာကို ပေးထားတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒီလိုမျိုး ခုခံကာကွယ်နိုင်တဲ့ စွမ်းအားမျိုးရှိတဲ့ လူတစ်ယောက်ကို ဘယ်သူကများ သူ့ကို လက်မခံနိုင်ပဲ ဖြစ်လိမ့်မှာလဲ။

သူက အသက်ကို ပြင်းပြင်းတစ်ချက် ရှုလိုက်ပါတယ်။ အခုတော့ နောက်ဆုတ်ဖို့ဆိုတာ အရမ်းကို နောက်ကျသွားပါပြီ။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန်ရဲ့ ခုခံမှု စွမ်းအားက တချိန်လုံး အံ့သြစရာ ကောင်းမနေဖို့ တစ်ခုတည်းကိုပဲ မျှော်လင့်နိုင်ပါတယ်။ တကယ်လို့ သူက လင်းဟန်ကို ရင်ဆိုင်တဲ့ အခါမှာ အတော်လေး

ကောင်းကောင်းမွန်မွန် တိုက်ခိုက်နိုင်မယ်ဆိုရင် သူ့အနေနဲ့ မျက်နှာသိပ်ပြီး ပျက်လိမ့်မှာ မဟုတ်ပါဘူး။

သူက အသက်သုံးရှိက်စာ ရှုပြီးတဲ့ နောက်မှာတော့ အဆုံးစွန် နည်းစနစ် တစ်ခုကို ထုတ်ဖော် သုံးစွဲလိုက်ပါတယ်။

“ပြာမီးခိုး မြစ်ရေစီးကြောင်း မိုင်ပေါင်းတစ်သောင်းကို ပျက်စီးစေ”

ဂုန်း။

သူက ကမ္ဘာကြီးထဲက ရေဓာတ်ကို လှုံ့ဆော်လိုက်ပြီး အနက်ရောင်မြစ် တစ်ခုအဖြစ်ကို ပြောင်းလဲပြီးတော့ လင်းဟာန်ကို တိုက်ခိုက်ဖို့ ကြိုးစားလိုက်ပါတယ်။

မြစ်ရေရဲ့ ရေစက်တိုင်းက သန့်စင်တဲ့ မူလစွမ်းအင်ကနေ အေးခဲထားပါတယ်။ အဲဒါက လေးလံတဲ့ တောင်ကြီးတစ်လုံးနဲ့ တူပါတယ်။ ဒါကြောင့် တကယ်လို့ မြစ်က တစ်စုံတစ်ယောက်ကို တန်းပြီးတော့ ထိမှန်သွားမယ်ဆိုရင် ပစ်မှတ်က စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့် အလှ္ဘာကိုးရှိတဲ့ လူတစ်ယောက် ဖြစ်နေမယ် ဆိုရင်တောင် ချက်ချင်းပဲ ဂင်ဆောင့်မိပြီးတော့ သေသွားနိုင်ပါတယ်။

လင်းဟာန်က လေထဲမှာ လက်နှစ်ဖက်ကို အနောက်ကို ပစ်ပြီးတော့ ရပ်နေပြီး အရင်ကအတိုင်း ရှောင်တိမ်းဖို့ ဆန္ဒလုံးဝရှိပုံ မရပါဘူး။

“ဟော့ဟော့ဟော့ သူက ဒီတိုက်ခိုက်မှုကိုလည်း ထိပ်တိုက်ခံယူဖို့ စိတ်ကူးထားတာလား”

မြူကင်းစင် သူရိယ ဘုရင်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့ရဲ့ခွန်အားနဲ့ဆိုရင် မန်ဂျင်းဂျီကို မျက်စိတမှိတ် အတွင်းမှာ အနိုင်ယူနိုင်ပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ အခုလိုမျိုး အလေးမထားပဲ သူ့ရဲ့တိုက်ခိုက်မှုကို ခံယူဖို့ကတော့ မဝံ့ရဲပါဘူး။

"နတ်ဘုရား လက်နက်တစ်ခုရဲ့ အဆင့်မှာရှိတဲ့ ခုခံမှုမျိုး ရှိတာက မင်းကို စိတ်တိုင်းကျ လုပ်ခွင့် ပြုနိုင်တယ်လေ။ ဟူး"

ကောင်းကင်ဘုံ ကြယ်တာရာ ဘုရင်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ကျင့်ကြံအားထုတ်ဖို့ အခက်ခဲဆုံး ဖြစ်ပါတယ်။ သူတို့အားလုံးလည်း ဒီပညာရပ်မှာ အောင်မြင်မှုတချို့ ရှိတယ်ဆိုပေမဲ့ သူတို့ရဲ့ ခန္ဓာကိုယ်တွေက ကောင်းကင်အဆင့်မှာပဲ ရှိပါတယ်။ သူတို့တွေ အတွက်တော့ နောက်ဆုံးအဆင့် ခြေလှမ်းကို လှမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ပုန်း။

အနက်ရောင်မြစ်က လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ပြင်းပြင်းထန်ထန် ထိမှန်သွားပြီး မျက်စိတစ်မှိတ် အတွင်းမှာ သူ့ကို ဖုံးလွှမ်းသွားပါတယ်။

ဆူညံတဲ့ အသံတွေ အကြားမှာ အနက်ရောင် မြစ်က မိုးကောင်းကင် ခွဲခြမ်းမဲ့ စင်မြင့်ပေါ်ကို စီးကျလာပြီး မရေမတွက်နိုင်တဲ့ လူတွေကို ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ဖြစ်သလို တိုက်ခိုက်မှု တစ်ခု မဟုတ်ပါဘူး။ စကြဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာရှစ်မှာရှိတဲ့ တစ်စုံတစ်ယောက်ရဲ့ အဆုံးစွန် တိုက်ကွက်တစ်ခု ဖြစ်ပါတယ်။ စကြဂဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ လူအများစု အတွက်တောင် တကယ်လို့ သူတို့က အဲဒါကို ခံလိုက်ရမယ်ဆိုရင် လျှပ်တစ်ပြက် အတွင်းမှာ

အဆုံးသတ်သွားရုံပဲ ရှိပါတယ်။

“ငါ့ါတာဂန်ထားလိုက်”

မီးတောက်ဘုရင်ရဲ့ ပုံရိပ်က လျှပ်ပြက်သွားသလိုနဲ့ အနက်ရောင်မြစ် ဂင်လာတဲ့ လမ်းကြောင်းကို ရောက်သွားခဲ့ပါတယ်။ သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ မြစ်တစ်ခုလုံးကို တစ်ခါတည်း ပြာမှုန့်တွေ အဖြစ်ကို ပြောင်းလဲပစ်လိုက်ပါတယ်။

သူက စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး အဆင့်မှာ ရှိပါတယ်။ ပြီးတော့ အခုနိုင်ငံစွမ်းအားကို ထပ်ပေါင်းလိုက်ရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံးထိ တစ်ဟုန်ထိုး မြင့်တက်သွားခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူက စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကြယ်ရှစ်လုံးရှိတဲ့

လူတစ်ယောက်ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုကို ပျက်ပြယ်သွားစေချင်တယ်ဆိုရင် သူ့အတွက်တော့ အရမ်းကို လွယ်ကူပြီး သက်တောင့်သက်သာ ရှိလွန်းပါတယ်။

အားလုံးက နောက်ဆုံးမှာ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူတို့ရဲ့ အာရုံက မီးတောက် ဘုရင်ရဲ့ ပုံရိပ်အပေါ်မှာ အာရုံမစိုက်ထားပါဘူး။ သူတို့အတွက်တော့ သူ့မှာ ဒီလိုမျိုး စွမ်းအားတစ်ခု ရှိတာက သဘာဝပါပဲ။

သူတို့ရဲ့ အာရုံတွေက ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ခံယူတဲ့ လင်းဟာန်အပေါ်မှာ ရှိနေပါတယ်။ သူက ပြင်းထန်တဲ့ ဒဏ်ရာရသွားမလား ဒါမှမဟုတ် သူက အရင်ကလိုပဲ သူ့ရဲ့ဆံပင်မွေး တစ်ချောင်းတောင် မထိခိုက်ပဲ ရှိနေဦးမလား။

အနက်ရောင်မြစ် ပျောက်ကွယ်သွားပြီး လင်းဟာန်က ဂုဏ်ယူဂင့်ကြွားစွာနဲ့ ရပ်နေသေးတာကို သူတို့တွေ

တွေ့မြင်လိုက်ရပါတယ်။ သူ့ခန္ဓာကိုယ်တစ်ခုလုံးက သွေးနဲ့ချွဲတွေက ကောင်းကင်ဘုံ မီးဖိုတစ်ခုထဲမှာ တောက်လောင်နေသလိုမျိုး တလိပ်လိပ် တောက်လောင်လို့ နေပါတယ်။

ဒါ ဒါက လူထူးလူဆန်းပဲ။

လွီမိသားစုရဲ့ ဘိုးဘေးက တုန်လှုပ်လို့ နေပါတယ်။ ဒါက မကောင်းပါဘူး။ တကယ့်ကို မကောင်းပါဘူး။ သူက ချက်ချင်းပဲ လင်းဟာန်ကို တောင်းပန်မှု ပြုလုပ်ဖို့ ပြင်ဆင်မှုတွေကို ပြုလုပ်လိုက်ပါတယ်။ ဒီလို လူစားမျိုးက တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ တကယ်လို့ သူသာရန်ငြိုးထားရင် လွီမိသားစုက သေချာပေါက် အဆုံးသတ် သွားပါလိမ့်မယ်။

တခြားအရာတွေကို အသာထားဦး သူက လင်းဟာန်နဲ့

ယှဉ်ပြိုင်ဖို့ သူတို့ရဲ့ အသက်တွေက
ဘယ်လောက်ရှည်နိုင်မှာလဲ။

“နောက်တစ်ကွက် ကျန်သေးတယ်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ချီတွေက
တကယ်တော့ ကုန်ခမ်းလာခြင်း မရှိပါဘူး။

အဲဒီအချိန်မှာ အားလုံးက ရုတ်တရက်
နားလည်သဘောပေါက် သွားခဲ့ပါတယ်။ လင်းဟန်က
စိတ်ကြီးဝင်နေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက တကယ်ပဲ
အရမ်းကို သန်မာလွန်းတာကြောင့် ဖြစ်ပါတယ်။ ဒီလိုမျိုး
ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုနဲ့ဆိုရင် သုံးကွက်ကို
အသာထားဦး တိုက်ကွက် သုံးရာဆိုရင်တောင်
ဘာများလုပ်နိုင်မှာလဲ။

မန်ဂျင်းဂျီမှာ ဘာလုပ်ရမလဲ ဆိုတာကို မသိတော့ပါဘူး။ စောစောကပဲ သူ့ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ကို အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ ဟိုးစောစောကလိုပဲ သူက လင်းဟန်ရဲ့ ခေါင်းပေါ်က ဆံပင်မွေး တစ်ချောင်းကိုတောင် ထိခိုက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ တကယ်လို့ သူက နောက်တစ်ကြိမ် တူညီတဲ့ တိုက်ကွက်ကို အသုံးပြုခဲ့မယ် ဆိုရင်တောင် ဘယ်လိုမျိုး အကျိုးသက်ရောက်မှု အမျိုးအစား ရှိလိမ့်မှာလဲ။

"မလိုတော့ဘူး။ ဒီအဘိုးကြီး ရှုံးတယ်ဆိုတာ ဝန်ခံပါတယ်"

သူ့နှလုံးသား တစ်ခုလုံး ခါးသီးမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

သူ့ဘဝတစ်လျှောက်လုံး ဘယ်တုန်းကမှ မရှုံးနိမ့်ဖူးခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက အဆင့်တူထဲမှာ သူ့ကို

တစ်ကြိမ်မှ မတိုက်ပဲ အရှုံးကို ဂုန်ခံအောင် ဖိအားပေးနိုင်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့တော့ တစ်ခါမှ မကြုံဖူးခဲ့ပါဘူး။ ဒါက ပထမဆုံးအကြိမ် ကြုံတွေ့ဖူးခြင်းပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းရာနဲ့ချီကတည်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်ရှိနိုင်စွမ်း ရှိခဲ့တာကြောင့် သူက ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့။ မန်ဂျင်းဂျီက စိတ်ကြီးဝင် ဖူးပါတယ်။ သူက ဘာမှမတတ်နိုင်ပဲ အခုသူ့အိုမင်းလာပြီ ဆိုတာကို ဂုန်ခံရလိမ့်မယ်။ သူ့ရဲ့ အောင်မြင်ကျော်ကြားတဲ့ အချိန်တွေ မရှိတော့ပါဘူး။

“ခင်ဗျားက ကျုပ်ကို အနိုင်ပေးတယ်”

လင်းဟန်က ထူးဆန်းစွာနဲ့ ပြောလိုက်ပါတယ်။ သူက အထက်စီးဆန်တဲ့ ပုံစံမျိုး မရှိပါဘူး။ မန်ဂျင်းဂျီနဲ့

ကိစ္စအပေါ်မှာ ထပ်တလဲလဲ မပြောခဲ့ပါဘူး။

မန်ဂျင်းဂျီက ပြန်လှည့်ထွက်သွားပြီး သူ့ရဲ့ထိုင်ခုံကို ပြန်သွားပါတယ်။ ဒါပေမဲ့လည်း ဒီအချိန်မှာ ဘယ်သူကမှ သူ့ကို မျက်စိတောင် ဝေ့မကြည့်ကြပါဘူး။ အဲဒီအစား အားလုံးရဲ့ အာရုံက လင်းဟန်အပေါ်မှာပဲ လုံးဂကို အာရုံစိုက်ထားပါတယ်။

သူက ထိပ်တန်းအဆင့် ကြယ်ပွင့်အသစ် ဖြစ်ပါတယ်။

“ဘာလဲဟ။ သူက လင်းဟန်ပဲ။ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် မဟုတ်လား”

“ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ပါရမီရှင် တစ်ယောက် ရှိလိမ့်မယ်လို့ ငါတကယ်ပဲ လုံးဂကို မျှော်လင့်မထားမိဘူး။ မှော်ဆေးပညာမှာ အထွတ်အထိပ် ရောက်နေတဲ့အပြင်

သိုင်းပညာ လမ်းကြောင်းပေါ်မှာလည်း အရမ်းကို အံ့သြစရာကောင်းနေတယ်”

“သူက ကမ္ဘာကြီးကို လွှမ်းမိုးနိုင်တဲ့ လူဖြစ်လာလိမ့်မယ်ဆိုတာ သေချာပေါက် ပြောရဲတယ်”

“တကယ်လို့ အရှင်မင်းကြီးက မိုးကောင်းကင်ကို ခွဲဖွင့်တာ အောင်မြင်သွားရင် ငါတို့တွေ အားလုံးက နတ်ဘုရားအဆင့် လူတွေဖြစ်လာလိမ့်မယ်။ ပြီးတော့ အဲဒီအချိန်ကျရင် ငါတို့တွေ ကျင့်ကြံအားထုတ်ဖို့ နတ်ဘုရားဘုံရဲ့ အရင်းအမြစ်တွေကို ရရှိနိုင်တယ်။ အဲဒီနောက် ငါတို့က သူ့ကို ရှုံးနိမ့်စရာ မလိုတော့ဘူး”

“အဟုတ်ပဲ”

လူတော်တော်များများက လင်းဟာန်ရဲ့ ပါရမီကို သတိပြုမိပေမဲ့

သူတို့ကလည်း သူ့ကို ကြင်နာမှု မရှိတဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီးတော့ သူ့ကို လက်ခံဖို့ ဆန္ဒ မရှိကြပါဘူး။

ဒါပေမဲ့လည်း လင်းဟန်က အဲဒီထိုင်ခုံဆီကို နောက်တစ်ကြိမ် ဦးတည်သွားတဲ့ အခါမှာတော့ ဘယ်သူကမှ သူ့ကို တားဆီးဖို့ မကြိုးစားကြတော့ပါဘူး။

တကယ်လို့ မင်းက လက်မခံဘူးဆိုရင် ဘာဖြစ်လို့ တိုက်ကွက်သုံးကွက် တိုက်ခိုက်ပြီး မကြိုးစား ကြည့်တာလဲ။

လှီမိသားစုရဲ့ ဘိုးဘေးက ချက်ချင်းပဲ သူ့ရဲ့ဂျူနီယာတွေကို ဆွဲခေါ်ပြီး လင်းဟန်ကို တောင်းပန်ဖို့ ချဉ်းကပ်လာခဲ့ပါတယ်။ ဒီဂျူနီယာတွေက နောက်ဆုံးမှာတော့ တောင်တစ်လုံးထက် နောက်ထပ် တောင်တစ်လုံးက ပိုမြင့်တယ် ဆိုတာကို နားလည်သဘောပေါက် သွားပြီးတော့ သူတို့အားလုံး အေးစက်တဲ့ ချွေးတွေ ဖုံးနေပါတယ်။ လင်းဟန့်ရဲ့ လက်ရှိခွန်အားနဲ့ဆိုရင် သူတို့ကို ရင်ဆိုင်တာက ပုရွက်ဆိတ်တွေကို သတ်ရသလိုမျိုး လွယ်ကူလွန်းပါတယ်။

ဘိုးဘေးကလည်း အခုဆိုရင် တခြားအကြံအစည်တောင် ရှိသေးရဲ့လား။

Chapter 861 end

အပိုင်း(862) မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ မာထိုပေါင်

"အရှင်မင်းကြီး ကြွချီတော်မူလာပြီ"

အစောင့်တစ်ယောက်က ကျယ်လောင်စွာနဲ့ ကြေညာလိုက်ပါတယ်။

"အရှင်မင်းကြီး ကြွချီတော်မူလာပြီ"

"အရှင်မင်းကြီး ကြွချီတော်မူလာပြီ"

"အရှင်မင်းကြီး ကြွချီတော်မူလာပြီ"

ခရမ်းရောင်လ အင်ပါယာရဲ့ စစ်သားတိုင်းက ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်တဲ့ အသံက ကမ္ဘာမြေကြီးကိုတောင် တုန်ခါသွားစေပြီးတော့ လေထဲမှာ ပဲ့တင်သံတွေ ထွက်ပေါ်လို့ နေပါတယ်။

မာထိုပေါင်က အင်ပါယာ နဂါးဂတ်စုံကို ဂတ်ဆင်ပြီးတော့ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ခါးတုတ်တုတ်ကြီးကြောင့် ချက်ချင်းဆိုသလို သူ့ရဲ့ခံ့ညားထယ်ဝါတဲ့ အရှိန်အဝါက ပျောက်ဆုံးသွားခဲ့ပြီး မိန်းကလေးတွေ တော်တော်များများက သူတို့ရဲ့ ပါးစပ်တွေကို လက်နဲ့ဖုံးပြီး ကျိတ်ရယ်လိုက်ကြပါတယ်။ ဒါပေမဲ့လည်း မျက်လုံးတွေ တလက်လက်တောက်ပနေတဲ့ အမျိုးသမီးတွေလည်း အများကြီး ရှိပြီးတော့ သူက ဘယ်လောက်တောင် ချစ်စရာကောင်းတယ်ဆိုတာကို အံ့အားသင့်စွာနဲ့ ပြောနေပါတယ်။

သူထုတ်လွှတ်ထားတဲ့ လေထုက ရေလှိုင်းလုံးကြီး တစ်ခုလိုမျိုး ဖြတ်သွားတဲ့ အချိန်မှာတော့ လူတွေအများကြီး

ထိတ်လန့်တုန်လှုပ် သွားခဲ့ပါတယ်။ ဒီသေချင်းဆိုး ဖက်တီးက ကမ္ဘာကြီး တစ်ခုလုံးထဲမှာ အမြင့်ဆုံးအဆင့်မှာရှိတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ ဒီနေရာမှာ အစွမ်းထက်ဆုံး လူတစ်ယောက်လည်း ဖြစ်ပါတယ်။

သူနဲ့ ယှဉ်နိုင်တဲ့သူ မရှိပါဘူး။

ဒီလိုမျိုး အရှိန်အဝါရဲ့ တိုက်ခတ်မှုအောက်မှာ အရမ်းကို ရှားပါးတဲ့ လူနည်းစုကပဲ သူတို့ရဲ့ ဟန်ပန်အမူအရာတွေကို ထိန်းထားနိုင်ပါတယ်။ လင်းဟန်၊ ဟော့လျန်ထန်းယွင်၊ ဖန်ပိုယွမ်နဲ့ ဘုရင်ခုနစ်ပါးတို့လိုပေါ့။ အရမ်းကို နည်းပါးလွန်းပါတယ်။

မာထိုပေါင်က ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီး မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ ပြင်ဆင်ထားတဲ့ စင်မြင့်ရဲ့ အလယ်ကို ရောက်လာခဲ့ပါတယ်။ သူက

မားမားမတ်မတ်ရပ်ပြီးတော့ ကြေညာလိုက် ပါတယ်။

"ဒီနေ့မှာ ငါ ခရမ်းရောင်လ အင်ပါယာရဲ့ အရှင်သခင် မာထိုပေါင်က မိုးကောင်းကင်ကို ခွဲပြီးတော့ ဖွင့်မယ်"

"အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ"

ခရမ်းရောင်လ အင်ပါယာရဲ့ စစ်သားအားလုံးက အရမ်းကို စိတ်လှုပ်ရှားစွာနဲ့ ကျယ်ကျယ်လောင်လောင် အော်ဟစ်လိုက်ကြပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်တာက ကြီးကျယ်ခမ်းနားတဲ့ ကိစ္စတစ်ခု ဖြစ်ပြီးတော့ အရင်က ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ ထူးထူးခြားခြား ကံတရားတစ်ခု ဖြစ်ပါတယ်။

မာထိုပေါင်က လက်ဟန်ခြေဟန်နဲ့ လူအုပ်ကြီးကို တိတ်ဆိတ်ငြိမ်သက်အောင် ပြလိုက်ပါတယ်။

“အားလုံး သိကြတဲ့ အတိုင်းပဲ။ ဂိုဏ်းကြီးငါးဂိုဏ်းက နလုံးသားကင်းမဲ့ပြီး ငါတို့ရဲက အောက်ဘုံကို သူတို့ရဲ့ ဆေးဥယျာဉ်လိုမျိုး ဆက်ဆံခဲ့တယ်။ နှစ်စဉ်နှစ်ပေါင်းတစ်သောင်းပြည့်တိုင်း သူတို့က ဘုံတစ်ခုလုံးမှာရှိတဲ့ သက်ရှိတွေ အားလုံးကို သတ်ဖြတ်ပြီးတော့ မော်ဆေးလုံး တစ်လုံး အဖြစ်ကို သန့်စင်ကြတယ်။ ဒီလိုမျိုး အပြုအမှုက အရမ်းကို စက်ဆုပ်ရွံရှာစရာကောင်းလွန်းတယ်”

“ဒီလိုဆိုမှတော့ ငါတို့က ကိုယ့်ဘာသာကိုယ် ကယ်တင်ရမှာပဲ။ ငါတို့က မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ငါတို့ရဲ့ အောက်ဘုံမြေကမ္ဘာကို တန်ခိုးရှင်ဘုံကို မြင့်တက်စေမယ်။ အခုချိန်စပြီး ကမ္ဘာကြီး အထဲ တိုင်းသူပြည်သားတိုင်း တန်ခိုးရှင်ဘုံရဲ့ တိုင်းသူပြည်သားတွေ ဖြစ်လိမ့်မယ်။ ပြီးတော့ အားလုံးက နဂါးတွေနဲ့ တူလာလိမ့်မယ်”

သူ့ပြောတဲ့ နောက်ဆုံးစကားလုံး အနည်းငယ်ကို ကြားလိုက်ရတဲ့ အခါမှာ အားလုံးက မယုံနိုင်စရာ ကောင်းလောက်အောင် စိတ်လှုပ်ရှား လာခဲ့ပါတယ်။

တန်ခိုးရှင်ဘုံရဲ့ တိုင်းသူပြည်သားတွေ။

ဒါက အရည်အသွေး အဆင့်မြှင့်တင်မှု တစ်ခု ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ တိုင်းသူပြည်သားတွေ ဖြစ်လာမယ်ဆိုတာက အဲဒီမှာ ကျင့်ကြံခြင်း အရင်းအမြစ်တွေ ပိုပြီးတော့ ရှိလာလိမ့်မယ်။ ပြီးတော့ သိုင်းပညာရပ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင်တစ်ခုနဲ့ တောက်ပတဲ့ အနာဂတ်တွေ ရှိတယ်လို့ ဆိုလိုပါတယ်။ တကယ်လို့ စဦးပိုင်း အကန့်အသတ်က ပန်းဖူးအဆင့်ဆိုရင် အဲဒီနောက် သူတို့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့် ဒါမှမဟုတ် အနာဂတ်မှာ နတ်အသွင် ပြောင်းလဲခြင်း အဆင့်ကိုတောင် ရရှိနိုင်ချေ ရှိပါတယ်။

“မိုးကောင်းကင်ကို ခွဲပစ်”

“အားလုံး နဂါးတစ်ကောင် ဖြစ်ကြမယ်”

“အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ”

အားလုံးက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူတို့ရဲ့ အသံတွေထဲမှာ တချို့လူတွေရဲ့ အသံတောင်မှ အက်ကွဲသံတွေ ဖြစ်ကုန်ပါတယ်။ သူတို့က အရမ်းကို စိတ်လှုပ်ရှား နေခဲ့ကြပါတယ်။

မာထိုပေါင်က ဆက်ပြီးတော့ မပြောတော့ပါဘူး။ မိုးကောင်းကင်ကို ခွဲဖို့ဆိုတာက အကောင်းဆုံး ကြေညာချက် ဖြစ်ပြီးတော့ ဒီထပ်ပိုကောင်းတာ ဘယ်အရာမှ မရှိတော့ပါဘူး။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ချီးကျူးနေပါတယ်။ တကယ်လို့ မာထိုပေါင်သာ အောင်မြင်သွားရင် သူက ချက်ချင်းပဲ တန်ခိုးရှင်ဘုံထဲကို ဝင်ပြီးတော့ ဟူးညို၊ ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ တခြားသူတွေ ဘယ်မှာ ရှိတယ် ဆိုတာကို ရှာဖွေရပါမယ်။ နောက်ပြီးတော့ တန်ခိုးရှင်ဘုံမှာ ကျင့်ကြံခြင်း အရှိန်အဟုန်က အောက်ဘုံထက် ပိုပြီးတော့ လျင်မြန်ပါလိမ့်မယ်။ ဒီအချက်ကို သံသယ ရှိစရာ မလိုပါဘူး။

မာထိုပေါင်က တောင်နဲ့မြစ် ပုဆိန်ကို တစ်ချက်တည်းနဲ့ ကိုင်မြှောက်လိုက်ပါတယ်။ ဝှမ်း။ ဒီရတနာ ပစ္စည်းက ချက်ချင်းဆိုသလို အလင်းရောင်တွေ တလက်လက် တောက်ပလာခဲ့ပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါတစ်ခု ပျံ့နှံ့သွားပြီး အားလုံးကို အသက်ရှုရတာ ခက်ခဲသွားစေခဲ့ပါတယ်။

ဒါက ဘုံတစ်ခုရဲ့ စွမ်းအားတွေ အားလုံးကို ကိုယ်ထင်ပြခြင်း တစ်ခုဖြစ်ပါတယ်။ အောက်ဘုံရဲ့ အစွမ်းထက်ဆုံး ရတနာတစ်ခုလည်း ဖြစ်ပါတယ်။

ရှွပ်။

မာထိုပေါင်က လေပေါ်ကို ပျံတက်ပြီးတော့ မိုးကောင်းကင်ပေါ်မှာ ဂုဏ်ယူဂုဏ်ကြွားစွာနဲ့ ရပ်လိုက်ပါတယ်။

"ပွင့်စမ်း"

သူက တောင်နဲ့မြစ် ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ မိုးကောင်းကင်ကို ပြင်းထန်တဲ့ ခုတ်ချက်နဲ့ ခုတ်ချလိုက်ပါတယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

သူ့ရဲ့တိုက်ခိုက်မှုကြောင့် လေဟာနယ် စုတ်ပြဲပြီးတော့ အနက်ရောင်တစ်ခု ထွက်ပေါ်လာပြီး တိတ်ဆိတ်ငြိမ်သက်တဲ့ လေဟာနယ်က မျက်လုံးတစ်လုံး ဖွင့်လိုက်သလိုမျိုး ထွက်ပေါ်လာပါတယ်။

ဟွမ်း။

ကောင်းကင်တာအိုရဲ့ မျက်လုံး ပေါ်လာခဲ့ပါတယ်။ သူ့မှာ ဒဏ်ရာတစ်ခု ရှိနေပါသေးတယ်။ ကောင်းကင်တာအိုရဲ့ မျက်လုံးက မာထိုပေါင်ကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဘာမှမလုပ်ရှားသေးပါဘူး။ မာထိုပေါင်က ဒီအချိန်မှာ တိုက်ခိုက်မှု တစ်ခုကိုပဲ လုပ်သေးတာဖြစ်ပြီး ဘုံကို ခြိမ်းခြောက်နိုင်ပါတယ်။ ဒါကြောင့် ကောင်းကင်တာအို မျက်လုံးက မလှုပ်ရှားသေးပါဘူး။ ဒါပေမဲ့ တကယ်လို့ မာထိုပေါင်က သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို နောက်တစ်ကြိမ် မြှင့်တင်ပြီး

လေဟာနယ်ကို အရှုးအမူး တိုက်ခိုက်လာမယ်ဆိုရှုတော့ သူက သေချာပေါက် မာထိုပေါင်ရဲ့ လုပ်ရှားမှုတွေကို တားဆီးရပါလိမ့်မယ်။

သူ့ရဲ့တာဂန်က ဒီဘုံရဲ့ တည်ရှိမှုနဲ့ မျှခြေကို ထိန်းသိမ်းဖို့ ဖြစ်ပါတယ်။ တကယ်လို့ အောက်ဘုံက တန်ခိုးရှင်ဘုံထဲကို တက်ရောက်မယ်ဆိုရင် သူ့ရဲ့ တည်ရှိမှု သူ့ရဲ့တာဂန်က ဆုံးရှုံးသွား ပါလိမ့်မယ်။

မာထိုပေါင်က ကောင်းကင်တာအို မျက်လုံးကို အထင်သေးသလို တစ်ချက်ကြည့်လိုက်ပါတယ်။ သူ့ရဲ့ အရှိန်အဝါတွေက အရှုးအမူးကို စတင်တိုးလာခဲ့ပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ရွှေရောင်အလင်းတွေ တောက်နေပြီး ရွှေရောင်တလက်လက် တောက်ပနေတဲ့ နတ်ဘုရားတစ်ပါးလို ဖြစ်လာပါတယ်။ အဲဒီအရှိန်အဝါနဲ့တင်

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို တုန်လှုပ်ချောက်ချားသွားအောင် လုပ်နိုင်ပါတယ်။

ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထက် သာလွန်သွား ခဲ့ပါပြီ။

နိုင်ငံစွမ်းအားရဲ့ ထောက်ပံ့ပေးမှုနဲ့အတူ မာထိုပေါင်ရဲ့ ခွန်အားက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အများစုတောင် ခန့်မှန်းလို့ မရနိုင်တဲ့ အမြင့်ကို ရောက်လာခဲ့ပါတယ်။

"တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်နှစ်လုံး ဖြစ်နိုင်တယ်"

လင်းဟာန်က ပြောလိုက်ပါတယ်။ သူက နိုင်ငံစွမ်းအားရှိတဲ့ ဒုတိယ ဧကရာဇ်တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့မှာရှိတဲ့ နိုင်ငံစွမ်းအားက မာထိုပေါင်မှာရှိတဲ့

နိုင်ငံစွမ်းအားထက် အနည်းနဲ့အများ
ဘယ်လောက်ကွာနိုင်မှာလဲ။ ဒါကြောင့် သူက ပြောဖို့အတွက်
အသင့်တော်ဆုံး အရည်အချင်း ပြည့်မီသူ ဖြစ်ပါတယ်။

ကြယ်နှစ်ဆယ်လုံး ခွန်အားက အကန့်အသတ် ဖြစ်ပါတယ်။
စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေက အဲဒါကို
မကျော်လွှန်နိုင်ပါဘူး။ ပြီးတော့ အဲဒါက တန်ခိုးရှင်အဆင့်ကို
ရောက်ရှိတဲ့ အတားအဆီးရဲ့ အထက်မှာ ဖြစ်ပါတယ်။
ဒါကဘယ်လိုမှ ထိုးဖောက်လို့ မရနိုင်တဲ့ အတားအဆီး
တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခွန်အားက
နောက်ထပ်မတိုးနိုင်ပေမဲ့ တိုက်ပွဲစွမ်းရည်ကတော့
တိုးနိုင်ပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်နှစ်လုံး တိုးလာတာကို
လျှော့မတွက်သင့်ပါဘူး။ လူတစ်ယောက်ရဲ့
အကန့်အသတ်ကို အခြေခံပြီး နောက်ပိုင်းမှာ တိုးတက်ဖို့
အရမ်းကို ခက်ခဲပါတယ်။ နောက်ပြီးတော့ အဲဒါက

မာထိုပေါင်ရဲ့ ခန္ဓာကိုယ် အပေါ်ကို ကြီးမားတဲ့ ဖိအားသက်ရောက် စေပါတယ်။ တကယ်လို့ သူ့ရဲ့ခန္ဓာကိုယ် မာကျောမှုက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုလိုမျိုး ဖြစ်နေရင်တောင် ဖိအားဒဏ် ခံရပါတယ်။

ကောင်းကင်တာအိုရဲ့ မျက်လုံးက မျက်တောင်တစ်ချက် ခတ်ပြီးတော့ ဘုံရဲ့ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ ခြိမ်းခြောက်မှုကို ထုတ်လွှတ်လိုက်ပါတယ်။

ဒါက သတိပေးခြင်း တစ်ခုပါ။ မာထိုပေါင်ကို ဘုံရဲ့ဂုဏ်သိက္ခာကို စိန်ခေါ်ဖို့ အိပ်မက်တောင် မမက်နဲ့လို့ ပြောနေသယောင်ပါပဲ။

မာထိုပေါင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့လက်ကို နောက်တစ်ကြိမ် မြှောက်ပြီး တောင်နဲ့မြစ် ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ ကောင်းကင်ဆီကို ခုတ်ပိုင်းလိုက်ပါတယ်။

ဟုမ်း။

ဒါက မယုံနိုင်စရာကောင်းတဲ့ ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ လေဟာနယ်ကို ပွင့်ထွက်သွားစေရုံတင်မက ပိုပြီးတော့တောင် ကျယ်လာစေပြီး ကမ္ဘာကြီး တစ်ခုလုံးကို ဝါးမျိုတော့အတိုင်း ရောမ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

နောက်ဆုံးတော့ ကောင်းကင်တာအို မျက်လုံးက ဒေါသချောင်းချောင်း ထွက်လာပြီး ဒေါသတွေ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ရှုပ်။

မျက်လုံးအိမ်ကနေ အလင်းရောင်တန်းတစ်ခုကို မာထိုပေါင်ဆီ လျင်မြန်စွာ ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

"မင်းက ငါ့ကိုတောင် တားဆီးရဲတာလား"

မာထိုပေါင်က အထင်သေးတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။ သူက တောင်နဲ့မြစ် ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ ကောင်းကင်တာအိုရဲ့ မျက်လုံးကို ခုတ်လိုက်ပါတယ်။

တကယ်လို့ သူက မိုးကောင်းကင်ကို ခွဲဖွင့်ချင်တယ်ဆိုရင် ကောင်းကင်တာအို မျက်လုံးကို အရင်ဆုံး အနိုင်ယူဖို့ လိုပါတယ်။ ဒါက ဘုံရဲ့ စွမ်းအားတွေ ရစ်ပတ်ထားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဂုန်း။

အဲဒီအလင်းတန်းက တောင်နဲ့မြစ် ပုဆိန်နဲ့ ထိမိပြီး

အံ့အားသင့်စရာကောင်းတဲ့ အလင်းရောင် တစ်ခု ပေါက်ကွဲထွက်လာခဲ့ပါတယ်။ အားလုံးက သူတို့ရဲ့ မျက်လုံးတွေ ကန်းသွားမှာကို ကြောက်ရွံ့ပြီး မျက်စိမှိတ်လိုက်မိပါတယ်။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်တော့ ချက်ချင်းဆိုသလို အရာအားလုံး ရှင်းရှင်းလင်းလင်း တွေ့မြင်လိုက်ရပါတယ်။

သူက ဒီနေရာကို အခမ်းအနား တက်ရောက်ဖို့ သက်သက် လာခဲ့တာ မဟုတ်ပဲ နောက်ထပ် လေးလံတဲ့ တာဝန်တစ်ခုကိုလည်း ထမ်းဆောင်ထားရပါတယ်။ တကယ်လို့ မာထိုပေါင်သာ ကျရှုံးသွားခဲ့ရင် သူက ဒီလေးလံတဲ့ တာဝန်ကို ထမ်းဆောင်ရပါလိမ့်မယ်။ ဒါကြောင့် သူက ကောင်းကင်တာအိုရဲ့ မျက်လုံးက ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို လေ့လာစူးစမ်းနေပြီး ဘယ်လိုမျိုး သေစေနိုင်တဲ့ တိုက်ကွက်တွေ ပိုင်ဆိုင်ထားလဲ ဆိုတာကို စောင့်ကြည့်နေပါတယ်။

ကောင်းကင်တာအို မျက်လုံးက ဂဠုန်နန်းတော်ရဲ့
အစွမ်းထက် ပုဂ္ဂိုလ်တွေကြောင့် နှစ်ကြိမ်တိုင်တိုင်
ဒဏ်ရာရပြီးတော့ ထွက်ပြေးသွားခဲ့တယ် ဆိုရင်တောင်
အဲဒါက အရမ်းကို အစွမ်းထက်တဲ့ လူနှစ်ယောက်ကြောင့်
ဖြစ်ပါတယ်။ ပြီးတော့ အဲဒါကြောင့်ပဲ ကောင်းကင်တာအိုရဲ့
မျက်လုံးက အားနည်းသွားမှာ မဟုတ်ပါဘူး။

ဂုန်း ဂုန်း ဂုန်း။

မိုးကောင်းကင်ပေါ်မှာ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ပေါက်ကွဲလို့
နေပါတယ်။ အလင်းရောင် လိုင်းလုံးကြီးတွေက
ပန်းထွက်လာပြီး တိုက်ခိုက်မှုတိုင်းရဲ့ အသံက မိုးကြိုးပစ်သံလို
ကျယ်လောင်ပြီး လင်းဟန်နဲ့ ဟော့လျန်ထန်းယွင်ကလွဲလို့
ဘယ်သူကမှ ဒီတိုက်ပွဲရဲ့ အခြေအနေကို ရှင်းရှင်းလင်းလင်းနဲ့
မတွေ့မြင်နိုင်ကြပါဘူး။

“ဒီဖက်တီး အနိုင်ရနိုင်တယ်”

ဟော့လျန်ထန်းယွင်က ခေါင်းတဆတ်ဆတ် ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ကောင်းကင်တာအို မျက်လုံးရဲ့ တိုက်ပွဲစွမ်းရည်က အကန့်အသတ်ကို ကျော်လွန်ရုံပဲ ရှိပြီးတော့ ကြယ်နှစ်ဆယ့်တစ်လုံးပဲရှိတယ်။ ဒီဖက်တီးစုတ်ကတော့ ကြယ်နှစ်ဆယ့်နှစ်လုံးကို ရောက်နေပြီ။ တကယ်လို့ တခြားမတော်တဆ အဖြစ်အပျက်တွေ မရှိဘူးဆိုရင် ဒီဖက်တီးက သေချာပေါက် အနိုင်ရလိမ့်မယ်”

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ဟော့လျန်ထန်းယွင်ရဲ့ သုံးသပ်ချက်ကို သဘောတူ လိုက်ပါတယ်။ နိုင်ငံစွမ်းအားရဲ့ အောက်မှာ သူလည်း တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံး

ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ သုံးသပ်မှုကလည်း
မည့်ဖျင်းပါဘူး။

ကောင်းကင်တာအို မျက်လုံးရဲ့ တိုက်ခိုက်မှုတွေက
ဖြောင့်မတ်ပြီး ပွင့်လင်းကာ ဘုံရဲ့ စွမ်းအားနဲ့ အဆက်မပြတ်
မာထိုပေါင်ကို တိုက်ခိုက်နေတယ်လို့ ပြောရပါမယ်။

ဘုံရဲ့စွမ်းအားတွေကို စည်းမျဉ်းဥပဒေသရဲ့
စွမ်းအားတွေလို့လည်း သိထားပြီး မယုံနိုင်စရာ ကောင်းလှတဲ့
ထိတ်လန့်စရာ ဖျက်ဆီးခြင်း စွမ်းအားတွေကို
ပိုင်ဆိုင်ထားပါတယ်။ အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုလို
မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုတောင်မှ
အဲဒါကို ခုခံဖို့ အသုံးမဝင်ပါဘူး။ တခြားအရာတွေလိုမျိုး
ပိုင်းဖြတ်ခံရပါလိမ့်မယ်။ ဒါကြောင့် မာထိုပေါင်တောင်မှ
ကောင်းကင်တာအို မျက်လုံးရဲ့ တိုက်ခိုက်မှုတွေ
သူ့ကိုထိမှန်ခွင့် မပြုဝံ့ပါဘူး။ သူ့ပုံရိပ်ကလေထဲမှာ
ပျံသန်းနေပြီး ပုဆိန်ကို ဝှေ့ယမ်းကာ တန်ပြန်တိုက်စစ်

ဆင်နေပါတယ်။

သူက သောက်ကျိုးနည်းအောင် ဂုတ္တဲ့ ဖက်တီးတစ်ယောက်
ဖြစ်တဲ့အပြင် မယုံနိုင်စရာ ကောင်းလောက်အောင်
ပေါ့ပါးသွက်လက်တဲ့ ဖက်တီးတစ်ယောက်လည်း
ဖြစ်ပါတယ်။ သူက အရမ်းကို လျင်မြန်ပြီး သူ့ပုံရိပ်က
မျက်လုံးထဲမှာ ဝိုးတိုးဝါးတားနဲ့ ပုံရိပ်ယောင်တွေ
ဖြစ်နေပါတယ်။

"လောကဘုံရဲ့ ကိုယ်ထင်ပြခြင်း တစ်ခုက စိတ်ဝိညာဉ်ရော
အသိစိတ်ရော မရှိဘူး။ မင်းက ငါ့ကို တားဆီးဖို့
အရည်အချင်း ရှိလို့လား"

မာထိုပေါင်က ဂုဏ်ယူဂင့်ကြွားစွာနဲ့ ပြုံးလိုက်ပါတယ်။ ဝုန်း။
သူ့ရဲ့ အရှိန်အဝါက ရုတ်တရက် နောက်တစ်ကြိမ်
မြင့်တက်လာပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ အဆုံးမဲ့

သတ်ဖြတ်ခြင်း ဆန္ဒတွေ ထွက်ပေါ်လို့ လာပါတယ်။

ရှွပ် ရှွပ် ရှွပ်။

အဲဒီသတ်ဖြတ်ခြင်း ဆန္ဒတွေက ဓားတွေနဲ့ တူပြီးတော့ ကောင်းကင်တာအို မျက်လုံးဆီကို လျင်မြန်စွာနဲ့ ပြေးဝင်သွားပြီး မျက်လုံးသူငယ်အိမ်ပေါ်ကို ထိုးစိုက်လိုက်ပါတယ်။

နောက်ဆုံးတော့ ကမ္ဘာနံပါတ်တစ် သတ်ဖြတ်ခြင်း ဂက််ပါက သူ့ရဲ့ခွန်အားကို ထုတ်ဖော်ပြသ လိုက်ပါပြီ။

နည်းဗျူဟာအရ မာထိုပေါင်နဲ့ ကောင်းကင်တာအို မျက်လုံးက အမှန်တကယ်တော့ အရင်းအမြစ် အတူတူကနေ ဖြစ်ပေါ်လာခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ခန္ဓာကိုယ်ပေါ်က သတ်ဖြတ်ခြင်း ဂက််ပါက

လောကဘုံကြောင့် သူ့အပေါ်မှာ ရေးဆွဲဖြစ်ပေါ်လာခဲ့တာပါ။ ပြီးတော့ သူက ဒီဘုံရဲ့ အစွမ်းထက်ဆုံး ဂျက်ပါ ဖြစ်ပါတယ်။

ကျယ်လောင်တဲ့ အော်သံနဲ့အတူ မာထိုပေါင်က သူ့ရဲ့ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ တိုက်ခိုက်လိုက်ပြီး ကောင်းကင်တာအို မျက်လုံးကို တစ်ချက်တည်းနဲ့ ခုတ်ပိုင်းဖြတ်ဖို့ ဆန္ဒရှိနေခဲ့ပါတယ်။

Chapter 862 end

အပိုင်း(863) ကောင်းကင်တာအို မျက်လုံးကို ခုတ်ပိုင်းခြင်း

ကောင်းကင်တာအို မျက်လုံးရဲ့ အမြင်ကနေ ကြည့်မယ်ဆိုရင် သူက အရမ်းကို တင်းမာခက်ထန်တဲ့ အမူအရာမျိုး ရှိနေပါလိမ့်မယ်။

သူက ကြီးကျယ်ခမ်းနားပြီး လောကဘုံရဲ့ စိတ်စွမ်းအားတွေနဲ့ ခံ့ညားထည်ဝါစွာ ရစ်ပတ်ထားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ အခုတော့ ထပ်ခါထပ်ခါ ဒဏ်ရာရနေခဲ့ပါတယ်။

အရင်တုန်းက ဒါမျိုးက ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးပါဘူး။ ဒါပေမဲ့လည်း သူ့မှာ အာရုံခံစားနိုင်စွမ်း မရှိပဲ တကယ်ဒေါသဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။ ကောင်းကင်တာအို မျက်လုံးက ဘုံစွမ်းအားတွေနဲ့ မာထိုပေါင်ကို အဆက်မပြတ် တန်ပြန်တိုက်ခိုက် လိုက်ပါတယ်။

"အရမ်းကို အားနည်းတယ်"

မာထိုပေါင်က အေးစက်စက်နဲ့ သရော်လိုက်ပါတယ်။ သူက တောင်နဲ့မြစ် ပုဆိန်ကို ဝှေ့ယမ်းပြီး မြန်ဆန်တဲ့ လှုပ်ရှားမှုနဲ့အတူ ကောင်းကင်တာအို မျက်လုံးကို တိုက်ခိုက်လိုက်ပြီး အဲဒါက နည်းနည်းချင်းစီ အနောက်ကို ဆုတ်သွားစေခဲ့ပါတယ်။

အမှန်တကယ်တော့ ကောင်းကင်တာအို မျက်လုံးက အားမနည်းပါဘူး။ ဒါပေမဲ့ မာထိုပေါင်က သူ့ရဲ့ခွန်အားကို

အပြည့်အဝ ထုတ်ဖော်လိုက်တာကြောင့် အရမ်းကို အစွမ်းထက်ပြီး ကောင်းကင်တာအို မျက်လုံးတောင်မှ သူ့ပြိုင်ဘက် မဖြစ်ခဲ့ပါဘူး။

ကောင်းကင်တာအို မျက်လုံးက ပုဆိန်တိုက်ကွက်တွေကြောင့် အဆက်မပြတ် လွင့်စဉ်ထွက်သွား ခဲ့ပါတယ်။ အောက်မှာရှိတဲ့ လူတွေက အဲဒါကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရပြီး မာထိုပေါင်ကို ပိုပြီးတော့ သတ္တိဝင်လာအောင် ကျယ်လောင်စွာနဲ့ စတင်ပြီး ချီးမြှောက်ကြပါတယ်။

"ကေရာဇ်ရဲ့ အစွမ်းကွ"

"ကေရာဇ်က အထင်ကြီးစရာ အရမ်းကောင်းတာပဲ"

"ကေရာဇ်က ပြိုင်ဘက်ကင်းပဲ"

အောက်ဘုံထဲမှာရှိတဲ့ လူတိုင်းလူတိုင်းက ကောင်းကင်တာအို မျက်လုံးကို ကြည်ညို လေးစားမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါက လောကဘုံရဲ့ စိတ်စွမ်းအားနဲ့ လွှမ်းခြုံထားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဘယ်သူကမှ အဲဒါကို မရှိမသေ မလုပ်ဝံ့ပါဘူး။ တကယ်လို့ လူတစ်ယောက်က သွေးထွက်သံယိုများတဲ့ ယုတ်မာမှုတွေ အများကြီး ပြုလုပ်ခဲ့မယ်ဆိုရင် အဲဒါက ကောင်းကင်နဲ့ မြေကြီးကို ဆန့်ကျင်တာဖြစ်ပြီးတော့ သူတို့ကို သတ်ပစ်ဖို့ ကောင်းကင်တာအို မျက်လုံးကို ဆင့်ခေါ်မိပြီး သေခြင်းတရားကို ရင်ဆိုင်ရမယ်လို့ ဆိုလိုပါတယ်။

ဒါပေမဲ့ အခုတော့ ကောင်းကင်တာအို မျက်လုံးက အရှုံးအမှုး အဖိနှိပ်ခံထားရပြီး အဲဒါက လူတိုင်းလူတိုင်းကို အလွန်အမင်း စိတ်အားတက်ကြွစေလာခဲ့ပါတယ်။ တကယ်လို့ သူတို့က အစေခံတွေ ဖြစ်နေရင် နောက်ဆုံးမှာ သူတို့ရဲ့ ဆရာသခင်အပေါ်ကို ပြန်ပြီးတော့ အနိုင်ရအောင်

လုပ်နိုင်သလိုမျိုးပါပဲ။

သူတို့အားလုံး စိတ်လှုပ်ရှားနေခဲ့ပြီး သူတို့ရဲ့ ခြေလက်တွေ ကျဉ်လို့ နေပါတယ်။ သူတို့က ပြင်းပြင်းထန်ထန်နဲ့ အော်ဟစ်အားပေးနေပြီး သူတို့ကိုယ်သူတို့ နတ်ဘုရားအစွမ်းတွေ ထုတ်ဖော်နေတဲ့ မာထိုပေါင်အလား ခံစားနေရပါတယ်။

မာထိုပေါင်ရဲ့ တိုက်ခိုက်မှုတွေက ပိုပိုပြီးတော့ ပြင်းထန်လာခဲ့ပါတယ်။ ပုဆိန်ခုတ်ချက်တိုင်းက ကောင်းကင်တာအို မျက်လုံးကို မိုင်နဲ့ချီအောင် နောက်ဆုတ်သွားစေပါတယ်။ မာထိုပေါင်က လုံးဂကို အသာစီး ရယူထားပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်တာအို မျက်လုံးက ရွေးချယ်စရာမရှိပဲ တိုက်ခိုက်ရပါတယ်။

အရင်တုန်းက ဂျူနီနန်းတော်က အဆုံးမဲ့ လက်ရွေးစင် နှစ်ယောက်က သူ့ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမခဲ့ပါတယ်။ ဒါပေမဲ့ သူတို့မှာ မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ အကြံအစည် မရှိပါဘူး။ အဲဒါက အောက်ဘုံရဲ့ တည်ရှိမှုကို မခြိမ်းခြောက်နိုင်ပါဘူး။ အခုကတော့ မတူတော့ပါဘူး။ မာထိုပေါင်ရဲ့ လုပ်ရှားမှုတွေက သူ့ကို ဆက်ပြီးတော့ တည်ရှိစေနိုင်မလား ပျောက်ကွယ်သွား နိုင်မလားဆိုတာကို ဆုံးဖြတ်ပေးပါလိမ့်မယ်။

ဒါကြောင့် ကောင်းကင်တာအို မျက်လုံးအတွက် နောက်ဆုတ်လို့ မရပါဘူး။ သူ့ရဲ့ တစ်ခုတည်းသော တာဝန်က ပြန်တိုက်ခိုက်ဖို့ ဖြစ်ပြီးတော့ အဲဒါက သူ့ရဲ့တည်ရှိမှု အဓိပ္ပါယ် ဖြစ်ပါတယ်။

တကယ်လို့ သူပြန်မတိုက်ဘူးဆိုရင် သူ့ရဲ့ကံကြမ္မာက သေခြင်းတရားပဲ ဖြစ်ပါတယ်။

ကောင်းကင်တာအဒို မျက်လုံးက တလက်လက်
တောက်ပလာခဲ့ပါတယ်။ ဒါက လောကဘုံ တစ်ခုလုံးရဲ့
ခုခံကာကွယ်မှု ဖြစ်ပါတယ်။ သူကအဆုံးမရှိ ကြီးမားလာပြီး
သူ့မျက်လုံးအိမ်ကနေ ရွှေရောင်သံကြိုးကြီးနှစ်ခု
ထွက်ပေါ်လာပါတယ်။ အဲဒါတွေက လောကဘုံ
စွမ်းအားကြောင့် ဖြစ်ပေါ်လာပြီး လောကဘုံရဲ့
စည်းမျဉ်းဥပဒေကို ကိုယ်စားပြုပါတယ်။

သီအိုရီအရဆိုရင် ဘုံတစ်ခုလုံးက
ဘယ်လိုသက်ရှိမျိုးမဆိုထက် ပိုပြီးတော့ သန်မာပါလိမ့်မယ်။
မင်းရရှိထားတဲ့ စွမ်းအားရဲ့ မူလက ဒီလောကဘုံက
ဖြစ်ပါတယ်။ ဒါကြောင့် မင်းက ဘယ်လိုလုပ်ပြီးတော့
မင်းရဲ့မူလဇာစ်မြစ်ထက် သာလွန်နိုင်မှာလဲ။

ခွန်အား ကြယ်နှစ်ဆယ်လုံးက အကန့်အသတ် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မိုးကောင်းကင်ကို ခွဲခြမ်းဖို့က ဖြစ်နိုင်မှတော့ အကျိုးမဲ့တဲ့ ကြိုးစားအားထုတ်မှု တစ်ခုတော့ ဟုတ်လိမ့်မှာ မဟုတ်ပါဘူး။ ကောင်းကင်တာအိုး မျက်လုံးရဲ့ တိုက်ပွဲစွမ်းရည် အကန့်အသတ်က ကြယ်နှစ်ဆယ့်နှစ်လုံးပဲ ရှိပါတယ်။ ပြီးတော့ မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ လူတစ်ယောက်က နိုင်ငံစွမ်းအားကို ထုတ်သုံးနိုင်ပါတယ်။ ဒါကြောင့် အားသာချက် စွမ်းဆောင်ရည် ကြီးကြီးမားမားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

စကားပုံ တစ်ခုရှိပါတယ်။ မျှော်လင့်ချက်အတွက် ဘယ်တော့မှ လက်မလျှော့ပါနဲ့။

ဒါပေမဲ့လည်း တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်နှစ်လုံးက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။

ထန် ထန် ထန်။

လောကဘုံ စွမ်းအားကြောင့် ဖြစ်ပေါ်လာတဲ့ ချိန်းကြိုးတွေက အဆက်မပြတ် ဇော့ယမ်းလာပြီး ကြည့်ရတာ ပိုက်ကွန်တစ်ခုပုံစံမျိုးနဲ့ မိုးကောင်းကင်ကို ဆန့်ကျင်ဝံ့တဲ့ ဘယ်လိုသက်ရှိမျိုးကိုမဆို သေခြင်းတရားနဲ့ အုပ်လျှောင်နိုင်တဲ့ ပုံစံမျိုးပါပဲ။

မာထိုပေါင်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့် နှစ်လုံးက သူ့ရဲ့အကန့်အသတ် ဖြစ်ပါတယ်။ သူက အခုချိန်မှာ ပြန်ပြီးတော့ တိုက်ခိုက်နိုင် သေးတယ်ဆိုပေမဲ့ ဒါက လူသားစွမ်းရည် အကန့်အသတ် တစ်ခု ဖြစ်ပါတယ်။ သူ့စွမ်းအားတွေ ကုန်ခမ်းသွားတဲ့ အခါကျရင် ကောင်းကင်တာအို မျက်လုံးက သူ့ကို ပြန်ပြီးတော့ သတ်ပစ်သွား ပါလိမ့်မယ်။

“အရှင်မင်းကြီး”

ဘုရင်ခုနစ်ပါးက ညင်သာစွာနဲ့ တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူတို့ရဲ့ အမူအရာကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် တင်းမာခက်ထန်လို့ လာပါတယ်။ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ အကျော်တုန်းက သူတို့တွေလည်း ဒီအဆင့်ကို သွားခဲ့ဖူးပါတယ်။ မာထိုပေါင်က သူ့ရဲ့ အကန့်အသတ်ကို မချိုးဖျက်နိုင်သေးပါဘူး။ ပြီးတော့ သူတို့တွေက မိုးကောင်းကင်ကို ခွဲဖွင့်ပြီး စွန့်စားဖို့ကို လက်လျော့ခဲ့ရပြီး ကောင်းကင်တာအို မျက်လုံးရဲ့ အပြစ်ပေးမှုကနေ ပုန်းကွယ်နေခဲ့ရပါတယ်။ သူတို့က အချိန်အရှည်နဲ့အတူ သူတို့ကိုယ်သူတို့ ပိတ်ဆို့ထားခဲ့ ရပါတယ်။

သူတို့တွေက သူတို့ရဲ့ ကျရှုံးမှု ကံကြမ္မာဆိုးကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ပြန်ခံစားရပြီး ရန်ကြွေးအသစ် နောက်တစ်ကြိမ် ချန်ထားရဦးမှာလား။

"ဟားဟားဟား အချိန်တွေ အများကြီး ဖြတ်ကျော်ခဲ့ပြီးတော့

ငါက နည်းနည်းလေးမှ မတိုးတက် လာနိုင်ဘူးလို့ မင်းထင်နေတာလား”

ကျယ်လောင်တဲ့ အော်သံနဲ့အတူ မာထိုပေါင်ရဲ့ ခန္ဓာကိုယ်က လုပ်ခါသွားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက အမှန်တကယ်ပဲ ဆန့်ထွက်လာခဲ့ပါတယ်။

မူလတုန်းက သူက မပုပဲ သာမန်လူတစ်ယောက်ရဲ့ အမြင့်ရှိပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ခန္ဓာကိုယ် လုံးပတ်က အံ့အားသင့်စရာ ကောင်းလောက်အောင် ကြီးမားနေပြီးတော့ သူ့ပုံစံကို ပုသွားတယ်လို့ ထင်ရပါတယ်။ အခု သူ့ရဲ့ခန္ဓာကိုယ် လုံးပတ်က လျင်မြန်စွာနဲ့ ကျုံ့လာပြီး သူ့ခန္ဓာကိုယ်က ရှည်လာခဲ့ပါတယ်။

ခဏလေး အတွင်းမှာ သူ့အရပ်က ဆယ်မီတာထိ ရှည်လာပြီး သူ့ခန္ဓာကိုယ်က ရှည်ပြီးတော့ သွယ်လာခဲ့ပါတယ်။

သူကိုဘယ်သူက ဖက်တီးလို့ ပြောဦးမှာလဲ။

သူက ခန့်ညားပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ယောက်ျားတစ်ယောက် ဖြစ်ပါတယ်။

"ခေါင်းဆောင်"

ဘုရင်ခုနစ်ပါးရဲ့ ပါးပေါ်ကို မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။ ဒါက သူတို့ရဲ့ဘုရင်၊ အရမ်းကို ခန့်ညားပြီး သူတို့တောင် မနာလို ဖြစ်ရတဲ့ သူတို့ရဲ့ ခေါင်းဆောင်ပါ။

မာထိုပေါင်က မဝတော့ပါဘူး။ ကျယ်လောင်တဲ့ အသံနဲ့အတူ ပိုမိုများပြားတဲ့ နိုင်ငံစွမ်းအားက သူ့ခန္ဓာကိုယ် အထဲကို တိုးဝင်လာခဲ့ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို ထပ်ပြီးတော့ တိုးလာစေခဲ့ ပါတယ်။

ပုန်း။

သူ့ခန္ဓာကိုယ်ကို ကြည့်ရတာ အချိန်မရွေး ပေါက်ကွဲထွက်တော့မဲ့ အတိုင်းပါပဲ။ ပထမ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးပဲ ရှိပါတယ်။ ဒါပေမဲ့ အခုတော့ သူက အံ့အားသင့်စရာ ကောင်းလောက်အောင် ကျန်းမာတောင့်တင်းတဲ့ ခန္ဓာကိုယ် ဖြစ်လာပါတယ်။ ကြွက်သားတွေက ဖုထစ်ကြွရွနေပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကိုတောင် ဖျက်ဆီးပစ်နိုင်တဲ့ စွမ်းအားတွေက ပေါက်ကွဲပြီး ထွက်လာတော့မဲ့အတိုင်း ထင်ရပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်သုံးလုံး။

လင်းဟာန်က ရုတ်တရက် သတိပြုမိသွားပြီးတော့ ပြောလိုက်ပါတယ်။

“ဒီဖက်တီးက ထူးခြားတဲ့ နည်းစနစ် တစ်ခုကို

ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့ကို သာမန်အချိန်တွေမှာ အံ့အားသင့်စရာကောင်းအောင် သူ့ကို ဝစေခဲ့တယ်။ အမှန်တော့ ဒါက ထူးခြားတဲ့ ခန္ဓာကိုယ် ကျင့်ကြံခြင်း နည်းလမ်းတစ်ခုဖြစ်ပြီး သူ့ခန္ဓာကိုယ်ရဲ့ ခံနိုင်ရည်ကို အကြီးအကျယ် တိုးလာစေလိမ့်မယ်”

မာထိုပေါင်လို ပါရမီရှင် တစ်ယောက် အတွက်တော့ မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ တစ်ကြိမ် ကျရှုံးသွားပြီးတဲ့နောက်မှာ ဘယ်လိုလုပ်ပြီးတော့ အရင်တုန်းက အမှားမျိုးကို နောက်တစ်ကြိမ် ထပ်ပြီး ကျူးလွန်ဦးမှာလဲ။

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံး ကွာဟချက်က မိုးကောင်းကင်နဲ့ မြေကြီး အကြားက ကွာခြားမှုနဲ့ တူပါတယ်။

ကောင်းကင်တာအိုရဲ့ မျက်လုံးက သူ့ရဲ့တိုက်ပွဲစွမ်းရည် အကန့်အသတ်ကို ရောက်ရှိသွားခဲ့ ပါပြီ။ ပြီးတော့ မာထိုပေါင်လည်း ထိုနည်းအတူတူပါပဲ။ သူ့ရဲ့နဖူးအပေါ်က ထောင်နေတဲ့ သွေးကြောတွေကို ကြည့်ခြင်းအားဖြင့် ဒီလိုမျိုး တိုက်ပွဲစွမ်းရည်ကို အချိန်အကြာကြီး ထိန်းထားဖို့ သူ့အနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း မာထိုပေါင်မှာ တိုက်ပွဲစွမ်းရည် ကြယ်တစ်လုံး အားသာချက်ရှိပြီးတော့ ဒါက အရမ်းကို အတိမ်းအစောင်း မခံနိုင်ပါဘူး။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

သူ့ရဲ့ တောင်နဲ့မြစ် ပုဆိန်ကို အဆက်မပြတ် ဝှေ့ယမ်းတိုက်ခိုက်မှုနဲ့ ကောင်းကင်တာအို မျက်လုံးက ဆက်တိုက်လွင့်ထွက်သွားရပါတယ်။ နစ်ကြိမ်တိုင်တိုင်

စုတ်ဖြဲခံလိုက်ရတဲ့ နေရာက ချက်ချင်းဆိုသလို
ပွင့်ထွက်သွားပြီး သွေးတွေစီးကျလာခဲ့ပါတယ်။

“သက်တော်ရာကျော် ရှည်ပါစေ”

သူတို့အောက်မှာ ဩဘာပေးတဲ့ အသံက
ပင်လယ်လှိုင်းလုံးကြီး တစ်ခုလိုမျိုး ပန်းထွက်လာခဲ့ ပါတယ်။

လင်းဟန်တောင်မှ သူ့ရဲ့သွေးတွေ ပွက်ပွက်ဆူလာသလို
ခံစားလိုက်ရပါတယ်။ ကောင်းကင်တာအို မျက်လုံးက
နှစ်ကြိမ်တိုင်တိုင် ဒဏ်ရာရသွားပေမဲ့ အဲဒါက တန်ခိုးရှင်
တစ်ယောက်ရဲ့ လုပ်ရှားမှုကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့
အခုတော့ ဘယ်လိုလဲ။ နောက်ဆုံးမှာ သေမျိုးတစ်ယောက်ရဲ့
လက်ချက်ကြောင့် ဒဏ်ရာရသွားခဲ့ပါပြီ။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

ကြယ်နှစ်ဆယ့်သုံးလုံးက ကောင်းကင်တာအို
မျက်လုံးကိုတောင် ဖိနှိပ်နိုင်ပါတယ်။

ကောင်းကင်တာအို မျက်လုံးက သွေးတွေ စီးကျနေပြီး
မိုးရေစက်တွေအလား အောက်ကို ရွာကျလို့ နေပါတယ်။
ဒါက လောကဘုံရဲ့ ဂမ်းနည်းပူဆွေးခြင်း ဖြစ်ပါတယ်။

"ငါ ဒီနေ့မှာ မိုးကောင်းကင်ကို ရှုံးနိမ့်အောင် လုပ်ပြီးတော့
ငါ့ရဲ့နိုင်ငံကို တည်ထောင်မယ်"

မာထိုပေါင်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး
သူ့ရဲ့ခံ့ညားထယ်ဝါတဲ့ ဟန်ပန်အမူအရာနဲ့
ကြေညာလိုက်ပါတယ်။ တောင်နဲ့မြစ် ပုဆိန်ကနေ
အလင်းရောင်တွေ တလက်လက် တောက်ပလို့ နေပြီးတော့
ကောင်းကင်တာအို မျက်လုံးပေါ်က ဒဏ်ရာကလည်း
ပိုပြီးတော့ ကြီးမားလာ ခဲ့ပါတယ်။

ပထမတော့ တကယ်လို့ ကောင်းကင်တာအို မျက်လုံးက သူ့အတွက် ပြိုင်ဘက်မဟုတ်ဘူး ဆိုရင်တောင် လွယ်လွယ်နဲ့ ရှုံးနိမ့်သွားစရာ မရှိပါဘူး။ ဒါပေမဲ့ ကောင်းကင်တာအို မျက်လုံးက အဆုံးမဲ့ လက်ရွေးစင်နှစ်ယောက်ရဲ့ မကြုံစဖူး တိုက်ခိုက်မှုကြောင့် အရင်က နှစ်ကြိမ်တိုင်တိုင် ဒဏ်ရာရခဲ့ပြီး သူ့ရဲ့ တက်ကြွမှုက အကြီးအကျယ် လျော့ပါးသွားခဲ့ပါတယ်။ ပြီးတော့ အခု စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်သုံးလုံးရှိတဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ တွေ့လိုက်ရတဲ့ အခါမှာတော့ နောက်ဆုံးမှာ ရေနစ်သူကို ဝါးကူထိုးသလို ဖြစ်သွားပါတယ်။

ကောင်းကင်တာအို မျက်လုံးက ရှုံးနိမ့်ပြီး ဖြည်းဖြည်းချင်း အနောက်ကို ဆုတ်သွားခဲ့ပါတယ်။ မိုးကောင်းကင်ကနေ သွေးမျက်ရည်ကျပြီး ကမ္ဘာကြီးထဲမှာ ကျယ်လောင်တဲ့ အော်ဟစ်သံတွေ ပဲ့တင်ထပ်သလိုမျိုး လူတွေရဲ့ သွေးကို ဆူပွက်လာစေခဲ့ပါတယ်။ ဒါက သူရဲကောင်း တစ်ယောက် အတွက် အားပေးတိုက်တွန်းခြင်း တစ်ခု ဖြစ်ပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်ခြင်းက ကမ္ဘာငယ်လေး တစ်ခုရဲ့

အရေးအကြီးဆုံးနဲ့ ကြီးကျယ်ခမ်းနားဆုံးသော
လုပ်ဆောင်ချက် တစ်ခု ဖြစ်ပါတယ်။

“ချေမှုန်းပစ်လိုက်”

မာထိုပေါင်က ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး
တောင်နဲ့မြစ် ပုဆိန်က သူ့ရဲ့ အတောက်ပဆုံး တိုက်ခိုက်မှုကို
ထုတ်ဖော်လိုက်ပါတယ်။

ဟုမ်း။

ကောင်းကင်တာအို မျက်လုံးက တကယ်ပဲ ပိုင်းဖြတ်ခံလိုက်
ရပြီးတော့ အဆုံးမရှိတဲ့ သွေးတွေ စီးကျလာခဲ့ကာ
မိုးကောင်းကင် တစ်ဂက်လောက်ကို ပြည့်သွားသလိုပါပဲ။
သွေးတွေက စီးကျနေသလို အဆက်မပြတ် လောင်ကျွမ်းလို့
နေပါတယ်။ မြေကြီးပေါ်ကို မရောက်ခင် သွေးတွေက

ပြာအဖြစ်ကို လောင်ကျွမ်းသွားခဲ့ပါတယ်။

မာထိုပေါင်က ပုဆိန်ကို ပြန်ရုပ်သိမ်းလိုက်ပြီး မိုးကောင်းကင်ကို ကြည့်လိုက်ပါတယ်။ အခုဆို ခလုတ်တိုက်မဲ့ အတားအဆီးကို ရှင်းပစ်ပြီးပါပြီ။ သူက လောကဘုံရဲ့ အတားအဆီးကို ချိုးဖျက်ပြီး ကြီးမားတဲ့ အပေါက်ကြီးတစ်ခု စုတ်ဖြဲပစ်ဖို့ပဲ လိုပါတော့တယ်။ အဲဒီနောက် သူက ဒီဘုံတစ်ခုလုံးကို တန်ခိုးရှင်ဘုံကို သယ်ဆောင်သွား နိုင်ပါတော့မယ်။

"ပွင့်စမ်း"

သူက ကျယ်လောင်စွာ အော်လိုက်ပြီး တောင်နဲ့မြစ် ပုဆိန်ကို အမြင့်ကြီးမြှောက်ကာ မိုးကောင်းကင်ကို အကြင်နာမဲ့စွာနဲ့ တိုက်ခိုက်လိုက်ပါတယ်။

တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်သုံးလုံးရှိတဲ့ တိုက်ခိုက်မှုတွေ တစ်ခုပြီးတစ်ခု တရစပ် ပေါက်ကွဲ ထွက်လာခဲ့ပါတယ်။

ကျွမ်းကျင်မှာကြီးက စုတ်ပြဲလာပြီး စကြာဂဠာ လေဟာနယ်ရဲ့ မည်းမှောင်မှုက သူတို့ရဲ့ အရှေ့မှာ မရှိတော့ပဲ မြူတွေဆိုင်းနေပြီး ဝိုးတိုးဝါးတား မြင်ကွင်းတစ်ခု ထွက်ပေါ်လာပါတယ်။ ဒါမြင်ကွင်းက မှုန်ဝါးဝါး ဆိုပေမဲ့ အားလုံးက ကျွမ်းအသစ် တစ်ခုကို ဝိုးတိုးဝါးတားနဲ့ လှမ်းမြင်နိုင်ပါတယ်။

အဲဒါက တန်ခိုးရှင်ဘုံများ ဖြစ်နေမလား။

မာထိုပေါင်က သူ့ရဲ့နတ်ဘုရား ခွန်အားကို ပိုပြီးတော့တောင် ထုတ်ဖော်နေပါတယ်။ တောင်နဲ့မြစ် ပုဆိန်နဲ့ အရှုးအမူး ခုတ်ပိုင်းပြီး ဒီမှုန်ဝါးဝါး အရာကို ခုတ်ဖြတ်ပစ်ဖို့ ဆုံးဖြတ်ထားပါတယ်။

ပွင့်စမ်း။ ပွင့်စမ်း။ အဲဒါက တကယ်ပဲ ပွင့်လာခဲ့ပါတယ်။ အဲဒီကဒ္ဒမှာကြီးရဲ့ ရှုခင်းက ပိုပိုပြီးတော့ ကြည်လင်လာခဲ့ပါတယ်။

လင်းဟာန်လည်း စိတ်လှုပ်ရှားလာပြီး သူ့လက်တွေကို လက်သီးတွေအဖြစ် တင်းတင်းပါအောင် ဆုပ်ကိုင်ပြီး အရမ်းကို စိတ်ဖိစီးနေပုံ ပေါ်နေပါတယ်။

ရွှပ်။

ဒါပေမဲ့လည်း အဲဒီအချိန်မှာ ဓားအလင်းရောင် တစ်ချက် လက်သွားပြီး အဲဒီမိုးကောင်းကင် အပိုင်းစကနေ ထွက်ပေါ်လာပြီး မာထိုပေါင်ကို တန်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

Chapter 863 end

အပိုင်း(864) တန်ခိုးရှင်ဘုံက တိုက်ခိုက်မှု

ဒီတိုက်ခိုက်မှုက ဓားအလင်းတန်း တစ်ခု ဖြစ်ပြီးတော့ မီတာသုံးထောင်လောက် ရှည်ပြီး နတ်ဘုရား လွှန်ပူတစ်ချောင်းလိုမျိုးနဲ့ တူပါတယ်။

ဒါက အရမ်းကို မထင်မှတ်ပဲ ဖြစ်လာခဲ့ပြီး ဘယ်သူကများ ဆန့်ကျင်ဘက် မိုးကောင်းကင်ကနေ သူတို့ဆီကို တိုက်ခိုက်မှုတစ်ခု ထွက်ပေါ်လာလိမ့်မယ်လို့ ထင်မှတ်ထားမိကြလိမ့်မှာလဲ။ နောက်ပြီးတော့ ဒီတိုက်ခိုက်မှုရဲ့ ခွန်အားက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီး စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို သေချာပေါက် ကျော်လွှန်ပါတယ်။ ဒါက မီတာသုံးထောင် ရှည်လျားတဲ့ ဓားအလင်းတန်းတစ်ခု ဖြစ်ပြီးတော့ ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကိုတောင် လုံးလုံးလျားလျား ဖျက်ဆီးပစ်နိုင်သလိုပါပဲ။

“ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင်တွေ”

လင်းဟန်က ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး သူ့မျက်လုံးတွေထဲမှာ သတ်ဖြတ်ခြင်း ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။

တကယ်ပါပဲ။ ဂိုဏ်းကြီးငါးဂိုဏ်းက လုပ်ရှားမှု မရှိပဲ ငြိမ်သက်နေတာ မဟုတ်ပါဘူး။ သူတို့က အချိန်ကောင်းကို စောင့်ဆိုင်းပြီးတော့ ချောင်းမြောင်းလုပ်ကြံ တိုက်ခိုက်ခဲ့တာပါ။

လင်းဟန်က ရီရွှမ်ရှမ် အရင်ပြောဖူးခဲ့တာကို အမှတ်ရလိုက်မိပါတယ်။ တကယ်လို့ လူတစ်ယောက်က လေဟာနယ်ကို စုတ်ဖြဲပြီး ဒီနေရာကနေ ထွက်မယ်ဆိုရင် တန်ခိုးရှင် ဘုံထဲမှာ ဂိုဏ်းကြီးငါးဂိုဏ်း တည်ရှိတဲ့ နေရာမှာ သွားပြီးတော့ ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ဂိုဏ်းကြီး ငါးဂိုဏ်းက သတ်ဖြတ်ခြင်း ဂဏ်ပါ တစ်ခုကို နေရာအသီးသီးမှာ ချထားပြီးတော့ အောက်ဘုံမှာ ရှိတဲ့

ဘယ်စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်ကိုမှ အသက်ရှင်လျက်နဲ့ ထွက်မလာနိုင်အောင် လုပ်ခဲ့တာပါ။

ဒါပေမဲ့လည်း မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ ကိစ္စမှာတော့ တကယ်လို့ တစ်ယောက်ယောက်က အောင်မြင်သွားခဲ့ရင် ဘုံတစ်ခုလုံးက တန်ခိုးရှင်ဘုံထဲကို ဝင်သွားပါလိမ့်မယ်။ အဲဒါက တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းဥပဒေကို ဆွဲထုတ်ပြီး အောက်ဘုံကို တန်ခိုးရှင်ဘုံရဲ့ အစိတ်အပိုင်း တစ်ခုအဖြစ် ဖြစ်စေပါတယ်။

အနည်းဆုံး ဒီကုန်းမြေက မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ စွမ်းအားကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပဲ သေချာပေါက် အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ မိုးကောင်းကင်က ကွဲပွင့်လာခဲ့ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက ဒီပွင့်နေတဲ့

မိုးကောင်းကင်ကနေ အံ့အားသင့်စရာ တိုက်ခိုက်မှုနဲ့ တိုက်ခိုက်လိုက်ပါတယ်။ သူတို့တွေ မာထိုပေါင်ကို သတ်ပစ်နိုင်တာနဲ့ ဒီမိုးကောင်းကင်ကို ဖွင့်တဲ့ စွန့်စားမှုက ကျရှုံးသွား ပါလိမ့်မယ်။

ဒါက သေချာပေါက် တန်ခိုးရှင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုတစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ကျော်လွန်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ ဒီတိုက်ခိုက်မှုက တန်ခိုးရှင်ဘုံကနေ လာခဲ့တာ ဖြစ်ပြီးတော့ တကယ်လို့ ဒီတိုက်ခိုက်မှုက ကောင်းကင်ကို ခွဲနေတာကနေ ထွက်လာခဲ့တယ် ဆိုရင်တောင် အတော်လေး အားနည်းနေဆဲ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ အောက်ဘုံမှာ ဘယ်သူကများ တန်ခိုးရှင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို တောင့်ခံနိုင်မှာလဲ။

ဒါပေမဲ့ ဒီလိုဆိုမှတော့ ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားနေပြီး မာထိုပေါင်က အဲဒါကို ပျက်ပြယ်သွားစေနိုင်စွမ်း ရှိမှာလား။ တစ်ခုသိထားရမှာက သူက အခု မိုးကောင်းကင်ကို ခွဲနေတာဖြစ်ပြီး ကြီးမားတဲ့ ဖိအားတစ်ခုအောက်မှာ ရောက်နေပါတယ်။ မာထိုပေါင်က အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ တောင်နဲ့မြစ် ပုဆိန်ကို ကိုင်ပြီးတော့ ဂင်လာတဲ့ တိုက်ခိုက်မှုကို သူက ရှေ့တိုးပြီး ဆီးကြိုလိုက်ပါတယ်။

ပုန်း။

ညည်းတွားသံ တစ်ခုနဲ့အတူ ဓားအလင်းတန်းက သူ့ရဲ့ပစ်မှတ်ကို ထိမှန်သွားခဲ့ပါတယ်။ မာထိုပေါင်က ချက်ချင်းဆိုသလို မီတာရာဂဏန်း အနည်းငယ် လွင့်ထွက်သွားခဲ့ပါတယ်။ မြင့်မားတဲ့ အရှိန်အဟုန်နဲ့

လွင့်ထွက်သွားတာကြောင့် ပတ်ဂန်းကျင် လေထုက မီးထတောက်လာပြီး မီးတောက်အတန်းကြီးတစ်ခု ဖြစ်လာပြီး နဂါးတစ်ကောင်က မီးမှုတ်လိုက်သလိုမျိုးနဲ့ တူပါတယ်။

သူက အဲဒါကို တားဆီးလိုက်တယ်။

ဒါပေမဲ့ ပြဿနာက သူတို့အထက်မှာရှိတဲ့ ပွင့်နေတဲ့ မိုးကောင်းကင်ကလည်း ပြန်ပြီးတော့ ပိတ်သွားခဲ့ပါတယ်။

မာထိုပေါင်က လျှင်လျှင်မြန်မြန်နဲ့ ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ မိုးကောင်းကင်ကို နောက်ထပ် တိုက်ခိုက်မှုတွေ ထုတ်လွှတ်လိုက်ပါတယ်။ ရှပ် ရှပ် ရှပ် ရှပ်။ တိုက်ခိုက်မှု အနည်းငယ်နဲ့အတူ မိုးကောင်းကင်က နောက်တစ်ကြိမ် ပြန်ပွင့်လာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ဓားအလင်းတန်း တစ်ခုက နောက်တစ်ကြိမ် သူ့ဆီကို ပြေးဝင်တိုက်ခိုက် လာခဲ့ပါတယ်။

ဒါကို ဘာမှမတတ်နိုင်ပါဘူး။ မာထိုပေါင်က ပုဆိန်ကို ဖော့ယမ်းပြီးတော့ ဒီတိုက်ခိုက်မှုကို ရင်ဆိုင်လိုက်ရပါတယ်။ ဒါပေမဲ့ ဒီလိုနဲ့ပဲ အစောပိုင်းက သူကြိုးစားအားထုတ်မှုတွေက အလဟဿ ဖြစ်သွားခဲ့ပြီး ပွင့်နေတဲ့မိုးကောင်းကင်က နောက်တစ်ကြိမ် ပြန်ပြီးတော့ ပိတ်သွားပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ဒီလုပ်ရှားမှုက တကယ်ပဲ အရမ်းကို ဆိုးယုတ်ပါတယ်။

သူက အဲဒါကို တားဆီးနိုင်မလား။ ဒါမှမဟုတ် မတားဆီးနိုင်ဘူးလား။

တကယ်လို့ သူက ဒီတိုက်ခိုက်မှုကို တားဆီးမယ်ဆိုရင် မိုးကောင်းကင်ကို ဖွင့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူက မတားခဲ့ဘူးဆိုရင် သူ့အနေနဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွား နိုင်သလို တန်းပြီးတော့

အသတ်ခံလိုက် ရနိုင်ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ ဒါက မကောင်းပါဘူး။ ဂိုဏ်းကြီးငါးဂိုဏ်းက တကယ်ပဲ အရမ်းကို မျက်နှာပြောင်တိုက်ပြီး အရှက်ကင်းမဲ့ပါတယ်။ သူတို့ရဲ့ တန်ခိုးရှင် အဆင့်အတန်းကို အသုံးချပြီးတော့ ဂင်ရောက်စွက်ဖက်နေပါတယ်။ နောက်ပြီးတော့ တန်ခိုးရှင် ဘုံနဲ့လည်း သူတို့က ဝေးပါသေးတယ်။ ပြီးတော့ အဲဒီကနေ သူတို့ကို မဟာဂင်္ဂါပါ တစ်ခုနဲ့ ခွဲခြားထားပါတယ်။ ဒါကြောင့် ဘယ်သူကများ အဲဒီမဟာဂင်္ဂါကို တရကြမ်း တိုးဂင်ပြီးတော့ သူတို့ကို တားဆီးနိုင်မှာလဲ။

တကယ်လို့ သူတို့မှာ ဒီလိုမျိုး စွမ်းအားရှိရင် လက်တစ်ဖက်တည်းနဲ့ သူတို့က မိုးကောင်းကင်ကို လွယ်လွယ်လေး ခွဲပစ်နိုင်မယ် မဟုတ်လား။

ကြည့်ရတာ အခုပြဿနာက အဖြေရှိပုံ မရပါဘူး။ မာထိုပေါင်က ထောင်ချောက်မှာ မိနေတဲ့ သားရဲတစ်ကောင်နဲ့

တူပြီးတော့ မိုးကောင်းကင်ရဲ့ အဝေးကို ပို့ခံရပြီး တချိန်တည်းမှာဆိုသလို တန်ခိုးရှင်ဘုံက တိုက်ခိုက်မှုတွေကို ပြန်ပြီးတော့ ခုခံနေရပါတယ်။ ဒါပေမဲ့ သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်က လျှို့ဝှက်နည်းစနစ် တစ်ခုကို အတင်းအကျပ် အသက်သွင်းထားတာ ဖြစ်ပြီးတော့ အချိန်အကြာကြီး ထိန်းသိမ်းထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီနောက် မိုးကောင်းကင်ကို ခွဲဖွင့်တာကို အဆုံးသတ်လိုက်ရင် ဒီတကြိမ် စွန့်စားမှုကလည်း ကျရှုံးသွားပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း လျော့ကျသွားပါလိမ့်မယ်။

ဒါက ဂိုဏ်းကြီးငါးဂိုဏ်း လိုချင်နေတဲ့ အရာ ကွက်တိပဲ ဖြစ်ပါတယ်။ တကယ်လို့ မင်းက တန်ခိုးရှင်ဘုံကို မဖင်နိုင်ဘူးဆိုရင် တန်ခိုးရှင်တစ်ယောက် ဖြစ်လာလိမ့်မှာ မဟုတ်ဘူး။ ပြီးတော့ တန်ခိုးရှင်တစ်ယောက် မဖြစ်လာနိုင်ဘူးဆိုရင် မင်းရဲ့အသက်က အများဆုံး နှစ်ပေါင်း တစ်ထောင်ကျော်ကျော်ပဲ ရှိပါလိမ့်မယ်။ အဲဒီနောက် မင်းသေသွားရလိမ့်မယ်။

“အရှင်မင်းကြီး”

ဘုရင်ခုနစ်ပါးလုံးက တပြိုင်နက်တည်း ပျံသန်းလာပြီးတော့ သူတို့ရဲ့ အုပ်ချုပ်သူကို ကူညီဖို့ ပြင်လိုက်ပါတယ်။

“နောက်ဆုတ်”

မာထိုပေါင်က အော်လိုက်ပါတယ်။

ဘုရင်ခုနစ်ပါးက သူ့ထက် တိုက်ပွဲစွမ်းရည် ကြယ်အနည်းငယ် နိမ့်ကျတယ် ဆိုပေမဲ့ သူ့ရဲ့အကန့်အသတ်ကို အခြေခံပြီး တိုက်ပွဲစွမ်းရည်ကို တိုးမြှင့်ပြီးတဲ့ နောက်မှာတော့ ကြယ်တစ်လုံး ကွာခြားချက်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေအကြားက ကွာခြားချက်နဲ့ တူနေပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူတို့တွေက ကြယ်လေးလုံး ငါးလုံးရဲ့

ကွာဟချက်ကို ဖာထေးနိုင်မှာလဲ။

တကယ်လို့ ဘုရင်ခုနစ်ပါးက တန်ခိုးရှင်ဘုံက တိုက်ခိုက်မှုကို ရင်ဆိုင်မယ်ဆိုရင် သူတို့က အဲဒါကို တားဆီးနိုင်လိမ့်မှာ မဟုတ်ပါဘူး။ တစ်ချက်တည်းနဲ့ သူတို့အားလုံး သေသွားပါလိမ့်မယ်။ ပြီးတော့ အဲဒါက မာထိုပေါင်ရဲ့ အာရုံစိုက်မှုကို အကြီးအကျယ် အနှောင့်အယှက် ဖြစ်စေပါလိမ့်မယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ပေးတဲ့ နည်းစနစ်သာ အနှောင့်အယှက် ဖြစ်သွားရင် ရလာဒ်က ပိုပြီးတော့တောင် ဆိုးဝါးသွားပါလိမ့်မယ်။

ဒီအော်သံကြောင့် ဘုရင်ခုနစ်ပါးက ရုတ်ခြည်းဆိုသလို ရပ်လိုက်ပါတယ်။ သူတို့အားလုံးက စိုးရိမ်ပူပန် နေကြပေမဲ့ အခုတော့ သူတို့က ချက်ချင်းပဲ သတိပြန်ဝင်လာခဲ့ပါတယ်။ တကယ်လို့ သူတို့တွေ ကူညီလိုက်ရင် ရလာဒ်က သူတို့လိုချင်တာရဲ့ ဆန့်ကျင်ဘက် ဖြစ်သွားပါလိမ့်မယ်။

အခု စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

ကြယ်နှစ်ဆယ်လုံးကို မရောက်သေးသရွေ့ မဟုတ်ဘူး
နှစ်ဆယ်လုံးတောင် လှလောက်လိမ့်မှာ မဟုတ်ဘူး။
အနည်းဆုံး နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံးပွင့် ရှိနေမှ မာထိုပေါင်ရဲ့
ဂန်ထုပ်ဂန်ပိုးကို ဝေမျှနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့ အောက်ဘုံတစ်ခုလုံးမှာ ဒီလိုမျိုး အဆုံးမဲ့
လက်ရွေးစင်တစ်ယောက် ရှိပါဦးမလား။

မရှိဘူး။ တစ်ယောက်မှ မရှိဘူး။

မာထိုပေါင် တစ်ယောက်တည်းပဲ တိုက်ခိုက်နိုင်ပါတယ်။
ဒါမှမဟုတ်ရင် မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ အကြံအစည်ကို
လက်လျော့လိုက်ရပါမယ်။

ဒါက ဆုံးဖြတ်ချက်ချဖို့ တကယ့်ကို ခက်ခဲတဲ့ အရာတစ်ခု
ဖြစ်ပါတယ်။

“ငါက မိုးကောင်းကင်ကို ဖွင့်မယ်လို့ ပြောခဲ့တယ်။ ဒါကြောင့် ဒီနေ့ မိုးကောင်းကင်က သေချာပေါက် ပွင့်ရမယ်”

မာထိုပေါင်က လေးလေးနက်နက်နဲ့ ကြေညာလိုက်ပါတယ်။ ဝုန်း။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ အဖြူရောင် အလင်းတန်းကြီးတစ်ခု ဖြာထွက်လာပြီးတော့ သူက တန်ခိုးရှင်ဘုံက တိုက်ခိုက်မှုတွေကို လုံးဝလျစ်လျူရှုပြီးတော့ မိုးကောင်းကင်ကို ဖွင့်ဖို့ အပေါ်မှာပဲ အာရုံစိုက်ပြီး ပုဆိန်ကို အားကုန်ဝှေ့ယမ်းလိုက်ပါတယ်။

ဖူး ဖူး ဖူး။

ဓားအလင်းတန်းတွေက သူ့ကိုယ်ပေါ်ကို မရပ်မနား တိုက်ခိုက်လာခဲ့ပြီး သွေးတွေပန်းထွက် လာခဲ့ပါတယ်။ ဒါပေမဲ့လည်း မာထိုပေါင်က ဘာကိုမှ မခံစားရသလိုမျိုး

ပုဆိန်ကို ဆက်ပြီးတော့ ဝှေ့ယမ်းလိုက်ပါတယ်။

မိုးကောင်းကင်ကို လုံလောက်တဲ့ ပမာဏထိ ဖွင့်နိုင်တာနဲ့ အောက်ဘုံက ကမ္ဘာငယ်လေးရဲ့ စုပ်ယူခြင်းကနေ လွတ်မြောက်သွားပြီးတော့ အဓိကကုန်းမြေကြီးတစ်ခုလုံးရဲ့ ပတ်သက်မှု လမ်းကြောင်းကလည်းက ပျက်စီးသွားပါလိမ့်မယ်။

တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းဥပဒေအောက်မှာ အောက်ဘုံက တစ်နေရာရာမှာ ပေါ်ထွက်လာ ပါလိမ့်မယ်။ ပြီးတော့ တန်ခိုးရှင်ကုန်းမြေအသစ် တစ်ခုဖြစ်လာပါလိမ့်မယ်။ အဲဒီနေရာက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ပိုင်နက်ထဲမှာ ဖြစ်နေဖို့ အခွင့်အရေးက 10,000,000,000,000,000 ပုံရင် တစ်ပုံတောင် မရှိပါဘူး။

တန်ခိုးရှင်ဘုံက အရမ်းကို ကြီးမားလွန်းပါတယ်။

ဒါက သူတို့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက် ဖြစ်ပါတယ်။

"အရှင်မင်းကြီး"

ဘုရင်ခုနစ်ပါးက အော်ခေါ်လိုက်ပါတယ်။ သူတို့ရဲ့ အသံတွေက တုန်လှုပ်လို့ နေပါတယ်။ မာထိုပေါင်က သူ့ရဲ့နောက်ဆုံး ခွန်အားကို အသုံးပြုနေပါတယ်။ ဒါက ကမ္ဘာနံပါတ်တစ် သတ်ဖြတ်ခြင်း ဂုဏ်ပါလိုမျိုး သူ့ရဲ့ဝှက်ဖဲဖြစ်ပါတယ်။ သူ့ကိုယ်သူ ကာကွယ်ဖို့ သတ်ဖြတ်ခြင်း ဂုဏ်ပါရဲ့ အသက်ဓာတ်ကို အသုံးပြုပြီးတော့ သူ့ရဲ့လက်ရှိစွမ်းရည်တွေကို အတင်းအကျပ် ထိန်းသိမ်းထားတာ ဖြစ်ပါတယ်။

ဒါက အောင်မြင်ရင် အောင်မြင် မအောင်မြင်ရင် ကြိုးစားရင်း သေရပါလိမ့်မယ်။

သူတို့ရဲ့အောက်မှာတော့ လုံးဂကို တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

အားလုံးက မာထိုပေါင်ရဲ့ အပြုအမူတွေကြောင့် အံ့အားသင့်နေပြီး သူတို့ရဲ့ စိတ်ထဲမှာ အစွမ်းထက်တဲ့ တည်ကြည်လေးနက်မှုတွေနဲ့ ဂမ်းနည်းမှုတွေ မြင့်တက်လို့ လာခဲ့ပါတယ်။

တန်ခိုးရှင်ဘုံရဲ့ အမြင်မှာတော့ သူတို့က သေးငယ်တဲ့ ပုရွက်ဆိတ်လေးတွေပဲ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ တန်ဖိုးက မော်ဆေးလုံးအဖြစ်ကို သန့်စင်ဖို့အတွက် ရိတ်သိမ်းရူးဆွတ် ခံရဖို့ပဲ ထိုက်တန်ပါတယ်။ ဒါပေမဲ့ အခုတော့ မာထိုပေါင်က သူ့ရဲ့အပြုအမူတွေနဲ့ ကမ္ဘာကြီးထဲက လူတွေအားလုံးကို ပြသနေပြီး တန်ခိုးရှင်ဘုံကို သူတို့ဟာ ပုရွက်ဆိတ်တွေ မဟုတ်ဘူး ဆိုတာကို ပြောပြနေပါတယ်။ သူတို့လည်းပဲ သူတို့ရဲ့ ခုခံမှုအတွက် ပြောဆိုခွင့်ရှိပြီးတော့

သူတို့ရဲ့ လက်သီးတွေနဲ့ ကျူးကျော်မှုတွေကို
ထိုးနှက်နိုင်ပါတယ်။

ငါတို့က လူသားတွေ ဖြစ်တယ်။

“မိုးကောင်းကင်ကို ဖောက်ခွဲပစ်”

“အရှင်မင်းကြီး ကြိုးစားထားပါ”

“အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ”

“အရှင်မင်းကြီး အောင်မြင်ပါစေ”

တိတ်ဆိတ်ငြိမ်သက်နေရာကနေ သူတို့အားလုံးရဲ့
မခံချင်စိတ်နဲ့ အော်ဟစ်အားပေးသံတွေက တောင်တွေကို

ပျက်စီးပြီးတော့ ပင်လယ်ပြင်တွေကို လှိုင်းလုံးကြီးတွေ ရိုက်ခတ်သွား စေခဲ့ပါတယ်။ အားလုံးရဲ့ စိတ်ဆန္ဒတွေက မြို့တစ်မြို့နီးနီး ဖြစ်လာပြီး သူတို့ရဲ့ အော်သံတွေနဲ့ မိုးကောင်းကင်ကိုတောင် စုတ်ဖြဲပြီး ဖွင့်တော့မဲ့အတိုင်း ပြင်းထန်လှပါတယ်။

လင်းဟန်၊ ဖန်ပိုယွမ်၊ ဟော့လျန်ထန်းယွင်နဲ့ တခြားသူတွေအားလုံး မတ်တပ်ထရပ်လိုက် ကြပါတယ်။ တချိန်တည်းမှာပဲ ဘယ်သူမှ တည်တည်ငြိမ်ငြိမ်နဲ့ ထိုင်လို့ မရနိုင်တော့ပါဘူး။ သူတို့အားလုံး ခေါင်းကိုမော့ပြီးတော့ မိုးကောင်းကင်ပေါ်မှာရှိတဲ့ တန်ခိုးရှင်ဘုံကို ဆန့်ကျင်နေတဲ့ သူရဲကောင်းတစ်ယောက်ရဲ့ ပုံရိပ်ကို မမိတ်မသုန်နဲ့ ကြည့်နေလိုက် ကြပါတယ်။

မာထိုပေါင် အောင်မြင်သည်ဖြစ်စေ ကျရှုံးသည်ဖြစ်စေ ဒီပုံရိပ်က သူတို့အားလုံးရဲ့ နှလုံးသားထဲမှာ ထာဝရ တံဆိပ်နှိပ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

“ပွင့်စမ်း ပွင့်စမ်း ပွင့်စမ်း”

မာထိုပေါင်က အရှုးအမူးကို တိုက်ခိုက်နေပြီး တောင်နဲ့မြစ်ပုဆိန်ကို အဆုံးမရှိ ဝှေ့ယမ်းပြီး မိုးကောင်းကင်ကို ဖွင့်လှစ်နေပြီ ပိုပြီးတော့ ကြီးသထက်ကြီးလာစေခဲ့ပါတယ်။ ပြီးတော့ အဓိက ကုန်းမြေကြီးတစ်ခုလုံးကလည်း မိုးခြိမ်းသံလို ဆူညံသံတွေ ထွက်ပေါ်လာပြီး ကမ္ဘာမြေကြီးကနေ သူ့ဘာသာသူ မြင့်တက်တော့မဲ့အတိုင်း ဖြစ်လာပါတယ်။

“မိုးကောင်းကင်ကို ဖွင့်လှစ်တာ ငါတို့တွေ အောင်မြင်နိုင်မလား”

“ကုန်းမြေကြီးက တန်ခိုးရှင်ဘုံကို ထိုးတက်တော့မဲ့အတိုင်း တုန်ခါလာတာကို ငါခံစားနိုင်တယ်”

“အရှင်မင်းကြီး အောင်မြင်ရင် ငါတို့လည်း မိုးကောင်းကင်ကို ဖွင့်လှစ်တာ အောင်မြင်ပြီးတော့ တန်ခိုးရှင်ဘုံကို တက်နိုင်လိမ့်မယ်”

လူအုပ်ကြီးက အရမ်းကို စိတ်လှုပ်ရှားနေပြီး သူတို့ရဲ့ ခြေတွေလက်တွေတောင် ကျဉ်သလိုလို ခံစားနေရပါတယ်။ သူတို့အားလုံးရဲ့ စကားတွေတောင် အထစ်ထစ် အငေါ့ငေါ့ ဖြစ်ကုန်ပါတယ်။

လင်းဟန်က မှသားမဲ့ မျက်လုံးကို အသုံးပြုလိုက်ပြီး မိုးကောင်းကင်က တကယ်ပဲ ပွင့်လာတာကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်လိုက်ရပြီး အခုဆိုရင် အလွှာပါးပါးလေး တစ်ခုပဲ ကျန်ပါတော့တယ်။ သူက တန်ခိုးရှင်ဘုံရဲ့ ကုန်းမြေတွေကိုတောင် ရှင်းရှင်းလင်းလင်းနီးပါး တွေ့မြင်ရပြီး အဲဒီမှာ အရမ်းကို သိပ်သည်းတဲ့ စိတ်ဝိညာဉ်ချီတွေကလည်း

ပန်းထွက်နေပါတယ်။

ရှုပ်။

အဲဒီအချိန်မှာပဲ ဓားအလင်းတန်းတစ်ခုက မာထိုပေါင်ရဲ့ ခန္ဓာကိုယ်ကို ခုတ်ချလာခဲ့ပါတယ်။

အားလုံးက အဲဒါကို အာရုံမစိုက်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မာထိုပေါင်က စောစောကပဲ မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေကို ခံစားခဲ့ရပြီး အားလုံးကို တောင့်ခံနိုင်ခဲ့ပါတယ်။ ပြီးတော့ ဒီတစ်ကြိမ်မှာလည်း ဘာမှထူးခြားသွားမှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။

ဒါပေမဲ့လည်း ဒီတိုက်ခိုက်မှု ပြီးသွားတဲ့ နောက်မှာ မာထိုပေါင် ကိုင်ထားတဲ့ တောင်နဲ့မြစ် ပုဆိန်ကို အောက်ကို ခုတ်ချနိုင်စွမ်း

မရှိတော့ပါဘူး။

ဒါက နောက်ဆုံးတိုက်ခိုက်မှု တစ်ခုဖြစ်ပါတယ်။

Chapter 864 end

အပိုင်း(865) မိုးကောင်းကင် ဖွင့်လှစ်မှု ကျရှုံးခြင်း

"အရှင်မင်းကြီး"

ဘုရင်ခုနစ်ပါးက အထိတ်တလန့်နဲ့ အော်လိုက်ကြပါတယ်။

"အရှင်မင်းကြီး"

သူတို့အောက်က တိုင်းသူပြည်သားတွေကလည်း
အော်လိုက်ကြပါတယ်။

လင်းဟန်က ရုတ်တရက် မျက်ခုံးကို ကြုတ်ပြီးတော့ သေချာကြည့်လိုက်ပါတယ်။ သူက မှသားမဲ့ မျက်လုံးကို ပိုင်ဆိုင်ထားတာကြောင့် မာထိုပေါင်ရဲ့ အသက်ဓာတ်စွမ်းအားက လျှင်မြန်စွာနဲ့ ပျောက်ကွယ်လာတာကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်လိုက်ရပါတယ်။

အရင်က မရေမတွက်နိုင်တဲ့ ဓားတိုက်ခိုက်မှုတွေကို သူက ခံစားခဲ့ရပါတယ်။ မာထိုပေါင်က အဲဒီ တိုက်ခိုက်မှုတွေကို ခံနိုင်အောင် သူ့ခန္ဓာကိုယ်ကို အတင်းအကျပ် အသုံးပြုခဲ့ပြီး သူ့ရဲ့ အသက်ဓာတ်နဲ့ သူတို့ကို သန့်စင်ခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တော့ အကန့်အသတ် တစ်ခု ရှိနေပါတယ်။ နောက်ပြီးတော့ တစ်ဖက်မှာက ဘယ်သူများလဲ။ တန်ခိုးရှင်တစ်ယောက်၊ အစစ်အမှန် တန်ခိုးရှင်တစ်ယောက်။ တကယ်လို့ သူ့ရဲ့တိုက်ခိုက်မှုတွေက ဒီနေရာကို ရောက်တဲ့ အခါမှာ လောကဘုံရဲ့ စွမ်းအားကြောင့် အကြီးအကျယ်

အားပျော့သွားတယ် ဆိုရင်တောင်မှ အဲဒီတိုက်ခိုက်မှုတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်တုန်လှုပ်ဖို့ ကောင်းနေပါ သေးတယ်။

ပိုပြီးတော့ အရေးကြီးတာက မိုးကောင်းကင် အပေါက်က ပိုပြီးတော့ ကြီးမားလာလေ တန်ခိုးရှင်ဘုံကလာတဲ့ တိုက်ခိုက်မှုတွေက လောကဘုံရဲ့ စွမ်းအားကြောင့် အားနည်းမှုတွေ ပိုနည်းလာလေပါပဲ။ ပြီးတော့ အဲဒီတိုက်ခိုက်မှုတွေက မာထိုပေါင် အပေါ်ကို ကြီးမားတဲ့ အကျိုးသက်ရောက်မှု ပိုဖြစ်စေပါတယ်။

ဒီနောက်ဆုံး တိုက်ခိုက်မှုမှာ သူက သူ့ရဲ့အကန့်အသတ်ကို ရောက်ရှိသွားခဲ့ပါပြီ။

မာထိုပေါင်ရဲ့ နဖူးပေါ်က သွေးကြောတွေက ဖောင်းလာခဲ့ပါတယ်။ သူက အံကိုကြိတ်ပြီးတော့ ပုဆိန်ကို

နောက်တစ်ကြိမ် ထပ်ပြီး ဖော့ယမ်းလိုက်ပါတယ်။

ဖူး။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ နောက်ထပ်ဓားအလင်းတန်း တစ်ချက် လက်သွားပြီး သူ့ကို ထိမှန်သွား ခဲ့ပါတယ်။ ရှပ်။ ဒီတိုက်ခိုက်မှုက သူ့ရဲ့တိကျမှုကို ဆုံးရှုံးသွားစေပြီး တခြားတစ်နေရာကို ခုတ်မိသွား စေခဲ့ပါတယ်။

မာထိုပေါင်ရဲ့ ခန္ဓာကိုယ်က ဒယိမ်းဒယိုင် ဖြစ်သွားပြီး သူ့ကိုယ်သူ အားတင်းပြီးတော့ ပုဆိန်ကို နောက်တစ်ကြိမ် မြောက်လိုက်ပါတယ်။ ဒါပေမဲ့ တတိယ ဓားအလင်းတန်း ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်ကို ထိမှန်သွားခဲ့ပါတယ်။

ဂုန်း။

မာထိုပေါင်က ချက်ချင်းဆိုသလို မီတာသုံးရာကျော် အဝေးကို လွင့်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက လေထဲမှာ လဲလျောင်းနေပါတယ်။ အချိန်အနည်းငယ် အကြာမှာ သူ့ရဲ့ လက်ချောင်းတစ်ချောင်း လှုပ်လာနိုင်ပါတယ်။ သူက တောင်နဲ့မြစ် ပုဆိန်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ပြီးတော့ သူ့ခြေထောက်တွေက ပြန်ထဖို့ အပြင်းအထန် ရုန်းကန်နေပါတယ်။

သူတို့အောက်က လူတိုင်းလူတိုင်းရဲ့ နှလုံးသားတွေက တစ်စုံတစ်ခု ပျောက်ကွယ်သွားသလိုမျိုး ဟာသွားခဲ့ပါတယ်။ သူတို့တွေက သည်းမခံနိုင်လောက်အောင် အသက်ရှုရကျပ်လာသလို ခံစားရပြီး တချို့ဆိုရင် မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။

"အရှင်မင်းကြီး ဒီလောက်ဆို လုံလောက်ပါပြီ"

"နောက်တစ်ကြိမ် ငါတို့တွေ နောက်တစ်ကြိမ်ကျရင် မိုးကောင်းကင်ကို စုတ်ဖြဲနိုင်ပါလိမ့်မယ်"

“အရှင်မင်းကြီး မင်းသေသွားလိမ့်မယ်”

မာထိုပေါင်က ဖြည်းညှင်းစွာနဲ့ ထလာခဲ့ပါတယ်။ ဒါပေမဲ့ ပုဆိန်ကိုတောင် မမြှောက်ရသေးပဲ နောက်ထပ် ဓားအလင်းတစ်ခုက သူ့ဆီကို တိုက်ခိုက်လာပြီး နောက်တစ်ကြိမ် လွင့်ထွက်သွား စေခဲ့ပါတယ်။

တန်ခိုးရှင်ဘုံက လက်ရွေးစင်တွေက ဒီကိစ္စကို စောင့်ကြည့်နေပြီး မာထိုပေါင် ပြန်ထလာတဲ့ အချိန်ကျမှ တိုက်ခိုက်ပုံ ရပါတယ်။ ဒါက မာထိုပေါင်နဲ့ ကမ္ဘာကြီး တစ်ခုလုံးကို သတိပေးခြင်း ဖြစ်ပြီးတော့ တန်ခိုးရှင်ဘုံကို ဆန့်ကျင်မှုရဲ့ ရလာဒ်ဖြစ်ပါတယ်။

ဒါက ရန်စမှု တစ်ခုလည်း ဖြစ်ပါတယ်။ ငါမင်းရဲ့ မျှော်လင့်ချက်ကို ဖျက်ဆီးပစ်မယ်။ ဒါပေမဲ့ မင်းကဘာများ

တတ်နိုင်မှာလဲ။ မင်းရဲ့ ကံတရားက လောကဘုံ ဆေးလုံးအဖြစ် သန့်စင်ဖို့ပဲ။ မင်းဘယ်လိုပဲ ခုခံပါစေ အဲဒါက အသုံးမဝင်ဘူးလို့ ဆိုလိုနေပါတယ်။

လင်းဟာန်ရဲ့ မျက်ခုံးတွေက ပြင်းပြင်းထန်ထန် တွန့်လိမ်သွားပါတယ်။ သူက စိတ်ထဲကနေ ကျိန်ဆိုလိုက်ပါတယ်။ တန်ခိုးရှင်ဘုံကို သူဝင်ပြီးတဲ့နောက်မှာ ဂိုဏ်းကြီးငါးဂိုဏ်းကို အမြစ်ကနေ လှန်ပစ်ပါမယ်။ ဒီအတွက် တန်ရာတန်ကြေးကို ပြန်ပြီးတော့ တောင်းဆိုပြီး သူတို့ထဲက တစ်ယောက်မှ ချမ်းသာပေးမှာ မဟုတ်ပါဘူး။

အရင်တုန်းကဆို သူက တစ်စုံတစ်ယောက်ကို သတ်ချင်တဲ့စိတ်တွေ သိပ်ပြီးတော့ မဖြစ်ခဲ့ပါဘူး။ နောက်ပြီးတော့ သူက အစုလိုက်အပြုံလိုက် သတ်ဖြတ်ချင်စိတ်တွေ ဖြစ်ပေါ်လာပြီး သူ့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒက ပွက်ပွက်ဆူလာခဲ့ပါတယ်။

“မျှော်စင်လေး နည်းလမ်းရှိသေးလား”

လင်းဟန်က စိတ်နဲ့ဆက်သွယ်ပြီး မေးလိုက်ပါတယ်။

သေစမ်းကွာ။ အခု အနက်ရောင် မျှော်စင်က သူ့ကို စွမ်းအားထည့်သွင်း မပေးနိုင်တော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့စွမ်းအားက တန်ခိုးရှင် အဆင့်ကို ရောက်ပါလိမ့်မယ်။ တကယ်လို့ သူက တန်ခိုးရှင်ဘုံကို နင်ထုတ်ခံရမယ် ဆိုရင်တောင် သူက မာထိုပေါင်ကို ကယ်တင်ချင် ပါသေးတယ်။ အနက်ရောင် မျှော်စင်နဲ့ဆိုရင် မဟာဂဏ်ပါကလည်း သူ့ကို သတ်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

မျှော်စင်လေးက သူ့ခေါင်းကို အသာလေး ခါပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ ငါ့ရဲ့အထွတ်အထိပ် စွမ်းရည်မှာ

ရှိနေဦးမယ်ဆိုရင် လောကဘုံရဲ့ စွမ်းအားကို ထိုးဖောက်ပြီးတော့ တစ်ဖက်မှာရှိတဲ့ အဲဒီကောင်စုတ်ကို သတ်ပစ်ဖို့ဆိုတာ အသေးအဖွဲပဲ။ ဒါပေမဲ့ အခုတော့ ငါမတတ်နိုင်ဘူး”

တကယ်တော့ ဘာနည်းလမ်းမှ မရှိတော့ပါဘူး။ ဒါကြောင့် သူက မာထိုပေါင် သေမှာကို အကူအညီမဲ့စွာနဲ့ စောင့်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။

ကောင်းကင်ထက်က အဝေးတစ်နေရာမှာ ဘုံနှစ်ခုအကြားက အတားအဆီးက ပျက်စီးသွားပြီး ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ သူက သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက် ဖြစ်ပြီးတော့ လက်ထဲမှာ ရတနာဓား တစ်လက်ကို ကိုင်ဆောင်ထားပါတယ်။ သူ့ရဲ့ခေါင်းအထက် နေသုံးစင်းနဲ့ လသုံးစင်းက မှောလွင့်လို့ နေပါတယ်။ ပြီးတော့ ဒီလိုမျိုး အကွာအဝေး တစ်ခုမှာတောင် ဘုံအတားအဆီးရဲ့ တည်ရှိမှုနဲ့ လူတွေက သူ့ရဲ့အစွမ်းထက်တဲ့ အရှိန်အဝါကို

ခံစားနိုင်ပါတယ်။ ဒီဘုံတစ်ခုလုံးမှာရှိတဲ့ သက်ရှိတွေအားလုံးကို ချေမှုန်းပစ်ဖို့ သူ့အတွက် အကြည့်တစ်ချက်ပဲ လိုပါတယ်။

နေလအဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်။ လင်းဟာန်က ချက်ချင်းပဲ စိတ်ထဲကနေ မြဲမြံနေအောင် မှတ်ထားပါတယ်။ ဒါက ရီရွှမ်ရွှမ် သူ့ကို ပြောပြဖူးတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ခေါင်းထက်မှာ နေနဲ့လတွေ မျောလွင့်နေတာက နေလအဆင့်ရဲ့ လက္ခဏာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီလူက အထင်သေးစွာနဲ့ လုပ်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

တကယ်လို့ ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင် တစ်ယောက်က လုပ်ရှားမယ်ဆိုရင် ဘုံနှစ်ခုကို ထိုးဖောက်တိုက်ခိုက်တာက ခွန်အားတချို့ကို ပိုင်ဆိုင်ထားပါသေးတယ်။ တကယ်လို့ တောင်တန်းမြစ် အဆင့်ဆိုရင် လောကဘုံ စွမ်းအားကြောင့်

မြေကြီးပေါ်ကိုတောင် ကျရောက်မှာ မဟုတ်ပါဘူး။

အဲဒီသက်လတ်ပိုင်း လူရဲ့မျက်နှာပေါ်မှာ အထင်သေးတဲ့ အမူအရာတွေ ဖြစ်ပေါ်နေပြီး အဆင့်နိမ့်တဲ့ သက်ရှိတွေကို အထင်သေးနေတယ်လို့ ခံစားရပါတယ်။ သူက ပုရွက်ဆိတ် အုပ်စုတစ်ခုကို ကြည့်နေပြီးတော့ ဘယ်သက်ရှိကမှ သူနဲ့အဆင့်တူ မရှိသလိုမျိုး သူ့ပုံစံက မောက်မာပြီး စိတ်ကြီးဝင်နေပါတယ်။

မာထိုပေါင်က နောက်တစ်ကြိမ် ပြန်ထလာခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူက မိုးကောင်းကင်ကို နောက်တစ်ကြိမ် ဖွင့်လှစ်ဖို့ မလုပ်ဆောင်တော့ပါဘူး။ အဲဒီအစား လေထဲမှာ ကျောက်ရုပ်တစ်ခုလိုမျိုး ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရပ်နေပါတယ်။

ဒါပေမဲ့ လက်ရွေးစင်တွေ အားလုံးက မာထိုပေါင်မှာ ပြင်းထန်တဲ့ ဒဏ်ရာတွေ ခံစားနေရပြီး ပြန်လည်ကုသလို့

မရနိုင်တော့ဘူးဆိုတာကို သိနေကြပါတယ်။ ဒါက တန်ခိုးရှင်ဘုံရဲ့ လက်ရွေးစင် တစ်ယောက်ကြောင့် ရရှိခဲ့တာ ဖြစ်ပြီးတော့ သူက အရမ်းကို လျှင်မြန်စွာနဲ့ သေရပါလိမ့်မယ်။

“ဟိုးဟိုး အခုတော့ အစအနတွေ လိုက်ကောက်ဖို့ ငါ့အလှည့် ရောက်လာပြီပေါ့”

ရယ်သံတစ်ခုနဲ့အတူ ခံ့ညားထယ်ဝါတဲ့ ဟန်ပန်အမူအရာနဲ့ သက်လတ်ပိုင်းအရွယ် ယောက်ျား တစ်ယောက်က အဝေးကနေ လျှောက်လာပါတယ်။ သူ့ရဲ့ခြေတစ်လှမ်းက မိုင်ပေါင်းဆယ်နဲ့ချီ သွားနိုင်ပြီး အရမ်းကို လျှင်မြန်လွန်းပါတယ်။

အောင်းဂျန်။

မာထိုပေါင်က အင်အားကုန်သွားပါပြီ။ ပြီးတော့

သူ့အသက်မီးတောက်ကလည်း ငြိမ်းခါနီး နေပါပြီ။ အခု စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးနား ကပ်နေတဲ့ အဆုံးမဲ့ လက်ရွေးစင် တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက အကုန်လုံးကို လွယ်လွယ်ကူကူနဲ့ ရှင်းထုတ်ပစ်နိုင်စွမ်း ရှိပါတယ်။

တန်ခိုးရှင်ဘုံက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရပ်ပြီးတော့ ကြည့်မနေပါဘူး။ အဲဒီအစား သူတို့က အရမ်းကို ရိုးရှင်းတဲ့ ထောင်ချောက်တစ်ခုကို ဆင်ထားပါတယ်။

ဒါက အရမ်းကို ရိုးရှင်းပါတယ်။ တန်ခိုးရှင်ဘုံက လက်ရွေးစင် တစ်ယောက်က တန်ခိုးရှင် ဘုံကနေ မာထိုပေါင်ကို ချောင်းမြောင်းလုပ်ကြံပါလိမ့်မယ်။ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပြီးတဲ့ နောက်မှာ အောင်းဂျန်က အစတွေ ကောက်ယူဖို့ ချန်ထားပေးခဲ့ပါတယ်။ သူတို့နှစ်ယောက်က ဒီကိစ္စကြီး တစ်ခုလုံးကို ရင်ဆိုင်ဖို့ လုံလောက်ပါလိမ့်မယ်။

“ငါ့ကို ဘယ်သူတားမလဲ”

အောင်းဂျန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူက စကြဂေဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ကိုးလုံး ပိုင်ဆိုင်ထားပြီး နဂါးမျိုးနွယ်က ဆင်းသက်လာသူ တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုနဲ့ နှိုင်းယှဥ်လို့ ရပါတယ်။ သူက ဒီဘုံထဲမှာ ပြိုင်ဘက်ကင်းလို့ ပြောနိုင်ပါတယ်။

အခုဆို မာထိုပေါင်က သေခါနီးနေပါပြီ။ ဘယ်သူက သူ့ကိုတားဆီးနိုင်စွမ်း ရှိမှာလဲ။

အားလုံးက အမုန်းတရားတွေနဲ့အတူ အံကိုကြိတ်ထားကြပါတယ်။ လုံလောက်တဲ့ စွမ်းအား မရှိပဲ အမုန်းတရားတွေကို ဘယ်လိုလုပ် ထုတ်ဖော်နိုင်မှာလဲ။

“ငှါအမိန့်ကို နာခံကြ”

အဲဒီအချိန်မှာ မာထိုပေါင်က ရုတ်တရက် ပြောလိုက်ပါတယ်။

“အခုချိန်က စပြီးတော့ ခရမ်းရောင်လ အင်ပါယာက မဟာလင်း အင်ပါယာထဲကို ပေါင်းစည်းရမယ်။ ခရမ်းရောင်လ အင်ပါယာရဲ့ လက်အောက်ခံနဲ့ တိုင်းသူပြည်သား အားလုံးက မဟာလင်း အင်ပါယာရဲ့ လက်အောက်ခံနဲ့ တိုင်းသူပြည်သားတွေ ဖြစ်ရလိမ့်မယ်”

“အရှင်မင်းကြီး”

ဘုရင်ခုနစ်ပါးနဲ့ အရာရှိတွေ အားလုံးက ပူဆွေးသောက ရောက်ပြီးတော့ အံ့အားသင့် သွားကြပါတယ်။ ဒါက မာထိုပေါင်ရဲ့ နောက်ဆုံးစကားလုံးတွေ ဖြစ်ပါတယ်။

"လင်းဟာန် ငါ့အားလုံးကို မင်းဆီချန်ထားခဲ့ပြီ။
မင်းဒီတာဂန်ကို တာဂန်ယူပေးပါ"

မာထိုပေါင်ရဲ့ မျက်လုံးတွေက လင်းဟာန်ကို
စိုက်ကြည့်နေပါတယ်။ ရုတ်တရက် သူ့ရဲ့လက်ကို
ဖော့ယမ်းပြီးတော့ လင်းဟာန်ဆီကို တောင်နဲ့မြစ် ပုဆိန်
ပစ်ပေးလိုက်ပါတယ်။

သူက ပုဆိန်တစ်လက်ကို ပစ်ပေးရုံတင်မက
တာဂန်တစ်ခုကိုပါ ပေးလိုက်တာ ဖြစ်ပါတယ်။

လင်းဟာန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ တောင်နဲ့မြစ်
ပုဆိန်ကို ဖမ်းယူပြီး မျက်နှာထား တင်းတင်းနဲ့
ကြေညာလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့ အစ်ကိုမာ။ ငါမိုးကောင်းကင်ကို သေချာပေါက်

အောင်အောင်မြင်မြင်နဲ့ စုတ်ဖြဲပြီးတော့ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အောင်းကလန်ကို ဖျက်ဆီးပစ်မယ်”

ဒါက သူ့ရဲ့ကတိ ဖြစ်ပါတယ်။

မာထိုပေါင်က လင်းဟန်ဆီကို ပြုံးပြီးတော့ ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ပါတယ်။

ဟုမ်း။

လင်းဟန်ရဲ့ ခန္ဓာကိုယ်အထဲက အနက်ရောင်မျှော်စင်ရဲ့ ပုံရိပ်မည်းတစ်ခုက မာထိုပေါင်ဆီကို ပျံသန်းသွားပါတယ်။ မာထိုပေါင်ရဲ့ ခန္ဓာကိုယ်ကနေ ဓားတစ်ချောင်းရဲ့ အရိပ်ကလည်း ပျံထွက် လာပါတယ်။ အနက်ရောင် မျှော်စင်ရဲ့ အရိပ်မည်းက ဓားရဲ့အရိပ်ကို ဝါးမျိုးပစ်လိုက်ပါတယ်။

ရုတ်တရက် ခရမ်းရောင်လ အင်ပါယာရဲ့ အထက်မှာရှိတဲ့ ဓားပုံစံ အထိမ်းအမှတ် ရုပ်ထုက ချက်ချင်းပျောက်ကွယ်သွားပြီး အနက်ရောင် မျှော်စင်ပုံစံ အထိမ်းအမှတ် ရုပ်တုက အစားထိုး နေရာယူသွားခဲ့ပါတယ်။

ဒါက နိုင်ငံနှစ်ခု အကြားက တိုက်ပွဲတစ်ခုနဲ့ ညီမျှပါတယ်။ ခရမ်းရောင်လ အင်ပါယာက စစ်ပွဲမှာ ရှုံးနိမ့်သွားပြီး မဟာလင်း အင်ပါယာက အနိုင်ရရှိသွားပါတယ်။

ချက်ချင်းဆိုသလို ဘုရင်ခုနစ်ပါးမှာ နိုင်ငံစွမ်းအား ထောက်ပံ့မှု ပျောက်ဆုံးသွားပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ ကျဆင်းသွားပါတယ်။ တစ်ဖက်မှာတော့ လင်းဟာန်၊ ဖန်ပိုယွမ်နဲ့ တခြား နိုင်ငံစွမ်းအား အထောက်အပံ့ကို ရထားတဲ့သူတွေက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ မြင့်တက်လာခဲ့ပါတယ်။

အရွယ်အစားအရ အလယ်ပိုင်း ဒေသက နယ်မြေလေးခုပေါင်းစည်းထားတာနဲ့ ယှဉ်ပြိုင် နိုင်ပါတယ်။ ပြီးတော့ တကယ်လို့ လူတွေရဲ့ စိတ်စွမ်းအားတွေက မပေါင်းစည်းသေးဘူး ဆိုရင်တောင် ပိုင်နက်ချဲ့ထွင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံစွမ်းအားသက်သက်ကပဲ အရမ်းကို အစွမ်းထက်နေပါပြီ။

မာထိုပေါင်က အေးချမ်းစွာနဲ့ သူ့ရဲ့ မျက်လုံးတွေ ပိတ်သွားခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ချက်ချင်းပဲ ကောင်းကင်ပေါ်ကနေ ပြုတ်ကျလာခဲ့ပါတယ်။ သူဖန်တီးခဲ့တဲ့ မိုးကောင်းကင် အထက်က အပေါက်ကလည်း လျင်မြန်စွာနဲ့ ပိတ်သွားခဲ့ပါပြီ။ သူမြေပေါ်ကို မရောက်သေးခင်မှာပဲ အပေါက်က ပိတ်သွားပြီး မာထိုပေါင်လည်း အနားယူသွားပါပြီ။

မိုးကောင်းကင်ကို ခွဲဖွင့်ခြင်းက အဆုံးသတ်မှာ ကျရှုံးသွားပြီး

မာထိုပေါင်လည်း သေသွားခဲ့ပါပြီ။

ဘုရင်ခုနစ်ပါးက လျှင်မြန်စွာနဲ့ မာထိုပေါင်ကို ဖမ်းယူပြီး သူတို့အားလုံးရဲ့ မျက်နှာပေါ်မှာ မျက်ရည်စီးကြောင်းတွေနဲ့ ပူဆွေးသောက ရောက်နေကြပါတယ်။

သူတို့အားလုံးအနားမှာ လူတိုင်းလူတိုင်းက ပူဆွေးသောက ခံစားမှုတွေနဲ့ မွန်းကျပ်ပြီးတော့ အသက်ရှုရ ကျပ်လာတဲ့ ခံစားမှုတွေ ဖြစ်ပေါ်လို့ နေပါတယ်။

“အရမ်းကြီး ပူဆွေးသောက မခံစားကြပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဒီနေရာမှာ လူတွေပိုပြီး သေကြရလိမ့်မယ်”

အောင်းဂျန်က အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ သူက မာထိုပေါင်ရဲ့ အလောင်းကို လက်ညှိုးထိုးပြီးတော့

ညွှန်ပြလိုက်ပါတယ်။

“ဒီလူသားရဲ့ ခန္ဓာကိုယ်ကို ငါ့ကိုပေးစမ်း။ တန်ခိုးရှင်ဘုံကို ဆန့်ကျင်ရဲတဲ့ ဒီလူကို သူ့ရဲ့အရိုးတွေ နင်းခြေပြီးတော့ သူ့ရဲ့ပြာမှုန့်တွေကို လေထဲမှာ ဖျက်ဆီးပစ်ရမယ်”

“မင်းလုပ်ရဲလား”

ဘုရင်ခုနစ်ပါးက ချက်ချင်းပဲ ဒေါသချောင်းချောင်း ထွက်သွားခဲ့ပါတယ်။

“ငါ့တာဂန်ထား”

လင်းဟာန်က မတ်တတ်ထရပ်လိုက်ပါတယ်။ နိုင်ငံစွမ်းအားရဲ့ ထောက်ပံ့မှု မရှိပဲနဲ့ ဘုရင်ခုနစ်ပါးက ဘယ်လိုလုပ်ပြီးတော့

အောင်းဖန်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။ သူက တောင်နဲ့မြစ် ပုဆိန်ကို ဖမ်းယူထားခဲ့တယ် ဆိုမှတော့ သူလည်းပဲ တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကို ရင်ဆိုင် ရပ်တည်ဖို့ ကြီးမားတဲ့ အရိပ်တစ်ခုအောက်မှာ ရောက်နေပါပြီ။

Chapter 865 end

အပိုင်း(866) အောင်းဂျန်နှင့် တိုက်ခိုက်ခြင်း

လင်းဟန်က အောင်းဂျန်နဲ့ မျက်နှာချင်း ဆိုင်လိုက်ပါတယ်။

"ဟင် မင်းက နောက်ဆုံးအချိန်တုန်းက ရှုံးသွားလို့ ထွက်ပြေးသွားတဲ့ လူသား မဟုတ်ဘူးလား"

အောင်းဂျန်က မှတ်ဉာဏ်ကောင်းတယ်ဆိုတာ သိသာပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဘယ်လိုလုပ်ပြီးတော့ ပုရွက်ဆိတ် တစ်ကောင်ကို မှတ်မိနေမှာလဲ။

လင်းဟန်က လုပ်ရှားသွားခြင်း မရှိပဲ ပြောလိုက်တယ်။

“မင်းက တန်ခိုးရှင်ဘုံကို ကိုယ်စားမပြုနိုင်ပါဘူး။ ဒါကြောင့် တန်ခိုးရှင်ဘုံနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို မပြောနဲ့ မင်းက အရည်အချင်းမမှီဘူး”

အောင်းဂျန်က ချက်ချင်းပဲ ဒေါသနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါက အရည်အချင်း မမှီဘူး ဟုတ်လား။ မင်းက ဘယ်လိုများ စဉ်းစားလိုက်တာလဲ”

“တန်ခိုးရှင်ဘုံနဲ့ ပတ်သက်ပြီးတော့ ငါဘာမှ မပြောတော့ဘူး။ မင်းက ငတုံးပဲ”

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

“အခု ငါ့စိတ်တွေ မကြည့်ဘူး။ လူသတ်ချင်နေတယ်။ မင်းက မထင်မှတ်ပဲ ငါ့ရဲ့ ပစ်မှတ်ဖြစ်လာပြီ”

“ဟားဟားဟား”

အောင်းဂျန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

“ဒါက ငါကြားဖူးသမျှထဲမှာ တကယ့်ကို ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ပုဒ်ပဲ။ ဒါပေမဲ့ ရယ်ရင်းနဲ့ ငါ့ဒေါသတွေက ပိုပိုပြီးတော့ များလာတယ်။ လူသား တကယ်လို့ မင်းမှာ ချက်ချင်းတည်နေရာ ရွှေ့ပြောင်းခြင်း အဆောင်လက်ဖွဲ့ တစ်ခု မရှိဘူးဆိုရှ ဒီနေ့ မင်းသေချာပေါက် သေရလိမ့်မယ်”

လင်းဟာန်က နိုင်ငံစွမ်းအားကို စုစည်းလိုက်ပြီး သူ့ရဲ့
စွမ်းအားက အရှူးအမူးထိုးတက် လာခဲ့ပါတယ်။

အခုအလယ်ပိုင်း ဒေသက မဟာလင်း အင်ပါယာရဲ့
ပိုင်နက်တစ်ခု ဖြစ်လာပါပြီ။ ဒါကြောင့်မို့ သူလည်း ဒီနေရာမှာ
နိုင်ငံစွမ်းအားကို အသုံးပြုနိုင်စွမ်း ရှိနေပါပြီ။ နောက်ပြီးတော့
အနည်းဆုံး သုံးပုံတစ်ပုံတော့ တိုးလာခဲ့ပါတယ်။

“ငါ့တေရဲ့တိုင်းသူပြည်သားတွေ ဒီနေ့မှာ ငါတန်ခိုးရှင်ဘုံက
လူတစ်ယောက်ကို သတ်ပြီးတော့ အစ်ကိုမာအတွက်
လက်စားချေပေးရလိမ့်မယ်။ ငါ့ကို မင်းရဲ့ ခွန်အားတွေ ငှားပါ”

လင်းဟာန်က ပြောလိုက်ပါတယ်။

“မင်းတို့အားလုံး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဒီရန်သူကို

ငါ့အနိုင်ယူရမယ်ဆိုတဲ့ လိုအင်ဆန္ဒ တစ်ခုကိုပဲ တောင့်တပါ”

လူတွေရဲ့ စိတ်စွမ်းအားကို အထိမ်းအမှတ် ရုပ်တုနဲ့ စုစည်းနိုင်ပါတယ်။ အခု အလယ်ပိုင်း ဒေသရဲ့ မြို့သူမြို့သားတွေက သူ့ကို အသိအမှတ် မပြုရသေးပါဘူး။ ဒါပေမဲ့ ဒီရိုးရှင်းတဲ့ လုပ်ဆောင်မှုနဲ့ သူက နိုင်ငံစွမ်းအား ပမာဏ ကြီးကြီးမားမား တစ်ခုကို စုစည်းနိုင်ပါလိမ့်မယ်။

ဟုန်း။

ရုတ်တရက် သူရရှိထားတဲ့ နိုင်ငံစွမ်းအားက နောက်တဆင့်ကို တိုးလာခဲ့ပါတယ်။

ဒီကမ္ဘာကြီးထဲမှာရှိတဲ့ လူတိုင်းလူတိုင်းက တန်ခိုးရှင်တစ်ယောက်ကို သူက သတ်ပစ်နိုင်ဖို့ မျှော်လင့်နေကြပါတယ်။

လင်းဟာန်က တောင်နဲ့မြစ် ပုဆိန်ကို ပြန်သိမ်းပြီးတော့ မရဏဓားကို ဆွဲထုတ်ပြီး ပြောလိုက်ပါတယ်။

“ဒီနေ့မှာ အစ်ကိုမာရဲ့ ဓားကို အသုံးပြုပြီးတော့ မင်းကို ငရဲဆီ ပို့ပစ်မယ်”

“အတင့်ရဲလိုက်တာ”

အောင်းဂျန်က ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က လူသား လောကရဲ့ အထွတ်အထိပ်နားကို ကပ်နေပြီး သူ့ရဲ့အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် သနားစရာကောင်းတဲ့ လူသားတစ်ယောက်ကိုတောင် သူက အနိုင်ယူနိုင်စွမ်း မရှိဘူးလား။ သူကငွေလုံ တစ်ချောင်းကို ဆင့်ခေါ်လိုက်ပြီး လင်းဟာန်ဆီကို ချက်ချင်းပဲ ထိုးစိုက်လိုက်ပါတယ်။

လင်းဟန်က သူ့ဓားကို မြှောက်ပြီးတော့ ငွေလုံကို ခုတ်ထုတ်လိုက်ပါတယ်။

ထန်။

ငွေလုံက တားဆီးခံလိုက်ရပါတယ်။ လင်းဟန်က သူ့ရဲ့ဓားကို လက်တစ်ဖက်က ကိုင်ထားပြီး ကျန်တဲ့လက်တစ်ဖက်နဲ့ အောင်းဂျန်ပေါ်ကို မြေကျွှမှာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်နဲ့ ဖိနှိပ် လိုက်ပါတယ်။

လင်းဟန်ရဲ့ ကိုယ်ပိုင်စွမ်းရည်က အကန့်အသတ်ရှိပါတယ်။ ပြီးတော့ နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့နဲ့တောင် သူက ကြယ်ဆယ့်နှစ်လုံး အဆင့်ထိပဲ ရောက်နိုင်ပါတယ်။ ဒါပေမဲ့ သူနားလည်သဘောပေါက်ထားတဲ့ လျှို့ဝှက်နည်းစနစ်တွေက အရမ်းကို အစွမ်းထက်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို

ကြယ်နှစ်ဆယ်လုံး အနားထိရောက်အောင်လို့ တွန်းပို့ခဲ့ပါတယ်။

အောင်းဂျန်ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ကိုးလုံးပဲ ရှိပြီးတော့ လင်းဟာန်ထက် အနည်းငယ် နိမ့်ကျနေပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှုမှာ သူက အရေးနိမ့်မှု မရှိပေမဲ့ အသာစီးလည်း လုံးဝ မရပါဘူး။

“ဘာ”

အောင်းဂျန်ရဲ့ အမူအရာက မယုံနိုင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူ့ပြိုင်ဘက်ဖြစ်သူက ဘယ်လိုလုပ်ပြီး ဒီလိုမျိုး အစွမ်းထက်တဲ့ ခွန်အားမျိုး ရှိနေရတာလဲ။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်တစ်လုံး အဆင့်မှာပဲဆိုတာ သိသာပါတယ်။ လင်းဟာန်မှာ နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့ ရှိတယ်ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ သူက

အခုလိုမျိုး များပြားတဲ့ စွမ်းအားကို တောင့်ခံနိုင်တာလဲ။

သူက ခဏလောက် စဉ်းစားလိုက်ပြီးတော့ သူ့ရဲ့အမူအရာက အံ့အားသင့်မှုတွေ လွှမ်းမိုးသွား ပါတယ်။ တကယ်လို့ လင်းဟာန်ရဲ့ ကျင့်ကြံခြင်း အဆင့်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်သွားခဲ့မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ချိုးဖျက်ဖို့အတွက် ဆိုတာက အသေးအဖွဲ ဖြစ်သွားလိမ့်မယ် မဟုတ်လား။

သောက်ကျိုးနည်း။ ဒီကမ္ဘာငယ်လေးက တကယ့်ကို တရားလွန်နေပြီ မဟုတ်လား။

ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာငယ်လေး တစ်ခုရဲ့ အရင်းအမြစ်တွေက ထိတ်လန့်စရာ ကောင်းအောင် နည်းပါးပြီး တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးက

အကန့်အသတ် ဖြစ်ပါတယ်။ ဥပမာ ဘုရင်ခုနစ်ပါးမှာ နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့ကို ရရှိတာတောင်မှ အများဆုံး တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ရှစ်လုံးမှ ဆယ့်ကိုးလုံးထိပဲ ရှိပါတယ်။ အများဆုံး သူတို့က လေဟာနယ်ကို စုတ်ဖြဲနိုင်စွမ်း ရှိပါတယ်။ ပြီးတော့ တန်ခိုးရှင်ဘုံထဲကို ဝင်ရောက်ဖို့တော့ မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ အရည်အချင်းလုံးဝ မပြည့်မီပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ မိုးကောင်းကင်ကို လွယ်လွယ်နဲ့ ခွဲဖွင့်နိုင်ရင် ကမ္ဘာငယ်လေးတွေ အားလုံးက တန်ခိုးရှင်ဘုံထဲကို ဝင်သွားမှာပေါ့ မဟုတ်ဘူးလား။

ဒါပေမဲ့ အခုရော။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်သုံးလုံးရှိတဲ့ မွန်းစတား တစ်ကောင်က

စောစောကပဲ ကြွေသွားခဲ့ပါပြီ။ အခု
နောက်ထပ်လူတစ်ယောက်က ချက်ချင်း ထွက်ပေါ်လာခဲ့ပြီး
အနာဂတ်မှာ သူ့ရှေ့ကလူထက်တောင် သာလွန်နိုင်ကောင်း
သာလွန်နိုင်ပါတယ်။

မာထိုပေါင်က ကမ္ဘာကြီးရဲ့ နံပါတ်တစ် သတ်ဖြတ်ခြင်း
ဂက်ပါဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က အဲဒီလိုမျိုး
အရည်အချင်း ရှိလို့လား။

"မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး။ သေစမ်း"

လင်းဟာန်က နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့
သိုင်းကွက်ကို အသုံးပြုခဲ့ပါဘူး။ သူ့ရဲ့ လက်ရှိစွမ်းရည်တွေက
အရမ်းကို သန်မာပါတယ်။ ဒါကြောင့် သူက ဒီလိုမျိုး
အစွမ်းထက်တဲ့ သိုင်းကွက်ကို အသုံးပြုဖို့ စွမ်းအားအများကြီး
စုစည်းနေစရာတောင် မလိုတော့ပါဘူး။ သူက အဲဒါကို

ထုတ်ဖော်ဖို့ သူ့ဓားကို ဝှေ့ယမ်းလိုက်ဖို့ပဲ လိုပါတယ်။

သူ့ရဲ့လျှပ်စီးခန္ဓာကိုယ်က အဓိက အောင်မြင်မှု အဆင့်ကို ရောက်ရှိနေပါပြီ။ ပြီးတော့ သူ့ဓားကွက် တိုက်ခိုက်မှုမှာ လျှပ်စီးရဲ့ စွမ်းအားလည်း ပါဝင်ပါတယ်။ ဂျစ် ဂျစ် ဂျစ်။ အဖြူရောင် လျှပ်စီးတွေ ရစ်ပတ်နေပြီး တိုက်ခိုက်မှုရဲ့ စွမ်းအားက တိုးလာခဲ့ပါတယ်။

“ငါ့ကိုသတ်မယ်ဟုတ်လား။ ဟားဟားဟား မင်းအဆင့်မမီသေးပါဘူးကွာ”

အောင်းဂျန်က သရော်ပြုံး ပြုံးလိုက်ပါတယ်။ လက်ရှိမှာ လင်းဟန်က သူ့အတွက် ပြိုင်ဘက် တစ်ယောက်ဖြစ်ဖို့ အရည်အချင်းရှိတယ် ဆိုတာကိုတော့ သူက ဝန်ခံရပါလိမ့်မယ်။ ဒါပေမဲ့ သူ့ကို သတ်မယ်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ရင်တော့ ဒါကလုံးဝကို မဖြစ်နိုင်ပါဘူး။

တိုက်ပွဲက ပြင်းထန်လို့ နေပါတယ်။ ထန် ထန် ထန်။ ငွေလုံနဲ့ ရတနာခမား ထိလိုက်တိုင်း တောက်ပလင်းလက်တဲ့ အလင်းရောင် လိုင်းတွေ ဖြစ်ပေါ်လာပြီး မိုးကောင်းကင်အနှံ့ကို ပျံ့နှံ့သွားခဲ့ပါတယ်။

"သတ်စမ်း သတ်စမ်း။ အဲဒီကောင်စုတ်ကို သေအောင် သတ်ပစ်လိုက်စမ်း"

ဟော့လျန်ထန်းယွင်က အော်ဟစ်လို့ နေပါတယ်။ ဒီအစစ်အမှန် နဂါးရဲ့မျိုးဆက် သေသွားတာနဲ့ သူက ပင်လယ်အားလုံးကို လွယ်လွယ်နဲ့ ပေါင်းစည်းလို့ ရပါလိမ့်မယ်။ ပြီးတော့ ဒီဘုံတစ်ခုလုံးက လုံးဂကို အေးချမ်းလာပါလိမ့်မယ်။ အဲဒီနောက် သူတို့က မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ အပေါ်မှာပဲ အာရုံစိုက်ထားဖို့ လိုပါလိမ့်မယ်။

အလောင်းတစ်ထောင်ဂိုဏ်းရဲ့ မျက်လုံးဆယ့်ရှစ်လုံး အလောင်းကောင် ဘုရင်ကိုတော့ မာထိုပေါင်က သတ်ပြီးသွားပါပြီ။ အရင်က သူတို့တွေဟာ မာထိုပေါင်ကို သူ့ပိုင်နက်ကနေ အဝေးကို လှည့်ဖြားချင်ခဲ့တာကြောင့် အဲဒီအတွက် သူတို့က တန်ရာတန်ကြေး မပေးပဲနဲ့တော့ ဘယ်လိုလုပ် အောင်မြင်နိုင်မှာလဲ။

"မင်းက ဘယ်သူ့ကို ကောင်စုတ်လေးလို့ ခေါ်နေတာလဲ"

ယုန်ဖြူကြီးက ဟော့လျန်ထန်းယွင်ရဲ့ စကားကို နားကြားမှားပြီး ကောင်စုတ်လေးကို ယုန်သေးသေးလို့ ကြားတာကြောင့် မကျေမနပ် ဖြစ်နေပါတယ်။

Chapter 866 end

အပိုင်း(867) သောင်းကျန်းမှုကို နှိမ်နင်းပြီး ငြိမ်းဂပ်ပိပြားစေခြင်း

ရိုးရိုးသားသား ပြောရမယ်ဆိုရင် တကယ်လို့ လင်းဟန်က အောင်းဂျန်ရဲ့ တိုက်ခိုက်မှုကို ရှောင်လည်းမရှောင် ခတ်လည်းမခတ်ထုတ်ဘူးပဲ ရင်ဆိုင်ဖို့ ရွေးချယ်ခဲ့မယ်ဆိုရင်တောင် သူ့ကို ဘာမှထိခိုက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက အောင်းဂျန်ကို လုံးဝကို သတ်ပစ်နိုင်တာ သေချာတယ်ဆိုမှတော့ သူ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုလို မာကျောတယ် ဆိုတဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားသွားဖို့ ဆန္ဒမရှိပါဘူး။

တကယ်လို့ အောင်းဂျန်က အဲဒီအကြောင်းကို သိသွားခဲ့ရင် သူက လင်းဟန်နဲ့ ဆက်ပြီးတော့ တိုက်ခိုက်ဦးမှာလား။

မင်းကတော့ နောက်ပြီကွာ။ သတ်ဖို့ ဒါမှမဟုတ် ဒဏ်ရာရဖို့တောင် မဖြစ်နိုင်တဲ့ ပြိုင်ဘက် တစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ရမယ်ဆိုရင် ဘယ်သူကများ ဆက်ပြီးတော့ တိုက်ခိုက်ဖို့ အကြံအစည် ရှိမှာလဲ။

လင်းဟန်က အခွင့်အရေး တစ်ခုကို စောင့်နေပါတယ်။ ဒါမှမဟုတ် သူက အခွင့်အရေး တစ်ခုကို ဖန်တီးနေတယ်လို့ ပြောနိုင်ပါတယ်။ အောင်းဂျန်က လင်းဟန်ရဲ့ အားနည်းချက်ကို နားလည်ပြီး သေကွင်းသေကွက် တိုက်ကွက်တစ်ခုကို ထုတ်ဖော်ဖို့ စောင့်နေတာပါ။ အဲဒါမှ သူ့ကိုယ်ပိုင် အားနည်းချက်လည်း ပေါ်သွားမှာ ဖြစ်ပြီးတော့ လင်းဟန်က တန်ပြန်တိုက်စစ် ဆင်နိုင်ပါ လိမ့်မယ်။

သူတို့နှစ်ယောက်ရဲ့ လက်ရည်က တူနေပါတယ်။ တကယ်လို့ မင်းကို ထိအောင်လို့ အခွင့်အရေး တစ်ခုကို မင်းကမပေးဘူးဆိုရင် ငါကလည်း ဘယ်လိုလုပ်ပြီးတော့ အဲဒီအခွင့်အရေးကို ပေးနိုင်မှာလဲ။

သူတို့လိုအဆင့်က လက်ရွေးစင်တွေ အတွက်တော့ သူတို့အတွက် လမ်းကြောင်းတစ်ခု ချန်ထားဖို့ တိုက်ခိုက်မှုတိုင်း ပြီးတဲ့နောက်မှာ စွမ်းအားတချို့ကို

ချန်ထားဖို့ဆိုတာ မဖြစ်နိုင်စရာ မရှိပါဘူး။ ဒါကြောင့် တကယ်လို့ တိုက်ခိုက်မှုတစ်ခု လွဲချော်သွားရင်တောင် သူတို့မှာ ရှောင်တိမ်းဖို့ ဒါမှမဟုတ် ခတ်ထုတ်ဖို့ ခွန်အားတော့ ကျန်နေပါသေးတယ်။

လင်းဟန်က အောင်းဂျန်ကို သူ့ရဲ့တိုက်ခိုက်မှုက သူ့ကိုပြင်းပြင်းထန်ထန် ဒဏ်ရာရအောင်လို့ လုပ်နိုင်တယ်ဆိုပြီး လက်ခံယုံကြည်စေချင်ခဲ့ပါတယ်။ ဒါမှမဟုတ် သူ့ကိုတောင် သတ်ပစ်နိုင်တယ် ဆိုပြီးတော့ပေါ့။ အဲဒါမှ အောင်းဂျန်က သူ့စွမ်းအား အပြည့်အဝနဲ့ ခွန်အားနည်းနည်းတောင် မချန်ပဲ တိုက်ခိုက်ပါလိမ့်မယ်။

အဲဒီလိုသာ ဖြစ်သွားခဲ့ရင် အစွမ်းထက်ဆုံး တိုက်ခိုက်မှုကို ထုတ်ဖော်ပြီးရင် သူ့ကိုယ်ပိုင် ခုခံမှုက ကျောက်တုံးအောက်ခြေကို ထိမှန်သွားပါလိမ့်မယ်။ ပြီးတော့ အဲဒီအခါ လင်းဟန်အတွက် အချိန်ကျရောက်လာပြီး သူ့ကို သတ်ပစ်ဖို့ တန်ပြန်တိုက်ခိုက်ရပါလိမ့်မယ်။

အခု အောင်းဖန်က သူ့မှာ ဒီလိုမျိုး
အခွင့်အရေးရှိတယ်ဆိုတာကို တွေးနေပုံ ရပါတယ်။

လင်းဟန်က ပါးစပ်ကနေ ထုတ်မပြောပါဘူး။ အောင်းဂျန်လို ပါရမီရှင် တစ်ယောက်ကို အရှုံးလုပ် လှည့်စားဖို့က လုံးဝကို မလွယ်ကူပါဘူး။ ပြီးတော့ သူက ထောင်ချောက်ကို လွယ်လွယ်နဲ့ မြင်နိုင်ပါလိမ့်မယ်။ ဒါဆို လင်းဟန်က အမှမဲ့ အမှတ်မဲ့ ပုံစံနဲ့ ဟာကွက်တစ်ခုကို အပင်ပန်းခံပြီး ထုတ်ဖော်ရမှာပေါ့။ အဲဒီနောက် တိုက်ကွက်တွေ တရစပ် တိုက်ခိုက်ပြီး သူက ဒီဟာကွက်ကို အဆက်မပြတ် ကြီးမားလာစေပြီး အောင်းဂျန်ကို အားကုန်သုံးပြီးတော့ တိုက်ခိုက်လို့ရအောင် ဟာကွက်ဖွင့်ပေးလိုက်ပါတယ်။

ငွေရောင်လှံက လေဟာနယ်ကို စုတ်ဖြဲပြီး အစစ်အမှန် နဂါးတစ်ကောင်လို အော်မြည်လို့ နေပါတယ်။ ဒါက အရမ်းကို အစွမ်းထက်တဲ့ တိုက်ကွက်တစ်ခု ဖြစ်ပါတ်။

တကယ်လို့ မာထိုပေါင် ဆိုရင်တောင် ဒီတိုက်ကွက်ကို ထိပ်တိုက်ရင်ဆိုင် ခံယူလိုက်မယ်ဆိုရင် သူက သေသွားနိုင်ပါတယ်။

တိုက်ကွက်က ကျဆင်းလာခဲ့ပါတယ်။

အောင်းဂျန်ရဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ ကျေနပ်ပီတိဖြစ်တဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။ မင်းဘာသာမင်း ဘယ်လောက်ပဲ မွန်းစတားဆန်ဆန် ဘာတတ်နိုင်မှာလဲ။ ဒီတိုက်ခိုက်မှုကို ထိမှန်သွားရင် တစ်ခုတည်းသော လမ်းကြောင်းက သေခြင်းတရားပဲ။

ထန်။

လုံထိပ်က လင်းဟာန်ရဲ့ရင်ဘတ်ကို ထိုးစိုက်လိုက်ပြီး အစစ်အမှန် နဂါးက ပြောင်းဆန်နေအောင် အော်ဟစ်ပြီး

လင်းဟန်ရဲ့ ရင်ဘတ်ကို ဖောက်ထွင်းပြီးတော့ နှလုံးသားကို ထိုးစိုက်ချင်နေ ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ ရင်ဘတ်ပေါ်က အဂတ်အစားက စုတ်ပြဲသွားပေမဲ့ သူ့အရေပြားက ကျောက်စိမ်းလို တလက်လက် တောက်ပနေပြီး ဖျက်ဆီးလို့ မရနိုင်သလို ထိခိုက်မှုလည်း မရှိပါဘူး။

လပြွတ်ပဲ။ ဒါက ဘယ်လိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အမျိုးအစားလဲ။

အောင်းဂျန်က ချက်ချင်းပဲ မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒီကောင်က တကယ်ရော လူသား တစ်ယောက်မှ ဟုတ်ရဲ့လား။ မင်းက တန်ခိုးရှင်ဘုံက မွန်းစတားတစ်ကောင် မဟုတ်ဘူးဆိုတာ သေချာပါတယ်နော်။

“ငါ့ဆီက တိုက်ကွက်တစ်ခုကိုလည်း ယူလိုက်”

လင်းဟန်က အခွင့်အရေးကို ထိထိမိမိ အသုံးချပြီးတော့ တန်ပြန်တိုက်ခိုက် လိုက်ပါတယ်။

သူ့ပြိုင်ဘက်က သူ့ရဲ့အစွမ်းထက်ဆုံး တိုက်ကွက်ကို ထုတ်ဖော်လိုက်တာကြောင့် လက်ရှိ အခြေအနေမှာ သူ့ရဲ့စွမ်းအားနဲ့ ခုခံမှုက အားနည်းနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒါက မျက်တောင် တစ်ခတ်စာ အချိန်လောက် ဆိုပေမဲ့ လင်းဟန်အတွက်တော့ ဒီတိုတောင်းတဲ့ အချိန်က လုံလောက်ပါပြီ။

မရဏဓားက အလင်းရောင်တွေဟာ တလက်လက် တောက်ပနေပြီးတော့ အောင်းဂျန်ရဲ့ ခေါင်းကို ခုတ်ချလိုက်ပါတယ်။

နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့။

ဖူး။

ဓားအလင်းရောင်က ဖြတ်သွားပြီး ခေါင်းပြတ်တစ်လုံးက လေထဲကို လွင့်တက်လာခဲ့ပါတယ်။ ခေါင်းပြတ်နေတဲ့ ခန္ဓာကိုယ်ကနေ သွေးတွေက မိုးကောင်းကင်ပေါ်ကို ပန်းထွက်သွားပြီး နတ်ဘုရား ရေတံခွန် တစ်ခုလိုမျိုးနဲ့တူကာ ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးကို ပျက်စီးသွားအောင် လုပ်ပစ်တော့မဲ့ အတိုင်းပါပဲ။

"သူ အသတ်ခံလိုက်ရပြီ"

ဘုရင်ခုနစ်ပါးက ဒါကိုတွေ့မြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံး မာထိုပေါင်အတွက် လက်စားချေ လိုက်သလိုမျိုး ခံစားနေရပါတယ်။

ဒီလူက သူတို့ အုပ်ချုပ်သူရဲ့ အလောင်းကို ဖျက်ဆီးပစ်ချင်နေပါတယ်။ ဒီအကြံစည်က သူတို့ကို ဒေါသတွေ ထွက်သွားစေပြီး အခုဆိုရင် အဲဒီအောင်းဂျန်ကို လင်းဟန်က ခေါင်းဖြတ်ကွပ်မျက် လိုက်ပါတယ်။ ဒါကြောင့် သူတို့တွေက စိတ်လှုပ်ရှားပြီးတော့ သူတို့ရဲ့ နှလုံးသားတွေကို အနည်းငယ် ဖြေသိမ့်သွားတဲ့ ခံစားချက်မျိုး ဖြစ်သွားခဲ့ပါတယ်။

"သူမသဘောဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့အကြည့်တွေက အဝေးတစ်နေရာကို စိုက်ကြည့်လို့ နေပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက သူ့ခန္ဓာကိုယ် မဟုတ်ဘူးလား"

ဘုရင်ခုနစ်ပါးစလုံး ပဟေဠိ ဖြစ်သွားပြီး ခေါင်းရှုပ်ကုန်ပါတယ်။

“ဒါက သူ့ရဲ့အခွံသက်သက်ပဲ။ ဒါပေမဲ့ သူ့ရဲ့စိတ်ဝိညာဉ်က သူ့ခန္ဓာကိုယ်ကနေ ထွက်ခွာသွားခဲ့ပြီ”

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ သာမန်အားဖြင့် စိတ်ဝိညာဉ်က ခန္ဓာကိုယ်ကို စွန့်ခွာနိုင်တယ် ဆိုပေမဲ့ တန်ခိုးရှင် တစ်ယောက်ပဲ လုပ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ထပ်ပြောရရင် အရမ်းကို အစွမ်းထက်တဲ့ တန်ခိုးရှင် တစ်ယောက်ကပဲ သူ့ရဲ့ စိတ်ဝိညာဉ်ကို မယုံနိုင်စရာကောင်းတဲ့ အဆင့်ထိ သန်မာအောင် ကျင့်ကြံအားထုတ်နိုင်ပြီး တန်ခိုးရှင်တိုင်း လုပ်နိုင်တဲ့ အရာမဟုတ်ပါဘူး။

အောင်းဂျန်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ

ရှိတယ်ဆိုတာ သံသယ ရှိစရာ မလိုပါဘူး။

ကြည့်ရတာ ဒီကောင့်မှာ လျှို့ဝှက်ရတနာ တချို့ကို ရရှိထားပုံ ပါပဲ။ ဒါမှမဟုတ် နတ်ဘုရား ဆေး တမျိုးမျိုးကို ရရှိထားပြီး သူ့ရဲ့စိတ်ဝိညာဉ်ကို သူ့ခန္ဓာကိုယ်ကနေ ထွက်သွားနိုင်တဲ့ ဆေးမျိုးပေါ့။ လင်းဟာန်က စဉ်းစားနေရင်းနဲ့ မရဏဓားကို ပြန်သိမ်းလိုက်ပါတယ်။

အောင်းဂျန်ရဲ့ စိတ်ဝိညာဉ်က ထွက်ပြေးလွတ်မြောက်သွားတယ် ဆိုပေမဲ့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဒီနေရာမှာ အသတ်ခံလိုက်ရပါတယ်။ ဒါကြောင့် ဒါက လုံးဝအကျိုးမဲ့တာ တစ်ခုတော့ မဟုတ်ပါဘူး။

"အရှင်မင်းကြီး"

ဘုရင်ခုနစ်ပါးက နောက်တစ်ကြိမ် ပူဆွေးသောက

ရောက်နေကြပါတယ်။ ဒီနေ့က ခရမ်းရောင်လ
အင်ပါယာအတွက် အကြီးကျယ်ဆုံး ပူဆွေးသောက
ရောက်ရတဲ့ နေ့ဖြစ်ပါတယ်။ သူတို့ရဲ့ ကေရာဇ် ကျရှုံးသွားပြီး
သူတို့နိုင်ငံရဲ့ တရားဝင် နာမည်ကလည်း မရှိတော့ပါဘူး။

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"တခြားကိစ္စတွေ စဉ်းစားမနေကြပါနဲ့။ အစ်ကိုမာအတွက်
ဈာပနာ အခမ်းအနားကို အရင်ဆုံး စီစဉ်ကြတာပေါ့"

ဘုရင်ခုနစ်ပါးက သဘောတူလိုက်ပါတယ်။ ဒါက
သေဆုံးသွားတဲ့ လူတစ်ယောက်ကို အေးအေးချမ်းချမ်း
အနားယူလို့ ရအောင်လို့ မြှုပ်နှံပေးရတာက သဘာဝပါပဲ။

မာထိုပေါင်ရဲ့ နောက်ဆုံးခရီးကို လူပေါင်းများစွာက
လိုက်ပါပို့ဆောင်ကြပါတယ်။ လူတိုင်းကိုယ်စီ မာထိုပေါင်လို

ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်အတွက် ရှိသေလေးစားမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူက မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အခါ နောက်ဆုံး ခြေလှမ်းမှာ ကျရှုံးသွားခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ သေခြင်းတရားက ဒီဘုံတစ်ခုလုံးအတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မာထိုပေါင်ရဲ့ စွမ်းရည်တွေနဲ့ဆို တကယ်လို့ သူ့ကိုယ်သူ ကာကွယ်ချင်တယ် ဆိုရင် သူ့အတွက်တော့ လွယ်လွယ်လေးပဲ မဟုတ်လား။

သူတို့ရဲ့ အသက်တွေကို သူတို့ရဲ့ အိပ်မက်တွေ အတွက်ကြောင့် စွန့်လွှတ်ပြီး တိုက်ပွဲဝင်နိုင်တဲ့ လူတချို့က အမြဲတမ်းလိုလို ရှိပါတယ်။

အရင်အုပ်ချုပ်သူက ထွက်ခွာသွားခဲ့ပြီး ဈာပနာပွဲကို ကျင်းပနေပါတယ်။ နောက်ပြီးတော့ သူက ဘုံတစ်ခုလုံး အတွက်ကြောင့် သေသွားခဲ့တာပါ။

ဈာပနာ အခမ်းအနားကို တစ်လတိုင်တိုင် ကျင်းပခဲ့ပါတယ်။

နောက်ပြီးတော့ လင်းဟာန် ကိုယ်တိုင်ပဲ မာထိုပေါင်ရဲ့ ခန္ဓာကိုယ်ကို ကမ္ဘာမြေကြီးရဲ့ အူတိုင်ထဲကို ပို့ဆောင်ပေးပြီး အောက်ဘုံမှာ ထာဝရ အိပ်စက်အနားယူနိုင်ပါလိမ့်မယ်။

အဲဒီနောက်မှာ လုပ်ဆောင်ရမဲ့ ကိစ္စတွေက အများကြီး ရှိနေပါသေးတယ်။

နိုင်ငံတစ်ခု လွှဲပြောင်းပေးအပ်ခြင်းက စကားလုံးလေးတွေနဲ့ ပြီးမြောက်သွားနိုင်တဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ ရင်ဆိုင်ဖြေရှင်းရမဲ့ အသေးစိတ် အချက်အလက်တွေနဲ့ အသေးအဖွဲ့ ကိစ္စတွေ အများကြီး ရှိပါတယ်။ ကံကောင်းတဲ့ အချက်က ဟော့လျန်ချွင်ရှယ် ဒီနေရာမှာ မရှိတော့ပေမဲ့ သူ့မှာ မိုးရေကေရာဇ်လို လူစားမျိုး ရှိနေတာကြောင့် လင်းဟာန်အပေါ်မှာ ကျရောက်နေတဲ့ ဖိအားတွေ အများကြီးကို ခွဲဝေပြီး ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။

အဲဒီအချိန် အတွင်းမှာ ဟော့လျန်ထန်းယွင်က ပင်လယ်ထဲကို နောက်တစ်ကြိမ် ပြန်သွားပြီး ပင်လယ်လေးခုကို စတင်ပြီးတော့ ပြန်လည်ပေါင်းစည်းပါတယ်။ အောင်းဂျန်က အပြည့်အဝ မသေသေးပေမဲ့ သူ့မှာ စိတ်ဝိညာဉ် တစ်ခုပဲ ကျန်ပါတော့တယ်။ တကယ်လို့ သူက နောက်တစ်ကြိမ် ပြန်ထွက်ပေါ်လာတော့ရော ဘာဖြစ်သေးလဲ။ သူက ဟော့လျန်ထန်းယွင်အတွက် ပြိုင်ဘက်ဖြစ်လာနိုင်မှာလား။

တစ်ခုသိထားရမှာက ဟော့လန်ထန်းယွင်ဟာ အဲဒီနှစ်တွေတုန်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ပြီးတော့သူ့ရဲ့ မွန်းစတားဆန်မှုက မာထိုပေါင်ထက် နိမ့်ကျစရာ မရှိပါဘူး။ အခု သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ပြန်ရောက်ရှိလာပြီး သူ့ရဲ့ စွမ်းအားကလည်း လျင်မြန်စွာနဲ့ တိုးတက်လာခဲ့ပါတယ်။ ပြီးတော့ သိပ်မကြာခင်မှာပဲ သူက အထွတ်အထိပ်ကို နောက်တစ်ကြိမ် ပြန်ရောက်လာပါ လိမ့်မယ်။

တစ်ဖက်မှာရှိတဲ့ လင်းဟန်ကတော့ ကျင့်ကြံခြင်းကို ကြိုးစားပြီး အားထုတ်နေပါတယ်။ လက်ရှိသူက မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ အရည်အချင်း မရှိသေးပါဘူး။ လုံခြုံမှု ရှိဖို့အတွက် သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ရပါမယ်။

လူတွေက အမြဲတမ်းလိုလို မေ့မေ့ပျောက်ပျောက် ဖြစ်လွယ်ပါတယ်။ မာထိုပေါင်က အဲဒီအချိန်က ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့ပေမဲ့ နှစ်ဂက်ခန့် ကြာပြီးတဲ့နောက်မှာတော့ သူတို့ကိုယ်ပိုင် ဘဝတွေနဲ့ အားလုံးက နေသားတကျ ဖြစ်သွားကြပါတယ်။ ဒီဂမ်းနည်းစရာကောင်းတဲ့ ပုံရိပ်ရဲ့ အကြောင်းကို လူတွေက နောက်ထပ်ပြောဆိုကြတာ ရှားလာပါတယ်။

ဒါပေမဲ့လည်း လင်းဟန်နဲ့ ဘုရင်ခုနစ်ပါးကတော့ သူ့ကို မေ့ဖျောက်လို့ မရကြပါဘူး။ သူတို့အားလုံး မိုးကောင်းကင်ကို

ခွဲဖွင့်ဖို့ စိတ်အားထက်သန်မှုတွေနဲ့ ပြည့်နှက်လို့နေပြီး တန်ခိုးရှင်တွေ ဖြစ်လာရင် ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အောင်းကလန်ကို အမြစ်ဖြုတ် သုတ်သင်ဖို့ အာသီသတွေ ပြင်းထန်လို့ နေပါတယ်။

ဒါမျိုးက တစ်ညတည်းနဲ့ အောင်မြင်မှု ရနိုင်တဲ့ အရာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့တွေ အားလုံးမှာ စိတ်ရှည်မှုနဲ့ ခေါင်းမာခြင်းကိုယ်စီ ရှိပါတယ်။

ဟော့လျန်ထန်းယွင်က ပင်လယ်တွေကို နောက်တစ်ကြိမ် ရှင်းထုတ်ပြီး ပင်လယ်လေးခုကို တစ်ခုအဖြစ် ပေါင်းစည်းခဲ့ပြီး အဲဒါကလည်း မဟာလင်း အင်ပါယာရဲ့ ပိုင်နက်တစ်ခု ဖြစ်လာခဲ့ ပါတယ်။ အခုဆိုရင် မိုးကောင်းကင်အောက်က ကုန်းမြေအားလုံးဟာ အင်ပါယာရဲ့ ဩဇာလွှမ်းမိုးမှု အောက်မှာ ရှိတယ်လို့ ပြောရပါမယ်။ လင်းဟန်က ကမ္ဘာကြီးထဲက နေရာအားလုံးရဲ့ လုပ်ရှားမှုတွေကို သူလိုချင်ရင် သိမြင်နိုင်လာပါတယ်။

သူက အခုဆိုရင် ဘုံတစ်ခုလုံးရဲ့ အရင်းအမြစ် အားလုံးအပေါ်မှာ ထိန်းချုပ်ထားပြီး အနက်ရောင် မျှော်စင်ကိုပါ ထည့်တွက်လိုက်ရင် သူ့ရဲ့ကျင့်ကြံခြင်း အမြန်နှုန်းက ကြောက်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။ ဒါပေ့ါ။ အရေးအကြီးဆုံး အချက်က သူ့မှာ ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ကို သောက်တုန်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကို အတွေ့အကြုံ ရရှိခဲ့တာကြောင့် အဲဒါက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်တဲ့ အခါမှာ သူ့ကို နားလည်သဘောပေါက်စေပြီး နည်းနည်းလေးမှတောင် တစ်ဆို့မှု မရှိခဲ့ပါဘူး။

နောက်ထပ်နှစ်ဂက်ခန့် အကြာမှာ လင်းဟန်က နောက်ဆုံးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို အဆင့်တက်သွားခဲ့ပါပြီ။ အခုဆို သူက အသက်နှစ်ဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်။

"ငါ့ရဲ့ ခရီးလမ်း တစ်လျှောက်လုံးမှာ ငါ့ရဲ့ ကျင့်ကြံခြင်းကို ပြီးပြည့်စုံခဲ့တယ်။ ဒါမှမဟုတ် အကန့်အသတ်ကိုတောင် ဖိနှိပ်ထိန်းချုပ်ထားတယ်။ ဒါကြောင့် ငါ့ရဲ့လက်ရှိ ခွန်အားက ကြယ်ဆယ်လုံးကို ရောက်ရှိခဲ့ပြီ"

လင်းဟန်က သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို သုံးသပ်နေပါတယ်။

သူက အရင်တုန်းက အဆင့်ကိုးခုစလုံးအတွက် ပြီးပြည့်စုံမှုကို ရောက်ရှိနိုင်ခဲ့ပေမဲ့ အခုသူက တိုက်ပွဲစွမ်းရည်မှာ ကြယ်တစ်လုံးပဲ တိုးလာခဲ့ပါတယ်။ တစ်ခုသိရမှာက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံးက ကမ္ဘာကြီး တစ်ခုလောက် ကွာခြားပါတယ်။ ဒီလိုတိုးတက်မှု အမျိုးအစားက မယုံနိုင်စရာ အံ့မခန်းပါပဲ။

"တကယ်လို့ ငါ့ရဲ့စွမ်းအားအပြည့်အဂကို

အသုံးချလိုက်မယ်ဆိုရင် ငါ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်လိမ့်မယ်”

ဒါက လင်းဟန်ရဲ့ အကန့်အသတ် မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို တက်ကာစပဲ ရှိပါတယ်။ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းကို အရောင်တင်ပြီး သူ့ရဲ့ မူလစွမ်းအင်ကိုလည်း သန့်စင်အောင် လုပ်ပြီးတော့ သူ့ခွန်အားကို ထပ်ပြီးတော့ တိုးမြှင့်နိုင်ပါသေးတယ်။ ပြောရမယ်ဆိုရင် သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်တစ်လုံးကို ရောက်ကောင်းရောက်နိုင်ပါတယ်။ အဲဒီနောက် သူ့ရဲ့တိုက်ပွဲစွမ်းရည် အဆင့်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးရဲ့ အကန့်အသတ်ကို ချိုးဖျက်နိုင်စွမ်း ရှိပါလိမ့်မယ်။

Chapter 867 end

အပိုင်း(868) လေပြင်းလမင်းဂိုဏ်းကို အပိုင်စီးနင်းခြင်း

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

မာထိုပေါင်က အရမ်းကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကိုပဲ ရောက်နိုင်ပြီး ဒီအကန့်အသတ်ကို ကျော်လွန်တဲ့ တိုက်ပွဲစွမ်းရည်က နှိုင်းယှဉ်လို့ မရနိုင်လောက်အောင် တကယ်ပဲ ကြောက်စရာကောင်းပါတယ်။

ဟော့လျန်ထန်းယွင်ကလည်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့် တစ်လုံးကို ရောက်ရှိဖို့ အခွင့်အလမ်း တစ်ခုလည်း ရှိပါတယ်။ သူက အစစ်အမှန် နဂါးအစွယ်က ဒုတိယဘဝကို ရရှိလာခဲ့တာကြောင့် ပိုပြီးတော့တောင် သန်မာလာပါလိမ့်မယ်။

တကယ်လို့ သူ့ကို နိုင်ငံစွမ်းအားက မြှင့်တင်ပေးမယ် ဆိုရင်ရော ဘယ်လိုဖြစ်မလဲ။

လင်းဟန်က နိုင်ငံစွမ်းအားကို စုဝေးလိုက်ပြီးတော့ ကြောက်မက်ဖွယ် စွမ်းအားတွေကို စုစည်းပြီး သူ့ရဲ့စွမ်းအားကို စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့်နှစ်လုံးထိ တွန်းပို့လိုက်ပါတယ်။ ဒါက အောက်ဘုံက ခွင့်ပြုထားတဲ့ အကန့်အသတ် ဖြစ်ပါတယ်။ ပြီးတော့ နောက်ထပ် အဆင့်ထပ်မြှင့်လို့ မရနိုင်တော့ပါဘူး။ ဒါက ပင်လယ်လေးခုနဲ့ အဓိကကုန်းမြေကြီးရဲ့ နိုင်ငံစွမ်းအား တစ်ခုလုံးကို စုစည်းဖြစ်ပါတယ်။ ဒီစွမ်းအားရဲ့ အကန့်အသတ်က စကြာဂဠာ ဖျက်ဆီးခြင်း တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး မဖြစ်သင့်ပါဘူး။

တခြားလူတွေက ဒီလိုမျိုး ပြဿနာတွေ ကြုံတွေ့ရလိမ့်မှာ မဟုတ်ဘူးပါဘူး။ ဘာဖြစ်လို့လဲဆို သူတို့ရဲ့ ခန္ဓာကိုယ်က အဲဒါကို တောင်ခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်တဲ့ အတွက်ကြောင့်ပါ။ ပြီးတော့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးရဲ့ အဆုံးမဲ့ စွမ်းအားကို ရောက်မသွားခင်

အစိတ်စိတ် အပိုင်းပိုင်း ပေါက်ကွဲသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ ခန္ဓာကိုယ်က နတ်ဘုရားသတ္တု အဆင့်ကို ရောက်နေပြီး ဒီလိုမျိုး အားလုံးစုစည်းမှုက အေးဆေးပါပဲ။

စွမ်းအားက သူ့ကိုယ်ပိုင် ခန္ဓာကိုယ် အတွင်းမှာ ချက်ချင်းကြီး အာနိသင် ပြမလာဘူး ဆိုပေမဲ့ တိုက်ခိုက်မှု အနည်းငယ်ကို ထုတ်ဖော်ပြီးမှ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်ဝိညာဉ်ရှိ ဘယ်လောက်ကို သိပ်သည်းထားပြီး အဲဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက ဘယ်လောက်ရှိတယ် ဆိုတာနဲ့ သူ့ရဲ့စွမ်းအားက ဘယ်လောက်ထိ ရောက်နေလဲ ဆိုတာကို တွက်ချက်လို့ ရပါလိမ့်မယ်။

“စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့်ငါးလုံးလား”

လင်းဟန်က မသေချာပါဘူး။ ဒီလိုမျိုး တိုက်ပွဲစွမ်းရည်က

မကြိုက်စဖူး အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကိုးကားမှီငြမ်းစရာလည်း မရှိပါဘူး။

ခဏလေးနဲ့ သူက မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အချိန်တုန်းက မာထိုပေါင်ထက် သန်မာသွားပြီး နည်းနည်းလေးမှတောင် မဟုတ်ပါဘူး။

ဒါပေမဲ့ ငါ့ရဲ့ဂုက်ဖဲ အစစ်အမှန်က ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ပဲ။ လင်းဟန်က သူ့ကိုယ်သူ တွေးလိုက်ပါတယ်။ သူ့အတွက် မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အချိန် ရောက်လာတဲ့ အခါမှာ တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက အဆုံးမဲ့ လက်ရွေးစင်တွေက သေချာပေါက် နောက်တစ်ကြိမ် တိုက်ခိုက်ကြပါလိမ့်မယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ တိုက်ခိုက်မှုတွေက လောကဘုံရဲ့ စွမ်းအားကြောင့် အားပျော့သွားပါလိမ့်မယ်။ တကယ်လို့ သူတို့က ကြယ်နှစ်ဆယ့်ငါးလုံး အဆင့်ကို ရောက်တော့လည်း ဘာဖြစ်မှာလဲ။

သူ့ကို ဒဏ်ရာရအောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

“ငါ့ရဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ဒုတိယအလွှာ ကျင့်ကြံခြင်း အခြေအနေက နည်းနေသေးတယ်။ ငါ့စိတ်ဝိညာဉ်က သိပ်ပြီးတော့ မသန်မာသေးဘူး။ ဒါပေမဲ့ ပိုပြီးတော့ တည်ငြိမ်လာပြီ။ ငါ့ကို သိုင်းပညာနလုံးသား အသုံးပြုပြီးတော့ သတ်ပစ်ဖို့ စိတ်ကူးတယ် ဆိုရင်တော့ အဲဒါက လုံး၀ ဖြစ်နိုင်မှာ မဟုတ်ဘူး”

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်က တကယ်ပဲ အရမ်းကို ထူးဆန်းပါတယ်။ အဓိက အချက်က ဖျက်ဆီးလို့ မရနိုင်ခြင်း ဖြစ်ပါတယ်။

တခြားနည်းစနစ်တွေက သူတို့ရဲ့ မူလစွမ်းအင်တွေ

ဒါမှမဟုတ် သူတို့ရဲ့ ပကတိ အင်အားတွေကို တိုးလာနိုင်ပါတယ်။ ဒါပေမဲ့ သူ့နည်းစနစ်ရဲ့ ပထမအလွှာက သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို တိုးလာစေပါတယ်။ သူ့နည်းစနစ်ရဲ့ ဒုတိယအလွှာက သူ့စိတ်ဝိညာဉ်ရဲ့ တည်ငြိမ်မှုကို တိုးလာစေနိုင်ပြီး ပိုပြီးတော့ သန်မာအားကောင်း လာစေပါတယ်။

ငါကြားဖူးတာက တန်ခိုးရှင်တွေပဲ သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို ကျင့်ကြံအားထုတ်နိုင်ပါတယ်။ တကယ်လို့ စိတ်ဝိညာဉ်တွေကို အဓိက ခန္ဓာကိုယ်ရဲ့ အပြင်မှာ ထားလိုက်မယ်ဆိုရင် သူတို့ကိုယ် သူတို့ တခြားအမြင်တစ်ခု ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ ရွှေရောင်ခန္ဓာကိုယ် တစ်ခုက မီတာ ထောင်ပေါင်းများစွာကနေ သန်းနဲ့ချီအောင် ရှည်ထွက်လာပြီးတော့ ဆင့်ကဲပြောင်းလဲ နိုင်ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်က

စိတ်ဝိညာဉ် မသန်မာနိုင်ဘူးဆိုရင်တောင် လုံခြုံရေးအတွက်
ခိုင်မာမှု ရှိပြီးတော့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်လိုမျိုးပါပဲ။

လက်ရှိငါက မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ လုံလောက်တဲ့အထိ
အားကောင်းနေပြီပဲ။

ဒါပေမဲ့လည်း အရင်ဆုံး တချို့ကိစ္စတွေကို ဖြေရှင်းပြီးမှ
သမိုင်းသစ် ရေးထိုးတာပေါ့။

လင်းဟာန်က သူ့ကိုယ်သူ မိုးကောင်းကင်ကို
အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်ပြီး တန်ခိုးရှင်ဘုံကို
ဝင်နိုင်မယ်လို့ တွေးထားပါတယ်။ အောက်ဘုံကို
လုံးဝထိန်းချုပ်ဖို့အတွက် မရေမတွက်နိုင်တဲ့ အစွမ်းထက်
အင်အားစုတွေ အများကြီး ရှိလာပါလိမ့်မယ်။ လင်းဟာန်က
ခုခံနိုင်မှာ မဟုတ်ပါဘူး။

ဘယ်သူကမှလည်း ခုခံနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ရွေးချယ်စရာမရှိပဲ လက်လျှော့လိုက် ရပါလိမ့်မယ်။

ရှီရွှမ်ရွှမ်ရဲ့ ပြောစကား အရတော့ တန်ခိုးရှင်ဘုံရဲ့ အင်အားစုကြီးတွေက မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တက်လာတဲ့ လောကဘုံ သေးသေးလေး တစ်ခုကို တန်းပြီးတော့ တိုက်ခိုက်သိမ်းယူခြင်း မရှိပါဘူး။ ဒါပေမဲ့ လွတ်လပ်တဲ့ နိုင်ငံတစ်ခုအဖြစ် နိုင်ငံအပေါ်ကို အုပ်ချုပ်မဲ့ သူ့ရဲ့နေရာ အချုပ်အခြာ အာဏာကို ဆက်ပြီးတော့ မကိုင်ထားနိုင်ပဲ မျက်စိအောက်က အပျောက်မခံနိုင်တဲ့ အရာတစ်ခုလိုမျိုး လက်ခံထားဖို့ လိုအပ်ပါတယ်။

အဆင်မပြေဘူးလား။ ဒါဆိုရင် မင်းက ချက်ချင်းပဲ လောကဘုံ နယ်နမိတ်မှာ စစ်ပွဲအတွက် တန်းပြီးတော့ ပို့လွှတ်ခံရပါလိမ့်မယ်။ မင်းက စက္ကန့်ပိုင်း အတွင်းမှာ သေသွားနိုင်ပါတယ်။

နောက်တစ်မျိုး ပြောရမယ်ဆိုရင် မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတဲ့နောက် အောက်ဘုံရဲ့ သက်ရှိတွေ အားလုံးက လောကဘုံ ဆေးလုံးအဖြစ်ကို သန့်စင်ခံရမဲ့ ကံတရားကနေ လွတ်မြောက်သွား နိုင်ပြီးတော့ ကျင့်ကြံခြင်းအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဂန်းကျင် တစ်ခုကိုတောင် ရရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း မိုးကောင်းကင်ကို ဖွင့်လိုက်တဲ့ လူကတော့ သူ့ရဲ့လွတ်လပ်မှု ဆုံးရှုံးသွားမှာ ဖြစ်ပြီး နိုင်ငံတစ်ခုရဲ့ အချုပ်အခြာအာဏာ နာမည်တစ်ခု ဖြစ်လာပါမယ်။

ဒါပေမဲ့လည်း လင်းဟာန်က သူ့ကိုယ်သူ ယုံကြည်ပါတယ်။ အစစ်အမှန် နဂါးတစ်ကောင်ကို ရေတိမ်တိမ်မှာ ထောင်ချောက်ဆင်နိုင်ပေမဲ့ အမြဲတမ်းတော့ မရနိုင်ပါဘူး။

“အရင်ဆုံး လေပြင်းလမင်းဂိုဏ်းဆီ သွားကြတာပေါ့”

လင်းဟန်က ဘယ်သူ့ကိုမှ ခေါ်မသွားပဲ သူတစ်ယောက်တည်း လေပြင်းလမင်းဂိုဏ်းဆီကို အလျင်စလို ထွက်လာခဲ့ပါတယ်။

အတိတ်တုန်းက သူက လေပြင်းလမင်းဂိုဏ်း ခေါင်းဆောင်ဖြစ်သူ ဟုကျန်းရီရဲ့ တစ်ဦးတည်းသောသား ဟုချင်းဖန်ကို သတ်ပစ်ခဲ့ပါတယ်။ အဆုံးမှာ သူက ဟုကျန်းရီရဲ့ လိုက်ဖမ်းခြင်းကို ခံရပြီး ဖန်ပိုယွမ်ရဲ့ ကူညီမှုကြောင့် ဟုကျန်းရီက နောက်ဆုတ်သွား ရပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန်တုန်းက သူ့ရဲ့ကျင့်ကြံခြင်း ကောင်းကင်အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ သူက လေပြင်းလမင်းဂိုဏ်းကို ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့ ဒီမကောင်းဆိုးဝါး ဂိုဏ်းကို မြေလှန်ပစ်မယ်လို့ ပြောခဲ့ပါတယ်။

သူက ကျင့်ကြံခြင်းကိစ္စတွေ တခြားကိစ္စတွေနဲ့ အရမ်းကို အလုပ်ရှုပ်နေခဲ့ပါတယ်။ အခုမှပဲ သူ့မှာ အားလပ်ချိန်တချို့

ရှိလာခဲ့တာပါ။

သူ့ရဲ့လက်ရှိ အမြန်နှုန်းက အရမ်းကို လျင်မြန်ပါတယ်။
ဒါကြောင့် သူက လေပြင်းလမင်းဂိုဏ်းရဲ့ အဓိက
ဂိတ်တံခါးဆီကို တစ်ရက်အချိန်ကြာပြီးတဲ့နောက်မှာ
ရောက်လာခဲ့ပါတယ်။

အပြင်ဘက်ကနေ ကြည့်ရင် ဒီဂိုဏ်းတည်ရှိတဲ့
တောင်ထွတ်ဆီမှာ အဖြူရောင် တိမ်တိုက်တွေနဲ့
တင့်တယ်လှပပြီး အလွန်နူးညံ့သိမ်မွေ့တဲ့ လေထုနဲ့
ပြည့်လို့နေပါတယ်။ ဒဒါပေမဲ့ ဒီနေရာက
မကောင်းဆိုးဝါးနဲ့တူတဲ့ လူတွေက
လက်မခံနိုင်စရာကောင်းတဲ့ လုပ်ရပ်တွေကို အမှောင်ထုထဲမှာ
ပုန်းကွယ်ပြီးတော့ လုပ်တဲ့နေရာတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က သူ့ညာဘက်လက်ကို မြှောက်လိုက်တဲ့ အခါမှာ

အနက်ရောင်မျှော်စင်ထဲကနေ ကျောက်တုံးစိတ်ဝိညာဉ်က လွှားခနဲ ခုန်ထွက်လာခဲ့ပါတယ်။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ညွှန်ကြားလိုက်ပါတယ်။

"အပိုင်းပိုင်း အစစ ဖြစ်အောင်လို့ စုတ်ဖြဲပစ်လိုက်"

ကျောက်တုံး စိတ်ဝိညာဉ်က ချက်ချင်းပဲ ပြုံးလိုက်ပါတယ်။ အရှင်ကျောက်တုံးက ပြောင်းဆန်အောင် ဖျက်ဆီးပစ်တဲ့ နေရာမှာ ကျွမ်းကျင်ပါတယ်။ ဝုန်း။ ကျောက်တုံး စိတ်ဝိညာဉ်က တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ အဓိက ဂိတ်တံခါးဂကို လက်သီးတစ်ချက် ထိုးချလိုက်ပြီး ချက်ချင်းပဲ ပေါက်ကွဲထွက် သွားစေခဲ့ပါတယ်။

ရုတ်တရက်ဆိုသလို အပျက်အစီးတွေက နေရာအနှံ့အပြားကို လွင့်ထွက်သွားပါတယ်။ လေပြင်းလမင်းဂိုဏ်းရဲ့ အဓိက ဂိတ်ဂကို စောင့်ကြပ်နေတဲ့ တပည့်တွေက မရပ်မနားနဲ့

ကျိန်ဆဲလိုက်ပါတယ်။ အပျက်အစီးတွေက သူတို့ကို ထိမှန်သွားတဲ့ အချိန်မှာ သူတို့ရဲ့ အရိုးတွေ အထိတောင် နက်ရှိုင်းတဲ့ နာကျင်မှုဒဏ်ကို ခံရပြီး ဘယ်လိုမှ ခံနိုင်ရည် မရှိအောင် ဖြစ်နေပါတယ်။

"မင်းဘယ်သူလဲ။ လေပြင်းလမင်းဂိုဏ်းထဲကို ကျူးကျော်ဝင်လာရဲတယ်ပေါ့လေ"

သူတို့က နာကျင်စွာနဲ့ အော်ဟစ်နေရင်း ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ တကယ်လို့ ကျူးကျော်သူရဲ့ အကြောင်းကို အတည်မပြုနိုင်ပဲ သတင်းသွားပို့မယ်ဆိုရင် ဂိုဏ်းရဲ့ လက်ရွေးစင်တွေကြောင့် သူတို့တွေ အရေဆုတ်ခံရပါလိမ့်မယ်။

ကျောက်တုံးစိတ်ဝိညာဉ်က သူတို့ကို ဂရုနည်းနည်းမှ မစိုက်ပါဘူး။ သူ့ရဲ့ရှည်ပြီးတော့ ကြီးမားတဲ့

လက်မောင်းတွေကို ဝှေ့ယမ်းပြီး ရိုက်ချစရာတောင် မလိုပဲ လေမုန်တိုင်းတစ်ခု ဖြစ်ပေါ်လာပြီး လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေကို သွေးအိုင်တွေအဖြစ် ပြောင်းလဲသွားစေခဲ့ပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ရောက်ရှိနေပြီးတော့ အလွှာသုံးကို ရောက်နေပါပြီ။ ဒါကြောင့် ဒီလိုမျိုး ဖျက်ဆီးခြင်း စွမ်းအားက အံ့အားသင့်စရာ မဟုတ်ပါဘူး။

လင်းဟာန်က သူ့လက်နှစ်ဖက်ကို အနောက်မှာ ပစ်ထားပြီးတော့ တောင်တွေရဲ့ အတွင်းပိုင်းဆီကို ဦးတည်ပြီး လျှောက်လာခဲ့ပါတယ်။

“မင်းဘယ်သူ အား”

“အဲဒီမှာ ရပ် အား”

“ဂိုဏ်းရဲ့လက်ရွေးစင်တွေကို သွားသတင်းပို့ အား”

လမ်းတစ်လျှောက်လုံး လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေ အများကြီး ခုန်ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အားလုံးကို ကျောက်တုံးစိတ်ဝိညာဉ်က ချက်ချင်းပဲ သေတဲ့အထိ ရိုက်ချပစ်လိုက်ပါတယ်။ နတ်အသွင် ပြောင်းလဲခြင်းအဆင့် လက်ရွေးစင် တစ်ယောက် ဆိုရင်တောင် အရိုက်ခံလိုက်ရရင် သေသွားပါလိမ့်မယ်။ ဘယ်သူကမှ ဆက်ပြီးတော့ ခုန်ထွက် မလာဝံ့တော့ပဲ ကျောက်တုံး စိတ်ဝိညာဉ်ကို ထိတ်လန့်တုန်လှုပ်စွာနဲ့ ကြည့်နေပါတယ်။

ဒါက ဘယ်လိုမျိုး တည်ရှိမှု အမျိုးအစားလဲ။ လုံးဝကို မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာပါတယ်။

“သူတို့အားလုံးကို သတ်ပစ်”

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

တခြားအဖွဲ့အစည်း ဆိုရင်တောင် သူ့အနေနဲ့ လမ်းကြောင်းတစ်ခု ပေးပြီးတော့ ငဲ့ညှာသနားမှုကို ထုတ်ပြနိုင်ပါဦးမယ်။ အနည်းဆုံးတော့ သူက ထိပ်ပိုင်းကနေ အောက်ခြေအထိ သူတို့အားလုံးကို သတ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေကတော့ ချွင်းချက်ပါပဲ။ ဘာဖြစ်လို့လဲဆိုရင် သူတို့တွေ အားလုံးက ဖြည့်စွက်ရိတ်သိမ်းခြင်း နည်းစနစ် တစ်ခုကို ကျင့်ကြံအားထုတ် ထားကြပါတယ်။ သူတို့ ကျင့်ကြံခြင်း ဘဝတစ်လျှောက်လုံး မရေမတွက်နိုင်တဲ့ လူသားတွေရဲ့ အသက်ကို ယစ်ပူဇော်ပြီးတော့ တည်ဆောက်ထားခဲ့တာ ဖြစ်ပါတယ်။

အားလုံးကို သတ်ပစ်ဖို့ တစ်နည်းပဲ ရှိပါတယ်။

ကျောက်တုံး စိတ်ဝိညာဉ်က ဂမ်းမြောက်ဂမ်းသာနဲ့ အမိန့်ကို နာခံပြီး လေပြင်းလမင်းဂိုဏ်း တစ်ခုလုံးကို သူ့စိတ်ကြိုက် ဖျက်ဆီးသုတ်သင်ကာ တစ်ယောက်မှ လွတ်မြောက်ခြင်း မရှိပါဘူး။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်အတွက် ဒီလိုမျိုး လုပ်ရတာ အရမ်းကို လွယ်ကူလွန်းပါတယ်။

"ရပ်လိုက်"

ဟုကျန်းရီက နောက်ဆုံးတော့ ပေါ်လာခဲ့ပါပြီ။ သူက အံကိုတင်းတင်း ကြိတ်ထားပြီး လင်းဟာန်ကို မုန်းတီးမှုတွေနဲ့ ကြည့်ပြီးတော့ ပိုပြီးတော့တောင် ထိတ်လန့်တုန်လှုပ် လာခဲ့ပါတယ်။ ဒီလူငယ်လေးက သူတောင်မှ မော့ကြည့်ရတဲ့ ဒီလိုအမြင့်ကို ကြီးထွားလာဖို့အတွက် နှစ်အနည်းငယ်ပဲ အချိန်ယူခဲ့ပါတယ်။

လင်းဟန်က တစ်နေ့မှာ သူ့ကို ကျော်လွန်သွားမယ် ဆိုတာကို သိပါတယ်။ ဒါပေမဲ့ အဲဒီလို နေ့ရက်က အရမ်းကို လျင်မြန်စွာနဲ့ ရောက်လာလိမ့်မယ်လို့ သူလုံးဝကို ထင်မှတ်မထားမိ ခဲ့ပါဘူး။

“ရပ်စမ်း ဟုတ်လား။ မင်းက ဘယ်သူ့ကို အမိန့်ပေးနေတာလ ဲ”

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။ ကျောက်တုံးစိတ်ဝိညာဉ်က လင်းဟန် တစ်ယောက်တည်းရဲ့ အမိန့်တွေကိုပဲ နာခံပါတယ်။ သူက ဟုကျန်းရီကို လုံးဝ ဂရုမစိုက်ပဲ မရပ်မနား ထုနက်ဖျက်ဆီးလို့ နေပါတယ်။

လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေက ဘယ်လောက်ဝေးဝေးမှာ ပုန်းအောင်းနေကြပါစေ

ကျောက်တုံး စိတ်ဝိညာဉ်က သူတို့ကို သေအောင်လို့ လက်သီးတစ်ချက် အသုံးပြုပြီး အဝေးကနေ ထိုးလိုက်လို့ ရပါတယ်။ ခွန်အား ကွာဟချက်က တကယ်ပဲ အရမ်းကို ကြီးမားပါတယ်။

"တကယ်လို့ မင်းမရပ်ဘူးဆိုရင် အဲဒီအမျိုးသမီးတွေ သေရလိမ့်မယ်"

ဟုကျန်းရီက အေးစက်စွာနဲ့ ပြောပြီးတော့ တောင်တစ်ဂက်မှာရှိတဲ့ စင်မြင့်နေရာတစ်ခုကို လက်ညိုးထိုး ညွှန်ပြလိုက်ပါတယ်။

လင်းဟန်က သူ့အကြည့်တွေကို အဲဒီဆီကို ပြောင်းလိုက်တဲ့ အခါမှာ စင်မြင့်ပေါ်မှာ အမျိုးသမီးတွေ ရာနဲ့ချီပြီးတော့ ထိုင်နေတာကို တွေ့လိုက်ရပါတယ်။ သူတို့အားလုံးက အရမ်းကို ငယ်ရွယ်ပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့ရဲ့ လည်ပင်းကိုယ်စီမှာ ထက်ရှတဲ့ ဓားသွားတစ်ခုက နေရာယူထားပြီး သူတို့အနောက်မှာ သတ်တော့ဖြတ်တော့မဲ့

ပုံစံနဲ့ လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေ ရပ်နေကြပါတယ်။

“လေပြင်းလမင်းဂိုဏ်းကို ခက်ခဲအောင် မလုပ်တော့ဘူးလို့ မင်းကတိပေးရင် ငါကလည်း ဒီဂိုဏ်းကို ဒီနေ့ကစပြီး မှန်ကန်တဲ့ ကျင့်ကြံခြင်း လမ်းကြောင်းကိုပဲ လေ့ကျင့်ခိုင်းမယ်လို့ ကျိန်ဆိုနိုင်တယ်”

ဟုကျန်းရီက တောင်းဆိုလိုက်ပါတယ်။

Chapter 868 end

အပိုင်း(869) မင်းရဲ့ ဆရာသခင်အဖြစ် ငါ့ကို သတ်မှတ်ပါ

လင်းဟာန်က ဝါးလုံးကွဲအောင် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“ခွေးတစ်ကောင်က သူ့ရဲ့သဘောထားကို ပြောင်းလဲလိမ့်မယ်

ဆိုတာကို ငါက ဘယ်လိုမျိုး အချက်တွေကို ကြည့်ပြီးတော့ ယုံကြည်ပေးသင့်လဲ”

“ငါက ဒီအမျိုးသမီးတွေ အပေါ်မှာ လျှို့ဝှက်နည်းစနစ် တစ်ခုကို ထည့်ထားတယ်။ ငါ့ရဲ့ စိတ်သဘောထား တစ်ချက်နဲ့တင် သူတို့ရဲ့ နှလုံးသားတွေ ပေါက်ကွဲပြီးတော့ သေသွားနိုင်တယ်။ နောက်ပြီးတော့ ငါ့ရဲ့နှလုံး ခုန်သံ ရပ်သွားရင်လည်း သူတို့က တူညီတဲ့ ကံတရားကို ခံစားရလိမ့်မယ်”

ဟုကျန်းရီက သရော်ပြုံး ပြုံးလိုက်ပါတယ်။

“မဟာလင်း အင်ပါယာရဲ့ အုပ်ချုပ်သူ တစ်ယောက်က အနေနဲ့ မင်းအတွက်ကြောင့် ဒီလိုမျိုး အပြစ်ကင်းစင်တဲ့ လူတွေ သေသွားမှာကို ကြည့်နေနိုင်လား”

“မရဘူး”

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

ဟုကျန်းရီက ချက်ချင်းပဲ ကျေနပ်ပျော်ရွှင်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် မြန်မြန်လေး မိုးကောင်းကင်သစ္စာ ဆိုပါ”

“ငါမင်းကို လွှတ်ပေးမယ်လို့ ဘယ်သူက ပြောလို့လဲ”

လင်းဟန်က ပြုံးလိုက်ပါတယ်။

“မင်းက တကယ့်ကို အရှက်မရှိတဲ့ လူတစ်ယောက်ပဲ။ မင်းကိုယ်မင်း အရမ်းကို အထင်ကြီး မနေနဲ့”

“သေစမ်း”

ဟုကျန်းရီရဲ့ မျက်လုံးတွေက မီးဂင်းဂင်း တောက်လို့ နေပါပြီ။

“မင်းငါ့ကို လာနှောက်နေတာလား။ အနည်းဆုံးတော့ ငါက ဂိုဏ်းခေါင်းဆောင် တစ်ယောက်ပဲ။ တကယ်လို့ အဆိုးတကာ့ အဆိုးဆုံး ဖြစ်လာမယ် ဆိုရင်တောင် ငါက အားလုံးကို ဖျက်ဆီးပစ် လိုက်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ချောမောလှပတဲ့ မိန်းကလေးတွေ အများကြီးက ငါနဲ့အတူ လိုက်လာရမှာဆိုတော့ အနည်းဆုံး မရဏာလမ်းမှာ ငါတစ်ယောက်တည်း အထီးကျန်တော့မှာ မဟုတ်ဘူး”

“ငါပြောပြီးသားပဲ။ မင်းအိပ်မက်မက်မနေနဲ့။ ဘာဖြစ်လို့များ မင်းက ဒီလောက်တောင် အတ္တကြီးနေတာလဲ”

"ဟင့် ဒါဆိုရင် မင်းကို သတိပေးတဲ့ အနေနဲ့ ငါက တချို့ကို သတ်ပြရမှာပေါ့"

ဟုကျန်းရီက အကြင်နာတရား ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အလယ်ပိုင်း ဒေသရဲ့ အုပ်ချုပ်သူ ဖြစ်လာမှတော့ သူက ဒီလိုမျိုး နေ့ရက်နဲ့ ကြုံလာလိမ့်မယ် ဆိုတာကို တွေးမြင်နေမိခဲ့ပါတယ်။ ဒါကြောင့် သူက သေခြင်းတရားကို ထိုင်စောင့်နေမှာ မဟုတ်ပဲ အခုလိုမျိုး မြင်ကွင်းအတွက် ပြင်ဆင်ထားခဲ့ပါတယ်။

တကယ်လို့ သူ့ရဲ့အပြုအမူတွေက စက်ဆုပ်ရွံရှာစရာ ကောင်းနေတော့ရော ဘာဖြစ်သေးလဲ။ သူ့ရဲ့အသက်ကို သူကယ်တင်နိုင်မယ်ဆိုရင် ဒီထပ်မက ဆယ်ဆလောက် ဆိုးယုတ်မာဖို့ကိုလည်း သူဂရုမစိုက်ပါဘူး။

ဖူး။

သူ့မျက်လုံးထဲမှာ အလင်းရောင် တစ်ချက် လက်သွားသလို ခံစားလိုက်ရပါတယ်။ အဲဒီနောက် သူ့အရှေ့မှာ နလုံးခုန်သံ နှစ်ချက်ကို ကြားလိုက်ရပါတယ်။ ပထမတော့ သူက ကြောင်တောင်တောင်နဲ့ စိုက်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ လင်းဟန်က သူ့ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မယ်လို့ ထင်မှတ်မထားခဲ့ပါဘူး။ ဒီကောင်က ဒီအမျိုးသမီးတွေရဲ့ အသက်ကို တကယ်ပဲ လျစ်လျူရှုနိုင်မှာလား။

ဒါပေမဲ့ အဲဒီနောက် သူမှာနောက်ထပ်အတွေးတစ်ခု ပေါ်လာပါတယ်။ ဘာဖြစ်လို့ နလုံးခုန်သံ နှစ်ချက် ရှိနေရပါတယ်။ တစ်ဖက်လူက တစ်ယောက်တည်းပဲ မဟုတ်ဘူးလား။

သူက လင်းဟန်ကို ကြည့်လိုက်တဲ့ အခါမှာ လင်းဟန်ရဲ့

လက်ထဲမှာ သွေးတွေပေကျံနေတဲ့ နှလုံးတစ်ခု ကိုင်ထားတာကို တွေ့မြင်လိုက်ရပါတယ်။ ထူးဆန်းတဲ့ အရာကတော့ အဲဒီနှလုံးက ခုန်နေပါသေးတယ်။

သူ့ရဲ့ ရင်ဘက်က ရုတ်တရက် အရမ်းကို နာကျင်လာသလို ခံစားလိုက်ရပါတယ်။

ဟုကျန်းရီက သူ့ခေါင်းကို ငုံ့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ သူ့ရင်ဘတ်မှာ သွေးတွေအိုင်နေတဲ့ အပေါက်ကြီးတစ်ခုကို အံ့အားသင့်စရာကောင်းလောက်အောင် တွေ့မြင်လိုက်ရပြီး အဲဒီကနေ သွေးတွေက စီးကျလို့ နေပါတယ်။ အဲဒီနောက် သူသိလိုက်တာက လင်းဟန်ရဲ့ လက်ထဲမှာ ကိုင်ထားတာက သူ့ရဲ့ နှလုံးသား ဖြစ်တယ်ဆိုတာကိုပါပဲ။

ဘယ်အချိန်တုန်းကများ တစ်ဖက်လူက သူ့နှလုံးသားကို ဆွဲကုတ်သွားခဲ့တာလဲ။

ဟုကျန်းရီရဲ့ ခေါင်းထဲမှာ ဘယ်လိုမှ နားမလည်နိုင်တဲ့ အတွေးတွေ တဖျပ်ဖျပ်လက်နေပေမဲ့ သူ့ရဲ့ အသိစိတ်ကတော့ တဖြည်းဖြည်းနဲ့ မှန်ဝါးလာခဲ့ပါတယ်။ သူက အားလုံးကို အမြစ်ဖြတ် သုတ်သင်ပစ်ပြီး သူနဲ့အတူ သေခြင်းတရားဆီကို မြုပ်နှံဖို့ အမိန့်ပေးချင်ပေမဲ့ သူ့ရဲ့ ဒီအတွေးက အပြင်ကို ထုတ်မပြောလိုက် နိုင်ပါဘူး။

သူ့ရဲ့အရှေ့မှာ လင်းဟာန်ရဲ့ ကျောရိုးစိမ့်လောက်စေတဲ့ အကြည့်တစ်ခုပဲ ရှိပါတယ်။ သူ့ရဲ့ စိတ်ထဲမှာတော့ သူ့အမြင်အာရုံက ပိုပိုဝေဝါးလာပြီး သူ့ခန္ဓာကိုယ်ကနေ တဖြည်းဖြည်း ပျောက်ကွယ်သွားကာ အလောင်းကောင် တစ်ခုဖြစ်သွားစေခဲ့ပါတယ်။

လင်းဟာန်က စင်မြင့်ထက်ပေါ်ကို လျင်မြန်တဲ့ ခြေလှမ်းနဲ့ ရောက်လာပြီး သူ့ရဲ့ ခံ့ညားထယ်ဝါတဲ့ အရှိန်အဝါကို ထုတ်ဖော်လိုက်ပါတယ်။ ဝုန်း ဝုန်း ဝုန်း။ အားလုံးက

တဆတ်ဆတ်တုန်ပြီးတော့ လက်ချောင်းလေး တစ်ချောင်း လှုပ်နိုင်တဲ့ စွမ်းရည်တောင် မရှိတော့ပါဘူး။ လင်းဟန်ရဲ့ နတ်ဘုရား အာရုံကို ဖြန့်ကြက်သွားပြီး လေပြင်းလမင်းဂိုဏ်းရဲ့ တပည့်တွေကို သူတို့ရဲ့ နှလုံးသားတွေ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်စေပြီးတော့ သတ်ပစ်လိုက်ကာ အဖမ်းခံထားရတဲ့ အမျိုးသမီးတွေကိုတော့ လွှတ်ပေးလိုကပါတယ်။

သူ့ကိုတားဆီးဖို့အတွက် ကောင်းကင်အဆင့် လူတစ်ယောက်ရဲ့ နည်းလမ်းအကြံအစည် တစ်ခုလား။

လင်းဟန်က အနီးအနားမှာရှိတဲ့ မြို့က အစောင့်တွေကို ဆင့်ခေါ်ပြီးတော့ ဒီအမျိုးသမီးတွေကို ဘေးကင်းလုံခြုံတဲ့ နေရာကို ပို့ခိုင်းလိုက်ပါတယ်။ ဒီလိုမျိုး အသေးအမွှားကိစ္စလေးကိုတော့ နိုင်ငံတစ်ခုရဲ့ ဦးသျှောင်ကိုယ်တိုင် လုပ်ပေးစရာ မလိုပါဘူး။ သူက အထိမ်းအမှတ်ရုပ်တုနဲ့ ချိတ်ဆက်ပြီးတော့

အောက်ဘုံတစ်ခုလုံးကို သူ့ရဲ့အမြင်အာရုံအောက်မှာ ထားထားပါတယ်။

သူက ခံစားချက်က ကင်းမဲ့နေရာကနေ တစ်ရက်အကြာမှာ သူ့ရဲ့မျက်လုံးတွေကို ရုတ်ခြည်း ဖွင့်လိုက်ပါတယ်။

တွေ့ပြီ။

သူက ချက်ချင်းပဲ အလယ်ပိုင်း ဒေသထဲက နေရာတစ်ခုဆီကို ပျံသန်းပြီးတော့ သွားလိုက်ပါတယ်။

တစ်ရက်အကြာမှာ လင်းဟန်က မြို့လေးတစ်မြို့ကို ရောက်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ တစ်ရက်က အထိမ်းအမှတ် ရုပ်တုကနေတစ်ဆင့် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖွဲ့ဝင်တစ်ယောက်က ဒီနေရာမှာ လည်ပတ်နေတာကို တွေ့လိုက်ရပါတယ်။ သူက ခေါင်းဆောင်တွေထဲက

တစ်ယောက်ဖြစ်တဲ့ အလောင်းခေါင်းဆောင်ပင် ဖြစ်ပါတယ်။

လင်းဟန်က တန်ခိုးရှင်ဘုံကို မဂင်ခင် အလောင်းတစ်ထောင်ဂိုဏ်းကို လုံးဝချေမှုန်းပစ်ရပါလိမ့်မယ်။ ဆန့်ကျင်ဘက် အနေနဲ့က ဓားဘုရင်နဲ့ တခြားသူတွေလိုမျိုး ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ကျန်ရှိနေတဲ့ အဖွဲ့သားတွေရဲ့ သတင်း လုံးဝမရရှိပါဘူး။ တန်ခိုးရှင်တွေ အောက်ဘုံကို ဆင်းသက်လာတဲ့ အချိန်ကျမှပဲ သူတို့တွေက ထွက်ပေါ်လာမဲ့ ပုံစံမျိုးနဲ့ ဘယ်တောင်တွေ ဘယ်တောအုပ်တွေ အထဲမှာ ပုန်းနေလဲ ဆိုတာကို မသိရပါဘူး။

လင်းဟန်က အလောင်းခေါင်းဆောင်ရဲ့ ခြေရာလက်ရာတွေကို ကြည့်ပြီးတော့ ဖြည်းညှင်းစွာနဲ့ လမ်းလျှောက်လာပြီး သတိမပြုမိလိုက်မိ မြစ်တစ်စင်းဆီကို ရောက်လာခဲ့ပါတယ်။

အရှေ့မှာ လူငယ်တစ်ယောက်က ကျောက်တုံးကြီး တစ်ခုအပေါ်မှာ မတ်တတ်ရပ်နေပြီးတော့ မြစ်ကို စိုက်ကြည့်နေပါတယ်။ သူ့ရဲ့ မျက်နှာသွင်ပြင် အမူအရာက အရမ်းကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။ တစ်ခါတလေမှာ သူက ဒေါသထွက်နေပြီး နောက်တစ်ခါ စိတ်ပျက်လက်ပျက် ဖြစ်နေပုံ ရပါတယ်။

သူ့ကိုကြည့်ရတာ ဆယ့်ငါး ဆယ့်ခြောက် အရွယ်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ ကြည့်ရတာ ဘဝမှာ အရမ်းကို ဆိုးဝါးတဲ့ အရာတွေနဲ့ တွေ့ဆုံခဲ့ပုံ ရပါတယ်။

"ခုန်ချမလို့လား"

လင်းဟာန်က လျှောက်လာရင်းနဲ့ သာမန်ကာလျှံကာ မေးလိုက်ပါတယ်။

လူငယ်ဂုတ်ဆင်ထားတဲ့ အဂုတ်အစားတွေက အရမ်းကို အဆင့်မြင့်ပါတယ်။ ဒါပေမဲ့ အဂုတ်တွေက အိုမင်းဟောင်းနွမ်းနေပြီး မကြာခဏ လျှော်ဖွပ်ထားတာကြောင့် အရောင်တွေ လွင့်ပျယ်နေပါတယ်။ ကြည့်ရတာ အဂုတ်အစားကို လဲလှယ်ဂုတ်ဆင်ခြင်း မရှိပဲ ဒီတစ်ထည်ကိုပဲ ဂုတ်ဆင်ပုံ ရပါတယ်။ သူက ချာခနဲ လှည့်ပြီးတော့ လင်းဟာန်ကို ကြည့်လိုက်ပြီး ချက်ချင်းပဲ တည်ငြိမ်သွားပါတယ်။

“မင်းစိတ်ချလက်ချ နေပါ။ ငါမခုန်ချပါဘူး”

“မင်းအမူအရာကို ကြည့်ရတာတော့ အချိန်မရွေး ခုန်ချတော့မဲ့ အတိုင်းပဲ”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းနဲ့ဘာမှမဆိုင်ဘူး ဟုတ်တယ်မလား”

လူငယ်လေးက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ဘယ်လိုပဲဖြစ်ဖြစ် အချိန်မဖြုန်းချင်ပါဘူး။
ဒါကြောင့် သူက အကြံပြုလိုက်ပါတယ်။

“မင်းမှာ ဘယ်လိုမျိုး မကျေနပ်ချက်တွေ နာကြည်းချက်တွေနဲ့
ကြုံခဲ့ရလဲ ဆိုတာကို စကားပြောကြတာပေါ့”

လူငယ်က သူ့ကို နောက်တစ်ကြိမ် ဝေ့ကြည့်လိုက်ပါတယ်။
ပုံမှန်အားဖြင့်တော့ သူက လူစိမ်း တစ်ယောက်နဲ့
နလုံးသားချင်း ရင်းနှီးပြီး စကားပြောဖို့ ဆန္ဒမရှိပါဘူး။ ဒါပေမဲ့
လင်းဟန်လိုမျိုး ဘဝအတွေ့အကြုံ များပြားတဲ့
လူတစ်ယောက်ကို သူ့အနေနဲ့ မခုခံနိုင်ခဲ့ပါဘူး။
စကားအနည်းငယ် ပြောပြီးတဲ့ နောက်မှာ

သူ့ရဲ့အကြောင်းတွေကို မချွင်းမချန်ပဲ ပြောပြလိုက်ပါတယ်။

“ငါ့နာမည် တင်းပင်းလို့ခေါ်တယ်။ တင်းမိသားစုရဲ့ ပထမ အမွေခံပဲ။ ငါငယ်ငယ်လေး ကတည်းက နွားတစ်ကောင်လို သန်မာပြီး ပါရမီရှင် တစ်ယောက်လိုမျိုး ဂုဏ်ပြုခဲ့ကြတယ်။ ပြီးတော့ ငါ့ကလန်အဖွဲ့သားတွေကိုလည်း ငါ့ကို ချီးမြှင့်မြှောက်စား အလိုလိုက် အကြိုက်ဆောင်ခဲ့တယ်။ ငါ့မှာ အရမ်းကို လှပချောမောတဲ့ သတို့သမီးလောင်းတစ်ယောက်လည်း ရှိတယ်။ ဒါပေမဲ့လည်း အချိန်တွေ ကုန်လွန်လာပြီး ငါ့ရဲ့ စိတ်ဝိညာဉ် အခြေခံ နိုးထလာခဲ့တယ်။ ငါ့ရဲ့စိတ်ဝိညာဉ် အခြေခံ နိုးထလာတာ လွန်ခဲ့တဲ့ နှစ်ဂက်လောက်ကပဲ ရှိဦးမယ်။ ဒါပေမဲ့ စိတ်ဝိညာဉ် အခြေခံက ညိုးနွမ်းပြီး ကျင့်ကြံအားထုတ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ခဲ့ဘူး”

“အခုဆို ငါ့မိသားစု အဖွဲ့ဂင်တွေက ငါ့ကို အမိုက်တစ်စလို့ သတ်မှတ်ပြီး ငါ့ရဲ့ သတို့သမီးလောင်း ဘက်ကလည်း ငါတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းသွားတယ်”

"ငါ့အရမ်းကို မချိတင်ကဲ ဖြစ်ရပြီး မိုးကောင်းကင်ဘုံက ဘာဖြစ်လို့ ငါ့ကို ဒီလိုမျိုး ဆက်ဆံရလဲ ဆိုတာကို အံ့ဩနေမိတယ်"

"ငါပိုပြီးတော့ မကျေမနပ် ဖြစ်စေတာက လွန်ခဲ့တဲ့ နှစ်အနည်းငယ် အတွင်းမှာ တခြားသူတွေထက် ပိုပြီးတော့ ကြိုးစားအားထုတ်ခဲ့တယ်။ ဘာဖြစ်လို့ ငါက တခြားသူတွေနဲ့ နှိုင်းယှဉ်လို့ မရရတာလဲ"

လူငယ်လေးက အရမ်းကို နာကြည်းပြီး ပေါက်ကွဲသလို ခံစားနေရပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကမ္ဘာကြီးထဲမှာ ကိုယ်စွမ်းကိုယ်စ တစ်ခုတည်းနဲ့

အောင်မြင်မှု ရလိမ့်မယ်လို့ အမြဲတမ်း မသတ်မှတ်ထားဘူး”

ဘုန်း။ ဒါက ခေါင်းကို ထိမှန်သွားပါတယ်။ လူငယ်က စတင်ပြီးတော့ ဂမ်းနည်းလာပါတယ်။ ဒီစကားလုံးတွေကို သူကြားလိုက်ရတဲ့ အချိန်မှာ သူက စိတ်လှုပ်ရှားလာပြီး တစ်ယောက်ယောက်ကို ကိုက်ချင်မိပါတယ်။

“ဒါပေမဲ့လည်း တကယ်လို့ မင်းက အလုပ်မကြိုးစားဘူးဆိုရင် သေချာပေါက် အောင်မြင်နိုင်မှာ မဟုတ်ဘူး”

လင်းဟာန်က တင်းပင်းဆီကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းမှာ ခွန်အားတွေ အများကြီး ရှိသေးလား”

တင်းပင်းက အနည်းငယ် ဂုဏ်ယူဝင့်ကြွားတဲ့ ပုံစံမျိုးနဲ့ ပြောလိုက်ပါတယ်။

“လေးနှစ်ငါးနှစ်လောက် ကျင့်ကြံအားထုတ်ထားတဲ့ ဘယ်သူမဆို ငါ့ကို ခွန်အားချင်း မယှဉ်ပြိုင်ဝံ့ဘူး”

ဒါက အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။ လူတစ်ယောက်က ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲခြင်း အလွှာငါးကို ရောက်ဖို့ လေးနှစ်ကနေ ငါးနှစ်လောက် ကျင့်ကြံအားထုတ် ရပါတယ်။ ဟုတ်တယ်မလား။

လင်းဟာန်က ပိုပြီးတော့ စိတ်ဝင်စားလာမိပါတယ်။ သူက တင်းပင်းရဲ့ ခန္ဓာကိုယ်က သန်မာတဲ့ သွေးမျိုးဆက် နည်းနည်းလေးမှ အာရုံခံမရဘူးဆိုတာ အရှင်းကြီးပါ။ သူက ပြောလိုက်ပါတယ်။

"ငါ့ကို အစွမ်းပြကြည့်"

တင်းပင်းက အစတုန်းက လင်းဟာန်ကို အာရုံမစိုက်အလေးမထားခဲ့ပါဘူး။ လင်းဟာန်က သူ့ဂမ်းနည်းနေတာကို မတွေ့ဘူးလား။ ဒါပေမဲ့ လင်းဟာန်ရဲ့ စကားလုံးတွေကို ကြည့်ရတာ တကယ့်ကို ဆွဲဆောင်မှု ရှိပြီးတော့ သူတောင်းဆိုတာကလည်း ဘာမှသိပ်မဟုတ်ပါဘူး။ သူက ကျောက်တုံးပေါ်ကနေ ခုန်ချပြီးတော့ လက်နှစ်ဖက်နဲ့ ရောမ ကျောက်တုံးကြီး တစ်ခုကို မလိုက်ပြီး သူ့ခွန်အားက နွားသိုးတစ်ကောင်နဲ့ နိုင်းယှဉ်လို့ ရပါတယ်။

ဒီကျောက်တုံးက အနည်းဆုံး ကီလိုဂရမ် ထောင်နဲ့ချီ ရှိပါတယ်။

လင်းဟာန်က အထိတ်တလန့် ဖြစ်သွားပါတယ်။ တကယ်လို့ ဒီလူငယ်လေးက ခန္ဓာကိုယ် ပညာရပ်ကို

ကျင့်ကြံအားထုတ်ခဲ့မယ်ဆိုရင် သူ့အတွက်တော့ ဒီလိုမျိုး ကျောက်တုံးကြီးကို မတယ်ဆိုတာက မထူးဆန်းပါဘူး။ ဒါပေမဲ့ အဲဒီလိုမျိုး ပုံစံမမြင်ရပါဘူး။ လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ တင်းပင်းရဲက ခန္ဓာကိုယ်အပေါ်ကို ကြည့်ပြီး ရုတ်တရက် ဆိုသလို ထူးဆန်းမှုကို ရှာတွေ့သွားခဲ့ပါတယ်။

ဒီလူငယ်လေးရဲ့ အရိုးတည်ဆောက်ပုံက သာမန်လူတွေနဲ့ လုံးဝကို ကွဲပြားခြားနားပါတယ်။ စွမ်းအားကို ငှားယူပြီး အဲဒါက သူ့ကို ပုံစံတမျိုး ဖြစ်စေပါတယ်။ သူ့မှာ ခွန်အားလေးမျိုး ရှိပါတယ်။ ဒါပေမဲ့ ကီလိုဂရမ် ထောင်နဲ့ချီတဲ့ အလေးအပင်ပစ္စည်းတွေကို မချီနိုင်ပါတယ်။

ဒါပေမဲ့ ဒီအတွက် လိုအပ်ချက်က ဒီလူငယ်လေးရဲ့ အရိုးတည်ဆောက်ပုံက အရမ်းကို ကျန်းမာသန်စွမ်း နေရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး အလေးချိန်ရဲ့အောက်မှာ ပြိုလဲသွားပါလိမ့်မယ်။

သူ့အရိုးတွေအပေါ်မှာ သင်္ကေတတွေ တော်တော်များများကို တွေ့မြင်နိုင်ပါတယ်။ လူဘယ်နှစ်ယောက်များ အရိုးသင်္ကေတတွေနဲ့ မွေးဖွားလာလို့လဲ။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"လူငယ်လေး ငါ့ကို မင်းရဲ့ ဆရာသခင်အဖြစ် သတ်မှတ်လိုက ၄"

Chapter 869 end

အပိုင်း(870) သံမဏိစိတ်ဓာတ်

တင်းပင်းက ရောမ ကျောက်တုံးကြီးကို ပြန်ချပြီးတော့ လင်းဟန်ကို ဒွိဟတွေနဲ့ ကြည့်လိုက် ပါတယ်။ ဒီကောင်က သူ့ထက် နှစ်အနည်းငယ်ပဲ ကြီးပြီးတော့ သူ့ရဲ့ဆရာသခင် ဖြစ်ချင်နေတာလား။ သူက ပြောလိုက်တယ်။

"မင်းက ငါ့ကို ဘာများ သင်ပေးနိုင်မှာလဲ။ ပြီးတော့ ငါကတော့ ဘာတွေသင်ယူနိုင်မှာလဲ"

ပထမ မေးခွန်းက လင်းဟာန်ရဲ့ စွမ်းရည်နဲ့ ပတ်သက်တဲ့ အကြောင်းဖြစ်ပြီး ဒုတိယ မေးခွန်းက တင်းပင်းရဲ့ မသန်မစွမ်း စိတ်ဝိညာဉ် အခြေခံနဲ့ ပတ်သက်တဲ့ နည်းလမ်းဖြစ်ပါတယ်။ သူသင်ယူ လေ့လာနိုင်တဲ့ နည်းစနစ်မျိုးက ရှိနိုင်ပါ့မလား။

လင်းဟာန်က ပြုံးသွားမိပါတယ်။ သူက အဲဒီရောမ ကျောက်တုံးကြီးရဲ့ဘေးကို လျှောက်လာပြီး လက်တစ်ဖက်ကို ဆန့်ထုတ်ကာ လွယ်လွယ်ကူကူနဲ့ မလိုက်ပါတယ်။ ရောမ ကျောက်တုံးကြီး လေးလံမှု မရှိတဲ့ ပုံစံနဲ့ သူ့လက်ထဲမှာ ဝါဂွမ်းလေး တစ်ခုလိုမျိုး ပါလာခဲ့ပါတယ်။

ဖူး။

တင်းပင်းက ချက်ချင်းပဲ မျက်လုံးပြူးသွားပြီးတော့ အံ့အားသင့်မှုကြောင့် သူ့ရဲ့လျှာတောင် ထွက်လာပါတယ်။

သူက မကျင့်ကြံနိုင်ပေမဲ့ သူ့ရဲ့ပကတိ ခွန်အားက မြို့ထဲမှာရှိတဲ့ အရွယ်ရောက်နေတဲ့ လူအများစုထက် သာလွန်ပါတယ်။ ဒါပေမဲ့ သူတောင်မှ ဒီရောမ ကျောက်တုံးကြီးကို လက်တစ်ဖက်တည်းနဲ့ မဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန်က ရောမ ကျောက်တုံးကြီးကို သာမန်ကာလျှံကာပဲ မလိုက် ချလိုက်နဲ့ သူ့ပုံစံက နည်းနည်းလေးမှ အားထုတ်ရပုံ မပေါ်ပါဘူး။

လင်းဟန်မှာ ဒီကလေးကို ထိတ်လန့်ကြောက်ရွံ့သွားစေဖို့ ဆန္ဒ မရှိပါဘူး။ သူက တောင်တစ်ခုလုံးကိုတောင် မနိုင်ပါတယ်။ လက်ရှိသူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိပြီးပါပြီ။

သူ့ရဲ့မူလစွမ်းအင်ကနေ ခွန်အားကို မထုတ်ရင်တောင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခွန်အားသက်သက်ကပဲ တခြားသူတွေကို ဆွံ့အသွားအောင် လုပ်နိုင်ပါတယ်။

တင်းပင်းက မှင်တက်အံ့သြ သွားမိပါတယ်။ ရောမ ကျောက်တုံးကြီးကို လက်ထဲမှာ မြှောက်လိုက် ပြန်ဖမ်းလိုက်နဲ့ ကျောက်စရစ်ခဲလေး တစ်ခဲလိုမျိုး ဆော့ကစားနေပါတယ်။ သူက တစ္ဆေသရဲ တစ်ကောင်ကို တွေ့မြင်ရတာ ဖြစ်ပါမယ်။

"သေသေချာချာ ကြည့်ထား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး သူ့ညာဘက်လက်ကို အားနည်းနည်းထည့်ပြီးတော့ မြှောက်ထည့်လိုက်ပါတယ်။ ရှပ်။ ရောမ ကျောက်တုံးကြီးက မိုးကောင်းကင်ပေါ်ကို ကျည်ဆံ တစ်ခုလိုမျိုး တဖြောင့်တည်း ထိုးတက်သွားပြီး မျက်စိတစ်မှိတ် အတွင်းမှာ အစက်ပြောက် သေးသေးလေး

တစ်ခုအဖြစ်ကို ပြောင်းလဲသွားပါတယ်။

တင်းပင်းက ပါးစပ်အပေါင်းသား ဟနေပြီး
လူသားခေါင်းတစ်လုံးကိုတောင် ဝါးမျိုလို့ ရနိုင်ပါတယ်။
သူ့မျက်လုံးတွေထဲမှာ ကြယ်တာရာလို တလက်လက်
တောက်ပလို့ နေပါတယ်။

အခု ဒါက စွမ်းအားလို့ ခေါ်တာပေါ့။

သူက တကယ့်ကို ပီဘိ ကလေးငယ် တစ်ယောက်နဲ့
တူပါတယ်။ လင်းဟာန်နဲ့ နိုင်းယှဉ်ဖို့ အရည်အချင်း
သူ့မှာမရှိပါဘူး။

"တကယ်လို့ မင်းရဲ့ စိတ်ဝိညာဉ် အခြေခံ မသန်မစွမ်း
ဖြစ်နေတော့ရော ဘာဖြစ်မှာလဲ။ တကယ်လို့ ရုပ်ပိုင်းဆိုင်ရာ
ခန္ဓာကိုယ်ရဲ့ အင်အားက လုံလုံလောက်လောက်
သန်မာမယ်ဆိုရင် အရာအားလုံးကို ဖျက်ဆီးနိုင်တယ်"

လင်းဟန်က စကားပြောရာကနေ ခဏရပ်ပြီးတော့ သူ့လက်ဝါးကို မိုးကောင်းကင်ဆီ ဆန့်ထုတ် ပစ်လိုက်ပါတယ်။ မိုးပေါ်ကနေ ပြန်ကျလာတဲ့ ကျောက်တုံးကြီးက သူ့လက်ထဲကို သက်ဆင်းလာပြီး အဲဒီနောက် သူက မြေကြီးပေါ်ကို ပြန်ချလိုက်ပါတယ်။

"နောက်ပြီးတော့ စိတ်ဝိညာဉ် အခြေခံကို ပြောင်းလဲလို့ မရတာမျိုး မဟုတ်ဘူး"

"ဆရာသခင်"

တင်းပင်းရဲ့ စိတ်ထဲမှာ ကောင်းမွန်တဲ့ ကံကြမ္မာ ရောက်လာခြင်းဆိုပြီးတော့ သူ့ကိုလှံ့ဆော်နေကာ ချက်ချင်းပဲ ဒူးထောက်ပြီးတော့ လင်းဟန်ကို ဦးသုံးကြိမ်ချ ဂါရဝ ပြုလိုက်ပါတယ်။

လင်းဟန်က တင်းပင်းရဲ့ ဂါရဝပြုမှုကို လက်ခံပြီးတဲ့နောက် လူငယ်ကို ပြန်ပြီးတော့ ထခိုင်းပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မျိုးရိုးက လင်း နာမည်က ဟန်။ မင်းက ငါ့ရဲ့ ငါးယောက်မြောက် တပည့်ပဲ"

တင်းပင်းက နည်းနည်းတော့ အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်က သူ့ထက် နှစ်အနည်းငယ်ပဲ ကြီးပြီးတော့ သူ့မှာ တပည့်လေးယောက်တောင် ရှိနေတာလား။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်ရင် သင်ကြားဖို့ အရည်အချင်း စွမ်းဆောင်နိုင်မှု ရှိပါတယ်။ တဖက်လူရဲ့ အဲဒီရောမ ကျောက်တုံးကြီးကို ပစ်မြှောက်တဲ့ လုပ်ရှားမှုက သူ့ကို လှုံ့ဆော်ဆန်းကြယ်တဲ့ နတ်ဘုရားနဲ့ တူစေပါတယ်။

"ငါဒီနေရာမှာ လူတစ်ယောက်ကို စောင့်ရဦးမယ်။ ပြီးတော့ ရက်အနည်းငယ် အတွင်းမှာ မင်းကို ငါ့နိုင်ငံကို

ပြန်ခေါ်သွားမယ်။ ဒါပေမဲ့လည်း ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က အချိန်ဖြုန်းမနေပဲ အရင်ဆုံး မင်းကို ပုံပြန်သွင်းရမယ်။ ဒါမှ အချိန်မဖြုန်းမိမှာ”

လင်းဟန်က ပြောလိုက်ပါတယ်။

တင်းပင်းက အရမ်းကို စိတ်လှုပ်ရှားသွားမိပါတယ်။ ပုံစံပြန်သွင်းမယ်ဆိုတဲ့ အသံက သူ့ကို အရမ်း ကျေနပ်စေပါတယ်။

လင်းဟန်က မှော်ဆေးကျိုအိုး တစ်ခုကို ထုတ်ယူပြီးတော့ ဆေးပင်တွေ အများကြီးကို ထုတ်လိုက်ပါတယ်။

လင်းဟန်က လေထဲကနေ ပစ္စည်းတွေ အများကြီးကို ထုတ်ယူနေတာကို ကြည့်ပြီးတော့ တင်းပင်းက အံ့အားသင့်မိ သွားခဲ့ပါတယ်။ ဆရာသခင်က နတ်ဘုရား တစ်ပါးလား။

ကြည့်ရတာ သူက ရတနာသိုက်ပေါ်ကို ဖင်ထိုင်မိတာနဲ့ တူပါတယ်။

“ဟားဟား မင်းနောက်ကျရင် သိလာပါလိမ့်မယ်”

လင်းဟန်က ပြုံးပြီးတော့ ဆေးကျိုအိုးထဲကို ဆေးပင်တွေ ပစ်ထည့်လိုက်ပါတယ်။ အဲဒီနောက် သူက ဆေးကျိုအိုးထဲကို ပစ်မထည့်ခင် တင်းပင်းကို ဖမ်းဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

“ပုံစံအသစ် သွင်းတယ်ဆိုတာက မင်းရဲ့ အရေပြား၊ အရိုးတွေ အသားတွေရဲ့ မာကျောမှုကို တိုးမြှင့်တာပြီး မင်းရဲ့ရုပ်ပိုင်းဆိုင်ရာ ခွန်အားနဲ့ ခုခံမှုကို ပိုပြီးတော့ သန့်စွမ်းစေတယ်။ ဒါပေမဲ့လည်း ဒီလုပ်ငန်းစဉ်က အရမ်းကို နာကျင်တယ်”

လင်းဟာန်က ခဏရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

"မင်းအချိန်မရွေး လက်လျော့နိုင်တယ်။ ဒါပေမဲ့ မင်းလက်လျော့ အရှုံးပေးလိုက်တာနဲ့ ငါ့ရဲ့ တပည့်မဖြစ်တော့ဘူး။ ငါ့တပည့်ရဲ့ ပင်ကိုယ်စွမ်းရည်က အရွယ်နဲ့ မလိုက်အောင် ထက်မြက်ဖို့ မလိုဘူး။ ဒါပေမဲ့ သူက အလျော့မပေးပဲ ဖွဲ့ရှိတဲ့လူ ဖြစ်ရမယ်"

"ဆရာ ကျနော်အဲဒါကို တောင့်ခံပြမယ်"

တင်းပင်းက ပြတ်ပြတ်သားသားနဲ့ ပြောလိုက်ပါတယ်။ သူက ဒီဘဝမှာ အမိုက်ကောင် တစ်ယောက် အနေနဲ့ အသက်ရှင်နေထိုင်ဖို့ မဖြစ်နိုင်တော့ဘူး ဆိုပြီးတော့ စဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူက မျှော်လင့်ချက် ရေးရေးလေးတစ်ခုကို တွေ့မြင်ရပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် သူက အဲဒါကို အမိအရ ဖမ်းယူရပါလိမ့်မယ်။

လွန်ခဲ့တဲ့ ခြောက်လက်တုန်းက အထင်အမြင်သေးတဲ့ အကြည့်တွေနဲ့ ကြည့်တာခံခဲ့ရတာကြောင့် နှလုံးသား နာကျင်ရမှုထက် ပိုပြီးတော့ နာကျင်မှုဆိုတာ ရှိနိုင်ပါဦးမလား။

အဲဒီအဖြစ်တွေက သူ့ကို ချွန်ထက်တဲ့ ဓားတွေနဲ့ ထိုးစိုက်နေသလိုမျိုး ခံစားရပြီး သူ့ကို အရမ်းနာကျင် ခံစားစေ ရတာကြောင့် သူ့ကိုယ်သူ သတ်သေဖို့ ဆန္ဒရှိနေခဲ့ပါတယ်။

လင်းဟာန်က ရယ်မောပြီးတော့ တင်းပင်းကို မှော်ဆေးလုံး ဖော်စပ်ခြင်း တစ်ခုလိုမျိုး စတင်ပြီး သန့်စင်လိုက်ပါတ်ယ။

သူ့ခွန်အားရဲ့ လက်ရှိအဆင့်က ဘယ်လောက်လဲ။ ပြီးတော့ ဘယ်လောက်တန်ဖိုးကြီးတဲ့ ဆေးပင်တွေကို အသုံးပြုထားတာလဲ။ ဒီမှော်ဆေးကျိုအိုးထဲမှာ ဆေးပင်တွေနဲ့ ပြည့်နေပြီး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ

ဘယ်သူ့ကိုမဆို မနာလိုမှုတွေကြောင့် သွေးအန်သွားစေနိုင်ပါတယ်။ တစ်ခုသိထားရမှာက ဒီကမ္ဘာကြီးထဲမှာ ကျင့်ကြံသူတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ လူဘယ်လောက်များများက သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုအဆင့်ထိ အဆင့်မြှင့်တင်နိုင်လို့လဲ။

နစ်ယောက်။

သူတို့တွေက မာထိုပေါင်နဲ့ ဟော့လျန်ထန်းယွင်တို့ပဲ ဖြစ်ပါတယ်။ အောင်းဂျန်ကတော့ တန်ခိုးရှင်ဘုံက ဖြစ်တာကြောင့် ထည့်မတွက်ပါဘူး။

တကယ်လို့ ဒီလိုမျိုး သန့်စင်မှုကို နေ့စဉ်မပြတ် လုပ်မယ်ဆိုရင် သာမန်လူတောင်မှ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်အဆင့်က အဆင့်တစ်ဆယ် တန်ဖိုးကြီး

သတ္တုအဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်တောင် လိုအပ်လိမ့်မလဲ။ အကန့်အသတ်မရှိတဲ့ ရတနာဆေးပင်တွေ နောက်ပြီး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလှူကိုးကို ရောက်နေတဲ့ မှော်ဆေးဧကရာဇ် တစ်ပါးက ကိုယ်တိုင်ကိုယ်ကျ ဒီလိုမျိုး တာဝန်ကို လုပ်ဆောင်နေပါတယ်။

လင်းဟန်ကလွဲလို့ ဘယ်သူဆီမှာမှ ဒီလိုမျိုး ကျွမ်းကျင်မှု မရှိဘူးလို့ ပြောနိုင်ပါတယ်။

"အား"

မကြာခင်မှာ တင်းပင်းက ဂက်တစ်ကောင် အသားပေါ်ခံရသလိုမျိုး သွေးပျက်ဖွယ်ရာ အသံဆိုးကြီးနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။

ဒါက အရမ်းကို နာကျင်တာပဲ။

ဒါပေမဲ့လည်း လူငယ်က နှစ်ကြိမ်လောက် အော်ပြီးတဲ့နောက်မှာတော့ သူ့ပါးစပ်ကို တင်းတင်းစေ့ထားလိုက်ပါတယ်။ သူက အံကိုကြိတ်ပြီးတော့ သူ့နဖူးပေါ်မှာ အပြာရောင် သွေးကြောတွေ စတင်ပြီး ဖောင်းထွက်လာကာ သူ့ခန္ဓာကိုယ် တစ်ခုလုံးက ထိန်းမရနိုင်အောင် တုန်လှုပ်လာခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဒီနာကျင်မှုဒဏ်ကို အံကြိတ်ပြီး သည်းခံရပါမယ်။

သူ့ရဲ့ ချွေးစေးတွေက ရေစီးကြောင်းအလား စီးကျလာပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတွေရဲ့ အက်ကွဲသံတွေက ဆူညံလို့ လာပါတယ်။

ဒါကပုံမှန် ပုံစံသွင်းတဲ့ ကိစ္စမျိုးမဟုတ်ပဲ အရိုးတွေကိုပါ ပုံစံသွင်းခြင်း ဖြစ်ပါတယ်။

အရိုးတွေကို ပုံသွင်းခြင်း။ အရိုးတွေကို ချေမွပြီး မသန့်စင်မှုတွေကို ဖယ်ရှားရပါတယ်။ အဲဒီနောက် အရိုးတွေကို အတူတကွ ပြန်ဆက်ပြီးတော့ သူတို့ကို နောက်တစ်ကြိမ် ပြန်ချေမွပစ်ရပါတယ်။ ဒီလိုမျိုး လုပ်ငန်းစဉ်ကို ထပ်ခါတလဲ လုပ်ပြီး အရိုးတွေကို သံမဏိတွေနဲ့ တူအောင်လို လုပ်ဆောင်ရခြင်း ဖြစ်ပါတယ်။

ခဏအကြာမှာ တင်းပင်းရဲ့ ပါးစပ်က ပါးလွှာတဲ့ မျဉ်းကြောင်းတစ်ခု အဖြစ်ကို တင်းတင်းစေ့ပြီး သူ့ရဲ့ နာခေါင်းပေါက်ကနေ ဂင်သက်ထွက်သက် အသက်ရှူသံတွေ ထွက်ပေါ်လာပြီး သူ့မျက်လုံးတွေထဲမှာ အတင်းတောင့်ခံထားမှုကြောင့် သွေးနဲ့ မျက်ရည်စတွေကို တွေ့မြင်နိုင်ပါတယ်။ သူ့နှုတ်ခမ်းကို ကွဲထွက်လုမတတ် ကိုက်ထားပေမဲ့ သူ့အကြည့်တွေက ပြတ်သားနေဆဲပါပဲ။

ကောင်းတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ လူငယ်ရဲ့ အရိုးတည်ဆောက်ပုံက သာမန်လူတွေနဲ့ ကွဲပြားပါတယ်။ နောက်ပြီးတော့ ဒီလိုမျိုး ထူးခြားတဲ့ ခိုင်မာမှုက သူ့ကို ခန္ဓာကိုယ် ပညာရပ်တွေ ကျင့်ကြံဖို့အတွက် အသင့်တော်ဆုံး ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း သဘာဝ ပံ့ပိုးပေးမှုရှိတာက မလုံလောက်သေးပါဘူး။ သိုင်းပညာရဲ့ အထွတ်အထိပ်ကို တက်ရောက်ဖို့ အရေးအကြီးဆုံး အချက်က ဖွဲ့ကြီးမားတဲ့ ရှိဖို့လိုအပ်ပါတယ်။ ဘယ်တော့မှ လက်လျော့အရှုံးမပေးတတ်တဲ့ နှလုံးသားတစ်ခု ရှိရပါမယ်။

ဒီလိုမှပဲ မင်းက အန္တရာယ်ကျရောက်နေတဲ့ အချိန်မှာ ပြဿနာကနေ ဘယ်လိုမျိုး လွတ်မြောက်အောင် လုပ်ရမလဲ ဆိုတာကို စဉ်းစားနိုင်ပါလိမ့်မယ်။ ပြီးတော့ သေခြင်းတရားကို ထိုင်စောင့်နေမဲ့အစား ဘယ်လိုမျိုး ဖြေရှင်းရမလဲ ဆိုတာကို စဉ်းစားနိုင်ပါလိမ့်မယ်။

လူတွေက မြင့်မားတဲ့ ပါရမီကို ပိုင်ဆိုင်ထားပေမဲ့ အောင်မြင်မှု အထွတ်အထိပ်ကို ရောက်ရှိဖို့ လိုအပ်တဲ့ စိတ်စွမ်းအားပိုင်းမှာ အားနည်းကောင်း အားနည်းနိုင်ပါတယ်။ ဆန့်ကျင်ဘက် အနေနဲ့ ပါရမီနည်းပေမဲ့ သန်မာတဲ့ စိတ်စွမ်းအားရှိတဲ့ လူတွေက လုပ်နိုင်ကောင်း လုပ်နိုင်ပါလိမ့်မယ်။ ဒါပေ့ါ။ ပါရမီရော စိတ်စွမ်းအားပါ နှစ်ခုလုံး ကောင်းနေရင်တော့ အကောင်းဆုံးပေ့ါ။

အခု တင်းပင်းက သူ့မှာရှိတဲ့ ပါရမီနဲ့ စိတ်စွမ်းအားကို ဖော်ပြခဲ့ပြီး အဲဒါက လင်းဟန်ကို အရမ်းပဲ ကျေနပ်သွားစေခဲ့ပါတယ်။

ဒီသန့်စင်တဲ့ လုပ်ငန်းစဉ်က တစ်နေ့နဲ့ တစ်ညတိတိ ကြာပါတယ်။ ဒီအချိန်အတွင်းမှာ တင်းကလန်က တင်းပင်းအတွက် လာပြီးတော့ မကြည့်ပါဘူး။ ကြည့်ရတာ တချိန်တုန်းက တင်းကလန်ရဲ့ ကြယ်ပွင့်အဖြစ်

သတ်မှတ်ခံထားရတဲ့ ဒီလူငယ်က လုံးဂကို စွန့်ပစ်ခံလိုက်ရပုံပါပဲ။

လင်းဟာန်က ဆေးကျိုအိုးကို ဖွင့်ပြီးတော့ တင်းပင်းကို မတင်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့ဦးဆောင်မှုနောက်ကို လိုက်ပါ။ ငါမင်းကို ခန္ဓာကိုယ် ပညာရပ် နည်းစနစ်တစ်ခုကို သင်ပေးမယ်”

နဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်။

တင်းပင်းက နောက်ဆုံးတော့ အသက်ရှင်လျက်နဲ့ ကျနေတဲ့ ငရဲကနေ လွတ်မြောက်လာခဲ့ပြီး ချက်ချင်းဆိုသလို သူ့ရဲ့လုပ်ငန်းစဉ်က ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားတယ် ဆိုတာကို သိလိုက်ရပါတယ်။ သူက ခွန်အားတွေနဲ့ ပြည့်ဝနေပြီး မြင့်မားတဲ့

တောင်တစ်လုံးကိုတောင် လက်သီးတစ်ချက်နဲ့ အစိတ်စိတ်
အပိုင်းပိုင်း ဖြစ်အောင်လို့ ထိုးနက်နိုင်တယ်ဆိုတဲ့
ခံစားမှုမျိုးတောင် ဖြစ်နေပါတယ်။

သူက လျှင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

“ဟုတ်ကဲ့”

လင်းဟန်က ဂရုတစ်စိုက်နဲ့ ပညာသင်ကြားပေးလိုက်ပါတယ်။
တချို့အစိတ်အပိုင်းတွေက စကားလုံးနဲ့ ရှင်းပြလို့ မရပါဘူး။
ဒါကြောင့် သူက လက်ချောင်းတစ်ချောင်းကို
အသုံးပြုပြီးတော့ တင်းပင်းကို မနှောနဲ့
သင်ကြားပေးလိုက်ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ရှိနေတဲ့
ကျင့်ကြံသူ တစ်ယောက်မှာ ဒီလိုမျိုး စွမ်းရည် မရှိပဲနဲ့

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဘုရင်ရှစ်ပါးတောင်မှ သူတို့ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို လက်ဆင့်ကမ်းနိုင်သေးတာ လင်းဟာန်ဆိုရင် ပြောနေစရာတောင် မလိုပါဘူး။

တင်းပင်းက စည်းမျဉ်းတွေအတိုင်း လေ့ကျင့်နေလိုက်ပါတယ်။ ဒါပေမဲ့ ခဏအကြာမှာတော့ သူ့အစာအိမ်က ဆူညံသံတွေနဲ့အတူ ဆန္ဒပြလာပြီး သူ့မျက်နှာကလည်း နီရဲလာခဲ့ပါတယ်။

သူဗိုက်ဆာနေပါပြီ။

Chapter 870 end

အပိုင်း(871) မတူညီတဲ့ ကမ္ဘာနှစ်ခု

ဗိုက်ဆာတယ်ဆိုတာက သာမန်ကိစ္စပါပဲ။

ခန္ဓာကိုယ် သန့်စင်ခြင်းအတွက် စွမ်းအင်အရင်းအမြစ်က အစားအသောက် ဖြစ်ပါတယ်။ တင်းပင်းက တစ်နေ့နဲ့ တစ်ညတိတိ မစားမသောက်ရသေးပါဘူး။ နောက်ပြီးတော့ အခုမှ သူက ခန္ဓာကိုယ် ပညာရပ် တစ်ခုကို စတင်လေ့ကျင့်ခဲ့ပါတယ်။ သူက ချက်ချင်းကြီး ဗိုက်ဆာလာတယ် ဆိုတာက သဘာဝပါပဲ။

လင်းဟာန်က ဂါးလုံးကွဲအောင် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အရင်ဆုံး စားကြတာပေါ့"

သူက အနက်ရောင် မျှော်စင်ထဲကနေ ဟင်းချက်ပစ္စည်းတွေ ထုတ်ယူပြီးတော့ စတင်ချက်ပြုတ် လိုက်ပါတယ်။

မကြာခင်မှာ မွှေးကြိုင်တဲ့ ဟင်းအနံ့တွေက နေရာတစ်ခုလုံး ဖုံးလွှမ်းသွားပြီး တင်းပင်းဆိုရင် သွားရည်တမြားမြား ကျလာခဲ့ပါတယ်။ သူ့ကို တစ်ကိုက်ကိုက်ခိုင်းပြီးတဲ့ နောက်မှာတော့ သူက အစားစားခြင်းကို မရပ်နိုင်တော့ပါဘူး။

တင်းပင်းက အသားတွေကို ပျော်ရွှင်စွာနဲ့ ကိုက်စားနေတာကို ကြည့်ပြီးတော့ လင်းဟန်က ဟူးညိုကိုတောင် သတိရမိသွားပါတယ်။

“တကယ်လို့ ဒီကလေးမ တန်ခိုးရှင်ဘုံထဲမှာ ကောင်းကောင်းနေမယ်ဆိုရင် ငါအံ့သြမိလိမ့်မယ်။ ဟူးညိုက အသားနည်းနည်းလေးတော့ မစားရလောက်ပါဘူး။ ဟုတ်တယ်မလား”

သူ ဟူးညိုနဲ့ နောက်တစ်ကြိမ် ပြန်ဆုံတဲ့ အချိန်ကို ရောက်လာတဲ့ အခါကျရင် ဟူးညိုက ကလေးမလေး တစ်ယောက် မဖြစ်တော့ပဲ ကျက်သရေရှိပြီး ချောမောလှပတဲ့ မိန်းမပျိုတစ်ယောက် ဖြစ်နေပါလိမ့်မယ်။

“မိန်းကလေး တစ်ယောက်က အရွယ်မရောက်ခင် ဆယ့်ရှစ်ကြိမ်လောက် ပြောင်းလဲတတ်တာပဲ”

အဲဒီအချိန်မှာ တင်းပင်းက အနည်းငယ် ထူးဆန်းသလို ခံစားနေပါတယ်။ ဒီလိုမျိုး အရသာရှိတဲ့ အစားအသောက်ကို ဆရာသခင်က အာရုံမစိုက်နိုင်အောင် ဘာတွေများ တွေးနေတာလဲ။

သူက တကယ်ပဲ ဆရာသခင်လို့ ခေါ်ဆိုဖို့ ထိုက်တန်ပါတယ်။ သူက ဒီလိုမျိုး အစားအသောက်ကို အရင်က အများကြီး စားခဲ့ဖူးပြီးတော့ အခုတို့ကနန်း ဆိတ်ကနန်းပဲ စားနေပါတယ်။

စားလို့သောက်လို့ ပြီးတဲ့နောက်မှာတော့ တင်းပင်းက သူ့ခန္ဓာကိုယ် တစ်ခုလုံး ခွန်အားတွေနဲ့ ပြည့်နှက်နေသလို

ခံစားရပါတယ်။ အဲဒီနောက် သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံအားထုတ်လိုက်ပါတယ်။ လေ့ကျင့်မှု တစ်ခုပြီးတဲ့နောက်မှာ သူက ရောမ ကျောက်တုံးကြီး အနားကို သွားပြီးတော့ နောက်တစ်ကြိမ် မကြည့်လိုက်ပါတယ်။ သူ့ကို အရမ်း အံ့အားသင့် သွားစေခဲ့တာက သူ့ခွန်အားဟာ ဆယ်ဆကျော်လောက် တိုးလာတာကို တွေ့လိုက်ရပါတယ်။

ဒါတောင် တစ်ရက်တည်းပဲ ရှိပါသေးတယ်။

နောက်ပြီးတော့ အဆင့်မြှင့်တင်မှု အများစုက ပကတိခွန်အား သက်သက်ကိုပဲ မဟုတ်ပါဘူး။ သူ့အရေပြား အရိုးတွေရဲ့ မာကျောမှုနဲ့ ခံနိုင်ရည်လို အရာမျိုးတွေ ဖြစ်ပါတယ်။ အဲဒါတွေကို အပြင်ဘက်ကနေ မမြင်နိုင်ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“လက်ရှိ မင်းရဲ့ ခန္ဓာကိုယ် ကျင့်ကြံခြင်းက အများဆုံး တတိယ အလွှာရဲ့ ခွန်အားလောက်ပဲ ရှိဦးမယ်။ ဒါပေမဲ့ အရမ်းကိုထူးခြားဆန်းကြယ်တဲ့ မင်းရဲ့အရိုးတည်ဆောက်ပုံက မင်းကို အဆတစ်ရာလောက်ရှိတဲ့ စွမ်းအားကို ထုတ်ဖော်နိုင်အောင် လုပ်ပေးနိုင်တယ်။ ဒါကြောင့် မင်းရဲ့ ပေါက်ကွဲစွမ်းအားက အဲဒီအလွှာရဲ့ မူလစွမ်းအား သိပ်သည်းခြင်းနဲ့ နှိုင်းယှဉ်လို့ ရတယ်”

“သွားသွား အိမ်ပြန်ပြီး ကောင်းကောင်းနားလိုက်။ ပြီးတော့ နေ့တိုင်း ညနေရောက်ရင် ဒီနေရာကို ပြန်လာခဲ့။ ထွက်သွားဖို့ အချိန်ကောင်း ရောက်လာတဲ့ အခါကျမှ ငါမင်းကို ခေါ်သွားမယ်”

ရှိသေလေးစားတဲ့ အမူအရာနဲ့ တင်းပင်းက ခေါင်းငုံ့ဂါရဝ ပြုပြီးတော့ ပြောလိုက်ပါတယ်။

“ဟုတ်ကဲ့ပါ ဆရာသခင်”

သူ့နှလုံးသား တစ်ခုလုံး ကျေနပ်မှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ အစတုန်းက သူဟာ မသန်မစွမ်း လူတစ်ယောက် ဖြစ်နေပြီလို့ တွေးခဲ့ပြီး အခုလိုမျိုး နောက်ထပ် အခွင့်အရေး တံခါးတစ်ချပ်ကို တွန်းဖွင့်နိုင်လိမ့်မယ်လို့ လုံးဝကို မျှော်လင့်မထားမိပါဘူး။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်။ အဓိက အောင်မြင်မှုကို ရရှိသွားခဲ့ရင် လူတစ်ယောက်ဟာ အစစ်အမှန် နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်ရပါလိမ့်မယ်။ အဲဒါက ဘယ်လောက်တောင် အစွမ်းထက်လိမ့်မလဲ။

သူ့ကလန်ကို ပြန်ပြီးတော့ လူတွေရဲ့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီလို့ ထင်နေတဲ့ မျက်နှာတွေကို

ပြန်ကြည့်ချင်စိတ်တွေ မစောင့်နိုင်အောင် ဖြစ်နေပါတယ်။ သူက လင်းဟန်ကို ကြည်ညို လေးစားစိတ် အပြည့်အဝ ရှိပါတယ်။ တစ်နေ့တာရဲ့ တိုတောင်းတဲ့ အချိန်ကို အတူတကွ ကုန်လွန်စေပြီးတဲ့ နောက်မှာတော့ သူ့ဆရာသခင်ရဲ့ စွမ်းအားက သူခန့်မှန်းနိုင်တာရဲ့ နောက်ကွယ်မှာ ရှိတယ်ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

လင်းဟန်က မြစ်ဘေးမှာ နေပြီးတော့ အလောင်းခေါင်းဆောင် ထွက်ပေါ်လာမှာကို စောင့်နေပါတယ်။ သူက အထိမ်းအမှတ် ရုပ်တုကနေတဆင့် နတ်ဘုရား အာရုံနဲ့ မြို့ငယ်လေးရဲ့ နေရာပေါင်းစုံကို စိတ်နဲ့ကြည့်နေပါတယ်။

သူက တင်းပင်း နလုံးသားရဲ့ အမူအကျင့်ကို စမ်းသပ်ချင်ပါတယ်။

တင်းပင်းမှာ လက်ရွေးစင်တစ်ယောက် ဖြစ်လာဖို့ တက်လမ်းရှိပြီး ပါရမီရှိတာကို သက်သေပြ ရပါလိမ့်မယ်။ ဒါပေမဲ့လည်း လက်ရွေးစင်တွေမှာ ကောင်းတဲ့လူ ရှိသလို မကောင်းတဲ့ လူလည်း ရှိပါတယ်။ လင်းဟာန်က သူ့လက်နဲ့ မကောင်းဆိုးဂါး တစ်ကောင်ကို ပြုစုပျိုးထောင် မပေးချင်ပါဘူး။ ဒါကြောင့် တင်းပင်းကို ဒီအချိန်မှာ ပြန်ခိုင်းပြီးတော့ သူ့ရဲ့ စိတ်နေသဘောထားကို စမ်းသပ်ခြင်း ဖြစ်ပါတယ်။

ထူးခြားဆန်းကြယ်စွာနဲ့ ခွန်အားတွေ ရုတ်တရက် တိုးလာပြီး ပါရမီရှင် တစ်ယောက်အဖြစ် နောက်တစ်ကြိမ် သတ်မှတ်ခံရမယ်ဆိုရင် သူ့ရဲ့နှလုံးသားကို ဘယ်လိုမျိုး ကာကွယ်နိုင်စွမ်း ရှိမလဲ။

တင်းပင်းက မြို့ကို ပြန်လာပြီးတော့ တင်းကလန် အိမ်တော်ဆီကို ပြန်လာခဲ့ပါတယ်။ သူက စံအိမ်ထဲကို ခေါင်းမော့ရင်ကော့ထားတဲ့ ဟန်ပန်အမူအရာနဲ့ ဂင်လာခဲ့ပါတယ်။

“သခင်လေး”

တံခါးဂမှာ စောင့်နေတဲ့ အစောင့်နှစ်ယောက်က သူ့ကို နှုတ်ဆက်လိုက်ပါတယ်။ သူတို့ရဲ့ မျက်နှာတွေက ပြက်ရယ်ပြုတဲ့ အမူအရာတွေနဲ့ နည်းနည်းလေးမှ ရှိသေလေးစားမှု ရှိပုံတောင် မပေါ်ပါဘူး။

လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက တင်းပင်းရဲ့ စိတ်ဂိညာဉ် အခြေခံ နိုးထလာခဲ့တာကို အားလုံး သိထားပါတယ်။ ဒါပေမဲ့ စိတ်ဂိညာဉ် အခြေခံက မသန်စွမ်းပဲ သူက ကျင့်ကြံအားထုတ် နိုင်ခြင်း မရှိပါဘူး။ ဒီနေ့ခေတ်မှာ ပကတိခွန်အား ကြီးမားတာက ဘာသုံးစားလို့ ရမှာလဲ။

ကလန်အကြီးအကဲတွေက ဒီကိစ္စအတွက် အတော်လေးကို ဆွေးနွေးခဲ့ကြပါတယ်။ နောက်ထပ် ရက်အနည်းငယ်

အကြာမှာ ဆုံးဖြတ်ချက် ထွက်ပေါ်လာပြီး တင်းကလန်ရဲ့ လူငယ်မျိုးဆက်တွေ ထဲကနေ ရွေးချယ်ထားတဲ့ ကလန်ရဲက အမွေဆက်ခံသူ နေရာကနေ ထုတ်ပယ်လိုက်ပါတယ်။ အမွေးအတောင်ကျွတ်နေတဲ့ ဖီးနစ်ငှက်တစ်ကောင်က ကြက်တစ်ကောင်လောက်တောင် မကောင်းမွန်ဘူး။ ကြည်ညိုလေးစားမှုတွေ ပြနေဖို့ လိုဦးမှာလား။

တင်းပင်းက သူတို့ကို ပေ့ကြည့်လိုက်ပါတယ်။ သူက နှာခေါင်းတချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ရဲ့ ပုံစံတွေက ဘယ်လိုဖြစ်နေလဲ"

"ဘယ်လိုပုံစံ ဖြစ်နေလို့လဲ"

အစောင့်တစ်ယောက်က စိတ်ရှုပ်ထွေးတဲ့ ပုံစံနဲ့ မေးလိုက်ပါတယ်။

“သခင်လေးတင်း ကျနော်တို့က မင်းကို ဘယ်လိုပုံစံမျိုးနဲ့ ပြောဖို့ လိုလို့လဲ။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကပဲ မင်းရဲ့အဆင့်အတန်းက အစေခံ တစ်ယောက်ထက်တောင်မှ နိမ့်ကျသွားခဲ့တယ်။ ဒါကြောင့် ဒီရက်တွေမှာ သခင်လေးတင်းရဲ့ ထင်ပေါ်ကျော်ကြားမှုတွေကို နောက်ဆုံးအနေနဲ့ ပျော်ရွှင်ပြီးရင် မေ့လိုက်ပါတော့”

“မိုက်ရိုင်းလိုက်တာ”

တင်းပင်းက သူ့လက်ကို မြှောက်ပြီးတော့ အစောင့်ရဲ့ မျက်နှာကို ရိုက်ချလိုက်ပါတယ်။

အစောင့်က ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အဆင့်မှာ ဖြစ်ပါတယ်။ ဘယ်လောက်များ သူက တားဆီးနိုင်မှာလဲ။ သူက ပြင်းပြင်းထန်ထန် အရိုက်ခံလိုက်ရပါတယ်။

သူ့မျက်နှာကို လက်တစ်ဖက်နဲ့ ကိုင်ပြီးတော့ သူက တင်းပင်းကို ကျန်နေတဲ့ လက်တစ်ဖက်နဲ့ လက်ညှိုးထိုးပြီး ပြောလိုက်ပါတယ်။

"မင်းငါ့ကို ရိုက်ရဲတယ်ပေါ့လေ"

"ဘာဖြစ်လို့ မရိုက်ရဲရမှာလဲ။ ငါက တင်းကလန်ရဲ့ သခင်လေးဖြစ်နေသရွေ့ ငါ့မှာ မင်းကို အစေခံ တစ်ယောက်က ဘယ်လိုမျိုး ဆိုတာကို သင်ပေးရမဲ့ တာဝန်ရှိတယ်"

တင်းပင်းက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဟားဟား အစ်ကိုပင်းက တကယ့်ကို အထင်ကြီးစရာပဲ"

အဲဒီအချိန်မှာ လူငယ်တစ်ယောက်က စံအိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။

“တင်းဖေးဂမ်”

တင်းပင်းရဲ့ အကြည့်တွေက သူ့အပေါ်ကို ကျရောက်သွားတဲ့ အခါမှာ ရုတ်ချည်းဆိုသလို မီးဂင်းဂင်း တောက်လာခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ဂက်လောက်တုန်းက ဒီကလန်သားက သူ့ကို အစ်ကိုကြီးတင်းလို့ ခေါ်နေပြီး သူ့အနားမှာ ပိုင်းပြီးတော့ ကပ်ပါးရပ်ပါးနဲ့ နေခဲ့ပါတယ်။ ဒါပေမဲ့လည်း တင်းပင်းမှာ သုံးစားမရတဲ့ စိတ်ဂိညာဉ် အခြေခံတစ်ခု ရှိတယ်ဆိုတာကို သိလိုက်ရတဲ့ အခါမှာ သူ့ရဲ့အပြုအမူတွေက ချက်ချင်းပဲ ပြောင်းလဲသွားခဲ့ပါတယ်။ တင်းပင်းကို ရိုသေလေးစားမှု မရှိတော့တဲ့ အပြင် အထင်အမြင်သေး နိမ့်ချပြီး

ပြောဆိုလာခဲ့ပါတယ်။

ဆိုးယုတ်တဲ့ အကျင့်စရိုက်က တစ်ခုပြီးတစ်ခု ပေါ်လာခဲ့ပါတယ်။

"ဟားဟားဟားဟား"

တင်းဖေးဂမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက တစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့ဘေးနားမှာ အသက်ဆယ့်လေးနှစ် ဆယ့်ငါးနှစ်အရွယ် ချောမောလှပတဲ့ မိန်းမပျိုတစ်ယောက် ရှိနေပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က ကောင်းကောင်းဖွံ့ဖြိုး နေပြီးတော့ အရမ်းကို အမို့အမောက် ကောက်ကြောင်းတွေက ထင်ရှားပြီး အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။

"ယွမ်ယွမ်"

တင်းပင်းက မိန်းမပျိုလေးကို တွေ့လိုက်တဲ့ အခါမှာ သူမရဲ့ နာမည်ကို အော်ခေါ်လိုက် မိပါတယ်။

အဲဒီအချိန်မှာ မိန်းမပျိုလေးက အေးစက်တဲ့ အမူအရာတစ်ခုနဲ့ ပြောလိုက်ပါတယ်။

“သခင်လေးတင်း ငါတို့ရဲ့ စေ့စပ်ကြောင်းလမ်းပွဲက ဖျက်သိမ်းပြီးသွားပြီ။ ဒါကြောင့် ငါ့နာမည်ကို အရမ်းကို ရင်းနှီးတဲ့ ပုံစံနဲ့ မခေါ်ပါနဲ့။ တခြားလူတွေ အထင်လွဲသွားလိမ့်မယ်”

သူမ နာမည်က ရီယွမ်ဖြစ်ပါတယ်။ ပြီးတော့ တစ်ချိန်တုန်းက တင်းပင်းရဲ့ သတို့သမီးလောင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လွန်ခဲ့တဲ့ နှစ်ဂက်လောက်က တင်းပင်းမှာ သုံးစားမရတဲ့ စိတ်ဂိညာဉ် အခြေခံတစ်ခု ရှိတယ်ဆိုတာကို သိလိုက်ရတဲ့ အခါမှာ ရီကလန်က သူတို့ရဲ့ စေ့စပ်ကြောင်းလမ်းမှုကို

ချက်ချင်းပဲ ဖျက်သိမ်းခဲ့ပါတယ်။

ဘယ်လိုဟာသလဲ။ ရီကလန်ရဲ့ စွမ်းအားက တင်းကလန်နဲ့ မယှဉ်နိုင်ပေမဲ့ သူတို့ကလန်ရဲ့ ပုလဲရတနာကို အမှိုက်ကောင် တစ်ယောက်ရဲ့ လက်ထဲကို ထည့်ပေးရမှာတဲ့လား။

နောက်ပြီးတော့ ရီယွမ်ရဲ့ သိုင်းပညာ ပါရမီကလည်း အတော်လေးကို အံ့ဩဖို့ ကောင်းပါတယ်။ သူမမှာ တောက်ပတဲ့ အနာဂတ်တစ်ခု ရှိပါတယ်။

တင်းပင်းက ဘာမှမတတ်နိုင်ပဲ သူ့နှလုံးသားထဲမှာ နာကျင်မှု ဝေဒနာကို ခံစားနေရပါတယ်။ သူက ရီယွမ်ကို နှစ်သက်သဘောကျပါတယ်။ ပြီးတော့ တစ်ဖက်လူကလည်း သူ့ကို အရမ်းကို နူးညံ့သိမ်မွေ့စွာနဲ့ တုံ့ပြန်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ စေ့စပ်ကြောင်းလမ်းခြင်းက လွန်ခဲ့တဲ့ ခြောက်လလောက်က ပျက်သွားပြီး

တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ ထပ်မတွေ့ရတော့ပါဘူး။

အစတုန်းက သူထင်ထားတာက ရီယွမ်ကို သူ့မိသားစုက နေအိမ်အကျယ် ချထားတယ်လို့ ထင်နေပါတယ်။ အခုမှ တစ်ဖက်လူရဲ့ နူးညံ့သိမ်မွေ့မှုတွေ အားလုံးက ဟန်ဆောင်မှု သက်သက် ဆိုတာကို သိလိုက်ရပါတယ်။

အဲဒါက သူ့နှလုံးသားကို ဓားထက်ထက်နဲ့ ဖြတ်လိုက်သလိုမျိုးပါပဲ။

"အစ်ကိုပင်း ကျေးဇူးပြုပြီးတော့ သူ့နာမည်ကို ယွမ်ယွမ်လို့ မခေါ်ပါတော့နဲ့။ အခု သူက ငါ့သတို့သမီးလောင်း ဖြစ်နေပြီ"

တင်းဖေးဂမ်းက ထပ်ပြောလိုက်ပါတယ်။ တင်းပင်းရဲ့ မျက်နှာက ပြင်းထန်တဲ့ လက်သီးနဲ့ ထိမှန်သွားသလိုမျိုး

ဖြူဖပ်ဖြူရော် ပြောင်းသွားခဲ့ပါတယ်။ တင်းဖေးဂမ်က တင်းပင်းကို ကြည့်ပြီးတော့ ဂမ်းမြောက်ကျေနပ်သွားခဲ့ပါတယ်။

သူက တင်းပင်းကြောင့် ကလန်ထဲမှာ လူမသိသူမသိ ဖြစ်ခဲ့ရပါတယ်။ သူ့ရဲ့အောင်မြင်မှုက ဘယ်လောက်ပဲ ထူးချွန်နေပါစေ တင်းပင်းနဲ့ နှိုင်းယှဉ်လိုက်တဲ့ အချိန်မှာ သူ့ကို သာမန်လူ တစ်ယောက်လို့ပဲ မြင်ကြပါတယ်။ ဒါပေမဲ့လည်းသူ့မှာ လျှို့ဝှက်ကြံစည်တတ်တဲ့ အမူအကျင့် ရှိပါတယ်။ သူက တင်းပင်းကို မုန်းနေပေမဲ့လည်း တစ်ဖက်လူရဲ့ အရှေ့မှာ ညီငယ်လေး တစ်ယောက်ရဲ့ ပုံစံမျိုးနဲ့ နေခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့ တင်းပင်းက သူ့နေရာကို ဆုံးရှုံးသွားခဲ့ပြီး သူက အစားထိုး ရွေးချယ်ခံ ခဲ့ရပါတယ်။ သူက ဆက်ပြီးတော့ ဟန်ဆောင်နေစရာ မလိုတော့ပါဘူး။ ပြီးတော့ သူ့ရဲ့ စိတ်အားထက်သန်မှုတွေနဲ့ တစ်ဖက်လူကို အလျင်စလို

တိုက်ခိုက်လိုက်ပါတယ်။

တင်းပင်းရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အော်လိုက်ပါတယ်။

"ယွမ်ယွမ်"

သူက တကယ့်ကို ရီယွမ်ကို နှစ်သက်သဘောကျပါတယ်။ ဒါပေမဲ့လည်း သူ့အရှေ့မှာရှိတဲ့ ရီယွမ်က အခုဆိုရင် တခြားလူတစ်ယောက်အဖြစ် လုံးဝကို ပြောင်းလဲသွားပြီး သူ့မှတ်ဉာဏ်ထဲက ရီယွမ်နဲ့ နည်းနည်းလေးမှတောင် မတူတော့ပါဘူး။

အနောက်မှာ နောက်ထပ်လူငယ် နှစ်ယောက်လည်း ရှိပါတယ်။ သူတို့က ချက်ချင်းပဲ ခုန်ထွက်ပြီး တင်းပင်းကို အော်ဟစ်လိုက်ပါတယ်။

"အတင့်ရဲလိုက်တာ။ အစ်ကိုဖေးဟမ်ရဲ့ သတို့သမီးလောင်း နာမည်ကို မင်းခေါ်ချင်သလို ခေါ်လို့ မရဘူးကွ"

Chapter 871 end

အပိုင်း(872) လက်သီးတစ်ချက်နဲ့ လဲပြိုကျစေခြင်း

တင်းပင်းက အဲဒီလူနှစ်ယောက်ကို ငေ့ကြည့်လိုက်ပါတယ်။ တစ်ယောက်က တင်းယုရှမ်လို့ ခေါ်ပြီး ကျန်တစ်ယောက်က တင်းရှင်းဟေ ဖြစ်ပါတယ်။ သူတို့ကို သူ့နောက်လိုက်တွေ အဖြစ် အသုံးပြု ခဲ့ပါတယ်။ တကယ်လို့ သူတို့ကို အရှေ့ကို သွားလို့ ပြောရင် အနောက်ဘက်ကို မသွားဝံ့ပါဘူး။ ဒါပေမဲ့ အခုတော့ သူတို့တွေက စိတ်ကြီးဝင်ကာ အရှက်မရှိတော့ပဲ သူ့ကို နည်းနည်းလေးမှ ရိုသေမှု မရှိတော့ပါဘူး။

အမှန်တော့ တင်းပင်းကလည်း သူ့မှာ သုံးစားမရတဲ့ စိတ်ဂိညာဉ် အခြေခံတစ်ခု ရှိတယ်ဆိုတာကို သိထားပါတယ်။ ဒါကြောင့် တင်းကလန်ရဲ့

သခင်လေးနေရာကို ဆက်ပြီးတော့ ကိုင်မထားနိုင် ပါဘူး။ သူက ဆက်ပြီးတော့ လက်သင့်မခံပဲ သူ့နေရာကို စွန့်လွှတ်ဖို့ တောင်းဆိုခဲ့သင့်ပါတယ်။

ဒါပေမဲ့ ဒီလူတွေရဲ့ မျက်နှာပေါ်က ဆိုးယုတ်တဲ့ အမူအရာတွေကို ကြည့်ပြီးတော့ သူရဲ့အတွေးတွေ ပြောင်းသွားပြီး အရမ်းကို စိတ်ပျက်သလို ခံစားရပါတယ်။

သူတို့အားလုံးက ကလန်အတူတူပဲ ဖြစ်ပါတယ်။ သူတို့က အရမ်းကို အေးစက်ပြီးတော့ အဆိုးမြင်ဖို့ လိုလို့လား။

"ဟုတ်သားပဲ။ ငါမင်းကို သတင်းကောင်းတချို့ ပြောပြဖို့ မေ့နေတယ်"

တင်းဖေးဂမ်က ပျော်ရွှင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က

ကြက်သွေးရောင်နေမင်းဂိုဏ်းကို သွားပြီးတော့ တပည့်လက်ခံဖို့ ပြောခဲ့တယ်။ အခု သူတို့က ငါ့ကို လက်ခံလိုက်ပြီ”

ဂိုဏ်းတစ်ခုလို့ ပြောလိုက်ရှုံ အနည်းဆုံးတော့ စိတ်ဂိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ နောက်ခံရှိနေဖို့ လိုအပ်ပါတယ်။ ဟုတ်ပါတယ်။ တင်းကလန်ရဲ့ စွမ်းအားက ဘယ်လောက်ပဲ ရှိလို့လဲ။ စိတ်ဂိညာဉ် ပင်လယ်အဆင့်ပဲ ရှိပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ ကွာဟချက် တစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် တင်းဖေးဂမ်က ကြက်သွေးရောင်နေမင်းဂိုဏ်းကို ဝင်ရောက်ခွင့် ရသွားတာက တင်းကလန်အတွက် ကြီးကျယ်ခမ်းနားတဲ့ သတင်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ သမီးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ဒါမှမဟုတ် ကိုယ်လုပ်တော်တစ်ယောက် ဖြစ်စေမဲ့ လူတွေက မရှားပါဘူး။ ရီကလန်က လျင်မြန်စွာနဲ့ လှုပ်ရှားလာပြီး

ရီယွမ်ကို တင်းဖေးဂမ်နဲ့ စေ့စပ်ပေးခဲ့တာ အံ့သြစရာ မရှိတော့ပါဘူး။

ဒါက တကယ်ပဲ အရမ်းကို အစွမ်းထက်တဲ့ သားမက်လောင်း ဖြစ်ပါတယ်။ တင်းဖေးဂမ်ရဲ့ ကျင့်ကြံခြင်း အဆင့်က အနာဂတ် ကြက်သွေးရောင် နေမင်းဂိုဏ်းကနေ ထွက်လာတဲ့ အချိန်ကျရင် ဘယ်လောက်ရောက်နေမလဲ။ အနည်းဆုံး စိတ်ဂိညာဉ် ပင်လယ်အဆင့် ဖြစ်နိုင်ပြီး စိတ်ဂိညာဉ် ပလ္လင်အဆင့် ဒါမှမဟုတ် ပန်းဖူးအဆင့်ကိုတောင် ခြေချနိုင်ပါလိမ့်မယ်။

သူက အဖြူရောင်ရေ မြို့မှာ ပြိုင်ဘက်ကင်း ဖြစ်လာပါလိမ့်မယ်။

“အစ်ကို ဖေးဂမ် နင်က အရမ်းကို တော်တာပဲ”

ရီယွမ်က အဲဒီအချိန်မှာ သူမရဲ့ နစ်ထောင်းအားရတဲ့ အမူအရာကို ဖော်ပြလိုက်ပြီး တင်းဖေးဂမ်ကို အကြီးအကျယ် ကျေနပ်သွားစေခဲ့ပါတယ်။

တင်းပင်းက သူ့မျက်လုံးနဲ့ အားလုံးကို တွေ့မြင်နေရပါတယ်။ သူ့ရဲ့ နလုံးသားက တည်ငြိမ်လို့ လာခဲ့ပါပြီ။

အဲဒီအချိန်မှာ သူက ရုတ်တရက် အားလုံးကို သွားခွင့်ပြုလိုက်ပြီး ဘာပုံရိပ်မှ မကျန်တော့ပါဘူး။

ရီယွမ်က သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး။ သူမက သူ့ရဲ့ တင်းကလန် သခင်လေးဆိုတဲ့ နေရာနဲ့ သူ့ကလန်ကို အမြင့်ကို ဆွဲခေါ်သွားနိုင်မဲ့ အလားအလာကို မျက်စိကျနေခဲ့တာပါ။ အဲဒီအချိန်တုန်းက သူကလည်း ရီယွမ်က သူ့ကိုတကယ်နစ်သက်သဘောကျတယ်လို့ ထင်နေခဲ့ပြီး သူမက နူးညံ့သိမ်မွေ့မှုတွေနဲ့ သူ့ကို

ဟန်ဆောင်နေခဲ့တာကို မသိခဲ့ပါဘူး။

ဒီလိုဆိုမှတော့ သူက ဘာဖြစ်လို့များ ဂမ်းနည်းနေရဦးမှာလဲ။ သူ့ကိုမနှစ်သက်တဲ့ အမျိုးသမီး တစ်ယောက်ကို ဦးစားပေး နေရဦးမှာလား။ အဲဒါက ထိုက်တန်လို့လား။

ဒီလူတွေအတွက် ဘာဖြစ်လို့ စိတ်အနှောင့်အယှက် ဖြစ်ခံနေရဦးမှာလဲ။ သူတို့တွေက ရေအိုင်ငယ်လေး တစ်ခုမှာ နေထိုင်တဲ့ သူတွေပဲဖြစ်ပြီးတော့ မြစ်တွေနဲ့ ပင်လယ်တွေက ဘယ်လောက် ကျယ်ပြန့်သလဲဆိုတာကို မသိကြပါဘူး။

လင်းဟန်က သူ့ရဲ့အကြောင်းကို အတိအကျ ထုတ်ဖော်မပြောခဲ့ပေမဲ့ လင်းဟန်က သူ့ရဲ့ ဆရာသခင် အသစ်ဟာ အရမ်းကို မြင့်မားတဲ့ အဆင့်မှာ ရှိတယ်ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။ သူ့ရဲ့လှုပ်ရှားမှုတိုင်းက လွှမ်းမိုးနိုင်တဲ့ အပြုအမူတွေကို ဘယ်သူကမှ မယှဉ်နိုင်ပါဘူး။

လင်းဟန်အသုံးပြုခဲ့တဲ့ နည်းလမ်းတစ်ခုတည်းကိုပဲ ပြောရမယ်ဆိုရင် တစ်ရက်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ တင်းပင်းကို ပြန်လည်မွေးဖွားလာစေပြီး သူ့ရဲ့လက်ရှိခွန်အားကို ဒြပ်စင်စုစည်းခြင်း အဆင့် ပထမ အလွှာနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ အဲဒါကို ထုတ်ဖော်ပြလိုက်ရင် သူ့ရဲ့ကလန်အဖွဲ့သားတွေ သေလုမတတ် ထိတ်လန့်သွားမှာ သေချာပါတယ်။ နောက်ပြီးတော့ နဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်က သူ့ကို အစစ်အမှန် နဂါးကိုးကောင်ရဲ့ စွမ်းအားကို ပိုင်ဆိုင်စေပါလိမ့်မယ်။ အဲဒါက ပိုပြီးတော့တောင် အံ့ဩဖွယ်ရာ ကောင်းပါတယ်။

နှိုင်းယှဉ်ကြည့်လိုက်ရင် တင်းကလန်ရဲ့ သခင်လေးဆိုတဲ့ နေရာက ဘယ်လိုလုပ်ပြီးတော့ ယှဉ်နိုင်မှာလဲ။ ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ တပည့်တစ်ယောက်ဆိုတော့ရော ဘာလုပ်ရမှာလဲ။

သူရဲ့အတွေးတွေနဲ့အတူ တင်းပင်းရဲ့ အတွေးအခေါ်တွေက ရုတ်တရက် ပြောင်းလဲသွားပြီး သူ့စိတ်နေသဘောထားက ရင့်ကျက်လာခဲ့ပါတယ်။ သူက ဒေါသမထွက်တော့ပါဘူး။ တစ်ဖက်လူတွေက သူ့ကို ကလန်အဖွဲ့သားလို့ မသတ်မှတ်ထားပေမဲ့ သူကတော့ သူတို့ရဲ့ အရင်က ဆက်ဆံရေးကို သတိရနေပါဦးမယ်။ သူက ညင်ညင်သာသာနဲ့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီး ငါ့ကို ဖြတ်သွားခွင့်ပြုပါ။ ငါအထဲကို ဝင်ပြီးတော့ အနားယူချင်နေပြီ"

"ဟားဟားဟားဟား"

တင်းယုရှမ်နဲ့ တင်းရှန်းဖေတို့ နှစ်ယောက်စလုံး ဟားတိုက်ရယ်မောလိုက်ကြပါတယ်။ ဒီလောက် မြန်မြန်ပဲ အရှုံးဝန်ခံလိုက်တာလား။ မင်းရဲ့ဘွဲ့ထူးဂုဏ်ထူးကို မဖယ်ရှားသေးသရွေ့ မင်းက တင်းကလန်ရဲ့ သခင်လေးပဲ။ မင်းက တင်းကလန်ရဲ့ လူငယ်မျိုးဆက်သစ် ခေါင်းဆောင်

ဖြစ်နေဆဲပဲလေ။

ရီယွမ်ရဲ့ နှုတ်ခမ်းတွေကလည်း မထိတထိ လှောင်ပြောင်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်နေပါတယ်။ ကံကောင်းတာက သူမက စောစောစီးစီး သူ့ကို ခါထုတ်ပစ်လိုက် နိုင်တာပဲ။ အဲဒီလိုမှ မဟုတ်ဘူးပဲ သူနဲ့သာ လက်ထပ်လိုက်ရမယ်ဆိုရင် သူမရဲ့ ဘဝတစ်လျှောက်လုံး နောင်တရလို့ ဆုံးမှာ မဟုတ်တော့ပါဘူး။

တင်းဖေးဂမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒီလူ့အပေါ်မှာ ခြေထောက်တစ်ဖက် နင်းထားတာက မလုံလောက်သေးဘူးလို့ သူခံစားနေရပါတယ်။ အတိတ်တုန်းက သူအမြဲတမ်း မော့ကြည့်ခဲ့ရတဲ့ လူက နည်းနည်းလေးမှ မောက်မာဂင့်ကြွားမှု မရှိတော့ပါဘူး။ သူက ခြေထောက်ကို အနည်းငယ် ကားပြီးတော့ ပြောလိုက်ပါတယ်။

“သေချာတာပေါ့။ မင်းငှါးခြေထောက်ကြားကနေ လေးဘက်ကုန်းပြီးတော့ သွား။ အဲဒါဆိုရင် ငါမင်းကို နောက်ထပ် အနိုင်မကျင့်တော့ဘူး”

“ဟီးဟီးဟီး”

တင်းယုရှမ်နဲ့ တခြားသူတွေက လှောင်ရယ်ရယ်လိုက်ကြပါတယ်။ အစောင့်နှစ်ယောက်တောင်မှ ဟားတိုက်ရယ်မောနေကြပါတယ်။

သူတို့အားလုံးက သူ့ကို လှောင်ပြောင်သရော်နေ ကြပါတယ်။

တင်းပင်းက သူတို့ကို ဂရုမစိုက်တဲ့ ပုံစံနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ငှါလမ်းကြောင်းကို မပိတ်နဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းအဲဒါကို နောင်တရလိမ့်မယ်”

"အိုး မင်းကင့်ါကို ဘယ်လိုမျိုး နောင်တရအောင် လုပ်မလဲ ဆိုတာကို ငါကြည့်ချင်လိုက်တာ"

တင်းပင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ အရှေ့ကို တိုးလာပါတယ်။

"တကယ်လို့ မင်းက အင်အားသုံးပြီးတော့ ဖြတ်သွားဖို့ စိတ်ကူးထားရင်တော့ မင်းက ကိုယ့်ကိုကိုယ် အရမ်းကို အထင်ကြီးနေတာပဲ"

တင်းဖေးဂမ်က နာခေါင်းရှုံ့ လိုက်ပါတယ်။ သူ့ရဲ့ စိတ်ဝိညာဉ် အခြေခံက လွန်ခဲ့တဲ့ သုံးနှစ်က နိုးထလာခဲ့ပါတယ်။ ပြီးတော့ လက်ရှိသူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အလွှာကိုးမှာ ရှိပါတယ်။ တကယ်လို့ သူက ဒြပ်စင်စုစည်းခြင်းရဲ့ ပထမအလွှာ အတားအဆီးက

ဖြတ်ကျော်ရတာ အရမ်းကို မခက်ခဲဘူးဆိုရှိ သူ့အနေနဲ့ အဲဒီအဆင့်ကို ရောက်ရှိနေလောက်ပါပြီ။

ဒါပေမဲ့ ဒါက ပြဿနာ မဟုတ်ပါဘူး။
ကြက်သွေးရောင်နေမင်းဂိုဏ်းကို သူဝင်လိုက်တာနဲ့ ဂိုဏ်းရဲ့ အကြီးအကဲတွေက သူ့ကို ထောက်ပြလမ်းညွှန်ပေးပြီး ဂိုဏ်းကနေ အရင်းအမြစ်တွေလည်း ထောက်ပံ့ပေးပါဦးမယ်။ အဲဒီအချိန်ကျရင် ဒြပ်စင်စုစည်းခြင်းအဆင့် ပထမ အလွှာကို ချိုးဖျက်ဝင်ရောက်ဖို့ ဆိုတာက သူ့အတွက်တော့ လက်တစ်ကမ်း အကွာမှာပါပဲ။

“တိုက်ကွက်ထုတ်ပါ”

တင်းပင်းက သူ့အနားကို ချဉ်းကပ်လာလိုက်ပါတယ်။

“မင်းက ငါ့ကို ယှဉ်လို့ရမယ် ထင်နေတာလား”

တင်းဖေးဂမ်က ပထမဆုံး တိုက်ကွက်ကို ထုတ်လိုက်ပြီး သူ့လက်ဂါးနှစ်ဖက်နဲ့ တိုက်ခိုက် လိုက်ပါတယ်။ တင်းပင်းဆီမှာ ငယ်ငယ်ကတည်းက ခွန်အားသက်သက်ပဲ ရှိတယ်ဆိုတာကို သူသိထားပါတယ်။ ဒါကြောင့် တင်းပင်းရဲ့ တိုက်ပွဲစွမ်းရည်က ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲခြင်း အလွှာငါးနဲ့ ညီမျှနေတာကြောင့် လျော့မတွက်သင့်ဘူးလေ။

ဒါပေမဲ့ အဲဒါတစ်ချက်တည်းပါပဲ။ သူက တစ်ဖက်လူရဲ့ တိုက်ခိုက်မှုကို တန်းပြီးတော့ မထိမှန်ချင်ပါဘူး။ စစ်မှန်တဲ့ တိုက်ပွဲတစ်ခု ရောက်လာတဲ့ အချိန်ကျရင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲခြင်း အလွှာကိုးက တစ်ဖက်လူကို သေချာပေါက် နင်းချေပစ်ပါလိမ့်မယ်။

တင်းပင်းက လက်သီးနဲ့ ထိုးလိုက်ပါတယ်။ သူ့လက်သီးက လျင်မြန်ပြီး ပြင်းထန်ပါတယ်။

ပုန်း။

တင်းဖေးဂမ်ရဲ့ လက်ဂါးတွေက ထက်ရှတဲ့ ဓားတစ်လက်နဲ့ ထောပတ်တစ်ခုကို လှီးဖြတ်လိုက်သလိုမျိုး ဘေးကိုကွဲထွက်သွားပြီး လက်သီးချက်က သူ့မျက်နှာပေါ်ကို ထိထိမိမိ ကျရောက်သွားခဲ့ပါတယ်။ သူ့ရဲ့ ကြွက်သားတွေက ရုတ်ချည်းဆိုသလို ရေလှိုင်းတွန့်တွေလိုမျိုး တွန့်လိမ်သွားပြီး သူ့ခန္ဓာကိုယ်က အနောက်ဘက်ကို လွင့်ထွက်သွားခဲ့ပါတယ်။

သူက နံရံနဲ့ ပြင်းပြင်းထန်ထန် ဆောင့်မိပြီးတော့ မြေပြင်ပေါ်ကို ပြုတ်ကျသွားပါတယ်။ သူက အရမ်းကို နာကျင်နေပြီး အချိန်တော်တော် ကြာတဲ့တိုင်အောင် မထနိုင်ခဲ့ပါဘူး။

ဘာတွေ ဖြစ်ကုန်တာလဲ။

ရီယွမ်၊ တင်းယုရှမ်၊ တင်းရှန်းဂေနဲ့ အစောင့်နှစ်ယောက်တို့ အံ့သြမှင်တက် နေကြပါတယ်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက ကိုယ်ခန္ဓာ ပြုပြင်မွန်းမံခြင်းအဆင့် အလွှာကိုးကို ရောက်နေတဲ့ တင်းဖေးဂမ် ဖြစ်ပြီးတော့ တင်းကလန်ရဲ့ လူငယ်မျိုးဆက် အထဲမှာ အစွမ်းထက်ဆုံး လူတစ်ယောက် ဖြစ်ပါတယ်။

တင်းပင်းမှာ ထူးဆန်းတဲ့ စွမ်းရည်တစ်ခု ရှိတယ်ဆိုရင်တောင် သူက လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက တင်းဖေးဂမ်ရဲ့ ခွန်အားအရာမှာ ကျော်တက်ခြင်းကို ခံခဲ့ရပြီးသားပါ။ ဒါပေမဲ့လည်း ကလန်က သူ့ရဲ့ အလားအလာနဲ့ ပတ်သက်ပြီး ကြိုတင်မှန်းဆထားတာကြောင့် သူ့ကို သခင်လေး နေရာမှာ ထားထားတာ ဖြစ်ပါတယ်။

တင်းဖေးဂမ်က လက်သီးတစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားတယ်ဆိုတာ တကယ့်ကို မျှော်လင့်မထား မိခဲ့ကြပါဘူး။

ရီယွမ်ရဲ့ လှပတဲ့ မျက်လုံးတွေက အံ့အားသင့်စွာနဲ့ ဝိုင်းစက်လို့ နေပါတယ်။ တစ်ဖက်လူက သူ့ခွန်အားတွေကို တစ်ချိန်လုံး သိုဝှက်ထားတာများ ဖြစ်နေမလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ တင်းဖေးဂမ်က မဆင်မခြင် ဒါမှမဟုတ် စောစောတုန်းက တိုက်ခိုက်မှုမှာ အားကုန်မသုံးခဲ့ရင် တင်းဖေးဂမ်က လက်သီးတစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားစရာအကြောင်း လုံးဂမရှိနိုင်ပါဘူး။

တင်းပင်းက သူ့လက်သီးကို ပြန်ရုပ်သိမ်းပြီးတော့ ဘာမှမဖြစ်ပျက်ခဲ့တဲ့အတိုင်း ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားခဲ့ပါတယ်။

သူကိုယ့်သူပဲ ဘယ်လောက်ထိ စိတ်လှုပ်ရှားနေတယ် ဆိုတာကို သိနေပါတယ်။

ဒီလက်သီးချက်က နှစ်ဂက်အချိန်အတွက်
သူရဲ့သည်းခံမှုတွေ ပါဝင်ပြီး ဒီနေ့မှာတော့ နောက်ဆုံး
သူဖွင့်ထုတ်ပစ်လိုက်ပါပြီ။

လက်သီးတစ်လုံး ထိုးရတာက လွယ်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး
ရလာဒ်တစ်ခု ထွက်ပေါ်လာဖို့က အရမ်းကို
ခက်ခဲလွန်းပါတယ်။

“ဆရာသခင်”

တင်းပင်းက စိတ်ထဲကနေ ကျိတ်ပြီးတော့
အော်ခေါ်လိုက်မိပါတယ်။ လင်းဟန်ကို သူက နတ်ဘုရား
တစ်ပါးလိုမျိုး ရိုသေမှုတွေ ကြည်ညိုလေးစားခြင်းတွေနဲ့
ပြည့်နှက်လို့ နေပါတယ်။

သူ့ကလန်ရဲ့ ပြုမှုဆက်ဆံပုံတွေက သူ့ကို ခါးခါးသီးသီးနဲ့ စိတ်ပျက်လက်ပျက် ဖြစ်စေပါတယ်။ အခု သူစိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတော့တယ်။ အဲဒါက လင်းဟန်အတွက် လုပ်စရာရှိတဲ့ ကိစ္စတွေ ပြီးဆုံးသွားတဲ့ အခါကျရင် ဒီအေးစက်တဲ့ နှလုံးသားရှိတဲ့ နေရာကနေ သူ့ကိုအဝေးခေါ်ထုတ်သွားတာကို စောင့်နေဖို့ပါပဲ။

သူ့မိဘတွေနဲ့ အဘိုးအဘွားတွေအားလုံး သူငယ်ငယ်ကတည်းက ဆုံးပါးသွားကြပါပြီ။ သူ့မှာ ဦးလေးနှစ်ယောက် ရှိတယ်ဆိုပေမဲ့ လွန်ခဲ့ခြောက်လကတည်းက သူ့ကို လျစ်လျူရှုထားခဲ့ ကြပါတယ်။

“အစ်ကို ဖေးဂမ်”

တင်းပင်း အဝေးကို ရောက်သွားတဲ့ အချိန်ကျမှ ရီယွမ်နဲ့ တခြားသူတွေက တင်းဖေးဂမ်ကို ထနိုင်အောင်လို့ ကူညီပေးလိုက် ကြပါတယ်။

"ဒီခွေးကောင်က ငါ့ကို အလစ်ချောင်းပြီးတော့ တိုက်ခိုက်ရဲတယ်။ ကလန်အကြီးအကဲတွေဆီကို သွားပြီးတော့ သွားတိုင်ရမယ်။ ပြီးတော့ ကလန်ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို အသုံးပြုပြီးတော့ ဒီခွေးကောင်ကို အပြစ်ပေးခိုင်းရမယ်"

တင်းဖေးဂမ်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ ကသိကအောက် ဖြစ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

အလစ်ချောင်း လုပ်ကြံတိုက်ခိုက်တာလား။

တင်းယုရှမ်နဲ့ တင်းရှင်းဂေတို့က သူတို့ရဲ့ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကြပါတယ်။

"အမှန်ပဲ။ ဒီခွေးကောင်က အစ်ကိုဖေးဂမ်ကို အလစ်အငိုက်ဖမ်း တိုက်ခိုက်သွားတာ ဖြစ်ရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အစ်ကိုဖေးဂမ်က လက်သီးတစ်ချက်တည်းနဲ့ ဘယ်လိုလုပ်ပြီးတော့ ရှုံးနိမ့်သွားမှာလဲ"

တင်းဖေးဂမ်က ချက်ချင်းပဲ သူတို့နှစ်ယောက်ကို စိုက်ကြည့်လိုက်ပါတယ်။ သူတို့က သူရှုံးတာကို ပြောနေကြတယ်ပေါ့လေ။

ရီယွမ်ရဲ့ လှုပတဲ့ မျက်လုံးတွေ အထဲမှာ အလင်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။ သူမက ဒီကိစ္စကို အိမ်ပြန်ပြီးတော့ ချက်ချင်းသတင်းပို့ရပါလိမ့်မယ်။

Chapter 872 end

အပိုင်း(873) နားလည်မှုလွဲမှားခြင်း

အဝေးမှာရှိတဲ့ လင်းဟန်က ပြုံးမိပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

“ဒါမှပဲ နည်းနည်းလေး စိတ်ပျော်စရာကောင်းတဲ့ အရာတွေ ဖြစ်လာမှာပေါ့”

ရုပ်ထုကနေတဆင့် သူကကြည့်ပြီးတော့ အမိန့်တချို့ကို ထုတ်ပြန်လိုက်ပါတယ်။

“ဟီးဟီး တကယ်လို့ ပင်လယ်မိန်းကလေးကသာ အခုလိုမျိုး ငါပြဿနာတွေ လုပ်နေတာကို သိသွားမယ်ဆိုရင် သေချာပေါက် ဒီလိုမျိုး ပြောလိမ့်မယ်။ ငါက ဧကရာဇ် တစ်ပါးပဲ ငါ့ရဲ့ တာဝန်ဝတ္တရားတွေကို နောက်တစ်ကြိမ် လျစ်လျူရှုပြန်ပြီလား”

လင်းဟန်က မိုးကောင်းကင်ကို မော့ကြည့်ပြီးတော့ သူ့မိသားစုကို သတိရလွမ်းဆွတ်လို့ နေပါတယ်။ သူ့မိဘ၊ သူ့သားနဲ့ သူ့ချစ်သူမိန်းကလေး အကုန်လုံးကို သတိရနေပါတယ်။ သူတို့တွေ အခု ဘယ်နေရာမှာ ရှိလဲဆိုတာ ဘယ်သူသိမလဲ။

တင်းကလန်ရဲ့ စံအိမ်မှာတော့ တင်းဖေးဂမ်က ချက်ချင်းပဲ အပြေးအလွှားနဲ့ ကလန်ရဲ့ လက်ရွေးစင်တွေကို တိုင်တန်းလိုက်ပါတယ်။ သူ့စကားလုံးတွေထဲမှာ တင်းပင်းက စက်ဆုပ်ရွံရှာစရာ ကောင်းပြီးတော့ အရှက်မရှိပဲ သူ့ကို လှို့ဝှက်ကြံစည်ပြီး တိုက်ခိုက်တယ်ဆိုတဲ့ လမ်းကြောင်းကို ရွေးပြီးတော့ ပြောလိုက်ပါတယ်။ နောက်ပြီးသူက ကလန်ရဲ့ လက်ရွေးစင်ကို ကလန်စည်းမျဉ်းစည်းကမ်းတွေအရ တင်းပင်းကို ပြင်းပြင်းထန်ထန် အပြစ်ပေးဖို့ကိုပါ တောင်းဆိုခဲ့ပါတယ်။

ဒါက ကလန်ရဲ့ လက်ရွေးစင်တွေကို ဒေါသထွက်သွား

စေခဲ့ပါတယ်။ ဒီတင်းပင်းက တကယ့်ကို ထောက်ထားမှု မရှိဘူးပဲ။ ဒါက သူ့ရဲ့ ကလန်သခင်လေးဆိုတဲ့ အဆင့်အတန်းကို မရုပ်သိမ်း ရသေးတာကြောင့် ဖြစ်ပါလိမ့်မယ်။ သူက တကယ်ပဲ ကလန်ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို အလေးမစိုက်ဝံ့ဘူးပေါ့လေ။

"တင်းပင်းကို ဒီနေရာ ချက်ချင်းခေါ်လာခဲ့ကြစမ်း"

လက်ရွေးစင်တွေထဲက တစ်ယောက်က အော်ပြောလိုက်ပါတယ်။ သူက သိသိသာသာကို မကျေမနပ် ဖြစ်နေပါတယ်။

"ဟုတ်ကဲ့"

တင်းပင်းက သူ့အခန်းကို ပြန်ရောက်တာနဲ့ ရေမိုးချိုးပြီးတော့ သန့်ရှင်းတဲ့ အဝတ်အစား တစ်စုံကို လဲလှယ်လိုက်ပါတယ်။

ဒါက သူ့ရဲ့ တစ်ခုတည်းသော ကျန်ရှိတဲ့ အဖတ်အစားပဲ ဖြစ်ပါတယ်။ ပြီးတော့ ဖင်တောင်ပူအောင် မထိုင်ရသေးခင် ကလန်ရဲ့ လက်ရွေးစင်တွေက တွေ့ဆုံဖို့ ဆင့်ခေါ် ခံလိုက်ရပါတယ်။

တင်းဖေးဂမ်က မဟုတ်တမ်းရာတွေ လျှောက်ပြောပြီး တိုင်တန်းထားမယ် ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့လည်း သူ့စိတ်က ရှင်းလင်းနေပြီး နေးကွေးခြင်းမရှိပဲ အနောက်ကနေ လိုက်လာခဲ့ပါတယ်။

မကြာခင်မှာပဲ ကလန်ရဲ့ အစည်းအဝေး ခန်းမထဲကို ရောက်လာခဲ့ ကြပါတယ်။

ဒီနေရာက ကလန်ရဲ့ အရေးကြီးတဲ့ ကိစ္စတွေကို ဆွေးနွေးပြောဆိုတဲ့ နေရာတစ်ခု ဖြစ်တဲ့အပြင် ဆုပေးဒဏ်ပေး ပြုလုပ်တဲ့ နေရာလည်း ဖြစ်ပါတယ်။

“မျိုးနွယ်စုခေါင်းဆောင်နဲ့ အကြီးအကဲတွေကို ဂါရဝပြုပါတယ
်”

တင်းပင်းက ဂင့်ကြွားခြင်း မရှိပဲ ခန်းမထဲက လက်ရွေးစင် အားလုံးကို နှုတ်ဆက်ဂါရဂ ပြုပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ မတ်တပ်ရပ်နေလိုက်ပါတယ်။

“တင်းပင်း မင်းအပြစ်ကို မင်းသိလား”

အကြီးအကဲ တစ်ယောက်က မေးလိုက်ပါတယ်။

တင်းပင်းက သူ့ခေါင်းကို ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

“မသိပါဘူး”

“မိုက်ရိုင်းလိုက်တာ”

အကြီးအကဲ တစ်ယောက်က ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။

“မင်းက တင်းဖေးဂမ်ကို ဒဏ်ရာရအောင်လို့ အကောက်ကြံခဲ့တယ်။ အဲဒါကိုတောင်မှ မင်းကိုမင်း အပြစ်မရှိသလိုမျိုး ဟန်ဆောင်နေတာလား”

“နံပါတ်ခုနစ် အကြီးအကဲကို လျှောက်တင်ပါတယ်။ ကျနော်က အကောက်ကြံတဲ့ နည်းတွေ နည်းနည်းမှ အသုံးမပြုခဲ့ပါဘူး။ အဲဒီအစား သူ့ကို ထိပ်တိုက်ရင်ဆိုင်ပြီးမှ အနိုင်ယူခဲ့တာပါ။ တကယ်လို့ အကြီးအကဲက ကျနော့်ကို မယုံဘူးဆိုရင် ကျနော် တင်းဖေးဂမ်နဲ့ နောက်တစ်ကြိမ် တိုက်ခိုက်နိုင်ပါတယ်”

တင်းပင်းက ပြောလိုက်ပါတယ်။

“အဓိပ္ပါယ် မရှိတာ”

အကြီးအကဲက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။ တင်းပင်းက တင်းဖေးဟမ်ကို အနိုင်ယူဖို့ အခွင့်အရေးရှိတယ်ဆိုတာ သူဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။ ဒါက တင်းပင်းအနေနဲ့ အဖြစ်အပျက်ကို တမင်သက်သက် လိမ်လည်လှည့်စားခြင်း ဖြစ်ပါတယ်။

“နောက်ထပ် စဉ်းစားဖို့ မလိုတော့ဘူး။ ငါကြေညာမယ်။ ကလန်ရဲ့ ပထမ အမွေဆက်ခံသူ ဖြစ်တဲ့ တင်းပင်းရဲ့ အဆင့်အတန်းကို ဒီနေ့ကစပြီးတော့ ဖျက်သိမ်းပစ်ရလိမ့်မယ
၄”

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ပြောလိုက်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ဂက်တုန်းက သူတို့တွေ ဒီကိစ္စနဲ့ ပတ်သက်ပြီး စဉ်းစားခဲ့ကြပါတယ်။ ဒါပေမဲ့လည်း တင်းပင်းရဲ့ မိဘတွေနဲ့ အဘိုးအဘွားတွေ အားလုံးက ကလန်အတွက် သူတို့ကိုယ်သူတို့ အားလုံးက စတေးပေးခဲ့တဲ့ အဖြစ်အပျက်တွေကို ထောက်ရှုငဲ့ညှာသောအားဖြင့် ဒီကိစ္စကို ချက်ချင်းကြီး သဘောမတူ ခဲ့ကြပါဘူး။

ဒါပေမဲ့ တင်းပင်းရဲ့ ဒီနေ့လုပ်ဆောင်မှုတွေက ကလန်ရဲ့ သည်းခံနိုင်တဲ့ အကန့်အသတ်ကို ကျော်လွန်သွားခဲ့ပါပြီ။ အခု သူတို့လည်း နည်းနည်းမှ တုံ့ဆိုင်းနေစရာ မလိုတော့ပါဘူး။

တင်းပင်းက ဒါကို မျှော်လင့်ထားတာ ကြာပါပြီ။ ဒါကြောင့်သူ့ကို နည်းနည်းလေးမှ စိတ်ထိခိုက် သွားတာမျိုး မဖြစ်ပါဘူး။ ဒါပေမဲ့လည်း ကလန်က တင်းဖေးဂမ်ရဲ့ တစ်ဖက်သတ် ပုံပြင်ကို နားထောင်ပြီးတော့ သူ့ကို မှားယွင်းစွာနဲ့ ပြောဆိုစွပ်စွဲတာက အရမ်းပဲ ဒေါသထွက်စေပါတယ်။ ဒါက လုံးဂကို မမျှတပါဘူး။

"ကျနော် မကျေနပ်ဘူး"

သူက အော်လိုက်ပါတယ်။

"မကျေနပ်ဘူး ဟုတ်လား။ ဒါက မင်းဆုံးဖြတ်ရမဲ့ ကိစ္စမဟုတ်ဘူး"

နံပါတ်ခုနစ် အကြီးအကဲက ပြောလိုက်ပါတယ်။

"မင်းက ကလန်ရဲ့ ပထမ အမွေဆက်ခံသူ နေရာမှာ ဆက်ရှိဖို့ အရည်အချင်း ပြည့်မီတယ်လို့ မင်းထင်နေတာလား"

တင်းပင်းက ပြောလိုက်ပါတယ်။

"ကျနော် မကျေနပ်ဘူးဆိုတာ အဲဒီကိစ္စမဟုတ်ဘူး။ ကျနော်

မကျေနပ်တာက တင်းဖေးဂမ်ရဲ့
တစ်ဖက်သတ်စကားတွေကိုပဲ အားလုံးက
နားမထောင်သင့်ဘူး”

“မင်းရဲ့ ကိုယ်ပိုင်စွမ်းအားနဲ့ တင်းဖေးဂမ်ကို မင်းက
အနိုင်ယူနိုင်တယ် ဆိုတာကို ငါတို့က ယုံကြည်သင့်တယ်လို့
မင်းထင်နေတာလား”

နံပါတ်လေး အကြီးအကဲက ဟားတိုက်ရယ်မောလိုက်
မိပါတယ်။ ဒါက တကယ့်ကို ဟာသအကြီးစား
တစ်ခုဖြစ်ပါတယ်။ တင်းပင်းမှာ ပကတိ ခွန်အားတချို့
ရှိပါတယ်။ ဒါပေမဲ့ သူက ကိုယ်ခန္ဓာ
ပြုပြင်ပြောင်းလဲခြင်းအဆင့် အလွှာငါး ဒါမှမဟုတ်
အလွှာခြောက်မှာရှိတဲ့ ပြိုင်ဘက် တစ်ယောက်ကိုပဲ
ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ သူက
တင်းဖေးဂမ်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိမှာလဲ။

“အကြီးအကဲက ဘာဖြစ်လို့ မယုံကြည်တာလဲ”

တင်းပင်းက ပြန်ခံပက်လိုက်ပါတယ်။ သူက
အားမာန်တက်ကြွမှုတွေနဲ့ ပြည့်နေဆဲပါ။

“သူ့ကိုခေါ်လိုက်ပါ။ ကျနော်သူနဲ့ တိုက်ခိုက်ချင်တယ်”

“ရှိင်းလိုက်တာ”

နံပါတ်လေး အကြီးအကဲက ကြိမ်းမောင်းလိုက်ပါတယ်။

“မြန်မြန်ဒူးထောက်လိုက်စမ်း။ ဟေး တစ်ယောက်လာခဲ့စမ်း။
တခြားသူတွေကို သတိပေးတဲ့ အနေနဲ့ တင်းပင်းကို တုတ်နဲ့
အချက်သုံးရာ ရိုက်လိုက်စမ်း”

“ကျနော် မကျေနပ်ဘူး။ ကျနော် မကျေနပ်ဘူး။ ကျနော်

မကျေနပ်ဘူး”

တင်းပင်းက သူ့ခေါင်းကို မော့ပြီးတော့ ပြောလိုက်ပါတယ်။ အဲဒီအခိုက်အတန့်မှာ သူက တကယ်ပဲ သူ့မှာ အထွတ်အထိပ် စွမ်းအားရှိချင်တဲ့ ဆန္ဒတွေ တဖွားဖွား ဖြစ်ပေါ်နေပါတယ်။ ဒါမှ သူက အားလုံးကို ဖိနှိပ်ပြီး သူ့စကားတွေကို နားထောင်ဖို့ ဖိအားပေးနိုင်ပါလိမ့်မယ်။

“ဒါက ကလန်ရဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ။ မကျေမနပ် ဖြစ်ရအောင် မင်းက ဘယ်သူမို့လို့လဲ”

တတိယ အကြီးအကဲက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“သူ့ကို မြန်မြန် ခေါ်သွားကြစမ်း”

“သတင်းပို့ပါတယ်”

အဲဒီအချိန်မှာ လူတစ်ယောက်က အထဲကို ကပျာကယာ ပြေးဝင်လာခဲ့ပါတယ်။

“ဘာတွေဖြစ်နေတာလဲ။ ငါတို့တွေ ကလန်အစည်းအဝေးတစ်ခု လုပ်နေတာကို မင်းမသိဘူးလား။”

တတိယ အကြီးအကဲက မကျေမနပ်နဲ့ မေးလိုက်ပါတယ်။

“မျိုးနွယ်စု ခေါင်းဆောင်နဲ့ အကြီးအကဲ အားလုံးကို တင်ပြပါတယ်။ မြို့တော်ဝန် ဒီကို ရောက်လာပါတယ်”

အစေခံက ပြန်ဖြေလိုက်ပါတယ်။

ဝုန်း ဝုန်း ဝုန်း။

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်နဲ့ အကြီးအကဲ အားလုံး မတ်တတ်ထရပ် လိုက်ကြပါတယ်။ မြို့တော်ဂန်က အရမ်းကို ခံ့ညားထယ်ဝါပြီး အဆင့်မြင့်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီလိုမျိုး လူတစ်ယောက်က သူတို့ဆီကို ရောက်လာပါတယ်။ တစ်ခုသိထားရမှာက တင်းကလန်ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်က စိတ်ဝိညာဉ် ပင်လယ်အဆင့်မှာပဲ ရှိပါတယ်။ မြို့တော်ဂန်ကရော။ သူက ပန်းဖူးအဆင့်ကို ရောက်နေတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

"မြန်မြန် သွားပြီးတော့ သူ့ကို ကြိုဆိုလိုက်ကြ"

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ဘယ်လိုလုပ်ပြီး ဆက်ထိုင်နိုင်မှာလဲ။ သူက အလျင်အမြန်ပဲ အကြီးအကဲ အားလုံးကို ဦးဆောင်ပြီးတော့ ကိုယ်တိုင်ကိုယ်ကျ ခရီးဦး ကြိုဆိုဖို့ ပြင်ဆင်လိုက်ပါတယ်။

မြို့တော်ဂန်က ဘာကိစ္စများရှိလို့ ရုတ်တရက် ကိုယ်တိုင်ကိုယ်ကျ ရောက်လာရတာလဲ။ ဒါက တင်းကလန်ကို ကံကြမ္မာကောင်းတွေ သယ်လာမလား။ ဒါမှမဟုတ် ကံဆိုးမှုတွေ သယ်လာလိမ့်မလား။

သူတို့အားလုံးက မြို့တော်ဂန်ကို ထွက်ပြီးတော့ ကြိုဆိုလိုက်ပါတယ်။ ကလန်အိမ်တော်ရဲ့ တံခါးမှာ ရပ်နေတဲ့ အရပ်မြင့်မြင့် ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရပါတယ်။ သူ့ကိုကြည့်ရတာ အသက်လေးဆယ် အရွယ်ပဲ ရှိပါဦးမယ်။ ဒါပေမဲ့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှတဲ့ အစွမ်းထက် အရှိန်အဝါ တစ်ခုကို ထုတ်ဖော်နေပြီး သူတို့အားလုံးဟာ သူ့ရဲ့ အရှိန်အဝါ တောက်ပမှုကြောင့် မျက်စိတွေ ကန်းသွားသလိုမျိုးတောင် ခံစားလုနီးပါး ဖြစ်သွားခဲ့ ပါတယ်။

သူတို့အတွက်တော့ ပန်းဖူးအဆင့်ဆိုတာ နတ်ဘုရားတွေလို

သတ်မှတ်ရပါလိမ့်မယ်။ သူတို့တွေက ပျံသန်းနိုင်တယ်။ ပြီးတော့ သက်တမ်းအားဖြင့် နှစ်ပေါင်းသုံးရာလောက် ရှိပြီးတော့ သူတို့လို ဘာမဟုတ်တဲ့ လူတွေနဲ့ အရမ်းအရမ်းကို ကွာခြားလွန်းပါတယ်။ သူတို့က ဒီလိုမျိုး လူတစ်ယောက် သူတို့ဆီကို အလည်အပတ် လာတာကို ကိုယ်တိုင်ကိုယ်ကျ ထွက်ပြီးတော့ မကြိုဆိုပဲ ဘယ်လိုလုပ် နေနိုင်မှာလဲ။

“မြို့တော်ဂန်ကို နှုတ်ခွန်းဆက်သပါတယ်”

သူတို့အားလုံးက မယုံနိုင်စရာကောင်းတဲ့ ရိုသေလေးစားမှုတွေနဲ့ လျင်လျင်မြန်မြန် ဒူးထောက် လိုက်ပါတယ်။

မြို့တော်ဂန်ရဲ့ နာမည်က လျှိုကျန်းရှီလို့ ခေါ်ပါတယ်။ သူက အထိမ်းအမှတ် ရုပ်တုကနေ တစ်ဆင့် လင်းဟာန်ရဲ့ အသံကို ကြားပြီးတဲ့ နောက်မှာတော့ ဒီနေရာကို ချက်ချင်းပဲ

အပြေးအလွှား ပြေးလာခဲ့ပြီး နောက်လိုက်တွေကိုတောင် တစ်ယောက်မှ မခေါ်ခဲ့ပါဘူး။ သူက ရယ်မောပြီးတော့ သူတို့ကို ထရပ်ဖို့ ကူညီပြီးတော့ ပြောလိုက်ပါတယ်။

"တင်းကလန်မှာ ကြီးမားတဲ့ ဂုဏ်ယူစရာ ပွဲကြီးတစ်ခု ရှိနေတာကြောင့် ငါကိုယ်တိုင် လာပြီးတော့ ဂုဏ်ပြုတာပါ"

ကြီးမားတဲ့ ဂုဏ်ယူစရာ ပွဲကြီး ဟုတ်လား။ ဘယ်မှာလဲ။

တင်းကလန်ရဲ့ အဖွဲ့သားအားလုံးက ကြောင်တောင်တောင် ဖြစ်နေကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူတို့အားလုံးက ဘာဖြစ်လို့ နလပိန်းတုံးတွေလို ဖြစ်နေရတာလဲ။

"ကြည့်ရတာ မင်းတို့တွေ မသိကြသေးဘူးနဲ့တူတယ်။ မင်းတို့ကလန်ရဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်ကို မဟာပုဂ္ဂိုလ်ကြီး တစ်ယောက်က တပည့်အဖြစ်

ရွေးချယ်လိုက်တယ် မဟုတ်လား”

လျှိုကျန်းရှီက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

“ဘာ”

တင်းကလန်က လူတွေအားလုံး မှင်တက်အံ့သြ သွားကြပါတယ်။ မြို့တော်ဂန်ကိုယ်တိုင်က မဟာပုဂ္ဂိုလ်ကြီးလို့ ခေါ်ရတဲ့လူက ဘယ်လောက်တောင် မြင့်မားတဲ့ အဆင့်အတန်းမှာ ရှိပြီးတော့ ခံ့ညားထယ်ဝါတဲ့ လူတစ်ယောက် ဖြစ်နေမလဲ။ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်လား။ အဲဒါ ဟုတ်တယ်။ တင်းဖေးဂမ်က ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ တပည့်အဖြစ် ရွေးချယ်ခံခဲ့ရတယ် မဟုတ်ဘူးလား။

ဒီကောင်စုတ်လေးကတော့ကွာ။ သူ့ကို စိတ်ဝိညာဉ်

နတ်သူငယ်အဆင့် လက်ရွေးစင် တစ်ယောက်က
တပည့်အဖြစ် ရွေးချယ်ထားတယ်ဆိုတာ
သိသာထင်ရှားပါတယ်။ ဒါကို သူက ကြက်သွေးရောင်
နေမင်းဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်လာခဲ့တယ်လို့ပဲ
ပြောခဲ့ပါတယ်။

တကယ်ပါပဲ။ ဘယ်လိုလုပ်ပြီးသူက အရမ်းကို
နှိမ့်ချနေရတာလဲ။ ဒါက သူဂုဏ်ယူရမဲ့ အချိန်ကို
ရောက်လာပါပြီ။ သူက တကယ့်ကို ဂုဏ်ယူသင့်ပါတယ်။

တင်းကလန်ရဲ့ အဖွဲ့သား အားလုံးက
သူတို့နားလည်သွားသလို ခံစားလိုက်ရပြီး ကျေနပ်ပီတိနဲ့
အားလုံးက ပြုံးလိုက်ကြပါတယ်။
မြို့တော်ဂန်ကိုယ်တိုင်တောင် လာပြီးတော့ ဂုဏ်ပြုရတယ်။
တင်းကလန်က ကြီးကျယ်ခမ်းနားလာပြီး အမြင့်ကို
ထိုးတက်ပါလိမ့်မယ်။

"မြန်မြန် သွားပြီးတော့ တင်းဖေးဂမ်ကို ဒီနေရာ ခေါ်လာခဲ့"

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က အလျင်အမြန် ပြောလိုက်ပါတယ်။

မကြာခင်မှာ တင်းဖေးဂမ် ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း တင်းပင်းရဲ့ လက်သီးချက်ကြောင့် သူ့မျက်လုံးမှာ အညိုအမဲကြီးတစ်ခု ဖြစ်ပေါ်နေပြီး သူ့ပုံရိပ်ကို အကြီးအကျယ် ကျဆင်းသွား စေခဲ့ပါတယ်။ ဒီမြင်ကွင်းက လျှိုကျန်းရှီရဲ့ မျက်နှာပေါ်က ကြွက်သားတွေကိုတောင် တွန့်သွားစေ ခဲ့ပါတယ်။ ဒါက အရှင်သခင်ကြီး ရွေးထားတဲ့ တပည့်လား။ ဘာဖြစ်လို့ သူက ဒီလိုမျိုး ပုံစံ ဖြစ်နေတာလဲ။

ဒါပေမဲ့လည်း တင်းကလန်က သူ့ကို ကိုယ်တိုင်ကိုယ်ကျ ထွက်ပြီးတော့ ဖိတ်ကြားခဲ့တာကြောင့် သံသယ မရှိပဲ အလျင်အမြန်ပဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“သခင်လေးတင်းကို ဂုဏ်ပြုပါတယ်။ အရှင်သခင်ကြီးရဲ့ တပည့်ဖြစ်လာရတာ အရမ်းကို ဂုဏ်ယူစရာ ကောင်းပါတယ်။ အနာဂတ်မှာ ကျေးဇူးပြုပြီး ငါ့ကို စောင့်ရှောက်ပေးပါဦး”

တင်းဖေးဟမ်က ကြောင်တောင်တောင် ဖြစ်သွားခဲ့ပါတယ်။ ကလန်ရဲ့ အကြီးအကဲတွေ အားလုံးက အရမ်းကို အလိုလိုက်နေပြီး မြို့တော်ဂန်တောင်မှ သူ့ကိုယ်ပိုင် အဆင့်အတန်းကို နှိမ့်ချပြီးတော့ သူ့ကို အရေးပါတဲ့ လူတစ်ယောက်လိုမျိုး ဆက်ဆံနေပါတယ်။

ဘာတွေဖြစ်ကုန်ပြီလဲ။

သူက ကြက်သွေးရောင် နေမင်းဂိုဏ်းထဲကို တကယ်ဝင်ခဲ့တာပါ။ ဒါပေမဲ့ ဘယ်ပုဂ္ဂိုလ်ကြီး တစ်ဦးတစ်ယောက်ကမှ သူ့ကို မျက်နှာသာ မပေးပါဘူး။

ဒီထဲမှာ အံ့အားသင့်စရာကောင်းတဲ့ ဇာတ်ညွှန်းတစ်ခုခုများ ရှိနေတာ ဖြစ်နေမလား။

Chapter 873 end

အပိုင်း(874) ငှါးဆရာသခင် လင်းဟန်

ကလန်ရဲ့ အရေးကြီးတဲ့ လူတွေအားလုံးက ဂုဏ်ပြုတဲ့ စကားတွေ ပြောဆိုကြပါတယ်။ ပြီးတော့ မြို့တော်ဂန်လည်း ပါတာကြောင့် တင်းဖေးဂမ်က အတော်လေး သူ့ကိုယ်သူ ဟုတ်လှပြီလို့ ထင်နေပြီး သူ့ကိုယ်ပိုင် နာမည်ကိုတောင် မေ့တေ့တေ့ ဖြစ်သွားပါတယ်။

ဒါဖြစ်သင့်တယ်လေ ဟုတ်တယ်မလား။ သူက ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ အဓိက ပုဂ္ဂိုလ်ကြီး တချို့ရဲ့ မျက်နှာသာပေးခြင်းကို ရရှိထားပြီး တပည့်အဖြစ် အရွေးခံလိုက်ရပါတယ်။ အခုမှ သူလည်း ဒီသတင်းကို

ကြားသိရတာ ဖြစ်ပါတယ်။

ဟားဟား ဒီလိုပဲ ဖြစ်ရမှာပေါ့။

လပြွတ်ပဲ။ တင်းပင်း ဒီခွေးကောင်က ငါ့ကို လက်သီးနဲ့တောင် ထိုးရဲတယ်။ ဒီတစ်ကြိမ်တော့ သူ့ကို သေချာပေါက် ပြန်ပြီးတော့ ပေးဆပ်စေရမယ်။

"မြို့တော်ဂန် ဒီလမ်းပါ။ ကျေးဇူးပြုပြီး ကြွပါခင်ဗျာ"

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ ဒါက စကားပြောဖို့ ကောင်းတဲ့ နေရာမဟုတ်ပါဘူး။

"ကြွပါ"

“ကြွပါ”

သူတို့အားလုံးက အဓိက ခန်းမထဲကို ဝင်လာပြီးတော့ အိမ်ရှင်နဲ့ ဧည့်သည်တွေအတွက် ထိုင်ခုံအသီးသီးမှာ ထိုင်လိုက်ပါတယ်။ လျှိုကျန်းရှီရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မားတဲ့ အတွက်ကြောင့် သူတို့အားလုံးက စိတ်ထဲမှာ တစ်မျိုးဖြစ်သလို ခံစားရပြီး အိမ်ရှင်ရဲ့ အမြင့်ဆုံး ထိုင်ခုံမှာ ထိုင်ဖို့တောင်းဆိုခဲ့ပြီး ဒီခံ့ညားထယ်ဝါတဲ့ ဧည့်သည်တော်ကို သူတို့က အရမ်းကို ပေါ့ပေါ့ပါးပါး ဆက်ဆံမိမှာကို ထိတ်လန့်ကြောက်ရွံ့နေကြပါတယ်။

“မျိုးနွယ်စု ခေါင်းဆောင်နဲ့ အကြီးအကဲတို့”

တင်းဖေးဂမ်က တင်းပင်းကို သရော်ပြုံးပြုံးပြီးတော့ ကြည့်လိုက်ပါတယ်။

“ဒီကောင့်ကို ဘယ်လိုမျိုး အပြစ်ပေးဖို့ စီစဉ်ထားကြလဲ”

“ငါတို့တွေ ဆုံးဖြတ်ချက် တစ်ခု ချထားတယ်။ တင်းပင်းကို ကလန်ရဲ့ ပထမ အမွေဆက်ခံသူ အဖြစ်ကနေ ဖျက်သိမ်းပြီးတော့ သူ့ကို တုတ်နဲ့ အချက်သုံးရာ ပြင်းပြင်းထန်ထန် ရိုက်နှက်ဖို့ ပြစ်ဒဏ်ပေးခိုင်းထားတယ်”

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ပြောလိုက်ပါတယ်။ တင်းဖေးဂမ်ရဲ့ လေသံက ရုတ်တရက် ဟိတ်ကြီးဟန်ကြီးနဲ့ ဂုဏ်ယူဂင့်ကြွားပြီး သူ့ကို အနည်းငယ် မကျေမနပ် ဖြစ်စေပေမဲ့ မြို့တော်ဂန်တောင် သူ့ကိုယ်သူ နှိမ့်ချနေတာကို ပြန်သတိရမိသွားတဲ့ အခါမှာ သူက ဘာများ စောဒက တက်လို့ ရဦးမှာလဲ။

“ဒီလိုမျိုး ပြစ်ဒဏ်သေးသေးလေးပဲလား”

တင်းဖေးဂမ်ရဲ့ ကိုယ့်ကိုကိုယ် အထင်ကြီးတဲ့ စိတ်တွေက ပေါက်ကွဲထွက်လာပါတယ်။ မြို့တော်ဂန် ကိုယ်တိုင်တောင်မှ သူ့စိတ်ကြိုက် အရာကို လုပ်နိုင်သလိုမျိုး ပြုမူနေပြီး သူ့ဆီက စကားကို စောင့်နေသလိုပါပဲ။ ဒါကြောင့် သူ့အတွက် ကလန်ရဲ့ လက်ရွေးစင်တွေကို ဆက်ပြီးတော့ ခေါင်းထဲ ထည့်ထားစရာ လိုဦးမှာလား။

ငါက ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ အစစ်အမှန် တပည့် တစ်ယောက်ပဲ။

"ဖေးဂမ်က ဒီလိုမျိုး ပြောလာတယ်ဆိုမှတော့ ငါတို့သူ့ကို ဘယ်လိုမျိုး အပြစ်ပေးသင့်လဲ"

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က အနည်းငယ် မကျေမနပ် ဖြစ်ပြီးတော့ မေးလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့

မကျေမနပ် ဖြစ်နေတာကို နည်းနည်းလေးမှတောင် မဖော်ပြပံ့ပါဘူး။ တကယ်လို့ သူက တင်းဖေးဂမ်ကိုသာ ကောင်းကောင်းမဆက်ဆံဘူးဆိုရင် လျှိုကျန်းရှီက သူ့ကို ဆန့်ကျင်ဖို့ လုပ်ရှားလာပါလိမ့်မယ်။

မြို့တော်ဂန်က ပန်းဖူးအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ သူက ဘာများ လုပ်ဝံ့မှာလဲ။

"သူ့လက်မောင်းတွေကို ချိုးပစ်လိုက်"

တင်းဖေးဂမ်က အေးစက်စက်နဲ့ ကြေညာလိုက်ပါတယ်။ ဒီကောင့်က သူ့ကို တကယ်ပဲ ရိုက်နက်ဝံ့တယ်။ ဒါဆိုရင် သူ့ရဲ့ဒေါသက တင်းပင်းရဲ့ လက်မောင်းတွေ မကျိုးပဲနဲ့တော့ ငြိမ်းသွားမှာ မဟုတ်ပါဘူး။

"သတင်းပို့ပါတယ်"

အဲဒီအချိန်မှာ နောက်ထပ် အစေခံတစ်ယောက်
ဝင်လာပြီးတော့ ဒူးထောက်ကာ ပြောလိုက်ပါတယ်။

“ရီကလန်ရဲ့ ခေါင်းဆောင်က တွေ့ဆုံခွင့် တောင်းနေပါတယ်”

ရီကလန် ဟုတ်လား။

“ယွမ်ယွမ်က ဒီမှာ မဟုတ်ဘူးလား”

တင်းဖေးဂမ်က မနေနိုင်ပဲ မေးလိုက်ပြီးမှ
ပြုံးရယ်လိုက်မိပါတယ်။

“သူတို့ကို ပေးဝင်လိုက်”

ရီယွမ်က အချိန်ကိုက် ရောက်လာခဲ့တာပါ။ သူက အခုဆို

ဘယ်လောက်တောင် အထင်ကြီးစရာ ကောင်းပြီးတော့ အံ့သြဖို့ကောင်းတယ်ဆိုတာကို သူမ ရှင်းရှင်းလင်းလင်းနဲ့ မြင်တွေ့ခွင့် ရပါလိမ့်မယ်။ နောက်ပြီးတော့ ရီယွမ်က ဘေးနားကနေ ကြည့်နေတာက တင်းပင်းကို ပိုပြီးတော့ ထိခိုက်မိစေပါလိမ့်မယ်။

အဲဒီအစေခံက တင်းဖေးဂမ်ရဲ့ အမိန့်ကို မနာခံပဲ တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်ဆီကို ချက်ချင်းပဲ လှည့်ကြည့်လိုက်ပါတယ်။

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ပိုပြီးတော့တောင် မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ အခု တင်းကလန်မှာ ဘယ်သူ့ကို ခေါင်းဆောင်လို့ ခေါ်ရတော့မလဲ။ တကယ်လို့ မင်း တင်းဖေးဂမ်က အနာဂတ်မှာ ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်မယ်ဆိုရင်တောင် အဲဒါက အနာဂတ်မှာ ဖြစ်လာမဲ့ ကိစ္စတစ်ခုပဲလေ။ သူ့ရဲ့မျက်နှာက သုန်မှုန်ပြီးတော့ အမိန့်ပေးလိုက် ပါတယ်။

“သူတို့ကို ဖိတ်ခဲ့လိုက်”

ခဏအကြာမှာ အစေခံက ဦးဆောင်ပြီးတော့ အမျိုးသား နှစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက်ကို ခေါ်လာခဲ့ပါတယ်။ အမျိုးသား နှစ်ယောက်က ရီကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်နဲ့ ပထမ အကြီးအကဲတို့ ဖြစ်ပြီးတော့ အမျိုးသမီးကတော့ ရီယွမ် ဖြစ်ပါတယ်။

“ယွမ်ယွမ် မင်းက ဒီမှာပဲ”

တင်းဖေးဂမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်လိုမျိုး လုံးဂကို ပြုမှုပြီးတော့ ပြောလိုက်ပါတယ်။

“လာခဲ့လာခဲ့ ငါမင်းကို မိတ်ဆက်ပေးရဦးမယ်။ ဒါက မြို့တော်ဂင် အရှင်လျှိုပဲ”

မြို့တော်ဂန်။

ရီကလန်ရဲ့ အဖွဲ့သား သုံးယောက်ကို ကြည့်ရတာ မှင်တက်အံ့သြသွားပုံ ရပါတယ်။ မြို့တော်ဂန် ဟုတ်လား။ ဘယ်လောက် ခံညားပြီးတော့ ထယ်ဝါလိုက်တဲ့ လူလဲ။ ဒါပေမဲ့ တင်းဖေးဂမ်ရဲ့ အပြုအမူကို ကြည့်ရတာ သူက မြို့တော်ဂန်နဲ့တောင် အဆင့်အတန်းချင်း တူညီတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ဒါက အရမ်းကို အံ့သြစရာ ကောင်းပါတယ်။ ဟုတ်တယ်မဟုတ်လား။

"အစ်ကိုဖေးဂမ် မြို့တော်ဂန်က ဘာဖြစ်လို့ ရောက်လာတာလဲ"

ရီယွမ်က အသံတိုးတိုးနဲ့ မေးလိုက်ပါတယ်။

တင်းဖေးဂမ်က သူ့ကိုယ်သူ ကျေနပ်သလိုမျိုး ခံစားရပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်က အစစ်အမှန် တပည့်အဖြစ် ရွေးလိုက်တယ်။ ဒါကြောင့် မြို့တော်ဂန်တောင်မှ ကိုယ်တိုင်ကိုယ်ကျ လာပြီးတော့ ဂုဏ်ပြုစကား လာပြောတာပဲ"

သူက ရီယွမ် အနားကို ကပ်ပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

ရီကာလန်ကလည်း မြို့တော်ဂန် လာတယ်ဆိုတာကို သိထားပါတယ်။ ဒါကြောင့် မျိုးနွယ်စု ခေါင်းဆောင်နဲ့ ပထမ အကြီးအကဲကိုယ်တိုင် လာပြီးတော့ ဒီကိစ္စကို အောက်ခြေကစပြီး သိချင်နေ ကြပါတယ်။

ရီယွမ်တောင်မှ အံ့ဩမှုင်တက်သွားပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် အစ်ကိုဖေးဟမ်ကို ဂုဏ်ပြုပါတယ်ရှင်”

တင်းပင်းရဲ့ လက်သီးချက်ကို မြင်လိုက်တဲ့ အချိန်တုန်းက အဲဒါက သူနဲ့ပတ်သက်နေလိမ့်မယ်လို့ တွေးခဲ့မိပါတယ်။ ဒါပေမဲ့ အခုတော့ သူမက ဒီအကြံကို လုံးဝဘေးဖယ် ထားလိုက်ပါပြီ။

အခု သူမတွေးနေတာ တစ်ခုပဲ ရှိပါတယ်။ အဲဒါက အရမ်းကို ရယ်စရာကောင်းပါတယ်။ ဒီလူမှာ အသုံးမကျတဲ့ စိတ်ဝိညာဉ် အခြေခံတစ်ခု ရှိပြီးတော့ ဒီဘဂတစ်လျှောက်လုံး သူ့ရဲ့ အောင်မြင်မှုက ဒီလိုဖြစ်ဖို့ ကံဇာတာ ပါလာပြီးသားပါပဲ။

တင်းဖေးဂမ်က ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူက တင်းပင်းဆီကို အေးစက်စွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"လာကြစမ်း။ သူ့ကို ခေါ်ထုတ်ပြီးတော့ သူ့လက်တွေကို ချိုးပစ်လိုက်"

သူက လွန်လွန်ကဲကဲနဲ့ သူ့ကိုယ်သူ မျိုးနွယ်စု ခေါင်းဆောင်လိုမျိုး ပြုမူပြောဆို လိုက်ပါတယ်။

"သတင်းပို့ပါတယ်"

ဒီနေ့က တကယ့်ကို ညှော့သည်များတဲ့ နေ့ပါပဲ။ အစေခံ တစ်ယောက်က နောက်တစ်ကြိမ် အခန်းထဲ ပြေးဝင်လာခဲ့ပါတယ်။

"မျိုးနွယ်စု ခေါင်းဆောင်ကို သတင်းပို့ပါတယ်။

ကြက်သွေးရောင် နေမင်းဂိုဏ်း ခေါင်းဆောင်
အလည်လာပါတယ်”

အစေခံရဲ့ အသံတောင်မှ တုန်လှုပ်လို့ နေပါတယ်။
ကြက်သွေးရောင် နေမင်းဂိုဏ်း ခေါင်းဆောင် ဆိုတာက
ဘယ်လို လက်ရွေးစင်မျိုးလဲ။ သူက မြို့တော်ဂန်ထက်တောင်
အဆပေါင်း ရာနဲ့ချီပြီး အစွမ်းထက်တဲ့ သူ ဖြစ်ပါတယ်။

တင်းကလန်ရဲ့ လက်ရွေးစင်တွေ အားလုံးက တစ်ယောက်ကို
တစ်ယောက် ကြည့်ပြီးတော့ အနည်းငယ်
ခေါင်းခြောက်နေကြပုံ ပေါ်နေပါတယ်။

တကယ်လို့ တင်းဖေးဂမ်ကို ကြက်သွေးရောင်
နေမင်းဂိုဏ်းက စိတ်ဝိညာဉ် နတ်သူငယ်အဆင့် လက်ရွေးစင်
တစ်ယောက်က တပည့်အဖြစ် ရွေးချယ်ခဲ့တယ်
ဆိုရင်တောင်မှ ဂိုဏ်းခေါင်းဆောင် ကိုယ်တိုင် လာပြီးတော့

လည်ပတ်စရာ မလိုဘူးလေ။ ဟုတ်တယ်မလား။

ဘာတွေ ဖြစ်ကုန်ပြီလဲ။

ဒါဆိုရင် အရှင်သခင်ကျိုလည်း သတင်းရတယ်ဖြစ်မယ်။

လျှိုကျန်းရှီ တစ်ယောက်ပဲ နားလည်ပါတယ်။ ကြီးကျယ်မြင့်မြတ်တဲ့ အရှင်သခင်ရဲ့ တပည့်အဖြစ် ရွေးချယ်ခြင်း ခံရတယ်ဆိုမှတော့ ကြက်သွေးရောင် နေမင်းဂိုဏ်းခေါင်းဆောင်ကိုယ်တိုင် လာရောက်လည်ပတ်တာကို အသာထားဦး။ ဒီထပ်ပိုပြီးတော့ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေ ရောက်လာခဲ့ရင်တောင် အဲဒါက ထူးဆန်းစရာ ကိစ္စမဟုတ်ပါဘူး။

ဒါပေမဲ့လည်း သူက အနည်းငယ်တော့ စိတ်ရှုပ်ထွေးနေပါတယ်။ ဒီတင်းဖေးဂမ်က ပါရမီရှိတယ်ပဲ

ပြောနိုင်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ အပြုအမူတွေက အရမ်းကို အထင်ကြီးစရာ မရှိပါဘူး။ ဘာဖြစ်လို့ ကြီးကျယ်မြင့်မြတ်တဲ့ အရှင်သခင်က သူ့ကိုရွေးချယ်ရတာလဲ။

ဒါပေမဲ့ လင်းဟာန်က သူ့ကို တင်းကလန်ဆီ ကိုယ်တိုင်ကိုယ်ကျ သွားပြီးတော့ ဂုဏ်ပြုဖို့ အမိန့်ပေးခဲ့ပါတယ်။ တင်းကလန်ရဲ့ အဖွဲ့သားတွေကပဲ အမှားတချို့ လုပ်နေတာများ ဖြစ်နေမလား။

အားလုံးက အလျင်အမြန်ပဲ အပြင်ကို ထွက်ပြီးတော့ ဧည့်သည်အသစ်ကို ကြိုဆိုလိုက်ပါတယ်။ ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် နာမည်က ကျိုဂူဖြစ်ပါတယ်။ သူက ဒီပတ်ဝန်းကျင်မှာ ကြီးကျယ်မြင့်မြတ်ဆုံး လက်ရွေးစင် ဖြစ်ပြီးတော့ သူ့နာမည်ဂုဏ်သလင်း ကျော်ကြားမှုက အရမ်းကို ကြာမြင့်နေပါပြီ။ ဒီအရှင်သခင်အကြောင်းကို ပြောလိုက်တဲ့

အခါမှာ အားလုံးရဲ့ နလုံးသားထဲမှာ ကြည်ညိုလေးစားမှုတွေနဲ့ ပြည့်နှက်လို့ နေပါလိမ့်မယ်။

"အရှင်ကျိုကို နှုတ်ခွန်းဆက်သပါတယ်"

အားလုံးက ဒူးထောက်ပြီးတော့ ဒီကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်ကို နှုတ်ခွန်းဆက် ဂါရဝ ပြုလိုက်ပါတယ်။

ကျိုဝူက သူ့လက်ကို မြှောက်ပြပြီးတော့ ပြုံးပြုကာ ပြောလိုက်ပါတယ်။

"အရှင်သခင်ကြီးရဲ့ တပည့်က ဘယ်သူလဲ"

သူ့စကားကို ကြားပြီးတော့ တင်းကလန်ရဲ့ အဖွဲ့သားအားလုံး ကြောင်တောင်တောင် ဖြစ်သွားပြီး တစ်ပြိုင်နက်တည်းလိုလို

မေးလိုက်ကြပါတယ်။

“ဘယ်အရှင်သခင်လဲ”

သူတို့အားလုံး တွေးထားတာက တင်းဖေးဂမ်ကို ကြက်သွေးရောင် နေမင်းဂိုဏ်းက လက်ရွေးစင် တချို့က တပည့်အဖြစ် ရွေးချယ်ခဲ့တယ်လို့ ထင်နေခဲ့ပါတယ်။ ဒါကြောင့် လျှိုကျန်းရှီက ကိုယ်တိုင် လာရောက် ဂုဏ်ပြုတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ကျိုဝူလည်း ရောက်လာပြီး ဒီနေရာမှာ တစ်စုံတစ်ခု ထူးဆန်းတဲ့ ကိစ္စဖြစ်နေပုံ ပေါ်ပါတယ်။ ကျိုဝူတောင်မှ အဲဒီအရှင်သခင်လို့ အံ့အားသင့်စရာ ကောင်းလောက်အောင် ပြောနေပါတယ်။

လပြွတ်ပဲ။ အဲဒီအရှင်သခင်က ဘယ်သူကြီးလဲ။

ကျိုဝူတောင်မှ သူ့ကို အရှင်သခင်လို့ ခေါ်နေရပါတယ်။

အဲဒီလူက ဘယ်လိုလူစားမျိုး ဖြစ်နေမလဲ။

တင်းကလန်ရဲ့ အဖွဲ့သား အားလုံးက တုန်လှုပ်ချောက်ချား သွားခဲ့ပါတယ်။ ဒီကိစ္စက ပိုပိုပြီးတော့ ထူးဆန်းလာခဲ့ပါပြီ။ သူတို့တောင်မှ ခန့်မှန်းကြည့်လို့ မရနိုင်တော့ပါဘူး။

တင်းပင်းက ရုတ်တရက် မေးလိုက်ပါတယ်။

"ကျနော် မေးပါရစေ။ အဲဒီအရှင်သခင်ရဲ့ မျိုးရိုးနာမည်က လင်းလား"

"တိတ်စမ်း ဒါက မင်းစကားဝင်ပြောရမဲ့ နေရာမဟုတ်ဘူး"

နံပါတ်ခုနစ် အကြီးအကဲက ချက်ချင်းပဲ သူ့ကို အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။ ဒီနေရာမှာ သူတို့တွေ ဘယ်လိုမျိုး ခံစားနေရတယ် ဆိုတာကို မမြင်ဘူးလား။

ကျိုဂူနဲ့ လျှိုကျန်းရီတို့ နှစ်ယောက်စလုံး တစ်ပြိုင်နက်တည်း မျက်ခုံးတွေ ပင့်သွားပြီးတော့ တင်းပင်ဆီကို လှည့်ကြည့်ပြီး ခေါင်းညိတ်ကာ ပြန်ဖြေလိုက်ပါတယ်။

"အတိအကျပဲ"

လပ္ပွတ်ပဲ။ ဒါက ဘယ်လို အခြေအနေမျိုးလဲ။

သူတို့တွေ ဘယ်သူကမှ ငတုံးငအ မဟုတ်ပါဘူး။ သူတို့ရဲ့ နှလုံးသားထဲမှာ ခန့်မှန်းချက်တစ်ခု ဖြစ်ပေးလာခဲ့ပါတယ်။ နောက်ပြီးတော့ ဒီခန့်မှန်းချက်က သူတို့ရဲ့ နှလုံးသား အထဲမှာ ကြီးမားတဲ့ လှိုင်းလုံးတွေလိုမျိုး ခံစားချက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"ကျနော့် ဆရာသခင်ရဲ့ မျိုးရိုးနာမည်က လင်းဖြစ်ပြီးတော့

သူ့နာမည်က ဟာန်လို ခေါ်တယ်”

တင်းပင်က ပြောလိုက်ပါတယ်။ နောက်ဆုံးတော့ သူက ဒီလူနှစ်ယောက်ဟာ သူ့အတွက်ကြောင့် ရောက်လာတယ်ဆိုတာကို ပြောနိုင်ပါတယ်။ အတိအကျ ပြောရမယ်ဆိုရင် သူတို့တွေက လင်းဟာန်အတွက် ရောက်လာခဲ့ ကြတာပါ။

“သခင်လေးကို ဂါရဝ ပြုပါတယ်”

ကျိုဝူနဲ့ လျိုကျန်းရှီတို့ နှစ်ယောက်စလုံး ဒူးထောက်ပြီးတော့ သူတို့ရဲ့ အမူအရာက ရိုသေလေးစားမှုတွေ ပြည့်နှက်နေပါတယ်။

ဘာ။

တင်းကလန်ရဲ့ အဖွဲ့သား အားလုံးက မှင်တက်အံ့သြနေကြပြီး သူတို့ရဲ့ ကျောရိုးတွေတောင် တဆတ်ဆတ် တုန်လာတဲ့အထိ အံ့သြနေကြပါတယ်။ ဒါက မြို့တော်ဂန်နဲ့ နောက်တစ်ယောက်က ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင်တောင် ဖြစ်ပါတယ်။ ဒီလူနှစ်ယောက်က သူတို့ရဲ့ မျက်လုံးထဲမှာတော့ နတ်ဘုရားတွေ ဖြစ်ပြီးတော့ တကယ်လို့ မိုးကောင်းကင်ကြီး ပြိုလဲရင်တောင် သူတို့တွေက အဲဒီဒဏ်ကို ခံနိုင်ရည်ရှိတဲ့ သက်ရှိတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလူနှစ်ယောက်က တကယ်ပဲ တင်းပင်းရဲ့ အရှေ့မှာ ဒူးထောက်ပြီးတော့ ဂါရဝ ပြုနေပြီး သူ့ကို သခင်လေးလို့တောင် ခေါ်နေကြပါတယ်။

မိုးကောင်းကင် တင်းပင်က ဘယ်လိုမျိုး ကံကောင်းခြင်းတွေနဲ့ ကြုံတွေ့ပြီး သူ့ရဲ့ ဆရာခသင်က ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားနေလိုက်မလဲ။

ပုန်း။

အဲဒီအချိန်မှာ တင်းဖေးဂမ်က မြေကြီးပေါ်ကို ပုံလျက်သား လဲကျသွားပြီး သူ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။

Chapter 874 end

အပိုင်း(875) ကျရှုံးဖို့ ခက်ခဲတယ်

တင်းဖေးဂမ်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တဆတ်ဆတ် တုန်ခါလို့ နေပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

တင်းပင်းက ခွန်အားလေး နည်းနည်းပဲရှိတဲ့ အမိုက်ကောင်တစ်ကောင် မဟုတ်ဘူးလား။ ကျိုဂူလိုမျိုး အဆုံးမဲ့ လက်ရွေးစင်တောင်မှ ဒူးထောက်ပြီးတော့ သူတို့ရဲ့ လေးစားမှုကို ပြသရတယ်ဆိုတော့ သူက ဘယ်လိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မျက်နှာသာ

ပေးခြင်းကို ရရှိခဲ့တာလဲ။

ကျိုဂူတောင် ဒီလိုမျိုးဆိုတော့ ကြက်သွေးရောင်
နေမင်းဂိုဏ်းရဲ့ တပည့်သာသာပဲ ရှိတဲ့ လူတစ်ယောက်က
ဘာများထိုက်တန်စရာ ရှိမလဲ။

“လင်းဟန် ဟုတ်လား။ အင်း ဒီနာမည်ကို တော်တော်လေး
ရင်းနှီးသလိုတော့ ရှိတယ်”

တစ်စုံတစ်ယောက်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

“အမှန်ပဲ။ ငါလည်းဒီနာမည်ကို တစ်နေရာရာမှာ အရင်က
ကြားဖူးတယ်လို့ ခံစားရတယ်”

“လက်ရွေးစင် တစ်ယောက်များ ဖြစ်နေမလား”

"ဒါပေါ့။ တကယ်လို့ သူက လက်ရွေးစင် တစ်ယောက် မဟုတ်ဘူးဆိုရင် အရှင်သခင်ကျူက ဒီလိုမျိုး ရှိသေလေးစားမှုကို ဖော်ပြမှာတဲ့လား"

အားလုံးက အသံတိုးတိုးနဲ့ ဆွေးနွေးနေကြပါတယ်။ ဒီမြင်ကွင်းက တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းပြီးတော့ ပရိသတ်တွေ အထဲမှာ သိချင်စိတ်တွေ ပြင်းပြနေပါတယ်။ လင်းဟာန်က ဘယ်သူများလဲ။

ကျိုဝူက မတ်တပ်ရပ်ပြီးတော့ နှာခေါင်းတစ်ချက် ရှုံ့ကာ ပြောလိုက်ပါတယ်။

"ရိုင်းလိုက်တာ။ ကေရာဇ်ရဲ့ အကြောင်းကို မဆင်မခြင်နဲ့ ဆွေးနွေးရဲတယ်။ မင်းတို့အားလုံး သေသွားချင်လား"

ရုတ်ချည်းဆိုသလို တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

ကေရာဇ်။

ဒါအမှန်ပါပဲ။ လက်ရှိကေရာဇ်ရဲ့ မျိုးရိုးနာမည်က လင်းဖြစ်ပြီးတော့ နာမည်က ဟန် မဟုတ်ဘူးလား။

ဒီကေရာဇ်ရဲ့ အကြောင်းကို တစ်စုံတစ်ယောက်က ပြောတဲ့အခါကျရင် ဘယ်သူကများ မရှိမသေနဲ့ ပြောကြမှာလဲ။ သူက အလယ်ပိုင်းဒေသနဲ့ နယ်မြေကြီး လေးခုကို ပေါင်းစည်းနိုင်တဲ့ လူတစ်ယောက် ဖြစ်တဲ့အပြင် ပင်လယ်လေးခုကိုတောင် သူ့ရဲ့ပိုင်နက်ထဲ ထည့်သွင်းနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူက သမိုင်းမှာ ပထမဦးဆုံး လူတစ်ယောက် ဖြစ်ပါတယ်။

တင်းပင်းက တကယ်ပဲ ကေရာဇ်ရဲ့ အတောင်ပံ အောက်မှာ ခိုလှုံဖို့ ရွေးချယ်ခံခဲ့ရတယ်။

လပြွတ်ပဲ။

ရီယွမ်ရဲ့ လှပတဲ့ မျက်လုံးတွေက ချက်ချင်းပဲ အရောင်တလက်လက် တောက်ပလာခဲ့ပါတယ်။ ဒါက တကယ့်ကို ချမ်းသာကြွယ်ဝတဲ့ ယောက်ျား ဖြစ်ပါတယ်။ တကယ်လို့ သူမက တင်းပင်းနဲ့ လက်ထပ်နိုင်မယ်ဆိုရင် ဘယ်လောက်တောင် မြင့်မားတဲ့ အဆင့်အတန်းကို သူမ ပိုင်ဆိုင်ရရှိ နိုင်မလဲ။ ကျိုဝူတောင်မှ ဒူးထောက်ပြီးတော့ ရှိသေလေးစားမှုကို ဖော်ပြနေရတာကို မမြင်ဘူးလား။

တခြားသူတွေကို အသာထား တင်းပင်းတောင်မှ ထိတ်လန့်နေပါတယ်။ လင်းဟာန်မှာ ကြီးကျယ် ခမ်းနားတဲ့ နောက်ခံတစ်ခု ရှိလိမ့်မယ်ဆိုတာကို သူခန့်မှန်းမိပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်က မဟာလင်း အင်ပါယာရဲ့ ကေရာဇ် ဖြစ်လိမ့်မယ်လို့တော့ မခန့်မှန်းမိခဲ့ပါဘူး။ ဒါက အရမ်းကို မယုံနိုင်စရာ

ကောင်းလွန်းပါတယ်။

ဒီကမ္ဘာကြီးထဲက အကြီးကျယ် အမြင့်မြတ်ဆုံးလူက သူတို့ရဲ့ ဒီလိုမျိုး နေရာသေးသေးလေးကို တစ်ကယ်ပဲ ရောက်လာခဲ့တာလား။

"လောကဂတ်တွေကို ဘေးဖယ်ထားနိုင်ပါတယ် ဆရာတို့"

တင်းပင်းက သူ့ဆရာသခင်ရဲ့ ဂုဏ်သတင်း မေးမှိန်သွားအောင်လို့တော့ လုပ်မှာမဟုတ်ပါဘူး။

"ကျေးဇူးတင်ပါတယ် သခင်လေး"

ကျိဂူနဲ့ လျှိကျန်းရှိတို့ နှစ်ယောက်စလုံးက ရှိသေလေးစားစွာနဲ့ ပြန်ဖြေလိုက်ပါတယ်။ တင်းပင်းနဲ့ ပတ်သက်ပြီး

ထူးခြားတာကို မတွေ့မြင်နိုင်ကြပေမဲ့ ဆက်ဆံပုံနဲ့ ပတ်သက်ရင်တော့ တင်းပင်းက တင်းဖေးဂမ်ထက် အဆပေါင်းများစွာ ကောင်းမွန်ပါတယ်။ ဒါက သူတို့ရှာနေတဲ့ စစ်မှန်တဲ့ လူပဲ ဖြစ်ပါတယ်။

တင်းကလန်ရဲ့ တခြားအဖွဲ့သားတွေ အားလုံးက နောက်ဆုံးမှာတော့ သတိပြုမိသွားခဲ့ ကြပါတယ်။ တင်းပင်းက တကယ်ပဲ အံ့သြစရာကောင်းပြီးတော့ အထင်ကြီးစရာပါတယ်။ သူ့ရဲ့ အထင်ကြီးဖို့ ကောင်းတဲ့ အချက်က မိုးကောင်းကင်အမြင့်ထိ တစ်ဟုန်ထိုး တက်သွားပါလိမ့်မယ်။

မြန်မြန် မြန်မြန်။ ငါတို့တွေ အစောတုန်းက လုပ်ခဲ့တဲ့ အမှားတွေကို အတတ်နိုင်ဆုံး အမှားပြင်ရမယ်။

"တင်းဖေးဂမ် မင်းရဲ့ပြစ်မှုကို မင်းသိလား"

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ချက်ချင်းပဲ အော်လိုက်ပါတယ်။ ပြီးတော့ တင်းဖေးဂမ်ကို မျက်နှာထား တင်းတင်းနဲ့ ကြည့်လိုက်ပါတယ်။ ဒီကောင်က သူ့ရဲ့ ခေါင်းဆောင်လိုမျိုး အစောတုန်းက ပြုမူဝံ့ပါတယ်။ တကယ်လို့ ကြက်သွေးရောင် နေမင်းဂိုဏ်းရဲ့ လက်ရွေးစင် ပုဂ္ဂိုလ်ကြီးတစ်ယောက်က မင်းကို တပည့်အဖြစ် ရွေးချယ်ခဲ့တယ် ဆိုရင်တော့ သူ့ရဲ့ ဒေါသတွေကို အတင်းအကျပ် မျိုသိပ်ထားရပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့။

လပြွတ်ပဲ။ ဒါကို ရင်ဆိုင်ဖို့ ကောင်းကောင်းကြီး စောင့်ကြည့်နေလိုက်။

တင်းဖေးဂမ်က မြေကြီးပေါ်ကို ဒုန်းဆိုပြီးတော့ ဒူးထောက်လိုက်ပါတယ်။ သူက ဒီနားလည်မှု လွဲမှားမှုကြောင့် ဆိုးဆိုးဝါးဝါး ထိခိုက်နစ်နာတော့မယ် ဆိုတာကို သူသိပါတယ်။ တင်းပင်းက တကယ်ပဲ အရမ်းကို

အံ့သြဖွယ်ရာကောင်းပြီးတော့ လင်းဟန်ကို သူ့ရဲ့ ဆရာသခင်အဖြစ် သတ်မှတ်နိုင်လိမ့်မယ်ဆိုတာကို ဘယ်သူက ထင်မိမှာလဲ။ ဒါက အားလုံးကို အထင်အမြင် လွဲမှားသွားစေပြီး သူ့ကို အရမ်းကို မြင့်မားတဲ့ ပလ္လင်ပေါ်ကို မြှင့်တင်သလို ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ သူက သောက်ကျိုးနည်းအောင် မြင့်တက်သွားပြီး ကျရှုံးဖို့တောင် ခက်ခဲသွားပါတယ်။

မဟုတ်ဘူး မဟုတ်သေးဘူး။ သူက ဒီတစ်ကြိမ်တော့ တကယ့်ကို သွားလိုက်ပြီ။

“ကျနော် ကျနော်။ ကျနော့်ကို ချမ်းသာပေးပါ မျိုးနွယ်စု ခေါင်းဆောင်”

သူက ငိုကြွေးလိုက်ပါတယ်။ သူ့ရဲ့အမြင်တွေ မှောင်မည်းသွားသလိုမျိုးတောင် ခံစားလိုက်ရပါတယ်။ သူက

ဘယ်သူ့ကို အပြစ်ကျူးလွန်မိသလဲ။ ကောရာဇ်ရဲ့ တပည့်။ ကျိုဂူတောင်မှ ဒူးထောက်ပြီးတော့ ရှိသေလေးစားရတဲ့ လူတစ်ယောက်။

“တင်းပင်း ဘယ်လိုမျိုး လုပ်သင့်တယ်လို့ မင်းထင်လဲ”

မျိုးနွယ်စု ခေါင်းဆောင်က တင်းပင်းဘက်ကို လှည့်ပြီးတော့ အားရပါးရ ပြုံးပြကာ တင်းပင်းရဲ့ သဘောထားကို မေးလိုက်ပါတယ်။

စကားပုံတစ်ခု ရှိပါတယ်။

လူတစ်ယောက်က တာအိုကို အောင်မြင်သွားတဲ့ အချိန်မှာ သူ့ရဲ့ ကြက်ဘဲနဲ့ ခွေးတွေလည်း မိုးကောင်းကင်ပေါ်ကို မြင့်တက်သွားနိုင်ပါတယ်။

တင်းပင်းက သူတို့ရဲ့ အမှတ်သင်္ကေတလို ဖြစ်နေမှ သူတို့အားလုံးက ဒီမဟာလင်း အင်ပါယာထဲမှာ အဟန့်အတားမရှိ လုပ်ရှားနိုင်လိမ့်မှာ မဟုတ်လား။

တင်းပင်းက စိတ်မရှည်တာမျိုး မရှိသလို မောက်မာဂင့်ကြွားပြီး စိတ်ကြီးဂင်တာမျိုးလည်း မရှိပါဘူး။ သူက ပြောလိုက်တယ်။

"သူ့ကို ကလန်ရဲ့ စည်းမျဉ်းစည်းကမ်းတွေအရပဲ အပြစ်ပေးသင့်ပါတယ်"

သူ့မှာ အရင်ကထက် ပိုပြီးတော့တောင် ကျယ်ပြန့်တဲ့ မိုးကုပ်စက်ဝိုင်းတစ်ခု ရှိပြီးတော့ တင်းဖေးဂမ်နဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်နေစရာ မလိုပါဘူး။

ဒီကောင်က တကယ့်ကို သနားစရာကောင်းပြီး မုန်းစရာလည်း ကောင်းပါတယ်။ ကိုယ်ရေးကိုယ်တာ

မကျေနပ်ချက်တွေကို လက်စားချေဖို့ အမိန့်ဩဇာ အာဏာကို အလွဲသုံးစား လုပ်ခဲ့ပါ။ သူ့ကို အပြစ်ပေးဖို့တော့ လိုပါတယ်။

တင်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ဒီကိစ္စကို ကိုင်တွယ်ဖို့ နည်းနည်းတော့ ခက်ခဲနေသလို ခံစားရပါတယ်။ ကလန်ရဲ့ စည်းမျဉ်းစည်းကမ်းတွေကလည်း လူတွေကပဲ ဆုံးဖြတ်ရတာ မဟုတ်ဘူးလား။ ဒါကြောင့် သူက အပြစ်ဒဏ်ကို ပေါ့ပေါ့ပါးပါး လုပ်သင့်လား ဒါမှမဟုတ် အပြစ်ကြီးကြီးမားမား ပေးသင့်လား။ အာ သူက အပြစ်ကို ကြီးကြီးမားမား ပေးတာက ပိုကောင်းပါ လိမ့်မယ်။ သူတော်စင်တွေမှာတောင် သည်းခံမှု အတိုင်းအတာဆိုတာ ရှိပါတယ်။ တင်းဖေးဂမ်က တင်းပင်းကို ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့မှတော့ တခြားဘယ်သူမဆို အဲဒါကို သည်းခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးမလား။

နောက်ပြီးတော့ သူလည်း ဒေါသထွက်နေဆဲပါပဲ။

"သူ့ကို မြေအောက်ခန်းမှာ အရင်ဆုံး ချုပ်ထားလိုက်။ ပြီးမှ သူ့ကို အပြစ်ပေးရမယ်"

"ဟုတ်ကဲ့ပါ မျိုးနွယ်စုခေါင်းဆောင်"

တင်းဖေးဂမ်က ငယ်သံပါအောင် အော်ဟစ်ပြီးတော့ တင်းပင်းကို တောင်းပန်နေပါတယ်။

"အစ်ကိုပင်း ငါ့ကို ကယ်ပါ။ ငါတို့ရဲ့ အရင်က ခင်မင်ရင်းနှီးမှုကို ထောက်ထားပြီးတော့ ငါ့ကိုကယ်ဖို့ တောင်းပန်ပါတယ်။ ငါအနာဂတ်မှာ မင်းအတွက် အလုပ်ကို အရမ်းကြိုးစားပြီးတော့ လုပ်ပေးပါ့မယ်"

တင်းကလန်ရဲ့ အဖွဲ့သား အားလုံးက အထင်အမြင်သေးကုန်ကြပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ကောင်းလာနိုင်မှာလဲ။

နိုင်ငံခေါင်းဆောင်ရဲ့ တပည့်အတွက် အလုပ်ကို ကြိုးကြိုးစားစား လုပ်ဖို့ဆိုတာက ကျိဂူလိုမျိုး ဂိုဏ်းခေါင်းဆောင် အဆင့်အတန်းမျိုး အဆပေါင်း တရာလောက် မြင့်မြတ်တဲ့ သူကမှ ထိုက်တန်လိမ့်မယ် မဟုတ်လား။ ပြီးတော့ အဲဒါကို သနားငဲ့ညှာတယ်လို့ ခေါ်တယ်ဟုတ်လား။ ဒါက အရမ်းကို မျက်နှာပြောင်ပြီး အရုက်ကင်းမဲ့ပါတယ်။

တင်းပင်းက တုန်လှုပ်ချောက်ချားမှု မရှိပါဘူး။ သူက ဒီမသတီစရာ လူရဲ့ စစ်မှန်တဲ့ အကျင့်စရိုက်ကို မြင်ပြီးပါပြီ။

တင်းဖေးဂမ်က အော်ဟစ်ငိုကြွေးပြီးတော့ ခွင့်လွှတ်ဖို့ တောင်းပန်ပေမဲ့ ဘယ်သူကမှ သူ့ကို ဂရုမစိုက်ကြပါဘူး။ သူ့ကို တရွတ်တိုက် ဆွဲသွားပြီးတော့ သူ့ရဲ့ ငိုကြွေးသံက တိုးတိုးလာပြီး နောက်ဆုံးမှာ မကြားရတော့ပါဘူး။

"အစ်ကိုပင်း"

ရီယွမ်က တင်းပင်းအနားကို လျှောက်လာပြီးတော့ သူမရဲ့ လှပတဲ့ မျက်လုံးတွေထဲမှာ ကြင်နာမြတ်နိုးမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

တင်းပင်းက သူမကို တစ်ချက်ကြည့်ပြီး သူ့နှလုံးသားထဲမှာ မယုံနိုင်စရာကောင်းတဲ့ တည်ငြိမ်အေးချမ်းမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

အတိတ်တုန်းက ဒီအမျိုးသမီးကို သူကြည့်နေရုံနဲ့တင် သူ့နှလုံးသားက ပျော်ရွှင်မှုကို ခံစားရပြီးတော့ စိတ်လှုပ်ရှားလာခဲ့ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ သူက သူမရဲ့ အကျင့်စရိုက် အမှန်ကို တွေ့မြင်လိုက်ရပြီး သူ့ရဲ့ ပထမ အချစ်က လုံးဝကို အဆုံးသတ်သွားပြီး ခါးသီးတဲ့ အမှတ်ရစရာတွေပဲ ကျန်ပါတော့တယ်။

တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ သူက အတွေ့အကြုံတွေ အများကြီးရရှိသွားခဲ့ပြီး အဲဒါက သူ့ကို လျင်လျင်မြန်မြန်နဲ့ ရင့်ကျက်စေပါတယ်။

သူက သူမကို ဂရုမစိုက်ပဲ ကျိုဝူနဲ့ လျိုကျန်းရှီကိုပဲ ပြောလိုက်ပါတယ်။

"ကျနော့်ဆီကို လာရောက်လည်ပတ်တဲ့ အတွက် အရှင်သခင်နှစ်ယောက်ကို ကျေးဇူးအများကြီး တင်ပါတယ်။ ကျနော် အရမ်းကို ဂုဏ်ယူမိပါတယ်"

တကယ်လို့ သူတို့သာ မရောက်လာဘူးဆိုရင် သူ့အနေနဲ့ တုတ်နဲ့ အချက်သုံးရာလောက် အပြစ်ပေး ခံရပါလိမ့်မယ်။

"ဒါက ကျနော်တို့ လုပ်သင့်တဲ့ ကိစ္စပါပဲ"

ကျိုဂူနဲ့ လျှိုကျန်းရှီတို့ နှစ်ယောက်စလုံးက နှိမ့်ချပြီးတော့ ပြောလိုက်ပါတယ်။ တင်းပင်းရဲ့ လက်ရှိစွမ်းရည်က မယုံနိုင်စရာ ကောင်းလောက်အောင် အားနည်းတယ် ဆိုပေမဲ့ သူကို လင်းဟာန်က တပည့်အဖြစ် ရွေးချယ်ထားပါတယ်။ ဒါကြောင့် တင်းပင်းက အနာဂတ်မှာ ကမ္ဘာကြီး တစ်ခုလုံးကိုတောင် တုန်လှုပ်သွားစေနိုင်မဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်လာလိမ့်မယ်ဆိုတာကို သူတို့တွေ ယုံကြည်နေကြပါတယ်။

ရီယွမ်က ဒီလိုမျိုး ချမ်းသာကြွယ်ဝတဲ့ ယောကျ်ားမျိုးကို လက်လွှတ်ဖို့ ဆန္ဒမရှိပါဘူး။ သူမက သူ့ဘေးကနေ တစ်လျှောက်လုံး လိုက်ပြီးတော့ အတိတ်တုန်းက သူတို့တွေရဲ့ အကြောင်းတွေကို တရစပ်ပြောပြီးတော့ တင်းပင်းရဲ့ စိတ်တွေ ပြန်ပြီးတော့ လည်လာမလားဆိုတဲ့ အတွေးနဲ့ ကြိုးစားနေပါတယ်။

သူမကလည်း အရမ်းကို မရှိတင်ကဲ ဖြစ်နေပါတယ်။

တကယ်လို့ ဒါက တစ်ရက်လောက် အချိန် နောက်ကျသွားခဲ့မယ်ဆိုရင် တင်းပင်းအနေနဲ့ သူမရဲ့ ကလန်က ဖိအားပေးတာကြောင့် စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ရတယ်လို့ပဲ ထင်နေပါလိမ့်မယ်။

သူမလိုမျိုး အမျိုးသမီး တစ်ယောက်အနေနဲ့ သူမရဲ့ အမှားတွေကို ဖုံးကွယ်ဖို့အတွက် တခြားသူကို အပြစ်တင်ဖို့ ဂန်မလေးပါဘူး။

တင်းပင်းက သူမကို လက်လျှော့ထားလိုက်ပါပြီ။ သူမကို လုံးဝ လျစ်လျူရှုခဲ့ပါတယ်။ အဆုံးမှာ သူမရဲ့ တရစပ် နှောင့်ယှက်မှုကို သည်းမခံနိုင်တော့တဲ့အဆုံး ရီကလန်ရဲ့ အဖွဲ့သား သုံးယောက် စလုံးကို မောင်းထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ရီယွမ်က ဒီကိစ္စကို လွယ်လွယ်နဲ့ လက်လျှော့မှာ မဟုတ်ပါဘူး။ နောက်ထပ်ရက်အနည်းငယ် အကြာမှာ သူက သေချာပေါက် နောက်တစ်ကြိမ် ပြန်လာပါလိမ့်မယ်။

အချိန်တော်တော်ကြာအောင် စကားစမြည် ပြောပြီးတဲ့ နောက်မှာတော့ ကျိုဂူနဲ့ လျိုကျန်းရှီတို့ နှစ်ယောက်စလုံးက နှုတ်ဆက်ပြီးတော့ ပြန်သွားကြပါတယ်။ မပြန်ခင်မှာ တင်းပင်းအနေနဲ့ အနာဂတ် ကိစ္စတစ်စုံတစ်ရာရှိရင် သူတို့ကို လာရှာဖို့နဲ့ သူတို့တွေက အတတ်နိုင်ဆုံး ကူညီပေးမယ် ဆိုတာကို ပြောသွားခဲ့ပါတယ်။ ဒီစကားလုံးတွေက တင်းကလန်ရဲ့ အဖွဲ့သားတွေကို ရည်ရွယ်တယ်ဆိုတာ သိသာပါတယ်။ မင်းတို့အားလုံး ကေရာဇ်ရဲ့ တပည့်ကို ကောင်းကောင်း ဆက်ဆံကြလို့ ပြောတဲ့သဘောပါပဲ။

အဲဒီနောက် သိပ်မကြာခင်မှာပဲ တင်းကလန်က တင်းပင်းကို သူတို့ရဲ့ ဘိုးဘေးတစ်ယောက်လိုမျိုး ဆက်ဆံကြပါတယ်။

လင်းဟာန်က ဒီကိစ္စကို ထပ်ပြီးတော့ အာရုံမစိုက်ထားပါဘူး။ သူက အလောင်းခေါင်းဆောင်ရဲ့ တည်နေရာအတွက်ကို ဆက်ပြီးတော့ အာရုံစိုက်ပြီး ရှာလိုက်ပါတယ်။

အလောင်းခေါင်းဆောင် ဒီနေရာမှာ ထွက်ပေါ်လာရတဲ့ အကြောင်းရင်းက သူကိုယ်တိုင် ထွက်လာရမဲ့ ရတနာတချို့ ရှိနေတာကြောင့် ဒါမှမဟုတ် အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အသက်ရှင်ကျန်နေတဲ့ အဖွဲ့သားတွေ အနီးအနားမှာ ရှိနေတာကြောင့် ဖြစ်ပါလိမ့်မယ်။

ဒုတိယမြောက်နေ့မှာ တင်းပင်းက သူ့ကိုလာရှာပါတယ်။ သူ့အပြုအမူ ဟန်ပန်အမူအရာတွေက ပိုပြီးတော့တောင် ရှိသေလေးစားပြီး အရမ်းကို ကြည်ညိုနေပုံ ပေါ်နေပါတယ်။ သူ့ကံကြမ္မာက လင်းဟန်ကြောင့် ပြောင်းလဲသွားရတာ ဖြစ်ပါတယ်။ လင်းဟန်သာမရှိရင် သူက ပါရမီရှင် အဖြစ်ကနေ ကျဆင်းသွားတဲ့ အမိုက်တစ်စသာသာပါပဲ။

လင်းဟန်က စကားသိပ်အများကြီး မပြောပဲ သူ့ကို နဂါးကိုးကောင် ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လမ်းညွှန်သင်ပြလိုက်ပါတယ်။

မျက်စိတစ်မှိတ် အတွင်းမှာ သုံးရက်ဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။ လင်းဟာန်က မြေကြီးပေါ် ကြက်ခြေခတ်ပုံစံ ထိုင်နေရာကနေ သူ့မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်ပါတယ်။ သူက အရမ်းကို အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုကို အာရုံခံမိသွားခဲ့ပါတယ်။ ဒါက အရမ်းကို မသဲကွဲပေမဲ့ သူ့ရဲ့အာရုံကနေ ဘယ်လိုလုပ်ပြီးတော့ ရှောင်လွှဲနိုင်မှာလဲ။

အလောင်းခေါင်းဆောင် ပေါ်လာခဲ့ပါပြီ။

Chapter 875 end

အပိုင်း(876) နောက်ထပ်ဆယ်ကွက် လောင်းကြေး

လင်းဟာန်က တင်းပင်းကို ဆွဲခေါ်ပြီးတော့ သူတို့အစတုန်းက ရပ်နေတဲ့ နေရာကနေ လျှပ်ပြက်သလို ပျောက်ကွယ်သွားခဲ့ပါတယ်။

တင်းပင်းက သူ့အမြင်တွေ ဝေဝါးသွားသလို

ခံစားလိုက်ရပြီးတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် တောအုပ်တစ်ခုရဲ့ အထဲမှာ ပေါ်လာခဲ့တာကို တွေ့လိုက် ရပါတယ်။ ဒီတောအုပ်က စစ်မြင်းတောင်က တောအုပ်တစ်ခု ဖြစ်တယ်ဆိုတာကို သိလိုက်ရပြီးတော့ ဒီတောအုပ်က သူတို့ အစောပိုင်းတုန်းက ရပ်နေခဲ့တဲ့ နေရာနဲ့ မိုင်ပေါင်းတစ်ရာလောက် ဝေးပါတယ်။

ဒါက ခြေတစ်လှမ်းထဲပါ။ သူတို့က မိုင်တစ်ရာကျော်လောက် ခရီးသွားခဲ့တယ်ပေါ့လေ။

သူက မှင်တက်အံ့သြ သွားမိခဲ့ပါတယ်။ သူ့ဆရာသခင်ရဲ့ စွမ်းရည်က သူခန့်မှန်းထားမိတာထက် ပိုပြီးတော့ သာလွန်နေပါတယ်။

သူတို့ရဲ့ အရှေ့မှာ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနဲ့ သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက်

ရှိနေပါတယ်။ သူက ကျောက်စိမ်းလိုမျိုး နူးညံ့သိမ်မွေ့ပြီး သူ့ပုံစံ ကြည့်ရတာ ဘယ်သူ့ကိုမဆို သူ့ကို အထင်ကြီးပြီး သဘောကျစေနိုင်တဲ့ ရုပ်ရည်မျိုးကို ပိုင်ဆိုင်ထားပါတယ်။

ဒီလူက ဆရာသခင် စောင့်နေတဲ့ လူများ ဖြစ်နေမလား။

တင်းပင်းက တွေးလိုက်ပါတယ်။

"အစ်ကိုအလောင်းခေါင်းဆောင် ကျုပ်တို့တွေ မတွေ့တာ အတော်ကြာပြီနော်"

လင်းဟန်က လက်သီးဆုပ်ပြီးတော့ အရင်ဆုံး နှုတ်ဆက်လိုက်ပါတယ်။ ဒီလူက အလောင်းတစ်ထောင်ဂိုဏ်းဂင် ဖြစ်ပေမဲ့ လင်းဟန်က သူ့ကို အတော်လေး ကောင်းမွန်တဲ့ အမြင်ရှိပါတယ်။

ချက်ချင်းဆိုသလို တင်းပင်းရဲ့ နလုံးသား တင်းကျပ်နေမှုတွေ လျော့ကျသွားခဲ့ပါတယ်။ လင်းဟာန်ရဲ့ အရမ်းကို သက်သောင့်သက်သာရှိတဲ့ ဟန်ပန်အမူအရာကို ကြည့်ခြင်းအားဖြင့် ဒီလူက ရန်သူတစ်ယောက် မဖြစ်နိုင်ပဲ သူငယ်ချင်းတစ်ယောက် ဖြစ်ပါလိမ့်မယ်။ နေပါဦး။ သူ့ရဲ့ ဆရာသခင်က အစ်ကိုလို့တောင် ခေါ်ရတဲ့ လူတစ်ယောက်ဆိုတော့ ဒီလူက ဒီကမ္ဘာကြီး အထဲ လက်ရွေးစင်တွေ အထဲက ထိပ်တန်းအဆင့် လူတစ်ယောက် ဖြစ်ပါလိမ့်မယ်။

လင်းဟာန်ရဲ့ စကားကို ကြည့်ပြီးတော့ အစ်ကိုကြီးဆီကို လာလည်တာ ဖြစ်လိမ့်မယ်လို့ သူက ထင်ထားခဲ့ပါတယ်။

လင်းဟာန်က ပြင်ဆင်ဖို့တောင် မလိုပဲ လက်ဝါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

လပြွတ်ပဲ။

အလောင်းခေါင်းဆောင်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလက်ဝါးရဲ့ ခွန်အားက ကြယ်ဆယ်လုံးကို ကျော်လွန်နေပါတယ်။ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

ပုံမှန်ဆိုရင် တကယ်လို့ လူတစ်ယောက်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလှ္ဘာကိုးထိ ကျင့်ကြံအားထုတ်ပြီးရင် သူ့ခွန်အားက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ကိုးလုံးနဲ့ တန်းတူလောက်ပဲ ရှိပါလိမ့်မယ်။ အဲဒီနောက် သိုင်းပညာ နည်းစနစ်တွေနဲ့ လျှို့ဝှက်ပညာတွေကို အသုံးပြုလိုက်ရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ကိုးလုံး အကန့်အသတ်ကို ကျော်လွန်ပြီးတော့ ဆယ်လုံး၊ ဆယ်တစ်လုံး ဒါမှမဟုတ် ကြယ်ဆယ့်နှစ်လုံးထိ ရောက်ရှိနိုင်ပါတယ်။

ဒါပေမဲ့ ခွန်အားကိုယ်တိုင်က အရမ်းကို အစွမ်းထက်နေတဲ့ အချိန်မှာ တိုက်ပွဲစွမ်းရည်ကလည်း အလိုအလျောက် တစ်ဟုန်ထိုး မြင့်တက်သွားပါလိမ့်မယ်။ သူ့လိုမျိုး စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး အထွတ်အထိပ် မှာ ရှိပြီးတော့ သူ့ခွန်အားက စကြဝဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ်လုံးကို ရောက်ရှိနေပါတယ်။ လျှို့ဝှက်နည်းစနစ်တွေကို အသုံးပြုလိုက်ရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က နောက်ထပ် ကြယ်လေးလုံး တိုးလာနိုင်ပါတယ်။

ဒါက အရမ်း အရမ်းကို အံ့သြစရာ ကောင်းပါတယ်။

ဒါပေမဲ့ လင်းဟန်ကျတော့ရော။

သူက စကြဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို

အဆင့်တက်ကာစပဲ ရှိသေးတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒီအရှိန်အဝါက အပြင်ပန်းမှာတော့ တည်ငြိမ်နေပေမဲ့ တကယ်က အဆင့်တက် ကာစပဲ ရှိပါဦးမယ်။

သူက စကြဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို အဆင့်တက် ပြီးခဲ့ပါပြီ။ ဒါကြောင့် သူ့ခွန်အားက ကြယ်ဆယ်လုံးကို ကျော်လွန်နေပါပြီ။ အဲဒီနောက် သူက စကြဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စစ်မှန်တဲ့ အထွတ်အထိပ်နဲ့ သူ့ကျင့်ကြံခြင်းကို တောင့်တင်းခိုင်မာတဲ့ အချိန်ကို ရောက်လာတဲ့ အခါမှာ သူ့ခွန်အားကို ဘယ်လောက်ထိ မြှင့်တင်နိုင်မှာလဲ။

ကြယ်ဆယ့်နှလုံးလား။ ဒါမှမဟုတ် ကြယ်ဆယ့်သုံးလုံးလား။

ဒါက သောက်ကျိုးနည်း မွန်းစတား တစ်ကောင် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အလောင်းခေါင်းဆောင်က ဘယ်လောက်ပဲ မှင်တက်အံ့ဩနေပါစေ သူက ခေတ်နစ်ခေတ်ရဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ တုံ့ပြန်မှု အမြန်နှုန်းက နည်းနည်းလေးမှ မနှေးကွေးခဲ့ပါဘူး။ သူက ချက်ချင်းပဲ သူ့လက်မောင်း နှစ်ဖက်ကို ကြက်ခြေခတ်ပုံစံ လုပ်ပြီးတော့ ထက်မြက်တဲ့ လက်သည်းတွေနဲ့ လင်းဟာန်ကို ကုတ်ဆွဲလိုက် ပါတယ်။ သူ့လက်တွေပေါ်မှာ သင်္ကေတတစ်ခု ဖြစ်ပေါ်လာပြီး လက်ပုံစံကို ကြည့်ရတာ တန်ခိုးရှင် တစ်ယောက်ရဲ့ လက်တွေနဲ့ တူပါတယ်။

အရိုးစုလက်ကို ရီရွှမ်ရွှမ်က လုယူသွားခဲ့ပေမဲ့ အလောင်းခေါင်းဆောင်မှာ အဲဒီအရိုးစုလက်နဲ့ နှိုင်းယှဉ်လို့ရနိုင်တဲ့ ထူးခြားဆန်းကြယ်မှုတချို့ကို နားလည်သဘောပေါက်ထားပုံ ရပါတယ်။

ကျေးဇူးတင်ရမှာက ရီရွှမ်ရွှမ်က အစောကြီးကတည်းက လုပ်ရှားသွားခဲ့တာက အတော်လေး အဆင်ပြေစေပါတယ်။

တကယ်လို့ အခုချိန်မှာ ရီရှွမ်ရှွမ်က အလောင်းခေါင်းဆောင်နဲ့ နောက်တစ်ကြိမ် ပြန်ဆုံမယ်ဆိုရင် ဘယ်သူအနိုင်ရမလဲ ဆိုတာက ပြောရခက်ခဲပါလိမ့်မယ်။

လင်းဟန်ကတော့ လုံးဂကို တည်ငြိမ်အေးဆေးလို့ နေပါတယ်။ သူ့ရဲ့ညာဘက်လက်ကို နိမ့်ပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအင်တစ်ခု ပန်းထွက်လာပြီး အလောင်းခေါင်းဆောင်ကို လုံးဂဖိနှိပ်ဖို့ ကြိုးစားလိုက်ပါတယ်။

နည်းနည်းလေးမှ ထူးခြားဆန်းကြယ်မှု မရှိပဲ လင်းဟန်က သူ့ရဲ့ စွမ်းအားတွေကို တိုက်ခိုက်ဖို့ အသုံးပြုလိုက်ပါတယ်။ သူက တကယ့်ကို အနိုင်ကျင့်တဲ့ လူတစ်ယောက်လိုမျိုးနဲ့ တူပါတယ်။

ဟုန်း။

သူတို့နှစ်ယောက်က အနီးကပ် တိုက်ပွဲတစ်ခု ဖြစ်လာခဲ့ပြီး သူတို့ရဲ့ အရမ်းကို အစွမ်းထက်တဲ့ စွမ်းအားတွေကနေ ထွက်ပေါ်လာတဲ့ အားလှိုင်းတွေက သူတို့တွေ အချင်းချင်း တိုက်ခိုက်မိတဲ့ အခါမှာ နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။ တကယ်လို့ သူတို့ရဲ့ တိုက်ခိုက်မှုတွေ အဆက်မပြတ် တိုက်ခိုက်လာခဲ့ရင် တောင်စဉ်တစ်ခုလုံး ပျက်စီးသွားမဲ့အပြင် အဝေးက မြို့တွေတောင်မှ ဒီကပ်ဘေးကနေ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီစွမ်းအင်လှိုင်းတွေက ပျံ့နှံ့သွားပြီးတဲ့နောက်မှာ မီတာသုံးဆယ် အကွာအရောက်မှာတော့ မမြင်ရတဲ့ နံရံတစ်ခုက ချက်ချင်းပဲ တားဆီးလိုက်ပါတယ်။

နိုင်ငံစွမ်းအား။

လင်းဟန်က နိုင်ငံစွမ်းအားကို သူ့ကိုယ်ပိုင် အသုံးမပြုပဲ အရမ်းကို သေးငယ်တဲ့ ဒီနေရာလေးထဲမှာ ယိုစိမ့်ထွက်ခြင်း မရှိအောင် စွမ်းအင်တွေကို လုံးဂကို ထိန်းချုပ်ထားပြီး လှောင်အိမ်တစ်ခု ပုံစံမျိုး ဖြစ်ပေါ်ထားခဲ့ပါတယ်။

ဘာ။

အလောင်းခေါင်းဆောင်က အံ့အားသင့်စွာနဲ့ အာမေဋိတ်သံ ထွက်သွားခဲ့ပါတယ်။ သူ့မျက်လုံးတွေ အထဲမှာ တစ္ဆေသရဲ တစ်ကောင်ကို တွေ့လိုက်ရသလိုမျိုး အံ့အားသင့်မှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

တိတိကျကျ ပြောရမယ်ဆိုရင် သူကိုယ်တိုင်က တစ္ဆေတစ်ယောက် ဖြစ်ပါတယ်။

“မင်းရဲ့ စွမ်းအားက ကြယ်ဆယ့်သုံးလုံးကို ရောက်နေပြီ”

အလောင်းခေါင်းဆောင်က မှင်တက်အံ့ဩ နေပါတယ်။

“ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ”

စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်တစ်လုံး ကွာဟချက်က ကမ္ဘာကြီးတစ်ခု ကွာခြားချက်နဲ့ တူပါတယ်။ ပြီးတော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်သုံးလုံးကို ရောက်ရှိနေတယ်ဆိုတော့ အရမ်းကို သန့်စင်တဲ့ စွမ်းအားနဲ့ မွန်းစတားတစ်ကောင် ဖြစ်ပါတယ်။

ပိုပြီးတော့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့အချက်က နိုင်ငံစွမ်းအားကို လင်းဟန်က သူကိုယ်တိုင်အတွက် အသုံးမပြုခဲ့ပါဘူး။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“အရင်တုန်းက ငါ့ရဲ့ကျင့်ကြံခြင်းက ပိုပြီးတော့ စင်းလုံးချော ဖြစ်လာခဲ့တယ်။ နောက်ပြီး ငါ့ရဲ့ ခန္ဓာကိုယ် ပညာရပ်တွေကလည်း အနည်းငယ် တိုးတက်လာခဲ့တယ်။ ပြီးတော့ ငါ့ရဲ့ အသိပညာ ဗဟုသုတ မရှိပဲ ငါ့စွမ်းအားတွေက ထပ်ပြီးတော့ တိုးလာခဲ့တယ်။ အဲဒီအတွက် တောင်းပန်ပါတယ်”

Chapter 876 end

အပိုင်း(877) နားလည်သဘောပေါက်ခြင်း

မင်းညီမကိုပဲ တောင်းပန်လေ။

အလောင်းခေါင်းဆောင်က ရှုးတော့မလို ခံစားနေရပါတယ်။ ဒီလိုမျိုး မွန်းစတားက တကယ်ပဲ ရှိတယ်ပေ့ါလေ။ သူက သူ့ရဲ့ကျင့်ကြံခြင်းကို ပြီးပြည့်စုံခဲ့တဲ့ အပြင် သူ့ရဲ့ ခန္ဓာကိုယ် ပညာရပ်ကိုလည်း အဆင့်အတန်းမြင့်မြင့်

တိုးလာစေခဲ့ပါတယ်။ ပြီးတော့ သူ့စွမ်းအားက နောက်တစ်ကြိမ် အရှူးအမူးကို မြင့်တက်လာခဲ့ပါတယ်။ နောက်ထပ်ကြွယ်တစ်လုံး ထပ်ပြီးတော့ ရရှိတာက သူ့အတွက် အစားစားရသလို လွယ်ကူတဲ့ အရာတစ်ခုလိုမျိုးပါပဲ။

လင်းဟာန်ကလည်း ဘာပြောရမှန်း မသိတော့ပါဘူး။ သူ့ရဲ့လက်ရှိ ခွန်အားက နဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်ကြောင့် တိုးလာခဲ့တာပါ။ စကြာဝဋ္ဋာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ပြီးတဲ့ နောက်မှာတော့ ဒီပညာရပ်က နောက်ဆုံးမှာ ကြောက်မက်ဖွယ်ရာ ခွန်အားတစ်ခုနဲ့အတူ ပေါက်ကွဲထွက် လာခဲ့ပါတယ်။

အဆုံးစွန်အနေနဲ့ အဲဒါက အစစ်အမှန် နဂါးကိုးကောင်ရဲ့ စွမ်းအားကို ရောက်ရှိနိုင်ပါတယ်။

အဲဒါက ပျော့လျှန်ထန်းယွင်လို အစစ်အမှန် နဂါးအတုအယောင် အမျိုးအစားနဲ့ မတူပါဘူး။ တန်ခိုးရှင်ဘုံထဲမှာ မူလဇာစ်မြစ် အဆင့်ကို ရောက်ရှိနိုင်တဲ့ နဂါးမျိုးနွယ်ကိုပဲ အစစ်အမှန် နဂါးတွေလို့ ခေါ်ဆိုနိုင်ပါတယ်။ အစစ်အမှန် နဂါးကိုးကောင်ရဲ့ စွမ်းအားက ဘယ်လောက်တောင် ကြောက်ရွံ့တုန်လှုပ်စရာ ကောင်းလိုက်မလဲ။

အရင်က တင်းပင်းကို သူ့ခန္ဓာကိုယ် ပုံစံပြန်သွင်းဖို့ သူကူညီပေးတဲ့ အချိန်မှာ သူကိုယ်တိုင် အတွက်လည်း လေ့ကျင့်ရေး အတွေ့အကြုံတစ်ခုကို ရရှိခဲ့ပါတယ်။ ဒီသုံးရက်အချိန် အတွင်းမှာ အသေးစား တံခါးပိတ် ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့ရဲ့ခန္ဓာကိုယ် ပညာရပ်တွေက ပေါက်ကွဲထွက်ကာ တိုးတက်လာခဲ့ပါတယ်။

အခုသူ့ရဲ့ ပကတိ ခွန်အားက သူ့မူလစွမ်းအင်ထက် အနည်းဆုံး သုံးဆလောက် သန်မာနေပါတယ်။

ဒီနဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်က နောက်ဆုံးတော့ သူ့ရဲ့ အစစ်အမှန် ခွန်အားကို ထုတ်ဖော်ပြနေပါပြီ။

လင်းဟန်ရဲ့ သုံးသပ်ချက် အရဆိုရင် မူလစွမ်းအင်ကို အဆုံးစွန်ထိ ကျင့်ကြံအားထုတ်ရင် အစစ်အမှန် နဂါးတစ်ကောင်ရဲ့ ခွန်အားထိ ရောက်ရှိနိုင်ပါမယ်။အဲဒီနောက် သူ့ရဲ့ သန့်စင်တဲ့ ခွန်အားက အများဆုံး သူ့ရဲ့မူလစွမ်းအင် ခွန်အားထက် ကိုးဆထိ ရောက်ရှိနိုင်ပါလိမ့်မယ်။ ဟုတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကျင့်ကြံအားထုတ်တဲ့ မူလစွမ်းအင် နည်းစနစ်က အကောင်းကြီး မဟုတ်ပါဘူး။ ဒါကြောင့် အခြေခံအားဖြင့် အဆင့်တစ်ခုထိပဲ ရောက်နိုင်ပါလိမ့်မယ်။

ဟူး ဒီလိုဆိုမှတော့ တကယ်လို့ သူက နိုင်ငံစွမ်းအားကနေ အသုံးပြုဖို့ မှီခိုလိုက်မယ်ဆိုရင် သူ့ရဲ့ အသက်ဓာတ်စွမ်းအင်က စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်နှစ်လုံးကို ရောက်နိုင်လိမ့်မယ် မဟုတ်လား။

လင်းဟန်က ရုတ်တရက်ဆိုသလို အတွေးနွံထဲမှာ နစ်မျောလို့ နေပါတယ်။ ဘာကြောင့် နိုင်ငံစွမ်းအား အပေါ်မှာ မှီခိုပြီးတော့ အဆုံးစွန်ထိကို ရောက်ရမှာလဲ။ သူကိုယ်တိုင် အပေါ်မှာ မှီခိုပြီးတော့ တစ်ဦးချင်းစီ စွမ်းရည်နဲ့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို အဆုံးစွန်ထိရောက်အောင် မတွန်းပို့ နိုင်ဘူးလား။ သိုင်းပညာကမ္ဘာကြီးမှာ နောက်ဆုံးပန်းတိုင်က တစ်ဦးချင်းစီရဲ့ ခွန်အားပဲ ဖြစ်ပါတယ်။ မင်းက နိုင်ငံတစ်ခုကို မင်းရဲ့ပခုံးပေါ်ကို တင်ပြီးတော့ နေရာအနှံ့အပြားကို ပြေးလွှားလို့ ရနေမယ်လို့ ထင်နေတာလား။

နောက်ဆုံးတော့ သူနားလည် သဘောပေါက် လာခဲ့ပါတယ်။ နိုင်ငံစွမ်းအားဆိုတာက ဖြည့်စွက်မှု တစ်ခုပဲ ဖြစ်ပြီးတော့ အဲဒီအပေါ်မှာ မှီခိုနေလို့ မရနိုင်ဘူးလို့ ဆိုလိုပါတယ်။

သူက သူ့ကိုယ်ပိုင် စွမ်းအားကို စကြာဝဠာ

ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးဖြစ်တဲ့ အစစ်အမှန်
အကန့်အသတ်ကို အဆင့်တက်ချင်ပါတယ်။

အလောင်းခေါင်းဆောင်ရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။
လင်းဟန်က တိုက်ခိုက်မှု တစ်ခုကို ထုတ်ပြီးတဲ့နောက်မှာ
သူက ငေးမှိုင်နေတာလား။ ဒါကသူ့ကို အရမ်းကြီး
အထင်သေးရာ ကျနေပြီ မဟုတ်ဘူးလား။ ငါက တကယ်ပဲ
မင်းရဲ့ပြိုင်ဘက် မဟုတ်ဘူးဆိုပေမဲ့ အခုလိုမျိုးတော့
စိတ်လွတ်ကိုယ်လွတ် ငေးမနေသင့်ဘူးလေ။
ဟုတ်တယ်မဟုတ်လား။

"လင်းဟန်"

သူက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

လင်းဟန်က သတိပြန်ဝင်လာပြီးတော့ ပြုံးလိုက်ပြီး

ပြောလိုက်ပါတယ်။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ ငါရုတ်တရက် အတွေးတစ်ခု ဝင်လာလို့ပါ"

တိုက်ခိုက်နေချိန်မှာတောင် အတွေးပျံ့လွင့်နေသေးတယ်။ ဘယ်လိုအကြောင်းအရာကို မင်းက တွေးနေတာလဲ။

"မင်းက ဘာကိုတွေးနေတာလဲ"

အလောင်းခေါင်းဆောင်က သိချင်စိတ် ဖြစ်ပေါ်လာခဲ့ပါတယ်။

"ငါတွေးနေတာက ငါ့ရဲ့ခွန်အားကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ ရောက်အောင်လို့ ဘယ်လိုမျိုး မြှင့်တင်ရမလဲဆိုတာကိုပဲ"

လင်းဟန်က အမှန်တရားကို မဖုံးကွယ်ခဲ့ပါဘူး။ သူက တကယ်ပဲ ဒီအကြောင်းကို တခြားလူ တစ်ယောက်နဲ့ ဆွေးနွေးချင်ပါတယ်။ အထူးသဖြင့်တော့ ခေတ်နှစ်ခေတ်မှာ လက်ရွေးစင် ဖြစ်ခဲ့ဖူးတဲ့ အလောင်းခေါင်းဆောင်လို လူမျိုးနဲ့ ဖြစ်ပါတယ်။ ကံမကောင်းတာက သူက သူ့အရင်ဘဝတုန်းက အကြောင်းတွေကို သတိမရနိုင်တော့ပါဘူး။

အလောင်းခေါင်းဆောင်က ရုတ်ချည်းဆိုသလို အသက်ကို ရှူထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး အကြောင်းကို ပြောနေတာ မဟုတ်ပဲ ခွန်အားကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး အကြောင်းကို ပြောနေတယ်ဆိုတာ သေချာရဲ့လား”

“အမှန်ပဲ”

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

“မင်း မကောင်းဆိုးဂါး”

အလောင်းခေါင်းဆောင်က ပြောလိုက်ပါတယ်။

“ဟေး ဟေး ဟေး အစ်ကိုအလောင်းခေါင်းဆောင် ငါတို့တွေ တစ်ခါပဲ တွေ့ဖူးတယ်ဆိုပေမဲ့ ငါတို့တွေက စကားကို ကောင်းကောင်းမွန်မွန်နဲ့ ကျေနပ်ပျော်ရွှင်စရာ ကောင်းလောက်အောင် ပြောခဲ့ဖူးပါတယ်။ အဲဒါကို မင်းက ငါ့ကို တကယ်ပဲ အခုလိုမျိုး ပြောတယ်ပေါ့လေ”

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

“တကယ်လို့ မင်းရဲ့ ခွန်အားကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ ပေါက်ကွဲချင်တယ် ဆိုရင် မင်းရဲ့တိုက်ပွဲစွမ်းရည်က ဘယ်လောက်ထိ ရောက်သွားမလဲ”

အလောင်းခေါင်းဆောင်က မျက်ခုံးပင့်ပြီးတော့ စဉ်းစားလိုက်ပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“လူသားတွေမှာ အိပ်မက်အချို့ ရှိသင့်တယ် မဟုတ်ဘူးလာ း”

အလောင်းခေါင်းဆောင်က အံ့အားသင့်သွားပြီးမှ နောက်ဆုံး ခေါင်းကို ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“ဟုတ်တယ်”

အဲဒီနောက် သူက လက်နှစ်ဖက်ကို ဆန့်ထုတ်ပြီး ပြောလိုက်ပါတယ်။

“နောက်ထပ်ကိုးကွက် ကျန်သေးတယ်”

လင်းဟန်က သွားပေါ်အောင် ပြုံးလိုက်ပါတယ်။ သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီးတော့ အလောင်းခေါင်းဆောင်ဆီကို ဖိနှိပ်လိုက်ပါတယ်။

အလောင်းခေါင်းဆောင်က တိုက်ကွက်ကို လက်ခံပြီးတော့

အော်ဟစ်လိုက်ပါတယ်။

“လင်းဟန် ငှါကို မင်းရဲ့ စွမ်းရည်တွေ အကုန်လုံး ပြစမ်းပါ။
ငှါ့မင်းကို အထင်သေးအောင်လို့ မလုပ်နဲ့”

“ဒီလိုဆိုရင်တော့”

လင်းဟန်က ကျန်တဲ့လက်တစ်ဖက်နဲ့ နှာခေါင်းကို
ပွတ်လိုက်ပါတယ်။

“ကောင်းပြီလေ ဒါဆိုရင်လည်း”

လင်းဟန်က မြေကျွှမှာ မှောက်လှန်ပိတ်ဆို့ခြင်း
တံဆိပ်တော်ကို အသုံးပြုပြီးတော့ မိုးထစ်ချုန်း ကိုးခုမြောက်
ကောင်းကင်ဘုံ စွမ်းအားကို လည်ပတ်လိုက်ပါတ်။ ပုန်း။
တောက်ပလင်းလက်တဲ့ ရွှေရောင်အလင်းတစ်ခုက
သူ့ညာဘက်လက်ကနေ တလက်လက် တောက်ပပြီးတော့

ပေါ်လာခဲ့ပါတယ်။

ဂုန်း။

သူ့လက်ဂါးက အောက်ဘက်ကို ဖိနှိပ်လာပြီး ရုတ်တရက် ဆိုသလို အလောင်းခေါင်းဆောင်ရဲ့ အရိပ်အယောင်ကို မတွေ့ရတော့ပါဘူး။

“အစ်ကိုအလောင်းခေါင်းဖ်ဆောင် မင်းအဆင်ပြေရဲ့လား”

လင်းဟာန်က သူ့လက်ကို ပြန်ရုပ်သိမ်းပြီးတော့ မေးလိုက်ပါတယ်။

အလောင်းခေါင်းဆောင်က ပြန်တက်လာပြီး သွေးတွေအဆက်မပြတ် အန်ထုတ်လိုက်ပါတယ်။

သူ့မျက်နှာက ဝမ်းနည်းညှိုးငယ်နေမှုတွေနဲ့ ပြည့်နက်ပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ငါတကယ်ပဲ တိုက်ကွက်တစ်ကွက်ကိုတောင် မကာကွယ်နိုင်ခဲ့ဘူး။ ငါတကယ်ပဲ တစ်ကွက်တောင် မကာကွယ်နိုင်ခဲ့ဘူး"

တစ်ခုသိထားရမှာက သူက စကြာဂဠုာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံး ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က သက်ညှာမှု မရှိခဲ့ဘူး ဆိုရင် စောစောက တိုက်ကွက်မှာ သူ့အသက်ကို ပေးလိုက်ရပါလိမ့်မယ်။

ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

အချိန်တော်တော်ကြာအောင် မှင်တက်နေပြီးတဲ့နောက်မှာ သူ့ရဲ့ အကြည့်တွေက နောက်တစ်ကြိမ် စူးစိုက်လာခဲ့ပါတယ်။

တကယ်လို့ လင်းဟန်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲနိုင်ခဲ့ရင် သူက တန်ခိုးရှင်ဘုံထဲကို ဝင်ရောက်သွားပါလိမ့်မယ်။ ပြီးတော့ သူက ပိုပြီးတော့တောင် သန်မာပြီး အစွမ်းထက်လာနိုင်ပါလိမ့်မယ်။

လင်းဟန်က စောစောတုန်းက တကယ်လို့ သူ့ရဲ့သန့်စင်တဲ့ ခွန်အားကို စကြာဂဠာ ဖျက်ဆီးခြင်း အဆင့် ကြယ်နှစ်ဆယ်လုံးထိ တိုးနိုင်မယ်ဆိုရင် ဘာဖြစ်မလဲလို့ ပြောခဲ့ပါတယ်။

"အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အဖွဲ့သားတွေက ဒီနေရာကနေ အရှေ့စူးစူး မိုင်နှစ်ရာ အကွာမှာ ပုန်းအောင်းနေကြတယ်။ အဲဒီမှာ ရေးဟောင်းသချိုင်းတစ်ခု ရှိတယ်"

အလောင်းခေါင်းဆောင်က လင်းဟန်ကို စိုက်ကြည့်ပြီးတော့

ပြောလိုက်ပါတယ်။

“နောက်တစ်ကြိမ် ငါတို့တွေ ပြန်ဆုံကြရင် ငါတို့ရဲ့ နှလုံးသားတွေ ကျေနပ်တဲ့ အထိ တိုက်ခိုက်နိုင်ဖို့ ငါမျှော်လင့်တယ်”

“ကောင်းပြီလေ”

လင်းဟာန်က ပြတ်ပြတ်သားသားကို သဘောတူလိုက်ပါတယ်။ သူက အလောင်းခေါင်းဆောင်နဲ့ ပတ်သက်ပြီးတော့ အရမ်းကို ကောင်းမွန်တဲ့ အမြင်ရှိပါတယ်။

အလောင်းခေါင်းဆောင်က လင်းဟာန်ကို အတော်ကြာ စိုက်ကြည့်ပြီးမှ ချာခနဲ လှည့်ပြီးတော့ ထွက်ခွာသွားလိုက်ပါတယ်။

တင်းပင်းက ဘေးနားကနေ ကြည့်နေပြီး သူ့သွေးတွေ ပွက်ပွက်ဆူလာခဲ့ပါတယ်။ ပြီးတော့ အဲဒီအချိန်မှာ ဒီလိုမျိုး တိုက်ပွဲစွမ်းရည်ကို ပိုပြီးတော့တောင် ပိုင်ဆိုင်ချင်လာခဲ့ပြီး သူကိုယ်တိုင် အားမာန်အပြည့်နဲ့ တိုက်ပွဲဝင်ချင်နေခဲ့ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်တစ်ကြိမ် အဲဒီလူလာပြီးတော့ ငါ့ကို စိန်ခေါ်လို့ရှိရင် မင်းက ငါ့အစား သူ့စိန်ခေါ်မှုကို လက်ခံရလိမ့်မယ်"

တင်းပင်းက အစပိုင်းမှာ မှင်တက်အံ့သြသွားပြီးမှ ချက်ချင်းပဲ စိတ်လှုပ်ရှားလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အထဲက တိုက်ပွဲဝင်ချင်တဲ့ စိတ်တွေက မိုးကောင်းကင်ဘုံအထိကို ထိုးတက်သွားသလိုမျိုး ခံစားလိုက်ရပြီး သူ့ကိုယ်သူ ဘာမှန်းမသိတဲ့ ခံစားချက်မျိုး နိုးထလာပြီး ခန့်မှန်းလို့ မရနိုင်တဲ့ သူရဲကောင်းဆန်ဆန် စိတ်ဂိညာဉ်မျိုးကို

ခံစားလိုက်ရပါတယ်။

သူက မြေကြီးပေါ်ကို ဒူးထောက်ပြီးတော့ ပြောလိုက်ပါတယ်။

“ကျနော် ဆရာသခင်ကို လုံးဝ စိတ်မပျက်စေရပါဘူး”

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

“အခု မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ လမ်းကြောင်းက နောက်ဆုံး ပြဿနာကို ရှင်းလင်းဖို့ သွားတော့မယ်”

လင်းဟန်က တင်းပင်းကို သူနဲ့အတူ ခေါ်သွားလိုက်ပါတယ်။ ခြေလှမ်းအနည်းငယ် လှမ်းပြီးတာနဲ့ သူက အလောင်းခေါင်းဆောင် ပြောပြတဲ့ ရှေးဟောင်းသချိုင်းဆီကို ရောက်လာခဲ့ ပါတယ်။

အလောင်းတစ်ထောင်ဂိုဏ်းက အလောင်းကောင် နည်းစနစ်တွေကို ကျင့်ကြံအားထုတ်ထားပြီး သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အလောင်းချီတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ တကယ်လို့ သူတို့က မြေအောက်မှာ မြုပ်နှံထားမယ်ဆိုရင် ဘယ်သူကမှ သူတို့ကို တကယ့်အလောင်း အစစ်နဲ့ ခွဲခြားလို့ မရနိုင်ပါဘူး။ ဒါကြောင့် ဂူသင်္ချိုင်းတွေက သူတို့အတွက် အကောင်းဆုံး ပုန်းခိုလို့ ကောင်းတဲ့ နေရာတွေ ဖြစ်ပါတယ်။ လင်းဟန်က ကမ္ဘာကြီးထဲမှာရှိတဲ့ ဂူသင်္ချိုင်း အားလုံးကို တူးဖော်ဖို့ ဆုံးဖြတ်မထားရင်တော့ သူတို့ကို ရှာဖွေတွေ့ရှိဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ အတွင်းလူ တစ်ယောက်ရဲ့ ပြောစကားက လုံးဝကို မတူညီတော့ပါဘူး။

လင်းဟန်က စကားတစ်ခွန်းမှ မဆိုပဲ သူ့လက်မောင်းကို

လေးတစ်စင်းပုံစံကို ပြောင်းလဲပြီးတော့ သူ့ရဲ့မူလစွမ်းအင်ကို မြားတစ်ချောင်းအသွင်ပြောင်းလဲကာ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းမြားကို လည်ပတ်လိုက်ပါတယ်။ အဝေးကနေပြီး သူက ရှေးဟောင်းဂူသချိုင်းကို ပစ်မှတ်ထားလိုက်ပါတယ်။ သူ့လက်ကို လွှတ်လိုက်ပြီး မူလစွမ်းအင်မြားကို ရှေးဟောင်းဂူသချိုင်းကို ပစ်လိုက်ပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြုတ်သုတ်သင်ခြင်း မြားအတွက်တော့ အစစ်အမှန် မြားတစ်ချောင်းလိုမျိုး စွမ်းအားရှိပြီး အရမ်းကို ကြီးမားတဲ့ အစွမ်းကို ထုတ်ဖော်ပြလိုက်ပါတယ်။ အခုဆို လင်းဟာန်က အရမ်းကို အစွမ်းထက်နေတာကြောင့် မယုံနိုင်စရာ အစွမ်းထက်တဲ့ ခွန်အားကို ထုတ်ဖော်ဖို့ အစစ်အမှန် မြားတစ်ချောင်း မလိုပါဘူး။

ဒါက တန်ခိုးရှင်ဘုံရဲ့ စစ်မှန်တဲ့ လျှို့ဝှက်နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

ပုန်း။

မူလစွမ်းအင်မြားကို ထိမှန်သွားတာနဲ့ ရှေးဟောင်းဂူသချိုင်းတစ်ခုလုံး ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပြီး နက်ရှိုင်းတဲ့ တွင်းကြီးတစ်ခု ဖြစ်လာပါတယ်။

လူတစ်ဒါဇင်လောက်က မိုးကောင်းကင်ပေါ်ကို ပျံတက်လာခဲ့ပါတယ်။

ငရဲကိုးထပ်ဘုရင်၊ အလောင်းနစ်၊ ရုံဟွမ်ရှမ်နဲ့ အကြီးအကဲ ကိုးယောက်လည်း ပါပါတယ်။ အလောင်းချီတွေက သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမှာပိုင်းရုံနေပြီး သူတို့က သန်းခေါင်ယံ အချိန်မှာ ထွက်ပေါ်လာပြီး ဘယ်သူ့ကိုမဆို သေလုမတတ် အံ့အားသင့်သွားစေနိုင်ပါလိမ့်မယ်။

ဒီတိုက်ခိုက်မှု တစ်ခုတည်းနဲ့ ကောင်းကင်အဆင့်အောက်မှာရှိတဲ့ လူတွေအားလုံး အမြစ်ဖြုတ်သုတ်သင်ခံလိုက် ရပါတယ်။

"လင်းဟာန်"

လင်းဟာန်ကို မြင်လိုက်တာနဲ့ ရုံဟွမ်ရှမ်က ချက်ချင်းပဲ အံကိုတင်းတင်း ကြိတ်လိုက်ပါတယ်။ သူနဲ့ လင်းဟာန်က တကယ့်ကို ရန်သူတော်ဟောင်းကြီးတွေလို့ သတ်မှတ်လို့ ရပါတယ်။ သူတို့နှစ်ယောက် အကြားက ရန်ညှိုးရန်စက မြောက်ပိုင်းအစွန်အဖျား ဒေသမှာကတည်းက စတင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ပထမဆုံးအကြိမ် တွေ့ဆုံခဲ့တဲ့ အခါမှာ သူက အသာစီး ရယူနိုင်ခဲ့ပေမဲ့ အဲဒီနောက်ပိုင်း လင်းဟာန်ရဲ့ ဖိနှိပ်မှုကိုပဲ အမြဲတမ်းလိုလို ခံနေရပါတယ်။ အဲဒါက သူ့နှလုံးသားကို ပြင်းပြင်းထန်ထန် ထိုးနှက်သလိုမျိုး ခံစားရပါတယ်။

တစ်ခုသိထားရမှာက သူလည်း အခုချိန်မှာ

ကောင်းကင်အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။
အဆင့်တက်တာ အရမ်းကို လျင်မြန်ပြီးတော့
ထိတ်လန့်စရာကောင်းတယ် ဆိုပေမဲ့ လင်းဟာန်နဲ့
နှိုင်းယှဉ်လိုက်ရင် ပြောပြနေစရာ မထိုက်တန်ပါဘူး။

လင်းဟာန်ရဲ့ အရှေ့မှာ နှိုင်းယှဉ်ကြည့်လိုက်ရင် သူက
အရောင်မှေးမှိန်သွားပြီးတော့ လင်းဟာန်ရဲ့
တောက်ပမှုအတွက် သနားစရာကောင်းတဲ့ နောက်ခံတစ်ခု
ဖြစ်လာခဲ့ပါတယ်။

သူကဒါကို လက်မခံနိုင်ပါဘူး။ သူကလည်း မိုးကောင်းကင်က
မျက်နှာသာပေးမှုကို ရရှိထားတဲ့ လူတစ်ယောက်
ဖြစ်ပါတယ်။

Chapter 877 end

အပိုင်း(878) အဆင့်တက်ခြင်း

"မင်းနဲ့မတွေ့တာ တော်တော်ကြာပြီပဲ။ ဒီတစ်ကြိမ်တော့ ငါမင်းကို သေချာပေါက် သတ်ပစ်ရ လိမ့်မယ်"

လင်းဟန်က လက်တစ်ဖက်ကို မြှောက်ပြပြီးတော့ သူတို့အားလုံးကို ပြုံးပြကာ နှုတ်ဆက် လိုက်ပါတယ်။

"ဒီနေ့ မင်းတို့တွေ တစ်ယောက်မှ ထွက်ပြေးလွတ်မြောက်ဖို့ မစဉ်းစားနဲ့"

ငရဲကိုးထပ် ဘုရင်လည်း ဘာမှမတတ်နိုင်ပဲ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ ဂိုဏ်းကြီး ငါးဂိုဏ်းက လက်ရွေးစင်တွေတောင်မှ သူ့ကို ဒီလိုမျိုး အဓိပ္ပါယ်ကင်းမဲ့တဲ့ စကားမျိုးကို မပြောပံ့ ကြပါဘူး။ အခု ဂျူနီယာလေး တစ်ယောက်က သူ့ကို အခုလိုမျိုး ဆက်ဆံရဲတယ်ပေါ့လေ။ သူက လင်းဟန်ကို ဘယ်တုန်းကမှ မြင့်မြင့်မားမား မတွေးထားခဲ့ပါဘူး။ လင်းဟန်က ဂိုဏ်းကြီးငါးဂိုဏ်းကို

ပျက်စီးအောင် လုပ်ခဲ့တဲ့သူ မဟုတ်ပါဘူး။ နောက်ပြီးတော့ ပင်လယ်လေးခုကို ပေါင်းစည်းခဲ့တဲ့ လူကလည်း ဟော့လျန်ထန်းယွင် တစ်ယောက်တည်းပဲ ဖြစ်ပါတယ်။

လင်းဟန်က ဘာများလုပ်ခဲ့လို့လဲ။ သူက ဘာမှမစိုက်ပျိုးပဲနဲ့ ရိတ်သိမ်းခဲ့တာပါပဲ။

“ဂျူနီယာလေး မင်းက အရမ်းကို မောက်မာလွန်းတယ်”

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မကောင်းဆိုးဂါးတွေနဲ့ အစဉ်အလာကို ဆန့်ကျင်တဲ့ နတ်ဆိုးတွေက ငါ့အရှေ့မှာ ပေါ်လာတယ်။ မင်းတို့တွေ

ဒူးထောက်ပြီးတော့ သေခြင်းတရားကို လက်ခံလိုက်တာက ပိုကောင်းလိမ့်မယ်”

ဟုမ်း။

အဆုံးမရှိ အင်ပါယာ ခွန်အားက တစ်ဟုန်ထိုး ပေါက်ကွဲထွက်လာခဲ့ပါတယ်။ ငရဲကိုးထပ်ဘုရင်၊ အလောင်းနှစ်နဲ့ ရှုံ့ဟွမ်ရှမ်ကလွဲပြီးတော့ ကျန်တဲ့ လူကိုးယောက်က ဒူးထောက်လဲကျသွားခဲ့ ပါတယ်။

ရှုံ့ဟွမ်ရှမ်ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တဆတ်ဆတ် တုန်ခါလို့နေပြီး သူ့အရေပြားပေါ်က သွေးကြောတွေတောင် ပေါက်ကွဲထွက်လုမတတ် ဖြစ်လာခဲ့ပါတယ်။

တကယ်တော့ ဒီလိုမျိုး ခွန်အားကြီးမားတဲ့ ဖိအားကို သူ့အနေနဲ့ ခုခံနိုင်စွမ်း မရှိပါဘူး။ ဒါပေမဲ့ သူ့နှလုံးသားက

အရှုံးကို ဂန်ခံဖို့ ဂန်လေးနေပြီး လုံးဂကို
အောက်ပာစ်နေပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ အတင်းအကျပ်
ဖိအားပေးပြီးတော့ ခုခံတွန်းလှန်နိုင်အောင်
ကြိုးစားနေပါတယ်။

ခရက် ခရက် ခရက်။

သူ့ခန္ဓာကိုယ် တစ်ခုလုံးက အရိုးတွေ အက်ကွဲလာပြီး
သူ့မျက်လုံးကနေ သွေးမျက်ရည်တွေ စီးကျလို့ လာခဲ့ပါတယ်။
သူ့ရဲ့နှာခေါင်း နားရွက်တွေကနေလည်း သွေးတွေ
ယိုကျလာခဲ့ပါတယ်။ အလောင်းတစ်ထောင်ဂိုဏ်းရဲ့
တပည့်တွေက အလောင်းနည်းစနစ်တွေကို
ကျင့်ကြံအားထုတ် ထားခဲ့ပြီး သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့
သွေးပမာဏက အရမ်းကို နည်းပါးလွန်းပါတယ်။ သူ့ရဲ့
ဒွါရခုနစ်ပေါက်ကပဲ သွေးတွေစီးကျတယ် ဆိုပေမဲ့
တကယ်တော့ အရမ်းကို ထိခိုက်ပျက်စီး နေပါတယ်။

"လူကောင်းတစ်ယောက်ကနေ ခေါင်းမာမာနဲ့
အလောင်းကောင်တစ်ယောက် ဖြစ်ဖို့ ရွေးချယ် နေတာလား။
ဒါဆိုရင်လည်း မင်းတို့ရဲ့ ဆန္ဒကို ငါဖြည့်ဆည်းပေးရမှာပေါ့"

လင်းဟန်ရဲ့ မျက်လုံးတွေကနေ အလင်းတန်းတွေ
ထွက်ပေါ်လာပြီး လူကိုးယောက်ရဲ့ အသက်ဂိညာဉ်
ကင်းမဲ့နေတဲ့ ခန္ဓာကိုယ်တွေက မြေကြီးပေါ်ကို
လဲကျသွားခဲ့ပါတယ်။

တကယ်လို့ သူတို့က ကောင်းကင်အဆင့် ကျင့်ကြံသူတွေ
ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ သူ့ရဲ့လက်ရှိ
ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားနဲ့ဆိုရင်
အရေအတွက်က ဘာမှလုပ်လို့ မရပါဘူး။

"အား"

ငရဲကိုးထပ်ဘုရင်က ဒေါသကြောင့် ရူးသွပ်လုမတတ်

ဖြစ်သွားပါတယ်။ ဒီလူကိုးယောက်က
အလောင်းတစ်ထောင်ဂိုဏ်းရဲ့ ဂိုဏ်းစောင့်ကိုးယောက်
ဖြစ်ပါတယ်။ အလောင်းခေါင်းဆောင်၊ အလောင်းနှစ်၊
ရှုံပွမ်ရွှမ်နဲ့ သူကလွဲပြီး သူတို့က ဂိုဏ်းရဲ့ အစွမ်းထက်ဆုံး
လူတွေဖြစ်ပါတယ်။

အခု သူတို့အားလုံးက တစ်ချက်လေးမှတောင် မတိုက်ရပဲ
သေသွားခဲ့ပါပြီ။ သူက ဘယ်လိုလုပ် ဒေါသမထွက်ပဲ
နေနိုင်မှာလဲ။

"သေစမ်းကွာ"

ငရဲကိုးထပ် ဘုရင်က နတ်ဆိုးအော်သံ ဆေဘာဓားကို
ဆွဲထုတ်လိုက်ပါတယ်။ ရုတ်တက်ရက် မိုးကောင်းကင်မှာ
နတ်ဆိုးတွေရဲ့ အော်မြည်သံတွေနဲ့ ပြည့်နက်သွားပြီးတော့
လင်းဟန်ဆီကို ပြင်းပြင်းထန်ထန်နဲ့ အသံလှိုင်းတွေ

ပြေးဝင်လာခဲ့ပါတယ်။

လင်းဟာန်က သူ့ရဲ့လက်ဂါးတွေကို အသာလေး တွန်းထုတ်လိုက်တဲ့ အခါမှာ ကျွမ်းကြီးက ရုတ်တရက် တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

တစ်ဖက်လူမှာ နတ်ဆိုးအော်သံ ဆေဘာဓား ရှိနေတော့ရော ဘာဖြစ်သေးလဲ။ ငရဲကိုးထပ် ဘုရင်ရဲ့ တိုက်ပွဲစွမ်းရည်က အများဆုံး ကြယ်ဆယ့်သုံးလုံးပဲ ရှိပါတယ်။ သူက ဓားကေရာဇ်နဲ့ တခြားသူတွေကို အစကတည်းက အမြစ်ဖြတ် ချေမှုန်းပစ်နိုင်စွမ်း မရှိခဲ့ဘူး မဟုတ်လား။

“ငါ့တာဝန်ထား”

အလောင်းနှစ်က အရှေ့ကို ထွက်လာခဲ့ပြီး သူ့မျက်နှာက အရမ်းကို သတိဂီရိယ ထားနေတဲ့ အမူအရာမျိုး ဖြစ်နေပါတယ်။

သူက ဘဝအသစ် ပြန်ရရှိလာခဲ့တဲ့
ရေးဟောင်းအလောင်းကောင် တစ်ကောင် ဖြစ်ပါတယ်။
ပြီးတော့ သူ့မှာ တစ်ဆို့ခြင်း မရှိပါဘူး။
အလောင်းတစ်ထောင်ဂိုဏ်း အတွင်းမှာ သူက
အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားနဲ့
မြေအောက်ကမ္ဘာငယ် ရေကန်ရဲ့ အကျိုးကျေးဇူးကို
ရရှိခံစားခဲ့ရပါတယ်။ လက်ရှိမှာ သူက စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ရှိနေပြီး
တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံးမျှသာ ရှိပြီးတော့
အလောင်းခေါင်းဆောင်နဲ့ အတော်လေး နှိုင်းယှဉ်လို့
ရပါတယ်။

အလောင်းခေါင်းဆောင် မရှိတော့ သူက
အလောင်းတစ်ထောင်ဂိုဏ်းရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်
ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို့ ဒီနေရာမှာ ရှိနေတဲ့ လူတွေထဲမှာ ငါ့ရဲ့ တိုက်ကွက်တစ်ကွက်ကို ခုခံတားဆီးနိုင်ရင် သူ့အသက်ကို ငါချမ်းသာပေးမယ်”

“ဟားဟားဟားဟား”

အလောင်းနှစ်က လှောင်ရယ် ရယ်လိုက်ပါတယ်။

“ဒါက အရမ်းကို ရူးလွန်းရာ ရောက်နေပြီ။ မင်းကိုမင်း သေသွားတဲ့ ဖက်တီးလို့ ထင်နေတာလား”

အလောင်းတစ်ထောင်ဂိုဏ်းက တစ်ချိန်လုံး သိုသိုပှက်ပှက်နဲ့ နေနေခဲ့တာက လင်းဟန်ကို ကြောက်ရွံ့တာကြောင့် မဟုတ်ပါဘူး။ သူတို့က ဘုရင်ခုနစ်ပါးကို ကြောက်လို့ ဖြစ်ပါတယ်။

“ဘာလဲ အရမ်းကို ရယ်စရာကောင်းနေလို့လား”

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ သူ့မှာ အလောင်းနှစ်နဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ ခံစားချက် မရှိပါဘူး။ ပြီးတော့ တန်းပြီးတော့ ရိုက်ချလိုက်ပါတယ်။

ထန်။

သာမန်ရိုက်ချက်လေး တစ်ချက် လွင့်လာပြီး အလောင်းနှစ်က လင်းဟန်ကို လုံး၀ အံ့အားသင့်နေတဲ့ အမူအရာတစ်ခုနဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူက ငရဲကိုးထပ်ဘုရင်ဆီကို လှည့်ပြီးတော့ တစ်စုံတစ်ခုကို ပြောမလို့ လုပ်လိုက်တဲ့ အခါမှာ သူ့ခန္ဓာကိုယ်က ရုတ်တရက် ဆိုသလို သွေးတွေဖုံးသွားပြီးတော့ လေထဲမှာ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

"ဒါ ဒါ ဒါက"

ငရဲကိုးထပ် ဘုရင်က တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထသွားသလို ခံစားရပြီး သူ့ဦးနှောက်ကို တစ်ဟုန်ထိုး တန်းပြီးတော့ ဆောင့်တက်လာခဲ့ပါတယ်။

ဒီမတိုင်ခင် လင်းဟန်က သူ့ရဲ့တိုက်ကွက် တစ်ကွက်ကို ခုခံနိုင်တဲ့ ဘယ်သူ့ကိုမဆို ချမ်းသာပေးမယ်လို့ ပြောခဲ့ပါတယ်။ ဒါက အရှက်ကင်းမဲ့ပြီး လေကြွားတာလည်း မဟုတ်သလို ကိုယ့်ကိုကိုယ်လည်း အထင်ကြီးနေတာ မဟုတ်ပါဘူး။ အဲဒီအစား သူ့ခွန်အားက သဘာဝ တရားကို ဆန့်ကျင်နိုင်တဲ့အထိ အစွမ်းထက်နေတာကြောင့်ပဲ ဖြစ်ပါတယ်။

ငရဲကိုးထပ် ဘုရင်က တိုက်ကွက်တစ်ကွက်ကို ခုခံဖို့တောင် သတ္တိမရှိပါဘူး။ ချက်ချင်းပဲ သူက အသက်သုံးချောင်း

အလောင်းကောင် ခေါင်းတလားထဲကို လွှားခနဲ ခုန်ဝင်ပြီးတော့ ပုန်းလိုက်ပါတယ်။

ဒါက နှစ်ပေါင်းများစွာ တည်ရှိလာခဲ့တဲ့ အလောင်းတစ်ထောင်ဂိုဏ်းရဲ့ တန်ဖိုးအရှိဆုံး ရတနာ ပစ္စည်းဖြစ်ပါတယ်။ ဒါက ဖျက်ဆီးလို့ မရနိုင်ပါဘူး။

လင်းဟာန်က အဲဒါကို တစ်ချက်ပေ့ကြည့်လိုက်ပါတယ်။ သူက ကြိုးစားကြည့်ချင်တဲ့ စိတ်တွေ ပေါ်လာမိပါတယ်။ သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်နဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားကို သူရိုက်ချနိုင်မလား။

လင်းဟာန်က သူ့ညာဘက်လက်ကို မြှောက်ပြီးတော့ ဓားအသိဆန္ဒတွေကို စတင်စုစည်း လိုက်ပါတယ်။

ဒီလိုမျိုး အရမ်းကို ကောင်းမွန်တဲ့ ခုခံရေး

ပစ္စည်းအမျိုးအစားကို တိုက်ခိုက်မယ်ဆိုရင် အနည်းဆုံး အနက်ရောင်မူလ သုံးဟန်ထဲက နောက်ဆုံးအကွက်ဖြစ်တဲ့ ဂင်္ဂါပါဖျက်ဆီးခြင်းရဲ့ အာနိသင်က အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က အဲဒါကို ဖျက်ဆီးဖို့ အဆင့်တစ်ဆယ် စိတ်ဂိညာဉ် ပစ္စည်းတစ်ခုကို အသုံးမပြုချင်ပါဘူး။ မရဏဓားလည်း ပျက်စီးသွားမှာကို ကြောက်နေမိပါတယ်။

ဒါကြောင့် သူက ဓားအသိဆန္ဒကိုပဲ အသုံးပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

လင်းဟန်က ပကတိ ခွန်အားကို အသုံးပြုပြီးတော့ပဲ ရိုက်ချပါလိမ့်မယ်။

သူ့ခန္ဓာကိုယ်က နတ်ဘုရား သတ္တုအဆင့်မှာ ရှိပါတယ်။ သူက အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုက နိုင်းယှဉ်ဖို့

အကြိမ်ပေါင်းဘယ်လောက်ထိ ခက်ခဲလဲ ဆိုတာကို သိချင်ပါတယ်။

တိတိကျကျဆိုရင် အသက်ရှူချိန် နှစ်ဆယ်ရှိုက်စာပြီးတဲ့ နောက်မှာ လင်းဟန်က သူ့ရဲ့ ခွန်အားတွေကို အထွတ်အထိပ်ထိ စုစည်းပြီးတော့မှ ထိုးချလိုက်ပါတယ်။

ကျွှာကြီးက မေးမှိန်သွားခဲ့ပါတယ်။

ဂုန်း။

လင်းဟန်ရဲ့ အထက်မှာ ကောင်းကင်တာအို မျက်လုံးက ပေါ်လာခဲ့ပါတယ်။ ဒီလက်သီးချက်ရဲ့ စွမ်းအားက အရမ်းကို သန်မာပြီးတော့ ဒီကျွှာကြီးကို ပျက်စီးသွားစေနိုင်လောက်တဲ့အထိ အစွမ်းထက်တာကြောင့် ကောင်းကင်တာအို မျက်လုံးကို ထွက်ပေါ်လာစေခဲ့တာ

ဖြစ်ပါတယ်။

ပုန်း။

လက်သီးချက် ထိမှန်သွားသလို အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက ရုတ်တရက် ပွင့်ထွက်သွားခဲ့ပါတယ်။ ငရဲကိုးထပ် ဘုရင်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်နေတဲ့ အမူအရာ တစ်ခုကို ထင်ထင်ရှားရှားနဲ့ တွေ့မြင်နိုင်ပါတယ်။ သူက အရမ်းကို အထိတ်တလန့် ဖြစ်နေပါတယ်။ ဒါက သူလုံးဝကို ထင်မှတ်မထားတဲ့ ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလားက တကယ်ပဲ ရိုက်ချိုးခံလိုက် ရပါတယ်။

ဒါပေမဲ့ ငရဲကိုးထပ် ဘုရင်ကလည်း ချက်ချင်းဆိုသလို ဒီကြောက်မက်ဖွယ်ရာ စွမ်းအားဒဏ်ကို ခံရပြီး သူ့ဘေးနားမှာ

ရှိနေတဲ့ နတ်ဆိုးအော်သံ ဆေဘာဓားတောင်မှ
ခုနစ်ပိုင်းတိတိ ပျက်စီးသွားခဲ့ပြီး နတ်ဆိုးသင်္ကေတတွေက
လုံးဝပျက်စီးသွားခဲ့ပါတယ်။

လင်းဟန်ရဲ့ လက်ရှိခွန်အားက အဆင့်တစ်ဆယ် စိတ်ဂိညာဉ်
ပစ္စည်းကို သူ့ရဲ့ လက်ဗလာနဲ့ ဖျက်ဆီးပစ်နိုင်တဲ့ အထိကို
ရောက်ရှိနေပါတယ်။

လင်းဟန်က ကောင်းကင်တာအို မျက်လုံးဆီကို
လှည့်ကြည့်လိုက်ပါတယ်။ ဒါက မူလတစ်ခု မဟုတ်ပါဘူး။
မျက်လုံးအိမ်ပေါ်မှာ ဒဏ်ရာနည်းနည်းမှ မရှိပါဘူး။

အဲဒါက သေသွားလိမ့်မှာ မဟုတ်ပါဘူး။
ဒီကမ္ဘာငယ်လေးထဲမှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး
ရှိနေသမျှ ကောင်းကင်တာအို မျက်လုံးကလည်း
ရှင်သန်နေပါလိမ့်မယ်။ ဒါက မိုးကောင်းကင်နဲ့

ကမ္ဘာမြေကြီးရဲ့ စိတ်စွမ်းအားတွေ ရစ်ပတ်နေတဲ့ တစ်ခုတည်းသော အရာဖြစ်ပါတယ်။ သူ့ရဲ့ အုတ်မြစ်က ကမ္ဘာကြီး တစ်ခုလုံး ဖြစ်ပါတယ်။ ကမ္ဘာကြီး မပျက်စီးသရွေ့ ကောင်းကင်တာအို မျက်လုံးကလည်း ပျက်စီးလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တန်ခိုးရှင်ဘုံကို တက်ရောက်ပြီးတဲ့ နောက်မှာ အောက်ဘုံက တန်ခိုးရှင်ဘုံရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ အဲဒါက တန်ခိုးရှင်ဘုံက စိတ်စွမ်းအားရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်လာပါလိမ့်မယ်။ အဲဒီမှာ ကောင်းကင်တာအို မျက်လုံး ရှိတော့မှာ မဟုတ်ပါဘူး။

"ထွက်သွားစမ်း"

လင်းဟန်က ကောင်းကင်တာအို မျက်လုံးကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့

လက်ရှိခွန်အားနဲ့ ကောင်းကင်တာအို မျက်လုံးကို ချေမှုန်းပစ်ဖို့က အရမ်းကို လွယ်ကူပါတယ်။ ဒါပေမဲ့လည်း အရာအားလုံးကို စီစဉ်ထားပြီး သူက မိုးကောင်းကင်ကို ဒီအချိန်မှာ မခွဲသေးပါဘူး။

ကောင်းကင်တာအို မျက်လုံးကနေ အေးစိမ့်မှုတစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။ သူက ဒီဘုံရဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ကိုယ်စားပြုပါတယ်။ ပြီးတော့ အထွတ်အထိပ် အုပ်ချုပ်သူ ဖြစ်ပါတယ်။ အခု သူ့ကို တစ်စုံတစ်ယောက်က မရှိမသေ ပြုပွဲတယ်ပေါ့လေ ဟုတ်လား။

ဒါပေမဲ့လည်း လင်းဟာန်က ဒီကမ္ဘာကြီးရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မထိခိုက်စေသရွေ့ လှုပ်ရှားမှာ မဟုတ်ပါဘူး။ လှုပ်ရှားမှု လုပ်ဖို့အတွက် အကြောင်းပြချက် ဒီမှာမရှိပါဘူး။ တကယ်လို့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း မလုပ်ဆောင်ဘူးဆိုရင် သူ့ရဲ့တည်ရှိမှု အဓိပ္ပါယ်လည်း

ပျောက်ဆုံးသွားပါလိမ့်မယ်။

မျက်စိတစ်မှိတ် အတွင်းမှာ ကောင်းကင်တာအို မျက်လုံးက ပျောက်ကွယ်သွား ခဲ့ပါတယ်။

ဘေးနားကနေ ကြည့်ပြီးတော့ တင်းပင်းရဲ့ လက်တွေက အေးစိမ့်လာသလို ခံစားရပြီး သူ့စိတ်ထဲမှာ မယုံနိုင်စရာကောင်းလောက်အောင် စိတ်လှုပ်ရှား လာခဲ့ပါတယ်။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်စွမ်းအား ဖြစ်ပြီးတော့ ဆရာသခင်ရဲ့ အမိန့်ကြောင့် နောက်ဆုတ်သွားရတယ်ပေါ့။ ဆရာသခင်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စွမ်းအားကို ဒီကမ္ဘာကြီးက ခံနိုင်ရည် မရှိဘူးပေါ့။ ဆရာသခင်က မိုးကောင်းကင်ကို ခွဲဖွင့်မယ်ဆိုတာ အံ့ဩစရာ မရှိတော့ပါဘူး။

“ဟားဟား ငါအဆင့် တက်သွားပြီ”

ရုတ်တရက် ရုံဟွမ်ရှမ်က အော်ဟစ်ပြီးတော့ ခုန်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ အစွမ်းထက်တဲ့ ချီတွေက ပန်းထွက်နေပြီး လှိုင်းလုံးကြီး တစ်ခုလိုမျိုး မိုးကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး ပျံတက်နေပါတယ်။

သူက ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုထိုက်ပါတယ်။ ပြင်းထန်တဲ့ ဖိအားအောက်မှာ သူက ပြိုလဲမသွားတဲ့အပြင် ပြဿနာကို ရင်ဆိုင်ပြီးတော့ အဆင့်ချိုးဖျက် တက်ရောက်သွားခဲ့ပါတယ်။ သူက စကြာဂင္ဂာ ဖျက်ဆီးခြင်း အဆင့်ကို အောင်အောင်မြင်မြင်နဲ့ ကူးဖြတ်သွားခဲ့ပါပြီ။ တကယ့်ကို အံ့ဩစရာကောင်းတဲ့ ကံကြမ္မာတစ်ခု ဖြစ်ပါတယ်။

“လင်းဟန် ငါလည်း အခုဆို စကြာဂင္ဂာ ဖျက်ဆီးခြင်း အဆင့်မှာပဲ”

ရှုပ်ဟွမ်ရွှမ်က ခေါင်းမော့ရင်ကော့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို လုံးဝမကြောက်ဘူး"

သူက အရမ်းကို ကျေနပ်ပီတိ ဖြစ်နေပါတယ်။ ဒါပေမဲ့ သူက ဘေးဘီဝဲယာကို ပေ့ကြည့်ပြီးတော့ အံ့သြမှင်တက်သွားခဲ့ပါတယ်။ ငရဲကိုးထပ် ဘုရင်နဲ့ အလောင်းနှစ်တို့ ဘယ်ရောက်သွားလဲ။

လင်းဟာန်ရဲ့ ခံ့ညားထယ်ဝါတဲ့ ချီကို ခုခံနေတဲ့ အချိန်မှာ သူက အရမ်းကို အာရုံစူးစိုက်ထား ရပါတယ်။ အဲဒီအချိန်အတွင်းမှာ ဘာတွေဖြစ်ပျက်သွားတယ် ဆိုတာကို သူသတိမပြု မိခဲ့ပါဘူး။

ဖူး။

တင်းပင်းက ချက်ချင်းပဲ ရယ်မောလိုက်မိပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေပေမဲ့ သူက အဲဒါကို မြင်နေနိုင်ပါတယ်။ ရှုံဟွမ်ရှမ်ရဲ့ ကျင့်ကြံခြင်း အဆင့်က စောစောတုန်းက လူနှစ်ယောက်နဲ့ နှိုင်းယှဉ်မယ်ဆိုရင် အရမ်းကို ဝေးကွာလွန်းပါတယ်။ အဲဒီနှစ်ယောက်တောင်မှ ဆရာသခင်ဆီက တိုက်ကွက်တစ်ကွက်ကို မယှဉ်ပြိုင်နိုင်ခဲ့တာ မင်းလိုမျိုး အခုမှ အဆင့်တက်ကာစ လူတစ်ယောက် စိတ်ကြီးဝင်နေသေးတယ်။

သူက ဟာသလုပ်ဖို့ ကြိုးစားနေတာလား။

Chapter 878 end

အပိုင်း(879) မပြီးပြတ်သေးတဲ့ ကိစ္စများကို ရှင်းလင်းခြင်း

ရှုံဟွမ်ရှမ်က ဒေါသအကြီးအကျယ် ထွက်သွားခဲ့ပါတယ်။

သာမန်သေမျိုး လူတစ်ယောက်က သူ့ကို လှောင်ပြောင်ရယ်မောရဲတယ်ပေါ့လေ။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“မင်းက အရမ်းကို နိမ့်ကျတာပဲ။ ငါ့ရဲ့တပည့်တောင်မှ မင်းကို အထင်အမြင်သေးနေပြီ။ ဒီလိုမျိုး မောက်မာဂင့်ကြွားဖို့ သတ္တိတွေကို မင်းဘယ်ကနေ ရလာတာလဲ။

“သေစမ်း”

လျှပ်တပြက်ဆိုသလို ရုံဟွမ်ရှမ်က တင်းပင်းဆီကို ပြေးဝင်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။ သူက ဒီသေမျိုးကို သွေးတွေခမ်းခြောက်သွားအောင် အပြစ်ပေးချင်ပြီး လင်းဟာန်ကိုလည်း တပည့်တစ်ယောက် ဆုံးရှုံးသွားစေချင်ခဲ့ပါတယ်။ အဲဒါမှ လင်းဟာန်ရဲ့

မျက်နှာပေါ်မှာ ဆုံးရှုံးမှုကို ခံစားရတဲ့ အမူအရာကို တွေ့မြင်ရပြီးတော့ သူ့အနေနဲ့ ကျေနပ်ပျော်ရွှင်သွားပါလိမ့်မယ်။

ဘုန်း။

မိုးကြိုးတိမ်တိုက်တွေက မိုးကောင်းကင်ပေါ်မှာ တလိပ်လိပ် တက်လာခဲ့ပါတယ်။ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ရှုပ်ပွမ်းရှုပ်ပွမ်း စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားတာကို အာရုံခံမိပြီး ကောင်းကင်ဘုံက အလည်လာဖို့အတွက် ဆင်းသက်လာခဲ့ပါတယ်။

လပြွတ်ပဲ။ သူက ဒီလိုမျိုး မရှိတင်ကဲ ဖြစ်ပြီးတော့ သေရပြီပေါ့။

နောင်ဘဝကျရင် သူက လင်းဟန့်လိုမျိုး မွန်းစတား တစ်ယောက်နဲ့ မကြုံတွေ့သင့်ပါဘူး။ သူနဲ့ တစ်ခေတ်တည်းမှာ မွေးလာရတာက သူ့အတွက်တော့ ကံဆိုးမိုးမှောင်ကျခြင်းပဲ ဖြစ်ပါတယ်။

လင်းဟန်က ပျော်ရွှင်ခြင်း ဂမ်းနည်းခြင်း တစ်ခုမှ မခံစားရပါဘူး။ သူ့ရဲ့လက်ရှိ စွမ်းရည်နဲ့ဆိုရှ အလောင်းတစ်ထောင်ဂိုဏ်းကို ချေမှုန်းပစ်ဖို့ဆိုတာက ဂရုစိုက်စရာ မလိုပါဘူး။ ဒါပေမဲ့ သူက မတည်ငြိမ်တဲ့ ဓာတ်တစ်ခုကို ဘယ်တုန်းကမှ လျော့မတွက်ခဲ့ပါဘူး။ သူက ကျန်ရှိနေတဲ့ အသက်သုံးချောင်း အလောင်းကောင် ခေါင်းတလား နှစ်ခုကို လက်သီးနဲ့ ထိုးပြီးတော့ ဖျက်ဆီး လိုက်ပါတယ်။

မြေအောက်ကမ္ဘာရဲ့ ရေကန်က ဒီဘုံထဲမှာ သဘာဝအတိုင်း ဖြစ်ပေါ်နေခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါကို ဖျက်ဆီးပစ်ဖို့က အဓိပ္ပါယ် ကင်းမဲ့ပြီး အကျိုးမရှိပါဘူး။

အဲဒါက ဒီဘုံရဲ့ ယင်ရှီတွေ သိပ်သည်းပြီးတော့မှ ဖြစ်ပေါ်လာခဲ့တာပါ။ ဒါကြောင့် သူက အဲဒါကို ရတနာ တစ်သန်းမြို့ရဲ့ မြေအောက်မှာ ဂက်ပါ အစီအရင် တစ်ခုကို အသုံးပြုပြီးတော့ ပိတ်ဆို့ထား ရပါမယ်။ ဒါပေမဲ့ အဲဒီဂက်ပါ အစီအရင်က အလောင်းတစ်ထောင်ဂိုဏ်းအတွက် အသက်သွင်းဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ ဂက်ပါမျိုး ဖြစ်ရပါလိမ့်မယ်။

လင်းဟန်က တင်းပင်းကို အင်ပါယာ မြို့တော်ဆီကို ပြန်ခေါ်သွားခဲ့ပါတယ်။ တစ်ဖက်မှာ သူက ကမ္ဘာကြီး တစ်ခုလုံးကို တင်းပင်းဟာ သူ့တပည့်ဖြစ်တယ်ဆိုတာကို ကြေညာခဲ့ပါတယ်။ တစ်ဖက်မှာ သူက အဖွဲ့အားလုံးကို ဖိတ်ခေါ်ပြီးတော့ နောက်ဆုံး အစည်းအဝေးတစ်ခု ကျင်းပဖို့ ပြင်ဆင်လိုက်ပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတဲ့နောက်မှာ သူက မျက်စိအောက်က အပျောက်မခံတဲ့ ဓားစာခံ တစ်ယောက်

ဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် မိုးရေကောရာဇ်က အုပ်ချုပ်သူ ဖြစ်လာပြီးတော့ အုပ်ချုပ်ရေး အဖွဲ့အတွင်းမှာ အမြင့်ဆုံး ဩဇာအာဏာနဲ့ ဆုံးဖြတ်ပိုင်ခွင့် ရှိရပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒါက ဘာမှတော့ မကွာခြားပါဘူး။ လင်းဟန်က အမြဲတမ်းလိုလို အုပ်ချုပ်သူ တစ်ယောက် ဖြစ်ပေမဲ့ နိုင်ငံကိစ္စနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ ဖြေရှင်းတာမျိုး မရှိပါဘူး။ သူမသေသွားသရွေ့တော့ အဲဒါက လုံလောက်ပါတယ်။ တကယ်တော့ သူ့ရဲ့ တည်ရှိမှုကြောင့် နည်းနည်းလေး အရာထင်နေပါလိမ့်မယ်။

အဲဒါက လင်းဟန်ကို မှင်တက်အံ့ဩသွား စေခဲ့ပါတယ်။ ကောရာဇ်တစ်ယောက် ဖြစ်လာတဲ့ အချိန်မှာ သူက အောင်မြင်တာလား ကျရှုံးတာလား။

မိုးကောင်းကင်ကို ခွဲပြီးတဲ့နောက်မှာ ကလန်တချို့က တန်ခိုးရှင်ဘုံရဲ့ အင်အားစုတွေနဲ့အတူ ပေါင်းပြီးတော့ ကြံစည်ပြီး မဟာလင်း အင်ပါယာအားနည်းပြီးတော့

နိုင်ငံအတွင်းမှာ စည်းလုံးမှု ပြိုကွဲစေပါလိမ့်မယ်။ ဒါကြောင့် အခုချိန်မှာ ဦးဆောင်ပြီးတော့ ရှင်းလင်းထားမှပဲ သင့်တော်ပါလိမ့်မယ်။ သစ္စာမရှိတဲ့ လူတွေအားလုံးကို ရာထူးကနေ ပြန်လည်ရုပ်သိမ်း ရပါလိမ့်မယ်။

ဒါကို လင်းဟာန်ကိုယ်တိုင် လုပ်စရာ မလိုပါဘူး။ သူက ခန်းကလန်ဆီကို ခရီးထွက်လာခဲ့ ပါတယ်။

ကောင်းကင်အဆင့် မှော်ဆေးပညာရှင် ခန်းဇီရှီက သူ့ရဲ့တပည့်ဖြစ်သူ ခန်းရှုယွမ်ရဲ့ မျိုးဆက် တစ်ယောက် ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က စုံစမ်းစစ်ဆေးပြီးတဲ့ နောက်မှာတော့ ဒီခန်းကလန်ဟာ ခန်းရှုယွမ်ရဲ့ မျိုးဆက်သွေး တစ်ဂက်လောက်ပဲ ပါပါတယ်။ ခန်းကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်က ခန်းရှုယွမ်ရဲ့ မွေးစားသား ဖြစ်ပါတယ်။ သူကဘယ်လို လုပ်သွားလဲ မသိပါဘူး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် နောက်မျိုးဆက် တန်ခိုးရှင်ဘုံကို အတူတကွ ဂင်သွားလို့ မရတာကြောင့် သူ့ရဲ့မျိုးဆက်သွေးကို ချန်ထားခဲ့တာ ဖြစ်ပါတယ်။

သူ့တပည့်လေးယောက်ကို မတွေ့ခင်မှာ လင်းဟန်က သူ့အကြောင်းကို ထုတ်ဖော်ဖို့ ဆန္ဒ မရှိပါဘူး။ အဲဒီနောက် သူက နှုတ်ဆက်ပြီးတော့ ထွက်သွားတဲ့ အချိန်မှာ ခန်းကလန်ရဲ့ အဖွဲ့သားတွေကို စိတ်တထင့်ထင့် ဖြစ်စေခဲ့ပါတယ်။ အရှင်မင်းကြီးက ဘာကိုဆိုလိုတာလဲ။

လင်းဟန်ရဲ့ လက်ရှိစွမ်းအင်နဲ့ လွှမ်းမိုးနိုင်စွမ်းက အရမ်းကို ကြီးမားလွန်းပါတယ်။ အတိတ်တုန်းက ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေ အားလုံးက ဖြုတ်ထုတ်ထားပါတယ်။ သူတို့ကို လာကြည့်ဖို့ မလိုပါဘူး။ ဒါပေမဲ့ အခုတော့ ကုန်းမြေအားလုံးက အင်ပါယာရဲ့ ဩဇာအောက်မှာ ကျရောက်နေပြီး ကောင်းကင်အဆင့် မှော်ဆေးပညာရှင်တွေတောင် သူတို့ရဲ့ ခေါင်းကိုငုံ့ပြီးတော့ ဂါရဝ ပြုရပါလိမ့်မယ်။

မှော်ဆေးပညာရှင် အဖွဲ့အစည်းက သီးသန့်အနေနဲ့

ရပ်မတည်တော့ပါဘူး။ အုပ်ချုပ်ရေးအပိုင်းရဲ့ ထိန်းချုပ်မှုအောက်က အင်အားစုတစ်ခု ဖြစ်လာခဲ့ပြီး အင်ပါယာရဲ့ စွမ်းအားကို တည်မြဲစေဖို့ ကြိုးစားဆောင်ရွက်ကြရပါတယ်။

လင်းဟန်က လူငယ်မျိုးဆက်ရဲ့ ပါရမီရှင်တွေကိုလည်း ဆင့်ခေါ်ခဲ့ပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတဲ့နောက်မှာ လင်းဟန်အနေနဲ့ သူတို့ကိုယ်ပိုင် တိုးတက်ရာ တိုးတက်ကြောင်းအတွက် တန်ခိုးရှင်ဘုံထဲက စမ်းသပ်မှုတွေကို ဖြတ်ကျော်ဖို့အတွက် သူတို့တွေ စွန့်စားသွားလာဖို့ မျှော်လင့်ပါတယ်။ သူတို့တွေ အောင်မြင်မှု ရရှိပြီးရင် မဟာလင်း အင်ပါယာကို ပြန်လာပြီးတော့ တာဝန်ထမ်းဆောင်ဖို့ မျှော်လင့်ထားပါတယ်။

ဒါက အရမ်းအန္တရာယ်များတဲ့ တာဝန်ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံမှာ သူတို့ရဲ့ နောက်ခံအင်အားက အချည်းနှီးပါပဲ။ နောက်ပြီးတော့ တန်ခိုးရှင်ဘုံထဲက လက်ရွေးစင် အရေအတွက်က မိုးကောင်းကင်ပေါ်က

တိမ်တွေလိုမျိုး ရေတွက်လို့ မရပါဘူး။ လင်းဟန်တောင်မှ ယှဉ်လို့ မရနိုင်ပါဘူး။ မဟာလင်း အင်ပါယာကနေ ထွက်ခွာသွားတာနဲ့ သူတို့တွေက သေခြင်းတရားနဲ့ အချိန်မရွေး ရင်ဆိုင်ရပါလိမ့်မယ်။

ဒါပေမဲ့ ဒီနည်းလမ်းတစ်ခုကပဲ ပါရမီရှင်တွေကို နောက်ပိုင်းမှာ လက်ရွေးစင်တွေ ဖြစ်လာစေနိုင် ပါတယ်။

ဂမ်ရီကျန်း၊ ရွှမ်ယွမ်ဇီကွမ်းနဲ့ တခြားသူတွေက မချိတင်ကဲ နောင်တရသလို ခံစားနေကြ ရပါတယ်။ အတိတ်တုန်းက လင်းဟန်က သူတို့နဲ့ ခွန်အားခြင်း တူညီတယ်လို့ သတ်မှတ်လို့ ရပြီးတော့ သူတို့ထက်တောင် နိမ့်ကျတယ်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ အခုတော့။ တစ်ဖက်လူက ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး လူဖြစ်လာပြီးတော့ သူတို့ကတော့ နတ်အသွင် ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။

အဲဒါက ဒီကမ္ဘာကြီးထဲမှာ ပြိုင်ဘက်ကင်း မွန်းစတားတွေလည်း ရှိနေသေးတယ် ဆိုတာကို သူတို့တွေ သိသွားကြပါတယ်။ ပြီးတော့ ဘယ်သူ့ကိုမဆို သူတို့တွေ ဘယ်တော့မှ ယှဉ်လို့ ရမှာမဟုတ်ပါဘူး။

လင်းဟန်ရဲ့ စကားလုံးတွေက သူတို့ကို သတ္တိတွေ ဖြစ်ပေါ်စေပါတယ်။ ဒီလူငယ်တွေက အနာဂတ် မဟာလင်း အင်ပါယာရဲ့ ထောက်တိုင်တွေ ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ သူက သူတို့အပေါ်မှာ ကြီးကြီးမားမား မျှော်လင့်ထားပါတယ်။ ဒါပေမဲ့ လင်းဟန်က အရမ်းကြီးတော့ မှီခိုမနေပါဘူး။ မဟာလင်း အင်ပါယာအတွက် သူက အကြီးမားဆုံး အကျိုးဆောင်သူ ဖြစ်ပါတယ်။ သူ့ကိုယ်ပိုင် ခွန်အားကို သူယုံကြည်ပါတယ်။ သူ့ကိုယ်သူ အားကောင်းအောင် လုပ်မယ်ဆိုရင် သူက အမှန်အကန် အစွမ်းထက် လာနိုင်ပါတယ်။

သူက သူ့လူတွေ အတွက်လည်း အကောင်းဆုံး

လုပ်ဆောင်ပေးရပါမယ်။ လင်းဟန်က ယွဲ့ခိုင်ယုကို ပိုပြီးတော့ ဂရုစိုက်ပြီး သူ့ကို ကျင့်ကြံခြင်း အရင်းအမြစ် ပေါင်းစုံကို အကန့်အသတ်မရှိ ထောက်ပံ့ပေးပြီး လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေ တော်တော်များများကိုလည်း လက်ဆင့်ကမ်း သင်ကြားပေးခဲ့ပါတယ်။

ဒါပေမဲ့လည်း လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေကို တခြားလူ တစ်ယောက်ကို လက်ဆင့်ကမ်း ပေးတာက ရိုးရှင်းတဲ့ သာမန်ကိစ္စတစ်ခု မဟုတ်ပါဘူး။ စိတ်ထဲကနေ လျှို့ပှက်နည်းစနစ်ရဲ့ အမှတ်အသားတွေကို ခွာယူပြီးဖို့ လိုအပ်ပါတယ်။ အဲဒါက သူကိုယ်တိုင် နာကျင်စေတဲ့ အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေကို ကျယ်ကျယ်ပြန့်ပြန့် မပျံ့နှံ့စေခဲ့ပဲ သူ့ရဲ့ သွေးသောက်ညီအစ်ကို သုံးယောက်ဖြစ်တဲ့ ဖန်ပိုယွမ်၊ မိုးရေကောရာဇ်နဲ့ မုယောင်ချင်းတို့ကိုပဲ လက်ဆင့်ကမ်း ပေးခဲ့ပါတယ်။

အချိန်ကို အကျိုးရှိရှိ အသုံးချပြီးတော့ လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်ဖို့အတွက် စီစဉ်စရာရှိတဲ့ ကိစ္စတွေကို ပြင်ဆင်လိုက်ပါတယ်။ သူ့မှာ နောက်ထပ် အခွင့်အရေး မရှိပါဘူး။

သူ့ရဲ့နံပါတ်ငါး တပည့်ဖြစ်တဲ့ တင်းပင်းကိုလည်း ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ အနာဂတ်မှာ လင်းဟန် ထွက်သွားပြီးတဲ့နောက် တင်းပင်းက မိုးရေကောရာဇ်နဲ့ တခြားသူတွေ အနောက်ကို ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လေ့ကျင့်ဖို့ လိုက်ရပါတယ်။ အဲဒီနောက် သူက မဟာလင်း အင်ပါယာကနေ ထွက်ခွာပြီး သူ့ကိုယ်ပိုင် အတွေ့အကြုံ ရရှိဖို့ သင်ယူရပါမယ်။

လဂက်ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ကမ္ဘာကြီး တစ်ခုလုံးကို မဖိတ်ခေါ်ခဲ့ပါဘူး။ သူ့မှာ ယုံကြည်ချက် မရှိလို့ မဟုတ်ပါဘူး။ သူအောင်မြင်ရမယ်ဆိုပြီးတော့ ယုံကြည်နေတာကြောင့် သူ့ရဲ့ ကြီးကျယ်ခမ်းနားမှုကို တခြားသူတွေ မျက်မြင်ကြုံတွေ့ဖို့ မလိုပါဘူး။ နာမည်ကျော်ကြားမှုက တချို့အတွက်တော့ အရေးပါကောင်း ပါပါလိမ့်မယ်။ သူ့အတွက်တော့ ဘာမှမထူးပါဘူး။

Chapter 879 end

အပိုင်း(880) လင်းဟာန်က မိုးကောင်းကင်ကို ခွဲဖွင့်ပြီ

ဒါပေမဲ့လည်း မိုးကောင်းကင်ကို ခွဲဖွင့်တယ်ဆိုတဲ့ ဒီလိုမျိုး အဓိကကျတဲ့ အချိန်အခမှာ ဘယ်လိုလုပ်ပြီးတော့ သတင်းအချက်အလက် နည်းနည်းလောက် ပေါက်ကြားသွားမှာကို ခွင့်ပြုနိုင်ရမှာလား။ နောက်ပြီးတော့ လင်းဟာန်က အဲဒါကို ဖုံးကွယ်ထားဖို့ ဆန္ဒမရှိပါဘူး။ သူက မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ နေ့ရက်ကို ကမ္ဘာကြီး တစ်ခုလုံးဆီ ကြေညာခဲ့ပါတယ်။ ဒါပေမဲ့ သူက ဒီအခမ်းအနားကို

တက်ရောက်ဖို့အတွက် တခြားသူတွေ လာဖို့ ဖိတ်ကြားမှု မလုပ်ခဲ့ပါဘူး။

နားစွင့်ထားတဲ့ အဖွဲ့အစည်းတွေကတော့ ဒီအဖြစ်အပျက်ကို မျက်မြင်ကိုယ်တွေ့ မြင်ရဖို့အတွက် အပြေးအလွှား ရောက်လာခဲ့ကြပြီး ပင်လယ်မျိုးနွယ်စုကိုလည်း ချန်ထားလို့ မရပါဘူး။

ဒါပေမဲ့လည်း ကျရှုံးမှု တစ်ကြိမ်ကို ကြုံတွေ့ပြီးတဲ့ နောက်မှာ အားလုံးက လင်းဟာန်နဲ့ ပတ်သက်ပြီး အရမ်းကြီး မျှော်လင့်မထားကြပါဘူး။

မာထို့ပေါင်လို အစွမ်းထက်တဲ့ ကမ္ဘာကြီးရဲ့ နံပါတ်တစ် သတ်ဖြတ်ခြင်း ဂက်ပါတောင်မှ တန်ခိုးရှင်ဘုံက လက်ရွေးစင်တွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ လင်းဟာန်က ဘယ်လောက်ပဲ သန်မာပါစေ သူက

မာထို့ပေါင်ကို ယှဉ်နိုင်မှာလား။ အနည်းဆုံးတော့ ဒီလိုမျိုး ကိစ္စက တစ်နှစ်ကျော် အချိန်အတွင်းမှာ အောင်မြင်နိုင်မဲ့ အရာတစ်ခု မဟုတ်ဘူးလေ။

တကယ်လို့ လင်းဟန်က နောက်ထပ် နှစ်ပေါင်းတစ်ရာ အကြာမှာ မိုးကောင်းကင်ကို ခွဲဖွင့်မယ် ဆိုရင်တော့ အခွင့်အရေးတစ်ခု ရကောင်းရနိုင်ပါတယ်။ ဒါပေမဲ့ အခုလား။

အားလုံးက ဘာဖြစ်လို့ လင်းဟန်က အခုလုပ်ရတာလဲ ဆိုတာကို သိချင်နေပါတယ်။ တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ကျူးကျော်လာမဲ့ နေ့ကလည်း တဖြည်းဖြည်း နီးကပ်လာခဲ့ ပါပြီ။ အဲဒီအချိန်ကျရင် ဘုံစွမ်းအားရဲ့ ဖိနှိပ်မှု ရှိနေရင်တောင် ဒီအစွမ်းထက်တဲ့ လက်ရွေးစ်တွေက တန်ခိုးရှင်အဆင့် တိုက်ခိုက်မှု တစ်ခုကို ပေါက်ကွဲထွက်နိုင်တဲ့ အခွင့်အလမ်းတွေ ရှိပါလိမ့်မယ်။ သူတို့ရဲ့ ဂင်ရောက်စွက်ဖက်မှုနဲ့ဆို မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ မျှော်လင့်ချက်က ပိုပြီးတော့တောင် နည်းပါးသွားပါလိမ့်မယ်။

မကြာခင်မှာ ပြီးသွားပါလိမ့်မယ်။

လူတွေက သူတို့ရဲ့ နှလုံးသားထဲကနေ ဆုတောင်းနေကြပါတယ်။ လင်းဟန် အောင်မြင်မှုပဲ သူတို့တွေက လောကဘုံ ဆေးလုံး အဖြစ်ကို မကြာခင် သန့်စင်ခံရမဲ့ဘေးက လွတ်ပါလိမ့်မယ်။ သူတို့ရဲ့ အသက်တွေကို အသုံးချပြီးတော့ တန်ခိုးရှင်ဘုံက လက်ရွေးစင်တွေရဲ့ ကျင့်ကြံခြင်း တိုးတက်ဖို့အတွက် အသုံးချခံ ပစ္စည်းတွေ ဖြစ်လာပါလိမ့်မယ်။

ဒီကိစ္စကို စဉ်းစားကြည့်လိုက်ရင် သွေးအန်လုမတတ် ဒေါသတွေ ဖြစ်စေပါတယ်။

ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်သောင်းတုန်းက ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ကို အဆက်မပြတ် အယူအဆ

အသစ်တွေ ရိုက်သွင်းပေးရတဲ့ တစ်ခုတည်းသော အကြောင်းရင်းပဲ ဖြစ်ပါတယ်။ ပါဂင်ပစ္စည်းတွေကို မဖြုန်းတီးသင့်ပါဘူး။

"ကောင်စုတ်လေး မင်းသေချာရဲ့လား"

ဟော့လျန်ထန်းယွင်က မျက်နှာတင်းတင်းနဲ့ မေးလိုက်ပါတ်။ လက်ရှိမှာ သူ့ခွန်အားက အထွတ်အထိပ် အခြေအနေကို ပြန်ရောက်ရှိနေပြီး အဲဒါထက်တောင် သာလွန်နေပါပြီ။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ် နှစ်ဆယ့်တစ်လုံးကို ရောက်ရှိနေပြီး အစတုန်းက မာထို့ပေါင်မှာ ရှိတဲ့ တိုက်ပွဲစွမ်းရည်ထက် အတော်လေး အစွမ်းထက်နေပါပြီ။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကို ငါရိုက်တာ မလုံလောက်သေးဘူးနဲ့တူတယ်"

ဟော့လျန်ထန်းယွင်က ဂမ်းနည်းညှိုးငယ်သလို ခံစားလိုက်ရပါတယ်။ သူက လင်းဟာန်နဲ့ အရင်က တိုက်ခိုက်ခဲ့ပြီး လင်းဟာန်က နိုင်ငံစွမ်းအားကိုတောင် အသုံးမချပဲ သူ့ကို လုံးဝအနိုင်ယူခဲ့ပါတယ်။ သူက သနားစရာ ကောင်းလောက်အောင် အရိုက်ခံခဲ့ ရပါတယ်။

"မင်းက တကယ့်ကို မကောင်းဆိုးဝါး တစ်ကောင်ပဲ။ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အစွမ်းထက်ရုံတင်မက မင်းရဲ့ ပကတိ ခွန်အားကလည်း ထိတ်လန့်တုန်လှုပ်စရာ ကောင်းတယ်"

ဟော့လျန်ထန်းယွင်က သူ့မျက်လုံးတွေကို ပြူးပြလိုက်ပါတယ်။

"အခု ဘယ်သူက အစစ်အမှန် နဂါးရဲ့ မျိုးဆက်လဲ

ဆိုပြီးတော့ ငါသံသယ ဝင်နေမိပြီ”

ဒဏ္ဍာရီတွေမှာ ပြောကြတာတော့ အစစ်အမှန်နဂါးရဲ့ စွမ်းအားက အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ပြီးတော့ အဲဒီအချက်ကြောင့်ပဲ တန်ခိုးရှင်ဘုံမှာ အစစ်အမှန် နဂါးရဲ့ အထွတ်အထိပ် စွမ်းအားကို ခွန်အားအမှတ်အသား အဖြစ် အသုံးပြုကြပါတယ်။

လင်းဟန်မှာက အစစ်အမှန် နဂါးသွေးမျိုးဆက် မရှိပါဘူး။ ဒါပေမဲ့ သူ့စွမ်းအားက သူ့လိုမျိုး အစစ်အမှန် နဂါးသွေးမျိုးဆက် အသန့်စင်ဆုံး မျိုးဆက်ကိုတောင်မှ သာလွန်နိုင်စွမ်း ရှိပါတယ်။ ဒါက လုံးဂကို မယုံနိုင်စရာပါပဲ။

လင်းဟန်က ပြုံးလိုက်ပါတယ်။ အစစ်အမှန် နဂါးတွေက တန်ခိုးရှင်ဘုံထဲမှာ အစွမ်းထက်ဆုံး ဖြစ်စရာ မလိုပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နဂါးကိုးကောင် ခန္ဓာကိုယ်က

ဟာသတစ်ပုဒ် ဖြစ်သွားပါလိမ့်မယ်။ နောက်ပြီး လူတစ်ယောက်က အပေးကြီးကို ကြည့်စရာ မလိုပါဘူး။ သူ့ရဲ့ နံပါတ်ငါး တပည့်ဖြစ်တဲ့ တင်းပင်းကိုပဲ ဥပမာ အနေနဲ့ ကြည့်ပါ။ တကယ်လို့ တင်းပင်းက နဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်ကို မကျင့်ကြံခဲ့ဘူးဆိုရင် သူ့ရဲ့ စွမ်းအားက အဆင့်တူထဲက သိုင်းပညာရှင်တွေထက် ဆယ်ဆလောက်ပဲ ပိုများပါလိမ့်မယ်။ အဆင့်တူထဲက လူတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အစစ်အမှန် နဂါးသွေးမျိုးဆက်က အစွမ်းထက်လိမ့်မယ် မဟုတ်ဘူးလား။

ဒါကြောင့် တန်ခိုးရှင်ဘုံထဲမှာ အစစ်အမှန် နဂါးထက် မယှဉ်နိုင်စရာကောင်းတဲ့ သက်ရှိတွေတောင် ရှိနေနိုင်ပါတယ်။

“မင်းရဲ့တပည့်လည်း လူထူးလူဆန်း တစ်ယောက်ပဲ”

ဟော့လျန်ထန်းယွင်က ရုတ်တရက် အဲဒါကို စဉ်းစားမိသွားပုံ

ရပြီးတော့ ပိုပြီးတော့တောင် စိတ်မချမ်းမမြေ့
ဖြစ်သွားပါတယ်။

လူထူးလူဆန်းတစ်ယောက် ထွက်ပေါ်လာတာက
မလုံလောက်သေးဘူးလား။ အခု နောက်ထပ်
ဒုတိယတစ်ယောက် ပေါ်လာခဲ့ပါပြီ။

"ဒါပေမဲ့ မင်းမှာတိုးတက်ဖို့ အခန်းတွေ ရှိနေသေးတယ်။
ဘာဖြစ်လို့ မစောင့်တော့တာလဲ"

ဟော့လျန်ထန်းယွင်က နောက်တစ်ကြိမ်
အကြံပြုလိုက်ပါတယ်။ အနည်းဆုံး လင်းဟန်က
စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ကျင့်ကြံလို့ ရပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ မိုးကောင်းကင်ကို
ခွဲဖွင့်ပြီးတဲ့နောက်မှာ ကမ္ဘာငယ်လေးရဲ့ စည်းမျဉ်းဥပဒေ
စွမ်းအားက တန်ခိုးရှင်ဘုံမှာ သုံးလို့ရလိမ့်မှာ မဟုတ်ပါဘူး။

အဲဒါက အချိန်ဖြုန်းတာ တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက တန်ခိုးရှင်ဘုံကို ဂင်ပြီးမှပဲ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ကျင့်ကြံရပါလိမ့်မယ်။

“မိုးကောင်းကင်ကို ခွဲဖွင့်ပြီးရင် တင်းပင်းက မင်းရဲ့ လမ်းညွှန်မှုအောက်မှာ လေ့ကျင့်ရလိမ့်မယ်။ ငါကမင်းကို နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို လက်ဆင့်ကမ်းပေးမယ်။ တကယ်လို့ မင်းက ဒီကလေးကို ကောင်းကောင်း မလေ့ကျင့်ပေးရင် မင်းကို နောက်ပိုင်းမှာ အစိတ်စိတ် အပိုင်းပိုင်း ဖြတ်ပစ်ရလိမ့်မယ်”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို လက်ခံပြီးတဲ့ အချိန်မှာ ဟော့လျန်ထန်းယွင်က ချက်ချင်းပဲ စိတ်လှုပ်ရှားပြီးတော့ ပြောလိုက်ပါတယ်။

“ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး နည်းစနစ်တစ်ခု ရှိနေလိမ့်မယ်လို့ ငါမထင်မှတ်ထားမိခဲ့ဘူး။ အစစ်အမှန် နဂါးထက် သာလွန်နိုင်တဲ့ စွမ်းအားအမျိုးအစား တစ်ခုရှိတယ်ဆိုတာကို ငါရှာတွေ့လိမ့်မယ်ဆိုတာ မယုံနိုင်စရာပဲ။ ဟားဟား ငါ့ဒီကျင့်ကြံခြင်းကို အောင်မြင်တဲ့အထိ မင်းစောင့်နေလိုက်။ တန်ခိုးရှင်ဘုံ တစ်ခုလုံးကို ငါသိမ်းပိုက်ပြီးတော့ တခြားခွေးကောင်တွေကို ဒူးထောက်ခိုင်းပြီး အရှုံးကို ဝန်ခံခိုင်းရမယ်”

“ဟားဟား အဓိပ္ပါယ် မရှိတာတွေ ပြောမနေပါနဲ့။ ငါက အချိန်ဆွဲပြီးတော့ အီးရောအီးရော လုပ်နေတယ်လို့ တခြားသူတွေ ပြောနေပါဦးမယ်”

လင်းဟန်က သူ့လက်ကို ပွေ့ယမ်းပြီးတော့ မိုးကောင်းကင်ကို မော့ကြည့်ပြီး ရုတ်တရက် အပေါ်ကို ပျံတက်လိုက်ပါတယ်။

“ဒီနေ့မှာ ငါ မိုးကောင်းကင်ကို ခွဲဖွင့်မယ်”

သူက အထိမ်းအမှတ် ရုပ်တုကနေ တစ်ဆင့် ကျောက်တုံးကြီး တစ်ခုလုံးကို ကြေညာလိုက်ပါတယ်။ သူကြေညာလို့ ပြီးတာနဲ့ ချက်ချင်းဆိုသလို ကျောက်တုံးကြီး တစ်ခုလုံးက လူတွေရဲ့ အော်ဟစ်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

သူက အဓိက အင်အားစု အားလုံးကို လာရောက်ပြီး အခမ်းအနားကို တက်ဖို့ မဖိတ်ကြားခဲ့ပါဘူး။ ဒါပေမဲ့ မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ ဒီလိုမျိုး အရေးကြီးတဲ့ အစီအစဉ် တစ်ခုကို လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်မဲ့ နေ့ရက်ကို မရောက်မချင်း သတင်းမပေးခဲ့ပါဘူး။ သူ့ကိုယ်သူ ထုတ်ပြလိုက်တဲ့ အချိန်မှာ အင်ပါယာမြို့တော်ရဲ့ အပြင်ဘက် အနီးအနား ဂန်းကျင်မှာ အချိန်အကြာကြီး စောင့်နေတဲ့ အဓိက အင်အားစုအသီးသီးက စိုးရိမ်ကြောင့်ပြီး ပူပန်လာခဲ့ကြပါတယ်။

တကယ်လို့ လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ နေရာမှာ ကျရှုံးသွားခဲ့ရင် သူတို့တွေက ကံတရားကို လက်ခံရပါတော့မယ်။ တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက အခွင့်ကောင်း ယူပြီးတော့ ကျူးကျော်လာပြီး သူတို့ရဲ့ အသက်တွေကို ကျေကျေနပ်နပ်နဲ့ သတ်ဖြတ်ပစ်ကြပါလိမ့်မယ်။ အဲဒီနောက် အချိန်ကျလာတဲ့ အခါမှာ သူတို့ရဲ့ ကံတရားကို ကျေကျေနပ်နပ်နဲ့ လက်ခံမလား ဒါမှမဟုတ် ကိုယ့်ကိုကိုယ် သတ်သေကြမလား။

သူတို့မှာ မျှော်လင့်ချက် တစ်ခုပဲ ရှိပါတယ်။

နောက်ပြီးတော့ တစ်ကြိမ် ဆုံးရှုံးမှု အရသာကို ခံစားပြီးတဲ့ နောက်မှာ အထူးသဖြင့် အောင်မြင်လုနီးပါး ဖြစ်ခဲ့တဲ့ အချိန်ပြီးတဲ့ နောက်မှာ သူတို့ရဲ့ နှလုံးသားတွေက ခုခံနိုင်စွမ်း မရှိအောင် အားနည်းလာခဲ့ပါတယ်။

သူ အောင်မြင်မှ ဖြစ်ပါမယ်။

“ဆရာသခင်”

တင်းပင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတ်ယ။ အခု သူက မိုးကောင်းကင်ကို ဘာဖြစ်လို့ ခွဲလဲဆိုတာကို နားလည်သဘောပေါက် နေပြီဖြစ်ပါတယ်။ လင်းဟန်ရဲ့ ကျရှုံးခြင်းက သက်ရှိအားလုံး ပျက်စီးမဲ့ သဘောကို ဆောင်ပါတယ်။ သူက သူ့ကိုယ်သူ မုန်းတီးနေခဲ့ပါတယ်။ သူ့ရဲ့ ခွန်အားက ဘာဖြစ်လို့ အရမ်းကို အားနည်းနေပြီးတော့ ဘာမှမကူညီနိုင်ပဲ ရပ်ကြည့်နေရုံပဲ တတ်နိုင်ရတာလဲ။

“ကောင်လေး မင်းရဲ့ ကျင့်ကြံခြင်းအပေါ်မှာ အာရုံစိုက်ပြီးတော့ အစွမ်းကုန် ကြိုးစားပေတော့။ မင်းရဲ့

အနာဂတ် အောင်မြင်မှုက မင်းရဲ့ ဆရာသခင်ထက် နိမ့်ကျမှာ မဟုတ်ဘူး”

ဟော့လျန်ထန်းယွင်က ပြောလိုက်ပါတယ်။ ဒီလူသားက သူ့ကို ကြောက်မက်ဖွယ်ရာ ခံစားမှုကို ပေးစွမ်းနိုင်ပါတယ်။ သံသယ ရှိစရာ မလိုအောင် သူ့ရဲ့ ခွန်အားတွေက အစွမ်းထက်နေတာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ အဲ့ဓါက အဆတစ်ရာလောက် ပေါက်ကွဲထွက် နေပါတယ်။ ဒီစွမ်းအားက တကယ်လို့ စိတ်ဂိညာဉ် ချီကို သူကျင့်ကြံအားမထုတ်ခဲ့ဘူးဆိုရင်တောင် အံ့အားသင့်စရာ ကောင်းနေပါလိမ့်မယ်။

သူ့လိုမျိုး လူထူးလူဆန်းကပဲ မူလစွမ်းအားကို လေ့ကျင့်စရာ မလိုခဲ့ပါဘူး။ အဲ့ဒါက အချိန်ဖြုန်းခြင်း တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မူလစွမ်းအားက ခွန်အားမှာ အဆတစ်ရာလောက် မပေါက်ကွဲနိုင်ပါဘူး။

တင်းပင်းက ခေါင်းညိတ်လိုက်ပါတယ်။ သူက ဆရာသခင်ရဲ့

ဂန်ထုပ်ဂန်ပိုးကို မျှဝေခံစား ပေးချင်ခဲ့ပါတယ်။
တန်ခိုးရှင်ဘုံကို ဂင်ပြီးတဲ့နောက်မှာ သူ့ဆရာသခင်က
မျက်စိအောက်က အပျောက်မခံတဲ့ ဓားစာခံ တစ်ယောက်
ဖြစ်လာဖို့ ဖိအားပေးခံရမယ် ဆိုတာကို သိထားပါတယ်။
နိုင်ငံဦးသျှောင် တစ်ယောက် အနေနဲ့ ဘယ်လောက်တောင်
အရှက်ခွဲ စော်ကားခံလိုက်ရတာ ဖြစ်နေမလဲ။ လင်းဟာန်ရဲ့
တပည့်ဖြစ်လာပြီးတော့ သူကိုယ်တိုင်လည်း
နာကျင်ခံစားရသလိုမျိုး ခံစားလာရပါတယ်။

ငါပိုပြီးတော့ သန်မာလာရမယ်။ ပြီးတော့ ဆရာသခင်ရဲ့
ညာလက်ရုံး တစ်ယောက် ဖြစ်လာပြီး ဆရာသခင်ရဲ့
နောက်ကွယ်မှာ ပုန်းနေရမဲ့အစား ဒီဖိအားတွေကို
ငါတစ်ယောက်တည်းပဲ ခံယူနိုင်ရမယ်။

"မင်းအောင်မြင်ရမယ်"

မိုးရေကောရာဇ်၊ ဖန်ပိုယွမ်၊ မုယောင်ချင်း၊ ယွဲ့ခိုင်ယုနဲ့ တခြားသူတွေ အားလုံးက သူတို့ရဲ့ လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းအောင်မြင်ရမယ်"

အားလုံးက သူတို့ရဲ့ နှလုံးသားတွေ အထဲမှာ အော်ဟစ်နေကြပါတယ်။ သူတို့ရဲ့ အသက်ရှူသံကို သူတို့ပြန်ကြားနေပြီး ထိတ်လန့်တုန်လှုပ်ပြီး သည်းထိတ်ရင်ဖို ခံစားနေကြ ရပါတယ်။

အောက်ဘုံက ဘယ်တော့မှ နောက်မဆုတ် အရှုံးမပေးဘူးကွ။

လင်းဟန်က အရမ်းကို တည်ငြိမ်နေသလို ခံစားရပါတယ်။ တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းဟာ ဂဋုန်နန်းတော်က လက်ရွေးစင်တွေလောက် မသန်မာသရွေ့ သူ့အနေနဲ့

လုံးဂကို မကြောက်ပါဘူး။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ စွမ်းအားက နေလအဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် အစွမ်းထက်ဆုံး လက်ရွေးစင် တစ်ယောက်က ဘယ်ကနေ လာမှာလဲ။

သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်က မာထို့ပေါင်ရဲ့ အဆင့်နဲ့ လုံးဂကို ကွာခြားပါတယ်။ နောက်ပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား အဆင့်ကို ရောက်ရှိနေပါပြီ။ တန်ခိုးရှင်ဘုံက တိုက်ခိုက်မှုတွေက ဘုံစွမ်းအားကြောင့် အားနည်းသွားပြီးတဲ့နောက်မှာ သူက အားလုံးကို ဖျက်ဆီးပစ်လိုက် နိုင်ပါတယ်။ ပြီးတော့ သူ့ဆံပင်မွေးတစ်ချောင်းကိုတောင် ထိခိုက်ဒဏ်ရာ ရရှိလိမ့်မှာ မဟုတ်ပါဘူး။

သူ့အတွက်တော့ မိုးကောင်းကင်ကို ခွဲဖွင့်တယ်ဆိုတာက

ခရီးတစ်ခု ထွက်သလိုပါပဲ။

ရှပ်။

သူက တောင်နဲ့မြစ် ပုဆိန်ကို ဆွဲထုတ်လိုက်ပါတယ်။

“အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ။
သက်တော်ရာကျော် ရှည်ပါစေ”

ကမ္ဘာကြီးတစ်ခုလုံးက လူတွေရဲ့ အော်ဟစ်သံက
အထိမ်းအမှတ် ရုပ်တုကို ဖြတ်ပြီးတော့ ကြီးမားကျယ်ပြန့်တဲ့
ပင်လယ်ကြီး တစ်ခုလိုမျိုး အတူတကွ စုစည်းသွားပါတယ်။

လင်းဟန်က တောင်နဲ့မြစ် ပုဆိန်ကို ဆုပ်ကိုင်ထားပါတယ်။
ကြောက်မက်ဖွယ်ရာ အင်အားတစ်ခုက

စတင်လည်ပတ်လာပြီး တောင်နဲ့မြစ် ပုဆိန်က တလက်လက် တောက်ပလာခဲ့ပြီး အဆုံးမဲ့ စွမ်းအားတွေ ထွက်ပေါ်လာခဲ့ပါတယ်။

သူက လက်ရှိမှာ အရမ်းကို အစွမ်းထက်နေပြီး ပကတိ အင်အားနဲ့ မူလစွမ်းအင်က အတူတကွ ပေါက်ကွဲထွက်လာခဲ့ပါတယ်။ သူ့ရဲ့ခွန်အားက ကြယ်ဆယ့်သုံးလုံးကို ရောက်နေပြီး သိုင်းပညာနဲ့ လျှို့ဝှက်နည်းစနစ် အားလုံးကို ပေါင်းပြီးတော့ လည်ပတ်လိုက်တဲ့ အခါမှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့်သုံးလုံးကို ရရှိသွားခဲ့ပါတယ်။

သူက နိုင်ငံစွမ်းအားကို အကျိုးရှိရှိ အသုံးချခဲ့ပါတယ်။ အဲဒါက မာထို့ပေါင်ရဲ့ အဆုံးစွန် တိုက်ပွဲစွမ်းရည် ဖြစ်ခဲ့ပါတယ်။

ပိုပြီးတော့ ထိတ်လန့်စရာကောင်းတာက သူ့မှာတိုးတက်ဖို့

နေရာလွတ် ရှိနေသေးပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်တာက အစွမ်းကုန် ထုတ်စရာ မလိုဘူးပဲ။

Chapter 880 end

အပိုင်း(881) ကောင်းကင်တာအို မျက်လုံးကို နောက်တစ်ကြိမ် ဖျက်ဆီးခြင်း

ရှုပ်။

လင်းဟာန်က ပုဆိန်ကို တစ်ချက် ခုတ်လွှဲလိုက်တာနဲ့ လေဟာနယ်က ချက်ချင်းဆိုသလို သလင်းကျောက် အပိုင်းအစတွေလိုမျိုး အက်ကွဲပျက်စီး လာခဲ့ပါတယ်။

ဒီပုဆိန်ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ အဲဒါက လေဟာနယ်ကို ချက်ချင်းပဲ ဖျက်ဆီးပစ်လိုက်ပါတယ်။ တစ်ဖက်က တန်ခိုးရှင်ဘုံရဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ပေါ်ထွက်လာခဲ့ပါတယ်။

ဟုမ်း။

Edit with WPS Office

ကောင်းကင်တာအို မျက်လုံး ထွက်ပေါ်လာပါပြီ။ သူ့ရဲ့တာဂန်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး အကြားက မျှခြေကို ဖျက်ဆီးမဲ့ ဘယ်သူ့ကိုမဆို တားဆီးဖို့ပဲ ဖြစ်ပါတယ်။ တကယ်လို့ ကောင်းကင်တာအို မျက်လုံးက အာရုံခံစားနိုင်တဲ့ အသိရှိမယ်ဆိုရင် အရမ်းကို စိတ်မချမ်းမသာ ဖြစ်နေပါ လိမ့်မယ်။ သူက နှစ်ကြိမ်တိုင်တိုင် ရိုက်နက်ခဲ့ခဲ့ရပြီး မိုးကောင်းကင်က နှစ်ခါတောင် ခွဲခံရပါတယ်။ လုံးဂကို ကံမကောင်းတဲ့ နှစ်တစ်နှစ်ပဲလား။

လင်းဟာန်က ကြီးမားတဲ့ ပျက်စီးမှု ဖြစ်စေသလို ကောင်းကင်တာအို မျက်လုံးကလည်း ဆက်ပြီးတော့ မစောင့်တော့ပါဘူး။ သူ့ရဲ့ ရောမ မျက်လုံးကြီးက ချက်ချင်းဆိုသလို ပွင့်လာပြီး အလင်းရောင်တန်း တစ်ခုနဲ့ လင်းဟာန်ကို ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

လင်းဟာန်က သက်သောင့်သက်သာနဲ့ တားဆီးလိုက်ပြီး ပြောပါတယ်။

"တကယ်လို့ မင်းက ငါ့ကိုတားဆီးမယ်ဆိုရင် ငါမင်းကို ဖျက်ဆီးပစ်ရလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ မင်းက ငါ့ကို

Edit with WPS Office

သစ္စာခံမယ်လို့ ကတိပေးရင် မဟာလင်း အင်ပါယာရဲ့ မင်္ဂလာရှိတဲ့ ကာကွယ်သူ တစ်ယောက် ဖြစ်လာလိမ့်မယ်။ မင်းက ထာဝရ တည်ရှိနေရမယ်လို့ ငါကတိပေးနိုင်တယ်"

ဟုမ်း။

လင်းဟန်ကို ပြန်ပြီးတော့ တုံ့ပြန်တဲ့ အနေနဲ့ စည်းမျဉ်းဥပဒေရဲ့ နတ်ဘုရား သံချိန်းကြိုး နှစ်ခုက သူ့ကို ထောင်ချောက်တစ်ခုလိုမျိုး ရစ်ပတ်ဖို့ ပြင်ဆင်လိုက်ပါတယ်။

"ဟင့် မင်းက ခေါင်းမာနေမှတော့ ငါက မင်းကို ဖျက်ဆီးပေးရတော့မှာပေါ့"

အေးစက်စက် အကြည့်နဲ့အတူ လင်းဟန်က ပုဆိန်နဲ့ ခုတ်ချလိုက်ပြီး ချက်ချင်းဆိုသလို ကောင်းကင်တာအိုရဲ့ မျက်လုံးပေါ်မှာ အက်ရာတစ်ခု ဖြစ်ပေါ်လာပြီး ထိပ်ဖျားကနေ အဆုံးထိ တစ်မီတာလောက်နက်တဲ့ အက်ကွဲကြောင်းကြီး ဖြစ်လာခဲ့ပါတယ်။

Edit with WPS Office

သွေးတွေက ချက်ချင်းဆိုသလို အပြင်းအထန်
ပန်းထွက်လာခဲ့ပါတယ်။

ကမ္ဘာကြီးက ရုတ်တရက် ဝမ်းနည်းပူဆွေးသွားသလိုမျိုး အားလုံးရဲ့
စိတ်ထဲမှာ ငိုချင်စိတ်တွေ လှုံ့ဆော်လာခဲ့ပါတယ်။

ကောင်းကင်တာအို မျက်လုံးရဲ့ ဒဏ်ရာက ပိုပြီးတော့ ကြီးမားလာပြီး
အဆုံးမရှိတဲ့ သွေးစီးကြောင်း တစ်ခုက လင်းဟာန်ဆီကို လုံးဂကို
ရွှဲစိုသွားအောင် ပန်းထွက်လာပါတယ်။

"ကလေးကွက်တွေ"

လင်းဟာန်က ပုဆိန်နဲ့ သာမန်ကာလျှံကာ ခုတ်ချလိုက်ပါတယ်။
သွေးစီးကြောင်းက ချက်ချင်းပဲ သူ့ပုဆိန်ချက်ကြောင့်
နှစ်ခြမ်းကွဲသွားပြီးတော့ သူ့ဘေးဖက်ကို စီးသွားခဲ့ပါတယ်။ သူ့ရဲ့
အကြည့်တွေက ကြောက်စရာကောင်းလာပြီး ပုဆိန်နဲ့
နောက်တစ်ကြိမ် ထပ်ခုတ်လိုက်ပါတယ်။

Edit with WPS Office

ပုန်း။

ကောင်းကင်တာအိုရဲ့ မျက်လုံးပေါ်က ဒဏ်ရာက နည်းနည်းချဲ့သွားပြီး နှစ်ပိုင်းပြတ်လုနီးပါး ဖြစ်သွားပါတယ်။

"အရမ်းကို အစွမ်းထက်တာပဲ"

အောက်ကလူတွေက အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ တစ်ခုသိထားရမှာက လင်းဟာန်က အရမ်းကို သန်မာပြီး မွန်းစတား ဆန်ပါတယ်။ အဲဒီအချက်ကို လွန်ခဲ့တဲ့ တစ်နှစ်အကြာက အောင်းဂျန်ကို သတ်ပစ်ခဲ့တဲ့ အချိန်တုန်းက သက်သေပြပြီးပါပြီ။ ဒါပေမဲ့လည်း လူတချို့ကပဲ အောင်းဂျန်ရဲ့ ခွန်အားက ဘယ်လောက်ထိ အစွမ်းထက်တယ် ဆိုတာကိုပဲ သိပါတယ်။ လင်းဟာန်ရဲ့ ပုံရိပ်က သူ့ရဲ့ ကောင်းကင်အဆင့် မှော်ဆေးပညာရှင် တစ်ယောက်ဆိုတဲ့ အဆင်အတန်းကပဲ လူတွေရဲ့ နှလုံးသားထဲမှာ အမြစ်တွယ်နေခဲ့တာ ဖြစ်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ အခုတော့ လင်းဟန်က နိုင်းယှဥ်လို့ မရနိုင်အောင်
သန်မာတယ်ဆိုတာကို အားလုံးက သိနားလည်သွားပါတယ်။

အရင်က ကောင်းကင်တာအို မျက်လုံးကို ခုတ်ဖြတ်ဖို့ မာထိုပေါင်က
ဘယ်လောက်တောင် ကြိုးစား အားထုတ်ခဲ့ရသလဲ။
လင်းဟန်ကတော့ လွယ်လွယ်ကူကူနဲ့ လုပ်ပြသွားပြီး
ခွန်အားအပြည့် ရှိနေသေးပုံ ပေါ်ပါတယ်။

မလှမ်းမကမ်းက ဘုရင်ခုနစ်ပါးစလုံးက ခေါင်းတဆတ်ဆတ်
ညိတ်လိုက်ကြပါတယ်။ လင်းဟန်က သူတို့ရဲ့ ခေါင်းဆောင်ကို
ကျော်လွန်သွားပြီ ဆိုတာကို သူတို့တွေ ဂုန်ခံလိုက်ကြပါတယ်။
မာထိုပေါင်က လင်းဟန်ကို တန်ဖိုးထားပြီးတော့ မိုးကောင်းကင်ကို
ခွဲဖွင့်မဲ့ တာဂုန်လိုမျိုး ကြီးမားတဲ့ ကိစ္စကိုတောင်
လက်ဆင့်ကမ်းခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။

"သေချာပေါက် အောင်မြင်လိမ့်မယ်။ ဒါကြောင့် ခေါင်းဆောင်ရဲ့

Edit with WPS Office

စိတ်ဝိညာဉ်က ကောင်းကင်ဘုံမှာ အေးအေးချမ်းချမ်း ဖြစ်နေမှာပဲ”

“ဒီလိုပဲ ဖြစ်ရမှာပေါ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါတို့တွေက ဒီဆိုးယုတ်တဲ့ ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အောင်းကလန်ကို ကွပ်မျက်ဖို့ ဘယ်လိုလုပ် သွားနိုင်မှာလဲ”

“ဒါအမှန်ပဲ”

တကယ်လို့ သူတို့တွေက မိုးကောင်းကင်ကို ခွဲမဖွင့်နိုင်ခဲ့ဘူးဆိုရင် သူတို့အားလုံး အောက်ဘုံ အထဲမှာပဲ ပိတ်မိနေပါလိမ့်မယ်။ တကယ်လို့ သူတို့ဟာ လောကဘုံ ဆေးလုံးအဖြစ်ကို မသန့်စင်ခံရဘူးဆိုရင်တောင် အသက်အရွယ် အိုမင်းလာပြီးတော့ သေသွားရပါလိမ့်မယ်။ ဒါကြောင့် မာထိုပေါင်အတွက် လက်စားချေဖို့ တစ်ခုတည်းသော နည်းလမ်းက မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တန်ခိုးရှင်ဘုံကို တက်ရပါမယ်။ အဲဒီနောက်မှ သူတို့တွေက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အောင်းကလန်ကို သတ်ဖြတ်ဖို့ အရည်အချင်း ရှိလာပါလိမ့်မယ်။

Edit with WPS Office

ကောင်းကင်တာအို မျက်လုံးက ရှုံ့သွပ်သွားပြီးတော့ မျက်လုံးအိမ်ထဲက စည်းမျဉ်းဥပဒေရဲ့ နတ်ဘုရား ချိန်းကြိုးတွေ ပိုပြီးတော့ ထွက်လာပြီး ကြီးမားတဲ့ ပိုက်ကွန်တစ်ခု အဖြစ်ကို ဖြန့်ကြက်လိုက်ပါတယ်။ ချိန်းကြိုးရဲ့ အစွန်းတွေကလည်း နိုင်းယှဉ်လို့ မရနိုင်လောက်အောင် ထက်မြက်ပြီး လင်းဟာန်ရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်ဖို့ အခွင့်အရေး တစ်ခုကို စောင့်နေကြပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် ကောင်းကင်တာအိုရဲ့ မျက်လုံးက လင်းဟာန်ကို ဖိနှိပ်ထိန်းချုပ် နိုင်သင့်ပါတယ်။ သူက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို နားလည်သဘောပေါက်ထားတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟာန်ရဲ့ စွမ်းအားက တကယ်ပဲ အရမ်းကို သန်မာပြီးတော့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ချေမှုန်းပစ်နိုင်တဲ့အထိ သန်မာပါတယ်။ အဲဒါက ကောင်းကင်တာအို မျက်လုံးအနေနဲ့ လင်းဟာန်ကို ရင်ဆိုင်ရာမှာ ဘာမှမတတ်နိုင်အောင် ဖြစ်သွားစေခဲ့ပါတယ်။

နောက်ပြီးတော့ လင်းဟာန်မှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ

Edit with WPS Office

ခန္ဓာကိုယ်တစ်ခုလည်း ရှိပါတယ်။ တကယ်လို့ မင်းရဲ့ နတ်ဘုရား ချိန်းကြိုးတွေက ငါ့ကိုထိမှန်မယ် ဆိုရင်တောင် နတ်ဘုရား သတ္တုအဆင့်ရှိတဲ့ ငါ့ခန္ဓာကိုယ်ကို ထိုးဖောက်နိုင်မှာတဲ့လား။

လက်တစ်ဖက်ကို အသုံးပြုပြီးတော့ လင်းဟန်က ကောင်းကင်တာအို မျက်လုံးကို ဖိနှိပ်ထိန်းချုပ်ပြီး လက်တစ်ဖက်က တောင်နဲ့မြစ် ပုဆိန်ကို အသုံးပြုပြီးတော့ မိုးကောင်းကင်ကို ခွဲဖွင့် နေပါတယ်။ သူ့ရဲ့အာရုံနဲ့ စွမ်းအင်ကို ခွဲထားတယ်ဆိုတာ ပေါ်လွင်ပြီး ကောင်းကင်တာအို မျက်လုံးကို အားမထုတ်ရပဲ ထိုးလိုက် ရိုက်လိုက်နဲ့ လွင့်ထွက်သွားစေပြီး ပုဆိန်ကို သာမန်ကာလျှံကာ လွှဲခုတ်ပြီး မိုးကောင်းကင်ကို ကျယ်လာအောင် ခွဲဖွင့်နေပါတယ်။ လေဟာနယ် အက်ကွဲကြောင်းက ပိုပိုပြီးတော့ ကြီးမားလာခဲ့ပါတယ်။

အားလုံးက အံ့သြမှင်တက်စွာနဲ့ စောင့်ကြည့်နေကြပါတယ်။ သူက မာထိုပေါင်ထက် အများကြီးကို သန်မာပြီး အစွမ်းထက်ပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်ခြင်း။ အောင်မြင်ဖို့အတွက် မျှော်လင့်ချက်

Edit with WPS Office

ရှိနေပါပြီ။

အားလုံးက ပိုပိုပြီးတော့ စိုးရိမ်ပူပန် လာခဲ့ကြပါတယ်။ သူတို့အားလုံးရဲ့ မျှော်လင့်ချက်တွေက လင်းဟန်အပေါ်မှာ ရှိနေပေါ်တယ်။ ကောင်းကင်တာအိုကို အနိုင်ယူတာနဲ့ လေဟာနယ်ကို ဖျက်ဆီးခြင်းက ဘာမှမဟုတ်သေးပါဘူး။ အကြီးမားဆုံး အဟန့်အတားက တန်ခိုးရှင်ဘုံကနေ လာပါလိမ့်မယ်။

အဲဒါကြောင့်ပဲ မာထိုပေါင်က အချည်းနှီး သေသွားခဲ့ရတာ ဖြစ်ပါတယ်။ လင်းဟန်ကရော ဘယ်လိုနေမလဲ။

ရှပ် ရှပ် ရှပ်။

လင်းဟန်က ပုဆိန်နဲ့ ဆက်ပြီးတော့ ခုန်နေပြီး လေဟာနယ် အက်ကွဲကြောင်းကလည်း ပိုပိုပြီးတော့ ကြီးမားလာခဲ့ပါတယ်။ ဆန့်ကျင်ဘက် နေရာမှာတော့ တန်ခိုးရှင်ဘုံရဲ့ ပုံရိပ်က

Edit with WPS Office

သူတို့အရှေ့မှာ နောက်တစ်ကြိမ် ဝိုးတိုးဝါးတားနဲ့ ပေါ်လာခဲ့ပါတယ်။

ကောင်းကင်တာအို မျက်လုံးက အရှုးအမူး ဖြစ်သွားပါတယ်။
မိုးကောင်းကင်ကို ခွဲဖွင့်တာ အောင်မြင်သွားရင်
သူလည်းတည်ရှိတော့မှာ မဟုတ်ပါဘူး။

ကောင်းကင်တာအို မျက်လုံးက စည်းမျဉ်းဥပဒေရဲ့
နတ်ဘုရားချိန်းကြိုးတွေကို ပိုပြီးတော့ ထုတ်ဖော်ပြီး
ပစ်လွှတ်လိုက်ပါတယ်။ မျက်လုံးတစ်ခုလုံး အနက်ရောင်ကို
ပြောင်းသွားပြီး ထိတ်လန့်တုန်လှုပ်စရာ ချီတွေက
ပျံ့နှံ့လာခဲ့ပါတယ်။

"ဟင်"

လင်းဟန်ရဲ့ မျက်လုံးက အရောင်တဖျတ်ဖျတ် လက်သွားခဲ့ပါတယ်။

Edit with WPS Office

ဘယ်လိုလုပ်ပြီးတော့ နတ်ဆိုးချီ ရှိနေရတာလဲ။ သူတို့ရဲ့ ကျောက်ရှာယယ်လေးက တန်ခိုးရှင်ဘုံဆီကို တိမ်းညွှတ်နေသင့်ပါပြီ။ မိုးကောင်းကင်ကို ခွဲဖွင့်လိုက်တာနဲ့ တန်ခိုးရှင်ဘုံကို တက်ဖို့ပဲ ရှိပါတော့တယ်။ မြေအောက်ကမ္ဘာကို မဟုတ်ပါဘူး။ ဘာဖြစ်လို့ ကောင်းကင်တာအိုရဲ့ မျက်လုံးက နတ်ဆိုးဖြစ်လာတဲ့ လက္ခဏာမျိုး ရှိနေရတာလဲ။

မြေအောက်ကမ္ဘာက တစ်စုံတစ်ယောက်က ဂင်ရောက်စွက်ဖက်နေတာလား။

"ဒါဆိုရင် မင်းကို ထပ်ပြီးတော့ နေဖို့ ခွင့်မပြုနိုင်တော့ဘူး"

လင်းဟန်က အေးစက်စွာနဲ့ လှောင်ပြုံးပြုံးလိုက်ပါတယ်။ သူက မရဏဓားကို သူ့ဘယ်ဘက်လက်နဲ့ ကိုင်ပြီးတော့ နည်းစနစ် တစ်သောင်းမှ တစ်ခုသိုင်းကွက်ကို အသက်သွင်းပြီး ခုတ်ချလိုက်ပါတယ်။ ဓားသွားရဲ့ ထိပ်ဖျားက မိုးထစ်ချုန်း ကိုးခုမြောက် စွမ်းအားနဲ့ မြှင့်တင်ထားပြီး ဓားကိုခုတ်လိုက်တာနဲ့ အဖြူရောင် မိုးကြိုးလျှပ်စီး ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

ဖူး။

လင်းဟန်က ဓားကို တလွှယ်စောင်း ခုတ်ချလိုက်ပြီး ကောင်းကင်တာအို မျက်လုံးက ရုတ်တရက် ညာဘက်ကနေ အလယ်ထိ နှစ်ပိုင်းပြတ်သွားပါတယ်။ စည်းမျဉ်းဥပဒေရဲ့ နတ်ဘုရားချိန်းကြိုးတွေက ဖရိုဖရဲ ဖြစ်သွားပြီး သွေးတွေအများကြီး စီးကျလာပြီးတော့ မိုးကောင်းကင် ထက်ကနေ အောက်ကို ကျလာခဲ့ပါတယ်။ အဲဒီသွေးတွေက စီးကျနေရင်း လျင်မြန်စွာနဲ့ လောင်ကျွမ်းပြီးတော့ ဒီကမ္ဘာကြီးထဲမှာ နည်းနည်းလေးမှ မကျန်တော့ပါဘူး။

မြေကြီးပေါ်ကို မရောက်ခင်မှာ ကောင်းကင်တာအို မျက်လုံးက ပြာမှုန့်အဖြစ်ကို လောင်ကျွမ်းသွား ခဲ့ပါတယ်။

ကမ္ဘာကြီး တစ်ခုလုံး သွေးမိုးတွေ ရွာချလို့ နေပါတယ်။ အားလုံးက ဂမ်းနည်းပူဆွေးတဲ့ ခံစားချက်တွေ ပြည့်နှက်လာခဲ့ပါတယ်။ ဒါက

Edit with WPS Office

ကောင်းကင်နဲ့ မြေကြီးရဲ့ ပူဆွေးမှု ဖြစ်ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလို ထူးခြားဆန်းကြယ်တဲ့ ကျွဲရိုသံတစ်ခုက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ဖြတ်ပြီးတော့ ပဲ့တင်သံ ထပ်လာခဲ့ပြီး သူရဲကောင်းကို ဂုဏ်ပြုချီးကျူးနေမှု တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က မရဏဓားကို ပြန်သိမ်းပြီးတော့ ပုဆိန်ခုတ်ချက် အပေါ်မှာ အာရုံစိုက် ထားလိုက်ပါတယ်။ ရှပ် ရှပ် ရှပ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်သုံးလုံး စွမ်းအားနဲ့ သည်းကြီးမဲကြီး ခုတ်နေပါတယ်။ တန်ခိုးရှင်ဘုံရဲ့ မိုးကောင်းကင်က ပိုပိုပြီးတော့ နီးကပ်လာခဲ့ပါတယ်။

ရှပ်။

အဲဒီအချိန်မှာ တန်ခိုးရှင်ဘုံကနေ မီတာသုံးထောင် ရှည်လျားတဲ့ ဓားအလင်းတန်း တစ်ခုက တိုက်ခိုက်လာခဲ့ပါတယ်။

Edit with WPS Office

ဒီအတွက်ကြောင့် ဘယ်သူကမှ အံ့သြမသွားခဲ့ပါဘူး။

တန်ခိုးရှင်ဘုံက တုံ့ပြန်မှု မရှိဘူးဆိုမှပဲ ထူးဆန်းတဲ့ အရာဖြစ်ပါလိမ့်မယ်။

လင်းဟာန်က သူ့ဘယ်လက်ကို မြှောက်ပြီးတော့ ဓားအလင်းတန်းကို ဖိချလိုက်ပါတယ်။ ဝုန်း။ သူက သူ့ဘယ်ဘက်လက်နဲ့ ဓားသွားထိပ်ကို ဖမ်းယူလိုက်ပါတယ်။ လင်းဟာန်ရဲ့ လက်ကနေ ရွှေရောင် အလင်းတန်း တစ်ခုနဲ့ လျှပ်စီးတွေ တလက်လက် တောက်ပလို့ နေပါတယ်။ သူက လျှို့ဝှက်ဆန်းကြယ် စွမ်းအားနှစ်မျိုးကို ဒီအဆင့်ထိရောက်အောင် အောင်မြင်ခဲ့ပါပြီ။

တကယ်တော့ ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့ သူ့ရဲ့ ခန္ဓာကိုယ်ကို အသုံးပြုလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းကို ဒီဝှက်ဖဲ သူ့အကျီလက်ထဲမှာ ပိုင်ဆိုင်ထားတယ် ဆိုတာကို မသိစေချင်ခဲ့ပါဘူး။ တစ်ဖက်က ပိုပြီးတော့ အစွမ်းထက်တဲ့ လှည့်ကွက်ကို အသုံးပြုကောင်း ပြုလာနိုင်ပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို

Edit with WPS Office

ပစ်မှတ်ထားနိုင်ပါတယ်။ ဒါကြောင့် ဒါကို လျှို့ဝှက်လက်နက်
တစ်ခုအဖြစ် သတ်မှတ်ယူဆလို့ ရပါလိမ့်မယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်
ကြယ်နှစ်ဆယ့်သုံးလုံး စွမ်းအားနဲ့ ဒီတိုက်ခိုက်မှုကို တုံ့ပြန်လိုက်ပြီး
လင်းဟန်က နောက်ဆုံးတော့ မီတာသုံးဆယ်ကျော်
နောက်ဆုတ်လိုက်ရပြီး မိုးကောင်းကင်ကို ခွဲဖွင့်နေတဲ့
လုပ်ရှားမှုကလည်း ချက်ချင်းဆိုသလို နှေးကွေးသွားခဲ့ပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ ဓားရှည်တစ်လက်ကို ကိုင်ဆောင်ထားတဲ့
သက်လတ်ပိုင်းအရွယ် လူတစ်ယောက် နောက်တစ်ကြိမ်
ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာအမူအရာက တင်းမာခက်ထန်
နေပေမဲ့ သူ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု
ရှိနေပါတယ်။ ဒါက သူ့ကို တကယ်ပဲ အံ့အားသင့်သွား
စေခဲ့ပါတယ်။ တစ်နစ်ဆိုတဲ့ အချိန်တိုတိုလေး ကုန်ဆုံးသွားရုံပဲ
ရှိပါသေးတယ်။ အောက်ဘုံရဲ့ နောက်ထပ်လူတစ်ယောက်က
မိုးကောင်းကင်ကို ခွဲဖွင့်ပြီး ပေါ်လာခဲ့ပါတယ်။ မယုံနိုင်စရာပါပဲ။

Edit with WPS Office

အောက်ဘုံမှာ ဘာတွေဖြစ်နေပြီလဲ။

ဒါပေမဲ့လည်း ဒီအရေးမပါတဲ့ သက်ရှိတွေ အကြောင်းကို မစဉ်းစားတာက အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ သူတို့က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲနိုင်လိမ့်မှာ မဟုတ်ပါဘူး။ လူသားတွေနဲ့ တန်ခိုးရှင်တွေ အကြားက ခွန်အားကွာခြားမှုကို သူတို့တွေ ဘယ်လိုမှ သိမှာမဟုတ်ပါဘူး။

"အရှင်မင်းကြီး"

"သတိထား"

အားလုံးက အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။ နောက်ဆုံးတော့ အရေးအကြီးဆုံး သေရေးရှင်ရေး အချိန်ရောက်လို့ လာခဲ့ပါပြီ။

Edit with WPS Office

လင်းဟန်က အသာအယာ ချောင်းတစ်ချက် ဟန့်ပြီးတော့ တန်ခိုးရှင်ဘုံကို လက်ခလယ် ထောင်ပြပြီး ပြောလိုက်ပါတယ်။

"ဒီနေ့ မိုးကောင်းကင်ကို ငါခွဲပြီးတော့ ဖွင့်မယ်။ ငါက မပြင်မဆင်ပဲ လာတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ တကယ်လို့ ခင်ဗျားရဲ့ ခွန်အားက ဒီလောက်ပဲ ဆိုရင်တော့ မိုးကောင်းကင်ကို ငါခွဲဖွင့်တာကနေ ခင်ဗျားက ဘယ်လိုလုပ် ဟန့်တားနိုင်မှာလဲ"

Chapter 881 end

အပိုင်း(882) အစားထိုးခြင်း

ကောရာဇ် တစ်ပါးအတွက် တစ်စုံတစ်ယောက်ကို လက်ခလယ် ထောင်ပြတာကို ကြည့်ရတာ အရမ်းကို ရိုင်းပျပုံ ရပါတယ်။ ဒါပေမဲ့ အားလုံးက သူတို့ရဲ့ ဒေါသတွေကို မရည်ရွယ်ပဲနဲ့ ရင်ဖွင့်ချင်ခဲ့ကြပါတယ်။

သူတို့ကလည်း တန်ခိုးရှင်ဘုံကို လပြွတ်ပဲဟော့လို့ ပြောချင်နေပါတယ်။

Edit with WPS Office

လောကဘုံ ဆေးလုံးအဖြစ်ကို သန့်စင်ဖို့အတွက် ကုန်ကြမ်းတွေ အနေနဲ့ အသုံးပြု ဆက်ဆံခံရတဲ့ အတွက်ကြောင့် ဘယ်သူကများ တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းကို မြေကြီးပေါ် ချနင်းပြီး သူတို့အပေါ် နင်းမချချင်တဲ့လူ ရှိမှာလဲ။

သူတို့ရဲ့ အရှင်မင်းကြီးက အရမ်းကို လွှမ်းမိုးခြယ်လှယ်နိုင်လွန်းပါတယ်။

တစ်ဖက် တန်ခိုးရှင်ဘုံမှာတော့ သက်လတ်ပိုင်းအရွယ် ယောက်ျားကြီးက လင်းဟာန်ရဲ့ စကားတွေကို မကြားနိုင်ပေမဲ့ လင်းဟာန်က လက်ခလယ် ထောင်ပြတာကိုတော့ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့်သူက ဒေါသကို မထိန်းနိုင်ပဲ သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဘယ်လိုဟာသလဲ။

Edit with WPS Office

သူက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ နေသုံးစင်နဲ့ လသုံးစင်းဆိုတာ ဘာအဓိပ္ပါယ်လဲ သိလား။ အဆုံးမဲ့ အထွတ်အထိပ်ကွ။

တန်ခိုးရှင်ဘုံမှာ အဆင့်တွေအထဲ ကွာဟချက် သေးသေးလေး တစ်ခုက အဆုံးမရှိ ကွာဟချက် တစ်ခုလို့ ဆိုလိုပါတယ်။ နေလအဆင့်ရဲ့ အဆုံးစွန် အထွတ်အထိပ် တစ်ယောက်ဖြစ်တဲ့ သူ့ရဲ့ကျင့်ကြံခြင်းက ဘာလဲ။ တကယ်လို့ လင်းဟန်ရဲ့ ခွန်အားက ခန္ဓာကိုယ် ပြုပြင်မွမ်းမံခြင်း အဆင့်မှာဆိုရင် သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာ ဖြစ်ပါလိမ့်မယ်။

ဒါက လုံးဂကို ဖိနှိပ်ထိန်းချုပ်ခြင်း ဖြစ်ပါလိမ့်မယ်။ အခုတော့ သနားစရာကောင်းတဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က သူ့ကို တကယ်ပဲ စော်ကားမော်ကား ပြုံ့ပြီးတော့ အဲဒါက သူ့ကို ဒေါသတွေ ပေါက်ကွဲထွက်လုမတတ် ဖြစ်သွားစေခဲ့ပါတယ်။

သူက ချက်ချင်းပဲ သူ့ဓားနဲ့ နောက်တစ်ကြိမ် ခုတ်လိုက်ပြီး

Edit with WPS Office

မီတာသုံးထောင်ရှည်တဲ့ ဓားအလင်းတန်း တစ်ခုကို ထုတ်ဖော်ပြီးတော့ ဘုံနှစ်ခုအကြားက အတားအဆီးကို ဖြတ်လာပါတယ်။ ဒီဓားအလင်းတန်းမှာ အောက်ဘုံထဲမှာရှိတဲ့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထက်နည်းတဲ့ ဘယ်သူ့ကိုမဆို သတ်ပစ်နိုင်တဲ့ စွမ်းအားတွေ ပိုင်ဆိုင်ထားဆဲပါပဲ။

ကြယ်တစ်လုံး ကွာဟချက်က ကမ္ဘာတစ်ခုလောက် ကွာခြားပါတယ်။

လင်းဟန်က သူ့လက်ဝါးနဲ့ သက်တောင့်သက်သာ ရိုက်ချလိုက်ပြီး ဓားအလင်းတန်းက ချက်ချင်းကို အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးကြေမွသွားခဲ့ပါတယ်။ အဲဒီနောက် သူက နတ်ဘုရား တစ်ပါးလိုမျိုး ဂုဏ်ယူဂုဏ်ကြွားစွာနဲ့ ရပ်နေပါတယ်။

ဘာ။

Edit with WPS Office

အားလုံးက ပါးစပ်အဟောင်းသားတွေ ဖြစ်ပြီးတော့
အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒါဆိုရင် အရင်က လင်းဟာန်ရဲ့ ခွန်အားကို အပြည့်အဝ
ထုတ်ဖော်မပြခဲ့ဘူးပေါ့။

လပ္ပွတ်ပဲလေ။

အဲဒါက အားလုံးကို စိတ်လှုပ်ရှားပြီးတော့ သူတို့ရဲ့ ခြေလက်တွေ
ကျဉ်သွားသလို ခံစားရပြီး မိုးကောင်းကင်ကို ခွဲဖွင့်ခြင်းရဲ့
မျှော်လင့်ချက်တွေက အောင်မြင်လာနိုင်တယ်ဆိုပြီးတော့
ခံစားလာကြ ရပါတယ်။

လင်းဟာန်နဲ့ ရင်းနှီးမှု ရှိခဲ့တဲ့ မိန်းမလှလေးတွေဖြစ်တဲ့ ချင်းလိန်ယွဲ့၊
လင်းရှန်းချင်နဲ့ ဂမ်ရန်ချင်းချင်းတို့ အားလုံးကလည်း
စိတ်လှုပ်ရှားနေတဲ့အပြင် ကြီးမားတဲ့ ဆုံးရှုံးမှု တစ်ခုကို
ရရှိသွားသလို ခံစားနေကြရပါတယ်။ ဒီယောက်ျားက အရမ်းကို

Edit with WPS Office

အံ့မခန်းပါပဲ။ အစပိုင်းတုန်းက သူတို့အားလုံးက သူ့ကို အနိုင်ရဖို့ မျှော်လင့်ထားကြပါတယ်။ ဒါပေမဲ့ အခုတော့ သူ့ရဲ့ သူရဲကောင်းဆန်ပြီး လွှမ်းမိုးနိုင်တဲ့ ပုံရိပ်ကို အဝေးကနေ ကြည့်နေရုံပဲ တတ်နိုင်ပါတော့တယ်။

တကယ်လို့ သူတို့ကို နောက်ထပ်အခွင့်အရေး ထပ်ပေးခဲ့မယ်ဆိုရင် သူတို့တွေက လင်းဟန်ကို မဆင်မခြင်နဲ့ တွန်းထုတ်မှာ မဟုတ်ပဲ နီးနီးကပ်ကပ်နဲ့ နေပြီးတော့ နောက်ပိုင်းမှာ အရာအားလုံး ပြောင်းလဲသွားနိုင်ပါတယ်။ ဒါပေမဲ့ အခုတော့ အရာရာ နောက်ကျလို့ သွားပါပြီ။

"ဟားဟားဟား ဒီကောင်စုတ်လေးရဲ့ အစစ်အမှန် ခွန်အားက ဒီထက်တောင် ပိုနိုင်သေးတယ်"

ပောာ့လျန်ထန်းယွင်က ညင်ညင်သာသာနဲ့ ပြောလိုက်ပါတယ်။ သူ့လိုမျိုး လင်းဟန်နဲ့ မကြာခဏ လက်ရည်စမ်းဖူးတဲ့ လူတစ်ယောက်က လင်းဟန်ရဲ့ အဆုံးစွန် တိုက်ပွဲစွမ်းရည်ဟာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နစ်ဆယ့်ငါးလုံးလောက်

Edit with WPS Office

ရှိတယ်ဆိုတာကို သိနားလည်ထားပါတယ်။

ခွန်အားပိုတိုးလာလေ တိုက်ပွဲစွမ်းရည် နောက်တစ်ပွင့် ထပ်တိုးဖို့က ပိုပြီးတော့ ခက်ခဲလာပါတယ်။ လင်းဟန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ပထမအလွှာမှာ ရှိနေတဲ့ အချိန်တုန်းက နိုင်ငံစွမ်းအားကို ဆုပ်ကိုင်ထားတုန်းကနဲ့ တူပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ဆယ့်ငါးလုံး အထိတောင် တိုးနိုင်ခဲ့ပေမဲ့ အခုတော့ သူက သနားစရာ ကောင်းလောက်အောင် ကြယ်နှစ်ပွင့်ပဲ တိုးနိုင်ပါတော့တယ်။

ဒါပေမဲ့ ဒီလိုမျိုး အချက်ကြောင့်ပဲ တကယ်လို့ ကြယ်တစ်ပွင့် မြှင့်နိုင်ခဲ့မယ် ဆိုရင်တောင် အဲဒါက လုံးဝကို အရည်အသွေး ပြောင်းလဲမှု တစ်ခုဖြစ်ပြီးတော့ လုံးဝကို အသစ်ပြန်မွေးဖွားလာသလိုပါပဲ။

လင်းဟန်က တန်ခိုးရှင်ဘုံက သက်လတ်ပိုင်းအရွယ် ယောက်ျားကို လက်ခလယ်ထောင်ပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

Edit with WPS Office

"ခင်ဗျားက အရမ်းကို အဆင့်နိမ့်တာပဲ။ ဒါကို မလုပ်နိုင်ပါဘူး"

အဲဒီနောက် သူက ထပ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ခင်ဗျားမှာ အစွမ်းထက်တဲ့ တိုက်ကွက်တွေ ရှိနေသေးရင် အသုံးပြုလိုက်ပါ။ ဒီသခင်လေးက စောင့်နေတယ်"

သက်လတ်ပိုင်း ယောက်ျားက ဒေါသထွက်နေပါတယ်။ အောက်ဘုံက လူတွေက သူတို့ရဲ့ မှော်ဆေးလုံးအဖြစ် သန့်စင်ဖို့ ကုန်ကြမ်းပစ္စည်းတွေသာသာပဲ ရှိပါတယ်။ အခုတော့ တကယ်ပဲ ပုန်ကန်ချင်နေ ကြပြီလား။ လင်းဟန်က အောက်ဘုံမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နေပြီးတော့ တန်ခိုးရှင်တွေ ဆင်းသက်လာတဲ့ အချိန်ကျရင် သူတို့လည်း ဘုံစွမ်းအားရဲ့ ထိန်းချုပ်မှုကို ခံရပါလိမ့်မယ်။ ပြီးတော့ လင်းဟန်ကို အနိုင်ယူဖို့ဆိုတာက သာမန်ကိစ္စလေး တစ်ခုပါပဲ။

Edit with WPS Office

ဒါပေမဲ့ အခုတော့ သူက လက်ဦးမှ ရယူပြီးတော့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တန်ခိုးရှင်ဘုံက တန်ခိုးရှင်တွေကို ခွန်အားအပြည့်နဲ့ တိုက်ခိုက်ခွင့် ပြုနေပါတယ်။ သူက အရမ်းကို စိတ်ကြီးဝင် နေတာလား။

သက်လတ်ပိုင်း ယောက်ျားကြီးက သူ့ဓားကို နှစ်ကြိမ်တိုင်တိုင် ခုတ်ချလိုက်ပြီး မီတာသုံးထောင် ရှည်လျားတဲ့ ဓားအလင်းတန်းတွေက လင်းဟာန်ဆီကို ဥက္ကာခဲတွေ ကျလာသလိုမျိုး ဆင်းသက် လာခဲ့ပါတယ်။ နေလအဆင့်ရဲက အဆုံးမဲ့ အထွတ်အထိပ် လူတစ်ယောက်က တကယ်ပဲ သေမျိုးလူတစ်ယောက်ကို မသတ်နိုင်စရာအကြောင်း မရှိပါဘူး။

လင်းဟာန်က လက်တစ်ဖက်နဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ အသုံးပြုပြီးတော့ တစ်ဖက်က ဝင်လာတဲ့ တိုက်ခိုက်မှုတွေကို တားဆီးနေပါတယ်။

တကယ်လို့ ခွန်အား အကန့်အသတ် မရှိရင် သူ့ရဲ့ တိုက်ခိုက်မှုက ဘုံနှစ်ခုရဲ့ အတားအဆီးကို ချိုးဖျက်ပြီး တန်ခိုးရှင်ဘုံကို

Edit with WPS Office

တိုက်ခိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ တန်ခိုးရှင်ဘုံက ရောက်လာတဲ့ တိုက်ခိုက်မှုတွေကတော့ ဘုံစွမ်းအားကြောင့် အားနည်းသွားပြီး အချည်းနှီး ဖြစ်သွားနိုင်ပါတယ်။

တန်ခိုးရှင်ဘုံက သက်လတ်ပိုင်းအရွယ် ယောကျ်ားက မျက်မှောင်ကြုတ်ပြီးတော့ တိုက်ခိုက်ခြင်းကို ရပ်နားလိုက်ပါတယ်။ နောက်ဆုံးတော့ သူက လင်းဟန်ကို ဘာမှမလုပ်နိုင်ဘူးဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ တကယ်လို့ သူက အခုလိုမျိုး ဆက်လုပ်နေမယ်ဆိုရင် တစ်ဖက်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်တာကို စောင့်ကြည့်နေရုံပဲ တတ်နိုင်ပါလိမ့်မယ်။

သူက အပေါက်ကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။

"အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ"

အားလုံးက ချီးကျူး ဩဘာပေးလိုက် ကြပါတယ်။ တန်ခိုးရှင်ဘုံက

Edit with WPS Office

ဂိုဏ်းကြီးငါးဂိုဏ်းအနေနဲ့ လက်လျှော့သွားတာ ဖြစ်နိုင်မလား။ သူတို့က ကျယ်လောင်စွာနဲ့ ရယ်မောလိုက် ကြပါတယ်။ နောက်ဆုံးတော့ သူတို့တွေက မော်ဆေးလုံးအဖြစ် သန့်စင်ခြင်းကို မခံရတော့ပါဘူး။

လင်းဟန်က အမှုမဲ့ အမှတ်မဲ့ မနေဝံ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူကများ အစွမ်းထက်ဆုံး လက်ရွေးစင်ကို အရင်ဆုံး စေလွှတ်မှာလဲ။ တကယ်လို့ သူနဲ့ မာထိုပေါင်မှာ မိုးကောင်းကင်ကို ခွဲဖွင့်နိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုရင်တောင် တန်ခိုးရှင်ဘုံက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ မျက်လုံးထဲမှာ သူတို့က နည်းနည်းလေး ကြီးမားတဲ့ ပုရွက်ဆိတ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အစွမ်းထက်ဆုံး လက်ရွေးစင်ကို တိုက်ခိုက်ဖို့အတွက် စေလွှတ်လိမ့်မှာ မဟုတ်ပါဘူး။

တကယ့်ကို သေချာသွားခဲ့ပါတယ်။ အသက်ရှုချိန် အနည်းငယ် အတွင်းမှာ တန်ခိုးရှင်ဘုံဘက်မှာ နောက်ထပ်လူတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

သူက ပိုပြီးတော့ အသက်ကြီးတဲ့ ယောက်ျားတစ်ယောက် ဖြစ်ပြီးတော့ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူနေပြီး မုတ်ဆိတ်မွေးတွေလည်း ဖြူနေပြီးတော့ သူတော်စင် တစ်ယောက်ရဲ့ ပုံစံမျိုး ရှိပါတယ်။ သူ့ခေါင်းထက်မှာ အထင်ကြီး အံ့သြစရာ ကောင်းလောက်အောင် နေလေးစင်းနဲ့ လလေးစင်းရဲ့ အမှတ်သင်္ကေတ ရှိနေပါတယ်။

နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း။

ဒါပေမဲ့လည်း သူ့မှာ တခြားသူတွေရဲ့ နေနဲ့လတွေထက် အနည်းငယ် သေးငယ်တဲ့ နေတစ်စင်း လတစ်စင်း ရှိတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီအဘိုးကြီးက နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်းကို ရောက်ရှိနေတယ်လို့ သုံးသပ်နိုင်ပေမဲ့ သူရဲ့ ကျင့်ကြံခြင်းရဲ့ အထွတ်အထိပ် အမှန်ကို ရောက်ရှိနေခဲ့တာ ဖြစ်ပါတယ်။

ရုတ်ခြည်းဆိုသလို လူတွေရဲ့ နှလုံးသားတွေက နောက်တစ်ကြိမ် ခံစားသွားရပါတယ်။ လူအများစုက တန်ခိုးရှင်တွေရဲ့ အဆင့်တွေနဲ့ ပတ်သက်ပြီး တိတိကျကျ မသိကြပေမဲ့ အနည်းဆုံးတော့ သူတို့မှာ

Edit with WPS Office

အခြေခံ နားလည်သဘောပေါက်မှု တချို့ ရှိပါတယ်။ ဒါကို ကြည့်ရတာ နောက်တစ်ယောက်နဲ့ လူစားထိုးလိုက်တာ ဖြစ်ပြီးတော့ အခုရောက်လာတဲ့လူက သေချာပေါက် ပိုပြီးတော့ အစွမ်းထက်ပါလိမ့်မယ်။

"အရှင်မင်းကြီး တောင့်ခံထားရမယ်နော်"

ဆံပင်ဖြူဖြူနဲ့ အဘိုးအိုက ဘာမှမပြောပဲ သူ့ရဲ့ ဆေဘာဓားနဲ့ တန်းပြီးတော့ ခုတ်ချလိုက်ပါတယ်။

ဖူး။

ဆေဘာဓား အလင်းတန်းက ဘုံရဲ့ အတားအဆီးကို ဖြတ်ကျော်ပြီးတော့ လင်းဟန်ဆီကို ဂင်လာခဲ့ ပါတယ်။ ဆေဘာဓား အလင်းတန်းရဲ့ စွမ်းအားအများစုက ဒီအချိန်အတွင်းမှာ ကုန်ခမ်းသွားတယ် ဆိုပေမဲ့ မီတာခြောက်ထောင်ရှည်တဲ့ ဆေဘာဓားအလင်းတန်း တစ်ခုက ဒီဘုံထဲကို ဖြတ်လာခဲ့ပါတယ်။

Edit with WPS Office

ဆေဘာခါး အလင်းတန်းမှာ နတ်ဘုရား သင်္ကေတတွေနဲ့ ပြည့်နှက်နေပြီး ဒီဘုံရဲ့ အဆင့်ထက် ကျော်လွန်တဲ့ ခွန်အားကို ထုတ်ဖော်လို့ နေပါတယ်။

တန်ခိုးရှင်ဘုံရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေက စစ်မှန်တဲ့ နည်းစနစ်တွေပဲ။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူက တန်ခိုးရှင် နစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေကနေ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေရဲ့ တည်ရှိမှုကို အာရုံခံမိ ခဲ့ပါတယ်။ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေက တန်ခိုးရှင်ဘုံရဲ့ ပညာရပ်တွေ ဖြစ်မယ်လို့ သူယုံကြည်မိပါတယ်။ ဒါကြောင့် ဒီနည်းစနစ်က တန်ခိုးရှင်ဘုံမှာ အစွမ်းထက်သည်ဖြစ်စေ အားနည်းသည်ဖြစ်စေ အောက်ဘုံကို ရောက်လာရင် အထွတ်အထိပ် လျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခု ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က သူ့လက်ကို မြှောက်ပြီးတော့ မြေကြွှာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်ကို အသက်သွင်းပြီးတော့ ဆေဘာခါး

Edit with WPS Office

အလင်းတန်းကို ထိပ်တိုက်ရင်ဆိုင်လိုက်ပါတယ်။

ဂုန်း။

လင်းဟန်က ရုတ်တရက် အနောက်ကို မီတာရာနဲ့ချီအောင် နောက်ဆုတ်ပေးလိုက် ရပါတယ်။

လုံလောက်ပြီ။ တန်ခိုးရှင် အဆင့်မှာ အဆင့်တွေရဲ့ ကွာဟချက်က အရမ်းကို ကြီးမားလွန်း ပါတယ်။ တစ်ဖက်လူက အရင်လူထက် အသေးစား အဆင့်တစ်ခုပဲ ပိုမြင့်ပေမဲ့ ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက လုံးဝကို နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ လင်းဟန်က တကယ်လို့ ဒီလူနှစ်ယောက်သာ အသေအကျေ တိုက်ခိုက်မယ်ဆိုရင် သက်လတ်ပိုင်းအရွယ် ယောကျာ်းက အဘိုးကြီးရဲ့ တိုက်ကွက်တစ်ကွက်ကိုတောင် ခံနိုင်ရည် ရှိမှာမဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းလိုက်ပါတယ်။ ဒါက

Edit with WPS Office

အတော်လေးကို ကျဉ်သွားခဲ့ပါတယ်။ ဒါပေမဲ့ ဒီလောက်ပါပဲ။

ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ခုတ်ပစ်ချင်တယ်လား။ ခင်ဗျားက တန်ခိုးရှင်အဆင့် ခွန်အားကို အရင်ဆုံး ထုတ်ဖော်နိုင်မှ ပိုကောင်းလိမ့်မယ်။

အဘိုးကြီးကလည်း အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူ့အမြင်အရတော့ သူ့ဆေဘာဓား တစ်ချက် ခုတ်လိုက်ရင် လင်းဟာန်က နှစ်ပိုင်းပြတ်သွားဖို့ လုံလောက်ပါတယ်။ ဒီမှာဘာတွေ ဖြစ်နေတာလဲ။ အောက်ဘုံက ဒီပုရွက်ဆိတ်ရဲ့ ခွန်အားက မျှော်လင့်ထားတာထက် အတော်လေး သန်မာပါတယ်။

အောက်မှာရှိတဲ့ လူတွေအားလုံးက ဖော်ပြလို့မရနိုင်တဲ့ စိုးရိမ်ပူပန်မှုတစ်ခုကို ခံစားနေ ကြရပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ နေရာမှာ မာထိုပေါင်ရဲ့ အောင်မြင်မှုက အဝေးကြီးမှာ ရှိနေသေးတယ် ဆိုတာကို သူတို့တွေ သတိပြုမိ သွားခဲ့ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်ကို ပြန်တိုက်ခိုက်ဖို့ အတွက် စေလွှတ်ခဲ့ခြင်း

Edit with WPS Office

မရှိခဲ့ပါဘူး။

ဟုတ်ပါတယ်။ ဒါက အကျိုးအကြောင်း သင့်ပါတယ်။ ဘာဖြစ်လို့ တန်ခိုးရှင်တွေက မိုးကောင်းကင်ကို ခွဲဖွင့်တာကို တားဆီးဖို့ ထွက်လာရမှာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်သူမဆို မိုးကောင်းကင်ကို ခွဲဖွင့်နိုင်စွမ်း ရှိလိမ့်မှာပေါ့ မဟုတ်ဘူးလား။

သူတို့က ဘာများလုပ်မှာလဲ။

အခု သူတို့က သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက် နေရာမှာ အစွမ်းထက်တဲ့ လူတစ်ယောက်နဲ့ အစားထိုးခဲ့ပါပြီ။ လင်းဟန်က အဲ့ဒါကို ခံနိုင်ရည် ရှိပဲ့မလား။

တစ်ဖက်မှာရှိတဲ့ အဘိုးကြီးက ခဏလောက် အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ချက်ချင်း ဆိုသလို ဆေဘာစား အလင်းတန်းတွေနဲ့ အဲဒီဘက်ကနေ တရစပ် ခုတ်ချလိုက်ပါတယ်။ ဆေဘာစားရဲ့ ခုတ်ချက်တိုင်းက ပြတ်သားတဲ့ တိုက်ခိုက်မှု

Edit with WPS Office

တစ်ခုဖြစ်ပြီးတော့ ထူးခြားတဲ့ နည်းစနစ်တွေ မပါရှိပါဘူး။ ဖြစ်နိုင်တာက ဘုံအတားအဆီးကို ဘယ်နည်းစနစ်ကမှ မဖြတ်ကျော်နိုင်ဘူးလို့ ယူဆရပါလိမ့်မယ်။

နောက်ဆုံးတော့ လင်းဟန်က နိုင်ငံစွမ်းအားကို အပြည့်အဝ အသက်သွင်းပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အကန့်အသတ်ထိ မြှင့်တင်လိုက်ပါတယ်။

ကြယ်နှစ်ဆယ့်ငါးလုံး။

ပုန်း။

လင်းဟန်က ဆေဘာဓား အလင်းတန်းတွေကို သူ့ရဲ့လက်ဖလာနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။ ဆေဘာဓား အလင်းတန်းတွေက အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားပြီးတော့ သူတို့အပေါ်က နတ်ဘုရား သင်္ကေတတွေတောင်မှ သုံးစားလို့ မရခဲ့ပါဘူး။

Edit with WPS Office

လင်းဟန်က မြေကျွန်းမှာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်ကို အသက်သွင်းထားတာကိုလည်း သိထားဖို့ လိုပါတယ်။ ဒါကလည်း တန်ခိုးရှင်ဘုံရဲ့ နည်းစနစ် တစ်ခုဖြစ်ပါတယ်။ သူ့ရဲ့ သိုင်းဆန္ဒက အရမ်းကို ပေါ်လွင်ဂင့်ကြွားပြီး နတ်ဘုရား သင်္ကေတတွေကို ရင်ဆိုင်ဖို့ လုံလောက်ပါတယ်။

အောက်မှာရှိတဲ့ လူတွေက တိတ်ဆိတ်ငြိမ်သက်နေရာကနေ မြေကျွန်းမှာကြီး တုန်ဟီးလုမတတ် ဩဘာသံတွေ ပေါက်ကွဲထွက်ပေါ် လာခဲ့ပါတယ်။

"အရှင်မင်းကြီး သက်တော်ရာကျော် ရှည်ပါစေ"

"ဘုန်းတော်အနန္တနဲ့ ပြည့်စုံတဲ့ အရှင်မင်းကြီးကွ"

"ငါတို့ရဲ့ မင်းကြီးက ဘယ်လောက်တောင် တန်ခိုးဩဇာနဲ့ ပြည့်စုံလိုက်သလဲကွာ"

Edit with WPS Office

အားလုံးက ပျော်ရွှင်ကြည်နူးစွာနဲ့ စူးစူးဝါးဝါး
အော်ဟစ်နေကြပါတယ်။ ဒီလိုမျိုး ကျယ်လောင်တဲ့ အော်သံတွေက
သူတို့ရဲ့ ခံစားချက်တွေကို ဖွင့်ထွက်လာစေခဲ့ပါတယ်။

Chapter 882 end

အပိုင်း(883) တန်ခိုးရှင်ဘုံသို့ ဂင်ရောက်ခြင်း

လင်းဟန်က မိုးကောင်းကင်ကို ဆက်ပြီးတော့ ခွဲဖွင့်နေခဲ့ပါတယ်။
တောင်နဲ့မြစ် ပုဆိန်ကို အဆက်မပြတ် ဝှေ့ယမ်းပြီး
မိုးကောင်းကင်ကလည်း စုတ်ပြဲလာခဲ့ကာ နောက်ဆုံးမှာ
တန်ခိုးရှင်ဘုံဆီကို ဆက်သွားခဲ့ပါတယ်။

ဟူး။

စိတ်ဝိညာဉ် ချီတွေက အကန့်အသတ်မရှိတဲ့ ပင်လယ်ပြင်
တစ်ခုလိုမျိုး ချက်ချင်းပန်းထွက် လာခဲ့ပါတယ်။

Edit with WPS Office

"သောက်ကျိုးနည်း ငါအဆင့်တက်တော့မယ်"

ဟော့လျန်ထန်းယွင်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ သူက အစစ်အမှန် နဂါးရဲ့ မျိုးဆက်ဖြစ်ပြီး သူ့မျိုးဆက်သွေးက အရမ်းကို အစွမ်းထက်ပါတယ်။ တခြားသူတွေက တန်ခိုးရှင်အဆင့် သင့်တော်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တစ်ခု မရှိပဲနဲ့ အဆက်တက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူကတော့ မတူပါဘူး။ တန်ခိုးရှင်ဘုံရဲ့ ပတ်ဂန်းကျင်ထဲမှာ ရှိနေသရွေ့ သူ့အတွက်တော့ အဆင့်တက်ရတာ ရေသောက်ရသလို လွယ်ကူနေပါလိမ့်မယ်။

ဒါပေမဲ့ သူက အလျင်အမြန်ပဲ သူ့ရဲ့အဆင့်ချိုးဖျက်တက်ရောက်မှုကို ထိန်းချုပ်လိုက်ပါတယ်။ သူ့ရဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံခြင်းကို အကန့်အသတ်ထိရောက်အောင် ကျင့်ကြံဖို့ စိတ်ကူးထားတာကြောင့် အရမ်းကို လျင်လျင်မြန်မြန်နဲ့ အဆင့်တက်ဖို့ စိတ်ကူး မရှိပါဘူး။

တကယ်လို့ သူက လင်းဟာန်နဲ့သာ အရင်က မတွေ့ခဲ့ဖူးဆိုရင် စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

Edit with WPS Office

ကြယ်နှစ်ဆယ်လုံးက အကန့်အသတ်ကို ရောက်နေပြီလို့ ထင်မိနေဦးမှာပါပဲ။ ဒါကြောင့် တကယ်လို့ သူက အဆင့်တက်လိုက်ရင် ဘာများဖြစ်နိုင်မှာလဲ။ ဒါပေမဲ့ လင်းဟန်လိုမျိုး မွန်းစတားတစ်ကောင်နဲ့ တွေ့ပြီးတဲ့ နောက်မှာတော့ သူလည်း သူ့ကိုယ်သူ မွန်းစတား တစ်ယောက် ဖြစ်လာအောင်လို့ သင်ယူလေ့လာနေပြီး သူအဆင့်မတက်ခင် စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံး ခွန်အားကို ကျော်လွန်ဖို့ ပစ်မှတ်ထား ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူက ငယ်ပါသေးတယ်။
ဟုတ်တယ်မဟုတ်လား။

နောက်ပြီးတော့ တကယ်လို့ သူက အခုချိန်မှာ အဆင့်တက်လိုက်ရင် အောက်ဘုံရဲ့ နှင်ထုတ်ခြင်းကို သေချာပေါက် ခံရပါလိမ့်မယ်။ သူ့အထက်မှာ မိုးကောင်းကင် ပိတ်ဆို့ခြင်း မဟာဂက်ပါတစ်ခု ရှိနေပါသေးတယ်။ ဒါကြောင့် တကယ်လို့ သူက နှင်ထုတ်ခံလိုက်ရရင် တကယ်ပဲ သေကြောင်းကြံသလို ဖြစ်သွားပါလိမ့်မယ်။ သူက ဒီလိုမျိုးတော့ မလုပ်ချင်ပါဘူး။

Edit with WPS Office

တန်ခိုးရှင်ဘုံကနေ ပန်းထွက်လာတဲ့ အရာက သိပ်သည်းတဲ့ စိတ်ဝိညာဉ် ချီတွေအပြင် လောကဘုံ စွမ်းအား တစ်ခုလည်း ပါဝင်ပြီး လူတွေအားလုံး တစ်စုံတစ်ခုကို ဖမ်းဆုပ်မိသလို ခံစားစေရပါတယ်။ လူတချို့က ကြက်ခြေခတ်ပုံစံ ထိုင်ချလိုက်ပါတယ်။ သူတို့မှာ အဆင့်တက်ဖို့ အခွင့်အလမ်း တစ်ခု ရရှိနေပါပြီ။

မိုးကောင်းကင်က ပွင့်သွားပေမဲ့ လုံးဝတော့ မအောင်မြင်သေးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ မိုးကောင်းကင်ထက် အပေါက်က လက်ရှိမှာ အရမ်းကို သေးငယ်နေပြီး အောက်ဘုံတစ်ခုလုံး ဖြတ်သွားဖို့ မဖြစ်နိုင်သေးပါဘူး။ ဒါပေမဲ့လည်း တန်ခိုးရှင်ဘုံရဲ့ သံလိုက်လို ဆွဲငင်အားကြောင့် အောက်ဘုံက တန်ခိုးရှင်ဘုံနဲ့ နီးကပ်လာခဲ့ပါတယ်။ ဒါက ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ယောက်နဲ့ တူပါတယ်။ ကလေးတစ်ယောက်ကို မွေးဖွားဖို့အတွက် အတွင်းနဲ့ အပြင် နှစ်ခုစလုံးက အားထုတ်နေရတာမျိုးပါ။

Edit with WPS Office

တစ်ဖက်မှာရှိတဲ့ အဘိုးကြီးက နောက်ဆုံးတော့ မျက်နှာအမူအရာ ပြောင်းလဲသွားပါတယ်။ တကယ်လို့ ဒီအခြေအနေသာ ဆက်ပြီးတော့ ဖြစ်နေမယ်ဆိုရင် တကယ်လို့ လင်းဟန်က နောက်ထပ် တိုက်ကွက် မထုတ်ဘူးဆိုရင်တောင် အောက်ဘုံက တန်ခိုးရှင်ဘုံရဲ့ ဆွဲငင်အားကြောင့် တန်းပြီးတော့ ဖြတ်ထွက်လာနိုင်ချေ ရှိပါတယ်။

သူက လျှင်မြန်စွာနဲ့ ထွက်ခွာသွားခဲ့ပါတယ်။ ခဏအကြာမှာ ခရမ်းရောင် ဂုတ်စုံဂုတ်ထားတဲ့ အဘွားကြီးတစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ခေါင်းပေါ်မှာလည်း နေလေးစင်းနဲ့ လလေးစင်း ရှိပါတယ်။ ဒါပေမဲ့ သူမရဲ့ နေလေးစင်းနဲ့ လလေးစင်းတို့ အားလုံးက အရွယ်အစား အတူတူပါပဲ။

ဒါကမှ နေလအဆင့်ရဲ့ စစ်မှန်တဲ့ ပြီးပြည့်စုံမှု ဖြစ်ပါတယ်။ သူမက အထွတ်အထိပ်ထိ ကျင့်ကြံထားခဲ့ပါတယ်။ ပြီးတော့ တက ယ်လို့ သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို မချိုးဖျက်ခဲ့ဘူးဆိုရင် သူမအတွက်တော့ နောက်ထပ်တိုးတက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

Edit with WPS Office

ခရမ်းရောင် ဂုတ်စုံနဲ့ အဘွားကြီးက လင်းဟာန်ကို အေးစက်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဝုန်း။ မီတာသုံးသောင်းရှည်လျားတဲ့ ဖီးနစ်ငှက် အတောင်ပံနှစ်ခုက သူမရဲ့ နောက်ကျောကနေ ဆန့်ထွက်လာခဲ့ပါတယ်။ အဲဒီနောက် သူမရဲ့ ညာဘက်လက်ကို ဆန့်ထုတ်ပြီး အဆုံးမရှိတဲ့ မီးတောက်တွေ လောင်ကျွမ်းလာခဲ့ပါတယ်။ ဘုံနှစ်ခုက ခွဲခြားထားတယ် ဆိုရင်တောင်မှ မီးတောက်တွေကြောင့် ကျောရိုးစိမ့်မတတ် ခံစားမှုကို ဖြစ်ပေါ်စေပါတယ်။

ဒီမီးတောက်တွေက အရာအားလုံးကို ပြာကျသွားအောင် လောင်ကျွမ်းနိုင်ပါတယ်။

ရှုပ်။

အဘွားကြီးက လက်တစ်ချောင်းကို ဆတ်ခနဲ လှုပ်လိုက်ပြီး မီးကျည်တစ်ခုကို ပစ်လွှတ် လိုက်ပါတယ်။

Edit with WPS Office

ဒါက အရမ်းကို ရှင်းလင်းပါတယ်။ မီတာထောင်နဲ့ချီတဲ့ စားအလင်းတန်း ဒါမှမဟုတ် ဆေဘာစား အလင်းတန်းတွေ မဟုတ်ပါဘူး။ လက်သီးတစ်လုံး အရွယ်အစားလောက်ရှိတဲ့ မီးကျည်ဆန် တစ်ခုပဲ ဖြစ်ပါတယ်။ ဒီမီးကျည်ဆန်ရဲ့ နောက်ကစွမ်းအားက စောစောကဆေဘာစား အလင်းတန်းထက် အနည်းဆုံး ဆယ်ဆလောက် သာလွန်ပါတယ်။

တကယ်လို့ သူတို့က သာမန်အဆင့်ချင်း တူညီမယ် ဆိုရင်တောင် အစောပိုင်း အဆင့်၊ အလယ်ပိုင်း အဆင့်၊ နောက်ပိုင်းအဆင့်နဲ့ အထွတ်အထိပ် အဆင့်အကြားက ကွာခြားမှုက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားနေဆဲပါပဲ။ အဲဒါကြောင့်လည်း တန်ခိုးရှင်ဘုံမှာ အလွှာသေး တစ်ဆင့်ကို ကျော်ပြီးတော့ တိုက်ခိုက်နိုင်ရင်ပဲ ပါရမီရှင်တွေအဖြစ် ချီးမြှောက်ခံရတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။

သူမက တန်ခိုးရှင်ဘုံရဲ့ ဂိုဏ်းကြီးငါးဂိုဏ်းက အစွမ်းထက်ဆုံး လက်ရွေးစင် ဖြစ်ပါလိမ့်မယ်။ အဲဒီနောက် လင်းဟန်က

Edit with WPS Office

ဒီတိုက်ခိုက်မှုကို တားဆီးဖို့ တစ်ခုပဲ လိုပါလိမ့်မယ်။ ပြီးတော့ သူက တကယ်လို့ အောင်မြင်သွားခဲ့ရင် ကြောက်နေရမဲ့ အရာတွေ ရှိတော့မှာ မဟုတ်ပါဘူး။ ဟုတ်တယ်မလား။

လင်းဟန်က သူ့ရဲ့ စွမ်းအားတွေ အားလုံးကို စုစည်းလိုက်ပြီးတော့ မီးကျည်ဆန်ဆီကို လက်ဝါးနဲ့ ရိုက်လိုက်ပါတယ်။

ပုန်း။

ဒါပေမဲ့ အဲဒါက အသုံးမဝင်ပါဘူး။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်ငါးလုံး ရှိတယ်ဆိုရင်တောင် ဒီတိုက်ခိုက်မှုကို မတားဆီး နိုင်ပါဘူး။ ပြီးတော့ သူ့တစ်ကိုယ်လုံးကို ချက်ချင်းပဲ မီးတောက်တွေ ဝါးမျိုသွားပါတယ်။

"အရှင်မင်းကြီး"

Edit with WPS Office

အားလုံးက အံ့အားသင့်ပြီး စိုးရိမ်တကြီးနဲ့ အော်လိုက်ကြပါတယ်။

သူတို့တွေ နောက်တစ်ကြိမ် ကျရှုံးသွားခဲ့ပြီလား။ ဒါက အရမ်းကို နီးစပ်နေပြီ မဟုတ်လား။

မိုးကောင်းကင်က ပွင့်နေတာကို သိသင့်ပါတယ်။ ပြီးတော့ လင်းဟန်က ဒါကို သိပ်ကြာကြာ တောင့်ခံထားစရာ မလိုပါဘူး။ အောက်ဘုံတစ်ခုလုံး တန်ခိုးရှင်ဘုံကို တက်ရောက်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

တစ်ဖက်မှာတော့ အဘွားကြီးရဲ့ မျက်နှာပေါ်မှာ သရော်ပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူမရဲ့ အစစ်အမှန် ဗီးနစ်မီးတောက်တွေက ဘယ်လောက်တောင် ကြောက်စရာကောင်းလိုက်သလဲ။ ကျင့်ကြံခြင်းအဆင့်တူတဲ့ တန်ခိုးရှင်တွေတောင် ထိပ်တိုက်မရင်ဆိုင်ဝံ့ပါဘူး။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က ဘာများ တတ်နိုင်မှာလဲ။ ဒါပေမဲ့ ချက်ချင်းသလို သူမရဲ့ မျက်နှာပေါ်က အေးစက်စက် သရော်အပြုံးက ချက်ချင်းပဲ အံ့အားသင့်မှုကို

Edit with WPS Office

ပြောင်းလဲသွားပါတယ်။

ဒါ ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

လင်းဟန်က မီးတောက်တွေကြားထဲကနေ လမ်းလျှောက်ပြီး ထွက်လာတာကို အားလုံး တွေ့မြင်လိုက်ရပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး မီးလောင်နေပေမဲ့ သူ့စိတ်ဝိညာဉ်နဲ့ စွမ်းအင်တွေက အားမာန်ပြည့်ဝနေဆဲ ဖြစ်ပြီးတော့ မိုးကောင်းကင်ထိတောင် တစ်ဟုန်ထိုး မြင့်တက်လို့ နေပါတယ်။

ပုဆိန်ကို ဝှေ့ယမ်းပြီးတော့ လင်းဟန်က မိုးကောင်းကင်ကို ဆက်ပြီးခွဲဖွင့်နေခဲ့ပါတယ်။

"အရှင်မင်းကြီး"

နိုင်ငံသူ နိုင်ငံသား အားလုံးက အံ့အားသင့် သွားပြီး

Edit with WPS Office

သူတို့အားလုံးကိုယ်စီ အရမ်းကို စိတ်လှုပ်ရှားပြီး ကြက်သီးမွေးညှင်းတွေတောင် ထလာခဲ့ပါတယ်။

ဒါကဘာနဲ့တူလဲဆိုရင် အဆုံးသတ်မျဉ်းကို ရောက်လာတဲ့ အခါမှာ သူတို့က ဘယ်နေရာကိုမဆို သွားနိုင်ပြီး ဘယ်နေရာမှာမဆို ပေါ့ပေါ့ပါးပါးနဲ့ ထွက်ပေါ်လာနိုင်တယ် သွားနိုင်တယ်လို့ ပြောချင်တာပါ။ အစတုန်းက သူတို့တွေးထားတာက အရာအားလုံး ဒီနေရာမှာ အဆုံးသတ် သွားလိမ့်မယ်လို့ ထင်နေကြပြီး လင်းဟန်က သူတို့ကို နောက်ထပ် အံ့အားသင့်စရာ ပေးလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားမိခဲ့ပါဘူး။

ဒီကံကြမ္မာပြီးသွားရင် လင်းဟန်က အားလုံးရဲ့ နှလုံးသားထဲမှာ ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက် အဖြစ်နဲ့ တံဆိပ်ခတ်နှိပ်တော့မယ် ဆိုတာကို အားလုံးက ယုံကြည်နေပါတယ်။ အခြေအနေ ဘယ်လောက်ပဲ ဆိုးနေပါစေ သူတို့ရဲ့ အုပ်ချုပ်သူမှာ ပြဿနာကို ဖြေရှင်းဖို့ နည်းလမ်းတစ်ခုတော့ ရှိနေဦးမှာပါပဲ။

Edit with WPS Office

လူတွေရဲ့ နလုံးသားက ပေါင်းစည်းသွားပြီး နိုင်ငံစွမ်းအားက
တစ်ဟုန်ထိုး ထိုးတက်လာခဲ့ပါတယ်။

အင်ပါယာမြို့ရဲ့ အထက် မိုးကောင်းကင်ပေါ်မှာ အနက်ရောင်
မျှော်စင်ရဲ့ အထိမ်းအမှတ် ရုပ်တုက ရွှေရောင်အလင်းတန်းတွေနဲ့
တလက်လက် တောက်ပလို့ နေပါတယ်။ တဝီဂီနဲ့ မြည်တဲ့ အသံက
ပျံ့နှံ့လာပြီး အသံနဲ့ အလင်းရောင်က ပိုင်နက်နယ်မြေ အားလုံးကို
လွှမ်းခြုံသွားပြီး ထောင့်စေ့အောင် ဖြန့်ကျက်သွားခဲ့ပါတယ်။

နိုင်ငံက အကြီးအကျယ်ကို စည်ပင်ဖွံ့ဖြိုးလာပါတော့မယ်။

ခရမ်းရောင်ဂဝတ်စုံနဲ့ အဘွားကြီးရဲ့ မျက်နှာက သုန်မှုန်လို့ နေပြီးတော့
နောက်တစ်ကြိမ် တိုက်ခိုက် လိုက်ပါတယ်။ တစ်ခါပြီးတစ်ခါ
မီးကျည်ဆန်တွေ ထွက်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ အနီးကပ်
သေချာကြည့်မယ်ဆိုရင် မီးကျည်ဆန်တွေ အားလုံးမှာ နတ်ဘုရား
သင်္ကေတပုံစံတွေက ဖီးနစ်ငှက် တစ်ကောင်ပုံစံနဲ့ တူပြီးတော့
သူတို့ရဲ့ ခွန်အားက မယုံနိုင်စရာ ကောင်းလောက်အောင်
ကြောက်ဖို့ကောင်းပါတယ်။

Edit with WPS Office

လင်းဟန်က သူ့စွမ်းရည်နဲ့ ဒီမီးကျည်ဆန်တွေကို ရင်ဆိုင်ပြီး ရပ်တည်ဖို့ မလုံလောက်ဘူး ဆိုတာကို သိနားလည်ပါတယ်။ ဒါကြောင့် သူက ထွေထွေထူးထူး မစဉ်းစားပဲ တောင်နဲ့မြစ် ပုဆိန်ကို ဇော့ယမ်းပြီးတော့ မိုးကောင်းကင်ကို အသည်းအသန် ခုတ်လိုက်ပြီး သူ့ရဲ့ အထင်ကြီးစရာ ကောင်းပြီးတော့ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အားကိုးပြီး မီးကျည်ဆန်တွေကို ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

ဒါက သူ့ရဲ့ စစ်မှန်တဲ့ ဝှက်ဖဲပဲ ဖြစ်ပါတယ်။

နတ်ဘုရား သတ္တုလို မာကျောတဲ့ သတ္တုတစ်ခုကို တကယ်လို့ ခင်ဗျားတတ်နိုင်ရင် လောင်ကျွမ်း ပစ်လိုက်စမ်းပါ။

တကယ်လို့ သူတို့က တန်ခိုးရှင်ဘုံမှာ ဆိုရင်တော့ လင်းဟန်က အလျှင်စလိုနဲ့ လုပ်ဝံ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘုံတွေကို ခွဲခြားထားတာကြောင့် သူက ဘာကိုကြောက်နေစရာ လိုဦးမှာလဲ။

Edit with WPS Office

တကယ်လို့ သူမရဲ့ တိုက်ခိုက်မှုတွေက သူတို့ရဲ့ ခွန်အားအပြည့်အဝကို ထုတ်ဖော်နိုင်ရင် မိုးကောင်းကင်ကို ခွဲဖွင့်တာက အောင်မြင်ပေါ့မလား။

"ပွင့်စမ်း ပွင့်စမ်း ပွင့်စမ်းကွာ"

ပုဆိန်ခုတ်ချက်တွေနဲ့အတူ သန်းပေါင်းများစွာသော နိုင်ငံသူ နိုင်ငံသားတွေက အနောက်ကနေ ချီးကျူးသြဘာ ပေးနေကြပါတယ်။ သူတို့အားလုံးက လင်းဟာန်ရဲ့ ဂုဏ်ထုပ်ဂုဏ်ပိုးကို ဝေမျှပြီး မခံယူနိုင်ပေမဲ့ သူတို့လုပ်နိုင်တဲ့ တစ်ခုတည်းသော အရာက လင်းဟာန်အတွက် သူတို့ရဲ့ ထောက်ခံပေးနိုင်မှုကို ဖော်ပြဖို့နည်းလမ်းပဲ ရှိပါတယ်။

သာမန်လူတွေ မပြောနဲ့ ဘုရင်ခုနစ်ပါးနဲ့ ဟော့လျန်ထန်းယွင်တို့ အားလုံးတောင်မှ ပတ်ဂန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် သာမန်နိုင်ငံသူ နိုင်ငံသားတွေနဲ့အတူ ရင်ဘောင်တန်းပြီးတော့ လက်သီးလက်မောင်းတွေ ဆန့်ထုတ်ကာ အော်ဟစ်အားပေးနေပါတယ်။

Edit with WPS Office

"ပွင့်စမ်း ပွင့်စမ်း ပွင့်စမ်းကွာ"

လင်းဟန်ပုံစံကို ကြည့်ရတာလည်း ရူးသွပ်သွားသလိုပါပဲ။ တန်ခိုးရှင်ဘုံက မီးကျည်ဆန်တွေ ပစ်နေတဲ့ အဘွားကြီးက တကယ်ပဲ အနည်းငယ် အထိတ်တလန့် ဖြစ်သွားပါတယ်။

လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့တောင် ပြင်းထန်တဲ့ မီးအပူဒဏ်ကြောင့် အရည်ပျော်တဲ့ လက္ခဏာတွေ ရှိနေပါတယ်။ ဒါကြောင့် သူက သူ့ခန္ဓာကိုယ်ကို အခုလိုမျိုး ဆက်ပြီးတော့ လောင်ကျွမ်းခွင့် မပြုနိုင်ပါဘူး။ သူက အမြန်ဆုံး မိုးကောင်းကင်ကို ခွဲဖွင့်တာ ပြီးသွားဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဒီမီးတောက်တွေကြောင့် တကယ်ပဲ အငွေ့ပျံသွား နိုင်ပါတယ်။

တဖက်မှာရှိတဲ့ အဘွားအိုကလည်း စိုးရိမ်ပူပန်လာခဲ့ပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်တာ အောင်မြင်ဖို့က ဆံချည်မျှင် တထောက်စာပဲ လိုပါတော့တယ်။ တကယ်လို့ သူမက သူတို့ကို

Edit with WPS Office

အခုချိန်မှာ မတားဆီးနိုင်ခဲ့ရင် အောက်ဘုံက ဟင်းအိုးထဲက ဘဲတစ်ကောင်လို လွတ်မြောက် သွားပါလိမ့်မယ်။ သူမက အစွမ်းနည်းနည်းမှ မချန်ပဲ ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပြီး မီးကျည်ဆန်တွေကို မီးမိုးတွေ ရွာချသလိုမျိုး တရစပ်နဲ့ ပစ်ခတ်လိုက်ပါတယ်။

"ငါ့နာမည်ကို မှတ်ထား လင်းဟန်တဲ့"

လင်းဟန်က နောက်ဆုံး ပုဆိန်ခုတ်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။

ဂုန်း။

ဒီအပေါက်က လုံလောက်အောင် ကြီးမားလာခဲ့ပါတယ်။ ပြီးတော့ တန်ခိုးရှင်ဘုံရဲ့ ဆွဲငင်အားက ချက်ချင်းဆိုသလို အဆပေါင်း ရာနဲ့ချီပြီးတော့ တိုးလာခဲ့ပါတယ်။ အောက်ဘုံက ချက်ချင်းဆိုသလို အရှိန်မြင့်လာပြီး တန်ခိုးရှင်ဘုံဆီကို တက်လာခဲ့ပါတယ်။ ရှပ်။

Edit with WPS Office

အောက်ဘုံက ဥကနေ ပေါက်ထွက်လာတဲ့ ငှက်ကလေး တစ်ကောင်နဲ့ တူပါတယ်။

အပြင်ဘက်မှာ သူတို့ကို ပိတ်ဆို့ထားတဲ့ မဟာဂေါက်ပါကြီး တစ်ခု ရှိပါတယ်။ ဒါပေမဲ့ ကမ္ဘာငယ်လေး တစ်ခုရဲ့ တစ်ဟုန်ထိုး တက်လာမှုကို တောင်နဲ့မြစ်အဆင့်မှာရှိတဲ့ ဂေါ်ပါ တစ်ခုက ဘယ်လိုလုပ်ပြီးတော့ တားဆီးနိုင်မှာလဲ။

ဝုန်း။

ဂေါ်ပါက ချက်ချင်းဆိုသလို ပြိုလဲသွားခဲ့ပါတယ်။

ပင်လယ်အပါအဝင် အဓိက ကုန်းမြေကြီးက တစ်ဟုန်ထိုး မြင့်တက်သွားပါတယ်။ ဝုန်း ဝုန်း ဝုန်း။ လေဟာနယ်ထဲမှာ ခရမ်းရောင်ဂတ်စုံဂတ် အဘွားကြီး၊ ဆံပင်ဖြူဖြူ အဘိုးကြီးနဲ့ သက်လတ်ပိုင်းအရွယ် လူကြီးက ဒီအကျိုးဆက်ကြောင့် တုန်ခါပြီးတော့ မြေကြီးပေါ်ကို လဲကျသွားပြီး သွေးပွက်ပွက်

Edit with WPS Office

အန်ထုတ်လိုက်ရပါတယ်။

သူတို့အားလုံးက မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တိုးဝင်လာတဲ့ လမ်းကြောင်းထဲမှာ ရပ်နေရဲတယ်ပေါ့။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီက တုံ့ပြန်တိုက်ခိုက်မှုပဲ ဖြစ်ပါတယ်။

သူတို့က မြေကြီးပေါ်မှာ လူးလိမ့်နေပြီး အောက်ဘုံက ကောင်းကင်ပေါ်ကို ပျံတက်သွားတာကို ဘာမှမတတ်နိုင်ပဲ ကြည့်နေရပြီး မကြာခင်မှာ သေးငယ်တဲ့ အစက်အပြောက်လေး အဖြစ်ကို ပြောင်းလဲသွားပြီး သူတို့အားလုံးရဲ့ မြင်ကွင်းကနေ ပျောက်သွားပါတယ်။

ပုန်း။

လင်းဟန်က မိုးကောင်းကင်ပေါ်ကနေ ပြုတ်ကျလာခဲ့ပါတယ်။ သူက တကယ်ပဲ ဆက်ပြီးတော့ ပျံလို့မရတော့ဘူး ဆိုတာကို အံ့အားသင့်စရာ ကောင်းလောက်အောင် ရှာတွေ့သွားခဲ့ပါတယ်။ အဲဒါက ဒီရောက ဖိအားကြောင့် သူပျံလို့ မရတော့တာ

Edit with WPS Office

မဟုတ်ပါဘူး။ ဒါပေမဲ့ တချို့သော စည်းမျဉ်းစည်းကမ်းကြောင့်
ပျံ့သန်းခြင်းကနေ သူ့ကို တားမြစ်ထားတာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူက ချက်ခြင်းပဲ ကွာခြားမှုကို
သတိပြုမိသွားခဲ့ပါတယ်။ တခြားသူတွေလည်း အတူတူပါပဲ။
သူတို့တွေက ဘာတွေကွာခြားလဲ ဆိုတာကို ရှင်းရှင်းလင်းလင်း
မရှင်းပြနိုင်ပေမဲ့ သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အနွေးဓာတ်တွေနဲ့
သက်သောင့်သက်သာ ရှိပြီးတော့ သူတို့ဟာ ရေပူစမ်းထဲမှာ
ရေချိုးရသလိုမျိုး မယုံနိုင်စရာကောင်းတဲ့ သက်တောင့်သက်သာ
ဖြစ်မှုကို ခံစားရပါတယ်။

သူတို့က တန်ခိုးရှင်ဘုံထဲကို ဝင်လာခဲ့ပါပြီ။

အခုချိန်ကနေ စပြီးတော့ သူတို့တွေဟာ အောက်ဘုံရဲ့
ပုရွက်ဆိတ်တွေ မဟုတ်တော့ပါဘူး။ တန်ခိုးရှင်ဘုံက
တိုင်းသူပြည်သားတွေ ဖြစ်ပါတယ်။

Edit with WPS Office

"သက်တော်ရာကျော် ရှည်ပါစေ"

အားလုံးက သူတို့နှလုံးသား ဆန္ဒတွေ အပြည့်နဲ့ သူတို့ရဲ့ အုပ်ချုပ်သူအတွက် ဂုဏ်ပြုချီးမွမ်း လိုက်ကြပါတယ်။

ဒါပေမဲ့ အရမ်းကို လျင်မြန်စွာနဲ့ပဲ သူတို့အားလုံး စကားပြောဖို့ စွမ်းရည်တွေအားလုံး ပျောက်ဆုံးကုန်ပါတယ်။
ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ပတ်ဂန်းကျင်က အရောင်တွေ တလက်လက် တောက်ပပြီးတော့
အံ့သြမှင်တက်စရာကောင်းလောက်အောင် လှပဆန်းကြယ်
နေလို့ပါပဲ။

တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းဥပဒေတွေရဲ့ အောက်မှာ အောက်ဘုံက ရှည်လျားတဲ့ ခရီးတစ်ခုကို စတင်လာပြီး နဂါးငွေ့တန်း ဂလက်စီတွေကို ဖြတ်ပြီးတော့ ခရီးထွက်လာခဲ့ပါပြီ။

မကြာခင်မှာ သူတို့က တန်ခိုးရှင်ဘုံရဲ့ အဓိက ကုန်းမြေကြီးက

Edit with WPS Office

သူတို့ရဲ့ မြင်ကွင်းထဲ ဝင်လာခဲ့ပါတယ်။ ရောမ ကုန်းမြေအစိတ်အပိုင်းကြီး တစ်ခု။ အစက်အပြောက် တစ်ခုကနေ ဘောလုံးတစ်လုံး အရွယ်အစား ပြောင်းလဲလာပါတယ်။

အကန့်အသတ်မရှိတဲ့ စကြဝဠာကြီး အထဲမှာ မရေမတွက်နိုင်တဲ့ ဒီလိုမျိုး အစက်အပြောက်တွေ ရှိနေပါတယ်။

Chapter 883 end

အပိုင်း(884) ကံကြမ္မာရဲ့ မြင့်တင်မှု

"ဒီအစက်အပြောက်တိုင်းက အရင်တုန်းက ကြီးမားတဲ့ ကုန်းမြေကြီး တစ်ခုပဲလား"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အားလုံးက စက်ဝိုင်းပုံစံတွေနဲ့ ဒါကြောင့် လူတွေက ဘယ်လိုလုပ်ပြီး မတ်တတ်ရပ်နေနိုင်မှာလဲ။ တခြားဖက်ကို ပြုတ်ကျသွားမယ် မဟုတ်လား"

Edit with WPS Office

"တန်ခိုးရှင်ဘုံက အရမ်းကြီးလား"

အားလုံးက အံ့အားသင့် နေကြပါတယ်။ သူတို့တွေက သူတို့ရဲ့ ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီးတော့ ကြည့်နေကြပြီး အောက်ဘုံက တကယ်ပဲ ကုန်းမြေအစိတ်အပိုင်း တစ်ခုဖြစ်ပြီး မိုးကောင်းကင်တွေ ဝိုင်းနေပြီး ကုန်းမြေတွေက စတုန်းရန်းပုံ မကျတကျ ရှိနေပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကုန်းမြေတွေက လုံးဝိုင်းနေပြီး သူတို့ရဲ့ ခန့်မှန်းသုံးသပ်မှုတွေက ပျက်စီးသွားခဲ့ပါတယ်။

"အဲဒီ ရောမ မီးလုံးကြီးက ဘာကြီးလဲ။ နေမင်းကြီးလား။ ဒါပေမဲ့ နေမင်းကြီးက အဲဒီလောက် ကြီးရသလား"

"ဒါဆိုရင် ဒီကြယ်တာရာတွေက ကုန်းမြေတွေကို စက်ဝိုင်းပုံစံ လည်ပတ်နေတာလား"

အောက်ဘုံက အရမ်းကို လျင်မြန်စွာနဲ့ ပျံသန်းနေပါတယ်။ သူတို့အားလုံးက တန်ခိုးရှင်ဘုံရဲ့ မဟာလက်ရွေးစင်တွေကိုတောင်

Edit with WPS Office

သာလွန်ပြီး ချက်ချင်းဆိုသလို မရေမတွက်နိုင်တဲ့ နဂါးငွေ့တန်း ဂလက်စီတွေနဲ့ မရေမတွက်နိုင်တဲ့ စကြဝဠာတွေကို ဖြတ်သွားခဲ့ပါတယ်။ နောက်ဆုံးမှာ အရှိန်အဟုန်က နှေးလာခဲ့ပါတယ်။

သူတို့ရဲ့ အရှေ့မှာတော့ ရောမ ဂြိုလ်ကြီးတစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒီဂြိုလ်ကြီးကို အဝါရောင် မြေကမ္ဘာနဲ့ ဖုံးထားပြီး မိုးပြာရောင် ပင်လယ်ပြင်က ဂြိုလ်ကြီးတစ်ခုလုံးရဲ့ ငါးပုံလောက်ကို နေရာယူထားပါတယ်။

အောက်ဘုံက နိမ့်ဆင်းလာခဲ့ပါတယ်။ မြေပြင်ရဲ့ အစိတ်အပိုင်းတွေက ပွင့်လာပြီး အောက်ဘုံ အတွက်ကို အခန်းတစ်ခု လုပ်ပေးနေသလိုပါပဲ။

တစ်ခုသိထားရမှာက အောက်ဘုံဟာ တကယ်ပဲ အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါပေမဲ့ ဒီဂြိုလ်ကြီးနဲ့ နှိုင်းယှဉ်မယ်ဆိုရင်တော့ သနားစရာကောင်းလောက်အောင် သေးငယ်ပါတယ်။ ဒီဂြိုလ်ကြီးရဲ့ အရွယ်အစား တစ်သောင်းပုံ တစ်ပုံတောင် မရှိပါဘူး။

Edit with WPS Office

ဒီဂြိုလ်ကြီးအတွက်တော့ အောက်ဘုံတစ်ခုလုံးကို ပေါင်းစည်းဖို့ဆိုတာက အသေးအဖွဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

ပုန်း။

မြေပြင်ကနေ ညည်းတွားသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဓိက ကုန်းမြေကြီးက လျင်မြန်စွာနဲ့ အထိုင်ကျသွားခဲ့ပါတယ်။ သိပ်သည်းကျစ်လျစ်တဲ့ စိတ်ဝိညာဉ် ချီတွေတောင် ပေါက်ကွဲထွက်လာခဲ့ပြီး ချက်ချင်းဆိုသလို ပေါက်ကွဲထွက်လာပြီး လူတွေတော်တော်များများကို အဆင့်တက်သွား စေခဲ့ပါတယ်။ ဒီနေရာရဲ့ အဆင့်က အရမ်းကို မြင့်မားပါတယ်။ တကယ်လို့ သူတို့က အသက် အနည်းငယ် ရှရှိက်လိုက်ရင်တောင် အဲဒါက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို သေမျိုး အဆင့်ကနေ ကျော်လွန်သွားဖို့ လုံလောက်ပါလိမ့်မယ်။

လင်းဟာန်ကလည်း စိတ်ထဲမှာ အရမ်းကို သက်သောင့်သက်သာ

Edit with WPS Office

ဖြစ်သလို ခံစားရပါတယ်။ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ရှိနေခဲ့ပြီး အဆင့်တက်ဖို့ အရည်အချင်း ပြည့်မီပါတယ်။ ဒါပေမဲ့လည်း သူက သူ့ရဲ့အဆင့်တက်မှုကို ချိုးနှိမ်ထားဖို့ ရွေးချယ်လိုက် ပါတယ်။ အောက်ဘုံမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး ခွန်အားရောက်အောင် ကျင့်ကြံရတာက အနည်းငယ် ခက်ခဲပေမဲ့ တန်ခိုးရှင်ဘုံမှာတော့ များပြားတဲ့ အရင်းအမြစ်တွေ အမြောက်အမြား ရှိပါတယ်။

"သက်တော်ရာကျော် ရှည်ပါစေ"

"ကေရာဇ် သက်တော်ရာကျော် ရှည်ပါစေ"

ကုန်းမြေတစ်ခုလုံး ဩဘာသံတွေနဲ့ ဆူညံလို့ နေပါတယ်။ အခုဆို သူတို့က ကုန်ကြမ်းဖြစ်ရမဲ့ အရေးကနေ လွတ်မြောက်အောင် ရုန်းထွက်လာနိုင်ခဲ့ပါပြီ။ ပြီးတော့ တန်ခိုးရှင်ဘုံက လူတွေ ဖြစ်လာခဲ့ပါပြီ။ သူတို့ရဲ့ တည်ရှိမှု အဆင့်က ကြီးကြီးမားမား ပြောင်းလဲသွားပြီး နောက်ပိုင်းမှာ ဒီအရှိန်မြင့်တင်မှုက မြန်းညင်းစွာနဲ့ ရောင်ပြန်ဟပ်ပါလိမ့်မယ်။

Edit with WPS Office

အင်ပါယာမြို့တော်ရဲ့ အထက်မှာ အနက်ရောင် မျှော်စင်ရဲ့ အထိမ်းအမှတ် ရုပ်တုက ပိုပြီးတော့ ခိုင်မာလာခဲ့ပြီး ထူးခြားဆန်းကြယ်မှုတွေ တိုးလာခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ စိတ်ဝိညာဉ် ချီစီးကြောင်းတွေက အနက်ရောင် မျှော်စင်ရဲ့ အထိမ်းအမှတ် ရုပ်တုထဲကို စီးဝင်နေပြီး အဲဒါကနေ ဖြတ်ပြီးတော့ အနက်ရောင် မျှော်စင် ရုပ်တုပေါ်မှာ ရေးထွင်းထားတဲ့ နာမည်ရှိနေတဲ့ လူတွေရဲ့ ခန္ဓာကိုယ်ထဲကို ကူးပြောင်းသွားခဲ့ပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်တယ်ဆိုတာက ကြီးကျယ်ခမ်းနားတဲ့ ကံတရားတစ်ခု ဖြစ်ပါတယ်။ အဲဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီက ဆုလာဘ်ကို ရရှိပါလိမ့်မယ်။

လင်းဟာန်အနေနဲ့ သူ့ခွန်အားတွေ အလျင်အမြန်နဲ့ တိုးလာတယ် ဆိုတာကို ရှာတွေ့ခဲ့ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်လေးလုံး၊ ဆယ့်ငါးလုံး၊

Edit with WPS Office

ဆယ့်ခြောက်လုံး။

ဒါပေမဲ့လည်း နှစ်ရက်ဆိုတဲ့ အချိန်ကလည်း ကုန်လွန်သွားခဲ့ပါပြီ။

ခွန်အားသက်သက်မှာ ကြယ်သုံးလုံးတောင် တိုးသွားခဲ့တာက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ သူ့လက်ရှိ တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်သုံးဆယ် နီးပါးကို ကပ်နေပါပြီ။ ထပ်ပေါင်းပြောရမယ်ဆိုရင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း တစ်စုံတစ်ခု ပြောင်းလဲနေတာကို ရှာတွေ့လိုက်ပါတယ်။ သူ့ရဲ့ စိတ်ဝိညာဉ် အခြေခံက လှုပ်ရှားလာပြီး နတ်ဘုရားဆန်ဆန် လက္ခဏာတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ လူက ကံတရားရဲ့ မြှင့်တင်ပေးမှုကို ရရှိပါလိမ့်မယ်။

ကံတရားဆိုတာက ဖျက်ဆီးလို့မရ ထိတွေ့လို့မရ မမြင်နိုင်တဲ့

Edit with WPS Office

အရာမျိုးနဲ့ တူပြီးတော့ တကယ်ဆို အသုံးဝင်ပါတယ်။

နိုင်ငံတစ်ခုလုံး ပျော်ပွဲရွှင်ပွဲတွေနဲ့ အောင်ပွဲခံနေပါတယ်။ ဒါက မဟာလင်း အင်ပါယာရဲ့ တိုင်းသူပြည်သားတွေ အားလုံးအတွက် အရမ်းကို ပျော်ရွှင်ရတဲ့ နေ့တစ်ရက် ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလိုမျိုး အခွဲသြဖွယ်ရာ လေထုအမျိုးအစားက အကြာကြီးတော့ မတည်မြဲပါဘူး။ သိပ်မကြာခင် ဒီဂြိုလ်ရဲ့ လက်ရွေးစင် တစ်ယောက် ရောက်ရှိလာခဲ့ပါတယ်။

"နိုင်ငံဦးသျှောင်က ဘယ်သူလဲ"

မောက်မာဝင့်ကြွားပြီး အထင်သေးတဲ့ အသံက ပွဲတင်သံ ထပ်သွားပါတယ်။ အင်ပါယာ နန်းတော်ရဲ့ အထက်မှာ လူတစ်ယောက်က ရပ်နေပါတယ်။

သူက တန်ခိုးရှင် တစ်ယောက်ပဲ ဖြစ်ပါတယ်။

Edit with WPS Office

လင်းဟန်ရဲ့ လက်ရှိတိုက်ပွဲစွမ်းရည်က စကြဝဠာ
ဖျက်ဆီးခြင်းအဆင့် ကြယ်သုံးဆယ်နား ကပ်နေပေမဲ့
စကားပြောတဲ့သူကို မြင်လိုက်ရတဲ့ အခိုက်အတန့်မှာ သူက ဒီလူရဲ့
ပြိုင်ဘက် ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကို သိလိုက်ရပါတယ်။

ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

အားအနည်းဆုံး တန်ခိုးရှင် အမျိုးအစားတောင်မှ မွန်းစတား
အဆန်ဆုံး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ
တစ်ယောက်ထက် အဆပေါင်း ထောင်နဲ့ချီပြီး သန်မာပါလိမ့်မယ်။
အခုဒီမှာ သူတို့ကို ခွဲထားတဲ့ ဘုံအတားအဆီး မရှိပါဘူး။
တန်ခိုးရှင်တွေက စစ်မှန်တဲ့ တန်ခိုးရှင်တွေ ဖြစ်ပြီးတော့ သူတို့ရဲ့
အစစ်အမှန် စွမ်းအားတွေက နည်းနည်းလေးမှ လျော့ကျမှာ
မဟုတ်ပါဘူး။

မိုးကောင်းကင်ကို ခွဲမဖွင့်ခင် လင်းဟန်က ပြင်ဆင်ထားခဲ့ပါတယ်။

Edit with WPS Office

ဒါကြောင့် အမှုအရာ နည်းနည်းမှ မပြောင်းလဲပဲ သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ကျနော် ဒီမှာပါ"

"အိုး"

အဲဒီလူကြီးက အရပ်မြင့်ပြီးတော့ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်နဲ့အတူ အသက်သုံးဆယ်ခန့် ရှိပုံ ရပါတယ်။ သူ့ရဲ့ စွမ်းရည်ကို မဖုံးကွယ်ပဲနဲ့ ဖော်ပြထားပြီး သူ့အနောက်မှာ တောင်မြင့်ကြီး တစ်ခုရဲ့ အရိပ်ပုံတစ်ခု ရှိပါတယ်။

သူက တောင်မြစ် အဆင့်မှာ ရှိတယ်လို့ ဆိုလိုပါတယ်။ ဒါပေမဲ့ သူက တောင်မြစ်အဆင့်ရဲ့ အသေးစား အလွှာကိုပဲ ရောက်ပါဦးမယ်။ ဘာဖြစ်လို့လဲဆို တောင်မြစ်အဆင့်လို့ ခေါ်ပေမဲ့ သူ့မှာ တောင်တစ်ခုပဲ ရှိပြီးတော့ မြစ်တစ်စင်း မရှိသေးဘူးလေ ဟုတ်တယ်မလား။ တန်ခိုးရှင်ဘုံမှာ အဆင့်အနိမ့်ဆုံး လက်ရွေးစင် ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကို လက်ရွေးစင်တွေလို ခေါ်ဆိုတာက

Edit with WPS Office

သူတို့က အောက်ဘုံမှာရှိတဲ့ လူတွေအားလုံးကို ချေမှုန်းပစ်နိုင်လို့ပါပဲ။

"ငါက အရှေ့ပိုင်း လေဟာနယ် တော်ဝင်အင်ပါယာရဲ့ အထူးသံတမန်ဖြစ်တဲ့ ရန်ယွန်ကျီပဲ။ မင်းက နိုင်ငံခေါင်းဆောင် ဆိုမှတော့ ချက်ချင်း မင်းရဲ့နိုင်ငံစာအုပ်ကို ပို့ပြီးတော့ မင်းကိုယ်တိုင် ငါတို့ အင်ပါယာရဲ့ လက်အောက်ခံလို့ ကြေညာလိုက်ပါ"

သူက တည်ငြိမ်စွာနဲ့ ပြောပြီးတော့ လုံးဂကို ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

သူ့မျက်လုံးတွေ ထဲမှာတော့ ဒါက သဘာဂပါပဲ။

အရှေ့ပိုင်း လေဟာနယ် တော်ဝင်အင်ပါယာထဲမှာ တန်ခိုးရှင်တွေ ဘယ်လောက်တောင်များ ရှိနေလဲ။ အရေအတွက်က သန်းနဲ့ချီပြီးတော့ ရှိပါတယ်။ သူတို့တစ်ယောက်ချင်းစီတိုင်းက ဒီကမ္ဘာအသစ်ကို ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါတယ်။ ဒါကြောင့်

Edit with WPS Office

သူတို့ကိုယ်တိုင် လက်အောက်ခံတွေလို့ ကြေညာပြီး သူတို့ရဲ့ ဩဇာလွှမ်းမိုးမှုကို ခံယူတာက သဘာဝပဲ မဟုတ်လား။

ဒီစကားလုံးတွေကို ကြားလိုက်ရတဲ့ အခါမှာ အင်ပါယာ မြို့တော်က မြို့သူမြို့သား အားလုံးက ဒေါသနဲ့ ကြည့်လိုက်ပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတဲ့နောက်မှာ အာလုံးက လင်းဟန်ကို အစစ်အမှန် နတ်ဘုရား တစ်ပါးလိုမျိုး တွေးထားကြပါပြီ။ ပြိုင်ဘက်ကင်းတဲ့ ကေရာဇ်တစ်ပါး။ ဘယ်လိုလုပ်ပြီးတော့ ကေရာဇ်တစ်ပါးက ဒီလိုမျိုး အရှက်ခွဲတာကို ခံမှာလဲ။

"ဟားဟားဟား အရှေ့ပိုင်း လေဟာနယ် တော်ဝင် အင်ပါယာက ငါတို့ရဲ့ ရောင့်ရဲခြင်း ရေတော်ဝင် အင်ပါယာရဲ့ ဒီပိုင်နက်အသစ်ကိုတောင် မျက်စိကျဖို့တယ်ပေါ့လေ ဟုတ်လား"

နောက်ထပ်လူတစ်ယောက် လျှင်မြန်စွာနဲ့ ရုတ်တရက် ထွက်ပေါ်လာပြီး အင်ပါယာနန်းတော်ရဲ့ အထက် ရန်ယွမ်ကျီရဲ့

Edit with WPS Office

ဆန့်ကျင်ဘက် နေရာမှာ ရပ်လိုက်ပါတယ်။

"ဟားဟားဟား မင်းတို့အားလုံးက ငါ့ရဲ့ မိုးကြိုးလျှပ်စီး ဗဟိုတော်ဂင် အင်ပါယာကို မေ့နေကြတာလား"

တတိယမြောက် တန်ခိုးရှင်တစ်ယောက် ရောက်လာခဲ့ပါတယ်။

လင်းဟန်ကို အရင်တုန်းက ရီရွှမ်ရွှမ် ပြောခဲ့ဖူးပါတယ်။ တန်ခိုးရှင်ဘုံထဲမှာ ကုန်းမြေနဲ့ တိုင်းသူ ပြည်သားတွေက အရမ်းကို တန်ဖိုးကြီးမားတဲ့ အရင်းအမြစ်တွေ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့တွေက နိုင်ငံစွမ်းအားပေါ်မှာ အကျိုးသက်ရောက်မှုတစ်ခု ရှိပါတယ်။ အခု ကမ္ဘာငယ်လေး တစ်ခုကနေ ကုန်းမြေအသစ်တစ်ခု ဖြစ်လာတာကြောင့် ဘယ်အင်အားစုကများ အရင်းအမြစ်ကို ဝေစုတစ်ခု မလိုချင်တာ ရှိမှာလဲ။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က မိုးကောင်းကင်ကို ခွဲဖွင့်တာက

Edit with WPS Office

မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဆုလာဘ်ကို ရရှိပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ တစ်စုံတစ်ယောက်ကက မဟာလင်း အင်ပါယာရဲ့ နိုင်ငံစွမ်းအားကို ဝါးမျိုနိုင်ခဲ့ရင် အဲဒါက နိုင်ငံအတွက် အရမ်းကို အားကောင်းစေပြီး သူတို့ရဲ့ ကိုယ်ပိုင်နိုင်ငံစွမ်းအားကိုပါ အလွန်အမင်း အားကောင်းစေပါတယ်။

လင်းဟန်က တိတ်တိတ်ဆိတ်နဲ့ပဲ ရပ်နေလိုက်ပါတယ်။ သူက အချိန်တော်တော်ကြာအောင် ပြင်ဆင်ထားခဲ့ပြီး ပစ္စည်းကောင်းတစ်ခုကို ရှောင်းဖို့ တန်ဖိုးကိုလည်း ထိန်းထားနိုင်ပါတယ်။ သူက အနည်းဆုံးတော့ အစွမ်းထက်တဲ့ အင်အားစု တစ်ခုကိုပဲ သူတို့ကိုယ်သူတို့ ရှောင်းချချင်ခဲ့ပါတယ်။ အဲဒီနောက် သူထွက်သွားပြီးတဲ့နောက်မှာ မဟာလင်း အင်ပါယာကလည်း လုံခြုံပါလိမ့်မယ်။ တခြားသူတွေ ကျူးကျော်လာမှာကို စိုးရိမ်ပူပန်စရာ လိုတော့မှာ မဟုတ်ပါဘူး။

ရှုပ်။

တောက်ပလင်းလက်တဲ့ အလင်းရောင်တစ်ခု ဖျတ်ခနဲ

Edit with WPS Office

လက်သွားပြီးတော့ လေသဘော်တစ်စီး လေထဲကနေ ရောက်လာခဲ့ပါတယ်။

ရုတ်ခြည်းဆိုသလို တန်ခိုးရှင် သုံးယောက်ရဲ့ အမူအရာတွေက အရမ်းကို လေးနက်သွားခဲ့ပါတယ်။

တန်ခိုးရှင်ဘုံမှာလည်း တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေနဲ့ ပျံသန်းနိုင်တာက သေချာပေါက် အစွမ်းထက်တဲ့ လက်ရွေးစင်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ပျံသန်းနိုင်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားရင်တော့ အံ့သြဖွယ်ရာ နောက်ခံတစ်ခုက ထောက်ပံ့ထားလို့ ဖြစ်ပါတယ်။ တခြားသူတွေကို အသာထားဦး အစောပိုင်း ရောက်လာတဲ့ တန်ခိုးရှင်တွေက သူတို့ကိုယ်ပိုင် ခြေထောက်နှစ်ချောင်းကို သုံးပြီးတော့ ပြေးလာခဲ့တာပါ။ သူတို့တွေ အရင်ဆုံး ရောက်တယ်ဆိုတာကလည်း သူတို့က အနီးဆုံး ဖြစ်နေလို့ပါ။

လေသဘော်ရဲ့ ကုန်းပတ်ပေါ်မှာ အဖြူရောင် ဂတ်စုံဂတ်ထားတဲ့

Edit with WPS Office

လူကြီးတစ်ယောက် မတ်တတ် ရပ်နေပါတယ်။ သူ့အဂတ်အစားတွေက လေထဲမှာ တဖျတဖျတ် လွင့်နေပါတယ်။ သူ့ကို ကြည့်ရတာ ဖော်ရွေတဲ့ ပုံစံမျိုး ရှိပြီးတော့ နှစ်ဆယ့်ခြောက်နှစ် နှစ်ဆယ့်ခုနစ်နှစ် ဂန်းကျင်ပဲ ရှိသေးတဲ့ ပုံစံပါပဲ။ ဒါပေမဲ့ တန်ခိုးရှင်တစ်ယောက် ဖြစ်လာတာနဲ့ အရမ်းကို ရှည်လျားတဲ့ သက်တမ်း တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် သူတို့ရဲ့ အသက်ကို အပေါ်ယံ ရုပ်ရည်သွင်ပြင်ကို ကြည့်ပြီးတော့ ဆုံးဖြတ်လို့ မရနိုင်ပါဘူး။

သူ့ရဲ့နောက်ကျောမှာ ရတနာ ဓားတစ်လက်ကို လွယ်ထားပါတယ်။ သူက သူ့ရဲ့အရှိန်အဝါကို ထုတ်မပြပါဘူး။ ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို သူ့ပုံစံကနေ ကြည့်ပြီးတော့ လျော့တွက်လို့ မရနိုင်ပါဘူး။

"ကြယ်ဉက္ကာ ခုံညားထယ်ဝါသော အင်ပါယာ"

လေ့ပေါ်က အမှတ်အသား သင်္ကေတကို မြင်လိုက်တဲ့ အခါမှာ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ပြည့်နက်ပြီး ချက်ချင်းပဲ ရှိသေလေးစားမှုတွေကို ထုတ်ဖော်ပြသ လိုက်ကြပါတယ်။

Edit with WPS Office

အောက်ဘုံမှာလိုပဲ ဂိုဏ်းတွေ အဖွဲ့တွေနဲ့ အဖွဲ့အစည်းတွေရဲ့ နာမည်ကို အသုံးပြုချင်တိုင်း ပြုလို့ မရပါဘူး။ တန်ခိုးရှင်ဘုံမှာလည်း အတူတူပါပဲ။ အင်ပါရီယန် အင်ပါယာ၊ ခုံညားထယ်ဝါသော အင်ပါယာနဲ့ တော်ဂင်အင်ပါယာဆိုတဲ့ နာမည်အသီးသီးက မတူညီတဲ့ စွမ်းအားအဆင့်ကို ကိုယ်စားပြုပါတယ်။

နေလအဆင့် ကြီးကြပ်သူ တစ်ယောက် ရှိရင် တန်ခိုးရှင်ဘုံထဲမှာ အဖွဲ့တစ်ခုက နိုင်ငံတစ်ခု တည်ထောင်နိုင်ပြီး တော်ဂင်အင်ပါယာ တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ ခုံညားထယ်ဝါတဲ့ အင်ပါယာ တစ်ခုကတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် လိုအပ်ပြီး အင်ပါရီယန် အင်ပါယာကတော့ ထာဝရမြစ်အဆင့် လက်ရွေးစင်တစ်ယောက်ရှိဖို့ လိုအပ်ပါတယ်။ ဒါက လုံးဝကို ရှုပ်ထွေးလို့ မရနိုင်ပါဘူး။ မဟာလင်း အင်ပါယာလိုမျိုး တည်ရှိမှု တစ်ခုက မတူညီတဲ့ အဆင့်အတန်း တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက အောက်ဘုံကနေ မြင့်တက်လာလို့ ဖြစ်ပါတယ်။

Edit with WPS Office

"မင်းက နိုင်ငံဥသျှောင်လား"

အဖြူရောင် ဂတ်စုံနဲ့လူက လင်းဟာန်ကို ကြည့်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"ငါက ရှန်းချန်းယွမ်လို့ခေါ်တယ်။ ခံ့ညားထယ်ဝါတဲ့ ကြယ်ဥက္ကာ အင်ပါယာရဲ့ဘယ်လက်ရုံး အမတ်မင်းရဲ့ လက်အောက်ကပဲ"

"အရှင်သခင်ရှန်း"

လင်းဟာန်က သူ့လက်ကို ဆုပ်ပြီးတော့ နုတ်ဆက်ဂါရဝ ပြုလိုက်ပါတယ်။ ဒါက တန်ခိုးရှင်ဘုံမှာ ဖြစ်ပါတယ်။ သူ့အတွက် ဂုဏ်ယူဝင့်ကြွားနေလို့ မရပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့ ဂုဏ်သိက္ခာကို သိမ်းထားဖို့ဆိုတာက လွယ်ကူတဲ့ ကိစ္စပါပဲ။ ဒါပေမဲ့ ခက်ခဲတာက သူ့မာနကို ရိုက်ချိုးဖို့ပဲ ဖြစ်ပါတယ်။ သူ့အရိုးတွေထဲမှာ သူက အရမ်းကို အားမာန်ပြည့်ဝတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သေမင်းကိုတောင် မရှိမသေ လုပ်ဝံ့တဲ့ ဂုဏ်သိက္ခာမျိုးကို ပိုင်ဆိုင်ထားပါတယ်။

Edit with WPS Office

Chapter 884 end

အပိုင်း(885) ခံ့ညားထယ်ဝါသော ကြယ်ဥက္ကာ အင်ပါယာ

ဒီရှန်းချန်းယွမ်က တကယ်ပဲ အရမ်းကို ဖော်ရွေတတ်ပြီးတော့ လက်ရွေးစင် တစ်ယောက်ရဲ့ အငွေ့အသက်မျိုး ထုတ်ဖော်မထားခဲ့ပါဘူး။ အဲ့ဒါက လင်းဟာန်ကို အရမ်းပဲ မရိုးတင်ကဲ ဖြစ်သလို ခံစားရပါတယ်။ သူတို့ရဲ့ နောက်ခံတွေက ပိုပြီးတော့ ခံ့ညားလေ သူတို့က ပိုပြီးတော့ နှိမ့်ချပြီး နေကြပါတယ်။ ဒီရှန်းချင်းယွမ်က သူ့ကို လေးနက်တဲ့ ဂုဏ်ကျက်သရေတစ်ခုကို ပိုင်ဆိုင်ထား စေပါသေးတယ်။ သူက ဒီနေရာမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရပ်နေပြီး တော်ဝင်အင်ပါယာတွေက သံတမန် တစ်ယောက်ကိုမှ အလေးအနက် မထားပါဘူး။

ရှန်းချန်းယွမ်က ဘယ်လက်ရုံး အမတ်မင်းရဲ့ကိုယ်စား ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့တာဝန်က မဟာလင်း အင်ပါယာကို လက်အောက်ခံအဖြစ် သိမ်းသွင်းဖို့ ဖြစ်ပါတယ်။ အဲ့ဒါမှ မဟာလင်း အင်ပါယာက ကြယ်ဥက္ကာ အင်ပါယာရဲ့ လက်အောက်ခံ ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ ဘယ်လက်ရုံး အမတ်မင်း

Edit with WPS Office

အရှင်သခင်ရဲ့ လက်အောက်က အင်အားတစ်ခု ဖြစ်လာဖို့ စကားကို တဲ့တိုးမပြောပါဘူး။

ခံ့ညားထယ်ဝါတဲ့ အင်ပါယာက အရမ်းကို အစွမ်းထက်ပြီး မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ တက်လာတဲ့ သာမန်အင်အားစုလေး တစ်ခုကို သူတို့ရဲ့ လက်အောက်လိုမျိုး သတိပေးခြင်း မရှိပါဘူး။

လင်းဟာန်က ဒီနေရာမှာ စွမ်းအားတွေ မျှဝေခြင်းနဲ့ ပတ်သက်တဲ့ အခြေခံ အကြောင်းတွေကို မေးလိုက်ပါတယ်။ ရှန်းချမ်းယွမ်ကလည်း ဘာကိုမှ ဖုံးကွယ်မထားပဲ သူ့ကို အမှန်တရားတွေ ပြောပြလိုက်ပါတယ်။

ဒီဂြိုလ်ကို ငြိမ်းချမ်းမှု ပူးတွဲထားခြင်း ဂြိုလ်လို့ ခေါ်ပါတယ်။ ဒီမှာ စုစုပေါင်း ခံ့ညားထယ်ဝါတဲ့ မဟာအင်ပါယာ သုံးခုရှိပါတယ်။ အဲဒီအင်ပါယာတွေက ကြယ်ဥက္ကာ အင်ပါယာ၊ ထာဝရ မိုးကောင်းကင် အင်ပါယာနဲ့ ကျောက်စိမ်းတစ်စက် တော်ဝင်အင်ပါယာတို့ ဖြစ်ပါတယ်။ ဒီခံ့ညား ထည်ဝါတဲ့ အင်ပါယာ

Edit with WPS Office

သုံးခုအောက်မှာ တော်ဂင်အင်ပါယာ တစ်ရာရှိပါတယ်။ ခုံညားထယ်ဝါတဲ့ အင်ပါယာ သုံးခုက စွမ်းအားနဲ့ ပတ်သက်လာရင် တူညီကြပြီး နှစ်ပေါင်းများစွာ တစ်ဖက်နဲ့တစ်ဖက် စစ်မက်ဖြစ်ပွားပြီးတော့ သိမ်းပိုက်ချင်နေ ကြပါတယ်။

ပြီးတော့ တော်ဂင်အင်ပါယာတွေအတွက် ရှင်သန်ဖို့ အခန်းတွေလည်း ခွင့်ပြုထားပါတယ်။ သူတို့အားလုံးက ခုံညားထယ်ဝါတဲ့ အင်ပါယာတွေထဲက တစ်ခုရဲ့ လက်အောက်ခံတွေ ဖြစ်ပြီးတော့ ပိုင်နက်တွေအတွက် တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ပြီး လူတွေက အရမ်းကို ပြင်းထန်ကြပါတယ်။

ဒါကြောင့် မဟာလင်း အင်ပါယာက မိုးကောင်းကင်ကို ဖွင့်ပြီးတော့ ပေါ်ထွက်လာတဲ့ အခိုက်အတန့်မှာ အနားမှာရှိတဲ့ တော်ဂင်အင်ပါယာတွေက ချက်ချင်းပဲ သူတို့ရဲ့ သံတမန်တွေကို စေလွှတ်လိုက်ကြပါတယ်။ ဒါပေမဲ့ ခုံညားထည်ဝါတဲ့ ကြယ်ဥက္ကာ အင်ပါယာကလည်း လုပ်ရှားလာလိမ့်မယ်လို့ သူတို့က မထင်ထားခဲ့ပါဘူး။ တကယ်လို့ ဒါက ဘယ်လက်ရုံး အမတ်မင်းရဲ့ ကိုယ်စားလှယ် ဆိုရင်တောင်မှ တခြားတော်ဂင် အင်ပါယာတွေကို

Edit with WPS Office

လက်လျှော့ သွားစေပါလိမ့်မယ်။

ခံ့ညားထည်ဝါတဲ့ အင်ပါယာတစ်ခုနဲ့ တိုက်ရိုက်ရမယ်ဟုတ်လား။
သူတို့တွေက အသက်ရှင်ရတာ ငြီးငွေ့လာလို့ပဲ ဖြစ်ပါလိမ့်မယ်။

ခဏအကြာမှာ ထာဂရ မိုးကောင်းကင် အင်ပါယာနဲ့
ကျောက်စိမ်းတစ်စက် အင်ပါယာတို့ကလည်း သံတမန်ကိုယ်စီ
စေလွှတ်လိုက်ပါတယ်။ မဟာလင်း အင်ပါယာကို သူတို့ရဲ့
လက်အောက်ခံ အင်အားစုအဖြစ် သတ်မှတ်ချင်နေ ကြပါတယ်။

မဟာလင်း အင်ပါယာက ရောမ ပိုင်နက်ကြီးတစ်ခု မဟုတ်သလို
လူဦးရေလည်း များလွန်းတာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့က
မိုးကောင်းကင်ကို ခွဲဖွင့်လာခဲ့တာ ဖြစ်ပြီးတော့ သူတို့ရဲ့
နိုင်ငံစွမ်းအားက သက်ဆိုင်ရာ ခံ့ညားထည်ဂါသော အင်ပါယာ
အသီးသီးအထွက် အရမ်းကို အကျိုးအမြတ်ရှိလို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က သေသေချာချာ စဉ်းစားကြည့်ပြီးတော့ ကြယ်ဥက္ကာ

Edit with WPS Office

အင်ပါယာရဲ့ အထောက်အပံ့ကို မှီခိုဖို့ ယာယီအားဖြင့် ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

ပထမ အချက်က သူ့အတွက် သူတို့ထဲက တစ်ယောက်ကို ရွေးချယ်ဖို့ ဖြစ်နိုင်ချေ ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူတို့အားလုံးကို ကြည့်ရတာ ပြုံးပြီးတော့ လွယ်လွယ်နဲ့ ဆက်ဆံလို့ ရပုံပေါ်ပေမဲ့ တကယ်လို့ သူတို့က လက်အောက်ခံတွေ ဖြစ်လာခဲ့ရင် စာရွက်ကို လှန်ပစ်လိုက်သလို နောက်တစ်မျက်နှာကို ပြောင်းလဲသွားနိုင်ပါတယ်။ အဲဒီတော့ တကယ်လို့ သူတို့ထဲက တစ်ယောက်ကို ရွေးချယ်ဖို့ လိုလာပြီဆိုရင်တော့ ကြယ်ဥက္ကာ အင်ပါယာကို ရွေးချယ်တာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ မဟာလင်း အင်ပါယာရဲ့ လက်ရှိ တည်နေရာက ကြယ်ဥက္ကာ အင်ပါယာနဲ့ အနီးဆုံးမှာ ဖြစ်ပါတယ်။

ဒါက သူတို့ နိုင်ငံရဲ့ လုံခြုံရေးအတွက် ဖြစ်ပါတယ်။

လင်းဟာန် ရေးထားတဲ့ နိုင်ငံနဲ့ ပတ်သက်တဲ့ စာအုပ်ကို ရှန်းချန်းယွမ်ဆီကို ပေးလိုက်ပါတယ်။ အခုချိန်ကစပြီးတော့ မဟာလင်း အင်ပါယာက ခံ့ညားထယ်ဝါတဲ့ ကြယ်ဥက္ကာ အင်ပါယာရဲ့

Edit with WPS Office

လက်အောက်ခံ နယ်မြေတစ်ခု ဖြစ်လာပါလိမ့်မယ်။ သူတို့က လက်ဆောင်ပဏ္ဏာ ဆက်သပြီး အမိန့်နာခံရပါမယ်။ ကြယ်ဥက္ကာ အင်ပါယာကတော့ မဟာလင်း အင်ပါယာကို ကာကွယ်ပေးဖို့ တာဝန်ယူရပါမယ်။

နိုင်ငံ့စာအုပ်ကို လွှဲပြောင်းပေးပြီးတဲ့ အခိုက်အတန့်မှာ ရှန်းချန်းယွမ်ရဲ့ ခန္ဓာကိုယ်ကနေ အမြီးကိုးချောင်းရှိတဲ့ နတ်ဘုရားမြေခွေးတစ်ကောင်ရဲ့ ပုံရိပ်မည်းတစ်ခုက ပျံထွက်လာခဲ့ပါတယ်။ အမြီးကိုးချောင် မြေခွေးက အင်ပါယာ မြို့တော်ရဲ့ အထက်မှာရှိတဲ့ အနက်ရောင် မျှော်စင်ရဲ့ ရုပ်တုကို ပြင်းပြင်းထန်ထန် ကိုက်လိုက်ပြီး ချက်ချင်းဆိုသလို အနက်ရောင် မျှော်စင် ရုပ်တုက ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပြီးတော့ ဝေဝါးလာခဲ့ပါတယ်။ အဲဒီအချိန်မှာ မဟာလင်း အင်ပါယာထဲက လူတိုင်းလူတိုင်း ခါးသီးတဲ့ ခံစားချက် တစ်ခုကို ခံစားနေကြရပါတယ်။

ဒါက သူတို့နိုင်ငံရဲ့ အရှက်ကွဲ စော်ကားခံရမှု ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့ တခြားသူတွေရဲ့ လက်အောက်ခံအဖြစ် ဖိအားပေးပြီး ကြေညာခဲ့ရပါတယ်။

Edit with WPS Office

သူတို့အားလုံး အချိန်တော်တော်ကြာအောင် ပြင်ဆင်ထားခဲ့ ကြပေမဲ့ ကြီးမားတဲ့ ဒေါသတွေကို ခံစားနေရပြီး အည့ံခံမဲ့အစား ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲပစ်ချင်နေပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ ဒေါသတွေကို ချုပ်ထိန်းထားတာက ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ သူတို့က တန်ခိုးရှင်ဘုံကို ဂင်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် တန်ခိုးရှင်ဘုံရဲ့ အင်အားစုတွေနဲ့ ဘယ်လိုလုပ် ယှဉ်ပြိုင်နိုင်မှာလဲ။

"တကယ်လို့ မင်းက အည့ံခံဖို့ ဆန္ဒမရှိဘူးဆိုရင် မင်းရဲ့ ကျင့်ကြံခြင်းကို ပိုပြီးတော့ ကြိုးစား အားထုတ်ရလိမ့်မယ်"

"စွမ်းအားမရှိပဲနဲ့ မင်းက ဒါကို သည်းခံဖို့ပဲ တတ်နိုင်လိမ့်မယ်"

"အရှင်မင်းကြီးကို တွေးကြည့် သူက ဒါကို သည်းခံနိုင်တယ်"

"တကယ်လို့ ဒီနိုင်ငံအတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် အရှင်မင်းကြီးက လုံးဂကို ထွက်သွားနိုင်တယ်။ ကျွှာကြီးက

Edit with WPS Office

အရမ်းကို ကြီးမားတယ်။ ဒါကြောင့် အရှင်မင်းကြီး ဘယ်ကို ရောက်သွားလဲ ဆိုတာကို သိမှာမဟုတ်ဘူး။ အရှင်မင်းကြီးရဲ့ ပါရမီနဲ့ဆိုရင် သူက သေချာပေါက် တန်ခိုးရှင်ဘုံမှာ လျှင်လျှင်မြန်မြန်နဲ့ အမြင့်ကို ရောက်လိမ့်မယ်"

"အရှင်မင်းကြီးက ငါတို့အတွက် သည်းခံဖို့ ရွေးလိုက်တယ်ဆိုမှတော့ ငါတို့က အရှင်မင်းကြီး ဘယ်လိုလုပ်ပြီးတော့ စိတ်ပျက်သွားအောင်လုပ်လို့ ဖြစ်မှာလဲ"

"ငါဒီထက်ပိုပြီးတော့ သန်မာချင်တယ်"

"ငါလည်း အရှင်မင်းကြီးရဲ့ ဂန်ထုပ်ဂန်ပိုးကို မျှဝေခံယူချင်တယ်"

ဒီလိုမျိုး အရှက်ကွဲမှုကြောင့် တိုင်းသူပြည်သားတွေက ပြိုလဲမသွားခဲ့ပါဘူး။ အဲဒီအစား သူတို့ရဲ့ ရှက်ရွံ့မှုက ဘာကြောင့်လဲဆိုတာကို သိနားလည်လာပြီး သတ္တိတွေ တိုးပွားလာခဲ့ပါတယ်။ သူတို့အားလုံးက ဒေါကန်နေကြပြီး

Edit with WPS Office

သူတို့အားလုံးရဲ့ ကျင့်ကြံခြင်းကို အရှိန်အဟုန် မြှင့်တင်ပြီး ကြိုးစားအားထုတ် လေ့ကျင့်ဖို့ ဆုံးဖြတ်ထားကြပါတယ်။ အဲဒါမှ မဟာလင်း အင်ပါယာက ဘယ်အင်အားစုကိုမှ ဦးညွှတ်နေစရာ မလိုမှာ ဖြစ်ပါတယ်။

"မျိုးနွယ်စုခေါင်းဆောင် ကျေးဇူးပြုပြီးတော့ ကျုပ်တို့ အင်ပါယာ နန်းတော်ကို ကျုပ်နဲ့အတူ လိုက်ခဲ့ပြီး ဘယ်လက်ရုံးအမတ်မင်းကို ဂါရဝလိုက်ပြုပါ"

ရှန်းချန်းယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒီခရီးစဉ်က လုံးဝကို အောင်မြင်သွားတာကြောင့် သူ့ကို စိတ်ချမ်းသာစေပါတယ်။ သူ့မျက်လုံးတွေထဲမှာ လင်းဟန်က ဖော်ရွေတယ်လို့တောင် ခံစားလာရပါတယ်။

လင်းဟန်က အရာအားလုံးအတွက် ပြင်ဆင်မှုတွေ လုပ်ထားတာ ကြာပါပြီ။ ဒါကြောင့် သူက ခေါင်းညိတ်ပြီးတော့ ရှန်းချန်းယွမ်နဲ့အတူ လေသင်္ဘောအပေါ်ကို တက်လိုက်ပါတယ်။ သူက အင်ပါယာ မြို့တော်ကို နောက်ဆုံးအနေနဲ့ တစ်ချက်ကြည့်ပြီးတော့ စိတ်ထဲကနေ ကျိတ်ပြီး ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါသေချာပေါက် ပြန်လာခဲ့မယ်"

"အရှင်မင်းကြီး"

အားလုံးက ဒူးထောက်လိုက် ကြပါတယ်။ ဘုရင်ခုနစ်ပါးတောင်မှ ဒူးထောက်ပြီးတော့ ခေါင်းညိတ် နေကြပါတယ်။ သူတို့က လင်းဟာန်ထွက်သွားတာကို ကြည့်နေပြီး သူတို့ရဲ့ မျက်လုံးတွေက နီရဲလို့ နေပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းကောင်း လေ့ကျင့်ကြ။ ငါ့ကို စိတ်မပျက်စေနဲ့"

"ကျနော်တို့ အားလုံး အင်ပါယာရဲ့ အမိန့်ကို နာခံပါ့မယ်"

Edit with WPS Office

အားလုံးက ကျယ်လောင်စွာနဲ့ အော်ဟစ် လိုက်ကြပါတယ်။

ရွှပ်။

လေသဘော်ာက ချက်ချင်းဆိုသလို လေဟုန်ကို ထိုးခွဲပြီးတော့ ထွက်သွားပါတယ်။

ဒီလေသဘော်ာက အရမ်းကို လျင်မြန်ပါတယ်။ အဲဒါက ကြယ်တစ်စင်း ကြွေကျလာတာမျိုးနဲ့ တူပြီးတော့ လင်းဟန်ကို အလွန်အမင်း အံ့အားသင့် သွားစေခဲ့ပါတယ်။ သူက အရင်တုန်းက စမ်းကြည့်ချင် ခဲ့ပါတယ်။ တန်ခိုးရှင်ဘုံထဲမှာ သူ့ရဲ့အမြန်နှုန်းက အနည်းဆုံး အဆတစ်ရာလောက် နှေးကွေးသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာရဲ့ စည်းမျဉ်းဥပဒေတွေက မတူညီလို့ပဲ ဖြစ်ပါတယ်။ ဒီပျံသန်းနေတဲ့ လေသဘော်ာနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူက ခရုတစ်ကောင်လို နှေးကွေးပါတယ်။

Edit with WPS Office

ခရီးမှာ လင်းဟန်က လမ်းညွှန်သင်ပြပေးဖို့ တောင်းဆိုခဲ့ပြီး တစ်ဖက်လူကလည်း ဟိတ်ကြီးဟန်ကြီး လုပ်မနေပဲ လင်းဟန်ကို သူ့နာမည်အတိုင်းပဲ ခေါ်ပါတော့တယ်။ ဒါက တိုးတက်မှု ဖြစ်ပါတယ်။ တကယ်လို့ သူက လက်ရှိမှာ ဓားစာခံ တစ်ယောက်လိုမျိုး ဖြစ်နေပေမဲ့ သူ့ကို မျိုးနွယ်စု ခေါင်းဆောင်လို့ ခေါ်တာထက်စာရင် ပိုပြီးတော့ ရင်းနှီးလာပုံ ပေါ်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာရဲ့ ခေါင်းဆောင်က ဧကရီ တစ်ပါး ဖြစ်ပါတယ်။ သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိပြီးတော့ သူမရဲ့ စွမ်းအားက ခန့်မှန်းလို့ မရပါဘူး။

ဒီဧကရီက လက်မထပ်ရသေးပါဘူး။ သူမက နတ်မိမယ် တစ်ပါးလို ချောမောလှပတဲ့အပြင် အလွန်အမင်း ချစ်စရာလည်း ကောင်းပါတယ်။ ကောလာဟလတွေတောင် ထွက်လာခဲ့ ပါတယ်။ ထာဂရ မိုးကောင်းကင်နဲ့ ကျောက်စိမ်းတစ်စက် အင်ပါယာရဲ့ ခေါင်းဆောင်နှစ်ယောက်က တကယ်လို့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီက သူတို့ကို လက်ထပ်ဖို့ ဆန္ဒရှိတယ်ဆိုရင် သူတို့ရဲ့ သရဖူတွေကို ချပြီးတော့ အညံ့ခံဖို့ နှစ်ယောက်စလုံးမှာ

Edit with WPS Office

ဆန္ဒရှိကြပါလိမ့်မယ်။

ဒါက ကောလာဟာလ တစ်ခုပဲ ဆိုပေမဲ့ ဒီကေရီရဲ့ ဆွဲဆောင်နိုင်မှုက ဘယ်လောက်တောင် ကြီးမားသလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

ကေရီရဲ့ လက်အောက်မှာ ဘုရင်ကိုးပါး ရှိပြီးတော့ ဘုရင်ကိုးပါးစလုံးက အမျိုးသမီးတွေချည်း ဖြစ်ပါတယ်။ အစွမ်းထက်ဆုံးက ကောင်းကင်ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံမှုကိုတောင် ရောက်ရှိနေပြီး အားအနည်းဆုံးကတော့ တောင်မြစ်အဆင့်မှာပဲ ရှိနေသေးတာ ဖြစ်ပြီးတော့ သူမရဲ့ ဘွဲ့ထူးကို လွန်ခဲ့တဲ့ နှစ်အနည်းငယ်ကမှ ချီးမြှောက်ခြင်း ခံခဲ့ရတာပါ။ တောင်မြစ် အဆင့်မှာပဲ ရှိသေးတဲ့ သူမကို ဘာဖြစ်လို့ ဘုရင်ဘွဲ့ထူးကို ချီးမြှင့်ရလဲ ဆိုတာကိုတော့ ဘယ်သူမှ မသိကြပါဘူး။

ကြယ်ဥက္ကာ အင်ပါယာထဲမှာ ကေရီက အဆုံးမဲ့ သြဇာအာဏာ ဖြစ်ပါတယ်။ ဘယ်သူကမှ သူမရဲ့ သြဇာအာဏာကို မေးခွန်းမထုတ်ဝံ့ကြပါဘူး။

Edit with WPS Office

ဘုရင်ကိုးပါးရဲ့အောက်မှာ ဘယ်လက်ရုံး ညာလက်ရုံး အမတ်ဆိုပြီးတော့ ရှိပါတယ်။ ဒီလူ နှစ်ယောက်က ပြိုင်ဘက်ပဟောင်းတွေ ဖြစ်ပြီးတော့ အခုဆိုရင် သူတို့က ဘယ်လိုမှ စေ့စပ်ညှိနှိုင်းလို့ မရဖြစ်လာ ကြပါတယ်။ ဒါက ကြယ်ဥက္ကာ အင်ပါယာ ကေရီရဲ့ တမင်ရည်ရွယ်တဲ့ သဘောထား ဖြစ်ပါတယ်။ ဒါက ခုံရုံးထဲမှာ စွမ်းအားကို ညီမျှစေတယ်လို့ ဆိုလိုပါတယ်။

ဘယ်လက်ရုံးနဲ့ ညာလက်ရုံး အမတ်တွေကလည်း အဲဒါကို သေချာပေါက် သတိပြုမိပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့က တစ်ယောက်နဲ့တစ်ယောက် မဆန့်ကျင်ချင်ဘူး ဆိုရင်တောင် ဒီလိုဖြစ်အောင် လုပ်ကိုလုပ်ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က အင်ပါယာရဲ့ မျက်နှာသာ ပေးမှုကို သေချာပေါက် ဆုံးရှုံးသွားမှာ ဖြစ်ပြီးတော့ ဖိနှိပ်ထိန်းချုပ်တာတောင် ခံရနိုင်ပါတယ်။

ဒီနှစ်ယောက်ကလည်း အရမ်းကို အစွမ်းထက်ပါတယ်။ ကောလာဟလတွေအရတော့ သူတို့တွေက ကောင်းကင်ဘုံ

Edit with WPS Office

ခန္ဓာကိုယ် အဆင့်ရဲ့ ကနဦးအဆင့်မှာ ရှိကြတယ်လို့ ပြောပါတယ်။ ဟုတ်ပါတယ်။ ဘယ်လောက်အစွမ်းထက်တယ်ပြောပြော ဇေရီ ဘုရင်မနဲ့တော့ လုံးဝကို နိုင်းယှဉ်လို့ မရနိုင်ပါဘူး။

နောက်ပြီးတော့ ဗိုလ်ချုပ် ခုနစ်ယောက်လည်း ရှိပါသေးတယ်။ နိုင်ငံရေး စွမ်းအားနဲ့ ပတ်သက်ရင် သူတို့က အမတ်မင်း နှစ်ယောက်ထက် အနည်းငယ် နိမ့်ကျပေမဲ့ သူတို့ရဲ့ စွမ်းရည်ကတော့ မနိမ့်ကျပါဘူး။ သူတို့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ကနဦး အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း အမတ်မင်း နှစ်ယောက်က အတွင်းပိုင်း အရေးကိစ္စတွေကို တာဝန်ယူရပြီး ဗိုလ်ချုပ် ခုနစ်ယောက်ကတော့ အပြင်ဘက် ကိစ္စတွေဖြစ်တဲ့ စစ်တပ်အင်အားကို အမိန့်ပေးခြင်းနဲ့ ခုခံကာကွယ်မှုကို တာဝန်ယူကြ ရပါတယ်။

လင်းဟန်က ရှန်းချန်းယွမ်ပြောတဲ့ စစ်ဘက်ဆိုင်ရာ အကြောင်းတွေနဲ့ မြို့တော်တည်ဆောက်ပုံ အကြောင်းတွေကို ပြောတဲ့အခါမှာ သာမန်ကာလျှံကာ နားထောင်လိုက်ပါတယ်။ အသေးစိတ် အချက်အလက်တွေ အတွက်ကိုတော့ သူက

Edit with WPS Office

အင်ပါယာ မြို့တော်ကို ရောက်တဲ့ အခါကျမှ သူ့ဘာသာသူ ဖြည်းဖြည်းခြင်း စုံစမ်းရပါမယ်။

"လင်းဟန် မင်းက မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ တန်ခိုးရှင်ဘုံကို ဝင်လာခဲ့တာဆိုတော့ မင်းရဲ့ ပါရမီက တကယ့်ကို အထင်ကြီးစရာပဲ။ မင်းက သိပ်ကြာခင် ကောင်းကင်နီ သင်တန်းကျောင်းမှာ သင်ယူဖို့ ဝင်ခွင့်ရနိုင်တယ်"

ရှန်းချန်းယွမ်က ကြယ်ဥက္ကာ အင်ပါယာရဲ့ စွမ်းအားတည်ဆောက်မှုနဲ့ ပတ်သက်ပြီးတော့ ပြောဆိုပြီးတဲ့နောက်မှာ သူက လင်းဟန်ကို အကြံပြုချက် တစ်ခု ပေးလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ ကျနော့်ကို သင်ကြားပေးပါဦး"

လင်းဟန်က ရိုရိုကျိုးကျိုးနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကောင်းကင်နီ သင်တန်းကျောင်းက ငါတို့အင်ပါယာထဲမှာ အကြီးမားဆုံးနဲ့ အကောင်းဆုံး သင်တန်းကျောင်းပဲ။ တခြားအရာတွေ ဘေးဖယ်ထားဦး ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းနဲ့ ဗိုလ်ချုပ်ခုနစ်ယောက်ရဲ့ ဂျူနီယာတွေ အားလုံး အဲဒီမှာ သင်ယူနေကြတယ်"

ရှန်းချန်းယွမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါလည်း ကောင်းကင်နီ သင်တန်းကျောင်းမှာ သင်ယူဖို့ ကံတရားရှိခဲ့ပြီး နှစ်ပေါင်း 387 နှစ် သင်ယူခဲ့တယ်။ ကံမကောင်းတာက ပါရမီ ချို့တဲ့လို့ ငါ့ကို ဖယ်ထုတ်ခံလိုက်ရတယ်"

သူက ခဏလောက် ရပ်ပြီးတော့မှ ဆက်ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက အဲဒီမှာ အဆင့်မြင့် အရာရှိတွေနဲ့ တော်ဝင် အဆင့်အတန်း ရှိတဲ့လူ တချို့နဲ့ တွေ့ဆုံနိုင်ခဲ့မယ်ဆိုရင် ဆက်ဆံရေးကောင်း တချို့ကို လုပ်ထားသင့်တယ်။ တကယ်လို့

Edit with WPS Office

မင်းရဲ့ ကိုယ်ပိုင်နိုင်ငံကို မပြန်နိုင်တော့ဘူး ဆိုရင်တောင် အနည်းဆုံးတော့ မင်းက ငါတို့အင်ပါယာရဲ့ ပိုင်နက်အတွင်းမှာ လွတ်လွတ်လပ်လပ် လုပ်ရှားနိုင်လိမ့်မယ်။ ပြီးတော့ အင်ပါယာ မြို့တော် အထဲမှာပဲ ပိတ်လှောင်ခံနေရမှာ မဟုတ်တော့ဘူး”

ဓားစာခံ တစ်ယောက်လိုမျိုး သဘောတူညီမှုအရ လင်းဟန်က အင်ပါယာ မြို့တော်ထဲမှာပဲ ဆက်ရှိနေရပါမယ်။ တကယ်လို့ သူက ခြေတစ်လှမ်း ထွက်လိုက်မယ်ဆိုရင် အင်ပါယာရဲ့ အမိန့်ဩဇာကို စိန်ခေါ်တယ်လို့ သတ်မှတ်ခံရပါလိမ့်မယ်။ ပြီးတော့ သူ့ကိုလည်း တန်းပြီးတော့ အဲဒီအတွက် ခေါင်းဖြတ်ကွပ်မျက် ပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ အလျှင်အမြန်ပဲ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အသေးစိတ် အချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ မေးခွန်းတွေ မေးလိုက်ပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် တကယ်လို့ သူက တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဝင်ရောက် ချင်တယ်ဆိုရင် သူ့မှာ တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တစ်ခု ရှိရပါလိမ့်မယ်။

Edit with WPS Office

ခန္ဓာကိုယ် ပညာရပ်နဲ့ ပတ်သက်ရင်တော့ သူ့မှာ နဂါးကိုးကောင် ခန္ဓာကိုယ်ကျင့်စဉ် ရှိပါတယ်။ ဒါပေမဲ့ မူလစွမ်းအင်နဲ့ ပတ်သက်လာရင်တော့ သူဘာမှ မတတ်နိုင်ပါဘူး။ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုရဲ့ လမ်းညွှန်မှု မရှိပဲနဲ့ သူက သူ့ဘာသာသူ အချိန်ယူ စဉ်းစားရမှာ ဖြစ်ပြီးတော့ အဲဒါက အရမ်းကို အချိန်ကုန်လွန်းပါတယ်။

Chapter 885 end

အပိုင်း(886) လေးယောက်မြောက် သခင်မလေး

ရှန်းချန်းယွမ်က ခရီးတစ်လျှောက်လုံး လင်းဟန်ကို စကားပြောလာပြီး လင်းဟန်ကလည်း တစ်နေကုန် နားထောင်နေခဲ့ပါတယ်။ ကြယ်ဥက္ကာ အင်ပါယာရဲ့ အင်ပါယာမြို့တော်ကို သူတို့တွေ ရောက်လာတဲ့ အခါမှာ လင်းဟန်က ကောင်းကင်နီ သင်တန်းကျောင်းနဲ့ ပတ်သက်ပြီး တော်တော်လေး နားလည်သဘောပေါက် လာပါတယ်။

ကြယ်ဥက္ကာ အင်ပါယာရဲ့ အင်ပါယာမြို့တော်ထဲက ဒီထိပ်ဆုံး သင်တန်းကျောင်းက လွန်ခဲ့တဲ့ နှစ်ပေါင်းရာထောင်ချီကတည်းက

Edit with WPS Office

တည်ရှိခဲ့တာပါ။ နှစ်ပေါင်းများစွာ တိုးတက်လာပြီးတဲ့ နောက်မှာတော့ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မြောက်ပိုင်းနဲ့ တောင်ပိုင်း အဖွဲ့အစည်းဆိုပြီး ခွဲခြားထား ခဲ့ပါတယ်။ သူတို့အားလုံးက အင်ပါယာမြို့တော်ထဲမှာ ရှိတယ်ဆိုပေမဲ့ သူတို့ကို လွတ်လပ်တဲ့ အဖွဲ့အစည်း လေးခုအဖြစ် သတ်မှတ်နိုင်ပြီး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ ရှိကြပါတယ်။

တကယ်လို့ လင်းဟန်က နိုင်ငံတစ်ခုရဲ့ အကြီးအကဲ ခေါင်းဆောင်တစ်ယောက်ဆိုတဲ့ သူ့အဆင့်အတန်းနဲ့ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ချင်တယ်ဆိုရင် ဘယ်လက်ရုံး အမတ်မင်းကို ပြောလိုက်ဖို့ပဲ လိုပါတယ်။ ဒါဆိုရင် သင်တန်းကျောင်းကို ဝင်ခွင့်ရဖို့ဆိုတာက အသေးအဖွဲ့ ကိစ္စလေး တစ်ခု ဖြစ်ပါလိမ့်မယ်။

“ဒါပေမဲ့လည်း မင်းရဲ့ကိုယ်ပိုင် အရည်အချင်းကို အသုံးချပြီးတော့ ဝင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ငါအကြံပေးပါရစေ”

ရှန်းချန်းယွမ်က ပြောလိုက်ပါတယ်။

Edit with WPS Office

"နောက်ဆယ်ရက် အကြာမှာ မြောက်ပိုင်းအဖွဲ့အစည်းမှာ ဂင်ခွင့်စစ်ဆေးတဲ့ အခမ်းအနားကို ကျင်းပလိမ့်မယ်။ အဲဒီအခမ်းအနားက နှစ်ပေါင်းနှစ်ဆယ်ကို တစ်ကြိမ် ကျင်းပတယ်။ တကယ်လို့ မင်းက ထူးချွန်တဲ့ ပါရမီကို ထုတ်ဖော်ပြနိုင်ရင် အဖွဲ့အစည်းရဲ့ အာရုံစိုက်တာကို ခံရပြီးတော့ ပြုစုပျိုးထောင်ပေး ခံရလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လက်ရုံး အမတ်မင်းက မင်းကို အဖွဲ့အစည်းထဲ လွယ်လွယ်နဲ့ ပို့ပေးနိုင်တယ်။ ဒါပေမဲ့ မင်းက သာမန်ကျောင်းသား တစ်ယောက်ပဲ ဖြစ်လာလိမ့်မယ်"

လင်းဟန်က အဖွဲ့အစည်း လေးခုဟာ သူတို့ရဲ့ ဂင်ခွင့်အခမ်းအနားကို သီးခြားစီ ခွဲပြီးတော့ ကျင်းပတယ် ဆိုတာကို နားလည်ပါတယ်။ ငါးနှစ်တစ်ကြိမ် အခွင့်အရေး တစ်ခုလည်း ရှိပါတယ်။ တကယ်လို့ လူတစ်ယောက်က သူ့ကိုယ်ပိုင် အရည်အချင်းကို အားကိုးပြီးတော့ ဂင်ခွင့်စာမေးပွဲကို ကျော်ဖြတ်နိုင်ခဲ့ပြီး သူ့ရလာဒ်တွေကလည်း အရမ်းကို ထူးချွန်ပြောင်မြောက်ရင် အဖွဲ့အစည်းရဲ့ အာရုံစိုက်မှုကို ရရှိပါလိမ့်မယ်။ သူက ကျင့်ကြံခြင်း အရင်းအမြစ်နဲ့ ပတ်သက်ပြီး

Edit with WPS Office

စိတ်ပူစရာ မလိုသလို တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တစ်ခုကိုလည်း ရရှိနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒီနစ်မှာ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ကျောင်းသားသစ် လက်ခံရမဲ့ အလှည့်ဖြစ်ပါတယ်။ နောက်ငါးနှစ် အကြာမှာ အရှေ့ပိုင်းအဖွဲ့အစည်းအလှည့် ဖြစ်ပါတယ်။ ပြီးတော့ နောက်ငါးနှစ်မှာ တောင်ပိုင်းအဖွဲ့အစည်းဖြစ်ပြီး ဒီလိုမျိုးနဲ့ နှစ်ပေါင်းနှစ်ဆယ်တိုင်တိုင် တလှည့်စီ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ခွင့်ရချင်တယ် ဆိုရင်တော့ အနိမ့်ဆုံး လိုအပ်ချက်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့် ဖြစ်ရပါမယ်။ အဖွဲ့အစည်းတိုင်းကို နောက်ထပ်အဆင့်ငါးဆင့်စီ ခွဲထားပါသေးတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကနဦး အဆင့်တွေနဲ့ တောင်မြစ်အဆင့်ဆိုပြီးတော့ ဖြစ်ပါတယ်။

တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်သွားတဲ့ လူတွေအတွက်ကတော့ ဂမ်းနည်းပါတယ်။ ဒါပေမဲ့ တကယ်လို့

Edit with WPS Office

မင်းက အနာဂတ်မှာ ဆက်ပြီးတော့ တိုးတက်ချင်တယ် ဆိုရင်တော့ မင်းကိုယ်တိုင် တစ်စုံတစ်ခုကို စဉ်းစားဖို့ လိုပါလိမ့်မယ်။ ဥပမာ မင်းက လက်ရွေးစင် တချို့ရဲ့ တပည့်ဖြစ်ရင်ဖြစ် ဒါမှမဟုတ် အစွမ်းထက်တဲ့ အင်အားစု တစ်ခုကို ပူးပေါင်း ဒါမှမဟုတ် ရှေးဟောင်းနယ်မြေ တချို့ကို စူးစမ်းလေ့လာပြီး အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ်တွေကို ရယူနိုင်ရပါမယ်။

လင်းဟာန်က တောင်မြစ်အဆင့်ရဲ့ နောက်ပိုင်းကိစ္စတွေကို စဉ်းစားဖို့ မလိုပါဘူး။ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ပြီးတဲ့နောက်မှာ သူက အနည်းဆုံးတော့ တောင်မြစ်အဆင့်ကို တက်ရောက်နိုင်မဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို သင်ယူနိုင်ပါလိမ့်မယ်။

သူ ဝင်ကို ဝင်ရမယ်။

လင်းဟာန်က စဉ်းစားကြည့်လိုက်ပါတယ်။ သူက တန်ခိုးရှင်ဘုံကို ရောက်ကာစပဲ ရှိသေးပြီး နေရာအသစ် တစ်ခုမှာ တကယ့်ကို အစိမ်းသက်သက်နဲ့ လူစိမ်းတစ်ယောက် ဖြစ်ပါတယ်။ သူက ဒီနေရာမှာ နေထိုင်ရပါမယ်။ ဒါမှ ဒီကမ္ဘာကြီးကို တည်တည်ငြိမ်ငြိမ်နဲ့

Edit with WPS Office

လေ့လာစူးစမ်းနိုင်မှာ ဖြစ်ပြီးတော့ မော်ဆေးဇကေရာဇ် တစ်ယောက်အနေနဲ့ ဒီနေရာမှာ သူ့အတွက် သူ့စွမ်းရည်တွေ ဖော်ထုတ်ပြနိုင်မဲ့ အခွင့်အလမ်းလည်း ရှိနိုင်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာရဲ့ အင်ပါယာမြို့တော် နာမည်က ကြယ်စင်မြို့ ဖြစ်ပြီးတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။ အဲဒါက အနည်းဆုံး မဟာလင်း အင်ပါယာရဲ့ အင်ပါယာမြို့တော်ထက် အဆတစ်ရာလောက် ကြီးမားပါတယ်။ အင်ပါယာမြို့ရဲ့ ဘေးလေးဘက်လေးတန်မှာ ဂဏ်ပါတွေရဲ့ အလင်းရောင်က တလက်လက် တောက်ပနေတာကို အဝေးကနေ မြင်နိုင်ပါတယ်။ အဲဒီဂဏ်ပါတွေက အချိန်မရွေး ကြောက်မက်ဖွယ်ရာ အစွမ်းကို ပေါက်ကွဲထွက်ပေါ်နိုင်ပါတယ်။

ရှန်းချင်းယွမ်ရဲ့ ပြောစကားအရဆို ကောင်းကင်ဘုံ ခန္ဓာကိုယ်အောက်မှာရှိတဲ့ ဘယ်တန်ခိုးရှင်မဆို အင်အားသုံး ပြေးဝင်လာရင် ဂဏ်ပါတွေရဲ့ တိုက်ရိုက်သတ်ဖြတ်ခြင်းကို သူတို့တွေ ခံရပါလိမ့်မယ်။ တခြား ဖြစ်နိုင်ချေ လုံးဝကို မရှိပါဘူး။

Edit with WPS Office

မြို့တော်ကို ရောက်လာတဲ့ အခါမှာ ဘယ်လက်ရုံး အမတ်မင်းရဲ့ လက်အောက်ခံဖြစ်တဲ့ ရှန်းချင်းယွမ်တောင် စည်းမျဉ်းစည်းကမ်းအရ သူ့ရဲ့လေသဘောကို အောက်ကို ဆင်းပြီးတော့ မြို့ထဲကို လမ်းလျှောက်ဝင်ရပါတယ်။ လင်းဟာန်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ရရှိအောင် ကူလုပ်ပေးပြီးတဲ့ နောက်မှာတော့ သူတို့တွေက မြို့ထဲကို ဝင်လာပြီး ဘယ်လက်ရုံး အမတ်မင်း စံအိမ်ဆီကို ဦးတည်ပြီး ထွက်လာခဲ့ ကြပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက ဒီအစွမ်းထက်တဲ့ အင်ပါယာရဲ့ အထွတ်အထိပ် စွမ်းအားမှာရှိတဲ့ ဆရာသခင်တွေထဲက တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့စံအိမ်က မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလွန်းပါတယ်။ ဒီစံအိမ်က လင်းဟာန်ရဲ့ အင်ပါယာ နန်းတော်ထက် မနိမ့်ကျပါဘူး။ ပြီးတော့ တည်ဆောက်ထားတဲ့ ပစ္စည်းတွေက အဆပေါင်း တစ်ရာ တစ်ထောင်လောက် ပိုပြီးတော့ တန်ဖိုးကြီးမားပါတယ်။ အဝေးကနေ ကြည့်လိုက်ရင် စံအိမ်ရဲ့ အထက်မှာ အစစ်အမှန် နဂါးတွေနဲ့ အစစ်အမှန် ဖီးနစ်ငှက်တွေရဲ့ ပုံရိပ်တွေ ပျံသန်းနေတာကို တွေ့မြင်နိုင်ပြီး အရမ်းကို ထူးခြားဆန်းကြယ်တဲ့ မြင်ကွင်းတစ်ခု ဖြစ်နေပါတယ်။

Edit with WPS Office

တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်တောင်မှ ဒီလိုမျိုးဆိုရင် ဧကရီ ဘုရင်မရဲ့ နန်းတော်ပုံစံက ဘယ်လိုများ ဖြစ်နေမလဲ။

ရှန်းချင်းယွမ်က စံအိမ်ရဲ့ ဂင်ပေါက်ကို ရောက်လာပြီး သူ့ရဲ့ အသိအမှတ်ပြု တံဆိပ်ပြားကို ထုတ်ပြပြီးတော့ လင်းဟန်ကို အထဲကို ခေါ်သွားလိုက်ပါတယ်။ သူ့ကိုကြည့်ရတာ အဆင့်အတန်း တော်တော်လေး ရှိပုံပေါ်ပြီး လမ်းတစ်လျှောက်လုံးမှာတွေ့တဲ့ စံအိမ်ရဲ့ အစေခံတွေတောင်မှ သူ့ကို ရိုသေလေးစားစွာနဲ့ ခေါင်းငုံ့ဂါရဝပြု ကြရပါတယ်။

သိပ်မကြာခင်မှာ သူတို့က တင့်တယ်လှပတဲ့ ခြံဂင်းတစ်ခုထဲကို ရောက်လာခဲ့ပါတယ်။ ရှန်းချင်းယွမ်က လင်းဟန်ကို ဘေးနားက ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင်စောင့်ခိုင်းထားပြီး သူကတော့ အထဲကို ဂင်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းကို သတင်းသွားပို့ပါတယ်။

Edit with WPS Office

သီအိုရီအရ လင်းဟန်က တန်ခိုးရှင်အဆင့်ကို ရောက်နေမယ် ဆိုရင်တောင် သူက ဘယ်လက်ရုံး အမတ်မင်းနဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဖို့ အရည်အချင်း မပြည့်မီပါဘူး။ ဒါပေမဲ့လည်း လင်းဟန်မှာ မဟာလင်း အင်ပါယာရဲ့ အကြီးအကဲခေါင်းဆောင်ဆိုတဲ့ အဆင့်အတန်းနဲ့ မိုးကောင်းကင်ကို အောင်မြင်စွာနဲ့ ခွဲဖွင့်နိုင်ခဲ့တဲ့ အချက်လည်း ရှိနေပါတယ်။ ဒါက အတော်လေး ထူးချွန်ပြောင်မြောက်မှု ဖြစ်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းက လင်းဟန်ကို တွေ့ဆုံဖို့ စိတ်ဝင်စားလာခဲ့တာပဲ ဖြစ်ပါတယ်။

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်နေပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်။

သိပ်မကြာခင်မှာ ခြံပုတ်တွေဆီကနေ ခြေလှမ်းသံတွေ ကြားလိုက်ရပါတယ်။ လင်းဟန်က လှည့်ကြည့်လိုက်တဲ့ အခါမှာ မိန်းမပျိုလေး တစ်ယောက်က အေးအေးလူလူနဲ့ လမ်းလျှောက် လာခဲ့တာကို တွေ့လိုက်ရပါတယ်။ သူမက ကန်ရေပြင်လို စိမ်းနေတဲ့ ဂါဝန်ရှည်တစ်ထည်ကို ဝတ်ဆင်ထားပါတယ်။

Edit with WPS Office

အဲဒီဂဟတ်စုံက သူမရဲ့ အရမ်းကို လိုက်ဖက်ပြီး သူမရဲ့
ကောက်ကြောင်းတွေကို အပြည့်အဝ ဖော်ပြနိုင်ပါတယ်။
ဒါပေမဲ့လည်း ဒါက ဂါဂန်တစ်ထည် ဖြစ်တာကြောင့် သူမက
ပိုပြီးတော့ တင့်တယ်လှပမှု တစ်ခုကို ဖြစ်စေပါတယ်။

မိန်းမပျိုလေးကို ကြည့်ရတာ အသက် ဆယ့်ခြောက်နှစ်
ဆယ့်ခုနစ်နှစ်ပဲ ရှိပါဦးမယ်။ သမူက မယုံနိုင်စရာ
ကောင်းလောက်အောင် လှပချောမောပြီး သူမရဲ့ မက်မွန်သီးလို
မျက်လုံးတွေက အန္တရာယ်ဖြစ်စေတဲ့ အရိပ်အယောင် တစ်ခုကို
ဖော်ပြနေပါတယ်။ တစ်ချက်ကြည့်လိုက်တာနဲ့ ဒီမိန်းမပျိုလေးက
အတော်လေးကို ဉာဏ်များမဲ့ ပုံစံမျိုးပဲ ဆိုတာကို
သူပြောနိုင်ပါတယ်။

သူမက စကြဂဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးမှာ ရှိပါတယ်။
သူမရဲ့ တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင်တော့ ကြယ်ဘယ်နှစ်လုံးကို
ရောက်နေလဲ ဆိုတာကို သူမရဲ့ ပုံစံတစ်ခုတည်းကိုပဲ ကြည့်ပြီးတော့
မပြောနိုင်ပါဘူး။

Edit with WPS Office

တကယ်လို့ ဒီမိန်းကလေးက အသက် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတာ ဆိုရင်တော့ ဒါက အံ့အားသင့်စရာ ကောင်းနေပါပြီ။

ဒါပေမဲ့လည်း ဒါက တန်ခိုးရှင်ဘုံ ဖြစ်ပါတယ်။ ဒီနေရာမှာ အသက်နှစ်ဆယ်အောက် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေကို တွေ့မြင်ရတယ် ဆိုတာက ထုံးစံလိုလိုပါပဲ။ ဥပမာ ရှောင်မြောင့်ယန်၊ ဝူဂေါင်ယွမ်တို့လည်း အဲဒီလိုပဲ မဟုတ်ဘူးလား။ နောက်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းရဲ့ စွမ်းအားက ဂိုဏ်းကြီးငါးဂိုဏ်းထက် ပိုပြီးတော့ အစွမ်းထက်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တစ်ယောက် ထွက်ပေါ်လာတာ အံ့အားသင့်စရာ မရှိပါဘူး။

ဒီမိန်းမပျိုလေးကလည်း လင်းဟန်ကို သတိထားမိသွားပုံ ရပါတယ်။ သူမက လက်ကို အနောက်မှာ ပစ်ထားပြီးတော့ လင်းဟန်ဆီကို လျှောက်လာပြီး သူ့ကို တစ်ကြိမ် ဘေးကနေ ပတ်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူမရဲ့ နှုတ်ခမ်းကို စူပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"ကောင်ကလေး နင်က ဘယ်ကလန်ရဲ့ ဂျူနီယာလဲ။ ငါ့အဖေရဲ့ အနောက်တံခါးကနေ ဖြတ်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ခွင့်ရအောင် လုပ်မလို့လား"

"ငါနင့်ကို ပြောပြမယ်။ လူငယ်တွေက သူတို့ကိုယ်တိုင်ပဲ ကြိုးစားအားထုတ်သင့်တယ်။ ဥပမာ ငါက နံပတ်လေး သခင်မလေးဆိုပေမဲ့ စည်းမျဉ်းစည်းကမ်းတွေ အနောက်ကို မလိုက်ဘူး။ သင်တန်းကျောင်းကို ဝင်ဖို့အတွက် မြောက်ပိုင်းအဖွဲ့အစည်းရဲ့ စမ်းသပ်မှုကို ဖြတ်ကျော်ဖို့ အခု ပြင်ဆင်ထားတယ် မဟုတ်လား"

မိန်းမပျိုလေးက သူ့ကိုယ်သူ အရွယ်ရောက် ရင့်ကျက်နေတဲ့ လူတစ်ယောက်လိုမျိုးနဲ့ သင်ခန်းစာ ပို့ချနေပါတယ်။

သူမက ဘယ်လက်ရှိး အမတ်မင်းရဲ့ လေးယောက်မြောက်

Edit with WPS Office

သမီးလား။

ရှန်းချင်းယွမ်က ဘယ်လက်ရုံး အမတ်မင်းရဲ့ သီးသန့်ဘဝနဲ့ ပတ်သက်ပြီးတော့ သူ့ကို မပြောပြခဲ့ ပါဘူး။ ဒါကြောင့် လင်းဟန်က ဘယ်လက်ရုံး အမတ်မင်းမှာ သားဘယ်နှစ်ယောက် သမီးဘယ်နှစ်ယောက်နဲ့ တခြားဂျူနီယာတွေ ဘယ်လောက်ရှိတယ် ဆိုတာကို မသိပါဘူး။ သူက တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နံပါတ်လေး မင်းသမီးက နားလည်မှု လွဲနေပြီလို့ ကျနော် ထင်တယ်"

တစ်ဖက်လူက သူ့ကို ဘယ်လက်ရုံး အမတ်မင်းရဲ့ အကူအညီနဲ့ ကောင်းကင်နီ သင်တန်းကျောင်းကို နောက်ဖေးပေါက်ကနေ ဖြတ်ဝင်မဲ့ လူတစ်ယောက်လို့ ထင်နေပါတယ်။

"ငါက ဘာကို နားလည်မှု လွဲရမှာလဲ"

Edit with WPS Office

မိန်းမပျိုလေးက ပြန်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။ သူမရဲ့ ချောမောလှပတဲ့ မျက်နှာက အရမ်းကို တောက်ပလင်းလက်နေပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ကြည့်လို့ကောင်းနေပါတယ်။

"ကျနော့်မှာ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ဖို့ အစီအစဉ် ရှိပါတယ်။ ဒါပေမဲ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ အကူအညီကို တောင်းဖို့တော့ ဆန္ဒမရှိပါဘူး။ အဲဒီအစား ဝင်ခွင့်စမ်းသပ်မှုကို ကျနော့်ကိုယ်ပိုင် စွမ်းအားနဲ့ ဖြတ်ကျော်ဖို့ စီစဉ်ထားပါတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အိုး နင်လည်း ငါ့စကားတွေကို ကြားပြီးတော့ အမြင်မှန် ရလာပြီပဲ"

မိန်းမပျိုလေးက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီ။ လက်ရည်စမ်းကြစို့။ နင့်မှာ အရည်အချင်း ဘယ်လောက်ရှိလဲ ဆိုတာကို ငါကြည့်ချင်တယ်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ငါက မင်းထက် အသက်နည်းနည်းကြီးတယ်။ ဒါကြောင့် တကယ်လို့ မင်းနဲ့ငါ တိုက်ခိုက်မယ်ဆိုရင် ငါက အနိုင်ကျင့်သလို ဖြစ်သွားမှာပေါ့"

"ဆုတောင်းလေ။ နင်က စကြေဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးပဲ။ ပြီးတော့ ငါလည်း အတူတူပဲ။ ဘယ်သူ့ကို ကြောက်နေရမှာလဲ"

မိန်းမပျိုလေးက တကယ့်ကို စည်းကမ်းလိုက်နာမှု မရှိတဲ့ ထိန်းရသိမ်းရခက်တဲ့ သခင်မလေး တစ်ယောက်မှန်း သိသာပါတယ်။ သူမက လင်းဟာန်ဆီကို ချက်ချင်းပဲ ခုန်ဝင်လာပြီး သူမရဲ့ သွယ်လျတဲ့ လက်နဲ့ လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်ပြီးတော့ လင်းဟာန်ရဲ့ ရင်ဘတ် ညာခြမ်းကို

Edit with WPS Office

ရိုက်ချလိုက်ပါတယ်။

သူမက ထိန်းမနိုင်တဲ့ မိန်းကလေးတစ်ယောက် ဆိုပေမဲ့ လူဆိုးတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒီလက်ဝါးရိုက်ချက်မှာ သူမရဲ့ စွမ်းအား ခုနစ်ဆယ်ရာခိုင်နှုန်းပဲ ရှိပြီးတော့ သုံးဆယ်ရာခိုင်နှုန်းကို ချန်ထားပါတယ်။ တကယ်လို့ လင်းဟန်က သူမရဲ့ ပြိုင်ဘက်မဟုတ်ဘူးဆိုရင် သူမရဲ့ စွမ်းအားတွေ အားလုံးကို ပြန်ရုပ်သိမ်းပြီးတော့ လင်းဟန်ကို ဒဏ်ရာအနာတရ ဖြစ်စေမှာ မဟုတ်ပါဘူး။

လင်းဟန်က သာမန်ကာလျှံကာပဲ တားဆီးလိုက်ပါတယ်။ ဝုန်း။ စွမ်းအားတွေ ပျံ့နှံ့သွားခဲ့ပါတယ်။ သူတို့နှစ်ယောက်က အနောက်ကို တစ်ချိန်တည်း ဆုတ်လိုက်ရပါတယ်။ လင်းဟန်က ခြေခုနစ်လှမ်း ဆုတ်လိုက်ရပြီး မိန်းမပျိုလေးက ခြေလှမ်းသုံးလှမ်းပဲ ဆုတ်ရပါတယ်။

လင်းဟန်က သူမလောက် အစွမ်းမထက်တာကြောင့် မဟုတ်ပါဘူး။ သူ့စွမ်းအားကို နည်းနည်းပဲ အသုံးပြုခဲ့တာကြောင့် ဖြစ်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ သူ့စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပါတယ်။ ဒီမိန်းမပျိုလေးရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ခြောက်လုံးကို ရောက်နေပြီး ဘုရင်ရှစ်ပါးထက် သာလွန်ပါတယ်။ ဒါက ရှောင်မြောင့်ယန်ထက် နည်းနည်းပဲ နိမ့်ကျပါတယ်။ ဒါပေမဲ့လည်း သူမမှာ ဆက်ပြီးတော့ တိုးတက်လာမဲ့ အရိပ်အယောင် ရှိနေပါတယ်။ သူမအတွက် နောက်ပိုင်းမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်ဖို့ဆိုတာ အရမ်းအရမ်းကို ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့ သူမအတွက်တော့ ကြယ်ဆယ့်ကိုးလုံးထိ ရောက်နိုင်ချေ ရှိပါတယ်။

Chapter 886 end

အပိုင်း(887) မင်းအပေါ်မှာ မူတည်တယ်

"ဟင့် ငါမပြောနိုင်ပေမဲ့ နင့်မှာ အရည်အချင်း နည်းနည်းတော့ ရှိသားပဲ"

Edit with WPS Office

မိန်းမပျိုလေးက အံ့အားသင့်နေပုံ ပေါ်နေပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ ကြယ်တစ်လုံး ကွာဟချက်က ကမ္ဘာကြီး တစ်ခုလောက် ကွာခြားပါတယ်။ ပြီးတော့ တန်ခိုးရှင်ဘုံထဲမှာလည်း အဲဒါက အတူတူပါပဲ။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ကိုးလုံးကနေ စပြီးတော့ ကြယ်ဆယ်လုံးကို ကျော်လွန်နိုင်တဲ့သူက သန္တာစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။ ပြီးတော့ ကြယ်ဆယ့်လေးလုံးကို ရောက်ရင် နောက်ထပ်ကြီးမားတဲ့ အတားအဆီးတစ်ခု ဖြစ်ပါတယ်။

တကယ်လို့ လူတစ်ရာမှာ တစ်ယောက်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ်လုံးအထက်ကို ရောက်ရှိနိုင်တယ်ဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးကို အောင်မြင်နိုင်တဲ့သူက တစ်သောင်းမှာ တစ်ယောက်ပဲ ရှိပါတယ်။

မိန်းမပျိုလေးက အစွမ်းကုန် မထုတ်ဘူး ဆိုပေမဲ့ သူမရဲ့

Edit with WPS Office

သာမန်ကာလျှကာ တိုက်ခိုက်မှုက အနည်းဆုံးတော့ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်သုံးလုံး ဒါမှမဟုတ် ဆယ့်လေးလုံးလောက် ရှိပါတယ်။ ဒါပေမဲ့ တစ်ဖက်လူက တကယ်ပဲ သူမကို ယှဉ်ပြိုင်နိုင်ပြီး အဲဒါက သူမကို အနည်းငယ် အံ့အားသင့်သွားစေခဲ့ပါတယ်။

"နောက်တစ်ကြိမ် လာပြီ"

သူမရဲ့ ယှဉ်ပြိုင်လိုတဲ့စိတ်က တောက်လောင်လို့ လာခဲ့ပြီး သူမက ချက်ချင်းဆိုသလို လင်းဟန်ပေါ်ကို တိုက်ခိုက်မှုတွေ မိုးရွာချသလို တရစပ် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်လို ဘဂနစ်ခ ရှင်သန်တဲ့ လူတစ်ယောက် အတွက်တော့ ဒီလိုမျိုး မိန်းမပျိုလေး တစ်ယောက်နဲ့ ပြဿနာ မတက်သင့်ဘူး ဆိုတာကို သိနားလည်ထားပါတယ်။ တကယ်လို့ သူရှုံးနိမ့်သွားရင် အားလုံးအဆင်ပြေ သွားပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ သူအနိုင်ရသွားရင် သူမက ဒီကိစ္စကို ဒီအတိုင်းထားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူ့မှာလည်း သူ့မာနတော့ ရှိပါတယ်။

Edit with WPS Office

ဒါကြောင့် ဘာဖြစ်လို့များ သူ့အတွက် အရှုံးပေးနေစရာ လိုမှာလဲ။ ဒါကြောင့် သူ့ဆီကို ဝင်လာတဲ့ တိုက်ကွက်တွေကို တားဆီးလိုက် ခတ်ထုတ်လိုက်နဲ့ အခြေအနေကို ဘယ်သူ့ဘယ်သူမှ အသာစီး မရအောင် ထိန်းထားပါတယ်။

မအောင်မြင်တဲ့ တိုက်ခိုက်မှုတွေ ထပ်ခါထပ်ခါ ဖြစ်လာပြီးတဲ့ နောက်မှာတော့ မိန်းမပျိုလေးရဲ့ စိတ်က ဒေါသတွေ ထွက်လာပြီး သူမရဲ့ အစွမ်းကို ဆက်ပြီးတော့ ချန်ထားဖို့အတွေးတွေ မရှိတော့ပါဘူး။ သူမရဲ့ လက်တွေကို ဖေ့ယမ်းပြီးတော့ အစွမ်းကုန်ကြိုးစားပြီး လင်းဟန်ကို အနိုင်ယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကံမကောင်းတာက လင်းဟန်မှာ သန့်စင်တဲ့ ခွန်အားသက်သက် တစ်ခုတည်းကပဲ ကြယ်ဆယ့်ခြောက်လုံးမျှ ရှိနေပါပြီ။ ပြောရမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် သန်စွမ်းတဲ့ လူတစ်ယောက်က နည်းစနစ်မှာ ကျွမ်းကျင်တဲ့ ပြိုင်ဘက်ဆယ်ယောက်ကို အနိုင်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ သူက နည်းစနစ် တစ်ခုမှ အသုံးမပြုဘူး ဆိုရင်တောင်

Edit with WPS Office

သူမကို အပြည့်အဝ ထိန်းချုပ်ဖိနှိပ်နိုင်စွမ်း ရှိပါတယ်။

လင်းဟန်က အဲဒီလိုမျိုးတော့ မလုပ်လိုပါဘူး။ သူက အခြေအနေကို ရှေ့မတိုး နောက်မဆုတ် ထိန်းသိမ်းထားပြီး မိန်းမပျိုလေးကို အနည်းငယ် အသာစီး ရရှိသလိုမျိုး ခံစားရအောင်တောင် ခွင့်ပြုထားပေမဲ့ သူမက သူ့ကိုတော့ လုံးဝလွှမ်းမိုးထားနိုင်ခြင်း မရှိပါဘူး။

တန်ခိုးရှင်ဘုံရဲ့ လေဟာနယ်က တကယ့်ကို ခိုင်မာလွန်းပါတယ်။

လင်းဟန်ရဲ့ အတွေးတွေက တခြားတနေရာရာကို လွင့်ပျံသွားပါတယ်။ တကယ်လို့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ခြောက်လုံးရှိတဲ့ လက်ရွေးစင်နှစ်ယောက်က အောက်ဘုံထဲမှာ တိုက်ခိုက်မယ်ဆိုရင် ဒီလိုမျိုး ဥယျာဉ်လေးတစ်ခု မဆိုနဲ့ ကြယ်စင်မြို့ တစ်ခုလုံးတောင်မှ သံသယ ရှိစရာမလိုပဲ ပေါက်ကွဲသွားပါလိမ့်မယ်။

Edit with WPS Office

ဒါပေမဲ့ အခုတော့လား။ သူတို့ဖန်တီးထားတဲ့ စွမ်းအင်လိုင်းတွေက ဉယျာဉ်အထဲက သစ်ပင်အချို့ရဲ့ သစ်ရွက်တွေကို လုပ်ခါသွားရုံပဲ တတ်နိုင်ပါတယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

လူနှစ်ယောက်က အားသွန်ခွန်စိုက် တိုက်ခိုက်နေပါတယ်။ ဒါပေမဲ့ မိန်းမပျိုလေးကပဲ တိုက်စစ် ဆင်နေပြီး လင်းဟန်ကတော့ ခုခံမှု သက်သက်ပါပဲ။ ယောကျာ်းကောင်းဆိုတာ အမျိုးသမီးနဲ့ မတိုက်ခိုက်ဘူး။ ဒါကြောင့် ဒီမိန်းမပျိုလေးကို ရင်ဆိုင်အနိုင်ယူပြီးတော့ ဘာကို သက်သေပြ နိုင်မှာလဲ။ လက်ရှိမှာ လင်းဟန်က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အောင်းကလန်ကို အနိုင်ယူချင်တာ တစ်ခုပဲ ရှိပါတယ်။ အနာဂတ်မှာတော့ သူက ဂဠုန်နန်းတော်ရဲ့ လက်ရွေးစင်တွေ အားလုံးကို ကျော်ဖြတ်သွားဖို့ ဆန္ဒရှိပါတယ်။

"ဝေဂ ရပ်လိုက်တော့"

Edit with WPS Office

ရိုးရှင်းတဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ပထမတော့ ခုခံရုံသာ ခုခံပြီးတော့ သူမကို ရပ်သွားဖို့ ဆန္ဒရှိနေပြီး ပြန်တိုက်ဖို့ စိတ်မကူးထားပါဘူး။ ဒါကြောင့် သူက ပြန်ရုပ်သိမ်းနိုင်ပြီး မိန်းမပျိုလေးရဲ့ လက်ထဲမှာ ဆုံးဖြတ်နိုင်အောင် ခွင့်ပြုထားပါတယ်။

"မရပ်ဘူး။ သူ့ကို အနိုင်ယူချင်တယ်။ အဲဒါမှ စိတ်ချမ်းသာမှာ"

မိန်းမပျိုလေးက နှုတ်ခမ်းထော်ပြီးတော့ စွဲမက်စရာကောင်းတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

လူနှစ်ယောက်က လမ်းလျှောက်လာပါတယ်။ တစ်ယောက်က အသက်လေးဆယ်ခန့် ရှိပြီးတော့ ချီလင်ဂဝတ်စုံကို ဂင်ဆင်ထားပြီး ဒေါသနည်းနည်းမှ မရှိတဲ့ အမူအရာမျိုးနဲ့ တည်ငြိမ်လို့ နေပါတယ်။ နောက်တစ်ယောက်ကတော့ ရှန်းချင်းယွမ် ဖြစ်ပါတယ်။ သူက

Edit with WPS Office

အဲဒီလူရဲ့ အနောက်ကနေ ရှိသေလေးစားမှု အပြည့်နဲ့ လိုက်လာပြီး အစေခံ တစ်ယောက်လိုမျိုး သူ့လက်တွေကို ဘေးမှာ ချထားပါတယ်။

ပြောစရာ မလိုအောင် ဒီသက်လတ်ပိုင်းအရွယ် လူကြီးက အင်ပါယာရဲ့ ဘယ်လက်ရုံး အမတ်မင်း ဖြစ်ပါတယ်။ သူ့နာမည်က လီချန်းလို့ ခေါ်ပြီးတော့ အမတ်မင်းလီလို့ လူသိများ ထင်ရှားပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ထိပ်တန်းလက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

"ဒီကလေးမကတော့ ဒီလောက်အကြာကြီး တိုက်ပြီးတာတောင်မှ သူကမင်းကို အသာအယာ တိုက်ခိုက်နိုင်တာကို မသိသေးဘူးလား"

အမတ်မင်းလီက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဘယ်လို"

မိန်းမပျိုလေးက ချက်ချင်းပဲ ရပ်လိုက်ပါတယ်။ သူမရဲ့ ခေါင်းကို

Edit with WPS Office

တစ်ဖက်ကို စောင်းပြီးတော့ လင်းဟန်ကို ကြည့်ပြီးမေးလိုက်ပါတယ်။

"ဟော့ဟော့ဟော့ နင်ငါ့ကို အမှန်အတိုင်းပြောစမ်းပါ။ ငါ့ကို လွယ်လွယ်နဲ့ ယုံနိုင်တာလား"

"နံပါတ်လေး သခင်မလေးမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီနဲ့ စွမ်းရည် ရှိပါတယ်"

လင်းဟန်က အဖြေကို တိုက်ရိုက်မပြောပါဘူး။ အဲဒီအစား ကွေ့ပတ်ပြီးတော့ မိန်းမပျိုလေးရဲ့ သိုင်းပညာ ပါရမီကို စတင်ချီးကျူးလိုက်ပါတယ်။ ဒါက သူ့အနေနဲ့ လုပ်ကြံပြောတာ မဟုတ်ပါဘူး။ သူမက တကယ်ပဲ အရမ်းကို ထူးချွန်ပါတယ်။

မိန်းမပျိုလေးက ချက်ချင်းပဲ ပြုံးလိုက်ပြီး လင်းဟန်က ခေါင်းစဉ်ပြောင်းသွားတာကို သတိမပြုမိ ခဲ့ပါဘူး။ သူမက ခေါင်းကို ဂုဏ်ယူဟင့်ကြွားစွာနဲ့ မော့ထားပြီး သူမရဲ့ နှင်းလိုဖြူဖွေးတဲ့

Edit with WPS Office

အသားအရေနဲ့ ငန်းတစ်ကောင်ရဲ့ လည်တိုင်လို လှပတဲ့ သူမရဲ့လည်ပင်းက ကြည့်ရှုသူတိုင်းကို သာယာတဲ့ ခံစားချက်မျိုး ဖြစ်စေပါတယ်။

သူမရဲ့ နာမည်က လီဝေဂ ဖြစ်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းရဲ့ အငယ်ဆုံး သမီးပဲ ဖြစ်ပါတယ်။ ဘယ်လက်ရုံး အမတ်မင်းမှာ စုစုပေါင်း သမီးလေးယောက် ရှိပါတယ်။ တစ်ဖက်က ညာလက်ရုံး အမတ်မင်းမှာတော့ သားရှစ်ယောက် ရှိပြီးတော့ သူတို့က တကယ်ပဲ ပြိုင်ဘက်တွေလို့ ခေါ်ဆိုနိုင်ပါတယ်။

အမတ်မင်းလီက ပြောလိုက်ပါတယ်။

"သမီး ဒီလူငယ်က ကျွှမ်းကျင်ယ်လေး တစ်ခုက လာတယ်ဆိုတာကို မင်းမသိဘူးလား"

"အိုး အဲဒါက စကြဝဠာ လေဟာနယ်ကို ဖျက်ဆီးတာ မဟုတ်လား"

လီဝေဂက အလေးမထားပဲ ပြောလိုက်ပါတယ်။ ပူးပေါင်းငြိမ်းချမ်းမှ

Edit with WPS Office

ဂြိုလ်တုက ဘယ်လောက်တောင် ကြီးမားလိုက်သလဲ။ ဒီနေရာမှာ နှစ်တိုင်းနှစ်တိုင်း ကမ္ဘာ့ငယ်လေး တစ်ခုကနေ တက်လာတဲ့ လူတွေက ထောင်ပေါင်းများစွာ ရှိပါတယ်။ အနည်းဆုံး နေ့တိုင်း လူတစ်ဒါဇင်လောက် ရှိပါတယ်။

"နင်က စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ပြီးမှ လေဟာနယ်ကို စုတ်ဖြဲလာတာပေါ့။ မဆိုးပါဘူး နင့်မှာ သတ္တိနည်းနည်းတော့ ရှိသားပဲ"

သူမက အတော်လေး အထင်အမြင် သေးသွားပါတယ်။ စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ခြေချပြီးရင် လူတစ်ယောက်က တန်ခိုးရှင်ဘုံကို ဝင်လာဖို့ လေဟာနယ်ကို စုတ်ဖြဲနိုင်တဲ့ အရည်အချင်း ရှိပါတယ်။ တကယ်လို့ နင်က ပိုပြီးတော့ သတိထားတတ်တဲ့ လူစားမျိုး ဆိုရင်တောင် အလွှာငါး ဒါမှမဟုတ် အလွှာခြောက်ကို ရောက်တဲ့ အချိန်မှာကတည်းက လုပ်ရှားသင့်တယ်။ ဒါပေမဲ့ နင်က တန်ခိုးရှင်ဘုံကို အလွှာကိုးထိရောက်အောင် လုပ်ပြီးမှ ဝင်လာတယ်။ တကယ့်ကို ကြောက်တတ်တဲ့ ကြောင်တစ်ကောင်ပဲ။

Edit with WPS Office

အမတ်မင်းလီက လာဘ်မြင်တဲ့ အပြုံးတစ်ခုကို ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဝေဂ အဖေတို့ လောင်းကြေးတစ်ခု လုပ်ကြမလား"

"ဘယ်လိုလောင်းကြေးလဲ"

လီဝေဂက ဘာမှထွေထွေထူးထူး မစဉ်းစားပဲ မေးလိုက်ပါတယ်။

"မင်းနဲ့ လင်းဟာန်အကြားက တိုက်ပွဲရလာဒ်ကို လောင်းကြမယ်လေ" အမတ်မင်းလီက ပြုံးလိုက်ပါတယ်။

"တကယ်လို့ မင်းအနိုင်ရရင် မင်းကို နောက်ပိုင်းမှာ ငါထပ်ပြီးတော့ မထိန်းချုပ်တော့ဘူး။ မင်းကြိုက်တဲ့ နေရာကိုသွားပြီးတော့ ကစားနိုင်တယ်"

Edit with WPS Office

"ကောင်းပြီလေ။ အဖေ့ကတိကိုတော့ မဖျက်ရဘူးနော်"

လီဝေဂက ချက်ချင်းပဲ ကျေနပ်သွားခဲ့ပါတယ်။ သူမက အမြဲတမ်းလိုလို အင်ပါယာ မြို့တော်ကနေ ထွက်ပြီးတော့ လျှောက်လည်ချင် နေတာပါ။ ဒါပေမဲ့ အမတ်မင်းလီက စိုးရိမ်ပူပန်တာကြောင့် သူမကို တင်းတင်းကျပ်ကျပ် ကာကွယ်စောင့်ရှောက် ထားပါတယ်။

သူမရဲ့ အဖေက စကားကို ပြန်ရုပ်သိမ်းလိုက်မှာကို စိုးရိမ်ပူပန်နေပါတယ်။ ဒါကြောင့် သူမက ချက်ချင်းပဲ တိုက်ခိုက်ဖို့ ပြင်လိုက်ပြီး လင်းဟန်ကို အချိန်မရွေး တိုက်ခိုက်မှု စတင်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။

အမတ်မင်းလီက လက်ကာပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ သမီးရှုံးရင်ရော"

Edit with WPS Office

"သမီးက ဘယ်လိုလုပ်ပြီးတော့ ရှုံးနိုင်မှာလဲ"

လီဝေဂက ပြန်ခံပက်လိုက်ပါတယ်။ လက်ရှိမျက်မှောက်ခေတ်မှာ သူမလိုမျိုး စကြဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စကားတွေကို ပြန်တုံ့ပြန်ရပါလိမ့်မယ်။

အမတ်မင်းလီက ဒေါသမထွက်သွားပါဘူး။ သူ့မှာ သမီးလေးယောက် ရှိတယ်ဆိုပေမဲ့ ပထမ သမီးကြီး သုံးယောက်က လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက လက်ထပ်သွားကြပါပြီ။ ဒီအငယ်ဆုံး သမီးလေးက သူ့ရဲ့ အချစ်ဆုံး သမီးပဲ ဖြစ်ပါတယ်။

"တကယ်လို့ သမီးရှုံးသွားရင် အနည်းဆုံး တောင်မြစ် အဆင့်ကို ရောက်မှပဲ အင်ပါယာ မြို့တော်က ထွက်သွားရမယ်။ ပြီးတော့ နေလအဆင့်ကို ရောက်မှ ကြယ်ဥက္ကာ အင်ပါယာရဲ့ ပိုင်နက်ကနေ

Edit with WPS Office

ထွက်သွားလို့ ရမယ်”

သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

သူ့သမီးက ဒီအကြောင်းကို ဘယ်လိုပဲ စဉ်းစားစဉ်းစား ကိစ္စမရှိပါဘူး။ ရှုံးနိမ့်စရာအကြောင်း မရှိပါဘူး။

“ကောင်းပြီလေ”

လီဝေဂက ခေါင်းညိတ်လိုက်ပါတယ်။ လက်ရှိ သူမက လင်းဟာန်ကို အနိုင်ယူချင် နေပါတယ်။ အဲဒီနောက် သူမက အင်ပါယာမြို့တော်ကနေ ထွက်သွားနိုင်မှာ ဖြစ်ပြီးတော့ နိုင်ငံတွေကို လိုက်လည်ပတ်ပြီး လွတ်လပ်ပေါ့ပါး ပျော်ရွှင်ရပါလိမ့်မယ်။ ရှပ်။ သူမက တစ်ဟုန်ထိုး ပြေးဂင်ပြီး လင်းဟာန်ကို စတင်တိုက်ခိုက် လိုက်ပါတယ်။

Edit with WPS Office

လင်းဟာန်က သူဘယ်လို ဆက်လုပ်ရမလဲမသိ ဖြစ်နေပါသေးတယ်။ သူမရဲ့ တိုက်ခိုက်မှုတွေကို သာမန်ကာလျှံကာ တားဆီးပြီးတော့ ပုတ်ထုတ်နေပါတယ်။ သူက ဖအေနဲ့ သမီးအကြားက လောင်းကြေးထဲမှာ အသုံးချခံ ပစ္စည်းတစ်ခု ဖြစ်လာဖို့ ဆန္ဒမရှိပါဘူး။ ဒါပေမဲ့ ကြည့်ရတာ ဒါကို ရှောင်လွှဲလို့ ရမဲ့ပုံ မပေါ်ပါဘူး။

"လင်းဟာန် ငါကတော့မင်းကို အားကိုးရတော့မယ်။ မင်းနိုင်မှ ရမယ်နော်"

အမတ်မင်းလီက ပြုံးပြီးတော့ လင်းဟာန်ကို ပြောလိုက်ပါတယ်။ သူက ပြုံးနေပေမဲ့ သူ့မှာ ပြောမပြတတ်တဲ့ အမိန့်သြဇာအာဏာ အသံ ရှိပါတယ်။ အဲဒါကလည်း သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တစ်ယောက်လည်း ဖြစ်ပြီးတော့ ခံ့ညားထည်ဝါတဲ့ အင်ပါယာ တစ်ခုရဲ့ ဘယ်လက်ရုံး အမတ်မင်းလည်း ဖြစ်နေတာကြောင့်ပါပဲ။

လင်းဟာန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါတယ်။ တကယ်လို့ သူမနာခံရင် ဘယ်လက်ရုံး အမတ်မင်းက သူ့ကို

Edit with WPS Office

ခက်ခဲအောင် သေချာပေါက် လုပ်ပါလိမ့်မယ်။

ဒီလိုမျိုး လက်ရွေးစင် ဒီလိုတော်ဂင်လူတစ်ယောက် သူ့အတွက်တော့ လင်းဟန်ကို ရင်ဆိုင်ဖို့ အရမ်းကို လွယ်ကူလွန်းပါလိမ့်မယ်။ သူ့အတွက် ရပ်တည်ဖို့ ဆန္ဒမရှိတဲ့လူ တစ်ယောက်မှာ မရှိမှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းက သူ့ကို သတ်ပစ်လိုက်မယ် ဆိုရင်တောင် သူတို့က နောက်ထပ်ရပ်သေးရပ် တစ်ရပ်ကို ထားနိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အနည်းငယ် ထပ်တိုးလိုက်ပြီး ချက်ချင်းဆိုသလို အသာစီး ရသွားပါတယ်။ ဒါပေမဲ့လည်း သူက လီဝေဂကို မျက်နှာသာ အနည်းငယ် ပေးပြီးတော့ တိုက်ကွက်ပေါင်း တစ်ရာကျော်ပြီးမှ အနိုင်ယူခဲ့ပါတယ်။

လီဝေဂက ဒါကို လက်မခံနိုင်ပါဘူး။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ အောက်ဘုံတစ်ခုက ကျင့်ကြံသူ တစ်ယောက်။ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် အလွှာကိုးကို

Edit with WPS Office

ရောက်ပြီးမှ တန်ခိုးရှင်ဘုံကို ဂင်ရဲတဲ့ ငကြောက်တစ်ယောက်က တိုက်ပွဲစွမ်းရည်မှာ သူမကို သာလွန်တယ်လား။ သူမက ခေါင်းကို အပြင်းအထန် ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါမယုံဘူး။ ငါတို့ နောက်တစ်ခါ ထပ်တိုက်မယ်"

အမတ်မင်းလီက နောက်ဆုံးတော့ ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"သနားစရာ ကောင်မလေး။ လင်းဟန်က ကျွမ်ကျင်ယ်လေးရဲ့ ဆရာသခင် တစ်ယောက်ပဲ။ သူက လွှန်ခဲ့တဲ့ ရက်အနည်းငယ်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်ပြီးတော့ ကျွမ်ကျင်ယ်လေး တစ်ခုလုံးကို သူနဲ့အတူ ခေါ်လာပြီးတော့ တန်ခိုးရှင်ဘုံကို တက်လာခဲ့တာပဲ"

"အာ"

Edit with WPS Office

အခုမှပဲ လီဝေဂေက အစောတုန်းက သူမနားလည်မှု လွဲသွားတယ်ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ လင်းဟန်က သေရမှာကို ကြောက်နေတာကြောင့် စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးထိရောက်အောင် လုပ်နေတာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မိုးကောင်းကင်ကို ခွဲဖွင့်ချင်တာကြောင့် ဖြစ်ပါတယ်။

မိုးကောင်းကင်ကို ခွဲဖွင့်နိုင်စွမ်း ရှိတဲ့သူတွေက မျက်မှောက်ခေတ်ရဲ့ ပါရမီရှင်တွေ ဖြစ်ပါတယ်။

သူမက ထောင်ချောက်ထဲကို ကျသွားခဲ့တာ ဖြစ်ပါတယ်။ လင်းဟန်ရော သူမရဲ့ လူအိုကြီးရော အတူတူ ပေါင်းပြီးတော့ သူမကို အရူးလုပ်ခဲ့တာပါ။

မုန်းဖို့ကောင်းလိုက်တာ။ သူမက အခု ဒေါသတွေ ထွက်နေပါပြီ။

Chapter 887

အပိုင်း(888) မကျေနပ်ခြင်း

Edit with WPS Office

လီဝေဂကာ လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

ငါ့အဖေက ငါ့ကို လိမ်တယ်ဆိုတာက တော်သေးတယ်။ နင်က လူစိမ်းတစ်ယောက်ဖြစ်တယ်။ ဘာဖြစ်လို့ ငါ့ကို အနိုင်ကျင့်တာလဲ။ ငါက နင့်ကို ဘယ်လိုမျိုး အပြစ်ပြုမိလို့ အခုလိုမျိုး ငါ့ကို ဆက်ဆံရတာလဲ။

"ဟားဟားဟား သမီး လောင်းကြေးရှုံးသွားတဲ့အတွက် မင်းလက်ခံရတော့မယ်နော်။ သမီး အခုချိန်က စပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းကို တက်ရမယ်။ ထွက်ပြေးပြီး လျှောက်လည်ဖို့ မစဉ်းစားနဲ့တော့"

အမတ်မင်းက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ သူက တကယ်ပဲ သူ့ရဲ့ အဖိုးတန် သမီးက အချစ်ခံ အလိုလိုက်ထားလို့ စိတ်ထင်ရာ လုပ်မှာကို ကြောက်နေမိပါတယ်။

Edit with WPS Office

လီဝေဂက နုတ်ခမ်းစူ လိုက်ပါတယ်။

ငါ့အဖေရဲ့ အမိန့်ကို ငါမနာခံလို့လည်း ရနိုင်တာပဲ။ ဒါပေမဲ့ ဒီကောင်စုတ် ဟင့်။ ငါသူ့ကို လွယ်လွယ်နဲ့ အရှုံးမပေးနိုင်ဘူး။ သူတောင်းပန်လာတဲ့အထိ သူ့ကို အပြစ်ပေးရမယ်။

လင်းဟန်က သူ့မျက်လုံးတွေကနေ တဆင့် ခံစားချက်တွေကို သိနေပါတယ်။ ဒီမိန်းကလေးက ဒီကိစ္စကို လွယ်လွယ်နဲ့ အလျှော့ပေးလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဘာများတတ်နိုင်ဦးမှာလဲ။ ဘယ်လက်ရုံး အမတ်မင်းက ဒီလမ်းကို လျှောက်မှတော့ တကယ်လို့ သူက လီဝေဂကို ပြတ်ပြတ်သားသား ရှုံးနိမ့်သွားမယ်ဆိုရင် သူက ဘယ်လက်ရုံး အမတ်မင်းကို ရင်ဆိုင်ရပါလိမ့်မယ်။ ဒီရွေးချယ်မှု နှစ်ခုရဲ့ အကျိုးဆက်က လုံးဝကို ကွာခြားပါတယ်။

ဒါပေမဲ့လည်း သူ့အနေနဲ့ ဒီလိုမျိုး ထိန်းမနိုင် သိမ်းမနိုင် ဉာဏ်များတဲ့

Edit with WPS Office

မိန်းကလေးမျိုးကို ကြောက်နေစရာ အကြောင်း မရှိပါဘူး။ သူကြောက်တာ တစ်ခုက တကယ်လို့ တစ်ဖက်လူက တန်ခိုးရှင်ဘုံထဲက တန်ခိုးရှင်အဆင့် လက်ရွေးစင် တချို့ကို ထုတ်လာမှာကိုပဲ ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားဖို့ ဆန္ဒ မရှိဘူးဆိုရင် သူ့အနေနဲ့ ဒီအချိန် သူ့ရဲ့ စိတ်ပျက်လက်ပျက် ဖြစ်မှုကို ချုပ်ထိန်းထားနိုင် ရပါမယ်။

ငါ့မှာ ဖိအား မရှိရင် အကောင်းဆုံးပဲ။ လင်းဟန်က သူ့ဘာသူ ပြောလိုက်ပါတယ်။ သူ့ကို ကြည့်ရတာ အေးအေးဆေးဆေး ပုံစံ ရှိပေမဲ့ သူ့ရဲ့မာနနဲ့ အကျင့်စရိုက်ကို ချိုးနှိမ်ထားရပါတယ်။ တကယ်လို့ အဆိုးတကာ့ အဆိုးဆုံး အခြေအနေကို ရောက်လာမယ်ဆိုရင် သူက တိုက်ခိုက်ပြီးတော့ ဖြေရှင်းသင့်ရင် ဖြေရှင်းရပါမယ်။

"ဝေဂ သမီး လင်းဟန်ဆီကနေ ပိုပြီးတော့ သင်ယူသင့်တယ်။ သူက ဒီနေရာကို မိုးကောင်းကင် ခွဲဖွင့်ပြီးတော့ ရောက်လာတာ။ သူ့ရဲ့ ကြီးကျယ်ခမ်းနားတဲ့ သိုင်းပညာ ပါရမီက မင်းရဲ့ ပါရမီနဲ့

Edit with WPS Office

ဘယ်လောက်များ နိုင်းယှဉ်လို့ ရမလဲဆိုတာကို ဘယ်သူသိမှာလဲ”

အမတ်မင်းလီက လင်းဟန်ကို ဥပမာ ထားပြီးတော့ သူ့သမီးကို ဆုံးမနေပါတယ်။

တကယ်လို့ ဒါကတခြား လက်အောက်ခံကို ပြောနေတာဆိုရင်တော့ တစ်ဖက်လူက အရမ်းကို ကြည်ညိုလေးစားပြီးတော့ လင်းဟန်ကို လမ်းညွှန်သင်ကြားပေးဖို့ကိုတောင် တောင်းဆို ပါလိမ့်မယ်။ ဒါပေမဲ့ လီဝေဂက ဘာကြောင့်ဂရုစိုက်ရမှာလဲ။

သူမက တကယ်ပဲ လိုက်နာဖို့ ဆန္ဒရှိပါ့မလား။ ဘာဖြစ်လို့ ဘယ်လက်ရုံး အမတ်မင်းက လောင်းကြေး တစ်ခုနဲ့ ထောင်ချောက်တစ်ခုကို ပြင်ဆင်ထားဖို့ လိုအပ်ရတာလဲ။

အရမ်းကို အစွမ်းထက်တဲ့ လူတစ်ယောက်မှာတောင် အားနည်းချက် ပျော့ကွက်တစ်ခု ရှိတတ်ပါတယ်။

Edit with WPS Office

ဘယ်လက်ရိုး အမတ်မင်းရဲ့ ပျော့ကွက်က ဒီသမီးငယ်လေးဆိုတာ သိသာထင်ရှားပါတယ်။ ဒါကြောင့် သူမကို ပြင်းပြင်းထန်ထန်နဲ့ အပြစ်တင် ကြိမ်းမောင်းခြင်းမျိုး မရှိပဲ တစ်ချိန်လုံး အလိုလိုက် အကြိုက်ဆောင်ထားခဲ့ပါတယ်။

လီဝေဂက လင်းဟာန်ကို သူမရဲ့ လှပတဲ့ မျက်လုံးလေးတွေနဲ့ စိုက်ပြီးတော့ ကြည့်နေဆဲပါပဲ။ သူက နည်းနည်းလေးမှ မယုံနိုင်အောင် ဖြစ်နေခဲ့ပါတယ်။ ဒါပေမဲ့ သူမက အတော်လေး သိချင်စိတ် ပြင်းပြနေပါတယ်။

ဒီကောင်စုတ်ကို ကြည့်ရတာ အသိအမှတ်ပြုလောက်စရာ စွမ်းရည်နည်းနည်းလေးမှ ပိုင်ဆိုင်ထားပုံ မရဘူး။ ဘာဖြစ်လို့ သူက မိုးကောင်းကင်ကို ခွဲဖွင့်နိုင်စွမ်း ရှိရတာလဲ။

နှစ်စဉ်နှစ်တိုင်း အောက်ဘုံတွေကနေ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ ထောင်နဲ့ချီပြီး တန်ခိုးရှင်ဘုံကို ဝင်ရောက်နေကြတာက ဖြစ်ရိုးဖြစ်စဉ် ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး ရောက်လာတဲ့သူက အရင်က

Edit with WPS Office

ဘယ်တုန်းကမှ မပေါ်ထွက် လာခဲ့ဖူးပါဘူး။ အနည်းဆုံး ကြယ်ဥက္ကာ အင်ပါယာရဲ့ သမိုင်းကြောင်းထဲမှာတောင် မရှိပါဘူး။

သူက သမိုင်းသစ် ဖန်တီးခဲ့တဲ့ ယောက်ျားတစ်ယောက် ဖြစ်ပါတယ်။ အစတုန်းက သူမက အရမ်းကို သိချင်နေပေမဲ့ အခုတော့ သူမစိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတော့တယ်။ ဒီလိုမျိုး သွေးနားထင်ရောက်နေတဲ့ မျက်နှာတဲ့ ကောင်စုတ်ကို သူမကို လှည့်စားရဲတဲ့ အတွက် ပြန်ပြီးတော့ သင်ခန်းစား ပေးရပါမယ်။

သူမက လည်ချောင်းကို တစ်ချက်ရှင်းပြီးတော့ ပြောလိုက်ပါတယ်။

"သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ နည်းနည်းလောက် အစွမ်းထက်အောင် ကျင့်ကြံနိုင်တဲ့ လူတစ်ယောက်ပါပဲ။ သူ့ခွန်အားက တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ဖို့အထိ မလုံလောက် သေးဘူး။ တကယ်လို့ သူက တန်ခိုးရှင် အဆင့်ကို မရောက်နိုင်ဘူးဆိုရင် သူက ဘယ်လောက်ပဲ အစွမ်းထက်ထက် ဘယ်လောက်ပဲ မွန်းစတား ဆန်ဆန် ဘာမှလုပ်လို့ မရဘူး။ သူ့ကို လွယ်လွယ်နဲ့ ဖိနှိပ်နိုင်မှာပဲ မဟုတ်လား။ နောက်ပြီးတော့ တန်ခိုးရှင်

Edit with WPS Office

အဆင့်ထဲမှာ အဆင့်ကြီး ငါးဆင့်လည်း ရှိသေးတယ်။ အဆင့်သေး အလွှာနှစ်ဆယ်လည်း ခွဲထားတယ်။ အဆင့်တိုင်းက ပိုပိုပြီးတော့ ခက်ခဲပြီး အပေါ်ကိုတက်ရမှာ အများကြီးပဲ။ ဒါကြောင့် ဘာမှဂုဏ်ယူနေစရာ မရှိပါဘူး”

အမတ်မင်းလီက ဝါးလုံးကွဲအောင် ရယ်မောပြီးတော့ သူ့ခေါင်းကို ခါလိုက်ပါတယ်။

“မင်းက တစ်ဖက်လူလောက်တောင် အဖြစ်မရှိဘူးလေ။ သမီးက ရှုံးသွားတယ်။ ဒါပေမဲ့ တဖက်လူကို အထင်သေးနေသေးတာလား”

“အိုး အဲဒါက သမီး သတိမထားလိုက်လို့ပါ”

လီဝေဂက အမတ်မင်းလီဆီကို ပြေးသွားပြီးတော့ သူ့လက်မောင်းကို ဖက်တွယ်လိုက်ပြီး လင်းဟာန်ကို စိုက်ကြည့်ကာ သူ့ကို လက်ညှိုးထိုး ပြောလိုက်ပါတယ်။

Edit with WPS Office

"ဘာပဲဖြစ်ဖြစ် နောက်ဆယ်ရက် အကြာမှာ နောက်ထပ်ပြိုင်ပွဲတစ်ခု လုပ်မယ်။ ဒါပေမဲ့ အဲဒီတစ်ကြိမ် မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ဂင်ခွင့်စစ်ဆေးမှုမှာ ဖြစ်လိမ့်မယ်။ ငါနင့်ကို အနိုင်မယူနိုင်ဘူး ဆိုတာကို မယုံဘူး"

အဲဒီစင်မြင့်မှာ တစ်ဖက်လူကို လက်လျော့အညံ့ခံခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် သူမက သူ့ကို အထင်သေးပြီး ပိုပြီးတော့ နှိမ့်ချမိပါလိမ့်မယ်။ လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"သေချာတာပေါ့။ ဒါဆိုရင် အဲဒီအချိန်ကျမှ ငါတို့တွေ နောက်ထပ် ပြိုင်ကြတာပေါ့"

သူ့ရဲ့တုံ့ပြန်မှုက သိမ်မွေ့ပြီး ဒီကိစ္စကို အလေးအနက် မထားသလိုမျိုး ပုံစံပေါက်နေပါတယ်။

လီဝေဂက အရမ်းကို ဒေါသထွက်သွားပြီး ခြေထောက်ကို ဆောင့်ချလိုက်ချင်ပါတယ်။

Edit with WPS Office

ဒီမုန်းစရာကောင်စုတ်က သူမကို အခုလိုမျိုး
လျစ်လျူရှုဝံ့တယ်ပေါ့လေ။ တစ်ခုသိထားရမှာက သူမဟာ
အင်ပါယာမြို့တော်ထဲက အချောဆုံး မိန်းကလေး သုံးယောက်ထဲက
တစ်ယောက် ဖြစ်ပါတယ်။ ဗိုလ်ချုပ်တွေ အရေးပါတဲ့ အရာရှိတွေရဲ့
ဂျူနီယာတွေ ဘယ်လောက်က သူမကို လက်ထပ်ချင်နေကြလဲ
ဆိုတာကို သိရဲ့လား။ သူမက သူတို့ကို စိတ်တောင်မဝင်စားပါဘူး။

နင့်လိုတောသား တစ်ယောက်က ဘဂင်ကိုင်ပြီး ဆရာကြီးပုံစံ
ဖမ်းနေသေးတယ်။

မရတော့ဘူး။ ငါဆယ်ရက်တောင် မစောင့်နိုင်တော့ဘူး။ တကယ်လို့
ဒီလိုမျိုး စိတ်အနှောင့်အယှက် ဖြစ်စရာကို ဆယ်ရက်လောက်
သည်းခံနေရမယ်ဆိုရင် သူမသေချာပေါက် ပေါက်ကွဲထွက်
သွားနိုင်ပါတယ်။

လီဝေဂက ချက်ချင်းပဲ ချာခနဲလှည့်ပြီးတော့ ထွက်သွားပါတယ်။

Edit with WPS Office

လင်းဟာန်ကို ဖိနှိပ်ဖို့အတွက် သူမကို ကူညီပေးနိုင်မဲ့ တစ်ယောက်ယောက်ကို သွားရှာရပါမယ်။ အဲဒီလိုမှ မဟုတ်ရင် ဒီည သူမအနေနဲ့ ကောင်းကောင်းအိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး။

ဒီမိန်းမပျိုက တကယ့်ကို ပေကတ်ကတ် တဇွတ်တိုး လုပ်တတ်တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ အမတ်မင်းလီလည်း ဘာမှကို မတတ်နိုင်ပါဘူး။ သူက တကယ်ပဲ မျက်နှာကို တင်းတင်းထားပြီး သူမကို ဒေါ်နဲ့မောနဲ့ မဆူနိုင်ပါဘူး။ ဒါကြောင့် သူ့ခေါင်းကို ခါပြီးတော့ မချိပြုံး ပြုံးနေရပါတယ်။ အဲဒီနောက် သူ့ရဲ့အမူအရာက ချက်ချင်းပဲ တည်သွားပြီးတော့ လင်းဟာန်ကို ပြောလိုက်ပါတယ်။

“မင်းရဲ့ ကျွမ်းကျင်မှုလေးအကြောင်းနဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ အခြေအနေကို ငါ့ကို ပြောပြနိုင်မလား”

လင်းဟာန်က အခြေအနေ တစ်ခုလုံးရဲ့ အမှန်တရားနဲ့ ပတ်သက်ပြီးတော့ ခြုံငုံပြောလိုက်ပါတယ်။ သူက အနက်ရောင်မျှော်စင် အကြောင်းနဲ့ သူ့အတိတ်ဘဝ အကြောင်းကိုတော့ ချန်လှပ်ထားခဲ့ပါတယ်။ နောက်ပြီးတော့

Edit with WPS Office

ဂဠုန်နန်းတော်နဲ့ ကောင်းကင်ဘုံ မိုးကြိုးလျှပ်စီးနဲ့ မီး ကေရာဇ်လိုမျိုး အရေးကြီးတဲ့ တခြားအကြောင်းတွေကိုလည်း ချန်လှပ်ထားပါတယ်။ အဲဒါက မိုးကောင်းကင်ကို ခွဲဖွင့်တာနဲ့ ဘာမှမဆိုင်ပါဘူး။

ဘယ်လက်ရုံး အမတ်မင်းက အတော်လေးကို သိချင်စိတ် ပြင်းပြတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်တာနဲ့ ပတ်သက်ပြီး အရမ်းကို အသေးစိတ်ကျတဲ့ အချက်တွေကို မေးမြန်းပြီးတဲ့ နောက်မှာ သူက ခေါင်းကို တဆတ်ဆတ် ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ချန်းယွမ်ပြောတာတော့ မင်းက ကောင်းကင်နီ သင်တန်းကျောင်းကို မင်းအစွမ်းအစနဲ့ ဝင်ဖို့ ဆန္ဒရှိတယ်ဆို"

"ဟုတ်ပါတယ်"

လင်းဟန်က ရိုရိုသေသေနဲ့ ပြန်ဖြေလိုက်ပါတယ်။ သူက လူသားတစ်ယောက် အနေနဲ့ ဘဂနစ်ခု ရှင်သန်ခဲ့ပေမဲ့

Edit with WPS Office

ဘယ်လက်ရုံး အမတ်မင်းနဲ့ နှိုင်းယှဉ်ကြည့်ရင် သူက ဘယ်လောက်တောင် ငယ်ရွယ်နေမလဲ ဆိုတာကို မသိပါဘူး။ နောက်ပြီးတော့ အမတ်မင်းလီက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က သူ့ကို ရိုသေလေးစားမှု တချို့တော့ ရှိရပါမယ်။

သိုင်းပညာ ကမ္ဘာကြီးထဲမှာ အစွမ်းထက်တဲ့ သူတွေက အမြဲတမ်း ရိုသေလေးစားခြင်းကို ခံရပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ဘယ်တုန်းကမှ တခြားသူကို ခေါင်းမငုံ့ခဲ့ပါဘူး။ သူ့ရဲ့ မာနနဲ့ အကျင့်စရိုက်အရ ဘယ်လိုလုပ်ပြီးတော့ သူ့ကိုယ်သူ ဒူးထောက်ခါးကိုင်းပြီးတော့ အရိုအသေ ပြုရမှာလဲ။

အမတ်မင်းလီက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက မိုးကောင်းကင်ကို ခွဲဖွင့်နိုင်တယ်ဆိုတော့ မင်းရဲ့တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို ရောက်နေလောက်ပြီ။ ဒီနှစ် ကျောင်းသားသစ် အုပ်စုထဲမှာ မင်းရဲ့တိုက်ပွဲစွမ်းရည်က အစွမ်းထက်ဆုံး ဖြစ်နိုင်တယ်။ ဒါပေမဲ့လည်း ကောင်းကင်နီ

Edit with WPS Office

သင်တန်းကျောင်း ဂင်ခွင့်က တိုက်ပွဲစွမ်းရည်အပေါ်မှာ အခြေမခံဘူး။ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ် ခွန်အား၊ သိုင်းပညာ ပါရမီနဲ့ တိုက်ပွဲ ကျွမ်းကျင်မှုပဲ။ တကယ်လို့ မင်းက ထိပ်ဆုံး ဆယ်ယောက် ဒါမှမဟုတ် ထိပ်ဆုံးသုံးယောက်ထဲကို ဂင်ချင်တယ် ဆိုရင်တောင် အဲဒါက အရမ်းကို ခက်ခဲလိမ့်မယ်”

သူက လင်းဟာန်နဲ့ ပတ်သက်ပြီး အပြည့်အဝတော့ ယုံကြည်မှု မရှိပါဘူး။ ကျွမ်းကျင်မှုကျင့်ကြံသူတွေက ဘယ်လိုလုပ်ပြီးတော့ ဒီနေရာမှာရှိတဲ့ ပါရမီရှင်တွေထက် ပိုပြီး ထူးချွန်နိုင်မှာလဲ။ တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေရဲ့ လမ်းညွှန်ပြသမှုကို ခံယူထားတဲ့ သူတွေကို အသာထားဦး။ တိုက်ပွဲ ကျွမ်းကျင်မှုကို ရောက်လာတဲ့ အချိန်ကျရင် နိုင်းယှဉ်လို့ ရမှာမဟုတ်ပါဘူး။ ကျွမ်းကျင်မှုကျင့်ကြံသူတွေက နှိုင်းယှဉ်ဖို့ဆိုရင် ဘယ်လောက်တောင် ကွာဟချက် ကြီးမားနေလိုက်မလဲ။

ပြီးတော့ ကျွမ်းကျင်မှုကျင့်ကြံသူတွေရဲ့ စိတ်ဝိညာဉ်က အကြီးမားဆုံး အားနည်းချက် ဖြစ်ပါတယ်။ သူတို့အားလုံးက

Edit with WPS Office

စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိပြီးမှ စတင်ကျင့်ကြံလို့ ရပါလိမ့်မယ်။ ဒါပေမဲ့လည်း လီဝေဂလိုမျိုး ဩဇာတိက္ကမရှိတဲ့ အရာရှိတွေရဲ့ မျိုးဆက်တွေမှာ မွေးလာကတည်းက သူတို့ရဲ့ စိတ်ဝိညာဉ်ကို ပြုစုပျိုးထောင်ပေးနိုင်တဲ့ ရတနာပစ္စည်း အမျိုးမျိုးကို လက်ခံရရှိ ထားကြပါတယ်။ ဒါကြောင့် တကယ်လို့ အသက်ဆယ်နှစ်ကနေ နှစ်ဆယ်ကြား ရှိတယ်ဆိုရင်တောင် သူတို့ရဲ့ စိတ်ဝိညာဉ်က ကမ္ဘာငယ်လေးတစ်ခုက ကျင့်ကြံသူတွေထက် အဆပေါင်း ဘယ်လောက်တောင် သန်မာနေလိမ့်မလဲ။

ဒါကြောင့် တကယ်လို့ တိုက်ပွဲစွမ်းရည် ယှဉ်ပြိုင်မှု တစ်ခုဖြစ်မယ်ဆိုရင် လင်းဟန်က အခြေခံအားဖြင့် ပထမနေရာမှာ ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ထူးခြားတဲ့ အကဲဖြတ်မှုတွေအရ လင်းဟန်အတွက် ပထမနေရာ မပြောနဲ့ ထိပ်ဆုံးဆယ်ယောက် စာရင်းဝင်ဖို့တောင် အရမ်းကို ခက်ခဲပါလိမ့်မယ်။

"ကျနော် ကြိုးစားကြည့်ဖို့ ဆန္ဒ ရှိပါတယ်"

Edit with WPS Office

လင်းဟန်က ပြောလိုက်ပါတယ်။ သူမှာ သူ့ကိုယ်သူ ယုံကြည်ချက် အပြည့် ရှိပါတယ်။

အမတ်မင်းလီက ခေါင်းညိတ်လိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ အဆင့်အတန်းအရ လင်းဟန်ကို တွေ့ဆုံတယ် ဆိုတာက တကယ့်ကို မျက်နှာသာ ကြီးကြီးမားမား ပေးခြင်းပဲ ဖြစ်ပါတယ်။ အဓိက အချက်ကတော့ လင်းဟန်ဟာ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာတာ ဖြစ်ပြီး အဲဒါက အရမ်းကို ရှားပါးလွန်းပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို တစ်ကြိမ်တော့ တွေ့ဆုံကြည့်ချင် ခဲ့ပါတယ်။

သူက လင်းဟန်ကို တွေ့ပြီးပြီ ဆိုတော့ သူ့ရဲ့ လက်အောက်ခံ တစ်ယောက် အဖြစ်အနေနဲ့ အားပေးတိုက်တွန်းတဲ့ စကားအနည်းငယ် ပြောရပါမယ်။

"ဒီဆယ်ရက် အတွင်းမှာတော့ မင်းအရင်ဆုံး ဒီမှာနေထိုင်ပါ။ ကောင်းကင်နီ သင်တန်းကျောင်းကို မင်းဝင်ခွင့်ရတဲ့ အချိန်ကျရင် ဒီကနေ ရွှေ့ပြောင်းလိုက်ပေါ့"

Edit with WPS Office

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။

"အမတ်မင်းရဲ့ စေတနာကို ကျေးဇူးအများကြီး တင်ပါတယ်"

ချန်းယွမ်အတွက်တော့ အမတ်မင်းလီက ဘာမှပြောနေစရာ မလိုပါဘူး။ သူက လင်းဟန်ကို ခေါ်သွားဖို့ လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

"ဘယ်လက်ရုံး အမတ်မင်းက အခုအနားယူဖို့ လိုတယ်။ ဒါကြောင့် ငါမင်းကို ခေါ်သွားပြီး ခြံဝင်းဘေးမှာ နေရာချထားပေးမယ်"

သူတို့နှစ်ယောက် ထွက်လာခဲ့ပါတယ်။

အမတ်မင်းလီက သူ့မုတ်ဆိတ်မွေးကို ပွတ်ပြီးတော့ တီးတိုးရွတ်လိုက်ပါတယ်။

Edit with WPS Office

"သူ့ပါရမီက အကောင်းဆုံး မဟုတ်ဘူးဆိုရင်တောင် မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ဒီနေရာကို ရောက်လာနိုင်တာကို ကြည့်ခြင်းအားဖြင့် သူနဲ့ပတ်သက်ပြီး ထူးခြားဆန်းကြယ်တဲ့ တစ်စုံတစ်ခု ရှိကိုရှိရမယ်။ တကယ်လို့ ဂင်ခွင့်စမ်းသပ်ပွဲ အချိန်အတွင်းမှာ ကျွမ်းကျင်မှုရှိပြီး တောက်ပလာမယ် ဆိုရင်တော့ သူ့ကို ပြုစုပျိုးထောင်ပေးဖို့ ထိုက်တန်တယ်။ တကယ်တော့ အဲဒီအချိန်က မကြာခင်မှာ လာတော့မှာပဲလေ"

Chapter 888 end

အပိုင်း(889) လျှိုလှို

ရှန်းချန်းယွမ်က လင်းဟန်ကို ခြံဝင်းတစ်ခုဆီကို ခေါ်လာခဲ့ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းရဲ့ အိမ်တော်က အမှန်အကန်ကို ကျယ်ပြန့်လွန်းပါတယ်။ ဧည့်ဆောင် အခန်းတွေ တစ်ရာကျော်လောက် ရှိပါတယ်။ အခန်းတိုင်းကို လှပအောင် အလှဆင်ထားပါတယ်။

Edit with WPS Office

ဘယ်လက်ရုံး အမတ်မင်းက အရမ်းကို အလုပ်များတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းရဲ့အောက်မှာ တာဝန်ထမ်းဆောင်တဲ့ ရှန်းချန်းယွမ်ကလည်း အားတဲ့ပုံ သိပ်မရှိပါဘူး။ လင်းဟန်နေဖို့ စီစဉ်စရာတွေ လုပ်ပြီးတဲ့နောက်မှာ သူက လင်းဟန်ကို ယဉ်ယဉ်ကျေးကျေးနဲ့ တခြားကိစ္စတွေ သွားလုပ်ရမှာမို့ နောက်မှလာတွေ့မယ် ဆိုတာကို နှုတ်ဆက်ပြောဆိုပြီး ချာခနဲလှည့်ကာ ထွက်သွားပါတယ်။

လင်းဟန်က ရှန်းချင်းယွမ်ဟာ သူ့ကို ယဉ်ကျေးသမှုနဲ့ ပြောဆိုတယ် ဆိုတာကို သိပါတယ်။ သူ့ကိုယ်ပိုင် အဆင့်အတန်းက ဘာလဲ။ အမှန်တော့ သူက စစ်ရှုံးတဲ့ နိုင်ငံတစ်ခုက အုပ်ချုပ်သူထက် မပိုပါဘူး။ နောက်ပြီးတော့ သူက တန်ခိုးရှင် အဆင့်ကိုတောင် ခြေမချရသေး ပါဘူး။ ဒါကြောင့် တခြားသူတွေက သူ့ကိုအရမ်းကြီး အလေးထားဖို့ ဘယ်လိုလုပ်ပြီး သူက လုပ်နိုင်မှာလဲ။

လူတစ်ယောက်ရဲ့ အဆင့်အတန်းက ခွန်အားနဲ့ ပတ်သက်ပါတယ်။ အဲဒီအတွက် ငိုယိုပြီး တောင်းပန်နေလို့ မရပါဘူး။

Edit with WPS Office

ဘယ်လက်ရုံး အမတ်မင်းမှာ သူငယ်ရွယ်တဲ့ အချိန်တုန်းက မြင့်မားတဲ့ အဆင့်အတန်းတစ်ခု ရှိခဲ့လား။ ကြယ်ဉက္ကာ အင်ပါယာရဲ့ ကေရီက သူမငယ်ရွယ်တဲ့ အချိန်တုန်းက အင်ပါယာ တစ်ခုရဲ့ အုပ်ချုပ်သူအဖြစ် ကြေညာခဲ့တာလား။

သူတို့အားလုံးက အောက်ခြေကနေ စခဲ့ကြတာချည်းပါပဲ။

လင်းဟာန်ရဲ့ သဘောထားက အတော်လေးကို တည်ငြိမ်အေးဆေးပါတယ်။ သူ့ရဲ့လက်ရှိ အာရုံက ကောင်းကင်နီ သင်တန်းကျောင်းထဲကို ဝင်ရောက်ဖို့နဲ့ ဆေးပညာနဲ့ သိုင်းပညာတွေကို သင်ယူပြီး အဲဒီနယ်ပယ် နှစ်ခုလုံးမှာ ကြီးကြီးမားမား အဆင့်တက်ဖို့ပဲ ဖြစ်ပါတယ်။ တိုက်ပွဲဂဏ်ပါ ပညာရပ် အတွက်ကတော့ တကယ်လို့ သူ့မှာအချိန်ပိုတွေ ရှိနေခဲ့ရင်တော့ သူက သင်ယူရပါလိမ့်မယ်။ သူက အရမ်းကို အလုပ်ရှုပ်နေလောက်ပါတယ်။ ဒါကြောင့် သူက အဲဒီကိစ္စ အပေါ်မှာ လက်လျှော့ဖို့ပဲ တတ်နိုင်ပါတယ်။

Edit with WPS Office

တစ်ကိုက်ထက်ပိုပြီးတော့ ကိုက်ပြီးစားတာက ဝါးရတဲ့ အခါမှာ ကောင်းမွန်တဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ သူ့ အောက်ဘုံမှာ ရှိတဲ့ အချိန်တုန်းက သေမျိုးတစ်ယောက်အနေနဲ့ ဘဝနှစ်ခု အတွေ့အကြုံ ရှိခဲ့ပြီး ဒီပညာသုံးခုလုံးကို အစွမ်းကုန်ကြိုးစား သင်ယူခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သူပိုင်ဆိုင်ထားတဲ့ အတွင်းလူရဲ့ သတင်းအချက်အလက် အားလုံးကို အသုံးချပြီးတော့ အောက်ခြေကနေ စပြီးတော့ ကုတ်ခြစ်ကြိုးစား ရပါမယ်။

ပထမ ခြေလှမ်းက သူ့ခွန်အားကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ မြှင့်တင်ဖို့ ဖြစ်ပါတယ်။

တန်ခိုးရှင် အဆင့်မှာ တိုက်ပွဲထဲ ကနဦးအလှွာ တစ်ခုကို ကျော်လွှားနိုင်တဲ့လူကို ကြယ်တစ်ပွင့် ပါရမီရှင်လို့ သတ်မှတ်ပါတယ်။ ဒီသဘောတရားအတိုင်း ကြယ်နှစ်ပွင့် ပါရမီရှင်၊ ကြယ်သုံးပွင့် ပါရမီရှင်နဲ့ ကြယ်လေးပွင့် ပါရမီရှင်လို့ သတ်မှတ်ပါတယ်။ ရှီရွှမ်ရွှမ်ရဲ့ ပြောစကားအရ ရှေးဟောင်း မှတ်တမ်းတစ်ခုထဲမှာ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် တစ်ကြိမ်ထွက်ပေါ်လာဖူးတယ်လို့ ပြောခဲ့ပါတယ်။

Edit with WPS Office

တန်ခိုးရှင်ဘုံထဲမှာ ဒီလိုမျိုး ပါရမီရှင်တွေက ဖီးနစ်ငှက်တစ်ကောင်ရဲ့ အမွေးတောင်တွေလို ရှားပါးလွန်းပါတယ်။

ဒါပေမဲ့လည်း ရီရှမ်ရှမ်က ဒီအကြောင်းကို မကြားဖူးဘူး ဆိုတာနဲ့ ဒီနေရာမှာ တစ်ယောက်မှ မရှိနိုင်ဘူးလို့တော့ မဆိုလိုပါဘူး။ တကယ်တော့ ဘုံနှစ်ခု အကြားက အကွာအဝေးက ဖော်ပြလို့ မရနိုင်လောက်အောင် ဝေးကွာလွန်းပါတယ်။ လင်းဟာန်က အများကြီး မစဉ်းစားထားချင် သေးပါဘူး။ သူ့ရဲ့ကျင့်ကြံခြင်းကို အလွှာတိုင်းမှာ ပြီးပြည့်စုံသရွေ့ သူက ဘာဖြစ်လို့ ကျင့်ကြံခြင်း အဆင့်တူထဲက တခြားသူနဲ့ တိုက်ခိုက်ဖို့ ကြောက်နေရမှာလဲ။

ဒုန်း ဒုန်း ဒုန်း ဒုန်း။

သူက သူ့ရဲ့စိတ်ဝိညာဉ် ခွန်အားကို တိုးတက်ဖို့ ကျင့်ကြံချင်နေပေမဲ့ သူနေထိုင်တဲ့ ခြံဝင်းတံခါးကို ကျယ်လောင်စွာနဲ့ ထုနေလိမ့်မယ်လို့ မျှော်လင့်မထားမိပါဘူး။

Edit with WPS Office

တံခါးကို ခေါက်နေတဲ့လူက အတော်လေးကို စိတ်မရှည်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က လမ်းလျှောက်လာပြီး ခြံဝင်းတံခါးကို ဖွင့်လိုက်ပါတယ်။ တံခါးဝမှာ လူငယ် တစ်ယောက်နဲ့ မိန်းမပျို တစ်ယောက် ရပ်နေတာကို တွေ့လိုက်ရပါတယ်။ မိန်းမပျိုကိုတော့ သူအစောပိုင်းတုန်းက တွေ့မြင်ဖူးပါတယ်။ သူမက ဘယ်လက်ရုံး အမတ်မင်းလီရဲ့ အငယ်ဆုံး သမီးဖြစ်တဲ့ လီဝေဂ ဖြစ်ပါတယ်။ လူငယ်ကို ကြည့်ရတာ အသက်နှစ်ဆယ်လောက်ပဲ ရှိပါဦးမယ်။ သူ့မျက်နှာသွင်ပြင်က ကြည့်လို့ကောင်းပြီးတော့ နုတ်ခမ်းမွေးရေးရေးလေးတချို့ ရှိနေတာကြောင့် သူက တကယ့်ကို ငယ်ရွယ်သေးတယ်ဆိုတာ သိနိုင်ပါတယ်။

"လျှိုလို့ သွား။ သူ့ကို ရိုက်ပစ်"

လီဝေဂက လင်းဟန်ကို လက်ညှိုးထိုး ညွှန်ပြပြီး ခွေးတစ်ကောင်ကို

Edit with WPS Office

အမိန့်ပေးနေသလိုမျိုး ပြောလိုက်ပါတယ်။

လူငယ့်နာမည်က လျှိုလွှီ ဖြစ်ပါတယ်။ သူက
အင်ပါယာမြို့တော်ထဲက အဆင့်မြင့် အရာရှိ တစ်ယောက်ရဲ့
မျိုးဆက်တစ်ယောက် ဖြစ်ပြီးတော့ ပါရမီရှင် တစ်ယောက်လည်း
ဖြစ်ပါတယ်။ သူ့မှာ ဘယ်လက်ရုံး အမတ်မင်းရဲ့ အချစ်ဆုံး
သမီးဖြစ်တဲ့ လီဝေဂနဲ့ လက်ထပ်ခွင့်ရဖို့ ရည်မှန်းချက်ရှိနေပြီး
အချိန်ရတိုင်း သူက ဘယ်လက်ရုံး အမတ်မင်း စံအိမ်ကို
မကြာမကြာ လာလည်လေ့ ရှိပါတယ်။

သူ့မှာ လျှိုတလိုခေါ်တဲ့ အစ်ကိုတစ်ယောက်လည်း ရှိပြီးတော့
သူ့ထက်နှစ်နှစ်လောက် ကြီးပါတယ်။ သူလည်း စကြာဂဠာ
ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကို ရောက်ရှိနေပါတယ်။
နောက်ပြီးတော့ လျှိုတက ပိုပြီးတော့ ထူးချွန်ပြီး
သူ့တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ကိုးလုံးနီးပါး ရောက်ရှိနေပါပြီ။
သူက အင်ပါယာမြို့တော်ထဲက လူငယ်မျိုးဆက် လက်ရွေးစင်
သုံးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။

Edit with WPS Office

ဟုတ်ပါတယ်။ ဒီလူငယ်က တန်ခိုးရှင် အဆင့်ကို ရောက်ပါလိမ့်မယ်။ ဒါပေမဲ့လည်း စကြဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဘယ်လောက်ပဲ မွန်းစတားဆန်နေပါစေ ကိစ္စမရှိပါဘူး။ သူက တောင်မြစ် အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အကြည့်တစ်ချက်က ဖိအားကိုတောင် ခံနိုင်ရည် ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက တန်ခိုးရှင်တွေက သေမျိုးတွေကို ဖိအားနဲ့ တိုက်ခိုက်မှု တစ်ခုပါပဲ။

လျှိုလွှီက သူ့အစ်ကိုလောက် အစွမ်းမထက်ပေမဲ့ သူက တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ခုနစ်လုံးကို ရရှိပိုင်ဆိုင် ထားပါတယ်။ ပြီးတော့ သူ့ကိုယ်သူလည်း ယုံကြည်မှု အပြည့်ရှိပါတယ်။ ဒါကြောင့် လီဝေဂက အစောပိုင်းမှာ သူ့ကိုအကူအညီ တောင်းတဲ့အခါ သူက အလျင်အမြန် ပြေးလာပြီး လီဝေဂ ကျေနပ်တဲ့အထိ လင်းဟန်ကို ကောင်းကောင်းကြီး ရိုက်နက်ဆုံးမ ချင်နေခဲ့ပါတယ်။

"မင်းက ငါတို့ရဲ့ နံပါတ်လေး သခင်မလေးကို အပြစ်ပြုခဲ့တယ်။ ဘာဖြစ်လို့ ဒူးထောက်ပြီး မတောင်းပန်သေးတာလဲ"

Edit with WPS Office

လျှိုလွီက မာနကြီး တစ်ခွဲသားနဲ့ အထက်စီးဆန်စွာ ပြောလိုက်ပါတယ်။ သူက သူ့ကိုယ်ပိုင် အဆင့်အတန်းကို ကိုယ့်အတွက်ပဲ သိပါတယ်။ လီဝေဂရဲ့ ပြောစကားအရ တစ်ဖက်လူဟာ ကျွှမ်ာငယ်လေး တစ်ခုကနေ လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူက လင်းဟန်နဲ့ တိုက်ခိုက်ဖို့ ဆန္ဒမရှိပါဘူး။ အဲဒါက သူ့ကိုယ်သူ စော်ကားမှု တစ်ခုလို့ ယူဆထားပါတယ်။

သူက ထိုက်တန်လို့လား။

ကျွှမ်ာငယ်လေး တစ်ခုက သာမန်အဆင့်နိမ့်တဲ့ လူတစ်ယောက်ကများ။

လီဝေဂက ချက်ချင်းပဲ မကျေမနပ် ဖြစ်လာခဲ့ပါတယ်။ သူမက လင်းဟန်ကို ဒူးထောက်ပြီး သူမကို တောင်းပန်ခိုင်းတာ မလိုချင်ပါဘူး။ ဒါပေမဲ့ လင်းဟန်ကို ရှုံးနိမ့်သွား စေချင်ခဲ့တာပါ။ ဒီနစ်ခုက လုံးဂကို ကွဲပြားခြားနားတဲ့ အချက်ပဲ ဖြစ်ပါတယ်။ လျှိုလွီက သူမနဲ့ အစွမ်းထက်တဲ့ လွှမ်းမိုးမှုခြင်း ယှဉ်လိုက်တဲ့ အခါ

Edit with WPS Office

ပြိုင်နိုင်လို့လား။ ဒါကြောင့် သူမက တစ်ဖက်လူကို ဒီနေရာမှာ နည်းလမ်းကုန် ထုတ်သုံးလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က ထူးထူးဆန်းဆန်း ပြုံးပြီးတော့ သူ့ကိုယ်သူ စဉ်းစားလိုက်ပါတယ်။ ကမ္ဘာငယ်လေး တစ်ခုမှာပဲဖြစ်ဖြစ် တန်ခိုးရှင်ဘုံမှာပဲဖြစ်ဖြစ် လူတွေအားလုံးက အတူတူပဲ။ မတူတာဆိုလို့ တန်ခိုးရှင်ဘုံက လူတွေဟာ နည်းနည်းလောက် ပိုပြီးတော့ အစွမ်းထက်တာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း ဩဇာအာဏာရှိတဲ့ အရာရှိတွေရဲ့ ဂျူနီယာတွေက အရမ်းကို မောက်မာပြီးတော့ အနီးအနားက လူတွေကို အမိန့်ပေး ခိုင်းစေတတ်ပါတယ်။

ဒါက ကုသပေးသင့်တဲ့ ရောဂါတစ်ခုပဲ။

"ငါ့မှာ တခြားသူက ဒူးထောက်တတ်တဲ့အကျင့် မရှိဘူး ဘာဖြစ်လို့ မင်းကငါ့ကို သရုပ်မပြ ပေးတာလဲ"

Edit with WPS Office

လင်းဟန်က ပြန်ဖြေလိုက်ပြီးတော့ တစ်ဖက်လူပဲဖြစ်ဖြစ် လီဝေဂကိုပဲဖြစ်ဖြစ် မျက်နှာသာ မပေးခဲ့ပါဘူး။

သူ ကောင်းကောင်း သိပါတယ်။ ဒီလိုမျိုး ကောက်ကျစ်ဉာဏ်များတဲ့ မိန်းကလေး တစ်ယောက်ကို အလိုမလိုက်နိုင်ပါဘူး။ သူမကို အလိုလိုက်လေ သူမက ပိုပြီးတော့ ဆိုးလာပါလိမ့်မယ်။

လျိုလွီရဲ့ မျက်နှာအမူအရာက သုန်မှုန်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ကျွန်မာငယ်လေးရဲ့ ဘာမဟုတ်တဲ့ လူတစ်ယောက်ကများ ငါ့ကိုတောင် ပြန်ပြီးတော့ ပြောဝံ့တယ်ပေါ့လေ။ ငါတို့ လျိုကလန်က ဘာကိုကိုယ်စားပြုတယ် ဆိုတာကို မင်းသိရဲ့လား"

ဒါက ဧကရီ ဘုရင်မကိုယ်တိုင် ချီးမြှင့်ထားတဲ့ ဘွဲ့ထူးဂုဏ်ထူး တစ်ခုဖြစ်ပြီးတော့ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းလာခဲ့တာ ဖြစ်ပါတယ်။

Edit with WPS Office

လင်းဟာန်ရဲ့ အမူအရာက ချက်ချင်းပဲ သုန်မှုန်သွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဘာမဟုတ်တဲ့လူ ဘာမဟုတ်တဲ့ လူဆိုတာကိုပဲ ပြောနေတယ်။ ဒါပေမဲ့ မင်းဆီမှာတော့ တော်ဂင်မြင့်မြတ်မှု တစ်ခုမှ ရှိတာလည်း မတွေ့ရပါလား။ ငါ့ကို တောင်းပန်စမ်း။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းငါ့ကို တောင်းပန်လာတဲ့အထိ ငါရိုက်နက်ပစ်ရလိမ့်မယ်"

"ဟားဟားဟားဟား"

လျိုလွီက သူ့ဗိုက်ကို ကိုင်ပြီးတော့ ဝါးလုံးကွဲအောင် ရယ်မောလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါရယ်ရလွန်းလို့တောင် သေသွားနိုင်တယ်။ ဟားဟားဟား။ မင်းက ကမ္ဘာငယ်လေး တစ်ခုက အသုံးမကျတဲ့ လူတစ်ယောက်က ငါ့ကို တောင်းပန်ဖို့ တောင်းဆိုရဲတယ်ပေါ့လေ။ မင်းက

Edit with WPS Office

တန်လိုလား။ မင်းက တန်လိုလား။ မင်းက တန်လိုလား"

သူက မင်းက တန်လိုလားဆိုတဲ့ စကားကို သုံးခါလောက် ပြောပြီးတော့ လင်းဟန်ကို သူ့ရဲ့ အထင်သေးမှုကို ထုတ်ဖော်ပြလိုက်ပါတယ်။

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါက ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ထဲမှာ ဖြစ်တယ်။ ငါက ဘယ်လက်ရုံး အမတ်မင်းရဲ့ ဧည့်သည်တစ်ယောက် အဖြစ်နဲ့ ဒီနေရာမှာ နေထိုင်တယ်။ မင်းက ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ကို လာပြီးတော့ သူ့ရဲ့ဧည့်သည်ကို အရှက်ခွဲ စော်ကားနေတယ်။ မင်းက ဘယ်လက်ရုံး အမတ်မင်းကို မရှိမသေ လုပ်နေတာပဲ"

လပ္ပွတ်ပဲလေ။

Edit with WPS Office

လျှိုလှီက မှင်တက်အံ့ဩသွားပြီး သူ့ပါးစပ်တောင် မဲ့ရွဲ့သွားခဲ့ပါတယ်။ မင်းက လူတစ်ယောက်ကို ဘယ်လိုမျိုး အပြစ်ပုံချရမလဲ ဆိုတာကို ကောင်းကောင်း နားလည်တာပဲ။ ငါကမင်းကို ဘာမဟုတ်တဲ့ လူတစ်ယောက်လို့ပဲ ခေါ်ခဲ့တာလေ အဲဒါက အကြောင်းပြချက် တစ်ခုရှိတယ်လေ။ ဘယ်လိုလုပ်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းကို မရှိမသေ လုပ်မိတာနဲ့ ပတ်သက်သွားတာလဲ။

ဒီစကားတွေကို အမှန်လို့ မပြောနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက လျှိုကလန်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်နေရင်တောင် အပြစ်ဒဏ် ခတ်ခံရပါလိမ့်မယ်။

ဘယ်လက်ရုံး အမတ်မင်းကို ဆန့်ကျင်တယ် ဆိုတာက ပြစ်မှုကြီးပါတယ်။

"မင်း မင်းက လျှော့ကပ်ပြောနေတာပဲ"

Edit with WPS Office

သူက ပင့်သက်ရှိုက်ပြီးတော့ ပြောလိုက်ပါတယ်။

“ဒီအတိုင်းဆို မင်းက ဒူးထောက်လိုက်တာ ပိုကောင်းမယ်နော်”

လင်းဟာန်က ရုတ်တရက် သူ့အသံကို မြှင့်လိုက်ပါတယ်။

လျှိုလွှီက လင်းဟာန်ရဲ့ အော်သံကြောင့် တကယ်ပဲ အံ့အားသင့်ပြီးတော့ ဒူးထောက်လိုက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ကံကောင်းတာက သူက ရုတ်ချည်းဆိုသလို သတိပြန်ဝင်လာပြီး အချိန်ကိုက် သူ့ကိုယ်သူ ရပ်လိုက်နိုင်ပါတယ်။

လပ္ပွတ်ပဲ။ ဒီကိစ္စ နှစ်ခု မတူတာကို အတူတူလို့ သတ်မှတ်လို့ ရမလား။ ငါကဘာဖြစ်လို့ ဒူးထောက် ရမှာလဲ။

လျှိုလွှီက သူ့ကိုယ်ပိုင် အသိပြန်ဝင် လာခဲ့ပါတယ်။ လင်းဟာန်ရဲ့

Edit with WPS Office

အကြောင်းပြချက်တွေအတိုင်း သူက ဘာဖြစ်လို့ လုပ်သင့်လဲ။ သူက အသက်ကို မြန်မြန်ရှုပြီးတော့ သူ့မျက်လုံးတွေက မီးဂင်းဂင်း တောက်လို့ နေပါတယ်။ လျှိုကလန်ရဲ့ သခင်လေးက ကျွမ်းကျင်တဲ့ လူတစ်ယောက်ကြောင့် တကယ်ပဲ လှည့်ဖျားခံလိုက် ရတော့မလို ဖြစ်သွားပါတယ်။

သူက သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခုကနေ ဓားတစ်လက်ကို ထုတ်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဂုဏ်ပြုပါတယ်။ မင်းက ငါ့ကို ဒေါသထွက်အောင် လုပ်လိုက်နိုင်တယ်။ ငါမင်းကို သင်ခန်းစာ ကောင်းကောင်းတစ်ခု သင်ပေးပြီးတော့ ဒါက ကျွမ်းကျင်လေး တစ်ခု မဟုတ်ဘူးဆိုတာကို သိအောင် လုပ်ပေးရမှာပေါ့။ မင်းမှာအစွမ်းလေး နည်းနည်းပဲ ရှိတာပါ။ မင်းခြေထောက်တွေ အကြားက မင်းအမြီးကို ခေါက်သိမ်းထားဖို့ပဲ ထိုက်တန်တဲ့ ခွေးကောင်တစ်ကောင် ဆိုတာကို သက်သေပြရမှာပေါ့"

လီဝေဂကလည်း အတော်လေးကို ဒေါသထွက်နေပါတယ်။ ငါက

Edit with WPS Office

နင့်ကို လာပြီးတော့ တိုက်ဖို့ တောင်းဆိုထားတာလေ။ နင်က တောင်မရောက် မြောက်မရောက်တွေ ဘာဖြစ်လို့ ပြောနေတာလဲ။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်က နောက်ဆုံးတော့ တိုက်ခိုက်တော့ပါမယ်။ ဒါကြောင့် သူမရဲ့ ဒေါသတွေကို ဘေးဖယ်ထား လိုက်ပါတယ်။

သူမက လျှိုလွှီကို လင်းဟန်ဟာ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး လာခဲ့တယ် ဆိုတာကို လာပြောခဲ့ ပါတယ်။ သူမက အဲဒီလင်းဟန်ဟာ ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့တယ်လို့ပဲ ပြောခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှိုလွှီက လင်းဟန်ကို တိုက်ခိုက်ဝံ့မှာ မဟုတ်ဘူးဆိုတာကို သူမ ပြောနိုင်ပါတယ်။

သူမရဲ့ မျက်လုံးထဲမှာ လင်းဟန်ကို တိုက်ခိုက်နိုင်တဲ့သူက လျှိုလွှီ မဟုတ်ပါဘူး။ သူ့ရဲ့ အစ်ကိုဖြစ်တဲ့ လျှိုတ ဖြစ်ပြီးတော့ အင်ပါယာမြို့တော်ထဲက လူငယ်မျိုးဆက် လက်ရွေးစင် သုံးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။

ဒါက ကိစ္စမရှိပါဘူး။ လျှိုလွှီ ရှုံးနိမ့်သွားတာနဲ့ လျှိုကလန်က

Edit with WPS Office

အရုက်ကွဲသွားပါလိမ့်မယ်။ လျှိုတက ဘာမှမလုပ်ပဲ ထိုင်နေမှာတဲ့လား။

ဒီအချက်ကြောင့် လီဝေဂက အတော်လေးကို ဉာဏ်များတယ်ဆိုတာကို သိနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမအတွက်တော့ စကြဂဠာ ဖျက်ဆီးခြင်းအဆင့်က တစ်စုံတစ်ယောက်ကို သပွတ်အူလို ရုပ်ထွေးအောင် လုပ်ဖို့ဆိုတာ အလွယ်လေးပါပဲ။ တကယ်တော့ ဘယ်လက်ရုံး အမတ်မင်း စံအိမ်တော်ထဲမှာ ဆရာသခင်တွေ အမြောက်အများ ရှိပါတယ်။ ဒါပေမဲ့လည်း သူမက အရမ်းကို မာနကြီးတဲ့ လူတစ်ယောက်လိုလည်း မြင်နိုင်ပါတယ်။ ပြီးတော့ လင်းဟန်ကို ဖိနှိပ်ဖို့အတွက် အဆင့်အတန်းကို အသုံးပြုတာကို အထင်သေးပါတယ်။

တစ်စုံတစ်ယောက် မြင့်တက်ဖို့ တစ်ယောက်က ကျရှုံးရပါတယ်။

ဒါပေမဲ့လည်း လျှိုလှီကတော့ သူမရဲ့ လှည့်ဖျားမှုကို ခံခဲ့ရပါပြီ။

Edit with WPS Office

Chapter 889 end

အပိုင်း(890) အားသာကြောင်း လက်ခံယုံကြည်ခြင်း

လင်းဟန်က လျိုလွီကို လွှတ်ပေးဖို့ ဆန္ဒမရှိပါဘူး။

သူက ဧကရာဇ် တစ်ပါး ဖြစ်ပြီးတော့ ကမ္ဘာငယ်လေး တစ်ခုရဲ့ အထွတ်အထိပ် ခေါင်းဆောင် ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံထဲကို ဝင်ပြီးတဲ့နောက်မှာ သူက ဘယ်ဘက်က ဖိနှိပ်ချုပ်ချယ်ခံ ဖြစ်ပြီး ညာဘက်က နှိမ်နင်းရပါမယ်။ သူက စိတ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားခဲ့တယ် ဆိုရင်တောင် သူက ဒေါသမထွက်ဘူးလို့ မဆိုလိုပါဘူး။

အခု လျိုလွီက သူ့ကို စော်ကားမော်ကား ပြောခဲ့ပါတယ်။ သူက လက်သီးအိတ်တစ်ခုလို အသုံးချပြီးတော့ သူ့ကို ဒေါသထွက်လာအောင် လုပ်နေပါတယ်။

သူ့ကို ရိုက်နှက်ဆုံးမဖို့ဆိုတာ အေးဆေးပါပဲ။

Edit with WPS Office

ဘယ်လိုပဲဖြစ်ဖြစ်သူက ကမ္ဘာငယ်လေး တစ်ခုရဲ့ အုပ်ချုပ်သူနဲ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ ဧည့်သည်တစ်ယောက် ဖြစ်ပါတယ်။ သူအုပ်ချုပ်ရတဲ့ နေရာက ဘယ်လောက်ပဲ သေးငယ်တဲ့ နိုင်ငံတစ်ခု ဖြစ်နေပါစေ လိုက်နာစောင့်ထိန်းရမဲ့ စည်းကမ်းနဲ့ ပတ်သက်လာရင် လျှိုကလန်ထက် အဆင့်မြင့်ပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ သူက လျှိုလို့ကို မသန်မစွမ်းဖြစ်အောင် ဒါမှမဟုတ် သတ်ပစ်လိုက်မယ် ဆိုရင်တောင်မှ လျှိုကလန်က ဒီအရှုံးကို ခါးသီးစွာနဲ့ မျိုချရုံပဲ တတ်နိုင်ပါတယ်။

တကယ်လို့ သူတို့တွေက သူ့ကို လက်စားချေချင်တယ် ဆိုရင်တောင် သူတို့က တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက်ကို စေလွှတ်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့် တစ်စုံတစ်ယောက်ကိုပဲ စေလွှတ်နိုင်ပါလိမ့်မယ်။ တကယ်တော့ အားလုံးက လူပုံအလယ်မှာ အုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြရပါတယ်။

ဒါပေမဲ့လည်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ နှစ်ယောက်အကြားမှာ တိုက်ပွဲ ဖြစ်မယ်ဆိုရင် လင်းဟန်က

Edit with WPS Office

ဘယ်သူ့ကိုများ ကြောက်နေစရာ လိုမှာလဲ။ ဘယ်သူကများ လင်းဟာန်ကို ယှဉ်ပြိုင်နိုင်မှာလဲ။ တကယ်လို့ တစ်ဖက်လူက နိုင်ငံစွမ်းအားကို အသုံးပြုနိုင်တယ် ဆိုရင်တောင် ဘာမှပြောင်းလဲသွားလိမ့်မှာ မဟုတ်ပါဘူး။

"သုံးကွက်အတွင်းမှာ မင်းဒူးထောက်ပြီးတော့ အရှုံးကို လက်ခံအောင် ငါလုပ်ပေးမယ်"

လင်းဟာန်က ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပြီး သူ့ရဲ့ လျှမ်းမိုးနိုင်စွမ်းကို ထုတ်ဖော်လိုက်ပါတယ်။

လီဝေဂက အတော်လေးကို ခေါင်းခြောက်သွားသလို ခံစားလိုက်ရပါတယ်။ ဒါက သူမအနေနဲ့ အရင်က မမြင်ဖူးတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒီအဖက်မလုပ်တဲ့ ယောကျ်ားမှာ ဒီလိုမျိုး စိတ်နေသဘောထား တစ်ခု ရှိနေတယ်ပေါ့။ အဲဒီအချိန်မှာသူမက ရုတ်တရက် ပြန်သတိရမိ သွားတာက ဒီလူက မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။

Edit with WPS Office

လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အချိန်တုန်းက ဘယ်လိုမျိုး လုပ်ခဲ့လဲ ဆိုတာကို သူမ မသိသေးပါဘူး။ သူက တန်ခိုးရှင်တွေက တိုက်ခိုက်မှုတောင် ခံခဲ့ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက ပိုပြီးတော့တောင် အံ့အားသင့် သွားပါလိမ့်မယ်။ ပြီးတော့ သူ့ကိုတောင် စံပြပုဂ္ဂိုလ်အနေနဲ့ သတ်မှတ်ကောင်း သတ်မှတ်လာနိုင်ပါတယ်။

ကမ္ဘာကြီးကို ငါမေးရဲတယ်။ ဘယ်သူက အဲဒီလိုမျိုး ထပ်ပြီးတော့ လုပ်နိုင်မှာလဲ။

လျိုလွီက ဒေါသထွက်လာခဲ့ပါတယ်။ မင်းလိုမျိုး ကမ္ဘာငယ်လေး တစ်ခုက လာခဲ့တဲ့ လူတစ်ယောက်က အရမ်းကို မောက်မာဂင့်ကြွားရဲတယ်ပေါ့လေ။ ဒါက ကမ္ဘာငယ်လေးလို့ မင်းထင်နေတာလား။ လျိုလွီက ခြေလှမ်းကျဲကြီး တစ်လှမ်းနဲ့ အရှေ့ကို တိုးပြီးတော့ သူ့ဓားကို ဝှေ့ယမ်းပြီး လင်းဟန်ရဲ့ ဘယ်ဘက်လက်မောင်းကို ခုတ်ချလိုက်ပါတယ်။

သူက လင်းဟန်ကို တစ်ကွက်တည်းနဲ့ အနိုင်ယူချင် ခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်က လက်တစ်ဖက်ကို သူ့အနောက်မှာ ထားပြီးတော့ ကျန်တဲ့ လက်တစ်ဖက်နဲ့ လက်ချောင်း တစ်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်ပါတယ်။ ထန်။ လျိုလွှီရဲ့ဓားက ချက်ချင်းပဲ ပြန်ကန်ထွက် သွားခဲ့ပါတယ်။

"အား"

လျိုလွှီက ကျယ်လောင်စွာနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး သူ့လက်ကြားက ရတ်တရက် ပြတ်ရှပြီး ဒဏ်ရာကနေ သွေးတွေ စီးကျလာခဲ့ပါတယ်။

ခွမ် ခွမ် ခွမ်။

ဓားရှည်က ခုနစ်ပိုင်း ပြတ်သွားပြီး မြေပြင်ပေါ်ကို ပြုတ်ကျသွားပါတယ်။

Edit with WPS Office

လီဝေဂက မှင်တက်သွားပြီး ပါးစပ်အဟောင်းသား ဟကာ ဘာပြောရမှန်းမသိ ဖြစ်သွားပါတယ်။

ဒါက ဘယ်လို ခွန်အား အဆင့်မျိုးလဲ။

လျှိုလွီရဲ့ တိုက်ပွဲစွမ်းရည်က စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ခုနစ်လုံး ဖြစ်ပါတယ်။ အင်ပါယာ မြို့တော်က လူငယ်မျိုးဆက်တွေ အားလုံးက ဒီအကြောင်းကို သိထားပါတယ်။ တကယ်လို့ သူက သူ့ခွန်အား အပြည့်အဝ အသုံးမပြုဘူး ဆိုရင်တောင် စောစောက တိုက်ခိုက်မှုက အနည်းဆုံး ကြယ်ဆယ့်ခြောက်လုံးမှာ ရှိပါတယ်။ လီဝေဂက သူ့မကိုယ်တိုင် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ခြောက်လုံး ရှိတာကြောင့် ဒါကို သုံးသပ်နိုင်ပါတယ်။

ကြယ်ဆယ့်ခြောက်လုံး စွမ်းအားက တကယ်ပဲ လင်းဟာန်အတွက် ပြိုင်ဘက်မဟုတ်ခဲ့ပါဘူး။ ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းတဲ့အချက်က ဓားပဲ ဖြစ်ပါတယ်။ ဒီအဆင့်တစ်ဆယ် စိတ်ဝိညာဉ် ပစ္စည်းက သူ့ရဲ့ခွန်အားကိုတောင် မထုတ်ဖော်နိုင်ပဲ

Edit with WPS Office

အစိတ်စိတ် အပိုင်းပိုင်း ကျိုးပဲ့သွားခဲ့ပါတယ်။

သူမက အသာလေး လျှာထုတ်လိုက်မိပါတယ်။ အစောပိုင်းတုန်းက လင်းဟာန်နဲ့ သူမတို့ နှစ်ယောက်ချင်း တိုက်ခိုက်တဲ့ အချိန်တုန်းက လင်းဟာန်က အသာအယာနဲ့ အနိုင်ယူနိုင်တယ် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

ပြောရမယ်ဆိုရင် ဒါက တစ်မျိုးကြီးပါပဲ။ တကယ်လို့ လင်းဟာန်က သူမထက် ကြယ်တစ်လုံး ဒါမှမဟုတ် နည်းနည်းလောက် သန်မာမယ်ဆိုရင် သူမရဲ့ ရင်ဘတ်ထဲက မွန်းကျပ်နေမှုက လွယ်လွယ်နဲ့ သက်သာရာ ရသွားလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အခုတော့ သူ့ရဲ့ ခွန်အားက သူမထက် အများကြီး သာလွန်နေတယ် ဆိုတာကို သိသွားခဲ့ပြီးတော့ လင်းဟာန်ကိုတောင် ကျိတ်ပြီး အနည်းငယ် လေးစားသွားပါတယ်။ သူက သူမကို အရမ်းကို ဆိုးဆိုးဝါးဝါး ရှုံးနိမ့်သွားအောင် မလုပ်ခဲ့ပါဘူး။

မိန်းမပျို တစ်ယောက်ရဲ့ နှလုံးသားက ခန့်မှန်းကြည့်လို့ မရအောင် ပြောင်းလဲတတ်တယ်လို့ ပြောဆိုကြတာက မယုံနိုင်စရာအကြောင်း

Edit with WPS Office

မရှိပါဘူး။

"မင်း မင်း"

လျှိုလ္ဂီက လင်းဟန်ကို အထိတ်တလန့်နဲ့ ကြည့်လိုက်ပါတယ်။ သူ့မျက်နှာက အံ့အားသင့်မှုနဲ့ ပြည့်လို့ နေပါတယ်။ တကယ်လို့ သူ့အစ်ကိုတောင်မှ ဒီလိုမျိုး ခွန်အားရှိပဲ့မလား ဆိုပြီးတော့ သံသယတောင် ဖြစ်မိပါတယ်။

လင်းဟန်က ကျွှမာငယ်လေး တစ်ခုရဲ့ ဘာမှမဟုတ်တဲ့ နိမ့်ကျတဲ့ လူတစ်ယောက်မှ ဟုတ်ရဲ့လား။ ဘယ်လိုလုပ်ပြီးတော့ သူက ဒီလိုမျိုး အစွမ်းထက်နေရတာလဲ။

"မင်းမှာ နှစ်ကွက်ကျန်သေးတယ်"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောပြီးတော့ သူ့ညာဘက်လက်ကို

Edit with WPS Office

ဆန့်ထုတ်ပြီး အသာလေး တွန်းလိုက်ပါတယ်။

ပုန်း။

သူ့လက်ရှိ ခွန်အားက ဘယ်လောက် အစွမ်းထက်နေလဲ။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ခြောက်လုံး။ အဲဒီခွန်အားက ပိကျလာတဲ့ အခါမှာ အရမ်းကို မြင့်မားတဲ့ တောင်တစ်လုံးနဲ့ တူပြီးတော့ ချက်ချင်းဆိုသလို လျှိုလွီကို ဒယိမ်းဒယိုင် ဖြစ်ပြီးတော့ မြေကြီးပေါ်ကို သူ့ကိုယ်သူ ဂမ်းလျားမှောက်သွား စေခဲ့ပါတယ်။

လျှိုလွီက သူ့နောက်ကျောပေါ်ကို အရမ်းကို လေးလံတဲ့ တောင်ကြီးတစ်လုံး ဖိထားသလိုမျိုး ခံစားရပြီး လက်ချောင်းလေး တစ်ချောင်းတောင် မလှုပ်နိုင်တော့ပါဘူး။ သူ့ခန္ဓာကိုယ်ထဲက အရိုးတွေတောင် အက်လာပြီး သူ့ကိုယ်ပေါ်မှာ အေးစက်တဲ့ ချွေးတွေက ရေစီးကြောင်းလို စီးကျလာခဲ့ပါတယ်။

ကံမကောင်းတာက သူဟာ အဆင့်မြင့် အရာရှိ တစ်ယောက်ရဲ့

Edit with WPS Office

ဂျူနီယာ ဖြစ်ပေမဲ့ သူ့မှာ တရားဝင် အဆင့်အတန်းမျိုး မရှိပဲ ရုပ်ထုပေါ်မှာ နာမည်ရေးထွင်းထားခြင်း မခံရပါဘူး။ ဒါကြောင့် သူက နိုင်ငံစွမ်းအားကို မဆင့်ခေါ်နိုင်ခဲ့ပါဘူး။

"လူတစ်ယောက်က အမြဲတမ်း နိမ့်ချပြီး နေသင့်တယ်။ မင်းထက် ပိုတော်တဲ့ တခြားသူတွေက အမြဲတမ်းလိုလို ရှိတယ်ဆိုတာကို စိတ်ထဲမှာ မှတ်ထားပါ"

လင်းဟာန်က တည်ငြိမ်အေးဆေးတဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ငါက တခြားသူကို ငါ့ကိုယ်ပိုင် ခွန်အားကို အမြဲတမ်း လက်ခံယုံကြည် စေခဲ့တယ်။ မင်း အရှုံးကို ဝန်ခံမလား ဝန်မခံဘူးလား"

ဖူး။

Edit with WPS Office

လီဝေဂက ရုတ်တရက် ကျိတ်ရယ်လိုက်မိပါတယ်။ နင်က လျိုလွီကို လက်တစ်ဖက်နဲ့ ဖိနှိပ်ထားပြီး သူက လျှာတောင်ထွက်နေပြီ။ အဲဒါကို နင့်ခွန်အားကို တစ်ဖက်လူကို လက်ခံခိုင်း နေသေးတယ်။ ဘယ်လောက် မျက်နှာပြောင်လိုက်သလဲ။ ဟေး မျက်နှာပြောင်တဲ့ လူတစ်ယောက် ဘယ်လိုလုပ် ရောက်လာပြီးတော့ သူမကို အခုလို ရယ်စရာဖြစ်အောင် လုပ်နိုင်တာလဲ။

လျိုလွီမှာ အတွေးတစ်ခုပဲ ရှိပါတယ်။ ဉာဏ်ရှိတဲ့ ယောက်ျားတစ်ယောက်က ထူးဆန်းတဲ့ အရာနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ မတိုက်ခိုက်သင့်ဘူး ဆိုတာကို သိနားလည်ရပါတယ်။ သူက လျင်မြန်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါရှုံးတာကို ဝန်ခံပါတယ်။ ငါရှုံးတာကို ဝန်ခံပါတယ်"

သူ့ရင်ဘတ်က တစ်စစီ ဖြစ်ပါတော့မယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"မင်းက အရှုံးပေးတာ အရမ်းကို မြန်လွန်းတယ်။ မင်းရဲ့ အမှားနဲ့ ပတ်သက်ပြီးတော့ ဒါကို အရောင်ပြန် မဟပ်နိုင်သေးဘူး။ ပြီးတော့ ရှိုးသားမှု မရှိဘူး"

လီဝေဂက နောက်ဆုံးတော့ မနေနိုင်တော့ပဲ ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူမကလည်း ထူးဆန်းတဲ့ လူတစ်မျိုး ဖြစ်ပါတယ်။ သူမ အမုန်းဆုံးက စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရတာပဲ ဖြစ်ပါတယ်။ လင်းဟန်ရဲ့ ဘက်ခြမ်းကနေ ကြည့်ပြီးတဲ့ နောက်မှာတော့ သူမက ချက်ချင်းပဲ သူ့အပေါ်မှာ အထင်ကြီး နှစ်ခြိုက်မှုတွေ တိုးလာပြီးတော့ ဒီလူနဲ့ အတွေးခြင်း တူညီတယ်လို့ ခံစားလာရပါတယ်။

လျှိုလို့ကဲ ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ပါတယ်။ သူက လီဝေဂရဲ့ အတင်း တောင်းဆိုမှုကြောင့် လာကူညီတာပါ။ ဒါပေမဲ့ အခုတော့ သူက အခုလိုမျိုး သနားစဖွယ် အခြေအနေ တစ်ခုကို ကျရောက်သွားခဲ့ပါပြီ။ လီဝေဂက ရပ်ဖို့ မတောင်းဆိုသလို သူ့ကိုလည်း မကူညီတဲ့ အဲဒီအစား ဘေးနားကနေ ပျော်ရွှင်စွာနဲ့

Edit with WPS Office

ရယ်မောနေပါတယ်။

သောက်ကျိုးနည်းပဲ။

"ငါတကယ်ပဲ အရှုံးကို ဝန်ခံတယ်"

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်ရည်တွေက စိတ်ပျက်အားငယ်မှုကြောင့် စီးကျလာခဲ့ပါတယ်။

သူ ကလေးဘဝ အရွယ်ကတည်းက ဘယ်တုန်းကမှ အရှက်မကွဲခဲ့ဖူးပါဘူး။

"ဒါဆိုရင် ငါမင်းကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးလိုက်မယ်"

လင်းဟန်က သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး ဂရုမစိုက်တဲ့ ဟန်ပန်နဲ့ နေလိုက်ပါတယ်။

Edit with WPS Office

လျှိုလွှိက လီဝေဂကို မျက်စိဝေ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ တစ်ဖက်လူက သူ့ကို နည်းနည်းမှ ဂရုမစိုက်တာကို မြင်လိုက်ရပါတယ်။ သူက ဘာမှမတတ်နိုင်ပဲ အံကြိတ်ပြီးတော့ အဝေးကို ချက်ချင်းပဲ ထွက်သွားလိုက်ပါတယ်။ ဒီလိုမျိုး ကြီးကြီးမားမား အရှက်ကွဲစော်ကားခံလိုက်ရပြီး သူလည်း သူမကို နောက်တစ်ကြိမ် ရစ်ပတ်နေဖို့ အရမ်းကို စိတ်ပျက်လက်ပျက် ဖြစ်သွားပါတယ်။

"ခစ် ခစ် ခစ် ခစ် ခစ်"

လီဝေဂက ပျော်ရွှင်စွာနဲ့ လက်ခုပ်လက်ဝါးတီး ရယ်မောနေပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က အနောက်ကို ပြန်လှည့်ပြီး အထဲကို ပြန်ဝင်တော့မှာကို တွေ့လိုက်ရတဲ့ အခါမှာ သူမက ဒေါသထွက်သွားမိပါတယ်။ သူမက ချက်ချင်းပဲ ပြေးသွားပြီး လင်းဟန်ရဲ့အရှေ့ကနေ ပိတ်ရပ်ပြီးတော့ လက်နှစ်ဖက်ကို ဆန့်ကာ မေးလိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ် ဟန်။ နင်ဘာဖြစ်လို့ ငါ့အရမ်းကို ပျော်ရွှင်ပြီးတော့

Edit with WPS Office

ရယ်မောရတယ် ဆိုတာကို မမေးရတာလဲ”

သူမက အသက်နှစ်ဆယ် အရွယ်ကို မရောက်သေးပေမဲ့ သူမရဲ့ ခန္ဓာကိုယ်က ကောင်းကောင်းကြီး ဖွံ့ဖြိုးနေပါပြီ။ သူမရဲ့ လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်တဲ့ လှုပ်ရှားမှု တစ်ခုတည်းနဲ့ သူမရဲ့ ရင်သားတွေက အပြည့်အဝ ရုန်းကန်ပြီး ကြွလာခဲ့ပါတယ်။ ဖွံ့ထွားတဲ့ ရင်သားတွေက အင်္ကျီထဲက ခုန်ထွက်လာတော့မဲ့အတိုင်း ကြွရွလို့ လာခဲ့ပါတယ်။

လင်းဟာန်က သူမရဲ့ သဘောထားကို လက်ခံပြီး မေးလိုက်ပါတယ်။

“ဘာကြောင့်လဲ”

“ခစ်ခစ်”

လီဝေဂေက ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"စောစောတုန်းက ဉာဏ်မရှိတဲ့ကောင်က အရမ်းကို စိတ်ရှုပ်ဖို့ကောင်းတယ်။ ငါက သူ့ကို လုံး၀ စိတ်မ၀င်စားဘူး။ ဒါပေမဲ့ သူက ငါ့ကို တစ်ချိန်လုံး လိုက်ပြီးတော့ ကပ်နေတယ်။ အခု နင်က သူ့ကို ငါ့ကိုယ်စား သင်ခန်းစာကောင်းကောင်း ပေးလိုက်တယ်။ ငါမပျော်သင့်ဘူးလို့ နင်ထင်နေတာလား"

"အိုး အဲလိုလား"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ပြီးတော့ သူက သူ့လမ်းကို ဆက်ပြီးတော့ လျှောက်သွားဖို့ သူမကို ဘေးကနေ ဖြတ်ပြီးတော့ လျှောက်လိုက်ပါတယ်။

"ဟော့ဟော့ဟော့ နေဦးလေ"

လီဝေဂက လင်းဟန်ကို နောက်တစ်ကြိမ် အလျင်အမြန် တားလိုက်ပါတယ်။ သူမရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေက လင်းဟန်ကို

Edit with WPS Office

ထိလုနီးပါး ဖြစ်နေပေမဲ့ သူမကတော့ သတိမပြုမိပါဘူး။

"ရှိသေးတယ်။ လျှိုလွှီရဲ့ ခွန်အားက အစွမ်းသိပ်မထက်ပေမဲ့ သူ့မှာ လျှိုတလိုခေါ်တဲ့ အစ်ကို တစ်ယောက် ရှိသေးတယ်။ သူက တကယ်ပဲ အရမ်းကို အစွမ်းထက်ပြီး သူ့တိုက်ပွဲ စွမ်းရည်က ကြယ်ဆယ့်ကိုးလုံးကို ရောက်လုနီးပါးလို့ ပြောကြတယ်"

"နင်က သူ့ညီကို ရိုက်လိုက်တယ် ဆိုတော့ လျှိုတက သေချောပေါက် ဒီကိစ္စကို လက်လျှော့လိမ့်မှာ မဟုတ်ဘူး။ အဲဒီအချိန်ကျရင် သူက နင့်နေရာကို ရောက်လာလိမ့်မယ်"

"ဟဲဟဲ အဲဒါက ငှက်နှစ်ကောင်ကို ခဲတစ်လုံးတည်းနဲ့ ပစ်ချတယ်လို့ခေါ်တယ်။ ဒီဉာဏ်မရှိ မဆင်မခြင် လူနှစ်ယောက်လုံးကို သင်ခန်းစာကောင်းကောင်း ပေးဖို့လိုတယ်။ နင်ဘာပြောမလဲ။ ငါက ပါရမီရှင် တစ်ယောက် မဟုတ်လား"

သူမက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ခေါင်းမော့လိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ အထဲမှာ ငါက ပြိုင်ဘက်ကင်းပဲ။ ဘယ်သူပဲလာလာ ကိစ္စမရှိဘူး"

ဒီစကားလုံးတွေက သူ့ကိုအရမ်း စိတ်ကြီးဝင်နေသလို ဖြစ်စေပေမဲ့ သူ့ပါးစပ်ကနေ ထွက်လာတဲ့ အခါမှာ အခိုင်အမာ ရှိတယ်ဆိုတာကိုလည်း ထုတ်ဖော်ပြသနေပါတယ်။

လီဝေဂက ကြောင်တောင်တောင် ဖြစ်သွားပြီး လင်းဟန်ကို စိုက်ကြည့်နေလိုက် မိပါတယ်။

Chapter 890 end

အပိုင်း(891) စည်းမျဉ်းစွမ်းအား

စိတ်ရှုပ်သွားပြီးတဲ့ နောက်မှာတော့ လီဝေဂက လင်းဟန်ရဲ့ လုပ်ရှားမှုကို နောက်တစ်ကြိမ် ပေါ့ပါးဖျတ်လက်စွာနဲ့

Edit with WPS Office

တားဆီးပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ဂင်ခွင့်စမ်းသပ်မှုက တိုက်ပွဲစွမ်းရည် အပေါ်မှာ အခြေမခံပဲ သိုင်းပညာ ပါရမီ၊ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ် ခွန်အားနဲ့ တိုက်ပွဲကျွမ်းကျင်မှုဆိုတဲ့ နယ်ပယ် သုံးခုအပေါ်မှာ ဘာဖြစ်လို့ အခြေခံ ရွေးချယ်လဲ ဆိုတာကို နင်သိလား"

"အိုး ဘာဖြစ်လို့လဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ အမှန်တကယ်တော့ သူ့အနေနဲ့ ဒီလိမ္မာပါးနပ်ပြီး ထိန်းမရ သိမ်းမရတဲ့ မိန်းမပျိုနဲ့ စကားစမြည်ပြောဖို့ ဆန္ဒမရှိပါဘူး။ တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်း စည်းကမ်းတွေက ပြီးပြည့်စုံပါတယ်။ သူက နောက်ဆယ်ရက်လောက် အချိန်ကုန်ခံပြီး စည်းမျဉ်းဥပဒေ စွမ်းအားကို ကျင့်ကြံဖို့ အကြံအစည် ရှိပါတယ်။

Edit with WPS Office

ဆယ်ရက်လောက် ကျင့်ကြံလိုက်ရင် အပေါ်ယံကို ဆွဲမထုတ်နိုင်ဘူး ဆိုရင်တောင် အချိန်တွေကို အချည်းနှီးဖြစ်စေတာထက် စာရင်တော့ ပိုကောင်းပါတယ်။

လီဝေဂကာ အတော်လေး စိတ်တိုသွားခဲ့ပါတယ်။ ဒီကောင်က ဘာဖြစ်လို့ သူ့ကို အမြဲတမ်း ဒီလိုမျိုး ဆက်ဆံနေရတာလဲ။ သူမရဲ့ အဖေအရှေ့မှာလည်း သူက ဒီလိုပဲ။ ပြီးတော့ သူတို့ပဲ ရှိတဲ့ အချိန်မှာလည်း ဒီပုံစံပါပဲ။

တစ်ခုသိထားရမှာက သူမက အင်ပါယာ မြို့တော်ရဲ့ အလှဆုံး မိန်းကလေး သုံးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။ လူငယ်လက်ရွေးစင် ဘယ်လောက်ကများ သူမနဲ့အတူ ရှိနေချင်မလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ကျွမ်းကျင်လေး တစ်ခုက ဒီကျောက်တုံးကောင်ကတော့။ သူ့ဦးနှောက်မှာ တစ်ခုခု မှားနေတာပဲ ဖြစ်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ရဲ့အလှအပကို ဘယ်လိုမျိုး ချီးကျူးရမလဲ ဆိုတာကို မသိနိုင်စရာအကြောင်း မရှိဘူး။ မဟုတ်ဘူး။ သူက

Edit with WPS Office

ရေခဲတုံးကြီးပဲ ဖြစ်ရမယ်။ အဲဒါအမှန်ပဲ။

စကြဝဠာ ဖျက်ဆီးခြင်း အဆင့်အလွှာကိုးကို ရောက်ရှိပြီးတော့ တိုးတက်ဖို့အတွက် နေရာတွေ အများကြီး ရှိနေသေးတယ်။ တန်ခိုးရှင် အဆင့်ကို တစ်ဟုန်ထိုး ချိုးဖျက်ဖင်ရောက်ဖို့ တကယ့်ကို မသင့်တော်သေးဘူး။

တန်ခိုးရှင် အဆင့်ကို စူးစမ်းလေ့လာပြီးတော့ တစ်ခုပြောနိုင်ပါတယ်။ ရှောင်မြောင့်ယန်နဲ့ ဝူဂေါင်ယွမ်တို့လို လူတွေထဲမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုး မရောက်သေးဘူးလား။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံးကိုပဲ ရောက်ပါသေးတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ သူတို့က တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဖင်ရောက်ခြင်း မရှိသေးတာလဲ။

သူတို့မလုပ်နိုင်တာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ အချိန်မကျရောက်သေးတာကြောင့်ပဲ ဖြစ်ပါတယ်။ တန်ခိုးရှင်အဆင့်ကို တစ်ဟုန်ထိုး ဖင်ရောက်ပြီးတဲ့ အခါမှာ

Edit with WPS Office

တန်ခိုးရှင် အဆင့်ထဲ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။

ဘယ်သူကများ ကြယ်တစ်လုံး၊ ကြယ်နှစ်လုံး၊ ဒါမှမဟုတ် ကြယ်သုံးလုံး၊ ကြယ်လေးလုံး ပါရမီရှင် ဒါမှမဟုတ် ဒဏ္ဍာရီထဲက ကြယ်ငါးပွင့် ပါရမီရှင် မဖြစ်ချင်ပဲ နေမှာလဲ။

"ကျောက်တုံးခေါင်း၊ ကျောက်တုံးခေါင်း"

လီဝေဂက မကျေမနပ်နဲ့ အော်ဟစ်လိုက်ပါတယ်။

"မြောက်ပိုင်းအဖွဲ့အစည်းအတွက် ဂင်ခွင့်စမ်းသပ်မှု စတော့မယ်။ မြန်မြန် မြန်မြန်။ ငါအဲဒီနေ့ကျရင် နှင့်ကို အနိုင်ယူပြီးတော့ အရှုံးကို ဝန်ခံလာအောင် လုပ်ရမယ်"

လင်းဟန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီလေ ရှေ့ကနေ ဦးဆောင်သွားပါ"

လီဝေဂက ချက်ချင်းပဲ မျက်လုံးပြူးပြီးတော့ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ ငါက အရှေ့ကနေ သွားရမှာလဲ။ ငါ့ကို နင့်အစေခံ တစ်ယောက်များ မှတ်နေလား"

"ငါမှ လမ်းမသိတာ"

လင်းဟန်က ပြန်ဖြေလိုက်ပါတယ်။

လီဝေဂက ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒီအကြောင်းပြချက်က လုံးဝကို ခိုင်မာပါတယ်။ ဒါကြောင့် သူမက ပြန်လည်ချေပလို့ မရတော့ပါဘူး။ သူမက ဒေါသထွက်ပြီးတော့ အံကိုကြိတ်လိုက်ပါတယ်။ ဒီကျောက်တုံးခေါင်းမှာ ဘာဖြစ်လို့ သူမကို စိတ်ဆိုးအောင်လုပ်ဖို့ နည်းလမ်းတစ်ခု အမြဲတမ်း

Edit with WPS Office

ရှိနေရတာလဲ။

သူမက စိတ်သဘောထား သေးသိမ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟာန်နဲ့ မျက်နှာချင်းဆိုင်လိုက်ရင် သူမစိတ်ထဲမှာ အမြဲတမ်း ယှဉ်ပြိုင်ချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"ငါနဲ့လိုက်ခဲ့"

သူမက အရှေ့နေ ဦးဆောင်လိုက်ပါတယ်။

"ငါက နင့်အတွက် လမ်းပြပေးတာမဟုတ်ဘူး။ နင်က ငါ့နောက်က လိုက်လာတာပဲ။ နားလည်လား"

လင်းဟာန်က အသာအယာ ချောင်းဟန့်လိုက်ပြီး လီဝေဂက ဒေါသအိုး ပေါက်ကွဲလုနီးပါး ဖြစ်သွားစေခဲ့ပါတယ်။

Edit with WPS Office

လင်းဆိုတာက သူ့မျိုးရိုးနာမည် ဖြစ်ပါလိမ့်မယ်။ ပြီးတော့ ဟန်ကတော့ သူ့နာမည်ပေါ့။ ဒါပေမဲ့ နှစ်စလုံးက အေးစက်တယ်လို့ အဓိပ္ပါယ် ရပါတယ်။

Chapter 891 end

အပိုင်း(892) ပါရမီရှင်တွေ စုဝေးခြင်း

ဘယ်လက်ရုံး အမတ်မင်းရဲ့ အငယ်ဆုံးသမီးဖြစ်သူ အပြင်ကို ထွက်တဲ့ အခါမှာ ကိန်းကြီးခမ်းကြီး အခမ်းအနားမျိုးနဲ့ မဟုတ်ပေမဲ့ လင်းဟန်နဲ့ လီဝေဂတို့ စံအိမ်အပြင်ဘက်ကို ခြေလှမ်းချလိုက်မိတာနဲ့ ချက်ချင်းဆိုသလို ယောကျ်ားလေးယောက်က သူတို့အနောက်ကနေ လိုက်လာခဲ့ ပါတယ်။

သူတို့က လီဝေဂအတွက် ဘယ်လက်ရုံး အမတ်မင်းက စီစဉ်ပေးထားတဲ့ ကိုယ်ရံတော်တွေ ဖြစ်ပါတယ်။ တစ်ယောက်ချင်းစီက တောင်မြစ်အဆင့်ထဲမှာ ပြီးပြည့်စုံခြင်း အဆင့်ကို ရရှိထားတဲ့ လက်ရွေးစင် စစ်သည်တော်တွေ ဖြစ်ကြပါတယ်။

Edit with WPS Office

ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံး အတွင်းမှာ ဒီလိုမျိုး လက်ရွေးစင်တွေကို သူတို့ရဲ့ ကိုယ်ရံတော်အဖြစ် ခန့်ထားနိုင်စွမ်းရှိတဲ့သူက သိပ်ပြီးတော့ မရှိပါဘူး။

လင်းဟာန်နဲ့ လီဝေဂျဲ့ ခွန်အားအရ သူတို့အနောက်ကနေ ဒီလက်ရွေးစင် လေးယောက် လိုက်လာတာကို သတိပြုမိဖို့ဆိုတာ သူတို့အတွက်တော့ မဖြစ်နိုင်ပါဘူး။ သူတို့က အင်ပါယာ မြို့တော်ရဲ့ အရှေ့ဘက်မှာ တည်ရှိတဲ့ ကောင်းကင်နီ သင်တန်းကျောင်းဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။

သူတို့က ဘယ်လက်ရုံး အမတ်မင်းရဲ့ မြင်းလှည်းပေါ်မှာ စီးလာခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့သွားရာ လမ်းတစ်လျှောက် လမ်းဘေးဝဲယာက လူတွေဟာ ဘေးကို ကပ်ပေးရတဲ့အပြင် ကင်းလှည့်နေတဲ့ စစ်သားတွေတောင်မှ လမ်းဘေးကို ကပ်ပြီးတော့ သူတို့ကို အလေးပြု ကြပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ဘယ်လက်ရုံး အမတ်မင်းရဲ့ အစွမ်းထက်တဲ့ လွှမ်းမိုးနိုင်စွမ်းရဲ့ ကျယ်ပြန့်မှုကို တွေ့မြင်နိုင်ပါတယ်။

Edit with WPS Office

ကမ္ဘာငယ်လေး တစ်ခုအထဲမှာ ပျံသန်းဖို့အတွက် စိတ်ဝိညာဉ် ပစ္စည်းမှာ တာဂန်တစ်ခုပဲ ရှိပါတယ်။ ကျင့်ကြံသူရဲ့ စွမ်းအားကို ချွေတာဖို့ ဖြစ်ပါတယ်။ အမှန်တော့ သိုင်းပညာရှင်တွေထက် မမြန်ပါဘူး။ ဒါမှမဟုတ် မြန်ချင်လည်း မြန်ပါမယ်။ ဒါပေမဲ့ တန်ခိုးရှင်ဘုံမှာတော့ သွားလာရေးယာဉ် အများစုရဲ့ အမြန်နှုန်းက ကျင့်ကြံသူတွေ ကိုယ်တိုင်ထက် ပိုပြီးတော့ မြန်ဆန်ပါတယ်။

ပျံသန်းခြင်းအတွက် နတ်ဘုရား ပစ္စည်းတွေကို အသာထားဦး။ ဘယ်လက်ရုံးအမတ်မင်းလို စွမ်းအားရော အဆင့်အတန်းရော မြင့်မားတဲ့ သူတောင် တစ်ခုလောက်ပဲ ပိုင်ဆိုင်ပါလိမ့်မယ်။

အင်ပါယာမြို့တော်က အရမ်းကို ကြီးမားကျယ်ပြန့်တယ် ဆိုပေမဲ့လည်း သူတို့က သင်တန်းကျောင်းရဲ့ မြောက်ဘက်ဂိတ်ဂဆီကို နှစ်နာရီအတွင်းမှာ ရောက်သွားခဲ့ ပါတယ်။

Edit with WPS Office

လူငယ်က သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းစောင့်ကြည့်နေလိုက် ဒီနေ့က ငါ့အစွမ်းပြရမဲ့နေ့ပဲ။ အားလုံးက ငါ့ကို မော့ကြည့်ရုံပဲ တတ်နိုင်လိမ့်မယ်။ ငါ ချန်းဟောင်ဖေးက ငါ့ခြေထောက်အောက်မှာ အားလုံးကို နင်းချေပစ်မယ်"

တခြားထောင့်တစ်နေရာမှာ ဆေဘာဓားရှည် တစ်လက်ကို လွယ်ထားတဲ့ လူငယ်တစ်ယောက် ရှိနေပါတယ်။ သူ့မျက်လုံးတွေက အရမ်းကို စူးရှလို့နေပါတယ်။ သူ့ခေါင်းကို မော့လိုက်ပြီးတော့ ဝေ့ကြည့်လိုက်တဲ့ အခါမှာ သူ့အနားမှာရှိတဲ့ ကွင်းပြင်က တခြားသူတွေကို ဒူးတဆတ်ဆတ် တုန်သွားစေပါတယ်။

တစ်ခုသိထားရမှာက ဒီနေရာမှာ ရှိနေတဲ့ တခြားသူတွေ အားလုံးကလည်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ အနားမှာရှိတဲ့ တခြားသူတွေကို အကြည့်တစ်ချက်နဲ့ တုန်လှုပ်သွားစေနိုင်တဲ့ စွမ်းရည်ရှိနေတဲ့အတွက် ဒီလူက ဘယ်လောက် သန်မာလိုက်မလဲ။

Edit with WPS Office

"ပထမ နေရာက ငါ မာရှန်းအတွက်ပဲ ဖြစ်ရမယ်"

Chapter 892 end

အပိုင်း(893) အရမ်းကို သေးငယ်တဲ့ အားထုတ်မှု

"စမယ်"

သင်တန်းကျောင်းရဲ့ အရေးပါတဲ့ လူတစ်ယောက်က ပြောလိုက်တယ်။ သူ့အနောက်မှာ နေတစ်စင်းနဲ့ လတစ်စင်းရဲ့ တောက်ပနေတဲ့ ပုံရိပ်တွေ ရှိနေပါတယ်။ အဲဒါက သူဟာ နေလအဆင့် အစွမ်းထက် လက်ရွေးစင် တစ်ယောက်လို့ ဆိုလိုတာပါပဲ။ သူက အသေးစား အဆင့်မှာပဲ ရှိသေးပေမဲ့ ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်က တခြားသူတွေရဲ့ ကြည်ညိုလေးစားခြင်းကို ရရှိဖို့ လုံလောက်တာထက် ပိုပါတယ်။

တန်ခိုးရှင် အဆင့်ကို ဝင်ရောက်ပြီးတဲ့ နောက်မှာတော့ အဆင့်သေးတိုင်းက တောင်တစ်လုံးနီးပါး မြင့်မားပြီးတော့

Edit with WPS Office

သနားစရာကောင်းလောက်တဲ့ အရေအတွက် နည်းနည်းလေးကပဲ တောင်တစ်လုံးပြီး တစ်လုံးကို ကျော်လွှားနိုင်ပါလိမ့်မယ်။

နေလအဆင့် အသေးစား အဆင့်ကို နံပါတ်ငါး အမြင့်ဆုံး အထွတ်အထိပ်မှာ ရပ်တည်နေတယ်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ ပြီးတော့ အဲဒါက အရမ်းကို မြင့်မားတဲ့ အထွတ်အထိပ် နေရာတစ်ခု ဖြစ်ပါတယ်။ အရင်တောင်လေးလုံးကို တက်ရတာက လွယ်ကူတယ်လို့ သတ်မှတ်နိုင် ပါသေးတယ်။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက် ဒီတစ်ခုကို သိမ်းပိုက်ချင်တယ် ဆိုရင်တော့ မိုးကောင်းကင်ကို ထိတွေ့ရသလိုမျိုး ခက်ခဲပါလိမ့်မယ်။

အားလုံးက အသက်ကို အောင့်ထားပြီး အသက်ကို ပြင်းပြင်းတောင် မရှုရဲကြပါဘူး။ တကယ်လို့ ဒီနေရာမှာ ရှိနေတဲ့ လူတွေက နောက်ခံကောင်းကောင်း တစ်ခုကနေ လာခဲ့ကြတယ် ဆိုရင်တောင် ခွန်အားအတွက် ရှိသေလေးစားမှုက အခြေခံ သဘောတရားတွေပဲ ဖြစ်ပါတယ်။ ပြီးတော့ အလိုလိုက် အချစ်ခံထားရတဲ့ သခင်လေးတွေလောက်ပဲ အပြုအမူက စိတ်ကြီးဝင်တဲ့ အပြုအမူမျိုးတွေ ရှိပြီးတော့ သူတို့မှာ သူတို့ရဲ့က ကလန်နဲ့ နောက်ခံတွေရဲ့ ကူညီထောက်ပံ့မှု ရှိတယ်ဆိုတာ သိနိုင်ပါတယ်။

Edit with WPS Office

"ကြယ်ဖြူမျှော်စင်က တစ်ကြိမ်ကို လူတစ်သောင်းဆန့်တယ်။ တန်းစီပြီးတော့ အလှည့်ကျ ဝင်ကြပါ။ လူတစ်သောင်းပြည့်ရင် စိတ်ဝိညာဉ် ပစ္စည်းက တခြားသူတွေ ဝင်လာမှာကို တားလိမ့်မယ်"

အဲဒီလက်ရွေးစင်က ပြောလိုက်ပါတယ်။

"မင်းတို့ရဲ့ အချိန်တွေ အများစုကို အသုံးချပြီးတော့ ဒီနေ့ စမ်းသပ်စစ်ဆေးမှု ပြီးဆုံးအောင် ကြိုးစားကြပါ"

"ဟုတ်ကဲ့ပါ"

အားလုံးက ခေါင်းညိတ်လိုက် ကြပါတယ်။ လက်ရွေးစင် တစ်ယောက်ရဲ့ အရှိန်အဝါ လွှမ်းမိုးမှုကြောင့် သူတို့ရဲ့ ခံစားချက်တွေကိုလည်း ထိန်းလို့မရနိုင်အောင် ဖြစ်နေပါတယ်။

Edit with WPS Office

အားလုံးက တန်းစီပြီးတော့ အဖြူရောင် မျှော်စင်ထဲကို တစ်ယောက်ပြီးတစ်ယောက် ဝင်သွားခဲ့ပါတယ်။ ဒါက နေရာလွတ် တစ်ခုပိုင်ဆိုင်ထားတဲ့ စိတ်ဝိညာဉ် ရတနာပစ္စည်း တစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူတစ်သောင်းလုံးကို တပြိုင်နက်တည်း စမ်းသပ် စစ်ဆေးဖို့အတွက် ဝင်ခိုင်းဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း ဒီစမ်းသပ်မှုက တကယ်ပဲ အရမ်းကို လျင်မြန်စွာနဲ့ စီမံခန့်ခွဲနိုင်ခဲ့ပါတယ်။ လူတစ်သောင်းလုံး ဝင်ဖို့အတွက် စောင့်နေစရာ မလိုပဲ လူတွေထွက်လာတာလည်း ရှိပါတယ်။ နေရာအပြောင်းအလဲက အမြဲတမ်းလိုလို ရှိနေပြီး မျှော်စင်ထဲကို လူတွေဝင်တဲ့ အမြန်နှုန်းတောင် ပိုပြီးတော့ များလာပါတယ်။

အထပ်ကိုယ်စီ အပေါ်က စမ်းသပ်မှုကို ဖြတ်ကျော်မှုကို တစ်စုံတစ်ယောက်က ဖြတ်သွားတိုင်း ဒီရတနာ မျှော်စင်ရဲ့ အဲဒီအထပ်က အလင်းရောင် တောက်ပလာခဲ့ပါတယ်။ စိတ်ဝိညာဉ် ပစ္စည်းက ရလာဒ်ကို မှတ်တမ်းတင်ထားတာ ဖြစ်တာကြောင့် ဘယ်သူကမှ လှည့်စားလို့ မရနိုင်ပါဘူး။ တကယ်လို့

Edit with WPS Office

တစ်ယောက်ယောက်က ဒီနတ်ဘုရား ပစ္စည်းကို အရူးလုပ်ချင်တယ်ဆိုရင်တော့ ဒီဘုံကိုးဆင့်မျှော်စင်ကို ဖြတ်ကျော်ရတာထက် ပိုပြီးတော့တောင် ခက်ခဲမှာ အမှန်ပါပဲ။

ရလာဒ်ကောင်းတွေ ရယူပြီးတော့ ကျန်ရစ်ဖို့က ဖွင့်မပြောလည်း အားလုံးက အပြန်အလှန် နားလည်ထားကြပြီး အထွတ်အထိပ်စင်မြင့်ပေါ်မှာ ပေါ်ထွက်လာချင်နေ ကြပါတယ်။

"ကျောက်တုံးခေါင်း။ လျှိုတက ဟိုမှာတွေ့လား။ သွားပြီးတော့ သူ့ကို နှုတ်ဆက်လိုက်လေ"

လီဝေဂေက တိုက်တွန်းလိုက်ပါတယ်။

မင်းအတွက် အားလုံး အဆင်ပြေဖို့ အခုလိုမျိုး လုပ်ရမှာလား။

လင်းဟာန်က အလိုလိုပဲ သူ့ခေါင်းကို ခါလိုက်မိပါတယ်။

Edit with WPS Office

ဒီအလိုလိုက်ခံထားရတဲ့ သခင်မလေးက တကယ်ပဲ သူ့ကို မလိုမုန်းတီး မကျေမနပ် ဖြစ်နေပြီးတော့ သူ့ကို ရှုံးနိမ့်သွားအောင်လို့ အကျိုးမရှိ ကြိုးစားနေပါတယ်။

သူက လီဝေဂ ပြောသလို လိုက်လုပ်ဖို့ ဆန္ဒမရှိပေမဲ့ လျှိုညီအစ်ကိုက သူ့ကို မြင်သွားပါတယ်။ လျှိုလွီက ချက်ချင်းပဲ ဒေါသနဲ့ ကြည့်ပြီးတော့ သူ့ဘေးက လူငယ်ရဲ့ နားနားကို ကပ်ပြီးတော့ စကားတိုးတိုး ပြောလိုက်ပါတယ်။ အဲဒီနောက် သူတို့နှစ်ယောက်က လမ်းလျှောက်လာခဲ့ ကြပါတယ်။

တစ်ဖက်လူက လျှိုတာဖြစ်ပါတယ်။ အခု ဒီလူက ဂုဏ်သတင်းကျော်ဇောခြင်းနဲ့အတူ သူ့ခန္ဓာကိုယ်က အရပ်မြင့်ပြီးတော့ ဩဇာလွှမ်းမိုးနိုင်တဲ့ ဘုရင်တစ်ပါးလိုမျိုး တောင့်တင်းခိုင်မာပြီး သူ့အရှိန်အဝါက ပိုပြီးတော့တောင် မယုံနိုင်စရာကောင်းပါတယ်။ သူ့အနားမှာ နတ်ဘုရား အလင်းရောင် အစက်အပြောက်တွေ တလက်လက် တောက်ပနေပြီး သူ့ပုံစံက နတ်ဘုရား တစ်ပါးရဲ့ သားတစ်ယောက်လိုမျိုး ဖြစ်နေပါတယ်။

Edit with WPS Office

"နံပါတ်လေး သခင်မလေးကို နှုတ်ခွန်းဆက်ပါတယ်"

လျှိုညီအစ်ကိုက လီဝေဂကို တန်းပြီးတော့ ဂါရဝပြု လိုက်ပါတယ်။

လီဝေဂက အဖက်မလုပ်တဲ့ ဟန်ပန်အမူအရာနဲ့ ပြန်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူမက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်ပြီးတော့ အင်ပါယာမြို့ထဲမှာ တော်ဝင်နောက်ခံ မျိုးဆက် တစ်ယောက် ဖြစ်ပြီး သူမရဲ့ အဆင့်အတန်းနဲ့ တန်းတူရှိတဲ့ လူက လက်တစ်ဖက်တည်းနဲ့ပဲ ရေတွက်လို့ ရနိုင်ပါတယ်။

လျှိုတက လင်းဟန်ဘက်ကို လှည့်ပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါက ကျွန်မာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ အစ်ကိုလင်း ဖြစ်မယ်နဲ့တူတယ်။ ဟုတ်လား"

Edit with WPS Office

"ငါ လင်းဟန်ပါ"

လင်းဟန်က လျှိုတလိုပဲ အရမ်းကို တည်ငြိမ်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ငါ့ညီငယ်ကို မင်းရဲ့ လမ်းညွှန်သင်ကြားပေးမှုအတွက် ကျေးဇူးတင်ပါတယ်"

လျှိုတက သုန်သုန်မှုန်မှုန်နဲ့ ပြောပြီးတော့ သူ့မျက်လုံးတွေက မီးဂင်းဂင်း တောက်လိုပ နေပါတယ်။ လျှိုကလန်က အင်ပါယာမြို့တော်ထဲက ထိပ်တန်းအဆင့် တော်ဂင်ကလန်တွေထဲက မဟုတ်ပေမဲ့ သူတို့က အခုလိုမျိုး ကျွမ်းကျင်မှုလေး တစ်ခုက အဆင့်နိမ့် လူတစ်ယောက်ရဲ့ အရှက်ခွဲ စော်ကားမှုချင်တိုင်း စော်ကားလို့ရတဲ့ တည်ရှိမှုတစ်ခု မဟုတ်ပါဘူး။

လင်းဟန်က မရည်ရွယ်ပဲ ပြန်ဖြေလိုက်မိပါတယ်။

"ဒါက အရမ်းကို နည်းနည်းလေးပဲ အားထုတ်လိုက်ရုံပဲ ရှိပါတယ်။

Edit with WPS Office

ပြောမနေပါနဲ့”

လပြွတ်ပဲ။

လျှိုညီအစ်ကို နှစ်ယောက်စလုံး ဒေါသတွေ တလိပ်လိပ် တိုးလာခဲ့ပါတယ်။ သူတို့က သူ့ကို ကျေးဇူးတင်နေတာ လုံးဝမဟုတ်ပါဘူး။ ဟုတ်တယ်မလား။ လျှိုတက တမင်သက်သက် ရွဲ့ပြီးတော့ ပြောတာကို မင်းက တကယ်ပဲ အလေးအနက် မှတ်ယူတယ်ပေါ့။ လျှိုတက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“ဘယ်သူမှ ငါတို့ လျှိုကလန်ရဲ့ အဖွဲ့သားတွေကို အရှက်ခွဲလို့ မရဘူး”

ပထမတော့ သူက လင်းဟန်ကို စကားလုံးတွေနဲ့ တိုက်ခိုက်ဖို့ ကြံစည်ထားခဲ့ပါတယ်။ ဒါပေမဲ့ သူမထင်မှတ် ထားခဲ့တာက လင်းဟန်ဟာ မျှော်လင့်ထားသလို တုံ့ပြန်တတ်တဲ့ လူစားမျိုး

Edit with WPS Office

မဟုတ်ဘူး ဆိုတာနဲ့ သူတိုက်ခိုက်လိုက်တဲ့ စကားလုံးတွေက အကျိုးမရှိ ဖြစ်သွားခဲ့ပါတယ်။ အဲဒါက သူ့ကို အရမ်း မကျေမနပ် ဖြစ်စေခဲ့ပါတယ်။

ဒါကြောင့် သူက သူ့ရဲ့သဘာဝကို တန်းပြီးတော့ ထုတ်ဖော်လိုက်ပါတယ်။

"အိုး မင်းက တိုက်ချင်နေတာလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာဆိုရင် တခြားသူတွေကို မဆိုထားနဲ့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီကိုတောင် သူကကြောက်နေမှာ မဟုတ်ပါဘူး။ တကယ်လို့ သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ လျော့ချဖိနှိပ်ထားမယ်ဆိုရင် သူ့ကို အစ်ကိုကြီးလို့ ခေါ်လာတဲ့အထိ သူမကို အရှုံးပေးလာအောင် ရိုက်နှက်ပစ်တာကို တွေ့မြင်စေရပါမယ်။

"ချ ချ"

Edit with WPS Office

လီဝေဂက ချက်ချင်းပဲ သူမရဲ့ လက်သီးတွေကို ဖေ့ယမ်းပြီးတော့ အားပေးအားမြှောက် လုပ်လိုက်ပါတယ်။ သူမရဲ့ ပုံစံက ကမ္ဘာတစ်ခုလုံး ဂရုန်းသုန်းကား ဖြစ်သွားဖို့ ဆန္ဒရှိနေပုံပါပဲ။

လျိုတက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက တကယ့်ကို လည်တာပဲ။ ဒါက ကောင်းကင်နီ သင်တန်းကျောင်းပဲ။ ဘယ်သူက ဒီနေရာမှာ ပြဿနာ ရှာရဲမှာလဲ။ ဒါပေမဲ့လည်း တကယ်လို့ မင်း သင်တန်းကျောင်းထဲကို ဝင်မယ်ဆိုရင်တောင် ငါက မင်းကို စိန်ခေါ်ဦးမှာပဲ။ တကယ်လို့ မင်းက သင်တန်းကျောင်းထဲကို ဝင်ခွင့်မရနိုင်ဘူးဆိုရင်တော့ မင်း သေရမယ်"

လင်းဟာန်က သူ့မေးစေ့ကို ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို ဒီလိုမျိုး ခြိမ်းခြောက်လိုက်တာနဲ့ မင်းအတွက်

Edit with WPS Office

အဆင်ပြေသွားပြီပေါ့လေ ဟုတ်လား။ မင်းက ငါ့ပြိုင်ဘက် မဟုတ်မှာကို မင်းမကြောက်ဘူးလား။ ပြီးတော့ အဲဒီအစား မင်းက ငါ့ဆီက ခွင့်လွှတ်ဖို့အတွက် တောင်းဆိုလာတဲ့အထိ ရိုက်ရမှာလား"

"ဟားဟားဟား"

လျှိုတက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဘယ်လိုဟာသလဲ။ သူက လျှိုကလန်ရဲ့ လူငယ်မျိုးဆက် အကြားမှာ လူသိများ ထင်ရှားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့အပေါ်မှာ အရမ်းကို မျှော်လင့်ချက် မြင့်မြင့်ထားထား ကြပါတယ်။ သူက ကျွန်ုပ်ပွန်ယင်လေး တစ်ခုကလာတဲ့ သာမန်လူတစ်ယောက်ကြောင့် ဘယ်လိုလုပ်ပြီးတော့ ရှုံးနိမ့်သွားနိုင်မှာလဲ။

တကယ်လို့ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမြင့်ဆုံး တိုက်ပွဲစွမ်းရည် ကြယ်နစ်ဆယ်လုံးကို ရောက်အောင်လို့ လုပ်ချင်နေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် လျှိုကလန်ရဲ့ အရင်းအမြစ်တွေနဲ့အတူ သူက တန်ခိုးရှင် အဆင့်ကို ရောက်နေတာ ကြာလှနေပါပြီ။

Edit with WPS Office

ဒါပေမဲ့ တောက်ပတဲ့ အနာဂတ် တစ်ခုအတွက်တော့ သူက အသက်တစ်ရာမတိုင်ခင် အချိန်ထိ တန်ခိုးရှင် အဆင့်ကို ချိုးဖျက်တက်ရောက်မှာ မဟုတ်ပါဘူး။ အရင်ဆုံး စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရောက်အောင် သူလုပ်ရပါမယ်။ ဒါက နားလည်နိုင်တဲ့ သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ ဖြစ်ပါတယ်။ အားလုံးက သူတို့အသက် တစ်ရာမတိုင်ခင် စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ ရောက်အောင်လို့ လုပ်ချင်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ငယ်ရွယ်နေကြပါသေးတယ်။

တကယ်လို့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးကို မရောက်ခင် သူတို့တွေက အဆင့်တက်မယ်ဆိုရင် ကြယ်တစ်လုံး ပါရမီရှင်တွေ ဖြစ်လာနိုင်ပြီး အသေးစားအဆင့်လေး တစ်ခုကို ကျော်ဖြတ်ပြီးတော့ သန်မာတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်နိုင်တဲ့ တိုက်ပွဲ စွမ်းရည်ကို ပိုင်ဆိုင်ပါလိမ့်မယ်။

Edit with WPS Office

"မင်း စောင့် ကြည့် နေ လိုက် ပါ"

သူက စကားကို တစ်လုံးချင်း ပြောလိုက်ပါတယ်။

"မင်းက စကားထစ် တတ်တာလား"

လင်းဟန်က ပြောလိုက်ပြီး သူ့ပုံစံက လျှိုတာအတွက် စိုးရိမ်နေတဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်ပါတယ်။

"ဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ။ ညီဖြစ်တဲ့သူက ငတုံးတစ်ယောက် ဖြစ်ပြီးတော့ အစ်ကိုလုပ်တဲ့သူက စကားထစ်တဲ့သူ ဖြစ်နေတယ်။ ဟူး"

လျှိုညီအစ်ကို နှစ်ယောက်စလုံးက ဒေါသထွက်သွားပြီး ထိန်းချုပ်လို့ မရနိုင်တော့သလို ခံစားရပြီး လင်းဟန်ကို တိုက်ခိုက်ပစ်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ သူတို့က

Edit with WPS Office

သင်တန်းကျောင်းထဲမှာ မဆင်မခြင် လုပ်ရှားမယ်ဆိုရင် အထူးသဖြင့် ဒီလိုမျိုး ထူးခြားတဲ့ နေ့ရက်မျိုးမှာဆို တကယ်လို့ သူတို့အနောက်မှာ လျှိုကလန်ရှိရင်တောင်မှ အဲ့ဒါက အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ ရလဒ်က သေချာပေါက် သင်တန်းကျောင်းကနေ ထုတ်ပယ်ခံရမှာ ဖြစ်ပြီးတော့ နောက်တစ်ကြိမ် ဝင်ရောက်ဖို့ဆိုတာ မဖြစ်နိုင်ပဲ ထာဝရ အပယ်ခံရ ပါလိမ့်မယ်။

"သွားကြစို့။ ငါတို့ တစ်ချက်လောက် အကဲသွားဖြတ်ရအောင်"

လျှိုတက သူ့ညီကို ဆွဲခေါ်သွားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ လင်းဟန်ကို မဆင်မခြင်နဲ့ လုပ်ရှားမှ မလုပ်နိုင်တော့ပဲ သူ့အတွက် ပြဿနာကြီးတစ်ခု မဖြစ်နိုင်တော့ပါဘူး။

ဒီနေရာမှာ စွမ်းအားသာ ဥပဒေ ဖြစ်ပါတယ်။ သူက မျော်စင်ရဲ့ ငါးထပ်မြောက်ထိ တက်ချင်နေပြီး သူ လျှိုတက လူငယ်မျိုးဆက်တွေရဲ့ တစ်ဦးတည်းသော အုပ်ချုပ်သူ ဖြစ်တယ်ဆိုတာကို အားလုံး သိသွားအောင် လုပ်ပြချင်ခဲ့ပါတယ်။

Edit with WPS Office

သိပ်မကြာခင်။

"ဘာ လေးခုမြောက်အဆင့် အရောင်တောက်ပသွားပြီ"

"တကယ်လို့ သူတို့က နောက်ထပ်အဆင့် တစ်ခုပိုပြီးတော့ တက်ပြီး အလွှာငါးကို ရောက်မယ်ဆိုရင် သူတို့က ကြယ်တစ်ပွင့် ပါရမီရှင်တွေ ဖြစ်လာဖို့ မျှော်လင့်ချက် ရှိတယ်"

"ဟင် ဒီလိုမျိုးလည်း ရှိသေးတာပဲလား"

"ဒါပေါ့။ ဒီအကဲဖြတ်မှုက ဘာအတွက်လို့ မင်းထင်နေတာလဲ။ ဒါက မင်းရဲ့ အနာဂတ် တက်လမ်းကို စမ်းသပ်စစ်ဆေးမှု တစ်ခုပဲ။ အလွှာငါးဆိုတာက မင်းဟာ ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်တယ်လို့ ဆိုလိုတာပဲ။ အလွှာခြောက်က ကြယ်နှစ်ပွင့်၊ အလွှာခုနစ်က ကြယ်သုံးပွင့်၊ အလွှာရှစ်က ကြယ်လေးပွင့်နဲ့ အလွှာကိုးက ကြယ်ငါးပွင့်ပဲ"

Edit with WPS Office

"ဒါပေါ့။ ဒါက အလားအလာ တစ်ခုပဲ ဖြစ်တယ်။ ပြီးတော့ သေချာပေါက်တော့ မဟုတ်ဘူး။ မင်းရဲ့ ကိုယ်ပိုင် တစ်ဦးချင်း ကြိုးစားအားထုတ်မှု အပေါ်မှာလည်း မူတည်သေးတယ်"

"ဒါကြောင့် သူတို့က အသက်တစ်ရာမကျော်သရွေ့ အရင်စမ်းသပ်စစ်ဆေးမှုကို မကျော်နိုင်ခဲ့ရင် ပြန်ပြီးတော့ စမ်းသပ်စစ်ဆေးခံခွင့်ရှိတယ်။ တကယ်တော့ မင်းကိုယ်တိုင် ကြိုးစားပြီးတော့ ပြောင်းလဲပစ်နိုင်တယ်။ နောက်ပြီးတော့ မင်းက ကံကြမ္မာ အခွင့်အလမ်း တချို့နဲ့လည်း ကြုံတွေ့နိုင်ဖို့ ဖြစ်နိုင်ချေတွေ ရှိပြီး နောက်တစ်ကြိမ် မင်းကျော်ဖြတ်ကောင်း ကျော်ဖြတ်နိုင် လိမ့်မယ်"

"ငါသိပြီ"

လူသစ်တွေ အားလုံးက ခေါင်းညိတ်ပြီးတော့ အထပ်ကိုးခု အဖြူရောင် မျှော်စင်ကို ကြည့်လိုက် ကြပါတယ်။ တတိယအဆင့်က ရှံဖန်ရှံခါ အလင်းရောင် တောက်ပတယ် ဆိုပေမဲ့ စတုတ္ထအဆင့်က ပထမဆုံးအကြိမ် လင်းလက်တောက်ပ လာခဲ့ခြင်း ဖြစ်ပါတယ်။

Edit with WPS Office

"ဘယ်သူက ဒီလောက်တောင် ကြမ်းရတာလဲ"

"ဘယ်သူဖြစ်နိုင်မလဲ။ လျှိုတ အထဲကို ဝင်သွားတာ မင်းတို့အားလုံး မမြင်ဘူးလား"

"သောက်ကျိုးနည်း။ ဒါဆိုရင် သူပဲပေါ့။ သူက စတုတ္ထအဆင့်ကို ဖြတ်နိုင်တာ အံ့ဩစရာ မဟုတ်ဘူးပဲ။ သူက ပဥ္စမ အဆင့်ကိုပါ လင်းသွားအောင် လုပ်နိုင်မလား မသိဘူးနော်"

"ဒါက အတော်လေးကို ခက်ခဲတယ် ဆိုပေမဲ့ မဖြစ်နိုင်တာတော့ မဟုတ်ဘူး"

ပရိသတ်တွေ ပြောဆိုနေကြတဲ့ အချိန်အတွင်းမှာ မျှော်စင်ရဲ့ ပဥ္စမ အဆင့်က လင်းလက်တောက်ပ လာခဲ့ပါတယ်။

ရုတ်ချည်းဆိုသလို ပရိတ်သတ်တွေ အထဲမှာ

Edit with WPS Office

အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ပါတယ်။

Chapter 893 end

အပိုင်း(894) ပဌမအဆင့် ပါရမီရှင်

"ပဌမ အဆင့်"

"လျှိုတကတော့ တကယ်ကို မျှော်လင့်ထားတဲ့ အတိုင်းပဲ။ ကြယ်တစ်ပွင့် ပါရမီရှင် ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားသလို လုပ်ပြနိုင်တာပဲ"

"နှစ်ပေါင်းတစ်ရာ အတွင်းမှာတောင် ကြုံတွေ့ဖို့ ခက်ခဲတဲ့ ပါရမီရှင် တစ်ယောက်ပဲ"

အားလုံးက အံ့အားသင့်နေပြီး သူတို့ရဲ့ စကားလုံးတွေ အထဲမှာ မနာလိုမှုနဲ့ လေးစားအားကျတဲ့ အမူအရာတွေ ရှိနေပါတယ်။ ဒါက အကောင်းဆုံး ရလဒ် ဖြစ်ပါတယ်။

Edit with WPS Office

"ဟေး လျှိုတက အနာဂတ်မှာ အဆင့်တက်နိုင်မယ်လို့ မင်းထင်လား။ သူက ဆဋ္ဌမ အဆင့်ကို ကျော်ဖြတ်ပြီး ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်လာနိုင်မလား"

"အဲဒါက ခက်ခဲလိမ့်မယ်"

"ကြယ်တစ်ပွင့်နဲ့ ကြယ်နှစ်ပွင့် ပါရမီရှင်တွေ အကြားမှာ ကွာဟချက်က အဆင့်သေး တစ်ခုဆိုပေမဲ့ ဒီလိုမျိုး ပါရမီရှင်က နှစ်ပေါင်းတစ်ထောင်မှ တစ်ခါလောက်ပဲ ပေါ်လာလိမ့်မယ်"

"ပြောဖို့တော့ ခက်တယ်။ တကယ်တော့ ငါတို့က ကြယ်ဥက္ကာ အင်ပါယာမှာပဲ ရှိနေကြတယ်။ ငါတို့ပိုင်နက်က အရမ်းကို ကြီးမားကျယ်ပြန့်ပြီး ပေါ်ထွက်လာတဲ့ ပါရမီရှင် အရေအတွက်ကလည်း များပြားပြီး မြင့်မားကြတယ်။ တခြားတော်ဝင် အင်ပါယာတွေမှာ ကြယ်တစ်ပွင့် ပါရမီရှင် အနည်းငယ်ပဲ ထွက်ပေါ်လာနိုင်ပေမဲ့ ငါတို့အတွက်တော့ ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာဖို့က ဖြစ်နိုင်ချေ ရှိတယ်"

Edit with WPS Office

"ဒါက အမှန်တရား ဆိုပေမဲ့ ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာဖို့ ဆိုတာက အတော်လေး ခက်ခဲနေသေးတယ်။ ငါသိရသလောက် လက်ရှိ ကောင်းကင်နီ သင်တန်းကျောင်းမှာ ကြယ်နှစ်ပွင့် ပါရမီရှင်က တစ်ရာအောက်မှာပဲ ရှိသေးတယ်။ ဟုတ်တယ်မလား"

ဒီကိန်းဂဏန်းက အတော်လေးကို ကြီးမားတယ် ဆိုရင်တောင်မှ ကောင်းကင်နီ သင်တန်းကျောင်း တစ်ခုလုံး ဆိုတာက ဘယ်လိုအမျိုးအစားလဲ။ အဲဒါက ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးရဲ့ ပါရမီရှင်တွေ အားလုံးကို စုစည်းထားတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ အတိတ်နဲ့ ပစ္စုပ္ပန်အရ နှစ်ထောင်ပေါင်းများစွာ ရှိနေပါပြီ။ ဒီလိုမျိုး တွက်ချက်ကြည့်လိုက်ရင် တစ်ရာဆိုတာက တကယ်တော့ သိပ်မများပါဘူး။

"စောင့်ကြည့်ကြတာပေါ့"

Edit with WPS Office

အားလုံးက ဘုံကိုးဆင့် အဖြူရောင် မျှော်စင်ကို စိုက်ကြည့်လိုက်ပါတယ်။ တကယ်လို့ မျှော်စင်ရဲ့ ဆဋ္ဌမမြောက် အဆင့်ကလည်း တောက်ပလာမယ်ဆိုရင် လျှိုတက အနာဂတ်မှာ ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာကောင်း ဖြစ်လာနိုင်တယ်လို့ ဆိုလိုပါတယ်။

ဒါပေမဲ့ အချိန်တော်တော် ကြာတဲ့တိုင်အောင် ဆဋ္ဌမမြောက် အဆင့်က မတောက်ပသေးပဲ လျှိုတကလည်း မျှော်စင်ထဲကနေ လမ်းလျှောက်ထွက်လာ ခဲ့ပါတယ်။

သူက ဆဋ္ဌမမြောက် အဆင့်ကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။

အဲဒါက သင်တန်းကျောင်းရဲ့ အဆင့်မြင့်တဲ့ သူတွေကို အနည်းငယ် မချိတင်ကဲ ဖြစ်စေပါတယ်။ ပထမ သူတို့က ဒီလူငယ်လေး အပေါ်မှာ အရမ်းကို မြင့်မြင့်မားမား တွေးထားကြပါတယ်။ ဒါပေမဲ့ လျှိုတက ထူးခြားဆန်းကြယ်မှု တစ်ခုကို ပြုလုပ်ပြနိုင်စွမ်း မရှိပါဘူး။ ကြယ်နှစ်ပွင့် ပါရမီရှင်က တကယ်ပဲ အရမ်းကို ရှားပါးလွန်းပါတယ်။ ကြယ်ဥက္ကာ အင်ပါယာလို ပတ်ဂန်းကျင်ထဲမှာတောင် ဒီဆယ်စုနှစ်

Edit with WPS Office

တစ်ခုအထဲမှာ အများဆုံး တစ်ယောက်ပဲ ပေါ်ထွက်လာပါလိမ့်မယ်။

နောက်ပြီးတော့ လျှိုတအတွက် အနာဂတ်မှာ အဆင့်တက်ဖို့ မဖြစ်နိုင်တာ မဟုတ်ပဲ ကြယ်နစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။ ဒါပေ့ါ။ သူက ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက် အဖြစ်ကို မရောက်နိုင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တကယ်တော့ ဒီစမ်းသပ် စစ်ဆေးမှု ဆိုတာက လူတစ်ယောက်ရဲ့ တက်လမ်းကို စမ်းသပ်စစ်ဆေးမှု တစ်ခုပဲ ဖြစ်ပါတယ်။

"ကောင်းတယ်။ အရမ်းကောင်းတယ်။ ငါအခု အရှင်စိတ်ဝိညာဉ် ပစ္စည်းကို မေးခဲ့တယ်။ လျှိုတက ဆင့္ဌမ အဆင့်ကို မကျော်ဖြတ်နိုင်ပေမဲ့ သူက ဆင့္ဌမ အဆင့်ရဲ့ ပထမအဆင့်နစ်ခုက စမ်းသပ်မှုတွေကို အောင်မြင်ခဲ့တယ်။ ဒီရလဒ်က အရမ်းကို ကောင်းတယ်။ ပြီးတော့ အရင်နစ်တွေ အထဲမှာ သူက ထိပ်ဆုံးအဆင့် သုံးယောက်ထဲမှာ အဆင့်ရှိတ်နိုင်လိမ့်မယ်။ တကယ်လို့ သူက ပထမနေရာကို ရသွားရင်တောင် အဲဒါက ထူးဆန်းတဲ့ကိစ္စ ဖြစ်မှာမဟုတ်ဘူး"

Edit with WPS Office

"ဟားဟား ငါတို့နောက်ဆုံးတော့ လူသစ်ကောင်းကောင်း တစ်ယောက် ရပြီပေါ့"

မြောက်ပိုင်းအဖွဲ့အစည်းရဲ့ လက်ရွေးစင် တော်တော်များများက သူတို့ဘာသာ သူတို့ ပြောဆို နေကြပါတယ်။ သူတို့က နောက်ဆုံးတော့ စိတ်သက်သာရာ ရသွားခဲ့ပါပြီ။ ပိုပြီးတော့ ပါရမီရှိပြီး ထူးချွန်တဲ့ ကျောင်းသားတွေကို သူတို့တွေ ဂင်ခွင့်ပေးနိုင်ရင် အဖွဲ့အစည်းတွေ အကြားမှာ သူတို့ရဲ့ ခေါင်းကို ပိုပြီးတော့ မြင့်မြင့် မော့ထားနိုင်ပါလိမ့်မယ်။

အခုဆို လျှိုတက သူ့ရဲ့အစွမ်းကို ထုတ်ဖော်ပြပြီးတော့ တောက်ပသွားတာကြောင့် တခြားပါရမီရှင်တွေကို ဂနာမငြိမ် ဖြစ်စေပါတယ်။ သူတို့အားလုံးက အလှည့်ကျ စမ်းသပ်စစ်ဆေးမှု ခံယူဖို့ မျှော်စင်ထဲကို ဂင်လာခဲ့ကြပါတယ်။ ရတ်ချည်းဆိုသလို စတုတ္ထအဆင့်က လူတွေအများကြီး ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ လျှိုတ တစ်ယောက်ပဲ ပဉ္စမ အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့သူ ဖြစ်ပါတယ်။

Edit with WPS Office

"ကျောက်တုံးခေါင်း နှင် ဖိအားဝင်နေပြီ မဟုတ်လား"

လီဝေဂက လင်းဟာန်ကို မျက်ခုံးပင့်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်မယွမ်လိုမျိုး အဆင့်တူ ရပ်တည်နိုင်တဲ့ ပါရမီရှင် တစ်ယောက်
အနေနဲ့ သူက ပဌမ အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့တာပဲ။ ဟူး။ ငါဆို
အများဆုံး စတုတ္ထအဆင့်ကိုပဲ ဖြတ်ကျော်နိုင်လိမ့်မယ်"

သူမရဲ့ အမူအရာက စိတ်ပျက်လက်ပျက် ဖြစ်မှုတွေနဲ့ ပြည့်နှက်လို့
နေပါတယ်။ သူမမှာ ထိပ်တန်းအဆင့် ပါရမီရှင်တွေလို
ထူးချွန်ထက်မြက်မှု မရှိဘူးဆိုတာကို သိနေတာ ကြာပေမဲ့ အခုမှ
ဒီအရာတွေက သူမရဲ့ ခေါင်းထဲကို ဝင်လာပြီး စိတ်ပျက်လက်ပျက်
ဖြစ်မှုကို ခံစား နေရတာပါပဲ။

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒါဆိုရင် စောင့်ကြည့်နေလိုက်လေ။ ပါရမီရှင်တွေ အားလုံးကို ငါက ဘယ်လိုမျိုး ရှင်းထုတ်ပြီး ပထမ နေရာကို ဂုဏ်ယူဖင့်ကြွားစွာနဲ့ ရယူမလဲ ဆိုတာကိုပေါ့"

"ဟင့် နင့်အစွမ်းကို ပြလေ"

လီဝေဂက သူမရဲ့ မျက်လုံးကို ပြူးပြီးတော့ ပြောလိုက်ပါတယ်။

"ငါအရင်ဆုံး သွားမယ်။ ဒါပေမဲ့လည်း နင်က အရမ်းကို ယုံကြည်မှု ရှိရှိနဲ့ ပြောနေတယ် ဆိုမှတော့ နင်က စင်မြင့်ပေါ်ကို နောက်ဆုံးမှ သွားရလိမ့်မယ်။ နင်က အားလုံးထက် ဘယ်လောက် အံ့သြဖို့ ကောင်းတယ်ဆိုတာကို ငါကြည့်ဦးမယ်။ ဟုတ်ပြီလား"

"ကောင်းပြီလေ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒီနန်းထားကို ကြည့်ရတာ

Edit with WPS Office

စမ်းသပ်စစ်ဆေးမှုက ဒီနေ့မှာ လုံးဝကို ပြီးပြတ်သွားနိုင်ပါတယ်။ အဲဒီနောက် တခြားဘာကိုမှ စောင့်နေစရာ မလိုဘူးဆိုရင် စောစောပဲသွားသွား နောက်ကျမှပဲသွားသွား ဘာမှကွာခြားမှာ မဟုတ်ပါဘူး။

လီဝေဂက မျော်စင်ထဲကို ပြေးဝင်သွားပြီး မိနစ်သုံးဆယ်လောက် အချိန်ယူပြီးတဲ့ နောက်မှာတော့ သူမရဲ့ စမ်းသပ်စစ်ဆေးမှုက လုံးဝကို ပြီးဆုံးသွားပါတယ်။

အချိန်ပိုပြီးတော့ ကြာလေ ရလဒ်က ပိုပြီးတော့ ကောင်းမွန်လာပါလိမ့်မယ်။

သူမက စတုတ္ထအဆင့်ကိုပဲ ဖြတ်နိုင်ခဲ့ပြီး ပဉ္စမ အဆင့်ရဲ့ ဗျူဟာစင်မြင့်ပေါ်မှာ ကျရှုံးသွားခဲ့ ရပါတယ်။ ဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ စိတ်ဝိညာဉ်နဲ့ ပါရမီက သူ့ဘာသာ ဖြစ်ပြီးတော့ ရတနာ ပစ္စည်းတွေနဲ့ မြှင့်တင်နိုင်ပါတယ်။ ဒါပေမဲ့ အနီးကပ် တိုက်ခိုက်မှု ဗျူဟာကတော့ လူတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ နားလည်နိုင်စွမ်း လိုအပ်ပါတယ်။

Edit with WPS Office

"ဟိုမှာကြည့်စမ်း ပဥ္စမ အဆင့်က နောက်တစ်ကြိမ် လင်းသွားပြီ "

အာမေဋိတ်အသံတွေ ထွက်ပေါ်လာပြီး အားလုံးက သူတို့ခေါင်းကို မော့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ ပဥ္စမ အဆင့်က တကယ်ပဲ လင်းလက်တောက်ပ နေတာကို တွေ့လိုက် ရပါတယ်။

လျှိုတရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို သုန်မှုန်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ် လာခဲ့ပါတယ်။ ပဥ္စမ အဆင့်ကို ဖြတ်ကျော်နိုင်တဲ့ လူတစ်ယောက်က သူ့ကို ခြိမ်းခြောက်လာ နိုင်ပါလိမ့်မယ်။ အဲ့ဒါက သူ့ကို ဖိအားတွေ အများကြီး ခံစားစေရပါတယ်။

"မစိုးရိမ်ပါနဲ့ အစ်ကို။ အစ်ကိုက ပထမ နှစ်ဆင့်ကို ဖြတ်ကျော်နိုင်ခဲ့တာပဲ။ ဒီလူက ဆဋ္ဌမမြောက် အဆင့်ကို မဖြတ်ကျော်နိုင်သရွေ့ သူက အစ်ကိုနဲ့ အများဆုံးမှ အဆင့်တူတူပဲ ရှိပါလိမ့်မယ်။ နောက်ပြီးတော့ ကျနော့်အမြင်အရ အဲ့ဒီလူက ပထမ အဆင့်နှစ်ခုအထဲမှာ အရည်အချင်း မပြည့်မီပဲ ရှေ့ဆက်တိုးနိုင်မှာ မဟုတ်လောက်ဘူး"

Edit with WPS Office

လျှိုလို့က ပြောလိုက်ပါတယ်။

လျှိုတက ခေါင်းကို ဖြည်းညှင်းစွာနဲ့ ညိတ်လိုက်ပါတယ်။ သူက သူ့ကိုယ်သူ အရမ်းယုံကြည်မှု ရှိပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက ဘုံကိုးဆင့် မျှော်စင်ရဲ့ ဂင်ပေါက်ဆီကို စိုက်ကြည့်နေပြီး အဲဒီလူ မြန်မြန်ထွက်လာဖို့ မျှော်လင့်နေပါတယ်။ သူစောစော ထွက်လာလေ သူက ပိုပြီးတော့ အရည်အချင်း မပြည့်မီလေ ဖြစ်ပြီးတော့ ပထမအဆင့် နှစ်ခုကို ကျော်ဖြတ်ပြီး ရှေ့ဆက်ဖို့ အခွင့်အရေး ပိုပြီးတော့ နည်းပါးလေ ပါပဲ။

အချိန်တချို့ ကုန်လွန်သွားပြီးတဲ့ နောက်မှာတော့ နောက်ဆုံးမှာ ဆဌမ အဆင့်က အလင်းရောင် တောက်ပမလာခဲ့ပါဘူး။ အရပ်မြင့်မြင့် လူငယ်တစ်ယောက် ထွက်လာပြီး အဂတ်အစားကို ဖိုသီဖတ်သီ ဂင်ဆင်ထားပြီး ဘာကိုမှ ဂရုမစိုက် အလေးမထားတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

Edit with WPS Office

"ဒါဆိုရင် ထွက်လာတဲ့သူက အစ်ကိုလင်းပေါ့"

"သူက ပဋ္ဌမ အဆင့်ကို ဖြတ်နိုင်တာ အံ့သြစရာ မဟုတ်ဘူးပဲ"

"သူက လျှိုတကို ဘယ်လောက်တောင် ယှဉ်နိုင်မလဲဆိုတာ ဘယ်သူသိမှာလဲ"

"ဟင့် အစ်ကိုလင်းက သေချာပေါက် လျှိုတထက် မဆိုးလောက်ပါဘူး"

လူတော်တော်များများ ပြောဆိုနေကြပြီး လင်းယိုရဲ့ စွမ်းရည်ကို အရမ်းအထင်ကြီး နေကြပါတယ်။ ပြီးတော့ သူတို့အားလုံးကိုယ်စီက ဖော်ရွေပျူငှာတဲ့ ခံစားမှုမျိုးနဲ့ ဖြစ်ပေါ်နေပါတယ်။

အဲ့ဒီလင်းယိုက တကယ်လို့ သူ့ရဲ့လက်ခံမှုကို ရအောင်ယူနိုင်ရင် သစ္စာရှိတယ် ဆိုတာကို အားလုံးက သိထားပါတယ်။ ပြီးတော့

Edit with WPS Office

တကယ်လို့ မင်းမှာ ဘယ်လောက်ပဲ ကြီးမားတဲ့ ပြဿနာနဲ့ ကြုံနေပါစေ သူက အပြေးလာပြီးတော့ ကူညီပေးပါလိမ့်မယ်။ အင်ပါယာမြို့တော်ရဲ့ လူငယ်မျိုးဆက်ထဲမှာ သူတို့တွေက လင်းယိုကို ပြောတဲ့အခါမှာ အစ်ကိုလင်းလို့ ခေါ်ပြီး လက်မထောင်ပြနိုင်တဲ့သူ ဘယ်လောက်ရှိလို့လဲ။

ဒါကြောင့် လင်းယိုနဲ့ လျှိုတကို အတူတူ ယှဉ်ကြည့်လိုက်ရင် ဘယ်သူကို ထောက်ပံ့ရမလဲ ဆိုတာကို သူတို့တွေ ကောင်းကောင်းသိပါတယ်။

အဲဒါက သေချာပေါက် လင်းယိုပဲ ဖြစ်ပါတယ်။

လျှိုတက နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး သူ့အမူအရာက ပိုပြီးတော့တောင် မည်းမှောင်လာခဲ့ပါတယ်။ သူက လင်းယိုရဲ့ ရလဒ်က အများဆုံးမှ သူနဲ့အတူတူလောက်ပဲ ရှိမယ်ဆိုတာကို သိပေမဲ့ သူက အရမ်းကို မကျေမနပ် ဖြစ်နေဆဲပါပဲ။

"နောက်ထပ် ပဉ္စမအဆင့် ပါရမီရှင် တစ်ယောက် ပေါ်လာပြီ။

Edit with WPS Office

ကံမကောင်းတာက သူက ဆဋ္ဌမ အဆင့်ရဲ့ တတိယ အဆင့်မှာပဲ ကျရှုံးသွားခဲ့တယ်။ တကယ်လို့ အောင်မြင်သွားမယ်ဆိုရင် ဟူး"

မြောက်ပိုင်း အဖွဲ့အစည်းရဲ့ လက်ရွေးစင်တွေ အားလုံးက အရမ်းကို ကျေနပ်သလို ခံစားနေရပါတယ်။ ဒါပေမဲ့ အနည်းငယ် မရှိတင်ကဲ ဖြစ်သလိုလည်း ခံစားနေကြ ရပါတယ်။ တကယ်တော့ လင်းယိုက ဆဋ္ဌမ အဆင့်ကို ဖြတ်သွားနိုင်ဖို့ နည်းနည်းလေးပဲ လိုပါတော့တယ်။

အဲဒီအချိန် ပရိတ်သတ်ထဲက လက်ပြတ်အင်္ကျီနဲ့ လူငယ်တစ်ယောက်က ရောမ ကျောက်တုံး ပေါ်ကနေ ဆင်းလာခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ ယုံကြည်မှု အပြည့်ရှိတဲ့ အပြုံးတစ်ခုနဲ့ သူက ဘုံကိုးဆင့် မျှော်စင်ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ သူက တကယ့်ကို အင်အားသုံးပြီးတော့ လျှောက်လာခဲ့ပြီး သူ့အနားက လူတွေက အဝေးကို ရှောင်တိမ်းပေး ရပါတယ်။ တချို့က မြေပေါ်ကို လွင့်ပြီးတော့ ဖင်ထိုင်လျက်သား လဲကျသွားပါတယ်။ သူတို့ပုံစံက သာမန်လူသားတွေက ရက်စက်ကြမ်းကြုတ်တဲ့ သားရဲကောင်တစ်ကောင်နဲ့ ရင်ဆိုင်နေရသလိုမျိုး သူတို့ရဲ့ ဆံပင်မွေးတွေတောင်မှ

Edit with WPS Office

ထောင်ကုန်ပါတယ်။

"ဟင် ဒီလူက ဘယ်သူလဲ။ ဘာဖြစ်လို့ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အရှိန်အဝါ တစ်ခု ရှိနေတာလဲ"

"ငါသူ့ကိုသိတယ်။ သူက တောင်ပိုင်း ကြမ်းတမ်းတဲ့ တောင်တန်းတွေက အံ့မခန်း ပါရမီရှင် တစ်ယောက်ပဲ။ သူက လွန်ခဲ့တဲ့ ရက်အနည်းငယ် အတွင်းကမှ အင်ပါယာမြို့တော်ကို ရောက်လာခဲ့တယ်။ သူက တိုက်ပွဲကွင်းပြင်မှာ ဆယ့်သုံးပွဲဆက်တိုက် တိုက်ခိုက်ပြီး ဆယ့်သုံးပွဲလုံး အနိုင်ရရှိထားတယ်"

"ဘာ။ သူက တိုက်ပွဲကွင်းပြင်က တိုက်ပွဲဆယ့်သုံးပွဲ ဆက်တိုက်ကို အနိုင်ရအောင် လုပ်နိုင်တယ် ပေါ့လေ။ ဒါဆိုရှ သူက အနာဂတ်မှာ အနည်းဆုံး ကြယ်တစ်ပွင့် ပါရမီရှင် ဖြစ်လာနိုင်တယ် မဟုတ်လား"

"အင်း တိုက်ပွဲကွင်းပြင်ထဲက တိုက်ပွဲတွေရဲ့ အဆင့်နဲ့ ပတ်သက်တဲ့

Edit with WPS Office

စည်းမျဉ်းစည်းကမ်းတွေ အရဆိုရင် ဆယ်ပွဲဆက်တိုက် အနိုင်ရတာ ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ တူညီတယ်"

"ဒါဆိုရင် သူက ဆယ့်လေးပွဲမြောက် ပြိုင်ပွဲမှာ ရှုံးနိမ့်သွားတာလား"

"မဟုတ်ဘူး။ သူက ဆက်မတိုက်တာ"

"ဘာလို့လဲ"

"သူက ဗိုက်ဆာလို့ ဆက်ပြီးတော့ မတိုက်ချင်တော့ဘူးလို့ ပြောခဲ့တယ်"

အဟွတ် အဟွတ်။

ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ ချက်ချင်းဆိုသလို

Edit with WPS Office

လူတော်တော်များများက တံတွေးသီးမတတ် ရယ်မောလိုက်ကြပါတယ်။ သူ့အကြောင်းပြချက်က တကယ့်ကို။ ဒီကောင်က တကယ်ပဲ အစားပုပ်သလား။ သူက ကြမ်းတမ်းတဲ့ တောင်တန်းတွေကနေ ထွက်လာတဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာကို သူ့ကိုယ်သူ သက်သေပြနေပါတယ်။

"ဒါပေမဲ့လည်း ဒီကောင့်ရဲ့ အရှိန်အဝါက တကယ်ပဲ အရမ်းကို ထိတ်လန့်စရာကောင်းတယ်။ တကယ်လို့ ငါက သူနဲ့ စွမ်းရည်မှာ အဆင့်တူတယ် ဆိုရင်တောင် တိုက်ခိုက်ဖို့ သူ့အရှေ့မှာ ရပ်လိုက်ရုံနဲ့တင် ငါ့ရဲ့တိုက်ပွဲစွမ်းရည်က အများဆုံး ဆယ်ရာခိုင်နှုန်းလောက် လျော့ကျသွား နိုင်လိမ့်မယ်"

"မတိုက်ရသေးပဲ ရန်သူတွေကို သူက ထိတ်လန့်အောင် လုပ်နိုင်တယ်။ ဒါက သဘာဝ အုပ်ချုပ်သူ တစ်ယောက်ရဲ့ ပုံပန်းသွင်ပြင် လက္ခဏာပဲ"

ရယ်မောပြီးတဲ့ နောက်မှာတော့ လူတွေရဲ့ အမူအရာက အလေးအနက် ဖြစ်လာခဲ့ ကြပါတယ်။ ဒီလူက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

Edit with WPS Office

"သူက သူ့နာမည် ဘယ်လိုခေါ်လဲ"

"မာရှန်း"

Chapter 894 end

အပိုင်း(895) ဘုရင်........ မာရှန်း

အားလုံးက မာရှန်း ဖြစ်သွားလို့ ရအောင် လမ်းဖယ်ပေး လိုက်ကြပါတယ်။ လူတချို့ပဲ သူထုတ်လွှတ်တဲ့ အရှိန်အဝါကို တောင့်ခံနိုင်စွမ်း ရှိတာပါ။

သင်တန်းကျောင်းရဲ့ လက်ရွေးစင်တွေတောင် အသိအမှတ်ပြုတဲ့ အနေနဲ့ ခေါင်းတဆတ်ဆတ် ညိတ်လိုက် ကြပါတယ်။ ဒီလူငယ်က သတ္တိကောင်းကောင်းနဲ့ အရှေ့ကို လျှောက်လာခဲ့ပြီး သူ့ပုံစံက ဘုရင်တစ်ပါးရဲ့ အသွင်အပြင်မျိုး ရှိနေပါတယ်။

Edit with WPS Office

တန်ခိုးရှင်ဘုံမှာ ဘုရင်ချီလိုခေါ်တဲ့ ချီကို အလွယ်တကူနဲ့ ကျင့်ကြံလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ အထင်ကြီးစရာ ကောင်းပြီးတော့ ထူးခြားတဲ့ တည်ရှိမှုမျိုးကို ပိုင်ဆိုင်ထားကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်သူမဆို ဘုရင်တစ်ပါး ဖြစ်လာနိုင်ပြီး ဘုရင်တွေက ပေါလွန်းသွား ပါလိမ့်မယ်။

ဒီမာရှန်းက ဘုရင်ဆိုတဲ့ နာမည်နဲ့ လုံးဝကို ထိုက်တန်ပါတယ်။ မတိုက်ခိုက်ရပဲ သူ့ရဲ့တည်ရှိမှုနဲ့တင် ရန်သူစစ်သားတွေကို ဖိနှိပ်ချေမှုန်းနိုင်စွမ်း ရှိပါတယ်။ သူက တကယ်ပဲ နှစ်ပေါင်းတစ်သောင်း အတွင်းမှာတောင် တစ်ယောက် တွေ့မြင်ဖို့ ရှားပါးတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

"ငါတို့ရဲ့ အဖွဲ့အစည်းက ဒီလိုမျိုး ကျောင်းသား တစ်ယောက်ကို လက်ခံရလိမ့်မယ်လို့ ငါလုံးဝကို မျှော်လင့်မထားမိခဲ့ဘူး"

"အင်း မြောက်ပိုင်းအဖွဲ့အစည်းကနေ ဟိုင်းဖန် ထွက်သွားပြီးတဲ့ နောက်ပိုင်းမှာ ငါတို့တွေက ဒီလိုဘုရင်အဆင့်မျိုး ကျောင်းသား ဘယ်တုန်းကမှ မရရှိခဲ့တော့ဘူး။ အဲဒါက နှစ်ပေါင်း တစ်ထောင် ကျော်နေပြီပဲ။ တစ်ဖက်မှာ အရှေ့ပိုင်း တောင်ပိုင်းနဲ့ အနောက်ပိုင်း

Edit with WPS Office

အဖွဲ့အစည်းတွေ အားလုံးက ဒီနစ်ပေါင်းရာဂဏန်း အတွင်းမှာ ဘုရင်အဆင့် ကျောင်းသား တစ်ယောက်ဆီ လက်ခံရရှိခဲ့ပြီး ငါ့တို့ကို နောက်မှာကျန်ရစ်စေခဲ့တယ်”

“တကယ်လို့ ဒီကလေးက ကြယ်ဖြူမျှော်စင်ရဲ့ စမ်းသပ်မှုကို မကျော်ဖြတ်နိုင်ဘူး ဆိုရင်တောင် ငါက သူ့ကို ငါ့ကိုယ်ပိုင်တပည့်အဖြစ် ရွေးချယ်မယ်”

“ဟားဟားဟား ဘုရင်အဆင့် ကျောင်းသား တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ စမ်းသပ် စစ်ဆေးမှု သုံးဆင့်ကို မဖြတ်ကျော်နိုင်ရမှာလဲ။ အဘိုးကြီး ဖူ။ မင်းက နည်းနည်းတော့ ထောက်ထားညှာတာတဲ့ စိတ်ကလေး ထားပါဦး။ ဘုရင်အဆင့် ကျောင်းသား တစ်ယောက်ကို မင်းအတွက် လုယူချင်နေတာလား”

“သောက်ကျိုးနည်း လပြွတ်ပဲ။ ငါက အဲဒီလို လူစားမျိုးလား”

“မင်းကအဲဒီလို လူစားဆိုတာ သေချာတာပေါ့”

Edit with WPS Office

ဒီလက်ရွေးစင်တွေ တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးပြောဆိုနေတဲ့ စကားကို ကြားလိုက်ရတဲ့ အနီးနားက လူတွေကနေ သတင်းက လျင်မြန်စွာ ပျံ့နှံ့သွားပြီး လူအုပ်ကြီးထဲမှာ အုတ်အုတ်ကျက်ကျက် တစ်ခု ဖြစ်လာခဲ့ပါတယ်။

ဘုရင်အဆင့် ကျောင်းသား တစ်ယောက်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ ကြယ်ဥက္ကာ အင်ပါယာလိုမျိုး ကြီးမားတဲ့ ပိုင်နက်ကြီး တစ်ခုထဲမှာတောင် ဒီလိုမျိုး ပါရမီရှင်က နှစ်ပေါင်းတစ်ရာမှာ တစ်ကြိမ်လောက်ပဲ ပေါ်ထွက်လာနိုင်ပါတယ်။ အဲဒါက အရမ်းကို ရှားပါးပြီး ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်နဲ့ ယှဉ်နိုင်ပါတယ်။

မာရှန်းက ဘုံကိုးဆင့် မျှော်စင်ထဲကို ဂင်သွားခဲ့ပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ တတိယ အဆင့်က အလင်းရောင် တောက်ပသွားခဲ့ပါတယ်။ ဒီနေရာမှာရှိတဲ့ လူတော်တော်များများက ပထမ နှစ်ဆင့်ကို ဖြတ်ကျော်နိုင်ပြီး ပထမအဆင့်နှစ်ခုက ဆက်တိုက်ဆိုသလို တောက်ပဖို့ အာမခံ နိုင်ပါတယ်။ ဒါပေမဲ့

Edit with WPS Office

တတိယ အဆင့်ကတော့ မတူတော့ပါဘူး။ ရုံဖန်ရုံခါပဲ တောက်ပလင်းလက် နိုင်ပါတယ်။

ဒါပေမဲ့ ခဏအကြာမှာ စတုတ္ထ အဆင့်က တောက်ပလင်းလက် သွားခဲ့ပါတယ်။

"သူက ပဉ္စမ အဆင့်ကို ရောက်နိုင်ပါ့မလား"

အားလုံးက သိချင်စိတ်တွေ ပြင်းပြလို့ နေပါတယ်။ ဘုရင်တစ်ပါးရဲ့ အရှိန်အဝါက ကြယ်ဖြူ မျှော်စင်ရဲ့ မှတ်ကျောက်ပြုထားတဲ့ စမ်းသပ်စစ်ဆေးမှု အထဲမှာ မပါဝင်ပါဘူး။ ဒါကြောင့် သူ့ကို အပိုအမှတ် ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် မင်းက ဘုရင်တစ်ပါး ဖြစ်ဖြစ် မဖြစ်ဖြစ် ကြယ်ဖြူမျှော်စင်ကို ဖြတ်ကျော်ဖို့ဆိုတဲ့ မေးခွန်းအပေါ်မှာ ဘာအကျိုးသက်ရောက်မှုမှ ရှိမှာမဟုတ်ပါဘူး။

တကယ်လို့ မာရှန်းက သူ့ကိုယ်ပိုင် တစ်ဦးချင်းစွမ်းရည်နဲ့ ပဉ္စမ

Edit with WPS Office

အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့ပြီး သူ့ရဲ့ ဘုရင်ချီကိုပါ ပေါင်းထည့်မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် အဖြစ်ကို ရောက်ရှိနိုင်စွမ်း ရှိပါလိမ့်မယ်။ ပြီးတော့ အနာဂတ်မှာ သူက ကြယ်သုံးပွင့် ဒါမှမဟုတ် ကြယ်လေးပွင့် ပါရမီရှင်တစ်ယောက်ရဲ့ အဆင့်ကို ရောက်ရှိနိုင်တဲ့ တိုးတက်မှုတွေ ရှိပါလိမ့်မယ်။

"မင်းသိလား။ ငါတို့ အင်ပါယာရဲ့ ဗိုလ်ချုပ် ခုနစ်ယောက်နဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေလည်း ဘုရင်ချီကို ပိုင်ဆိုင်ထားပြီး သူတို့ကိုယ်တိုင်က ကြယ်လေးပွင့် ပါရမီရှင်တွေ ဖြစ်တယ်ဆိုတာကိုလေ"

"ဘာပြောတယ်"

အားလုံးက ဒီသတင်းကြောင့် အံ့အားသင့်သွားပြီး သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ပြီးတော့ အံ့အားသင့် ကုန်ပါတယ်။

Edit with WPS Office

"ဘာပြောတယ်။ အဲဒါက တကယ်လား"

"ဒါဆိုရင် ကြယ်ငါးပွင့် ပါရမီရှင်တွေကို ယှဉ်ပြိုင်နိုင်လိမ့်မလား။ ဒဏ္ဍာရီတွေထဲမှာတောင် အထွတ်အထိပ် ပါရမီရှင်က တစ်ယောက်ပဲ ရှိခဲ့တာလေ"

"အင်း။ အဲဒီလက်ရွေးစင်တွေက နှစ်ပေါင်းဘယ်လောက်တောင် ကျင့်ကြံအားထုတ်ခဲ့ရသလဲ ဆိုတာကို မင်းသိလို့လား။ ငါတို့ကလန်ရဲ့ ဘိုးဘေးတောင် မမွေးသေးဘူး။ ပြီးတော့ ဒီလူနည်းစုက စတင်ကျင့်ကြံအားထုတ်နေပြီ။ အငယ်ဆုံးဖြစ်တဲ့ ဘယ်လက်ရုံး အမတ်မင်းတောင်မှ ဒီနှစ်မှာ သူ့အသက်က ရှစ်ဆယ်သန်း ဖြစ်နေပြီ"

"ရှစ်ဆယ်။ နှစ်ပေါင်းသန်းရှစ်ဆယ်ကျော်လား။ မင်းများပြောတာ မဟုတ်ဘူးဆိုတာ သေချာလား။ ဒါက နှစ်ပေါင်းရှစ်သောင်း ဒါမှမဟုတ် နှစ်ပေါင်းရှစ်ထောင် မဟုတ်ဘူးလား"

Edit with WPS Office

"ဒါပေါ့။ အတိတ်တုန်းက ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းနဲ့ ဗိုလ်ချုပ် ခုနစ်ယောက်က ပိုင်နက်တစ်ခုရဲ့ အုပ်ချုပ်သူ မဖြစ်တဲ့လူ ရှိလို့လား။ ကေရီ ဘုရင်မက ဘယ်နေရာကမှန်းမသိ ထွက်ပေါ်လာပြီး သူမရဲ့ ပြိုင်ဘက်ကင်းတဲ့ စွမ်းရည်နဲ့ အဲဒီအရှင်သခင်တွေ အားလုံးကို အနိုင်ယူပြီး သူမရဲ့ လက်အောက်မှာ သစ္စာခံခိုင်းခဲ့တာပဲ"

"သောက်ကျိုးနည်း။ ပြောကြည့်စမ်း။ ကေရီ ဘုရင်မက ကြယ်ဘယ်နှစ်လုံး ပါရမီရှင် ဖြစ်မလဲ"

"ငါမသိဘူး။ ကေရီ ဘုရင်မ လုပ်ရှားတာကို ဘယ်သူက မြင်ဖူးလို့လဲ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရင်မကိုယ်တိုင် လုပ်ရှားဖို့မှ မလိုတာ"

"အမှန်ပဲ။ ကေရီ ဘုရင်မက ကမ္ဘာကြီးထဲမှာ အချောဆုံး အလှဆုံးပဲ။ ဘယ်သူကများ ဘုရင်မကို မြင်တွေ့လိုက်တဲ့ အချိန်မှာ ရမ်းရမ်းကားကားနဲ့ လုပ်လိမ့်မှာလဲ"

Edit with WPS Office

"ရှူးတိုးတိုး။ မဆင်မခြင်နဲ့ လျှောက်မပြောနဲ့။ မဟုတ်ရင် မင်းရဲ့ခေါင်း အချိန်မရွေး ပြတ်သွားလိမ့်မယ်။ ကောရီကို မရှိမသေ ပြုတ့်တယ်ဆိုတာ မင်းအသက်ရှင်ရတာ ပင်ပန်းနေပြီလား"

"ငါက ဘုရင်မကို ချီးကျူးရုံသက်သက်ပါ"

အဲဒီအချိန်မှာ ကြယ်ဖြူမျှော်စင်ရဲ့ ပဥ္စမမြောက် အဆင့်က အလင်းရောင် တောက်ပလာခဲ့ ပါတယ်။

ရုတ်ချည်းဆိုသလို ပရိသတ်တွေက အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတယ်။

ပဥ္စမ အဆင့်ဆိုတာက သူ့မှာ ကြယ်တစ်လုံး ပါရမီရှင် တစ်ယောက်ရဲ့ အလားအလာမျိုး ရှိတယ်လို့ ဆိုလိုပါတယ်။ ပြီးတော့ သူ့ရဲ့ ဘုရင်စွမ်းအားကို ပေါင်းထည့်လိုက်ရင် မာရှန်းက အနာဂတ်မှာ ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာဖို့ သေချာပါတယ်။

Edit with WPS Office

"ဟားဟားဟားဟား"

မြောက်ပိုင်းအဖွဲ့အစည်းရဲ့ လက်ရွေးစင်တွေ အားလုံးက အရမ်းကို ကျေနပ်ပီတိ ဖြစ်စွာနဲ့ ရယ်မောလိုက် ကြပါတယ်။ သူတို့အားလုံးက နောက်ဆုံးတော့ ဒီတချီမှာ ရတနာပစ္စည်း တစ်ခုကို ကောက်ယူရရှိမိပြီလို့ ခံစားနေကြရပါတယ်။ ဒါက အရမ်းကို ကောင်းမွန်တဲ့ ကျောက်စိမ်းအပိုင်းစ တစ်ခု ဖြစ်ပြီးတော့ သေသေချာချာ သွေးပြီးအရောင်တင်ပေးလိုက်ရင် သူ့အတွက် ကြယ်သုံးပွင့် ဒါမှမဟုတ် ကြယ်လေးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်ချေ ရှိပါတယ်။

အဲဒီအချိန်မှာ လျှိုတရဲ့ အမူအရာ မည်းမှောင်လို့ နေပါတယ်။ တကယ်လို့ မာရှန်းက ချက်ချင်းပဲ ကျရှုံးသွားခဲ့မယ် ဆိုရင်တောင် သင်တန်းကျောင်းရဲ့ အာရုံစိုက်မှုကို တစ်ဖက်လူက သူ့ထက်ပိုပြီး ရရှိပါလိမ့်မယ်။ အဲဒါက သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သလို ခံစားစေပါတယ်။

နောက်ထပ်ထောင့် တစ်ခုမှာ အဘိုးကြီး တစ်ယောက်က သူ့ဘေးက

Edit with WPS Office

ကောင်လေး တစ်ယောက်ကို ပြောလိုက်ပါတယ်။

"ဟောင်ဖေး မင်းတော့ ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ပြီ"

ချန်ဟောင်ဖေးက ဘုံကိုးဆင့် မျှော်စင်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အဘိုး ကျနော်က ဆဌမ အဆင့်ကို ကျော်ဖြတ်ဖို့ ယုံကြည်ချက်ရှိတယ်"

"တကယ်လို့ မင်းက ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်ရင် သူ့ထက်မင်းက အားနည်းလိမ့်မှာ မဟုတ်ဘူး"

အဘိုးကြီး အာရုံကို စိုက်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းမှာ ယုံကြည်ချက် ရှိရဲ့လား"

Edit with WPS Office

"ယုံကြည်မှု အပြည့်ပဲ"

သူက ကျင့်ကြံခြင်းမှာ ဆယ်နှစ်ကျော်လောက် အပြင်းအထန် ကြိုးစားအားထုတ်ခဲ့ပြီး ဒီနေ့မှာ အားလုံးကို အံ့အားသင့်သွားအောင် လုပ်ပြနိုင်မဲ့ ကံတရားတစ်ခုက သူ့အတွက် ရှိနေတယ် မဟုတ်လား။

တစ်ဖက်မှာ လီဝေဂေကလည်း ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါ်ပါတယ်။ အဲဒီနောက် သူမက အထင်အမြင်သေးတဲ့ အကြည့်နဲ့ လင်းဟာန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျောက်တုံးခေါင်း အခု နင့်မှာ ယုံကြည်ချက် ရှိရဲသေးလား"

"ဘာဖြစ်လို့ မရှိရမှာလဲ"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

Edit with WPS Office

"သူက ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက်ဖြစ်သလို ဘုရင်ချီလည်း ရှိတယ်။ ဒါကြောင့် သူက အနည်းဆုံး ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်လာလိမ့်မယ်"

လီဝေဂက လင်းဟန်ကို ငတုံးတစ်ယောက်ကို စိုက်ကြည့်နေသလိုမျိုး ကြည့်လိုက်ပါတယ်။

လင်းဟန်က သူ့လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့အရင်က ပြောပြီးပြီလေ။ ငါက ပြိုင်ဘက်ကင်းပဲ။ ပြီးတော့ အားလုံးကို ကျော်ဖြတ်နိုင်တယ်"

အားယားယား ဘယ်လိုလုပ်ပြီး ဒီကောင်က အရမ်းကို လေလုံးကြီးနေရတာလဲ။ သူက ကမ္ဘာငယ်လေး တစ်ခုကလာတဲ့ တောသားတစ်ယောက်ပဲဟာ။ ဘာကြောင့် သူ့ယုံကြည်မှုတွေ

Edit with WPS Office

မိုးထိအောင် မြင့်မားနေရတာလဲ။ လီဝေဂက
သူမရှုးတော့မလိုတောင် ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ လင်းဟန်က
သူ့ကိုယ်သူ ဘယ်လောက်တောင် ယုံကြည်မှု ရှိနေလဲ ဆိုတာကို
ကြည့်ပြီးတော့ သူမက အမှတ်တမဲ့နဲ့ ငေးမောလိုက်မိပါတယ်။

အမျိုးသားတွေက ဒီလိုမျိုး ပြိုင်ဘက်ကင်းတဲ့ တည်ရှိမှု
အမျိုးအစားကို ထုတ်ဖော်လိုက်တဲ့ အချိန်မျိုးမှာ
အမျိုးသမီးတွေအတွက် အရမ်းကို ဆွဲဆောင်မှု
ရှိတယ်ဆိုတာကိုတော့ သူမက ဂန်ခံရပါလိမ့်မယ်။

ထွီ ထွီ ထွီ။ ငါက နည်းနည်းလေးမှတောင် စိတ်မလှုပ်ရှားဘူး။ သူက
ဘာမှမဟုတ်တဲ့ ငတုံးငအ တစ်ယောက်ပဲ။ လီဝေဂက ချက်ချင်းပဲ
တံတွေးထွေးချပြီး သူမရဲ့ အတွေးတွေ မြင့်တက်လာတဲ့
အတွက်ကြောင့် မျက်နှာနည်းနည်း နီသွားပါတယ်။

အချိန်သိပ်မကြာခင်မှာ အံ့အားသင့်တဲ့ အော်သံတွေ
ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

"ဆဋ္ဌမမြောက်အဆင့် အရောင်တောက်သွားပြီ"

"သောက်ကျိုးနည်းကြီး"

"သူကိုယ်တိုင်က ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်ပြီးတော့ သူ့ရဲ့ ဘုရင်ချီကို ပေါင်းထည့်လိုက်ရ မာရှန်းက ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်နဲ့ နိုင်းယှဉ်လို့ ရနေပြီပဲ"

"သူက နှစ်ပေါင်းတစ်ရာ အတွင်းမှာ အထူးချွန်ဆုံး ကျောင်းသားပဲ"

"မဟုတ်ဘူး မဟုတ်ဘူး။ ကြယ်နှစ်ပွင့် ပါရမီရှင်တွေလည်း မနည်းဘူး။ ဒါပေမဲ့ သူ့ရဲ့ ဘုရင်ချီနဲ့ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အကန့်အသတ်ကို ပေါင်းထည့်လိုက်ရင် သူက နှစ်ပေါင်းတစ်ထောင် အတွင်းမှာ သူ့လိုလူမျိုး တွေ့ဖို့က ခက်ခဲလိမ့်မယ်"

အားလုံးက အံ့အားသင့် ကုန်ကြပါတယ်။ သူတို့က ဘုရင်တစ်ပါး

Edit with WPS Office

မွေးဖွားလာတာကို မျက်မြင်ကြုံတွေ့ နေရပါပြီ။

လျှိုတက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။ မာရှန်းရဲ့ ခွန်အားနဲ့ ပါရမီကြောင့် သူ့ကို သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။ တကယ်လို့ သူက တဖက်လူကို သတ်ပစ်လိုက်မယ်ဆိုရင် သူက ပထမနေရာကို ရရှိပါလိမ့်မယ်။

ချောင်ဖေးပောင်လည်း တူညီစွာနဲ့ ခံစားရပြီး သူ့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သလိုမျိုး ပါပဲ။ သူက ကြယ်ဖြူမျှော်စင်ရဲ့ ဆဌမမြောက် အဆင့်ကို ဖြတ်ကျော်နိုင်ဖို့ ယုံကြည်ချက် ရှိပါတယ်။ ဒါပေမဲ့ အဲဒါက တစ်ဖက်လူနဲ့ အတူတူလောက်ပဲ ရှိပါတယ်။ တကယ်လို့ တစ်ဖက်လူက သူ့ရဲ့ ဘုရင်ချီကိုပါ ပေါင်းလိုက်ရင် သူက အရမ်းကို နိမ့်ကျသွားပါပြီ။

ကံကောင်းတာက မာရှန်းဟာ တခြားသူတွေကို ထပ်ပြီးတော့ အံ့သြအောင် မလုပ်နိုင်တော့ပဲ မျှော်စင်ထဲကနေ အရမ်းကို လျင်မြန်စွာနဲ့ ထွက်လာခဲ့ပါတယ်။

Edit with WPS Office

သူက သတ္တမအဆင့်ရဲ့ ဒုတိယ အဆင့်မှာ ကျရှုံးသွားခဲ့ပါတယ်။

ဒီရလဒ်က နောက်တစ်ကြိမ် အုတ်အုတ်ကျက်ကျက် ဖြစ်စေခဲ့ပါတယ်။ မြောက်ပိုင်းအဖွဲ့ အစည်းရဲ့ လက်ရွေးစင်တွေက ဒီတစ်ကြိမ် စမ်းသပ်စစ်ဆေးမှုမှာ မာရှန်းက ပထမ နေရာကို ရသွားပြီလို့ အတည်ပြုလိုက် ကြပါတယ်။ ပြီးတော့ သူ့ကို သူတို့ရဲ့ ကိုယ်ပိုင်တပည့်အဖြစ် ရွေးချယ်ချင် နေကြပါတယ်။

မာရှန်းက လက်မခံပါဘူး။ အရမ်းကို ဂုဏ်ယူပြီး ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုတဲ့ ပုံစံမျိုး ပေါ်နေပါတယ်။ အဲဒါက သူ့ကို လက်ရွေးစင်တွေက ပိုပြီးတော့တောင် ကျေနပ်စေပါတယ်။ အနာဂတ် လက်ရွေးစင်က စိတ်ကြီးဝင်ပြီးတော့ ယုံကြည်မှု ပြည့်နေတာက သဘာဝပဲ မဟုတ်လား။

“အချိန်ကျပြီထင်တယ်။ ငါလည်းသွားသင့်ပြီ”

Edit with WPS Office

လင်းဟန်က ပြောလိုက်ပါတယ်။

Chapter 895 end

အပိုင်း(896) မျှော်စင်ထဲကို ဝင်ရောက်ခြင်း

မာရှန်းထွက်လာပြီးတဲ့ နောက်မှာတော့ စမ်းသပ်စစ်ဆေးမှု ခံယူတဲ့ လူအရေအတွက်က နည်းသထက် နည်းလာခဲ့ပါတယ်။

စမ်းသပ်မှု မအောင်မြင်တဲ့ လူတွေကို သင်တန်းကျောင်းကနေ တန်းပြီးတော့ နှင်ထုတ်လိုက်ပြီး စမ်းသပ်မှု အောင်မြင်တဲ့သူတွေကတော့ ကွင်းပြင်ကျယ်ရဲ့ တစ်ဖက်မှာ ရပ်နေကြပါတယ်။ စုစုပေါင်း လူသုံးရာကျော် ရှိပါလိမ့်မယ်။ ဝင်ခွင့်စမ်းသပ်စစ်ဆေးမှုကို လာဖြေတဲ့ အရေအတွက်နဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီအရေအတွက်က သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်း ပါတယ်။

ဝင်ခွင့်အတွက် စမ်းသပ်စစ်ဆေးမှု လာရောက်ခံယူတဲ့ အရေအတွက်က တစ်သောင်းလောက် ရှိပြီးတော့ ရောမ

Edit with WPS Office

ကွင်းကြီးထဲမှာ ရပ်နေကြပြီး သူတို့ပုံစံက ကြောင်တိကြောင်တောင် နိုင်ပါတယ်။

လီဝေဂျရဲ့ အဆင့်အတန်းက ထူးကဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမက စမ်းသပ်စစ်ဆေးမှု ခံယူပြီးတဲ့ နောက်မှာ ပြန်လာနိုင်လို့ ဖြစ်ပါတယ်။ လင်းဟာန်က စမ်းသပ်စစ်ဆေးမှု ခံယူတော့မယ် ဆိုတာကို ကြားပြီးတော့ စိတ်လှုပ်ရှားလာပြီး ပြောလိုက်ပါတယ်။

"သွားသွား နင်အရက်တကွဲ အကျိုးနည်း ဖြစ်မှာကို ငါမစောင့်နိုင်တော့ဘူး"

"မင်းမှာ အဲဒီလို အခွင့်အရေးမျိုး ရှိမှာမဟုတ်ဘူး"

လင်းဟာန်က ပြုံးလိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို ယုံကြည်မှုတွေ ရှိနေပုံ ပေါ်ပါတယ်။

Edit with WPS Office

"ဟင့်"

လီဝေဂက မျက်စောင်းတစ်ချက် ထိုးလိုက်ပါတယ်။ ဒီကောင်က ကမ္ဘာငယ်လေး တစ်ခုကနေ တက်လာပြီး အရင်တုန်းက ကြယ်ဖြူမျှော်စင်ကို တစ်ခါမှ မရောက်လာနိုင်ပါဘူး။ ဒါကြောင့် မျှော်စင်ထဲက စမ်းသပ်စစ်ဆေးမှုက ဘယ်လိုပုံစံ ရှိလဲဆိုတာကို လုံးဝသိပုံ မရပါဘူး။ ဒါတောင်မှ သူက ဘယ်ကနေ ဒီလိုမျိုး ယုံကြည်ချက်တွေ ရလာတာလဲ။

အဲဒီအချိန်မှာ သူမရဲ့ မျက်လုံးတွေက အမြင်စူးရှစွာနဲ့ ပြိုင်ပွဲကွင်းထဲကို ရောက်လာတဲ့ မိန်းမပျိုလေး တစ်ယောက်ကို လှမ်းမြင်လိုက်ပါတယ်။ သူမက အဲဒီမိန်းကလေးဆီကို အပြေးအလွှား ပြေးသွားလိုက်ပါတယ်။

"အစ်မယွင်"

ဒီအမျိုးသမီးက အဖြူရောင် ဂါဝန်ရှည်ကြီးတစ်ထည်ကို

Edit with WPS Office

ဂတ်ဆင်ထားပြီးတော့ ဆံထိုးတစ်ချောင်း ထိုးထားပါတယ်။ သူမကိုယ်ပေါ်မှာ တခြားအဆင်တန်ဆာ မရှိပဲ ခပ်ရိုးရိုးလေး ပုံစံပါပဲ။ သူမက တကယ့်ကို သဘာဝအတိုင်း လှပတဲ့ သူတစ်ယောက် ဖြစ်ပြီးတော့ သာမန်လူအများရဲ့ အထက်က နတ်သမီးလေး တစ်ပါးလိုမျိုး တင့်တယ်ပြီး ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံသူ တစ်ယောက် ဖြစ်ပါတယ်။

တခြားဘာအဆင်တန်ဆာကိုမှ ဂတ်ဆင်ဖို့ မလိုအပ်ပါဘူး။ အဲဒါက သူမရဲ့ အေးဆေးတည်ငြိမ်ပြီး ထူးခြားတဲ့ အလှတရားကို ထိခိုက်စေပါလိမ့်မယ်။

သူမက ကျိုယွင်လို့ ခေါ်ပြီးတော့ အင်ပါယာမြို့တော်ရဲ့ လူငယ်မျိုးဆက် အထဲက အလှဆုံး မိန်းကလေး သုံးယောက်ထဲက တစ်ယောက်ဖြစ်ပါတယ်။ သူမကို ချစ်ခင်နှစ်သက်တဲ့ သူတွေကို တန်းစီခိုင်းလိုက်ရင် ဧရာမ အင်ပါယာမြို့တော်ကြီးကိုတောင် သုံးကြိမ်လောက် ဝိုင်းထားလို့ ရနိုင်ပါတယ်။ သူမရဲ့ နောက်ခံက လီဝေဂလောက် အစွမ်းမထက်ပေမဲ့ သူမကို ချစ်ရေးဆိုတဲ့ သူတွေက လုံးဂကို လျော့လိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ကျိုယွင်က သူမရဲ့ခေါင်းကို ညိတ်ပြီးတော့ မေးလိုက်ပါတယ်။

"ဝေဂ စမ်းသပ်စစ်ဆေးမှုကို နင်ဖြတ်ကျော်ပြီးပြီလား"

"အင်း"

လီဝေဂက ခေါင်းညိတ်ပြလိုက်ပါတယ်။

"အစ်မယွင် ဘာဖြစ်လို့ နင်က အရမ်းကို နောက်ကျနေတာလဲ။
ငါထင်ထားတာက နင့်စိတ်ကို ပြောင်းပြီးတော့
နောက်ငါးနှစ်အကြာမှာ ကျင်းပမဲ့ အရှေ့ဖက် အဖွဲ့အစည်းရဲ့
ဂင်ခွင့်စစ်ဆေးမှုကို စောင့်နေဖို့ ကြံစည်ထားတယ်လို့ ထင်နေတာ"

ကျိုယွင်က မထင်မှတ်ပဲ မျက်ခုံးပင့်လိုက်မိပါတယ်။ ဒါပေမဲ့
ချက်ချင်းပဲ ပြန်ပြေသွားပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ငါက နင်နဲ့အတူ စမ်းသပ်စစ်ဆေးခံဖို့ ကတိပေးထားတယ်လေ။ ဒါကြောင့် ငါ့စကားကို ငါဘယ်လိုလုပ်ပြီး ချိုးဖောက်နိုင်မှာလဲ။ ကောင်းပြီလေ။ အခုမပြောသေးနဲ့ဦး။ ငါစမ်းသပ် စစ်ဆေးမှု သွားခံယူလိုက်ဦးမယ်"

"ကောင်းပြီလေ"

လီဝေဂက ရုတ်တရက်သူမရဲ့လက်ကို ဖော့ယမ်းပြီးတော့ ကြေညာလိုက်ပါတယ်။

"အစ်မယွင် ကြိုးစားထား။ နင်က အဲဒီအစွမ်းပြပွဲ ကျောက်တုံးခေါင်းကို သေချာပေါက် ရိုက်ပစ်ခဲ့မှာပဲ"

ကျိုယွင်က ကျောက်တုံးခေါင်းဆိုတာ ဘယ်သူလဲ မသိပါဘူး။ သူမက ကျက်သရေရှိတဲ့ ခြေလှမ်းတွေနဲ့အတူ ကြယ်ဖြူမျှော်စင်ဆီကို လျှောက်လာခဲ့ပါတယ်။ သူမက ညစ်ပတ်မှု မရှိတဲ့ တိမ်တိုက်တစ်ခုလိုမျိုး တင့်တယ်လှပပြီး သူမကို

Edit with WPS Office

မုန်းတီးနေတဲ့ လူတွေတောင်မှ သူမကို တွေ့မြင်လိုက်ရင် အမြင်တွေ ပြောင်းလဲသွားနိုင်ပါတယ်။

မာရှန်းရဲ့ မျက်လုံးတွေလည်း အရောင်တွေ တောက်ပလာခဲ့ပြီး စိတ်ဂင်စားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့က အသာအယာ ပြုံးပြီးတော့ မကောင်းဆိုးဝါးဆန်မှ အနည်းငယ်ကို ခံစားနိုင်ပါတယ်။

ထောင့်မှာရှိတဲ့ ချန်ဟောင်ဖေးလည်း ကြယ်ဖြူမျှော်စင်ဆီကို လျှောက်လာခဲ့ပါတယ်။ အချိန်ကျ ပါပြီ။ တကယ်လို့ သူက မလုပ်ရှားသေးဘူးဆိုရင် အစွမ်းပြလို့ မရတော့ပါဘူး။ အဲဒီလိုသာဆို ဒီတစ်ကြိမ် ဂင်ခွင့်စမ်းသပ်စစ်ဆေးမှုကို သူလွဲချော်သွား ပါလိမ့်မယ်။

ဒါက နောက်ဆုံးအုပ်စု ဖြစ်ပါတယ်။ ပြီးတော့ တချိန်တည်းမှာပဲ အမြင့်ဆုံး အရည်အသွေးရှိတဲ့ အုပ်စုဖြစ်ပါတယ်။
တတိယအဆင့်က ထပ်ခါထပ်ခါ အရောင်တွေ တောက်ပလာခဲ့ပြီး စတုတ္ထအဆင့်တောင် အခုဆို အကြိမ်ရေ အများကြီး တောက်ပလာပြီး စမ်းသပ်စစ်ဆေးမှုကို ကျော်ဖြတ်နိုင်တဲ့

Edit with WPS Office

အရေအတွက်က တဖြည်းဖြည်းနဲ့ တစ်ရာကျော်လာခဲ့ပါပြီ။

ဒါပေမဲ့လည်း ပဥ္စမအဆင့်ကတော့ အကြောက်အကန်ကို ငြင်းဆန်နေတဲ့အတိုင်းပဲ လုံးဝကို မလင်းလက်လာသေးပါဘူး။

လင်းဟန်က မျှော်စင်ထဲကို လမ်းလျှောက်လာခဲ့ပြီး ချက်ချင်းဆိုသလို သူ့ဘေးနားက လူတွေ အားလုံးက ပျောက်ကွယ်သွားခဲ့ပါတယ်။ နောက်ပြီး အနောက်ဘက်က ဆူညံသံတွေကိုလည်း သူက ထပ်ပြီးတော့ မကြားတော့ပါဘူး။

သူက လုံးဝကို လွတ်လပ်တဲ့ နေရာတစ်ခုကို ဝင်လာခဲ့ပါတယ်။

သူ့အရှေ့မှာ ရုတ်တရက် ကျောက်ခန်းငယ်လေး တစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒီမှာ ကျောက်စားပွဲ တစ်ခုပဲ ရှိပြီးတော့ စားပွဲပေါ်မှာ ကျောက်စိမ်းပြားတစ်ခု ရှိနေပါတယ်။

Edit with WPS Office

"ပထမအလွှာ ပထမအဆင့် နားလည်သဘောပေါက်မှုရဲ့
စမ်းသပ်မှုတစ်ခု"

အသံတစ်ခု ထွက်ပေါ်လာခဲ့ပြီး အသံထဲမှာ မည်သည့်ခံစားချက်မျှ
မပါဝင်ပဲ အေးစက်နေပါတယ်။

ကြယ်ဖြူမျှော်စင်ရဲ့ ပစ္စည်းစိတ်ဝိညာဉ်။

နတ်ဘုရား ပစ္စည်းတစ်ခုက နတ်ဘုရား ပစ္စည်း တစ်ခုပါပဲ။
မျှော်စင်လေးက လွဲပြီးတော့ တခြားစိတ်ဝိညာဉ် ပစ္စည်းတွေက
စကားပြောတာကို လင်းဟန်က ဘယ်တုန်းကမှ မကြားဖူးခဲ့ပါဘူး။

"လပြွတ်ပဲ။ အဆင့်နိမ့် နတ်ဘုရားပစ္စည်းတစ်ခု။ ငါ့ဖိနပ်ကို
ကိုင်ဖို့တောင် မသင့်တော်ဘူး"

မျှော်စင်လေးက အရမ်းကို စိတ်ကြီးဝင်တဲ့ ဟန်ပန်အမူအရာနဲ့

Edit with WPS Office

ပြောလိုက်ပါတယ်။

လင်းဟာန်က အာရုံစိုက်ပြီးတော့ မေးလိုက်ပါတယ်။

"ငါတို့ ဘယ်လိုမျိုး စမ်းသပ်ခံရမလဲ"

"ဒီကျောက်စိမ်းပြားပေါ်မှာ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုရဲ့ တစ်ပိုင်းရှိတယ်။ မင်းက အဲဒါကို မိနစ်သုံးဆယ် အချိန်အတွင်းမှာ အနက်ဖော်နိုင်ရင် စမ်းသပ်မှုအောင်မြင်ပြီ။ မင်းက အချိန်တိုတို အတွင်းမှာ အောင်မြင်ရင် မင်းရဲ့ရလာဒ်က ပိုကောင်းမယ်"

ပစ္စည်းစိတ်ဝိညာဉ်က အေးစက်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။ ဒီနတ်ဘုရား ပစ္စည်းထဲမှာ သူ့ကိုယ်သူ သန်းပေါင်းများစွာ ခွဲခြားနိုင်ပြီး လူပေါင်းတစ်သောင်းကို တပြိုင်နက်တည်း ဆက်သွယ်ဖို့ဆိုတာ အရမ်းကို လွယ်ကူပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ရဲ့သိချင်စိတ်ကို မထိန်းနိုင်ပဲ မေးခွန်းထုတ်လိုက်ပါတယ်။

"ဒီမှာ စံချိန်တစ်ခုကို ချိုးဖြတ်တယ်ဆိုတာ ရှိလား။ ပြီးတော့ စံချိန်ကို ချိုးနိုင်တဲ့အတွက် ဆုလာဘ်တွေရော ရှိလား"

"စံချိန်ချိုးတယ်ဆိုတာတော့ ရှိတယ်။ ဒါပေမဲ့ အဲဒီအတွက် ဆုလာဘ်တော့ မရှိဘူး။ မင်းရဲ့ နာမည်ကို ဒီနေရာမှာပဲ မှတ်ကျောက်တင်တာ တစ်ခုပဲ ရှိမယ်"

ပစ္စည်းစိတ်ဝိညာဉ်က ပြန်ဖြေလိုက်ပါတယ်။

"မင်းရဲ့ အရှေ့က နံရံအပေါ်မှာ နာမည်ဆယ်ခု ရေးထွင်းထားတာ တွေ့လိမ့်မယ်။ ပြီးတော့ သူတို့က အချိန်အနည်းဆုံး ယူခဲ့တဲ့ လူဆယ်ယောက်ပဲ။ တကယ်လို့ တစ်စုံတစ်ယောက်က သူတို့ရဲ့ စံချိန်တွေကို ကျော်လွန်နိုင်မယ်ဆိုရင် နာမည်တစ်ခု အစားထိုးသွားလိမ့်မယ်"

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒါဆိုရင် စံချိန်ကို ချိုးဖျက်စရာအချက် မရှိပါဘူး။

"မင်းစနိုင်ပြီ"

ပစ္စည်းစိတ်ဝိညာဉ်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ တကယ်လို့ ဒါက တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေမယ်ဆိုရင် သူက လင်းဟန်ရဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး စိတ်ရှုပ်မှာ မဟုတ်ပဲ တစ်စုံတစ်ယောက်ကို ရိုက်နှက်ပစ်ချင်စိတ်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ နတ်ဘုရား ပစ္စည်းကတော့ သင်္ကေတတွေကြောင့် စိတ်ခံစားချက်တွေ နည်းနည်းလေးမှ လျော့သွားတာမျိုး ဒေါသထွက်လာတာမျိုး ရှိမှာမဟုတ်ပါဘူး။

လင်းဟန်က ကျောက်စားပွဲဆီကို လျှောက်လာပြီးတော့ မြေပေါ်မှာ ထိုင်ချလိုက်ပါတယ်။ သူက ကျောက်စိမ်းပြားကို ကောက်ယူပြီးတော့ သူ့နတ်ဘုရား အာရုံကို ကျောက်စိမ်းပြားထဲ သွတ်သွင်း လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရေးဟောင်းစာလုံးတွေ ထွက်ပေါ်လာပြီး သူ့စိတ်ထဲမှာ ရစ်ဝဲလို့ နေပါတယ်။

Edit with WPS Office

ဒီလိုမျိုး ကျင့်ကြံခြင်း နည်းစနစ်ကို စိတ်ထဲမှာ တန်းပြီးတော့ ဂင်ရောက်အမွေဆက်ခံခြင်းက စာနဲ့ရေးပြလို့ မရသလို စကားလုံးနဲ့လည်း ဖော်ပြလို့ မရနိုင်ပါဘူး။ လူတစ်ယောက်က တကယ်ပဲ အဲဒါကို နားလည်လာတဲ့ အချိန်မှာ သူက အဲဒါနဲ့ ပတ်သက်ပြီး အကြမ်းဖျင်း ဖော်ပြနိုင်စွမ်း ရှိလာပါလိမ့်မယ်။

အကြမ်းဖျင်း ဖော်ပြချက် တစ်ခုကို ရေးမှတ်ထားပေမဲ့ အဲဒါက ကျင့်ကြံခြင်း နည်းစနစ် တစ်ခုလုံး မဟုတ်ပါဘူး။ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုဆိုတာက လေးနက်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပြီးတော့ အပြစ်အနာအဆာ နည်းနည်းလေးမှ မရှိပါဘူး။

လင်းဟန်က သူ့မျက်လုံးကို အသာအယာ ပိတ်ပြီးတော့ ကျောက်စိမ်းပြာကို ပြန်ချထားပြီး ပြောလိုက်ပါတယ်။

"ဒါက လက်သည်းနည်းစနစ် တစ်ခုပဲ။ ဒါပေမဲ့ ဒါက တော်တော်လေးကို ဆိုးဆိုးဝါးဝါး ပျက်စီးနေပြီ။ ဒီမှာ နစ်ကွက်နဲ့

Edit with WPS Office

တစ်ဂက်ပဲ ကျန်တော့တယ်။ ပြီးတော့ မူလစွမ်းအင်ရဲ့ လုပ်ရှားမှု
အတွက် ပြီးပြည့်စုံတဲ့ လမ်းကြောင်းတစ်ခု မရှိဘူး။
တိုက်ကွက်တွေကို လျစ်လျူရှုပြီးတော့ အဲဒါက
ဘာနဲ့တူလဲဆိုရင်........"

လင်းဟန်က အကြိမ်အနည်းငယ်မျှ လက်သည်းသိုင်းကွက်
နှစ်ကွက်နဲ့ တစ်ဂက်ကို လက်ဟန်ခြေဟန်နဲ့ ဖော်ပြလိုက်ပါတယ်။
ဒါပေမဲ့ တိုက်ကွက်ထဲမှာ မူလစွမ်းအင် အသုံးပြုမှု နည်းနည်းမှ
မပါဂင်ပါဘူး။ အဲဒါက အခက်အခဲ မရှိခဲ့ပါဘူး။

ပစ္စည်းစိတ်ဝိညာဉ်က ခဏရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီသိုင်းပညာရပ် နည်းစနစ်က အရမ်းကို အဆင့်နိမ့်တဲ့
အဆင့်ဆိုပေမဲ့ မင်းရဲ့ နားလည်နိုင်စွမ်းက အရမ်းကို မြင့်မားတယ်။
မင်းက နံပတ်ဆယ့်သုံးမှာ အဆင့်ချိတ်လိမ့်မယ်။ ဒါပေမဲ့ မင်းရဲ့
နာမည်ကို ချန်ထားလို့ မရနိုင်ဘူး"

Edit with WPS Office

ဟင်။

ပထမတော့ လင်းဟန်က စံချိန်ကို ချိုးဖျက်ဖို့ လုံးဝ စိတ်မဝင်စားခဲ့ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ အမြန်နှုန်းက အဆင့်ဆယ့်သုံးပဲ ချိတ်နိုင်တယ် ဆိုတာကို ကြားလိုက်ရတဲ့ အချိန်မှာတော့ သူ့စိတ်ထဲက ယှဉ်ပြိုင်လိုတဲ့ စိတ်တွေက တဖွားဖွား မြင့်တက်လာခဲ့ပါတယ်။

သူက ဒီနေရာကို သူ့ကိုယ်သူ ရှေ့ကလူတွေနဲ့ နိုင်းယှဉ်ဖို့ အသုံးပြု နိုင်ပါတယ်။ ကောင်းကင်နီ သင်တန်းကျောင်းက နှစ်သန်းပေါင်းများစွာ တည်ဆောက်လာခဲ့ပီး ဒီနေရာကနေက လက်ရွေးစင် ပါရမီရှင်တွေက တစ်ကြိမ်မှာ ဘယ်လောက်များများ ထွက်ပေါ်လာလိမ့်မလဲ။ သူတို့ထဲက အများစုဟာ လက်ရှိမှာ အင်ပါယာအတွက် အထောက်အပံ့ ထောက်တိုင်တွေ ဖြစ်နေပါပြီ။

"မင်း ဒုတိယ အဆင့်ကို သွားလို့ရပြီ"

Edit with WPS Office

ပစ္စည်းစိတ်ဝိညာဉ်က ပြောလိုက်ပါတယ်။ အရှေ့က နံရံက ပျောက်ကွယ်သွားပြီး စကြ်္ဂလမ်းတစ်ခု ပေါ်လာခဲ့ပါတယ်။

လင်းဟန်က လမ်းလျှောက်သွားပြီး စကြ်္ဂန်လမ်းရဲ့ အဆုံးမှာ နောက်ထပ် ကျောက်တုံးအခန်းတစ်ခု ရှိနေတာကို တွေ့မြင်လိုက်ပါတယ်။ ပထမ အခန်းလိုပဲ ကျောက်စားပွဲတစ်ခုနဲ့ အဲဒီအပေါ်မှာ ကျောက်စိမ်းပြားတစ်ခု ရှိနေပါတယ်။

သူက စမ်းသပ်မှုကို နောက်တစ်ကြိမ် လုပ်ရဦးမှာလား။

"မင်းရဲ့ စိတ်ဝိညာဉ် စွမ်းအင်ကို အသုံးပြုပြီးတော့ ဒီကျောက်စိမ်းပြားကို ဖျက်ဆီးပစ်ဖို့ မင်းမှာ အခွင့်အရေး သုံးကြိမ်ပဲ ရှိမယ်"

ပစ္စည်းစိတ်ဝိညာဉ်ရဲ့ အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

ဒီတစ်ကြိမ် စိတ်ဝိညာဉ် ခွန်အားနဲ့ ဖွဲကို စမ်းသပ်စစ်ဆေးမှ တစ်ခု ဖြစ်ပါတယ်။

တကယ်လို့ စိတ်ဝိညာဉ်က လုံလုံလောက်လောက် မသန်မာခဲ့ဘူးဆိုရင် အားမရှိပဲ လက်သီးထိုး နေတာနဲ့ တူပါလိမ့်မယ်။ ပြီးတော့ ဖွဲမရှိဘူးဆိုရင် တကယ်လို့ လူတစ်ယောက်ရဲ့ လက်သီးတွေက တို့ဖူးတွေနဲ့ လုပ်ထားသလိုမျိုး ဖြစ်နေပါတယ်။ ဘယ်လောက်ပဲ ခွန်အားရှိရှိ သူ့ကိုယ်ပိုင် တိုက်ခိုက်မှုကြောင့်လည်း ပျက်စီးသွားနိုင်ပါလိမ့်မယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကနေ ကျင့်ကြံသူတွေက သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို စတင်ပြီး ကျင့်ကြံနိုင်ပါလိမ့်မယ်။ ဒါက တန်ခိုးရှင် အဆင့်ကို တက်ရောက်ဖို့အတွက် ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ လီဝေဂနဲ့ တခြားသူတွေက ကလေးဘဝ အရွယ်ကတည်းက အမျိုးမျိုးသော ရတနာ ပစ္စည်းတွေနဲ့ သူတို့ရဲ့ စိတ်ဝိညာဉ်တွေကို ပြုစုပျိုးထောင်ခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့ စိတ်ဝိညာဉ်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာပြီး ဒဏ်ခံနိုင် လာပါတယ်။

Edit with WPS Office

ဒါကြောင့်လည်း လီဝေဂက လင်းဟန်နဲ့ ပတ်သက်ပြီး မျှော်လင့်ထားခြင်း မရှိပါဘူး။ သူတို့ရဲ့ စမှတ်တွေ အကြားက ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။ လင်းဟန်က ပထမ အဆင့်သုံးခုကို ဖြတ်ကျော်နိုင်ရင်တောင် ရလဒ်ကောင်းတစ်ခု ရရှိဖို့ဆိုတာ သူ့အတွက်တော့ မိုးကောင်းကင်ကို ထိတွေ့ရသလိုမျိုး ခက်ခဲပါလိမ့်မယ်။

အင်အားစုတွေရဲ့ ချမ်းသာကြွယ်ဝမှု စွမ်းအားက ဒီလိုမျိုး နယ်မြေထဲမှာ သိသာထင်ရှားတဲ့ သက်သေခံ အထောက်အထားတွေပဲ ဖြစ်ပါတယ်။ ဥပမာ လီဝေဂက ပဉ္စမအဆင့်မှာ ဘာဖြစ်လို့ ကျရှုံးသွားရတာလဲ။ ဘာကြောင့်လဲဆိုတော့ သူမရဲ့ စိတ်ဝိညာဉ်က လုံလုံလောက်လောက် မသန်မာတာနဲ့ သူမရဲ့ ပါရမီက မလုံလောက်တာကြောင့် မဟုတ်ပေမဲ့ သူမမှာ တိုက်ပွဲ အတွေ့အကြုံ အရမ်းကို နည်းပါးနေတဲ့ အချက်ကြောင့် ဖြစ်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးလိုက်ပါတယ်။ သူ့ရဲ့စိတ်ဝိညာဉ်က ဘယ်လိုလုပ်ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာရဲ့ လူငယ်မျိုးဆက်သစ်

Edit with WPS Office

အဖွဲ့ဝင်တွေကို ရှုံးနိုင်မှာလဲ။

Chapter 896 end

အပိုင်း(897) စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမြင့်ဆုံး ခွန်အား

လင်းဟန်က ကျောက်စိမ်းပြားကို ကြည့်လိုက်ပြီး အတွေးတစ်ချက်နဲ့ စိတ်ဂိညာဉ် စွမ်းအင် စီးကြောင်း တစ်ခုက ပန်းထွက်လာပြီး ကျောက်စိမ်းပြားဆီကို ဦးတည်သွားပါတယ်။

ဒါက စိတ်ဂိညာဉ်ရဲ့ ခွန်အားဖြစ်ပါတယ်။

စိတ်ဂိညာဉ်က အခြေအနေ တစ်ခုအထိ သန်မာသွားတဲ့ အခါမှာ အတွေးတစ်ချက်တည်းနဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို လှုပ်ရှားနိုင်စွမ်း ရှိလာပါလိမ့်မယ်။ ပြီးတော့ ရောမ ဂြိုလ်ကြီးတစ်ခုကိုတောင် ဖျက်ဆီးပစ်နိုင်စွမ်း ရှိလာပါတယ်။ ဟုတ်ပါတယ်။ အဲဒါက မူလဇာစ်မြစ်အဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်ကပဲ လုပ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ လင်းဟန်က အဲဒီအဆင့်နဲ့ အရမ်းကို ဝေးကွာလွန်းနေဆဲပါပဲ။

ခလွမ်။

ကျောက်စိမ်းပြားက ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း

Edit with WPS Office

ကွဲကြေသွားခဲ့ပါတယ်။

လင်းဟန်က အသာအယာ ပြုံးလိုက်ပါတယ်။ သူက အတွေးတစ်ချက်နဲ့ ဂြိုလ်တစ်ခုကို ဖျက်ဆီးပစ်နိုင်ဖို့ အရမ်းကို ဝေးကွာနေပါသေးတယ်။ ဒါပေမဲ့ ကျောက်စိမ်းပြားလေး တစ်ခုကို ပျက်စီးသွားစေဖို့ ဆိုတာက ဘယ်လောက်များ ခက်ခဲလို့လဲ။ နောက်ပြီးတော့ သူက သာမန်ကာ လျှံကာ တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်လိုက်တာ ဖြစ်ပြီးတော့ ဓားနှလုံးသားကိုတောင် အသုံးမပြုခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ စိတ်ဝိညာဉ် စွမ်းအားက ပိုပြီးတော့တောင် ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေပါလိမ့်မယ်။

ဒါက ဘာဖြစ်လို့လဲဆိုတော့ သူဟာ ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ကို သောက်ခဲ့လို့ ဖြစ်ပါတယ်။ တကယ်လို့ အဲဒါက တစ်ငုံ့ပဲ ဆိုရင်တောင်မှ သူ့ရဲ့လက်ရှိ စိတ်ဝိညာဉ် ခွန်အားက သေချာပေါက် ဒီကမ္ဘာကြီးထဲက တခြားစကြာဝဠာ ဖျက်ဆီးခြင်းအဆင့်တွေထက် အားနည်းမှာ မဟုတ်ပါဘူး။

"မင်းလှုပ်ရှားမှု လုပ်ဖို့ ဘယ်လောက် အကွာအဝေးကနေ လုပ်ရမယ်ဆိုတာကို ငါမပြောရ သေးဘူးလေ"

ပစ္စည်းစိတ်ဝိညာဉ်က ရုတ်တရက် ပြောလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က အိုးတိုးအတ ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက အရမ်းနီးသွားလား"

ဒါဆိုရင်လည်း နောက်ထပ် ကျောက်စိမ်းပြား တစ်ခုကို ထုတ်လိုက်ပေါ့။

"မဟုတ်ဘူး။ မင်းအောင်မြင်တယ်"

ပစ္စည်းစိတ်ဂိညာဉ်က ပြောလိုက်ပါတယ်။

"စည်းမျဉ်းစည်းကမ်းတွေအရ မင်းက ခြေသုံးလှမ်းအကွာအဝေး အတွင်းကနေ မင်းရဲ့ စိတ်ဂိညာဉ် စွမ်းအားကို ထုတ်ပြီးတော့ ကျောက်စိမ်းပြားကို ဖျက်ဆီးပစ်နိုင်တယ်"

လင်းဟန်က အေးစက်တဲ့ ချွေးစေးတွေ ပျံလာသလို ခံစားလိုက်ရပါတယ်။ ဒီပစ္စည်း စိတ်ဂိညာဉ်က မျှော်စင်လေးလိုမျိုး ခံစားချက်ကို ပေးရတာလဲ။ ဒီပစ္စည်းစိတ်ဂိညာဉ်မှာလည်း အေးစက်တဲ့ အမူအရာမျိုး ရှိနေပါတယ်။

"ထို့ ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ ငါနဲ့ယှဉ်လို့ ရမှာလဲ"

အဲဒီအချိန်မှာ မျှော်စင်လေးက နောက်တစ်ကြိမ် မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်ပါတယ်။ သူက တခြား မျှော်စင်ပုံစံ စိတ်ဂိညာဉ် ပစ္စည်းတွေကို သဘောမကျဆုံး

Edit with WPS Office

ဖြစ်ပါတယ်။

"မင်း တတိယ အဆင့်ကို တက်သွားနိုင်ပြီ"

ပစ္စည်းစိတ်ဂိညာဉ်က ပြောလိုက်တယ်။ နံရံက နောက်တစ်ကြိမ် ပျောက်ကွယ်သွားပြီး နောက်ထပ် စကြ်န်လမ်းတစ်ခု ထပ်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က စကြ်န်လမ်းရဲ့ အဆုံးထိကို လျှောက်သွားပြီး သူ့အရှေ့မှာ နောက်ထပ် ကျောက်တုံး အခန်းငယ်တစ်ခု ရှိနေပါတယ်။ ဒါပေမဲ့လည်း အရင် အခန်းနှစ်ခုနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် ဒီအခန်းက အဆတစ်ရာလောက် ပိုပြီးတော့ ကြီးပါတယ်။ ကျောက်တုံး အခန်းငယ် တစ်ခုလို့ ခေါ်မဲ့အစား ပြိုင်ပွဲကွင်းတစ်ခုလို့ ခေါ်ဆိုတာက ပိုပြီးတော့ သင့်တော်ပါလိမ့်မယ်။

"သူ့ရဲ့ တိုက်ကွက်ဆယ်ကွက်ကို တားဆီးနိုင်ရင် မင်းအောင်မြင်တယ်"

ပစ္စည်းစိတ်ဂိညာဉ်က ပြောလိုက်ပါတယ်။ ကြယ်ရောင်တလက်လက် တောက်ပသွားပြီး လူသား တစ်ယောက်ပုံစံ အဖြစ်ကို ပြောင်းလဲသွားပါတယ်။

ဒါက အလင်းရောင် အစက်အပြောက်တွေနဲ့ ပြုလုပ်ထားတဲ့

Edit with WPS Office

လူသားတစ်ယောက်ရဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ တစ်ခုပြောနိုင်တာက ဒါက အမျိုးသား တစ်ယောက်ရဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ သူက အရပ်မြင့်မြင့်နဲ့ ပိန်သွယ်တဲ့ ခန္ဓာကိုယ်တစ်ခု ရှိပြီးတော့ သူ့ရဲ့ မျက်နှာသွင်ပြင်ကိုတော့ တိတိကျကျနဲ့ မမြင်နိုင်ပါဘူး။

"လူငယ်လေး။ မင်းရဲ့တိုက်ကွက်ကို ထုတ်ပါ"

ကြယ်ရောင်တောက်ပနေတဲ့ ယောက်ျားက ပြောလိုက်ပြီး သူ့အသံက ရှင်းလင်းပီသကာ ကျယ်လောင်ပါတယ်။ သူ့အသံထဲမှာ ဩဇာအာဏာအမျိုးအစား တစ်ခုကို ပိုင်ဆိုင်ထားပြီး တခြားသူတွေကို သူ့အလိုကို လိုက်စေနိုင်တဲ့ အစွမ်းတစ်ခု ပိုင်ဆိုင်ထားပါတယ်။

လင်းဟန်က အံ့အားသင့် သွားပြီးတော့ ပြောလိုက်မိတယ်။

"ဘာဖြစ်လို့ ဒီပုံရိပ်က တကယ့်လူသား အစစ် တစ်ယောက်နဲ့ တူနေရတာလဲ"

ပုံပန်းသွင်ပြင်တင်မက အမူအရာပါ တုံ့ပြန်မှုနဲ့ တည်ရှိမှုတွေရော ဖြစ်ပါတယ်။

"ဒါက လက်ရွေးစင် တစ်ယောက် ချန်ထားခဲ့တဲ့ စိတ်ဝိညာဉ် အမှတ်အသားကနေ ဖြစ်ပေါ်လာတဲ့ ပုံရိပ်ပဲ"

Edit with WPS Office

ပစ္စည်းစိတ်ဂိညာဉ်က ပြောလိုက်တယ်။

"သမိုင်းတစ်လျှောက် ပါဂင်ယှဉ်ပြိုင်သူ အားလုံးမှာ အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည်ရှိတဲ့ လူတစ်ယောက်ပဲ သူ့ရဲ့ စိတ်ဂိညာဉ် အမှတ်အသားကို ချန်ထားခဲ့နိုင်စွမ်း ရှိလိမ့်မယ်။ အဲဒီနောက်ပိုင်း ဂင်လာတဲ့ လူတွေအတွက် စမ်းသပ်စစ်ဆေးမှု တစ်ခု ဖြစ်လာမယ်"

လင်းဟန်က အခုဆိုရင် ပိုပြီးတော့တောင် စိတ်ဂင်စားလာပြီးတော့ မေးလိုက်ပါတယ်။

"အဲဒီလိုလား ဒါဆိုသူက ဘယ်သူလဲ"

"ကလန်တစ်ခုက ရှရန်"

ကြယ်ရောင်တောက်ပတဲ့ လူသားပုံရိပ်က ပြောလိုက်ပါတယ်။

"ရှရန်။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသိန်းတုန်းက သင်တန်းကျောင်းကို ဂင်ရောက်လာပြီး သမိုင်းထဲမှာ အကြီးကျယ် အမြင့်မြတ်ဆုံး ပါရမီရှင်အဖြစ် လူသိများ ထင်ရှားတယ်။ သူက နှစ်ပေါင်းသုံးရာ နောက်ပိုင်းမှာ သင်တန်းကျောင်းကနေ ထွက်သွားပြီး ကမ္ဘာကြီးထဲကို တစ်ယောက်တည်း လျှောက်သွားပြီးတော့ သူ့ရဲ့ သတင်းတွေကို မကြားရတော့ဘူး"

ပစ္စည်းစိတ်ဂိညာဉ်က ပြောလိုက်ပါတယ်။

Edit with WPS Office

"ဒီသန်းပေါင်းများစွာသော နှစ်တွေထဲမှာ ဘယ်သူမှ သူ့ကို မကျော်ဖြတ်နိုင်ဘူးလား"

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။

"သူက မွန်းစတား တစ်ယောက်ပဲ"

ပစ္စည်းစိတ်ဝိညာဉ်က သုံးသပ်လိုက်ပါတယ်။

"ကျင့်ကြံခြင်း အဆင့်တူထဲမှာ တခြားသူတွေက သူ့ရဲ့အမြင့်ကိုပဲ ချဉ်းကပ်လာနိုင်မယ်။ သူနဲ့ တန်းတူတော့ မရပ်တည်နိုင်ဘူး။ သူ့ကို ကျော်ဖြတ်ဖို့ဆို ဂေလာဂေးပေါ့။ မင်းက စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စမ်းသပ်မှုနဲ့ပဲ ကြုံတွေ့ရပေမဲ့ သူကတော့ တောင်မြစ်အဆင့်မှာရှိတဲ့ အစောင့်လည်း ဖြစ်တယ်"

ဒီပစ္စည်း စိတ်ဝိညာဉ်က တကယ်ပဲ တောင်မြစ်အဆင့်ရဲ့ နောက်ထပ်စမ်းသပ်မှု တစ်ခုကို လုပ်နိုင်လား။

လင်းဟာန်ရဲ့ မျက်လုံးတွေထဲမှာ တိုက်ပွဲဝင်ချင်တဲ့ စိတ်တွေက မီးဟင်းဟင်းတောက်လို့ လာခဲ့ပါတယ်။ ရှရန်ရဲ့ ကြယ်ရောင်တောက်ပနေတဲ့ ခန္ဓာကိုယ်ကို လက်ညှိုးထိုးပြီးတော့ သူက မေးလိုက်ပါတယ်။

"တကယ်လို့ ငါက သူ့ကို အနိုင်ယူနိုင်ခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ"

Edit with WPS Office

"ဒါဆိုရင်မင်းက လက်ကျန်ရှစ်ဆင့်မှာ တတိယ အဆင့်ကို အလိုအလျောက် ဖြတ်ကျော်သွား လိမ့်မယ်"

ပစ္စည်းစိတ်ဂိညာဉ်က ပြန်ဖြေလိုက်ပါတယ်။

"အထပ်တိုင်းရဲ့ တတိယအဆင့် စမ်းသပ်စစ်ဆေးမှုက သူ့ဆီက တိုက်ကွက်ဆယ်ကွက်ကို ခံနိုင်ရည်ရှိဖို့ပဲလိုတယ်။ ဒါပေမဲ့ အဆင့်ပိုမြင့်လာလေ သူက ပိုပြီးတော့ အစွမ်းထက်လာလိမ့်မယ်။ ပြီးတော့ သူ့တိုက်ကွက်တွေကလည်း ပိုပြီးတော့ ကောင်းလာလိမ့်မယ်"

လင်းဟန်က ယှဉ်ပြိုင်လိုတဲ့ စိတ်ဂိညာဉ်နဲ့ ပြည့်နှက်လို့ နေပါတယ်။ နောက်ဆုံးတော့ သူက အရမ်းကို စိတ်ဂင်စားလာပြီးတော့ ပြောလိုက်တယ်။

"စီနီယာရှ ကျေးဇူးပြုပြီးတော့ တိုက်ကွက်ထုတ်ပါ"

"သတိထား"

ရှရန်က သတိပေးပြီးတော့ လက်ဦးမှု ရယူကာ တိုက်ခိုက်လိုက်ပါတယ်။ သူက လင်းဟန်ရဲ့ ရင်ဘတ်ဆီကို လက်သီးတစ်လုံး ထိုးချလိုက်ပါတယ်။ ဒီတိုက်ကွက်မှာ ဘာပညာရပ်မှ မပါဂင်ပါပဲ အရမ်းကို ရိုးရှင်းပါတယ်။ ဒါပေမဲ့ လက်သီးထွက်ပေါ်လာတာနဲ့ ကျွမ်ကြီး တစ်ခုလုံးက

Edit with WPS Office

လဲပြိုကျသွားသလို ခံစားရပြီး လင်းဟန်က လိုဏ်ဂူရဲ့ အလယ်မှာ ရောက်နေသလို ခံစားလိုက် ရပါတယ်။

ခက်ခဲရှုပ်ထွေးမှုကို ရိုးရှင်းအောင် ပြုလုပ်ခြင်း။ ဒါက လက်သီးနလုံးသားရဲ့ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်မှု ဖြစ်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ မဟာတာအိုက အရမ်းကို ရိုးရှင်းပြီးတော့ လက်သီးပညာမှာ ရှရန်ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက ဒီတိုက်ကွက်ထက် သာလွန်ပါတယ်။ သာမန်လက်သီးတစ်လုံးက မဟာတာအိုနဲ့ အစစ်အမှန်တရားတို့ ပေါင်းစပ်ပါဂင်ပြီး အဆုံးမဲ့ ခွန်အားကို ပိုင်ဆိုင်စေပါတယ်။

ဒါပေမဲ့လည်း ကျင့်ကြံသူတော်က သူတို့ရဲ့ ခွန်အားနဲ့ အသန်မာဆုံး ဖြစ်နိုင်ပါသေးတယ်။

လင်းဟန်က သူ့လက်ဖ၀ါးကို ဖြန့်ပြီးတော့ လက်ဖ၀ါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ မြေကျွှမှာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်ကို အသုံးပြုပြီး ရွှေရောင်အလင်းတန်း တစ်ခုက တလက်လက် တောက်ပလို့ နေပါတယ်။

ပုန်း။

တိုက်ကွက်ချင်း ထိမိသွားတဲ့ အခါမှာ ရှရန်က အနောက်ကို

Edit with WPS Office

ခြေလှမ်းသုံးဆယ်လောက် ဆုတ်လိုက်ရပြီး လင်းဟန်ကတော့ လှုပ်တောင်မလှုပ်ပါဘူး။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းရဲ့ စွမ်းရည်က အကန့်အသတ်မရှိဘူးဆိုတာ သိသာပါတယ်။ ဘာဖြစ်လို့ အစွမ်းကုန် ကြိုးစားပြီးတော့ မထုတ်ဖော်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒါက ပထမ အဆင့်ပဲ ရှိသေးလို့ပဲ"

ပစ္စည်းစိတ်ဂိညာဉ်က ပြန်ဖြေလိုက်ပါတယ်။

ဘုံကိုးဆင့် မျှော်စင်ရဲက စမ်းသပ်စစ်ဆေးမှုထဲမှာ တစ်ဆင့်ချင်းစီက အရင်အဆင့်က ပိုပြီးတော့ အစွမ်းထက်လာပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"သူ့စွမ်းအားကို မပိတ်ဆို့ထားနဲ့။ ငါ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အစွမ်းထက်ဆုံး ကျင့်ကြံသူ တစ်ယောက်နဲ့ တိုက်ခိုက်ချင်တယ်"

ပစ္စည်းစိတ်ဂိညာဉ်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းသဘောပဲ"

ဟုမ်း။

Edit with WPS Office

ကြယ်ရောင်တလက်လက် တောက်ပနေတဲ့ ရှရန်ရဲ့ ခန္ဓာကိုယ်က ရတ်တရက်ဆိုသလို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ စွမ်းအားတစ်ခု ပေါက်ကွဲထွက်ပေါ် လာပြီးတော့ စွမ်းအင်လှိုင်းတွေ အဖြစ်ကို ပြောင်းလဲသွားပြီး ပန်းထွက်လာခဲ့ပါတယ်။ စွမ်းအင်လှိုင်းတွေက လင်းဟာန်ရဲ့ ခန္ဓာကိုယ်ကို ဖြတ်ကျော်သွားပြီးတော့ လင်းဟာန်က ခြေဖျားလက်ဖျားတွေ ကျဉ်သွားသလို ခံစားလိုက် ရပါတယ်။

ဒီခွန်အားက အရမ်းကို အစွမ်းထက်တယ်။

လင်းဟာန်က မကြောက်ပါဘူး။ သူက မယုံနိုင်စရာ ကောင်းလောက်အောင် စိတ်လှုပ်ရှား လာခဲ့ပါတယ်။ ပြီးတော့ သူက ပြောလိုက်ပါတယ်။

"ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံး စွမ်းအားပဲ။ ဟားဟား ဘယ်သူကမှ မင်းထက်မသာလွန်နိုင်ဘူးဆိုတာ အံ့သြစရာ မရှိတော့ဘူး။ မင်းက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမြင့်ဆုံး အကန့်အသတ်ထိရောက်အောင် ကျင့်ကြံခဲ့တာပဲ"

စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်မှာ စကြာဂဠာ ဖျက်ဆီးခြင်း ကြယ်နှစ်ဆယ်လုံး အကန့်အသတ်က တိုက်ပွဲစွမ်းရည်အတွက် မဟုတ်ပဲ ခွန်အားသက်သက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း စကြာဂဠာ

Edit with WPS Office

ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး တိုက်ပွဲစွမ်းရည်ကို ဘယ်လောက်များများက ရောက်ရှိ နိုင်လို့လဲ။ သန့်စင်တဲ့ ခွန်အားသက်သက်ဆိုရင်တော့ ဝေလာဝေးပါပဲ။

"လာစမ်းပါ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အကြောက်အရွံ့ကင်းကင်းနဲ့ အနားကို ချဉ်းကပ် သွားလိုက်ပါတယ်။

ပုန်း။

တိုက်ကွက်တစ်ကွက်တည်းနဲ့ လင်းဟန်က လွင့်စဉ်ထွက်သွားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မွန်းစတား ဆန်လွန်းပါတယ်။ ဒီလက်သီးချက်က သူ့ကို နည်းနည်းလေးမှတောင် ဒဏ်ရာမဖြစ်စေပါဘူး။

တကယ်လို့ တတိယအဆင့်ရဲ့ စမ်းသပ်စစ်ဆေးမှုက တိုက်ကွက်ဆယ်ကွက်ကို ခံနိုင်ရည် ရှိဖို့ပဲ ပြောပေမဲ့ အခုက ဆယ်ကွက်မဟုတ်တော့ပါဘူး။ သူက တိုက်ကွက်ပေါင်း တစ်သိန်းလောက် တိုက်ခိုက်ရင်တောင် အဆင်ပြေပါတယ်။ တန်ခိုးရှင်အဆင့်ရဲ့ ခွန်အားကို မရောက်သေးပဲ ရှရှန်က ဘယ်လိုလုပ်ပြီးတော့ နတ်ဘုရား သတ္တုကို ထိခိုက်ပျက်စီးအောင်

Edit with WPS Office

လုပ်နိုင်မှာလဲ။

ကျယ်လောင်တဲ့ အော်သံနဲ့အတူ လင်းဟန်က ပြန်ခုန်ဝင်လာခဲ့ပါတယ်။ သူက တန်းပြီးတော့ လေးတစ်ချောင်းကို ဆွဲထုတ်ပြီး မြားတစ်စင်း တပ်လိုက်ပါတယ်။ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို အသုံးပြုပြီးတော့ တစ်ဖက်လူဆီကို ချိန်လိုက်ပါတယ်။

ရှရန်မှာ သူ့လိုမျိုး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခုကို မပိုင်ဆိုင်ထားပါဘူး။ ပြီးတော့ ဒီတိုက်ခိုက်မှုကို သူ့ရဲ့ခန္ဓာကိုယ် သက်သက်နဲ့ ထိပ်တိုက်မရင်ဆိုင်ပွံ့ပါဘူး။ ချက်ချင်း ဆိုသလို သူ့လက်သီးနဲ့ မြားဆီကို တိုက်ခိုက်လိုက်ပါတယ်။

ပုန်။

သံသယ ရှိစရာ မလိုအောင်ပဲ သူ့ရဲ့တိုက်ခိုက်မှုကြောင့် မြားက လွင့်စဉ်ထွက် သွားခဲ့ပါတယ်။ ဒါပေမဲ့ ရှရန်ရဲ့ လက်ပေါ်က ကြယ်ရောင်အလင်းကလည်း ပေါက်ကွဲသွားပါတယ်။ ကြည့်ရတာ သူလည်း ဒဏ်ရာရသွားပုံ ပေါ်ပါတယ်။

ဒါက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ လက်ရွေးစင် တစ်ယောက်ဆီက အမွေဆက်ခံထားတဲ့ အစွမ်းထက် လျှို့ဝှက်နည်းစနစ် တစ်ခု

Edit with WPS Office

ဖြစ်ပါတယ်။ လင်းဟန်က အောက်ဘုံတစ်ခုလုံးကို ပေါင်းစည်းနိုင်တဲ့ အချက်ကိုပါ ပေါင်းထည့်လိုက်ရင် သူ့ရဲ့ ပိုင်ဆိုင်မှုတွေမှာ အရင်းအမြစ်တွေ မရှားပါးပါဘူး။ သူက အဆင့်တစ်ဆယ် ရတနာလေးတစ်လက်ကို သွန်းလုပ်ခဲ့ပြီး အဆင့်တစ်ဆယ် တန်ဖိုးကြီး သတ္တုတွေနဲ့ မြားတွေအများကြီး သွန်းလုပ်ခဲ့ပါသေးတယ်။

လင်းဟန်ရဲ့ လက်ရှိပိုင်ဆိုင်မှု ခွန်အားက ဘယ်လိုအမျိုးအစား ဖြစ်နေမလဲ။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ခြောက်လုံး ဖြစ်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့ဆီက ဒီမြားချက်ကို ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင် ဘယ်လိုစကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူပဲဖြစ်ဖြစ် ပျက်စီးသွားလိမ့်မှာ မဟုတ်လား။ သူ့ရဲ့ ရုပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အဆင့်ကို မရောက်နိုင်သေးသရွေ့တော့ ထိပ်တိုက်ရင်ဆိုင်လို့ မရပါဘူး။

ပစ္စည်းစိတ်ဂိညာဉ်က မှင်တက်အံ့သြ သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ပ တိုက်ပွဲစွမ်းရည် နှစ်ခုလုံးက သူ့မျက်လုံးကို အရောင်တဖျတ်ဖျတ် တောက်ပသွား စေခဲ့ပါတယ်။ တစ်ခုသိထားရမှာက ဒီလူသားဟာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အမြင့်ဆုံးခွန်အားဖြစ်တဲ့ ကြယ်နှစ်ဆယ်လုံးကို ရောက်ပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်က သူ့လက်တွေကို ပြန်မရုပ်သိမ်းပဲ နောက်ထပ်မြားသုံးချောင်းကို ဆက်တိုက်ပစ်လွှတ် လိုက်ပါတယ်။ အဲဒီနောက် သူက ဓားကို ဆွဲကိုင်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူ့ညာဘက်လက်က နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့ကို အသုံးပြုပြီး ဘယ်ဘက်လက်က မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်ကို လည်ပတ်ပြီးတော့ ရှရန်ကို တိုက်ခိုက် လိုကပါတယ်။

ဂုန်း ဂုန်း ဂုန်း။

သူတို့နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပြီး စွမ်းအားလှိုင်းလုံးတွေက ပင်လယ် ရေလှိုင်းလုံးတွေလိုမျိုး တလိပ်လိပ်တက်လာပြီး နေရာအနှံ့ကို ပျံ့နှံ့သွားပါတယ်။

လင်းဟန်က သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ အသုံးချနေခဲ့ပါတယ်။ တဖက်လူရဲ့ ခွန်အားက သူ့ထက် သာပါတယ်။ ဒါကြောင့် သူက အင်အားချင်း ထိပ်တိုက်ရင်ဆိုင်ဖို့ မလုပ်ပါဘူး။ အဲဒီအစား သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကိုပဲ အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။ အထူးသဖြင့်တော့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား ဖြစ်ပါတယ်။ သူက မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ မှသားမဲ့ မျက်လုံးလို လျှို့ဂှက်ဆန်းကြယ် စွမ်းအားနှစ်ခုကို ပေါင်းပြီးတော့

Edit with WPS Office

သူ့ရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်စရာ
ကောင်းလာပါတယ်။

ဒါပေမဲ့ စိတ်ပျက်စရာကောင်းတာက ရှရန်ရဲ့ တစ်ကိုယ်လုံးမှာ
အားနည်းချက် နည်းနည်းလေးမှ မရှိပါဘူး။

သူက အစစ်အမှန် သက်ရှိတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့
ပစ္စည်းစိတ်ဂိညာဉ်က ရှရန် ချန်ထားခဲ့တဲ့ အဆီအနှစ်ကို
အသုံးပြုပြီးတော့ ပြုလုပ်ထားပါတယ်။ ဒါကြောင့် အစစ်အမှန်
သက်ရှိတစ်ယောက်ရဲ့ အားနည်းချက်လိုမျိုး မပိုင်ဆိုင်ထားတာ
ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အားနည်းချက် မရှိဘူး ဆိုပေမဲ့
သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံးကို အားနည်းချက်
အပြစ်အနာအဆာတွေနဲ့ ဖုံးထားတယ်လို့ ပြောနိုင်ပါသေးတယ်။

လင်းဟန်က မြားတွေနဲ့ အရှုံးအမှူးကို ပစ်လွှတ်လိုက်ပြီး
မြားချက်တိုင်းက ကြောက်စရာ ကောင်းလွန်းပါတယ်။ သူက ရှရန်နဲ့
နီးကပ်လာတဲ့ အချိန်ကျရင် လေးကို စွန့်ပစ်ပြီးတော့ ဓားကို
အသုံးပြုပါတယ်။ နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့
သိုင်းကွက်ကို ထုတ်ဖော်လိုက်တဲ့ အခါမှာ အဲဒီက ထွက်ပေါ်လာတဲ့
ပေါက်ကွဲမှု စွမ်းအားက ရှရန်လို လက်ရွေးစင်
တစ်ယောက်ကိုတောင် အနောက်ကို ဆုတ်သွားစေပါတယ်။

Edit with WPS Office

တိုက်ပွဲက ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမှာ ဖြစ်နေပါတယ်။

Chapter 897 end

အပိုင်း(898) ဆဌမအဆင့် ပါရမီရှင်

တကယ်လို့ တခြားလူသာဆိုရင် သူတို့ရဲ့ ခွန်အားက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကြယ်ဆယ့်ခြောက်လုံး ရှိနေရင်တောင် ရှုရန်ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်ကတော့ မတူပါဘူး။ သူ့ရဲ့အစွမ်းထက်ဆုံးက တိုက်ပွဲစွမ်းရည် မဟုတ်ပါဘူး။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မော်စာလိပ်နဲ့ ပတ်သက်တဲ့ အဆုံးမဲ့ ခုခံနိုင်စွမ်း ဖြစ်ပါတယ်။ ဒါက ကြောက်စရာအကောင်းဆုံး အစိတ်အပိုင်း ဖြစ်ပါတယ်။ သူက လုံးဝကို ပြိုင်ဘက်ကင်းပါပဲ။

ဆယ်ကွက်၊ နှစ်ဆယ်၊ ငါးဆယ်၊ တစ်ရာ။ သူတို့က အစွမ်းထက်ဆုံး တိုက်ပွဲစွမ်းရည်တွေနဲ့အတူ တိုက်ကွက်တွေ အကန့်အသတ်မရှိ အချိန်အတော်ကြာ တိုက်ခိုက်နေပါတယ်။ ဒါပေမဲ့ အနိုင်ရသူကို ဆုံးဖြတ်ရပါဦးမယ်။

ဟန်ခံရမယ်ဆိုရင် လင်းဟန်က ရှုရန်ရဲ့ တိုက်ခိုက်မှုတွေ ထိမှန်တယ် ဆိုပေမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများရဲ့

Edit with WPS Office

အာနိသင်အောက်မှာ ရှရန်က ပိုကောင်းအောင် မလုပ်နိုင် ခဲ့ပါဘူး။ သူ့ခန္ဓာကိုယ်က ကြယ်ရောင်အလင်းတွေက အဆက်မပြတ် တလက်လက် တောက်ပလာပြီး ပုံစံကြည့်ရတာ ပြိုလဲပျက်စီးတော့မဲ့ အတိုင်းပါပဲ။

တကယ်လို့ တိုက်ပွဲက အဆုံးမရှိ ဆက်ပြီးတော့ ဖြစ်နေဦးမယ်ဆိုရင် ရှုံးမဲ့ဘက်က ရှရန် ဖြစ်ပါလိမ့်မယ်။ အကြောင်းပြချက်က အရမ်းကို ရိုးရှင်းပါတယ်။ လင်းဟာန်ရဲ့ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုအဆင့်မှာ ရှိလို့ဖြစ်ပါတယ်။

ဒီအတွက် ဖြေရှင်းနည်း မရှိပါဘူး။

"ရပ်လိုက်တော့"

ပစ္စည်းစိတ်ဝိညာဉ်က နောက်ဆုံးမှာ တိုက်ပွဲကို ရပ်တန့်ခိုင်းလိုက်ပါတယ်။ ပုန်း။ ရှရန်ရဲ့ ခန္ဓာကိုယ်က ကြယ်အလင်းရောင်တွေက ချက်ချင်းဆိုသလို အလင်းရောင် အစက်အပြောင်လေး အဖြစ်ကို ပြောင်းလဲသွားပြီးတော့ မှေးမှိန်လာပါတယ်။ ရှရန်က ခဏရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီတိုက်ပွဲကို သရေလို့ သတ်မှတ်ရမယ်။ မင်းက တကယ်ပဲ အရမ်းကို သန်မာတယ်။ တကယ်လို့ မင်းခွန်အားက နောက်ထပ် ကြယ်တစ်လုံး တိုးလာမယ်ဆိုရင် မင်းက ငါ့နေရာမှာ

Edit with WPS Office

အစားထိုးနိုင်ပြီး ဒီနေရာရဲ့ အစောင့်အကြပ်အသစ် ဖြစ်လာနိုင်တယ်”

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးလိုက်ပါတယ်။ သူက အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တိုက်ခိုက်ဖို့ပဲ စိတ်ဝင်စားတာပါ။ သူက နေရာမှာ အစားထိုးဖို့ကိစ္စနဲ့ ပတ်သက်ပြီး စိတ်မဝင်စား ပါဘူး။ အထူးသဖြင့်တော့ အဲဒီကနေ ဘာမှပြန်ပြီးတော့ ကောင်းကောင်းမရနိုင်တဲ့ အချိန်မျိုးမှာပေါ့။ သူက ဒီလိုမျိုး ကိစ္စတွေနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ခံမှာ မဟုတ်ပါဘူး။

“မင်းဒုတိယ အဆင့်ကို ဝင်နိုင်ပြီ”

လှေကားထစ်တွေက လင်းဟန်ရဲ့ အရှေ့မှာ ထွက်ပေါ်လာခဲ့ပါတယ်။ သူက လှေကားထစ်တွေကို နင်းဖြတ်ပြီးတော့ ဒုတိယ အလွှာကို တက်လာခဲ့ပါတယ်။

စမ်းသပ်မှုက ပထမအထပ်နဲ့ အတူတူပါပဲ။ လူတစ်ယောက်ရဲ့ သိုင်းပညာ နည်းစနစ် လေ့ကျင့်မှုနဲ့ စိတ်ဝိညာဉ် ခွန်အားကို အသုံးပြုပြီးတော့ ကျောက်စိမ်းပြားကို တိုက်ခိုက်တဲ့ အပေါ်မှာ အခြေခံ ထားပါတယ်။ သိုင်းပညာ နည်းစနစ်ရဲ့ ခက်ခဲမှုက တိုးလာပြီး ကျောက်စိမ်းပြားကလည်း ပိုပြီးတော့

Edit with WPS Office

မာကျောလာပြီးတော့ ပိုပိုပြီး စိန်ခေါ်လာခဲ့ပါတယ်။

တတိယ အဆင့်မှာတော့ လင်းဟန်က နောက်တစ်ကြိမ် စမ်းသပ်ခံဖို့ မလိုတော့ပဲ သူက အလိုအလျှောက် ကျော်ဖြတ်သွားခဲ့ပါတယ်။

သူက ပထမအထပ်မှာ အချိန်အများကြီး သုံးစွဲခဲ့ပါတယ်။ လျင်မြန်တဲ့ လူသုံးယောက်က တတိယ အထပ်ကို တစ်ဟုန်ထိုး ပြေးဝင်သွားပါပြီ။ ဒါပေမဲ့လည်း ဒုတိယအထပ်ကို စတာနဲ့ လင်းဟန်ရဲ့ အမြန်နှုန်းက လျင်မြန်လာပြီးတော့ နောက်ကနေ မီလာခဲ့ပါတယ်။

"ကြည့်စမ်း မျှော်စင်ရဲ့ ငါးထပ်မြောက်က အရောင်တောက်လာပြီ"

"အဲဒါ ဘယ်သူလဲ။ အရမ်းကို အထင်ကြီးစရာကောင်းတာပဲ"

"အဲဒါ နတ်သမီးလေး ကျိုပဲ ဖြစ်ရမယ်။ သူမက လှိုတနဲ့ လင်းယိုတို့ကို ယှဉ်နိုင်တဲ့ လူတစ်ယောက်ပဲ။ သူတို့နှစ်ယောက်က ပဉ္စမ အထပ်ကို ဖြတ်ကျော်သွားနိုင်တယ် ဆိုမှတော့ နတ်သမီးလေးကျိုလည်း ဖြတ်နိုင်မှာပဲ"

"မာရှန်းလိုမျိုး ဖျက်မြင်းတစ်ကောင် မရှိနိုင်တော့ဘူးလား"

"ဟားဟား မင်းအရမ်းကို တွေးလွန်းနေပြီ။ ဘယ်လိုလုပ်ပြီးတော့ ဖျက်မြင်းတွေ အများကြီး ရှိနေမှာလဲ"

Edit with WPS Office

အပြင်ဘက်မှာ လူတိုင်းလူတိုင်းက အပြင်းအထန်ကို ဆွေးနွေးငြင်းခုန် နေကြပါတယ်။ မြောက်ပိုင်း အဖွဲ့အစည်းက အဆင့်မြင့်သူတွေကလည်း စမ်းသပ်စစ်ဆေးမှုကို အာရုံစိုက်ထား ကြပါတယ်။ တကယ်တော့ အဖွဲ့အစည်း လေးခုအကြားက ယှဉ်ပြိုင်မှုက အရမ်းကို ပြင်းထန်ပါတယ်။ သူတို့ထဲက ဘယ်အဖွဲ့အစည်းမဆို တခြားအဖွဲ့အစည်း သုံးခုထက် သာလွန်ချင်နေ ကြတာပဲ မဟုတ်လား။

"ဟေး မျှော်စင်ရဲ့ ပဌမအဆင့်က နောက်တစ်ကြိမ် အရောင်တောက်ပသွားပြီ"

"မင်းအဲဒါကို မြင်လိုက်လား"

"မဖြစ်နိုင်ဘူး။ အဲဒီအဆင့်က အစမှောင်နေတယ်ဆိုတာ အတော်လေး သေချာတယ်။ ပြီးတော့မှ နောက်တစ်ကြိမ် အလင်းရောင် တောက်ပလာတာ"

"အမှန်ပဲ။ အလင်းရောင်က အချိန်အကြာကြီး မတောက်ပဘူးလေ။ ဒါကြောင့် ပဌမ အဆင့်ကို ဒုတိယ လူတစ်ယောက် ဖြတ်ကျော်သွားခဲ့တာပဲ ဖြစ်ရမယ်"

"အရမ်းကောင်းတာပဲ။ ဒီတစ်ကြိမ် စမ်းသပ်စစ်ဆေးမှုမှာ ပါရမီရှင်တွေ အများကြီးပါနေတယ်။ အတိတ်တုန်းက ကြယ်တစ်ပွင့်

Edit with WPS Office

ပါရမီရှင် တစ်ယောက် ဒါမှမဟုတ် သုံးယောက် ရှိနေရင်ပဲ အတော်လေး အံ့အားသင့်ဖို့ ကောင်းနေပြီ။ အခုတော့ စုစုပေါင်း ငါးယောက်တောင် ရှိနေပြီ”

“အစကတော့ ထိပ်ဆုံးဆယ်ယောက် စာရင်းထဲကို ငါဝင်နိုင်လိမ့်မယ်လို့ ထင်နေတာ။ ဒါပေမဲ့ အခုတော့ ငါ့အတွက် မျှော်လင့်ချက် မရှိတော့ဘူး”

“မင်းက တကယ်ပဲ အရမ်းကို အထင်ကြီးလွန်းနေပြီ။ တကယ်လို့ အတိတ်တုန်းက ဆိုရင်တောင် မင်းအတွက် ဒီလိုမျိုး အောင်မြင်မှု နည်းနည်းလေး ရဖို့တောင် မဖြစ်နိုင်ဘူး”

သိပ်မကြာခင် မျှော်စင်ရဲ့ ဆဌမမြောက် အထပ်က အလင်းရောင် တောက်ပလာခဲ့ပါတယ်။

“ဘာလဲဟ”

ဒီတစ်ကြိမ် အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ဆဌမမြောက် အထပ်က နောက်တစ်ကြိမ် အလင်းရောင် တောက်ပလာခဲ့ပါတယ်။ ဒါက ဒုတိယ အကြိမ်ဖြစ်ပါတယ်။ ပထမအကြိမ်က မာရှန်းဖြစ်ပြီးတော့ ဆဌမမြောက် အဆင့်ကို ကျော်ဖြတ်ခဲ့သူပါ။

“နတ်သမီးလေးကျိုများ ဖြစ်နိုင်မလား”

Edit with WPS Office

"သူမက လျှိုတနဲ့ လင်းယိုတို့ထက်တောင် ပိုပြီးတော့ ပါရမီရှိနေတာပဲ။ တကယ့်ကို မမျှော်လင့် ထားမိဘူး"

အဆင့်ပိုမြင့်လာလေ မျှော်စင်ရဲ့ အလင်းရောင်က ပိုပြီးတော့ အချိန်ကြာကြာ တောက်ပလာ ပါလိမ့်မယ်။ ဥပမာ ပထမ အဆင့်နဲ့ ဒုတိယ အဆင့်ကိုတော့ နလုံးခုန်နှုန်း တစ်ကြိမ်စာရဲ့ တဝက်ခန့်ပဲ တောက်ပပါတယ်။ ဒါပေမဲ့ မျှော်စင်ရဲ့ ဆဋ္ဌမမြောက် အဆင့်က အလင်းရောင်ကတော့ အနည်းဆုံး နလုံးခုန်နှုန်း ဆယ်ကြိမ်စာလောက်ထိ တောက်ပပြီးမှ မှေးမှိန်သွားတာပါ။

မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အကြီးအကဲတွေက မယုံနိုင်လောက်အောင် ကျေနပ်ပီတိ ဖြစ်သွားခဲ့ ကြပါတယ်။ သူတို့က ကြယ်နှစ်ပွင့် ပါရမီရှင်နဲ့ မတွေ့ဆုံခဲ့တာ နှစ်ပေါင်းဘယ်လောက်တောင် ကြာမြင့်ခဲ့ပြီလဲ။

အဲဒီအချိန်မှာပဲ မျှော်စင်ရဲ့ ဆဋ္ဌမမြောက် အဆင့်က နောက်တစ်ကြိမ် အလင်းရောင် တောက်ပ လာခဲ့ပါတယ်။

"ဘုရားရေ။ သုံးယောက်မြောက် ကြယ်နှစ်ပွင့် ပါရမီရှင်"

"ဘယ်သူဖြစ်နိုင်မလဲ"

"တစ်ယောက်က နတ်သမီးလေးကျို ဖြစ်ရမယ်။ ဒါပေမဲ့ နောက်တစ်ယောက်က ဘယ်သူများပါလိမ့်"

Edit with WPS Office

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို လက်တွေနဲ့ ကိုင်ထားကြပါတယ်။ ပဥ္စမမြောက် အဆင့်ကို ဖြတ်ကျော်နိုင်တာကို လက်ခံနိုင်ပါသေးတယ်။ ဒါပေမဲ့ အခုတော့ အရမ်းအရမ်းကို လွန်လွန်းသွား ပါပြီ။ ဒါက အဆင့်တစ်ဆင့် ပိုပြီးတော့ ဖြတ်ကျော်တယ်လို့ပဲ မကြည့်လိုက်ပါနဲ့။ ကြယ်တစ်ပွင့် ပါရမီရှင်နဲ့ ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် အကြားမှာ ကွာဟချက်က ကမ္ဘာကြီး တစ်ခုစာလောက် ရှိပါတယ်။

လှိုျတက အံကိုကြိတ်ထား လိုက်ပါတယ်။ သူက ကျိုယွမ်အာကို မျက်စိကျနေတာ ကြာပါပြီ။ နောက်ပြီးတော့ ကျိုကလန်ရဲ့ အဆင့်အတန်းက လှိုျကလန်ထက် အနည်းငယ် နိမ့်ကျပါတယ်။ သူက ကောင်းကင်နီ သင်တန်းကျောင်းကို ဖင်ပြီးတဲ့နောက်မှာ ကျိုကလန်ကို လက်ထပ်ထိမ်းမြား စေ့စပ်ကြောင်းလမ်းမှု လုပ်ပေးဖို့အတွက် သူ့ကလန်ကို တောင်းဆိုဖို့ စိတ်ကူးထားခဲ့ပါတယ်။

ဒါပေမဲ့ အခုတော့။

တကယ်လို့ ကျိုယွမ်အာက တကယ်ပဲ ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာမယ်ဆိုရင် ကျိုကလန်က ဒီလက်ထပ်ထိမ်းမြားဖို့ တောင်းဆိုမှုကို လက်ခံမှာတဲ့လား။ သေချာပေါက် မဖြစ်နိုင်ပါဘူး။ သူတို့က ကျိုယွင်အာရဲ့

Edit with WPS Office

အိမ်ထောင်ဘက် ဖြစ်လာမဲ့သူကို ပိုပြီးတော့ ထူးချွန် ထက်မြက်တဲ့ သူကိုပဲ ရှာဖွေပါလိမ့်မယ်။

လက်ရှိသူက အင်ပါယာမြို့တော်ထဲက လူငယ်မျိုးဆက် လက်ရွေးစင် သုံးယောက်ထဲက တစ်ယောက်ဆိုတဲ့ အချက်ကို မကြည့်နိုင်ပါဘူး။ နောက်ငါးနှစ်အကြာမှာ အရာအားလုံးက ပြောင်းလဲသွားပါလိမ့်မယ်။ သူတို့သုံးယောက် ကောင်းကင်နီ သင်တန်းကျောင်းကို ဂင်ပြီးတဲ့ နောက်မှာ လူငယ်မျိုးဆက်ရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင်သစ်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါမှမဟုတ် လက်ရွေးစင် လေးယောက် ငါးယောက်ပေါ့။

မဖြစ်ဘူး။ သူနည်းလမ်းတစ်ခုတော့ ရှာမှဖြစ်မယ်။ ကျိယွင်အာက အရမ်းကို ထူးချွန်ထက်မြက် နေတယ်ဆိုမှတော့ သူ့အနေနဲ့ တခြားသူတွေရဲ့ လက်ထဲကို ပိုပြီးတော့တောင် အပါမခံနိုင်ပါဘူး။

“ဟာ”

“ဘုရားရေ”

“မျော်စင်ရဲ့ ပဥ္စမ အထပ်က နောက်တစ်ကြိမ် အလင်းရောင် တောက်လာပြီ”

အားလုံးက အံ့အားသင့်မှုကြောင့် မှင်တက်လို့ နေပါတယ်။ ဟုတ်ပါတယ်။ ကြယ်ဖြူမျော်စင်ရဲ့ ပဥ္စမမြောက် အထပ်က

Edit with WPS Office

နောက်တစ်ကြိမ် လင်းလက်တောက်ပ လာခဲ့ပါတယ်။

ခြောက်ယောက်မြောက် တစ်ယောက်။

"ဒါပေမဲ့ အရင်အုပ်စုရဲ့ လူတွေက တပြိုင်နက်တည်း ဖြတ်ကျော်နိုင်ခဲ့တာ ဖြစ်မယ်။ ဒီလူကတော့ အခုမှ ပဉ္စမမြောက် အထပ်ကို ဖြတ်တာပဲ။ ဒီလူရဲ့ အလားအလာ တက်လမ်းက ကုန်ဆုံးသွား လောက်ပြီ။ ဒါကြောင့် ဆဋ္ဌမမြောက် အထပ်ကို သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး"

လူတချို့က ဒီလိုမျိုး ကောက်ချက်ချ သုံးသပ်လိုက်ပါတယ်။

ဒီအမြင်ကို လူအများစုက သဘောတူ ထောက်ခံပြီးတော့ သူတို့ရဲ့ ခေါင်းတွေကို ညိတ်လိုက် ကြပါတယ်။ ဆဋ္ဌမမြောက် အထပ်ကို ဖြတ်ကျော်နိုင်တဲ့ ခွန်အားရှိတဲ့ လူတစ်ယောက်က အရင် ငါးထပ်ကို လွယ်လွယ်နဲ့ ဖြတ်ကျော်နိုင်ပါလိမ့်မယ်။

အဲဒီလူရဲ့ ခွန်အားက မလုံလောက်ဘူးဆိုတာ ပေါ်လွင်နေပါတယ်။

အဲဒီလူက လင်းဟာန် ဖြစ်ပါတယ်။ သူက ဆဋ္ဌမမြောက် အထပ်ကို အေးအေးဆေးဆေး ဖြတ်ကျော်နိုင်ပါတယ်။ ဘယ်သူကမှ သူ့ကို ရိုက်ထုတ်မှာမဟုတ်လို့ သူက အလျင်စလို လုပ်စရာ မလိုပါဘူး။ ဒါပေမဲ့လည်း သူက တတိယ အဆင့်မှာ တိုက်ခိုက်စရာ မလိုပါဘူး။ ဒါကြောင့် သူ့အမြန်နှုန်းက အတော်လေး လျင်မြန်ပါတယ်။

Edit with WPS Office

အဲဒီအချိန်မှာ လူတော်တော်များများက ကြယ်ဖြူမျှော်စင်ထဲကနေ ထွက်လာခဲ့ ကြပါတယ်။ အစွမ်းထက်ဆုံး လူတွေကတော့ ဆဌမမြောက် အဆင့်ကို အပြေးအလွှား ရောက်ရှိနေ ကြပါပြီ။ အဆင့်နိမ့်တဲ့ လူတွေကတော့ ဆွဲထုတ်ခံရပြီး သူတို့ရဲ့ စမ်းသပ်စစ်ဆေးမှုကို ထပ်ပြီးတော့ လုပ်လို့ မရနိုင်ပါဘူး။

"မျှော်စင်ထဲမှာ လူသုံးယောက် ကျန်သေးတယ်"

သင်တန်းကျောင်းရဲ့ အကြီးအကဲက ပစ္စည်းစိတ်ဂိညာဉ်နဲ့ ဆက်သွယ်ပြီး အတည်ပြုကာ ကြေညာလိုက်ပါတယ်။

သုံးယောက်ထဲက တစ်ယောက်က ကျိယွင်အာ ဖြစ်ပါတယ်။ ဒါကသိသာပါတယ်။ သူမက ဝင်သွားကတည်းက ထွက်မလာသေးပါဘူး။ ဒီတောက်ပတဲ့ ပုလဲရတနာက အင်ပါယာ မြို့တော် တစ်ခုလုံး ကျော်ကြားသွားစေလိမ့်မယ်လို့ ဘယ်သူက သတိထားမိမှာလဲ။ ဒါပေမဲ့လည်း ကျန်တဲ့ နှစ်ယောက်က ဘယ်သူတွေလဲ ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။

"ကျောက်တုံးခေါင်းက ပဥ္စမမြောက် အထပ်ကို ဖြတ်သွားပြီးတော့ ဆဌမမြောက် အထပ်ကိုတောင် ဖြတ်ကျော်သွားနိုင်မှာလား"

လီဂေဂေရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နက်နေပါတယ်။ အဲဒီနောက် သူမက ခြေထောက်ကို

Edit with WPS Office

စိတ်ဆိုးမာန်ဆိုးနဲ့ ဆောင့်နင်းပြီးတော့ ပြောလိုက်ပါတယ်။

"ငါသူ့ကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ရှုံးတယ်ဆိုတာ အဓိပ္ပါယ်လုံးဝ မရှိဘူး။ အား သေစမ်း။ ဒါက ထိတ်လန့်စရာ ကောင်းလိုက်တာ"

အဲဒီအချိန်မှာ မျှော်စင်ရဲ့ ဆဌမမြောက်အထပ်က နောက်တစ်ကြိမ် တောက်ပသွားခဲ့ပါတယ်။

ဖူး။

စောစောတုန်းက ယုံကြည်ချက် အပြည့်နဲ့ လင်းဟန်ဟာ ဆဌမမြောက် အထပ်ကို ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူးဆိုတာကို ပြောခဲ့တဲ့ လူကတော့ အခုချောင်းတဟွတ်ဟွတ် ဆိုးပြီးတော့ သူ့တို့ရဲ့ မျက်နှာပေါ်မှာ စိတ်ပျက်လက်ပျက်ဖြစ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လပြွတ်ပဲ။ ဒါက သူတို့ရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်သလို ခံစားရပြီး အရမ်းကို နာကျင် သွားရပါတယ်။

မင်းက ဆဌမမြောက် အဆင့်ကို ဖြတ်ကျော်နိုင်မှတော့ ဘာဖြစ်လို့ မလှုပ်ရှားပဲ နေတာလဲ။ တခြားလူတွေကို စိတ်ဆင်းရဲအောင် လုပ်တတ်တဲ့ မင်းလိုလူစားမျိုးက ဘယ်လိုလုပ်ပြီး ရှိနိုင်တာလဲ။

Edit with WPS Office

"လူတစ်ယောက် ထွက်လာပြီဟေ့"

ဘုံကိုးဆင့် မျှော်စင်ရဲ့ ဂင်ပေါက်ကနေ ယောကျ်ားတစ်ယောက် ထွက်လာတာကို တွေ့လိုက် ရပါတယ်။ သူက လူငယ်တစ်ယောက် ဖြစ်ပြီးတော့ ပိုးထည်ကို ဂတ်ဆင်ထားပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ သူ့ကို သတိမထားမိ ကြပါဘူး။ ဒါပေမဲ့လည်း မျှော်စင်ရဲ့ ဆဌမမြော်က အဆင့်ကို ဖြတ်ကျော်ပြီး ထွက်လာနိုင်တဲ့သူက ပါရမီရှင် တစ်ယောက်ဖြစ်တယ် ဆိုတာကိုတော့ အားလုံးက နားလည်သဘောပေါက် ထားကြပါတယ်။

"ငါသူ့ကိုသိတယ်။ သူ့နာမည်က ချန်ဟောင်ဖေးပဲ။ သူက ချန်ကလန်ရဲ့ မျိုးဆက်တစ်ယောက်ပဲ"

"ချန်ကလန် ဟုတ်လား။ စစ်သူကြီး အမတ်မင်းရဲ့ ချန်ကလန်ကို ပြောတာလား"

"ဟားဟား အရှင်သခင်ခန်ကလွဲလို့ တခြားကလန်တွေက ချန်ကလန်လို့ ခေါ်ဆိုရဲ ကြလို့လား"

ထောင့်မှာစောင့်နေတဲ့ အဲဒီအဘိုးကြီးက စိတ်ပျက်လက်ပျက်နဲ့ သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့ရဲ့ ဒီဂျူနီယာက သူမျှော်လင့်ထားသလို ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်လာပြီး ကမ္ဘာကြီးကို အံ့အားသင့် သွားစေနိုင်မဲ့ ကံတရား ရှိတယ်ဆိုပေမဲ့

Edit with WPS Office

သူမျှော်လင့်ထားတာထက်တော့ နည်းပါတယ်။

သေစမ်းကွာ ဘာဖြစ်လို့ ဆဌမအဆင့် ပါရမီရှင်က သုံးယောက်တောင် ရှိနေတာလဲ။ တစ်ဖက်မှာ မျှော်စင်ရဲ့ ဆဌမမြောက် အဆင့်ကို သုံးယောက် ဝင်သွားခဲ့တာပါ။

Chapter 898 end

အပိုင်း(899) အဌမမြောက်အဆင့်

ချန်ဟောင်ဖေးက အတော်လေးကို စိတ်ပျက်လက်ပျက် ဖြစ်နေပေမဲ့လည်း သူက ယုံကြည်မှုတွေ အပြည့်ရှိနေပုံ ပေါ်နေပါတယ်။

သူက သတ္တမြောက်အထပ် အပေါ်က ပထမ အဆင့်နှစ်ခုကို ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရှရန်ဆီက တိုက်ကွက်ဆယ်ကွက်ကိုတော့ မခုခံနိုင်ခဲ့ပါဘူး။ ဒါက သူ့မှာ တိုးတက်ဖို့အတွက် လမ်းစတွေ အများကြီး ရှိနေသေးတယ်လို့ ဆိုလိုပါတယ်။ တကယ်တော့ သူ့ပါရမီက ဒီနေရာမှာ ရှင်းရှင်းလင်းလင်းနဲ့ ထုတ်ဖော်နိုင်ပါတယ်။ သူက တိုက်ပွဲတွေ ပိုပြီးတော့ ဆင်နွှဲပြီး လျို့ဝှက် နည်းစနစ် တချို့ကို ကျင့်ကြံနိုင်ခဲ့မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က လျှားခနဲ ခုန်တက်လာ ပါလိမ့်မယ်။

Edit with WPS Office

သူက မျှော်စင်ထဲမှာ နောက်ထပ်လူနှစ်ယောက် ကျန်နေသေးတယ် ဆိုတာကို လုံးဝ သတိမထားမိခဲ့ပါဘူး။ အရမ်းကို ယုံကြည်မှု ရှိနေတဲ့ အပြုံးကို ပြုံးပြီးတော့ အားလုံးကို ရင်ဆိုင်ပြီး သူ့ကို သောင်းသောင်းဖျဖျနဲ့ ကြိုဆိုကြမှာကို မျှော်လင့်နေပြီး အမျိုးသားတွေက မနာလိုတဲ့ အကြည့်တွေနဲ့ ကြည့်ပြီးတော့ အမျိုးသမီးတွေက ချစ်ခင်စုံမက်တဲ့ အကြည့်တွေနဲ့ ကြည့်နေမှာကို မျှော်လင့်မိပါတယ်။

ဒါပေမဲ့ သူက စိတ်ပျက်သွားခဲ့ပါတယ်။

အားလုံးနီးပါးက ကြယ်ဖြူမျှော်စင်ကို ကြည့်နေပြီး သူ့လိုမျိုး ထိပ်တန်းပါရမီရှင် တစ်ယောက် ထွက်ပေါ်လာတာကို သတိပြုမိပုံ မရပါဘူး။

လဗ္ဗွတ်ပဲ။ ဘာတွေဖြစ်ကုန်တာလဲဟ။

သောက်ကျိုးနည်း ဒါကဘယ်လို အခြေအနေလဲ။ ချန်ဟောင်ဖေးက သူ့ကြွက်သားတွေကို ထိန်းမရပဲ သူ့မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒါက သူ့အနေနဲ့ လုံးဝကို မျှော်လင့်မထားတဲ့ အဖြစ်အပျက် တစ်ခုပါပဲ။ သူ့ခြေလှမ်းတွေတောင် ဒယိမ်းဒယိုင် ဖြစ်သွားပြီးတော့ ဆက်ပြီး မလျှောက်နိုင်အောင် ဖြစ်သွားပါတယ်။ သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်ပြီးမှ ပြန်လျှောက် လာခဲ့ပြီး ဘာမှမဖြစ်သလို

Edit with WPS Office

ဟန်ဆောင်နေလိုက်ပါတယ်။ အမှန်တကယ်တော့ သူက
အာရုံစိုက်ပြီး သေသေချာချာ နားထောင်နေပါတယ်။

ကြယ်ဖြူမျှော်စင်ထဲမှာ နောက်ထပ် လူနှစ်ယောက်လည်း
ထပ်ရှိနေပြီး သူတို့အားလုံးက ဆဌမမြောက် အထပ်ကို
ဖြတ်ကျော်နိုင်ခဲ့ ကြပါတယ်။

ဘာပြောတယ်။ မာရှန်းရဲ့ ပုံပန်းသွင်ပြင်ကို အသာထားဦး။ သူနဲ့
အဆင့်တူနိုင်တဲ့ နောက်ထပ် လူနှစ်ယောက် တကယ်ပဲ
ရှိနေတာလား။

ဒီလိုဆိုရင် သူက ဒုတိယ နေရာကိုတောင် မထိန်းနိုင်ပဲ
ထိပ်ဆုံးသုံးယောက် စာရင်းကနေတောင် ဖယ်ပေးရပြီး
အဆင့်လေးထိ ကျသွားပါလိမ့်မယ်။

လပြွတ်ပဲ။ သောက်ကျိုးနည်းပြီပေါ့။

သူ့အနေနဲ့ စောစောကသာ သိမယ်ဆိုရင် နောက်ထပ်ငါးနှစ်
ထပ်ပြီးတော့ စောင့်နေပါလိမ့်မယ်။ နောက်ငါးနှစ် အချိန်မှာ
ပါရမီရှင်တွေ အများကြီး ထွက်ပေါ်လာမယ်လို့ သူမယုံကြည်ပါဘူး။
ဒါပေမဲ့ အခုတော့ သူက မျှော်စင်ထဲက တခြားလူနှစ်ယောက်ကို
သူ့ထက် ပါရမီပိုင်းမှာ အများကြီး မသာလွန်ဖို့ကိုပဲ မျှော်လင့်ပြီးတော့
စောင့်နေရပါလိမ့်မယ်။ တကယ်လို့ သူက ပထမနေရာကို

Edit with WPS Office

အရမယူနိုင်ခဲ့ဘူး ဆိုရင်တောင် ဒုတိယ နေရာမှာ ခိုင်ခိုင်မာမာနဲ့ နေနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း အားလုံးက ကျန်ရှိနေတဲ့ လူနှစ်ယောက်ရဲ့ ရလဒ်နဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စား နေကြပါတယ်။ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အကြီးအကဲတွေက ချန်ပောင်ဖေးကို ဆင့်ခေါ်ထား လိုက်ပါတယ်။ ဒါပေမဲ့ သူတို့မှာ ဒီလိုမျိုး ပါရမီရှင်တစ်ယောက် ရရှိတာက အကျိုးအမြတ် အများကြီး ရပါတယ်။ အနည်းဆုံးတော့ သူက နောက်ငါးနှစ်အကြာမှာ ကျင်းပမဲ့ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ဝင်ခွင့်စာမေးပွဲကို ဝင်ဖို့အတွက် ရပိုင်ခွင့်ကို စွန့်လွှတ်သွားနိုင်ပါတယ်။ အဲဒါက မြောက်ပိုင်း အဖွဲ့အစည်းရဲ့ ခေါင်းကို အစိတ်စိတ် အပိုင်းပိုင်း ခုတ်ဖြတ်လိုက်သလိုပါပဲ။

သိပ်မကြာခင်မှာ မျှော်စင်ရဲ့ သတ္တမမြောက် အဆင့်က အရောင်တောက်ပ လာခဲ့ပါတယ်။

ဒီတစ်ကြိမ်တော့ အားလုံးက အံ့အားသင့်မှုကြောင့် မှင်တက်သွား ကုန်ပါတယ်။

သတ္တမမြောက် အဆင့်ကို ဖြတ်ကျော်တယ်။ ဒါက ဘာကို ဆိုလိုတာလဲ။

Edit with WPS Office

ကြယ်သုံးပွင့် ပါရမီရှင်။

သူက မာရှန်းထက် အားနည်းလိမ့်မှာ မဟုတ်ပါဘူး။ တကယ်ပဲ လုံးဝအားမနည်း နိုင်ပါဘူး။ တစ်ခုသိထားရမှာက မာရှန်းရဲ့ ကြယ်သုံးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာမဲ့ အလားအလာက ဘုရင်ချီ အပေါ်မှာ မှီခိုနေပါတယ်။ ဒါပေမဲ့အခု နောက်တစ်ယောက်က တန်းပြီးတော့ ကြယ်သုံးပွင့် အဆင့်ကို ခုန်ကျော်သွားပါပြီ။

နောက်ပြီး ကျင့်ကြံသူတွေက နောက်ပိုင်းမှာ ဘုရင်ချီကို ကျင့်ကြံနိုင်ပါတယ်။ လူတချို့လောက်ပဲ တိုးတက်မှုမရှိတာ ဖြစ်ပါတယ်။

ဒါဘယ်သူလဲ။ ဘယ်သူများ ဖြစ်နိုင်မလဲ။

သိပ်မကြာခင်မှာပဲ အဖြူရောင် ဂတ်စုံနဲ့ နတ်သမီးလေး တစ်ပါးလို ရုပ်ရည်သွင်ပြင်နဲ့ မိန်းမပျိုလေး တစ်ယောက်က လမ်းလျှောက်ပြီး ထွက်လာတာကို တွေ့မြင်လိုက်ရပါတယ်။

"အစ်မယွင်"

လီဖေဖေက ကပျာကယာ ပြေးသွားလိုက်ပါတယ်။

"မျော်စင်ရဲ့ သတ္တမမြောက် အထပ်ကို ဖြတ်ကျော်နိုင်တဲ့အတွက်

Edit with WPS Office

အစ်မယွင်ကို ဂုဏ်ပြုပါတယ်။ အနာဂတ်မှာ တန်ခိုးရှင် အဆင့်ကို ခြေလှမ်းချမိတဲ့ အခါမှာ အစ်မယွင်က ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာလိမ့်မယ်"

ကျန်တဲ့လူတွေကလည်း သူတို့ရဲ့ ခေါင်းကို တဆတ်ဆတ် ညိတ်ပြီးတော့ ထောက်ခံလိုက် ကြပါတယ်။ ကျိုယွင်က မျှော်စင်ရဲ့ သတ္တမမြောက် အထပ် အလင်းရောင် တောက်ပပြီးမှ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ သူမက သတ္တမမြောက် အဆင့်ကို ဖြတ်ကျော်နိုင်ခဲ့တယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့ အဌမမြောက် အဆင့်မှာ ရှုံးနိမ့်ပြီးမှ နောက်ဆုတ်သွားခဲ့ ရပုံပေါ်ပါတယ်။

သတ္တမမြောက်အဆင့်။ ကြယ်ဥက္ကာ အင်ပါယာလိုမျိုး ကျယ်ပြန့်တဲ့ နိုင်ငံတစ်ခု အတွက်တောင်မှ တစ်ယောက်ထွက်ပေါ်ဖို့ နှစ်ထောင်နဲ့ချီ စောင့်ရပါလိမ့်မယ်။

ကျိုယွင်အာရဲ့ လှပတဲ့ မျက်နှာလေးက အရောင်ပြောင်းသွားပြီး ပြောလိုက်ပါတယ်။

"ငါ သတ္တမမြောက် အဆင့်ကို မကျော်ဖြတ်နိုင်ခဲ့ပါဘူး။ ငါတတိယ အဆင့်မှာပဲ ရှုံးနိမ့်သွားတယ်"

"ဘာ"

လီဂေဂေက အံ့အားသင့် သွားခဲ့ပါတယ်။

Edit with WPS Office

"ဘယ်လို"

တခြားသူတွေလည်း အံ့အားသင့်ကုန်ပါတယ်။

အဲဒါက ကျိုယွင်အာ မဟုတ်ဘူးပေါ့။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လီဂေဂေက သူမရဲ့ခေါင်းကို လက်တွေနဲ့ တုန်လှုပ်ချောက်ချားစွာ ကိုင်ပြီးတော့ သူမရဲ့ ခြေထောက်ကို ဆောင့်ပြီး ပြောလိုက်ပါတယ်။

"မဖြစ်နိုင်ဘူး။ ငါလုံးဝကို မယုံနိုင်ဘူး။ တကယ်ပဲ။ အဲဒါက ကျောက်တုံးခေါင်း ဖြစ်နေတယ်ပေါ့လေ။ အား ငါသူ့ကို သေသွားတဲ့အထိ နင်းချေပစ်လိုက်ချင်တယ်"

သတ္တမမြောက် အထပ်ကို ဖြတ်ကျော်သွားတဲ့သူက လင်းဟန်ဖြစ်တယ် ဆိုတာကို သူမရဲ့ စိတ်ထဲမှာ ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ဒီအတွေးတွေက ပျောက်ကွယ်သွားခဲ့ပါတယ်။ ဘယ်သူကများ သူ့ကို ကျိုယွင်အာနဲ့ နှိုင်းယှဉ်ဖို့ တောင်းဆိုလို့လဲ။

ဒါပေမဲ့ အခုတော့ ကျိုယွင်အာက မျှော်စင်ရဲ့ သတ္တမမြောက် အထပ်ကို ဖြတ်ကျော်နိုင်တဲ့သူက သူမမဟုတ်ဘူး ဆိုတာကို ဂရုစိုက်နေပါတယ်။ ဒါဆိုရင် လူတစ်ယောက်ပဲ ကျန်ပါတော့တယ်။

Edit with WPS Office

လင်းဟန်။

အောက်ဘုံကနေ လာခဲ့တဲ့ ကျင့်ကြံသူ တစ်ယောက်။ တန်ခိုးရှင်ဘုံက ဘယ်သူမဆို လျစ်လျူရှုထားပြီး စာမဖွဲ့ လောက်တဲ့ ပုရွက်ဆိတ်လေး တစ်ကောင်။

လီဂေဂေက နောက်ဆုံးတော့ လက်ခံယုံကြည် သွားခဲ့ပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တန်ခိုးရှင်ဘုံကို တက်လာတဲ့ ဧကရာဇ် တစ်ပါးက ဘယ်လိုလုပ်ပြီးတော့ သမိုင်းကြောင်းကို လွယ်လွယ်နဲ့ အဖျက်ဆီး ခံနိုင်မှာလဲ။

"ဂေဂေ နင် သူ့ကို သိလို့လား"

ကျိုယွင်အာက ချက်ချင်းပဲ လီဂေဂေရဲ့ မျက်နှာပေါ်က အမူအရာ ပြောင်းလဲမှုကို လေ့လာစူးစမ်းပြီး ခန့်မှန်းလိုက်ပါတယ်။

လီဂေဂေက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"သူက ကမ္ဘာငယ်လေး တစ်ခုက ကျင့်ကြံသူ တစ်ယောက်ပဲ။ တန်ခိုးရှင်ဘုံကို လွန်ခဲ့တဲ့ ဆယ်ရက်ကမှ ရောက်လာခဲ့တာ"

ကျိုယွင်အာ။

"............"

ကမ္ဘာငယ်လေး တစ်ခုက ကျင့်ကြံသူ တစ်ယောက်ဟုတ်လား။

Edit with WPS Office

ဒါက မဖြစ်နိုင်ပါဘူး။ ကမ္ဘာငယ်လေး တစ်ခုရဲ့ ကျင့်ကြံခြင်း ပတ်ဂန်းကျင်က ဘယ်လိုလုပ်ပြီးတော့ တန်ခိုးရှင်ဘုံနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ အဲဒီမှာရှိတဲ့ အရင်းအမြစ်တွေက တန်ခိုးရှင်ဘုံနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလား။ အဲဒီက လက်ရွေးစင်တွေက တန်ခိုးရှင်ဘုံနဲ့ နှိုင်းယှဉ်လို့ရော ရနိုင်မှာ တဲ့လား။ အရာအားလုံး နောက်မှာ ပြတ်ကျန်ခဲ့ပြီးတော့ ကမ္ဘာငယ်လေးတွေကို တစပြင် ကုန်းမြေတစ်ခုအဖြစ် သတ်မှတ်နိုင်ပါတယ်။

ဒါပေမဲ့ အဲဒီလိုမျိုး တစပြင်သာသာ ဖြစ်နေတဲ့ ကုန်းမြေတစ်ခုက ရောက်လာတဲ့ လူတစ်ယောက်က ဒီလိုမျိုး အံ့မခန်း ကံတရားတစ်ခု အောင်မြင်မှု ရရှိပြီး မျှော်စင်ရဲ့ သတ္တမမြောက် အဆင့်ကို ဖြတ်ကျော်သွားခဲ့ပါတယ်။

ဒီလိုမျိုး ပါရမီက ကောင်းကင်နီ သင်တန်းကျောင်း တစ်ခုလုံးထဲမှာတောင် ထိပ်ဆုံးဆယ်ယောက် စာရင်းထဲမှာ ချိတ်နိုင်ပါလိမ့်မယ်။

မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အကြီးအကဲတွေက အရမ်းကို စိတ်လှုပ်ရှား နေကြပါတယ်။ ဒီစမ်းသပ် စစ်ဆေးမှုမှာ သူတို့တွေက ကြီးမားတဲ့ အကျိုးအမြတ်ကို ရရှိခဲ့ပါတယ်။ အရမ်းကို ထက်မြက်တဲ့ ပါရမီရှင် သုံးယောက် ထွက်ပေါ်လာခဲ့ပါတယ်။ ကျိုယွင်အာရဲ့ အစွမ်းထုတ်ဖော်ပြသမှုအရ သူမက ကြယ်နှစ်ပွင့်

Edit with WPS Office

ပါရမီရှင်တစ်ယောက်ဖြစ်ဖို့ အလားအလာကောင်း ပိုင်ဆိုင်ထားပါတယ်။ ထပ်ပြောရမယ် ဆိုရင်တော့ ဖျက်မြင်းသုံးကောင် ပေါ်ထွက်လာခဲ့ပြီး တစ်ယောက်ရဲ့ စွမ်းပကားက အနည်းဆုံး ကြယ်နှစ်ပွင့် ပါရမီရှင် အဆင့်မှာ ရှိပါတယ်။ ကျန်တဲ့နှစ်ယောက် အတွက်ကတော့ တစ်ယောက်က ဘုရင်ချီကို ပိုင်ဆိုင်ထားပြီး နောက်တစ်ယောက်က ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်တဲ့ အလားအလာကို ပိုင်ဆိုင်ထားပါတယ်။

မြောက်ပိုင်း အဖွဲ့အစည်းက ပီတိဂွမ်းဆီထိသလို ခံစားနေရပါတယ်။

ဒါပေမဲ့လည်း ဒါက အထွတ်အထိပ် ကာလဖြစ်ပါတယ်။

သိပ်မကြာခင် အခိုက်အတန့်မှာ မျှော်စင်ရဲ့ အဌမမြောက် အဆင့်က အလင်းရောင် တောက်ပ လာခဲ့ပါတယ်။

"ဘုရားရေ။ ငါ့အမြင်တွေ မှားနေတာတော့ မဟုတ်ပါဘူးနော်။ လရောင်က ရုတ်တရက် ထွန်းလင်း တောက်ပလာတာလား။ ဒါမှမဟုတ် အဌမမြောက် အထပ်က တကယ်ပဲ တောက်ပလာတာလား"

"ငါတို့အားလုံး အမြင်မှားနေတယ် ဆိုတာတော့ မဖြစ်နိုင်ပါဘူး။ မျှော်စင်ရဲ့ အဌမမြောက် အဆင့်က တကယ်ပဲ

Edit with WPS Office

တောက်ပလာခဲ့တာပဲ”

“ကြယ် ကြယ် ကြယ်လေးပွင့် ပါရမီရှင်”

အဲဒီအချိန်မှာ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အကြီးအကဲတွေ အားလုံးက ထိုင်လို့မရတော့ပါဘူး။ အားလုံးပဲ ကြယ်ဖြူမျှော်စင်ရဲ့အောက်မှာ စုဝေးပြီးတော့ ဒီထိပ်တန်းပါရမီရှင်ကို တွေ့ဆုံဖို့ ဆန္ဒတွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။

ကြယ်လေးပွင့် ပါရမီရှင်။ ဒါက ဘာကိုပြောချင်တာလဲ။

ဒီအင်ပါယာရဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ ဗိုလ်ချုပ် ခုနစ်ယောက်စလုံးက ကြယ်လေးပွင့် ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒီလူလေးယောက်က ဘယ်လိုမျိုး လူစားတွေလဲ။ သူတို့တွေက ကြယ်ဥက္ကာ အင်ပါယာရဲ့ အဓိက ထောက်တိုင်တွေ ဖြစ်ပြီးတော့ ဒီဂြိုလ်ရဲ့ ထိပ်သီးတွေ အဖြစ် ရပ်တည်နေကြတဲ့ လူတွေဖြစ်ပါတယ်။

အံ့အားသင့်မှုကို အသာထားဦး။ အားလုံးက မျှော်စင်ထဲမှာ ရှိနေတဲ့ လူဟာ မျှော်စင်ရဲ့ နဂါးမြောက် အဆင့်ကို ဖြတ်ကျော်ပြီးတော့ ဒဏ္ဍာရီထဲမှာပဲရှိတဲ့ ကြယ်ငါးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာမလား ဆိုတာကို သိချင်နေကြပါတယ်။

“ဒီလူထူးလူဆန်းကောင်ကတော့”

Edit with WPS Office

လီဝေဝေက သူမကိုသူမ တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေနဲ့သာ ကိုယ်တိုင် မမြင်ရဘူးဆိုရင် သူမအနေနဲ့ ဒီစိတ်ကြီးဝင်တတ်တဲ့ အရှုံးကောင်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာမယ်ဆိုတာကို ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။ သူမက လင်းဟာန်အကြောင်း စဉ်းစားလိုက်တဲ့ အခါမှာ ဂုဏ်ယူဝင့်ကြွားခြင်းနဲ့ ယုံကြည်မှု အပြည့်ရှိနေတဲ့ ပုံစံက သူ့မျက်နှာကို ရိုက်ပစ်ချင်တဲ့စိတ်တွေ သူမစိတ်ထဲမှာ အရှုံးအမှုး ဖြစ်ပေါ်လာခဲ့ပါတယ်။

မျှော်စင်ရဲ့ အထဲမှာ နဂါးမအဆင့်ရဲ့ ဂိတ်ပေါက်ဂါက ပွင့်သွားခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟာန်က သူ့ရဲ့ ခြေလှမ်းတွေကို ရပ်ပြီးတော့ သူ့ကိုယ်သူ ပြောလိုက်ပါတယ်။

"ငါ နဂါးမမြောက် အထပ်ကို သွားသင့်လား။ မေ့လိုက်တော့။ ငါအခုဆို ပထမနေရာကို ရလောက်ပြီ။ ငါ့ရဲ့ စွမ်းဆောင်နိုင်ရည်တွေ အားလုံးကို တခြားသူတွေ သိသွားအောင် ထုတ်ဖော်ပြဖို့ မလိုတော့ဘူး"

"အခု ငါက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာပြီ။ သင်တန်းကျောင်းက ငါ့ကို သေချာပေါက် အာရုံစိုက်ပြီးတော့ ပြုစုပျိုးထောင် ပေးလိမ့်မယ်။ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ ထူးချွန်ထက်မြက်မှုက သင်တန်းကျောင်းရဲ့

Edit with WPS Office

သမိုင်းမှာ ဒီလိုမျိုး ပါရမီရှင်တွေ ထွက်ပေါ်မလာဖူးတာတော့ မဟုတ်လောက်ဘူး”

“ဒါပေမဲ့လည်း ကြယ်ငါးပွင့် အတွက်ကတော့ အဲဒါက ကောင်းတဲ့အရာတစ်ခု မဟုတ်ပေမဲ့လည်း”

ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ ခွန်အားက ဧကရီဘုရင်မရဲ့ပင်ရောက်စွက်ဖက်မှုကိုတောင် အစပျိုးပေးနိုင်ပါလိမ့်မယ်။ သူမက သူ့ရဲ့ လျှို့ဝှက်ချက်တွေ ထုတ်ဖော်ဖို့တောင်မှ စုံစမ်းလေ့လာမှုတွေ ပြုလုပ်လာနိုင်ပြီး အဲဒါက သူ့ကို အခက်တွေ့စေပါလိမ့်မယ်။ ကျွှမာငယ်လေး တစ်ခုက လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အရမ်းကို အစွမ်းထက်နေရတာလဲ။

ရိုးရိုးသာသား ပြောရမယ်ဆိုရင် တကယ်လို့ ပထမနေရာကို ရယူဖို့ အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် လင်းဟန်က သတ္တမမြောက်အဆင့်ကို ဖြတ်ကျော်ပြီးတဲ့ နောက်မှာ ရပ်လိုက်ဖို့ ဆန္ဒရှိပါတယ်။ ဒါပေမဲ့လည်း ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်ဆိုတာက မာရှန်းကို ဖြတ်ကျော်ဖို့ လုံလောက်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကြယ်လေးပွင့်အဆင့် ပါရမီရှင်က သေချာပေါက် လုံလောက်တာထက် ပိုနိုင်ပါလိမ့်မယ်။

Edit with WPS Office

သူက ဒီအကြောင်းကို စဉ်းစားပြီးတဲ့ နောက်မှာတော့ နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ချာခနဲ လှည့်ထွက်လာခဲ့ပါတယ်။ သူက နဂမကြောက် အဆင့်ကို တက်သွားဖို့ စိတ်ကူးမရှိပါဘူး။

Chapter 899 end

အပိုင်း(900) ဆုလာဒ်

ကြယ်ဖြူမျှော်စင်ကနေ လင်းဟာန်ထွက်လာတဲ့ အချိန်မှာ အားလုံးရဲ့ မျက်လုံးတွေက သူ့အပေါ်မှာ ကျရောက်နေတာကို သူမြင်လိုက်ရပါတယ်။ သူက သူ့ကိုယ်သူ စဉ်းစားလိုက်မိပါတယ်။

ကြည့်ရတာ အဌမမြောက် အထပ်ကို ဖြတ်ကျော်တာက နည်းနည်းတော့ ပိုသွားပြီနဲ့တူတယ်။ တကယ်လို့ ငါသာအစောကြီးကတည်းက သိခဲ့ရင် သတ္တမမြောက် အဆင့်ကို ဖြတ်ပြီးတာနဲ့ ရပ်လိုက်ပါတယ်။

"ကောင်လေး မင်းနာမည် ဘယ်လိုခေါ်လဲ"

အဘိုးကြီး တစ်ယောက်က အပြေးအလွှားနဲ့ ရောက်လာပြီး သူ့ကိုယ်သူ လင်းဟာန်နဲ့ ဂင်တိုးမိလုမတတ် ဖြစ်သွားပါတယ်။ သူက လင်းဟာန်ကို မီးဂင်းဂင်း တောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို ချောမောလှပတဲ့

Edit with WPS Office

နတ်သမီး တစ်ပါးကို စိုက်ကြည့်နေ သလိုမျိုးပါပဲ။

လင်းဟန်က လက်သီးနဲ့ ထိုးပစ်ချင်တဲ့စိတ်တွေကို ထိန်းချုပ်လိုက်ပါတယ်။ အဘိုးရဲ့ မျက်နှာက သူ့ကို လှောနဲ့တောင် ယက်တော့မလို ဖြစ်နေပါတယ်။

လင်းဟန်က ရွေးချယ်စရာ မရှိပါဘူး။ သူ့ရဲ့စိတ်လှုပ်ရှားမှုနဲ့ အဘိုးကြီးက သူ့ကိုယ်ပိုင် ကျင့်ကြံခြင်းကို မဖုံးကွယ်ထားပဲ သူ့အနောက်မှာ လုံးဝန်းတဲ့ နေနဲ့လတွေ ရှိပါတယ်။ ဆိုလိုတာက သူဟာ နေလအဆင့်ရဲ့ အသေးစားအဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က ဒီလက်သီးကို ထိုးလိုက်မယ်ဆိုရင် နောက်တစ်စက္ကန့်မှာ သူ့အသက် သေချာပေါက် ဆုံးရှုံးသွား ပါလိမ့်မယ်။

သူ့ရဲ့ ဒေါးစက်မှုက ပျောက်ဆုံးသွားခြင်း မရှိပဲနဲ့ လင်းဟန်က အနောက်ကို ခြေတလှမ်း ဆုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော့်နာမည် လင်းဟန်ပါ"

သူ့ရဲ့ ဘဝနှစ်ခုလုံး ပေါင်းပြီးတော့ နေထိုင်ခဲ့ရတဲ့ အသက်ကို တွက်ကြည့်လိုက်ရင် နှစ်ပေါင်းနှစ်ရာ ရှိနေပေမဲ့ နေလအဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အခါမှာ သူ့အသက်က ဘာမှမဟုတ်ပါဘူး။ တကယ်တော့ သူ့ရဲ့အသက်ကို

Edit with WPS Office

အဆတစ်ရာလောက် ပိုလိုက်မယ် ဆိုရင်တောင် တစ်ဖက်လူရဲ့ အသက်နဲ့ ယှဉ်လိုက်ရင် သူဆိုတာ ပမွှားလေး တစ်ယောက်ပါပဲ။

"လင်းဟာန် မြန်မြန် ဒူးထောက်ပြီးတော့ တပည့်တစ်ယောက်ရဲ့ ရိုးရာဓလေ့ ထုံးစံအတိုင်း လုပ်လိုက်။ မင်းကို ငါ့တပည့်အဖြစ် လက်ခံမယ်"

အဘိုးကြီးက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"ထွက်သွားစမ်း"

နောက်ထပ် အဘိုးကြီး တစ်ယောက်က အပြေးအလွှား ရောက်လာပြီးတော့ ပထမ အဘိုးကြီးကို ရိုက်ထုတ်ပြီး လွှင့်ထွက်သွားအောင် လုပ်လိုက်ပြီး သူက အော်ပြောလိုက်ပါတယ်။

"ဒါက ငါ့တပည့်ပဲ"

"အဓိပ္ပါယ် မရှိတာ"

ပထမ အဘိုးကြီးက ချက်ချင်းပဲ ပြန်ခုန်ဝင်လာပြီး ဒုတိယ အဘိုးကြီးနဲ့ တိုက်ခိုက်လိုက်ပါတယ်။

"ဟီးဟီး"

တတိယမြောက် အဘိုးကြီးက ထွက်လာပြီး လင်းဟာန်ကို အားပါးတရ ပြုံးပြပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"ကောင်လေး။ ငါက အကြီးအကဲ ကျန်းသဲ့မန်ပဲ။ အလှည့်ကျစနစ်အရ မြောက်ပိုင်း အဖွဲ့အစည်းရဲ့ အကြီးအကဲ အနေနဲ့ ငါ့ကို လာပြီးတော့ မင်းရဲ့ ဆရာသခင်အဖြစ် အရှိအသေ လာပေးလိုက်။ မင်းရဲ့ နောက်ခံအဖြစ် ငါရှိနေတာကြောင့် အနာဂတ်မှာ မင်းက ဘယ်သူ့ကိုမဆို မင်းရိုက်ထုတ် ပစ်နိုင်မယ်"

ဒါက ဆရာသခင်တစ်ယောက် ပြောသင့်တဲ့ အရာလား။

"အဘိုးကြီးကျန်း မင်းက တပည့်တစ်ယောက် အတွက်နဲ့ ငါ့ကို တိုက်ခိုက်ရဲလား"

လေးယောက်မြောက် အဘိုးကြီး ထွက်ပေါ်လာခဲ့ပြီး ကျန်းသဲ့မန်ကို စူးစူးဝါးဝါး စိုက်ကြည့် လိုက်ပါတယ်။

"အဲဒါအမှန်ပဲ အဘိုးကြီးကျန်း။ မင်းက တကယ်ပဲ အရမ်းကို စက်ဆုပ်ရွံရှာစရာကောင်းတယ်။ ငါတို့တွေ တိုက်ခိုက်နေတာကို အခွင့်ကောင်း ယူပြီးတော့ ငါတို့တပည့်ကို လုယူဖို့ စိတ်ကူးနေတယ်ပေါ့လေ"

စောစောတုန်းက တိုက်ခိုက်နေတဲ့ အဘိုးကြီး နှစ်ယောက်ကလည်း ရပ်လိုက်ပြီးတော့ တစ်ယောက်ပြီး တစ်ယောက် လျှောက်လာခဲ့ပါတယ်။

"ကောင်လေး မင်းဘယ်သူ့ကို ဆရာအဖြစ် တော်ချင်လဲ"

Edit with WPS Office

အဘိုးကြီး လေးယောက်က လင်းဟန်ဆီကို လှည့်ကြည့် လိုက်ကြပါတယ်။

ဒီမြင်ကွင်းကို တွေ့မြင်ရတဲ့ လူတွေအားလုံး မနာလိုမှုတွေနဲ့ ပြည့်နှက်လို့ လာခဲ့ပါတယ်။ နေလအဆင့် လက်ရွေးစင် လေးယောက်က အချင်းချင်းတောင် တိုက်ခိုက်ပြီး သူတို့ရဲ့ တပည့်တော်ချင်နေတာက အရမ်းကို မြင့်မားတဲ့ ဂုဏ်သိက္ခာ တစ်ခုပဲ မဟုတ်လား။ တကယ်လို့ လူတစ်ယောက်ရဲ့ ဘဝသက်တမ်းမှာ ဖြစ်ပျက်ခဲ့မယ်ဆိုရင် ဘာကိုများ တောင်းဆိုစရာ လိုဦးမှာလဲ။ ကြယ်ဉက္ကာ အင်ပါယာထဲမှာ မူလဇာစ်မြစ် လက်ရွေးစင်တွေလည်း ရှိတယ်ဆိုတဲ့ အချက်ကို မကြည့်ပါနဲ့။ အမှန်တကယ်တော့ အဲဒီလို လက်ရွေးစင်တွေက ဒီနေရာမှာ ဘယ်လောက်များ ရှိလို့လဲ။

နေလအဆင့် ကျင့်ကြံသူတွေက ကြယ်ဉက္ကာ အင်ပါယာရဲ့ နောက်ခံအင်အားပဲ ဖြစ်ပါတယ်။ မူလဇာစ်မြစ်အဆင့် ကျင့်ကြံသူတွေက လွယ်လွယ်နဲ့ လှုပ်ရှားမှု ပြုလုပ်လိမ့်မှာ မဟုတ်ပါဘူး။

နေလအဆင့်ကိုလည်း အဆင့်လေးဆင့် ခွဲခြားထားပါတယ်။ ဒီအဘိုးကြီး လေးယောက် စလုံးက အသေးစား အဆင့်မှာပဲ ရှိပါတယ်။ နေလအဆင့်အထဲမှာ အနိမ့်ဆုံး အဆင့် ဖြစ်ပါတယ်။

Edit with WPS Office

"အချိန်ဖြုန်းနေတာတွေ ရပ်လိုက်တော့။ အားလုံးအတွက် သွားပြီးတော့ ဂင်ခွင့်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေကို သွားစီစဉ်တော့"

အဲဒီအချိန်မှာ သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်က ပျံသန်းလာပြီးတော့ ဘုံကိုးဆင့် မျှော်စင်ရဲ့ အထွတ်ပေါ်မှာ ရပ်ပြီးတော့ အောက်ကလူတွေကို ညွှန်ကြားလိုက်ပါတယ်။ သူ့အသံက အရမ်းကို မကျယ်လောင်ပေမဲ့ လူတွေရဲ့ နလုံးသားထဲကို တန်းပြီးတော့ ရောက်ရှိသွားစေပါတယ်။

"ဟုတ်ကဲ့ပါ လက်ထောက်ကျောင်းအုပ်ကြီး"

အဘိုးကြီး လေးယောက်က အလျင်အမြန် ဦးခေါင်းငုံ့ပြီးတော့ အရိုအသေ ပြုလိုက်ပါတယ်။

အဲဒါကို ကြည့်ပြီးတော့ အားလုံးဟာ ငယ်ရွယ်ပုံရတဲ့ ဒီယောကျ်ားက အဘိုးကြီး လေးယောက်ထက် ပိုပြီးတော့ အစွမ်းထက်တယ် ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ ဒါက အတော်လေးကို မယုံနိုင်စရာ ကောင်းပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က မြင့်မားသွားရင် မျှော်လင့်လို့ မရနိုင်လောက်အောင် အသက်ရှည်လာပြီး အိုမင်းခြင်း အမြန်နှုန်းကလည်း နှေးကွေးလာပါလိမ့်မယ်။

Edit with WPS Office

ဒါကြောင့် အသက်အစစ်အမှန်နဲ့ ပတ်သက်ရင် ဒီသက်လတ်ပိုင်းအရွယ် ယောက်ျားက ကျန်းသဲ့မန်နဲ့ တခြားအဘိုးကြီးတွေထက် အများကြီး အသက်ကြီးနိုင်ပါတယ်။

လက်ထောက်ကျောင်းအုပ် ပေးတဲ့ ညွှန်းကြားချက်ကြောင့် ကျန်းသဲ့မန်နဲ့ တခြားသူတွေက ဆက်ပြီးတော့ မတိုက်ခိုက်ပဲ့တော့ပဲ စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်နိုင်တဲ့ ကျောင်းသားတွေကို မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အိပ်ဆောင်တွေဆီ ခေါ်လာဖို့ အလျင်အမြန် စီစဉ်ဆောင်ရွက် လိုက်ကြပါတယ်။ လင်းဟန်၊ မာရှန်း၊ ချန်ပောင်ဖေးနဲ့ ကျိယွင်အာတို့ အုပ်စုကိုတော့ နေခဲ့ဖို့ ပြောထားခဲ့ပါတယ်။

နောက်ဆုံးတော့ ထိပ်ဆုံးဆယ်ယောက်ကို ဆုလာဒ်တွေ ပေးပါတယ်။

ထိပ်ဆုံးခုနစ်ယောက်အတွက် ဆုလာဒ်တွေကတော့ အရမ်းကို ရိုးရှင်းပါတယ်။ တစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးဆီ လက်ခံရရှိ ကြပါတယ်။ ထိပ်ဆုံးသုံးယောက် အတွက် ဆုလာဒ်တွေက ပိုပြီးတော့ အဖိုးထိုက်တန်ပါတယ်။ သံသယ ရှိစရာ မလိုအောင် လင်းဟန်က ပထမ ရပါတယ်။ ဒါပေမဲ့ ဒုတိယ နေရာနဲ့ တတိယ နေရာအတွက်ကိုတော့ ဆွေးနွေးဖို့ လိုအပ်ပါတယ်။

Edit with WPS Office

မာရှန်း၊ ချန်ပောင်ဖေးနဲ့ ကျိုယွင်အာတို့ အားလုံးက ဆဌမအထပ်ကို အောင်မြင်အောင် စိန်ခေါ်နိုင်ခဲ့ပါတယ်။ ပြီးတော့ သတ္တမ အထပ်က ပထမနစ်ဆင့်ကိုလည်း ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ဘယ်သူက ဒုတိယ၊ တတိယနဲ့ စတုတ္ထနေရာမှာ ဖြစ်သင့်လဲ။

အဖွဲ့အစည်းရဲ့ အကြီးအကဲတွေ အထဲမှာ အတော်ကြာအောင် ဆွေးနွေးပြီးတဲ့ နောက်မှာတော့ မာရှင်းကို ဒုတိယနေရာ ပေးဖို့ ဆုံးဖြတ်လိုက်ပြီး ချန်ပောင်ဖေးနဲ့ ကျိုယွင်အာတို့ကိုတော့ ပူးတွဲ တတိယ နေရာကို ပေးလိုက်ပါတယ်။ မြောက်ပိုင်းအဖွဲ့အစည်းက သူတို့အပေါ်မှာ အရင်းအမြစ် အမြောက်အများ သုံးစွဲရပါလိမ့်မယ်။ မြောက်ပိုင်းအဖွဲ့အစည်းက အစကတည်းက ချမ်းသာ ကြွယ်ဝပြီး ခံညားထယ်ဂါပတယ်။ နောက်ပြီးတော့ သူတို့တွေက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေပဲ ရှိပါသေးတယ်။ ဒါကြောင့် သူတို့သုံးစွဲနိုင်တဲ့ အရင်းအမြစ် ပမာဏက အကန့်အသတ် ရှိပါတယ်။

ထိပ်ဆုံးကျောင်းသား သုံးယောက်က အထူးအခွင့်အရေးတွေ ရရှိကြပါတယ်။

ဥပမာ သူတို့က တစ်လမှာ တစ်ကြိမ် ကျောက်စိမ်းနက် ရေကန်မှာ စိမ်ဖို့ အခွင့်အရေး တစ်ခု ရရှိပါလိမ့်မယ်။

Edit with WPS Office

အဲဒါက မင်းကိုယ်မင်း ကိုယ်လက်သန့်စင်ဖို့ မဟုတ်ပါဘူး။ ကျောက်စိမ်းနက် ရေကန်က စိတ်ဂိညာဉ် ရေကန်တစ်ခု ဖြစ်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာကြီးကနေ သဘာဝအတိုင်း ဖြစ်ပေါ်လာတဲ့ အရာတစ်ခု ဖြစ်ပြီးတော့ ကျင့်ကြံသူတွေရဲ့ ခန္ဓာကိုယ်နဲ့ စိတ်ဂိညာဉ်ကို အမြင့်ဆုံးထိ ပြုစုပျိုးထောင် ထောက်ပံ့ပေးပါလိမ့်မယ်။ နောက်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းက အဲဒီရေကန်ကို ရယူပြီးတဲ့နောက်မှာ တန်ဖိုးကြီးမားတဲ့ ရတနာပစ္စည်း တော်တော်များများကို ရေကန်ထဲ ပေါင်းထည့်ပြီး ရေကန်ရဲ့ အာနိသင်ကို ပိုပြီးတော့ အဆင့်မြှင့်တင် ပေးခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီရေကန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အတွက်ပဲ အာနိသင် ရှိပါတယ်။ အဆင့်ပိုမြင့်တဲ့ သူတွေအတွက်တော့ အာနိသင် သက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ ထားရှိမှာ မဟုတ်ပါဘူး။ တကယ်လို့ အင်ပါယာကလန်က သိမ်းမယူခဲ့ဘူး ဆိုရင်တောင် ဘုရင်ကိုးပါးနဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတို့အပြင် ဗိုလ်ချုပ်ခုနစ်ယောက်လည်း ရှိသေးတယ် မဟုတ်လား။

ဒုတိယအချက်က သူတို့ဟာ လစဉ်လတိုင်း အစစ်အမှန်

Edit with WPS Office

မူလကျောက်တုံးနှစ်တုံးကို ဆုချီးမြှင့် ခံရပါလိမ့်မယ်။

အစစ်အမှန် မူလကျောက်တုံးတွေက တန်ခိုးရှင်ဘုံထဲမှာ ပြိုင်ဘက်ကင်း ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒီနေရာက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်ဝိညာဉ်ချီတွေရဲ့ သိပ်သည်းမှု မြင့်မားမှုက အဆီအနှစ် တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး သူ့ရဲ့ စွမ်းအားတွေကို ကျင့်ကြံသူတွေ အသုံးပြုဖို့ ထုတ်ယူနိုင်ပါတယ်။ ကျင့်ကြံခြင်း ဒါမှမဟုတ် ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းအတွက် အစစ်အမှန် မူလကျောက်တုံးက အရမ်းကို ကောင်းမွန်တဲ့ ဖြည့်စွက်ပစ္စည်း ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ အစစ်အမှန် မူလကျောက်တုံးကို မူလစွမ်းအင် ပြန်လည်ဖြည့်ဆည်းဖို့ အတွက် အသုံးပြုနိုင်ပါတယ်။ ဒီလိုမျိုး ပစ္စည်းက အရမ်းကို အဖိုးထိုက်တန်ပြီး ရတနာတစ်ခု ဖြစ်ပါတယ်။

ဒါ့အပြင် အစစ်အမှန် မူလကျောက်တုံးတွေကို တန်ဖိုးကြီး ပစ္စည်းတွေ ဝယ်ယူဖို့အတွက် ငွေကြေးအဖြစ် အသုံးပြုနိုင်ပါတယ်။ ရွှေနဲ့ ငွေတွေအတွက်လည်း အလဲအလှယ် လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးကို အရူးတွေပဲ လုပ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

တတိယက လတိုင်း စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတစ်လုံး အပိုရရှိ ပါလိမ့်မယ်။

Edit with WPS Office

စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးက စိတ်ဂိညာဉ်ကို အားကောင်းလာစေနိုင်ပြီး စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်နဲ့ တန်ခိုးရှင်အဆင့် အတွက် အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း တန်ခိုးရှင်တွေက အရမ်းကို အစွမ်းထက်ပြီး စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးရဲ့ အာနိသင် သက်ရောက်မှုက အရမ်းကို နည်းပါတယ်။ ယေဘုယျအားဖြင့် တန်ခိုးရှင်တွေက ယန်ကြယ်စင် ဆေးလုံးကို စားသုံးရပါလိမ့်မယ်။ အဲဒီဆေးလုံးရဲ့ အာနိသင်က အဆပေါင်းများစွာ ပိုမိုအစွမ်းထက်ပါတယ်။ ဒါပေမဲ့ အဲဒီဆေးလုံးရဲ့ တန်ဖိုးကလည်း အရမ်းကို မရေမတွက်နိုင်လောက်အောင် ကြီးမားလွန်းပါတယ်။

သင်တန်းကျောင်းရဲ့ တပည့်တစ်ယောက် ဖြစ်လာရင် လစဉ်လတိုင်း စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး တစ်လုံးကို ရပါလိမ့်မယ်။ တတိယ နေရာက အပိုတစ်လုံး၊ ဒုတိယ နေရာက အပိုနှစ်လုံးနဲ့ ပထမ နေရာက အပိုသုံးလုံး ရရှိပါလိမ့်မယ်။

အစစ်အမှန် မူလကျောက်တုံးနဲ့ စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ချက်ချင်းပဲ ပေးအပ်လိုက်ပေမဲ့ ကျောက်စိမ်းနက် ရေကန်ကို ဝင်ရောက်ဖို့အတွက်တော့ လာမဲ့လအထိ စောင့်ရပါမယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကျောက်စိမ်းနက် ရေကန်ကို ဝင်ရောက်ဖို့ အဖွဲ့အစည်း

Edit with WPS Office

လေးခုအတွက် အချိန်သတ်မှတ်ပေးထားပါတယ်။
မြောက်ပိုင်းအဖွဲ့အစည်းက ဒီလအတွက် အသုံးပြုလို့ ပြီးသွားပါပြီ။

လင်းဟန်နဲ့ တခြားသူတွေက သူတို့ရဲ့ ဆုလာဒ်တွေ လက်ခံရရှိပြီးတဲ့ နောက်မှာတော့ သူတို့တွေ နောက်ထပ် ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းများစွာ နေထိုင်ရမဲ့ နေရာဆီကို ထွက်လာခဲ့ကြပါတယ်။ သူတို့က တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်ခြင်း မရှိသေးသရွေ့ ဒီနေရာမှာ အမြဲတမ်း နေရပါလိမ့်မယ်။

လမ်းတစ်လျှောက်လုံးမှာ ကျန်းသဲ့မန်က သူတို့ကို လိုက်နာရမဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြောလာခဲ့ပါတယ်။ ဥပမာ မင်းက ထူးထူးခြားခြား အစွမ်းမထက်သရွေ့ ဘာအကြောင်းပြချက်နဲ့မှ တခြားအဖွဲ့အစည်း သုံးခုရဲ့ ပိုင်နက်ထဲကို မသွားရပါဘူး။ အဲလိုမှ မဟုတ်ဘူးဆိုရင် မင်းကို ရိုက်နက်ဆုံးမတာ ခံရဖို့ ပြင်ဆင်ထားရပါမယ်။

သင်တန်းကျောင်းက ကျောင်းသားတွေကို တစ်ယောက်နဲ့တစ်ယောက် သင်ယူလေ့လာဖို့ တိုက်တွန်းပါလိမ့်မယ်။ ဒါပေမဲ့ စည်းမျဉ်းစည်းကမ်းအရ အဆင့်နိမ့် တပည့်တွေက အရင်ဦးဆုံး လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်တာနဲ့ စော်ကားတာ မဟုတ်သရွေ့ အဆင့်မြင့် တပည့်တွေက အဆင့်နိမ့်

Edit with WPS Office

တပည့်တွေနဲ့ တိုက်ခိုက်မှာကိုတော့ တားမြစ်ထားပါတယ်။

နောက်ဆုံးမှာ ကျန်းသဲ့မန်က အရမ်းကို ထူးဆန်းတဲ့ တစ်စုံတစ်ခုကို ပြောလာခဲ့ပါတယ်။

"နောက်ပြီးတော့ ဒီမှာ ကြောင်ဖြူတစ်ကောင်လည်း ရှိတယ်။ မင်းတို့တွေက အဲဒီကြောင်ကို ဘယ်လိုပဲဖြစ်ဖြစ် မစော်ကားမိစေနဲ့။ သူ့ရဲ့ အမွေးတစ်ချောင်းကိုတောင် ထိခိုက်အောင် မလုပ်လိုက်နဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်သူကမှ မင်းတို့ကို မကယ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

အားလုံးက လုံးဝ ခေါင်းရှုပ်သွားပါတယ်။

Chapter 900 end

Edit with WPS Office

အပိုင်း(901) ပြဿနာ ဖြစ်လို့မရတဲ့ ကျောင်းဖြူ

"အရမ်းအစွမ်းထက်နေလို့လား။ အဲဒီကျောင်းက ဘယ်လိုအမျိုးအစားလဲ"

လီဝေဂျကမေးလိုက်ပါတယ်။ သူမက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်တာကြောင့် သတ္တိကောင်းပါတယ်။ ကျန်းသဲ့မန်ကို အများကြီး ကြည့်ညိုလေးစားမှု မရှိပါဘူး။ သူမကို ကျန်းသဲ့မန်က အပြစ်တင် ကြိမ်းမောင်းမှာကို မကြောက်ပါဘူး။

ကျန်းသဲ့မန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီကျောင်းက ဘာထူးခြားလဲ ဆိုတာကိုတော့ ငါ့အနေနဲ့ မသေချာဘူး။ ဒါပေမဲ့ သူ့ရဲ့ ပိုင်ရှင်ကတော့ ဟဲဟဲ ငါတို့ရဲ့ ကျောင်းအုပ်ကြီးပဲ"

"မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ခေါင်းဆောင် အရှင်ရန်ဒေါင်ချီလား"

ကျန်းသဲ့မန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မဟုတ်ဘူး။ သူက အရှင်ဖူ။ ဖူဟိုင်"

အဲဒီအချိန်မှာ အားလုံးရဲ့ အမူအရာက အထင်ကြီး လေးစားမှုတွေနဲ့ ပြည့်နှက်လို့ သွားကြပါတယ်။ လီဝေဂျတောင်မှ အနည်းငယ်

မှင်တက်သွားပြီး ကြည်ညိုလေးစားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။

ဖူပတိုင်က ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းအုပ်ဖြစ်ပါတယ်။ မြောက်ပိုင်း အဖွဲ့အစည်းရဲ့ ခေါင်းဆောင် မဟုတ်ပါဘူး။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့် အသေးစိတ်ကို ဘယ်သူကမှ မသိပါဘူး။ သူ့ရဲ့ အချိန်အများစုကို ကျင့်ကြံခြင်း အပေါ်မှာပဲ အာရုံစိုက်ပြီးတော့ တံခါးပိတ် လေ့ကျင့်ကာ ကုန်ဆုံးစေခဲ့ပါတယ်။

ဒါကြောင့်လည်း ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အဖွဲ့အစည်း လေးခုက သူတို့ကိုယ်ပိုင် နည်းလမ်းတွေနဲ့ လုပ်ချင်တာတွေ လုပ်ပြီးတော့ အဖွဲ့အစည်းတွေ အကြားမှာ ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေ တိုးလာစေရတဲ့ အကြောင်းအရင်းပဲ ဖြစ်ပါတယ်။

အဖွဲ့အစည်း လေးခုမှာလည်း သူတို့ရဲ့ ခေါင်းဆောင်တွေ ရှိကြပြီး အဖွဲ့အစည်းရဲ့ ခေါင်းဆောင်တွေလို့ လူသိများ ထင်ရှားကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က နေလအဆင့်ရဲ့ ပြီးပြည့်စုံမှုမှာ ရှိပါတယ်။ ကြယ်ဥက္ကာ အင်ပါယာထဲမှာတော့

သူတို့ကို ထိပ်တန်း လက်ရွေးစင်တွေအဖြစ် သတ်မှတ်ယူဆနိုင်ပါတယ်။

ဒါပေမဲ့လည်း နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်အကြားမှာ အဆင့်တစ်ခုပဲ ကွာခြားတယ် ဆိုတာကို မကြည့်သင့်ပါဘူး။ ဒီအဆင့်တစ်ခု ကွာဟချက်က အရမ်းကို ကြီးမားကျယ်ပြန့် လွန်းပါတယ်။ ကြယ်တစ်ပွင့် ပါရမီရှင် ဒါမှမဟုတ် ကြယ်နှစ်ပွင့် ပါရမီရှင်ကို မေ့ထားလိုက်ပါ။ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တောင်မှ ဒီလိုအဆင့်တစ်ခုရဲ့ အတားအဆီးကို ချိုးဖြတ်ကျော်လွှားနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လီဝေဂူ၊ မာရှန်းနဲ့ တခြားထိပ်တန်း ပါရမီရှင်တွေတောင် သူတို့ကိုယ်သူတို့ အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ကို ရောက်နိုင်လိမ့်မယ်လို့ ဘယ်သူမှ မပြောဝံ့ ကြပါဘူး။ နေလအဆင့်ကို ရောက်ရှိဖို့တောင် အရမ်းကို ခက်ခဲပါလိမ့်မယ်။

ငါးနှစ်ပြည့်တိုင်း ကျောင်းသားအသစ်တွေကို စုဆောင်းတယ်ဆိုတာက ပုံကြီးချဲ့ကားပြီး လုပ်တဲ့ အရာတစ်ခု မဟုတ်ပါဘူး။ သူတို့တွေထဲက ကိုးဆယ်ရာခိုင်နှုန်းက တောင်မြစ်အဆင့်ကိုပဲ ရောက်ရှိနိုင်ပါတယ်။ တကယ်တော့ အဲဒီလူတွေက သူတို့ကိုယ်တိုင် ပါရမီရှင်တွေ ဖြစ်ကြပါတယ်။

ဒါပေမဲ့လည်း သူတို့ထဲက ဆယ်ပုံတစ်ပုံကပဲ အလယ်အလွတ် အဆင့်ကို ရောက်နိုင်ပြီး အဓိက အောင်မြင်မှုကို ရရှိနိုင်တဲ့ သူတွေက ဆယ်ရာခိုင်နှုန်းလောက်ပဲ ရှိပါလိမ့်မယ်။ ပြီးတော့ အဲဒီထဲကမှ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်နိုင်စွမ်းရှိတဲ့ သူတွေက တစ်ထောင်မှာ တစ်ယောက်ပဲ ရှိပါတယ်။ အများဆုံး လူတစ်သောင်းမှာ တစ်ယောက်ပဲ နေလအဆင့်ကို တက်ရောက်နိုင် ပါလိမ့်မယ်။

ဒါပေမဲ့လည်း အကြိမ်တိုင်း ကျောင်းသားဘယ်လောက်များများကို စုဆောင်းခဲ့သလဲ။

ဒါကြောင့် ကျောင်းသားအုပ်စု တစ်စု ဒါမှမဟုတ် အုပ်စုအနည်းငယ် အထဲမှာတောင် နေလအဆင့်ကို ရောက်နိုင်တဲ့သူ မရှိဘူးလို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။

ဒီလိုမျိုး နှိုင်းယှဉ်မှု တစ်ခုနဲ့ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်တွေက ဘယ်လောက်တောင် အထင်ကြီး အံ့သြစရာ ရှိမလဲဆိုတာကို သိနိုင်ပါတယ်။

"ကြောင်ဖြူက ကျောင်းအုပ်ဖူရဲ့ အိမ်မွေးတိရစ္ဆာန်ပဲ။ ကျောင်းအုပ်ဖူက အရမ်းကို ချစ်တယ်။ ဒါကြောင့် တကယ်လို့ ကြောင်ဖြူက မင်းတို့ရဲ့ ခေါင်းပေါ်မှာ ချီးပါသေးပေါက်

လုပ်ခဲ့ရင်တောင် မင်းတို့က အဲဒါကို သည်းခံရလိမ့်မယ်။ အရင်တုန်းက လူတစ်ယောက်က ကြောင်ဖြူကို ရိုက်ပုတ်ခဲ့တယ်။ အဲဒီလူကတော့ ကံဆိုးမိုးမှောင် ကျသွားတော့တာပဲ။ ကျောင်းအုပ်ဖူက သူ့ကို မသန်မစွမ်းဖြစ်အောင် လုပ်ပြီးတော့ နှင်ထုတ်ပစ်လိုက်တယ်”

ကျန်းသဲ့မန်က တုန်လုပ်ချောက်ချားပြီး ပြောလိုက်ပါတယ်။

“အဲဒီလူက အိုက်ကလန်ရဲ့ ခုနစ်ယောက်မြောက် သခင်လေးများ ဖြစ်နိုင်မလား”

ကျောင်းသားတစ်ယောက်က မေးလိုက်ပါတယ်။

“သူ့ရဲ့ မျိုးရိုးနာမည်က အိုက်ဆိုတာ အမှန်ပဲ။ သူ့ကို အိုက်ဆောင်လို့ ခေါ်တယ်”

ကျန်းသဲ့မန်က ခေါင်းညိတ်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

“အိုက်ကလန်က ထိပ်တန်းအဆင့် ကလန်တစ်ခု မဟုတ်ပေမဲ့ ဒုတိယတန်းစား အဆင့် ကလန်တွေ အထဲမှာတော့ အတော်လေးကို အဆင့်မြင့်တယ်လို့ ပြောရမယ်။ အရှင်ဖူက သူတို့ကို နည်းနည်းလေးမှတောင် မျက်နှာသာ မပေးခဲ့ဘူး။ ဟူး”

“အဲဒီကြောင်ကို ဘယ်တော့မှ မစော်ကားမိစေနဲ့”

အားလုံးက ခြေဖျားလက်ဖျားတွေ အေးစက်လာခဲ့ပါတယ်။ ဘယ်သူကမှ အဲဒီကြောင်ကို စော်ကားမဲ့ အတွေးတွေ မတွေးဝံ့ကြသလို တစ်ချက်လောက် ရိုက်လိုက်တာနဲ့ နောက်ဆက်တွဲ ခံစားရမဲ့ အကျိုးဆက်နဲ့ ပတ်သက်ပြီးတော့ စဉ်းစားလိုက် ကြပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က ဒေါသထွက်သွားပြီး အဲဒီကြောင်ကို တစ်ချက်လောက် ရိုက်ပစ်လိုက်မယ် ဆိုရင်တော့ အဲဒီလူအတွက် ဘယ်လောက်တောင် ဆိုးဝါးတဲ့ ကံကြမ္မာက စောင့်မျှော်နေလိုက်မလဲ။

လူအများစုက သင်တန်းကျောင်းက စီစဉ်ပေးထားတဲ့ အိပ်ဆောင်တွေထဲမှာ နေကြပေမဲ့ လူတချို့က သင်တန်းကျောင်း ဝန်းကျင်ကို လှည့်လည်ကြည့်ရှု နေကြပါတယ်။ ပြီးတော့ ညဘက်မှာ သူတို့ရဲ့ ကိုယ်ပိုင်အိမ်မှာ နေဖို့ပြန်သွားပါလိမ့်မယ်။ လီဝေဂလိုမျိုး ဩဇာရှိတဲ့ အရာရှိတွေကနေ ဆင်းသက်လာတဲ့ မျိုးဆက်တွေကတော့ သူတို့ရဲ့ စိတ်အပေါ်မှာ မူတည်ပြီး သင်တန်းကျောင်းမှာနေမလား မနေဘူးလား ဆိုတာကို ရွေးချယ်နိုင်ပါတယ်။

နောက်ဆုံးတော့ လင်းဟန်မှာ သူ့ကိုယ်ပိုင်အိမ် ရှိလာခဲ့ပါပြီ။ ကောင်းကင်နီ သင်တန်းကျောင်းက အရမ်းကို ကြီးမားလွန်းပါတယ်။ အားလုံးကို သူတို့ကိုယ်ပိုင် ခြံဝင်းတွေ ပေးထားပါတယ်။ ခြံဝင်းတွေက အရမ်းကြီး မကြီးမားပေမဲ့ ဧည့်ခန်းတစ်ခု ရေချိုးခန်းတစ်ခုနဲ့ အိပ်ခန်းတစ်ခု ပါရှိပါတယ်။ ဒါကို သေးငယ်တယ်လို့တောင် ပြောနိုင်ပေမဲ့ လိုအပ်တဲ့ ပစ္စည်းတွေ အားလုံးနဲ့ ပြည့်စုံပါတယ်။

လင်းဟန်က အရမ်းကို ကျေနပ်နေခဲ့ပါတယ်။ အတော်လေးကြာအောင် ထိုင်ပြီးတော့ သူ့ရဲ့ နောက်ထပ်ခြေလှမ်းကို စတင်စဉ်းစားလိုက်ပါတယ်။

ငွေရှာရမယ်။

သူက အရင်ဆုံး ပန်းတိုင်တစ်ခု ချမှတ်လိုက်ပါတယ်။ ဒါပေါ့။ အဲဒါက ရွှေတွေငွေတွေ ရှာဖို့ မဟုတ်ပါဘူး။ အစစ်အမှန် မူလကျောက်တုံးတွေ ရှာဖို့ဖြစ်ပါတယ်။ အဲဒါက တန်ခိုးရှင်ဘုံရဲ့ ခိုင်မာတဲ့ ငွေကြေးဖြစ်ပြီးတော့ ကမ္ဘာငယ်လေးရဲ့ ရွှေပြား ငွေပြားတွေနဲ့ တူပါတယ်။

ငွေသာရှိမယ်ဆိုရင် လူတစ်ယောက်က အရင်းအမြစ် မျိုးစုံကို ဝယ်ယူနိုင်ပါလိမ့်မယ်။

ငွေဘယ်လိုရှာရမလဲ။

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ အဲဒီနောက် သူက အနက်ရောင် မျှော်စင်ထဲက အစားအသောက်တွေကို ထုတ်ယူပြီးတော့ ချက်ပြုတ်လိုကပါတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ် ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ထဲမှာ နေထိုင်တဲ့ အချိန်တုန်းက သူက အရမ်းကို နိမ့်ချပြီး နေခဲ့ကာ တံခါးပိတ် ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ဒီနေရာက သူ့ပိုင်နက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့စိတ်တွေက ရုတ်ခြည်းဆိုသလို အတော်လေး သက်သောင့်သက်သာ ဖြစ်လာခဲ့ပါတယ်။

သူက ဟူးညို့နဲ့ အချိန်အတော်ကြာအောင် နေထိုင်ခဲ့တာကြောင့် အစားအသောက်နဲ့ ပတ်သက်ပြီး စဉ်းစားလိုက်တဲ့ အချိန်မှာ သူလည်း ဘာမှမတတ်နိုင်ပါဘူး။

"အင်း ဟူးညို၊ ငါ့မိဘ၊ ဟော့လျန်ချွင်ရှယ်နဲ့ ငါ့သားတို့ အခုချိန်မှာ ဘာတွေလုပ်နေမလဲ"

"ဟေး အနက်ရောင် မျှော်စင်ထဲကနေ အစားအသောက်တွေ ထုတ်ပြီးတော့ ရောင်းလို့ ရမလား မသိဘူး"

ဒီအတွေးက ဖြစ်နိုင်ချေ ရှိပါတယ်။ အနက်ရောင် မျှော်စင်ထဲက အစားအသောက်တွေက အရမ်းကို အရသာရှိပြီးတော့ တန်ခိုးရှင်တွေတောင်မှ သွားရည်တမြားမြား ကျစေနိုင်ပါလိမ့်မယ်။ တကယ်တော့ တန်ခိုးရှင်တွေက ခွန်အားမှာပဲ ပိုပြီးတော့ အစွမ်းထက်တာ ဖြစ်ပြီးတော့ လိုချင်တပ်မက်တဲ့ စိတ်နဲ့ပတ်သက်လာရင် စိတ်ထားဖြူစင်တဲ့ ဘုန်းတော်ကြီးတွေ မဟုတ်ပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ စွမ်းအားနဲ့ ပတ်သက်ပြီးတော့ အရမ်းကို သန်မာတဲ့ လူတွေ ဖြစ်လာလိမ့်မလဲ။

ဒါပေမဲ့လည်း ဘယ်စားသောက်ဆိုင်ကများ အစစ်အမှန် မူလကျောက်တုံးနဲ့ ကုန်ကျစားရိတ်ကို ရှင်းခွင့်ပြုထားလဲ။ ပြီးတော့ တကယ်လို့ သူက အစားအသောက်တွေကို ဒေသခံ အုပ်ချုပ်သူတွေ ဒါမှမဟုတ် အဆင့်မြင့် အရာရှိ ပုဂ္ဂိုလ်တွေဆီကို တန်းပို့ရပါမယ်။ သူ့မှာ အဆက်အသွယ် ကောင်းကောင်း ရှိဖို့လိုအပ်ပါလိမ့်မယ်။

"အဲဒါအမှန်ပဲ"

လင်းဟန်က သူ့လက်တွေကို ဆုပ်လိုက်ပါတယ်။

"လီဝေဂက မှန်ကန်တဲ့ အဆက်အသွယ်ပဲ မဟုတ်လား"

တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးက စီးပွားရေး လုပ်ချင်တယ်ဆိုရင် ဘယ်သူက သူမကို မျက်နှာသာ မပေးပဲ နေမှာလဲ။ နောက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲက ပါဂင်ပစ္စည်းတွေက ဘယ်မြို့တော်မှာမှ ရှာစရာ မလိုပါဘူး။ ဒါကြောင့် တကယ်လို့ ရောင်းလို့ရတဲ့ အကျိုးအမြတ်တွေကို လီဝေဂနဲ့အတူ ခွဲဝေယူမယ်ဆိုရင်တောင် ကိစ္စမရှိပါဘူး။ တကယ်တော့ အဆက်အသွယ်က ဘုရင်တစ်ယောက် ဖြစ်ရပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ပြောရမယ်ဆိုရှ သူလည်း ဒီစိတ်ဝိညာဉ် ပြန်လည် ဖြည့်ဆည်းခြင်း ဆေးလုံးလိုမျိုး မှော်ဆေးလုံးကို ဖော်စပ်နိုင်ပါတယ်။ အဲဒါက စကြာဂဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ တောင်မြစ်အဆင့်ထဲမှာ အရမ်းကို လူကြိုက်များပါတယ်။ ပြီးတော့ အဲဒါက ရွှေပြား ငွေပြားတွေနဲ့ မဟုတ်ပဲ အစစ်အမှန် မူလကျောက်တုံးတွေနဲ့ ဂယ်ယူရတဲ့ ဆေးလုံးတွေ ဖြစ်ပါတယ်။

မှော်ဆေးပညာက သူ့ရဲ့အလုပ်အကိုင်ဟောင်း ဖြစ်ပါတယ်။ ပြီးတော့ သူက အဲဒီနယ်ပယ်မှာ အကျွမ်းကျင်ဆုံးပါ။ သူ့ရဲ့အတိတ်ဘဝတုန်းက သူက ဒီကုန်သွယ်စီးဆင်းမှုကနေ

ဘယ်လောက်တောင် ငွေရှာနိုင်လဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။ ဓားကေရာဇ်နဲ့ နေသတ်ဖြတ်သူ ဆေဘာဓား ကေရာဇ်တို့လို ဂုဏ်ယူဝင့်ကြွားတဲ့ လူတွေတောင်မှ သူတို့ရဲ့ ခေါင်းကို ငုံ့ပြီးတော့ သူ့ဆီကို လာရပါတယ်။

ဒါကလည်း မဖြစ်မနေ လုပ်ရမဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။

လီဝေဂရဲ့ အကူအညီနဲ့ ဥပ္ဒသည်တွေကို ဆက်သွယ်ပေးနိုင်ရင် တခြားလူရဲ့ လက်ထဲ သူ့ဘဝကို ထည့်ထားရမယ် ဆိုရင်တောင် ဘာဖြစ်မှာလဲ။ ဒီလိုမျိုး သခင်မလေးမျိုး အနေနဲ့ သူမရဲ့ စိတ်က ဘယ်အချိန်မှာ ပြောင်းမလဲ ဆိုတာကို မသိပါဘူး။ မှော်ဆေးလုံးတွေကို ဖော်စပ်တာကတော့ မတူပါဘူး။ ဆေးလုံးတွေကို ဖော်စပ်ပြီးတာနဲ့ အဲဒါတွေကို မရောင်းနိုင်မှာကို သူက ဘာကြောင့် ကြောက်နေစရာ လိုမှာလဲ။

ဟင် သူကင်နေတဲ့ အသားကင်တွေ ဘယ်ရောက်သွားလဲ။

လင်းဟန်က ရွှေရှာကြွက်ကို အနက်ရောင် မျှော်စင်ကနေ ထုတ်ခဲ့ပါတယ်။ အခု သူက အဲဒီကောင် သေးသေးလေးကို သူနဲ့အတူ ခေါ်လာခဲ့ပါတယ်။ ရွှေရှာကြွက်ရဲ့ ပါရမီက အရမ်းကို အကူအညီ ဖြစ်ပါတယ်။ ဒါပေမဲ့ သူချာခနဲ လှည့်ကြည့်လိုက်တဲ့

အခါမှာ အနားမှာ ကင်ထားတဲ့ အသားကင် အပိုင်းနှစ်ခု ပျောက်ဆုံးသွားပါတယ်။

သူက အံ့အားသင့် သွားမိပါတယ်။ အဲဒီအသားတွေက သူ့မျက်စိအောက်ကနေ သူတောင် သတိမထားမိပဲ ခိုးယူခံလိုက်ရပါတယ်။

တစ်ဖက်လူရဲ့ လုပ်ရှားမှုက အရမ်းကို လျင်မြန်ပြီး လုပ်ရှားမှုတွေကလည်း အရမ်းကို သွက်လက်ပြီး အတော်လေး အံ့အားသင့်စရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း သူက အနီးဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်တဲ့ အချိန်မှာ ဒေါသတွေ ပေါက်ကွဲလု နီးပါး ဖြစ်သွားပါတယ်။

ခြံဝင်းရဲ့ နံရံပေါ်မှာ အဖြူရောင် ကြောင်ဖက်တီးတစ်ကောင်က အသားတွေကို အားရပါးရ စားနေပြီး သူ့ပါးစပ် တစ်ခုလုံး ဆီတွေပေကျံလို့ နေပါတယ်။ အဲဒီအသားတွေက လင်းဟာန် ကင်ပြီး ပျောက်သွားတဲ့ အသားကင်တွေ ဖြစ်ပါတယ်။

ကျန်းသဲ့မန်ရဲ့ စကားတွေက ချက်ချင်းဆိုသလို လင်းဟာန်ရဲ့ ခေါင်းထဲကို ဝင်လာခဲ့ပါတယ်။

"ကြောင်ဖြူကြီး"

လပ္ပြတ်ပဲ။ ဒီလောက်တောင် တိုက်ဆိုင်ရသလား။

လင်းဟာန်ရဲ့ ပါးစပ်က ရှုံ့မဲ့သွားခဲ့ပါတယ်။ သူ့ရဲ့ သင်တန်းကျောင်းကို ဂင်ရောက်တဲ့ ပထမဆုံး နေ့မှာပဲ စော်ကားမော်ကား လုပ်လို့မရတဲ့ ဒဏ္ဍာရီလာ ကြောင်ဖြူကြီးနဲ့ ကြုံတွေ့နေရတယ်ပေါ့။ ဒီကြောင်က အရမ်းကို ဆိုးယုတ်ပြီး ပစ္စည်းတွေခိုးတဲ့ အချိန်ကျမှ ထွက်ပေါ်လာတယ်ပေါ့။

ကြောင်ဖြူကြီးကလည်း လင်းဟာန်က သူ့ကိုတွေ့သွားတယ် ဆိုတာကို သတိပြုမိပါတယ်။ ဒါပေမဲ့ သူခိုးတစ်ယောက်က ဖမ်းမိသွားတာတောင်မှ ကြောက်ရွံ့မှ နည်းနည်းမှ မရှိသလိုမျိုးပါပဲ။ အဲဒီအစား လင်းဟာန်ကို ကြည့်ပြီးတော့ မီးညှောင်ဆိုပြီးတော့ အော်လိုက်ပါတယ်။ ကြောင်ဖြူကြီးရဲ့ အသံက သိပ်မကျယ်ပါဘူး။ ဒါပေမဲ့ ကျားပေါက်လေး တစ်ကောင်ရဲ့ အော်သံလောက် ရှိပါတယ်။

ကြောင်ဖြူကြီးက အသားတွေကို နောက်တစ်ကြိမ် ဖြည်းဖြည်းချင်း ကိုက်ဝါးပြီးတော့ သူ့ပုံစံက လင်းဟာန်ကို တကယ်လို့ မင်းသတ္တိရှိရင် ငါ့ကိုလာပြီးတော့ ရိုက်လေလို့ ပြောသလိုပါပဲ။

လင်းဟာန်က ရတ်ချည်းဆိုသလို ရိုက်ပစ်ချင်စိတ်တွေ ပေါက်လာပေမဲ့ သူ့ရှေ့အရင် စီနီယာ အစ်ကို တစ်ယောက်ရဲ့ အကြောင်းကို စဉ်းစားလိုက် မိတဲ့အခါမှာ ဒီကြောင်ဖြူကြီးကို

အကြောင်းမရှိပဲ ရိုက်လိမ့်မှာ မဟုတ်ဘူးဆိုတာ စဉ်းစားလိုက်မိပါတယ်။ သူက နှာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"သူခိုးလေး ဒီအသားကိုတော့ ငါစွန့်လွှတ်လိုက်မယ်။ မင်းကို ငါကပြုစုလိုက်တယ်လို့ သဘောထားလိုက်မယ်။ ဒါပေမဲ့ နောက်တစ်ကြိမ် ခိုးယူဖို့တော့ မင်းမစဉ်းစားနဲ့"

ကြောင်ဖြူကြီးက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိပါတယ်။ တကယ်လို့ သူ့ခန္ဓာကိုယ်က ပေါ့ပါးဖျတ်လတ်ပြီး သူ့အမြန်နှုန်းက အံ့မခန်းဆိုပေမဲ့ လင်းဟာန်က နိုးနိုးကြားကြား ရှိနေသရွေ့ သူက တစ်ဖက်လူကို နောက်တစ်ကြိမ် အောင်မြင်သွားဖို့ ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

"မီညောင်"

ကြောင်ဖြူကြီးက စိတ်ကြီးဝင်စွာနဲ့ အော်လိုက်ပါတယ်။ သူ့ပုံစံက တကယ်လို့ ငါစားချင်တယ် ဆိုရင် မင်းက ငါ့ကို တားဆီးနိုင်မှာလားလို့ ပြောနေပါတယ်။ ကြောင်ဖြူကြီးက ကျန်နေတဲ့ အသားကို ကောက်ယူပြီး ရုတ်ခြည်းဆိုသလို လွှားခနဲ ခုန်လိုက်ပါတယ်။

Chapter 901 end

အပိုင်း(902) ကောင်းပြီလေ။ မင်းပေးနေသရွေ့ အဆင်ပြေတယ်

ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ရောက်တဲ့ ပထမဆုံး နေ့ရက်မှာပဲ အဖြူရောင် ကြောင်ဖက်တီးက ရောက်လာပြီးတော့ သူ့ရဲ့သြဇာကို တည်ဆောက်နေပါတယ်။

လင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။

"ဒါက အစမကောင်းဘူး"

တစ်ညတာ ကောင်းကောင်းအိပ်စက် အနားယူပြီးတဲ့ နောက်မှာတော့ သူက နောက်တစ်ရက် အတန်းတက်ဖို့ သွားရောက်ခဲ့ပါတယ်။ အဲဒီနေ့မှာ ဆရာတစ်ယောက်က သူတို့ကို စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက် တချို့ကို လာရောက် ရှင်းပြခဲ့ပါတယ်။ တစ်ဖက်မှာ သူက ဘာသာရပ်မှာ စိတ်ဝင်စားမှု တချို့ရှိပြီး တစ်ဖက်မှာတော့ လုပ်ငန်းလုပ်ဖို့အတွက် လီဝေဂနဲ့ ဆွေးနွေးဖို့ သူမကို တွေ့ဆုံချင်ခဲ့ပါတယ်။ သူက သင်တန်းကိုတော့ ဖျက်လို့မရပါဘူး။

သူက အရမ်းကြီးလည်း နောက်မကျသလို အရမ်းလည်း စောပြီးတော့ မရောက်သွားခဲ့ပါတယ်။ သူရောက်လာတဲ့ အချိန်မှာ

စာသင်ခန်းထဲက ထိုင်ခုံအားလုံးရဲ့ သုံးပုံတစ်ပုံမှာ ကျောင်းသားတွေ ပြည့်နေတာကို တွေ့လိုက်ရပါတယ်။

စာသင်ခန်းက လူငါးယောက်လောက် ဆန့်တဲ့အထိ ကျယ်ပါတယ်။ ဒီနှစ်ကျောင်းသားသစ် အရေအတွက်က ငါးရာထက် နည်းပါတယ်။ ဒါကြောင့် ဒီနေရာက ကျောင်းသားသစ် အားလုံး ဆန့်တဲ့အထိ လုံလုံလောက်လောက် ကျယ်ပါတယ်။

"စီနီယာ အစ်ကိုလင်း"

"အစ်ကိုလင်း"

"လင်းဟာန်"

လင်းဟာန်ကို တွေ့လိုက်တာနဲ့ လူတော်တော်များများက လာရောက်နှုတ်ဆက်ကြပြီး အရမ်းကို ရင်းနှီးဖော်ရွေ နွေးထွေးပုံ ပေါ်နေကြပါတယ်။ တစ်ဦးချင်းစွမ်းရည် ပါရမီ အနည်းငယ် ရှိတဲ့သူတွေကတော့ မတူညီတဲ့ အမူအရာတွေနဲ့ ရှိနေပြီး လင်းဟာန်ကို မျက်နှာလို မျက်နှာရ လုပ်ဖို့ ဆန္ဒရှိပုံ မပေါ်ပါဘူး။

ဒါကအားလုံးအတွက်တော့ သာမန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စပါပဲ။ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်။ ကြယ်ဥက္ကာ အင်ပါယာတစ်ခုလုံး အထဲမှာတောင် ဘယ်နှစ်ယောက်များ ရှိလို့လဲ။

ပိုပြီးတော့ အရေးကြီးတာက ကြယ်ဖြူမျော်စင်ရဲ့ စမ်းသပ်စစ်ဆေးမှုမှာ ကြယ်ငါးပွင့် ပါရမီရှင် အဆင့်ထိ ပါဝင်နေပါတယ်။ အဲဒါက လင်းဟန်အနေနဲ့ သိုင်းပညာရဲ့ အမြင့်ဆုံး အဆင့်ကို တက်ရောက်ဖို့ အရည်အချင်း ပြည့်မီတယ်လို့ ဆိုလိုပါတယ်။

သူက နောက်နှစ်ပေါင်း တစ်သန်းအကြာမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်တောင် ဖြစ်လာနိုင်ပါတယ်။

ဒါပေါ့။ နှစ်ပေါင်းတစ်သန်းဆိုတဲ့ အချိန်ကာလ တစ်ခုက တကယ့်ကို ရှည်ကြာပြီး ပြောင်းလဲမှုတွေ မရေမတွက်နိုင်အောင် ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအချိန်အတွင်းမှာ လင်းဟန်က သေရင်လည်း သေသွားနိုင်တယ် မဟုတ်လား။

တကယ်တော့ လက်ရှိ လင်းဟန်ရဲ့ ပါရမီက ထုတ်ဖော်ပြသထားရုံပဲ ရှိပါတယ်။ သူက အစစ်အမှန် တိုက်ပွဲမှာ ဘယ်လောက်သန်မာတယ် ဆိုတာကို ဘယ်သူမှ မသိပါဘူး။ တကယ်လို့ လင်းဟန်က ရှရန်ရဲ့ စိတ်ဝိညာဉ်နဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်ခဲ့တယ် ဆိုတာကိုသာ သူတို့တွေ သိသွားမယ် ဆိုရင် လူတော်တော်များများက သူတို့ရဲ့ စိတ်တွေ ချက်ချင်းပဲ ပြောင်းလဲသွားပါလိမ့်မယ်။

လင်းဟန်က ပြုံးရုံပြုံးပြပြီးတော့ သူ့ကိုနုတ်ဆက်တဲ့ လူတွေအားလုံးကို ခေါင်းညိတ်ပြကာ နုတ်ဆက်လိုက်ပါတယ်။

သူ့အနေနဲ့ တခြားသူတွေကို ဆယ်ဆလောက် ပြန်ပြီးတော့ ကြင်နာပြတတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ တခြားလူက သူ့ကို ကျော်ခွတာမျိုး ဒါမှမဟုတ် စော်ကားတာမျိုး လုပ်ရင်တော့ သူက လုံးဝကို ငဲ့ညှာလိမ့်မှာ မဟုတ်ပါဘူး။

"ဟင့် အရှက်ကိုမရှိဘူး"

လျှိုညီအစ်ကိုလည်း ရောက်လာခဲ့ပါတယ်။ သူတို့က လင်းဟန်ကို ရန်စလိမ့်မှာ မဟုတ်ပါဘူး။ သူတို့ ညီအစ်ကို နှစ်ယောက်က လင်းဟန်ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက် ပါတယ်။

ကျွှာယယ်လေး တစ်ခုက လာခဲ့တဲ့ ဘာမဟုတ်တဲ့ ပုရွက်ဆိတ် တစ်ကောင်က ဒီတစ်ကြိမ် စမ်းသပ်စစ်ဆေးမှုရဲ့ ပထမနေရာကို လုယူသွားလိမ့်မယ်ဆိုတာ ဘယ်သူကများ တွေးမိမှာလဲ။

"ဟားဟားဟားဟား"

လျှိုတာက ရုတ်တရက် မျက်နှာကို မော့ပြီးတော့ ရယ်မောလိုက်ပါတယ်။ ဒါက ဘယ်သူကို ရည်ရွယ်လဲ ဆိုတာ သိသာပါတယ်။

"စီနီယာအစ်ကိုလျှို ဒါကဘာကို ဆိုလိုတာလဲ"

ကျောင်းသားတစ်ယောက်က မေးလိုက်ပါတယ်။

လျှိုတက အရမ်းကို အစွမ်းထက်ပေမဲ့ လျှိုကလန်ရဲ့ ခွန်အားက အင်ပါယာမြို့တော် အထဲမှာ ထိပ်တန်းအဆင့်လို့ သတ်မှတ်လို့ မရပါဘူး။ ဒါကြောင့် တစ်စုံတစ်ယောက်က သူနဲ့အတူ သတ္တိရှိရှိ ငြင်းခုန်ဝံ့တာက သဘာဂကျပါတယ်။

"မင်းတို့အားလုံးကို ကြည့်ရတာ ဘာမှမသိသေးဘူးလို့ ငါထင်တယ်။ ဒီလင်းဟန် စီနီယာ အစ်ကိုလင်းပေ့ါ။ ဟားဟား လွန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ ကျွန်မာငယ်လေး တစ်ခုကနေ ဒီနေရာကို ပျံတက်လာခဲ့တာပဲ"

လျှိုတက လျှို့ဝှက်ချက်ကြီး တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

"ဘာ"

အားလုံးက အံ့အားသင့် သွားခဲ့ကြပါတယ်။ သူက ကျွန်မာငယ်လေး တစ်ခုက ဘာမဟုတ်တဲ့ ပုရွက်ဆိတ်လေး တစ်ကောင်လား။

ရုတ်ခြည်းဆိုသလို လူအများက မနစ်မြို့တဲ့ အမူအရာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီး သူတို့ကိုယ်သူတို့ ဒီလိုမျိုး အဆင့်နိမ့်တဲ့ အညတရ လူတစ်ယောက်ကို ခင်မင်ကျွမ်းဝင်မှ

ရှိအောင် လုပ်ခဲ့တာလား။ ဟုတ်ပါတယ်။ ဒီနေရာမှာ ပိုပြီးတော့တောင် လေးစားကြည်ညိုတဲ့ အမူအရာရှိတဲ့ လူတချို့လည်း ရှိပါတယ်။ ကျွှာငယ်လေး တစ်ခုက လူတစ်ယောက်က တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းနေပါတယ်။ ဒါက တကယ့်ကို မလွယ်ကူတဲ့ အရာတစ်ခုပါပဲ။

ကျောင်းသားတွေရဲ့ အပြုအမူက နှစ်ခြမ်းကွဲသွားပါတယ်။ တချို့လူတွေက ကျွှာငယ်လေး တစ်ခုဟာ အရမ်းကို ရှေးကျပြီး အရမ်းကို ခေတ်မမီတဲ့ နေရာတစ်ခုဖြစ်ပြီးတော့ အရမ်းကို အထင်သေးစရာကောင်းတဲ့ နေရာတစ်ခုအဖြစ် ရှုမြင်ကြပါတယ်။

"လင်းဟာန်"

လျှိုတက ပြုံးလိုက်မိပါတယ်။ သူက ရှေ့ထွက်လာပြီး ပြောလိုက်ပါတယ်။

"ငါ့မနေ့တုန်းက ဘာပြောခဲ့လဲ ဆိုတာကို မင်းမေ့သွားပြီလား။ မင်းငါနဲ့ လက်ရည်စမ်းဝံ့လား"

"လက်ရည်စမ်းမယ် ဟုတ်လား။ မင်းကငါနဲ့ ဘာလုပ်ဖို့ လက်ရည်စမ်းမှာလဲ။ မင်းက ငါနဲ့ လက်ရည်စမ်းဖို့တောင် အရည်အချင်း ရှိလို့လား"

လင်းဟန်က မာနထောင်လွှားတတ်တဲ့ လူတစ်ယောက် မဟုတ်ပေမဲ့ လျှိုတနဲ့ ပတ်သက်ပြီးတော့ အကောင်းမြင်မှု တစ်ခုမှ မရှိပါဘူး။ ဒါကြောင့် သူက တစ်ဖက်လူကို နည်းနည်းလေးမှ မျက်နှာသာ ပေးလိမ့်မှာ မဟုတ်ပါဘူး။

လျှိုတက ဒေါသတွေ အရမ်းကို ထွက်သွားပြီး ခြေဆောင့်လိုက်ပါတယ်။ သူက အင်ပါယာ မြို့တော်ရဲ့ လူငယ်မျိုးဆက်ထဲက လက်ရွေးစင် သုံးယောက်မှာ တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။ အဲဒါတောင်မှ သူက လင်းဟန်နဲ့ လက်ရည်စမ်းဖို့ အရည်အချင်း မရှိသေးဘူးတဲ့လား။ လျှိုတက သူ့ရဲ့ဆူပွက်လာတဲ့ ဒေါသတွေကို ချိုးနှိမ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းနဲ့ တစ်ယောက်ချင်း တိုက်ခိုက်ချင်တယ်"

"ကောင်းပြီလေ။ ငါ့လာရတဲ့အတွက် အခကြေး ပေးရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နောက်ထပ် ဆွေးနွေးစရာ မရှိဘူး"

လင်းဟန်က ပြောလိုက်ပါတယ်။

"သိပ်တော့မများပါဘူး။ အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးပဲပေး။ ဒါပေမဲ့ တကယ်လို့ ငါအနိုင်ရရင် မင်းက ငါ့ကို နောက်ထပ် ကျောက်ကြေး တစ်ရာ ထပ်ပေးရလိမ့်မယ်"

ခွီး ခွီး ခွီး။

လူတော်တော်များများက ရယ်မောလိုက် ကြပါတယ်။

ဒီစီနီယာ အစ်ကိုလင်းက တကယ့်ကို လိမ္မာပါးနပ်တဲ့ လူတစ်ယောက်ပဲ။ တစ်ယောက်ချင်း တိုက်ခိုက်မှုကနေ ငွေရှာဖို့တောင် ကြိုးစားနေသေးတယ်။

လျှိုတက တန်းပြီးတော့ သဘောတူချင်ပေမဲ့ ချက်ချင်းပဲ သူ့ကိုယ်သူ ပြန်ထိန်းလိုက်ပါတယ်။ သူက လျှိုကလန်ရဲ့ လူငယ်မျိုးဆက် ခေါင်းဆောင် ဖြစ်ပေမဲ့ သူ့အတွက်တော့ အစစ်အမှန် မူလ ကျောက်တုံး ဆယ်တုံးကို တစ်ခါတည်း ထုတ်ပေးဖို့ဆိုတာ နည်းနည်းတော့ အခက်အခဲ ရှိပါတယ်။

အရေးကြီးတဲ့ အချက်က သူ့မှာ အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးကို တစ်ခါတည်း ထုတ်ပေးနိုင်ရင်တောင် တကယ်လို့ သူရှုံးသွားရင်ရော။ အစစ်အမှန် မူလကျောက်တုံး တစ်ရာက

အရမ်းကို ကြီးမားတဲ့ ပမာဏတစ်ခု ဖြစ်ပါတယ်။ အနည်းဆုံးတော့ သူထိန်းချုပ်နိုင်မှုရဲ့ နောက်ကွယ်မှာ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ အစွမ်းထုတ်ဖော်ပြသမှုက အတော်လေး အံ့သြစရာကောင်းပါတယ်။ ဒါကြောင့် သူက ရှုံးနိုင်ချေကိုလည်း စဉ်းစားရပါမယ်။

ပထမ ဒါက အရေးကြီးတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ သူ့အဆင့်က လင်းဟန်ရဲ့ အောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူရှုံးသွားမယ် ဆိုရင်တောင် ဘယ်သူကမှ လှောင်ပြောင်ပြီး ရယ်မောမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်လို့ သူအနိုင်ရမယ်ဆိုရင် လင်းဟန်အနားက အောင်မြင်မှုတွေ အားလုံးကို နင်းချေပစ်လိုက်နိုင်မှာပါ။ အခု ဒီလိုမျိုး မြင့်မားတဲ့ လောင်းကြေး တစ်ခုအတွက် သူက အရမ်းကို လွယ်ကူစွာနဲ့ သဘောမတူဝံ့ပါဘူး။

သူ့အနေနဲ့ သေချာပေါက် လင်းဟန်ကို အနိုင်မယူနိုင်သေး သရွေ့ပေါ့။

"လူပြက်ပဲ။ မင်းက တစ်ယောက်ချင်း ယှဉ်ပြိုင်မှုကို ရှောင်ရှားဖို့ ဒီလိုမျိုး နည်းလမ်းကို သုံးမလို့လား"

ဘယ်လိုပဲဖြစ်ဖြစ် လျှိတက သူ့ရပ်တည်မှုကို နိမ့်ကျသွားစေဖို့ဆိုတာက မဖြစ်နိုင်ပါဘူး။

လင်းဟန်က သူ့လက်ကို အထင်အမြင်သေးစွာနဲ့ ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး အရေးမပါတဲ့ ကိစ္စတွေ ပြောနေတာကို ရပ်လိုက်။ တကယ်လို့ မင်းတိုက်ခိုက်ချင်တယ် ဆိုရင် မင်းရဲ့စိန်ခေါ်မှုကို ငါလက်ခံပေးနိုင်တယ်။ ဒါပေမဲ့ တကယ်လို့ မင်းမှာ အစစ်အမှန် မူလကျောက်တုံး မရှိဘူးဆိုရင် ဆက်ပြီးတော့ ဆွေးနွေးစရာ မရှိဘူး။ ငါ့အချိန်တွေက မင်းလိုမျိုး တန်ဖိုးမဲ့တယ်လို့ ထင်နေတာလား။ အစစ်အမှန် မူလကျောက်တုံးတွေ မရှိတဲ့ ငမွဲကောင်တွေကပဲ မြင်းဟီသလို ဟီနေလိမ့်မယ်"

လျှိတက ဒေါသအိုး ပေါက်ကွဲပြီးတော့ သဘောတူလုနီးပါး ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ အတင်းအကျပ် ထိန်းချုပ်လိုက်နိုင်ပါသေးတယ်။

သူ့မှာ အနိုင်ရဖို့ တစ်ရာရာခိုင်နှုန်းအပြည့် ရှိပြီလား။

"ဟီဟီဟီဟီဟီ"

ရယ်မောသံ ချိုချိုနဲ့အတူ ချောမောလှပတဲ့ မိန်းမပျိုလေး နှစ်ယောက်က တံခါးဝကနေ ဝင်လာတာကို တွေ့မြင်လိုက်ရပါတယ်။ တစ်ယောက်က အစိမ်းရောင် ဂတ်စုံနဲ့ နူးညံ့သိမ်မွေ့ပြီး ဆွဲဆောင်မှု ရှိကာ ကျန်တစ်ယောက်ကတော့ အဖြူရောင် ဂတ်စုံနဲ့ နတ်သမီးလေး တစ်ပါးလို ကျက်သရေ ရှိနေပါတယ်။

မိန်းကလေး နှစ်ယောက်စလုံးမှာ သူတို့နဲ့ သက်ဆိုင်ရာ အားသာချက်ကိုယ်စီ ရှိပါတယ်။ သူမတို့ရဲ့ ဟန်ပန်အမူအရာတွေကတော့ လုံးဝကို မတူညီပါဘူး။ နှစ်ယောက်စလုံးရဲ့ ဆွဲဆောင်နိုင်မှုက အားလုံးတူညီပြီးတော့ သူမတို့ရဲ့ အလှတရားနဲ့ အားလုံးကို မှင်တက်ငေးမောသွားအောင် ပြုလုပ်နိုင်ပါတယ်။

သူမတို့ကတော့ လီဝေဂနဲ့ ကျိုယွင်အာတို့ ဖြစ်ပြီး အင်ပါယာမြို့တော်ရဲ့ အချောဆုံး အလှဆုံး သုံးယောက်ထဲက နှစ်ယောက် ဖြစ်ပါတယ်။

"ပြောတာကောင်းတယ် လင်းဟန်"

လီဝေဂက ရောက်လာပြီး လင်းဟန်အတွက် သူမရဲ့ အားပေးထောက်ခံမှုကို ဖော်ပြလိုက် ပါတယ်။

"သူက ငါ့လူပဲ အယ်"

သူမက ချက်ချင်းပဲ သူမအမှားကို သတိပြုမိသွားပြီး အလျင်အမြန်နဲ့ အမှန်ပြင်လိုက် ပါတယ်။

"မဟုတ်ဘူး မဟုတ်ဘူး။ သူက ဘယ်လက်ရုံး အမတ်မင်း အိမ်တော်ရဲ့ လူတစ်ယောက် ဖြစ်ပြီး ငါ့ရဲ့နောက်လိုက်ပဲ။ တကယ်လို့ သူ့ကို နင်တို့တွေ အနိုင်ကျင့်ဝံ့တယ်ဆိုရင် ငါ့ရဲ့ ရန်သူတွေ ဖြစ်လာလိမ့်မယ်။ နောက်ဆက်တွဲ ပြဿနာကို သေသေချာချာ စဉ်းစားဖို့တော့ လိုမယ်နော်"

ကောင်းကင်နီ သင်တန်းကျောင်းမှာ အရာရှိတွေကနေ ဆင်းသက်လာတဲ့ မျိုးဆက်တွေ ပေါများပေမဲ့လည်း အနည်းဆုံးတော့ ဒီအုပ်စုထဲမှာ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော်ထက် အဆင့်အတန်း ပိုမြင့်မားတဲ့သူ ဘယ်သူများ ပါလို့လဲ။

အစောတုန်းက လင်းဟာန်ကို အထင်အမြင်သေးတဲ့ လူတွေက ပိုပြီးတော့ မနှစ်မြို့သလို ခံစားနေ ကြပါတယ်။ သူတို့က လီဝေဂနဲ့ ပြဿနာ မဖြစ်ဝံ့ပေမဲ့လည်း လီဝေဂရဲ့ စကားတွေကို ခေါင်းထဲ သိပ်မထည့်ပါဘူး။ တကယ်တော့ လင်းဟာန်က လွန်ခဲ့တဲ့ ဆယ်ရက်ကမှ ကျွန်မှာငယ်လေး တစ်ခုကနေ ဒီကိုပျံတက်လာခဲ့တာ

ဖြစ်ပါတယ်။ သူက နောက်ခံကောင်းကောင်းတစ်ခု ရှိတဲ့ လူတစ်ယောက်လို့ သတ်မှတ်လို့ မရပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့တွေက လင်းဟန်ကို နင်းချေပစ်မယ် ဆိုရင်ရော ဘာဖြစ်မှာလဲ။

လင်းဟန်က လီဝေဂကို ပြုံးပြီးတော့ ကြည့်လိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ မင်းက ငါ့အပေါ် ရုတ်တရက် ကောင်းလာတာလဲ။ ငါဒါကို အသုံးချမှာ မဟုတ်ဘူး"

"ခစ်ခစ် ဒါပေါ့။ ငါနင့်ကို အရမ်းမုန်းနေသေးပေမဲ့ နင်ကငါ့ နောက်လိုက်ပဲ။ ပြီးတော့ ငါကပဲ နင့်ကို အနိုင်ကျင့်လို့ရမယ်။ တကယ်လို့ တခြားသူတွေက ဒီလိုမျိုး လုပ်နိုင်ရင် သူတို့က ငါနဲ့ အဆင့်ချင်း တူသွားမှာပေါ့ မဟုတ်ဘူးလား။ အဲဒါကို ငါဘယ်လိုမှ ခွင့်မပြုနိုင်ဘူး"

လီဝေဂက သူမရဲ့ ခေါင်းကို ဂုဏ်ယူဂင့်ကြွားစွာနဲ့ မော့ပြီးတော့ ငန်းတစ်ကောင်လို ကျော့ရှင်းတဲ့ လည်တံဖြူဖြူလေးကို ပိုမိုပေါ်လွင်စေပြီ ဒီအလှတရားက လူတစ်ယောက်ရဲ့ ခန့်မှန်းနိုင်မှုထက် သာလွန်ပါတယ်။

လင်းဟန်က ဝါးလုံးကွဲအောင် ရယ်မောလိုက်ပြီး သူမရဲ့ စကားတွေကို ခေါင်းထဲကို မထည့်တော့ပဲ ပြောလိုက်ပါတယ်။

"ထားလိုက်ပါ ငါ့မှာ နင်နဲ့ ဆွေးနွေးစရာကိစ္စ ရှိတယ်"

"အစုတ်ပလုပ် ကျောက်တုံးခေါင်း။ နင်ငါ့ကို သဘောကျနေတယ်လို့တော့ မပြောနဲ့နော်"

လီဝေဂျက ရုတ်တက်ရက် သတိထားပြီးတော့ ကြည့်လိုက်ပါတယ်။

"ငါ့ကို နင်နဲ့အတူ အိပ်အောင်လုပ်နိုင်တယ်ဆိုပြီး မစဉ်းစားနဲ့။ နင့်အိပ်မက်ထဲတောင် မရဘူးမှတ်"

လင်းဟန်က မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒီမိန်းကလေးက အရမ်းကို ပွင့်လင်းလွန်းပါတယ်။ ပြီးတော့ သူမက တစ်နေ့လုံး ဘာအကြောင်းတွေကို စဉ်းစားနေတာလဲ။

Chapter 902 end

အပိုင်း(903) သင်တန်းစပြီ

လီဝေဂျ တစ်နေကုန် စဉ်းစားနေတဲ့ အကြောင်းအရာက အမျိုးသမီးငယ်တိုင်း စဉ်းစားနေတဲ့ အကြောင်းတွေပဲ ဖြစ်ပါလိမ့်မယ်။

သူတို့က ခန့်ညားချောမောပြီး အရမ်းကို အစွမ်းထက်တဲ့ မင်းသားလေး တစ်ပါးနဲ့ တွေ့ဆုံတဲ့ အချိန်မှာ ဓလေ့ထုံးစံတွေ ဘာတွေကို စဉ်းစားနေမှာ မဟုတ်ပဲ သူတို့ကိုယ်သူတို့ မင်းသားလေးနဲ့ ဘယ်လိုမျိုး ကြည်နူးစရာတွေ ရှိလာမလဲ ဆိုတာကို စဉ်းစားနေကြ ပါလိမ့်မယ်။

သူမက လင်းဟန်ကို ရှုံးနိမ့်သွားကတည်းက ဒီကျောက်တုံးခေါင်းက သူမရဲ့ အိပ်မက်တွေ အထဲမှာ မကြာခဏ ပေါ်လာပုံ ရပါတယ်။ သူက သူမနဲ့ သူမရဲ့ မင်းသားလေး အကြားက အချစ်ဇာတ်လမ်းကို ဝင်ရောက်နှောင့်ယှက်ပြီး သူမကို အဝေးကို လုယူထွက်ပြေး သွားချင်ခဲ့ ပါတယ်။ ကံမကောင်းတာက ဒါတွေအားလုံးက သူမရဲ့ အိပ်မက်ထဲမှာ ဖြစ်ပြီးတော့ သူမမှာ ခုခံနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် သူမက လင်းဟန်ရဲ့ အမြဲတမ်း အနိုင်ကျင့်မှုကို ခံခဲ့ရပါတယ်။

ဒါက လီကလန်ရဲ့ နံပါတ်လေး သခင်မလေးကို အရမ်းဒေါသထွက် စေခဲ့ပါတယ်။ သူမနိုးထလာတဲ့ အချိန်တိုင်းမှာ မကျေမချမ်း ဖြစ်မှုတွေနဲ့အတူ အံကိုကြိတ်မိပါတယ်။ သူမက လင်းဟန်ကို ကောင်းကောင်းကြီး မဆုံးမနိုင်ခဲ့ပဲ ဒီကောင်စုတ်က သူမရဲ့ အိပ်မက်ထဲမှာ သူမကို အကြိမ်တော်တော်များများ အနိုင်ကျင့်စော်ကားခဲ့ပါတယ်။

အဲဒါက ဘာမှမတတ်နိုင်ပါဘူး။ နံပါတ်လေး သခင်မလေးရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မြတ်နေရမယ်လို့ ဘယ်သူကများ တောင်းဆိုခဲ့လို့လဲ။ တကယ်လို့ သူမက တစ်စုံတစ်ယောက်နဲ့ လက်ရည်စမ်းတဲ့ အခါကျရင် တခြားသူက သူမကို လွယ်လွယ်နဲ့ အရှုံးပေး ပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်နဲ့ကျတော့ သူမက ထိတ်လန့်စရာ ကောင်းလောက်အောင် ရှုံးနိမ့်နေရပါတယ်။ အဲဒါက လုံးဝကို မမေ့နိုင်တဲ့ အတွေ့အကြုံ တစ်ခုဖြစ်ပါတယ်။

ဒါကြောင့် လင်းဟာန်က သူမကို သူ့ရဲ့စံအိမ်ဆီ ဖိတ်ခေါ်တာကို ကြားလိုက်ရတဲ့ အခါမှာ ချက်ချင်းပဲ သူမရဲ့ အိပ်မက်ထဲက တွေ့ကြုံခံစားခဲ့ရတဲ့ အဖြစ်အပျက်တွေကို အမှတ်ရမိသွားပြီး ဒီကျောက်တုံးခေါင်းက သူမအပေါ် မကောင်းတဲ့ အတွေးတချို့ ရှိနေလိမ့်မယ်လို့ တွေးလိုက် မိပါတယ်။ ဒါကြောင့် သူမရဲ့ အတွေးတွေကြောင့် ရှက်သွေးဖြန်းပြီး မျက်နှာနီရဲ သွားခဲ့ပါတယ်။

နင်က ငါ့အိပ်မက်ထဲမှာ ငါ့ကိုအနိုင်ကျင့်ရတာတောင် မကျေနပ်သေးပဲ အပြင်မှာပါ ငါ့အပေါ် အင်အားသုံးချင် နေသေးတာလား။

“ဝေါ”

ကျိုယွင်အာက လီဝေဂကို အလျင်အမြန်ပဲ ဆွဲလိုက်ပါတယ်။ သူမက မယုံနိုင်စရာကောင်းအောင် အံ့အားသင့်နေပြီး တစ်ခုခု ပြောလိုက်မှာကို ကြောက်နေမိပါတယ်။

လီဝေဂက သူမပါးစပ်ကို လက်နဲ့ကာလိုက်ပြီး မယုံနိုင်စရာ တစ်ခုခုကို ပြောလိုက်မိပြီ ဆိုတာကို သတိပြုမိ သွားပါတယ်။ အဲဒီနောက် သူမက လင်းဟာန်ကို ချက်ချင်းပဲ စူးစူးဝါးဝါး ကြည့်လိုက်ပါတယ်။ ဒါက လင်းဟာန်ရဲ့ အမှားပဲ ဖြစ်ပါတယ်။ ငါ့အိပ်မက်ထဲမှာ ငါ့ကို အမြဲတမ်း အနိုင်ကျင့်ဖို့ သူ့ကို ဘယ်သူက တောင်းဆိုလို့လဲ။

မိန်းကလေး နှစ်ယောက်က နေရာလွတ် တစ်နေရာကို ရှာပြီးတော့ ထိုင်လိုက်ပါတယ်။ ဒါက ချက်ချင်းဆိုသလို လူတွေအများကြီးကို ဆွဲဆောင်သွားစေပြီး သူမတို့ အနားကို ချဉ်းကပ်ကာ စကားစမြည် ပြောချင်လာအောင် ဆွဲဆောင်နေပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက ဒီအလှပဂေး နှစ်ယောက် အပေါ်မှာပဲ ကျရောက်နေပါတယ်။ လီဝေဂရဲ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော်ဆိုတဲ့ အဆင့်အတန်းကပဲ အံ့သြဖို့ လုံလောက်နေပြီ မဟုတ်လား။

"မာရှန်း ဒီမှာဟေ့"

တစ်စုံတစ်ယောက်က အော်ဟစ်လိုက်တဲ့ အခါမှာ အားလုံးက တံခါးဂကို လှည့်ကြည့် လိုက်ကြပါတယ်။

တောင့်တင်း ကြံ့ခိုင်တဲ့ လူငယ်တစ်ယောက် လမ်းလျှောက်ပြီး ဝင်လာတာကို တွေ့လိုက် ရပါတယ်။ သူက လက်ပြတ်ကိုယ်ကျပ်ဂတ်စုံနဲ့ ကြမ်းတမ်းတဲ့ လေထုတစ်ခုကို ထုတ်လွှတ်ထားပြီး မွန်းကျပ်သွားစေနိုင်ပါတယ်။

သူ့ရဲ့ဘုရင်ချီက ရိုင်းစိုင်းတဲ့ သားရဲကောင်တွေနဲ့ အချိန်အတော်ကြာအောင် ပတ်သက်မှုကနေ တိုးတက်လာတယ်ဆိုတာ အတိအကျ ဖြစ်ပါတယ်။

မာရှန်းက အိပ်မှုန်စုံဖွား ပုံစံမျိုးနဲ့ ကြည့်လိုက်ပါတယ်။ သူက မျက်စိကို ဖွင့်တယ်ဆိုရုံလေး ဖွင့်ပြီး ကြည့်နေတာပါ။ ဒါပေမဲ့လည်း စာသင်ခန်းထဲကို ဝင်လာပြီး လင်းဟာန်ကို မြင်လိုက်ရတဲ့ အချိန်မှာ သူ့အကြည့်တွေက ချက်ချင်းကို တောက်ပပြီးတော့ နိုးကြားလာခဲ့ပါတယ်။ သူက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"လင်းဟာန် ငါမင်းနဲ့အတူ တစ်ခါလောက် လက်ရည်စမ်းချင်တယ်"

"ကောင်းပြီလေ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ကို လုပ်ရှားစေချင်တယ်ဆိုရင် အရင်ဆုံး အစစ်အမှန် မူလကျောက်တုံး ဆယ်တုံး ကျေးဇူးပြုပြီးတော့ ပေးပါ။ တကယ်လို့ မင်းရှုံးနိမ့်သွားရင် နောက်ထပ် တစ်ရာ ထပ်ပေးရမယ်။ အရင်ဆုံး ကျသင့်တန်ဖိုးကို ငါစစ်ဆေးကြည့်မယ်။ ဘာမှမရပဲနဲ့တော့ ငါတိုက်ခိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

လူတော်တော်များများက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ လင်းဟန်ရဲ့ ငွေရှာတဲ့ နည်းဗျူဟာက တကယ်ပဲ အရမ်းကို လွှမ်းမိုးနိုင်လွန်းပါတယ်။

လီဝေဂက သူမရဲ့ခေါင်းကို ဆုပ်ကိုင်ပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ဒီအရှက်မရှိတဲ့ ကောင်စုတ်ကတော့ စောစောတုန်းက ငါသူ့အတွက် ရပ်တည်ပေးတာ အလကား ဖြစ်သွားပြီ။ အခု သူက ငါ့ကိုတောင် စိတ်ပျက်သွားစေခဲ့ပြီ"

ကျိယွင်အာက ပြုံးပြီးတော့ သူမရဲ့ လှပတဲ့ မျက်လုံးတွေနဲ့ လင်းဟန်ကို ဝေ့ကြည့်လိုက်ပါတယ်။ သူမရဲ့ အကြည့်တွေထဲမှာ သိချင်စိတ်တွေ ပြင်းပြနေတဲ့ အရိပ်အယောင်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ရုတ်ခြည်းဆိုသလို မာရှန်းက သူ့အရှိန်အဝါကို ထိန်းချုပ်လိုက်ပါတယ်။ သူက ရိုင်းစိုင်းတဲ့ နေရာက လာခဲ့တာ ဖြစ်ပြီးတော့ ဘယ်လိုလုပ် အစစ်အမှန် မူလကျောက်တုံးတွေ အများကြီး ပိုင်ဆိုင်ထား နိုင်မှာလဲ။ လင်းဟန်ကို အတော်ကြာအောင် စိုက်ကြည့်ပြီးတဲ့နောက်မှာ သူက ပြန်ဖြေလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါ့မှာ အစစ်အမှန် မူလကျောက်တုံး အများကြီး ရှိတဲ့အချိန်ကျမှ ငါတို့ တိုက်ကြတာပေါ့"

သူက လှိုတနဲ့စာရင် အများကြီး ပြတ်သားပါတယ်။ ဒါကို မြင်လိုက်ရတဲ့ အခါမှာ အားလုံးက ခေါင်းတဆတ်ဆတ် ညိတ်ပြီးတော့ သဘောတူလိုက် ကြပါတယ်။ သူက သူ့ကိုယ်သူ ကြမ်းတမ်းတဲ့ နေရာတစ်ခုကနေ လာခဲ့တယ်ဆိုတာကို သက်သေပြနေပါတယ်။ သူက အရမ်းကို ပွင့်လင်းပြီး ပြတ်သားတဲ့ အကျင့်စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။

မာရှန်းက လင်းဟန်ကို ထပ်ပြီးတော့ မကြည့်တော့ပါဘူး။ သူကအခန်းထဲ ဝေ့ကြည့်လိုက်တဲ့ အခါ ကျိယွင်အာကို တွေ့မြင်သွားပြီး ချက်ချင်းပဲ သူမဆီကို လျှောက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းမလှလေး။ ငါမင်းကို သဘောကျတယ်။ နောက်ပိုင်းမှာ ငါတို့တွေ အစားအသောက် အတူတူ စားပြီးတော့ စကားပြောလို့ ရမလား"

သေစမ်းကွာ လဖြွတ်ပဲ။

လူတော်တော်များများက တန်းပြီးတော့ ဒေါကန်သွားကြပါတယ်။ သူတို့တွေက စကားကို ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ သူတွေကို မြင်ဖူးပါတယ်။ ဒါပေမဲ့ ဒီလောက်အထိ စကား ပွင့်ပွင့်လင်းလင်း ပြောတဲ့သူကတော့ သူတို့ဘဝမှာ ဒီလိုလူတစ်ယောက်ကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပဲ ဖြစ်ပါတယ်။

ကျိယွင်အာ အတွက်ကတော့ ထူးဆန်းတဲ့အရာ မဟုတ်ပါဘူး။ သူမကို ချစ်ခင်နှစ်သက်တဲ့ လူတွေကို တန်းစီလိုက်မယ်ဆိုရင် အင်ပါယာမြို့တော်ကို သုံးပတ်လောက် ပတ်လို့တောင် ရပါတယ်။ မာရှန်းကတော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပထမဆုံး စကားကို ပွင့်ပွင့်လင်းလင်း ပြောတဲ့သူဆိုတာတော့ သေချာပါတယ်။ မိန်းကလေး တစ်ယောက်ကို ဒီလိုမျိုးနဲ့ ဘယ်လိုလုပ်ပြီး ဆွဲဆောင်လို့ ရမှာလဲ။ နင်က သူမကို အစားအသောက်မက်တဲ့ လူလို့ ထင်နေတာလား။ မင်းက နတ်သမီးလေးကျိကို ကလေးတွေလို ဆွဲဆောင်လို့ရမယ်များ ထင်နေတာလား။

ကျိုယွင်အာက ပြန်ပြုံးပြပြီးတော့ ဖြေလိုက်ပါတယ်။

"သင်တန်းပြီးလို့ရှိရင် ကျမမှာ လုပ်စရာလေးတွေ ရှိပါသေးတယ်။ တကယ်လို့ အနာဂတ်မှာ အခွင့်အရေးတစ်ခု ရှိလာမယ်ဆိုရင် စီနီယာ အစ်ကိုမာနဲ့အတူ စားသောက်ပွဲ့မယ်"

"အစ်မယွင် နင်ဘာလုပ်စရာ ရှိလို့လဲ"

လီဝေဂျက တမင်သက်သက် မေးလိုက်ပါတယ်။ သံသယတွေနဲ့အတူ သူမရဲ့ခေါင်းကို တစ်ဖက်စောင်းထား လိုက်ပါတယ်။ သူမက ကမ္ဘာကြီး တစ်ခုလုံး ဂရုန်းသုန်းကား ဖြစ်တာကို မြင်ချင်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

ကျိုယွင်အာက သူမရဲ့ခေါင်းကို အသာလေး ခေါက်ပြီးတော့ မျက်လုံးပြူးပြပြီး ပြောလိုက်ပါတယ်။

"နင်မေ့နေပြီလား။ သင်တန်းပြီးရင် ငါနင်နဲ့အတူ လိုက်ရမယ်လေ။ တခြားလူ တစ်ယောက်ရဲ့ ထောင်ချောက်ထဲ ကျသွားမှာကို နင့်အတွက် မစိုးရိမ်ပဲနဲ့ ဘယ်လိုလုပ် နေနိုင်မှာလဲ"

"အိုး"

လီဝေဂျက ခေါင်းညိတ်ပြီးတော့ ကျိုယွင်အာရဲ့ လက်မောင်းကို ဆွဲဖက်ပြီး ပြောလိုက်ပါတယ်။

"ဟုတ်တယ် ဟုတ်တယ်။ နင်ငါ့ကို ကာကွယ်ပေးရမယ်။ တကယ်လို့ ငါတို့နှစ်ယောက်ဆိုရင် အဲဒီကျောက်တုံးခေါင်းက သေချာပေါက် မဆင်မခြင် လုပ်ရဲလိမ့်မှာ မဟုတ်ဘူး"

ညင်ညင်သာသာ ငြင်းပယ်ခံလိုက်ရပြီးတဲ့ နောက်မှာတော့ မာရှန်းက သူ့ခေါင်းကို ထိုးဖွလိုက်မိ ပါတယ်။ အဲဒီနောက် သူက တစ်ဖက်မှာ သွားထိုင်လိုက်ပါတယ်။ မကြာခင်မှာပဲ သူက စားပွဲခုံပေါ် မျက်နှာမှောက်ပြီး အိပ်ပျော်သွားပါတယ်။ သူ့ရဲ့ဟောက်သံက မိုးခြိမ်းသံအလား ကျယ်လောင်လွန်း ပါတယ်။

လီဝေဂက ချက်ချင်းပဲ ကျိုယွင်အာရဲ့ နားရွက်နားကို ကပ်ပြီးတော့ တီးတိုးပြောလိုက်ပါတယ်။

"အစ်မယွင် နင်အဲဒီကောင်ကို လုံးဝမကြိုက်ရဘူးနော်။ သူ့ဟောက်သံက ဂက်တစ်ကောင်လိုပဲ။ တကယ်လို့ နင်သူ့ကိုသာ လက်ထပ်လိုက်ရင် နေ့တိုင်းလိုလို ခံစားရလိမ့်မယ်"

ကျိုယွင်အာက နောက်တစ်ကြိမ် မျက်လုံးပြူးသွားပါတယ်။ သူမရဲ့ ဒီသူငယ်ချင်းကောင်းက အရာအားလုံးမှာ ကြီးကျယ်ခမ်းနားပေမဲ့ သူမရဲ့ အတွေးတွေက အရမ်းကို အတွေးလွန်လွန်းပြီး တဖက်လူကို ရယ်မောစေတာမျိုး ရှိသလို ဝိုအောင်လည်း လုပ်နိုင်ပါတယ်။

သင်တန်းစတင်ခါနီး အချိန်ကို ရောက်လာပြီး လူတွေလည်း ပိုမိုများပြား လာခဲ့ပါတယ်။ လင်းယို ရောက်လာတဲ့ အခါမှာ လူတွေအများကြီးက ချက်ချင်းပဲ သူ့ဆီကို ဝိုင်းအုံလာပါတယ်။ သူ့ရဲ့ လူသိများ ထင်ရှားမှုက အရမ်းကို ပေါ်လွင်ပါတယ်။ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်တဲ့ လီဝေဂေတောင် သူ့ကို ယှဉ်လို့မရနိုင်ပါဘူး။

ရှပ် ရှပ် ရှပ် ရှပ်။

ခြေလှမ်းသံတွေ ထွက်ပေါ်လာပြီး မယုံနိုင်စရာ ကောင်းလောက်အောင် စည်းချက် ကျနေပါတယ်။ ဘယ်သူမှ မမြင်တွေ့ရပေမဲ့ ခြေလှမ်းသံတွေကို နားထောင်ပြီး အရမ်းကို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် လာနေတယ်ဆိုတာကို မတွေးပဲ မနေနိုင်အောင် ဖြစ်စေခဲ့ပါတယ်။ ဒီခြေလှမ်းသံတွေရဲ့ အံ့အားသင့်စရာကောင်းတဲ့ စည်းချက်ကျမှုအတွက် တစ်ခုတည်းသော ဖြေရှင်းချက်လည်း ဖြစ်နိုင်ပါတယ်။

အခန်းထဲက ဆူညံသံတွေက ချက်ချင်းပဲ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။ သိပ်မကြာခင် စာသင်ခန်းရဲ့ ဂင်ပေါက်မှာ ခြေလှမ်းတွေက ရပ်သွားပြီး စာသင်ခန်း တစ်ခုလုံး လုံးဂကို တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

စာသင်ခန်းရဲ့ အပေါက်ဝမှာ မယုံနိုင်စရာကောင်းလောက်အောင် ဆွဲဆောင်မှုရှိတဲ့ ပုံရိပ်တစ်ခုကို တွေ့မြင်လိုက်ရပါတယ်။ သူမရဲ့ ပုံစံက အရပ်မြင့်မြင့် ပိန်ပိန်သွယ်သွယ်နဲ့ အရမ်းကို ကြည့်ကောင်းပြီး တင့်တယ်လှပကာ အသေးစိတ် ပုံဖော်ထားတဲ့ ပန်းပုရုပ်တစ်ခုအလား ပြီးပြည့်စုံ ပါတယ်။ ဒါက အရမ်းကို ပြီးပြည့်စုံလွန်းတာ ဖြစ်ပါတယ်။ ဥပမာ သူမရဲ့ ရင်သားတွေက အရမ်းကို ကြီးမားပြီး သူမရဲ့ ခါးက သေးသွယ်ကာ သူမရဲ့ တင်ပါးတွေကတော့ လုံးဝန်းစွံ့ကားလို့ နေပါတယ်။ သူမကို တွေ့မြင်လိုက်ရတဲ့ လူတိုင်း သူတို့ကိုယ်သူတို့ ထိန်းချုပ်နိုင်စွမ်းတွေ ပျောက်ဆုံးသွားသလို ဖြစ်စေပါတယ်။

သူမရဲ့ ဆံပင်ရှည်တွေက ပခုံးပေါ်ကနေ ကျနေပြီး နေအလင်းရောင်က သူမရဲ့ ပိတုန်းရောင်လို နက်မှောင်တဲ့ ဆံကေသာပေါ်ကို ကျရောက်လာတဲ့ အခါမှာ မှင်တက်အံ့ဩဖွယ်ရာ အလှတရား တစ်ခု ထွက်ပေါ်လာပါတယ်။

အားလုံးရဲ့ မျက်လုံးတွေက သူမရဲ့ မျက်နှာပေါ်ကို ကျရောက်သွားတဲ့ အချိန်မှာတော့ အသက်ရှူ မှားလောက်အောင် ဖြစ်သွားကြပါတယ်။ ဒီကမ္ဘာကြီးထဲမှာ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ပြစ်မျိုးမဲ့မထင် အလှပဂေးတစ်ယောက် ရှိနေနိုင်ရတာလဲ။

လီဝေဂနဲ့ ကျိုယွင်အာတို့ နှစ်ယောက်စလုံးက မယုံနိုင်စရာ ကောင်းလောက်အောင် ချောမောလှပတဲ့ သူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ နှိုင်းယှဉ်ကြည့်လိုက်မယ် ဆိုရင်တော့ သူမတို့က မှေးမှိန်သွားခဲ့ပါတယ်။ လီဝေဂနဲ့ ကျိုယွင်အာတို့ နှစ်ယောက်က သူမလောက် မလှပတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူမရဲ့ တင့်တယ်မှုနဲ့ ကျက်သရေရှိမှုတို့က တစ်ချက်ကြည့်လိုက် မိတာနဲ့ ငေးမောသွားစေနိုင်ပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ လူတွေအများကြီး ရှိပါတယ်။ ပြီးတော့ အရမ်းကို ရှည်လျားတဲ့ အသက်ကိုပါ ထည့်တွက်လိုက်ရင် ချောမောလှပတဲ့ အမျိုးသမီးတွေက အံ့အားသင့်စရာ ကောင်းလောက်အောင် များပြားပါတယ်။ ကမ္ဘာငယ်လေး တစ်ခုမှာ နှစ်ပေါင်းတစ်သန်းမှာ တစ်ယောက်ပဲ ထွက်ပေါ် လာနိုင်ပေမဲ့ ဒီနေရာမှာတော့ မြို့တစ်မြို့ထဲမှာ အလှပဂေး အနည်းစုကို တွေ့မြင်နိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိပါတယ်။

ရုပ်ရည်သွင်ပြင် အရည်အသွေးက အဆုံးစွန်အထိကို ရောက်သွားတဲ့ အခါမှာ သူတို့ရဲ့ အဆင့်အတန်းနဲ့ ဟန်ပန်အမူရာတို့နဲ့ပဲ အနိုင်ရသူကို ဆုံးဖြတ်ပါလိမ့်မယ်။

ဥပမာ ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီက ကမ္ဘာကြီးထဲမှာ အချောမောဆုံး အလှပဆုံး ဆိုတဲ့ နာမည်ကို ရရှိထားပြီး ခံ့ညားထယ်ဝါတဲ့ အင်ပါယာ နှစ်ခုက ဧကရာဇ် နှစ်ပါးတောင်မှ သူမရဲ့ လက်ထဲကို သူတို့ရဲ့ အင်ပါယာတစ်ခုလုံး ပေးအပ်ဖို့ ဆန္ဒရှိနေတယ် မဟုတ်လား။ ပြောရမယ် ဆိုရင်တော့ သူမက မယုံနိုင်စရာ ကောင်းလောက်အောင် ချောမောလှပလွန်းတာကြောင့် ဖြစ်ပါတယ်။ ပြီးတော့ နောက်ထပ်အရေးပါတဲ့ အချက်တစ်ခုလည်း ရှိပါတယ်။ အဲဒါက သူမရဲ့ စွမ်းရည်ပဲ ဖြစ်ပါတယ်။

သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒီလိုမျိုး စွမ်းရည်နဲ့ အဆင့်အတန်းက သူမကို ယောကျ်ားတစ်ယောက်က သိမ်းပိုက်ချင်တဲ့ စိတ်တွေနဲ့ လိုချင်တပ်မက်မှုတွေ ပြည့်နှက်စေပါတယ်။ နောက်ပြီးတော့ သူမရဲ့ အလှအပက ထပ်ပြီးတော့ ပိုလာတဲ့ အချက်တစ်ခုပေါ့။

ကောလာဟလတွေအရ ဧကရီ ဘုရင်မက တကယ့်ကို ကျက်သရေရှိပြီး တပ်မက်ဖွယ်ရာ ကောင်းတယ်လို့ ပြောကြပါတယ်။ ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားသူတွေက သူမကို အရေးကြီးတဲ့ ကိစ္စတွေ တင်လျှောက်ဖို့ သွားတွေ့ကြတဲ့ အချိန်မှာတောင်မှ ဧကရီ

ဘုရင်မကို အပြစ်ပြုမိမှာ ကြောက်ရွံ့တဲ့အတွက် တိုက်ရိုက်မကြည့်ဝံ့ကြပါဘူး။ အဲဒါက သူတို့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်းကို ရှာဖွေတာနဲ့ အတူတူပါပဲ။

လင်းဟာန်က ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မကို အရင်က တစ်ခါမှ မတွေ့မြင်ဖူးပါဘူး။ ဒါပေမဲ့ ဒီဂင်ပေါက်မှာ ရှိနေတဲ့ အလှပဂေးက တကယ်ပဲ အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ ကျူးရွှမ်အာ၊ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ထက်တောင် သာလွန်တယ် ဆိုတာကိုတော့ ဝန်ခံရပါလိမ့်မယ်။

Chapter 903 end

အပိုင်း(904) လက်ဦးသူ ရှိနေတဲ့ အလှပဂေး

သင်တန်းအခန်းထဲမှာ နှလုံးခုန်သံတွေကိုတောင် ကြားရပြီး သံစုံတီးဝိုင်း တီးခတ်သလိုမျိုး ဒိန်းတပ်တပ်တွေ ဖြစ်ကုန်ပါတယ်။

လင်းဟာန်တောင်မှ အနည်းငယ် ငေးမောပြီးတော့ ထိန်းချုပ်မှု နည်းနည်းလွတ်သွားခဲ့ပါတယ်။ တခြားသူတွေဆို ပိုဆိုးပေါ့။

အဲဒီအမျိုးသမီးက စာသင်ခန်းထဲကို လမ်းလျှောက်ဝင်လာပြီး ထိုင်ဖို့နေရာတစ်ခုကို မရှာပါဘူး။ အဲဒီအစား သူမက စင်မြင့်မှာ ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့နာမည် စွေ့ရန်ယွီလို့ခေါ်တယ်။ ဒီနေ့က စပြီးတော့ ငါက မင်းတို့ရဲ့ ဆရာမပဲ"

"ဝါး"

စာသင်ခန်းထဲမှာ ဩဘာပေးတဲ့ အသံတွေ မြင့်တက်လာပြီး အားလုံးက စိတ်လှုပ်ရှား နေကြပါတယ်။

ဒီအရမ်းကို ချောမောလှပတဲ့ အမျိုးသမီးက သူတို့ရဲ့ ဆရာမတဲ့။ သူမက အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ နှလုံးသားတွေကို နောက်ထပ် တလှုပ်လှုပ် ခုန်မသွားအောင်လို့ သူတို့ရဲ့ ဆရာမဆိုတဲ့ ဂုဏ်ပုဒ်နဲ့ တားမြစ်ထားပါတယ်။

"ဝိုး ဒါက တကယ် စွေ့ရန်ယွီပဲ"

"သူမက လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်တုန်းက မြောက်ပိုင်းအဖွဲ့အစည်းထဲကို ဂင်ခဲ့တာ မဟုတ်လား။ သူမနဲ့ ကျိုးမုန့်ဟွိုက်တို့ကို အင်ပါယာရဲ့ ပုလဲအမွှာလို့ တင်စားခေါ်ဆို ကြပြီး သူတို့ရဲ့ ဂုဏ်သတင်းက လက်ရှိအင်ပါယာ မြို့တော်ရဲ့ အလှပဂေး သုံးယောက်ထက် ပိုပြီးတော့ ကြီးမားတယ်"

"ငါတကယ် သတိမထားခဲ့ဘူး။ နှစ်ပေါင်းနှစ်ဆယ်တောင် ကြာသွားပြီ။ သူမက တောင်မြစ် အဆင့်ကို အဆင့်တက်သွားခဲ့ပြီ"

စကြေဝဠာ ဖျက်ဆီးခြင်းအဆင့်က အရမ်းကို နိမ့်ကျပြီး ဘယ်လက်ရွေးစင်မှ သင်ကြားပေးဖို့ အာရုံစိုက်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တောင်မြစ်အဆင့်ကို တက်သွားတဲ့ ကျောင်းသား တစ်ယောက်ကို တာဝန်ပေးတတ်ကြပြီး သူတို့ရဲ့ အတွေ့အကြုံတွေကို သူတို့ရဲ့ ဂျူနီယာတွေကို ဝေမျှနိုင်ပါလိမ့်မယ်။

ဟုတ်ပါတယ်။ စာသင်ကြားပေးရတဲ့ နေရာကို စကြေဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ထူးချွန်ပြောင်မြောက်တဲ့ ရလဒ်ရှိတဲ့သူ တစ်ယောက်ကပဲ ရရှိနိုင်ပါလိမ့်မယ်။ အနည်းဆုံး တိုက်ပွဲစွမ်းရည် စကြေဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ကိုးလုံး ရှိရပါမယ်။

"စီနီယာအစ်ကို ကျောက်က စီနီယာအစ်မစွေ့ကို ပိုးပန်းနေတယ်လို့ ငါကြားတယ်"

"ဘယ်စီနီယာ အစ်ကိုကျောက်လဲ"

"စီနီယာအစ်ကို ကျောက်လန်ကို ပြောတာလေ"

"သောက်ကျိုးနည်း လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာအကြာတုန်းက အသက်နှစ်ဆယ့်ခြောက်နှစ်နဲ့ စကြေဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်ကို ရောက်ရှိခဲ့ပြီး အသက်သုံးဆယ်မှာ တောင်မြစ်အဆင့်ကို ချိုးဖျက်သွားပြီး

အသက်ကိုးဆယ်မှာ အလယ်အလတ် အဆင့်ကို ရောက်သွားပြီးတော့ အသက် သုံးရာ့ရှစ်ဆယ်မှာ အဆင့်မြင့်ကို ရောက်သွားတဲ့ စီနီယာအစ်ကို ကျောက်လန်လား"

"သူကလွဲပြီးတော့ မြောက်ပိုင်းအဖွဲ့အစည်း တစ်ခုလုံးထဲမှာ ဘယ်သူကများ စီနီယာ အစ်ကိုကျောက်လို ခေါ်ဆိုဖို့ အရည်အချင်း ရှိမှာလဲ"

"အင်း ဒါဆိုရင်တော့ စီနီယာ အစ်မစွေ့ကို ငါတို့တွေ အဝေးကနေပဲ ချစ်လို့ရတော့မယ်။ သူမက ငါတို့နဲ့ ပတ်သက်မှာ မဟုတ်ဘူး"

"သူမကို အရမ်းကြီး မချစ်ခင်လိုက်နဲ့။ ငါကြားဖူးတာတော့ စီနီယာ အစ်ကိုကျောက်က စီနီယာ အစ်မစွေ့နဲ့ မယုံနိုင်စရာကောင်းတဲ့ ရင်းနှီးမှုရှိပြီးတော့ တကယ်လို့ တစ်ယောက်ယောက်က စီနီယာ အစ်မစွေ့ကို အချိန်အကြာကြီး ကြည့်နေမယ်ဆိုရင်တောင် မကျေမနပ် ဖြစ်လိမ့်မယ်။ ဖြစ်နိုင်မယ်ဆိုရင် စီနီယာ အစ်မစွေ့ အကြောင်းကို အတတ်နိုင်ဆုံး မပြောဖို့ ငါအကြံပေးလိုက်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဟီးဟီး"

အားလုံးက စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချ လိုက်ကြပါတယ်။ သူတို့က ကံကောင်းထောက်မပြီး သူတို့ကို သင်ကြားပေးဖို့ ချောမောလှပတဲ့ ဆရာမ တစ်ယောက်ကို တာဝန်ပေးခံရပြီး

ပီတိဖြစ်စေပါတယ်။ ဒါပေမဲ့ သူမကို ပိုးပန်းလို့ မရနိုင်ပါဘူး။ သူတို့က ကျောက်လန်ရဲ့ အာရုံစိုက်မှု မခံရအောင် သူမအကြောင်းကို ပြောဆိုတဲ့ အချိန်မှာတောင် သတိထားရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တွေ ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။

ကျောက်လန်မှာ နောက်ထပ်နောက်ခံ တစ်ခုရှိပါတယ်။ အဲဒါက မဟာပိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်ပါတယ်။

ပိုလ်ချုပ်ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ပိုလ်ချုပ်ကျောက်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

သူကိုယ်တိုင်က အရမ်းကို အစွမ်းထက်သလို သူ့နောက်ခံကလည်း အရမ်းကို သန်မာပါတယ်။ ဒါကြောင့် ဘယ်သူကများ အမျိုးသမီး တစ်ယောက် အတွက် သူနဲ့အတူ ယှဉ်ပြိုင်ကြိုးစားဝံ့မှာလဲ။

"အစ်မစွေ့က အရမ်းကို လှတာပဲ"

လီဝေဂရဲ့ လက်တွေကို တင်းကျပ်စွာနဲ့ ဆုပ်ကိုင်ပြီးတော့ သူမရဲ့ မျက်လုံးတွေက ကြယ်တွေလို တဖျတ်ဖျတ် တောက်ပလို့ နေပါတယ်။

ကိုယ်ပွင့်အာက သူမရဲ့ နှလုံးသားထဲကနေ အသာအယာ ကိုတ်ပြီးတော့ သက်ပြင်းချလိုက် ပါတယ်။ သူမနဲ့ စွေ့ရန်ယွီက အတောလေးကို တူညီပါတယ်။ သူမတို့ရဲ့ လက်ထပ်ထိပ်မြားခြင်း အတွက် ဘာစွမ်းအားမှ မရှိပါဘူး။ ဒါကြောင့် ချောမောလှပတာနဲ့ ပါရမီမြင့်မားမှုကို ပိုင်ဆိုင်ထားတာက ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မ အဆင့်ကို မရောက်သရွေ့ အသုံးမဝင်ပါဘူး။ အဲဒီနောက်မှ သူမရဲ့ကိုယ်ပိုင် ကံကြမ္မာကို သူမထိန်းချုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

"ငါက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ ကျင့်ကြံအားထုတ်ခဲ့တယ်။ ဒါကြောင့် ငါက မင်းတို့ကို လမ်းညွှန်မှုတချို့တော့ ပေးနိုင်မယ်"

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။ သူမအသံက ချိုသာပြီးတော့ သူမရဲ့ အသံကို ကြားရတဲ့ သူတိုင်းကို ကျေနပ်ပီတိ ဂွမ်းဆီထိစေပါလိမ့်မယ်။

"ပထမဆုံးအနေနဲ့ ဘာဖြစ်လို့ ငါတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ ရည်ရွယ်ထားသင့်လဲ ဆိုတာကို ပြောကြမလား"

ကျောင်းသားတစ်ယောက်က သူ့လက်ကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော်သိတယ်"

ဒီအလုပဂေးလေးကို လက်ဦးထားသူ ရှိတယ်ဆိုတာကို သိနေပေမဲ့ သူက ဒီထူးထူးခြားခြား လုပတဲ့ မိန်းကလေးဆီက ကောင်းမွန်တဲ့ ထင်မြင်ချက်တစ်ခု ရယူချင်ပါသေးတယ်။

"စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲမှာ တိုက်ပွဲစွမ်းရည် ပိုမြင့်တာက တန်ခိုးရှင် အဆင့်ကို ရောက်တဲ့အခါ မင်းရဲ့တိုက်ပွဲစွမ်းရည်ကို ပိုမိုသန်မာစေလိမ့်မယ်"

စွေ့ရန်ယွီက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"အမှန်ပဲ။ တန်ခိုးရှင်ဘုံမှာရှိတဲ့ သက်ရှိတွေမှာ အရမ်းကို ရှည်လျားတဲ့ သက်တမ်းတစ်ခု ရှိကြတယ်။ ဥပမာ မင်းက တောင်မြစ်အဆင့်ကို ရောက်သွားတာနဲ့ မင်းရဲ့သက်တမ်းတာက နှစ်ပေါင်း တစ်သိန်း ဖြစ်လာလိမ့်မယ်။ အသေးစား အဆင့်တစ်ခု အဆင့်တက်တိုင်း နောက်ထပ် နှစ်ပေါင်းတစ်သိန်း တိုးလာမယ်။ ဒါပေမဲ့လည်း ကျင့်ကြံခြင်း အဆင့်တွေကို အဆင့်တက်တဲ့ နှုန်းကလည်း ပိုပိုပြီးတော့ နှေးကွေးလာလိမ့်မယ်။ ဒါကြောင့်

တကယ်လို့ ထောင်စုနှစ် နည်းနည်းကြာမှာ အဆင့်တက်နိုင်ခဲ့မယ် ဆိုရင်တောင် သိပ်မဆိုးဘူးလို့ သတ်မှတ်လို့ရတယ်”

“ဒီရလဒ်ကြောင့် ငါတို့က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ အမြင့်ဆုံး တိုက်ပွဲစွမ်းရည် ရရှိဖို့အတွက် ရည်ရွယ်ပြီးတော့ အများဆုံး နှစ်ပေါင်းတစ်ရာ အချိန်ပဲ သုံးစွဲရလိမ့်မယ်။ အဲဒါက နောက်ထပ် နှစ်ပေါင်းတစ်သိန်း ဒါမှမဟုတ် နှစ်ပေါင်းဆယ်သန်းလောက်မှာတောင် အကျိုးအမြတ် ရနိုင်လိမ့်မယ်”

“ဒါကြောင့် အားလုံးကို စိတ်ရှည်ဖို့ ငါအကြံပေးချင်တယ်။ တကယ်လို့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ မစောင့်နိုင်ဘူးဆိုရင်တောင် အနည်းဆုံး ကြယ်ဆယ့်ရှစ်လုံးကိုတော့ ရောက်နေသင့်တယ်”

လင်းဟန်က စိတ်ထဲက ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက နည်းနည်းတော့ ခေါင်းရှုပ်နေပါသေးတယ်။ ဝူဂေါင်ယွမ်၊ ရှောင်မြောင့်ယန်နဲ့ တခြားသူတွေတောင် တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးကို ရောက်နေပါသေးတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ရီရွှမ်ရွှမ်က တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးပဲ ရှိရတာလဲ။

သူမရဲ့ အစွမ်းထက်ဆုံး အခြေအနေက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့နောက်မှာ စွမ်းအားနဲ့ ပတ်သက်ရင် ဂိုဏ်းကြီးငါးဂိုဏ်းထက် သာလွန်တဲ့ အင်အားရှိတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဒါပေမဲ့ ဂိုဏ်းကြီးငါးဂိုဏ်းတောင်မှ သူတို့ရဲ့ မျိုးဆက်တွေကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ရှစ်လုံးထိရောက်အောင် ပြုစုပျိုးထောင်ပေး နိုင်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူမက အဆင့်နိမ့် နေရတာလဲ။

ကမ္ဘာငယ်လေး တစ်ခုထဲမှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးက အရမ်းကို အံ့အားသင့်စရာ ကောင်းနေပါပြီ။ ဒါပေမဲ့ တန်ခိုးရှင်ဘုံမှာတော့။ ဒီစာသင်ခန်းထဲက လူတွေအားလုံးမှာ ဒီလိုမျိုး တိုက်ပွဲစွမ်းရည် ရှိနိုင်ပါတယ်။ ဒါကြောင့် အဲဒါက တကယ်တော့ ထူးဆန်းတာ မဟုတ်ပါဘူး။

နောက်တစ်ကြိမ် သူမကို တွေ့တဲ့အခါကျရင် သူမေးကြည့် ရပါလိမ့်မယ်။

စွေ့ရန်ယွီက ခဏလောက် ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"အခု မင်းတို့နဲ့ တိုက်ပွဲစွမ်းရည်ကို အဆုံးစွန် အကန့်အသတ်အတွက် ရည်ရွယ်တာနဲ့ ပတ်သက်ပြီး အမြင်တချို့ ဝေမျှပေးမယ်"

သူမက ဘာကိုမှ ဖုံးကွယ်မထားပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို ဘယ်လိုမျိုး တစ်ဟုန်ထိုး တက်သွားတယ်ဆိုတဲ့ အပေါ်မှာ သူမရဲ့ အတွေ့အကြုံ အကြောင်းကို ရှင်းရှင်းလင်းလင်းနဲ့ ရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့ အားလုံးက နားထောင်နေရင်း အံ့သြမှင်တက်လို့ နေကြပါတယ်။ ဒီဆွဲဆောင်မှု အရမ်းကိုရှိတဲ့ အလှပဂေးက တကယ့်ကို ကြိုးစားအားထုတ် ခဲ့တာကို အပေါ်ယံကို ကြည့်ပြီးတော့ မပြောနိုင်ပါဘူး။

သူမဘယ်လိုမျိုး လုပ်ခဲ့တယ်ဆိုတဲ့ အချက်အရ သူမက သေတောင်မှ သေသွားနိုင်ချေ ရှိပါတယ်။

လင်းဟန်က ရုတ်တရက် မေးလိုက်ပါတယ်။

"ခွင့်ပြုပါ ဆရာမစွေ့။ ကျနော်တို့အနေနဲ့ ကျနော်တို့ရဲ့ သန့်စင်တဲ့ ခွန်အားကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ ဘယ်လိုမျိုး တိုးတက်အောင် လုပ်နိုင်မလဲ"

စာသင်ခန်းက လုံးဂကို တိတ်ဆိတ်ငြိမ်သက် သွားပြီးမှ ရယ်သံတွေ ကျယ်လောင်စွာနဲ့ ထွက်ပေါ်လာခဲ့ပါတယ်။

"ငါတော့ ရယ်ရလွန်းလို့ သေတော့မှာပဲ။ ဘယ်လိုမျိုး အရူးတစ်ယောက်က ဒီလိုအဓိပ္ပါယ် မရှိတာကို မေးနေတာလဲ။ ဘယ်လိုလုပ်ပြီး ခွန်အားက ကြယ်နှစ်ဆယ်လုံးကို ရောက်နိုင်မှာလဲ"

"ဟားဟားဟား တကယ်လို့ လူတစ်ယောက်ရဲ့ ခွန်အားက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို ရောက်နိုင်မယ်ဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ဘယ်လောက်ထိ ရောက်သွားနိုင်မလဲ"

"ကြယ်နှစ်ဆယ့်ငါးလုံးလား။ သုံးဆယ်လုံးလား"

"အဓိပ္ပါယ်မရှိတာတွေ စဉ်းစားမနေနဲ့။ အဲဒါက မဖြစ်နိုင်ဘူး"

"သူက ကျွှမ်းယ်လေး တစ်ခုက လာခဲ့တယ်ဆိုတာကို သူ့ကိုယ်သူ သက်သေပြနေတာပဲ။ ဒီလိုမျိုး အသုံးမကျတဲ့ မေးခွန်းတစ်ခုကို မေးနေတာပဲ"

စွေ့ရန်ယွီက သူမလက်ကို ဖေ့ယမ်းပြီးတော့ လေးလေးနက်နက်နဲ့ ပြန်ဖြေလိုက်ပါတယ်။

"ရှေ့က သူတော်စင်တွေရဲ့ ရှာဖွေလေ့လာမှု အရတော့ ငါတို့ရဲ့ မူလစွမ်းအင်ကို စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးအထိ

ကျင့်ကြံပြီးတဲ့နောက်မှာ ငါတို့မှာ အများဆုံး တိုးတက်ဖို့အတွက် ကြယ်လေးလုံးစာ နေရာလွတ် ရှိနေတယ်။ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အတူတူပဲ။ ကြယ်လေးလုံး တိုးတက်ဖို့ ကျန်သေးတယ်”

ချောမောလှပတဲ့ မိန်းမပျိုလေး တစ်ယောက် စကားပြောလိုက်တဲ့ အချိန်က မတူညီပါဘူး။ ပြီးတော့ ချက်ချင်းဆိုသလို တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

“ဒါပေမဲ့ တွက်ချက်ကြည့်လိုက်တဲ့ အခါမှာတော့ ခွန်အားရဲ့ အဆုံးစွန် အကန့်အသတ်က ကြယ်ဆယ့်ခုနစ်လုံးပဲ ရှိလိမ့်မယ်။ အဲဒါက ကြယ်နှစ်ဆယ်လုံးနဲ့တော့ အနည်းငယ် ကွာဟနေသေးတယ်”

စွေ့ရန်ယွီက စာသင်ခန်း တစ်ခုလုံးကို ဝေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ငါမင်းတို့ကို ပြောပြမယ်။ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး ခွန်အားဆိုတာက တကယ်တော့ ရှိတယ်”

“ဘာ”

သူတို့အားလုံးက အံ့အားသင့် သွားခဲ့ကြပါတယ်။ အဲဒါက အရမ်းကို မယုံနိုင်စရာ ကောင်းပါတယ်။ ပြီးတော့ သူတို့ရဲ့ ထင်မြင်ချက် သဘောထားတွေ လုံးဝကို ပျက်စီးသွားခဲ့ပါတယ်။

"ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက စီနီယာရှက ခွန်အားမှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိခဲ့တယ်။ အရင်ဘယ်သူကမှ မလုပ်နိုင်ခဲ့ဘူး။ ပြီးတော့ အဲဒီနောက်ပိုင်းလည်း ဘယ်သူမှ မလုပ်နိုင်ခဲ့ဘူး"

စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပနေပြီး အရမ်းကို ကြည်ညို လေးစားနေပုံ ပေါ်ပါတယ်။

တကယ်လို့ ရှရန်သာ ရုတ်တရက် ထွက်ပေါ်လာခဲ့မယ်ဆိုရင် စကားလုံး အနည်းငယ်တောင် ပြောစရာ မလိုပဲ ဒီချောမောလှပတဲ့ အမျိုးသမီးရဲ့ နှလုံးသားကို သိမ်းပိုက်ရရှိ သွားပါလိမ့်မယ်။

"ဒါဆိုရင် ဒီခွန်အားအတွက် ကြယ်သုံးလုံးကို ကျနော်တို့ ဘယ်လိုလုပ်ရမလဲ"

ကျောင်းသား တစ်ယောက်က မေးခွန်းထုတ်လိုက်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ ခေါင်းကိုခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ဒါက လူသားတွေ အနေနဲ့ ကောင်းကင်ဘုံရဲ့ အကူအညီ မပါပဲနဲ့ မဖြစ်နိုင်ဘူး။ ဥပမာ မင်းမှာ အံ့မခန်း ကံကြမ္မာတချို့ ရှိပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ လက်ခံမှုကို ရရှိမယ် ဆိုရင်ပေါ့"

လီဝေဂရဲ့ စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားပြီးတော့ သူမက မေးလိုက်ပါတယ်။

"အစ်မစွေ့ တကယ်လို့ လူတစ်ယောက်က ကမ္ဘာငယ်လေး တစ်ခုကနေ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာမယ်ဆိုရင် သူက ကောင်းကင်ဘုံရဲ့ ကူညီမှုကို ရမလား"

စွေ့ရန်ယွီက ခဏလောက် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"မိုးကောင်းကင်ကို ခွဲပြီးတော့ ငြိမ်းချမ်းရေး ဂြိုဟ်ကြီးထဲမှာ ပေါ်လာတဲ့ ကမ္ဘာငယ်လေး တစ်ခုကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး။ ဒါကြောင့် ငါ့အနေနဲ့ သေချာပေါက် မပြောနိုင်ဘူး။ ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က မိုးကောင်းကင်ကို ခွဲဖွင့်နိုင်တယ်ဆိုရင် အဲဒါက တကယ့်ကို အံ့အားသင့်စရာကောင်းပြီး အရမ်းကို ကြီးမားတဲ့ ကံတရားရှိတယ်။ ဒါကြောင့် သူ့အတွက် မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ထိုက်ထိုက်တန်တန် ဆုလာဘ်ပေးမယ်ဆိုတာ မဖြစ်နိုင်စရာ မရှိဘူး"

လီဝေဂက ခေါင်းညိတ်လိုက်ပါတယ်။ မဟာလင်း အင်ပါယာက သူတို့ရဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး ရောက်လာခဲ့ပါတယ်။ ပြီးတော့ အဲဒါက နိုင်ငံအတွင်းက အဆင့်မြင့်သူတွေ အထဲမှာ လျှို့ဝှက်ချက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း မဟာလင်း အင်ပါယာက တကယ်ပဲ အရမ်းကို အားနည်းလွန်းပါတယ်။ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်ကြီးတွေက စိတ်ထဲမှာ ထည့်ထားမှာလဲ။

ဒါကြောင့် လူငယ်မျိုးဆက်တွေ အထဲမှာ သူမတစ်ယောက်ပဲ လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ ကေရာဇ် တစ်ပါးဆိုတာကို သတိပြုမိထားပါတယ်။

သောက်ကျိုးနည်း။ ဒီကောင်စုတ်က မိုးကောင်းကင်ကို ခွဲဖွင့်နိုင်စွမ်းရှိတယ်။ ဒါကြောင့် သူ့ရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်နေနိုင်တယ်။ ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ထပ်ပေါင်းပေးတဲ့ ဆုလာဘ်နဲ့ဆိုရင် သူ့ရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် အစွမ်းထက်နေလိုက်မလဲ။

လီဝေဂရဲ့ မျက်လုံးတွေက ချက်ချင်းပဲ ဝိုင်းစက်ပြီးတော့ ပြူးလာခဲ့ပါတယ်။

Chapter 904 end

အပိုင်း(905) လုပ်ငန်းကိစ္စ ဆွေးနွေးသဘောတူညီမှု

လင်းဟန်ကလည်း တစ်စုံတစ်ခုကို တွေးမိပါတယ်။

သီအိုရီအရ တန်ခိုးရှင်ဘုံမှာ နေထိုင်သူတွေက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ မကျင့်ကြံနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခွန်အားရဲ့ နောက်ဆုံး ကြယ်သုံးပွင့်က ဘယ်လိုမှ မချိုးဖောက်နိုင်တဲ့ ကမ္ဘာဟချက် တစ်ခု ဖြစ်ပါတယ်။

သေချာတဲ့ ရှုထောင့်တစ်ခုကနေ ကြည့်ရင် ဒါက တရားမျှတပါတယ်။ မင်းက တန်ခိုးရှင်ဘုံမှာ နေထိုင်တဲ့သူ တစ်ယောက်အနေနဲ့ မွေးကတည်းက အကန့်အသတ်မရှိတဲ့ အရင်းအမြစ်တွေနဲ့ ထောက်ပံ့မှုကို ကျေကျေနပ်နပ်ကြီး ခံယူခဲ့ရပါတယ်။ ဒါကြောင့် မင်းက အလဲအလှယ်အနေနဲ့ အမျိုးအစားတချို့ကို စတေးရပါလိမ့်မယ်။

ဒါပေ့ါ။ ဒီလိုစတေးမှု အမျိုးအစားကို လျစ်လျူရှုထားရပါတယ်။ ငြိမ်းချမ်းမှု ဂြိုဟ်ကြီးက နှစ်ပေါင်း ဘယ်လောက်တောင် တည်ရှိခဲ့လဲ ဆိုတာကို ကြည့်လိုက်ပါ။ ဒီနှစ်တွေအထဲမှာ ကမ္ဘာငယ်လေး ဘယ်လောက်တောင်များ သူတို့ရဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာသလဲ။

ဒါပေမဲ့လည်း ရှရန်က ခွန်အားကို စကြာဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်အောင် ဘယ်လိုအရည်အချင်းမျိုး ရှိခဲ့တာလဲ။

သူက မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာခဲ့တာလား။

သူနဲ့ပတ်သက်တဲ့ ဒဏ္ဍာရီတွေ ဘာဖြစ်လို့ မရှိရတာလဲ။ ရှန်းချန်ယွမ်တောင်မှ လင်းဟန်ကို မိုးကောင်းကင်ခွဲဖွင့်လာတဲ့ သမိုင်းထဲက ပထမဆုံး လူလို့တွေးထင်နေခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး မိုးကောင်းကင်ကို ခွဲဖွင့်တာက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသိန်းလောက်က တစ်ကြိမ် ဖြစ်ပေါ်ဖူးတယ် ဆိုတာ ထင်ရှားပါတယ်။

ဒီကိစ္စရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက်တွေ ရှိနေကောင်း ရှိနေနိုင်ပါတယ်။

ရှရန်က လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသိန်းအကျော်က ထွက်ပေါ်လာခဲ့ပြီး ကောင်းကင်နီ သင်တန်းကျောင်းမှာ နှစ်ပေါင်းသုံးရာပဲ နေခဲ့ပါတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အထွတ်အထိပ်ကို ရောက်သွားတဲ့ အခါမှာ ကြယ်ဥက္ကာ အင်ပါယာကနေ ထွက်ခွာသွားပြီးတော့ ငြိမ်းချမ်းမှု ဂြိုဟ်တုကနေတောင် ထွက်သွားကောင်း ထွက်သွားနိုင်ပါတယ်။ ဒါကြောင့် သူနဲ့

ပတ်သက်တဲ့ သတင်းအချက်အလက်တွေ အားလုံးက ပျောက်ဆုံးကုန်ပါတယ်။

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံး ခွန်အားကို ရရှိချင်တယ် ဆိုရင်တော့ အချက်သုံးချက်ကို ဆက်တိုက်လုပ်ရမယ်။ ပထမက မင်းရဲ့ မူလစွမ်းအင်ကို တိုးလာဖို့ပဲ။ ဒုတိယ အချက်က မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို တိုးလာရမယ်။ တတိယကတော့ မင်းရဲ့ လျှို့ဝှက်နည်းစနစ်တွေရဲ့ အင်အားကို တိုးလာရမယ်"

"ဒီနေ့ ငါတို့က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို စပြီးတော့ တိုးအောင်လုပ်ရမယ်။ ပြီးတော့ ဒါက စတင်ဖို့အတွက် အလွယ်ကူဆုံး နေရာလည်း ဖြစ်တယ်"

သူမက ကျောင်းသားတွေ အားလုံးကို သူတို့ရဲ့ ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လမ်းညွှန်သင်ကြား ပေးပါတယ်။ ဒါက အရမ်းကို ရိုးရှင်းပါတယ်။ ခန္ဓာကိုယ်ထဲက အရိုးတွေ အားလုံးကို ကြေမွပြီး လျှို့ဝှက်နည်းစနစ် တစ်ခုကို အသုံးပြုကာ မင်းရဲ့ အရိုးစု

တည်ဆောက်ပုံကို နောက်တစ်ကြိမ် ပြန်ပြီးတော့ မတည်ဆောက်ခင် ချုပ်တည်းထားရပါမယ်။

တစ်ကြိမ်လောက်လုပ်ရင် မင်းရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မာကျောမှုက နည်းနည်းလေးပဲ တိုးလာနိုင်ပါတယ်။ ဒါပေမဲ့ အကြိမ်တစ်ရာလောက် ချုပ်တည်းပြီး လုပ်မယ်ဆိုရင်တော့ မင်းရဲ့ ခန္ဓာကိုယ်က သံမဏိလိုမျိုး မာကျောလာနိုင်ပါတယ်။

သူမရဲ့ လျှော့လျှော့ပေါ့ပေါ့ ပြောတဲ့ ဒီလိုစကားတွေကို ကြားရတာတောင် သူတို့အားလုံးရဲ့ မျက်နှာပေါ်က ကြွက်သားတွေ တွန့်လိမ်လာသလို ခံစားရပါတယ်။ ဒါက အရမ်းကို ထိတ်လန့်တုန်လုပ်စရာ ကောင်းတယ် မဟုတ်လား။ ဒီလိုမျိုး နာကျင်မှုကို ဘယ်လောက်များ ခံနိုင်ရည် ရှိနိုင်မှာလဲ။ တကယ်လို့ သူတို့က သတိလစ် မေ့မျောသွားပြီး ဒီလိုမျိုး နာကျင်မှုကို လုံးဝလျစ်လျူရှုပြီး ဘာမှမသိတဲ့ အခြေအနေ တစ်ခုမှာ ပြီးသွားမယ် ဆိုရင်တော့ အဆင်ပြေပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ အသိစိတ်ကို သတိမလစ်အောင် ထိန်းသိမ်းထားလို့ လိုအပ်ပါတယ်။ ပြီးတော့ လိုချင်တပ်မက်တဲ့ အကျိုးကျေးဇူးတွေကို ရရှိဖို့အတွက် ဒါက စတေးမှုတွေကို ပြုလုပ်မှုရဲ့ ပမာဏ ခြေလှမ်းပဲ ဖြစ်ပါတယ်။

အားလုံးက သဘောတရားကို နားလည်ပါတယ်။ ဒါပေမဲ့ အဲဒါကို ဖြစ်မြောက်ဖို့ အတွက်ကတော့။ အဲဒါက တကယ်တော့ အရမ်းကို ခက်ခဲလွန်းပါတယ်။

ကံကောင်းတဲ့ အချက်က သူတို့က ခွန်အားကို ကြယ်နှစ်ဆယ်လုံးထိ ရောက်အောင်လို့ ရည်ရွယ်ထားစရာ မလိုပါဘူး။ သူတို့အတွက်တော့ တိုက်ပွဲစွမ်းရည်ကို ကြယ်နှစ်ဆယ်လုံးထိ တိုးတက်လာရင်ပဲ လုံလောက်ပါပြီ။ ဒါက နိုင်းယှဉ်ကြည့်မယ်ဆိုရင် ပိုပြီးတော့တောင် လွယ်ကူပါတယ်။ ပြီးတော့ သူတို့ကိုယ်သူတို့ အရမ်းကို တုန်လှုပ်စရာ ကောင်းလောက်အောင် နှိပ်စက်ညှဉ်းပန်းစရာ မလိုပါဘူး။

တစ်ရက်တာအချိန် ကုန်ဆုံးသွားခဲ့ပါတယ်။ သူတို့အားလုံးက သူတို့ရဲ့ နှလုံးသားတွေထဲမှာ စွေ့ရန်ယွီရဲ့ ထူးထူးခြားခြား ချောမောလှပမှုနဲ့ ကျက်သရေရှိမှုကြောင့် လိုင်းထသလို ခံစားနေရသလို သူမကို ရိုသေလေးစားသလို ခံစားရပြီးတော့ သူမက သူတို့ရဲ့ ခန္ဓာကိုယ်တွေအထဲက အရိုးတွေ အားလုံးကို အတင်းအကျပ် ချိုးခိုင်းမှာကိုလည်း ထိတ်လန့် ကြောက်ရွံ့နေပါတယ်။ ဒါက ဟာသတစ်ခု မဟုတ်တာတော့ သေချာပါတယ်။

ကျေးရူးတင်ရမှာက စွေ့ရန်ယွီက သူမကိုယ်တိုင်လည်း ကျင့်ကြံရပါသေးတယ်။ ဒါကြောင့် သူတို့က ငါးရက်ပြည့်တိုင်း တစ်ခါပဲ သင်ရပါလိမ့်မယ်။ ကျန်တဲ့အချိန်တွေမှာ သူတို့က သူတို့ဘာသာ ကျင့်ကြံအားထုတ် ရပါလိမ့်မယ်။ တကယ်လို့ သူတို့မှာ မေးစရာရှိလာရင် နောက်သင်တန်း အချိန်ကို စောင့်ရပါမယ်။

သင်တန်းကျောင်းထဲက ဆရာတွေဟာ ထုံးတမ်းစဉ်လာအတိုင်း လက်ခံတဲ့ ဆရာတွေနဲ့တော့ နှိုင်းယှဉ်လို့ မရပါဘူး။ ဒါက စစ်မှန်တဲ့ ဆရာတပည့် ဆက်ဆံရေးတစ်ခု မဟုတ်ပဲ သူတို့ရဲ့ ပညာတွေကို လက်ဆင့်ကမ်းပေးရုံမျှပဲ ဖြစ်ပါတယ်။

လင်းဟန်က လီဝေဂကို လာပြီးတော့ သူ့နေရာဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။ ကျိုယွင်အာလည်း အနောက်ကနေ လိုက်လာပါတယ်။

"ဟေး နင်က အရမ်းကို လျှိုလျှို့ဝှက်ဝှက် လုပ်နေတယ်။ နင်ဘာများ ပြောချင်လို့လဲ"

လီဝေဂက စိတ်သိပ်ရှည်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ ဒါကြောင့် ခြံဝင်းထဲကို သူတို့တွေ ရောက်လာတာနဲ့ ဆက်ပြီးတော့ မထိန်းချုပ်နိုင်တော့ပဲ လင်းဟန်ကို တန်းမေးလိုက်ပါတယ်။

လင်းဟန်က ချောင်းတစ်ချက်ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းတို့ နှစ်ယောက်ကို အစားအသောက်နဲ့ ဧည့်ခံချင်လို့ပါ"

"ခစ်ခစ်"

လီဝေဂျက ချက်ချင်းပဲ သရော်လိုက်ပါတယ်။ ငါက ထူးခြားဆန်းပြားပြီး အရသာရှိတဲ့ အစားအသောက်တွေ မစားဖူးဘူးလို့ နင်ထင်နေတာလား။ ငါ့ကို လာဘ်ထိုးဖို့ ဒီလိုမျိုး နည်းလမ်းကို တကယ်ပဲ အသုံးပြုတာလား။ နေပါဦး။ သူမက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟော့ဟော့ဟော့။ နင်က အစားအသောက်ထဲမှာ မူးယစ်စေတဲ့ ပစ္စည်းတွေကို ထည့်ပြီးတော့ ငါတို့ကို မကောင်းကြံမလို့တော့ မဟုတ်နိုင်ပါဘူးနော်။ နင် တိရစ္ဆာန်ကောင်ပဲ။ နင်က ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ကို တစ်ခါတည်း သတ်ချင်နေတာပဲ။ ဘယ်လောက်တောင် ညစ်ပတ်လိုက်သလဲ"

"ဝေဂျ"

ကျိုယွင်အာက အော်ခေါ်လိုက်ပါတယ်။ သူမရဲ့ လှပတဲ့ မျက်နှာက ရှက်သွေးတွေနဲ့ နီမြန်းသွား ခဲ့ပါတယ်။ သူမတောင်မှ ဒီသူငယ်ချင်းရဲ့ များပြားတဲ့ ခန့်မှန်းချက်တွေကြောင့် အံ့အားသင့်လို့ နေပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲကနေ အစားအသောက်တွေကို ဆွဲထုတ်ပြီးတော့ စတင်ချက်ပြုတ် လိုက်ပါတယ်။ သူက ပြောလိုက်တယ်။

"ယူမလား ဒါမှမဟုတ် ထွက်သွားမလား။ ငါက မင်းကို ဒီမှာနေဖို့ တောင်းပန်မယ်လို့ မင်းထင်နေလား"

"ငါက နင့်ရဲ့စိတ်ပညာ လှည့်စားမှုကို ကျရောက်မှာ မဟုတ်ဘူး။ ဒီလိုမျိုး လှည့်ကွက်လေးက ငါ့အသက် သုံးနှစ်လောက်ကတည်းက လုပ်ဖူးတယ်။ ဟင်"

လီဝေဂက ရုတ်တရက် နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ အနံ့ခံလိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက မီးကင်နေတဲ့ အသားသုံးတုံးပေါ်မှာ ကျရောက်သွားပါတယ်။ အဲဒီနောက် ဘေးနားက စွပ်ပြုတ်အိုးဆီကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

"အနံ့ တကယ်ကောင်းတာပဲ"

သူမက ပြောပြီးတော့ လုပ်လုပ်ရှားရှား ဖြစ်လာခဲ့ပါတယ်။

"မင်းနဲ့ မဆိုင်ဘူး"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအသားထဲမှာ အဆိပ်ပါတယ်။ ဒါကြောင့် ဘေးနားကနေ ရပ်ပြီးတော့ပဲ ကြည့်နေပါ"

"ဟင့် တကယ်လို့ အဲဒီအသားကို အဆိပ်ခတ်ရဲရင် ငါနင့်ကို သတ်ပစ်မယ်"

လီဝေဂကာ သူမရဲ့ နှုတ်ခမ်းတွေကို လျှာနဲ့သပ်လိုက်ပါတယ်။ ပြီးတော့ ပြောလိုက်တယ်။

"ကျောက်တုံးခေါင်း အဲဒီအသားက ဘယ်ကနေ ရတာလဲ။ သူ့အနံ့က အရမ်းကို မွှေးတာပဲ"

လင်းဟန်က သူမကို တစ်ချက်လှမ်းကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"ဘာလုပ်မလို့လဲ။ မင်းက စားချင်လို့လား"

"သေစမ်း ကျောက်တုံးခေါင်း"

လီဝေဂကာ ဆတ်ဆတ်ထိ မခံပါဘူး။

"နင်က တကယ်တော့ ချစ်စရာလေးပါ။ ငါ့ကို နည်းနည်းလေး ပေးမြည်းလေ။ ကောင်းပြီလေ။ ငါစားချင်တယ်။ အဲဒီတော့

ဘာဖြစ်လဲ။ တကယ်လို့ နင် မကြိုက်ဘူးဆိုရင် လာပြီးတော့ ငါ့ကို ကိုက်လေ”

လင်းဟန်က ဘာပြောရမှန်းမသိ ဖြစ်သွားပါတယ်။ ဘယ်လက်ရုံး အမတ်မင်းက သူ့ရဲ့ ချစ်လှစွာသော ဒီသမီးနဲ့ ပတ်သက်ပြီး ခေါင်းကိုက်နေတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူမက ယဉ်ကျေးသိမ်မွေ့တဲ့ သခင်မလေး တစ်ယောက်မှာ ရှိသင့်တဲ့ နာခံတတ်မှု သဘာဝ နည်းနည်းမှ မရှိပါဘူး။ လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ငါ့မှာ ဒီလိုမျိုး အစားအသောက်တွေ အများကြီး ရှိသေးတယ်။ ဒါကြောင့် ငါက မင်းနဲ့ စီးပွားရေး တစ်ခုလုပ်ဖို့ သဘောတူညီချက် လုပ်ချင်တယ်”

“နင်က အဲဒါတွေ ငါ့ကိုရောင်းချင်တာလား။ ကောင်းပြီလေ။ နင့်မှာဘယ်လောက်ရှိလဲ။ ငါအားလုံး ယူမယ်”

လီဝေဂက သူမရဲ့လက်ကို သာမန်ကာလျှံကာ ဝှေ့ယမ်းပြီးတော့ သူမကိုယ်သူမ အရမ်းကို ချမ်းသာတဲ့ ပုံစံမျိုး လုပ်လိုက်ပါတယ်။

လင်းဟန်က သူမကို သံသယတွေနဲ့ ကြည့်ပြီးတော့ ပြန်ပြောလိုက်ပါတယ်။

"မင်းမှာ အစစ်အမှန် မူလကျောက်တုံး ဘယ်လောက်များ ရှိလို့လဲ။ တကယ်လို့ မင်းမှာ တစ်ထောင်အောက်ပဲ ရှိတယ်ဆိုရင်တော့ မင်းက ချမ်းသာတယ်လို့ ငါ့ကိုမပြောနဲ့"

လီဝေဂက ပြန်တုန့်ပြန်ဖို့ ပါးစပ်ဟလိုက်ပေမဲ့ သူမရှုံးနိမ့်သွားပါတယ်။ သူမက တကယ်လည်း အစစ်အမှန် မူလကျောက်တုံး တစ်ထောင်ကို ထုတ်မပေးနိုင်ပါဘူး။ အဆင့်ပိုမြင့်တဲ့ ကလန်တွေက စည်းမျဉ်းစည်းကမ်းတွေ ပိုပြီးတော့ တင်းကျပ်ပြီး သူတို့ရဲ့ ဂျူနီယာတွေ သုံးစွဲဖြုန်းတီးမှာကို တားမြစ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့လက်ထဲမှာ အရမ်းကို ချမ်းသာ ကြွယ်ဝနေရင် အရက်သောက်ဖို့နဲ့ အပျော်အပါး လိုက်စားဖို့ကိုပဲ မင်းရဲ့အချိန်တွေ ဖြုန်းတီးပစ်တော့မှာပေါ့။

အဲဒီအချိန်မှာ ကျိုယွင်အာရဲ့ မျက်လုံးတွေက အရောင်တောက်ပလာပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် စီနီယာ အစ်ကိုလင်းက ဒီအစားအသောက်တွေနဲ့ ပါဝင်ပစ္စည်းတွေကို မြင့်မြတ်ကလန်တွေနဲ့ ဂုဏ်သိက္ခာရှိတဲ့ ကလန်တွေကို ရောင်းချင်တယ်လို့ ဆိုလိုတာလား"

လင်းဟန်က လက်ခုပ်တီးပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"ဂျူနီယာ ညီမလေးကျိုက တကယ့်ကို ဉာဏ်ကောင်းတာပဲ"

သူက ဒီလူသစ်အုပ်စုမှာ ပထမနေရာကို ရရှိခဲ့ပါတယ်။ ဒါကြောင့် သူတို့က သူ့ထက် အသက်ကြီးကြီး ငယ်ငယ် သူ့ကို စီနီယာအစ်ကိုလို့ ခေါ်ဆိုကြရပါလိမ့်မယ်။

လီဝေဂက မကျေမနပ် ဖြစ်သွားပြီးတော့ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ငါကရော ဘယ်နေရာမှာ တုံးအနေလို့လဲ"

"ဒါပေမဲ့လည်း ဒါက စိတ်ဝိညာဉ် အသားမဟုတ်ဘူး။ ဘယ်လောက်ပဲ အရသာရှိရှိ ဒီအစားအသောက်အတွက် အစစ်အမှန် မူလကျောက်တုံးနဲ့ ပေးချေဖို့ ဆန္ဒရှိတဲ့လူ တစ်ယောက်မှ ရှိမယ်လို့ မထင်မိဘူး"

ကျိုယွင်က လင်းဟန်အနေနဲ့ အစစ်အမှန် မူလကျောက်တုံးတွေ လိုချင်နေတယ် ဆိုတာကို ပြောနိုင်ပါတယ်။ နောက်ပြီးတော့ သူက ပမာဏ အများကြီး လိုချင်နေခဲ့တာပါ။

"စိတ်ဝိညာဉ် အသား ဟုတ်လား။ စိတ်ဝိညာဉ် အသားဆိုတာ ဘာလဲ"

လင်းဟန်က မေးခွန်းပြန်ထုတ် လိုက်ပါတယ်။

လီဝေဂက ချက်ချင်းပဲ သူမအတွက် အခွင့်ကောင်း ရသွားသလိုမျိုးနဲ့ ဖြေလိုက်ပါတယ်။

"နင်က တကယ့်ကို တောသားတစ်ယောက်ပဲ။ စိတ်ဝိညာဉ် အသားက ဘာလဲဆိုတာကိုတောင် မသိဘူး။ ငါနင့်ကို ပြောပြမယ်။ တန်ခိုးရှင်အဆင့် မိစ္ဆာသားရဲကောင်တွေပဲ စိတ်ဝိညာဉ် အသားကို ပြုစုပျိုးထောင်နိုင်တယ်။ အဲဒါက သူတို့ရဲ့ မရှိမဖြစ် အလိုအပ်ဆုံး အစိတ်အပိုင်းပဲ။ ပြီးတော့ အဲဒါကို တန်းပြီးတော့ ဝါးမျိုနိုင်တယ်။ အဲဒါက နင့်ရဲ့စွမ်းအင်ကို အကြီးအကျယ် ပြန်လည်ဖြည့်ဆည်း ပေးနိုင်ပြီး နင့်ရဲ့ ကျင့်ကြံခြင်းကိုလည်း တိုးလာစေနိုင်တယ်။ ဒီအာနိသင်တွေက အစစ်အမှန် မူလကျောက်တုံးတွေထက်တောင် ပိုကောင်းတယ်။ ကံမကောင်းတာက မိစ္ဆာသားရဲတွေက ဘယ်လောက်ပဲကြီးကြီး စိတ်ဝိညာဉ် အသားကို မွေးပေးတာက ကျင့်ကြံခြင်း အဆင့်နဲ့ပဲဆိုင်တယ်။ တကယ်လို့ မိစ္ဆာသားရဲတွေက တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့်တွေထဲမှာ ရှိမယ်ဆိုရင် စိတ်ဝိညာဉ် အသားကလည်း အစိတ်အပိုင်း သေးသေးလေးပဲ ရှိလိမ့်မယ်"

သူမက လက်မတစ်ချောင်းရဲ့ အရွယ်အစားလောက်ကို လက်ဟန်ခြေဟန်နဲ့ လုပ်ပြလိုက်ပါတယ်။ အဲဒါက တကယ့်ကို

သနားစရာ ကောင်းလောက်အောင် သေးငယ်ပါတယ်။ တစ်ခုသိထား ရမှာက တန်ခိုးရှင် အဆင့်ကို ရောက်သွားတဲ့ မိစ္ဆာသားရဲကောင်တွေက တောင်သေးသေးလေး တစ်လုံးရဲ့ အရွယ်အစားကို ရောက်နိုင်ပါတယ်။

လင်းဟန်က အိုးလို တစ်ချက်အော်လိုက်ပါတယ်။ ဒါဆိုရင် သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို တိုးစေနိုင်မဲ့ နောက်ထပ် နည်းလမ်းတစ်ခု ရှိလာပြီ ဖြစ်ပါတယ်။ အသားကင် တစ်ခု ကျက်သွားတာကို မြင်လိုက်ရတဲ့ အချိန်မှာ သူက အဲဒီအသားကင်ကို ယူပြီးတော့ ဓားသေးသေးလေး တစ်ချောင်းနဲ့ နှစ်ပိုင်းဖြတ်လိုက်ပါတယ်။ အဲဒီနောက် ပန်းကန်ပြားတွေပေါ် တင်ပြီးတော့ လီဝေဂနဲ့ ကျိယွင်အာတို့ကို ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"အရင်ဆုံး မြည်းစမ်းကြည့်ပါ။ ဒီအတွက် အစစ်အမှန် မူလကျောက်တုံးနဲ့ ပေးချေဖို့ ထိုက်တန်လား ဆိုတာကို ကြည့်တာပေါ့"

"ကျောက်တုံးခေါင်း နင်တကယ်ပဲ ဒီအသားအပေါ် ဆေးမဖြူးထားပါဘူးနော်"

လီဝေဂရဲ့ မျက်နှာပေါ်မှာ သံသယတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"တကယ်လို့ မင်းအဲဒါကို မစားဘူးဆိုရင် ငါ့ကိုပြန်ပေး"

လင်းဟန်က ပန်းကန်ပြားကို ပြန်ယူတော့မဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်ပါတယ်။

"သွားစမ်းပါ။ အခုပဲ နင်က ငါ့လက်ထဲကို ထည့်ပေးထားတာ။ ဒါက ငါ့ပစ္စည်း ဖြစ်သွားပြီ။ နင်ပြန်ယူဖို့ လုံးဂကို မစဉ်းစားနဲ့"

လီဝေဂက သူမရဲ့ အစားအစာကို အလျင်အမြန်ပဲ ကာကွယ်လိုက်ပါတယ်။ တူနှစ်ချောင်းကို အသုံးပြုပြီးတော့ သူမက အသားကင်ကို ကောက်ယူပြီး ကိုက်ချလိုက်ပါတယ်။ ရုတ်တရက် သူမရဲ့ အမူအရာက အလျင်အမြန် ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 905 end

အပိုင်း(906) ကျားဖြူကနေ ဆင်းသက်လာတဲ့ မျိုးဆက်

"ဝေဂ ဘာဖြစ်တာလဲ"

ကျိုယွင်အာက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ သူမအနေနဲ့ လီဝေဂရဲ့ အစားအသောက် သီအိုရီက ဆေးခတ်ထားတယ်ဆိုပြီး စိတ်စွဲနေတာကို သူမခေါင်းထဲ မထည့်ထားပါဘူး။ ဒါပေမဲ့ လီဝေဂရဲ့ လက်ရှိ အမူအရာကို မြင်လိုက်ရတဲ့ အခါမှာတော့ သူမက စိုးရိမ်နေပါသေးတယ်။

ကျွှမ်းယ်လေး တစ်ခုကလာတဲ့ ဒီယောက်ျားက ဘယ်လိုမျိုး ရှိသေလေးစားပြီး ကြောက်ရွံ့ရမယ် ဆိုတာကို တကယ်မသိပဲ အံ့အားသင့်စရာကောင်းတဲ့ အရာတွေကိုပဲ လုပ်နေပါတယ်။

"အဲဒါက အရမ်းကို အရသာရှိတယ်"

လီဝေဂျက ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ အဲဒီနောက် သူမက ပန်းကန်ကို ချပြီးတော့ ကျန်နေတဲ့ အသားကင်တွေ အားလုံးကို စားလိုက်ပါတယ်။ ပြီးတော့ ကျိုယွင်အာရဲ့ အရှေ့မှာရှိတဲ့ ပန်းကန်ဘက်ကို လှည့်ပြီးတော့ စိုက်ကြည့်လိုက်ပြီး သူမရဲ့ မျက်လုံးတွေက အရောင်တဖျတ်ဖျတ် တောက်ပပြီးတော့ အချိန်မရွေး ခုန်အုပ်တော့မဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

ကျိုယွင်အာက သူမရဲ့ လက်မောင်းကို ဆန့်ပြီးတော့ သူမရဲ့အစားအစာကို ကာကွယ်ပြီး မေးလိုက်ပါတယ်။

"ဒါက တကယ်ပဲ အရမ်းအရသာ ရှိနေတာလား"

လီဝေဂျက ပြန်တောင်မဖြေအားပဲ သူမရဲ့ မျက်နှာကို ပြန်လှည့်ပြီး အသည်းအသန် တောင်းဆို လိုက်ပါတယ်။

"ကျောက်တုံးခေါင်း ကျန်နေတဲ့ အသားကင်တွေကို မြန်မြန်ချပေးစမ်း"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအစားအသောက်အတွက် မင်းက အစစ်အမှန်မူလကျောက်တုံးတွေ ပေးမှာလား"

"ပေးမယ်"

လီဝေဂက စိတ်မရှည်စွာနဲ့ ပြောလိုက်ပါတယ်။

"မြန်မြန် ပေးစမ်းပါ။ ဒီနေ့ ငါ့နလုံးသား ကျေနပ်တဲ့အထိ စားချင်တယ်"

"မင်းဂလာမှာကို မစိုးရိမ်ဘူးလား"

လင်းဟန်က စပ်ဖြီးဖြီးနဲ့ ပြောလိုက်ပါတယ်။

"ခစ်ခစ်ခစ်ခစ် ငါကဘယ်လောက်ပဲ စားစား ဂလာမှာ မဟုတ်ဘူး။ ငါ့မှာ သဘာဂကပေးတဲ့ ပြီးပြည့်စုံ ခန္ဓာကိုယ်တစ်ခု ရှိပြီးသား"

လီဝေဂက ဂုဏ်ယူဂင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

လင်းဟန်က ချက်ပြုတ်လို့ ပြီးသွားတဲ့ အသားပိုင်းကို ကောက်ယူပြီးတော့ လီဝေဂရဲ့ ပန်းကန်ထဲကို ထည့်ပေးလိုက်ပါတယ်။

လီဝေဂက ချက်ချင်းပဲ တက်ကြွလာပြီး တူနှစ်ချောင်းကို အသုံးပြုကာ အသားကို ကောက်ယူပြီးတော့ နောက်ထပ်တစ်ကြိမ် ကျေနပ်ပီတိ ဖြစ်စွာနဲ့ စားလိုက်ပါတယ်။

ကျိုယွင်အာက သိချင်စိတ်တွေ ပြင်းပြလာမိပါတယ်။ ဒီအသားက တကယ်ပဲ အရသာ ရှိနေတာလား။

လီဝေဂဆိုတာက ဘယ်လက်ရုံး အမတ်မင်းရဲ့ လေးယောက်မြောက် သမီးဖြစ်ပါတယ်။ သူမဟာ အရင်တုန်းက ထူးခြားတဲ့ အရသာရှိ အစားအသောက်တွေကို မစားဖူးလို့လား။ အခုတော့ သူမက တကယ်ပဲ ထိန်းမနိုင်သိမ်းမနိုင် စားသောက်နေပါတယ်။ သူမက တူနှစ်ချောင်းကို ကြော့ကြော့မော့မော့နဲ့ ကောက်ယူပြီးတော့ အသားကင်ကို ယူပြီး သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ သွားတွေနဲ့ အသာအယာ ကိုက်လိုက်ပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဒီအသားက တကယ်ဆိုရင် အထင်ကြီးစရာ မရှိပါဘူး။ ဒါပေမဲ့ တစ်ချက်ကိုက်လိုက်တာနဲ့ အသားရဲ့ အမွှေးနံ့က ပါးစပ်ထဲမှာ ချက်ချင်းဆိုသလို ပျံ့နှံ့သွား

ခဲ့ပါတယ်။ ဒီလိုမျိုး အရသာရှိတဲ့ အစားအသောက်က လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကိုတောင် တုန်လုပ်သွားအောင် လုပ်နိုင်ပါလိမ့်မယ်။

ဘယ်လိုလုပ်ပြီးတော့ အရမ်းအရသာ ရှိနေရတာလဲ။

သူမက လီဝေဂထက် စာရင်တော့ ပိုပြီးတော့ ထိန်းသိမ်းနိုင်ပါတယ်။ ဒါပေမဲ့ သူမလည်း ပါးစပ်ကို အကျယ်ကြီး ဟပြီးတော့ အသားတွေကို အတင်းသွတ်ပြီး ဝါးစားလိုက်ပါတယ်။

"ညောင်"

အဲဒီအချိန်မှာပဲ အဖြူရောင် ပုံရိပ်တစ်ခု ဖျတ်ခနဲ လက်သွားပြီးတော့ သူတို့သုံးယောက် ပြန်ပြီးမတုံ့ပြန်နိုင်ခင်မှာ ကင်ထားတဲ့ အသားနှစ်ခု ပျောက်သွားခဲ့ပါတယ်။

"ဒီကြောင်ဖြူ"

လီဝေဂနဲ့ ကျိယွင်အာတို့ နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ပါတယ်။ ဒါက စောစောတုန်းက သူတို့တွေ မြင်တွေ့ခဲ့တဲ့ ခြံဝင်းရဲ့ နံရံအပေါ်က ထင်ရှားကျော်ကြားတဲ့ ကြောင်ဖြူပဲ မဟုတ်ဘူးလား။ သူ့ပါးစပ်ထဲမှာ အသားကင်နှစ်ပိုင်းကို ကိုက်ချီထားပြီးတော့ သူတို့သုံးယောက်ကို

လှောင်ပြောင်နေသလိုမျိုး သူ့မျက်နှာပေါ်မှာ ဂုဏ်ယူတဲ့ အကြည့်တွေကိုတောင် သူတို့တွေ တကယ်ပဲ မြင်တွေ့နိုင်ပါတယ်။

ဘယ်လိုလဲ။ ငါအောင်မြင်တယ် မဟုတ်လား။

ကြောင်ဖြူကြီးက အသားတွေကို အငမ်းမရ ဝါးမျိုပြီးတော့ ခဏလေး အတွင်းမှာ အသားနှစ်ပိုင်းလုံး စားလိုက်နိုင်သွားပါတယ်။ ဒီကြောင်ဖြူကြီးက ဝနေတာ အံ့သြစရာ မရှိတော့ပါဘူး။

ဒီတစ်ကြိမ်တော့ လင်းဟန်က ကာကွယ်ထားပေမဲ့ သူလည်း အချိန်မီ မတားဆီးနိုင်ခဲ့ပါဘူး။ ဒီကြောင်ဖက်တီးမှာ ဒီလိုမျိုး လုံးဂန်းတဲ့ အစာအိမ်တစ်ခု ရှိနေတာကိုပဲ မကြည့်ပါနဲ့။ သူ့ရဲ့ အမြန်နှုန်းက တကယ့်ကို မယုံနိုင်စရာကောင်းလောက်အောင် လျင်မြန်ပါတယ်။

"ဝါး အဲဒါ ငါ့အသားတွေ"

လီဝေဂက ချက်ချင်းပဲ စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး လက်ညှိုးနဲ့ ဒေါသတကြီး ထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ကြောင်စုတ်ကြောင်နာ။ နင်ငါ့အသားတွေကို ခိုးဝှံ့တယ်ပေါ့လေ။ ဒီလောက်နဲ့ မပြီးသွားဘူးမှတ်"

လင်းဟန်က ပြုံးသွားပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ငါ့အသားပါ။ မဟုတ်ဘူးလား။
မင်းအရမ်းကိုစိတ်လှုပ်ရှားနေတယ် ဆိုတာကို ငါသိပါတယ်။ ဒါပေမဲ့
ဘယ်သူက အိမ်ရှင် ဘယ်သူက ဧည့်သည်ဆိုတာကိုတော့
မင်းခွဲခြားနိုင်သင့်သေးတယ်"

လီဝေဂက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"နင်က ငါ့လူပဲ။ ဒါကြောင့် နင့်အသားဆိုတာလည်း ငါ့အသားပဲ"

"ဟင် ဒီကြောင် ဒါက ကြောင်တစ်ကောင် မဟုတ်ဘူး။ အဲဒါ
နတ်ဘုရား သားရဲ ကျားဖြူပဲ"

မျှော်စင်လေးက ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မနေ့တုန်းက ငါသံသယတချို့ ရှိနေတယ်။ ဒါပေမဲ့
အတည်မပြုနိုင်ခဲ့ဘူး။ အခုတော့ ဒီကောင်က ကျားဖြူရဲ့
မျိုးဆက်တစ်ယောက်ဆိုတာကို ငါသေချာပေါက် အတည်ပြုနိုင်ခဲ့ပြီ"

လင်းဟန်က အံ့ဩသွားခဲ့ပါတယ်။ ဒီဂုတုတ်တုတ် ကြောင်က
ကြောင်မဟုတ်ပဲ ကျားတစ်ကောင် ဖြစ်နေတာလား။ ဒါက
မှားယွင်းတဲ့ ပြန်လည်မွေးဖွားခြင်း တစ်ခုပဲ မဟုတ်လား။

ဒီလိုသက်ရှိမျိုးက တိုးတက်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်ချေ ရှိမှာလဲ။ သူက စိတ်နဲ့မေးလိုက်မိပါတယ်။

"မင်းသေချာရဲ့လား"

"ဟိုးဟိုး ကျားဖြူရဲ့ မျိုးဆက်တစ်ကောင်ကပဲ ဒီလိုမျိုး မြင့်မြတ်တဲ့ လေထုတစ်ခုကို ထုတ်လွှတ် နိုင်လိမ့်မယ်။ မှားစရာအကြောင်း မရှိဘူး"

မျှော်စင်လေးက ဖြေလိုက်ပါတယ်။

"ကျားဖြူက အရမ်းသန်မာလား"

လင်းဟန်က မေးလိုက်ပါတယ်။ အရင်တုန်းက အစစ်အမှန်နဂါးရဲ့ မျိုးဆက်တစ်ယောက်ကို မြင်တွေ့ဖူးခဲ့ပါတယ်။ နောက်ကျတော့လည်း သူ့လက်နဲ့ ရိုက်နက်တာကို ခံရပြီးတော့ ဘာမှလည်း မဟုတ်ပါဘူး။

"ဟက် မင်းတွေ့ခဲ့တဲ့သူက အစစ်အမှန် နဂါးရဲ့ မျိုးဆက်တစ်ယောက်လို့ သတ်မှတ်လို့ ရနိုင်လို့လား"

မျှော်စင်လေးက ပြန်တုံ့ပြန်လိုက်ပါတယ်။

"အများဆုံး သူ့မှာက အစစ်အမှန်နဂါး သွေးမျိုးစက်လေး တစ်ခုပဲရှိတယ်။ဒါပေမဲ့ ဒီကျားဖြူ ပေါက်စကတော့ မတူဘူး။ သူ့သွေးမျိုးဆက်က အရမ်းကို သိပ်သည်းတယ်။ ဒါပေမဲ့ ကြည့်ရတာ ပြင်းထန်တဲ့ ဒဏ်ရာတချို့ကို ခံစားနေရပုံပဲ။ အဲဒါကြောင့် သူ့မျိုးဆက်သွေးရဲ့ အစစ်အမှန် ခွန်အားကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း မရှိသေးတာ ဖြစ်လိမ့်မယ်"

"နေပါဦး။ ကျားဖြူက ဘယ်လောက်များ သန်မာလို့လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"မင်း မူလဇာစ်မြစ် အဆင့်အကြောင်းကို သိလား"

မျှော်စင်လေးက မေးခွန်းတစ်ခုနဲ့ ပြန်တုံ့ပြန်လိုက်ပါတယ်။

"တကယ်လို့ ကျားဖြူရဲ့ အကောင်းဆုံး အခြေအနေမှာ ရှိမယ်ဆိုရင် သူ့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒ တစ်ချက်ဝေ့လိုက်တာနဲ့ မူလဇာစ်မြစ်အဆင့်က လူတစ်ယောက်ကို အမြစ်ဖြတ် ချေမှုန်းနိုင်စွမ်း ရှိလိမ့်မယ်"

မျှော်စင်လေးက အထင်သေးတဲ့ ပုံစံနဲ့ ပြန်ဖြေလိုက်ပါတယ်။

"တကယ်ကြီးလား"

လင်းဟန်က မယုံဝံ့ပါဘူး။

“မူလဇာစ်မြစ် အဆင့်က ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး စွမ်းရည်မဟုတ်လား”

“တကယ်လို့ နှစ်ယောက်စလုံးက စကြဝဠာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးမှာ ရှိနေမယ် ဆိုရင်တောင် ကမ္ဘာကြီးတစ်ခုလောက် ကွာခြားသေးတယ် မဟုတ်လား။ အဆင့်ပိုမြင့်တဲ့ အချိန်ကျရင်ရော”

“ဘာကိုအဆင့်ပိုမြင့်တဲ့ အချိန်လဲ”

“ဘာမှလုပ်မနေနဲ့ မင်းရဲ့ကျင့်ကြံခြင်းကို အာရုံစိုက်ပြီးတော့ အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြော မနေနဲ့”

လင်းဟန်က တစ်ယောက်ယောက်ကို ရိုက်ပစ်ချင်စိတ်တွေ ပေါက်လာပါတယ်။ ဒီခေါင်းစဉ်ကို ဒီမျှော်စင်စုတ်ကပဲ စခဲ့တာ မဟုတ်လား။ သူက မငြင်းခုန်တော့ပဲ မေးလိုက်ပါတယ်။

“ဒါဆိုရင် ကျားဖြူရဲ့ မျိုးဆက်နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်မလဲ။ မင်းသူ့ကို ယဉ်ပါးလာအောင် လုပ်နိုင်လား”

“ဟင့် တကယ်လို့ ငါမလုပ်နိုင်ဘူးဆိုရင် မင်းကို အဓိပ္ပါယ်မရှိတဲ့ စကားတွေ အများကြီး ပြောဖူးလို့လား”

မျှော်စင်လေးက နှာခေါင်းရှုံ့လိုက်ပါတယ်။

ကောင်းပြီလေ။ ဒီကောင်က နောက်တစ်ခါ ဘဂင်မြင့်သလို ပြုမူနေပြန်ပြီ။

ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ လင်းဟန်က ဘာမဟုတ်တာလေးကို ငြင်းခုံမနေတော့ပဲ ထပ်မေးလိုက်ပါတယ်။

"ငါတို့ ဒီကောင့်ကို ယဉ်လာအောင် ဘယ်လိုလုပ်မလဲ။ နေပါဦး။ သူ့မှာ ပိုင်ရှင်တစ်ယောက် ရှိတယ်လေ"

"ကျားဖြူက ဘယ်လောက်တောင် ဂုဏ်ယူဂင့်ကြွားလိုက်သလဲ။ ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်လိုမျိုး အမိုက်ကို ခစားဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ နတ်ဘုရားအဆင့် အသားနည်းနည်း ထုတ်လိုက်။ ကျားဖြူက အသားကြိုက်တဲ့ သဘာဂရှိတယ်။ ပြီးတော့ နတ်ဘုရားအဆင့် အသားရဲ့ ခွန်အားကို စုပ်ယူနိုင်ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းကို တိုးလာစေနိုင်တယ်"

မျှော်စင်လေးက ပြောလိုက်တယ်။

လင်းဟန်က အင်းလို့ တစ်ချက်ပြောလိုက်တယ်။ အနက်ရောင် မျှော်စင်က အခုဆိုရင် နှစ်တိုင်း နတ်ဘုရားအဆင့်

အသားတစ်ပိုင်းကို ထုတ်ပေးနိုင်စွမ်း ရှိပါတယ်။ တကယ်လို့ သူက အဲဒါကို အသုံးမပြုပဲ ချန်ထားရင် နတ်ဘုရားအဆင့် အသားရဲ့ အရည်အသွေးက အဆုံးမရှိ အဆင့်မြင့်တင် နိုင်ပါတယ်။ ဒါပေမဲ့ အခုမှ တစ်နှစ်အချိန်ပဲ ကုန်လွန်ပါသေးတယ်။ ဒါကြောင့် နတ်ဘုရားအဆင့် အသားတစ်ပိုင်းကိုပဲ သူပိုင်ဆိုင်ပါသေးတယ်။

"မင်းရဲ့ ကလေးကို စတေးဖို့ ဆန္ဒမရှိပဲနဲ့ ဝံပုလွေကို မင်းဖမ်းနိုင်မှာ မဟုတ်ဘူး။ ဒီကျားဖြူက ငယ်သေးတယ်။ မင်းအခု သူနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို တည်တောက်ထားနိုင်တယ်။ ပြီးတော့ တကယ်လို့ အနာဂတ်မှာ မင်းက သူ့ရဲ့ဖျားနာမှုကို ပျောက်အောင်ကုပေးနိုင်ရင် မင်းကို သူ့ရဲ့ဆရာသခင်အဖြစ် သတ်မှတ်ဖို့အတွက် ခက်ခဲလိမ့်မှာ မဟုတ်ဘူး။ သူက အရမ်းကို အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုပဲ"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်က ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ စဉ်းစားပြီးတော့ နတ်ဘုရားအဆင့် အသားကို ထုတ်ယူလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်သူက တန်ခိုးရှင်အဆင့်နဲ့ ဝေးနေပါသေးတယ်။ နောက်ပြီး သူ့လက်ထဲမှာ အစစ်အမှန် မူလကျောက်တုံး ပမာဏ

အများကြီး ရှိနေသရွေ့ နတ်ဘုရားအဆင့် အသားသေးသေးက အသေးအဖွဲ့တစ်ခုပဲ မဟုတ်လား။

"ဟင် ဒါက နတ်ဘုရားအဆင့် အသားပဲ"

လီဝေဂက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော် ဖြစ်ပါတယ်။ ဒါကြောင့် နတ်ဘုရားအဆင့် အသားကို တစ်ချက်ကြည့်လိုက်တာနဲ့ တန်းသိပါတယ်။ သူမက အံ့အားသင့် သွားမိပါတယ်။

"ကျောက်တုံးခေါင်း နင်ဘယ်ကနေ နတ်ဘုရားအဆင့် အသားကို ရလာတာလဲ။ နင်အဲဒါကို တစ်နေရာရာကနေ ခိုးလာတာတော့ မဟုတ်ပါဘူးနော်"

လင်းဟန်က သူမကို လျစ်လျူရှုထားပြီးတော့ နတ်ဘုရားအဆင့် အသားကို ကြောင်ဂတုတ် အရှေ့မှာ ဝှေ့ယမ်းပြီး မေးလိုက်ပါတယ်။

"ကြောက်ဖက်တီးကြီးမင်း ဒီနတ်ဘုရားအဆင့် အသားကို လိုချင်လား"

ကြောင်ဖက်တီးကြီးက ချက်ချင်းဆိုသလို ဒေါသတွေ ထွက်လာခဲ့ပါတယ်။ သူက ကျားဖြူရဲ့ မျိုးဆက်ဖြစ်ပြီးတော့ ဘယ်လောက်တောင် မြင့်မြတ်လိုက်သလဲ။ ဒီကောင်က တကယ့်ကို သေမျိုးတစ်ယောက်ပဲ။ ငါဘယ်လောက် အံ့ဩဖို့ကောင်းလဲ

ဆိုတာကို သိရဲ့လား။ သူက အဖက်မလုပ်သလို ဟန်ဆောင်လိုက်ပါတယ်။ ဘယ်နတ်ဘုရား အသားဖြစ်ဖြစ် ငှါ့အရှေ့မှာ လာဝှေ့ယမ်းလိုက်တာနဲ့ တမ်းတမ်းစွဲ ဖြစ်လိမ့်မယ်လို့ မင်းထင်နေတာလား။ မင်းငှါ့ကို တကယ့်ကို အထင်သေးလွန်းသွားပြီ။

လင်းဟန်က တစ်ချက်တွေးလိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကနေ သိုးမွှေးလုံး တစ်ခုကို ဆွဲထုတ်ပြီး မြေကြီးပေါ်ကနေ လှိမ့်ပေးလိုက်ပါတယ်။

"ညောင်"

ကြောင်ဖက်တီးက ချက်ချင်းပဲ သူ့ကိုယ်သူ မထိန်းနိုင်ပဲ ခုန်အုပ်လိုက်ပါတယ်။ သိုးမွှေးလုံးပေါ် တန်းပြီးတော့ ခုန်အုပ်လိုက်ပြီး ဘောလုံးတစ်လုံးကြောင့် သူ့ရဲ့အစစ်အမှန် သဘာဂကို ထုတ်ဖော်လိုက်ဖို့ ဆွဲဆောင်ခံလိုက်ရတယ်ဆိုတာကို နောက်ဆုံးမှာ သတိပြုမိ သွားခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ သူ့လက်သည်းတွေကို အသုံးပြုပြီး သူ့နုတ်ခမ်းမွှေးကို သပ်ကာ ဂရုမစိုက်တဲ့ ဟန်မျိုး လုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်လုံးတွေကတော့ အဲဒီဘောလုံးဆီကနေ ခွာလို့မရနိုင်ပဲ

နောက်တစ်ကြိမ် ဘောလုံးကို ထပ်ပြီးတော့ ခုန်အုပ်ချင်နေပုံရပါတယ်။

ဒီအမူအရာကို ကြည့်ပြီးတော့ လီဝေဂက ဝါးလုံးကွဲအောင်ရယ်မောလိုက်ကပါတယ်။ ကျိယွင်အာကတော့ သူမထက်စာရင်ထိန်းထိန်းသိမ်းသိမ်း ရှိပြီးတော့ လက်တစ်ဖက်နဲ့ သူမရဲ့ ပါးစပ်ကိုအသာလေးအုပ်ပြီး တခစ်ခစ်နဲ့ ကျိတ်ပြီးတော့ ရယ်လိုက်ပါတယ်။

"ဒီမှာနောက်တစ်ခု"

လင်းဟန်က နောက်ထပ်သိုးမွှေးဘောလုံး တစ်ခုကို ထုတ်ပြီးတော့ပစ်လိုက်ပါတယ်။

"ညောင်"

ကြောင်ဖက်တီးက သူ့ကိုယ်သူ မချုပ်တည်းနိုင်ပဲ ခုန်အုပ်လိုက်ပါတယ်။

Chapter 906 end

အပိုင်း(907) အသားတစ်ခုနဲ့ လာဘ်ထိုးခြင်း

တကယ်လို့ မျှော်စင်လေးမှာ မျက်နှာသွင်ပြင် အမူအရာတွေ ရှိမယ်ဆိုရင် လက်ရှိမှာ သေချာပေါက် မှင်တက်အံ့ဩ နေပါလိမ့်မယ်။

ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်ပြီးတော့မှ နောက်ဆုံးမှာ မျှော်စင်လေးက ပြောလိုက်ပါတယ်။

"ဒီကျားဖြူမျိုးဆက်ရဲ့ ဒဏ်ရာက ဦးနှောက်မှာ ဒဏ်ရာရသွားတာ ဖြစ်လိမ့်မယ်။ သူ့ကိုယ်သူ တကယ်ပဲ ကြောင်တစ်ကောင်လို့ ထင်နေပုံ ရတယ်။ ဒါက အတော်လေးကို ဖွံ့ဖြိုးမှု နည်းနေတယ်"

"ကြောင်ကလေး ဒီကိုမြန်မြန်လာခဲ့။ ငါ့မှာလည်း ဘောလုံးတစ်လုံးရှိတယ်"

လီဝေဂက မြေကြီးပေါ်က သိုးမွေးလုံးကို ကောက်ယူပြီးတော့ ပစ်ပေးလိုက်ပါတယ်။

ကြောင်ဖက်တီးက သူ့ကိုယ်သူ မထိန်းချုပ်နိုင်ပဲ ခုန်အုပ်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီနောက် ဒေါသတွေ ထွက်လာပြီးတော့ အဆက်မပြတ် အော်မြည်လိုက်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် နောင်တရသလို ခံစားနေရပါတယ်။ ဘာဖြစ်လို့ ဘောလုံးလို အရာတစ်ခုကို ဆန့်ကျင်ဖို့ မခုခံနိုင်တာလဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကြောင်ဖက်တီး သူငယ်ချင်းတွေ လုပ်ကြရအောင်။ အနာဂတ်မှာ မင်းက ဒီနေရာကို လာပြီးတော့ မင်းဆန္ဒတွေ မပြည့်မချင်း အသားကင်တွေကို ကြိုက်သလောက် စားနိုင်မယ်ဆိုရင် ဘယ်လိုလဲ။ မင်းက လုယူနိုင်တယ် ဆိုပေမဲ့ ငါကလည်း အသားကို မထုတ်ယူဖို့ ရွေးချယ်နိုင်သေးတယ်။ နောက်ပြီးတော့ ငါက ဘယ်နေရာမှာမဆို စားဖို့ကိုလည်း ရွေးချယ်နိုင်သေးတယ်"

တကယ်လို့ အနက်ရောင် မျှော်စင်ထဲက အရသာရှိ အစားအသောက်တွေကို မပြည်းစမ်းဖူးဘူး ဆိုရင် ကြောင်ဖက်တီးက ဒီကမ်းလှမ်းမှုကို အထင်သေးပါလိမ့်မယ်။ မင်းငါ့ကို နောက်နေတာလား။ အစာလေးနည်းနည်း ပေးပြီး ငါနဲ့ သူငယ်ချင်း ဖြစ်ချင်နေတာလား။ မင်းအိပ်မက်မက် နေလိုက်လေ။

ဒါပေမဲ့ အခုတော့ သူက အနက်ရောင် မျှော်စင် အထဲက အစားအသောက် အကြောင်းကို စဉ်းစားလိုက်ရုံနဲ့ သွားရည်တမြားမြား ကျလာပါလိမ့်မယ်။ သူက ဒီနေ့ ဒီနေရာမှာ အစောကြီး စောင့်နေတယ် ဆိုတာက အစားအသောက်ကို လုယူချင်တာကြောင့်ပဲ မဟုတ်ဘူးလား။

သူက အခက်ကြုံနေသလို ခံစားလိုက်ရပါတယ်။ ကျားဖြူတစ်ကောင် အနေနဲ့ သူ့ရဲ့ဂုဏ်သိက္ခာနဲ့ ပတ်သက်လာရင် အရမ်းကို သန်မာတဲ့ စိတ်စွမ်းအား ရှိပြီးတော့ အစားအသောက် အတွက်ကြောင့် အရှုံးပေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အစားသောင်းကြမ်းသူ တစ်ယောက် အနေနဲ့ ဒီလိုမျိုး ဆွဲဆောင်မှုကို မခုခံနိုင်ပါဘူး။

"ဒါက သူငယ်ချင်း ဆက်ဆံရေးလေး တစ်ခုပဲမဟုတ်လား။ ငါကမင်းဆီက ဘာအကျိုးအမြတ်မှ မရှာပါဘူး"

လင်းဟာန်က ပြုံးပြီးတော့ ထပ်ပြီးဆွဲဆောင် လိုက်ပါတယ်။

"ညောင်"

ကြောင်ဖက်တီးက ခေါင်းညိတ်လိုက်ပြီး လင်းဟာန်ရဲ့ စကားတွေက အကျိုးသင့် အကြောင်းသင့် ရှိတယ်လို့ ခံစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အတွက် ဒီအလဲအလှယ်မှာ ဘာမှစတေးစရာ မလိုပါဘူး။

လီဝေဂနဲ့ ကျိုယွင်အာတို့ နှစ်ယောက်စလုံး အံ့အားသင့် သွားခဲ့ပါတယ်။ တစ်ခုသိထားရမှာက ဒီကြောင်ကို ကျန်းသဲ့မန်က နိုင်းယှဉ်လို့ မရအောင် ထိတ်လန့်စရာကောင်းတဲ့ အကောင်အဖြစ်

သတ်မှတ်ထားခဲ့ပါတယ်။ ပြီးတော့ လုံးဝကို ပြဿနာဖြစ်လို့ မရတဲ့ တည်ရှိမှု တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ လင်းဟန်နဲ့ သူငယ်ချင်းလုပ်ဖို့ သဘောတူနေပါတယ်။ ဒါက တကယ့်ကို မှင်တက်အံ့ဩဖွယ်ရာ ကောင်းပါတယ်။

အရေးအကြီးဆုံး အချက်က ကျားဖြူဟာ အရမ်းကို ငယ်ရွယ်တာကြောင့် လွယ်လွယ်နဲ့ လှည့်ဖြားနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ သူက ယုန်ဖြူကြီးလိုမျိုး ယုံစားလို့ မရတဲ့ ကောင်တစ်ကောင် ဆိုရင်တော့ တကယ်လို့ သူ့ကို အရူးလုပ်မယ်ဆိုရင် ကြိုးစားကြည့်လိုက်လေ။

လင်းဟန်က အစားအသောက်တွေ ပိုပြီးတော့ ထုတ်ယူလိုက်ပါတယ်။ အသားကင်တင်မက တခြားအရသာရှိတဲ့ စားကောင်းသောက်ဖွယ်တွေလည်း ပါဝင်ပါတယ်။

နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ စိတ်ဝိညာဉ် ဆေးပင်တွေကို ဖြည့်စွက်ပစ္စည်းတွေ အဖြစ် အသုံးပြုပြီး ကမ္ဘာငယ်လေး တစ်ခုထဲမှာတောင် အဲဒါက မယုံနိုင်စရာ ကောင်းလောက်အောင် အသုံးဖြုန်းကြီးတဲ့ လက်ဖွာမှု တစ်ခုအဖြစ် သတ်မှတ်ပါတယ်။ ဒါပေမဲ့ တန်ခိုးရှင်ဘုံထဲမှာတော့ ဒါက သာမန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ အဲဒါဘာဖြစ်လို့လဲဆိုတော့ တန်ခိုးရှင်တွေရဲ့ သက်တမ်းက အရမ်းကို

ရှည်လျားတာကြောင့် ဖြစ်ပါတယ်။ နောက်ပြီးတော့ အစွမ်းထက်တဲ့ အင်အားစုတွေက စိတ်ဝိညာဉ် ဆေးပင်တွေကို ကျင့်ကြံခြင်းအတွက် အသုံးပြုဖို့ ဧရိယာတစ်ခု ခွဲထုတ်ထားပါတယ်။ ပြီးတော့ နှစ်ထောင်နဲ့ချီ ကြာပြီးတဲ့နောက်မှာ သူတို့က နှစ်စဉ်နှစ်တိုင်း နှစ်ပေါင်းတစ်ထောင် သက်တမ်းရှိတဲ့ စိတ်ဝိညာဉ် ဆေးပင် ပမာဏ တော်တော်များများကို ရိတ်သိမ်းခူးဆွတ် ထားကြပါတယ်။

ဒါပေမဲ့လည်း အရေအတွက်နဲ့ ပတ်သက်ရင် အနက်ရောင် မျှော်စင်က ထုတ်လုပ်နိုင်တဲ့ နှုန်းနဲ့ ဘယ်လိုမှ ယှဉ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်တဲ့ လီဝေဂတောင်မှ လင်းဟန်ရဲ့ အသုံးအဖြုန်းလက်ဖွာမှုကို မြင်လိုက်ရတဲ့ အချိန်မှာ အံ့အားသင့် သွားမိပါတယ်။

အဲဒီကဗ္ဗာငယ်လေး တစ်ခုက အရမ်းကို ချမ်းသာကြွယ်ဝတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။

အားလုံးက အစားအသောက်တွေကို သူတို့ရဲ့ နှလုံးသား ကျေနပ်နှစ်သိမ့်တဲ့အထိ စားသောက် ကြပါတယ်။ ကြောင်ဖက်တီးက စိတ်ကြီးဝင်တဲ့ အထဲမှာ ပါဝင်တယ် ဆိုပေမဲ့ နတ်ဘုရား သားရဲ တစ်ကောင်ရဲ့ ဂုဏ်ကျက်သရေ ရှိပါတယ်။ ဒါပေမဲ့ သူဗိုက်ဝသွားတာနဲ့ စိတ်သက်သာရာ ရသွားပြီး ပျင်းရိစွာနဲ့

အနောက်လှန် လှဲချလိုက်ပြီးတော့ လီဝေဂနဲ့ ကျိုယွင်အာတို့က သူ့ရဲ့ဗိုက်ကို ပွတ်သပ်ပေးပြီး အရမ်းကို ဖိမ်ကျနေပါတယ်။

သူက ထူးခြားဆန်းကြယ်တဲ့ နတ်ဘုရားသားရဲ တစ်ကောင်က ဆင်းသက်လာတဲ့ မျိုးဆက် ဖြစ်ပါတယ်။ အသားတစ်ခုကြောင့် သိမ်းသွင်းခံလိုက်ရတာ ဘယ်လောက်တောင် ဂုဏ်ကျက်သရေ ညှိုးနွမ်းလိုက်မလဲ။

လင်းဟန်က ရွှေရှာကြွက်ကိုလည်း ဆင့်ခေါ်လိုက်ပါတယ်။ ဒါပေမဲ့ လီဝေဂနဲ့ ကျိုယွင်အာကို သတိမပြုမိ သွားစေပါဘူး။ သူမတို့ အနေနဲ့ ရွှေရှာကြွက်ကို သူ့အခန်းထဲကနေ ထုတ်လာတယ်လို့ ထင်နေကြပါတယ်။

ရွှေရှာကြွက်ကို မြင်လိုက်တာနဲ့ ချက်ချင်းပဲ ကြောင်ဖက်တီးက တုံ့ပြန်လာပါတယ်။ ရုတ်တရက် ခုန်အုပ်ပြီးတော့ သူ့လက်သည်းတွေနဲ့ ဖမ်းဆီးရမှာက သူ့ရဲ့တာဝန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရွှေရှာကြွက်က လုံးဂကို တောင့်သွားပြီး မြေကြီးပေါ်ကို ဝုန်းခနဲ လှဲချကာ သေချင်ယောင် ဆောင်နေလိုက်ပါတယ်။

သူက တကယ့်ကို သေလုမတတ် ကြောက်ရွံ့သွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက ငါ့အိမ်မွေးတိရိစ္ဆာန်လေးပါ။ ဒါကြောင့်
ကြောက်အောင်မလုပ်ပါနဲ့"

ကြောက်ဖက်တီးက သူ့လက်သည်းတွေကို လျှာနဲ့ယက်ပြီးတော့
ဂရုမစိုက်တဲ့ ဟန်ပန် အမူအရာမျိုး လုပ်လိုက်ပါတယ်။ လင်းဟန်နဲ့
သူငယ်ချင်းဖြစ်ဖို့ သဘောတူထားတယ် ဆိုမှတော့ လင်းဟန်ကို
မျက်နှာသာတချို့ ပေးရပါမယ်။

ရွှေရှာကြွက်က ရှုပ်ခနဲဆို လင်းဟန်ရဲ့ ပခုံးပေါ်ကို
ခုန်တက်လိုက်ပါတယ်။ သူ့ရဲ့ လက်သည်း သေးသေးလေးတွေနဲ့
ကြောင်ဖက်တီးကို ညွှန်ပြပြီးတော့ ကျယ်လောင်စွာနဲ့ တကျွိကျွိ
ပြောနေပါတယ်။ သူပြောချင်တာက ဒီအကောင်ကြီးက
သူ့ကိုစားချင်နေတယ်။ ဆရာသခင် ကျေးဇူးပြုပြီး ငါ့အတွက်
တရားမျှတအောင် လုပ်ပေးပါလို့ ပြောနေသယောင်ပါပဲ။

လီဝေဂနဲ့ ကျိုယွင်အာတို့က အံ့ဩပြီးတော့ လျှာတောင်ကိုက်မိ
သွားပါတယ်။ မိစ္ဆာသားရဲ တစ်ကောင်အတွက် အသိဉာဏ်ရှိဖို့
ဆိုတာက ထူးထူးခြားခြား တစ်ခုတော့ မဟုတ်ပါဘူး။ အမှန်တော့
စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်ရှိနေတဲ့ မိစ္ဆာသားရဲ
အများစုက စကားတောင် ပြောနိုင်ပါတယ်။ ပြီးတော့

တန်ခိုးရှင်အဆင့်ကို တက်ရောက်နိုင်ရင် လူသားပုံစံတောင် ပြောင်းနိုင်ကြပါတယ်။

ဒါပေမဲ့ ဒီလိုမျိုး ချစ်စရာကောင်းတဲ့ ကြွက်ကလေး တစ်ကောင်ကို မြင်ရတာ တကယ့်ကို ရှားပါတယ်။ သူမတို့ရဲ့ မျက်လုံးတွေ အရောင်တလက်လက် တောက်ပလာပြီး တစ်ယောက်နဲ့ တစ်ယောက် အလုအယက် ဖြစ်နေပါတယ်။ ရွှေရှာကြွက်ရဲ့ ကြောက်ရွံ့တတ်တဲ့ စိတ်က အတော်လေးကို ဆိုးပါတယ်။ ဒီအမျိုးသမီး နှစ်ယောက်က သူ့ကို စားချင်နေတာ ဖြစ်မယ်လို့ ထင်ပြီးတော့ နောက်တစ်ကြိမ် သေချင်ယောင် ဆောင်လိုက်ပါတယ်။

အစားအသောက်တွေ စားပြီးတဲ့ နောက်မှာတော့ လင်းဟန်က အမျိုးသမီး နှစ်ယောက်နဲ့ စီးပွားရေး မဟာမိတ် တစ်ခုကို တည်ဆောက်ခဲ့ ကြပါတယ်။ သူတို့နှစ်ယောက်က ရောင်းချဖို့အတွက် တာဝန်ယူရမှာ ဖြစ်ပြီးတော့ သူ့တာဝန်က ပစ္စည်းတွေ ထောက်ပံ့ပေးဖို့ ဖြစ်ပါတယ်။ အမြတ်ကိုတော့ သူတို့တွေက ငါးဆယ် ငါးဆယ် သတ်မှတ်ထားပြီး လင်းဟန်က အမြတ်စုစုပေါင်းရဲ့ တစ်ဝက်တိတိကို ရရှိမှာ ဖြစ်ပြီးတော့ လီဝေဝနဲ့

ကျိုယွင်အာတို့က ကျန်ရှိတဲ့ အမြတ်ငါးဆယ်ကို တစ်ဝက်စီ ပြန်ခွဲယူရပါမယ်။

လီဝေဂက အရမ်းကို တက်ကြွနေပါတယ်။ ဒါက သူမရဲ့ ပုံရိပ်ကို ပြောင်းလဲပစ်နိုင်တဲ့ အရေးကြီး အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။

သူမ အဖေရဲ့ မျက်လုံးထဲမှာ သူမက ငယ်ရွယ်ပြီးတော့ ငွေသုံးစွဲဖို့ကိုပဲ နားလည်တဲ့ သခင်မလေး တစ်ယောက်လို မြင်နေပါတယ်။ ဒါပေမဲ့ ဘယ်သူကရော သူတို့ဂုဏ်သိက္ခာ တက်မှာကို မလိုချင်တဲ့လူ ရှိမှာလဲ။ လီဝေဂက သူမဟာ ချမ်းသာတဲ့ သခင်မလေး တစ်ယောက်သက်သက်ပဲ မဟုတ်ဘူးဆိုတာကို သက်သေပြချင်ပြီး အကျိုးအမြတ်တွေကို သူ့အဖေကို ပြချင်ပါတယ်။

သူမက အရမ်းကို တက်ကြွနေပြီးတော့ ကျိုယွင်အာကိုခေါ်ပြီး အလျင်အမြန်ပဲ ထွက်ခွာသွားပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က မြောက်ပိုင်းအဖွဲ့အစည်းရဲ့ စာကြည့်တိုက်ဆီကို ထွက်လာခဲ့ ပါတယ်။

ဒါက စာကြည့်တိုက် တစ်ခုဖြစ်တာနဲ့အညီ မရေမတွက်နိုင်တဲ့ စာအုပ်တွေရှိပြီးတော့ ကျင့်ကြံခြင်း နည်းစနစ်တွေနဲ့ သိုင်းပညာ နည်းစနစ်တွေ၊ မှော်ဆေးပညာရပ်တွေ၊ ဂက်ပါ ပညာရပ်တွေနဲ့

တခြားပညာတွေ ပါဝင်ပါတယ်။ ဒါပေမဲ့ သင်တန်းကျောင်းက ဘာမှမပေးပဲနဲ့ မင်းကို ရယူခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ မင်းက ကြိုးစားအားထုတ်ပြီး သင်တန်းကျောင်း အမှတ်ကို ရယူပြီးတော့ ဒီပစ္စည်းတွေအတွက် အလဲအလှယ် လုပ်နိုင်ပါတယ်။

ဒါက တန်ခိုးရှင်အဆင့် ကျောင်းသားတွေအတွက် အကျိုးသက်ရောက်စေပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်အတွက် လျှို့ဝှက်နည်းစနစ်တွေကိုတော့ သင်တန်းကျောင်းက လုံးဝကို အာရုံမစိုက်ပါဘူး။ ပြီးတော့ သင်တန်းကျောင်းရဲ့ တပည့်အားလုံးက ဒီနည်းစနစ်တွေကို လွတ်လွတ်လပ်လပ် အသုံးပြုနိုင်ပါတယ်။

ဒါကြောင့် လင်းဟန်က သင်တန်းကျောင်း ရမှတ်တွေနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ မလိုပါဘူး။

သင်တန်းကျောင်း ရမှတ် ဟုတ်လား။ အနာဂတ်မှာ ငါအဲဒါတွေကို ရယူဖို့အတွက် စတင်ပြီး စဉ်းစားရတော့မယ်။

လင်းဟန်က သူ့ဘာသာသူ တွေးလိုက်ပါတယ်။ သူက သင်တန်းကျောင်းရဲ့ အဆင့်မြင့်တဲ့ လူတချို့ကို ဆရာသခင်အဖြစ် မသတ်မှတ်နိုင်သေးသရွေ့ သူ့ကိုယ်ပိုင် နည်းလမ်းတွေနဲ့

တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တွေကို ရယူဖို့ စဉ်းစားရပါမယ်။

ဒီပညာရပ်တွေကို လေလံအိမ်မှာ အစစ်အမှန် မူလကျောက်တုံးတွေအတွက် လေလံတင် နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို လေလံအိမ် တစ်ခုကနေ ရယူဖို့က သေချာပေါက် မယုံနိုင်စရာကောင်းတဲ့ တန်ရာတန်ကြေးတစ်ခုကို ပေးရပါလိမ့်မယ်။ အနက်ရောင် မျှော်စင် အထဲက အစားအသောက်တွေကို ရောင်းချရင်တောင်မှ အင်ပါယာမြို့တော်ထဲက အစွမ်းထက်တဲ့ လူချမ်းသာတွေနဲ့ ချမ်းသာကြွယ်ဝမှုခြင်း ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

အနည်းဆုံး သူ့ရဲ့မှော်ဆေးပညာရပ်နဲ့ မကြီးပွားခင်ထိ သူ့အနေနဲ့ စာကြည့်တိုက်က ကျင့်ကြံခြင်း နည်းစနစ်တွေကို အလဲအလှယ်လုပ်ဖို့အတွက် သင်တန်းကျောင်း ရမှတ်တွေကို စုဆောင်းဖို့ တစ်ခုတည်းကိုပဲ စဉ်းစားနိုင်ပါလိမ့်မယ်။

သူက ဘယ်သူ့ကိုမှ ဆရာမတင်ချင်ပါဘူး။ အကြီးအကဲတစ်ယောက် အဖြစ်နဲ့ တန်ခိုးရှင်ဘုံကို တက်လာပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ပင်ကိုယ်စရိုက်ကလည်း ပြောင်းလဲသွားပြီး ဧကရာဇ် တစ်ပါးရဲ့ ဂုဏ်သိက္ခာမျိုး သူ့ဆီမှာ ရှိနေပါပြီ။

ကမ္ဘာကြီး တစ်ခုလုံးမှာ ကောရာဇ် တစ်ပါးရဲ့ ဆရာသခင်ဖြစ်ဖို့ ဘယ်သူကများ စွမ်းဆောင်နိုင် လို့လဲ။

သူက စာကြည့်တိုက် ဂင်ပေါက်ကို ရောက်လာပြီး တံခါးဂမှာ အဘိုးကြီးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရပါတယ်။ သူ့ခေါင်းတစ်ခုလုံး ဆံပင်တွေ ဖြူဖွေးနေပြီး မျက်နှာပေါ် ရှိလောက်ထိ ဆံပင်ဖြူတွေက ဖုံးထားပါတယ်။ သူ့အပေါ်ပိုင်း ခန္ဓာကိုယ်က ယိမ်းထိုးနေပြီး သူ့ပုံစံကို ကြည့်ရတာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပုံ ပေါက်နေပါတယ်။

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ သူ့ကိုပတ်ပြီးတော့ အထဲကို ဂင်ဖို့ ဦးတည် လိုက်ပါတယ်။

ဒုတ်။

လမ်းလျှောက်တုတ် တစ်ခု ထွက်ပေါ်လာပြီး သူ့လမ်းကြောင်းကို တားဆီးထားပါတယ်။

"ကောင်လေး မင်းက စာအုပ်ခိုးဖို့ စိတ်ကူးနေတာလား"

အဘိုးကြီး ရုတ်တရက် သူ့ခေါင်းကို မော့လိုက်ပါတယ်။

"ကျနော် မလုပ်ဝံ့ပါဘူး။ စာအုပ်ကို ငှားပြီးတော့ ဖတ်ချင်ရုံပါပဲ"

လင်းဟန်က ဖြေရှင်းလိုက်ပါတယ်။

အဘိုးကြီးက လင်းဟန်ကို အဓိပ္ပါယ်ပါပါနဲ့ တစ်ချက် ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီကျောက်တုံးပေါ်မှာ မင်းရဲ့လက်ဝါးရာကို ပုံနှိပ်လိုက်။ ပြီးတော့ မင်းက အဆင့်ဘယ်လောက်ထိ ဂင်နိုင်ပြီးတော့ ဘယ်လိုမျိုး လျှို့ဝှက်နည်းစနစ်တွေကို ဖတ်နိုင်မလဲ ဆိုတာကို သိလိမ့်မယ်"

"စီနီယာရဲ့ လမ်းညွှန်သင်ပြပေးမှုအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ သူ့အရှေ့က ကျောက်တိုင်ကို ကြည့်လိုက်ပါတယ်။ အဲဒါက ယောက်ျားတစ်ယောက်ရဲ့ အမြင့်တစ်ဂက်လောက် ရှိပါတယ်။ ပြီးတော့ ထိပ်ပိုင်းမှာ ကျောက်စိမ်းတုံးတစ်ခု ရှိပြီးတော့ လက်ဝါးတစ်ခုရဲ့ အရွယ်အစားထက် အနည်းငယ် ကြီးမားပါတယ်။

သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဖိချလိုက်ပါတယ်။ ချက်ချင်းဆိုသလို သူ့အသိစိတ်ထဲ ထုံကျဉ်မှုတစ်ခုကို ခံစားလိုက်ရပြီး ချက်ချင်းပဲ ပြန်ပြီးတော့ ပုံမှန်ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့စိတ်ဝိညာဉ်က နိုင်းယှဉ်လို့ မရလောက်အောင်

အာရုံခံစားနိုင်တဲ့ အချက်ကြောင့်သာ မဟုတ်ခဲ့ဘူးဆိုရင် သူ့အနေနဲ့ ဘာမှခံစားလိုက်မိမှာ မဟုတ်ပါဘူး။

လင်းဟန်ရဲ့ မျက်နှာပေါ်က အံ့အားသင့်တဲ့ အမူအရာတစ်ခုကို မြင်ပြီးတော့ အဘိုးကြီးက မေးလိုက်မိပါတယ်။

"မင်းရဲ့စိတ်ဝိညာဉ် နည်းနည်းကို ဆွဲထုတ်လိုက်တာကို တကယ်ပဲ မင်းခံစားလိုက်နိုင်တာလား"

လင်းဟန်ရဲ့ အမူအရာက ရုတ်တရက် ပြောင်းလဲသွားပါတယ်။ စိတ်ဝိညာဉ်က မယုံနိုင်စရာ ကောင်းလောက်အောင် အရေးကြီးပါတယ်။ ပြီးတော့ အခု သူ့ရဲ့စိတ်ဝိညာဉ် တစ်စက တကယ်ပဲ ဆွဲထုတ်ခံလိုက်ရတာလား။

"မစိုးရိမ်ပါနဲ့။ အဲဒါက မင်းအပေါ်မှာ ဘာသက်ရောက်မှုမှ ရှိလိမ့်မှာ မဟုတ်ပါဘူး"

အဘိုးကြီးက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ အဲဒီနောက် သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အထဲကို ဝင်သွားပါ"

လင်းဟန် ပျောက်ကွယ်သွားတာ ကြည့်ပြီးတဲ့ နောက်မှာ အဘိုးကြီးက သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်မိပါတယ်။

"ဒီကလေးရဲ့ စိတ်ဝိညာဉ်က တကယ်ပဲ အရမ်းကို အာရုံခံစားနိုင်တယ်။ ဒါက သူ့ရဲ့ပါရမီ ထက်သန်မှုနဲ့ ပတ်သက်ပြီး သူ့ကို ငါသဘောကျစေခဲ့တယ်။ သူ့ကို စောင့်ကြည့်ဖို့ ထိုက်တန်တယ်"

Chapter 907 end

အပိုင်း(908) အကြံတစ်ခုနဲ့ ရောက်လာခြင်း

လင်းဟန်က စာကြည့်တိုက် ပထမအထပ်ကို နေရာအနှံ့သွားကြည့် လိုက်ပါတယ်။ ဒါပေမဲ့ စာအုပ်တွေ အားလုံးကို သူက သုံးခွင့်ရရှိပြီး စာဖတ်ခြင်းကို တားမြစ်ထားမှု နည်းနည်းမှ မရှိပါဘူး။

ဒီနည်းစနစ်တွေနဲ့ ပညာရပ်တွေ အားလုံးက တန်ခိုးရှင် အဆင့်အောက် ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟန်က မှော်ဆေးပညာရပ်တွေကို အလျင်စလိုနဲ့ မရှာပါဘူး။ သူလျှောက်သွားတဲ့ လမ်းတစ်လျှောက်က စာအုပ်တွေကို ဖြည်းညင်းစွာနဲ့ လှန်လှောဖတ်ရှု လိုက်ပါတယ်။

လက်ရှိမှာ သူကျင့်ကြံနေတဲ့ မူလစွမ်းအင် ကျင့်ကြံခြင်း နည်းစနစ်က ထိပ်တန်းအဆင့် နည်းစနစ် တစ်ခု မဟုတ်သေးပါဘူး။ တကယ်လို့ သူက ယန်စွမ်းအားမြင့် နည်းစနစ်ပေါ် မှီခိုပြီးတော့

မူလစွမ်းအင်အပြင် ခွန်အားကို ကြယ်လေးလုံး ထပ်ပေါင်းပြီး အောင်မြင်မှု ရရှိချင်တယ်ဆိုရင် အဲဒါက ခက်ခဲပါလိမ့်မယ်။ သူက ခွန်အားကို ကြယ်ဆယ့်ရှစ်လုံး ဒါမှမဟုတ် ဆယ့်ကိုးလုံးမှာ ရပ်ဖို့ဆန္ဒ မရှိပါဘူး။

ဒါကြောင့် သူက မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို လေ့ကျင့်ဖို့ စိတ်ကူးထားပါတယ်။

ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ပြောင်းလဲပြီးတော့ ကျင့်ကြံအားထုတ်တာက ကျင့်ကြံခြင်းအဆင့်တွေ ပိုမြင့်လာတဲ့ အခါမှာ သူ့ရဲ့ တိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုကို ရှောင်လွှဲလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ခွန်အားရဲ့ အကန့်အသတ် ကြယ်နှစ်ဆယ်လုံးအထိ တက်ရောက်ဖို့လည်း လုံးဝကို လိုအပ်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်း ဒါမှမဟုတ် အနည်းဆုံး မြောက်ပိုင်းအဖွဲ့အစည်းက အရမ်းကို ရက်ရောပါတယ်။ ဒီနေရာမှာ နည်းစနစ်တွေ အများကြီး ရှိပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အထွတ်အထိပ်ထိ ကျင့်ကြံဖို့ အသုံးဝင်တဲ့ အဆယ့်တစ်ဆယ် ပြီးပြည့်စုံတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ ဖြစ်ပါတယ်။ ဒီအဆင့်ကို ရောက်ပြီးတဲ့နောက်မှာ လူတစ်ယောက်က

သင်တန်းကျောင်းမှာ လက်ရွေးစင်တွေရဲ့ ကျင့်ကြံခြင်း နည်းလမ်းကို သင်ယူရရှိ နိုင်ပါတယ်။ ဒီလိုမျိုး လမ်းညွှန်သင်ကြားမှုနဲ့ နည်းစနစ် အထောက်အပံ့တွေကြောင့် တောင်မြစ်အဆင့်ကို တစ်ဟုန်ထိုး အဆင့်တက်ရောက် စေပါလိမ့်မယ်။

တောင်မြစ် အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာတော့ ကျန်တဲ့ကိစ္စ အားလုံးဟာ တစ်ဦးချင်း စွမ်းရည်နဲ့ပဲ သက်ဆိုင်ပါတော့တယ်။

ဒါက သိုင်းပညာ ကမ္ဘာကြီးရဲ့ မပြောင်းလဲတဲ့ ထာဝရ အမှန်တရားလည်း ဖြစ်ပါတယ်။ ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး လေ့ကျင့်မှုက အမြဲတမ်း မင်းကိုယ်ပိုင် ကိစ္စပဲ ဖြစ်ပါတယ်။ တကယ်လို့ မင်းက သီအိုရီတွေကို နားမလည်နိုင်ဘူးဆိုရင် ဘယ်သူကမှ မင်းကို ရှင်းလင်းအောင် ရှင်းပြပေးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ မင်းကိုယ်တိုင်ပဲ အဲဒါနဲ့ ပတ်သက်ပြီး စဉ်းစားနိုင် ပါလိမ့်မယ်။ အဲဒါက ရက်အနည်းငယ် ဒါမှမဟုတ် ဒါကိုနောက်ဆုံးမှာ နားလည်ဖို့ နှစ်အနည်းငယ် အချိန်ယူရ ပါလိမ့်မယ်။ ပြီးတော့ ဘဝတစ်လျှောက်လုံး အဲဒီနေရာမှာပဲ ပိတ်ဆို့မိနေမှာလည်း ဖြစ်နိုင်ချေ ရှိပါတယ်။

ဒါက ကျင့်ကြံသူ တစ်ယောက်အတွက် ကိုယ်တိုင်ကိုယ်ကျ ကျင့်ကြံအားထုတ်ရမဲ့ ကံတရား ဖြစ်ပြီးတော့ တခြားသူတွေ အပေါ်မှာ မှီခိုပြီး တိုးတက်အောင် လုပ်လို့မရပါဘူး။

အချိန်တော်တော်ကြာအောင် ရှာပြီးတဲ့ နောက်မှာတော့ လင်းဟန်က သူ့အတွက် သင့်တော်ဆုံး ဖြစ်တဲ့ နည်းစနစ် တစ်ခုကို ရှာမတွေ့ခဲ့ပါဘူး။ လူတစ်ယောက်ရဲက ခွန်အားကို ကြယ်ကိုးလုံး၊ ဆယ်လုံး ဒါမှမဟုတ် ဆယ့်တစ်လုံးထိပဲ တိုးအောင်လုပ်နေပြီး ဆယ့်နှစ်လုံး ဒါမှမဟုတ် ဆယ့်သုံးလုံးထိ ချိုးဖျက်ဖို့က အရမ်းကို ခက်ခဲပါတယ်။ ကြယ်တစ်လုံး တိုးအောင်လုပ်ဖို့ ဆိုတာက မိုးကောင်းကင်ကို ထိရသလိုမျိုး ခက်ခဲပါတယ်။

လေးလေးနက်နက် စဉ်းစားပြီးတဲ့နောက်မှာ သူက ရုတ်တရက်အကြံတစ်ခု ပေါ်လာခဲ့ပြီး သူ့ကိုယ်သူ တွေးလိုက်ပါတယ်။

"အခုငါက အရည်အချင်း ခြောက်ခုမှာ ပြည့်စုံနေပြီ။ တကယ်လို့ မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို လေ့ကျင့်ပြီး သူတို့ကို ပေါင်းလိုက်မယ် ဆိုရင်ရော ဘယ်လိုဖြစ်လာမလဲ"

ဒီအတွေးနဲ့အတူ သူက ရုတ်တရက် ထိန်းမနိုင်အောင် စိတ်လှုပ်ရှား လာခဲ့ပါတယ်။

သူက အဆင့်တူတဲ့ နည်းစနစ် ခြောက်ခုကို အပေါ်အောက် ရှာဖွေလိုက်ပြီး အဲဒါတွေက ဓာတ်ကြီးငါးပါးနဲ့ မိုးကြိုးဓာတ် ခေါင်းစဉ်တွေမှာ ပါဝင်ပါတယ်။ အဲဒီနောက် တစ်ခုချင်းစီကို မှတ်ဉာဏ်ထဲမှာ မှတ်ထားလိုက်ပါတယ်။

ဒီနေရာမှာရှိတဲ့ ပစ္စည်းတွေကို ထုတ်ယူလို့ မရနိုင်ပါဘူး။ ရိုးရိုးစာအုပ်တွေနဲ့ မတူတာက ဒီနည်းစနစ်တွေကို အရိုးတစ်ချောင်းပေါ်မှာ ရေးထွင်းထားပါတယ်။ တချို့က သားရဲကောင်တွေရဲ့ အရိုးတွေ ဖြစ်ပြီးတော့ တချို့ကတော့ လူသားတွေရဲ့ အရိုးတောင် ပါဝင်ပါတယ်။ အဲဒါကို ကိုင်ရတာ ဆံပင်တောင် ထောင်ပြီးကြက်သီး ထမိစေပါတယ်။

လက်ချောင်းတွေနဲ့ ထိမိလိုက်တာနဲ့ အရိုးတွေက အလင်းရောင် တောက်ပလာပြီး နည်းစနစ်တွေက ပေါ်လွင်လာခဲ့ပါတယ်။ အားလုံးကို လျှို့ဝှက်သင်္ကေတတွေနဲ့ ရေးထွင်းထားပြီး စာလုံးတွေနဲ့ မဟုတ်ပါဘူး။ သွေးကြောပုံစံ ဇယားကွက်မျိုးတစ်ခုလည်း ရှိပြီးတော့ မူလစွမ်းအင် စီးဆင်းဖို့ လမ်းကြောင်းကိုလည်း ဖော်ပြထားပြီး လူသားခန္ဓာကိုယ်ရဲ့ အပ်စိုက်အမှတ်တွေနဲ့ ဖွင့်ဖို့လိုအပ်တဲ့ နေရာတွေကိုလည်း ဖော်ပြထားပါတယ်။

"ဒါဆိုရင် ဒီလိုမျိုး ပစ္စည်းတွေလည်း ရှိတယ်ပေါ့"

အဲဒါက လင်းဟန်ကို အမြင်ကျယ်သွား စေခဲ့ပါတယ်။ သူက ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့ပြီး ဘဂနစ်ခု အသက်ရှင်ခဲ့တယ် ဆိုရင်တောင် သူပြောင်းလဲလို့ မရနိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာငယ် တစ်ခုရဲ့ ပတ်ဝန်းကျင် အကန့်အသတ်ကြောင့် သူက အဆင့်တစ်ဆယ် ကျင့်ကြံခြင်း နည်းစနစ် အမျိုးအစား နှစ်မျိုးကိုပဲ သင်ယူနိုင်ခဲ့ပါတယ်။ တစ်ခုက ပင်လယ်မျိုးနွယ်စုဆီက ဖြစ်ပြီးတော့ ကျန်တစ်ခုကတော့ ဂိုဏ်းကြီးငါးဂိုဏ်းဆီက ဖြစ်ပါတယ်။

ဒီနည်းစနစ်တွေက သူ့ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အားကြယ် ဆယ့်တစ်လုံး အဆင့်ထိ ကျင့်ကြံနိုင်စေခဲ့ပြီး မူလစွမ်းအင်ရဲ့ အကန့်အသတ်ကို ရောက်ရှိဖို့ ကြယ်နှစ်လုံးပဲ လိုပါတော့တယ်။

လင်းဟန်က နည်းစနစ်တွေ အထဲမှာ လုံးဝကို ရှာန်ဝင်လို့ နေပါတယ်။ သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာကိုး အထွတ်အထိပ်မှာ ရပ်တည်နေပြီး ဒီနည်းစနစ်တွေကို သူ့အတွက် မှီငြမ်းကိုးကားပြီး အားမလိုအားမရ ဖြစ်နေပါတယ်။ သူက အရမ်းကိုလည်း ကျေနပ်ပီတိ ဖြစ်နေမိပါတယ်။

သူက ဒီနည်းစနစ် ခြောက်ခုကို ပေါင်းစပ်ပြီးတဲ့ နောက်မှာ မူလစွမ်းအင်ရဲ့ ကြယ်ဆယ့်သုံးလုံး ခွန်အားကို ချိုးဖျက်နိုင်ဖို့ ယုံကြည်ချက် ရှိနေပါတယ်။

ခန္ဓာကိုယ် ပညာရပ်နဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ နဂါးကိုးကောင် ခန္ဓာကိုယ် ပညာရပ်က လုံးဝကို အံ့သြဖွယ်ရာ ဖြစ်ပြီးတော့ သူ့အတွက် ပကတိ ခွန်အားရဲ့ အကန့်အသတ်ကို ရောက်စေဖို့ လုံလောက်ပါတယ်။

နေ့တစ်ဝက်လောက် အချိန်ဖြုန်းပြီးတဲ့ နောက်မှာတော့ သူက ကျေနပ်ပီတိဖြစ်စွာနဲ့ မျက်လုံးကို ပိတ်လိုက်ပါတယ်။ အဲဒီနောက် အသက်ပြင်းပြင်းတစ်ချက် ရှူပြီးတော့ ပြုံးလိုက်ပါတယ်။ သူက အရိုးစာအုပ်တွေကို နေရာမှာ ပြန်ထားပြီးတော့ မှော်ဆေးပညာရပ်တွေကို ရှာဖွေဖို့ ဦးတည် လိုက်ပါတယ်။

"တွေ့ပြီကွ"

လင်းဟာန်က ရှေးဟောင်းကျမ်း တစ်ခုကို ရှာတွေ့သွားပါတယ်။ ဒီတစ်ခုကတော့ စာအုပ်အစစ် ဖြစ်ပါတယ်။ စာအုပ်ကို လှန်လှောဖတ်ရှုလိုက်တဲ့ အခါမှာ အဆင့်တစ်ဆယ် မှော်ဆေးလုံး သန့်စင်တဲ့ နည်းစနစ်ကို မှတ်တမ်းတင်ထားတာ တွေ့လိုက်ရပါတယ်။ ပြီးတော့ အဆင့်တစ်ဆယ် မှော်ဆေးလုံး

တချို့ရဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေအပေါ် အာနိသင် သက်ရောက်တဲ့ ဆေးတွေကိုလည်း ခွဲခြားထားပါတယ်။

ဥပမာ။ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး။

လင်းဟန်က လောဘမကြီးပါဘူး။ သူက ဒီမှော်ဆေးလုံးကို ဖော်စပ်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူက ဆေးလုံးဖော်စပ်နည်းနဲ့ ပစ္စည်းတွေကို မှတ်ထားလိုက်ပါတယ်။ မှတ်ဉာဏ်ကောင်းကောင်း တစ်ခုရှိနေသရွေ့ ဒါကရိုးရှင်းတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ ကျင့်ကြံသူတွေ အများစု အတွက်ကတော့ ပြဿနာတစ်ခု မဟုတ်ပါဘူး။ ခက်ခဲမှုက ပါဝင်ဆေးပစ္စည်းတွေကနေ အဆီအနှစ်တွေ ထုတ်ယူခြင်းနဲ့ အားလုံးကို ပေါင်းပြီးတော့ ဆေးလုံးအဖြစ် ဖော်စပ်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်။

အများတွေ ပြုလုပ်ဖို့ဆိုတာ အရမ်းကို လွယ်ကူပါတယ်။ စိတ်ပျံ့လွင့်သွားတဲ့ အခိုက်အတန့်မှာ သင်္ကေတတွေ ရောယှက်မှုက များယွင်းပြီးတော့ ဖော်စပ်မှု တစ်ခုလုံး ပျက်စီးသွားပါလိမ့်မယ်။

ဒါကြောင့် ဒီပါဝင်ပစ္စည်းရဲ့ ဆေးဖော်စပ်နည်းက စာမျက်နှာ တစ်ဝက်လောက် ရှိပြီးတော့ သင်္ကေတတွေ အသုံးပြုကာ

ဖော်စပ်နည်းက စာမျက်နှာ ဆယ့်ရှစ်မျက်နှာ အပြည့် ရှိပါတယ်။ ဒါက အဆင့်တစ်ဆယ် မှော်ဆေးလုံး တစ်ခုပဲ ရှိပါတယ်။ နတ်ဘုရားအဆင့် မှော်ဆေးလုံးတွေက ပိုပြီးတော့တောင် ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ စာအုပ်တစ်အုပ်လုံး မှော်ဆေးလုံး တစ်လုံးရဲ့ ဖော်စပ်နည်း တစ်ခုတည်းကိုပဲ မှတ်တမ်းတင်ထားတာ ဖြစ်ပြီးတော့ အဲဒီစာအုပ်က မတန်တဆ များပြားလွန်းပါတယ်။

ကံကောင်းတာက တန်ခိုးရှင်တွေရဲ့ အသက်က လုံလုံလောက်လောက် ရှည်လျားတဲ့ အတွက် သူတို့က မှော်ဆေးလုံး ဖော်စပ်နည်း အများအပြားကို သင်ယူလေ့လာဖို့ အချိန်လုံလောက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် သက်တမ်းရှိတဲ့ လူတစ်ယောက်က နတ်ဘုရားအဆင့် ဆေးဖော်စပ်နည်း ဆယ်ဂဏန်းလောက်ပဲ သင်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။

နောက်ထပ် နေ့တစ်ဂက် အချိန်ကုန်လွန်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က စာအုပ်ကို ပိတ်ပြီးတော့ သူ့မျက်လုံးတွေကို မှိတ်လိုက်ကာ ဒီဆေးလုံး ဖော်စပ်နည်း အချက်အလက်တွေကို ကျေညက်အောင် မှတ်သားနေပါတယ်။

ဒါက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးအတွက် ဖော်စပ်နည်း တစ်ခုဆိုပေမဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အပေါ်မှာလည်း အာနိသင် သက်ရောက်မှု ရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒီဖော်စပ်နည်းက ရှပ်ထွေးပြီးတော့ နတ်ဘုရားတစ်ပိုင်း ဆေးအမျိုးအစား တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။ လင်းဟန်လို စကြဝဠာ ဖျက်ဆီးခြင်း အဆင့်သာသာပဲ ရှိသေးတဲ့ လူတစ်ယောက် အတွက်တော့ ဖော်စပ်ဖို့ အတော်လေး ခက်ခဲပါလိမ့်မယ်။

ငါ့စိတ်ဝိညာဉ်ရဲ့ ခွန်အားက ပြန်လည်မွေးဖွားခြင်း လက်ဖက်ရည်ကြောင့် ကြီးကြီးမားမား တိုးလာခဲ့တယ်။ နောက်ပြီးတော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ရဲ့ ကျင့်ကြံခြင်းနဲ့ ငါ့စိတ်ဝိညာဉ် ခွန်အားက ဒီစိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်ဖို့ လုံလောက်တဲ့အထိ ခိုင်မာလိမ့်မယ်။ လင်းဟန်က သူ့ကိုယ်သူ ယုံကြည်မှု ရှိရှိနဲ့ တွေးလိုက်ပါတယ်။

ဒါပေမဲ့လည်း မော်ဆေးပညာ လမ်းကြောင်းက အများအပြွင်းမခံဘူး။ အောင်မြင်ဖို့ ကျရှုံးမှုက အကြိမ်အနည်းငယ် ဒါမှမဟုတ် အကြိမ်ပေါင်း ဆယ်ဂဏန်းလောက်ထိ ရှိနိုင်တယ်။ ငါ့မှာ

အစစ်အမှန် မူလကျောက်တုံး နှစ်တုံးပဲရှိတယ်။ ပါဂင်ပစ္စည်း ဘယ်လောက်များများကို ဂယ်နိုင်မလဲ ဆိုတာ မသေချာဘူး။

လင်းဟန်က ရှေးဟောင်းစာအုပ်ကို သူ့မူလ နေရာမှာ ပြန်ထားလိုက်ပြီးတော့ ချာခနဲ လှည့်ထွက် လာခဲ့ပါတယ်။ သူက သင်တန်းကျောင်းအပြင်ကို သွားပြီးတော့ စိတ်ဝိညာဉ် ပြန်လည် ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်ဖို့အတွက် ပါဂင်ပစ္စည်းတွေ ဂယ်ယူဖို့ ကြံစည်ထားပါတယ်။

လင်းဟန်က စာကြည့်တိုက်ရဲ့ အဓိက ဂင်ပေါက်ကနေ ထွက်လာခဲ့ပါတယ်။ ဆံပင်ဖြူဖြူနဲ့ အဘိုးကြီးက သူ့ကို ဝေ့ကြည့်ပြီးတော့ လင်းဟန် ထွက်လာတာနဲ့ ရုတ်တရက် စကားပြော လိုက်ပါတယ်။

"ငါ့မျိုးရိုးနာမည်က ရှ။ ငါ့ကို အဘိုးကြီးရှလို့ ခေါ်နိုင်တယ်။ မင်းမှာ မေးစရာ ကိစ္စတွေ ရှိတဲ့ အခါကျရင် ငါ့ဆီကို လာမေးနိုင်တယ်။ ငါက လူငယ်တွေနဲ့ စကားစမြည်ပြောရတာ သဘောကျတယ်"

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ သူက ဘေးကို လှည့်ပြီးတော့ အဘိုးအိုကို အနည်းငယ် ခေါင်းငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ စီနီယာ"

အဘိုးကြီးရဲ့ အရှိန်အဝါက ထူးထူးခြားခြား မရှိပဲ သာမန်အဘိုးကြီး တစ်ယောက်နဲ့ တူနေပေမဲ့ ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ အသုံးမဝင်တဲ့လူဆိုတာ ရှိပဲ့မလား။

အဘိုးကြီးရှုက လင်းဟန်ကို သူ့လက်ဖဝါးယမ်း ပြလိုက်ပါတယ်။ သူက လင်းဟန်အဝေးကို လျှောက်သွားပြီးတော့ ပျောက်ကွယ်သွားတဲ့ အချိန်မှာ မတ်တပ်ထရပ်ပြီးတော့ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဒီကလေးက တကယ်ပဲ မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို လေ့ကျင့်ဖို့ စိတ်ကူး ထားတာပဲ။ ဟားဟား ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို ကျင့်ကြံရုံနဲ့တော့ မူလစွမ်းအင်ရဲ့ အဆုံးမဲ့ ခွန်အားဆီကို ရောက်ဖို့မဖြစ်နိုင်ဘူးဆိုတာကို သိတဲ့လူက ဘယ်လောက်များ ရှိလို့လဲ။ ဒါပေမဲ့ ကမ္ဘာငယ်လေး တစ်ခုကလာတဲ့ ကျင့်ကြံသူ တစ်ယောက်က တကယ်ပဲ ဖြေရှင်းဖို့ အခွင့်အရေး တစ်ခု ရှိသွားတာပဲ။ ဒါက တကယ့်ကို စိတ်ဝင်စားစရာပဲ"

"ဒီအဘိုးကြီးရဲ့ စိတ်ထိခိုက် ဂမ်းနည်းစရာတွေကို ဒီကောင်လေးက ဖြေသိမ့်ပေးနိုင်လိမ့်မယ်"

အဘိုးကြီးရှက နောက်ဆုံးစကားကို ပြောလိုက်ပြီး သူ့အကြည့်တွေက ရုတ်တရက် တလက်လက် တောက်ပလို နေပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အရှိန်အဝါ တစ်ခုက လွှမ်းခြုံထားပါတယ်။ ဒါပေမဲ့လည်း အနက်ရောင် ချိန်းကြိုးလည်း ပေါ်လာပြီးတော့ အကြီးအကဲ ရှရဲ့ ရင်ဘတ်ကို သူ့အလိုလို တင်းကျပ်စွာနဲ့ ပတ်ထားပြီးတော့ သူ့ကို အဆက်မပြတ် သွေးအန်စေပါတယ်။

သူ့အနောက်မှာ နဂါးငွေ့တန်း ကြယ်စင်စု လေးခုပေါ်လာပြီး အားလုံးက အရွယ်အစား တူညီပါတယ်။ ဒါကိုမြင်တွေ့တဲ့ သူတိုင်းက လုံးဝကို အံ့အားသွားမှာ အမှန်ပါပဲ။

မြောက်ပိုင်းအဖွဲ့အစည်းထဲမှာ စာကြည့်တိုက် လမ်းညွှန်သူ အကြီးအကဲ အဘိုးကြီးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အထွတ်အထိပ်ကို ရောက်ရှိနေတဲ့ ရှားပါးလက်ရွေးစင် တစ်ယောက် ဖြစ်နေမယ်လို့ ဘယ်သူက ထင်မိမှာလဲ။

Chapter 908 end

အပိုင်း(909) ဆေးလုံးဖော်စပ်ခြင်း

စာကြည့်တိုက်ကနေ ထွက်လာပြီးတဲ့နောက်မှာ လင်းဟန်က ချက်ချင်းပဲ သင်တန်းကျောင်းကနေ ထွက်ပြီးတော့ အင်ပါယာမြို့ကို လှည့်ပတ်ကာ ဆေးဆိုင်တစ်ဆိုင်ကို ရှာဖွေလိုက်ပါတယ်။

ကျင့်ကြံခြင်းရဲ့ လေ့ကျင့်မှုနဲ့ မှော်ဆေးလုံးဆိုတာက အမြဲတမ်းလိုလို ခွဲထုတ်မရတဲ့ တစ်ပေါင်းတည်း ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မှော်ဆေးလုံးတွေကို ဖော်စပ်ဖို့ဆိုတာကတော့ မှော်ဆေးပညာရှင် တစ်ယောက်ကပဲ လုပ်နိုင်ပါတယ်။ ဆေးဆိုင်အရေအတွက်ကလည်း အကန့်အသတ်နဲ့ ရှိပါတယ်။ လင်းဟန်က ဆိုင်တချို့ဆီကို သွားခဲ့ပေမဲ့ အဲဒီဆေးဆိုင်တွေမှာ ရှာဖွေရတာ အရမ်းကို အကန့်အသတ် ရှိပါတယ်။ အဲဒီဆိုင်တွေမှာ ကောင်းကင်အဆင့်နဲ့ အဲဒီအောက် ဆေးလုံးတွေကိုပဲ ရောင်းချပါတယ်။ ဒါကြောင့် သူ့အတွက် စိတ်ဝိညာဉ် ပြန်လည် ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ပါဂင်ပစ္စည်းတွေကို ဂယ်ယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အဲဒီနေရာက ငွေပေးချေမှုတွေက ရွှေပြား ငွေပြားတွေကို အသုံးပြုပြီးတော့ ရှင်းလို့ရပါတယ်။ အဆင့်က တကယ်ပဲ အရမ်းကို နိမ့်ပါတယ်။

အချိန်တော်တော်ကြာအောင် ကြည့်ပြီးတဲ့ နောက်မှာတော့ လင်းဟန်က ဆိုင်းပုဒ်ကြီးကြီးနဲ့ ဆေးဆိုင်ကြီးကြီး တစ်ခုကို ရှာတွေ့သွားခဲ့ပါတယ်။ သူက အထဲကို ဝင်ဖို့သွားပါတယ်။ ဒါပေမဲ့ တံခါးဝမှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရှိတဲ့ အစောင့်လေးယောက် စောင့်ကြပ်နေတာကို တွေ့မြင်လိုက်ပါတယ်။

သူက အခုဆို သိလိုက်ပါပြီ။ ဒီဆေးဆိုင်အထဲမှာ သူလိုချင်တဲ့ အရာတွေ သေချာပေါက် ရှိပါလိမ့်မယ်။

သေချာတာပေါ့။ ဒီနေရာမှာ မှော်ဆေးလုံးတွေနဲ့ ဆေးပင်တွေက အရမ်းကို ပြည့်စုံပါတယ်။ ပြီးတော့ အဆင့်မြင့်ဆုံး မှော်ဆေးလုံးက တန်ခိုးရှင်အဆင့်ရဲ့ အလွှာခုနစ်ထိတောင် ရောက်ရှိ နေပါတယ်။

ဒါက ဘာကိုပြောချင်တာလဲ။

ဒါက နေလအဆင့်ရဲ့ အဆင့်မြင့်တဲ့ လက်ရွေးစင်တွေ သုံးစွဲဖို့အတွက် ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က အခုချိန်မှာ ဆေးတစ်လုံးကို သုံးစွဲလိုက်မယ်ဆိုရင် သူ့ခန္ဓာကိုယ်က ပေါက်ကွဲပြီးတော့ သေသွားပါလိမ့်မယ်။

အဲဒီမှာလည်း အစစ်အမှန် မူလကျောက်တုံးကို သုံးစွဲပါတယ်။ အစစ်အမှန် မူလကျောက်တုံး အတွင်းမှာ ပါဝင်တဲ့ ကောင်းကင်နဲ့

မြေကြီးရဲ့ စိတ်ဝိညာဉ်ချီ သိပ်သည်းမှုက အရမ်းကို ပျစ်ပါတယ်။ တကယ်လို့ သူက အခု အဲဒါကို သန့်စင်မယ်ဆိုရင် သူ့သေကြောင်းကို ရှာသလို ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အဆင့်မြှင့်ဖို့ ဘာမှလုပ်မရပါဘူး။ ဒါကြောင့် အခုဒီကျင့်ကြံခြင်း ရတနာက ငွေကြေးအဖြစ်ပဲ အသုံးပြုလို့ ရနိုင်ပါလိမ့်မယ်။

လင်းဟန်က အစစ်အမှန် မူလကျောက်တုံးကို သုံးစွဲလိုက်ဖို့ ဂန်မလေးပါဘူး။ ပြောရမယ်ဆိုရင် မင်းက တချို့ကို ဆုံးရှုံးခံမှ တချို့ကို ပြန်ရပါလိမ့်မယ်။ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်နိုင်သရွေ့တော့ အစစ်အမှန် မူလကျောက်တုံးတွေ အများကြီးကို သူပြန်ရ ပါလိမ့်မယ်။

ကံကောင်းတာက အစစ်အမှန် မူလကျောက်တုံးရဲ့ စွမ်းအားက ကောင်းမွန်တယ်လို့ သတ်မှတ်ယူဆလို့ ရပါတယ်။ စံချိန်မီတဲ့ အစစ်အမှန် မူလကျောက်တုံးက ငါးရာဂရမ်လောက် ရှိပြီးတော့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးငါးလုံးကို ဂယ်ယူနိုင်ပါတယ်။ ဒါမှမဟုတ် ဖော်စပ်ဖို့ ဆေးဆယ်ဖုံစာ ကုန်ကြမ်းတွေကို ဂယ်ယူနိုင်ပါတယ်။

ဆေးဆယ်ဖုံစာ ကုန်ကြမ်းပစ္စည်းက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး ဆယ်လုံးပဲ ထုတ်လုပ်နိုင်တာ မဟုတ်ပါဘူး။ ဆေးတစ်ဖုံကို ဆေးငါးလုံးလောက်ထိ ထုတ်လုပ်နိုင်ပါတယ်။ ဒါက စံချိန်မီ မှော်ဆေးကျိုအိုးရဲ့ အရွယ်အစားအရ တွက်ချက်ထားတာ ဖြစ်ပြီးတော့ သင်္ကေတတွေ ရောယှက်မှုရဲ့ ခက်ခဲမှုကိုပါ ထည့်သွင်းစဉ်းစားထားတာ ဖြစ်ပါတယ်။ ဒါက စံချိန်စံညွှန်းတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မှော်ဆေးပညာရှင် အနည်းစုကပဲ ဆေးကျိုအိုးထဲမှာ ပါဝင်ပစ္စည်း အားလုံးကို သန့်စင်နိုင်ပါတယ်။ ငါးလုံးဆိုတာက အကန့်အသတ် ဖြစ်ပါတယ်။ ပြီးတော့ သုံးလုံးနဲ့အထက် ဖော်စပ်နိုင်ရင်ပဲ စံချိန်မီတယ်လို့ ပြောရပါမယ်။

ကျသင့်ငွေကို တွက်ချက်ကြည့်ရင် ပါဝင်ပစ္စည်း ဆယ်ဖုံစာကို သန့်စင်နိုင်ရင်တောင် ဆေးဖော်စပ်မှုရဲ့ အောင်မြင်မှုနှုန်းက ဆယ်ရာခိုင်နှုန်းသာသာ ရှိရင်တောင် ကုန်ကျစားရိတ်ကို ပြန်ရရှိနိုင်ပါတယ်။ ဒီအချက်ကနေ ကြည့်မယ်ဆိုရင် မှော်ဆေးပညာက အကျိုးအမြတ်များတဲ့ လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒါက တန်ခိုးရှင်ဘုံနဲ့ ကမ္ဘာငယ်လေးရဲ့ တူညီတဲ့ အချက်ပဲ ဖြစ်ပါတယ်။

မော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့က အရမ်းကို ခက်ခဲပါတယ်။ ပြီးတော့ မြင့်မားတဲ့ အောင်မြင်မှုရှိတဲ့ ဆေးဖော်စပ်မှုနှုန်းတစ်ခုရှိတဲ့ မော်ဆေးပညာရှင် တစ်ယောက်ဖြစ်ဖို့က ပိုပြီးတော့တောင် ရှားပါတယ်။

လင်းဟန်က စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်ချင်တာကြောင့် ဆိုင်ဂန်ထမ်းက အရမ်းကို စိတ်ဝင်စားပြီးတော့ တကယ်လို့ လင်းဟန်က ဆေးလုံးကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ရင် သူတို့က ဝယ်ယူနိုင်ပါတယ်။ ဒါပေမဲ့ ဆေးငါးလုံးအတွက် အစစ်အမှန် မူလကျောက်တုံး တစ်တုံး မဟုတ်ပဲ အဲဒီအစား အစစ်အမှန် မူလကျောက်တုံး တစ်တုံးကို ဆေးခုနစ်လုံးနဲ့ အလဲအလှယ် လုပ်ရပါလိမ့်မယ်။

သူတို့က အဲဒါမှ အကျိုးအမြတ် ရရှိမှာ မဟုတ်လား။

စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ဆိုတာက ကြယ်ဥက္ကာ အင်ပါယာထဲမှာ ကြီးမားတဲ့ အုပ်စုကြီး တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးက အရမ်းကို လူကြိုက်များပြီး အရေအတွက် အများကြီး ရှိနေရင်တောင် ရောင်းမထွက်မှာကို စိတ်ပူစရာ မလိုပါဘူး။ ဒီလိုမျိုး မော်ဆေးလုံးက အမြတ်နည်းနည်းနဲ့ အလျင်အမြန် ကုန်သွားတတ်ပြီး ဝယ်သူတွေကို

ဆွဲဆောင်မှု အရှိဆုံး ပစ္စည်းတွေ ဖြစ်ပါတယ်။ တစ်ခါတလေ အရှုံးခံပြီးတော့တောင် ရောင်းရပါတယ်။

လင်းဟန်က အဲဒါကို ဂရုမစိုက်ပါဘူး။ သူက ပါဂင်ပစ္စည်းတွေကိုတင်မက မျိုးစေ့တွေကိုပါ ဂယ်ယူခဲ့ပါတယ်။

အနက်ရောင် မျှော်စင်လိုမျိုး ပစ္စည်းတစ်ခု ရှိနေတာကို အသုံးမချဘူးဆိုရင်တော့ နမြောစရာ အရမ်းကောင်း သွားပါလိမ့်မယ်။

မကြာခင်မှာ သူ့အတွက် ကုန်ကြမ်းပစ္စည်းတွေ အမြောက်အမြား ရရှိလာမှာ ဖြစ်ပြီးတော့ နောက်တစ်ကြိမ် အဲဒီပစ္စည်းတွေကို ထပ်ဂယ်ဖို့ မလိုတော့ပါဘူး။

နောက်ပြီးတော့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးက အဆင့်တစ်ဆယ် မှော်ဆေးလုံး တစ်ခုပဲ ဖြစ်ပါတယ်။ အသုံးပြုထားတဲ့ ပါဂင်ပစ္စည်း အများစုက နှစ်ပေါင်းတစ်ရာ သက်တမ်း ရှိဖို့ပဲ လိုအပ်ပါတယ်။ ပြီးတော့ ပါဂင်ပစ္စည်းအနည်းငယ်ကပဲ နှစ်ပေါင်းနှစ်ရာလောက် သက်တမ်းရှိဖို့ လိုအပ်တာ ဖြစ်ပါတယ်။ အနက်ရောင် မျှော်စင်အတွက်တော့ အဲဒါက နှစ်လလောက်ပဲ အချိန်ယူ ရပါလိမ့်မယ်။

လင်းဟန်က အစစ်အမှန် မူလကျောက်တုံး နှစ်တုံးကို သုံးစွဲလိုက်ပြီး တစ်ခုကို ပါဂင်ပစ္စည်း ဆေးဆယ်ဖုံစာ ဂယ်ပြီးတော့ ကျန်တစ်တုံးကိုတော့ မျိုးစေ့တွေ အမြောက်အမြား ဂယ်ယူဖို့ အတွက် အသုံးပြုခဲ့ပါတယ်။

သင်တန်းကျောင်းကို ပြန်လာပြီးတဲ့ နောက်မှာတော့ သူက ဆေးဖော်စပ်ခြင်းမှာပဲ သူ့စိတ်ကို နှစ်မြှုပ်ထားခဲ့ပါတယ်။

ပါဂင်ပစ္စည်းတွေကို သန့်စင်ခြင်းမှာ သူ့အတွက် ခက်ခဲမှု မရှိပါဘူး။ ဒါပေမဲ့ နောက်တဆင့်ကတော့ အများအယွင်း မခံနိုင်တဲ့ အဆင့်ဖြစ်ပြီး ဆေးလုံးကို ကိုယ်တိုင် ဖော်စပ်ခြင်း ဖြစ်ပါတယ်။

ဆေးကျိုအိုးကို ဖွင့်လိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က မီးတောက်ရဲ့ အပူချိန် အရမ်းကို ပြင်းထန်နေတာကို စိုးရိမ်စရာ မလိုပါဘူး။ ဒီအထဲမှာ သူက အစစ်အမှန် နတ်ဘုရား တစ်ပါးပဲ ဖြစ်ပါတယ်။

ဟုန်း။ မီးတောက်တွေ ပြင်းထန်လာပြီး လင်းဟန်က မှော်ဆေးကျိုအိုးထဲ ပါဂင်ပစ္စည်းတွေ စတင် ထည့်လိုက်ပါတယ်။ အစစ်အမှန် မီးတောက်နဲ့ သန့်စင်လိုက်ပြီး ဆေးပစ္စည်းထဲက

စွမ်းအားတွေက စတင်အငွေ့ပျံကာ သင်္ကေတတွေကလည်း ရောယှက်လို့ လာခဲ့ပါတယ်။

လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးရဲ့ လိုအပ်တဲ့ သင်္ကေတတွေနဲ့ ပြန်လည်ဖွဲ့စည်းလိုက်ပါတယ်။ အဲဒါကြောင့် ဆေးလုံးရဲ့ အာနိသင်က ထက်မြက် လာပါလိမ့်မယ်။

သူက ပါဝင်ဆေးပစ္စည်းတွေကို ထပ်ထည့်ပြီး သွေးကြောပုံစံ သင်္ကေတတွေကလည်း ပိုပိုများလာပြီးတော့ ရုပ်ထွေးလာခဲ့ပါတယ်။

ဘုန်းဆိုတဲ့ အသံတစ်ချက် မြည်သွားပြီး မှော်ဆေးကျိုအိုး ပေါက်ကွဲသွားခဲ့ပါတယ်။ လင်းဟန်က သက်ပြင်းတစ်ချက် ချလိုက်ပါတယ်။ သူ ကျရှုံးသွားခဲ့ပါတယ်။

မှော်ဆေးဆရာဂုဏ် တစ်ယောက်အနေနဲ့ ဆေးဖော်စပ်ခြင်း တစ်ခုမှာ ကျရှုံးတယ်ဆိုတာက ဘယ်လောက်တောင် အချိန်ကြာမြင့်ခဲ့ပြီလဲ။

လင်းဟန်က အတိတ်ကို ပြန်မတွေးပဲ မနေနိုင်ပါဘူး။ သူက မှော်ဆေးပညာ လမ်းကြောင်းရဲ့ ပင်လယ်ထဲမှာ ဆက်တိုက်ဆိုသလို လက်ပစ်ကူးနေခဲ့ပါတယ်။ မှော်ဆေးကျိုအိုး ပေါက်ကွဲတာက သာမန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ မှော်ဆေးဆရာဂုဏ် တစ်ပါးအနေနဲ့

ကျရှုံးမှုတွေ မရှိပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ ဒီလိုအဆင့်ကို ရောက်လာနိုင်မှာလဲ။

ချက်ချင်းဆိုသလို ဒုတိယတစ်ကြိမ် ပါဂင်ပစ္စည်းတွေကို စတင်သန့်စင်လိုက်ပါတယ်။ သူက မျက်စိကို မှိတ်ပြီးတော့ အစောပိုင်းက လုပ်ဆောင်ခဲ့သမျှ အသေးစိတ်ကို ပြန်စဉ်းစားလိုက်ပြီး သူ့ကျရှုံးမှုကို ဖြစ်စေတဲ့ အချက်တွေကို ကြိုးစားပြီး စမ်းစစ်လိုက်ပါတယ်။ တကယ်လို့ သူက မရှာနိုင်ဘူး ဆိုရင် သူ့အနေနဲ့ ဆေးဖော်စပ်ခြင်း အကြိမ်တစ်ရာလောက် လုပ်ရင်တောင်မှ အကြိမ်တစ်ရာလုံး ကျရှုံးနေပါလိမ့်မယ်။

အချိန်တော်တော် ကြာပြီးမှ လင်းဟာန်က ဒုတိယတစ်ကြိမ် ဆေးဖော်စပ်မှုကို စတင်လိုက်ပါတယ်။

ဘုန်း။ သူနောက်တစ်ကြိမ် ကျရှုံးသွားခဲ့ပါပြီ။

ဒါပေမဲ့လည်း တကယ်လို့ တစ်စုံတစ်ယောက်သာ ရှိနေမယ်ဆိုရင် လင်းဟာန်ရဲ့ ဒီတစ်ကြိမ် ကျရှုံးမှုက စောစောက အကြိမ်ထက်စာရင် နောက်ကျလာတယ် ဆိုတာကို ရှာတွေ့ပါလိမ့်မယ်။

သူ့ရဲ့ ကျရှုံးမှုကို ဆန်းစစ်ပြီးတဲ့ နောက်မှာတော့ သူက နောက်တစ်ကြိမ် ပြန်စလုပ် ခဲ့ပါတယ်။

ဘုန်း။ ဒါက တတိယအကြိမ်မြောက် ကျရှုံးမှု ဖြစ်ပါတယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ တိုးတက်မှုတွေ ရှိပါတယ်။

လေးခုမြောက် လုပ်ဆောင်ချက်ကလည်း ကျရှုံးသွားခဲ့ပါတယ်။ ငါးခုမြောက် လုပ်ဆောင်မှုမှာလဲ သူက ကျရှုံးပြီး ခြောက်ခါမြောက်မှာလည်း ကျရှုံးခြင်းနဲ့ အဆုံးသတ်ပါတယ်။

ဒါပေမဲ့ လင်းဟန်ရဲ့ နှတ်ခမ်းက ပြုံးလာခဲ့ပါတယ်။ သူက ကျရှုံးတဲ့ လမ်းကြောင်းမှာ သူ့ကိုယ်သူ ဆေးလုံးဖော်စပ်ခြင်းနဲ့ ပတ်သက်ပြီး အမှားအယွင်းတွေကို အပြည့်အဝ ရှာဖွေနိုင်ခဲ့ပါတယ်။ သူက ခုနစ်ကြိမ်မြောက် လုပ်ဆောင်မှုမှာ အောင်မြင်လိမ့်မယ်လို့ ယုံကြည်နေပါတယ်။

လာစမ်းပါ။

သူက အရမ်းကို သတိထားပြီး သူ့လက်တွေကို အဆက်မပြတ် လုပ်ရှားပြီးတော့ သန်မာတဲ့ အင်အား တစ်ခုကို ထုတ်ယူကာ ပါဂင်ဆေးပစ္စည်းတွေရဲ့ သင်္ကေတ အခြေအနေတွေနဲ့ မတူညီတဲ့ ပါဂင်ပစ္စည်းတွေကို တစ်ခုနဲ့တစ်ခု ပေါင်းစည်းအောင် လုပ်လိုက်ပါတယ်။ သူက ဒီလိုမျိုး နည်းလမ်းတစ်ခုနဲ့ သင်္ကေတတွေကို ရောယှက်စေပြီး ပါဂင်ဆေးပစ္စည်းတစ်ခုက အာနိသင်ကို ဘယ်တော့မှ မထုတ်ဖော်နိုင်ပါဘူး။

နေ့တစ်ဂက်ခန့် အကြာ။

လင်းဟန်ရဲ့ အမူအရာက လေးနက်လာပြီး အရမ်းကို အမှားအယွင်း မခံနိုင်တဲ့ အချိန်ကို ရောက်လာခဲ့ပါပြီ။

"ဖွင့်စမ်း"

သူက အသာအယာ နာခေါင်းရှုံ့ပြီးတော့ သူ့လက်ကို အဆက်မပြတ် လှုပ်ရှားလိုက်ပါတယ်။ မီးတောက်သုံးခုက တစ်ဟုန်ထိုး ပေါက်ကွဲထွက်ပေါ် လာခဲ့ပါတယ်။

ဒါက သူ့ကိုယ်ပိုင် ဖန်တီးမှုဖြစ်တဲ့ မီးသုံးပါး နတ်လမ်းညွှန် လျှို့ဂှက်နည်းစနစ် တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ရုတ်တရက်ဆိုသလို မှော်ဆေးကျိုအိုး အဖုံးကို ဖွင့်လိုက်ပါတယ်။ ဆေးကျိုအိုးထဲမှာ ကျောက်စိမ်းလို စိမ်းမြပြီးတော့ လုံးဂန်းတဲ့ ဆေးလုံးငါးလုံးရှိနေတာကို တွေ့မြင်လိုက်ပါတယ်။ ဒါပေမဲ့ အဖုံးကို ဖွင့်လိုက်တာနဲ့ ဆေးလေးလုံးက အစိတ်စိတ် အမွှာမွှာ ပျက်စီးသွားခဲ့ပြီး တစ်လုံးပဲ ကျန်ပါတော့တယ်။ အဲဒီကျန်တဲ့ တစ်လုံးကလည်း သူ့ကိုယ်ပိုင် အသက်ရှိလာသလိုမျိုး ထွက်ပြေးဖို့ ကြိုးစားပါတယ်။

လင်းဟန်က အလျှင်အမြန်ပဲ ဖမ်းယူလိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပြီး အဆင့်တစ်ဆယ် မှော်ဆေးလုံး တစ်ခုရဲ့ ကပ်ဘေးဒုက္ခကို တွေ့ဆုံဖူးတဲ့ အတွေ့အကြုံ ရှိနေတာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ခြံဝင်းထဲ ခြေချလိုက်မိပေမဲ့ မိုးကြိုးတိမ်တိုက်တွေရဲ့ အရိပ်အယောင် လုံးဝတောင် မတွေ့မြင်ရပါဘူး။

အနက်ရောင် မျှော်စင် အထဲမှာ ဖော်စပ်ခဲ့လို့များ ဖြစ်နိုင်မလား။ အဲဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို လျစ်လျူရှုခဲ့တာလား။

"ညောင်"

အရမ်းကို ဒေါသထွက်နေတဲ့ ကြောင်အော်သံကို ကြားလိုက်ရပါတယ်။ ကြောင်ဖက်တီးက ပြေးဝင်လာပြီး လင်းဟန်ကို သူ့ရဲ့ လက်သည်းတွေနဲ့ ကုတ်လိုက်ပါတယ်။

"ဟေ့ဟေ့ဟေ့ ငါတို့က သူငယ်ချင်းကောင်းတွေပဲ မဟုတ်ဘူးလား"

လင်းဟန်က အလျှင်အမြန် ရှောင်တိမ်းလိုက်ပါတယ်။

"ညောင် ညောင် ညောင် ညောင် ညောင်"

ကြောင်ဖက်တီးက အဆက်မပြတ် စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။

"သူပြောတာက မင်းကို ခုနစ်ရက်တောင် စောင့်နေရပေမဲ့ မင်းက ပေါ်မလာခဲ့ဘူးတဲ့။ မင်းကတိ ပေးထားတဲ့ အသားက ဘယ်မှာလဲလို့ ပြောနေတာ"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ ပါးစပ်က အနည်းငယ် ရှုံ့မဲ့သွားပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ကြောင်တွေနဲ့တောင် စကားပြောနိုင်တယ်ပေါ့"

"ငါကဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ"

မျှော်စင်လေးက ဟိတ်ကြီးဟန်ကြီးနဲ့ ဘဂင်မြင့်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က အံ့ဩမှင်တက်သွားခဲ့ပါတယ်။ ခုနစ်ရက်တောင် ကြာသွားပြီလား။

သူက ကြောင်ဖက်တီးကို ပွေ့ချီပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ ငါမင်းကို အသားတွေနဲ့ ညှော်ခံပါ့မယ်။ မင်းရဲ့လက်ကို ငြိမ်ငြိမ်နေပါ။ မဟုတ်ဘူး။ ငါပြောချင်တာ မင်းရဲ့

လက်သည်းတွေ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက မင်းအတွက် အသားဘယ်လိုလုပ်လို့ ရမှာလဲ”

ကြောင်ဖက်တီးက လင်းဟာန်ကို တိုက်ခိုက်နေရာကနေ ရပ်လိုက်ပါတယ်။ သူက ဆောင့်ကြောင့်ထိုင်ပြီးတော့ ခေါင်းမော့ကာ ဟိတ်ကြီးဟာန်ကြီး ပုံစံမျိုး နေလိုက်ပါတယ်။

“လူသားတွေ မင်းတို့အားလုံးက ဒီတော်ဂင်ကြောင်ရဲ့ အစေခံတွေပဲ”

Chapter 909 end

အပိုင်း(910) မြင်သာလွယ်တဲ့ ခရီး

လင်းဟာန်က သူနဲ့ ကြောင်ဖက်တီးအတွက် အသားကြီးတစ်တုံးကို ကင်လိုက်ပါတယ်။ ရွှေရှာကြွက်ကလည်း သူတို့နဲ့အတူ စိတ်ကျေနပ်တဲ့အထိ အတူတကွ ပူးပေါင်းပါဝင်ပြီး စားသောက်လိုက် ပါတယ်။

ကြောင်နဲ့ကြွက်က အပေါင်းအဖော်တွေလိုမျိုး အတူတကွ စားသောက်နေတာကို ကြည့်ပြီးတော့ လင်းဟာန်က ရယ်မောလိုက်မိပါတယ်။

ဒီအတွေးတွေက ရွှေရှာကြွက်ကို ကြောင်ဖက်တီးက ခုန်အုပ်လိုက်တဲ့ အခါမှာ ပျောက်ကွယ် သွားခဲ့ပါတယ်။

ဒီကြွက်သေးသေးလေးက သူ့ရဲ့အသားကို ချောင်းမြောင်းပြီးတော့ ကြည့်ဝံ့တယ်ပေါ့။ ဒီကြွက်က သတ္တိအရမ်းကို နည်းပြီးတော့ သူ့ရဲ့ ခြေလက်တွေ အားလုံးကို ထောင်ပြီးတော့ မြေကြီးပေါ်ကို လှဲချလိုက်ပြီး သေချင်ယောင် ဆောင်လိုက်ပါတယ်။

ဒီလှည့်ကွက်က အရမ်းကို အသုံးဝင်ပါတယ်။ သူက ကျူးရှမ်အာနဲ့ ဟော့လျန်ချွင်ရွှယ်လို မိန်းကလေးတွေကို သဘောကျပြီးတော့ ရယ်မောစေအောင် လုပ်နိုင်ပါတယ်။ ဟူးညို တစ်ယောက်တည်းကိုပဲ သူလှည့်စားလို့ မရပါဘူး။ ဟူးညိုနဲ့တွေ့ရင် သူက လိပ်ပြာမလုံသလို ခံစားရပါတယ်။ ကံကောင်းတာက ပိုပြီးတော့ အစားကြူးတဲ့ ဒီမိန်းကလေးက သူတို့ဆီကနေ ထွက်သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့ရဲ့ပျော်ရွှင်မှုက လွန်ခဲ့တဲ့ ရက်အနည်းငယ်က နောက်ထပ် ရက်စက်ကြမ်းကြုတ်တဲ့ ကြောင်ဖက်တီးတစ်ကောင် ရောက်လာတဲ့ အခါမှာ ပျောက်ကွယ်သွား ခဲ့ပါတယ်။

ဘာဖြစ်လို့ ဆရာသခင်ရဲ့ ဘေးနားမှာ ဒီကောင်လေးကို ထိတ်လန့်စေတဲ့ မွန်းစတားတွေက အမြဲတမ်း ရှိနေရတာလဲ။

လင်းဟန်က ရယ်မောလိုက် မိပါတယ်။ ဒါပေမဲ့ ခြံဝင်းအပြင်ဘက်ကနေ အသံတွေ ကြားလိုက် ရပါတယ်။ သူက

တံခါးကို ဖွင့်လိုက်တော့ လီဝေဂက တံခါးအပြင်ဘက်မှာ ခါးထောက်ပြီးတော့ သူမပုံစံက တစ်ယောက်ယောက်ကို အစိမ်းလိုက် ဝါးစားပစ်ချင်နေတဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

"တုံးအတဲ့ ကျောက်တုံးခေါင်း ဒီခုနစ်ရက်မှာ နင်ဘယ်တွေ သွားနေတာလဲ။ ငါနေ့တိုင်း ဒီကိုလာပြီး နင့်ကို လာရှာရတာ ငါ့ခြေထောက်တွေတောင် တိုတော့မယ်ဆိုတာကို နင်သိရဲ့လား။ နင်က ငါ့နောက်လိုက်ပဲ ဖြစ်တာကိုတောင် ငါ့ကို ဟိုဟိုဒီဒီ ပြေးလွှားပြီး နင့်ကို ရှာအောင်လို့ လုပ်ဝံ့တယ် ပေါ့လေ။ နင်က ပုန်ကန်ချင်နေပြီလား"

သူမက အဆက်မပြတ် ကြိမ်းမောင်းအပြစ်တင် လိုက်ပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ သူ့လက်တွေကို မြှောက်ပြီးတော့ အညှံ့ခံကာ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ တောင်းပန်ပါတယ်။ ဒီရက်တွေမှာ ငါအရမ်းကို အလုပ်ရှုပ်နေတယ်။ ပြီးတော့ အခု ငါပြန်လာပြီပဲလေ မဟုတ်လား။ ကောင်းပြီလေ။ မင်းက အရမ်းကို စိတ်လှုပ်ရှားနေတယ်။ ပါဂင်ပစ္စည်းတွေအတွက် ရောင်းဝယ်ဖောက်ကားမဲ့ လမ်းကြောင်းတွေ ဖွင့်ပြီးပြီလား"

"သေချာတာပေ့ါ။ ငါကိုယ်တိုင် လုပ်မှတော့ ဘာပြဿနာ ရှိနိုင်မှာလဲ"

လီဝေဂက လည်ချောင်းကို တစ်ချက် ရှင်းပြီးတော့ ပြောလိုက်ပါတယ်။

"နင်ငါ့ကို ပေးလိုက်တဲ့ ပစ္စည်းတွေအားလုံး ရောင်းထွက်သွားပြီ။ ဒါပေမဲ့လည်း ဒါက သူတို့ကို မြည်းခိုင်းကြည့်ရုံပဲဆိုတော့ အစစ်အမှန် မူလကျောက်တုံး တစ်တုံးတောင် မရဘူး"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ လီဝေဂနဲ့ ကျိယွင်အာတို့က သာမန်လူတွေဆီကို အစားအစာတွေ ပို့တာမဟုတ်ပဲ ဩဇာအာဏာရှိတဲ့ အရာရှိ ပုဂ္ဂိုလ်တွေဆီကို ပို့ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့က အစားအသောက်တွေ စားပြီးတဲ့နောက်မှာ အခု သူ့အလှည့်ကို ရောက်လာပြီလို့ ပြောရပါမယ်။

လင်းဟာန်က အစားအသောက်တွေ အများကြီးကို ထုတ်ယူပြီးတော့ လီဝေဂကို ပေးလိုက်တဲ့ အခါမှာ လီဝေဂက အရမ်းကို စိတ်လှုပ်ရှား နေခဲ့ပါတယ်။ မကြာခင် သူတို့ဆီကို အစစ်အမှန် မူလကျောက်တုံးတွေ ရရှိလာပါတော့မယ်။ ဒီပမာဏက သိပ်မများပေမဲ့ သူမက သူမကိုယ်ပိုင်လက်နဲ့ ရှာဖွေထားခဲ့တာ

ဖြစ်တာကြောင့် တိုင်းတာလို့ မရအောင် ကျေနပ်ပျော်ရွှင် သလိုမျိုး ခံစားနေရပါတယ်။

လင်းဟန်က သူ့ခေါင်းကို မရည်ရွယ်ပဲ ခါလိုက်မိပါတယ်။ ဒီလိုမျိုး စီးပွားရေး တစ်ခုက အကြာကြီး ထိန်းသိမ်းထားနိုင်မှာ မဟုတ်ပါဘူး။

တခြားနည်းလမ်း မရှိပါဘူး။ ဒီပစ္စည်းတွေရဲ့ မူလဇာစ်မြစ်ကို ဘယ်လိုလုပ်ပြီး သူက ရှင်းပြလို့ ရမှာလဲ။

သိုလှောင်ပစ္စည်း တစ်ခုရဲ့ နေရာလွတ်က အကန့်အသတ် ရှိပါတယ်။ တကယ်လို့ သူက ဒီအစားအသောက်တွေကို အဆုံးမရှိ ထောက်ပံ့ပေးနိုင်စွမ်း ရှိတယ်ဆိုရင် သူ့ကို သံသယတွေ ဝင်လာပါလိမ့်မယ်။ တကယ်တော့ ဒီအစားအသောက်တွေက အရမ်းကို အရသာ ရှိပါတယ်။ ဘယ်သူက သိချင်စိတ် မဖြစ်ပေါ်လာနိုင်ဘူးလို့ အာမခံဖို့ ခက်ခဲပါလိမ့်မယ်။

လီဝေဂရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မြတ်ပါတယ်။ လင်းဟန်က နိမ့်ကျနေတဲ့ ကောရာဇ် တစ်ယောက် ဖြစ်ပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူက ကောရာဇ်ဆိုတဲ့ ဒီဘွဲ့ထူးကို ထိန်းထားလို့ မရပါဘူး။ တောင်မြစ်အဆင့် ကျင့်ကြံသူက သူ့ကို အလေးထားမှာတဲ့လား။

တကယ်လို့ မင်းက အနိုင်ကျင့်ခံရမယ်။ နှိမ်ချခံရမယ်။ ဒါမှမဟုတ် အသတ်ခံရမယ် ဆိုရင်တောင် ဘာဖြစ်လဲ။

ဒါက ပိုက်ဆံမြန်မြန် ရှာတာပါ။ ဒီတာဂန်က စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေကို ဖော်စပ်တဲ့ အခါမှာ အခက်အခဲ မရှိအောင် အစစ်အမှန် မူလကျောက်တုံးတွေကို စုစည်းဖို့ ဖြစ်ပါတယ်။ ဒါကမှ မှန်ကန်တဲ့ လမ်းကြောင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆေးကျိုအိုး တစ်လုံးကနေ ရရှိတဲ့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးရဲ့ ရောင်းချမှုကနေ ရရှိတဲ့ တန်ဖိုးက အစားအသောက်ကို တစ်လလုံး ရောင်းချတဲ့ လုပ်ငန်းနဲ့ အဆင်ပြေမှာ မဟုတ်ပါဘူး။

လီဝေဂကို ပြန်ပို့ပြီးတဲ့ နောက်မှာတော့ လင်းဟန်က မှော်ဆေးလုံးတွေကို စတင်ဖော်စပ် လိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ အနက်ရောင် မျှော်စင်ထဲမှာ မဟုတ်ပဲ သူ့ခြံဝင်း အထဲမှာပဲ ဖြစ်ပါတယ်။

ကြောင်ဖက်တီးကတော့ ဗိုက်ဂတဲ့အထိ စားပြီးတော့ ခြံဝင်းရဲ့ နံရံပေါ်မှာ ပျင်းရိစွာနဲ့ လဲလျောင်းလို့ နေပါတယ်။ ဒါပေမဲ့ ကြောင်ဖက်တီး ရှိနေတာကြောင့် ဘယ်သူကမှ လင်းဟန်ကို လာပြီးတော့ ပြဿနာ မရှာရဲပါဘူး။ ဒီကြောင်ဖက်တီးကြီးကို

ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်တဲ့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းအုပ်ကိုယ်တိုင် မြှောက်စားထားတယ် ဆိုတာကို သူတို့တွေ သိထားပါတယ်။ ဒါကြောင့် သူတို့က ကြောင်ဖြူကြီးကို ရန်စဝံ့မှာတဲ့လား။

အနက်ရောင် မျှော်စင်ရဲ့ အပြင်ဘက်မှာ ဆေးလုံးဖော်စပ်ရတာက အနည်းငယ် ခက်ခဲပါတယ်။ တကယ်တော့ မီးတောက်ရဲ့ အပူချိန်ကို သူ့စိတ်ကြိုက် ထိန်းချုပ်လို့ မရတော့ပါဘူး။ ဒါပေမဲ့ လင်းဟာန်က ဆက်ပြီးတော့ လုပ်ဆောင်နေပါသေးတယ်။ မှော်ဆေးကျိုအိုး အဖုံးကို ဖွင့်လိုက်တဲ့ အချိန်မှာ ဒီတစ်ကြိမ်တော့ မှော်ဆေးလုံး သုံးလုံးပဲ အပိုင်းပိုင်း အစစ ဖြစ်သွားခဲ့ပါတယ်။

မှော်ဆေးလုံး နှစ်လုံးကို အောင်အောင်မြင်မြင်နဲ့ ဖော်စပ်နိုင်ခဲ့ပါတယ်။

ဒါက ဆေးလုံးတစ်လုံးပဲ ပိုရလာတယ် ဆိုပြီးတော့ မကြည့်သင့်ပါဘူး။ ဒါက တကယ့်ကို ကြီးမားတဲ့ တိုးတက်မှုတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ တခြားမှော်ဆေးပညာရှင်တွေဆိုရင် ဒီလိုမျိုး ရလဒ်တစ်ခု ရရှိဖို့ လပေါင်းများစွာ ဒါမှမဟုတ် နှစ်ပေါင်းများစွာ အချိန်ယူရပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟာန်က မှော်ဆေးကေရာဇ် တစ်ယောက် ဖြစ်ပြီးတော့ အဆင့်တစ်ဆယ်

မှော်ဆေးလုံးက သူ့ရဲ့စွမ်းရည်အတွင်းမှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် ဒီလိုမျိုး အဖြစ်အပျက်က သူ့အတွက်တော့ မထူးဆန်းပါဘူး။

ဒါပေမဲ့လည်း မှော်ဆေးလုံး ဖော်စပ်ခြင်းကြောင့် မိုးကြိုးကပ်ဘေး ရောက်မလာပဲ ရှိနေပါသေးတယ်။

"ဒီနေရာရဲ့ အဆင့်က အရမ်းကို မြင့်မားတဲ့ အတွက်ကြောင့် အဆင့်တစ်ဆယ် မှော်ဆေးလုံးတောင်မှ ကပ်ဘေးဒုက္ခ တစ်ခုကို မဆွဲဆောင်နိုင်တာ ဖြစ်နိုင်မလား"

လင်းဟန်က ကောက်ချက် ချလိုက်ပါတယ်။ သူက တခြားဖြစ်နိုင်ချေ တစ်ခုကို ထပ်ပြီးတော့ မစဉ်းစားနိုင်ခဲ့ပါဘူး။

တကယ်လို့ ဆေးလုံးဖော်စပ်ခြင်းမှာ ကပ်ဘေးဒုက္ခ မရှိဘူးဆိုရင် ကောင်းတာပဲလေ။ နောက်တစ်ကြိမ် ထပ်လုပ်တာပေါ့။

သူ့ရဲ့ ကိုးကြိမ်မြောက် ကြိုးစားအားထုတ်မှုမှာ ဆေးကျိုအိုးထဲကနေ ဆေးလုံးသုံးလုံး ရရှိခဲ့ပြီး ဆယ်ကြိမ်မြောက်မှာတော့ ဆေးလေးလုံး ရရှိခဲ့ပါတယ်။

သူ့ဆီမှာ ပါဂင်ပစ္စည်းတွေ ကုန်သွားခဲ့ပါပြီ။

"တကယ်လို့ နောက်ထပ်တစ်ကြိမ် ထပ်ပြီးတော့ ဖော်စပ်နိုင်မယ်ဆိုရင် ငါက ပြီးပြည့်စုံတဲ့အထိ အောင်မြင်နိုင်လောက်တယ်"

လင်းဟန်က သူ့ကိုယ်သူ တွေးလိုက်ပါတယ်။

သူက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး ဆယ်လုံး ရရှိခဲ့ပါတယ်။ တကယ်လို့ သူက ဆေးခုနစ်လုံးကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ လဲမယ်ဆိုရင် သူ့ရဲ့ ရင်းနှီးမြှုပ်နှံမှုကို ပြန်ရရှိပါမယ်။ တခြားအစစ်အမှန် မူလကျောက်တုံးကတော့ မျိုးစေ့တွေ ဝယ်ယူဖို့ အသုံးပြု ခဲ့ပါတယ်။

"ဟားဟား မော်ဆေးပညာက တကယ့်ကို အကျိုးအမြတ် အများဆုံး စီးပွားရေး ဖြစ်နေ သေးတာပဲ။ ငါကတော့ မှန်ကန်တဲ့ လမ်းကြောင်းကို ရွေးမိတာပဲ"

လင်းဟန်က ပြုံးပြီးတော့ ထွက်လာခဲ့ပါတယ်။ သူက ဆေးခုနစ်လုံးကို ရောင်းချပြီး ပါဂင်ပစ္စည်းတွေ ဝယ်ယူဖို့ စိတ်ကူးထားပါတယ်။ ဒီတစ်ကြိမ် သူက နောက်ထပ်သုံးရက် အချိန်သုံးစွဲခဲ့ပါတယ်။ မော်ဆေးပညာထဲမှာ နစ်မြုပ်နေခဲ့တာကြောင့် သူက တခြားနည်းစနစ်တွေ ကျင့်ကြံအားထုတ်ဖို့ အချိန်တောင် မရခဲ့ပါဘူး။

လင်းဟာန်က သက်ပြင်းချလိုက်ပါတယ်။ အခုသူက မှော်ဆေးပညာနဲ့ သိုင်းပညာကို အစကနေ သင်ယူရပါလိမ့်မယ်။ ကြည့်ရတာ သူကလည်း ရွေးချယ်မှု တစ်ခုလုပ်ပြီး အဓိက နယ်ပယ်မှာ အာရုံစိုက် ရပါမယ်။ တကယ်လို့ သူက နှစ်ခုလုံးကို ကြိုးစားမယ်ဆိုရင် သူတကယ်ပဲ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ငါသိုင်းပညာ လမ်းကြောင်းကိုပဲ လျှောက်ရလိမ့်မယ်"

လင်းဟာန်က အလျင်အမြန်ပဲ သူ့စိတ်ကို ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ မှော်ဆေးပညာက ဘယ်လောက်ပဲ ကြီးကျယ်ခမ်းနားပါစေ သိုင်းပညာရပ်တွေအတွက် ဖြည့်စွက်ရုံသက်သက် တစ်ခုပါပဲ။ မှော်ဆေးပညာရှင်တွေ ရရှိတဲ့ ရိုသေလေးစားမှု ဆိုတာကလည်းက ကျင့်ကြံသူတွေက သူတို့အလိုရှိတာကြောင့် ဖြစ်ပါတယ်။

တကယ်လို့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်က မင်းကို ရိုသေလေးစားမှု မရှိဘူးဆိုရင် မင်းက သူ့ကို ဘယ်လိုမျိုး ရိုက်နိုင်မှာလဲ။

ဒါကြောင့် လူတစ်ယောက်ရဲ့ ကိုယ်ပိုင်ခွန်အားကပဲ စစ်မှန်တဲ့ လွှမ်းမိုးနိုင်ဖို့ လမ်းကြောင်းအမှန်ပဲ ဖြစ်ပါတယ်။

သူက အရင်တုန်းက ဆေးဆိုင်ကြီးဆီကို သွားခဲ့ပြီး စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ရောင်းဖို့ပြောလိုက်ပါတယ်။ ဆိုင်ရဲ့လက်ထောက်ဂန်ထမ်းက ဒီဆေးလုံးတွေဟာ လင်းဟန်ရဲ့ ပထမဆုံး သန့်စင်ခဲ့တယ်ဆိုတာကို မသိပါဘူး။ သူ့ကို ဝါရင့်လူတစ်ယောက်လို့ပဲ တွေးလိုက်ပါတယ်။ သူက ခေါင်းကိုခါမိလိုက်ပါတယ်။

မင်းလိုမျိုး မှော်ဆေးပညာရှင် ပေါက်စက နောက်ခံတချို့ကို ရှာသင့်တယ်။ မင်းရဲ့ဝေစုကို ခွဲပေးရတယ် ဆိုပေမဲ့ သူတို့ကလည်း ကာကွယ်ပေးတာပဲ။ အဲဒါက အခုနဲ့မတူဘူး။ တကယ်လို့ အများနည်းနည်းလေး လုပ်မိရင်တောင် မင်းရဲ့ကုန်ကျစားရိတ်ကို မင်းပြန်ပြီးတော့ မရနိုင်ဘူး မဟုတ်လား။

ဆိုင်ရဲ့လက်ထောက်က လင်းဟန်ကို ကြင်နာစွာနဲ့ အကြံပေးလိုက်ပါတယ်။ တကယ်တော့ မှော်ဆေးပညာရှင်တွေက ရှားပါးပါတယ်။ ပြီးတော့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ဖော်စပ်နိုင်တဲ့ မှော်ဆေးပညာရှင် တစ်ယောက်က အဲဒီလောက် မရှိုးရှင်းပါဘူး။

လင်းဟန်က ပြုံးရုံပဲ ပြုံးပြလိုက်ပါတယ်။ တစ်ဖက်လူက သူ့ကို ပါဂင်ပစ္စည်း ဆေးဆယ်ဖုံစာ ပေးပြီးတဲ့ နောက်မှာ သူက အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းပြီးတော့ ထွက်လာခဲ့ ပါတယ်။

"အို"

လင်းဟန်က ဆေးဆိုင်ထဲကနေ ထွက်သွားတဲ့ အခါမှာ လျှိုလွှီက လမ်းထောင့်ကနေ ရောက်လာ ခဲ့ပါတယ်။ သူက လင်းဟန်ရဲ့ နောက်ကျောကို စိုက်ကြည့်ပြီးတော့ ထူးဆန်းသလိုမျိုး ခံစား နေရပါတယ်။ သူထင်တာက လင်းဟန်က ကျွှာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ ဘာမဟုတ်တဲ့ လူတစ်ယောက်ပါပဲ။ သူက ဒီကိုဘာလာလုပ်တာလဲ။

လျှိုလွှီက ဆေးဆိုင်ထဲကို ဂင်လာခဲ့ပြီး စောစောတုန်းက လင်းဟန်ကို ညှော့ခံခဲ့တဲ့ ဆိုင်လက်ထောက်ကို လှမ်းခေါ်ပြီးတော့ မေးလိုက်ပါတယ်။

"စောစောတုန်းကလူက ဒီနေရာကို ဘာလာလုပ်တာလဲ"

ဆိုင်လက်ထောက်က လျှိုလွှီကို လျှိုကလန်ရဲ့ သခင်လေးဆိုတာကို သတိပြုမိတာကြောင့် မဖြေပဲ မနေဝံ့ပါဘူး။ နောက်ပြီးတော့ ဒါကလည်း ဘာမှရှက်စရာ မရှိပါဘူး။

"စောစောက ညည့်သည်က စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးခုနစ်လုံးကို လာရောင်းတာပါ။ နောက်ပြီးတော့ "

"ဘယ်လို။ သေချာရဲ့လား"

လျှိုလွီက တစ်ဖက်လူရဲ့ စကားတွေကို ချက်ချင်းပဲ ဖြတ်မေးလိုက်ပါတယ်။ သူ့မျက်လုံးတွေက အရောင်တလက်လက် တောက်ပလာပါတယ်။

ဆိုင်လက်ထောက်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ဒီကိစ္စနဲ့ ပတ်သက်ပြီး အမှားလုပ်မိ နိုင်ပါ့မလား။

လျှိုလွီက ချက်ချင်းပဲ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သင်တန်းကျောင်းက ကျောင်းသားတွေကို မှော်ဆေးလုံး ရောင်းချတာနဲ့ ပတ်သက်ပြီး တင်းတင်းကျပ်ကျပ် တားမြစ်ထားပါတယ်။ နောက်ပြီး နည်းစနစ်တွေ သိုင်းပညာတွေနဲ့ တခြားအရာတွေကိုလည်း တားမြစ်ထားပါတယ်။ ဟားဟားဟား သူက လင်းဟာန်ရဲ့ အားနည်းချက်ကို မရှာနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ မမျှော်လင့်ပဲနဲ့ တစ်ဖက်လူက သူ့ဘာသာသူ လက်ဆောင်လာပေးလိမ့်မယ်လို့ မထင်မှတ်မိခဲ့ပါဘူး။

ဒီလိုဆိုမှတော့ လင်းဟန်က စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး ခုနစ်လုံးကို ဘယ်လိုလုပ် ရထားတာလဲ။

လျိုလ္ဒီရဲ့ စိတ်ထဲမှာ အဲဒီအတွေးက ဖျတ်ခနဲ ပေါ်လာခဲ့ပြီး သူက ချက်ချင်းပဲ ခေါင်းထဲကနေ ဖယ်ထားလိုက်ပါတယ်။ လင်းဟန်အနေနဲ့ သင်တန်းကျောင်းက သူ့ကို ချီးမြှင့်ထားတဲ့ မှော်ဆေးလုံးတွေကို ရောင်းချတယ်ဆိုမှတော့ အဲဒါက ကြီးမားတဲ့ ပြစ်မှုတစ်ခု ဖြစ်ပါလိမ့်မယ်။

သူက အရမ်းကို စိတ်လုပ်ရှားလာပြီး ဆေးတွေတောင် မဂယ်ဖြစ်ပဲ ချာခနဲ လှည့်ထွက်ကာ အိမ်ကိုပြန်လာခဲ့ပါတယ်။

တကယ်လို့ သူက ဒီထပ်ပိုပြီးတော့ မေးမြန်းစုံစမ်းခဲ့မယ်ဆိုရင် ကံတရားက ပြောင်းပြန် ဖြစ်သွားပြီး ဒီစိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေကို လင်းဟန်ကိုယ်တိုင် ဖော်စပ်ခဲ့တယ် ဆိုတာကို သိသွားနိုင်ပါတယ်။ သူက ခေါင်းမာမာနဲ့ လမ်းမှားကို ဆက်ပြီးတော့ လျှောက်နေပြီး ကျွမ်းကျင်မှုအဆင့်အနိမ့်ဆုံး တစ်ခုက လူငယ်ကျင့်ကြံသူ တစ်ယောက်က မှော်ဆေးပညာရှင် သိုင်းပညာပါ နှစ်ခုလုံး လေ့ကျင့်နိုင်လိမ့်မယ် ဆိုတာကို သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မလဲ။

Chapter 910 end

အပိုင်း(911) မှောင်ခိုဈေးကွက်

လျှိုလွီက အိမ်ကို အလျင်အမြန် ပြန်လာခဲ့ပြီးတော့ လျှိုတကို အပြေးအလွှားနဲ့ ရှာဖွေလိုက် ပါတယ်။ သူ့အစ်ကိုလောက် သူက လိမ္မာပါးနပ်မှု မရှိဘူးဆိုတာကို သူသိပါတယ်။ တကယ်လို့ လျှိုတသာ ဒီကိစ္စကို ကိုင်တွယ်ခွင့်ပြုလိုက်မယ်ဆိုရင် လင်းဟန်ကို ကြီးကြီးမားမား ထိခိုက်မှု ဖြစ်စေပါလိမ့်မယ်။

"အစ်ကိုရေ အစ်ကို"

လျှိုလွီက သူ့အစ်ကိုဖြစ်သူကို အသည်းအသန် အော်ခေါ် လိုက်ပါတယ်။ သူတို့လိုမျိုး အရေးပါတဲ့ မြင့်မြတ်သူတွေရဲ့ မျိုးဆက်တွေက သင်တန်းကျောင်းထဲမှာ ထုံစံအတိုင်း မနေကြပါဘူး။ ကျင့်ကြံခြင်းအတွက် အခြေအနေက သူတို့ကိုယ်ပိုင် အိမ်ထဲမှာတောင် ပိုပြီးတော့ ကောင်းမွန်ပါတယ်။ ပြီးတော့ သူတို့က သင်တန်းကျောင်းကို သင်ခန်းစာ နားထောင်ဖို့ ငါးရက်တစ်ကြိမ် သွားဖို့ပဲ လိုပါတယ်။

လျှိုလွီက သူ့အစ်ကိုကို စောစောက သူမြင်တွေ့ခဲ့သမျှ အားလုံးကို ဖောက်သည်ချ လိုက်ပါတယ်။

လျှိုတက လျှိုလွှီပြောတဲ့ စကားတွေ အားလုံးကို ကြားပြီးတဲ့နောက်မှာ ချက်ချင်းပဲ ဟက်ဟက်ပက်ပက်နဲ့ ရယ်မောလိုက်ပါတယ်။

"လင်းဟာန် လင်းဟာန် ဒီတစ်ကြိမ်တော့ မင်းငါ့လက်ထဲကို ကျရောက်ပြီပေါ့ကွာ။ ကြည့်နေလိုက်ပါ။ ငါမင်းကို ဘယ်လိုမျိုး ကိုင်တွယ်မလဲ ဆိုတာကို ဟားဟားဟား"

"အစ်ကို မင်းဘယ်လိုလုပ်ဖို့ စိတ်ကူးထားလဲ"

လျှိုလွှီက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ သူလည်းပဲ လင်းဟာန်ကို နှလုံးသားထဲကနေ မုန်းတီးနေပါတယ်။

လျှိုတက ခဏလောက် စဉ်းစားပြီးတော့မှ ပြောလိုက်ပါတယ်။

"သူခိုးတစ်ယောက်ကို လက်ပူးလက်ကျပ်မိအောင် ဖမ်းရမှာပေါ့။ တစ်ယောက်ယောက်ကို အဲဒီမှာ စောင့်ကြည့်ခိုင်းထားလိုက်။ ပြီးတော့ လင်းဟာန် နောက်တစ်ကြိမ် ပေါ်လာတဲ့ အခါကျရင် ငါတို့သူ့ကို ခိုးထုပ်ခိုးထည်နဲ့အတူ ဖမ်းကြတာပေါ့"

"အစ်ကို သူကျနော့်ကို မြင်သွားလောက်တယ်။ နောက်တစ်ကြိမ်ကျရင် မော်ဆေးလုံးတွေကို တခြားဆိုင်ကို ပြောင်းပြီးတော့ ရောင်းလောက်တယ်"

လျှိုလ္လီက အတော်လေးကို ပါးနပ်ပါသေးတယ်။

လျှိုတာက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါတို့တွေ ဖြစ်နိုင်ချေရှိတာ နှစ်ခုလုံးကို ပြင်ဆင်ထားရမယ်။ ငါတို့ ဒီလရဲ့ လစဉ်စမ်းသပ်မှု မတိုင်ခင်ထိ စောင့်နေဖို့ လိုတယ်။ ပြီးတော့ တကယ်လို့ ငါတို့က သူ့ကို လက်ပူးလက်ကျပ် ဖမ်းမိနိုင်ရင် သူ့ကိုတိုက်ရိုက် ပြောလို့ရလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီဈေးဆိုင်ရဲ့ လက်ထောက်က မျက်မြင်သက်သေ တစ်ယောက်ပဲ။ လင်းဟန်က အပြစ်ဒဏ်ကနေ ရှောင်လွှဲလို့ မရပါဘူးကွာ"

သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကိစ္စအတွက် ငါတို့တွေ ကလန်ရဲ့ ဆယ့်ခုနစ်ယောက်မြောက် အကြီးအကဲကို အကူအညီပေးဖို့ သွားတောင်းဆိုရမယ်။ သူက မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အလှည့်ကျ အကြီးအကဲ တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ကူညီမှုနဲ့ဆိုရင် လင်းဟန်ကို ဒီပြစ်မှုအတွက် ကွပ်မျက်ခံရဖို့ ဆိုတာက ခက်ခဲလိမ့်မှာ မဟုတ်ဘူး"

"အဲဒါမှန်တယ်။ သူသေရမယ်"

လျှိုလ္လီက သွေးဆာနေတဲ့ မျက်လုံးတွေနဲ့အတူ ပြောလိုက်ပါတယ်။ သူက ဂုဏ်ကျက်သရေရှိတဲ့ လျှိုကလန်ရဲ့ သခင်လေး တစ်ယောက်

ဖြစ်ပါတယ်။ ဒါကိုသူက လင်းဟန်ရဲ့ ရိုက်နက်တာကို ခံရပြီးတော့ အရှုံးပေးဖို့ ဖိအားပေး ခံခဲ့ရပါတယ်။ ဒါက ဘယ်လောက်တောင် အရှက်ကွဲ စော်ကားခံရသလဲ။ လင်းဟန် အသက်ရှင်နေသရွေ့ သူက ညဘက်မှာ ကောင်းကောင်း အိပ်ပျော်နိုင်မှာ မဟုတ်ပါဘူး။

လျှိတက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ မှော်ဆေးလုံး ရောင်းချရုံလောက်နဲ့ လင်းဟန်ရဲ့ အသက်ကို ဆုံးရှုံးသွားအောင် လုပ်ဖို့ဆိုတာ မလုံလောက်သေးပါဘူး။ တကယ်တော့ လင်းဟန်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဒါက သမိုင်းမှာ တွေ့မြင်ဖို့တောင် ရှားပါးတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း စည်းကမ်းက စည်းကမ်းပါပဲ။ ဆယ့်ခုနစ်ယောက်မြောက် အကြီးအကဲရဲ့ ဖိအားပေးမှုနဲ့ဆိုရင် ကိစ္စသေးသေးလေး တစ်ခုကို အကြီးကြီး ဖြစ်အောင်လို့ ပြောင်းလဲလိုက် နိုင်ပါတယ်။ အဲဒါက လင်းဟန်ကို ကောင်းကင်နီ သင်တန်းကျောင်းကနေ နှင်ထုတ်ပစ်ဖို့ လုံလောက်ပါလိမ့်မယ်။

နောက်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ နောက်ခံမရှိပဲ ကမ္ဘာငယ်လေး တစ်ခုက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဘာများလုပ်နိုင်မှာလဲ။ ခြေထောက်နဲ့

သာမန်ကာလျှံကာ ဆောင့်နင်းလိုက်ရင်ပဲ သူက သေသွားပါလိမ့်မယ်။

"ငါ့ခြံဆီကနေ ထင်ပေါ်ကျော်ကြားမှုကို ခိုးယူရဲတယ်ပေါ့။ အဲဒီအတွက် တန်ရာတန်ကြေး ပြန်ပေးရမှာပေါ့ကွာ"

လျှိုတရဲ့ မျက်လုံးတွေထဲမှာ အေးစက်စက် အလင်းရောင်တွေ တောက်ပလို့ နေပါတယ်။ ပထမ တစ်ယောက်က လင်းဟန်ဖြစ်ပြီး နောက်တစ်ယောက်က မာရှုန်းဖြစ်ပါတယ်။ သူတို့ နှစ်ယောက်လုံးကို သူက ရင်ဆိုင်ရပါလိမ့်မယ်။

ကံမကောင်းတာက ချန်ကလန်ရဲ့ စွမ်းအားက လျှိုကလန်ကို မယှဉ်နိုင်ဘူး ဆိုပေမဲ့ ချန်ဟောင်ဖေးက သူရင်ဆိုင်ချင်သလို ရင်ဆိုင်လို့ရတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါကြောင့် သူက သူ့ကို လက်ရည်စမ်း ယှဉ်ပြိုင်လို့ပဲ ရနိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက သုံးယောက်လုံးကို တစ်ခါတည်း ချေမှုန်းပစ်မှာပါ။

အဲဒီအချိန်မှာ လျှိုလို့က လင်းဟန်ကို ရင်ဆိုင်ရရုံနဲ့ ကျေနပ်နေခဲ့ပါတယ်။ သူက အကြင်နာတရား ကင်းမဲ့စွာနဲ့ လောင်ပြိုးပြိုးလိုက်ပြီး သူ့ရဲ့အကြီးမားဆုံး ရန်သူတော် ပျက်စီးမဲ့ မြင်ကွင်းကို တွေ့မြင်ရဖို့ စိတ်မရှည်အောင် ဖြစ်နေပါပြီ။ သူ့ရဲ့

ရန်သူတော်ကြီးကို သူ့ခြေထောက်အောက်မှာ ပြားပြားဝပ်အောင် နင်းချေပစ်ရပါလိမ့်မယ်။

လင်းဟန် သင်တန်းကျောင်းကို ပြန်ရောက်တဲ့ အချိန်မှာ လီဝေဂန့် ကျိုယွင်အာတို့နဲ့ မထင်မှတ်ပဲ ပက်ပင်းတိုးမိ သွားပါတယ်။ ပထမအသုတ် အစားအသောက် ပါဂင်ပစ္စည်းတွေ အားလုံးက ရောင်းထွက်သွားခဲ့ပြီး စုစုပေါင်း အစစ်အမှန် မူလကျောက်တုံး သုံးဆယ့်ခြောက်တုံး ရရှိခဲ့ပါတယ်။ လင်းဟန်က အမြတ်တစ်ဝက်ဖြစ်တဲ့ အစစ်အမှန် မူလကျောက်တုံး ဆယ့်ရှစ်တုံးကို ရရှိခဲ့ပြီး လီဝေဂန့် ကျိုယွင်အာတို့က တစ်ယောက်ကို ကိုးတုံးဆီ အသီးသီး ရရှိခဲ့ပါတယ်။

အမှန်တော့ ဒါက အရမ်းကို များပြားတဲ့ ငွေကြေးပမာဏ တစ်ခုလို့ သတ်မှတ်လို့ ရပါတယ်။ တစ်ခုသိထားရမှာက လင်းဟန်နဲ့ ကျိုယွင်အာတို့ဟာ ထိပ်ဆုံးပါရမီရှင် သုံးယောက်ထဲက နှစ်ယောက် ဖြစ်တာတောင်သင်တန်းကျောင်းက သူတို့ကို အစစ်အမှန် မူလကျောက်တုံး နှစ်တုံးဆီပဲ ပေးခဲ့ပါတယ်။ ဒါကြောင့် သူတို့အခုရရှိတဲ့ အကျိုးအမြတ်က ဘယ်လောက်တောင် တန်ဖိုးကြီးမားတယ် ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

လီဝေဂကေ ပိုပြီးတော့တောင် ကျေနပ်နေခဲ့ပါတယ်။ သူမအတွက် ဒီအစစ်အမှန် မူလကျောက်တုံး ကိုးတုံးဆိုတာ ဘာမှမဟုတ်ပေမဲ့ သူမကိုယ်ပိုင် အစွမ်းအစနဲ့ ကြိုးစားအားထုတ်ပြီး ရရှိခဲ့တာ ဖြစ်တဲ့အတွက် သူမကို အရမ်းပျော်ရွှင်သွားစေပါတယ်။

"အယ် ဟုတ်သားပဲ။ နင်က အစ်မစွေ့ရဲ့ သင်ခန်းစာ နှစ်ခုကို လွှဲချော်သွားပြီ။ အစ်မစွေ့က အရမ်းကို ဒေါသထွက်နေတယ်။ ဒါကြောင့် နင်အသတ်ခံရဖို့သာ စောင့်နေပေတော့"

လီဝေဂကေ အရမ်းကို ကျေနပ်နေတဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။ လင်းဟန်နဲ့ အတူပူးပေါင်းပြီး ပိုက်ဆံရှာတာနဲ့ လင်းဟန်ကို မပျော်အောင် လုပ်ရတာက မတူညီတဲ့ အရာတွေ ဖြစ်ပါတယ်။

လင်းဟန်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အတွေးက သူမရဲ့ စိတ်ထဲကနေ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။

လင်းဟန်က သက်ပြင်းချ လိုက်ပါတယ်။ သူက ဒီရက်အနည်းငယ် အတွင်းမှာ မော်ဆေးလုံးတွေ ဖော်စပ်ဖို့အတွက် အလုပ်များနေပြီး နောက်ထပ်ရက်အနည်းငယ် ဆေးဖော်စပ်ဖို့ ရှိနေပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူဂယ်ခဲ့တဲ့ ဆေးအဖုံတွေကို ပြီးအောင်လုပ်ရမဲ့ တာဂန်ရှိတယ် မဟုတ်လား။ နောက်ပြီးတော့ ပိုက်ဆံရှာဖို့အတွက်

သူက မော်ဆေးလုံးတွေ ဖော်စပ်ဖို့ပဲ တတ်နိုင်ပါတယ်။ သူ့ကို ဘယ်သူကများ ဘယ်လက်ရုံး အမတ်မင်းလို အဖေမျိုး ဒါမှမဟုတ် ညာလက်ရုံး အမတ်မင်းလို အမေတစ်ယောက် မရှိပဲ မွေးလာဖို့ မျှော်လင့်ခဲ့လို့လဲ။

မိန်းကလေး နှစ်ယောက်က ကျေကျေနပ်နပ်နဲ့ စားသောက်ပြီးတဲ့နောက်မှာတော့ ကြောင်ဖက်တီးနဲ့အတူ ကစားလိုက်ပြီး သူတို့က အစားအသောက် ပစ္စည်းတွေကို သိုလှောင်လက်စွပ် တစ်ခုလုံးအပြည့် ယူပြီးတော့ ပြန်သွားကြပါတယ်။ သူတို့က လင်းဟန်ရဲ့ သိုလှောင် စိတ်ဝိညာဉ် ပစ္စည်းက ဘယ်လောက် ကြီးမားတယ် ဆိုတာနဲ့ အထဲမှာ ဘယ်လောက် သိုလှောင်ထားတယ် ဆိုတာကို မမေးခဲ့ပါဘူး။

တကယ်တော့ သူတို့တွေက အရူးတွေမှ မဟုတ်တာ။

လင်းဟန်က နောက်တစ်ကြိမ် ဆေးလုံးဖော်စပ်ဖို့ စတင်လိုက်ပါတယ်။ သူ့ရဲ့အရင်ဘဝ သက်တမ်းနှစ်ရာမှာ သူက မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ခဲ့ပြီး အဲဒီအရာက သူ့ရဲ့ အရိုးထဲမှာ နက်ရှိုင်းစွာနဲ့ အမြစ်တွယ်နေခဲ့ပါတယ်။

တစ်ရက် နှစ်ရက် သုံးရက်ဆိုတဲ့ အချိန်က အရမ်းကို လျင်မြန်စွာနဲ့ ကုန်လွန်သွားခဲ့ပါတယ်။ ဒါက အဆင့်တစ်ဆယ် ဆေးလုံးဖြစ်ပြီး

လင်းဟန်တောင်မှ ဆေးဖော်စပ်မှ အချိန်ကို အရမ်းလျင်မြန်အောင် အရှိန်အဟုန် မြှင့်တင်နိုင်စွမ်း မရှိပါဘူး။ ဆေးကျိုအိုး တစ်ခုလုံး ဖော်စပ်ဖို့အတွက် ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံး နေ့တစ်ဝက်လောက် ကြာပါတယ်။ ဒါကြောင့် ဒီဆေးဆယ်ဖုံစာကို ဖော်စပ်ပြီးတဲ့ နောက်မှာတော့ နောက်ထပ်ငါးရက်ဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း သူ့ရဲ့ဆုလာဘ်ကတော့ အရမ်းကို ကြီးမားပါတယ်။ ပထမ အစပြုခဲ့တဲ့ ဆေးကျိုအိုး နှစ်အိုးက ဆေးလေးလုံးစီပဲ အောင်အောင်မြင်မြင် ဖော်စပ်နိုင်ခဲ့တာကို အသာထားဦး။ နောက်ထပ် ဆေးရှစ်ဖုံစာက ပြီးပြည့်စုံတဲ့ စံချိန်ဖြစ်တဲ့ ဆေးငါးလုံးစီကို ဖော်စပ်နိုင်ခဲ့ပါတယ်။

လင်းဟန်က အရမ်းကို ကျေနပ်နေခဲ့ပါတယ်။ ဒီတစ်ကြိမ် သူက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်း ဆေးလုံး စုစုပေါင်း လေးဆယ့်ရှစ်လုံး ရရှိခဲ့ပြီး တကယ်လို့ ဆေးခုနစ်လုံးကို အစစ်အမှန် မူလ ကျောက်တုံးတစ်တုံးနဲ့ ရောင်းချမယ်ဆိုရင်တောင် သူ့အနေနဲ့ အစစ်အမှန် မူလကျောက်တုံး ခုနစ်တုံး ရရှိနိုင်ပါသေးတယ်။ ဒါက သူ့ကုန်ကျစားရိတ်ထက် ခြောက်ဆတောင် ပိုမြတ်ပါတယ်။

အကျိုးအမြတ်ကြီးပဲ။ ဒါက တကယ့်ကို ကြီးမားတဲ့ အကျိုးအမြတ်ပဲ။

ဟုတ်တာပေါ့။ ဒါက သူ့လိုမျိုး မော်ဆေးကျောင်း တစ်ယောက်အတွက် အကန့်အသတ်ပဲ ဖြစ်ပါတယ်။ သာမန်မော်ဆေးပညာရှင် တစ်ယောက်ဆိုရင် လင်းဟန် ပထမဆုံးအကြိမ် ဆေးဖော်စပ်ခဲ့တုန်းကလိုမျိုး သူတို့အနေနဲ့ အကျိုးအမြတ် နှစ်ဆယ် သုံးဆယ်ရာခိုင်နှုန်းလောက်ပဲ ရယူနိုင်ခဲ့မယ်ဆိုရင်တောင် အတော်လေးကို အထင်ကြီးစရာ ကောင်းနေပြီလို့ သတ်မှတ်နိုင်ပါတယ်။

သူက ဒါတွေကို ဆေးဆိုင်မှာ သွားရောင်းဖို့ စိတ်မကူးထားပါဘူး။ ဆေးခုနစ်လုံးကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ အလဲအလှယ်လုပ်ရတာ အရမ်းကို ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းမှာ မှောင်ခိုဈေးကွက်တစ်ခု ရှိပြီးတော့ ကျောင်းသားတွေက အဲဒီမှာ ပစ္စည်းတွေ ရောင်းချသလို အလဲအလှယ် လုပ်ကြပါတယ်။ အားလုံးက မှောင်ခိုဈေးကွက်မှာ မျက်နှာဖုံးတွေ တပ်ထားရပါတယ်။ ကုန်ပစ္စည်းတွေ တစ်ခုတည်းကိုပဲ စဉ်းစားကြပါတယ်။ ရောင်းသူအကြောင်း ဒါမှမဟုတ် ဝယ်သူနဲ့ ပတ်သက်ပြီး မေးခွန်းတွေ မေးမြန်းလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ လူတစ်ယောက်က စိတ်ဝင်စားရင်

ကုန်ပစ္စည်းရဲ့ တန်ဖိုးကို ပေးချေလိုက်တာနဲ့ အရောင်းအဝယ် ပြီးသွားပါလိမ့်မယ်။ ဘယ်သူမှ တခြားအရာတွေကို စိတ်ဝင်စားလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က တကယ်လို့ ဆေးလုံးငါးလုံးကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ ရောင်းချမယ် ဆိုရင်တောင်မှ သူ့ဆီကနေ ဝယ်ယူခွင့်ရဖို့အတွက် တခြားသူတွေက အလုအယက် ဖြစ်နေမယ်ဆိုတာကို ယုံကြည်ထားပါတယ်။

အကြောင်းပြချက်က အရမ်းကို ရိုးရှင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက သူ့လက်နဲ့ ကိုယ်တိုင် ဖော်စပ်ထားလို့ ဖြစ်ပါတယ်။

သူက တစ်ခုကို စမ်းသပ်ကြည့်ခဲ့ပါတယ်။ သူကိုယ်တိုင် ဖော်စပ်တဲ့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးက သင်တန်းကျောင်းကနေ ပေးတဲ့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးထက် သုံးဆယ်ရာခိုင်နှုန်း အာနိသင် ပိုပါတယ်။

နောက်ပြီးတော့ ဒီဆေးငါးလုံးကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ပဲ ရောင်းချတာ ဖြစ်လို့ တကယ်လို့ အဲဒီဆေးလုံးတွေ အရှုံးအမှုး ရောင်းမထွက်ဘူး ဆိုမှပဲ ထူးဆန်းနေပါလိမ့်မယ်။

ညချမ်းအချိန်ကို ရောက်လာတဲ့ အခါမှာ လင်းဟန်က အနက်ရောင်ခေါင်းစွပ် တစ်ခုပါတဲ့ ဂျတ်ရုံရှည် တစ်ခုကို ဂျတ်ဆင်ပြီးတော့ တောင်သေးသေးလေး တစ်ခုရဲ့ အောက်ခြေဆီကို သွားရောက်လိုက်ပါတယ်။

အင်ပါယာမြို့တော်က အရမ်းကို ကြီးမားပြီး သင်တန်းကျောင်းကလည်း အရမ်းကို ကျယ်ပါတယ်။ သင်တန်းကျောင်းထဲမှာပဲ တောင်သုံးလုံးရှိပြီးတော့ ဒါက အသေးဆုံး တောင်တစ်လုံး ဖြစ်ပါတယ်။ ညဘက်ကို ရောက်တဲ့အခါ ဒီနေရာမှာ ဈေးဆိုင်သေးသေးလေးတွေ ခင်းပြီးတော့ ပစ္စည်းတွေ ရောင်းချကြပါတယ်။ ဒါပေမဲ့ အားလုံးက သူတို့ရဲ့ ပုံစံတွေကို ဒီနေရာမှာ ဖုံးကွယ်ထားပါတယ်။

ဘယ်အချိန်ကတည်းက ဒီအစဉ်အလာ စတင်ခဲ့တာလဲ ဆိုတာကိုတော့ ဘယ်သူသိမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် သင်တန်းကျောင်းက သူတို့ကို အနှောင့်အယှက် မပေးပါဘူး။ ဒါကြောင့် သင်တန်းကျောင်းက အပြန်အလှန် ဖွင့်ပြောရန်မလိုပဲ ဒီမှောင်ခိုဈေးကွက် တည်ရှိနေတာကို ခွင့်ပြုထားတယ်လို့ ပြောနိုင်ပါတယ်။

မှောင်ခိုဈေးကွက်က ညဘက်မှာပဲ စတင်ဖွင့်လှစ်ပါတယ်။ ဒီနေရာက အရမ်းကို မည်းမှောင်ပါတယ်။ လရောင်တစ်ခုပဲ ဒီနေရာမှာ ရှိပါတယ်။ အလင်းရောင်ကို သိမ်းဆည်းနိုင်တဲ့ သလင်းကျောက်တွေကို တစ်ယောက်မှ အသုံးမပြုခဲ့ပါဘူး။ တန်ခိုးရှင်ဘုံထဲမှာ အလင်းရောင် ပေးနိုင်တဲ့ ပစ္စည်းတစ်ခုကိုပဲ အသုံးပြုကြပါတယ်။ အဲဒီပစ္စည်းက အမှောင်ထုရဲ့ အလယ်မှာ တောက်ပတဲ့ အလင်းရောင်ကို ထုတ်ပေးနိုင်ပြီးတော့ လူတစ်ယောက် မြင်နိုင်တဲ့ အလင်းရောင်ကို ထိန်းညှိပေးနိုင်ပြီး အရမ်းကို လက်တွေ့ကြပါတယ်။

ဒါပေမဲ့ ဒီနေရာမှာတော့ အလင်းရောင် သိုလှောင်တဲ့ သလင်းကျောက်မပြောနဲ့ မီးတုတ်တစ်ခုတောင် မရှိပါဘူး။

ဒီနေရာမှာ သိုသိုဝှက်ဝှက်နဲ့ ထူးခြားမှုက အဓိက ဆိုလိုရင်း ဖြစ်ပါတယ်။

လင်းဟန်က ထောင့်တစ်ခုနားမှာ ထိုင်ချလိုက်ပါတ်ယ။ သူက အရှေ့မှာ စားပွဲခုံတစ်ခုကို ခင်းပြီးတော့ အဲဒီအပေါ်မှာ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး ငါးလုံးတစ်တွဲကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ ရောင်းချပြီး ထူးခြားတဲ့ အရည်အသွေး ရှိတယ်လို့ ရေးထားပါတယ်။

သူကထိုင်စောင့်နေပေမဲ့ အနက်ရောင် ဂတ်ရုံရှည်နဲ့ လူတွေက တစ်ယောက်ပြီးတစ်ယောက် ဖြတ်သွားပြီး သူ့ကို ငေးကြည့်ရုံပဲ ကြည့်သွားခဲ့ပါတယ်။ တချို့ဆိုရင် သူ့ကို အထင်အမြင် သေးတဲ့ပုံစံမျိုးနဲ့ နှာခေါင်းတစ်ချက် ရှုံ့သွားပါတယ်။

ဒီနေရာမှာ ဂယ်ယူတဲ့ ပစ္စည်းတွေက ဈေးချိုရမယ် ဒါမှမဟုတ် ရှားပါးတဲ့ ပစ္စည်းတွေ ဂယ်ယူဖို့ အတွက်ပဲ ရည်ရွယ်ထား ကြပါတယ်။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ တန်ဖိုးက တူညီနေမယ် ဆိုရင်တော့ ဘာဖြစ်လို့ အပြင်ဘက်ကနေ မဂယ်ရမှာလဲ။ အဲဒါက ပိုပြီးတော့ လုံခြုံပါလိမ့်မယ်။ နောက်ပြီး တကယ်လို့ ပြဿနာရှိလာမယ်ဆိုရင် ဈေးရောင်းတဲ့သူကို လွယ်လွယ်နဲ့ ရှာဖွေနိုင် ပါလိမ့်မယ်။

ထူးကဲတဲ့ အရည်အသွေး ရှိတယ်လို့ ကြေညာထားရုံနဲ့ တကယ်ပဲ ထူးခြားတဲ့ အရည်အသွေး ရှိမရှိ ဘယ်လိုမျိုး သတ်မှတ်လို့ ရနိုင်မှာလဲ။

လင်းဟန်က နှစ်နာရီကြာ ထိုင်နေခဲ့ပြီး နောက်ဆုံးမှာတော့ မယုံနိုင်စရာကောင်းတဲ့ ခန္ဓာကိုယ် တောင့်တောင့်တင်းတင်းနဲ့ လူတစ်ယောက် လမ်းလျှောက်လာတာကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့ဂတ်ရုံကတောင် သူ့ရဲ့တောင့်တင်းခိုင်မာတဲ့ ပုံရိပ်ကို

မဖုံးကွယ်နိုင်ပါဘူး။ ဒါက တကယ့်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။

အဲဒီလူက လင်းဟန်အရှေ့မှာ ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကုန်ပစ္စည်း ဘယ်မှာလဲ။ ငါတစ်ချက် ကြည့်ချင်တယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ဆေးပုလင်း တစ်လုံးကို ထုတ်ယူပြီး ပစ်ပေးလိုက်ပါတယ်။ အထဲမှာ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး တစ်လုံးပဲ ထည့်ထားပါတယ်။

Chapter 911 end

အပိုင်း(912) သိချင်စိတ် ပြင်းပြတဲ့ ဂူလင်းယု

အဲဒီလူက ဆေးပုလင်းကို ယူပြီးတော့ အဖုံးကို ဆွဲချွတ်လိုက်ပါတယ်။ သူက အထဲက မွှေးရနံ့ကို နှာခေါင်းနဲ့ တစ်ချက်ခံပြီးတော့ ချက်ချင်းပဲ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးပဲ ဖြစ်ပါတယ်။ ပြီးတော့ အရည်အသွေးက အတော်လေးကို ကောင်းမွန်ပါတယ်။ သူပုံမှန်သုံးစွဲနေတဲ့ ဆေးလုံးတွေထက် ပိုပြီးတော့ သန့်စင်ပါတယ်။

သူက မှော်ဆေးလုံးကို လက်ဖဝါးပေါ် သွန်ချပြီးတော့ သေသေချာချာ လေ့လာစူးစမ်း လိုက်ပါတယ်။ အဲဒီနောက် သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ အားလုံးက အရည်အသွေး အတူတူပဲဆိုရင် ငါ့ကို ငါးလုံးပေးပါ"

လင်းဟန်က နောက်ထပ် ဆေးပုလင်းတွေကို ပေးလိုက်ပါတယ်။ အဲဒီနောက် သူက အရင်ဆေးလုံးကို ပြန်ယူပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ အားပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ မင်းဒါကို နောက်တစ်ကြိမ် စစ်ဆေးကြည့် နိုင်တယ်"

ဒီနေရာမှာ သူက ဘယ်လောက်ထိ ချမ်းသာတယ် ဆိုတာကို မဖော်ပြပဲ့ပါဘူး။ သူထွက်သွားပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက်လုံး တစ်ယောက်နဲ့ တစ်ယောက် ဘာမှလုပ်စရာ မလိုတော့ ပါဘူး။ သေသေချာချာ လေ့လာပြီးတဲ့ နောက်မှာတော့ သူက စိတ်ကျေနပ်စွာနဲ့ ခေါင်းညိတ်ပြီး လင်းဟန်ကို အစစ်အမှန် မူလကျောက်တုံး တစ်တုံး ပစ်ပေးလိုက်ပါတယ်။

လင်းဟန်ကလည်း သူ့ကိုယ်ပိုင် စစ်ဆေးမှုကို ပြုလုပ်လိုက်ပါတယ်။ ဒါက အစစ်အမှန် ကျောက်တုံး တစ်ခုဖြစ်ပါတယ်။

နှစ်ဖက်စလုံး စိတ်ကျေနပ်မှုနဲ့ ခေါင်းညိတ်လိုက် ကြပါတယ်။ ဒီရောင်းဝယ်မှုက နှစ်ဖက်စလုံး လက်ခံပြီးတော့ ပြီးဆုံးသွားခဲ့ပါပြီ။

လူတစ်ယောက် ဝယ်သွားပြီးတဲ့ နောက်မှာတော့ နောက်ထပ် ဒုတိယနဲ့ တတိယမြောက် လူတွေ ထပ်ပြီးတော့ လာဝယ်ကြပါတယ်။ လင်းဟန်က စိတ်ဝိညာဉ် ပြန်လည် ဖြည့်ဆည်းခြင်း ဆေးလုံးတွေ သုံးခါရောင်းထွက် သွားခဲ့ပါတယ်။ ဒုတိယအသုတ် လေးဆယ့်ရှစ်လုံးကိုပါ ပေါင်းထည့်မယ်ဆိုရင် ဝေစုဆယ်စုအတွက် လုံလောက်ပါတယ်။

အမြတ်ဆယ်ဆ။

ဒါက တကယ့်ကို စိတ်ကျေနပ်စရာ ကောင်းပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးဆယ်လုံးကို တစ်ရက်နဲ့ ဖော်စပ်နိုင်ရင်တောင် ငါးရက်လောက် အချိန်ယူရ ပါလိမ့်မယ်။ ပြီးတော့ အဲဒါက အချိန်အများကြီး ကုန်ပါလိမ့်မယ်။

တခြားမှော်ဆေးပညာရှင်တွေသာ လင်းဟန်ရဲ့ အတွေးကို သိသွားမယ်ဆိုရင် သူ့ကို သေလောက်အောင် ကျိန်ဆဲပစ်ပါလိမ့်မယ်။ ငါးရက်ဆိုတဲ့ အချိန်အတွင်းမှာ ဆယ်ဆလောက် မြတ်တာကို သူက အရမ်းကို နည်းသေးတယ်လို့ တွေးနေသေးတာလား။ ဒီလိုမျိုး မှုမမှန်တဲ့ အတွေးတွေ ရှိနေတဲ့ အတွက်ကြောင့် အပြင်ကို သူခြေချမိတဲ့ အချိန်မှာ မိုးကြိုးအပစ် မခံရအောင် ဂရုစိုက်နေတာက ပိုကောင်းပါလိမ့်မယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ သူက နည်းနည်းလေးပဲ စုဆောင်းမိတာက စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးရဲ့ တန်ဖိုးက သိပ်မမြင့်လို့ ဖြစ်ပါတယ်။ တကယ်လို့ အဆင့်တစ်ဆယ် နတ်ဘုရား ဆေးလုံး ဒါမှမဟုတ် အဆင့်အမြင့်ဆုံး အဆင့်နှစ်ဆယ် နတ်ဘုရား ဆေးလုံးသာဆိုရင် ဆေးကျိုအိုး တစ်လုံးစာအပြည့် သန့်စင်နိုင်ခဲ့ရင် ဘယ်လောက်တောင် အမြတ်ရလိမ့်မလဲ။

သူက အမြတ်ကို ဆယ်ဆရအောင် လုပ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါက အစစ်အမှန် မူလကျောက်တုံး တစ်သိန်းကနေ တစ်သန်းလောက်ထိ ရနိုင်ပါလိမ့်မယ်။

ဒါနဲ့ပတ်သက်ပြီး ဘာနည်းလမ်းမှ မရှိပါဘူး။ သူက အခုချိန်မှာ ဘာမှသိပ်မဟုတ်တဲ့ မှော်ဆေးပညာရှင် တစ်ယောက်ပဲ ရှိနေပါသေးတယ်။

"ငါတစ်ခုယူမယ်"

လင်းဟန်ရဲ့ နားထဲမှာ အမျိုးသမီး တစ်ယောက်ရဲ့ အသံကို ကြားလိုက်ရပါတယ်။ အသံက အနည်းငယ် အေးစက်စက် နိုင်ပေမဲ့ ကြားရတာ အတော်လေး စိတ်ချမ်းမြေ့စရာ ဖြစ်နေဆဲ ပါပဲ။

လင်းဟန်မှာ နောက်ဆုံးတစ်ခုပဲ ကျန်ပါတော့တယ်။ သူက တစ်ဖက်လူကို ပေးလိုက်ပါတယ်။ အဲဒီနောက် နှစ်ဖက်စလုံး အရောင်းအဝယ် ပြီးဆုံးသွားခဲ့ပါတယ်။ အဲဒီနောက် လင်းဟန်က သူ့ခန္ဓာကိုယ်ပေါ်က ဖုန်မှုန့်တွေကို ခါထုတ်ပြီးတော့ ချာခနဲ လှည့်ထွက်ကာ သူ့အိမ်ကို ပြန်လာခဲ့ လိုက်ပါတယ်။

အခုအချိန်မှာ သူက မှော်ဆေးပညာရပ် အပေါ်မှာ အချိန်တွေ အများကြီး သုံးစွဲဖို့ စိတ်ကူး မရှိပါဘူး။ သူက ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို အလျင်အမြန် ကျွမ်းကျင်အောင် အားထုတ်ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံး ခွန်အားအထိ အမြန်ဆုံး အဆင့်တက်ဖို့ လုပ်ရပါမယ်။ အဲဒီနောက် သူက တောင်မြစ်အဆင့်ကို ချိုးဖြတ်ဝင်ရောက် ရပါလိမ့်မယ်။ တကယ်လို့

သူက တန်ခိုးရှင်အဆင့်ကို မရောက်နိုင်ဘူးဆိုရင် ဘာမဟုတ်တဲ့ ပုရွက်ဆိတ်တစ်ကောင် ဖြစ်နေပါလိမ့်မယ်။

သူက မှော်ဆေးပညာရပ်ကို လေ့ကျင့်ရပါလိမ့်ဦးမယ်။ သူက နေ့တိုင်းဆေးလုံးတစ်လုံး စားမှပဲ သူ့ရဲ့ စိတ်ဝိညာဉ် ခွန်အားကို တိုးမြှင့်ဖို့ အာမခံချက် ရှိပါလိမ့်မယ်။

အမျိုးသမီးက ဆေးပုလင်းကို ဖွင့်ပြီးတော့ ဆေးလုံးကို ထုတ်ယူပြီး စားလိုက်ပါတယ်။ ချက်ချင်းဆိုသလို သူမရဲ့ အမူအရာက အံ့အားသင့်သွားပုံ ပေါ်ပါတယ်။ ဒါက ပုံမှန် စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေထက် သုံးဆယ်ရာခိုင်နှုန်း ပိုပြီးတော့တောင် အာနိသင် ရှိတာပဲ။ ဒါပေမဲ့လည်း စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးက အဆင့်မြင့် နတ်ဘုရား ဆေးလုံးအမျိုးအစား မဟုတ်ပါဘူး။ မှော်ဆေးပညာရှင် အများကြီးက မူလပါဝင် ပစ္စည်းတွေကနေ တိုးတက်အောင်လို့ အချိန်ကုန်ခံပြီး ရှာဖွေမှု မလုပ်ကြပါဘူး။

"မှော်ဆေးလုံးရဲ့ အကျိုးအာနိသင်ကို သုံးဆယ်ရာခိုင်နှုန်း တိုးလာစေနိုင်တယ်ဆိုတော့ ထူးခြားတဲ့ မှော်ဆေးပညာ နည်းစနစ်တစ်ခုကို အသုံးပြုပြီးတော့ သန့်စင်ထားတာ ဖြစ်နိုင်တယ်"

ဇာပဝါရဲ့အောက်က သူမရဲ့ လှပတဲ့ မျက်နှာပေါ်မှာ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။ တကယ်လို့ မူလပါဝင်ပစ္စည်းတွေကို တိုးတက်စေရုံမျှနဲ့ဆိုရင် အဲဒါက မှော်ဆေးလုံး အမျိုးအစား တစ်ခုအတွက်ပဲ အကျိုးအာနိသင် ရရှိပါလိမ့်မယ်။ ဒါပေမဲ့ ပြောင်းလဲထားတဲ့ မှော်ဆေးပညာ နည်းစနစ် အမျိုးအစား တချို့သာ ထွက်ပေါ်လာခဲ့မယ် ဆိုရင်တော့ မှော်ဆေးပညာ နယ်ပယ်တစ်ခုလုံး အကျိုးအမြတ် ရှိပါလိမ့်မယ်။

ကံကောင်းလိုက်တာ။ ငါက သူ့ရဲ့ သင်းရနံ့ကို မှတ်ဉာဏ်ထဲမှာ ပီပီသသ ရှိထားပြီ။

သူမက ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုတဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်နေပါတယ်။

သူမရဲ့ နာမည်က ဂူလင်းယု ဖြစ်ပါတယ်။ အင်ပါယာမြို့တော် အထဲက အလှဆုံး မိန်းကလေး သုံးယောက်ထဲက နောက်ဆုံးတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမက လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ကောင်းကင်နီ သင်တန်းကျောင်းထဲကို ဝင်ခဲ့ပြီးပါပြီ။ သူမက မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနဲ့ အနောက်ပိုင်း အဖွဲ့အစည်းတွေထဲမှာ မပါပဲ မှော်ဆေးပညာ

အဖွဲ့အစည်း အထဲမှာပဲ ဂင်ခဲ့ပြီး မှော်ဆေးပညာရှင်တွေကိုပဲ စုစည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။

သူမက မှော်ဆေးပညာ နယ်ပယ်ထဲမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီ ရှိပြီးတော့ သူမက အနံ့ခံနိုင်စွမ်း ပိုပြီးတော့ ထက်မြက်ပါတယ်။ ဘယ်လိုမျိုး မွှေးရနံ့ အမျိုးအစားကိုပဲဖြစ်ဖြစ် မှတ်မိနိုင်တဲ့ စွမ်းရည်ရှိနေတာကြောင့် သူမက ဝေ့ခနဲရတဲ့ အနံ့တစ်ခုကို ခံစားမိတာနဲ့ မှတ်မိနိုင်တဲ့ စွမ်းရည်က မှော်ဆေးပညာရှင် တစ်ယောက်အတွက် အရမ်းကို မယုံနိုင်စရာကောင်းတဲ့ ပါရမီ တစ်ခု ဖြစ်ပါတယ်။

"တကယ်လို့ သူက အဲဒီမှော်ဆေးပညာ ဖြစ်မယ်ဆိုရင် ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက် မှော်ဆေးပညာရပ်မှာ ထောက်ပြလမ်းညွှန်ပေးလို့ ရကောင်းရနိုင်လိမ့်မယ်"

ဂူလင်းယုက ချက်ချင်းပဲ စိတ်လှုပ်ရှား လာခဲ့ပါတယ်။ သူမက အမွှေးရနံ့ကို လမ်းတစ်လျှောက်လုံး အနံ့ခံလာပြီး နောက်ဆုံးတော့ လင်းဟာန်ကို ခြေရာခံနိုင်ခဲ့ပြီး မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ကျောင်းသားတွေ နေရာအပြင်ဘက်ကို ရောက်လာခဲ့ပါတယ်။

ပထမတော့ လင်းဟာန်က ဒီနေရာကို ဖြတ်သွားရုံသက်သက်ပဲလို့ ထင်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က ခြံဂင်းထဲကို

ဂင်သွားပြီးတဲ့နောက် အချိန်အတော်ကြာတဲ့တိုင်အောင် ပြန်ထွက်မလာတာကို တွေ့မြင်လိုက်ရတဲ့ အခါမှာ သူမက အံ့အားသင့် သွားခဲ့ပါတယ်။

သူက ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး မှော်ဆေးပညာရှင် တစ်ယောက် မဟုတ်ဘူးလား။

သူမက စောင့်ကြည့်နေဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘာမှမလုပ်ခင် လင်းဟန်ရဲ့ နောက်ခံအကြောင်းကို အစကနေ သိအောင် အရင်လုပ်ဖို့ စိတ်ကူးထားပါတယ်။

ဂူကလန်ကလည်း အရေးပါထင်ရှားတဲ့ ကလန်တစ်ခု ဖြစ်ပါတယ်။ သူတို့အတွက်တော့ ကျောင်းသား တစ်ယောက်ရဲ့ နောက်ခံနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ရယူဖို့ ဆိုတာက အရမ်းကို လွယ်ကူနေပါလိမ့်မယ်။

လင်းဟန်က အရမ်းကို စပ်စုတတ်တဲ့ မိန်းမလှလေး တစ်ယောက်ရဲ့ ပစ်မှတ်ဖြစ်လာတယ် ဆိုတာကို သတိမပြုမိခဲ့ပါဘူး။ သူက သူ့ကိုယ်သူ ကျင့်ကြံခြင်း သင်ယူတဲ့ အထဲမှာ နှစ်မြုပ်ပြီးတော့ မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို ပေါင်းစည်းဖို့ စဉ်းစားနေပါတယ်။ ဒါပေမဲ့လည်း တစ်ညလုံးသာ အချိန်ကုန်သွားတယ် သူ့မှာ လုံးဂကို သဲလွန်စ မရှိသေးပါဘူး။

တကယ်တော့ ဒါက မြေစမ်းခရမ်းပျိုးတဲ့ အလုပ်ဖြစ်ပါတယ်။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ သူက သင်တန်းကို နောက်တစ်ကြိမ် တက်ရောက်ခဲ့ပါတယ်။

စာသင်ခန်းထဲကို ဝင်လိုက်တာနဲ့ လျှိုညီအစ်ကို သူတို့ရဲ့ လက်တွေကို ပိုက်ပြီးတော့ သူ့ကို လှောင်ပြုံးပြုံးပြီး ကြည့်နေတာကို တွေ့မြင်လိုက်ရပါတယ်။ သူက ခေါင်းထဲကို မထည့်ပါဘူး။ လျှိုညီအစ်ကိုရဲ့ နောက်ခံကို ဘေးဖယ်ထားရင် သူက ဒီညီအစ်ကို နစ်ယောက်ကို လက်တစ်ဖက်နဲ့ မသန်မစွမ်း ဖြစ်သွားအောင် လုပ်နိုင်ပါတယ်။

စွေ့ရန်ယွီလည်း ရောက်လာတဲ့ အချိန်မှာ သူမရဲ့ အကြည့်တွေက လင်းဟာန်ဘက်ကို ဝေ့ကြည့်ပြီး ပြုံးလိုက်မိကာ ပြောပါတယ်။

"ဒီနေ့ လင်းဟာန်ကို တွေ့ရလိမ့်မယ်လို့ ငါမမျှော်လင့်မိဘူး။ အဲဒါက နည်းနည်းတော့ ထူးခြားတယ် ခံစားမှုကို ဖြစ်စေတယ်"

ဒါက ထေ့ငေါ့ပြီးတော့ ပြောတဲ့စကား ဖြစ်ပါတယ်။ သူမက စုစုပေါင်း သင်ခန်းစာ လေးကြိမ် ပိုချခဲ့ပြီး လင်းဟာန်က အဲဒီထဲက နစ်ကြိမ်တိတိ လွဲချော်ခဲ့ပါတယ်။ ဒါက သူမကို အရမ်းကြီး အထင်သေးတဲ့ သဘောပဲ ဖြစ်ပါတယ်။

လင်းဟန်က အလျှင်အမြန်ပဲ ပြောလိုက်ပါတယ်။

“ဒီရက်တွေမှာ ကျနော်က စကြဝဠာ ဖျက်ဆီးခြင်းရဲ့ ကြယ်ဆယ့်သုံးလုံးကို အဆင့်တက်မဲ့ နည်းလမ်းကို စဉ်းစားနေခဲ့တာပါ။ နောက်ပြီးတော့ အဲဒါနဲ့ ပတ်သက်ပြီး ဆရာမကို ကျနော် ဆွေးနွေးတိုင်ပင် ရပါမယ်”

စွေ့ရန်ယွီက လင်းဟန်ပြောတာကို ကြားလိုက်ရတဲ့ အခါမှာ သူမက နောက်ဆုံးတော့ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ လင်းဟန်က အချိန်တွေကို ဒီအတွက် အသုံးချတယ် ဆိုရင်တော့ သူမအနေနဲ့ သူ့ကိုအပြစ်တင်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူမက အကောင်းဆုံး ကြိုးစားပြီးတော့တောင် ကူညီပေးပါဦးမယ်။ ဒါပေမဲ့ တစ်ဖက်လူက ဒါကို ဆင်ခြေတစ်ခု အနေနဲ့ အသုံးပြုတယ် ဆိုရင်တော့ သူမက သေချာပေါက် သူ့ကို အပြစ်ပေး ဆုံးမရပါလိမ့်မယ်။

ဒီလိုမျိုး ဆွဲဆောင်မှုရှိတဲ့ အမျိုးသမီး တစ်ယောက်က စင်မြင့်ထက်မှာ သင်ခန်းစာ ပို့ချနေတဲ့ မြင်ကွင်းက အားလုံးကို သူတို့ရဲ့ မျက်လုံးတွေ သူမဆီကနေ လွှဲမသွားအောင် ဖြစ်စေခဲ့ပါတယ်။ ယောက်ျားတွေက သူမရဲ့ ဆွဲဆောင်မှုမှာ ယစ်မူးသာယာနေပြီး အမျိုးသမီးတွေက သူမရဲ့ လှပ်ရှားမှုတိုင်းကို

အတုခိုးနေကြပါတယ်။ သူမက ဘယ်လိုလုပ်ပြီးတော့ အမျိုးသမီးအချင်းချင်း ဆွဲဆောင်နိုင်ရတာလဲ။

သူမက အပြောကောင်းကောင်းနဲ့ စိတ်ကျေနပ်စေတာမျိုး မဟုတ်သလို ညုတုတု လုပ်ပြီးတော့ ဆွဲဆောင်တာမျိုးလည်း မဟုတ်ပါဘူး။

ဒီနေ့သင်တန်းက မကြာခင်မှာ ပြီးဆုံးသွားခဲ့ပါတယ်။ ပြီးတော့ လင်းဟန်က သူမကို ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို ပေါင်းစည်းခြင်းနဲ့ ပတ်သက်ပြီးတော့ သွားရောက်မေးမြန်းခဲ့ပါတယ်။

စွေ့ရန်ယွီက အံ့အားသင့်သွားပြီး သူမအနေနဲ့ ဒီလိုမျိုး ဖြစ်နိုင်ချေကို ဘယ်တုန်းကမှ မစဉ်းစားမိ ခဲ့ဖူးသလိုပါပဲ။

တန်ခိုးရှင်ဘုံထဲမှာ စိတ်ဝိညာဉ် အခြေခံ နှစ်ခုရှိတဲ့ လူတွေက မရေမတွက်နိုင်အောင် ရှိပါတယ်။ နတ်ဘုရား ဆေးကို စားသုံးမိရင်တောင် စိတ်ဝိညာဉ် အခြေခံ နောက်တစ်ခုတောင် ထပ်ပေါက်နိုင်ပါတယ်။ ဒါကြောင့် စိတ်ဝိညာဉ် အခြေခံ ခြောက်ခုရှိတယ်ဆိုတာက တကယ်တော့ အသေးအမွှား ကိစ္စတစ်ခုပါပဲ။ နောက်ပြီး မတူညီတဲ့ နည်းစနစ် ခြောက်ခုကို ကျင့်ကြံတယ် ဆိုတာကလည်း ထူးခြားတဲ့ ကိစ္စမဟုတ်ပါဘူး။ ခက်ခဲတယ်ဆိုတာက သူတို့တွေကို ပေါင်းစည်းခြင်း ဖြစ်ပါတယ်။

သူမက စကြေဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ဖြတ်ကျော်လာခဲ့ပါပြီ။ ဒါပေမဲ့ ဒီခေါင်းစဉ်က သူမရဲ့ စိတ်ဝင်စားမှုကို တဖွားဖွား ဖြစ်ပေါ်စေပါတယ်။ လင်းဟန်က ဆွေးနွေးမှုကို အစပြုလိုက်ပါတယ်။ ဒီမှာ အောင်မြင်ဖို့ ဖြစ်နိုင်ချေ ရှိရင် ဘယ်လိုဆက်သွားရမလဲ ဆိုတဲ့အကြောင်းနဲ့ ပတ်သက်ပါတယ်။

နှစ်ဦးနှစ်ဖက် ဆွေးနွေးမှုကနေ လင်းဟန်က အကျိုးအမြတ် အကြီးအကျယ် ရရှိခဲ့ပြီး နောက်ဆုံးမှာ လမ်းကြောင်းတစ်ခုနောက်ကို လိုက်ဖို့ အစတစ်ခု ဖမ်းဆုပ်မိခဲ့ပါတယ်။ ဒါပေမဲ့ သူက အောင်မြင်မလား ဒါမှမဟုတ် မအောင်မြင်ဘူးလား ဒါမှမဟုတ် အောင်မြင်ဖို့ သူ့အတွက် အချိန်ဘယ်လောက် ကြာမလဲ။ ဒီကိစ္စ တစ်ခုလုံးက မတူညီတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

သူတို့နှစ်ယောက် စိတ်ပါဝင်စားစွာနဲ့ ဆွေးနွေးနေတာကို ကြည့်ပြီးတော့ အမျိုးသားတွေ အားလုံးဟာ သေလုမတတ် မနာလို ဖြစ်နေကြပါတယ်။

"ဟင့် မိန်းကလေး တစ်ယောက်ကို ဆွဲဆောင်ဖို့ ဒီလိုမျိုး နည်းလမ်းတွေကို အသုံးပြုတယ်တဲ့လား။ ဒါကသိပ်မဆိုးတဲ့ အကြံတစ်ခုပဲ။ ဒါပေမဲ့ သူ့ရဲ့ပစ်မှတ်က လူမှားနေတယ်"

"စွေ့ရန်ယွီက စီနီယာ အစ်ကိုကျောက်ရဲ့ သီးသန့်လူပဲ။ စီနီယာ အစ်ကိုကျောက်ရဲ့ မိန်းကလေးကို ဆွဲဆောင်ဖို့ သတ္တိတွေ ကောင်းနေတယ်ဆိုတော့ ဒီကောင်က သူ့သေလမ်းကို သူရှာနေတာပဲ"

"ဟင့် သူက လူသစ်တွေထဲမှာ နံပတ်တစ် ဖြစ်တာနဲ့ပဲ သူ့ကိုယ်သူ အရမ်းကို ကြီးကျယ်မြင့်မြတ် နေတယ်လို့များ ထင်နေလား မသိပါဘူး"

"လာသွားစို့။ ငါတို့တွေ စီနီယာ အစ်ကိုကျောက်ကို သွားပြောရအောင်"

လင်းဟန်က စိတ်ထဲမှာ အကြံပေါ်လာတာနဲ့ ချက်ချင်းပဲ စွေ့ရန်ယွီကို နှုတ်ဆက်ပြီး အပြေးပြန်လာခဲ့ပါတယ်။ သူက အဲဒါကို ကြိုးစားကြည့်ဖို့ မစောင့်နိုင်တော့ပါဘူး။

စွေ့ရန်ယွီက မပြုံးပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။ ဒီလူငယ်က တကယ့်ကို ကျင့်ကြံခြင်းနဲ့ ပတ်သက်လာရင် အရူးပဲ။ ဒါပေမဲ့လည်း သူမအနေနဲ့ လင်းဟန်က ဒီရက်တွေမှာ ကျင့်ကြံခြင်း နည်းစနစ်တွေအကြောင်း တကယ်စဉ်းစားနေတယ် ဆိုတာကို သိလိုက်ရတဲ့အတွက် လင်းဟန်ကို သူမက အပြစ်မပေးတော့ပါဘူး။ ဒါပေမဲ့ တစ်ဖက်လူက စီးပွားရေး အသေးစား တစ်ခုကို ဖွင့်ထားပြီး

စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကိုလည်း အောင်အောင်မြင်မြင် ဖော်စပ်နိုင်တယ် ဆိုတာကို သူမမသိပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက အရမ်းကို အံ့အားသင့်သွားပါလိမ့်မယ်။ လင်းဟာန်ကိုလည်း သူက ဘယ်လိုမျိုး မွန်းစတားလည်းလို့ ထင်နေမိပါလိမ့်မယ်။

Chapter 912 end

အပိုင်း(913) နည်းစနစ် ခြောက်ခုကို တစ်ခုအဖြစ် ပေါင်းစည်းခြင်း

လင်းဟာန်က သူ့အခန်းဆီကို ပြန်လာခဲ့ပြီး သူ့ရဲ့ကျင့်ကြံခြင်းမှာ တံခါးပိတ် လေ့ကျင့်မှုကို စတင်လိုက်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အဆုံးစွန် အကန့်အသတ်ဆီကို တစ်ဟုန်ထိုး ဂင်ရောက်ဖို့ နည်းစနစ်ခြောက်ခုကို ပေါင်းစည်းမှု စတင်လိုက်ပါတယ်။

သူ့မှာ အကြံတချို့ ရှိပါတယ်။ ပြီးတော့ သူ့ရဲ့သင်ယူမှုကို ချက်ချင်း စတင်လိုက်ပြီး အနားယူဖို့နဲ့ အစားစားဖို့ လစ်လျူရှုလိုက်ပါတယ်။ ကံကောင်းတာက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် အတွက်တော့ ရက်အနည်းငယ်လောက် မစားမသောက်ပဲ နေရင်တောင် ပြဿနာ မရှိပါဘူး။ နောက်ပြီးတော့

သူက ငယ်ရွယ်ပြီး အားမာန်တက်ကြွမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါကြောင့် သူ့အတွက်တော့ ပင်ပန်းနွမ်းနယ်မှုဆိုတာ မရှိသလိုပါပဲ။

နောက်ထပ်လေးရက်ဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။ ပြီးတော့ သူ့မှာ ကနဦး အောင်မြင်မှု တချို့ရရှိ လာခဲ့ပါတယ်။ သူက ကြောင်ဖက်တီးကိုလည်း သွေးရူးသွေးတန်း ထိန်းမနိုင် သိမ်းမရအောင် ဖြစ်စေခဲ့ပါတယ်။

မင်းက ငါ့ကို အသားနဲ့ ညှော့ခံမယ်လို့ ငါတို့တွေ သဘောတူညီမှုတစ်ခု လုပ်ထားတယ် မဟုတ်လား။ မင်းက နောက်ထပ်လေးရက်တောင် ပျောက်သွားပြန်ပြီ။ မင်းငါ့ကို အရူးထပ်လုပ် နေတာလား။

လင်းဟန် ပြန်ပေါ်လာတဲ့ အခိုက်အတန့်မှာ ကြောင်ဖက်တီးက ချက်ချင်းပဲ ခုန်အုပ်လိုက်ပြီး သူ့လက်သည်းတွေကို ထုတ်ပြပြီး သွားစွယ်တွေကို ဖြဲပြကာ ခြိမ်းခြောက်လိုက် ပါတယ်။

ဒီကြောင်မိစ္ဆာ ဒါမှမဟုတ် ကျားမိစ္ဆာက ဘယ်လိုရှုထောင့်ကပဲ ကြည့်ကြည့် သာမန်ကြောင် တစ်ကောင်ရဲ့ ပုံစံအတိုင်း အရမ်းကို လျင်မြန်ပါတယ်။ ဟူးညို့နဲ့ အမြန်နှုန်းမှာ ယှဉ်ပြိုင်ကောင်း ယှဉ်ပြိုင်နိုင်ပါတယ်။ သူ့ရဲ့လက်သည်းတွေကို ဖော့ယမ်းလိုက်ရင် လင်းဟန်တောင်မှ ရှောင်တိမ်းလို့ မလွတ်ပါဘူး။ ကံကောင်းတာက

သူ့အရေပြားက ထူပြီးတော့ မာကျောတာကြောင့်နဲ့ ကြောင်ဖက်တီးက သူ့ဒေါသကို ဖော်ထုတ်ရုံသက်သက်ကြောင့်ပဲ သူ့ကိုဒဏ်ရာ မဖြစ်စေတာပါ။ မဟုတ်ဘူး နည်းနည်းလေးမှ ထိခိုက်မှ မဖြစ်စေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လင်းဟန်ရဲ့ စိတ်ထဲမှာ တိုက်ပွဲစိတ်ဝိညာဉ် တစ်ခုက မြင့်တက်လာပြီး ဒီကြောင်ဖက်တီးက ဘယ်လောက်တောင် အစွမ်းထက်တယ် ဆိုတာကို တိတိကျကျ သိချင်နေခဲ့ပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ ကြောင်ဖက်တီးကို စတင်တိုက်ခိုက် လိုက်ပါတယ်။

ကြောင်ဖက်တီးက အရမ်းကို သန်မာပါတယ်။ သန့်စင်တဲ့ ခွန်အားမှာ ကြယ်ဆယ့်လေးလုံးထိ ရောက်ရှိနေပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို အလွယ်တကူ ကျော်လွန်နေ ပါတယ်။ သူ့ကိုယ်သူ မျှော်စင်လေး ပြောသလိုမျိုး နတ်ဘုရား သားရဲတစ်ကောင်က ဆင်းသက်လာသူ ဆိုတာကို သက်သေပြနေပါတယ်။ တကယ်လို့ လင်းဟန်က သူ့ခွန်အားကို ကြောင်ဖက်တီးနဲ့ အဆင့်တူအောင် ထိန်းထားမယ်ဆိုရင် သူ့အနေနဲ့ ကြောင်ဖက်တီးရဲ့ အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းရဲ့ လွှမ်းမိုးမှုကို ခံရပြီး အချိန်တိုင်း လက်သည်းတွေရဲ့ ပစ်မှတ်ဖြစ်လာ ပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟန်က သူ့ခွန်အားကို ကြယ်ဆယ့်ငါးလုံးအထိ မြင့်တင်လိုက်ရင် ကျောက်မက်ဖွယ်ရာ ခွန်အားတစ်ခုက တိုက်ခိုက်မှု တစ်ခုတည်းနဲ့ နေရာကို ချုံ့ပစ်ပြီး ကြောင်ဖက်တီးက သူ့အနီးကပ်လာလို့ ရလိမ့်မှာ မဟုတ်ပါဘူး။ တုန်ခါတဲ့ လေထုနဲ့အတူ ကြောင်ဖက်တီးက အဝေးကို ခုန်လိုက်ပါတယ်။ ဒါက သည်းခံဖို့ အရမ်းကို ခက်ခဲပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်တစ်လုံး ကွာဟချက်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး အကြားက ကွာဟချက်နဲ့ တူပါတယ်။ ပြီးတော့ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည် ပိုမြင့်ရင် ကွာဟချက်ကလည်း ပိုပြီးတော့ ကြီးမားလာပါလိမ့်မယ်။

တကယ်လို့ သူက စွမ်းအားအပြည့်နဲ့ တိုက်ခိုက်မယ်ဆိုရင် တိုက်ကွက်တစ်ကွက်တောင် ထုတ်ဖော်ဖို့ မလိုပဲ အရှိန်အဝါ အားလိုင်းတစ်ခုသက်သက်နဲ့တင် ကြောင်ဖက်တီးကို အပိုင်းပိုင်း အစစ ဖြစ်သွားအောင် စုတ်ဖြဲပစ်နိုင်မယ်ဆိုတာ သေချာပါတယ်။

အဲဒီအတွေးက သူ့ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အား ကြယ်နှစ်ဆယ်လုံးကို အဆင့်တက်ဖို့ ပိုပြီးတော့တောင် မျှော်လင့်စောင့်စားမှု ဖြစ်စေခဲ့ပါတယ်။

အစားအစာတွေ ထုတ်ပြီးတော့ ကြောင်ဖက်တီးကို ကျွေးမွေးပြီးတဲ့ နောက်မှာ လင်းဟန်လည်း စားသောက်ပြီး ကောင်းကောင်းအိပ်စက် အနားယူလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အိပ်စက်ခြင်းက စွမ်းအင်ပြန်လည် ပြည့်ဝလာဖို့ အကောင်းဆုံး နည်းလမ်းဖြစ်ပါတယ်။

ငါးရက်တစ်ကြိမ် သင်ကြားပေးတဲ့ သင်ခန်းစာ ပို့ချမှု အချိန်ကို နောက်တစ်ကြိမ် ရောက်လာခဲ့ ပါပြီ။ လင်းဟန်က သင်တန်းကို မလွဲချော်ပဲ သင်တန်းထဲမှာ စွေ့ရန်ယွီနဲ့ လေးလေးနက်နက် ဆွေးနွေးခဲ့ပါတယ်။

စွေ့ရန်ယွီက သူ့လောက် နားလည်သဘောပေါက်မှုမှာ မကောင်းမွန်ပေမဲ့ သူမက တကယ်တော့ တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေဆဲပါပဲ။ သူမက ပြဿနာ တစ်ခုကို ပိုမြင့်တဲ့ အဆင့်ကနေ ရပ်ပြီးတော့ ကြည့်နိုင်ပြီး လင်းဟန်ရဲ့ အားနည်းချက် တချို့နဲ့ အကန့်အသတ် တချို့ကို ထောက်ပြပြီး တချိန်တည်းမှာပဲ သူမက လင်းဟန်ကို ချီးကျူးမှုတွေနဲ့ ပြည့်နက်လို့ လာခဲ့ပါတယ်။

မယုံနိုင်စရာ ကောင်းလောက်တဲ့ ဒီလိုမျိုး ဉာဏ်ကောင်းသူ တစ်ယောက်နဲ့ ကြုံတွေ့ရခြင်းက သူမ အခုလိုမျိုး လုပ်နေတဲ့

အချိန်ပိုင်း ဆရာတစ်ယောက်လိုမျိုး မဆက်ဆံပဲ တကယ့်ကို ဆွေးနွေးပြောဆို နေပါတယ်။

"ဒီတုံးအတဲ့ ကျောက်တုံးခေါင်း။ သူက ငါ့လူပဲကို အမျိုးသမီးတွေကို တကယ်ပဲ ဆွဲဆောင်ရဲတယ် ပေါ့လေ"

လီဝေဂက ကြည့်နေပြီး သူမရဲ့ လက်သီးသေးသေးလေးတွေကို ကျစ်နေအောင် ဆုပ်ထားလိုက် မိပါတယ်။

"နောက်ပြီးတော့ တစ်ဖက်လူက အစ်မတွေ့ ဖြစ်နေတယ်။ သူက တကယ်ပဲ သူနဲ့ရည်ရွယ်ချက်ချင်း တူတဲ့သူကို ရည်ရွယ်ထားတာလား"

"ဝေဂ နင်သဂန်တိုနေတာတော့ မဟုတ်ပါဘူးနော်"

ကျိုယွင်အာက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

လီဝေဂက ချက်ချင်းပဲ သရော်လိုက်ပါတယ်။ သူမက တကယ်ပဲ လင်းဟန်ရဲ့ အမျိုးမျိုးသော အစွမ်းပြမှုကြောင့် တကယ့်ကို အံ့အားသင့် နေခဲ့ပါတယ်။ ဒါပေမဲ့ သူမက ဘယ်လက်ရုံး အမတ်မင်းရဲ့ မြင့်မြတ်တဲ့ သမီးတော် ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ အတိုင်းအတာက ဘယ်လောက်တောင် မြင့်မားပြီးတော့ အရမ်းကို

လွှယ်လွှယ်ကူကူနဲ့ လုပ်ရှားမှာတဲ့လား။ သူမက လက်နှစ်ဖက်ကို ပိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက အစ်မစွေ့အတွက် စိတ်မကောင်း ဖြစ်နေတာပါ။ အဲဒီကျောက်တုံးခေါင်းကို တစ်ချက်ကြည့်လေ သူ့မျက်နှာတစ်ခုလုံး တဏှာရာဂတွေနဲ့ ပြည့်နှက်နေပြီး သူက အစ်မစွေ့ရဲ့ ရင်သားတွေကိုပဲ စိုက်ကြည့်နေတယ်"

ကျိုယွင်အာက မရည်ရွယ်ပဲ သူမဘာသာသူမ ပြုံးလိုက်မိပါတယ်။ လင်းဟန်ရဲ့ အကြည့်တွေက အရမ်းကို သန့်စင်ပါတယ်။ နောက်ပြီးတော့ သူတို့နှစ်ယောက် ဘာအကြောင်း ပြောနေလဲ ဆိုတာကို သူတို့တွေ မကြားနိုင်ပေမဲ့ ချစ်မှုရေးရာ ကိစ္စတွေကို ပြောနေတာ မဟုတ်တာတော့ သေချာပါတယ်။

"မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ဒီတစ်ကြိမ်မှာ ဒီကျောက်တုံးခေါင်း ငါ့ကို ထိတ်လန့်သွားအောင်လို့ သူ့ကို ပြောင်းဆန်အောင်လုပ်ရလိမ့်မယ်"

လီဝေဂရဲ့ လှပတဲ့ မျက်လုံးတွေ အရောင်တဖျတ်ဖျတ် တောက်ပသွားပြီး သူမရဲ့ ခေါင်းထဲမှာ အကြံတစ်ခု ရလာခဲ့ပါတယ်။

"ဝေဂ"

ကျိုယွင်အာက အလျင်အမြန်ပဲ ခေါ်လိုက်ပါတယ်။ အခု သူတို့သုံးယောက်က စီးပွားရေး အလုပ် တစ်ခုမှာ စီးပွားဖက်တွေ ဖြစ်ပါတယ်။ ပြီးတော့ အရမ်းကြီး စီးပွားဖြစ်တယ်လို့ မပြောနိုင်ပေမဲ့ ရောင်းဂယ်ဖောက်ကားမှ လမ်းကြောင်းတွေက ဆက်ပြီးတော့ ဖွင့်နေပါသေးတယ်။ သူတို့ရဲ့ အကျိုးအမြတ်ကလည်း အတော်လေးကို တိုးပွားလာခဲ့ပါတယ်။

ဒီမိန်းကလေးက သနားညှာတာဖို့ ဆန္ဒမရှိပေမဲ့လည်း အခုက အရမ်းကို လွန်တဲ့ ဟာသမျိုး လုပ်ဖို့ မသင့်လျော်ပါဘူး။

"အစ်မယွင် စိတ်မပူပါနဲ့။ ငါက သူ့ကို နည်းနည်းလေး စိတ်ကသိကအောက် ဖြစ်အောင်လို့ပဲ လုပ်မှာပါ။ အရမ်းကြီး မလွန်စေရပါဘူး။ ဒါကြောင့် မင်းရဲ့ချစ်သူကောင်လေးနဲ့ ပတ်သက်ပြီး မစိုးရိမ်ပါနဲ့"

လီဝေဂက ကျိုယွင်အာကို စလိုက်ပါတယ်။

"ဒီကောင်မလေးကတော့"

ကျိုယွင်အာက သူမကို ရိုက်နက်မဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်ပြီး လီဝေဂက အလျင်အမြန်ပဲ ကာကွယ်လိုက်ပါတယ်။ မကြာခင်မှာပဲ ဒီမိန်းကလေး နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်

သပွတ်အူလို လုံးထွေးနေပြီး ဘေးကနေ ကြည့်နေတဲ့ လူတွေကို မနာလို ဖြစ်စေပြီး သူမတို့နဲ့အတူ ပူပေါင်းဆော့ကစားချင်စိတ်တွေ ဖြစ်ပေါ်လာစေပါတယ်။

ကျောက်စိမ်းလို ချောမွတ်တဲ့ လက်တွေက တစ်ဖက်နဲ့တစ်ဖက် ရစ်ပတ်ပြီး ဖွံ့ထွားတဲ့ ရင်သားတွေက တုန်ခါနေပြီး ဘယ်လောက်တောင် ဆွဲဆောင်မှု ရှိလိုက်သလဲ။

လင်းဟာန်က အတွေ့အကြုံတွေ အသိအမြင်တွေ ထပ်ခါထပ်ခါ တိုးလာခဲ့ပါတယ်။ စကားပုံတောင် ရှိပါတယ်။ ခေါင်းတစ်လုံးထက် ခေါင်းနှစ်လုံးက ပိုကောင်းပါတယ်။ ဒီဆွေးနွေးမှုမှာ စွေ့ရန်ယွီက သူ့ကို အကျိုးအမြတ်တွေ အများကြီး ဖြစ်စေခဲ့ပြီး ဒီလမ်းကြောင်းပေါ်မှာ သူက အကြီးအကျယ် တိုးတက်လာခဲ့ပါတယ်။ နောက်ပြီးတော့ စွေ့ရန်ယွီက သူ့ကို ကောင်းကောင်းမွန်မွန် ဆွေးနွေးပေးခဲ့ပြီး ရှုပ်ထွေးနေတဲ့ အမြင်တွေကို ထောက်ပြပေးခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူက အောင်မြင်သွားမယ်ဆိုရင် အရမ်းကို ကြီးမားတဲ့ တိုးတက်မှု တစ်ခုကို ရရှိပါလိမ့်မယ်။

ဒါပေ့ါ။ သင်တန်းကျောင်းကလည်း လင်းဟာန်ကို သေချာပေါက် ဆုချီးမြှင့်ပါလိမ့်မယ်။

လင်းဟန်က စိတ်ထဲမထည့်ပါဘူး။ သူက ကျင့်ကြံခြင်း နည်းစနစ်ခြောက်ကို ပေါင်းစည်းနိုင်တယ် ဆိုပေမဲ့ တခြားသူတွေက လုပ်နိုင်တယ်လို့ မဆိုလိုပါဘူး။ သူ့ရဲ့အသိပညာကို လက်ဆင့်ကမ်းပေးလိုက်တာနဲ့ လုပ်နိုင်တဲ့ အရာတွေ မဟုတ်ပါဘူး။ အဲဒီအစား နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ပြီးတော့ တကယ်လို့ လူတစ်ယောက်ရဲ့ နားလည်နိုင်စွမ်းက မလုံလောက်ဘူး ဆိုရင် သူဘာပဲပြောပြော အဓိပ္ပါယ်မရှိ ဖြစ်သွားပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက လုံလုံလောက်လောက် မြင့်မားနေရင် သူ့အတွက် တံခါးသစ်တစ်ချပ် ဖွင့်လိုက်နိုင်ပြီး ကြီးမားတဲ့ အကူအညီကို ရပါလိမ့်မယ်။

သင်တန်းပြီးတဲ့ နောက်မှာ လင်းဟန်က နောက်တစ်ကြိမ် အရှုးအမူး ကျင့်ကြံအားထုတ်ပြီး အပြင်ဘက်က ကိစ္စတွေကို ခေါင်းထဲမထည့်ထားပါဘူး။

ဒါက သူ့ရဲ့ကိုယ်ပိုင် ကိစ္စဖြစ်ပါတယ်။ အရင်က သူဟာ မကြာခဏ တစ်ယောက်တည်း နှစ်လ သုံးလလောက် မှော်ဆေးလုံး တစ်လုံးကို ပြီးပြည့်စုံဖို့ လေ့လာစူးစမ်းမှုအတွက် ကြိုးကြိုးစားစား

သင်ယူခဲ့ပါတယ်။ အဲဒါကြောင့်လည်း သူက မော်ဆေးကောရာဇ် ဖြစ်လာနိုင်ခဲ့တာပါ။

အခု သူကလည်း ကျင့်ကြံခြင်း လမ်းကြောင်းပေါ်မှာ အရှုးအမူးကို ဖြစ်နေပါပြီ။

နောက်ထပ်သုံးရက် အကြာမှာတော့ လင်းဟန်က အဆင့်ချိုးဖျက်ဂင်ရောက် လာခဲ့ပါတယ်။ သူက မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ် ခြောက်ခုကို အဆက်မပြတ် လည်ပတ်ပြီး သူတို့ကို တစ်ခုပြီး တစ်ခု ပေါင်းစည်းလိုက်ပါတယ်။ ဒါပေမဲ့လည်း ထိရောက်မှုက နည်းနေပါသေးတယ်။ ပြီးတော့ သူ့ရဲ့ နေ့စဉ်တိုးတက်မှုနှုန်းကလည်း အရမ်းကို နှေးကွေးပါတယ်။

ဒီနှုန်းနဲ့ဆိုရင် သူက ခွန်အားကြယ် နှစ်ဆယ်လုံးရဲ့ ပြီးပြည့်စုံတဲ့ အဆင့်ကို ရောက်ရှိဖို့ နှစ်ပေါင်း သုံးဆယ်လောက် အချိန်ယူရပါလိမ့်မယ်။

ဒါက အမှန်တော့ မနှေးကွေးပါဘူး။ ဒါပေမဲ့ လင်းဟန်က သူ့ရဲ့လူတွေနဲ့ ချစ်သူတွေ သူငယ်ချင်းတွေကို အမြန်ဆုံး ထွက်ပြီးတော့ ရှာချင်နေခဲ့ပါတယ်။ သူ့ရဲ့ ဓားစာခံ တစ်ယောက်ရဲ့ အဆင့်အတန်းကိုလည်း အမြန်ဆုံး တတ်နိုင်သရွေ့ ဖယ်ရှားပစ်ချင် နေခဲ့ပါပြီ။ ဒါပေမဲ့လည်း သူက စကာစပဲ ရှိသေးပြီး ကျင့်ကြံခြင်း

နည်းစနစ်တွေမှာ တိုးတက်ဖို့ လိုပါသေးတယ်။ ဒါကြောင့် အများကြီး တိုးတက်ဖို့ လိုပါတယ်။

"ကျောက်တုံးခေါင်း။ ငတုံး ကျောက်တုံးခေါင်း"

လီဝေဂ ရောက်လာပါတယ်။ လင်းဟန်က ကျင့်ကြံနေတာကနေ ရပ်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး ခြံတံခါး လာဖွင့်လိုက်ပါတယ်။

"အခုဘာဖြစ်လို့လဲ"

သူက မေးလိုက်ပါတယ်။

"သတင်းကောင်းပဲ။ သတင်းကောင်းပဲ"

လီဝေဂက အဖြူရောင် တံဆိပ်ပြား တစ်ခုကို ပစ်ပေးလိုက်ပါတယ်။ တံဆိပ်ပြားရဲ့ အရောင်က နှင်းလိုဖြူဆွတ်တဲ့ အရောင် ရှိပြီးတော့ ကျောက်စိမ်းနဲ့ တူသလိုလို မတူသလိုလိုပုံစံပါပဲ။

"ဒါက အနက်ရောင်ကျောက်စိမ်း ရေကန်အတွက် ဂင်ခွင့်တံဆိပ်ပြားပဲ။ နင်မနက်ဖြန်မှာ ဂင်နိုင်တယ်။ ဒါပေမဲ့ နင်က ရှစ်နာရီပဲ အသုံးပြုလို့ ရလိမ့်မယ်။ အဲဒီအချိန်ထက် ကျော်သွားရင်တော့ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်ကို ထိခိုက်နာကျင်စေလိမ့်မယ်"

"နောက်ပြီးတော့ နင်က ညသန်းခေါင်ယံ မတိုင်ခင် ထွက်လာရမယ်။ နောက်တစ်ရက်ဆိုရင် အနက်ရောင် ကျောက်စိမ်းရေကန်ကို မိန်းကလေးတွေ သုံးလိမ့်မယ်။ တကယ်လို့ နင်က ရေကန်ထဲမှာ နေပြီးတော့ ထွက်မလာဘူးဆိုရင်တော့ ခစ်ခစ် အဲဒီအချိန်ကျရင် သေအောင်လို့ အရိုက်ခံရဖို့သာ ပြင်ထားပေတော့"

"အိုး အချိန်တွေက ကုန်တာ အရမ်းကို မြန်လိုက်တာ"

လင်းဟန်က ရုတ်တရက် နောက်တစ်လရဲ့ အစကို ရောက်နေပြီ ဆိုတာကို သတိပြုမိ လိုက်ပါတယ်။ ပြီးတော့ ဒါက အနက်ရောင်ကျောက်စိမ်း ရေကန်ကို မြောက်ပိုင်းအဖွဲ့အစည်း ဝင်ရမဲ့ အလှည့်ဖြစ်ပါတယ်။

"ခစ် ခစ်"

လီဝေဂက စပ်ဖြဲဖြဲနဲ့ ရယ်မောလိုက်ပြီး မနက်ဖြန် လင်းဟန် ဘယ်လောက် စိတ်အနှောင့်အယှက် ဖြစ်နေမလဲ ဆိုတာကို တွေ့မြင်ရဖို့ စိတ်မရှည်နိုင်အောင် ဖြစ်နေပါတယ်။ သူမ တကယ်ပဲ အဲဒီကို သွားကြည့်ရပါမယ်။

"မှတ်ထားပါ။ စကြဝဠာ ဖျက်ဆီးခြင်း ခွဲဝေမှုက နေ့တစ်ရက် အချိန်ပဲ ရှိတယ်။ ပြီးတော့ တကယ်လို့ နင်မနက်ဖြန် လွဲချော်သွားခဲ့ရင် နောက်တစ်လထိ စောင့်နေရလိမ့်မယ်"

သူမက နောက်တစ်ကြိမ် ထပ်သတိပေးလိုက်ပါတယ်။

လင်းဟန်က မသင်္ကာမှုတွေနဲ့ ပြည့်လာပြီးတော့ မေးလိုက်ပါတယ်။

"မင်းဘယ်တုန်းက ဒီလောက်တောင် စိတ်ကောင်းလာတာလဲ"

"ဟင့် ငါက စိတ်ကောင်းစေတနာနဲ့ ဂင်ခွင့်တံဆိပ်ပြားကို နင့်ဆီလည်း လာပေးရသေးတယ်။ နင်က အဲဒါကို မပျော်သေးဘူးပေါ့လေ ဟုတ်လား"

လီဝေဂက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

"ကောင်းပြီလေ။ မင်းကို ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြောပြီးတော့ သူ့လက်ထဲက ဂင်ခွင့်တံဆိပ်ပြားကို ဝှေ့ယမ်းပြီး ဆော့ကစား လိုက်ပါတယ်။

လီဝေဂက အလျင်အမြန်ပဲ ချာခနဲ လှည့်ထွက်သွားလိုက်ပါတယ်။ တကယ်လို့ ဒီနေရာမှာ သူမအနေနဲ့ ဆက်ပြီးတော့ နေမယ်ဆိုရင်

မအောင့်နိုင်ပဲ ကျယ်လောင်စွာနဲ့ မရပ်မနား ရယ်မောနေမိမှာကို ကြောက်နေမိပါတယ်။

Chapter 913 end

အပိုင်း(914) ဒါက မတော်တဆလို့ ငါပြောရင် မင်းငါ့ကို ယုံမှာလား

လင်းဟန်က လီဝေဂ သူ့ကို လှည့်စားသွားတယ်ဆိုတာကို သတိမပြုမိပါဘူး။ သူမရဲ့ အမူအရာက အတော်လေး ထူးဆန်းနေတယ်လို့ ခံစားရပေမဲ့ ဒီထိန်းမနိုင် သိမ်းမရတဲ့ မိန်းကလေးက အမြဲတမ်းလိုလို ထူးခြားတဲ့ ပင်ကိုယ်စရိုက် ရှိပါတယ်။ ဒါကြောင့် သူမရဲ့ အမူအရာ အမျိုးမျိုး ပြောင်းနေတယ် ဆိုတာက သူမအတွက်တော့ သာမန်ပါပဲ။

သူက နည်းစနစ် ခြောက်ခုကို တစ်ခုတည်း အဖြစ် ပေါင်းစပ်တာကို ဆက်ပြီးတော့ တိုးတက်အောင် လုပ်ပြီးတော့ အဆင့်တိုင်းက သူ့ကို ကျေနပ်စေခဲ့ပါတယ်။

မိုးကောင်းကင်က သတိမပြုမိခင်မှာ အရမ်းကို တောက်ပလာခဲ့ပါတယ်။ လင်းဟန်က အပြည့်အဝ မကျေနပ်သေးပါဘူး။ သူ့ရဲ့ရှာဖွေမှုကို ဆက်ပြီးတော့ အများကြီး လုပ်ချင်ပါသေးတယ်။ ဒါပေမဲ့ အနက်ရောင်

ကျောက်စိမ်းရေကန်ထဲကို တစ်လမှာ တစ်ခါပဲ ဝင်ရောက်ဖို့ အခွင့်အရေး ရှိတယ် ဆိုတဲ့အချက်ကို ပြန်စဉ်းစားမိလိုက်တဲ့ အချိန်မှာ ဒီလအတွက် လွဲချော်သွားရင် နောက်လအထိ သူက စောင့်နေရပါမယ်။ သူက မတ်တပ်ထရပ်ပြီးတော့ ခြံဝင်းထဲကနေ ထွက်လာခဲ့ပါတယ်။

အနက်ရောင် ကျောက်စိမ်းရေကန်ရဲ့ တည်နေရာက လျှို့ဝှက်ချက် မဟုတ်ပါဘူး။ ရေကန်က သင်တန်းကျောင်းထဲက အမြင့်ဆုံး တောင်ရဲ့လမ်းတဖက်မှာ တည်ရှိပါတယ်။ အဲဒီမှာ အရမ်းကို ကြောက်စရာကောင်းတဲ့ ဂဏ်ပါတစ်ခုနဲ့ ပိတ်ဆို့ထားပြီး ဝင်ခွင့်တံဆိပ်ပြား ပိုင်ဆိုင်ထားမှပဲ အထဲကို ဝင်နိုင်ပါလိမ့်မယ်။ ဝင်ခွင့်တံဆိပ်ပြား မပါရင် ဂဏ်ပါရဲ့ သတ်ဖြတ်ခြင်းကို ခံရပါလိမ့်မယ်။

ဒီဂဏ်ပါက နေလအဆင့်အောက်က ကျင့်ကြံသူတွေ အားလုံး အပေါ်မှာပဲ အကျိုးသက်ရောက်မှု ရှိပါတယ်။ အနက်ရောင် ကျော်စိမ်းရေကန်က တောင်မြစ်အဆင့်နဲ့ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေ အတွက်ပဲ အကျိုးအာနိသင် ရှိပါတယ်။ ဒါကြောင့် ပိုပြီးတော့ ခက်ခဲရှုပ်ထွေးတဲ့ ဂဏ်ပါကို အသုံးပြုစရာ မလိုပါဘူး။ အဲဒါက ဖြုန်းတီးမှု တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

တကယ်လို့ နေလအဆင့် ဒါမှမဟုတ် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် ကျင့်ကြံသူတွေက တခြားသူတွေကို သိလျောင်စိတ်ဝိညာဉ် ပစ္စည်းထဲ ထည့်ပြီးတော့ ခေါ်လာပြီး သူတို့ကို သွားခွင့်ပြုလို့ ရပါလိမ့်မယ်။ ကောလာဟလတွေ အရတော့ အဆုံးမဲ့ မူလဇာစ်မြစ်အဆင့် လက်ရွေးစင်တွေပဲ သိလျောင်စိတ်ဝိညာဉ် ပစ္စည်းတွေကို ပြုလုပ်နိုင်မှာ ဖြစ်ပြီးတော့ အရမ်းကို ရှားပါးလွန်းပါတယ်။ သူတို့ရဲ့ တန်ဖိုးက အနက်ရောင်ကျောက်စိမ်း ရေကာန်ရဲ့ တန်ဖိုးထက် ဘယ်နှစ်ဆလောက် ပိုပြီးတော့ သာလွန်သလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

လင်းဟာန်က မကြာခင်မှာ တောင်ခြေကို ရောက်လာခဲ့ပါတယ်။

တကယ်လို့ လီဝေဂက သူ့ကို တကယ်ပဲ လှည့်ဖျားခဲ့မယ်ဆိုရင် ဒီဂင်ခွင့်တံဆိပ်ပြားက အတုအယောင် ဖြစ်နေပြီး ဂက်ပါရဲ့ တိုက်ခိုက်မှုကို ခံရပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဒဏ်ရာတချို့တော့ ရရှိခံစားသွား ပါလိမ့်မယ်။

မမျှော်လင့်ပဲ ဒီတံဆိပ်ပြားက အစစ်အမှန် ဖြစ်နေပြီး သူကအရှေ့ကို လွယ်လွယ်ကူကူနဲ့ တိုးလာနိုင်ခဲ့ပါတယ်။

ထူးဆန်းတယ်။ ဒီကောင်မလေးရဲ့ အကျင့်စရိုက်က တကယ်ပဲ ပြောင်းလဲသွားခဲ့တာပဲလား။

လင်းဟာန်က ဂင်ခွင့်တံဆိပ်ပြားကို ကိုင်ပြီးတော့ တောင်ပေါ်ကို တက်လာခဲ့ပါတယ်။

ဂဏ်ပါရဲ့ အကာအကွယ်နဲ့ ဒီနေရာမှာ အစောင့်ထားဖို့ မလိုပါဘူး။ ဒါကြောင့် ဒီနေရာမှာ လုံးဝကို လူသူကင်းမဲ့လို့ နေပါတယ်။

အုပ်စုတိုင်းရဲ့ ကျောင်းသားသစ်တွေက သုံးယောက်ပဲ ရှိပါတယ်။ ဒီတစ်ကြိမ်တော့ လေးယောက်ပါ။ သူတို့တွေပဲ ဒီနေရာထဲကို ဂင်နိုင်ပါတယ်။ နောက်ပြီးတော့ အသက်တစ်ရာ မကျော်တဲ့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင်တွေပဲ ဒီနေရာကို ဂင်နိုင်တဲ့ အချက်ကို ထည့်တွက်လိုက်ရင် မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ဒီနေရာကို ဂင်ရောက်နိုင်တဲ့ စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အရေအတွက်ဟာ အကြိမ်တိုင်း တစ်ဒါဇင်လောက်ပဲ ရှိပါလိမ့်မယ်။

ဒါပေါ့။ ဒီထဲမှာ တောင်မြစ်အဆင့် ကျင့်ကြံသူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ လင်းဟာန်က တကယ်လို့ သူတို့ကို စကြာဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ခွဲဝေခြင်းကို မသိပါဘူး။ လင်းဟာန်ကလည်း အဲဒီအကြောင်းကို မမေးခဲ့ပါဘူး။

လင်းဟာန်က အရမ်းစောစောစီးစီး ရောက်လာခဲ့ပါတယ်။ သူက လူတစ်ယောက်မှကို မတွေ့ရပါဘူး။ တခြားသူတွေ

မလာသေးတာလည်း ဖြစ်ပါမယ်။ ဒါမှမဟုတ် သူတို့က ရေကန်ထဲကို ဂင်သွားပြီး အခုချိန်မှာ ရေချိုးနေတာလည်း ဖြစ်ပါမယ်။

တောင်ရဲ့တစ်ဂက်မှာ မြူခိုးတွေနဲ့ ဆိုင်းနေပြီး အနက်ရောင် တိမ်တိုက်တွေလည်း တလိပ်လိပ် ထိုးတက်လို့ နေပါတယ်။ ကြည့်ရတာ မြူခိုးနဲ့ တူသလိုလို မတူသလိုလိုပါပဲ။ ဒါက နတ်ဘုရား အာရုံနဲ့ အမြင်ကို တားဆီးထားတဲ့ အစွမ်းထက် အာနိသင် တစ်ခုကြောင့် ဖြစ်ပါတယ်။

လင်းဟာန်က ရေကန်ဆီကို လျှောက်လာခဲ့ပြီး သူ့ခြေလှမ်းသံတွေက ပေါ့ပါးလွန်းပါတယ်။ လူတစ်ယောက်က သူအခုရောက်နေတဲ့ အဆင့်ကို ရောက်သွားတဲ့ အချိန်ကျရင် သူ့ရဲ့ခြေလှမ်းကို ထိန်းပြီးတော့ ဖုံးကွယ်ထားစရာ မလိုပဲ ခြေလှမ်းတိုင်းက သာမန်လူတွေနဲ့ မတူတော့ပဲနဲ့ ပေါ့ပါးသွက်လက်လို့ နေပါလိမ့်မယ်။

သူ့ရဲ့အရှေ့မှာ ရေကန်တစ်ခု ပေါ်လာခဲ့ပါတယ်။

ကျောက်စိမ်းနက်ဆိုတဲ့ နာမည်နဲ့ လိုက်ပါတယ်။ ရေကန်ရဲ့ ရေတွေက မှင်လိုမျိုး မည်းနက် နေပါတယ်။ ဘာဖြစ်လို့လဲဆို လှိုင်းလေးတွေတောင် မရှိပဲ တည်ငြိမ်နေပြီး အနက်ရောင် ကျောက်စိမ်းအပိုင်းအစ တစ်ခုနဲ့ တူပါတယ်။ ဒါကမျက်စိထဲ

အရမ်းကို ချမ်းမြေ့စေပြီး ဒီအလှတရားကို ဖျက်ဆီးပစ်ဖို့ ဂန့်လေးစေမိပါတယ်။

သူက ကြည့်ရုံပဲ ကြည့်နေပေမဲ့ သူရဲ့ စိတ်ဝိညာဉ်က တိုးလာသလိုမျိုး ခံစားရပါတယ်။ သူက ပေ့ါပါးပြီး လေပေါ်ကို ပျံတက်တော့မလို ခံစားရကာ မယုံနိုင်စရာကောင်းတဲ့ စိတ်ချမ်းမြေ့ဖွယ် ခံစားမှု တစ်ခုကိုလည်း ရရှိခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်က မွေးညှင်းပေါက် အားလုံး ပွင့်သွားပြီး စွမ်းအင်တွေကို စုပ်ယူကာ တစ်ကိုယ်လုံးကို ပျံ့နှံ့သွားစေကာ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း တစ်ပါတည်း ထိုးတက်တော့မလိုတောင် ခံစားရပါတယ်။

ကောင်းလိုက်တာ။ ဒါက တကယ့်ကို ကောင်းမွန်တဲ့ အရာပဲ။

လင်းဟန်က သူ့အပြင်ခံ အဂတ်အစားကို ချွတ်လိုက်ပြီး သူ့ကိုယ်မှာ အတွင်းခံတစ်စုံပဲ ကျန်ပါတော့တယ်။ အဲဒီနောက် သူက အထဲကို ခြေတလှမ်း လှမ်းလိုက်ပြီး ကန်ထဲက ရေပေါ်မှာ လှိုင်းတစ်ခု ဖြစ်ပေါ်ကာ ရေပူစီပေါင်းလေးတွေ မြင့်တက်လာခဲ့ပါတယ်။ ဒီရေပူစီပေါင်းလေးတွေ ကခုန်နေသလိုမျိုး ဖြစ်နေပြီး မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းလှလှ တစ်ခုကို ဖြစ်ပေါ်စေခဲ့ ပါတယ်။

ရေကန်ရဲ့ ရေတွေက အေးစက်မနေပဲ နွေးနွေးလေး ဖြစ်နေပါတယ်။ ခြေတစ်လှမ်း ဂင်လိုက်တာနဲ့ လင်းဟန်က သူ့ကိုယ်သူ ခံစားချက်တွေ ပျောက်ကွယ်သွားသလို ခံစားလိုက်ရပြီး သူ့တစ်ကိုယ်လုံး အထဲကို နှစ်ပြီးတော့ ရေချိုးလိုက်ပါတယ်။

ဒါက အရမ်းကို သက်တောင့်သက်သာ ရှိရုံတင်မက စုပ်ယူခြင်းအာနိသင်ကလည်း တိုးလာနိုင်ပါတယ်။

ဟူးလားလား။

အဲဒီအချိန် ရေကန်ရဲ့ မနီးမဝေးမှာ ရေတွေက ကွဲထွက်ပြီး လူတစ်ယောက် မတ်တတ် ရပ်လိုက်ပါတယ်။

ဒါဆိုရင် ဒီနေရာမှာ တစ်စုံတစ်ယောက် ရှိနေတာပေါ့။ ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ရေထဲမှာတောင် နှစ်မြှုပ်ထားခဲ့တာပေါ့။ ဒီနေရာက နတ်ဘုရား အာရုံကို တားဆီးထားပါတယ်။ ပြီးတော့ ကန်ရဲ့ရေတွေကလည်း မင်တွေလို မည်းနက်နေပြီး ရေထဲကို မြင်တွေ့ရဖို့ နည်းလမ်း လုံးဝမရှိပါဘူး။ ဒါကြောင့် သူတို့တွေ တွေ့ဖို့ မဖြစ်နိုင်ပါဘူး။

တစ်ဖက်လူကလည်း တစ်စုံတစ်ယောက် ရောက်လာတယ် ဆိုတာကို အာရုံခံမိသွားပုံ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

ရေရဲ့လုပ်ရှားမှုကိုက ခံစားလိုက်ရတာကြောင့် မတ်တတ်ထရပ်လိုက်တာ ဖြစ်ပါလိမ့်မယ်။ ဟုတ်တယ်မလား။

နေပါဦး။

လင်းဟန်က တစ်ဖက်လူကို ကြည့်ပြီး တစ်ဖက်လူကလည်း သူ့ကိုကြည့်နေပါတယ်။ သူတို့ နှစ်ယောက်က ခဏလောက်တော့ တိတ်ဆိတ်ငြိမ်သက် သွားကြပါတယ်။

လပ္ပွတ်ပဲ။

လင်းဟန်က ချက်ချင်းပဲ သူ့ခေါင်းထဲမှာ ကျိန်ဆဲလိုက်ပြီး သူက လီဝေဂရဲ့ ထောင်ချောက်ထဲ ကျသွားပြီ ဆိုတာကို နားလည်လိုက်ပါတယ်။

သူ့အရှေ့မှာ ရပ်နေတဲ့ သူက အမျိုးသမီး တစ်ယောက် ဖြစ်ပါတယ်။

သူမက တစ်ကိုယ်လုံး အဂတ်အစား ကင်းမဲ့မနေပေမဲ့ အရမ်းကို ပါးလွှာတဲ့ ဂတ်စုံတစ်ထည်ကို ဂင်ဆင်ထားပြီး သူမရဲ့ ပြီးပြည့်စုံတဲ့ ကောက်ကြောင်းနဲ့ အံဂင်ဂွင်ကျ ဖြစ်နေပြီး ရေစိုပြီး ကပ်နေတဲ့ အဂတ်အစားကြောင့် သူမရဲ့ ခန္ဓာကိုယ်ကို အသေးစိတ် တွေ့မြင်ရပါတယ်။

အမှန်တော့ ဒီပါးလွှာတဲ့ ဂတ်စုံက သာမန်ဂတ်စုံတစ်ခု မဟုတ်ပါဘူး။ ဒီဂတ်စုံက လုံးဂကို ရေစိုနေရင်တောင် အလင်းရောင် နည်းနည်းမှ မဂင်နိုင်ပါဘူး။ သူမရဲ့ ခန္ဓာကိုယ်က အရေးကြီးတဲ့ အစိတ်အပိုင်းတွေကို နည်းနည်းမှ လှစ်ဟပြထားခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း ဒီရေစိုပြီး အဂတ်အစားက ခန္ဓာကိုယ်ပေါ်မှာ ကပ်နေပြီးတော့ ဖြစ်ပေါ်လာတဲ့ ပုံပန်းသွင်ပြင်က အရာအားလုံး ဖွင့်ဟပြတာထက်စာရင် အဆပေါင်း တစ်ရာလောက် ဆွဲဆောင်မှု ပိုရှိပါတယ်။

ဘယ်အသေးစိတ် အချက်အလက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်လဲ။

ရင်ဘတ်ပေါ်က အံ့အားသင့်စရာကောင်းလောက်အောင် ဖွံ့ထွားတင်းကားနေတဲ့ ရင်သားလား။ သူတို့ရဲ့ အရွယ်အစားက ဖုံးကွယ်လို့ မရသလို ပုံသဏ္ဍာန်ကိုတောင် ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်ပါတယ်။ သူက ထောင်မတ်နေတဲ့ နို့သီးခေါင်း သေးသေးလေး နှစ်ခုကိုတောင် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

သူမရဲ့ လုံးဂန်းပြီး တင်းကားနေတဲ့ တင်းပါးတွေ သူမရဲ့ သေးသွယ်တဲ့ ခါး၊ သူမရဲ့ ရှည်လျားပြီး သွယ်စင်းနေတဲ့ ပေါင်တံတွေ

အစိတ်အပိုင်း အားလုံးက ပန်းပုရုပ်တစ်ခုလိုမျိုး အချိုးအစား ကျနပြီး တစ်ချက်ကြည့်လိုက်တာနဲ့ တံတွေးခဏခဏ မျိုချအောင် ဖြစ်စေတယ် မဟုတ်ပါလား။ ဂုဏ်သရေရှိပြီး အဆင့်မြင့်တဲ့ ယောကျ်ားကိုတောင် ရက်စက်ကြမ်းကြုတ်တဲ့ ဝံပုလွေတစ်ကောင် ဖြစ်သွားတဲ့အထိ စိတ်မိုက်စိတ်ရိုင်းတွေ ဖြစ်လာဖို့ လုံလောက်ပါတယ်။

မျက်နှာကို ကြည့်စရာတောင် မလိုအောင်ပဲ ဒီခန္ဓာကိုယ် ကောက်ကြောင်းတစ်ခုနဲ့တင် လူတွေအားလုံး ရူးသွပ်သွားစေဖို့ လုံလောက်ပါတယ်။

နောက်ပြီးတော့ သူမရဲ့ရုပ်ရည်က သူမရဲ့ ပြီးပြည့်စုံတဲ့ ခန္ဓာကိုယ်နဲ့ အရမ်းကို လိုက်ဖက်ပါတယ်။ သူမမှာ ကျောက်စိမ်းဖြူလို အပြစ်အနာအဆာ လုံးဝမရှိပါဘူး။ သူမရဲ့ မျက်လုံးတွေက သောက်ရူးကြယ်လို တလက်လက် တောက်ပပြီး လှပတဲ့ နှာတံလည်း ရှိပါတယ်။ အထူးသဖြင့် သူမရဲ့ ပျော့ပျောင်းတဲ့ ဆံကေသာတွေကနေ ရေတစ်စက်ချင်း ကျနေတာက မိုးကောင်းကင်ကနေ ပုလဲလုံးတွေ ကျလာသလိုမျိုး လှပလို့ နေပါတယ်။

ဒါက အရမ်းကို ဆွဲဆောင်လွန်းပြီး လူတစ်ယောက်ကို သားရဲကောင်လို ဖြစ်စေတဲ့ ခံစားမှုမျိုး ပေးစွမ်းပါတယ်။

လင်းဟန်က အသက်ကို ပြင်းပြင်းရှုပြီးတော့ တိတ်ဆိတ်မှုကို အရင်ဆုံး ခွဲဖို့ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူက ပြောလိုက်တယ်။

"စီနီယာ အစ်မစွေ့။ တကယ်လို့ ဒါက မတော်တဆမှု တစ်ခုလို့ ကျနော်ပြောမယ်ဆိုရင် မင်းငါ့ကို ယုံကြည်လိမ့်မလားဆိုတာ မသေချာဘူး"

ဒီအရမ်းကို ချောမောလှပတဲ့ ပန်းပုရုပ်က စွေ့ရန်ယွီ ဖြစ်ပါတယ်။

စွေ့ရန်ယွီက အသံတစ်ချက်မှ မထွက်ပဲ သူမရဲ့ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ညာဘက် လက်ဝါးကို မြှောက်ပြီး ကြောက်မက်ဖွယ်ရာ စွမ်းအင်တစ်ခုကို သိပ်သည်းလိုက်ပြီး လင်းဟန်ကို ရိုက်ချလိုက်ပါတယ်။

လပြွတ်ပဲ သူမက အရမ်းကို လေးလေးနက်နက် ထားတာပဲ။

ဒါက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ဆီက တိုက်ခိုက်မှု ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က ဒါကိုဘယ်လိုလုပ် တားဆီးရမလဲ။

ကာကွယ်ဖို့ မပြောနဲ့ သူ့မှာ တုံ့ပြန်ဖို့ အချိန်တောင် မရှိခဲ့ပါဘူး။ ဝုန်း။ သူ့ရဲ့ နဖူးကို လက်ဝါးနဲ့ အရိုက်ခံလိုက်ရပြီး ချက်ချင်းဆိုသလို လွင့်ထွက်သွား ခဲ့ပါတယ်။

တောင်မြစ်အဆင့်နဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အကြားမှာ အဆုံးမရှိ အကွာအဝေး တစ်ခု ရှိပါတယ်။ တကယ်လို့ လင်းဟန်က သူ့ခွန်အားကို ကြယ်နှစ်ဆယ်လုံး အမြင့်ဆုံးထိ တိုးလာစေ နိုင်ခဲ့မယ် ဆိုရင်တောင် အဲ့ဒါက အသုံးမဝင်ပါဘူး။ ဒါက သေမျိုးအဆင့် လူတစ်ယောက်နဲ့ တန်ခိုးရှင် အဆင့် လူတစ်ယောက်ရဲ့ အကြားက ကွာဟချက် ဖြစ်ပြီးတော့ အဲ့ဒီအတွက် ဖာထေးဖို့ နည်းလမ်း လုံးဝ မရှိပါဘူး။

လင်းဟန်က အံကြိတ်လိုက်ပါတယ်။ ဒီလက်ဝါးရိုက်ချက်က တကယ်ပဲ သူ့ကို နာကျင်မှု တချို့ ဖြစ်စေခဲ့ပါတယ်။

တစ်ခုသိထားရမှာက သူ့မှာ နတ်ဘုရားသတ္တုရဲ့ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

တကယ်လို့ တောင်မြစ်အဆင့်ရဲ့ အဆင့်သေးက သူ့ကို နာကျင်မှု ဖြစ်စေတယ်ဆိုရင် တောင်မြစ် အဆင့်ရဲ့ အလယ်အလတ် အဆင့်က သူ့ကို ပြင်းထန်တဲ့ ဒဏ်ရာရအောင် လုပ်နိုင်ပြီး အဆင့်မြင့် အဆင့်ဆိုရင် သူ့ကိုတောင် သတ်ပစ်နိုင်မလား မသိပါဘူး။

မျော်စင်လေးက ခေါင်းညိတ်ပြီး အရမ်းကို မသိတတ်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါက ဖြစ်သင့်တယ်"

လင်းဟာန်က အသက်ကို ရှုထုတ်လိုက်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ ကျင့်ကြံခြင်းထက် တစ်ဆင့် သာနေတယ်လို့ ပြောရပါမယ်။ ဒါပေမဲ့လည်း တန်ခိုးရှင် အဆင့်မှာ နောက်ထပ် ကန့်သတ်ချက်တစ်ခု ထပ်ထည့်ဖို့ လိုပါတယ်။ အဲဒါက အဓိက ကျင့်ကြံခြင်းအဆင့် တစ်ခုရဲ့ တိုးတက်မှု မဟုတ်ပဲ အသေးစား ကျင့်ကြံခြင်း အဆင့်တစ်ခုပဲ ဖြစ်ပါတယ်။

သူ့ရဲ့လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့် နတ်ဘုရား သတ္တုနဲ့ ညီမျှပါတယ်။ တန်ခိုးရှင်ဘုံမှာတော့ အဲဒါက အဆင့်တစ် နတ်ဘုရား သတ္တုလို့ ပြောဆိုပြီး အဲဒီနောက်မှာ အဆင့်အမြင့်ဆုံး ကန့်သတ်မှုက အဆင့်နှစ်ဆယ် နတ်ဘုရား သတ္တုပဲ ဖြစ်ပါတယ်။

"အသက်ရှင်နေသေးတယ်ပေါ့လေ"

စွေ့ရန်ယွီက အံ့အားသင့် သွားပုံ ရပါတယ်။ သူမရဲ့ စောစောက တိုက်ခိုက်မှုမှာ ရှက်ရွံ့မှုနဲ့ မုန်းတီးတဲ့ ခံစားချက်တွေ ပြည့်နှက်နေပြီး

သေချာပေါက် အားကုန်ထုတ် တိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။ သူမက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကို သေတဲ့အထိ မတိုက်ခိုက်နိုင်ဘူးလား။ ဒါကလုံးဝကို မယုံနိုင်စရာ ကောင်းပါတယ်။

"ဟင့် ငါကအစတုန်းက နင့်ကို သိုင်းပညာ ပါရမီရှင် တစ်ယောက်လို့ တွေးထားခဲ့တာ။ နင်က တကယ်ပဲ စက်ဆုပ်ရွံရှာစရာ ကောင်းလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မထင်မှတ်ထားမိဘူး။ အရှက်မရှိ တဏှာရူးကောင်"

သူမက နောက်တစ်ကြိမ် ခုန်အုပ်ပြီး သူမလက်ကို မြှောက်ကာ လင်းဟန်ကို ရိုက်ချလိုက် ပါတယ်။

ပုန်း။

အံ့သြစရာမရှိအောင် လင်းဟန်က နောက်တစ်ကြိမ် လွင့်ထွက်သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးက တောင်နဲ့ဝင်ဆောင့်မိပြီး တွင်းပေါက်ပုံစံ တစ်ခုတောင် ဖြစ်သွားပါတယ်။ ကံကောင်းတာက ဒါက တန်ခိုးရှင်ဘုံဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာက မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာပါတယ်။ တကယ်လို့ ကမ္ဘာငယ်လေး တစ်ခုမှာဆိုရင် တိုက်ခိုက်မှု တစ်ခုနဲ့တင် တောင်တစ်ခုလုံး ပြိုလဲပျက်စီး

သွားပြီးတော့ လင်းဟန်ကလည်း ကမ္ဘာရဲ့ ဘယ်အဆုံးထိ လွင့်ထွက်သွားမလဲ ဆိုတာကို မသိရပါဘူး။

လီဝေဂ မင်းစောင့်နေလိုက်ပါ။

Chapter 914 end

အပိုင်း(915) တစ်ချက်ကိုက်

အပြင်းအထန် ရုန်းကန်လုပ်ရှားပြီး လင်းဟန်က တောင်ရဲ့ အပေါက်ထဲကနေ ထွက်လာခဲ့ ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ အရမ်းကို အံ့သြဖွယ်ရာ ကောင်းပါတယ်။ တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့် လက်ရွေးစင် တစ်ယောက်ဆီက တိုက်ခိုက်မှုကို နှစ်ကြိမ်ဆက်တိုက် ခံစားပြီးတာတောင် သူ့ကိုနည်းနည်းမှ မထိခိုက်သွားခဲ့ပါဘူး။

"စီနီယာ အစ်မစွေ့ ကျနော်ရှင်းပြတာကို နားထောင်"

ပုန်း။

စွေ့ရန်ယွီက သူမရဲ့ အရှက်ရမှုကြောင့် ဒေါသတွေ ပေါက်ကွဲထွက်နေတယ်ဆိုတာ သိသာပါတယ်။ သူမအနေနဲ့

အားလုံး ထုတ်ဖော်မပြထားပေမဲ့ လင်းဟာန်က သူမရဲ့ အစိတ်အပိုင်းတိုင်းကို မြင်တွေ့သွားတယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် သူမက ဘယ်လိုလုပ် ဒေါသမထွက်မိပဲ နေမှာလဲ။ သူမက ရူးသွပ်သွားသလိုမျိုး တရစပ် တိုက်ခိုက်လိုက်ပါတယ်။ သူမရဲ့ လက်ဝါးရိုက်ချက်တွေက လင်းဟာင်ရဲ့ ရင်ဘတ်ကို တရစပ် ထိမှန်သွားပါတယ်။

လင်းဟာန်က တွင်းပေါက်ထဲက ထွက်လာရုံပဲ ရှိပါသေးတယ် ချက်ချင်းလွင့်ထွက် သွားခဲ့ပြီးတော့ ပိုပိုပြီး အတွင်းကို နက်သထက် နက်ပြီး အဆက်မပြတ် နစ်မြုပ်သွားပါတယ်။

တန်ခိုးရှင်ဘုံရဲ့ တောင်တွေ ကျောက်တုံးတွေ ဘယ်လောက်ပဲ ခိုင်မာပါစေ တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်ကြောင့် ပျက်စီးမှုကို ရင်ဆိုင်ရပ်တည်နိုင်စွမ်း မရှိပါဘူး။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ဟာ အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ တန်းတူအဆင့်မှာ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး ပြင်းထန်တဲ့ ဆောင့်ချက်တွေနဲ့ဆိုရင် လင်းဟာန်က အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပြီး တောင်တစ်ခုလုံး လုံးဝကို ပျက်စီးသွားပါလိမ့်မယ်။

တကယ်လို့ တောင်မှာလည်း သူ့ကိုယ်ပိုင် အသိစိတ် ရှိမယ်ဆိုရင် သေချာပေါက် ထိတ်လန့် တကြားနဲ့ ပြောပါလိမ့်မယ်။

“ငါ့ဒါအပြစ်လည်း မဟုတ်ပဲနဲ့ ဘာဖြစ်လို့ ငါ့ကျမှ ဒီလိုတွေ ဖြစ်နေရတာလဲ။ ငါဘာအမှားများ လုပ်မိလို့လဲ”

စွေ့ရန်ယွီက တောင်မြစ်အဆင့်ရဲ့ စွမ်းအားကို အပြည့်အဝ ထုတ်ဖော်ခဲ့ပါတယ်။ ပြီးတော့ လင်းဟန်က သူမရဲ့ တိုက်ခိုက်မှုတွေ အောက်မှာ ပြန်တိုက်ခိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တောင်နံရံတွေ ချိုင့်ဝင်ကုန်ပြီး သူကလည်း အထဲကို အဆက်မပြတ် နစ်မြုပ် နေပါတယ်။ တောင်ရဲ့ နံရံမှာတောင် လိုဏ်ဂူအသစ်တစ်ခု ဖြစ်လာသလိုပါပဲ။

ဒီကိစ္စရဲ့ အဓိက တရားခံက လီဝေဂပဲ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက လင်းဟန်က ဘယ်လိုလုပ်ပြီး နားမလည်ခဲ့တာလဲ။ ဒီနေ့က ဒီနေရာကို မိန်းကလေးတွေ ဝင်ရောက်တဲ့ နေ့ဖြစ်ပါလိမ့်မယ်။ သူက ဝင်ခွင့်တံဆိပ်ပြား တစ်ခုကို ဘယ်လိုကြောင့် ရလာခဲ့တာလဲ။

အရမ်းကို ရိုးရှင်းပါတယ်။ လီဝေဂက ဒီတံဆိပ်ပြားကို ခိုးလာတာ ဒါမှမဟုတ် ငှားလာတာ ဖြစ်ပါလိမ့်မယ်။ သူမက ဘယ်သူမို့လို့လဲ။

သူမအတွက် ဒီတံဆိပ်ပြားကို ရဖို့ဆိုတာ သေချာပေါက် ခက်ခဲမှာ မဟုတ်ပါဘူး။

"ဒါပေမဲ့ စီနီယာ အစ်မစွေ့ အနည်းဆုံးတော့ ကျနော်ရှင်းပြတာကို နားထောင်သင့်တယ် မဟုတ်လား။ ကျနော်လည်း ဒီနေရာကို တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတာပါ။ တော်တော်များများ မြင်တွေ့သွားတယ်ဆိုပေမဲ့ ငါမကြည့်သင့်ပါဘူး။ မင်းက နောက်ထပ် စကားတစ်ခွန်းတောင် မဆိုပဲ ကျနော့်ကို သတ်ဖို့ ဆုံးဖြတ်တာကတော့ မမှန်ဘူးနော်"

စွေ့ရန်ယွီက ပိုပြီးတော့ တိုက်ခိုက်လေ သူမက ပိုအံ့အားသင့်ရလေပါပဲ။ ဘယ်လိုလုပ်ပြီး ဒီတဏှာရူးကောင်က သူမရဲ့ တိုက်ခိုက်မှုတွေကို ရင်ဆိုင်ခုခံနိုင်ရတာလဲ။ သူက တကယ်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်မှ ဟုတ်ရဲ့လား။

သူမက တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့် အစောပိုင်း ကာလမှာ ရှိနေသေးတယ် ဆိုပေမဲ့ သူမက ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်ပြီး သူမရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့် နောက်ပိုင်းကာလမှာရှိတဲ့ တစ်စုံတစ်ယောက်နဲ့ နိုင်းယှဉ်လို့ ရပါတယ်။ သူမရဲ့ ဒေါသနဲ့

တိုက်ခိုက်မှုတွေက တောင်မြင့်အဆင့်ရဲ့ အသေးစားအဆင့်က နောက်ပိုင်းအဆင့် မပြောနဲ့ အသေးစား အထွတ်အထိပ် အဆင့်က တစ်စုံတစ်ယောက်တောင်မှ သူမရဲ့ တိုက်ခိုက်မှုကို ရင်ဆိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူမရဲ့ တိုက်ခိုက်မှုတွေကို ခံနိုင်ရည်ရှိပြီး ရှသိုးသိုး ဖြစ်ပြီးတော့ အကူအညီ မဲ့နေတဲ့ အမူအရာကို ဘေးဖယ်ထားဦး။ သူက ပိုပြီးတော့ ကောင်းမလာနိုင်ပါဘူး။

သူမက တကယ့်ကို ရှုးသွားသလိုပါပဲ။ သူမတစ်ကိုယ်လုံး တခြားလူက အကုန်လုံး ကြည့်ခဲ့ပြီး သူမက အပြစ်ကျူးလွန်သူကို ဘာမှမလုပ်နိုင်ဘူးလား။

"ကောင်းကင်တောင်ပံ နတ်ဘုရားဓား"

သူမက ဒေါသကြောင့် အသိစိတ်တွေ ဖုံးကုန်ပြီး သူမရဲ့ နတ်ဘုရား ပစ္စည်းကို အသုံးပြုဖို့တောင် မေ့နေခဲ့ပါတယ်။

ဟုမ်း။

တောက်ပတဲ့ အလင်းရောင် တစ်ချက်က သူမရဲ့ မျက်ခုံးနှစ်ခု အကြားကနေ ပျံထွက်လာပြီး ချက်ချင်းဆိုသလို သုံးပေခန့်ရှည်တဲ့ ဓားတစ်လက် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူမက

လက်ထဲမှာ ကိုင်ပြီးတော့ အလျင်အမြန်ပဲ လင်းဟန်ကို ခုတ်ပိုင်းလိုက်ပါတယ်။

လင်းဟန်က ရုတ်တရက် အေးစိမ့်သလို ခံစားလိုက်ရပြီး သူ့ခန္ဓာကိုယ်က အမွေးတွေအားလုံး ထောင်လာခဲ့ပါတယ်။

ဒီဓားက သူ့ကို ထိခိုက်ဒဏ်ရာ ဖြစ်စေရုံတင်မက သူ့ကို သတ်ပစ်နိုင်တဲ့ စွမ်းအားကိုပါ ပိုင်ဆိုင် ထားပါတယ်။

ဒါက အနည်းဆုံး အဆင့်နှစ် နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားတာ ဖြစ်ပါတယ်။

လင်းဟန်က အသည်းအသန် ရှောင်တိမ်းလိုက်ပါတယ်။ အစိမ်းရောင် ဓားသွားတစ်ခုက သူ့နှလုံးသားကနေ ချော်သွားပေမဲ့ သူ့ခန္ဓာကိုယ်ကိုတော့ ခုတ်မိသွားခဲ့ပါတယ်။ နတ်ဘုရားပုံစံ သင်္ကေတတွေ တလက်လက် တောက်ပလာပြီး ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်က အတော်လေး ထိခိုက်ပျက်စီး သွားခဲ့ပါတယ်။

ပြီးတော့ သူ့ရဲ့ သေကွင်းသေကွက် နေရာကို မထိုးမိတာကြောင့် တော်ပါသေးတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သေချာပေါက် သူ့အနေနဲ့ အသက်ဆုံးရှုံးသွား ရပါလိမ့်မယ်။

ဒီတစ်ကြိမ်တော့ လင်းဟန်လည်း ဒေါသထွက် သွားခဲ့ပါတယ်။

"ငါမင်း တစ်ကိုယ်လုံးကို ကြည့်မိတယ်ဆိုတာ မှန်တယ်။ ဒါပေမဲ့ မင်းက အဂတ်အစားတွေ ဂတ်ထားတာပဲ။ အနည်းဆုံးတော့ စကားကပ်ဖဲ့ပြောရမယ်ဆိုရင် မင်းဘာမှ ဆုံးရှုံးသွားတာ မရှိဘူး။ နောက်ပြီးတော့ တကယ်လို့ ငါ့က သေဒဏ်ထိုက်တဲ့ ပြစ်မှုကို ကျူးလွန်ခဲ့တယ် ဆိုရင်တောင်မှ အနည်းဆုံးတော့ ငါ့ကိုငါ ခုခံချေပဖို့ အခွင့်အရေး တစ်ခုကို ပေးသင့်တယ် မဟုတ်လား"

စွေ့ရန်ယွီက သူမရဲ့ ဓားခုတ်ချက်က အာနိသင် သက်ရောက်မှု ရှိတယ်ဆိုတာကို တွေ့လိုက်တဲ့ အချိန်မှာ ချက်ချင်းပဲ သူမဓားကို ပြန်ဆွဲပြီး လင်းဟာန်ကို နောက်တစ်ကြိမ် ထပ်ထိုးလိုက်ပါတယ်။

လင်းဟာန်က ဆက်ပြီးတော့ ပြောမနေပဲ သူ့ခေါင်းကို နှိမ့်ချကာ သူကိုယ်သူ သူမရဲ့ လက်မောင်းတွေ အထဲကို ဂင်ဆောင့်လိုက်ပါတယ်။

တကယ်လို့ ဒါက ကျယ်ဂန်းတဲ့ နေရာတစ်ခုဆိုရင် စွေ့ရန်ယွီက ကြောက်ရွံ့နေမှာ မဟုတ်ပါဘူး။ သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုနဲ့တင် သူမက လင်းဟာန်ကို လွင့်ထွက်သွား စေနိုင်ပါတယ်။ အဲဒီနောက် သူမက ဒီတဏှာရူးကောင်ကို သူမရဲ့ဓားနဲ့ လိုက်ခုတ်ရုံပါပဲ။

ဒါပေမဲ့ ဒီတောင်ရဲ့ လိုဏ်ဂူနေရာက သူမရဲ့ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာခဲ့ပြီး အရမ်းကို ကျဉ်းမြောင်းပါတယ်။ နည်းနည်းလေး ဘေးကိုလှည့်ဖို့တောင် ခက်ခဲပါတယ်။ ဒါကြောင့် သူမအတွက် သူ့ကိုရင်ဆိုင်ဖို့ နေရာဘယ်မှာ ရှိမှာလဲ။ နောက်ပြီး စွေ့ရန်ယွီရဲ့ ကျင့်ကြံခြင်း အဆင့်က မြင့်တယ်ဆိုပေမဲ့ သူမက အစစ်အမှန် တိုက်ပွဲ ဘယ်လောက်များ အတွေ့အကြုံ ရှိလို့လဲ။

လင်းဟန်က သူ့ရဲ့ကလက်တွေကို ဘယ်လောက်တောင် နိမ့်ထားပြီး သူမကို ခုန်အုပ်ရလဲ ဆိုတာကို တစ်ချက်ကြည့်လိုက်ပါ။ သူ့လုပ်ရှားမှုက အရမ်းကို ရိုးရှင်းတယ် ဆိုပေမဲ့ ဒီလိုနေရာ ဒီလိုအချိန်မျိုးမှာ အသင့်တော်ဆုံး လုပ်ရှားမှု ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒါက ပြောင်းလဲနိုင်တဲ့ လုပ်ရှားမှု တစ်ခုဖြစ်ပြီးတော့ စဉ်းစားဖို့ အချိန်လည်း မရှိပါဘူး။ ဒါက သူ့ရဲ့ ဘဝနှစ်ခုရဲ့ တိုက်ပွဲအတွေ့အကြုံ များပြားမှုကြောင့် အလိုအလျောက် စဉ်းစားစရာ မလိုပဲ လုပ်ရှားလိုက်တာ ဖြစ်ပါတယ်။

အဲဒါက စွေ့ရန်ယွီရဲ့ သူမရဲ့ဓားနဲ့ ထိုးစိုက်မှုအတွက် အလိုအလျောက် တုံ့ပြန်မှု ဖြစ်ပါတယ်။ သူမအနေနဲ့ လင်းဟန်က သူမရဲ့ လက်မောင်းတွေထဲကို ပြေးဝင်လာလိမ့်မယ်လို့

ထင်မှတ်မထား ခဲ့မိပါဘူး။ သူမက ဒီလိုမျိုး နေရာကျဉ်းကျဉ်းလေး တစ်ခုမှာ ဘယ်နေရာကို ရှောင်တိမ်းရမလဲ။

ပုန်း။

ဒီတစ်ကြိမ်တော့ သူမက လင်းဟန်ရဲ့ အတင်းဂင်ဆောင့်မှုကို ခံရတဲ့ အလှည့်ဖြစ်သွား ခဲ့ပါပြီ။

သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး အနောက်ဘက်ကို တော်တော်ဝေးဝေး ဆုတ်လိုက်ရပါတယ်။ ကံကောင်းတာက သူမရဲ့ မူလစွမ်းအင်ကို အသက်သွင်းပြီး အချိန်မီ ကာကွယ်လိုက် နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဒီအတင်းဂင်ဆောင့်မှုကြောင့် အကြီးအကျယ် ခံစားသွားရပါလိမ့်မယ်။ အနည်းဆုံးတော့ သူမရဲ့ လှပတဲ့ ခန္ဓာကိုယ်က ထက်ရှတဲ့ ကျောက်တုံးတွေရဲ့ ပွတ်တိုက်မှုကို ခံရပြီးတော့ အမာရွတ် ဒဏ်ရာတွေ သေချာပေါက် ခံစားရ ပါလိမ့်မယ်။

ဒါပေမဲ့ အဲဒါက အရေးအကြီးဆုံး အရာမဟုတ်ပါဘူး။ သူမကို ကြက်သီးထစေတဲ့ အရာက လင်းဟန်က သူမဆီကို ခုန်ဂင်လာခဲ့လို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့မျက်နှာက သူမရဲ့ တောင်ပူစာ နှစ်ခုလို ဖွံ့ထွားနေတဲ့ ရင်သားတွေထဲမှာ နစ်မြုပ်လို့ နေပါတယ်။

အဲဒါက သူမကို မူးမေ့လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

သေစမ်း တဏှာရူးကောင်။

သူမက အရမ်းကို လှပချောမောပြီး တင့်တယ်လှပကာ ဆွဲဆောင်မှုရှိတယ်ဆိုပေမဲ့ မွေးကတည်းက အခုချိန်ထိ ချစ်သူလုံးဝ မထားဖူးခဲ့တဲ့ အပျိုစင် စစ်စစ်ပဲ ဖြစ်ပါတယ်။

သူမက အံကိုကြိတ်ပြီးတော့ ဓားကို အားနဲ့ဆွဲလိုက်ပြီး လင်းဟာန်ရဲ့ နောက်ကျောကို ထိုးစိုက် လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက အရမ်းကို လျင်မြန်ပြီး ပြင်းထန်ပါတယ်။ တကယ်လို့ ဒီဓားချက်သာ ထိထိမိမိ ရှိမယ်ဆိုရင် လင်းဟာန်က ဓားနဲ့ထိုးဖောက်ခံရရုံတင်မက သူမကိုယ်တိုင်တောင် လွတ်မြောက်လိမ့်မှာ မဟုတ်ပါဘူး။

ဒါက သူမရဲ့ စိတ်နေစိတ်ထား ဖြစ်ပါတယ်။

ဘယ်လိုမျိုး စိတ်နေစိတ်ထားလဲ။ လင်းဟာန်ရဲ့ နတ်ဘုရားအာရုံက ဘယ်လောက် တုံ့ပြန်နိုင်လိုက်သလဲ။ သူက သူ့နောက်ကျောဘက်က အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရပြီး သူ့ခေါင်းထဲမှာ အန္တရာယ်ဆိုတဲ့ အသိက မြင့်တက်လာခဲ့ပါတယ်။

အဲဒီအခိုက်အတန့် တကယ်လို့ သူက အနက်ရောင် မျှော်စင်ထဲ ဝင်ပုန်းလိုက်မယ်ဆိုရင် သူက လုံခြုံပါလိမ့်မယ်။ ဒါပေမဲ့ စွေ့ရန်ယွီက သူမရဲ့ဓားကို ရပ်တန့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီတိုက်ခိုက်မှုက သူမကိုယ်တိုင် ပြင်းထန်တဲ့ ဒဏ်ရာကို ခံစားသွားစေပါလိမ့်မယ်။ သူမ အနေနဲ့ တန်းပြီးတော့ သေသွားနိုင်ချေ ရှိပါတယ်။

ဒါက အဆင့်နှစ် နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားတဲ့ ရတနာ ဓားတစ်လက် ဖြစ်ပါတယ်။ ဒါကြောင့် ဖျက်ဆီးခြင်း စွမ်းရည်က သေချာပေါက် ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။

ဒါက နားလည်မှု လွဲမှားတာလေး တစ်ခုပါပဲ။ အဓိက တရားခံက လီဝေဂပဲ ဖြစ်ပါတယ်။ တကယ်လို့ စွေ့ရန်ယွီက ဒီအတွက်နဲ့ သေသွားခဲ့မယ်ဆိုရင် လင်းဟာန်က သေချာပေါက် နောင်တရလို့ မဆုံးနိုင်အောင် ခံစားရပါလိမ့်မယ်။

ဒီအတွေးနဲ့အတူ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပုန်းမဲ့အတွေးကို စွန့်လွှတ်လိုက်ပါတယ်။ သူ့ပါးစပ်ကို ဟာပြီးတော့ ကိုက်ချလိုက်ပါတယ်။

"အား"

စွေ့ရန်ယွီက သူမခန္ဓာကိုယ် တစ်ခုလုံး တစ်ခါတည်း ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရ ပါတယ်။ သူမရဲ့ စိတ်တွေက လုံးဂကို အသိစိတ် ကင်းလွတ်သွားပြီး ဘာအတွေးမှ မရှိတော့ ပါဘူး။ သူမရဲ့ လက်ထဲက ရတနာဓားကလည်း အားနည်းစွာနဲ့ ပြုတ်ကျသွားခဲ့ပါတယ်။ ဓားရဲ့ထိပ်ဖျားက မာကျောတဲ့ ကျောက်တုံးထဲကို တဖြောင့်တည်း ထိုးစိုက်သွားပြီး ဓားအရိုးပဲ ကျန်တဲ့အထိ နစ်မြုပ်သွားခဲ့ပါတယ်။

လင်းဟန်က သူ့ပါးစုန့်က ကြွက်သားကို မရပ်နိုင်ခဲ့ပါဘူး။ သူ့ခန္ဓာကိုယ်က ဓားနဲ့ထိုးစိုက်တာတဲ့ ဒဏ်ကို မခံရတော့တာကို အံ့ဩသလို မခံစားရပါဘူး။ ဒါပေမဲ့လည်း သူက သူမကို ကိုက်နေတာကနေ လွှတ်ပေးရမှာလား။

လင်းဟန်ရဲ့ မျက်နှာက ရှုံ့မဲ့လို့ နေပါတယ်။ သူက ဒီသေရေးရှင်ရေး အကျပ်အတည်း ကာလကို ယာယီဖြေရှင်းလိုက်ပေမဲ့ သူ့ပုံစံက ပိုပြီးတော့တောင် ခွကျတဲ့ အခြေအနေ တစ်ခုကို တွန်းပို့လိုက် သလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူကိုက်လိုက်တဲ့ နေရာက စွေ့ရန်ယွီရဲ့ နို့သီးခေါင်းထိပ်ကိုပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမရဲ့ ဓားကိုတောင် လွတ်ကျသွားစေနိုင်တဲ့အထိ အကြီးအကျယ် အံ့အားသင့်သွားအောင် လုပ်နိုင်မှာတဲ့လား။

စွေ့ရန်ယွီရဲ့ အာရုံအပြောင်းအလဲက ခဏလောက် ကြာပြီးတဲ့နောက်မှာ သူမရဲ့ လှပတဲ့ မျက်နှာက ရှက်ရွံ့မှုကြောင့် နီရဲလာခဲ့ပါတယ်။ သူမရဲ့ လှပပြီး ရေလိုကြည်လင် တောက်ပတဲ့ မျက်လုံးတွေက နီရဲလာခဲ့ပါတယ်။ သူမရဲ့ ဒေါသတွေ ပေါက်ကွဲလာတယ်ဆိုတာ သိသာပါတယ်။

မကောင်းတော့ဘူး။ တကယ်လို့ သူမက ဒေါသအိုး ပေါက်ကွဲလာပြီဆိုရင် သေတဲ့အထိ လက်လျှော့လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က နည်းနည်းမှ တုံ့ဆိုင်းခြင်း မရှိပဲ အနက်ရောင် မျှော်စင်ထဲကို ဖျတ်ခနဲ ဝင်လိုက်ပါတယ်။

သူက ပထမတုန်းက အနက်ရောင် မျှော်စင်ထဲမှာ ပုန်းအောင်းချင်နေခဲ့ပေမဲ့ စွေ့ရန်ယွီရဲ့ အသက်ကို ကယ်တင်ဖို့ အနည်းငယ် နှောင့်နှေးခဲ့ပါတယ်။

စွေ့ရန်ယွီက လူသတ်ချင်လောက်အောင် ဒေါသတွေ ထွက်နေပါတယ်။ ဒီခွေးကောင်က တကယ်ပဲ တကယ်ပဲ ။ သူမအနေနဲ့ သူ့ကို သတ်ပစ်ချင်ပါတယ်။ ဒါကြောင့် သင်တန်းကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းက ဘယ်လိုပဲရှိရှိ သူမက လူသတ်ချင်နေပါတယ်။ ဒါပေမဲ့ သူမရဲ့ ပစ်မှတ်က ဘယ်မှာလဲ။

သူမ ရှာလို့မတွေ့ပါဘူး။ သူမက ထွက်လမ်းမှာ ရပ်နေပြီး သူက သေချာပေါက် ဖြတ်ကျော်သွား ရပါလိမ့်မယ်။ ဒါပေမဲ့ လင်းဟန်က ဘယ်မှာလဲ။

ရှပ် ရှပ် ရှပ် ရှပ်။

အဲဒီအခိုက်အတန့်မှာ အပြင်ဘက်က ခြေလှမ်းသံတွေကို ကြားလိုက်ရပါတယ်။

Chaper 915 end

အပိုင်း(916) အမှန်တရား ထွက်ပေါ်လာပြီ။

စွေ့ရန်ယွီက ရုတ်ချည်းဆိုသလို ချာခနဲ လှည့်ပြီးတော့ လိုဏ်ဂူလိုဖြစ်နေတဲ့ တောင်ထဲကနေ ထွက်လာခဲ့ပါတယ်။

"ဟင် အစ်မစွေ့ ဘယ်လိုလုပ်ပြီးတော့ ဒီမှာရှိနေတာလဲ"

မိန်းကလေး ဆယ်ယောက်ကျော်လောက် အပြင်ကနေ ဝင်လာခဲ့ပါတယ်။ သူတို့အားလုံးက အရမ်းကို ချောမောလှပသူတွေ ဖြစ်ပြီးတော့ သူတို့ကို လီဂေဂေက ဦးဆောင်လာပါတယ်။

သူမရဲ့ ကျင့်ကြံခြင်းအဆင့်က အမြင့်ဆုံး မဟုတ်ပေမဲ့ သူမကို အောက်ခြေက လူတစ်ယောက်လို့ ဘယ်လိုလုပ်ပြီးတော့ သတ်မှတ်လို့ ရနိုင်မှာလဲ။ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော်ဆိုတဲ့ သူမရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မြတ်ပါတယ်။ ဒါကြောင့် သူမက အားလုံးပိုင်းရုံတာကို ခံရတဲ့ အဓိက လူတစ်ယောက် ဖြစ်ပါတယ်။ မြောက်ပိုင်းအဖွဲ့အစည်းက ကျောင်းသားသစ် ဝင်ခွင့်ကို နှစ်ပေါင်းနှစ်ဆယ်မှာ တစ်ကြိမ်ကျင်းပကြပါတယ်။ ဒါကြောင့် ဒီနေရာမှာလည်း စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ ရှိပါတယ်။

လီဂေဂေက ထိပ်ဆုံး သုံးယောက်ထဲက တစ်ယောက်မဟုတ်ပေမဲ့ ဒီနေရာကို ဝင်ရောက်နိုင်တာကို ကြည့်မယ်ဆိုရင် မြင့်မြတ်ပြီး အရေးပါတဲ့ အရာရှိတွေရဲ့ မျိုးဆက်က အထူးအခွင့်အရေး ရှိတယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် ဒီနေရာကို

မိန်းကလေးတွေ တစ်ဒါဇင်လောက် တစ်ပြိုင်နက်တည်း ရောက်လာတာက မထူးဆန်းပါဘူး။

စွေ့ရန်ယွီက သူမရဲ့ နှလုံးသားထဲက သတ်ဖြတ်ချင်တဲ့ ဆန္ဒကို အတင်းအကျပ် ချုပ်တည်းပြီး အပြုံးတစ်ခုကို ဟန်လုပ်ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ငါလည်း မြောက်ပိုင်းအဖွဲ့အစည်းရဲ့ အဖွဲ့ဝင် တစ်ယောက်ပဲလေ။ ဒါကြောင့် ဒီနေ့ ဒီနေရာကို ငါရောက်နေတာက သာမန်ပဲ မဟုတ်ဘူးလား"

လီဂေဂေက ခေါင်းညိတ်ပြီးတော့ ဘေးဘီဂဲယာကို တစ်ချက်ကြည့်ပြီး မေးလိုက်ပါတယ်။

"အစ်မစွေ့ နင် တစ်ယောက်ယောက် အဲ မျှော်လင့်မထားတဲ့ ကိစ္စတချို့နဲ့ ကြုံတွေ့မိတာမျိုး ရှိလား"

ချက်ချင်းဆိုသလို စွေ့ရန်ယွီရဲ့ စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားပြီး သူမက မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"နင်ဘာကို ဆိုလိုတာလဲ"

"ဘာမှမဟုတ်ပါဘူး ဟီးဟီး။ ဘာကိုဆိုလိုရမှာလဲ"

လီဂေဂေက အလျင်အမြန်ပဲ မူမမှန်သလိုမျိုး ရယ်မောလိုက်ပါတယ်။

"ဟင်"

စွေ့ရန်ယွီက မျက်မှောင်ကြုတ်လိုက်ပြီး သူမဆီကနေ
အစွမ်းထက်တဲ့ ဖိအားတစ်ခုက ရုတ်တရက် ပေါက်ကွဲထွက်ပေါ်
လာခဲ့ပါတယ်။

သူမက တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့
ဒီနေရာမှာ ရှိနေတဲ့ စကြာဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ
အားလုံးထက် လုံးဝကို သာလွန်ပါတယ်။

လီဂေဂေက ရုတ်တရက် ခေါင်းကိုငုံ့ပြီးတော့ ဂနာမငြိမ်ပဲ သူမရဲ့
လက်ချောင်းအချင်းချင်း တွေ့ထိပြီး ကစားနေပါတယ်။ သူမက
လိပ်ပြာမလုံသလို ခံစားနေရပါတယ်။ ကံကောင်းတာက သူမက
ပြဿနာကြီးကြီးမားမား မဖြစ်စေခဲ့ပါဘူး။ အဲဒီကျောက်တုံးခေါင်း
သူ့အိပ်ပျော်ပြီး ဒီကို မရောက်လာတာ ဖြစ်နိုင်ပါတယ်။

ကျိုယွင်အာရဲ့ အမူအရာက ပြောင်းလဲသွားပြီးတော့ သူမက
အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဂေဂေ နင်မနေ့က ငါ့ရဲ့ဂင်ခွင့်တံဆိပ်ပြားကို ယူသွားတယ်။
အဲဒါနဲ့များ ပတ်သက်နေမလား"

စွေ့ရန်ယွီက ဝေတုံးတစ်ယောက် မဟုတ်ပါဘူး။ သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ သဘောမပေါက် နိုင်စရာ အကြောင်း ရှိမှာလဲ။ ချက်ချင်းဆိုသလို သူမရဲ့ အမူအရာက တင်းမာခက်ထန်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"ဂေဂေ မြန်မြန်ဖြေစမ်း"

သူမရဲ့ ခြိမ်းခြောက်မှုနဲ့ လီဂေဂေက ဆက်ပြီးတော့ မဖုံးကွယ်ရဲတော့ပဲ ရိုးရိုးသားသားနဲ့ ရှင်းပြလိုက်ပါတယ်။

"ငါက အဲဒီကျောက်တုံးခေါင်းကို ပြဿနာလေး နည်းနည်းတွေ့သွားစေချင်ရုံပါပဲ။ ဒါကြောင့် အစ်မယွင်ရဲ့ ဂင်ခွင့်တံဆိပ်ပြားကို ယူပြီးတော့ အဲဒီကောင်ကို ပေးလိုက်တယ်။ ပြီးတော့ ဒီနေ့ သူ့ကို ဒီလာခဲ့ဖို့ ပြောခဲ့တယ်"

"ငါက သူ့ကို အရှုးလုပ်ခဲ့တယ် ဆိုတာကို သူမြင်သွားအောင်လို့ လူတွေအများကြီးကို တမင်သက်သက် ဖိတ်ခေါ်ပြီးတော့ ဒီကိုအတူလာခဲ့တာပဲ။ ဒါပေမဲ့ အဲဒီကောင်က ရောက်မလာဘူး ဆိုတာကို မထင်မှတ်ထားမိဘူး။ ငါဒေါသထွက်ပြီးတော့ သေတော့မယ်"

နင်က ဒေါသထွက်ပြီး သေတော့မယ် ဟုတ်လား။

စွေ့ရန်ယွီက တကယ်ပဲ အော်ဟစ်ငိုပစ်ချင်ပါတယ်။ ဒါပေမဲ့ သူမမှာ မျက်ရည်မရှိပါဘူး။ သူမကပဲ ဒေါသထွက်ပြီးတော့ သေသင့်တဲ့ လူတစ်ယောက် မဟုတ်လား။

သူမက တကယ်ပဲ လင်းဟန်ကို မှားယွင်းပြီးတော့ အပြစ်တင်ခဲ့မိပါတယ်။ သူက တဏှာရူး တစ်ယောက် မဟုတ်ပါဘူး။ လီဂေဂေရဲ့ လှည့်ဖျားမှုကို ခံခဲ့ရတာပါ။ ဒါပေမဲ့ ပြဿနာရှိတဲ့ အချက်က သူမတစ်ကိုယ်လုံးကို သူမြင်တွေ့ သွားခဲ့ပါပြီ။ ပြီးတော့ ပြီးတော့ အဲဒီကောင်က သူမရဲ့ နို့သီးခေါင်းကိုပါ ကိုက်ခဲ့ပါသေးတယ်။ သူမအနေနဲ့ သူ့ကို မသတ်ပစ်နိုင်ခဲ့ပါဘူး။

ဘာဆက်လုပ်ရမလဲ။

သူမက လင်းဟန်ကို သတ်သင့်လား။ ဒါမှမဟုတ် လီဂေဂေကို သတ်သင့်လား။

သူတို့နှစ်ယောက်ထဲက တစ်ယောက်က အလှည့်စား ခံခဲ့ရပြီး တစ်ယောက်က အပျော်သက်သက် ကစားခဲ့တာ ဖြစ်ပါတယ်။ အဲဒီအကျိုးဆက်က လက်ရှိအခြေအနေကို ဖြစ်စေခဲ့ပါတယ်။

“ဟင် ဒီမှာဘယ်လိုလုပ် ယောကျ်ားတစ်ယောက်ရဲ့ အဝတ်အစားတွေ ရှိနေရတာလဲ”

နောက်ဆုံးတော့ မိန်းကလေး တစ်ယောက်က လင်းဟန်ချွတ်ထားခဲ့တဲ့ အဝတ်အစားတွေကို ဘေးတစ်နေရာမှာ တွေ့မြင်သွားခဲ့ပါတယ်။

"နောက်ပြီးတော့ ဒီနေရာမှာ လိုဏ်ဂူတစ်ခု ရှိနေသေးတယ်။ ထူးဆန်းလိုက်တာ။ နောက်ဆုံးတစ်ကြိမ် ဒီနေရာကို ငါလာခဲ့တုန်းက ဒီလိုဏ်ဂူသေးသေးလေးက မရှိပါဘူး"

နောက်ထပ်မိန်းကလေး တစ်ယောက်ကလည်း အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

မိန်းကလေးတွေ အားလုံးရဲ့ အကြည့်တွေက စွေ့ရန်ယွီဆီကို ရောက်သွားခဲ့ပါတယ်။

"ငါဘယ်သိမလဲ"

စွေ့ရန်ယွီက တကယ်လို့ သူမကို သတ်ပစ်လိုက်မယ် ဆိုရင်တောင်မှ ငြင်းဆန်ဖို့ ဆုံးဖြတ်ထား ခဲ့ပါတယ်။ ဒီကိစ္စက သူမနဲ့ လင်းဟန်တို့ပဲ သက်ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ တကယ်လို့ တတိယမြောက် လူတစ်ယောက်သာ သိသွားခဲ့မယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူမက အသက်ဆက်ရှင်လို့ ရနိုင်တော့မှာလဲ။

လီဝေဝေက သံသယတွေနဲ့ ပြည့်နှက်လို့လာပြီး လင်းဟန်ကို နောက်ကျမှ ရှာဖို့ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ တကယ်လို့ လင်းဟန်က အသက်ရှင်နေသေးတယ်ဆိုရင် ဒီနေရာကို သေချာပေါက် မလာခဲ့ဘူးလို့ ဆိုလိုပါတယ်။ ဒါပေမဲ့ တကယ်လို့ သူက ကမ္ဘာမြေကြီးကနေ ပျောက်ကွယ်သွားပြီ ဆိုရင်တော့ သူက ဒီအစ်မတွေရဲ့ နှိပ်စက်ခြင်းကို ခံရတာ ဖြစ်နိုင်ပါတယ်။

သူမရဲ့ မျက်နှာက ချက်ချင်းဆိုသလို စိုးရိမ်ပူပန်မှုတွေ ပြည့်နှက်လို့ လာခဲ့ပါတယ်။ သူမက လင်းဟန်ကို အပျော်သက်သက် ဆော့ကစားချင်ရုံ သက်သက်ပါပဲ။ သူက ရေချိုးကန်ထဲကို အဝတ်အစားမပါပဲ ဆင်းသွားပြီးတဲ့ အချိန်မှာ သူမက တခြားသူတွေကို ခေါ်ပြီးတော့ ဝိုင်းပြီး ပွဲကြည့်ပရိသတ် လုပ်ကြပါလိမ့်မယ်။ ပြီးတော့ ဒီကျောက်တုံးခေါင်းက သူမရဲ့ အရှေ့မှာ ဆက်ပြီးတော့ စိတ်ကြီးဝင်တဲ့ ပုံစံမျိုး လုပ်ရဲဦးမလားဆိုတာ ကြည့်ရသေးတာပေါ့။

ဒါပေမဲ့ အခုတော့ တကယ်လို့ ဒီကောင်စုတ်က တကယ်ပဲ အစ်မတွေရဲ့ သတ်ဖြတ်ခြင်းကို သူမရဲ့ လှည့်ဖျားမှုကြောင့် အသတ်ခံခဲ့ရမယ်ဆိုရင် သူမရဲ့ ဘဝတစ်လျှောက်လုံး နောင်တရမှုတွေနဲ့ ပြည့်နှက်နေမယ်ဆိုတာ သေချာပါလိမ့်မယ်။

မိန်းကလေးတွေ အားလုံးက သိချင်စိတ်တွေ ပြင်းပြပြီးတော့ ခေါင်းရှုပ်နေပေမဲ့ အချိန်က စောင့်လိမ့်မှာ မဟုတ်ပါဘူး။ သူတို့က အဂ္ဂတ်အစားတွေ ချွတ်ချလိုက်ပြီး ပါးလွှာတဲ့ အတွင်းခံ အဂ္ဂတ်အစားတွေနဲ့ ရေကန်ထဲကို တစ်ယောက်ပြီး တစ်ယောက် ဝင်သွားခဲ့ပါတယ်။

စွေ့ရန်ယွီက အလျင်အမြန်ပဲ ထွက်လာခဲ့ပါတယ်။ သူမက အစောပိုင်းကတည်း ရောက်နေခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူမက ခပ်စောစော ထွက်လာတာက သဘာဝ ကျပါတယ်။ တခြားသူတွေရဲ့ မျက်လုံးထဲမှာ ဒါနဲ့ပတ်သက်ပြီး ထူးဆန်းတာမျိုး မရှိပါဘူး။ သူတို့တွေက ဒီနေရာမှာ အမျိုးသား တစ်ယောက်ရဲ့ အဂ္ဂတ်အစားနဲ့ ရုတ်တရက် တောင်ရဲ့အတွင်းမှာ လိုဏ်ဂူတစ်ခု ဖြစ်လာတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး နားမလည်နိုင်အောင် ဖြစ်နေပါသေးတယ်။ ဒီနေရာမှာ ဘာတွေဖြစ်ပျက်သွားတာလဲ။ မနေ့တုန်းက ရောက်လာတဲ့ အမျိုးသားတွေ ချန်ထားခဲ့တာ ဖြစ်နိုင်မလား။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲမှာ ပုန်းနေခဲ့ပြီး သက်ပြင်းချလိုက် မိပါတယ်။ သူက ပြဿနာကနေ ယာယီအားဖြင့် လွတ်မြောက်သွားပြီး စွေ့ရန်ယွီက နောက်ဆုံးမှာ ဒီနားလည်မှု

လွှဲမှားမှုကို သိမြင်သွားခဲ့ပေမဲ့ ပြဿနာရှိတာက သူက ဒီအလုပဂေးရဲ့ တစ်ကိုယ်လုံးကို တွေ့မြင်ခဲ့ပြီး သူမရဲ့ ရင်သားတွေကို ပြည်းစမ်းခဲ့မိတဲ့ အချက်လည်း ရှိနေပါတယ်။

တကယ်ပါပဲ။ အဲဒီလုပတဲ့ မြင်ကွင်းက တကယ့်ကို ဆွဲဆောင်မှု ရှိပြီးတော့ ဒီမြင်ကွင်းကို ပြန်စဉ်းစားမိရင် သူရဲ့သွေးတွေက ဆူပွက်လာပြီးတော့ အလွန်ဆာလောင်တဲ့ သားရဲတစ်ကောင် အဖြစ်ကို ပြောင်းလဲပစ်ချင်စိတ်တွေ ပြည့်နှက်လာခဲ့ပါတယ်။

"အရမ်းလည်းကြီးတယ်။ လုံးဝန်းပြီးတော့ အရမ်းကို နူးညံ့တယ်။ ပြီးတော့ အရမ်းလည်း တင်းပြီး အရသာလည်း အရမ်းကို ချိုတယ်"

လင်းဟာန်က စားမြုံ့ပြန်လိုက်ပါတယ်။ သူ့ရဲ့ ဂမ်းနည်းစရာကောင်းမှုထဲက ကျေနပ်စရာကို ရှာဖွေပြီးတော့ စဉ်းစားလိုက် နိုင်ပါတယ်။

"ငါဘယ်လိုမျိုး မျက်နှာချင်း ဆိုင်ရမလဲ။ ဘာတတ်နိုင်မှာလဲ။ အဲဒီအချိန်ကျရင် ဘာတွေဖြစ်လာမလဲ ဆိုတာကို စောင့်ကြည့်တာပေါ့"

လင်းဟာန်က ဒီအကြောင်းနဲ့ ပတ်သက်ပြီး မစဉ်းစားတော့ဖို့ ရွေးချယ်လိုက်ပါတယ်။ အဲဒီနောက် သူ့ခန္ဓာကိုယ် အထဲမှာ

ကျန်နေသေးတဲ့ နတ်ဘုရားများရဲ့ ထက်ရှတဲ့ ချိုကို အနက်ရောင် မျှော်စင်ကို အသုံးပြုပြီးတော့ ပျောက်ကွယ်သွား စေခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ရဲ့ စိန်အဆင့် ခန္ဓာကိုယ်က အရမ်းကို လျင်မြန်စွာနဲ့ ပြန်လည်သက်သာလာခဲ့ပါတယ်။ အဲဒီနောက် သူက နည်းစနစ် ခြောက်ခုကနေ တစ်ခုကို ပေါင်းစည်းတဲ့ ပညာကို ဆက်ပြီးတော့ ကျင့်ကြံအားထုတ် လိုက်ပါတယ်။

တဖြည်းဖြည်းခြင်းနဲ့ သူက တိုးတက်လာခဲ့ပါတယ်။

တစ်ရက်ဆိုတဲ့ အချိန်က အရမ်းကို လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။ ဒီနေ့က ကျောက်စိမ်းနက် ရေကန်ထဲကို ဝင်ရောက်ပြီး ကျင့်ကြံအားထုတ်ဖို့ အမျိုးသားတွေ အလှည့်ကို ရောက်လို့လာပါပြီ။ သူက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လိုက်ပါတယ်။ ဒါပေမဲ့ ရေကန်ရဲ့ဘေးနားမှာ ချန်ထားခဲ့တဲ့ သူ့အဝတ်အစားတွေ ပျောက်သွားတာကို တွေ့လိုက်ရပါတယ်။ ကျေးဇူးတင်ရမှာက အနက်ရောင် မျှော်စင်ထဲမှာ အားလုံး ရှိနေပါတယ်။

သူက ကျောက်စိမ်းနက် ရေကန်ထဲကို ဝင်လာခဲ့ပြီး ကန်ရေဆီက အဆီအနှစ်တွေကို စတင်ဆွဲထုတ် လိုက်ပါတယ်။

ခံစားချက်က အရမ်းကို အံ့သြဖို့ ကောင်းပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သန်မာလာပြီး သူ့ရဲ့စိတ်ဝိညာဉ်ကလည်း အားကောင်းလာခဲ့ပါတယ်။ သူ့အတွက်တော့ လုံးဝကို အားထုတ်စရာ မလိုပါဘူး။ ပြီးတော့ ကြည့်ရတာ ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးကိုယ်တိုင်က သူ့ကို ကူညီပေးနေသလိုပါပဲ။

ဒါက တကယ်ပဲ အရမ်းကို တန်ဖိုးကြီးမားပါတယ်။

လင်းဟာန်က ချက်ချင်းဆိုသလို ဒီရေကန်ကို တူးထုတ်ပြီးတော့ မဟာလင်း အင်ပါယာဆီကို ပြန်သယ်သွားချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ သက်ပြင်းချ လိုက်မိပါတယ်။ သူ့အနေနဲ့ ဓားစာခံ တစ်ယောက်လို သူ့ရဲ့အဆင့်အတန်းကို ဖယ်ရှားပြီးမှပဲ ဒါကိုစဉ်းစားသင့်ပါတယ်။

စွမ်းအားက ခွန်အားပဲ။

သိပ်မကြာခင်မှာပဲ တခြားကျောင်းသားတွေလည်း ရောက်လာခဲ့ပါတယ်။ သူတို့က မာရှန်း၊ ချန်ဟောင်ဖေးနဲ့ သူမသိတဲ့ တချို့လူတွေလည်း ပါပါတယ်။ သူတို့အားလုံးက နောက်ဆုံး ကျောင်းသားအုပ်စုနဲ့ အရင်တစ်ခေါက် အုပ်စု ဖြစ်ပါတ်ယ။ သူတို့အထဲမှာ ထိပ်ဆုံးအဆင့်ထဲ မဝင်ပေမဲ့ သင်တန်းကျောင်းရဲ့

အထူးဂရုစိုက်မှုကို ရရှိခဲ့တဲ့ မြင့်မြတ်သူတွေရဲ့ မျိုးဆက်တချို့လည်း ပါဝင်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာထဲ့မှာ ထိပ်တန်းအဆင့် အင်အားစုတွေကတော့ ဘုရင်ကိုးပါး၊ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့ ဗိုလ်ချုပ်ခုနစ်ယောက်ကိုပဲ သတ်မှတ်ယူဆနိုင်ပြီး သူတို့အောက်မှာတော့ ဒုတိယအဆင့် အင်အားစုတွေလို့ သတ်မှတ်ထား ပါတယ်။ တတိယ အဆင့်နဲ့ စတုတ္ထအဆင့်ကနေ နဝမအဆင့် အင်အားစုအထိ ရှိပါသေးတယ်။ သင်တန်းကျောင်းက ချွင်းချက်အဖြစ် ထားပေးတဲ့ အင်အားစုက တတိယ အင်အားစုနဲ့ အထက် ဖြစ်ပါတယ်။ စတုတ္ထအဆင့်နဲ့ အောက်မှာရှိတဲ့ အင်အားစုတွေကတော့ သင်တန်းကျောင်းရဲ့ အထူးဂရုစိုက်မှု နည်းနည်းကိုမှ လက်ခံရရှိခြင်း မရှိပါဘူး။

ဥပမာ လှိုကလန်က အရမ်းကို အစွမ်းထက်တယ် ဆိုရင်တောင် သူတို့က တတိယအဆင့်ထဲကို ဝင်ရောက်ဖို့ အရည်အချင်း မပြည့်မီပါဘူး။ ဒါကြောင့် လှိုညီအစ်ကို ကျောက်စိမ်းနက်ရေကန်ထဲ ဝင်ရောက်နိုင်စွမ်း မရှိပါဘူး။ ပြီးတော့ လင်းဟန်ကလည်း နောက်ထပ် ပြဿနာ မရှိတော့ပါဘူး။

ရှစ်နာရီကြာ နေပြီးတဲ့ နောက်မှာတော့ လင်းဟန်က အဝတ်အစားတွေ ပြန်ဝတ်ပြီးတော့ ထွက်လာခဲ့ပါတယ်။

"ကျောက်တုံးခေါင်း နင်မသေသေးဘူးနော်"

သူ့ခြံဝင်းကို ပြန်ရောက်ရုံပဲ ရှိပါသေးတယ်။ လီဝေဝေက စိတ်လှုပ်ရှားပြီးတော့ ခုန်ထွက်လာတာကို တွေ့မြင်လိုက်ရပါတယ်။

လင်းဟန်က သူ့ကိုယ်သူ မထိန်းချုပ်နိုင်ပဲ သူမဆီကို တစ်ဟုန်ထိုး ပြေးသွားပြီး ရိုက်နှက်ပစ်လု နီးပါး ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူက ဒီကိစ္စထဲ စွေ့ရန်ယွီကို မငြိစွန်းစေနိုင်ပါဘူး။ ဒါကြောင့် သူက အတင်းအကျပ် ချုပ်တည်းပြီးတော့ ခေါင်းရှုပ်သွားသလို ဟန်ဆောင်ပြီး မေးလိုက်ပါတယ်။

"သေရမယ် ဟုတ်လား။ နင်က ဘာကို ဆိုလိုတာလဲ။ နင်တကယ်ပဲ စကားကို ကောင်းကောင်း မပြောတတ်ဘူးလား"

"ဖွီ ဖွီ ဖွီ နင့်ကြောင့် သေလုနီးပါး စိုးရိမ်ပူပန်ခဲ့ရတယ်။ နင်ကတော့ တကယ်ပဲ ဒီလိုမျိုး ပြောတယ်ပေါ့။ နင်က ဘာဖြစ်ချင်တာလဲ"

လီဝေဝေက တင်ပါးပေါ်ကို လက်တင်ပြီးတော့ ချက်ချင်းပဲ တုံ့ပြန်လိုက်ပါတယ်။

"ဘာကို စိုးရိမ်ပူပန်နေတာလဲ"

လင်းဟန်က မေးခွန်းနဲ့ပြန်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

လီဂေဂေက ချက်ချင်းပဲ မပွင့်တပွင့်နဲ့ ပြောလိုက်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူမက လင်းဟန်ကို လှည့်ဖျားပြီး ဆော့ကစားခဲ့တယ်ဆိုတာကို ပြောရမှာလဲ။ သူမက နာခေါင်းရှုံ့ပြီး ပြောလိုက်ပါတယ်။

"ဘာမှမဟုတ်ဘူး။ နင်က တော်တော်တုံးတဲ့ ကျောက်တုံးခေါင်းပဲ။ တကယ်လို့ နင်မသေဘူး ဆိုရင် နင်က အဲဒီနာမည်နဲ့ တကယ်ပဲ ထိုက်တန်တယ်"

သူမက ဒေါသထွက်ပြီးတော့ ပြန်သွားပါတယ်။ ဒါပေမဲ့လည်း အခု လင်းဟန်က အဆင်ပြေတယ် ဆိုမှတော့ သူမရဲ့ စိုးရိမ်ပူပန်မှုတွေလည်း ပျောက်ကွယ်သွားခဲ့ပါပြီ။ သူမရဲ့ ခံစားချက်က မကောင်းပါဘူး။ ဒီတစ်ကြိမ်လည်း သူမက လင်းဟန်ကို သပွတ်အူလို ရှုပ်ထွေးသွားအောင် မလုပ်နိုင်သေးပါဘူး။ ဒါက အရမ်းကို မကျေနပ်စရာပါပဲ။

လင်းဟန်က သူမထွက်သွားတာကို ကြည့်ပြီးတော့ အနာဂတ်မှာ ဒီထိန်းမနိုင် သိမ်းမနိုင်တဲ့ ကောင်မလေးကို ကောင်းကောင်းကြီး ရိုက်နက်ဆုံးမဖို့ အခွင့်အရေး တစ်ခုကို ရှာဖွေဖို့အတွက် စဉ်းစားထားရပါမယ်။ ဒီတစ်ကြိမ် သူမရဲ့ လှည့်ကွက်ကြောင့်

သူမသေပေမဲ့ နောက်တစ်ကြိမ် ဆိုရင်ရော။ အဲဒီနောက် နောက်ထပ်အကြိမ်တွေ အကြိမ်တွေကျရင်ရော သူသေမသွားဘူးလို့ အာမ မခံနိုင်ပါဘူး။

Chapter 916 end

အပိုင်း(917) စီနီယာ အစ်မစွေ့ရဲ့ တောင်းဆိုချက်

လင်းဟန်က သူ့အခန်းဆီကို ပြန်လာခဲ့ပါတယ်။ ဒါပေမဲ့ ခဏလေးပဲ ထိုင်ရသေးတယ်။ ခြံဝင်းတံခါး ခေါက်သံကို ကြားလိုက်ရပါတယ်။

သူက တံခါးဆီကို လျှောက်လာပြီးတော့ တံခါးနှစ်ချပ်ကို အသာဟပြီး ချောင်းကြည့်လိုက်ပါတယ်။ အဲဒီနောက် သူက ခေါင်းကိုက်လာသလို ခံစားလိုက် ရပါတယ်။

တံခါး အပြင်ဘက်မှာ ရှိနေတဲ့သူက စွေ့ရန်ယွီပဲ ဖြစ်ပါတယ်။

သူ့ရဲ့အကြွေးရှင် ရောက်လာပါပြီ။ သူအခု ဘာဆက်လုပ်ရမလဲ။

သူ့ဘာလုပ်ရမလဲ ဆိုတာကို မဆုံးဖြတ်ရသေးခင် စွေ့ရန်ယွီက နံရံအပေါ်ကနေ ခုန်ကျော်ပြီး ဝင်လာခဲ့ပါတယ်။ သူမရဲ့ လှပတဲ့ မျက်နှာမှာ ရက်စက်ကြမ်းကြုတ်တဲ့ အရှိန်အဝါ တစ်ခုနဲ့ ပြည့်နှက်နေပြီး သူ့ကို ရေခဲတမျှ အေးစက်တဲ့ အကြည့်နဲ့ စိုက်ကြည့်နေပါတယ်။

လင်းဟန်က တံတွေးမျို ချလိုက်မိပါတယ်။ ဒီလိုမျိုး ခုန်ကျော်လိုက်တာကြောင့် သူမရဲ့ ရင်သားတွေက ခုန်ပေါက်သွားခဲ့ပါတယ်။ ဒါက တကယ်ပဲ ဆွဲဆောင်မှု ရှိပါတယ်။ သူက တကယ်တော့ တဏှာရူး တစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ မနေ့က ဒီအလှပဂေးရဲ့ ရင်သားကို မြည်းစမ်းပြီးတော့ အရွယ်အစားကို ကောင်းကောင်းကြီး သိထားပါတယ်။ သူ့မျက်လုံးတွေက အဲဒီကို တိုက်ရိုက်မကြည့်ပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။

"စီနီယာ အစ်မစွေ့ တခြားလူတစ်ယောက်ရဲ့ စံအိမ်ထဲကို အခုလိုမျိုး ဖွတ်ဝင်တာက မသင့်တော်ဘူးလေ ဟုတ်တယ်မလား"

လင်းဟန်က အားနည်းစွာနဲ့ မေးလိုက်ပါတယ်။

"ဒါဆိုရင် ကျောက်စိမ်းနက် ရေကန်ထဲကို မိန်းကလေးတွေ ဝင်တဲ့နေ့မှာ နင်ချောင်းကြည့်တာက ကောင်းတဲ့ကိစ္စပဲလား"

စွေ့ရန်ယွီက အံကြိတ်ပြီးတော့ အားတင်းပြီး တုန့်ပြန်မေးလိုက်ပါတယ်။ သူမရဲ့ လှပတဲ့ ပါးပြင်ပေါ်မှာ နီမြန်းတဲ့ အစက်ပြောက်လေး နှစ်ခု ဖြစ်ပေါ်လာပြီးတော့ မြင်ရတဲ့ လူတိုင်းရဲ့ နှလုံးသားကို အရည်ပျော်ကျ သွားစေနိုင်ပါတယ်။

မကောင်းဆိုးဂါး။ သူမက တကယ့်ကို မကောင်းဆိုးဂါး တစ်ယောက်ပဲ။

လင်းဟန်က ဟူးညိုကို အရမ်းသတိ ရသွားခဲ့ပါတယ်။ တကယ်လို့ ဟူးညိုသာ ဒီနေရာမှာ ရှိနေမယ်ဆိုရင် သူမက သေချာပေါက် ခုန်ထွက်ပြီးတော့ သူ့အရှေ့ကနေ ကာကွယ်ပေး ပါလိမ့်မယ်။ ဟုတ်တယ်မဟုတ်လား။

ဒါပေမဲ့ အခုတော့ သူက ဒီလိုမျိုး အခြေအနေတစ်ခုကို သူ့ဘာသာသူပဲ ရင်ဆိုင်ရပါလိမ့်မယ်။

ကံမကောင်းတာက သူမရဲ့ စွမ်းအားက သူ့ထက် အဆပေါင်း ရာနဲ့ချီပြီး မသာလွန်နေတာပါပဲ။ ဒါကြောင့် သူမက သူ့ကိုအင်အားသုံးဖို့ အခွင့်အရေး မရှိပါဘူး။ တကယ်လို့ သူက သားရဲတစ်ကောင် ဖြစ်ချင်တယ်ဆိုရင် သားရဲတစ်ကောင်ထက် ပိုပြီးတော့ ဆိုးဂါးလာပါလိမ့်မယ်။

အရမ်းကို ဂမ်းနည်းစရာပဲ။

"စီနီယာအစ်မ အဲဒါက တကယ်တော့ နားလည်မှု လွဲတာပါ"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ ဒါက နားလည်မှု လွဲမှားတယ် ဆိုရင်တောင်မှ နင်ငါ့ကို ချောင်းကြည့်ခဲ့တဲ့ အချက်ကို ပြောင်းလဲပစ်လိုက်လို့ မရဘူးလေ။ နောက်ပြီး နောက်ပြီး......"

သူမက လုံးဂကို စိတ်ဆိုးနေပါတယ်။ သူမက ဘယ်လောက်တောင် သန့်စင်ပြီး အပြစ်အနာအဆာ မရှိခဲ့ပါဘူး။ ဒါကို လင်းဟန်က သူမရဲ့ ရင်သားတွေကို တိုက်ခိုက်ခဲ့ပါတယ်။ ဒါက သူမကိုယ်သူမ သတ်သေချင်စိတ်တွေ ပြည့်နက်လာတဲ့အထိ ဖြစ်စေပါတယ်။

ဒါပေမဲ့ တကယ်လို့ သူမက ကိုယ့်ကိုကိုယ် သတ်သေခဲ့မယ်ဆိုရင်တောင် လင်းဟန်ကို အရင်ဆုံး သတ်ပစ်ရပါလိမ့်မယ်။ ဘယ်လိုလုပ်ပြီး သူမက သူ့ကို လွတ်လွတ်လပ်လပ်နဲ့ အသက်ရှင်ခွင့် ပြုနိုင်ရမှာလဲ။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"ငါက ယောကျ်ားပါ။ ငါ့တာဂန်ကို ငါယူပါ့မယ်"

စွေ့ရန်ယွီက နှာခေါင်းရှုံ့လိုက်ပါတယ်။

"နင်က ဘယ်လိုတာဂန်ယူဖို့ စဉ်းစားထားလဲ။ ငါ့ကို လက်ထပ်ဖို့ စဉ်းစားနေတာတော့ မဖြစ်နိုင်ပါဘူးနော်။ ဒါဆိုရင် နင်တကယ်ပဲ အိပ်မက်မက်နေတာပဲ"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အခု ငါ့မှာ ဩဇာအာဏာနဲ့ လွှမ်းမိုးနိုင်စွမ်း မရှိသလို အစွမ်းမထက်သေးဘူး ဆိုပေမဲ့ အနည်းဆုံး နှစ်ပေါင်းတစ်ရာ အတွင်းမှာ ငါအားလုံးကို ပြောင်းလဲပစ်ရလိမ့်မယ် စီနီယာအစ်မ။ နင့်မှာ ငါ့ကို လက်ထပ်ဖို့ စိတ်ကူးမရှိဘူး။ ပြီးတော့ ငါ့မှာလည်း ဟိုးအရင်ကတည်းက ချစ်ခဲ့ရတဲ့ အချစ်ဦး ရှိတယ်။ ဒါပေမဲ့လည်း ငါက မင်းကို လျော်ကြေးပေးဖို့ တခြားနည်းလမ်းကို အသုံးပြု နိုင်တယ်"

ဒီကောင်က ဘယ်ကနေ ဒီလိုမျိုး ယုံကြည်ချက်ကို ရလာခဲ့တာလဲ။

သူ့ရဲ့ပါရမီနဲ့ဆိုရင် တန်ခိုးရှင် အဆင့်ကို တက်ရောက်ဖို့ဆိုတာ သူ့ပအတွက် တကယ်ပဲ မခက်ခဲပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက တက်ချင်တယ်ဆိုရင် တောင်မြစ်အဆင့်ရဲ့ အဆင့်လေးဆင့် သက်သက်နဲ့ပဲ အနည်းဆုံး နှစ်ပေါင်းတစ်ရာလောက် အချိန်ယူရ လိမ့်မယ်။ ပြီးတော့ အဲဒါက အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်အတန်း ဖြစ်ပါတယ်။ တခြားလူတွေ အတွက်ကတော့ ဒီလိုမျိုး အောင်မြင်မှု ရရှိဖို့ နှစ်ထောင်သောင်းနဲ့ချီပြီး အချိန်ယူရ ပါလိမ့်မယ်။

"နှစ်ပေါင်းတစ်ရာလေးနဲ့ နင်ကဘာများ လုပ်နိုင်မှာလဲ"

စွေ့ရန်ယွီက သူမရဲ့လက်ကို အထင်အမြင်သေးစွာနဲ့ ပွေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ဘာမှသိပ်ပြီးတော့ စဉ်းစားနေစရာ မလိုဘူး။ ငါ့ရဲ့တောင်းဆိုချက်က အရမ်းကို ရိုးရှင်းတယ်။ သင်တန်းကျောင်းထဲမှာ ငါတို့ရှိနေတဲ့ အချိန်မှာ နင်နဲ့ငါက လင်မယားတွေလိုမျိုး ဟန်ဆောင်ရမယ်"

အဟွတ် အဟွတ် အဟွတ်။

လင်းဟန်က ချောင်းဆိုးလိုက်ပါတယ်။ မင်းရဲ့အတွေးတွေက ပိုပြီးတော့တောင် လွန်လွန်းနေပြီ မဟုတ်လား။ အခုလေးတင်ပဲ မင်းပြောတယ်လေ။ အိပ်မက်ထဲပဲ ရမယ်ဆို။ အခုတော့ ငါတို့တွေ လင်မယားလို ဟန်ဆောင်ဖို့ တကယ်ပဲ ကမ်းလှမ်းလာခဲ့တယ်။ ဒါက ဘယ်လိုမျိုး သောက်ကျိုးနည်း တောင်းဆိုချက်လဲ။

"အထင်အမြင် မလွဲလိုက်နဲ့။ ငါက နင့်ကို အသုံးချပြီး လူတစ်ယောက်ကို ခွာသွားအောင် လုပ်ချင်လို့ပဲ"

စွေ့ရန်ယွီက ရှင်းပြလိုက်ပါတယ်။ သူမအနေနဲ့ လင်းဟန်က သူမကို အထင်အမြင် လွဲမှာကို မလိုချင်ပါဘူး။

"ကျောက်လန်လား"

လင်းဟန်က ရုတ်တရက် သတိပြုမိ သွားခဲ့ပါတယ်။

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ပါတယ်။ ဒါက သူမကို အမြဲတမ်းလိုလို နှောင့်ယှက်နေတဲ့ အိမ်မက်ဆိုးကြီး တစ်ခုဖြစ်ပါတယ်။ ပြီးတော့ အဲဒါကို ဖျက်ဆီးပစ်ဖို့ မဖြစ်နိုင်ပါဘူး။

လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို တကယ်ပဲ ဆုပ်လည်းစူး စားလည်းရူး အခြေအနေ တစ်ခုကို တွန်းပို့လိုက်တာပဲ။ စီနီယာ အစ်ကိုကျောက်က တောင်မြစ်အဆင့်ရဲ့ အဆင့်မြင့် ကျင့်ကြံသူတစ်ယောက် ဖြစ်တဲ့အပြင် ဗိုလ်ချုပ်ကျောက်ရဲ့ သားလည်းဖြစ်တယ်။ ငါက သူ့ကို ရင်ဆိုင်ရပ်တည် နိုင်မယ်လို့ မင်းထင်နေတာလား။ ငါတို့ရဲ့ ကိစ္စကို ကြေညာလိုက်တာနဲ့ နောက်တစ်ရက် လမ်းမပေါ်မှာ ငါ့ရဲ့ အလောင်းကို ရှာတွေ့သွားလိမ့်မယ်"

"နင့်မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတာပဲ။ လွယ်လွယ်နဲ့ နင်သေမှာတဲ့လား"

စွေ့ရန်ယွီက တည်တည်ငြိမ်ငြိမ်နဲ့ မေးခွန်းထုတ်လိုက်ပါတယ်။

လင်းဟန်ရဲ့ နှလုံးသားက ချက်ချင်းပဲ တဒုတ်ဒုတ် ခုန်လာခဲ့ပါတယ်။ ဒါပေမဲ့သူ့အမူအရာ လုံးဝမပြောင်းလဲပဲ မေးလိုက်ပါတယ်။

"ဘာသိုလျှောင် နတ်ဘုရား ပစ္စည်းလဲ"

"နင့်ကိုယ်နင် ကောင်းကောင်းသိပါတယ်"

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။

"နင်သဘောတူလား သဘောမတူဘူးလား"

"တကယ်လို့ ငါသဘောမတူဘူး ဆိုရင်ရော"

လင်းဟန်က သွေးတိုးစမ်းကြည့် လိုက်ပါတယ်။

"ငါနင့်ကို သတ်ပစ်မယ်။ ပြီးတော့ ငါ့ကိုယ်ငါ ပြန်သတ်သေလိုက်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းလန်ရဲ့ အဆက်မပြတ် နှောင့်ယှက်မှုကို ငါဆက်ပြီးတော့ သည်းမခံနိုင်တော့ဘူး။ ဒါကြောင့် အဲဒါက ငါ့ရဲ့ဒုက္ခကနေ လွတ်မြောက်စေမဲ့ နည်းလမ်းပဲ"

စွေ့ရန်ယွီက ရိုးရိုးသားသားပဲ ပြောလိုက်ပါတယ်။ ကိုယ့်ကိုကိုယ် သတ်သေမဲ့ အတွေးက ရုတ်တရက် ထွက်ပေါ်လာတဲ့ အတွေးမဟုတ်မှန်း သိသာပါတယ်။

ရုတ်တရက်ဆိုသလို လင်းဟန်ရဲ့ နှလုံးသားထဲမှာ သနားကြင်နာစိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ သူမက

ကျောက်လန်ရဲ့ နှောင့်ယှက်မှုကို ဘယ်လောက်တောင် ခံစားရလို့ သူမလိုမျိုး အလှပဂေး တစ်ယောက်က သူ့ဆီကနေ လွတ်မြောက်ဖို့အတွက် သူမရဲ့ အသက်ကို ဆုံးရှုံးခံလိုက်ဖို့ တွေးနေရတာလဲ။

သူက ခဏလောက် စဉ်းစားပြီးတဲ့ နောက်မှာတော့ ပြန်ဖြေလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါသဘောတူတယ်။ ဒါပေမဲ့လည်း ဒါက မင်းရဲ့ခြိမ်းခြောက်မှုကြောင့်တော့ မဟုတ်ဘူး။ အဲဒီအစား ဘယ်လိုပဲဖြစ်ဖြစ် မင်းက ဒီလိုမျိုး မဖြစ်သင့်တဲ့ လူတစ်ယောက်လို့ ခံစားရလို့ပဲ။ မင်းအနေနဲ့ အတင်းအကျပ် ဖိအားပေးပြီးတော့ ပြောတဲ့အတွက် သဘောတူတာ မဟုတ်ဘူး"

စွေ့ရန်ယွီက အံ့အားသင့် သွားခဲ့ပါတယ်။ သူမက လင်းဟန်ကို အဓိပ္ပါယ် ပြည့်ဝတဲ့ အကြည့်နဲ့ အတော်ကြာအောင် ကြည့်ပြီးတဲ့နောက်မှာ ခေါင်းကိုညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"နင့်ကို ကျေးဇူးတင်ပါတယ်"

ပထမ သဘောတူညီချက် အရဆိုရင် သူမအနေနဲ့ သူ့ကို ကျေးဇူးတင်စရာ မလိုပါဘူး။ ဒါပေမဲ့ အခုတော့ ဒီကိစ္စက မတူတော့ပါဘူး။

"အို ဟုတ်သားပဲ။ ကျောက်လန်က လူသိများ ထင်ရှားတဲ့ ပါရမီရှင် တစ်ယောက်လည်း ဖြစ်တယ်။ နောက်ပြီးတော့ သူက ဗိုလ်ချုပ်တစ်ယောက်ရဲ့ သားလည်းဖြစ်တယ်။ ဘာဖြစ်လို့ မင်မ်းက သူ့ကို အရမ်းမုန်းတီး နေရတာလဲ"

လင်းဟန်တောင်မှ သိချင်စိတ်တွေ ပြင်းပြနေပါတယ်။

စွေ့ရန်ယွီက ခဏလောက် စဉ်းစားပြီးမှ ပြန်ဖြေလိုက်ပါတယ်။

"သူ့ရဲ့အကြောင်း တော်တော်များများက မကောင်းတဲ့ ပင်ကိုယ်စရိုက် ရှိတယ်။ နင်သူနဲ့အတူ ရှိနေတဲ့ အချိန်ကျရင် အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်က နင့်အနားမှာ ရှိနေသလိုမျိုး ခံစားရပြီး ထိတ်လန့်တုန်လှုပ် ခြောက်ချားစေလိမ့်မယ်။ အရင်က သူ့အကြောင်းကို လူတစ်ယောက်က သူ့အတင်းကို ပြောမိတာနဲ့ သူက အဲဒီနေရာမှာ ရှိနေရင်တောင် စိတ်ထဲမှာ မထားပါဘူးလို့ ပြောပြီးတော့ ပြုံးရုံပဲ ပြုံးနေလိမ့်မယ်။ ဒါပေမဲ့ ဒုတိယမြောက် နေ့မှာတော့ အဲဒီလူရဲ့ မိသားစု တစ်ခုလုံး အစုလိုက် အပြုံလိုက် အသတ်ခံလိုက်ရတယ်"

လင်းဟန်က တုန်လှုပ်သွားမိပါတယ်။ အရမ်းကို ရက်စက်တ် မဟုတ်လား။ မကျေနပ်တဲ့ စကားလေး နည်းနည်းလောက် ပြောမိတာနဲ့ အခုလိုမျိုး ကြမ်းကြမ်းတမ်းတမ်း လုပ်ဖို့ လိုလို့လား။

ဒါပေမဲ့လည်း အဲဒီလူက မကျေနပ်တဲ့ စကားနည်းနည်း ပြောလိုက်မိတာနဲ့ အခုလိုမျိုး အကျိုးဆက် ခံစားသွားရပါတယ်။ သူကတော့ ကျားပါးစပ်ထဲက အစာကို လုယူမိသလို ဖြစ်နေပါပြီ။ သူက ကျောက်လန်ရဲ့ အသည်းကျော်ကို လုယူမိပြီး ဘယ်လိုမျိုး အကျိုးဆက်ကို ခံစားရမလဲ။

"အခုကြောက်နေပြီလား"

စွေ့ရန်ယွီက သရော်ပြုံး ပြုံးလိုက်ပါတယ်။

"နည်းနည်းပေါ့။ တကယ်တော့ ကျောက်ကလန်က အရမ်းကို ဩဇာလွှမ်းမိုးမှု ရှိတယ်။ ပြီးတော့ ငါက ဒီအချိန်မှာ သူတို့ကို ဆန့်ကျင်နိုင်စွမ်း မရှိသေးဘူး"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါက ရှက်စရာကိစ္စ မဟုတ်ပါဘူး။ တကယ်လို့ မဟာဗိုလ်ချုပ် ကျောက်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အသေးစား အဆင့်မှာပဲ

ရှိနေတယ် ဆိုရင်တောင် သူ့ထက် ကျင့်ကြံခြင်းအဆင့် ဘယ်လောက်များ သာလွန်နေသလဲ။

ဒါပေမဲ့လည်း လင်းဟန်က သူ့ကိုယ်သူ ယုံကြည်မှု ရှိနေပါတယ်။ ကျောက်ကလန်ထက် သာလွန်တဲ့ လူတစ်ယောက် ဖြစ်ဖို့ဆိုတာသူ့အတွက်တော့ နှစ်ပေါင်းတစ်ရာက လုံလောက်ပါပြီ။

"တကယ်လို့ နင်ကြောက်နေတယ်ဆိုရင်တောင် အဲဒါက အသုံးမဝင်ဘူး။ နင့်မှာ ရွေးချယ်စရာ နှစ်ခုပဲ ရှိတယ်။ ငါ့လက်နဲ့ နင်သေမလား ဒါမှမဟုတ် ကျောက်လန်ရဲ့လက်ချက်နဲ့ နင်သေမလား"

စွေ့ရန်ယွီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

သူမက တကယ့်ကို မတူညီကွဲပြားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ပြုံးပြပြီးတော့ ပြောလိုက်တယ်။

"ငါမသေနိုင်ပါဘူး"

သူ့ပခုံးပေါ်မှာ တာဝန်တွေ အများကြီး ရှိပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဒီနေရာမှာ သေနိုင်မှာလဲ။

"ယုံကြည်မှု ရှိနေတာက နင့်အတွက်တော့ အကောင်းဆုံး ဖြစ်လိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ နင်သေသွားခဲ့ရင် ငါ့ရဲ့ လက်ကျန်ဘဝတစ်လျှောက်လုံး နင့်အတွက် မုဆိုးမ တစ်ယောက် အနေနဲ့ နေပေးပါ့မယ်"

စွေ့ရန်ယွီက ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။

လင်းဟာန်က စိတ်ဓာတ်ကျသွား မိပါတယ်။ ပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါမသေပါဘူး။ ဟုတ်ပြီလား။ နောက်ပြီး မင်းက ဒီလိုမျိုး ပြင်ဆင်ထားတယ်ဆိုတော့ ဒီည ဒီမှာနေပြီးတော့ အိပ်ယာထဲမှာ တာဝန်ထမ်းဆောင်မယ်ဆိုရင်ရော ဘယ်လိုနေမလဲ"

ရှုပ်။

ရတနာ ဓားတစ်လက်က လင်းဟာန်ရဲ့ လည်ပင်းကို ခြိမ်းခြောက်တဲ့ ပုံစံမျိုးနဲ့ ချက်ချင်းပေါ်လာပြီး စွေ့ရန်ယွီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါက နင်နဲ့ ဟန်ဆောင်လက်ထပ်ဖို့ စီစဉ်ရတဲ့ အကြောင်းအရင်းက နင်က သေလူဖြစ်နေပြီးသား မိုလို့ပဲ။ နင်က ငါ့အတွက်နဲ့ သေရလိမ့်မယ်။ ပြီးတော့ ငါက နင့်ကြောင့် မုဆိုးမ တစ်ယောက်

အဖြစ် ကျန်ရစ်ခဲ့ရမယ်။ ဒါက နင့်ကို ငါအကြွေးဆပ်တာပဲ။ ဒါပေမဲ့ တကယ်လို့ နင်ကငါ့ကို မရှိမသေ လုပ်ချင်တယ် ဆိုရင်တော့ အဲဒါက နင့်ကို သတ်ပစ်ဖို့ ငါ့ကိုအတင်းအကျပ် တွန်းအားပေးတာ ဖြစ်လာလိမ့်မယ်”

လင်းဟန်က သူ့လက်တွေကို မြှောက်ပြီးတော့ အရှုံးပေးတဲ့ ပုံစံမျိုးနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ငါက ဟာသပြောတာပါ။ အား ငါတို့တွေက ဟန်ဆောင်ချစ်သူတွေ ဆိုပေမဲ့ အပေါ်ယံပဲ ဟန်ဆောင်လို့ ရမှာတဲ့လား။ ဒါမှမဟုတ် ငါတို့တွေက တခြားသူတွေ ယုံကြည်အောင် ဘယ်လိုလုပ် လုပ်လို့ရမှာလဲ”

စွေ့ရန်ယွီက သူ့ကို ခဏလောက် စိုက်ကြည့်ပြီး သူမရဲ့ဓားကို ရုပ်သိမ်းပြီးတော့ ပြောလိုက်ပါတယ်။

“တခြားလူတွေ အရှေ့မှာတော့ ငါအလိုက်အထိုက် နေပေးမယ်။ ဒါပေမဲ့ နင့်ရဲ့စည်းကို ကျော်လာဖို့ကိုတော့ မစဉ်းစားနဲ့”

“ကောင်းပြီ ကောင်းပြီ”

လင်းဟာန်က သူ့လည်ပင်းကို ပွတ်နေလိုက်ပါတယ်။ ကံကောင်းတာက သူ့အရေပြားဟာ ထူထဲတာကြောင့် သွေးနည်းနည်းလေးမှ မယိုစီးလာခဲ့ပါဘူး။

စွေ့ရန်ယွီက ရှုံးတော့မလို ခံစားရပါတယ်။ သူက ကျောက်ကလန်ရဲ့ ရန်သူတစ်ယောက် ချက်ချင်းပဲ ဖြစ်လာမှာကို သိနေပါတယ်။ ဒါတောင်မှ ဒီကောင်က နည်းနည်းလေးမှ စိုးရိမ်ပူပန်မှု မရှိဘူးလား။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် သူမက ဒီအတွေးကို မနေ့ညက တစ်ညလုံး စဉ်းစားပြီးမှ အံကြိတ်ပြီး ဒီဆုံးဖြတ်ချက်ကို ချခဲ့ရတာ ဖြစ်ပါတယ်။

ကျောက်ကလန်ဆိုတာ ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားတဲ့ အင်အားစုကြီး တစ်ခုလဲ။ သူတို့ကို တွေးကြည့်လိုက်ရုံနဲ့ လူတစ်ယောက်ကို ထိတ်လန့်သွားစေ နိုင်ပါတယ်။

"မနက်ဖြန်က စပြီးတော့ နင်ဒီအရှုပ်အထွေးထဲ ပါဝင်ရလိမ့်မယ်"

သူမက ပြောလိုက်ပါတယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့"

လင်းဟာန်က သာမန်ကာလျှံကာ ပြောလိုက်ပါတယ်။

စွေ့ရန်ယွီက ရုတ်တရက် သူမရဲ့ နလုံးသား နူးညံ့လာသလို ခံစားလိုက်ပြီး ပြောပါတယ်။

"ငါနင့်ကို နောက်ထပ် သုံးရက် အချိန်ပေးမယ်။ သုံးရက်ကြာပြီးတဲ့နောက်မှာ လက်ထပ်ဖို့ သီးသန့် ကတိပြုမှု တစ်ခုလုပ်မဲ့ သတင်းကို ငါကြေညာလိုက်မယ်"

Chapter 917 end

အပိုင်း(918) ပြဿနာတော့ စလာပြီ

စွေ့ရန်ယွီက သွက်သွက်လက်လက်နဲ့ ထွက်သွားပါတယ်။

လင်းဟာန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။

"ငါက နောက်ထပ် မိန်းမတစ်ယောက် ထပ်ရပြီလား။ ဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ။ ငါက ကြည့်ရုံပဲ ကြည့်လို့ရပြီး ထိလို့မရဘူး။ သူမက အရမ်းကို အစွမ်းထက်တယ်"

သူက ပြုံးလိုက်ပါတယ်။ စွေ့ရန်ယွီက ထူးထူးခြားခြား ချောမောလှပပြီး တကယ့်ကို အသက်ရှူ မှားလောက်တဲ့ ပုံသဏ္ဍာန်ကို ပိုင်ဆိုင်ထားပေမဲ့ သူရဲ့ သူမဆီ ခံစားချက်က ရိုးရိုးလေး သဘောကျတာပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာ သူက သိုင်းပညာထဲမှာပဲ လုံးဝကို နစ်မြုပ်ထားပြီး တကယ်လို့ သူက

အာရုံပြောင်းသွားမယ် ဆိုရင်တောင် မှော်ဆေးပညာရပ်ကိုပဲ ဖြစ်ပါလိမ့်မယ်။ သူ့အနေနဲ့ ချစ်မှုရေးရာအတွက် အချိန်ဘယ်မှာရှာရမလဲ။

သုံးရက်။ လင်းဟာန်က မုန်တိုင်းနဲ့ ရင်မဆိုင်ခင်မှာ နောက်ထပ်သုံးရက်ကို အေးအေးဆေးဆေး အနားယူလို့ ရပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး အတွေးက လင်းဟာန်ဆီကို ဘယ်တော့မှ ရောက်မလာပါဘူး။

လျှိုညီအစ်ကို လင်းဟာန်နောက်တစ်ကြိမ် မှော်ဆေးလုံးတွေ ရောင်းချဖို့အတွက်ကို စောင့်မျှော် နေပါတယ်။ သူတို့က လင်းဟာန်ကို ပုန်းလျှိုးကွယ်လျှိုးနဲ့ ဖမ်းဆီးဖို့ မလုပ်နိုင်ခဲ့တာက သူတို့ ညီအစ်ကို နှစ်ယောက်ကို နေမထိထိုင်မထိ ဖြစ်စေခဲ့ပါတယ်။ သူတို့က လင်းဟာန်ကို ခြံဂမှာပဲ ရင်ဆိုင်ပြီးတော့ စာဒကတက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူတို့မှာ မျက်မြင်သက်သေ တစ်ယောက် ရှိပါတယ်။ ဒါကြောင့် လင်းဟာန်အနေနဲ့ ဘယ်လိုမှ လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။ သူက မှော်ဆေးလုံးတွေကို တစ်ခါတည်း ရောင်းချခဲ့တယ် ဆိုပေမဲ့ အရေအတွက်က သိပ်မများပါဘူး။ လင်းဟာန်က တစ်ခါတည်းနဲ့ ပြီးဆုံးဖို့ ခက်ခဲလိမ့်မယ်ဆိုတာကို သူတို့တွေ ယုံကြည်လက်ခံ ထားပါတယ်။

သူတို့က သင်တန်းကျောင်းထဲက လှိုကလန်ရဲ့ အကြီးအကဲ တစ်ယောက်ကို ချဉ်းကပ်ခဲ့ပါတယ်။ အကြီးအကဲ နာမည်က လှိုခိုင်ဖန်းလို့ ခေါ်ပြီးတော့ စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ တစ်ယောက် ဖြစ်ပါတယ်။ အဲဒီနောက် သူတို့က လင်းဟာန်ရဲ့ စံအိမ်ဆီကို အပြေးအလွှား လာရောက်ခဲ့ ကြပါတယ်။

စည်းကမ်းထိန်းသိမ်းရေးက အကြီးအကဲ ထွက်ပေါ်လာမှုက ကျောင်းသားတော်တော်များများကို အထိတ်တလန့် ဖြစ်စေခဲ့ပြီး အနောက်က လိုက်ပါလာတဲ့ လူလေးယောက်ကို မေးမြန်းပြီး ဒီနေ့ကံမကောင်းတဲ့ ကျောင်းသားက ဘယ်သူလဲဆိုတာကို သိချင်နေကြပါတယ်။

သူတို့က လင်းဟာန်နေထိုင်တဲ့ ခြံဝင်းဆီကို တန်းတန်းမတ်မတ် ဦးတည်လာခဲ့ ကြပါတယ်။

ပုန်း။

လှိုခိုင်ဖန်းရဲ့ အချက်ပေးမှုကြောင့် လှိုတနဲ့ လှိုလွီတို့ ညီအစ်ကို နှစ်ယောက်က တံခါးကို ဆောင့်ကန်ပြီးတော့ ဖွင့်လိုက်ကြပါတယ်။

ခြံဝင်းထဲမှာ ကျင့်ကြံအားထုတ်နေတဲ့ လင်းဟာန်က မျက်လုံးကို ဖွင့်ပြီးတော့ လှိုညီအစ်ကိုဆီကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"ဘာလဲ ငါနဲ့တိုက်ခိုက်ဖို့ အစစ်အမှန် မူလကျောက်တုံးတွေ စုနေတာ ပြည့်သွားပြီလား"

"မင်းမှာ အခွင့်အရေး မရှိနိုင်တော့ဘူး"

လှိုူတက အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။

"လင်းဟာန် မင်းရဲ့အပြစ်ကို မင်းသိလား"

လှိုူခိုင်ဖန်းက အထဲကို လျှောက်လာပြီး သူ့မျက်နှာက တင်းမာခက်ထန်လို့ နေပါတယ်။

သူက နေလအဆင့် အသေးစားအဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဖုံးကွယ်ထားဖို့ စိတ်ကူးမရှိပါဘူး။ သူ့အနောက်မှာ နေတစ်စင်းနဲ့ လတစ်စင်း ပုံရိပ်ရှိနေပြီး နေကတော့ ပြည့်စုံတဲ့ ပုံသဏ္ဍာန်မှာ ရှိပေမဲ့ လကတော့ မပြည့်စုံ သေးပါဘူး။ ဒါကြောင့် သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က အသေးစား အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါသေးတယ်။

ဒါပေမဲ့လည်း နေလအဆင့် လက်ရွေးစင် တစ်ယောက်က သူ့အစွမ်းကို ထုတ်ဖော်ပြတဲ့ အချိန်မှာ တကယ့်ကို ကြောက်စရာ ကောင်းပါတယ်။ ပတ်ဂန်းကျင်မှာရှိတဲ့ ကျောင်းသားတွေက

အသက်ရှုရတာ မွန်းကျပ်သလို ခံစားရတဲ့အပြင် သူတို့ရဲ့ ရင်ဘတ်တွေပါ တင်းကျပ်လာသလို ခံစားရပါတယ်။

လင်းဟန်က မတ်တတ်ထရပ်ပြီး အကြီးအကဲ နှစ်ယောက်ကို အနည်းငယ် ဂါရဝ ပြုလိုက်ပြီး ပြောလိုက်ပါတယ်။

"အကြီးအကဲတွေကို နှုတ်ဆက်ပါတယ်"

အဲဒီနောက် သူက ပြောလိုက်ပါတယ်။

"ကျနော် ဘယ်လိုမျိုး ပြစ်မှုကို ကျူးလွန်ခဲ့လဲ ဆိုတာကို မသိပါဘူး"

"ဘာမှမသိသလို ဟန်ဆောင်ဖို့ ကြိုးစားနေသေးတာလား"

လှိုချိုင်ဖန်းက အေးစက်စွာနဲ့ အပြစ်တင် ကြိမ်းမောင်း လိုက်ပါတယ်။ သူက စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ တစ်ယောက် အနေနဲ့ ဒီပြဿနာက သူ့လက်ထဲမှာ ရှိပါတယ်။

"ငါမင်းကို မေးမယ်။ မင်းက တောပေါင်းစုံ ဆေးဆိုင်မှာ စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို လွှန်ခဲ့တဲ့လက ရောင်းချခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်ပြီး ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ အဲဒီနေ့က လျှိုလွှီကို သူမြင်တွေ့ ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ဒီကိစ္စကို အသုံးချပြီး သူ့ကိုအပြစ်ပုံချဖို့ စိတ်ကူးနေတာပေါ့။ ဒါဆိုရင်တော့ သူတကယ်ပဲ စိတ်ပျက်သွားမိပါလိမ့်မယ်။

လျှိုခိုင်ဖန်းက အံ့ဩမှင်တက် သွားခဲ့ပါတယ်။ လင်းဟာန်က ငြင်းဆန်လိမ့်မယ်လို့ သူထင်ထားခဲ့ ပါတယ်။ ပြီးတော့ ဒီကောင်စုတ်လေးက လုံးဝမငြင်းပယ်ပဲ ဝန်ခံလိမ့်မယ်လို့ သူမထင်မှတ် ထားမိခဲ့ပါဘူး။ သူက သရော်ပြုံး ပြုံးလိုက်ပါတယ်။

"မင်းကိုယ်တိုင် ဝန်ခံတယ်ဆိုတော့ ပိုပြီးတော့တောင် ကောင်းတာပေါ့။ ဒါဆိုရင် အဲဒါက မင်းရဲ့ ပြစ်မှုအတွက် သက်သေဖြစ်သွားပြီ။ ခြေရာလက်ရာ ရှာစရာတောင် မလိုတော့ဘူး"

စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ နောက်တစ်ယောက်ရဲ့ နာမည်က ဂေချင်းရှူ ဖြစ်ပါတယ်။ သူက လျှိုခိုင်ဖန်းကို အတော်လေး မကျေမနပ် ဖြစ်နေပေမဲ့ လင်းဟာန်က သင်တန်းကျောင်းရဲ့ စိတ်ဂိုညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ရောင်းချခဲ့တယ်လို့ ဝန်ခံခဲ့ပါတယ်။ ဒါက သင်တန်းကျောင်းရဲ့ စည်းကမ်းကို ချိုးဖောက်တာ ဖြစ်ပါတယ်။

စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ တစ်ယောက် အနေနဲ့ သူက စည်းမျဉ်းစည်းကမ်းအရ အပြစ်ပေးရပါလိမ့်မယ်။

"လင်းဟာန် သင်တန်းကျောင်းက ချီးမြှင့်တဲ့ စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို အပြင်ဘက် အဖွဲ့အစည်းတွေကို အကျိုးအမြတ်အရ ရောင်းချတာကို တင်းတင်းကျပ်ကျပ်နဲ့ တားမြစ်ထားတယ်။ မင်းမှာ ပြောစရာ ဘာရှိသေးလဲ"

သူက မေးလိုက်ပါတယ်။

အနားမှာရှိတဲ့ ကျောင်းသားတွေက ခြံဂင်းရဲ့ နံရံတွေ အပေါ်တက်ပြီးတော့ ကြည့်နေကြပြီး ဒီစကားတွေကို ကြားလိုက်ရတဲ့ အခါမှာ သူတို့က ထိတ်လန့်တုန်လှုပ် ခြောက်ချားသွားခဲ့ပါတယ်။ အကြောင်းက ဒီလိုကိုး။ လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ ဒီလောက်တောင် တုံးအရတာလဲ။ သူက ဒီနှစ်ကျောင်းသားသစ်တွေ အထဲမှာ နံပါတ်တစ် ဖြစ်ပြီးတော့ အနာဂတ်မှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်တဲ့ အလားအလာလည်း ရှိပါတယ်။ ဒါပေမဲ့ သူက စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံး နည်းနည်းအတွက်နဲ့ အားလုံးကို စွန့်စားခဲ့ပါတယ်။

စည်းမျဉ်းက စည်းမျဉ်းပါပဲ။ လင်းဟန်က ဘယ်လောက်ပဲ ပါရမီရှိရှိ ဒီတစ်ကြိမ်တော့ သင်တန်းကျောင်းရဲ့ အပြစ်ပေးတာကို သေချာပေါက် ခံစားရပါလိမ့်မယ်။

"လင်းဟန် မင်းဒူးထောက်လိုက်တာ ပိုကောင်းမယ်"

လျှိုလွှီက အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။

သူက ဒီစကားတွေကို ပြောဖို့အတွက် တစ်လလုံးနီးပါး စောင့်နေခဲ့ရပါတယ်။

လင်းဟန်က လျှိုလွှီကို အထင်သေးတဲ့ အကြည့်နဲ့ ငေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းပါးစပ်ကို မင်းထိန်းထားလိုက်။ မင်းက ကျောင်းသား တစ်ယောက်ပဲ။ ဒီနေရာမှာ အမိန့်ပေးပိုင်ခွင့် မင်းဆီမှာ ရှိလို့လား။ မင်းက စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲကိုတောင် မျက်လုံးထဲ မထည့်တော့ဘူးလား"

လပြွတ်ပဲ။ ဒီကောင် နောက်တစ်ကြိမ် ထပ်လုပ်ပြန်ပြီ။

လျှိုလွှီက အရမ်းကို ဒေါသထွက်နေပြီး သူ့ရင်ဘတ်က နိမ့်ချည်မြင့်ချည် ဖြစ်နေပါတယ်။ အရင်ကလည်း လင်းဟန်က သူ့ကို ဘယ်လက်ရုံး အမတ်မင်းကို အသုံးချပြီးတော့ ဖိနှိပ်ခဲ့ပြီး လျှိုလွှီက

ဘယ်လက်ရုံး အမတ်မင်းကို မျက်စိထဲတောင် မထည့်ဘူးလားလို့ ပြောခဲ့ပါတယ်။ အခု သူက နောက်တစ်ကြိမ် ထပ်ပြီးတော့ လုပ်ပါတယ်။ ကျွန်မာငယ်လေး တစ်ခုက ရောက်လာတဲ့ ဒီအဆင့်နိမ့်တဲ့ လူက ဘယ်လိုလုပ်ပြီး နှုတ်သီးကောင်း လျှာပါးဖြစ်နေရတာလဲ။

သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းချုပ်ပြီးတော့ လင်းဟန်ကို စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။

"မင်း မင်း မင်း ဒီနေ့တော့ မင်းရဲ့ ကံတရားက လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုမျိုး ပြုမူနေလို့လည်း ဘာထူးလာမှာလဲ"

လက်ရှိမှာ လင်းဟန်က ငါးများချိတ်မှာ မိနေတဲ့ ငါးတစ်ကောင်နဲ့တူပါတယ်။ သူ့မှာ စိုးရိမ်ပူပန် နေစရာအကြောင်း မရှိပါဘူး။

"ဒီလောက်ထိ ဒေါသထွက်ဖို့ မလိုပါဘူး"

လျိုတက သူ့ညီရဲ့ ပခုံးကို အလျင်အမြန် ပုတ်ပြီးတော့ တားလိုက်ပြီး လင်းဟန်ကို အေးစက်စွာနဲ့ စိုက်ကြည့်ကာ ပြောလိုက်ပါတယ်။

"လင်းဟန် မင်းက သင်တန်းကျောင်းရဲ့ မော်ဆေးလုံးတွေကို တရားမဝင် ရောင်းချခဲ့တယ်လို့ မင်းကိုယ်တိုင် ဝန်ခံခဲ့တယ် ဆိုမှတော့ မင်းကိုယ်မင်း ကယ်ဆယ်ဖို့ ဘာပြောစရာ ရှိသေးလဲ"

ဂေချင်းရှူက မျက်မှောင်ကြုတ်ပြီး ဒေါသထွက်သွားပုံ ပေါ်ပါတယ်။ ငါက စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲလေ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့အရှေ့မှာ မင်းက ဘာကိစ္စ ဝင်ပါရတာလဲ။ လျှိုနိုင်ဖန်းက သူ့ပခုံးကို ပုတ်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"အစ်ကိုဂေ ဒီအတွက် ငါမင်းအပေါ်မှာ အကြွေးတင်သွားပြီ။ ငါတို့ လျှိုကလန်က အနာဂတ်မှာ မင်းကို သေချာပေါက် ပြန်ဆပ်ပေးပါ့မယ်"

ဂေချင်းရှူက စိုးရိမ်တကြီး ဖြစ်သွားသလို ခံစားရပါတယ်။ သူကိုယ်တိုင်က တစ်ကိုယ်တော် ကျင့်ကြံသူ တစ်ယောက်ဖြစ်ပြီး လျှိုကလန်ကို ယှဉ်လို့မရပါဘူး။ နောက်ပြီးတော့ လင်းဟန်က စည်းကမ်းကို ချိုးဖောက်ထားပြီး အပြစ်ပေးခံရဖို့ သင့်လျော်ပါတယ်။ ဒီလိုဆိုမှတော့ လျှိုညီအစ်ကိုတွေ ထင်ပေါ်ကျော်ကြားခွင့် ပြုလိုက်သင့်ပါတယ်။ တကယ်တော့ သူ့အတွက် ဘာမှဆုံးရှုံးနစ်နာတာ မရှိပါဘူး။

ဒီအတွေးနဲ့ သူက လျှိုခိုင်ဖန်းကို ရိုးရိုးရှင်းရှင်းပဲ ကြည့်ပြီးတော့ ဖျော်ဖြေပွဲကို စောင့်ကြည့် လေ့လာသူ တစ်ယောက်အဖြစ် သူ့ကိုယ်သူ မှတ်ယူလိုက်ပါတယ်။

ဒါပေါ့။ ဒီအတွက်ကြောင့် လျှိုခိုင်ဖန်းက ပျော်ရွှင်သွားခဲ့ပါတယ်။ ဒီနေရာကို ဂေချင်းရှူကို ခေါ်လာရတဲ့ အကြောင်းက သူ့ရဲ့လှုပ်ရှားမှုတွေအတွက် သဘာဝကျကျ ဖြစ်စေဖို့ ဖြစ်ပါတယ်။ သင်တန်းကျောင်းမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ ပြီးတော့ စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲတွေက အတင်းအကျပ် ဩဇာအာဏာသုံးပြီးတော့ လုပ်လို့မရပါဘူး။

လင်းဟာန်က အထင်သေးစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက လူတွေကို စွပ်စွဲပြောဆိုဖို့ကလွဲပြီး ဘာမှကို ကောင်းကောင်းမွန်မွန် မသိကြဘူး။ ငါက သင်တန်းကျောင်းရဲ့ မှော်ဆေးလုံးတွေကို ရောင်းချခဲ့တယ်လို့ ဘယ်တုန်းက ပြောခဲ့လို့လဲ"

"ဟားဟား ငါတို့ကို သုံးနှစ်သား ကလေးတွေလို့ ထင်နေတာလား။ မင်းက တောပေါင်းစုံ ဆေးဆိုင်မှာ စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေ ရောင်းချခဲ့တယ်လို့ စောစောကပဲ ဝန်ခံခဲ့တယ်လေ"

လျှိုတက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒါအမှန်ပဲလေ"

လင်းဟန်က နောက်တစ်ကြိမ် ခေါင်းညိတ်လိုက်ပါတယ်။

"ဒါပေမဲ့လည်း စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးကို ရောင်းချတာနဲ့ သင်တန်းကျောင်းရဲ့ မော်ဆေးလုံးတွေကို တရားမဝင် ရောင်းချတယ်ဆိုတာက မတူညီတဲ့ အရာနှစ်ခုပဲလေ။ နောက်ပြီး မင်းငါ့ကို လက်ညှိုးထိုးနေတာကို ရပ်လိုက်ပါ။ ဒါက အရမ်းကို ရိုင်းစိုင်းပြီး ငါ့ကို ဒေါသထွက်စေလိမ့်မယ်"

လျှိုတက စကားတွေ လှည့်ပတ်ပြောဆိုမှုကြောင့် အရမ်းကို စိတ်ရှုပ်သွားခဲ့ပါတယ်။ သူက လင်းဟန်ကို လက်ညှိုးဆက်ထိုးပြီးတော့ ပြောလိုက်တယ်။

"မင်းစကားကို လှည့်ပတ်ပြီး မပြောရင် ပိုကောင်းလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းအပြစ်တစ်ခု ကျူးလွန်ခဲ့တယ်ဆိုတဲ့ အကြောင်းကို မပြောင်းနိုင်ဘူး"

ဖြန်း။

လင်းဟန်က လျှိုတရဲ့ မျက်နှာကို ဖြတ်ရိုက်လိုက်ပါတယ်။ သူက ဘယ်လိုမျိုး ခွန်အား အမျိုးအစားကို ပိုင်ဆိုင်ထားလဲ။ လျှိုတက

မိမိရရ အရိုက်ခံလိုက်ရပြီး ပြန်ပြီးတော့တောင် မတုံ့ပြန် နိုင်ခဲ့ပါဘူး။ ဒီရိုက်ချက်ကြောင့် သူ့ပါးစပ်ကနေ သွားသုံးချောင်း ကျွတ်ထွက်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ ရိုက်ချက်က ပတ်ဝန်းကျင် တစ်ခုလုံးကို တိတ်ဆိတ်ငြိမ်သက်သွား စေခဲ့ပါတယ်။

ဒါက အရမ်းကို ရဲတင်းလွန်းပါတယ်။ သင်တန်းကျောင်းရဲ့ မော်ဆေးလုံးတွေကို တရားမဝင် ရောင်းချတဲ့ ပြစ်မှုကိုလည်း ကျူးလွန်သေးတယ်။ အခု လှိုကလန်ရဲ့ အကြီးအကဲ အရှေ့မှာ လှိုတကိုတောင် ပါးရိုက်ရဲပါတယ်။ သူက အစစ်အမှန် နဂါးတစ်ကောင်ရဲ့ သတ္တိတွေကို ပိုင်ဆိုင်ထားပြီး နတ်ဘုရားတွေလိုမျိုး အကြောက်အလန့် မရှိပါဘူး။

"မင်း မင်း မင်း"

လှိုတက ဒေါသလည်းထွက် အရှက်လည်းကွဲတဲ့ ဒဏ်ကို တစ်ပြိုင်နက်တည်း ခံစားလိုက် ရပါတယ်။ သူက အင်ပါယာ မြို့တော်ရဲ့ လူငယ်မျိုးဆက်တွေ အထဲက အတော်ဆုံး လက်ရွေးစင် သုံးယောက်ထဲမှာ တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။ သူက အခုတော့ လူပုံအလယ်မှာ မျက်နှာကို ဖြတ်ရိုက်တာ ခံလိုက်ရပါတယ်။ တကယ်လို့ လင်းဟန်က သေသွားခဲ့မယ်

ဆိုရင်တောင် သူခံစားခဲ့ရတဲ့ အရှက်ကွဲမှုကို ဘယ်လိုလုပ် ပယ်ဖျက်လို့ ရနိုင်မှာလဲ။

"ငါမင်းကို ပြောသားပဲ။ ငါ့ကို လက်ညှိုးထိုးပြီး မပြောပါနဲ့လို့။ မင်းရဲ့ စီနီယာ တပည့်အစ်ကို တစ်ယောက် အနေနဲ့ ဘယ်လိုမျိုး ပြုမူနေထိုင်ရမလဲ ဆိုတာကို သင်ကြားပေးတဲ့အတွက် ငါ့ကို ကျေးဇူးတင်ဖို့ မလိုဘူး"

လင်းဟန်က ညင်ညင်သာသာနဲ့ ပြောလိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို သက်တောင့်သက်သာ ရှိနေပုံ ပေါ်ပါတယ်။

"ငါမင်းကို သတ်မယ်"

လျှိုတက ခုန်အုပ်လိုက်ပါတယ်။ သူက လင်းဟန်ကို ကိုယ်တိုင်အနိုင်ယူ ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီဘဝမှာ သူ့ရဲ့ခေါင်းကို ဘယ်တော့မှ မော့နိုင်လိမ့်မှာမ ဟုတ်ပါဘူး။

ဖြန်း။

လင်းဟန်က သူ့မျက်နှာကို နောက်တစ်ချက် ထပ်ရိုက်လိုက်ပြီး လျှိုတကို လွင့်ထွက်သွား စေခဲ့ပါတယ်။

"မင်းက ငါ့ကို ပိုက်ဆံမပေးပဲနဲ့ တိုက်ခိုက်ချင်သေးတယ်ပေါ့လေ ဟုတ်လား။ အိပ်မက် မက်နေလိုက်"

ခိ ခိ ခိ ခိ။

အားလုံးက ရယ်မောလိုက် ကြပါတယ်။

Chapter 918 end

အပိုင်း(919) အလိုလို ဖြေရှင်းပြီးသား ဖြစ်သွားတဲ့ နားလည်မှု လွဲမှားခြင်း

လှိုျတက တကယ့်ကို သနားစရာ ကောင်းပါတယ်။

အားလုံးက မချိတင်ကဲ ဖြစ်သလို ခံစားနေရပါတယ်။ လူပုံအလယ်မှာ ပါးနှစ်ချက် ဖြတ်ရိုက်ခံရတာ သူ့လိုမျိုး လူအတွက်တော့ တကယ့်ကို ရှက်စရာကောင်းပါတယ်။ သူက ဘယ်တုန်းကမှ အရှက်ခွဲ မခံဖူးပါဘူး။ ဒါပေမဲ့လည်း ဒီပထမ ရထားတဲ့ ကျောင်းသားသစ်က တကယ့်ကို ရဲတင်းပါတယ်။ သူ့ရဲ့ သိုင်းပညာ နားလည်သဘောပေါက်နိုင်စွမ်း သူ့ရဲ့စိတ်ဂိညာဉ် ခွန်အားနဲ့ တိုက်ခိုက်မှု စွမ်းရည်တွေက တခြားသူတွေရဲ့ အထွတ်အထိပ်မှာ ရှိနေတဲ့အပြင် သူရဲ့ အစစ်အမှန် တိုက်ခိုက်မှုကလည်း အထင်ကြီးစရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း လှိူခိုင်ဖန်းက ဘေးမှာရပ်နေပါတယ်။ လှိူကလန်ကို အခုလိုမျိုး ဒေါသထွက်စေတာ မင်းအတွက် အကြံကောင်းတစ်ခုမှ ဟုတ်ရဲ့လား။

သေချာတာပေါ့။ အခုဆို လှိူခိုင်ဖန်းရဲ့ မျက်နှာက အတော်လေးကို သုန်မှုန်လို့ နေပါတယ်။ သူက လှိူတ တိုက်ခိုက်မှာကို မတားခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လှိူတကိုယ်တိုင် သူ့ရဲ့ ဂုဏ်သိက္ခာကို ပြန်ရရှိအောင် လုပ်တာမျိုးကို လိုချင်ပါတယ်။ လှိူတနဲ့ လင်းဟန်တို့ နှစ်ယောက် အကြားက ကျင့်ကြံခြင်းအဆင့် ကွာဟချက် အရမ်းကို ကြီးမားနေလိမ့်မယ်လို့ သူလုံးဝ မထင်မှတ်ထားပါဘူး။

အင်ပါယာ မြို့တော်ရဲ့ လူငယ်မျိုးဆက်ထဲက အတော်ဆုံး လက်ရွေးစင် သုံးယောက်ထဲက တစ်ယောက် အနေနဲ့ ကျွှာငယ်လေး တစ်ခုက နိမ့်ကျတဲ့ လူတစ်ယောက်ကို တကယ်ပဲ မယှဉ်နိုင်ဘူးလား။

ဘယ်သူက အဲဒါကို ယုံကြည်လိမ့်မှာလဲ။

လှိူတအတွက် လင်းဟန်ကို ယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ဘူးဆိုရင် လှိူခိုင်ဖန်းက သူကိုယ်တိုင်ပဲ လှုပ်ရှားမှု ပြုလုပ်ရပါလိမ့်မယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှိုကလန်ရဲ့ ထင်ပေါ်ကျော်ကြားမှုနဲ့ ဂုဏ်သိက္ခာက မြောင်းထဲ လွှင့်ပစ်လိုက်ရ ပါလိမ့်မယ်။

"ဟင့်။ အရင်ဆုံး မင်းက သင်တန်းကျောင်းရဲ့ မော်ဆေးလုံးတွေကို တရားမဝင်လည်း ရောင်းသေးတယ်။ နောက်ပြီး မင်းရဲ့ အတန်းဖော်ကို ထိခိုက်နာကျင်အောင်လုပ်တယ်။ ဒီလိုမျိုး လူတစ်ယောက်က သင်တန်းကျောင်းမှာ ဆက်နေဖို့ သင့်တော်ရဲ့လား"

သူက အသံတိုးတိုးနဲ့ ပြောလိုက်ပြီး သူ့ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ စိတ်ဂိညာဉ် ဖိအားကို ချက်ချင်းပဲ လင်းဟာန်ဆီ တန်းပြီးတော့ ဖိနှိပ်လိုက်ပါတယ်။

တန်ခိုးရှင်တွေက စိတ်ဂိညာဉ်ရဲ့ ခွန်အားကို ကျင့်ကြံအားထုတ်ကြပါတယ်။ နောက်ပြီး သူက နေလအဆင့် လက်ရွေးစင် တစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့ရဲ့စိတ်ဂိညာဉ် ခွန်အားက လင်းဟာန်ရဲ့ စိတ်ဂိညာဉ် ခွန်အားထက် အဆပေါင်းများစွာ အစွမ်းထက်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး အကျိုးဆက် တစ်ခုရဲ့အောက်မှာ သူ့ခေါင်းပေါ်ကို တောင်တစ်လုံး ဖိလာသလိုမျိုး ရုတ်တရက် ခံစားလိုက်ရပြီး သူ့အရိုးတွေ အက်ကွဲလာသလို

ဖြစ်နေပါတယ်။ အရှေ့ကို ဒယိမ်းဒယိုင် ဖြစ်သွားပြီးမှ ဒီဖိအားဒဏ်ကို တောင့်ခံနိုင်ပါတယ်။

ဒါပေမဲ့ လင်းဟန်က တစ်ဖက်လူအနေနဲ့ သူ့ကိုဖိနှိပ်ပြီးတော့ သူ့ကို ခေါင်းငုံ့ဖို့တင်မက ဒူးထောက်သွားဖို့ကိုတောင် ကြိုးစားနေတယ် ဆိုတာကို သတိပြုမိပါတယ်။

သူ့ရဲ့ အနိုင်မခံ အရှုံးမပေးတတ်တဲ့ အကျင့်စရိုက်ကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ကိုယ်သူ အရှက်ခွဲတာ ခံနိုင်မှာလဲ။

လင်းဟန်က မားမားမတ်မတ် ရပ်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ် အထဲက နတ်ဘုရား အရိုးတွေက အပြင်းအထန် အက်ကွဲလာပြီးတော့ လျှိုခိုင်ဖန်းရဲ့ စိတ်ဂိညာဉ် ဖိအားကို ဆန့်ကျင်ရင်ဆိုင် လိုက်ပါတယ်။ နေလအဆင့် ကျင့်ကြံသူ တစ်ယောက်က မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာပါတယ်။ ခံ့ညားထည်ဝါတဲ့ အရှိန်အဝါ တစ်ခုနဲ့တင် လင်းဟန်ကို ချွေးပျံသွားစေပြီး သူ့မျက်လုံးတွေကို သွေးရောင်လို နီရဲပြီးတော့ သွေးကြောတွေ အားလုံး တဒုတ်ဒုတ်နဲ့ မြည်လာစေခဲ့ပါတယ်။

တိတိကျကျ ပြောရမယ်ဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် အတွက် နေလအဆင့် လက်ရွေးစင်

တစ်ယောက်ရဲ့ စိတ်ဂိညာဉ် ဖိအားကို ခုခံဖို့ မဖြစ်နိုင်ပါဘူး။ ဒီအဆင့် နှစ်ခု အကြားက ကွာဟမှုက အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို ခေါင်းမာပြီး အလျှော့မပေးပါဘူး။ သူက ရှုံးနိမ့်တာ ဒါမှမဟုတ် အသတ်ခံရရင်တောင် လက်ခံနိုင်ပါသေးတယ်။ ဒါပေမဲ့ တခြားသူကိုတော့ ဘယ်တော့မှ ဒူးထောက်လိမ့်မှာ မဟုတ်ပါဘူး။

ပရိသတ်တွေမှာ မူလတုန်းကလို အမြင်မျိုး မရှိတော့ပါဘူး။ မကြာခင်မှာပဲ သူတို့က လင်းဟန်ကြောင့် တအံ့တသြ ဖြစ်နေတဲ့ အမူအရာမျိုး ဖြစ်လာခဲ့ပါတယ်။

ဒီကောင်ရဲ့ စိတ်စွမ်းအင်က တကယ်ပဲ အတော်လေးကို အထင်ကြီးစရာ ကောင်းပါတယ်။

လင်းဟန်ရဲ့ ခန္ဓာကိုယ် အတွင်းက အရိုးတွေ အက်ကွဲတဲ့ အသံကို ရှင်းရှင်းလင်းလင်း ကြားနေရပြီး သူ့ရဲ့ နဖူးကနေ ချွေးတွေက ရေစီးကြောင်း တစ်ခုလိုမျိုး စီးကျလို့ နေပြီးတော့ သူ့ရဲ့ အဂတ်အစားတွေ စိုရွှဲသွားစေခဲ့ပါတယ်။ သူက အလျှော့မပေးပဲ တောင်တစ်လုံးရဲ့ ထိပ်လိုမျိုး မားမားမတ်မတ် ရပ်နေပြီး နည်းနည်းလေးမှတောင် သရဲဘောကြောင်ခြင်း မရှိခဲ့ပါဘူး။

သူ့ကို ဘယ်သူက မလေးစားပဲ နေနိုင်မှာလဲ။

“ဒါဆိုရင် မင်းက အပြစ်ကို သနားခံမဲ့အစား အသေခံတော့မယ်ပေါ့”

လှိူုခိုင်ဖန်းက အော်ပြောလိုက်ပါတယ်။ သူက တကယ်ပဲ လင်းဟာန်ကို ဒီနေ့ ဆိုးဆိုးဂါးဂါး ဖြစ်အောင် လုပ်ရပါမယ်။ ဒီနည်းလမ်း တစ်ခုတည်းကပဲ လှိူုတရဲ့ မျက်နှာကို နှစ်ကြိမ်တိုင်တိုင် အရိုက်ခံခဲ့ရတဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းစေမှုကို တခြားသူတွေ မေ့ပျောက်သွားအောင်လို့ လုပ်နိုင်ပါလိမ့်မယ်။

“ကျနော် ဘာအပြစ်မှ မကျူးလွန်ထားဘူး။ ဒါကြောင့် အပြစ်ကို သနားပေးဖို့ တောင်းပန်ရမှာလဲ”

လင်းဟာန်က သတ္တိကောင်းစွာနဲ့ ပြန်ပြောလိုက်ပါတယ်။

ရွှပ်။

အဲဒီအချိန်မှာပဲ အဝေးကနေ ပုံရိပ်တစ်ခုက လွင့်ပျံလာခဲ့ပါတယ်။ အဲဒီပုံရိပ်ပိုင်ရှင်က ပြိုင်ဘက်ကင်းအောင် လှပတဲ့ မိန်းကလေး တစ်ယောက် ဖြစ်ပြီးတော့ သူမပုံစံကို ကြည့်ရတာ အသက်နှစ်ဆယ်လောက်ပဲ ရှိပါဦးမယ်။ သူမက ပညာရှင် တစ်ယောက်လို ဂတ်စုံကို ဂတ်ဆင်ထားပါတယ်။ လက်ရှိမှာ သူမရဲ့ မျက်နှာတစ်ခုလုံး စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

“လင်းဟာန် လင်းဟာန်”

သူမက အဖေးကတည်းက လင်းဟန်ရဲ့ နာမည်ကို တကြော်ကြော် အော်ဟစ်လို့ လာပါတယ်။

"ဟော့ အဲဒါ ဂူလင်းယု မဟုတ်လား"

"အင်ပါယာ မြို့တော်ရဲ့ အလှဆုံး မိန်းကလေး သုံးယောက်ထဲက တစ်ယောက်လား။ သူမက မှော်ဆေးပညာရပ်မှာ ထူးချွန်ထက်မြက်တဲ့ ပါရမီရှိတယ်လို့ ငါကြားဖူးတယ်။ သူမက မှော်ဆေးပညာ အဖွဲ့အစည်းအောက်မှာ လွှန်ခဲ့တဲ့ နှစ်အနည်းငယ်က ဂင်ရောက်ပညာသင် နေတယ်မဟုတ်လား"

"ငါတို့သင်တန်းကျောင်းထဲမှာ မှော်ဆေးပညာ အဖွဲ့အစည်း တစ်ခုရှိတာပဲလား"

"ဟားဟား မှော်ဆေးပညာ အဖွဲ့အစည်းမှာ ကျောင်းသား အရမ်းကို နည်းတယ်။ နောက်ပြီးတော့ ကျောင်းသားတိုင်းက မှော်ဆေးလုံးတွေ သင်ယူမှုထဲမှာ သူတို့ကိုယ်သူတို့ နှစ်မြုပ်နေကြတယ်။ ဒီလိုမျိုး အဖွဲ့အစည်းတစ်ခု တည်ရှိနေတယ် ဆိုတဲ့အကြောင်းကို လူတော်တော်များများ မသိကြဘူး"

"ဒါပေမဲ့လည်း မှော်ဆေးပညာ အဖွဲ့အစည်းက ထူးခြားတဲ့ အဆင့်အတန်းတစ်ခုရှိတယ်။ ဒါကြောင့် အားလုံးက သူတို့ကို မျက်နှာသာ ပေးရလိမ့်မယ်"

အားလုံးက ခေါင်းညိတ်ပြီးတော့ သဘောတူညီ လိုက်ပါတယ်။ မှော်ဆေးပညာရှင်တွေက အထွတ်အထိပ် အဆင့်အတန်းရှိတဲ့ အုပ်စုတစ်ခုထဲမှာ ပါဝင်ကြပါတယ်။ ဒါကြောင့် သူတို့က မဆင်မခြင်နဲ့ အပြစ်ပြုလို့ မရနိုင်ပါဘူး။

ဂူလင်းယုက ခြံဝင်းထဲကို ပြေးဝင်လာပြီး ပတ်ဝန်းကျင်ကို မျက်စိနဲ့ ဝေ့ပြီးတော့တောင် မကြည့်ပဲ တန်းပြီးတော့ ပြောလိုက်ပါတယ်။

"နင်ဖော်စပ်တဲ့ စိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေက ပုံမှန်ဆေးလုံးတွေထက် အာနိသင် သက်ရောက်မှု သုံးဆယ်ရာခိုင်နှုန်း ပိုရှိတယ်။ နင်က ဆေးကို နည်းလမ်းတိုးခဲ့တာလား ဒါမှမဟုတ် ထူးခြားတဲ့ မှော်ဆေးပညာ နည်းစနစ် တစ်ခုကို အသုံးပြုပြီးတော့ ဖော်စပ်ခဲ့တာလား။ ငါနင့်ရဲ့ နောက်ခံကို စုံစမ်းပြီးပြီ။ နင်က ကျေးရွာငယ်လေး တစ်ခုကနေ ရောက်လာခဲ့ပြီး အင်ပါယာ မြို့တော်ကို လွန်ခဲ့တဲ့ တစ်လကျော်ကမှ ရောက်လာခဲ့တယ်။ ဒါကြောင့် နည်းလမ်းတိုးဖို့ဆိုတာ မဖြစ်နိုင်ဘူး။

နင့်မှာ ထူးခြားတဲ့ မှော်ဆေးပညာ နည်းစနစ်တစ်ခု ရှိရမယ်။ ငါပြောတာမှန်လား”

သူမက အသက်တောင် မရှူပဲ တရစပ် စကားတွေ အများကြီး ပြောပြီးတော့မှ ရုတ်တရက် ရပ်လိုက်ပါတယ်။ အဲဒီနောက် သူမက ကြောင်တောင်တောင် အမူအရာ ဖြစ်နေတဲ့ တခြားလူတွေကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

“ဟော့ နင်တို့တွေ ဒီမှာ ကိစ္စ ရှိလို့လား။ ဒီနေရာမှာ ပရိသတ်တွေ များပြီးတော့ စည်ကားနေတာ ထူးဆန်းလိုက်တာ”

အားလုံးက ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒီနေရာမှာတစ်ခုခု ဖြစ်နေတာကို အခုမှ မင်းက သတိပြုမိတာလား။

ဒါပေမဲ့လည်း ဂူလင်းယုက အံ့အားသင့်စရာကောင်းတဲ့ သတင်းတစ်ခုကို ထုတ်ဖော်ပြောဆို ခဲ့ပါတယ်။ လင်းဟန်က မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်စွမ်း ရှိတယ်တဲ့။ လဗ္ဗြတ်ပဲလေ။ သူက အဲဒီစိတ်ဂိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေကို ဖော်စပ်ခဲ့တဲ့သူပေါ့။

သူက မှော်ဆေးလုံးတွေကို ရောင်းချခဲ့တာကို ဂန်ခံခဲ့ပြီး သင်တန်းကျောင်းရဲ့ မှော်ဆေးလုံးတွေကို တရားမဂင်

ရောင်းချခဲ့တယ် ဆိုတဲ့အကြောင်းကို ငြင်းဆန်ခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။

သူကိုယ်တိုင် ဖော်စပ်ထားတဲ့ ဆေးလုံးတွေကို ဘယ်လိုလုပ်ပြီးတော့ သူတို့က သူ့ကို ရောင်းချခွင့် မပြုနိုင်ရမှာလဲ။ သင်တန်းကျောင်းမှာ ဒီလိုမျိုး စည်းမျဉ်းစည်းကမ်းတွေ မရှိပါဘူး။

လျှိုခိုင်ဖန်းက ရုတ်တရက် ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဂေချင်းရှူတောင်မှ ပြင်းပြင်းထန်ထန် နှာခေါင်းရှုံ့ပြီး လျှိုညီအစ်ကိုဆီကို မျက်နှာထား တင်းတင်းနဲ့ စိုက်ကြည့်လို့ နေပါတယ်။ သူတို့တွေက မှားယွင်းတဲ့ စွပ်စွဲမှု တစ်ခုကို လုပ်ခဲ့ပြီး သင်တန်းကျောင်းကိုလည်း အပြစ်ပေးဖို့ တောင်းဆိုခဲ့ ကြပါတယ်။

ဂူလင်းယုရဲ့ ဒီစကားတွေကြောင့် လျှိုခိုင်ဖန်းက ဘာများ ပြောနိုင်ဦးမှာလဲ။ သူက လျှိုညီအစ်ကို နှစ်ယောက်ကို တခြားလူ တစ်ယောက်ကို အညာအတာ ကင်းမဲ့စွာနဲ့ စွပ်စွဲပြောဆိုမှု မပြုလုပ်ခင် အခြေခံကျတဲ့ အချက်အလက်တွေ စုံစမ်းမှု မရှိခဲ့တဲ့အတွက် အပြစ်တင် ကြိမ်းမောင်းရုံပဲ တတ်နိုင်ပါလိမ့်မယ်။ အခု ဒီအခြေအနေကို ဘယ်လိုလုပ် အဖတ်ဆယ်လို့ ရနိုင်တော့မလဲ။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ချက် လက်သွားပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာအစ်မ ကျနော် ကိစ္စလေး တချို့ကို အရင်ဆုံး ဖြေရှင်းဖို့ လိုပါသေးတယ်။ နောက်မှ စကားပြောတာပေါ့"

"ဘာများလဲ။ ငါနင့်ကို ကူညီပေးမယ်လေ"

ဂူလင်းယုက စိတ်မရှည်တော့ပါဘူး။ သူမရဲ့ အမြင်အရ မှော်ဆေးပညာနဲ့ ပတ်သက်ပြီး ဆွေးနွေးရတာထက် ဘယ်အရာက ပိုပြီးတော့ အရေးကြီးမှာမို့လဲ။

လင်းဟာန်က ပြောလိုက်ပါတယ်။

"ဒီနှစ်ယောက်က ကျနော့်ကို သင်တန်းကျောင်းရဲ့ စိတ်ဝိညာဉ် ပြန်လည်ဖြည့်ဆည်းခြင်း ဆေးလုံးတွေကို ခိုးယူပြီးတော့ အပြင်လူတွေကို တရားမဝင် ရောင်းချခဲ့တယ်လို့ စွပ်စွဲနေ ကြတယ်"

ဂူလင်းယုက ချက်ချင်းပဲ ဒေါသထွက်သွားပြီး လို့ျညီအစ်ကို နှစ်ယောက်ကို အထင်သေးစွာနဲ့ ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အနာဂတ်မှာ မှော်ဆေးပညာ အဖွဲ့အစည်းက ဖော်စပ်ထားတဲ့ မှော်ဆေးလုံးတွေကို နင်တို့သုံးစွဲခွင့် မပြုတော့ဘူး"

မော်ဆေးပညာရှင် တစ်ယောက်ကို မှားယွင်းစွာနဲ့ စွပ်စွဲပြောဆိုတယ်ပေါ့လေ။ အဲဒါက မော်ဆေးပညာရှင် အားလုံးနဲ့ ရန်သူဖြစ်အောင် လုပ်လိုက်တာပါပဲ။

လှိုူညီအစ်ကို နှစ်ယောက်က အရမ်းကို စိတ်ဓာတ်ကျသွားခဲ့ပါတယ်။ သူတို့အနေနဲ့ လင်းဟန်ကို ဘယ်လောက်ပဲ မြင့်မြင့်မားမား တွေးထားပါစေ ကျွှမာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ အသက်နှစ်ဆယ်ကျော် ကျင့်ကြံသူ တစ်ယောက်က သိုင်းပညာရော မော်ဆေးပညာရပ်ကိုပါ ကျင့်ကြံအားထုတ် နိုင်မယ်လို့ ဘယ်သူက စဉ်းစားမိမှာလဲ။

ဒီထိချက်က သူတို့အတွက်တော့ အတော်လေးကို ပြင်းထန်ပါတယ်။

လင်းဟန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

“အကြီးအကဲခင်ဗျား ဒီလူနှစ်ယောက်က ကျနော့်ကို မှားယွင်းစွာနဲ့ စွပ်စွဲခဲ့ပါတယ်။ သင်တန်းကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းအရ ဘယ်လိုအပြစ်ပေးသင့်ပါသလဲ”

ဂေချင်းရှူက အနေရခက်သလို ခံစားလိုက်မိပါတယ်။ တကယ်လို့ တခြားလူ တစ်ယောက် ဖြစ်နေမယ်ဆိုရင် သူက မျက်နှာမလိုက်ပဲ သမာသမတ် ကျကျနဲ့ အပြစ်ပေး ရပါလိမ့်မယ်။ ဒါပေမဲ့လည်း

လျှိုနိုင်ဖန်းက သူ့ဘေးမှာ ရှိနေပါတယ်။ လျှိုကလန်ရဲ့ ထင်ပေါ်ကျော်ကြားမှုကို စဉ်စားဖို့လည်း လိုပါသေးတယ်။ ဟုတ်တယ်မလား။

ဒါပေမဲ့ သူတို့ကို လူတွေက ကြည့်နေကြပြီးတော့ လျှိုကလန်ကို လူပုံအလယ်မှာ မျက်နှာသာ ပေးတဲ့ စကားမျိုး သူပြောလို့ ရနိုင်မှာတဲ့လား။

လျှိုနိုင်ဖန်းက အားလုံးကို မြင်တာကြောင့် အလောတကြီးနဲ့ ပြောလိုက်ပါတယ်။

"လျှိုတနဲ့ လျှိုလွှီတို့လည်း ဘာအမှားမှ မလုပ်ခဲ့ဘူး။ တကယ်တော့ သူတို့ဟာ လင်းဟန်ရဲ့ မော်ဆေးလုံးတွေ ရောင်းချနေတာကို တွေ့တွေ့ဆိုင်ဆိုင်ဆိုသလို မျက်မြင်ကြုံတွေ့ ခဲ့ကြတယ်။ သူတို့က သင်တန်းကျောင်းနဲ့ ပတ်သက်ပြီး အရမ်းကို စိတ်ဂင်စားတာကြောင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဆီကို သတင်းလာပို့ခဲ့တာပဲ"

ဟုတ်ပါတယ်။ ဒီလိုဆိုရင် သူတို့တွေက မှားယွင်းပြီး စွပ်စွဲတဲ့ အပေါ်မှာ ကောင်းတဲ့အချက်တောင် ရှာနိုင်ပါလိမ့်မယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ အကြီးအကဲပြောတာ မှန်တယ်ဆိုရင် ကျနော်ခံစားခဲ့ရတာက အချည်းနှီး ဖြစ်သွားလိမ့်မယ် မဟုတ်လား။ ဒီစီနီယာ အစ်မက ရောက်မလာပဲ ကျနော့်ရဲ့ သက်သေအဖြစ် မထွက်ဆိုခဲ့ဘူးဆိုရင် အကြီးအကဲကြောင့် ကျနော်က သေတဲ့အထိ နှိပ်စက်ညှင်းပန်းမှု ခံရမှာလား"

"ဒါကို စဉ်းစားကြည့်ပါ။ ကျနော်က သင်တန်းကျောင်းရဲ့ စမ်းသပ်စစ်ဆေးမှု အဆင့်ရှစ်ကို ဖြတ်ကျော်ခဲ့ပြီး အနာဂတ်မှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာဖို့ တက်လမ်းတစ်ခု ရှိတယ်။ တကယ်လို့ ကျနော်သာ သေသွားမယ်ဆိုရင် သင်တန်းကျောင်းအတွက် ဒါက ကြီးမားတဲ့ ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်လိမ့်မယ် မဟုတ်လား"

လှိုက်ခိုင်ဖန်းရဲ့ မျက်နှာက ရှုံ့မဲ့သွားပါတယ်။ သူက အရေပြားထူတဲ့ လူတွေ တော်တော်များများကို တွေ့ခဲ့ဖူးပေမဲ့ လင်းဟန်လိုမျိုး လူစားမျိုးကိုတော့ သူ့အတွက် ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်း ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ တစ်ဖက်လူ ပြောတာက တကယ်တော့ မှန်ပါတယ်။ သူက ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ မရှက်တတ်သလို မျက်နှာပြောင်ပြောင်နဲ့ ပြောရုံသက်သက် ပါပဲ။

ဂေချင်းရှူက မေးလိုက်ပါတယ်။

"ဒါဆိုရင် မင်းဘာလိုချင်တာလဲ"

သူက နှစ်ဖက်အကြားမှာ ငြိမ်းချမ်းရေး ဆွေးနွေးပေးသူ ဖြစ်လာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

လင်းဟန်က နာခေါင်းကို တစ်ချက်ပွတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ကျနော့်ကို အစစ်အမှန် မူလကျောက်တုံး ရှစ်ထောင် တစ်သောင်းလောက် ပေးမယ်ဆိုရင် ဒီစိတ်မချမ်းမမြေ့စရာ အကြောင်းကို သေချာပေါက် မေ့ပစ်ပေးမှာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျနော့်အတွက် သင်တန်းကျောင်းက တရားမျှတပြီး သမာသမတ်ကျတဲ့အထိ ဆုံးဖြတ်ပေးဖို့ တိုက်ပွဲဝင်သွားရလိမ့်မယ်"

Chapter 919 end

အပိုင်း(920) ထိခိုက်မှုအတွက် လျော်ကြေး

အားလုံးက လင်းဟန်မှာ မာနရှိပြီးတော့ သူ့ရဲ့မာနက အရမ်းကို လေးစားစရာ ကောင်းတယ် ဆိုတာကို ဝန်မခံပဲ မနေနိုင်ပါဘူး။ နေလအဆင့် လက်ရွေးစင် တစ်ယောက်ကို အမှန်တကယ် ရင်ဆိုင်ပြီး ရပ်တည်နိုင်တယ်။ သူ့ရဲ့ သတ္တိကြောင့် သူတို့အားလုံး ဒူးထောက်ပြီး အညံ့ခံသွားစေဖို့ လုံလောက်ပါတယ်။

ဒါပေမဲ့ လင်းဟန်ဆီက ဒီစကားတွေကြောင့် သူတို့ရဲ့ မျက်နှာက ချက်ချင်းပဲ ရှုံ့မဲ့လာကြပါတယ်။ မာနကို အသာထားဦး မင်းမှာ နည်းနည်းလေးတောင် အရှက်ရှိသေးရဲ့လား။ ဒီလိုလူ တစ်ယောက်ကို သူတို့ကိုယ်တိုင် ချီးကျူးနေမိတာလား။

ဒါပေမဲ့လည်း လှိုကလန်ကို မြှိမ်းခြောက်ငွေညှစ်ရဲတယ်ဆိုတဲ့ အချက်တစ်ခုနဲ့တင် သူ့ရဲ့ ရဲတင်းမှုအတွက် သူတို့အားလုံး ဒူးထောက်ပြီး အညံ့ခံလိုက်ဖို့ လုံလောက်ပါတယ်။

လှိုခိုင်ဖန်းရဲ့ မျက်နှာက သုန်မှုန်လို့ နေပါတယ်။

လှိုကလန်က အဆင့်လေး ကလန်တစ်ခု ဖြစ်ပါတယ်။ ခိုင်မာတဲ့ အုတ်မြစ်တွေ ပိုင်ဆိုင်ထားပြီး သူတို့အတွက် အစစ်အမှန် မူလကျောက်တုံး တစ်သောင်းလောက် ထုတ်ပေးရရင်တောင် ထိခိုက်သွားမှာ မဟုတ်ပါဘူး။ တခြားသူတွေ အတွက်ကတော့ တကယ့်ကို အံ့သြစရာ ပမာဏ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ လင်းဟန်က သူ့ကိုယ်သူ ဘာများထင်နေလဲ။ သူက စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်မျှသာ ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင်မှ လှိုကလန်ကို ဒီလိုမျိုး များပြားတဲ့ ပမာဏ

တစ်ခုကို ခြိမ်းခြောက်ငွေညှစ်နိုင်တယ်ဆိုရင်တောင် လှိုင်ကလန်အနေနဲ့ ချွတ်ခြုံကျသွားလိမ့်မှာတဲ့လား။

အခြေအနေက လှိုင်ကလန်အတွက်တော့ အရမ်းကို မသင့်လျော်ပါဘူး။ တကယ်လို့ ကပ်ဘေးဒုက္ခ တစ်ခုကို ရင်ဆိုင်ဖို့ဆိုရင် သူတို့အနေနဲ့ သုံးစွဲရပါလိမ့်မယ်။

"ရှစ်ထောင် တစ်သောင်းက အရမ်းကို များလွန်းတယ်"

လှိုင်ခိုင်ဖန်းက မျက်နှာကြီး သုန်မှုန်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဒဏ်ရာအစစ်အမှန် နည်းနည်းမှ မခံစားခဲ့ရဘူး။ အများဆုံး အစစ်အမှန် မူလကျောက်တုံး တစ်ရာကို လျော်ကြေးအဖြစ်ပေးဖို့ ငါတို့ဘက်က မင်းကို တောင်းဆိုနိုင်လိမ့်မယ်"

လပ္ပြတ်ပဲ။

ကျောင်းသား တော်တော်များများ အံ့အားသင့်ပြီးတော့ ပါးစပ်အဟောင်းသား ဖြစ်သွားကြ ပါတယ်။ လင်းဟန်က တကယ်ပဲ သူ့ရဲ့ ငွေညှစ်တဲ့ ကိစ္စကို အောင်မြင်သွားခဲ့ပါတယ်။

ဒါကအဆင့်လေး ကလန်တစ်ခုဖြစ်တဲ့ လှိုင်ကလန် ဖြစ်ပါတယ်။

အဆင့်လေး ကလန်ဆိုတာ ဘာလဲ။ ဘယ်လက်ရုံးနဲ့ ညာလက်ရုံး အမတ်မင်းနဲ့ ဗိုလ်ချုပ် ခုနစ်ယောက်ကို အဆင့်နစ် ကလန်တွေလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါကြောင့် အဆင့်လေး ကလန်တစ်ခုက အံ့သြဖွယ် မကောင်းဘူးလား။ ဒါပေမဲ့ အခုတော့ ခံ့ညားထည်ဝါတဲ့ လှျိုကလန်က သူတို့ရဲ့ ခေါင်းကို ကမ္ဘာ့မှာငယ်လေး တစ်ခုကလာတဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အရှေ့မှာ ငုံ့ထားကြပါတယ်။

ခိခိခိ ဘယ်လောက် ရီစရာကောင်းလိုက်သလဲ။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ အဆင်ပြေမှာလဲ။ တကယ်လို့ စီနီယာ အစ်မဂူသာ အချိန်ကိုက် မရောက်လာဘူး ဆိုရင် ဒီအကြီးအကဲရဲ့ အရှိန်အဝါ ဖိနှိပ်မှုကြောင့် ပြာမှုန့်အဖြစ်ကို ပြောင်းလဲသွားတာ ကြာလောက်ပြီ။ ပြီးတော့ အဲဒါကို အစစ်အမှန် ထိခိုက်မှုလို့ မသတ်မှတ် ဘူးလား။ အစစ်အမှန် မူလကျောက်တုံး ငါးထောင်။ တစ်တုံးမှ မလျှော့နိုင်ဘူး"

မှော်ဆေးပညာရပ်မှာတော့ ဂူလင်းယုက ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ လူမှု့ဆက်ဆံရေး နယ်ပယ်မှာတော့ သူမက

တော်တော်လေး ဆိုးဂါးပါတယ်။ သူမက ချက်ချင်းပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ မော်ဆေးပညာရှင်တွေကို အနိုင်ကျင့်ပြီးတဲ့နောက်မှာ အစစ်အမှန် မူလကျောက်တုံး နည်းနည်းနဲ့ လျော်ကြေးပေးတာက သင့်တော်တယ်ပေါ့လေ"

ဒီစီနီယာ အစ်မက သိပ်မဆိုးဘူး။ သူမက အရမ်းကို ပူးပေါင်းဆောင်ရွက် နေပါတယ်။

လင်းဟန်အနေနဲ့ လျှိုညီအစ်ကို နှစ်ယောက်ကို သတ်ပြီးတော့ အခြေအနေကို ပြောင်းပြန်လှန်ဖို့ ဆိုတာက မဖြစ်နိုင်ဘူးဆိုတာကို သိပါတယ်။ ဒါကြောင့် သူက အကျိုးအမြတ်တချို့ ရအောင်တော့ လုပ်ဖို့ ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ဆုံးရှုံးခံလို့ မဖြစ်ပါဘူး။

လျှိုခိုင်ဖန်းက လူသတ်မှုကိုတောင် ကျူးလွန်ချင်လာခဲ့ပါတယ်။ မင်းက အနိုင်ကျင့် ခံရတာလား။ သူတို့ရဲ့ လျှိုကလန်ကပဲ အနိုင်ကျင့်ခံရတာ မဟုတ်ဘူးလား။ လျှိုတာက ပါးရိုက်ခံထားရပြီး အခုဆို သူ့မျက်နှာက လုံးဂကို ဖူးယောင်လို့ နေပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ မင်းက ဒီအကြောင်းကိုကျ တစ်ခွန်းမှ မဟတာလဲ။ သူက ဂူလင်းယုကို ခေါင်းထဲကို မထည့်ပါဘူး။ ဒါပေမဲ့ သူမရဲ့ အနောက်မှာ

ရှိနေတဲ့ မော်ဆေးပညာ အဖွဲ့အစည်းကို အထင်မသေးပုံပါဘူး။ ဒီလူတွေက ထူးဆန်းတဲ့ စိတ်နေသဘောထား ရှိတဲ့လူတွေ ဖြစ်ပါတယ်။

သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"အစစ်အမှန် မူလကျောက်တုံး ငါးရာ"

"လေးထောင်"

"တစ်ထောင်"

"သုံးထောင်"

"နှစ်ထောင်"

"သဘောတူတယ်"

လှိုချိုင်ဖန်းက လက်ကို တစ်ချက်ဝှေ့ယမ်းလိုက်တဲ့ အခါမှာ အစစ်အမှန် မူလကျောက်တုံးတွေ ပြန့်ကျဲသွားပါတယ်။ လင်းဟန်က စိတ်ထဲမှာ မထားပဲ ဒီအဖိုးတန်တဲ့ ကျောက်တုံးတွေကို အနက်ရောင် မှော်စင်ထဲ တန်းထည့်လိုက်ပါတယ်။ အခု သူက အကျိုးအမြတ် တချို့ ရရှိခဲ့ပါပြီ။ ဒါပေမဲ့ သူအစွမ်းထက်လာတဲ့ အချိန်ကျရင်တော့ လွယ်လွယ်နဲ့ ကျေအေးပေးလိမ့်မှာ မဟုတ်ပါဘူး။

"ငါတို့သွားမယ်"

လှိုင်ခိုင်ဖန်းက လှိုညီအစ်ကို နှစ်ယောက်ကို အော်လိုက်ပါတယ်။ ဒီအမှိုက်ကောင် နစ်ကောင် အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ အရှေ့မှာ သူ့ရဲ့ ဒေါသတွေကို မျိုချထားဖို့ဆိုတာ သူ့အတွက် လိုအပ်မှာလား။

လှိုတတို့ ညီအစ်ကို နှစ်ယောက်က စကားတစ်ခွန်းမှ မဆိုဝံ့ပဲ သူ့အနောက်ကနေ အမှားလုပ်ထားတဲ့ ကလေးတွေလိုမျိုး လိုက်သွားကြပါတယ်။

နံရံပေါ်က ကျောင်းသားတွေလည်း လူစုကွဲကုန် ကြပါတယ်။ သူတို့က ဒီအကြောင်းနဲ့ ပတ်သက်ပြီး တခြားသူတွေကို ကြွားဝါပြောဆိုရပါဦးမယ်။

ဂေချင်းရှူက အံ့အားသင့်စွာနဲ့ သူ့လျှာကို တစ်ချက် ကိုက်လိုက်ပါတယ်။ ဂူလင်းယုရဲ့ ရောက်လာမှုနဲ့ လင်းဟန်ရဲ့ ပြဿနာကြီးကို ဖြေရှင်းပြီးသား ဖြစ်သွားခဲ့ပါပြီ။ ဒါပေမဲ့ တကယ်လို့ သူမသာ ချိန်သားကိုက် ရောက်မလာဘူးဆိုရင်တောင်လင်းဟန်က မှော်ဆေးလုံး တစ်လုံးကို လူပုံအလယ်မှာ ဖော်စပ်ပြလိုက်ရင် ဒီပြဿနာက ဖြေရှင်းပြီးသား ဖြစ်သွားပါလိမ့်မယ်။

ဒီကလေးက တကယ်ပဲ သည်းခံနိုင်စွမ်း ရှိပါတယ်။ သူအနိုင်ရမယ် ဆိုတာကို သေချာပေါက် ဖြစ်နေတာကြောင့် လှိုုတာကို အရင်ဆုံး ရိုက်နက်လို့ရမဲ့ အခွင့်အရေးကို ထိထိမိမိ အသုံးချခဲ့ပါတယ်။ အဲဒီနောက် လှိုုကလန်ဆီကနေ များပြားတဲ့ ပမာဏ တစ်ခုအတွက် ခြိမ်းခြောက်ငွေညှစ်ခဲ့ပြီး လှိုုကလန်က သူတို့ရဲ့ ဒေါသတွေကိုတောင် ထုတ်ဖော်လို့ မရနိုင်ခဲ့ပါဘူး။

သူ့ရဲ့ သတ္တိကတော့ တကယ့်ကို အံ့အားသင့်စရာ ကောင်းပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဂေချင်းရှုကိုယ်တိုင် လှိုုကလန်နဲ့ ရန်သူမဖြစ်ပံ့ပါဘူး။ လှိုုကလန်မှာ နေလအဆင့် လက်ရွေးစင် ဆယ်ယောက်ရှိတဲ့အပြင် သူတို့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အကြီးအကဲဆို နေလအဆင့်ရဲ့ အဆင့်မြင့် ထိပ်တန်း လက်ရွေးစင် တစ်ယောက်တောင် ဖြစ်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို အဆင့်မတက်သေးပဲ သူ့ကို ဘယ်သူမှ ယှဉ်ပြိုင်နိုင်မဲ့သူ မရှိပါဘူး။

ဘယ်သူကများ သတ္တိကောင်းပြီးတော့ ဒီလိုမျိုး အခြေအနေကို အခွင့်ကောင်းယူကာ လှိုုကလန်ကို ထောင်ချောက်တစ်ခု ဆင်ထားရဲမှာလဲ။

"ကောင်ကလေး မင်းကိုယ်မင်း ဂရုစိုက်ပါ"

ဂေချင်းရှူက ပြောလိုက်ပြီး သူ့မျက်လုံးတွေထဲမှာ စိုးရိမ်စိတ် တစ်စွန်းတစ်စ ရှိလို့ နေပါတယ်။

ဒီတစ်ကြိမ်တော့ လင်းဟန်က တကယ်ပဲ အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူက လို့ျူတာကို ပါးရိုက်ရတဲ့အပြင် အစစ်အမှန် မူလကျောက်တုံးတွေ အများကြီးကိုလည်း ရရှိအောင် ကြံဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လို့ျူကလန်က ဒီကိစ္စကို လွယ်လွယ်နဲ့ ပြီးသွားခွင့် ပြုမှာတဲ့လား

"အကြီးအကဲရဲ့ အကြံဉာဏ်ပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ ကျနော်သတိထားပါ့မယ်"

လင်းဟန်က ရိုသေလေးစားမှု အပြည့်နဲ့ ပြောလိုက်ပါတယ်။ သူက စိတ်သဘောထား ကောင်းတဲ့သူနဲ့ မကောင်းတဲ့ လူအကြားမှာ ဆက်ဆံပုံခြင်း မတူပါဘူး။

ဂေချင်းရှူက ခေါင်းညိတ်ပြီးတော့ အလျင်အမြန် ထွက်ခွာသွားလိုက်ပါတယ်။

"လင်းဟန် လင်းဟန် ငါ့ကိုပြောပြပါ။ နင်က ဆေးဖော်စပ်နည်းကို အဆင့်မြှင့်တာလား ဒါမှမဟုတ် ထူးခြားတဲ့ ဆေးဖော်စပ်နည်းစနစ်တစ်ခု နင့်ဆီမှာ ရှိနေတာလား"

ဂူလင်းယုရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပလို့ လာခဲ့ပါတယ်။ သူမက မှော်ဆေးပညာရပ်ကို အာရုံစိုက်လိုက်တဲ့ အချိန်မှာ အရာအားလုံးကို မေ့ပစ်သွားပါလိမ့်မယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့မှာ တကယ်ပဲ ထူးခြားတဲ့ မှော်ဆေးလုံး ဖော်စပ်တဲ့ နည်းစနစ်တစ်ခု ရှိတယ်"

"နင်ငါ့ကို သင်ပေးနိုင်မလား"

ဂူလင်းယုက ချက်ချင်းပဲ မေးလိုက်ပါတယ်။

"ဒါက"

လင်းဟာန်က တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။ ဒီမိန်းကလေးက မှော်ဆေးပညာရပ်ကို တကယ်ပဲ စိတ်ဝင်စားပြီး ကမ္ဘာကြီး တစ်ခုလုံးကိုတောင် မေ့ပစ်ထားပါတယ်။ ဘယ်မှော်ဆေးပညာရှင်က သူတို့ရဲ့ မှော်ဆေးပညာ နည်းစနစ်တွေကို အပြင်လူ တစ်ယောက်ဆီ ထုတ်ဖော်ပြလို့လဲ။ ဆရာနဲ့ တပည့်အကြားမှာတောင် ဆရာက လျှို့ဝှက်ချက် တချို့ကို သိမ်းထားပါလိမ့်ဦးမယ်။

လင်းဟာန်က သူ့ဆီက ပညာသင်ယူခဲ့တဲ့ တပည့်နှစ်ယောက်ကို ဘယ်အရာကိုမှ မချွင်းမချန် သင်ကြားပေးခဲ့ပါတယ်။ ဒီလိုမျိုး နည်းစနစ်က သူကိုယ်တိုင် ဖန်တီးခဲ့တယ် ဆိုပေမဲ့ မီးသုံးပါး နတ်လမ်းညွှန်ရဲ့ အစွမ်းကို သူတစ်ယောက်ပဲ အမြင့်ဆုံးထိ ထုတ်ဖော်နိုင်စွမ်း ရှိပါတယ်။

မင်းက ငါ့ကို မျက်နှာသာ ပေးခဲ့တယ် ဆိုပေမဲ့ ဒီအတွက်နဲ့ မင်းက မီးသုံးမျိုး နတ်လမ်းညွှန် ပညာကို သင်ချင်နေတာလား။

ဒါပေမဲ့လည်း ဒီမိန်းကလေးက မှော်ဆေးပညာရပ်နဲ့ ပတ်သက်လာရင် လုံးဝကို အရူးအမူး လူတစ်ယောက် ဆိုတာကို သူပြောနိုင်ပါတယ်။ သူမက ဘယ်လိုမျိုး တည်ငြိမ်အေးဆေးတဲ့ အပြုအမူတွေ ကန့်သတ်ချက်တွေနဲ့ နေထိုင်ရမလဲ ဆိုတာကို မသိတာ မဟုတ်ပါဘူး။ သူမရဲ့ ခေါင်းတစ်ခုလုံးမှာ မှော်ဆေးပညာနဲ့ ပတ်သက်တဲ့ အရာတွေပဲ ပြည့်နှက်နေတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ တချို့တောင်းဆိုချက်တွေက အရမ်းကို လွန်လွန်းနေတယ် ဆိုတာကိုလည်း သူမက လုံးဝကို မသိပါဘူး။

လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင်လည်း တခြားတစ်ယောက်ဆီကနေ သင်ယူလိုက်ပါ”

သူ့အနေနဲ့ အခုမှ တွေ့ဖူးတဲ့ လူတစ်ယောက်ကို မီးသုံးမျိုး နတ်လမ်းညွှန် ပညာရပ် သင်ပေးဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူမက မှော်ဆေးပညာရပ်နဲ့ ပတ်သက်ရင် အရမ်းကို အရူးအမူး ဖြစ်တယ်ဆိုမှတော့ သူမနဲ့အတူ မှော်ဆေးလုံး ဖော်စပ်တဲ့ နည်းစနစ် အကြောင်းကို ဆွေးနွေးပေး နိုင်ပါတယ်။

ဂူလင်းယုက ကျေကျေနပ်နပ်နဲ့ လက်ခံလိုက်ပါတယ်။

သူတို့နှစ်ယောက်က မှော်ဆေးပညာ နည်းစနစ်တွေ အကြောင်းကို ဆွေးနွေးခဲ့ကြပြီး ဂူလင်းယုက မီးသုံးပါး နတ်လမ်းညွှန်ရဲ့ နောက်ကွယ်အချက်တွေကြောင့် အကျိုးအမြတ် အများကြီး ရရှိခဲ့ပြီး လင်းဟန်ကိုလည်း အထင်ကြီး လေးစားလာခဲ့ပါတယ်။ တကယ်တော့ မှော်ဆေးပညာမှာ သူမရဲ့ အောင်မြင်မှုတွေက လင်းဟန်ထက် အများကြီး မနိမ့်ကျပါဘူး။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးမှုကနေ အကျိုးအာနိသင် ရှိတယ်လို့ သတ်မှတ်နိုင်ပါတယ်။

ဒီနည်းလမ်းနဲ့ လင်းဟန်ကလည်း သူရဲ့မူလ အတွေးကို ပြောင်းလဲပြီး သူတို့နှစ်ယောက် အကြားမှာ ညီမျှမှုရှိအောင် ဆွေးနွေးမှုမှာ အချက်အလက် တချို့ကို ပေးခဲ့ပါတယ်။

သူတို့တောင် သတိမထားမိပဲ စကားပြောနေရင်းတန်းလန်း မိုးကောင်းကင်က မည်းမှောင်လာခဲ့ပါတယ်။

လှိုကလန်ရဲ့ အိမ်တော်။

လှိုညီအစ်ကို နှစ်ယောက်က ခန်းမထဲမှာ ဒူးထောက်နေကြပါတယ်။ လှိုကလန်ရဲ့ မျိုးနွယ်စု ခေါင်းဆောင်ဖြစ်တဲ့ လှိုဟုန်တောက်က မျက်နှာထား တင်းတင်းနဲ့ သူတို့အရှေ့မှာ ထိုင်နေပါတယ်။

"ငါမင်းတို့ကို ဘာကြောင့် အပြစ်ပေးတယ် ဆိုတာကို သိတယ်မဟုတ်လား"

လှိုဟုန်တောက်က မေးလိုက်ပါတယ်။

လှိုတာက ပြောလိုက်တယ်။

"ကျနော်တို့က လှိုကလန်ကို မျက်နှာပျက်အောင် လုပ်မိလို့ပါ"

လှိုဟုန်တောက်က ခေါင်းခါလိုက်ပါတယ်။

"ဒါက အစိတ်အပိုင်းလေး တစ်ခုပဲ။ ပိုပြီးတော့ အရေးကြီးတာက ဒီကိစ္စကို မင်းတို့နှစ်ယောက် ကိုင်တွယ်ဖြေရှင်းတဲ့ နည်းလမ်းက ငါ့ကို အရမ်းစိတ်ပျက်စေတယ်။ မင်းတို့နှစ်ယောက်က

အခြေအနေကို လုံးဝနားမလည်ပဲ ထောင်ချောက်တစ်ခုကို အလျင်စလိုနဲ့ ပြင်ဆင်ခဲ့တယ်။ အစကတည်းက မင်းတို့နှစ်ယောက်က ရှုံးနိမ့်နေပြီပဲ”

“ဟုတ်ကဲ့”

လှိုညီအစ်ကို နှစ်ယောက်က ခေါင်းညိတ်လိုက်ပါတယ်။ ဂူလင်းယုရဲ့ ထွက်ပေါ်လာမှု မရှိဘူး ဆိုရင်တောင် အနည်းငယ် ပြဿနာ ရှိတယ်ဆိုပေမဲ့ လင်းဟန်က သူ့ကိုယ်သူ သက်သေပြနိုင်နေသေးတယ်လို့ ဆိုလိုပါတယ်။

“တကယ်လို့ မင်းတို့တွေက တစ်ခါတည်း အပြီးသတ်အထိ လှုပ်ရှားတော့မယ်ဆိုရင် ရန်သူကို သူကိုယ်တိုင် ထွက်ပြေးသွားနိုင်အောင် အခွင့်အရေး နည်းနည်းမှ မပေးသင့်ဘူး”

လှိုဟုန်တောက်က လေးလေးနက်နက် ပြောလိုက်ပါတယ်။

လှိုညီအစ်ကို နှစ်ယောက်က ခေါင်းညိတ်လိုက်ပါတယ်။

“တအာ အဲဒီအောက်တန်းစားကောင်ကို မင်းအနိုင်ယူဖို့ မင်းမှာယုံကြည်ချက် ရှိလား”

လှိုဟုန်တောက်က နောက်တစ်ကြိမ် ထပ်မေးလိုက်ပါတယ်။

လျှိုတာက အားမာန်ပါပါနဲ့ အရမ်းကို လှုပ်ရှားချင်ခဲ့ပေမဲ့ လင်းဟာန်ဆီက ပါးနှစ်ချက် အရိုက်ခံရပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ ယုံကြည်ချက်တွေကလည်း ပြိုလဲသွားခဲ့ပါတယ်။ ဒါပေမဲ့ မျိုးနွယ်စု ခေါင်းဆောင်ရဲ့ အရှေ့မှာ သူ့ရဲ့ ထိတ်လန့်တုန်လှုပ်မှုကို ဘယ်လိုလုပ်ပြီးတော့ ဂန်ခံရမှာလဲ။ သူက အလျင်အမြန်ပဲ ရင်ဘတ်ကို ကော့ပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ ရှိပါတယ်"

သူ့အမူအရာက ကောင်းပေမဲ့ သူ့လေသံကတော့ အတော်လေး ပျက်ယွင်းနေပါတယ်။

ဟင့်။

လျှိုဟုန်တောက်က နောက်တစ်ကြိမ် မကျေမနပ်နဲ့ နှာခေါင်းရှုံ့ လိုက်ပါတယ်။

"ငါ့အခုလေးတင် မင်းကို ဘယ်လိုသင်ပေးခဲ့လဲ။ မင်းရဲ့ခေါင်းထဲမှာ တစ်ခုမှ မထည့်ထားဘူးလား။ အရင်က ဒီအောက်တန်းစားကောင်ကြောင့် အထိတ်တလန့် ရှုံးနိမ့်ခဲ့တာကို အသာထားဦး မင်းကိုယ်တိုင်ရော ဒီအောက်တန်းစားကောင်ရဲ့ အကြောင်းကို သေသေချာချာ သိလို့လား"

"အစစ်အမှန် နောက်ခံအကြောင်းလား"

လှို့ညီအစ်ကို နှစ်ယောက်ရဲ့ အမူအရာက ကြောင်တောင်တောင် ဖြစ်လို့နေပါတယ်။ လင်းဟာန်က ကမ္ဘာငယ်လေး တစ်ခုကနေ တက်လာတဲ့ အောက်တန်းစား တစ်ယောက်သာသာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ သူ့ရဲ့မူလဇာစ်မြစ်ကို သိနားလည်ထားဖို့ လိုအပ်လို့လား။

"ငတုံးကောင်တွေ"

လှို့ဟုန်တောက်က ပြင်းပြင်းထန်ထန်ကို ကြိမ်းမောင်းလိုက်ပါတယ်။

"အဲဒီအောက်တန်းစားက မင်းတို့ထင်သလို မရိုးရှင်းဘူးကွ။ သူက မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ နိုင်ငံတစ်ခုရဲ့
ဦးသျှောင်တစ်ယောက်ပဲ"

ဖူး။

ချက်ချင်းဆိုသလို လှို့တတို့ ညီအစ်ကိုနှစ်ယောက် တံတွေးသီးကုန် ကြပါတယ်။

Chapter 920 end

အပိုင်း(921) လျှိုကလန်ရဲ့ အကြံ

"မိုးကောင်းကင်ကို ဖွင့်တယ်"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျနော်တို့ ကြယ်ဥက္ကာ အင်ပါယာရဲ့ သမိုင်းထဲမှာတောင် ဒီလိုမျိုး အကြောင်းကို မှတ်တမ်းတင်ထားတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး"

ညီအစ်ကို နှစ်ယောက်စလုံးက ဒါကိုမယုံကြည်နိုင်ခဲ့ပါဘူး။

လျှိုဟုန်တောက်က အနည်းငယ် မကျေမနပ် ဖြစ်သွားပြီးတော့ မျက်မှောင်ကြုတ်ကာ ပြောလိုက်ပါတယ်။

"တကယ်လို့ အရင်က တစ်ခါမှ မဖြစ်ဖူးဘူးဆိုရင် မဖြစ်ရတော့ဘူးလို့ ဆိုလိုတာလား။ ဒါဆိုရင် အံ့ဖွယ်သရဲ ဆိုတဲ့ စကားလုံးလည်း ရှိစရာအကြောင်း ဘယ်လိုလုပ် ရှိတော့မလဲ။ နောက်ပြီးတော့ ငါတို့အင်ပါယာထဲမှာ အရင်က မိုးကောင်းကင်ကို ဘယ်သူမှ ခွဲမဖွင့်ခဲ့ပေမဲ့ တခြားနေရာတွေမှာ ဆိုရင်ရော မရှိနိုင်ဘူးလား"

လျှိုညီအစ်ကိုက အံ့သြမှင်တက် သွားခဲ့ကြပါတယ်။ ဒါက သူတို့အနေနဲ့ ခန့်မှန်းကြည့်ဖို့တောင် မဝံ့ရဲတဲ့ တစ်စုံတစ်ရာပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသိန်းအကျော်က မဟာရှုအင်ပါယာ တန်ခိုးရှင်ဘုံကို တက်လာခဲ့တယ်။ အဲဒီနိုင်ငံရဲ့ အကြီးအကဲချုပ်မှာ အံ့အားသင့်စရာကောင်းတဲ့ ပါရမီရှိတယ်။ သူက တိုတောင်းတဲ့ နှစ်ပေါင်းတစ်ရာ အတွင်းမှာ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ခဲ့တယ်။

လပြွတ်ပဲ။ လျှိုဟုန်တောက်ဆီက ဒီလိုမျိုး စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ လျှိုညီအစ်ကို နှစ်ယောက်က အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပါတယ်။ နှစ်ပေါင်းတစ်ရာ အတွင်းမှာ တောင်မြစ်အဆင့် ကျင့်ကြံခြင်းရဲ့ လမ်းကြောင်းတစ်လျှောက် ပြီးဆုံးတယ်ဆိုတာက တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ တစ်ခုသိထားရမှာက ကျောက်လန်လိုမျိုး လုံးဝပါရမီရှင် တစ်ယောက်အဖြစ် လူသိများ ထင်ရှားတဲ့ သူတောင်မှ လက်ရှိမှာ အသက် ငါးရာကျော်ရှိနေပြီး တောင်မြစ်အဆင့်ရဲ့ အဆင့်မြင့် အဆင့်မှာပဲ ရှိပါသေးတယ်။

"ဘာဖြစ်လို့ အဲဒီမဟာရှု အင်ပါယာရဲ့ မှတ်တမ်းမှတ်ရာတွေ မရှိတာလဲ"

လျှိုတာက မေးလိုက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီမဟာရ အင်ပါယာက သေးငယ်တဲ့ တော်ဝင်အင်ပါယာ တစ်ခုဆီကို သစ္စာခံခဲ့ပြီး နိုင်ငံ့အကြီးအကဲက သူ့ရဲ့နောက်ကြောင်းကို ဖုံးကွယ်ပြီးတော့ ငါတို့အင်ပါယာ အထဲကို ဝင်လာခဲ့တယ်။ သူက ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ နစ်ပေါင်းရာနဲ့ချီ ပြီးတော့တောင် သင်ယူလေ့လာခဲ့တယ်"

လျှိုဟုန်တောက်က ရှင်းပြလိုက်ပါတယ်။

"မဟာရ အင်ပါယာ ဟုတ်လား။ အဲဒီလူက ကြယ်ဖြူမျှော်စင်ရဲ့ တတိယအဆင့်ထဲမှာ စိတ်ဝိညာဉ် အသိကို ချန်ထားခဲ့တဲ့ လူများ ဖြစ်နေမလား။ ရှရန်လေ"

ရုတ်တရက် လျှိုတာက သတိပြုမိသွားခဲ့ပါတယ်။

"အမှန်ပဲ"

လျှိုဟုန်တောက်က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါပေမဲ့ ဘာဖြစ်လို့ သူနဲ့ပတ်သက်တဲ့ ဒဏ္ဍာရီတွေ မရှိရတာလဲ"

လျှိုတာက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက နိုင်ငံ့ရတနာသိုက်ထဲကို ခိုးဝင်ပြီးတော့ ငါတို့အင်ပါယာရဲ့ ကြီးကျယ်ခမ်းနားတဲ့

ရတနာတစ်ခုကို ခိုးယူဖို့ စိတ်ကူးနေခဲ့တယ်။ ဒါကြောင့် ကေရီ ဘုရင်မက သူ့အကြောင်းနဲ့ ပတ်သက်ပြီး မှတ်တမ်းမှတ်ရာ အားလုံးကို ဖျက်ဆီးပြီးတော့ မပြောရဘူးလို့ တားမြစ်ထားတယ်။ ဒါပေမဲ့လည်း ကြယ်ဖြူမျှော်စင်ရဲ့ ပစ္စည်းစိတ်ဝိညာဉ်က လွတ်လပ်ပြီး ဘယ်သူကမှ အဲဒီလူကို ကျင့်ကြံခြင်း အဆင့်တူထဲမှာ မကျော်လွန်နိုင်ဘူး။ ဒါကြောင့် အဲဒီနေရာ တစ်ခုကပဲ သူရှိခဲ့ဖူးတယ် ဆိုတာကို သက်သေပြနေတဲ့ တစ်ခုတည်းသော နေရာပဲ ဖြစ်တယ်”

လျှိုဟုန်တောက်က ပြောပြလိုက်ပါတယ်။

လျှိုညီအစ်ကို နှစ်ယောက်က အံ့ကြိတ်လိုက် မိပါတယ်။ နိုင်ငံပိုင် ရတနာသိုက်ထဲကို ဝင်ပြီးတော့ တစ်ခုခုကို ခိုးယူဖို့ ကြိုးစားရဲတယ်ဆိုတော့ ဒီလူရဲ့ သတ္တိက တကယ့်ကို သဘာဝနဲ့ ဆန့်ကျင်နိုင်တဲ့အထိ ကောင်းလွန်းပါတယ်။

“ဒီအကြောင်းတွေကို မင်းကိုပြောပြရတဲ့ အချက်က မင်းရဲ့ပြိုင်ဘက်ကို အနိုင်မယူခင်မှာ တစ်ရာရာခိုင်နှုန်း နားလည်ဖို့ လိုတယ်ဆိုတာကို သိစေချင်လို့ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အနိုင်ယူ ခံလိုက်ရမဲ့လူက မင်းဖြစ်သွားလိမ့်မယ်”

လျှိုဟုန်တောက်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

"ကျနော်တို့ နားလည်ပါပြီ မျိုးနွယ်စုခေါင်းဆောင်"

လျှိုညီအစ်ကို နစ်ယောက်က အလျင်အမြန်ပဲ ရိုသေလေးစားစွာနဲ့ ဖြေလိုက်ပါတယ်။

"တအာ ငါမင်းကို နောက်တစ်ကြိမ် မေးဦးမယ်။ မင်းအဲဒီအောက်တန်းစားကောင်နဲ့ တိုက်ခိုက်ဖို့ ယုံကြည်ချက်တွေ ရှိလား"

လျှိုဟုန်တောက်က လျှိုတကို စိုက်ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

လျှိုတရဲ့ နှလုံးသားက တင်းကျပ်သလို ခံစားလိုက်ပြီး သူက ကျယ်လောင်စွာနဲ့ အဖြေပေး လိုက်ပါတယ်။

"ကလန်အတွက်ကြောင့် ဒီလျှိုတက ဓားတောင်ကိုတက်ပြီး မီးပင်လယ်ကို ဖြတ်ဖို့ ဆန္ဒရှိပါတယ်"

"ဟားဟားဟားဟား"

လျှိုဟုန်တောက်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက ရုတ်ချည်းဆိုသလို လက်တစ်ဖက်နဲ့ စားပွဲခုံကို ဖြန်းခနဲ ရိုက်ပြီးတော့ အနီရောင် ကျောက်တုံးတစ်တုံးကို ပစ်ပေးပြီး ပြောလိုက်ပါတယ်။

"ဒါက သွေးမျက်ရည် ကျောက်တုံးပဲ။ ဒဏ္ဍာရီထဲက အစစ်အမှန် နတ်ဘုရား သားရဲတစ်ကောင် ဒဏ်ရာရပြီးတော့ သူ့ရဲ့သွေးနဲ့ မျက်ရည်ရောသွားပြီး ဒီကျောက်တုံးထဲမှာ ဖော်ပြလို့ မရနိုင်တဲ့ အရှိန်အဝါ တစ်ခုကို ချန်ထားခဲ့တယ်"

"ဒါကို သန့်စင်လိုက်ရင် မင်းရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးထိ သေချာပေါက် တိုးတက်သွားလိမ့်မယ်။ အဲဒီအချိန်ကျရင် မင်းက အဲဒီအောက်တန်းစာကောင်ကို သူသေကိုယ်သေ တစ်ဦးချင်း စိန်ခေါ်လို့ရပြီးတော့ သတ်ပစ်နိုင်လိမ့်မယ်"

လျှိုဟုန်တောက်ရဲ့ အမူအရာက ပြတ်သားပါတယ်။ သူက အစစ်အမှန် မူလကျောက်တုံး နှစ်ထောင်ဆိုတဲ့ ပမာဏလေးကို ခေါင်းထဲမထည့်ပါဘူး။ ဒါပေမဲ့ ကျွန်မာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ ဒီအောက်တန်းစားကောင်က လျှိုကလန်ကို ခြိမ်းခြောက်ပြီး ငွေညှစ်ရဲတယ်ပေါ့။ သူက ဒီအတွက်ကြောင့် တကယ့်ကို ဒေါသထွက်ပေမဲ့ ကောင်းကင်နီ သင်တန်းကျောင်း ရှိနေတဲ့ အတွက်ကြောင့်သာ ဘာမှမတတ်နိုင်တာပါ။ မဟုတ်လို့ရှိရင် သူက တစ်ယောက်ယောက်ကို စေလွှတ်ပြီး လင်းဟာန်ကို တန်းသတ်ခိုင်းလိုက်မှာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ လျှိုတက အူမြူးလို့ နေပါတယ်။ သွေးမျက်ရည် ကျောက်တုံးက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေအတွက် သေချာပေါက် အဆုံးမဲ့ ရတနာပစ္စည်းတစ်ခု ဖြစ်ပါတယ်။ နတ်ဘုရား သားရဲတစ်ကောင်ရဲ့ အရှိန်အဝါနဲ့ မြှင့်တင်ပေးမှုနဲ့ဆိုရင် သူ့ရဲ့ တိုက်ခိုက်မှုတိုင်းရဲ့ နောက်ကွယ်က စွမ်းအားတွေဟာ အဆပေါင်းများစွာ တိုးလာပါလိမ့်မယ်။

နောက်ပြီးတော့ ဒါက ထာဝရ မြှင့်တင်ပေးမှု တစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာရင်တော့ ဒီထပ်တိုးမြှင့်တင်ပေးမှုရဲ့ အကျိုးသက်ရောက်မှုက နည်းလာပါလိမ့်မယ်။

ဒါတောင်မှ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နစ်ဆယ်လုံးထိ လွယ်လွယ်ကူကူနဲ့ အဆင့်တက်နိုင်စွမ်း ရှိပါတယ်။ ဒါဆိုရင် သူ့အတွက် လင်းဟန်ကို ဖိနှိပ်ဖို့ဆိုတာ ပြဿနာ ရှိလိမ့်မှာ မဟုတ်ပါဘူး။

လျှိုလွှီရဲ့ အမူအရာက မနာလို ဂန်တိုဖြစ်နေပါတယ်။ သူလည်း လျှိုကလန်ရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အဆင့်က လျှိုတထက် နိမ့်ပါတယ်။ ဘယ်လိုမျိုး အကျိုးအမြတ်ပဲရှိရှိ လျှိုတ အရင်ဆုံး ရပြီးမှ သူ့အလှည့်ကို

ရောက်လာပါလိမ့်မယ်။ တကယ်လို့ နှစ်ယောက်လုံးအတွက် မလုံလောက်ဘူးဆိုရင် သူက အလိုအလျှောက် ပယ်ခံရပါလိမ့်မယ်။

သူလည်း သွေးများကျရည် ကျောက်တုံး လိုချင်ပါတယ်။ ဒါပေမဲ့ အခုတော့ သူက ဒူးထောက်ပြီးတော့ သူ့ရဲ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပျော်ရွှင်တဲ့ အမူအရာ တစ်ခုကို ထိန်းထားပြီးတော့ လျှိုတအတွက် ပျော်နေတဲ့ ပုံစံမျိုး ဟန်ဆောင်ထား ရပါတယ်။

ဘာမှန်းမသိတဲ့ အကြောင်းပြချက် တချို့အတွက်နဲ့ သူ့ရဲ့လျှာဖျားပေါ်ကနေ စကားလုံးတစ်ခုကို ထုတ်ဖော်ပြောဖို့ လျစ်လျူရှုထားလိုက်ပါတယ်။ စွေ့ရန်ယွီက တစ်ခါပြောဖူးပါတယ်။ မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ လူကို မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ဆုလာဘ်ပေးလိမ့်မှာ ဖြစ်ပြီးတော့ ခွန်အား ကြယ်သုံးပွင့် ပေါင်းထည့်ပေးတာကိုလည်း ပိုင်ဆိုင်ရပါလိမ့်မယ်တဲ့။

မိုးကောင်းကင်ကို ခွဲဖွင့်ဖို့အတွက် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး လိုအပ်ပြီး ခွန်အား ကြယ်သုံးလုံးကို ထပ်ပေါင်းလိုက်မယ်ဆိုရင် လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ် နှစ်ဆယ့်သုံးလုံး ရှိလိမ့်မယ် မဟုတ်လား။

တကယ်လို့ လျှိုတက ဒီသွေးမျက်ရည် ကျောက်တုံးကို သန့်စင်ခဲ့ရင်တောင် သူက လင်းဟန်ရဲ့ ပြိုင်ဘက်ဖြစ်ဖို့ ဝေးကွာနေပါဦးမယ်။

ဒါပေမဲ့ သူတို့က တကယ်ပဲ သူသေကိုယ်သေ တိုက်ခိုက်ယှဉ်ပြိုင်ချင်နေကြတာလား။

လျှိုလွီရဲ့ နှုတ်ခမ်းက ကွေးသွားပြီး အေးစက်တဲ့ သရော်ပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့အတွက်တော့ သူတို့နှစ်ယောက်ထဲက ဘယ်သူသေသေ ကောင်းတဲ့ကိစ္စ တစ်ခု ဖြစ်ပါတယ်။ ဟုတ်တယ်မဟုတ်လား။ အဲဒါဆိုရင် သူက ဘာဖြစ်လို့ မလိုအပ်တဲ့ စကားတွေကို ပြောနေစရာ လိုဦးမှာလဲ။

သူလည်း ရည်မှန်းချက်ရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ဒုတိယနေရာမှာပဲ အမြဲတမ်း နေရဖို့ ဆန္ဒမရှိပါဘူး။

"သွေးမျက်ရည် ကျောက်တုံးကို သန့်စင်လိုက်။ ပြီးရင် အဲဒီအောက်တန်းစားကောင်ကို ချက်ချင်းပဲ စိန်ခေါ်လိုက်တော့။ ဒီတစ်ကြိမ်တော့ မင်းငါ့ကို သေချာပေါက် စိတ်မပျက်စေနဲ့"

လျှိုဟုန်တောက်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ကျနော် ခေါင်းဆောင်ရဲ့ မျှော်လင့်ချက်တွေကို စိတ်မပျက်စေရပါဘူး"

လျှိုတက စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။ ဒီသွေးမျက်ရည်ကျောက်တုံးကို သန့်စင်ပြီးတဲ့ နောက်မှာ သူက သေချာပေါက် စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲမှာ အစွမ်းထက်ဆုံး လက်ရွေးစင် ဖြစ်လာပါလိမ့်မယ်။ ပြီးတော့ လင်းဟာန်၊ မာရှန်းနဲ့ ချန်ဟောင်ဖေးတို့ထဲက ဘယ်သူပဲလြှာလာ သူတို့အားလုံးကို လက်တစ်ဖက်တည်းနဲ့ ဖိနှိပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ အဲဒီနောက် သူက သူ့ရဲ့ပုံရိပ်ကို မြှင့်တင်ပြီးတော့ ကျိုကလန်ကို လက်ထပ်ထိမ်းမြားခွင့် တောင်းရပါလိမ့်မယ်။

ကျိုယွင်အာ။ အဲဒီခွေးမက လင်းဟာန်နဲ့ နီးကပ်တဲ့ ဆက်ဆံရေး ရှိနေတယ်ပေ့ါလေ။ သူက မချိတင်ကဲဖြစ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ အနာဂတ်မှာ သူက ဒီမိန်းကလေးကို လက်ဝယ်ပိုင်ဆိုင်တဲ့ အချိန်ကျရင် သေချာပေါက် ကောင်းကောင်းကြီး အပြစ်ပေးရပါလိမ့်မယ်။

ဂူလင်းယုက တကယ့်ကို မှော်ဆေးပညာနဲ့ ပတ်သက်လာရင် အရူးအမူး ဖြစ်သူ တစ်ယောက်ဆိုတာ သေချာပါတယ်။ မှော်ဆေးပညာနဲ့ ပတ်သက်တဲ့ အကြောင်းကို စတင်ပြီး

ပြောလိုက်တာနဲ့ သူမက အရာအားလုံးကို မေ့လျော့သွားခဲ့ပါတယ်။ သူမက စကားပြောနေရင်း မောပန်းနွမ်းနယ်မှုကို မေ့ပျောက်နေပြီး သူမက ကုတင်ပေါ်ကို သတိမထားမိပဲ တွားသွားတက်ကာ တန်းပြီးတော့ အိပ်ပျော်သွားခဲ့ပါတယ်။ သူမနိုးထလာတဲ့ နောက်မှာ ဆက်ပြီးတော့ ဆွေးနွေးဖို့ တောင်းဆိုချက် တစ်ခုကိုတော့ ချန်ဖြစ်အောင် ချန်ထားခဲ့ပါတယ်။

ဒါက လင်းဟာန်ကို ငိုရမလား ရယ်ရမလား ဖြစ်သွားစေခဲ့ပါတယ်။

"မင်းက တခြားသူတွေကို အရမ်းကို ယုံကြည်နေတာပဲ"

သူမက မော်ဆေးပညာရပ် အကြောင်းနဲ့ ပတ်သက်ပြီးတော့ ပြောဆိုနေတဲ့ အချိန်မှာ အရူးတစ်ယောက်နဲ့ တူပေမဲ့ မိန်းမပီသပြီး ဆွဲဆောင်မှု အရိပ်အယောင် နည်းနည်းမှ မရှိပေမဲ့ သူမရဲ့ ထူးထူးခြားခြား လှပပြီး သူမရဲ့ ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကိုပဲ တစ်ချက် ကြည့်ကြည့်ပါ။ နောက်ပြီးတော့ သူမက ကုတင်ပေါ်မှာ ဘာကိုမှ ကာကွယ်ထားခြင်း မရှိပဲ ရိုးရိုးလေး လှဲအိပ်နေပါတယ်။ သူမက အားလုံးကို လူကြီးလူကောင်းလို့ ထင်နေတာလား။

လူကြီးလူကောင်း တစ်ယောက် ဆိုရင်တောင် ဒီအချိန်မျိုးမှာ သူတို့ကိုယ်သူတို့ ထိန်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ သူ့ရဲ့ အခန်းထဲမှာ သူမကို ထားခဲ့ပြီး သူကိုယ်တိုင်ကတော့ အနက်ရောင် မှော်စင်ထဲကို ဝင်လာခဲ့ပါတယ်။

သူ့ရဲ့ ငြိမ်းချမ်းသာယာတဲ့ ဘဝက နှစ်ရက်ပဲ ကျန်ပါတော့တယ်။

ဒုတိယမြောက်နေ့မှာ ဂူလင်းယုက လင်းဟန်နဲ့ နောက်တစ်ကြိမ် မှော်ဆေးပညာရပ်ကို ဆွေးနွေးခဲ့ပြီး သူမရဲ့ အပူကပ်နှောင့်ယှက်မှုကို သည်းမခံနိုင်တော့တဲ့အဆုံး သူမကို သူ့ရဲ့ ခြံဝင်းထဲကနေ တန်းပြီးတော့ မောင်းထုတ်ခဲ့ပါတယ်။ ဂူလင်းယုကို မောင်းထုတ်လိုက်ရုံပဲ ရှိပါသေးတယ်။ လီဝေဂနဲ့ ကျိယွင်အာတို့ အတူတကွ ရောက်လာခဲ့ ကြပါတယ်။

"ကျောက်တုံးခေါင်း နင့်ကိုငါ့အဖေက တွေ့ချင်တယ်တဲ့"

လီဝေဂက သတင်းစကားတစ်ခု ပါးလိုက်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက သူ့ကိုတွေ့ချင်တယ်တဲ့လား။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူက သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားတယ် ဆိုပေမဲ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ မျက်စိထဲမှာ သူ့ရဲ့လက်ရှိ စွမ်းရည်တွေနဲ့ဆိုရင် ဘာမှမဟုတ်တဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်ထားတယ်

ဆိုတာကို သူနားလည်ထားပါတယ်။ သူက ဘယ်လက်ရုံး အမတ်မင်းနဲ့ ဒုတိယတစ်ကြိမ် တွေ့ဆုံခွင့်ရဖို့တောင် အရည်အချင်း ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။

ဟုတ်ပါတယ်။ အခုတစ်လတောင် မကုန်သေးဘူး ဘယ်လက်ရုံး အမတ်မင်းက သူ့ကို နောက်တစ်ကြိမ် တွေ့ချင်နေပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်သာ ဒီအကြောင်းကို ကြားမယ်ဆိုရင် သူတို့တောင်မှ ဘယ်လက်ရုံး အမတ်မင်းက လင်းဟာန်ကို မျက်နှာသာ ကောင်းကောင်း ပေးတယ်ဆိုတာကို တွေးမိပါလိမ့်မယ်။

လီဝေဂျက သူ့ကို သတင်းလာပို့ရုံပါပဲ။ သူမလို အလိုလိုက် အကြိုက်ဆောင်ခံထားရတဲ့ သခင်မလေး တစ်ယောက် အနေနဲ့ လင်းဟာန်နဲ့အတူ ပြန်သွားလိမ့်မှာ မဟုတ်ပါဘူး။ သူမက လင်းဟာန်ကို ပြောပြီးတာနဲ့ ထွက်သွားပါတယ်။

လင်းဟာန်က နည်းနည်းလေးမှ မကြန့်ကြာရဲပဲ ချက်ချင်းဆိုသလို ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ဆီကို အပြေးအလွှား သွားလိုက်ပါတယ်။

သူရောက်လာတဲ့ အခါမှာ ရှန်းချန်ယွမ်က ရောက်လာပြီး သူ့ကို ဥယျာဉ်သေးသေးလေး တစ်ခုဆီ ခေါ်ဆောင်လာခဲ့ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက ပန်းအိုးတစ်အိုးကို ပြုစုနေပြီး သူ့ရဲ့အာရုံကို အဲဒီပန်းအိုး အပေါ်မှာ အပြည့်အဝ အာရုံစိုက်ထားပါတယ်။ ရှန်းချန်ယွမ်က သူ့ကို အနှောင့်အယှက် ဖြစ်စေမဲ့ အသံ နည်းနည်းမှတောင် မပြုလုပ်ပဲ ဘေးနားမှာ ငြိမ်ငြိမ်သက်သက်နဲ့ စောင့်ဆိုင်းနေပါတယ်။

လင်းဟန်က ကြည့်နေပေမဲ့ ချက်ချင်းဆိုသလို သူ့မျက်နှာပေါ်မှာ အံ့အားသင့်သွားတဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းရဲ့ လက်အောက်က ဒီပန်းအိုးက နတ်ဘုရားသံစဉ် အမျိုးအစား တချို့ကို ထုတ်ဖော်နေပါတယ်။ အကိုင်းအခက်တိုင်းကို ကြည့်ရတာ သိုင်းပညာ ဆရာသခင် တစ်ယောက်က သူ့ရဲ့ ခြေလက်တွေကို ဆန့်ထုတ်ထားသလိုမျိုး လှုပ်ရှားနေပြီး အံ့အားသင့်စရာ ကောင်းလှတဲ့ နည်းစနစ် တစ်ခုကို ဖော်ပြနေပါတယ်။

သူက လက်ရှိ သူကျင့်ကြံအားထုတ်နေတဲ့ နည်းစနစ် ခြောက်ခုမှ တစ်ခုကို ပေါင်းစည်းထားတဲ့ ပညာနဲ့ နှိုင်းယှဉ်ကြည့်လိုက် မိပါတယ်။ ရုတ်ခြည်းဆိုသလို သူက အကြီးအကျယ် နားလည်သဘောပေါက်မှု တစ်ခုကို ရရှိသွားခဲ့ပါတယ်။ ချက်ချင်းပဲ သူက ကြက်ခြေခတ်ပုံစံ

ထိုင်ချလိုက်ပြီး သူ့ခန္ဓာကိုယ် အတင်းကနေ မဟာတာအိုရဲ့ စည်းချက်ကို ပျံ့နှံ့စေလိုက်ပါတယ်။

အခုလိုမျိုး ထိတ်ထိတ်ပျာပျာ ဖြစ်သွားမှုကြောင့် ဘယ်လက်ရုံး အမတ်မင်းက ရုတ်တရက် အံ့အားသင့်သွားတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး သူ့ရဲ့လုပ်ရှားမှုတွေကို ရပ်လိုက်ပါတယ်။

Chapter 921 end

အပိုင်း(922) ရိုက်နှက်ခြင်း

"အတင့်ရဲလိုက်တာ"

ရှန်းချန်ယွမ်က ချက်ချင်းပဲ ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းကို အနှောင့်အယှက်ဖြစ်စေတဲ့ သူတွေအားလုံးက ပြင်းထန်တဲ့ အပြစ်ပေးခြင်း ခံရပါလိမ့်မယ်။

လင်းဟာန်က သူ့ရဲ့အပြစ်တင် ကြိမ်းမောင်းတာကို လျစ်လျူရှုထားပါတယ်။ သူ့ရဲ့အာရုံက နည်းစနစ် ခြောက်ခုကနေ တစ်ခုကိုပေါင်းစပ်တဲ့ အပေါ်မှာ လုံးဝအာရုံစိုက်ထားပါတယ်။ တကယ်လို့ တခြားလူတစ်ယောက်ရဲ့ အသံက မိုးကြိုးပစ်သံလောက် ကျယ်လောင်ရင် ဒါမှမဟုတ် ကမ္ဘာကြီးက သူ့အလိုလို တုန်ဟည်းပြီး လုပ်ခါလာရင်တောင် သူသိလိမ့်မှာ မဟုတ်ပါဘူး။ အခုလိုမျိုး

ရှန်းချန်ယွမ်က စကားလုံးလောက်နဲ့ အပြစ်တင် ကြိမ်းမောင်းတာက ဘာလုပ်လို့ ရမှာလဲ။

ဘယ်လက်ရုံး အမတ်မင်းက လက်ကာပြီးတော့ ရှန်းချန်ယွင်ကို တားဆီးလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာလည်း အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။

ဒါက ဈာန်ဝင်စားခြင်း အခြေအနေ တစ်ခု ဖြစ်ပါတယ်။

ကျင့်ကြံသူတွေအတွက် ဈာန်ဝင်စားခြင်း အခြေအနေက သူတို့ရဲ့ အရေးအကြီးဆုံး ကံတရား အခွင့်အလမ်းလို့တောင် သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။

ဈာန်ဝင်စားခြင်းဆိုတာ ဘာလဲ။

မင်းအနေနဲ့ သာမန်အချိန်တွေ အတွင်းမှာ ဘယ်လောက်ပဲ ကြိုးစားပြီးတော့ တွေးတောဆင်ခြင် နေပါစေ ဘယ်လိုမှ နားမလည်နိုင်တဲ့ ကိစ္စတစ်ခုကို ရုတ်တရက် နားလည်သဘောပေါက်ပြီး ဖြေရှင်းနိုင်တာမျိုး ဖြစ်ပါတယ်။ ဒါမှမဟုတ် နောက်တစ်မျိုး ပြောရမယ်ဆိုရင် မင်းအနေနဲ့ အကြမ်းဖျင်းအနေနဲ့ အကြံတချို့ ရရှိသွားခြင်း ဒါမှမဟုတ် သဲလွန်စ

တစ်ခုကို ဖမ်းဆုပ်မိသွားပြီး လုံးဂကို နားလည်သဘောပေါက်နိုင်ဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။

တစ်ဦးချင်း နားလည်သဘောပေါက်ခြင်းမျိုး ဖြစ်ပါတယ်။

အဲဒီမှာ မော်ဆေးလုံးတွေ ဒါမှမဟုတ် နတ်ဘုရား သစ်သီးတွေက လူတစ်ယောက်ရဲ့ နားလည် သဘောပေါက်ခြင်းမှာ အကူအညီ ဖြစ်စေနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက အကူအညီ သက်သက်ပဲ ဖြစ်ပါတယ်။ အောင်မြင်မယ်လို့ အာမခံချက် မရှိပါဘူး။

ဈာန်ဝင်စားခြင်း အခြေအနေကို ဝင်ရောက်နေတဲ့ အခိုက်အတန့်မှာ နှစ်ပေါင်းထောင်နဲ့ချီ ကြာအောင် ရပ်တန့်နေတဲ့ မင်းရဲ့ကျင့်ကြံခြင်းကိုလည်း တိုးတက်စေနိုင်ပါတယ်။

ဥမှာ ဘယ်လက်ရုံး အမတ်မင်းဆိုရင် လက်ရှိမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အသေးစား အဆင့် အထွတ်အထိပ်မှာ ရှိပေမဲ့ ထူးခြားတဲ့ ကံတရား အခွင့်အလမ်းတစ်ခု မရှိပဲနဲ့ သူဟာ ဒီဘဝသက်တမ်းမှာ အလယ်အလတ် အဆင့်တွေထဲကို အဆင့်တက်ရောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူ့အတွက်တော့ ဈာန်ဝင်စားမှု အခြေအနေတစ်ခု ကင်းမဲ့လို့ နေပါတယ်။

လင်းဟန်က ချာန်ဂင်စားခြင်း အခြေအနေ တစ်ခုထဲမှာ နစ်မြုပ်နေတာကို ကြည့်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းတောင်မှာ မနာလိုမှု အနည်းငယ်ကို ခံစားနေရပါတယ်။ တကယ်လို့ သူလည်း ချာန်ဂင်စားခြင်းကို တွေ့ကြုံနိုင်မယ်ဆိုရင် ဆယ်နှစ် ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာ အတွင်းမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အလယ်အလတ် အဆင့်ကို ရောက်သွားနိုင်ပါတယ်။

တကယ်လို့ ဒါက အသေးစားကျင့်ကြံခြင်းအဆင့် တစ်ခုပဲ ကွာဟတယ် ဆိုရင်တောင် ဒီခြေလှမ်းကို ဖြတ်ကူးဖို့ အကွာအဝေးက မြေကြီးပေါ်ကနေ တိမ်တွေအပေါ်ကို တက်ရတဲ့ အကွာအဝေး တစ်ခုနဲ့ တူပြီးတော့ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ဆယ်ဆလောက် တိုးလာပါလိမ့်မယ်။

သူက မရည်ရွယ်ပဲနဲ့ ပြုံးလိုက်မိပါတယ်။ သူက တကယ်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူလေး တစ်ယောက်ကို မနာလို ဖြစ်နေတာပဲ။

ဒါပေမဲ့လည်း တကယ်တော့ ချာန်ဂင်စားခြင်းကို အရမ်းစောပြီးတော့ ဂင်ရောက်တာက ကောင်းမွန်တဲ့ အရာတော့ မဟုတ်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ နတ်ဘုရားတွေက လူတစ်ယောက်ကို အရမ်းကြီး မျက်နှာသာ ပေးလိမ့်မှာ မဟုတ်ပဲ သူတို့ကို အမြဲတမ်း ဈာန်ဝင်စားခြင်းထဲကို ဝင်ရောက်ခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ ပါရမီရှင် တစ်ယောက်တောင် သူ့ဘဝ တစ်လျှောက်လုံးမှာ ဈာန်ဝင်စားခြင်းထဲ ဝင်ရောက်ဖို့ အခွင့်အရေး တစ်ကြိမ် ဒါမှမဟုတ် နှစ်ကြိမ်လောက်ပဲ တွေ့ကြုံရတတ်ပါတယ်။ ပြီးတော့ သဘာဝ တရားကိုတောင် ဆန့်ကျင်နိုင်တဲ့ ကံကောင်းခြင်းမျိုး ရှိရင်တောင်မှ ဒီလိုမျိုး အခွင့်အလမ်းကို ဘဝတစ်လျှောက်မှာ အများဆုံး လေးကြိမ်ကနေ ငါးကြိမ်လောက်ပဲ တွေ့ကြုံနိုင်ပါလိမ့်မယ်။

ဒါကြောင့် ကျင့်ကြံခြင်းအဆင့် မြင့်မားတဲ့ အချိန်မှာ ဈာန်ဝင်စားခြင်း အခြေအနေကို တွေ့ကြုံရတာက ပိုပြီးတော့ တန်ဖိုးရှိတဲ့ အခွင့်အရေး ဖြစ်လာပါလိမ့်မယ်။

ရှန်းချန်ယွင်က ကြည့်ပြီးတော့ အံ့အားသင့်ပြီး မနာလို ဖြစ်နေမိပါတယ်။ ဘယ်လက်ရုံး အမတ်မင်းက လင်းဟာန် နိုးထလာဖို့အတွက် ဘေးနားကနေ တကယ်ပဲ စောင့်နေတာလား။ ဒါက ဘယ်လိုမျိုး ဆက်ဆံပုံမျိုးလဲ။

ဒီကမ္ဘာကြီး တစ်ခုလုံးထဲမှာ ဘယ်လက်ရုံး အမတ်မင်းကို စောင့်နေစေဖို့ အရည်အချင်း ပြည့်မီတဲ့ သူက တစ်ဦးတည်းပဲ ရှိပါတယ်။

ကြယ်ဥက္ကာ အင်ပါယာရဲ့ ကောရီ ဘုရင်မ။

အခု စကြဝဠာ ဖျက်ဆီးအဆင့် ကျင့်ကြံသူ တစ်ယောက်က တကယ်ပဲ ဒီလိုမျိုး ထူးထူးခြားခြား ဆက်ဆံမှု တစ်ခုကို ခံရပါတယ်။ ဒါကြောင့် ရှန်းချန်ယွမ်က ဘယ်လိုလုပ်ပြီး မအံ့သြ မနာလို မဖြစ်ပဲ နေနိုင်မှာလဲ။

ဒီဈာန်ဝင်စားမှု အခြေအနေက နှစ်နာရီခန့် ကြာမြင့်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက ရုတ်တရက် ဖျတ်ခနဲ ပွင့်လာခဲ့ပြီး သူ့ပုံစံကို ကြည့်ရတာ ဆက်ပြီးတော့ ဆန္ဒရှိနေပုံ ရပါတယ်။ သူက နည်းစနစ် ခြောက်ခုကနေ တစ်ခုကို ပူးပေါင်းတဲ့ ပညာရပ်မှာ တော်တော်များများ တိုးတက်ခဲ့ပါတယ်။ ဒါပေမဲ့ သူက ဈာန်ဝင်စားခြင်းကနေ နည်းနည်းလေး စောပြီးတော့ နိုးထလာခဲ့ပြီး ပြီးပြည့်စုံခြင်း အဆင့်ကို မရောက်ခဲ့ပါဘူး။

သူ့အသိစိတ်တွေ ပုံမှန်ပြန်ဖြစ်လာတာနဲ့ သူက ဈာန်ဝင်စားဖို့ ကိုးရိုးကားရားနိုင်တဲ့ အချိန်မှာ ကြက်ခြေခတ်ပုံစံ ထိုင်နေခဲ့တယ်

ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ ထရပ်ပြီးတော့ သူ့ကို ဘယ်လက်ရုံး အမတ်မင်းက ပြုံးပြီးကြည့်နေတာကို တွေ့လိုက်ရပြီး ရှန်းချန်ယွင်ကတော့ ခံစားချက် ကင်းမဲ့နေတဲ့ သစ်သားတုံးပုံစံ ဖြစ်နေပြီး အေးစက်တဲ့ အရှိန်အဝါ တစ်ခုကြောင့် တခြားသူတွေကို တော်တော်ဝေးဝေးကနေ ရှိသေလေးစားမှုတွေ ဖြစ်စေပါတယ်။

"ကျနော် ရုတ်တရက် ဉာဏ်အလင်းတစ်ချက် ပွင့်သွားခဲ့တာကြောင့် အားလုံးကို မေ့သွားခဲ့တယ်။ ကျနော့်ရဲ့ မလေးမစား ဖြစ်သွားတဲ့ အမူအရာကြောင့် ခွင့်လွှတ်ပေးဖို့ ဘယ်လက်ရုံး အမတ်မင်းကို တောင်းဆိုပါတယ်"

လင်းဟန်က ယဉ်ကျေးစွာနဲ့ ပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး"

ဘယ်လက်ရုံး အမတ်မင်းက အရမ်းကို စိတ်ထားမြင့်မြတ်ပြီး သဘောထား ကြီးပါတယ်။ သူလိုမျိုး မြင့်မားတဲ့ အဆင့်အတန်းနဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်းအဆင့် ရှိတဲ့လူတစ်ယောက်က ဘယ်လိုလုပ် သာမန်လူစားမျိုး ဖြစ်မှာလဲ။ သူက ရှန်းချင်ယွမ်ကို တစ်ချက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

“ချင်ယွမ် ငါတို့နှစ်ယောက် အရင်ဆုံး စကားပြောလိုက်ဦးမယ်”

ရှန်းချင်ယွမ်က ပထမတော့ အံ့အားသင့်သွားခဲ့ပါတယ်။ သူက သူ့နားကိုတောင် မယုံနိုင်အောင် ဖြစ်သွားရပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက သူမသိစေချင်တဲ့ ကိစ္စတစ်ခု တကယ်ပဲ ရှိနေတာလား။

နောက်ပြီးတော့ သူက လင်းဟန်နဲ့ သီးသန့်စကားပြောချင် နေပါတယ်။

ရှန်းချင်ယွမ်က လင်းဟန်ကို မနာလို ဖြစ်ခဲ့ပေမဲ့ အခုတော့ သူ့ရဲ့ မနာလိုမှုက အထွတ်အထိပ်ကို ရောက်ရှိနေပါတယ်။ သူက ဘယ်လက်ရုံး အမတ်မင်းရဲ့ မျက်နှာသာပေးမှုကြောင့် ဘယ်လောက် မာနကြီးတဲ့ ပုံစံမျိုးပဲ လုပ်လုပ် ဘယ်လက်ရုံး အမတ်မင်းရဲ့ စကားကိုတော့ မနာခံပဲ မနေဝံ့ပါဘူး။ သူက အနောက်ကို ဖြည်းဖြည်းချင်း ဆုတ်ပြီးတော့ လှည့်ထွက်သွားလိုက်ပါတယ်။

ဒါပေမဲ့ သူ့မျက်လုံးတွေက လင်းဟန်ဘက်ကို ချက်ချင်းဝေ့သွားပြီး သူ့အကြည့်တွေမှာ မယုံနိုင်စရာ ကောင်းလောက်အောင် အေးစိမ့်မှုတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။

လင်းဟန်က ခေါင်းရှုပ်သွားမိပါတယ်။ သူက ဘာများ အပြစ်ပြုမိလို့လဲ။

ရှန်းချန်ယွင် ထွက်သွားပြီးတဲ့နောက်မှာ ဘယ်လက်ရုံး အမတ်မင်းက ကတ်ကြေးတစ်လက်ကို ယူပြီးတော့ ပန်းပင်ကို နောက်တစ်ကြိမ် ပြုစုနေပါတယ်။

သူက စကားမပြောပါဘူး။ ဒါကြောင့် လင်းဟန်ကလည်း အရင်ဆုံး စပြီးတော့ မမေးပါဘူး။ သူက ဘေးမှာရပ်နေပြီး သူ့လက်တွေကို ဘေးချထားပါတယ်။

ခဏအကြာမှာ ဘယ်လက်ရုံး အမတ်မင်းက ကတ်ကြေးတွေကို အောက်ပြန်ချပြီးတော့ မေးလိုက်ပါတယ်။

"ဝေဂက မင်းရဲ့စီးပွားရေးကို ကူပြီးတော့ လုပ်ပေးနေတာလား"

ဒီစကားလုံးတွေက လေးနက်တယ်လို့ ပြောလို့ရသလို ပေါ့ပေါ့ပါးပါး ပြောလိုက်တယ်လို့လဲ သတ်မှတ်လို့ ရပါတယ်။

တကယ်လို့ ပေါ့ပေါ့ပါးပါး ပြောတယ်ဆိုရင် အပြုံးတစ်ခုနဲ့တင် ဒီကိစ္စက ပြီးဆုံးသွားပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ အလေးအနက် ထားတယ်ဆိုရင်တော့ မင်းက ဘယ်လက်ရုံး အမတ်မင်းရဲ့

သမီးတော်ကိုတောင် မင်းအတွက် တောက်တိုမည်ရ ခိုင်းဝံ့တယ်ပေါ့။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။

လင်းဟန်က ခဏစဉ်းစားပြီးမှ အဖြေပြန်ပေးလိုက်ပါတယ်။

"ဟုတ်ပါတယ်။ ကျနော်က နံ့ပါတ်လေး သခင်မလေးရယ် မိန်းကလေး ကျေယွင်အာတို့နဲ့အတူ စီးပွားရေးလုပ်ငန်း တချို့ လုပ်နေပါတယ်။ သခင်မလေး နှစ်ယောက်က စိတ်ဝင်စားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက အသစ်အဆန်းတစ်ခု ဖြစ်ပြီးတော့ ပျော်စရာကောင်းတယ်လို့ သူတို့က ထင်နေကြတာပါ"

ဘယ်လက်ရုံး အမတ်မင်းက ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်မလေးရဲ့ အားသွန်ခွန်စိုက် လုပ်နေတဲ့ ပုံစံက ကစားနေတဲ့ ပုံစံမျိုး မဟုတ်ဘူး။ သူ့ကိုကြည့်ရတာ အရမ်းကို တက်ကြွနေပုံ ရတယ်"

"နံ့ပါတ်လေး သခင်မလေးက ဘယ်လိုကိစ္စကိုမဆို အမြဲတမ်း လေးလေးနက်နက်ထားပြီး လုပ်တတ်ပါတယ်"

လင်းဟန်က မြှောက်လုံးပင့်လုံး စကားတစ်ခွန်း ပစ်ထည့်လိုက်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ ဒီစကားတွေကို မယုံကြည်ဘူးဆိုတာ သိသာပါတယ်။ ဒါပေမဲ့ ဒီသခင်မလေးက သူ့အချစ်ရဆုံး သမီးဖြစ်ပါတယ်။ ဒါကြောင့် ဒီစကားတွေကို ကြားရတာက သူ့ကိုအကြီးအကျယ် ကျေနပ်သွား စေခဲ့ပါတယ်။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီမိန်းကလေးက တစ်ခုခုကို အာရုံစိုက်တယ်ဆိုတာ ရှားတယ်။ ငါက အရမ်းကို ဂမ်းသာအားရ ကျေနပ်မိတယ်"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ ဒီကိစ္စက အခုဆို ချောချောမွေ့မွေ့ ပြီးသွားပါပြီ။ ဘက်လက်ရုံး အမတ်မင်းက လီဝေဂကို အသုံးချတဲ့အတွက် သူ့ရဲ့အပြစ်လို့ မမြင်တော့ပါဘူး။

သူကလည်း လီဝေဂကို သူနဲ့အတူ ချမ်းသာကြွယ်ဝလာအောင် လုပ်ပေးခဲ့ပါတယ်။ ဒါကြောင့် ဒီအခြေအနေကို ဘာကြောင့် လီဝေဂက သူ့ကို မျက်နှာသာ ပေးပြီးတော့ ကူညီလုပ်ဆောင် ပေးတယ်လို့ မမြင်နိုင်ရမှာလဲ။

ဒါကိုကြည့်ခြင်းဖြင့် လင်းဟန်က ကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းတဲ့ နေရာမှာ ဘယ်လောက် ကျွမ်းကျင်တယ် ဆိုတာကို

တွေ့မြင်နိုင်ပါတယ်။ တကယ်လို့ သူ့နေရာမှာ
တခြားတစ်ယောက်သာ ဖြစ်နေမယ်ဆိုရင်
ထိတ်လန့်တုန်လှုပ်သွားပြီးတော့ ရင်တဒိတ်ဒိတ်ခုန်ကာ လီဝေဂရဲ့
အရှေ့မှာ ဂမ်းလျားမှောက်ပြီး ကျေးဇူးတင်နေမိ ပါလိမ့်မယ်။

ဘယ်လက်ရိုး အမတ်မင်းက ကတ်ကြေးတွေကို နောက်တစ်ကြိမ်
ပြန်ကောက်လိုက်ပါတယ်။ ပန်းအိုးကို သေချာပြင်ဆင်ရင်းနဲ့ သူက
သာမန်ကာလျှံကာ ပုံစံမျိုး ပြောလိုက်ပါတယ်။

"ဝေဂက လက်ထပ်ဖို့အတွက် သင့်တော်တဲ့ အသက်အရွယ်ကို
ရောက်နေပြီ။ ဒါပေမဲ့လည်း ငါက အရမ်းကို စိတ်ပူပြီးတော့
သူ့ရဲ့အသက်ငယ်ရွယ်မှုကြောင့် အရူးလုပ်ခံရမှာကို
ကြောက်နေမိတယ်"

လင်းဟာန်ရဲ့နှလုံးသား ကျယ်လောင်စွာနဲ့ တဒုတ်ဒုတ်
မြည်လာခဲ့ပါတယ်။ ဘယ်လက်ရိုး အမတ်မင်းက သူ့ကိုလက်နဲ့
မထိုးပေမဲ့ သူနဲ့ပတ်သက်ပြီးတော့ ပြောနေတယ်ဆိုတာ
သိသာပါတယ်။

ကြည့်ရတာ ဒီရက်တွေ အတွင်းမှာ သူနဲ့ လီဝေဂ အရမ်းကို
နီးနီးကပ်ကပ် ဖြစ်နေတဲ့ အချက်ကြောင့် ဘယ်လက်ရိုး
အမတ်မင်းကို မကျေမနပ် ဖြစ်စေပုံ ရပါတယ်။

လင်းဟန်က ဘယ်လောက်ပဲ မွန်းစတားဆန်တဲ့ ပါရမီကို ပြထားပါစေ သူ့ရဲ့ လက်ရှိ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ ဘယ်လက်ရုံး အမတ်မင်း စံအိမ်က မင်းသမီးလေးနဲ့ လိုက်ဖက်ညီတဲ့ လူတစ်ယောက် ဖြစ်နိုင်မှာလဲ။ တကယ်လို့ အခွင့်အရေး နည်းနည်းရှိတယ် ဆိုရင်တောင် ဘယ်လက်ရုံး အမတ်မင်းက ဖူးသစ်စ အရွယ်မှာ ကတည်းက ဖျစ်ညှစ်ပစ်ပါလိမ့်မယ်။

"နံပါတ်လေး သခင်မလေးအတွက် သင့်တော်မဲ့ ဖူးစာဖက်က အနည်းဆုံး ဗိုလ်ချုပ် ခုနစ်ယောက်ရဲ့ မြင့်မြတ်တဲ့ သခင်လေးတွေထဲက တစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒါက ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ရဲ့ ရပ်တည်မှုကို ထုတ်ဖော်ပြလိုက်တယ်လို့ သတ်မှတ်နိုင်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။ ကျွှာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ ဒီလူက အရမ်းကို လိမ္မာပါးနပ်ပါတယ်။ သူ့ကို သဲလွန်စလေး နည်းနည်းပဲ ပေးဖို့ လိုပြီးတော့ သူက အားလုံးကို နားလည်ပါလိမ့်မယ်။ သူက ခဏလောက် ရပ်ပြီးတော့မှ ပြောလိုက်တယ်။

"ဆယ်နှစ်ပြည့်တိုင်း ခုံညားထည်ဝါတဲ့ အင်ပါယာသုံးခုက ပြိုင်ပွဲတစ်ပွဲ ကျင်းပလေ့ ရှိတယ်။ အဲဒီမှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ တောင်မြစ်အဆင့်အတွက် ပွဲတွေပါတယ်။ ဒီနှစ်မှာ စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်အတွက် ယှဉ်ပြိုင်ပွဲကို ကျင်းပလိမ့်မယ်။ အင်ပါယာ တစ်ခုစီက လူဆယ်ယောက်စီ စေလွှတ်ပြီး သူတို့ရဲ့ နေရာကို ခုခံကာကွယ်ကြလိမ့်မယ်။ ပထမဆုံး ဆယ်ယောက်ရှုံးသွားတဲ့ အဖွဲ့က အဆင့်နောက်ဆုံးဖြစ်ပြီး အဆုံးထိ အနည်းဆုံးပဲ ရှုံးနိမ့်ရင် ပထမနေရာ ရလိမ့်မယ်"

သူက လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဘယ်လက်ရုံး အမတ်မင်း စံအိမ်ရဲ့ကိုယ်စား တိုက်ခိုက်ရလိမ့်မယ်"

လပွတ်ပဲ။ သူက ဒီနေရာမှာ အလုပ်လုပ်ဖို့ တောင်းဆိုတယ်ဆိုတာ သိသာပါတယ်။ ဒါဆို ဘာကြောင့် ဘယ်လက်ရုံး အမတ်မင်းက လင်းဟန်ကို မျက်နှာသာ ပေးတယ်လို့ ကြည့်နေသေး တာလဲ။

ဒါပေမဲ့လည်း လက်ရှိမှာ သူက ဘယ်လက်ရုံး အမတ်မင်း စံအိမ်ရဲ့ အမှတ်သင်္ကေတ ကပ်ထားပါတယ်။ ဒါကြောင့် တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းက သူ့ကို တစ်ခုခု လုပ်စေချင်ရင် ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့အမြင်ကို မေးမြန်းဖို့ တောင်းဆိုနေစရာ

လိုဦးမှာလဲ။ သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်သက်သက်ပဲ ဖြစ်ပါတယ်။

"ဟုတ်ကဲ့ပါ"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါပေမဲ့ ဒီကိစ္စက အင်ပါယာ တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တယ်။ တကယ်လို့ ငါက မင်းကို ခန့်ထားတယ် ဆိုရင်တောင် မင်းအနေနဲ့ ဖြစ်သလို မလုပ်ရဘူး"

ဘယ်လက်ရုံး အမတ်မင်းက ပြောလိုက်ပါတယ်။

"ဒါကြောင့် မင်းက တခြားပြိုင်ပွဲဝင်တွေ အားလုံးကို အနိုင်ယူပြီးတော့ တိုက်ပွဲမှာ အင်ပါယာ ကိုယ်စားပြုတဲ့ ဂုဏ်သိက္ခာကို ရရှိအောင် လုပ်ရမယ်"

"ဟုတ်ကဲ့"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူတွေးလိုက်တယ်။

တကယ်လို့ ငါက ကြယ်ဥက္ကာ အင်ပါယာကို ပထမနေရာ ရအောင်လို့ ကူညီပေးနိုင်ခဲ့ရင် ဆုလာဘ် တချို့ ရနိုင်မလား မသိဘူး။

ဘယ်လက်ရုံး အမတ်မင်းက ဒီကိစ္စကို အင်ပါယာ တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာနဲ့ သက်ဆိုင်တယ်လို့ ပြောထားမှတော့ ပထမနေရာကို ရအောင်လို့ ယူပေးနိုင်တဲ့အတွက် ရရှိမဲ့ ဆုလာဘ်ကလည်း ပေ့ါသေးသေးတော့ မဟုတ်လောက်ဘူး။ ဟုတ်တယ်မလား။

ဒီအတွေးတွေကြောင့် လင်းဟန်က တက်တက်ကြွကြွ ဖြစ်သွားခဲ့ပါတယ်။

"မင်းပြန်လို့ရပြီ"

ဘယ်လက်ရုံး အမတ်မင်းက သူ့လက်ကို ဝှေ့ယမ်းပြီးတော့ နှင်ထုတ်လိုက်ပါတယ်။

Chapter 922 end

အပိုင်း(923) လက်ထပ်ထိမ်းမြားမှုရဲ့ သီးသန့်ကတိကဝတ်

လင်းဟန်က ဥယျာဉ်ထဲကနေ ထွက်လာခဲ့ပြီး တံခါးဂျမှာ ရှန်းချင်ယွမ် စောင့်နေတာကို တွေ့လိုက် ရပါတယ်။ သူက လင်းဟန်ကို တွေ့လိုက်တဲ့ အချိန်မှာ သူ့မျက်လုံးတွေထဲမှာ အေးစက်မှုတွေက ထိန်းမနိုင်သိမ်းမနိုင်အောင် ပြည့်နှက်နေပေမဲ့ သူ့ပါးစပ်ကို ဟပြီးတော့ မပြောခင် ရုတ်ခြည်း ဆိုသလို တင်းတင်းစေ့နေအောင်

ပိတ်လိုက်ပြီး တစ်စုံတစ်ခုကို လေးလေးနက်နက်နဲ့ နားထောင်တဲ့ ပုံစံမျိုး ဖြစ်ပေါ်လာပါတယ်။

"ဟုတ်ကဲ့"

သူက အလျင်အမြန်ပဲ ဥယျာဉ်ထဲကို ဝင်သွားခဲ့ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းဆီက ဆင့်ခေါ်သံကို ရရှိခဲ့တယ်ဆိုတာ သိသာပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ ရှန်းချန်ယွင် ကိုယ်တိုင်က ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်နိုင်ပါတယ်။ သူကိုယ်တိုင် စူးစမ်းလေ့လာမှု ပြုလုပ်ခဲ့ပြီး ရှန်းချန်ယွင်ရဲ့ သင်တန်းကျောင်းမှာ ရှိတုန်းက ရလဒ်တွေက ထူးချွန်ပါတယ်။ သူက နှစ်ပေါင်းခုနစ်ရာပဲ အချိန်ယူပြီးတော့ တောင်မြစ်အဆင့်ရဲ့ အဆင့်မြင့် အဆင့်ကို ရောက်ရှိခဲ့ပြီး သင်တန်းကျောင်းက ထွက်ခွာပြီးတော့ ဘယ်လက်ရုံး အမတ်မင်းရဲ့ ဦးဆောင်မှု အနောက်ကို လိုက်ဖို့ ရွေးချယ်ခဲ့ ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းလို နောက်ခံကောင်းကောင်းနဲ့ဆိုရင် ရှန်းချန်ယွင်ရဲ့ အရှေ့မှာ နေလအဆင့် လက်ရွေးစင်တွေတောင်မှ စိတ်ကြီးဝင်တဲ့ ပုံစံမျိုးနဲ့ အရှိန်အဝါတွေ ထုတ်ဖော်ဝံ့မှာ မဟုတ်ပဲ

သူက အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ ပုံစံမျိုး ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ အရှေ့မှာတော့ သူက ခွေးတစ်ကောင်နဲ့ တူပါတယ်။ တကယ်လို့ သူ့ကို အရှေ့သွားဆိုရင် အနောက်ကို ဆုတ်ဝံ့လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သေချာပေါက် ဒီလိုမျိုးတော့ လုပ်နိုင်မှာ မဟုတ်ပါဘူး။

"ကျင့်ကြံသူတွေက အဆုံးမှာ သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်း အပေါ်မှာ ကြီးကျယ်ခမ်းနားပြီး အရေးပါဆုံး နေရာမှာ ရှိနေသင့်တယ်။ မျက်နှာသာရဖို့ အခွင့်အလမ်းတွေကို အားသာချက် အဖြစ်နဲ့ ရယူတာက စစ်မှန်တဲ့ လမ်းကြောင်း မဟုတ်ဘူး"

လင်းဟန်က တွေးလိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ဒီအတွေးတွေကို ရှန်းချန်ယွင်က လက်ခံယုံကြည်လိမ့်မယ်လို့ မထင်ပါဘူး။ ဒီလမ်းကြောင်းက သူ့ကိုယ်ပိုင်ပဲ ရွေးချယ်ရမှာ ဖြစ်ပြီးတော့ တခြားသူတွေ ဝင်ရောက်စွက်ဖက်စရာ လိုမှာတဲ့လား။

သူက သင်တန်းကျောင်းကို ပြန်လာပြီး နည်းစနစ် ခြောက်ခုကနေ တစ်ခုကို ပေါင်းစပ်တဲ့ ပညာရပ်ကို အာရုံစိုက်ပြီး ကျင့်ကြံအားထုတ်လိုက်ပါတယ်။

သူက ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်မှာ ရုတ်တရက် ဉာဏ်အလင်းပွင့်တဲ့ အခြေအနေ တစ်ခုကို တွေ့ကြုံခဲ့ ရပြီး ဒီလမ်းကြောင်းပေါ်မှာ ကြီးမားတဲ့ အကျိုးသက်ရောက်မှု ရရှိခဲ့ပါတယ်။ သူက သူ့ခွန်အားကို နှစ်ဂက်အချိန်အတွင်းမှာ အမြင့်ဆုံး အကန့်အသတ်ဖြစ်တဲ့ ကြယ်နှစ်ဆယ်လုံး အထိကို တိုးလာအောင် လုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

နောက်ထပ်တစ်ရက်အချိန် ကုန်လွန်သွားပြီးတဲ့ နောက်မှာတော့ သင်တန်းကျောင်း အထဲမှာ အံ့အားသင့်စရာကောင်းတဲ့ သတင်းတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြိုက်ပြီးတော့ လက်ထပ်ထိမ်းမြားဖို့ သီးသန့်ကတိကဂတ် ပြုထားတဲ့ ဖူးစာဖက် စုံတွဲတစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒီသတင်း ပျံ့နှံ့သွားတဲ့ အချိန်မှာ သင်တန်းကျောင်း တစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွား ခဲ့ကြပါတယ်။

လင်းဟာန်ဆိုတာ ဘယ်သူလဲ။ လူအများစုက သေချာမသိကြပေမဲ့ အရမ်းကို နည်းပါးတဲ့ လူတွေကတော့ ဒီနှစ်မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ဂင်ခွင့်စမ်းသပ်မှုက ကျောင်းသားသစ် အုပ်စုထဲမှာ ပိုလ်စွဲခဲ့တဲ့သူ ဖြစ်တယ်ဆိုတာကို

သိထားကြပါတယ်။ သူက အဆင့်ရှစ်ဆင့်ကို ဖြတ်ကျော်နိုင်ခဲ့ပြီး အနာဂတ်မှာ ကြယ်လေးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်မဲ့ အခွင့်အရေး တစ်ခု ရှိနေပါတယ်။

ဒါပေမဲ့လည်း စွေ့ရန်ယွီက သေချာပေါက် လူသိများ ထင်ရှားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

ပထမ အချက်က သူမဟာ အသက်နှစ်ဆယ် မတိုင်ခင်က အင်ပါယာမြို့တော်ရဲ့ ပုလဲအမွှာထဲက တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သင်တန်းကျောင်းကို ဂင်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ သူမက အစားထိုး ခံလိုက်ရပါတယ်။ တကယ်တော့ တန်ခိုးရှင်ဘုံမှာ ချောမောလှပတဲ့ အမျိုးသမီးတွေ ရှားပါးဖို့ဆိုတာ ခက်ခဲပါတယ်။

ဒါပေမဲ့ တကယ်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်းက ချောမောလှပတဲ့ အမျိုးသမီးတွေကို အဆင့်ချိတ်လိုက်မယ်ဆိုရင် စွေ့ရန်ယွီက သေချာပေါက် ထိပ်ဆုံးသုံးယောက်ထဲမှာ အဆင့်ချိတ် ပါလိမ့်မယ်။ တကယ်တော့ သူမက နံပါတ်တစ် နေရာမှာ အဆင့်ချိတ်ခဲ့မယ် ဆိုရင်တောင် အံ့အားသင့်စရာ မရှိပါဘူး။

သူမက နတ်သမီးလေး တစ်ပါးလို ချောမောလှပပြီး အစွမ်းကုန် ဖူးပွင့်နေတဲ့ ပန်းပွင့်တွေလို လှပလွန်းသူ တစ်ယောက် ဖြစ်ပါတယ်။

သူမက သီးသန့်နေထိုင်တတ်တဲ့ ကျင့်ကြံသူတွေကိုတောင် သူမရဲ့ ဆွဲဆောင်နိုင်မှုတွေနဲ့ ပြုစားနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျောက်လန်က သူမကို အနာဂတ် ကျောက်ကလန်ရဲ့ သခင်မ ဖြစ်လာဖို့ သူ့စိတ်ထဲမှာ အစီအစဉ် ချမှတ်ထားတယ်လို့ ဘယ်လိုလုပ် ပြောမှာလဲ။

စွေ့ရန်ယွီကို ပိုပြီးတော့ လူသိများ ထင်ရှားစေတာကလည်း ကျောက်လန်ကြောင့် ဖြစ်တယ်ဆိုတာ ငြင်းမရပါဘူး။ ကျောက်လန်က ဗိုလ်ချုပ်ကျောက်ရဲ့ သားဖြစ်ပြီးတော့ သင်တန်းကျောင်းရဲ့ သမိုင်းထဲမှာ ပါရမီရှင် တစ်ယောက်ဖြစ်ပါတယ်။ စွေ့ရန်ယွီကို သူ့ကိုယ်ပိုင် လူတစ်ယောက် အဖြစ် အားလုံးက သိထားကြပေမဲ့ အခုတော့ သူမကို သူ့ဆီကနေ တစ်စုံတစ်ယောက်က ဖြတ်လုဝံ့ သွားခဲ့ပြီလား။

အဲဒါက ဘယ်သူလဲ။ သူ့ရဲ့ သတ္တိကတော့ တကယ့်ကို အံ့မခန်းပါပဲ။

အဲဒီနောက် အားလုံးက လင်းဟန်နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို တူးထုတ်လိုက် ကြပါတယ်။

မြောက်ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားသစ် ဝင်ခွင့်စမ်းသပ်မှု အုပ်စုမှာ ပထမနေရာကနေ ဗိုလ်စွဲထားသူ။

အဆင့်ရှစ်ဆင့် အထိ ဖြတ်ကျော်ခဲ့သူ။

မျော်ဆေးပညာရပ်မှာလည်း ကျွမ်းကျင်သူ။

ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့သူ။

မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ ကောရာဇ် တစ်ယောက်။

နောက်ဆုံးသတင်းက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဓိက အင်အားစုတွေရဲ့ မျက်လုံးထဲမှာ မိုးကောင်းကင်ကို ခွဲဖွင့်တယ် ဆိုတာက ဒဏ္ဍာရီထဲမှာ တည်ရှိတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံထဲမှာတောင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနိုင်တဲ့လူက အနည်းစုပဲ ရှိပါတယ်။ ပြီးတော့ ကမ္ဘာငယ်လေး တစ်ခုထဲမှာ ကြယ်ဆယ့်ငါးလုံးထိ ရောက်နိုင်ရင်ပဲ အရမ်းကို အံ့အားသင့်ပြီး အထင်ကြီးစရာ ကောင်းနေပါပြီ။ နိုင်ငံစွမ်းအား အရှိန်မြှင့်တင်မှုနဲ့ဆိုရင်တောင် သူတို့က ကြယ်နှစ်ဆယ်လုံး အဆင့်ကို ရောက်ရှိနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

သူတို့က ဘယ်လိုလုပ်ပြီး မိုးကောင်းကင်ကို ခွဲဖွင့်နိုင်တာလဲ။

အထင်ကြီးစရာပဲ။ သူက ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့ပေမဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည်

ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနိုင်ပါတယ်။ သူက ထိပ်တန်းအဆင့် ပါရမီရှင်တွေ အထဲမှာ အဆင့်ချိတ်ပြီး ကြယ်ဖြူမျှော်စင်ရဲ့ အဆင့်ရှစ်ဆင့်ကို ဖြတ်ကျော်နိုင်ခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။

ကျောက်ကလန်ရဲ့ အရှေ့မှာတော့ အားလုံးက အဓိပ္ပါယ်ကင်းမဲ့ နေပါတယ်။

လင်းဟန်က ဘယ်လက်ရုံး အမတ်မင်းကို မှီခိုရုံသက်သက်ပါပဲ။ ဘယ်လက်ရုံး အမတ်မင်းရဲ့ အစစ်အမှန် သားတစ်ယောက် မဖြစ်သေးသရွေ့ မဟာဗိုလ်ချုပ် ကျောက်ရဲ့ သားတစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက်ကို ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်ဖို့ အရည်အချင်း ပြည့်မီမှာလဲ။

လင်းဟန်က ဒီကိစ္စကို ဘယ်လိုမျိုး ရင်ဆိုင်မလဲ ဆိုတာကို လူအများကြီးက စောင့်ကြည့်နေ ကြပါတယ်။ ကျောက်လန်က လူပုံအလယ်မှာ ပြောခဲ့ဖူးပါတယ်။ သင်တန်းကျောင်းကနေ သင်တန်းဆင်းပြီးတဲ့ အချိန်မှာ သူက စေ့စပ်ရန်ယှီနဲ့ လက်ထပ်ထိမ်းမြားမှာ ဖြစ်ပြီးတော့ စေ့စပ်ကလန်ရဲ့ သဘောတူညီမှုကိုလည်း ရရှိထားပါတယ်တဲ့။

"ကျောက်တုံးခေါင်း ကျောက်တုံးခေါင်း"

အဲဒီအချိန်မှာ လီဝေဂက စိတ်လှုပ်ရှားစွာနဲ့ အပြေးအလွှား ရောက်လာခဲ့ပါတယ်။

"အစ်မစွေ့နဲ့ နင်တကယ်ပဲ လက်ထပ်တော့မှာလား"

လင်းဟန်က သူမကို မျက်စောင်းတစ်ချက် ထိုးလိုက်ပါတယ်။ ဒါတွေအားလုံးက သူမကြောင့် ဖြစ်သွားခဲ့တာ မဟုတ်လား။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"အဲဒီတော့ ဘာဖြစ်လဲ"

"ငါတကယ်ပဲ မပြောနိုင်တော့ဘူး။ နင်က အံ့အားသင့်စရာ ကောင်းလောက်အောင် ချောမော ခန့်ညားမှုလည်း မရှိပဲနဲ့ ဘယ်လိုလုပ်ပြီး အမျိုးသမီးတွေကို ဘယ်လိုမျိုး ပျော်ရွှင်အောင် လုပ်ရမလဲ ဆိုတာလည်း မသိပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ အစ်မစွေ့က နင့်ကို ချစ်အောင်လို့ လုပ်လိုက်တာလဲ"

လီဝေဂက သူမရဲ့ မေးစေ့ကို ပွတ်သပ်ပြီးတော့ သူမပုံစံက အရမ်းကို စိတ်ရှုပ်ထွေးနေပုံ ပေါက်နေပါတယ်။

"ငါ့ရဲ့ ရုံရွှေတော်တွေတောင် နင့်ကိုချစ်ကြိုက်မှာ မဟုတ်ဘူး။ ထူးဆန်းတယ်။ အစ်မစွေ့က ပြုစားခံလိုက်ရတာများ ဖြစ်နေမလား"

လင်းဟန်က မှင်တက်အံ့သြ သွားမိပါတယ်။ ဒီနံပါတ်လေး သခင်မလေး တကယ့်ကို နားထောင်လို့ မကောင်းတဲ့ စကားတွေကို ပြောနေတာပါပဲ။

တကယ်လို့ မင်းက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော် ဖြစ်နေရင်တောင် ဒီလိုမျိုး စကားတွေကို မင်းကြားပြီးရင် အပြင်းအထန် ဆန့်ကျင်ပြီးတော့ ဉာဏ်ရည်နိမ့်ကျတဲ့ ခံစားချက်မျိုးနဲ့အတူ ဘယ်လောက်များ မင်းကို စိတ်ရောကိုယ်ပါအတိုင်း ရှိတော့မှာလဲ။

"ဒါပေမဲ့လည်း တကယ်တော့ နင်က ပြဿနာ အကြီးကြီးတက်ပြီ။ အဲဒီကျောက်လန်ကိုယ်တိုင်က သိုင်းပညာ ပါရမီရှင် တစ်ယောက်လည်း ဖြစ်သလို သူမှာ နောက်လိုက်သုံးယောက်လည်း ရှိတယ်။ သူတို့တစ်ယောက်ချင်းစီက ပါရမီရှင်တွေ အထဲက ပါရမီရှင်တစ်ယောက် ဖြစ်ပြီးတော့ ကျောက်လန်ကသာ အမိန့်ပေးလိုက်ရင် သူ့နောက်လိုက်တွေက နင့်ကို ဒီလို လုပ်လိမ့်မယ်"

လီဝေဂက သူမရဲ့ လည်ပင်းကို ဓားနဲ့ ဖြတ်တဲ့ပုံစံမျိုး လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

"ပြီးတော့ ဒုတိယမြောက်နေ့မှာ နင့်ရဲ့အလောင်းကို လမ်းမပေါ်မှာ စွန့်ပစ်ထားတာကို တွေ့ရလိမ့်မယ်"

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်ပါတယ်။

"မင်း စကားကောင်းကောင်း မပြောနိုင်တော့ဘူးလား"

"ငါ့ကို တောင်းပန်"

လီဝေဂက သူမရဲ့ တင်ပါးတွေ အပေါ်မှာ
လက်ထောက်လိုက်ပါတယ်။

"ကျောက်လန်က အရမ်းကို သန်မာတယ်ဆိုပေမဲ့ ငါသူ့ကို မကြောက်ဘူး။ ငါ့ကိုတောင်းပန်ပြီး ငါ့ကို ပျော်အောင်လုပ်ပေးရင် ငါနင့်အရေ့ကနေ ကာကွယ်ပေးနိုင်တယ်"

"အဲဒါကို မေ့ထားလိုက်တော့။ တခြားလူ တစ်ယောက်ရဲ့ ကျွန်တစ်ယောက် ဖြစ်လာဖို့ ငါစိတ်မဝင်စားဘူး"

လင်းဟန်က ပြတ်ပြတ်သားသား ငြင်းဆန်လိုက်ပါတယ်။

လီဝေဂက ချက်ချင်းဆိုသလို ဒေါသထွက် သွားခဲ့ပါတယ်။ ဒီသေချင်းဆိုး ကျောက်တုံးခေါင်းက ကျောက်လန်ကို ရင်မဆိုင်ခင် စိတ်ညစ်နေလိမ့်မယ်လို့ သူမတောင် တွေးနေခဲ့တယ် မဟုတ်လား။

ကျောက်ကလန်ရဲ့ စွမ်းအားက ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ထက် မနိမ့်ကျပါဘူး။

နောက်ပြီးတော့ သူတို့လို ဒီလိုအမြင့်တွေကို ရောက်ရှိသွားတဲ့ အချိန်မှာ လူငယ်တွေရဲ့ အပြုအမူတွေက လူငယ်တွေသက်သက်ပဲ ဘယ်တော့မှ ကိုယ်စားမပြုပါဘူး။ တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းနဲ့ မဟာဗိုလ်ချုပ်ကျောက်တို့ရဲ့ ဆက်ဆံရေး မကောင်းဘူးဆိုတဲ့ သတင်းသာ ပျံ့နှံ့သွားခဲ့ရင် ဘာဖြစ်သွားမလဲ။ ဘယ်လက်ရုံး အမတ်မင်း အတွက် အပြစ်တင် ဝေဖန်ဖို့ အခွင့်အရေးတစ်ခု ဖန်တီးလိုက်သလို ဖြစ်သွားလိမ့်မယ် မဟုတ်လား။

ဒီသေချင်းဆိုး ကျောက်တုံးခေါင်းက တကယ်ပဲ အရမ်းကိုလျှင်လျှင်မြန်မြန်နဲ့ ငြင်းဆန်ခဲ့ပြီး သူမရဲ့ ကြင်နာမှုနဲ့ မထိုက်တန်ပါဘူး။ ဒါက သူမကို သေလုမတတ် ဒေါသတွေ ထွက်စေပါတယ်။

"ဟင့် နင်သေသေ ရှင်ရှင် ဘယ်သူက ဂရုစိုက်မှာလဲ"

အခု သူမရဲ့ စိတ်ကိုတင်းထားပြီး သူမက ရုတ်တရက် ပြေးထွက်သွားပါတယ်။

လင်းဟန်ရဲ့ အမူအရာက တည်ငြိမ်နေပါတယ်။ စွေ့ရန်ယွီရဲ့ တောင်းဆိုချက်ကို သဘောတူလိုက်တဲ့ အချိန်ကစပြီး သူက ဖြစ်လာမဲ့ အကျိုးဆက်တွေကို ကြိုမြင်နေပါတယ်။ ဒါပေမဲ့ ကျောက်လန်က သင်တန်းကျောင်းထဲမှာ လူမြင်ကွင်းအရှေ့ ပြစ်မှုမကျူးလွန်ရဲဘူးဆိုတာ သူယုံကြည်ထားပါတယ်။ ဒီနေရာမှာ သူလိုက်နာရမဲ့ စည်းမျဉ်းစည်းကမ်းတချို့ ရှိပါသေးတယ်။

တကယ်တော့ ကျောက်ကလန်က ကြယ်ဥက္ကာ အင်ပါယာရဲ့ ဗိုလ်ချုပ်ကလန် တစ်ခုသက်သက်ပဲ ဖြစ်ပြီးတော့ အင်ပါယာ မိသားစု မဟုတ်ပါဘူး။

အခြေနေခြင်း မတူရင် လုပ်ဆောင်နိုင်ပုံခြင်းလည်း မတူပါဘူး။

"အိုး ရန်ယုက တကယ်ပဲ သူမကိုယ်တိုင် ဂန်ခံခဲ့တာလား"

ရေတံခွန် တစ်ခုအောက်မှာ လူငယ်တစ်ယောက်က လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ ရပ်နေပါတယ်။ သူ့အနောက်မှာ တောင်မြစ်ပုံရိပ် သုံးခုရှိပြီး သူက တောင်မြစ်အဆင့်ရဲ့ အဆင့်မြင့် အဆင့်မှာ ရှိနေသူ တစ်ယောက် ဖြစ်နေပါတယ်။

သေသေချာချာ အနီးကပ် လေ့လာကြည့်မယ်ဆိုရင် သူ့ရဲ့တောင်တွေနဲ့ မြစ်တွေက တခြားသူတွေနဲ့ မတူပါဘူး။

တောင်တွေရဲ့ ပုံရိပ်က စိမ်းစိုပြီး ရေတွေက ကြည်လင်နေပါတယ်။ သူတို့ရဲ့ပုံရိပ်တွေက အနီရောင် အလင်းတစ်ခု တလက်လက် တောက်ပပြီးတော့ ကြောက်မက်ဖွယ် အရှိန်အဝါတစ်ခု ထုတ်ဖော်နေပါတယ်။

"ဟုတ်ကဲ့ သခင်လေး"

သူ့အနောက်မှာ လူငယ်တစ်ယောက်က ဒူးထောက်နေပါတယ်။ သူ့အမူအရာက သူ့အရှေ့မှာ ရှိနေတဲ့ ဒီလူကို နတ်ဘုရား တစ်ပါးလိုမျိုး သတ်မှတ်ထားတဲ့ ပုံစံနဲ့ ကြည်ညိုလေးစားမှုတွေ ပြည့်နှက်နေပါတယ်။

သူ့လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ ရပ်နေတဲ့ ဒီလူငယ်က ကျောက်လန် ဖြစ်ပြီးတော့ ဒူးထောက်နေတဲ့ လူငယ်ကတော့ သူ့ရဲ့နောက်လိုက် တစ်ယောက် ဖြစ်ပြီး သူ့နာမည်က ကျိုးရှောင်လို့ ခေါ်ပါတယ်။ သူက ကျောက်လန်ကို လင်းဟန်နဲ့ စွေ့ရန်ယွီတို့ တစ်ယောက်နဲ့ တစ်ယောက် လက်ထပ်ထိမ်းမြားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ သတင်းပို့နေတာ ဖြစ်ပါတယ်။

သူက အရမ်းကို ဒေါသထွက်နေပါတယ်။ စွေ့ရန်ယွီက သူ့မျက်စိ အရှေ့က သူတို့သခင်လေးရဲ့ မိန်းကလေး ဖြစ်ပါတယ်။ ပြီးတော့

သူမရဲ့ ဘဝပေါင်းများစွာက ကုသိုလ်ကောင်းမှုတွေကြောင့် ကံကောင်းလာတာ ဖြစ်ပါတယ်။ ဒါကို သူမက သူတို့ရဲ့ သခင်လေးကို အေးစက်စက်နဲ့ ဆက်ဆံရုံတင်မက လင်ငယ်တောင် ထားနေပါတယ်။

သူမက အကြိမ်ပေါင်း တစ်ရာလောက် သေသင့်ပါတယ်။

ကျောက်လန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ခေါင်းကို ခါလိုက်ပြီး ပြောလိုက်ပါတယ်။

"ဘာပြဿနာ ရှိလဲ။ ကြည့်ရတာ ငါက သူမကို အရမ်းကြီး လွတ်လွတ်လပ်လပ် ပေးထားပုံ ရတယ်။ အိုးဟုတ်သားပဲ။ အဲဒီလူ့ရဲ့ နာမည်က ဘယ်လိုခေါ်လဲ"

"လင်းဟန်ပါ"

ကိုျူးရှောင်က အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ဆီကို တစ်ယောက်ယောက် လွှတ်လိုက်။ တကယ်လို့ သူက လိမ်လိမ်မာမာနဲ့ လက်ခံဖို့ ဆန္ဒရှိတယ်ဆိုရင် သူ့အသက်ကို ချမ်းသာပေးလိုက်"

ကျောက်လန်က သူ့ရဲ့ စိတ်ဝိညာဉ် သိုလှောင်ပစ္စည်းကို သာမန်ကာလျှံကာ ပစ်ပေးလိုက်ပါတယ်။

ကျိုးရှောင်ရဲ့ မျက်လုံးတွေက အဲဒီပစ္စည်းကို ဝေ့ကြည့်လိုက်ပါတယ်။ သူက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"သခင်လေးရဲ့ အမိန့်အတိုင်း ကျနော်လုပ်ပါ့မယ်"

Chapter 923 end

အပိုင်း(924) ကျောက်လန်ရဲ့ လက်ဆောင်

"လင်းဟန် ထွက်လာခဲ့စမ်း"

လင်းဟန်က ကျင့်ကြံခြင်းရဲ့ အလယ်မှာ ရောက်နေပြီး အေးစက်တဲ့ အသံတစ်ခုကို ကြားလိုက် ရပါတယ်။ သူက ခြံဝင်းထဲကို ထွက်လာပြီးတော့ တံခါးကို ဖွင့်ပြီးတစ်ချက် ကြည့်လိုက်ပါတယ်။ အပြင်ဘက်မှာ လူငယ်နှစ်ယောက် ရပ်နေတာကို တွေ့လိုက်ရပြီး သူတို့နှစ်ယောက်စလုံးက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့ သူတို့ကို သူမသိပါဘူး။

သူတို့က မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ဂင်ခွင့်စမ်းသပ်မှုက ဒီအသုတ်ကျောင်းသား အသစ်တွေက မဟုတ်ပေမဲ့ နောက်ဆုံးအသုတ်က ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် အဲဒီအရင် အသုတ်က ဖြစ်နိုင်ပါတယ်။

"ငါမင်းအတွက် ဘာလုပ်ပေးရမလဲ"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။ သူက အကြမ်းဖျင်းတော့ ခန့်မှန်းထား ခဲ့ပြီးပါပြီ။

"အဲဒါက စီနီယာ အစ်ကို ဂမ်းဂမ် မဟုတ်လား"

"ပြီးတော့ စီနီယာအစ်ကို ကျန်းရှင်းလည်းပါတယ်"

"သူတို့က စီနီယာ အစ်ကိုကျောက်လန်ရဲ့ နောက်လိုက်တွေပဲ"

"ထို့ သူတို့က ဘယ်လိုလုပ်ပြီးတော့ စီနီယာ အစ်ကိုကျောက်လန်ရဲ့ နောက်လိုက်ဖြစ်ဖို့ အရည်အချင်း ပြည့်မီမှာလဲ။ သူတို့က စီနီယာ အစ်ကိုကျောက်လန်ရဲ့ နောက်လိုက်ကြီး သုံးယောက်ရဲ့ နောက်လိုက်တွေရဲ့ နောက်လိုက်တွေပဲ။ သူတို့က စီနီယာ အစ်ကိုကျောက်နဲ့ အဝေးကြီးမှ အဝေးကြီး"

"နေပါဦး။ သူတို့တွေ ဒီနေရာကို ရောက်လာတာက စီနီယာ အစ်ကိုကျောက်နဲ့ သေချာပေါက် သက်ဆိုင်လိမ့်မယ်"

"ဒါပေါ့။ လင်းဟန်က စီနီယာ အစ်ကိုကျောက်ရဲ့ မိန်းကလေးကို တကယ်ပဲ လုယူဖို့ ကြိုးစားရဲမှတော့ စီနီယာ အစ်ကိုကျောက်ဆီက ဘာတုံ့ပြန်မှုမှ မရဘူးဆိုမှပဲ ထူးဆန်းလိမ့်မယ်"

တစ်ယောက်ပြီး တစ်ယောက် ခြံဝင်းတံခါးတွေကို ဖွင့်ပြီးတော့ သူတို့ရဲ့ မျက်နှာပေါ်မှာ သိချင်စိတ်တွေ ဖြစ်ပေါ်လို့ နေပါတယ်။

တော်တော်များများကတော့ အေးစက်တဲ့အပြုံးကိုယ်စီနဲ့ သရော်ပြုံး ပြုံးနေကြပြီး လင်းဟာန်ရဲ့ ကံတရား ဆိုးဝါးမှုကို ကျေနပ်နေကြပုံ ပေါ်ပါတယ်။

ဒါက သဘာဝပါပဲ။ လင်းဟာန်က ဒီအလှည့်မှာ ဗိုလ်စွဲပြီးတော့ ကျောင်းသားသစ်တွေ အထဲမှာ ပထမနေရာ ရခဲ့ပြီး စီနီယာ အစ်မစွေ့ကိုတောင် သွေးဆောင်ဖြားယောင်း နိုင်ခဲ့ပါတယ်။ သူမက မယုံနိုင်စရာ ကောင်းလောက်အောင် ချောမောလှပသူ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူက လင်းဟာန်ကို မနာလို မဖြစ်ပဲ နေမှာလဲ။

လင်းဟာန်က ဒါတွေအားလုံးကို ကြားပြီးတော့ စိတ်ထဲကနေ ကျိတ်ပြီး အံ့သြသွားမိပါတယ်။ ကျောက်လန်က သေချာပေါက် လုပ်ရှားလာခဲ့ပါတယ်။ ဒါပေမဲ့ ကျောက်လန်က သူ့ကို လေးလေးနက်နက် ထားပုံမပေါ်ပါဘူး။ ဒီနေရာကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လက်ရွေးစင် နှစ်ယောက်ကိုပဲ စေလွှတ်ခဲ့ပါတယ်။

သူက ရက်စက်ကြမ်းကြုတ်တဲ့ နည်းလမ်းကို အသုံးပြုဖို့ စီစဉ်နေတာလား။

အဲဒီအချိန်မှာ ဂမ်းဂမ်က အေးစက်စက် သရော်ပြုံး ပြုံးနေပါတယ်။ ဒီကောင်က ကမ္ဘာငယ်လေး တစ်ခုကနေ လာပြီးတော့ တကယ့်ကို

စိတ်ကြီးဝင်နေပါတယ်။ သူ့က မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တာကြောင့် စိတ်ကြီးဝင်ပြီး တန်ခိုးရှင်ဘုံမှာ သူ့စိတ်ကြိုက် နေလို့ရမယ်လို့ ထင်နေတာလား။ သူတို့က ဒီနေ့မှာသူ့ကို သင်ကြားပေးရပါလိမ့်မယ်။

"ငါတို့က စီနီယာ အစ်ကိုကျောက်ရဲ့ အမိန့်ကြောင့် မင်းကို လက်ဆောင်တစ်ခု လာပေးတာပဲ"

ဂမ်းဂမ်က စပြီးတော့ ပြောလိုက်ပါတယ်။

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ အနီးအနားက လူတွေအားလုံး ပဟေဠိ ဖြစ်ကုန်ပါတယ်။ ကျောက်လန်က တစ်ခုခုများ မှားနေလား။ လင်းဟန်က သူ့ရဲ့မိန်းကလေးကို လုယူသွားတာတောင် သူက လင်းဟန်ကို လက်ဆောင်တစ်ခု ပေးချင်နေသေးတယ်ပေါ့လေ။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်ပါတယ်။

"အိုး ဘယ်လိုလက်ဆောင်မျိုးလဲ"

ဂမ်းဂမ်နဲ့ ကျုန်းရှင်းက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပါတယ်။ ဂမ်းဂမ်က သူ့ရဲ့ စိတ်ဝိညာဉ် သိုလှောင်ပစ္စည်းကနေ ဖောင်းကြွပုံစံ သေတ္တာတစ်လုံးကို ထုတ်လိုက်ပါတယ်။ သေတ္တာက အရမ်းကို လှပစွာနဲ့

တန်ဆာဆင်ထားပါတယ်။ ဒါပေမဲ့ အရမ်းကြီး မကြီးပါဘူး။ သူက သေတ္တာကို လက်ထဲမှာ ကိုင်ထားပြီးတော့ ပြောလိုက်ပါတယ်။

"မြန်မြန်ဒူးထောက်ပြီးတော့ မင်းရဲ့လက်ဆောင်ကို လက်ခံပါ"

"ဒါကို ဒူးထောက်ပြီးတော့ လက်ခံရမယ် ဟုတ်လား"

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။

"မင်းတို့ဦးနှောက်တွေ ကောင်းမှကောင်းသေးရဲ့လား"

"ဒါက စီနီယာကျောက်ဆီက ကြီးမားတဲ့ လက်ဆောင်တစ်ခုဖြစ်တယ်။ မင်းက ဒူးမထောက်ပဲ လက်ခံပြီးတော့ ကျေးဇူးတင်စကား ပြောဝံ့တယ်ပေါ့လေ"

ကျန်းရှင်းက တန့်ပြန်မေးလိုက်ပါတယ်။

လင်းဟာန်က သူ့လက်ကို အထင်အမြင်သေးစွာနဲ့ ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ဒီလိုမှပဲ ရမယ်ဆိုရင်တော့ ဒီလက်ဆောင်ကို မင်းပဲ ပြန်ယူသွားလိုက်ပါတယ်။ ငါလက်မခံနိုင်ဘူး"

ဂမ်းဂမ်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက မင်းကိုပေးတဲ့ စီနီယာ အစ်ကိုကျောက်ရဲ့ လက်ဆောင်တစ်ခုပဲ။ ဘယ်လိုလုပ်ပြီးတော့ ဒါကို ပြန်ယူသွားနိုင်မှာလဲ။ တကယ်လို့ မင်းက ဒူးထောက်ပြီးတော့ ဒီလက်ဆောင်ကို လက်မခံချင်ဘူး ဆိုရင်တော့ ကောင်းပြီလေ။ ရော့ယူလိုက်"

သူက ကျန်းရှင်းကို ခေါင်းညိတ်ပြလိုက်ပါတယ်။

ကျန်းရှင်းက အချက်ပြမှုကို လက်ခံရရှိပြီးတော့ ဖောင်းကြွပုံစံ သေတ္တာကို ဖြည်လိုက်ပါတယ်။

အားလုံးက သိချင်စိတ် ပြင်းပြနေပါတယ်။ ကျောက်လန်က လင်းဟာန်ကို ဘယ်လိုမျိုး လက်ဆောင်ပေးတာလဲ။ ကျောက်လက်က လူတစ်ယောက်ကို ဒီလိုမျိုး လွယ်လွယ်နဲ့ ရင်ဆိုင်မှာ မဟုတ်ဘူးလို့ အားလုံးက ထင်နေကြပါတယ်။ ဒီပါရမီရှင်က စိတ်ကြီးဝင်နေပြီး သူ့ရဲ့ အားမန်ပါမှု အတွက် လူသိများ ထင်ရှားသူ တစ်ယောက် ဖြစ်ပါတယ်။

သေတ္တာကို ပတ်ထားတဲ့ အဖြူရောင် အဂတ်ကို ဖြည်ချလိုက်ပြီး ကျန်းရှင်းက အားလုံးရဲ့ မျက်လုံးတွေ အရှေ့မှာပဲ သေတ္တာထဲက ပစ္စည်းကို ထုတ်ပြတဲ့ အနေနဲ့ ဖွင့်လိုက်ပါတယ်။

ရုတ်ချည်းဆိုသလို တိတ်ဆိတ်ငြိမ်သက်မှုတွေ ပြည့်နှက်သွားခဲ့ပါတယ်။

သေတ္တာထဲက ပစ္စည်းက တကယ်ပဲ ခွေးတစ်ကောင်ရဲ့ အရေခွံ ဖြစ်ပါတယ်။

ဒီဆိုလိုရင်းက အရမ်းကို ရှင်းလင်းလွန်းပါတယ်။ ကျောက်လန်က လင်းဟာန်ကို ခွေးတစ်ကောင်လို သတ်မှတ်ယူဆထားပြီး သူ့ဘေးမှာ သူ့အမိန့်ကို နာခံဖို့ ခေါ်ထားမဲ့ ပုံစံပါပဲ။

ဒီလိုမျိုး ဆက်ဆံရခြင်းနဲ့ ဒီလိုမျိုး အရှက်ခွဲခံရခြင်း

ငါ့မျက်လုံးထဲမှာတော့ မင်းက ခွေးတစ်ကောင် သာသာပါပဲ။

"လင်းဟာန် စီနီယာ အစ်ကိုကျောက်က တကယ်လို့ မင်းဒီလက်ဆောင်ကို လက်ခံမယ်ဆိုရင် မင်းရဲ့အသက်ကို ချမ်းသာပေးမယ်လို့ ပြောတယ်"

ဂမ်းဂမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ မျက်နှာမှာ ဘဂင်မြင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ရှုပ်။

အားလုံးရဲ့ အကြည့်တွေက လင်းဟန်ဆီကို စိုက်ကြည့်လိုက်ကြပါတယ်။

ဒီလက်ဆောင်ကို လက်ခံလိုက်ရင် သူက ကျောက်လန်ရဲ့ အစေခံနဲ့ နောက်လိုက် ဖြစ်သွား ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ သူက လက်မခံဘူးဆိုရင် သူ့ရဲ့ ကံတရားက သေခြင်းတရား တစ်ခုပဲ ရှိပါတယ်။

ကျောက်လန်ရဲ့ စကားတွေကို ဘယ်သူကများ ဟာသတစ်ပုဒ်လို ဆက်ဆံဝံ့မှာလဲ။

လင်းဟန်ကသူ့ဘဝတစ်လျှောက်လုံး သင်တန်းကျောင်းထဲမှာ ပုန်းအောင်းမနေသရွေ့ မဟာမိုလ်ချုပ် ကျောက်ရဲ့ သားအတွက်တော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကို သတ်ဖြတ်ပစ်ဖို့ ဆိုတာက အရမ်းကို လွယ်ကူတယ် မဟုတ်ပါလား။

သူဘာလုပ်မလဲ။

ဒီလက်ဆောင်ကို လက်ခံမလား ဒါမှမဟုတ် လင်းဟန်က အဆုံးသတ်သွားမလား။

ဘာမှတတ်နိုင်တဲ့ အရာမရှိပါဘူး။ လင်းဟန်က စွေ့ရန်ယွီနဲ့ ချစ်ကြိုက်တဲ့ အချိန်က စပြီးတော့ သူ့ရဲ့ ကံတရားက သတ်မှတ်ပြီးသား ဖြစ်သွားခဲ့ပါပြီ။

လင်းဟန်ရဲ့ မျက်လုံးထဲမှာ ဒေါသအရိပ်အယောင်တစ်ခု တလက်လက်တောက်ပ လာခဲ့ပါတယ်။ သူ့ရဲ့အမူအရာကတော့ ကြောက်စရာ ကောင်းလောက်အောင် တည်ငြိမ်နေပါတယ်။ သူက ခွေးအရေခွံကို စိုက်ကြည့်ပြီးတော့ ရှေ့ကိုတိုးလာခဲ့ပါတယ်။

သူက လက်ခံဖို့ စိတ်ကူးနေတာလား။

သူ့ဘဝနဲ့ နှိုင်းယှဉ်လိုက်ရင် ဂုဏ်သိက္ခာက ဘာလုပ်လို့ ရမှာလဲ။ နောက်ပြီးတော့ ကျောင်းလန်ရဲ့ ခွေးဖြစ်လာဖို့ လူတော်တော်များများက ဆန္ဒတောင် ရှိနေကြပါတယ်။ ကျောင်းလန်က သူတို့ကို အနည်းဆုံးတော့ ထိုက်တန်တယ်လို့တောင် မစဉ်းစားပါဘူး။

ဂမ်းဂမ်နဲ့ ကျန်းရှင်းရဲ့ နှုတ်ခမ်းတွေက ကွေးညွှန့်လာခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာတွေက ဒီလိုဖြစ်လာမယ်လို့ မျှော်လင့်နေပုံ ရပါတယ်။

ဘယ်သူက မသေမှာကို ကြောက်လို့လဲ။

လင်းဟန်က သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ အရေခွံကို ဆုပ်ကိုင်လိုက်ပါတယ်။ အဲဒီနောက် ရုတ်တရက် အားသုံးပြီးတော့ သူ့လက်နဲ့ ဆုတ်ဖြဲလိုက်ပါတယ်။ ပြီးတော့ မြေကြီးပေါ်ကို သူက သာမန်ကာလျှံကာပဲ ပစ်ထုတ်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ကျောင်းလန်ကို သတင်းစကား ပြန်ပို့လိုက်ပါတယ်။ သူ့ရဲ့ကြင်နာမှုကို ငါကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ပျော်ရွှင်ရဖို့ ကံတရား ငါ့မှာမရှိဘူး"

ခွေးအရေခွံက မြေကြီးပေါ်ကို ကျယ်လောင်တဲ့ အသံနဲ့ ပြုတ်ကျသွားခဲ့ပါတယ်။

နောက်ထပ်တစ်ကြိမ် တိတ်ဆိတ်ငြိမ်သက် သွားကုန်ပါတယ်။

လင်းဟန်က ကျောက်လန်ကို ဆန့်ကျင်ရင်ဆိုင်ဖို့ စီစဉ်ထားတာပဲလား။

ဒီလိုမျိုး သတ္တိနဲ့ ယုံကြည်မှုကို သူဘယ်ကနေ ရလာတာလဲ။ သူ့ရဲ့ပြိုင်ဘက်က ကျောက်လန် ဖြစ်ပါတယ်။ မဟာမိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့အပြင် တောင်မြစ်အဆင့်ရဲ့ အဆင့်မြင့် လက်ရွေးစင် တစ်ယောက်

ဖြစ်ပါတယ်။ ကောလာဟာလတွေအရ သူက ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ မင်းက သူ့ကိုရင်ဆိုင်ဖို့ ဘယ်လိုအရည်အချင်းမျိုး ရှိလို့လဲ။

"ဘယ်လောက် အတင့်ရဲလိုက်သလဲ။ မင်းက စီနီယာ အစ်ကိုကျောက်ရဲ့ လက်ဆောင်ကိုတောင် စုတ်ဖြဲပစ်ခဲ့တယ်ပေါ့။ မင်းက ရောမ ပြစ်မှုကြီး တစ်ခုကို ကျူးလွန်မိပြီဆိုတာကို မင်းသိရဲ့လား"

ဂမ်းဂမ်က ပြင်းပြင်းထန်ထန် ကြိမ်းမောင်းအပြစ်တင် လိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက အေးစက်လာပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး ပစ္စည်းကို ယူလာပြီးတော့ ငါ့ကို အရှက်ခွဲပြီးတဲ့ နောက်မှာ ငါက အဲဒါကို မဖျက်ဆီး ပစ်သင့်ဘူးလား။ မင်းတို့နှစ်ယောက် ဒီနေရာကနေ ချက်ချင်းထွက်သွားကြ။ မင်းတို့ရဲ့ မျက်နှာကို မြင်ပြီးတော့ ငါ့ကိုဒေါသမထွက်စေနဲ့"

"မင်းက သေလူတစ်ယောက် ဖြစ်နေပြီ။ ဒါတောင်မှ ဘဝင်မြင့်ဝံ့သေးတာလား"

ဂမ်းဂမ်က ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ဖြန်း။

လင်းဟန်က လက်တစ်ဖက် ဆန့်ထုတ်ပြီးတော့ သူ့ကို တစ်ကွက်တည်းနဲ့ ကောက်မလိုက်ပါတယ်။ သူ့ရဲ့လက်ရှိ စွမ်းရည်တွေနဲ့ဆိုရင် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးအောက်မှာရှိတဲ့ ဘယ်သူမဆို သူ့အတွက်တော့ ပြိုင်ဘက်မဟုတ်ပါဘူး။ သူက ဂမ်းဂမ်ရဲ့ လည်ပင်းကို ညှစ်ပြီးတော့ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါက သေလူတစ်ယောက် ဖြစ်နေပြီ ဆိုမှတော့ ငါနဲ့အတူ မြှုပ်နှံဖို့အတွက် လူတချို့ကို ဆွဲခေါ်သွားဖို့ စိတ်ထဲ မထားတော့ဘူး"

ဂမ်းဂမ်က ချက်ချင်းဆိုသလို သူ့ဆံပင်တွေ ထောင်လာသလို ခံစားလိုက်ရပါတယ်။ သူက ကျောက်လန် အတွက်ကြောင့် သူ့ဘဝကို အသက်ပေးပြီး ဖြေရှင်းဖို့ နည်းနည်းမှ စိတ်မကူးပါဘူး။ သူက လင်းဟန်နဲ့ ရန်စမရှိပါဘူး။ တကယ်လို့ သူသေသွားမယ်ဆိုရင် ဒါက အကြီးအကျယ် ဆုံးရှုံးတာပဲ မဟုတ်လား။

"မဟုတ် မဟုတ် မဟုတ်ဘူး။ ငါ့ကို မသတ်ပါနဲ့"

သူက တုန်လှုပ်နေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"လူပြက်တစ်ကောင်ပဲ"

လင်းဟန်က ဂမ်းဂမ်ကို သာမန်ကာလျှံကာနဲ့ အပြင်ကို ပစ်ထုတ်လိုက်ပါတယ်။

သင်တန်းကျောင်းက လက်ရည်စမ်းမှုတွေကို ခွင့်ပြုထားပေမဲ့ သတ်ဖြတ်တာနဲ့ မသန်မစွမ်း ဖြစ်အောင်တော့ လုပ်ခွင့်မပြုပါဘူး။ လင်းဟန်က သူ့ကိုယ်သူ သေလူတစ်ယောက်လို့ ဘယ်တုန်းကမှ မတွေးထားပါဘူး။ ဒါကြောင့် သူ့ကိုယ်သူ တခြားလူ တစ်ယောက်အတွက်နဲ့ အပြစ်မကျူးလွန် နိုင်ပါဘူး။

"ထွက်သွားစမ်း"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

ဂမ်းဂမ်နဲ့ ကျန်းရှင်းတို့က ဖနောင့်နဲ့ တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွား ကြပါတယ်။ သူတို့က အားမနည်းပါဘူး။ ဒါပေမဲ့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ဘယ်သူကများ လင်းဟန်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။

"မင်းတို့ ပစ္စည်း မေ့သွားပြီ"

လင်းဟန်က ခြေထောက်မြှောက်ပြီးတော့ ခွေးအရေခွံကို ကန်ထုတ်ပေးလိုက်ပါတယ်။

ဂမ်းဂမ်က ခွေးအရေခွံကို ဖမ်းယူလိုက်ပေမဲ့
သူ့ရဲ့ထွက်ပြေးမှုကိုတော့ နည်းနည်းမှ မနှောင့်နှေးဝံ့ပါဘူး။
မကြာခင်မှာပဲ သူတို့နှစ်ယောက်ရဲ့ ပုံရိပ်က မြင်ကွင်းကနေ
ပျောက်ကွယ်သွားခဲ့ပါတယ်။

အားလုံးက ဒါကို မျက်မြင်ကြုံတွေ့ လိုက်ကြပြီး ဒီတစ်ကြိမ်တော့
လင်းဟန်က အင်အားသုံးပြီး လွတ်မြောက်သွားပေမဲ့
နောက်ထပ်လာမဲ့ ဘေးတွေအတွက် ဆိုရင်ရော။

သင်တန်းကျောင်းက အဆင့်မြင့်တဲ့ ကျောင်းသားတွေက အဆင့်နိမ့်
ကျောင်းသားတွေကို တိုက်ခိုက်တာမျိုးနဲ့ ပတ်သက်ပြီး
တားမြစ်ထားပါတယ်။ လင်းဟန်က စကြေဂဋ္ဌာ ဖျက်ဆီးခြင်း
အဆင့်မှာပဲ တစ်သက်လုံး နေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။
တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့်ကို တက်သွားတဲ့ အချိန်မှာ
တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အထွတ်အထိပ်က ကျင့်ကြံသူတွေ
အနေနဲ့ သူ့ကို အင်အားသုံးပြီးတော့ စိန်ခေါ်ကြပါလိမ့်မယ်။

မင်းက ကြယ်လေးပွင့် ပါရမီရှင် ဖြစ်နေရင်တောင်
သင်တန်းကျောင်းမှာ ကြယ်နှစ်ပွင့်နဲ့ ကြယ်သုံးပွင့်
ပါရမီရှင်တွေလည်း မရှားပါဘူး။ ပြီးတော့ သူတို့က မင်းကို

သေချင်စိတ် ပေါက်လာတဲ့အထိ ဆိုးဆိုးဝါးဝါး နာကျင်အောင် နှိပ်စက်ညှင်းပန်း နိုင်ကြပါတယ်။

နောက်ပြီးတော့ မင်းက သင်တန်းကျောင်းထဲမှာ ထာဝရ နေနိုင်မှာတဲ့လား။

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ လင်းဟန်ရဲ့ နေ့ရက်တွေက အကန့်အသတ် ရှိလာပါပြီ။

လျှိုကလန်စံအိမ်။

လျှိုဟုန်တောက်က လျှိုတကို ဆင့်ခေါ်ပြီးတော့ မေးလိုက်ပါတယ်။

"သွေးမျက်ရည် ကျောက်တုံးကို မင်းသန့်စင်ပြီးပြီလား"

"ဟုတ်ပါတယ် မျိုးနွယ်စုခေါင်းဆောင်"

လျှိုတက ယုံကြည်ချက်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူ့ရဲ့လက်ရှိတိုက်ပွဲ စွမ်းရည်က ကြယ်နှစ်ဆယ့်တစ်လုံးထိ မြင့်မားနေပြီး သူ့ကို ဂုဏ်ရှိစေပါတယ်။

"ဟိုအောက်တန်းစားကောင်ကတော့ ကျောက်လန်ရဲ့ ရန်သူတော် ဖြစ်နေပြီ။ ပြီးတော့ သူ့မှာ အသက်ရှည်ရှည်နေရမဲ့ ကံကြမ္မာ မရှိတော့ဘူး"

လျှိုဟုန်တောက်က ပြောလိုက်ပါတယ်။

"မင်းချက်ချင်းသွားပြီးတော့ အဲဒီအောက်တန်းစားကောင်ကို စိန်ခေါ်လိုက်။ အဲဒီလိုမှ မဟုတ်ပဲ သူက ကျောက်လန်ရဲ့ လက်ချက်နဲ့ သေသွားမယ်ဆိုရင် မင်းရဲ့ အရှက်ရမှုကို ဆေးကြောပစ်ဖို့ အခွင့်အရေး ရှိတော့မှာ မဟုတ်ဘူး။ တကယ်လို့ မင်းက ကျောက်လန်အတွက် အဲဒီ အောက်တန်းစားကောင်ကို သတ်ပစ်ပေးခဲ့ရင် ငါတို့က မဟာဗိုလ်ချုပ်ကျောက်လို သစ်ပင်ကြီး တစ်ပင်ရဲ့ အရိပ်အာဝါသအောက်မှာ ခိုလှုံခွင့်တောင် ရနိုင်လိမ့်မယ်"

"ဟုတ်ကဲ့ပါ မျိုးနွယ်စုခေါင်းဆောင်"

လျှိုတာက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက လင်းဟာန်ကို သတ်ပစ်ဖို့ မစောင့်နိုင်အောင် ဖြစ်နေပါတယ်။

Chapter 924 end

အပိုင်း(925) မျှော်လင့်မထားတဲ့ အကျိုးအမြတ်တစ်ခု

ကျောက်လန်က သူ့ရဲ့လက်ဆောင်ကို ပို့ပေးပြီး နောက်တစ်ရက်မြောက်မှာ လျှိုတာက တိုက်ပွဲနဲ့ ပတ်သက်ပြီး အကြောင်းကြား လာခဲ့ပါတယ်။ သူက လင်းဟာန်ကို သူသေကိုယ်သေ တိုက်ပွဲတစ်ခု ဆင်နွှဲဖို့ ဆန္ဒရှိနေပါတယ်။

ဒါက သာမန်လက်ရည်စမ်းပွဲတစ်ခု မဟုတ်ပဲ တစ်ယောက်ပဲ အသက်ရှင်ရမဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ တကယ်လို့ နှစ်ဖက်စလုံးက ကျင့်ကြံခြင်း အဆင့်တူမှာ ရှိတယ်ဆိုရင် ဥပမာ နှစ်ယောက်စလုံး တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့် ဒါမှမဟုတ် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိမယ်ဆိုရင် သူတို့က တစ်ယောက်နဲ့တစ်ယောက် လွတ်လွတ်လပ်လပ် လက်ရည်စမ်းခွင့် ရှိပါတယ်။ တစ်ဖက်က တိုက်ခိုက်ချင်နေသရွေ့ တစ်ဖက်လူက သဘောတူတူ မတူတူ မလိုပါဘူး။

ဒါပေမဲ့ ဒီလိုမျိုး လက်ရည်စမ်းတာက ထိခိုက်ဒဏ်ရာ ဒါမှမဟုတ် မသေပဲနဲ့ အဆုံးသတ်နိုင်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သင်တန်းကျောင်းက ပြစ်မှုကျူးလွန်သူကို တာဝန်ယူတဲ့ အနေနဲ့ လိုက်ဖမ်းရပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ မင်းက သူသေကိုယ်သေ တိုက်ပွဲတစ်ခု ဆင်နွှဲချင်တယ်ဆိုရင် တိုက်ပွဲအတွက် လူပုံအလယ်မှာ ချိန်းဆိုမှု တစ်ခုပြုလုပ်ဖို့ လိုအပ်ပြီး တိုက်ခိုက်မှု မစခင်မှာ တစ်ဖက်လူရဲ့ သဘောတူညီမှု ရရှိဖို့ လိုပါတယ်။ ဒီနည်းလမ်းနဲ့ ပြဿနာ

ဘယ်လောက်ပဲ ရှိရှိ ဘယ်ဘက်ကမှ ဖြစ်ပေါ်လာမဲ့ နောက်ဆက်တွဲ အကျိုးဆက်ကို ခံရလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီလောက်နှစ်တွေ အများကြီး ကြာတာတောင်မှ ဒီလိုမျိုး တိုက်ပွဲက အရမ်းကို သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။

သူသေကိုယ်သေ တိုက်ပွဲတစ်ပွဲ။

သင်တန်းကျောင်းထဲက အားလုံး အံ့အားသင့် ကုန်ပါတယ်။ လူအများကြီးက ကျွမ်းကျင်မှုလည်းမဟုတ် ကမ္ဘာငယ်လေး တစ်ခုကနေ လာတဲ့ ကျင့်ကြံသူ တစ်ယောက်ကို ကူညီတာမျိုး မရှိပေမဲ့ လင်းဟန်ကတော့ မတူပါဘူး။ သူက မိုးကောင်းကင်ကို ခွဲဖွင့်ပြီး ရောက်လာတဲ့ ဧကရာဇ် တစ်ပါးဖြစ်ပြီးတော့ ဆိုလိုတာက သူ့ရဲ့စွမ်းရည်က ကြယ်နှစ်ဆယ်လုံးထိ ရောက်နေပါတယ်။

နောက်ပြီးတော့ လျှိုတက သူကိုယ်တိုင်နဲ့ လင်းဟန်အကြားက စွမ်းအင်ကွာဟချက်နဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းတောင် သိနေသင့်ပါတယ်။ အရင်တုန်းက သူဟာ လင်းဟန်ဆီက ပါးရိုက်ချက် နှစ်ချက်ကို ခံခဲ့ရပြီး ဒီအတွက်နဲ့ ပတ်သက်ပြီး လုံးဝကို စွမ်းအားကင်းမဲ့သလို ဘာမှမလုပ် နိုင်ခဲ့ပါဘူး။ အခုတော့ သူက တကယ်ပဲ လင်းဟန်ကို သူသေကိုယ်သေ တိုက်ပွဲ တစ်ခု

စိန်ခေါ်လိုက်ပါသေးတယ်။ သူက ပြစားခံရတာလား ဒါမှမဟုတ် တစ်ခုခု ဖြစ်သွားတာပဲလား။

လျှိုတက သူ့ရဲ့ စွမ်းရည်တွေမှာ ကြီးကြီးမားမား တိုးတက်လာခဲ့ပြီး သူ့ကိုယ်သူ လင်းဟာန်ကို အနိုင်ယူနိုင်စွမ်း ရှိနေပြီးလို့ တွေးထင်နေတာကြောင့်များ ဖြစ်နေမလား။

အခု လျှိုတက လှုပ်ရှားလာခဲ့ပါပြီ။ လက်ခံမလား လက်မခံဘူးလား ဆိုတာက လင်းဟာန်နဲ့ပဲ သက်ဆိုင်ပါတော့တယ်။

လင်းဟာန်ရဲ့ တုံ့ပြန်မှုက အရမ်းကို ပြတ်သားပါတယ်။ သူ့ဘက်က အစစ်အမှန် မူလကျောက်တုံးကို ပေးမယ်ဆိုရင် သူက တိုက်ခိုက် ရပါလိမ့်မယ်။ သူ့ရဲ့ပုံရိပ်အတွက် ကျသင့်ငွေက အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးဖြစ်ပါတယ်။ တကယ်လို့ သူနိုင်ရင် နောက်ထပ် အစစ်အမှန် မူလကျောက်တုံး တစ်ရာထပ်ပေါင်းပြီး ပေးရပါမယ်။ တိုက်ပွဲက သဘောတူညီမှုကို လက်မှတ်ထိုးပြီးရင် တရားဝင်ပါလိမ့်မယ်။

လုံလောက်ပြီ။ ဒီကောင်က နည်းနည်းလေးမှတောင် မပြောင်းလဲဘူး။

လင်းဟန်ရဲ့ တုံ့ပြန်မှုကို သူတို့တွေ ကြားလိုက်ရတဲ့ အချိန်မှာ အားလုံးက ဆွံ့အသွားသလို ခံစားလိုက် ရပါတယ်။ သူက ကျောင်းလန်လိုမျိုး အစွမ်းထက်တဲ့ လူတစ်ယောက်နဲ့လည်း ရန်သူဖြစ်နေတာတောင် အကျိုးသက်ရောက်မှု မရှိသလိုမျိုးပါပဲ။ ဒီကောင်ရဲ့ ဦးနှောက်က ပုံမှန်မှ ဟုတ်ရဲ့လား။ သူက တကယ်ပဲ အရေခွံတော်တော်ထူတာလား။

ဒီတစ်ကြိမ် လျိုတာက အရမ်းကို လျင်မြန်စွာနဲ့ ပြန်ဖြေလိုက်ပြီး လင်းဟန်ရဲ့ တောင်းဆိုချက်ကို သဘောတူညီ လိုက်ပါတယ်။

နှစ်ဖက်စလုံးက နောက်သုံးရက် အကြာမှာ တိုက်ခိုက်ဖို့ သဘောတူညီ ခဲ့ကြပါတယ်။

လျိုတာက သူ့ရဲ့စွမ်းရည်တွေမှာ အကြီးအကျယ် တိုးတက်မှု ရှိလာမယ်ဆိုတာကို လင်းဟန်က သေချာနေပါတယ်။ အဲဒါကြောင့်ပဲ သူက သူနဲ့အတူ သူသေကိုယ်သေ တိုက်ပွဲကို ဆင်နွှဲချင်တာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဘာမှမတတ်နိုင်ပဲ အစစ်အမှန် မူလကျောက်တုံးနဲ့ သူ့ဘဝကို ဒီအတွက်ကြောင့် လက်လျှော့လိုက်မှာ မဟုတ်ပါဘူး။ ဒီလိုမျိုး စိတ်ထားကောင်းတဲ့ လူတစ်ယောက်က ကမ္ဘာကြီးထဲမှာ ရှိနိုင်မှာလဲ။

ဒါပေမဲ့ သူက မကြောက်ပါဘူး။ သူကိုယ်တိုင်က လွဲပြီးတော့ သူ့ရဲ့ လက်ရှိတိုက်ပွဲ စွမ်းရည်က ဘယ်အထိ ရောက်နေလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ခွန်အားက ကြယ်ဆယ့်ခုနစ်လုံးနဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့်ငါးလုံး။

စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ကြယ်နှစ်ဆယ်လုံးကနေ စပြီးတော့ ကြယ်တစ်လုံး ကွာဟချက်က ကမ္ဘာကြီး တစ်ခုလောက် ကွာခြားတယ်လို့ ဆိုလိုပါတယ်။ အဲဒါကြောင့်ပဲ တိုက်ပွဲစွမ်းရည်က တိုးတက်လာဖို့ မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲလာပါတယ်။ ဒါကြောင့်လည်း ကြယ်တစ်ပွင့် တိုးလာတိုင်း မယုံနိုင်စရာ နှိုင်းယှဉ်လို့ မရနိုင်တဲ့ ကွာဟချက် ဖြစ်လာခဲ့တာပါ။

လျှိုတက ဒီတိုတောင်းတဲ့ ရက်ပိုင်းလေး အတွင်းမှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ တိုးတက်စေရုံသာမက ကြယ်ငါးလုံးတောင် သာလွန်နိုင်လို့လား။

ဘယ်သူက အဲဒါကို ယုံကြည်နိုင်မှာလဲ။

လင်းဟန်ရဲ့ နေ့စဉ်ဘဂက ဘာမမပြောင်းလဲပါဘူး။ အရင်တုန်းကတော့ စာကြည့်တိုက်က ဆံပင်ဖြူ အကြီးအကဲ

အကြောင်းကို သိချင်စိတ်တွေ ပြင်းပြနေပြီး အနီးအနားကိုလည်း မေးမြန်းခဲ့ပေမဲ့ ဘယ်သူကမှ အဲဒီအဘိုးကြီး ရှရဲ့ မူလဇာစ်မြစ်ကို ရှင်းရှင်းလင်းလင်း မဖော်ပြ နိုင်ပါဘူး။ သူတို့သိတာ တစ်ခုက အဘိုးကြီးရှုက စာကြည့်တိုက်မှာ တာဝန်ထမ်းဆောင်နေတာ အရမ်းကို ကြာမြင့်လှပါပြီ။ သူတို့တွေ သူ့ကိုတွေ့လိုက်တဲ့ အချိန်တိုင်း မကြာခင်မှာ သေတော့မဲ့ ပုံစံမျိုးနဲ့ တူပါတယ်။ ဒါပေမဲ့ သူက မသေခဲ့ပါဘူး။ အဲဒါက မယုံနိုင်စရာ ကောင်းလှပါတယ်။

လင်းဟန်က စာကြည့်တိုက်ဆီကို ထွက်လာခဲ့ပါတယ်။ အဘိုးကြီးရှုကိုတော့ နောက်ဆုံးအကြိမ် တွေ့ခဲ့သလိုမျိုး အရင်နေရာမှာပဲ အိပ်ငိုက်နေတာကို တွေ့လိုက်ရပါတယ်။ သူက နှုတ်ဆက်လိုက်ပါတယ်။

"စီနီယာကို ဂါရဝ ပြုပါတယ်"

အဘိုးကြီးရှုက ခေါင်းမော့ပြီး သူ့ကိုတစ်ချက် ကြည့်လိုက်ပါတယ်။ ရုတ်တရက် ဆိုသလို သူ့အကြည့်တွေက ပူလောင်ပြီး တောက်ပလာခဲ့ပါတယ်။ ဒါပေမဲ့ အလျင်အမြန်ကို မှေးမှိန်သွားခဲ့ပါတယ်။ သူက ချောင်းတစ်ချက် ဟန့်ပြီးတော့ မေးလိုက်ပါတယ်။

"ကောင်လေး။ မင်း နည်းစနစ်ခြောက်ခုကနေ တစ်ခုကို ပေါင်းစည်းတဲ့ ပညာရပ်ကို ကျင့်ကြံအားထုတ် ပြီးပြီလား"

လင်းဟန်က အံ့အားသင့်သွားပြီးတော့ မထင်မှတ်ပဲ မေးလိုက်မိပါတယ်။

"စီနီယာက ဒီအကြောင်းကို ဘယ်လိုလုပ် သိတာလဲ"

"ဟားဟား တကယ်လို့ ဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းရဲ့ ခွန်အားက တစ်လဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ အများကြီး တိုးလာနိုင်မှာတဲ့လား"

အဘိုးကြီးရှုက မေးခွန်းပြန်ထုတ် လိုက်ပါတယ်။

အဘိုးကြီးက သူ့ခွန်အားကို အကြမ်းဖျင်း တွက်ဆနိုင်တယ်လား။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ဖြေလိုက်ပါတယ်။

"စီနီယာက တကယ့်ကို အမြင်စူးရှတာပဲ။ ဒီဂျူနီယာကတော့ အထင်ကြီး လေးစားမိပါတယ်"

အဘိုးကြီးရှုက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ဂျူနီယာလေး မင်းရဲ့ အခြေအနေက သိပ်ပြီးတော့ မထူးသေးဘူး"

လင်းဟန်က ပြုံးပြီးတော့ ဖြေလိုက်ပါတယ်။

"အဆင်ပြေပါတယ်။ ကျနော် ဆက်ပြီးတော့ ထိန်းနိုင်လောက်ပါတယ်"

အဘိုးကြီးရှက လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။ ခဏအကြာ သူက ပြောလိုက်ပါတယ်။

"ဒီအဘိုးကြီးမှာ အားမာန်သိပ်မပါတဲ့ နည်းစနစ် တစ်ခုရှိတယ်။ မင်းအဲဒါကို သင်ယူဖို့ စိတ်ဝင်စားရဲ့လား"

ဒီအဘိုးကြီးက သေချာပေါက် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက ဒီနည်းစနစ်ကို အားမာန်မပါဘူးလို့ ပြောပေမဲ့ သေချာပေါက် နိမ့်ချတဲ့ စကားလုံးတွေ ဖြစ်ပါလိမ့်မယ်။

လင်းဟန် အလျင်အမြန် ပြန်ဖြေလိုက်ပါတယ်။

"ကျေးဇူးပြုပြီးတော့ လမ်းညွှန်သင်ကြားပေးပါ စီနီယာ"

အဘိုးကြီးရှက သူ့မျက်လုံးတွေကို ပိတ်လိုက်ပြီး သူ့ပုံစံ ကြည့်ရတာ တစ်မှေးအိပ်နေပုံ ရပါတယ်။ လင်းဟန်က အဲဒီလို တွေးလိုက်တဲ့ အချိန်မှာ သူကတော့ တကယ့်ကို အိပ်မောကျသွား ခဲ့ပါတယ်။ ရုတ်တရက် သူ့ပါးစပ်ကို ဟပြီးတော့ ပြောလိုက်တယ်။

"ဒီလျှို့ဝှက်နည်းစနစ်ကို စိတ်ဝိညာဉ် နိမ်နင်းခြင်း ခုနစ်မျိုးလို့ ခေါ်တယ်။ အဲဒါက မင်းရဲ့ စိတ်ဝိညာဉ် ခွန်အားနဲ့ မင်းရဲ့ပြိုင်ဘက်ကို

တိုက်ခိုက်တဲ့ နေရာမှာ အသုံးပြုလို့ရတယ်။ အဲဒီပညာက သူတို့ကို ခဏတဖြုတ် မှင်တက်ငေးမောသွားစေနိုင်တယ်။ မင်းရဲ့စိတ်ဝိညာဉ် ပိုသန်မာလာပြီး မာကျောလာလေ ပိုပြီးတော့ တာရှည်ခံနိုင်တယ်။ ဒါကြောင့် မင်းရဲ့ ပြိုင်ဘက်ကို နှိမ်နင်းတဲ့ နေရာမှာ ပိုပြီးတော့ အကျိုးကျေးဇူး ကြီးကြီးမားမား ရလိမ့်မယ်”

ချက်ချင်းဆိုသလို လင်းဟန်က မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့်သွားပြီးတော့ ကျေနပ်ပျော်ရွှင် သွားခဲ့ပါတယ်။ သူ့ရဲ့စိတ်ဝိညာဉ်က အရမ်းကို သန်မာပါတယ်။ ဒါပေမဲ့ သူ့မှာ သူ့ရဲ့စိတ်ဝိညာဉ် ခွန်အားနဲ့ အသုံးပြုနိုင်တဲ့ နည်းစနစ်မျိုး မရှိပါဘူး။

ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ရဲ့ အာနိသင် အကျိုးသက်ရောက်မှုကြောင့် သူ့ရဲ့ စိတ်ဝိညာဉ် သန်မာမှုက တခြားစကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုး ကျင့်ကြံသူတွေထက် အရမ်းကို သာလွန်ပါတယ်။ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ဒုတိယ အလွှာကိုလည်း ကျင့်ကြံအားထုတ်ထားပါတယ်။ ဒါကြောင့် သူ့ရဲ့ စိတ်ဝိညာဉ်က တစ်ရက်ပြီး တစ်ရက် ပိုမိုခိုင်မာလာခဲ့ပါတယ်။

တကယ်လို့ သူက စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို သင်ယူလေ့လာခဲ့မယ်ဆိုရင် သူ့ပြိုင်ဘက်က ခုခံနိုင်စွမ်း မရှိတဲ့

အခြေအနေမှာဆိုရင် တောင်မြစ်အဆင့် ကျင့်ကြံသူကိုတောင် တိုက်ခိုက်နိုင်ဖို့က ဖြစ်နိုင်ပြီး ဒီအာနိသင်ကြောင့် မှင်တက်တွေဝေ ငေးမောသွားပါလိမ့်မယ်။

ဒါပေမဲ့ ဒီပညာရပ်ရဲ့ အကြီးမားဆုံး အာနိသင်က ဘာများဖြစ်မလဲ။

မျက်စိတစ်မှိတ်စာ တွေဝေငေးမောခြင်း။ အဲဒီအချိန်က ဘယ်လောက်ပဲ တိုတောင်းသည်ဖြစ်စေ ကိစ္စမရှိပါဘူး။ အသိစိတ် ဆုံးရှုံးသွားတဲ့ အခိုက်အတန့်မှာ သူက အဲဒီလူကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်နိုင်ပါလိမ့်မယ်။

အနက်ရောင် မျှော်စင်ထဲကို ရောက်တာနဲ့ သူက ဇာတ်ညွှန်းရေးတဲ့သူ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က အံ့အားသင့်ပြီးတော့ မပျော်ရွှင်ပဲ နေနိုင်မှာလဲ။

“ဒါပေမဲ့လည်း စီနီယာ ကျနော့်မှာ ဆရာတင်ဖို့ စိတ်ကူးမရှိပါဘူး”

လင်းဟန်က ပြောလိုက်ပါတယ်။

အဘိုးကြီးရှက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက အရေးမကြီးတဲ့ နည်းစနစ် တစ်ခုပဲလေ။ ဒီအဘိုးကြီးက မင်းကို သဘောကျလို့ ပေးတာပဲ ယူလိုက်ပါ။ ဒါကြောင့် မင်းက ဒီနည်းစနစ်ကို သင်လို့ရတယ်"

"ကျေးဇူးတင်ပါတယ် စီနီယာ"

လင်းဟန်က လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။ ခဏလောက် ရပ်ပြီးမှ သူက ဆက်ပြော လိုက်ပါတယ်။

"အနာဂတ်မှာ တကယ်လို့ ဒီဂျူနီယာရဲ့ အကူအညီ လိုအပ်လာရင် ဘာပဲဖြစ်ဖြစ် မငြင်းဆန်ပါဘူး"

အဘိုးကြီးရှုက ရယ်မောပြီးတော့ ခေါင်းညိတ်ကာ ပြောလိုက်ပါတယ်။

"ဒီအဘိုးကြီးကို မင်းကူညီပေးနိုင်တဲ့ အချိန်ကျရင် အဲဒီလို နေ့ရက်မျိုး ရောက်လာနိုင်ပါတယ်"

အကြောင်းပြချက် မရှိပဲ အမုန်းတရား မရှိသလို အကြောင်းပြချက် မရှိပဲ အချစ်ဆိုတာလည်း မရှိနိုင်ဘူးဆိုတာ လင်းဟန် နားလည်သဘောပေါက်ပါတယ်။ လင်းဟန်က သူ့ရဲ့ပါရမီကို နှစ်သက်သဘောကျရုံနဲ့ ဒီအဘိုးကြီးက သူ့ကို စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကို သင်ကြားပေးလိမ့်မယ်လို့

မယုံကြည်ပါဘူး။ တကယ်တော့ သူတို့တွေ့တာ နှစ်ကြိမ်ပဲ ရှိပါတယ်။

ဒါပေမဲ့ ဒီလျှို့ဝှက်နည်းစနစ်က သူနဲ့အရမ်းကို သင့်တော်ပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ ငြင်းဆန်ဖို့ စကားတွေ ပြောထွက်လာအောင် တွန်းအားမပေးနိုင်ပါဘူး။

"ဒီနားကို လာခဲ့"

အဘိုးကြီးရှကေ လင်းဟန်ကို ခေါင်းညိတ်ပြလိုက်ပါတယ်။

လင်းဟန်က အနားကို တိုးလာခဲ့ပါတယ်။ အဘိုးကြီးရှကေ လက်ညိုးတစ်ချောင်းကို ဆန့်ထုတ် လိုက်ပြီ။ သူ့လက်ချောင်းထိပ်ကနေ အဖြူရောင် အလင်းတန်းတစ်ခု တလက်လက် တောက်ပလို့ လာပြီး လင်းဟန်ရဲ့ နဖူးထဲကို စီးဝင်သွားခဲ့ပါတယ်။

ဒါက သေကွင်းသေကွက် နေရာတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ အဘိုးကြီးရှကေ သတ်ဖြတ်ချင်တယ်ဆိုရင် အသာလေး ဖိကပ်လိုက်ရုံနဲ့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်ပုန်းဖို့ အခွင့်အရေးတောင် မရပဲ သူ့ရဲ့ စိတ်ဝိညာဉ်က တန်းပြီးတော့ ပျက်စီးသွားပါလိမ့်မယ်။

လင်းဟန်က အဘိုးကြီးရှကို ယုံကြည်ဖို့ ရွေးချယ်ခဲ့ပါတယ်။
ဒါကြောင့် သူက တောင်တစ်လုံးလို ခိုင်ခိုင်မာမာနဲ့
ရပ်နေလိုက်ပါတယ်။

အဘိုးကြီးရှရဲ့ လက်ချောင်းက ဖိကပ်လာပြီး ချက်ချင်းဆိုသလို
လင်းဟန်ရဲ့ စိတ်ထဲမှာ မရေတွက်နိုင်တဲ့ သင်္ကေတတွေ
ဖြစ်ပေါ်လာခဲ့ပါတယ်။

သင်္ကေတတိုင်းက အဆုံးမရှိ ရှုပ်ထွေးနေပါတယ်။ ပြီးတော့ အဲဒါကို
စကားလုံးတွေနဲ့ ရှင်းပြလို့ မရသလို ဖော်ပြလို့လည်း မရပါဘူး။
အဲဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ တာအိုတစ်စိတ် တစ်ပိုင်းနဲ့
တူပြီး စည်းမျဉ်းဥပဒေ စွမ်းအားအမျိုးအစား တစ်မျိုးဖြစ်ပြီးတော့
နားလည်နိုင်ပေမဲ့ ဖော်ပြလို့ မရနိုင်ပါဘူး။

လင်းဟန်က မြေကြီးပေါ်ကို ထိုင်ချပြီးတော့
လေ့လာစူးစမ်းလိုက်မိပါတယ်။ အနည်းငယ်စီ တိုးတက်မှုတိုင်းက
သူ့ကို ထိန်းသိမ်းလို့ မရနိုင်အောင် ကျေနပ်ပီတိ ဖြစ်စေပါတယ်။
ဒါပေမဲ့ သူက အာရုံစိုက်နေချိန်မှာ သူ့ပခုံးကို
တစ်ချက်ပုတ်လိုက်သလို ခံစားလိုက်ရပြီး သူ့ရဲ့အာရုံစိုက်မှုကို
ပျက်စီးသွား စေခဲ့ပါတယ်။

လင်းဟန်က မျက်စိကို ဖျတ်ခနဲ ဖွင့်လိုက်တော့ အဘိုးကြီးရှက သူ့ကိုပြုံးပြီး ကြည့်နေတာကို တွေ့လိုက်ရပါတယ်။

"မင်းအာရုံဝင်စားနေတာ သုံးရက်တောင်ရှိပြီ။ ဒီနေ့ မင်းမှာ ချိန်းဆိုချက် တစ်ခု ရှိနေတယ် မဟုတ်လား"

လင်းဟန်က အံ့ဩမှင်တက် သွားခဲ့ပါတယ်။ သုံးရက်ဆိုတဲ့ အချိန်က အခုလိုမျိုး ကုန်လွန်သွား ခဲ့တာလား။ ဘာဖြစ်လို့ သူက မျက်စိတစ်မှိတ်စာ အချိန်ပဲ ကုန်လွန်သွားတယ်လို့ ခံစားနေရတာလဲ။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် စီနီယာ။ နောက်ရက်မှပဲ ကျနော် အလည်လာပါတော့မယ်"

"ကဲကဲ သွားတော့"

အဘိုးကြီးရှက လက်ကိုဝှေ့ယမ်းပြီးတော့ သူ့ကိုနှင်ထုတ် လိုက်ပါတယ်။

Chapter 925 end

အပိုင်း(926) လျှိုတ သန်မာလာပြီ

လင်းဟန်က လုံတစ်ထောင် တောင်ပေါ်ကို လျှောက်လာရင်းနဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို တွေးတောဆင်ခြင်နေဆဲ ဖြစ်ပါတယ်။ ဖြတ်ကျော်လာတဲ့ လုပ်ရှားမှုတိုင်းမှာ သူ့ရဲ့ နားလည်နိုင်စွမ်းက ပိုပြီးတော့ နက်ရှိုင်းလာသလို ခံစားရပြီး သူ့ကို အရမ်းပဲ ကျေနပ်ပီတိ ဖြစ်စေခဲ့ပါတယ်။ ဘာကိုမှ အရေးမစိုက်ပဲ ချက်ချင်းပဲ နောက်ပြန်လှည့်ပြီးတော့ ဒီလျှို့ဝှက်နည်းစနစ်ကို သေသေချာချာ လေ့ကျင့်ချင်စိတ်တွေ ပေါ်လာပါတယ်။

စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးက အပိုင်းနှစ်ခုရှိတဲ့ လျှို့ဝှက်နည်းစနစ်မျိုး ဖြစ်ပါတယ်။

အသေးစားအောင်မြင်မှုက စိတ်ဝိညာဉ်ကို ထိန်းချုပ်နှိမ်နင်းဖို့ ဖြစ်ပြီးတော့ နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ သူ့ရဲ့ပြိုင်ဘက်ကို တိုက်ခိုက်နိုင်ပြီး ပြိုင်ဘက်ဖြစ်သူကို ယာယီအားဖြင့် သူ့ရဲ့ အာရုံတွေ တွေဝေသွားအောင် လုပ်နိုင်ပါတယ်။ တိုက်ပွဲအလွယ်မှာ ဒီလိုမျိုးအစွမ်းက တကယ့်ကို အသုံးဝင်ပါတယ်။

ဥပမာ နှစ်ဖက်စလုံးက စွမ်းအင်ခြင်း ညီမျှနေတဲ့ အခြေအနေ တစ်ခုမှာဆိုရင် ဒါမှမဟုတ် သူ့ရဲ့ စွမ်းရည်တွေက အနည်းငယ် နိမ့်ကျနေတဲ့ အချိန်မျိုးမှာတောင် သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း

ခုနစ်မျိုးရဲ့ တိုက်ခိုက်မှု တစ်ခုက ပြိုင်ဘက်ဖြစ်သူကို ခဏတဖြုတ် တွေဝေသွားစေနိုင်ပါတယ်။ နောက်ကနေ လိုက်လာတဲ့ ဓားချက်က နိုင်ပွဲကို ဆုံးဖြတ်ပေးနိုင် ပါလိမ့်မယ်။

ဒါပေမဲ့လည်း စွမ်းအားကွာဟချက် အရမ်းကို ကြီးမားနေရင် သူ့ရဲ့ဓားကိုတောင် အသုံးမပြုနိုင်ပဲ သူ့ပြိုင်ဘက်ဖြစ်သူက သူ့အသိစိတ်တွေ ပြန်ဝင်လာပါလိမ့်မယ်။

ဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ ဒါက သိုင်းပညာရပ် နည်းစနစ် တစ်ခုပဲ ဖြစ်ပြီးတော့ သဘာဝကို ဆန့်ကျင်နိုင်တဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအင်တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် ကျင့်ကြံခြင်း အဆင့်ကြားက ကွာဟချက်ကို လုံးဝလျစ်လျူရှုနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း အဓိက အောင်မြင်မှု ရရှိပြီးတဲ့ နောက်မှာတော့ သူက စိတ်ဝိညာဉ်ကို တန်းပြီးတော့ သတ်ဖြတ်ပြီး ဖျက်ဆီးပစ်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ပညာရပ်ကို စုစုပေါင်း အဆင့်ခုနစ်ဆင့် ခွဲခြားထားပါတယ်။ ပြီးတော့ အဆင့်တိုင်းက ပိုပိုပြီးတော့ အစွမ်းထက် လာခဲ့ပါတယ်။ ပြီးတော့ ဒီပညာရပ်က သူ့ရဲ့ကိုယ်ပိုင် စိတ်ဝိညာဉ်ရဲ့ ခွန်အားအပေါ်မှာ အရမ်းကို မြင့်မားတဲ့ တောင်းဆိုမှုလည်း ရှိပါတယ်။ တကယ်လို့ သူ့ရဲ့ကိုယ်ပိုင်

စိတ်ဝိညာဉ်ကို မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာမြဲမြံမှု မရှိပဲနဲ့ ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေကို သတ်ဖြတ်ဖို့ ဓားသွားတစ်ခု ဖြစ်လာနိုင်မှာလဲ။

သိုင်းပညာ နလုံးသားကို ကျင့်ကြံအားထုတ်ပြီးတဲ့ နောက်မှာတော့ သူ့ပြိုင်ဘက်ရဲ့ စိတ်ဝိညာဉ်ကို တန်းပြီးတော့ ဒဏ်ရာရစေတဲ့ စွမ်းရည်ပိုင်ဆိုင်လာပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါက မကောင်းဆိုးဝါး အရာတွေကို ရင်ဆိုင်တဲ့ အခါမှာ ပိုပြီးတော့ အကျိုးသက်ရောက်မှု ရှိပါတယ်။ အလောင်းကောင် စစ်သားလိုမျိုး ဖြစ်ပါတယ်။ သာမန်သက်ရှိတွေကို ရင်ဆိုင်တဲ့ အခါမှာ သိုင်းပညာ နလုံးသားက ထိခိုက်ဒဏ်ရာ ဖြစ်စေတဲ့ အချိန်မှာ အရမ်းကို ထူးခြားတဲ့ အကျိုးသက်ရောက်မှုမျိုး မရှိပါဘူး။ ပြီးတော့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေ အပေါ်မှာ ထိန်းချုပ်တာနဲ့ ပတ်သက်ပြီး ဘာမှထပ် မပိုလာနိုင်ပါဘူး။

ဒီလျှို့ဝှက်နည်းစနစ်က သိုင်းပညာ နလုံးသားကို ဆင့်ကဲတိုးတက်မှု ဖြစ်ပြီး စိတ်ဝိညာဉ် အသုံးပြုမှုကို ပိုပြီးတော့ တိုးတက်လာစေပါတယ်။

လင်းဟာန်က လမ်းလျှောက်လာရင်းနဲ့ ဆက်ပြီးတော့ စဉ်းစားနေပါတယ်။ မကြာခင်မှာပဲ သူက လုံတစ်ထောင် တောင်ခြေကို ရောက်လာခဲ့ပါတယ်။

ဒါက သင်တန်းကျောင်းထဲက တောင်သုံးလုံးရှိတဲ့အထဲမှ တောင်တစ်လုံး ဖြစ်ပါတယ်။ တောင်ရဲ့ တစ်ဖက်မှာ ကြီးမားတဲ့ ကွင်းပြင်တစ်ခု ရှိပါတယ်။ အဲဒီနေရာမှာ လက်ရည်စမ်းပွဲတွေ ကျင်းပတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ကြမ်းခင်းတဲ့ အုတ်ကြွပ်ပြား အားလုံးက တောင့်တင်းခိုင်မာပြီး တောင်မြစ်အဆင့် ပြီးပြည့်စုံတဲ့ ကျင့်ကြံသူတွေတောင်မှ ထိခိုက်ပျက်စီးအောင်လုပ်ဖို့ အရမ်းကို ခက်ခဲပါတယ်။

တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တိုက်ပွဲတစ်ပွဲပြီးတိုင်း ပြင်ဆင်နေရပါလိမ့်မယ်။ အဲဒါက အရမ်းကို ပြဿနာ ရှိတယ် မဟုတ်လား။

"လင်းဟာန် လာပြီဟေ့"

လင်းဟာန်က တောင်ခြေကနေ လမ်းလျှောက်ပြီး တက်လာတာကို တွေ့လိုက်ရတဲ့ အခါမှာ အားလုံးက စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်လိုက် ကြပါတယ်။

သင်တန်းကျောင်းရဲ့ သမိုင်းထဲမှာတောင် သူသေကိုယ်သေ တိုက်ပွဲတစ်ခုက အရမ်းကို ရှားပါးလွန်း ပါတယ်။ ပြီးတော့ ဒီနေရာမှာရှိတဲ့ ကျောင်းသားအားလုံးက ငယ်ရွယ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်သူတို့ ကျင့်ကြံခြင်းထဲမှာ အမြဲတမ်း နှစ်မြှုပ်နေပြီး တချို့ဆိုရင် အစစ်အမှန် တိုက်ပွဲတစ်ခုကိုတောင် အတွေ့အကြုံ မရှိကြပါဘူး။ ဒါကြောင့် သူတို့က သွေးတွေ ဖုံးလွှမ်းနေတဲ့ သေခြင်းတရားကို ကြည့်ဖို့အတွက် ဖော်ပြလို့ မရနိုင်အောင် စိတ်လှုပ်ရှားလို့ နေကြပါတယ်။

သိုင်းပညာ လမ်းကြောင်းက အမြဲတမ်းလိုလို သတ်ဖြတ်မှုတွေ သွေးတွေနဲ့ ပြည့်နှက်နေတဲ့ အရာဖြစ်ပြီး လူတစ်ယောက်က အမြဲတမ်း ကာကွယ်ရေး နယ်မြေထဲမှာ နေဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။

ပရိသတ် အားလုံးက လင်းဟန်ကို ကြည့်လိုက်ကြပါတယ်။ ဒီကောင်က သေချာပေါက် ဒဏ္ဍာရီ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ သူက သင်တန်းကျောင်းကို လွန်ခဲ့တဲ့ တစ်လလောက်က ဝင်ခဲ့တယ် ဆိုပေမဲ့ သူနဲ့ပတ်သက်တဲ့ သတင်းတွေက ဘယ်လောက်တောင် များပြားလိုက်သလဲ။

မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ ကေရာဇ်တစ်ပါး။

သူက လျှိုတကို ပါးရိုက်ပြီးတော့ လျှိုကလန်ကို ငွေညှစ်ခဲ့ပါတယ်။

သူက သင်တန်းကျောင်းရဲ့ နတ်ဘုရားမ စွေ့ရန်ယွီကို ဖြတ်လုခဲ့ပြီး ဒီကိစ္စကြောင့် လူတွေ တော်တော်များများရဲ့ မနာလို ဂန်တိုမှုနဲ့ အမုန်းတရားကို ဆွဲဆောင်ခဲ့ပြီး ကျောင်းလန်ကိုတောင် ရန်စခဲ့ကာ သူ့ကို သေမင်းက သတိပြုမိသွားစေခဲ့ပါတယ်။

ဘယ်ကျောင်းသားသစ်က ဒီလိုမျိုး ထူးခြားဆန်းပြားတဲ့ ကိစ္စတွေ အများကြီးကို အောင်မြင်အောင် လုပ်နိုင်လို့လဲ။

"သူက မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ ကေရာဇ် တစ်ယောက်ဆိုတော့ သူ့တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြယ်နှစ်ဆယ်လုံးမှာ ရှိလိမ့်မယ်"

သစ်ပင်ကြီး တစ်ပင်ပေါ်မှာ အဝါရောင် ဂတ်စုံနဲ့ လူငယ်တစ်ယောက်က မတ်တတ်ရပ်နေပြီး သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ သူ့မျက်နှာပေါ်မှာ အရမ်းကို ဂုဏ်ယူဂင့်ကြွားတဲ့ အမူအရာတစ်ခု ရှိနေပါတယ်။

"အစ်ကိုကြီးရီ မင်းကဘာများ ကြောက်နေဖို့ လိုမှာလဲ။ မင်းက ငါတို့အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲမှာ

အကြီးကျယ်ဆုံး လက်ရွေးစင် တစ်ယောက်ပဲလေ။ မင်းက လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ အောင်မြင်ခဲ့ပြီးပြီ မဟုတ်လား”

သူ့ဘေးမှာ နောက်ထပ် လူငယ်တစ်ယောက် မတ်တတ်ရပ်နေပြီး အဲဒီလူငယ်က ခေါင်းအစ ခြေအဆုံး အစိမ်းရောင် ဂတ်စုံကို ဂတ်ဆင်ထားပါတယ်။ ပြီးတော့ သူ့ခေါင်းပေါ်မှာ အစိမ်းရောင် ခေါင်းဆောင်းတစ်ခုကို ဂတ်ဆင်ထားပါတယ်။ သူ့ပါးစပ် နှစ်ဖက်မှာ မုတ်ဆိတ်မွေး အနည်းငယ် ရှိပြီးတော့ သူ့ကိုကြည့်ရတာ အတော်လေး ရယ်စရာ ကောင်းနေပါတယ်။

အဝါရောင် ဂတ်စုံနဲ့ လူငယ်က ဘဂင်မြင့်ပြီးတော့ ဂုဏ်ယူနေတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

“ကျွမ်းရန် မင်းက အမြဲတမ်း ကျင့်ကြံခြင်းကို အာရုံစိုက်ဖို့ ဆန္ဒတော့ မရှိဘူး။ တကယ်လို့ မင်းသာ ကျင့်ကြံခြင်းကို အာရုံစိုက်မယ်ဆိုရင် မင်းရဲ့လက်ရှိ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်နေလိမ့်မယ်။ ဘယ်လိုလုပ်ပြီးတော့ မင်းက ကြယ်ဆယ့်ကိုးလုံး အဆင့်မှာ နေနေသေးတာလဲ။ နောက်ထပ် ထပ်ပြီးတော့ မတိုးတက်နိုင်တော့ဘူးလား”

"ဟဲဟဲ မင်းက ငါ့အကြောင်းလည်း သိသားနဲ့။ ငါက ပန်းပွင့်လေးတွေ ကြားထဲမှာ ပျော်မြူးရတာကို ပိုကြိုက်တယ်လေ"

အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ပြောလိုက်ပါတယ်။

အဝါရောင် ဂုတ်စုံနဲ့ လူငယ်ကို ရီကျန်းယွမ်လို့ ခေါ်ပြီးတော့ သူက အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲမှာ အကြီးကျယ် အမြင့်မြတ်ဆုံး လက်ရွေးစင် ဖြစ်ပါတယ်။ အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်ကတော့ မိုကျွမ်းရန်လို့ ခေါ်ပြီးတော့ ရီကျန်းယွမ်ရဲ့ သူငယ်ချင်းကောင်း တစ်ယောက် ဖြစ်ပါတယ်။ သူတို့ကလန်ရဲ့ အကြီးအကဲတွေ အချင်းချင်းကလည်း ကောင်းမွန်တဲ့ ဆက်ဆံရေးတွေ ရှိပါတယ်။ ဒါကြောင့် သူတို့တွေက ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်တွေ ဖြစ်ပြီးတော့ တပူးပူး တတွဲတွဲ ရှိနေတတ် ကြပါတယ်။

"အစ်ကိုကြီးရီ မင်းက တောင်မြစ်အဆင့်ကို အဆင့်တက်ဖို့ နှောင့်နှေးနေတယ်။ မင်းက နှစ်ပေါင်း တစ်ရာအတွင်းမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံခြင်းကို ပြီးပြည့်စုံဖို့ စဉ်းစားသင့်တယ်။ အခုဆို မင်းရဲ့တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ရှိနေပြီလဲ။ ကြယ်နှစ်ဆယ့်တစ်လုံးလား"

မိုကျွမ်းရန်က ခန့်မှန်းကြည့်လိုက်ပါတယ်။

ရီကျန်းယွမ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ အဲဒီလင်းဟာန်က အရမ်းကို အစွမ်းထက်တယ်ဆိုရင် ငါကိုယ်တိုင် လုပ်ရှားတာကို မင်းမြင်တွေ့ဖို့ အခွင့်အရေး တစ်ခု ရှိလာလိမ့်မယ်"

"အစ်ကိုကြီးရီက တကယ်ပဲ ကမ္ဘာငယ်လေး တစ်ခုကနေ လာတဲ့ အဲဒီလူကို စိန်ခေါ်ချင်နေတာလား"

မိုကျွမ်းရန်ကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါ်နေပါတယ်။

"ငါမလုပ်ရှားခဲ့တာ နှစ်ပေါင်းဘယ်လောက်တောင် ကြာနေပြီလဲ။ ငါ့ကို မေ့ကုန်မှာကို ကြောက်တောင် ကြောက်နေမိတယ်"

ရီကျန်းယွမ်ရဲ့ မျက်လုံးတွေက လင်းဟာန်ရဲ့ နောက်ကျောကို ကြည့်လိုက်ပါတယ်။ လျှိုတလည်း ရောက်လာပါပြီ။ သူ့က မထင်မှတ်ပဲ လှည့်ကြည့်လိုက်မိပြီး အလေးအနက်ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ဒီလျှိုတက မရိုးရှင်းဘူးပဲ။ သူ့ရဲ့စွမ်းရည်မှာ အကြီးအကျယ် တိုးတက်ခဲ့ပုံပေါ်တယ်။ သူက ကြယ်နှစ်ဆယ်လုံးရဲ့ အမြင့်ဆုံး အကန့်အသတ်ကို ချိုးဖျက်သွားပြီပဲ"

"ဘာ"

မိုကျွမ်းရန်က အံ့အားသင့် သွားခဲ့ပါတယ်။ လူအများစုရဲ့ မျက်လုံးထဲမှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အမြင့်ဆုံး အကန့်အသတ်က တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ဖြစ်ပါတယ်။ သူက ရီကျန်းယွမ်အနေနဲ့ ကြယ်နှစ်ဆယ်လုံးကို ချိုးဖျက်ဝင်ရောက်သွားတာကို လက်ခံနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့သူငယ်ချင်းနဲ့ သူက အရမ်းကို ရင်းနှီးနေတာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ နောက်ထပ် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးအထက် လူတစ်ယောက် ရှိနေပါတယ်။ ဒါကြောင့် သူက နိုင်းယှဉ်မကြည့်ပဲနဲ့ အံ့အားသင့်သွားမိခဲ့ပါတယ်။

"သူက ရတနာ ပစ္စည်းတမျိုးမျိုးကို သန့်စင်ခဲ့တာ ဖြစ်လိမ့်မယ်။ သူကိုယ်တိုင်တော့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိလိမ့်မှာ မဟုတ်ဘူး။ နတ်ဘုရား ပစ္စည်းတချို့ကပဲ သူ့ကို စွမ်းအားတွေ ထပ်တိုးအောင် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပြီး တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ တိုးပေးနိုင်ခဲ့တာ ဖြစ်မယ်"

ရီကျန်းယွမ်က ကောက်ချက်ချကြည့် လိုက်ပါတယ်။

သူ့မျက်လုံးတွေက တကယ်ပဲ အမြင်စူးရှပါတယ်။ လျှိုတရဲ့ အခြေအနေက တကယ်ပဲ သူပြောသလိုပါပဲ။ သွေးမျက်ရည်ကျောက်တုံးက လျှိုတရဲ့ ကိုယ်ပိုင်စွမ်းရည်ကို မြှင့်တင်ပေးခဲ့တဲ့ အပြင် ဘယ်အချိန်မှာပဲဖြစ်ဖြစ် သူထုတ်ဖော်တဲ့ တိုက်ခိုက်မှုကိုလည်း မြှင့်တင်ပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံး အာနိသင်ကတော့ တူညီနေပါလိမ့်မယ်။

"ငါ့လက်တွေ ယားနေပြီ"

ရီကျန်းယွမ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူက လှံ့ားခနဲ ခုန်ဆင်းပြီးတော့ အနည်းငယ် ခုန်လိုက်ပြီး လျှိုတရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။ ရုတ်တရက် လက်သီးတစ်လုံး ထိုးလိုက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"လျှိုတ ငါနဲ့ နည်းနည်းလောက် အကွက်စမ်းကြည့်ရအောင်"

သင်တန်းကျောင်းမှာ ကျင့်ကြံခြင်းအဆင့် တူညီနေသရွေ့ အချိန်မရွေး လက်ရည်စမ်းလို့ ရပါတယ်။ ထိခိုက်ဒဏ်ရာ ဒါမှမဟုတ် မသေဆုံးသရွေ့တော့ အားလုံးအဆင်ပြေပါတယ်။

ရီကျန်းယွမ်က ဒီလိုအချိန်မှာ တကယ်ပဲ လုပ်ရှားလာလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။

လျှိုတက ဟင့်ခနဲ တစ်ချက်အသံထွက် လိုက်ပါတယ်။ သူက လင်းဟန်ကို အနိုင်ယူဖို့ မစောင့်နိုင်အောင် ဖြစ်နေပါပြီ။ ပြီးတော့ သူ့ကိုအသက် မျဉ်းမျဉ်းလေး ကျန်တဲ့အထိ ရိုက်နှက်ပစ်ချင်ပါတယ်။ အားလုံးရဲ့မျက်လုံးတွေ အရှေ့မှာ သူ့ကိုအရှက်ခွဲပြီးတော့မှ သူ့ဘဂကို အဆုံးသတ်ပေးဖို့ ရွေးချယ်ရပါလိမ့်မယ်။

အခုလိုမျိုး ရီကျန်းယွမ်ဆီက နှောင့်ယှက်မှုကြောင့် သူက ရီကျန်းယွမ်ဆီကို လက်ဝါးရိုက်ချက် တစ်ချက် ထုတ်လိုက်ပါတယ်။

ဟူး။

သူ့လက်ဝါးကို ထုတ်ဖော်လိုက်တာနဲ့ လေတိုးသံတွေ ကြားလိုက်ရပါတယ်။ သူ့လက်ဝါးကို ရိုက်ထုတ်လိုက်တဲ့ အခါမှာ အစွမ်းထက်တဲ့ သက်ရှိပုံရိပ်တစ်ခု တကယ်ပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကြည့်ရတာ ငှက်တစ်ကောင်နဲ့ တူပြီးတော့ မီးတောက်တွေလို နီရဲပါတယ်။ သူ့မှာ ခြေထောက် ခြောက်ချောင်းနဲ့ အတောင်ပံလေးခု ပါရှိပေမဲ့ မျက်လုံး နှာခေါင်းနဲ့ ပါးစပ်တွေ မပါပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အတောင်ပံ တစ်စုံက ခေါင်းကနေ ထွက်ပေါ်နေတာကြောင့် ဖြစ်ပါတယ်။

ဒါက လုံးဝကို မယုံနိုင်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီမွန်းစတားငှက်က နည်းနည်းလေးမှ ရယ်စရာ မကောင်းပါဘူး။ သူ့မှာ အဆုံးမရှိတဲ့ နတ်ဘုရား စွမ်းအားတွေ ပိုင်ဆိုင်ထားပါတယ်။

"အင်ပါရီယန်မြစ်"

တစ်စုံတစ်ယောက်က တုန်လှုပ်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ဒါက နတ်ဘုရား သားရဲဖြစ်တဲ့ အင်ပါရီယန်မြစ် ဖြစ်ပါတယ်။

တန်ခိုးရှင် ဘုံထဲမှာ နတ်ဘုရား သားရဲတွေက တောင်မြစ်အဆင့်ကို အဆင့်မတက်နိုင်ဘူးလို့ ပြောဆိုကြပေမဲ့ အဲဒီထဲက တချို့က မူလဇာစ်မြစ် အဆင့်ထိတောင် အံ့သြဖွယ်ရာ ရောက်ရှိ နိုင်ပါတယ်။

တိုက်ခိုက်မှု တစ်ခုနဲ့တင် နတ်ဘုရား သားရဲတစ်ကောင်ရဲ့ ပုံရိပ်က တကယ်ပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက ဘယ်လိုမျိုး ကြီးလဲ။

ရီကျန်းယွမ်က မကြောက်ပါဘူး။ အဲဒီအစား သူက အရမ်းကို ကျေနပ်သွားခဲ့ပြီး ကျယ်လောင်စွာနဲ့ ရယ်မောကာ ပြောလိုက်ပါတယ်။

"မင်းက သွေးမျက်ရည် ကျောက်တုံးကို သန့်စင်ခဲ့တယ် မဟုတ်လား။ အဲဒါကြောင့် မင်းရဲ့ တိုက်ခိုက်မှုမှာ နတ်ဘုရားသွေးပိုင်ရှင်ရဲ့ ပုံရိပ်ဖြစ်ပေါ်လာတာပဲ။ ဒါပေမဲ့လည်း ဒါက

အဆုံးမဲ့ ပုံရိပ်တစ်ခု သက်သက်ပဲ။ တကယ်လို့ မင်းငါ့ကို ထိန်းချုပ်ချင်တယ်ဆိုရင် ဒီလောက်နဲ့ မလုံလောက်သေးဘူး”

သူက ကျယ်လောင်စွာ တစ်ချက် အော်လိုက်ပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ရွှေရောင် အလင်းတွေ တောက်ပလာခဲ့ပါတယ်။ သူ့ပုံရိပ်က တကယ်ပဲ ရုတ်တရက် မြင့်မားလာပြီး သုံးပေလောက် ထပ်မြင့်လာပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ထူးခြားဆန်းကြယ်လို့ နေပါတယ်။

ဟုန်း။

သူ့လက်သီး နှစ်ဖက်စလုံးကို ဝှေ့ယမ်းပြီးတော့ လျှိုတဆီကို ထိုးလွှတ်လိုက်ပါတယ်။

Chapter 926 end

အပိုင်း(927) ရိုက်ချက်တစ်ချက်နဲ့ သေတဲ့အထိ

ဘယ်သူက ထင်မိမှာလဲ။ အဓိက ဇာတ်ဆောင်နှစ်ယောက်က မတိုက်ရသေးပဲ နောက်ထပ် လူတစ်ယောက်က ဘွားခနဲ ပေါ်လာပြီးတော့ ပြဿနာ တစ်ခု ဖြစ်လိမ့်မယ် ဆိုတာကိုပေါ့။

ဟုမ်း

လျှိုတန့် ရီကျန်းယွမ်တို့က တိုက်ကွက်ချင်း ဖလှယ်လိုက်ပြီး သူတို့နှစ်ယောက် အကြားမှာ တောက်ပတဲ့ အလင်းတန်းကြီးတစ်ခု ထွက်ပေါ်လာပြီး စကြဝဠာထဲ ကြီးမားတဲ့ ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်လာသလိုမျိုးနဲ့ တူပြီးတော့ ဟာရီကိန်း မုန်တိုင်းတစ်ခု မြင့်တက်လာပြီး နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။

ဒါက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး အထက်ရှိ တိုက်ပွဲတစ်ခု ဖြစ်ပြီးတော့ တန်ခိုးရှင်ဘုံထဲမှာတောင် လိုင်းအနည်းငယ် ဖြစ်စေခဲ့ပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်။

တိုက်ခိုက်သူ နှစ်ယောက်စလုံး အနောက်ကို ဆုတ်လိုက်ရပါတယ်။ သိပ်မများသလို သိပ်မနည်းပါဘူး။ တိတိကျကျ ပြောရရင် တစ်ယောက်ကို ခြေဆယ့်တစ်လှမ်းစီ ဖြစ်ပါတယ်။

ဒီတိုက်ခိုက်မှုနဲ့အတူ သူတို့နှစ်ယောက်စလုံး တူညီတဲ့ ရလဒ်တွေ ထွက်ပေါ်လာခဲ့ပါတယ်။

"ဘာလဲဟ။ လျှိုတက တကယ်ပဲ အရမ်းကို အစွမ်းထက်လာပါ့လား"

"ဒါက အရှေ့ပိုင်း အဖွဲ့အစည်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ထိပ်တန်းလက်ရွေးစင် ရီကျန်းယွမ်လေ"

"သူက လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးကို ရောက်ခဲ့ပြီးပြီလို့ ငါကြားဖူးတယ်။ ဒါပေမဲ့ တောင်မြစ်အဆင့်ကို အဆင့်မတက်သေးဘူး။ ကြည့်ရတာ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထဲမှာ ပိုပြီးတော့ ဝေးဝေးကိုတောင် လျှောက်ချင်နေပုံ ရတယ်"

"သူ့လက်ရှိ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ကျော်နေမှာတော့ အမှန်ပဲ"

အားလုံးက အံ့အားသင့်စွာနဲ့ ပြောဆိုနေကြပါတယ်။ ရီကျန်းယွမ်ရဲ့ စွမ်းအားက သူတို့ခန့်မှန်း ထားတဲ့အတိုင်း ဖြစ်ပါတယ်။ တကယ်တော့ သူဟာ အရှေ့ပိုင်း အဖွဲ့အစည်းထဲက ထိပ်တန်းအဆင့် စကြဝဠာ ဖျက်ဆီးခြင်း လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်တုန်းက အခုလျှိုတလိုမျိုး အင်ပါယာ မြို့တော်ထဲက လူငယ်မျိုးဆက်ထဲမှာ ထိပ်တန်းအဆင့် လက်ရွေးစင် တစ်ယောက်လည်း ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ သူက နှစ်ပေါင်းလေးဆယ်လောက် ပိုပြီးတော့ ကျင့်ကြံထားခဲ့တာပေမဲ့ လျှိုတကို တကယ်ပဲ ဖိနှိပ်နိုင်စွမ်း မရှိဘူးလား။

အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လျှိုတာက လင်းဟန်ကို သူသေကိုယ်သေ တစ်ဦးချင်း တိုက်ပွဲတစ်ခု စိန်ခေါ်ရဲတာက အံ့ဩစရာ မရှိတော့ပါဘူး။ သူ့ရဲ့စွမ်းရည်တွေက တကယ့်ကို အဆတော်တော်များများ တိုးလာခဲ့ပါတယ်။ မဟုတ်ဘူး ရက်အနည်းငယ်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ အဆပေါင်း တစ်ဒါဇင်လောက်တောင် တိုးလာခဲ့တာပဲ။

"ဟားဟားဟား လုံလောက်ပါပြီ။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့် တစ်လုံးပဲ"

ရီကျန်းယွမ်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူက ချက်ချင်းပဲ လျှိုတာဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

ထန် ထန်။

သူတို့နှစ်ယောက်က နောက်ထပ်တိုက်ကွက် နှစ်ကွက်ဖလှယ်လိုက်ပေမဲ့ အနိုင်ရသူကို မဆုံးဖြတ်နိုင်ပဲ ရှိနေပါသေးတယ်။

"လုံလောက်ပြီလား"

လျှိုတာက အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ သူ့ပစ်မှတ်က လင်းဟန် ဖြစ်ပါတယ်။

"အခုမှ သုံးကွက်ပဲ ရှိသေးတယ် မဟုတ်လား"

ရီကျန်းယွမ်က အားမလို အားမရနဲ့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ဒါဆိုရင် မင်းတိုက်ခိုက်ပြီးတဲ့ အချိန်ကျမှပဲ
ငါတို့တွေ လက်ရည်တစ်ပွဲလောက် ထပ်စမ်းနိုင်တာပဲ"

သူက တစ်ဆို့မှ တစ်ခုကို ရောက်ရှိနေမှန်း အာရုံခံမိပါတယ်။
စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ သူနဲ့ယှဉ်ပြိုင်နိုင်သူ
မတွေ့ခဲ့မိပါဘူး။ ပြီးတော့ သူကလည်း နောက်ထပ်
အဆင့်ထပ်တက်နိုင်စွမ်း မရှိပါဘူး။

ဟုတ်ပါတယ်။ လျှိုတက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်
တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံးကို တကယ်ပဲ
ရောက်ရှိနေပြီး အဲဒါက သူ့ကို အတော်လေး မျှော်လင့်ချက် တစ်ခု
ဖြစ်စေပါတယ်။ တကယ်လို့ လျှိုတနဲ့ သူက ရေကုန်ရေခန်း
တိုက်ခိုက်ခွင့်ရမယ်ဆိုရင် သူ့ရဲ့တစ်ဆို့နေမှုကနေ ချိုးဖျက်ကောင်း
ချိုးဖျက်နိုင်ပါလိမ့်မယ်။

လျှိုတရဲ့ စိတ်ထဲမှာ အရမ်းကို မကျေမနပ် ဖြစ်သလို ခံစားနေရပေမဲ့
ရီကျန်းယွမ်က သူ့အတွက် အနီးကပ် ပြိုင်ဘက်
တစ်ယောက်ဆိုတာကို သူလည်း နားလည်သဘောပေါက်

ထားပါတယ်။ သူတို့နှစ်ယောက်က အနိုင်ရရှိသူ ထွက်ပေါ်မလာခင် ရက်အနည်းငယ်လောက် နေ့ရောညပါ တိုက်ခိုက်ရဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။ ပြီးတော့ အခုချိန်က အချိန်ဖြုန်းတီးတာ သက်သက်ပဲ မဟုတ်လား။ သူက လင်းဟာန်ကို အနိုင်ယူပြီးတော့ သတ်ပစ်ဖို့ကို စိတ်မရှည်နိုင်အောင် ဖြစ်နေပါပြီ။

သူက အလျင်အမြန်ပဲ ရှေ့ကို ချီတက်လာပြီး တောင်ရဲ့တစ်ဂက်မှာရှိတဲ့ ပြိုင်ပွဲကွင်းဆီကို ရောက်လာခဲ့ပါတယ်။ သူ့မျက်လုံးတွေက အနားယူနေတဲ့ လင်းဟာန်ကို စူးစိုက်ကြည့်နေပြီး အေးစက်စွာနဲ့ သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဒီစိန်ခေါ်မှုကို လက်ခံရဲလိမ့်မယ်လို့ ငါဘယ်တုန်းကမှ ထင်မှတ်မထားမိခဲ့ဘူး"

တကယ်လို့ စောစောတုန်းက ရီကျန်းယွမ်ကသာ မတိုက်ခိုက်ခဲ့ဘူးဆိုရင် အားလုံးက လျှိုတကို အရှက်မရှိ မျက်နှာပြောင်ပြောင်နဲ့ လေကြွားတယ်လို့ သေချာပေါက် ပြောကြပါလိမ့်မယ်။ လင်းဟာန်က မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ ကေရာဇ် တစ်ပါးဖြစ်ပါတယ်။ အဲဒါက စကြဝဠာ ဖျက်ဆီးခြင်း တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိတယ်ဆိုတာ အာမခံချက် တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူ့ကို နိုင်ငံစွမ်းအားက

ထပ်ပြီးတော့ ပေါင်းထည့်ပြီး မြှင့်တင်ပေးမယ်ဆိုရင် ကြယ်နှစ်ဆယ်လုံးထက် သာလွန်တာက သူ့အတွက်တော့ အသေးအဖွဲ့တစ်ခု ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ လျှိုတရဲ့ စွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့်တစ်လုံးကို ရောက်နေပြီဆိုတာ အားလုံးက နားလည်သဘောပေါက် ထားကြပါတယ်။

တကယ်လို့ ဒီစွမ်းအားက သူ့ကိုယ်ပိုင် မဟုတ်ဘူး ဆိုရင်တောင် သွေးမျက်ရည် ကျောက်တုံးကို သန့်စင်ပြီးတဲ့နောက်မှာ ရရှိခဲ့ပြီး သူက အခုတော့ မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက် လာတယ်ဆိုတာ ပြောင်းလဲလို့မရတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ဒီစိန်ခေါ်မှုကို လက်ခံဝံ့သေးလား။

ဒီတိုက်ပွဲက တစ်ဦးတစ်ယောက် မသေပဲနဲ့ တိုက်ပွဲရလဒ်ကို ဆုံးဖြတ်လို့ ရတဲ့ တစ်ဦးချင်း စိန်ခေါ်မှု တိုက်ပွဲတစ်ခု မဟုတ်ပါဘူး။ တစ်ဖက်ကလည်း တိုက်ပွဲအလယ်မှာ လုံးဝကို လက်လျှော့အရှုံးပေးလို့ မရပါဘူး။ သူသေကိုယ်သေ တစ်ဦးချင်း တိုက်ပွဲဆိုတာက တကယ်လို့ တိုက်ခိုက်နေသူအထဲက တစ်ယောက်သေသွားခဲ့ရင် တစ်ဖက်လူအနေနဲ့ ဘာကိုမှ တာဝန်ယူဖို့ မလိုပါဘူး။

လင်းဟန်က စိတ်ဝိညာဉ် နိမ့်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ရဲ့ ထူးခြားဆန်းပြားမှုတွေကို ချင့်ချိန်တွေးတော နေဆဲ ဖြစ်ပါတယ်။ တခြားသူတွေရဲ့ မျက်လုံးထဲမှာ လျှိုတာက အစွမ်းထက်တဲ့ လူတစ်ယောက် ဆိုပေမဲ့ သူ့ကိုတော့ ဆန့်ကျင်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သူ့ရဲ့မျက်လုံးတွေ ထဲမှာတော့ တကယ်လို့ လျှိုတာရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့်တစ်လုံး ဖြစ်တော့ရော ဘာအရေးလဲ။ သာမန်ကာလျှံကာ ရိုက်ချက် တစ်ချက်နဲ့ သူ့ကိုသေအောင်လို့ ရိုက်ပစ်နိုင် ပါလိမ့်မယ်။ ဒါကြောင့် သူ့အနေနဲ့ ခေါင်းထဲထည့်စရာ လိုလို့လား။

သူ့အတွေးတွေမှာ စိတ်ရှုပ်ထွေးမှုတွေ ရှိနေပြီး ကောင်းမွန်တဲ့ စိတ်ခံစားချက်မျိုး ရှိမနေပါဘူး။ ပြီးတော့ အဲဒီအမူအရာက သူ့မျက်နှာပေါ်မှာ ချက်ချင်းပဲ ပေါ်လာခဲ့ပါတယ်။

တခြားသူတွေက အဲဒါကို မသိပါဘူး။ သူတို့ထင်တာက လင်းဟန်အနေနဲ့ ထိတ်လန့်ကြောက်ရွံ့ နေပြီလို့ ထင်နေကြပါတယ်။ သူတို့အားလုံး ခေါင်းကို မရည်ရွယ်ပဲ ခါလိုက်မိပြီးတော့ ဒီတိုက်ပွဲက ဖြစ်လာစရာအကြောင်း မရှိတော့ဘူးလို့ တွေးနေကြပါတယ်။

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ မေးလိုက်ပါတယ်။

"ငါ့ရဲ့ ယှဉ်ပြိုင်ခအတွက် ကျသင့်ငွေကရော"

ဖူး။

ရုတ်ခြည်းဆိုသလို အားလုံးက ချောင်းတဟွတ်ဟွတ် ဖြစ်ကုန်ပါတယ်။

မင်းက တကယ်ပဲ ငွေအတွက် လောဘကြီးနေသေးတယ်ပေါ့။ လျှိုတက အခုဆိုရင် ဘယ်လောက်တောင် အံ့သြစရာ ကောင်းနေပြီလဲ ဆိုတာကို မင်းမမြင်ဘူးလား။

လျှိုတက ကျယ်လောင်စွာ ရယ်မောပြီးတော့ အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးကို သာမန်ကာလျှံကာ ပစ်ပေးလိုက်ပြီး အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါတွေနဲ့ မင်းရဲ့အသုဘ အခမ်းအနားကို ပြင်ဆင်လိုက်ပေါ့ကွာ"

လျှိုကလန်ကနေ အစစ်အမှန် မူလကျောက်တုံး နှစ်ထောင်ကို ငွေညှစ်ခဲ့ပြီးတဲ့ နောက်မှာ ဒီအစစ်အမှန် ကျောက်တုံးဆယ်တုံးဆိုတဲ့ ပမာဏကို ကြည့်ရတာ ဆွဲဆောင်မှု ကင်းမဲ့နေသလိုပါပဲ။ ဘာမှတော့ လုပ်မရပါဘူး။ တကယ်လို့ သူဒါကို မယူဘူးဆိုရင် ဒါကဘယ်လိုပဲဖြစ်ဖြစ် ဖြုန်းတီးမှု တစ်ခု ဖြစ်ပါလိမ့်မယ်။ ဘယ်သူကများ ပိုက်ဆံတွေ အများကြီး ရှိတာကို မကြိုက်တဲ့လူ

ရှိမှာလဲ။ သူတို့မှာ ဘယ်လောက်ပဲ ပိုပြီးတော့ ရှိလာရင်ပဲ အဆင်ပြေနေကြပါပြီ။

လင်းဟန်က အစစ်အမှန် မူလကျောက်တုံးကို သိမ်းပြီးတော့ မေးလိုက်ပါတယ်။

"နောက်ထပ် တစ်ရာရော ဘယ်မှာလဲ"

"မင်းကငါ့ကို အနိုင်ယူနိုင်မယ်လို့ ထင်နေတာလား"

လျှိုတက ချက်ချင်းပဲ ဒေါသထွက် သွားခဲ့ပါတယ်။

လင်းဟန်က စပ်ဖြီးဖြီး ပြုံးပြပြီးတော့ ပြောလိုက်တယ်။

"စည်းမျဉ်းက စည်းမျဉ်းပဲ။ မင်းက ဦးနှောက်မကောင်းတော့ဘူးလား။ မင်းတိုက်မှာလား မတိုက်ဘူးလား။ တကယ်လို့ မတိုက်ဘူးဆိုရင် ငါအိမ်ပြန်ပြီးတော့ အိပ်တော့မယ်"

"ကောင်းပြီ"

လျှိုတက အံကြိတ်ပြီးတော့ သူ့လက်ကို နောက်တစ်ခါ ဝှေ့ယမ်းပြီး အစစ်အမှန် မူလကျောက်တုံး တစ်ရာကို ထပ်ထုတ်ပေးလိုက်ပါတယ်။

ဒီတစ်ကြိမ် လင်းဟန်က အဲဒါတွေကို မသိမ်းပါဘူး။ တကယ်တော့ တိုက်ပွဲက အနိုင်မရသေးဘူး မဟုတ်လား။ ဒါပေမဲ့လည်း အချိန်ပဲလိုတာပါ။

"ငါတို့အခု တိုက်လို့ရပြီလား"

လျှိုတက မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပြီး သူ့နှလုံးသားထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ဆူပွက်လို့ လာခဲ့ပါတယ်။

"မင်းမှာ အခု စကားနိုင်လုပြီးတော့ အနိုင်ယူဖို့ အခွင့်အရေး ရှိတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ မင်းသေသွားရလိမ့်မယ်"

သင်တန်းကျောင်းထဲက အဆင့်မြင့်တဲ့ အကြီးအကဲ တချို့လည်း ရောက်လာပြီးတော့ တိုက်ပွဲကို စောင့်ကြည့် နေကြပါတယ်။ သူတို့က တော်တော်ဝေးဝေးမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ရပ်နေကြပါတယ်။ သူတို့ထဲက တစ်ယောက်က လျှိုခိုင်ဖန်း ဖြစ်ပြီးတော့ သူ့ကလန်ရဲ့ ဂျူနီယာ တစ်ယောက်က တစ်ဦးချင်း သူသေကိုယ်သေ တိုက်ပွဲတစ်ခု အထဲမှာ ပါဝင်နေတာကြောင့် သူက စိတ်ဝင်တစား ရှိနေတာပါ။ သူတို့ထဲမှာ ကျန်းသဲ့မန်လည်း ပါဝင်ပါတယ်။ သူက လင်းဟန်ကို အတော်လေး သဘောကျ နှစ်ခြိုက်သူ ဖြစ်ပြီးတော့ သူ့တပည့်အဖြစ် ရွေးချယ်ဖို့တောင် စိတ်ကူးထားခဲ့တာပါ။

နောက်ပြီး ဝေချင်းရှုလည်း ရှိနေပါတယ်။ နောက်ဆုံးအကြိမ်တုန်းက လျှိုခိုင်ဖန်းကြောင့် သူက အရှုပ်ထုပ်ထဲ ဆွဲထည့်ခံခဲ့ရပေမဲ့ သူလည်း လင်းဟာန်ကို စိတ်ဝင်စားလာခဲ့တာ ဖြစ်ပါတယ်။

သူသေကိုယ်သေ တိုက်ပွဲတွေက အခုချိန်မှာ အရမ်းကို ရှားပါးပြီး နှစ်ဖက်စလုံးက အရမ်းကို မြင့်မားတဲ့ တိုက်ပွဲစွမ်းရည် ရှိနေတဲ့ပွဲတွေဆိုရင် ပိုလို့တောင် ရှားပါတယ်။

ဒီမှာ ပရိသတ်တွေ အများကြီး ရှိပြီးတော့မြောက်ပိုင်းအဖွဲ့အစည်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်က ကျောင်းသားတွေရဲ့ အရေအတွက်က အများဆုံး ဖြစ်ပါတယ်။ တခြားအဖွဲ့အစည်း သုံးခုက လူတချို့လည်း ရှိပါတယ်။ ဒါပေမဲ့ အားလုံးကိုပေါင်းလိုက်ရင်တောင် သူတို့က မြောက်ပိုင်းအဖွဲ့အစည်းက ကျောင်းသားတွေထက် နည်းပါတယ်။

“ဒါဆိုရင် တိုက်ကြတာပေါ့။ ဘာဖြစ်လို့ အဓိပ္ပါယ် မရှိတာတွေ လျှောက်ပြောနေတာလဲ။ မင်းသေရမှာကို ကြောက်နေတာလား”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

လျိုတာက သေလုမတတ် ဒေါသထွက်သွားခဲ့ပါတယ်။ မင်းကမှ အဓိပ္ပါယ် မရှိတဲ့ စကားတွေ အများကြီး ပြောနေတယ်ဆိုတာ

သိသာနေတာပဲ မဟုတ်လား။ ဒါပေမဲ့လည်း အခု နောက်ဆုံးမှာ တိုက်ပွဲစပါတော့မယ်။ ဟားဟား သူက လင်းဟန်က ဖြည်းဖြည်းချင်း နှိပ်စက်ညှင်းပန်း ရပါလိမ့်မယ်။ ပြီးတော့ တစ်ဖက်လူကို သူ့ရဲ့ ဘဂင်မြင့်ပြီး သူ့ကိုယ် ပါးရိုက်ဝံ့တဲ့အတွက် ခံစားရအောင် လုပ်ရပါမယ်။

ရှပ်။

သူက ခုန်အုပ်လိုက်ပြီး လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်လိုက်ပါတယ်။ အင်ပါရီယန်မြစ် နတ်ဘုရား သားရဲပုံရိပ်က နောက်တစ်ကြိမ် ထပ်ပြီးတော့ ပေါ်လာပြီး အရမ်းကို အစွမ်းထက်တဲ့ လှိုင်းမိုးနိုင်စွမ်း တစ်ခုက ကပ်ပါလာခဲ့ပါတယ်။

လင်းဟန်က သူ့ဘယ်ဘက်လက်ကို အနောက်မှာ ပစ်ထားပြီးတော့ သာမန်ပုံစံမျိုး ရပ်နေပါတယ်။ သူက လှိုတကို လုံလောက်တဲ့ အကွာအဝေး တစ်ခုထိ နီးလာဖို့ စောင့်နေပါတယ်။ အဲဒီနောက် သူက လက်ဝါးတစ်ချက် ဖေ့ယမ်းပြီးတော့ လှိုတအပေါ်ကို ဖိချလိုက်ပါတယ်။ နတ်ဘုရား သင်္ကေတတွေ အမြောက်အမြား ရောယှက်နေပြီး မယုံနိုင်စရာကောင်းပြီး ရှုပ်ထွေးတဲ့ သင်္ကေတ တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်။

ဟုန်း။

လက်ဝါးရိုက်ချက် တစ်ချက်တည်းနဲ့ လျှိုတဟာ သံသယ ရှိစရာ မလိုအောင် လွင့်စဉ်ထွက် သွားခဲ့ပါတယ်။ အဲဒီနောက် သူ့ရဲ့ခန္ဓာကိုယ်က လေထဲမှာ နှစ်ခြမ်းကွဲပြီးမှ အစိတ်စိတ် အပိုင်းပိုင်း အဖြစ် စုတ်ဖြဲပြီး သွေးတွေပန်းထွက် ကုန်ပါတယ်။

ဟုန်း။

သူ့ရဲ့အလောင်းက မြေကြီးအပေါ်ကို ကျသွားပြီး သူ့အမူအရာက မယုံနိုင်အောင် ဖြစ်နေပုံ ပေါ်နေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ သူ့မှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံး ရှိတဲ့ အချိန်မှာ လက်ဝါးရိုက်ချက် တစ်ချက်ကြောင့် သေတဲ့အထိ ဘာကြောင့်အရိုက်ခံလိုက် ရသလဲ ဆိုတာကို အံ့သြနေပုံ ရပါတယ်။

ဒါက လုံးဝကို လက်မခံနိုင်စရာ ကောင်းပါတယ်။

အနီးအနားက လူတွေအားလုံး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပြီး လေတိုးသံ သဲ့သဲ့ကိုတောင် ကြားနိုင်ပါတယ်။

အစောပိုင်းတုန်းက အရမ်းကို အထင်ကြီးစရာကောင်းတဲ့ လျှိုတ တစ်ယောက်က လက်ဝါးရိုက်ချက် တစ်ချက်တည်းနဲ့ သေသွားလိမ့်မယ်လို့ ဘယ်သူကများ တွေးမိမှာလဲ။

ဒီသောက်ကျိုးနည်းကောင်က တကယ်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံး ရှိတာမှ ဟုတ်ရဲ့လား။ ယင်ကောင် တစ်ကောင်တော့ မဟုတ်ပါဘူးနော်။

မဟုတ်ဘူး မဟုတ်သေးဘူး။ လျှိုတက သေချာပေါက် ယင်ကောင်တစ်ကောင် မဟုတ်ဘူး။ သူက မယုံနိုင်စရာကောင်းလောက်အောင် အစွမ်းထက်ပြီးတော့ ရီကျန်းယွမ်နဲ့ တိုက်ကွက်သုံးကွက် ဖလှယ်ခဲ့ပါသေးတယ်။ ဒီအချက်ကပဲ သူဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို သက်သေပြဖို့ လုံလောက်နေပါပြီ။

အားလုံးက သူတို့ရဲ့ ခြေတွေလက်တွေ ကျဉ်လာသလို ခံစားလိုက်ရပါတယ်။ အဲဒါက ဘာဖြစ်လို့လဲ ဆိုရင် လင်းဟန်က အရမ်းကို အစွမ်းထက်နေတာကြောင့် လျှိုတက တစ်ချက်တည်းနဲ့ သေသွားခဲ့ရတာ ဖြစ်ပါတယ်။

ဒါက ဘယ်လိုမျိုး တိုက်ပွဲစွမ်းရည် အမျိုးအစားလဲ။

ကြယ်နှစ်ဆယ့်နှစ်လုံးလား။

အမှန်တကယ်ပဲ အဓိက လူအများစုက တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကနေ ရှေ့လျှောက် ကြယ်တစ်လုံး

တိုးလာတိုင်းမှာ ခွန်အားဘယ်လောက်ထိ ရရှိနိုင်လဲ ဆိုတာကို မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက သီအိုရီတွေနဲ့ ဒဏ္ဍာရီတွေ အထဲမှာပဲ တည်ရှိတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အသေးစိတ် တိုင်းတာလို့ ရနိုင်မှာလဲ။

ရီကျန်းယွင်က သူ့မျက်နှာက ကြွက်သားတွေ တွန့်လိမ်သွားသလို ခံဏားလိုက်ရပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစက်တဲ့ ချွေးတွေဖုံးလွှမ်း သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ စွမ်းအားက သူ့ကို စိန်ခေါ်ဖို့ အတွက် သတ္တိတွေကိုတောင် ဆုံးရှုံးသွားစေခဲ့ပါတယ်။

Chapter 927 end

အပိုင်း(928) မှားယွင်းတဲ့ စွပ်စွဲချက်များ

"ငါသိပြီ"

မလှမ်းမကမ်း နေရာကနေ လီဝေဂက သူမရဲ့ လက်သီးကို စိတ်လှုပ်ရှားစွာနဲ့ ဝှေ့ယမ်းလိုက် ပါတယ်။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့် သုံးလုံး ရှိလိမ့်မယ်လို့ သူမက သုံးသပ်လိုက်မိပါတယ်။ ဒါကြောင့် ကြယ်နှစ်လုံး အသာစီး ရယူမှုနဲ့ သူက သူ့ပြိုင်ဘက်ကို လွယ်လွယ်ကူကူ ဖိနှိပ်ထိန်းချုပ် နိုင်ခဲ့တာပါ။

ကျိုယွင်အာလည်း အံ့အားသင့် သွားခဲ့ပါတယ်။ သူမက ဒီဘုံထဲမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိတာက ပြိုင်ဘက်ကင်း ဖြစ်နေပြီလို့ စဉ်းစားထားခဲ့မိပါတယ်။ ပြီးတော့ ကြယ်နှစ်ဆယ့်တစ်လုံးဆိုတာက ဒဏ္ဍာရီ ဖြစ်ပေမဲ့ ဒီနေ့မှာ အဲဒီလိုမျိုး လူနှစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ သူတို့ထဲက တစ်ယောက်ကတော့ တစ်ချက်တည်းနဲ့ နေရာမှာပဲ အသတ်ခံလိုက် ရပါတယ်။

လင်းဟန်က တကယ်ပဲ တောင်မြစ်အဆင့်ကို ရောက်နေတာများ ဖြစ်နိုင်မလား။

"တအာ"

လျှိုခိုင်ဖန်းက လေပြင်းမုန်တိုင်း တိုက်ခတ်သလိုမျိုး အပြေးအလွှား ပြေးလာခဲ့ပြီး သူ့အမူအရာက မည်းမှောင်လို့ နေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ တစ်စုံတစ်ယောက်ကို အစိမ်းလိုက် ဝါးစားချင်နေပုံ ရပါတယ်။

လျှိုတက နှစ်ပေါင်းတစ်ရာ အတွင်းမှာ လျှိုကလန်ရဲ့ အစွမ်းထက်ဆုံး ပါရမီရှင် ဖြစ်ပါတ်။ ဒါကြောင့် ကလန်က သူ့အတွက် ကြီးမားတဲ့ အားထုတ်မှုတွေ သုံးစွဲပြီးမှ ရရှိလာတဲ့ သွေးမျက်ရည် ကျောက်တုံး တစ်တုံးကိုတောင် သန့်စင်ဖို့ ပေးခဲ့ပါတယ်။ သွေးမျက်ရည်

ကျောက်တုံးက တောင်မြစ်အဆင့်နဲ့ နေလအဆင့် ကျင့်ကြံသူတွေ အတွက်တောင်မှ အကျိုးအာနိသင် ရရှိစေပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ လျှိတက ယင်ကောင်တစ်ကောင်လိုမျိုး တစ်ချက်တည်းနဲ့ အသတ်ခံလိုက် ရပါတယ်။

ဒါကို သူက ဘယ်လိုလုပ်ပြီးတော့ လက်ခံနိုင်မှာလဲ။

သူ့မျက်လုံးတွေက နီရဲလို့ နေပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"မင်းအတင့်ရဲလှချည်လား။ သင်တန်းကျောင်း အထဲမှာတောင် လူသတ်မှုကို ကျူးလွန်ဝံ့တယ်ပေါ့လေ။ ငါမင်းကို သတ်ပစ်မယ်"

သူက အရှက်မရှိပဲ ပြောင်ကျပြီးတော့ လက်ဝါးတစ်ဖက်ကို ဖြန့်ပြီး လင်းဟန်ကို ဖမ်းဆုပ်တဲ့ လုပ်ရှားမှု တစ်ခု လုပ်လိုက်ပါတယ်။

နေလအဆင့် ကျင့်ကြံသူ တစ်ယောက် တိုက်ခိုက်တဲ့ အချိန်မှာ တကယ်လို့ အသေးစား အဆင့် ဖြစ်နေရင်တောင်မှ သူ့ရဲ့စွမ်းအားက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်မလဲ။

တကယ်လို့ လင်းဟန်သာ ထိမှန်သွားခဲ့မယ်ဆိုရင် သူက သေချာပေါက် သေသွားပါလိမ့်မယ်။ သူ့ရဲ့ အဆင့်တစ် နတ်ဘုရား သတ္တုခန္ဓာကိုယ်က ဘယ်လိုလုပ်ပြီးတော့ နေလင်အဆင့်

ကျင့်ကြံသူ တစ်ယောက်ရဲ့ အစွမ်းကုန် တိုက်ခိုက်မှု တစ်ခုကို တောင့်ခံနိုင်မှာလဲ။

"တကယ်ပဲ အရမ်းကို အရှက်ကင်းမဲ့လွန်းတယ်"

လီဝေဂက မလှမ်းမကမ်းကနေ ခြေထောက်ဆောင့်လိုက်ပါတယ်။ သူမက အစွမ်းအစ ကင်းမဲ့ပြီး တိုက်ခိုက်မှုကို တားဆီးဖို့ အရမ်းကို ဝေးကွာလွန်းတဲ့ နေရာမှာ ရပ်နေပါတယ်။

ကျိုယွင်အာလည်း နဖူးရေ တွန့်ပြီးတော့ မျက်မှောင်ကြုတ်လိုက်ပေမဲ့ လီဝေဂကို ထောက်ခံ အားပေးလိုက်ပါတယ်။

"ဟုတ်ပ့ါ။ သင်တန်းကျောင်းရဲ့ လက်ရွေးစင်တွေက သူ့ကို အနားကနေ မကာကွယ်ပေး နိုင်ကြဘူးလား"

လျှိုခိုင်ဖန်း လှုပ်ရှားလိုက်တဲ့ အချိန်မှာ ကျန်းသဲ့မန်နဲ့ ဝေချင်းရှူတို့ကလည်း တပြိုင်နက်တည်း လှုပ်ရှားပြီးတော့ သူ့ကိုဂင်ရောက်စွက်ဖက်ကာ ပြောလိုက်ပါတယ်။

"အစ်ကိုလျှို ကျေးဇူးပြုပြီး မင်းကိုယ်မင်း ထိန်းပါဦး"

သူတို့နှစ်ယောက်က အတူတကွ ပူးပေါင်းပြီးတော့ လျှိုခိုင်ဖန်းရဲ့ တိုက်ခိုက်မှုကို လွယ်လွယ်နဲ့ တားဆီးနိုင်ခဲ့ပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ပါပဲ။ သူက နည်းနည်းလေးမှတောင် စိတ်လှုပ်ရှားတဲ့ပုံစံမျိုး မခံစားရပါဘူး။

ဒါက သင်တန်းကျောင်း ဖြစ်ပါတယ်။ တကယ်လို့ လျှိုနိုင်ဖန်းရဲ့ လူသတ်မှုကို ဒီနေရာမှာ ခွင့်ပြုလိုက်မယ်ဆိုရင် တကယ့်ဟာသ တစ်ပုဒ် ဖြစ်သွားပါလိမ့်မယ်။

ဒီမှာ နေလအဆင့်က အဆင့်မြင့်တဲ့ တခြားလက်ရွေးစင်တွေလည်း ရှိပါတယ်။ ဒါမှမဟုတ် ပြီးပြည့်စုံခြင်း အဆင့်က လူတွေတောင် ရှိပါတယ်။ သူတို့က သင်တန်းကျောင်းကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်ကြည့်နေပြီး အချိန်မရွေး လှုပ်ရှားနိုင်ကြပါတယ်။ သူတို့ကိုယ်သူတို့ အစောပိုင်းမှာကတည်းက လူလုံးထွက်ပြဖို့ဆိုတာ သူတို့အတွက်တော့ မလိုပါဘူး။

လင်းဟန်က မြေကြီးပေါ်က အစစ်အမှန် မူလကျောက်တုံး တစ်ရာကို သိမ်းဆည်းလိုက်ပါတယ်။ ဒါက သူ့ရဲ့ လောင်းကြေးကနေ အနိုင်ရရှိတဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

လျှိုတရဲ့ ခန္ဓာကိုယ်ကိုတော့ ရှာဖွေလို့ မရတာက သနားစရာကောင်းပါတယ်။ သူ့ရဲ့ သိုလှောင် စိတ်ဝိညာဉ် ပစ္စည်း အထဲမှာ ပစ္စည်းကောင်းတွေ တော်တော်များများ ရှိနိုင်ပါတယ်။

"ဒီကောင်စုတ်လေးက ငါ့လျှိုကလန်ရဲ့ အဖွဲ့သား တစ်ယောက်ကို သတ်ပစ်ခဲ့တယ်။ ငါက သူ့ကို ဒီအတိုင်း လွှတ်ပေးလိုက်ရမှာလား"

လျှိုခိုင်ဖန်းက သရော်ပြီး ပြုံးလိုက်ပါတယ်။ သူက လင်းဟာန်ကို ဒီနေရာမှာ သတ်လို့မရနိုင်ဘူး ဆိုတာကို ကောင်းကောင်းကြီး သတိပြုမိပါတယ်။ ဒါပေမဲ့ အားလုံးရဲ့ အရှေ့မှာတော့ သူ့ရဲ့ ဒေါသတွေကို မထိန်းနိုင်ပဲနဲ့ ခေါင်းဖြတ်ကွပ်မျက်ဖို့အတွက် ပြင်ဆင်ဖို့ အမိန့်ကို နောက်ကျရင် ပေးရပါလိမ့်မယ်။

သူ့လိုမျိုး မြေခွေးအိုကြီးကတော့ စိတ်လိုက်မာန်ပါ လုပ်လို့ရနိုင်ပေမဲ့ ချက်ချင်းတည်ငြိမ်လိုက်ဖို့ ဆိုတာလည်း ဖြစ်နိုင်ပါလိမ့်မယ်။ သူအပြေးအလွှား ထွက်လာတဲ့ အချိန်မှာ အကြံတစ်ခု ရရှိခဲ့ပါတယ်။

ကျန်းသဲ့မန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဒါက တစ်ဦးချင်း သူသေကိုယ်သေ တိုက်ပွဲတစ်ခုပဲလေ။ နှစ်ဖက်စလုံးက ဒါကို လက်ခံထားတယ်။ တကယ်လို့ တိုက်ပွဲမှာ တစ်ဖက်လူ သေသွားခဲ့ရင် အဲဒီလူက သူ့ကိုယ်သူ အစွမ်းနိမ့်တဲ့ အတွက်ကြောင့်ပဲ အပြစ်တင်လို့ပဲ ရမယ်"

"ဒီနေရာမှာ အဲဒီလိုမျိုး ဖြစ်ခဲ့တာမှ မဟုတ်တာ"

လျှိုခိုင်ဖန်းက သူ့ခေါင်းကို ခါပြီးတော့ မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ဒီမတိုင်ခင် လျှိုတာက ကျေးဇူးပြုပြီး ရပ်လိုက်ပါ ငါအရှုံးပေးတယ်လို့ ပြောတာကို ငါရှင်းရှင်းလင်းလင်း ကြားခဲ့တယ်။ ဒါပေမဲ့ ဒီမကောင်းဆိုးဝါး ကောင်စုတ်လေးက ဒါကို ဂရုမစိုက်ပဲ လက်မလျှော့ပဲ တိုက်ခိုက်လိုက်တယ်။ ဒါက သူသေကိုယ်သေ တိုက်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ မညီဘူး"

လဗ္ဗွတ်ပဲလေ။

လျှိုခိုင်ဖန်းရဲ့ စကားတွေကို တခြားသူတွေ ကြားလိုက်ရတဲ့ အချိန်မှာ သူတို့အားလုံး စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ကြပါတယ်။ သူတို့က အရှက်မရှိတဲ့ လူတွေတော်တော်များများကို တွေ့မြင်ဖူးပါတယ်။ ဒါပေမဲ့ ဒီတစ်ယောက်လောက်တော့ ဘယ်သူမှ မျက်နှာပြောင်ပြီး အရှက်မကင်းမဲ့ ကြပါဘူး။ ဒီလူက နေလအဆင့် လက်ရွေးစင် တစ်ယောက်မှ ဟုတ်ရဲ့လား။ သူက ဘယ်လိုလုပ်ပြီး အရမ်းကို အရှက်ကင်းမဲ့ရတာလဲ။

လျှိုတာက လင်းဟာန်ရဲ့ တိုက်ကွက် တစ်ကွက်တည်းကြောင့် နေရာမှာတင် ပွဲချင်းပြီး သေသွားခဲ့တာပါ။ ဒါကြောင့် သူ့အတွက်ဘယ်လိုလုပ်ပြီးတော့ အရှုံးကို ဝန်ခံဖို့ အချိန်ရှိမှာလဲ။

လျှိုခိုင်ဖန်းကတော့ နည်းနည်းလေးမှ ဂရုမစိုက်ပါဘူး။ ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အတန်း တစ်ခုကို အောင်မြင်အောင် လုပ်နိုင်တဲ့ သူ့လိုမျိုး လူတွေအတွက်တော့ တခြားသူတွေရဲ့ အမြင်တွေကို အာရုံစိုက်နေရ ဦးမှာတဲ့လား။ တကယ်လို့ သူမပျော်ဘူးဆိုရင် သူက တစ်ယောက်ယောက်ကို တန်းပြီးတော့ သတ်ပစ်လိုက်နိုင်ပါတယ်။

"ဘယ်လိုပြောလိုက်တာလဲ။ ငါဘာမှမကြားမိပါဘူး"

ကျန်းသဲ့မန်က မကျေမနပ်နဲ့ စောဒက တက်လိုက်ပါတယ်။

"ဒါဆိုရင် တစ်ခုပြောနိုင်တာက အစ်ကိုကျန်းရဲ့ ကျင့်ကြံခြင်းက နည်းနည်းလေး ချို့တဲ့နေတယ်လို့ ပြောနိုင်တယ်"

လျှိုခိုင်ဖန်းက ရယ်မောရင်းနဲ့ ပြောလိုက်ပါတယ်။ သူက ဝေချင်းရှုကို အေးစက်စက်နဲ့ ကြည့်လိုက်ပါတယ်။

"အစ်ကိုဝေ အဲ့ဒါကို ကြားလိမ့်မယ်ထင်တယ် ဟုတ်တယ်မလား"

ဝေချင်းရှုက အံ့အားသင့်သွားသလို ခံစားလိုက်ရပါတယ်။ တစ်ဖက်လူရဲ့ စကားတွေထဲမှာ ခြိမ်းချောက်မှုတွေနဲ့ ပြည့်နေပါတယ်။

တကယ်လို့ သူက မကြားဘူးလို့ ပြောလိုက်ရင် လျှိုကလန်ကို တန်းပြီးတော့ ဆန့်ကျင်ရာ ရောက်သွားပါလိမ့်မယ်။ သူကိုယ်တိုင်က

အကြောက်အရွံ့ ကင်းပါတယ်။ သူ့မှာ အစွမ်းထက်တဲ့ နောက်ခံ မရှိဘူးဆိုပေမဲ့ လက်ရှိ ကျင့်ကြံခြင်းအဆင့်ကို သူ့ကိုယ်ပိုင် အစွမ်းအစကို အခြေခံပြီး ရောက်လာခဲ့တာပါ။ ဒါပေမဲ့လည်း သူ့မှာ မျိုးဆက်မရှိဘူးလို့တော့ မဆိုလိုပါဘူး။

တကယ်လို့ သူက လျှိုကလန်ရဲ့ အကြံစည်နဲ့ ပတ်သက်ပြီး မသိသလိုမျိုး နေမယ်ဆိုရင် သူတို့က တစ်ခုခုတော့ လုပ်ပါလိမ့်မယ်။

ဘယ်ဟာက ပိုပြီးတော့ အရေးကြီးသလဲ။ လိပ်ပြာသန့်မှုလား ဒါမှမဟုတ် မိသားစုလား။ ကမ္ဘာငယ်လေး တစ်ခုကလာတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ကိုယ်ပိုင် မိသားစုထက် ပိုပြီးတော့ အရေးကြီးနိုင်ပါ့မလား။

ဝေချင်းရှူက စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချပြီး ပြောလိုက်ပါတယ်။

"ကြည့်ရတာ လျှိုတကက ငါအရှုံးပေးပြီလို့ ပြောတာကို ငါကြားမိသလိုပဲ"

သူက သူ့ကိုယ်သူ ပျော့လွယ်ပြောင်းလွယ်ဖို့အတွက် ကြည့်ရတာဆိုတဲ့ စကားကို ရွေးသုံးသွား ခဲ့ပါတယ်။

ကျန်းသဲ့မန်က ဒေါသတွေ ထွက်နေပါတယ်။ ဒါက တကယ်ပဲ အရမ်းကို အရှက်ကင်းမဲ့ လွန်းပါတယ်။ ဒါပေမဲ့ ဝေချင်းရှုလိုမျိုး သူကလည်း သူ့ကိုထောက်ပံ့ပေးမဲ့ အစွမ်းထက် နောက်ခံ မရှိတဲ့ တစ်ကိုယ်တော် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့နှလုံးသားထဲမှာတော့ တကယ်လို့ လျှိုကလန်က ထွက်ပေါ်လာတဲ့ ရလဒ်ကို ဘယ်လိုနည်းနဲ့မဆို ပြောင်းလဲပစ်ဖို့ ဆန္ဒရှိနေတယ်ဆိုရင် သူတို့အနေနဲ့ သူတို့ရဲ့ မျက်နှာသာရဖို့ လိမ်လည်ပေးရမယ် ဆိုတာကို သတိပြုမိပါတယ်။

"လျှိုခိုင်ဖန်း မင်းက အရမ်းကို အရှက်ကင်းမဲ့တဲ့ အရာတွေကို လုပ်နေတာပဲ။ ညဥ့်နက်သန်းခေါင် အချိန်မှာ မင်းအခန်းရှေ့ကို တစ္ဆေသရဲတွေ လာပြီးတော့ တံခါးခေါက်မှာကို မင်းမကြောက်ဘူးလား။ ဒါမှမဟုတ် ငြိမ်ငြိမ်းချမ်းချမ်းနဲ့ အိပ်စက်လို့ မရနိုင် ဖြစ်မှာကို မကြောက်ဘူးလား"

သူက အသံကို နှိမ့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟား ငါက ကျင့်ကြံသူ တစ်ယောက်ပဲ ဘာကိုကြောက်နေရမှာလဲ"

လျှိုခိုင်ဖန်းက ညင်ညင်သာသာနဲ့ ပြောလိုက်ပြီး အဲဒီနောက် ဝေချင်းရှုဘက်ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

"အစ်ကိုဝေ ဒီကောင်လေးက သင်တန်းကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့တယ်။ သူ့ကို နှင်ထုတ်ပစ်ဖို့ ငါတို့တွေ လုပ်သင့်တယ် မဟုတ်လား"

အားလုံးက ဒါကိုကြားလိုက်ရတဲ့ အခါမှာ သူတို့အားလုံး တွေးလိုက်မိတာက ဒီလျိုခိုင်ဖန်းက တကယ့်ကို အကြင်နာတရား ကင်းမဲ့တယ်လို့ တွေးနေကြပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အကာအကွယ် မရှိပဲနဲ့ လင်းဟန်က ဘာများတတ်နိုင်မှာလဲ။ တောင်မြစ်အဆင့်က ဘယ်သူမဆို သူ့ကို အချိန်မရွေး သတ်ပစ်လိုက် နိုင်ပါတယ်။

လင်းဟန်ကတော့ တည်တည်ငြိမ်ငြိမ် ရှိဆဲပါပဲ။ လျိုကလန်က အမှန်တရားကို တကယ်ပဲ ဖုံးကွယ်ပြီး ကောင်းကင်နီ သင်တန်းကျောင်း အတွင်းမှာ ရှုပ်ထွေးအောင် လုပ်နိုင်ပါ့မလား။

ဝေချင်းရှုက အရမ်းကို ခက်ခဲတဲ့ နေရာကို ရောက်နေပါတယ်။ ဒီလျိုခိုင်ဖန်းက သူ့ကို ဒီအရှုပ်ထုပ်ထဲ ဆွဲထည့်ရုံတင်မက သူ့ကိုလည်း တစ်လျှောက်လုံး သူ့ရဲ့လိပ်ပြာသန့်မှု အထဲမှာ ရှုပ်ထွေးအောင်လုပ်ဖို့ စိတ်ကူးနေပါတယ်။ ဒါပေမဲ့ အစောပိုင်းကတည်းက သူ့ကိုယ်ပိုင် သဘောထားထဲမှာ မမှန်ကန်မှု ရှိနေတာကြောင့် အခုချိန်မှာ သူ့အတွက် ထွက်လမ်းမရှိ တော့ပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက နှစ်ဖက်စလုံးကို ပြေငြိမ်းအောင်လို့ ဖျန်ဖြေသူ လုပ်ပေးရပါလိမ့်မယ်။

သူက အံကိုကြိတ်ထား လိုက်ပါတယ်။ ပြီးတော့ သူ့ပါးစပ်ကို ဟလိုက်တဲ့ အချိန်မှာပဲ အဖြူရောင် အရိပ်တစ်ခုက သူ့ကိုဖြတ်သွားတာကို တွေ့မြင်လိုက်ရပါတယ်။ လင်းဟန်ရဲ့ ပခုံးပေါ်မှာ အဖြူရောင် ကြောင်ကြီးတစ်ကောင် ထိုင်နေပါတယ်။

ကြောင်တွေနဲ့ ပတ်သက်ပြီးတော့ ထူးဆန်းတယ်ဆိုတာ မရှိပါဘူး။ အင်ပါယာမြို့တော် အထဲမှာ နတ်ဆိုးကျားရဲတွေကို မွေးမြူထားတဲ့ လူတွေတော်တော်များများ ရှိပါတယ်။ တန်ဖိုးကြီးတဲ့ အပြာရောင်မီးတောက်ပုံစံ ကျားရဲနဲ့ ရေခဲမှုလဇာစ်မြစ် ကျားရဲလို အကောင်တွေ ဖြစ်ပါတယ်။ တချို့ဆိုရင် တောင်မြစ်အဆင့်ကိုတောင် ရောက်ရှိနေနိုင်ပါတယ်။ အဲဒါတွေနဲ့ ဆန့်ကျင်ဘက် ဆိုသလို သူတို့အရှေ့က ကြောင်ကတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိပါတယ်။

ပြဿနာရှိတာက ဒီကြောင်တစ်ကောင်ကိုပဲ စော်ကားလို့ မရနိုင်ဘူး ဆိုတာကို သင်တန်းကျောင်း အထဲက လူတွေအားလုံး သိထားကြပါတယ်။

လျှိုခိုင်ဖန်းလည်း ဘာပြောလို့ ပြောရမှန်း မသိအောင် အကြံအိုက်သွားခဲ့ပါတယ်။ သင်တန်းကျောင်းရဲ့ ကျောင်းအုပ်ကြီးမှာ အရမ်းကို အလိုလိုက်ထားတဲ့ ကြောင်တစ်ကောင် ရှိတယ်ဆိုတာကို သူသိထားပါတယ်။ ဘယ်သူမဆို ဒီကြောင်ကို ထိလိုက်တာနဲ့ သူ့ကိုယ်တိုင် ဖျက်ဆီးပစ် ပါလိမ့်မယ်။ ဒါပေမဲ့ ဒီကြောင်က လင်းဟာန်ရဲ့ ပခုံးအထက်မှာ ထိုင်နေပါတယ်။ ဒါက ဘာကိုဆိုလိုတာလဲ။

တမင်သက်သက် မရည်ရွယ်ပဲနဲ့ တိုက်ဆိုင်တာလား။ ဒါမှမဟုတ် ဘာများဖြစ်နိုင်မလဲ။

သူက ဘာမှမတတ်နိုင်ပေမဲ့ တဆတ်ဆတ် တုန်သွားခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အထောက်အပံ့ ရှိတယ်ဆိုရင် တကယ်လို့ လျှိုကလန် တစ်ခုလုံး ပူးပေါင်းလိုက်ရင်တောင် တစ်ဖက်အဖွဲ့အတွက် သူတို့က ပြိုင်ဘက်မဖြစ်နိုင်ပါဘူး။ ပြီးတော့ လက်ညှိုးလေး တစ်ချောင်းတည်းနဲ့တောင် သူတို့ကို သတ်ပစ်လိုက်နိုင်ပါတယ်။

"ညောင်"

ကြောင်ဖြူကြီးက လူအုပ်ကြီးကို အနှောင့်အယှက်တွေလိုမျိုး မျက်စိဝေ့ကြည့် လိုက်ပါတယ်။ ငါ့အရမ်းကို ဗိုက်ဆာနေတယ် ဆိုတာကို မင်းတို့အားလုံး မသိဘူးလား။ မင်းတို့က လင်းဟန်ကို အိမ်ပြန်ပြီးတော့ ငါ့အတွက် အစားအသောက် ပြင်ဆင်ဖို့ မလွှတ်ပေးပဲ ငြင်းဆန်နေသေးတာလား။

အဲဒီအချိန်မှာ လင်းဟန်က ထူးဆန်းတဲ့ အပြုံးတစ်ခုကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို သင်တန်းကျောင်းကနေ နှင်ထုတ်တော့မယ်တဲ့။ ဒါဆိုရင် ကြောင်ဖြူကြီးရေ မင်းအခုချိန်က စပြီးတော့ ငါနဲ့အတူ လိုက်လာရင် မင်းစားချင်တဲ့ အသားတွေ အားလုံးကို စားနိုင်မယ်"

"ညောင်"

ကြောင်ဖြူကြီးက ဘဝင်မြင့်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် မိစ္ဆာသားရဲ တစ်ကောင်က အတော်လေး အသိဉာဏ် ရှိပါတယ်။ ဒါကြောင့် ဒီလိုမျိုး လူသားတစ်ယောက်ပုံစံ တုံ့ပြန်တယ် ဆိုတာက မထူးဆန်းပါဘူး။ ဒါပေမဲ့လည်း လျှိုနိုင်ဖန်းနဲ့ ဝေချင်းရှုတို့ နှစ်ယောက်စလုံး ကြံရာမရ ဖြစ်ကုန်ပြီးတော့ ထိတ်လန့်သွား ကြပါတယ်။

တကယ်လို့ သူတို့ကသာ ဒီကြောင်ဖြူကြီးကို
သွေးဆောင်ဖြားယောင်းပြီး ခေါ်သွားခွင့် ပြုလိုက်မယ်ဆိုရင်
ဖြစ်လာမဲ့ အကျိုးဆက်ကို ဘယ်သူက တာဝန်ခံမှာလဲ။
သင်တန်းကျောင်းရဲ့ ကျောင်းအုပ်ကြီးက ဒီကိစ္စကို
သိသွားမယ်ဆိုရင် ဘယ်သူက တာဝန်ယူမှာလဲ။

"အရှင်ကြောင် ဒီကိုလာခဲ့ပါ။ ငါ့မှာ အရသာရှိတဲ့
အစားအသောက်တွေ အများကြီး ရှိတယ်"

လျှိုခိုင်ဖန်းက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ လင်းဟာန်က
အစားအသောက်ကို အသုံးပြုပြီး ဒီမိစ္ဆာကြောင်ကို
ဆွဲဆောင်နိုင်တယ်ဆိုမှတော့ သူကလည်း တူညီတဲ့ လှည့်စားမှုကို
ဘယ်လိုလုပ်ပြီး မလုပ်နိုင်ရမှာလဲ။

ကြောင်ဖြူကြီးက ပိုပြီးတော့ ဒေါသထွက်လာခဲ့ပါတယ်။ မင်းက ငါ့ကို
အစားအသောက်မက်တဲ့ ကြောင်တစ်ကောင်လို့ ထင်နေတာလား။
ဒါဆိုရင် ငါ့ကို အစားအသောက်ပေးတဲ့ ဘယ်သူ့အနားမှာ မဆို ငါက
နေနေရမှာလား။

တကယ်လို့ ဒီလင်းဟာန်လို့ခေါ်တဲ့ ဒီလူသားအတွက်ကြောင့်သာ
မဟုတ်ဘူးဆိုရင် ဒီအရှင်သခင် ကြောင်ရဲ့ စိတ်ကြီးဝင်မှု မဟုတ်ဘူး

ဂုဏ်သိက္ခာနဲ့ ငါက သူ့ကို သူငယ်ချင်းဖြစ်ဖို့ သဘောတူ မှာတဲ့လား။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။

Chapter 928 end

အပိုင်း(929) သဘောတူညီမှု

"ဩောင်"

ကြောင်ဖြူကြီးက အသံသဲ့သဲ့ တစ်ချက်အော်ပြီးတော့ လျှိုခိုင်ဖန်းဆီကို တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

ကြောင်ဖြူကြီးရဲ့ အမြန်နှုန်းက အရမ်းကို ပေါ့ပါးဖျတ်လတ်ပါတယ်။ ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထဲမှာ သူနဲ့ဘယ်သူမှ ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ သူ့ရဲ့ ပြိုင်ဘက်က ဘယ်သူလဲ။ နေလအဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် လျှိုခိုင်ဖန်းကို မခြိမ်းခြောက် နိုင်ပါဘူး။ ဒါပေမဲ့ ပြဿနာက လျှိုခိုင်ဖန်း အနေနဲ့ ပြန်ပြီးတော့ မတိုက်ခိုက်ဝံ့ပဲ ကြောင်ဖြူကြီးရဲ့ တိုက်ခိုက်မှုတွေကို ရှောင်ရုံပဲ ရှောင်နေရပါတယ်။

နေလအဆင့် ကျင့်ကြံသူ လက်ရွေးစင် တစ်ယောက်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တစ်စုံတစ်ယောက်ရဲ့ လိုက်တာကို

ပတ်ပြေးနေရပါတယ်။ ဒီမိစ္ဆာကြောင် တစ်ကောင်ပဲ ဒီလိုမျိုး ကံတရား တစ်ခုကို အောင်အောင်မြင်မြင် ရရှိနိုင်စွမ်း ရှိပါတယ်။

အတော်ကြာအောင် လိုက်ဖမ်းပြီးတဲ့ နောက်မှာ ကြောင်ဖြူကြီးက လင်းဟာန်ရဲ့ ပခုံးပေါ်ကို ပြန်ပြီးတော့ ခုန်တက်လိုက်ပြီး သူ့ရဲ လက်သည်းတွေကို ထုတ်ဖော်ပြီးတော့ ဘဂင်မြင့်နေတဲ့ ပုံစံ ကိုက်နေပါတယ်။ သူ့အမူအရာက ငါ့လူတစ်ယောက်ကို မင်းတို့ထဲက တစ်ယောက်ယောက်က အနိုင်ကျင့်ရဲတယ်ပေ့ါလေ။ ငါမင်းကို လွယ်လွယ်နဲ့ လွှတ်ပေးမှာ မဟုတ်ဘူးလို့ ပြောနေ သယောင်ယောင်ပါ။

ကျန်းသဲ့မန်က သူ့ကိုယ်သူ မထိန်းနိုင်ပဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိပါတယ်။ လင်းဟာန်က ဘယ်သူမှ အပြစ်မပြုရဲတဲ့ ဒီကြောင်ဖြူကြီးနဲ့ သူငယ်ချင်းတွေ ဖြစ်နေလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။ သူက ချောင်းတစ်ချက် ဟန့်ပြီးတော့ ရယ်မောရင်းနဲ့ ပြောလိုက်ပါတယ်။

"ငါကတော့ ငါ့အမြင်အတိုင်း ဆက်ပြီးတော့ ရပ်တည်နေဦးမှာပဲ။ လျှိုတကက အရှုံးပေးပြီလို့ မပြောခဲ့ဘူး။ ဒါကြောင့် လင်းဟာန်မှာ အပြစ်မရှိဘူး။ တကယ်လို့ မင်းတို့နှစ်ယောက်မှာ နောက်ထပ်

အတွေးအမြင် မရှိတော့ဘူးဆိုရင် လင်းဟန်ကို ပြန်သွားခွင့် ပြုလိုက်ပါတော့”

လျှိုနိုင်ဖန်းက ဘာများပြောနိုင် ဦးမှာလဲ။ ဒီသားရဲက သင်တန်းကျောင်းရဲ့ ကျောင်းအုပ် ချစ်မြတ်နိုးတဲ့ အိမ်မွေးတိရစ္ဆာန် ဖြစ်ပါတယ်။ ပြီးတော့ သူရဲ့ချစ်ခင်တွယ်တာမှုက သူ့ကိုယ်ပိုင် မျိုးဆက်အတွက် ချစ်ခင်မှုထက်တောင် သာလွန်ပါတယ်။

တကယ်လို့ ဒီနေ့ ဒီနေရာမှာ လျှိုကလန်ရဲ့ အကြီးအကဲတွေ ရှိနေရင်တောင်မှ သူတို့လည်း မကျေမနပ်နဲ့ အလျှော့ပေး ရပါလိမ့်မယ်။

သူက မချိတင်ကဲ ဖြစ်သွားပြီးတော့ လျှိုတရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေကို ကောက်ယူပြီး စိတ်ဝိညာဉ် သိုလှောင်ပစ္စည်း အထဲမှာ ထည့်သိမ်းလိုက်ပါတယ်။ အဲဒီနောက် လှားခနဲ တစ်ချက် ခုန်ပြီးတော့ ချက်ချင်းပဲ ထွက်ခွာသွားပါတယ်။

ဝေချင်းရှူလည်း နောက်တစ်ကြိမ် သက်ပြင်းချလိုက်ပါတယ်။ အခုလေးတင် သူလည်း အရမ်းကို ခက်ခဲတဲ့ အခြေအနေ တစ်ခုမှာ ရှိနေပါတယ်။ သူက ခေါင်းကိုခါပြီးတော့ လှားခနဲ ခုန်ပြီး ထွက်သွား လိုက်ပါတယ်။

"တရားမျှမျှတတနဲ့ ပြောဆိုပေးတဲ့အတွက် စီနီယာကို ကျေးဇူးအများကြီး တင်ပါတယ်"

လင်းဟန်က ရိုးရိုးသားသားနဲ့ ပြောလိုက်ပြီး သူ့လက်တွေကို ကျန်းသဲ့မန်ရှိတဲ့ဘက်ကို ဆုပ်ပြီးတော့ ပြောလိုက်ပါတယ်။

ကျန်းသဲ့မန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါဝင်ပြီးတော့ မစွက်ဖက်ဘူးဆိုရင်တောင် ဒီကြောင်အနားမှာ ရှိနေတာကြောင့် သင်တန်းကျောင်း တစ်ခုလုံးထဲက ဘယ်သူမှ မင်းကို ထိပါးဝံ့မှာ မဟုတ်ဘူး"

ကြောင်ဖြူကြီးက သူ့ခေါင်းကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ မော့လိုက်ပါတယ်။ ငါက အဲဒီလောက် အထင်ကြီးဖို့ ကောင်းတယ်ကွ။

"ဘာဖြစ်ဖြစ် စီနီယာကို ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

ကျန်းသဲ့မန်က သူ့ခေါင်းကို ညိတ်လိုက်ပါတယ်။ ဒီလူငယ်က ရည်မွန်ပြီးတော့ လောကဝတ်ကို သိနားလည်ပြီး အရမ်းကို ကောင်းမွန်တဲ့ ပင်ကိုယ်စရိုက်လည်း ရှိပါတယ်။ သိုင်းပညာမှာ

ပါရမီရှိတာကလည်း တစ်ခုပေ့ါ။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ ပင်ကိုယ်စရိုက်ကလည်း တူညီတဲ့ အရေးပါမှု တစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အနာဂတ်မှာ တခြားအရာတွေနဲ့ အန္တရာယ်တစ်ခု ဖြစ်လာပါလိမ့်မယ်။

"သွားတော့"

သူက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ကျောင်းသား တစ်ယောက် သေဆုံးတယ်ဆိုတာက လုပ်ဆောင်ရမဲ့ ကိစ္စတချို့ ရှိနေပါတယ်။ ဒါပေမဲ့ အဲဒါက လင်းဟာန်နဲ့ ဘာမှမသက်ဆိုင်ပါဘူး။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ သူ့လက်တွေကို နောက်တစ်ကြိမ် ဆုပ်ပြီးပြောလိုက်ပါတယ်။

"ကျနော်အရင်ဆုံး သွားပါတော့မယ်"

ကြောင်ဖြူကြီးကို သူနဲ့အတူ ခေါ်သွားပြီးတော့ ထွက်လာခဲ့ပါတယ်။ ဒီကောင်က နောက်တစ်ဆင့် တက်လာပြီး သူ့ခေါင်းပေါ်မှာ နေရာယူနေပါတယ်။ ငါဗိုက်ဆာနေတယ် ဆိုတာကို မင်းမသိဘူးလား။

လင်းဟန် ထွက်သွားပြီးတဲ့ နောက်မှာ တိုက်ပွဲကို လာရောက်ကြည့်ရှုတဲ့ ပရိတ်သတ်တွေလည်း ပြန်ကုန်ကြပါတယ်။ အခု သတင်းကြီး ရှိနေပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့်တစ်လုံးကို ကျော်လွန်လို့ နေပါပြီ။

"အစ်ကိုကြီးရီ"

မိုကျွမ်းရန်က ရီချန်ယွမ်ကို အသာလေး ပုတ်လိုက်ပါတယ်။

ရီချန်ယွမ်က တွေဝေငေးမောနေပြီး သူ့ခန္ဓာကိုယ်က အေးစက်တဲ့ ချွေးတွေနဲ့ စိုရွှဲနေပါတယ်။ သူက ရုတ်တရက် ဘေးဘီဝဲယာကို တစ်ချက်ကြည့်ပြီးတော့ လေးလေးနက်နက် စဉ်းစားနေ ခဲ့ပါတယ်။

"ငါစဉ်းစားနေတာ။ ငါက လျှိုတရဲ့ နေရာကနေ ဆိုရင် ဒီတိုက်ခိုက်မှုကို ဘယ်လိုမျိုး တန်ပြန်ရမလဲ။ သုံးသပ်ချက် အရတော့ ဘယ်လိုပဲဖြစ်ဖြစ် သေခြင်းတရား တစ်ခုပဲ ဖြစ်လိမ့်မယ်"

မိုကျွမ်းရန်က ရယ်မောပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

"အစ်ကိုရီ မင်းက အဲဒီအရှုံးကောင်နဲ့ လက်ရည်မစမ်းဖို့ကိုလည်း ရွေးချယ်နိုင်တာပဲလေ"

ရီချန်ယွမ်ရဲ့ မျက်လုံးတွေက ချက်ချင်းပဲ တောက်ပလာပြီး ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ ငါအခုနေနဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ အဆုံးစွန်ထိ ကျင့်ကြံအားထုတ် ရမယ်။ ငါ့ရဲ့ပါရမီနဲ့ဆို တကယ်လို့ ထူးခြားတဲ့ ကံတရား အခွင့်အလမ်း အမျိုးအစား တချို့ကို မပိုင်ဆိုင်ထားဘူး ဆိုရင်တော့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်နှစ်လုံးကို ချိုးဖျက်ဝင်ရောက်ဖို့နဲ့ အဆင့်တက်ဖို့ ခြေလှမ်းကို လှမ်းနိုင်လိမ့်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တကယ်လို့ တောင်မြစ် အဆင့်ကို ချိုးဖျက်ဝင်ရောက်လိုက်မယ်ဆိုရင် အနာဂတ်မှာ ငါ့ကိုယ်ငါ တိုးမြှင့်ဖို့ အခန်းတွေ နောက်တစ်ကြိမ် ရှိလာလိမ့်မယ်"

"ဟုတ်တယ်။ ဒါကြောင့်လည်း ငါတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်ဖို့ နှစ်ပေါင်းတစ်ရာ အချိန်ပဲ သုံးစွဲရတာဖြစ်တယ်။ ဒီအမြင့်ဆုံး အကန့်အသတ်က အရမ်းကို အရေးကြီးတယ် ဆိုပေမဲ့ အရေးအကြီးဆုံးတော့ မဟုတ်ဘူးဆိုတာ သေချာတယ်"

မိုကျွမ်းရန်က ဆက်ပြောလိုက်ပါတယ်။

"ပထမဆုံး တစ်ခုက တန်ခိုးရှင် တစ်ယောက် ဖြစ်လာဖို့ပဲ။ အဲဒီနောက်မှ တကယ့် အစွမ်းထက်တာကို စဉ်းစားရလိမ့်မယ်"

ရီချန်ယွမ်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီးတော့ သူ့ကိုယ်သူ ယုံကြည်မှုတွေ ပြန်လည်ရရှိ သွားခဲ့ပါတယ်။ သူက ပြောလိုက်တယ်။

"ကျွမ်းရန် မင်းက အမြဲတမ်း ဒီလိုပဲ သွားတော့မှာလား"

"ငါလား"

မိုကျွမ်းရန်က ရယ်မောလိုက်ပါတယ်။

"ဒါပေမဲ့ ငါက ပန်းပွင့်လေးတွေနဲ့ ကစားရတာကို သဘောကျတဲ့ ရိုမန်းတစ်ဆန်ဆန် လူတစ်ယောက်ပဲလေ"

တစ်နေရာမှာတော့။

"ရှုံ့စရာကောင်းတဲ့ စုန်းမအိုကြီး ညိုးညိုးကို လွှတ်ပေးစမ်း"

ပုန်းဒိုင်းကျဲပြီး အော်ဟစ်နေတဲ့ အသံတွေနဲ့ သားရဲတွေရဲ့ စူးစူးဝါးဝါး အော်သံတွေ ထွက်ပေါ် လာခဲ့ပါတယ်။ အဲဒီအသံတွေရဲ့ အနောက်ကနေ အခန်းတံခါးကို အဆက်မပြတ် ထုရိုက်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

"ညိုးညိုး လင်းဟန်နဲ့ တွေ့ချင်တယ်။ ရုပ်ဆိုးဆိုး အဘွားကြီး ညိုးညိုးကို မြန်မြန်လွှတ်ပေးစမ်း"

ဟူးညို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး တံခါးကို အတင်းတိုးဝင်လာခဲ့ပြီး သူမရဲ့ လက်သေးသေးလေးနဲ့ တံခါးဘောင်ကို ဆုပ်ကိုင်ထားပါတယ်။ သူမပုံစံက မျောက်တစ်ကောင်နဲ့ တူနေပါတယ်။

"အဓိပ္ပါယ်မရှိတာ"

အနက်ရောင် ဂတ်စုံနဲ့ အဘွားကြီးက ဘာမှမရှိတဲ့ လေထဲကို ဖမ်းဆုပ်လိုက်ပြီး ဟူးညို့က နည်းနည်းလေးမှတောင် ခုခံလို့ မရပဲ ချက်ချင်းပါလာခဲ့ပါတယ်။

"ညိုးညိုး အရမ်းကို ဒေါသထွက်နေပြီနော်။ ညိုးညိုး ဆိုးချင်နေပြီ။ ညိုးညိုး ထပ်ပြီးတော့ မကျင့်ကြံချင်တော့ဘူး"

ဟူးညို့ နှုတ်ခမ်းစူပြီးတော့ လက်နှစ်ဖက်လုံးကို တင်ပါးပေါ် ထောက်ထားလိုက်ပါတယ်။

"ကလေးမလေး ဂဠုန်နန်းတော်ကို မင်းပြန်ရောက်လာတဲ့ အချိန်ကစပြီး ဘယ်နေ့ကများ ကျင့်ကြံခြင်းကို လေးလေးနက်နက်နဲ့ ကျင့်ဖူးလို့လဲ"

အနက်ရောင် ဂုတ်စုံနဲ့ အဘွားကြီးက သက်ပြင်းချလိုက်ပါတယ်။

"ရီယွင်က မင်းရဲ့ ခန္ဓာကိုယ်ထဲကို သိုင်းပညာရပ်တွေရဲ့ စိတ်ဝိညာဉ် အဆီအနှစ်ကိုပဲ ပေါင်းစည်းခဲ့တာ။ ဘယ်လောက်ထိ သန့်စင်ပြီးတော့ ချေဖျက်နိုင်မလဲ ဆိုတာကတော့ မင်းရဲ့ကိုယ်ပိုင် အားထုတ်မှု အပေါ်မှာပဲ မူတည်တယ်"

"ညီုးညီုး မကျင့်ကြံချင်ဘူး။ ညီုးညီုး လင်းဟာန်ကိုပဲ တွေ့ချင်တယ်"

ဟူးညီုက အကြောင်းပြချက်တွေကို နားမထောင်ပါဘူး။ ပြီးတော့ ပိုလို့တောင်မှ အကြောက်အလန့် ကင်းလာပြီး အဘွားကြီးကို ပြန်အော်ဟစ်နေပါတယ်။

အနက်ရောင် ဂုတ်စုံနဲ့ အဘွားကြီးက အတော်လေးကို ခေါင်းကိုက်လာပါတယ်။ ဒဏ္ဍာရီလာ သားရဲကောင်များ နန်းတော်ရဲ့ အထွတ်အထိပ် လျှို့ဝှက်နည်းစနစ် သုံးခုကို အင်ပါယာ ဘုရင်မပဲ ကျင့်ကြံနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ဘုရင်မက ပြိုင်ဘက်ကင်း သိုင်းပညာရပ်တွေရဲ့ ဝိညာဉ်အဆီအနှစ်ကို အမွေဆက်ခံနိုင်တာကြောင့် ဖြစ်ပါတယ်။ ထူးခြားဆန်းကြယ်တဲ့ ပညာရပ်တွေက မင်းအရှေ့မှာ ရှိနေရင်တောင် တကယ်လို့ မင်းက အခြေခံ မပိုင်ဆိုင်ထားခဲ့ဘူးဆိုရင် ဘာကိုမှ အောင်မြင်မှု ရလိမ့်မှာ မဟုတ်ပါဘူး။

သူတို့က ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး အားကိုးလို့ မရတဲ့ အမွေဆက်ခံသူ တစ်ယောက်နဲ့ ကြုံတွေ့နေရတာလဲ။

သူမက ဟူးညိုနဲ့ တစ်နှစ်ကျော်လောက် နေပြီးတော့ ဒီကလေးမကို အတော်လေး နားလည်လာခဲ့ပြီးတော့ ဟူးညိုအပေါ်မှာ ပြင်းပြင်းထန်ထန် လုပ်တာက အလုပ်မဖြစ်ဘူး ဆိုတာကို သိလာပြီး သူမအတွက် ကြောက်ရွံ့ခြင်းဆိုတာက ဘာလဲဆိုတာတောင် မသိပါဘူး။

"ကောင်းပြီလေ။ ငါမင်းကို ကတိပေးတယ်။ မင်းက မူလဇာစ်မြစ် အဆင့်ထိ ကျင့်ကြံနိုင်တာနဲ့ အဲဒီကောင်လေးနဲ့ တွေ့ဖို့ မင်းကို သွားခွင့်ပြုမယ်။ ဒါပေမဲ့ သုံးရက်က အများဆုံးပဲနော်။ အဲဒီနောက် မင်းပြန်လာရမယ်။ ငါတို့ဂဠုန်နန်းတော်မှာ ရန်သူတော်ကြီးတစ်ယောက်ရှိတယ်။ ပြီးတော့ တကယ်လို့ မင်းက မဟာလျှို့ဝှက်ပညာရပ် သုံးခုကို ကျင့်ကြံနိုင်ရင် သူတို့ကို ရင်ဆိုင်လာနိုင်လိမ့်မယ်။ မင်းရဲ့လုံခြုံမှုအတွက်ကြောင့် အပြင်ကို ပေးမထွက်တာပဲ"

အဘွားကြီးက ကတိကဝတ် တစ်ခုကို ကမ်းလှမ်းလိုက်ပါတယ်။

ဟူးညိုက သူ့လက်ချောင်းတွေနဲ့ ရေတွက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ ဒါဆိုရင် ညီုးညီုးက သုံးနစ်နဲ့ မူလဇာစ်မြစ်အဆင့် ရောက်အောင် ကျင့်ကြံမယ်"

ဟူးညိုက သူမရဲ့ခေါင်းကို စောင်းပြီးတော့ အဘွားကြီးကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"အဘွားကြီးစုတ် မြန်မြန်ထွက်သွား။ ရှင်ဒီမှာ ရှိနေတာက ညီုးညီုးရဲ့ ဒေါသကို လောင်စာထည့် နေသလိုပဲ။ ကျင့်ကြံဖို့အတွက် အာရုံစိုက်လို့ကို မရဘူး။ သွားသွားသွား"

အနက်ရောင် ဂတ်စုံနဲ့ အဘွားကြီးက မရည်ရွယ်ပဲ သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ သူမကလည်း သူမရဲ့ ပိုင်နက်ထဲမှာ ထိတ်ထိတ်ကြဲ အဆင့်မှာရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ဟူးညိုနဲ့ ရင်ဆိုင်လိုက်တဲ့ အခါမှာ နည်းနည်းလေးမှတောင် တိုက်တွန်းလို့ မရပဲ အားလုံးမှာ သူတို့ရဲ့ အားနည်းချက်ကိုယ်စီ ရှိနေတာကို ဖော်ပြနေပါတယ်။

"သွားတော့။ ညီုးညီုး ကျင့်ကြံနေတာကို အနှောင့်အယှက် မပေးနဲ့တော့"

ဟူးညိုက သူမရဲ့လက်ကို ဝှေ့ယမ်းလိုက်ပြီးတော့ သူမရဲ့ မျက်နှာမှာ စိတ်မရှည်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

အနက်ရောင် ဂဝတ်စုံနဲ့ အဘွားကြီးက ဘာမှမတတ်နိုင်ပဲ ထွက်သွားလိုက်ပါတယ်။ ဒါပေမဲ့ အခုဆို အနည်းဆုံးတော့ ဟူးညီကို ကျင့်ကြံအားထုတ်ဖို့ ဆန္ဒဖြစ်ပေါ်လာအောင် လုပ်နိုင်ခဲ့တာကြောင့် အခုမှပဲ သက်ပြင်းချနိုင်ပါတော့တယ်။

ဒီဘိုးဘေးသေးသေးလေးက တကယ့်ကို ခေါင်းခဲစရာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကျွှမ်ာငယ်လေးထဲက မျှော်လင့်မထားတဲ့ ပါရမီရှင်တစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒီလူသားနဲ့ ပတ်သက်ပြီး အရမ်းကို ထူးခြားတဲ့ အကြောင်းအရာတော့ မရှိပါဘူး။ ဒါပေမဲ့ အကြောင်းရင်းက သူ့ရဲ့သားဖြစ်သူက သိုင်းပညာရပ်မှာ ပါရမီရှင် တစ်ယောက် ဖြစ်နေပါတယ်။ ဂဋ္ဌုန်နန်းတော်က အမျိုးသား တပည့်လက်မခံဘူးဆိုတဲ့ အကြောင်းရင်းအတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူမအနေနဲ့ ဒီအခွင့်အရေးကို နည်းနည်းလေးမှ မလွှဲချင်ပါဘူး။

"ကောင်းကင်သူတော်စင် နန်းတော်က တပည့်သစ်တွေ လက်ခံနေတယ်။ ပြီးတော့ ငါတို့ဂဋ္ဌုန် နန်းတော်နဲ့လည်း ဆက်ဆံရေးကောင်းတယ်။ သူတို့ကို ပါရမီရှင် တစ်ယောက် အမွေဆက်ခံသူ အဖြစ် ပေးမယ်ဆိုရင် အဲဒါက သူတို့ကို

အကြီးအကျယ် ကျေနပ်ပီတိ ဖြစ်စေလိမ့်မယ်။ ဒီလိုပဲကောင်းတယ်။ ငါတို့က ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင်ကို သတ်လို့ရတာပေါ့”

သူမက ပေါ့ပါးသွက်လက်စွာနဲ့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

လှိုကလန် စံအိမ်။

လှိုဟုန်တောက်က လှိုတရဲ့ ခန္ဓာကိုယ်ကို စိုက်ကြည့်နေပြီး သူ့လက်နှစ်ဖက်ကို ကျစ်နေအောင် ဆုပ်ထားပြီးတော့ သူ့မျက်လုံးတွေထဲမှာ ဒေါသမီးတောက်တွေ ဟင်းဟင်းတောက်လို့ နေပါတယ်။

လှိုမိသားစုရဲ့ လူငယ်မျိုးဆက်တွေ အထဲမှာ ထူးချွန်ထက်မြက်ဆုံး အမွေဆက်ခံသူက အခုလိုမျိုး အသတ်ခံလိုက် ရပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတစ်ယောက် သေသွားတာက ကြီးမားတဲ့ စတေးမှုတစ်ခု မဟုတ်ပေမဲ့ သွေးမျက်ရည် ကျောက်တုံးကတော့ တကယ့်ကို တန်ဖိုးကြီးမား လွန်းပါတယ်။ ပြီးတော့ အဲဒီအတွေးက သူ့နှလုံးသားကိုတောင် နာကျင်စေပါတယ်။

"ငါတို့ အဲဒီအောက်တန်းစားကောင်ကို လုံးဝ အလွတ်ပေးလို့ မဖြစ်ဘူး"

သူက လေးလေးနက်နက် ပြောလိုက်ပါတယ်။

"ဒါပေမဲ့ မျိုးနွယ်စုခေါင်းဆောင် အဲဒီကောင်ကို ကြည့်ရတာ ဖုဟိုင်နဲ့ ပတ်သက်မှုတချို့ ရှိပုံရတယ်"

လျိုခိုင်ဖန်းက ပြောလိုကပါတယ်။ သူ့ခန္ဓာကိုယ်က ဖုဟိုင်ရဲ့ နာမည်ကို ပြောလိုက်တာနဲ့ ကြက်သီးမွေးညှင်းတွေ ထလာပါတယ်။ ဒါက ထူးခြားတဲ့ စွမ်းအင်အမျိုးအစားတွေ ပိုင်ဆိုင်ထားတဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ နာမည် ဖြစ်ပါတယ်။

Chapter 929 end

အပိုင်း(930) ယောက္ခထီးက ငါ့ကိုတွေ့ချင်တယ်

"ဟင့် သူက ကြောင်တစ်ကောင်နဲ့ ပတ်သက်ပြီး အရမ်းကို အထိမခံနိုင်တဲ့ လူတစ်ယောက်ပဲ"

လျိုဟုန်တောက်က အထင်အမြင်သေးစွာနဲ့ တံတွေးတစ်ချက် ထွေးလိုက်ပါတယ်။

“ဟုတ်တယ်”

လို့ခိုင်ဖန်းကလည်း ခေါင်းညိတ်ပြီးတော့ ထောက်ခံလိုက်ပါတယ်။

“သင်တန်းကျောင်းထဲမှာ လုပ်ရှားမှုလုပ်ဖို့ ခက်ခဲနေသေးတယ်”

လို့ဟုန်တောက်က မျက်မှောင်ကြုတ်ပြီးတော့ လေးလေးနက်နက် စဉ်းစားခန်း ဝင်နေပုံ ရပါတယ်။ အဲဒီနောက် ရုတ်တရက် အလျင်အမြန်နဲ့ ပြောလိုက်ပါတယ်။

“အဲဒါနဲ့ ပတ်သက်ပြီး ငါတို့ စိုးရိမ်ပူပန်စရာ မလိုတော့ဘူး”

“မျိုးနွယ်စုခေါင်းဆောင် ဆိုလိုတာက”

လို့ခိုင်ဖန်းက စိတ်ရှုပ်ထွေးသွားတဲ့ ပုံစံနဲ့ မေးလိုက်ပါတယ်။

“အမှောင်ည ခန်းမဆီကို သွားပြီးတော့ အဲဒီအောက်တန်းစားကောင်ရဲ့ အသက်အတွက် အစစ်အမှန် မူလကျောက်တုံး တစ်သောင်းကို ဆုလာဘ်အဖြစ်ပေးမယ်လို့ ကြေညာချက်တစ်ခု ထုတ်ပြန်လိုက်”

လို့ဟုန်တောက်က အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။

အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ကျသင့်တန်ဖိုးကို ပေးချေဖို့ ဆန္ဒရှိသရွေ့ သူတို့က ဘယ်သူ့ကိုမဆို သတ်ဝံ့ကြပါတယ်။

ဒီအဖွဲ့အစည်းက အရမ်းကို ကြီးမားပြီး ခံ့ညားထည်ဝါတဲ့ အင်ပါယာ သုံးခုမှာ ဌာနခွဲတွေနဲ့ တော်ဂင် အင်ပါယာ တစ်ဒါဇင်လောက်မှာလည်း ဌာနခွဲတွေ အများကြီး ရှိပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဌာနချုပ်က ဘယ်မှာလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။ ပြီးတော့ သူတို့ရဲ့ ခေါင်းဆောင်က ဘယ်သူဆိုတာနဲ့ ဘယ်လိုမျိုး စွမ်းအားကို ပိုင်ဆိုင်ထားတယ် ဆိုတာကိုလည်း ဘယ်သူမှ မသိကြပါဘူး။ တကယ်တော့ ခံ့ညားထည်ဝါတဲ့ အင်ပါယာ သုံးခုတောင်မှ ဒီအဖွဲ့အစည်းကို ချေမှုန်းပစ်ချင်ပေမဲ့ ဘယ်တုန်းကမှ မအောင်မြင်ခဲ့ပါဘူး။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ခေါင်းအတွက် အစစ်အမှန် မူလကျောက်တုံး တစ်သောင်းဆိုတာက အဲဒီအောက်တန်းစားအတွက် အရမ်းကို မြင့်မားတဲ့ တန်ကြေးတစ်ခု ဖြစ်ပါတယ်။

လျှိုခိုင်ဖန်းက လှောင်ပြုံး ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ ဒီနည်းနဲ့ဆိုရင် လင်းဟန်က သေချာပေါက် လူသေတစ်ယောက်

ဖြစ်လာပါလိမ့်မယ်။ အမှောင်ည ခန်းမလို အံ့သြဖွယ်ရာကောင်းတဲ့ အဖွဲ့အစည်း တစ်ခုက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကို သတ်တဲ့နေရာမှာ မအောင်မြင်ပဲ ကျရှုံးသွားနိုင်မှာတဲ့လား။ တကယ်လို့ သူတို့က ကောင်းကင်နီ သင်တန်းကျောင်းထဲကို မဝင်ရဲဘူး ဆိုရင်တောင် လင်းဟာန်က သူ့ဘဝတစ်လျှောက်လုံး သင်တန်းကျောင်း အထဲမှာပဲ ရှိနေဖို့ဆိုတာက မဖြစ်နိုင်ပါဘူး။

လင်းဟာန် ထွက်လာတဲ့ အချိန်ကျရင် သူတို့အတွက် စောင့်ကြည့်နေစရာ မလိုတော့ပါဘူး။ အခုချိန်က စပြီးတော့ အဲဒါက အမှောင်ည ခန်းမရဲ့ အလုပ်ဖြစ်သွား ပါလိမ့်မယ်။

"ဟုတ်ကဲ့"

လျိုခိုင်ဖန်းက ခေါင်းညိတ်လိုက်ပါတယ်။

လင်းဟာန်နဲ့ ကြောင်ဖြူကြီးက ခြံဝင်းထဲကို ပြန်ရောက်လာတဲ့ နောက်မှာ သူနဲ့ ကြောင်ဖြူကြီးရဲ့ အစာအိမ်ကို ပြည့်သွားအောင်လို့ အသားတချို့ကို ကင်လိုက်ပါတယ်။ အဲဒီနောက် သူ့က စိတ်ဝိညာဉ် နိမ်နင်းခြင်း ခုနစ်မျိုးထဲမှာ သူ့ကိုယ်သူ အာရုံစိုက်ပြီးတော့ ကျင့်ကြံအားထုတ် လိုက်ပါတယ်။

နောက်ထပ်ငါးရက် ကြာပြီးတဲ့နောက်မှာ သူက နောက်ဆုံးတော့ အောင်မြင်မှု အနည်းငယ် ရရှိပြီး ဒီပညာရပ်ရဲ့ နိဒါန်းကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။

ခြံဝင်းရဲ့ အလယ်ထဲမှာ သူက မတ်တတ်ရပ်ပြီးတော့ ကျောက်တုံးတစ်တုံးကို စူးစိုက်ပြီး ကြည့်လိုက်ပါတယ်။ ရုတ်တရက်ဆိုသလို သူ့ရဲ့မျက်လုံးတွေက အရောင်တောက်ပလာပြီး ဓားအလင်းတစ်ခုက သူ့မျက်ခုံးတွေ အကြားကနေ ထွက်ပေါ်လာခဲ့ပါတယ်။ ဘုန်း။ ဓားအလင်းတန်းက ကျောက်တုံးကို ထိမှန်သွားပြီးတော့ ကျောက်တုံးအပိုင်းအစတွေက နေရာအနှံ့အပြားကို လွင့်စဉ်ထွက်ကုန်ပါတယ်။

"ဒီလျှို့ဝှက်နည်းစနစ်က စိတ်ဝိညာဉ်ကို တိုက်ခိုက်ဖို့ တစ်ခုသက်သက်လောက်တော့ မရိုးရှင်းဘူး။ ဒါက ပစ္စည်းတွေ အပေါ်မှာလည်း အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း အာနိသင်တစ်ခု ရှိနေတယ်။ ဒါပေမဲ့လည်း အထူးသဖြင့် လူတစ်ယောက်က ဒီလျှို့ဝှက် နည်းစနစ်ကို ဘယ်အတိုင်းအတာထိ ကျင့်ကြံအားထုတ်နိုင်လဲ ဆိုတဲ့ အချက်အပေါ်မှာ မူတည်ပြီးတော့ ဘယ်အဆင့်ထိ ရောက်မလဲဆိုတာကို သတ်မှတ်နိုင်လိမ့်မယ်။ ပြီးတော့

လူတစ်ယောက်ရဲ့ ကိုယ်ပိုင်စိတ်ဝိညာဉ် ခွန်အားကိုလည်း တိုးလာစေတယ်”

လင်းဟန်က စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ချီးကျူးလိုက်ပါတယ်။

စိတ်ဝိညာဉ် အပေါ်မှာ ဒီပညာရပ်ရဲ့ တိုက်ခိုက်မှုကနေ အကျိုးသက်ရောက်မှုက အစစ်အမှန်နဲ့ စိတ်ဝိညာဉ်ကို ဖြစ်နိုင်ပါတယ်။ အမှန်တကယ်တော့ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကိုလည်း ထိခိုက်ပျက်စီးအောင် လုပ်နိုင်သလို လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကိုလည်း တိုက်ခိုက်နိုင်ပါတယ်။ ဒီပညာရပ်ရဲ့ အသုံးဝင်မှုက အဆုံးမရှိပါဘူး။

လင်းဟန်က သူ့ရဲ့ ပျော်ရွှင်မှုကို မထိန်းနိုင်အောင် ဖြစ်သွားခဲ့ပါတယ်။ ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အထောက်အပံ့ အကူအညီကိုပါ ပေါင်းထည့်လိုက်ရင် သူ့ရဲ့စိတ်ဝိညာဉ်က နှိုင်းယှဉ်လို့ မရအောင် မာကျောလာပြီး ဒီလျှို့ဝှက်နည်းစနစ်ရဲ့ စွမ်းအားကို အမြင့်ဆုံးထိ ရောက်နိုင်ပါလိမ့်မယ်။ အဘိုးကြီးရှုတောင်မှ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်ကို လေ့ကျင့်ပြီးရင် သူ့ကို ဒီလျှို့ဝှက်နည်းစနစ်က

အများကြီး ကူညီပေးနိုင်လိမ့်မှာ မဟုတ်ဘူးဆိုတာကို သူက လက်ခံယုံကြည်နေခဲ့ပါတယ်။

ဒုန်း ဒုန်း ဒုန်း။

အဲဒီအချိန်မှာ ခြံဂင်းတံခါးကို ထုတဲ့အသံကို ကြားလိုက်ရပြီး သူက သွားဖွင့်ပေး လိုက်ပါတယ်။ တံခါးအပြင်ဘက်မှာ နူးညံ့သိမ်မွေ့တဲ့ ပုံစံနဲ့ ရပ်နေတဲ့ စွေ့ရန်ယွီကို တွေ့လိုက်ရပြီး သူမရဲ့ ဆွဲဆောင်နိုင်မှုနဲ့ ရင့်ကျက်တည်ငြိမ်တဲ့ ပုံစံက လူတစ်ယောက်ရဲ့ ထိန်းချုပ်နိုင်စွမ်းကို စမ်းသပ်နေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

နောက်ပြီးတော့ လင်းဟန်ရဲ့ လိုတာထက် ပိုပြီးတော့ ခန့်မှန်းကြည့်မှုနဲ့အတူ သူ့အတွက် ဒီဂါဂန်အရည်ကြီးရဲ့ အောက်မှာရှိတဲ့ ဖုံးကွယ်ထားတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းက ဘယ်လောက်တောင် ဆွဲဆောင်မှုရှိသလဲ ဆိုတာ သူ့အတွက်တော့ ရှင်းရှင်းလင်းလင်း သိထားပါတယ်။

လင်းဟန်ရဲ့ တပ်မက်မှု အကြည့်ကို နှလုံးသားနဲ့ အာရုံခံမိပြီး စွေ့ရန်ယွီရဲ့ ချစ်စဖွယ် မျက်နှာလေးက ရှက်ရွံ့မှုကြောင့် နီရဲလာခဲ့ပါတယ်။ အဲဒီနောက် သူမက ချက်ချင်းပဲ အရက်ပြေ ပြောလိုက်ပါတယ်။

"ငါ့အဖေက နင့်ကိုတွေ့ချင်တယ်တဲ့"

"ယောက္ခထီးကြီးက ငါ့ကိုတွေ့ချင်တယ် ဟုတ်လား"

လင်းဟန်က တီးတိုးပြောလိုက်ပါတယ်။ ဒါက မထူးဆန်းပါဘူး။ သူနဲ့ စွေ့ရန်ယွီက လက်ထပ်ဖို့ ကတိကဝတ်တစ်ခု ပြုလုပ်ခဲ့ပြီးပါပြီ။ ဒါကြောင့် သတို့သမီးရဲ့ မိသားစုဘက်က ဘာမှမတုံ့ပြန်ဘူး ဆိုမှပဲ ထူးဆန်းနေပါလိမ့်မယ်။ အခု သူက ဒီလိုမျိုး အကြာကြီး နှောင့်နှေးပြီးမှ ဆင့်ခေါ်ခံ လိုက်ရပြီး ဒါကို အရမ်းကြီးတောင် နောက်ကျနေပြီလို့ သတ်မှတ်လို့ ရပါတယ်။

ဖြစ်နိုင်ချေ ရှိတာက စွေ့ကလန် အနေနဲ့ ဒါကို ကောလာဟလ တစ်ခုလို့ ထင်နေပုံ ရပါတယ်။ ဒါပေမဲ့ စွေ့ရန်ယွီကို ခေါ်ပြီးတော့ မေးမြန်းပြီးတဲ့ အချိန်ကျမှ သူတို့က အဲဒီလောက် မရိုးရှင်းဘူး ဆိုတာကို နားလည်သွားပုံ ရပါတယ်။

စွေ့ရန်ယွီရဲ့ မျက်နှာက အေးစက်စက် ပြောင်းသွားပြီးတော့ ပြောလိုက်ပါတယ်။

"နင်ငါ့ကို အခွင့်အရေး ယူနိုင်ပြီလို့တောင် မစဉ်းစားလိုက်နဲ့"

"ငါပြောမယ်။ ငါတို့က ဟန်ဆောင်ချစ်သူတွေ ဆိုပေမဲ့ အသေးစိတ် ကြည့်သင့်တယ် မဟုတ်လား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အခု ဒီမှာဘယ်သူမှမရှိဘူး။ ဒါကြောင့် ဘာမှလုပ်စရာ မလိုဘူး"

စွေ့ရန်ယွီက ပြတ်ပြတ်သားသားကို ငြင်းဆန်လိုက်ပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က လူတစ်ယောက်နဲ့ သူသေကိုယ်သေ တိုက်ပွဲတစ်ခုကို တိုက်နေတာတောင် မင်းက တစ်ချက်မှ လာကြည့်ဖော် မရဘူးနော်။ တခြားလူတွေက မင်းကို ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်ဂင်တစားနဲ့ ပြောလာမှာကို မကြောက်ဘူးလား။ စောစောတုန်းက အပြုအမူကိုတော့ သူတို့သတိထားမှာ မဟုတ်ပါဘူး"

"နင့်အစွမ်းနဲ့ဆို တကယ်လို့ လျှိုတ အယောက်တစ်ရာ လာရင်တောင်မှ နင့်ဆံပင်မွေး တစ်ချောင်းကို ထိခိုက်အောင်တောင် လုပ်နိုင်မှာမို့လို့လား"

စွေ့ရန်ယွီက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူမက လင်းဟန်နဲ့ အရင်တုန်းက လက်ရည်စမ်းခဲ့တာမျိုးတောင် မဟုတ်ပါဘူး။ သူမတောင် လင်းဟန်ကို သတ်ပစ်ဖို့ ခက်ခဲပြီး အဲဒီအစား သူမပဲ အကိုက်ခံလိုက်ရတယ်။ ဖွီ။

လင်းဟန်က ရယ်မောပြီး ပြန်ဖြေလိုက်ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ ဒါဆိုရင် သွားကြစို့။ သူ့ကို သွားတွေ့ကြမယ်။ ငါက အန်ပေါင်းတစ်ခုတောင် ရနိုင်မလားဆိုတာ ဘယ်သူသိမှာလဲ။ အိုး ဟုတ်သားပဲ။ ငါတို့က ဟန်ဆောင်နေတယ် ဆိုပေမဲ့ တကယ်လို့ အန်ပေါင်းတစ်ခု ငါရခဲ့မယ်ဆိုရင် အဲဒါ ငါ့ပစ္စည်းပဲနော်။ မင်းငါ့ဆီကနေ ပြန်ယူလို့ မရဘူး"

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြန်တုံ့ပြန်လိုက်ပါတယ်။

"ကျောက်ကလန်နဲ့ လက်ထပ်ကြောင်းလမ်းမှုကိစ္စ ပြောတုန်းက ငါ့ကလန်ရဲ့ ဒီကိစ္စအပေါ် အတွေးတွေက အရမ်းကို စိတ်အားထက်သန်ပြီးတော့ လိုလားကြတယ်။ ဒါကြောင့် ဒီတွေ့ဆုံမှုနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားရမယ်။ နင်ကတော့ ဖိအားကြီးကြီးမားမား အပေးခံရလိမ့်မယ်။ ကံကောင်းတဲ့အချက်က နင်ဟာ ဘယ်လက်ရုံး အမတ်မင်းရဲ့ လူတစ်ယောက် ဖြစ်နေတယ်။ ဒါကြောင့် တကယ်လို့ နင့်အဆင့်က နိမ့်နေရင်တောင် ငါ့ကလန်က နင့်ကို ဘာမှလုပ်ဝံ့မှာ မဟုတ်ဘူး။ တကယ်တော့ ခွေးတစ်ကောင်ကို မရိုက်ခင် ခွေးပိုင်ရှင်ရဲ့ မျက်နှာကို ကြည့်ရတယ်လေ"

လင်းဟန် ပါးစပ်က မဲ့သွားပြီး သူက ပြန်ပြောလိုက်ပါတယ်။

"ခွေးတစ်ကောင်ကို မရိုက်ခင် ခွေးပိုင်ရှင်ရဲ့ မျက်နှာကို ကြည့်ရတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ။ မင်းဒီထက်ပိုကောင်းတဲ့ စကားမပြောတတ်ဘူးလား။ ဒါဆိုရင် ဒီလိုပြောမယ်ဆို တကယ်လို့ မင်းက ကြက်တစ်ကောင်နဲ့ လက်ထပ်လိုက်ရင် ကြက်ရဲ့အနောက်ကို လိုက်ရမှာပဲပေါ့။ တကယ်လို့ ငါက ခွေးတစ်ကောင်ဆို မင်းလည်း ပိုကောင်းစရာမရှိဘူး"

ရှုပ်။

လင်းဟာန်ရဲ့ လည်ပင်းပေါ်ကို ဓားတစ်လက် ရောက်လာပြီး စွေ့ရန်ယွီက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"အဓိပ္ပါယ်မရှိတဲ့ စကားတွေ ထပ်ပြောရင် ငါနင့်ကို သတ်ပစ်ရလိမ့်မယ်"

လင်းဟာန်က မလှုပ်ရှားပဲနဲ့ ဆက်ပြောလိုက်ပါတယ်။

"မင်းက မင်းရဲ့ယောကျ်ားကိုတောင် သတ်မလို့လုပ်နေတာလား"

စွေ့ရန်ယွီက လင်းဟာန်ကို တဒင်္ဂလောက် စိုက်ကြည့်ပြီးတော့ ဓားကိုပြန်ရုပ်သိမ်း လိုက်ပါတယ်။ ကောင်းပြီလေ။ သူမက လင်းဟာန်သေသွားခဲ့ရင် သူမရဲ့ ဘဝတစ်လျှောက်လုံး မုဆိုးမ

အဖြစ်နဲ့ ဆက်ရှိနေမယ်လို့ ပြောခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်က သူမရဲ့ ယောက်ျားပဲပေါ့။

ဒီကောင့်မှာ ဒီလိုမျိုး အရုက်ကင်းမဲ့တဲ့ မျက်နှာတစ်ခြမ်း ရှိလိမ့်မယ်လို့ ဘာဖြစ်လို့ သူမက သတိမပြုမိခဲ့ရတာလဲ။

"ငါနဲ့လိုက်ခဲ့"

သူမက လင်းဟန်နဲ့ အဓိပ္ပါယ်မရှိ ငြင်းခုံဖို့ ဆက်ပြီးတော့ စိတ်မပါတော့ပါဘူး။ သူမကိုယ်သူမ ဒီစိတ်ရှုပ်စရာကောင်းတဲ့ ကောင်ရဲ့ လက်ထဲကနေ ကယ်တင်ချင်နေပါတယ်။

သူတို့နှစ်ယောက် ထွက်လာခဲ့ပြီး အစတုန်းက စွေ့ရန်ယွီက အရှေ့ကနေ လျှောက်ဖို့ စိတ်ကူးထားပေမဲ့ လင်းဟန်က သူမရဲ့ ဘေးနားမှာ မကြာခဏ ရောက်ရောက်လာပါတယ်။ ပြီးတော့ သူက အရမ်းကို နီးကပ်လို့ နေပါတယ်။

သူမရဲ့ အကန့်အသတ်ကို ရောက်တဲ့အချိန်မှာ ကျောပွတ်နဲ့ ရိုက်နှက်ဆုံးမ ပစ်ရပါလိမ့်မယ်။ လင်းဟန်က သူမရဲ့ အနားကို တိုးလာပြီးတော့ သူမရဲ့ နားအနားကို ကပ်လာပြီး ညင်သာတဲ့ စကားတွေနဲ့ တီးတိုးပြောဆိုလိုက်ပါတယ်။

"စီနီယာအစ်မ မမေ့လိုက်နဲ့။ ငါတို့တွေ တံခါးကနေ ဖြတ်ပြီးတော့ အပြင်ကိုရောက်သွားတာနဲ့ မျက်လုံးတွေ အများကြီးက ငါတို့ကို စောင့်ကြည့်နေကြလိမ့်မယ်"

သူ့ရဲ့ နွေးထွေးတဲ့ ဂင်လေထွက်လေက သူမရဲ့ မျက်နှာနဲ့ လည်ပင်းကို ကျီစယ်သွားပါတယ်။ သူမရဲ့ ပါးပြင်တွေက နီမြန်းလာခဲ့ပါတယ်။ ဒီမြင်ကွင်းက မြင်ရတဲ့ သူတိုင်းကို ထိန်းမနိုင် သိမ်းမနိုင်အောင် နစ်သက်ကြည်နူးစေပါတယ်။

သူမနဲ့ ဒီလောက်ထိ နီးနီးကပ်ကပ် ဘယ်ယောက်ျားမှ မနေဖူးပါဘူး။ ဒါက သူမကို ခြေဖျားလက်ဖျားတွေ ကျဉ်သွားစေခဲ့ပါတယ်။ အရင်တုန်းက လင်းဟာန်ရဲ့ သူမရင်သားတွေကို အံ့အားသင့်စရာကောင်းတဲ့ တိုက်ခိုက်မှုက သူမရဲ့ ဦးနှောက်ကို ချက်ချင်းပဲ အလုပ်လုပ်နေရာက ရပ်စဲသွားစေခဲ့ပါတယ်။

ကြက်သေသေနေရင်းနဲ့ သူမရဲ့လက်ကို လင်းဟာန်က လာကိုင်တာကိုတောင် သတိမပြုမိ ခဲ့ပါဘူး။ ပြီးတော့ သူမက ဆွဲခေါ်သွားခံ လိုက်ရပါတယ်။ သူမရဲ့ ခြေထောက်တွေက ဝါဂွမ်းတွေအပေါ် ခြေလှမ်းနေရသလို ခံစားရပြီး နူးညံ့တဲ့ ဝါဂွမ်းလေး တစ်စလို တိမ်တွေပေါ်မှာ မျောလွင့်နေသလို ခံစားနေရပါတယ်။

"ငါတို့ ဘယ်ဘက်ကို ဦးတည်ပြီး သွားရမှာလဲ"

သူတို့က ခြံဝင်းရဲ့ ဂင်ပေါက်ကို ဖြတ်ကျော်လာပြီးတဲ့နောက်မှာ လင်းဟန်က သူမကို မေးခွန်းမေး လိုက်တာကြောင့် ရုတ်တရက် အသိစိတ် ပြန်ဝင်လာပြီး လင်းဟန်ရဲ့ လက်ထဲကနေ အပြင်းအထန် ရုန်းကန်လိုက်ပါတယ်။

သူမက လင်းဟန်ကို ဒေါသတကြီးနဲ့ ကြည့်ပြီးတော့ အပြစ်ဆိုလိုက်ပါတယ်။

"တကယ်လို့ ငါတို့က ဟန်ဆောင်နေတယ် ဆိုရင်တောင် လက်ကိုင်ဖို့ မလိုဘူး မဟုတ်လား။ နင့်ကိစ္စပဲ နင်လုပ်ပါ"

"စောစောက ကျောက်လန်ရဲ့ နောက်လိုက်တွေကို ငါမြင်လိုက်တယ်လေ"

လင်းဟန်က ပြောပြီးတော့ သူတို့ရဲ့ အနောက်ဘက်ကို လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

"ဟင်"

စွေ့ရန်ယွီက အံ့အားသင့် သွားခဲ့ပါတယ်။ သူမက တကယ့်ကို အာရုံတွေ ထွေပြားနေခဲ့မိပါတယ်။

"သွားကြစို့"

လင်းဟန်က နောက်တစ်ကြိမ် စွေ့ရန်ယွီရဲ့ လက်ကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ စွေ့ရန်ယွီက မငြင်းဆန်တော့ပဲ သူမရဲ့လက်ကို ပေးကိုင်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မျက်နှာပေါ်မှာ အမုမဲ့ အမှတ်မဲ့ နီမြန်းလာတာကို ဟန်မဆောင်နိုင်ပါဘူး။ ဒါကြောင့် သူမရဲ့ ချစ်စဖွယ်ကောင်းတဲ့ ဆွဲဆောင်မှုက မြင်ရသူအပေါင်းရဲ့ နှလုံးဘဝင်ကို လေအဟုန် ရိုက်ခတ်သလို ခံစားစေရပါတယ်။

လင်းဟန်က သူတို့အနောက်ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ သူ့မျက်နှာပေါ်မှာ ခန့်မှန်းလို့ မရတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက တစ်ခုခုလုပ်ဖို့ သူ့စိတ်ကို ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် သူက အဲဒါကို အမှားအယွင်းမရှိအောင် လုပ်ရပါမယ်။

ကျောက်လန် မင်းက ကြည့်ကောင်းကောင်းနဲ့ ကြည့်နေချင်တာလား။ ဒါဆိုရင် မင်းကို စိတ်ဂင်စားစရာကောင်းတဲ့ မြင်ကွင်းတစ်ခုကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်ရအောင် လုပ်ပေးရမှာပေ့ါကွာ။

စွေ့ရန်ယွီက လင်းဟန်ရဲ့ဦးဆောင်မှု အနောက်ကနေ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လိုက်ပါလာခဲ့ ပါတယ်။ တစ်နာရီခန့် အကြာမှာသူတို့က စံအိမ်တစ်ခုရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။

အဆင့်ငါး ကလန်တစ်ခုဖြစ်တဲ့ စွေ့ကလန်။

Chapter 930 end

အပိုင်း(931) ခင်ဗျားက အဘိုးတစ်ယောက် ဖြစ်လာမှာပါ

အဆင့်ငါး ကလန်ကို လျှော့တွက်လို့ မရပါဘူး။

အင်ပါယာ မြို့တော်ထဲမှာ အဆင့်ကိုးဆင့်ထဲ ပါဂင်တယ်ဆိုတာက သူတို့မှာ လွှမ်းမိုးနိုင်မှုနဲ့ အထင်ကြီး ကြည်ညိုစရာ အဆင့်အတန်း တစ်ခုကို ပိုင်ဆိုင်ထားတာကြောင့် ဖြစ်ပြီးတော့ အဲဒါက တခြားသူတွေ အနေနဲ့ သူတို့ကို မော့ကြည့်လို့ပဲ ရပါလိမ့်မယ်။

စွေ့ကလန်ရဲ့ ဘိုးဘေးက နေလအဆင့်ရဲ့ အလယ်အလတ်ထိ ရောက်အောင်လို့ ကျင့်ကြံအားထုတ် နိုင်ခဲ့တဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်ရှိနေပြီးတော့ အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ မျှော်လင့်ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့အတွက်တော့ ပိုမြင့်တဲ့ အဆင့်ကို ရောက်ရှိဖို့ မဖြစ်နိုင်တော့ပဲ

အချိန်နဲ့ ဒီရေဟာ လူကိုမစောင့် ဆိုသလိုပဲ အသက်သိပ်ပြီးတော့ မရှည်ခဲ့ပါဘူး။

လက်ရှိစွေ့ကလန်ရဲ့ အကြီးအကဲချုပ်က ခံညားထည်ဝါသော အင်ပါယာရဲ့ အဆင့်ခြောက် အရာရှိ တစ်ယောက် ဖြစ်သလို စွေ့ရန်ယွီရဲ့ အဖေလည်း ဖြစ်ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းကလည်း နေလအဆင့်ရဲ့ အသေးစား အဆင့်တွေကို ရောက်ရှိနေပါတယ်။ အနာဂတ်မှာ သူက စွေ့ကလန်က သူတို့ဘိုးဘေးလို ကာကွယ်မှ တာဂန်ကို ယူရပါလိမ့်မယ်။

အဓိက တံခါးတွေမှာ အစောင့်ရှစ်ယောက်စီ ရှိပြီးတော့ သူတို့အားလုံးဟာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ဖြစ်ပါတယ်။

အင်ပါယာ မြို့တော်တစ်ခုလုံး အထဲမှာ ဧကရီ ဘုရင်မကလွဲပြီး တခြားအင်အားစုတော်က တောင်မြစ်အဆင့် ကျင့်ကြံသူတွေကို အစောင့်တွေအဖြစ် တာဂန်ထမ်းဆောင်နိုင်းဖို့ အရည်အချင်း ပြည့်မီလိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက ဘဏ္ဍာရေးကို အကြီးအကျယ် ဖြုန်းတီးမှု တစ်ခုလည်း ဖြစ်ပါတယ်။ ဒုတိယ အချက်က အရမ်းကို ကြွားဝါလွန်းရာ ရောက်ပြီးတော့ ဧကရီ ဘုရင်မက ဘယ်လိုလုပ်ပြီး အဲဒီလို လူတစ်ယောက်ကို အကောင်းမြင်နိုင်လိမ့်မှာလဲ။

စွေ့ရန်ယွီရဲ့ ဦးဆောင်မှုနဲ့အတူ သူတို့က စွေ့ကလန်ရဲ့ အိမ်တော်ထဲကို လွယ်လွယ်ကူကူနဲ့ ဝင်လာခဲ့ပါတယ်။ သူတို့က စွေ့ကလန်ရဲ့ မျိုးနွယ်စုခေါင်းဆောင်ရှိတဲ့ စာဖတ်ခန်းဆီကို လျှောက်လာခဲ့ပါတယ်။

"နင့်အိတ်ထဲက ကြောင်ကိုတော့ မထုတ်လိုက်နဲ့နော်"

စွေ့ရန်ယွီက မဂင်ခင် အသံတိုးတိုးနဲ့ သတိပေးလိုက်ပါတယ်။

လင်းဟာန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်တယ်။

"စိတ်ချပါ"

"ငါနင့်ဘေးကနေ ကူညီပေးမယ်"

စွေ့ရန်ယွီက နောက်တစ်ကြိမ် အားပေးလိုက်ပါတယ်။

"အဲဒါက ငါ့အတွက် ကြီးမားတဲ့ အကူအညီတစ်ခု ဖြစ်မှာပါ"

လင်းဟာန်က ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

စွေ့ရန်ယွီက အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်ပါတယ်။ အဲဒီနောက် သူမက တံခါးကို တွန်းဖွင့်ပြီး အထဲကို အရင်ဆုံး ဝင်သွားလိုက်တယ်။

"အဖေ"

သူမက ညင်ညင်သာသာနဲ့ အော်ခေါ်လိုက်ပါတယ်။ စာဖတ်ခန်းရဲ့ အထဲမှာ သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက်က ထိုင်ပြီးတော့ စာအုပ်တစ်အုပ်ကို ဖတ်နေပါတယ်။ သူမရဲ့ ခေါ်သံကို ကြားလိုက်ရတဲ့ အခါမှာ သူက လှည့်ကြည့်ပြီးတော့ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံးကို ဝေ့ကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။

"သမီးအရင်ဆုံး ထွက်သွားလိုက်ပါ"

သူက စွေ့ရန်ယွီကို ပြောလိုက်တယ်။

စွေ့ရန်ယွီက တဒင်္ဂလောက် မှင်တက်သွားခဲ့ပါတယ်။ သူမက ပါးစပ်ကို ဟပြီးတော့ တစ်ခုခု ပြောမလို့ ပြင်လိုက်တဲ့ အခါမှာ သူမရဲ့ အဖေက သူမကို စိုက်ကြည့်နေတာကြောင့် ဘာမှမပြောပဲ ထွက်လာခဲ့လိုက် ရပါတယ်။

လင်းဟန်က သူမနဲ့ ခဏလောက် အကြည့်ချင်း ဆုံလိုက်ပြီးတော့ သူ့အမူအရာက မင်းစောစောကပဲ ငါ့ဘေးမှာ နေပြီးတော့ ငါ့ကို ကူညီပေးမယ်ဆိုပြီး ပြောခဲ့တယ်။ အခုတော့ မျက်စိတစ်မှိတ်အတွင်းမှာ ဘယ်လိုလုပ်ပြီးတော့ ငါ့ကို စွန့်ပစ်သွားခဲ့တာလဲလို့ ပြောနေသယောင်ပါပဲ။

စွေ့ရန်ယွီက သူ့ကို မျက်စိတစ်ချက် ဝေ့ကြည့်သွားပါတယ်။ သူက သူမကို အပြစ်တင်တဲ့ အကြည့်တစ်ချက် ပို့လိုက်ပြီး ဒီအချိန်ကျမှ ပြောထားတာကို ဖြတ်တောက်ပစ်ရသလား။ သူ့နှလုံးသားက ဘာနဲ့လုပ်ထားလို့လဲ။ ဒါက အရမ်းကို ထိခိုက်သွားပါတယ်။

သူမက အပြင်ကို ထွက်သွားပြီး တံခါးကို ပိတ်သွားပါတယ်။

စွေ့ကလန်ရဲ့ မျိုးနွယ်စုခေါင်းဆောင်။ သူ့ကို ကျီရိလို့ ခေါ်ပါတယ်။ သူက လင်းဟန်ကို ကြည့်လည်း မကြည့်သလို စကားလည်း မပြောပါဘူး။ အဲဒီအစား သူ့စာအုပ်ကိုပဲ ဆက်ပြီးတော့ ဖတ်နေပါတယ်။

အဲဒီအခိုက်အတန့်မှာ လင်းဟန်က တစ်ဖက်လူကို လေ့လာစူးစမ်းလို့ နေပါတယ်။ ဒီသက်လတ်ပိုင်း အရွယ် လူကြီးက တကယ့်ပဲ အရမ်းကို ခန့်ညားချောမောပါတယ်။ အနည်းဆုံးတော့ သူ့အနေနဲ့ ရုပ်ရည်သွင်ပြင်မှာ ဒီလူကြီးနဲ့ ယှဉ်လို့မရဘူးဆိုတာကို သိထားပါတယ်။ နောက်ပြီးတော့ ဒီလူကြီးမှာ မက်မွန်သီးလို ဝိုင်းစက်တဲ့ မျက်လုံးတစ်စုံ ရှိပြီးတော့ အမျိုးသားပဲဖြစ်ဖြစ် အမျိုးသမီးတွေကိုပဲဖြစ်ဖြစ် ဆွဲဆောင်နိုင်ပါတယ်။

ကြည့်ရတာ စွေ့ရန်ယွီက သူမ အဖေရဲ့ ထူးထူးခြားခြား ချောမောလှပမှုကို အမွေဆက်ခံခဲ့တဲ့ အပြင်

စိတ်နေသဘောထားကိုလည်း အမွေဆက်ခံခဲ့ပုံ ရပါတယ်။ ဒါပေမဲ့လည်း ဒီပင်ကိုယ်စရိုက်တွေက ယောက်ျားတစ်ယောက်ဆီမှာ ဖြစ်ပေါ်လာတဲ့ အချိန် အဲဒါက သူ့ကို မိန်းမဆန်သွားစေပါလိမ့်မယ်။ တကယ်လို့ သူတို့က အမျိုးသမီး တစ်ယောက်မှာ တွေ့လိုက်မယ် ဆိုရင် သူမရဲ့ အလွန်လှပသိမ်မွေ့ပြီး ဆွဲဆောင်မှုက အရိုးထဲထိအောင် နက်နက်ရှိုင်းရှိုင်း တိုးဝင်သွား ပါလိမ့်မယ်။

စွေ့ကျီရိက စကားပြောဖို့ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့ နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အရှိန်အဝါကိုတော့ လုပ်ရှားမှုတိုင်းမှာ မြင်တွေ့နိုင်ပါတယ်။ ဒီလိုမျိုး အခြေအနေ တစ်ခုမှာ တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်တောင်မှ တစ်ကိုယ်လုံး တုန်လုပ်ချောက်ချားလို့ နေပါလိမ့်မယ်။ ပြီးတော့ မတ်တတ်ရပ်ဖို့တောင် ခွန်အားမရှိပဲ ဖြစ်နေပါလိမ့်မယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ဆိုရင်တော့ ပြောနေစရာတောင် မလိုပါဘူး။

တန်ခိုးရှင်ဘုံထဲက အဆင့်တိုင်းရဲ့ ဖိနှိပ်ခြင်းက တကယ့်ကို ကြီးမားလွန်းပါတယ်။ အထူးသဖြင့် အဓိက ကျင့်ကြံခြင်း အဆင့်တွေ ဖြစ်ပါတယ်။ ဒီလိုမျိုး လွှမ်းမိုးမှု တစ်ခုကို ဒဏ္ဍာရီလာ ကြယ်ငါးပွင့် ပါရမီရှင်တွေတောင်မှ မကျော်ဖြတ်နိုင်ဘူးလို့ ပြောကြပါတယ်။

ဥပမာ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အထွတ်အထိပ် အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က နေလအဆင့်ရဲ့ အသေးစားအဆင့်မှာရှိတဲ့ လူတစ်ယောက်ကို တိုက်ရိုက်ရင်ဆိုင် တွေ့ဆုံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ မင်းက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ရင်တောင်မှ ရမှာမဟုတ်ပါဘူး။ သူတို့ခေါ်နေတဲ့ ကြယ်ဘယ်နှစ်လုံး ပါရမီရှင်ဆိုတာက အသေးစား ကျင့်ကြံခြင်း အဆင့်တွေကိုပဲ ကျော်ဖြတ်တိုက်ခိုက်နိုင်ပါတယ်။

လင်းဟန်က အဲဒါကို ဆက်ပြီးတော့ မတောင့်ခံနိုင်တော့ပါဘူး။ သူ့ရဲ့စိတ်ဝိညာဉ်က ဘယ်လောက်ပဲ ခိုင်မာသည်ဖြစ်စေ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေသေးတယ် ဆိုတဲ့အချက်ကို ပြောင်းလဲလို့ ရလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီကိစ္စကို ဘာလုပ်ရမှာလဲ။

လင်းဟန်က တန်းပြီးတော့ ထိုင်ချလိုက်ပါတယ်။ ခင်ဗျားက စကားမပြောနိုင်ဘူးဆိုမှတော့ ကောင်းပြီလေ ကျုပ်ကလည်း ကျင့်ကြံအားထုတ်နေမှာပေါ့။ ဘယ်သူက အရင်ဆုံး အရှုံးပေးရမလဲ ဆိုတာကို ကြည့်တာပေါ့။

လင်းဟန်က သူ့မျက်လုံးတွေကို ပိတ်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ကျင့်ကြံအားထုတ်ဖို့ စတင်လိုက်တာကို မြင်လိုက်ရတော့ စွေ့ကျီရိက သူ့လက်ထဲမှာရှိတဲ့ စာအုပ်နဲ့ လင်းဟန်ရဲ့ မျက်နှာကို ဖြတ်ရိုက်ပစ်ချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

သူက လင်းဟန်ကို သူ့ရဲ့ခွန်အားကို ထုတ်ဖော်ပြပြီးတော့ ခြိမ်းခြောက်ဖို့ စိတ်ကူးထားပေမဲ့ သူက လင်းဟန်ရဲ့ အကောင်းဆုံး ပြန်လည်တုံ့ပြန်မှုကို ခံလိုက်ရပါတယ်။

"မင်းက လင်းဟန်လား"

နောက်ဆုံးတော့ သူကပဲ စပြီးတော့ စကားပြောလိုက် ရပါတယ်။

ဒါက ဟာသတစ်ခုတော့ မဟုတ်ပါဘူးနော်။ ခင်ဗျားက ကျုပ်ကို ဒီနေရာဆီ ခေါ်လာဖို့ ခင်ဗျားသမီးကို တောင်းဆိုခဲ့တယ်လေ။ ဒါကြောင့် ကျုပ်ဘယ်သူလဲ ဆိုတာကို ခင်ဗျားမသိစရာ အကြောင်း ရှိလို့လား။

ဒါပေမဲ့ ဘာများတတ်နိုင်ဦးမှာလဲ။ တစ်ဖက်လူက မိန်းကလေးရဲ့ အဖေဖြစ်ပါတယ်။

လင်းဟန်က မတ်တတ်ထရပ်ပြီးတော့ ရိုသေလေးစားစွာနဲ့ ပြောလိုက်တယ်။

"ဟုတ်ပါတယ်။ ကျနော့်နာမည် လင်းဟန်ပါ"

သူက လောကဂုဏ်တွေ ပြုဖို့ လိုပါသေးတယ်။ တစ်ဖက်လူက သူ့ကို အေးစက်စက်နဲ့ ပြတ်ပြတ်သားသား မဆက်ဆံသေးသရွေ့တော့ သူကလည်း တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ထိုင်ပြီးတော့ ကျင့်ကြံခြင်းမှာ အာရုံစိုက်နေရပါမယ်။ ဒါက အခြေအနေကို ပြန်လည်တုံ့ပြန်တဲ့ အမျိုးအစား တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း အကြီးအကဲတစ်ယောက်က သူ့ကို မေးခွန်းမေးလာတဲ့ အချိန်မှာတော့ သူက ဘဝင်မြင့်စွာနဲ့ ပြုမူနေလို့ မရနိုင်ပါဘူး။

စွေ့ကျီရိက အံ့အားသင့် သွားမိပါတယ်။ ဒီလူငယ်က အသက်နှစ်ဆယ်ကျော်ပဲ ရှိပါသေးတယ်။ ပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းကလည်း စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေပါသေးတယ်။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ဘယ်လိုမျိုး ရှေ့တိုး နောက်ဆုတ်ရမယ် ဆိုတာကို ကောင်းကောင်းနားလည် သဘောပေါက်နေပြီလား။

ဒါက လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ပင်ကိုယ်စရိုက်နဲ့ အကြီးအကဲချုပ် တစ်ယောက်ရဲ့ ဟန်ပန်မဟုတ်လား။

သူက လင်းဟန်ကို နည်းနည်းတော့ အထင်ကြီးသွားမိပါတယ်။ ဒါပေမဲ့ ဒီလောက်နဲ့တော့ သူ့စိတ်ကို ပြောင်းလဲလိမ့်မှာ မဟုတ်ပါဘူး။ သူက ပြောလိုက်ပါတယ်။

"မင်းက ငါ့သမီးနဲ့ မထိုက်တန်ဘူး။ ဒီနေ့က စပြီးတော့ မင်းကိုရန်ယုနဲ့ နောက်ထပ် ထပ်တွေ့ခွင့် မပြုတော့ဘူး"

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အရှင်စွေ့ ခင်ဗျားက အရမ်းကို အာဏာရှင်ဆန်တာပဲ"

"မင်းက ငါ့ကို သင်ပေးနေတာလား"

စွေ့ကျီရိက ရယ်မောလိုက်မိပါတယ်။ ဘယ်လက်ရုံး အမတ်မင်းရဲ့ လူတစ်ယောက်တောင် အင်ပါယာ ခုံရုံးရဲ့ အရာရှိတစ်ယောက်ကို ရိုင်းရိုင်းပျပျ ပြုမူလို့ မရပါဘူး။ နိုင်ငံတစ်ခုရဲ့ ရိုးရာထုံးထမ်း ဓလေ့တွေမှာ ပါဝင်နေသလို တကယ်လို့ စွေ့ရီကျိက လင်းဟန်ကို ထိန်းချုပ်တာ ဒါမှမဟုတ် သတ်ပစ်လိုက်မယ် ဆိုရင်တောင် ဘယ်လက်ရုံး အမတ်မင်းက ဘာမှပြောလိမ့်မှာ မဟုတ်ပါဘူး။

"ကျနော် မလုပ်ဝံ့ပါဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ကျနော်က အချက်တစ်ချက်ကိုပဲ ထောက်ပြတာပါ။ ကျနော့်ရဲ့ ကျင့်ကြံခြင်းအဆင့်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေသေးပေမဲ့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ထာဝရ ကျန်ရစ်နေမှာ မဟုတ်ပါဘူး။ အင်ပါယာရဲ့ ဗိုလ်ချုပ်ခုနစ်ယောက်တောင် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကနေ သူတို့ရဲ့ လမ်းတစ်လျှောက် ကြိုးစားအားထုတ်ပြီး တစ်ဆင့်ချင်း တက်လာကြတာ မဟုတ်လား။ ဘယ်လက်ရုံး အမတ်မင်းနဲ့ ညာလက်ရုံး အမတ်မင်းလည်း အတူတူပါပဲ"

ဘယ်လောက်တောင် ကိုယ့်ကိုကိုယ် ယုံကြည်ချက် ပြင်းထန်တဲ့ ကောင်လဲ။

စွေ့ရီကျိုက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းကိုယ်မင်း အဲဒီအရှင်သခင် ကိုးယောက်နဲ့ နှိုင်းယှဉ်ရဲတယ်ပေါ့လေ ဟုတ်လား"

"အခုတော့ နှိုင်းယှဉ်လို့ မရပေမဲ့ အနာဂတ်မှာ မဖြစ်လာနိုင်စရာ မရှိပါဘူး"

လင်းဟန်က ယုံကြည်မှု အပြည့်နဲ့ ပြုံးလိုက်ပါတယ်။ ဒါပေမဲ့ နိမ့်ချသင့်တဲ့ လူတစ်ယောက် အနေနဲ့ အများကြီး သိပ်မပြောခဲ့ပါဘူး။

စွေ့ကျီရိက သူ့မှာနည်းနည်းလေးမှ နိမ့်ချမှု မရှိဘူးလို့တောင် ထင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း တက်လမ်းအကြောင်းကို ပြောဆိုတဲ့ အခါမှာ ဒီကြယ်ဥက္ကာ အင်ပါယာထဲမှာ ဘယ်သူကများ လင်းဟန်နဲ့ နိုင်းယှဉ်လို့ ရနိုင်မှာလဲ။

လျှိုတက သန်မာပေမဲ့ သူလည်း တစ်ချက်တည်းနဲ့ သတ်ခံလိုက်ရပါတယ်။ လင်းဟန်မှာ တိုက်ပွဲစွမ်းရည် အနည်းဆုံး ကြယ်နှစ်ဆယ့်နှစ်လုံး ရှိပြီးတော့ ဘယ်သူက သူ့ကိုယှဉ်ပြိုင် နိုင်မှာလဲ။

"ဟားဟား တကယ်လို့ မင်းကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ကို ရောက်သွားတဲ့ နေ့ရက် ရှိလာမယ်ဆိုရင် ငါ့သမီးရဲ့ ငယ်ရွယ်မှုကလည်း အဝေးကို လွင့်ပြယ်သွားနိုင်တယ်။ သူမစောင့်နိုင်ဘူး။ ပြီးတော့ သူစောင့်နေစရာလည်း မလိုဘူး"

စွေ့ကျီရိက လက်ကို မာန်ပါပါနဲ့ ဝှေ့ယမ်းလိုက်ပါတယ်။

"ဒါက သတိပေးမှုတစ်ခုပဲ။ ငါ့သမီးကို နောက်တစ်ကြိမ် ထပ်မတွေ့နဲ့တော့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းနောင်တရသွားအောင် ငါလုပ်ရလိမ့်မယ်"

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ယောက္ခထီးကြီးက အဘိုးဖြစ်တော့မယ် ဆိုတာကို မသိသေးဘူးနဲ့တူတယ်"

အဟွတ် အဟွတ် အဟွတ်။

စွေ့ကျိရိက သူ့ကိုယ်သူ မထိန်းနိုင်ပဲ ချောင်းတဟွတ်ဟွတ် ဆိုးသွားပါတယ်။ ဒါက ကြည်လင်နေတဲ့ မိုးကောင်းကင်ကနေ မိုးကြိုးပစ်ချလိုက် သလိုပါပဲ။ သူ့ရဲ့ တန်ဖိုးကြီးတဲ့ သမီးကို ဒီကောင်က ပန်းဦးခြွေလိုက်တယ်လား။ ပန်းဦးခြွေလိုက်တဲ့အပြင် သူ့ရဲ့မြေး ကိုယ်ဝန်တောင် ရသွားတယ်ပေါ့လေ။

တကယ်လို့ သူက ဒီအကြောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ စဉ်းစားမယ်ဆိုရင် လင်းဟန်က တန်ခိုးရှင်ဘုံကို ရောက်တာ တစ်လပဲ ရှိပါသေးတယ်။ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။ ဒါပေမဲ့ အခုတော့ သူက မြေးဆိုတဲ့ စကားကြောင့် သူ့အသိစိတ်တွေ

လွတ်သွားခဲ့ပြီးတော့ ဘာကိုမှ ကောင်းကောင်းမစဉ်းစား နိုင်တော့ပါဘူး။

"ရန်ယု"

သူက ရုတ်တရက် စူးစူးဝါးဝါး အော်လိုက်ပါတယ်။

စွေ့ရန်ယွီက တံခါးမှာ စောင့်နေတာပါ။ သူမရဲ့ နာမည်ကို အော်ခေါ်တာ ကြားလိုက်တာနဲ့ သူမက အလျင်အမြန်ပဲ တံခါးကို တွန်းဖွင့်ပြီး အခန်းထဲ ဝင်လာခဲ့ပါတယ်။ သူမရဲ့ အဖေဖြစ်သူ ဆံပင်တွေ ထောင်ပြီးတော့ သူ့ရဲ့မျက်လုံးတွေက မီးဝင်းဝင်းတောက်နေတာကို တွေ့လိုက်ရပါတယ်။ သူက လုံးဝကို စိတ်လွတ်သွားပုံ ရပါတယ်။

သူမက လင်းဟာန်ကို အံ့အားသင့် နေမိပါတယ်။ သူမရဲ့ အဖေကို ဒီလိုမျိုး ဒေါသအိုး ပေါက်ကွဲအောင် လုပ်နိုင်တဲ့အတွက် အံ့သြနေမိပါတယ်။

"မင်း မင်း မင်း"

စွေ့ကျီရိက စွေ့ရန်ယွီကို လက်ညှိုးထိုးပြီးတော့ အရမ်းကို ဒေါသထွက်တာကြောင့် ဘာစကားမှ မပြောနိုင် ဖြစ်နေပါတယ်။

လင်းဟာန်က ရှေ့တိုးပြီးတော့ ပြောလိုက်ပါတယ်။

"ယောက္ခထီးကြီး တကယ်လို့ တစ်ယောက်ယောက်ကို အပြစ်တင်ချင်တယ်ဆိုရင် ကျနော့်ကိုပဲ အပြစ်တင်ပါ"

"ထွက်သွား အခု ထွက်သွားစမ်း"

စွေ့ကျီရိုက သူတို့ကို အဝေးထွက်သွားဖို့ လက်ကိုခဏခဏ ဝှေ့ယမ်းပြီး ပြောလိုက်ပါတယ်။ အခု သူက တစ်ယောက်တည်း နေချင်ပြီး ဒီအံ့အားသင့်စရာကောင်းတဲ့ သတင်းကို စဉ်းစားရပါဦးမယ်။

"သွားစို့"

လင်းဟန်က စွေ့ရန်ယွီကို ဆွဲခေါ်ပြီး ထွက်ပြေးလာခဲ့ပါတယ်။

စွေ့ရန်ယွီက အခြေအနေကို လုံးဝကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ သူတို့တွေ စွေ့ကလန်ရဲ့ စံအိမ်ကနေ ထွက်လာပြီးမှပဲ သူမက မေးနိုင်ပါတယ်။

"ငါ့အဖေကို နင်ဘာပြောလိုက်တာလဲ"

"အော် ဘာမှမဟုတ်ပါဘူး။ ငါတို့ရဲ့ ဆက်ဆံရေး ပျက်သွားမှာ ကြောက်လို့ ငါက သူ့ကို မင်းမှာ ကိုယ်ဝန်ရှိနေပြီလို့ ပြောလိုက်တယ်"

"ကိုယ်ဝန်ရှိနေတယ်ဟုတ်လား"

စွေ့ရန်ယွီက ကြောင်တောင်တောင်နဲ့ မေးလိုက်ပါတယ်။ သူမက အရမ်းကို သန့်စင်နေပါသေးတယ်။ ပြီးတော့ ယောက်ျားနဲ့ မိန်းမအကြားက ကိစ္စတွေနဲ့ ပတ်သက်ပြီး တကယ့်ကို နလပိန်းတုံး တစ်ယောက် ဖြစ်နေပါတယ်။

"ဟီးဟီး"

"နင်ဘာရယ်တာလဲ။ သေချာပြောစမ်း"

"ငါဆိုလိုတာက မင်းရဲ့အဖေက မကြာခင်မှာ အဘိုးဖြစ်တော့မယ်လို့ ပြောလိုက်တာ"

စွေ့ရန်ယွီက တဒင်္ဂလောက် အံ့သြမှင်တက်သွားပြီး နောက်ဆုံးမှာ သတိဝင်လာခဲ့ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာက သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်လို့ လာခဲ့ပါတယ်။

"လင်းဟာန် ငါနင့်ကို သတ်မယ်"

သူမက ဓားကို ဆွဲထုတ်ပြီးတော့ လင်းဟာန်ကို လိုက်ဖမ်းလိုက်ပါတယ်။

Chapter 931 end

အပိုင်း(932) လုပ်ကြံသတ်ဖြတ်ခြင်း

စွေ့ရန်ယွီက လင်းဟန်အနောက်ကို လိုက်ဖမ်းရင်းနဲ့ ဒီအကြံက အရမ်းကို ကောင်းမွန်တယ် ဆိုတာကိုတော့ ဝန်ခံလိုက်ပါတယ်။ အနည်းဆုံးတော့ စွေ့ကလန်က တိတ်ဆိတ်ငြိမ်သက်သွားနိုင်ပါတယ်။

တကယ်လို့ စွေ့ကလန်က စိတ်ထဲမှာ မထားပဲ သူမကို ကျောက်ကလန်ဆီ ပို့ချင်တယ် ဆိုရင်တောင် တခြားလူတစ်ယောက်ရဲ့ ကလေးကို လွယ်ထားရတဲ့ မိန်းကလေး တစ်ယောက်ကို ဗိုလ်ချုပ်ကျောက်က ချွေးမအဖြစ် ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

သူမက လင်းဟန်နဲ့ ဟန်ဆောင်လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ် ဆိုမှတော့ အတော်လေး ပြင်ဆင်ထားရပါမယ်။ ဒါပေမဲ့လည်း ပြင်ဆင်ခြင်းနဲ့ ရရှိခြင်းဆိုတာက လုံးဝကို ကွဲပြားခြားနားတဲ့ ကိစ္စနှစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူမက အရက်ကွဲပြီး ဒေါသတွေ တလိပ်လိပ် တက်လာကာ လင်းဟန်ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ လိုက်ဖမ်းရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမက နောက်ဆုံးတော့ ကတ်သတ်ပြီးတော့ လက်ခံလိုက်ရပါတယ်။

ဒါပေမဲ့ သူမက ဒေါသထွက်နေဆဲပါပဲ။ ဒါကြောင့် သူမက လင်းဟာန်ကို လုံးဂကို လျစ်လျူရှုလိုက်ပြီး ရုတ်တရက် ချာခနဲ ပြန်လှည့်ကာ ဒေါကန်ပြီးတော့ ပြန်သွားလိုက်ပါတယ်။

လင်းဟာန်က မနေနိုင်ပဲ ရယ်မောလိုက်မိပါတယ်။ ငါတို့က လင်မယားအဖြစ် ဟန်ဆောင်မှတော့ ကလေးတစ်ယောက် ရှိတယ်ဆိုပြီး ဟန်ဆောင်တာကရော ဘာများကွာခြားသွားမှာလဲ။

ကလေးနဲ့ ပတ်သက်တဲ့ အကြောင်းကို စဉ်းစားလိုက်မိတဲ့အခါ လင်းဟာန်က သူ့ရဲ့သားကို သတိရ လွမ်းဆွတ်သွားမိပါတယ်။ သူတို့တွေ နောက်တစ်ကြိမ် ပြန်ဆုံတဲ့ အချိန်ကျရင် သူ့သားက သူ့ကို မှတ်မိပါဦးမလား။

သူက အတော်လေးကို ယုံကြည်ချက် ရှိတယ်ဆိုပေမဲ့ လူတစ်ယောက်အတွက် တောင်မြစ်အဆင့်ကို နှစ်ပေါင်းတစ်ထောင်ကျော် အတွင်းမှာ လွယ်လွယ်နဲ့ ရောက်နိုင်ပေမဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို နှစ်ပေါင်းဘယ်လောက်ကြာအောင် အချိန်ယူရမလဲ။ တကယ်လို့ သူက ပါရမီရှင် တစ်ယောက်ဖြစ်ပြီး အချိန်ကို ဆယ်ဆလောက် ချုံ့နိုင်ရင်တောင်မှ သူ့အနေနဲ့ နှစ်ပေါင်းတစ်ထောင် ဒါမှမဟုတ် နှစ်ပေါင်းတစ်သောင်းတောင် အချိန်ယူရ ပါလိမ့်မယ်။

အဲဒီအချိန်လောက်ဆိုရင် သူ့သားကလည်း သားသမီး မြေးမြစ်တွေနဲ့ အဘိုး အဘေး အဘီ အရွယ်လောက် ရောက်နေလောက်ပါပြီ။

ဒီအတွက် စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။ ကျင့်ကြံခြင်း လမ်းကြောင်းပေါ်မှာ လူတစ်ယောက်က တစ်ဆင့်ပြီး တစ်ဆင့် အဆင့်တက်ရပါမယ်။ အခုအတွက် အနည်းဆုံးတော့ သူက ကြယ်ဥက္ကာ အင်ပါယာကနေ ထွက်ခွာနိုင်စွမ်း မရှိသေးပါဘူး။ သူက ထွက်လမ်းတစ်ခုကို ရှာဖွေနေတဲ့ အချိန်မှာ သူ့ခွန်အားကို ထိန်းသိမ်းထားဖို့ လိုပါတယ်။

ဒါပေမဲ့လည်း တန်ခိုးရှင်ဘုံက တကယ်ပဲ အရမ်းကို ကြီးမားလွန်းပါတယ်။ ပထမေ အချက်က ဂဠုန်နန်းတော်က ငြိမ်းချမ်းရေး ဂြိုလ်တုပေါ်က ဘယ်နေရာမှာ တည်ရှိတယ် ဆိုတာကို အတိအကျ မသိပါဘူး။ အဲဒီလိုဆိုတော့ စကြဝဠာ တစ်ခုနဲ့တစ်ခုအကြား ခရီးထွက်တဲ့ အရာတစ်ခုလည်း ပါဝင်မှာ ဖြစ်ပြီးတော့ နှစ်ပေါင်းများစွာ အချိန်ပေးရပါမယ်။ တကယ်လို့ ခရီးက တိုတယ်ဆိုရင်တောင် အဲဒီခရီးတစ်ခုတည်းနဲ့တင် နှစ်အနည်းငယ် ဒါမှမဟုတ် ဆယ်စုနှစ် အနည်းငယ်လောက် အချိန်ယူရပါလိမ့်မယ်။

နောက်ပြီးတော့ လူ့ခန္ဓာကိုယ်က ဒီလိုမျိုး စကြဝဠာကို တိုက်ရိုက်ကူးဖြတ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့

သူက တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းဥပဒေတွေ ထိန်းချုပ်ထားခြင်းကြောင့် ပျံသန်းနိုင်ရင်တောင် အမြန်နှုန်းက အရမ်းကို နှေးကွေးပြီး အသုံးမဝင် ဖြစ်နေပါလိမ့်မယ်။ နတ်ဘုရား ပစ္စည်းတစ်ခုကို ပျံသန်းဖို့အတွက် အသုံးပြုလို့ပဲ ရပါလိမ့်မယ်။ ပြီးတော့ စကြဝဠာ အထဲမှာ ရုတ်တရက် ကြီးမားတဲ့ အန္တရာယ် တစ်ခုခုကြောင့် ပေါက်ကွဲမှုကိုလည်း ခံနိုင်ရည် ရှိဖို့နဲ့ အချိန်အတော်ကြာအောင် ပျံသန်းနိုင်ဖို့ အဆင့်မြင့် ပစ္စည်းတစ်ခုလည်း ဖြစ်ရပါမယ်။

ဥပမာ ကြယ်ဥက္ကာခဲတွေ စကြဝဠာ တွင်းနက်ကြီးတွေနဲ့ တန်ခိုးရှင် လက်ရွေးစင်တွေရဲ့ ထာဝရ စစ်ပွဲတွေကြောင့် ကွေ့ကျလာတဲ့ ကြယ်တာရာတွေ ဖြစ်ပါတယ်။

စကြဝဠာထဲကို ဝင်ရောက်ခြင်းက ဘေးဘက်ဂန်းကျင်ကို လှည့်ဖြားလို့ မရနိုင်တဲ့အတွက် လူတစ်ယောက်က အပြည့်အဝ ပြင်ဆင်ထားရ ပါလိမ့်မယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ အဲဒီအတွက် သေချာဖို့နဲ့ ခိုင်မာဖို့က အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ သူက ပထမဆုံး သူ့ခွန်အားကို ကြယ်နှစ်ဆယ်လုံးထိ အဆင့်တက်အောင် လုပ်ပြီးမှ တန်ခိုးရှင် အဆင့်ထဲကို ခြေလှမ်းရပါလိမ့်မယ်။ သူ့ရဲ့ ကျင့်ကြံခြင်းကို

မျော်ဆေးလုံးတွေ သုံးစွဲပြီးတော့လည်း မြှင့်တင်ရပါမယ်။ သူက ကန္တာငယ်လေးထဲကလို အဲ့ဒြဖွယ်ရာကို ထပ်လုပ်ပြပြီး အချိန်တိုတိုလေး အတွင်းမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရရှိကောင်း ရရှိနိုင်ပါလိမ့်မယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို သူရောက်တာနဲ့ ခေါင်းမော့ရင်ကော့ပြီး ကြယ်ဥက္ကာ အင်ပါယာကနေ သူထွက်သွားနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဒီလိုမျိုး လက်ရွေးစင် တစ်ယောက် ဖြစ်လာမှာတော့ ဘယ်လိုလုပ်ပြီး သူ့ကို ဓားစာခံ တစ်ယောက်လို ကိုင်တွယ်နိုင်တော့မှာလဲ။

ဟင်။

ရုတ်တရက်ဆိုသလို လင်းဟန်ရဲ့ နှလုံးသားထဲကနေ မကောင်းတဲ့ အငွေ့အသက်တစ်ခု ဖြစ်ပေါ်လို့ လာခဲ့ပါတယ်။

သူ့ရဲ့စိတ်ဝိညာဉ်က တကယ်ပဲ အရမ်းကို အစွမ်းထက် သန်မာပြီး တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့်မှာရှိတဲ့ လူတစ်ယောက် နီးပါးရှိနိုင်ပါတယ်။ ဒါကြောင့် သူလည်း အန္တရာယ် အငွေ့အသက်ကို အာရုံခံနိုင်စွမ်း အရမ်းကို ထက်သန်ပါတယ်။

ရွှပ်။

အေးစက်တဲ့ ဓားအလင်းရောင် တစ်ချက် လက်သွားပြီးတော့ အဆောက်အဦးတစ်ခုရဲ့ ခေါင်မိုးကနေ သူ့နှလုံးသား တည်ရှိတဲ့ သူ့ရင်ဘက်ဆီကို တန်းတန်းမတ်မတ် ဂင်လာခဲ့ပါတယ်။

ဒါက အနက်ရောင် မြားတိုလေးတစ်ချောင်း ဖြစ်ပြီးတော့ မြားခေါင်းရဲ့ ထိပ်ကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အေးစက်မှု တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

အဲဒီအခိုက်အတန့်မှာ လင်းဟန်က သုံးသပ်မှုတွေနဲ့ ရွေးချယ်မှုကို ပြုလုပ်ခဲ့ပါတယ်။

ဒီမြားရဲ့ စွမ်းအားက တောင်မြစ်အဆင့် အသေးစား အဆင့်မှာရှိတဲ့ လူတစ်ယောက်ဆီက ဖြစ်နိုင်ပါတယ်။ သူက စွေ့ရန်ယွီနဲ့ တိုက်ကွက်ပေါင်းများစွာ ဖလှယ်ခဲ့ပြီး ဒီလိုမျိုး သုံးသပ်ချက် တစ်ခုကို လုပ်နိုင်စွမ်း ရှိပါတယ်။ ပြဿနာရှိတာက ဒီမြားကို နတ်ဘုရား သတ္တုနဲ့ ပြုလုပ်ထားပြီး သူ့ရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်နိုင်မလား ဆိုတာပါပဲ။

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိပါတယ်။ မြားက ကျရောက်လာသလို လင်းဟန်ရဲ့ ခန္ဓာကိုယ်ကလည်း လေထဲကို

လွင့်ထွက်သွားခဲ့ပါတယ်။ သူက လေထဲမှာ အကြိမ် အနည်းငယ် ကျွမ်းပစ်ပြီးမှ မြေကြီးပေါ်ကို ပြုတ်ကျသွားခဲ့ပါတယ်။ သူ့ဆီကနေ ချက်ချင်းပဲ သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။

"ဟီးဟီး"

အနက်ရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူတစ်ယောက်က အဆောက်အဦးရဲ့ ထိပ်ကနေ ခုန်ဆင်းလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က ပေ့ါပါးပြီးတော့ အသံတိုးတိုးလေးတောင်မှ မထွက်ခဲ့ပါဘူး။ သူ့မျက်နှာကို အနက်ရောင် အဂတ်တစ်ခုနဲ့ ဖုံးအုပ်ထားပေမဲ့ အရောင်တလက်လက် တောက်ပနေတဲ့ မျက်လုံးတစ်စုံကိုတော့ လှစ်ဟပြထားပါတယ်။

"သူက စကြဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိသေးတယ်။ ငါက အရမ်းကို သတိထားလွန်းရာ ရောက်နေပြီလား"

အနက်ရောင် ဂတ်စုံဂတ်ထားတဲ့လူက သူ့ကိုယ်သူ တီးတိုးပြောပြီးတော့ ဓားတိုတစ်ချောင်းကို ဆွဲထုတ်ကာ လင်းဟာန်ရဲ့ ခေါင်းကို ဖြတ်ပစ်ဖို့ စိတ်ကူးနဲ့အတူ လင်းဟာန်ဆီကို လျှောက်လာခဲ့ပါတယ်။

လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်အနေနဲ့ တကယ်လို့သူက ပစ်မှတ်ရဲ့ ဦးခေါင်းကို ပြန်မယူလာ နိုင်ခဲ့ဘူးဆိုရင် သူလုပ်ကြံသတ်ဖြတ်ခဲ့တဲ့ ပစ်မှတ်ကို ဘယ်လိုလုပ်ပြီးတော့ သက်သေပြ နိုင်မှာလဲ။

သူက လင်းဟန်ရဲ့ဘေးကို လျှောက်လာခဲ့ပြီး တစ်ဖက်လူရဲ့ ဆံပင်ကို ဖမ်းဆုပ်ပြီးတော့ သူ့ရဲ့ဓားနဲ့ လည်ပင်းကို ခုတ်ပိုင်းဖို့ ပြင်လိုက်ပါတယ်။ ရုတ်တရက်ဆိုသလို သူက အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ ရင်ဘက်မှာ မြားစိုက်ထားခြင်း မရှိပါဘူး။

လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်အနေနဲ့ တိုက်ပွဲအတွေ့အကြုံ ကြွယ်ဝသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ ရုတ်တရက် မတော်တဆမှုတွေမှာ ကျင့်သားရနေတဲ့ စွမ်းရည်နဲ့ အရမ်းကို ပေါ့ပါးသွက်လက်လွန်းပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို မူလစွမ်းအင်နဲ့ တန်းပြီးတော့ ဖုံးလိုက်ပြီး သူ့ညာဘက်လက်က ဓားတိုကို ကိုင်ပြီးတော့ လင်းဟန်ရဲ့ လည်ပင်းကို ခုတ်ချလိုက် ပါတယ်။

လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ အဲဒီမြားချက်ကနေ လွတ်မြောက်သွားလဲ ဆိုတာကို သူမသိပါဘူး။ ပြီးတော့ သူ့ကို လှည့်ဖျားပြီးတော့ ထောင်ချောက်တစ်ခုကိုတောင် ဆင်ထားခဲ့

ပါတယ်။ ဒါပေမဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ရင်ဆိုင်တဲ့ အချိန်မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်က ကျင့်ကြံသူပဲ ဖျက်ဆီးသွားရ ပါလိမ့်မယ်။ ဒီလိုမျိုး နီးကပ်တဲ့ အကွာအဝေး တစ်ခုမှာ တစ်ဖက်လူက ဘယ်လိုလှည့်ကွက်မျိုးကို သုံးနိုင်မှာလဲ။

တကယ်လို့ အဆိုးတကာ့ အဆိုးဆုံး အခြေအနေ ဖြစ်လာရင်တောင် သူ့ခန္ဓာကိုယ် တစ်ခုလုံးကို မူလစွမ်းအင်သုံးပြီး ကာကွယ်ထားပါတယ်။ တကယ်လို့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ထောင်က သူ့ကို အဆက်မပြတ် တိုက်ခိုက်မယ်ဆိုရင်တောင် သူ့ကိုထိခိုက်ဒဏ်ရာ ရစေလိမ့်မှာ မဟုတ်ပါဘူး။

အဲဒါကြောင့် သူက အလုံခြုံဆုံးနဲ့ အသာစီး အရှိဆုံး နေရာမှာ ရပ်တည်နေပါတယ်။

ဒါပေမဲ့လည်း သူမျှော်လင့်ထားသလို အားလုံးက ဖြစ်လာနိုင်မှာလား။

လင်းဟာန်က ပြုံးလိုက်ပါတယ်။ ရုတ်တရက် သူ့ရဲ့စိတ်ဝိညာဉ် ခွန်အားကို သိသည်းပြီး တစ်ဖက်လူဆီကို တိုက်ရိုက် တိုက်ခိုက်လိုက်ပါတယ်။

စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်။

ပုန်း

စိတ်ဝိညာဉ် တိုက်ခိုက်မှုနဲ့အတူ အနက်ရောင် ဂုတ်စုံနဲ့လူက ချက်ချင်းပဲ စိတ်ရှုပ်ထွေးမှု ဖြစ်သွားပုံ ရပြီးတော့ သတိလက်လွတ် တွေဝေငေးမော သွားခဲ့ပါတယ်။

လင်းဟာန်က ဒီအခွင့်အရေးကို အသုံးချပြီး တစ်ဖက်လူကို သူ့ရဲ့နတ်ဘုရား အာရုံနဲ့ ဝိုင်းပတ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်လိုက်ပါတယ်။

ထန်။

အဲဒီအခိုက်အတန့်မှာ ဓားတိုက လင်းဟာန်ရဲ့ လည်ပင်းကို ဖြတ်သွားခဲ့ပါတယ်။ ဒါပေမဲ့ အနက်ရောင် မျှော်စင်ရဲ့ အထဲမှာတော့ လင်းဟာန်က အစစ်အမှန် နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။

မြေကြီးပေါ်ကို ပြုတ်ကျသွားသလို အဲဒီဓားတိုကလည်း ချက်ချင်းပဲ အမှန့်အဖြစ် ပြောင်းလဲ သွားခဲ့ပါတယ်။ တကယ်လို့ နတ်ဘုရား သတ္တုနဲ့ ပြုလုပ်ထားတယ် ဆိုတော့ရော ဂရုစိုက်စရာ လိုလို့လား။

လင်းဟန်က ရုတ်တရက် အတွေးတစ်ခု ရလာပြီး အနက်ရောင် သတ္တုအမှုန့်တွေကို နောက်တစ်ကြိမ် အတူတကွ သိပ်သည်းလိုက်ပါတယ်။

သူက အဲဒါကို မဖြုန်းတီးသင့်ပါဘူး။ ဒါကို မြားတစ်ချောင်း ပြန်သွန်းလုပ်လို့ ရနိုင်ပါတယ်။ အခု သူ့ရဲ့ အစွမ်းထက်ဆုံး သတ်ဖြတ်ခြင်း နည်းစနစ်က ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား ဖြစ်ပါတယ်။ ဒါပေမဲ့ ပြဿနာကြီး တစ်ခု ရှိပါတယ်။ မြားတစ်ချောင်းကို ပစ်လွှတ်လိုက်တာက ကြီးမားတဲ့ ငွေပမာဏ တစ်ခုကို လွှင့်ပစ်လိုက်တာနဲ့ အတူတူပါပဲ။

လင်းဟန်ရဲ့ လက်ရှိခွန်အားနဲ့ဆိုရင် စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်က တောင်မြစ်အဆင့် အသေးစားအဆင့်တွေမှာရှိတဲ့ လက်ရွေးစင် တစ်ယောက်အပေါ်မှာ ခဏတဖြုတ်ပဲ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ အနက်ရောင် ဂတ်စုံနဲ့လူက ချက်ချင်းပဲ သတိပြန်ဝင်လာခဲ့ပါတယ်။ ပြီးတော့ သရော်ပြုံးပြုံးလိုက်မိပြီးတော့ လင်းဟန်ကို ပြောလိုက်တယ်။

"ငါမင်းကို လျော့တွက်လိုက်မိတာပဲ။ မင်းက အရမ်းကို ရဲတင်းတဲ့အပြင် မင်းရဲ့ ခုခံမှုကလည်း အရမ်းကို

အံ့အားသင့်စရာကောင်းပြီး ငှါရဲ့မြားချက်ကို ခံရတာတောင် ထိခိုက်ဒဏ်ရာ မရခဲ့ဘူး။ ဟေး ဒါက ဘယ်နေရာလဲ”

သူက ချက်ချင်းပဲ အံ့အားသင့်သွားတဲ့ အမူအရာ ဖြစ်သွားခဲ့ပါတယ်။ ဒီနေရာက စောစောတုန်းက နေရာမဟုတ်ပါဘူး။ ဒါပေမဲ့ အဆုံးမရှိတဲ့ မြက်ခင်းပြင် လွင်ပြင်တချို့ ရှိနေပါတယ်။

ဒါက ပြောင်းလဲသွားခဲ့တာလား။ ဒါမှမဟုတ် ပုံရိပ်ယောင် ပညာရပ် တစ်ခုပဲလား။

လင်းဟန်က အသာလေး ပြုံးလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့်က ကျင့်ကြံသူ တစ်ယောက်ဆီက တိုက်ခိုက်မှုကို ခံယူနိုင်ပါတယ်။ ထိခိုက်မှုကြောင့် ဖြစ်လာတဲ့ စွမ်းအားကိုတော့ ပျက်ပြယ်သွားဖို့ ခက်ခဲတာကြောင့် သူက လေထဲကို လွင့်စဉ်ထွက် သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက အဲဒါကို ထိန်းချုပ်နိုင်ဆဲပါပဲ။ သူမြေပြင်ပေါ်ကို သက်ဆင်းသွားတဲ့ အချိန်မှာ အခွင့်အရေး ရယူပြီးတော့ မြားကို အနက်ရောင် မျှော်စင်ထဲ ထည့်ပြီးဖွက်ထား လိုက်ပါတယ်။ အဲဒီနောက် သူ့ကိုယ်ပေါ်မှာ မိစ္ဆာသားရဲ တစ်ကောင်ရဲ့ သွေးတွေကို အသုံးပြုပြီးတော့ လှည့်စားကာ တစ်ဖက်လူရဲ့ တိုက်ခိုက်မှု ထိမှန်သွားသလိုမျိုး ထင်မှတ်သွားအောင် လှည့်စားခဲ့ပါတယ်။

ဒါတွေအားလုံးက လျှပ်တပြက် အတွင်းမှာ ဖြစ်ပျက်သွားခဲ့ပါတယ်။ လင်းဟာန်ကို အရမ်းပဲ စိတ်ကျေနပ်စေတာက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို အသက်ရှင်လျက်နဲ့ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

တကယ်လို့ တစ်ဖက်ပြိုင်ဘက်ဖြစ်သူက သူ့ရဲ့ ခုခံကာကွယ်မှု မရှိခဲ့ဘူးဆိုရင်တောင် သူက ဘယ်လိုလုပ်ပြီး တစ်ဖက်လူ အနားကို ကပ်လို့ ရနိုင်မှာလဲ။ တကယ်လို့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ရဲ့ အကျိုးသက်ရောက်မှု ရှိရင်တောင်မှ တစ်ဖက်လူရဲ့ အနားကို နီးကပ်အောင် တိုးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူက တစ်ဖက်လူ ဘေးနားကို အပြေးအလွှား သွားတဲ့အချိန်မှာပဲ တစ်ဖက်လူက အသိစိတ်တွေ ပြန်လည်ရရှိသွားပြီး ဖြစ်ပါလိမ့်မယ်။

တစ်ကြိမ်ထိမှန်သွားပြီးတာနဲ့ တစ်ဖက်လူကို တူညီတဲ့ လှည့်ဖျားမှုထဲ နှစ်ကြိမ်တိုင်တိုင် ကျဆင်းအောင် ပြုလုပ်ဖို့ ဆိုတာက ခက်ခဲသွားပါလိမ့်မယ်။

လင်းဟာန်က အံ့ဩဖွယ်တစ်ခုကို ဖန်တီးခဲ့တယ်ဆိုတာ သံသယ မရှိပါဘူး။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်နဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို ဖမ်းဆီးနိုင်တဲ့ တစ်ဦးတည်းသော လူတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူက ဒီအကြောင်းကို

တခြားသူတွေကို ပြောပြမယ် ဆိုရင်တောင် ဘယ်သူကမှ သူ့ကိုယုံကြည်ကြမှာ မဟုတ်ပါဘူး။

ဒါက ဘာနဲ့တူသလဲဆိုရင် ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့် လူတစ်ယောက်ကို သတ်ပစ်နိုင်စွမ်း ရှိတယ်လို့ ပြောတာနဲ့ အတူတူပါပဲ။ ဒါက အရမ်းကို လွန်လွန်းသွားပါပြီ။

"မင်းက ငါ့ကို လျော့မတွက်ခဲ့တဲ့ပါဘူး။ ဒါပေမဲ့ ငါ့ကို အထင်သေးခဲ့တာပဲ"

လင်းဟန်က ပခုံးတွန့် ပြလိုက်ပါတယ်။

"ငါ့ကိုပြောစမ်း။ ဘယ်သူ့က ငါ့ကိုသတ်ဖို့ မင်းကိုလွှတ်လိုက်တာလဲ။ ပြီးတော့ မင်းရဲ့အကြောင်းက ဘာလဲ"

"ဟားဟားဟားဟား"

အနက်ရောင် ဂတ်စုံနဲ့လူက လှောင်ရယ်ရယ်လိုက်ပါတယ်။ ဒါက တကယ့်ကို ဟာသကြီး တစ်ခုပဲ မဟုတ်လား။ တစ်ဖက်လူက သူ့ကို တကယ်ပဲ ဘဝြမင့်ပြနေပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်ကများကွာ ဟားဟား။ သူ့ရဲ့

အမူအရာက လေးလေးနက်နက် ဖြစ်သွားပြီး သူ့ဆီကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပေါက်ထွက်လာခဲ့ ပါတယ်။

"စကားပြောတာ ရပ်လိုက်တော့ ငါမင်းကို ငရဲပို့ပေးမယ်"

Chapter 932 end

အပိုင်း(933) နံပါတ်ကိုးဘုရင်

အနက်ရောင် ဂုတ်စုံနဲ့ လူက လုပ်ရှားလိုက်ပြီး လင်းဟန်ဆီကို လက်ဝါးရိုက်ချက် တစ်ချက် ထုတ်လိုက်ပါတယ်။

လင်းဟန်က ရှောင်တိမ်းခြင်းမရှိပဲ တစ်ဖက်လူရဲ့ တိုက်ခိုက်မှုကို သူ့အပေါ် ထိမှန်ခွင့် ပြုလိုက်ပါတယ်။ အဲဒီနောက် အရမ်းကို တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"မင်းက အခု ငါ့လက်ထဲမှာ ရောက်နေပြီ။ တကယ်လို့ ငါမင်းကို အသက်ရှင်ခွင့် ပေးမယ်ဆိုရင် မင်းအသက်ရှင်ရမယ်။ တကယ်လို့ ငါမင်းကို သေရမယ်ဆိုရင် မင်းသွားရမဲ့ တစ်ခုတည်းသော လမ်းကြောင်းက သေခြင်းတရားပဲ"

ဟုန်း။

လက်ဝါးရိုက်ချက်က သူ့ဦးတည်ချက်ကို ကွက်တိထိမှန်သွားပေမဲ့ လင်းဟန်က ခြေလှမ်း တစ်ဂက်တောင် နောက်မဆုတ်ရပဲ သူ့ကို အသာလေး ပုတ်လိုက်သလိုမျိုး ပုံစံဖြစ်နေပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

အနက်ရောင် ဂတ်စုံနဲ့လူက အရမ်းကို အံ့အားသင့်သွားပြီး သူ့ဆံပင်တွေ ထောင်လာသလို ခံစားလိုက်ရပါတယ်။ ဒါက သူခန့်မှန်းနိုင်တာထက် ကျော်လွန်သွားပြီး အမျိုးအမည်မသိတဲ့ ကြောက်ရွံ့မှုတစ်ခုက ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ကဗ္ဗာက ကြိုဆိုပါတယ်"

"ပုံရိပ်ယောင်ပဲ။ ဒါတွေအားလုံးက ပုံရိပ်ယောင်တစ်ခု ဖြစ်ရမယ်"

အနက်ရောင် ဂတ်စုံနဲ့လူက အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်မိတ်။ သူက စောစောတုန်းက အသိစိတ် ခဏလွတ်သွားတာကို တွေ့ကြုံခဲ့ရပြီး ချက်ချင်းဆိုသလို ဒီလှည့်ဖြားမှုထဲ ကျရောက်သွားပုံ ရပါတယ်။ သူအခုမြင်နေရတဲ့ အရာအားလုံးက အတုအယောင်တွေ ဖြစ်ပါလိမ့်မယ်။

လင်းဟာန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဖိချကာ ပြောလိုက်တယ်။

"ကြည့်ရတာ ငါ့မင်းကို အရင်ဆုံး ပြင်းထန်တဲ့ အပြစ်တချို့ ပေးမှနဲ့တူတယ်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ။ ငါက ရက်စက်ပြီး နှိပ်စက်ညှင်းပန်းရတာကို ကျေနပ်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ ဒါကြောင့် ငါ့ကို ဒီလိုမျိုး လုပ်ဖို့ အတင်းဖိအားပေးတဲ့ တစ်စုံတစ်ယောက်က ဘာဖြစ်လို့ အမြဲလိုလို ရှိနေရတာပါလိမ့်"

ဟုန်း။

ကြီးမားတဲ့ တောင်ကြီးတစ်လုံး ထွက်ပေါ်လာပြီး အနက်ရောင် ဂတ်စုံနဲ့ လူအပေါ်ကို ဖိကျလာခဲ့ ပါတယ်။

အနက်ရောင် ဂတ်စုံနဲ့လူက ရုတ်ချည်းဆိုသလို သံသယ ဝင်စရာတောင် မလိုပဲ မြေပြင်ပေါ်ကို ဆောင့်မိသွားခဲ့ပါတယ်။ တောင်ကြီးက နတ်ဘုရား သတ္တုနဲ့ တူပြီးတော့ သူ့ရဲ့အလေးချိန်က ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် လေးလံပါတယ်။ ပြီးတော့ အနက်ရောင် ဂတ်စုံနဲ့ လူမှာ ရွေးချယ်စရာ မရှိပါဘူး။ သူက အစွမ်းကို ကြိုးစားပြီး ဒီအလေးချိန်ကို တောင့်ခံကာ ရပ်ဖို့ ကြိုးစားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ်

တုန်ခါနေပြီး ပြိုလဲကျတော့မလို ဖြစ်နေပါတယ်။ သူက အချိန်အကြာကြီး တောင့်ခံနိုင်စွမ်း လုံးဝကို မရှိပါဘူး။

"အား"

သူ့ဆီကနေ စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ် အထဲက အရိုးတွေ တစ်ဒါဇင်လောက် ချက်ချင်းပဲ ကျိုးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်က သူ့လက်ကို အသာလေး မြှောက်လိုက်ပါတယ်။ သူ့အနေနဲ့ ဂတ်ရုံနက်ကို ချက်ချင်းကြီး မသေစေချင်သေးပါဘူး။

လင်းဟန်က သူ့လက်ကို နောက်တစ်ကြိမ် ဝှေ့ယမ်းလိုက်ပြီး အနက်ရောင် ဂတ်စုံနဲ့လူရဲ့ မျက်နှာပေါ်က အနက်ရောင် အဂတ်ပျောက်ကွယ်သွားပြီး သာမန်ကြည့်ပျော်ရှုပျော် လူတစ်ယောက်ရဲ့ မျက်နှာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ လမ်းမပေါ်မှာ လျှောက်သွားမယ် ဆိုရင် သူက ဒုတိယတစ်ကြိမ် ပြန်ပြီးတော့ ကြည့်ဖို့မလိုတဲ့ ခေါင်းစဉ်အောက်မှာ ပါဝင်ပါတယ်။

ဒါပေမဲ့ တစ်ခုနားလည်ထားရမှာက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်မှာ တန်ခိုးရှင် အဆင့်ကို ရောက်ရှိတာနဲ့ သူက ကျောချမ်းစဖွယ် လေထုတစ်ခုကို သည်းခံနိုင်ပါလိမ့်မယ်။ ပြီးတော့ ဒါက

သာမန်သေမျိုးတွေနဲ့ လွယ်လွယ်ကူကူ မတူညီမှု တစ်ခုလည်း ဖြစ်နိုင်ပါတယ်။

ထူးဆန်းတယ်။

လင်းဟန်က သိချင်စိတ်တွေနဲ့ နိုးကြွလာခဲ့ပါတယ်။ မြေပြင်ပေါ်မှ ကြက်ခြေခတ်ပုံစံ ထိုင်ချပြီးတော့ သူက မေးလိုက်ပါတယ်။

"မင်းက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ဆိုတာ မှန်တယ်မဟုတ်လား။ မင်းကိုကြည့်ရတာ သာမန်ထက်ပိုတဲ့ ကျင့်ကြံခြင်း နည်းစနစ်အမျိုးအစား တချို့ကို ပြတ်ပြတ်သားသား ကျင့်ကြံအားထုတ်ခဲ့တယ်"

ဂတ်ရုံနက်က နာကျင်မှုကြောင့် ညည်းတွားနေခဲ့ပါတယ်။ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် အနေနဲ့ လုပ်ကြံသတ်ဖြတ်ခြင်း နည်းစနစ်တွေ မသင်ယူခင်မှာ အမျိုးမျိုးသော နှိပ်စက်ညှင်းပန်းမှု ဒဏ်ကို အရင်ဆုံး တွေ့ကြုံခံစားရပြီး အဲဒါကို အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်နိုင်တဲ့ သူတွေကိုပဲ လက်ခံကြပါတယ်။ တကယ်လို့ သူ့ရဲ့တာဝန်ကို ကျရှုံးသွားခဲ့ရင်တောင် ဒါက ခံနိုင်ရည်ရှိပြီးတော့ သူတို့ရဲ့ အဖွဲ့အစည်း လျှို့ဝှက်ချက်တွေကို ထုတ်ဖော်မပြောနိုင်အောင် ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။

သူက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင်လို့ အော်ဟစ်နေပေမဲ့ သနားညှာတာဖို့အတွက် တောင်းပန်ဖို့စိတ်ကူး နည်းနည်းလေးမှ မရှိပါဘူး။

လင်းဟန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာ ငါက အစစ်အမှန် နတ်ဘုရား တစ်ယောက်ပဲ။ ငါမတွေးနိုင်တဲ့ အရာတွေ ရှိနေနိုင်ပေမဲ့ ငါမလုပ်နိုင်တာတော့ မရှိဘူး။ တကယ်လို့ မင်းက ကောင်းကောင်း ခံနိုင်ရည် ရှိတယ်ဆိုရင် ငါစဉ်းစားလို့ ရတဲ့ အပြစ်ပေးနည်းတွေကို မင်းအပေါ်မှာပဲ ကြိုးစားကြည့်ရမှာပေါ့"

သူက ဂတ်ရုံနက်နဲ့လူကို အဆက်မပြတ် နှိပ်စက်ညှင်းပန်းနေသလို သူက ဆက်ပြီးတော့ ကျင့်ကြံအားထုတ် နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက အချိန်မဖြုန်းနိုင်ပါဘူး။

ဂတ်ရုံနက်နဲ့လူက အရမ်းကို ဆုံးဖြတ်ချက် ခိုင်မာပေမဲ့ နေ့တစ်ဝက်ခန့် အကြာမှာတော့ သူက လက်လျှော့အရှုံးပေး လိုက်ရပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ သူ့ရဲ့နာကျင်မှု ဝေဒနာက အဆတစ်ရာလောက် ပြင်းထန်ပါတယ်။ သူ့ရဲ့အရေပြားကို ဓားသေးသေးလေး တစ်ချောင်းကို အသုံးပြုပြီးတော့ နာကျင်အောင် အသာအယာ ဖြတ်ရင်တောင် အဲဒါက သူ့ရဲ့အရိုးတွေနဲ့ စိတ်ဝိညာဉ်ထဲကို တန်းပြီးတော့ နစ်မြုပ်စေပြီး သူအရမ်းကို ဂုဏ်ယူရတဲ့ စိတ်ဓာတ်ခိုင်မာမှုက လုံးဝကို ပျက်စီးပြိုလဲ သွားခဲ့ပါတယ်။

"ငါ့နာမည် မန်းယီ။ ငါက အမှောင်ည ခန်းမရဲ့ လုပ်ကြံသတ်ဖြတ်သူ ဂျူနီယာ တစ်ယောက်ပဲ"

သူက ပြောလိုက်ပါတယ်။ သူ့မျက်လုံးတွေက အရှေ့တည့်တည့်ကို စိုက်ကြည့်နေပြီး သူ့ရဲ့ စံပြပုဂ္ဂိုလ် တစ်ယောက်ကို ကြည့်နေသလိုပါပဲ။

လင်းဟာန်က နားထောင်နေပါတယ်။ ဒါဆိုရင် တစ်စုံတစ်ယောက်က သူ့ရဲ့အသက်အတွက် ဆုလာဘ်အဖြစ် အစစ်အမှန် မူလကျောက်တုံး တစ်သောင်းကို ပေးချေဖို့ အမှောင်ည ခန်းမကို တောင်းဆိုမှု တစ်ခု လုပ်ခဲ့တယ်ဆိုတဲ့ အကြောင်းက ထွက်ပေါ်လာခဲ့ပါတယ်။

ဒါက မယုံနိုင်စရာကောင်းတဲ့ ပမာဏတစ်ခု ဖြစ်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အသက်ကို နုတ်ယူဖို့ ဒီလောက်ပမာဏနဲ့ ကမ်းလှမ်းခဲ့ပါတယ်။ တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်တွေ ဒါမှမဟုတ် အလယ်အလတ် အဆင့်တွေတောင် ဒီလိုမျိုး လွယ်လွယ်နဲ့ ငွေ ရမဲ့ကိစ္စကြောင့် ဂနာမငြိမ် ဖြစ်သွားနိုင်ပါတယ်။

ဒါက တကယ့်လက်ဆောင်ကောင်း တစ်ခုဖြစ်ပါတယ်။

မန်းယီက အဆင့်အနိမ့်ဆုံး လုပ်ကြံသတ်ဖြတ်ရေးသမား တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက သူ့ရဲ့အလုပ်ရှင် ဘယ်သူလဲ ဆိုတာကို သိနိုင်စရာ အကြောင်း မရှိပါဘူး။ သူက ကံကောင်းထောက်မပြီး ဒီတာဝန်ကို ပထမဆုံး လက်ခံရရှိခဲ့တာပါ။ ဒါပေါ့။ အခုအခြေအနေကို ကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ကံကောင်းမှုက တကယ့်ကို ထူးထူးခြားခြား ဆိုးဝါးလွန်းနေပါတယ်။

"ဖြစ်နိုင်တာက လျှိုကလန် ဒါမှမဟုတ် ကျောက်လန်ပဲ ဖြစ်လိမ့်မယ်။ ပြီးတော့ စွေ့ကလန်လည်း ဖြစ်နိုင်ချေ ရှိတယ်။ ဒါမှမဟုတ် ငါ့ကို မနာလိုနေတဲ့ တခြားသူတွေလည်း ဖြစ်နိုင်တာပဲ"

လင်းဟန်က သူ့မေးစေ့ကို ပွတ်သပ်ပြီးတော့ ရယ်မောလိုက်မိပါတယ်။ သူက တန်ခိုးရှင်ဘုံကို ရောက်တာ မကြာသေးပဲ ရန်သူအများကြီး ရှိနေပြီးတော့ သူ့ကိုတောင် လုပ်ကြံသတ်ဖြတ်ဖို့ လူသတ်သမားတွေကို ငှားရမ်းပြီး သူ့အသက်ကို နှုတ်ယူဖို့ ပြင်ဆင်နေကြပါတယ်။ ဒါက အောင်မြင်မလား ဒါမှမဟုတ် ကျရှုံးသွားမလား။

"ဒါက အောင်မြင်မှု ရသင့်တာပဲ ဟုတ်တယ်မလား။ စကားပုံတောင် ရှိသေးတယ်။ သာမန် လူတစ်ယောက်က မနာလို မရှုဆိတ်မှုတွေကို မစုဆောင်းသင့်ဘူးတဲ့။ ငါက ပါရမီရှင် တစ်ယောက်ပဲ။ ဒါကြောင့်လည်း ငါ့ကို လူအများကြီးက သတ်ချင်နေတာပဲ"

လင်းဟန်က သူ့ကိုယ်သူ မြှောက်ပင့်လိုက်မိပါတယ်။ သူက ဒီလုပ်ကြံသတ်ဖြတ်သူကို အနက်ရောင် မျှော်စင်ထဲမှာ ချုပ်ထားလိုက်ပါတယ်။ ဒါပေါ့ သူက အဲဒီလူရဲ့ ပိုင်ဆိုင်မှုတွေ အားလုံးကိုလည်း ဓားပြတိုက်ဖို့ မမေ့ခဲ့ပါဘူး။ စုစုပေါင်း အစစ်အမှန် မူလကျောက်တုံး တစ်ရာခြောက်ဆယ့်လေးတုံး၊ မြားဆယ့်ခုနစ်ချောင်းနဲ့ မှော်ဆေးလုံးအမျိုးမျိုး ခုနစ်ပုလင်းကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ပါတယ်။

"တောင်မြစ်အဆင့် လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်အနေနဲ့ ဘာဖြစ်လို့ မင်းက အရမ်းကို ဆင်းရဲနွမ်းပါး နေရတာလဲ"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ တကယ်ပါပဲ။ သူတောင် ပိုပြီးတော့ ချမ်းသာပါသေးတယ်။

မန်းယီက သူ့ရဲ့ချမ်းသာကြွယ်ဝမှု အားလုံးကို ဒီမြားတွေအတွက် သုံးစွဲခဲ့တယ် ဆိုတာကို သူဘယ်လိုလုပ် သိမှာလဲ။ မြားတစ်ချောင်းစီက နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားပြီး တန်ခိုးရှင်ဘုံမှာ နတ်ဘုရား သတ္တုတွေ မရှားပေမဲ့ ဒီမြားတွေကို အဆင့်တစ် နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားပေမဲ့ အရမ်းကို ကြီးမားတဲ့ ကုန်ကျစားရိတ်တစ်ခု ဖြစ်နေပါသေးတယ်။

မှော်ဆေးလုံးတွေအတွက် သူသုံးစွဲခဲ့တဲ့ ပမာဏကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် ဒါက အရမ်းကို အထင်ကြီးစရာကောင်းပြီး သူ့မှာ အစစ်အမှန် မူလကျောက်တုံး တစ်ရာကျော်ပဲ ကျန်ပါတော့တယ်။

ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ပါရမီရှင် တစ်ယောက်ဖြစ်တဲ့ လင်းဟန်လို လူတစ်ယောက်ကို တစ်လမှ အစစ်အမှန် မူလကျောက်တုံး နှစ်တုံးပဲ ဆုလာဘ်အဖြစ် ပေးပါတယ်။

လင်းဟန်က အနက်ရောင် မျော်စင်ထဲကနေ ထွက်လာပြီးတော့ သင်တန်းကျောင်းဆီ ပြန်လာခဲ့ပါတယ်။

ဒီတစ်ကြိမ် အမှောင်ည ခန်းမက သူတို့ရဲ့ လုပ်ကြံသတ်ဖြတ်မှု ရှုံးနိမ့်သွားပေမဲ့ သူတို့အနေနဲ့ ဒီလိုမျိုး လက်လျှော့လိုက်မှာတော့ မဟုတ်ပါဘူး။ ဒါကြောင့် နောက်တစ်ကြိမ် စေလွှတ်မဲ့ လုပ်ကြံသတ်ဖြတ်သူက ပိုပြီးတော့တောင် အစွမ်းထက်ပါလိမ့်မယ်။ အလယ်အလတ်အဆင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်နိုင်သလို အဆင့်မြင့်အဆင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်လည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ကြေးအဆင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်တောင် ဖြစ်နိုင်ချေ ရှိပါတယ်။

မန်းယီဆီကနေ လင်းဟန်က အမှောင်ည ခန်းမရဲ့ လျှမ်းမိုးနိုင်စွမ်းက အရမ်းကို အစွမ်းထက်တယ် ဆိုတာနဲ့ သူတို့ရဲ့ ဌာနခွဲတွေက အင်ပါယာနဲ့ မြို့အသီးသီးမှာ တွေ့နိုင်တယ် ဆိုတာကို သိထားခဲ့ပါတယ်။

လုပ်ကြံသတ်ဖြတ်သူ အဖွဲ့အစည်းမှာ လုပ်ကြံသတ်ဖြတ်သူတွေကို အဆင့်ခြောက်ဆင့် ခွဲထားပါတယ်။ အဆင့်အနိမ့်ဆုံးကနေ အဆင့်အမြင့်ဆုံးအထိကို ဂျူနီယာအဆင့်၊ အလယ်အလတ်အဆင့်၊ အဆင့်မြင့်အဆင့်၊ ကြေးအဆင့်၊ ငွေအဆင့်နဲ့ ရွှေအဆင့်ဆိုပြီး

ခွဲထားပါတယ်။ ဒီအဆင့်တွေက လုပ်ကြံသတ်ဖြတ်သူတွေရဲ့ ကျင့်ကြံခြင်း အဆင့်အပေါ်မှာ အခြေခံပြီး ခွဲခြားထားတာ မဟုတ်ပါဘူး။ သူတို့တွေ အောင်အောင်မြင်မြင်နဲ့ လုပ်ကြံသတ်ဖြတ်နိုင်ခဲ့တဲ့ ပစ်မှတ်တွေရဲ့ စွမ်းရည်နဲ့ အရေအတွက် အပေါ်မှာ အခြေခံထားခဲ့တာ ဖြစ်ပါတယ်။

သူတို့က လူများများနဲ့ သူတို့ရဲ့ ပစ်မှတ်တွေရဲ့ စွမ်းရည်က ပိုမြင့်လေ သူတို့ရရှိတဲ့ အဆင့်က မြင့်မားလေပါပဲ။ ဒီနည်းလမ်းနဲ့ သူတို့ရဲ့ အဆင့်တွေကို မြှင့်တင်နိုင်ပါတယ်။

ဒါကြောင့် အလယ်အလတ်အဆင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်က ကြေးအဆင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ထက်တောင် အစွမ်းထက်နိုင်ပါတယ်။

ဒါပေမဲ့လည်း ယေဘုယျအားဖြင့် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ရဲ့အဆင့် ပိုမြင့်လေ သူတို့က ပိုပြီးတော့ အစွမ်းထက်လေပါပဲ။ တကယ်တော့ ခြွင်းချက်ထားရမဲ့ လူအရေအတွက်က အရမ်းကို နည်းပါတယ်။

နေပါဦး။ ငါအခုမဲလိုက်ခံနေရတာက ကောင်းတဲ့ ကိစ္စတစ်ခုတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါဘာများ လုပ်နိုင်မှာလဲ။

လင်းဟန်က သူ့ခေါင်းကို ထိုးဖွလိုက်ပါတယ်။ ကြည့်ရတာ သူက ဒီပြဿနာကို ဖြေရှင်းဖို့ နည်းလမ်း မရှိတော့ပါဘူး။ သူ့ဘာသူပဲ အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး သတိထားပြီး ကြိုးစားနေဖို့ပဲ တတ်နိုင်ပါတယ်။

သင်တန်းကျောင်းကို ပြန်ရောက်လာပြီးတဲ့နောက်မှာ လင်းဟန်က သူ့ရဲ့စိုးရိမ်ပူပန်မှုတွေ အားလုံးကို ဘေးဖယ်ထားလိုက်ပြီး ကျင့်ကြံခြင်းအပေါ်မှာပဲ အာရုံစိုက်ထား လိုက်ပါတယ်။ သူ့အနေနဲ့ သေချာတာ တစ်ခုက အင်ပါယာမြို့တော်ထဲမှာ အမှောင်ည ခန်းမအနေနဲ့ သတ္တိကောင်းကောင်းနဲ့ ရဲရဲတင်းတင်း လုပ်ရှားဝံ့လိမ့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ နောက်ပြီး သူ့မှာ အနက်ရောင် မျှော်စင်လည်း ရှိပါတယ်။ ဒါကြောင့် သူ့အသက်အန္တရာယ်နဲ့ ပတ်သက်ပြီး စိုးရိမ်စရာ အခြေအနေကို မရောက်သေးပါဘူး။

သုံးရက်ခန့်အကြာမှာ လင်းဟန်ကို ဘယ်လက်ရုံး အမတ်မင်းက ဆင့်ခေါ်ခဲ့ပါတယ်။ အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲဟာ မကြာခင်မှာ စတင်ပါတော့မယ်။ ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာက ဒီတိုက်ပွဲပြိုင်ဆိုင်မှုမှာ ဝင်ရောက်ယှဉ်ပြိုင်မဲ့ ပြိုင်ပွဲဝင်တွေကို အတည်ပြုဖို့ လိုပါတယ်။

ဒါက ကြီးကျယ်ခမ်းနားတဲ့ ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကြယ်ဥက္ကာ အင်ပါယာက ရွေးချယ်မှု တစ်ခုကို ပြုလုပ်တဲ့အပြင် သူတို့ရဲ့ လက်အောက်ခံဖြစ်တဲ့ တော်ဝင်အင်ပါယာတွေဆီကိုတောင် သူတို့ဆီက ပါရမီရှင်တွေကို စေလွှတ်ဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ တကယ်တော့ တကယ်လို့များ ကြယ်ဥက္ကာ အင်ပါယာက ရလဒ်ကောင်းတွေ မရရှိခဲ့ဘူးဆိုရင် သူတို့လည်း စိတ်ပျက်ရပါလိမ့်မယ်။

ဒါက တစ်ယောက်အတွက် အောင်မြင်မှုက အားလုံးအတွက် အောင်မြင်မှုနဲ့ တစ်ယောက်ရှုံးရင် အားလုံးရှုံးနိမ့်တယ်ဆိုတဲ့ ဆက်ဆံရေး တစ်ခုပဲ ဖြစ်ပါတယ်။

လင်းဟာန်က ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်ဆီကို အရင်ဆုံး သွားခဲ့ပါတယ်။ အဲဒီနောက်မှ ဘယ်လက်ရုံး အမတ်မင်းရဲ့ ဦးဆောင်မှုနဲ့ သူတို့က နံပါတ်ကိုး ဘုရင်ရဲ့ စံအိမ်ဆီကို ဦးတည်ပြီး သွားကြပါတယ်။

နံပါတ်ကိုး ဘုရင်ရဲ့ မျိုးရိုးနာမည်က ဟူဖြစ်ပြီးတော့ နာမည်ကတော့ ဖေးယွမ် ဖြစ်ပါတယ်။ သူမက ကြယ်ဥက္ကာ အင်ပါယာရဲ့ ဘုရင်ကိုးပါးထဲက တစ်ယောက်ဖြစ်ပြီး သူမရဲ့ ဩဇာအာဏာက လူတန်းစား အလွှာအားလုံးကို လွှမ်းမိုးနိုင်ပါတယ်။ ပြီးတော့

မယုံနိုင်စရာ ကောင်းတဲ့အချက်က ဒီနံပါတ်ကိုး ဘုရင်က တောင်မြစ်အဆင့်ရဲ့ အလယ်အလတ် အဆင့်မှာပဲ ရှိနေပါသေးတယ်။

ဘုရင်းကိုးပါးရဲ့ စွမ်းအားက ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတို့နဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်ရဲ့ အထက်မှာတောင် ရှိပါတယ်။ ဒါပေမဲ့ ဟူဖေးယွမ်ကတော့ တောင်မြစ်အဆင့်ရဲ့ အလယ်အလတ် အဆင်င့်မှာပဲ ရှိပါတယ်။ ဒါကြောင့် တခြားသူတွေက သူမရဲ့ ဩဇာအာဏာ လွှမ်းမိုးမှုကို ခံယူဖို့ ဆန္ဒရှိမှာတဲ့လား။

ဘာဖြစ်လို့လဲဆိုတော့ သူမမှာ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီဘုရင်မရဲ့ ကာကွယ်မှု ရှိနေပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ခုနစ်သိန်းလောက်က ကြယ်ဥက္ကာ အင်ပါယာမှာ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်ရှစ်ယောက်နဲ့ ဘုရင်ခုနစ်ပါးပဲ ရှိပါတယ်။ ခုနစ်ယောက်မြောက် ဘုရင်ကလည်း နောက်ဆုံးအဆင့်မှာ ချိတ်ပြီးတော့ တောင်မြစ်အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ အဲဒီဗိုလ်ချုပ်က သူမကို လေးလေးနက်နက် မထားခဲ့ပါဘူး။ သူမအပေါ်တောင် စည်းမစောင့်ခဲ့ပါဘူး။

အဆုံးမှာတော့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မက ဒေါသပေါက်ကွဲပြီး အဲဒီဗိုလ်ချုပ်ကို တန်းပြီးတော့ သတ်ပစ်လိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ကလန် တစ်ခုလုံးကိုပါ အမြစ်ဖြုတ် သုတ်သင်ပစ်လိုက်ပါတယ်။

အဲဒီအချိန်က စပြီးတော့ ဘယ်သူပဲဖြစ်ဖြစ် ဘုရင်ကိုးပါးကို ရိုသေလေးစားလာကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကေရီ ဘုရင်မက တစ်ချိန်တုန်းက ပြောဖူးပါတယ်။ ဘုရင်ကိုးပါးကို တွေ့တာက သူမကို တွေ့မြင်ရတာနဲ့ တူညီတယ်လို့ ပြောဖူးပါတယ်။

Chapter 933 end

အပိုင်း(934) ပါရမီရှင်တွေ စုစည်းခြင်း

နံ့ပါတ်ကိုး ဘုရင်ရဲ့ စံအိမ်မှာ စိတ်လှုပ်ရှားမှုတွေနဲ့ ဆူညံလို့ နေပါတယ်။ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတို့လိုပဲ မဟာဗိုလ်ချုပ် ခုနစ်ယောက်ကလည်း သူတို့ကိုယ်တိုင် ရွေးချယ်ထားတဲ့ လက်ရွေးစင်တွေကို အသီးသီး ခေါ်လာခဲ့ကြပါတယ်။ ဒီအချက်အတွက်နဲ့ ပတ်သက်ပြီး တချို့အရာရှိတွေလည်း အပြေးအလွှား ရောက်လာပြီး

နိုင်ငံတစ်ခုလုံးက ပါရမီရှိတဲ့ လူတွေကို ရှာဖွေပြီး ဒီကြီးကျယ်ခမ်းနားတဲ့ ပြိုင်ပွဲအတွက် ပြင်ဆင်မှုတွေကို ပြုလုပ်နေတာနဲ့ ပတ်သက်ပြီး အမြဲတမ်းလိုလို ခန့်မှန်းသုံးသပ်မှုတွေ ပြုလုပ်တတ်ကြပါတယ်။

ဒ့ါအပြင် လက်အောက်ခံ တော်ဂင်အင်ပါယာက အဆင့်မြင့်တဲ့သူတွေကလည်း သူတို့ကိုယ်ပိုင် ပါရမီရှင်တွေ အားလုံးကို ခေါ်လာခဲ့ပါတယ်။ တကယ်လို့ သူတို့က ကြယ်ဥက္ကာ အင်ပါယာအတွက် တိုက်ပွဲမှာ ကိုယ်စားပြုနိုင်ခဲ့ရင် အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်ကို ရရှိပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ သူတို့က တခြားပါရမီရှင်တွေကို ဦးဆောင်ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာကို ပထမနေရာ ရရှိအောင် လုပ်ပေးနိုင်ခဲ့ရင် ကေရီဘုရင်မဆီက ရောမ ဆုလာဘ်တစ်ခုကိုတောင် ရနိုင်ပါလိမ့်မယ်။

ကေရီ ဘုရင်မက အထွတ်အမြတ်ထားပြီးတော့ မွန်မြတ်သူ ဖြစ်ပါတယ်။ သူမက အားလုံးရဲ့ အိပ်မက်ချစ်သူ ဖြစ်သလို စံထားရတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပါတယ်။ ပြီးတော့ အဆုံးမဲ့ ကျင့်ကြံခြင်းနဲ့ ခွန်အားကိုလည်း ကိုယ်စားပြုပါတယ်။

အားလုံးက ဥယျာဉ်တစ်ခု အထဲမှာ စုစည်းနေခဲ့ပါတယ်။ အဲဒီနေရာမှာ ထိုင်ခုံတွေ အများကြီး ချထားပါတယ်။ ဒါပေမဲ့ အဆင့်မြင့်တဲ့ သူတွေပဲ ထိုင်ဖို့အရည်အချင်း ပြည့်မီပါတယ်။ လင်းဟန်တို့လို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်က လူတွေကတော့ မတ်တပ်ရပ်လို့ပဲ ရနိုင်ပါတယ်။

လူတွေအများကြီး စုစည်းနေပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အရေအတွက်က တစ်ရာကျော်လောက်ပဲ ရှိပါတယ်။ အဆုံးမှာတော့ ဒီရောက်ရှိလာတဲ့ လူတွေထဲက ကြယ်ဥက္ကာ အင်ပါယာကို လူဆယ်ယောက်ပဲ ကိုယ်စားပြုနိုင်ပါလိမ့်မယ်။ ဒါကြောင့် ယှဉ်ပြိုင်မှုက အရမ်းကို ပြင်းထန်ပါလိမ့်မယ်။

လီဝေဂလည်း ရောက်လာပါတယ်။ သူမက ဒီနေရာကို ပျော်ရွှင်ဖို့အတွက် လာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မြင့်မားတဲ့ အဆင့်အတန်းကြောင့် သူမအနားကို မရေမတွက်နိုင်တဲ့ လူတွေက ချဉ်းကပ်ပြီး စကားစမြည် ပြောနေကြပါတယ်။ တကယ်လို့ သူတို့သာ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော်နဲ့ လက်ထပ်နိုင်ခဲ့မယ်ဆိုရင် သူတို့ရဲ့ ဘဝတစ်လျှောက်လုံး ကြီးမားတဲ့ အောင်မြင်မှု ရရှိပါလိမ့်မယ်။

လင်းဟန်က ထောင့်နားက ကျောက်တုံးတစ်တုံးကို ရှာပြီးတော့ ထိုင်ချလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေကို အသာလေး ပိတ်လိုက်ပါတယ်။ သူက နည်းစနစ်ခြောက်ခုမှ တစ်ခု ပေါင်းစည်းခြင်း ပညာရပ်ကို လည်ပတ်ပြီးတော့ လေထဲက စိတ်ဝိညာဉ် ချီတွေကို စုပ်ယူ လိုက်ပါတယ်။

ဒီလိုမျိုး ကျင့်ကြံခြင်းရဲ့ အာနိသင်က အကောင်းဆုံး မဟုတ်ပေမဲ့ သူက စက္ကန့်တိုင်းမှာ ကျင့်ကြံနေဖို့ လိုပါတယ်။ အချိန်ကို နည်းနည်းလောက် ဖြုန်းတီးတာက စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။

"ဟားဟားဟား ဒီနေရာမှာ ငါ ရန်ဇီ ရှိနေမှတော့ ငါတို့ကြယ်ဥက္ကာ အင်ပါယာက ဒီတစ်ကြိမ်မှာ ပထမနေရာကို သေချာပေါက် ရလိမ့်မယ်"

ခန္ဓာကိုယ် တောင့်တင်းကြံ့ခိုင်တဲ့ လူငယ်တစ်ယောက်က ကျယ်လောင်စွာနဲ့ ကြေညာလိုက်ပြီး သူ့အသံထဲမှာ ယုံကြည်မှုတွေနဲ့ ပြည့်နှက်နေပုံ ရပါတယ်။

"သူက ဘယ်သူလဲ"

ဘေးနားမှာရှိတဲ့ လူတစ်ယောက်က မေးလိုက်ပါတယ်။

"အနက်ရောင်မီးတောက် နိုင်ငံက တောသား တစ်ယောက်ပါကွာ။ နေဦး သူ့စွမ်းရည်ကတော့ အတော်လေး ထူးချွန်တယ်လို့ ပြောရမယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးကို အဆင့်တက်သွားပြီ"

"လပြွတ်ပေါ့"

လျှိုတန်နဲ့ ရီချန်ယွမ်တို့ နှစ်ယောက်စလုံးက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံး ပိုင်ဆိုင်ထားတာတောင် လင်းဟန်က သူတို့နှစ်ယောက်စလုံးကို ချက်ချင်းသတ်ပစ်နိုင်စွမ်း ရှိပါတယ်။ ကြယ်ဥက္ကာ အင်ပါယာထဲမှာ ဒါမှမဟုတ် ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးက အရမ်းကို မြင့်မားတဲ့ အထွတ်အထိပ် တစ်ခုဖြစ်ပြီးတော့ အရမ်းကို နည်းပါးတဲ့ လူနည်းစုကပဲ တက်နိုင်ပါတယ်။

ဒါကြောင့် သူတို့က ဒီရန်ဇီမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရှိတယ်ဆိုတာကို ကြားလိုက်ရတာနဲ့ အားလုံးက အသက်ကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီး သူ့ကို အကြီးအကျယ် အာရုံစိုက်ဖို့ မှတ်ထားလိုက်ကြပါတယ်။

မာရှန်းလည်း လျှောက်လာခဲ့ပါတယ်။ သူ့ကိုလည်း အရာရှိ တစ်ယောက်က ယှဉ်ပြိုင်ဖို့ ကိုယ်စားပြု တစ်ယောက် အနေနဲ့ ရွေးချယ်ခဲ့ပါတယ်။ တကယ်တော့ အရမ်းကို နည်းပါးတဲ့ လူအနည်းစုလောက်ပဲ ဘုရင်ချီကို ပိုင်ဆိုင်ထားကြပါတယ်။ သူက လင်းဟန်ရဲ့ ဘေးနားကို လျှောက်လာပြီးတော့ ပြောလိုက်ပါတယ်။

"သူတို့အားလုံးကတော့ ထိုင်ပြီးတော့ အစားအသောက်တွေနဲ့ ဧည့်ဂတ်ပြု ခံနေရတယ်။ ငါတို့ကျ ဘေးနားမှာပဲ ရပ်နေရတယ်။ ဒါက တကယ်ပဲ အရမ်းကို မကျေနပ်စရာကောင်းတယ်"

သူတို့ဆိုတာက ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားအဆင့်မြင့်တဲ့ အရာရှိတွေကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲ ဖြစ်သွားပါတယ်။ ဒီကမ္ဘာကြီးထဲမှာ အစားအသောက် မက်မောတဲ့သူတွေ အများကြီး ရှိနေလိမ့်မယ်လို့ သူမထင်မှတ် ထားမိခဲ့ပါဘူး။ ဒီမာရှန်းကလည်း အံ့မခန်း ပင်ကိုယ်အရည်အချင်းတစ်ခု ရှိပါတယ်။
ဒီလိုအခြေအနေမျိုးမှာတောင် သူက အစားအသောက် အကြောင်းကို စဉ်းစားနေပါတယ်။ သူ့ကိုယ်လည်း လူထူးလူဆန်း တစ်ယောက်လို့ တကယ်ပဲ သတ်မှတ်ယူဆ နိုင်ပါတယ်။

"နံပါတ်ကိုး ဘုရင် ကြွလာပြီ"

အဲဒီအချိန်မှာပဲ အမျိုးသမီး အစေခံ တစ်ယောက်က ညင်သည်တွေကို ကျယ်လောင်တဲ့ အသံနဲ့ ကြေညာလိုက်တာကို ကြားလိုက်ရပါတယ်။ သူမရဲ့ အသံက မိုးခြိမ်းသံလို ကျယ်လောင်လှပါတယ်။ အံ့အားသင့်စရာကောင်းတာက သူမက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

အားလုံးက အလျင်အမြန်ပဲ ထရပ်လိုက်ပါတယ်။ ဘယ်လက်ရုံး အမတ်မင်း၊ ညာလက်ရုံး အမတ်မင်းနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လည်း ချွင်းချက်မရှိ ထရပ်လိုက် ကြပါတယ်။

ကေရီ ဘုရင်မက အရင်တုန်းက ပြောဖူးပါတယ်။ ဘုရင်ကိုးပါးကို တွေ့တာက သူမကို တွေ့ရသလို ပါပဲတဲ့။ အခု နံပါတ်ကိုး ဘုရင်ရောက်လာပါပြီ။ ဒါက ကေရီ ဘုရင်မကိုယ်တိုင် ရောက်လာတာနဲ့ ညီမျှပါတယ်။ ဘယ်သူကများ သူမရောက်လာတာတဲ့ အချိန်မှာ ထိုင်ခုံမှာ ဆက်ပြီးတော့ ထိုင်နေဝံ့မှာတဲ့လဲ။

အားလုံးရဲ့ မျက်စိတွေ အရှေ့မှာ ခရမ်းရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ မိန်းမပျိုတစ်ယောက်က ဥယျာဉ်ရဲ့ ဂင်ပေါက်ကနေ လမ်းလျှောက်လာပါတယ်။

သူမကို ကြည့်ရတာ အသက်ဆယ့်ရှစ် ဆယ့်ကိုးလောက်ပဲ ရှိပါဦးမယ်။ သူမက ခန္ဓာကိုယ်နဲ့ ကွက်တိကျတဲ့ ဂါဝန်ရှည်တစ်ထည်ကို ဂုတ်ဆင်ထားပြီး အဲဒါက သူမရဲ့ အရမ်းကို လှပတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကို ပေါ်လွင်စေပြီး သူမရဲ့ ထူးထူးကဲကဲ လှပတဲ့ ခန္ဓာကိုယ် အမိုအမောက် အဝိုက်တွေကို အပြည့်အဝ လှစ်ဟပြနေသလိုပါပဲ။

ဒီအမျိုးသမီးက အရမ်းကို ချောမောလှပလွန်းပါတယ်။ စွေ့ရန်ယွီနဲ့ နှိုင်းယှဉ်လိုက်ရင်တောင်မှ သူမက နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ သူမကို ကြည့်ရတာ ယုံကြည်မှု ကင်းမဲ့နေပုံ ရပါတယ်။ လူအများကြီးရဲ့ အာရုံစိုက်မှုကို ခံရတဲ့အတွက် သူမရဲ့ ချောမောလှပတဲ့ မျက်နှာပေါ်မှာ ရှက်သွေးဖြန်းသွားပြီး သူမရဲ့ ရှက်ရွံ့မှုကို တွေ့မြင်ရပါတယ်။

သူမက အနည်းငယ် ရှက်နေပြီး အိမ်ရှင်ရဲ့ ထိုင်ခုံကို ရောက်သွားတဲ့ အချိန်မှာတော့ သူမရဲ့ လက်တွေကို ဖေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အ အရှင်အားလုံး ထုံး ထုံးထမ်းစဉ်လာတွေ မလုပ်ပါနဲ့"

လင်းဟန်က မရည်ရွယ်ပဲ ပြုံးလိုက်မိပါတယ်။ နံပါတ်ကိုး ဘုရင်က သူမရဲ့ တော်ဝင် အဆင့်အတန်းနဲ့ ဘယ်လက်ရုံး

အမတ်မင်းကတောင် မော့ကြည့်ရတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ သူမက အခုလိုမျိုး လွယ်လွယ်နဲ့ စိတ်အားငယ်တတ်တဲ့ မိန်းကလေးငယ် တစ်ယောက် ဖြစ်နေပါတယ်။

ဘယ်လောက် သဘောကျစရာ ကောင်းလဲ။

ပြီးတော့ ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားသူတွေက ရိုင်းရိုင်းပျပျ မလုပ်ဝံ့ပါဘူး။ သူတို့က ပြန်ပြီးတော့ မထိုင်ခင်မှာ အသီးသီး ဂါရဝပြုလိုက် ကြပါတယ်။

သူတို့လို လက်ရွေးစင်တွေ အတွက်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းခုနစ်သိန်းလောက်က ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်က သိပ်မကြာခင်က ဖြစ်ပျက်ခဲ့သလိုပါပဲ။ ဘယ်သူကများ လက်ရှိ မဟာဗိုလ်ချုပ် ခုနစ်ယောက်ကနေ ခြောက်ယောက် ဒါမှမဟုတ် ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းကနေ အမတ်မင်း တစ်ယောက် ဖြစ်ချင်လိမ့်မှာလဲ။

"အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲ စတင်ဖို့ လဂက်လောက်ပဲ လိုတော့တယ်။ ဒီနေ့ ကျမတို့ရဲ့ အင်ပါယာကို ကိုယ်စားပြုမဲ့ ပြိုင်ပွဲဝင် ဆယ်ယောက်ကို ရွေးချယ်ဖို့လိုအပ်တယ်"

နံပါတ်ကိုး ဘုရင်က ပတ်ဂန်းကျင်နဲ့ အနည်းငယ် အသားကျသွားခဲ့ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာက နည်းနည်းလေး နီနေသေးပေမဲ့ အနည်းဆုံးတော့ သူမက စကားမထစ်တော့ပါဘူး။

"အစ်မကြီးရဲ့ အမိန့်အောက်မှာ အယ် မဟုတ်ဘူး။ ဘုရင်မကြီးက ကျမကို အင်ပါယာအတွက် ကိုယ်စားပြုမဲ့ ပါရမီရှင် ဆယ်ယောက်ကို ရွေးချယ်ဖို့ တာဂန်ပေးခဲ့တယ်"

သူမက ရုတ်တရက် လျှာခလုတ် တိုက်မိသွားပါတယ်။ ပြီးတော့ သူမရဲ့ မျက်နှာလေးက ရုတ်ချည်းဆိုသလို နီရဲသွားပြီး သူမကို မြင်ရတဲ့ သူတွေတိုင်းကို စာနာမှု ခံစားစေပါတယ်။

သူမက တကယ့်ကို ဆွဲဆောင်နိုင်တဲ့ မကောင်းဆိုးဝါးလေး တစ်ကောင်ပဲ။

ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားသူတွေက မအံ့ဩပါဘူး။ ဘုရင်ကိုးပါးနဲ့ ဧကရီ ဘုရင်မက တစ်ယောက်နဲ့တစ်ယောက် တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမတွေလို ခေါ်ဝေါ်တတ်ကြပြီး ဒီကိစ္စက ဘယ်တော့မှ ရှောင်လွှဲလို့ မရပါဘူး။ ဒါကြောင့်လည်း ဘုရင်ကိုးပါးက ဒီလိုမျိုး မြင့်မားတဲ့ အဆင့်အတန်းကို ပိုင်ဆိုင်ရတဲ့ အကြောင်းပြချက်လည်း ဖြစ်ပါတယ်။

“ဒါဆိုရင် စလိုက်ကြရအောင်”

နံပါတ်ကိုး ဘုရင်က ပြောလိုက်တယ်။

သူမရဲ့ အစေခံတွေက နေရာလွတ် တစ်ခုရဲ့ အလယ်မှာ ထိုင်ခုံဆယ်လုံးကို ချလိုက်ပါတယ်။ အချိန်က အကန့်အသတ် ရှိပါတယ်။ နှစ်နာရီ ကြာပြီးတဲ့နောက် ဒီထိုင်ခုံတွေမှာ ထိုင်ခွင့်ရတဲ့ လူဆယ်ယောက်က ယှဉ်ပြိုင်ပွဲအတွက် ကြယ်ဥက္ကာ အင်ပါယာရဲ့ ကိုယ်စားပြုတွေအဖြစ် အရွေးချယ် ခံရပါလိမ့်မယ်။

စည်းကမ်းက အရမ်းကို ရိုးရှင်းပါတယ်။ ကုလားထိုင်အတွက် တိုက်ခိုက်ရပါမယ်။

သူတို့တွေက ဥယျာဉ်ထဲမှာ တိုက်ကွက်တွေ ဖလှယ်ကြတယ် ဆိုပေမဲ့ အနားမှာ ဘယ်လိုမျိုး ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေ ထိုင်နေတာလဲ။ သူတို့တစ်ယောက်ချင်းစီက တိုက်ပွဲကနေ ထွက်ပေါ်လာတဲ့ အားလိုင်းတွေကို အတွေးတစ်ချက်နဲ့တင် ထိန်းချုပ်ပြီး ဖယ်ရှားပစ်နိုင်စွမ်း ရှိပါတယ်။ ပြီးတော့ ဒီနေရာကို နည်းနည်းလေးမှ ထိခိုက်ပျက်စီးခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအခိုက်အတန့်မှာ ဘယ်သူကမှ ပထမဆုံး စတင်ပြီး မလုပ်ရှားဝံ့ပါဘူး။

သူတို့က နှစ်နာရီတောင် တိုက်ခိုက်ရမှာ ဖြစ်ပြီးတော့ ပထမဆုံး ထိုင်တဲ့သူက စိန်ခေါ်သူ အမြောက်အများကို လက်ခံရရှိပါလိမ့်မယ်။ ဒါမှမဟုတ် အဖွဲ့လိုက် တိုက်ခိုက်တာကိုတောင် ခံရပါလိမ့်မယ်။ သူတို့က ဘာဖြစ်လို့ နှစ်နာရီ ပြည့်ခါနီးမှ သူတို့ရဲ့ လှုပ်ရှားမှုတွေကို မလုပ်ရမှာလဲ။

"အသုံးမကျတဲ့ အမိုက်တွေ"

ရန်ဇီက ရှေ့ကို တိုးထွက်လာပြီးတော့ ပထမ နေရာမှာ ချထားတဲ့ ထိုင်ခုံဆီကို လျှောက်လာခဲ့ ပါတယ်။

"နေဦး"

မာရှန်းက လျင်မြန်စွာနဲ့ ခုန်ထွက်လာခဲ့ပါတယ်။

"ငါအဲဒီနေရာကို တော်တော်လေး သဘောကျတယ်။ မင်းနောက်တစ်ခုကို သွားပြီးတော့ ယူနိုင်တယ်"

သူက တစ်ဖက်လူရဲ့ အပြုအမူကို သဘောမကျခဲ့ပါဘူး။

"ဟားဟား မင်းက ဘာဖြစ်လို့ တခြားထိုင်ခုံကို မပြောင်းတာလဲ"

ရန်ဇီက လှုပ်ရှားလိုက်ပြီး မာရှန်းကို ဆွဲကုတ်လိုက်ပါတယ်။

မာရှန်းက သူ့ကိုစိုက်ကြည့်ပြီးတော့ သူ့ရဲ့ ဘုရင်ချီကို အသက်သွင်းလိုက်ပါတယ်။ တိုက်ကွက် တစ်ကွက် ဖလှယ်လိုက်တာနဲ့ နတ်ဘုရားသားရဲတွေရဲ့ အရိပ်က ရောယှက်ပြီးတော့ မယုံနိုင်စရာ ကောင်းလောက်အောင် အံ့ဩဖွယ် ကောင်းလှပါတယ်။

ထန် ထန် ထန် ထန်။

ရုတ်ချည်းဆိုသလို သူတို့နှစ်ယောက်က စပြီးတော့ တိုက်ခိုက်လိုက်ကြပါတယ်။

မာရှန်းရဲ့ ကိုယ်ပိုင်တိုက်ပွဲ စွမ်းရည်က ကြယ်ဆယ့်ကိုးလုံးပဲ ရှိပေမဲ့ သူ့ရဲ့ဘုရင်ချီကို ပေါင်းလိုက်ရင် သူက တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ ရန်ဇီထက် နည်းနည်းမှ အားမနည်းခဲ့ပါဘူး။ သူတို့နှစ်ယောက်က သူမသာ ကိုယ်မသာ အခြေအနေမှာ ရှိနေပါတယ်။

တခြားသူတွေက ခဏလောက် တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးမှ ထိုင်ခုံတွေအတွက် စပြီးတော့ တိုက်ခိုက် လိုက်ကြပါတယ်။

လင်းဟာန်က စိတ်အနှောင့်အယှက် မရှိပါဘူး။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အားလုံးပေါင်းပြီးတော့ တိုက်ခိုက်မယ်ဆိုရင် တကယ်လို့ သူ့လက်တစ်ဖက်နဲ့ပဲ တိုက်ခိုက်ရင်တောင် သူ့ရဲ့ပြိုင်ဘက် မဟုတ်ပါဘူး။ ဒါကြောင့် သူက စိတ်လှုပ်ရှားပြီးတော့ ပူးပေါင်းပါဝင် မနေနိုင်ပါဘူး။ သူက ဘေးနားမှာ သူ့မျက်စိတွေကို ပိတ်ပြီးတော့ အနားယူနေပြီး နှစ်နာရီအချိန် ကုန်တဲ့အထိ စောင့်နေဖို့ စိတ်ကူးထားပါတယ်။ သူက ကြိုက်တဲ့ထိုင်ခုံ တစ်ခုကို ရွေးယူလို့ ရပါတယ်။

"လင်းဟာန် မင်းမလှုပ်ရှားသေးဘူးလား"

သူ့နားထဲကို တိုးညှင်းတဲ့ အသံတစ်ခု ဝင်လာခဲ့ပါတယ်။ အသံက အရမ်းကို တိုးညှင်းပေမဲ့ သူ့စိတ်ထဲကို တန်းပြီးတော့ ဝင်လာပြီး မိုးကြိုးပစ်ချသလိုမျိုး ကျယ်လောင်ပါတယ်။

အသံပိုင်ရှင်က ဘယ်လက်ရုံး အမတ်မင်း ဖြစ်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို မော့ပြီးတော့ ကြည့်လိုက်ပေမဲ့ ဘယ်လက်ရုံး အမတ်မင်းက သူ့ရှိတဲ့ ဘက်ကိုတောင် လုံးဝကြည့်မနေပါဘူး။

ကောင်းပြီလေ။ ကြည့်ရတာ သူ့ရဲ့ပျင်းရိတဲ့ အပြုအမူပုံစံက ဘယ်လက်ရုံး အမတ်မင်းကို မကျေမနပ် ဖြစ်စေတာကြောင့် သူ့ကို စိတ်နဲ့အသံ ပို့လွှတ်ပြီးတော့ သတိပေးလိုက်တာ ဖြစ်ပါလိမ့်မယ်။

ဟူး ကြည့်ရတာ ငါရှေ့ထွက်ရတော့မယ်။

လင်းဟန်က သူ့ပခုံးတွေကို ပျင်းကြောတစ်ချက် ဆန့်ပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူ့ပုံစံက သွေးပူလေ့ကျင့်ခန်းတစ်ခု လုပ်နေသလိုပါပဲ။

သူက လုပ်ရှားရတော့မယ်ဆိုတော့ ကြီးကျယ်ခမ်းနားတဲ့ လုပ်ရှားမှု တစ်ခုကို လုပ်ရတော့မှာပေါ့။

သူ့နတ်ခမ်းထောင့်မှာ အပြုံးတစ်ခု တွဲခိုလာခဲ့ပါတယ်။ လင်းဟန်က သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီး သူ့လက်ဝါးထဲမှာ အဆုံးမရှိ စွမ်းအားတွေ သိပ်သည်းလို့ လာခဲ့ပါတယ်။

ရုတ်ချည်းဆိုသလို အဆင့်မြင့်တဲ့ သူတွေအားလုံးက သူတို့ရဲ့ အကြည့်တွေကို သူ့ဆီကို လှည့်လာခဲ့ ကြပါတယ်။

Chapter 934 end

အပိုင်း(935) တစ်ကွက်ရဲ့ အစွမ်း

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို အလေးအနက် မထားပါဘူး။ ဒါပေမဲ့ လင်းဟန်ရဲ့ လက်ဝါးထဲမှာ သိပ်သည်းတဲ့ စွမ်းအားတွေက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နစ်ဆယ်လုံးထက် သာလွန်နေပြီး ဒီအရေးပါတဲ့ လူတွေကိုတောင် လုပ်လုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

ဘယ်ကျင့်ကြံခြင်း အဆင့်မှာမဆို အမြင့်ဆုံး အကန့်အသတ်ကို ချိုးဖျက်နိုင်စွမ်း ရှိတယ် ဆိုတာက လုံးဂကို လွယ်ကူတဲ့ ကံတရားတစ်ခုတော့ မဟုတ်ပါဘူး။ ဒါက သူ့အနေနဲ့ အနာဂတ် ကျင့်ကြံခြင်းမှာ အံ့အားသင့်စရာ အမြင့်တစ်ခုကို ရောက်နိုင်ချေ ရှိပါတယ်။

လက်ရှိ ရီချန်ယွမ်လည်း ရှိပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နစ်ဆယ့်တစ်လုံးမှာ ရှိပါတယ်။ ဒါကြောင့် သူက အင်ပါယာရဲ့ ကိုယ်စား ယှဉ်ပြိုင်ရ ပါလိမ့်မယ်။ နောက်ပြီးတော့ တောင်မြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက်တယ်ဆိုတာက အချိန်တိုတိုနဲ့ အောင်မြင်မှု ရရှိနိုင်တဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ သူလိုချင်တာနဲ့

အလွယ်တကူ လုပ်နိုင်မဲ့ အရာတစ်ခု ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

သူက လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကို အရင်က မျက်မြင်ကြုံတွေ့ဖူးပါတယ်။ ပြီးတော့ လင်းဟန်က လုပ်ရှားမှု တစ်ခုကို လုပ်တော့မယ် ဆိုတာကို သတိပြုလိုက်မိတဲ့ အချိန်မှာ သူ့ရဲ့ဆံပင်တွေက ထိတ်လန့်တုန်လှုပ်မှုကြောင့် ထောင်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူ့အောက်မှာ မီးလောင်နေသလိုမျိုး သူ့ရဲ့ထိုင်ခုံကနေ လွှားခနဲ ခုန်ထွက်လိုက်ပါတယ်။ သူ့ရဲ့ အသက်အတွက် သူပြေးရပါမယ်။

အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ထဲက အစွမ်းထက်ဆုံး လက်ရွေးစင် တစ်ယောက်အနေနဲ့ သူ့ရဲ့စွမ်းရည်က လူသိများ ထင်ရှားပါတယ်။ ဒါကြောင့် သူအဲဒီနေရာမှာ ထိုင်လိုက်တာနဲ့ ဘယ်သူကမှ သူ့ကို စိန်ခေါ်လိမ့်မှာ မဟုတ်ပါဘူး။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံးရှိတဲ့ လူတစ်ယောက်ကို သူ့ပလ္လင်ပေါ်ကနေ ဆွဲချရမယ် ဆိုရင်တော့ အနည်းဆုံး စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့ လူဆယ်ယောက်ခန့် အတူတကွ ပူးပေါင်းပြီး တိုက်ခိုက်မှပဲ အောင်မြင်ပါလိမ့်မယ်။

ဒီနေရာမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးရှိတဲ့လူက ငါးယောက်တောင် မရှိပါဘူး။ ဒါကြောင့် ဘယ်သူကများ အရှုံးထပြီးတော့ သူ့ကိုသွား စိန်ခေါ်မှာလဲ။

ဒါပေမဲ့ ရီချန်ယွမ်ရဲ့ အခုလို ထွက်ပြေးမှုက လူတော်တော်များများကို စိတ်ရှုပ်ထွေး သွားစေခဲ့ ပါတယ်။ သူက ပိုင်ဆိုင်ထား ပြီးလို့လား။

အဲဒီအခိုက်အတန့်မှာ လင်းဟန်က သူ့ရဲ့ လက်ဝါးရိုက်ချက်ကို ထုတ်လိုက်ပါတယ်။

ဂုန်း။

ရွှေရောင်အလင်းတန်း တစ်ခုက ဖျတ်ခနဲ လက်သွားပြီး အားလုံးက နတ်မိမယ် တစ်ယောက် ခြွေချလိုက်တဲ့ ပန်းပွင့်လေးတွေလို လွင့်စဉ်သွားပြီး နေရာအနှံ့ကို လွင့်ကုန်ပါတယ်။

တချို့က မြေကြီးပေါ်ကို ပြိုလဲကျပြီး တချို့က သူတို့ရဲ့ ထိုင်ခုံတွေနဲ့ ဂင်ဆောင့်မိကာ တချို့ကတော့ ချုံပုတ်တွေကြားထဲကို ပြုတ်ကျကုန်ပါတယ်။ ဒီလိုမျိုး ဖြစ်လာမယ်လို့ ကြိုတင်မြင်ထားပြီး ချိန်သားကိုက် ထွက်ပြေးသွားနိုင်တဲ့ ရီချန်ယွင်က လွဲပြီးတော့ အားလုံးပဲ ပစ်လွှတ်ခံလိုက် ရပါတယ်။ အများစုက သတိလစ်ကုန်ပြီး

အရမ်းကို ရှားပါးတဲ့ လူနည်းစုပဲ အသိစိတ် ရှိနေသေးပေမဲ့ သူတို့ရဲ့ မျက်နှာတွေမှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒါက အရမ်းကို အစွမ်းထက်လွန်းပါတယ်။ မဟုတ်လား။

ရီချန်ယွင်ရဲ့ မျက်နှာက ရှုံ့မဲ့ သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ ဒီတိုက်ကါက်က အရမ်းကို အစွမ်းထက်မယ် ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ သူ့ကိုယ်ပိုင် မျက်စိနဲ့ မျက်မြင်ကြုံတွေ့ လိုက်တဲ့အခါမှာ သူ့နှလုံးသားအထဲက ထိတ်လန့်တုန်လှုပ်မှုကို မခံစားရပဲ မနေနိုင်အောင် ဖြစ်သွားပါတယ်။

ဒါက တကယ်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် အောင်မြင်မှု ရနိုင်တဲ့ အရာတစ်ခုရော ဟုတ်ရဲ့လား။

မွန်းစတားပဲ။ ဒါက အရမ်းကို မွန်းစတား ဆန်လွန်းသွားပါပြီ။

ဘယ်လက်ရုံး အမတ်မင်းလည်း အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်က မိုးကောင်းကင်ကို ခွဲဖွင့်ပြီး လာခဲ့တယ် ဆိုတာကို သူသိထားပါတယ်။ ဒါကြောင့် သူ့ရဲ့ စွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနေပြီး သူ့အတွက်တော့ ဂုဏ်ယူဖို့ လုံလောက်နေပါပြီ။ ဒါပေမဲ့ လင်းဟန်က အခုလိုမျိုး

ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးတော့ သူက ခန့်မှန်းနိုင်ခဲ့မှာလဲ။

သူ ငယ်ရွယ်တဲ့ အချိန်တုန်းက သူ့မှာ ဒီလိုမျိုး စွမ်းရည် ရှိခဲ့လို့လား။

ဘယ်လက်ရုံး အမတ်မင်းက သူ့ခေါင်းကို ခါလိုက်မိပါတယ်။ ဒီလူငယ်ကို တကယ့်ပဲ ကြည့်မိတာ ဒါက ပထမဆုံး အကြိမ်ပဲ ဖြစ်ပါတယ်။ သူက ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ ဒီကောရာဇ်ကို တကယ်ပဲ လျော့တွက်ခဲ့မိပါတယ်။

အနာဂတ်မှာ သူက အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်ပါတယ်။

ဒီအတွေးက ဘယ်လက်ရုံး အမတ်မင်းရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်သွားပေမဲ့ သူက ချက်ချင်းပဲ အသာလေး ရယ်မောလိုက်မိပါတယ်။ အခုချိန်မှာ အစွမ်းထက်တယ်ဆိုတာက အဲဒီလူဟာ အနာဂတ်မှာ သေချာပေါက် အစွမ်းထက်လိမ့်မယ်လို့ မဆိုလိုပါဘူး။ ဒီကမ္ဘာကြီးထဲမှာ ကျရှုံးသွားတဲ့ ပါရမီရှင်တွေ အမြောက်အများ ရှိပါတယ်။

ကမ္ဘာကြီးက အနည်းဆုံးတော့ ပါရမီရှင်တွေ မရှားပါးဘူးလို့တောင် ပြောနိုင်ပါတယ်။ ဟုတ်ပါတယ်။ အဆုံးစွန်ထိ အောင်မြင်မှု ရနိုင်တဲ့

ပါရမီရှင်တွေကတော့ သနားစရာ ကောင်းလောက်အောင် အရမ်းကို နည်းပါးလွန်းပါတယ်။ ထိပ်တန်းအဆင့် လက်ရွေးစင်တွေ အထဲမှာတောင် ကြိုတင်ပြီးတော့ ခန့်မှန်းလို့ မရနိုင်တဲ့သူတွေတောင် အမြောက်အများ ရှိပါတယ်။

သိုင်းပညာ လမ်းကြောင်းပေါ်မှာ အရမ်းကို များပြားတဲ့ မတော်တဆမှုတွေ ရှိပါတယ်။

သူက တကယ်ပဲ အရမ်းကို တွေးလွန်းနေပါတယ်။ အနည်းဆုံးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင် တစ်ယောက် မထွက်ပေါ်လာခဲ့တာ နှစ်ပေါင်းတစ်သန်း ရှိနေပါပြီ။ ပြီးတော့ သူတို့က အရမ်းကို သနားစရာ ကောင်းလောက်အောင် နည်းပါးလွန်းပါတယ်။

ဒါပေမဲ့လည်း လက်ရှိ လင်းဟာန်ကတော့ သေချာပေါက် အားမာန်ပါတယ် ဆိုတာကိုတော့ ဂန်ခံရပါမယ်။ ပြိုင်ဘက်ကင်းမှု တစ်ခုနဲ့ သပ်ရပ်ကျော့ရှင်းတဲ့ ဟာန်ပန်အမူအရာ တစ်ခုကို ဖော်ပြနေပါတယ်။ သူက ထိုင်ခုံတစ်ခု မပြီးတော့ တစ်ယောက်တည်းပဲ ထိုင်ချလိုက်ပါတယ်။ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့သူ ဘယ်သူမှ မရှိပါဘူး။

နံပါတ်ကိုး ဘုရင်ရဲ့ ပါးစပ်သေးသေးလေးက ဂလုံးပုံစံ ဟသွားပြီး သူမရဲ့ မျက်လုံးတွေ ပြူးလာခဲ့ ပါတယ်။

သူမက ငယ်ရွယ်ပါသေးတယ်။ ပြီးတော့ အများကြီးလည်း မတွေးခဲ့ပါဘူး။ သူမက လင်းဟန်ဆီက ဒီတိုက်ခိုက်မှုကြောင့် မှင်တက်သွားခဲ့ပါတယ်။

"မိုက်တယ်။ အံ့သြစရာပဲ"

သူမက လက်ခုပ်လက်ဝါး တီးပြီးတော့ တကယ့်တောသူ မိန်းကလေးငယ် တစ်ယောက်လို ခြေထောက်တွေကို ကန်ကျောက်နေပါတယ်။

ဒါက အားလုံးရဲ့ အာရုံကို ဆွဲဆောင်သွားခဲ့ပါတယ်။ သူမက အလျင်အမြန်ပဲ လျှာကိုကိုက်လိုက်ပြီး ပိုပြီးတော့တောင် ကလေးဆန်တဲ့ ပုံစံမျိုး ဖြစ်ပေါ်လာခဲ့ပါတယ်။

ရီချန်ယွင် တစ်ယောက်ပဲ ပြန်လာပြီး သူ့သွားတွေကြားကနေ ရှူးရှူးရှဲရှဲ အသံတွေ ထွက်နေပါတယ်။ သူက ထိုင်ခုံတစ်ခုကို ဆွဲယူလိုက်ပေမဲ့ လင်းဟန်ရဲ့ ဘေးနားမှာတော့ မထိုင်ဝံ့ပါဘူး။ အဲဒီအစား လင်းဟန်ရဲ့ ထိုင်ခုံအနောက်ဘက် မလှမ်းမကမ်းမှာ ထိုင်လိုက်ပါတယ်။

အသိစိတ် ရှိနေသေးတဲ့ မြေကြီးပေါ်က လူတွေက ဖြည်းညှင်းစွာနဲ့ ပြန်ထလာပြီး ထိုင်ခုံ တစ်ခုစီကို ပြန်မပြီးတော့ ထိုင်ချလိုက်ပါတယ်။ ရီချန်ယွင်လိုပဲ ဘယ်သူကမှ လင်းဟာန်နဲ့ တစ်တန်းတည်း ထိုင်ဖို့ မဝံ့ရဲကြပါဘူး။ ဒါက သူတို့ထက် အစွမ်းထက်တဲ့ လူတစ်ယောက်ကို ရှိသေသမှု ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ ခွန်အားက သူတို့ရဲ့ အဆင့်ထက် အများကြီး သာလွန်ပါတယ်။

ရေတွက်ကြည့်ရင် သူတို့ဆယ်ယောက် ရှိပါပြီ။ ဒါကြောင့် နောက်ထပ် တိုက်ခိုက်စရာ မလိုပါဘူး။

အဲဒါက ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားအဆင့်မြင့်တဲ့ သူတွေကို အနည်းငယ် အံ့သြမှင်တက် သွားစေခဲ့ပါတယ်။ လင်းဟာန်က သူ့ရဲ့တိုက်ခိုက်မှုကို ထုတ်ဖော်ပြလိုက်တဲ့ အချိန်မှာ သူက ဒီလိုမျိုး ဖြစ်လာဖို့ စီစဉ်ထားတာဖြစ်နိုင်မလား။ တကယ်လို့ အဲဒီလိုသာဆိုရင် ဒီလူငယ်ရဲ့ စွမ်းရည်ကို နည်းနည်းတော့ ပိုပြီးတွက်ဆပေးရ ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်က တမင်သက်သက် မလုပ်ခဲ့ပါဘူး။ သူက ဒီလက်ဝါး တိုက်ကွက်ရဲ့ နောက်ကွယ်က စွမ်းအားကို ထိန်းချုပ်ခဲ့ပါတယ်။ ဒါကြောင့် အစွမ်းထက်ဆုံး လူတွေက သတိလစ်

မေ့မျော့ခြင်း မရှိပါဘူး။ သူ့မှာ သူတို့ဆယ်ယောက် အတူတကွ စုစည်းမယ်ဆိုပြီး ကြိုတင်သိမြင်ခြင်း မရှိပါဘူး။

ဒါကြောင့် မာရှန်း၊ ရန်ဇီနဲ့ တခြားသူတွေအားလုံး ထိုင်ခုံရရှိပြီး ထိုင်ခဲ့ကြပါတယ်။

ညာလက်ရုံး အမတ်မင်းနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လုံးက လင်းဟာန်ကို ခဏခဏ ကြည့်လိုက်မိပါတယ်။ ဒီလိုမျိုး မွန်းစတားဆန်တဲ့ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က သူတို့ကိုတောင် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားစေပြီး သူ့နာမည်ကို သူတို့တွေ အမှတ်ရသွား စေခဲ့ပါတယ်။

ဒါပေမဲ့ သူတို့က ဒီတစ်ခုတည်းပဲ ရှိပါတယ်။

အဲဒီအချိန်မှာ နံပတ်ကိုး ဘုရင်က အရမ်းကို စိတ်လှုပ်ရှားစွာနဲ့ ပေါ်လာပြီး လင်းဟာန်ကို မေးလိုက်ပါတယ်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

လင်းဟာန်က မတ်တပ်ထရပ်ပြီးတော့ ခယလွန်းတာလည်းမဟုတ် ရိုကျိုးလွန်းတာလည်း မဟုတ်တဲ့ ပုံစံနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ကျနော့်နာမည် လင်းဟာန်ပါ"

နံပါတ်ကိုး ဘုရင်က နောက်တစ်ကြိမ် လက်ခုပ်တီးလိုက် မိပါတယ်။

"ဒီတစ်ကြိမ် ငါတို့ သေချာပေါက် ပထမနေရာ ရလိမ့်မယ်။ ဟီးဟီး။ ဒါက အစ်မကြီးအတွက် အရမ်းကို ကောင်းမွန်တဲ့ အရာတစ်ခုကို ငါလုပ်ပေးတာ ပထမဆုံး အကြိမ်ပဲ။ အနာဂတ်မှာ ဘယ်သူကမှ ငါ့ကို တော့ံးလေးလို့ ခေါ်ခွင့်ပြုလိမ့်မှာ မဟုတ်ဘူး"

သူမက ဒီလိုမျိုး ပြောလိုက်ပြီးမှ ချက်ချင်းပဲ သူမရဲ့ လျှာကို ထုတ်ပြလိုက်မိပါတယ်။ သူမက နောက်တစ်ကြိမ် သူမကိုယ်သူမ စိတ်ပျက်သွားမိခဲ့ပါတယ်။

"ကောင်းပြီ ကောင်းပြီ။ မင်းတို့အားလုံး ပြန်သွားလို့ရပြီ"

သူမက အလျင်အမြန်ပဲ သူတို့ကို နှင်ထုတ်လိုက်ပြီး သူမကို တခြားလူတွေ မရယ်စေဖို့ မျှော်လင့် မိပါတယ်။

ဘယ်သူကမှ မနာခံဝံ့ပဲ မနေပါဘူး။ ဒါကြောင့် အားလုံးက အလျင်အမြန်ပဲ ထွက်လာခဲ့ ကြပါတယ်။ နံပါတ်ကိုး ဘုရင်ရဲ့ အမိန့်က ကေရီဘုရင်မရဲက အမိန့်နဲ့ ညီမျှပြီး ဘယ်သူမှ မနာခံပဲ မနေဝံ့ပါဘူး။

ထိပ်ဆုံးဆယ်ယောက်မှာ စုစုပေါင်း ခုနစ်ယောက်က ကောင်းကင်နီ သင်တန်းကျောင်းကနေ လာခဲ့ကြတာ ဖြစ်ပါတယ်။ လင်းဟာန်ရဲ့

အနောက်ကနေ ကျန်တဲ့ ခြောက်ယောက်က ရိုရိုသေသေနဲ့ လိုက်ပါလာခဲ့ ကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေထဲမှာ လေးစားမှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူတို့က တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ကိုးလုံး ဒါမှမဟုတ် နှစ်ဆယ်လုံး အမြင့်ထိ ရောက်နေခဲ့ပါပြီ။ ပြီးတော့ ဒီအကန့်အသတ်ကို ရောက်ရှိဖို့ ဒါမှမဟုတ် ကျော်လွန်ဖို့ ဘယ်လောက်ထိ ခက်ခဲတယ် ဆိုတာကို သူတို့ နက်နက်ရှိုင်းရှိုင်း နားလည်ပါတယ်။ ဒါကြောင့် သူတို့က လင်းဟန်အတွက် ရိုသေမှုနဲ့ ကြည်ညိုလေးစားမှုတွေ ပြည့်နှက်နေကြပါတယ်။

စောစောတုန်းက အဲဒီလက်ဝါးရိုက်ချက်ရဲ့ ခွန်အားက နတ်ဘုရား တစ်ပါးရဲ့ ရိုက်ချက်နဲ့ တူပါတယ်။

သူတို့က နောက်လိုက်တွေလိုမျိုး လင်းဟန် သင်တန်းကျောင်းထဲကို ဝင်လို့ရအောင် တစ်ဖက်တစ်ချက်မှာ ရံလိုက်ပါတယ်။ ဒီမြင်ကွင်းကို မြင်တွေ့လိုက်ရတဲ့ လူတွေက အံ့အားသင့်ပြီး သူတို့ရဲ့ လျှာကိုတောင် ကိုက်မိကြပါတယ်။

"အိုး ဟုတ်လား"

ကျောက်လန်က ပြုံးလိုက်မိပါတယ်။ အရင်တစ်ကြိမ်ကလိုပဲ သူက ရေတံခွန်ရဲ့ အောက်ခြေမှာ မတ်တပ်ရပ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက လျှို့ဝှက်နည်းစနစ် တစ်ခုကို လေ့ကျင့်နေတာကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကို လှုပ်လို့ မရနိုင်ပါဘူး။ သူက ရေတံခွန်ကို စူးစမ်းလေ့လာပြီး သူ့ရဲ့ လှုပ်ရှားမှု စည်းချက်ကို နားလည်သဘောပေါက်အောင် လုပ်နေရ သလိုပါပဲ။

"ကျွမ်းကျင်မှုအဆင့်လေး တစ်ခုက ဒီလူ။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ်ပဲ ကြယ်နှစ်ဆယ်လုံးကို ကျော်လွန်သလား"

သူ့ပုံစံက အနည်းငယ် အံ့အားသင့်နေပုံ ပေါ်ပါတယ်။ ကျိုးရှောင်က လက်ရှိမှာ လွန်ခဲ့တဲ့ ရက်အနည်းငယ်က အဖြစ်အပျက်တွေကို တင်ပြနေပါတယ်။

"ဟုတ်ပါတယ် သခင်လေး"

ကျိုးရှောင်က ရိုသေမှုအပြည့်နဲ့ ဖြေလိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ ကြည်ညိုလေးစားမှု အရိပ်အယောင် တစ်စွန်းတစ်စကို တွေ့မြင်နိုင်ပါတယ်။ ကျွမ်းကျင်မှုအဆင့်လေး တစ်ခုက ဒီပုရွက်ဆိတ်ရဲ့ စွမ်းရည်က သူမျှော်လင့်ထားတာထက် အနည်းငယ် ကျော်လွန်နေပါတယ်။ လျှိုတာက တစ်ချက်တည်း အမြစ်ဖြုတ်

သုတ်သင်ခံလိုက်ရပြီး သူက ကြယ်ဥက္ကာ အင်ပါယာအတွက် ကိုယ်စားပြု ယှဉ်ပြိုင်သူ တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

"သူက ပါဂင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ခံရတယ် ဆိုမှတော့ သူ့ကို လွယ်လွယ်နဲ့ သတ်လို့ မရနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကေရီ ဘုရင်မရဲ့ အမျက်တော်ရှတာကို ခံရလိမ့်မယ်"

ကျောက်လန်က ဒီအကြောင်းကို ပြောလိုက်တဲ့ အခါမှာ သူ့ခန္ဓာကိုယ်က တသိမ့်သိမ့်တုန်သွား မိပါတယ်။

သူ့လိုမျိုး ပါရမီရှင် တစ်ယောက်တောင်မှ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မ အကြောင်းကို ပြောတဲ့အချိန်မှာ သူ့နှလုံးသားက သွက်သွက်ခါသွား ပါလိမ့်မယ်။

ကြယ်ဥက္ကာ အင်ပါယာရဲ့ တိုင်းသူပြည်သား အားလုံး ရင်ထဲက နှလုံးသားထဲမှာ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ထာဝရ ပြိုင်ဘက်ကင်း သက်ရှိတစ်ယောက် ဖြစ်ပြီးတော့ ဘယ်တော့မှ မကျော်လွှန်နိုင်တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။

"သခင်လေး ဘာဆက်လုပ်ဖို့ စီစဉ်ထားလဲ"

ကျိုးရောင်က မေးလိုက်ပါတယ်။ သူက ဒီသခင်လေးကို နားလည်ပါတယ်။ သူက လင်းဟန်ကို ဒီလိုမျိုး ချမ်းသာခွင့် ပြုလိုက်မှာ မဟုတ်ပါဘူး။

ကျောက်လန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါတို့ ခဏလောက်တော့ သူ့အသက်ကို ချမ်းသာပေးရမှာပေါ့။ ပြီးတော့မှာ သူ့ကို အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲပြီးမှ သတ်ပစ်ရမယ်။ ဒါပေမဲ့လည်း ငါတို့က သူ့ကို လွယ်လွယ်နဲ့တော့ လွှတ်မပေးနိုင်ဘူး။ မင်းသွားပြီးတော့ ပြင်ဆင်စရာ တချို့ကို လုပ်ထားလိုက်"

သူက သူ့ရဲ့အမိန့်တွေကို စတင်ပြီးတော့ ဆောင်ရွက်ခိုင်းလိုက်ပါတယ်။

ကျိုးရောင်ရဲ့ နှတ်ခမ်းတွေ ထိန်းမနိုင်သိမ်းမနိုင်အောင် ကွေးပြီးတော့ ပြုံးသွားပြီး ပြောလိုက်ပါတယ်။

"ဟားဟား တကယ်လို့ အဲဒီကောင်က ဒီည လုံလုံခြုံခြုံနဲ့ ဖြတ်ကျော်နိုင်ရင်တောင် သူက အနောက်ပိုင်း အဖွဲ့အစည်းရဲ့ အမုန်းတရားတွေကို ခံယူရလိမ့်မယ်"

Chapter 935 end

အပိုင်း(936) အနောက်ပိုင်း အဖွဲ့အစည်းနဲ့ တိုက်ခိုက်ခြင်း

လင်းဟန်က သူ့အခန်းထဲမှာ ကျင့်ကြံအားထုတ်လို့ နေပါတယ်။ သူက နည်းစနစ် ခြောက်ခုမှ တစ်ခုသို့ ပေါင်းစည်းခြင်း ပညာရပ် အပေါ်မှာ ထပ်ပြီးတော့ ကျင့်ကြံအားထုတ်နေပြီး သူ့မှာရှိတဲ့ ငွေကြေးတွေကိုပါ ထည့်တွက်လိုက်ရင် မှော်ဆေးလုံးတွေ လုံလုံလောက်လောက် ဝယ်ယူနိုင်ပြီး သူ့ရဲ့ခွန်အားကို အံ့အားသင့်စရာ အမြန်နှုန်းနဲ့ တိုးလာပါလိမ့်မယ်။

အများဆုံး နှစ်ဝက်အချိန် အတွင်းမှာ ဒါမှမဟုတ် အချိန်တိုတိုလေး အတွင်းမှာ သူက ခွန်အားကို အမြင့်ဆုံး အကန့်အသတ်ဖြစ်တဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ ရောက်ရှိနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဟင်။

သူ့ရဲ့မျက်နှာပေါ်မှာ အာရုံစိုက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ဆံပင်တွေ ချက်ချင်းပဲ ထောင်လာပါတယ်။ သတိပေးခြင်း မရှိပဲ သူ့ရဲ့ခြံဝင်းထဲမှာ တခြားလူတစ်ယောက် ထွက်ပေါ်လာခဲ့ပါပြီ။

အဲဒီလူက ဂုတ်ရုံနက်ကို ဂုတ်ဆင်ထားပြီး သူ့မျက်နှာကို ဖုံးကွယ်ထားပါတယ်။ သူက ဂုတ်ရုံရှည် တစ်ခုကိုတောင် ဂုတ်ဆင်ထားပြီး သူ့ရဲ့ ပုံပန်းသွင်ပြင်ကိုတောင် ကွဲကွဲပြားပြား မသိမြင်နိုင်ပါဘူး။

အမှောင်ည ခန်းမဆီက နောက်ထပ် လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်လား။

ဒါပေမဲ့လည်း အမှောင်ညခန်းမက တကယ်ပဲ သတ္တိကောင်းပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ နယ်နိမိတ်အတွင်းမှာတောင် လှုပ်ရှားမှု ပြုဝံ့မှာတဲ့လား။

"သေစမ်း"

ဂုတ်ရုံနက်က အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး ရုတ်တရက် လှုပ်ရှားလာခဲ့ပါတယ်။ သူက လင်းဟာန်ဆီကို လက်ဝါးရိုက်ချက် တစ်ချက် ရိုက်ထုတ်လိုက်ပါတယ်။

အမြန်နှုန်းက ဘာဖြစ်လို့ အရမ်းကို နှေးကွေးနေရတာလဲ။

လင်းဟာန်က အဲဒီလူရဲ့ အနောက်မှာ တောင်မြစ် ပုံရိပ် သုံးခုက တလက်လက် တောက်ပနေတာကိုတောင် ရှင်းရှင်းလင်းလင်း တွေ့မြင်ရပါတယ်။ ဒီတိုက်ခိုက်မှုရဲ့ ခွန်အားက စကြဝဠာ

ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ့်နှစ်လုံး ဒါမှမဟုတ် နှစ်ဆယ့်သုံးလုံးပဲ ရှိပြီးတော့ တောင်မြစ်အဆင့် အဆင့်မြင့်မှာရှိတဲ့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ လုံးဝကို မကိုက်ညီပါဘူး။

လှွားခနဲ ခုန်လိုက်ပြီး လင်းဟန်က ဒီတိုက်ခိုက်မှုကို ရှောင်တိမ်းလိုက်ပါတယ်။

ရှွပ်။

ဂတ်ရုံနက်က အနောက်ကနေ လိုက်လာပြီး နောက်တစ်ကြိမ် လင်းဟန်ဆီကို လက်ဝါးရိုက်ချက် နောက်တစ်ချက် ထုတ်ဖော်လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုရဲ့ နောက်ကအစွမ်းဟာ ပိုပြီးတော့ ကြီးမားလာပြီး စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ့်ငါးလုံးကို ရောက်ရှိနေပါတယ်။

တောင်မြစ်အငဆ့် ကျင့်ကြံသူတွေရဲ့ အကန့်အသတ်နဲ့ ဒါက သူတို့အတွက်တော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ နောက်ထပ်ကြယ်နှစ်လုံး တိုးအောင်လုပ်ဖို့ ဆိုတာက အရမ်းကို လွယ်ကူနေပါလိမ့်မယ်။

လင်းဟန်က မျက်မှောင်ကြုတ်လိုက် မိပါတယ်။ သူက အလျင်အမြန်ပဲ ရှောင်တိမ်းလိုက်ပြီး သူ့ရဲ့ ခြံဝင်း အပြင်ဘက်ကို ပျံထွက်လာခဲ့ ရပါတယ်။

ဂုတ်ရှုံနက်က အလျင်အမြန်ပဲ လိုက်လာပြီး တရစပ် တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက တောင်မြစ်အဆင့်ရဲ့ တိုက်ခိုက်မှုကို မထုတ်ဖော်ပဲ လင်းဟန်ကို အထူးနေရာ တစ်ခုဆီကို တွန်းပို့ရုံ သက်သက်ပါပဲ။

တစ်ယောက်က လိုက်ဖမ်းပြီး ကျန်တစ်ယောက်က ထွက်ပြေးနေရပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုက အရမ်းကို လျင်မြန်လွန်းပြီး မျက်စိတစ်မှိတ် အတွင်းမှာ သူတို့က မြောက်ပိုင်းအဖွဲ့အစည်းကနေ ထွက်လာပြီး အနောက်ဘက်ဆီကို ဦးတည်လာခဲ့ပါတယ်။

လင်းဟန်က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဒီလူက သူ့ကို အနောက်ပိုင်း အဖွဲ့အစည်းထဲကို မောင်းသွင်းနေချင်ခဲ့ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ အဖွဲ့အစည်း လေးခုက မီးနဲ့ရေလိုပဲ သူတို့ရဲ့ ဆက်ဆံရေးက ပြင်းထန်တဲ့ ယှဉ်ပြိုင်မှုတွေနဲ့ ပြည့်နက်နေပါတယ်။ တကယ်လို့ မြောက်ပိုင်း အဖွဲ့အစည်းက

တပည့်တစ်ယောက်ဟာ အနောက်ပိုင်း အဖွဲ့အစည်းထဲမှာ ပေါ်လာခဲ့မယ်ဆိုရင် ဘယ်လိုမျိုး အကျိုးဆက် တစ်ခုက သူ့ကို စောင့်မျှော်နေလိမ့်မှာလဲ။

သူက ပြင်းပြင်းထန်ထန် ဆုံးမခံရ ပါလိမ့်မယ်။

ဒီဂုဏ်ရုံနက်က အနောက်ပိုင်း အဖွဲ့အစည်းကို အသုံးချပြီးတော့ သူ့ကို သင်ခန်းစာ တစ်ခု ပေးချင်နေပုံပါပဲ။

ဒီဂုဏ်ရုံနက်က အမှောင်ည ခန်းမရဲ့ အဖွဲ့ဝင်တစ်ယောက် မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့ သူက အခုလို မလိုအပ်တဲ့ အရာတစ်ခု လုပ်နေစရာ လိုမှာလဲ။ နောက်ပြီးတော့ တကယ်လို့ သူက အမှောင်ည ခန်းမရဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုရင် ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းထဲကို ဝင်လာနိုင်ချေ ရှိမှာလဲ။ သူက အသတ်တောင် ခံလိုက်ရတာ ကြာနေ လောက်ပါပြီ။

ဒါပေမဲ့ ဂုဏ်ရုံနက်နဲ့လူက သူ့ရဲ့မူလဇာစ်မြစ်ကို ဖုံးကွယ်ထားပြီးတော့ လူပုံအလယ်မှာ ပြစ်မှု ကျူးလွန်နေပါတယ်။ အဲဒါက ဘာကိုဆိုလိုတာလဲ။

သင်တန်းကျောင်းရဲ့ အဆင့်မြင့်တဲ့ သူတွေက ဒီလူနဲ့ ပတ်သက်တဲ့ အကြောင်းရင်းကို သေချာပေါက် သိရပါလိမ့်မယ်။ ပြီးတော့ သူ့ကိုတားဆီးဖို့ နည်းနည်းလေးမှ မလုပ်ရှားခဲ့ပါဘူး။ ဆိုလိုတာက သူတို့အနေနဲ့ ဂတ်ရုံနက် အနောက်က နောက်ခံကို စိုးရိမ်ပူပန်နေတာကြောင့် ဖြစ်ပါလိမ့်မယ်။

ဒါဆိုရင် လူတစ်ယောက်ပဲ ကျန်ပါတော့တယ်။

ကျောက်လန်။

ဒီလူက ကျောက်လန်ရဲ့ နောက်လိုက် ဖြစ်ရပါမယ်။ ပြီးတော့ သူက မဆင်မခြင် လုပ်ရှားလိမ့်မှာ မဟုတ်ဘူးဆိုတာကိုလည်း သင်တန်းကျောင်းရဲ့ အဆင့်မြင့်သူတွေ သိထားပါလိမ့်မယ်။ ဒါကြောင့် သူတို့က ဒီကိစ္စကို မမြင်ချင်ယောင် ဆောင်နေဖို့ ဆုံးဖြတ်ထားပုံ ရပါတယ်။ တကယ်တော့ ကျောက်လန်ဆိုတာက မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားမဟုတ်လား။ ဘယ်သူကများ သူ့ကို မျက်နှာသာ တချို့ မပေးပဲ နေဝံ့မှာလဲ။

ပုန်း။

ဂတ်ရုံနက်က ရုတ်တရက် ပြင်းထန်တဲ့ တိုက်ခိုက်မှုတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် လင်းဟန်က

ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီး ခြံဝင်းတစ်ခုရဲ့ နံရံနဲ့ ပြင်းပြင်းထန်ထန် ဝင်ဆောင့်မိ သွားခဲ့ပါတယ်။

"ဘယ်သူလဲ"

"အဲဒါဘယ်သူလဲ"

ဒါက အနောက်ပိုင်း အဖွဲ့အစည်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေအတွက် ပိုင်နက်ဇရိယာ ဖြစ်ပါတယ်။ ချက်ချင်းဆိုသလို လူတွေအများကြီး ပြေးထွက်လာပြီး လင်းဟာန်ကို အပျက်အစီးတွေ ကြားထဲမှာ ရှာတွေ့သွားခဲ့ပါတယ်။ ဂတ်ရုံနက်နဲ့လူကတော့ အဝေးကို လျပ်ပြက်သလို ထွက်ပြေးသွားပြီး မြင်ကွင်းကနေ လုံးဝကို ပျောက်ကွယ်သွား ခဲ့ပါတယ်။

လင်းဟာန်က မတ်တပ်ထရပ် လိုက်ပါတယ်။ ဂတ်ရုံနက်က သူ့ရဲ့နောက်ဆုံး တိုက်ကွက်မှာ ခွန်အားအပြည့် အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့လည်း တိုက်ခိုက်မှုက အရမ်းကို လျင်မြန်လွန်းပါတယ်။ ဒါကြောင့် သူက ရှောင်တိမ်းဖို့ အချိန်မရခဲ့ပါဘူး။ ဒါပေမဲ့ သူ့ကိုတော့ ဒဏ်ရာရစေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"မြောက်ပိုင်းအဖွဲ့အစည်းက လူတစ်ယောက်ပဲ"

"အဲဒါ လင်းဟာန်ပဲ"

"ဒီတစ်သုတ် ကျောင်းသားသစ် အုပ်စုရဲ့ နံပါတ်တစ် ကျောင်းသားလား"

"လဖြတ်ပဲ။ သူက သူ့မှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ကျော်လွန်တာနဲ့ပဲ ငါတို့ရဲ့ အနောက်ပိုင်း အဖွဲ့အစည်းကို လာရှုပ်လို့ ရမယ်လို့ ထင်နေတာလား"

"သူ့ကို ရိုက်ကြမယ်ဟေ့"

အနောက်ပိုင်း အဖွဲ့အစည်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အုပ်စုတစ်ခုလုံးမှာ လူပေါင်း နှစ်ထောင်လောက် ရှိပါတယ်။ နောက်ပြီးတော့ သူတို့အားလုံးက သင်တန်းကျောင်းထဲကို ရောက်နေတာ ငါးနှစ်ကျော်နေပါပြီ။ ဒါကြောင့် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံး ကြယ်ဆယ့်ငါးလုံးကို ရောက်ရှိနေပါပြီ။ သူတို့တွေ အများကြီး ပေါင်းလိုက်ရင် ဘယ်စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူက နောက်ဆုတ်ဖို့ မရွေးချယ်ပဲ နေလိမ့်မှာလဲ။

နောက်ပြီးတော့ တကယ်လို့ လင်းဟန်က အနောက်ပိုင်း အဖွဲ့အစည်းထဲကို ပြေးဝင်လာပြီး တကယ်လို့ အရိုက်နက်ခံရမယ် ဆိုရင်တောင် သူက အဲဒီအတွက် ထိုက်တန်ပါတယ်။ ဒါကြောင့် ဘယ်သူ့ကို သူက တရားမျှတမှုအတွက် တောင်းဆိုနိုင်မှာလဲ။

သူက အတင်းအကျပ် ခိုင်းခံရတာ မဟုတ်လား။

ဘယ်သူက မင်းကို အတင်းအကျပ် ခိုင်းလို့လဲ။ ဂတ်ရုံနက်နဲ့လူလား။ မင်းဟာသလုပ်နေတာလား။ ဘယ်သူမဆို အနက်ရောင် ဂတ်စုံကို ဂတ်လိုက်တာနဲ့ သူက ဂတ်ရုံနက် လူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က စိတ်ထဲကနေ အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ အဲဒီကျောက်လန်က သူ့ကို ပြဿနာတက်အောင် ကြိုးစားနေမှန်း သူသိပါတယ်။ ကျောက်လန်က သင်တန်းကျောင်း အထဲမှာ သူ့ကို မသတ်ဝံ့ပါဘူး။ ဒါပေမဲ့ မဟာဗိုလ်ချုပ် ကျောက်ရဲ့ သားအနေနဲ့ သူ့ကို ခက်ခဲတဲ့ အချိန်တစ်ခုတော့ ပေးနိုင်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး မင်းဘာများ တတ်နိုင်မှာလဲ။

တကယ်လို့ သူက သူတို့အတွက် ပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ သေချာပေါက် ပြင်းပြင်းထန်ထန် အရိုက်ခံရပါလိမ့်မယ်။ ပြီးတော့ သူအနိုင်ရမယ်ဆိုရင်လည်း သူက တောင်မြစ်အဆင့်က အနောက်ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေ ဒေါသကို ခံယူရ ပါလိမ့်မယ်။ မင်းက အရမ်းကို ဘဂင်မြင့်လွန်းပြီး အနောက်ပိုင်း အဖွဲ့အစည်းထဲကို

တစ်ယောက်တည်း လာပြီးတော့ ဟန်ပါပါနဲ့ လမ်းလာလျှောက်တယ်ပေါ့လေ။

လင်းဟန်က ကျောက်လန်ကို စွေ့ရန်ယွီက ဘယ်လိုမျိုး သရုပ်ဖော်ပြထားတယ် ဆိုတာကို ပြန်သတိရလိုက်မိပါတယ်။ ကျောက်လန်က အဆိပ်ရှိတဲ့ မြွေတစ်ကောင်တဲ့။ ဒါက အရမ်းကို သင့်တော်တဲ့ ဖော်ပြမှု တစ်ခုဖြစ်ပါတယ်။

ပုန်း။

ချက်ချင်းဆိုသလို လူဒါဇင်နဲ့ချီတဲ့ အရေအတွက်က တစ်ဟုန်ထိုး ပြေးလာခဲ့ပါတယ်။ အခု သူတို့မှာ အရေအတွက် အသာစီး ရှိနေပါတယ်။ ဒါကြောင့် သူတို့က လင်းဟန်ကို နည်းနည်းလေးမှ မကြောက်ပါဘူး။

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး သူတို့ထဲက တစ်ယောက်ကို ချက်ချင်းပဲ ဖမ်းဆုပ် လိုက်ပါတယ်။ အဲဒီလူကို သူ့အရှေ့မှာ လူသားဒိုင်းတစ်ခုအဖြစ် ထားပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"အားလုံးပဲ ငါက လမ်းပျောက်ပြီးတော့ မတော်တဆ ရောက်လာတာပါ။ ဒါကြောင့် တောင်းပန်ပါတယ်။ ငါအခုပဲ

ထွက်သွားပါမယ်။ ငါတို့မှာ ဘာရန်စမှလည်း ရှိတာမှမဟုတ်တာ ဟုတ်တယ်မလား”

“ဟင့် မင်းက ငါတို့အနောက်ပိုင်း အဖွဲ့အစည်းထဲကို အတင်းဝင်လာရဲသေးတယ်။ ပြီးတော့ ငါတို့ရဲ့ ပိုင်နက်ထဲကနေ ဘာမှမဖြစ်ပဲ ထွက်သွားဖို့ စိတ်ကူးနေတာလား”

“လင်းဟာန် မင်းက အရမ်းကို ဘဝြမင့်လွန်းနေတယ်”

“မင်းက ငါတို့အနောက်ပိုင်း အဖွဲ့အစည်းထဲကို တစ်ယောက်တည်း ဝင်လာပြီးတော့ ဘာမှမထိခိုက်ပဲ ထွက်သွားနိုင်တယ်ဆိုပြီးတော့ နောက်ပိုင်းမှာ ကြွားလုံးထုတ်မလို့ မဟုတ်လား”

“မင်းအိပ်မက်မက် မနေနဲ့”

သူတို့အားလုံးက သူတို့ရဲ့ လုပ်ရှားမှုတွေကို လုပ်လိုက်ပေမဲ့ လူသားဒိုင်း တစ်ခု ရှိနေတာကြောင့် သူတို့က သို့လောသို့လောနဲ့ ဒွိဟဖြစ်နေ ကြပါတယ်။

“တကယ်လို့ မင်းစွမ်းဆောင်နိုင်ရင် ဓားစာခံကို အသုံးမချနဲ့လေ”

“ဟုတ်တယ်။ ငါတို့ပွင့်ပွင့်လင်းလင်းနဲ့ သမာဓိရှိရှိ တိုက်ခိုက်ကြမယ်”

သူတို့က အော်ဟစ်ပြီးတော့ လင်းဟန်ကို လှံ့ဆော်လိုက်ကြပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲနဲ့ ပြုံးလိုက်မိပါတယ်။ မင်းတို့တွေ ထောင်နဲ့ချီတဲ့ လူအုပ်က ငါ့တစ်ယောက်တည်းကို ရင်ဆိုင်ချင်နေကြတယ်။ အဲဒါကို သမာဓိ ရှိရှိနဲ့ တိုက်ခိုက်တယ်လို့ ယူဆနိုင်တာပဲလား။ လင်းဟန်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် မကြောက်ပါဘူး။

"မင်းတို့အားလုံးက တိုက်ခိုက်ချင်တယ် ဆိုမှတော့ ငါတို့တိုက်ခိုက်ကြတာပေါ့"

လင်းဟန်က သူဖမ်းထားတဲ့ ဓားစာခံကို ဘေးဘက်ဆီ ပစ်ထုတ်လိုက်ပါတယ်။ သူ့အတွက် ကြောက်ရွံ့စရာ ဘာများရှိလို့လဲ။

"ဟားဟားဟား သူ့ကို ရိုက်ကြဟေ့"

လူပေါင်း ဒါဇင်နဲ့ချီပြီးတော့ နောက်တစ်ကြိမ် ပြေးလာကြပါတယ်။ ပြီးတော့ သူ့ကို ဝိုင်းထားပြီးတော့ တိုက်ခိုက်ဖို့ စောင့်ကြည့်နေပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်ရဲ့ သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုတောင်မှ မီတာသုံးဆယ် အကွာကနေ တိုက်ခိုက်မှုတွေကို ထုတ်ဖော်နိုင်ပါတယ်။ ဒါပေမဲ့ သူတို့တွေက

လူပေါင်းတစ်ထောင်ကျော် ရှိပြီးတော့ အရမ်းကို များပြားလွန်းပါတယ်။ အဲဒါကြောင့် သူတို့အတွက်တော့ သူတို့ရဲ့ တိုက်ခိုက်မှုတွေကို တစ်ပြိုင်နက်တည်း ထုတ်ဖော်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လင်းဟန်က သူ့ညာဘက်လက်ကို လက်သီးဆုပ်ပြီးတော့ ထိုးလိုက်ပါတယ်။

ပုန်း။

သူ့ခွန်အားက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူ့ဆီက လက်သီးတစ်ချက်က တောင်တစ်တောင်ရဲ့ အထွတ်အထိပ်ကို ဖျက်ဆီးပစ်လိုက်တာနဲ့ တူပါတယ်။ ချက်ချင်းဆိုသလို လူတစ်ဒါဇင်ကျော်က လွင့်ထွက်သွားပြီးတော့ တန်းပြီးသတိလစ် သွားခဲ့ပါတယ်။

အနောက်ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေ အားလုံး အံ့အားသင့် သွားခဲ့ပါတယ်။ တကယ်လို့ လက်သီးတစ်ချက်နဲ့ သူတို့တွေ တစ်ဒါဇင်ကျော်လောက်ကို လွင့်ထွက်သွားစေတယ်ဆိုရင် ဒါက ဘယ်လိုမျိုး သောက်ကျိုးနည်း တိုက်ပွဲစွမ်းရည် အမျိုးအစားလဲ။ သူတို့တွေကို ကောင်းကင်နီ

သင်တန်းကျောင်းက လက်ခံခဲ့တယ်ဆိုတော့ ဘယ်သူကများ ပါရမီရှင်တွေထဲက ပါရမီရှင် မဟုတ်တာ ရှိလို့လဲ။

"သွားကြမယ်။ သူတစ်ယောက်တည်းကို ဒီမှာရှိနေတဲ့ ငါတို့အားလုံးက မရင်ဆိုင်နိုင်ဘူးဆိုတာကို ငါမယုံဘူး"

ပင်လယ်တစ်ခုလိုပဲ လူအုပ်ကြီးက လင်းဟာန်ဆီကို ပြေးလာကြပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က လက်သီးတစ်ချက်ကို ထုတ်လိုက်ဖို့ပဲ လိုခဲ့ပါတယ်။ ပြီးတော့ လူပေါင်းဒါဇင်နဲ့ချီပြီး ဂျုံရိုးတွေလို လွင့်စဉ်သွား ကြပါတယ်။ သူတို့က လက်သီးတစ်ချက်တည်းနဲ့ သတိမေ့ကုန်ပြီး ဆက်လက်တိုက်ပွဲဝင်ဖို့ စွမ်းရည်တွေအားလုံး ပျောက်ဆုံးကုန်ပါတယ်။

လက်သီးတစ်ဒါဇင်ကျော်လောက် ထိုးပြီးတဲ့နောက်မှာ လူပေါင်းနှစ်ရာကျော်လောက် မြေကြီးပေါ်မှာ လဲကုန်ကြပါတယ်။

ဒီနေရာမှာ အနောက်ပိုင်း အဖွဲ့အစည်းရဲ့ လူတစ်ထောင့်ရှစ်ရာနီးပါး ရပ်နေသေးတယ် ဆိုပေမဲ့ ဒီကိစ္စကို လက်သီးပေါင်း တစ်ရာကျော်လောက်နဲ့ ဖြေရှင်းနိုင်တဲ့ ကိစ္စတစ်ခုပဲလေ။

အရမ်းကို မွန်းစတားဆန်တယ်။ ဘယ်လိုလုပ်ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဒီလိုမျိုး သန်မာရတာလဲ။

သူတို့အားလုံးက လူသားတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အကြား ကွာဟချက်က ဘယ်လိုလုပ် အရမ်းကို ကြီးမားနေတာလဲ။

သူတို့အားလုံးလည်း ကမ္ဘာငယ် တချို့ထဲကို တိုးဝှေ့ဝင်ပြီးတော့ အတွေ့အကြုံတွေ သင်ယူသင့်လား။

"နောက်ထပ်ရှိသေးလား"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်ပါတယ်။ သူက ကျန်နေတဲ့ လူတစ်ထောင့်ရှစ်ရာကို ဝေ့ကြည့်လိုက်ပါတယ်။ လင်းဟန်ရဲ့ အကြည့်တွေ သူတို့ဆီကို ရောက်လာတဲ့ အလိုအလျောက် သူတို့ရဲ့ မျက်လုံးတွေကို အောက်ငုံ့ချလိုက်ပြီး လင်းဟန်ရဲ့ မျက်လုံးတွေနဲ့ မဆုံဝံ့ကြပါဘူး။

သူ့မှာ ဘုရင်ချီမရှိဘူးဆိုတာ သိသာထင်ရှားပေမဲ့ ဘာဖြစ်လို့ ဒီလိုမျိုး အစွမ်းထက်တဲ့ လွှမ်းမိုးနိုင်စွမ်းကို ပိုင်ဆိုင်ထားတာလဲ။

"ချကြမယ်ကွာ။ သူ့ကို လွယ်လွယ်နဲ့တော့ ပြေးမပြန်နိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါတို့ အနောက်ပိုင်း အဖွဲ့အစည်းရဲ့ ဂုဏ်သိက္ခာ ကျန်ပါဦးမလား"

"ငါတို့သူ့ကို အစွမ်းကုန် ကြိုးစားပြီး ထိန်းထားရမယ်"

Chapter 936 end

အပိုင်း(937) ပြိုင်ဘက်ကင်းသူ။ ပြိုင်ဘက်အားလုံးကို ချေမှုန်းခြင်း

အနောက်ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေက အဆက်မပြတ် အရှေ့ကို တိုးလာခဲ့ပြီး သူတို့ရဲ့ လုံခြုံမှုကိုတောင် ဂရုမစိုက်ပဲ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ဒါက သေမျိုးတစ်ယောက်နဲ့ တိုက်ခိုက်တာ မဟုတ်ပါဘူး။ လင်းဟန်က ဘယ်လောက်ပဲ ကြမ်းပါစေ သူတို့ကို သတ်ပစ်တာမျိုး ဒါမှမဟုတ် မသန်မစွမ်း ဖြစ်အောင်လို့ မလုပ်နိုင်ပါဘူး။ ဒါကြောင့် သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေ မရှိပဲ သွေးဆာလောင်မှုနဲ့ သတ္တိတွေ မြင့်တက်လာခဲ့ ပါတယ်။ သူတို့ရဲ့ အနောက်ပိုင်း အဖွဲ့အစည်းထဲကို ကျူးကျော်လာတဲ့ လင်းဟန်ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ဆုံးမဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ကံမကောင်းတာက သူတို့တွေမှာ ခြေတွေလက်တွေ ဘယ်လောက်ပဲရှိရှိ ရက်စက်ကြမ်းကြုတဲ့ ခြသေ့်တစ်ကောင်အတွက် သူတို့က ဘယ်လိုလုပ် ပြိုင်ဘက်တွေ ဖြစ်နိုင်မှာလဲ။ လင်းဟန်ရဲက အရှေ့မှာ ခြေတွေလက်တွေ များတာက ဘာများအားသာချက် ရှိမှာလဲ။

လင်းဟန်က သာမန်ကာလျှံကာ လက်သီးတစ်ချက်ကို ထိုးထည့်လိုက်ပြီး အနောက်ပိုင်း အဖွဲ့အစည်းက ကျောင်းသားတွေကို နတ်မိမယ် တစ်ပါးက ခြွေချလိုက်တဲ့ ပန်းပွင့်တွေလို ကြွေကျသွားစေခဲ့ပါတယ်။ ထန်။ ချက်ချင်းဆိုသလို လူတစ်ဒါဇင်ကျော် လွင့်ထွက်သွားခဲ့ပါတယ်။ ကြည့်ရတာ အဲဒီလိုမျိုး အောင်မြင်ဖို့ အရမ်းကို လွယ်ကူလွန်းပြီး နည်းနည်းလေးမှ မခက်ခဲ သလိုပါပဲ။

“စီနီယာအစ်ကို ကျော့ အခုမင်းအပေါ်မှာ အားလုံးမူတည်သွားပြီ”

အားလုံးက သူတို့ရဲ့ မျက်လုံးတွေကို ပိန်ပိန်ပါးပါး လူငယ်တစ်ယောက်ဆီကို လှည့်ကြည့်လိုက် ကြပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ပဲတောင့်ရှည် တစ်ခုနဲ့ တူပါတယ်။ ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ကြည့်ရတာ အရိုးတွေနဲ့ တည်ဆောက်ထားသလိုပါပဲ။

အဲဒီလူငယ်က ခေါင်းညိတ်လိုက်ပြီး ရုတ်တရက် အသက်ပြင်းပြင်းတစ်ချက်ကို ရှိုက်သွင်း လိုက်ပါတယ်။ ဝုန်း။ သူ့ရဲ့ဘယ်ဘက်ပခုံးနဲ့ လက်က ရုတ်တရက် ကြီးမားလာပြီး လေထဲမှာ ပြည့်နှက်သွားသလိုပါပဲ။ အဲဒီနောက် သူ့ရဲ့ညာဘက်လက်၊ ရင်ဘက်ပိုင်း၊ သူ့ခြေထောက် နှစ်ချောင်း။ သူ့ခေါင်းတစ်လုံးပဲ မူလပုံစံအတိုင်း ကျန်နေပါတယ်။

ရုတ်ချည်းဆိုသလို သူက ကိုးမီတာခန့်ရှည်တဲ့ ရောမ လူဘီလူးကြီး တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူ့ရဲ့ ကြွက်သားတွေက ပေါက်ကွဲထွက်လာပြီး အဆီအလွှာတစ်ခုနဲ့ ဖုံးအုပ်ထားသလို အရောင်တွေ လက်နေပါတယ်။

"စီနီယာ အစ်ကိုက မပြည့်စုံတဲ့ ကောင်းကင်ဝါးမျိုးခြင်း နည်းစနစ် တစ်ခုကို ကျင့်ကြံ အားထုတ်ထားတယ်။ ပုံမှန်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံးပဲရှိတယ်။ ဒါပေမဲ့ သူပေါက်ကွဲလာတဲ့ အချိန်မှာ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့်တစ်လုံး ဒါမှမဟုတ် အဲဒီထက်တောင် ပိုနိုင်တယ်"

"ဟင့် စီနီယာ အစ်ကိုကျော့ရဲ့ ပါရမီက ရီချန်ယွမ်ထက် အားမနည်းဘူး။ ဒါပေမဲ့လည်း ရီချန်ယွင်က ပုံမှန်အခြေအနေမှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံးကို ရရှိနိုင်ပြီး စီနီယာ

အစ်ကိုကျော့ရဲ့ ပေါက်ကွဲမှု တိုက်ပွဲစွမ်းရည်က သူ့ကို သေချာပေါက် ကျော်လွန်နိုင်စွမ်း ရှိလိမ့်မယ်"

"ကြယ်နှစ်ဆယ့်နှစ်လုံးလား"

အားလုံးက အထင်ကြီးမှုတွေနဲ့ ပြည့်နက်နေပါတယ်။ သူတို့ရဲ့ စီနီယာ အစ်ကိုကျော့က ဒီနေ့မှာ လင်းဟန်ကို ဖိနှိပ်ထိန်းချုပ်ပြီး အနောက်ပိုင်း အဖွဲ့အစည်းရဲ့ စိတ်ပျက်စရာ ကောင်းမှုကနေ ကယ်တင်ပေး နိုင်ပါလိမ့်မယ်။

ထန် ထန် ထန်။

စီနီယာ အစ်ကိုကျော့က လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ သူ့ရဲ့လက်ရှိ ပုံပန်းသဏ္ဌာန်က ကြီးမားပြီးတော့ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ သူ့ရဲ့ မြေပြင်ပေါ်ကို လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းက မိုးခြိမ်းသံလို ကျယ်လောင်ပြီး မြေကြီးကိုတောင် အချိန်မရွေး ကွဲအက်တော့မဲ့အတိုင်း တုန်ခါစေပါတယ်။

သူတစ်ဟုန်ထိုး ပြေးလာတာနဲ့ အားလုံးက ဘေးကို အလျင်အမြန် ရှောင်ပေးလိုက်ပါတယ်။ စီနီယာ အစ်ကိုကျော့က အခုဆို

အရမ်းသန်မာပါတယ်။ တကယ်လို့ သူတို့ကို အားလိုင်းနဲ့ အဖျားခတ် ရိုက်မိရင်တောင် တော်တော်လေး ခံစားသွားရနိုင်ပါတယ်။

ဟုန်း။

စီနီယာ တပည့်အစ်ကိုကျော့က လက်သီးတစ်လုံးကို လင်းဟာန်ရဲ့ ခေါင်းဆီရည်ရွယ်ပြီး ထိုးလိုက်ပါတယ်။

သူ့ရဲ့ရောမ ခန္ဓာကိုယ်ရဲ့ အရှေ့မှာ လင်းဟာန်က ကလေးလေး တစ်ယောက်နဲ့ တူပြီးတော့ သနားစရာ ကောင်းလောက်အောင် သေးငယ်ပါတယ်။

"သူ့ကို အသေချပစ်"

လူအုပ်ကြီးက ဝိုင်းဂန်းချီးမြှောက်ကာ ဩဘာပေးနေကြပါတယ်။

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီရောမ လူ့ဘီလူးကြီးရဲ့ တိုက်ပွဲစွမ်းရည်က ရီချန်ယွမ်ထက် သာပါတယ်။ ကံမကောင်းတာက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို လျှို့ဝှက်နည်းစနစ် အမျိုးအစား တစ်ခုကို အသုံးပြုပြီးတော့ အတင်းအကျပ် တိုးမြှင့်ထားခဲ့မှန်း ပေါ်လွင်ပါတယ်။ ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည် မြှင့်တင်မှုကို အချိန်အနည်းငယ်လောက်ပဲ ထိန်းထားနိုင်ပါ လိမ့်မယ်။

ဒါကြောင့်လည်း တိုက်ပွဲစွမ်းရည်ရဲ့ ပေါက်ကွဲခြင်းက နိုင်းယှဉ်လို့ မရအောင် ကြောက်မက်ဖွယ် ကောင်းနေမယ်ဆိုတာ အတိအကျပါပဲ။

နေပါဦး။ လင်းဟန်နဲ့ နိုင်းယှဉ်လိုက်ရင် ဒီတိုက်ပွဲစွမ်းရည်က လုံးဂကို မလုံလောက်သေးပါဘူး။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ အသာလေး ခတ်ထုတ်လိုက်ပါတယ်။

ဖြန်း။

အဲဒီစီနီယာ အစ်ကိုကျော့ရဲ့ လက်သီးက လင်းဟန်ရဲ့ ခေါင်းပေါ်ကို ရောက်လာတာနဲ့ ဆက်ပြီးတော့ အောက်ကိုဆင်းလို့ မရနိုင်တော့ပါဘူး။

ဒါပေမဲ့ သူတို့ရဲ့ ပုံသဏ္ဍာန် နှစ်ခုက လုံးဂကို မညီမျှပဲ စီနီယာအစ်ကို ကျော့ရဲ့ လက်သီးက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ကြီးမားပြီးတော့ လင်းဟန်ရဲ့ ခေါင်းကို ကွယ်နေပြီး တခြားသူတွေက အစစ်အမှန် အခြေအနေကို မြင်တွေ့နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူတို့အားလုံး ထင်နေတာက လင်းဟန်ကို

ထိမှန်သွားခဲ့ပြီလို့ ထင်နေကြပြီး စတင်ဩဘာ ပေးလိုက်မိကြပါတယ်။

သူတို့က အတော်ကြာအောင် အော်ဟစ်နေကြပေမဲ့ လင်းဟန်က ခိုင်ခိုင်မြဲမြဲ ရပ်တည်နေတာကို ရှာတွေ့လိုက်ရတဲ့ အချိန်မှာ သူတို့တွေက မှင်တက်အံ့ဩသွားမိ ကြပါတယ်။

ဒီကောင်က မွန်းစတား တစ်ကောင်များလား။

လင်းဟန်က သူ့လက်ကို မပြီးတော့ သူ့ခေါင်းအပေါ်က စီနီယာ အစ်ကိုကျော့ရဲ့ ရင်ဘက်ကလည်း မြောက်တက်လာခဲ့ပါတယ်။ သူပုံစံက ရောမ ခြင်္သေ့ကြီး တစ်ကောင်ကို ပုရွက်ဆိတ်လေး တစ်ကောင်က မထားသလိုမျိုးနဲ့ တူပြီးတော့ လုံးဝကို မယုံနိုင်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်နေပါတယ်။

"သွားစမ်း"

လင်းဟန်က သူ့လက်ကို အသာလေး ခါထုတ်လိုက်တဲ့အခါမှာ စီနီယာ အစ်ကိုကျော့က အဝေးကို လွင့်ထွက်သွားပါတယ်။ သူက နံရံတစ်ခု အပေါ်ကို ပြင်းပြင်းထန်ထန် ကျသွားပြီးမှ ကျယ်လောင်တဲ့ အသံကြီးတစ်ခု မြည်သွားပြီး မြေကြီးပေါ်ကို ပြုတ်ကျသွားပါတယ်။

စီနီယာ အစ်ကိုကျော့ရဲ့ ခန္ဓာကိုယ်က လေထိုးထားတဲ့ အိတ်တစ်ခုက လေတွေထွက်သွား သလိုမျိုး အလျင်အမြန် ကျုံ့သွားပြီး သူ့ပုံမှန်အရွယ်အစားကို ပြန်ဖြစ်သွားခဲ့ပါတယ်။

သူ့ရဲ့တိုက်ပွဲစွမ်းရည်ကလည်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ရှစ်လုံးဆီ ပြန်ရောက်ရှိ သွားခဲ့ပါတယ်။

စီနီယာ အစ်ကိုကျော့လို သန်မာတဲ့ လူတစ်ယောက်တောင်မှ လင်းဟန်ရဲ့ ပြိုင်ဘက် မဟုတ်ခဲ့ပါဘူး။

နောက်ဆုံးတော့ အနောက်ပိုင်း အဖွဲ့အစည်းက ကျောင်းသားတွေ ထိတ်လန့်တုန်လှုပ် လာခဲ့ပါတယ်။ သူတို့ရင်ဆိုင်နေရတဲ့ လူက သာမန်ပါရမီရှင် တစ်ယောက် မဟုတ်ပါဘူး။ ဒီမွန်းစတားရဲ့ အရေ့မှာ အရေအတွက် အသားစီးတစ်ခု ရထားတာတောင်မှ နည်းနည်းလေးမှ အသုံးမဝင်ပါဘူး။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့ထပ်ပြီးတော့ တိုက်ခိုက်ချင်သေးလား"

သူတို့အားလုံး နေရာအနှံ့မှာ လဲကျနေတဲ့ လူတွေကို ကြည့်လိုက်ပါတယ်။ အခုဆိုရင် သူတို့ရဲ့ အရေအတွက်က တစ်ဝက်ကျော်ကျော်ပဲ ကျန်ပါတော့တယ်။ လင်းဟန်ကို

ကြည့်ရတာလည်း နည်းနည်းလေးမှတောင် သွေးပူသေးပုံ မရပဲ လုံးဝကို တည်ငြိမ်လို့ နေပါတယ်။

သူတို့က သူတို့ရဲ့ ခေါင်းတွေကို တစ်ယောက်ပြီးတစ်ယောက် ခါလိုက်ကြပါတယ်။ သူတို့တွေ ထပ်ပြီးတော့ မတိုက်ခိုက်နိုင်ပါဘူး။ ဒီကောင်က အရမ်းကို မွန်းစတားဆန်လွန်းပါတယ်။

သူတို့ရဲ့ အကောင်းဆုံး လောင်းကြေးက ဒီမွန်းစတားကို တောင်မြစ်အဆင့်ကို အဆင့်တက်တဲ့ အထိ စောင့်နေပြီးမှ သူ့ကိုရင်ဆိုင်ဖို့ တောင်မြစ်အဆင့်ကို ရောက်ရှိနေတဲ့ သူတို့ရဲ့ စီနီယာ အစ်ကိုတွေ အစ်မတွေကို တောင်းဆိုနိုင်ပါလိမ့်မယ်။

"တကယ်လို့ မင်းတို့က ဆက်မတိုက်တော့ဘူးဆိုရင် ငါပြန်ပြီးတော့ အိပ်တော့မယ်"

လင်းဟန်က တောင်းပန်တဲ့ စကားလုံးတွေ နည်းနည်းမှ မပြောတော့ပါဘူး။ သူက အနောက်ပိုင်း အဖွဲ့အစည်းက လူတွေတစ်ဝက်လောက်ကို မြေကြီးပေါ် လဲကျအောင် ရိုက်နှက်ခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူက တောင်းပန်တဲ့ စကားဆက်ပြောနေမယ်ဆိုရင် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုပဲ ဖြစ်လာပါလိမ့်မယ်။

သူက လက်ကို နောက်ပစ်ပြီးတော့ ထွက်လာခဲ့ပါတယ်။ အနောက်ပိုင်း အဖွဲ့အစည်းက ကျောင်းသားတွေက ဘာမှမတတ်နိုင်ပဲ စောင့်ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ သူတို့ရဲ့ မျက်လုံးတွေက မီးဂင်းဂင်းတောက်လို့ နေပါတယ်။

အမှန်တကယ်တော့ လင်းဟန်ကလည်း သူ့ကိုယ်သူ အရမ်းကို မကျေမနပ် ဖြစ်နေပါတယ်။ ဒီနေရာမှာ သူ့ရဲ့ ခွန်အားကို ထုတ်ဖော်ခဲ့တယ် ဆိုပေမဲ့ သူက ဒီလိုလုပ်ဖို့ အတင်းအကျပ် တွန်းပို့ခံခဲ့ ရတာပါ။

ကျောက်လန် ကျောက်လန် ကြည့်ရတာ ငါတို့ရဲ့ ရန်စက တည်ဆောက်ပြီးပြီပဲ။ လင်းဟန်က တွေးလိုက်မိပါတယ်။

သူ့မှာ ကျောက်လန်ကို ဆန့်ကျင်ဖို့ စွမ်းရည် ရှိနေပြီလား။

မရှိပါဘူး။

ကျောက်လန်ကို အသာထားဦး။ သူ့အောက်မှာရှိတဲ့ နောက်လိုက်ကြီး သုံးယောက်နဲ့ အဲဒီနောက်လိုက် သုံးယောက်ရဲ့ အခြေအရံတွေကိုတောင် သူက မယှဉ်နိုင်ပါဘူး။ ဒီအတွက် သူကဘာမှ မလုပ်နိုင်ပါဘူး။ တောင်မြစ်အဆင့်နဲ့ စကြဝဠာ

ဖျက်ဆီးခြင်း အဆင့် အကြားက ကွာဟချက် အရမ်းကို ကြီးမားလွန်းပါတယ်။

"တောင်မြစ်အဆင့်ကို ငါမြန်မြန်ရောက်မှဖြစ်မယ်။ ငါ့ရဲ့တက်လမ်းနဲ့ဆိုရင် ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာဖို့ သေချာပေါက် ခက်ခဲမှာမဟုတ်ဘူး။ ဒါဆိုရင် ငါက အဆင့်နိမ့် အဆင့်မှာ ရှိနေတဲ့ အချိန် တောင်မြစ်အဆင့်ရဲ့ အလယ်အလတ် အဆင့်က အလယ်ပိုင်းအဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိလာလိမ့်မယ်။ အနည်းဆုံးတော့ ငါအခုနေနဲ့ ပြဿနာ နရမဲ့ အခြေအနေ ဖြစ်လိမ့်မှာ မဟုတ်ဘူး"

"ကျောက်လန်က စီနီယာ အစ်မတွေ့ကြောင့် ငါ့ကို မကျေမချမ်းနိုင် ဖြစ်နေတယ်။ ဒါကြောင့် စီနီယာ အစ်မတွေ့က သူ့ရဲ့အားနည်းချက် ဖြစ်လိမ့်မယ်။ ဒါဆိုရင် သူ့ကိုပြန်တိုက်ခိုက်ဖို့ စီနီယာ အစ်မတွေ့နဲ့ ပိုပြီးတော့ ရင်းနီးတဲ့ပုံစံမျိုး ဟန်ဆောင်ရမယ်။ ငါဆိုတာက ငါ့အပေါ် မကောင်းကြံလာရင် ပြန်ပြီးတော့ လက်စားမချေတတ်တဲ့ လူမဟုတ်တာက ခက်တယ်"

ဒုတိယမြောက်နေ့မှာ မြောက်ပိုင်းအဖွဲ့အစည်းအထဲ လစဉ်လတိုင်းကျင်းပတဲ့ လပတ်စမ်းသပ် စစ်ဆေးမှု စတင်လာခဲ့ပါတယ်။

ဒါက အားလုံးရဲ့ စွမ်းရည်တွေ တိုးတက်လာသလား ဒါမှမဟုတ် လျော့ကျသွားသလား ဆိုတာကို စမ်းသပ်စစ်ဆေးမှု တစ်ခု ဖြစ်ပါတယ်။ တကယ်တော့ ကောင်းကင်နီ သင်တန်းကျောင်းထဲကို သတ္တိရှိရှိနဲ့ ဝင်ရောက်ခဲ့တဲ့ လူတချို့ ရှိပြီးတော့ သူတို့တွေက သင်တန်းကျောင်းထဲ ဝင်ခွင့်ကို အောင်အောင်မြင်မြင် ရရှိပြီးတဲ့နောက်မှာ ကျင့်ကြံခြင်းကို ဆက်ပြီးတော့ ကြိုးကြိုးစားစား မရှိတော့ပဲ သက်တောင့်သက်သာ ဖြစ်နေမိတဲ့ လူတွေလည်း ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ စွမ်းရည်က မြင့်မလာပဲ အဲဒီအစား လျော့ကျသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

သိုင်းပညာ လမ်းကြောင်းက အမြင့်ကိုပဲ တက်ရတဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်ရဲ့ စွမ်းရည်က လျော့ကျသွားရင် ပထမဆုံး အကြိမ်အဖြစ် သတိပေးပါတယ်။ ဒုတိယမြောက် အကြိမ်ဆိုရင် မျက်နှာသာပေးထားတဲ့ အခြေအနေတွေ အားလုံးကနေ ထုတ်ပယ်ပြီး တတိယမြောက် ဆိုရင်တော့ နှင်ထုတ်ပစ်ပါလိမ့်မယ်။ ဒါကြောင့် လစဉ်စမ်းသပ်စစ်ဆေးမှုကလည်း အတော်လေးကို အရေးပါပါတယ်။

ကျောင်းသားသစ် ငါးရာကျော် ရောက်ရှိလာခဲ့ပါတယ်။

စွေ့ရန်ယွီက တစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကို ဝေ့ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေ့ လစဉ်စမ်းသပ်စစ်ဆေးမှု စတင်ဆောင်ရွက်လိမ့်မယ်။ အားလုံးက အစွမ်းကုန် ကြိုးစား ကြရမယ်။ တကယ်လို့မင်းတို့ရဲ့ လုပ်ဆောင်မှုက သင်တန်းကျောင်းကို ဂင်လာတဲ့ အချိန်တုန်းကထက် ဆိုးဝါးနေရင် သင်တန်းကျောင်းက သတိပေးတာကို မင်းတို့တွေ ရရှိလိမ့်မယ်။ ပြီးတော့ သုံးကြိမ်တိုင်တိုင်ဆိုရင်တော့ သင်တန်းကျောင်းကနေ ထုတ်ပယ်ခံရမယ်"

"ဟုတ်ကဲ့"

သူတို့အားလုံးက လေးလေးနက်နက်နဲ့ ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က သူ့လက်ကို မြှောက်ပြီးတော့ မေးလိုက်ပါတယ်။

"စီနီယာအစ်မ တကယ်လို့ ငါတို့တွေ ပထမ နေရာကိုရခဲ့မယ်ဆိုရင် ဆုပေးဦးမှာလား"

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"မပေးဘူး"

"ဆုမရှိဘူးလား"

ချက်ချင်းဆိုသလို လင်းဟန်က စိတ်ဝင်စားမှု ပျောက်ကွယ်သွားခဲ့ပါတယ်။ စားပွဲပေါ်ကို ခြေကားယား လက်ကားယား မှောက်ပြီးတော့ တစ်မှေးအိပ်လိုက်ပါတယ်။ တကယ်လို့ ဆုလာဘ် မရှိဘူးဆိုရင် သူ့အတွက် စိတ်အားထက်သန်နေလို့ ဘာထူးမှာလဲ။

လင်းဟန်ရဲ့ ပျင်းရိတဲ့ ပုံသဏ္ဍာန်ကို ကြည့်ပြီးတော့ စွေ့ရန်ယွီက ဒေါသထွက်မိပါတယ်။

ဒီကောင်စုတ်။ သူ့ရဲ့ စွမ်းရည်က သိသိသာသာကို အရမ်းသန်မာပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူက နည်းနည်းလေးမှတောင် မိမိကိုယ်ကို ယုံကြည်လွန်းမှု မရှိရတာလဲ။ တာဝန်ယူမှု တာဝန်ခံမှုရဲ့ နင့်အာရုံတွေ ဘယ်နားသွားသေနေလဲ။

တကယ်လို့ ဒီကောင်က သူမရဲ့ ဟန်ဆောင်ယောက်ျားဆိုတဲ့ အချက်သာ ရှိမနေဘူးဆိုရင် သူမအနေနဲ့ သူ့ကို တကယ်ပဲ ဂရုစိုက်မိမှာ မဟုတ်ပုါဘူး။

"စကြမယ်"

သူမက မကျေမနပ်နဲ့ ကြေညာလိုက်ပါတယ်။

ဒါက စမ်းသပ်မှုလို့ ခေါ်ပြီး ရိုးရှင်းတဲ့ တိုက်ခိုက်မှု တစ်ခုဖြစ်ပါတယ်။ တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာများလုပ်လို့ ရမှာလဲ။

ဘယ်သူကမှ လင်းဟန်ကို စိန်မခေါ်ဝံ့ပါဘူး။ သူတို့က ပထမနေရာကို လင်းဟန်ပဲ ဆိုတာကို အားလုံးသဘောတူ ထားခဲ့ပါတယ်။

ဘယ်လိုဟာသလဲ။ မနေ့ကပဲ စီနီယာ အစ်ကိုလင်းက အနောက်ပိုင်း အဖွဲ့အစည်း တစ်ခုလုံးကို သူ့ဘာသာသူ စိန်ခေါ်ခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင် အထင်ကြီး အံ့သြစရာ ကောင်းလိုက်လဲ။ တကယ်လို့ မင်းက စီနီယာအစ်ကိုလင်းထက် သန်မာတယ်ဆိုရင် ဘာဖြစ်လို့ အနောက်ပိုင်း အဖွဲ့အစည်းထဲကို ခြေချပြီး ပြဿနာ သွားမရှာကြည့်တာလဲ။

ဒါက ရိုက်နက်ခံရဖို့ တစ်ခုအတွက် သွားတာပဲ မဟုတ်ဘူးလား။

ဒါကြောင့် လင်းဟန်က တိုက်ပွဲတစ်ပွဲမှ မတိုက်ရပဲနဲ့ ဒီလ စမ်းသပ်စစ်ဆေးမှုရဲ့ ပထမ နေရာကို အလိုအလျောက် ရရှိသွားခဲ့ပါတယ်။

Chapter 937 end

အပိုင်း(938) ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ

စမ်းသပ်စစ်ဆေးမှု ပြီးတဲ့နောက်မှာ လင်းဟန်က တမင်သက်သက် စွေ့ရန်ယွီ အနားကို ချဉ်းကပ်လာပြီး သူမအနားကို ကပ်ကာ မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

သူက ကျင့်ကြံခြင်းမှာ အရမ်းကို ကောင်းမွန်တဲ့ ပါရမီရှိပါတယ်။ ပြီးတော့ သူ့မှာ ထူးခြားတဲ့ နားလည်သဘောပေါက်နိုင်စွမ်း တစ်ခုလည်း ရှိပါတယ်။ စကားလုံး အနည်းငယ်နဲ့ လင်းဟန်က စွေ့ရန်ယွီရဲ့ စိတ်ဝင်စားမှု မြင့်တက်လာအောင် လုပ်နိုင်ခဲ့ပါတယ်။ သူမက လင်းဟန်နဲ့ အရမ်းကို နီးကပ်နေတယ် ဆိုတာကိုတောင် လုံးဝသတိမပြုမိပါဘူး။ သူမရဲ့ နှလုံးသားထဲမှာ သူ့ကို အပြန်အလှန် ပြောစရာမလိုပဲ ခွင့်ပြုထားသလိုမျိုး အထူးအခွင့်အရေး ရှိတဲ့ပုံစံမျိုးနဲ့ သူမအနား ကပ်ခွင့်ပြုထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

လင်းဟန်က စိတ်ထဲကနေ လျှို့ဝှက်စွာနဲ့ ရယ်မောနေလိုက်မိပါတယ်။ ဒီနေရာမှာ သေချာပေါက် ကျောက်လန်ရဲ့ လျှို့ဝှက်လူ ရှိနေပါလိမ့်မယ်။ တကယ်လို့ အဲဒီလိုဆိုသာဆိုရင် ကောင်းကောင်းကြည့်ပြီး မြန်မြန်သတင်း သွားပို့ပါလိမ့်မယ်။

အနောက်ပိုင်း အဖွဲ့အစည်း။

တောင်မြစ် ပုံရိပ်တွေ တလက်လက် တောက်ပနေတဲ့ လူငယ်တချို့က သူတို့ရဲ့ လက်တွေကို အနောက်မှာ ပစ်ထားပြီး ရပ်နေကာ မျက်နှာတွေ နီရဲနေတဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် သူတို့ရဲ့ ဂျူနီယာ ညီလေး ညီမငယ် အုပ်စုကို ကြည့်နေပါတယ်။ သူတို့ရဲ့ အမူအရာက အတော်လေး မကျေမချမ်း ဖြစ်နေပုံ ရပါတယ်။

"လူတစ်ယောက်က တစ်ယောက်တည်း ပြေးဝင်လာတာကိုတောင် မင်းတို့အားလုံးက သူ့ကို ရပ်သွားအောင် မတားနိုင်ဘူး ဟုတ်လား"

"မင်းတို့က သူ့ကိုမတားဆီးနိုင်သလို လူတွေအများကြီး ထိခိုက်ဒဏ်ရာ ရသွားအောင်လည်း ခွင့်ပြုခဲ့ရသေးတယ် ဟုတ်လား"

"အသုံးမကျတဲ့ အမိုက်ကောင်တွေ"

အဲဒီတောင်မြစ်အဆင့် စီနီယာ အစ်ကိုတွေက သူတို့ကို အပြစ်တင် ကြိမ်းမောင်းနေ ကြပါတယ်။ သူတို့အားလုံးက အနောက်ပိုင်း အဖွဲ့အစည်းရဲ့ အဆင့်နိမ့် နေရာတစ်ခုမှာ ဖြစ်ပါတယ်။ လင်းဟန်က လက်တစ်ဖက်တည်းနဲ့ မနေ့ညက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်က အုပ်စုထဲမှာ မွှေနောက်သွားတယ်ဆိုတဲ့ အကြောင်းကို

သိပြီးတဲ့နောက်မှာ သူတို့က ဒီအခြေအနေကို အတည်ပြုဖို့ ဒီနေ့ရောက်လာခဲ့ ကြတာ ဖြစ်ပါတယ်။

"အဲဒီလင်းဟန်မှာ လူစွမ်းကောင်းစွမ်းအားအမျိုးအစား တချို့ ရှိနေတာမှ ဟုတ်ရဲ့လား"

သူတို့အားလုံးက ဘာမှမခံစားရပေမဲ့ ဆိုးဆိုးဝါးဝါး အထင်သေးနေကြပါတယ်။ တကယ်တော့ ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ ကျောင်းသားတွေက အရမ်းကို များပြားပါတယ်။ ပြီးတော့ စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ ဘယ်လောက်များပြားပြီး ပါရမီရှိရှိ တောင်မြစ်အဆင့်ရဲ့ အာရုံစိုက်မှုကို ရရှိဖို့ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိပါဘူး။ ဒါကြောင့် သူတို့က ဒါကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ ဒီအနောက်ပိုင်း အဖွဲ့အစည်းရဲ့ ဂျူနီယာ ညီငယ် ညီမငယ်တွေက တကယ်ပဲ အရမ်းကို အားနည်းလွန်းပြီး တစ်စုံတစ်ယောက်က အားမထုတ်ရပဲ လာချင်သလိုလာ သွားချင်သလို သွားခွင့်ပြုလိုက်ပြီး ဒါက အနောက်ပိုင်း အဖွဲ့အစည်းကို အရှက်ရစေပါတယ်။

"စီနီယာအစ်ကိုလို့ အဲဒီလင်းဟန်က တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ် လျှိုတာနဲ့

တစ်ဦးချင်း တိုက်ခိုက်တဲ့ အချိန်မှာ လျှိုတကို တစ်ကွက်တည်းနဲ့ သူက သတ်ပစ်ခဲ့တယ်”

လင်းဟန်နဲ့ လျှိုတရဲ့ တိုက်ပွဲကို မျက်မြင်ကြုံတွေ့ခဲ့သူက ပြောပြလိုက်ပါတယ်။

စီနီယာ တပည့်အစ်ကို လွီရဲ့ နာမည်က လွီဟန် ဖြစ်ပြီးတော့ တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့်မှာ အထွတ်အထိပ် အဆင့်ကို အောင်မြင်နေပြီး တစ်ချိန်တည်းမှာပဲ ကြယ်တစ်ပွင့် ပါရမီရှင်လည်း ဖြစ်ပါတယ်။ သူက ဒီလူတွေထဲမှာ အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ဒါကြောင့် ဒီတောင်မြစ်အဆင့် ကျင့်ကြံသူ အနည်းစုအထဲမှာ ခေါင်းဆောင်အဖြစ်သတ်မှတ်လို့ ရပါတယ်။

ဂရုမစိုက်တဲ့ဟန်တွေ ပြည့်နှက်နေတဲ့ မျက်နှာနဲ့ လွီဟန်က သရော်လိုက်ပါတယ်။

“လျှိုတ ဟုတ်လား။ အင်ပါယာမြို့တော်ရဲ့ လူငယ်မျိုးဆက်ထဲက အစွမ်းထက်ဆုံး လက်ရွေးစင်သုံးယောက်ထဲက တစ်ယောက်လို့ ခေါ်ဆိုနေတဲ့ တစ်ယောက်လား။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ရှစ်လုံး ဆယ့်ကိုးလုံးထက် မပိုပါဘူး”

"စီနီယာ အစ်ကိုလွှီကို လျှောက်တင်ပါတယ်။ လျှိတက သွေးမျက်ရည် ကျောက်တုံးတစ်တုံးကို သန့်စင်ခဲ့ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့်တစ်လုံးကို ရောက်ရှိနေပါတယ်။ သူက ရီချန်ယွင်နဲ့ အရင်ဆုံး လက်ရည်စမ်းပြီး တိုက်ကွက်သုံးကွက် ပြီးဆုံးတဲ့နောက်မှာ လက်ရည်တူ ဖြစ်သွားပါတယ်"

ကျောင်းသားတစ်ယောက်က သတင်းပို့လိုက်ပါတယ်။

ဒါကို ကြားသိလိုက်ရတဲ့ အခါမှာ လွှီဟန်နဲ့ သူ့အုပ်စုက အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ သူတို့ကိုယ်တိုင်တောင် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်တစ်လုံးကို မရောက်ရှိ ခဲ့ပါဘူး။

"မနေ့ညက စီနီယာအစ်ကို ကျော့လည်း ဂင်ပါခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလင်းဟန်ရဲ့ တစ်ကွက်တည်းနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်"

လွှီဟန်ရဲ့ အမူအရာက ပိုပိုပြီးတော့ တင်းမာခက်ထန်လာပြီး ပြောလိုက်ပါတယ်။

"တကယ်လို့ အဲဒါက အမှန်သာဆိုရင် အဲဒီလူက ကြယ်နှစ်ဆယ့်သုံးလုံးထိ အောင်မြင်နေပြီပေါ့"

"ဒါက လုံးဝကို မဖြစ်နိုင်စရာတော့ မရှိဘူး"

တောင်မြစ်အဆင့် ကျောင်းသားတစ်ယောက်က ပြန်ဖြေလိုက်ပါတယ်။

"ငါသိရသလောက်တော့ အဲဒီကောင်က ကမ္ဘာငယ်လေး တစ်ခုကနေ ဒီနေရာကို တက်လာခဲ့တယ်။ ပြီးတော့ သူက မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ ကေရာဇ် တစ်ပါးလည်း ဖြစ်တယ်။ စီနီယာ အစ်ကိုလွီ့ ကောလာဟာလတွေ ရှိတယ်လေ။ တကယ်လို့ လူတစ်ယောက်က မိုးကောင်းကင်ကို ခွဲဖွင့်လာနိုင်ရင် သူတို့က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဆုလာဘ်ကို ရရှိလိမ့်မယ်လို့ ပြောကြတယ်"

"မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဆုလာဘ် ဟုတ်လား"

လွီဟာန်က မေးခွန်းထုတ်လိုက်ပါတယ်။ သူက တောင်မြစ်အဆင့်က ပါရမီရှင် တစ်ယောက် ဖြစ်ပေမဲ့ ကမ္ဘာငယ်လေး တစ်ခုရဲ့ ကိစ္စတွေကို စိတ်မဝင်စားပါဘူး။ ဘာပဲဖြစ်ဖြစ် ဘာအတွက်နဲ့ စိတ်ဝင်စားရမှာလဲ။ မိုးကောင်းကင်ကို ခွဲဖွင့်တာက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဆုလာဘ်ကို လက်ခံရရှိတယ်။ အဲဒါက သူနဲ့ဘာဆိုင်လို့လဲ။

"ပြောကြတာကတော့ ခွန်အားရဲ့ ဖြည့်သွင်းခြင်း တစ်ခုကို ရရှိနိုင်ပြီး ခွန်အားထဲမှာ နောက်ဆုံး ကြယ်သုံးပွင့် ကွာဟချက်ကို လုပ်နိုင်တယ်လို့ ပြောကြတယ်"

လွီဟာန်က အစုမှ အံ့သြပြီးတော့ ပြောလိုက်ပါတယ်။

"မိုးကောင်းကင်ကို ခွဲဖွင့်ဖို့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်နှစ်ဆယ်လုံး လိုအပ်တယ်။ ခွန်အားရဲ့ ကြယ်သုံးလုံးကိုပါ ပေါင်းထည့်လိုက်ရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့် သုံးလုံးကို ရရှိမှာပေါ့"

ဒါက နားလည်ရ ခက်ပါတယ်။ သေချာတာကတော့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထဲမှာ ဘယ်သူကမှ ဒီလိုမျိုး မွန်းစတား တစ်ယောက်ကို ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး။

"ဟုတ်ပြီ"

သူက ရုတ်တရက် လက်ဖျောက်တစ်ချက် တီးပြီးတော့ သတိရသွားခဲ့ပါတယ်။

"အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲကလည်း စတော့မယ်။ အဲဒါက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ ဖွင့်မဲ့ အမှတ်အသားတွေလည်း ဖြစ်တယ်"

"စီနီယာအစ်ကိုလီက ဘာကိုဆိုလိုတာလဲ"

"ဟားဟားဟား တကယ်လို့ အဲဒီကောင်က ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲ ဝင်နိုင်ခဲ့ရင် သူ့ရဲ့ သေခြင်းရှင်ခြင်းက ငါတို့ရဲ့ လက်ထဲမှာပဲ ဖြစ်လိမ့်မယ်"

လီဟန်က လှောင်ပြုံး ပြုံးလိုက်ပါတယ်။

"ဟားဟား တကယ်လို့ သူဝင်ဖို့ အရည်အချင်းရှိတယ်ဆိုရင် ငါတို့က သူ့ကို သင်ခန်းစာတစ်ခု ပေးရမှာပေါ့"

ရေတံခွန်ရဲ့အောက်။

ကျောက်လန်က သူ့လေသံထဲမှာ မယုံနိုင်မှု အံ့အားသင့်မှုနဲ့ မေးလိုက်ပါတယ်။

"အနောက်ပိုင်း အဖွဲ့အစည်း တစ်ခုလုံးတောင်မှ သူ့ကိုမတားဆီးနိုင်ခဲ့ဘူး ဟုတ်လား"

သူ့ရဲ့ ဒုတိယမြောက် နောက်လိုက်ဖြစ်သူ ပိုင်ယွမ်စီက ရိုရိုသေသေနဲ့ ပြောလိုက်ပါတယ်။

"သခင်လေးကို လျှောက်တင်ပါတယ်။ အဲဒီကောင်ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နစ်ဆယ့် သုံးပွင့်ကို ရောက်နေမယ်လို့

သံသယ ရှိမိပါတယ်။ နိုင်ငံစွမ်းအားရဲ့ ထောက်ပံ့ကူညီမှု မရှိပဲနဲ့တောင် သူ့ကို အနိုင်ယူနိုင်မဲ့လူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထဲမှာ ဘယ်သူမှ မရှိနိုင်ပါဘူး”

ကျောက်လန်ရဲ့ အမူအရာက ရုတ်တရက် သုန်မှုန်လာခဲ့ပါတယ်။ သူ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိတဲ့အချိန်တုန်းက တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိပဲ ရောက်ရှိခဲ့ပါတယ်။ အခုတော့ သူ့ပထက် ကြယ်သုံးပွင့်တောင် သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ရှိ တစ်စုံတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ သူက အဲဒီအတွက် အတော်လေး မကျေမနပ် ဖြစ်နေပါတယ်။

“သူ့ရဲ့တိုက်ပွဲစွမ်းရည်နဲ့ဆို ဒီတစ်ကြိမ်မှာ ကျနော်တို့ အင်ပါယာကို ဦးဆောင်ပြီးတော့ အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်မှုမှာ ပထမနေရာကို ရအောင်လုပ် ယူနိုင်မယ်ဆိုတာ သေချာတယ်။ ကေရီ ဘုရင်မက တရားမျှတပြီး ဘက်မလိုက်တာကြောင့် အမိန့်စာထုတ်ပြီးတော့ ဆုလာဘ် ချီးမြှင့်ပြီး သူ့ကို ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံကို ဂင်ရောက်ခွင့် တစ်ခု ချီးမြှင့်မြှောက်စားကောင်း မြှောက်စားနိုင်တယ်”

ပိုင်ယွမ်စီက ပြောလိုက်ပါတယ်။

“ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ”

ကျောက်လန်ရဲ့ မျက်လုံးတွေက ဝင်းလက်လာခဲ့ပါတယ်။ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်ဖို့ အကြောင်းပြချက်က အတိတ်တုန်းက ကောင်းကင်ဘုံ ပင်လယ် လျှိုဂုက်ဆန်းကြယ် ဘုံနဲ့ ပတ်သက်ဆက်နွယ်နေပါတယ်။ အဲဒီမှာ သူက ထူးခြားတဲ့ စွမ်းရည်တစ်ခုကို ရရှိခဲ့ပါတယ်။

"တကယ်လို့ သူက ကောင်းကင်ဘုံ ပင်လယ် လျှိုဂုက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်သွားမယ် ဆိုရင် သူ့ကို နောက်တစ်ကြိမ် ပြန်ထွက်မလာစေနဲ့"

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ စွေ့ရန်ယွီရဲ့ စိတ်နေသဘောထားကို သူသိနားလည် ထားပေမဲ့ အရင်ကောလာဟလတွေ ကျန်ရှိနေတဲ့ အချက်က သူ့ကို ဆိုးဆိုးဝါးဝါးကို မကျေမနပ် ဖြစ်နေဆဲပါပဲ။

"ဟုတ်ကဲ့ပါ သခင်လေး"

အချိန်တွေက လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။ လင်းဟန်က အရမ်းကို သိသိသိပ်သိပ်နဲ့ သင်တန်းကျောင်း အထဲမှာပဲ နေခဲ့ပြီး အမှောင်ည ခန်းမက သူ့ကို လုပ်ကြံသတ်ဖြတ်ဖို့ အခွင့်အရေး မပေးခဲ့ပါဘူး။ ကျောက်လန်ရဲ့ဘက်မှာတော့ သူကလည်း

ငြိမ်းငြိမ်းချမ်းချမ်း ရှိလာပြီး နောက်ထပ် လုပ်ရှားမှုတွေကို မတွေ့ရပါဘူး။

တစ်ရက်ပြီးတစ်ရက် အချိန်တွေ ကုန်လွန်သွားပြီး အင်ပါယာသုံးခု အကြားက ယှဉ်ပြိုင်ပွဲ စတင်ဖို့ နီးကပ်လာခဲ့ပါတယ်။ ဒီနေ့မှာ လင်းဟန်ကို ဘယ်လက်ရုံး အမတ်မင်းက ဆင့်ခေါ် လိုက်ပါတယ်။ မနက်ဖြန်ဆိုရင် အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲ စတင်ပါတော့မယ်။ ဒါကြောင့် သူက ဒီနေ့ ဘယ်လက်ရုံး အမတ်မင်းရဲ့ စံအိမ်မှာ နေထိုင်ပြီး မနက်ဖြန်မှာ ဘယ်လက်ရုံး အမတ်မင်းနဲ့အတူ အင်ပါယာ နန်းတော်ထဲကို ဝင်ရပါမယ်။

အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲက ဆယ်နှစ်လျှင် တစ်ကြိမ် ကျင်းပပြီး အင်ပါယာ သုံးခုအကြား အလှည့်ကျ ကျင်းပဖို့ ရွေးချယ်ထားပါတယ်။ ဒီနှစ်က ကြယ်ဥက္ကာ အင်ပါယာရဲ့ အလှည့်ကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က အနည်းဆုံး လဂျက်လောက်ကတည်းက ပြိုင်ပွဲလက်ခံ ကျင်းပရာ အင်ပါယာဆီကို ခရီးထွက် ရပါလိမ့်မယ်။

"လင်းဟန် တကယ်လို့ ဒီတစ်ကြိမ်မှာ မင်းကောင်းကောင်း စွမ်းဆောင်ပြနိုင်ရင် ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံကို ဝင်ရောက်ဖို့ အခွင့်အလမ်း ရနိုင်လိမ့်မယ်"

ဘယ်လက်ရုံး အမတ်မင်းက ရုတ်တရက် ပြောလိုက်ပါတယ်။

လင်းဟန်က ကြောင်တောင်တောင်နဲ့ စိုက်ကြည့်လိုက်ပြီးတော့ မေးလိုက်တယ်။

"အရှင်သခင် ကောင်းကင်ဘုံ ပင်လယ် လျှိုဝှက်ဆန်းကြယ် ဘုံဆိုတာက ဘာလဲ"

"အတင့်ရဲလှချည်လား။ မင်းက ဘယ်လက်ရုံး အမတ်မင်းရဲ့ အရှေ့မှာတောင် မေးခွန်းထုတ်ဖို့ အရည်အချင်း ရှိလို့လား"

ရှန်းချန်ယွင်က လင်းဟန်ကို တန်းပြီးတော့ အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက အသာအယာ ပြုံးပြီးတော့ သူ့လက်ကို ဝှေ့ယမ်းပြီး ပြောလိုက်တယ်။

"ကိစ္စမရှိဘူး။ ကိစ္စမရှိဘူး"

သူ့ကို ကြည့်ရတာ အသေးစိတ် ပြင်ဆင်ထားသလိုမျိုး ဆွေးနွေးမှုမှာ စိတ်အားထက်သန်လို့ တက်တက်ကြွကြွ ဖြစ်နေပါတယ်။

"ကောင်းကင်ဘုံ ပင်လယ် လျှိုဝှက်ဆန်းကြယ်ဘုံက ဆယ်နှစ်မှာ တစ်ကြိမ်ပဲ ပွင့်တယ်။ လျှိုဝှက်ဆန်းကြယ် ဘုံထဲမှာ စကြဝဠာ

ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူကနေ တောင်မြစ်အဆင့် ကျင့်ကြံသူတွေကို ကူညီပေးနိုင်တဲ့ ကျောက်တုံးအမျိုးအစား တစ်ခုရှိတယ်။ အဆင့်တက်ဖို့ အချိန်ကို အဆုံးအစမရှိ လျော့ပါးစေပြီးတော့ အောင်မြင်မှုနှုန်းကိုလည်း အကြီးအကျယ် မြင့်မားစေနိုင်တယ်"

"ဒီလိုမျိုး အာနိသင် တစ်ခု ရှိတဲ့အတွက် ငါတို့အားလုံးက အဲဒါကို တောင်မြစ်ကျောက်တုံးလို့ ခေါ်ကြတယ်။ အဲဒါက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ အထူးတလည် ပစ္စည်းပဲ။ အဲဒါကြောင့်လည်း တခြားဘယ်နေရာမှာမှ ရှာမတွေ့နိုင်သလို ဘယ်သူမှလည်း မသိကြဘူး"

"တချို့ ပြိုင်ဘက်ကင်း တောင်မြစ်ကျောက်တုံးတွေမှာ ထူးထူးကဲကဲ အာနိသင်တွေတောင် ရှိကြတယ်။ ဥပမာဆိုရင် လေးလံတဲ့ မူလကျောက်တုံးက မင်းပိုင်ဆိုင် ဖြစ်ပေါ်လာမဲ့ တောင်တွေနဲ့ မြစ်တွေကို ထူးကဲလေးလံတဲ့ အာနိသင် တစ်ခုကို လုပ်နိုင်တယ်။ တိုက်ခိုက်တဲ့ အချိန်ကျရင် မင်းရဲ့ ပြိုင်ဘက်ကို မင်းရဲ့တောင်နဲ့မြစ် အလေးချိန်နဲ့ ဖိချလို့ ရတယ်"

"နောက်ပြီး မီးကျောက်တုံးကလည်း မင်းရဲ့ တောင်တွေနဲ့ မြစ်တွေကို အရမ်းကို ပြင်းထန်တဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်စေလိမ့်မယ်။ ဘယ်အရာကမှ အဲဒါကို အရည်ပျော်အောင် မလုပ်နိုင်ဘူး"

"ဒါပေမဲ့လည်း ကောင်းကင်ဘုံ ပင်လယ် လျှိုဂှက်ဆန်းကြယ်ဘုံမှာ ကျင့်ကြံသူ တစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထူးထူးခြားခြား တားမြစ်မှုရှိပြီးတော့ အမြင့်ဆုံး ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့်တွေထိပဲ ဂင်ရောက်ခွင့်ပြုတယ်။ ဒါကြောင့် မင်းရဲ့ သင်တန်းကျောင်းထဲမှာ ကောင်းကင်ဘုံ ပင်လယ် လျှိုဂှက်ဆန်းကြယ် နယ်မြေထဲကို အကြိမ်အရေအတွက် ပိုပြီးတော့ ဂင်ရောက်နိုင်ဖို့အတွက် သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ထားတဲ့ လူတွေလည်း အမြောက်အများ ရှိတယ်"

ဘယ်လက်ရုံး အမတ်မင်းက အသက်တစ်ချက်မှ မရှုပဲ အများကြီး ပြောလိုက်ပေမဲ့ သူ့မျက်နှာပေါ်မှာ မွန်းကျပ်တဲ့ အမူအရာမျိုး မရှိပါဘူး။

"ငါငယ်ရွယ်စဉ် အချိန်တုန်းက ငါ့မှာ နောက်ခံကောင်းကောင်းတစ်ခု မရှိခဲ့ဘူး။ ဒါကြောင့် အဲဒီထဲကို ဂင်ရောက်ဖို့ အခွင့်အရေး ငါ့မှာမရှိခဲ့ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့်ရဲ့

လျှို့ဝှက်စွမ်းအားတွေကို ငါပိုင်ဆိုင်နိုင်ခဲ့မယ်ဆိုရင် ငါ့ရဲ့တိုက်ပွဲ စွမ်းရည်က ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်ကို ရောက်ရှိနိုင်လိမ့်မယ်”

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းတောင်မှ အရမ်းကို နက်ရှိုင်းတဲ့ ခံစားချက်မျိုး ရှိနေတယ်ဆိုရင် ဒီကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံက တကယ့်ကို သွားရောက်ဖို့ ထိုက်တန်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

Chapter 938 end

အပိုင်း(939) စင်မြင့်တိုက်ပွဲတွေ စတင်ပြီ

ဘယ်လက်ရုံး အမတ်မင်းက သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ် နယ်မြေရဲ့က အခြေအနေကို ထပ်ပြီးတော့ မပြောတော့ပါဘူး။

ဘယ်လက်ရုံး အမတ်မင်းက ဘာမှမပြောတော့ဘူး ဆိုမှတော့ လင်းဟာန်ကလည်း သတင်းအချက် အလက်တွေ ပိုပြီးတော့ နိုက်ယူလို့ မရတော့ပါဘူး။ သူက ပြန်လာတဲ့ အခါမှာ

စွေ့ရန်ယွီဆီကနေ သတင်းတွေ ပိုပြီးတော့ ရယူဖို့ စိတ်ကူးထားပါတယ်။

သူတို့က ဘယ်လက်ရုံး အမတ်မင်းရဲ့ မြင်းလှည်းပေါ်မှာ စီးနင်းလာပြီး မြင်းလှည်းရဲ့ အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းပါတယ်။ အင်ပါယာ နန်းတော်ရဲ့ အပြင်ဘက်ကို အချိန်တိုတိုလေး အတွင်းမှာပဲ သူတို့တွေ ရောက်ရှိလာခဲ့တယ်။

အဲဒီနေရာကို ရောက်တာနဲ့ ဘယ်လက်ရုံး အမတ်မင်းတောင်မှ သူ့ရဲ့မြင်းလှည်းနဲ့ ဆက်သွားလို့ မရတော့ပါဘူး။ မြင်းလှည်းထဲကနေ သူတို့တွေ ဆင်းလာပြီးတဲ့နောက်မှာ အစောင့်တွေက စစ်ဆေးပြီးတော့ သူတို့ကို ဝင်ခွင့်ပြုလိုက်ပါတယ်။

"ငါတို့ ဒီထဲကို ရောက်တာနဲ့ မင်းတို့စကားကို မဆင်မခြင် မပြောကြနဲ့"

ဘယ်လက်ရုံး အမတ်မင်းက အလေးအနက်နဲ့ သတိပေးလိုက်ပါတယ်။

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ပါ"

လင်းဟာန်နဲ့ ရှန်းချန်ယွင်တို့က နာခံလိုက်ပါတယ်။

ဒါက ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးရဲ့ ဩဇာအာဏာ ဗဟိုအချက်အချာ ဖြစ်ပါတယ်။ ပြီးတော့ ငြိမ်းချမ်းမှု ဂြိုလ်ရဲ့ အုပ်ချုပ်မှု သုံးခုထဲက တစ်ခုဖြစ်ပါတယ်။ နန်းတော်ရဲ့ အဓိက အရောင်က ပန်းရောင်ဖြစ်ပြီး အတော်လေးကို မိန်းမဆန်ပါတယ်။ ဒါပေမဲ့ ဘာမှလုပ်လို့ မရပါဘူး။ ဒီနေရာကို အုပ်ချုပ်သူက ကေရီဘုရင်မ တစ်ပါးဖြစ်ပြီး ကမ္ဘာကြီး တစ်ခုလုံးရဲ့ နံပါတ်တစ် အချောအလှလို့ ထင်ပေါ်ကျော်ကြားသူ ဖြစ်ပါတယ်။ တခြားအင်ပါယာနှစ်ခုရဲ့ အုပ်ချုပ်သူတွေတောင် သူတို့ရဲ့ ပိုင်နက်နဲ့ သရဖူကို သူမအတွက် လက်လျော့ပေးဖို့တောင် ဆန္ဒရှိနေပါတယ်။

တကယ်လို့ သူမက မိန်းမပီသပြီး ဆွဲဆောင်မှု အပြည့်အဝမရှိဘူးဆိုရင် ဘယ်သူများ ဖြစ်နိုင်လိမ့်မှာလဲ။

လင်းဟန်က အတော်လေးကို မျှော်လင့်စောင့်စား နေမိပါတယ်။ သူက နောက်ဆုံးတော့ ကေရီ ဘုရင်မကို တွေ့ဆုံနိုင်ပါတော့မယ်။ ဒဏ္ဍာရီလာ ဘုရင်မ။ ပြီးတော့ တခြားအင်ပါယာ နှစ်ခုရဲ့ အကြီးအကဲချုပ်တွေတောင် သူမကို ခစားဖို့ ဆန္ဒတဲ့အထိ ဆွဲဆောင်မှု အားကောင်းတယ်ဆိုတဲ့ အချက်က သူ့ကိုတွေ့ချင်စိတ်တွေ ဖြစ်ပေါ်လာဖို့ ဖြားယောင်းသွေးဆောင်လို့ နေပါတယ်။

ရှန်းချန်ယွင်က သူ့ကိုယ်သူ အသက်ပြင်းပြင်း ရှူပြီးတော့ ထိန်းနိုင်စွမ်း မရှိအောင် ဖြစ်နေပါတယ်။ သူ့အနေနဲ့ အရင်တုန်းက ကေရီ ဘုရင်မကို မတွေ့မြင်ဖူးတာကြောင့် မဟုတ်ပါဘူး။ သူမရဲ့ အလှက အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ သူမနဲ့ တွေ့ဆုံရမယ် ဆိုတာကို တွေးလိုက်ရုံနဲ့ သူ့နှလုံးသားက ခရီးဝေးတစ်ခုကနေ ဒုန်းစိုင်းပြေးလာရသလိုမျိုး ရင်ခုန်သံတွေ မြန်လာပါတယ်။

ပြောကြတာတော့ ကေရီ ဘုရင်မကို တွေ့ဖူးတဲ့ သူတိုင်းက တခြားမိန်းကလေးကို ချောတယ်လို့ ထပ်ပြီးတော့ မမြင်ကြတော့ပါဘူး။ ပြီးတော့ သာမန်လူစုလူဝေးထဲမှာ ဂရုန်းသုန်းကား ဖြစ်စေနိုင်တဲ့ အံ့သြမှင်တက်စရာကောင်းတဲ့ ချောမောလှပသူ တစ်ယောက်တောင်မှ ကေရီ ဘုရင်မနဲ့ ယှဉ်လိုက်ရင် တခြားလူတွေ ပြောနေတဲ့ အလှပဂေးတွေဆိုတာက လုံးဝကို မှေးမှိန်သွားပြီး လမင်းကြီးအနားက ကြယ်လေးတွေပမာ ဖြစ်သွားပါလိမ့်မယ်။

နန်းတော်ရဲ့ အထဲကို ဝင်ရောက်လာတဲ့ အခါမှာ ဒီနေရာကို စောင့်ကြပ်နေတဲ့ အစောင့်တွေ အားလုံးက အမျိုးသမီးတွေကိုပဲ ခန့်ထားတယ်ဆိုတာကို တွေ့မြင်ရပါတယ်။ ဒါက အမျိုးသားတွေအတွက် အသက်တောင် ပြင်းပြင်းမရှူဝံ့အောင်

ကြောက်ရွံ့သွားစေပါတယ်။ တကယ်လို့ သူတို့ပက ဒီနေရာမှာ စောင့်နေရမယ်ဆိုရင် အလွဲသုံးစားလုပ်မှု ဖြစ်နိုင်ချေ ပိုမိုမြင့်မားပြီး အဲဒါက မလုံခြုံမှုကို ဖြစ်စေပါလိမ့်မယ်။

သိုင်းပညာ ယှဉ်ပြိုင်ပွဲအတွက် ပြိုင်ပွဲကွင်းကို အင်ပါယာ လေ့ကျင့်ရေး ကွင်းထဲမှာ နေရာချထား ပါတယ်။ ပြိုင်ပွဲကွင်းက ယှဉ်ပြိုင်ပွဲအတွက် ကြီးမားတဲ့အပြင် ပရိသတ်တွေအတွက် ထိုင်ခုံ နေရာတွေအတွက်လည်း လွတ်လွတ်လပ်လပ် ရှိပါတယ်။

ပရိသတ် အားပေးဖို့အတွက် လေးဘက်လေးတန်မှာ မျှော်စင်တွေလိုမျိုး တစ်ဆင့်ပြီးတစ်ဆင့် မြင့်သွားတဲ့ နေရာရှိပါတယ်။ တောင်ဘက်ခြမ်းမှာ ရှိတဲ့ နေရာကတော့ အကြီးမားဆုံး အကျယ်ဆုံး နေရာဖြစ်ပါတယ်။ အဲဒီမှာ ဧကရီ ဘုရင်မရဲ့ ထိုင်ခုံရှိပြီးတော့ အပေါ်ကို ဘုရင်ကိုးပါးပဲ တက်ရောက်ခွင့် ရှိပါတယ်။

တခြားပွဲကြည့်စင် သုံးခုက ပိုပြီးတော့ သေးငယ်ပါတယ်။ အရှေ့ဘက်မှာ တည်ရှိတဲ့ ပွဲကြည့်စင်ကတော့ ထာဝရ မိုးကောင်းကင် အင်ပါယာရဲ့ ဧကရာဇ်နေရာ ဖြစ်ပြီးတော့ အနောက်ဘက် ပွဲကြည့်စင်က ကျောက်စိမ်းအင်ပါယာရဲ့ ဧကရာဇ်ကို နေရာချထားပေးပါတယ်။ မြောက်ဘက်

ပွဲကြည့်စင်မှာတော့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လို ထိပ်တန်းအဆင့် အရာရှိတွေ နေရာယူကြပါတယ်။

ခံ့ညားထယ်ဝါတဲ့ အင်ပါယာသုံးခုက ဒီယှဉ်ပြိုင်ပွဲကို ဘယ်အချိန်မှာပဲ ကျင်းပကျင်းပ နိုင်ငံ တစ်ခုလုံးရဲ့ ဂုဏ်သိက္ခာ ပါဝင်ပြီး အဆင့်အတန်းက အရမ်းကို မြင့်မားပါတယ်။ တခြား အင်ပါယာ နှစ်ခုက သူတို့ရဲ့ သက်ဆိုင်ရာ အဖွဲ့ကို ဦးဆောင်ဖို့ သရဖူဆောင်း မင်းသားတစ်ယောက်ဆီကို စေလွှတ်ခဲ့ပါတယ်။ ထာဝရမိုးကောင်းကင် အင်ပါယာရဲ့ အဖွဲ့ကို လက်ရှိကေရာဇ်ရဲ့ ညီဖြစ်သူက ဦးဆောင်ပြီး ကျောက်စိမ်းအင်ပါယာ အဖွဲ့ကိုတော့ သူတို့ကေရာဇ်ရဲ့ နံပါတ်လေး ဦးရီးတော်က ဦးဆောင်လာပါတယ်။ သူတို့အားလုံးက အစွမ်းထက်တဲ့ လူတွေဖြစ်ပြီး အားလုံးရဲ့ အထပ်မှာ ရပ်တည်နေတဲ့ အဆင့်အတန်းကိုယ်စီ ရှိပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိနေပါတယ်။

ဒါပေါ့ လင်းဟန်က စင်မြင့်လေးခုမှာ ထိုင်ဖို့ အရည်အချင်း မပြည့်မီပါဘူး။ ရှန်းချန်ယွင်ကတော့ မြောက်ဘက်စင်မြင့်မှာ

မတ်တပ်ရပ်ခွင့်ရှိပြီး ဘယ်လက်ရုံး အမတ်မင်းကို ကျေးဇူးတင်ရပါမယ်။

အောက်ခြေမှာ ဖြစ်တဲ့အတွက် လင်းဟန်က စင်မြင့်အထက်က အခြေအနေကို မမြင်နိုင်ဘူးလို့ ဆိုလိုပါတယ်။ အဲဒါက တကယ်လို့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မ ရောက်လာခဲ့ရင် သူ့အနေနဲ့ တွေ့မြင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်တာကြောင့် အတော်လေးကို စိတ်ဓာတ်ကျသွား မိခဲ့ပါတယ်။

အဲဒါက သူ့အနေနဲ့ ကေရီ ဘုရင်မနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ ခံစားမှုမျိုး ရှိနေတာကြောင့် မဟုတ်ပါဘူး။ သူမရဲ့ ထူးထူးခြားခြား ချေမောလှပမှုနဲ့ ပတ်သက်ပြီး အများကြီး ကြားခဲ့ရတာကြောင့် သူက သိချင်စိတ်ပြင်းပြနေပြီး သူ့ကိုယ်ပိုင် မျက်လုံးတွေနဲ့ တွေ့မြင်ချင် နေခဲ့ပါတယ်။

ခံ့ညားထယ်ဝါတဲ့ အင်ပါယာ သုံးခုက ပြိုင်ပွဲဝင်တွေဟာ အင်ပါယာလေ့ကျင့်ရေး ကွင်းပေါ်မှာ ရပ်နေပါတယ်။ အလယ်မှာ ပြိုင်ပွဲစင်တစ်ခုကို တည်ဆောက်ထားပါတယ်။

ဒါက တိုက်ပွဲစင်မြင့် တစ်ခု ဖြစ်ပါတယ်။ တိုက်ပွဲစင်မြင့် တစ်ခုအတွက် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ စင်မြင့်ပေါ်က ပြုတ်ကျတဲ့ ပြိုင်ပွဲဝင်တိုင်းကို ရှုံးနိမ့်တယ်လို့ သတ်မှတ်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ တစ်ယောက်က ထွက်ပြေးပြီး ကျန်တစ်ယောက်က လိုက်ဖမ်းရင် ယှဉ်ပြိုင်ပွဲကို ဘယ်အချိန်မှာ ပြီးတော့မှာလဲ။ ဒီနေရာမှာ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ရှိနေတာကြောင့် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေရဲ့ တိုက်ပွဲကို အချိန်ကုန်ခံပြီးတော့ ဘယ်လိုလုပ်ပြီးတော့ ကြည့်နေနိုင်ကြမှာလဲ။

"ညီလေးလင်း ငါသတင်းတချို့ ရထားတယ်။ ဒီတစ်ခါတော့ ပြဿနာတက်ပြီ"

ရှန်းချန်ယွင်က ရုတ်တရက် အပြေးအလွှား ရောက်လာပြီး ကျန်တဲ့လူ ရှစ်ယောက်ကိုပါ လက်ဝှေ့ယမ်းပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံးလာပြီးတော့ နားထောင်ကြပါ"

"ဘယ်လိုပြဿနာလဲ"

မာရှန်းက မေးလိုက်ပါတယ်။

"အစ်ကိုလင်း ဒီနေရာမှာ ရှိနေမှတော့ ငါတို့က သေချာပေါက် ပထမနေရာ ရမှာပဲ"

"အဲဒါမှန်တယ်"

တခြားသူတွေကလည်း တစ်ယောက်ပြီး တစ်ယောက် ခေါင်းညိတ်လိုက်ပါတယ်။ လင်းဟန်ရဲ့ စွမ်းရည်က သူတို့အားလုံးကို လုံးဝအနိုင်ယူ နိုင်ပါတယ်။

ရှန်းချန်ယွင်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်တော့ ငါအခုလေးတင်ပဲ သတင်းတချို့ လက်ခံရရှိခဲ့တယ်။ ပြီးတော့ တခြားအင်ပါယာ နှစ်ခုက ပြိုင်ပွဲဝင်တွေရဲ့ နောက်ခံကို လေ့လာကြည့်ခဲ့တယ်။ သူတို့မှာလည်း ထူးခြားတဲ့ ပြိုင်ပွဲဝင် နှစ်ယောက် ရှိတယ်"

"သူတို့က အစ်ကိုလင်းထက် ပိုပြီးတော့ ထူးခြားနိုင်မှာတဲ့လား"

မာရှန်းက သူ့လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်ပြီး လုံးဝကို ဂရုမစိုက်တဲ့ ပုံစံပါပဲ။

ရှန်းချန်ယွင်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ထာဝရ မိုးကောင်းကင် အင်ပါယာက ပြိုင်ပွဲဝင်ဟာ ဒေါင်းမီးဘုရင်ရဲ့ မျိုးဆက်လို့ ပြောကြပြီး ကျောက်စိမ်းအင်ပါယာက တစ်ယောက်ကိုတော့ လိပ်ဘုရင်လို့ ထင်ပေါ်ကျော်ကြားတယ်။ သူက နတ်ဘုရား သားရဲဖြစ်တဲ့ လိပ်နက်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်တယ်"

ဒီအချိန်မှာတော့ အားလုံးက အနည်းငယ် လက်ခံယုံကြည်လာခဲ့ပါတယ်။ နတ်ဘုရား သားရဲတစ်ကောင် ပါဝင်တဲ့ အရာတွေ တိုက်ခိုက်ပြီဆိုရင် တိုက်ပွဲစွမ်းရည်က သာမန်မြင်တွေ့နေကျ မြင်ကွင်းမျိုး မဟုတ်ပါဘူး။

လင်းဟန်က အတော်လေးကို စိတ်ဝင်စားလာပြီး မေးလိုက်ပါတယ်။

"ငါမြင်ချင်တာ အဲဒါမျိုးပဲ"

သူက အရမ်းကို သန်မာပြီး တခြားစကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ အပေါ်မှာ အမြဲတမ်းလိုလို အားသာချက်နဲ့ လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ ဆန့်ကျင်ဘက် အနေနဲ့ သူ့ကို စိန်ခေါ်နိုင်တဲ့ နောက်ထပ်လူတစ်ယောက် ရှိတာက တကယ့်ကို အံ့အားသင့်စရာ ကောင်းပြီးတော့ ကျေနပ်ဖို့ ကောင်းပါတယ်။

ပြိုင်ဘက်ကင်း ဖြစ်ရတာက သောက်ကျိုးနည်းအောင် အထီးကျန်လွန်းပါတယ်။

လင်းဟန်က အရမ်းကို ယုံကြည်မှု ရှိနေတာကို ကြည့်ပြီးတော့ အားလုံးရဲ့ နှလုံးသားက အတော်လေး တည်ငြိမ်သွားခဲ့ပါတယ်။ လင်းဟန်က သွေးမျိုးဆက် နည်းနည်းကို အားသာချက် အနေနဲ့

မပိုင်ဆိုင်သော်လည်း သူက တကယ့်ကို ထူးခြားဆန်းကြယ်လွန်းပါတယ်။

"ဧကရီ ဘုရင်မ ကြွလာပြီ"

အမျိုးသမီး အရာရှိ တစ်ယောက်က ကျယ်လောင်စွာနဲ့ ကြေညာလိုက်ပြီး သူမရဲ့ အသံက လေ့ကျင့်ရေး ကွင်းပြင် တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ပါတယ်။

ဧကရီ ဘုရင်မ ကြွချီလာတာကို ကြိုဆိုနှုတ်ဆက်ဖို့အတွက် အားလုံးက မတ်တပ်ထရပ် လိုက်ကြပါတယ်။

လင်းဟန်က တောင်ဘက်ပွဲကြည့်စင်ဘက်ဆီ ကြည့်လိုက်ပါတယ်။ သူက ဘာကိုမှ မမြင်ရပါဘူး။ အဲဒါက သူ့ကို စိတ်ပျက်လက်ပျက် ဖြစ်သွားစေမိပါတယ်။

ပွဲကြည့်စင်မြင့် အထက်မှာ အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါတယ်။ ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီဘုရင်မဟာ သူမရဲ့ အံ့မခန်း ခွန်အားအတွက် ကမ္ဘာတစ်ခုလုံး ထင်ပေါ်ကျော်ကြားတဲ့ အပြင် သူမရဲ့ ထူးကဲတဲ့ အလှတရားက တခြားဧကရာဇ် နှစ်ပါးရဲ့ နှလုံးသားတွေ အပေါ်မှာတောင် အနိုင်ရရှိခဲ့ပါတယ်။ ဘယ်သူကများ သူမကို မကြည့်ပဲ နေချင်မှာလဲ။ တည်နေရာကြောင့် သနားစရာ

ကောင်းနေပြီး ပွဲကြည့်စင်မြင့် သုံးခုပေါ်က လူတွေပဲ ကေရီ ဘုရင်မရဲ့ အစစ်အမှန် မျက်နှာကို တွေ့မြင်နိုင်စွမ်း ရှိပါတယ်။

"စ စ စကြမယ်"

တုန်ရီနေတဲ့ အသံတစ်ခု ထွက်ပေါ်လာပါတယ်။ အဲဒါက သေချာပေါက် နံပါတ်ကိုး ဘုရင်ရဲ့ အသံပါပဲ။

တကယ့်ကို သေချာပါတယ်။ နံပါတ်ကိုး ဘုရင်နဲ့ ကေရီ ဘုရင်မက ညီအစ်မတွေနဲ့ တူညီပြီး ဒီအသံက တောင်ဘက်ပွဲကြည့်စင်မြင့် အထက်ကနေ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

"အရင်ယှဉ်ပြိုင်ပွဲတုန်းက အနိုင်ရ ဗိုလ်စွဲခဲ့တာက ထာဂရ မိုးကောင်းကင် အင်ပါယာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ခုခံကာကွယ်ရ ပါလိမ့်မယ်။ အရင်ယှဉ်ပြိုင်ပွဲမှာ ဒုတိယနေရာကို ရခဲ့တာက ကြယ်ဥက္ကာ အင်ပါယာက ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ပထမဆုံး တိုက်ခိုက်မှုကို ဦးဆောင် ရပါမယ်။ ကျောက်စိမ်းအင်ပါယာကတော့ ဒုတိယမြောက် တိုက်ခိုက်ရပါလိမ့်မယ်"

နံပါတ်ကိုး ဘုရင်က သူမရဲ့ စိတ်လှုပ်ရှားမှုတွေကို ထိန်းလိုက်ပြီးတဲ့နောက်မှာ သူမရဲ့ နောက်ထပ်စကားတွေက တုန်ခါမှု မရှိတော့ပါဘူး။

အင်ပါယာ သုံးခုက သူတို့ရဲ့ ပြိုင်ပွဲဝင်တွေကို အမိန့်အတိုင်း စီစဉ်ထားပါတယ်။ ဒါကြောင့် နံပါတ်ကိုး ဘုရင်ရဲ့ အသံဆုံးသွားတာနဲ့ ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ ပြိုင်ပွဲဝင် တစ်ယောက်က စင်မြင့်ပေါ်ကို ခုန်တက်လာခဲ့ပါတယ်။ တစ်ဖက်မှာ ကြယ်ဥက္ကာ အင်ပါယာရဲ့ ပြိုင်ပွဲဝင်တစ်ယောက်ဖြစ်တဲ့ မိုရှင်းက တိုက်ခိုက်ဖို့ ပြင်ဆင်လိုက်ပါတယ်။

လင်းဟန်က သိပ်ပြီးတော့ စိတ်မဝင်စားပါဘူး။ သူက အစွမ်းထက်ဆုံး ဖြစ်တာနဲ့အညီ နောက်ဆုံးမှ တိုက်ခိုက်ရမှာ ဖြစ်ပါတယ်။ သူ့အလှည့်ကိုရောက်ဖို့ အချိန်တွေ လိုပါသေးတယ်။ သူက တစ်ဖက်မှာ လူဘယ်နှစ်ယောက် ကျန်တယ်ဆိုတာကို စိတ်မဝင်စားပါဘူး။

သူက သာမန်ပွဲကြည့်စင်ထဲကို ရှာဖွေလိုက်ပါတယ်။ မကြာခင်မှာ စွေ့ရန်ယွီကို တွေ့မြင် သွားခဲ့ပါတယ်။ သူမက သင်တန်းကျောင်းက တခြားသူတွေနဲ့အတူ ရောက်လာခဲ့ပါတယ်။ လင်းဟန်ရဲ့ စိုက်ကြည့်မှုကို တွေ့မြင်သွားပြီးတဲ့ နောက်မှာတော့ သူမအနားက

မိန်းကလေး အဖော်တွေ တော်တော်များများက ရုတ်တရက် ရယ်မောပြီးတော့ စွေ့ရန်ယွီကို စနောက်နေပြီး စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်နှာမှာ ရှက်သွေးတွေနဲ့ နီရဲသွားစေခဲ့ပါတယ်။

လင်းဟာန်က လျိုလွီကို နောက်တစ်ကြိမ် တွေ့မြင်လိုက်ပါတယ်။ သူက သက်လတ်ပိုင်းအရွယ် လူတွေနဲ့ အဘိုးကြီးတွေရဲ့ အနောက်မှာ ထိုင်နေပါတယ်။ လင်းဟာန်ရဲ့ အကြည့်ကို တွေ့သွားပြီးတဲ့ နောက်မှာ သူ့ရဲ့အကြည့်တွေက အတော်လေး ထူးဆန်းလို့ လာခဲ့ပါတယ်။ အဲဒါက ဒေါသတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါပေမဲ့ သူ့ကိုယ်သူလည်း အတော်လေး ကျေနပ်မှုတွေ ဖြစ်ပေါ်နေပုံ ရပါတယ်။

ဒါပေမဲ့လည်း အဲဒီသက်လတ်ပိုင်း အရွယ်နဲ့ အကြီးအကဲတွေက လင်းဟာန်ဆီကို အေးစက်စက်နဲ့ ကြည့်လိုက်တဲ့ အခါမှာ သူတို့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေကို နည်းနည်းလေးမှ မဖုံးကွယ် နိုင်ခဲ့ပါဘူး။

သူတို့အားလုံးက လျိုကလန်ရဲ့ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။

ဒါကြောင့် သူတို့တွေ ဘာဖြစ်လို့ ငါ့ကို အရမ်းမုန်းတီးနေလဲဆိုတဲ့ အကြောင်းပြချက်ပဲပေ့ါ။

လင်းဟာန်ကသူ့ကိုယ်သူ တွေးလိုက်ပါတယ်။

"ဒါဆိုရင်လည်း ခင်ဗျားတို့အားလုံး ကျုပ်ရဲ့ ချိုမြိန်တဲ့ အောင်ပွဲကို စောင့်ပြီးတော့ ကြည့်နေတာက ကျုပ်ကို ပိုပြီးတော့တောင် ပျော်ရွှင်ဖို့ အကူအညီ ဖြစ်တာပေါ့"

Chapter 939 end

အပိုင်း(940) ပြိုင်ဘက်ကင်းတဲ့ ခုခံမှုလား

တိုက်ပွဲက အရမ်းကို လျင်မြန်ပါတယ်။

သေးငယ်တဲ့ စင်မြင့်တစ်ခုမှာ ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့အခါ လှုပ်ရှားမှု နည်းစနစ်တွေအတွက် နေရာလွတ်က သိပ်မရှိပါဘူး။ တိုက်ကွက်အနည်းငယ် အတွင်းမှာပဲ ပြိုင်ပွဲဝင်သူတွေက အနီးကပ် တိုက်ခိုက်မှုတွေ ဖြစ်ကုန်ပါတယ်။ ဒါပေမဲ့ နာရီဝက် နည်းနည်းအကျော်မှာတော့ ကြယ်ဥက္ကာ အင်ပါယာဘက်မှာ လူသုံးယောက်ပဲ ကျန်ပါတော့တယ်။ ပြီးတော့ ကျန်တဲ့ နှစ်ဖက်မှာတော့ အများကြီး မကွာခြားပါဘူး။

လင်းဟာန်ကလွဲပြီးတော့ အချက်အလက်တွေကနေ သက်သေပြနေတာက ဒီလိုမွန်းစတားမျိုးက မကြာခဏ

ထွက်ပေါ်လာခဲ့ပါတယ်။ အင်ပါယာ သုံးခုရဲ့ ထိပ်တန်းအဆင့် ပါရမီရှင်တွေက အနည်းနဲ့ အများတော့ တူညီကြပါတယ်။

မာရှန်းလည်း ရှုံးနိမ့်သွားတဲ့ အချိန်မှာ ရီချန်ယွင်က တိုက်ခိုက်ဖို့ အရေ့ကို ထွက်လာခဲ့ပါတယ်။ သူက အင်ပါယာ နှစ်ခုက ပြိုင်ဘက်လေးယောက်ကို အနိုင်ယူခဲ့ပြီး ထာဂရ မိုးကောင်းကင် အင်ပါယာက အဖွဲ့ရဲ့ ခေါင်းဆောင်ကို ထွက်လာအောင် ဖိအားပေးနိုင်ခဲ့ပါတယ်။

အဲဒါက အမျိုးသမီး တစ်ယောက် ဖြစ်ပါတယ်။

သူမက ကျစ်လျစ်တဲ့ ခန္ဓာကိုယ်နဲ့ ချောမောလှပတဲ့ ပုံပန်းသွင်ပြင်ရှိပြီး ရှည်လျားတဲ့ ဆံပင်တွေက တဖြောင့်တည်း အောက်ကို စီးကျနေပါတယ်။ သူမရဲ့ ဂတ်ဆင်မှ ပုံစံကလည်း အရမ်းကို လန်းဆန်းနေပါတယ်။ သူမရဲ့ ရင်သားတွေက တောင်သေးသေးလေး နှစ်ခုလို ဖွံ့ထွားစွံ့ကားလို့ နေပါတယ်။ သူမရဲ့ ခါးကလည်း သေးသွယ်ကျစ်လစ်ပြီး အသားအရည်က ကောင်းမွန်တဲ့ ကျောက်စိမ်းတုံး တစ်တုံးလိုမျိုး ချောမွေ့လို့ နေပါတယ်။

သူမရဲ့ အောက်ပိုင်းမှာ ဒူးအောက်ပိုင်းကနေ ဖြတ်ထားတဲ့ သားရေဘောင်းဘီကို ဝင်ဆင်ထားပြီး အပြစ်အနာအဆာကင်းတဲ့

ခြေသလုံးသားလေးတွေကို တွေ့မြင်ရပါတယ်။ သားရေဘောင်းဘီက အနက်ရောင် ဖြစ်နေတာကြောင့် ခြေသလုံးသားတွေရဲ့ ဖြူဖွေးမှုကို ပိုပြီးတော့တောင် ထင်းခနဲ လင်းခနဲ မြင်ရပါတယ်။

သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းကလည်း အရမ်းကို ပြီးပြည့်စုံပါတယ်။ သူမမှာ ပြည့်ဖြိုးပြီး ဖွံ့ထွားတဲ့ ကိုယ်လုံးကိုယ်ပေါက်တစ်ခု ရှိပြီးတော့ ဂစ်တာရှိတ်ပုံစံ ခန္ဓာကိုယ် ကောက်ကြောင်းက မြင်တဲ့သူကို ကိုက်ကြည့်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာစေပါတယ်။ သူမရဲ့ ဘောင်းဘီက အရောင်တလက်လက် တောက်ပမှုကြောင့် သူမရဲ့ တင်ပါးတွေက ပိုပြီးတော့တောင် ကြွရွပြီး လှပနေပါတယ်။

"ထာဂရ မိုးကောင်းကင် အင်ပါယာက ယွဲ့ယောင်အာ"

သူမက လက်သီးဆုပ်ပြီးတော့ နုတ်ဆက်လိုက်ပါတယ်။

ရီချန်ယွင်က မှင်တက်အံ့သြတဲ့ အမူအရာ နည်းနည်း ဖြစ်ပေါ်သွားပြီး သူလည်း ပြန်နုတ်ဆက် လိုက်ပါတယ်။

"ကြယ်ဥက္ကာ အင်ပါယာက ရီချန်ယွင်"

"ကျေးဇူးပြုပြီး"

"ကျေးဇူးပြုပြီး"

လောကဂတ် ထုံးတမ်းပြုပြီးတဲ့ အခါမှာ ယွဲ့ယောင်အာက ချက်ချင်းပဲ တိုက်ခိုက်မှုကို စတင်လိုက် ပါတယ်။ သူမရဲ့ ပုံရိပ်က လွှားခနဲ ခုန်ဂင်လာပြီး အနောက်မှာ အလင်းရောင်တန်း တစ်ခုတောင် ဖြစ်ပေါ်သွားခဲ့ပါတယ်။ သူမရဲ့ အမြန်နှုန်းက အရမ်းကို ပေါ့ပါးဖျတ်လတ်ပြီး တစ်စက္ကန့် အတွင်းမှာ ရီချောင်ယွင်ရဲ့ အရှေ့မှာ ပေါ်လာပြီးတော့ သူမရဲ့ လက်ဝါးနဲ့ အရှေ့ကို တွန်းထုတ်လိုက်ပါတယ်။

ရီချန်ယွင်က ကျဉ်းထဲကျပ်ထဲ ရောက်သွားပါတယ်။ ဒီအမြန်နှုန်းက သူခန့်မှန်းထားတာထက် ပိုလွန်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူမက တစ်ဖက်အဖွဲ့ရဲ့ ကာကွယ်ရေး ခေါင်းဆောင် ဖြစ်ပြီး သူက သူမရဲ့ ခွန်အားကို အံ့သြဖွယ်ရာ ကောင်းလိမ့်မယ်လို့တော့ မျှော်လင့်ထားပါတယ်။ ဘယ်လိုဖြစ်ဖြစ် သူကလည်း စကြဂဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့် တစ်လုံးရှိတဲ့ လူတစ်ယောက် ဖြစ်ပြီး သူ့ခွန်အားကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ သူက ချက်ချင်းပဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ့ပြိုင်ဘက်ဆီကို ထိုးချလိုက်ပါတယ်။

ပုန်း။

လက်သီးနဲ့ လက်ဝါး ထိမိသွားပေမဲ့လည်း ရီချန်ယွင်က ချက်ချင်းဆိုသလို ဖြစ်ပေါ်လာတဲ့ အားလိုင်းရဲ့ အကျိုးဆက်ကြောင့် လွင့်ထွက်သွားပြီး စင်မြင့်အောက်ဘက်ကို ကျသွားခဲ့ ပါတယ်။

မျှော်လင့်မထားမိပဲ သူက သူ့ပြိုင်ဘက်နဲ့ လက်ရည်မတူခဲ့ပါဘူး။

လင်းဟာန်ရဲ့ မျက်လုံးတွေက တောက်ပလာခဲ့ပါတယ်။ ဒီမိန်းကလေး ဖော်ပြသွားတဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နစ်ဆယ့်တစ်လုံးထက် နည်းနည်းလေးပဲ ပိုပြီးတော့ ကြယ်နှစ်ဆယ့် နှစ်လုံးတောင် မရောက်ပါဘူး။ ဒါပေမဲ့ သူမကလည်း တကယ်တော့ လျှို့ဝှက်နည်းစနစ်တွေ နည်းနည်းမှ အသုံးမပြုခဲ့ပါဘူး။ အဲဒါကိုကြည့်ရင် သူမရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ့် နှစ်လုံး ဒါမှမဟုတ် နှစ်ဆယ့်သုံးလုံးကိုတောင် ရောက်ရှိနိုင်ချေ ရှိပါတယ်။

ရီချန်ယွင်ရဲ့ ရှုံးနိမ့်မှုနဲ့အတူ ကျောက်စိမ်းအင်ပါယာက သူတို့ရဲ့ ခေါင်းဆောင်ကို စေလွှတ်ရမဲ့ အလှည့်ကို ဖြစ်ပါတယ်။

"ကျောက်စိမ်းအင်ပါယာက ကျောင်းဟိုင်"

သူက အရမ်းကို ထူးဆန်းတဲ့ ပုံသဏ္ဍာန်တစ်ခုနဲ့ ယောက်ျားတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်

တည်ဆောက်ပုံက အရပ်မပုပေမဲ့ သူက ခါးနည်းနည်း ကုန်းနေပါတယ်။ သူ့ရဲ့ နောက်ကျောက လိပ်တစ်ကောင်ရဲ့ ကျောကုန်းနဲ့ တူပါတယ်။ အဲဒါက ပြားနေတဲ့အပြင် ဘဲဥပုံစံ လုံးဝန်းတဲ့ ပုံစံတစ်ခုလည်း ရှိပါတယ်။

လိပ်နက်ရဲ့ မျိုးဆက်တစ်ယောက်။ ဒါက တကယ်ပဲ တစ်ဆင့်စကား ကောလာဟလ တစ်ခု သက်သက် မဟုတ်ပါဘူး။

အဲဒီနောက် သူတို့နှစ်ယောက်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက်ပါတယ်။ မျှော်လင့် ထားသလိုပဲ ယွဲ့ယောင်အာက တိုက်ခိုက်မှုမှာ အသာစီး ရပေမဲ့ ကျောင်းဟိုင်က လိပ်နက်ရဲ့ ခုခံမှု စွမ်းရည်တွေကို အမွေဆက်ခံ ရရှိထားပါတယ်။ ဘယ်လောက်ပဲ တိုက်ခိုက်မှုက သူ့ဆီကို အားကောင်းကောင်းနဲ့ ရောက်လာပါစေ သူက သူ့နောက်ကျောကို လှည့်လိုက်ရုံပဲ လိုပါတယ်။ ပြီးတော့ အဲဒီ လိပ်ပုံစံ ကျောကုန်းက ဘယ်လိုတိုက်ခိုက်မှုကိုမဆို လွယ်လွယ်နဲ့ ခံယူနိုင် ပါတယ်။

သူ့ကို ထိခိုက်ဒဏ်ရာ ရစေမဲ့ တစ်ခုတည်းသော နည်းလမ်းက အနားကိုကပ်ပြီးတော့ သူ့ကို အနီးကပ် တိုက်ခိုက်ပြီး သူ့ကို လှည့်ခွင့်အချိန် မပေးဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အနီးကပ် တိုက်ခိုက်တာက အရမ်းကို အန္တရာယ်ရှိပါလိမ့်မယ်။ ပြီးတော့ မူလစွမ်းအင် ကျင့်ကြံသူ တစ်ယောက်အတွက် မသင့်တော်ပါဘူး။ အဲဒါက ခန္ဓာကိုယ် ကျင့်စဉ် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ခိုက်နည်းဗျူဟာဖြစ်ပါတယ်။

ယွဲ့ယောင်အာရဲ့ ခွန်အားက သိသိသာသာ ပေါ်လွင်လာခဲ့ပါတယ်။ သူမက နူးညံ့ညင်သာစွာနဲ့ ပြောလိုက်ပါတယ်။

"ဒေါင်းငှက်ရဲ့ ငှက်မွေးနဲ့ စကြဝဠာကို ဖျက်ဆီးခြင်း"

ရုတ်တရက် သူမရဲ့က နောက်ကျောပေါ်မှာ လှပတဲ့ ငှက်တောင်ပံ ဖြန့်ကားလာခဲ့ပြီး ဒေါင်းငှက် တစ်ကောင်က သူ့အတောင်တွေကို ဖြန့်ကျက်လိုက်သလိုမျိုးနဲ့ တူပါတယ်။ သူ့ရဲ့အမြီးက အရောင်တွေ တလက်လက် တောက်ပလို့ နေပါတယ်။ အဲဒီနောက် ငှက်မွေး စုစုပေါင်း 72 ချောင်းနဲ့ ကျောင်းဟိုင်ဆီကို တစ်ပြိုင်နက်တည်း ပစ်လွှတ်လိုက်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ လုံးဝကို ခုခံကာကွယ်နိုင်တာမျိုးက မရှိပါဘူး။ လုံလောက်တဲ့ အစွမ်းထက် တိုက်ခိုက်မှု တစ်ခုနဲ့ မကြုံရသေးလို့ပဲ ဖြစ်ပါလိမ့်မယ်။

ကျောင်းဟိုင်က သရော်ပြုံး ပြုံးလိုက်ပြီးတော့ သူ့ခန္ဓာကိုယ်ကို အရင်အတိုင်းပဲ လှည့်လိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ် လှည့်တဲ့အခါ သူ့နောက်ကျောက ရုတ်တရက် ဖုဖောင်းလာခဲ့ပြီး သူ့အဝတ်အစားတွေ စုတ်ပြဲပြီးတော့ လုံးဝန်းတဲ့ လိပ်ခွံတစ်ခုပုံစံ ထွက်ပေါ်လာ ခဲ့ပါတယ်။ လိပ်ခွံရဲ့ မျက်နှာပြင်ပေါ်မှာ နတ်ဘုရား သင်္ကေတတွေ ရှိနေပြီးတော့ အခုအချိန်မှာ အလင်းရောင်တွေ ထွက်ပေါ်ပြီး ရောယှက်လို့ နေပါတယ်။

သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာပဲ ရှိတယ်ဆိုတာ သိသာထင်ရှားပါတယ်။ ဒါနဲ့တောင် သငှက နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းနေနိုင်ပါတယ်။ ဒါက နည်းပါတယ် ဆိုပေမဲ့ သူတို့ရဲ့ စွမ်းအားက နိုင်းယှဉ်လို့ မရအောင် အံ့သြဖွယ်ရာ ကောင်းလွန်းပါတယ်။

သူ့ရဲ့သွေးမျိုးဆက်က သူ့ကို တန်ခိုးရှင်အဆင့် စွမ်းအားကို ပိုင်ဆိုင်ခွင့် ပြုထားပါတယ်။

ရှူပ် ရှူပ် ရှူပ် ရှူပ်။

ငှက်မွေးတောင်တွေက လိပ်ခွံဆီကို ပြေးဝင်လာပြီး တောက်ပတဲ့ အလင်းရောင်တွေ ဝင်းလက်လို့ လာခဲ့ပါတယ်။

ငှက်မွေးအများအပြား ပစ်လွှတ်လိုက်ပေမဲ့ ကျောင်းဟိုင်ကတော့ ထိခိုက်မှုလုံးဝ မရှိပါဘူး။

"ဟားဟားဟားဟား"

ကျောင်းဟိုင်က ပြန်ပြီးတော့ တိုက်ခိုက်ဖို့ လုပ်ရှားလိုက်ပါတယ်။ ဒါပေမဲ့ သူက တိုက်ခိုက်မှု မလုပ်ပဲ သူ့ရဲ့လိပ်ခွံကို ဒိုင်းတစ်ခုပုံစံမျိုး အသုံးချပြီးတော့ ယွဲ့ယောင်အာဆီကို ဂင်ဆောင့် ပစ်လိုက်ပါတယ်။

သူ့ရဲ့ရည်ရွယ်ချက်က အရမ်းကို သိသာပါတယ်။ သူက ယွဲ့ယောင်အာကို စင်မြင့်ထက်ကနေ ပြုတ်ကျအောင် လုပ်ချင်နေပါတယ်။ အဲဒီနောက် သူက မတိုက်ခိုက်ပဲ အနိုင်ရပါနိုင်ပါတယ်။

ဒါက အရမ်းကို လက်သီးပုန်းထိုးတယ်လို့ ပြောလို့ရပေမဲ့ အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။

လိပ်ခွံရဲ့ ခုခံမှု စွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။ နောက်ပြီးတော့ အဲဒီအပေါ်မှာ နတ်ဘုရား သင်္ကေတတွေလည်း ရှိပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် သက်ရှိတွေက အဲဒါနဲ့ တစ်ခါလောက် ဂင်ဆောင့်ခံလိုက်ရရင် လုံးဝကို နာကျင်သွားပါလိမ့်မယ်။ ယွဲ့ယောင်အာက

ထောင့်တစ်ခုကို ဖိအားပေး တွန်းပို့ခံလိုက်ရတဲ့ အချိန်မှာ အဲဒါက သူမကို ရှုံးနိမ့်သွားတဲ့ သဘော သက်ရောက်သွားပါတယ်။

သူမက စင်မြင့်ကနေ အောက်ကို ပြုတ်ကျသွားခဲ့ပါတယ်။

ယွဲ့ယောင်အာကို ကြည့်ရတာ ဒေါသထွက်နေပုံ ရပါတယ်။ စစ်မှန်တဲ့ တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင် သူမက သေချာပေါက် ကျောင်းဟိုင်ထက် မနိမ့်ကျပါဘူး။ ဒါပေမဲ့ သူမက ပြိုင်ပွဲ စင်မြင့်တစ်ခု အပေါ်မှာ တိုက်ခိုက်တဲ့ အခါမှာတော့ အရမ်းကြီး အားသာချက် မရှိပဲ သူမရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှု ခွန်အားကလည်း အသုံးမဝင်ပါဘူး။

ပြိုင်ပွဲရဲ့ ဒီအလှည့်အပြောင်းနဲ့အတူ ထာဂရ မိုးကောင်းကင် အင်ပါယာက ဒီတစ်ကြိမ်မှာ တတိယ အဆင့်ပဲ ရရှိပါလိမ့်မယ်။ ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာနဲ့ ကျောက်စိမ်း အင်ပါယာတို့ရဲ့ ပထမ နေရာအတွက် ယှဉ်ပြိုင်မှုကို ဘေးကနေ ထိုင်ပြီးတော့ စောင့်ကြည့်ရုံပဲ တတ်နိုင်ပါတယ်။

ကျောင်းဟိုင်ရဲ့ ဟန်ပန်အမူအရာက ပရိသတ်ဆီက မနှစ်သက်တာကြောင့် ရှူးရှူးဆိုပြီးတော့ အော်ဟစ်သံတွေ အများအပြား ရရှိတာကြောင့် စိတ်ဆိုးနေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အလှပဂေးတွေဆိုတာ အစကတည်းက

ပရိသတ်တွေ အများအပြားကို ဆွဲဆောင်နိုင်ပါတယ်။ အခု အားလုံးက ဘေးကနေ ယွဲ့ယောင်အာကို ထောက်ခံအားပေး နေကြပါတယ်။ သူတို့က ကျောင်းဟိုင်ကို စင်မြင့်ထက်ကနေ ဆင်းသွားဖို့ လှုံ့ဆော်တဲ့ အနေနဲ့ ဘူး ဘူး ဆိုပြီးတော့ လှောင်ပြောင်နေကြပါတယ်။

ဒါပေမဲ့ ကျောင်းဟိုင်ရဲ့ မျက်နှာက သူ့ရဲ့လိပ်ခွံလိုပဲ အရေခွံထူပါတယ်။ ပြီးတော့ သူက စင်မြင့်ထက်မှာ နည်းနည်းမှ ရှက်ရွံ့ပုံမရပဲ မတ်တပ်ရပ်နေပါတယ်။ အဲဒီအစား သူက လင်းဟန်ဆီကို လှည့်ပြီးတော့ သူ့ကို လက်ညှိုး တစ်ချောင်းနဲ့ စိန်ခေါ်ပြီး လှောင်ပြောင်တဲ့ ပုံစံမျိုး လုပ်လိုက်ပါတယ်။

"စီနီယာ အစ်ကိုလင်း သူ့ကို ချေမှုန်းပစ်လိုက်ဗျာ"

ကြယ်ဥက္ကာ အင်ပါယာက လူတွေအားလုံး ဒေါသထွက်ကုန်ပါတယ်။ သူက အရမ်းကို မောက်မာ လွန်းပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ စင်မြင့်ရဲ့ အရှေ့ကို ဖြည်းဖြည်းလေး လျှောက်သွားပြီး လေကားထစ်ပေါ် တက်လိုက်ပါတယ်။ သူ့ပုံစံက မနေးမမြန်ပဲ အရမ်းကို တည်ငြိမ်နေတဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

"မြန်မြန်လာကွာ။ မင်းရှုံးသွားတာနဲ့ ငါတို့က နံပါတ်တစ်
ဖြစ်တော့မယ်"

ကျောင်းဟိုင်က ဘဝင်မြင့်စွာနဲ့ ပြောလိုက်တယ်။

လင်းဟာန်က မနှေးလွန်း မမြန်လွန်းပဲ တက်လာပါတယ်။
သူ့ရဲ့စိတ်ဝိညာဉ်က ခိုင်မာပြီး တခြားသူတွေက ဘယ်လိုလုပ် သူ့ကို
ရုပ်ထွေးအောင် လုပ်နိုင်မှာလဲ။ သူက စင်မြင့်ထက်ပေါ်ကို
ခြေချပြီးတော့ လောကဂတ် ထုံးစံအတိုင်း နှုတ်ဆက်လိုက်ပါတယ်။

"ကြယ်ဥက္ကာ အင်ပါယာက လင်းဟာန်"

"ကျောက်စိမ်း အင်ပါယာက ကျောင်းဟိုင် ကျေးဇူးပြုပြီး"

"ကျေးဇူးပြုပြီး"

တူညီစွာ နှုတ်ဆက်ပြီးတဲ့ နောက်မှာ ကျောင်းဟိုင်က ချက်ချင်းပဲ
အရုပ်ဆိုး အကျည်းတန်တဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။
လက်သီးတစ်ချက်ကို ဝှေ့ယမ်းပြီး သူက လင်းဟာန်ဆီကို
တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပါတယ်။

လင်းဟာန်က သူ့လက်ကို ဝိုက်ပြီးတော့ ခုတ်ချတဲ့ ဟန်ပန်မျိုး
တစ်ခုကို သာမန်ကာလျှံကာ လုပ်ရှားပြီး ဓားချီအလင်းတစ်ခုက
ထွက်ပေါ်လာကာ အဲဒီလက်သီးနဲ့ ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

"မင်းမှာ အစွမ်းတချို့တော့ ရှိသားပဲ"

ကျောင်းဟိုင်က အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ သူ့ရဲ့ စောစောက လက်သီးက ရေတွေကို စမ်းသပ်ရုံ သက်သက်ပါပဲ။ သူ့ရဲ့ အမူအရာက အာရုံစိုက်တဲ့ပုံစံ ဖြစ်လာပြီး သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။ သူ့ရဲ့ နဂိုက အဖြူနဲ့အနက် မျက်လုံးတွေက လူသေ တစ်ယောက်ရဲ့ မျက်လုံးတွေလို အဖြူရောင်ကို ပြောင်းလဲသွားပါတယ်။

"ပင်လယ်ဒေါသ လက်သီး"

သူက မာန်သွင်းအော်ဟစ်ပြီးတော့ ရုတ်ချည်းဆိုသလို သူ့လက်သီးတွေနဲ့ တရစပ် တိုက်ခိုက် လိုက်ပါတယ်။ ချက်ချင်းဆိုသလို အသံလှိုင်းတွေ ထွက်ပေါ်လာပြီး ပင်လယ်လှိုင်းလုံး ပုံရိပ် တစ်ခုက လင်းဟာန်ဆီကို ပြေးဝင်လာပါတယ်။

"စကြဝဠာ ဖျက်ဆီးခြင်းအဆင့် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ့်နှစ်လုံး။ နှစ်ဆယ့် သုံးလုံး အနားကို ကပ်လုနီးနီးပဲ"

လင်းဟန်က သူ့နှလုံးသားထဲကနေ တွက်ချက်ကြည့်ပါတယ်။ ဒါပေမဲ့ သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်က အခုဆိုရင် ဘယ်လောက်တောင် ရောက်ရှိနေပြီလဲ။

"သွားစမ်း"

လင်းဟန်က လက်ဝါးတစ်ချက် အရှေ့ကို ရိုက်ထုတ်လိုက်ပါတယ်။ ရွှေရောင်အလင်းတန်း တစ်ခုက တလက်လက် တောက်ပပြီး ပင်လယ်လိုင်းလုံး ပုံရိပ်ကို တန်းပြီးတော့ နှစ်ခြမ်းကွဲ သွားပြီးတော့ ကျောင်းဟိုင်ဆီကို ဆက်ပြီးတော့ တိုးဝင်သွားပါတယ်။

ကျောင်းဟိုင်ရဲ့ မျက်နှာက ချက်ချင်းပဲ အံ့အားသင့်သွားတဲ့ အကြည့်တစ်ချက် ဖြစ်ပေါ်သွား ခဲ့ပါတယ်။ သူ့ပြိုင်ဘက်ရဲ့ ဒီတိုက်ခိုက်မှုက သူ့ရဲ့ ပင်လယ်ဒေါသ လက်သီးတွေကို လွယ်လွယ်နဲ့ ချိုးဖြတ်ပစ်နိုင်စွမ်း ရှိတယ်ပေါ့လေ ဟုတ်လား။ သူက ရုတ်ချည်းဆိုသလို ချာခနဲ လှည့်လိုက်ပါတယ်။ ဒါက တူညီတဲ့ လှည့်ကွက်ပေါင်းကိုပဲ ကစားနေတာ ဖြစ်ပါတယ်။ သူ့ရဲ့ ပင်ကိုယ်ခုခံကာကွယ်နိုင်စွမ်းကို အားသာချက်အဖြစ် အသာစီးရအောင် ယူရပါမယ်။

ဟုန်း။

လင်းဟန်ရဲ့ လက်ဝါးက လိပ်ခွံအပေါ်ကို ဖိကပ်လာခဲ့ပါတယ်။ ပုံရိပ်နှစ်ခုစလုံးက သူတို့ရဲ့ နေရာမှာပဲ အေးခဲသွားသလိုပုံစံမျိုး ဖြစ်သွားပြီး လိပ်ခွံအပေါ်မှာ နတ်ဘုရား သင်္ကေတတွေက တလက်လက် တောက်ပလာတာ တစ်ခုတည်းကိုပဲ တွေ့မြင်ရပါတယ်။

နောက်တစ်ကြိမ် တားဆီးလိုက်ပြီလား။

ပရိသတ်တွေ အားလုံးက စိတ်ပျက်လက်ပျက် ဖြစ်ကုန်ပါတယ်။ သူတို့တွေက လင်းဟန်ကို အောင်ပွဲရဖို့ မျှော်လင့်နေကြတာ ဖြစ်ပါတယ်။ ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ လူတွေတောင်မှ လင်းဟန်ကို အနိုင်ရစေချင် နေကြပါတယ်။

ခရက်။

အက်ကွဲသံ တစ်ခုကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရပြီး လိပ်ခွံအပေါ်မှာ အက်ရာတစ်ခု ဖြစ်ပေါ် လာတာကို တွေ့မြင်နိုင်ပါတယ်။ အဲဒီနောက် အက်ရာက ပင့်ကူအိမ်တစ်ခုလို ဖြစ်လာပြီးတော့ ချက်ချင်းဆိုသလို လိပ်ခွံတစ်ခုလုံးကို အက်ရာတွေ ဖုံးသွားပါတယ်။

အဲဒီနောက် ကြွေထည်ပစ္စည်းတစ်ခုလိုမျိုး အပိုင်းပိုင်း ပဲ့ကြွေကျလာခဲ့ပါတယ်။

Chapter 940 end

အပိုင်း(941) ကေရီ ဘုရင်မ ဆင့်ခေါ်ခြင်း

အဲဒါက ပျက်စီးသွားတယ်။

လိပ်ဆိုတာ ပုံမှန်သက်ရှိတွေ အထဲမှာ အစွမ်းထက်တဲ့ ခုခံကာကွယ်မှုအတွက် စံထားရတဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင် ဒါမှမဟုတ် ခြင်္သေ့တစ်ကောင်တောင် လိပ်တစ်ကောင်ရဲ့ အခွံနဲ့ ရင်ဆိုင်ရတဲ့အခါ ဘာမှမလုပ်နိုင်ပါဘူး။ နောက်ပြီးတော့ မိစ္ဆာသားရဲ အဆင့်ကို ဝင်ရောက်ပြီးတဲ့နောက်မှာ လိပ်တစ်ကောင်ရဲ့ ခုခံနိုင်စွမ်းက အဆင့်တက်လာခဲ့ပါတယ်။

မိစ္ဆာသားရဲ တစ်ကောင်က အမြင့်ဆုံး အဆင့်ထိ ကျင့်ကြံအားထုတ်ပြီးတဲ့ အခါမှာ နတ်ဘုရား သားရဲတစ်ကောင် အဆင့်ကို ရောက်ရှိပါလိမ့်မယ်။ ပြီးတော့ သူ့တို့ရဲ့ ခုခံကာကွယ်နိုင်စွမ်းက ပိုပြီးတော့ မယုံနိုင်စရာ ကောင်းပါတယ်။

ကျောင်းဟိုင်က သာမန်မွေးဖွားလာတာ မဟုတ်ပဲ ရှေးဟောင်းနတ်ဘုရား သားရဲဖြစ်တဲ့ လိပ်နက်ရဲ့ သွေးမျိုးဆက် နည်းနည်းကို ပိုင်ဆိုင်ထားပါတယ်။ ဒါက သူ့ရဲ့ခုခံမှုမှာ ရောင်ပြန်ဟပ် ပါတယ်။ သူ့ရဲ့ နောက်ကျောမှာ နတ်ဘုရားရဲ့ ပိုင်နက်လို့ ခေါ်တဲ့ အစက်အပြောက် တစ်ခု ရှိပါတယ်။ ဘာဖြစ်လို့ အဲဒီလို ခေါ်လဲဆိုတော့ တန်ခိုးရှင်တွေပဲ သူ့ရဲ့ခုခံမှုကို ချိုးဖျက်နိုင်စွမ်း ရှိတာကြောင့် ဖြစ်ပါတယ်။

စင်မြင့်ပေါ်ကို ကြည့်ပြီးတော့ ပရိသတ်တွေ အားလုံး အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဟနေကြပါတယ်။ တောင်မြစ်အဆင့်နဲ့ နေလအဆင့် လက်ရွေးစင် တော်တော်များများတောင် မယုံကြည်နိုင်အောင် ဖြစ်နေကြပါတယ်။

လင်းဟန်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေသေးတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ရဲ့တိုက်ပွဲစွမ်းရည်က အရမ်းကိုအစွမ်းထက်နိုင် ရတာလဲ။

ပွဲကြည့်စင်မြင့်ထက်က ထာဂရ မိုးကောင်းကင် အင်ပါယာနဲ့ ကျောက်စိမ်း အင်ပါယာရဲ့ ထိတ်ထိတ်ကြဲ အကျော်အမော် ပုဂ္ဂိုလ်တွေကတောင် သူ့ကို စူးစမ်းပြီးတော့ ကြည့်နေကြ ပါတယ်။

လင်းဟန်က နိုင်ငံစွမ်းအားကနေ ငှားယူပြီး အစွမ်းကို ထပ်ပေါင်းထားတာလား။ ဒါပေမဲ့ စိတ်ပျက်စရာ ကောင်းတဲ့ အချက်က လင်းဟန်ရဲ့ တိုက်ခိုက်မှုမှာ အပြင်ဘက်က ထပ်တိုးထားတဲ့ လက္ခဏာမျိုး လုံးဝမရှိပါဘူး။ နောက်ပြီးတော့ သူတို့ရဲ့ နိုင်ငံအထိမ်းအမှတ် ရုပ်တုဖြစ်တဲ့ တောင်ကိုးလုံးပေါ်မှာလည်း လင်းဟန်ရဲ့က နာမည် ရှိမနေပါဘူး။

အထိမ်းအမှတ် ရုပ်တုပေါ်မှာ နာမည်မရှိရင် သူက နိုင်ငံစွမ်းအားကို ထုတ်ယူသုံးစွဲနိုင်စွမ်း မရှိပါဘူး။ ဒါကို အားလုံးသိနားလည်ထားတဲ့ အချက်တစ်ခုပဲ ဖြစ်ပါတယ်။

တစ်ဦးချင်းကိုယ်ပိုင် တိုက်ပွဲစွမ်းရည်တစ်ခုက ဒီလောက် သန်မာနိုင်လို့လား။

ဒါက အဆင့်မြင့်တဲ့ လူတွေ တော်တော်များများကို အံ့အားသင့် သွားစေခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်က တန်ခိုးရှင် အဆင့်ကို မဂင်သေးပါဘူး။ ပြီးတော့ အရမ်းကို ကြီးမားတဲ့ အကျိုးသက်ရောက်မှု တစ်ခုလည်း မရှိပါဘူး။ ဒါကြောင့် ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင်တွေတောင်မှ သူတို့ကိုယ်သူတို့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးထိ အောင်မြင်ဖို့ပဲ လိုအပ်ပါတယ်။ သူတို့အတွက် ဒီအဆင့်ထိ

အမြင့်ဆုံးကို ရောက်ရှိအောင် ခေါင်းမာမာနဲ့ ပေကတ်ကတ်နိုင်ဖို့ မလိုပါဘူး။

တကယ်တော့ ကျင့်ကြံခြင်း လမ်းကြောင်းက အရမ်းကို ရှည်လျားပါတယ်။ နောက်ပြီး မင်းက မင်းရဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကျင့်ကြံခြင်းမှာ ပြီးပြည့်စုံနေပြီး မင်းကိုယ်ပိုင် စွမ်းအင်မှာ ကြယ်ဘယ်နှစ်လုံးထိ တိုးနိုင်ပါစေ မင်းထက် ကျင့်ကြံခြင်းအဆင့် တစ်ဆင့်ပိုမြင့်တဲ့ ပြိုင်ဘက် တစ်ယောက်ကို ယှဉ်နိုင်မှာလား။

တောင်မြစ်အဆင့်နဲ့ နေလအဆင့်မှာလည်း ငါ့ရဲ့ ကျင့်ကြံခြင်းကို ပြီးပြည့်စုံ နိုင်တယ်။ ဒါကြောင့် ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ပိုပြီးတော့ အစွမ်းထက်အောင် မြှင့်တင်ဖို့ လိုအပ်မှာတဲ့လား။

ဘာဖြစ်လို့လဲဆိုတော့ တန်ခိုးရှင်အဆင့်က တိုက်ပွဲတွေက အရမ်းကို ခက်ခဲပြီး ကျင့်ကြံခြင်း အဆင့်တွေ မြှင့်တင်တာက အကောင်းဆုံး ဗျူဟာ ဖြစ်ပါတယ်။

ကျောင်းဟိုင်က ပြိုင်ပွဲစင်မြင့်ပေါ်ကနေ ပြုတ်ကျသွားပြီး မရှိမဆုံ ဝေဒနာကြောင့် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

ဒီလိပ်ခွံက သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အခု အဲဒါက ပျက်စီးသွား ပြီးတော့ သူ့ကို နလုံးသားထိအောင် နာကျင်မှုကို ဖြစ်စေပါတယ်။ ဒါပေမဲ့ အစောပိုင်းတုန်းက သူအနိုင်ရခဲ့တဲ့ နည်းလမ်းက အရမ်းကို လက်သီးပုန်း ထိုးသလို ဖြစ်နေပါတယ်။ ဒါကြောင့် ပရိသတ်က အခုသူ့ရဲ့ သနားစရာ အဖြစ်အပျက်ကို မြင်တွေ့ရတဲ့ အချိန်မှာ သူတို့က ကျေနပ်သလို ခံစားနေရပြီး သူတို့ရဲ့ အမျက်ဒေါသတွေ ပျယ်သွားသလို ခံစားလိုက် ရပါတယ်။

"အဆင့်သတ်မှတ်ချက်ကို ဆုံးဖြတ်ပြီးပြီ။ ဒီနှစ် အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲမှာ ကြယ်ဉက္ကာ အင်ပါယာက ဗိုလ်စွဲပြီး ကျောက်စိမ်းအင်ပါယာက ဒုတိယ နေရာနဲ့ ထာဂရ မိုးကောင်းကင် အင်ပါယာက တတိယ နေရာကို ရရှိတယ်"

ပွဲကြည့်စင်မြင့်ထက်ကနေ နံပါတ်ကိုး ဘုရင်ရဲ့ နောက်ဆုံးရလဒ်ကို ကြေညာတဲ့ အသံ ထွက်ပေါ် လာခဲ့ပါတယ်။

လင်းဟာန်၊ ရီချန်ယွင်နဲ့ တခြားပြိုင်ပွဲဝင်တွေ အားလုံးက ဂုဏ်ပြုချီးကျူးကြပြီး တစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး တစ်ရာစီ လက်ခံရရှိပါတယ်။ ဒါက အတော်လေးကို ချမ်းသာကြွယ်ဝတဲ့ ပမာဏ တစ်ခုလို့ သတ်မှတ်နိုင်ပါတယ်။

သူတို့က တစ်ကြိမ်ပဲ တိုက်ခိုက် ရပါတယ်။ ဒါကြောင့် ဒါကို များပြားတဲ့ ဆုလာဘ်တစ်ခုလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

လင်းဟန်က ဘယ်လက်ရုံး အမတ်မင်းနဲ့အတူ ထွက်လာပြီး နန်းတော်ရဲ့ ရံရွေတော် တစ်ယောက်က သူတို့နောက်ကို အလျင်အမြန် လိုက်လာပါတယ်။ အဲဒီနောက် သူမက အရင်ဆုံး ဦးညွှန့် ဂါရဝ ပြုပြီးတော့ ပြောလိုက်တယ်။

"ကေရီ ဘုရင်မက လင်းဟန်ကို အခစားဝင်ဖို့ အမိန့်ပေးလိုက်ပါတယ်"

ဘယ်လက်ရုံး အမတ်မင်းက အနည်းငယ် မှင်တက်အံ့ဩသွားပေမဲ့ အလျင်အမြန်ပဲ ရိုရိုသေသေနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ကောင်းပါပြီ"

အဲဒီအချိန် ရှန်းချန်ယွင်က မနာလိုမှုကြောင့် ရှုးသွပ်တော့မလို ဖြစ်သွားပါတယ်။ ကမ္ဘာငယ် တစ်ခုက ဒီသုံးစားမရတဲ့ လူက တကယ်ပဲ ကေရီ ဘုရင်မကို အခစားဝင်ဖို့အတွက် ဆင့်ခေါ်ခံ ရတယ်ပေါ့။ ဘယ်လိုမျိုး ကောင်းမွန်တဲ့ ကံတရားလဲ။ သူတောင်မှ ကေရီ ဘုရင်မကို အဝေးကနေ ကြည့်လို့ပဲ ရနိုင်ပါတယ်။ ပြီးတော့

ဒါတောင်မှ သူက ဘယ်လက်ရုံး အမတ်မင်းရဲ့ နောက်က လိုက်ရတာကြောင့် ဖြစ်ပါတယ်။

အဲဒီအတွက် သူ့ကိုယ်သူ ဂုဏ်ယူနေမိ ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ရော။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့် ကောင်စုတ်က ဧကရီ ဘုရင်မနဲ့အတူ နီးကပ်တဲ့ ဆက်ဆံမှု ဖြစ်လာပြီး သူ့ရဲ့ ဂုဏ်သိက္ခာကို ချက်ချင်းပဲ နင်းချေပစ်လိုက်ပါတယ်။

သူက နောင်တရ နေခဲ့ပါတယ်။ ဘာဖြစ်လို့ လင်းဟာန်ကို အဲဒီအချိန်တုန်းက သူနဲ့အတူ ခေါ်ခဲ့မိ တာလဲ။ တကယ်လို့ သူက လင်းဟာန်ကို တန်းပြီးတော့ သတ်ပစ်ခဲ့မယ်ဆိုရင် ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ ပြီးတော့မှ ရုပ်သေးရုပ် ကေရာဇ် တစ်ယောက်ကို ခေါ်လာခဲ့လိုက်ရင် ပြီးပြီ မဟုတ်လား။

ဒါပေမဲ့ အခုတော့ သူက နောင်တရရုံပဲ တတ်နိုင်ပြီးတော့ ဘာမှမလုပ်ပုံ့ပါဘူး။

ဧကရီ ဘုရင်မက သူ့ကို တွေ့ချင်နေတယ်။ ပြီးတော့ မင်းက သူ့လမ်းကြောင်းမှာ ရပ်နေပုံ့ရဲ့လား။

လင်းဟာန်က အဲဒီရံရွေတော်နဲ့အတူ နန်းတော်အတွင်းပိုင်းကို ဝင်လာခဲ့ပါတယ်။ ဒီနေရာမှာ မယုံနိုင်စရာ ကောင်းလောက်အောင်

တိတ်ဆိတ်နေပါတယ်။ ကင်းလှည့်နေတဲ့ စစ်သားတွေ ဖြတ်သွားတာကလွဲပြီး ဘယ်သူမှ မရှိပါဘူး။ ဒါပေ့ါ။ စစ်သားတွေ အားလုံးက အမျိုးသမီးတွေ ဖြစ်ပါတယ်။ သူတို့အားလုံးက ဆယ်ယောက်တစ်ဖွဲ့ ဖြစ်ပြီး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံမှု လက်ရွေးစင် တစ်ယောက်က ဦးဆောင်ပါတယ်။ အဖွဲ့ဝင် အားလုံးကလည်း တောင်မြစ်အဆင့်မှာ ရှိပါတယ်။

နန်းတွင်းရံရွေတော်က လင်းဟာန်ကို နန်းတော်ခန်းမ ဘေးက တံခါးတွေဆီကို ခေါ်သွားခဲ့ ပါတယ်။ တံခါးတွေကို ပန်းရောင် သလင်းကျောက်တစ်ခုနဲ့ သွန်းလုပ်ထားပြီး ကြည့်ရတာ လှပတဲ့ ကျောက်မျက်တုံးနဲ့ တူပါတယ်။

"ကေရီ ဘုရင်မကို လျှောက်တင်ပါတယ်။ လင်းဟာန်ကို ခေါ်လာခဲ့ပါတယ်"

နန်းတော်ရံရွေတော်က တံခါးနားမှာ ဒူးထောက်ပြီးတော့ သတင်းပို့လိုက်ပါတယ်။

"ဝင်ခဲ့"

အခန်းထဲကနေ သာယာနာပျော်ဖွယ် အသံတစ်ခုကို ကြားလိုက်ရပါတယ်။ ဒီအသံအထဲမှာ မယုံနိုင်စရာကောင်းတဲ့

ဆွဲဆောင်မှုတွေ ရှိနေပြီး ပျားရည်လိုမျိုး ချိုမြိန်ပါတယ်။ ဒီအသံကို ကြားလိုက်ရတဲ့ ဘယ်သူမဆို မယုံနိုင်စရာ ကောင်းလောက်အောင် ငြိမ်းအေးတဲ့ ခံစားမှုကို ဖြစ်စေပါတယ်။

နန်းတော်ရံရွှေတော်က လင်းဟန်ကို ခေါင်းညိတ်ပြလိုက်ပြီး နန်းတော်ခန်းမထဲကို ဝင်လာခဲ့ ပါတယ်။

လင်းဟန်က သူမရဲ့ အနောက်ကနေ လိုက်ပြီးတော့ ဝင်လာခဲ့ပါတယ်။ သူက ရောမ ကျောက်တိုင်တွေရဲ့ အနောက်မှာ အင်ပါယာ အစောင့်အကြပ် တစ်ယောက်စီ ပုန်းကွယ်နေတယ် ဆိုတာကို သိလိုက်ရပါတယ်။ သူတို့ရဲ့ အရှိန်အဝါတွေက တိုင်းတာလို့ မရအောင် နက်ရှိုင်းကြ ပါတယ်။ အနည်းဆုံးတော့ သူ့ရှင်းရှင်းလင်းလင်း အာရုံခံနိုင်တဲ့လူ မရှိပါဘူး။

ဒီနေရာမှာ စုစုပေါင်း တိုင်လုံးဆယ့်ရှစ်လုံး ရှိပြီးတော့ နန်းတော်ခန်းမ တစ်ခုလုံး အဆုံးထိ ထောက်ထားပါတယ်။ အဲဒီမှာ အင်ပါယာပလ္လင်တစ်ခု ရှိနေပြီး အဲဒီပလ္လင်အပေါ်မှာ အင်ပါယာ ဂဝတ်စုံကို ဆင်မြန်းထားတဲ့ အမျိုးသမီးတစ်ယောက် ထိုင်နေပါတယ်။ ဒါပေမဲ့လည်း သူမ တစ်ကိုယ်လုံး နတ်ဘုရား အလင်းတွေ တလက်လက် တောက်ပနေတာကြောင့် သူမရဲ့ ပုံပန်းသွင်ပြင်ကို ရှင်းရှင်းလင်းလင်း မတွေ့မြင်နိုင်ပါဘူး။ သူမ ပုံရိပ်က မယုံနိုင်စရာ

ကောင်းလောက်အောင် ပိုးတိုးဂါးတား မပီမပြင် ဖြစ်နေတယ် ဆိုပေမဲ့နဲ့တောင် သူမက လူတစ်ယောက်ရဲ့ အသည်းနှလုံးကို အရည်ပျော်စေနိုင်တဲ့ ဆွဲဆောင်မှုတစ်ခု ရှိနေပါတယ်။

ကမ္ဘာကြီးထဲက အချောမောဆုံး အလှပဂေးလား။ ဒါက တကယ့်ကို ထင်ပေါ်ကျော်ကြားမှုနဲ့ ထိုက်တန်ပါတယ်။ သူမက အဲဒီနေရာမှာ ထိုင်ရုံသာ ထိုင်နေပြီး သူမဆီမှာ စွဲမက်စရာကောင်းတဲ့ ဂုဏ်ကျက်သရေတစ်ခု ရှိပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပေမဲ့ သူက ဒူးတစ်ဖက် ထောက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကေရီ ဘုရင်မကို လင်းဟန်က ဂါရဝပြု နှုတ်ဆက်ပါတယ်"

သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရပ်တည်နေတဲ့ အဆုံးမဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူမကိုယ်တိုင်က ကြယ်ငါးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်နိုင်ချေ ရှိပြီးတော့ နိုင်ငံစွမ်းအားကိုပါ ပေါင်းထည့်လိုက်ရင် တကယ်လို့ ထာဝရမြစ် အဆင့်မှာတောင် မဟုတ်ရင်တောင်မှ သူမကို အနည်းဆုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ယှဉ်ပြိုင်နိုင်သူ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်နဲ့ ရင်ဆိုင်တဲ့ အခါမှာ ဂါရဝ ပြုရတာက ဖြစ်သင့်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာ ဘုရင်မရဲ့ မျက်လုံးတွေက လင်းဟန်ပေါ်ကို ကျရောက်သွားတဲ့ အချိန်မှာ လင်းဟန်က ရုတ်ချည်းဆိုသလို သူ့တစ်ကိုယ်လုံးကို ထွင်းဖောက်ပြီး မြင်သွားသလိုမျိုး ခံစားလိုက်ရပါတယ်။ အဲဒါက ဘာနဲ့တူလဲဆိုရင် တကယ်လို့ သူမရဲ့ အရှေ့မှာ ရှိနေတယ်ဆိုရင် ဘယ်လို လျှို့ဝှက်ချက်မျိုးကိုမှ ဖုံးကွယ်ထားလို့ မရနိုင်သလိုပါပဲ။

"ကျွှာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ မင်းက လွယ်ကူမှာတော့ မဟုတ်ဘူး"

သူမရဲ့ အသံထဲမှာ ချီးကျူးတဲ့ လေသံမျိုး ပါဝင်နေပါတယ်။

လင်းဟန်က ရုတ်တရက် ဆိုသလို ဘဝင်ခိုက်သွားပြီး သူ့ခေါင်းထဲကို ပီတိတွေ တစ်ဟုန်ထိုး ဆောင့်ဝင်လာပေမဲ့ သူ့နှလုံးသားကတော့ ချက်ချင်းပဲ လက်နဲ့ခပ်တင်းတင်း ဖမ်းဆုပ်လိုက်သလို ခံစားလိုက် ရပါတယ်။ သူမဆီက ချီးကျူးမှုလေး တစ်ခုရရုံနဲ့ ဘာဖြစ်လို့ သူမအတွက် သေဆိုသေ ရှင်ဆိုရှင်ဆိုတဲ့ စိတ်တွေ ပြည့်နှက်လာရတာလဲ။

ဒီကေရီ ဘုရင်မရဲ့ ဆွဲဆောင်နိုင်စွမ်းက တကယ်ပဲ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပါတယ်။ ဟုတ်တယ်မလား။ သူမက ဘာနည်းစနစ် ပညာမှ အသုံးမပြုပဲ စကားလုံး သက်သက်ရယ် သူမရဲ့ ကိုယ်ပိုင်အလှအပနဲ့ ဟန်ပန်အမူရာတို့ရယ် ဒါတောင်မှ သူမရဲက အလှအပက ပိုးတိုးဂါးတားပဲ ရှိနေပေမဲ့ သူ့ကို အရမ်းနက်နက်ရှိုင်းရှိုင်း ညှို့ယူဆွဲဆောင် နိုင်ပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာရှိတဲ့ ကေရာဇ် နစ်ပါးက သူမရဲ့ ညှို့ယူဖမ်းစားခြင်းကို ခံရတယ် ဆိုတာက အံ့သြစရာ မရှိတော့ပါဘူး။ တကယ့်ကို ဒီလိုဆွဲဆောင်နိုင်မှုက ခုခံဖို့ အရမ်းကို ခဲယဉ်းလွန်းပါတယ်။

"ကေရီ ဘုရင်မရဲ့ ချီးမြှောက်မှုအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပြီး သူ့အကြည့်တွေကို အောက်ကိုငုံ့ချ လိုက်ပြီး နောက်တစ်ကြိမ် မကြည့်ပွံ့တော့ပါဘူး။

ဒီကေရီ ဘုရင်မက တကယ့်ကို ကြီးမားတဲ့ ကပ်ဘေးဒုက္ခ အရင်းအမြစ် တစ်ခု ဖြစ်ပါတယ်။ စွေ့ရန်ယွီနဲ့ ကျူးရှွမ်အောတို့ရဲ့ ဆွဲဆောင်မှုနဲ့ နှိုင်းယှဉ်လိုက်ရင်တောင် သူမရဲ့ ဆွဲဆောင်မှုက ပိုပြီးတော့ သာလွန်မြင့်မြတ် လွန်းပါတယ်။ အနည်းဆုံးတော့

လင်းဟန်က ယှဉ်နိုင်စွမ်း ဒါမှမဟုတ် သာလွန်ကောင်း သာလွန်နိုင်တဲ့ သူတစ်ယောက်ကိုတော့ သိပါတယ်။ ညို့ယူဖမ်းစားနိုင်စွမ်းနဲ့ ပတ်သက်ရင် သူမကို ယှဉ်နိုင်သူက အရင်ဂဠုန်နန်းတော်ရဲ့ အရှင်သခင်မ တစ်ယောက်ပဲ ရှိပါတယ်။

ဒါပေမဲ့လည်း ဒီအမျိုးသမီး နှစ်ယောက်ရဲ့ ဟန်ပန်အမူအရာက လုံးဝကို ကွဲပြားခြားနားတဲ့ အမျိုးအစားတွေ ဖြစ်ပါတယ်။ ဂဠုန်နန်းတော်ရဲ့ အရှင်သခင်မက ညင်သာသိမ်မွေ့စွာ ပြောဆိုပေမဲ့ သူမကလည်း အရမ်းကို ကြော့ရှင်းပြီးတော့ တခြားကို စိတ်လွင့်နေတဲ့ လူတွေကိုတောင် ကြည်ညိုလေးစားမှုနဲ့ ပြည့်နှက်သွားစေတဲ့ ခံစားမှုကို ဖြစ်ပေါ်စေပြီး ဘယ်သူကမှ ရိုင်းစိုင်းတဲ့ အတွေးမျိုး မရှိပွံ့ပါဘူး။

သူ့ရဲ့အရှေ့က ဒီကောရီ ဘုရင်မက ခပ်တန်းတန်း အဖက်မလုပ်သလို ပြောလိုက်တယ် ဆိုပေမဲ့ သူမက ချိုမြတဲ့ အဆိပ်တစ်ခုနဲ့ တူပြီး သူ့ကိုယ်သူတောင် မတားဆီးနိုင်သလို ခံစားရအောင် ပြုလုပ်နိုင်ပါတယ်။ သူက မီးကိုဂင်တိုးတဲ့ ပိုးဖလံလိုမျိုး သူမအတွက်ဆို သေပေးဖို့ အတွက်တောင် ဆန္ဒရှိနေပြီး သေမှာကိုတောင် နောင်တလုံးဝ မရဘူးဆိုတဲ့ ခံစားချက်မျိုး ဖြစ်စေပါတယ်။

အဲဒါက ဒီကေရီ ဘုရင်မ ကျင့်ကြံအားထုတ်တဲ့ ကျင့်ကြံခြင်း နည်းစနစ်နဲ့ ပတ်သက်နေပါ လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက အရမ်းကို ညှို့ယူဖမ်းစားနိုင်ပြီး သူမရဲ့ တင့်တယ်လှပမှုနဲ့အတူ ဆွဲဆောင်နိုင်ဖို့ဆိုတာ သေချာပေါက် မဖြစ်နိုင်ပါဘူး။

လင်းဟာန်က ဒီကေရီ ဘုရင်မရဲ့ ဆွဲဆောင်မှုကို သူ့ရဲ့ လက်ရှိကျင့်ကြံခြင်းနဲ့ အချိန်ကြာကြာ ခုခံနိုင်စွမ်း ရှိလိမ့်မယ်လို့ မထင်ပါဘူး။ ဒါကြောင့် သူ့အတွက်တော့ မကြည့်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။ အဲဒါမှ သူမရဲ့ ညှို့ယူနိုင်တဲ့ ထောင်ချောက်ထဲကို မကျရောက်ပဲ ရှောင်တိမ်းနိုင်မှာ ဖြစ်ပြီးတော့ သူကိုယ်တိုင်လည်း နောက်တစ်ကြိမ် လွတ်မြောက်သွား ပါလိမ့်မယ်။

"မင်းက ငါတို့အင်ပါယာကို အကျပ်အတည်း အခြေအနေ တစ်ခုကနေ ကယ်တင်ပေးခဲ့ပြီး ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်ခွင့် တစ်ထောင်ကို အနိုင်ယူပေးခဲ့တယ်။ ဒါကြောင့် ငါက မင်းအတွက် ဝင်ခွင့်နေရာတစ်ခုကို လက်ဆောင်ပေးဖို့ စိတ်ကူးထားတယ်"

ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မက ပြောလိုက်တယ်။

"ကေရီ ဘုရင်မကို ကျေးဇူးတင်ပါတယ်"

ဒီဆုလာဘ်က လင်းဟန် မျှော်လင့်ထားတဲ့ ဆုဖြစ်ပါတယ်။ နောက်ပြီးတော့ ကေရီ ဘုရင်မလို ထိတ်ထိတ်ကြဲ အကျော်အမော် ပုဂ္ဂိုလ် တစ်ယောက်က သူ့ကို တမင်သက်သက် ဆင့်ခေါ်ပြီး ကိုယ်တိုင်ကိုယ်ကျ ပြောပြဖို့သက်သက်နဲ့တော့ ဟုတ်မဲ့ပုံ မထင်ပါဘူး။ ကြည့်ရတာ သူဖော်ပြခဲ့တဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို အံ့အားသင့်စရာ ကောင်းနေတာကြောင့် ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကိုယ်တိုင် သူ့ကို အနီးကပ် တွေ့ချင်တာကြောင့် ဖြစ်ပါလိမ့်မယ်။

Chapter 941end

အပိုင်း(942) ရှည်လျားတဲ့ ပုံပြင်တစ်ပုဒ်

အင်ပါယာ နန်းတော်ထဲကနေ ထွက်လာပြီးတဲ့နောက် လင်းဟန်ရဲ့ စိတ်ထဲမှာ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မရဲ့ ညို့ယူဖမ်းစားနိုင်တဲ့ ပုံရိပ်က အပြည့်အဝ နေရာယူထားပါတယ်။

သူမက တကယ့်ကို ကပ်ဘေးဒုက္ခကြီး တစ်ခု ဖြစ်ပါတယ်။

အစတုန်းက လင်းဟန်က သူ့မိဘ၊ သူ့ချစ်သူတွေ၊ သူ့သူငယ်ချင်းတွေနဲ့ သူ့သား အကြောင်းကို မကြာခဏ စဉ်းစားနေမိပါတယ်။ ဒါပေမဲ့ အခုတော့ သူ့အတွေးထဲမှာ ဒီကေရီ

ဘုရင်မရဲ့ ပုံပန်းသွင်ပြင် အကြောင်းကိုပဲ စဉ်းစားနေမိပါတယ်။ နောက်ပြီးတော့ သူ့အနေနဲ့ ဒီဇေကရီ ဘုရင်မရဲ့ စစ်မှန်တဲ့ ရုပ်သွင်ကို မမြင်ဖူးပေမဲ့ အရမ်းကို ချောမောလှပပြီး မယုံနိုင်စရာကောင်းတဲ့ ဆွဲဆောင်မှုရှိ ပုံရိပ်တစ်ခုကိုပဲ ခန့်မှန်းကြည့်ခဲ့မိတာပါ။

ဒါက သူတွေ့ဆုံဖူးတဲ့ မိန်းမလှတွေ အားလုံးကို ပေါင်းစည်းထားခြင်း တစ်ခုနဲ့ တူပါတယ်။ သူမတို့ အားလုံးရဲ့ ကောင်းမြတ်မှုတွေ အားလုံးကို အတူတကွ ပေါင်းစပ်ပြီး အပြစ်အနာအဆာ တစ်ခုမှ မပါတဲ့ ချောမောလှပသော မျက်နှာတစ်ခုကို ဖန်တီးထားသလိုပါပဲ။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ ဒီကမ္ဘာကြီးထဲ အချောဆုံး အလှဆုံးက ဒီဇေကရီ ဘုရင်မပဲ ဖြစ်သင့်တယ်လို့ အသံတစ်ခုက ပြောနေသလိုမျိုးနဲ့ တူပါတယ်။

ဒါက တကယ့်ပျက်ကိန်းပဲ။ တကယ့်ကို ကပ်ဆိုက်မှု တစ်ခုပဲ။ လင်းဟန်က စိတ်ထဲကနေ ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မော်စာလိပ်ကို အာရုံပြုကာ ဆင်ခြင်နေလိုက်ပါတယ်။ ခဏအကြာမှာ သူ့စိတ်ထဲက ကြယ်ဥက္ကာ အင်ပါယာ ဇေကရီ ဘုရင်မရဲ့ ပုံရိပ်က ဖျက်ပစ်လိုက် နိုင်ခဲ့ပါတယ်။ သူ့နှလုံးသားထဲမှာ တောင့်တတဲ့ အာသီသဆန္ဒ တစ်ခု မြင့်တက်လို့ လာခဲ့ပြီး

သူ့ခေါင်းကို ခါထုတ်လိုက် ရပါတယ်။ သူ့ကို ညှို့ယူဖမ်းစားထားသလို တကယ်ပဲ အရမ်းဖမ်းစား လွန်းပါတယ်။

ဒီတစ်ကြိမ် ပြိုင်ပွဲမှာ ကြယ်ဥက္ကာ အင်ပါယာက ပထမနေရာကို ဗိုလ်စွဲခဲ့ပြီး ကောင်းကင်ဘုံ ပင်လယ် လျှို့ပှက်ဆန်းကြယ်ဘုံ ဂင်ခွင့်အတွက် နေရာတစ်ထောင်တိတိ ရရှိခဲ့ပြီး တခြား အင်ပါယာ နှစ်ခုကတော့ နေရာငါးရာစီ ရကြပါတယ်။

ဂင်ခွင့်နေရာ တစ်ထောင်ဆိုတာက များတယ်လို့ ပြောလို့ရပေမဲ့ တကယ်တော့ ဝေမျှပေးဖို့ လုံးဝကို မလုံလောက်ပါဘူး။

ဘယ်သူကများ တစ်နေရာစာ မလိုချင်ပဲ နေမှာတဲ့လဲ။

တောင်မြစ်ကျောက်တုံး။ တောင်မြစ်အဆင့် ကျင့်ကြံသူ ဘယ်သူ့အတွက်မဆို ကြီးမားတဲ့ အကျိုးအမြတ် ရရှိစေပါတယ်။ ကျင့်ကြံခြင်း အဆင့်ကို မြှင့်တင်ပေးနိုင်တဲ့အပြင် တစ်ဦးချင်း စွမ်းရည်ရဲ့ ပြိုင်ဘက်ကင်း ကျွမ်းကျင်မှု တစ်ခုကိုလည်း ပေးနိုင်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူတွေအတွက် ပိုပြီးတော့တောင် တန်ဖိုးရှိပါတယ်။ သူတို့က နားလည်သဘော ပေါက်နိုင်စွမ်း အဆင့်ကို ကျော်ပစ်လိုက်နိုင်ပြီး သူတို့ရဲ့ တောင်တွေနဲ့ မြစ်တွေကို ဒီကျင့်ကြံခြင်း အဆင့်ထဲ တန်းတက်ပြီးတော့ ဖြစ်ပေါ်စေနိုင်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က
တောင်မြစ်ကျောက်တုံးအပေါ် မှီခိုပြီးတော့ အဆင့်ချိုးဖျက်
တက်ရောက်မယ်ဆိုရင် တောင်မြစ်ကျောက်တုံးရဲ့
အနိမ့်ဆုံးအဆင့်ရဲ့ အထွတ်အထိပ်က အကန့်အသတ်
ဖြစ်ပါလိမ့်မယ်။ သိုင်းပညာရပ်မှာ သူ့ဘာသာသူ ချိုးဖျက်
တက်ရောက်မှုတစ်ခု မလုပ်နိုင်သရွေ့တော့ ဒီအဆင့်မှာ ထာဝရ
ကျန်နေရစ်ပါလိမ့်မယ်။

ကောင်းကင်ဘုံက အမြဲတမ်း တရားမျှတပါတယ်။

ဒီဂင်ခွင့် နေရာတွေအတွက် အားလုံးက အလုအယက်ကို
ဖြစ်နေကြပါတယ်။

ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မမှာ ကလေးမရှိပါဘူး။ သူမက
ဂင်ခွင့်နေရာ အနည်းငယ်ကိုပဲ ယူပြီးတော့ နံပါတ်ကိုး ဘုရင်ဆီ
လွှဲပြောင်းပေးအပ်ပြီး အဲဒါမှ သူမ အနေနဲ့ ကောင်းကင်ဘုံ ပင်လယ်
လျှို့ပုက်ဆန်းကြယ်ဘုံထဲကို ဂင်ရောက်ဖို့အတွက် လေ့ကျင့်ပေး
နိုင်ပါလိမ့်မယ်။ သူမကလွဲပြီး အစောင့်တချို့ကလည်း အထဲကို
ဂင်ပြီး သူမရဲ့ လုံခြုံရေးကို စောင့်ရှောက်ပေး ပါလိမ့်မယ်။

ကျန်ရှိနေတဲ့ ဂင်ခွင့်နေရာတွေ အတွက်ကိုတော့ သူမက
ဘယ်လက်ရုံးနဲ့ ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့

မဟာဗိုလ်ချုပ် ခုနစ်ယောက်ကို သူတို့နဲ့ ထိုက်တန်သလောက် ခွဲဝေပေး လိုက်ပါတယ်။

ဘုရင်ကိုးပါးရဲ့ အဆင့်အတန်းက ခုံရုံးရဲ့ အထက်မှာ ရှိပါတယ်။ သူတို့ရဲ့ ဩဇာလွှမ်းမိုးနိုင်မှုက ဘယ်ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်တို့ထက် သာလွန်ပေမဲ့ သူတို့ရဲ့ ဦးစားပေးက ကျင့်ကြံခြင်းပဲ ဖြစ်ပါတယ်။ သူတို့က အင်ပါယာခုံရုံးနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဘယ်တုန်းကမှ ဝင်ရောက်စွက်ဖက်ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့်လည်း ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြားအဆင့်မြင့် အရာရှိတွေက သူတို့ရဲ့ ဩဇာလွှမ်းမိုးမှုကို မကျေမနပ်နဲ့ အလျှော့ပေးလိုက်ဖို့ ဆန္ဒရှိနေကြတဲ့ အချက်ဖြစ်ပါတယ်။

အင်ပါယာ မြို့တော်က ဒီရက်ပိုင်းထဲမှာ သေချာပေါက် အုတ်အုတ်ကျက်ကျက် ဖြစ်နေပါလိမ့်မယ်။ ကလန်အသီးသီးက လူတွေက သူတို့ရဲ့ ကိုယ်ပိုင်လူတွေအတွက် အပြေးအလွှား လှုပ်ရှားလာပါ လိမ့်မယ်။ ဒါက တောင်မြစ်ကျောက်တုံးဖြစ်ပါတယ်။ ပြီးတော့ အဲဒီကျောက်တုံးနဲ့ဆို သူတို့ရဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တွေကို ပြုစုပျိုးထောင် ပေးနိုင်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က ဂင်ခွင့်နေရာ တစ်ခုရရှိခဲ့ပါပြီ။ အဲဒါက သူ့ကို ကေရီ ဘုရင်မ ကိုယ်တိုင် ချီးမြှင့်မြောက်စားပေးခဲ့တာကြောင့် ဘယ်သူကမှ သူ့ဆီက လုယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူက သင်တန်းကျောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ ပြန်လာခဲ့ပါတယ်။

သူက အစကတည်းက စွေ့ရန်ယွီကို ချက်ချင်းသွားရှာပြီးတော့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံနဲ့ ပတ်သက်ပြီး စိတ်ဂင်စားစရာ ကိစ္စတွေကို မေးမြန်းချင်နေခဲ့ပါတယ်။ ဒါပေမဲ့ သူက အဲဒါကို တွေးလိုက်မိတဲ့ အချိန်မှာ စွေ့ရန်ယွီက သင်တန်းကျောင်းထဲ ဘယ်နေရာမှာ နေလဲဆိုတာကို သူမသိပါဘူး။ ဒါကြောင့် သူက ဘာမှမတတ်နိုင်ပဲ ပြုံးလိုက်မိပါတယ်။

ဒါဆိုရင် သူက နောက်တစ်ယောက်ကို မေးကြည့်ရပါတယ်။

လင်းဟန်က လင်းယိုကို သွားရှာလိုက်ပါတယ်။ လင်းယိုက တော်ဂင်မြင့်မြတ်တဲ့ နောက်ခံ တစ်ခုက လာခဲ့သူ ဖြစ်ပြီး ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ တော်တော်လေး သိထားပါလိမ့်မယ်။ ဒါကြောင့် သူ့ကို မေးခွန်းအနည်းငယ် မေးတာက ပြဿနာ ရှိမှာတော့ မဟုတ်ပါဘူး။

လင်းယိုက အရမ်းကို ဖော်ရွေပျူငှာတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ လင်းဟာန် သူ့ဆီကို ဘာကြောင့် လာတယ်ဆိုတာကို သိလိုက်တဲ့ အချိန်မှာ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲက အရင်းအမြစ်တွေအကြောင်းကို သူသိသလောက် ပြောပြလိုက် ပါတယ်။

ဒီလျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ သမိုင်းကြောင်းက ကြယ်ဥက္ကာ အင်ပါယာရဲ့ သမိုင်းကြောင်းထက် ပိုပြီးတော့ ရှည်လျားလွန်းပါတယ်။

ကျောက်စိမ်း အင်ပါယာနဲ့ ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ အမွေဆက်ခံခြင်းက နှစ်ပေါင်း သန်းတစ်ရာလောက်ပဲ ရှိပါဦးမယ်။ အဲဒီအချိန်တုန်းက အဲဒီမဟာအင်ပါယာ နှစ်ခုအကြားမှာ ပြိုင်ဆိုင်မှုတွေ ရှိပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သန်းတုန်းက ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီ ဘုရင်မက ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။ နိုင်ငံငယ်လေး တစ်ခုကနေ တစ်ဆင့်ပြီး တစ်ဆင့် တိုက်ခိုက်ပြီး လက်ရှိ အင်ပါယာ သုံးခုအကြားမှာ ညီမျှတဲ့ စွမ်းအားကို ဖြစ်ပေါ်လာ စေခဲ့ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ မူလဇာစ်မြစ်ကတော့ ကျောက်စိမ်းအင်ပါယာနဲ့

ထာဂရမိုးကောင်းကင် အင်ပါယာတို့ထက် စောပါတယ်။ ဒီမဟာနိုင်ငံ နှစ်ခု မတည်ဆောက်ခင် ငြိမ်းချမ်းမှု ဂြိုလ်ကြီးရဲ့ ရှေးဟောင်းခေတ် အချိန်ကတည်းက ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက တည်ရှိခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ဘယ်သူကမှ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ မူလဇာစ်မြစ်ကို မသိပါဘူး။ သူတို့သိတာ တစ်ခုတည်းက အထဲမှာ တောင်မြစ်ကျောက်တုံးတွေ ရှိပြီးတော့ အရမ်းကို တန်ဖိုးကြီးမားတယ် ဆိုတဲ့ ခေါင်းစဉ်ထဲမှာပဲ ရှိပါတယ်။ ကံမကောင်းတာက အဆင့်ချိုးဖျက်တက်ရောက်ပြီးတာနဲ့ တောင်မြစ်အဆင့်ကို ပြန်ပြီးတော့ ကျင့်ကြံအားထုတ်လို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက ပိုပြီးတော့တောင် အရေးကြီးပါလိမ့်မယ်။

ဒီလျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ ဂင်ပေါက်က နေ့တစ်ဂက်လောက်ပဲ ဖွင့်ပါလိမ့်မယ်။ လူနှစ်ထောင် ဂင်ပြီးသွားတဲ့ အခါမှာ အကန့်အသတ်ကို ရောက်ရှိသွား ပါလိမ့်မယ်။ တကယ်လို့ အဲဒီထပ် ပိုပြီးတော့ ဂင်ခဲ့ရင် သူတို့တွေ တန်းပြီးတော့ အသတ်ခံရပါလိမ့်မယ်။

လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ ဘယ်လောက်ကြာကြာ နေနိုင်မလဲဆိုတဲ့ မေးခွန်းအတွက်ကတော့ တစ်ခါတရံမှာ

လဂက်လောက်ပဲ နေလို့ရပြီး တစ်ခါတရံမှာ နှစ်ဂက်လောက်ထိ နေလို့ ရပါတယ်။

ဒီလှျို့ပှက်ဆန်းကြယ်ဘုံက အမြင့်ဆုံး ကျင့်ကြံခြင်း အဆင့်ကို ကန့်သတ်ထားပေမဲ့ အနိမ့်ဆုံး ကျင့်ကြံခြင်း အဆင့်ကိုတော့ အကန့်အသတ် မရှိပါဘူး။ လှျို့ပှက်ဆန်းကြယ်ဘုံက တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့်က ကျင့်ကြံသူတွေနဲ့ သူ့အောက်က ကျင့်ကြံသူတွေကို စုစည်းနိုင်ပါတယ်။ ပြီးတော့ ပိုမြင့်တဲ့ ကျင့်ကြံခြင်းအဆင့်က တစ်စုံတစ်ယောက် ဂင်သွားရင် သူတို့တွေ အစိတ်စိတ် အပိုင်းပိုင်းအဖြစ် စုတ်ပြဲသွားပါလိမ့်မယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေတောင် ချွင်းချက်မရှိပါဘူး။ ဒါကြောင့် တချို့က ဒီလှျို့ပှက်ဆန်းကြယ်ဘုံကို မူလဇာစ်မြစ်အဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်က ဖန်တီးသွားတာ ဖြစ်နိုင်တယ်လို့ သုံးသပ်ချထား ကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ တောင်မြစ် ကျောက်တုံးလိုမျိုး အရမ်းကို အဖိုးထိုက်တန်တဲ့ ရတနာ ပေါ်ထွက်လာနိုင်မှာလဲ။

နောက်ထပ် ရက်အနည်းငယ်အကြာ အင်ပါယာမြို့တော်ထဲကို ဒီဂင်ခွင့်နေရာ တစ်ထောင်လုံး ပျံ့နှံ့သွားပါတယ်။ အနည်းငယ်

စွမ်းအားရှိတဲ့ ကလန်တွေတောင် အပြေးအလွှားနဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းနဲ့ မဟာပိုလ်ချုပ် ခုနစ်ယောက်ရဲ့ စံအိမ်တွေဆီကို လက်ဆောင်တွေ ပို့ပြီးတော့ လာရောက်ဂါရဝ ပြုနေကြပါတယ်။ အဲဒါမှ သူတို့လည်း ဂင်ခွင့်နေရာ တစ်ခု ရရှိနိုင်ပါတယ်။

တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အဆင့်က ဘယ်သူမဆို ဂင်ရောက်နိုင်ပြီး လင်းဟန်ကို ဘယ်သူမှ သိပ်ပြီးတော့ အာရုံမစိုက်ပါဘူး။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ သူက ပြိုင်ဘက်ကင်းလို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ဒါပေမဲ့ တောင်မြစ်အဆင့်မှာတော့ ဘယ်တောင်မြစ်အဆင့် ကျင့်ကြံသူမဆို သူ့ကို လွယ်လွယ်နဲ့ လွှမ်းမိုးနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း စွေ့ရန်ယွီကတော့ အဲဒါကို လုံးဂသဘောမတူပါဘူး။ သူမက အတွေ့အကြုံကနေ စကားပြောပါတယ်။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘယ်လောက် ကြောက်စရာ ကောင်းတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သိထားပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ တောင်မြစ်အဆင့် အဆင့်မြင့်က လက်ရွေးစင် အနည်းစုက အင်အားစု အမျိုးမျိုးကြောင့် ဖမ်းခံရပါတယ်။ တချို့က နိမ့်ကျတဲ့

နောက်ခံတွေကနေ လာခဲ့ပြီး အစွမ်းထက်တဲ့ နောက်ခံတွေ မရှိတာကြောင့် ဝင်ရောက်ခွင့်ရရှိဖို့ အရည်အချင်း မပြည့်မီပါဘူး။

ထန်ဖေးလို့ခေါ်တဲ့ လူတစ်ယောက်ကို ဥပမာ အနေနဲ့ကြည့်ပါ။ သူက မြောက်ပိုင်းအဖွဲ့အစည်းက တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့်ထဲမှာ နံပါတ်တစ် ပါရမီရှင် ဖြစ်ပါတယ်။ သူက သာမန်လူတန်းစား တစ်ယောက်ဖြစ်ပြီး အဲဒီအချိန်တုန်းက ဘယ်လက်ရုံး အမတ်မင်းရဲ့ ကိုယ်တိုင်ရွေးချယ်ခြင်းကို ခံရသူ ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်နိုင်ခဲ့ ပါတယ်။ သူ့ရဲ့တာဝန်က လီဝေဝေကို ကာကွယ်စောင့်ရှောက်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။

ဒါက အရမ်းကို ရက်ရက်ရောရော ပေးကမ်းမှု တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လက်ရုံး အမတ်မင်းက ဂရုမစိုက်ပါဘူး။ သူ့မှာ သမီးလေးယောက် ရှိပြီးတော့ ဒီအငယ်ဆုံး သမီးက သူအချစ်ဆုံး ဖြစ်ပါတယ်။ သူ့ရဲ့အချစ်ဆုံး သမီးလုံခြုံရေးအတွက် ဒီလိုအခွင့်အရေး တစ်ခု ပေးနိုင်ပြီး သူမရဲ့ လုံခြုံမှုလည်း အာမခံချက် ရရှိပါလိမ့်မယ်။ ဝင်ခွင့်တံဆိပ်လေး တစ်ခုကို စတေးရတာများ ဘာများ စိတ်ပူစရာ လိုလို့လဲ။

ခုနစ်ရက်လောက် ပြင်ဆင်ပြီးတဲ့နောက်မှာ ကောင်းကင်ဘုံ ပင်လယ် လှိုဲ့ပုက်ဆန်းဧကယ်ဘုံကို ဂင်ရောက်ဖို့ လူတစ်ထောင်ကို အတည်ပြုပြီးသွားပါပြီ။ ဒီလူတွေကို ခမ်းနားလှပတဲ့ စစ်သင်္ဘော တစ်စီးပေါ် တင်ပြီးတော့ သူတို့ရဲ့ ပန်းတိုင်ဆီကို ပျံလာခဲ့ပါတယ်။

အဲဒီနေရာက အင်ပါယာသုံးခု ဆုံတဲ့နယ်စပ်ဒေသ ဖြစ်ပါတယ်။ ပြီးတော့ အရမ်းကို ခြောက်ကပ်တဲ့ ကွင်းပြင်တစ်ခု ဖြစ်ပြီးတော့ လင်းဟန်ကို ထူးထူးဆန်းဆန်း အတွေးတောင် ဂင်လာစေခဲ့ပါတယ်။ ပြောတော့ ကောင်းကင်ဘုံ ပင်လယ် လှိုဲ့ပုက်ဆန်းကြယ်ဘုံဆို ဘယ်မှာလဲ ပင်လယ်။ ဘယ်ကို ရောက်နေတာလဲ။

တခြားအင်ပါယာ နှစ်ခုက လူတွေလည်း ရောက်ရှိလို့ နေပါပြီ။ သူတို့လည်း စစ်သင်္ဘော တစ်စီးကို စီးပြီးတော့ ရောက်လာကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့် ကျင့်ကြံသူတွေတောင် လမ်းလျှောက်ခရီးလာရမယ်ဆို လပေါင်းများစွာ အချိန်ယူရပါလိမ့်မယ်။

ကြယ်ဥက္ကာ အင်ပါယာ အဖွဲ့ရဲ့ ခေါင်းဆောင်က မဟာမိုလ်ချုပ် ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ တင်းလိန် ဖြစ်ပါတယ်။ သူကလည်း မဟာမိုလ်ချုပ် ခုနစ်ယောက်တည်းမှာ

လက်မထပ်ရသေးသလို ကလေးလည်း မရှိပါဘူး။ ဒီမဟာဗိုလ်ချုပ်က ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကို တစ်ဖက်သက် ချစ်မြတ်နိုးနေတာကြောင့် ဘယ်တော့မှ လက်ထပ်မှာ မဟုတ်တော့ပါဘူး။ ဒါပေမဲ့လည်း ဒါကမလိုအပ်တဲ့ အချစ်တစ်ခုဆိုတာ သိသာထင်ရှားပြီး သူ့ဘဝ လက်ကျန်တစ်လျှောက်လုံးအတွက် တစ်ယောက်တည်းပဲ နေသွားရပါလိမ့်မယ်။

သူက တစ်ကိုယ်တည်းသမား ဆိုမှတော့ သူ့အတွက် ကျင့်ကြံခြင်း တစ်ခုတည်းပဲ ကျန်ပါတော့တယ်။ ဒါကြောင့် တင်းလိန်ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို မြင့်ပြီး သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အဆင့်နိမ့် အထွတ်အထိပ်ကို အောင်မြင်ထားပါတယ်။ ပြီးတော့ သူကိုယ်တိုင်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အလယ်အလတ် အဆင့် ကျင့်ကြံသူ တစ်ယောက်ကို ယှဉ်ပြိုင်နိုင်ပါတယ်။

တခြားအင်ပါယာ နှစ်ခုကလည်း တူညီစွာပဲ ထိတ်ထိတ်ကြံ ပုဂ္ဂိုလ်တွေကို စေလွှတ်လိုက်ပြီး ဒီအကြောင်းနဲ့ ပတ်သက်ကာ အရမ်းကို အလေးအနက်ထားပုံ ပေါ်ပါတယ်။ တကယ်တော့

လျှို့ဝှက်ဆန်းကြယ်ဘုံ အထဲကို ဝင်ရောက်တဲ့ သူတွေက သက်ဆိုင်ရာ အင်ပါယာ အသီးသီးက အရေးပါတဲ့ လူတွေရဲ့ မျိုးဆက်တွေ ဖြစ်သလို ပါရမီရှင်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဆုံးရှုံးလို့ မဖြစ်ပါဘူး။

စွေ့ရန်ယွီ၊ ကျိယွင်အာ၊ လင်းယို၊ ရီချန်ယွင်နဲ့ တခြားသူတွေလည်း သူတို့ရဲ့ သက်ဆိုင်ရဂုာ ကလန်အသီးသီးရဲ့ စွမ်းအားအကူအညီနဲ့ ဝင်ရောက်ဖို့ အရည်အချင်း ပြည့်မီပြီး ဝင်ခွင့်ရရှိ ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း မာရှန်းမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီ ရှိပေမဲ့ သူကတော့ ဝင်ဖို့ အခွင့်အရေး မရရှိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အရေးပါတဲ့ နောက်ခံနည်းနည်းမှ မရှိခဲ့ပါဘူး။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် တကယ်လို့ ကေရီ ဘုရင်မက လင်းဟာန်ကို ကိုယ်တိုင်ကိုယ်ကျ အမိန့်ထုတ်ပြီး ဝင်ရောက်ခွင့် ပြုလိုက်တဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ဝင်ခွင့်နေရာ တစ်ခုကိုတောင် ရချင်မှ ရပါလိမ့်မယ်။

အမှန်တရားက နည်းနည်းတော့ ခါးပါတယ်။

Chapter 942 end

အပိုင်း(943) အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ လင်းဟာန်

လင်းဟန်က လူတွေကို ပြေ့ကြည့်လိုက်ပြီး တော်တော်များများက သူတို့ရဲ့ မျက်နှာပေါ်မှာ သရော်တဲ့ အပြုံးတွေနဲ့ သူ့ကိုကြည့်နေတာကို တွေ့မြင်လိုက်ရပြီး အနည်းဆုံးတော့ သူတို့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို မဖုံးကွယ် ထားကြပါဘူး။

ဒီနေရာမှာ အနောက်ပိုင်း အဖွဲ့အစည်းက စီနီယာတပည့် အစ်ကိုတွေနဲ့ စီနီယာ တပည့်အစ်မတွေ အပြင် လျို့ကာလန်ရဲ့ အဖွဲ့ဝင်တွေလည်း ပါရှိပါတယ်။ နောက်ပြီး ကျောက်လန်ရဲ့ နောက်လိုက်သုံးယောက်ရဲ့ နောက်လိုက်တွေလည်း ပါပြီး သူတို့အားလုံးက တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်က နောက်ပိုင်း အဆင့်မှာ ရှိကြပါတယ်။ သူတို့က လင်းဟန်ကို အားနည်းတဲ့ သိုးငယ်လေး တစ်ကောင်ကို ကြည့်နေသလိုမျိုး စိုက်ကြည့်နေပြီး သူတို့ရဲ့ မျက်လုံးတွေထဲမှာ ရက်စက်မှုနဲ့ အကြင်နာတရား ကင်းမဲ့မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လင်းဟန်က လူအများကြီးနဲ့ မသိပါဘူး။ ဒါပေမဲ့ လင်းယိုက သူ့ဘေးမှာ ရပ်ပြီးတော့ သူတို့နဲ့ သူ့ကို တစ်ယောက်ပြီး တစ်ယောက် မိတ်ဆက်ပေးပါတယ်။ ဒါကြောင့် သူ့ခေါင်းထဲမှာလည်း အကြံတချို့ ရှိပါတယ်။

ကောင်းကင်ဘုံ ပင်လယ် လှိုု့ပုက်ဆန်းကြယ်ဘုံက ကံတရား အခွင့်အလမ်းတွေ ပိုင်ဆိုင်နိုင်တဲ့ အပြင် အန္တရာယ်လည်း ရှိပါတယ်။ ဒါကြောင့် အထဲမှာ လူတော်တော်များများ သေတယ်ဆိုတာက ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။ ပြီးတော့ ဘယ်သူက တရားခံလဲဆိုတာကို ရှာဖွေဖို့က ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လှိုု့ပုက်ဆန်းကြယ်ဘုံ တစ်ခုက ကိုယ်ရေးကိုယ်တာ ရန်ညှိုးတွေကို ဖြေရှင်းဖို့ အကောင်းဆုံး နေရာတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ မင်းက သေရမှာ ကြောက်တယ်ဆိုရင် အထဲကို မဝင်ဖို့ကို ရွေးချယ်နိုင်ပါတယ်။

ကံတရား အခွင့်အလမ်းတွေက အမြဲတမ်း အန္တရာယ်နဲ့ ဒွန်တွဲလို့ နေပါတယ်။

လင်းဟန်က အဲဒီလူတွေကို ကြည့်ပြီးတော့ စိတ်ထဲကနေ ကျိတ်သရော်လိုက်ပါတယ်။ အနက်ရောင် မျှော်စင်မရှိပဲနဲ့တောင် သူ့ရဲ့ လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အခုဆို ဘယ်လောက် မာကျော်နေပြီလဲ။ အဆင့်တစ် နတ်ဘုရား သတ္တုအဆင့်ထက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ပြီးတော့ တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့်ရဲ့ အထွတ်အထိပ်က ကျင့်ကြံသူတွေရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင် ခံယူနိုင်ပါတယ်။

နောက်ပြီး သူ့မှာ စိတ်ဂိုညာဉ် နိမ့်နင်းခြင်း ခုနစ်မျိုး နည်းစနစ်လည်း ရှိပါတယ်။ ဘယ်သူက မုဆိုး ဖြစ်ပြီးတော့ ဘယ်သူက သားကောင်ဖြစ်မလဲ ဆိုတာ ကြည့်ရတာပေါ့။

ဒါ့အပြင် သူက သူ့ရဲ့ နည်းစနစ် ခြောက်ခုကို တစ်ခုအဖြစ် ပေါင်းစပ်ထားတဲ့ ပညာရပ် အပေါ်မှာ မျိုးဖျက်မှုအဆင့်ထိ တိုးတက်အောင်မြင်မှုကို ရရှိထားပါတယ်။ သူ့မှာ အခုရှားပါးတာက အချိန် ဖြစ်ပါတယ်။ ပြီးတော့ ခွန်အားကြွယ် နစ်ဆယ်လုံးကို ရောက်တာနဲ့ပ သူက အဆင့်မျိုးဖျက် တက်ရောက်ပါလိမ့်မယ်။ သူ တောင်မြစ်အဆင့်ကို တက်သွားတဲ့ အချိန်မှာ သူ့ပြိုင်ဘက် အားလုံးကို ရှင်းထုတ်ပစ် နိုင်ပါလိမ့်မယ်။

သူ့မှာ တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်တွေ နည်းနည်းမှ မပိုင်ဆိုင်ထားပါဘူး။ ဒါပေမဲ့ မမေ့လိုက်ပါနဲ့။ ဒီထဲမှာ သူ့ကို သူ့ရဲ့တောင်တွေ မြစ်တွေကို တန်းပြီးတော့ ဖြစ်ပေါ်စေနိုင်အောင် ကူညီပေးနိုင်တဲ့ တောင်မြစ်ကျောက်တုံးတွေ ရှိနေပါသေးတယ်။ အဲဒီကျောက်တုံးတွေက အသေးစား အဆင့်ရဲ့ အထွတ်အထိပ် အကန့်အသတ်လောက်မှာပဲ ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလျှို့ဝှက်ဆန်းကြွယ်ဘုံထဲကို ဝင်ရောက်နိုင်တဲ့ အကန့်အသတ်က အသေးစား အဆင့်ရဲ့ အထွတ်အထိပ်

အဆင့်ထိပဲ ကန့်သတ်ထားပါတယ်။ ဒါကြောင့် တကယ်လို့ အဆင့်တူကြားက တိုက်ပွဲတစ်ခု ဖြစ်တော့မယ်ဆိုရင် လင်းဟန်က ဘယ်သူ့ကို ကြောက်နေစရာ လိုဦးမှာလဲ။

ဒီလူတွေက သူ့ကို အေးစက်စွာနဲ့ ကြည့်နေတဲ့ အချိန်မှာ လင်းဟန်က သူ့ရဲ့ ကျောထဲထိ စိမ့်စေတဲ့ ရေခဲတမျှ အေးစက်သော အကြည့်တစ်ခုနဲ့ ပြန်ကြည့်လိုက်ပြီး နည်းနည်းလေးမှ ခေါင်းငုံ့ခံမဲ့ ပုံစံမျိုး မရှိပါဘူး။

စွေ့ရန်ယွီက ခေါင်းကိုက်လာသလို ခံစားလိုက် ရပါတယ်။ လင်းဟန်က ဒီလိုမျိုး ပြဿနာတွေကို မီးခွက်ထွန်း ရှာတတ်တဲ့ လူတစ်ယောက်လို့ သူမက ဘယ်လိုလုပ် ခန့်မှန်းနိုင်မှာလဲ။ သူ့အတွက် ကျောက်လန်လို မဟာရန်သူတော်ကြီး တစ်ယောက် ရှိနေတာတောင် မလုံလောက်သေးပဲ အနောက်ပိုင်း အဖွဲ့အစည်းနဲ့ ရန်သူဖြစ်ခဲ့တဲ့အပြင် လျို့ကလန်လည်း ရှိပါသေးတယ်။ သူမ အနေနဲ့ လင်းဟန်ရဲ့ သတ္တိကောင်းမှုကို လေးစားရမလား ဒါမှမဟုတ် သူ့ရဲ့ ခေါင်းမာပြီး ပေကတ်ကတ်နဲ့ ဖွတ်တရွတ် နိုင်မှုကိုပဲ ဒေါသထွက်ရမလား ဆိုတာကို ဝေခွဲမရ ဖြစ်နေပါတယ်။

လီဝေဝေလည်း ရောက်လာခဲ့ပါတယ်။ သူမက ကျိယွင်အာကို ဆွဲခေါ်လာပြီး လင်းဟန်ရဲ့ နား အနားမှာ ရောက်တတ်ရာရာတွေကို

အဆက်မပြတ် ပြောနေပြီး သူမရဲ့ အနောက်မှာ မြောက်ပိုင်းအဖွဲ့အစည်းက တောင်မြစ်အဆင့် အသေးစား အဆင့်ရဲ့ ထိပ်တန်းလက်ရွေးစင်တွေ ရှိနေတယ်ဆိုတဲ့ အချက်ကို လုံးဝလျစ်လျူရှု ထားလိုက်ပါတယ်။ အဲဒါက လက်ရွေးစင်လို့ ပြောနေတဲ့ တန်ဖန်းရဲ့ မျက်နှာကို အရမ်းကြည့်ရဆိုးသွား စေခဲ့ပါတယ်။

တန်ဖန်းက လက်ရှိမှာ သူ့အသက်က 277 နှစ် ရှိပါပြီ။ သူ့ရဲ့ ကျင့်ကြံခြင်းက တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့် အထွတ်အထိပ်မှာ ရှိနေပြီး မြောက်ပိုင်းအဖွဲ့အစည်းက တောင်မြစ်အဆင့် အသေးစား အဆင့်ထဲမှာ ထိပ်တန်းလက်ရွေးစင် တစ်ယောက်အဖြစ် ဂုဏ်ယူနေသူ တစ်ဦး ဖြစ်ပါတယ်။ ဒီတစ်ချက်တည်းနဲ့တင် ချောမောလှပတဲ့ စီနီယာ အစ်မတွေနဲ့ ဂျူနီယာ တပည့်ညီမလေးတွေက သူတို့ကိုယ်သူတို့ သူ့ရင်ခွင်ထဲ ဘယ်လောက်တောင် တိုးဝင်ချင်နေကြလဲ ဆိုတာကို မသိနိုင်ပါဘူး။ သူမတို့ကိုယ် သူမတို့ သူ့ရဲ့အိပ်ယာထဲမှာ နေရာတစ်ခုအတွက် ထောက်ခံချက်တောင် ပေးကြပါလိမ့်မယ်။

ဒါပေမဲ့လည်း ကိုယ့်ကိုကိုယ် သီးခြားနေထိုင်တတ်တဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်လို့ ရပါတယ်။ ပြီးတော့ သူ့ကိုယ်သူ

တဂျာရာဂထဲမှာ မနစ်မွန်းချင်ပါဘူး။ သူက မကြာခဏဆိုသလို သူ့ကိုယ်သူ မထိန်းနိုင်ဘူးဆိုပေမဲ့ သူက လက်မထပ်ရသေးပါဘူး။ သူ့ရဲ့ တံခါးကို သူမတို့ဘာသာ သူမတို့ ဆွဲဆောင်ဖြားယောင်းတဲ့ မျက်နှာနဲ့ ဝင်လာခဲ့ပြီး သူ့မှာ ဘယ်လိုလုပ် အဲဒါကို ခုခံနိုင်စွမ်း ရှိမှာလဲ။

ဒါပေမဲ့ ဒီတစ်ကြိမ် ဘယ်လက်ရုံး အမတ်မင်းက ဒီလိုမျိုး ကြီးမားတဲ့ တာဝန်တစ်ခုကို ခန့်အပ်ထားပြီး သူ့စိတ်ထဲမှာ ရုတ်တရက် အရမ်းကို ကြီးမားတဲ့ ရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့ ပါတယ်။

သူက ဘယ်လက်ရုံး အမတ်မင်းရဲ့ သားမက် ဖြစ်ချင်လာခဲ့ပါတယ်။

ဒီတစ်ကြိမ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ သူတို့က အနည်းဆုံး လဝက်လောက် အချိန်ကုန်ပြီး အများဆုံး နှစ်ဝက်ခန့် အချိန်ကုန် ရပါလိမ့်မယ်။ နောက်ပြီးတော့ အထဲမှာ များပြားတဲ့ အန္တရာယ်တွေ ရှိတာကြောင့် သူနဲ့ လီဝေဝေတို့က တစ်ချိန်လုံး အတူတူ ရှိနေရပါမယ်။ အချိန်တွေ အများကြီး အတူတူ ကုန်ဆုံးပြီးတဲ့နောက်မှာ ရင်းနှီးမှုတွေကလည်း ပေါက်ဖွားလာလိမ့်မယ် မဟုတ်လား။ နောက်ပြီးတော့ အန္တရာယ်နဲ့ပ ရင်ဆိုင်ရတဲ့ အခါမှာ အမျိုးသမီးတွေက အရမ်းကို အသည်းငယ် တတ်ကြပါတယ်။ သူက ဘယ်လောက်တောင် ယောက်ျားပီသပြီး

ခွန်အားရှိလဲ ဆိုတာကို သူမမြင်သွားတဲ့ အချိန်ကျရင် သူ့ကို ချစ်ခင်စွဲလမ်းလာမှုကနေ သူမကိုယ်သူမ ထိန်းနိုင်လိမ့်မှာ မဟုတ်တော့ပါဘူး။

သူက တော်တော်များများ စဉ်းစားထားပေမဲ့ လီဂေဂေက သူ့ကို နလုံးသားထဲတောင် လုံးဝ မထည့်ဘူးဆိုတာကို ဘယ်သူက မျှော်လင့်မိမှာလဲ။ ပြီးတော့ သူ့ကို အစေခံ တစ်ယောက်လိုမျိုး ဆက်ဆံပြီး အနားမှာနေဖို့ အမိန့်ပေးနေတာလား။ သူမက သူ့ကိုတိုက်ရိုက်တောင် မကြည့်ခဲ့ ပါဘူး။ အဲဒါက သူ့ကို အရမ်းပဲ စိတ်ပျက်သွားစေခဲ့ပါတယ်။

တကယ်လို့ ဒါက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးတော် ဖြစ်တာကြောင့် သဘာဝအရ ဂုဏ်ယူဂုဏ်ကြွားနေတယ်လို့လဲ ပြောနိုင်ပါတယ်။ ဒါပေမဲ့ လီဂေဂေက ကျွှမ်းယောင်း တစ်ခုကနေ လာတဲ့ ဘာမဟုတ်တဲ့ လူအနားမှာ အားရပါးရပြုံးပြီးတော့ ရှင်လန်းတက်ကြွ နေပါတယ်။ လုံးဝကို အကာအကွယ်မဲ့ ဖြစ်နေပါတယ်။ သူမက သူ့ကို သူငယ်ချင်း တစ်ယောက်လိုမျိုး ဆက်ဆံနေတာ ကြည့်ပြီးတော့ တန်ဖန်းက ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

သူက တောင်မြစ်အဆင့် အသေးစား အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေတဲ့ ထိပ်တန်း လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ကျွှမ်းကျင်သူလေး တစ်ခုကလာတဲ့ ဘာမဟုတ်တဲ့ လူတစ်ယောက်ကိုတောင် သူက မယှဉ်ပြိုင်နိုင်ဘူးတဲ့လား။

တန်ဖန်းရဲ့ အမူအရာက သုန်မှုန်လို့ လာခဲ့ပါတယ်။ သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်ပြီးတဲ့ အခါမှာ သူတို့က လင်းဟန်နဲ့ လမ်းခွဲဖို့ ဆုံးဖြတ်ထား လိုက်ပါတယ်။

သူက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံကို တစ်ခါမှ မဝင်ခဲ့ဖူးပေမဲ့ ဘယ်လက်ရုံး အမတ်မင်းက သူချစ်မြတ်နိုးရတဲ့ သမီးအတွက်ကြောင့် သူ့ကို ကျောက်စိမ်းစာလိပ်တစ်ခု ပေးခဲ့ပါတယ်။ ပြီးတော့ အဲဒီမှာ မယုံနိုင်စရာကောင်းပြီးတော့ အသေးစိတ်ကျတဲ့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ အထဲက သတင်းအချက်အလက်တွေ ပါဝင်နေတာကြောင့် သူ့ကို အရမ်းယုံကြည်မှု ရှိစေခဲ့ပါတယ်။

လီဝေဝေက စကားကို မရပ်မနား ပြောနေပြီး သူမက ကျိယွင်အာနဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံးကို ဟိုနားကပ်ပြောလိုက် ဒီနားကပ်ပြောလိုက်နဲ့ ဦးဆောင်ကာ လင်းဟန်ကို စကားပြောဖို့

အခွင့်အရေး မပေးခဲ့ပါဘူး။ ဒါကြောင့် လင်းဟန်က အနောက်ကို ခြေတစ်လှမ်း ဆုတ်ပြီးတော့ လင်းယိုနဲ့ စကားစမြည် ပြောနေလိုက်ပါတယ်။

"စီနီယာအစ်ကိုလင်း အထဲရောက်ရင် ငါနဲ့ဘာဖြစ်လို့ အတူတူ မသွားမှာလဲ"

လင်းယိုက ဖိတ်ခေါ်လိုက်ပါတယ်။

"ဒီတစ်ကြိမ် ငါတို့ လင်းကလန်က စုစုပေါင်း ဝင်ခွင့်သုံးနေရာ ရခဲ့တယ်။ ငါကလွဲရင် ကျန်တဲ့ ကလန်အဖွဲ့သား နှစ်ယောက်က တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်က အထွတ်အထိပ် လက်ရွေးစင်တွေပဲ"

လင်းဟန်အနေနဲ့ လင်းယိုက မျှတတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ သူငယ်ချင်းတွေ အတွက်ဆိုရင် သူ့ကိုယ်သူ စတေးဖို့ ဂန်မလေးဘူးဆိုတာကို ကြားသိရတာ ကြာပါပြီ။ သူ့ဆီက ဒီစကား နည်းနည်းကို ကြားရုံမျှနဲ့ သူရဲ့ထင်ပေါ်ကျော်ကြားမှုက တကယ့်ကို ထိုက်တန်တယ် ဆိုတာကို သူနားလည်ပါတယ်။ လင်းယိုက လင်းဟန်အနေနဲ့ အမဲလိုက်ခံရနိုင်ကြောင်း ပြောနိုင်တာကြောင့် သူ့ကို အတူတူ ပူးပေါင်းဖို့ ဖိတ်ခေါ်တာ ဖြစ်ပါတယ်။

လင်းဟန်က ပြုံးလိုက်မိပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ် ဂျူနီယာညီလေးလင်း။ ဒါပေမဲ့လည်း ငါက တစ်ယောက်တည်း နေရတာ အသားကျနေပြီ"

လင်းဟန်က စွေ့ရန်ယွီကို တစ်ချက်လှမ်းကြည့်ပြီးတော့ အခြေအနေကို သူ့ဘာသာသူ နားလည်သွားပြီလို့ ယုံကြည်နေပါတယ်။ ဒါကြောင့် သူက ပြောလိုက်ပါတယ်။

"စီနီယာ အစ်ကိုလင်းမှာ အချောအလှလေး တစ်ယောက် ရှိနေတာကို ငါမေ့သွားတာပဲ။ ဆွဲဆောင်မှုရှိတဲ့ စီနီယာအစ်မနဲ့ အတူတူပဲပေါ့။ ဒါပေမဲ့ စီနီယာ အစ်မစွေ့ တောင်မြစ်အဆင့်ကို အဆင့်တက်ကာစပဲ ရှိသေးတယ်။ ဒါကြောင့် တကယ်လို့ တောင်မြစ်အဆင့်ရဲ့ အသေးစား အဆင့်က နောက်ပိုင်းအဆင့် ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ဆုံမယ်ဆိုရင် ဒါမှမဟုတ် အထွတ်အထိပ် အဆင့်နဲ့ဆိုရင် သူမက သူတို့အတွက် ပြိုင်ဘက်တစ်ယောက် မဖြစ်မှာကို ငါစိုးရိမ်မိတယ်"

စွေ့ရန်ယွီက သိုင်းပညာမှာ အရမ်းကို ပါရမီရှိပြီးတော့ ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ လျှို့ပုက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်ခွင့်ရတဲ့ သူတွေက

ဘယ်လိုလုပ်ပြီး သာမန်လူတွေ ဖြစ်နိုင်မှာလဲ။ နောက်ပြီး တောင်မြစ်အဆင့်ကို ဖင်ရောက်နိုင်သူတွေက အနည်းဆုံး ကြယ်တစ်လုံး ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် စွေ့ရန်ယွီက အများဆုံး တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်က အလယ်အလတ်အဆင့် ပြိုင်ဘက်တစ်ယောက်ကိုပဲ ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ အဲဒီထက် ပိုအဆင့်မြင့်သွားရင် သူမက သေချာပေါက် ယှဉ်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က လင်းယိုရဲ့ ပခုံးကို လက်တစ်ဖက်နဲ့ အသာပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါနားလည်ပါတယ်။ ဒါပေမဲ့ ငါအဆင်ပြေတယ်။ အချိန်ကျလာရင် ဘယ်သူက မုဆိုး ဘယ်သူက သားကောင်လဲဆိုတာ ကွဲကွဲပြားပြားသိလာရ ပါလိမ့်မယ်"

လင်းဟန်ရဲ့ အရမ်းကို ယုံကြည်မှု ရှိနေတဲ့ ပုံစံကို ကြည့်ပြီးတော့ လင်းယိုက ဘာမှမတတ်နိုင်ပဲ လင်းဟန်ကို ယုံကြည်လိုက်ဖို့ ရွေးချယ်ခဲ့ပါတယ်။

"လင်းဟန်"

ကျေနပ်အံ့အားသင့်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး နံပါတ်ကိုး ဘုရင်က သူမရဲ့ ဂါဂန်ကို မပြီးတော့ သူတို့ဆီ အလျင်အမြန် လျှောက်လာတာကို တွေ့လိုက်ရပါတယ်။

သူမရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မြတ်ပါတယ်။ ဒါကြောင့် ကြယ်ဥက္ကာ အင်ပါယာက လူတွေက ဒူးထောက်လိုက် ကြပါတယ်။ သူမဖြတ်သွားတာနဲ့ လူတွေက ဘေးတစ်ဖက်စီ လမ်းဖယ်ကာ ဒူးထောက်လိုက်ပြီး သူမဖြတ်ကျော်သွားမှ သူတို့က ပြန်ပြီးမတ်တပ်ထရပ်ကာ ရေလှိုင်းလုံး တစ်ခုပုံစံမျိုး လှုပ်ရှားနေပါတယ်။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ နံပါတ်ကိုး ဘုရင်က ဘာကြောင့်သူ့ကို ရုတ်တရက် အော်ခေါ်ရတာလဲ။

သူရဲ့အတွေး ဆုံးရုံပဲ ရှိပါသေးတယ်။ နံပါတ်ကိုး ဘုရင်က သူ့အရှေ့ကို အပြေးရောက်လာပြီး ရပ်နေပါတယ်။ လင်းယိုက အလျင်အမြန်ပဲ ဒူးတစ်ဖက်ကို ထောက်ပြီးတော့ ဂါရဝ ပြုလိုက်ပါတယ်။

"ထပါ ထပါ"

နံပါတ်ကိုး ဘုရင်က သူမရဲ့ လက်ကို မြှောက်ပြလိုက်ပါတယ်။ သူမရဲ့ မျက်နှာက ပန်းပွင့်လေး တစ်ပွင့်လို ချောမောလှပနေပါတယ်။ သူမက လင်းဟန်ကို ချီးမွမ်းလိုက်ပါတယ်။

"လင်းဟန်က နင်က တခြားသူတွေထက် ပိုတော်တယ်။ သူတို့မှာ အရိုးပျော့တွေ ရှိနေသလိုပဲ ငါ့ကိုမြင်တာနဲ့ သူတို့က ချက်ချင်းပဲ ဒူးထောက်ကုန်ကြတယ်"

အဟွတ် အဟွတ် အဟွတ်။

သူမပြောတဲ့ စကားကို ကြားပြီးတော့ ဘေးနားမှာ ရပ်နေတဲ့ သူတွေအားလုံး သွေးအန်လုမတတ် ဖြစ်သွားကြပါတယ်။ ဒါက သူတို့ရဲ့ ရှိသေလေးစားမှု ဖြစ်ပါတယ်။ ကေရီ ဘုရင်မက ဘုရင်ကိုးပါးကို တွေ့တာက သူမကို တွေ့သလိုပဲလို့ ကြေညာထားပါတယ်။ ငါတို့ကို ပြောကြည့်လေ။ ဘယ်သူကများ မင်းကို အရိုအသေ မပေးပဲ နေပုံ့မှာလဲ။ လင်းဟန်က နိုင်ငံတော်ကို သစ္စာဖောက်တဲ့ အပြုအမူမျိုး လုပ်နေတာကို သိသာပါတယ်။ ဘုရင်ကိုးပါးထဲက တစ်ယောက်နဲ့ မျက်နှာချင်းဆိုင်ရတာတောင် ဒူးထောက်ဖို့ ငြင်းဆန်နေပါတယ်။ ပြီးတော့ မင်းရဲ့ မျက်လုံးထဲမှာ

သူက တကယ်ပဲ အနိုင်မခံ အရှုံးမပေးတတ်တဲ့ ပင်ကိုယ်စရိုက်ရှိသူ တစ်ယောက်လို့ ထင်နေတာလား။

လင်းဟန်က သူ့လက်တွေကို ဆုပ်ရုံသာ ဆုပ်ပြီးတော့ နှုတ်ဆက်ကာ ပြောလိုက်ပါတယ်။

"နံပါတ်ကိုး ဘုရင်ကို ဂါရဝ ပြုပါတယ်"

နံပါတ်ကိုး ဘုရင်ရဲ့ အနောက်မှာ အမျိုးသမီးအစောင့် သုံးယောက် လိုက်ပါလာပြီး သူမတို့ အားလုံးက တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်က အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။ သူမတို့က လင်းဟန်ရဲ့ အရိုအသေ ကင်းမဲ့မှုကို မြင်လိုက်ရတဲ့ အခါမှာ ချက်ချင်းပဲ မျက်မှောင်တွေ ကြုတ်သွားပြီးတော့ သူ့ကို ဒေါသတကြီးနဲ့ စိုက်ကြည့်လိုက် ကြပါတယ်။

"ငါက လင်းဟန်ကို အထူးအခွင့်အရေး ပေးထားပြီး သူ့ကို ဒူးထောက်ဂါရဝ မပြုဖို့ ပြောထားတယ်"

နံပါတ်ကိုး ဘုရင်က အလျင်အမြန်ပဲ ပြောလိုက်ပြီး သူမရဲ့ အစောင့်သုံးယောက် ရှေ့ထွက်မှာကို တားလိုက်ပါတယ်။

နံပါတ်ကိုး ဘုရင်ရဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ အမျိုးသမီး အစောင့်သုံးယောက်က သူတို့ရဲ့ ပါးစပ်တွေကို နာခံစွာနဲ့ ပိတ်ထားလိုက်ပါတယ်။

နံပါတ်ကိုး ဘုရင်ကို တွေ့မြင်ရတာက ကောရီ ဘုရင်မကို တွေ့မြင်ရတာနဲ့ ညီမျှပါတယ်။ ဒါက သူတို့တွေ လက်ခံထားတဲ့ အရာဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဘယ်လိုလုပ်ပြီးတော့ အမိန့် မနာခံပဲ့ပဲ နေမှာလဲ။

"လင်းဟာန် ဒီတစ်ကြိမ် နင့်ကျေးဇူးကြောင့် အစ်မကြီးက ငါ့ကို အရမ်းကို ချီးကျူးခဲ့တယ်"

နံပါတ်ကိုး ဘုရင်ကလည်း အားရပါးရ ပြုံးနေပါတယ်။ သူမက ဆေးတစ်ပုလင်းကို ထုတ်ပြီးတော့ လင်းဟာန်ကို ပေးလိုက်ပါတယ်။

"ဒါက နေကျောက်စိမ်း ဆေးလုံးပဲ။ ဒီဆေးလုံးရဲ့ အာနိသင်က ကျင့်ကြံခြင်းကို တစ်နှစ်လောက် အရှိန်မြှင့်တင်ပေးနိုင်တဲ့ အာနိသင်ရှိတယ်။ ဒါက ငါနင့်ကို လက်ဆောင်ပေးတာ"

Chapter 943 end

အပိုင်း(944) နံပါတ်ကိုး ဘုရင်ဆီက လက်ဆောင်တစ်ခု

နံပါတ်ကိုး ဘုရင်က လူပုံအလယ်မှာ ယောက်ျားတစ်ယောက်ကို တကယ်ပဲ လက်ဆောင်တစ်ခု ပေးတယ်ပေါ့။

ဒါက ကြယ်ဥက္ကာ အင်ပါယာက လူတွေအားလုံးရဲ့ မျက်လုံးသူငယ်အိမ်တွေကို အခွံအားသင့်မှုကြောင့် မျက်လုံးအိမ်ထဲကနေ ပြုတ်ထွက်လုမတတ် ပြူးလာခဲ့ကြပါတယ်။ သူတို့ သိတာတစ်ခုက ဒီမြင်ကွင်းကို ဘယ်လိုမှ မယုံကြည်နိုင်ပဲ လက်မခံနိုင်အောင် ဖြစ်နေတယ် ဆိုတာပါပဲ။

လွန်ခဲ့တဲ့ နှစ်ပေါင်းအနည်းငယ် အတွင်းကမှ ထွက်ပေါ်လာခဲ့တဲ့ နံပါတ်ကိုး ဘုရင်ကို အသာထား။ အနည်းဆုံး နှစ်ပေါင်းသန်းနဲ့ချီတဲ့ အချိန်တုန်းက အင်ပါယာခံရုံးနဲ့ ပူးပေါင်းပြီးတော့ ဘုရင်ဘွဲ့ထူးကို ချီးမြှင့်ခံခဲ့ရသူ ဘုရင်ရှစ်ပါးပဲ ရှိပါတယ်။ တကယ်တော့ အင်ပါယာကို သူတို့တွေက တော်တော်များများ ကူညီပေးကြတာကြောင့် ကေရီ ဘုရင်မက သူတို့ကို ဘုရင်ဘွဲ့ထူးကို ချီးမြှင့်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ကေရီ ဘုရင်မမှာ ထက်မြက်တဲ့ မျက်လုံးတစ်စုံ ရှိတယ်ဆိုတာ အချက်အလက်တွေက သက်သေပြ နေပါတယ်။

အချိန်အများကြီး ကြာပြီးတဲ့ နောက်မှာ ဘုရင်ရှစ်ပါးစလုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပေမဲ့

ဘယ်အဆင့်ထိ သူတို့တွေ ရောက်နေလဲ ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။ ဒါကြောင့် နံပါတ်ကိုး ဘုရင် ထွက်ပေါ်လာတဲ့ အချိန်မှာ တိုင်းသူပြည်သား အားလုံး အနေနဲ့ ဒီအရေးပါတဲ့လူဟာ ရာစုနှစ်ပေါင်းများစွာ အချိန်ယူပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာလိမ့်မယ်လို့ တွေးနေကြတာက သဘာဝ ကျပါတယ်။

ဒါပေမဲ့လည်း တခြားဘုရင်ရှစ်ပါးနဲ့ ဧကရီ ဘုရင်မတို့ အားလုံးမှာ တူညီတဲ့ အချက်တစ်ခုက ယောက်ျားတွေကို အကွာအဝေး တစ်ခုကနေ အဖက်မတန်သလိုပဲ စကားပြောဆို တတ်ကြပါတယ်။

ဒါကြောင့် အားလုံးရဲ့ ခေါင်းထဲမှာ နံပါတ်ကိုး ဘုရင်ကလည်း ထူးမခြားနား ဖြစ်လိမ့်မယ်လို့ ထင်နေကြပါတယ်။

ဒါကြောင့် နံပါတ်ကိုး ဘုရင်က ကိုယ်တိုင်ကိုယ်ကျ ရောက်လာပြီးတော့ မှော်ဆေးလုံး တစ်လုံးကို လက်ဆောင်အဖြစ် ပေးလိုက်တာ မြင်လိုက်ရတဲ့ အခါမှာတော့ အရမ်းကို အံ့အားသင့်သွားပြီး ပါးစပ်အဟောင်းသား ဖြစ်နေကြပါတယ်။ သူတို့တွေ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လောက်ပဲ ပဟေဠိ ဖြစ်နေပါစေဦး ဒါကိုဖြစ်နိုင်ချေ ရှိတယ်လို့တောင် မယုံကြည်နိုင်ခဲ့ကြပါဘူး။

လင်းဟန်က ဆေးပုလင်းကို လက်ခံပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"နံပါတ်ကိုး ဘုရင်ကို ကျေးဇူးတင်ပါတယ်"

တစ်ဖက်မှာ သူ့အနေနဲ့ နံပါတ်ကိုး ဘုရင်ဟာ ရိုးသားဖြူစင်ပြီး အတွေ့အကြုံ နနယ်သူ တစ်ယောက် ဖြစ်တဲ့အပြင် သူမရဲ့ ခေါင်းထဲမှာ အကြံအစည် နည်းနည်းမှ မရှိဘူးဆိုတာကို ရှင်းရှင်းလင်းလင်း သိမြင်ပါတယ်။ သူမမှာ ချစ်မှုရေးရာ အတွေးမျိုး နည်းနည်းမှ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက ကြယ်ဥက္ကာ အင်ပါယာကို ပထမ နေရာကို ရရှိအောင် ကူညီပေးခဲ့ပြီး ကောရီ ဘုရင်မက နံပါတ်ကိုး ဘုရင်ကို ချီးကျူးပြောဆိုခဲ့တာကြောင့် ဖြစ်ပါတယ်။ အခု သူမက ပျော်ရွှင်နေပြီး သူမရဲ့ လုပ်ရည်ကိုင်ရည်ကို ထုတ်ဖော်ပြချင်နေခဲ့ပါတယ်။

ဒါက အဲဒီလို ရိုးရှင်းပါတယ်။

"ကောင်းပြီလေ။ နင် အထဲမှာ သေမသွားရင် ပိုကောင်းမယ်။ ငါတို့ နောက်မှ ပြန်တွေ့ကြတာပေ့ါ"

နံပါတ်ကိုး ဘုရင်က လက်ကို ဝှေ့ယမ်းပြီးတော့ သူမရဲ့ ဂါဝန်ကို ကိုင်ပြီးတော့ နောက်တစ်ကြိမ် ပြေးသွားပါတယ်။

လင်းယိုရဲ့ ပါးစပ်က လက်သီးတစ်လုံးတောင် ထည့်လို့ရတဲ့အထိ ပါးစပ်အဟောင်းသား ပွင့်နေပါတယ်။ အချိန်တော်တော် ကြာပြီးတဲ့နောက် သူက လင်းဟန်ရဲ့ ရင်ဘတ်ကို ကျီစယ်တဲ့ သဘောနဲ့ အသာလေး ထိုးပြီးတော့ နောက်ပြောင်လိုက်ပါတယ်။

"အံ့သြစရာကောင်းပဲ။ မင်းက နံပါတ်ကိုး ဘုရင်ကိုတောင် သွေးဆောင်ဖြားယောင်း နိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားဘူး။ စောစောတုန်းက ဘာမှထွေထွေထူးထူး မရှိတာကို အသာထားဦး။ ဒီတစ်ကြိမ် မင်းကို ဘယ်သူကမှ မကောင်းမကြံစည်ရဲလောက်တော့ဘူး"

နံပါတ်ကိုး ဘုရင်က ကေရီ ဘုရင်မရဲ့စိတ်နေစိတ်ထားကို ကိုယ်စားပြုပါတယ်။ ဒါကြောင့် တကယ်လို့ သူမက လင်းဟန်ကို မျက်နှာသာ ပေးတယ်ဆိုရင် ဘယ်သူကများ သူ့ကို ဆန့်ကျင်ပြီး လှုပ်ရှားပုံမှာလဲ။

လင်းဟန်က ပြုံးရုံသာ ပြုံးလိုက်ပြီး သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ရိုးရှင်းနိုင်မှာလဲ။ လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုအထဲမှာ တစ်စုံတစ်ယောက် အသတ်ခံလိုက်ရပြီး တရားခံ ဘယ်သူလဲဆိုတာကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိလိမ့်မှာတဲ့လား။

နံပါတ်ကိုး ဘုရင်က သူတို့အားလုံးကို ဘယ်လိုလုပ်ပြီး သတ်နိုင်မှာလဲ။

တကယ်လို့ နံပါတ်ကိုး ဘုရင်သာ တစ်ခုခု ဖြစ်သွားရင် ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီ ဘုရင်မက ဒေါသအကြီးအကျယ် ထွက်ပြီး အထဲကို ဝင်သွားတဲ့ ဘယ်သူမဆို တည်တည်ငြိမ်ငြိမ် နေနိုင်မယ် ထင်လို့လား။ ဒါပေမဲ့ သူမက သူ့အတွက်ဆိုရင်တော့ သေချာပေါက် ဘာမှလုပ်မှာ မဟုတ်ပါဘူး။

အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောနေရအောင် သူက ဘယ်သူလို့ ထင်နေတာလဲ။

လင်းဟာန်က ဆေးပုလင်းကို သိမ်းလိုက်ပါတယ်။ နေကျောက်စိမ်း ဆေးလုံးက ကျင့်ကြံသူတွေရဲ့ ကျင့်ကြံခြင်း တစ်နှစ်အချိန်ကို ချွေတာနိုင်ပါတယ်။ တန်ခိုးရှင်တွေလို အရမ်းကို ရှည်လျားတဲ့ သက်တမ်းရှိတဲ့သူတွေ အတွက်ကတော့ လျစ်လျူရှုနိုင်ပေမဲ့ သူ့အတွက်တော့ ဒါက အရမ်းကို အသုံးဝင်ပါတယ်။

သူက ဒီမော်ဆေးလုံးကို သန့်စင်ပြီးတဲ့နောက်မှာ ခွန်အား ကြယ်နစ်ဆယ်လုံးဆိုတဲ့ အမြင့်ဆုံး အထိ ရောက်ကောင်း ရောက်နိုင်ပါလိမ့်မယ်။

သူက ဘာမှလုပ်ဖို့ မရှိပါဘူး။ ဒါကြောင့် ဆေးလုံးကို တန်းပြီးတော့ စားဖို့ကို ရွေးချယ်ပြီး ဒီနေရာမှာ အခုပဲ သန့်စင်ရပါမယ်။

အခု ဘယ်သူကများ သူ့ကို ပြဿနာ ရှာပုံ့လိမ့်မှာလဲ။

မျက်လုံးတွေ အများကြီးရဲ့ အရှေ့မှာ လင်းဟန်က လုံခြုံနေပါတယ်။ အခုချိန်မှာ ဘယ်သူကမှ သူ့ကို ပြဿနာ ရှာပုံ့လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ကိုယ်သူတို့ နံပါတ်ကိုး ဘုရင်ရဲ့ ရန်သူတစ်ယောက်လို့ လူပုံအလယ်မှာ ကြေညာလိုက်တာမျိုး ဖြစ်သွားပါ လိမ့်မယ်။ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်တောင် ဒီလိုမျိုး အရာတစ်ခုကို ဘယ်တော့မှ လုပ်ပုံ့လိမ့်မှာ မဟုတ်ဘူးလို့ သူယုံကြည် နေပါတယ်။

စွေ့ရန်ယွီက မျက်နှာကို ရှုံ့မဲ့ပြီးတော့ ကြည့်နေရုံပဲ တတ်နိုင်ပါတယ်။ လင်းဟန်က ဘယ်လောက်တောင် ရဲတင်းပြီးတော့ သတ္တိကောင်းနေလိုက်လဲ။

လင်းဟန်က မှော်ဆေးလုံးကို စားပြီးတော့ ချက်ချင်းပဲ နည်းစနစ် ခြောက်ခုမှ တစ်ခု ပညာရပ်ကို လည်ပတ်ပြီးတော့ ဆေးလုံးအထဲက ဆေးအာနိသင်တွေကို စုပ်ယူလိုက်ပါတယ်။

မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကနေ စိတ်ဂိုညာဉ် ချီတွေက လှိုင်းတွေလို ပန်းထွက်လာပြီး သိပ်သည်းကျစ်လျစ်ကာ လင်းဟန်အနားမှာ ဂိုင်းပတ်လို့ နေပါတယ်။

ဓာတ်ခြောက်မျိုး စိတ်ဂိုညာဉ်ချီကို စုပ်ယူနိုင်တဲ့ စိတ်ဂိုညာဉ် အခြေခံ တစ်ခုမှာ ဓာတ်ခြောက်မျိုး ရှိပြီးတော့ ချီထောက်တိုင် ခြောက်မျိုး ဖြစ်လာကာ အရောင်စုံတဲ့ အလင်းရောင်တွေ တလက်လက် တောက်ပလို့ လာပါတယ်။

ဒီချီထောက်တိုင်တွေကို မြင်လိုက်ရတဲ့ အချိန်မှာ လူတော်တော်များများ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့ပါတယ်။

"ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလို့လဲဟွန့်။ ဒါက စိတ်ဂိုညာဉ်ချီ နိုးဆွတာသက်သက် မဟုတ်ဘူးလား"

တစ်စုံတစ်ယောက်က အထင်အမြင်သေးတဲ့ လေသံတစ်ခုနဲ့ ပြောလိုက်ပါတယ်။

"မတူညီတဲ့ ဓာတ်ခြောက်မျိုးကို တစ်ပြိုင်နက်တည်း နိုးဆွနိုင်တာနဲ့ ပတ်သက်ပြီး အံ့သြစရာ ဘာမှမရှိဘူး။ သဘာဝ စိတ်ဂိုညာဉ် အခြေခံ တစ်ခုကိုတောင် မပိုင်ဆိုင်တဲ့ လူတစ်ယောက် အတွက်တော့ ပြီးပြည့်စုံတဲ့ စိတ်ဂိုညာဉ် အခြေခံ တစ်ခုကို

ဖန်တီးပြီးတဲ့နောက်မှာ မတူညီတဲ့ ဓာတ်ခြောက်မျိုးကို ညီမျှအောင် လုပ်နိုင်တယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြဿနာရှိတာက ဘယ်လိုလုပ် ဒီစိတ်ဂိညာဉ်ရှိ ထောက်တိုင်တွေက အရမ်းကို ကျယ်ပြန့်နေရတာလဲ”

“ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတယ်။ ငါစကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိတုန်းက စိတ်ဂိညာဉ်ရှိ ထောက်တိုင်တွေထက် သူ့ရဲ့ထောက်တိုင်က အများဆုံး အဆတစ်ရာလောက် ပိုကျယ်ပြန့်တယ်”

ဒီလိုမှတ်ချက်ကြောင့် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ဒါမှမဟုတ် တောင်မြစ်အဆင့်မှာ ရှိတဲ့ လူတွေအားလုံးက အံ့အားသင့်စွာနဲ့ ကြည့်လိုက်ကြပါတယ်။ ဒီကောင်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ လုံးဝကို ပြိုင်ဘက်ကင်း ဖြစ်နေတာ အံ့သြစရာ မရှိတော့ပါဘူး။ သူက တကယ်ပဲ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ပြီးပြည့်စုံတဲ့ အဆင့်အထိ ကျင့်ကြံခဲ့တယ်လို့ ပြောနိုင်ပါတယ်။

“ဟင့် သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ပြိုင်ဘက်ကင်းတာပါ။ တောင်မြစ်အဆင့်ကို သူဝင်လာတာနဲ့ သူက အမှိုက်ကောင် ဖြစ်သွားလိမ့်မယ်”

"ဒါအမှန်ပဲ။ သူက ရှစ်ဆင့်ထိပဲ တက်နိုင်ပြီး ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် သက်သက်ပဲ။ ကြယ်နှစ်ပွင့် ပါရမီရှင်တွေတောင် သူ့ တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့်က အထွတ်အထိပ်ကို ရောက်ရင် လွယ်လွယ်နဲ့ သူ့ကို လွှမ်းမိုးနိုင်တယ်"

တချို့က မနာလိုတဲ့ အသံတွေနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူတို့က ဒီလိုစကားတွေကို ပြောလိုက်တာနဲ့ သူတို့ကိုယ် သူတို့တောင် မှင်တက်အံ့သြသွားမိပါတယ်။

တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ်ကို ဂင်ရောက်ရုံနဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့်ရဲ့ အလတ်အလတ်အဆင့်က အစောပိုင်းအဆင့်မှာရှိတဲ့ တစ်စုံတစ်ယောက်နဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိလိမ့်မလား။ ဒါက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်သာသာပဲ ဟုတ်လား။ ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးမှာ ကြယ်လေးပွင့် ပါရမီရှင် စုစုပေါင်း ဘယ်နှစ်ယောက်များ ရှိတယ်ဆိုတာ သိလို့လား။ ပြီးတော့ မင်းက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်သာသာပဲ ဆိုတဲ့ စကားကို ပြောပံ့တယ်ပေါ့လေ။

"ဟီးဟီး သူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ဖို့ အလားအလာ တစ်ခုပဲ ရှိတာလေ။ တကယ်ဖြစ်လာမယ်လို့ မပြောနိုင်ဘူး"

နောက်ဆုံးမှာတော့ အဲဒီလူတွေက သူတို့ရဲ့ စကားကို ပြန်ဖာထေး လိုက်ပါတယ်။

လင်းဟန်က ဒီလိုမျိုး အတင်းတုပ်နေတာမျိုးကို နှလုံးသားထဲ မထည့်ထားပါဘူး။ မှော်ဆေးလုံးရဲ့ အာနိသင်အောက်မှာ စိတ်ဂိညာဉ်ချီကြောင့် ဖြစ်လာတဲ့ ထောက်တိုင်တွေက သူ့ခန္ဓာကိုယ် အထဲကို အရှူးအမူး တိုးပွေ့ဂင်လာခဲ့ပြီး သူ့ရဲ့ မူလစွမ်းအင် အဖြစ် အဆုံးမရှိ ပြောင်းလဲ ဖြစ်ပေါ်လို့ နေပါတယ်။

သူ့ခွန်အားက အရမ်းကို လျင်မြန်စွာနဲ့ တိုးလာပြီး အမြင့်ဆုံး အကန့်အသတ်ဖြစ်တဲ့ ကြယ်နှစ်ဆယ်လုံးဆီကို တစ်ဟုန်ထိုး အဆင့်တက်လို့ နေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့က နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံအားထုတ်ထားပြီး တန်ခိုးရှင်ဘုံထဲက အရင်းအမြစ် ကြွယ်ဂမှုတွေနဲ့အတူ စကြဂဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်သာဖြစ်တဲ့ သူက သူ့ရဲ့ခန္ဓာကိုယ် ပညာရပ်မှာ သိပ်မကြာခင် အထွတ်အထိပ်ကို ရောက်ရှိသွားခဲ့တာက

သဘာဂကျပါတယ်။ သူ့မှာ ကင်းမဲ့နေတာက မူလစွမ်းအင်ရဲ့ အဆင့်တစ်ခုတည်း ဖြစ်ပါတယ်။

အမှန်ဆို တန်ခိုးရှင်ဘုံထဲမှာ အရင်းအမြစ်တွေ ဘယ်လောက်ကြွယ်ဂလိုက်သလဲ။ သူတို့တွေက စကြဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အား ကြယ်နစ်ဆယ်လုံး အဆင့်ကို လွယ်လွယ်နဲ့ မြှင့်တင်နိုင် ပါတယ်။ ဒါပေမဲ့ ပြဿနာရှိနေတာက မင်းကိုယ်တိုင်အနေနဲ့ ဒီလိုမျိုး ခွန်အားကို တောင့်ခံနိုင်စွမ်း ရှိပါ့မလား။

တကယ်လို့ မင်းရဲ့ ဒန်တန်နဲ့ စိတ်ဂိဉာဉ် ပင်လယ်က လုံလုံလောက်လောက် မကြီးမား မကျယ်ပြန့်ဘူးဆိုရင် မူလစွမ်းအင် အများကြီးကို ဘယ်လိုလုပ်ပြီးတော့ မင်းက စုစည်းနိုင်မှာလဲ။

မင်းက ပေါက်ကွဲထွက်သွားပါလိမ့်မယ်။

ဒါက မတရားသဖြင့် ချမ်းသာလာတဲ့ လူတစ်ယောက်နဲ့ တူပါတယ်။ သူက ဖျားနာတဲ့ အခါမှာ အရသာရှိတဲ့ အစားအသောက်တွေကို မစားနိုင်သလို သူ့ရဲ့ ချောမောလှပတဲ့ ဇနီးကိုလည်း မထိတွေ့နိုင်ပါဘူး။ အဲဒါဆိုရင် ချမ်းသာကြွယ်ဂမှုက ဘာများသုံးစားလို့ ရမှာလဲ။

လင်းဟန်က နည်းစနစ် ခြောက်ခုမှ တစ်ခုသို့ ပညာရပ်ကို ကျင့်ကြံအားထုတ်ပြီး နောက်ဆုံးတံခါးကို ဖွင့်ပြီးတော့ ခွန်အား ကြယ်နှစ်ဆယ်လုံးရဲ့ အမြင့်ဆုံးကို စုစည်းနိုင်စွမ်း ရှိလာခဲ့ပါတယ်။ သူက ဒါကို နားလည်သဘောပေါက်လာတဲ့ အချိန်မှာ သူ့မှာ ပြည့်ဂဝစေဖို့ အချိန်တစ်ခုပဲ လိုအပ်တယ် ဆိုတာကို သိလာပါတယ်။

အခု နံပါတ်ကိုး ဘုရင်က သူ့ကို နေကျောက်စိမ်း ဆေးတစ်လုံး လက်ဆောင်ပေးခဲ့ပြီး အဲဒါက သူ့အတွက် အချိန်ကို တိုတောင်းလာစေခဲ့ပါတယ်။

တစ်ရက်ခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ရပ်လိုက်ပြီး သူ့မျက်လုံးတွေကို ဖျတ်ခနဲ ဖွင့်ပြီးတော့ သူ့နှုတ်ခမ်းမှာ အပြုံးတစ်ခု တွဲခိုလာခဲ့ပါတယ်။

"ဟင်"

စွေ့ရန်ယွီက အံ့အားသင့် သွားခဲ့ပါတယ်။

"နင်ငါ့ကို ကြည့်လိုက်တဲ့ အချိန်မှာ နင့်မျက်လုံးတွေထဲကို ငါကြည့်ရမှာ ကြောက်ရွံ့နေသလိုမျိုး တကယ်ပဲ ခံစားရတယ်"

လင်းဟန်က ရယ်မောပြီးတော့ နောက်ပြောင်ကျီစယ် လိုက်ပါတယ်။

"ဒါက သဘာဂပါပဲ။ မင်းမသိသေးဘူးလား။ ယောက်ျား တစ်ယောက်ရဲ့ တာဂန်က မိန်းမ တစ်ယောက်ကို လမ်းညွှန်ပေးဖို့ပဲလေ။ ဒါကြောင့် မင်းက ငါ့ကို ကြောက်ရွံ့နေရတာ သဘာဂ ကျပါတယ်"

စွေ့ရန်ယွီက ညာတာမှု ကင်းမဲ့စွာနဲ့ သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပေမဲ့ အရမ်းကို အံ့အားသင့်နေဆဲ ဖြစ်ပါတယ်။ တစ်ခုသိထားရမှာက သူမဟာ တောင်မြစ်အဆင့်မှာ ရှိပြီးတော့ စကြဂဠာ ဖျက်ဆီးခြင်းအဆင့်မှာပဲရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ အကြည့်ကြောင့် တကယ်ပဲ တုန်လှုပ်နေမိပါတယ်။ ဒါက ဘယ်လိုသဘောတရားကြီးလဲ။

သူမရဲ့ နှလုံးသားက ရုတ်တရက်ဆိုသလို မွှန်းကျပ်လို့လာခဲ့ပြီး အသက်ရှူမဂ ဖြစ်သလို ခံစားလိုက် ရပါတယ်။ သူမက မေးလိုက်ပါတယ်။

"နင် နင့်ရဲ့ ခွန်အားကို ကြယ်နစ်ဆယ်လုံးအထိ ရောက်အောင်လို့ လုပ်နိုင်ခဲ့တာကြောင့်များ ဖြစ်နိုင်မလား"

"ငါ့မိန်းမ ဆိုတဲ့အတိုင်းပဲ တော်လိုက်တာ"

လင်းဟန်က ချီးကျူးလိုက်ပါတယ်။

ခွန်အား ကြယ်နစ်ဆယ်လုံး။

စွေ့ရန်ယွီရဲ့ ခေါင်းတစ်ခုလုံး ဒီအတွေးတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ သူမက အရမ်းကို အံ့အားသင့်နေတာကြောင့် လင်းဟန်က သူမကို စနောက်ကျီစယ်နေမှုကို ရန်ပြန်တွေ့ဖို့တောင် သတိမေ့နေခဲ့ပါတယ်။

လင်းဟန်က တစ်နေ့မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အား ကြယ်နစ်ဆယ်လုံးကို ရောက်ရှိနိုင်စွမ်း ရှိလိမ့်မယ်ဆိုတာ သေချာပေါက် သိပါတယ်။ ဒါပေမဲ့ အဲဒါက အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ဖြစ်ပျက်လာလိမ့်မယ်လို့တော့ သူမ ဘယ်တုန်းကမှ ထင်မှတ်မထား မိခဲ့ပါဘူး။ သူမက လင်းဟန်ကို အံ့အားသင့်မှုတွေ ပြည့်နှက်နေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။ ဒီယောက်ျားက တစ်နေ့မှာ အားလုံးက သူ့ကို မော့ကြည့်ပြီးတော့ ကြည်ညိုလေးစားလာစေမဲ့ ထူးဆန်းအံ့သြဖွယ်ရာ လူတစ်ယောက် ဖြစ်လာကောင်း ဖြစ်လာပါလိမ့်မယ်။

Chapter 944 end

အပိုင်း(945) နတ်ဘုရား သတ္တု

"ကောင်းကင်ဘုံ ပင်လယ်လျှို့ပုက်ဆန်းကြယ်ဘုံ ပွင့်ပြီဟေ့"

လူတစ်ယောက်က အော်ဟစ်လိုက်ပြီး အားလုံးက သူတို့ရဲ့ ခေါင်းတွေကို မိုးကောင်းကင်ပေါ် မော့ကြည့် လိုက်ကြပါတယ်။

လင်းဟန်လည်း မိုးကောင်းကင်ပေါ်ကို မော့ကြည့်လိုက်မိပါတယ်။ အရင်မိုးကောင်းကင်က ကြည်လင်ပြီးတော့ နေသာနေပေမဲ့ ချက်ချင်းဆိုသလို လေဟာနယ် စုတ်ပြဲပြီးတော့ ပွင့်လာပြီး ရောမ ပင်လယ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ပင်လယ်ရဲ့ အကျယ်ကို မသိပေမဲ့ လှိုင်းလုံးတွေကတော့ ပြင်းထန်ပါတယ်။ အထဲမှာ ထိတ်လန့်တုန်လှုပ်စရာ နတ်ဘုရား မြင်ကွင်းတစ်ခု ရှိနေပြီး တစ်ချက်ကြည့်မိရုံနဲ့ ကြံရာမရ ဖြစ်ကုန်ပြီး ထိတ်လန့်တုန်လှုပ် သွားပါလိမ့်မယ်။

ဟုန်း ဟုန်း ဟုန်း။

သူတို့အရှေ့က လွင်ပြင်ကလည်း ကွဲအက်လာခဲ့ပြီး ကြီးမားတဲ့ အက်ကြောင်းကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ရုတ်တရက် မိုးကောင်းကင်ပေါ်ကို ရေလုံးကြီးတစ်ခု ပန်းထွက်သွားပြီး အောက်ကနေ မိုးကောင်းကင်ပေါ်ကို ပြောင်းပြန်စီးဆင်းတဲ့ ရေတံခွန်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ရေတံခွန်က အောက်ကနေ မိုးကောင်းကင်ပေါ်ကို စီးဆင်းပြီး မိုးကောင်းကင်ပေါ်က အဲဒီပင်လယ်နဲ့ ချိတ်ဆက်သွားခဲ့ပါတယ်။ ရုတ်တရက်ဆိုသလို အဆုံးမရှိတဲ့ လှိုင်းလုံးကြီးတွေက မိုးကောင်းကင်ဆီကို ဆန့်ကျင်ဘက် လားရာအတိုင်း တလိပ်လိပ် တက်သွားခဲ့ပါတယ်။

ရေလှိုင်းလုံးတွေရဲ့ အသံက မိုးခြိမ်းသံလို ကျယ်လောင်ပြီး အသံတွေ အားလုံးကို ဖုံးသွားခဲ့ ပါတယ်။ တချိန်တည်းမှာပဲ တကယ်လို့ လူတစ်ယောက်က သူတို့ရဲ့ အကြားအာရုံကို အကောင်းဆုံး ကြိုးစားရင်တောင် သူ့ကိုယ်သူ ဘာပြောလို့ ပြောတယ်ဆိုတာကို ကြားနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒါက အရမ်းကို ကြီးကျယ်ခမ်းနား လွန်းပါတယ်။ မိုးကောင်းကင်ထဲမှာ ကြီးမားတဲ့ ပင်လယ်တစ်ခု စီးဆင်းနေပြီး အရမ်းကို ကျယ်ပြန့်ကာ ငြိမ်းချမ်းရေး ဂြိုလ်ကြီး တစ်ခုလုံးကို ရေအောက်ကို မြုပ်ပစ်တော့မဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ နောက်ပြီး မြေအောက်က ရေတွေကလည်း ဆန့်ကျင်ဘက် လားရာဖြစ်တဲ့ မိုးကောင်းကင်ထက်ကို စီးဆင်းနေပြီး သဘာ၀ တရားကို ဆန့်ကျင်နေပါတယ်။

သူက နောက်ဆုံးတော့ ဘာဖြစ်လို့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံလို့ ကျော်ကြားရသလဲ ဆိုတာကို သိသွားခဲ့ပါတယ်။

ကောင်းကင်ဘုံတွေထဲက ပင်လယ်တစ်ခု။ ဒါက နာမည်တစ်ခု သက်သက် မဟုတ်ပါဘူး။ တကယ့်ကို အစစ်အမှန် ဖြစ်ပါတယ်။

အားလုံးက အခုဆိုရင် သူတို့ရဲ့ အကြားအာရုံ လုံးဝကို ပျောက်ကွယ်သွားသလို ဖြစ်တာကြောင့် သူတို့ရဲ့ နတ်ဘုရား အာရုံကိုပဲ အသုံးပြုပြီးတော့ ဆက်သွယ်နိုင်ပါတော့တယ်။

"အဲဒါ ကောင်းကင်ဘုံ ပင်လယ် ဖြစ်လိမ့်မယ်။ ဘယ်သူကမှ အဲဒီအထက်ကို ပျံသန်းပြီး ရှင်းရှင်းလင်းလင်း ကြည့်လို့ မရနိုင်ဘူး။ အဲဒီပင်လယ်ကြီး အထဲမှာ သက်ရှိလုံးဝ မရှိသလို အဆုံးသတ်လည်း မရှိဘူး"

လင်းယိုက မချိတင်ကဲနဲ့ ကိုယ့်ကိုကိုယ် တွေးတောကောက်ချက် ချလိုက်ပါတယ်။

"ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ တစ်ယောက်က နဂါးငွေတန်းအဆင့် စစ်သင်္ဘော တစ်စီးကို ပဲ့ကိုင်ပြီး အထဲကို ဝင်ရောက်ဖို့ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမဲ့ လှိုင်းလုံးတွေက သူ့ကို

ဖုံးလွှမ်းပြီးတော့ စစ်သဘောင်္ကို အပိုင်းပိုင်းအစစအဖြစ် ကျိုးပဲ့သွားစေပြီး အဲဒီလက်ရွေးစင်လည်း သူ့ရဲ့ စိတ်ဝိညာဉ်ကိုတောင် အချိန်ကိုက် လွတ်မြောက်အောင် ထွက်မပြေးနိုင်ခဲ့ဘူး။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့အတူ ပျက်စီးသွားခဲ့ရတယ်”

ငြိမ်းချမ်းရေး ဂြိုလ်ပေါ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်က ပြိုင်ဘက်ကင်းတဲ့ ပုံရိပ်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေတောင် ဒီလိုပုံစံမျိုး အဆုံးသတ်သွားခဲ့တယ်။ ဒါကြောင့် မိုးကောင်းကင်ပေါ်က အဲဒီပင်လယ်က တားမြစ်ထားတဲ့ နယ်မြေတစ်ခု ဖြစ်လာခဲ့ပါတယ်။

“ကြည့်စမ်း”

“အဲဒီမှာ တစ်ခုခု ရှိနေတယ်”

လူတစ်ယောက်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ဆက်သွယ်ထားတဲ့ အဲဒီရေတံခွန်ကို လက်ညှိုးထိုးပြီး ညွှန်ပြလိုက်ပါတယ်။

လင်းဟန်က အာရုံစိုက်ပြီးတော့ ကြည့်လိုက်ပါတယ်။ ရေတံခွန်ထဲမှာ အဖြူရောင် တလက်လက် တောက်ပနေတဲ့

အရာတစ်ခု ရှိပါတယ်။ ဒါပေမဲ့ သူက အဲဒီပစ္စည်းက ဘာလဲဆိုတာကိုတော့ မခွဲခြားနိုင်ပါဘူး။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ ရေတံခွန် တစ်ခုက သူ့ဘာသာသူ အောက်ကနေ အပေါ်ကို စီးဆင်းနေပြီး အရမ်းကို ထူးခြားဆန်းကြယ်တဲ့ အဖြစ်အပျက် တစ်ခု ဖြစ်နေပါတယ်။ ဒါပေမဲ့ အခု ကောင်းကင်ဘုံ ပင်လယ်ထဲမှာ ရေစီးကြောင်းကို ဆန့်ကျင်ပြီး သွားနေတဲ့ အရာတစ်ခု ရှိနေပြီး ရေတံခွန်အောက်ကို စီးဆင်းနေပါတယ်။ ဒါက သူတို့အတွက် ပိုပြီးတော့တောင် လက်မခံနိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က မသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပြီး နောက်ဆုံးမှာ အဲဒီအဖြူရောင် ပစ္စည်းရဲ့ အကြမ်းဖျင်း ပုံပန်းသဏ္ဍာန်ကို ကောက်ချက်ချနိုင်လိုက်ပါတယ်။

"အဲဒါက သတ္တုအပိုင်းအစ တစ်ခုပဲ"

"အဖြူရောင် သတ္တုတစ်ခု"

"သောက်ကျိုးနည်း ဒီက ရေလှိုင်းတွေက နဂါးငွေ့တန်း ကြယ်ဥက္ကာအဆင့် စစ်သဘော်ကိုတောင် လွယ်လွယ်ကူကူ ပျက်စီးစေနိုင်ပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်

တစ်ယောက်ကိုတောင် သတ်ပစ်နိုင်တယ်။ ဒါပေမဲ့ အခု အဲဒီမှာ သတ္တုအပိုင်းအစ တစ်ခုက ဘာမှမဖြစ်ပဲ ရှိနေသေးတယ်”

“အဲဒီသတ္တုက ထူးထူးခြားခြား လေးလံတာမျိုး ဖြစ်နိုင်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရေစီးကြောင်းကို ဆန့်ကျင်ပြီးတော့ ရေတံခွန်ရဲ့ အောက်ကို စီးဆင်းလာဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ ဟုတ်တယ်မလား”

“ထိပ်တန်းအဆင့် နတ်ဘုရား သတ္တုတစ်ခုလား။ အဲဒါက ထိပ်တန်းအဆင့် နတ်ဘုရား သတ္တုတစ်ခု ဖြစ်လိမ့်မယ်။ အဲဒီသတ္တုနဲ့ သွန်းလုပ်ရင် ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး စိတ်ဂိညာဉ် ပစ္စည်းအဖြစ်ကို သွန်းလုပ်နိုင်လောက်တယ်။ ပြီးတော့ ကောင်းကင်ဘုံ ပင်လယ်ရဲ့ ဖျက်ဆီးနိုင်တဲ့ စွမ်းအားကိုတောင် တားဆီးနိုင်တယ်ဆိုရင် ဒီကမ္ဘာကြီးထဲမှာ ဘယ်အင်အားကများ အဲဒါကို ဖျက်ဆီးနိုင်ဦးမှာလဲ”

အရေးပါတဲ့ လူနည်းစု အားလုံးက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ သူတို့အားလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ ဖြစ်ပြီးတော့ သူတို့တောင် လှုပ်လှုပ်ရှားရှား ဖြစ်စေတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒီနတ်ဘုရား သတ္တု အပိုင်းအစရဲ့ တန်ဖိုးကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

အဲဒီအခိုက်အတန့်မှာ အားလုံးရဲ့ မျက်လုံးတွေက လိုချင်တပ်မက်မှုတွေနဲ့ မီးဂင်းဂင်းတောက်လို့ နေပါတယ်။

တစ်ခုသိထားရမှာက တကယ်လို့ ဒီနတ်ဘုရား သတ္တုအပိုင်းအစ ကျလာမယ်ဆိုရင် ဘယ်နေရာကို ကျလိမ့်မလဲ။ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ အထဲကိုလား။

ဒါအမှန်ပါပဲ။ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံက မိုးကောင်းကင်ထဲက အဲဒီပင်လယ်ရဲ့ အစိတ်အပိုင်း မဟုတ်ပါဘူး။ တကယ်လို့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်တောင် ဂင်သွားခဲ့ရင် သူက တန်းပြီးတော့ ချေမှုန်းခံရပါလိမ့်မယ်။ တကယ်လို့ သူတို့တွေ အဲဒီကို သွားခဲ့မယ်ဆိုရင် သူတို့ကိုယ်သူတို့ သေကြောင်းကြံတာနဲ့ အတူတူပဲ မဟုတ်လား။ လျှို့ဝှက်ဆန်းကြယ်ဘုံက မြေအောက်မှာ ရှိပြီးတော့ ကောင်းကင်ဘုံ ပင်လယ် ထွက်ပေါ်လာတဲ့ အချိန်မှာ အဲဒီလျှို့ဝှက်ဆန်းကြယ်ဘုံလည်း ထွက်ပေါ်လာပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ မင်းက ငြိမ်းချမ်းရေးဂြိုလ်ကြီး တစ်ခုလုံးကို တူးဆွ ပစ်လိုက်မယ် ဆိုရင်တောင် အဲဒါကို ရှာတွေ့လိမ့်မယ်လို့ မမျှော်လင့်လိုက်ပါနဲ့။

လင်းဟန်ကလည်း စိတ်လှုပ်ရှားလာသလို ခံစားလိုက်ရပါတယ်။ ထိပ်တန်းအဆင့် နတ်ဘုရား သတ္တု။ ဘယ်သူကများ ဒီလိုမျိုး ရတနာ တစ်ခုကို မလိုချင်ပဲ ရှိမှာလဲ။

နောက်ပြီးတော့ ဒီလိုမျိုး နတ်ဘုရားသတ္တု အမျိုးအစားကို တခြားဘယ်နေရာမှာမှ သွန်းလုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ ဒါကြောင့်သူဆိုရင် လုပ်နိုင်ပါ လိမ့်မယ်။ ဟုတ်တယ်မလား။

သူက မနေနိုင်ပဲ မေးလိုက်မိပါတယ်။

"မျှော်စင်လေး မင်းအဲဒါကို လုပ်နိုင်လား"

"ငါအဲဒါကို မမြင်ရဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သိမှာလဲ"

မျှော်စင်လေးက နှာခေါင်းရှုံ့ လိုက်ပါတယ်။

"ဒါပေမဲ့လည်း အဲဒါက နတ်ဘုရား သတ္တုဆိုမှတော့ ငါ့အတွက်တော့ ကိတ်မုန့်လေး စားရသလို လွယ်လွယ်လေးပဲ"

လင်းဟန်က အဲဒီစကားလုံးရဲ့ အဓိပ္ပါယ်ကို ဖမ်းမိပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် နတ်ဘုရား သတ္တုထက်တောင် ပိုပြီးတော့ မာကျောတဲ့ ပစ္စည်း ရှိသေးပြီး မင်းတောင်မှ သန္နိစင်နိုင်စွမ်း မရှိဘူးပေ့ါ

"ဒါပေ့ါ။ စဉ်းစားကြည့်လေ အနက်ရောင် မျှော်စင်ကို ဘယ်ပစ္စည်းနဲ့ သွန်းလုပ်ထားတာလဲ"

မျှော်စင်လေးက ခက်ထန်တင်းမာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"ဘယ်ပစ္စည်းနဲ့ သွန်းလုပ်ထားတာလဲ"

လင်းဟန်က ဆက်ပြီးတော့ မေးလိုက်ပါတယ်။ သူက တကယ်ပဲ အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။

"နတ်ဘုရား သတ္တုလား"

ဒီတစ်ကြိမ် မျှော်စင်လေးက အရင်လိုပုံစံ မဟုတ်တော့ပါဘူး။

"မင်းရဲ့ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်လွန်းတယ်။ ဒါကြောင့် မင်းကို ပြောတာက အကျိုးမရှိဘူး"

"နတ်ဘုရား သတ္တု အထက်မှာ သူတော်စင်အဆင့် သတ္တုရှိတယ်။ ဒါပေမဲ့လည်း နတ်ဘုရား သတ္တုကို အဆင့်တွေ အများကြီး ခွဲထားတယ်။ ပြီးတော့ သူတော်စင်အဆင့်မှာလည်း မတူညီတဲ့

အမျိုးအစားတွေ အများကြီးတယ်။ ဒါမှာက အဆင့်တစ်ခုပဲ ရှိတယ်။ အဲဒါက နတ်ဘုရား သတ္တုလား ဒါမှမဟုတ် မဟုတ်ဘူးလားပဲ”

“နတ်ဘုရား သတ္တုအပိုင်းအစတိုင်းမှာ သူတို့ကိုယ်ပိုင် ထူးခြားတဲ့ အသိရှိပြီး မယုံနိုင်စရာ ခွန်အားကို ပိုင်ဆိုင်ထားကြတယ်။ ဒဏ္ဍာရီတွေအရတော့ ဟီးဟီး အဲဒီကိစ္စကိုတော့ ငါတို့တွေ မင်း အပိုင်းအစ တစ်ခုကို တကယ်ရတဲ့ အချိန်မှပဲ ပြောတော့မယ်”

မျှော်စင်လေးက သူ့ကို စတင်ပြီးတော့ နောက်တစ်ကြိမ် အူယားအောင် လုပ်လိုက်ပါတယ်။

သူတို့တွေ စကားပြောနေတုန်းမှာ အဲဒီအဖြူရောင် သတ္တုအပိုင်းအစက မြေကြီးထဲကို တိုးဝင်သွား ခဲ့ပါတယ်။

“ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်ပြီဟေ့။ အထဲကို မြန်မြန်သွားကြမယ်”

“တကယ်လို့ မင်းအခုချိန်မှာ မဝင်ဘူးဆိုရင် ဘာကိုစောင့်နေတာလဲ”

“မင်း အဲဒီ နတ်ဘုရား သတ္တုအပိုင်းအစကို ရအောင်ယူသင့်တယ်”

“ငါ့အတွက် အဲဒီနတ်ဘုရား သတ္တုအပိုင်းအစကို ရအောင်ယူပေးနိုင်တဲ့ ဘယ်သူ့ကိုမဆို ကြီးမားတဲ့ ဆုလာဘ်ပေးမယ်”

အရေးပါတဲ့ လူတွေအားလုံးက လူအုပ်ကြီးကို ဆင်းသွားဖို့ တိုက်တွန်းဆော်ဩ လိုက်ကြပါတယ်။ တချိန်တည်းမှာပဲ သူတို့တွေက အဲဒီထိပ်တန်းအဆင့် နတ်ဘုရား သတ္တုကို ရရှိဖို့ အံ့မခန်း ဆုလာဘ်တွေနဲ့ ကမ်းလှမ်းနေကြပါတယ်။ သူတို့ကတော့ ဘာမှလုပ်လို့ မရနိုင်ပါဘူး။ သူတို့က လျို့ဝှက်ဆန်းကြယ်ဘုံ အထဲကို မဝင်နိုင်ပါဘူး။ ပြီးတော့ သူတို့ရဲ့ မျှော်လင့်ချက်တွေကို ဒီလူငယ်တွေ အပေါ်မှာ ပုံချထားဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

တစ်ခုတော့ ကြိုမြင်နေပါတယ်။ အဲဒါက ဒီနတ်ဘုရား သတ္တုအတွက်ကြောင့် သွေးချောင်းစီးမဲ့ ပြင်းထန်သော တိုက်ပွဲတစ်ခု သေချာပေါက် ဖြစ်လာပါလိမ့်မယ်။

"သွားကြစို့"

လင်းဟန်က စွေ့ရန်ယွီရဲ့ လက်ကိုဆွဲလိုက်ပါတယ်။ တကယ်လို့ သူတို့တွေ တစ်ချိန်တည်း အတူတူ မဝင်သွားဘူးဆိုရင် လျို့ဝှက်ဆန်းကြယ်ဘုံထဲကို သူတို့ဝင်သွားတဲ့ အချိန်မှာ မတူညီတဲ့ နေရာတွေမှာ ပေါ်လာပါလိမ့်မယ်။

"ကျောက်တုံးခေါင်း ငါ့ကိုစောင့်ဦးလေ"

လီပေပေက သူတို့နောက်ကို အလျင်အမြန် လိုက်ဖမ်းလိုက်ပါတယ်။

"နံပါတ်လေး သခင်မလေး"

တန်ဖန်းက သူမရဲ့ လမ်းကြောင်းမှာ ရှေ့ကနေ ရပ်လိုက်ပါတယ်။ သူက လီဂေဂေ တစ်ယောက်တည်း ဖြစ်စေချင်ခဲ့ပါတယ်။ ဒါကြောင့်သူက သူတို့နဲ့အတူ တတိယဘီး တစ်ခုတော့ မဖြစ်ဖို့ မျှော်လင့်ထားပါတယ်။

"သွားစမ်း"

လီဂေဂေက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လက်ဝါးတစ်ဖက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က တန်ဖန်းကို ခြိမ်းခြောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူမရဲ့ လက်ဝါးတိုက်ခိုက်မှု ထုတ်ဖော်လိုက်တဲ့ အချိန်မှာ သူမခါးမှာ ဂတ်ဆင်ထားတဲ့ ခါးပတ် တစ်ခုကနေ တောက်ပတဲ့ အလင်းရောင်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ပုန်း။ တန်ဖန်းက ရုတ်တရက် လွင့်ထွက်သွားပြီး ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ရပါတယ်။

"နတ်ဘုရား ပစ္စည်းတစ်ခု"

တန်ဖန်းရဲ့ နလုံးသားထဲမှာ အံ့အားသင့် သွားခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒါက သာမန် နတ်ဘုရား ပစ္စည်းတစ်ခု မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က အဲဒါကို သေချာပေါက် အသက်သွင်းနိုင်မှာ မဟုတ်ပါဘူး။ အဲဒါက ဘယ်လက်ရုံး အမတ်မင်း အကြိမ်ပေါင်းများစွာ သန့်စင်ထားတာ ဖြစ်နိုင်ပါတယ်။ ပြီးတော့ သူတို့ရဲ့ သွေးမျိုးဆက်ကြောင့် လီဂေဂေက အထဲမှာ ဖုံးကွယ်ထားတဲ့ စွမ်းအားကို အသက်သွင်းနိုင်စွမ်း ရှိနေတာ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က စွေ့ရန်ယွီရဲ့ လက်ကို ဖမ်းဆုပ်ထားပါတယ်။ ဟုန်း။ ရေလှိုင်းသံက မိုးကြိုးပစ်သံလို ဆူညံပြီး သူ့ရဲ့ နားစည်ကိုတောင် အူသွားစေခဲ့ပါတယ်။

လှိုင်းလုံးတွေက အရမ်းကို ကြီးမားပေမဲ့ သူတို့မှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်နေတာ မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို လွှမ်းမိုးသွားခဲ့ရင်တောင် သူတို့ မသေနိုင်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ လုံလောက်တဲ့ စွမ်းရည်သာ မရှိဘူးဆိုရင် သူတို့အနေနဲ့ သွေးတွေအရှူးအမူး အန်ထုတ်မိပါလိမ့်မယ်။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ရေလိုင်းတွေက သဘာဝ တရားကို ဆန့်ကျင်ပြီးတော့ စီးမျောနေတာ ဖြစ်ပြီး အပေါ်ဘက်ကို စီးဆင်းင်နေပါတယ်။ လှိုဏ့်ပုက်ဆန်းကြယ်ဘုံက အောက်ခြေမှာ ရှိပါတယ်။ ဒါကြောင့် သူတို့က ဒီဆန့်ကျင်ဘက် အားလိုင်းကို ကူးခတ်လာရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က လှိုဏ့်ပုက်ဆန်းကြယ်ဘုံ အထဲကို ဝင်နိုင်မှာတောင် မဟုတ်ပါဘူး။

လင်းဟာန်ရဲ့ သဘာဝ တရားကို ဆန့်ကျင်တဲ့ သူ့ခွန်အား ကြယ်နှစ်ဆယ်လုံးက ပေါက်ကွဲထွက် လာခဲ့ပါတယ်။ သူက ကုန်းပေါ်မှာ လမ်းလျှောက်နေသလိုမျိုး ဒီရေစီးကြောင်းကို ဆန့်ကျင်ပြီး လွယ်ကူစွာနဲ့ ကူးခတ်လာခဲ့ပါတယ်။ နောက်ပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို အစွမ်းထက်လွန်းပါတယ်။ ဒါကြောင့် ရေလိုင်းလုံးတွေက သူ့ကို ရိုက်ခတ်နေပေမဲ့ သူ့ကို နှိပ်နယ်ပေးနေတာမျိုးထက် မပိုပါဘူး။

“နင့်အမြန်နှုန်းက အရမ်းကို နှေးတယ်”

စွေ့ရန်ယွီက သူ့ကို စိတ်နဲ့ စကားလှမ်းပြောလိုက်ပါတယ်။

“နင့်ရဲ့ စိတ်ဝိညာဉ် သိုလှောင် နတ်ဘုရား ပစ္စည်းထဲကို ဝင်နေလိုက် ငါနင့်ကို ခေါ်သွားပေးမယ်”

လင်းဟန်က ခါးခါးသီးသီးနဲ့ ပြုံးလိုက်မိပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုကို ထုတ်ဖော်ပြနိုင်မှာလဲ။ အဲဒါက သူ့ရဲ့ဒန်တန် အထဲမှာ အမြဲတမ်း ပုန်းအောင်းနေပြီး သူအထဲမှာ ပုန်းလိုက်တဲ့ အချိန် အနက်ရောင် မျှော်စင်က မုန်ညှင်းစေ့ တစ်စေ့ အရွယ်လောက်ကို ကျုံ့သွားပြီး သူ့ရဲ့တည်ရှိမှု အရိပ်အယောင် နည်းနည်းလေးမှကို မထုတ်ဖော်ပြထားပါဘူး။

တကယ်လို့ သူက အထဲမှာ ပုန်းနေမယ်ဆိုရင် စွေ့ရန်ယွီက သူ့ကိုတောင် မြင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူမက ဘယ်လိုလုပ် သူ့ကို ခေါ်သွားနိုင်မှာလဲ။

"တကယ်လို့ မင်းက တကယ်ပဲ အစွမ်းထက်တယ်ဆိုရင် ငါ့ကို မင်းနဲ့အတူ တစ်ပါတည်း ခေါ်သွားလိုက်လေ။ ဘာပဲဖြစ်ဖြစ် ငါ့အရေပြားက မာကျောပြီးတော့ ထူတယ်။ ဒါကြောင့် မင်းဘယ်လောက် မြန်မြန်သွားသွား ဒီရေစီးကြောင်းက ငါ့ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်နိုင်လိမ့်မှာ မဟုတ်ဘူး"

သူက အနက်ရောင် မျှော်စင်နဲ့ ပတ်သက်ပြီး စွေ့ရန်ယွီကို ရှင်းပြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

စွေ့ရန်ယွီက သူ့ခါးကို ပြန်ဖက်ပြီးတော့ သူမရဲ့ အရှိန်ကို ရုတ်တရက် မြှင့်တင်လိုက်ပါတယ်။

Chapter 945 end

အပိုင်း(946) ဦးဆောင်ပြီးတော့ ဂင်သွားခြင်း

လင်းဟာန်ရဲ့ ခုခံနိုင်စွမ်းက တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ်အဆင့်က ကျင့်ကြံသူ တစ်ယောက်နဲ့ ယှဉ်နိုင်တယ်ဆိုတဲ့ အချက်ကိုတော့ ဂန်ခံရပါမယ်။ တခြားနယ်ပယ်တွေမှာတောင် သူက တောင်မြစ်အဆင့်ကနေ အရမ်းကို ဝေးနေသေးတယ်ဆိုတာကိုတော့ အသာထား။ စွေ့ရန်ယွီရဲ့ အားထုတ်မှုနဲ့ သူတို့ရဲ့ အမြန်နှုန်းက ရုတ်ချည်းဆိုသလို ဆယ်ဆလောက် တိုးလာခဲ့ ပါတယ်။

ဒါပေမဲ့လည်း ဒီလိုင်းလုံးတွေကို ကြည့်ရတာ မတူညီတဲ့ ကျင့်ကြံခြင်း အဆင့်တွေနဲ့ မတူညီတဲ့ ခွန်အားတွေအရ ပိုင်ဆိုင်ထားပုံ ရပါတယ်။ လင်းဟာန်က ဘာမှတောင် မခံစားရပါဘူး။ စွေ့ရန်ယွီကို ကြည့်ရတာ သူမက အပြင်းအထန် ရုန်းကန်နေရပုံ ပေါ်ပါတယ်။ သိပ်မကြာခင် သူတို့ရဲ့ အမြန်နှုန်းက နှေးလာခဲ့ပါတယ်။

"ငါတာဂန်ထား"

လင်းဟန်က နောက်တစ်ကြိမ် အရှေ့ကနေ ဦးဆောင်ပြီးတော့ စွေ့ရန်ယွီကို ဆွဲခေါ်လာ လိုက်ပါတယ်။

ဒီနည်းလမ်းနဲ့ စွေ့ရန်ယွီက မူလစွမ်းအင်ကို အသုံးပြုပြီး သူမကိုယ်သူမ သူမရဲ့ ခုခံနိုင်မှုကို တိုးမြှင့်ကာ သူမအပေါ် ကျရောက်နေတဲ့ ဖိအားကို အကြီးအကျယ် လျှော့ကျစေပါတယ်။

လင်းဟန်က အရမ်းမြန်မြန် မသွားပေမဲ့ သူရဲ့ ခြေလှမ်းတိုင်းက မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မြဲမှု ရှိပါတယ်။ သူက စွေ့ရန်ယွီကို မယှဉ်နိုင်ပေမဲ့ မနေးပါဘူး။

သူ့အမြင်အရတော့ ရေလှိုင်းလုံးတွေရဲ့ အကျိုးသက်ရောက်မှုက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ခြောက်လုံးကို ရောက်ရှိနေပါတယ်။ ဒါကြောင့် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးရှိတဲ့ လက်ရွေးစင် တစ်ယောက် အတွက်တောင် ဒီရေလှိုင်းတွေကို ရင်ဆိုင်ရပ်တည်ရတာ အရမ်းကို ခက်ခဲပါလိမ့်မယ်။ တကယ်တော့ ရေစီးကြောင်းက အဆုံးမရှိပါဘူး။ အဲဒါက လက်ရွေးစင်တွေကို ဒီလိုမျိုး တိုက်ခိုက်မှုကို တချိန်လုံး တောင့်ခံရတာနဲ့ တူညီပါတယ်။

နောက်ပြီး သူက ပြန်ပြီးတော့ တိုက်ခိုက်လို့ မရနိုင်ပါဘူး။

နောက်ပြီးတော့ ရေလှိုင်းလုံးတွေရဲ့ စွမ်းအားက ကျင့်ကြံခြင်းအဆင့်အရ မတူညီ ကွဲပြားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေက တန်းပြီးတော့ ဝင်လာနိုင်ပါလိမ့်မယ်။ သူခန့်မှန်းကြည့်ရသလောက် တကယ်လို့ အဲဒီလက်ရွေးစင်တွေက ဝင်လာခဲ့မယ်ဆိုရင် ရှန်းကန်လှုပ်ရှားတာက ပြဿနာ တစ်ခု ဖြစ်လိမ့်မှာမဟုတ်ပါဘူး။ သူတို့ကို တန်းပြီးတော့ ပျက်စီးသွားမဲ့ အခွင့်အရေး တစ်ခုပဲ ရှိပါလိမ့်မယ်။

ဒါကြောင့် တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည် ပိုပြီးတော့ သန်မာလေ ဒီနေရာမှာ အားသာချက် ပိုရှိလေ ဖြစ်ပါလိမ့်မယ်။

လင်းဟန်ရဲ့ ခွန်အားက ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနေပြီး သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စစ်မှန်သော အမြင့်ဆုံး အကန့်အသတ်ကို ရောက်ရှိနေခဲ့ပါတယ်။ နတ်ဘုရား သတ္တု အဆင့်ကို ရောက်ရှိနေတဲ့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကိုပါ ထည့်တွက်လိုက်ရှု သူက ဒီနေရာမှာ ပြိုင်ဘက်ကင်းလို့တောင် သတ်မှတ်ယူဆ နိုင်ပါတယ်။

သူက ဒီနေရာမှာ ပုန်းအောင်းပြီး တခြားသူတွေကို ချောင်းမြောင်းလုပ်ကြံလို့ ရနိုင်မလား။

လင်းဟန်က စဉ်းစားလိုက်ပေမဲ့ ဒီအကြံကို စွန့်ပစ်လိုက်ပါတယ်။

လျှို့ဝှက်ဆန်းကြယ်ဘုံ အထဲမှာ ရက်စက်ကြမ်းကြုတ်ပြီး အရမ်းကို သွေးဆာလောင်နေကြတာက အဲဒီမှာ မျက်မြင်သက်သေ မရှိလို့ ဖြစ်ပြီးတော့ ဘယ်သူကမှ အပြစ်ကို သက်သေမပြနိုင်ပါဘူး။ ခန္ဓာကိုယ် တစ်ခုတောင် ကျန်ချင်မှ ကျန်ပါမယ်။ ဒါကြောင့် လူသတ်တရားခံကို ဘယ်လိုလုပ်ပြီး ရှာလို့ရနိုင်မှာလဲ။ ဒီနေရာက လုံးဝကို ကွဲပြားခြားနားပါတယ်။ အားလုံးက ဒီနေရာကို ဖြတ်ကျော်နေပြီး တကယ်လို့ သူသာ လုပ်ရှားမှု တစ်ခုပြုလုပ်ခဲ့မယ်ဆိုရင် မျက်မြင်သက်သေတွေ အများကြီး ရှိပါလိမ့်မယ်။

သင်တန်းကျောင်းရဲ့ ကျောင်းသားတစ်ယောက် ဒါမှမဟုတ် ခုံရုံးအရာရှိ တစ်ယောက်ရဲ့ မျိုးဆက် တစ်ယောက်ကို လူမြင်ကွင်းမှာ သတ်ဖြတ်တယ်ဆိုတာက ကြယ်ဥက္ကာ အင်ပါယာထဲမှာ ကြီးမားတဲ့ ပြစ်မှုတစ်ခု ဖြစ်ပါတယ်။

နောက်ပြီးတော့ သူက အောင်မြင်ချင်မှ အောင်မြင်ပါလိမ့်မယ်။ တကယ်တော့ သူတို့အားလုံးက လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို

ရတနာတွေ ရှာဖွေဖို့အတွက် လာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကများ သူတို့ရဲ့ အသက်ကို ကယ်တင်နိုင်တဲ့ ရတနာ ပစ္စည်းတချို့ကို မယူဆောင်လာပဲ နေမှာလဲ။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ စွေ့ရန်ယွီရဲ့လက်ကို ကိုင်ကာ အရှေ့ကို ဆက်တိုး လာခဲ့ပါတယ်။

သူက နောက်ကျမှ စတယ်ဆိုပေမဲ့ သူက လျင်မြန်ပြီး သူတို့အရှေ့က လူတွေကို တစ်ယောက်ပြီး တစ်ယောက် ဖြတ်ကျော်လာခဲ့ပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုတွေက အရမ်းကို လျင်မြန်တဲ့အပြင် မယုံနိုင်စရာ ကောင်းလောက်အောင် တည်ငြိမ်မှုလည်း ရှိပါတယ်။

လမ်းမှာ တောင်မြစ်အဆင့် ကျင့်ကြံသူလောက်ပဲ ယှဉ်ပြိုင်နိုင်ပါတယ်။ ပြီးတော့ အခုလို ဖြတ်ကျော်ခံရတာကြောင့် အရှက်ကွဲသလို ခံစားရပေမဲ့ ဘာမှမလုပ်ပံ့ပါဘူး။ ဒီနေရာမှာ သူတို့ရဲ့ မူလစွမ်းအင် အများစုကို ရေလှိုင်းလုံးတွေရဲ့ ဒဏ်ကို ခုခံဖို့ အသုံးပြုနေ ရပါတယ်။ တကယ်လို့ သူတို့က မူလစွမ်းအင် နည်းနည်းကို ခွဲပြီးတော့ လှုပ်ရှားမှု လုပ်လိုက်မယ်ဆိုရင် အဲဒါက သေကြောင်းကြံတာနဲ့ အတူတူပါပဲ။

နှစ်နာရီခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်က စွေ့ရန်ယွီကို ခေါ်ပြီးတော့ ရေရဲ့အောက်ခြေကို ရောက်လာပြီးသူတို့အရှေ့မှာ တံခါးတွေ ပေါ်လာခဲ့ပါတယ်။

အဲဒီတံခါးတွေက ကျောက်တံခါးတွေ ဖြစ်ပြီးတော့ မီတာသုံးရာလောက် မြင့်ပါတယ်။ တံခါးပေါ်မှာ သားရဲကောင် အမျိုးမျိုးရဲ့ ပုံစံတွေကို ရေးထွင်းထားပြီး လင်းဟန်က အများစုကို ဘာကောင်တွေလဲ ဆိုတာ မသိနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း သူက ဒီသားရဲကောင်တွေက အသက်ရှင်နေပြီး အဆုံးမရှိတဲ့ စွမ်းအင်တစ်ခုကို ထုတ်လွှတ်နေသလိုမျိုး ခံစားရပါတယ်။

ဒီသားရဲကောင်တွေက ရေးထွင်းထားတဲ့ ပုံတွေပဲ ဆိုတာ သိသာပါတယ်။

ဒါက ကျောက်တံခါး ဂင်ပေါက်တစ်ခု သက်သက်ပါပဲ။ တံခါးပေါ်က တံခါးထုပ်တန်းပေါ်မှာ ကျောက်နဂါးတစ်ကောင်က ရစ်ခွေနေပြီး တံခါးပေါ်ကနေ အပြင်းအထန် ရုန်းကန်ပြီးတော့ လွတ်မြောက်ပြီး မိုးပေါ်ကို အချိန်မရွေး ပျံတက်တော့မဲ့အတိုင်း အသက်ဂင်လွန်းလှပါတယ်။

"သွားကြစို့"

လင်းဟန်က ဒီနေရာအထိ လမ်းတစ်လျှောက်လုံး နတ်ဘုရား သတ္တုအပိုင်းအစကို မတွေ့မြင်ခဲ့ ရတဲ့အတွက် သူ့ကိုယ်သူ အရမ်းကို သနားစရာ ကောင်းသလိုမျိုး ခံစားနေရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့လက်နဲ့ အဲဒီနတ်ဘုရား သတ္တုအပိုင်းအစကို ဆုပ်ယူပြီး သိမ်းထားပစ် လိုက်မှာပါ။

သူတို့နှစ်ယောက်က ကျောက်တံခါးတွေထဲကို ဂင်လာခဲ့ပါတယ်။ သူတို့ကို ထူးဆန်းတဲ့ ဆွဲငင်အား တစ်ခုက ဆွဲခေါ်သွားပြီး အချိန်မရွေး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားနိုင်ပါတယ်။ သူတို့က အလျင်အမြန်ပဲ တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းကျပ်ကျပ် ဖမ်းဆုပ်ထားလိုက် ပါတယ်။ ဒါကြောင့် သူတို့ကို ခွဲပစ်လို့ မရနိုင်တော့ပါဘူး။

ဘုန်း ဘုန်း။

သူတို့နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း မြေကြီးပေါ် ပစ်ထုတ်ခံလိုက် ရပါတယ်။

ပတ်ဂန်းကျင်က ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့အနားမှာ ရေလုံးဂ မရှိတော့ပါဘူး။

"သွားကြမယ်လေ"

စွေ့ရန်ယွီက အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။ သူမက လင်းဟာန်ဆီကို မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပါတယ်။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ နောင်တရသလို ခံစားလိုက်မိပါတယ်။ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကို သူမတွေ့ခင်တုန်းက စွေ့ရန်ယွီရဲ့ လှုပ်ရှားမှုတိုင်းက ဆွဲဆောင်မှုတွေနဲ့ ပြည့်နှက်နေတယ်လို့ သူခံစားရပါတယ်။ ဒါပေမဲ့ အခုတော့ သူမက အရင်ကလို ချောမောလှပနေဆဲ ဆိုပေမဲ့ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မနဲ့ ယှဉ်လိုက်ရင် သူမက တင့်တယ်လှပမှုတွေ ပျောက်ကွယ်နေပါတယ်။

သူက သူမကို မချိပြုံး ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"အခု ငါတို့ဘယ်နေရာကို သွားသင့်လဲ"

ဒါက စွေ့ရန်ယွီ အတွက်တော့ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ပထမဆုံး အကြိမ် ဝင်ရောက်ခဲ့တာ မဟုတ်ပေမဲ့ ဒါက သူမအတွက်တော့ ဒုတိယ အကြိမ်ပဲ ဖြစ်ပါတယ်။ သူမက လွန်ခဲ့တဲ့ ဆယ်နှစ်က တစ်ကြိမ် ဝင်လာခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီအချိန်က သူမဟာ အသက်နှစ်ဆယ်ကျော်ပဲ ရှိပြီးတော့ အရမ်းကို ငယ်ရွယ်ပါသေးတယ်။ ပြီးတော့ သူမရဲ့

စွမ်းရည်တွေကလည်း သိပ်မကောင်းသေးပါဘူး။ ဒါကြောင့် သူမရဲ့ ကလန်က သူမကို စွန့်စားခွင့် သိပ်မပြုပွဲ့ပါဘူး။

"အရင်တစ်ခါ ဂင်ခဲ့တုန်းက ငါတို့တွေ လှိုဂ့ပှက်ဆန်းကြယ်ဘုံရဲ့ နေရာအသီးသီးမှာ အဆင်ပြေသလို ပေါ်လာခဲ့တယ်။ ပြီးတော့ ငါတို့က ဗဟိုချက် နေရာကို သွားခဲ့တယ်။ အဲဒီအနီးအနားမှာ တောင်မြစ်ကျောက်တုံးတွေကို ရရှိဖို့ အခွင့်အရေး ပိုမြင့်တယ်"

စွေ့ရန်ယွီက ရှင်းပြလိုက်ပါတယ်။

"ပြီးတော့ ဒီမှာ နတ်ဘုရား သတ္တု အပိုင်းအစလည်း ရှိတယ်လေ"

ဒါက လင်းဟာန်ရဲ့ စိတ်ထဲမှာ အမြဲမပြတ် တွေးနေတာ ဖြစ်ပါတယ်။

တကယ်လို့ အဲဒါသာ နတ်ဘုရား သတ္တု မဟုတ်ဘူးဆိုရင်တောင် ကောင်းကင်ဘုံ ပင်လယ်ရဲ့ အားကို တောင့်ခံနိုင်စွမ်းရှိပြီးတော့ မပျက်မစီးပဲ ကျန်နေမှာလား။ သေချာပေါက် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ထက် သာလွန်ပါလိမ့်မယ်။ အနည်းဆုံးတော့ အဆင့်ဆယ့်သုံး နတ်ဘုရား သတ္တုတစ်ခု ဖြစ်ပါလိမ့်မယ်။

ဒီကိစ္စကို လျစ်လျူရှုပြီး စွေ့ရန်ယွီက သူမရဲ့ခေါင်းကို အမှတ်မထင် ခါလိုက်မိပါတယ်။ အရင်တုန်းက ရေစီးကြောင်းကို ဆန့်ကျင်ပြီး လှိုဂ့ပှက်ဆန်းကြယ်ဘုံထဲကို ဂင်ရောက်လာတဲ့ နတ်ဘုရား

သတ္တုအပိုင်းအစ တစ်ခု ဘယ်တုန်းကမှ မပေါ်လာခဲ့ဖူးပါဘူး။ အခုဆို ဘယ်နားကို ရောက်သွားပြီလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

"တကယ်လို့ အဲဒါက ကျချင်တဲ့ နေရာကို ကျသွားတယ်ဆိုရင် လှိုဏ်ဂူ ပုက်ဆန်းကြယ်ဘုံရဲ့ ဘယ်နေရာမှာမဆို ရှိနိုင်တယ်။ ငါတို့က နေရာတစ်ခုလုံးကို သွားရှာဖို့ အချိန်လုံလုံ လောက်လောက် မရှိဘူး။ တခြားသူတွေလည်း ကောက်ယူမိဖို့ မြင့်မားတဲ့ အခွင့်အရေး တစ်ခု ရှိလိမ့်မယ်"

ဒါက အရမ်းကို သဘာဝ ကျပါတယ်။

လင်းဟန်က သက်ပြင်းချလိုက် မိပါတယ်။ အဲဒီနောက် သူ့ရဲ့ နတ်ဘုရား သတ္တုအပေါ် မျှော်လင့်ချက်က ပြောင်းလဲသွားပြီး ပင်မနေရာမှာ ထွက်ပေါ်လာစေချင်ပါတယ်။

သူက သူတို့ဘေး ပတ်ဝန်းကျင်ကို ကြည့်လိုက်မိပါတယ်။

ဒါက အရမ်းကို ထူးဆန်းတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ သူတို့ပတ်လည်က ကြက်သွေးရောင် အလင်းတစ်ခု တောက်ပနေပါတယ်။ ဒါက လွင်ပြင်တစ်ခု ဖြစ်ပေမဲ့ တောင်တန်းတွေလည်း ရှိပါတယ်။ ကြက်သွေးရောင် မြူခိုးတစ်ခုက

သူတို့အထက်မှာ ပျံ့သီနေပြီး သူတို့က ဖြတ်ပြီးတော့ မမြင်နိုင်သလို သူတို့ရဲ့ နတ်ဘုရား အာရုံနဲ့လည်း ဖြတ်ပြီးတော့ မကြည့်နိုင်ပါဘူး။

"ဂါး"

သားရဲကောင် တစ်ကောင်ရဲ့ ဟိန်းသံတစ်ခုကို အဝေးကနေ ကြားလိုက်ရပါတယ်။ အရမ်းကို ကျယ်လောင်ပြီး မြေပြင်ကိုတောင် တုန်ခါပြီး မြေကြီးပေါ်မှာ မရေမတွက်နိုင်တဲ့ ကျောက်စရစ်ခဲတွေ ခုန်တက်လာပါတယ်။

ဒီနေရာက အသက်မရှိတဲ့ တစပြင်လို နေရာတစ်ခု မဟုတ်ပါဘူး။ ဒီနေရာနေထိုင်တဲ့ သားရဲကောင်တွေရဲ့ အန္တရာယ်တွေ အများကြီး ရှိပါတယ်။ အများစုက တောင်မြစ်အဆင့်ရဲ့ အသေးစားအဆင့် အထွတ်အထိပ်မှာ ရှိပါတယ်။ ဒါပေမဲ့ သူတို့ထဲက တချို့က အလယ်အလတ် အဆင့် အထွတ်အထိပ် ဒါမှမဟုတ် အဆင့်မြင့်အဆင့် အထွတ်အထိပ်ကိုတောင် ရောက်နေကြ ပါတယ်။

နောက်ပိုင်းအဆင့် ဒါမှမဟုတ် အဆင့်မြင့်အဆင့် အထွတ်အထိပ်ကိုတောင် ရောက်နေတဲ့ သတ္တဂါ တစ်ကောင်နဲ့ ကြုံတွေ့ရတဲ့ အချိန်ကျမှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်တောင် နောက်ဆုတ်မဲ့ ဗျူဟာကို ရွေးချယ်ရပါလိမ့်မယ်။

"ကံကောင်းတယ် ကြည့်ရတာ အသေးစား အထွတ်အထိပ် အဆင့်မှာပဲ ရှိလိမ့်မယ်"

စွေ့ရန်ယွီက ခဏလောက် စူးစမ်းပြီးတော့ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပါတယ်။ အဲဒီနောက် သူမရဲ့ တိုက်ပွဲစိတ်ဝိညာဉ်က လောင်ကျွမ်းလာခဲ့ပါတယ်။

"ငါတို့ တိုက်ခိုက်ကြည့်မလား"

ဒီနေရာမှာ တောင်မြစ်ကျောက်တုံးကလွဲရင် မိစ္ဆာသားရဲကောင်တွေကို အမဲလိုက်တာကလည်း အရမ်းကို အရေးပါတဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ကြိုတင်စီစဉ်ထားခြင်း မရှိပဲနဲ့ တန်ခိုးရှင်အဆင့် မိစ္ဆာသားရဲကောင်ရဲ့ စိတ်ဝိညာဉ် အသားက အရမ်းကို အာဟာရ ပြည့်ဝပြီး တချို့သဘာဝ နတ်ဘုရား ဆေးပင်တွေထက် နည်းနည်းလေးပဲ နိမ့်ကျပေမဲ့ မှော်ဆေးလုံး အများစုထက်တောင် သာလွန်ပါတယ်။

ဒါပေမဲ့လည်း ကျင့်ကြံသူတွေက အမြောက်အများ ရှိပါတယ်။ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က မိစ္ဆာသားရဲတွေဟာ အမဲလိုက်ခံရပြီး အခုဆိုရင် မိစ္ဆာသားရဲ တစ်ကောင်ကို ရှာဖွေဖို့ဆိုတာက အရမ်းကို ကျယ်ပြန့်တဲ့ တောင်တွေ တောတွေထဲမှာပဲ ရှာဖွေလို့ ရပါလိမ့်မယ်။

ဒါပေမဲ့ ဒီလိုမျိုး မိစ္ဆာသားရဲကောင်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ ဒါကြောင့် သူတို့ကို အမဲလိုက်ပြီးတော့ သတ်ဖြတ်ဖို့ထက် ပြန်ပြီးတော့ အသက်ခံရနိုင်ချေက ပိုများပါတယ်။

တခြားနေရာက လျှို့ပုက်ဆန်းကြယ်ဘုံ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လျှို့ပုက်ဆန်းကြယ် ဘုံဟာ အချိန်အကန့်အသတ်နဲ့ ဖွင့်တာဖြစ်ပြီးတော့ ဂင်ရောက်နိုင်တဲ့ ကျင့်ကြံသူ အရေအတွက်နဲ့ ကျင့်ကြံခြင်း အဆင့်ကိုလည်း ကန့်သတ်ထားပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုးပွားမှုကို ထိခိုက်ပျက်စီးမှု မဖြစ်စေနိုင်ခဲ့ပါဘူး။

"မိစ္ဆာသားရဲတွေ ရှိတဲ့နေရာမှာလည်း တောင်မြစ်ကျောက်တုံးတွေ အမြဲလိုလို ရှိတတ်တယ်"

စွေ့ရန်ယွီက ဆက်ပြောလိုက်ပါတယ်။

လင်းဟန်က သိချင်စိတ်တွေ ဖြစ်ပေါ်လာပြီးတော့ မေးလိုက်ပါတယ်။

"ဒီမိစ္ဆာသားရဲကောင်တွေက တောင်မြစ်ကျောက်တုံးကို ဘာဖြစ်လို့ မသန့်စင်ကြတာလဲ"

"ဖြစ်နိုင်ချေရှိတာက သူတို့ မလုပ်နိုင်လို့ပဲ"

စွေ့ရန်ယွီက ကောက်ချက်ချလိုက်ပါတယ်။ ဒီအချက်ကလွဲရင် တခြားရှင်းပြနိုင်မဲ့အချက် ရှိနိုင်ပါဦးမလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နှစ်တွေအများကြီး ကုန်လွန်ပြီးတဲ့နောက် တကယ်လို့ ဒီနေရာ တစ်ခုလုံးမှာ တောင်မြစ်ကျောက်တုံးတွေနဲ့ ပြန့်ကျဲနေမယ်ဆိုရင်တောင် သူတို့တွေ သန့်စင်ဖို့ လုံးဝကို ကျန်တော့မှာ မဟုတ်ပါဘူး။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက လက်ရှိမှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ စစ်မှန်သော အမြင့်ဆုံး အကန့်အသတ်ကို ရောက်ရှိနေပြီး တောင်မြစ်အဆင့်ကို အခု ချိုးဖျက်လို့ ရနိုင်ပါတယ်။ ဒါကြောင့် သူက ဒီတောင်မြစ် ကျောက်တုံးတွေကို အရမ်းကို လိုအပ်နေပြီး ဒီကျောက်တုံးတွေက ထိပ်ကို တစ်လှမ်းတည်းနဲ့ ရောက်အောင်လို့ ကူညီပေးနိုင်ပါတယ်။

သူတို့နှစ်ယောက်က မွိစ္စာသားရဲကောင်တွေ အော်သံကြားတဲ့ ဘက်ဆီကို လျှောက်လာခဲ့ ကြပါတယ်။ မကြာခင်မှာပဲ သူတို့အရှေ့မှာ ရောမ ကျောက်တုံးကြီး တစ်တုံးကို တွေ့မြင်လိုက် ရပါတယ်။ ရေကျွဲတစ်ကောင်နဲ့ တူတဲ့ မွိစ္စာသားရဲ တစ်ကောင်က

ခြေရှစ်ချောင်းရှိတဲ့ အနက်ရောင် သမင်တစ်ကောင်ကို ကိုက်ဖြတ်စားသောက် နေပါတယ်။

အဲဒီမိန်းစွာသားရဲက လင်းဟန်နဲ့ စွေ့ရန်ယွီတို့ရဲ့ အနံ့ကို ရသွားသလိုမျိုး ရုတ်တရက် ထရပ်လိုက် ပါတယ်။ ပြီးတော့ သူတို့ရှိတဲ့ဘက်ကို ချာခနဲ လှည့်ကြည့်လိုက်တယ်။ အံ့အားသင့်စရာ ကောင်းတာက သူ့ရဲ့ နဖူးပေါ်မှာ ငွေရောင်ဦးချိုတစ်ချောင်း ပေါက်နေပြီး သတ္တုရောင် အေးစက်စက် အလင်းတစ်ခု တောက်ပလို့ နေပါတယ်။

Chapter 946 end

အပိုင်း(947) ရှုးသွပ်နေတဲ့ ငွေရောင်ဦးချို ကြံ့များ

"ဒါက ရှုးနေတဲ့ ငွေရောင်ဦးချိုကြံ့ပဲ"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီကောင်တွေက အရမ်းသန်မာလား"

လင်းဟန်က မေးလိုက်ပါတယ်။ တန်ခိုးရှင်အဆင့် မိန်းစွာသားရဲတွေနဲ့ ပတ်သက်ပြီး သူ့ရဲ့ ဗဟုသုတက တကယ့်ကို ဗလာနတ္ထိပါပဲ။ ဒါက သူ့ရဲ့ ပထမဆုံးတော့ တန်ခိုးရှင်အဆင့် မိန်းစွာသားရဲကောင်ကို တွေ့မြင်ဖူးခြင်း ဖြစ်ပါလိမ့်မယ်။

“ဒီလိုမျိုး မိန္တစ္တာသားရဲကောင်က ကျင့်ကြံခြင်း အဆင့်တူထဲက ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက်နဲ့ ညီမျှတယ်”

စွေ့ရန်ယွီက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

“သူ့ရဲ့ စွမ်းအားတွေကို သူ့ငွေရောင်ဦးချိုမှာ စုစည်းပြီးတော့ အဲဒီဦးချိုက မယုံနိုင်စရာ ကောင်းလောက်အောင် ထက်မြက်လွန်းပြီး ထူးထူးခြားခြား သန်မာပြီးတော့ အတော်လေး အံ့သြစရာကောင်းတဲ့ ခုခံနိုင်စွမ်းရှိတယ်။ သူ့ရဲ့ တစ်ခုတည်းသော အားနည်းချက်က သူ့အမြန်နှုန်းက မဆိုသလောက် နှေးတယ်”

သူတို့တွေ စကားပြောနေတဲ့ အချိန်မှာ အဲဒီငွေရောင်ဦးချိုနဲ့ ကြံ့ကြီးက နှာမှုတ်ပြီး ခွာတရှပ်ရှပ် ဖြစ်နေပါတယ်။ သူ့အနောက်မှာ ရောမ တောင်ကြီးတစ်လုံးရဲ့ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာပေမဲ့ မြစ်တွေတော့ မရှိပါဘူး။

ဆိုလိုတာက သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ဟာ တောင်မြစ်အဆင့်ရဲ့ အဆင့်နိမ့် အထွတ်အထိပ်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်ရှိနေမှ မြစ်တစ်စင်းရဲ့ ပုံရိပ်ကလည်း ထွက်ပေါ်လာပါလိမ့်မယ်။ နောက်ပြီးတော့ ဒီတောင်ရဲ့ ခိုင်မာမှုနဲ့ အရွယ်အစားကို ကြည့်မယ်ဆိုရင် ဖြစ်နိုင်တာက အသေးစား အထွတ်အထိပ်ရဲ့ အလယ်အလတ်အဆင့်ကို ရောက်ရှိနေပုံ ပေါ်ပါတယ်။

"ဒီကောင်ရဲ့ တိုက်ပွဲစွမ်းရည်က အသေးစား အထွတ်အထိပ်
အဆင့်မှာ ရှိလိမ့်မယ်"

စွေ့ရန်ယွီက နှစ်ဖက်စလုံးရဲ့ တိုက်ပွဲစွမ်းရည် ကွာခြားမှုကို
နှိုင်းယှဉ်ကြည့် လိုက်ပါတယ်။

"ငါတို့မှာ အနိုင်ရဖို့ နှစ်ဆယ်ရာခိုင်နှုန်းပဲ ရှိတယ်"

"ဟေ့ဟေ့ ဟေ့ မင်းရဲ့ တွက်ချက်မှုထဲမှာ ငါ့ရဲ့
တိုက်ပွဲစွမ်းရည်ကိုရော ထည့်တွက်ထားလား"

လင်းဟာန်က အော်လိုက်ပါတယ်။

"သေချာတာပေါ့။ ဒီနေရာမှာ နင်ရှိနေလို့ ငါတို့ အနိုင်ရနိုင်ချေ
နှစ်ဆယ်ရာခိုင်နှုန်းပဲ ရှိတာ။ အဲဒီလိုမှ မဟုတ်ပဲ
ငါတစ်ယောက်တည်း ဆိုရင် သုံးဆယ်ရာခိုင်နှုန်းတောင် ရှိလိမ့်မယ်"

စွေ့ရန်ယွီက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"ဟားဟား မင်းက လမ်းတစ်လျှောက်လုံး ငါ့ကို မကျေမချမ်း
ဖြစ်လာပုံရတယ်။ ဟုတ်လား။ ဒါက အရမ်းကို ရယ်ရတာပဲ"

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"အနိုင်ရဖို့ အခွင့်အလမ်းက အရမ်းကို နည်းတယ်။ ငါတို့ မတိုက်ခိုက်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်"

လင်းဟန်ကလည်း သူ့ခေါင်းကို ခါလိုက်ပြီးတော့ ပြောလိုက်တယ်။

"အရမ်းကို နောက်ကျသွားပြီ။ ဒီရိုင်းစိုင်းတဲ့ နွားသိုးကောင်ကို ကြည့်ရတာ ငါတို့ကို လွှတ်ပေးဖို့ အကြံစည် ရှိပုံ မရဘူး"

ဂုန်း ဂုန်း ဂုန်း။

အဲဒီအချိန်မှာပဲ ငွေရောင်ဦးချို ကျွဲကြီးက သူတို့ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ကျွဲကြီးရဲ့ အမြန်နှုန်းက တကယ်ပဲ အရမ်းကြီး အမြန်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ အလေးချိန်ကတော့ တကယ်ပဲ အရမ်းကို ကြောက်စရာကောင်းပါတယ်။ ဒါကြောင့် သူက အရှူးအမူးနဲ့ ပြေးဝင်လာတဲ့ အချိန်မှာ သူ့ရဲ့ လှုပ်ရှားမှုတွေက နှိုင်းယှဉ်လို့ မရနိုင်လောက်အောင် ကြောက်စရာ ကောင်းပြီးတော့ သူ့အနောက်မှာ စွပ်ကြောင်းကြီးတစ်ခု ကျန်နေခဲ့ပါတယ်။ ဒါကလည်း ဒီနေရာရဲ့ စည်းမျဉ်းဥပဒေတွေက လုံလုံလောက်လောက် ခိုင်မာမှု မရှိတာကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့် အသေးစား အဆင့်ရဲ့

အထွတ်အထိပ် တစ်ယောက် အနေနဲ့ ဒီလိုမျိုး ဖျက်ဆီးနိုင်တဲ့ စွမ်းရည်ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"ဒီကောင့်ရဲ့ အရွယ်အစားက တောင်တစ်လုံးထက်တောင် ကြီးသင့်တယ်။ ပြီးတော့ အခု သူ့ရဲ့ အရွယ်အစားက ဒီလောက်ထိ ကျုံ့သွားပြီး မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်စရာ အရှိန်နဲ့ တစ်ဟုန်ထိုး ပြေးလာတယ်"

စွေ့ရန်ယွီက လေးလေးနက်နက်နဲ့ ရှင်းပြလိုက်ပါတယ်။

လင်းဟာန်က ထူးထူးဆန်းဆန်း ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါ အခွင့်အရေး တစ်ခုကို ဖန်တီးပေးမယ်။ ပြီးတော့ မင်းက တစ်ချက်တည်းနဲ့ အသေသတ်လိုက်"

"နင်ရူးနေလား။ နင်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိသေးတယ်လေ"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မမေ့လိုက်နဲ့။ ငါ့ရဲ့ ခုခံနိုင်စွမ်းက မင်းတောင်မှ ဘာမှတတ်နိုင်တာ မဟုတ်ဘူး"

လင်းဟာန်က ပြောလိုက်တယ်။

သူတို့ နှစ်ယောက် အကြားက ပထမဆုံး တိုက်ပွဲအကြောင်းကို ပြန်သတိရမိသွားတဲ့ အချိန်မှာ စွေ့ရန်ယွီရဲ့ မျက်နှာက နီရဲသွားခဲ့ပြီး သူမရဲ့ အသည်းနှလုံးထဲကနေ လင်းဟန်ကို တဂျာရှူး နှာဘူးကောင်လို့ ခေါ်လိုက်မိပါတယ်။ ထူးဆန်းတဲ့ ခံစားချက် တစ်ခုက သူမရဲ့ စိတ်ထဲမှာ မြင့်တက်လာပြီး သူမကို ပြန်ပြီးတော့ လွမ်းဆွတ်သတိရသွားတဲ့ ခံစားချက်မျိုး တစ်ခုကို ဖြစ်စေပြီး အဲဒါက သူမကို အထိတ်တလန့် အရမ်းကို ဖြစ်သွားပြီးတော့ အလျင်အမြန်ပဲ ခေါင်းခါလိုက် မိပါတယ်။ ဒီအကြောင်းကို သူမအနေနဲ့ ဆက်ပြီးတော့ မစဉ်းစားပွံ့တော့ပါဘူး။

ဘုန်း ဘုန်း ဘုန်း ဘုန်း။

ငွေဦးချိုကြွံကြီးက ပြေးလာပြီး သူတို့ဆီကို တောင်ကြီးတစ်လုံး ပြေးဝင်လာသလိုမျိုးနဲ့ တူပါတယ်။

လင်းဟန်က အရှေ့ကို တိုးလာပြီး မှသားမဲ့ မျက်လုံးကို အသက်သွင်းကာ သူ့ညာဘက် လက်ဝါးကို မြှောက်လိုက်ပါတယ်။ လှို့ပုက်ဆန်းကြယ် စွမ်းအားနှစ်ခုဖြစ်တဲ့ မြေကွဲ့မှာ မှောက်လှန် ပိတ်ဆို့ခြင်းနဲ့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအားကို လည်ပတ်လိုက်ပြီး သူ့လက်ဝါးနဲ့ ရုတ်တရက် ငွေဦးချို ကြွံကြီးရဲ့ မျက်လုံးတွေဆီကို ရည်ရွယ်ပြီး ရိုက်ချလိုက်ပါတယ်။

ဒီရောမ ကြံ့ကြီးက ရှောင်တိမ်းဖို့ နည်းနည်းလေးမှတောင် စိတ်မကူးထားပါဘူး။ သူက ခေါင်းကို အနည်းငယ် ငုံ့ပြီးတော့ သူ့ရဲ့ ငွေရောင်ဦးချိုနဲ့ လင်းဟန်ရဲ့ ရင်ဘတ်ကို ထိုးစိုက်လိုက်ပါတယ်။ ရုတ်ချည်းဆိုသလို သူက လွင့်ထွက်သွားခဲ့ပါတယ်။

အမြောက်ကျည်ဆံ တစ်ခုလိုမျိုး လင်းဟန်က တော်တော်ဝေးဝေးကို လွင့်ထွက်သွားခဲ့ပါတယ်။

သူ့ရဲ့ အဲဒီအစွမ်းအပြည့်နဲ့ တိုက်ခိုက်မှုက ရောမ ကြံ့ကြီးပေါ်က အမွေးတစ်ချောင်းကိုတောင် ထိခိုက်နာကျင်အောင် မလုပ်နိုင်ခဲ့ပါဘူး။ မိစ္ဆာသားရဲကောင်တွေက သဘာဝအရ မာကျောပြီး ကြမ်းတမ်းတဲ့ အရေပြား ရှိပါတယ်။ အနည်းဆုံးတော့ တောင်မြစ်အဆင့်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက် ထိုးဖောက်နိုင်တဲ့ အရာတော့ မဟုတ်ပါဘူး။ ပြီးတော့ လူသားကျင့်ကြံသူတွေနဲ့ လုံးဝကို ကွဲပြားခြားနားပါတယ်။

စွေ့ရန်ယွီက ရလာတဲ့ အခွင့်အရေးကို အသုံးချကာ သူမရဲ့ ဓားကို ဆွဲထုတ်လိုက်ပါတယ်။ သူမရဲ့ ဓားအလင်းရောင် ဖျတ်ခနဲ လက်သွားပြီး အဲဒီငွေရောင်ဦးချိုကြံ့ကြီးရဲ့ လည်ပင်းဆီကို ခုတ်ချ လိုက်ပါတယ်။

ဒါပေမဲ့ အဲဒီရောမကောင်က ရုတ်တရက် ချာခနဲ လှည့်ပြီး သူ့နောက်ကျောက စွေ့ရန်ယွီကို မျက်နှာချင်းဆိုင် လိုက်ပါတယ်။ သူ့ရဲ့ ခြေထောက်တွေက ရုတ်တရက် ခုန်ပြီးတော့ သူမရှိရာဆီကို ပြင်းထန်တဲ့ ကန်ချက်တစ်ချက် ကန်ထုတ်လိုက်ပါတယ်။

ဂုန်း။

စွေ့ရန်ယွီလည်း လွင့်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူမကလည်း တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ် အဆင့်မှာ ရှိပြီးတော့ ခွန်အားနဲ့ ပတ်သက်ရင် အနည်းငယ် နိမ့်ကျပြီး ကွာဟချက်က အရမ်းကြီး မများပါဘူး။ လေထဲမှာ ကျွမ်းလေးငါးပတ်လောက် ပစ်ပြီးမှ သူမက ဒီတိုက်ခိုက်မှုရဲ့ အင်အားကို လုံးဝ ချေဖျက်ပစ်လိုက် နိုင်ပါတယ်။

ဒါက တိုက်ခိုက်မှု တစ်ခုလေးပါပဲ။ ဒီရောမ ကြွံကြီးက သူ့ရဲ့ ခွန်အားကို အပြည့်အဝ ထုတ်ဖော် ပြပြီးတော့ အသာစီး ရယူထားပါတယ်။

လင်းဟန်က ထရပ်ပြီးတော့ သူ့ရင်ဘတ်ကို ပွတ်လိုက်ပါတယ်။ ဒီတိုက်ခိုက်မှုကြောင့် သူ့ရဲ့ အဝတ်အစားတွေက စုတ်ပြဲသွားပြီးတော့ သူ့ရင်ဘတ်မှာ သွေးနီရောင် အမှတ်တစ်ခု

ဖြစ်သွားခဲ့ပါတယ်။ သူ့အရေးအပြားက အနည်းငယ် စုတ်ပြဲသွားတာကြောင့် သွေးနည်းနည်း ရှိနေပါတယ်။

"ငွေဦးချိုလို့ ခေါ်တာ အံ့သြစရာ မရှိတော့ဘူး။ သူ့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက တကယ့်ကို အံ့အားသင့်စရာကောင်းတယ်။ ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင် သူ့ရဲ့တိုက်ခိုက်မှုတွေကို လုံးဝမတားဆီးနိုင်ဘူး"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

ဒါပေမဲ့ တကယ်လို့ ဒီမြင်ကွင်းကို တခြားသူတွေ မြင်သွားမယ်ဆိုရင် သူတို့က သေချာပေါက် မှင်တက်အံ့သြပြီးတော့ ဒါကို အစစ်မှဟုတ်ရဲ့လားဆိုပြီး ယုံကြည်ပုံမှာ မဟုတ်ပါဘူး။ သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ပဲ ရှိပါသေးတယ်။ တောင်မြစ်အဆင့် သားရဲတစ်ကောင်ရဲ့ တိုက်ခိုက်မှုကို တကယ်ပဲ ထိပ်တိုက်ရင်ဆိုင် ခံယူပြီး သွေးနီကြောင်း တစ်ခုပဲ ကျန်ရစ်ခဲ့တယ်လား။

တစ်ခုသိထားရမှာက ဒီငွေရောင်ဦးချို ကြံ့ကြီးက သူ့ရဲ့ ဦးချိုတစ်ချောင်း အတွက် ထင်ပေါ် ကျော်ကြားပြီး မယုံနိုင်စရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းရည် ရှိပါတယ်။ ကျင့်ကြံခြင်းအဆင့်တူတဲ့ ခြင်္သေ့အမျိုးအစား ဒါမှမဟုတ်

ကျားအမျိုးအစား မိစ္ဆာသားရဲတွေတောင် ဒီဦးချိုရဲ့ စွမ်းအားကို ထိပ်တိုက်မရင်ဆိုင်ပံ့ပါဘူး။ ရလဒ်က သေချာပေါက် ပြင်းထန်တဲ့ ဒဏ်ရာ ရရင်ရ ဒါမှမဟုတ် သေတောင် သေသွားနိုင်ပါတယ်။

စွေ့ရန်ယွီက ဒါကိုမြင်လိုက်ရတဲ့ အခါမှာ သူမက စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူမကိုယ်သူမ ပြင်ဆင်ထားတယ် ဆိုပေမဲ့ သူမရဲ့ ပါးစပ်က အိုပုံသဏ္ဍာန် ဟသွားပြီး သူမရဲ့ ဘဝတစ်လျှောက်လုံး တစ်ခါမှ မမြင်ဖူးတဲ့ အရာကို မြင်လိုက်ရသလိုပါပဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး လှံသွားခနဲ ခုန်ကာ နောက်တစ်ကြိမ် ငွေရောင်ဦးချို ကြံ့ကြီးဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

"စီနီယာအစ်မ ငါတို့အတူတူ ပူပေါင်းပြီး လုပ်ကြတာပေါ့"

"ငါပြောတဲ့ အတိုင်း လှုပ်ရှားပါ"

လင်းဟန်က ပြောလိုက်တယ်။

စွေ့ရန်ယွီက အဲဒီအခိုက်အတန့်မှာ ပြောလိုက်ချင်ပါတယ်။ ငါက နင့်က ပိုပြီးတော့ အစွမ်းထက်တာတောင် ငါက ဘာဖြစ်လို့ နင့်ဦးဆောင်မှုနောက်ကို လိုက်ရတဲ့သူ ဖြစ်ရတာလဲ။ ဒါပေမဲ့ ဒီနေရာ ဒီအချိန်မှာ သူမက ခက်ခက်ခဲခဲ မလုပ်နိုင်ပါဘူး။ ဒါကြောင့်

သူမရဲ့ မကျေနပ်မှုတွေကို မျိုသိပ်ပြီး လင်းဟန်နောက်ကနေ လိုက်ပါလာခဲ့ပါတယ်။

သူမရဲ့ လက်ထဲမှာ ဓားကိုင်ပြီး ငွေရောင်ဦးချိုကြံ့ကြီးဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ ဒါပေမဲ့ အလျင်စလိုနဲ့ မတိုက်ခိုက်ပါဘူး။ အဲဒီအစား သူမက လင်းဟန်ရဲ့ အချက်ပြမှုကို စောင့်နေခဲ့ပါတယ်။

"တိုက်"

လင်းဟန်က အော်လိုက်တယ်။ ဟုမ်း။ သူလည်း စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို အသက်သွင်းပြီး ငွေရောင်ဦးချို ကြံ့ဆီကို တစ်ဟုန်ထိုး ပြေးသွားခဲ့ပါတယ်။

ဒီမြွှစ္စာသားရဲ့က လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးလာပြီး လင်းဟန်ရဲ့ ရင်ဘက်နားကို သူ့ရဲ့ ငွေရောင်ဦးချိုက ရောက်ခါနီးပါပြီ။ လင်းဟန်ရဲ့ စိတ်ဝိညာဉ် တိုက်ခိုက်မှုကို ရှောင်တိမ်းလို့ မရပါဘူး။ ပြီးတော့ ဒီစိတ်ဝိညာဉ် တိုက်ခိုက်မှုက ပစ်မှတ်ကို ကွက်တိထိမှန် သွားခဲ့ပါတယ်။ ကြံ့ကြီးရဲ့ ခြေလက်တွေ ပျော့သွားပြီးတော့ သူရဲ့ ဦးခေါင်းက တစ်ဖက်ကို စောင်းသွား ခဲ့ပါတယ်။ ငွေရောင်ဦးချိုက လင်းဟန်နဲ့ လွဲချော်သွားပြီးတော့ ဘေးဘက်ကို ချော်သွားခဲ့ပါတယ်။

စွေ့ရန်ယှီက ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီးတော့ ငွေရောင်ဦးချိုကြံ့ကြီးရဲ့ လည်ပင်းကို ခုတ်ချလိုက်ပါတယ်။

ထန်။

မီးပွားတွေ တလက်လက် တောက်ပသွားခဲ့ပါတယ်။ ဓားရှည်က ရောမ ကြံ့ကြီးရဲ့ လည်ပင်းကို ခုတ်ပိုင်းလိုက်ပေမဲ့ အရမ်းနက်နက်ရှိုင်းရှိုင်း မထိုးဖောက်နိုင်ပါဘူး။ နောက်ပြီး ငွေရောင်ဦးချို ကြံ့ကြီးက ချက်ချင်းပဲ နာကျင်မှုကြောင့် သူ့ရဲ့အသိစိတ် ပြန်ဝင်လာပြီး ဒေါသတကြီးနဲ့ နာမှုတ်လိုက်ပါတယ်။

ကြံ့ကြီးက ရုတ်တရက် သူ့ခေါင်းကို ခါလိုက်တာနဲ့ လင်းဟန်က နောက်တစ်ကြိမ် လွင့်ထွက် သွားခဲ့ပါတယ်။ အဲဒီနောက် သူက တစ်ဟုန်ထိုး ပြေးသွားတာကြောင့် ဓားရှည်က သူ့ခန္ဓာကိုယ်ကနေ ဆွဲထုတ်လိုက်သလို ဖြစ်သွားပါတယ်။

ကြံ့ကြီးရဲ့ လည်ပင်းကနေ လတ်ဆတ်တဲ့ သွေးတွေက အဆက်မပြတ် ကျဆင်းလို့ နေပါတယ်။ ဒီမိစ္ဆာသားရဲက ဒေါသထွက်လာပြီး သူ့ရဲ့ အရွယ်အစားက ရုတ်တရက် မူလအရွယ်အစားထက် ဆယ်ဆလောက် တိုးလာခဲ့ပါတယ်။ မြေပြင်က ချိုင့်ဝင်သွားပြီး ကြီးမားတဲ့ တောင်ကြီး တစ်လုံးက ဖိချလိုက်သလိုမျိုး ဖြစ်သွားပါတယ်။

"ဟူး ဒီမို့စ္စာသားရဲရဲ့ တောင်တွေမြစ်တွေက တကယ့်ကို ထူးခြားတဲ့ ပေါင်းစပ်မှု တစ်ခုမှာ ရှိတာပဲ"

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ ဘယ်လက်ရုံး အမတ်မင်းက တချို့တောင်မြစ် ကျောက်တုံးတွေမှာ ထူးခြားတဲ့ ပေါင်းစပ်မှုမျိုးကို ပိုင်ဆိုင်ထားတယ်လို့ ပြောဖူးပါတယ်။ ဥပမာ တချို့က ကြောက်မက်ဖွယ်ရာ အလေးချိန်ကို ထုတ်ဖော်နိုင်ပါတယ်။

ပြီးတော့ အခု ဒီမို့စ္စာသားရဲက ထူးခြားတဲ့ အလေးချိန်ကို ထုတ်ဖော်ပြနေပါတယ်။

"ငါ့အထင်တော့ ဒီနေရာက မို့စ္စာသားရဲတွေဟာ တောင်မြစ်ကျောက်တုံးတွေကို မသန့်စင်နိုင်တာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့မှာ သဘာဝအရ ဒီလိုမျိုး ထူးခြားတဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားတာပဲ"

လင်းဟန်က ရုတ်တရက် ဒီဖြစ်နိုင်ချေကို တွေးလိုက်မိပါတယ်။

"အဲဒါက ဟုတ်ဟုတ် မဟုတ်ဟုတ် အခု ငါတို့ ဒီအခြေအနေကို ဘယ်လိုဖြေရှင်းရမလဲ"

စွေ့ရန်ယွီက တစ်ချက်စုန်ပြီးတော့ ရောက်လာခဲ့ပါတယ်။ သူမရဲ့ လက်ထဲမှာ ဓားကိုင်ထားပြီး သူမပုံစံက အရမ်းကို ချောမောလှပကာ

ခွန်အားအပြည့် ရှိနေပါတယ်။ ဒါပေမဲ့လည်း သူမက ရေလိုမျိုး တည်ငြိမ်ပြီး အေးချမ်းတဲ့ လူစားမျိုး ဖြစ်ပြီးတော့ ဒီလိုမျိုး ဟန်ပန်အမူအရာ နှစ်ခု ရောယှက်ထားမှုနဲ့ သူမဟာ သေစေနိုင်တဲ့ အဆိပ်တစ်ခွက်နဲ့ တူနေပါတယ်။

လင်းဟာန်က တစ်ချက်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"စောစောက အတိုင်းပဲ။ ငါက သူ့ကို တွေ့ဖေသွားအောင် လုပ်မယ်။ မင်းက အခွင့်အရေးကို ဖမ်းဆုပ်ပြီး တိုက်ခိုက်ပေ့ါ။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ပြိုင်ဘက်ကင်းလောက်တဲ့ အထိတော့ မာကျောမှု မရှိပါဘူး"

စွေ့ရန်ယွီက သူမခေါင်းကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"နင်က တောင့်ခံနိုင်လို့လား"

"အခု မင်းငါ့အတွက် စိတ်ပူနေတာလား"

လင်းဟာန်က ပြုံးပြီးတော့ တန်ပြန်မေးလိုက်ပါတယ်။

"ဘယ်သူက ဂရုစိုက်မှာမို့လဲဟွန့်"

Chapter 947 end

အပိုင်း(948) စိတ်ဂိညာဉ် အသား

ငွေရောင်ဦးချိုကြံ့က နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လာခဲ့ပါတယ်။ သူ့ရဲ့ တောင်တွေမြစ်တွေရဲ့ အထူးစွမ်းအင်ကို အသုံးပြုပြီး တစ်ဟုန်ထိုး ပြေးဝင်လာတာကြောင့် မြေကြီးက တော်တော်လေး အဖိနှိပ်ခံနေ ရပါတယ်။ နောက်ပြီး ကျောက်တုံးအပိုင်းအစတွေက နေရာအနှံ့အပြားကို လွင့်စဉ်ထွက်ကုန်ပြီး ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲသွား ကုန်ပါတယ်။

သူ့ရဲ့ဆွဲငင်အား နယ်ပယ်ထဲမှာ ဘယ်လောက်များများ သူတို့ရဲ့ ပုံမှန်တိုက်ပွဲ စွမ်းရည်ကို ထိန်းထားနိုင်ကြမှာလဲ။

ကြံ့ကြီးနီးလာသလို လင်းဟန်ရဲ့ နတ်ဘုရားအရိုးတွေက ကျယ်လောင်စွာနဲ့ အက်ကွဲလာခဲ့ ပါတယ်။ တကယ်လို့ လင်းဟန်နေရာမှာ တခြားစကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ဆိုရင် သူတို့တွေက ဖိနှိပ်ဒဏ်ကြောင့် သေချာပေါက် ပြားချပ်သွား ပါလိမ့်မယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက် အတွက်တောင် တကယ်လို့ သူတို့ရဲ့ မူလစွမ်းအင်ကို အသုံးပြုပြီး သူတို့ကိုယ်သူတို့ မကာကွယ်ထားဘူးဆိုရင် သူတို့လည်း တူညီတဲ့ ကံတရား တစ်ခုကို ခံစားသွား ရပါလိမ့်မယ်။

လင်းဟန် အတွက်တော့ သူရဲ့ အရိုးတွေနည်းနည်းပဲ အက်ကွဲသွားရုံပဲ ဖြစ်သွားခဲ့ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုလို မာကျောပြီး တကယ့်ကို အစွမ်းထက်ပါတယ်။

လင်းဟန်က တူညီတဲ့ လှည့်ကွက်ကိုပဲ ထပ်သုံးခဲ့ပါတယ်။ သူက စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကို အသုံးပြုပြီး နောက်တစ်ကြိမ် ထပ်တိုက်ခိုက်ကာ ငွေရောင်ဦးချိုကြံ့ကြီးကို နောက်ထပ်တစ်ကြိမ် တွေဝေငေးမော သွားစေခဲ့ပြီး သူတို့အနားက ဆွဲငင်အားကလည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။

စွေ့ရန်ယွီက ငွေရောင်ဦးချိုကြံ့ကြီးရဲ့ ဒဏ်ရာပေါ်ကို ထပ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ဒဏ်ရာဟောင်း တစ်ခုပေါ်မှာ ဒဏ်ရာအသစ်တစ်ခု ထပ်ပေါင်းထည့်လိုက်တာကြောင့် ငွေရောင်ဦးချို ကြံ့ကြီးက နောက်ဆုံးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပါတယ်။ နာကျင်မှုကြောင့် စူးစူးဝါးဝါး အော်ဟစ်လိုက်ပြီး ငွေဦးချိုကြံ့ကြီးက နေရာအနှံ့ကို အရူးအမူး ပတ်ပြေးနေပါတယ်။ သူက ခုန်ပေါက်ပြေးလိုက် တစ်ဟုန်ထိုး ပြေးလိုက်နဲ့ ပတ်ဝန်းကျင် တစ်ခုလုံးကို ရှုပ်ထွေးသွားစေခဲ့ပါတယ်။

"နောက်တစ်ခေါက်"

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က တက်ညီလက်ညီနဲ့ အဆက်မပြတ် တိုက်ခိုက်ပြီး ဆယ်ကြိမ်ကျော် ပြီးတဲ့နောက်မှာတော့ ဒီမိစ္ဆာသားရဲကောင်ကို နောက်ဆုံးမှာ သတ်ပစ်လိုက် နိုင်ခဲ့ပါတယ်။

ကံကောင်းတဲ့အချက်က ဒီနေရာမှာရှိတဲ့ မိစ္ဆာသားရဲတွေက ဉာဏ်ရည်ဉာဏ်သွေး သိပ်မကောင်း ကြပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒဏ်ရာဒဏ်ချက်တွေ အများကြီး ရပြီးတဲ့နောက်မှာ ငွေဦးချိုကြံ့ကြီးက ထွက်ပြေးသင့်ပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ အမြန်နှုန်းအရ သူတို့လက်ထဲကနေ အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးနိုင်မဲ့ အခွင့်အရေးက အတော်လေး မြင့်မားနေဆဲပါပဲ။

စွေ့ရန်ယွီက အတော်လေး မယုံနိုင်သလို ခံဏားလိုက်ရပါတယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့ မိစ္ဆာသားရဲ တစ်ကောင်က သူမရဲ့ ဓားချက်အောက်မှာ တကယ်ပဲ သေဆုံးသွားခဲ့ပါတယ်။

"နင်က ဘယ်လိုလှို့ဝှက် နည်းစနစ်မျိုးကို အသုံးပြုခဲ့လို့ ဒီငွေဦးချိုကြံ့ကြီးကို တွေဝေငေးမော သွားစေခဲ့တာလဲ"

စွေရန်ယွီက အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီးတော့ သူမက လွယ်လွယ်ကူကူနဲ့ အောင်မြင်စွာ သတ်ဖြတ်နိုင်မှာလဲ။

"ဟဲဟဲ"

လင်းဟန်က ပြုံးရုံသာ ပြုံးလိုက်ပေမဲ့ သူ့ရဲ့ပုံဖက်ဖဲကိုတော့ ထုတ်ပြောဖို့ စိတ်မကူးပါဘူး။

စွေရန်ယွီက ဒေါသထွက်သွား မိပါတယ်။ သူမက သူတို့နှစ်ယောက်ဟာ ဟန်ဆောင်ချစ်သူ သက်သက်ဆိုတာကို သတိရသွားတဲ့ အချိန်မှာ လင်းဟန်ကို သူ့ရဲ့ပုံဖက်ဖဲအကြောင်း သူမကို ပြောပြဖို့ တောင်းဆိုခွင့် ရှိလို့လား။

တကယ်လို့ လင်းဟန်သာ အနက်ရောင် မျှော်စင်ရဲ့ လျှို့ပုံဖက်ချက်ကို မပေါက်ကြားစေချင်တဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူက ငွေဦးချိုကြံ့ကြီးကို သူ့ရဲ့အသိစိတ် ပျောက်နေတဲ့ အချိန်မှာ အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ပစ်လိုက်မှာပါ။ အဲဒီလိုသာဆိုရင် သူက ဒီတန်ခိုးရှင် အဆင့် မိစ္ဆာသားရဲကောင်ရဲ့ သေခြင်းရှင်ခြင်းကို လွယ်လွယ်နဲ့ ဆုံးဖြတ်ပေးနိုင်စွမ်း ရှိလာပါ လိမ့်မယ်။

လင်းဟန်ရဲ့ စွမ်းရည်တွေက မလုံလောက်ပါဘူး။ ဒါကြောင့် စွေ့ရန်ယွီက ငွေဦးချိုကြံ့ကြီးရဲ့ ခန္ဓာကိုယ်ကို သူမရဲ့ဓားနဲ့ ခုတ်ဖြတ်လိုက်ပါတယ်။ အတော်ကြာအောင် ရှာဖွေပြီးတဲ့ နောက်မှာ သူမက လက်သန်း တစ်ချောင်း အရွယ်အစားသာသာရှိတဲ့ အသားတစ်ပိုင်းကို ဆွဲထုတ် လိုက်ပါတယ်။

တခြားအသားတွေနဲ့ မတူတာက ဒီအသားအပိုင်းအစက နှင်းလိုဖြူဖွေးနေပါတယ်။ နောက်ပြီး ချိုမြိန်တဲ့ အနံ့တစ်ခုရှိပြီး အလေးချိန်က အများဆုံး ငါးဆယ်ဂရမ်လောက်ပဲ ရှိပါတယ်။

စိတ်ဂိညာဉ်အသား။

မို့စ္စာသားရဲ တစ်ကောင်ရဲ့ တန်ဖိုးအရှိဆုံး ပစ္စည်း။ ကျင့်ကြံသူတွေအတွက် ဒီစိတ်ဂိညာဉ် အသားက အရမ်းကို အာဟာရ ပြည့်ဝစေပြီး သူတို့ရဲ့ ကျင့်ကြံခြင်းကို မြှင့်တင်ပေးနိုင်ကာ ကုန်ခမ်းသွားတဲ့ အားအင်တွေကိုလည်း ပြန်လည်ဖြည့်ဆည်း ပေးနိုင်ပါတယ်။

စွေ့ရန်ယွီက အဲဒီငွေရောင်ဦးချိုကို ခုတ်ဖြတ်လိုက်ပါတယ်။ ဒီမို့စ္စာသားရဲကောင်က ကြီးမားတယ် ဆိုပေမဲ့ တကယ်တန်ဖိုးရှိတဲ့ ပစ္စည်းတွေက စိတ်ဂိညာဉ် အသားနဲ့ အဲဒီငွေရောင်ဦးချိုတို့ပဲ ဖြစ်ပါတယ်။

"တကယ်လို့ ကြံ့တစ်ကောင်ရဲ့ ဦးချိုကို အမှုန့်ကြိတ်ချေပြီး ဆေးဖော်စားမယ်ဆိုရင် အမျိုးသားတွေအတွက် အစွမ်းထက်တဲ့ ဆေးတစ်ခု ဖြစ်လာမယ်လို့ ငါကြားဖူးတယ်။ မင်းက ငါ့ကို အဲဒီလို အားဖြည့်ဆေးတစ်ခုအဖြစ် အသုံးပြုဖို့ ငါ့ကိုပေးဖို့ကို စိတ်ကူးထားတာတော့ မဖြစ်နိုင်လောက် ပါဘူးနော်"

လင်းဟန်က ရုတ်တရက် ပြောလိုက်ပါတယ်။

စွေ့ရန်ယွီက ချက်ချင်းပဲ ဒေါသအိုး ပေါက်ကွဲလာပြီး လင်းဟန်ကို သူမရဲ့ ဓားပျော့ယမ်းပြီး သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ လိုက်ပါတော့တယ်။

အတော်ကြာအောင် စိန်ပြေးလိုက်တမ်း ကစားပြီးတဲ့နောက်မှာ လင်းဟန်က စွေ့ရန်ယွီကို တည်ငြိမ်သွားစေခဲ့ပါတယ်။ သူတို့နှစ်ယောက်က နောက်တစ်ကြိမ် ရှာဖွေလိုက်ကြပေမဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးမှ ရှာမတွေ့ခဲ့ပါဘူး။

"တောင်မြစ်ကျောက်တုံးက ဘယ်လိုပုံစံ ရှိလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"အဲဒီကျောက်တုံးက နည်းနည်းလေး အရောင်တလက်လက် တောက်ပနေပြီး တစ်ချက် ကြည့်တာနဲ့ သိနိုင်တယ်"

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။

သူတို့က စိတ်ဂိညာဉ် အသားကို ချက်ချင်းမစားသေးပဲ သိမ်းထားလိုက်ပါတယ်။ စိတ်ဂိညာဉ် အသားကို သန့်စင်တာ အချိန်အများကြီး လိုပါတယ်။ ဒါပေမဲ့ သူတို့က ဒီနေရာမှာ ဘယ်လောက်ကြာကြာ နေရမလဲ ဆိုတာကို မသိပါဘူး။ ဒါကြောင့် သူတို့က အချိန်အများစုကို တောင်မြစ်ကျောက်တုံးတွေ ရှာတဲ့နေရာမှာပဲ အသုံးပြုပြီး မို့စွာသားရဲတွေကိုတော့ အကောင်းဆုံး ကြိုးစားကာ အမဲလိုက်ပြီး စိတ်ဂိညာဉ် အသားတွေကို ရိတ်သိမ်းရူးဆွတ် ရပါမယ်။

ဟုတ်တာပဲ။ နတ်ဘုရားသတ္တု အပိုင်းအစကလည်း သူတို့ရဲ့ ပစ်မှတ်တွေထဲက တစ်ခု ဖြစ်ပါတယ်။

တကယ်လို့ လင်းဟန် တစ်ယောက်တည်းသာဆိုရင် သေချာပေါက် လမ်းပျောက်နေပါလိမ့်မယ်။ ဘယ်နေရာကို သွားလို့ သွားရမှန်းမသိဖြစ်နေမှာပါ။ ဒါပေမဲ့ စွေ့ရန်ယွီ ရှိနေတဲ့အပြင် သူမဆီမှာ ကောင်းကင်ဘုံ ပင်လယ် လျို့ဂှက်ဆန်းကြယ်ဘုံထဲကို ဂင်ရောက်ဖူးတဲ့ မရေမတွက်နိုင်သော မျိုးဆက်တွေ ရေးဆွဲထားတဲ့ မြေပုံတစ်ခု ရှိနေပြီး အရမ်းကို အသေးစိတ်ကျပါတယ်။

ဒါကြောင့် သူတို့တွေက ဘာအကြောင်းပြချက်မှ မရှိပဲ လျှောက်ပြေးနေရမှာကို စိုးရိမ်နေစရာ မလိုပါဘူး။

လင်းဟန်ရဲ့ အထူးလက်နက်နဲ့ သူတို့က လမ်းတစ်လျှောက်လုံး အစွမ်းထက်တဲ့ မိစ္ဆာသားရဲတွေ အမြောက်အများကို သတ်ဖြတ်ရှင်းလင်းခဲ့ပြီးတော့ စိတ်ဂိညာဉ် အသား အပိုင်းအစတွေ တော်တော်များများကို ရိတ်သိမ်းလာခဲ့ပါတယ်။ အဲဒါက စွေ့ရန်ယွီကို အရမ်းကို ကျေနပ်အားရ ပီတိဖြစ်စေခဲ့ပါတယ်။ သူမက အရမ်းကို ပြည့်ဂအောင်လို့ ရိတ်သိမ်းနိုင်ခဲ့မယ်ဆိုပြီး မတွေးခဲ့ မိပါဘူး။

ကံမကောင်းတာက သူတို့က တောင်မြစ်ကျောက်တုံး တစ်တုံးကိုတောင် မတွေ့ရသေးပါဘူး။

ဒါက သာမန်ပါပဲ။ ဘယ်လိုလုပ်ပြီးတော့ ထူးကဲတဲ့ ကျောက်တုံးတွေကို လွယ်လွယ်နဲ့ ရှာတွေ့ နိုင်မှာလဲ။

ဟုတ်ပါတယ်။ သူတို့က ပြိုင်ဘက်ကင်းတော့ မဟုတ်ပါဘူး။ တကယ်လို့ တောင်မြစ်အဆင့်ရဲ့ အလယ်အလတ်က အထွတ်အထိပ် မိစ္ဆာသားရဲတစ်ကောင်နဲ့ ကြုံတွေ့တဲ့ အခါမှာ သူတို့က ရှောင်ထွက်သွားဖို့ တစ်ခုတည်းကိုပဲ ရွေးချယ်နိုင်ပါတယ်။ လင်းဟန်ရဲ့ စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်က သူတို့အပေါ်မှာ လုံးဂကို အကျိုးသက်ရောက်မှု မရှိပါဘူး။ အများဆုံး

ဒီလိုအဆင့် ပစ်မှတ်တစ်ခုကို အနည်းငယ်ပဲ နာကျင်အောင် လုပ်နိုင်ပါတယ်။

သုံးရက်တိတိ ကြာမြင့်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ အရှေ့မှာ လျှိုမြောင်ချိုင့်ဝှမ်းတစ်ခု ပေါ်လာခဲ့ပါတယ်။

ကြက်သွေးရောင် ရေကန်ဆီကို ရောက်ဖို့အတွက် သူတို့က ဒီနေရာကို ဖြတ်သွားရပါမယ်။ ဒီနေရာမှာ တောင်မြစ်ကျောက်တုံးတွေ ရှိမယ်ဆိုရင်တော့ သူတို့က ဒီနေရာမှာပဲ ရပ်လိုက်ဖို့ ရွေးချယ်ပါလိမ့်မယ်။ နှစ်ဖက်စလုံးမှာ မတ်စောက်တဲ့ တောင်တွေရှိပြီး အရမ်းကို အန္တရာယ် များကာ အပေါ်ကိုတက်ဖို့ မဖြစ်နိုင်ပါတယ်။ ဒါကြောင့် သူတို့က ဒီလျှိုမြောင်တောင်ကြား အထဲကနေ ဖြတ်သွားလို့ပဲ ရပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလျှိုမြောင်က မလုံခြုံပါဘူး။

တကယ်လို့ လူတစ်ယောက်က တကယ်ပဲ လုံခြုံချင်တယ်ဆိုရင် အိမ်ကနေ မထွက်တာ အကောင်းဆုံးပါပဲ။

"ကောလာဟာလတွေအရ ဒီလျှိုမြောင်ထဲမှာ အန္တရာယ်အရှိဆုံး သတ္တဝါက မိစ္ဆာသစ်ပင် အမျိုးအစား တစ်ခုပဲ။ သူက ခံစားချက်ကင်းမဲ့တဲ့ ပုံစံမျိုး အမြဲတမ်းလိုလို ဟန်ဆောင်နေတတ်

တယ်။ ဒါပေမဲ့ ဖြတ်သွားတဲ့ အချိန်ကျရင်တော့ သားကောင် ဖြစ်သွားပြီး ရုတ်တရက် ရန်သူ ဖြစ်လာလိမ့်မယ်။ သူ့ရဲ့ သစ်ကိုင်းအခက်အလက်တွေနဲ့ မိသွားတဲ့ အချိန်ကျရင် တောင်မြစ်အဆင့် အသေးစား အဆင့်က အထွတ်အထိပ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်တောင် လွတ်အောင်လို့ ရုန်းထွက်ဖို့ အရမ်းကို ခက်ခဲလိမ့်မယ်"

စွေ့ရန်ယွီက ရှင်းပြလိုက်ပါတယ်။

"စွေ့ကလန်က အနည်းဆုံးတော့ အဆင့်ငါး ကလန်တစ်ခုပဲ။ ဒါကြောင့် မင်းတို့ကလန်က မင်းအတွက် တစ်ခုခုတော့ ပြင်ဆင်ပေးလိုက်မှာပါ။ ဟုတ်တယ်မလား"

လင်းဟန်က မေးလိုက်ပါတယ်။

စွေ့ရန်ယွီက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"မိုစ္စာသစ်ပင်တွေ အပေါ်မှာ ဖျက်ဆီးခြင်းအကျိုး သက်ရောက်မှုရှိတဲ့ မီးကျည်ဆံတွေ ပေးလိုက်တယ်။ ဒါပေမဲ့ သုံးခုပဲရှိတယ်"

"မိုစ္စာသစ်ပင်တွေမှာ ရတနာပစ္စည်းတွေ ရှိလား"

လင်းဟန်က တက်တက်ကြွကြွနဲ့ မေးလိုက်ပါတယ်။

စွေ့ရန်ယွီက မျက်လုံးပြူးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလျှိုမြောင်ကို ဘယ်သူကမှ ဖြတ်ဖို့ စိတ်မကူးပံ့ကြဘူး။ သူတို့က ဒီနေရာကနေ မြန်နိုင်သမျှ အမြန်ဆုံး ဖြတ်သွားကြတယ်။ ဒါကိုတောင် နင်က ဒီနေရာမှာ ပစ္စည်းရှာဖို့ အစီအစဉ် ရှိနေသေးတယ်လား"

"မရဘူးလား"

လင်းဟန်က အနည်းငယ် စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။

"မိစ္ဆာသစ်ပင်တွေမှာ စိတ်ဂိညာဉ် အသား နည်းနည်းမှ မရှိဘူး။ သူ့ရဲ့ပင်စည်က အရမ်းကို မာကျောပြီးတော့ လက်နက်တစ်ခုအဖြစ် သွန်းလုပ်ပြီး အသုံးပြုနိုင်တယ်။ ဒါပေမဲ့ အဲဒါက သိပ်ပြီးတော့ အကျိုးသက်ရောက်မှု မရှိဘူး။ မီးတောက်တွေနဲ့ ရင်ဆိုင်ရတဲ့ အခါကျရင် သိသိသာသာ အားနည်းသွားလိမ့်မယ်"

"ဒါဆိုရင်လည်း မေ့ထားလိုက်တော့။ ဒီနေရာကို မြန်မြန်ဖြတ်ကြတာပေ့ါ"

လင်းဟန်က စိတ်ဂင်စားမှုတွေ ကုန်ဆုံးသွားခဲ့ပါတယ်။

သူတို့နှစ်ယောက်က လှိုဏ်မြောင်ထဲကို လျှောက်လာခဲ့ပါတယ်။ ဒီနေရာက အရမ်းကို တိတ်ဆိတ် ငြိမ်သက်ပြီးတော့ အတော်လေး ကြောက်စရာကောင်းပါတယ်။ သူတို့က အင်းဆက်ပိုးကောင်နဲ့ တိရိစ္ဆာန်ကောင်တွေရဲ့ အော်သံတွေကိုတောင် မကြားရပါဘူး။ ဒါက သုဿန်တစပြင်နဲ့ တူပြီးတော့ တိတ်ဆိတ်ငြိမ်သက်မှုက ကျောရိုးထဲထိ စိမ့်နေအောင် တုန်လှုပ်ချောက်ချား သွားစေပါလိမ့်မယ်။

လှိုဏ်မြောင်ထဲမှာ လမ်းကြောင်းရယ်ဆိုပြီး တိတိကျကျ မရှိပါဘူး။ ဒါကြောင့် သူတို့တွေက သစ်ပင်တွေ အောက်ကနေ လျှောက်လာခဲ့ ရပါတယ်။

ဒီနေရာက သစ်ပင်တွေက အရမ်းမမြင့်ပါဘူး။ အမြင့်ဆုံး သစ်ပင်က မီတာသုံးဆယ်လောက်ပဲ မြင့်ပါတယ်။ အပြင်ဘက်မှာရှိတဲ့ မီတာသုံးထောင်ကျော် မြင့်မားတဲ့ သစ်ပင်တွေနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ လှိုဏ်မြောင်ကို ထက်ရှုပြီး အနက်ရောင်ရှိတဲ့ ဆူးချုံတွေက သစ်ပင်တွေ အောက်မှာ ပေါက်ရောက်နေတာကိုတောင် တွေ့မြင်နိုင်ပါတယ်။

ဒီဆူးချုံတွေက အရမ်းကို ထက်ရှုပါတယ်။ တကယ်လို့ လူတစ်ယောက်က သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ မူလစွမ်းအင်ကို

အသုံးမပြုထားဘူးဆိုရင် အဲဒီဆူးတွေက အရေပြားကို လွယ်လွယ်ကူကူနဲ့ ထိုးဖောက်နိုင်ပါတယ်။ နောက်ပြီး အဲဒီဆူးတွေမှာ အဆိပ်တွေ ရှိနေပြီး သူတို့ရဲ့ သားကောင်တွေကို ဆူးနဲ့ထိုးမိလိုက်တာနဲ့ ချက်ချင်းဆိုသလို သွေးကြောတွေထဲက သွေးတွေကို စုပ်ယူပစ်လိုက်ပါတယ်။ သူတို့ရဲ့ သားကောင်တွေက နောက်ဆုံးမှာ အရိုးပုံကြီး တစ်ခုအဖြစ်ပဲ ကျန်နေပါလိမ့်မယ်။

အရှေ့ကို ပိုပြီးတော့ တိုးလာလေ သူတို့တွေက လမ်းကြောင်းအသစ် ရှာဖို့ လိုလာပြီး ပိုပြီးတော့ ခက်ခဲလာပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ ဒီနေရာကို အရင်ဆုံး ရောက်လာဖို့ သူတို့ကို ဘယ်သူကများ တောင်းဆိုခဲ့လို့လဲ။

သူတို့နှစ်ယောက်က နွယ်ပင်တွေကို ခုတ်ဖြတ်ပြီးတော့ လမ်းရှာလိုက်ပါတယ်။ မီးကိုတော့ အသုံးမပြုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ သူတို့က မီးကိုအသုံးပြုမယ် ဆိုရင်တောင် အသုံးမဝင်ပါဘူး။ သာမန်မီးတောက်တွေက ဒီနွယ်ပင်တွေကို ထိခိုက်ပျက်စီးဖို့ မဖြစ်နိုင်ပါဘူး။ အထူးသဖြင့် မီးဓာတ် လျှို့ဝှက်နည်းစနစ် တစ်မျိုးကို ကျင့်ကြံအားထုတ်ထားတဲ့ ကျင့်ကြံသူ တစ်ယောက် ရှိဖို့ လိုအပ်ပါတယ်။ ပြီးတော့ အနည်းဆုံး တောင်မြစ်အဆင့်မှာ ရှိရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက

တန်ခိုးရှင်ဘုံ ဖြစ်ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဒီနေရာမှာ ဂယက်ရိုက်အောင် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက ကမ္ဘာငယ်လေး တစ်ခုထဲက သေမျိုးတစ်ယောက်နဲ့ တူနေပါတယ်။

အချိန်တစ်ချို့ ကြာမြင့်ပြီးတဲ့နောက် သူတို့အနောက်ကနေ လှုပ်ရှားသံတွေ ကြားလိုက် ရပါတယ်။ သူတို့က နောကိုလှည့်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ တစ်စုံတစ်ယောက်က သူတို့ဘက်ကို လာနေသလိုပါပဲ။

"ကောင်းတယ်။ လက်ပိုများတော့ လမ်းပိုတွင်တာပေါ့။ တကယ်လို့ ငါတို့တွေ အတူတူ လမ်းရှာနိုင်ရင် ငါတို့ရဲ့ အမြန်နှုန်းလည်း တိုးလာလိမ့်မယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

"သတိထားဦး။ တခြားသူတွေရဲ့ နှလုံးသားကို ခန့်မှန်းကြည့်ဖို့ဆိုတာ ခက်ခဲတယ်။ ကောင်းသူမလာ လာသူမကောင်းတဲ့ သတိထားတာ အကောင်းဆုံးပဲ"

စွေ့ရန်ယွီက သတိပေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ တခြားသူတွေက ငါတို့ကို အပြစ်မပြောဘူးဆိုရင် ငါကလည်း တခြားသူတွေကို အပြစ်လုပ်မှာ မဟုတ်ဘူး။ တကယ်လို့ သူတို့က မကောင်းတဲ့ စိတ်ထားနဲ့ လာတယ်ဆိုရင်တော့ သူတို့ကို မှတ်လောက်သားလောက် ဖြစ်သွားအောင် ငါလုပ်ရလိမ့်မယ်"

Chapter 948 end

အပိုင်း(949) တန်ခိုးရှင်တစ်ယောက် ဒဏ်ရာရခြင်း

"မင်းတို့နှစ်ယောက်က တကယ်ပဲ အတော်လေး မြန်တာပဲ"

လူသုံးယောက်က ဆန့်ကျင်ဘက် အရပ်ကနေ လျှောက်လာကြပါတယ်။ သူတို့အားလုံးက အမျိုးသားတွေချည်း ဖြစ်ပါတယ်။ သူတို့ထဲက နှစ်ယောက်က အရမ်းကို ငယ်ရွယ်ပေမဲ့ နှစ်ယောက်စလုံးက တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ် အဆင့်မှာ ဖြစ်ပြီး တတိယမြောက် တစ်ယောက်ကတော့ အဘိုးကြီး တစ်ယောက်ဖြစ်ပြီး အနည်းငယ် ထိတ်လန့်စရာကောင်းတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်ဖော်ထားပါတယ်။

ဒီလူ့ပုက်ဆန်းကြယ်ဘုံက ကျင့်ကြံခြင်း အဆင့်ကို ကန့်သတ်ထားပေမဲ့ အသက်အရွယ်ကိုတော့

မကန့်သတ်ထားပါဘူး။ ဒါကြောင့် လူတစ်ယောက် ဂင်နိုင်
မဂင်နိုင်ဆိုတာက ပါရမီနဲ့ပဲ သက်ဆိုင်ပါတယ်။

တချို့က သိပ်ပြီးတော့ ပါရမီ မရှိပဲ တန်ခိုးရှင် အဆင့်ကို
ပြင်ပအကူအညီ အားကိုးနဲ့ အတင်းအကျပ် အဆင့်တက်ပြီး သူတို့ရဲ့
အကန့်အသတ်ကို ရောက်ရှိခဲ့ပါတယ်။ သူတို့ရဲ့
ဘဂတစ်လျှောက်လုံးအတွက် သူတို့က အသေးစား အထွတ်အထိပ်
အဆင့်မှာပဲ ရပ်တန့်နေ ကြပါလိမ့်မယ်။ ဒီလူတွေမှာ
ပြုစုပျိုးထောင်ပေးဖို့ တက်လမ်းအများကြီး မရှိပါဘူး။ ဒါပေမဲ့လည်း
ကောင်းကင်ဘုံ ပင်လယ် လျှို့ဂှက်ဆန်းကြယ်ဘုံရဲ့
ဂင်ခွင့်တားမြစ်မှုကြောင့် သူတို့က အသုံးဂင်နေ ပါသေးတယ်။

သူတို့ရဲ့ ဘဂတစ်လျှောက်လုံးကို ဒီကျင့်ကြံခြင်း အဆင့်မှာပဲ
ကုန်ဆုံးစေခဲ့ပါတယ်။ နောက်ပြီး သူတို့ရဲ့ ကျင့်ကြံမှုက အသေးစား
အထွတ်အထိပ်မှာပဲ ကျင့်ကြံအားထုတ် နေခဲ့ရပါတယ်။ ဒါကြောင့်
သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အတော်လေး ထိတ်လန့်စရာ
ကောင်းနေပါတယ်။

တကယ်လို့ သူတို့ရဲ့ ပါရမီက ကြယ်တစ်ပွင့် ဒါမှမဟုတ်
ကြယ်နှစ်ပွင့် ပါရမီရှင်တွေ အဆင့်နဲ့ ဂေးကွာနေရင်တောင်
မရေမတွက်နိုင်တဲ့ အာရုံစိုက်မှုတွေနဲ့အတူ တချို့ကလည်း

လျှို့ဝှက်ဆေး တချို့ကို သုံးစွဲထားပြီး သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြင့်တင်နိုင်ဖို့ ဖြစ်နိုင်ချေကို စတေးထား ခဲ့ရတာကြောင့် အဆင့်တူထဲမှာ ပိုပြီးတော့ ကြီးမားတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ရရှိတာ ဖြစ်ပါတယ်။

ပထမအချက်က သူတို့အတွက် တိုးတက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် သူတို့က ကြီးကြီးမားမားတော့ အဆုံးရှုံး မခံနိုင်ပါဘူး။

သူတို့တွေက ပုံမှန်ရိုးရိုးပဲဆိုတာ ပေါ်လွင်ပါတယ်။ သူတို့က ကြယ်သုံးပွင့် ဒါမှမဟုတ် ကြယ်လေးပွင့် ပါရမီရှင်တွေရဲ့ အဆင့်က တိုက်ပွဲစွမ်းရည်ကို ထုတ်ဖော်ပြသဖို့ ဖြစ်နိုင်ပါလိမ့်မယ်။ အဲဒါက ဆယ်နှစ်တစ်ကြိမ် အတွက်ကြောင့် ဖြစ်ပြီးတော့ ဒီလိုမျိုး လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ သူတို့ရဲ့ စွမ်းဆောင်ရည်တွေကို ထုတ်ဖော်ပြသတတ် ကြပါတယ်။

ဒီအဘိုးကြီးက ဒီလိုမျိုး သာမန်ရိုးရိုး တစ်ယောက် ဖြစ်ပါတယ်။ သူက တောင်မြစ်အဆင့် အသေးစား အထွတ်အထိပ်မှာ ဖြစ်ပြီးတော့ သူထုတ်ဖော်ထားတဲ့ အရှိန်အဝါက အရမ်းကို အစွမ်းထက်ပြီး သူ့ရဲ့ အမှန်တကယ် ကျင့်ကြံခြင်း အဆင့်ထက် အများကြီး သာလွန်နေပါတယ်။

စွေ့ရန်ယွီရဲ့ နလုံးသားက တင်းကျပ်သွားခဲ့ပါတယ်။ လက်ရှိအခြေအနေရ တစ်ဖက်အဖွဲ့က သူတို့ထက် အရေအတွက်မှာလည်း အသာစီးရပြီးတော့ သူတို့တွေ စတင်တိုက်ခိုက်တာနဲ့ သူတို့ဘက်က သေချာပေါက် အကြီးအကျယ် အရေးနိမ့်သွားပါလိမ့်မယ်။ ကံကောင်းတဲ့ အချက်က လင်းဟန်ဟာ လျှို့ဝှက်လက်နက် တစ်ခု ဖြစ်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ခြိမ်းခြောက်နိုင်စွမ်း ရှိလိမ့်မယ်လို့ ဘယ်သူက ထင်မှတ်မိမှာလဲ။

သူမက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ရှင်တို့ သုံးယောက်က ကျမတို့နဲ့ ပူးပေါင်းပြီး လမ်းကြောင်းရှာဖို့ မဟုတ်ဘူးလား။ ဒီနေရာမှာ အချိန်က အကန့်အသတ်ရှိတယ်။ ဘယ်သူမှ အိမ်ကို လက်ဗလာနဲ့ မပြန်ချင်ကြဘူး မဟုတ်လား"

ဟိုဘက်ကလူ သုံးယောက်က ပြုံးလိုက်ပြီးတော့ သူတို့ရဲ့ လက်နက်အသီးသီးကို ထုတ်ကာ လမ်းကြောင်းအသစ် တစ်ခုကို စတင်ဖွင့်လိုက်ပါတယ်။

"ငါတို့က ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ လန်ကလန်က လာခဲ့တာပါ။ မင်းနာမည် ဘယ်လို ခေါ်လဲ နတ်သမီးလေး"

လူငယ် တစ်ယောက်က စွေ့ရန်ယွီရဲ့ ဆွဲဆောင်မှုရှိတဲ့ ပုံရိပ်ကို ကြည့်ပြီးတော့ သူ့မျက်လုံးတွေက ထူးဆန်းတဲ့ အလင်းရောင် တစ်ခု တလက်လက် တောက်ပလို့ နေပါတယ်။

"ကြယ်ဥက္ကာ အင်ပါယာ"

ရွှပ်။

စွေ့ရန်ယွီက သူမရဲ့ ပါးစပ်ကို ဟရုံပဲ ရှိပါသေးတယ်။ သူတို့သုံးယောက်က ဆက်တိုက် လှုပ်ရှားလာပြီး သူမကို တန်းတိုက်ခိုက် လာခဲ့ပါတယ်။

သူတို့သုံးယောက်လုံးက နားလည်မှု ယူထားပုံရပြီးတော့ တပြိုင်နက်တည်းနီးပါး လှုပ်ရှားလာခဲ့ ကြပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ စွေ့ရန်ယွီက သူတို့ကို ခြိမ်းချောက်နိုင်မဲ့ လူတစ်ယောက်လို့ပဲ သတ်မှတ်ထားပုံ ရပါတယ်။ သူတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ပဲရှိတဲ့ အဲဒီကောင်စုတ်ကို လျစ်လျူရှုထား ကြပါတယ်။

ဒါပေမဲ့လည်း သူတို့ရဲ့ တိုက်ခိုက်မှုတွေက ပြင်းထန်တယ် ဆိုပေမဲ့ သူတို့က စွေ့ရန်ယွီရဲ့ သေကွင်းသေကွက် နေရာတွေကိုတော့

ရှောင်ပြီးတော့ တိုက်ခိုက်ပြီး သူမကို အရှင်ဖမ်းဖို့ စိတ်ကူးထားပုံ ရပါတယ်။

ဒီတိုက်ခိုက်မှုက ကြင်နာမှု မရှိသလို နောက်ကွယ်မှာလဲ ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ ဆန္ဒတစ်ခု ပိုင်ဆိုင်ထားပုံ ရပါတယ်။

စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာက ချက်ချင်းဆိုသလို အေးစက်စက် ဖြစ်သွားပြီး သူမက အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

"ရှုံစရာ ကောင်းလိုက်တာ"

စွေ့ရန်ယွီက သူမရဲ့ ဓားကို ဝှေ့ယမ်းလိုက်ပြီး အေးစက်စက် အလင်းရောင်တစ်ခု ထွက်ပေါ်လာပြီး ရုတ်ချည်းဆိုသလို လေထုက အေးခဲသွားပါတယ်။ ပတ်ဝန်းကျင် အပူချိန်ကလည်း ကျဆင်း လာခဲ့ပါတယ်။

စွေ့ရန်ယွီက သူမကိုယ်သူမ ကာကွယ်ထားခဲ့ပါတယ်။ သူမအနေနဲ့ တစ်ခါမှ မမြင်ဖူးတဲ့ လူတွေကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။

ဒါပေမဲ့ ဒါက သုံးယောက်တစ်ယောက် တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ အဘိုးကြီးက ထိတ်လန့်တုန်လှုပ်စရာ

ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်နီးပါး ရှိပါတယ်။ သူက ဆေဘာဓားနဲ့ တိုက်ခိုက်ပြီး ရွှေရောင်အလင်းတစ်ခု တလက်လက်တောက်ပပြီး သူ့ရဲ့ ဓားသွားက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ထက်ခြမ်းခွဲနိုင်တဲ့အထိ အစွမ်းထက်ပြီး လူတစ်ယောက်ကို တုန်လှုပ်ချောက်ချားသွားစေနိုင်ပြီး ခုခံနိုင်စွမ်း မရှိအောင် ဖြစ်သွားစေနိုင်ပါတယ်။

"မင်းတို့သုံးယောက်က ငါ့ကို မေ့ထားကြတာလား"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပြီး စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်နဲ့ တန်းပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

လူငယ်တစ်ယောက်က တွေဝေငေးမောသွားသလိုမျိုး ရုတ်တရက် ရပ်သွားခဲ့ပါတယ်။

လင်းဟာန်က အခွင့်အရေးကို အမိအရ ဆုပ်ယူပြီး သူ့ရဲ့ဓားနဲ့ လူငယ်ရဲ့ ခေါင်းကို ခုတ်ချလိုက် ပါတယ်။ သွေးတွေက ပန်းထွက်လာပြီး အရမ်းကို စိတ်မကောင်းစရာ မြင်ကွင်းတစ်ခု ဖြစ်စေခဲ့ ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဒီလိုမျိုး သန်မာတဲ့ စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားလိမ့်မယ်လို့ ဘယ်သူကများ ခန့်မှန်းမိမှာလဲ။

ဆန့်ကျင်ဘက် အဖွဲ့က ကျန်နေတဲ့ နှစ်ယောက်စလုံး မှင်တက်အံ့သြသွားခဲ့ပါတယ်။ ထန် ထန်။ စွေ့ရန်ယွီရဲ့ ဓားက သူတို့နှစ်ယောက်နဲ့ တိုက်ကွက်ချင်း ဖလှယ်လိုက်ပါတယ်။

ပုန်း။

စွေ့ရန်ယွီက ဒီတိုက်ခိုက်မှုရဲ့ အကျိုးဆက်ကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ အဲဒီအဘိုးကြီးက အရမ်းကို အစွမ်းထက်ပါတယ်။ တကယ်လို့ သူက နည်းနည်းလေး အာရုံထွေပြားသွားတယ် ဆိုရင်တောင် သူ့ကို တားနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ကံကောင်းတာက စွေ့ရန်ယွီက လွင့်ထွက်သွားတဲ့ အချိန်မှာ သူမခံယူရတဲ့ တိုက်ခိုက်မှုရဲ့ စွမ်းအားကို အတတ်နိုင်ဆုံး ပျောက်ကွယ်သွားအောင် လုပ်ခဲ့ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာလေးက အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်သွားပေမဲ့ သူမက ထိခိုက်ဒဏ်ရာတော့ မရခဲ့ပါဘူး။

"အား"

ဒဏ်ရာရသွားတဲ့ လူငယ်က အထိတ်တလန့်ဖြစ်သွားပြီး စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ အာရုံတွေ ပြန်ဝင်လာပြီးတော့ ကြီးမားတဲ့ နာကျင်မှုက သူ့ကို မထိန်းနိုင်အောင် အော်ဟစ်သွားစေခဲ့ပါတယ်။ သူ့ရဲ့ခေါင်းက သူ့ပခုံးပေါ်ကနေ ပြုတ်ကျသွားတော့မလို ခံစားနေရပါတယ်။

"တန်ခိုးရှင်အဆင့် ကျင့်ကြံသူ တစ်ယောက်က တကယ်ပဲ သတ်ရခက်လိုက်တာ"

လင်းဟန်က သူ့နှလုံးသားထဲမှာ အံ့အားသင့် သွားခဲ့ပါတယ်။ သူ့ရဲ့အရေပြားကို အရမ်းလွယ်လွယ် ခွဲပစ်နိုင်တယ် ဆိုပေမဲ့ သူ့ရဲ့အရိုးတွေကိုတော့ အရမ်းကို မာကျောအောင် သန့်စင်ထားခဲ့ပါတယ်။ အဲဒါက နတ်ဘုရားအဆင့် သတ္တု အဆင့်နဲ့ ဝေးကွာတယ်ဆိုပေမဲ့ သူ့ဆီက တိုက်ခိုက်မှု တစ်ခုနဲ့တော့ ခွဲခြမ်းပစ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။

တကယ့်ကို သနားစရာကောင်းတာပဲ။

"ကျိုဂေ ဘာတွေဖြစ်နေတာလဲ"

ကျန်တဲ့နှစ်ယောက်က မေးလိုက်ပြီး သူတို့ရဲ့ အမူအရာက အံ့ဩမှင်တက်လို့ နေပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ တစ်ဖက်လူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိသေးပေမဲ့ တန်ခိုးရှင် တစ်ယောက်ကို ဒဏ်ရာရအောင် လုပ်နိုင်စွမ်း ရှိပြီးတော့ သူ့ကိုတောင် သတ်ပစ်နိုင်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

"သူက ငါ့ရဲ့ စိတ်ဝိညာဉ်ကို တန်းပြီးတော့ တိုက်ခိုက်နိုင်တဲ့ လျှို့ဝှက်နည်းစနစ် တစ်ခုကို သင်ယူထားတယ်။ အဲဒါကြောင့် ငါ့ကို စိတ်အာရုံ ထွေပြားသွားစေတဲ့ အခြေအနေ တစ်ခုမှာ နစ်မြုပ်သွားစေခဲ့တယ်"

ဒဏ်ရာရနေတဲ့ လူငယ်က အဖြစ်အပျက်ကို ပြန်မှတ်မိပြီးတဲ့ နောက်မှာ သူတို့ကို ပြောလိုက်ပါတယ်။

"စိတ်ဝိညာဉ် လျှို့ဝှက်နည်းစနစ် တစ်ခု"

ကျန်တဲ့နှစ်ယောက်က အံ့အားသင့်စွာနဲ့ ရေရွတ်လိုက် မိပါတယ်။ ပထမ သူတို့ကို ကြည့်ရတာ အံ့ဩမှင်တက်သွားပုံ ရပြီးတော့ အဲဒီနောက် အရမ်းကို လျင်မြန်စွာနဲ့ ပီတိဖြစ်သွား ကြပါတယ်။

တန်ခိုးရှင်တွေက သူတို့ရဲ့ စိတ်ဝိညာဉ်တွေ ကျင့်ကြံခြင်းမှာ အာရုံစိုက်တယ်ဆိုတာကို အားလုံး သိထားကြပေမဲ့ အဓိက အချက်က လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို အရမ်းလွယ်လွယ်နဲ့

သတ်ပစ်လို့ မရနိုင်အောင် သန်စွမ်းလာဖို့ ကျင့်ကြံအားထုတ်ကြတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က စိတ်ဂိညာဉ် ပိုသန်မာလေ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို ဆွဲထုတ်ယူပြီး သူတို့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ပေးနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဒါပေမဲ့လည်း စိတ်ဂိညာဉ်ကို တိုက်ရိုက်တိုက်ခိုက်လို့တော့ မရပါဘူး။

ဟုတ်ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ စိတ်ဂိညာဉ်ကို လက်နက်တစ်ခု အသွင်မျိုး အသုံးပြုပြီးတော့ တခြားတစ်ယောက်ကို တိုက်ခိုက်နိုင်တဲ့ လျှို့ပုက်နည်းစနစ်တွေ ရှိပြီးတော့ လုံးဂကို သတိမပြုမိစေပဲ တခြားလူကို သတ်ပစ်နိုင်တဲ့ နည်းလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကို စိတ်ဂိညာဉ် လျှို့ပုက်နည်းစနစ်လို့ ခေါ်ကြပါတယ်။ ဒါပေမဲ့လည်း စိတ်ဂိညာဉ် လျှို့ပုက်နည်းစနစ်တွေက အရမ်းကို ရှားပါးပြီး အရမ်းကို အစွမ်းထက်တဲ့ အင်အားစု အနည်းငယ်က ဆုပ်ကိုင်ထားကြပါတယ်။ သူတို့က သေချာပေါက် အပြင်လူတွေကို သင်ကြားပေးလိမ့်မှာ မဟုတ်ပါဘူး။

သူတို့က အရမ်းကို ပါရမီ မရှိသရွေ့တော့ သူတို့ရဲ့ သမီးတွေရဲ့ မျိုးဆက်တွေကိုတောင် သင်ကြားပေးလိမ့်မှာ မဟုတ်ပါဘူး။

အခု လင်းဟန်မှာ စိတ်ဂိညာဉ် လျှို့ဝှက်နည်းစနစ် တစ်ခု ရှိတယ်ဆိုတာကို သူတို့တွေ သိသွားတဲ့ အခါမှာ ဘယ်လိုလုပ်ပြီးတော့ ပီတိမဖြစ်ပဲ နေနိုင်မှာလဲ။

သူတို့အတွက် အဲဒါကို လုယူရပါလိမ့်မယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းတို့တွေက ကြည့်ရတာ ရုပ်ဆိုးအကျည်းတန်ပေမဲ့ လှပတဲ့ အိပ်မက်တွေ မက်နေကြတာပဲ"

"ဟင့် မင်းက စိတ်ဂိညာဉ် လျှို့ဝှက်နည်းစနစ် တစ်ခုကိုပိုင်ဆိုင်ထားတော့ရော ဘာဖြစ်သေးလဲ။ ငါ့ရဲ့ စိတ်ဂိညာဉ်ကို နှစ်ပေါင်းထောင်နဲ့ချီပြီးတော့ ကျင့်ကြံအားထုတ်ခဲ့တယ်။ ငါ့ကိုယ်ငါ အပြည့်အဝ ကာကွယ်ထားသရွေ့ မင်းရဲ့ နည်းစနစ်ကို အသုံးပြုပြီးတော့ တိုက်ခိုက်နိုင်မဲ့ အခွင့်အရေးတစ်ခု ဘယ်လိုလုပ်ပြီးတော့ ရမှာလဲ"

အဘိုးကြီးက လှုပ်ရှားလာပြီး သူ့ရဲ့ဆေဘာဓားရှည်နဲ့ လင်းဟန်ရဲ့ ရင်ဘတ်ဆီကို တန်းပြီးတော့ ရည်ရွယ်ပြီး တိုက်ခိုက်လိုက်ပါတယ်။

သူက လင်းဟန်ကို သတ်ပြီးတော့ သူ့ရဲ့ မှတ်ဉာဏ်တွေကို တန်းပြီးတော့ ဆွဲထုတ်ကာ ဒီလျှို့ဝှက် နည်းစနစ်ကို ရယူချင်နေခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်ကို အသက်ရှင်ခွင့် ပေးစရာ လုံးဝ မလိုပါဘူး။

"အကြီးအကဲရန် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် လူတစ်ယောက်အတွက် အကြီးအကဲ ကိုယ်တိုင် လှုပ်ရှားဖို့ မလိုပါဘူး။ ကျနော့်တာဝန် ထားလိုက်ပါ"

ဒဏ်ရာမရတဲ့ လူငယ်ကလည်း လှုပ်ရှားလိုက်ပြီး လင်းဟန်ရဲ့ အသက်ကို နှုတ်ယူတဲ့ သူဖြစ်ချင် နေခဲ့ပါတယ်။

တခြားလူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ထုတ်ယူတာက တစ်ကြိမ်ပဲ လုပ်နိုင်ပါတယ်။ စိတ်ဝိညာဉ်ကို ဆွဲထုတ်ယူပြီးတဲ့နောက်မှာ သင်ကြားသူက လုံးဝကို အသုံးမဝင်တော့ပါဘူး။ ဒါပေမဲ့ အဲဒီအဘိုးကြီးက ဒီလျှို့ဝှက်နည်းစနစ်ကို သူယူပြီးတဲ့နောက်မှာ တခြားသူတွေနဲ့ ပြန်ပြီးတော့ မျှဝေမလား ဆိုတာက မသေချာဘူးမဟုတ်လား။

ဒါကြောင့် သူကိုယ်တိုင် ဒီနည်းစနစ်ကို အရယူနိုင်မှပဲ စိတ်အေးချမ်းနိုင်ပါလိမ့်မယ်။

သူတို့နှစ်ယောက်စလုံးက အသေသတ် တိုက်ကွက်ကို အသုံးပြုပြီး လင်းဟန်ကို အရင်ဆုံး သတ်နိုင်ပြီးတော့ သူ့ရဲ့ခန္ဓာကိုယ် လတ်ဆတ်နေတဲ့ အချိန်မှာ သူ့ရဲ့ပညာကို ခိုးယူဖို့ သူ့ရဲ့ စိတ်ဂိညာဉ်ကို ထုတ်ယူဖို့ စိတ်ကူးနေကြပါတယ်။

အဲဒီအချိန်မှာ စွေ့ရန်ယွီက သူ့ကိုကယ်ဆယ်ဖို့အတွက် စိတ်ကူးမရှိပါဘူး။ အဲဒီအစား သူမရဲ့ ဓားကို ပွေ့ယမ်းပြီးတော့ ဒဏ်ရာရနေတဲ့ လူငယ်ကို ခုတ်ချလိုက်ပါတယ်။

ဒီလူကို တစ်ချက်တည်းနဲ့ သတ်လို့မရဘူးဆိုပေမဲ့ သူက ပြင်းပြင်းထန်ထန် ဒဏ်ရာရနေခဲ့တာ ဖြစ်ပါတယ်။ သူက လက်ရှိမှာ သူ့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို လည်ပတ်ပြီးတော့ ဒဏ်ရာကို ကုသနေခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူ့လည်ပင်းက လုံးဂကို ပြတ်သွားရင် မှော်ဆေးလုံးကိုတောင် စားလို့ရလိမ့်မှာ မဟုတ်ပါဘူး။

စွေ့ရန်ယွီက တစ်ဟုန်ထိုး တိုက်ခိုက်လိုက်ပါတယ်။ အဲဒီလူငယ်က သူမရဲ့ တိုက်ခိုက်မှုကို လက်တစ်ဖက်နဲ့ ခတ်ထုတ်လိုက်နိုင်ပါတယယ်။ ဒါပေမဲ့လည်း သူတိုက်ခိုက်လိုက်တဲ့ အခိုက်အတန့်မှာ သူ့ရဲ့ မူလစွမ်းအင် အစိတ်အပိုင်းတချို့က

အနှောင့်အယှက် ဖြစ်သွားပြီး သူ့ရဲ့ ပြတ်ရှနေတဲ့ လည်ပင်းကနေ သွေးတွေက အရှူးအမူး ပန်းထွက်လာခဲ့ပါတယ်။

"ငှါကိုကယ်ဦး ငှါကို ကယ်ဦး"

သူက အလျင်အမြန် အော်ဟစ်လိုက်ပါတယ်။

ဒါပေမဲ့ ကျန်နေတဲ့ နှစ်ယောက်က သူ့ကို အာရုံစိုက်နိုင်မှာတဲ့လား။ သူတို့ရဲ့ မျက်လုံးတွေက လင်းဟန်ကို လုံးဝကို အာရုံစိုက်နေကြပါတယ်။

စိတ်ဝိညာဉ် လျှို့ဝှက်နည်းစနစ် တစ်ခုရဲ့ တန်ဖိုးက အရမ်းကို မြင့်မားပါတယ်။ တောင်မြစ်ကျောက်တုံး တစ်တုံးထက်တောင် ပိုပြီးတော့ အဖိုးထိုက်တန်ပါတယ်။ တကယ်တော့ သူတို့တွေက ဒီနေရာကို ဆယ်စုနှစ် တစ်ကြိမ်ရောက်တိုင်း ဝင်နိုင်ပြီး တောင်မြစ်အဆင့် အသေးစား အထွတ်အထိပ် အဆင့်မှာ အများစုက နှစ်ပေါင်းထောင်နဲ့ချီအောင် ရှိနေတတ်ပါတယ်။ ဒါကြောင့် တောင်မြစ်ကျောက်တုံးအတွက် အလျင်စလို လုပ်စရာ မလိုပါဘူး။

ထန် ထန်။

တောင်မြစ်အဆင့် လက်ရွေးစင် နှစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေက လင်းဟန်ပေါ်ကို ကျရောက်လို့ လာခဲ့ပါတယ်။

Chapter 949 end

အပိုင်း(950) အစွမ်းထက်တဲ့ တောင်မြစ်အဆင့် လက်ရွေးစင် နှစ်ယောက်နဲ့ ယှဉ်ပြိုင်ခြင်း

အဘိုးကြီးရဲ့ ဆေဘာဓား ခုတ်ချက်က လင်းဟန်ရဲ့ ဘယ်ဘက်လည်ပင်းပေါ်ကို ကျရောက်ပြီး လူငယ်ရဲ့ ဓားက ညာဘက်ခြမ်းကနေ လင်းဟန်ရဲ့ ခန္ဓာကိုယ် အောက်ပိုင်းကို ထိုးစိုက် လိုက်ပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေက လင်းဟန်ပေါ်ကို တစ်ပြိုင်နက်တည်း ကျရောက်လို့ လာခဲ့ပါတယ်။

သဘောတရားအရဆိုရင် လင်းဟန်က သုံးပိုင်းပြတ်သွားသင့်ပါတယ်။ ဒီတိုက်ခိုက်မှုတွေက တောင်မြစ်အဆင့် လက်ရွေးစင်တွေဆီက ဖြစ်ပါတယ်။ ဒါကြောင့် စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က ဒီတိုက်ခိုက်မှုတွေကို တားဆီးနိုင်မှာတဲ့လား။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မွန်းစတား တစ်ကောင်ရဲ့ အဆင့်မှာ ရှိပါတယ်။

ဆေဘာဓားနဲ့ ဓားရှည်က တစ်ပြိုင်နက်တည်း တိုက်ခိုက်လာတာကြောင့် စွမ်းအင်စီးကြောင်း နှစ်ခုက မတူညီတဲ့ နေရာတစ်ခုကနေ သူ့ကိုဂင်ဆောင့်ပြီး တစ်ခုနဲ့တစ်ခု ပျက်ပြယ်သွား ခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီတိုက်ခိုက်မှု နှစ်ခုကို ထိပ်တိုက်ရင်ဆိုင်ရတဲ့ လင်းဟန်က သေချာပေါက် လွင့်ထွက်သွားပါလိမ့်မယ်။

"အား"

လူငယ်က စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး သူ့လက်မနဲ့ လက်ညှိုး အကြား ပြတ်ရှသွားခဲ့ပါတယ်။

လက်ရှိမှာ လင်းဟန်က နတ်ဘုရား သတ္တု အစိတ်အပိုင်း တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်က နတ်ဘုရား သတ္တု အပိုင်းအစ တစ်ခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်လိုက်တဲ့ အချိန်မှာ သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် တိုက်ကွက်ခြင်း ဖလှယ်လိုက်တာနဲ့ တူညီပါတယ်။ အဘိုးကြီးက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်နဲ့ နိုင်းယှဉ်လို့ ရနိုင်တာကြောင့် သူ့ရဲ့ အရည်အချင်းက လူငယ်ထက် လုံးဝကို သာလွန်နေခဲ့ ပါတယ်။ အင်အားခြင်း တစ်ခုနဲ့တစ်ခု တွေ့ဆုံတဲ့ ရလာဒ်က တစ်ဖက်ကိုတော့ ဆုံးရှုံးသွား စေခဲ့ပါတယ်။

ဖူး။

အဘိုးကြီးက အရမ်းကို မှင်တက်အံ့ဩသွားပြီး သူ့ရဲ့ မျက်လုံးတွေက ပြူးထွက်လာခဲ့ပါတယ်။ သူ့ပါးစပ်က အဟောင်းသား ဟနေပါတယ်။ လင်းဟန်က စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကိုတောင် အသုံးပြုစရာ မလိုပဲ သူက တကယ့်ကို မှင်တက်အံ့ဩ နေခဲ့ပါတယ်။

မွန်းစတား။ လုံးဝကို မွန်းစတား တစ်ကောင်ပဲ။

တောင်မြစ်အဆင့်ရဲ့ လက်ရွေးစင် နှစ်ယောက်ရဲ့ တစ်ပြိုင်နက် တိုက်ခိုက်မှုတွေက သူ့ခေါင်းက ဆံပင်မွေး တစ်ချောင်းကိုတောင် ထိခိုက်အောင် မလုပ်နိုင်ခဲ့ဘူးလား။ တစ်ဖက်မှာ သူတို့ထဲက တစ်ယောက်က သူ့ရဲ့ လက်မနဲ့ လက်ညှိုးကြားတောင် ပြတ်ရှဒဏ်ရာ ဖြစ်သွားပါတယ်။ ဒါက အိပ်မက်တစ်ခုများလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အရမ်းကို မယုံနိုင်စရာကောင်းတဲ့ ဒီလိုမျိုး အဖြစ်အပျက်က ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ။

လင်းဟန်က အံကိုကြိတ်ပြီးတော့ မကျေမနပ် ဖြစ်နေပါတယ်။

သူက သဲအိတ်တစ်လုံး မဟုတ်ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေက သူ့ကို ရိုက်နှက်ဖို့ ငြိမ်ငြိမ်လေးနဲ့ ရပ်နေရမှာလဲ။

တောင်မြစ်အဆင့်ကို မဖင်နိုင်ရင် ဒါကမဖြစ်နိုင်ပါဘူး။

သူက အခွင့်အရေး ရတာနဲ့ တိုက်ခိုက်လိုက်ပြီး စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခုကြောင့် လူငယ်က ရုတ်တရက် မှင်တက်တွေဝေ သွားခဲ့ပြီး စောစောတုန်းက လက်ကြားက ဒဏ်ရာက သူ့အပေါ် သိသိသာသာ အကျိုးသက်ရောက်တာကြောင့် သူ့ရဲ့ နတ်ဘုရား အာရုံကို ကာကွယ်ဖို့ကို မေ့နေခဲ့ ပါတယ်။

"အတင့်ရဲလိုက်တာ"

အဘိုးကြီးက သတိပြန်ဝင်လာခဲ့ပါတယ်။ သူ့ရဲ့ ဆေဘာဓားကို နောက်တစ်ကြိမ် ထပ်မြှောက်ပြီး လင်းဟန်ကို နောက်တစ်ခါ ထပ်ခုတ်ချလိုက်ပါတယ်။

သူ့ရဲ့ စွမ်းရည်က လင်းဟန်ထက် အဆပေါင်း ဘယ်လောက်တောင် သန်မာလဲဆိုတာ ဘယ်သူ သိနိုင်မှာလဲ။ သူ့ရဲ့တိုက်ခိုက်မှုက နောက်ကျတယ် ဆိုပေမဲ့ ချက်ချင်းဆိုသလို ဆေဘာဓားသွားက

လင်းဟန်ရဲ့ နောက်ကျောကို ထိမှန်သွားပြီး သူ့ခုတ်ချက်က ပြင်းပြင်းထန်ထန် ထိမှန်သွား ခဲ့ပါတယ်။

ထန်။

လင်းဟန်က ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။ သူ့ခွန်အားက တကယ်တော့ တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ နှိုင်းယှဉ်လို့ မရပါဘူး။

သူက မီတာတစ်ထောင် အကွာအဝေးလောက်ကို လွင့်ထွက်သွားပြီးမှ ရပ်သွားခဲ့ပါတယ်။ ကံကောင်းတာက သူက ဆူးချုံတွေ နက်ရှိုင်းတဲ့ နေရာတွေထဲကို ဝင်ဆောင့်မိခြင်း မရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဆူးချုံတွေရဲ့ ထိုးဖောက်ခြင်းကို ခံရနိုင်ချေ ရှိပါတယ်။ ဒါပေမဲ့လည်း သူတို့က ဘာမှလုပ်လို့ မရပါဘူး။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောပြီး ဒီထက်ရှတဲ့ ဆူးတွေတောင်မှ သူ့အပေါ်မှာ ဘာသက်ရောက်မှုမှ မရှိပါဘူး။

အဲဒီနောက် အဘိုးကြီးက စွေ့ရန်ယွီဆီကို လှည့်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ တခြားလူငယ်က သေရေးရှင်ရေး အခြေအနေ တစ်ခုနားကို ကပ်နေပါပြီ။ တကယ်တော့ စွေ့ရန်ယွီဟာ စစ်မှန်တဲ့ တောင်မြစ်အဆင့်

ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူမက ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက်လည်း ဖြစ်တာကြောင့် သူမကို ဘယ်လိုလုပ်ပြီး လျှော့တွက်လို့ ရနိုင်မှာလဲ။

လင်းဟန်က ပြန်ထလာပြီး လေးတစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို လည်ပတ်ပြီး သူ့မျက်လုံးတွေထဲမှာ နေတွေ လတွေနဲ့ ကြယ်တာရာတွေရဲ့ ပုံရိပ်တွေက တလက်လက်တောက်ပလို့ နေပါတယ်။

လန်ကလန်က အဖွဲ့ဝင် သုံးယောက်စလုံး တစ်ပြိုင်နက်တည်းလိုလိုပင် အေးစိမ့်တဲ့ ခံစားချက် တစ်ခု သူတို့ရဲ့ စိတ်ထဲမှာ မြင့်တက်လာခဲ့ပြီး ဘယ်သူကမှ မဆင်မခြင် မတိုက်ခိုက်ပံ့ကြတော့ ပါဘူး။

သူတို့ရဲ့ အလိုအလျောက် တုံ့ပြန်တတ်တဲ့ ပင်ကိုယ်စရိုက်ကြောင့် တကယ်လို့ သူတို့သာ သတိမထားဘူးဆိုရင် သူတို့သေသွားနိုင်ချေ ရှိပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်လား။

သူတို့အားလုံး လင်းဟန်ကို ကြည့်လိုက်ကြပါတယ်။ သူတို့အားလုံးရဲ့ အမူအရာက ဘယ်လိုမှ ခန့်မှန်းလို့ မရနိုင်လောက်အောင် အံ့အားသင့်နေတဲ့ အမူအရာတစ်ခုစီ ဖြစ်နေပါတယ်။

"ဒါက ဘယ်လိုမျိုး မြားပစ်နည်းစနစ် အမျိုးအစား တစ်ခုလဲ။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်ဆိုတာ ပေါ်လွင်နေရဲ့သားနဲ့ ငါ့ကို ခြိမ်းခြောက်တဲ့ ခံစားချက်တစ်ခုကို ပေးနိုင်နေတာလား"

"အဲဒီမြားက နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားတာ ဖြစ်နိုင်တယ်"

ဒဏ်ရာရနေတဲ့ လူငယ်တစ်ယောက်ပဲ အံ့အားသင့်ပြီး မပြောနိုင်ဖြစ်နေပါတယ်။ အဲဒါကလည်း စွေ့ရန်ယွီက သူ့ကို တချိန်လုံး တိုက်ခိုက်နေတာကြောင့် သူမက သူ့ကိုမသတ်နိုင်မချင်း နားမဲ့ပုံစံ မရှိပါဘူး။

လင်းဟန်က အသာလေး ပြုံးလိုက်မိပါတယ်။ လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေက တန်ခိုးရှင် ဘုံကနေ အမွေဆက်ခံခဲ့ပါတယ်။ ကမ္ဘာငယ်လေးထဲမှာ လျှို့ပှက်ဆန်းကြယ် စွမ်းအားတွေအဖြစ် လူသိများပေမဲ့ တန်ခိုးရှင်ဘုံထဲမှာတော့ သေချာပေါက်

သူတို့အတွက် အဆင့်ချိတ်တဲ့ စနစ်တစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းနိမ့်နေရင် သူက လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အစွမ်းအပြည့်အဝကို ထုတ်ဖော်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် လျှို့ဝှက်ဆန်းကြယ် စွမ်းအားရဲ့ အဆင့်က လုံးဝကို အဓိပ္ပါယ် မဲ့သွားပါလိမ့်မယ်။

ဒါပေမဲ့ အခုက မတူညီပါဘူး။ သူက တန်ခိုးရှင်အဆင့်ကို တက်လှမ်းဖို့ ခြေတစ်လှမ်း အကွာမှာပဲ လိုပါတော့တယ်။ ပြီးတော့ သူ့ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေရဲ့ ခွန်အားကလည်း သိသိသာသာ အဆင့်မြှင့်တင်ထားပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများက သူ့ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ အထဲမှာ အစွမ်းထက်ဆုံး ဖြစ်ပြီးတော့ ကျန်တဲ့စွမ်းအားတွေထက် နည်းနည်းလေးပဲ ပိုပြီးတော့ သန်စွမ်းတာ မဟုတ်ပါဘူး။

တစ်ကယ်တော့ ဒါက တန်ခိုးရှင် တစ်ယောက်ကနေ လက်ဆင့်ကမ်းလာတဲ့ လျှို့ဝှက် နည်းစနစ် တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က လေးညှို့ကိုပဲ ဆွဲထားပြီး မပစ်သေးပဲ အဘိုးကြီးနဲ့ လူငယ်နှစ်ယောက် အပေါ်ကို ဖိအားတွေ ပေးနေခဲ့ပါတယ်။

သူ့ရဲ့တာဂန်က အရမ်းကို ရိုးရှင်းပါတယ်။ စွေ့ရန်ယွီက ဒဏ်ရာရနေတဲ့ လူငယ်ကို သတ်နိုင်တဲ့အထိ အချိန်ဆွဲထားပေးဖို့ပဲ ဖြစ်ပါတယ်။

လန်ကလန်ရဲ့ အဖွဲ့သား နှစ်ယောက်ကလည်း ဒီသဘောတရားကို နားလည်သဘောပေါက် ထားကြပါတယ်။ သူတို့က တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြပြီး မတူညီတဲ့ ဦးတည်ချက် နှစ်နေရာဆီကို ရုတ်တရက် ပြေးသွားပြီး လင်းဟန်ရဲ့ နောက်ကျောဘက်ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ကြပါတယ်။

မင်းက ဘယ်တစ်ယောက်ကို ပစ်မှာလဲ။

မင်းရဲ့ စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် စွမ်းရည်တွေနဲ့ သူတို့တွေ အနားကို ကပ်မလာခင် တစ်ယောက်တည်းကိုပဲ ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။ ပြီးတော့ ဒုတိယ တစ်ယောက်ကို သေချာပေါက် ပစ်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ သူ့ပုံရိပ်က အနောက်ကို ဆုတ်သွားခဲ့ပါတယ်။ သူ့ရဲ့ တာဂန်က နောင့်နှေးအောင် လုပ်ဖို့က ပထမဆုံး ဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူဘယ်လောက်ပဲ မြန်မြန်နောက်ဆုတ်သည်ဖြစ်စေ တောင်မြစ်အဆင့် လက်ရွေးစင် နစ်ယောက်ရဲ့ အမြန်နှုန်းကိုတော့ မယှဉ်နိုင်ပါဘူး။ ပြီးတော့ သူတို့နှစ်ယောက်က သူ့တို့ရဲ့ ဓားရှည်နဲ့ ဆေဘာဓားကို အသုံးပြုပြီး နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ကြပါတယ်။

"မင်းတို့က အမှတ်မရှိသေးဘူးလား"

လင်းဟန်က သူ့လေးကို ပြန်သိမ်းလိုက်ပြီး သူ့လက်တွေကို အသုံးပြုပြီးတော့ ဆေဘာဓားနဲ့ ဓားရှည်ကို ဖမ်းဆုပ်ဖို့ ဆန့်ထုတ်လိုက်ပါတယ်။

တခြားသူတွေရဲ့ မျက်လုံးထဲမှာဆို ဒီမြင်ကွင်း ဒီလှုပ်ရှားမှုက သေကြောင်းကြံတာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ လင်းဟန်ရဲ့ လှုပ်ရှားမှုက အရမ်းကို ပါးနပ်လွန်းပါတယ်။ သူက လန်ကလန်ရဲ့ အဖွဲ့ဝင် နစ်ယောက်ကို ကြိုးကိုင်ခြယ်လှယ်ပြီးတော့ သူတို့ကို တစ်ယောက်ပြီးမှ တစ်ယောက် အစုလိုက် အပြုံလိုက် သတ်ရပါမယ်။

"ဟင့်"

အဘိုးကြီးက သူ့ရဲ့တိုက်ခိုက်မှုကို အရင်ဆုံး ပြောင်းလိုက်ပါတယ်။ သူရဲ့ ဆေဘာဓားနဲ့ အောက်ကို ခုတ်ချလိုက်ပြီး လူငယ်ကတော့ သူ့ရဲ့ ဓားရှည် တိုက်ခိုက်မှုကို ထိန်းသိမ်း ထားခဲ့ပါတယ်။ ဒီနည်းလမ်းအတိုင်းဆိုရင် တကယ်လို့ လင်းဟန်ကို သူတို့နှစ်ယောက်စလုံး တိုက်ခိုက်လိုက်ရင်တောင် ဆန့်ကျင်ဘက် အားနှစ်ခုကြောင့် တွန်းထုတ်ခံလိုက်ရမှာ မဟုတ်ပါဘူး။

ထန်။

လင်းဟန်က ဒီတိုက်ခိုက်မှု နှစ်ခုကို ထိပ်တိုက်ခံယူလိုက်ပြီး ချက်ချင်းဆိုသလို နောက်ထပ်တစ်ကြိမ် လွင့်ထွက်သွားခဲ့ပါတယ်။

"ဒါက တကယ့်ကို စိတ်ပျက်စရာပဲ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ ကျွမ်းကျင်မှုလေးထဲမှာ သူက အရမ်းကို သနားစရာ ကောင်းပြီးတော့ နည်းနည်းလေးမှ ပြန်မတိုက်နိုင်တာမျိုး မရှိခဲ့ပါဘူး။

ဒါပေမဲ့ လန်ကလန်ရဲ့ အဖွဲ့ဝင်တွေက ပိုပြီးတော့တောင် စိတ်မချမ်းမသာ ဖြစ်နေကြပါတယ်။ မင်းက တကယ်ပဲ သောက်ကျိုးနည်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရော ဟုတ်မဟုတ်ရဲ့လား။ ဘယ်လိုလုပ်ပြီးတော့ သူတို့ထက်တောင်

တိုက်ခိုက်မှုကို ခံယူတဲ့ နေရာမှာ ပိုကောင်းနေ နိုင်ရတာလဲ။ တစ်ခုသိထားရမှာက တကယ်လို့ သူတို့နှစ်ယောက်ထဲက တစ်ယောက်ဆိုရင်တောင် အဆင့်တူ ကျင့်ကြံခြင်းက လက်ရွေးစင် နှစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေကို တစ်ပြိုင်နက်တည်း အခုလိုမျိုး ခံယူရမယ်ဆိုရင် သူတို့က အနည်းဆုံးတော့ ပါးစပ်အပြည့် သွေးတစ်လုတ် နှစ်လုတ်ခန့် အန်ထုတ်ရပါမယ်။ မဟုတ်ဘူးလား။

လင်းဟန်က လုံးဂကို ထိခိုက်ပျက်စီးမှု မရှိခဲ့တာတော့ မဟုတ်ပါဘူး။ တကယ်တော့ သူတို့နှစ်ယောက်ရဲ့ လက်နက်တွေက အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားတာ ဖြစ်ပါတယ်။ တိုက်ခိုက်မှု အနည်းငယ်ကို ခံယူပြီးတဲ့နောက် သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ သွေးစို့နေတဲ့ သွေးစင်းကြောင်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"ဟေ့ ဟေ့ဟေ့ မင်းတို့နှစ်ယောက်က တကယ်ပဲ အရမ်းကို ရက်စက်ကြမ်းကြုတ်ကြတာပဲ။ မင်းတို့မြင်လား။ ငါဒဏ်ရာ ရသွားပြီ"

လင်းဟန်က တမင်သက်သက် ပြောလိုက်ပါတယ်။

လန်ကလန်ရဲ့ အဖွဲ့ဝင် နှစ်ယောက်က ဒေါသတွေ ထွက်ပြီးတော့ ရူးသွပ်လုနီးနီး ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်စုတ်က တကယ့်ကို လှောင်ပြောင်နေတာပဲ။

"ဟီးဟီး ငါတို့တွေကြားမှာ မလိုမုန်းတီးမှု နည်းနည်း မရှိခဲ့ဘူး။ ဒါကြောင့် သူသေကိုယ်သေ ဘာဖြစ်လို့ တိုက်နေဦးမှာလဲ"

အဘိုးကြီးက သူ့ရဲ့ ဆေဘာဓားကို အရင်ဆုံး ပြန်ရုပ်သိမ်းပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"ဒါက နားလည်မှု လွဲမှားတာ သက်သက်ပဲ။ ဒီအတိုင်းပဲ ငါတို့တွေ ကိုယ့်လမ်းကိုယ် သွားကြရင် မကောင်းဘူးလား"

"လဖြွတ်ပဲ နားလည်မှု လွဲမှားတာလား"

လင်းဟန်က လက်ခလယ် ထောင်ပြလိုက်ပါတယ်။

အဘိုးကြီးရဲ့ မျက်နှာက ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒဏ်ရာရနေတဲ့ လူငယ်က ဆက်ပြီးတော့ တောင့်မခံ နိုင်တော့ဘူး ဆိုတာကို သူလည်းမြင်တွေ့မိပါတယ်။ ဒါကြောင့် ပထမဆုံး အနေနဲ့ တိုက်ပွဲကို ရပ်တန့်ပြီးတော့ သူ့ကိုကယ်တင်ဖို့ တွေးလိုက်မိတာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ သူက ဒီလူငယ် စုံတွဲကို ရင်ဆိုင်ဖို့ နည်းလမ်းကို စဉ်းစားရပါလိမ့်မယ်။

လင်းဟန်က တကယ်ပဲ အရမ်းကို ထူးဆန်းလွန်းပါတယ်။ သူ့မှာ လျှို့ဝှက်ချက်တွေ ရှိပြီးတော့ သူတို့ရဲ့ တန်ဖိုးက လျှို့ဝှက်ဆန်းကြယ်ဘုံထက်တောင် သာလွန်နိုင်ပါတယ်။

သူက အေးစက်စက်နဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီးတော့ သူ့ရဲ့ဆေးဘာဓားကို နောက်တစ်ကြိမ် ပြန်ဆွဲထုတ်လိုက်ပြီး ပြောလိုက်တယ်။

"ငါတို့တွေ လှုပ်ရှားအောင်လို့ မင်းက ဖိအားပေးဖို့ စီစဉ်နေတာလား"

"အယုတ်တမာကြီး"

လင်းဟာန်က ဒီစကားတွေကိုပဲ ပြောလိုက်ပါတယ်။

အဘိုးကြီးက တစ်ချက်စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ငါသူ့ကို တားထားမယ်။ မင်းသွားပြီးတော့ ကျိဂေကို ကူညီပေးလိုက်"

"ဟုတ်ကဲ့"

လူငယ်က ထပ်ပြီးတော့ စောဒက မတက်တော့ပါဘူး။ လင်းဟာန်က တကယ့်ကို သတ်လို့ မသေတဲ့ မွန်းစတား တစ်ကောင်နဲ့ တူပါတယ်။ သူက လင်းဟာန်ကို အရင်ဆုံး သတ်ပြီးတော့ သူ့ရဲ့ စိတ်ဝိညာဉ်ကို ဆွဲထုတ်ယူဖို့ စိတ်ကူးနည်းနည်းမှ မရှိတော့ပါဘူး။ သူက ချက်ချင်းပဲ စွေ့ရန်ယွီဆီ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အဖော် သေဆုံးနိုင်ချေက အရမ်းကို မြင့်မားပြီး သေသွားပါလိမ့်မယ်။

လင်းဟန်က သရော်ပြုံး ပြုံးလိုက်ပြီးတော့ နောက်ထပ် မြားတစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။

"ဒီအကြောင်းကို နည်းနည်းမှ မစဉ်းစားနဲ့"

အဘိုးကြီးက သူ့ဆေဘာဓားကို ပွေ့ယမ်းပြီးတော့ ခုတ်ချလိုက်ပါတယ်။

စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်။

လင်းဟန်က အဘိုးကြီးဆီကို စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခု ပစ်လွှတ်လိုက်ပါတယ်။ အဘိုးကြီးက သူ့ရဲ့ နတ်ဘုရား အာရုံကို လုံခြုံအောင်လို့ အပြည့်အဝ ကာကွယ်ထားပေမဲ့ သူက အနည်းငယ် စိတ်ရှုပ်ထွေး တွေဝေမှုကို ခံစားလိုက်ရပါတယ်။
ဒီအချိန်နည်းနည်းလေးက လင်းဟန် အနေနဲ့ သူ့ကို ထိခိုက်အောင်လုပ်ဖို့ မလုံလောက်ပါဘူး။ ဟုတ်ပါတယ်။
လင်းဟန်က အကွာအဝေးကို တိုးအောင်လုပ်ပြီးတော့ သူ့ရဲ့မြားကို တပ်လိုက်ပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများ။

Chapter 950 end

အပိုင်း(951) အမိက အောင်ပွဲတစ်ခု

ရှုပ်။

အနက်ရောင် မြားတစ်စင်းက ချက်ချင်းဆိုသလို အလင်းရောင်တန်း တစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး အဲဒီလူငယ်ရဲ့ နောက်ကျောဆီကို တစ်ဟုန်ထိုး ဂင်သွားခဲ့ပါတယ်။

လူငယ်အနေနဲ့ အဘိုးကြီးက လင်းဟာန်ကို ဟန့်တားထားရင်းကနေ လင်းဟာန်က ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်နိုင်လိမ့်မယ်လို့ ဘယ်လိုလုပ် ခန့်မှန်းကြည့်နိုင်မှာလဲ။ နောက်ပြီး ဒီမြားက တကယ့်ကို လျင်မြန်လွန်းပါတယ်။ ဒီမြားရဲ့ အမြန်နှုန်းက တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ် အဆင့်ထိ ရောက်ရှိနေပါတယ်။

"အကြီးအကဲရန်"

လူငယ်က ဒေါသနဲ့ အော်လိုက်ပါတယ်။ ခင်ဗျားက တာဝန်ယူထားပြီး တာဝန်မကျေပွဲလား။ သူက တကယ်ပဲ သူတို့ကို သေစေချင်နေပြီး အဲဒါမှ ဒီစိတ်ဂိညာဉ် လျှို့ဝှက်နည်းစနစ်ကို သူ့ကိုယ်သူ အတွက် ယူဖို့ကြံစည်နေတာ ဖြစ်ပါလိမ့်မယ်။

သူက ရုတ်ချည်းဆိုသလို အနောက်ကို ချာခနဲ လှည့်ပြီးတော့ ဓားနဲ့တစ်ချက် ခုတ်လိုက်ပါတယ်။

လင်းဟန်က ဒီမြားထဲမှာ လျှို့ဝှက်ဆန်းကြယ် စွမ်းအား နှစ်မျိုးကို အသုံးပြုထားခဲ့ပါတယ်။ မှသားမဲ့ မျက်လုံးက လူငယ်ရဲ့ ခုခံမှုမှာ အားအနည်းဆုံး နေရာကို အစောကြီးကတည်းက ချိန်ထားပြီး အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားတဲ့ မြားဆိုတဲ့ အချက်ကိုပါ ထည့်တွက်လိုက်ရင် ဒီမြားက ဘယ်လောက်တောင် ထက်မြက်နေလိမ့်မလဲ။

ရွှပ်။ အနက်ရောင်မြားက သူ့ဓားရိပ်ကို ထိုးဖောက်သွားပြီးတော့ သူ့ခန္ဓာကိုယ်ရဲ့ ညာဘက်ကို စိုက်ဝင်သွားခဲ့ပါတယ်။

ကံကောင်းတဲ့အချက်က လူငယ်ဟာ အနည်းငယ် ဘေးကို ချိန်သားကိုက် အနည်းငယ် တိမ်းလိုက် နိုင်တာကြောင့် မြားက သေကွင်းသေကွက် နေရာဖြစ်တဲ့ သူ့နှလုံးသားကို လွဲချော်သွားခဲ့ပါတယ်။ ဒီမြားက သူ့ပခုံးကို စိုက်ဝင်သွားပြီး သွေးတွေပန်းထွက် လာစေခဲ့ပါတယ်။

"အား"

လူငယ်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။

"ဒီမြေားပေါ်မှာ တန်ခိုးရှင်တွေကို ချေမှုန်းမဲ့ သင်္ကေတတွေ ရှိနေတယ်"

ပုန်း။

သူ့ရဲ့ ပခုံးက ရုတ်တရက် ပေါက်ကွဲသွားပြီး သူ့ခန္ဓာကိုယ်ရဲ့ တစ်ခြမ်းက တန်းပြီးတော့ ဆုံးရှုံးသွား ခဲ့ပါတယ်။

တန်ခိုးရှင်တွေရဲ့ အသက်ဓာတ်တက အရမ်းကို သန်မာလွန်းပါတယ်။ ဒီလောက်နဲ့ လူငယ်ကို မသတ်နိုင်သေးပါဘူး။ လူငယ်က အနည်းငယ် ဒယိမ်းဒယိုင်ဖြစ်သွားပြီး အလျင်အမြန်ပဲ အရည်ပုလင်း တစ်လုံးကို ထုတ်ပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်ကို လောင်းချလိုက်ပါတယ်။ ရုတ်တရက် အစိမ်းရောင် အလင်းတန်း တစ်ခု ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်က အလျင်အမြန်နဲ့ ပြန်ကောင်းမွန် လာခဲ့ပါတယ်။

သူ့နှလုံးသားကတော့ နာကျင်မှုဒဏ်ကို အပြင်းအထန် ခံစားနေရဆဲပါပဲ။ ဒါက နတ်ဘုရား အရည်တစ်ခု ဖြစ်ပြီးတော့ သူ့ရဲ့ကလန်က သေရေးရှင်ရေး အခြေအနေ တစ်ခုမှာ သူ့ရဲ့ အသက်ကို ကယ်တင်နိုင်ဖို့အတွက် ချီးမြှင့်မြောက်စားထားခဲ့တာ ဖြစ်ပါတယ်။ ဒီပစ္စည်းက အကန့်အသတ် ရှိသလို သူ့အနေနဲ့ သူ့ဘဝ တစ်လျှောက်လုံးမှာ တစ်ကြိမ်ပဲ အသုံးပြုလို့ ရနိုင်ပြီး ဒုတိယ

တစ်ကြိမ် အသုံးပြုမယ်ဆိုရင် အာနိသင် သက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဆိုလိုတာက တကယ်လို့ လျှို့ပှက်ဆန်းကြယ်ဘုံထဲမှာ နောက်ထပ် အသက်အွန္တရာယ်ကို ခြိမ်းချောက်နိုင်တဲ့ အွန္တရာယ်နဲ့ ကြုံတွေ့ရမယ်ဆိုရင် သူ့မှာ အသက်ရှင်ဖို့ နောက်ထပ် အခွင့်အရေး မရှိတော့ပါဘူး။

ဒါပေမဲ့ နတ်ဘုရား အရည်က အရမ်းကို လျင်မြန်စွာနဲ့ အကျိုးသက်ရောက်မှု ရှိပါတယ်။ ပျက်စီးသွားတဲ့ သူ့ခန္ဓာကိုယ် တခြမ်းက လက်ရှိမှာ အသွေးအသားတွေနဲ့အတူ အရမ်းကို အံ့သြစရာကောင်းတဲ့ အမြန်နှုန်းနဲ့ ပြန်လည်ပေါက်ဖွား လာခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ သူ့ဆီကို ထက်ရှတဲ့ မြားတွေလိုမျိုး အနက်ရောင် ပုံရိပ်တွေ ပြေးဝင်လာခဲ့ပါတယ်။

ဒီလိုမျိုး အခြေအနေမှာ လူငယ်က သူ့ကို ခြိမ်းခြောက်နိုင်တဲ့ လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်ကိုပဲ အာရုံစိုက်ထားခဲ့ပြီး ဒီတိုက်ပွဲထဲကို တတိယမြောက် အဖွဲ့တစ်ခုက ဝင်ပါလာ လိမ့်မယ်လို့ သူက ဘယ်လိုလုပ် ခန့်မှန်းနိုင်မှာလဲ။ သူက လုံးဝကို

အကာအကွယ် ကင်းမဲ့နေပြီး အဲဒီအနက်ရောင် ပုံရိပ်တွေရဲ့ တင်းတင်းကျပ်ကျပ် ရစ်ပတ်တာကို ချက်ချင်းခံလိုက် ရပါတယ်။

အဲဒီပုံရိပ်တွေ အပေါ်ကို တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ သစ်ကိုင်း သစ်ခက်တွေ ဖြစ်ပြီး ရောမ သစ်ပင်ကြီး တစ်ပင်ကနေ ထွက်ပေါ်လာတဲ့ သစ်ကိုင်းတွေဆိုတာ တွေ့လိုက်ရပါတယ်။

မို့စ္စာသစ်ပင်။

လူငယ်က ထိတ်လန့်တကြားနဲ့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ ဒီသစ်ကိုင်းတွေက သူ့ရဲ့ ဒဏ်ရာတွေထဲကို ထိုးစိုက်နေပြီး သူ့ရဲ့အသက်ဓာတ် စွမ်းအားကို အဆုံးမရှိ စုပ်ယူလို့ နေပါတယ်။

ဒီမို့စ္စာသစ်ပင်တွေရဲ့ စွမ်းရည်တွေက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတဲ့နေရာမှာ ပထမတန်းစား အဆင့်မှာ ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူ့ရဲ့အခြေအနေက ကောင်းမွန်တဲ့ အချိန်မှာ ရှိနေရင်တောင် လွတ်မြောက်အောင် ရုန်းကန်ဖို့ တန်ဖိုးကြီးကြီးမားမား တစ်ခုကို ပေးဆပ် ရပါလိမ့်မယ်။ အခုတော့ သူက ပြင်းပြင်းထန်ထန် ဒဏ်ရာရနေခဲ့ပြီး ဘယ်လိုလုပ် ခုခံနိုင်စွမ်း ရှိမှာလဲ။

သူ့ခန္ဓာကိုယ်က ချက်ချင်းပဲ နွမ်းလျပြီး ပျော့ကျကာ အားနည်းလာခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူ့ရဲ့ အသွေးအသားကို မိစ္ဆာသစ်ပင်က စုပ်ယူနေတာကြောင့် ဖြစ်ပါတယ်။ ကျင့်ကြံသူ တစ်ယောက်ရဲ့ အသက်ဓာတ်နဲ့ စွမ်းအားတွေက အထဲမှာရှိတဲ့ ခန္ဓာကိုယ်ရဲ့ အနှစ်သာရတွေ ဖြစ်ပါတယ်။

"မိစ္ဆာသစ်ပင် အတင့်ရဲလှချည်လား"

လန်ကလန်ရဲ့ အဘိုးကြီးက လင်းဟန်ကို အာရုံမစိုက်နိုင်တော့ပဲ သူ့ရဲ့ ဆေဘာဓားနဲ့ အလျင်အမြန် ခုတ်ချလိုက်ပါတယ်။

သူက တကယ်ပဲ အရမ်းကို သန်မာလွန်းပါတယ်။ ဒါပေမဲ့ လင်းဟန်အပေါ်မှာတော့ နည်းနည်းမှ အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို လူသားတစ်ယောက်နဲ့ မတူပါဘူး။ ဒါပေမဲ့ မိစ္ဆာသစ်ပင်ကတော့ လင်းဟန် မဟုတ်ပါဘူး။ ပြီးတော့ ခုတ်ချက်အနည်းငယ် ခံစားပြီးရတဲ့နောက်မှာ သူ့ရဲ့ သစ်ကိုင်းသစ်ခက်တွေကို ဖြေလျော့ပြီးတော့ နောက်ဆုတ်သွားရပါတယ်။

သူ့ရဲ့အမြစ်တွေက လျှို့မြောင်ရဲ့ နက်ရှိုင်းတဲ့ နေရာထဲမှာ အမြစ်တွယ်နေပြီး ဒီနေရာမှာ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အသန်မာဆုံး ဖြစ်ပါတယ်။

ဒါပေမဲ့ လူငယ်က အရင်ဆုံး ပြင်းပြင်းထန်ထန် ဒဏ်ရာရထားခဲ့တဲ့အပြင် မိစ္ဆာသစ်ပင်ရဲ့ စုပ်ယူမှုကြောင့် သူက ခြောက်သွေ့တဲ့ အလောင်းကောင် တစ်ကောင်လို ဖြစ်နေပါတယ်။ တကယ်လို့ သူက မသေသေးဘူးဆိုရင်တောင်မှ သိပ်မဝေးတော့ပါဘူး။

"အား"

အဘိုးကြီးက လူငယ်ကို ကောက်မလိုက်တဲ့ အခါမှာ သူက ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အော်သံတစ်ခု သူ့အနောက်ကနေ ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။ သူက အနောက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ ဗွေ့ရန်ယှီက တခြားလူငယ်ရဲ့ နှလုံးသားကို ဓားနဲ့ထိုးစိုက်တာကို တွေ့မြင်လိုက်ရပါတယ်။ ဒါက သေချာပေါက် သေခြင်းတရားပါပဲ။

အဘိုးကြီးက ဒေါသတွေ ထွက်လာပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးက ခံစားချက်တွေနဲ့အတူ တဆတ်ဆတ် တုန်လို့ လာခဲ့ပါတယ်။

ဒီရလဒ်က သူလုံးဝကို မျှော်လင့်ထားတဲ့ အထဲမှာ မပါရှိခဲ့ပါဘူး။ ရန်သူတွေက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတစ်ယောက်တည်းပါပဲ။ ဒါကြောင့် ဘယ်လိုလုပ်ပြီး စားပွဲခုံက ပြောင်းပြန်လှန်သွားပြီး သူတို့တွေက ဆိုးဆိုးဝါးဝါး ပျက်စီးမှုကို ခံစားခဲ့ရတာလဲ။

သူ့ပါရမီက သိပ်ပြီးတော့ မထူးချွန်ပါဘူး။ တောင်မြစ်အဆင့်ကို တက်ရောက်နိုင်ခြင်းက သူ့ရဲ့ အဆုံးစွန်သော ပိုင်ဆိုင်မှုနဲ့ အလားအလာ အဆုံးသတ် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကလန်က အပိုမသုံးစွဲပေမဲ့ သူ့ကို သန့်စင်ဖို့ တောင်မြစ်ကျောက်တုံးတွေ အများကြီး ပေးခဲ့ပါတယ်။ သူတို့ရဲ့ အကြံအစည်က သူ့ကို တောင်မြစ်အဆင့် အသေးစား အထွတ်အထိပ် အဆင့်မှာ ပြိုင်ဘက်ကင်းသူ တစ်ယောက် ဖြစ်အောင် လုပ်ပေးပြီး ကလန်အတွက် တောင်မြစ်ကျောက်တုံး ပိုပြီးတော့တောင် သူက ရှာဖွေပေးနိုင်လာပါလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း အတွင်းမှာ သူက ဒီလိုပဲ လုပ်ဆောင်ခဲ့ပြီး အရမ်းကို အောင်မြင်မှု ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူ့ရဲ့ဆုံးရှုံးမှုက အရမ်းကို ကြီးမားပါတယ်။

အကန့်အသတ်မရှိတဲ့ တက်လမ်းတွေနဲ့အတူ လန်ကလန်က အမွေဆက်ခံသူ နှစ်ယောက်နဲ့ ထွက်လာပြီး တစ်ယောက်က သေပြီးတော့ တကယ်လို့ တစ်ယောက်က မသေသေးဘူး ဆိုရင်တောင် သူက မသန်မစွမ်း ဖြစ်သွားခဲ့ပါပြီ။ ကလန်ကို သူက ဘယ်လိုလုပ်ပြီးတော့ ရှင်းပြရမလဲ။

သူ့မျက်လုံးတွေက မီးဂင်းဂင်းတောက်လောင်ပြီး ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"မင်းတို့အားလုံး သေဖို့ထိုက်တန်နေပြီ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"မကောင်းဆိုးဝါးတွေက သူတို့ဘာသာ သူတို့ ခက်ခဲမှုတွေ ယူဆောင်လာကြတာပဲ"

အဘိုးကြီးက လူငယ်ကို မြေကြီးပေါ် ချလိုက်ပါတယ်။ လူငယ်က မသန်မစွမ်း ဖြစ်သွားခဲ့ပါပြီ။ သူ့ကို ကလန်ဆီ ပြန်ခေါ်သွားတာက အဓိပ္ပါယ်မရှိပါဘူး။ အခုချိန်မှာ အဓိက ဦးစားပေးက ရန်ညှိုးပဲ ဖြစ်ပါတယ်။

အခု သူ့မှာ ဘာကိုမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။ သူ့ရဲ့ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်နဲ့ ညီမျှတဲ့

တိုက်ပွဲစွမ်းရည်နဲ့ဆိုရင် တကယ်လို့ သူက ဒီကောင်လေးကို မသတ်နိုင်ဘူး ဆိုရင်တောင် ကောင်မလေးကို သတ်ပစ်ဖို့ဆိုတာ ခက်ခဲမှာတဲ့လား။

လင်းဟာန်က စွေ့ရန်ယွီရဲ့ အရှေ့မှာ ရပ်ပြီးတော့ ပြုံးပြကာ ပြောလိုက်တယ်။

"တွေ့လား မင်းကို ကာကွယ်ပေးဖို့ ငါ့ကို လိုအပ်နေသေးတယ်"

စွေ့ရန်ယွီက ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒါပေမဲ့ ဒီကောင့်ကို စကြဝဠာ ဖျက်ဆီးခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက်လိုမျိုး ဆက်ဆံလို့ မရနိုင်ဘူးလို့ ဘယ်သူကများ ပြောခဲ့လို့လဲ။ သူမက ဘာမှမတတ်နိုင်ပေမဲ့ အံ့သြသွားမိပါတယ်။ လင်းဟာန်အနေနဲ့ တောင်မြစ်အဆင့်ကို ဂင်ရောက်တဲ့ အချိန်ကျရင် သူက ဘယ်လိုမွှန်းစတားမျိုး ဖြစ်လာလိမ့်မလဲ။

"ငါလည်း တောင်မြစ်အဆင့်ကို ငါရောက်သွားတဲ့ အချိန်ကျရင် ဘယ်လောက်ထိ သန်မာလာမလဲ ဆိုတာကို သိချင်နေမိတယ်"

လင်းဟာန်က သူ့ခေါင်းကို တစ်ချက်ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါဘာစဉ်းစားနေလဲ ဆိုတာကို နင်သိနေတာလား"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"အဲဒါတွေ အားလုံးကို မင်းမျက်နှာပေါ်မှာ ရေးထားတယ်လေ"

လန်ကလန်ရဲ့ အဘိုးကြီးက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

"ငါဒီနေရာမှာ မရှိတော့ဘူးလို့ မင်းတို့နှစ်ယောက် ထင်နေတာလား"

အဘိုးကြီးက သူ့ဆေဘာဏကို ပွေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"လာစမ်းပါ။ စောစောတုန်းကလိုမျိုး ငါတို့အတူတူ ပူးပေါင်းလုပ်ရမှာပေါ့"

"အင်း"

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ပါတယ်။ သူမနဲ့ လင်းဟန်က သူတို့ထက် တိုက်ပွဲစွမ်းရည် သာလွန်တဲ့ မိစ္ဆာသားရဲကောင်တွေ တော်တော်များများကို အတူတကွ ပူးပေါင်းပြီးတော့ သတ်ဖြတ်ခဲ့ပါတယ်။

ထန် ထန် ထန်။

သူတို့တွေက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ ကြပါတယ်။ လန်ကလန်က အဘိုးကြီးဟာ တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူက အနီးကပ် တိုက်ခိုက်လိုက်တာကြောင့် ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများရဲ့ စွမ်းအားကို အပြည့်အဝထုတ်ဖော်ဖို့ နည်းလမ်း မရှိပါဘူး။ လင်းဟန်ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်က သူ့ကို နည်းနည်းလေးပဲ အကျိုးသက်ရောက်မှု ရှိတာကြောင့် အာနိသင်က သိပ်မပေါ်လွင်ခဲ့ပါဘူး။

အဘိုးကြီးက နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့ရဲ့ စိတ်ဝိညာဉ်က အရမ်းကို သန်မာတာကြောင့် လွှမ်းမိုးဖို့ အရမ်းကို ခက်ခဲပါတယ်။

နောက်ပြီးတော့ သူက စွေ့ရန်ယွီကို တိုက်ခိုက်တဲ့ နေရာမှာ အာရုံစိုက်ထားခဲ့ပါတယ်။ သူ့ရဲ့ အစွမ်းထက်တဲ့ တိုက်ပွဲစွမ်းရည်နဲ့ စွေ့ရန်ယွီကို အနီးကပ် တိုက်ခိုက်နေတာကြောင့် တကယ်လို့ လင်းဟန်က အကွာအဝေး တစ်ခုထိ နောက်ဆုတ်သွားမယ် ဆိုရင်တောင် သူက ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို အသက်သွင်းပုံလိမ့်မှာမဟုတ်ပါဘူး။

မတော်တဆ စွေ့ရန်ယို့ကို ထိမှန်သွားနိုင်ချေ အရမ်းကို မြင့်မားပါတယ်။

အဘိုးကြီးရဲ့ ပြင်းထန်တဲ့ ဖိအားပေးမှုနဲ့အတူ စွေ့ရန်ယို့ကို ကြည့်ရတာ အရမ်းကို ရုန်းကန်လှုပ်ရှား နေရသလိုပါပဲ။ သူမရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့် အသေးစား အထွတ်အထိပ်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါတယ်။ ဒါပေမဲ့ အဘိုးကြီးရဲ့ တိုက်ခိုက်မှုက အလယ်အလတ် အထွတ်အထိပ် အဆင့်နဲ့ ညီမျှပါတယ်။ ကွာဟချက်က သိပ်တော့ မသေးလှ ပါဘူး။

တန်ခိုးရှင် အဆင့်ထဲမှာ ဘယ်သူကမှ အဆင့်ခွဲလေးတစ်ခုကြောင့် နိမ့်ကျနေမှုကို တတ်နိုင်စွမ်း ရှိပေမဲ့ သူတို့နှစ်ယောက်ရဲ့ အကြားက ကွာဟချက်ဟာ အသေးစား အဆင့်တစ်ခုထက် ပိုလာတဲ့ အချိန်မှာ ဘာများတတ်နိုင်ဦးမှာလဲ။

တိုက်ကွက်ပေါင်း ရာနဲ့ချီလာပြီးတဲ့နောက်မှာ စွေ့ရန်ယို့က ဒဏ်ရာရရှိ သွားခဲ့ပါတယ်။

အခု ဒါက ဒဏ်ရာအသေးစား တစ်ခုဆိုပေမဲ့ သိပ်မကြာခင်မှာ ပြင်းထန်တဲ့ ဒဏ်ရာတစ်ခု ရလာနိုင်ပြီး နောက်ဆုံးမှာ သူမက ဆိုးဆိုးဂါးဂါးနဲ့ သေသွားနိုင်ပါတယ်။

တကယ်လို့ အဘိုးကြီးက အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ အတွေးမျိုး ပိုင်ဆိုင်ထားတယ် ဆိုရင်တောင် အခု သူ့မှာ စိတ်ကူးတစ်ခုပဲ ရှိပါတော့တယ်။ အဲဒါက စွေ့ရန်ယွီကို သတ်ပစ်ဖို့ပဲ ဖြစ်ပါတယ်။ အနည်းဆုံး သူက တစ်ဂက်လောက် လက်စားချေနိုင်ပါလိမ့်မယ်။

လင်းဟာန်က မျက်မှောင်ကြုတ်လိုက်ပြီး နောက်ဆုံးမှာ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။

သူက ဘေးနားကနေ ထိုင်ပြီးတော့ တိုက်ပွဲမှာ စွေ့ရန်ယီ သေသွားမှာကို ကြည့်မနေနိုင်ပါဘူး။

စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်။

စိတ်ဂိညာဉ် တိုက်ခိုက်မှုနဲ့အတူ အဘိုးကြီးက ခဏလောက် တွေဝေငေးမော သွားခဲ့ပါတယ်။ အဲဒါက စွေ့ရန်ယွီရဲ့ အန္တရာယ် အခြေအနေကို ယာယီအားဖြင့် ဖြေရှင်းနိုင်ခဲ့ပါတယ်။ တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက ဘယ်လိုလုပ်ပြီးတော့ အဘိုးကြီးရဲ့ တိုက်ခိုက်မှုပေါင်း တစ်ရာကျော်လာတဲ့ အချိန်မှာ ဟန့်တားနိုင်စွမ်း ရှိမှာတဲ့လား။

လင်းဟန်က သူ့ရဲ့ နတ်ဘုရားအာရုံနဲ့ အဘိုးကြီးကို ချည်နှောင်ပြီး အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်ပစ်လိုက်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ ဓားနဲ့ ခုတ်လိုက်ပေမဲ့ ရုတ်ချည်းဆိုသလို သူမရဲ့ ပစ်မှတ်က ပျောက်ကွယ် သွားခဲ့တာကို သတိပြုလိုက်မိပါတယ်။ သူမက ပါးစပ်အဟောင်းသား ဟပြီးတော့ အံ့ဩကာ မေးလိုက်ပါတယ်။

"ဘယ်ရောက်သွားလဲ။ အဲဒီလူ ဘယ်ကိုရောက်သွားလဲ"

အဘိုးကြီးက ချက်ချင်းတည်နေရာ ရွှေ့ပြောင်းခြင်းကို လုပ်နိုင်စွမ်း ရှိတာ ဖြစ်နိုင်ပါ့မလား။

Chapter 951 end

အပိုင်း(952) မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို နားမလည်ခြင်း

စွေ့ရန်ယွီက သူမရဲ့ အကာအကွယ်ကို နည်းနည်းလေးမှ မလျှော့ချ ပံ့ပါဘူး။

ရုတ်ချည်း တည်နေရာ ရွှေ့ပြောင်းနိုင်စွမ်းရှိတဲ့ ရန်သူ တစ်ယောက်ဟာ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

"သတိထားနော်"

သူမက လင်းဟန်ကို သတိပေးလိုက်ပါတယ်။

လင်းဟန်က ပြုံးမိပြီးတော့ ပြောလိုက်တယ်။

"ဘာကို သတိထားရမှာလဲ"

"ဟိုအဘိုးကြီးကိုလေ"

စွေ့ရန်ယွီက ရှုံးတော့မလိုတောင် ဖြစ်သွားပါတယ်။
လူတစ်ယောက်လုံး ရုတ်တရက် ပျောက်သွားတာကိုတောင်
နင်မမြင်ဘူးလား။

"အော် သူလား"

လင်းဟန်က သူ့ခေါင်းကို ထိုးဖွလိုက်ပြီး အဲဒီနောက် သူ့လက်တွေကို
အရှေ့မှာ ဖြန့်ပြီးတော့ ပြောလိုက်ပါတယ်။

"သူ ထပ်ပြီးတော့ ပေါ်လာဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

"နင် နင် နင်"

စွေ့ရန်ယွီက ရုတ်တရက် သတိပြုမိ သွားခဲ့ပါတယ်။

"နင်သူ့ကို စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းထဲကို ထည့်လိုက်ပြီလား"

"နောက်ဆုံးတော့ မင်းသိသွားပြီပဲ"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မဟုတ်ဘူး မဟုတ်ဘူး။ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုက သိုလှောင်နိုင်စွမ်း တစ်ခုပဲ ရှိသင့်တယ်။ တကယ်လို့ တခြားသူတွေက ဝင်ဖို့ဆန္ဒမရှိဘူးဆိုရင် နင်က သူတို့ကို ဖိအားပေး နိုင်လို့လား။ အဲဒီအဘိုးကြီးရဲ့ စွမ်းရည်တွေအရဆိုရင် နင်က သူ့ကို အထဲကို ဖိအားပေးပြီးတော့ ထည့်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ နောက်ပြီးတော့ အခုအချိန်တော်တော် ကြာနေပြီ။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် သူက အခုဆိုရင် တိုက်ခိုက်ပြီး သူ့လမ်းကြောင်းရှာပြီး ထွက်သွားသင့်ပြီ"

"ငါ့သိုလှောင် နတ်ဘုရား ပစ္စည်းက နည်းနည်းမတူဘူး။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် မဟာလက်ရွေးစင် တစ်ယောက် ဝင်သွားခဲ့ရင်တောင် ငါ့ရဲ့ စိတ်ခံစားချက် အပေါ်မှာ မူတည်ပြီး သူတို့က မတ်တပ်ရပ်ရမလား ဒါမှမဟုတ် ဒူးထောက်ရမလားဆိုတာ မသိရဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

စွေ့ရန်ယွီက လင်းဟာန်ကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်ပါတယ်။ ဒါက အရမ်းကို အံ့သြဖွယ်ရာ ကောင်းပါတယ်။

ဆိုလိုတာက တကယ်လို့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ဧကရီ ဘုရင်မတောင် ဒီစိတ်ဂိညာဉ် သိုလှောင် နတ်ဘုရား ပစ္စည်းအထဲကို ဝင်သွားခဲ့ရင် သူမရဲ့ သေခြင်း ရှင်ခြင်းက လင်းဟာန်ရဲ့ လက်ထဲမှာ ရှိတယ်လို့ ပြောချင်တာ မဟုတ်လား။

သောက်ကျိုးနည်း ဒီကောင်က တကယ်ရော ကမ္ဘာငယ်လေး တစ်ခုကနေ လာတာမှ ဟုတ်ရဲ့လား။

"ဘာဖြစ်တာလဲ။ ငါ့ရဲ့ ခန့်ညားချောမောမှုမှာ မှင်တက်သွားတာလား"

လင်းဟာန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

စွေ့ရန်ယွီက မျက်စောင်းတစ်ချက် လှမ်းထိုးပြီးတော့ ရုတ်တရက် ပြောလိုက်ပါတယ်။

"ငါတို့တွေ မိစ္ဆာသားရဲကောင်တွေနဲ့ အရင်တုန်းက အများကြီး ကြုံတွေ့ခဲ့တာပဲ။ နင်က သူတို့ကို စိတ်ဂိညာဉ် သိုလှောင်နတ်ဘုရား ပစ္စည်းထဲ လွယ်လွယ်နဲ့ ဆွဲထည့်နိုင်တယ် မဟုတ်လား"

"အင်း အဲ"

လင်းဟန်က စကားစ ရှာလို့ မရဖြစ်သွားပါတယ်။ အမျိုးသမီး တစ်ယောက်အတွက် အရမ်းကို လိမ္မာပါးနပ်နေတာက အရမ်းကောင်းမွန်တဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။

စွေ့ရန်ယွီက ချက်ချင်းပဲ ဒေါသထွက်သွားခဲ့ပါတယ်။

"အဲဒီတုန်းက ငါပြင်းပြင်းထန်ထန် ဒဏ်ရာရလုနီးပါး အကြိမ်တွေနဲ့ ကြုံတွေ့ခဲ့တယ်။ နင်က ငါ့ကို မယုံတာကြောင့် နင့်ရဲ့ စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းကို အသုံးမပြုခဲ့တာပဲ"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ အခု ငါမင်းကို ယုံကြည်နေတာပဲလေ။ မဟုတ်ဘူးလား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဲဒီအဘိုးကြီးက မင်းကို သတ်ပစ်မှာကို ငါစောင့်ကြည့်နေနိုင်မှာပေါ့ မဟုတ်လား"

"နင်က စကားကို ပေ့ါပိုက်ပြီး ပြောနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နင်ငါ့ကို မယုံဘူးပဲ"

စွေ့ရန်ယွီက မကျေမနပ် ဖြစ်နေဆဲပါပဲ။

လင်းဟန်က ပခုံးတစ်ချက် တွန့်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"စီနီယာ အစ်မ နင့်အပြုအမူက အရမ်းကြီး မနက်ရှိုင်းလွန်းဘူးလား။ ငါတို့က ဟန်ဆောင် ချစ်သူတွေပဲလေ။ ဒါပေမဲ့ ငါတို့က တစ်ယောက်နဲ့ တစ်ယောက် ငါတို့ရဲ့ နလုံးသားတွေကို တကယ်ပေးထားတာမှ မဟုတ်တာ"

စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပြီး သူမရဲ့ဓားနဲ့ သူမအရှေ့က ဆူးချုံတစ်ခုကို ခုတ်ချကာ သူမရဲ့ နှုတ်ခမ်းကို ခပ်တင်းတင်း ကိုက်ထားလိုက်ပါတယ်။

သူရဲ့ စကားတွေက အရမ်းကို လွန်လွန်းသွားလား။ လင်းဟန်က အံ့သြသွားခဲ့ပါတယ်။ သူနဲ့ ဒီစီနီယာအစ်မစွေ့တို့က ဟန်ဆောင်ချစ်သူသက်သက်ပါပဲ။ အဲဒါကလွဲပြီး သူတို့မှာ နက်ရှိုင်းတဲ့ ဆက်ဆံရေး မရှိပါဘူး။ စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းလိုမျိုး လျှို့ဝှက်ချက်ကြီး တစ်ခုကို သူက ဘယ်လိုလုပ် တခြားလူတစ်ယောက်ကို ထုတ်ဖော်ပြောနိုင်မှာလဲ။

တကယ်လို့ မိုးရေကောရာဇ်လို ဆုံးဖြတ်ချက် ပြတ်သားတဲ့ လူတစ်ယောက်ဆိုရင် သူက ဒီလျှို့ဝှက်ချက်ကို လျှို့ဝှက်ချက် တစ်ခုအဖြစ် ကျန်နေစေဖို့ စွေ့ရန်ယွီကိုတောင် သတ်ပစ်ကောင်း သတ်ပစ်ပါလိမ့်မယ်။ သူက သူမကို ကယ်တင်ဖို့ ရှေ့ထွက်လာရတာ ဖြစ်ပြီးတော့ သူ့ရဲ့ နှလုံးသားက နူးညံ့သိမ်မွေ့ပါတယ်။ ဒါပေမဲ့

အခုတော့ ဘာဖြစ်လို့ သူ့ကို အမှားအယွင်းတစ်ခု လုပ်ထားတဲ့ လူတစ်ယောက်လိုမျိုး မြင်နေရတာလဲ။

မိန်းမတွေက တကယ်ပဲ စိတ်ရှုပ်စရာ ကောင်းပါတယ်။

လင်းဟန်က လန်ကလန်ရဲ့ လူငယ်နှစ်ယောက် အလောင်းတွေကို အရင်ဆုံး ဖြေရှင်းလိုက်ပြီး အဲဒီနောက် စွေ့ရန်ယွီကို ကူညီပြီးတော့ ဆူးချုံတွေကို ခုတ်ထွင်ဖို့ လာခဲ့ပါတယ်။

“ငါနဲ့ ဝေးဝေးမှာနေ”

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။ သူမရဲ့ အမူအရာက ရေခဲတမျှ အေးစက်လို့ နေပါတယ်။

ဒီတစ်ခါ လင်းဟန်က မနာခံပဲ အဲဒီအစား သူက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဆူးချုံတွေကို ခုတ်ထွင်ပြီး လမ်းဖွင့်နေခဲ့ပါတယ်။

“အရေထူတဲ့ကောင်”

စွေ့ရန်ယွီက ကတောက်ကဆတ်နဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့ သူမရဲ့ အမူအရာကို ကြည့်ရတာ အနည်းငယ် ကောင်းမွန်လာခဲ့ပါတယ်။

လင်းဟန်က စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချလိုက်ပါတယ်။ ကြည့်ရတာ မိုးသက်မုန်တိုင်း ပြီးသွားပြီး မိုးကောင်ကင်က ကြည်လင်လာပုံ ရပါတယ်။

သိပ်မကြာခင် သူတို့အနောက်မှာ လူတွေအများကြီး ရောက်လာပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် သူတို့တွေက ကြယ်ဥက္ကာ အင်ပါယာက ဖြစ်ပြီးတော့ စွေ့ရန်ယွီနဲ့ သိကြပါတယ်။ သူတို့အားလုံး အတူတကွ ပူးပေါင်းပြီးတော့ လမ်းဖောက်လုပ်တာကြောင့် ချက်ချင်းဆိုသလို သူတို့ရဲ့ အမြန်နှုန်းက အတော်လေး လျင်မြန်လာခဲ့ပါတယ်။

သူတို့ အနောက်ကနေ လူတွေ ပိုပိုပြီးတော့ ရောက်လာခဲ့ပါတယ်။ အခုဆို လူတွေ အရမ်းကို များလာပါပြီ။ တိုက်ပွဲကို စတင်ဖို့အတွက် ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်သူမှာမှ အားလုံးကို သတ်ပစ်နိုင်မယ်ဆိုတဲ့ ယုံကြည်မှု မရှိပါဘူး။ တကယ်လို့ သူတို့က မဆင်မခြင်နဲ့ တိုက်ပွဲတစ်ခု စတင်လိုက်မယ်ဆိုရင် ဘယ်ဘက်မှ အနိုင်မရနိုင်မဲ့အပြင် နှစ်ဖက်စလုံး ဆိုးဆိုးဂါးဂါး ဖြစ်သွားနိုင်ပါတယ်။

နောက်ပြီးတော့ အားလုံးက ဒီနေရာကို တောင်မြစ်ကျောက်တုံးတွေအတွက် လာခဲ့ကြတာ ဖြစ်ပါတယ်။ တကယ်လို့ သူတို့သာ တိုက်ခိုက်ချင်တယ်ဆိုရင် တိုက်ပွဲကွင်းပြင်မှာ

တိုက်ခိုက်လို့ ရပါတယ်။ အင်ပါယာ သုံးခုအကြားမှာ ပြဿနာ အသေးအဖွဲ့တွေ အဆုံးသတ် မသွားတာမျိုး မရှိခဲ့ပါဘူး။

လူပေါင်း တစ်ရာကျော်လောက် ဖြစ်လာတဲ့ အခါမှာ ဖျက်ဆီးလို့ မရတဲ့ အင်အားစု တစ်ခု ဖြစ်လာခဲ့ပါတယ်။ သူတို့တွေက သူတို့လမ်းတစ်လျှောက်က ခလုတ်ကန်သင်းတွေ အားလုံးကို ဖျက်ဆီးပစ်ခဲ့ပါတယ်။ ပြီးတော့ မှိန္ဓာသစ်ပင်တွေတောင် သူတို့ရဲ့ အမြစ်တွေကို နုတ်ပြီးတော့ ထွက်ပြေးကုန်ပြီး သူတို့ကို မတိုက်ခိုက်ပံ့ကြတော့ပါဘူး။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ဒီသစ်ပင်တွေက ဦးနှောက်မရှိတာ မဟုတ်ပဲ အရမ်းကို လိမ္မာပါးနပ်တဲ့ မှိန္ဓာသားရဲအမျိုးအစားတွေ ဖြစ်ပြီးတော့ သူတို့တောင် လျှာတွေကိုက်မိမတတ် အံ့အားသင့် ကုန်ကြပါတယ်။

လှိုဏ်မြောင်ထဲကနေ ထွက်လာပြီးတဲ့နောက်မှာ ယာယီပူးပေါင်းထားတဲ့ မဟာမိတ် အဖွဲ့ကလည်း ပျက်ပြယ်သွားခဲ့ပါတယ်။ အားလုံးက သူတို့ရဲ့ လှုပ်ရှားမှု နည်းစနစ်တွေကို အသုံးပြုပြီးတော့ သူတို့လမ်းကို သူတို့ လျှောက်သွားခဲ့ ကြပါတယ်။ ဘယ်သူကမှ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်မဲ့ အပြုအမှု ခံစားချက်မျိုး မရှိပါဘူး။ သူတို့လို

ရင်းနှီးမှုမရှိတဲ့ လူတွေနဲ့ အဖွဲ့တစ်ခု ဖွဲ့ဖို့ဆိုတာက အရမ်းကို အန္တရာယ် များပါတယ်။

လူစိမ်းဆိုတဲ့ အချက်ကို အသာထားဦး ကလန်တစ်ခုတည်းကနေ ပေါက်ဖွားလာတဲ့ လူအချင်းချင်းတောင် ယုံကြည်လို့ မရနိုင်ကြပါဘူး။

အမှန်တော့ လင်းဟန်နဲ့ စွေ့ရန်ယွီတို့က အတော်လေးကို တစ်မျိုးတစ်ဘာသာ ထူးခြားလို့ နေပါတယ်။ သူတို့က ဟန်ဆောင်ချစ်သူတွေဖြစ်ပြီး ဒီလိုမျိုး ခရီးဝေးတစ်ခုကို အတူတူ ခရီးသွားခဲ့ ရတာကြောင့် သူတို့နှစ်ယောက် အကြားမှာ ရင်းနှီးမှုတွေ တိုးပွားလာခဲ့ပါတယ်။

သူက အနက်ရောင် မျှော်စင်ရဲ့ စွမ်းဆောင်နိုင်ရည် နည်းနည်းကို စွေ့ရန်ယွီ သိသွားခဲ့တာကြောင့် လင်းဟန်က သူတို့ရဲ့ ကျန်တဲ့လမ်းတစ်လျှောက်မှာ ဒီပုက်ဖဲကို မဖုံးကွယ် ထားတော့ပါဘူး။ သူတို့တွေ တောင်မြစ်အဆင့် မိသ္ဓာသားရဲကောင်တွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူက တန်းပြီးတော့ လှုပ်ရှားခဲ့ပါတယ်။ သူတို့ကို အရင်ဆုံး တွေဝေသွားအောင် လုပ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်လိုက်ပါတယ်။ ဒါက အရမ်းကို လွယ်ကူလွန်းပါတယ်။

ဒါပေမဲ့ ဒါကလည်း အကန့်အသတ်ရှိပါတယ်။ တောင်မြစ်အဆင့် အသေးစား အထွတ်အထိပ် မို့စ္စာသားရဲတွေကိုပဲ လုပ်နိုင်ပါတယ်။ တကယ်လို့ အလယ်အလတ် အထွတ်အထိပ် အဆင့်နဲ့ ရင်ဆိုင်မိတဲ့ အခါမှာ လင်းဟန်တောင်မှ ဘာမှမတတ်နိုင်ပဲ သူတို့က အောင်မြင်စွာနဲ့ ဆုတ်ခွာ လာခဲ့ရပါတယ်။

ဒါတောင်မှ သူတို့ရဲ့ ရိတ်သိမ်းနိုင်စွမ်းက အံ့မခန်း ဖြစ်နေဆဲပါပဲ။ နှစ်ရက်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ သူတို့က မို့စ္စာသားရဲ အကောင်တစ်ရာကျော်လောက်ကို သတ်ဖြတ်ခြင်း ဒါမှမဟုတ် ဖမ်းယူနိုင်ခဲ့ပြီး အဲဒါက စွေ့ရန်ယွီကို သူမရဲ့ ကိုယ်ပိုင်မျက်လုံးနဲ့ မြင်တွေ့ရတာတောင် မယုံကြည် နိုင်သလို ဖြစ်စေခဲ့ပါတယ်။ တောင်မြစ်ကျောက်တုံးတွေကို ဘေးဖယ်ထားရင် စိတ်ဝိညာဉ် အသားတွေက အရမ်းကို အဖိုးတန်ပါတယ်။

ပြီးတော့ နောက်ဆုံးမှာ သူတို့လည်း တောင်မြစ်ကျောက်တုံး တစ်တုံးကို ရရှိခဲ့ပါတယ်။

ဒီကျောက်တုံးက လုံးဂကို အစိမ်းရင့်ရင့် အရောင်ရှိပြီး အနည်းငယ် ဖောက်ထွင်းမြင်နိုင်တဲ့အထိ ကြည်လင်တောက်ပါပုံ ရပါတယ်။ ဒီကျောက်တုံးကို လူတစ်ယောက် လက်ထဲမှာ ကိုင်ထားရုံနဲ့တင် လန်းဆန်းတဲ့ ခံစားမှု တစ်ခုကိုပေးစေပါတယ်။

ဒါက တကယ့်ကို ထူးကဲပြီးတော့ တစ်ချက်ကြည့်လိုက်ရုံနဲ့ သတိပြုမိနိုင်ပါတယ်။

စွေ့ရန်ယွီက တောင်မြစ်ကျောက်တုံးကို လင်းဟန်ဆီကို ပစ်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မြန်မြန် ဒါကို သန့်စင်လိုက်။ နင့်ရဲ့ တောင်တွေမြစ်တွေ ဖြစ်ပေါ်လာတာနဲ့ နင်က ဒီနေရာမှာ လှည့်လည်သွားလာနိုင်တဲ့ စွမ်းရည်အစစ်အမှန်တွေကို ပိုင်ဆိုင်လာလိမ့်မယ်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက တောင်မြစ်အဆင့်ကို တက်ရောက်ဖို့ အပေးကြီး မလိုတော့ပါဘူး။ အခုသူ့အတွက် အရေးအကြီးဆုံး အချက်က သူ့ရဲ့တောင်တွေနဲ့ မြစ်တွေကို ဖြစ်ပေါ်ပြီး တန်ခိုးရှင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်လာဖို့ပါပဲ။

ကံမကောင်းတာက ဒီတောင်မြစ်ကျောက်တုံးက ထူးထူးခြားခြား လက္ခဏာ နည်းနည်းမှ မပိုင်ဆိုင် ထားပါဘူး။

"ရပ်"

အော်သံတစ်ခုက သူတို့အရှေ့ကနေ ထွက်လာခဲ့ပြီး အုပ်စုနှစ်ခုက ဘေးဘက်ကနေ အပြေးအလွှား ရောက်လာကြပါတယ်။ အရှေ့က အုပ်စုမှာ လူသုံးယောက် ပါပြီးတော့ အနောက်က အုပ်စုမှာ

လူခုနစ်ယောက် ပါဝင်ပါတယ်။ အုပ်စု တစ်စုက ထွက်ပြေးတာ ဖြစ်ပြီး ကျန်တဲ့အုပ်စုက အနောက်ကနေ သူတို့ကို လိုက်ဖမ်းနေမှန်း သိသာပေါ်လွင်ပါတယ်။

"တောင်မြစ်ကျောက်တုံးကို ပေးရင် မင်းတို့ရဲ့ အသက်ကို ချမ်းသာပေးမယ်"

ခုနစ်ယောက် အုပ်စုက အော်ဟစ်လိုက်ပါတယ်။

အရှေ့က သုံးယောက်အုပ်စုက နားမကြားသူတွေလိုပါပဲ။ ဒါက တကယ့်ဟာသပါပဲ။ သူတို့တွေက ဒီနေရာကို တောင်မြစ်ကျောက်တုံးတွေအတွက် ရောက်လာခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အရမ်းကို လွယ်လွယ်နဲ့ အပေးအယူ လုပ်ရမှာတဲ့လား။ သူတို့က အံ့ကြိတ်ပြီးတော့ သူတို့ထဲက တစ်ယောက်ဟာ အတောင်ပံ တစ်စုံကို ဆွဲထုတ်လိုက်ပြီး သူ့နောက်ကျောမှာ ဖိကပ်လိုက်ပါတယ်။ ဂုန်း။ ကိုးမီတာလောက် ရှည်လျားတဲ့ ရောမ အတောင်ပံနှစ်ခုက သူ့နောက်ကျောမှာ ပြန့်ကားလာခဲ့ပါတယ်။

ကျန်တဲ့ နှစ်ယောက်က သူ့ရဲ့ ခြေထောက်တွေကို ဖမ်းဆုပ်ပြီး ရောမ အတောင်ပံကို ခတ်လိုက်တာနဲ့ သူတို့က မိုးကောင်းကင်ပေါ်ကို ချက်ချင်းပျံသန်း သွားလိုက်ပါတယ်။

တန်ခိုးရှင်ဘုံမှာ တောင်မြစ်အဆင့် ကျင့်ကြံသူတွေတောင် ပျံသန်းနိုင်တဲ့ စွမ်းရည်ကို မပိုင်ဆိုင် ထားပါဘူး။ သူတို့က အတောင်ပံတွေ ပိုင်ဆိုင်ထားတဲ့ ထူးထူးခြားခြား မျိုးနွယ်တစ်ခုက မဟုတ်သရွေ့ မပျံနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ပျံသန်းနိုင်တဲ့ နတ်ဘုရား ပစ္စည်းတွေကို ပြုလုပ်ပြီး အသုံးပြုရပါမယ်။

သူတို့အနောက်က လူခုနစ်ယောက်က အဲဒါကို မြင်လိုက်ရတဲ့ အခါမှာ သူတို့အားလုံး စိတ်ပျက်လက်ပျက်နဲ့ ရပ်လိုက်ကြပါတယ်။ ဒါက သူတို့ထိန်းချုပ်နိုင်တဲ့ အကန့်အသတ်ကို ကျော်လွန်သွားခဲ့ပါပြီ။

အမှန်တော့ သူတို့အရှေ့က လူသုံးယောက်မှာ ဒီရတနာကို အသုံးပြုဖို့ စိတ်ကူး မရှိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က လင်းဟန်နဲ့ စွေ့ရန်ယွီကို တွေ့မြင်လိုက်ရတဲ့ အခါမှာ သူတို့တွေက အရှေ့နဲ့ အနောက် ညှပ်ပိတ်ပြီးတော့ ထောင်ချောက်ဆင် တိုက်ခိုက်ခံရမှာကို ကြောက်ရွံ့မိတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် နလုံးသား နာကျင်ခံပြီး ဒီရတနာ ပစ္စည်းကို သူတို့က အသုံးပြုခဲ့ကြတာပါ။

ဒီပစ္စည်းက အရေအတွက် အကန့်အသတ်နဲ့ အသုံးပြုရတဲ့ အရာဖြစ်ပါတယ်။ ဒါကြောင့် တကယ့်ကို နလုံးသား နာကျင်ရပါတယ်။

လူခုနစ်ယောက် အုပ်စုရဲ့ မျက်လုံးတွေက လင်းဟန်နဲ့ စွေ့ရန်ယွီတို့ကို ပေ့ကြည့်လိုက်မိတဲ့ အချိန်မှာ သူတို့အားလုံးက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ကြပါတယ်။

"ဒါဆိုရင် မင်းတို့နစ်ယောက်ရဲ့ တောင်မြစ်ကျောက်တုံးကို ငါတို့ကို ပေးစမ်း"

"ငါတို့တွေ ကြိုးစားပမ်းစားနဲ့ အားထုတ်ပြီးမှ ရယူထားတဲ့ ပစ္စည်းကို စောစောက သုံးယောက် ခိုးသွားတယ်။ မင်းတို့နှစ်ယောက်က ပစ္စည်းကို ငါတို့ဆီ ပေးလိုက်တာ အကောင်းဆုံးပဲ။ အဲဒါက မင်းတို့ဆီမှာ ရှိရမဲ့ ပစ္စည်းမဟုတ်ဘူး"

လူခုနစ်ယောက် အုပ်စုက အော်ပြောလိုက်ပါတယ်။

စွေ့ရန်ယွီနဲ့ လင်းဟန်က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး သူတို့ရဲ့ စိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတယ်။ အဲဒါက ဒီလူခုနစ်ယောက် အုပ်စုက တကယ်ပဲ အတော်လေး မျက်နှာပြောင်ကာ အရှက်ကင်းမဲ့ပါတယ်။ သူတို့ရဲ့ အရှေ့မှာ မှသားစကားတွေကို ဒီအတိုင်း ပြောထွက်နိုင်တယ်ပေါ့။

Chapter 952end

အပိုင်း(953) တစ်ကွဲတစ်ပြား

လင်းဟန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ မေးလိုက်ပါတယ်။

"တကယ်လို့ ငါတို့က မင်းတို့ပြောသလို မလုပ်နိုင်ဘူး ဆိုရင်ရော"

သူက တောင်မြစ်ကျောက်တုံးနဲ့ ပတ်သက်ပြီး ဘယ်သူနဲ့မှ ငြင်းခုံနေဖို့ စိတ်ကူးမရှိပါဘူး။ ဒါက လုံးဝကို သိသာပါတယ်။ တဖက်အဖွဲ့က သူတို့ပစ္စည်းကို ယူချင်နေပါတယ်။

"မင်းက အဲဒီပစ္စည်းကို မပေးဘူးပေါ့ ဟုတ်လား"

လူခုနစ်ယောက်က အေးစက်စွာနဲ့ လှောင်ပြုံးပြုံး လိုက်ကြပါတယ်။

"ဒီမိန်းကလေးက တကယ်ပဲ အရမ်းကို ချစ်စရာကောင်းတယ်။ တကယ်လို့ ငါတို့ သူမကို သတ်လိုက်မယ်ဆိုရင် ဒါက တကယ့်ကို စိတ်မကောင်းစရာပဲ"

"ဒါဆိုရင် ငါတို့ သူမကို မသတ်ပစ်ခင်မှာ ငါတို့တွေ အရင်ဆုံး ပျော်ပါးလိုက်ကြတာပေါ့"

"သူမကို လှို့ဂှက်ဆန်းကြယ်ဘုံရဲ့ အပြင်ဘက်ကို ခေါ်သွားလို့ မရနိုင်တာ ငါတို့အတွက် အရမ်းကို ဆိုးတာပဲ။ သူမကို သတ်ပစ်ရမှာ တကယ့်ကို စိတ်မကောင်း ဖြစ်မနည်းစရာ တစ်ခုပဲ"

သူတို့က စွေ့ရန်ယို့ကို စိုက်ကြည့်လိုက်ကြပြီး သူတို့ရဲ့ မျက်လုံးတွေထဲမှာ တပ်မက်မှုတွေကို ဖုံးကွယ်မထား နိုင်အောင် ဖြစ်နေကြပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ တောင်မြစ်အဆင့် လက်ရွေးစင် ခုနစ်ယောက်က တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်တို့ ရင်ဆိုင်တိုက်ခိုက်မယ်ဆိုရင် သူတို့က သေချာပေါက် အနိုင်ရပါလိမ့်မယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှသံသယ ရှိစရာ မလိုပါဘူး။

သုံးယောက်အုပ်စု ထွက်ပြေးလွတ်မြောက် သွားပေမဲ့ အခု ဒီနေရာမှာ နောက်ထပ် တောင်မြစ် ကျောက်တုံး ရှိနေသေးတယ် မဟုတ်လား။ နောက်ပြီး အရမ်းကို ဆွဲဆောင်မှုရှိတဲ့ မိန်းမလှလေး တစ်ယောက်လည်း ရှိနေပါတယ်။ ဒါက သူတို့ အမြတ်ထွက်တယ်လို့ ဆိုလိုပါတယ်။

စွေ့ရန်ယို့ကို သူတို့ ပိုပြီးတော့ ကြည့်လေ သူတို့ရဲ့ နလုံးသားတွေ တဒိတ်ဒိတ် ခုန်လာလေပါပဲ။ သူတို့က စိတ်မရှည် ဖြစ်လာပြီး လှသားခန် ခုန်ဂင်ပြီးတော့ သူမကို အဝေးတစ်နေရာကို ခေါ်ယူသွား ချင်တာကလွဲပြီး ဘာမှမသိတော့ပါဘူး။

"ဟော့ဟော့ဟော့။ မင်းတို့ရဲ့ တံတွေးတွေကို မျိုချလိုက်စမ်း။ ဒါက ငှါမိန်းမပဲ။ စိတ်နဲ့တောင် မပြစ်မှားနဲ့"

လင်းဟာန်က ပြုံးပြီးတော့ လှွားခနဲ ခုန်ထွက်လာပြီး အရင်ဆုံး လက်ဦးမှု ရယူကာ တိုက်ခိုက် လိုက်ပါတယ်။

"မင်းက သေချင်နေတာပဲ"

သူတို့ထဲက တစ်ယောက်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ လင်းဟာန်ကို လက်ဝါးရိုက်ချက် တစ်ချက်နဲ့ တိုက်ခိုက်လိုက်ပါတယ်။

အဲဒီအချိန်မှာ တခြားခြောက်ယောက်က သူတို့ကို လုံးဝကို အာရုံမစိုက်ပါဘူး။ သူတို့ရဲ့ မျက်လုံးထဲမှာ ဒါက မျက်စိတမှိတ်အတွင်း သတ်ဖြတ်မှု တစ်ခုပဲ ဖြစ်ပါတယ်။ သူတို့က စွေ့ရန်ယွီကိုပဲ အာရုံစိုက်နေပြီး ဒီဆွဲဆောင်မှုရှိတဲ့ မိန်းမလှလေးကို ပိုပြီးတော့ ကြည့်မိလေ သူတို့ နှလုံးသားတွေ တသိမ့်သိမ့် ခုန်လာလေ ဖြစ်နေပါတယ်။

စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး။ အထဲကို ထည့်။

လင်းဟာန်က ဒီတိုက်ကွက် နှစ်ကွက် အသုံးပြုတာနဲ့ ပတ်သက်ပြီး ပိုပိုပြီးတော့ ကျင့်သားရ လာခဲ့ပါတယ်။ ပြီးတော့ ချက်ချင်းဆိုသလို တိုက်ပွဲကဆုံးဖြတ် ပြီးသွားခဲ့ပါပြီ။

ကျန်နေတဲ့ ခြောက်ယောက်က ဒါကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်ကြပါတယ်။ သူတို့ရဲ့ မျက်လုံးအရှေ့မှာ သူတို့အဖော်က တကယ်ပဲ လေထဲမှာ ပျောက်သွားပြီး မယုံနိုင်စရာကောင်းတဲ့ အဖြစ်အပျက် တစ်ခုပါပဲ။

သူတို့အမြင်တွေ ဝေဝါးနေတာလား။

"မင်း ဘယ်လိုလှည့်ကွက်မျိုးကို မင်းသုံးလိုက်တာလဲ"

"တုဟီ ဘယ်ရောက်သွားလဲ"

သူတို့အားလုံးက အံ့အားသင့်စွာနဲ့ ဆူညံလာခဲ့ပါတယ်။

"မေးစရာ လိုနေသေးလို့လား"

လင်းဟန်က အေးစက်စက်နဲ့ သရော်ပြီး ပြုံးလိုက်ပါတယ်။

"ငါ့မိန်းမနဲ့ ပတ်သက်ပြီး မကောင်းတဲ့ အတွေးတွေ တွေးရဲတဲ့ အကျိုးဆက်က ညှာတာကင်းမဲ့စရာ မလိုပဲ အသတ်ခံရမယ်"

စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာက ရှက်သွေးတွေနဲ့ နီရဲသွားခဲ့ပါတယ်။ ဒါပေမဲ့ သူမကို မိန်းမလို့ ခေါ်ဆိုသုံးနှုန်းလိုက်တာနဲ့ ပတ်သက်ပြီး သူမက ဒေါသမထွက်မိဘူး ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

"သတ်"

လူခြောက်ယောက်က သူတို့ရဲ့ တိုက်ကွက်တွေကို တစ်ပြိုင်နက်တည်း ထုတ်ဖော်လိုက် ကြပါတယ်။ လင်းဟန်က အရမ်းကို ထူးခြားဆန်းကြယ်မှုကို ပြသခဲ့ပေမဲ့ သူတို့က သူတို့ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကိုပဲ ယုံကြည်မှု ရှိပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်က တောင်မြစ်အဆင့် ကျင့်ကြံသူ ခြောက်ယောက်ကို ဘယ်လိုလုပ်ပြီးတော့ ရင်ဆိုင်နိုင်မှာလဲ။

ထန် ထန် ထန် ထန်။

လင်းဟန်က ချက်ချင်းဆိုသလို သူတို့ရဲ့ တိုက်ခိုက်မှုတွေ ထိမှန်သွားခဲ့ပါတယ်။ သူက တောင်မြစ်အဆင့်ပြိုင်ဘက်ကို မယှဉ်နိုင်ပါဘူး။ ဒါကြောင့် ဒီတရစပ် တိုက်ခိုက်မှုတွေကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက မြေကြီးပေါ်ကို ခြေချမိသွားတဲ့ အချိန်မှာ သူက လုံးဝကို ထိခိုက်ပျက်စီးမှု မရှိခဲ့ပါဘူး။

"ဒါ...."

သူတို့ခြောက်ယောက်စလုံး အံ့အားသင့် သွားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဒါကို အစစ်အမှန်ပါလို့ လက်မခံနိုင်ပါဘူး။

လင်းဟာန်က သူ့ရဲ့ ကြွက်သားတွေနဲ့ အရိုးတွေကို လှုပ်ရှားလိုက်ပြီး ပြောလိုက်ပါတယ်။

"မဆိုးဘူး မဆိုးဘူး။ ဒီတိုက်ခိုက်မှုတွေက အရမ်းကြီး မကောင်းပေမဲ့ အနည်းဆုံးတော့ အညောင်းအညာ ပြေတာပေါ့"

လူခြောက်ယောက်က ဒေါသတွေ ထွက်ပြီးတော့ ရှူးသွပ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒီကောင်က သူ့ကို နှိပ်နယ်ပေးနေတယ်လို့များ ထင်နေတာလား။ ဒါပေမဲ့ ဒီကောင့်ရဲ့ ခုခံမှုက ဘယ်လိုလုပ် အရမ်းကို မာကျောနေနိုင်ရတာလဲ။ ဒါက တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အဆင့်ကို ရောက်နေပါပြီ။

လင်းဟာန်က တန်ပြန်တိုက်ခိုက်လိုက်ပြီး စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးနဲ့ နောက်ထပ် တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူ့ရဲ့ပစ်မှတ် နဖူးပေါ်က လျှပ်စီးအလင်း တစ်ချက် လက်သွားပြီး သူ့ရဲ့စိတ်ဂိညာဉ် တိုက်ခိုက်မှုကို တားဆီးလိုက်ပါတယ်။

"စိတ်ဂိညာဉ် လှျို့ဝှက်ပညာတစ်ခု"

အဲဒီလူရဲ့ မျက်လုံးက ချက်ချင်းပဲ အရောင်တလက်လက် တောက်ပသွားပါတယ်။

"ငါသိပြီ။ စောစောတုန်းက မင်းဟာ တုဟီရဲ့ အာရုံကို ရှုပ်ထွေးသွားအောင် စိတ်ဂိညာဉ် လှျို့ဝှက် နည်းစနစ်ကို အသုံးပြုပြီးတော့မှ သူ့ကို နည်းလမ်းတချို့သုံးပြီး ပျောက်သွားအောင် လုပ်လိုက်တာပဲ။ ဟားဟား မင်းမသိတာက ငါ့ရဲ့ စိတ်ဂိညာဉ်ကို ခိုင်မာအောင်လို့ လှျို့ဝှက် နည်းပညာ တစ်ခုကို ငါလေ့ကျင့်ထားတယ် ဆိုတာကိုပဲ"

"အဲဒါက စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်း တစ်ခု ဖြစ်နေမလား"

နောက်လူတစ်ယောက်က မေးခွန်းထုတ်လိုက်ပါတယ်။

"ဟုတ်တယ်။ အဲဒါ စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သက်ရှိလူတစ်ယောက်ကို အစအနတောင် မကျန်ပဲ ပျောက်ကွယ်သွားအောင် လုပ်ဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူး"

သူတို့ခြောက်ယောက်လုံး တေုံးအေတွေ မဟုတ်ပါဘူး။ ဟိုတစ်ခွန်း ဒီတစ်ခွန်းနဲ့ သူတို့က အမှန်တရားကို အတူတကွ ထုတ်ဖော်လိုက်ကြပါတယ်။

သူတို့ရဲ့ မျက်လုံးတွေက ပူလောင်လာခဲ့ပါတယ်။ ဒဏ္ဍာရီတွေအရ စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းတွေကို မူလဇာစ်မြစ်အဆင့် အဆုံးမဲ့ လက်ရွေးစင်တွေပဲ သွန်းလုပ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဘုရားပစ္စည်းတွေရဲ့ အထဲမှာ သက်ရှိတွေကို ထည့်သိမ်းထားနိုင်တာကြောင့် ဖြစ်ပါတယ်။ အဲဒီထဲမှာ သူ့ကိုယ်ပိုင် ကမ္ဘာတစ်ခု ရှိတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် မူလဇာစ်မြစ်အဆင့် အဆုံးမဲ့ လက်ရွေးစင်တွေပဲ ဒီလိုမျိုး လုပ်နိုင်တဲ့ စွမ်းရည် ရှိပါတယ်။

ဒီပစ္စည်းမျိုးရဲ့ တန်ဖိုးက တောင်မြစ်ကျောက်တုံးထက် အဆပေါင်း ဘယ်လောက်တောင် မြင့်မားသလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ နောက်ပြီး စိတ်ဂိညာဉ် လျှို့ဝှက်နည်းစနစ် တစ်ခုလည်း ရှိနေပါသေးတယ်။

လပြွတ်ပဲ။ ဒီကောင်ကမှ တကယ့်ကို ရတနာသိုက်ပဲ။

သူတို့ခြောက်ယောက်ရဲ့ မျက်လုံးတွေက မီးဂင်းဂင်း တောက်လာပြီး လင်းဟန်ကို ကြည့်တဲ့ အကြည့်တွေက စွေ့ရန်ယွီကို သူတို့တွေ ကြည့်တဲ့အချိန်တုန်းကထက်တောင် ပူလောင်လွန်း ပါတယ်။

"ဟော့ဟော့ဟော့။ အဲဒီလို စိတ်မပြောင်းနဲ့လေ။ ငါ့ကို အဲဒီလို မျက်လုံးမျိုးတွေနဲ့ မကြည့်ပါနဲ့ဟ။ မင်းတို့မှာ စုစုပေါင်း ခြောက်ယောက်တောင် ရှိတာပဲ။ သုံးစုံတွဲပဲ လုပ်လိုက်တော့လေ။ ငါကတော့ မင်းတို့နဲ့ မပူးပေါင်းနိုင်ဘူး။ ငါ့မှာ မိန်းမရှိတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံးပဲ မင်းတို့ရဲ့ နတ်ဘုရား အာရုံကို ကာကွယ်ထားပါ။ ဒီကောင်စုတ်လေးက စိတ်ဂိညာဉ် တိုက်ခိုက်မှုတွေကို ဘယ်လိုလုပ်ရမလဲဆိုတာကို သိတယ်။ ဒါကြောင့် သူ့ကို အခွင့်အရေး နည်းနည်းမှ မပေးလိုက်မိစေနဲ့"

"ကောင်းပြီ"

သူတို့ခြောက်ယောက်က ခေါင်းညိတ်လိုက်ပြီး လင်းဟန်ကို နောက်ထပ် တရစပ် တိုက်ခိုက် လိုက်ကြပါတယ်။

လင်းဟန်က သူ့ရဲ့ စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးနဲ့ ဆက်တိုက် တိုက်ခိုက်ဖို့ အခွင့်အရေး မရှိခဲ့ပါဘူး။ တောင်မြစ်အဆင့် လက်ရွေးစင် ခြောက်ယောက်ရဲ့ တရစပ် တိုက်ခိုက်မှုကို သူက စာခြောက်ရုပ် တစ်ရုပ်လို အရှုံးအမူး ကခုန်နေပါတယ်။ သတင်းကောင်း တစ်ခုက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က

တကယ်ပဲ အရမ်းကို သန်စွမ်းလွန်းပါတယ်။ ဒါကြောင့် ဒီတိုက်ခိုက်မှုတွေ ခံယူရတာတောင်မှ သူက လုံးဝကို ထိခိုက်ခြင်း မရှိခဲ့ပါဘူး။

စွေ့ရန်ယွီက ကူညီဖို့ အနားကို ချဉ်းကပ်လာခဲ့ပါတယ်။ ဒါပေမဲ့ သူမရဲ့ စွမ်းရည်နဲ့ဆိုရင် သူမက သူတို့ထဲက နှစ်ယောက်လောက်ကိုပဲ အချိန်ဆွဲထား နိုင်ပါတယ်။ ပြီးတော့ ကျန်တဲ့ လေးယောက်က လင်းဟာန်ကို မိုးသီးမိုးပေါက်လို တိုက်ခိုက်ကြပါတယ်။

နောက်ဆုံးမှာ လင်းဟာန်က စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို အသုံးပြုဖို့ အခွင့်အရေး တစ်ခု ရလာခဲ့ပါတယ်။ ဒါပေမဲ့ သူက အဲဒီလူကို အနက်ရောင် မျှော်စင်ထဲ ဆွဲမထည့်ခင်မှာ တခြား သုံးယောက်ကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ အဲဒါက သူ့ကို ချက်ချင်းသတ်ဖြတ်မှု တစ်ခုအတွက် အခွင့်အရေးကို လွဲချော်သွား စေခဲ့ပါတယ်။

တိုက်ပွဲက ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ တစ်ခု ဖြစ်နေပါတယ်။ တကယ်တော့ လင်းဟာန်နဲ့ စွေ့ရန်ယွီက အရေးနိမ့်နေကြတာ ဖြစ်ပြီး အထူးသဖြင့်တော့ စွေ့ရန်ယွီ ဖြစ်ပါတယ်။ သူမမှာ လင်းဟာန်လိုမျိုး မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ

ခန္ဓာကိုယ်တစ်ခု ရှိမနေခဲ့ပါဘူး။ ဒါကြောင့် အစွမ်းတူတဲ့ ရန်သူနှစ်ယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုက သူမကို အကျပ်အတည်း ကျရောက် စေခဲ့ပါတယ်။

"သွားစမ်း"

ရန်သူနှစ်ယောက်ရဲ့ လက်ချက်ကြောင့် သူမက လွင့်ထွက်သွားပြီး လင်းဟာန်က သူမကို ဘေးကနေ ပွေ့ထားလိုက်ပါတယ်။ ပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"ငါသူတို့ကို အချိန်ဆွဲထားမယ်။ ပြီးတော့ ငါတို့ ကြက်သွေးရောင် ရေကန်မှာ ပြန်ဆုံကြမယ်"

စွေ့ရန်ယွီက အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ သဘောတူလိုက်ပါတယ်။

"ကောင်းပြီလေ"

လင်းဟာန်မှာ ပြိုင်ဘက်ကင်းတဲ့ ခန္ဓာကိုယ် တစ်ခု ပိုင်ဆိုင်ထားပါတယ်။ တစ်ဖက်မှာ သူမက လင်းဟာန်ကို ဆွဲချနေသလိုပါပဲ။ သူမက ဒီနေရာမှာ ပြတ်ပြတ်သားသား လှုပ်ရှားရမှာ ဖြစ်ပြီးတော့ အကျိုးမရှိတဲ့ အရာတွေ မလိုအပ်တဲ့ စကားတွေကို ပြောနေလို့ မရပါဘူး။

သူမက ချက်ချင်းပဲ လှသားခနဲ ခုန်ပြီးတော့ တစ်ဖက်ကို ထွက်ပြေးသွားပါတယ်။

"ထွက်ပြေးဖို့တောင် မစဉ်းစားနဲ့"

ဇွေ့ရန်ယွီကို ဖမ်းဆီးဖို့အတွက် တာဝန်ယူထားတဲ့ လူနှစ်ယောက်က ချက်ချင်းပဲ အော်ဟစ်လိုက် ကြပါတယ်။ ဒါပေမဲ့ လင်းဟန်ဆီက စိတ်ဝိညာဉ် တိုက်ခိုက်မှု နှစ်ခုကို ဆက်တိုက် ခံစားလိုက် ရပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ ပုံရိပ်တွေက ရုတ်တရက် တန့်သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျန်တဲ့လူ လေးယောက်ကလည်း လိုက်မီလာပြီးတော့ လင်းဟန်ကို လှုပ်ရှားဖို့ အခွင့်အရေး မပေးခဲ့ပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"လာခဲ့ကြ။ ငါမင်းတို့ အားလုံးနဲ့ ကစားပေးမယ်"

"ရှီဟောင်၊ တုန်မင်း မင်းတို့နှစ်ယောက်က အဲဒီအမျိုးသမီးနောက်ကို လိုက်ဖမ်း"

ခြောက်ယောက် အုပ်စုကနေ နှစ်ယောက် ခွဲထွက်ပြီးတော့ ဇွေ့ရန်ယွီ အနောက်ကို လိုက်ကြပါတယ်။ ဒါပေမဲ့ လင်းဟန်က ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို ဆင့်ခေါ်ပြီး သူတို့နှစ်ယောက်ကို

ဆက်သွားလို့ မရအောင် တားလိုက်တဲ့ အနေနဲ့ မြားနစ်ချောင်းကို ဆက်တိုက်ပစ်လွှတ် ခဲ့ပါတယ်။ မျက်စိတစ်မှိတ် အတွင်းမှာ စွေ့ရန်ယို့က အဖေးကို ရောက်သွားပြီး အနက်ရောင် အစက်အပြောက်လေး တစ်ခုပဲ တွေ့မြင်ရပါတော့တယ်။

သူတို့အားလုံးက တောင်မြစ်အဆင့်ရဲ့ အသေးစား အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် သူတို့က အခုဆို သူမကို ဖမ်းဆီးနိုင်စွမ်း မရှိတော့ပါဘူး။

သူတို့ခြောက်ယောက်စလုံး ဒေါသတွေ ထွက်ကုန်ပြီး လင်းဟန်ကို ပိုင်းထားလိုက်ပါတယ်။ သူတို့အားလုံးမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပြည့်နှက်လို့ နေပါတယ်။

"မင်းက အွန္တရာယ်ကြားထဲကနေ မိန်းကလေးကို ကယ်တင်ပြီး သူရဲကောင်း လုပ်ချင်တယ်ပေါ့။ ဘယ်လောက်တောင် ရင်ခုန်စရာ ကောင်းလိုက်သလဲ"

"ဒါပေမဲ့ အခုတော့ မင်းကိုယ်မင်း မကာကွယ်နိုင်တော့ဘူး မဟုတ်လား"

"မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို မာကျောတယ်။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ ငါတို့တွေ တစ်ချိန်လုံး ရှိနေတာပဲ။ ငါတို့က

မင်းကို ဖမ်းပြီးရင် ဖြည်းဖြည်းချင်း သန့်စင်နိုင်တယ်။ မင်းသိထားရမှာက အဆင့်မြင့်ဆုံး နတ်ဘုရား သတ္တုတွေတောင် လက်နက်တွေအဖြစ် သွန်းလုပ်လို့ ရနိုင်တယ်။ မင်းကိုယ်မင်း ဘာများထင်နေလဲ”

“ငါတို့မင်းကို သေတဲ့အထိ သန့်စင်ပစ်မယ်။ အဲဒီနောက် မင်းရဲ့ မှတ်ဉာဏ်တွေကို ဆွဲထုတ်ပြီး အရာအားလုံးကို ယူမယ်”

သူတို့ခြောက်ယောက်က တစ်ယောက်ပြီး တစ်ယောက် ပြောလိုက်ပါတယ်။ သူတို့ရဲ့ သားကောင်ထဲက တစ်ယောက်က လွတ်မြောက်ထွက်ပြေးသွားတာက သူတို့ကို အရမ်း မကျေမနပ် ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ စွေ့ရန်ယွီက သူတို့အတွက်တော့ ပျော်ပါးစရာ သက်သက်ဖြစ်နေပြီး လင်းဟန်ကမှ တကယ့် ရတနာသိုက်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုလည်း မင်းတို့တွေ ငါ့ကို အရင်ဆုံး ရှာတာက ပိုကောင်းမယ်။ မဟာ ယင်နဲ့ယန် ရွှေ့ပြောင်းခြင်း”

ရှပ်။

လင်းဟန် ပျောက်ကွယ်သွားခဲ့ပါတယ်။

သူတို့ခြောက်ယောက်စလုံး အံ့အားသင့်ပြီးတော့ ရှုးတော့မလို ဖြစ်သွားပါတယ်။

“သူဘယ်ရောက်သွားလဲ”

“တကယ်လို့ သူက သူ့ရဲ့စိတ်ဝိညာဉ် နတ်ဘုရားပစ္စည်း အထဲကို လွတ်မြောက်ထွက်ပြေး သွားတယ်ဆိုရင်တောင် စိတ်ဝိညာဉ် နတ်ဘုရား ပစ္စည်းက ဘယ်မှာလဲ”

“မဟာ ယင်နဲ့ယန် ရွှေ့ပြောင်းခြင်းဆိုတာက တကယ်ရော ဖြစ်နိုင်ပဲ့မလား”

Chapter 953 end

အပိုင်း(954) တောင်မြစ်အဆင့်ကို အဆင့်တက်ခြင်း

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်လာပြီး ထိုင်ချလိုက်ပါတယ်။ အဲဒီနောက် သူ့လက်ထဲမှာ တောင်မြစ်ကျောက်တုံးကို ဆုပ်ကိုင်ထားပါတယ်။

ဒီနေရာကို ဝင်လာပြီးတဲ့နောက်မှာ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ပြိုင်ဘက်ကင်း တည်ရှိမှု တစ်ခုဖြစ်သလို စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်နဲ့ အနက်ရောင် မျှော်စင်ကို မှီခိုပြီး တခြားသူတွေကို ထောင်ချောက်ဆင်နေရပြီး အနိုင်မခံ

အရှုံးမပေးတဲ့ ပုံရိပ်တစ်ခုကို မပိုင်ဆိုင် နိုင်တော့ပါဘူး။ အဲဒါက သူ့ကို အရမ်းမကျေမနပ် ဖြစ်စေခဲ့ပါတယ်။

အခု သူက စွမ်းအားကို ဆာလောင်မွတ်သိပ်တဲ့ ခံစားချက်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူက တောင်မြစ်အဆင့်ကို အရင်ဆုံး အဆင့်တက်ရပါမယ်။ အဲဒီနောက်မှ အပြင်ပြန်ထွက်ပြီး ဒီအမိုက်ကောင် အုပ်စုကို ရိုက်နှက်ပစ်ရပါမယ်။

စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကနေ တောင်မြစ်အဆင့်ကို အဆင့်တက်တယ်ဆိုတာက အရည်အသွေး ပြောင်းလဲမှု တစ်ခုဖြစ်ပြီး သေမျိုးအဆင့်ကနေ တန်ခိုးရှင် အဆင့်ကို ပြောင်းလဲတဲ့ အစစ်အမှန် အဖြစ်အပျက် တစ်ခု ဖြစ်ပါတယ်။

တခြားဘယ်အကြောင်းကိုမှ မပြောပဲနဲ့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ သက်တမ်းတောင်မှ နှစ်ပေါင်းတစ်ထောင် ကျော်ကျော်လေးပဲ ရှိပါတယ်။ ဒါပေမဲ့ တန်ခိုးရှင်တွေ အတွက်ကရော။ တောင်မြစ်အဆင့် အသေးစားအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သက်တမ်းတောင် နှစ်ပေါင်း တစ်သိန်းရှိပြီးတော့ အသေးစားအဆင့် တစ်ခုတက်တိုင်း သူ့ရဲ့သက်တမ်းက နောက်ထပ် နှစ်ပေါင်းတစ်သိန်း ထပ်တိုးသွားပါလိမ့်မယ်။

နေလအဆင့်ကို အဆင့်တက်ပြီးတဲ့နောက်မှာတော့ သူ့ရဲ့ သက်တမ်းက နှစ်သန်းနဲ့ချီပြီး ရေတွက် ရပါလိမ့်မယ်။

ဒါကြောင့် အသေးစားအဆင့် တစ်ခု ဒါမှမဟုတ် အဓိက အဆင့်ကြီးတစ်ခု အဆင့်တက်တာက ရောမ ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။

တန်ခိုးရှင် အဆင့်ကို မရောက်သရွေ့ သူက အဆုံးမှာ ပုရွက်ဆိတ် တစ်ကောင်ပဲ ဖြစ်နေပါလိမ့်မယ်။

ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် ဒီခြေလှမ်းကို လှမ်းဖို့အတွက် လပေါင်းများစွာ နှစ်ပေါင်းများစွာ ဒါမှမဟုတ် ဆယ်စုနှစ်ပေါင်းများစွာ လိုအပ်ပါတယ်။ ဒါပေမဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးကို သူပိုင်ဆိုင်ထားပါတယ်။ ဒါက အရမ်းကို ရိုးရှင်းပါတယ်။ ဒါကို သန့်စင်ပြီးတဲ့နောက်မှာ သူက တောင်မြစ်အဆင့်ကို အဆင့်တက်သွား ပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး တောင်မြစ်အဆင့်က အကန့်အသတ် တစ်ခု ရှိပါတယ်။ သူက အသေးစား အထွတ်အထိပ် အဆင့်ကနေ ထပ်တက်နိုင်စွမ်း ရှိမှာမဟုတ်ပါဘူး။ ပြီးတော့ ကျင့်ကြံခြင်း အဆင့်ရဲ့ သူကိုယ်တိုင်ကိုယ်ကျ နားလည်သဘောပေါက်နိုင်စွမ်း လိုအပ်နေပါသေးတယ်။

တောင်မြစ်ကျောက်တုံးကို လက်တစ်ဖက်မှာ ဆုပ်ကိုင်ပြီး လင်းဟန်က စတင်သန့်စင် လိုက်ပါတယ်။

ဟုမ်း။

ဖော်ပြလို့ မရတဲ့ စွမ်းအားတစ်ခုက တောင်မြစ်ကျောက်တုံးကနေ ပန်းထွက်လာခဲ့ပြီး သူ့ရဲ့ ဒန်တန်အထဲကို တိုက်ရိုက်အာနိသင် ဖြစ်စေပြီး သူ့ခန္ဓာကိုယ် အတွင်းမှာ အံ့မခန်း ပြောင်းလဲမှု တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သူ့ရဲ့ စိတ်ဂိညာဉ် ပင်လယ်က ညှိုးနွမ်းသွေ့ခြောက်လာပြီး သူ့ရဲ့စိတ်ဂိညာဉ် ပလ္လင်က ပျက်စီးလာကာ သူ့ဒန်တန်ရဲ့ အထဲမှာ ရောမ အပျက်အစီး တစ်ခု အရမ်းကို လျင်မြန်စွာနဲ့ ဖြစ်လာခဲ့ပါတယ်။

ဖျက်ဆီးခြင်း အကြားမှ ဘဝအသစ်ကို ယူဆောင်လာခြင်း။

ရောမ ပင်လယ်ကြီးက လုံးဝကို ဆုတ်ယုတ်သွားခဲ့ပြီး အသုံးပြုလို့ မရတဲ့ မြေရိုင်းလွင်ပြင် တစ်ခု ကျန်ရစ်ခဲ့ပါတယ်။ ပြီးတော့ အဲဒီမြေရိုင်းလွင်ပြင်ထဲမှာ အသက်ဇီဝ တစ်ခုက ဖြည်းညှင်းစွာနဲ့ ဖြစ်လာခဲ့ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

မြေပြင်က တုန်ခါလာပြီး အဲဒီအောက်မှာ ပြောင်းလဲမှု တစ်စုံတစ်ခု ဖြစ်နေသလိုပါပဲ။

တောင်မြစ် ကျောက်တုံးရဲ့ အဆီအနှစ်တွေကို လင်းဟန်က ပိုပြီးတော့ ဆွဲထုတ်လေ ဒီပြောင်းလဲမှုက ပိုပြီးတော့ ကြီးမားလာလေပါပဲ။ နောက်ဆုံးမှာ သူက တောင်မြစ်ကျောက်တုံးကို လုံးဝသန့်စင်ပြီးတဲ့ အချိန်မှာ မြေပြင်က ကြီးမားတဲ့ ငလျင်တစ်ခု လှုပ်ခတ်သွားသလိုမျိုး ထက်ခြမ်းကွဲအက်လာခဲ့ပါတယ်။ အဲဒီနောက် မြေကြီးအောက်ကနေ ရောမ မဟုတ်သေးဘူး။ သေးငယ်တဲ့ တောင်ထွတ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

ဟုန်း။

လင်းဟန်က သူ့ခန္ဓာကိုယ် တစ်ခုလုံး တုန်ခါသွားတာကို ခံစားလိုက်ရပါတယ်။ ဒီထက်ရှုတဲ့ တောင်ထွတ်လေးက အစွမ်းထက်တဲ့ စွမ်းအင်တစ်ခုကို ထုတ်လွှတ်ပြီး သူ့ခန္ဓာကိုယ်ကို အသစ်ပြန်လည် မွန်းမံနေပါတယ်။

ဒါက တောင်မြစ်အဆင့်ရဲ့ တောင်လား။

လင်းဟန်ရဲ့ မျက်နှာက အနည်းငယ် ရှုံ့မဲ့သွားခဲ့ပါတယ်။ ဒါက အရမ်းကို သေးငယ်တယ် မဟုတ်ဘူးလား။

ဒါပေမဲ့လည်း သူက တောင်မြစ်ကျောက်တုံး တစ်တုံးကိုပဲ သန့်စင်ခဲ့တာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီး အသေးစား အထွတ်အထိပ်ရဲ့ အလယ်အလတ်အဆင့် ဒါမှမဟုတ် အလယ်အလတ် အထွတ်အထိပ် အဆင့်ကို ချက်ချင်းရောက်ဖို့ဆိုတာ ဖြစ်နိုင်မှာလဲ။

"ငါအခု တောင်မြစ်အဆင့်ကို ရောက်ပြီလား"

လင်းဟန်က ထရပ်လိုက်ပါတယ်။ ရုတ်ချည်းဆိုသလို သူ့ခန္ဓာကိုယ် အတွင်းကနေ ဆာလောင် မွတ်သိပ်မှု တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါက သူ့အစာအိမ်က ဆာလောင်တာ မဟုတ်ပဲ သူ့ခန္ဓာကိုယ်က စွမ်းအားတွေကို ပိုမိုဆာလောင် မွတ်သိပ်မှုတွေ ပြည့်နှက်လာခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်က စိတ်ဂိညာဉ် ဆေးပင် အများကြီးကို ဆုပ်ယူလိုက်ပြီး ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံနဲ့ စိတ်ဂိညာဉ် ဆေးပင်တွေကို ပိုမိုသန့်စင်ပြီးတော့ အရူးအမူး စတင်စားသောက် လိုက်ပါတယ်။ အဲဒီနောက် သူက သူ့ခန္ဓာကိုယ်ရဲ့ တောင်းဆိုမှု ပြည့်ဝသွားအောင် ပါးစပ်ထဲကို လောင်းထည့်လိုက်ပါတယ်။

သေမျိုးကနေ တန်ခိုးရှင်အဆင့် ဒီအဆင့်က ဘယ်လောက်ကွာခြားလိုက်သလဲ။ လင်းဟန်က နောက်ဆုံးမှာတော့ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ တကယ်လို့ သူက ဒီစိတ်ဂိညာဉ် ဆေးပင်တွေကို ဒီမတိုင်ခင် တစ်ရက်က မျိုချခဲ့မယ်ဆိုရင် သူက ဒီပမာဏရဲ့ တစ်သောင်းပုံ တစ်ပုံဆိုရင်တောင် အာဟာရ ပြည့်ဝသွားပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ သူက ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ ဆာလောင်မွတ်သိပ်မှု တစ်ခုကို ခံစားရပြီး သူက သေလုမတတ် အစာရေစာ ငတ်ပြတ်နေသလိုပါပဲ။

အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထားတဲ့ စိတ်ဂိညာဉ် ဆေးပင်ရဲ့ တစ်ဂက်လောက်ကို စားပြီးတဲ့ နောက်မှပဲ ဆာလောင်မွတ်သိပ်မှုက ပျောက်ကွယ်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို ဖော်ပြလို့ မရနိုင်တဲ့ စွမ်းအင် ခံစားချက်က အဲဒီနေရာမှာ အစားဝင်လာခဲ့ပါတယ်။

ရှူပ်။

မျှော်စင်လေး ပေါ်လာခဲ့ပါတယ်။ သူက အနည်းငယ် လှုပ်ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဒီလိုမျိုး နည်းလမ်းနဲ့ အဆင့်တက်တာက မင်းရဲ့ကျင့်ကြံခြင်းကို အကျိုးအမြတ် မရှိဘူး"

"ငါသိတယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါပေမဲ့လည်း အခု ငါက တစ်ယောက်ယောက်ကို ရိုက်နက်ပစ်ချင်လာတယ်။ ဒါကြောင့် အခုလို လုပ်မှပဲ ရနိုင်လိမ့်မယ်။ ငါပြန်လာတဲ့ အချိန်ကျရင် အစကနေ နောက်တစ်ကြိမ် ပြန်ပြီးတော့ ကျင့်ကြံအားထုတ်ရလိမ့်မယ်"

မျှော်စင်လေးက ခေါင်းညိတ်ပြီး ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း မင်းက တောင်မြစ်အဆင့်ကို အဆင့်တက်သွားတာကြောင့် အနက်ရောင် မျှော်စင်ရဲ့ စတုတ္တမြောက် အဆင့်ကို အခုဖွင့်လို့ ရပြီ"

"မီးဓာတ် အထပ်လား"

လင်းဟာန်က အံ့အားသင့်ပြီး ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။

"အမှန်ပဲ။ မင်းအခု အနက်ရောင် မျှော်စင်ရဲ့ နတ်ဘုရား မီးတောက်ကို အသုံးပြုပြီးတော့ မင်းရဲ့ စိတ်ဝိညာဉ်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို နောက်ထပ်အဆင့်တစ်ခု ရောက်အောင်လို့ လုပ်နိုင်ပြီ"

မျှော်စင်လေးက ပြောလိုက်ပါတယ်။

"အဲဒါကို အပြင်ဘက်မှာ အသုံးပြုလို့ ရနိုင်လား"

လင်းဟန်က မျက်ခုံးပင့်ပြီးတော့ မေးလိုက်ပါတယ်။

"အခုချိန်မှာတော့ မရဘူး"

မျှော်စင်လေးက ဘယ်ကနေ ညာဘက်ကို ယိမ်းထိုးနေပါတယ်။ ဆိုလိုတာက ခေါင်းခါတာပါပဲ။

"မျှော်စင်ကို ပြင်ဆင်လို့ မပြီးသေးသရွေ့ မင်းက အနက်ရောင် မျှော်စင်ရဲ့ အစွမ်းတချို့ကိုပဲ အသုံးပြုလို့ရမယ်။ ပြီးတော့ အဲဒါက အရမ်းကို သေးငယ်တဲ့ အပိုင်းလေးတစ်ခုပဲရမယ်"

"အခု မင်းက ကောင်းကင်ဘုံ ကပ်ဘေးကို ဖြတ်သွားလို့ ရနိုင်တယ်"

မျှော်စင်လေးက ဆက်ပြောလိုက်ပါတယ်။

အနက်ရောင်မျှော်စင်က ကောင်းကင်ဘုံ ကပ်ဘေးကိုတောင် တားဆီးနိုင်သလို အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ ဒါက

တကယ့်ကို သူ့ကိုယ်ပိုင် လွတ်လပ်တဲ့ စကြာဝဠာ တစ်ခု ရှိနေပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ အလင်းရောင် တောက်ပလာပါတယ်။ ရုတ်ချည်းဆိုသလို အနီရောင် တိမ်တိုက်တွေ ပျောက်ကွယ်သွားပြီး တိမ်မည်းတွေက လှိုင်းလုံးတွေလိုမျိုး တလိပ်လိပ် တက်လာတာကို တွေ့မြင်လိုက်ရပါတယ်။ မိုးကောင်းကင်ပေါ်မှာ အဖြူရောင် လျှပ်စီးတွေ တလက်လက် တောက်ပနေပါတယ်။

ကောင်းကင်ဘုံ ကပ်ဘေးက ရောက်လာပါပြီ။

လင်းဟန်က မကြောက်ပါဘူး။ သူက သူ့ရဲ့ နတ်ဘုရားအရိုးတွေကို မာကျောဖို့ ကောင်းကင်ဘုံ ကပ်ဘေးရဲ့ စွမ်းအားကို အသုံးပြုပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အဆင့်နှစ် နတ်ဘုရားသတ္တု အဆင့်ထိ တိုးမြှင့်ရပါလိမ့်မယ်။

"ဟင်"

လေဟာနယ်ထဲမှာ လူငယ်တစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။ ပထမတော့ သူ့ကိုကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ

ရပါတယ်။ဒါပေမဲ့ အဲဒီနောက် သူက အသံအကျယ်ကြီး အော်ဟစ်ပြီး သူ့အဖော်တွေကို ဆင့်ခေါ်လိုက်ပါတယ်။

သူက အရင်ခုနစ်ယောက် အုပ်စုထဲက အဖွဲ့ဝင် တစ်ယောက် ဖြစ်ပါတယ်။ သူတို့က လင်းဟန်ကို ရှာလို့မတွေ့ခဲ့တာကြောင့် မကျေမနပ် ဖြစ်နေပြီး ဒီကံတရား အခွင့်အလမ်းကို လွဲချော်မှုအတွက် စိတ်မချမ်းမမြေ့ ဖြစ်နေကြပါတယ်။ ဒါကြောင့် သူတို့က သူတို့အုပ်စုထဲက တစ်ယောက်ကို ချန်ထားပြီး အနီးအနားမှာ စောင့်ကြပ်စေခဲ့ပြီး လင်းဟန်က ရုတ်တရက် ပြန်ပေါ်လာမလား ဆိုတာကို သိချင်နေတာကြောင့် ဖြစ်ပါတယ်။

သူတို့က အဲဒီအခိုက်အတန့်ကို တကယ်ပဲ ကြိုတင်မျှော်မှန်းထား နိုင်ခဲ့ပါတယ်။

အဲဒီလူက အနည်းငယ် အံ့အားသင့် နေပါတယ်။ လင်းဟန်က တစ်ရက်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ တောင်မြစ်ကျောက်တုံးကို သန့်စင်ပြီးတော့ အဆင့်တက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက အခုမှ တောင်မြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက တိုက်ပွဲစွမ်းရည် ဘယ်လောက်များများကို ပိုင်ဆိုင်ထားနိုင်မှာမို့လဲ။

သူက မတိုက်ခိုက်သေးပါဘူး။ တကယ်လို့ သူက တခြားသူရဲ့ ကပ်ဘေးဒုက္ခကို နှောင့်ယှက်ပွံ့တယ် ဆိုရင် မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဒဏ်ခတ်ခြင်းကို ခံရပါလိမ့်မယ်။ ပြီးတော့ ကပ်ဘေးဒုက္ခကိုလည်း အတူတကွ ခံယူရပါလိမ့်မယ်။ ဒါက သတင်းကောင်းတော့ မဟုတ်ပါဘူး။

နောက်ပြီးတော့ သူ့အတွက် အလျင်စလို လုပ်စရာ လိုလို့လား။

မိုးကောင်းကင်ရဲ့ ကပ်ဘေးကို ဖြတ်ပြီးရင် လင်းဟန်က သေချာပေါက် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။ ဒါက သူ့ရဲ့အတွေ့အကြုံကနေ ပြောတာဖြစ်ပါတယ်။ ဒါကြောင့် သူက အလျင်စလို တိုက်ခိုက်စရာ မလိုပါဘူး။

ရှပ် ရှပ် ရှပ် ရှပ်။

အရမ်းကို လျင်မြန်စွာနဲ့ သူရဲ့အဖော် ငါးယောက်ကလည်း ရောက်လာခဲ့ ကြပါတယ်။ သူတို့က ကောင်းကင်ဘုံ ကပ်ဘေးကို လင်းဟန်ဖြတ်ကျော်တော့မယ် ဆိုတာကို တွေ့မြင်လိုက်ရတဲ့ အခါမှာ အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်မိပါတယ်။

မင်းဘာသာမင်း ပုန်းခိုနေလို့ ရတယ်။ ဒါကြောင့် ငါတို့က မင်းကို ရှာမတွေ့ဘူး။ ဒါပေမဲ့ အခုတော့ မင်းက ဒီနေရာမှာပဲ မိုးကောင်းကင်

ကပ်ဘေးကို ရင်ဆိုင်နေတာလား။ ဒါက မင်းကိုယ်မင်း သေကြောင်းကြံတာနဲ့ အတူတူပဲ။

ဒိန်း။

လျှပ်စီးကြောင်း တစ်ခုက မိုးကောင်းကင်ကနေ ဆင်းသက်လာခဲ့ပါတယ်။

လင်းဟန်က ဂုဏ်ယူဂင့်ကြွားစွာနဲ့ ရပ်နေလိုက်ပါတယ်။ အနည်းဆုံး သူကြောက်ရွံ့ရတဲ့ အရာက မိုးကောင်းကင် ကပ်ဘေးပဲ ဖြစ်ပါတယ်။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တောင်မြစ်အဆင့်ကို အဆင့်တက်သွားခဲ့ပြီး မိုးကောင်းကင်ရဲ့ ကပ်ဘေးအစွမ်းက အသေးစား အဆင့် အထွတ်အထိပ်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူဘယ်လောက်များများက အသက်ရှင်သန်နိုင်စွမ်း ရှိမှာတဲ့လဲ။

ချွင် ချွင် ချွင်။

လျှပ်စီးမိုးကြိုးတွေက တစ်ခုပြီးတစ်ခု ဆင်းသက်လာခဲ့ပါတယ်။ လင်းဟန်က နတ်ဘုရား မိုးကြိုးတွေ အထဲမှာ နစ်မြုပ်နေပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အားကိုးနဲ့ နတ်ဘုရား မိုးကြိုးတွေကို ခံယူနေခဲ့ပါတယ်။

နတ်ဘုရား မိုးကြိုးတွေက သူ့ကို မထိခိုက်စေနိုင်ပါဘူး။ သူ့ရဲ့ နတ်ဘုရား အရိုးတွေက အားကြောင့် ကျိုးပဲ့လာခဲ့ပြီး မရေမတွက်နိုင်တဲ့ အပိုင်းအစတွေ အဖြစ်ကို ပြောင်းလဲသွားကာ မိုးကြိုးတွေ တရစပ်ပစ်ခံရခြင်းကြောင့် အရိုးတွေရဲ့ မာကျောမှုက ပိုပိုပြီးတော့ တိုးတက်ကာ အဆင့်တက်လာ ခဲ့ပါတယ်။

အနာဂတ်မှာ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် အဆင့်တက်တဲ့ အကြိမ်တိုင်း သူက အခုလိုမျိုး နောက်ထပ် တွေ့ကြုံခံစား ရလိမ့်မလား။

လင်းဟန်က တွေးလိုက်မိပါတယ်။ ဒါက လုံးဂကို ရက်စက်ကြမ်းကြုတ်တဲ့ နှိပ်စက်ညှင်းပန်းမှု တစ်ခု ဖြစ်ပါတယ်။

"အမှန်ပဲ။ မင်းက အသေးစား အဆင့်တစ်ခု အဆင့်တက်တိုင်း မိုးကောင်းကင် ကပ်ဘေးကို ခံစားရပြီး မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို နောက်ထပ် မွှန်းမံရလိမ့်မယ်"

မျှော်စင်လေးက တုံ့ပြန်လိုက်ပါတယ်။

"ဒီတစ်ခုတည်းနဲ့ပဲ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်စင်ပြီး ပြီးပြည့်စုံအောင် အရောင်တင် မွှန်းမံလို့ ရပြီးတော့ ဖျက်ဆီးလို့မရနိုင်တဲ့ ပြိုင်ဘက်ကင်း ခန္ဓာကိုယ်ပိုင်ရှင်တစ်ယောက်

ဖြစ်လာလိမ့်မယ်။ တချိန်တည်းမှာပဲ မင်းရဲ့ စိတ်ဂိညာဉ်ကိုလည်း အကြိမ်တိုင်းမှာ အရောင်တင် မွန်းမံနိုင်လိမ့်မယ်"

"မူလဇာစ်မြစ် အဆင့်ကို တစ်ခါတည်းနဲ့ အဆင့်တက်သွားနိုင်တဲ့ နတ်ဘုရား ဆေးလုံး တချို့ကို ငါတို့ မရနိုင်ဘူးလား"

လင်းဟန်က ရယ်သွမ်းပြီး ပြောလိုက်ပါတယ်။

"ဒါက ဘယ်လိုဟာသလဲ"

မျှော်စင်လေးက တုံ့ပြန်လိုက်ပါတယ်။

"တကယ့်ကို မရှိဘူးပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပလာပြီး သူ့ရဲ့ နတ်ဘုရား ခန္ဓာကိုယ် တည်ဆောက်ပုံက စတင်လာပါတယ်။

Chapter 954end

အပိုင်း(955) တိုက်ကွက်အသစ်တွေ ထုတ်ခြင်း

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ပြီးတော့ သူရဲ့ နတ်ဘုရား အရိုးတွေကို ပြန်လည်ဖြစ်ပေါ် စေခဲ့ပါတယ်။

ဖျက်ဆီးခြင်း အနောက်က တည်ဆောက်ခြင်းက လုံးဝကို အရည်အသွေး မြှင့်တင်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီဖြစ်စဉ်က စိတ်ကျေနပ်စရာကောင်းတဲ့ အတွေ့အကြုံ တစ်ခုတော့ လုံးဝကို မဟုတ်ပါဘူး။

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက်ကို ပိုင်ဆိုင်ထားပေမဲ့ သူက အခု အဲဒါကို အသုံးမပြုနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ နတ်ဘုရား အရိုးတွေကို ကောင်းကင်ဘုံ ကပ်ဘေးကြောင့် ဆေးကြောဖို့ လိုအပ်နေပြီး အထဲမှာရှိတဲ့ မသန့်စင်မှုတွေကို ရှင်းလင်းသန့်စင် ရပါလိမ့်မယ်။ ဒီတစ်ခုတည်းနဲ့ပဲ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုအဆင့်ကို တက်သွားပါလိမ့်မယ်။

ဒါက သူ့ကို သေချင်လောက်အောင် အရမ်းနာကျင်မှုကို ဖြစ်စေခဲ့ပါတယ်။

မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုနဲ့ သန်စွမ်းတဲ့ စိတ်ဝိညာဉ် တစ်ခု ရှိလာတဲ့ အချိန်ကျရင်တော့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကနေ ခဏလောက် ထွက်ဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူသားတစ်ယောက် အတွက်တော့ ခန္ဓာကိုယ် ပျက်စီးတာနဲ့ သေခြင်းတရားဆီကို ဦးတည်နေပါပြီ။

"မကောင်းတော့ဘူး ဒီကောင်လေးက မိုးကောင်းကင် ကပ်ဘေး ဖြတ်ကျော်တာ ကျရှုံးပြီး သေတော့မယ်"

ဘေးနားက လူခြောက်ယောက်က အံ့အားသင့်သွားပြီး သူတို့ရဲ့ အမူအရာမှာ စိတ်မချမ်းမမြေ့မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

အဲဒါက လင်းဟန်ရဲ့ သေဆုံးခြင်းအတွက်နဲ့ ပတ်သက်ပြီးတော့ သူတို့တွေ စိတ်မကောင်း ဖြစ်နေတာ မဟုတ်ပါဘူး။ တကယ်လို့ ဒီကောင်သေသွားမယ်ဆိုရင် သူ့ရဲ့ စိတ်ဂိညာဉ်ကို ဆွဲထုတ်နိုင်မှာ မဟုတ်သလို လင်းဟန်မှာရှိတဲ့ ထူးခြားဆန်းကြယ်သော လျှို့ဝှက်နည်းစနစ်ကို ရယူနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ မိုးကောင်းကင်ကပ်ဘေးရဲ့ ဆင်းသက်လာမှုအောက်မှာ ဘယ်သူကများ လင်းဟန်အပေါ်မှာ တိုက်ခိုက်မှု ထုတ်ဖော်ပုံမှာလဲ။

တခြားလူတစ်ယောက် မိုးကောင်းကင် ကပ်ဘေးကို ဖြတ်ကျော်နေတဲ့ အချိန်မှာ အနှောင့်အယှက် တစ်ခု ဖြစ်ပွားစေခြင်းက မိုးကောင်းကင် ကပ်ဘေးကို သူတို့ကိုလည်း တူညီစွာနဲ့ ဆက်ဆံပါလို့ ပြောနေသလိုပင်။

"မဟုတ်သေးဘူး။ တကယ်လို့ ဒီကောင်လေး သေသွားရင် ဘာဖြစ်လို့ မိုးကောင်းကင် ကပ်ဘေးက မပျောက်ကွယ်သွားသေးတာလဲ"

သူတို့ထဲက တစ်ယောက်က အော်လိုက်ပါတယ်။

"ဟုတ်တယ်။ တကယ်လို့ လူသေသွားရင် မိုးကောင်းကင် ကပ်ဘေးကလည်း ချက်ချင်းပဲ ပျောက်ကွယ်သွားလိမ့်မယ်။ ဒါဆိုရင် ဘာဖြစ်လို့ အခုဆက်ပြီးတော့ ရှိနေသေးတာလဲ"

"ရှင်းနေတာပဲ ဒီကောင်လေး မသေသေးလို့ပေါ့"

"ဟားဟား တကယ်လို့ သူမသေသေးဘူး ဆိုရင်တော့ အကောင်းဆုံးပဲ။ အခု အဲဒီကောင်က အခုလို ပြင်းထန်တဲ့ ဒဏ်ရာတွေ ရနေပြီး သူ့ခန္ဓာကိုယ်ကလည်း မိုးကောင်းကင် ကပ်ဘေးကြောင့် အားနည်းနေလိမ့်မယ်။ ဒါကြောင့် ငါတို့အတွက် သူ့ကို သတ်ပစ်ဖို့ဆိုတာ အရမ်းကို လွယ်ကူတဲ့ ကိစ္စတစ်ခု ဖြစ်သွားပြီ"

သူတို့က ချက်ချင်းပဲ နောက်တစ်ကြိမ် စိတ်လှုပ်ရှား လာခဲ့ကြပါတယ်။ သူတို့က မိုးကောင်းကင် ကပ်ဘေးကို အလွန်အကျွံ့ယုံကြည်မှု ရှိနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုးကောင်းကင် ကပ်ဘေးက လက်ရွေးစင်တိုင်းကို ထိတ်လန့်တုန်လှုပ်အောင် ခြိမ်းခြောက်နေတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ မူလဇာစ်မြစ်အဆင့် အဆုံးမဲ့ လက်ရွေးစင်တွေတောင်မှ သူတို့ရဲ့ ရင်ဘတ်ကို ပုတ်ပြီးတော့ ဒီမိုးကောင်းကင် ကပ်ဘေးကို

လုံခြုံစိတ်ချစွာနဲ့ ဖြတ်သန်းနိုင်တယ်လို့ ယုံကြည်မှု အပြည့်နဲ့ မပြောဆိုဝံ့ပါဘူး။

မိုးကောင်းကင် ကပ်ဘေး တစ်ခုကို ဖြတ်သန်းတဲ့ အချိန်တိုင်း သူတို့ရဲ့ အသက်တစ်ဝက်လောက် ဆုံးရှုံးသွားရ သလိုပါပဲ။

လေးနာရီ ကြာပြီးတဲ့နောက်မှာ လင်းဟန်ရဲ့ နတ်ဘုရား အရိုးတွေက နောက်ဆုံးမှာ အရည်အသွေး တစ်ခု ပြောင်းလဲသွားခဲ့ပါတယ်။ လင်းဟန်က ဖျက်ဆီးမရနိုင်တဲ့ ကောင်းကင်ဘုံ မှော်စာလိပ်ကို လည်ပတ်ပြီးတော့ သူရဲ့ နတ်ဘုရား အရိုးတွေကို ကုသလိုက်ပါတယ်။ ဒီနတ်ဘုရား အရိုးတွေက အဆင့်နှစ် နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ ရပြီးတော့ အရည်အသွေးပိုင်းနဲ့ ပတ်သက်ရင် နောက်တစ်ဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။

သူ့ရဲ့ အရိုးခန္ဓာကိုယ်ကို ပြန်လည်တည်ဆောက်ပြီးတဲ့နောက်မှာ အသွေးအသားတွေက ချက်ချင်း ပြန်လည်ဖြစ်ပေါ်လာပြီး အလျင်အမြန် ပြန်ကောင်းမွန်လာခဲ့ပါတယ်။

သူ့မှာ သီးခြားအာရုံစိုက်စရာ တစ်ခု ရှိပါတယ်။ ဒါကြောင့် သူက လျှပ်စီးစွမ်းအားကို စုပ်ယူပြီး သူ့ရဲ့ မိုးကြိုးလျှပ်စီး ခန္ဓာကိုယ်ကို နောက်ထပ်စတင် မွန်းမံလိုက်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ မိုးကြိုးလျှပ်စီး စွမ်းအားကို စုပ်ယူတဲ့ သူ့ရဲ့ စွမ်းရည်ဟာ

အကန့်အသတ် ရှိတယ်ဆိုတာကို သလိုက်ရပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မလုံလောက်သေးတာကြောင့် မဟုတ်ပဲ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားက သူလိုချင်သလောက် မိုးကြိုးလျှပ်စီး စွမ်းအားကို ပြောင်းလဲပစ်နိုင်လောက်တဲ့အထိ အစွမ်းမထက်တာကြောင့် ဖြစ်ပုံရပါတယ်။

ဒါက လျှို့ပှက်ဆန်းကြယ် စွမ်းအား တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ တန်ခိုးရှင် ဘုံမှာတော့ ဒီစွမ်းအားက ပုံမှန်တွေ့မြင်နေကျ နည်းစနစ် တစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

လင်းဟန်က ဘာမှမတတ်နိုင်ပဲ သူ့ခေါင်းကိုပဲ ခါလိုက်မိပါတယ်။ နောက်ထပ် တွေးကြည့်လိုက်တဲ့ အခါမှာ ကောင်းကင်ဓားနန်းတော်ရဲ့ မူလအနက်ရောင် သုံးဟန်သိုင်းကွက်က နေလအဆင့် အထဲမှာပဲ အစွမ်းထက်ဆုံးဟန် ဖြစ်ပါလိမ့်မယ်။ဒါကြောင့် ဒီဓားသိုင်းနည်းနစ်ရဲ့ ခွန်အားကို သိပ်မကြာခင်မှာ အမြင့်ဆုံး ပိတ်ဆို့မှုကို ထိတွေ့နိုင်ပါလိမ့်မယ်။ ပြီးတော့ နောက်ထပ် တိုးတက်လာစရာ အကြောင်း မရှိပါဘူး။

သူကိုယ်တိုင် ဖန်တီးထားခြင်း မဟုတ်တဲ့ နည်းစနစ် တစ်ခုနဲ့ဆိုရင် သူက အမြဲတမ်းလိုလို ဒီလိုအခြေအနေမျိုးနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

ဒီအချက်ကြောင့် သူက သူ့ကိုယ်ပိုင် ကောင်းကင် သားတော် လက်သီးသိုင်းကို တီထွင်ခဲ့တဲ့ မိုးရေဇကေရာဇ်ကို ကြည်ညိုလေးစားမိသွားပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် မြင့်လာတာနဲ့ သူကိုယ်ပိုင်တီထွင်ထားတဲ့ လက်သီးသိုင်း နည်းစနစ်ရဲ့ ခွန်အားကလည်း တိုးလာပြီး အဆုံးမရှိ သန်မာလာပါလိမ့်မယ်။

ဒါပေမဲ့ ဒီဖြစ်စဉ်က သေချာပေါက်တော့ မရိုးရှင်းပါဘူး။

ဟွမ်း။

ရွှေရောင်သင်္ကေတတွေက တဖျပ်ဖျပ် ပျံသန်းလာပြီး လင်းဟန်ရဲ့ စိတ်ထဲကို ဝင်သွားပါတယ်။ တချို့က စကားလုံးတွေ ဖြစ်ပြီးတော့ တချို့ကတော့ ပန်းချီကားချပ် ပုံစံတွေ ဖြစ်ပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား

မဟုတ်ဘူး။ ဒါက သူသင်ယူခဲ့တဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား မဟုတ်ဘူး။ မြားပစ်နည်းစနစ် အသစ်တစ်ခု ဖြစ်ပါတယ်။

ဒါက စစ်မှန်တဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြား ဖြစ်ပါတယ်။ မြားတစ်ချောင်းနဲ့ နဂါးတစ်ကောင်ကို

ချေမှုန်းပစ်ပါလိမ့်မယ်။ ပြီးတော့ မြားတစ်ချောင်းနဲ့ စကြဂဋ္ဌာ တစ်ခုကို ဖျက်ဆီးပစ်နိုင်ပါလိမ့်မယ်။ တန်ခိုးရှင် အဆင့်ကို ခြေလှမ်းဝင်ရောက်ပြီးတဲ့နောက်မှာ သူက ဒီမြားပစ် နည်းစနစ်ကို သင်ယူဖို့ အရည်အချင်း ပြည့်မီလာခဲ့ပါလိမ့်မယ်။

ဒါက တိုက်ကွက်တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တိကျတဲ့ တိုက်ကွက်တစ်ခု မဟုတ်ပါဘူး။ အဲဒီအစား စွမ်းအားကို ပြောင်းလဲပစ်တဲ့ နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲက စွမ်းအားအပြည့်အဝကို မြားထဲထည့်သွင်းလိုက်ရင် သူ့လမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့ ဘယ်နတ်ဘုရားကိုမဆို သတ်ပစ်နိုင်ပါလိမ့်မယ်။

ဒီပညာက အရင်တုန်းက မပေါ်လာခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်က တန်ခိုးရှင် အဆင့်ကို မဝင်ရောက်ရသေးလို့ ဖြစ်ပါတယ်။

လင်းဟာန်က ပြုံးလိုက်မိပါတယ်။ မိုးကောင်းကင် ကပ်ဘေးက ပျောက်ကွယ်သွားခဲ့ပြီး သူလည်း မကြာခင်မှာ စစ်မှန်တဲ့ တန်ခိုးရှင်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ တောင်တွေမြစ်တွေပုံစံ ဖြစ်ပေါ်ခြင်းက တောင်မြစ်အဆင့်ရဲ့ လက္ခဏာတစ်ခုပဲ ဖြစ်ပါတယ်။ အောင်မြင်သည် ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ အဲဒါက

မိုးကောင်းကင် ကပ်ဘေးကို သူဖြတ်ကျော်နိုင်မလား
ဖြတ်မကျော်နိုင်ဘူးလားဆိုတဲ့ အပေါ်မှာပဲ မူတည်ပါတယ်။

နောက်ဆုံး မိုးကြိုးဆင်းသက်လာတဲ့ အချိန်မှာ
မိုးကောင်းကင်ထက်က တိမ်စိုင်တိမ်မည်းတွေက လျင်မြန်စွာနဲ့
ပျောက်ကွယ်လာပြီး သူတို့စောစောတုန်းက မြင်တွေ့ရတဲ့
အနီရောင်အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

ရွှပ် ရွှပ် ရွှပ်။

ဘေးနားမှာ ရပ်နေတဲ့ လူယောက်ခြောက်က ချက်ချင်းပဲ
ခုန်ထွက်လာပြီး သူ့ကို ပိုင်းထားလိုက် ပါတယ်။

"မင်းက တော်တော်လေး သတ္တိကောင်းတာပဲ။ ငါတို့
တောင်မြစ်ကျောက်တုံးကို သန့်စင်ရဲတယ်ပေါ့"

"ဘာပဲဖြစ်ဖြစ် မင်းက မိုးကောင်းကင် ကပ်ဘေးကို
ဖြတ်ကျော်ခဲ့တာကြောင့် ပြင်းထန်တဲ့ ဒဏ်ရာကို ခံစားနေရပြီ။
မင်းရဲ့ ပြန်လည်ကုသခြင်းကို စိတ်ဂိညာဉ် ဆေးပင်တွေ သုံးပြီးတော့
အတင်းကုသခဲ့ပေမဲ့ အရမ်းကို ဆိုးဝါးတဲ့ ပြဿနာတွေလည်း
ကျန်နေလိမ့်မယ်"

"မြန်မြန် အညှဲ့ခံလိုက်ပါ။ ဒါဆိုရင် မင်း မြန်မြန်သေဖို့ ငါတို့အာမခံတယ်"

လူခြောက်ယောက် အုပ်စုက အေးစက်စွာနဲ့ သရော်နေပြီး သူတို့ရဲ့ အမူအရာက မောက်မာ ဂုဏ်ကြွားလို့ နေပါတယ်။

သူတို့အားလုံးက တောင်မြစ်အဆင့် အသေးစားအဆင့်မှာ ရှိနေတယ် ဆိုပေမဲ့ သူတို့ထဲက နှစ်ယောက်က အသေးစားအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေပြီး သုံးယောက်ကတော့ နောက်ပိုင်းအဆင့်နဲ့ ကျန်တစ်ယောက်က အလယ်အလတ် အဆင့်မှာ ရှိပါတယ်။ နောက်ပြီး အထွတ်အထိပ်ကို ရောက်ရှိနေတဲ့ လူနှစ်ယောက်က ကြယ်တစ်ပွင့် ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့် အလယ်အဆင့်ရဲ့ အစောပိုင်း အဆင့်က လူတွေနဲ့ ယှဉ်လို့ရပါတယ်။

သူတို့အတွက် တောင်မြစ်အဆင့်ကို အခုမှ ချိုးဖျက်ဝင်ရောက်ကာစ လူသစ်တစ်ယောက်ကို ရင်ဆိုင်ရတာက အရမ်းကို လွယ်ကူလွန်းတယ် မဟုတ်လား။

လင်းဟာန်က အသာလေး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါတကယ်ပဲ မျှော်လင့်စောင့်စားနေတာ။ လူသားလက်သီးအိတ် တစ်ခု ဖြစ်ခဲ့တာ အတော်လေး ကြာနေပြီဆိုတော့ အခု ငါပြန်ချရမဲ့ အလှည့်ကို ရောက်ပြီပဲ။ လာခဲ့ လာခဲ့ကြ။ မင်းတို့ ခြောက်ယောက်စလုံး လာခဲ့။ မင်းတို့ တစ်ယောက်ချင်းစီ တိုက်ခိုက်ဖို့ စီစဉ်နေတာလား။ ဒါမှမဟုတ် အတူတူ ပူးပေါင်းပြီးတော့ တိုက်ခိုက်မှာလား"

"ဘယ်လောက်တောင် မောက်မာတဲ့ လေသံလဲ"

"မင်းက တန်ခိုးရှင် အဆင့်ကို ဝင်ရောက်တာနဲ့ပဲ ကောင်းကင်ဘုံကို ခြေတစ်လှမ်းတည်းနဲ့ ရောက်ပြီလို့ ထင်နေတာလား"

"ရှီဟောင် မင်းပဲ သူ့ကိုရင်ဆိုင်လိုက်"

"ကောင်းပြီလေ"

လူငယ်တစ်ယောက် လှုပ်ရှားလာခဲ့ပြီး လင်းဟန်အပေါ်ကို သာမန်ကာလျှံကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပါတယ်။ ကြီးမားတဲ့ တောင်ကြီးတစ်လုံးနဲ့ မြစ်ကြီးတစ်စင်းရဲ့ ပုံရိပ်က သူ့နောက်ကျောက လေထဲမှာ ပေါ်ထွက်လာခဲ့ပါတယ်။ တောင်နဲ့မြစ်အပေါ်မှာ နတ်ဘုရား သင်္ကေတတွေကလည်း တလက်လက် တောက်ပလို့ နေပါတယ်။

သူက အသေးစား အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ မြစ်က အရမ်းကို သေးငယ်နေပါသေးတယ်။

သူ့ရဲ့တိုက်ခိုက်မှုက သာမန်ကာလျှံကာပုံစံပေမဲ့ တောင်နဲ့မြစ်ရဲ့ ပုံပန်းသွင်ပြင်အရ သူက တကယ့်ကို အလေးအနက် ထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့တောင်မြစ်ပုံစံကို မဖော်ထုတ်ပဲနဲ့ တိုက်ခိုက်ပါလိမ့်မယ်။ သူ့ပုံစံက လင်းဟန်ကု အထင်အမြင်သေးတဲ့ ဟန်ပန်အမူအရာတစ်ခု ရှိနေပေမဲ့ သူ့နှလုံးသားထဲမှာတော့ သူက ဂရုမစိုက်ပဲ မနေပုံ့ပါဘူး။

တကယ်တော့ သူတို့အားလုံးက တောင်မြစ်အဆင့် ကနဦး(အသေးစား) အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူက အရမ်းကို မဆင်မခြင် မနေပုံ့ပါဘူး။

လင်းဟန်က သူ့ရဲ့ကိုယ်ပိုင်စွမ်းအင် ဘယ်လောက်ထိ ရှိတယ်ဆုတာကို မသိပါဘူး။ ဒါကြောင့် သူကလည်း အမှုမဲ့ အမှတ်မဲ့ မနေပုံ့ပါဘူး။ အတွေးတစ်ချက်နဲ့ သူ့ရဲ့တောင်မြစ်ပုံစံကို ထုတ်ဖော် လိုက်ပါတယ်။

ဖူး။

ကျန်နေတဲ့ ငါးယောက်က ချက်ချင်းဆိုသလို တံတွေးသီးလုမတတ် ရယ်မောလိုက်ပါတယ်။ ဒီတောင်မြစ်က တကယ်ပဲ သောက်ကျိုးနည်းအောင် သေးငယ်ပါတယ်။

သူတို့က လင်းဟာန်ကို အရမ်းကြီး အထင်ကြီးခဲ့မိပါတယ်။

တောင်မြစ်တွေက ကျင့်ကြံခြင်းအဆင့်ကို ကြီးကြီးမားမား တိုးလာတယ်ဆိုပေမဲ့ ဒီလိုမျိုး သေးငယ်တဲ့ အရွယ်အစားနဲ့တော့ သူကသေချာပေါက် အနာဂတ် တက်လမ်းအများကြီး မရှိပါဘူး။

ရှီဟောင်တောင်မှ ပြုံးလိုက်မိပါတယ်။ သူက တကယ်ပဲ အရမ်းကို သတိထားလွန်း နေခဲ့မိပါတယ်။ သူ့ပြိုင်ဘက်က အခုမှ အဆင့်တက်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် တောင်မြစ်အဆင့်ရဲ့ အစွမ်းက ဘယ်လောက်များ ရှိပြီးတော့ သူက ဘယ်လောက်ထိ ဖော်ပြနိုင်မှာလဲ။

ထန်။

လက်ဂါးနှစ်ဖက် ထိသွားခဲ့ပါတယ်။ အချိန်ခဏ ရပ်သွားပြီးတဲ့နောက်မှာ ရှီဟောင်ရဲ့လက်က လှိုင်းတစ်ခု ဖြစ်ပေါ်လာပြီး သူ့ပခုံးကနေ ကျိုးနေတဲ့ အရိုးတစ်ချောင်းက တန်းပြီးတော့ ထိုးထွက် လာခဲ့ပါတယ်။ အရိုးက အလင်းရောင်

တောက်ပနေပြီး သွေးစသွေးနတွေ ဖုံးနေပြီးတော့ ပုတီးစေ့ ပုံစံမျိုး ဖြစ်ပေါ်ကာ စုစည်းနေပေမဲ့ စီးမကျခဲ့ပါဘူး။

ရုတ်ချည်းဆိုသလို ပတ်ဂန်းကျင်က ထိတ်လန့်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။

သူတို့ရဲ့ အမြင်တွေကပဲ ဂေဂါးနေတာလား။

ကျန်နေတဲ့ ငါးယောက်က ကြောင်တောင်တောင် ဖြစ်ကုန်ပါတယ်။ ဖြစ်သင့်တာက ရှီဟောင်ကြောင့် လင်းဟန်ရဲ့ အရိုးတွေက လက်သီးတစ်ချက်တည်းနဲ့ ကျိုးသွားသင့်တယ် မဟုတ်လား။ ဒါပေမဲ့ သူတို့ရဲ့ မျက်လုံးတွေကို ဘယ်လောက်ပဲ ပုတ်ခတ်ပြီးတော့ ကြည့်နေပါစေ သူတို့ရဲ့ အရှေ့က မြင်ကွင်းက နည်းနည်းလေးမှ ပြောင်းလဲမသွားခဲ့ပါဘူး။

သူတို့က အသက်ကို ရှူထုတ်ပြီးတော့ သူတို့ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

အဲဒီအတွက် ခွန်အားက ဘယ်လောက်များ လိုအပ်မလဲ။ ဘယ်လိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အမျိုးအစား ရှိနေလို့

လင်းဟန်က ရှီဟောင်ရဲ့ လက်မောင်းကို တစ်ချက်တည်းနဲ့ အရိုးကျိုးအောင် လုပ်နိုင်စွမ်း ရှိရတာလဲ။

"အား"

ရှီဟောင်ကလည်း မှင်တက်အံ့သြ နေခဲ့ပါတယ်။ အခု သူသိတာ တစ်ခုက မခံမရပ်နိုင်အောင် နာကျင်တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်လိုက် မိပါတယ်။ သူက အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်ပြီးတော့ အရမ်းကို ထိတ်လန့်နေတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။

"ဒီအင်အားက တောင်မြစ်အဆင့် ကနဦး ကျင့်ကြံသူ တစ်ယောက် ပိုင်ဆိုင်နိုင်တဲ့ အင်အားမျိုး မဟုတ်ဘူး"

"အလယ်အလတ် အဆင့်ရဲ့ အစောပိုင်းအဆင့် ဒါမှမဟုတ် အဲဒီထက်တောင် ပိုနိုင်သေးတယ်"

Chapter 955 end

အပိုင်း(956) ကြယ်ငါးပွင့် ပါရမီရှင်

လူခြောက်ယောက်စလုံး သိချင်စိတ်တွေ ပြင်းပြနေတဲ့ အမူအရာ ကိုယ်စီနဲ့ ဖြစ်နေပါတယ်။

အလယ်အလတ် အထွတ်အထိပ်ကို ရောက်နေတဲ့ စွမ်းအားနဲ့ အလယ်အလတ် အထွတ်အထိပ် အဆင့်ကို ရောက်နေတဲ့ တိုက်ပွဲစွမ်းရည်ဆိုတာက လုံးဝကို မတူညီတဲ့ အချက်နှစ်ခု ဖြစ်ပါတယ်။

ဥပမာ သူတို့ခြောက်ယောက် အုပ်စုထဲမှာ လူနှစ်ယောက်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ ရောက်နေသူတွေက ယုလီဟူနဲ့ ပူဖူတို့ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်က ကြယ်တစ်ပွင့် ပါရမီရှင်တွေ ဖြစ်ပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အလယ်အလတ် အဆင့်က အစောပိုင်းအဆင့် သာမန်ကျင့်ကြံသူ တစ်ယောက်နဲ့ ယှဉ်လို့ရပါတယ်။ ဒါပေမဲ့ စွမ်းအား တစ်ခုတည်းနဲ့ ပတ်သက်ရင်တော့ သူတို့တွေက တောင်မြစ်အဆင့်ရဲ့ ကနဦး အထွတ်အထိပ် အဆင့်မှာပဲ ရှိနေပါသေးတယ်။

စွမ်းအားဆိုတာက တိုက်ပွဲစွမ်းရည်ရဲ့ အစိတ်အပိုင်း တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါက အရေးအကြီးဆုံး အစိတ်အပိုင်းလည်း ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်ရဲ့ စွမ်းအား တစ်ခုတည်းက အလယ်အလတ်အဆင့်ရဲ့ အစောပိုင်းအဆင့်ကို

ရောက်နေမယ်ဆိုရင် အဲဒီနောက် သူ့ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်က ဘယ်အဆင့်ထိ ရောက်နေလိမ့်မလဲ။

ဒါက လူခြောက်ယောက် အုပ်စုကို ထိတ်လန့်သွားစေတာက သာမန်ကိစ္စ တစ်ခုပါပဲ။ အဲဒီလူက အခုမှ တောင်မြစ်အဆင့်ကို ဂင်ရောက်ကာစပဲ ရှိပါသေးတယ်။

ကြယ်လေးပွင့် ပါရမီရှင်လား။ ဒါမှမဟုတ် ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်ကောင်း ဖြစ်နိုင်မလား။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ကျေနပ်သွားတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့ခွန်အားကလည်း စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ခွန်အား ကြယ်နစ်ဆယ်လုံးထိ ကျင့်ကြံအားထုတ်ခဲ့တဲ့ အချက်ကြောင့် သေချာပေါက် မြင့်မားလာခဲ့ပါတယ်။ အခုဆိုရင် သူ့ရဲ့ စွမ်းအားတစ်ခုတည်းနဲ့တင် သူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်အဆင့်ကို ရောက်ရှိနေခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူက မုသားမဲ့ မျက်လုံး၊ အနက်ရောင် မူလသိုင်းဟာန် သုံးခုနဲ့ တခြားလျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် ဘယ်ထိရောက် သွားလိမ့်မလဲ။

"လာခဲ့ လာခဲ့ လာခဲ့။ ငါတို့ နလုံးသားတွေ ကျေနပ်တဲ့အထိ တိုက်ခိုက်ကြတာပေါ့"

သူက အရမ်းကို ကျေနပ်နေပုံ ရပြီးတော့ သူ့ရဲ့ ခွန်အားကို စမ်းသပ်ဖို့ မစောင့်နိုင်အောင် ဖြစ်နေပါတယ်။

"ငါတို့က မင်းကို ကြောက်နေမယ်လို့ ထင်နေတာလား"

လူခြောက်ယောက် အုပ်စုက ဟိန်းဟောက်လိုက်ပါတယ်။ ဒဏ်ရာရသွားခဲ့တဲ့ ရှီဟောင်တောင် အလျင်အမြန်နဲ့ ဆေးလုံးတချို့ကို မျိုချပြီးတော့ သူ့ရဲ့ ကျိုးသွားတဲ့ အရိုးကို ပြန်ပြီးတော့ ဆက်လိုက်ပါတယ်။ အဲဒီနောက် သူက အဲဒီနေရာမှာ မူလစွမ်းအင်ကို အသုံးပြုပြီးတော့ ထိန်းထားလိုက်ပါတယ်။ ဒီလိုမျိုး ကုသမှုနဲ့အတူ သူက အချိန်အနည်းငယ်တော့ ခွန်အားအပြည့်နဲ့ တိုက်ခိုက်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလူခြောက်ယောက်က သတ္တိမရှိသလို တစ်ဦးချင်းစီမှာလည်း ဂုဏ်သိက္ခာ မရှိကြပါဘူး။ သူတို့အားလုံးက သူတို့ရဲ့ လက်နက်တွေကို ထုတ်ယူလိုက်ပါတယ်။ တချို့က ဓားကိုင်ပြီး တချို့ကတော့ ဆေဘာဓားတွေကို ကိုင်ကြပါတယ်။ သူတို့က ဂက်ပါ ပုံစံမျိုး တစ်ခုကို ပူးပေါင်းပြီး နေရာယူထားပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ လက်ဦးမှု ရယူကာ တိုက်ခိုက်လိုက်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုနဲ့ ညီမျှပြီး ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ ဘယ်သူ့ကို သူက ကြောက်နေစရာ လိုမှာလဲ။

ထန် ထန် ထန် ထန်။

လင်းဟန်က ဂုံပုလွေအုပ်ထဲက ခြသေ့်တစ်ကောင်နဲ့ တူပါတယ်။ အဲဒီနောက် လူခြောက်ယောက်က သူနဲ့ ထိပ်တိုက်ရင်ဆိုင် ရမှာကိုတောင် အရမ်းကို ကြောက်ရွံ့ကုန်ပါတယ်။ သူ့ကို မတိုက်ခိုက်ခင် သူတို့အားလုံးက လင်းဟန်ရဲ့ ဘေးဘက်ကို ရှောင်လိုက်ကြပါတယ်။

ဓားတွေနဲ့ ဆေဘာဓား အလင်းရောင်တွေ လက်သွားပြီး သူတို့ထဲက တစ်ယောက်က ရုတ်တရက် နတ်ဘုရား သင်္ကေတ တစ်ခုနဲ့အတူ လှုပ်ခါလာခဲ့ပါတယ်။

နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားတဲ့ လက်နက်တွေက မရိုးရှင်းပါဘူး။ နတ်ဘုရား သင်္ကေတ တစ်ခုကို ရေးထွင်းထားတာကြောင့် စွမ်းအင်အပို တစ်ခုကို ပိုင်ဆိုင်ထားတယ်လို့ ဆိုလိုပါတယ်။

ဒါက နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

ဒါက လင်းဟာန်အနေနဲ့ တန်ခိုးရှင်ဘုံထဲမှာ နတ်ဘုရား ပစ္စည်းတစ်ခုကို ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပါပဲ။ သူက လန်းဆန်းတက်ကြွပြီးတော့ စိတ်ဝင်စားလာခဲ့ပါတယ်။

ဒီနတ်ဘုရား ပစ္စည်းက ပိုင်ဆိုင်ထားတဲ့ စွမ်းအားအပိုက မီးတောက်တွေ ဖြစ်ပါတယ်။ မီးတောက် လိုင်းတစ်ခုက ဓားသွား ဖြတ်သွားရာ လမ်းတစ်လျှောက်လုံးကို ရှင်းထုတ်သွားပါလိမ့်မယ်။ မီးတောက်တွေက အရမ်းကို ပါးလွှာပေမဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ မီးတောက်လိုင်းတစ်ခု သူ့ကို ထိမှန်ခံလိုက်ပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ လက်ကနေ မီးခိုးတွေ အူတက်လာခဲ့ပါတယ်။ သူလည်း အပူဟပ်ခံရတဲ့ ခံစားမှု တစ်ခုကို ရရှိသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါက နည်းနည်းလေး ပူရုံသက်သက်ပါပဲ။ ဒီမီးတောက်တွေက သူ့ရဲ့ အရင်က သူ့ရဲ့ခန္ဓာကိုယ်ကိုတောင် ဒဏ်ရာရနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် အခုလက်ရှိ သူ့ကို ဘယ်လိုလုပ် ဒဏ်ရာရစေနိုင်မှာလဲ။

ဒါပေမဲ့ တကယ်လို့ ဒီနတ်ဘုရား ပစ္စည်းရဲ့ အဆင့်က အနည်းငယ် မြင့်မားလာမယ်ဆိုရင်ရော။

လင်းဟန်က မသိမသာ ခေါင်းညိတ်လိုက်ပါတယ်။ သူက အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင် သူက သိပ်ပြီးတော့ အမှုမဲ့ အမှတ်မဲ့ မနေနိုင်ပါဘူး။ တကယ်တော့ လက်ရှိသူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေပါသေးတယ်။

လင်းဟန်က သူ့ရဲ့ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံကို ထုတ်ယူပြီးတော့ ဒီနတ်ဘုရား ပစ္စည်းကို လုယူနိုင်မလားဆိုတာ စမ်းသပ်ကြည့်လိုက်ပါတယ်။

ဟွမ်း။

ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံပေါ်က နတ်ဘုရား သင်္ကေတတွေက တောက်ပလာပြီး မိုးကောင်းကင်ပေါ်ကို တက်သွားကာ အဲဒီနတ်ဘုရား ပစ္စည်းကို ရင်ဆိုင်လိုက်ပါတယ်။

သူတို့က လက်ရည်ညီနေပါတယ်။

လင်းဟန်က မရည်ရွယ်ပဲ သက်ပြင်းချလိုက်မိပါတယ်။ ဒါကိုကြည့်ရတာ ကောင်းကင်ဘုံ ပြောင်းလဲခြင်း ကျောက်ဆုံရဲ့ အဆင့်က မဆိုးပါဘူး။ အဲဒီနတ်ဘုရား ပစ္စည်းကို မစုပ်ယူနိုင်ပေမဲ့ သူ့ရဲ့အဆင့်က အဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခုဆိုတာ

ပေါ်လွင်နေပါတယ်။ တကယ်လို့ ဒီကျောက်ဆုံရဲ့ အဆင့်က အရမ်းမြင့်မားနေရင် သူက ဘယ်လိုလုပ်ပြီးတော့ အသက်သွင်းနိုင်မှာလဲ။

ကျွမ်းငယ်လေး အထဲမှာ လင်းဟန်ရဲ့ ကြွယ်ဂမှုက အတော်လေးကို ပေါ်များလွန်းပါတယ်။ ကောင်းကင်ဘုံ ပြောင်းလဲခြင်းကျောက်ဆုံ၊ ကျိန်စာပုလင်း။ ဒီပစ္စည်းတွေကို တခြားသူတွေ တွေ့မြင်သွားရင် ဘယ်လောက်တောင် မနာလိုဖြစ်ပြီးတော့ သဂန်တိုနေလိမ့်လဲ။ ဒါပေမဲ့လည်း အခု သူတို့ကို ကြည့်လိုက်ရင် အဆင့်တစ် နတ်ဘုရားပစ္စည်း အဆင့်လောက်ပဲ ရှိပြီးတော့ တန်ခိုးရှင်ဘုံထဲမှာ အဆင့်အနိမ့်ဆုံး ပစ္စည်းတွေ ဖြစ်ပါတယ်။

လင်းဟန်က သူ့ရဲ့ အနက်ရောင် မူလသိုင်းဟန် သုံးမျိုး၊ မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ စွမ်းအားနဲ့ တခြားလျှို့ပှက်နည်းစနစ်တွေကို ထုတ်ဖော်ပြီး သူ့ရဲ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို လေ့လာစမ်းစစ် ကြည့်လိုကပါတယ်။

တကယ်လို့ သူက သိုင်းပညာ နည်းစနစ် နည်းနည်းလေးကို အသုံးမပြုပဲ သူ့ကိုယ်ပိုင် စွမ်းအား တစ်ခုတည်းကိုပဲ မှီခိုမယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးလုံး အဆင့်ကိုပဲ ရောက်နိုင်ပါတယ်။ သူ့ရဲ့ လျှို့ပှက်နည်းစနစ်တွေထဲက တစ်ခုကို

အသက်သွင်းလိုက်တဲ့ အချိန်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးပွင့် အဆင့်မှာပဲ ရှိနေပါသေးတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ငါးပွင့် အဆင့်ကို မမြင့်တင်နိုင်ခဲ့ပါဘူး။

သူ့ရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားတွေ တော်တော်များများကို အတူတကွ အသက်သွင်းလိုက်တဲ့ အချိန်မှာပဲ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ငါးပွင့် အဆင့်ကို ထိုးတက်သွားခဲ့ပါတယ်။

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် တန်ခိုးရှင်ဘုံမှာ အဆင့်မြင့်တင်ဖို့ဆိုတာက ဘယ်လောက်တောင် ခက်ခဲသလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ လင်းဟန်က သူ့ရဲ့ စွမ်းအားကို စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ မြင့်တင်နိုင်ခဲ့မှုနဲ့ ပတ်သက်ပြီး ဂမ်းမြောက်ဂမ်းသာ ဖြစ်ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အခုချိန် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အခုချိန်မှာ အမြင့်ဆုံး ကြယ်လေးပွင့် အဆင့်ထိပဲ ရောက်နိုင်ပါလိမ့်မယ်။

"ဒါပေမဲ့လည်း ငါက အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို မစမ်းသပ်ရသေးဘူး"

လင်းဟန်က သူ့ဘာသာသူ တွေးလိုက်ပါတယ်။ သူက ဒါကို စမ်းသပ်ဖို့ စိတ်ကူးမထားပါဘူး။ ဒီမြားက သူ့ခန္ဓာကိုယ်ထဲက စွမ်းအားတွေ အားလုံးကို ခမ်းခြောက်သွားစေပါလိမ့်မယ်။ ပြီးတော့ ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ပြီးတဲ့နောက်မှာ ပြန်လည်ကောင်းမွန်လာဖို့ အချိန်တွေ အများကြီး ပေးရပါလိမ့်မယ်။

နောက်ပြီး ဒီလူခြောက်ယောက်ရဲ့ ခွန်အားကလည်း အရမ်းကို အားနည်းပါတယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် သူက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားရဲ့ အကန့်အသတ်ကို ဆုံးဖြတ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"ဒါဆိုရင်လည်း ကျိန်စာများရဲ့ ပုလင်းကို နောက်တစ်ကြိမ် စမ်းသပ်ကြည့်တာပေါ့"

လင်းဟန်က သူတို့ခြောက်ယောက်စလုံးကို ဒဏ်ရာဖြစ်စေပြီး သူတို့ရဲ့ သွေးတွေကို ကျိန်စာများရဲ့ ပုလင်းထဲမှာ စုလိုက်ပါတယ်။ အဆုံးမှာ လူတစ်ယောက်ကို သတ်ပစ်လိုက်ပြီး နှစ်ယောက်က သူတို့ရဲ့ လက်တွေ ခြေထောက်တွေကို ပုပ်သိုးဆွေးမြေ့စေပါတယ်။ ကျန်နေတဲ့ သုံးယောက်ကတော့ မူးနောက်သွားရုံသာ ဖြစ်သွားခဲ့ပါတယ်။

ဒီလောက်ဆို လုံလောက်ပါပြီ။ ကျိန်စာများရဲ့ ပုလင်းကလည်း အဆင့်နိမ့် နတ်ဘုရား ပစ္စည်း တစ်ခု ဖြစ်ပါတယ်။

"အချိန်ဖြုန်းတာ တော်လောက်ပြီ"

လင်းဟန်က သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို မြှင့်တင်လိုက်ပြီး ကျိန်စာများရဲ့ ပုလင်းကြောင့် ခြေတွေ လက်တွေ ပုပ်သိုးဆွေးမြေ့ကုန်တဲ့ လူနှစ်ယောက် အလျင်အမြန် သုတ်သင်လိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ဓားကို ပွေ့ယမ်းပြီး တတိယမြောက်လူကို သတ်လိုက်ပါတယ်။ ဒါတွေ လုပ်ပြီးတဲ့ နောက်မှာ တောင်မြစ်အဆင့် ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ ပြိုင်ဘက်နှစ်ယောက်ပဲ ကျန်ပါတော့တယ်။

လူနှစ်ယောက်က အကြည့်ချင်း ဖလှယ်လိုက်ပြီး တစ်ယောက်မျက်နှာပေါ်မှာ တစ်ယောက် ထိတ်လန့်တုန်လှုပ်မှုတွေကို တွေ့မြင်နိုင်ပါတယ်။ သူတို့က ချက်ချင်းပဲ ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးသွားပြီး နှစ်ယောက်စလုံးက မတူညီတဲ့ ဦးတည်ရာ နှစ်ခုဆီကို ခွဲပြီးပြေးကြပါတယ်။

"ဟင့်"

လင်းဟန်က စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို အသုံးပြုလိုက်ပြီး ဘယ်ဘက်မှာ ရှိတဲ့ လူရဲ့မျက်နှာ အမူအရာက ရုတ်တရက် အေးခဲသွားပါတယ်။ လင်းဟန်က လိုက်လို့မှီသွားတာနဲ့ မြေကမ္ဘာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်နဲ့ သူ့ပြိုင်ဘက်ရဲ့ ခေါင်းကို ရိုက်ချလိုက်ပြီး ချက်ချင်းဆိုသလို သူ့ရဲ့စိတ်ကို ချေမှုန်းလိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီအချိန်အတွင်းမှာ ညာဘက်ခြမ်းက လူက မီတာသုံးရာကျော် အကွာအဝေးကို ထွက်ပြေးရောက်ရှိသွားခဲ့ပါပြီ။

လင်းဟန်က လေးတစ်ချောင်းကို ထုတ်ပြီးတော့ သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို အသက်သွင်းလိုက်ပါတယ်။

ဟူး။

မြားတစ်ချောင်းကို ပစ်လွှတ်လိုက်ပါပြီ။

သူက အဆုံးမဲ့ မြားကို အသုံးမပြုခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီမြားက အရမ်းကို ကြောက်စရာ ကောင်းနေပါသေးတယ်။ ပြီးတော့ ထွက်ပြေးသွားတဲ့လူက ပြန်လှည့်ပြီးတော့ ခုခံဖို့ သတ္တိ မရှိခဲ့ပါဘူး။ သူက ဒီလိုမျိုး တိုက်ခိုက်မှုတွေကို သူပြေးနေတဲ့ အချိန်မှာ ဘယ်လိုမျိုး ရှောင်တိမ်းရမလဲ ဆိုတာကိုရော သိနိုင်ပါ့မလား။

ဖူး။

မြားက သူ့ခန္ဓာကိုယ်ကို ထိုးဖောက်သွားပြီး သူ့နှလုံးသားကို စိုက်ဝင်သွားခဲ့ပါတယ်။

အဲဒီလူက မှင်တက်သွားပြီးတော့ အနောက်ကို လှည့်လာပြီး သူ့ပုံစံကို ကြည့်ရတာ တစ်ခုခုကို ပြောချင်နေပုံ ရပါတယ်။

ပုန်း။

ဒါပေမဲ့လည်း သူ့ရဲ့ ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲသွားပြီး အရမ်းကို လျင်မြန်စွာနဲ့ သေဆုံးသွား ခဲ့ပါတယ်။

"အထင်ကြီးစရာပဲ"

လင်းဟန်က လျှောက်လာပြီး သူ့ရဲ့မြားကို ပြန်သိမ်းလိုက်ပါတယ်။ သူက ဒီမြားကို အမှောင်ည ခန်းမရဲ့ လုပ်ကြံသတ်ဖြတ်သူဆီက ရရှိထားခဲ့တာ ဖြစ်ပါတယ်။ အစတုန်းကတော့ သူက နတ်ဘုရား သင်္ကေတတွေ စိမ့်ဝင်နေတဲ့ ဒီမြားရဲ့ ထက်ရှမှုကို သတိမပြုမိခဲ့ပါဘူး။

ကံကောင်းတဲ့အချက်က သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သင့်တင့်အောင် သန်စွမ်းနေလို့ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်

အဲဒီအချိန်တုန်းက ဒီမြားချက်ကြောင့်င သူက အခုချိန် ဒီနေရာမှာ ရပ်နေဖို့ အခွင့်အရေးတောင် ရှိလိမ့်မှာ မဟုတ်ပါဘူး။

"ဒါက အရေးကြီးတဲ့ သင်ခန်းစာ တစ်ခုပဲ"

လင်းဟန်က သူ့ဘာသာသူ တီးတိုးရွတ်ဆိုလိုက်ပါတယ်။

"ငါ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အစွမ်းထက်တာနဲ့ပဲ ငါက မဆင်မခြင် ဖြစ်နေလို့ မရနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့သေတွင်းကို ငါ့ဘာသာ တူးနေရလိမ့်မယ်"

လူခြောက်ယောက်ရဲ့ သိုလှောင်ပစ္စည်းတွေကို ရှာဖွေပြီးတဲ့ နောက်မှာတော့ သူက အစစ်အမှန် မူလကျောက်တုံး ရာဂဏန်း အနည်းငယ်ကို တွေ့ရှိသွားခဲ့ပါတယ်။ ဒါက ချမ်းသာမှု နည်းနည်းတစ်ခု ဖြစ်ပါတယ်။ သူ့ကို ကျေနပ်သွားစေတာက အဲဒီမှာ စိတ်ဂိညာဉ်အသား အပိုင်းအစ သုံးခုနဲ့ တောင်မြစ်ကျောက်တုံး နှစ်တုံးလည်း ရှိနေပါတယ်။

"လူတွေအများကြီးကို တိုက်ခိုက်လုယူပြီး သတ်ပစ်တာ အံ့သြစရာ မရှိတော့ဘူး။ အဲဒါက အရမ်းကို လျင်လျင်မြန်မြန်နဲ့ ချမ်းသာကြွယ်ဝစေတဲ့ နည်းလမ်းပဲ"

"ဒါပေမဲ့လည်း တခြားသူတွေကို မင်းက သတ်ပစ်နိုင်သလို တခြားသူတွေကလည်း မင်းကို သတ်ပစ်နိုင်တာပဲ။ ဒါက အဆုံးမရှိတဲ့ ပျက်စီးခြင်းနဲ့ သံသရာလည်ပတ်ခြင်း တစ်ခုပဲ"

"ငါကတော့ တခြားသူတွေကို တိုက်ခိုက်လုယူဖို့ စိတ်မဝင်စားဘူး။ ဒါပေမဲ့လည်း တကယ်လို့ တစ်ယောက်ယောက်က မျက်စိကန်းပြီး ငါ့ကို ပစ်မှတ်ထားလာရင်တော့လား အဟဲ"

အဲဒီ နတ်ဘုရားမားကလည်း လင်းဟန်ကို အတော်လေး ကျေနပ်စေပါတယ်။ ဒါပေမဲ့လည်း သူက ဒီနေရာမှာ အသုံးမပြုပုံ့ပါဘူး။ ဒါမှမဟုတ် သူက ဒီလူခုနစ်ယောက် အုပ်စုကို သတ်တဲ့လူက သူပဲဆိုတာကို ကမ္ဘာကြီးကို ကြေညာလိုက်သလို ဖြစ်သွားပါလိမ့်မယ်။ ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ တိုက်ပွဲတွေနဲ့ သတ်ဖြတ်ခြင်းက ရှောင်လွှဲလို့ မရဘူးဆိုတာ သိနေကြပေမဲ့ အရမ်းကို ထုတ်ဖော်ကြွားဝါတာမျိုးက အကြံဉာဏ်ကောင်း တစ်ခုတော့ မဟုတ်ပါဘူး။

"ငါအပြင်ကို ပြန်ရောက်တဲ့ အချိန်မှပဲ စမ်းသပ်ကြည့်တော့မယ်"

လင်းဟန်က သူ့ရဲ့ ဦးတည်ချက်ကို သေသေချာချာ ဆုံးဖြတ်လိုက်ပါတယ်။ ဒီနေရာမှာ နေတွေ လတွေ မရှိပါဘူး။ ပြီးတော့ အရှေ့အနောက် တောင်မြောက် အားလုံးကလည်း

ဆက်စပ်နေပါတယ်။ ဒီဉီးတည်ချက်တွေက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ရှာဖွေစုံစမ်းပြီးမှ ဖြစ်ပေါ်လာတဲ့ ဆုံးဖြတ်ချက် ဖြစ်ပါတယ်။

သူက စွေ့ရန်ယွိရဲ့ မြေပုံကို ပြန်စဉ်းစားလိုက်ပါတယ်။ ဒါကြောင့် မြေပြင်အနေအထားကို လေ့လာပြီးတဲ့နောက်မှာ သူက ကြက်သွေးရောင် ရေကန်ရဲ့ ဉီးတည်ချက်ဆီကို လျှောက်လာခဲ့ ပါတယ်။

"ပူး ပူး ပူး "

အချိန်သိပ်မကြာခင်မှာ အံ့ဩထိတ်လန့်ဖွယ်ရာကောင်းတဲ့ အသံနက်ကြီး တစ်ခုက သူ့ဘေးနားက သစ်ပင်တွေ ထူထဲစွာ ပေါက်ရောက်နေတဲ့ နေရာကနေ ထွက်ပေါ်လာခဲ့ပါတယ်။ အသံက တစ္ဆေသရဲတစ်ကောင်ရဲ့ အော်ညည်းသံနဲ့ တူပါတယ်။

Chapter 956 end

အပိုင်း(957) ဘာတစ္ဆေသရဲလဲ

လင်းဟန်ရဲ့ နှလုံးသားက ရုတ်တရက် လန့်ဖျပ်သွားခဲ့ပါတယ်။

လျို့ဝှက်ဆန်းကြယ် ဘုံထဲမှာ ထူးခြားတဲ့ သက်ရှိ မွန်းစတား အမျိုးအစားအစုံက ပေါ်ထွက်လာ နိုင်ပါတယ်။

တစ္ဆေသရဲတစ်ကောင် ထွက်ပေါ်လာတာကလည်း ထူးဆန်းမှုတစ်ခုတော့ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း သိချင်စိတ် ပြင်းပြတာက ကြောင်ကို သေစေတယ် ဆိုသလိုပဲ သူက သတ္တိရှိပြီး အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ ဒါကြောင့် သူက သစ်ပင်တွေ ကြားထဲကို တဖြည်းဖြည်း ရွေ့လာခဲ့ပါတယ်။ သူက ခြေသံကို ထိန်းပြီးတော့ နင်းလျှောက်ပြီး သူ့ရဲ့ နတ်ဘုရားဓားကိုတောင် ဆွဲထုတ်ထားပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုက အထူးတလည် သတိထားနေပါတယ်။

သစ်ပင်တွေရဲ့ အစပ်နားကို ရောက်လာတဲ့ အချိန်မှာ သူက ရှည်လျားတဲ့ မြက်ပင်တွေကို အသာလေး ဖြဲပြီးတော့ ကြည့်လိုက်ပါတယ်။ သူ့မြင်ကွင်းထဲမှာ အဖြူရောင် ဂုတ်စုံနဲ့ လူတစ်ယောက် ရှိုက်ငိုနေတာကို တွေ့လိုက်ရပါတယ်။ ဒါက တကယ့်ကို ကြောက်စရာကောင်းတဲ့ အရာတစ်ခုဖြစ်ပြီး သူမှာ ခေါင်းမရှိပါဘူး။

"ဒါ တကယ် တစ္ဆေတစ်ကောင်ပဲလား"

လင်းဟာန်က သူ့လက်ထဲက ဓားကို ဆုပ်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်တဲ့ ခံစားမှု တစ်ခု ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါက

ကြောက်ရွံ့မှု ခံစားချက်တစ်ခု မဟုတ်ပါဘူး။ ဒါက စိတ်လှုပ်ရှားမှု တစ်ခုသာသာပါပဲ။

သူက အရင်တုန်းက တခွေ့သရဲ တစ်ကောင်ကို မသတ်ခဲ့ဖူးပါဘူး။

ရွှစ်။

သူက အရှေ့ကို ခုန်လိုက်ပြီး သူ့ဓားအလင်းရောင်က တောက်ပသွားခဲ့ပါတယ်။

"ဟင်"

အဖြူရောင် ပုံရိပ်က ရုတ်တရက် သူမရဲ့ခေါင်း မော့လာခဲ့ပါတယ်။ သူမမှာ ခေါင်းမရှိဘူးလို့ ဘယ်သူပြောတာလဲ။ သူမရဲ့ ခေါင်းက အရမ်းကို အောက်ငုံ့နေတာကြောင့် မရှိဘူးလို့ ထင်ရတာ ဖြစ်ပါတယ်။ နောက်ပြီး သူမရဲ့ လက်တွေကလည်း သူမရဲ့ လည်ပင်းအနောက်မှာ ဖုံးအုပ်ထားတာကြောင့် သူက သူမရဲ့ အဖြူရောင် အဝတ်အစားကိုပဲ တွေ့မြင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က သူမကို ခေါင်းမရှိဘူးလို့ မှားယွင်းပြီး ထင်မြင်နေခဲ့တာ ဖြစ်ပါတယ်။

သူမက နံပါတ်ကိုးဘုရင် ဟူဖေးယွင် ဖြစ်ပါတယ်။

ဒီမိန်းကလေးရဲ့ မျက်နှာပေါ်မှာ မျက်ရည်တွေ ဖုံးနေပြီး သူမရဲ့ အမူအရာကလည်း မှင်တက်တွေဝေ နေပုံ ရပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ ဓားအလင်းရောင်ရဲ့ ရောင်ပြန်ဟပ်မှုကို တွေ့မြင်လိုက်ရတဲ့ အခါမှာ သူမရဲ့ နုနယ်သိမ်မွေ့တဲ့ ပါးစပ်က ရုတ်တရက် ဟသွားပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ မှင်တက်အံ့ဩနေတဲ့ အမူအရာတစ်ခု ဖြစ်သွားပြီး သူမက ဟန့်တားဖို့ ဒါမှမဟုတ် ရှောင်တိမ်းဖို့ နည်းနည်းလေးမှတောင် မလုပ်ဆောင်ခဲ့ပါဘူး။

လင်းဟန်အတွက်တော့ သူ့တိုက်ခိုက်မှုကို ရပ်လိုက်ဖို့ အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ ဒါကြောင့် သူက အရှေ့ကို တိုးပြီးတော့ သူ့ဓားသွားထိပ်ကို ဟူဖေးယွင်ရဲ့ မျက်နှာဘယ်ဘက်ဘေးကနေ ဖြတ်ကျော်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ အလင်းရောင် တစ်ချက် လက်သွားပြီး ဟူဖေးယွင်ရဲ့ ဂုတ်စုံက လေထဲမှာ တဖျပ်ဖျပ် ခတ်သွားပါတယ်။

ဖူး ဖူး ဖူး။

ဓားအလင်းတန်း ဖြတ်သွားပြီးတဲ့နောက်မှာ ဟူဖေးယွင်ရဲ့ အနောက်မှာရှိတဲ့ သစ်ပင်ကြီးတွေ အနည်းဆုံး တစ်ရာလောက်က ပေါင်းပြီးတော့ ခုတ်ဖြတ်ခံလိုက်ရသလိုပါပဲ။

ဟူဖေးယွင်က တဒင်္ဂမှင်တက်အံ့သြသွားပြီးမှ ရုတ်တရက် သူမရဲ့ အသိစိတ်တွေ ပြန်ဝင်လာပြီး ထခုန်လိုက်မိပါတယ်။ သူမက မျက်ရည်တွေကို သုတ်ပြီးတော့ ရှုံ့ကိုင်ရင်း ပြောလိုက်ပါတယ်။

"နင် နင် ဘာဖြစ်လို့ ငါ့ကို တိုက်ခိုက်တာလဲ"

သူမရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာပေါ်မှာ စိတ်ထိခိုက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လို့ နေပါတယ်။

"ဒါ ဒါက"

လင်းဟန်က မချိပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါက မင်းကို တစ္ဆေသရဲ တစ်ကောင်လို့ ထင်လို့ပါ"

"ငါက သရဲတစ်ကောင် မဟုတ်ပါဘူး"

သူမက ထိတ်ထိတ်ပျာပျာ ဖြစ်သွားတဲ့ ပုံစံနဲ့ သူမခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ အမူအရာက ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားတဲ့ ပုံစံမျိုး ဖြစ်သွားပြီး လင်းဟန်ကို မေးလိုက်ပါတယ်။

"ဒီနေရာမှာ သရဲတွေ ရှိလားဟင်"

သူမက အရမ်းကို တုန်လှုပ်ချောက်ချားနေပြီးတော့ တသိမ့်သိမ့် တုန်လာခဲ့ပါတယ်။

လင်းဟန်က သူမလို ငယ်ရွယ်တဲ့ မိန်းကလေးက ဘယ်လိုလုပ်ပြီး နံပါတ်ကိုး ဘုရင် ဖြစ်လာတယ် ဆိုတာကို မယုံကြည်နိုင်အောင် ဖြစ်နေရပါတယ်။ သူမက ဘယ်ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်ကိုလည်း အမိန့်ပေးနိုင်ပါတယ်။

သူက ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"မရှိလောက်ပါဘူး"

"ဆိုလိုတာက ရှိဖို့အခွင့်အရေးတစ်ခု ရှိတယ်ပေါ့"

ဟူဖေးယွင်ပုံစံကို ကြည့်ရတာ ဒီလိုမျိုး အဓိပ္ပါယ် နှစ်ခွထွက်တဲ့ စကားတွေကို မရမက နိုက်နိုက်ချွတ်ချွတ် ရှာကြံမေးမြန်းတတ်ပုံ ရပါတယ်။

"တကယ်လို့ ဒီနေရာမှာ တစ္ဆေသရဲတွေ ရှိတယ်ဆိုရင်တောင် ဘာမှကြောက်နေစရာ မလိုပါဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"လူတွေ ပြောကြတာတော့ လိပ်ပြာသန့်တဲ့ လူတွေက တစ္ဆေသရဲတစ်ကောင် လာပြီးတော့ တံခါးခေါက်တဲ့ အချိန်မှာ ကြောက်နေစရာ မလိုဘူးတဲ့"

"အာ သရဲအကြောင်း ဆက်ပြီးတော့ မပြောနဲ့တော့"

ဟူဖေးယွင်ရဲ့ လှပတဲ့ မျက်နှာလေးက ချက်ချင်းဆိုသလို ထိတ်လန့်မှုကြောင့် ဖြူဖပ်ဖြူရော် ပြောင်းသွားခဲ့ပါတယ်။

"ငါ အရင်က အစ်မတွေသောက်မဲ့ စိတ်ငြိမ်ဆေးရည်ထဲကို ဂမ်းနတ်ဆေးတွေ ထည့်ခဲ့တယ်။ ငါ့ကို တစ္ဆေသရဲတွေ ဒုက္ခပေးတော့မှာပဲ။ အဟင့် အဟင့် အဟင့်"

လင်းဟန်က တဒင်္ဂလောက် ဆွံ့အသွားခဲ့ပါတယ်။ သူက သူမကို နှစ်သိမ့်ဖို့ ကြိုးစားတဲ့ အနေနဲ့ ပြောလိုက်ပါတယ်။

"အဆင်ပြေပါတယ်။ ဒီလိုမျိုး လုပ်တာလောက်က တစ္ဆေသရဲတွေရဲ့ အာရုံကို ဆွဲဆောင်ဖို့ မလုံလောက်ဘူး။ တစ္ဆေသရဲတွေက အချိန်ဖြုန်းလိမ့်မယ်လို့ မင်းထင်နေတာလား"

"တစ္ဆေသရဲတွေက အချိန်ဖြုန်းလား မဖြုန်းဘူးလားဆိုတာကို နင်က ဘယ်လိုလုပ် သိတာလဲ။ နင်အရင်တုန်းက သရဲမြင်ဖူးလို့လား"

ဟူဖေးယွင်ရဲ့ ထိတ်လန့်တုန်လှုပ်နေတဲ့ မျက်နှာပေါ်မှာ သိချင်စိတ်ပြင်းပြတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က သူမကြောင့် ရှုးသွပ်လုနီးပါး ဖြစ်နေပါတယ်။ သူက ခေါင်းစဉ်ကို အလျင်အမြန် ပြောင်းလိုက်ပြီးတော့ မေးလိုက်ပါတယ်။

"နံပါတ်ကိုးဘုရင် ဒီနေရာမှာ ဘာဖြစ်လို့ ငိုနေတာလဲ။ မင်းရဲ့ အစောင့်သုံးယောက်ရော ဘယ်ရောက်သွားလဲ"

ဟူဖေးယွင်က ချက်ချင်းပဲ သူ့မေးခွန်းကို ကြားလိုက်ရတဲ့ အခါမှာ နောက်ထပ်တစ်ကြိမ် စတင်ငိုကြွေး လိုက်ပါတယ်။

"တင်းချင်နဲ့ ယုရှန်တို့ နှစ်ယောက်စလုံး သေသွားပြီ အဟင့် အဟင်။ သူတို့တွေက ငါ့ကိုကာကွယ်ဖို့ ကြိုးစားရင်းနဲ့ မကောင်းဆိုးဝါး သားရဲတစ်ကောင်စားတာကို ခံလိုက်ရတယ်"

လင်းဟာန်က သူမရဲ့ စကားကြောင့် အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ကြယ်ဥက္ကာ အင်ပါယာ ကောရီဘုရင်မရဲ့ နံပါတ်ကိုး ဘုရင်အပေါ် ချစ်ခင်မှုကို အခြေခံကြည့်လိုက်ရင် သူမခန့်အပ်ပေးတဲ့ အမျိုးသမီး အစောင့်အရှောက်တွေက သေချာပေါက် သာမန်တွေတော့ မဟုတ်နိုင်ပါဘူး။ ကနဦး အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပြီးတော့ သူတို့ရဲ့

တိုက်ပွဲစွမ်းရည်တွေက လျို့ဝှက်နည်းစနစ်တွေကို အသုံးပြုလိုက်ရင် ကြယ်သုံးပွင့် ဒါမှမဟုတ် ကြယ်လေးပွင့် ပါရမီရှင်တွေ အဆင့်ထိတောင် မြှင့်တင်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူတို့သုံးယောက်က သူတို့ပြိုင်ဘက်အတွက် ယှဉ်လို့မရနိုင်သေးပါဘူး။ အဲဒီ မကောင်းဆိုးဝါး မိစ္ဆာသားရဲက ဘယ်လောက်အစွမ်းထက်လိမ့်မလဲ။

သူ့ရဲ့တိုက်ပွဲစွမ်းရည်က အနည်းဆုံး အထွတ်အထိပ် အဆင့်မြင့်မှာ ရှိနိုင်ပါတယ်။ သူက နောက်ပိုင်းအဆင့် ဒါမှမဟုတ် ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်ကိုတောင် ရောက်နေပါ လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အစောင့်သုံးယောက်စလုံးကို အသက်ရှင်သန်တဲ့သူ မကျန်အောင် သတ်ပစ်နိုင်စရာအကြောင်း မရှိပါဘူး။

တကယ်လို့ လင်းဟန်က ဒီလိုမျိုး အကောင်တစ်ယောက်နဲ့ အမှတ်မထင် တွေ့ဆုံမိမယ်ဆိုရင် သူ့ရဲ့ တစ်ခုတည်းသော တာဝန်က ထွက်ပြေးဖို့ပါပဲ။ ပြင်းထန်အဆင့်မြင့်ရဲ့ တိုက်ပွဲစွမ်းရည် တစ်ခုရှိတဲ့ လူတစ်ယောက်က အဆင့်နှစ် နတ်ဘုရား သတ္တုကိုတောင် ထိခိုက်စေနိုင်တဲ့ အခွင့်အရေး ရှိပါတယ်။ နောက်ပြီး သူ့ရဲ့ စိတ်ဝိညာဉ်ကလည်း အများကြီး

မတိုးလာသေးပါဘူး။ ဒါကြောင့် စိတ်ဂိညာဉ် နိမ့်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကလည်း နည်းနည်းလေးတောင် အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

"မင်းကို ကာကွယ်တာက သူတို့ရဲ့ တာဝန်ပဲလေ။ အခု မင်းလုံခြုံနေတယ်ဆိုတော့ သူတို့လည်း ငြိမ်းချမ်းစွာနဲ့ အနားယူနိုင်ကြမှာပါ"

လင်းဟန်က သူမကို နှစ်သိမ့်ပေး လိုက်ပါတယ်။

"အဟင့် အဟင့် ဒါပေမဲ့ ငါတကယ်ကို ဝမ်းနည်းနေသေးတယ်"

ဟူဖေးယွင်က သူမရဲ့ မျက်ရည်တွေကို သုတ်ပြီးတော့ ရှိုက်ငိုနေပါတယ်။

"ကောင်းပြီ ကောင်းပြီ။ တကယ်လို့ မင်းဆက်ပြီးတော့ ငိုနေဦးမယ်ဆိုရင် အလှတွေ ပျက်ကုန်လိမ့်မယ်"

လင်းဟန်က တခြားသူတွေကို ချော့မော့တဲ့ နေရာမှာ မတော်ပါဘူး။ နောက်ပြီး ဟူးညိုနဲ့ နှိုင်းယှဉ်ကြည့်လိုက်တဲ့ အချိန်မှာ ဟူးဖေယွင်က ကလေးတစ်ယောက်နဲ့ တူပြီးတော့ ဟူးညိုက အရွယ်ရောက်နေသူ တစ်ယောက်နဲ့ တူပါတယ်။

ဒါပေမဲ့လည်း ဒီမှတ်ချက်က ဟူဖေးယွင်အပေါ်မှာ အတန်အသင့် အကျိုးသက်ရောက်မှု ရှိပုံ ရပါတယ်။ သူမက အလျင်အမြန်ပဲ မျက်ရည်တွေ သုတ်ပြီးတော့ သူမရဲ့ ငိုကြွေးနေတဲ့ မျက်နှာကနေ ရိုးရိုးတန်းတန်းပုံစံ ပြန်ဖြစ်သွားပါတယ်။ သူမက မှန်တစ်ချပ်ကို ထုတ်ပြီးတော့ ကြည့်လိုက်ပါတယ်။ အဲဒီနောက် စိတ်ထိခိုက်တဲ့ အမူအရာတစ်ခုက သူမရဲ့ မျက်နှာပေါ်မှာ ပေါ်လာပြီး နောက်တစ်ကြိမ် ထပ်ငိုကြွေးပါတော့တယ်။

"ငါတကယ် ပိုပြီးတော့ ရုပ်ဆိုးသွားပြီ"

"မဟုတ်ဘူး မဟုတ်ဘူး။ မင်းက အရမ်းကို လှတယ်"

လင်းဟန်က အလျင်အမြန်ပဲ အစားအသောက်တချို့ကို ထုတ်ပြီးတော့ ပေးလိုက်ပါတယ်။

"ရော့ရော့ ဒီမှာ နည်းနည်းလောက်စားလိုက်"

တကယ်လို့ သူမက ဟူးညီသြာဆိုရင် ဘာတွေဖြစ်ပျက်ခဲ့လဲ ဆိုတာကို မေ့ပြီးတော့ စပ်ဖြဲဖြဲ ပြုံးပြပါလိမ့်မယ်။ ဒါပေမဲ့လည်း နံပါတ်ကိုး ဘုရင်က အစားအသောက်မက်တဲ့သူ တစ်ယောက် မဟုတ်ပါဘူး။ သူမရဲ့ အမူအရာက နည်းနည်းလေးမှ သက်သာရာ ရသွားပုံ မပေါ်ပါဘူး။

"ဒါဆိုရင် ဒီနေရာမှာ ထိုင်ပြီးတော့ စောင့်နေလိုက်"

လင်းဟန်က ပြောလိုက်တယ်။

"အချိန်ကျလာရင် မင်း ထွက်သွားလို့ ရလိမ့်မယ်"

"ဟင့်အင်း"

ဟူဖေးယွင်က ချက်ချင်းပဲ ထခုန်ပြီးတော့ သူ့အကျီလက်မောင်းစကို ဆုပ်ကိုင်လိုက်ပါတယ်။

"ငါကြောက်တယ်။ ငါတစ်ယောက်တည်း မနေရဲဘူး"

သူမကို ကြည့်ရတာ အရမ်းကို သနားစရာကောင်းပြီးတော့ လမ်းပျောက်နေတဲ့ မိန်းကလေးငယ် တစ်ယောက်နဲ့ တူပါတယ်။

လင်းဟန်က ဒီလိုမျိုး လူတစ်ယောက်ဟာ အနာဂတ်မှာ ပင်လယ်တွေကို အမိန့်ပေးနိုင်မဲ့ ထိပ်တန်း လက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်မယ်ဆိုတာကို ယုံကြည်ဖို့ ခက်ခဲပါတယ်။

ဒါပေမဲ့လည်း အရင် ဘုရင်ရှစ်ပါးလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိသွား ခဲ့ပါတယ်။ ဒီပုံစံအနောက်ကို လိုက်ပြီးတော့ သူမကလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်သွားခဲ့ရင် ဖြစ်ရိုးထုံးစံ တစ်ခုပါပဲ။

"ကောင်းပြီလေ။ ဒါဆိုရင် မင်းငှါအနောက်ကို လိုက်ရင်ရော ဘယ်လိုလဲ"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။ ကံကောင်းတာက ဒီမိန်းကလေးက ကလေးဆန်ပြီး အရိုးခံ အမျိုးအစား တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူမက ကလက်တက်တက်နဲ့ ညို့ယူတတ်တဲ့ ပုံစံမျိုးဆိုရင် သူမက သေချာပေါက် လူတစ်ယောက်ကို သေအောင်လို့ ညို့ယူနိုင်စွမ်း ရှိပါလိမ့်မယ်။

ကျေးဇူးတင်ရမှာက ကြက်သွေးရောင် ရေကန်ဆီကို သူရောက်တဲ့ အချိန်ကျရင် သူမကို စွေ့ရန်ယွီရဲ့ လက်ထဲကို အပ်လိုက်လို့ ရနိုင်ပါတယ်။

ဟူဖေးယွင်က လင်းဟန်ရဲ့ စကားတွေကို ကြားလိုက်ရတဲ့ အခါမှာ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမက သူ့ရဲ့အကျီလက်စကို လွှတ်ပေးမဲ့ပုံ မမြင်ပါဘူး။ ကြည့်ရတာ သူက ရုတ်တရက် ထွက်ပြေးသွားမှာကို သူမက ကြောက်နေပုံ ပေါ်ပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ သူနဲ့အတူ ဒီကလေးဆန်တဲ့ ကောင်မလေးကို ခေါ်လာခဲ့ ပါတယ်။ ကံကောင်းတာက သူတို့ဟာ ကြက်သွေးရောင် ရေကန်နဲ့ အတော်လေးကို နီးနေပြီ

ဖြစ်တာကြောင့် တစ်ရက်ခရီး ဒါမှမဟုတ် နှစ်ရက်ခရီးလောက်ပဲ သွားရပါလိမ့်မယ်။

အချိန်အတော်ကြာ လျှောက်လာပြီးတဲ့နောက်မှာ သူတို့အရှေ့မှာ ကျောက်ဆောင်တွေ ပေါများတဲ့ တောင်တစ်လုံး ပေါ်လာခဲ့ပါတယ်။ တချိန်တည်းမှာပဲ တောင်ထိပ်ဆီကနေ သားရဲတစ်ကောင်ရဲ့ အူသံကိုလည်း ကြားလိုက်ရပါတယ်။ ကြည့်ရတာ သားရဲကောင်က ဒီနေရာဟာ သူ့ပိုင်နက်လို့ ကြေညာနေပုံ ရပါတယ်။

"အဲဒါ ဟို မကောင်းဆိုးဝါး သားရဲကောင်ပဲ"

ဟူဖေးယွင်က ချက်ချင်းပဲ နောက်တွန့်သွားပြီး လင်းဟန်အနား ကပ်သွားပါတယ်။

"အဲဒီကို မသွားနဲ့ နင်အစားခံလိုက်ရမယ်"

"ပိုပြီးတော့ စိတ်ချမ်းသာစေနိုင်မဲ့ စကားတွေကို မင်းက မပြောနိုင်ဘူးလား"

လင်းဟန်က ခဏလောက် စဉ်းစားလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့က ဒီနေရာကို ဖြတ်သွားရုံပဲ ရည်ရွယ်ထားတယ်။ ဒါကြောင့် အဲဒီမို့စ္စာသားရဲကောင်နဲ့ တွေ့စရာ မလိုဘူး။ ငါတို့တွေ အတတ်နိုင်ဆုံး ခိုးကြောင်ခိုးဝှက်နဲ့ သွားကြတာပေါ့"

ဟူးဖေယွင်က ခေါင်းညိတ်ပြီးတော့ သဘောတူလိုက်ပါတယ်။ သူမမှာ သတ္တိလုံးဝ မရှိပါဘူး။

ဒီနေရာက တောင်တွေက မြင့်မားပြီး မတ်စောက်ပါတယ်။ သူတို့က ကျောက်တုံးတွေ အများကြီး အနောက်မှာ ပုန်းခိုပြီးတော့ ဖြတ်လာခဲ့ပါတယ်။ သူတို့ဖြတ်လာခဲ့ အချိန်မှာ တောင်ရဲ့ထိပ်မှာ သားရဲတစ်ကောင် လဲလျောင်းနေတာကို လင်းဟာန်က တွေ့မြင်လိုက်ပါတယ်။ သားရဲပုံစံက ဂံပုလွေ တစ်ကောင်ရဲ့ ပုံသဏ္ဍာန်ရှိပြီး သူ့ကျောဘက်မှာ ရောမ အနက်ရောင် အတောင်ပံတစ်စုံ ရှိပြီး ခေါင်းသုံးလုံးတောင် ရှိပါတယ်။ ခေါင်းသုံးလုံးက ရွှေရောင် ငွေရောင်နဲ့ အနီရောင်တွေ ရှိပြီးတော့ သူ့ပုံစံက မယုံနိုင်စရာကောင်းလောက်အောင် ထူးခြားဆန်းကြယ်တဲ့ ပုံပန်းသွင်ပြင် ဖြစ်နေပါတယ်။

သူတို့က အရမ်းကို ဝေးကွာတယ်ဆိုပေမဲ့ လင်းဟာန်ရဲ့ အကြည့်က မို့စ္စာသားရဲဆီက တုံ့ပြန်မှု ခလုတ်မောင်းကို ချလိုက်သလိုပါပဲ။

ဂံပုလွေရဲ့ ခေါင်းတွေထဲက ခေါင်းတစ်လုံးက ချက်ချင်းပဲ အထင်အမြင်သေးတဲ့ အမူအရာ တစ်ခုနဲ့ ကြည့်လာပါတယ်။

မို့စ္စာသားရဲက နည်းနည်းမှ မလှုပ်ရှားခဲ့ပါဘူး။ သူ့ဘေးနားက နောက်ထပ် ဂံပုလွေ သားရဲက ပျံလာပါတယ်။ သူ့ပုံစံက မို့စ္စာသားရဲကောင်နဲ့ တူပြီးတော့ အရွယ်အစားကတော့ အများကြီး သေးငယ်ပါတယ်။ နောက်ပြီး သူ့မှာ ငွေရောင်နဲ့ အနီရောင် ခေါင်းနှစ်လုံးပဲ ရှိပါတယ်။ ငွေရောင်ခေါင်းက ပိုငယ်ပြီး အနီရောင်ခေါင်းရဲ့ အရွယ်အစား တစ်ဝက်လောက်ပဲ ရှိပါတယ်။

ခေါင်းနှစ်လုံး ဂံပုလွေက လင်းဟာန်နဲ့ စွေ့ရန်ယွီဆီကို ပျံသန်းလာခဲ့ပါတယ်။ သူ့အနောက်မှာ တောင်နှစ်လုံးနဲ့ မြစ်တစ်စင်းရဲ့ ပုံရိပ်တစ်ခု ရှိပါတယ်။

Chapter 957 end

အပိုင်း(958) မို့စ္စာဂံပုလွေနဲ့ တိုက်ခိုက်ခြင်း

တောင်နှစ်လုံးနဲ့ မြစ်တစ်စင်း။ ဒါက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အဆင့်က အလယ်အလတ်ကို ကိုယ်စားပြုပါတယ်။

ဂံပုလွေ ခေါင်းနှစ်လုံးက ပြင်းထန်အလယ်အလတ်ကို ဆိုလိုပါတယ်။ ဒါဆိုရင် ခေါင်းသုံးလုံး ဂံပုလွေက အဆင့်မြင့် ပြင်းထန်မှုကို ဆိုလိုတာလား။

ဒီလိုမျိုး တည်ရှိမှု တစ်ခုကို ဆန့်ကျင်ဖို့ လင်းဟန်တောင်မှ အခွင့်အရေး မရှိခဲ့ပါဘူး။ အကြောင်းက သူ့ရဲ့ နတ်ဘုရား ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ခြေသည်းလက်သည်းတွေရဲ့ စုတ်ဖြဲမှုကို ခံရနိုင်ချေ ရှိပါတယ်။

ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ဟူဖေးယွင်အတွက် ခန့်ပေးထားတဲ့ အစောင့်သုံးယောက် အသတ်ခံခဲ့ရတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒီမိန်းကလေး‌ရဲ့ တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ဒါပေမဲ့လည်း ပြင်းထန်အလယ်အလတ်ရဲ့ အလယ်ပိုင်းအဆင့် မဟုတ်လား။

လင်းဟန်က ထွက်ပြေးမသွားခဲ့ပါဘူး။ အဲဒီအစား တိုက်ခိုက်ချင်တဲ့ စိတ်တွေက လောင်ကျွမ်းလို့ လာခဲ့ပါတယ်။

ဒီသားရဲမှာ အတောင်ပံတွေ ရှိပါတယ်။ ပြီးတော့ ပြင်းထန်အလယ်အလတ် အဆင့်မှာလည်း ဖြစ်ပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီးတော့ လွတ်အောင်လို့ ပြေးနိုင်မှာလဲ။

လင်းဟာန်မှာ အနက်ရောင် မျှော်စင်ဆိုတဲ့ ပုက်ဖဲတစ်ခု ရှိနေပါသေးတယ်။ ဒါကြောင့် သူက မိစ္ဆာသားရဲကောင်တွေကြောင့် ပျာယာခတ်သွားတာမျိုး မရှိပါဘူး။ သူက လေးနဲ့မြားကို ဆွဲထုတ်လိုက်ပါတယ်။

ဒီလိုမျိုး အစွမ်းထက်တဲ့ မိစ္ဆာသားရဲတစ်ကောင်နဲ့ မျက်နှာချင်းဆိုင်ရတဲ့ အခါမှာ သူ့အတွက်တော့ အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို စမ်းသပ်ဖို့ အခွင့်ကောင်းပဲ မဟုတ်လား။

"ငါတို့ဘာလုပ်မလဲ။ ငါတို့ဘာလုပ်သင့်လဲ"

ဟူဖေးယွင်က ရုတ်တရက် ထိန်းမနိုင်သိမ်းမရလောက်အောင် ကြောက်စိတ်ဝင်ပြီးတော့ ပတ်ပြေးနေပါတယ်။ အံ့အားသင့်စရာ ကောင်းတာက သူမက လင်းဟာန်ကို စွန့်ပစ်မထားခဲ့ပဲ သစ္စာရှိရှိနဲ့ သူမလွတ်မြောက်ဖို့ ထွက်မပြေးသွားခဲ့ပါဘူး။ သူမက ဘာလုပ်ရမှန်းမသိအောင် ကြောက်ရွံ့နေတာကြောင့် ထွက်ပြေးဖို့ မေ့နေတာကြောင့်လည်း ဖြစ်နိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ မို့စ္စာဂံပုလွေရဲ့ ခေါင်းတစ်လုံးကို ချိန်ရွယ်လိုက်ပါတယ်။ အဲဒီနောက် သူ့လေးကို ဆွဲပြီးတော့ အဆုံးမဲ့မြားကို သူ့ရဲ့စိတ်ထဲမှာ လည်ပတ်စေလိုက်ပါတယ်။ သူ့ရဲ့အာရုံတွေ အားလုံးကို မြားရဲ့ခန္ဓာကိုယ်ပေါ်မှာ စုစည်းလိုက် ပါတယ်။

ဟုမ်း။

အံ့အားသင့်စရာ ကောင်းစွာနဲ့ နတ်ဘုရား သင်္ကေတတွေက မြားပေါ်မှာ တလက်လက် တောက်ပလာခဲ့ပါတယ်။

ဒီနတ်ဘုရား သင်္ကေတတွေက အရမ်းကို ထူးခြားပါတယ်။ ပြီးတော့ သွေးနဲ့ဆက်သွယ်မိတဲ့ အချိန်မှာ အကြီးအကျယ် ဖျက်စီးခြင်း စွမ်းအားတစ်ခုကို ထုတ်ဖော်ပြီးတော့ အသက်သွင်းနိုင် ပါတယ်။ မူလစွမ်းအင်တောင်မှ ဒီမြားကို ထိန်းချုပ်နိုင်ခြင်း မရှိနိုင်ပါဘူး။ ပြီးတော့ နတ်ဘုရား ခန္ဓာကိုယ်ကိုတောင် ချေဖျက်နိုင်တဲ့ စွမ်းရည်ရှိပါတယ်။ ဒါပေမဲ့လည်း အခု လင်းဟန်က သူ့ရဲ့ စွမ်းအားတွေ အကုန်လုံးကို မြားနဲ့ ချိတ်သွယ်ထားပြီးတော့ မြားက လင်းလက် တောက်ပ လာခဲ့ပါတယ်။

လင်းဟန်ရဲ့ စိတ်ထဲမှာ တခြားအတွေးတွေ လုံးဝမရှိသလို ဖြစ်လာပြီး သူ့မျက်လုံးကလည်း တခြားအရာတွေကို

မြင်ရခြင်းကနေ ရပ်သွားပါတယ်။ သူ့ရဲ့အာရုံက တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ မှိုင်းစွာဝံပုလွေ အပေါ်မှာပဲ အပြည့်အဝ အာရုံစိုက်ထားပါတယ်။

ရှပ်။

သူက မြားကို ပစ်လွှတ်လိုက်ပါတယ်။

သူ့ခန္ဓာကိုယ်ထဲက ကုန်ခမ်းသွားတဲ့ ခံစားချက် တစ်ခုက ချက်ချင်းပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က ဂျယ်လီတုံးလို ပျော့လာပြီး သူ့ခန္ဓာကိုယ်ကနေ ချွေးသီးချွေးပေါက်တွေက ရေစီးကြောင်း သေးသေးတစ်ခုလိုမျိုး စီးကျလာခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့ ကြံ့ခိုင်သန်စွမ်းတဲ့ ခန္ဓာကိုယ်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူက အခုဆိုရင် မြေကြီးပေါ်မှာ ဂပ်တွားနေရ ပါလိမ့်မယ်။

အဆုံးမဲ့မြား။ သူ့ရဲ့ စွမ်းအားနဲ့ စိတ်ဝိညာဉ် အဆီအနှစ်တွေ အားလုံးကို စိမ့်ဝင်စေပြီးတော့မှ ပစ်လွှတ်လိုက်တဲ့ မြား။

ဒီမြားဟာ ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ။

ရှပ်။

မြားက ဥက္ကာခဲ ကြွေကျသလိုမျိုး အရမ်းကို လျင်မြန်စွာနဲ့ ဖြတ်သန်းဝင်ရောက် လာခဲ့ပါတယ်။

မို့စ္စာဂံပုလွေက အံ့အားသင့် သွားခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့အတောင်ပံတွေကို ခတ်ပြီးတော့ ရှောင်တိမ်းဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့လည်း အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ မြားက ဂံပုလွေရဲ့ ခေါင်းတွေထဲက အနီရောင်ခေါင်းရဲ့ ဘယ်ဘက်မျက်လုံးကို ထိုးဖောက်သွားပြီး သူ့ရဲ့ အတောင်ပံတစ်လျှောက် နစ်မြုပ်သွားခဲ့ပါတယ်။

ဖူး။

ဂံပုလွေရဲ့ အနီရောင်ခေါင်းက ချက်ချင်းပဲ ပျက်စီးသွားခဲ့ပါတယ်။ ကြက်သွေးရောင် မီးတောက်တွေက မိုးကောင်းကင်ကို ဖုံးလွှမ်းသွားပြီး ဂံပုလွေရဲ့ ပြတ်သွားတဲ့ လည်ပင်းကနေ မီးတောက်တွေ ပန်းထွက်လာပါတယ်။ ဒီမီးတောက်တွေက မို့စ္စာဂံပုလွေရဲ့ ငွေရောင် ခေါင်းဆီကိုတောင် ပန်းထွက်ကာ ထိမှန်သွားပြီး မရှိမဆုံ့ဝေဒနာကြောင့် ကျယ်လောင်စွာနဲ့ အော်ဟစ်နေပြီး သူ့ရဲ့ အတောင်ပံတွေခတ်ပြီးတော့ ဗျာများနေပါတယ်။

"ဒီကောင် မသေဘူးလား"

"နောက်ထပ် ခေါင်းတစ်လုံး ရှိနေသေးတာကြောင့်များလား။ ဒီလိုမျိုး မှိစ္ဆာသားရဲကောင်တွေနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါကျရင် သူတို့ရဲ့ ခေါင်းတွေအားလုံးကို ဖျက်ဆီးပစ်ရမှာလား"

ဒီမှိစ္ဆာဂံပုလွေရဲ့ အသက်ဓာတ်က အရမ်းကို ပြင်းထန်လွန်းပါတယ်။ ဂံပုလွေက ကျန်နေတဲ့ ခေါင်းနဲ့ လင်းဟန်ကို ဒေါသတကြီး စိုက်ကြည့်ပြီး သူ့မျက်လုံးတွေက အမုန်းတရားတွေနဲ့ တလက်လက် တောက်ပနေပါတယ်။

လင်းဟန်က သူ့လေးကို နောက်တစ်ကြိမ် ပြင်လိုက်ပါတယ်။

မှိစ္ဆာဂံပုလွေက ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီးတော့ ရုတ်တရက် တောင်ထိပ်ဆီကို ချာခနဲ လှည့်ကာ ပျံထွက်သွားခဲ့ပါတယ်။

လင်းဟန်က ချက်ချင်းပဲ မြေကြီးပေါ်ကို ပုံကျသွားခဲ့ပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ နောက်ထပ် မြားတစ်ချောင်းကို ပစ်နိုင်မှာလဲ။ စောစောတုန်းက သူက ဟန်ဆောင်လိုက်ရုံ သက်သက်ပါပဲ။ မျှော်လင့်မထားမိတာက မှိစ္ဆာဂံပုလွေက မြင့်မားတဲ့ ဉာဏ်ရည်ဉာဏ်သွေး ရှိနေတာကြောင့် သူ့ရဲ့လှည့်ကွက်ထဲကို ကျရောက်သွား ခဲ့ပါတယ်။ တကယ်လို့ သူအရင်က သတ်ဖူးခဲ့တဲ့ အကြောက်အရွံ့ကင်း မှိစ္ဆာသားရဲကောင်တွေထဲက တစ်ကောင်သာဆိုရင် အစွမ်းထက်သည်ဖြစ်စေ

အားနည်းသည်ဖြစ်စေ လျစ်လျူရှုပြီးတော့ တစ်ဟုန်ထိုး ပြေးဂင်တိုက်ခိုက် ပါလိမ့်မယ်။

လင်းဟန်က လုံးဂကို အားအင်ကုန်ခမ်းသွားသလို ခံစားလိုက်ရပါတယ်။ သူ့ရဲ့ ခံနိုင်ရည်နဲ့ မူလစွမ်းအင် နှစ်ခုစလုံးက အောက်ခြေထိ ရောက်သွားခဲ့ပါတယ်။

အဆုံးမဲ့မြားရဲ့ အစွမ်းက တကယ့်ကို လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း အဲဒီအတွက် ပြန်ပေးဆပ်ရတဲ့ တန်ဖိုးက သူ့ရဲ့ စွမ်းအင်တွေ ချက်ချင်းကုန်ခမ်း သွားခဲ့ပါတယ်။

သူ့ရဲ့ စွမ်းအင်တွေ အားလုံးကို မြားထဲကို ထည့်သွင်းပြီးတော့ စိမ့်ဂင်စေပြီးတဲ့နောက်မှာ နတ်ဘုရားမြား တစ်ချောင်းရဲ့ ခွန်အားနဲ့အတူ လင်းဟန်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့် စွမ်းအားနဲ့ ညီမျှတဲ့ အစွမ်းတစ်ခုကို ထုတ်ဖော်နိုင်ပြီး နောက်ဆုံးမှာ ပြင်းထန်အလယ်အလတ်အဆင့်ရဲ့ နောက်ပိုင်းအဆင့်နဲ့ ညီမျှတဲ့ ဖျက်ဆီးခြင်း စွမ်းအား တစ်ခုအထိ အောင်မြင်မှု ရရှိသွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မြားက အဲဒီလောက်ထိ အစွမ်းထက်လိမ့်မှာ မဟုတ်ပါဘူး။

ငါ ကြယ်ခြောက်လုံး ကျော်သွားပြီ။

လင်းဟန်က အရမ်းကို ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ကြယ်ငါးပွင့် ပါရမီရှင်က ဒဏ္ဍာရီထဲမှာပဲ တည်ရှိခဲ့တာပါ။ ဒါပေမဲ့လည်း သူက ကြယ်ခြောက်ပွင့် ပါရမီရှင် တစ်ယောက် အဆင့်ကို ရောက်ရှိသွားခဲ့ပါတယ်။ နတ်ဘုရား မြားကြောင့်ဆိုပေမဲ့ တစ်ခုသိထားရမှာက သူက ကနဦး အဆင့်ကိုပဲ ရောက်ရှိပါသေးတယ်။ တကယ်လို့ သူရဲ့ ကျင့်ကြံခြင်း အဆင့်ကို နည်းနည်းလောက် ခိုင်မာအောင် လုပ်နိုင်ခဲ့မယ်ဆိုရင် သူက သာမန်နတ်ဘုရား သတ္တုမြားတွေကို အသုံးပြုရင်တောင် ကြယ်ခြောက်ပွင့် ဖျက်ဆီးခြင်း စွမ်းအား တစ်ခုကို ထုတ်နိုင်စွမ်း ရှိပါလိမ့်မယ်။

"ဝေါင်း"

သားရဲကောင် အငယ် ဒဏ်ရာရလာတာကို ကြည့်ပြီးတော့ ရောမ မိစ္ဆာသားရဲက ဒေါသတွေ ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ ခေါင်းသုံးလုံးက မိုးကောင်းကင်ကို မော့ပြီးတော့ ဟိန်းလိုက်ပါတယ်။ အတော်လေး ဝေးကွာတဲ့ နေရာတစ်ခု ဆိုပေမဲ့ လင်းဟန်နဲ့ ဟူဖေးယွင်တို့က ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခုရဲ့ အားလှိုင်းတစ်ခုကို ခံစားရပါတယ်။

ဟုစ်။

မို့စွာသားရဲကောင်ကြီးက သူ့အတောင်ပံကို တဖျပ်ဖျပ် ခတ်ပြီးတော့ မိုးကောင်းကင်ပေါ် ပျံသန်းလာပြီး လင်းဟာန်နဲ့ ဟူဖေးယွင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

သူ့ရဲ့တဖျပ်ဖျပ် ခတ်နေတဲ့ အတောင်ပံတွေက လျှပ်စီးမိုးကြိုးတွေနဲ့ တူပါတယ်။

တကယ်လို့ လင်းဟာန်က ခွန်အားအပြည့်နဲ့ နောက်ထပ် အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ပစ်လွှတ်ဦးမယ်ဆိုရင်တောင် အလဟဿဖြစ်သွား ပါလိမ့်မယ်။ အခုလို သူ့ရဲ့ အခြေအနေနဲ့ဆိုရင်တော့ ပြောမနေပါနဲ့တော့။ အသေးစားအဆင့် နှစ်ခုလုံး ကွာဟနေပါတယ်။ ပြီးတော့ ငြိမ်းချမ်းရေးဂြိုလ်ကြီးပေါ်မှာ ဘယ်သူကမှ ဒီလိုမျိုး ကြီးမားတဲ့ ကွာဟချက်ကို ကျော်ဖြတ်နိုင်တဲ့လူ သေချာပေါက် ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က တစ်စက္ကန့်လောက် စဉ်းစားပြီးမှ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။

"ငါ့ရဲ့ နတ်ဘုရားအာရုံကို မခုခံနဲ့"

လင်းဟာန်က ဟူဖေးယွင်ကို အော်ပြောလိုက်ပါတယ်။

သူက နံပါတ်ကိုး ဘုရင်ရဲ့ မှုတတဲ့ စိတ်ထားကို အကောင်းမြင်ပါတယ်။ သူမက ရိုးသားပြီးတော့ ကြင်နာတတ်ပါတယ်။ ပြီးတော့ သူ့ကိုလည်း သူမက နေကျောက်စိမ်း ဆေးလုံးတစ်လုံး လက်ဆောင်ပေးထားပါတယ်။ သူ့အနေနဲ့ သူမကို မိစ္ဆာဂံပုလွေရဲ့ ပါးစပ်ထဲမှာ သေဆုံးသွားမှာကို ကြည့်မနေနိုင်ပါဘူး။

သူ့ကို အံ့အားသင့်မှုနဲ့အတူ ဟူဖေးယွင်က မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပါတယ်။

"နင်က ဘာဖြစ်လို့ အရမ်းကို မာန်ပါနေရတာလဲ"

သူမက သနားစဖွယ်ကောင်းစွာနဲ့ မေးလိုက်ပါတယ်။

လင်းဟာန်မှာ ရှင်းပြဖို့ အချိန် ဘယ်လိုလုပ် ရှိမှာလဲ။ သူက နတ်ဘုရား အာရုံနဲ့ ဟူဖေးယွင်ကို ပိုင်းပတ်လိုက်ပါတယ်။

ထန်။

သူ့ရဲ့ နတ်ဘုရားအာရုံက သူ့ဆီကို ပြန်ကန်ထွက် လာခဲ့ပါတယ်။ ဒါက ခုခံတယ်ဆိုတဲ့ လက္ခဏာ တစ်ခု ဖြစ်ပါတယ်။

တကယ်လို့ သူမကို သူ့ရဲ့ နတ်ဘုရားအာရုံထဲ ပိုင်းပတ်ချင်နေသေးတယ်ဆိုရင် နောက်ဆုံးနည်းလမ်း တစ်ခုပဲ

ရှိပါတော့တယ်။ အဲဒါ သူမကို သူ့ရဲ့ စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကို အသုံးပြုပြီးတော့ သတိလစ်အောင်လုပ်ပြီး သူမကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်မှ ရပါလိမ့်မယ်။ ဒါက ဆိုးဂါးတဲ့ အလုပ်တစ်ခုတော့ မဟုတ်ပါဘူး။ အနည်းဆုံးတော့ သူမကို အမှောင်ထဲမှာ ထည့်သိမ်းထားရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမရဲ့ ရိုးသားပုံနဲ့ တစ်စုံတစ်ယောက်က စကားအနည်းငယ် အစ်အောက်မေးမြန်းလိုက်ရင် သေချာပေါက် ဖော်ကောင်လုပ်မိ ပါလိမ့်မယ်။

လင်းဟန်က ချက်ချင်းပဲ စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ မျှော်လင့် မထားမိတာက ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ် ပတ်လည်မှာ ပန်းရောင်အတားအဆီး တစ်ခု ပေါ်ထွက်လာခဲ့ပြီး သူ့ရဲ့ နတ်ဘုရား အာရုံကို ကန်ထုတ်ပစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူမရဲ့ ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာ အရှိန်အဂါ တစ်ခုက ရောင်ပြန်ဟပ်လာပြီး လင်းဟန်ကို သေးငယ်ပြီးတော့ ဘာမဟုတ်တဲ့ ပုရွက်ဆိတ်တစ်ကောင် ဖြစ်သွားသလိုမျိုး ခံစားစေရပါတယ်။

ဒီအရှိန်အဂါက အတော်လေးကို ရင်းနှီးတယ်။

ဒါက ကြယ်ဉက္ကာ အင်ပါယာ ကေရီ ဘုရင်မ မဟုတ်လား။

ကေရီ ဘုရင်မက သူမကိုယ်ပေါ်မှာ လျှို့ဝှက်နည်းစနစ် တချို့ကို ဟူဖေးယွင်ကို ကယ်တင်ဖို့ သူမရဲ့ နတ်ဘုရား အာရုံနဲ့ ချထားပုံ ရပါတယ်။ ဒါပေမဲ့ အခုက ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှု ဖြစ်သွားပြီ မဟုတ်လား။

ဘုန်း။

ရောမ မိစ္ဆာသားရဲကောင်ရဲ့ အမြန်နှုန်းက မယုံနိုင်စရာကောင်းပြီး သူတို့ကို မျက်စိတစ်မှိတ်စာ အတွင်းမှာ မီသွားခဲ့ပါတယ်။ သူ့ပါးစပ်တွေက ကျယ်လာပြီး ပါးစပ်ကြီးကိုဟကာ ခေါင်းသုံးလုံးက လင်းဟန်နဲ့ ဟူဖေးယွင်ကို စိုက်ကြည့်နေပါတယ်။ ရွှေရောင်စားအလင်း ဒါဇင်နဲ့ ချီပြီးတော့ သူ့ရဲ့ ရွှေရောင်ခေါင်းကနေ ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ငွေရောင်ဦးခေါင်းကနေ အဖြူရောင် ချည်မျှင်တွေ ပန်းထုတ်လိုက်ပြီး ရောမ ပိုက်ကွက်တစ်ခု ဖြစ်လာခဲ့ပါတယ်။ ပိုးချည်မျှင်တွေက ပါးလွှာပြီး သိပ်သည်းကာ အေးစက်စက် အလင်းရောင်တွေနဲ့ တလက်လက် တောက်ပလို့ နေပါတယ်။ တကယ်လို့ အဲဒါတွေနဲ့ ထိသွားမယ် ဆိုရင် သူတို့က အပိုင်းပိုင်းအစစ လှီးဖြတ်ခံလိုက် ရပါလိမ့်မယ်။

အနီရောင်ခေါင်းကတော့ မီးတောက်တွေကို မှုတ်ထုတ်နေပါတယ်။ ဒီမီးတောက်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် ပူပြင်းပြီးတော့ အဆင့်တစ် နတ်ဘုရား သတ္တုကိုတောင် အပူရှိန်နဲ့ အရည်ပျော်ကျသွားစေပါလိမ့်မယ်။

လင်းဟန်မှာ အခုတခြားလုပ်စရာ မရှိတော့ပါဘူး။ သူက အနက်ရောင် မျှော်စင်ထဲ သူ့ဘာသာ ပုန်းနေရုံပဲ တတ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူက ဟူဖေးယွင်ရဲ့ ဘေးနားမှာ သေသွားရပါလိမ့်မယ်။ ဒီလိုမျိုး သေခြင်းက လုံးဝကို အဓိပ္ပါယ် ကင်းမဲ့နေပါတယ်။

ဒါပေမဲ့လည်း သူအနက်ရောင် မျှော်စင်ထဲကို ဝင်ဖို့ပြင်လိုက်တဲ့ အခိုန်မှာ ဟူဖေးယွင်ဆီက နာခေါင်းရှုံ့သံ တစ်ချက် ကြားလိုက်ရပါတယ်။

သူမရဲ့ အသံက အံ့အားသင့်စရာ ကောင်းလောက်အောင် တမျိုးကြီး ထူးဆန်းနေပြီးတော့ အုပ်ချုပ်သူ တစ်ယောက်ရဲ့ လွှမ်းမိုးနိုင်စွမ်းတွေနဲ့ ပြည့်လာပါတယ်။

ထန်။

မိုးကောင်းကင်ပေါ်က တိုက်ခိုက်မှုတွေက ချက်ချင်းပျောက်ကွယ်သွားခဲ့ပါတယ်။ တချိန်တည်းမှာ မိစ္ဆာဂံပုလွေက မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျလာခဲ့ပြီး သေလုမတတ် ကြောက်ရွံ့ထိတ်လန့်သွားသလိုမျိုး လုံးဝကို လှုပ်ရှားလို့ မရတော့ပါဘူး။

လင်းဟာန်က အံ့အားသင့်သွားပြီးတော့ ဟူဖေးယွင်ဆီကို လှည့်ကြည့်လိုက်ပါတယ်။ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှတဲ့ နာခေါင်းရှုံ့သံက သေချာပေါက် ဟူဖေးယွင်ဆီက မဖြစ်နိုင်ပါဘူး။ ဖြစ်နိုင်တာက ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မရဲ့ အသံပါပဲ။

လုံးဝကို မမှားနိုင်ပါဘူး။ အဲဒီကေရီ ဘုရင်မက အရမ်းကို ထူးခြားပြီးတော့ သူမရဲ့ ဟန်ပန် အမူအရာကို မေ့ပျောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပြီးတော့ တကယ်လို့ လူတစ်ယောက်က သူမရဲ့ အသံကို တစ်ခါပဲ ကြားဖူးလိုက်ရင်တောင် ဘယ်တော့မှ မေ့ပစ်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟာန်အနေနဲ့ စဉ်းစားလို့ မရတာက ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ဘယ်လိုနည်းနဲ့ ဟူဖေးယောင်ရဲ့ ခန္ဓာကိုယ်ကို ငှားရမ်းပြီး တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာ ရှိနေတဲ့ မိစ္ဆာဂံပုလွေတစ်ကောင်ကို နာခေါင်းတစ်ချက် ရှုံ့ရုံနဲ့ ထိန်းချုပ်နိုင်သလဲ ဆိုတာကိုပဲ ဖြစ်ပါတယ်။

Chapter 958 end

အပိုင်း(959) ကြက်သွေးရောင်ရေကန်

ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိနေပါတယ်။ ဒါကြောင့် တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိသေးတဲ့ မို့စ္စာသားရဲ တစ်ကောင်ကို ဖိနှိပ်ဖို့ဆိုတာက သူမအတွက် အရမ်းကို လွယ်ကူတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ပြဿနာရှိတာက ကေရီ ဘုရင်မဟာ အခုဆိုရင် ဒီနေရာကနေ ဘယ်လောက်ဝေးတဲ့ နေရာမှာ ရှိနေလဲ။

သူမက ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ နတ်ဘုရားအာရုံတစ်စကို ချန်ထားခဲ့တာလား။ ဒါမှမဟုတ် သူမအပေါ်မှာ တခြားလျှို့ဝှက်နည်းစနစ် တချို့ကို သုံးထားတာလား။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ သူ့ရဲ့ ဗဟုသုတ အရဆိုရင် တန်ခိုးရှင်ဘုံမှာ ဒီလိုမျိုး လျှို့ဝှက်နည်းစနစ် တစ်ခုတလေမျှ မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘယ်လက်ရုံး အမတ်မင်းက တန်ဖန်းကို ရှာဖွေဖို့အတွက် လိုအပ်ဦးမှာလား။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား အာရုံ တစ်စကို သူအချစ်ဆုံး သမီးကိုယ်ပေါ်မှာ ချည်နှောင်ပေးလိုက်မယ်ဆိုရင် ဒီနေရာကို

စွန့်စား ထွက်ခွာလာတာက မြေပြင်ပေါ်
လမ်းလျှောက်ရသလိုမျိုးနဲ့တောင် တူနေပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်အနေနဲ့ သေချာပေါက် ပြောနိုင်တာက
ဒါဟာ ကြယ်ဥက္ကာ အင်ပါယာ ဧကရီဘုရင်မကိုယ်တိုင် လှုပ်ရှားမှု
လုပ်ခဲ့တာ ဖြစ်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မက ငြိမ်းချမ်းရေး
ဂြိုလ်ကြီးပေါ်က အုပ်ချုပ်သူ သုံးယောက်ထဲက တစ်ယောက်ဆိုတဲ့
နေရာမှာ ရှိပါတယ်။ သူမက သာမန်လူတွေ မပိုင်ဆိုင်တဲ့
စွမ်းရည်တွေကို ပိုင်ဆိုင်ထားပါလိမ့်မယ်။

အဲဒီအခိုက်အတန့်မှာ ဟူဖေးယွင်က ချာခနဲလှည့်ပြီးတော့ သူ့ကို
ကြည့်လိုက်ပါတယ်။ မျက်နှာက တူပေမဲ့ သူမရဲ့ အရှိန်အဝါက
လုံးဝကို ကွဲပြားနေပါတယ်။ သူမက အုပ်ချုပ်သူ တစ်ယောက်ရဲ့
ခွန်အားကို ထုတ်လွှတ်နေပြီး အဲဒါက လင်းဟန်ရဲ့ အသက်ရှူမှုကို
အနည်းငယ် မွန်းကျပ်စေ ခဲ့ပါတယ်။ သူ့နဖူးပေါ်ကနေ
အေးစက်စက် ချွေးစေးတွေက ကျဆင်းလာခဲ့ပါတယ်။

ဒါက သေချာပေါက် ဟူဖေးယွင် မဟုတ်ပါဘူး။ အဲဒီအစား သူမက
ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မ ဖြစ်ပါတယ်။ ပိုပြီးတော့
တိတိကျကျ ပြောရမယ်ဆိုရင် ကြယ်ဥက္ကာ အင်ပါယာ ဧကရီ

ဘုရင်မက ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ်ကို ယူပြီးတော့ ထိန်းချုပ်နေတာပါ။

ဟူဖေးယွင်ရဲ့ မျက်လုံးထဲမှာ ရေခဲတမျှ အေးစက်တဲ့ အရိပ်အယောင်တစ်ခု ဖြတ်သွားခဲ့ပါတယ်။ သူမရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ချက်ချင်းဆိုသလို မြင့်မားလာပြီး နေရာအနှံ့အပြားကို ပျံ့နှံ့သွားပါတယ်။ ဒါပေမဲ့လည်း အနည်းငယ်မျှ တုံ့ဆိုင်းဆိုင်း ဖြစ်သွားပြီးတဲ့နောက်မှာ သူမက နောက်ထပ် လှုပ်ရှားမှု တစ်ခုတလေမှ မလုပ်တော့ပါဘူး။

ကြောက်မက်ဖွယ်ရာ အရှိန်အဝါက ထွက်ပေါ်လာတုန်းကလိုပဲ အလျင်အမြန်နဲ့ ပျောက်ကွယ် သွားခဲ့ပါတယ်။

"ဟင် ဒီမကောင်းဆိုးဝါး သားရဲ ဘယ်အချိန်တုန်းက သေသွားတာလဲ"

ဟူဖေးယွင်က ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ သူမရဲ့ အသံထဲမှာ အံ့အားသင့်မှုနဲ့ စိတ်ရှုပ်ထွေးမှုတွေ ပြည့်နှက်နေပါတယ်။

လင်းဟန်က ကြည့်လိုက်တဲ့ အခါမှာ ဟူဖေးယွင်က သူမရဲ့ ရိုးသားမှုနဲ့ မအူမလည် ပုံစံကို ပြန်ဖြစ်သွားတာကို

တွေ့လိုက်ရပါတယ်။ အဲဒါကြောင့် စောစောက ဖြစ်ပျက်ခဲ့တာတွေကို သူမ လုံးဝကို စဉ်းစားလို့ မရနိုင်ခဲ့တာ ဖြစ်ပါတယ်။

ထူးဆန်းတယ်။

ဒီနံပါတ်ကိုး ဘုရင်နဲ့ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မက ညီအစ်မတွေလို ခင်မင်တဲ့ ဆက်ဆံရေးသက်သက်ပဲ ရှိတာမဟုတ်ဘူးလို့ လင်းဟန်က ရုတ်တရက် ခံစားလိုက်ရပါတယ်။ အဲဒီအစား သူတို့ရဲ့ ဆက်ဆံရေးက ပိုပြီးတော့ နက်ရှိုင်းပုံ ရပါတယ်။ သူမတို့ရဲ့ ဆက်ဆံရေး နောက်ကွယ်မှာ ကြီးမားတဲ့ လျှို့ဝှက်ချက်တချို့ ရှိပုံတောင် ရပါတယ်။ ဒါကြောင့် ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မက သူ့ကို နှုတ်ပိတ်ပြီး သတ်ပစ်ဖို့တောင် စဉ်းစားခဲ့ပါသေးတယ်။ ဒါပေမဲ့ အဆုံးမှာတော့ သူမက မလုပ်ခဲ့ပါဘူး။

ဒါပေ့ါ။ တကယ်လို့ သူမက တိုက်ခိုက်ခဲ့မယ်ဆိုရင်တောင် လင်းဟန်က အနက်ရောင် မျှော်စင်ထဲ အမြဲတမ်းလိုလို ပုန်းနေနိုင်ပါတယ်။

"လင်းဟန် နင် ဒီမကောင်းဆိုး မိစ္ဆာသားရဲကို သတ်လိုက်တာလား"

ဟူဖေးယွင်က သူ့ကို ကြည်ညိုလေးစားမှုတွေ တလက်လက်တောက်ပနေတဲ့ မျက်လုံးကြီးတွေနဲ့ ကြည့်လိုက်ပါတယ်။

"ဒါအရမ်း ကောင်းတာပဲ။ နင်က တင်းချင်နဲ့ ယွင်ရှန်တို့ သေသွားတာကို လက်စားချေပေးခဲ့ပြီ"

သူမက အရမ်းကို စိတ်လှုပ်ရှားနေပြီး လင်းဟာန်ရဲ့ လက်တစ်ဖက်ကို အဆက်မပြတ်လှုပ်ကာ ပြောနေပါတယ်။

သနားစရာကောင်းတဲ့ လင်းဟာန်ကတော့ သူ့ရဲ့ အားနည်းမှုတွေကနေ ပြန်လည်ကောင်းမွန်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဟူဖေးယွင်ရဲ့ အားကောင်းတဲ့ လှုပ်ခါမှုကြောင့် သူ့ကို မူးနောက်သွား စေခဲ့ပါတယ်။

"စိတ်ကိုထိန်း စိတ်ကိုထိန်း။ နောက်ထပ် မိစ္ဆာသားရဲ ကျန်သေးတယ်လေ"

လင်းဟာန်က အလျင်အမြန် ပြောလိုက်ပါတယ်။

ဟူဖေးယွင်က ချက်ချင်းပဲ နည်းနည်းကြောက်သွားပုံ ရပါတယ်။ သူမရဲ့ အမူအရာက ကတုန်ကယင် ဖြစ်သွားပြီးတော့ သူမက အလျင်အမြန်ပဲ တောင်ရဲ့အထွတ်အထိပ်ဆီကို လှည့်ကြည့်လိုက်ပါတယ်။

ဒါပေမဲ့လည်း အဲဒီမျိုစ္စာဂံပုလွေငယ်က ဟူဖေးယွင်ရဲ့ စွမ်းအားကို မြင်လိုက်ရပြီး အခုဆိုရင် သူ့ရဲ့ ခေါင်းတွေထဲက တစ်လုံးလည်း မရှိတော့ပါဘူး။ သူ့ရဲ့ စွမ်းအားက ကနဦးအဆင့်ရဲ့ အလယ်အလတ် အဆင့်ကို လျော့ကျသွားခဲ့ပါပြီ။ ဟူဖေးယွင်က လှည့်ကြည့်လိုက်တာကို တွေ့လိုက်တဲ့ အချိန်မှာ ပထမဆုံး သူတွေးမိတာက သူမဆီမှာ သူ့ကို သုတ်သင်ဖို့ အစီအစဉ် ရှိနေတယ်လို့ တွေးလိုက်မိပါတယ်။ ဒါကြောင့် သူ့ရဲ့အတောင်ပံတွေကို တဖျပ်ဖျပ် ခတ်ပြီးတော့ အဝေးကို ပျံသန်းထွက်ပြေး သွားလိုက်ပါတယ်။

ဟူဖေးယွင်က သက်ပြင်းရှည်ကြီး တစ်ချက် ချပြီးတော့ စိတ်သက်သာ ရသွားခဲ့ပါတယ်။

"မိုးကောင်းကင်ကို ကျေးဇူးတင်ရမယ်။ နင်က ဒီမကောင်းဆိုးဝါး မျိုစ္စာသားရဲ အကောင်ကြီးကို သတ်ပစ်လိုက်လို့ အဲဒီမကောင်းဆိုးဝါး မျိုစ္စာသားရဲကောင်လေးတောင် နင်ကို ကြောက်ရွံ့နေပြီ"

သူက မင်းကိုကြောက်တာကွ သိရဲ့လား။ လင်းဟာန်က သူ့စိတ်ထဲကနေ ပြောလိုက်ပါတယ်။

ဒါပေမဲ့လည်း သူက သူမနဲ့အတူ ငြင်းခုန်မနေတော့ပဲ ပြောလိုက်ပါတယ်။

"ငါ့ခွန်အားတွေ ပြန်လည်ပြည့်ဝလာဖို့လိုတယ်။ ပြီးမှ ငါတို့ ခရီးဆက်တာပေါ့"

"အင်း အင်း "

ဟူဖေးယွင်က သူမရဲ့ခေါင်းကို တက်တက်ကြွကြွနဲ့ ညိတ်ပြလိုက်ပါတယ်။

လင်းဟန်က မော်ဆေးလုံး တစ်လုံးကို မျိုချလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့မှာ အခုချိန် တောင်မြစ်အဆင့်ရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ တစ်ခုမှ မရှိပါဘူး။ ဒါကြောင့် သူက သူ့ရဲ့ပြန်လည်ကောင်းမွန်မှု ဖြစ်စဉ်ကို အရှိန်မြှင့်တင်ပြီး စိတ်ဂိညာဉ်ချီတွေကို ဆွဲထုတ်ယူနိုင်စွမ်း မရှိခဲ့ပါဘူး။ သူက သူ့ရဲ့မူလစွမ်းအင်တွေ ပြန်လည်ပြည့်ဝလာဖို့ စောင့်နေရုံပဲ တတ်နိုင်ပါတယ်။

ဒါကြောင့် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားရဲ့ ပြန်လည်ကောင်းမွန်လာမှုက အရမ်းကို လွယ်ကူတဲ့ ဖြစ်စဉ်တစ်ခုပါပဲ။ သူလိုတာက ခဏလောက် အနားယူဖို့ပဲ လိုပါတယ်။

ငါတကယ်ကို ညံ့တာပဲ။ အဆင့်တက်တဲ့ အခါမှာ တောင်မြစ်အဆင့်ရဲ့ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုတောင် မပြောင်ဆင် လာခဲ့ဘူး။

လင်းဟန်က အစစ်အမှန် မူလကျောက်တုံး တစ်တုံးကို ထုတ်ယူပြီးတော့ အထဲမှာ ပါရှိတဲ့ စိတ်ဂိညာဉ် ချီတွေကို အကုန်လုံးနီးပါး စုပ်ယူလိုက်ပါတယ်။ ဒီလုပ်ရပ်က အတော်လေး နှေးကွေးပေမဲ့ ဘာမှမလုပ်တာထက်စာရင်တော့ ကောင်းပါသေးတယ်။ ခြောက်နာရီလောက် ကြာပြီးတဲ့နောက်မှာတော့ သူက နောက်ဆုံးမှာ သူ့ရဲ့ မူလစွမ်းအင်တွေ အားလုံးကို ပြန်လည်ဖြည့်ဆည်း နိုင်ခဲ့ပါတယ်။

ဟူဖေးယွင်က သူမကိုယ်တိုင် စိတ်ဂိညာဉ် အသားကို မသိမ်းဆည်းပါဘူး။ သူမက ဒီလိုမျိုး သွေးထွက်သံယို ဖြစ်နေတဲ့ ခန္ဓာကိုယ် တစ်ခုကို ဘယ်လိုလုပ်ပြီး ကိုင်ပွံ့မှာလဲ။ နောက်ပြီးတော့ တောင်မြစ်ကျောက်တုံးကလည်း ရှားပါးပေမဲ့ စိတ်ဂိညာဉ် အသားဆိုတာက သူမရဲ့ မျက်လုံးထဲမှာ ထူးခြားတဲ့ ပစ္စည်းတစ်ခုတော့ မဟုတ်ပါဘူး။

လင်းဟန်က တုံ့ဆိုင်းခြင်းမရှိပဲ ခေါင်းသုံးလုံး မိုးပျံပုလွေရဲ့ စိတ်ဂိညာဉ် အသားကို လှီးဖြတ်လိုက် ပါတယ်။ အသားက

လက်ညှိုးတစ်ချောင်းလောက်ပဲ ကြီးမားပြီး မွေးကြိုင်လန်းဆန်းတဲ့ ရနံ့တစ်ခု ထွက်ပေါ်နေပါတယ်။

"သွားကြစို့"

သူတို့နှစ်ယောက်က ကြက်သွေးရောင် ရေကန်ဆီကို ဆက်ပြီးတော့ ထွက်ခွာလာခဲ့ ကြပါတယ်။ နာရီပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ ကြက်သွေးရောင် အဆင်းရှိတဲ့ ရေကန်တစ်ကန်က သူတို့ရဲ့ မျက်လုံးထဲမှာ ပေါ်ထွက်လာခဲ့ပါတယ်။ ကန်ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်လေးတွေ တစ်ခုမှတောင် ရှိမနေခဲ့ပဲ သွေးရေအိုင် တစ်ခုနဲ့တောင် တူနေပါတယ်။ တချိန်တည်းမှာပဲ သွေးရောင်ရှိတဲ့ သလင်းကျောက်တုံး တစ်တုံးလိုမျိုးနဲ့လည်း တူနေပါတယ်။

"ဒါက ကြက်သွေးရောင် ရေကန်လား။ သွေးရေကန် ဒါမှမဟုတ် အနီရောင် သလင်းကျောက် ရေကန်လို့ ခေါ်တာကမှ ပိုကောင်းဦးမယ်"

လင်းဟန်က ပြောလိုက်ပါတယ်။

သူနဲ့ ဟူဖေးယွင်က ဒီနေရာကို ရောက်တဲ့ ပထမဆုံး လူတွေ မဟုတ်ပါဘူး ရေကန်ရဲ့ ကမ်းစပ်နားမှာ လူတွေတော်တော်များများက ကြက်ခြေခတ်ပုံစံ ထိုင်နေပြီး

လူတချို့ကတော့ ရေကန်ရဲ့ အလယ်ဆီကို စွန့်စားပြီး သွားနေကြပါတယ်။

ရေကန်ထဲမှာ မျောလွင့်နေတဲ့ ကျောက်တုံးလမ်းကြောင်း လေးခုရှိပြီး မတူညီတဲ့ ဦးတည်ချက် နေရာတွေနဲ့ ရေကန်ကို ချိတ်ဆက်ထားပါတယ်။ လမ်းကြောင်းတိုင်းက ရေကန်ရဲ့ အလယ်က သဲသောင်ပြင် နေရာနဲ့ ချိတ်ဆက်ထားပါတယ်။ ရေကန်ရဲ့ အလယ်မှာ အရမ်းကို သေးငယ်တဲ့ ကျွန်းသေးသေးလေး တစ်ကျွန်းရှိပါတယ်။

ကျောက်တုံးတွေရဲ့ မျက်နှာပြင်က အရမ်းကို သပ်ရပ်စွာနဲ့ ဖြတ်တောက်ထားပုံ ရပြီးတော့ တစ်တုံးနဲ့ တစ်တုံး သုံးမီတာ အကွာအဝေးမှာ ရှိပါတယ်။ ရေကန် အလယ်ဆီကို စွန့်စားပြီး သွားမယ်ဆိုရင် ကျောက်တုံးတစ်တုံးပေါ်မှာ ရပ်ပြီးမှ နောက်တစ်တုံးပေါ်ကို ခုန်တက်ပြီး သွားရပါမယ်။

ကျင့်ကြံသူတွေ အတွက် သုံးမီတာဆိုတဲ့ အကွာအဝေးက ဘာမှမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဒီနေရာမှာတော့ အဲဒီလိုမျိုး ဟုတ်ပုံမရပါဘူး။ ကျင့်ကြံသူတွေ အားလုံးက ကျောက်တုံး တစ်တုံးပေါ်ကနေ နောက်တစ်တုံးပေါ်ကို ခုန်ကူးဖို့ အစွမ်းကုန်

အားထုတ်နေကြပြီး ဒေါကန်နေပုံ ရပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ ချွေးတွေကလည်း စီးကျလို့ နေပါတယ်။

ပလုံ။

လူတစ်ယောက်က ရေကန်ထဲကို ပြုတ်ကျသွားခဲ့ပြီး ချက်ချင်းဆိုသလို မချိတင်ကဲ ဝေဒနာကြောင့် အော်ဟစ်ညည်းတွားလိုက်ပါတယ်။ သူက ကမ်းစပ်ဆီကို အလျင်အမြန် ကူးလာပြီး သူ့ခန္ဓာကိုယ်က သွေးတွေပေကျံဖုံးလွှမ်း နေတာကို တွေ့မြင်နိုင်ပါတယ်။ ကြည့်ရတာ ရေကန်ရဲ့ ရေတွေက အက်ဆစ်တွေလိုမျိုး တိုက်စားနိုင်တဲ့ အစွမ်းတစ်ခု ရှိနေပုံ ရပါတယ်။

အဲဒီလူက ဆေးအများကြီးကို မျိုချပြီးတော့ ကျင့်ကြံခြင်း နည်းစနစ်နေတွနဲ့ ပြန်လည်ကုစားပြီး သူ့ရဲ့ လက်မောင်းနဲ့ ခြေထောက်တွေက အသားတွေဟာ တစ်ပိုင်းပြီး တစ်ပိုင်း ကြွေကျလာဆဲ ပါပဲ။ သူ့ရဲ့ အရိုးဖြူဖြူတွေကိုတောင် တွေ့မြင်နိုင်ပါတယ်။ ဒါက ကန်ရေဟာ ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာကို ဖော်ပြနေပါတယ်။

ကန်ရေရဲ့ တိုက်စားခြင်း စွမ်းရည်က အရိုးတွေမှာ ရပ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒီလူက လုံးဝကို မမှတ်မိတဲ့ပုံစံ ဖြစ်သွားခဲ့ပါတယ်။ သူ့မျက်နှာ ရင်ဘတ်နဲ့ ဝမ်းဗိုက်တွေမှာ သွေးတွေ

ယိုကျနေတဲ့ အပေါက်တွေ ရှိပြီးတော့ သူ့ရဲ့ဦးနှောက် နလုံးသား အတွင်းကလီစာတွေ အားလုံးကို မြင်နိုင်ပါတယ်။ ဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

"လင်းဟန်"

သူတို့ရောက်လာတဲ့ အခါမှာ စွေ့ရန်ယွီက သွက်လက်စွာနဲ့ လျှောက်လာခဲ့ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ စိတ်သက်သာရာ ရသွားတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။

"နင်နောက်ဆုံးတော့ ရောက်လာပြီလား"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ မေးလိုက်ပါတယ်။

"ဒီနေရာမှာ ဘာတွေဖြစ်နေတာလဲ"

"ကြက်သွေးရောင် ရေကန်ရဲ့ အလယ်မှာ ကျွန်းသေးသေးလေး တစ်ခုရှိတယ်။ ပြီးတော့ အဲဒီကို သွားဖို့အတွက် စုစုပေါင်း လမ်းကြောင်းလေးခုရှိတယ်"

စွေ့ရန်ယွီက ရှင်းပြလိုက်ပါတယ်။

"လမ်းကြောင်းတွေကတော့ နင်မြင်နေရတဲ့ ရေထဲမှာ ပေါလောပေါ်နေတဲ့ ကျောက်တုံးတွေပဲ။ ဒါပေမဲ့

အဲဒီကျောက်တုံးတွေပေါ်မှာ အံ့အားသင့်စရာကောင်းတဲ့ ဆွဲငင်အား နယ်ပယ်တွေ ရှိတယ်။ နောက်ပြီးတော့ စွန့်စားသွားလာတဲ့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လေ ဆွဲငင်အား နယ်ပယ်က ပိုပြီးတော့ အားကောင်းလာလေပဲ”

စွေ့ရန်ယွီက အခုမှ ဟူဖေးယွင်ကို တွေ့သွားပါတယ်။ သူမက အလျင်အမြန်ပဲ ခေါင်းငုံ့ဂါရဝ ပြုပြီးတော့ ပြောလိုက်ပါတယ်။

“နံ့ပါတ်ကိုး ဘုရင်ကို ဂါရဝ ပြုပါတယ်”

သူမကိုယ်သူမ အနည်းငယ် အံ့အားသင့် သွားခဲ့မိပါတယ်။ လင်းဟာန် လုံခြုံတာကို တွေ့လိုက်ရတဲ့ အချိန်မှာ သူမက အရမ်းကို စိတ်လှုပ်ရှားသွားပြီး နံ့ပါတ်ကိုး ဘုရင် ရှိနေတာကိုတောင် လျစ်လျူရှုမိခဲ့တာလား။

ဟူဖေးယွင်က သူမရဲ့လက်ကို ဖေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

“ဓလေ့ထုံးစံတွေ လုပ်နေစရာ မလိုပါဘူး”

သူမရဲ့ တုံ့ပြန်မှုတွေက အရမ်းကို သာမန်ကာလျှံကာပုံစံမျိုး ပေါက်နေပါတယ်။

အဲဒီအချိန်မှာ လင်းဟာန်က မေးလိုက်ပါတယ်။

"ကျွန်းပေါ်မှာ တောင်မြစ်ကျောက်တုံးတွေ ရှိလို့လား"

"သေချာတာပေါ့"

စွေ့ရန်ယွီက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"လျို့ပုက်ဆန်းကြယ်ဘုံထဲက နေရာတော်တော်များများမှာ တောင်မြစ်ကျောက်တုံးတွေ ရှိကောင်းရှိနေနိုင်ပေမဲ့ ကြက်သွေးရောင် ရေကန်ထဲက ကျွန်းပေါ်မှာတော့ အတိအကျကို ရှိတယ်။ နောက်ပြီး အဲဒီမှာရှိတဲ့ တောင်မြစ်ကျောက်တုံးတွေမှာ ထူးခြားတဲ့ စွမ်းရည်တွေလည်း ရှိတယ်"

"အိုး ဒါဆိုရင် အဲဒီနေရာက တောင်မြစ်ကျောက်တုံးတွေမှာ ဘယ်လိုထူးခြားတဲ့ စွမ်းရည်တွေ ရှိနေလို့လဲ"

လင်းဟာန်ရဲ့ မျက်လုံးတွေထဲမှာ ကျေနပ်ပီတိဖြစ်တဲ့ အရောင်တွေ တလက်လက် တောက်ပလာခဲ့ ပါတယ်။

"အရမ်းကိုလေးတဲ့ အလေးချိန်"

စွေ့ရန်ယွီက ပြန်ဖြေလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါသေချာပေါက် နည်းနည်းတော့ ရအောင်ယူရမယ်"

စွေ့ရန်ယွီက သူမရဲ့ ခေါင်းကို ခါလိုက်မိပါတယ်။

"တကယ်လို့ နင်အောင်မြင်ရင်တောင် အဲဒီအချိန်မှာ တောင်မြစ်ကျောက်တုံး တစ်တုံးကိုပဲ ရယူနိုင်လိမ့်မယ်။ အလယ်မှာရှိတဲ့ ကျွန်းဆီကိုရောက်ဖို့ အရမ်းကို ခက်ခဲတာကို မပြောနဲ့ဦး။ နင်တွေ့ကြုံရတဲ့ ဆွဲငင်အား နယ်ပယ်တွေက ဒုတိယအကြိမ် ကျွန်းပေါ်ကို ရောက်အောင်လုပ်တဲ့ အခါမှာ ပိုပြီးတော့ အစွမ်းထက်လာလိမ့်မယ်။ ဒါကြောင့် သူတို့က တစ်ခါလုပ်တိုင်း တစ်ခါပိုပြီး အစွမ်းထက်လာလိမ့်မယ်"

"အရမ်းကို နည်းပါးတဲ့ လူပမာဏပဲ တစ်ကြိမ်အောင်မြင်နိုင်တယ်။ တစ်ကြိမ်ထက်ပိုပြီး အောင်မြင်ဖို့ကိုတော့ မပြောနဲ့တော့"

"ဒါပေမဲ့လည်း တကယ်လို့ ကံတရားက နင့်ကို မျက်နှာသာပေးမယ် ဆိုရင်တော့ ရေပေါ်မှာ ပေါလောပေါ်နေတဲ့ ကျောက်တုံးတွေ အပေးမှာ သာမန်တောင်မြစ်ကျောက်တုံးတွေ ပေါ်ထွက်ကောင်း ပေါ်ထွက်လာနိုင်တယ်။ သူတို့က မကြာခဏဆိုသလို ထွက်ပေါ် လာတတ်တယ်"

လင်းဟန်က စပ်ဖြဲဖြဲနဲ့ ပြောလိုက်ပါတယ်။

"ငါက သာမန်လူ တစ်ယောက်မှ မဟုတ်တာ"

စွေ့ရန်ယွီက ဆွဲဆောင်မှုရှိတဲ့ ဟန်ပန်အမူအရာနဲ့ သူမရဲ့ မျက်လုံးတွေ ချက်ချင်းပဲ ပြူးသွားခဲ့ ပါတယ်။ သူမက လင်းဟန်လိုမျိုး မျက်နှာအရမ်းပြောင်တဲ့ လူစားမျိုးကို ဘယ်တုန်းကမှ မမြင်ဖူးခဲ့ပါဘူး။ ဒါပေမဲ့လည်း ဟူဖေးယွင်ကတော့ ခေါင်းညိတ်ပြီး သဘောတူနေပါတယ်။ သူမက ခေါင်းသုံးလုံး မိုးပျံဂံပုလွေကို လင်းဟန်သတ်ခဲ့တယ်လို့ ယုံကြည်နေခဲ့ပါတယ်။ ဒါကြောင့် သူ့ကို တန်ခိုးရှင် တစ်ယောက်လိုမျိုး မြင်နေပြီး သူ့ရဲ့ စွမ်းအင်နဲ့ ပတ်သက်ပြီး မျက်လုံးစုံမှိတ် ယုံကြည်နေခဲ့ပါတယ်။

Chapter 959 end

အပိုင်း(960) ကျောက်လန်ရဲ့ အောင်မြင်မှု

"နင် သတိတော့ ထားမှရမယ်"

စွေ့ရန်ယွီက လင်းဟန်ရဲ့ အမာခံ ပရိသတ် တစ်ယောက် မဟုတ်ပေမဲ့ သူ့ကို သတိပေး လိုက်ပါတယ်။

"ပြီးတော့ နင်မြင်တဲ့အတိုင်းပဲ။ ကန်ထဲမှာ တိုက်စားခြင်းစွမ်းအားရှိတဲ့ ရေတွေ စီးဆင်းနေတယ်။ တကယ်လို့ နင်က ကျောက်တုံးပေါ်ကနေ ဆွဲငင်အား နယ်ပယ်ကြောင့် တွန်းထုတ်ခံလိုက်ရင်မယ် ဆိုရင် တကယ်လို့

နင်မသေသေးဘူးဆိုရင်တောင် ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားလိမ့်မယ်"

လင်းဟန်က နားလည်တယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူက ကန်ရေတဲ့ စွမ်းအားကို တွေ့မြင်သွားခဲ့ပြီး သူ့ရဲ့ အဆင့်နှစ် နတ်ဘုရား သတ္တုအဆင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရှိနေပေမဲ့ သူရဲ့ရင်ဘတ်ကို ပုတ်ပြီးတော့ ဒီတိုက်စားမှုဒဏ်ကို ခံနိုင်မယ်လို့ အာမမခံ ဝံ့ပါဘူး။ တကယ်တော့ သူကိုယ်တိုင်က အတွေ့အကြုံ မရှိသေးပါဘူး။

"တကယ်လို့ တစ်ယောက်ယောက်မှာ အတောင်ပံတွေပါရင် သူတို့က အဲဒီကျွန်းကို တိုက်ရိုက် ပျံသွားလို့ မရဘူးလား"

သူက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

မိန္ဒာသားရဲတွေက တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့ အချိန်မှာ လူသားပုံစံ ပြောင်းလဲနိုင်ပါတယ်။ သူတို့က လူသားတွေနဲ့တောင် မိတ်လိုက်ပြီး လူသားတစ်ဂက် မိန္ဒာသားရဲတစ်ဂက် မျိုးဆက်တွေ မွေးဖွားလာပြီး အထူးစွမ်းရည်တွေ ရှိပါတယ်။ ဥပမာ သူတို့က ငါးပါးဟက်တွေရှိနိုင်ပြီး ရေအောက်မှာ အသက်ရှူနိုင်စွမ်း ရှိတာမျိုး ဒါမှမဟုတ် အတောင်ပံတွေ ပါရှိပြီး မိုးကောင်းကင်ပေါ် ပျံတက်နိုင်တာမျိုးတို့ ဖြစ်ပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ အဲဒီလိုမျိုး သက်ရှိတွေကို လူသားတစ်ဂက်လို့ ခေါ်ဆိုကြပါတယ်။

"တကယ်လို့ အရမ်းကို လွယ်မယ်ဆိုရင်တော့ ကောင်းတာပေါ့"

စွေ့ရန်ယွီက ခေါင်းကိုခါလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"လူတစ်ယောက်က ပိုအစွမ်းထက်လေ ဆွဲငင်အား နယ်ပယ်ရဲ့ အင်အားက ပိုပြီးတော့ ပြင်းထန်လာတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နင်က အရွယ်အစားကို ရောမ ပုံစံတစ်ခု အဖြစ် ပြုလုပ်ပြီး ကျွန်းပေါ်ကို ခြေတစ်လှမ်းထဲနဲ့ လှမ်းတက်နိုင်မယ်"

အမှန်ပဲ။

လင်းဟန်က ပြုံးပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ လက်ရွေးစင်တွေက သူတို့ရဲ့ ခန္ဓာကိုယ်ကို အချိန်တိုတို တစ်ခုအတွက် အဆတစ်ရာလောက် ကြီးနိုင်သေးနိုင်ကြပါတယ်။ တကယ်လို့ လူတစ်ယောက်က ကျွန်းပေါ်ကို ခြေတစ်လှမ်းနဲ့ ခုန်ကျော်သွားနိုင်တယ်ဆိုရင် ဒီကန်နဲ့ ကျွန်းက လုံးဂကို အဓိပ္ပါယ် မရှိတော့ပါဘူး။

"တကယ်လို့ ဒီအတိုင်းသာဆိုရင် တစ်ယောက်ယောက်က အကျိုးရှိရှိနဲ့ အသုံးပြုခဲ့ပုံရတယ်"

လင်းဟန်က သုံးသပ်ကြည့်လိုက်ပါတယ်။

"မူလဇာစ်မြစ်အဆင့် မဟာလက်ရွေးစင် တစ်ယောက်က ဒီနေရာကို ဖန်တီးထားတာများ ဖြစ်နေမလား"

"ဖြစ်နိုင်တယ်"

စွေ့ရန့်ယွီက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။ ဒါက လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာက ကိစ္စတစ်ခု ဖြစ်ပါတယ်။ ဘယ်သူကများ လက်ရှိအသက်အရွယ်အထိ အရမ်းကို အသက်ရှည်ပြီး ရှင်သန်နိုင်မှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်သန်းပေါင်း တစ်ရာဆိုတဲ့ သမိုင်းကြောင်းက ဘယ်လောက်တောင် ရှည်လျားလိုက်သလဲ။ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံ တည်ရှိခဲ့တာက အရမ်းအရမ်းကို ရှည်ကြာလွန်းခဲ့ပါပြီ။

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး ထားလိုက်တော့"

လင်းဟန်က ပြောလိုက်ပါတယ်။

"ဒီနေရာကို ဘယ်သူဖန်တီးခဲ့လဲ ဆိုတာကို မေ့ထားလိုက်တော့။ ငါ အရင်ဆုံး ကျောက်တုံးလမ်းကြောင်း တစ်ခုကို ရွေးရမယ်"

"သတိထားနော်"

စွေ့ရန်ယွီက နောက်တစ်ကြိမ် သတိပေးလိုက်ပါတယ်။

အဲဒီအချိန်မှာ ဟူဖေးယွင်က ယုံကြည်မှု အပြည့်နဲ့ ပြောလိုက်ပါတယ်။

"လင်းဟာန်က သေချာပေါက် အောင်မြင်လိမ့်မယ်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်နှာကို ဆွဲဆိတ်တဲ့ ပုံစံမျိုး လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းလေသံက ငါ့မိန်းမလိုပဲ ပိုပိုတူလာပြီ"

စွေ့ရန်ယွီက လင်းဟာန်ရဲ့လက်ကို အလျင်အမြန် ရှောင်တိမ်းပြီး ထော်လော်ကန့်လန့် ပြောလိုက်ပါတယ်။

"ဂက်တစ်ကောင်ဆီက တအီအီ မြည်သံကလွဲလို့ တခြားဘာကိုများ မျှော်လင့်နေသေးလဲ"

လင်းဟာန်က ရေကန်ရဲ့ တံတားတွေထဲက တစ်ခုဆီကို ခုန်သွားလိုက်ပါတယ်။

"ဟင်"

"ဒါဟိုကောင်ပဲ"

သူ့ရဲ့ ပုံပန်းသွင်ပြင်က ချက်ချင်းဆိုသလို လူနည်းစုရဲ့ အာရုံကို ဆွဲဆောင်သွားခဲ့ပါတယ်။ လူငယ် နှစ်ယောက်က ချက်ချင်းပဲ လက်ပိုက်ပြီးတော့ လျှောက်လာခဲ့ပါတယ်။ သူတို့က လင်းဟန်ကို အေးစက်စွာနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။

လင်းဟန်က သူတို့ကို ပေ့ကြည့်လိုက်ပြီး ဘယ်သူတွေလဲ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို မဝင်ခင် စွေ့ရန်ယွီက ဒီနှစ်ယောက်အကြောင်း သူ့ကို ပြောပြခဲ့ ပါတယ်။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ကို ရီဂမ်ရှန်းလို့ ခေါ်ပြီးတော့ နောက်တစ်ယောက်ကတော့ ထန်ဟွာလို့ ခေါ်ပါတယ်။ သူတို့နှစ်ယောက်စလုံးက မြောက်ပိုင်းအဖွဲ့အစည်းက ကျောင်းသားတွေ ဖြစ်ပေမဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အဖွဲ့ဝင်တွေ မဟုတ်ပါဘူး။ သူတို့က တောင်မြစ်အဆင့် ကနဦးအဆင့်က ကျောင်းသားတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အဆင့်တွေကလည်း အရမ်းကို မြင့်မားပြီး တစ်ယောက်က အဆင့် 480 ဖြစ်ပြီးတော့ နောက်တစ်ယောက်က 522 ဖြစ်ပါတယ်။

နောက်ပြီး သူတို့မှာ နောက်ထပ်အကြောင်းအရာ တစ်ခုလည်း ရှိပါတယ်။ အဲဒါက သူတို့ဟာ ကျောက်လန်ရဲ့ နောက်လိုက်ကြီး

သုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ပိုင်ယွန်စီရဲ့ နောက်လိုက်တွေ ဖြစ်ပါတယ်။

ရိုးရိုးရှင်းရှင်း ပြောရရင်တော့ ကျောက်လန်ရဲ့ နောက်လိုက်တွေရဲ့ အခြွေအရံတွေ ဖြစ်ပါတယ်။

"ဂျူနီယာညီလေးလင်း ဒါက ဖြတ်ကူးဖို့ လွယ်ကူတဲ့ လမ်းကြောင်းတစ်ခု မဟုတ်ဘူးနော်"

ထန်ဟွာက ပြောလိုက်ပါတယ်။

"ရေကန်ပေါ်မှာ ပေါလောပေါ်နေတဲ့ ကျောက်တုံးတိုင်းက ချောမွေ့ပြီးတော့ ဟန်ချက်ညီအောင် ထိန်းဖို့မလွယ်ဘူး။ နောက်ပြီး အဲဒီမှာ အရမ်းကို အစွမ်းထက်တဲ့ ဆွဲငင်အား နယ်ပယ်တွေလည်း ရှိတယ်။ မင်းသတိမထားမိရင် ရေကန်ထဲကို ပြုတ်ကျသွားနိုင်တယ်။ ဒါက မင်းကို အရည်ပျော်ပြီး သေသွားနိုင်တယ်နော်"

"တကယ်လို့ ငါသာ မင်းနေရာမှာဆိုရင် ငါ့ကိုငါ သတ်သေမဲ့ အတွေးမျိုး တွေးမှာမဟုတ်ဘူး"

ရီဂမ်ရှန်းက ထပ်ပြောလိုက်ပါတယ်။

လင်းဟန်က ဖျတ်ခနဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကို ရန်စစရာ မလိုပါဘူး။ ငါက လျှောက်လာပြီဆိုမှတော့ လမ်းတစ်ဝက်မှာ လက်လျှော့လိုက်ဖို့ စိတ်ကူးမရှိဘူး။ နောက်ပြီးတော့ တကယ်လို့ စီနီယာ အစ်ကိုတွေက ကျနော်ဖြတ်နေတဲ့ အချိန်မှာ ပစ်မှတ်ထားချင်တယ်ဆိုရင် ဥပမာ မျောနေတဲ့ ကျောက်တုံးတွေပေါ်ကနေ တွန်းချတာမျိုး ဒါမှမဟုတ် တစ်ခုခုပေါ့။ ဟဲဟဲ စီနီယာအစ်ကိုတွေကို ကျနော်သတိပေးရဦးမယ်။ မင်းတို့ရဲ့ မကောင်းတဲ့ လုပ်ဆောင်ချက်တွေရဲ့ သားကောင်မဖြစ်အောင် သတိထားပါ"

"မင်း..."

ရီဂမ်ရှန်းနဲ့ ထန်ဟွာရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တွေ ဖြတ်သွားခဲ့ပါတယ်။ ကျွှာငယ်လေး တစ်ခုကလာတဲ့ ဒီပုရွက်ဆိတ်က တကယ်ပဲ သူတို့ကို ပြန်ပြီးတော့ ခြိမ်းခြောက်ရဲတယ်တဲ့လား။

"တောင်မြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားတာနဲ့ပဲ မင်းကိုယ်မင်း ကျွှာကြီးရဲ့ ထိပ်ပိုင်းမှာ ရှိနေတယ်လို့ ထင်နေတာလား"

ထန်ဟွာက လှောင်ပြောင်လိုက်ပါတယ်။

"အချိန်တိုတိုလေး အတွင်းမှာ မင်းရဲ့ ယုံကြည်မှုတွေက ဘယ်လောက် ရယ်စရာ ကောင်းမလဲ ဆိုတာကို မင်းသတိပြုမိလိမ့်မယ်"

သူတို့နှစ်ယောက်က စကားဆက်မပြောတော့ပဲ လင်းဟန်ကို ဆက်ပြီးတော့ပဲ စိုက်ကြည့်နေလိုက် ကြပါတယ်။ သူတို့က သူဘယ်အချိန်မဆို အရှေ့တိုးသွားတဲ့ အခါမှာ သူ့အနောက်ကို လိုက်ရပါ လိမ့်မယ်။ အဲဒီနောက် သူ့ကို ရေကန်ထဲ တွန်းချပစ်ရပါမယ်။ ဒီလိုဆိုရင် သူတို့က နောက်ပိုင်းမှာ ဆင်ခြေတစ်ခုလည်း ရှိရပါမယ်။ ရေပေါ်မှာ ပေါလောပေါ်နေတဲ့ ကျောက်တုံးတွေမှာ အရမ်းကို ကြီးမားတဲ့ ဆွဲငင်အား နယ်ပယ်တွေ ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ ခြေထောက်တွေကို မထိန်းနိုင်ပဲ ချော်ပြီးတော့ တွန်းလိုက်မိတယ်ပေါ့။

လင်းဟန်က သူတို့တွေ ဘာတွေးနေလဲ ဆိုတာကို ကောင်းကောင်းကြီး နားလည်ပါတယ်။ သူက စိတ်ထဲကနေ အေးစက်စွာနဲ့ ချောင်းတစ်ချက် ဟန့်ပြီးတော့ ယုံကြည်မှု အပြည့်နဲ့ အရှေ့ကို ခုန်လိုက်ပါတယ်။

ဟွမ်း။

သူ့ခန္ဓာကိုယ်က ပထမ ကျောက်တုံးပေါ် ကို ခြေချမိလိုက်တဲ့ အချိန်မှာ ရုတ်တရက် အရမ်းကို လေးလံလာသလိုမျိုး ခံစားလိုက်ရပါတယ်။ သူ့ရဲ့ ဆံပင်တွေနဲ့ အဝတ်အစားတွေ အားလုံးက အောက်ဘက်ကို အိကျလာခဲ့ပါတယ်။

ဒီလောက်ထိ များပြားတဲ့ ဆွဲငင်အားနဲ့ တစ်ခါမှ မကြုံဖူးခဲ့ပါဘူး။ အခု ဘယ်လိုပဲဖြစ်ဖြစ် အရမ်းကို သိသာတဲ့ ပြောင်းလဲမှုတွေ ရှိပါတယ်။ ဒါက ဒီဆွဲငင်အား နယ်ပယ်တွေရဲ့ စွမ်းအားကို ဖော်ပြဖို့ လုံလောက်ပါတယ်။

လင်းဟန်က သူ့ရဲ့မူလစွမ်းအင် အနည်းငယ်ကို ထုတ်ဖော်ပြီး သူရဲ့ အမြန်နှုန်းကို မြှင့်တင်ကာ နောက်ထပ် ကျောက်တုံးတစ်တုံးပေါ် ကို လွှားခနဲ ခုန်တက်လိုက်ပါတယ်။ သူဒီလိုမျိုး လုပ်လိုက်သလိုပဲ ဆွဲငင်အား နယ်ပယ်ကလည်း အနည်းငယ် ပိုပြီးတော့ အားကောင်းလာ ခဲ့ပါတယ်။ သူ့အရိုးတွေက တစ်ချောင်းနဲ့တစ်ချောင်း ရိုက်ခတ်မိသလိုမျိုး အသံကိုတောင် ကြားနိုင်ပါတယ်။

စုစုပေါင်း ကျောက်တုံး တစ်ရာရှိပါတယ်။ တကယ်လို့ ဒုတိယ ကျောက်တုံးက ဒီလောက် အစွမ်းထက်နေရင် အဆုံးမှာရှိတဲ့ ကျောက်တုံးက ဘယ်လောက်တောင် အစွမ်းထက်လိမ့်မလဲ။

ပလုံ။

သူ့အရှေ့မှာရှိတဲ့ လူတစ်ယောက်က ရေကန်ထဲကို ပြုတ်ကျသွားခဲ့ပါတယ်။ ကမ်းစပ်ဆီကို ကမန်းကတန်း ရေကူးလာပြီး သူတို့ရဲ့ အခြေအနေက ကြည့်ရတာ အရမ်းကို ထိတ်လန့်စရာကောင်းပါတယ်။

"လပြွတ်ပဲ။ ဒီနေရာမှာရှိတဲ့ ဆွဲငင်အား နယ်ပယ်တွေက အရမ်းကို သွေးထွက်သံယို များတာပဲ။ လူတွေက တကယ်ပဲ အဲဒီကျွန်းဆီကို ရောက်နိုင်ပါ့မလား"

လူတစ်ယောက်က အော်လိုက်ပါတယ်။

"ဒါပေါ့ သူတို့လုပ်နိုင်တယ်"

"လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ကိစ္စကို မင်းမေ့နေပြီလား။ အနောက်ပိုင်း အဖွဲ့အစည်းက ပန်ယွဲ့က အဲဒီကျွန်းပေါ်ကို အောင်အောင်မြင်မြင်နဲ့ ရောက်သွားခဲ့တယ်လေ"

"တကယ်လို့ ငါတို့တွေက ဟိုးဟေးဟေးကို ပြန်တွေးကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းရာဂဏန်း အနည်းငယ်တုန်းကလည်း စီနီယာ အစ်ကိုကျောက်လန်က အောင်မြင်ခဲ့သေးတာပဲ။ သူက

အောင်မြင်ခဲ့တဲ့အပြင် တစ်ခါတည်းနဲ့ တောင်မြစ်ကျောက်တုံး နှစ်တုံးကိုတောင် အရယူနိုင်ခဲ့တယ်”

“ဘာ နှစ်တုံး ဟုတ်လား။ ဒီဆွဲငင်အား နယ်မြေတွေက တစ်ခါအောင်မြင်ပြီးရင် မရေမတွက်နိုင်တဲ့ အဆပေါင်းများစွာ ပိုပြီးတော့ အစွမ်းထက်လာတယ် မဟုတ်လား”

“အမှန်ပဲ။ ဒါကြောင့်လည်း စီနီယာ အစ်ကိုကျောက်လန်ရဲ့ ခွန်အားက တကယ့်ကို အထင်ကြီးစရာ ကောင်းလွန်းတယ်”

“ဟူး။ စီနီယာ အစ်ကိုကျောက်လန်က အစကတည်းက ထူးထူးခြားခြားကို အစွမ်းထက်တယ်။ အခု သူက အရမ်းကို လေးလံတဲ့ တောင်မြစ်ကျောက်တုံး နှစ်တုံးကို သန့်စင်ပြီးပြီဆိုတော့ အခုဆို သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ”

လူတော်တော်များများက ကျောက်လန်ရဲက ထင်ပေါ်ကျော်ကြားမှု အကြောင်းကို ပြောဆိုပြီး ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားကြပါတယ်။ ဒါက သူတို့အနေနဲ့ မော့ကြည့်ရုံပဲ တတ်နိုင်တဲ့ နတ်ဘုရား တစ်ပါးနဲ့ တူပါတယ်။ သူ့ရဲ့ ဟိတ်ဟန်ကြီးနဲ့ ရပ်တည်နေမှုက သူတို့အနေနဲ့ အိပ်မက်ထဲမှာတောင် မရောက်နိုင်တဲ့ အရာတွေ ဖြစ်ပါတယ်။

"မင်းတို့တွေ စီနီယာအစ်ကို ကျောက်လန်ရဲ့ နောက်လိုက်ကြီး သုံးယောက်ကိုရော သိကြလား။ ပိုင်ယွန်စီ၊ ကျူးရှောင်နဲ့ပ ဖန်ရှန်တို့လေ။ သူတို့လည်း ဒီနေရာကနေ အရင်တုန်းက တောင်မြစ်ကျောက်တုံး တစ်တုံး ရဖူးတယ်"

"ဘာ"

မရေမတွက်နိုင်တဲ့ လူတွေက ဒီလျှို့ဝှက်သတင်းကို အရင်တုန်းက တစ်ခါမှ မကြားဖူးခဲ့ပါဘူး။ ပြီးတော့ သူတို့ရဲ့ စိတ်တွေအားလုံး အံ့အားသင့်မှုကြောင့် တွေဝေငေးမော သွားကုန်ပါတယ်။ သူ့ရဲ့ နောက်လိုက်တွေတောင်မှ ဒီလောက်ထူးထူးခြားခြား အစွမ်းထက်နေတာလား။

"အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ စီနီယာအစ်ကိုကျောက်ရဲ့ နောက်လိုက်တွေ ဖြစ်ဖို့ သင့်တော်မှာလဲ"

အဆုံးမှာ အကြီးအကဲ တစ်ယောက်က ကောက်ချက်ချလိုက်ပါတယ်။

"ဒီနေရာကနေ တောင်မြစ်ကျောက်တုံး တစ်တုံးကို ရယူဖို့က ခက်ခဲတာတော့လည်း မဟုတ်ဘူး။ အကြိမ်တိုင်းလိုလို လူပေါင်း တစ်ဒါဇင် ဒါမှမဟုတ် အဲဒီထပ် ပိုတဲ့လူတွေက ဒီလိုမျိုး ကံတရားကို

ပိုင်ဆိုင်ကြတယ်။ ဒါပေမဲ့လည်း လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာက လူတစ်ယောက်ပဲ တောင်မြစ်ကျောက်တုံး နှစ်တုံးကို ပိုင်ဆိုင်ရရှိနိုင်ခဲ့ဖူးတယ်”

လပြွတ်ပဲပြော့ပါ။

လူတော်တော်များများက အံ့အားသင့်မှုကြောင့် သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်လိုက် ကြပါတယ်။ ကျောက်လန်က နှစ်ပေါင်းတစ်ထောင် အတွင်း နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ရရှိထားတာ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့ရဲ့ခွန်အားက တခြားပါရမီရှင်တွေရဲ့ အရှေ့မှာ ရှိနေပါတယ်။

လင်းဟာန်ရဲ့ စိတ်တွေက တည်ငြိမ်နေပြီး သူ့ရဲ့ နှလုံးသားထဲမှာ ပီတိဖြစ်မှုတစ်ခု မြင့်တက်လာခဲ့ ပါတယ်။

ကျောက်လန်က ဒီနေရာကနေ တောင်မြစ်ကျောက်တုံး နှစ်တုံးကို အရယူနိုင်ခဲ့တာလား။ ဒါဆိုရင် သူက သုံးခုရယူနိုင်လိမ့်မယ်။

သူက ခြေထောက်ကို မြှောက်ပြီးတော့ သူ့ရဲ့ တတိယမြောက် ခြေလှမ်းကို မြဲမြံစွာနဲ့ လှမ်းလိုက်ပါတယ်။

ရီဂမ်ရှန်းနဲ့ ထန်ဟွာတို့က အလျင်စလိုနဲ့ မလှုပ်ရှားကြပါဘူး။ သူတို့နှစ်ယောက်စလုံးက လင်းဟာန် ပိုပြီးတော့ ဝေးဝေးကို

ရောက်သွားဖို့ အရင်ဆုံး စောင့်နေကြပါတယ်။ ဒီနည်းနဲ့ဆိုရင် လင်းဟန်က ရေကန်ထဲကို ပြုတ်ကျသွားတဲ့ အခါမှာ ပိုပြီးတော့ ပြင်းထန်တဲ့ဒဏ်ရာတွေ ရလာပါလိမ့်မယ်။ ဖြစ်နိုင်တာက သူ့အနေနဲ့ ကမ်းစပ်ကိုတောင် ပြန်လာချင်မှ ပြန်လာနိုင်ပြီးတော့ သူ့ရဲ့အရိုးတွေတောင် ဘာမှမကျန်တော့တဲ့အထိ အရည်ပျော်ကျသွားနိုင်ပါတယ်။

သိပ်မကြာခင်မှာ သူတို့ရဲ့ မျက်နှာအမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။ ဘာဖြစ်လို့ သူက အရမ်းကို လျင်မြန်စွာနဲ့ ပြေးနေတာလဲ။ သူက ကျောက်တုံးသုံးဆယ်ကျော်ကိုတောင် ကူးဖြတ်သွားခဲ့ပြီ။

သူတို့က တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီးတော့ နောက်ထပ်တုံ့ဆိုင်းခြင်း မရှိတော့ပါဘူး။ သူတို့ရဲ့ အမြန်နှုန်းကို မြှင့်တင်ပြီးတော့ လင်းဟန်အနောက်ကို လိုက်ကြပါတော့တယ်။ သူတို့ရဲ့ ရည်မှန်းချက်က သူ့ကို ရေကန်ထဲ မတော်တဆ တွန်းချပစ်ဖို့ ဖြစ်ပါတယ်။

Chapter 960 end

အပိုင်း(961) ကိုယ့်ရှူးကိုယ်ပြန်ပတ်

ရီဂပ်ရှန်းနဲ့ ထန်ဟွာတို့ နှစ်ယောက်က မြောက်ပိုင်းအဖွဲ့အစည်းမှာ တောင်မြစ်အဆင့် အုပ်စုထဲ အဆင့် 480နဲ့ 522 ချိတ်တဲ့ ထူးချွန်ကျောင်းသားတွေ ဖြစ်တာကြောင့် သူတို့တွေက ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရောက်နေပါတယ်။ နောက်ပြီး သူတို့နှစ်ယောက်လုံး ကြယ်တစ်ပွင့် ပါရမီရှင်တွေ ဖြစ်ပြီးတော့ သူတို့ရဲ့ အစစ်အမှန် တိုက်ပွဲစွမ်းရည်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့်နဲ့ ယှဉ်လို့ရပါတယ်။

သူတို့လက်နဲ့ အရင်က ကြိုးစားခဲ့ပြီးပါပြီ။ ခြေလှမ်း ရှစ်ဆယ်ထိက သူတို့စွမ်းရည်ရဲ့ အကန့်အသတ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအကန့်အသတ် မတိုင်ခင် ဖိအားတချို့နဲ့ မျက်နှာချင်း ဆိုင်ရတယ် ဆိုရင်တောင် သူတို့က ခွန်အားအပြည့်နဲ့ တခြားလှုပ်ရှားမှုတွေကို လုပ်နိုင်ပါသေးတယ်။

ဉပမာ တစ်ယောက်ယောက်ကို ရေကန်ထဲ တွန်းချတာမျိုးပေါ့။

ရှပ် ရှပ်။

သူတို့က အရှိန်တင်ပြီးတော့ အရှေ့ကိုတိုးလာ ခဲ့ကြပါတယ်။

ရေထဲမှာ မျောနေတဲ့ ကျောက်တုံးတွေက သိပ်မသေးပါဘူး။ လူတစ်ယောက် ကောင်းကောင်းကြီး ရပ်နိုင်တဲ့အထိ ကြီးမားပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ လူနှစ်ယောက်က ကျောက်တုံး တစ်တုံးထဲမှာ ရပ်နေမယ်ဆိုရင် နည်းနည်းလေး ကပ်သီးကပ်ဖဲ့ ဖြစ်လာနိုင်ပြီး လူသုံးယောက် ဆိုရင်တော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

တိုက်ခတ်နေတဲ့ လေပြည်လေညှင်းလေး တစ်ခုလိုပဲ ရီဂမ်ရှန်းနဲ့ ထန်ပွာတို့က လင်းဟာန်နဲ့ နီးသထက် နီးလာခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ အေးစက်စက် အပြုံးတစ်ခု တွဲခိုလာခဲ့ ပါတယ်။

မင်းရဲ့ ကံကောင်းခြင်းတွေ ထွက်ပြေးသွားပြီ။

"ငါတို့လမ်းကနေ ဖယ်စမ်း"

သူတို့က တပြိုင်နက်တည်း အော်လိုက်ပါတယ်။ သူတို့က နောက်တစ်ကြိမ် အရှေ့ကို ခုန်လာပြီး လင်းဟာန်ရဲ့ အနီးနားကို ရောက်လာခဲ့ပါတယ်။

လင်းဟာန်က ဒီအခိုက်အတန့်ကို စောင့်နေတာ ကြာပါပြီ။ ပြီးတော့ သူ့လက်သီးတွေနဲ့ သူတို့ရဲ့ မျက်နှာကို အနောက်ဘက်ကို တစ်ချက်လေးမှတောင် မကြည့်ပဲ ထိုးပစ်လိုက်ပါတယ်။ သူက

လုံးဂကို မထိန်းထားပါဘူး။ သူ့အနောက်မှာ တောင်မြစ်သေးသေးတစ်ခု ပေါ်လာပြီးတော့ သူ့ရဲ့ ခွန်အားအပြည့်အဂကို ထုတ်ဖော်လိုက် သလိုပါပဲ။

ဖူး။

ကမ်းစပ်နားက လူတွေအားလုံးက ဂါးလုံးကွဲအောင် ရယ်မောလိုက်ကြပါတယ်။

သူတို့က တောင်မြစ် အမျိုးအစား အားလုံးကို အရင်က မြင်တွေ့ဖူးပေမဲ့ ဒီလိုမျိုး သေးငယ်တဲ့ တစ်ခုကိုတော့ ဘယ်တုန်းကမှ မမြင်တွေ့ဖူးခဲ့ပါဘူး။

စွေ့ရန်ယွီက ပိုပြီးတော့တောင် ခေါင်းခြောက်သွားခဲ့ပါတယ်။ လင်းဟန်က စကြဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်မှာ အရမ်းကို အစွမ်းထက်ပါတယ်။ ဒါကြောင့် တောင်မြစ်အဆင့်ကို ချိုးဖျက်ပြီးတဲ့ အခါမှာ ဘယ်လိုလုပ်ပြီး သူက အရမ်းကို အားနည်းလာမှာလဲ။

လူတစ်ယောက်ရဲ့ တောင်မြစ်ပုံရိပ်က သူတို့ရဲ့ စွမ်းအားနဲ့ ဆက်စပ်နေပါတယ်။

"မင်းက သေလမ်းရှာနေတာပဲ"

ရီဂပ်ရှန်းနဲ့ ထန်ဟွာတို့ နှစ်ယောက်စလုံးက ရက်စက်ကြမ်းကြုတ်တဲ့ အပြုံးတွေကိုယ်စီ ပြုံးလိုက် မိပါတယ်။ လင်းဟာန်က တောင်မြစ်အဆင့်ကို ချိုးဖျက်ဂင်ကာစပဲ ရှိပါသေးတယ်။ သူက တကယ်ပဲ သူတို့ကို ထိပ်တိုက်ရင်ဆိုင်ပုံ့တယ်ပေါ့လေ။ သူက တကယ်ပဲ သေတယ်ဆိုတဲ့ စကားကို ဘယ်လိုမျိုး ရေးရမလဲ ဆိုတာကို မသိဘူးပဲ။ သူတို့မှာ မကောင်းတဲ့ စိတ်ထားတွေ ရှိပေမဲ့ လင်းဟာန်ကိုတော့ တန်းသေအောင် လုပ်မရပါဘူး။ ဒါကြောင့် သူတို့ရဲ့ စွမ်းအားတွေကို ထိန်းချုပ်ထား ရပါမယ်။

အားလုံးရဲ့ အကြည့်အောက်မှာ ဂျူနီယာ ညီငယ် တစ်ယောက်ကို သေသွားအောင် တိုက်ခိုက်တာက ကြီးမားတဲ့ ပြစ်မှုတစ်ခု ဖြစ်ပါတယ်။

ထန် ထန်။

လူနှစ်ယောက်ရဲ့ လက်တွေက လင်းဟာန်ရဲ့ လက်သီးကို လွယ်လွယ်နဲ့ ဘေးကို တွန်းထုတ်ပစ် လိုက်ပါတယ်။ အဲဒီအချိန် လင်းဟာန်ရဲ့ လက်သီးတွေက သက်ရောက်မှုနည်းနည်းမှ မရှိသလိုမျိုး လူနှစ်ယောက်ရဲ့ မျက်နှာဆီကို ဆက်ပြီးတော့ တစ်ဟုန်ထိုးပြေးဂင် လာခဲ့ပါတယ်။

“ဘာ”

သူတို့နှစ်ယောက်က သတိပေးအော်ဟစ်ဖို့တောင် အချိန်မရခဲ့ပါဘူး။ ဒါပေမဲ့လည်း သူတို့ရဲ့ မျက်နှာပေါ်က အမူအရာတွေက အားလုံးကို ပြောပြနေပါတယ်။

အဲဒါတွေက အံ့အားသင့်မှု ၊ ထိတ်လန့်မှုနဲ့ စိတ်ရှုပ်ထွေးမှုတို့ပဲ ဖြစ်ပါတယ်။

သူက တောင်မြစ်အဆင့်ကို ဂင်ရောက်ကာစပဲ ရှိပါသေးတယ်။ ပြီးတော့ သူ့ရဲ့တောင်မြစ်ကလည်း အရမ်းကို သေးငယ်ပါတယ်။ ဘယ်လိုလုပ် ဒီလိုမျိုး ကြောက်မက်ဖွယ်ရာ စွမ်းအားကို ပိုင်ဆိုင်ထားနိုင်ရတာလဲ။

ဒီအတွေးက သူတို့ရဲ့ စိတ်ထဲမှာ ဖျတ်ခနဲ တွေးမိရုံပဲ ရှိပါသေးတယ်။ လက်သီးချက်က သူတို့ရဲ့ မျက်နှာကို ထိမှန်သွားခဲ့ပါတယ်။

အဲဒီနောက် သူတို့ရဲ့ ပါးစပ်က သွားတွေ တစ်ချောင်းပြီး တစ်ချောင်း ပြုတ်ထွက်ကုန်ပါတယ်။ အဲဒီနောက် သူတို့ရဲ့ ခန္ဓာကိုယ်တွေတောင် အဂတ်ရုပ်တစ်ရုပ်ကို တုတ်နဲ့ထပ်ခါ ထပ်ခါ ရိုက်ခံနေရ သလိုမျိုးနဲ့ တူပါတယ်။ အဲဒီနောက် နှစ်ယောက်စလုံး ရေကန်ထဲကို ကျယ်လောင်တဲ့ အသံနဲ့ ရေကန်ထဲကို ပြုတ်ကျသွားခဲ့ပါတယ်။

"အား"

သူတို့က ချက်ချင်းဆိုသလို နာကျင်မှုကြောင့် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး ကမ်းစပ်ဆီကို ကပျာကယာ ကူးခတ်လာခဲ့ ကြပါတယ်။

သူတို့ရဲ့ အရေပြားနဲ့ အသွေးအသားတွေ အရည်ပျော်ကျမှုနှုန်းက သာမန်မျက်လုံးနဲ့တောင် မြင်နိုင်ပါတယ်။ သူတို့ရဲ့ မူလစွမ်းအင်တွေကို အပြည့်အဝ ကာကွယ်ထားပေမဲ့ အာနိသင် သက်ရောက်မှုက အနည်းအကျဉ်းမျှပဲ ရှိပါတယ်။ သူတို့က အချိန်တိုတိုလေး တစ်ခုအတွက်ပဲ သူတို့ရဲ့ အသွေးအသားတွေ အရည်ပျော်တာကို နှောင့်နှေးစေနိုင်စွမ်း ရှိပါတယ်။

အားလုံးက ဒီမြင်ကွင်းကြောင့် အံ့သြမှင်တက်လို့ နေပါတယ်။ ဘယ်သူကများ ဒီလိုရလဒ်တစ်ခု ထွက်ပေါ်လာမယ်လို့ ထင်ထားမိမှာလဲ။

ရီဂမ်ရှန်းနဲ့ ထန်ဟွာတို့ရဲ့ အဆင့်က လေးရာနဲ့ ငါးရာအတွင်းမှာ ရှိတယ်ဆိုပေမဲ့ တစ်ခုသတိပြု ထားရမှာက မြောက်ပိုင်းအဖွဲ့အစည်းမှာ တောင်မြစ်အဆင့် ကနဦး အထွတ်အထိပ် ကျောင်းသားတွေ ဘယ်လောက်များ ရှိနေလဲ။

နစ်ပေါင်းနစ်ဆယ်ပြည့်တိုင်း မြောက်ပိုင်းအဖွဲ့အစည်းထဲကို ကျောင်းသားသစ် ငါးရာနီးပါး ဝင်နိုင်ပြီး

အများဆုံးနှစ်ပေါင်းတစ်ရာခန့် အချိန်ယူပြီးတော့မှ သူတို့က တောင်မြစ်အဆင့် ကနဦးအဆင့်ကို တက်ရောက်နိုင်တာ ဖြစ်ပါတယ်။ ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ရောက်နိုင်တဲ့ လူတွေထဲမှာ ဘယ်သူကများ တောင်မြစ်အဆင့်ကို မချိုးဖျက်နိုင်တဲ့လူ ရှိလို့လဲ။

နောက်တစ်မျိုး ပြောရမယ်ဆိုရင် အားလုံးက တောင်မြစ်အဆင့် ကနဦးအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်ကြပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ စတင်ပြီးတော့ အဆင့်တက်လာဖို့က အထူးသဖြင့် ခက်ခဲပါတယ်။ နှစ်ပေါင်း တစ်သောင်းလောက် အချိန်ယူမှ ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်တာက သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုလို ဖြစ်နေပါပြီ။

ဒါပေါ့။ ကောင်းကင်နီ သင်တန်းကျောင်းက ပါရမီရှင်တွေကိုပဲ လက်ခံပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့က ပြင်းထန်အလယ်အလတ် အဆင့်ကို နှစ်ပေါင်းတစ်သောင်း အတွင်းမှာ အဆင့်မတက်နိုင်ခဲ့ဘူးဆိုရင် နှင်ထုတ်ခံရပါလိမ့်မယ်။ ဒီလိုမျိုး စုစည်းမှုကြောင့် နှစ်ပေါင်း ငါးထောင်အတွက် ကနဦးအဆင့်မှာ ရှိနေတဲ့ ကျောင်းသားအရေအတွက်ဟာ တစ်သိန်းကျော် ရှိနေပါလိမ့်မယ်။

ဒါကြောင့် လူတစ်သိန်းကျော် အတွင်းမှာ အဆင့်ရာဂဏန်းအတွင်း ချိတ်တယ်ဆိုတာက အတော်လေး အထင်ကြီးစရာ ကောင်းတယ်မဟုတ်လား။ ဒီအရေအတွက်ကို ပြောင်းလိုက်ရင် ဒီလိုမျိုး အဆင့်တွေက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထဲမှာ ထိပ်ဆုံးအယောက် နှစ်ဆယ်ထဲကို ဝင်ရောက်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သူတို့ကို လက်သီးနှစ်ချက်နဲ့ပဲ လွင့်ထွက်သွားစေခဲ့ပါတယ်။ ဒါက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ပိုပြီးတော့ အရေးကြီးတာက သူက အခုမှ တောင်မြစ်အဆင့်ကို တက်ကာစပဲ ရှိပါသေးတယ်။

သူက အခုတောင် အရမ်းအစွမ်းထက်နေတာ အနာဂတ်မှာ ဘယ်လောက်တောင် အစွမ်းထက် လာလိမ့်မလဲ။

"ကောလာဟလတွေ ပြောကြတာတော့ ကျွမ်းကျင် တစ်ခုက ဒီလူဟာ သင်တန်းကျောင်းရဲ့ စမ်းသပ်စစ်ဆေးမှု အဆင့်ရှစ်ကို ဖြတ်ကျော်ခဲ့ပြီး သူ့မှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာမဲ့ တက်လမ်းရှိတယ်တဲ့"

"တကယ်လို့ သူ့မှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အလားအလာ ရှိတယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကနဦးအဆင့်ကို ချိုးဖျက်ဝင်ရောက် ပြီးတဲ့နောက်မှာ ပြင်းထန် အလယ်အလတ် အဆင့်ရဲ့ အစောပိုင်းအဆင့်နဲ့ ညီမျှတယ်လို့ ဆိုလိုတာပဲ။ သူက အရမ်းကို အစွမ်းထက်နေတာ အံ့ဩစရာ မရှိတော့ပါဘူး"

"ဒါပေမဲ့ ရီဂမ်ရှန်းနဲ့ ထန်ဟွာတို့မှာ ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်းအဆင့် တိုက်ပွဲစွမ်းရည် ရှိကြတယ် မဟုတ်လား။ ပြီးတော့ သူတို့က နှစ်ယောက်တောင်လေ"

"မဟုတ်ဘူး မဟုတ်ဘူး။ သူတို့က လင်းဟာန် ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို မသိကြဘူး။ သူတို့နှစ်ယောက်က လင်းဟာန်ကို လျော့တွက်ပြီးတော့ သူတို့ရဲ့ စွမ်းအားတွေကို အပြည့်အဝ အသုံးမပြုခဲ့ဘူး။ ဒါကြောင့် သူတို့က ကိုယ့်ရှူးကိုယ်ပြန်ပတ် သွားကြပြီး ကိုယ်ဖော်တဲ့ဆေး ကိုယ်ပြန်စားမိကြတာပဲ"

"ငါသိပြီ"

အားလုံးက သဘောတူတဲ့ အနေနဲ့ ခေါင်းညိတ်လိုက် ကြပါတယ်။ ပထမ အချက်က လင်းဟာန်ဟာ တကယ်ပဲ သန်မာပါတယ်။

ဒုတိယက ရီဂမ်ရှန်းနဲ့ ထန်ဟွာတို့ နှစ်ယောက်စလုံးက သူတို့ရဲ့ ရန်သူကို လျော့တွက်ခဲ့ ကြပါတယ်။ အဲဒါက သူတို့ကို စိတ်သက်သာရာ ရသွားစေခဲ့ပါတယ်။ ကြယ်လေးပွင့် ပါရမီရှင်တွေက ထူးခြားတယ် ဆိုပေမဲ့ အနည်းဆုံးတော့ သူတို့ရဲ့ ဘုံအတွင်းက လက်ခံနိုင်မှုထဲမှာ ရှိနေပါသေးတယ်။

ဒါပေမဲ့လည်း တချို့ကတော့ လေးလေးနက်နက် တွေးတောနေကြပါတယ်။ လင်းဟန်က တောင်မြစ်ကျောက်တုံးတွေကို သန့်စင်ပြီးတဲ့နောက်မှ တန်ခိုးရှင်အဆင့်ကို တက်လာခဲ့မှန်း သိသာပါတယ်။ တကယ်လို့ ကနဦးအဆင့်ရဲ့ အလယ်အလတ်အဆင့်နဲ့ အစောပိုင်း အဆင့်အကြားက အကွာအဝေးက ခြေလှမ်းတစ်ရာကို ကိုယ်စားပြုတယ်ဆိုရင် သူက အခုချိန်မှာ ပထမခြေလှမ်း ဆယ်ခုပေါ်မှာပဲ အများဆုံး ရပ်နိုင်ပါမယ်။

ဒါကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ခြေလှမ်းတစ်ရာကို ရောက်တဲ့အချိန်မှာ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်ကို ရောက်နေလိမ့်မလား။

ဒါက ဖြစ်နိုင်ချေ ရှိပါတယ်။

ဒါက ကြောက်စရာ အကောင်းဆုံး အစိတ်အပိုင်း ဖြစ်ပါတယ်။ ကြယ်ငါးပွင့် ပါရမီရှင်။ ဒီအကြောင်းကို စဉ်းစားကြည့်လိုက်ရုံနဲ့တင် လူတစ်ယောက်ကို ထိတ်လန့်တုန်လှုပ်သွားစေဖို့ လုံလောက်ပါတယ်။

လင်းဟာန်က ပြန်လှည့်လိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ သူက ယင်ကောင်နှစ်ကောင်ကို ရိုက်ထုတ် လိုက်ရုံမျှပါပဲ။ သူ့ရဲ့ ပစ်မှတ်က ဒီလူနှစ်ယောက် မဟုတ်သလို ပိုင်ယွန်စီနဲ့ ဖန်ရှန်တို့လည်း မဟုတ်ပါဘူး။ သူ့ပစ်မှတ်က ကျောက်လန်ပဲ ဖြစ်ပါတယ်။

သူက အရှေ့ကို သက်တောင့်သက်သာနဲ့ တိုးလာခဲ့ပါတယ်။

သူ့စွမ်းအား တစ်ခုတည်းနဲ့တင် ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်း အဆင့်ကို ရောက်နေပါပြီ။ ဒါက ဒီနေရာမှာ အထူးတလည် အသာစီးရယူနိုင်တဲ့ အစွမ်းထက် တိုက်ပွဲစွမ်းရည် တစ်ခုပဲ မဟုတ်လား။ ဒီဆွဲငင်အား နယ်ပယ်ကို ခုခံဖို့ အကောင်းဆုံး နည်းလမ်းက လူတစ်ယောက်ရဲ့ ကိုယ်ပိုင်စွမ်းအားပဲ ဖြစ်ပါတယ်။

ကျင့်ကြံခြင်းအဆင့် အပေးမှာ တားမြစ်ထားမှုကို ကျေးဇူးတင်ရပါမယ်။ ဒီနေရာမှာရှိတဲ့ လူတွေထဲမှာ ဘယ်နှစ်ယောက်လောက်များ လင်းဟာန်ရဲ့ စွမ်းအားကို ယှဉ်ပြိုင်နိုင်မှာလဲ။ နောက်ပြီး ထူးချွန်တဲ့ စွမ်းအားရှိတာကိုပါ

ထည့်ပေါင်းပြီး လင်းဟန်မှာ ပိုပြီးတော့ ကြောက်စရာ ကောင်းလှတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုတောင် ရှိပါတယ်။

ဆွဲငင်အား နယ်ပယ်ရဲ့ ဖိအားအောက်မှာ တခြားသူတွေက သူတို့ရဲ့ နလုံးသား၊ ဦးနှောက်နဲ့ တခြားသေကွင်းသေကွက် နေရာတွေကို မူလစွမ်းအင်နဲ့ ကာကွယ်ထား ကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီကိုယ်တွင်းအင်္ဂါတွေသာ ဆွဲငင်အား နယ်ပယ်ရဲ့ ပြင်းထန်တဲ့ ဖိအားနဲ့ ထိမှန်သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က ဒီလိုမျိုး လုပ်ဖို့မလိုခဲ့ပါဘူး။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ ရပါတယ်။ ဒီဆွဲငင်အား နယ်ပယ်က သူ့ကို ဘယ်လိုလုပ်ပြီးတော့ ထိခိုက်ဒဏ်ရာ ရစေမှာလဲ။

ဒါကြောင့် သူ့ရဲ့စွမ်းအားတွေနဲ့ ဆွဲငင်အား နယ်ပယ်တွေရဲ့ အလေးချိန်ကို ခံနိုင်ရည် ရှိနေသရွေ့ အရာအားလုံး အဆင်ပြေပါတယ်။

ခြေလှမ်းခြောက်ဆယ်။ ရှစ်ဆယ်။ ကိုးဆယ်။ သူက သွက်သွက်လက်လက်နဲ့ လျှောက်နေပြီး ခြေလှမ်းကိုးဆယ် နောက်ပိုင်းကျမှ နှေးလာခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ အားစိုက်နေရတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။

တကယ်ပါပဲ။ လူဆယ်ယောက် ဒါမှမဟုတ် တစ်ဒါဇင်လောက်ပဲ ဒီကျွန်းပေါ်ကို တစ်ကြိမ်မှာ တစ်ခါလောက် ရောက်ပြီးတော့ တောင်မြစ်ကျောက်တုံး တစ်တုံးကို ရယူနိုင်ပါတယ်။ ဒါက လွယ်ကူတဲ့ ကံတရား မဟုတ်တာတော့ သေချာပါတယ်။

လင်းဟာန်ရဲ့ နဖူးပေါ်ကနေ ချွေးစေးတွေ ကျလာခဲ့ပါတယ်။

သူ့ရဲ့ နတ်ဘုရား အရိုးတွေ တစ်ခုနဲ့တစ်ခု ရိုက်မိတဲ့ အသံမျိုး ထွက်ပေါ်လာပြီး သူ့ရဲ့အရေပြားက အနည်းငယ် တုန်ခါလာခဲ့ပါတယ်။ ဆွဲငင်အား နယ်ပယ်က ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိုးလာခဲ့ပြီး သူ့ရဲ့ အရေပြားနဲ့ သူ့ရဲ့နတ်ဘုရား အရိုးတွေကို ဖျက်ဆီးဖို့ ကြိုးစားနေပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ ခြေလှမ်းတွေက ခိုင်မြဲမှု ရှိနေပြီး သူက အရှေ့ကို ဆက်တိုးလာ ခဲ့ပါတယ်။

"သောက်ကျိုးနည်း ဒီကောင်က လူထူးလူဆန်း တစ်ယောက်ပဲ"

ရေကန်ဘေးကနေ လူတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

အားလုံးက ခေါင်းညိတ်ပြီး လက်ခံလိုက်ပါတယ်။

တကယ်တော့ ဒီလှိုဂုပ်ဆန်းကြယ်ဘုံထဲက နေရာတချို့မှာ တောင်မြစ်ကျောက်တုံးတွေကို ထုတ်လုပ်ပေး နိုင်ပါတယ်။ ဒါကြောင့် ဒီထဲကို ဝင်လာတဲ့ လူတွေဟာ နေရာတော်တော် များများကို ပျံ့နှံ့သွားခဲ့ပါတယ်။ ကြက်သွေးရောင် ရေကန်ဆီကို လွန်ခဲ့တဲ့ သုံးရက်လောက်က ရောက်နေကြတယ် ဆိုပေမဲ့ သူတို့တွေက ကျွန်းပေါ်ကို ရောက်ပြီး တောင်မြစ်ကျောက်တုံး တစ်တုံးကို ရယူဖို့ ဖြစ်ပါတယ်။

Chapter 961 end

အပိုင်း(962) အောင်မြင်မှု

ကိုးဆယ့်ငါး။ ကိုးဆယ့်ခြောက်။ ကိုးဆယ့်ခွန်။

ကိုးဆယ့်ရှစ်။ ကိုးဆယ့်ကိုး။

လင်းဟန်က အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေပါတယ်။ အဲဒီနောက် သူက သူ့ရဲ့ စွမ်းအားတွေ အားလုံးကို ဆွဲထုတ်ပြီး နောက်ဆုံးခြေလှမ်းကို လှမ်းလိုက်ပါတယ်။

သူ့ခန္ဓာကိုယ် အပေါ်ကို ကျရောက်နေတဲ့ အရမ်းကို လေးလံတဲ့ အလေးချိန်က ချက်ချင်းဆိုသလို ပျောက်ကွယ်သွားခဲ့ပါတယ်။ သူက ချက်ချင်းပဲ ဟန်ချက်ပျက်သွားပြီး အရှေ့ကို ဟပ်ထိုးလဲမလို

ဖြစ်ပြီးတော့ ခြေလှမ်းအနည်းငယ် လှမ်းပြီးမှပဲ ဟန်ချက်ကို ပြန်ထိန်းနိုင်ခဲ့ပါတယ်။

ကျွန်းက တကယ်ပဲ မယုံနိုင်စရာ ကောင်းလောက်အောင် သေးငယ်ပါတယ်။ တိုင်းတာကြည့်မယ် ဆိုရင် အချင်းခြောက်မီတာထက် မပိုနိုင်ပါဘူး။ ဒါက အရမ်းကို သေးငယ်ပြီးတော့ ဒီကျွန်း ပတ်လည်မှာ မြေကြီးရောင် တောင်မြစ်ကျောက်တုံးတွေ တစ်ဒါဇင်လောက် ပျံ့ကျဲလို့ နေပါတယ်။

ငါ တစ်ခါတည်းနဲ့ နှစ်ခု ဒါမှမဟုတ် ဒီထပ်ပိုပြီးတော့ ကောက်ယူလို့ မရနိုင်ဘူးလား။

လင်းဟန်က ခါးကုန်းပြီးတော့ တောင်မြစ်ကျောက်တုံး တစ်တုံးကို ဖမ်းဆုပ်ယူလိုက်ပါတယ်။

ဘုန်း။

စွမ်းအားတစ်ခုက ကျွန်းပေါ်ကနေ ပေါက်ကွဲထွက်လာပြီး သူ့ကို အပြင်ကို လွင့်ထွက်သွား စေခဲ့ပြီး ရေကန်ရဲ့ အစပ်ကို ပြန်ရောက်သွားစေခဲ့ပါတယ်။ သူက မြေကြီးပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျ လာခဲ့ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ထိုးဖွပြီးတော့ သူ့မျက်လုံးတွေက ကျွန်းပေါ်ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်ပါတယ်။ သူက ကျွန်းပေါ်ကို နောက်ထပ်တစ်ကြိမ် သွားရောက်လည်ပတ်ချင်နေခဲ့ပြီး သူ့ရဲ့ လက်နှစ်ဖက်နဲ့ သွေးစုပ်ယူခြင်း မူလရွှေကို အသုံးပြုကာ တောင်မြစ်ကျောက်တုံး တစ်တုံးကို ဆုပ်ယူချင်နေခဲ့ပါတယ်။ တကယ်လို့ သူက ဒီလှုပ်ရှားမှု နှစ်ခုကို တစ်ပြိုင်နက်တည်း လုပ်နိုင်မယ်ဆိုရင် တောင်မြစ်ကျောက်တုံး နှစ်တုံးကို ရနိုင်တယ် မဟုတ်လား။

ဒါပေမဲ့လည်း လင်းဟန်ဆီကို မကောင်းတဲ့ စိတ်ထားနဲ့ လူတွေတော်တော်များများက စိုက်ကြည့်နေပြီး လျှောက်လာကြပါတယ်။

သာမန်တောင်မြစ် ကျောက်တုံး တစ်တုံးဆိုရင်ပဲ လိုချင်တပ်မက်မှုတွေ လှုံ့ဆော်နိုင်ပြီး လူတွေ အများကြီးက တစ်ယောက်နဲ့ တစ်ယောက် တိုက်ခိုက်ကြပါလိမ့်မယ်။ ဘယ်သူက နောက်ဆုံးမှာ အနိုင်ရသူ ဖြစ်လာမလဲ ဆိုတာကို ဘယ်သူက ခန့်မှန်းနိုင်မှာလဲ။ ဒါပေမဲ့ အခုတော့ မတူတော့ပါဘူး။ ဒါက အထူးစွမ်းရည်တစ်ခုရှိတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံး ဖြစ်ပါတယ်။

အထူးစွမ်းရည်တွေ ပါရှိတဲ့ တောင်မြစ်ကျောက်တုံးတွေက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည် တိုးတက်မှုကို အာမခံပေးနိုင်ပါတယ်။ ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက်ကနေ ကြယ်နှစ်ပွင့် ပါရမီရှင်တစ်ယောက် ဒါမှမဟုတ် ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက်ကနေ ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက် အဖြစ်ကိုတောင် တိုးမြှင့်ပေးနိုင်ပါတယ်။ ဒီလိုမျိုး တိုးတက်မှုက ထူးခြားတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးထက်တော့ ပိုလိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ပထမ တောင်မြစ်ကျောက်တုံး မရှိပဲနဲ့ ဒုတိယ တောင်မြစ်ကျောက်တုံးက ဘယ်ကနေ ရောက်လာလိမ့်မှာလဲ။

ပြောပါဦး။ ဘယ်သူကများ သူတို့ရဲ့ လိုချင်တပ်မက်မှုကို ထိန်းချုပ်နိုင်မှာလဲ။

တကယ်လို့ အခွင့်အရေးက တစ်ရာခိုင်နှုန်းပဲ ရှိတယ်ဆိုရင်တောင် လူတွေက အဲဒီအပေါ်မှာ လောင်းကြေးထပ်ပါလိမ့်မယ်။

တကယ်လို့ မင်းက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်တော့ရော ဘာဖြစ်မှာလဲ။ မင်းရဲ့ အစစ်အမှန် ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ဆိုတာကို အားလုံးက သိနေတာပဲ။ အများဆုံး မင်းရဲ့ တိုက်ပွဲစွမ်းရည်က

ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိလိမ့်မယ်။ ဒီနေရာမှာ အဲဒီအဆင့်ကို ရောက်နေတဲ့ သူတွေက အများကြီးရှိတယ်။ တချို့ဆိုရင် အဲဒီအဆင့်ထက်တောင် သာတဲ့လူတွေ ရှိသေးတယ်။

"တောင်မြစ်ကျောက်တုံးကို ချထားလိုက်စမ်း"

ပထမဆုံး လှုပ်ရှားလာတဲ့လူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ အကြီးအကဲ တစ်ယောက် ဖြစ်ပါတယ်။ လျှို့ဝှက်နည်းစနစ် တစ်ခုရဲ့ အကူအညီနဲ့ သူ့ရဲ့တိုက်ပွဲစွမ်းရည်ဟာ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ်ထိ တိုးမြှင့်ထားခဲ့ပါတယ်။ အကြီးအကဲက လင်းဟန်ကို အနိုင်ယူနိုင်မယ်လို့ ယုံကြည်မှု ရှိနေခဲ့ပါတယ်။

လင်းဟန်က ဒီတောင်မြစ်ကျောက်တုံးကို ငါယူခဲ့တာ ဒါကြောင့် ဘာဖြစ်လို့ မင်းကို ပေးရမှာလဲ ဆိုတဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ပြောမနေပါဘူး။ သူက တောင်မြစ်ကျောက်တုံးကို အနက်ရောင် မျှော်စင်ထဲ သိမ်းလိုက်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"တကယ်လို့ ခင်ဗျားတတ်နိုင်ရင် ယူလေ"

သိုင်းပညာ ကမ္ဘာကြီးထဲမှာ ခွန်အားကပဲ ဆုံးဖြတ်နိုင်ပါတယ်။ အားနည်းတဲ့သူကတော့ စောဒက တက်ပြီးတော့ ကျွတ်စီကျွတ်စီ ပြောရုံပဲ တတ်နိုင်ပါလိမ့်မယ်။

"ကောင်စုတ်လေး မင်းကိုယ်မင်း မပျက်စီးစေနဲ့"

လူတော်တော်များများ လျှောက်လာခဲ့ ကြပါတယ်။ သူတို့အားလုံးက မျိုးဆက်တစ်ဆက် မြင့်မားတဲ့ လူတွေပဲ ဖြစ်ပါတယ်။ အခုချိန်မှာ သူတို့က တောင်မြစ်ကျောက်တုံး တစ်တုံးအတွက် တိုက်ခိုက်ဖို့ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်တစ်ခု ရှိတဲ့ ကျင့်ကြံသူတွေပဲ ဖြစ်ပါတယ်။

ကြယ်ငါးပွင့် ပါရမီရှင်တွေ မရှိပဲနဲ့ ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ရှိတဲ့ ကြယ်လေးပွင့် ပါရမီရှင်တွေက ဒီဇနရာမှာ သံသယရှိစရာ မလိုအောင် ပြိုင်ဘက်ကင်း လူတွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အဲဒီလိုလူမျိုး နှစ်ဆယ့်နှစ်ယောက်တိတိ ရှိပေမဲ့ သူတို့ထဲက ခုနစ်ယောက်ပဲ အရှေ့တိုးလာခဲ့တာ ဖြစ်ပါတယ်။ ကျန်နေတဲ့ သူတွေက ဒီကိစ္စကို လူခုနစ်ယောက် ရင်ဆိုင်ရင်ပဲ လုံလောက်ပြီလို့ ထင်နေပုံ ရပါတယ်။ တကယ်တော့ အရေးကြီးဆုံး ကိစ္စက တောင်မြစ်အဆင့် ကျောက်တုံးကို

လူနှစ်ဆယ့်နှစ်ယောက်က ဘယ်လိုယူမလဲ ဆိုတာကို ဆုံးဖြတ်ဖို့ကိစ္စပါပဲ။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဘာတွေ လောနေတာလဲ။ ကြည့်ဦး။ ငါက နောက်ထပ် တစ်တုံးကို ယူဖို့ စိတ်ကူးထားတယ်။ ဒါကြောင့် ငါနည်းနည်းလောက် ပိုယူလာပြီးမှ ဘာဖြစ်လို့ မတိုက်ခိုက်တာလဲ"

လပြွတ်ပဲလေ။

အားလုံးက လင်းဟန်ကို ကြောင်တောင်တောင်နဲ့ ကြည့်နေပါတယ်။ ဒီလူက လိမ္မာပါးနပ်တာလား ဒါမှမဟုတ် တုံးအလွန်းတာပဲလား။

လုယူတိုက်ခိုက်မှုနဲ့ ပတ်သက်ပြီး ဘယ်သူကများ စောဒက မတက်ပဲ နေမှာလဲ။ ဒါကို သူက နောက်ထပ် အရင်းအမြစ်တွေ သွားရှာပြီးမှ တခြားသူတွေ လုယက်ခိုင်းနေတာက ဘယ်လိုကြီးလဲ။

အကြီးအကဲတွေက တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ လင်းဟန်က ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒါကဘာများ ထိခိုက်နိုင်မှာလဲ။

"ဒီနေရာမှာ အဲဒီတောင်မြစ်ကျောက်တုံးကို ချန်ထားခဲ့ပြီးမှ မင်းသွားပြီး ဒုတိယ တစ်ခုကို သွားယူနိုင်မယ်။ ဘယ်သူကမှ မင်းကို တားလိမ့်မှာ မဟုတ်ဘူး"

နောက်ထပ်အကြီးအကဲ တစ်ယောက်က အရှေ့ကို ထွက်လာပြီး သူ့ရဲ့ မျက်လုံးတွေထဲမှာ လောဘတက်တဲ့ အရိပ်အယောင်တွေ တလက်လက်တောက်ပလို့ နေပါတယ်။

တကယ်လို့ သူက ထူးခြားတဲ့ စွမ်းရည်တစ်ခုရှိ တောင်မြစ်ကျောက်တုံး တစ်တုံးကို ရယူနိုင်ခဲ့မယ် ဆိုရင် အဲဒါက ကြီးမားတဲ့ အောင်မြင်မှုတစ်ခု ဖြစ်ပါလိမ့်မယ်။ သူကိုယ်တိုင်က တိုးတက်ဖို့ မရှိတော့ပေမဲ့ သူ့ရဲ့မြေးက အရမ်းကို ထူးချွန်ပြီး ကြီးမားတဲ့ အလေးချိန် တောင်မြစ် ကျောက်တုံး တစ်တုံးရဲ့ စွမ်းအင်ကို စုပ်ယူပြီးတဲ့နောက်မှာ ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်လာနိုင်ပါတယ်။

လင်းဟာန်က သူ့ရဲ့ အချိန်တွေကို ဒီအကြီးအကဲတွေနဲ့ မဖြုန်းချင်ပါဘူး။ တကယ်တော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အဆုံးမဲ့မြားကို အသုံးမပြုရင် ကြယ်ငါးပွင့်အဆင့်ပဲ ရှိပါတယ်။ ဒီလူတွေက သူ့ကို ပြဿနာ ရှာပါလိမ့်မယ်။

ကြည့်ရတာ သူ့ရဲ့အစွမ်းကို ထုတ်ပြမှ ရပါလိမ့်မယ်။

လင်းဟန်က သူ့လေးကို ထုတ်ပြီးတော့ အဲဒီအကြီးအကဲဆီကို အဆုံးမဲ့မြားနဲ့ ချိန်လိုက်ပါတယ်။

အားလုံးရဲ့ နှလုံးသားထဲမှာ အေးစိမ့်မှု တစ်ခုက ချက်ချင်းပဲ ဝင်ရောက်လာပြီး သူတို့ရဲ့ ခန္ဓာကိုယ်တွေ အမှတ်မထင် တုန်ခါသွားပြီး သူတို့ရဲ့ စိတ်ထဲမှာ ကြောက်ရွံ့ထိတ်လန့်မှု ခံစားချက် တစ်ခုက ထိန်းမနိုင် သိမ်းမနိုင်အောင် ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီမြားကို တကယ်လို့ ပစ်လွှတ်လိုက်မယ်ဆိုရင် မြေကြီးတောင် တုန်ခါသွားစေနိုင်တဲ့ အာနိသင် တစ်ခု သေချာပေါက် ရှိပါလိမ့်မယ်။

"ဒီနည်းစနစ်ကို အရေအတွက် အကန့်အသတ်နဲ့ပဲ ငါအသုံးပြုနိုင်တယ်"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့ ငါပစ်လိုက်တဲ့ မြားတစ်ချောင်းစီတိုင်းက လူတစ်ယောက် သေရမယ်ဆိုတာကိုတော့ ငါအာမခံနိုင်တယ်။
ဘယ်သူစမ်းကြည့်ချင်လဲ"

ဘယ်သူကမှ မဖြေပုံ့ကြပါဘူး။ သူတို့က နည်းနည်းလောက် သံသယ ရှိနေပေမဲ့ တကယ်လို့ အမှန်သာဆိုရင်...........။

မြားဆီကနေ ထွက်ပေါ်နေတဲ့ အရှိန်အဟုန်က တကယ့်ကို ခံညားထယ်ဂါပြီး ကြောက်စရာ ကောင်းပါတယ်။ သူ့ရဲ့လမ်းကြောင်းမှာ ရှိနေတဲ့ အရာအားလုံးကို ဖျက်ဆီးပစ်နိုင်စွမ်းတဲ့ အစွမ်းတစ်ခု ပိုင်ဆိုင်ထားပုံ ရပါတယ်။ ဘယ်သူကမှ ပထမဆုံး ပစ်မှတ်ဖြစ်ဖို့ ဆန္ဒမရှိ ကြပါဘူး။

"ဒါဆို ငါ့ကို ဘယ်သူက အမိန့်ပေးချင်သေးလဲ"

လင်းဟန်က တခြားသူတွေကိုပါ ဝေ့ပြီးတော့ ကြည့်လိုက်ပြီး သူ့အကြည့် သွားရာနောက်ကို မြားထိပ်နဲ့ ချိန်ရွယ်လိုက်ပါတယ်။ မြားနဲ့ ချိန်ခံရတဲ့ လူတွေရဲ့ မျက်နှာမှာ ချွေးတွေ စီးကျလာခဲ့ပါတယ်။

ဒီမြားက မယုံနိုင်စရာ အစွမ်းတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ လင်းဟန်က အကြိမ် အနည်းငယ်ပဲ ပစ်လွှတ်နိုင်မယ်ဆိုတာကို အားလုံးက သိထားပါတယ်။ ဒီနေရာမှာ လူပေါင်း နှစ်ဆယ်ကျော် စုစည်းနေတာကြောင့် သူတို့က လင်းဟန်ကို ဖိနှိပ်ထိန်းချုပ်ပြီး ဖမ်းဆီးဖို့ စွမ်းရည် ရှိပါတယ်။

ဒါပေမဲ့လည်း ဘယ်သူက သူတို့ကိုယ်သူတို့ စတေးပစ်ဖို့ ဆန္ဒရှိမှာလဲ။

ဘယ်သူမှ မရှိပါဘူး။

သူတို့က ကလန်အတူတူက မဟုတ်ပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ သူတို့က တစ်စုံတစ်ယောက်ရဲ့ အကျိုးအမြတ်အတွက် တိုက်ခိုက်ပေးရမှာလဲ။ တကယ်လို့ ကလန်တူတယ် ဆိုရင်တောင် ဆွေမျိုးသားချင်းလား ဒါမှမဟုတ် သာမန်ရင်းနှီးမှုလား ဆိုတဲ့ ပြဿနာလည်း ရှိပါတယ်။ သူတို့ရဲ့ သားသမီး ဒါမှမဟုတ် မြေးမြစ်တွေအတွက် မဟုတ်သရွေ့ ဘယ်သူက သူတို့ရဲ့ အသက်တွေကို စွန့်စားဖို့ ဆန္ဒရှိမှာလဲ။

အကြီးအကဲ အုပ်စုက ဖြည်းညှင်းစွာနဲ့ အနောက်ကို ဆုတ်သွားကြပါတယ်။ ဒါက သူတို့ အနေနဲ့ လင်းဟန်ကို တိုက်ခိုက်လိမ့်မှာ မဟုတ်ဘူးဆိုတဲ့ လက္ခဏာတစ်ခု ဖြစ်ပါတယ်။ ဒါပေါ့။ ဒီအပြုအမူကို ဘယ်လောက်ကြာကြာ ထိန်းထားမလဲ ဆိုတာကတော့ လုံးဝမတူညီတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ အခွင့်အရေး တစ်ခုကို အနံ့ရတာနဲ့ သူတို့က သေချာပေါက် ထိန်းထားလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ကလည်း သူ့လေးကို ပြန်သိမ်းလိုက်ပါတယ်။ တကယ်လို့ သူက အနက်ရောင် မျှော်စင်ရဲ့ တည်ရှိမှုကို လျှို့ဝှက်ချက်တစ်ခု

အနေနဲ့ ဆက်ပြီးတော့ မထိန်းချင်ဘူးဆိုရင် သူ့အနေနဲ့ ဒီလူတွေနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်စရာ လိုလိမ့်မှာလား။

သူက ရေကန်ကို နောက်တစ်ကြိမ် ဖြတ်ကူးဖို့ စတင်လိုက်ပါတယ်။

ဒါပေမဲ့လည်း ပထမ ကျောက်တုံးပေါ်ကို ခြေချလိုက်မိတဲ့ အချိန်မှာပဲ အံ့အားသင့်စရာကောင်းတဲ့ အလေးချိန် တစ်ခုကို ချက်ချင်းခံစား လိုက်ရပါတယ်။ ဒီအလေးချိန်က ပထမတစ်ကြိမ် ဖြတ်ကူးတုန်းက ရှစ်ဆယ်မြောက် ကျောက်တုံးပေါ်မှာ ရှိနေတဲ့ အချိန်က သူခံစားရတဲ့ အလေးချိန်နဲ့ ညီမျှပါတယ်။ သုံးဆယ်မြောက် ကျောက်တုံးပေါ်ကို ရောက်တဲ့အချိန်မှာတော့ သူက နောက်ပြန်ဆုတ်ဖို့ကလွဲပြီး ရွေးချယ်စရာ မရှိတော့ပါဘူး။

တကယ်လို့ သူကဆက်ပြီး သွားမယ်ဆိုရင် ဆွဲငင်အား နယ်ပယ်တွေကြောင့် ရေကန်ထဲကို တွန်းချခံလိုက်ရပြီး အဆုံးသတ်သွား ပါလိမ့်မယ်။

လင်းဟန် လက်လျှော့လိုက်တာကို တွေ့ပြီးတော့ တချို့က သက်ပြင်းကျိတ်ချ လိုက်ပါတယ်။ တချို့မျက်နှာတွေ အပေါ်မှာတော့ အေးစက်စက် အပြုံးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

"သူက တောင်မြစ်ကျောက်တုံး တစ်တုံးကိုပဲ ရယူနိုင်ခဲ့တယ်။ အဆုံးမှာတော့ သူက စီနီယာ အစ်ကိုကျောက်နဲ့ ယှဉ်လို့ မရပါဘူး"

"ဒါပေါ့။ စီနီယာ အစ်ကိုကျောက်က နှစ်ပေါင်းတစ်ထောင် အတွင်းမှာ အစွမ်းထက်ဆုံး ပါရမီရှင်ပဲ။ ပြီးတော့ သူက အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်နိုင်မဲ့ အခွင့်အရေးလည်း ရှိတယ်။ သူက နှစ်ပေါင်းတစ်ထောင်အတွင်း နံပတ်တစ် ပါရမီရှင် တစ်ယောက် မဟုတ်ပဲ နှစ်ပေါင်း တစ်သောင်းအတွင်းမှာ နံပါတ်တစ် ပါရမီရှင် တစ်ယောက်တောင် ဖြစ်လိမ့်မယ်"

"ထို့ လင်းဟန်ဆိုတာက ကျွမ်းမာငယ်လေး တစ်ခုက ပုရွက်ဆိတ်လေး တစ်ကောင်သာသာပဲ"

မရေမတွက်နိုင်တဲ့ လူတွေက လင်းဟန်ကို ကဲ့ရဲ့လှောင်ပြောင်လိုက်ကြပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ မနာလိုမှုတွေကြောင့်ပါပဲ။

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ နှစ်ယောက်စလုံး လျှောက်လာခဲ့ပါတယ်။

"မျှော်လင့်ချက်တွေ မပျောက်ဆုံးစေနဲ့"

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။

"နင်က တောင်မြစ်ကျောက်တုံး တစ်တုံးကို ရအောင်ယူနိုင်ခဲ့တယ်။ ဒီလိုမျိုး ရလဒ်က အရမ်းကို ထူးချွန်ပြောင်မြောက်နေပြီ။ နောက်ပြီးတော့ နင်က တော်ငမြေစ်အဆင့်ကို တက်ကာစပဲ ရှိသေးတယ်။ နင်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်တဲ့ အချိန်မှာ သေချာပေါက် ကျောက်လန်ထက် အားနည်းလိမ့်မှာ မဟုတ်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြန်ပြောလိုက်ပါတယ်။

"ငါ့ကို ခဏလောက် ကာကွယ်ပေးထား။ ငါတောင်မြစ်ကျောက်တုံး နည်းနည်းကို သန့်စင်ပြီးတဲ့ နောက်မှပဲ နောက်တစ်ကြိမ် ကြိုးစားတော့မယ်"

Chapter 962 end

အပိုင်း(963) လုပ်ဆောင်မှု အသစ်

လင်းဟန်က စွေ့ရန်ယွီဆီက အဖြေကို မစောင့်ပဲ တောင်မြစ်ကျောက်တုံး အသစ်တစ်တုံးဆီက အဆီအနှစ်တွေကို တန်းပြီးတော့ ဆွဲထုတ်ယူလိုက်ပါတယ်။

ဟုတ်ပါတယ်။ ဒါက သူစောစောတုန်းက ရယူခဲ့တဲ့ ထူးကဲတောင်မြစ် ကျောက်တုံး မဟုတ်ပါဘူး။ အဲဒီအစား သူသတ်ခဲ့တဲ့ ခုနစ်ယောက်

အုပ်စုဆီကနေ ရရှိခဲ့တဲ့ ပစ္စည်းဖြစ်ပါတယ်။ သူက သူတို့ဆီက စုစုပေါင်း တောင်မြစ်ကျောက်တုံး နှစ်တုံး ရရှိခဲ့ပါတယ်။ ဒါပေမဲ့ သူက ခရီးစဉ်မှာ အလုပ်များနေတာကြောင့် ဒီကျောက်တုံး နှစ်တုံးကို မသန့်စင်နိုင်ခဲ့ပါဘူး။

တခြားလူတွေက လူပုံအလယ်မှာ တောင်မြစ်ကျောက်တုံးကို သန့်စင်နေတဲ့ လင်းဟာန်ကို တွေ့လိုက်ရတဲ့ အခါမှာ မနာလိုမှုတွေနဲ့အတူ စိမ်းလာခဲ့ပါတယ်။ ပြီးတော့ သူတို့ကိုယ်သူတို့ ချုပ်ထိန်းနိုင်ပြီးတော့ လုယူထွက်ပြေးတာမျိုး မလုပ်ခဲ့ပါဘူး။

ကံကောင်းတဲ့ အချက်က အဲဒါဟာ သာမန်တောင်မြစ်ကျောက်တုံး တစ်တုံးပဲ ဖြစ်တယ်ဆိုတာကို သတိပြုမိသွားပြီး သူတို့ကိုယ်သူတို့ ထိန်းလိုက်နိုင်တာပဲ ဖြစ်ပါတယ်။

သာမန်တောင်မြစ်ကျောက်တုံးတွေက ကျင့်ကြံသူတွေရဲ့ ကျင့်ကြံခြင်း အချိန်ကို လျှော့ချပေး နိုင်စွမ်းပဲ ရှိပါတယ်။ သူတို့က အရမ်းကို အဖိုးတန်တယ်ဆိုပေမဲ့ ပါရမီရှင်တွေကတော့ အချိန်နည်းနည်းလေး ချွေတာပေးနိုင်တဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့ အရမ်းဇီဇာကြောင်တာ မရှိပါဘူး။ ထူးခြားတဲ့ စွမ်းရည်တွေ ပါရှိတဲ့ တောင်မြစ်ကျောက်တုံးတွေကိုပဲ အဖိုးထိုက်တန်တဲ့ ရတနာတွေလို့ သတ်မှတ်ယူဆနိုင်ပါတယ်။

အဲဒါက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို အစစ်အမှန် တိုးမြှင့်ပေးနိုင်ပါတယ်။

လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ကို စိုးရိမ်ပူပန်တဲ့ အကြောင်းကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်တာကြောင့် ဘယ်သူကမှ တစ်ဟုန်ထိုး ပြေးဝင်သွားခြင်း မရှိပါဘူး။ နောက်တစ်ချက်က ဟူဖေးယွင်ကြောင့် ဖြစ်ပါတယ်။ သူမက နံပါတ်ကိုး ဘုရင်ဖြစ်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက နံပါတ်ကိုး ဘုရင်ကို ဘယ်လောက်တောင် ချစ်မြတ်နိုးလဲဆိုတဲ့ အချက်ကို စဉ်းစားကြည့်လိုက်ရင် ဘယ်သူကများ သူမကို မရှိမသေ လုပ်ပုံ့မှာလဲ။

ကြယ်ဥက္ကာ အင်ပါယာရဲ့ အဖွဲ့ဝင်တွေတောင် နံပါတ်ကိုး ဘုရင်ကို မထိပါးပုံ့ပါဘူး။ အဲဒါက ထာဝရ မိုးကောင်းကင် အင်ပါယာနဲ့ ကျောက်စိမ်းအင်ပါယာတို့လည်း အတူတူပါပဲ။ အမှန်ဆို တကယ်လို့ သူမက အန္တရာယ် တစ်စုံတစ်ရာနဲ့ ကြုံတွေ့ခဲ့မယ် ဆိုရင်တောင် သူမကို ကယ်တင်ဖို့ သူတို့ရဲ့ အသက်တွေကိုတောင် စွန့်စားရပါမယ်။ တကယ်တော့ နံပါတ်ကိုး ဘုရင်သာ ဒီနေရာမှာ သေဆုံးသွားခဲ့မယ်ဆိုရင် ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက သေချာပေါက် ဒေါသပေါက်ကွဲ သွားမယ်ဆိုတာကို အားလုံးက

သတိပြုမိပါတယ်။ သူမက နံပါတ်ကိုး ဘုရင်ကို အဖော်ပြုပေးဖို့ ဒီနေရာမှာ အသက်ရှင်နေတဲ့ လူတွေအားလုံးကိုပါ မြှုပ်နှံပစ်ဖို့ နည်းနည်းလေးမှ တုံ့ဆိုင်းမှာ မဟုတ်ပါဘူး။

ဒီအတွက် သံသယ ရှိစရာ မလိုပါဘူး။ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ဒီလိုမျိုး လုပ်ဖို့ သူမရဲ့ နှလုံးသားကို သေချာပေါက် စိတ်ပိုင်းဖြတ် ထားပါလိမ့်မယ်။

စွေ့ရန်ယွီက မတုံးအပါဘူး။ ဟူဖေးယွင်ကို သာမန်အချိန်တွေမှာ မကြာခဏ တွေ့မြင်ရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အခုတော့ သူမက ဒီလိုမျိုး ကြီးမားတဲ့ အခွင့်အလမ်း တစ်ခု ရရှိခဲ့ပါတယ်။ သူမက ဟူဖေးယွင်နဲ့ အရမ်းကို ရင်းရင်းနှီးနှီးပုံစံမျိုးနဲ့ စကားပြောဆို နေပါတယ်။ နံပါတ်ကိုး ဘုရင်က ဆွဲဆောင်မှုရှိပြီး အရမ်းကို ရိုးသားကာ ကမ္ဘာကြီးရဲ့ အန္တရာယ်တွေနဲ့ မကောင်းဆိုးဂါးတွေကို နည်းနည်းနားလည် သဘောပေါက်ပါတယ်။ သိပ်မကြာခင်မှာပဲ သူမက စွေ့ရန်ယွီနဲ့ တက်တက်ကြွကြွကို စကားပြောဆိုနေ ကြပါတယ်။

လင်းဟန်က အားလုံးရဲ့ အရှေ့မှာ ကျင့်ကြံအားထုတ် နေခဲ့ပါတယ်။

တခြားသူတွေရဲ့ မျက်လုံးထဲမှာ ဒီလိုမျိုး လုပ်ဆောင်မှုက ရူးသွပ်ပြီး အလျင်စလို နိုင်လွန်းပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က

မယုံနိုင်စရာ ကောင်းလောက်အောင် သက်တောင့်သက်သာ ရှိနေခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဆိုတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုအဆင့်ရဲ့ မာကျောမှုအဆင့်ကို ရောက်နေပြီဆိုတာကို ဘယ်သူမှ မသိထားတာကြောင့်ဖြစ်ပါတယ်။ ဒီနေရာမှာ ဘယ်သူကများ သူ့ကိုထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မှာလဲ။

တကယ်လို့ သူတို့က နတ်ဘုရား မီးတောက်တွေကိုအသုံးပြုမယ်ဆိုရင်တောင် သူ့ကိုသန့်စင်ဖို့ ရက်ပေါင်းများစွာလိုအပ်ပါလိမ့်မယ်။ ဟုတ်တယ်မလား။ တကယ်လို့ သူတို့ကအစွမ်းထက်ဆုံး အဆိပ်ကို အသုံးပြုဖို့ ရွေးချယ်ခဲ့မယ်ဆိုရင်သူတကယ် မှောက်သွားဖို့ အချိန်တွေ အများကြီး ယူရပါလိမ့်မယ်။

တကယ်တော့ ဒီနေရာရဲ့ ထူးခြားတဲ့ ပတ်ဂန်းကျင်အရ လင်းဟန်ကိုလုံးဂလုံချုံစေဖို့ အာမခံ နိုင်ပါတယ်။

သူ့လက်ထဲက တောင်မြစ်ကျောက်တုံးက ဖြည်းညှင်းစွာနဲ့မှေးမှိန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ ဒန်တန်ထဲက ရောမတောင်ကြီးက လျင်မြန်စွာနဲ့ ကြီးထွားလာခဲ့ပါတယ်။

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်က နိမ့်လေ ကြီးထွားမှုကပိုမြန်လေပါပဲ။ တောင်မြစ်ကျောက်တုံး လုံးဂကို မှေးမှိန်သွားတဲ့

အချိန်မှာ လင်းဟာန်ရဲ့ ဒန်တန်ထဲက ပထမတောင်က အဆတစ်ရာလောက် ကြီးထွားလာခဲ့ပါတယ်။ အခုဆို တောင်တစ်လုံးနဲ့ နည်းနည်းလေး ပိုပြီးတော့ တူလာပါပြီ။

ငါ့အခု ကနဦးအဆင့်ရဲ့ အလယ်အလတ် အဆင့်ကို ရောက်လုနီးပါး ဖြစ်နေပြီ။ လင်းဟာန်က သူ့ဘာသာသူ တွေးလိုက်ပါတယ်။ ဒါပေမဲ့ ဒီတောင်မြစ်ကို ဖြစ်ပေါ်စေပြီး မြစ်တစ်စင်း သိပ်သည်း လာရမယ်။ ဒါဆိုရင် ဘာဖြစ်လို့ တောင်က အရမ်းကို သေးငယ် နေသေးရတာလဲ။

ဒါက တောင်မြစ်ကျောက်တုံး အပေါ်မှာ မှီခိုပြီးတော့ အဆင့်တက်လာလို့လား။

ဘာပဲဖြစ်ဖြစ် ငါ့ရဲ့ တိုက်ပွဲစွမ်းရည်က ငါ့အဆင့်နဲ့ ညီမျှနေသရွေ့ အရာအားလုံး အဆင်ပြေတယ်။

လင်းဟာန်က မတ်တတ်ထရပ်လိုက်ပြီးတော့ ရေကန်ကို နောက်တစ်ကြိမ် ကူးဖြတ်ဖို့ စတင်လိုက် ပါတယ်။

ဒီတစ်ကြိမ်မှာ သူက အသက်တစ်ရှူက်စာအတွင်းမှာ ကျောက်တုံးခြောက်ဆယ်အထိ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး နောက်ဆုံးမှာ နေးကွေးလာခဲ့ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို

မြှင့်တင်ပြီးတဲ့ နောက်မှာ သူ့ရဲ့ တိုးတက်မှုကလည်း အရမ်းကို ရှင်းလင်းလာခဲ့ပါတယ်။ ဒါပေမဲ့လည်း ကိုးဆယ်မြောက် ကျောက်တုံးကို သူရောက်တဲ့ အချိန်မှာ သူ့ဆီကို အားစိုက်ရတဲ့ ခံစားချက် တစ်ခု ရောက်လာခဲ့ပါတယ်။ သူက သူ့ကိုယ်သူ တွန်းအားပေးပြီးတော့ နောက်ထပ် ခြေလှမ်းတွေ လှမ်းကာ အရှေ့ကို တိုးလိုက်ပါတယ်။ ဟုတ်ပါတယ်။ သူလုပ်နိုင်တာက မြစ်ထဲကို အကူအညီ ကင်းမဲ့စွာနဲ့ ပလုံဆိုပြီး ပြုတ်ကျသွားခဲ့ပါတယ်။

"ဟားဟားဟားဟား"

လူနည်းစုက ချက်ချင်းပဲ ဟားတိုက်လှောင်ပြောင် ရယ်မောလိုက်ကြပါတယ်။ သူတို့ပုံစံကို ကြည့်ရတာ အချိန်မရွေး သဘောကျမှုကြောင့် လက်ခုပ်လက်ဝါး ထတီးတော့မဲ့ ပုံစံပါပဲ။

ဒါပေမဲ့လည်း သိပ်မကြာခင်မှာ ကြည့်နေရင်းနဲ့ သူတို့ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေ ဖြတ်သွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ကျွန်းဆီကို ရေကူးသွားနေတာကို တွေ့လိုက်ရလို့ ဖြစ်ပါတယ်။

"မွန်းစတား သူက တကယ့်ကို မွန်းစတား တစ်ကောင်ပဲ"

အရင်တုန်းက ဒီလိုမျိုး ဘယ်သူမှ မတွေးမိခဲ့တာ မဟုတ်ပါဘူး။ သူတို့က လမ်းတစ်ဝက်ကျော်ထိ လှမ်းနိုင်ခဲ့ရင်တောင် အရှေ့ကို ဘာဖြစ်လို့ ရေကူးပြီးတော့ မသွားနိုင်ရတာလဲ။ တကယ်ဆို သူတို့တွေ ရေကူးသွားရင် အကွာအဝေးက ပိုပြီးတော့တောင် တိုသွားပါလိမ့်မယ်။

အဖြေက ရှင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက ပိုပြီးတော့ ခက်ခဲတဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ ခြေလှမ်းတစ်ရာ လှမ်းရတာထက်တောင် အဆပေါင်း တစ်ရာလောက် ပိုခက်ခဲပါတယ်။

ကျွန်းကနေ အဝေးကို ရေကူးသွားရတာ အရမ်းကို လွယ်ကူပါတယ်။ ရေကန်ရဲ့ သဘာဝ တိုက်စားခြင်းကို အသာထားဦး နည်းနည်းလေးတောင်မှ ခုခံမှုမရှိပါဘူး။ ဒါပေမဲ့လည်း ကျွန်းဆီကို ရေကူးသွားရတာက လုံးဝကို မတူညီတော့ပါဘူး။ ကန်ရေရဲ့ မြိမ်းခြောက်နိုင်မှုကို ထည့်တွက်ရပါမယ်။ နောက်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတစ်ခုလည်း ရှိပါတယ်။

ဒါက ပြောင်းပြန်ဆွဲငင်အား တစ်ခုနဲ့ တူပြီးတော့ ကျွန်းကနေ အဝေးကို တွန်းထုတ်လိုက်တာ ဖြစ်ပါတယ်။ နောက်ပြီးတော့

ရေထဲမှာ ဘာမှမလုပ်နိုင်ပါဘူး။ ဒါကြောင့် အရှေ့ကို ရေကူးရတာက ပိုပြီးတော့ ခက်ခဲပါတယ်။

ကန်ရေကြောင့် ပျက်စီးယိုယွင်းလာတယ်လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က ကျွန်းဆီကို ရေကူးသွားဖို့ ကြိုးစားမယ်ဆိုရင် အရှေ့ကို တိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း လင်းဟာန်ကတော့ အရှေ့ကို ရေကူးသွားနေတဲ့အပြင် သူ့ခန္ဓာကိုယ်ကလည်း ပျက်စီးယိုယွင်းခြင်း မရှိပုံပါဘူး။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ကန်ရေရဲ့ တိုက်စားမှုကို ခုခံနိုင်တဲ့ ဘယ်လိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အမျိုးအစားလဲ။

အချိန်အနည်းငယ် ရေကူးပြီးတဲ့နောက်မှာ လင်းဟာန်က အင်တင်တင်နဲ့ ပြန်လှည့်လာရပါတယ်။ သူ့ပုခုံးပေါ်က ဖိအားက ချက်ချင်းဆိုသလို လေးလံလာပြီး သူက ကမ်းစပ်ဆီ ပြန်လာခဲ့ လိုက်ရပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က အဂတ်အစားတွေကလည်းည စုတ်ပြတ်ပြီးတော့ အလိပ်လိပ် ကွာကျကာ မြေကြီးပေါ်ကို ပြုတ်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ခန္ဓာကိုယ်ပေါ်က ကြွက်သားတွေဟာ ထိခိုက်ပျက်စီးမှု မရှိပဲ နတ်ဘုရားအလင်းတွေ တလက်လက် တောက်ပလို့ နေပါတယ်။

လင်းဟန်က အဝတ်အစား အသစ်ကို ထုတ်ယူပြီးတော့ အလျင်အမြန်ပဲ ဝတ်လိုက်ပါတယ်။ ကန်ရေရဲ့ တိုက်စားခြင်းကို ခုခံနိုင်တာက သူ့ရဲ့ သန်စွမ်းတဲ့ ခန္ဓာကိုယ်တစ်ခု သက်သက်နဲ့ မဟုတ်ပါဘူး။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကိုလည်း လည်ပတ်ထားလို့ ဖြစ်ပါတယ်။ ဒီပညာက သူ့ကို မွန္တန်တွေ အားလုံးကနေ ခုခံနိုင်ပြီးတော့ ဒီလိုအစွမ်းထက်တဲ့ တိုက်စားခြင်း ကန်ရေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ဘာမှမဖြစ်တော့ပါဘူး။

"ဟင် မင်းတို့တွေက ငါ့ကို အရင်တုန်းက မမြင်ဖူးဘူးလား"

လင်းဟန်က ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။

"ဘာဖြစ်လို့ မင်းတို့အမူအရာတွေက အရမ်းကို ထူးဆန်းနေတာလဲ"

အခုဆိုရင် စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ရဲ့ မျက်လုံးတွေကလည်း မယုံကြည်နိုင်မှုတွေနဲ့ မျက်စိတွေ ပြူးနေကြပါတယ်။

သူတို့က ဘယ်လိုလုပ်ပြီးတော့ မအဲ့ဩပဲ နေနိုင်မှာလဲ။ ကြက်သွေးရောင် ရေကန်ရဲ့ တိုက်စားခြင်း စွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းတယ်ဆိုပြီးတော့ ကျော်ကြားပါတယ်။ ဘယ်သူပဲ ရေကန်ထဲကို ပြုတ်ကျပြုတ်ကျ သူတို့က

အရေပြားအလှဘာတစ်ခု သေချာပေါက် ဆုံးရှုံးသွားရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သာမန်ရေကန် တစ်ခုလိုမျိုးပဲ ရေကူးလာခဲ့ပါတယ်။ ဒါက အရမ်းကို အံ့အာသင့်စရာ ကောင်းပါတယ်။

စောစောတုန်းက လူအိုကြီးတွေတောင် သူတို့ရဲ့ နှလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်မှုတွေကို ခံစားလာရပါတယ်။ သူတို့က လင်းဟန်နဲ့ ထိပ်တိုက်ရင်ဆိုင်ခြင်း မရှိခဲ့တာကို ကျိတ်ပြီးတော့ ကျေးဇူးတင်ရပါမယ်။ ဒီလိုမျိုး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ဆိုရင် ဒီနေရာမှာ ဘယ်သူကများ သူ့ကို ဒဏ်ရာရအောင် လုပ်နိုင်မှာလဲ။

လင်းဟန်က ထိုင်ချပြီးတော့ နောက်ဆုံးကျန်တဲ့ သာမန်တောင်မြစ်ကျောက်တုံးကို ဆွဲထုတ် လိုက်ပါတယ်။

အဲဒီတောင်မြစ်ကျောက်တုံးကို သန့်စင်ပြီးတဲ့နောက်မှာ သူက ကျွန်းပေါ်ကို ရောက်နိုင်ပါ လိမ့်မယ်။

သူက နည်းနည်းလေးမှ တုံ့ဆိုင်းခြင်းမရှိပဲ အဲဒီတောင်မြစ်ကျောက်တုံးကို စတင်သန့်စင် လိုက်ပါတယ်။

နာရီအနည်းငယ် ကြာပြီးတဲ့နောက် သူ့လက်ထဲက တောင်မြစ်ကျောက်တုံးဟာ လုံးဂကို ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားပါတယ်။

ဒီအချိန်အတွင်းမှာ ဒီနေရာကို လူတွေပိုပိုပြီးတော့ ရောက်လာကြပါတယ်။ တချို့ကလည်း သူတို့အတွက် ဒီနေရာမှာ မျှော်လင့်ချက် လုံးဂမရှိဘူး ဆိုတာကို သတိပြုမိပြီးတဲ့နောက်မှာ ထွက်ခွာသွားကြပါတယ်။ လင်းဟာန်မှာရှိတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အစွမ်းထက် လွန်းပါတယ်။ ပြီးတော့ အဲဒါက လူအများစုကို သူတို့ရဲ့ စိုးရိမ်ပူပန်နေတဲ့ အတွေးတွေနဲ့ ငိုင်ကျသွားစေခဲ့ပါတယ်။

ဒါပေမဲ့လည်း ထာဂရ မိုးကောင်းကင် အင်ပါယာက ပါရမီရှင် တစ်ယောက်လည်း ရောက်လာခဲ့ ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ ပါတယ်။ ပြီးတော့ သူက ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်နေပါတယ်။ သူလည်း အင်အားစိုက်ထုတ် ကြိုးစားမှုတစ်ခု လုပ်ပြီးတဲ့နောက်မှာ ကြီးမားတဲ့ အလေးချိန်ရှိတဲ့ တောင်မြစ် ကျောက်တုံးတစ်တုံးကို အရယူနိုင်ခဲ့ပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် ကျွန်းပေါ်ကို လူတစ်ယောက် ရောက်နိုင်
မရောက်နိုင်နဲ့ ပတ်သက်ပြီး တိုက်ပွဲစွမ်းရည်ကို ဆုံးဖြတ်လို့
မရဘူးဆိုတာ ပေါ်လွင်ပါတယ်။ ဒီနေရာမှာ သူ့ထက် အစွမ်းပို
ထက်တဲ့ လူတွေ အများကြီး ရှိပါတယ်။ အခုချိန်ထိ လင်းဟန်နဲ့ သူပဲ
ကျွန်းပေါ်ကို အောင်အောင် မြင်မြင်နဲ့ ရောက်ခဲ့ပါတယ်။
အဲဒီခွန်အားကမှ အစစ်အမှန် အစွမ်းဆိုတာ တွေ့မြင်နိုင်ပါတယ်။

အဲဒီလူငယ် နာမည်က ယိုဟောင် ဖြစ်ပါတယ်။ သူက အရမ်းကို
အစွမ်းထက်တဲ့အပြင် သူ့ဘေးမှာ အကြီးအကဲ နှစ်ယောက်ကလည်း
သူ့ကို ကာကွယ်စောင့်ရှောက် ပေးထားပါတယ်။ သူတို့
နှစ်ယောက်စလုံးက မယုံနိုင်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည်ကို
ပိုင်ဆိုင်ထားပြီး အဲဒီရလဒ်က အနားမှာရှိတဲ့ လူတွေကို မဆင်မခြင်နဲ့
မလှုပ်ရှားပံ့ ကြတော့ပါဘူး။

ဒီလိုမျိုး အကြီးအကဲ နှစ်ဆယ်ကျော် ရှိခဲ့ဖူးပေမဲ့ သူတို့အားလုံး
နီးပါးက သိပ်မကြာခင်ကပဲ ထွက်သွားကြပါပြီ။ ဒီနေရာမှာ
ခုနစ်ယောက်ပဲ ကျန်ပါတော့တယ်။ ပြီးတော့ တိုက်ပွဲမှာ
အောင်မြင်မှု ရရှိလိမ့်မယ်လို့ သေချာပေါက် မပြောနိုင်ပါဘူး။
ဒါကြောင့် သူတို့ကလည်း မဆင်မခြင်နဲ့ တိုက်ပွဲမစပံ့ကြပါဘူး။

ယိုဟောင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အရမ်းကို ပျော်ရွှင်ကာ ဘေးပတ်ဝန်းကျင်ကို ပေ့ကြည့်လိုက်ပါတယ်။

ကျွန်းပေါ်ကို ရောက်နိုင်စွမ်းရှိတယ် ဆိုတာက ဘယ်လောက်တောင် ထူးချွန်ပြောင်မြောက်တဲ့ စွမ်းရည်ကို ကိုယ်စားပြုသလဲဆိုတာ ဘယ်သူသိနိုင်မှာလဲ။ တစ်ကြိမ်ကို လူပေါင်း ဆယ်ယောက် ဒါမှမဟုတ် တစ်ဒါဇင်လောက်ပဲ ကျွန်းပေါ်ကို ရောက်နိုင်ပါတယ်။ လျှို့ဝှက်နည်းစနစ်တွေကို အသုံးပြုတဲ့ မွန်းစတားအိုကြီးတွေက နေရာအနှံ့အပြားမှာ ရှိနေနိုင်ပါတယ်။

ဒါက စွမ်းအားကို စမ်းသပ်မှု တစ်ခု ဖြစ်ပါတယ်။

"ဂုဏ်ပြုပါတယ် သခင်လေး"

အကြီးအကဲ နှစ်ယောက်က ပြုံးပြီးတော့ ယိုဟောင်ကို ဂုဏ်ပြုစကား ဆိုလိုက်ကြပါတယ်။

ယိုဟောင်က အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ ဂုဏ်ယူဝင့်ကြွားတဲ့ အမူအရာ ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အောင်မြင်မှုကြောင့် မှင်တက်အံ့သြပြီး ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်နေကြပါတယ်။

ဒါပေမဲ့လည်း လူတော်တော်များများက သူ့ရဲ့အောင်မြင်မှုကို မမြင်တွေ့တဲ့အတိုင်း တည်တည်ငြိမ်ငြိမ်နဲ့ လှုပ်ရှားမှု မရှိပါဘူး။

သူတို့တွေ ကန်းနေတာလား။

လင်းဟာန်ကလည်း သူ့အရင် တစ်ကြိမ် အောင်မြင်ခဲ့တယ် ဆိုတာကို မသိခဲ့ပါဘူး။သူက ဒုတိယအကြိမ်မှာ အောင်မြင်မှု မရခဲ့ပေမဲ့ အဲဒီအချိန်တုန်းက သူ့ရဲ့လှုပ်ရှားမှုတွေက သူအောင်မြင်မှု ရခဲ့တဲ့ အချိန်တုန်းကထက်တောင် ပိုပြီးတော့ အံ့အားသင့်စရာ ကောင်းခဲ့ပါတယ်။

အဲဒီအခိုက်အတန့်မှာ လင်းဟာန်က ထရပ်လာခဲ့ပါတယ်။ သူက နောက်ဆုံးမှာ ကနဦးအဆင့်ရဲ့ အလယ်အလတ် အဆင့်ကို ရောက်သွားခဲ့ပါတယ်။ သူက မြစ်တစ်စင်း ပုံရိပ်သေးသေးလေး တစ်ခုကို ဖြစ်ပေါ်စေနိုင်ခဲ့ပါတယ်။

ယိုပောင်က လင်းဟာန်ရဲ့ လှုပ်ရှားမှုတွေကို ကြည့်ပြီးတော့ အေးစက်စွာနဲ့ ချောင်းဟန့် လိုက်ပါတယ်။ သူက ကျွန်းပေါ်ကို အခုလေးတင် အောင်အောင်မြင်မြင် ရောက်ခဲ့ပြီး ဒီလူက သူ့ခြေလှမ်းတွေ အနောက်ကိုလိုက်ဖို့ ကြိုးစားနေပါတယ်။ သူ့ရဲ့ လှုပ်ရှားမှုက ဟာသ တစ်ပုဒ်ထက် ဘာမှမပိုခဲ့ပါဘူး။

"ထွီ။ မင်းငါးနိုင်တာထက် ပိုပြီးတော့ ကိုက်နေတာပဲ"

Chapter 963 end

အပိုင်း(964) ဒုတိယအကြိမ် ကျွန်းပေါ်သို့ ရောက်ရှိခြင်း

ဒါပေမဲ့လည်း ယိုဟောင်အနေနဲ့ အရမ်းကို အံ့အားသင့်ရတဲ့ အကြောင်းရင်းက လင်းဟန် မြစ်ကို ကူးဖြတ်ဖို့ကို လူတွေအများကြီးက စိတ်ဝင်စားတဲ့ အမူအရာတွေနဲ့ ကြည့်နေတာကြောင့်ပဲ ဖြစ်ပါတယ်။

ငါပဲအမြင်တွေ မှားနေတာလား။

ယိုဟောင်ရဲ့ နှလုံးသားထဲမှာ မနာလိုမှုတွေ ပြင်းထန်လာခဲ့ပါတယ်။ သူက ကျွန်းပေါ်ကို အောင်အောင်မြင်မြင်နဲ့ ရောက်နိုင်ခဲ့တဲ့ တစ်ယောက်တည်းသောလူ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက ဘာဖြစ်လို့ ဒီလူကိုပဲ ပိုပြီးစိတ်ဝင်စား နေကြတာလဲ။

သောက်ကျိုးနည်း။ သူက ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးဘူး။ သူ့မှာ တောင်တစ်လုံးပဲ ရှိတယ်။ ဒါပေမဲ့ မြစ်တစ်စင်းတောင် မရှိဘူး။

သူက အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တချို့ကနေ ဆင်းသက်လာတဲ့ လူတစ်ယောက်များ ဖြစ်နိုင်မလား။

ယိုဟောင်က စိတ်သဘောထား သေးသိမ်တဲ့ လူတစ်ယောက် ဖြစ်တာနဲ့အညီ တောင်မြစ်အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးတဲ့ လူတစ်ယောက်က သူ့ရဲ့ ဂုဏ်ကျက်သရေကို ခိုးယူသွားတာ တွေ့မြင်လိုက်ရတာနဲ့ သူ့မျက်နှာက ချက်ချင်းပဲ သုန်မှုန် သွားခဲ့ပါတယ်။ လင်းဟာန် ပြန်လာတဲ့ အချိန်မှာ သူ့ကို သင်ခန်းစာတစ်ခု ပေးဖို့ကိုလည်း စိတ်ထဲကနေ ကျိတ်ပြီးတော့ ဆုံးဖြတ်လိုက်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်က သူ့ရဲ့နိုင်ငံက လူတစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် တကယ်လို့ သူက အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မျိုးဆက်ဖြစ်နေရင်တောင် ဒီကိစ္စက သေးသေးလေး တစ်ခုပါပဲ။ အားလုံးရဲ့ အရှေ့မှာ သူ့ကို မသတ်ပစ်သရွေ့တော့ အရာအားလုံး အဆင်ပြေပါ လိမ့်မယ်။

သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် ကြီးကြီးမားမား တိုးတက်လာပြီးတဲ့နောက်မှာ လင်းဟာန်ရဲ့ အမြန်နှုန်းကလည်း အရင်ကထက် ပိုပြီးတော့ လျင်မြန်လာခဲ့ပါတယ်။ သူက မြေပြင်ပေါ်မှာ လမ်းလျှောက်နေရတဲ့ အတိုင်းပဲ အရှေ့ကို ဆက်တိုးနေပြီး ကမ်းစပ်က ကြည့်နေတဲ့ လူတွေ အားလုံး သူတို့ရဲ့ လျှာတွေကိုတောင် ကိုက်မိတဲ့အထိ အံ့အားသင့် ကုန်ကြပါတယ်။

တစ်ခုသတိပြုရမှာက ဒါဟာ လင်းဟန်ရဲ့ ဒုတိယ အကြိမ်မြောက် ကျွန်းပေါ်ကို ရောက်အောင်လို့ လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။

ဒါက ကျောက်လန်နဲ့ တန်းတူအဆင့်မှာ ရှိပါတယ်။

နောက်ပြီးတော့ ကျောက်လန်ဟာ ကျွန်းပေါ်ကို တကြိမ်တည်းနဲ့ နှစ်ခါရောက်အောင်လို့ လုပ်နိုင်ခဲ့တာ ဘယ်အချိန်တုန်းကလဲ။ အဲဒီတုန်းက သူဟာ ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။

အမှန်တကယ်တော့ ဘယ်သူ့ကိုမှ အထူးအလေးပေး ဆက်ဆံတာ မရှိပါဘူး။ ကျောက်တုံးပေါ်က ဆွဲငင်အား နယ်ပယ်ရဲ့ အကြိမ်တိုင်းလိုလို တူညီပါတယ်။ ဒါကြောင့် ကျင့်ကြံခြင်းအဆင့် ပိုမြင့်လေ အားသာချက် ပိုရှိတယ်ဆိုတာ သိသာပါတယ်။ ဒါက ပိုပြီးတော့ လွယ်ကူတယ်ဆိုတဲ့ အယူအဆ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ ကိုယ်ပိုင်အဆင့်ထဲမှာ ရှုံးပွဲမရှိထားတာကြောင့် ဖြစ်ပါတယ်။

လင်းဟန်က ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးဘူးဆိုတာ ပေါ်လွင်ပါတယ်။ ဆိုလိုတာက သူ့အတွက် ပိုပြီးတော့ သန်မာအားကောင်းလာဖို့ ရှိပါသေးတယ်။ ပြီးတော့ ဒီလိုမျိုး အခြေအနေအရ သူ့အတွက် ကျွန်းပေါ်ကို တတိယ

အကြိမ်ရောက်ရှိဖို့က လုံးဝကို ဖြစ်နိုင်ချေ ရှိပါတယ်။
ထိတ်လန့်တုန်လှုပ်စရာ ပိုကောင်းတဲ့ အနေနဲ့
လေးကြိမ်မြောက်တောင် ဖြစ်နိုင်ပါသေးတယ်။

သောက်ကျိုးနည်း။

နောက်ဆုံး ကျောက်တုံးဆယ်တုံးပေါ်ကို မရောက်ခင် လင်းဟန်က
သူ့အပေါ် ဖိအားတချို့ ကျရောက်လာတာကို ခံစားလိုက်ရပါတယ်။
ဒါပေမဲ့လည်း သူ့ရဲ့ ခြေလှမ်းတွေက ခိုင်မာမြဲမြံပြီး အရှေ့ကို
ဆက်တိုးလာခဲ့ပါတယ်။

ကိုးဆယ့်ရှစ် ကိုးဆယ့်ကိုး တစ်ရာ။

သူက ကျွန်းပေါ်ကို နောက်တစ်ကြိမ် ရောက်သွားခဲ့ပါပြီ။

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို အံ့သြမှင်တက်စွာနဲ့
ဆုပ်ကိုင်မိလိုက် ကြပါတယ်။

နှစ်ယောက်စလုံး ကျွန်းပေါ်ကို နှစ်ကြိမ်ရောက်ပေမဲ့ လင်းဟန်က
ကျောက်လန်ထက်တောင် ပိုပြီးတော့ ထူးခြားလွန်းပါတယ်။

တကယ်လို့ သူတို့တွေ ပြန်ရောက်ပြီး သတင်းတွေ
ပျံ့နှံ့သွားမယ်ဆိုရင် အင်ပါယာ မြို့တော် တစ်ခုလုံး မှင်တက်အံ့သြ

သွားပါလိမ့်မယ်။ လင်းဟာန်ရဲ့ ရပ်တည်မှုက မြင့်မားသွားနိုင်သလို သူ့ကို အမှောင်ထဲကနေ လုပ်ကြံသူတွေလည်း ရှိလာနိုင်ပါတယ်။

လင်းဟာန်က တောင်မြစ်ကျောက်တုံး တစ်တုံးကို လက်တစ်ဖက်နဲ့ ဆုပ်ယူပြီး သူ့ရဲ့ သွေးစုပ်ယူခြင်း မူလရွှေကို နောက်ထပ် တောင်မြစ်ကျောက်တုံး တစ်တုံးကို အရယူဖို့ ပစ်လွှတ် လိုက်ပါတယ်။ သူ့ရဲ့လက်ရှိ စွမ်းရည်နဲ့ဆိုရင် ဒီလှုပ်ရှားမှု နှစ်ခုလုံးကို တစ်ပြိုင်နက်တည်း လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူ့လက်နဲ့ သွေးစုပ်ယူခြင်း မူလရွှေတို့က တောင်မြစ်ကျောက်တုံးနဲ့ တစ်ပြိုင်နက်တည်း ထိတွေ့မိသွားတဲ့ အချိန်မှာ။

ဟုန်း။

သွေးစုပ်ယူခြင်း မူလရွှေက ပြင်းပြင်းထန်ထန်နဲ့ ပြန်ကန်ထွက်လာပြီး အဲဒီတောင်မြစ် ကျောက်တုံးကို ဆုပ်ယူနိုင်ခြင်း မရှိခဲ့ပါဘူး။

ဟုန်း။

လင်းဟာန်က ရေကန်ရဲ့ အစပ်ဆီကို နောက်တစ်ကြိမ် လွင့်ထွက်သွားခဲ့ပါတယ်။

ဒီကောင်လေးက တကယ်ပဲ အောင်မြင်သွားတာလား။

ယိုပဟောင်ရဲ့ မျက်နှာပေါ်မှာ မနာလိုမှုတွေ ဖြတ်သွားခဲ့ပါတယ်။ သူက အစတုန်းကဆို ပြိုင်ဘက်မရှိ ယှဉ်ပြိုင်ဘက် ကင်းမဲ့သူ ဖြစ်ပါတယ်။ အခုဆို သူနဲ့ ရင်ဘောင်တန်းပြီး ရပ်တည်နိုင်တဲ့ လူတစ်ယောက် ပေါ်လာပြီးတော့ သူ့ရဲ့ အောင်မြင်မှုကို ခိုးယူသွားခဲ့ပါပြီ။

စိတ်ထားကောင်းမွန်တဲ့ လူတစ်ယောက်လိုမျိုး သူက လင်းဟန်ဆီကို ချက်ချင်းပဲ လက်ခုပ်တီးပြီး လျှောက်လာကာ ပြောလိုက်ပါတယ်။

"ဂုဏ်ပြုပါတယ်။ ဂုဏ်ပြုပါတယ်။ မင်းလည်း ကျွန်းပေါ်ကို ငါ့နောက်ကနေ အောင်အောင်မြင်မြင်နဲ့ ရောက်အောင်လုပ်နိုင်ခဲ့ပြီပေါ့။ တကယ်လို့ လူတစ်ယောက်က အောင်အောင်မြင်မြင်နဲ့ ကျွန်းပေါ်ကို ရောက်အောင်လုပ်နိုင်ရင် အချိန်အတိုင်းအတာ တစ်ခုလောက် ခက်ခဲမှုက နည်းနည်းလျော့ကျသွားတယ်လို့ ငါကြားဖူးတယ်။ ဒီလိုဆိုတော့ မင်းက ငါ့ရဲ့ အောင်မြင်မှုကနေ အကျိုးအမြတ် ရသွားခဲ့တာပဲ"

ဒီလူရဲ့ အရှက်ကင်းမဲ့ပြီး မျက်နှာပြောင်မှုက အတော်လေးကို ကြောက်စရာကောင်းတာပဲ။

သူက တစ်စုံတစ်ယောက်ရဲ့ အောင်မြင်မှုကို သူ့ပယောဂ မကင်းသလိုမျိုး အတင်းအကျပ်ကြီး ပြောနေတာလား။

ဒီနေရာကို ရောက်နေတာ တော်တော်ကြာနေပြီဖြစ်တဲ့ လူတွေအားလုံးက စတင်ကာ ဂါးလုံးကွဲအောင် ရယ်မောလိုက် ကြပါတယ်။ သူတို့က သူတို့ရဲ့ ကိုယ်ပိုင်မျက်လုံးတွေနဲ့ ကျွန်းပေါ်ကို လင်းဟာန်က နှစ်ကြိမ်တိုင်တိုင် ရောက်ရှိခဲ့တာကို မျက်မြင်ကြုံတွေ့ ခဲ့သူတွေ ဖြစ်ပါတယ်။ ကျွန်းပေါ်ကို နှစ်ကြိမ်ရောက်ရှိတဲ့ အမှတ်သင်္ကေတက ဘာများလဲ။ အနည်းဆုံး နှစ်ပေါင်းတစ်ထောင် အတွင်းမှာ လူတစ်ယောက်ပဲ ဒီလိုမျိုး အောင်မြင်မှု ရရှိအောင် လုပ်နိုင်ခဲ့ပါတယ်။ အဲဒါကတော့ ကျောက်လန် ဖြစ်ပါတယ်။

မင်းက ကျွန်းပေါ်ကို တစ်ကြိမ်ပဲရောက်ပြီးတော့ လင်းဟာန်ကိုများ မင်းရဲ့ အောင်မြင်မှုကနေ အကျိုးအမြတ် ဖြစ်ထွန်းသွားတယ်လို့ ပြောရဲသေးတယ်ပေါ့။ ဘယ်လိုဟာသကြီးလဲကွာ။

ယိုဟောင်ရဲ့ မျက်နှာပေါ်မှာ ဒေါသထွက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

"မင်းတို့အားလုံး ဘာဖြစ်လို့ ရယ်နေတာလဲ။ ရယ်စရာ ဘာများရှိလို့လဲ"

သူက အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

"ဟော့ လူငယ်လေး။ မင်းအခုထိ သတိမပြုမိသေးဘူးလား။ မင်းကျွန်းပေါ်ကို မရောက်ခင် ငါတို့ရဲ့ သူငယ်ချင်းလေး လင်းဟန်က ကျွန်းပေါ်ကို တစ်ကြိမ်ရောက်ပြီးပြီကွ"

အကြီးအကဲ တစ်ယောက်က ရှင်းပြလိုက်ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ အားလုံးက ကနဦး အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ အသက်အရွယ်ကြောင့်နဲ့တော့ စီနီယာ ဆိုပြီး မပြောပွံ့ပါဘူး။

ဒါက သိုင်းပညာ ကမ္ဘာရဲ့ စည်းမျဉ်းတစ်ခု ဖြစ်ပါတယ်။ စီနီယာ ဆိုတာက စွမ်းရည်နဲ့ပဲ ဆုံးဖြတ်နိုင်ပါတယ်။

ဖူး။

ယိုဟောင်က မယုံနိုင်စရာ ကောင်းသွားပုံနဲ့ အံ့အားသင့်သွားပြီးတော့ သူ့မျက်နှာပေါ်မှာ အရောင်အသွေးစုံလင်တဲ့ အမူအရာတစ်ခု ဖြတ်သွားခဲ့ပါတယ်။

သူက မယုံနိုင်အောင် ဖြစ်နေခဲ့ပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျွန်းပေါ်ကို တစ်ကြိမ် အောင်အောင်မြင်မြင် ရောက်ပြီးတဲ့နောက်မှာ နောက်တစ်ခေါက် ရောက်ဖို့ဆိုတာက

ပိုပြီးတော့ ခက်ခဲလာလိမ့်မယ် ဆိုတာကို သူသတိပြုမိပါတယ်။ ဒါက မဖြစ်နိုင်တဲ့ တာဂန်တစ်ခု ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင် အတွင်းမှာ ကျောက်လန် တစ်ယောက်ပဲ ဒီလိုမျိုး အောင်မြင်မှုကို ရယူထား နိုင်ခဲ့ပါတယ်။

လင်းဟန်က ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးပါဘူး။ တကယ်လို့ ဒါတွေအားလုံး အမှန်တရားဆိုရင် သူ့အတွက် ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ထိ အဆင့်တက်ပြီးတဲ့နောက်မှာ ကျွန်းပေါ်ကို တတိယ အကြိမ်မြောက် ရောက်ရှိဖို့ဆိုတာက ဖြစ်နိုင်ချေ ရှိတယ်မဟုတ်လား။

သောက်ကျိုးနည်း။ မင်းက တကယ့်ကို လပြွတ်ကောင်ပဲ။

ယိုပောင်က ဒေါသတကြီးနဲ့ သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဟိ ဟိ ဟိဟိ"

လူတွေက လှောင်ပြောင်သရော်ပြီး ရယ်မောနေ လိုက်ကြပါတယ်။ တကယ်တော့ သူတို့လည်း သူတို့မျက်လုံးတွေနဲ့သာ မျက်မြင်မတွေ့ရဘူးဆိုရင် လင်းဟန်က အရမ်းကို အစွမ်းထက်နိုင်ချေ ရှိတယ်ဆိုတာကို ဘယ်လိုမှ ယုံကြည်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

လူတော်တော်များများရဲ့ လျောင်ရယ်သံတွေကို ကြားလိုက်ရတဲ့ အခါမှာ ယိုဟောင်က သူ့ကိုယ်သူ အရူးလုပ်မိတယ်ဆိုတဲ့ အချက်ကို လက်ခံလိုက်ပါတယ်။ သူ့မျက်နှာက ရှက်ရွံ့စိတ်ကြောင့် နီရဲသွားခဲ့ပါတယ်။ သူက ရေကန်အလယ်က ကျွန်းကို ပေ့ကြည့်လိုက်ပါတယ်။ အဲဒီနောက် အံကိုကြိတ်ကာ ကျောက်တုံးတွေဆီကို နောက်တစ်ကြိမ် ခုန်တက်လိုက်ပါတယ်။ သူလည်း ဒုတိယအကြိမ် ကျွန်းပေါ်ကိုရောက်အောင် ကြိုးစားလိုက်ပါတယ်။

သူက ပထမ ကျောက်တုံးဆယ်တုံးကို ခက်ခက်ခဲခဲ ကျော်ဖြတ်လိုက် နိုင်ပေမဲ့ အဲဒီနောက်မှာ သူ့ခန္ဓာကိုယ်က နောက်ထပ်တစ်လှမ်း ထပ်လှမ်းလိုက်တဲ့ အချိန် ဒယိမ်းဒယိုင် ဖြစ်သွားပါတယ်။

ပလုံ။

အဆုံးသတ်မှာတော့ သူက ရေကန်ထဲကို ပြုတ်ကျသွားခဲ့ပါတယ်။

ချက်ချင်းဆိုသလို ပြင်းထန်တဲ့ နာကျင်မှု ဝေဒနာကို ခံလိုက်ရပြီး ကမ်းစပ်ဆီကို အလျင်အမြန်ပဲ ကူးလာခဲ့ပါတယ်။

သူ ကျရှုံးသွားခဲ့ပါပြီ။

သူက အစောပိုင်း အဆင့်လောက်မှာပဲ ကျရှုံးသွားခဲ့တာကြောင့် ကမ်းစပ်ဆီကို သိပ်မကြာခင်မှာပဲ ပြန်ရောက်လာခဲ့ပါတယ်။ သူ့ရဲ့ဒဏ်ရာတွေက သိပ်ပြီးတော့ မပြင်းထန်ပါဘူး။

သူက တခြားလူတစ်ယောက်ထက် ကျော်ကြားမှု အရေးပါမှုမှာ လျော့နည်းနေခဲ့ပါတယ်။

အဲဒီလူက သူ့ထက် အဆင့်သေး နှစ်ဆင့်လုံး နိမ့်နေတာတောင် ကျွန်းပေါ်ကို နှစ်ကြိမ်တိုင်တိုင် ရောက်အောင်လို့ လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုမျိုး ရလဒ်တွေကို နှိုင်းယှဉ်ကြည့်ရင် ဘယ်သူက ပိုပြီးတော့ စွမ်းဆောင်နိုင်တယ် ဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

လင်းဟန်က သူ့ကို အသာလေး ပြုံးပြလိုက်ပါတယ်။ ကျွန်းပေါ်ကို တစ်ကြိမ်ရောက်အောင် လုပ်နိုင်တာကိုက အထင်ကြီးစရာ ကောင်းပါတယ်။ လင်းဟန်က သူ့အကြည့်တွေကို ပြန်ရုပ်သိမ်းပြီး ကျွန်းပေါ်ကို တတိယအကြိမ် ဘယ်လိုမျိုးရောက်အောင် သွားရမလဲ ဆိုတာကို စတင်စဉ်းစားလိုက်ပါတယ်။

လက်ရှိသူ့ရဲ့ စွမ်းရည်နဲ့ဆိုရင် အဲဒါက မဖြစ်နိုင်ပါဘူး။

ကျွန်းပေါ်ကို ဒုတိယအကြိမ် ရောက်ရှိတဲ့ အခါတုန်းက အစွမ်းနည်းနည်း အားထုတ်ရပါတယ်။ ဒါပေမဲ့လည်း သူက တကယ်လို့ တတိယ အကြိမ်မြောက်ကို အခုလုပ်လိုက်မယ်ဆိုရင် အများဆုံး သုံးပုံတစ်ပုံလောက်ထိပဲ သွားနိုင်ပါလိမ့်မယ်။

ကောင်းပြီ။ သူ့မှာ တောင်မြစ်ကျောက်တုံး နှစ်တုံးတောင် ရှိသေးတယ်။ ထူးခြားတဲ့ စွမ်းရည်တွေနဲ့ ပါဂင်တဲ့ ကျောက်တုံးတွေပေါ့။ ဒီနေရာမှာ ထူးခြားတဲ့ အလေးချိန် ရှိတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးကို သန့်စင်လိုက်ရင် ကျွန်းပေါ်က ပြင်းထန်တဲ့ အလေးချိန်တွေကို ခုခံနိုင်မှု တချို့ လုပ်နိုင်မလား။

နောက်တစ်တုံးကို သန့်စင်ပြီးတော့ ဒီနည်းလမ်းကို စမ်းသပ်ကြည့်တာပေါ့။

လင်းဟာန်က မြေဂါရောင်သမ်းနေတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးကို ထုတ်ယူပြီးတော့ သူ့လက်ထဲမှာ ကိုင်ထားပြီး စတင်သန့်စင်လိုက်ပါတယ်။

လူတော်တော်များများက သူ့ကို မနာလိုတဲ့ အမူအရာနဲ့ စိုက်ကြည့်နေပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ စွမ်းရည်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ အစွမ်းကို သူတို့တွေ အားလုံး သေသေချာချာ တွေ့မြင်ခဲ့ပြီးပါပြီ။ ပြီးတော့ ဟူဖေးယွင်ကလည်း

ဘေးနားမှာ ရပ်နေပါတယ်။ လူအများစုက သူတို့ရဲ့ လိုချင်တပ်မက်မှုတွေ အတွက်ကြောင့်နဲ့တော့ လှုပ်ရှားမှု လုပ်ပုံမှာ မဟုတ်ပါဘူး။

"သခင်လေး သွားကြစို့"

ယိုဟောင်ရဲ့ အစေခံ အကြီးအကဲနှစ်ယောက်က ပြောလိုက်ပါတယ်။ သူတို့မှာ ထူးခြားတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံး ရှိပါတယ်။ ပြီးတော့ ဒီလိုမျိုး ပစ္စည်းတစ်ခုက တခြားသူတွေရဲ့ လိုချင်တပ်မက်မှုကို ဆွဲဆောင်ပါလိမ့်မယ်။ သူတို့တွေ စောစောစီးစီး ထွက်သွားတာက အကောင်းဆုံး ဖြစ်ပါမယ်။

ယိုဟောင်က လင်းဟန်ကို အတော်ကြာအောင် ကြည့်ပြီးတော့မှ ခေါင်းညိတ်လိုက်ပါတယ်။

"ကောင်းပြီ"

တကယ်လို့ သူက ဒီနေရာမှာ တောင်မြစ်ကျောက်တုံးကို သန့်စင်လိုက်မယ်ဆိုရင် အလယ်အလတ် အဆင့်ကို တန်းပြီးတော့ ချိုးဖျက်ဖင်ရောက် သွားနိုင်ပါတယ်။ နောက်ဆုံး ရလဒ်အနေနဲ့ သူက ဒီနေရာရဲ့ စည်းမျဉ်းစည်းကမ်းအရ ပစ်မှတ်ဖြစ်လာပြီး အသတ်ခံရ ပါလိမ့်မယ်။

လင်းဟန်က တောင်မြစ်ကျောက်တုံးက စွမ်းအားတွေကို ဆက်ပြီးတော့ စုပ်ယူနေခဲ့ပါတယ်။ သူ့ရဲ့ ဒန်တန်ထဲမှာ မြစ်တစ်စင်းက ဘာမှမရှိတာကနေ ဖြည်းဖြည်းလေး ဖြစ်ပေါ်လာခဲ့ပါတယ်။

တောင်မြစ်ကျောက်တုံးတွေမှာ ဒီလိုမျိုး အစွမ်းတွေ ပိုင်ဆိုင်ထားတာ အံ့သြစရာ မဟုတ်တော့ဘူး။ သူတို့ရဲ့ အာနိသင်က မှော်ဆေးလုံးတွေထက်တောင် ပိုပြီးတော့ အံ့သြဖို့ကောင်းတယ်။

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တိုးမြှင့်ဖို့ တောင်မြစ်ကျောက်တုံးတွေ ပမာဏ တစ်ခုလောက် လိုအပ်ပေမဲ့ သူ့ကို ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ထိ ရောက်အောင်လို့ ကူညီပေးဖို့ အများဆုံး ဆယ်တုံးလောက် လိုပါလိမ့်မယ်။

ကံကောင်းတဲ့ အချက်က တောင်မြစ်ကျောက်တုံးတွေက တောင်မြစ်တွေကို ဖြစ်ပေါ်စေ နိုင်ပါတယ်။ သူတို့က လူတစ်ယောက်ရဲ့ နားလည်းသဘောပေါက် နိုင်စွမ်းကို ပေါင်းထည့် မပေးနိုင်ပေမဲ့ အဆင့်သေး တစ်ဆင့်ကို ကျော်ဖြတ်နိုင်အောင်တော့ ကူညီပေးနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး ပစ္စည်းတွေက ပိုပြီးတော့တောင် အံ့သြစရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က အံ့အားသင့်တာက သူ့အရင်က ဖြစ်ပေါ်ထားခဲ့တဲ့ တောင်ပေါ်မှာ မြေဂါရောင် သွေးကြော ပုံစံတွေ ဖြစ်ပေါ်လာတာကို တွေ့လိုက်ရလို့ ဖြစ်ပါတယ်။ အစမှာတော့ အရမ်းကို မှေးမှိန်နေပြီး တောင်မြစ်ကျောက်တုံးရဲ့ စွမ်းအားတွေ အဆက်မပြတ် တိုးဝင်လာတာနဲ့ ဒီသွေးကြောပုံစံ သင်္ကေတတွေကလည်း ပိုပိုပြီးတော့ နက်ရှိုင်းလာပါတယ်။

ဒါက နတ်ဘုရား သင်္ကေတ တစ်ခု ဖြစ်ပါတယ်။

Chapter 964 end

အပိုင်း(965) တတိယ အကြိမ်မြောက် အောင်မြင်မှု

နတ်ဘုရား ပစ္စည်းတစ်ခုဆိုတာ ဘာလဲ။

တကယ်လို့ လက်နက်တစ်ခု အပေါ်မှာ နတ်ဘုရား သင်္ကေတ တစ်ခုကို ရေးထွင်းထားမယ်ဆိုရင် အဲဒီလက်နက်က နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်တာနဲ့ ပြိုင်ဘက်ကင်း စွမ်းအား တစ်ခုကို ထုတ်ဖော်ပါလိမ့်မယ်။ အဲဒါကြောင့် ဒီလက်နက်က နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်လာ ပါလိမ့်မယ်။

နတ်ဘုရား ပစ္စည်းတွေ ဖန်တီးတဲ့ အခါမှာ အသုံးပြုတဲ့ ပစ္စည်းတွေက နတ်ဘုရား သတ္တုတွေ ဖြစ်ရမယ်လို့

မကန့်သတ်ထားပါဘူး။ ဒါပေမဲ့ အများစုက နတ်ဘုရား သတ္တုတွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုတာကြောင့် နတ်ဘုရား ပစ္စည်း အများစုဟာ နတ်ဘုရား သတ္တုတွေနဲ့ ပြုလုပ်ထားတာ ဖြစ်ပါတယ်။

ပြီးတော့ အခုဆို လင်းဟန်ရဲ့ တောင်မြစ်အပေါ်မှာ နတ်ဘုရား သင်္ကေတ တစ်ခု တကယ်ပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလက္ခဏာကို ကြည့်ပြီးတော့ သေချာပေါက် ပြောနိုင်တာက သူ့ရဲ့ တောင်မြစ်ကို နတ်ဘုရား ပစ္စည်းတစ်ခုအဖြစ် သတ်မှတ်ယူဆ နိုင်ပါတယ်။

အရမ်းကို လေးလံတဲ့ နတ်ဘုရား ပစ္စည်းတစ်ခု။

သူက အတွေးတစ်ချက်နဲ့ နတ်ဘုရား သင်္ကေတကို အသက်သွင်းနိုင်ပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုတွေထဲမှာ အရမ်းကို လေးလံတဲ့ အာနိသင်တစ်ခုကို စိမ့်ဝင်စေပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို တိုးလာစေပါတယ်။

ခရက်။

နာရီအနည်းငယ် အကြာမှာ သူ့လက်ထဲက တောင်မြစ်ကျောက်တုံးဟာ အက်ကွဲပြီး နောက်တစ်ကြိမ် ဖုန်မှုန့်အဖြစ်ကို ပြောင်းသွားခဲ့ပါတယ်။

ငါက ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့် လမ်းကြောင်းမှာ သုံးပုံတစ်ပုံနီးပါးကို ရောက်နေပြီပဲ။

ထင်ထားတဲ့အတိုင်းပဲ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာလေ အဆင့်တက်ဖို့ တောင်မြစ်ကျောက်တုံးတွေ ပိုပြီးတော့ လိုအပ်လာတာပဲ။ တောင်မြစ်ကျောက်တုံးရဲ့ လိုအပ်မှုက အံ့အားသင့်စရာ ကောင်းလောက်အောင် တိုးလာတာပဲ။ ငါပြီးပြည့်စုံခြင်း အဆင့်ကို ရောက်တဲ့ အချိန်ကျရင် အဆင့်သေး တစ်ဆင့်မြှင့်တင်ဖို့ တောင်မြစ်ကျောက်တုံး ရာနဲ့ချီပြီးတော့ လိုအပ်လိမ့်မယ်။

ငါကြိုးစားကြည့်မယ်။

သူက ကျွန်းပေါ်ကို တတိယအကြိမ် အရောက်သွားဖို့ ပြင်ဆင်လိုက်ပါတယ်။

"သောက်ကျိုးနည်း သူက ကျွန်းပေါ်ကို တတိယမြောက်အကြိမ် ရောက်အောင်လို့ ကြိုးစား နေပြီ"

အားလုံးက လင်းဟန်နောက်တစ်ကြိမ် ရှေ့ထွက်လာတာကို ကြည့်ပြီးတော့ မယုံကြည်နိုင်မှုတွေနဲ့ အံ့အားသင့်မှုတွေကို ခံစားလိုက် ရပါတယ်။

"အိုး ပိုး ပိုး ဒါက တကယ်မှ ဟုတ်ရဲ့လား"

"အရင်တုန်းက ဘယ်သူမှ မအောင်မြင်ဖူးဘူး မဟုတ်လား"

"သေချာတာပေါ့"

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို မရည်ရွယ်ပဲ ခါလိုက်မိပါတယ်။ အရမ်းကို နည်းပါးတဲ့ လူနည်းစုပဲ ကျွန်းပေါ်ကို နှစ်ကြိမ်ရောက်အောင် လုပ်နိုင်ခဲ့ပေမဲ့ အဲဒါက နှစ်ပေါင်း ထောင်နဲ့ချီ ကြာမှပဲ တစ်ကြိမ် နှစ်ကြိမ် ဖြစ်ပျက်ခဲ့တာပါ။ ပါရမီရှင်တွေက အချိန်နဲ့အမျှ အရေအတွက် အများကြီး ထွက်ပေါ်လာပေမဲ့ ထောင်စုနှစ်တစ်ခု အတွင်းမှာ ကျွန်းပေါ်ကို နှစ်ကြိမ်ရောက်အောင် လုပ်နိုင်တဲ့လူက သုံးယောက်လေးယောက်ထက် မပိုပါဘူး။

ဒါပေမဲ့လည်း ကျွန်းပေါ်ကို သုံးကြိမ်ရောက်ဖူးတဲ့ လူကိုတော့ တခါမှ မကြားဖူးပါဘူး။

"ဟုတ်တယ်။ တစ်ယောက်တော့ ရှိဖူးတယ်"

လူတစ်ယောက်က ရုတ်တရက် ခိုင်ခိုင်မာမာနဲ့ ပြောလိုက်ပါတယ်။

"ဘယ်သူလဲ"

"အဲဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသိန်းဂန်းကျင်လောက်ကပဲ။ အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက် ရှိခဲ့တယ်"

"ရှုရန်လား"

"အမှန်ပဲ။ အဲဒါက ရှုရန်။ ကောလာဟာလတွေအရ သူက ကျွန်းပေါ်ကို သုံးကြိမ်တိုင်တိုင် ရောက်ခဲ့ဖူးတယ်။ နောက်ပြီး သူက ချက်ချင်းပဲ သူ့ပုံရိပ် မြင့်မားလာတယ်။ ဒါပေမဲ့လည်း သူက အကြောင်းပြချက် တချို့ကြောင့် ရုတ်တရက် ပျောက်ကွယ်သွားခဲ့တယ်"

"ရှုရန်က ဘယ်သူလဲ"

အများစုက ဒီနာမည်ကို အရင်က တစ်ခါမှ မကြားဖူးပါဘူး။

လင်းဟန်က တခြားအတွေးတွေကို ဂရုမစိုက်ပဲ တည်တည်ငြိမ်ငြိမ်နဲ့ သူ့ရဲ့ ပထမ ကျောက်တုံး အပေါ်ကို ခြေချလိုက်ပါတယ်။ ဒီတစ်ကြိမ် သူက အလျင်စလိုနဲ့ ရှေ့မတိုးပါဘူး။ အဲဒီအစား ဆွဲငင်အား နယ်ပယ်ကို ခုခံဖို့ တောင်မြစ်ပေါ်က နတ်ဘုရား သင်္ကေတကို အသက်သွင်း လိုက်ပါတယ်။

ဟွမ်း။

ဆွဲငင်အား နယ်ပယ်တစ်ခုက သူ့ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာပါတယ်။ သူ့ရဲ့ အာနိသင်က ကျောက်တုံးမှာ တည်ရှိတဲ့ ဆွဲငင်အားထက် အများကြီး အားနည်းပါတယ်။ ဒါပေမဲ့လည်း ခုခံနိုင်မှု အတွက်ကိုတော့ အတော်လေး ကူညီထောက်ပံ့ပေးနိုင်ပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ကျောက်လန်ကလည်း ကျွန်းပေါ်ကို ပထမဆုံးအကြိမ် ရောက်ပြီးတဲ့နောက်မှာ သူ့ရဲ့ တောင်မြစ်ကျောက်တုံးကို သန့်စင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။ အဲဒီနောက် သူ့ရဲ့ ဆွဲငင်အား နယ်ပယ်ကို အသုံးပြုပြီး ကျောက်တုံးပေါ်က ဆွဲငင်အား နယ်ပယ်ကို ခုခံခဲ့တာကြောင့် ကျွန်းပေါ်ကို ဒုတိယအကြိမ် အောင်အောင်မြင်မြင် ရောက်ရှိသွားတာ ဖြစ်ပါမယ်။

အဓိက အကြောင်းပြချက်က သူ့ရဲ့ အစွမ်းထက်တဲ့ စွမ်းရည်တွေကြောင့်လည်း ဖြစ်ပါတယ်။ ဒီတောင်မြစ်ကျောက်တုံးရဲ့ ကြီးမားတဲ့ အလေးချိန်က အချိုပေါ် သကာလောင်းထည့် လိုက်သလိုမျိုး ကူညီပေးမှု တစ်ခုသက်သက်ပါပဲ။ တကယ်လို့

လူတစ်ယောက်က အရမ်းကို အားနည်းနေရင် သူတို့ရဲ့ အာနိသင်ကလည်း အဓိပ္ပါယ် ကင်းမဲ့သွားပါလိမ့်မယ်။

လင်းဟန်က စပြီးတော့ အရှေ့ကို ဆက်တိုးပါတယ်။

ပထမ ကျောက်တုံးသုံးဆယ်ကို ဖြတ်ကျော်ရတာ အရမ်းကို လွယ်ကူလွန်းပါတယ်။ ဒါပေမဲ့လည်း နောက်ထပ်ကျောက်တုံး သုံးဆယ်ကို ဖြတ်ကူးတဲ့ အချိန်မှာ သူ့မျက်နှာပေါ် အားစိုက်ထုတ်ရတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် သူလှမ်းတဲ့ ခြေလှမ်းတိုင်းမှာ သူ့ခန္ဓာကိုယ်က ဒယိမ်းဒယိုင် ဖြစ်နေပါတယ်။

ရှစ်ဆယ်မြောက် ကျောက်တုံး။

သူက အဲဒီကျောက်တုံးပေါ်မှာ ရပ်လိုက်ပြီး သူ့နဖူးကနေ ချွေးတွေစီးကျလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ထဲက နတ်ဘုရား အရိုးတွေဆိုရင် ပြင်းထန်တဲ့ ဖိအားအောက်မှာ အားလုံးအက်ကွဲ လာခဲ့ပါတယ်။

"သောက်ကျိုးနည်း သူက တကယ်ပဲ ရှစ်ဆယ်မြောက် ကျောက်တုံးကို ရောက်သွားပြီ။ သူက အခုမှ ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို အဆင့်တက်ကာစပဲ ရှိသေးတယ်လေ"

"အံ့သြစရာပဲ သူက သေချာပေါက် နောက်ထပ် ဆယ်နှစ်အတွင်းမှာ သုံးကြိမ်မြောက် ကျွန်းပေါ်ကို ရောက်အောင်လုပ်နိုင်တယ်"

အားလုံးက အံ့အားသင့်တဲ့ အမှုအရာတွေ ဖြစ်နေပြီး အများစုက မလိုမုန်းထားတဲ့ စိတ်တွေ ဖြစ်နေပါတယ်။ သူက ထိပ်တန်းပါရမီရှင် တစ်ယောက်ပါပဲ။ ဒါကြောင့် သူ့ကို ပိုပြီးတော့ အစွမ်းထက်လာခွင့် မပြုနိုင်ပါဘူး။

လင်းဟန်က ဇွတ်မှိတ်ပြီးတော့ ပေကတ်ကတ်နဲ့ မလုပ်ခဲ့ပါဘူး။ အဲဒီအစား သူက ချာခနဲ ပြန်လှည့်ပြီး နောက်ဆုတ်လာခဲ့ပါတယ်။

သူက နောက်ဆုံး တောင်မြစ်ကျောက်တုံးကို စတင်သန့်စင်လိုက်ပါတယ်။ သူ့စိတ်ထဲမှာ ဒီကျွန်းကို ရတနာသိုက် တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။

တောင်မြစ်ကျောက်တုံးကို သန့်စင်ပြီးတဲ့နောက်မှာ လင်းဟန်က ကနဦးအဆင့်ရဲ့ နောက်ပိုင်း အဆင့်လမ်းကြောင်းမှာ သုံးပုံနှစ်ပုံကို ရောက်ရှိသွားခဲ့ပါတယ်။ ဒီအမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ကောင်းပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံက ဆယ်နှစ်တစ်ကြိမ် ပွင့်တာဖြစ်ပြီး တောင်မြစ်ကျောက်တုံးကို

ရယူနိုင်တဲ့ လူအရေအတွက်ကလည်း အရမ်းကို နည်းပါးလွန်းပါတယ်။ သူ့လိုမျိုး တောင်မြစ်ကျောက်တုံး ငါးတုံးကို ရယူနိုင်တဲ့ လူကတော့ အထူးတလည် ရှားပါးလွန်းပါတယ်။

သူ့ရဲ့ ဒန်တန်အထဲက ရောမ တောင်ကြီးပေါ်မှာ ဒုတိယ နတ်ဘုရား သင်္ကေတ တစ်ခု ဖြစ်ပေါ်လာ ခဲ့ပါတယ်။

"ဆွဲငင်အား နယ်ပယ်ရဲ့ စွမ်းအားက နှစ်ဆဖြစ်သွားပြီ"

လင်းဟန်က သူ့ဘာသူ တီးတိုးလေး ပြောလိုက်ပါတယ်။ သေချာကို လုံလောက်ပါတယ်။ အစကနေ တိုးတက်လာမှုက အရမ်းကို ကြီးမားပါတယ်။ တတိယမြောက် နတ်ဘုရား သင်္ကေတကို ဖြစ်ပေါ်ပြီးတဲ့နောက်မှာ ဆွဲငင်အားရဲ့ နယ်ပယ်က ငါးဆယ်ရာခိုင်နှုန်းပဲ တိုးလာပါတော့မယ်။

"နင် ဒီတစ်ကြိမ် သေချာပေါက် လုပ်နိုင်လိမ့်မယ်"

စွေ့ရန်ယွီက မျှော်လင့်စောင့်စားနေတဲ့ အကြည့်တွေနဲ့ လင်းဟန်ကို ကြည့်ပြီး ခေါင်းညိတ် ပြလိုက်ပါတယ်။

ကျွန်းပေါ်ကို သုံးကြိမ်ရောက်တာက တကယ့်ကို အံ့ဩဖွယ်ရာပဲ။

ဒီလူက အံ့ဩဖွယ်ရာ တစ်ခုကို လုပ်ပြနိုင်မှာလား။

"လင်းဟန်က သေချာပေါက် အောင်မြင်လိမ့်မယ်"

ဟူဖေးယွင်ကတော့ လင်းဟန်ရဲ့ စွမ်းရည်တွေကို မျက်လုံးစုံမှိတ် ယုံကြည်နေပါတယ်။ လင်းဟန် အရင်က သတ်ခဲ့တဲ့ အဲဒီမကောင်းဆိုးဝါး မိစ္ဆာသားရဲထက် ဒီနေရာက ဘယ်လောက်များ ပိုခက်ခဲ နိုင်မှာလဲ။

လင်းဟန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေါ့။ ဒီတစ်ကြိမ် ငါသေချာပေါက် အောင်မြင်လိမ့်မယ်"

သူက နောက်တစ်ကြိမ် အရှေ့ကို ထွက်လာခဲ့ပါတယ်။

ဒီတစ်ကြိမ် အရင်ကနဲ့ တကယ့်ကို မတူတော့ပါဘူး။ သူ့မှာအခု နတ်ဘုရား သင်္ကေတ နှစ်ခု ရှိပါပြီ။ ပြီးတော့ သူက အဲဒါတွေကို အသက်သွင်းလိုက်တဲ့ အချိန်မှာ ကျောက်တုံးတွေအပေါ်က ဆွဲငင်အား နယ်ပယ်ကို ခုခံနိုင်မှုကလည်း အရမ်းကို ကြီးမားတဲ့ ပမာဏ တစ်ခုအထိ ထောက်ပံ့ ကူညီပေးပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း မြင့်မားလာသလို သူ့ရဲ့ စွမ်းအားကလည်း တိုးလာခဲ့ပါတယ်။ ဒါကြောင့် သူက ပထမ ကျောက်တုံးရှစ်ဆယ်ကို လွယ်လွယ်နဲ့ ဖြတ်ကျော် လာနိုင်ခဲ့ပါတယ်။

အဲဒီနောက်မှာ သူရဲ့ အမြန်နှုန်းက စတင်ပြီး နှေးကွေးလာခဲ့ပါတယ်။

သူ့အမူအရာက ပိုပြီးတော့ လေးနက်လာခဲ့ပါတယ်။ ဒါပေမဲ့ သူက အချိန်သိပ် မကုန်ပဲ ကိုးဆယ်မြောက် ကျောက်တုံးပေါ်ကို ရောက်လာနိုင်ခဲ့ပါတယ်။

အရေးအကြီးဆုံး ခြေလှမ်းတွေက နောက်ဆုံး ဆယ်လှမ်း ဖြစ်ပါတယ်။ ဒါကမှ တကယ့် စိန်ခေါ်မှု အစစ်ဖြစ်ပါတယ်။

ကိုးဆယ့်တစ် ကိုးဆယ့်နှစ် ကိုးဆယ့်သုံး။

အားလုံးက မမှိတ်မသုန်နဲ့ ကြည့်နေကြပါတယ်။ သူတို့က ဒဏ္ဍာရီတစ်ပုဒ် မွေးဖွားလာတာကို တွေ့မြင်ရတော့မှာလား။

တစ်ခုသိထားရမှာက လင်းဟန်ဟာ ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို မရောက်ရှိ သေးပါဘူး။ ဒါကြောင့် သူ့မှာ တိုးတက်ဖို့ အများကြီး ကျန်ပါသေးတယ်။ တကယ်လို့ သူက ဒီတစ်ကြိမ် အောင်မြင်သွားရင် ကျွန်းပေါ်ကို လေးကြိမ်မြောက်ရောက်ဖို့ မကြိုးစားနိုင်တော့ဘူးလို့ မဆိုလိုပါဘူး။

ဒါက အရမ်းအရမ်းကို ကြောက်စရာကောင်းလွန်းပါတယ်။

ကိုးဆယ့်ခုနစ် ကိုးဆယ့်ရှစ် ကိုးဆယ့်ကိုး။

သူက ခြေတစ်လှမ်း အကွာမှာပဲ ကျန်ပါတော့တယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်သွားပြီး သူက နောက်ဆုံးခြေလှမ်းကို လှမ်းပြီးတော့ အရှေ့ကို တိုးလိုက်ပါတယ်။ သူက ကျွန်းပေါ်ကို ရောက်သွားပါပြီ။

တတိယအကြိမ် အောင်မြင်မှု။

လူတော်တော်များများရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ အန္တရာယ်ပြုမဲ့ အရိပ်အယောင်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အများစုကတော့ ထာဂရ မိုးကောင်းကင် အင်ပါယာနဲ့ ကျောက်စိမ်းအင်ပါယာတို့က လူတွေဖြစ်ပါတယ်။ ဒီလိုမျိုး ပါရမီရှင် တစ်ယောက်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ဖို့ အများကြီး ဖြစ်နိုင်ချေ ရှိပါတယ်။ နောက်ပြီးတော့ ဒီလိုမျိုး ကျင့်ကြံသူတွေ အရေအတွက် တိုးလာတာနဲ့ လျော့နည်းတာကလည်း အင်ပါယာ တစ်ခုရဲ့ ခွန်အားကို တိုက်ရိုက်လွှမ်းမိုးမှု ရှိပါတယ်။

သူတို့က လင်းဟာန်အနေနဲ့ အရမ်းကြီး အစွမ်းထက်မလာခင် သတ်ပစ်ရပါမယ်။

လင်းဟာန်က ဒီတစ်ကြိမ် လောဘမကြီးခဲ့ပါဘူး။ ကမ်းစပ်ကို ပြန်ပြီးတော့ တွန်းထုတ်မခံရခင် တောင်မြစ်ကျောက်တုံး တစ်တုံးကိုပဲ ကောက်ယူခဲ့ပါတယ်။ သူက ချက်ချင်းပဲ ဒီတောင်မြစ်

ကျောက်တုံးကို သန့်စင်ကာ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ နီးကပ်လာအောင်လို့ မြှင့်တင်လိုက်ပါတယ်။

"ငါ ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ဖို့ တောင်မြစ်ကျောက်တုံး လေးငါးတုံးလောက် လိုသေးတယ်"

"ဒါပေမဲ့ အဲဒီလို ဆိုရင်တောင် ငါ့အတွက် ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်နိုင်ဖို့ အတွက် မဖြစ်နိုင်သေးဘူး။ တကယ်တော့ ငါ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို အပြင်ဘက် ပစ္စည်းတွေ အကူအညီနဲ့ အဆင့်တက်ခဲ့တာပဲ။ ငါ့ခန္ဓာကိုယ်မှာ သက်ဆိုင်ရာ နားလည်သဘောပေါက်မှု မရှိသေးဘူး"

"ငါပြန်ရောက်တဲ့ အချိန်ကျရင် ငါ့ရဲ့ အချိန်တွေကို ဒီကျင့်ကြံခြင်း အဆင့်ကို နားလည်သဘောပေါက်ဖို့ အချိန်ပေးရလိမ့်မယ်"

"ဒါပေမဲ့လည်း တောင်မြစ်ကျောက်တုံးတွေ ပိုရမယ်ဆိုရင် ပိုကောင်းမယ်။ ငါအဲဒါတွေကို ပြင်းထန်အလယ်အလတ်၊ ပြင်းထန် အဆင့်မြင့်နဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာတောင် အသုံးပြု နိုင်လိမ့်မယ်။ တကယ်လို့ ထူးခြားတဲ့ စွမ်းရည်တွေ ပါမယ်ဆိုရင် ပိုကောင်းတာပေါ့။ အဲဒါက ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကိုလည်း တိုးမြှင့်ပေးနိုင်မယ်"

လင်းဟန်က အောင်မြင်ဖို့အတွက် မဖြစ်နိုင်ဘူး ဆိုတာကို သိပေမဲ့ သူက ကျွန်းပေါ်ကို လေးကြိမ်မြောက် ရောက်ဖို့အတွက် ကြိုးစားကြည့်ချင်နေသေးပါတယ်။ အံ့အားသင့်စရာ မရှိအောင် သူက ကျရှုံးသွားခဲ့ပါတယ်။ တကယ်တော့ သူကအဝေးကြီးထိ မရောက်ပေမဲ့ တစ်ဒါဇင် ဒါမှမဟုတ် အဲဒီထက်ပိုတဲ့ ကျောက်တုံးအထိ လှမ်းနိုင်ခဲ့ပါတယ်။

"ဒါကိုကြည့်မယ်ဆိုရင် တကယ်လို့ ကျွန်းပေါ်ကို လေးကြိမ်မြောက် ရောက်ချင်တယ်ဆိုရင် ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ တည်ငြိမ်အောင် လုပ်ဖို့လိုနေပြီ"

ငါ့မှာ ဆယ်နှစ်သာသာပဲ ရှိတယ်။ ဒီနေရာကို နောက်တစ်ကြိမ် ဝင်ဖို့ အခွင့်အရေးတစ်ခု ရှိပဲ့ါမလား။

လင်းဟန်က သိပ်တော့လည်း မခံစားရပါဘူး။ သူက ဒီနေရာကနေ ထွက်ခွာပြီးတဲ့နောက်မှာ ပြင်းထန်အလယ်အလတ် အဆင့်ကို ရောက်ရှိဖို့ ပြင်ဆင်မှုတချို့ လုပ်ရပါလိမ့်မယ်။ အဲဒါက ဆယ်နှစ်တောင် အချိန်မယူရလောက်ပါဘူး။

ဒါဆိုရင် ဒီတစ်ကြိမ် အမြင့်ဆုံး ရရှိအောင် လုပ်ရမှာပဲ။

Chapter 965 end

အပိုင်း(966) မျက်စိတစ်လုံး နတ်ဆိုးမျောက်ဂံ

ကျွန်းကို လေးကြိမ်ရောက်ဖို့က မဖြစ်နိုင်တဲ့ အရာတစ်ခုပါပဲ။ ဒါကြောင့် လင်းဟန်က လက်လျှော့ လိုက်ပါတယ်။

စွေ့ရန်ယွီလည်း ကျွန်းဆီကို ဒီမတိုင်ခင်က သွားခဲ့ပါတယ်။ သူမက အရမ်းကို ထူးချွန်တယ် ဆိုပေမဲ့ ခြေလှမ်းရှစ်ဆယ်ထိပဲ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ကြည့်ရတာ သူမက အရမ်းကို နီးစပ်နေပေမဲ့ ခြေလှမ်းနစ်ဆယ်က အတော်လေးကို ကြီးမားတဲ့ အကွာအဝေး တစ်ခု ဖြစ်ပါတယ်။

ဟူဖေးယွင်က လင်းဟန်ရဲ့ တိုက်တွန်းမှုကြောင့် ကျွန်းဆီကို သွားကြည့်လိုက်ပါတယ်။ အံ့အားသင့်စရာ ကောင်းတာက သူမက အောင်မြင်သွားခဲ့ပါတယ်။ နောက်ပြီးတော့ သူမက သက်တောင့်သက်သာ ရှိပြီး အဲဒါက ဘေးနားက လူတွေကို အံ့ဩမှုကြောင့် လျှာကိုက်မိ သွားစေခဲ့ပါတယ်။

နံပါတ်ကိုး ဘုရင် ပီသပါတယ်။ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မကိုယ်တိုင် အလေးထားရတဲ့ နံပါတ်ကိုး ဘုရင်က ရိုးသားပြီး

ချောမောလှပတဲ့ မိန်းကလေး ဖြစ်တဲ့အပြင် အစွမ်းလည်း ထက်ပါတယ်။

လင်းဟန်က သူမကို နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်ဖို့ တိုက်တွန်းခဲ့ပါတယ်။

ဟူဖေးယွင်က သူမကို လင်းဟန်ကယ်တင်လိုက်တဲ့ အချိန်ကစပြီး မျက်စိစုံမှိတ် ယုံကြည်နေ ခဲ့ပါတယ်။ ဒါကြောင့် သူမက အလျင်အမြန်ပဲ နောက်ထပ်တစ်ကြိမ် ဖြတ်ကျော်လိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သူမက ပိုပြီးတော့ အားစိုက်ရပြီး ကျောက်တုံးခြောက်ဆယ်ကို ကူးဖြတ်ပြီးတဲ့ နောက်မှာတော့ သူမက ရပ်လိုက်ကာ နောက်ပြန်ဆုတ် လာခဲ့ပါတယ်။

သူမက ယုန်တစ်ကောင်လို လျင်မြန်စွာနဲ့ ရှေ့တိုးသွားနိုင်တာကို မြင်လိုက်ရတဲ့ အချိန်မှာ လင်းဟန်က သူမရဲ့ ပြီးပြည့်စုံတဲ့ တက်လမ်းကို ရောက်ရှိဖို့ အဝေးကြီး ကျန်သေးတယ် ဆိုတာကို ချက်ချင်းပဲ နားလည်သွားခဲ့ပါတယ်။ နံပါတ်ကိုး ဘုရင်က နာကျင်မှုကို တောင့်ခံဖို့ အတွေးအခေါ် မပိုင်ဆိုင်ထားခဲ့ပါဘူး။ ဒါကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူမရဲ့ ပထမဆုံး တုံ့ပြန်မှုက နောက်ဆုတ်ဖို့ ဖြစ်ပါတယ်။

လင်းဟန်က တကယ်လို့ သူမအနေနဲ့ ဒုတိယအကြိမ် ကျွန်းကို မရောက်နိုင်ဘူး ဆိုရင်တောင် ခြေလှမ်းကိုးဆယ်က သူမတတ်နိုင်တဲ့ စွမ်းရည်အတွင်းမှာ ရှိတယ်ဆိုတာကို ယုံကြည်နေပါတယ်။ တကယ်လို့ သူမက အံကြိတ်ပြီးတော့ အရှေ့ကို ဆက်တိုးသွားမယ်ဆိုရင် ကျွန်းပေါ်ကို နှစ်ကြိမ်မြောက် ရောက်ရှိနိုင်မဲ့ ခမ်းနားကြီးကျယ်သော ကံတရားကို ပြည့်စုံစေဖို့ အရမ်းကြီး ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ နံပတ်ကိုး ဘုရင်နေရာမှာ တခြားသူသာဆိုရင် သူတို့က သေချာပေါက် အကောင်းဆုံး ကြိုးပမ်းအားထုတ်လိမ့်မယ်ဆိုတာ သံသယ ရှိစရာ မလိုပါဘူး။ ပထမ အချက်က ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံးတွေက အရမ်းကို အဖိုးတန်ပါတယ်။ ဒုတိယ အချက်က ကျွန်းပေါ်ကို ရောက်တယ်ဆိုတာက အရမ်းကို ဂုဏ်ယူဂုဏ်ကြွားစရာ ကောင်းပါတယ်။ နောက်ပြီး ဘယ်သူကများ နံပါတ်ကိုး ဘုရင်ကို ပစ်မှတ်ထားပွဲမှာလဲ။

လင်းဟန်က သူ့ခေါင်းကို မရည်ရွယ်ပဲ ခါလိုက်မိပါတယ်။ ဟူဖေးယွင်က သိုင်းပညာမှာ ထူးခြားတဲ့ ပါရမီ ရှိပါတယ်။ သူမမှာ ယှဉ်ပြိုင်လိုတဲ့ စိတ်တစ်ခုပဲ ကင်းမဲ့နေတာ ဖြစ်ပါတယ်။ ဒီလိုသာဆို

သူမရဲ့ အနာဂတ် အောင်မြင်မှုတွေကို စွေ့ရန်ယှိတောင်မှ ကျော်ဖြတ်ကောင်း ကျော်ဖြတ်သွား ပါလိမ့်မယ်။

"သွားကြစို့"

ဟူဖေးယွင်က ထူးခြားတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးကို ရအောင်ယူနိုင်ခဲ့တဲ့အတွက် အရမ်းကို ကျေနပ်ပီတိ ဖြစ်နေပါတယ်။ သူမက ဒီနေရာကို သူမကိုယ်သူမ လေ့ကျင့်ဖို့နဲ့ တောင်မြစ်ကျောက်တုံးတွေ အတွက် လာခဲ့တာ မဟုတ်ပါဘူး။ အဲဒီအစား သူမကို ကြယ်ဥက္ကာ အင်ပါယာ ကောရီ ဘုရင်မက ဒီလိုမျိုး လုပ်စေချင်တာကြောင့် ဖြစ်ပါတယ်။ ပြီးတော့ သူမက သူမရဲ့အစ်မကို စိတ်မပျက်စေချင်ပါဘူး။

ဘယ်လောက် အပြစ်ကင်းစင်ပြီး ရိုးသားတဲ့ မိန်းကလေး တစ်ယောက်လဲ။ ဒီလိုမျိုး ပင်ကိုယ်စရိုက် တစ်ခုနဲ့ သူမက သိုင်းပညာ လမ်းကြောင်းပေါ်မှာ ဘယ်လိုမှ မရှိသင့်ဘူး။

သူတို့က ကြက်သွေးရောင် ရေကန်ကနေ မီးလိုဂျက်ဂူဆီကို ဦးတည်ထွက်ခွာ လာခဲ့ကြပါတယ်။

မီးလိုဂျက်ဂူက ဒီလျှို့ပှက်ဆန်းကြယ်ဘုံထဲမှာ တောင်မြစ်ကျောက်တုံးတွေကို ထုတ်ပေးနိုင်တဲ့ နောက်ထပ်

တည်နေရာတစ်ခု ဖြစ်ပါတယ်။ နောက်ပြီး အဲဒီမှာ ထူးခြားတဲ့ စွမ်းရည်နဲ့ တောင်မြစ်ကျောက်တုံးတွေ ရှိပါတယ်။ သူတို့က ကျင့်ကြံသူတွေကို နတ်ဘုရား မီးတောက် သင်္ကေတတွေနဲ့ ထောက်ပံ့ပေးနိုင်ပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေထဲမှာ နတ်ဘုရား မီးတောက်ရဲ့ အစွမ်းတွေ စိမ့်ဝင်စေနိုင်ပါတယ်။ ဒါက အရမ်းကို အစွမ်းထက်သလို အသုံးလည်း ဝင်ပါတယ်။

ဒါပေမဲ့လည်း မီးလိုဏ်ဂူက ကြက်သွေးရောင် ရေကန်ထက် ပိုပြီးတော့ အန္တရာယ်များပါတယ်။ အဲဒီနေရာမှာ လူတွေက ခဏလောက် ရပ်နားလို့ ဒါမှမဟုတ် နောက်ဆုတ်လို့ မရပါဘူး။

မီးလိုဏ်ဂူက မကောင်းဆိုးဝါး လိုဏ်ဂူတစ်ခုနဲ့ တူပါတယ်။ အဲဒီမှာ မကောင်းဆိုးဝါး မိစ္ဆာသားရဲ အမျိုးအစား တစ်ခုဖြစ်တဲ့ ချော်ရည်သားရဲတွေ နေထိုင်ကျက်စားပါတယ်။ သူတို့က နတ်ဘုရား မီးတောက်တွေကို ထိန်းချုပ်နိုင်တဲ့ စွမ်းရည်နဲ့အတူ မွေးဖွားလာပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် တစ်ဆင့်လောက် သာလွန်ပါတယ်။

ဒါပေမဲ့လည်း အရေးကြီးတဲ့ အချက်က ဒီနေရာမှာ အစွမ်းထက်ဆုံး သားရဲကောင်ဟာ ပြင်းထန်အဆင့်မြင့် အဆင့်ကို ရောက်ရှိနေပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ

ကောင်းပါတယ်။ ပြီးတော့ ဘယ်သူမဆို သူတို့ဆီ ရောက်လာရင် ထွက်ပြေးဖို့ တစ်ခုတည်းကိုပဲ ရွေးချယ်ရပါမယ်။ အဲဒီလိုမှ မဟုတ်ရင် သူတို့က လွတ်မြောက်အောင် ထွက်ပြေးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အမှန်ပါပဲ။ ဒီနေရာမှာ ချော်ရဲသားရဲ ဘုရင်ဆိုတဲ့ မိစ္ဆာသားရဲတစ်ကောင်လည်း ရှိပါတယ်။ ဒီမိစ္ဆာ သားရဲက အပြင်ကို တော်ရုံမထွက်ပဲ အမြဲလိုလို မီးလိုဏ်ဂူရဲ့ အနက်ဆုံး အပိုင်းထဲမှာပဲ နေထိုင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ တစ်ယောက်ယောက်က ကံမကောင်းစွာနဲ့ သူ့ဆီကို ပြေးဝင်သွားမယ်ဆိုရင် သူတို့က သေချာပေါက် စိတ်ဆင်းရဲစရာ တစ်ခုနဲ့ တွေ့ဆုံပြီး အဆုံးသတ် ရပါလိမ့်မယ်။

ဟုတ်ပါတယ်။ လင်းဟန်ကတော့ သေချာပေါက် အဲဒီနေရာကို အလည်သွားရပါမယ်။ သူ့မှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ ဒါကြောင့် ချော်ရဲသားရဲဘုရင်ဆီကို သူရောက်သွားရင်တောင် ပျာယာခတ်စရာ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာက အခုဆိုရင် မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်နေပါပြီ။ ပြီးတော့ ပြင်းထန်အဆင့်မြင့်က တစ်စုံတစ်ယောက်ကြောင့် ချက်ချင်းသေဆုံးသွားနိုင်စရာအကြောင်း

မရှိပါဘူး။ သူ့မှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အကူအညီ ရှိနေတဲ့ အချိန်မှာ ဘယ်လိုလုပ်ပြီးတော့ သူက သေနိုင်မှာလဲ။

သူတို့သုံးယောက်က မြေပုံကို အတော်ကြာအောင် လေ့လာပြီးတဲ့နောက်မှာ ထွက်လာခဲ့ လိုက်ပါတယ်။

ဟူဖေးယွင်မှာ စွန့်ပုံ့တဲ့စိတ် မရှိပါဘူး။ ဒါကြောင့် သူတို့တွေ ဘယ်ကိုပဲသွားသွား သူမက နည်းနည်းမှ ဂရုမစိုက်နိုင်ပါဘူး။ သူမက ဒီနေရာကို ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မက သူမကို ပြောလို့ လုပ်ရတာပါ။ တခြားဘာမှမရှိပါဘူး။

လင်းဟာန်က ဆွဲငင်အားရှိတဲ့ အာနိသင်တွေနဲ့အတူ သူလမ်းလျှောက်ရတာ သူ့ကိုယ်သူ အကျွမ်းတဝင် ဖြစ်လာခဲ့ပါတယ်။ ဒါကလည်း သူ့ရဲ့တိုက်ပွဲ စွမ်းရည်ထဲကို ပေါင်းစည်းနိုင်ပါတယ်။

ငါ့မှာ နတ်ဘုရား သင်္ကေတ သုံးခုတောင် ရှိတယ်ဆိုပေမဲ့ ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်ပွင့် မြှင့်တင်ဖို့ မလုံလောက်သေးဘူးပဲ။

ငါ့ရဲ့ တိုက်ပွဲစွမ်းရည် ပိုမြင့်လာလေ နောက်ထပ်ကြယ်တစ်ပွင့် တိုးမြှင့်ရတာက ပိုခက်တယ်။ တကယ်လို့ ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အမျိုးစုံအောင် တိုးလာပြီး ကြယ်အရေအတွက် တိုးမြှင့်ရ လိမ့်မယ်။ ဒါမှမဟုတ် ဒါဇင်နဲ့ချီတဲ့ အကြိမ်တွေလည်း ဖြစ်ကောင်းဖြစ်နိုင်တာပဲ။

သူတို့ပြောတဲ့ ကြယ်ပွင့် ပါရမီရှင်တွေက လုံးဝမဟုတ်သေးဘူး။ ဥပမာ တကယ်လို့ ကနဦးအဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်မှာရှိတဲ့ လူတစ်ယောက်ကို ငါ့ရဲ့ အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများနဲ့ လုပ်ကြံသတ်ဖြတ်မယ်ဆိုရင် ငါ့မှာအောင်မြင်နိုင်ချေ ကိုးဆယ်ရာခိုင်နှုန်းရှိတယ်။ ဒါပေမဲ့လည်း ငါ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ကိုးပွင့် ဒါမှမဟုတ် ဆယ်ပွင့်ကို ရောက်နိုင်တယ်လို့ ပြောတာပဲ မဟုတ်လား။

ဒီအရေအတွက်တွေက အကြမ်းဖျင်း တွက်ချက်မှု အနေနဲ့ပဲ လုပ်နိုင်တယ်။

ဟူး။

ပြင်းထန်တဲ့ အားလှိုင်းတစ်ခုက သူတို့အရှေ့က ထူထပ်တဲ့ တောအုပ်ထဲကနေ ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်နဲ့ စွေ့ရန်ယွီက ချက်ချင်းပဲ ရပ်လိုက်ပါတယ်။ ဟူဖေးယွင်ကတော့ အရှေ့ကို ခြေလှမ်း အနည်းငယ် ဆက်တိုးသွားပြီးမှ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ ရပ်နေတာကို သတိပြုလိုက်မိပါတယ်။ သူမက အနောက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"နင်တို့နှစ်ယောက် ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

ရှွပ် ရှွပ် ရှွပ်။

ထူထပ်တဲ့ တောအုပ်ထဲကနေ လူသုံးယောက် ရုတ်တရက် ပြေးထွက်လာပါတယ်။ သူတို့အားလုံး အရမ်းကို ဖရိုဖရဲ ဖြစ်နေပြီး သူတို့ထဲက တစ်ယောက်က သွေးတွေဖုံးနေပါတယ်။ သူတို့တွေက လင်းဟန်တို့ဆီကို ပြေးလာကြပြီး သူတို့ရဲ့ အသက်ရှင်သန်မှုက ဒီအပေါ်မှာ မူတည်နေ သလိုပါပဲ။

လင်းဟန်က သူ့ရဲ့ကာကွယ်မှုကို လျော့မထားပံ့ပါဘူး။ ဒီသုံးယောက်က အနောက်က လိုက်ခံရတာမျိုး ဖြစ်နိုင်ပါတယ်။ ပြီးတော့ သူတို့က ဟန်ဆောင်နေတာလဲ ဖြစ်နိုင်ပြီး လင်းဟန်နဲ့ တခြားသူတွေကို လုပ်ကြံသတ်ဖြတ်ဖို့ ရည်ရွယ်ထားတာလဲ ဖြစ်နိုင်ပါတယ်။ လျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ အရမ်းကို

သတိထားတာ ကောင်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တွေ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် သိမှာမဟုတ်ပါဘူး။

ဂုန်း။

အဲဒီအချိန်မှာ တောအုပ်ထဲကနေ ရောမ သားရဲတစ်ကောင် တစ်ဟုန်ထိုး ပြေးထွက် လာခဲ့ပါတယ်။ အဲဒီသားရဲ့ မီတာသုံးဆယ်ဂန်းကျင်လောက် မြင့်မားတဲ့ ရောမ မျောက်ဂံကြီး တစ်ကောင် ဖြစ်ပါတယ်။ သူက တောအုပ်ထဲက သစ်ပင်တွေရဲ့ အမြင့်နီးပါး မြင့်ပါတယ်။

သူ့ခန္ဓာကိုယ်က တစ်ကိုယ်လုံး မည်းမှောင်နေပြီး မျောက်ဂံတစ်ကောင်ရဲ့ ပုံပန်းသွင်ပြင်မျိုး ရှိပါတယ်။ မတူညီတဲ့ အချက်က မျက်လုံးတွေ ဖြစ်ပြီးတော့ သူ့နဖူးမှာ မျက်လုံးတစ်လုံးပဲ ရှိပါတယ်။ အဲဒီမျက်လုံးက အရမ်းကို ကြီးမားပြီး သူ့မျက်နှာရဲ့ အရွယ်အစား တဝက်နီးပါး ရှိပါတယ်။

ရောမ မျောက်ဂံကြီးက အနီးဆုံး လူတစ်ယောက်ကို လှမ်းဖမ်းလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က မီတာသုံးဆယ်လောက် မြင့်မားတာကြောင့် သူ့လက်မောင်းတွေကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် မီတာသုံးဆယ်လောက် ရှည်လျားပါတယ်။

သူ့လက်တွေ အဲဒီလူရဲ့ နောက်ကျောကို ချက်ချင်းပဲ ရောက်သွားခဲ့ပါတယ်။

လပြွတ်ပဲ။ အဲဒီလူက အံ့အားသင့်ပြီး ထိတ်လန့်တုန်လှုပ်စွာနဲ့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူတို့က ချက်ချင်းဆိုသလို သူတို့ရဲ့ အစွမ်းထက်ဆုံး ဓားတိုက်ကွက်ကို ထုတ်ဖော်လိုက်ပါတယ်။

ဖူး။

ရောမ မျောက်ဝံကြီးက ဒီတိုက်ခိုက်မှုကို လုံးဝကို လျစ်လျူရှုပြီး အဲဒီလူရဲ့ ခန္ဓာကိုယ်ကို မြဲမြံစွာနဲ့ ဖမ်းဆုပ်လိုက်ပါတယ်။ ဓားက သူ့လက်ဝါးပေါ်ကို ခုတ်မိပြီး အမွေးတချို့ကိုပဲ ပြတ်တောက်သွား နိုင်စွမ်း ရှိပါတယ်။ ရောမ မျောက်ဝံကြီးက သူ့ပါးစပ်ထဲ အဲဒီလူကို ပစ်ထည့်လိုက်ပါတယ်။

ခရက်။

အဲဒီလူက ချက်ချင်းပဲ သုံးပိုင်းပြတ်ထွက် သွားခဲ့ပါတယ်။

သွေးတွေက နေရာအနှံ့ ပန်းထွက်သွားပြီး သူတို့ရဲ့ ခေါင်းတွေနဲ့ ခြေလက်တွေက ရောမ မျောက်ဝံကြီးရဲ့ ပါးစပ်ထောင့်ကနေ

ပြုတ်ကျလာပါတယ်။ ဒါပေမဲ့လည်း ရောမ မျောက်ဝံကြီးက သူ့လျှာနဲ့ သပ်လိုက်ပြီး ချက်ချင်းပဲ ဂါးစားကာ မျိုချလိုက်ပါတယ်။

အဲဒါက တောင်မြစ်အဆင့် ကနဦးရဲ့ အထွတ်အထိပ်ရှိ ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ အခုတော့ ဒီလိုပုံစံနဲ့ သေဆုံးသွားခဲ့ပါပြီ။

"မျက်လုံးတစ်လုံး နတ်ဆိုးမျောက်ဝံ"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

"အရွယ်ရောက်လာတဲ့ အခါမှာ သူက ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်ထိ ရောက်နိုင်တယ်။ ငါတို့က သူ့ပြိုင်ဘက်တွေ မဟုတ်ဘူး။ ပြေးကြ"

သူမက ပြောလိုက်တဲ့ အချိန်မှာ ရောမ မျောက်ဝံကြီးက နောက်ထပ် လူတစ်ယောက်ကို ဖမ်းပြီး သူ့ပါးစပ်ထဲ ပစ်ထည့်လိုက်ပါတယ်။

လင်းဟန်က ဒီမြင်ကွင်းကို မျက်မြင်ကြုံတွေ့လိုက်ရတဲ့ အချိန်မှာ ကျောစိမ့်သွားခဲ့ပါတယ်။ သူက မိစ္ဆာသားရဲတွေ စားရတာကို ကြိုက်နှစ်သက်ပေမဲ့ သူက ဒီလိုမျိုး သွေးဆာလောင်တဲ့ ဟန်ပန် အမူအရာ တစ်ခုနဲ့ စားတာမျိုးကိုတော့ မနှစ်သက်ပါဘူး။ သတ္တိမရှိတဲ့ လူတွေဆိုရင် ကြောက်ရွံ့မှုကြောင့် သူတို့ရဲ့ ဘောင်းဘီတွေထဲ သေးထွက်ကျ နိုင်ပါတယ်။

"ငါ ငါ ငါလုပ်လို့ မရတော့ဘူး"

ဟူဖေးယွင်က တုန်လှုပ်ချောက်ချားတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူမက ကြောက်တတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။

"သူ့ကိုခေါ်ပြီးတော့ အဝေးကို အရင်ပြေးသွား။ ငါအချိန်နည်းနည်းဆွဲထားပေးမယ်"

လင်းဟန်က စွေ့ရန်ယွီကို ပြောလိုက်ပါတယ်။

"မဖြစ်ဘူး။ ဒီရောမ မျောက်ဂံက အရမ်းကို သန်မာတယ်"

စွေ့ရန်ယွီက ပြတ်သားတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"နင် ဒီကောင်ကြီးကို ထိန်းထားဖို့ နည်းလမ်း လုံးဝမရှိနိုင်ဘူး။ ငါနင့်ကို ကူညီမယ်"

"မိန်းမတွေက တကယ့်ကို ပြဿနာတွေပဲ"

ဒါပေမဲ့လည်း လင်းဟန်က သူမရဲ့ လှုပ်ရှားမှုကြောင့် အနည်းငယ် ထိသွားတယ်ဆိုတာကိုတော့ ဝန်ခံရပါမယ်။ ဒီလိုမျိုး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရောမ မျောက်ဂံကြီး တစ်ကောင်နဲ့ ရင်ဆိုင်ရရင် လူဘယ်နှစ်ယောက်လောက်ကများ ငါမင်းကို ကူညီမယ်ဆိုပြီးတော့ ပြတ်ပြတ်သားသား ပြောနိုင်မှာလဲ။

Chapter 966 end

အပိုင်း(967) ရှောင်ပြေးခြင်း

“နင်တို့ နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြိုက်နေကြတာလား”

ဟူဖေးယွင်က အချိန်မတော် ဂင်ရောက်စွက်ဖက်ပြီး မေးလိုက်ပါတယ်။

“အား”

သူတို့အရှေ့က လူသုံးယောက် အုပ်စုရဲ့ နောက်ဆုံးအဖွဲ့ဂင်လည်း ရောမ မျောက်ဂံကြီးရဲ့ တစ်ချက်တည်း ကိုက်ဖြတ်ဂါးစားမျိုချမှုကို ခံလိုက်ရပါတယ်။ မျောက်ဂံကြီးက သူ့ဗိုက်မဂသေးမှန်း ပေါ်လွင်ပါတယ်။ သူ့ရဲ့ ကြီးမားတဲ့ မျက်လုံးက လင်းဟန်နဲ့ သူ့အဖော်တွေအပေါ်ကို ကျရောက်လာပြီး အန္တရာယ်ပြုမဲ့ အရိပ်အယောင်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

“ပြေး”

သူတို့သုံးယောက်က လျင်မြန်စွာနဲ့ ဒရောသောပါး ထွက်ပြေးကြပါတယ်။

ဟူဖေးယွင်ကို ဂန်ထုပ်ဂန်ပိုး ဖြစ်စေတဲ့ အမျိုးအစား တစ်ခုနဲ့ တူတယ်ဆိုပြီးတော့ လျှော့မတွက် သင့်ပါဘူး။ သူမရဲ့ လှုပ်ရှားမှု နည်းစနစ်က ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။ သူမက လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ထက် ပိုပြီးတော့တောင် မြန်ဆန်ပါတယ်။ သူတို့တွေ စပြီးတော့ ပြေးတာနဲ့ သူမက ထိပ်ကနေ ဦးဆောင်ပြီးသား ဖြစ်သွားပါတယ်။ သူမက သူတို့ကို သူမပြေးရာ လမ်းတစ်လျှောက် ဖုန်လုံးကြီးတွေ ချန်ထားခဲ့ပါတယ်။

"မြန်မြန် မြန်မြန်။ ရုပ်ဆိုးဆိုး မကောင်းဆိုးဝါးက ဖမ်းမိတော့မယ်"

သူမက ပြေးနေရင်းနဲ့ အနောက်ကို ခေါင်းလှည့်ပြီးတော့ သူတို့ကို မြန်မြန်ပြေးဖို့ လှုံ့ဆော်နေပြီး သူမရဲ့ မျက်နှာပေါ်မှာလည်း နင်တို့နှစ်ယောက်က ဘာဖြစ်လို့ ဖြည်းဖြည်းလေး ပြေးနေရတာလဲ ဆိုတဲ့ အမူအရာမျိုး ဖြစ်နေပါတယ်။

ဂုန်း။

ရောမ မျောက်ဂံကြီးရဲ့ တစ်လုံးတည်းသော မျက်လုံးကနေ အလင်းတန်းတစ်ခု ပစ်လွှတ် လာခဲ့ပါတယ်။ ဒီအလင်းတန်းမှာ ဖျက်ဆီးနိုင်တဲ့ စွမ်းရည်တွေနဲ့ ပြည့်နှက်နေပြီး ပျက်စီးခြင်းကို သယ်ဆောင်လာပါလိမ့်မယ်။ ဒီအလင်းတန်းက လင်းဟာန်နဲ့

စွေ့ရန်ယွီဆီကို ပစ်လွှတ်လိုက်တာပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်က ဘေးချင်းယှဉ်ရပ်ပြေးနေတာကြောင့် အလင်းတန်းက သူတို့နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း ထိမှန်ဖို့ လုံလောက်တဲ့ အရွယ်အစား ရှိပါတယ်။

လင်းဟာန်က ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။ သူ့ခြေထောက်တွေက အနည်းငယ် တုံ့သွားပြီး အဲဒီနောက်မှာ သူက စွေ့ရန်ယွီရဲ့ နောက်ကျောကို လက်ဝါးနဲ့ တစ်ချက် ရိုက်လိုက်ပါတယ်။ နူးညံ့သိမ်မွေ့တဲ့ အားတစ်ခု ထွက်ပေါ်လာပြီး စွေ့ရန်ယွီကို ရုတ်တရက် အမြန်နှုန်း မြှင့်တင်ပေးလိုက် သလိုမျိုး ဖြစ်သွားပါတယ်။

ဒါပေမဲ့ သူကတော့ အနည်းငယ် နှေးသွားတာကြောင့် အလင်းတန်းက သူ့ကို ထိမှန်သွား ခဲ့ပါတယ်။ ဂုန်း။ မိုးခြိမ်းသံလို ကျယ်လောင်တဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ မြေကြီးက တုန်ခါပြီးတော့ ဖုန်တွေသဲတွေ တစ်ထောင်းထောင်း ထလာခဲ့ပါတယ်။ အလင်းတန်းကြောင့် မြေကြီးက ချိုင့်ဝင်သွားပြီး ရောမနက်ရှိုင်းတဲ့ တွင်းကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။

"လင်းဟာန်"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ အော်ခေါ်လိုက်ပြီး သူမရဲ့ မျက်လုံးတွေထဲကနေ မျက်ရည်တွေ စီးကျလာခဲ့ပါတယ်။ လင်းဟန်က အကျပ်အတည်း ကာလမှာ သူ့အသက်ကို စွန့်ပြီးတော့ သူမကို ကယ်ဆယ်လိမ့်မယ်လို့ ဘယ်လိုလုပ်ပြီး သူမထင်ထားမိမှာလဲ။

ဟူဖေးယွင်ကလည်း ရပ်ပြီးတော့ စွေ့ရန်ယွီကို နှစ်သိမ့်လိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ လင်းဟန်က အဆင်ပြေပါလိမ့်မယ်။ သူက ရောမ မကောင်းဆိုးဂါး သားရဲကောင်ကိုတောင် သတ်ပစ်ခဲ့သေးတာပဲ"

တကယ်လို့ သူမသာ အမှန်တရားကို သိမယ်ဆိုရင် သူမက အရမ်းကို ယုံကြည်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

ရှပ်။

လူသားတစ်ယောက်ရဲ့ ပုံသဏ္ဍာန်တစ်ခု က ဖုန်တွေကြားကနေ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟန်က လွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်မှာလဲ။ သူက ပြေးလာရင်းနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်က ဘာကြောင့်ငတုံးတွေလို အဲဒီမှာ ရပ်နေရတာလဲ။ ရောမ မျောက်ဂံကြီးက မင်းတို့ကို ဂါးစားတာကို

စောင့်နေတာလား။ နတ်ဆိုးမျောက်ဂံတွေက နှာဘူးတွေလို့ ငါကြားဖူးတယ်။ ဒါကြောင့် မင်းတို့ကို ဖမ်းမိသွားရင် သူ့ရဲ့မိန်းမလုပ်ခိုင်းပြီး သူ့အတွက် မျောက်ဂံ ကလေးတွေ မွေးခိုင်းနေမယ်နော်”

“လင်း ဟန်”

စွေ့ရန်ယွီက ချက်ချင်းပဲ အံကိုကြိတ်လိုက် မိပါတယ်။ သူမက စိတ်လှုပ်ရှားခြင်း ဂမ်းနည်းခြင်းနဲ့ ဒေါသထွက်ခြင်းတို့ကို တပြိုင်နက်တည်း ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ အဆုံးမှာတော့ ဒီကောင်က လုံးဂကို အဆင်ပြေနေပြီး ထိခိုက်ဒဏ်ရာလည်း မရပဲ သူမတို့ကို လှောင်ပြောင်နေပါတယ်။

“ပြေး”

လင်းဟန်က အလျင်အမြန်ပဲ အော်လိုက်ပါတယ်။ စောစောတုန်းက သူဟာ အနက်ရောင် မျှော်စင်ထဲကို ဂင်ပုန်းနေလိုက်တာကြောင့် ရောမ မျောက်ဂံကြီးရဲ့ သတ်ဖြတ်မှုကို မခံခဲ့ ရပါဘူး။ ဒီနှစ်ယောက်က သေရေးရှင်ရေး ကြုံနေတာတောင် ကြောင်စီစီနဲ့ ရပ်နေပြီး စကားစမြည် ပြောနေ ကြသေးတာပဲလား။

ဘုန်း ဘုန်း ဘုန်း။

ရောမ မျောက်ဂုံကြီးကလည်း ဖုန်တွေကြားထဲကနေ ပြေးထွက်လာပါတယ်။ သူ့ရဲ့ တစ်လုံးထဲသော မျက်လုံးနဲ့ သူတို့ကို ငေ့ကြည့်လိုက်ပြီး ခေါင်းခြောက်သွားပါတယ်။ စောစောက ပစ်ချက်က ထိမှန်သွားတာတောင် ဒီလူသေးသေးလေးက တကယ်ပဲ လွတ်မြောက်ပြီး တက်ကြွတဲ့ ဟန်ပန်အမူအရာ တစ်ခုနဲ့ ပြေးနိုင်စွမ်း ရှိနေသေးတာပဲလား။

မျောက်ဂုံကြီးက ခဏလောက် ရပ်ပြီးမှ နောက်တစ်ကြိမ် လိုက်ဖမ်းပါတယ်။

လင်းဟန်နဲ့ သူ့အဖော်တွေက ဆက်ပြီးတော့ ပြေးနေကြပါတယ်။ သူတို့တွေ ပြေးလွှားရင်းနဲ့ ပုန်းအောင်းဖို့အတွက် နေရာတစ်ခုကိုလည်း ဘေးဘီဂဲယာမှာ ရှာဖွေနေကြပါတယ်။

"ဟိုမှာ"

လင်းဟန်က သူတို့ရဲ့ ဘယ်ဘက်ခြမ်းကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ အဲဒီနေရာက ကျောက်တုံးတွေနဲ့ ပြည့်နှက်နေပြီး အရမ်းကို ရှုပ်ထွေးတဲ့ နေရာတစ်ခုလို ဖြစ်ပေါ်နေပါတယ်။ နောက်ပြီး နတ်ဆိုးမျောက်ဂုံကလည်း အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် ဒီနေရာက သူတို့အတွက် တူတူပုန်းတမ်း ကစားလို့ရနိုင်ပါတယ်။

သူတို့က အလျင်အမြန်ပဲ သူတို့ရဲ့ ဦးတည်ချက် နေရာကိုပြောင်းပြီး တစ်ဟုန်ထိုး ပြေးသွား ကြပါတယ်။

နတ်ဆိုးမျောက်ဂံရဲ့ တစ်လုံးတည်းသော မျက်လုံးက အရောင်တွေ တောက်ပလာခဲ့ပြီး နောက်ထပ် ဖျက်ဆီးခြင်း အလင်းတန်းတွေကို ထပ်ပစ်လွှတ်လိုက်ပါတယ်။ အဆုံးမှာ လင်းဟန်ရဲ့ ရှောင်တိမ်းမှုကြောင့် အလင်းတန်းတွေ အားလုံးက သူတို့ရဲ့ ပစ်မှတ်တွေကို လွဲချော်သွားခဲ့ ကြပါတယ်။

အမှန်တော့ လင်းဟန်အနေနဲ့ ဟူဖေးယွင်ကို နောက်တစ်ကြိမ် အရမ်းကို လှုပ်ရှားစေချင် ခဲ့တာပါ။ ဘယ်သူသိမလဲ။ သူတို့တွေ ခေါင်းသုံးလုံး ဂံပုလွေမိသားစုရဲကောင်ကို သတ်ခဲ့သလိုမျိုး ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကို ဆင့်ခေါ်နိုင်မလား ဆိုတာကိုပေါ့။ ဒါပေမဲ့လည်း မေးစရာ မေးခွန်းတစ်ခု ရှိတာက သူတို့က ဒီတိုက်ကွက်ကို ဘယ်နစ်ကြိမ်လောက် အသုံးပြုနိုင်မလဲ။ တကယ်လို့ သုံးမရဘူးဆိုရင်ရော ဘာလုပ်မလဲ။ အဲဒါဆိုရင် ဟူဖေးယွင်က သူ့ကြောင့် တကယ်ပဲ သေသွားပါလိမ့်မယ်။

နောက်ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက သူ့ကို တစ်ကြိမ် မသတ်ခဲ့တာနဲ့ပဲ နောက်တစ်ကြိမ် သူမက သတ်လိမ့်မှာ

မဟုတ်ဘူးလို့ မဆိုလိုပါဘူး။ အုပ်ချုပ်သူ တစ်ယောက်ရဲ့ အစွမ်းနဲ့ စိတ်သဘောထားက ခန့်မှန်းရ ခက်ခဲပါတယ်။

ဟူဖေးယွင်က ယုန်တစ်ကောင်ထက်တောင် ပိုမြန်အောင် ပြေးနေပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီး သူမကို ထိမှန်အောင် လုပ်နိုင်မှာလဲ။

ကံကောင်းတာက သူတို့တွေဟာ အစီအစဉ်တကျ မဟုတ်ပဲ ထွက်ပြေးလွတ်မြောက် လာနိုင်ခဲ့ ပါတယ်။

ဒီနေရာက တကယ့်ကို ရောမ မျောက်ဂံကြီးအတွက် ကြီးကြီးမားမား အကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က အရမ်းကို ကြီးမားတာကြောင့် ကျောက်ဆောင်တွေ ထူထပ်ပြီး ကျဉ်းမြောင်းတဲ့ လမ်းတွေဖြစ်နေတဲ့ နေရာထဲကို အတင်းတိုးပေ့ဝင်ရောက်လို့ မရနိုင်သလို တိုက်ခိုက်မှုတွေကို အဆုံးမရှိ ထုတ်လွှတ်လို့လည်း မရနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီနေရာက တကယ့်ကို မာကျောခိုင်မာပြီးတော့ ဒီနတ်ဆိုးမျောက်ဂံရဲ့ အရူးအမူး တိုက်ခိုက်မှုတွေကို တောင့်ခံနိုင်စွမ်း ရှိပါတယ်။

ဒါတောင်မှ စွမ်းအားစီးကြောင်းတွေကနေ ဖြစ်ပေါ်လာတဲ့ အားလှိုင်းက စွေ့ရန်ယွီနဲ့ ဟူဖေးယွင် အတွက် အန္တရာယ်

ရှိနေပါသေးတယ်။ သူတို့နှစ်ယောက်စလုံး သွေးအန်လုမတတ် ခံစားလိုက် ရပါတယ်။

လင်းဟန် တစ်ယောက်တည်းပဲ လုံး၀ အကျိုးသက်ရောက်မှု ရှိပုံ မပေါ်ပါဘူး။ ပြင်းထန်အဆင့်မြင့်ရဲ့ တိုက်ခိုက်မှု တစ်ခုက သူ့အပေါ်ကို တန်းတန်းမတ်မတ် ထိမှန်တဲ့ အချိန်မှပဲ သူ့ကိုထိခိုက်ဒဏ်ရာ ဖြစ်စေပါလိမ့်မယ်။ တိုက်ခိုက်မှု တစ်ခုက အားလှိုင်းတွေ သက်သက်နဲ့တော့ သူ့ကိုဘာမျှ လုပ်နိုင်မှာလဲ။

သူက လျှို့ပုက်စွာနဲ့ ခန့်မှန်းကြည့်လိုက်မိတာက ဟူဖေးယွင်အနေနဲ့ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့ သေရေးရှင်ရေး ကာလတစ်ခုနဲ့ မကြုံတွေ့သရွေ့ ထွက်ပေါ်လာလိမ့်မယ် မထင်ပါဘူး။

ဟူဖေးယွင်ရဲ့ တိုက်ပွဲအာရုံက အားမကောင်းပါဘူး။ ဒါပေမဲ့ သူမက ထွက်ပြေးတဲ့ နေရာမှာတော့ ကျွမ်းကျင်ပါတယ်။ သူမက အရှေ့တည့်တည့်ကို လက်ညှိုးထိုး ညွှန်ပြပြီး ပြောလိုက်ပါတယ်။

"ဟိုမှာ ဟိုမှာ"

အဲဒီနေရာမှာ လိုဏ်ဂူတစ်ခု ရှိပါတယ်။

ဒီနေရာက ဘယ်လောက်တောင် ခိုင်မာတောင့်တင်း လိုက်သလဲ။ သူတို့က လိုဏ်ဂူထဲမှာ ပုန်းနေနိုင်သရွေ့ ရောမ မျောက်ဂံကြီးက သူတို့ကို ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။

မျက်လုံးတစ်လုံး ရောမ မျောက်ဂံကြီးက ပေ့ကြည့်လိုက်ပြီး သူတို့တွေ ဘာကိုကြံစည်နေလဲ ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူ့ရဲ့အစွမ်းကို ထုတ်ဖော်ပြီးတော့ သူ့ရဲ့ အလင်းတန်းတွေကို အရူးတစ်ယောက်လို ပစ်လွှတ်လိုက်ပါတယ်။

ဒါက လင်းဟာန်နဲ့ သူ့အဖော်တွေအပေါ်မှာ ကြီးမားတဲ့ သက်ရောက်မှုတစ်ခု ဖြစ်စေပြီး သူတို့ရဲ့ ခြေထောက်တွေက ဒယိမ်းဒယိုင်ဖြစ်ပြီးတော့ တစ်ကိုယ်လုံး တုန်ခါပြီး လဲကျတော့မလို ဖြစ်ကုန်ပါတယ်။

"သွား"

လင်းဟာန်က သူ့အရှေ့ကနေ လွင့်ထွက်သွားတဲ့ ဟူဖေးယွင်ကို ဖမ်းဆုပ်ပြီးတော့ သူမကို တောင်ရဲ့ လိုဏ်ဂူထဲကို ပစ်ထည့်လိုက်ပြီးပါတယ်။ အဲဒီနောက် သူက ဘယ်ဘက်ကို လွှားခနဲ ခုန်ပြီးတော့ စွေ့ရန်ယွီကို ဆွဲလိုက်ပါတယ်။

ဒီမိန်းကလေး နှစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အဆင့်က သူ့လိုမျိုး မဟုတ်ပါဘူး။ အလင်းတန်းတွေရဲ့ တိုက်ခိုက်မှုကနေ ကျန်ရစ်တဲ့ အားလှိုင်းတွေရဲ့ အကျိုးသက်ရောက်မှုကို ခံလိုက်ရတဲ့ အခါမှာ သူတို့ရဲ့ လှုပ်ရှားမှု နည်းစနစ်တွေက လုံးဝကို နှောင့်ယှက်ခံရပြီး တုံ့ဆိုင်းသွား ခဲ့ပါတယ်။

ရောမ မျောက်ဂံကြီးက သူတို့ကို လှမ်းပြီးတော့ ဖမ်းဆုပ်ပြီး လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက် စလုံးကို တစ်ကွက်တည်းနဲ့ ဖမ်းချင်နေခဲ့ပါတယ်။

"အိပ်မက်မက်နေလိုက်"

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူ့ဘယ်ဘက်လက်ကို တွန်းလိုက်ပြီး ဆွဲငင်အားရဲ့ နတ်ဘုရား သင်္ကေတတွေနဲ့ အကျိုးသက်ရောက်မှုကို ခံယူစေခဲ့ပါတယ်။

ပှမ်း။

ရောမ မျောက်ဂံကြီး ဆန့်ထုတ်လိုက်တဲ့ လက်က ချက်ချင်းဆိုသလို အကျိုးသက်ရောက်မှုကို ခံလိုက်ရပါတယ်။ ဂုန်းဆိုတဲ့ အသံနဲ့အတူ လက်ကြီးက လင်းဟန်ရဲ့ ဘေးနား တစ်မီတာ အကွာကနေ လွဲချော်သွားပြီး မျောက်ဂံကြီးရဲ့ လက်က သူ့ဘေးကနေ

ဖြတ်သွားတာကြောင့် လေထုကို တုန်ခါသွားပြီး
သူ့အဝတ်အစားတွေ တဖျပ်ဖျပ်ခတ်သွားခဲ့ပါတယ်။

လင်းဟန်က စွေ့ရန်ယွီကို ပစ်ထုတ်ဖို့ အချိန်မရှိပါဘူး။ သူမကို
ပွေ့ဖက်ပြီး တောင်ရဲ့လိုဏ်ဂူထဲကို ပြေးဝင်လိုက်ပါတယ်။

"ဂါး"

ရောမ မျောက်ဝံကြီးက ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။

သူ့ရဲ့အစွမ်းနဲ့ဆို ဒီတီကောင် သေးသေးလေးတွေကို
ဘယ်နှစ်ကြိမ်လောက် သတ်ပစ်နိုင်မလဲ။ အခုတော့ ဒီနေရာအထိ
လမ်းတစ်လျှောက်လုံး သူတို့ထဲက တစ်ယောက်ကို ဖမ်းယူနိုင်ခြင်း
မရှိခဲ့ပါဘူး။ အဲဒါက သူ့ကို ဒေါသကြောင့် ရူးသွပ်လုမတတ်
ဖြစ်သွားစေခဲ့ပါတယ်။

သူက လိုဏ်ဂူရဲ့ ဝင်ပေါက်ကို ဒေါသတကြီးနဲ့ တူးဆွဖျက်ဆီးပြီး
တောင်ရဲ့လိုဏ်ဂူကို အင်အားသုံး တူးထုတ်ပစ်ချင် နေခဲ့ပါတယ်။
သူ့ရဲ့ ပကတိ ခွန်အားက ဒီအချိန်မှာတော့ အကျိုးသက်ရောက်မှု
မရှိခဲ့ပါဘူး။ ဒီလိုဏ်ဂူက မယုံနိုင်စရာ ကောင်းလောက်အောင်
ခိုင်ခန့်ပါတယ်။ သူက မြေပြင်ပေါ် ဝပ်ချပြီးတော့ ရှည်လျားတဲ့

လက်ချောင်းတစ်ချောင်းကို ဆန့်ထုတ်ပြီး လိုဏ်ဂူရဲ့ ဂင်ပေါက်အထဲကို လှမ်းထိုးလိုက်ပါတယ်။

"မြန်မြန် မြန်မြန်ဆုတ်"

လင်းဟန်က နောက်ဆုတ်ပြီးတော့ ဒီရောမ လက်ချောင်းကြီးကို သူ့ရဲ့အစွမ်းကုန် အသုံးချပြီး ဆွဲငင်အားရဲ့ နတ်ဘုရားသင်္ကေတတွေကို အဆက်မပြတ် လည်ပါတ်ရင်းနဲ့ ဟူဖေးယွင်ကို မြန်မြန်ပြေးဖို့ လှုံ့ဆော်လိုက်ပါတယ်။

"အရှေ့မှာ လမ်းချိုးတစ်ခုရှိတယ်"

ဟူဖေးယွင်က အံ့အားသင့်ပြီးတော့ ပျော်ရွှင်စွာနဲ့ အော်လိုက်ပြီး အလျင်အမြန်ပဲ အဲဒီကို ပြေးသွားခဲ့ပါတယ်။

လင်းဟန်ကလည်း အနောက်ကို အလျင်အမြန် ဆုတ်လာပါတယ်။ သူက ဒီရောမ လက်ချောင်းရဲ့ အကျိုးသက်ရောက်မှုကို ခံရသူဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူတို့တွေ အစောကြီးကတည်းက ရှုံးနိမ့်သွားပါလိမ့်မယ်။

ထန်။

ရောမ မျောက်ဂံကြီးက သူတို့မှာ လမ်းချိုးတစ်ခုရှိတယ် ဆိုတာကို မသိပါဘူး။ သူ့လက်ချောင်းကို အရှေ့ကို ဆက်တိုးပြီး မကြာခင်မှာ

လမ်းကြောင်းရဲ့ အဆုံးက ကျောက်နံရံနဲ့ ထိသွားခဲ့ပါတယ်။ ဒီအကျိုးသက်ရောက်မှုက ရောမ မျောက်ဂံကြီးကို နာကျင်မှုကြောင့် အော်ဟစ်သွား စေခဲ့ပါတယ်။ ဒီနေရာက ကျောက်တုံးတွေဟာ တကယ်ပဲ အရမ်းကို မာကျောလွန်းပါတယ်။

အဲဒီနောက်မှ လင်းဟန်နဲ့ သူ့အဖော်တွေမှာ လမ်းကွေ့တစ်ခု ရှိတယ်ဆိုတာကို သတိပြုမိသွားပြီး အလျင်အမြန်နဲ့ သူ့လက်ချောင်းနဲ့ပ နောက်တစ်ကြိမ် ထပ်တူးလိုက်ပါတယ်။

"နောက်ဆုတ် အနောက်ကို ဝေးဝေးထိ ဆုတ်"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

"မရတော့ဘူး အနောက်မှာ လမ်းဆုံးနေပြီ"

ဟူဖေးယွင်က သူတို့အနောက်ကနေ အော်လိုက်ပါတယ်။ သူမရဲ့ နောက်ကျောနဲ့ နံရံက ကပ်နေပါပြီ။

ပုန်း။ လင်းဟန်က သူမကို ဂင်ဆောင့်မိသွားပြီး အဲဒီနောက်သူက သူတတ်နိုင်သလောက် အနောက်ကို အတင်းတိုးလိုက်ပါတယ်။

ရောမ မျောက်ဂံကြီးရဲ့ လက်ချောင်းက ဆက်ပြီးတော့ တူးနေပြီး သူတို့နဲ့ မီတာဂက် အကွာကို ရောက်နေပါပြီ။ လက်ချောင်းပေါ်က ချွန်ထက်တဲ့ လက်သည်းကိုတောင် သူတို့တွေ ရှင်းရှင်းလင်းလင်း

တွေ့မြင်နိုင်ပါတယ်။ တကယ်လို့ သူတို့က လက်သည်းတွေနဲ့ တိုက်ရိုက် ထိတွေ့သွားခဲ့မယ်ဆိုရင် လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင်မှ ဒဏ်ရာရသွား ပါလိမ့်မယ်။

တန်ခိုးရှင်အဆင့် မိစ္ဆာသားရဲ တစ်ကောင်ရဲ့ ထက်ရှတဲ့ လက်သည်းက အဆင့်တူထဲက နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ ရပါတယ်။ ဒါက အရမ်းကို တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်။ တကယ်တော့ နတ်ဘုရား သတ္တုတွေ အများကြီး ရရှိနိုင်ပါတယ်။

"နင်အတင်း တိုးနေတာ ငါသေတော့မယ်"

ဟူဖေးယွင်က အော်လိုက်ပါတယ်။ လင်းဟန်ရဲ့ နောက်ကျောက သူမရဲ့ ရင်သားတွေအပေါ်ကို တိုက်ရိုက်ဖိကပ် နေပါတယ်။

ဒီလိုဏ်ဂူက တကယ်ပဲ အရမ်းကို ကျဉ်းမြောင်းပါတယ်။ လူနှစ်ယောက် ဘေးချင်းယှဉ်ပြီးတော့ ရပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူတို့က တစ်ယောက်နဲ့ တစ်ယောက် အရှေ့အနောက် တန်းစီရပ်လို့ပဲ ရပါတယ်။

ပြီးတော့ အခုဆိုရင် ဟူဖေးယွင်က နောက်ဆုံးမှာ ဖြစ်ပြီးတော့ လင်းဟန်က အလယ်မှာ ဖြစ်ကာ စွေ့ရန်ယွီက အရှေ့မှာ ဖြစ်ပါတယ်။ ပြီးတော့ သူ့လက်တွေနဲ့ သူမကို ဖက်ထားဆဲပါပဲ။

"နှာ နှာဘူး"

စွေ့ရန်ယွီက သူမရဲ့ ပါးစပ်ကို ဟာပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်ပြီး သူမရဲ့ လေသံက စိတ်ကသိကအောက် ဖြစ်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

လင်းဟန်က တဒင်္ဂလောက် မှင်တက်သွားခဲ့ပြီးမှ သူက အရမ်းကို မသင့်တော်တဲ့ နေရာတစ်ခုကို ဖမ်းဆုပ်ထားတယ်ဆိုတာ သတိပြုမိသွားခဲ့ပါတယ်။ အဲဒါက သူမရဲ့ ရင်ဘတ်ပေါ်က မြင့်မားတဲ့ တောင်ထိပ်တွေ ဖြစ်ပါတယ်။ ဒီရင်သားတွေရဲ့ အရွယ်အစားက သူ့ရဲ့လက်နဲ့ သေသေချာချာ ဆုပ်ကိုင်နိုင်တဲ့အထိ ရှိရမယ်လို့ ဘယ်သူကများ တောင်းဆိုထားလို့လဲ။

Chapter 967 end

အပိုင်း(968) နှာဘူးကောင်

"အာ ငါသတိမထားမိလိုက်ဘူး"

လင်းဟန်က သူ့လက်နဲ့ ဆုပ်ထားတာကို အလျင်အမြန်ပဲ လွှတ်လိုက်ပါတယ်။ ဒါပေမဲ့ တောင်ရဲ့ လိုဏ်ဂူက အရမ်းကို ကျဉ်းမြောင်းပါတယ်။ ဒါကြောင့် သူ့လက်ကို ရုပ်သိမ်းလို့ မရနိုင်ခဲ့ပါဘူး။ သူက အောက်ဘက်ကို အနည်းငယ်ပဲ ရွှေ့လိုက်နိုင်ပါတယ်။ ဒါကြောင့် သူ့လက်က စွေ့ရန်ယွီရဲ့ ဂမ်းပိုက်အောက်ပိုင်းနားမှာ ဖြစ်သွားပါတယ်။

သူက လက်ကို အရှေ့ဆန့်ထုတ်လို့တောင် မရပါဘူး။ သူက ဒီရောမ မျောက်ပံကြီးရဲ့ ဖမ်းဆုပ်တာကို ခံချင်ပဲ့မလား။

စွေ့ရန်ယွီက စိတ်အနှောင့်အယှက် အရမ်းကို ဖြစ်သွားပြီး သူမရဲ့ နားရွက်တွေတောင် နီလာခဲ့ ပါတယ်။ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အားနည်းသလို ဖြစ်ပြီးတော့ ပျော့လာပြီး ရေအိုင် တစ်ခုထဲကို အရည်ပျော်ကျတော့မလိုပါပဲ။

ဒီကောင်က သူမကို အနိုင်ကျင့်ဖို့ မွေးလာတာများလား။

အရင်တုန်းက သူက သူမရဲ့ မလုံတလုံ ခန္ဓာကိုယ်ကို တွေ့မြင်ခဲ့ပြီး သူမရဲ့ ရင်သားတွေကိုတောင် တစ်ချက်ကိုက်ခဲ့ပါတယ်။ အခု သူက ဖိထားပြီးတော့ ပွေ့ဖက်ထားတဲ့အပြင် သူမကို အချိန်အကြာကြီးတောင် ထိကိုင်ထားပါတယ်။ ဒီနှုန်းနဲ့ဆိုရင် သူမရဲ့

အရွယ်အစား သုံးခုကို သူမထက်တောင် ပိုပြီးတော့ သူက သိနေပါလိမ့်မယ်။

တကယ်တော့ သူမကိုယ်တိုင်တောင် တမင်သက်သက် အခုလိုမျိုး ထိကိုင်ခဲ့တာမျိုး မရှိခဲ့ပါဘူး။

"နာဘူးကောင်"

သူမက ဒီလိုမျိုး အခြေအနေမှာ အပြစ်တင် ကြိမ်းမောင်းရုံပဲ တတ်နိုင်ပါတယ်။ တကယ်ဆို သူမက သူ့ကို သူမအပေါ်မှာ အမြတ်ထုတ်ပြီး ဘာမှလုပ်ခွင့် မပြုနိုင်ပါဘူး။ ဟုတ်တယ်မလား။

"နင် အတင်းတိုးနေတာ ငါသေတော့မယ်"

ဟူဖေးယွင်က အော်ဟစ်နေဆဲပါပဲ။ လင်းဟန်က အနောက်ကို ဆက်ပြီးတော့ တွန်းနေပြီး သူမရဲ့ အနောက်မှာလည်း နံရံပဲ ရှိပါတော့တယ်။ ဒါကြောင့် သူမအတွက် အသက်ရှူဖို့တောင် ခက်ခဲလာခဲ့ပါတယ်။

"ကံကောင်းတာက ဒီနတ်ဆိုးမျောက်ဂံမှာ ခန္ဓာကိုယ် သေးငယ်နိုင်တဲ့ နည်းစနစ် တစ်ခုတလေမှ မရှိတာပဲ။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ ဒီကောင်ကြီး အထဲကို ဝင်လာရင် ငါတို့တော့ သွားပြီပဲ"

လင်းဟန်က ပြောလိုက်ပါတယ်။ ဟုတ်ပါတယ်။ တကယ်လို့ ဒီနတ်ဆိုးမျောက်ဂံက အရွယ်အစား ငယ်ပြီးတော့ လိုက်ဖမ်းရင် သူ့မှာ အနက်ရောင် မျှော်စင်ရှိပေမဲ့ ဟူဖေးယွင်ကို အထဲကို ထည့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူမကလည်း နတ်ဆိုးမျောက်ဂံကြောင့် ဂါးမျိုခံရချင်မှ ခံရပါမယ်။ ဘာဖြစ်လို့လဲဆိုရင် ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မ ထွက်လာပြီး သူမကို ကယ်ဆယ်ပါလိမ့်မယ်။

ရောမ မျောက်ဂံကြီးက အချိန်အတော်ကြာအောင် ကြိုးစားပြီးမှ သူ့လက်ချောင်းကို ပြန်ရုပ်သိမ်း လိုက်ပါတယ်။ လင်းဟန်တို့ အနေနဲ့ သက်ပြင်းမချနိုင်သေးပါဘူး။ မျောက်ဂံကြီးက လင်းဟန်နဲ့ သူ့အဖော်ကို ဖမ်းမမိချင်း မရပ်ဘူးလို့ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ နောက်တစ်ကြိမ် စတင်တူးဆွ လိုက်ပါတယ်။

"ဒါက သုံးကိုက်စာလောက်ပဲ ရှိတာကို။ ဒီလောက်ထိ အားထုတ်နေဖို့ လိုလို့လား"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ သရော်လိုက်ပါတယ်။

"အစားသောင်းကျန်းတဲ့ကောင်ပဲ"

ဟူဖေးယွင်ကလည်း အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

တော်တော်ကြာမှပဲ ရောမ မျောက်ဂံကြီးက ရပ်သွားခဲ့ပါတယ်။

လင်းဟန်တို့က အမှုမဲ့ အမှတ်မဲ့ မနေပုံပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရောမ မျောက်ဂံကြီးက နောက်တစ်ကြိမ် ရုတ်တရက် တူးဆွလာမယ်ဆိုရင် သူတို့တွေ သွားပြီ။

ဒါပေမဲ့လည်း ဒီတကြိမ် ကြည့်ရတာတော့ ရောမ မျောက်ဂံကြီး ထွက်သွားပုံ ရပါတယ်။ ဒါမှမဟုတ် သူတို့ကို စိတ်ချလက်ချ ဖြစ်သွားပြီး သတိမထားမိအောင် အချိန်တချို့ပေးတာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

တောင်ရဲ့လိုဏ်ဂူထဲမှာ လုံးဝကို တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

ဒီအထဲမှာ အရမ်းကို မှောင်နေတယ် ဆိုပေမဲ့ လင်းဟန်တို့ သုံးယောက်က တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေ ဖြစ်တာကြောင့် လုံးဝကို မှောင်နေတဲ့ နေရာမှာ ရှင်းရှင်းလင်းလင်း မြင်တွေ့ရဖို့ ဆိုတာက ပြဿနာလုံးဝ မရှိပါဘူး။

လင်းဟန်က အနည်းငယ် ခွတီးခွကျ ဖြစ်နေသလို ခံစားရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သေရေးရှင်ရေး အခြေအနေကို ဖြေရှင်းလိုက်ပြီးပေမဲ့ သူ့ရဲ့ အာရုံတွေကို စိုက်ထားလို့ မရပါဘူး။

သူ့အနောက်မှာ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ရှိပြီး သူ့လက်တွေထဲမှာရော။ သူ့လက်တွေထဲမှာလည်း ဆွဲဆောင်မှုရှိတဲ့ မိန်းမလှလေး တစ်ယောက် ရှိပါတယ်။

နောက်ပြီးတော့ ဟူဖေးယွင်က အသက်ရှူလို့ မရအောင် မွန်းကျပ်နေတာကြောင့် သူမရဲ့ ခန္ဓာကိုယ်ကို တွန်လိမ်နေတာက လင်းဟန်ကို ယားကျိယားကျိ ဖြစ်စေပါတယ်။

သူ့ရဲ့စိတ်ကို သူမက ဒီလိုနည်းလမ်းနဲ့ မစမ်းသပ်သင့်ပါဘူး။

လင်းဟန်ရဲ့ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး အရာအားလုံးက ပုံမှန်ပါပဲ။ နောက်ပြီးတော့ ဟော့လျန်ချွင်ရွယ်က သူနဲ့ခွဲခွာသွားတာ နှစ်နှစ်ကျော်နေပြီး သူ့ကိုယ်သူ တချိန်လုံး သန့်စင်အောင် ထိန်းထားခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့မီးတောက်တွေက ပိုပြီးတော့ ပြင်းပြင်းထန်ထန် တောက်လောင်တာက သဘာဝပါပဲ။ သူ့ရဲ့ ခုခံနိုင်တဲ့ စွမ်းရည်က အရမ်းကို အားကောင်းပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် တုံ့ပြန်မှုတွေကတော့ မတူပါဘူး။

အစမှာတော့ စွေ့ရန်ယွီက အနည်းငယ် သက်တောင့်သက်သာ မဖြစ်သလိုပဲ ခံစားရပါမယ်။ သူမကို မာကျောတဲ့ အရာတစ်ခုက ဖိကပ်လာပါတယ်။ သူမက ဘာလဲဆိုတာကို အတွေ့အကြုံ မရှိပေမဲ့

သူမက အမျိုးသမီး တစ်ယောက် ဖြစ်နေတာကြောင့် သင်ကြားစရာ မလိုပဲ သိနေတဲ့ အရာတွေ တော်တော်များများ ရှိပါတယ်။

သူမရဲ့ အောက်က အရာကို တဖြည်းဖြည်း နားလည်သဘောပေါက်လာတဲ့အခါမှာ သူမက ချက်ချင်းပဲ ဒေါသလည်းထွက် ရှက်လည်းရှက် လာခဲ့ပါတယ်။

ဒီနှာဘူးကောင်။ အရှက်မရှိတဲ့ ကောင်စုတ်က သူမကို ဒီလိုမျိုး အချိန်မှာ မကောင်းတဲ့ အတွေးတွေ တွေးနေပုံ့တယ်ပေ့ါလေ။

ဒါက လင်းဟာန်ရဲ့ အများဆိုပြီးတော့ မှားယွင်းတဲ့ စွပ်စွဲချက် ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ အနေအထား အရဆိုရင် သူ့မှာ ဒီလိုမကောင်းတဲ့ အတွေးမျိုး နည်းနည်းမှ မရှိပါဘူး။ အခုဟာက သူ့ရင်ခွင်ထဲမှာ မိန်းမလှလေး တစ်ယောက်ရှိပြီး သူ့နောက်ကျောမှာလည်း မိန်းမလှလေး တစ်ယောက် ရှိပါတယ်။ ဘယ်သူမဆို ဒီလိုမျိုး အခြေအနေမှာ မကောင်းတဲ့ အတွေးတွေ မရှိဘူး ဆိုရင်တောင် သူက လိင်တူချင်း ကြိုက်တဲ့သူ မဟုတ်သလို သင်းကွပ်ထားတဲ့ မိန်းမစိုး တစ်ယောက်လည်း မဟုတ်ပါဘူး။

သူ့ဆီက တုံ့ပြန်မှု သေးသေးလေး တစ်ခုပဲ ဖြစ်ပါတယ်။ သူက ဘာမှတောင် မလုပ်ခဲ့ပါဘူး။ တကယ်တော့ လင်းဟာန်ရဲ့ ခုခံနိုင်တဲ့

စွမ်းရည်က ဘယ်လောက်တောင် အံ့သြဖို့ကောင်းလဲ ဆိုတာကို ဖော်ပြနေပါတယ်။

"နာဘူးကောင် ငါနင့်ကို သတ်ပစ်မယ်"

စွေ့ရန်ယွီက အံကြိတ်ပြီးတော့ သူမရဲ့ အတွေးကို ထုတ်ဖော်လိုက်ပါတယ်။

"အစ်မစွေ့ သူက နင့်ကိုဘာလုပ်လိုက်လဲ"

ဟူဖေးယွင်က သိချင်စိတ်ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

စွေ့ရန်ယွီက ဘယ်လိုလုပ်ပြီးတော့ အမှန်အတိုင်း ပြောပြနိုင်မှာလဲ။ သူမက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်က လူကောင်းတစ်ယောက် မဟုတ်ဘူး"

ဟူဖေးယွင်က အရမ်းကို ခေါင်းရှုပ်သွားပါတယ်။ လင်းဟန်က အရမ်းကို ကောင်းပါတယ်။ ဟုတ်တယ်မလား။ သူက သူမကိုလည်း ကယ်ခဲ့ပြီးတော့ စောစောကဆို သူ့ရဲ့လုံခြုံရေး အတွက်ကိုတောင် မစဉ်းစားပဲ သတ္တိရှိရှိနဲ့တောင် ကာကွယ်ခဲ့ပါတယ်။ ဒီလိုမျိုးကောင်းတဲ့ လူတစ်ယောက်ကို ဘယ်နေရာမှာများ သွားရှာလို့ ရနိုင်မှာလဲ၊

လင်းဟန်လည်း ဒေါသထွက်နေပါတယ်။ သူလည်း သူမကို ဘာမှတောင် မလုပ်ရပါဘူး။ ဒီလိုမျိုး အခြေအနေမှာ သူက နည်းနည်းလေးပဲ တုံ့ပြန်ခဲ့မိတာပါ။ သူက ယောကျ်ားတစ်ယောက်ပဲ မဟုတ်လား။ လင်းဟန်က စွေ့ရန်ယွီရဲ့ နားကို ကပ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းငါ့ကို နောက်တစ်ကြိမ် စော်ကားမယ်ဆိုရင် ငါမင်းကို တခုခု လုပ်ရလိမ့်မယ်"

"သေချင်းဆိုး နာဘူးကောင်။ နင်မကောင်းတာ တစ်ခုခု လုပ်ရဲလုပ်ကြည့် နင်တခြားသူတွေကို စကားပြောခွင့် မရ ဖူး "

စွေ့ရန်ယွီက နောက်ထပ်အပြစ်တင် ကြိမ်းမောင်းဖို့ ပြင်လိုက်ပေမဲ့ လင်းဟန်က ရုတ်တရက် သူမရဲ့ နားပန်ကို တစ်ချက်ကိုက်လိုက်မယ်လို့ မထင်မှတ်ထားမိပါဘူး။ ရုတ်တရက် သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ကျဉ်တက်သွားပြီးတော့ သူမရဲ့ စိတ်တွေလည်း လုံးဝကို လွင့်မျောသွားပြီး သူမမှာ ဘာကိုမှမတွေးနိုင်တော့ပါဘူး။

ပုန်း။

ရောမ မျောက်ဂုံကြီးရဲ့ လက်သည်းက နောက်တစ်ကြိမ် အထဲကို ဝင်လာခဲ့ပါတယ်။ ပြင်းထန်တဲ့ လေပြင်းတစ်ခု တိုက်ခတ်သွားပြီး သူမကို ရုတ်တရက် အသိစိတ် ပြန်ဝင်လာစေခဲ့ပါတယ်။

"ယုတ်မာတဲ့ မကောင်းဆိုးဝါး"

သူမက နောက်တစ်ကြိမ် အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

"ပိုး မင်းက စော်ကားပြောဆိုတဲ့ အခါမှာ အသုံးပြုဖို့ နောက်ထပ်စကားစု အသစ်ကိုတောင် သင်ယူပြီးပြီလား"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"မင်းက ငါ့ကို နှာဘူးကောင်နဲ့ ယုတ်မာတဲ့ မကောင်းဆိုးဝါးလို့ ခေါ်မှတော့ ငါကလည်း နှာဘူးကောင် တစ်ယောက်က ဘယ်လိုမျိုး လုပ်တယ်ဆိုတာကို မင်းမြင်အောင် ပြရမှာပေါ့"

လင်းဟန်က သူ့လက်တွေကို စောစောကလို အောက်ကို နှိမ့်ချပြီး အဲဒီအထွတ်အထိပ် နယ်နမိတ်ကို နောက်တစ်ကြိမ် ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။

ရုတ်ချည်းဆိုသလို စွေ့ရန်ယွီရဲ့ ခန္ဓာကိုယ် တစ်ခုလုံးမာတောင့်သွားပြီး သူမရဲ့ ဦးနှောက်က လုပ်ဆောင်မှုတွေ ရုတ်တရက် ရပ်သွားခဲ့ပါတယ်။

"မင်းမှာ ဒီလိုမျိုး အားကောင်းတဲ့ တုံ့ပြန်မှု ရှိနေတာပဲ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူမက သူ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတဲ့ လျှို့ဝှက်ချက်ကို သိထားပါတယ်။ ဒါကြောင့် သူ့အတွက် ရွေးချယ်စရာ နှစ်ခုပဲ ရှိပါတယ်။ သူမကို သတ်မလား ဒါမှမဟုတ် သူမကို သူ့ရဲ့မိန်းမဖြစ်အောင် လုပ်မလား။ ဒါမှပဲ လျှို့ဝှက်ချက် မပေါက်ကြားမှာ မဟုတ်လား။ သူက ဒုတိယ အခြေအနေကို ရွေးချယ်လိုက်ပါတယ်။

ရောမ မျောက်ဂံကြီးကတော့ ဒေါသတကြီးနဲ့ ဟိန်းဟောက်နေဆဲပါပဲ။ ဟူးဖေးယွင်ကလည်း လုံးဂကို လုံးဂကို ခေါင်းခြောက်နေဆဲပေမဲ့ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံးကတော့ တိမ်တိုက်တွေပေါ်ကို ရောက်နေသလို ခံစားနေကြပါတယ်။ အန္တရာယ်တွေ ပျောက်ကွယ်သွားပုံ ရပြီးတော့ သူတို့သိတာ တစ်ခုတည်းက သူတို့ရဲ့ ခန္ဓာကိုယ် အတွင်းမှာ အတွေ့အထိအာရုံတွေ ပေါက်ကွဲပြီး လည်ပတ်နေတာပဲ သိပါတော့တယ်။

ဘယ်လောက်ကြာသွားလဲ ဆိုတာကိုတောင်မသိပဲ သူတို့နှစ်ယောက်က အတွေ့အထိ အာရုံထဲမှာ မျောနေပြီး သူတို့ကို

အနှောင့်အယှက်ပေးနေတဲ့ ရောမ မျောက်ဂံကြီးက ထပ်ပြီးတော့ အနှောင့်အယှက် မပေးတော့တာ အရမ်းကို ကြာနေတာတောင် သတိမပြုမိပါဘူး။ ဟူးဖေးယွင်က သည်းမခံနိုင်တော့ပဲ ထပ်ခါထပ်ခါ အော်ဟစ်လိုက်မှပဲ သူတို့နှစ်ယောက်က အတွေ့အထိ အာရုံထဲမှာ မျောနေရာကနေ နိုးထလာခဲ့ပါတယ်။

"ငါအပြင်ထွက်ပြီး တစ်ချက်ကြည့်လိုက်ဦးမယ်။ မင်းတို့နှစ်ယောက် ဒီမှာနေခဲ့ဦး"

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့ရဲ့ မူလစွမ်းအင်ကို လည်ပတ်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံး အက်ကွဲလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်က ပုံသဏ္ဍာန် ပြောင်းလဲပြီးတော့ စွေ့ရန်ယွီဘေးကနေ တိုးပျော့ပြီးတော့ အရှေ့ကို ထွက်လာပါတယ်။ သတိထားပြီးတော့ သူက လိုဏ်ဂူထဲကနေ ထွက်လိုက်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ နှုတ်ခမ်းကို ကိုက်လိုက်ပါတယ်။ မှန်ကိုကြည့်စရာတောင် မလိုပဲ သူမရဲ့ လှပချောမောတဲ့ မျက်နှာက ထိတ်လန့်စရာ ကောင်းလောက်အောင် နီရဲနေမယ်ဆိုတာကို သူမသိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမက အချိန်မရွေး လောင်ကျွမ်းတော့မဲ့အတိုင်း နှလုံးသားရဲ့ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားခဲ့ရလို့ ဖြစ်ပါတယ်။

သူမ သူမက တကယ်ပဲ ဒီကောင်ကို စိတ်ကြိုက်ကိုင်တွယ်ခွင့် ပြုခဲ့မိပြီး သူမကိုယ်တိုင်ကလည်း အဲဒါကို အတော်လေး ကျေနပ်သလို ခံစားခဲ့ရပါတယ်။ ဒါက တကယ်ပဲ အရမ်းကို ရှက်စရာ ကောင်းလွန်းပါတယ်။

"ထွက်လာခဲ့ကြတော့။ နတ်ဆိုးမျောက်ဂံ ထွက်သွားပြီ"

လင်းဟာန်ရဲ့ အသံက အပြင်ကနေ ထွက်လာခဲ့ပါတယ်။

ဟူဖေးယွင်က အသာလေး တွန်းလိုက်မှ စွေ့ရန်ယွီက သတိပြန်ဝင်လာခဲ့ပါတယ်။ သူမက ခြေတစ်လှမ်း စလှမ်းပြီးတော့ အရှေ့ကို လျှောက်လာခဲ့ပါတယ်။

သူမတို့တွေက တောင်ရဲ့လိုဏ်ဂူထဲကနေ ထွက်လာပြီးတဲ့နောက်မှာ သူမရဲ့ ခေါင်းကို ငုံ့ထားပြီး လင်းဟာန်ကိုတောင် မကြည့်ပံ့ပဲ ဖြစ်နေပါတယ်။

"အစ်မစွေ့ ဘာဖြစ်နေတာလဲ"

ဟူဖေးယွင်က ဘာတွေဖြစ်နေလဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။

"သူက လိုဏ်ဂူထဲမှာ တော်တော်ကြာအောင် နေခဲ့လို့ လည်ပင်းကောက်သွားတာပါ"

လင်းဟန်က သာမန်ကာလျှံကာပဲ ဆင်ခြေတစ်ခု ပေးလိုက်ပါတယ်။

ဟူဖေးယွင်က သူ့ကို သံသယ လုံးဝမရှိပါဘူး။ သူမက အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။

"အစ်မစွေ့ အရမ်းဖြစ်နေတာလား"

စွေ့ရန်ယွီက သူမခေါင်းကို မော့ပြီးတော့ လင်းဟန်ကို ခပ်တင်းတင်း စိုက်ကြည့်လိုက်ပါတယ်။ အဲဒီနောက် သူမက ဟူဖေးယွင်ကို ပြန်ဖြေလိုက်ပါတယ်။

"ငါအဆင်ပြေပါတယ်"

"ကောင်းလိုက်တာ"

ဟူဖေးယွင်က လက်ခုပ်လက်ဝါး တီးလိုက်ပါတယ်။

ဒီနံပါတ်ကိုး ဘုရင်က တကယ်ပဲ ကြင်နာတတ်ပါတယ်။ ဒါပေမဲ့လည်း သိုင်းပညာ ကမ္ဘာကြီးထဲမှာ စွမ်းအားကသာ အဓိက ဖြစ်ပါတယ်။ ဒီလိုမျိုး ကြင်နာမှုမျိုးက သူမရဲ့ ပျက်စီးခြင်းကို သယ်ဆောင် လာပါလိမ့်မယ်။ ကျေးဇူးတင်ရမှာက သူမကို မိုးတွေလေတွေထဲကနေ ကာကွယ်ပေးမဲ့ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မ ရှိပါတယ်။ ဒါကြောင့် ဘယ်သူမှ သူမကို မကောင်းကြံပုံမှာတော့ မဟုတ်ပါဘူး။

"ငါတို့ ခရီးဆက်ကြစို့"

သူတို့ရဲ့ ဦးတည်ချက်ကို ရွေးချယ်ပြီးတဲ့နောက်မှာ သူတို့က နောက်ထပ်တစ်ကြိမ် မီးလိုက်ဂူဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။

နှစ်ရက်ခန့် ခရီးသွားပြီးတဲ့နောက်မှာ သူတို့တွေက ခရီးတစ်ထောက် နားလိုက်ပါတယ်။ ဟူဖေးယွင်က ကလေးဆန်ပြီးတော့ ချွဲနွဲ့ကာ ခရီးအကြာကြီး မသွားချင်တာကြောင့် ဖြစ်ပါတယ်။

လင်းဟန်က ဟင်းချက်ဖို့ မီးဖိုလိုက်ပါတယ်။ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ပြီးတဲ့ နောက်မှာ စိတ်ဝိညာဉ် အသားတွေကို သန့်စင်ဖို့ အချိန်မရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူ့ရဲ့ နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကို တန်ခိုးရှင် အဆင့်ထိရောက်အောင် ကျင့်ကြံနိုင်မယ် ဆိုရင် သူ့ရဲ့ ခွန်အားက နောက်ထပ်အဆင့်မြှင့်တင် နိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ ခွန်အားက ကြယ်ငါးပွင့် အမြင့်ထိ ချိုးဖျက်နိုင်ဖို့ မျှော်လင့်နိုင်ပါတယ်။

သူ့ရဲ့ မိုးထစ်ချုန်း ကိုးခမြောက် ကောင်းကင်ဘုံ စွမ်းအား ဒါမှမဟုတ် အနက်ရောင် မူလသုံးဟန်က ထပ်ပြီးတော့ တိုးတက်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ်

သုတ်သင်ခြင်းများရဲ့ အစွမ်းကိုတော့ တော်တော်လေး မြှင့်တင်နိုင်ပါလိမ့်မယ်။ ပြီးတော့ သူက ထိပ်တိုက်ရင်ဆိုင်တဲ့ တိုက်ပွဲတစ်ခုမှာ ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက်အဖြစ် အဆင့်တူပေါ်မှာ ချိုးဖျက်နိုင်ဖို့ မျှော်လင့်လို့ ရပါတယ်။

Chapter 968 end

အပိုင်း(969) ကလေးယူစို့

စားလို့သောက်လို့ ပြီးတဲ့နောက်မှာ ချောက်နာရီလောက် အနားယူ အားမွေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့ မူလအခြေအနေအတိုင်း ပြန်လည်ကောင်းမွန်လာနိုင်ပါတယ်။

လင်းဟန်က စွေ့ရန်ယွီကို တောအုပ်အထဲက ထောင့်တစ်ခုဆီ ဆွဲခေါ်လာခဲ့ပါတယ်။

လိုဏ်ဂူအထဲက အဲဒီမတော်တဆ ဖြစ်မှုအပြီးမှာ သူတို့က တစ်ယောက်နဲ့ တစ်ယောက် စကားပြောဖို့ လိုပါတယ်။

"နင်ဘာလုပ်ချင်တာလဲ"

စွေ့ရန်ယွီက လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

"ငါက ဘာလုပ်ချင်လဲဆိုတာ မင်းက ဘာကိုဆိုလိုတာလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"မသိသလို ဟန်ဆောင်မနေနဲ့။ နင်က ငါ့ကို ခဏခဏ စိတ်ကြိုက်ကိုင်တွယ်ပြီးမှ ဘာလုပ်ဖို့ ခေါ်လာတာလဲ"

သူမပုံစံက အရမ်းကို ဒေါသထွက်နေပုံ ရပါတယ်။

လင်းဟန်က ပြုံးလိုက်မိပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို ငါ့ရဲ့ဇနီးအဖြစ် ယူချင်တယ်"

စွေ့ရန်ယွီရဲ့ ချစ်စဖွယ် မျက်နှာလေးက ရှက်စိတ်ကြောင့် နီမြန်းသွားခဲ့ပါတယ်။ ဇနီးဆိုတဲ့ စကားလုံးက သူမရဲ့ သေကွင်းသေကွက် နေရာကို အတိအကျ စိုက်သွားခဲ့ပြီး သူမရဲ့ အဟန့်ကောင်းတဲ့ ဟန်ပန်အမူအရာကို အကြီးအကျယ် လျော့ကျသွား စေခဲ့ပါတယ်။ သူမက ကျောက်စိမ်းလို ချောမွေ့တဲ့ လည်တိုင်လေးကို မော့ပြီးတော့ ဟိတ်ကြီးဟန်ကြီးနဲ့ ပြောလိုက်ပါတယ်။

"ငါတို့က ဟန်ဆောင်ချစ်သူတွေပဲ ဆိုတာကို မမေ့လိုက်နဲ့"

"ဟာသတွေ လုပ်မနေပါနဲ့။ ငါက ဒီလိုမျိုး တုံးအတဲ့ အရာကို ဘယ်တော့မှ မလုပ်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့မိန်းမပဲ။ ဒါကို မင်းကတိပျက်လို့ ဘယ်လိုနည်းနဲ့မှ မလုပ်နိုင်ဘူး"

"ငါက လက်ခံဖို့ ဆန္ဒရှိတယ်လို့ နင်ထင်နေတာလား"

စွေ့ရန်ယွီရဲ့ ပုံစံက လုံးဝကို အလျှော့မပေးတဲ့ ပုံစံပါပဲ။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီး သူမကို သစ်ပင်ကြီး တစ်ပင်နားကို ကပ်လိုက်ပါတယ်။ အဲဒီနောက် သူက ပြောလိုက်ပါတယ်။

"မင်းဘယ်လို ထင်လဲ"

စွေ့ရန်ယွီက မျက်နှာနီရဲသွားပြီးတော့ ပြောလိုက်ပါတယ်။

"နင် နင် နှာဘူးကောင်။ နင်ငါ့ကို မဖွယ်မရာ လုပ်နေတာလား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါ့မိန်းမပဲ။ ပြီးတော့ မင်းကို မဖွယ်မရာလုပ်ဖို့က ငါ့တာဝန်ပဲလေ"

စွေ့ရန်ယွီက သူ့ကို ရိုက်နက်ပစ်လိုက် ချင်မိပါတယ်။ သူက သူမကို အမြတ်ထုတ်နေတာ သိသာပါတယ်။ ဒါကိုတောင် အရမ်းကို

ရိုးသားတဲ့ နည်းလမ်းမျိုးနဲ့ ဖော်ပြနေပါတယ်။ သူမက လင်းဟန်ရဲ့ ခွန်အားကို မယှဉ်နိုင်ပါဘူး။ ပြီးတော့ သူမက သစ်ပင်ရဲ့ ပင်စည်ကို ကိုင်မိတဲ့ အချိန်မှာတောင် လွတ်အောင်လို့ မရုန်းကန်နိုင်ပါဘူး။ နောက်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ် အတွင်းက အပူလှိုင်းတွေက ထိုးထွက်လာပြီး သူမပုံစံကို ကြည့်ရတာ အနည်းငယ် သာယာနေပုံ ရပါတယ်။

"မိန်းမရေ ငါ့ကို ပြုံးပြပါဦး"

လင်းဟန်က သူမရဲ့ မေးစေ့ကို ဆုပ်ကိုင်ပြီးတော့ သူမရဲ့ လှပတဲ့ မျက်နှာလေးကို မော့စေလိုက် ပါတယ်။

"နာဘူးကောင်"

သူမက တီးတိုးရွတ်လိုက်ပါတယ်။ လင်းဟန်က သူမရဲ့ နှင်းဆီလို နီထွေးနေတဲ့ နှုတ်ခမ်းကို အနမ်းခြွေပြီး သူမရဲ့ စကားလုံးတွေကို အသံတိတ်သွား စေခဲ့ပါတယ်။

လင်းဟန်က ပါးစပ်နဲ့ သူမကို အနမ်းခြွေနေပေမဲ့ သူ့ရဲ့လက်တွေကတော့ ဘာမှမလှုပ်ရှားပဲ မနေခဲ့ပါဘူး။ လက်တွေက သူမ ခန္ဓာကိုယ်ရဲ့ ထိတွေ့ခံစားလွယ်တဲ့ အစိတ်အပိုင်း အမျိုးမျိုးကို ဆက်ပြီးတော့ နယ်ချဲ့နေပြီး စွေ့ရန်ယွီရဲ့

နူးညံ့သိမ်မွေ့တဲ့ ပုံရိပ်လေးကို သူ့ရဲ့ ထိန်းချုပ်မှု အောက်မှာ လုံးဝကို နှစ်မြုပ်စေခဲ့ပါတယ်။

"ဒါက တကယ့်ကို နှစ်သက်ကြည်နူးစရာကောင်းပြီး နောက်တစ်ခု ထပ်တိုးလာနိုင်တယ်"

လင်းဟန်က စွေ့ရန်ယွီရဲ့ နားကို ကပ်ပြီးတော့ ပြောလိုက်ပါတယ်။

စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်လုံးတွေက စမ်းချောင်းထဲက ရေလိုမျိုး အချစ်ရည် ရွှန်းလဲ့ တောက်ပလို့ နေပါတယ်။ သူမက မျက်လုံးပိုင်းပြီးတော့ လင်းဟန်ကို ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"နင်က ကမ္ဘာငယ်လေး တစ်ခုရဲ့ ဧကရာဇ် တစ်ယောက်ပဲ။ ပြီးတော့ မိန်းမတွေနဲ့ ကိုယ်လုပ်တော်တွေ အများကြီး ရှိနိုင်တယ်။ ငါက နံပတ်ဘယ်လောက် မိန်းမ ဖြစ်သွားမလဲ"

လင်းဟန်က တမင်သက်သက် လက်တစ်ဖက်ကို ထောင်ပြီးတော့ သူ့လက်ချောင်းတွေကို တစ်ချောင်းပြီး တစ်ချောင်း စတင်ရေတွက် လိုက်ပါတယ်။ တော်တော်ကြာတဲ့အထိ သူက ရေတွက်လို့ မပြီးသေးပါဘူး။

အဲဒါက စွေရန်ယွီကို စိုးရိမ်ပူပန် သွားစေခဲ့ပါတယ်။ နင့်မှာ မိန်းမတွေ ဘယ်လောက်တောင်များ ရှိနေလို့ သူတို့အားလုံးကို ရေတွက်တာ အချိန်တွေ အများကြီးရှိတာတောင် မပြီးနိုင် သေးတာလဲ။

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီအချိန်မှာတော့ တစ်ယောက်တည်းပဲ ရှိသေးတယ်။ လက်ထပ်ဖို့ စောင့်နေတဲ့ လူတွေလဲ ရှိသေးတယ်။ သူတို့ကလွဲရင် ငါ့အိမ်ရှေ့တံခါးဆီကို ကိုယ်တိုင်ရောက်လာတဲ့ မင်းတစ်ယောက်ပဲ ရှိတယ်"

ဟုတ်တာပေါ့။ သူက လီစီရှန်း၊ လွီယုထန်နဲ့ ကျူးရွှမ်အာတို့ကို ပေါင်းစုပြီး မတွက်ခဲ့မိပါဘူး။

သူက ချစ်မှုရေးရာမှာ ဆရာတစ်ယောက် မဟုတ်ပေမဲ့ သူ့မှာ မိန်းကလေး သူငယ်ချင်းတွေ မနည်းဘူးဆိုတာ သူသိပါတယ်။ နောက်ပြီးတော့ စွေရန်ယွီက သူ့ကို သူ့မှာဇနီးဘယ်လောက် ရှိလဲလို့ မေးတာပဲ ဖြစ်ပါတယ်။ သူကလည်း အမှန်အတိုင်း ဖြေလိုက်ပါတယ်။ သူ့မှာ တကယ်ပဲ ဟော့လျန်ချွင်ရွှယ် တစ်ယောက်ပဲ ရှိပါတယ်။ ပြီးတော့ သူက ကောင်းကင်ဖီးနစ် နတ်မိမယ်ကို ရှာရပါမယ်။

"ဘယ်သူက နင့်အိမ်ရှေ့ တံခါးကို သူ့ဘာသာ လာပို့လို့လဲ"

စွေ့ရန်ယွီက လင်းဟာန်ရဲ့ ရင်ဘတ်ကို လက်သီးနဲ့ အသာလေး ထိုးလိုက်ပါတယ်။

"ဟဲဟဲ"

လင်းဟာန်က သူမကို နောက်တစ်ကြိမ် ထပ်နမ်းလိုက်ပါတယ်။ အလှအပနဲ့ ပတ်သက်ရှိ သူမက ကျူးရွှမ်အာနဲ့ ကောင်းကင်ဖီးနစ် နတ်မိမယ်တို့ထက် နည်းနည်းလေးမှ မလျော့ပါဘူး။ နောက်ပြီး သူမက သဘာဝ အလှပဂေး တစ်ယောက် ဖြစ်ပါတယ်။ သူမကို ပွေ့ဖက်ထားတဲ့ အခိုက်အတန့်မှာ သူက သူမရဲ့ ဆွဲဆောင်မှုကို အချိန်မရွေး ခံရနိုင်ပါတယ်။

အင်ပါယာ မြို့တော်ထဲမှာ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မ တစ်ယောက်ပဲ သူမထက် အနည်းငယ် သာလွန်ပါလိမ့်မယ်။

ကံမကောင်းတာက ဘယ်သူကမှ အဲဒီလမင်းကြီးကို ခူးယူနိုင်စွမ်း မရှိပဲ မြေကြီးပေါ်ကနေပဲ သူမကို အားကျရူစားလို့ပဲ ရနိုင်ပါတယ်။

လင်းဟာန်ရဲ့ နှလုံးသားက တင်းကျပ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့ ကေရီ ဘုရင်မ အကြောင်းကို နောက်တစ်ကြိမ် စဉ်းစားမိတာလဲ။

မယုံနိုင်စရာပဲ။ သူမက တကယ့်ကို မယုံနိုင်စရာ ကောင်းပါတယ်။ ရက်တွေအများကြီး ကြာနေပါပြီ။ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက သူ့ကိုဘယ်လိုကြည့်လဲ ဆိုတာကို မသေချာပါဘူး။ ဒါပေမဲ့ သူမရဲ့ အရမ်းကို ခံ့ညားထယ်ဝါတဲ့ ဟန်ပန်အမူအရာက သူ့ရဲ့ အရိုးထဲ အထိတောင် စွဲငြိနေပြီး မကြာခဏဆိုသလို စိတ်ထဲမှာ သူ့အလိုလို ပေါ်လာခဲ့ပါတယ်။

ကမ္ဘာကြီး အထဲမှာ အချောမောဆုံးဆိုတာက ကောလာဟာလ သက်သက်တော့ မဟုတ်ပါဘူး။

ရှပ်။

အဲဒီအချိန်မှာပဲ သူတို့တွေ မှီထားတဲ့ ရောမ သစ်ပင်ကြီးက ရုတ်တရက် လှုပ်ရှားလာခဲ့ပါတယ်။ သူတို့ဘေးပတ်ဝန်းကျင်က သစ်ကိုင်းသစ်ခက် အနည်းငယ်က လုံ့ရှည်တစ်ချောင်းအသွင် ပြောင်းသွားပြီး လင်းဟန်ရဲ့ နောက်ကျောကို ရုတ်တရက် တိုက်ခိုက်ပြီး သူတို့နှစ်ယောက် စလုံးကို ထိုးစိုက်ချင်နေခဲ့ပါတယ်။

လင်းဟန်က ကျီစယ်တဲ့ ပုံစံနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"နောက်ဆုံးတော့ မင်းဆက်ပြီး သည်းမခံနိုင်တော့ဘူးပေါ့"

သူက လက်တစ်ဖက် ဆန့်ထုတ်ပြီးတော့ အောက်ကို ဖိချလိုက်ပါတယ်။ သူ့ရဲ့ ဆွဲငင်အား စွမ်းအားက အကျိုးသက်ရောက်မှု ရှိပါတယ်။ ဘုတ်။ သစ်လုံးက ချက်ချင်းပဲ အောက်ကိုတန်းပြီး ပြုတ်ကျသွားကာ မြေကြီးနဲ့ ပြင်းပြင်းထန်ထန် ဆောင့်မိသွားခဲ့ပါတယ်။

စွေ့ရန်ယွီက ချက်ချင်းပဲ မိန်းမောနေရာကနေ သတိဝင်လာပြီး လင်းဟန်ကို အလျင်အမြန် ဘေးကို တွန်းပြီးတော့ မေးလိုက်ပါတယ်။

"ဘာဖြစ်သွားလဲ"

"ဘာမှမဟုတ်ပါဘူးကွာ"

လင်းဟန်က သူမကို နမ်းဖို့ပဲ အလွန်အမင်း ဂါသနာပါနေပါတယ်။ ပြီးတော့ သူမကို နောက်ထပ် တစ်ကြိမ် ထပ်နမ်းလိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ်။

သစ်ကိုင်းသစ်ခက် ရာနဲ့ချီပြီးတော့ တပြိုင်နက်တည်း ပျေ့ယမ်းလာပြီး လင်းဟန်နဲ့ စွေ့ရန်ယွီဆီကို ရစ်ပတ်ဖို့ ဒါမှမဟုတ် ထိုးစိုက်ဖို့ ဝင်လာခဲ့ပါတယ်။

"မွှိစွာသစ်ပင်"

စွေ့ရန်ယွီက ရုတ်တရက် အံ့အားသင့် သွားမိခဲ့ပါတယ်။ သူမက လင်းဟန် စောစောတုန်းက ဘာပြောခဲ့လဲ ဆိုတာကို သတိပြုမိသွားပြီး အံ့အားသင့်သွားမိပါတယ်။

"ဒါက မှိုစွာသစ်ပင် တစ်ပင်ဆိုတာကို နင်အစောကြီးကတည်းက သိနေတာလား"

လင်းဟန်က ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သစ်ပင်ရဲ့ ပင်စည်ကို ထိုးချလိုက် ပါတယ်။

သူ့ရဲ့ ခွန်အားက အခုဆိုရင် တကယ်ပဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါပြီ။ လက်သီး တစ်ချက်နဲ့ မှိုစွာသစ်ပင်က ချက်ချင်းဆိုသလို တစ်ဂက်ပဲ ကျန်ပါတော့တယ်။ အစိမ်းရောင် အရည်တွေက ချက်ချင်းပဲ နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။

ဒီမှိုစွာသစ်ပင်က ကနဦးအဆင့်မှာပဲ ရှိပါတယ်။ ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ကို ယှဉ်ပြိုင် နိုင်မှာလဲ။

"ဒါပေါ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီတစ်ပင်ကလွဲပြီး ငါက တခြားသစ်ပင်တွေကို ရွေးချယ်မှာတဲ့လား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

စွေ့ရန်ယွီက ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒါက အရမ်းကို ကြည်နူးစရာကောင်းတဲ့ အခြေအနေ တစ်ခုလေ။ ဒါကို နင်က နောက်ခံအဖြစ် မို့စ္စာသစ်ပင် တစ်ပင်ကို ရွေးလိုက်တယ်ပေါ့။ ဒီယောက်ျားရဲ့ ခေါင်းထဲမှာ ဘာတွေတွေးနေလဲ ဆိုတာကို သူမ တကယ့်ကို မသိတော့ပါဘူး။

"ကလေးယူကြရအောင်"

လင်းဟန်က ပြောလိုက်ပါတယ်။

"အစကတော့ မင်းအဖေကို လှည့်စားတာပဲ။ ဒါပေမဲ့ တကယ်လို့ မင်းရဲ့ဗိုက်က ထပ်ပြီးတော့ ပြားချပ်နေဦးမယ်ဆိုရင် ဒီလှည့်စားမှုက သိပ်ကြာကြာခံလိမ့်မှာ မဟုတ်ဘူး"

"နင့်ဘာသာပဲ ကလေးမွေးတော့"

သူမရဲ့ အကျီလက်စကို ခါပြီးတော့ စွေ့ရန်ယွီက ထွက်သွားလိုက်ပါတယ်။ သူမက ဒေါသထွက်ပြီး ရူးချင်ချင် ဖြစ်သွားပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ သူ့ရဲ့လက်ရှိ စွမ်းရည်နဲ့ဆို သူ့အတွက် စွေ့ရန်ယွီကို ထိန်းချုပ်ဖို့ အရမ်းကို လွယ်ပါတယ်။

ဒါပေမဲ့လည်း သူမကို သူ့စကား နားထောင်ပြီး ကျိုးနွံလာအောင် လုပ်ဖို့က ဘာဖြစ်လို့ အရမ်းခက်ခဲမှာလဲ။

သူတို့နှစ်ယောက် ပြန်လာတဲ့ အချိန်မှာ ဟူဖေးယွင်က မီးပုံဘေးနားမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာကို တွေ့လိုက်ရပါတယ်။ သူတို့ရဲ့ ခြေလှမ်းသံတွေက သူမကို နိုးသွားအောင် မလုပ်နိုင်ပါဘူး။

"ကေရီ ဘုရင်မက သူမကို ဒီနေရာလာဖို့ လွယ်လွယ်ကူကူနဲ့ ဘာဖြစ်လို့ ခွင့်ပြုလိုက်တာလဲ ဆိုတာကို ငါတကယ်ပဲ နားမလည်နိုင်ဘူး"

စွေ့ရန်ယွီရဲ့ မျက်နှာတစ်ခုလုံး စိတ်ရှုပ်ထွေးမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူမက နံပါတ်ကိုး ဘုရင်ကို ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မက ဘယ်လောက်တောင် လွန်လွန်ကဲကဲ အကာအကွယ် ပေးထားလဲ ဆိုတာကို တွေးလိုက်ပြီး ဒီကိစ္စက ဘယ်လိုမှ မဖြစ်သင့်ဘူးလို့ တွေးနေမိပါတယ်။

လင်းဟာန်က သူတွေ့မြင်ခဲ့ရတဲ့ မြင်ကွင်းနဲ့ ပတ်သက်ပြီး မပြောပြခဲ့ပါဘူး။ သူမက ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မရဲ့ အစွမ်းနည်းနည်းကို ဆင့်ခေါ်နိုင်စွမ်း ရှိပြီးတော့ ဒီလိုမျိုး နေရာထဲမှာ စစ်မှန်တဲ့ ပြိုင်ဘက်ကင်း တစ်ယောက် ဖြစ်ပါတယ်။

သူတို့လည်း ခဏတဖြုတ် အနားယူလိုက်ပါတယ်။ အိပ်စက်ခြင်းက စစ်မှန်တဲ့ အကောင်းဆုံး နည်းလမ်း ဖြစ်ပြီးတော့ ဘယ်အရာနဲ့မှ အစားထိုးလို့ မရပါဘူး။

အနားယူပြီးတဲ့ နောက်မှာတော့ သူတို့တွေက ဆက်ပြီးတော့ ခရီးထွက်လာခဲ့ ကြပါတယ်။

နောက်ထပ်နေ့တစ်ဝက် အချိန် ကြာပြီးတဲ့နောက်မှာ မီးလိုဏ်ဂူက သူတို့ရဲ့ မြင်ကွင်းအထဲကို ဝင်ရောက်လာခဲ့ပါတယ်။

မီးလိုဏ်ဂူက တောင်ကြီးတစ်လုံး အထဲမှာ ရှိပါတယ်။ ပြီးတော့ သူ့ရဲ့ဝင်ပေါက်က အရမ်းကို ကြီးမားတဲ့ လိုဏ်ဂူဝင်ပေါက် တစ်ခု ဖြစ်ပါတယ်။ လိုဏ်ဂူရဲ့ အနီးအနား ဝန်းကျင်က မြေပြင် အားလုံးဟာ နီရဲနေပြီး မြေကြီးကနေ ပူပြင်းတဲ့ အငွေ့တွေ လွင့်ပျံ့နေတာကို တွေ့မြင်နိုင်ပါတယ်။

အထဲကို မဝင်ရသေးတာတောင် အဝေးကနေ အရမ်းကို ပူပြင်းတဲ့ အပူချိန်နဲ့ မြင့်မားတဲ့ အပူဒဏ်ကို သူတို့တွေ ခံစားနိုင်ပါတယ်။ တကယ်လို့ လိုဏ်ဂူဝင်ပေါက်ကနေ လေပြင်းတစ်ချက် ပွေ့သွားမယ်ဆိုရင် သူတို့ရဲ့ အဝတ်အစားတွေတောင် လောင်ကျွမ်းသွားပြီး သူတို့ရဲ့ ဆံပင်တွေလည်း စတင်လောင်ကျွမ်းလာ နိုင်ချေ ရှိပါတယ်။

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်က သူမတို့ရဲ့ မူလစွမ်းအင်တွေကို အသက်သွင်းလိုက်ပြီး သူမတို့ရဲ့ နှလုံးသားနဲ့ ခန္ဓာကိုယ်ကို အပူဒဏ်ကနေ ခုခံဖို့ အကာအကွယ်တစ်ခု ဖြစ်ပေါ်စေခဲ့ပါတယ်။ လင်းဟာန် တစ်ယောက်ပဲ ဘာမှမခံစားရတဲ့ ဟန်ပန်မျိုး ဖြစ်ပေါ်နေပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့အဂတ်အစားတွေကတော့ အပူဒဏ်ကို ခံနိုင်ရည် မရှိနိုင်ပါဘူး။ ဒါကြောင့် သူကလည်း သူ့ရဲ့ မူလစွမ်းအင်ကို အသုံးပြုပြီးတော့ ကာကွယ်ထားရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ကိုယ်လုံးတီး ဖြစ်သွားပါလိမ့်မယ်။

အနာဂတ်မှာ သူက တန်ခိုးရှင်အဆင့် ပစ္စည်းကောင်းတွေကို ရှာဖွေပြီး ပတ်ဂန်းကျင်ဒဏ် အားလုံးကို ခုခံနိုင်မဲ့ ဂတ်စုံတစ်စုံ လုပ်ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့မျက်နှာက အချိန်မရွေး ကိုးရိုးကားရား ဖြစ်သွားပါလိမ့်မယ်။

"မင်းတို့နှစ်ယောက် ဒီနေရာမှာ နေခဲ့တာ အကောင်းဆုံးပဲ။ ငါတစ်ယောက်ထဲ အထဲကို သွားမယ်"

လင်းဟာန်က ဆွေးနွေးလိုက်ပါတယ်။

ဟူဖေးယွင်က အလျင်အမြန် ခေါင်းညိတ်လိုက်ပါတယ်။ သူမက နည်းနည်းလေးမှ လက်ဦးမှု ရယူပြီး လှုပ်ရှားဖို့ စိတ်ကူး မရှိပါဘူး။ သူမရဲ့ အကြီးမားဆုံး အိပ်မက်က သူမရဲ့ နေ့ရက်တွေကို အေးအေးချမ်းချမ်းနဲ့ ကုန်ဆုံးဖို့ပဲ ဖြစ်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါလည်း အထဲကို သွားချင်တယ်"

Chapter 969 end(နောက်တစ်ပိုင်းနည်းနည်းနောက်ကျမယ်)

အပိုင်း(970) မီးလိုဏ်ဂူ

စွေ့ရန်ယွီက အပေါ်ယံ ကြည့်ရတာ ပျော့ပျောင်းနူးညံ့ပုံ ရပေမဲ့ အတွင်းစိတ်ကတော့ မာကျောပါတယ်။

သူမက ရေလိုမျိုး နှစ်သက်စရာ ကောင်းပေမဲ့ တခါတလေမှာ ဆုံးဖြတ်ချက် ချလိုက်တိုင်း အဲဒီ ဆုံးဖြတ်ချက်ကို သူမက ဘယ်တော့မှ ယိမ်းယိုင်မှာ မဟုတ်ပါဘူး။

စွေ့ရန်ယွီက လင်းဟာန်နဲ့အတူ မီးလိုဏ်ဂူထဲကို သွားချင်မှတော့ ဟူဖေးယွင်ကလည်း အပြင်ဘက်မှာ တစ်ယောက်တည်း မနေပုံ့ပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ သူတို့သုံးယောက်စလုံး လိုဏ်ဂူထဲကို ဦးတည်ပြီးတော့ ဝင်လာခဲ့ ကြပါတယ်။

ပုန်း။

မြေကြီးပေါ်ကနေ မီးတောက်တွေက ရှံဖန်ရံခါ ပန်းထွက်လာပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ အပူလှိုင်းတွေကို ထုတ်လွှင့်လို့ နေပါတယ်။

အဲဒါက ပုံမှန်အနေအထား ဟန်ပန်မျိုး မရှိပါဘူး။ ဒါကြောင့် ကြိုတင်ခန့်မှန်းဖို့နဲ့ အရှေ့က အချိန်ကို ရှောင်တိမ်းဖို့ မဖြစ်နိုင်ပါဘူး။ နောက်ပြီး တကယ်လို့ လူတစ်ယောက်က မီးတောက်တွေ ပန်းထွက်လာတဲ့အချိန်မှာ မှန်ကန်တဲ့ ခြေလှမ်းကို လှမ်းနိုင်မှပဲ ကံဆိုးခြင်းကနေ လွတ်မြောက်နိုင်ပါမယ်။ သူတို့က ရှောင်တိမ်းတာ တစ်ခုတည်းပဲ လုပ်နိုင်ပါတယ်။ တကယ်လို့ သူတို့တွေ မရှောင်နိုင်ဘူး ဆိုရင် မီးတောက်တွေကို ထိပ်တိုက်ရင်ဆိုင်ဖို့က သူ့ကိုယ်ပိုင် စွမ်းရည်တွေ အပေါ်မှာ မူတည်နေ ပါလိမ့်မယ်။

မီးတောက်တွေရဲ့ အစွမ်းက ထူးခြားပါတယ်။ ဉပမာ တကယ်လို့ စွေ့ရန်ယွီကို မီးဟပ်သွားမယ် ဆိုရင် သူမရဲ့ လှပချောမောတဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ပြောင်းသွားပါလိမ့်မယ်။ တစ်ဖက်မှာ ဟူဖေးယွင်မှာ အရမ်းကို လျင်မြန်တဲ့ တုံ့ပြန်မှု အရှိန်နှုန်း ရှိပါတယ်။ မြေအောက်က ထူးခြားတဲ့ လှုပ်ရှားမှုတွေ ဖြစ်ပေါ်လာတဲ့ အခိုက်အတန့်မှာ သူမက အလျင်အမြန်ပဲ အပေါ်ကို ပျံတက်သွား

ပါလိမ့်မယ်။ လင်းဟန်တောင်မှ သူ့ကိုယ်ပိုင် တုံ့ပြန်မှု အမြန်နှုန်းက သူမထက် နှေးကွေးတယ်လို့ သတ်မှတ်ယူဆ နိုင်ပါတယ်။

သူတို့တွေက မီးလိုဏ်ဂူထဲကို ဝင်လာခဲ့ပါတယ်။ လိုဏ်ဂူအတွင်းကနေ ရံဖန်ရံခါ ထွက်ပေါ်လာတဲ့ သားရဲကောင်တွေရဲ့ ဟိန်းဟောက်သံတွေကို ကြားနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအသံတွေက ဘယ်နေရာကနေ ထွက်ပေါ်လာတယ် ဆိုတာကိုတော့ ပြောနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

"သေသေချာချာ စူးစမ်းကြည့်မယ်ဆိုရင် ဒီနေရာမှာ တောင်မြစ်ကျောက်တုံးတွေက ထောင့်ပေါင်းစုံမှာ ရှိနေနိုင်တယ်။ ဒါပေမဲ့လည်း အဲဒီမှာ မီးဓာတ်တွေ မရှိနိုင်ဘူး။ မီးဓာတ်ပါတဲ့ တောင်မြစ်ကျောက်တုံးတွေကိုတော့ လိုဏ်ဂူရဲ့ အတွင်းပိုင်းနက်နက်ထဲမှာပဲ ရှာတွေ့နိုင် လိမ့်မယ်"

စွေ့ရန်ယွီက ပြောလိုက်ပါတယ်။ သူမက ဒီနေရာကို တစ်ကြိမ်ပဲ လာခဲ့ဖူးပေမဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်က သူမရဲ့ ကျင့်ကြံခြင်း အဆင့်ဟာ တကယ်ပဲ အရမ်းကို နိမ့်ကျလွန်းပါတယ်။ ဒါကြောင့် သူမက မီးလိုဏ်ဂူထဲကို မဝင်ခဲ့ပါဘူး။

"တောင်မြစ်ကျောက်တုံးတွေ ရှိနေသရွေ့ အဆင်ပြေပါတယ်"

လင်းဟန်က တောင်မြစ်ကျောက်တုံးတွေကို မြည်းစမ်းဖူး ပြီးပါပြီ။ ဒီကျောက်တုံးတွေက ကျင့်ကြံသူ တစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မိုးထိ ထိုးတက်အောင် လုပ်နိုင်ပါတယ်။ တကယ်လို့ သူက နှစ်ပေါင်းများစွာ အချိန်ကုန်ခံပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ခိုင်မြဲအောင် ပြန်လုပ်ခဲ့မယ်ဆိုရင်တောင် သူ့အနေနဲ့ အချိန်တွေ အများကြီး အများကြီး ချွေတာနိုင်ပါလိမ့်မယ်။

"နင်က ဘယ်နေရာမှာမဆို ကောက်ယူနိုင်မဲ့ ပစ္စည်းတွေလို့ ထင်နေတာလား"

စွေ့ရန်ယွီက မျက်လုံးပြူး ပြလိုက်ပါတယ်။ သူမပုံစံ ကြည့်ရတာ ဘာမဟုတ်တာလေးကို လင်းဟန်နဲ့အတူ ငြင်းခုံရတာကို သဘောကျနေပုံ ရပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပေမဲ့ သူမနဲ့ ဘာမဟုတ်တာလေးကို ငြင်းခုံမနေ ခဲ့ပါဘူး။ ပထမ အချက်က သူတို့တွေဟာ အန္တရာယ်ရှိတဲ့ အခြေအနေ တစ်ခုမှာ ဖြစ်ပါတယ်။ ဒုတိယ အချက်က သူ့ပါးစပ်ကို အသုံးပြုပြီးတော့ပဲ သူမကို ပါးစပ်ပိတ်အောင် လုပ်ဖို့ ပိုပြီးတော့ ဆန္ဒရှိနေတာကြောင့် ဖြစ်ပါတယ်။

ဒီလိုဂ်ကဂူက အရမ်းကို ကြီးမားပါတယ်။ အမြင့်က မီတာသုံးဆယ်ကျော်ခန့် ရှိပြီးတော့ အထဲကို လမ်းလျှောက်ရတာက အလွတ်တမ်း လမ်းလျှောက်ရသလို ခံစားမှု တစ်ခုကို ပေးပါတယ်။ လိုဂ်ကဂူရဲ့ မြေကြီးပေါ်ကနေ ကျောက်စက်မိုးမျှော်တွေက ငေါထွက်နေပြီးတော့ တချို့ဆို နီရဲရဲ ချော်ရည်တွေ စီးကျနေပါတယ်။

ဒါက အရမ်းကို ထူးခြားတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

လိုဂ်ကဂူအထဲမှာ နေရာအနှံ့ကို သွားတဲ့ လမ်းကြောင်းတွေ ရှိပြီးတော့ အဲဒီလမ်းကြောင်းတွေက မရေမတွက်နိုင်တဲ့ လမ်းဆုံလမ်းခွတွေ ဖြစ်ပေါ်နေပါတယ်။ ဒီလမ်းဆုံတွေက အနည်းငယ် သေးငယ်ပေမဲ့ ခြောက်မီတာကနေ ကိုးမီတာလောက် ရှည်ပြီး အရမ်းကို အံ့ဩစရာ ကောင်းပါတယ်။

ဒီနေရာရဲ့ အန္တရာယ်တွေက ကြက်သွေးရောင် ရေကန်လိုမျိုး ထိန်းချုပ်နိုင်စွမ်းရှိတဲ့ အဆင့်မှာ မဟုတ်ပါဘူး။ ဒီနေရာကို ကျင့်ကြံသူ အရမ်းကို နည်းပါးတဲ့ အရေအတွက်လောက်ပဲ လာကြပြီး သူတို့သုံးယောက်က အချိန်တော်တော် ကြာအောင် လမ်းလျှောက်လာရပေမဲ့ လူရိပ်လူခြေ မတွေ့ရပါဘူး။ နောက်ထပ်အကြောင်းတစ်ခုက ဒီနေရာဟာ အရမ်းကို

ကြီးမားပါတယ်။ တကယ်လို့ ဒီနေရာကို လူရာနဲ့ချီ တစ်ပြိုင်နက်တည်း လာခဲ့မယ်ဆိုရင် သူတို့တွေ ကွဲသွားတဲ့ အချိန်မှာ ပြန်လည်ဆုံဆည်းဖို့ အရမ်းကို ခက်ခဲပါလိမ့်မယ်။

တစ်ခုသိရမှာက လျှို့ပှက်ဆန်းကြယ်ဘုံထဲကို ဂင်လာတဲ့ စုစုပေါင်း အရေအတွက်က နှစ်ထောင်ထက် မကျော်ပါဘူး။

ပုန်း ပုန်း ပုန်း။

သူတို့အရှေ့ကနေ ထူးဆန်းတဲ့ အသံတစ်သံ ထွက်ပေါ်လာတာကို ကြားလိုက်ရပါတယ်။ လင်းဟာန်နဲ့ သူ့အဖော်တွေက နိုးနိုးကြားကြားနဲ့ သတိဂီရိယ အပြည့်ရှိနေပါတယ်။ ဟူဖေးယွင်က စွေ့ရန်ယွီရဲ့ အကျီလက်စကိုတောင် ဆုပ်ကိုင်ထားပြီး သူမရဲ့ အမူအရာက တကယ်လို့ အဲဒီမှာ အန္တရာယ်ရှိနေရင် နင့်ငါ့ကို ကာကွယ်ပေးရမယ်နော်လို့ ပြောနေသလိုပါပဲ။

သိပ်မကြာခင် သူတို့အရှေ့မှာ အနီရောင် အရိပ်တစ်ခု ပေါ်လာခဲ့ပါတယ်။

အဲဒါက အရမ်းကို ကြီးမားတဲ့ မိစ္ဆာသားရဲ တစ်ကောင် ဖြစ်ပါတယ်။ သူ့အမြင့်က သုံးမီတာနီးပါး ရှိပြီးတော့ တစ်ကိုယ်လုံးက နီရဲနေပြီး သူ့အရေပြားတွေက ချော်ရည်တွေနဲ့ တူပါတယ်။ ဒီသတ္တဂါကြီးက

မယုံနိုင်စရာ ကောင်းလောက်အောင် ရုပ်ဆိုးအကျည်းတန်ပြီးတော့ လည်ပင်း မပါပါဘူး။ စတုရန်းပုံ မကျတကျ ခန္ဓာကိုယ် တစ်ခုကနေ ခေါင်းတစ်လုံး ထိုးထွက်နေပါတယ်။ သူ့ရဲ့ ခြေလက်လေးဖက်က တိုတိုတုတ်တုတ်နဲ့ ကြည့်ရတာ လိပ်တစ်ကောင်နဲ့ နည်းနည်း တူပါတယ်။ ဒါပေမဲ့ အမြီးတော့ မပါရှိပါဘူး။

အဲဒီသတ္တဝါကြီးက လင်းဟန်နဲ့ သူ့အဖော်တွေကို ကြည့်ပြီးတော့ ကြီးမားတဲ့ ပါးစပ်ကြီးကို ဟလိုက်ပါတယ်။ သူ့ပါးစပ်ကနေ သွားရည်တမြားမြား ကျလာပေမဲ့ သူ့ရဲ့ သွားရည်တွေက တောက်ပပြီး နီရဲတဲ့ ချော်ရည်တွေ ဖြစ်ငနေပါတယ်။ သွားရည်စက်တွေ မြေကြီးပေါ်ကို ကျတဲ့ အချိန်မှာ ဆီပူအိုးထဲ တစ်ခုခု ကြော်နေသလိုမျိုး တရှဲရှဲ မြည်နေတဲ့ အသံတွေကို ကြားရပါတယ်။

"ဒါက ချော်ရည်သားရဲ တစ်ကောင်လား"

လင်းဟန်က မေးလိုက်ပါတယ်။

"ဖြစ်နိုင်တယ်"

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ပါတယ်။ အမှန်တော့ သူမကိုယ်တိုင်လည်း မမြင်ဖူးပါဘူး။ ဒါပေမဲ့ ဒီနေရာမှာ တခြားအမျိုးအစား မိစ္ဆာသားရဲကောင်တွေ မရှိပါဘူး။

"အရမ်းရုပ်ဆိုးတာပဲ"

ဟူဖေးယွင်က အသံတိုးတိုးလေးနဲ့ ပြောလိုက်ပြီး သူမပြောတာကို ဒီမိစ္ဆာသားရဲကောင်ကြီး ကြားသွားမှာကို ကြောက်နေတဲ့ အတိုင်းပါပဲ။

"ကိစ္စမရှိပါဘူး။ ဒီနေရာက မိစ္ဆာသားရဲကောင်တွေကို ကြည့်ရတာ သူတို့ရဲ့ အသိဉာဏ် နိုးထသေးပုံ မရဘူး။ ဒါကြောင့် သူတို့က လူသားတွေရဲက စကားကို နားလည်နိုင်မှာ မဟုတ်ဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ တကယ်လို့ သူတို့ရဲ့ အသိဉာဏ်တွေက မနိုးထသေးဘူး ဆိုရင်တောင် လူသားဘာသာစကားတွေကို မသင်ယူခင်မှာ လူသားတွေရဲ့ စကားလုံး အဓိပ္ပါယ်ကို ဖော်နိုင်ပါလိမ့်မယ်။

တကယ်လို့ နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ သတင်းစကား တစ်ခုပို့မယ်ဆိုရင်တော့ ဘာသာစကား အတားအဆီးကို ဖြတ်ကျော်သွား နိုင်ပါလိမ့်မယ်။

"ဂါး ဂါး"

ချော်ရည်သားရဲကောင်က ဟိန်းဟောက်လိုက်ပြီး သူ့မျက်လုံးတွေက ကြီးမားသလို ကြေးနီရောင် တလက်လက် တောက်ပနေပါတယ်။ ထန် ထန် ထန် ထန်။ သူ့ရဲ့ ခြေလက်လေးချောင်းကို လှုပ်ရှားပြီး လင်းဟာန်နဲ့ သူ့အဖော်တွေဆီ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူ့ရဲ့ ခြေလက်တွေ တိုနေတာတောင် တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ အရှိန်က တကယ်ပဲ မနှေးလှပါဘူး။

"ငါ့တာဝန်ထား"

စွေ့ရန်ယွီက ဓားကိုင်ပြီးတော့ အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူမက ပထမဆုံး လုပ်ချင်တဲ့ အမျိုးအစား ဖြစ်ပါတယ်။ အရင်က လင်းဟာန်ကပဲ သူတို့ရင်ဆိုင်တွေ့ခဲ့ရတဲ့ အန္တရာယ်တွေ အားလုံးကို ထမ်းရွက်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူမက အတော်လေးကို အသက်ရှူကျပ်သလို ခံစားခဲ့ ရပါတယ်။ အခု ဒီချော်ရည်သားရဲက ကနဦးအဆင့်ရဲ့ နောက်ပိုင်း အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူမက ကြိုးစားကြည့်ချင်စိတ်တွေ တဖွားဖွား ထွက်ပေါ်လို့ လာပါတယ်။

ဖူး။

ချော်ရည်သားရဲက ပါးစပ်ဟပြီးတော့ ပြင်းထန်တဲ့ မီးတောက်တွေကို မှုတ်ထုတ်လိုက်ပြီး အဲဒါက ပတ်ဂန်းကျင်ရဲ့ အပူချိန်ကို အတော်လေး မြင့်တက်သွား စေခဲ့ပါတယ်။

စွေ့ရန်ယွီက ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခြင်း မရှိပါဘူး။ အဲဒီအစား သူမက ဘေးပတ်တွေကနေ ပိုက်ပြီးတော့ သူမရဲ့ ဓားနဲ့ ပေါ့ပါးဖျတ်လတ်စွာ ခုတ်ချလိုက်ပါတယ်။

ချော်ရည်သားရဲကောင်ရဲ့ တုံ့ပြန်မှုက အတော်လေး နှေးပါတယ်။ ရုတ်တရက် ဓားနဲ့ထိုးခံ လိုက်ရပေမဲ့ သူ့ရဲ့ ခုခံကာကွယ်နိုင်စွမ်းက အတော်လေး အံ့သြစရာ ကောင်းပါတယ်။ စွေ့ရန်ယွီရဲ့ ဓားက တစ်လက်မ ဂန်းကျင်လောက်ပဲ ထိုးဖောက်နိုင်ခဲ့ပါတယ်။ သူ့ရဲ့ ရောမ ခန္ဓာကိုယ် အမြင်နဲ့ ကြည့်မယ်ဆိုရင် သူ့ရဲ့ သေကွင်းသေကွက်ကို ထိမှန်ဖို့ အရမ်းကို ဝေးကွာလွန်းပါတယ်။

နာကျင်မှု ဒဏ်ရာကြောင့် မို့စ္စာသားရဲကောင်က ဒေါသထွက်သွား ခဲ့ပါတယ်။ သူက ဆက်ပြီးတော့ ဟိန်းဟောက်ပြီး စွေ့ရန်ယွီဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ဒီနေရာက မို့စ္စာသားရဲတွေက တကယ်ပဲ ဉာဏ်တုံးပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေက ပင်ကိုယ်စရိုက် အပေါ်မှာ လုံးဝကို အခြေခံပါတယ်။ ဒါကြောင့် ထူထပ်မာကျောတဲ့ အရေပြားနဲ့

မီးတောက်တွေရဲ့ အစွမ်းတွေ ရှိတာတောင် အသာစီး ရယူထားနိုင်မှု မရှိခဲ့ပါဘူး။ အဲဒီအစား စွေ့ရန်ယို့က အသာစီး ရယူပြီးတော့ ဟိုခုန်ဒီခုန်နဲ့ တိုက်ခိုက်နေတာကြောင့် သူ့ခန္ဓာကိုယ်ရဲ့ သွေးတွေက ပြင်းထန်တဲ့ မီးတောက်တွေလိုမျိုး အဆက်မပြတ် ပန်းထွက်လာခဲ့ပါတယ်။

"ကောင်းလိုက်တဲ့ တိုက်ချက်။ ကောင်းလိုက်တဲ့ တိုက်ကွက်"

အဲဒီအချိန်မှာ ဟူဖေးယွင်က ဘေးကနေပြီး စွေ့ရန်ယို့ကို ချီးကျူးအားပေး နေပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အနောက်မှာ ပုန်းနေဖို့ကိုတော့ သူမက မမေ့ပါဘူး။ သူမက ခေါင်းကိုပြူထွက်ပြီး သူမရဲ့ လက်တွေကို ဝှေ့ယမ်းကာ စိတ်လှုပ်ရှားနေပါတယ်။

"ဂါး"

အဲဒီအချိန်မှာပဲ နောက်ထပ် ချော်ရည်သားရဲ တစ်ကောင် ထွက်ပေါ်လာတာကို သူတို့တွေ တွေ့မြင်လိုက် ရပါတယ်။ ဒီတစ်ကြိမ်တော့ သူတို့သုံးယောက် အနောက်ကနေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။ ချော်ရည်သားရဲက တချက်ဟိန်းဟောက်ပြီးတော့ ဟူဖေးယွင်ကို လှမ်းကိုက်လိုက် ပါတယ်။ သူမက အနီးဆုံးပဲလေ။

ဟူဖေးယွင်ရဲ့ တုံ့ပြန်မှုက အတော်လေးကို စိုးရိမ်စရာ ကောင်းပါတယ်။ သူမက နည်းနည်းလေးမှ မတုံ့ပြန်ပဲ ကြောင်စီစီနဲ့ ရပ်နေပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူမ မဟုတ်ပါဘူး။ သူ့ရဲ့ ညာဘက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ လက်သီးတစ်လုံး ထိုးထည့်လိုက် ပါတယ်။ သူက နည်းစနစ် တစ်ခုတစ်လေမှ အသုံးမပြုပဲ သူ့ရဲ့ ပကတိ ခွန်အားကိုပဲ အသုံးပြုပြီး အောင်ပွဲရဖို့ ကြိုးစားလိုက်ပါတယ်။

ဟုန်း။

သူ့ရဲ့လက်ရှိခွန်အားက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ လက်သီးတစ်ချက်တည်းနဲ့ ချော်ရည်သားရဲက သူ့ရဲ့ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ရှိတာတောင် ခံနိုင်ရည် မရှိခဲ့ပါဘူး။ ဒီလက်သီးချက်ကြောင့် တန်းပြီးတော့ ပေါက်ကွဲထွက် သွားခဲ့ပါတယ်။

“ဝိုး”

ဟူဖေးယွင်က အံ့အားသင့်သွားပြီးတော့ သူမရဲ့ ရင်ဘတ်ကို ထပ်ခါထပ်ခါ ပုတ်ပြီးတော့ ပြောလိုက်ပါတယ်။

“လန့်လိုက်တာ သေတော့မှာပဲ။ ငါတကယ်ကို လန့်သွားတာပဲ”

လင်းဟန်က ဘေးဘီဝဲယာကို ခဏလောက် ကြည့်လိုက်ပါတယ်။ မို့စ္စတာသားရဲတွေ အားလုံးမှာစိတ်ဝိညာဉ် အသားတွေ ရှိပါတယ်။ ဒီချော်ရည်သားရဲတွေကလည်း ချွင်းချက်မရှိပါဘူး။ စိတ်ဝိညာဉ် အသားတွေက လက်ချောင်းတစ်ချောင်း အရွယ်အစားလောက်ပဲ ရှိပါတယ်။ အဲဒါက အနည်းငယ် နီရဲပေမဲ့ အဓိက အစိတ်အပိုင်းကတော့ ဖြူဖွေးပါတယ်။

"အစ်မစွေ ချထား"

ဟူဖေးယွင်က စွေ့ရန်ယို့ကို နောက်တစ်ကြိမ် ချီးကျူးသြဘာ ပေးလိုက်ပါတယ်။ ချော်ရည်သားရဲတွေကို လင်းဟန်က လက်သီးတစ်ချက်တည်းနဲ့ အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် လုပ်နိုင်တဲ့ အချိန်မှာ စွေ့ရန်ယို့က တိုက်ပွဲကို ဆက်လက်တိုက်ခိုက်နေဆဲပါပဲ။ ကွာဟချက်က တကယ့်ကို ကြီးမားလွန်းပါတယ်။

လင်းဟန်က အရှေ့ကို တိုးမသွားပဲ အဲဒီအစား သူက ဘေးမှာပဲ ရပ်နေလိုက်ပါတယ်။ ဒါက စွေ့ရန်ယို့ကို သူ့ရဲ့လေးစားမှုကို ဖော်ပြတာပဲ ဖြစ်ပါတယ်။

အချိန်အတော် ကြာပြီးတဲ့နောက် စွေ့ရန်ယွီက အဲဒီမှိုစွာသားရဲကို အဆုံးသတ်လိုက်ပြီး စိတ်ဂိညာဉ် အသားတစ်ပိုင်းကို ဆွဲထုတ်ယူလိုက်ပါတယ်။

သူမက ခေါင်းခါပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ပိုင်းမှိုစွာသားရဲကောင်တွေကို နင်ပဲ တာဝန်ယူလိုက်တော့"

"ဘာလို့လဲ"

လင်းဟာန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

"ငါနင့်အချိန်တွေကို ဖြုန်းနေတာပဲ"

သူမက သက်ပြင်းတချက် ချပြီးတော့ ပြောလိုက်ပါတယ်။

"နင်ငါ့ကို မနှစ်သိမ့်နဲ့။ ငါ့ကိုယ်ပိုင် အစွမ်းကို ငါသိတယ်"

လင်းဟာန်က ပြုံးလိုက်ပါတယ်။ မိန်းမလှလေးက လုပ်ဆောင်ဖို့ စိတ်အားထက်သန်နေပေမဲ့ သူမရဲ့ ဂုဏ်သိက္ခာကိုတော့ ဖက်တွယ်တတ်တဲ့ လူစားမျိုး မဟုတ်ပါဘူး။ အဲဒါက သူ့အနေနဲ့ အရမ်းကို လေးစားရတဲ့ အချက်လည်း ဖြစ်ပါတယ်။

"ဒါဆိုလည်း ဆက်သွားကြစို့"

သူတို့သုံးယောက်က အရှေ့ကို ဆက်လက်ချီတက် လာခဲ့ကြပြီး လိုဏ်ဂူအထဲ အနားဂန်းကျင်ကို လေးနာရီကျော်လောက် ရှာဖွေခဲ့ပါတယ်။ သူတို့က ချော်ရည်သားရဲကောင်တွေ တစ်ဒါဇင်ကျော်နဲ့ ရင်ဆိုင်ခဲ့ရပြီး စိတ်ဂိညာဉ် အသားတော်တော်များများကို ရရှိခဲ့ပါတယ်။ နောက်ပြီးတော့ စွေ့ရန်ယွီမှာ ကံကြမ္မာကောင်းတစ်ခု ရှိပြီးတော့ နံရံတစ်ခုက အက်ကြောင်းထဲကနေ တောင်မြစ် ကျောက်တုံးတစ်တုံးကို ရှာတွေ့ခဲ့ပါတယ်။

"အဲဒီချော်ရည်သားရဲ အသိုက်က အရှေ့မှာ ရှိလောက်တယ်။ အတွင်းထဲကနေ ကြောက်မက်ဖွယ်ရာ အရှိန်အဂါ တစ်ခု ထွက်ပေါ်နေတာကို တွေ့မြင်နိုင်တယ်"

စွေ့ရန်ယွီက လက်ညှိုးနဲ့ အရှေ့ကို ထိုးပြပြီးတော့ မေးလိုက်ပါတယ်။

"နင်တကယ်ပဲ စွန့်စားမလို့လား"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ကိုယ်ငါ ဖိအားတော့ မပေးပါဘူး။ ဒါပေမဲ့ တောင်မြစ်ကျောက်တုံးကို ခိုးယူဖို့ သွားတာက ရောမ မွန်းစတားကြီးကို အထိတ်တလန့် ဖြစ်သွားစေနိုင်တယ်။

မင်းတို့နှစ်ယောက်အတွက် ဒီနေရာက လုံခြုံမှာမဟုတ်ဘူး။ အပြင်ကို ချက်ချင်းထွက်သွားလိုက်ကြပါ”

စွေ့ရန်ယွီက ခဏလောက် စဉ်းစားပြီးတော့မှ ပြောလိုက်ပါတယ်။

“ကောင်းပြီလေ။ နင်သတိထားပါ”

Chapter 970 end

အပိုင်း(971) မသိမမြင်

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ ထွက်သွားပြီးတဲ့နောက်မှာ လင်းဟန်က လိုဏ်ဂူ ရှေ့တည့်တည့်ကို အလေးအနက်ထားပြီး စတင်လေ့လာလိုက်ပါတယ်။

လိုဏ်ဂူက အရမ်းကို ကြီးမားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လိုဏ်ဂူထဲမှာ ချော်ရည်တွေ စီးဆင်းနေတဲ့ မြေအောက်မြစ် တစ်စင်းရှိတာကြောင့် မှောင်မနေခဲ့ပါဘူး။ ဒါပေမဲ့လည်း အရမ်းကြီး တောက်ပနေတာ မဟုတ်ပါဘူး။ သူက အတွင်းကျကျ အနက်ဆုံး နေရာထဲမှာ ရောမ ချော်ရည် သားရဲကြီး တစ်ကောင်ကို အစက်အပြောက်ကို တွေ့မြင်လိုက်ရပါတယ်။

သာမန်ချော်ရည် သားရဲတစ်ကောင်က သုံးမီတာခန့် ရှည်ပြီးတော့ ခြောက်မီတာလောက် ကျယ်ပါတယ်။ ဒါပေမဲ့ ဒီတစ်ကောင်က

ဆယ့်ငါးမီတာခန့် ရှည်လျားပြီး မီတာသုံးဆယ်ခန့် ကျယ်ပါတယ်။ သူ့အရေပြားကလည်း နက်မှောင်နေပြီး ထူးဆန်းတဲ့ သင်္ကေတတွေနဲ့ ဖုံးထားပါတယ်။ အဲဒီအချိန်မှာ ဒီသတ္တဝါကြီးက ဂပ်ပြီးတော့ အိပ်ပျော်နေပါတယ်။ သူ့ပါးစပ်ကို ဟနေပြီး ချော်ရည်နဲ့တူတဲ့ သွားရည်တွေက မြေကြီးပေါ်ကို ကျနေပါတယ်။ ချော်ရည်သားရဲ ဘုရင်။

သူ့ရဲ့အရှိန်အဝါက အရမ်းကို အစွမ်းထက်ပါတယ်။ ဒီလောက်ဝေးတဲ့ အကွာအဝေးကနေတောင် သူ့ရဲ့အရှိန်အဝါက လင်းဟန်ကို ဆံပင်တွေ ထောင်လာတဲ့အထိ ဖိမ့်ဖိမ့်တုန်စေပါတယ်။

ပြင်းထန်အဆင့် အထွတ်အထိပ်ရဲ့ နောက်ပိုင်းအဆင့် ဒါမှမဟုတ် အဲဒီအကောင်ကြီးရဲ့ အစွမ်းက ပြီးပြည့်စုံခြင်း အဆင့်ထိတောင် ရောက်နိုင်ပါတယ်။

လင်းဟန်ရဲ့ စိုက်ကြည့်မှုကြောင့် ဒီသားရဲဘုရင်က ရုတ်တရက် နိုးလာခဲ့ပါတယ်။ သူ့မျက်လုံးတွေကို ဖျတ်ခနဲ ဖွင့်လိုက်ပြီး သူ့ခေါင်းကို မော့ကာ ပတ်ဝန်းကျင်ကို စူးစမ်းတဲ့ အကြည့်နဲ့ ဝေ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့လည်း ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီးတဲ့ နောက်မှာ ဘာမှကို ရှာမတွေ့တာကြောင့် သူ့ခေါင်းကို ပြန်ငုံ့ပြီး နောက်တစ်ကြိမ် ပြန်အိပ်သွားပါတယ်။

ဒီအကောင်ကြီးရဲ့ ဟောက်သံတွေက မိုးခြိမ်းသံလို ကျယ်လောင်ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ပြန်ပေါ်လာပြီး တောင်မြစ်ကျောက်တုံးတွေကို ဘယ်လိုမျိုး နည်းလမ်းကို အသုံးပြုပြီး ရယူနိုင်မလဲ ဆိုတာကို စဉ်းစားနေပါတယ်။

အင်အားသုံးပြီးတော့ အရယူမယ်ဆိုရင် ဖြစ်နိုင်ပါ့မလား။

လင်းဟန်က သူ့ရဲ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို သုံးသပ်ကြည့် လိုက်ပါတယ်။ လက်ရှိမှာ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးရဲ့ အထွတ်အထိပ် အဆင့်နားကို ကပ်နေပြီး သူ့ရဲ့ ခွန်အားက ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်ကို ရောက်ခါနီးနေပါပြီ။ ပြီးတော့ လျှို့ဝှက် နည်းစနစ်တွေ အသုံးပြုတဲ့ အချိန်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်ထိ ရောက်နိုင်ပါတယ်။ သူက ပြင်းထန်အဆင့်မြင့်ကို ရောက်နေပါပြီ။

တစ်ဖက်ကတော့ ပြီးပြည့်စုံခြင်းအဆင့်မှာရှိတဲ့ တည်ရှိမှု တစ်ခုနဲ့ တောင်မြစ်လေးခုကို ဖြစ်ပေါ် ထားပါတယ်။ ခွန်အားနဲ့ ပတ်သက်ရင်ပဲ သူ့ကို လုံးဝကို ချေမှုန်းပစ်နိုင်ပါလိမ့်မယ်။

သူ့ရဲ့ ခန္ဓာကိုယ်က ဘယ်လောက်ပဲ မာကျောနေပါစေ တကယ်လို့ ခွန်အားကွာဟချက်က အရမ်းကို ကြီးမားနေမယ်ဆိုရင် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို အသုံးပြုရင်တောင် သူ့ကိုယ်သူ ပြန်လည်ကောင်းမွန်လာနိုင်ဖို့ လုံလောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ တစ်ချက်ထိတာနဲ့ သူက မြေကြီးပေါ်ကို ရိုက်ချခံလိုက်ရမှာပဲ ဖြစ်ပါတယ်။

တကယ်လို့ သူက အနားကို အလျင်စလိုနဲ့ ချဉ်းကပ်သွားမယ်ဆိုရင် သူက အရိုက်နှက် ခံရရုံကလွဲပြီး ဘာမှရှိလိမ့်မှာ မဟုတ်ပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က တောင်မြစ်ကျောက်တုံးက ဘယ်မှာလဲ။ သူက အပြင်ထွက်ပြီး စတင်တိုက်ခိုက်လိုက်မယ်ဆိုရင် ဘာအဓိပ္ပါယ် ရှိမှာလဲ။

လင်းဟန်ရဲ့ စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ တကယ်လို့ သူက အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ဆင့်ခေါ်လိုက်မယ် ဆိုရင်ရော။ ဒီသားရဲဘုရင်ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပေမဲ့ ကြည့်ရတာ နိုးနိုးကြားကြားနဲ့ သတိဂီရိယ အများကြီးရှိပုံ မပေါ်ပါဘူး။ ဒါက တကယ့်ကို သက်ရှိပစ်မှတ် တစ်ခုပါပဲ။

"စမ်းကြည့်တာပေါ့"

လင်းဟန်က သူ့ရဲ့လေးကို ဆွဲထုတ်ပြီး အဆုံးမဲ့မြားကို အသက်သွင်းကာ မုသားမဲ့ မျက်လုံးကို အသုံးပြုပြီးတော့ ဒီသားရဲဘုရင်ရဲ့ အားနည်းချက်ကို ရှာဖွေလိုက်ပါတယ်။

ချော်ရည်သားရဲ ဘုရင်က ရုတ်တရက် ထရပ်လိုက်ပါတယ်။ သူက တကယ့်ကို ပျင်းရိနေပေမဲ့ ဒီလိုမျိုး အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုက အမြဲလိုလို အန္တရာယ် အငွေ့အသက်ကို တုံ့ပြန်နိုင်တဲ့ ပင်ကိုယ်စရိုက်တစ်ခု ရှိပါတယ်။ တကယ်လို့ တခြားသက်ရှိ တစ်ခုခုက သူ့ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ဦးတည်လာမယ်ဆိုရင် အာရုံခံနိုင်စွမ်း ရှိပါလိမ့်မယ်။ မြားတစ်ချောင်းနဲ့ ပစ်မှတ်ထား ခံနေရတဲ့ အချိန်မှာ ပိုတောင်ခံစားနိုင်ပါလိမ့်မယ်။

ထန် ထန် ထန်။

သားရဲဘုရင်က ရုတ်တရက် လိုဏ်ဂူဝင်ပေါက်ရှိရာ ဘက်ကို ပြေးသွားပါတယ်။ သူ့အရေပြားပေါ်က သင်္ကေတတွေဟာ မီးရဲ့ နတ်ဘုရား သင်္ကေတတွေနဲ့ ရောယှက်နေပြီး ရွှေတွေကို အရည်ပျော်ကာ အရိုးတွေကို တိုက်စားနိုင်စွမ်း ရှိပါတယ်။

ဒါပေမဲ့ လိုဏ်ဂူဝင်ပေါက်ဆီကို ပြေးသွားတဲ့ အချိန်မှာ ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ အဲဒါက သားရဲဘုရင်ကို အတော်လေး ခေါင်းခြောက်သွား စေခဲ့ပါတယ်။ သူက အစွမ်းထက်တဲ့ အန္တရာယ် အငွေ့အသက် တစ်ခုကို အာရုံခံနိုင်ခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ တစ်ခုမှ ရှာမတွေ့ခဲ့ရတာလဲ။ အရင်နေ့က သားရဲငယ်တွေနဲ့ အရမ်းကို ဆော့ကစားခဲ့ပြီး လုံလုံလောက်လောက် အနားမယူခဲ့တာကြောင့်များ ဒီနေ့မှာ သူ့ရဲ့ အာရုံတွေက တလွဲတချော် ဖြစ်နေတာများလား။

သားရဲဘုရင်က အထဲကို ပြန်လျှောက်လာပြီး မြေကြီးပေါ်ကို ပြန်ဝပ်ကာ အိပ်ချလိုက်ပါတယ်။

"ဒီမှာပဲ"

ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်ထဲက လင်းဟန်ရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပလာခဲ့ပါတယ်။

သားရဲဘုရင်ရဲ့အောက်မှာ ထူးခြားတဲ့ ကျောက်တုံးတစ်တုံး ရှိပါတယ်။ တခြားကျောက်တုံးတွေလို နီရဲတဲ့ အရောင်မရှိပဲ ဒီတစ်ခုက လုံးဝကို မည်းနက်နေပါတယ်။

ပြီးတော့ ဒီကျောက်တုံးပေါ်မှာ နီမြန်းတဲ့ အနီရောင် ကျောက်တုံး ခုနစ်တုံးက နေရာအနှံ့မှာ ပြန့်ကြဲလို့ နေပါတယ်။ ဒီလိုမျိုး အကွာအဝေးမှာတောင် လင်းဟန်က ဒီကျောက်တုံးတွေဟာ တောင်မြစ်ကျောက်တုံးတွေ ဆိုတာကို တပ်အပ်ပြောနိုင်ပါတယ်။

နောက်ပြီးတော့ ဒီတောင်မြစ်ကျောက်တုံးတွေက ထူးခြားတဲ့ ဓာတ်တစ်ခုနဲ့အတူ မီးတောက်တွေရဲ့ စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။

အခုသူက တောင်မြစ်ကျောက်တုံးတွေ ဘယ်မှာလဲ ဆိုတာကို သိသွားပါပြီ။ ဒါပေမဲ့ မေးခွန်းက ဘယ်လိုရအောင် ယူရမလဲ ဆိုတာက ကြီးမားတဲ့ ပြဿနာ တစ်ခု ဖြစ်ပါတယ်။

"ဆက်လုပ်တာပေါ့"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ လေးကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီး အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို လည်ပတ်လိုက်ပါတယ်။

"ဂါး"

သားရဲဘုရင်က နောက်တစ်ကြိမ် အထိတ်တလန့် ဖြစ်သွားပြီး ပြေးထွက်ကာ စူးစမ်းလေ့လာ လိုက်ပါတယ်။ ဒါပေမဲ့လည်း အောင်မြင်မှု မရှိပဲ ပြန်လာခဲ့ ရပါတယ်။

လင်းဟန်က သားရဲဘုရင်နဲ့ လိုက်တမ်းပြေးတမ်း ကစားနည်း တစ်ခုကို ကစားနေပါတယ်။ တော်တော်ကြာတဲ့ အခါမှာ ဒီသားရဲဘုရင်က သူ့ကိုယ်သူ သံသယ ဝင်လာခဲ့ပါတယ်။ လင်းဟန်က ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်တဲ့ အခါမှာ သားရဲဘုရင်က သူ့ခေါင်းကို မော့ပြီးတော့ ပျင်းရိစွာနဲ့ပဲ ကြည့်လိုက်ပေမဲ့ ထမလာခဲ့ပါဘူး။ အန္တရာယ် အငွေ့အသက်က နောက်တစ်ကြိမ် ပျောက်ကွယ်သွားခဲ့ပါတယ်။

သားရဲဘုရင်က ပြန်ဝပ်ပြီးတော့ အိပ်ပျော်သွားခဲ့ပါတယ်။ သားရဲဘုရင်က ဒါကို သူ့ရဲ့ နားလည်မှု လွဲမှားခြင်း သက်သက်ပဲလို့ အတည်ပြုလိုက်ပါတယ်။ သူက အရမ်းကို ဆော့ကစားမိခဲ့တယ် ဆိုတာ သေချာသွားပါပြီ။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်။

သားရဲဘုရင်ရဲ့ တုံ့ပြန်မှုက ပိုပိုပြီးတော့ အမှုမဲ့ အမှတ်မဲ့ ဖြစ်လာခဲ့ပြီး အဆုံးမှာ သူ့ခေါင်းကိုတောင် မော့မကြည့်ပဲ သူ့ရဲ့မျက်လုံးကို ခတ်ပြီးတော့ပဲ တုံ့ပြန်လာခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ လင်းဟန်က သေကွင်းသေကွက် တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်ခဲ့ပါတယ်။

ရွှပ်။

နတ်ဘုရားမြားကို ပစ်လွှတ်လိုက်ပြီး လျှပ်စီးလိုမျိုး လျင်မြန်လှပါတယ်။

သားရဲဘုရင်က ရုတ်တရက် သူ့မျက်လုံးတွေကို ဖွင့်လိုက်ပြီး အရမ်းကို လျင်မြန်တဲ့ အလင်းတန်း တစ်ခုက ချဉ်းကပ်လာတာကို တွေ့လိုက်ရပါတယ်။ နောက်ဆုံးတော့ သူက အရမ်းကို အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားပြီးတော့ အလျင်အမြန်ပဲ ထရပ်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးပေါ်က သင်္ကေတတွေ အားလုံးက အရောင်တလက်လက် တောက်ပလာပြီး မီးတောက်တွေ ရောယှက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါက အရမ်းကို နောက်ကျသွားခဲ့ပါပြီ။

တကယ်လို့ လင်းဟန်က လေးညို့ကို ဆွဲလိုက်တဲ့ အချိန်မှာ သူကတုံ့ပြန်လာမယ်ဆိုရင် သူ့ရဲ့ အစွမ်းထက်တဲ့ စွမ်းရည်တွေနဲ့အတူ သေချာပေါက် အပြည့်အဝ ပြင်ဆင်မှု ပြုလုပ်နိုင်ပါ လိမ့်မယ်။ ဘာမှပြောနေစရာ မလိုအောင်ပဲ သူ့ခန္ဓာကိုယ် တစ်ခုလုံးက သင်္ကေတတွေ တောက်ပရောယှက်ပြီး မီးတောက်တွေ ဖြစ်လာရုံနဲ့တင် မြားတစ်ချောင်းလုံးကို အရည်ပျော်ကျ သွားစေနိုင်ပါတယ်။

အခုတော့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို ပစ်လွှတ်လိုက်ပါပြီ။ သူက ရှောင်တိမ်း ချင်နေသေးတာလား။

ဘယ်လို ဟာသလဲ။ နေလအဆင့် ကျင့်ကြံသူတွေ လုပ်နိုင်စွမ်း ရှိပေမဲ့ ဒီသားရဲ ဘုရင်ကတော့ သေချာပေါက် မလုပ်နိုင်ပါဘူး။

ဖူး။

အနက်ရောင်မြားက သားရဲဘုရင်ရဲ့ မျက်လုံးကို စိုက်ဝင်သွားပြီး မြားရဲ့အမြီးတောင် ပျောက်ကွယ် သွားခဲ့ပါတယ်။

"ဂါး"

သားရဲဘုရင်က နာကျင်မှုကြောင့် ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပါတယ်။ မြားပေါ်က နတ်ဘုရား

သင်္ကေတတွေက ပေါက်ကွဲသွားပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း စွမ်းရည်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သားရဲဘုရင် ခေါင်းရဲ့ သုံးပုံတစ်ပုံလောက် ပေါက်ကွဲသွားပြီး သွေးတွေက နေရာအနှံ့အပြားကို လွင့်စင်သွားပါတယ်။ ကျိုးသွားတဲ့ အရိုးအနည်းငယ်ကိုတောင် တွေ့မြင်နိုင်ပါတယ်။

ဒါက တကယ့်ကို ကံမကောင်းတာပါ။ တကယ်လို့ သူ့ရဲ့ မျက်လုံးတွေ မဖွင့်ခဲ့ဘူး ဆိုရင်တောင် အနည်းဆုံးတော့ မျက်ခွံတွေက ကာကွယ်မှု တချို့ကို ပေးနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူ့မျက်လုံးနဲ့ပဲ ဒီမြားရဲ့ အစွမ်းကို ခံယူလိုက်ရပါတယ်။ သားရဲဘုရင်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေတော့ရော ဘာဖြစ်လဲ။

ဒါပေမဲ့လည်း သားရဲဘုရင် ဆိုတဲ့အတိုင်း သားရဲဘုရင်ပါပဲ။ ဒီလိုမျိုး အပစ်ခံလိုက်ရပြီးတဲ့ နောက်မှာတောင် သားရဲဘုရင်က သေမသွားခဲ့ပါဘူး။ သူ့ရဲ့ ကျန်နေတဲ့ မျက်လုံး တစ်လုံးနဲ့ လင်းဟန်ကို ကြည့်လိုက်ပါတယ်။ နောက်ဆုံးမှာတော့ သူ့ကို ဒဏ်ရာရအောင် လုပ်ခဲ့တဲ့ တရားခံကို ရှာတွေ့သွားခဲ့ပါပြီ။

သားရဲဘုရင်က ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီးတော့ သူ့ရဲ့ခြေလက်လေးချောင်းက လှုပ်ရှားလာပြီး လင်းဟန်ဆီကို

တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူ့ရဲ့ ခြေလှမ်းတိုင်းက မြေပြင်ကို တုန်ခါစေပြီး လိုဏ်ဂူတစ်ခုလုံးတောင် တုန်ခါလာသလိုပါပဲ။ သူ့ခန္ဓာကိုယ်ကို ဖုံးထားတဲ့ သင်္ကေတတွေ အားလုံးက လုံးဝကို လင်းလက်တောက်ပနေပြီး နတ်ဘုရား မီးတောက်တွေနဲ့ ရောယှက်လို့ နေပြီးတော့ ကနဦးအဆင့် ဒါမှမဟုတ် ပြင်းထန်အလယ်အလတ်အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုတောင် ပြာမှုန့်အဖြစ်ကို ပြောင်းလဲပစ်ဖို့ လုံလောက်ပါတယ်။

"ငါ့မင်းနဲ့ နောက်ထပ်မကစားတော့ဘူး"

လျှပ်ပြက်သလိုပင် လင်းဟန်ရဲ့ ပုံရိပ်က မြင်ကွင်းကနေ ရုတ်တရက် ပျောက်ကွယ်သွား ခဲ့ပါတယ်။

သူဘယ်ကို ရောက်သွားလဲ။

သားရဲဘုရင်က ခုန်အုပ်ပြီးတော့ ဘေးဘီဝဲယာကို လိုက်ရှာလို့ နေပါတယ်။ သူ့ရဲ့ တစ်လုံးတည်း ကျန်တဲ့ မျက်လုံးက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် အလင်းရောင်တစ်ခု တောက်ပနေပါတယ်။ ဒါပေမဲ့ သူက ဘာကိုမှ ရှာမတွေ့ခဲ့ပါဘူး။ ဒီအတွက်ကြောင့် မယုံနိုင်စရာ ကောင်းလောက်အောင် ဒေါသတွေ ထွက်နေခဲ့ပါတယ်။ သူ့ခေါင်းရဲ့

သုံးပုံတစ်ပုံက လုံးဂကို ဖျက်ဆီးခံလိုက်ရပြီး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့တာကြောင့် နာကျင်မှုရော ဒေါသထွက်တာရော နှစ်ခုစလုံးကို ဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါပေမဲ့ တကယ်လို့ တရားခံကို မရှာနိုင်ခဲ့ဘူးဆိုရင် ဘာလုပ်လို့ ရမှာလဲ။

အချိန်အတော်ကြာအောင် အရှုးအမူး ရှာဖွေလို့ ပြီးတဲ့နောက်မှာ အနောက်ကို ပြန်ဆုတ်လာရုံပဲ ရှိပါတော့တယ်။ သူ့ရဲ့ ဒဏ်ရာကို အတတ်နိုင်ဆုံး ထိန်းချုပ်ရပါမယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့အသက်က အန္တရာယ်ရှိလာပါမယ်။

ဒါပေမဲ့လည်း အဲဒီအချိန်မှာပဲ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အဲဒီလူသားက နောက်တစ်ကြိမ် ပြန်ပေါ်လာခဲ့ပါတယ်။

နောက်ထပ်မြားတစ်ချောင်းကို တပ်ဆင်ထားပြီး သူက နောက်တစ်ကြိမ် ပစ်ဖို့ကို စိတ်ကူးနေပါတယ်။

ချက်ချင်းဆိုသလို သားရဲဘုရင်ကိုယ်ပေါ်က အမွေးတွေအားလုံး ထောင်သွားပါတယ်။ သူက အလျင်အမြန် ထပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံးအပေါ်ကို နတ်ဘုရား မီးတောက်တွေနဲ့ ရောယှက်ထားပြီး ခုခံကာကွယ်မှုကို ပြုလုပ်ထားပါတယ်။

လင်းဟန်က ဟန်ဆောင်ရုံ သက်သက်ပါပဲ။ စောစောက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို ပစ်လွှတ်လိုက်တာကြောင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ ခံနိုင်ရည်စွမ်းတွေ အားလုံး ကုန်ခမ်းသွားပါပြီ။ ဒါကြောင့် သူက အခုနောက်ထပ် မြားတစ်ချောင်းကို ဘယ်လိုလုပ်ပြီး ပစ်နိုင်မှာလဲ။

ဒါပေမဲ့ တကယ်လို့ သူက မပစ်နိုင်ဘူးဆိုရင်တောင် အဆင်ပြေပါတယ်။ ဒီသားရဲဘုရင်က စောစောက အတွေ့အကြုံကြောင့် အလွယ်တကူ ထိတ်လန့်တုန်လှုပ် နေပါပြီ။ သူအခုလိုမျိုး မြားပစ်တော့မဲ့ ဟန်ပန်အမူအရာ လုပ်ပြလိုက်တာနဲ့ သူ့ကို သေလုမတတ် ကြောက်ရွံ့သွားဖို့ လုံလောက်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က အစစ်အမှန် မူလကျောက်တုံးတွေကို အသုံးပြုပြီးတော့ သူ့ရဲ့ မူလစွမ်းအင်ကို ပြန်လည်ဖြည့်ဆည်း နေခဲ့ပါတယ်။ ခံနိုင်ရည်စွမ်းတွေက သူ့ဘာသာသူ ဖြည်းညှင်းစွာနဲ့ ပြန်လည်ကောင်းမွန်လာပါတယ်။ ပြန်လည်ကောင်းမွန်တဲ့ နှုန်းက အရှိန်မြင့်လို့ မရပေမဲ့ မူလစွမ်းအင် ပြန်လည်ဖြည့်ဆည်းတဲ့ အပုန်ကတော့ ပိုမြန်လာပါတယ်။ အများဆုံး အသက်ရှူချိန် ဒါဇင်နဲ့ချီ ကြာပြီးတဲ့နောက်မှာ သူ့ရဲ့ အကောင်းဆုံး အခြေအနေထိ ပြန်လည်ကောင်းမွန် လာနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ သားရဲဘုရင်ရဲ့ အခြေအနေကရော။ သူ့ရဲ့ ဒဏ်ရာတွေကို ပြန်လည်ကုသချင်နေပေမဲ့ လင်းဟန်က မြားပစ်မဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်တာကြောင့် သူက ထိတ်လန့်တုန်လှုပ်ပြီး ချက်ချင်းဆိုသလို ရန်သူကြီး တစ်ယောက်နဲ့ ရင်ဆိုင်ရသလိုမျိုး နိုးနိုးကြားကြား ဖြစ်သွားပါတယ်။ သူက ထပ်ခါထပ်ခါ လုပ်လေ သွေးဆုံးရှုံးမှုက ပိုများလာလေ ဖြစ်ပြီးတော့ သားရဲဘုရင်ရဲ့ အခြေအနေက ပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။

Chapter 971 end

အပိုင်း(972) နောက်မှာ အန္တရာယ်ကြီးရှိတယ်

ဒါက ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ သားရဲဘုရင် ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကျင့်ကြံခြင်း အဆင့်ကို အခုမှ တက်လာစပဲ ရှိပါတယ်။ သူ့မှာ တောင်လေးလုံး ဖြစ်ပေါ်ထားတယ် ဆိုပေမဲ့ မြစ်သုံးစင်းသာ ရှိပြီးတော့ တောင်လေးလုံးထက် အနည်းငယ် ပိုသေးငယ်ပါတယ်။

ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ ပြီးပြည့်စုံခြင်း အဆင့်က လုံးဝကို ပြိုင်ဘက်ကင်း အဆင့်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဒီအစွမ်းထက်တဲ့ သားရဲဘုရင်ဟာ လင်းဟန်ရဲ့ လက်ထဲမှာ သွန်လိုသွန် မှောက်လိုမှောက်နဲ့ ကစားခံနေရပြီး သေခြင်းတရားကနေ အသက်တစ်ရှူက်စာပဲ ကျန်ပါတော့တယ်။

လင်းဟန်က လေးညို့ကို ဆွဲတင်လိုက်ပြီးတဲ့နောက်မှာ ဘယ်လောက်တောင် ခြိမ်းခြောက်နိုင်လဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒီသားရဲဘုရင်က နတ္တာရုရား မီးတောက်ကို အသက်သွင်းဖို့အတွက် အရမ်းကို အားနည်းနေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး မြေကြီးပေါ်မှာ ဂပ်စင်းလို့ နေပြီးတော့ သူ့ရဲ့ နာခေါင်းပေါက်ကနေ ဒေါသတကြီး နာမှုတ်သံကိုပဲ ထုတ်လွှတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ခြိမ်းခြောက်နိုင်တဲ့ အရှိန်အဝါတွေက ကျဆင်းသွားတဲ့ ဒီရေတွေလို ဆုတ်ယုတ်လာခဲ့ပါတယ်။

ဒီအချိန်မှာ သားရဲဘုရင်ဟာ သူ့ရဲ့အမွေးတွေကို ဆုံးရှုံးသွားတဲ့ ဖီးနစ်ငှက် တစ်ကောင်နဲ့ တူပြီးတော့ ကြက်တစ်ကောင်ကိုတောင် မယှဉ်နိုင်ပါဘူး။

ဒါပေမဲ့လည်း ကင်းခြေများ တစ်ကောင်က သေသွားပေမဲ့ ဘယ်တော့မှ အမြီးအောက်မစိုက်ဘူးလို့ ပြောနေကြပြီး ဒါက ပြီးပြည့်စုံခြင်းအဆင့်မှာရှိတဲ့ သားရဲဘုရင်တစ်ကောင် ဖြစ်နေတဲ့ အချိန်မှာတော့ ပိုလို့တောင် လျှော့မတွက်သင့်ပါဘူး။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က သူ့ရဲ့အစစ်အမှန် ကျင့်ကြံခြင်းအဆင့်ထက် ကြယ်နှစ်လုံး ဒါမှမဟုတ် သုံးလုံးလောက်ပဲ မြင့်မားပါလိမ့်မယ်။

နောက်ဆုံးထွက်သက် မကုန်ခင်အထိ သူ့ကို လျော့မတွက်သင့်ပါဘူး။

လင်းဟန်က အလျှင်စလို လှုပ်ရှားမှု နည်းနည်းမှ မလုပ်ခဲ့ပါဘူး။ သူ့ရဲ့ ခံနိုင်ရည်တွေက လုံးဝကို ပြန်လည်ကောင်းမွန် လာခဲ့ပါပြီ။ ပြီးတော့ သူ့ရဲ့ မူလစွမ်းအင်ကလည်း အစစ်အမှန် မူလကျောက်တုံးတွေနဲ့ အားဖြည့်မှုကြောင့် လုံးဝကို ပြန်လည်ပြည့်ဝလာခဲ့ပါပြီ။ ဒါကြောင့် သူက သားရဲဘုရင်အပေါ်မှာ အချိန်နည်းနည်းလောက် ဖြုန်းနေရဖို့ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

သားရဲဘုရင်က ဟောဟဲလိုက်နေပါပြီ။ သူ့ရဲ့ တစ်လုံးတည်းသော မျက်လုံးနဲ့ ဒေါသတကြီး ကြည့်နေပေမဲ့ သူ့ရဲ့ အသက်ဓာတ်စွမ်းအားက မှေးမှိန်လာခဲ့ပါတယ်။

သူက ဘယ်လောက်ကြာကြာ စောင့်နေရမှာလဲ။

နေ့တစ်ဝက်၊ တစ်နေကုန် ဒါမှမဟုတ် သုံးရက်လား။ တကယ်လို့ ဒီလိုမျိုး အစွမ်းထက်တဲ့ မိစ္ဆာသားရဲကောင် သေရတော့မယ် ဆိုရင်တောင် နေ့ရက်ပေါင်းများစွာ အချိန်ယူပြီးမှ အမှန်တကယ် သေဆုံးသွားနိုင်ပါတယ်။

လင်းဟန်က စိတ်ရှည်ခြင်း မရှိတာတော့ မဟုတ်ပါဘူး။
လျှို့ဝှက်ဆန်းကြယ်ဘုံက ခွင့်ပြုထားတဲ့ အချိန်ကုန်ဆုံးပြီးတော့
သူ့ကိုနှင်ထုတ်ပစ်မှာကို ကြောက်ရွံ့နေမိပြီး
သားရဲဘုရင်ရဲ့အောက်မှာရှိတဲ့ တောင်မြစ်ကျောက်တုံး ခုနစ်တုံးကို
သူဘာမှလုပ်လို့ မရမှာကို စိုးရွံ့နေတာ ဖြစ်ပါတယ်။ သူက စွန့်စားဖို့
ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူ့ရဲ့ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ
ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့
စွမ်းဆောင်ရည်တွေအပေါ်မှာ သူက ယုံကြည်မှု အပြည့်ရှိပါတယ်။

သူက သားရဲဘုရင်ဆီကို လျှောက်လာခဲ့ပါတယ်။

.

နံပါတ်ခုနစ်ဦးလေး ဒီတစ်ကြိမ် ကျနော်တို့ ကြက်သွေးရောင်
မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ယူလာခဲ့တယ်။ သေချာပေါက်
ဒီသားရဲဘုရင်ကို နှိမ်နင်းနိုင်စွမ်း ရှိလိမ့်မယ်

မီးလိုဏ်ဂူအတွင်းမှာ လူလေးယောက်က လိုဏ်ဂူရဲ့ အတွင်းပိုင်း
နက်နက်ထဲကို လမ်းလျှောက် လာနေကြပါတယ်။

သူတို့အုပ်စုကို အတော်လေး အစွမ်းထက်တယ်လို့ သတ်မှတ်ယူဆ
နိုင်ပါတယ်။ သူတို့အုပ်စုနဲ့ တွေ့ဆုံတဲ့ မိစ္ဆာသားရဲကောင်တွေကို

သူတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုအောက်မှာ ချက်ချင်းဆိုသလို သတ်ဖြတ်ပစ်နိုင်ခဲ့တာကြောင့် သူတို့ရဲ့ ရှေ့ဆက်လာတဲ့ ခရီးကို နှောင့်နှေးခြင်း မဖြစ်စေခဲ့ပါဘူး။

ဟားဟား ဒီအတြက္ကို ကလက္က နှစ်ပေါင်းတစ်ထောင်ကျော်လောက် ပြင်ဆင်လာခဲ့ပြီး နောက်ဆုံးမှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို အောင်အောင်မြင်မြင်နဲ့ သွန်းလုပ်နိုင်ခဲ့တယ်။ အဲဒီကောင်ကို ပိုက်ကွန်နဲ့ ဖမ်းနိုင်ရင် သူ့အဆင့်ကို ကနဦး အေသးစား အဆင့်ထိ ဖိနှိပ်နိုင်လိမ့်မယ်

အဘိုးကြီးက ပြုံးပြီးတော့ သူ့မုတ်ဆိတ်မွေးကို ပွတ်သပ်လိုက်ပါတယ်။

သူတို့လေးယောက် အထဲမှာ သူတစ်ယောက်ပဲ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူဖွေးနေပါတယ်။ ကျန်တဲ့သုံးယောက်စလုံးက လူငယ်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က အားမနည်းပါဘူး။ အဆင့်အနိမ့်ဆုံး ကျင့်ကြံခြင်းရှိတဲ့ လူတောင်မှ ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိပြီး ကျန်တဲ့နှစ်ယောက်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။

အဲဒီလိုမွ မဟုတ်ဘူးဆိုရင် သူတို့က ဒီနေရာကိုလာတဲ့ လမ်းတစ်လျှောက်လုံးမှာ အနှောင့်အယှက်တွေ အားလုံးကို ချေမှုန်းပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ လင်းဟန်က သူတို့ကို မြင်သွားမယ်ဆိုရင် ဒီလေးယောက်က လျှိုကလန်ကဆိုတာကို သတိပြုမိပါလိမ့်မယ်။ လျှို့ပုက်ဆန်းကြယ်ဘုံထဲကို မဝင်ခင် သူတို့တွေက သူတို့ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့လည်း လျှို့ပုက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်လာတဲ့ အချိန်မှာ သူတို့တွေက နေရာအသီးသီးမှာ ခွဲခြားပြီးတော့ ပေါ်လာခဲ့တာကြောင့် တွေ့ဆုံဖို့ အခွင့်အလမ်း မရှိခဲ့ပါဘူး။

သေစမ်းကွာ။ ငါတို့တွေ ဒီတစ်ချိန်လုံး ကမ္ဘာငယ်က အဲဒီပုရွက်ဆိတ်ကောင်နဲ့ မတွေ့မိသေးဘူး

လူငယ် တစ်ယောက်က ရုတ်တရက် ပြောလိုက်ပါတယ်။

ဟားဟား မင်းအဲဒါကို ခေါင်းထဲမထည့်ပါနဲ့ကွာ။ တကယ်လို့ ငါတို့တွေ သူနဲ့မဆုံနိုင်ဘူး ဆိုရင်တောင် ဘာဖြစ်သေးလဲ။ အမှောင်ညခန်းမက တာဂန်ကိုလက်ခံလိုက်ပြီ ဆိုမှတော့ အဲဒီကောင်စုတ်က သေချာပေါက် သေခြင်းတရားကနေ လွတ်မြောက်နိုင်လိမ့်မှာ မဟုတ္ဘူး။ ဒီတစ်ကြိမ် ဦးစားပေး ပစ်မှတ်က

အဲဒီသားရဲဘုရင်ကို သတ်ပြီးတော့ မီးတောက်တောင်မြစ် ကျောက်တုံးတွေကို ရယူလာဖို့ အမိန့်ပေးထားတယ်လေ

အဘိုးကြီးက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

ဟုတ်ကဲ့

တခြားလူငယ်သုံးယောက်က အလေးအနက် ပြန်ဖြေလိုက်ပါတယ်။

ဒီအကြီးအကဲရဲ့ ပါရမီက သိပ်မမြင့်မားပေမဲ့ သူက လျှို့ဝှက်နည်းစနစ်တွေ အသုံးပြုပြီးတော့ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် အစွမ်းမျိုး ထုတ်ဖော်နိုင်ပြီး အနာဂတ်မှာ သူ့အတွက် တိုးတက်ဖို့ မဖြစ်နိုင်တော့ပါဘူး။ သူ့ရဲ့စွမ်းရည်က သူတို့ရဲ့အနည်းဆုံးတော့ အခုချိန်မှာ သူတို့ရဲ့ အထက်မှာ ရှိပါတယ်။ နောက်ပြီး သူက ကလန်အတွက် တာဝန်ထမ်းဆောင်ပေးမှုအတွက် တိုးတက်ဖို့ အခွင့်အလမ်းနည်းနည်းကို ပိုင်ဆိုင်ထားတာကြောင့် သူ့ကို ရိုသေလေးစား ရပါတယ်။

အဘိုးကြီးက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

အဲဒီသားရဲဘုရင်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ တည်ရှိမှု တစ်ခု ဖြစ်တယ်။ တကယ်လို့ သူက ကနဦးအဆင့်ကြောင့်

အားနည်းသွားမယ် ဆိုရင်တောင် ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်မှာ ရှိနေဦးမှာပဲ။ ပြီးတော့ ချော်ရည်သားရဲတွေရဲ့ သဘာဂကြောင့် နတ်ဘုရား မီးတောက်ကို အသုံးပြုနိုင်တယ်။ သားရဲဘုရင်ရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန်အဆင့်မြင့်ရဲ့ အစောပိုင်း အဆင့်ကို ရောက်နေလောက်တာကြောင့် ငါတို့တွေ မဆင်မခြင် လုပ်လို့ မရနိုင်ဘူး

စိတ်ချပါ နံပါတ်ခုနစ်ဦးလေး။ ကျနော်တို့ အားလုံးရဲ့ လက်ထဲမှာ နတ်ဘုရားပစ္စည်းတွေ ရှိပါတယ်။ အဲဒါက ကျနော်တို့ရဲ့ တိုက်ပွဲစွမ်းရည်ကို နောက်ထပ်ကြယ်တစ်လုံး တိုးမြှင့်ပေးဖို့ လုံလောက်ပါတယ်။ ဦးလေးက သားရဲဘုရင်ကို ထိန်းချုပ်ပြီး အာရုံလွဲထားနိုင်သရွေ့တော့ ကျနော်တို့တွေ သူ့ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် ရင်ဆိုင်နိုင်ပြီး သေတွင်းထဲကို ဆွဲပို့နိုင်ပါလိမ့်မယ်

လူငယ်က ပြောလိုက်ပါတယ်။

အင်း ဒီလိုမျိုး စိတ်ဓာတ်ကြံ့ခိုင်တာမျိုးက ဘယ်လောက်တောင် အေးရေးပါလဲ

အဘိုးကြီးက အရမ်းကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။

..

လင်းဟန်က အနားကို ကပ်လာခဲ့ပါတယ်။ သားရဲဘုရင်က အများကြီး တုံ့ပြန်နိုင်မှု မရှိပါဘူး။ သားရဲဘုရင်က ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီးတော့ လက်တစ်ဖက်ကိုတောင် မြှောက်ဖို့ ခွန်အားမရှိတော့ သလိုမျိုး ဖြစ်နေပါတယ်။

ဟားဟား တကယ်လို့ မင်းက သေချင်ယောင်ဆောင်နေဦးမယ်ဆိုရင် ငါက မင်းကို ဒီအတိုင်းပဲ ရင်ဆိုင်ရမှာပေါ့

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို စုစည်းပြီးတော့ ရုတ်တရက် စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်နဲ့ တိုက်ခိုက်မှု တစ်ခုကို ရုတ်တရက် ထုတ်ဖော်လိုက်ပါတယ်။

အရင်ကဆို ဒီတိုက်ခိုက်မှုက အများကြီး အသုံးမဝင်ပါဘူး။ သားရဲဘုရင်ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို မြင့်ပါတယ်။ ဒါကြောင့် သားရဲဘုရင်ရဲ့ နတ်ဘုရား အာရုံက သူ့ထက်ပိုပြီးတော့ မြင့်မားပါတယ်။ တကယ်လို့ သူက စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခုကို အသုံးပြုပြီးတော့ တိုက်ခိုက်မယ်ဆိုရင် သူ့ခေါင်းထဲမှာ နာကျင်မှုဒဏ် တစ်ခုကို ပြန်ပြီးတော့ ခံစားရပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ မတူညီတော့ပါဘူး။ ဒီသားရဲဘုရင်က ကြိုးအဆုံးမှာ ရောက်နေတာကြောင့် သူ့ရဲ့ နတ်ဘုရား အာရုံက အရမ်းကို ဆုတ်ယုတ်နေပါပြီ။

ဟုန်း။

သားရဲဘုရင်က ရုတ်တရက် သူ့လက်သည်းတွေကို မြှောက်ပြီးတော့ လင်းဟန်ဆီကို ရိုက်ချ လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက အရမ်းကို ပြင်းထန်ပြီး ရက်စက်ကြမ်းကြုတ်ပါတယ်။

ဟားဟားဟား ငါတစ်ချိန်လုံး မင်းကို ရိုက်စားလုပ်လာတာပဲ။ ဒါကြောင့် မင်းဆီက တိုက်ခိုက်မှု တစ်ခုကို ငါခံယူရမှာပေ့ါ။ ဒါမှ မင်းသေသွားတဲ့ အခါမှာ မခံစားရမှာ

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဂင်ပုန်းမနေခဲ့ပါဘူး။ အဲဒီအစား သူက အင်အားကုန် သုံးပြီးတော့ တန်ပြန်တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

ဟုမ်း။

သူ့လက်ဖါးကနေ ရွှေရောင်အလင်းတန်းတွေ တလက်လက် တောက်ပလာပြီး မြေကြီးမှာ မှောက်လန်ပိတ်ဆို့ခြင်း တံဆိပ်ကို

အသက်သွင်းပြီးတော့ သူ့ရဲ့ လက်ဖါးပေါ်မှာ နတ္တာရုရား သင်္ကေတတွေပေါင်းစုံ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟွမ်း။

သားရဲဘုရင်ဆီက တိုက်ခိုက်မှုကို သူက ထိပ်တိုက်ခံယူလိုက်ပြီး သူ့တစ်ကိုယ်လုံးက ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။ နစ်ဖက်စလုံးရဲ့ ခွန်အားတွေက လုံးဝကို ကွဲပြားတဲ့ အဆင့်တွေ ဖြစ်ပါတယ်။

ဝေါ့

လင်းဟာန်ရဲ့ ခန္ဓာကိုယ်က လိုဏ်ဂူနဲ့ ဝင်ဆောင့်မိသွားပါတယ်။ သူက မြေကြီးပေါ် ပြုတ်ကျသွားပြီး သူ့ပါးစပ်ကိုဟကာ သွေးတစ်ပွက် အန်ထုတ်လိုက်ပါတယ်။ သူ့နှုတ်ခမ်းထောင့်က သွေးကို သုတ်ပြီးတော့ သူ့ခန္ဓာကိုယ်ထဲက သွေးတွေ ဆူပွက်လာသလို ခံစားလိုက်ရပါတယ်။

ပြီးပြည့်စုံခြင်း အဆင့်က မျှော်လင့်ထားသလိုပဲ မင်းရဲ့ခွန်အားက တကယ့်ကို အံ့ဩဖို့ ကောင်းတာပဲ

လင်းဟာန်က ပြန်ထလိုက်ပြီး သူ့နောက်ကျောက လွဲချော်သွားတဲ့ အရိုးတွေကို ချက်ချင်းပဲ နေသားတကျ ပြန်တဲ့လိုက်ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ပြီးပြည့်စုံခြင်း အဆင့် မို့စ္စာသားရဲ တစ်ကောင်ဆီက တိုက်ခိုက်မှုတောင်မှ သူ့ရဲ့အရိုးတွေကို ကျိုးသွားအောင် မစွမ်းဆောင်နိုင်ပါဘူး။ ဒါကလည်း သားရဲဘုရင်က ပြင်းပြင်းထန်ထန် ဒဏ်ရာဖြစ်နေခဲ့တာကြောင့် သူ့ရဲ့ အစွမ်းထက်ဆုံး ခွန်အားကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း မရှိတာကြောင့်လည်း ဖြစ်ပါတယ်။

သားရဲဘုရင်ရဲ့ တစ်လုံးတည်းသော မ်က်လုံးက သူ့ကို စိုက်ကြည့်နေပါတယ်။ သူ့ရဲ့ အကြည့်မှာ အံ့အားသင့်မှု၊ စိတ်ရှုပ်ထွေးမှုနဲ့ ဒေါသထွက်မှုတွေ ပြည့်နက်နေသလို အရှုံးပေးလိုက်တဲ့ အရိပ်အယောင် တစ်စွန်းတစ်စလည်း ရှိနေပါတယ်။

သူ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှုက ဒီလူသားကို မသတ်နိုင်မှတော့ ဒီလူသားရဲ့ လက်ထဲမှာ သေရတာက မမွဲတစရာ မရှိပါဘူး။

ပထမ အချက်အနေနဲ့ အစွမ်းကုန် တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ပြီးမှ သေဆုံးရတာ ဖြစ်ပြီးတော့ ဒဏ်ရာပေါ်မှာ ဆားထည့်လိုက်သလို ဖြစ်သွားပြီး သူ့ရဲ့ မျက်လုံးကိုတောင် ထပ်ပြီး

မဖွင့်နိုင်တော့ပါဘူး။ သူ့ရဲ့ တစ်လုံးတည်းသော မ်ဂ္ဂလုံးက ဖြည်းညှင်းစွာနဲ့ ပိတ်သွားခဲ့ပါတယ်။

မင်းရဲ့ ခရီးကို နောက်ဆုံးအနေနဲ့ ငါပို့ဆောင်ပေးပါ့မယ်

လင်းဟာန်က စိတ်ဂိညာဉ် နိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်နဲ့ တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်ပြီး အဲဒီသားရဲဘုရင်ကို မှင်တက်တွေဝေစေပြီး အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ သူက သူ့ရဲ့အထွတ်အထိပ် စွမ်းအားကို အသုံးပြုပြီးတော့ ဒီသားရဲဘုရင်ကို ထပ်ပြီး ခံစားစရာ မလိုတော့အောင် သတ်ပေးရပါလိမ့်မယ်။

လင်းဟာန်ရဲ့ အကြည့်က အနက်ရောင် ကျောက်တုံးပေါ်က တောင်မြစ်ကျောက်တုံး ခုနစ်တုံးဆီကို ကျရောက်သွားပြီး သူ့နှုတ်ခမ်းပေါ်မှာ အပြုံးတစ်စ ဖြစ်ပေါ်လာခဲ့ပါတယ်။ ခက်ခက်ခဲခဲနဲ့ အတော်ကြာအောင် ရှာဖွေပြီးတဲ့နောက်မှာ သူ့ရဲ့ ဆုလာဘ်ကို ရိတ်သိမ်းဖို့ အချိန် ကျရောက်လို့ လာခဲ့ပါပြီ။

ဟာင်

သူ့ရဲ့ နတ္တာရုံးအာရုံက ထူးခြားတဲ့ လှုပ်ရှားမှု တစ်ခုကို ခံစားမိပြီး သူက ချက်ချင်းပဲ နောက်လှည့်လိုက်ပါတယ်။

ရှုပ်ရှုပ် ရှုပ် ရှုပ်။

လူလေးယောက်က ဂင်ပေါက်ကို ဖြတ်ကျော်ပြီး အထဲကို ရုတ်တရက် ခုန်ဝင်လာခဲ့ပါတယ်။ အဘိုးကြီး တစ်ယောက်နဲ့ လူငယ်သုံးယောက်။ တစ်ယောက်ချင်းစီက ရောမ ပိုက်ကွက် တစ်ခုရဲ့ ထောင့်တစ်ဖက်စီကို ကိုင်ဆောင်ထားပြီး သူတို့ရဲ့ မူလစွမ်းအင်တွေကို နှိုးဆွထားတာကြောင့် ဒီရောမ ပိုက်ကွန်ကြီးကို ကြက်သွေးရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာစေခဲ့ပါတယ်။

သူတို့လေးယောက်က လျိုကာလန်ရဲ့ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ သူတို့က ဂင်ပေါက်မှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ထုတ်ယူပြီးတော့ ချိန်သားကိုက် အသက်သွင်း လာခဲ့ပါတယ်။ အဲဒီနောက် သူတို့က အထဲကို ခုန်ဝင်လာပြီး အဲဒီသားရဲဘုရင်ကို ဒီနတ္တုရား ပိုက်ကွန်ကို အသုံးပြုကာ ပိတ်ဖမ်းဖို့ ချောင်းမြောင်းလုပ်ကြံ ချင်နေခဲ့ပါတယ်။

ဒါပေမဲ့ သူတို့က အထဲကို ရုတ်တရက် ခုန်ဝင်လာပြီးတဲ့နောက်မှာ သားရဲဘုရင်ရဲ့ လက္ခဏာ လုံးဝကို ရှိမနေတာကို တွေ့မြင်သွားခဲ့ပါတယ်။ အဲဒီအစား သူတို့ကို လူငယ် တစ်ယောက်က စိုက်ကြည့်နေပါတယ်။

မင်းပဲလား

သူ့ကို လေးယောက်စလုံး သတိပြုမိသွားခဲ့ပါတယ်။ ဒါက ကျွမ်းကျင်သူ တစ်ယောက်က အဲဒီပုရွက်ဆိတ်ပဲ မဟုတ်လား။

ဟားဟားဟား ငါတို့တွေ မင်းကို လမ်းခရီးတစ်လျှောက်လုံး ရှာလိုက်ရတာ အခုတော့ လွယ်လွယ်နဲ့ ရှာတွေ့လိမ့်မယ်လို့ မထင်မှတ်ထားမိဘူး

လူငယ်တစ်ယောက်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

Chapter 972 end

အပိုင်း(973) ထောင်ချောက်

"တောင်မြစ်ကျောက်တုံးတွေ"

အဲဒီအချိန်မှာ လျှိုကလန်က အဘိုးကြီးရဲ့ မျက်လုံးတွေထဲမှာ လိုချင်တပ်မက်မှုတွေ တောက်လောင်နေပြီး တောင်မြစ်ကျောက်တုံး ခုနစ်တုံးကို စိုက်ကြည့်နေပါတယ်။

ဒီနေရာမှာ အထူးစွမ်းရည်ရှိတဲ့ တောင်မြစ်ကျောက်တုံး ခုနစ်တုံး ရှိပါတယ်။ တကယ်လို့ ဒီကျောက်တုံး အားလုံးကို တစ်ယောက်တည်း အသုံးပြုခဲ့မယ်ဆိုရင် လျှိုကလန်က ထိပ်တန်းပါရမီရှင် တစ်ယောက် မြင့်မားလာနိုင်ပါလိမ့်မယ်။

အဲဒါက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်လိုမျိုး ကနဦးအဆင့်မှာပဲ ထာဝရ ရှိနေမဲ့ သူ့လိုမျိုး မဟုတ်ပါဘူး။ သူက ကောင်းကင်ဘုံ ပင်လယ်လျှို့ဝှက်ဆန်းကြယ်ဘုံကို စူးစမ်းလေ့လာဖို့အတွက် အထူးတလည် အတင်းအကျပ် မြှင့်တင်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ တန်ခိုးရှင်အဆင့် ကျင့်ကြံသူတွေနဲ့ ပြည့်နှက်နေပြီး ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်က ဘာများကောင်းလို့လဲ။

လျှိုကလန်က နေလအဆင့် တိုက်ပွဲစွမ်းရည် ရှိတဲ့ တစ်ယောက်ယောက် ဒါမှမဟုတ် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်တောင်ရှိတဲ့ တစ်ယောက်ယောက်ကို လိုအပ်တယ်လေ။

ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံး ခုနစ်တုံးက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်လုံးလောက် တိုးမြှင့်နိုင်ပြီး ကြယ်တစ်လုံးကနေ နှစ်လုံးထိတောင် တိုးနိုင်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း ကြယ်နှစ်ပွင့်ကနေ သုံးပွင့်အထိ ဒါမှမဟုတ် သုံးပွင့်ကနေ လေးပွင့်အထိ တိုးမြှင့်ဖို့ ကြိုးစားတဲ့ အခါမှာတော့ သေချာပေါက် မပြောနိုင်ပါဘူး။

လူတစ်ယောက်က ပိုပြီးတော့ အစွမ်းထက်အောင် အဆင့်မြင့်တဲ့ အခါမှာ ခက်ခဲတာက သဘာဝပါပဲ။ ကြယ်လေးပွင့် ပါရမီရှင်တွေအတွက် တောင်မြစ်ကျောက်တုံး ခုနစ်တုံးက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်ဂက်တောင် တိုးမြှင့်ဖို့ လုံလောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ကျန်တာတွေကို လျစ်လျူရှုထားပြီး ထူးခြားတဲ့ အစွမ်းရှိ တောင်မြစ်ကျောက်တုံးတွေက တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ဖြစ်ပြီးတော့ သူတို့ခရီးစဉ်ရဲ့ အဓိက ဦးတည်ချက်လည်း ဖြစ်ပါတယ်။

လျှိုကလန်ရဲ့ လူလေးယောက်က သားရဲဘုရင် ဘယ်ရောက်သွားလဲဆိုတာနဲ့ လင်းဟန်က ဘာကြောင့် ဒီနေရာကို ရောက်နေလဲ ဆိုတာကို မစဉ်းစားမိပဲ အံ့သြနေခြင်း မရှိခဲ့ပါဘူး။

သူတို့က ဂရုမစိုက်ခဲ့ပါဘူး။

"ပောင်မင် တောင်မြစ်ကျောက်တုံးတွေကို သိမ်းလိုက်"

လျှိုကလန်ရဲ့ အဘိုးကြီးက အမိန့်ပေးလိုက်ပါတယ်။

လျှိုပောင်မင်က အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။

"ဟုတ်ကဲ့ပါ ဦးလေးခုနစ်"

သူ့မျက်နှာပေါ်မှာ စိတ်လှုပ်ရှားတဲ့ အမူအရာတစ်ခု ဖြတ်သွားပြီးတော့ တောင်မြစ်ကျောက်တုံးတွေ ဆီကို လမ်းလျှောက်သွားခဲ့ပါတယ်။

သူက လျှိုကလန်ထဲမှာ ဦးစားပေး ပြုစုပျိုးထောင်ခြင်း ခံရသူ ဖြစ်ပြီးတော့ လျှိုတနဲ့ လျှိုလီတို့ မတိုင်ခင် နှစ်ပေါင်းတစ်ထောင်လောက် ပြုစုပျိုးထောင်တာကို လက်ခံရရှိခဲ့ပါတယ်။ ပါရမီနဲ့ ပတ်သက်ရင် သူက လျှိုလွှီထက် အနည်းငယ် နိမ့်ကျပါတယ်။ သူတို့အထဲမှာ ဦးစားပေး ပြုစုပျိုးထောင်မှု လက်ခံရရှိတာနဲ့ ပတ်သက်ရင် သူ့ရဲ့အရေးပါမှုက လျှိုတနောက်မှာ အဆင့်ချိတ်ပါတယ်။

ဒါပေမဲ့လည်း အခု လျှိုတက သေသွားခဲ့ပါပြီ။ ဒါကြောင့် သူ့အဆင့်က ပေါ့ပါးဖျတ်လက်စွာနဲ့ အပေါ်ကို တက်လာခဲ့ပါတယ်။ သူက ဒီထူးခြားတဲ့ စွမ်းရည်နဲ့ တောင်မြစ်ကျောက်တုံးကို ရရှိနိုင် ပါလိမ့်မယ်။

"ဟိုးဟိုးဟိုး မင်းပစ္စည်းမဟုတ်တဲ့ အပေါ်ကို မင်းလက်နဲ့ ကိုင်ဖို့ မစဉ်းစားနဲ့လေ။ အဲဒါက သူခိုး ဓားပြတွေရဲ့ အပြုအမူတွေပဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ဖျတ်ခနဲ ဆိုသလို လျှိုဟောင်မင်ထက် ပိုမြန်တဲ့ အမြန်နှုန်းနဲ့ လှုပ်ရှားသွားပါတယ်။

"ငါဒီမှာ ရှိနေမှတော့ မင်းက ဒီပစ္စည်းတွေကို သိမ်းယူချင်နေသေးတာလား"

လျှိုကလန်ရဲ့ အဘိုးကြီးက လှောင်ပြုံးပြုံး လိုက်ပါတယ်။ သူက ရောမ ပိုက်ကွန်ကြီးကို လင်းဟာန်ဆီ ပစ်လိုက်ပါတယ်။

သူက လင်းဟာန်ကို သိပ်ပြီးတော့ အလေးအနက် မထားပါဘူး။ လင်းဟာန်က စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေပြီး တကယ်လို့ သူက သူ့ကိုယ်ပိုင် အဆင့်မှာ ပြိုင်ဘက်ကင်း ဖြစ်နေရင်တောင် အဓိပ္ပါယ် မရှိပါဘူး။ တကယ်တော့ အဲဒါက သေမျိုးအဆင့်ရဲ့ အကန့်အသတ် တစ်ခုပဲ ဖြစ်ပါတယ်။ တန်ခိုးရှင် အဆင့်က လူတစ်ယောက်နဲ့ ရင်ဆိုင်မယ်ဆိုရင် ဒီလိုမျိုး ကျင့်ကြံခြင်း အဆင့်က ဘာမှသုံးစားလို့ မရပါဘူး။

လင်းဟာန်က သူ့ရဲ့လေးကို ပြန်မသိမ်းထားခဲ့ပါဘူး။ အဲဒီအစား သူ့ခန္ဓာကိုယ်ကို လေးအဖြစ် အသုံးပြုပြီး သူ့ရဲ့ မူလစွမ်းအင်ကို မြားအဖြစ်နဲ့ လျှိုဟောင်မင်ဆီကို ပစ်လွှတ်လိုက်ပါတယ်။

အခုသူ့ရဲ့ စွမ်းအားက ဘယ်အဆင့်မှာ ရှိနေပြီလဲ။ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်နားနီးကပ်နေပါပြီ။ ဒါကြောင့် သူက လေးနဲ့မြားကို အသုံးမပြုခဲ့ဘူးဆိုရင်တောင် ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပါပြီ။

လျှိုဟောင်မင်က လင်းဟာန်ကို သိပ်ပြီးတော့ အရေးမစိုက်ထားပါဘူး။ တကယ်တော့ သူ့အနောက်မှာ နံပါတ်ခုနစ် ဦးလေးရဲ့ အကူအညီရှိနေပါတယ်။ သူက တောင်မြစ်ကျောက်တုံး ခုနစ်တုံး အပေါ်ကိုပဲ အာရုံစိုက်ထားပါတယ်။ ဒါက မယုံနိုင်စရာကောင်းတဲ့ ချမ်းသာကြွယ်ဝမှု ပမာဏတစ်ခု ဖြစ်ပါတယ်။ ရိုးရိုးသားသား ပြောရမယ်ဆိုရင် တကယ်လို့ သူ့ကိုယ်သူ ရောင်းချရင်တောင် ဒီလိုမျိုး ပမာဏကို ရရှိနိုင်လိမ့်မှာ မဟုတ်ပါဘူး။

သူက လင်းဟာန်ရဲ့ တိုက်ခိုက်မှုကို လုံးဝကို လျစ်လျူရှုထားပြီး အရှေ့ကိုပဲ ဆက်တိုးလာ ခဲ့ပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများက ဘယ်လောက်တောင် လျင်မြန်လိုက်သလဲ။

ဖူး။

မူလစွမ်းအင်များက လျှိုဟောင်မင်ရဲ့ နောက်ကျောကို ထိုးစိုက်သွားပြီး သူ့ရဲ့ရင်ဘတ်ကို ဖောက်ထွက်လာခဲ့ပါတယ်။ မြားရဲ့ မူလစွမ်းအင်က ကုန်ခမ်းလုနီးပါး ဖြစ်သွားပြီး မြားတစ်ခုလုံး လေထဲမှာ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လျှိုဟောင်မင်က အနောက်ကို ဖြည်းညှင်းစွာနဲ့ လှည့်လာပြီး သူ့လက်နဲ့ တစ်ခုခုကို ဖမ်းဆုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့လက်မောင်းကိုတောင် ဆန့်မထုတ်နိုင်ခင်မှာ သူ့ရဲ့ ခန္ဓာကိုယ်က ပြိုလဲကျသွားခဲ့ပါတယ်။

ပုန်း။

သူ့ရဲ့ အရှိန်အဝါက သူ့ခန္ဓာကိုယ် မြေကြီးပေါ်ကို ကျသွားတာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။

သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်အဆင့်မှာရှိတဲ့ ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ တစ်ကွက်တည်းနဲ့ တကယ်ပဲ အသတ်ခံလိုက် ရပါတယ်။

လျှိုကလန်ရဲ့ အဘိုးကြီးက ဒေါသလည်းထွက် အံ့လည်းအံ့သြသွားခဲ့ပါတယ်။ သူက လင်းဟန်ကို စိုက်ကြည့်ပြီး

ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီး လင်းဟန်ဆီကို လက်သီးတစ်ချက် ပစ်သွင်းလိုက် ပါတယ်။

"မင်းက ငါ့ကလန်က လူတစ်ယောက်ကို သတ်ခဲ့တယ်။ ဒါကြောင့် မင်းကိုလည်း သတ်ပစ်မှ မျှတလိမ့်မယ်"

"သေစမ်း"

သူက မာန်သွင်းလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားက ကျုပ်ကို သတ်ပစ်ဖို့ လုံလောက်တဲ့အထိ အစွမ်းမထက်ဘူး"

အဲဒီနောက် သူကလည်း လက်သီးတစ်လုံးကို မြှောက်ပြီးတော့ လျှိုကလန်က အဘိုးကြီးဆီကို ဖော့ယမ်းလိုက်ပါတယ်။

ထန်။

တိုက်ခိုက်မှုရဲ့ အကျိုးသက်ရောက်မှုကြောင့် လျှိုကလန်ရဲ့ အဘိုးကြီးက ချက်ချင်းပဲ လွင့်ထွက်သွား ခဲ့ပါတယ်။ သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိပြီးတော့ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း အဲဒါက

သူ့ရဲ့စွမ်းအားဟာ ပြင်းထန် အလယ်အလတ် အဆင့်ကို ရောက်နေပြီလို့ မဆိုလိုပါဘူး။ လင်းဟန်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာက သူ့သေလမ်းကို သူရှာနေတာပဲ မဟုတ်လား။

လင်းဟန်က သူ့လက်သီးကို အောက်နှိမ့်ချပြီးတော့ အနက်ရောင် ကျောက်တုံးဆီကို တည်တည်ငြိမ်ငြိမ်နဲ့ သွားလိုက်ပါတယ်။

လျိုကလန်က အဖွဲ့ဝင် သုံးယောက်စလုံး အံ့အားသင့်ပြီးတော့ မယုံကြည်နိုင်တဲ့ အမူအရာတွေ ဖြစ်နေကြပါတယ်။ လင်းဟန်က တန်ခိုးရှင်ဘုံကို ဝင်ရောက်လာတဲ့ အချိန်မှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ သူတို့အနေနဲ့ ဆယ်ရက်ကျော် အချိန်အတွင်းမှာ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ အစွမ်းထက် ကျင့်ကြံသူ တစ်ယောက်ကို လွင့်ထွက်သွားစေနိုင်တဲ့အထိ အစွမ်းထက်လာလိမ့်မယ်လို့ လုံးဝကို မျှော်လင့် မထားမိခဲ့ပါဘူး။

"တောင်မြစ်ကျောက်တုံးတွေ"

လျိုကလန်ရဲ့ အဘိုးကြီးက ရုတ်တရက် သတိပြုမိ သွားခဲ့ပါတယ်။ တောင်မြစ်ကျောက်တုံးတွေပဲ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေကို တောင်မြစ်အဆင့်ကို လွယ်လွယ်နဲ့ အဆင့်တက်စေနိုင်ပါတယ်။ နောက်ပြီး သူတို့ရဲ့ ကျင့်ကြံခြင်းက

လျှင်မြန်စွာနဲ့ တိုးလာနိုင်ပါ လိမ့်မယ်။ ပြီးတော့ ကနဦးအဆင့်ရဲ့ အထွတ်အထိပ်အဆင့်ထိ မရောက်ခင် တစ်ဆိုမှ နည်းနည်းမှ ရှိလိမ့်မှာမဟုတ်ပါဘူး။

"သောက်ကျိုးနည်း ဒီကောင်စုတ်လေးက တောင်မြစ်ကျောက်တုံး ဘယ်လောက်များများတောင် ရလာခဲ့တာလဲ"

လျှိုကလန်ရဲ့ လူငယ်နှစ်ယောက်ကလည်း ဒီအချက်ကို သတိပြုမိကြပါတယ်။ သူတို့ရဲ့ နှလုံးသား အတွင်းပိုင်းမှာ မနာလိုမှုတွေ မြင့်တက်လာခဲ့ပါတယ်။ သူတို့က ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲကို အကြိမ်ပေါင်း ဒါဇင်နဲ့ချီ ဝင်ခဲ့ပြီးပေမဲ့ စုစုပေါင်း တောင်မြစ်ကျောက်တုံး သုံးတုံးကိုပဲ ရအောင်လို့ ယူနိုင်ခဲ့ပါတယ်။ နောက်ပြီး အဲဒီသုံးတုံးကလည်း သာမန်တောင်မြစ်ကျောက်တုံးတွေပဲ ဖြစ်ပါတယ်။

"ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို အသက်သွင်း"

"သူ့ကိုဖမ်းလိုက်"

လျှိုကလန်က အဘိုးကြီးအနေနဲ့ လင်းဟန်ကို လျော့မတွက်ရဲတော့ပါဘူး။ ကျွမ်းကျင်မှုကြောင့်က ဒီပုရွက်ဆိတ်ဟာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာကတည်းက မယုံနိုင်စရာ

ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ အခု သူက တောင်မြစ်အဆင့်ကို ရောက်ရှိနေပြီး သူ့ရဲ့ စွမ်းရည်က တောင်မြစ်အဆင့်က အစစ်အမှန် ပြင်းထန်အလယ်အလတ်အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ လက်ရည်တူ ရောက်ရှိနိုင်ခဲ့ပြီး သူတောင်မှ တောင်မြစ်ကျောက်တုံးရဲ့ အာနိသင်တွေကြောင့် အဆင့်မြှင့်တင် နိုင်ခဲ့တာပါ။

တစ်ခုသတိပြုထားရမှာက ဒီကောင်စုတ်လေးဟာ ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ရောက်လာတဲ့ အချိန်တုန်းက သင်တန်းကျောင်းရဲ့ စမ်းသပ်စစ်ဆေးမှု ရှစ်ဆင့်ကို ဖြတ်ကျော်ခဲ့ပါတယ်။ သူ့မှာ ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အလားအလာ ရှိပါတယ်။

လူသုံးယောက်က ရောမ ပိုက်ကွန်ကို ဖြန့်ပြီးတော့ လင်းဟန်ကို အုပ်လိုက်ပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို တောင်မြစ်ကျောက်တုံး ခုနစ်တုံးကို သိမ်းလိုက်ပါတယ်။ သူ့ဆီကနေ သူတို့တွေ ဖြတ်လုသွားခွင့် လုံးဝကို ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တောင်မြစ်ကျောက်တုံးတွေကို သိမ်းပြီးတဲ့နောက်မှာ သူ့အတွက်

ရှောင်တိမ်းဖို့ အချိန်မရှိ တော့ပါဘူး။ ဒါကြောင့် သူက ပိုက်ကွန်ရဲ့ ဖုံးအုပ်ခြင်းကို ခံလိုက်ရပါတယ်။

လင်းဟန်က နည်းနည်းတော့ အံ့အားသင့် သွားမိပါတယ်။ ဒီပိုက်ကွန်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့ စွမ်းအားတစ်ခု ရှိနေပါတယ်။ သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်နားကို ကပ်နေပြီး အခုဆိုရင် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ အစောပိုင်းထိ လျော့ကျသွားခဲ့ပါတယ်။

"ဟားဟားဟားဟား"

လျှိုကလန်က လူသုံးယောက်က ဟက်ဟက်ပက်ပက် ရယ်မောလိုက် ကြပါတယ်။

ဒါက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ဖြစ်ပါတယ်။ ဒါကို သားရဲဘုရင်ကို အဓိက ပစ်မှတ်ထားပြီးတော့ သွန်းလုပ်ထားတာ ဖြစ်ပါတယ်။ လျှိုကလန်က အရင်းအမြစ် အများကြီး သုံးစွဲပြီးမှ ဒါကို သွန်းလုပ်ခဲ့တာပါ။ ဒါပေမဲ့လည်း အဲဒီသားရဲဘုရင်ကို ဖမ်းမိနိုင်သရွေ့ အရင်းအမြစ် အများကြီး ကုန်သွားတာက ထိုက်တန်ပါတယ်။

တကယ်တော့ သူတို့တွေ အောင်မြင်သွားခဲ့ရင် သူတို့တွေက ဒီတစ်ကြိမ် ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံးတွေရဲ့ အဆုံးမရှိ ထောက်ပံ့မှုတစ်ခုကို ရရှိနိုင်စွမ်း ရှိလာပါလိမ့်မယ်။ အဲဒီနောက်ပိုင်း တစ်ကြိမ်ပြီး တစ်ကြိမ် တောင်မြစ်ကျောက်တုံးတွေ ပိုပိုရလာပါမယ်။

သားရဲဘုရင်တောင် ဒီပိုက်ကွန်ကို မယှဉ်နိုင်တာ လင်းဟန်တောင် ဘာများတတ်နိုင်ဦးမှာလဲ။

အခု သူက ပိုက်ကွန်အထဲမှာ ရှိနေပြီး ထောင်ချောက်မိနေတဲ့ သားကောင်တစ်ကောင်ထက် မပိုပါဘူး။

"ကောင်လေး တောင်မြစ်ကျောက်တုံးတွေ ပေးစမ်း။ တကယ်လို့ ငါစိတ်ကောင်းနေရင် မင်းကို သက်သက်သာသာနဲ့ ပေးသေခွင့်ပေးမယ်"

လူငယ်တစ်ယောက်က ပြောလိုက်ပါတယ်။ သူ့နာမည်က လျှိုကျုန်းဖြစ်ပါတယ်။

"ဟင့် သူက လျှိုကလန်ရဲ့ အဖွဲ့ဝင်တွေကို သတ်ဝံ့တယ်။ ဒါကြောင့် တကယ်လို့ သူ့ခန္ဓာကိုယ်ကို အစိတ်စိတ် အပိုင်းပိုင်း

ခုတ်ထစ်ပစ်မယ်ဆိုရင်တောင် မလုံလောက်သေးဘူး။ ငါတို့တွေ လူပုံအလယ်မှာ ဘာမှလုပ်လို့ မရနိုင်ဘူး”

လျှိုကလန်ရဲ့ အဘိုးကြီးက လေသံမာမာနဲ့ ပြောလိုက်ပါတယ်။ သူတို့က ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ သူ့ကို သတ်ပစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်နီ သင်တန်းကျောင်းရဲ့ တပည့် တစ်ယောက်ကို လူပုံအလယ်မှာ ဘယ်လိုလုပ် သတ်ရမလဲ။

တကယ်လို့ သူတို့က ကြယ်ဥက္ကာ အင်ပါယာထဲမှာ ဆက်ပြီးတော့ မနေချင်တော့ဘူး ဆိုရင်တော့ ကြိုးစားကြည့် နိုင်ပါတယ်။

“ဒါဆိုရင် သူ့ကို ဖြည်းဖြည်းချင်း သန့်စင်ပစ်ရမယ်”

လျှိုကျန်းရဲ့ မျက်နှာပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောတယ် ဆိုတာကို သူသိပါတယ်။ အဲဒါက အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ နိုင်းယှဉ်လို့တောင် ရပါတယ်။

“သေစမ်း”

လျှိုကလန်က အဘိုးကြီးက မရေမတွက်နိုင်တဲ့ သွေးကြောပုံစံတွေ ဖုံးအုပ်ထားတဲ့ ဓားတစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။ ဓားကို

သူက အသက်သွင်းထား သလိုမျိုး အလင်းရောင်တွေက တလက်လက် တောက်ပနေပါတယ်။

ဒါက အဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပြီး လျှိုဝှက်ဆန်းကြယ် ဘုံအထဲကို ဒီခရီးစဉ် အတွက်ကြောင့် သူ့ကို ကာလန်က ချီးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

သူက လင်းဟာန်ရဲ့ နှလုံးသားကို ထိုးစိုက်ဖို့အတွက် ဓားကို ကိုင်မြှောက်လိုက်ပါတယ်။

Chapter 973 end

အပိုင်း(974) ငါ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိရုံပဲ

ဖူး။

ဓားရဲ့ထိပ်က ပိုက်ကွန်ကို ထိုးဖောက်သွားပြီး လင်းဟာန်ရဲ့ ရင်ဘတ်ဆီကို ဦးတည်လာခဲ့ပါတယ်။

အဘိုးကြီးရဲ့ မျက်နှာပေါ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ အပြုံးတစ်ခုက ချက်ချင်းပဲ အံ့အားသင့်မှုကို ပြောင်းသွားခဲ့ပါတယ်။ သူ့ဓားက လင်းဟာန်ရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်နိုင်စွမ်း မရှိခဲ့ပါဘူး။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျုပ်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ဒီလိုမျိုး အစွမ်းထက်တဲ့ အခြေအနေ တစ်ခုထိ ရောက်အောင်လို့ ကျင့်ကြံထားတဲ့အတွက် စိတ်မကောင်းပါဘူး။ ကျုပ် ခင်ဗျားကို စိတ်ပျက်သွား စေခဲ့မိပြီ"

သောက်ကျိုးနည်း ကိုယ့်ကိုကိုယ် အရမ်းကို ဟုတ်လှပြီဆိုပြီး ဘဝင်ခိုက်နေတာပဲ။

လျိုကလန်က အဘိုးကြီးက သူ့စားနဲ့ ဆက်ပြီးတော့ ထိုးစိုက် လိုက်ပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုတွေက လင်းဟန်ရဲ့ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ အသုံးမဝင်တော့ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ သူက လင်းဟန်ကို ထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်နိုင်မှာလဲ။ အဘိုးကြီးက အံ့အားသင့်သွားသလို မယုံကြည်နိုင်အောင်လည်း ဖြစ်နေပါတယ်။ သူတို့တွေက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို အသုံးပြုထားပြီး ဒီကဗ္ဗာငယ်က ပုရွတ်ဆိတ်ကို အပြီးအပြတ် ဖယ်ရှားပစ်နိုင်စွမ်း မရှိသေးဘူးလား။

"တကယ်လို့ ခင်ဗျားက ကျုပ်ကို အဆက်မပြတ် ထိုးနေမယ်ဆိုရင် ကျုပ်ဆက်ပြီးတော့ မထိန်းတော့ဘူးနော်"

လင်းဟန်က ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။

"ဟင့် မင်းက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်နဲ့ ဖမ်းခံနေရတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မင်းက လွတ်မြောက်နိုင်မှာလဲ"

အဘိုးကြီးက သူ့ကိုယ်သူ တည်ငြိမ်အောင် မနည်းထိန်းလိုက်ပါတယ်။ ချော်ရည်သားရဲ့ ဘုရင်တောင် ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်မှာ ရှိပြီးတော့ ဒီပိုက်ကွန်ကနေ လွတ်အောင်လို့ ချိုးဖျက်နိုင်စွမ်း မရှိပါဘူး။ လင်းဟန်လိုမျိုး ကနဦးအဆင့်ရဲ့ အထွတ်အထိပ်နား ကပ်နေတဲ့ လူတစ်ယောက်လောက်ဆို စာတောင်ဖွဲ့နေစရာ မလိုပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျိုကလန်က ရှုံးနေလို့ အရင်းအမြစ်တွေ အများကြီးကို သုံးစွဲမှာတဲ့လား။

"ဟီးဟီး ဒီနေရာထဲမှာ မရေမတွက်နိုင်တဲ့ မြေအောက်ချော်ရည် ကန်တွေရှိတယ်။ နောက်ပြီးတော့ ဒီရေကန်တွေက အရမ်းကို ပူပြင်းပြီး နတ်ဘုရား သတ္တုကိုတောင် အရည်ပျော်နိုင်စွမ်း ရှိတယ်။ သူ့ကို ဘာဖြစ်လို့ ကန်တစ်ကန်ထဲကို ပစ်မချနိုင်ရမှာလဲ"

လျိုကျန်းက အကြံပြုလိုက်ပါတယ်။

"အရမ်းကောင်းတဲ့ အကြံဉာဏ်ပဲ။ အရမ်းကိုကောင်းတယ်"

လျှိုကလန်က အဘိုးကြီးက စိတ်လှုပ်ရှားစွာနဲ့ လက်ခုပ်တီးလိုက်ပါတယ်။

သူတို့သုံးယောက်စလုံး လင်းဟန်အပေါ်မှာ ဖိအားတချို့ ဝင်သွားဖို့ မျှော်လင့်ချက်နဲ့ ကြည့်လိုက် ပါတယ်။

အမှန်တကယ်တော့ သူတို့က ခြိမ်းခြောက်ရုံ သက်သက်ပါပဲ။ တကယ်လို့ လင်းဟန်ကို ချော်ရည်ကန် တစ်ခုထဲ ပစ်ချလိုက်ပြီးတဲ့နောက်မှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ပါ အရည်ပျော်သွားမယ်ဆိုရင် သူတို့တွေ ဘယ်လိုလုပ်ရမလဲ။ တကယ်လို့ ပိုက်ကွန်က အရည်ပျော်ပြီး လင်းဟန်က ပြာကျသွားမယ်ဆိုရင် လျှိုကလန်က နှစ်ဆတောင် ဆုံးရှုံးနစ်နာ သွားလိမ့်မယ် မဟုတ်လား။

လင်းဟန်က စပ်ဖြဲဖြဲ ရယ်ပြပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့တွေက ငါ့ကိုခြောက်လှန့်ဖို့ ကြိုးစားနေတာလား။ ဟားဟား ငါမင်းတို့နဲ့ ထပ်ပြီးတော့ အချိန်ကုန်ခံ မနေတော့ဘူး"

လင်းဟန်ရဲ့ ပုံရိပ်က လျှပ်ပြက်သွားသလို အနက်ရောင် မျှော်စင်ထဲ ဝင်သွားပြီး အဲဒီနောက် စက္ကန့်ပိုင်းအတွင်းမှာ သူက ချက်ချင်းပဲ နောက်တစ်ကြိမ် ပြန်ထွက်လာခဲ့ပါတယ်။

သူ့ရဲ့လုပ်ရှားမှုက အရမ်းကို လျင်မြန်တာကြောင့် ဘယ်သူမှ သူတို့ရဲ့ မျက်စိတွေနဲ့ သူ့ရဲ့ လုပ်ရှားမှုတွေကို ဖမ်းမိနိုင်ခြင်း မရှိခဲ့ပါဘူး။ ရောမ ပိုက်ကွန်ကြီးက မြေကြီးပေါ်ကို ပုံကျသွား ခဲ့ပါတယ်။

ဘာ။

လူသုံးယောက်ရဲ့ မျက်လုံးတွေက မယုံကြည်နိုင်မှုတွေကြောင့် ပုဇွန်မျက်လုံးတွေလို ပြူးထွက် လာခဲ့ပါတယ်။ ဒါက သူတို့နားလည်နိုင်စွမ်းကို လုံးဝကျော်လွန် သွားခဲ့ပါပြီ။ ဘယ်လိုလုပ် ဒီလိုမျိုး တစ်စုံတစ်ခု ဖြစ်ပျက်လာနိုင်မှာလဲ။

"သူက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကနေ ဒီလောက်လွယ်လွယ်နဲ့ လွတ်မြောက် နိုင်တာပဲလား"

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ"

သူတို့က လင်းဟန်ကို လုံးဂကို အံ့အားသင့်စွာနဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူတို့က ဒီမေးခွန်းကို လင်းဟန် ဖြေမလား မဖြေဘူးလား ဆိုတာကို လျစ်လျူရှုပြီးတော့ မေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ စိတ်ထဲမှာ ဒီအံ့အားသင့်မှုက ဆက်ပြီးတော့ ကြီးထွားလာ ပါလိမ့်မယ်။

"အိုး ငါ့မှာ သိုလှောင်စိတ်ဝိညာဉ် နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်။ စောစောက ငါအဲဒီထဲကို ခဏဝင်ပြီး ပြန်ထွက်လာတာပဲ။ မင်းတို့ရဲ့ ပိုက်ကွန်က သူ့ပစ်မှတ်ပျောက်သွားလို့ မြေကြီးပေါ်ကို ပုံကျသွားတာ။ ဒါပါပဲ"

လင်းဟန်က သာမန်ကာလျှံကာပဲ ပြောလိုက်ပါတယ်။

"သိုလှောင်စိတ်ဝိညာဉ် နတ်ဘုရားပစ္စည်း"

လျှိုကလန်က လူသုံးယောက်က လင်းဟန်ပြောတာကို ကြားလိုက်ရတဲ့ အခါမှာ သူတို့ရဲ့ လျှာတွေ ကိုက်မိလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

"တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ။ ဒါက သေချာပေါက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာ တစ်ခုပဲ"

ဒုတ် ဒုတ် ဒုတ် ဒုတ်။

သူတို့ရဲ့ နှလုံးသားတွေက စိတ်လှုပ်ရှားမှုကြောင့် တဒုတ်ဒုတ်နဲ့ ခုန်နေပါတယ်။ ကျွန်မာငယ်လေး တစ်ခုက ဒီပုရွက်ဆိတ်မှာ ဘယ်လိုလုပ်ပြီး ဒီလိုတန်ဖိုးရှိတဲ့ ရတနာ ပစ္စည်း တစ်ခုကို ပိုင်ဆိုင်ထား ရတာလဲ။ ကောင်းပြီးလေ။ ဒါက အရေးမကြီးပါဘူး။

ဒီရတနာ ပစ္စည်းက အခုဆိုရင် လျှိုကလန် ပိုင်ဆိုင်မှုထဲ ရောက်သွားမယ်ဆိုရင် ဘာအရေးကြီးဦးမှာလဲ။

လင်းဟန်က သူ့လက်သီးကို မြှောက်ပြီးတော့ ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။

"ငါ့ရဲ့ လျှို့ဝှက်ချက်ကို သိသွားပြီးတဲ့နောက်မှာ မင်းတို့ကို အသက်ရှင်ခွင့် ပေးလိမ့်မယ်လို့ ထင်နေတာလား။ မင်းတို့က ငါ့ရတနာကိုတောင် မျက်စိကျနေသေးတယ်။ မင်းတို့ဦးနှောက်တွေ ကောင်းမှကောင်းသေးရဲ့လား"

လူသုံးယောက်က သိမ့်သိမ့်တုန် သွားခဲ့ပါတယ်။ ကျွမ်းကျင်သူလေးက ဒီပုရွက်ဆိတ်ကို လုံးဝကို ခန့်မှန်းလို့ မရနိုင်ပါဘူး။ သူက အစွမ်းထက်တဲ့ အဆင့်ကျော် တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားတဲ့အပြင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုတည်းနဲ့တင် လူတစ်ယောက်ကို မျော်လင့်ချက်တွေ ပျက်သုဉ်းသွားစေဖို့ လုံလောက်ပါတယ်။ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိတဲ့ မိစ္ဆာသားရဲကောင်တွေကပဲ သူ့ကို ခြိမ်းခြောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

"ပြေး"

လူသုံးယောက်က ချက်ချင်းပဲ ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးကြပါတယ်။ ဒီလှိုဂုက်ဆန်းကြယ် ဘုံထဲကနေ သူတို့တွေ ထွက်နိုင်သရွေ့ လျှိုကလန်က လင်းဟန်ကို ဖမ်းဆီးပြီး အားလုံးလုပ်နိုင်တဲ့ စွမ်းရည် ရှိပါလိမ့်မယ်။ တကယ်လို့ ကြယ်ဥက္ကာ အင်ပါယာကနေ ထွက်ပြေးသွားရင်တောင် ကိစ္စမရှိပါဘူး။

ဒါက မူလဇာစ်မြစ်အဆင့် မဟာလက်ရွေးစင်တွေပဲ သွန်းလုပ်နိုင်တဲ့ ရတနာပစ္စည်း တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ဒါကို ရရှိနိုင်ဖို့ နည်းလမ်းက မူလဇာစ်မြစ် အဆင့်ကို ရောက်ဖို့တောင် လိုချင်မှ လိုအပ်ပါမယ်။

တကယ်တော့ ကမ္ဘာငယ် တစ်ခုက ပုရွက်ဆိတ် တစ်ကောင်ဟာ ဘယ်လောက်များ အစွမ်းထက် နိုင်မှာလဲ။

လျှိုကလန်က နှစ်ထောင်ပေါင်း အနည်းငယ်လောက် သည်းခံနိုင်သရွေ့ သူတို့တွေဟာ တစ်နေ့မှာ ငြိမ်းချမ်းရေး ဂြိုလ်ကြီးတစ်ခုလုံးက သူတို့ရဲ့ အစွမ်းတွေကို အရှုံးပေး လက်ခံနိုင်တဲ့ နေ့ရက်ကို ရောက်လာပါလိမ့်မယ်။ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မတောင် သူတို့ရဲ့ ကစားစရာ ဖြစ်လာပါလိမ့်မယ်။

တစ်ခုဂုဏ်ခံရမှာက ကြယ်ဥက္ကာ အင်ပါယာ ကောရီ ဘုရင်မဟာ အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ ဒီလူတွေရဲ့ စိတ်ထဲမှာ သူမကို အထင်ကြီး လေးစားအားကျ ရပါတယ်။

လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ထုတ်ဖော်လိုက်တာနဲ့ လျှိုကျန်းက ချက်ချင်းဆိုသလို တွေဝေငေးမော သွားခဲ့ပါတယ်။ အဲဒီနောက် သူ့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ပြီးတော့ သတ်ပစ်လိုက်ပါတယ်။ အဲဒီနောက် ချက်ချင်းဆိုသလို သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို ပစ်လွှတ်လိုက်ပါတယ်။

ပူး။

တောက်ပတဲ့ အလင်းတန်း တစ်ခုက လျှိုကလန်ရဲ့ နောက်ထပ်လူငယ် တစ်ယောက်ကို စိုက်ဝင်သွားပြီး သူ့ကို နာကျင်စွာနဲ့ မြေကြီးပေါ်ကို လဲကျသွား စေခဲ့ပါတယ်။

ရှွပ်။

လင်းဟာန်က အဘိုးကြီးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်ပါတယ်။

အဘိုးကြီးရဲ့ နလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

"ကောင်စုတ်လေး မင်းက ငါတို့လျှိုကလန်နဲ့ ရန်သူတွေ ဖြစ်သွားပြီ"

အဘိုးကြီးက အော်ဟစ်လိုက်ပါတယ်။

"ဘာလဲ။ ခင်ဗျားက ကျုပ်နဲ့ လက်ဘက်ရည် သောက်ချင်နေသေးတာလား"

လင်းဟန်က သရော်လိုက်ပါတယ်။

"အဲဒီအတွက် ခင်ဗျားက မထိုက်တန်ဘူး"

သူက လေးကိုဆွဲပြီးတော့ နောက်ထပ်မြားတစ်ချောင်း ပစ်လွှတ်လိုက်ပါတယ်။

ဒါက အဆုံးမဲ့မြား မဟုတ်ပါဘူး။ သူ့ရဲ့လက်ရှိ ခွန်အားနဲ့ဆိုရင် ဒါက အရမ်းကို ကြောက်စရာ ကောင်းနေပါပြီ။ ပိုပြီးတော့ အရေးကြီးတာက ဒီမြားဟာ အရမ်းကို လျင်မြန်လွန်းတာပါပဲ။

လျှိုကလန်က အဘိုးကြီးဟာ အလျင်အမြန်ပဲ ရှောင်တိမ်းဖို့ ကြိုးစားလိုက်ပါတယ်။ ဒီလိုဏ်ဂူရဲ့ အထဲမှာ မရေမတွက်နိုင်တဲ့

ကျောက်စက်မိုးမျှော်တွေနဲ့ ကျောက်တုံးကျောက်စိုင်တွေ ရှိပါတယ်။ ဒါကြောင့် သူပုန်းအောင်းနိုင်တဲ့ နေရာတွေက မရှားပါဘူး။

"ခင်ဗျားဘယ်လောက်ကြာကြာ ပုန်းနိုင်မှာလဲ"

လင်းဟန်က မြားတစ်ချောင်းပြီး တစ်ချောင်း ပစ်လိုက်ပါတယ်။

ဟုစ် ဟုစ် ဟုစ်။

မူလစွမ်းအင်နဲ့ ထိမှန်သွားတဲ့ ကျောက်စိုင်ကျောက်ခဲတွေကြောင့် နေရာတစ်ခုလုံး မီးပွားတွေ တလက်လက် ထွက်ပေါ်လာခဲ့ပါတယ်။ ကံကောင်းတာက ဒီပတ်ဝန်းကျင်ဟာ အရမ်းကို ခိုင်မာမှု ရှိတာကြောင့်ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျောက်နံရံတွေက မြားတွေနဲ့ ထိမှန်သွားတဲ့ အချိန်မှာ တန်းပြီးတော့ အပေါက်တွေ အများကြီး ဖြစ်သွားပါလိမ့်မယ်။

အဘိုးကြီးက လင်းဟန်ရဲ့ အရှေ့မှာ ထွက်ပေါ်မလာဝံ့ပါဘူး။ အဲဒါက သူ့ကို အရမ်းပဲ ထိခိုက်နာကျင်မှုကို ခံစားစေပါတယ်။ သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်အဆင့်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူက ဒီလျှိုဝှက်ဆန်းကြယ်ဘုံထဲက ကျင့်ကြံသူတွေအထဲမှာ ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ သူက လင်းဟာန်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လို့တောင် မရရှိခဲ့ပါဘူး။

ဘာဖြစ်လို့ အခုလို ဖြစ်ရတာလဲ။

လင်းဟာန်က သူ့ဓားကို ကိုင်ပြီးတော့ အနီးအနားကို လျှောက်သွားလိုက်ပါတယ်။

"ခွေးအိုကြီး ကျုပ်နဲ့လာပြီးတော့ တိုက်ခိုက်လေ"

အဘိုးကြီးက လင်းဟာန်မြားပစ်တာကို ရပ်လိုက်တာ တွေ့တာနဲ့ နောက်တစ်ကြိမ် အလျင်အမြန် ထွက်ပြေးပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို ထုတ်ဖော်ပြီး တိုက်ခိုက်လိုက်တာနဲ့ သူ့ရဲ့စိတ်ထဲမှာ ချက်ချင်းဆိုသလို နာကျင်မှုဒဏ်ကို ခံစားရပြီး သူ့ကို တုံ့ဆိုင်းဆိုင်း ဖြစ်သွားစေခဲ့ပါတယ်။

ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က မျှော်လင့်ထား သလိုပါပဲ သူ့ရဲ့ခန္ဓာကိုယ်က လျှို့ဝှက်နည်းစနစ်တွေရဲ့ ဒဏ်ကို အဆပေါင်း ရာနဲ့ချီ ခံနိုင်ရည် ရှိပြီးတော့ အဘိုးကြီးရဲ့စိတ်ဝိညာဉ်က အရမ်းကို ခိုင်မာလွန်းပါတယ်။ လူငယ်တွေနဲ့ မတူတာက သူက မှင်တက်တွေဝေသွားခြင်း

မရှိခဲ့ပါဘူး။ ဒါကလည်း သူနဲ့ လင်းဟန်အကြားက ဝေးကွာတဲ့ အချက်နဲ့လည်း ပတ်သက်နေပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နည်းစနစ်ရဲ့ အကျိုးသက်ရောက်မှုက သေချာပေါက် ပိုပြီးတော့ အစွမ်းထက်ပါလိမ့်မယ်။

လင်းဟန်က လိုက်မှီလာပြီး သူ့ရဲ့ဓားနဲ့ ခုတ်ပိုင်းလိုက်ပါတယ်။

ဒါကအဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခုလည်း ဖြစ်ပါတယ်။ ပြီးတော့ သူက အသက်သွင်း ထားခဲ့ပြီး ဓားရဲ့ နတ်ဘုရား သင်္ကေတတွေက အရောင်တလက်လက် တောက်ပကာ အံ့သြဖွယ်ရာ အစွမ်းတစ်ခု ထုတ်လွှတ်လို့ နေပါတယ်။

အဘိုးကြီးမှာ လင်းဟန်နဲ့ အပြန်အလှန် တိုက်ခိုက်ဖို့ စိတ်ကူးမရှိပါဘူး။ အခုချိန်သူ့မှာ အတွေးတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ လျှို့ဝှက်ဆန်းကြယ်ဘုံကနေ ထွက်ပြီးတော့ လင်းဟန်ရဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းအကြောင်း လျှိုကလန်ကို အစီရင်ခံ တင်ပြဖို့ဖြစ်ပါတယ်။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ သူ့ရဲ့ဆွဲငင်အားရဲ့ နတ်ဘုရား သင်္ကေတတွေကို အသက်သွင်း လိုက်ပါတယ်။

လူတစ်ယောက် အရှိန်နဲ့ ပြေးနေတဲ့ အချိန်မှာ ရုတ်တရက် ဆွဲငင်အား တစ်ခု ရှိလာတာက အရမ်းကို ဆိုးဆိုးဝါးဝါး ဖြစ်စေပါတယ်။

လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့ဓားနဲ့ ခုတ်ချလိုက်ပါတယ်။ တောက်ပတဲ့ အလင်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။

လျှိုဂုက်ဆန်းကြယ်မှု သုံးထောင်။

အဘိုးကြီးက ရွေးချယ်စရာ မရှိတော့ပဲ အနောက်ကိုလှည့်ကာ သူ့ရဲ့ နတ်ဘုရားဓားနဲ့ ခုတ်ထုတ် လိုက်ပါတယ်။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ထက် မဆိုးဝါးပါဘူး။ ပြီးတော့ သူ့ရဲ့ အားကုန်တိုက်ခိုက်မှုနဲ့ သူဟာ လင်းဟန်ရဲ့ ထိန်းချုပ်မှုကို မခံရပါဘူး။ သူတောင်မှ အနည်းငယ် အားသာချက် ရှိပါတယ်။

တကယ်တော့ သူက လျှိုကလန်က အရင်းအမြစ်တွေ အများကြီးကို အသုံးပြုပြီးတော့ မြှင့်တင်ပေးခဲ့ရတဲ့ အထူးနောက်လိုက် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူက ခဏတောင် ခုခံနိုင်စွမ်း မရှိခဲ့ဘူးဆိုရင် သူက အမိုက်ကောင် ဖြစ်သွားပါလိမ့်မယ်။

"မင်းက တောင်မြစ်ကျောက်တုံးကို အသုံးပြုပြီးတော့ တန်ခိုးရှင်အဆင့်ကို အတင်းအကျပ် တက်ရောက်ခဲ့တာပဲ။ ပြီးတော့ မင်းက စည်းမျဉ်းစည်းကမ်းတွေကို ဘယ်လို ထိန်းချုပ်ရမလဲ ဆိုတာကို မသိဘူး"

အဘိုးကြီးက အရမ်းကို ရက်စက်ကြမ်းကြုတ်လာခဲ့ပါတယ်။ သူ့ရဲ့ဓားတိုက်ခိုက်ချက်တိုင်းက သေကွင်းသေကွက် နေရာတွေကိုပဲ အဓိကထား တိုက်ခိုက်နေပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စည်းမျဉ်းဥပဒေ စွမ်းအားက တိုက်ပွဲစွမ်းရည်ရဲ့ အစိတ်အပိုင်း တစ်ခုသက်သက်ပဲ။ ဒါပေမဲ့လည်း တိုက်ပွဲစွမ်းရည်က စည်းမျဉ်းဥပဒေ စွမ်းအားကို အကျိုးရှိရှိ အသုံးချသလိုမျိုး မရိုးရှင်းဘူး"

သူက အဘိုးကြီးကို သူ့ရဲ့ ဆွဲငင်အား နတ်ဘုရားသင်္ကေတတွေနဲ့ ဆက်ပြီးတော့ ဒုက္ခပေး နှောင့်ယှက်နေပြီး သူ့ရဲ့ လုပ်ရှားမှု နည်းစနစ်တွေနဲ့ သူ့ကို ဖိအားပေးတာကို ဆက်ပြီးတော့ ထိန်းညှိလိုက်ပါတယ်။

Chapter 974 end

အပိုင်း(975) မင်းကို ထင်ပေါ်ကျော်ကြားတဲ့ ဘဂတစ်ခုရဖို့ ငါအာမခံတယ်

လက်ရွေးစင်တွေ တိုက်ခိုက်တဲ့ အချိန်မှာ တစ်မီလီမီတာ ကွာဟချက် တစ်ခုက သေခြင်းနဲ့ ရှင်ခြင်း အကြားက ကွာခြားမှု ဖြစ်ပါတယ်။

လင်းဟန်ရဲ့ ခွန်အားက လျှိုကလန်ရဲ့ အဘိုးကြီးထက် သာလွန်နေတဲ့ အချက်က အလှည့်အပြောင်း ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေရဲ့ စွမ်းအားကို အသက်သွင်းလိုက်တဲ့ အချိန်မှာ အကျိုးသက်ရောက်မှုက ပေါ်လွင်လာခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့ အထွတ်အထိပ် ခွန်အားကြောင့်သာ မဟုတ်ဘူးဆိုရင် ရလဒ်တွေက လုံးလုံးလျားလျား ပြောင်းလဲသွားလိမ့်မှာ မဟုတ်ပါဘူး။

ပြောနေကျ စကားတစ်ခွန်း ရှိပါတယ်။ လုံလောက်တဲ့ စွမ်းအားသာရှိရင် နည်းစနစ်ပေါင်း အသင်္ချေကို အနိုင်ယူပစ်ပါလိမ့်မယ်။ လူတစ်ယောက်ရဲ့ စွမ်းအားက အတော်အတန်အဆင့် တစ်ခုကို ရောက်သွားတဲ့ အချိန်မှာ နည်းစနစ် အမျိုးအစား အားလုံးဟာ အဓိပ္ပါယ် ကင်းမဲ့သလို ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်ရဲ့ စွမ်းအားက အဲဒီလောက် အထင်ကြီးစရာ မကောင်းသေးပေမဲ့ လျှိုကလန်က အဘိုးကြီးရဲ့ လှုပ်ရှားမှုတွေ အပေါ်မှာ အကျိုးသက်ရောက်မှုရှိဖို့ လိုတာထက် ပိုနေပါသေးတယ်။

"ရွံ့စရာကောင်းတဲ့ ကောင်စုတ်"

အဘိုးကြီးက အကြိမ်တော်တော်များများ ခုတ်ခံလိုက်ရပြီး သူ့ရဲ့ ခေါင်းက ဆံပင်ဖြူတွေက လေထဲမှာ လွင့်မျောနေသလို ဖြစ်နေပြီး အရမ်းကို ဖိုသီဖတ်သီပုံစံ ဖြစ်ပေါ်နေပါတယ်။

"မင်းက လျှိုကလန်ကို အပြစ်ပြုခဲ့တယ်။ မင်းက သေချာပေါက် ဆိုးဆိုးဂါးဂါး သေရလိမ့်မယ်။ မင်းအပြင် မင်းရဲ့ မိဘတွေတောင် အသတ်ခံရလိမ့်မယ်။ မင်းရဲ့ မိန်းမကို ပျော်တော်ဆက် ခိုင်းပြီးတော့ မင်းရဲ့ မျိုးဆက်တွေကို ထာဝရ ကျွန်တွေဖြစ်စေလိမ့်မယ်"

"လျှိုကလန်က နစ်သန်းနဲ့ချီပြီးတော့ တည်ရှိခဲ့တဲ့ ကလန်တစ်ခုပဲ။ ကမ္ဘာငယ်လေး တစ်ခုက မင်းလို ခွေးကောင်တစ်ယောက်ကြောင့် ယိမ်းယိုင်သွားစေနိုင်မဲ့ အင်အားစု တစ်ခု မဟုတ်သလို မင်းစိန်ခေါ်နိုင်မဲ့ အင်အားစု တစ်ခုလည်း မဟုတ်ဘူး"

လင်းဟန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို အေးစက်သွားခဲ့ပါတယ်။

"လျှာစောင်းထက်နေတယ်ပေါ့"

လင်းဟန်က နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုဆီသို့ တိုက်ကွက်ကို ထုတ်ဖော်လိုက်ပြီး ထူထပ်တဲ့ ဓားအလင်းတန်း တစ်ခုက ချက်ချင်းဆိုသလို အဘိုးကြီးဆီကို ပြေးဝင်ခုတ်ချ လိုက်ပါတယ်။

သူ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေတဲ့ အချိန်တုန်းက ဒီတိုက်ကွက် မထုတ်ဖော်ခင်မှာ အချိန်အနည်းငယ် ယူပြီးတော့ သူ့ရဲ့ မူလစွမ်းအင်ကို သိပ်သည်းစေဖို့ လိုအပ်ခဲ့ပါတယ်။ အခုတော့ သူက စိတ်တိုင်းကျ အသုံးပြု နေနိုင်ပါပြီ။ ဒါက ဘာကိုဆိုလိုတာလဲဆိုတော့ ဒီနည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသိုင်းကွက်ဟာ သူ့ရဲ့မူလစွမ်းအင် အများကြီး မကုန်ဆုံးစေတော့ပါဘူး။ ဒါကြောင့်သူက စိတ်တိုင်းကျ ထုတ်ဖော်နိုင် လာပါပြီ။

တချိန်တည်းမှာပဲ ဒီနည်းစနစ်ရဲ့ စွမ်းအားကလည်း အားပျော့လာတယ်လို့ ဆိုလိုပါတယ်။ ဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ဒါက နေလအဆင့်ရဲ့ ဓားသိုင်းပညာ တစ်ခုပဲ ဖြစ်ပါတယ်။ ဘယ်လောက်ထိ အစွမ်းထက်နိုင်မှာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် ဒီတိုက်ခိုက်မှုရဲ့ စွမ်းအားက အထင်ကြီးစရာ ကောင်းနေဆဲပါပဲ။ အဲဒါက လင်းဟာန်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ငါးလုံး အဆင့်ထိ တိုးမြှင့်ပေးနိုင်ခဲ့ပါတယ်။

ထန် ထန် ထန်။

အဘိုးကြီးရဲ့ အမူအရာက မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာ ထိမှန်ခံရပြီးတဲ့နောက်မှာ ပြောင်းလဲသွားခဲ့ပါတယ်။

"မင်း မင်းက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ပဲ"

သူက အံ့အားသင့်ပြီး အထစ်အထစ်နဲ့ ပြောလိုက်ပါတယ်။

သူက လင်းဟာန်ထက် အဆင့်သေးလေး တစ်ဆင့် ပိုမြင့်ပြီး သူကိုယ်တိုင်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက အခုလင်းဟာန်နဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အချိန်မှာ နည်းနည်းလေးမှတောင် အသာစီး မရယူနိုင်ပဲ လက်ရည်တူလောက်ပဲ ရှိပါတယ်။ ဒါကြောင့် ဖြေရှင်းချက် တစ်ခုပဲ ရှိပါတယ်။ အဲဒါက သူ့ပြိုင်ဘက်ဟာ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ပဲ ဖြစ်ပါတယ်။

ဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်တောင်

ကြယ်လေးပွင့် ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မ တစ်ယောက်ပဲ ဒဏ္ဍာရီအဆင့်ဖြစ်တဲ့ ကြယ်ငါးပွင့် ပါရမီရှင် အဆင့်ကို ရောက်ရှိခဲ့ပါတယ်။ ဒီလိုမျိုး ရန်သူကို သူ့အနေနဲ့ သေချာပေါက် အစွမ်းမထက်လာခင် အမြစ်ဖြတ် သုတ်သင်ပစ် ရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လျှိုကလန်က ငရဲမှာ ထာဝရ သစ်ငုတ်တို တစ်ခုအဖြစ် ရှိနေပါလိမ့်မယ်။

"ကြယ်ငါးပွင့်လား"

လင်းဟန်က သရော်လိုက်ပါတယ်။ သူက အဆုံးမဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ဒီအဘိုးကြီး ထိတ်လန့်တုန်လှုပ်သွားဖို့ မထုတ်ဖော်ခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအဘိုးကြီးက ထိတ်လန့်တုန်လှုပ်မှုကြောင့် မူးမေ့လဲကျသွားနိုင်ပါတယ်။

ဒါပေမဲ့လည်း လျှို့ဂှက်နည်းစနစ်တွေက အဆင့်တွေကြောင့် အားလုံးတားမြစ်ပိတ်ဆို့ ခံထားရပါတယ်။ ဥပမာ။ မူလအနက်ရောင် သုံးဟန်သိုင်းကွက်ကို အစချိန် သူအသုံးပြုလိုက်ရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်ပွင့်ပဲ မြှင့်တင်ပေးနိုင်ပါမယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို သူရောက်တဲ့ အချိန်ကျရင် ဒီနည်းစနစ်ရဲ့ အစွမ်းက အတော်လေးကို လျော့ကျသွားမှာ

ဖြစ်ပြီးတော့ အခုလိုမျိုး တူညီတဲ့ အကျိုးသက်ရောက်မှု ရှိတော့မှာ မဟုတ်ပါဘူး။

ဒါကြောင့် စွမ်းအားကပဲ ထာဝရ ဖြစ်ပြီးတော့ စွမ်းအား တစ်ခုကပဲ အကြီးမြတ်ဆုံး ဖြစ်ပါတယ်။

လင်းဟန်က သူ့စိတ်ထဲမှာ ခေါင်းညိတ်လိုက်ပါတယ်။ သူ့ရဲ့ စွမ်းအားကို စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးထိ မြှင့်တင်ပြီးတဲ့နောက်မှ အဆင့်တက်ဖို့ ပညာပါပါ ဆုံးဖြတ်ခဲ့မှုကြောင့် ဖြစ်ပါတယ်။

သူက သူ့ရဲ့ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေနဲ့ အဘိုးကြီးကို အဆက်မပြတ် ဒုက္ခပေးပြီးတော့ နေရာတစ်ခုလုံးကို ခလုတ်တိုက်မိပြီး လျှောက်သွားအောင် ဖြစ်စေခဲ့ပါတယ်။ အဲဒါကြောင့်ပဲ အဘိုးကြီးရဲ့ တိုက်ပွဲစွမ်းရည်ကို သိသိသာသာ ယုတ်လျော့ကျစေခဲ့ပါတယ်။

လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်မှ ရန်သူတွေကို အနိုင်ယူဖို့ တစ်ခုတည်းသော နည်းလမ်း မဟုတ်ပါဘူး။ ရန်သူကို အားနည်းအောင် လုပ်တာကလည်း အကောင်းဆုံး နည်းဗျူဟာ တစ်ခုပဲ ဖြစ်ပါတယ်။ ဥပမာ လျိုကာလန်ရဲ့ လူလေးယောက် ရှိနေချိန်တုန်းက သားရဲဘုရင်ကို ကြက်သွေးရောင်

မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်နဲ့အတူ အားနည်းအောင်လုပ်ဖို့ စီစဉ်ထားခဲ့တယ် မဟုတ်လား။ သူတို့က သူတို့ပြိုင်ဘက်ရဲ့ တိုက်ပွဲစွမ်းရည်ကို သူတို့နဲ့ တူညီတဲ့ အဆင့်ထိ လျော့ကျအောင် ဆွဲချချင်ခဲ့ပါတယ်။ အဲဒီနောက် သူတို့ရဲ့ များပြားတဲ့ အတွေ့အကြုံကို အသုံးချပြီး သားရဲဘုရင်ကို အနိုင်ယူချင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း သူတို့သတိမပြုမိတဲ့ အချက်က ချော်ရည်သားရဲဘုရင်ဟာ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိနေပြီ ဆိုတာပါပဲ။ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်နဲ့တောင် သူတို့တွေက ရှုံးနိမ့်သွားပါလိမ့်မယ်။

လှိုက္ကလန်ရဲ့ အဘိုးကြီးက လင်းဟာန်ရဲ့ မရပ်မနား တိုက်ခိုက်မှုတွေရဲ့အောက်မှာ ဒဏ်ရာတွေ ပိုပိုရလာခဲ့ပါတယ်။ နောက်ဆုံးမှာ လင်းဟာန်ရဲ့ဓားက သူ့ရဲ့နှလုံးသားကို ထိုးစိုက်သွား ခဲ့ပါတယ်။

အဘိုးကြီးက ဓားသွားကို ဆုပ်ကိုင်ပြီး သူ့မျက်လုံးတွေက အမုန်းတရားတွေနဲ့ ပြည့်နှက်နေပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟားဟား ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်တာက ကောင်းတဲ့အရာ တစ်ခု မဟုတ်ဘူး။ တကယ်လို့ တခြားသူတွေက ဒီအကြောင်းကို သိသွားမယ်ဆိုရင် မရေမတွက်နိုင်တဲ့ လူတွေက

မင်းကိုပစ်မှတ်ထားပြီး သတ်ပစ်ဖို့ ကြိုးစားလာကြလိမ့်မယ်။ ငါမင်းကို ငရဲကနေ စောင့်နေမယ် ဟားဟားဟားဟား”

အဘိုးကြီးက လင်းဟန်ကို ခြိမ်းခြောက်ပြောဆိုပြီးတဲ့ နောက်မှာ သူ့ရဲ့ နောက်ဆုံးထွက်သက်ကို ရှူထုတ်လိုက်ပါတယ်။

လင်းဟန်က သူ့ဓားကို အသာလေး လှုပ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲ ပြန်သိမ်းထား လိုက်ပါတယ်။

“ခင်ဗျားစိတ်ပူနေစရာ မလိုပါဘူး”

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

“ကျုပ် လုံလောက်အောင် အစွမ်းထက်လာတဲ့ အချိန်ကျရင် လှိုကလန်ကို အရင်ဆုံး အစုလိုက် အပြုံလိုက် သတ်ဖြတ်ပြီးတော့ သူတို့တွေကို ခင်ဗျားနဲ့ ပေါင်းဆုံခွင့် ပေးပါမယ်”

လှိုကလန် အဖွဲ့ဝင်တွေ လေးယောက်ရဲ့ သိုလှောင်ပစ္စည်းတွေကို သိမ်းယူလိုက်ပါတယ်။ အဲဒီမှာ အစစ်အမှန် မူလကျောက်တုံး ရာနဲ့ချီ ရှိနေပြီးတော့ သာမန်တောင်မြစ်ကျောက်တုံး တစ်တုံးလည်း အထဲမှာ ရှိနေပါတယ်။ သူက စိတ်ပျက်လက်ပျက်နဲ့ သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့မှာတောင် ထူးခြားတဲ့ စွမ်းရည်နဲ့ တောင်မြစ်ကျောက်တုံး ဆယ်တုံး ရှိပါတယ်။

သူက လိုဂ်ဂူရဲ့ အထဲကို ပြန်ဝင်လာပြီးတော့ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ယူလိုက်ပါတယ်။ ဒါက ရန်သူတစ်ယောက်ရဲက ကျင့်ကြံခြင်း အဆင့်ကို အားနည်းစေနိုင်တဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒီပစ္စည်းမှာလည်း သူ့ရဲ့ စွမ်းဆောင်နိုင်ရည်တွေက အကန့်အသတ် ရှိပါလိမ့်မယ်။ နေလအဆင့် လက်ရွေးစင်တွေနဲ့ ရင်ဆိုင်တဲ့ အခါမှာ အလုပ်ဖြစ်မှာတဲ့လား။

"ဒါနဲ့ဆိုရင် ပြင်းထန်အဆင့်မြင့်က လက်ရွေးစင်တွေကိုတောင် ငါလွယ်လွယ်နဲ့ ထိန်းချုပ်နိုင်မယ်"

လင်းဟန်က သူ့ရဲ့ အာရုံကို မည်းနက်နေတဲ့ ကျောက်တုံးကြီး အပေါ်ကို ပြောင်းသွားခဲ့ပါတယ်။ ဒီကျောက်တုံးကြီးက ဒီပတ်ဂန်းကျင်မှာ မျက်စိ စပါးမွေးစူးစရာ တစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ အာရုံကို ဆွဲဆောင်သွားခဲ့တာပါ။ နောက်ပြီး ချော်ရည်သားရဲဘုရင်က ဘာဖြစ်လို့ အဲဒီအပေါ်မှာ လဲလျောင်းနေရတာလဲ။ တောင်မြစ်ကျောက်တုံးတွေကရော ဘာဖြစ်လို့ အဲဒီအပေါ်မှာ ထွက်ပေါ်လာရတာလဲ။

သူက ကျောက်တုံးကို မဖို့ကြိုးစားကြည့်ပေမဲ့ မအောင်မြင်ခဲ့ပါဘူး။

"ဒါက မြေကြီးနဲ့ တစ်သားတည်း ဖြစ်နေတာ မဟုတ်ဘူးဆိုရင် သူ့မှာ အရမ်းကို အံ့အားသင့်စရာ ကောင်းလှတဲ့ အလေးချိန်တစ်ခု ရှိနေတာလား"

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံနဲ့ ကျောက်တုံးမည်းကြီးကို ရစ်ပတ်ဖို့ ကြိုးစားကြည့် လိုက်ပါတယ်။ သူအောင်မြင်တာနဲ့ ဒီကျောက်တုံးမည်းကြီး ဘယ်လောက်ပဲ အလေးချိန်ရှိရှိ သူ့ကို အနက်ရောင် မှော်စင်ထဲကို ထည့်သွင်းနိုင်ပါလိမ့်မယ်။

ဒီနေရာရဲ့ ပတ်ဝန်းကျင်က အရမ်းကို ဆိုးဝါးပေမဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို လုံးဝ အကျိုးသက်ရောက်မှု မရှိပါဘူး။ ဒါပေမဲ့လည်း သူရဲ့ နတ်ဘုရားအာရုံက ဒီလိုမျိုး အစွမ်းထက်တဲ့ အဆင့်တစ်ခုကို မရောက်ရှိသေးပါဘူး။ ပြီးတော့ မြေအောက်ထဲက နက်ရှိုင်းတဲ့ ပူပြင်းတဲ့ ချော်ရည်ထဲကို ထိတွေ့မိသွားတဲ့ အချိန်မှာ အပူဟပ်ပြီးတော့ ပြင်းထန်တဲ့ နာကျင်မှု ဒဏ်ကို ခံလိုက် ရပါတယ်။ သူက ချက်ချင်းပဲ သူ့ရဲ့ နတ်ဘုရား အာရုံကို ပြန်ရုပ်သိမ်းလိုက်သလို ခံစားလိုက် ရပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ဒီလှုံ့ဆော်မှုကို အတင်းအကျပ် ထိန်းချုပ်ပြီး သူ့ရဲ့ နတ်ဘုရား အာရုံကို ဆက်လက်ဖြန့်ကျက်လိုက်ပါတယ်။

သူ့ရဲ့ နတ်ဘုရားအာရုံက ဖြည်းဖြည်းချင်း ပျံ့နှံ့လာခဲ့ပါတယ်။ မိနစ်သုံးဆယ် ကြာပြီးတဲ့နောက် သူ့မျက်နှာပေါ်မှာ အပြုံးတစ်ချက် လက်သွားခဲ့ပါတယ်။

ဟုမ်း။

အနက်ရောင် ကျောက်တုံးကြီးက ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

မြေကြီးပေါ်မှာ နှစ်ဆယ့်တစ် မီတာလောက် နက်ရှိုင်းတဲ့ ချိုင့်ကြီးတစ်ခု ဖြစ်ပေါ်လာတာကို တွေ့လိုက်ရပါတယ်။ အဲဒီအောက်ခြေမှာ အနက်ရောင်တစ်ခု ဝေ့လည်နေပြီး ရေလား သတ္တုလား ဒါမှမဟုတ် တစ်ခုခုလား ဆိုတာကို ရှင်းရှင်းလင်းလင်း မတွေ့မြင်ရပါဘူး။ ရှင်းရှင်းလင်းလင်း သိရတာ တစ်ခုက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ထူးခြားတယ် ဆိုတာပါပဲ။

လင်းဟန်က ချိုင့်ကြီးထဲကို ကျောက်တုံးတစ်တုံး ပစ်ချလိုက်ပါတယ်။

ဟုန်း။

ကျောက်တုံးက ချက်ချင်းဆိုသလို မုန့်မုန့်ညက်ညက်ကြေအောင် ပေါက်ကွဲသွားခဲ့ပါတယ်။

လင်းဟန်က မှင်တက်သွားခဲ့ပါတယ်။ တစ်ခုသတိပြုမိ ရမဲ့အချက်က ဒီနေရာမှာရှိတဲ့ တောင်တွေနဲ့ ကျောက်တုံးတွေက အရမ်းကို ခိုင်ခံ့ပါတယ်။ အနည်းဆုံး သူ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှုတွေနဲ့ ဒီကျောက်တုံး ကျောက်စိုင်တွေ အပေါ်ကို တိုက်ခိုက်မယ်ဆိုရင် မီးပွားတွေ ထွက်လာအောင်ပဲ ဖန်တီးနိုင်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ ကျောက်တုံးက မုန့်မုန့်ညက်ညက် ကြေသွားခဲ့ပါပြီ။

ဒီဟာရဲ့ ဖျက်ဆီးခြင်း စွမ်းအားက ကြောက်စရာ ကောင်းလှချည်လား။

ဟုမ်း။

အဲဒီအချိန်မှာ အံ့အားသင့်စရာကောင်းတဲ့ မြင်ကွင်းတစ်ခုက ရုတ်တရက် ဖြစ်ပေါ်လာခဲ့ပါတယ်။ အနက်ရောင် မျက်နှာပြင်အောက်ကနေ လူသားမျက်နှာတစ်ခုက ပေါလောပေါ်ထွက် လာခဲ့ပြီး အနက်ရောင် မျက်နှာပြင်က တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလောက်အောင် ပြောင်းလွယ်ပြင်လွယ်တဲ့ အစွမ်းကို ပိုင်ဆိုင်ထားပုံ ရပါတယ်။ ဘယ်လောက်ပဲ ဆွဲဆန့် ဆွဲဆန့် လုံးဂကို ပျက်စီးမဲ့ပုံစံမျိုး မဟုတ်ပါဘူး။

မျက်နှာပေါ်လာတာက အရမ်းကို သမာရိုးကျ ဆန်ပေမဲ့ နှာခေါင်း ပါးစပ်နဲ့ မျက်လုံးတွေ ပါရှိပြီး အရမ်းကို ကြီးမားလွန်းပါတယ်။

အနက်ရောင် ကျောက်တုံးဟာ အရင်တုန်းကဆိုရင် ဘယ်လောက်တောင် ကြီးမားလိုက်မလဲ။

ဒီမျက်နှာက အဲဒီကျောက်တုံးထက် နည်းနည်းလေးပဲ သေးငယ်တာပါ။ ဒီလူရဲ့ ခန္ဓာကိုယ် အရွယ်အစားက ဘယ်လောက်တောင် အံ့အားသင့်စရာ ကောင်းလိုက်မလဲ ဆိုတာကို ခန့်မှန်းကြည့်ဖို့ ခက်ခဲပါလိမ့်မယ်။

ဘာမှန်းမသိတဲ့ အလွှာတစ်ခုက သူတို့ကို ခွဲခြားထားတာတောင် လင်းဟန်အနေနဲ့ အဲဒီမျက်နှာက ထုတ်လွှတ်တဲ့ အံ့သြဖွယ်ရာ အရှိန်အဝါကို အာရုံခံလို့ ရနေဆဲပါပဲ။ ဒီခံစားချက်က သူ့ရဲ့ စိတ်ဝိညာဉ်ကို တုန်လှုပ်ချောက်ချားလုနီးပါး ဖြစ်စေပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။

"ဒီလူက နေလအဆင့်ထက် သေချာပေါက် သာလွန်ပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်တောင် ဖြစ်နိုင်တယ်"

လင်းဟန်က ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။ ဒီကျောက်တုံးနက်ကြီးကို ဒီနေရာမှာ ဒီအတိုင်း

အလှကြည့်ဖို့သက်သက် ထားထားတာ မဟုတ်ပါဘူး။ အဲဒီအစား ဒီလှောင်အိမ် ဒါမှမဟုတ် လမ်းကြောင်း တစ်ခုခုကို ဖိနှိပ်ထိန်းချုပ်ထားဖို့ ဒီနေရာမှာ ထားရှိထားပုံ ရပါတယ်။

ကိုးမီတာနီးပါး ကျယ်လာပြီးတဲ့နောက်မှာ မျက်နှာက သူ့ရဲ့အကန့်အသတ်ကို ရောက်ရှိသွားခဲ့ပုံ ရပြီးတော့ ဆက်လက်မကြီးထွား လာတော့ပါဘူး။ မျက်နှာက ပြုံးပြီးတော့ စတင်စကား ပြောလိုက်ပါတယ်။ ဒါပေမဲ့ အသံတော့ ထွက်မလာခဲ့ပါဘူး။

ဒါပေမဲ့လည်း ခဏအကြာမှာ အသံတစ်သံက လင်းဟန်ရဲ့ စိတ်ထဲမှာ ကြားလိုက်ရပါတယ်။

"အဆင့်နိမ့် လူသား ငါ့ကို ဒီလမ်းကြောင်းပွင့်အောင် ကူညီပေးရင် မင်းရဲ့ ဘဂမှာ အောင်မြင်မှုတွေနဲ့ ပြည့်စုံဖို့ ငါအာမခံတယ်"

လင်းဟန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက အကူအညီတောင်းတာလား"

Chapter 975end

အပိုင်း(976) နတ်ဆိုးအရှင်သခင် ကျန်းရီ

လင်းဟန်မှာ သူ့ရဲ့ နတ်ဘုရား အာရုံကို အနက်ရောင် မျက်နှာပြင်ကို ထိုးဖောက်အောင် လုပ်နိုင်မဲ့ စွမ်းရည်မျိုး မပိုင်ဆိုင်ထားပါဘူး။ ဒီနေရာက ကျောက်တုံးတွေလိုမျိုး လွယ်လွယ်နဲ့ ဖျက်ဆီးနိုင်တဲ့ မျက်နှာပြင် တစ်ခုမဟုတ်သလို သူ့ရဲ့ နတ်ဘုရား အာရုံကလည်း အဲဒီအထဲကို ဝင်ပြီးတော့ ဆက်သွယ်နိုင်လို့ မရပါဘူး။

ဒီအချက်ကိုကြည့်ရင် သူနဲ့ ဆန့်ကျင်ဘက်မှာရှိတဲ့လူက ဘယ်လောက်တောင် အစွမ်းထက်မြက်သလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

ဒါပေမဲ့လည်း အဲဒီလူက သူ့ဘက်ကို ဖြတ်ကျော်မလာနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ကို အစကတည်းက သွေးဆောင်ဖြားယောင်းပြီး သိမ်းသွင်းမှု ပြုလုပ်လိမ့်မှာ မဟုတ်ပါဘူး။

"အဆင့်နိမ့် လူသား ငါဘယ်သူလဲ ဆိုတာကို မင်းသိရဲ့လား"

မျက်နှာက သူ့ပါးစပ်ကို ဟကာ စကားပြောပေမဲ့ အသံက ခဏအကြာမှပဲ လင်းဟန်ရဲ့ စိတ်ထဲကို ဝင်လာခဲ့ပါတယ်။

"ငါ့အတွက် ဒီလမ်းကြောင်းကို ဖွင့်ပေးစမ်း။ ငါမင်းကို နိုင်ငံတစ်ခုရဲ့ အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာဖို့ အာမခံတယ်"

လင်းဟန်က ဒီလူ့အကြောင်းကို အရမ်းစိတ်ဝင်စား သွားခဲ့ပါတယ်။

"အိုး ခင်ဗျားက ဘယ်သူလဲ"

သူ့အသံနဲ့ နတ်ဘုရား အာရုံက ဆန့်ကျင်ဘက် အရပ်ဆီကို ဖြတ်သွားနိုင်စွမ်း မရှိပါဘူး။ သူနဲ့ ဆန့်ကျင်ဘက်မှာရှိတဲ့ အဲဒီလူကတော့ အရမ်းကို အစွမ်းထက်ပြီး သူ့ရဲ့ စကားလုံး အဓိပ္ပါယ်ကို ဖော်နိုင်စွမ်း ရှိပါတယ်။

"ငါက ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး လူတွေထဲက တစ်ယောက်ပဲ။ မင်းကငါ့ကို နတ်ဆိုးအရှင်သခင် ကျွန်းရီလို့ ခေါ်နိုင်တယ်"

လင်းဟန်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

"ခင်ဗျားက မြေအောက်ကမ္ဘာကလား"

ယေဘူယျအားဖြင့် ပြောရမယ်ဆိုရင် မြေအောက်ကမ္ဘာက လူတွေပဲ သူတို့ကိုယ်သူတို့ နတ်ဆိုးတွေလို့ သုံးနှုန်းပြောဆို တတ်ကြပါတယ်။ မြေအောက်ကမ္ဘာမှာ နတ်ဆိုးတွေက ရက်ဖွယ်ကောင်းတဲ့ ယုတ်ညံ့မှု မဟုတ်ပါဘူး။ အဲဒါက စွမ်းအားရဲ့ သင်္ကေတ တစ်ခုဖြစ်ပြီး နတ်ဆိုးဆိုတဲ့ ခေါင်းစဉ်က နတ်ဘုရားတွေလိုမျိုး

ပြုမှုဆက်ဆံရပါတယ်။ ဒါကြောင့် နတ်ဆိုး အရှင်သခင်ဆိုတာက ဘယ်လိုအဆင့်မျိုးလဲ။

လင်းဟန်က မသေချာပါဘူး။ ဒါပေမဲ့ သူသိတာက ဒီနတ်ဆိုးအရှင်သခင် ကျန်းရီဟာ ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မထက်တောင် ပိုပြီးတော့ အစွမ်းထက်နိုင်ချေ ရှိပါတယ်။

ဒဏ္ဍာရီတွေအရ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံကို မူလဇာစ်မြစ်အဆင့် မဟာလက်ရွေးစင် တစ်ယောက်က ဖန်တီးထားတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတည်နေရာက တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာ နှစ်ခုအကြားက အားနည်းချက် တစ်ခုအရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။ ဒီနေရာက ဘုံနှစ်ခုအကြားက လမ်းကြောင်းတစ်ခု အဖြစ်ကို ပြောင်းလဲပြီးတော့ ဖွင့်လို့ ရနိုင်ချေ ရှိပါတယ်။

"တကယ်လို့ ဒီလိုသာဆိုရင် ဒီအနက်ရောင် မျက်နှာပြင်က တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာ နှစ်ခုအကြားက အတားအဆီးများ ဖြစ်နေမလား"

"ဟားဟားဟား အမှန်ပဲ။ ငါက မြေအောက်ကမ္ဘာမှာ ပင်လယ်တွေနဲ့ လှိုင်းတွေကို အမိန့်ပေးနိုင်တဲ့ လက်ရွေးစင် တစ်ယောက်ပဲ။ လူသား ငါ့ကိုကူညီပြီး ဒီလမ်းကြောင်းကို မြန်မြန်ဖွင့်ဖို့ ကူညီပေး။ မင်းကို

နတ်ဆိုးအစေခံ တစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်ကို ပေးအပ်မဲ့အပြင် အထွတ်အထိပ် နတ်ဆိုး ပညာရပ်တွေကိုတောင် မင်းကို ချီးမြင့်မြှောက်စားပေးမယ်"

နတ်ဆိုးအရှင်သခင် ကျန်းရီက သွေးဆောင်ဖြားယောင်း လိုက်ပါတယ်။

"ခင်ဗျားက မကောင်းဆိုးဝါး ပညာရပ်တွေကို လေ့ကျင့်ပြီးတော့ ဉာဏ်တုံးလာတာလား"

လင်းဟန်က ပြက်ရယ်ပြုလိုက်ပါတယ်။

"ခင်ဗျား အဲဒီဘက်ခြမ်းမှာ ဆက်နေတာက ပိုကောင်းမယ်လို့ ကျနော်ထင်တယ်"

"လူ သား"

နတ်ဆိုးအရှင်သခင် ကျန်းရီက အော်ဟစ်လိုက် ပါတယ်။

"ဒီအတားအဆီးက ငါ့ကိုကြာကြာ မထိန်းနိုင်ပါဘူး။ အနည်းဆုံး နှစ်ပေါင်းရာဂဏန်း ဒါမှမဟုတ် ထောင်ဂဏန်းလောက်ပဲ ဖြစ်မှာပေါ့။ ငါမင်းကို အောင်မြင်မှုတွေ ဂေဆာမဲ့ အနာဂတ် တစ်ခုကို ရအောင်လို့ အခွင့်အရေး ပေးခဲ့တယ်။ မင်းက ရှုးမိုက်ပြီးတော့ ငါ့ကို ငြင်းပယ်ခဲ့တယ်ပေါ့။ ငါ ချိုးဖျက်ပြီး ထွက်လာတဲ့ အချိန်ကျရင်

မင်းကို နတ်ဆိုးအကျဉ်းထောင် တစ်ခုထဲ ပစ်ထည့်ပြီး သည်းမခံနိုင်တဲ့ ညှင်းပန်းနှိပ်စက်မှုတွေ ခံစားစေမယ်"

"ကျုပ် ခင်ဗျားကို စောင့်နေပေ့ါမယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"နောက်ပြီး ခင်ဗျားက ဘယ်လိုနတ်ဆိုး အရှင်သခင်မျိုးလဲ။ ခင်ဗျားက ကျုပ်လို တောင်မြစ်အဆင့်ရဲ့ အဆင့်အနိမ့်ဆုံးမှာရှိတဲ့ လူတစ်ယောက်ကိုတောင် ခြိမ်းခြောက်နေတယ်။ ကျုပ်ကိုယ်ကျုပ် အရမ်းကို ဂုဏ်ယူမိသွားပြီ"

နတ်ဆိုးအရှင်သခင် ကျန်းရီက ဘာပြောလို့ ပြောရမယ်မှန်း မသိဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူက ဒီလိုမျိုး ချည်နှောင်ဖွဲ့ မခံထားရဘူးဆိုရင် သူ့အနေနဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို အကူအညီတောင်းဖို့ လိုအပ်မှာတဲ့လား။ သူက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"လူသား ဒါက မင်းရဲ့ နောက်ဆုံးအခွင့်အရေးပဲ။ မင်းရဲ့ကိုယ်ပိုင် အနာဂတ်ကို မဖျက်ဆီးပစ်လိုက်နဲ့"

ဒီလူရဲ့ အကြောင်းကို လေ့လာပြီးတဲ့နောက်မှာ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ သူ့ကို ကူညီပေး နိုင်မှာလဲ။ သူက

အနက်ရောင် မျှော်စင်ရဲ့ အတွင်းပိုင်း ကမ္ဘာထဲကို သူ့အာရုံ ပြောင်းလိုက်ပြီး အဲဒီမှာ သူက အနက်ရောင် ကျောက်တုံးရဲ့ အောက်ခြေပေါ်က အရမ်းကို ရှုပ်ထွေးတဲ့ နတ်ဘုရား သင်္ကေတတွေကို တွေ့မြင်နိုင်ပါတယ်။

"ဒီနေရာကို ထိန်းချုပ်နိုင်စွမ်း ရှိနေတာ အံ့ဩစရာ မရှိတော့ဘူး"

လင်းဟန်က အရမ်းကြီး လောဘမကြီးပုံ့ပါဘူး။ အတွေးတစ်ချက်နဲ့ အနက်ရောင် ကျောက်တုံးက လေထဲမှာ ပေါ်လာပြီး ချိုင့်ကြီးပေါ်ကို ကျဆင်းလာခဲ့ပါတယ်။

နတ်ဆိုးအရှင်သခင် ကျန်းရီရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တွေ ဖြတ်သွားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ အမူအရာကို ကျောက်တုံးနက်ကြီးက အလျင်အမြန်ပဲ ပိတ်ဆို့တားဆီး သွားခဲ့ပါတယ်။

ပုန်း။

အနက်ရောင် ကျောက်တုံးက နတ်ဆိုးအရှင်သခင် ကျန်းရီရဲ့ မျက်နှာကို အတင်းအကျပ် ဖိအားပေးပြီး အနောက်ကို တွန်းထုတ်ပစ်လိုက်ပါတယ်။ ချိုင့်ကြီးက မြင်ကွင်းကနေ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

“မဟုတ်ဘူး”

နတ်ဆိုးအရှင်သခင် ကျန်းရီရဲ့ အသံက လင်းဟန်ရဲ့စိတ်ထဲမှာ ပဲ့တင်ထပ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒါ အချိန်ခဏလေးပဲ ကြာပါတယ်။ အဲဒါကို ကြည့်ခြင်းဖြင့် အနက်ရောင် ကျောက်တုံးမှာ ထူးခြားတဲ့ ဖိနှိပ်ထိန်းချုပ်မှု စွမ်းရည်တစ်ခု ပိုင်ဆိုင်ထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟန်က ထိုင်ချပြီးတော့ ခဏလောက် စဉ်းစားလိုက်ပါတယ်။ အဲဒီနောက် သူက ပြန်ထ လိုက်ပါတယ်။

တကယ်လို့ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက ဘုံနှစ်ခု အကြားက ဆက်သွယ်ထားတဲ့ လမ်းကြောင်းကို ဖိနှိပ်ထိန်းချုပ်ဖို့ တည်ရှိတာဆိုရင် ဘာဖြစ်လို့ လူတွေကို ပေးဝင်နေသေးလဲ။ နောက်ပြီး ဒီနေရာမှာ အရမ်းကို တန်ဖိုးရှိတဲ့ တောင်မြစ်ကျောက်တုံးတွေတောင် ရှိနေပါတယ်။ မတော်တဆ လူတွေက ဒီနေရာကို ရောက်လာနိုင်တယ် မဟုတ်လား။

ဒါပေမဲ့လည်း တကယ်လို့ ဒါက ဝင်လို့မရနိုင်တဲ့ လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုအဖြစ်နဲ့ တည်ရှိမယ်ဆိုရင် လူတွေအနေနဲ့ အထဲကို သူတို့ရဲ့ စွမ်းအားတွေနဲ့ ချိုးဖျက်ဝင်ရောက်ဖို့ အရာအားလုံးကို ကြိုးစားပါလိမ့်မယ်။

တကယ်တော့ လူသားတွေမှာ ထူးဆန်းတဲ့ အကြောင်းပြချက်တွေ အများကြီး ရှိပါတယ်။ သူတို့တွေက ဂင်ခွင့်တားမြစ်ထားတဲ့ နေရာတွေကို ပိုပြီးတော့ ဂင်ရောက်ချင်တတ် ကြပါတယ်။

နောက်ပြီးတော့ ဒီနေရာကို သူ့အချိန်နဲ့သူ ဖွင့်လှစ်ပြီး အမြင့်ဆုံး အဆင့်ကိုလည်း တောင်မြစ် အဆင့်ရဲ့ ကနဦးအဆင့်အဖြစ် သတ်မှတ်ထားတာကြောင့် ဒီနေရာကို အများကြီး အကျိုးသက်ရောက်မှု ရှိစေလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်မှာ ထူးခြားတဲ့ ကိစ္စတစ်ခု ရှိပါတယ်။

လမ်းလွဲခြင်းက အကောင်းဆုံး ပိတ်ဆို့မှု ဖြစ်ပါတယ်။ အခု အားလုံးရဲ့ အာရုံက တောင်မြစ် ကျောက်တုံးတွေ အပေါ်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့က ဒီလျှို့ပုက်ဆန်းကြယ်ဘုံက ဘာကို ထိန်းချုပ်ထားလဲ ဆိုတာကို အာရုံမစိုက်နိုင် ဖြစ်နေကြပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒါက ကောင်းမွန်တဲ့ ဖြေရှင်းချက် တစ်ခုတော့ မဟုတ်ပါဘူး။ ပြီးတော့ အတားအဆီးက တစ်နေ့နေ့မှာ ပျက်စီးသွားပါလိမ့်မယ်။

လင်းဟာန်က လိုဏ်ဂူထဲကနေ စတင်ထွက်ခွာ လာခဲ့ပါတယ်။ သူက ဒီတစ်ကြိမ် ကြီးမားတဲ့ အကျိုးအမြတ် ပမာဏ တစ်ခုကို ရရှိခဲ့ပြီး

တောင်မြစ်ကျောက်တုံး ရှစ်တုံးကို ရရှိခဲ့ကာ ခုနစ်တုံးက ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံးတွေ ဖြစ်ပါတယ်။ နောက်ပြီး သူ့မှာ စိတ်ဂိညာဉ် အသားတချို့လည်း ရှိပြီးတော့ သူပြန်ရောက်တဲ့ အချိန်မှာ ခန္ဓာကိုယ် ပညာရပ်တွေကို တန်ခိုးရှင် အဆင့်ရောက်အောင် ချိုးဖျက်တဲ့ အချိန်မှာ အသုံးပြုနိုင်ပါလိမ့်မယ်။

သူက လမ်းမှာ လူအနည်းငယ်ကို ဖြတ်ကျော်လာခဲ့ပါတယ်။ သူတို့တွေက ရတနာ ပစ္စည်းတွေ ရှာဖွေတဲ့ လူတွေဖြစ်ပါတယ်။ သူတို့က သူ့ကို အရမ်းစိုးရိမ်ပူပန်ပြီး အလျင်အမြန်နဲ့ သူ့ဘေးကနေ ဖြတ်လျှောက်သွားကြပါတယ်။

ဒီနေရာမှာ ဘယ်သူကများ သူတို့ရဲ့ ခုခံကာကွယ်မှုကို လျှော့ချထားပုံမှာလဲ။

နာရီအနည်းငယ် ကြာပြီးတဲ့နောက် လင်းဟန်က နောက်ဆုံးမှာ ရောမ လိုဏ်ဂူရဲ့ အပေါက်ဝကို ရောက်လာခဲ့ပါတယ်။

မိန်းကလေး နှစ်ယောက်က အနားမှာရှိတဲ့ ကျောက်တုံးတစ်တုံးစီ အပေါ်မှာ ထိုင်နေကြပါတယ်။ နှစ်ယောက်စလုံးက မှင်တက်အံ့ဩဖွယ်ရာ ကောင်းလောက်အောင် ချောမောလှပပြီး တစ်ယောက်က သန့်စင်ပြီး အရိုးခံပုံစံနဲ့ ဆွဲဆောင်မှုရှိကာ တခြားတစ်ယောက်က ညို့ယူဖမ်းစားနိုင်တဲ့ ဆွဲဆောင်မှုပုံစံ

ရှိပါတယ်။ သူတို့ရဲ့ အလှအပ ဟန်ပန်အမူအရာက လုံးဝကို ကွဲပြားခြားနားပါတယ်။

သူတို့က စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ပဲ ဖြစ်ပါတယ်။

"လင်းဟာန် နောက်ဆုံးတော့ နင်ပြန်ထွက်လာပြီပေါ့။ အစ်မစွေ့နဲ့ ငါက နင့်ကို အကြာကြီး စောင့်နေရတယ်"

ဟူဖေးယွင်က ချက်ချင်းပဲ စောဒက တက်လိုက်ပါတယ်။

လင်းဟာန်က စွေ့ရန်ယွီကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းကို စိတ်ပူစေမိတဲ့အတွက် တောင်းပန်ပါတယ်"

"ငါမစိုးရိမ်ပါဘူး"

စွေ့ရန်ယွီက အရမ်းကို ပေကတ်ကတ်နိုင်ပါတယ်။ သူမရဲ့ ခံစားချက်ကို ဘယ်လိုပဲဖြစ်ဖြစ် အရှုံးပေး ဝန်မခံပါဘူး။

"အခြေအနေ ဘယ်လိုလဲ။ နင် အဲဒီရုပ်ဆိုးဆိုး သားရဲကောင်ကြီးကို သတ်ခဲ့တာလား"

ဟူဖေးယွင်က အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ သူမတို့က ဒီနေရာမှာ အရမ်းကိုကြာအောင် စောင့်နေခဲ့ရပါတယ်။ ဒါကြောင့် ရလဒ်ကို သိချင်နေကြတာက သဘာဝပါပဲ။

စွေ့ရန်ယွီက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီသားရဲဘုရင်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိတယ်။ သူက ဘယ်လိုလုပ်ပြီး သတ်ပစ်နိုင်မှာလဲ။ တောင်မြစ်ကျောက်တုံးတွေကို ခိုးယူနိုင်ရင်တောင် အရမ်းကို ကံကောင်းလှပြီ"

လင်းဟန်က စွေ့ရန်ယွီရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာကို ဖျစ်ညှစ်မဲ့ ပုံစံမျိုး လုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက မင်းယောက်ျားရဲ့ စွမ်းရည်ကို အထင်သေးတယ်ပေါ့။ ငါမင်းကို ဘယ်လို အပြစ်ပေး သင့်သလဲ"

စွေ့ရန်ယွီက အလျင်အမြန်ပဲ ဘေးကို ခုန်ထွက်လိုက်ပါတယ်။ သူမရဲ့ မျက်နှာက ရှက်ရွံ့မှုကြောင့် နီရဲနေပြီး သူမက ဆူလိုက်ပါတယ်။

"နှာဘူးကောင်"

လင်းဟန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက နှာဘူးကျတာလား။ မင်းက အရမ်းကို အပြစ်ကင်းစင်နေသေးတာပဲ"

စွေ့ရန်ယွီက သူမကို သူအနမ်းပေးတဲ့ အချိန်တုန်းက တစ်စုံတစ်ခုက သူမကို တိုးဖေ့နေတဲ့ အချိန်ကို ပြန်စဉ်းစားလိုက်မိပါတယ်။ သူမရဲ့ မျက်နှာက ပူလောင်သလို ခံစားရပြီး သူမရဲ့ မျက်လုံးတွေက နှစ်သက်ကြည်နူးစရာ ဟန်ပန်အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က ဆက်ပြီးတော့ မကြည့်ပွံ့တော့ပါဘူး။ သူမက အရမ်းကို ညို့ယူဖမ်းစားနိုင်ပြီး သူ့ကိုယ်သူ မထိန်းနိုင်ပဲ သူမကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ကာ သူ့ရဲက နတ်ဆိုး လက်သည်းတွေကို ထုတ်ဖော်ပစ်ချင်စိတ်တွေ ထိန်းလို့မရမှာကို တကယ်ပဲ ကြောက်ရွံ့မိပါတယ်။

“အခုဘယ်ကို သွားမလဲ။ လေရဟတ်တောင်က ငါတို့နဲ့ အနီးဆုံးပဲ”

လင်းဟန်က မြေပုံကို ကြည့်ပြီးတော့ နေရာတစ်ချို့ကို ထောက်ပြလိုက်ပါတယ်။

လေရဟတ်တောင်က ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံးတွေ ထုတ်ပေးနိုင်တဲ့ နောက်ထပ် နေရာတစ်ခု ဖြစ်ပါတယ်။ အဲဒီတောင်မှ စုစုပေါင်း အထွတ်ဆယ့်ရှစ်ခု ရှိပြီးတော့ လေရဟတ် တစ်ခုပုံစံမျိုး ရှိပါတယ်။ တစ်ဖက်က မြေကြီးထဲ နှစ်မြုပ်နေပြီး တစ်ဖက်က

မြေပြင်အထက်မှာ ရှိပါတယ်။ အချိန်အတိုင်းအတာ တစ်ခုရောက်တိုင်း လည်ပတ်ပါလိမ့်မယ်။

အဲဒီလေရဟတ် လည်ပတ်တဲ့ အချိန်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လေပြင်းတွေ ဖြစ်ပေါ်လာပြီး ကျင့်ကြံသူတွေကို လွယ်လွယ်ကူကူနဲ့ စုတ်ဖြဲပစ်လိုက်နိုင်ပါလိမ့်မယ်။

ဒါကြောင့် အဲဒီနေရာက တောင်မြစ်ကျောက်တုံးတွေကို ရယူဖို့ အရမ်းကို ခက်ခဲပါတယ်။ မီးလိုက်ဂူထက်တောင် အန္တရာယ်ပိုများပြီးတော့ အချိန်မရွေး သေဆုံးသွားနိုင်ပါတယ်။

အဲဒီနေရာက ထုတ်ပေးနိုင်တဲ့ တောင်မြစ်ကျောက်တုံးတွေမှာ သတ္တုဓာတ် ထူးခြားတဲ့ စွမ်းရည် ရှိပါတယ်။ ပြီးတော့ အဲဒါက ကျင့်ကြံသူတွေကို ထက်ရှတဲ့ နတ်ဘုရား သင်္ကေတတွေ ရရှိစေနိုင်ပါတယ်။ ဒီနတ်ဘုရား သင်္ကေတတွေက လူတစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေက ထိခိုက်ပျက်စီးမှုကို တိုးစေနိုင်ပါတယ်။

သူတို့သုံးယောက်က နောက်တစ်ကြိမ် ခရီးထွက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း လမ်းတစ်ဝက် အရောက်မှာ ဖော်ပြလို့ မရနိုင်တဲ့ စွမ်းအားတစ်ခုက သူတို့အပေါ်ကို ကျရောက်လာတယ်လို့ ခံစားလိုက် ရပါတယ်။

ရှုပ်။

သူတို့တွေက နေရာကနေ ပျောက်ကွယ်သွားပြီး သူတို့ပြန်ပေါ်လာတဲ့ အချိန်မှာ ကန္တာရ ကုန်းမြေ တစ်ခုကို ရောက်ရှိနေပါတယ်။

သူတို့ချည်းပဲ မဟုတ်ပါဘူး။ ဒီနေရာမှာ အနည်းဆုံး လူတစ်ထောင်ကျော်က ဘေးဘီဝဲယာကို ခေါင်းရှုပ်တဲ့ ပုံစံနဲ့ ကြည့်နေတာကို တွေ့လိုက်ရပါတယ်။ အဲဒီအချိန်မှာ သူတို့ကို ဒီနေရာဆီ ခေါ်လာတဲ့ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေကလွှားခနဲ ခုန်ပြီးတော့ ရောက်လာပါတယ်။

ကောင်းကင်ဘုံ ပင်လယ် လျှို့ပုက်ဆန်းကြယ်ဘုံ ပိတ်သွားပါပြီ။

အခုလိုပဲ ပြီးသွားတာလား။

ဒါက အရမ်းကို နမြောဖို့ ကောင်းတယ်လို့ လင်းဟာန်က ခံစားနေရပါတယ်။ ကောင်းကင်ဘုံ ပင်လယ် လျှို့ပုက်ဆန်းကြယ်ဘုံထဲမှာ ထူးခြားတဲ့ စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံးတွေ ထုတ်ပေးနိုင်တဲ့ နေရာစုစုပေါင်း ခြောက်ခု ရှိပါတယ်။ သူက နှစ်ခုပဲ သွားရပါသေးတယ်။ ဒါက မလုံလောက်သေးပါဘူး။

ဒါပေမဲ့လည်း သူက ချက်ချင်းဆိုသလို သူ့ကိုယ်ပေါ်ကို သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပေါက်ကွဲထွက် လာတယ်လို့ ခံစားလိုက်ရပါတယ်။

ရွှပ်။

ရက်စက်ကြမ်းကြုတ်တဲ့ ဓားချက်တစ်ချက်က ဝင်ရောက်လာပြီး သူ့ရဲ့အသတ်ကို နှုတ်ယူဖို့ စိတ်ကူးထားမှန်း ပေါ်လွင်နေပါတယ်။

Chapter 976 end

အပိုင်း(977) အံ့သြဖွယ်ရာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ တစ်ယောက်

ဒီခုတ်ချက်က မယုံနိုင်စရာ ကောင်းလောက်အောင် ထူးချွန်ပြောင်မြောက်ပြီး မိုးကောင်းကင် အပေါ်က နေမင်းကိုတောင် နှိုင်းယှဉ်ကြည့်လိုက်ရင် မှေးမှိန်သွား စေပါတယ်။

ဒါက နေလအဆင့် လက်ရွေးစင် တစ်ယောက် မဟုတ်ပဲ အဲဒီအစား ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် မဟာလက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်ရဲ့ ပထမဆုံး တုံ့ပြန်မှုက အနက်ရောင် မျှော်စင်ထဲကို ဝင်ပုန်းဖို့ ဖြစ်ပါတယ်။ သတ္တိ မရှိဘူးလားလို့ မေးစရာမလိုပါဘူး။

သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုနဲ့ နှိုင်းယှဉ်လို့ ရနိုင်ရင်တောင် ဒီခုတ်ချက်ကြောင့် သူက ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားမယ် ဆိုတာက သံသယ ရှိစရာကို မလိုပါဘူး။

ဂုမ်း။

ဒါပေမဲ့လည်း အဲဒီအချိန်မှာ ရွှေရောင်တောင်ပေ့း တစ်ချောင်းက ချက်ချင်းဆိုသလို မိုးကောင်းကင်ကနေ ဆင်းသက်လာပြီး သူ့အရှေ့မှာ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီတောင်ပေ့း အပေါ်မှာ နတ်ဘုရား သင်္ကေတတွေက တောက်ပလင်းလက်နေပြီး သူနဲ့ စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ အားလုံးကို ကာကွယ်ထားတဲ့ ရွှေရောင်အလင်းစက်ဝိုင်း တစ်ခု ဖြစ်ပေါ်လာပါတယ်။

ထန်။

ဓားအလင်းရောင်က တောင်ပေ့းကို ခုတ်မိသွားပြီး မီးပွားတွေ တလက်လက် တောက်ပလာ ခဲ့ပါတယ်။

ဘုန်း။

ကြောက်မက်ဖွယ်ရာ အားလှိုင်းတစ်ခုက နှစ်ဖက်စလုံးကို ပျံ့နှံ့သွားပါတယ်။ ဒါတွေက ဓားသင်္ကေတတွေနဲ့ သူတို့ရဲ့

ပြင်းထန်တဲ့ ထက်ရှမှုတွေက လေဟာနယ်ကိုတောင် မတည်မငြိမ် ဖြစ်သွားစေခဲ့ပါတယ်။ လေဟာနယ်က စုတ်ပြဲသွားတော့မဲ့ အတိုင်းပါပဲ။

"ဟင့် မင်းက ငါ့အရှေ့မှာတောင် ငါ့လူတွေကို သတ်ဖို့ကြိုးစားရဲတယ်ပေါ့။ ဘယ်လောက်တောင် သတ္တိကောင်းနေလိုက်သလဲ"

အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က လင်းဟန်ရဲ့ အရှေ့မှာ ပေါ်လာပြီး သူ့လက်ထဲမှာ တောင်ပေ့းကို မြဲမြဲစွာနဲ့ ဆုပ်ကိုင်ထားပါတယ်။ သူ့ခန္ဓာကိုယ်ကနေ လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ တစ်ခုက အရောင်တွေ ထွက်ပေါ်နေပါတယ်။

သူက ကြယ်ဥက္ကာ အင်ပါယာရဲ့ ဗိုလ်ချုပ်ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်သူ တင်းလိန် ဖြစ်ပါတယ်။

သူ့မှာ တောင့်တင်းခိုင်မာတဲ့ ခန္ဓာကိုယ် တစ်ခုရှိပြီး နတ်ဘုရား သင်္ကေတတွေ ပြည့်နှက်နေတဲ့ ကြက်သွေးရောင် ချပ်ဂတ်တစ်ခုကို ဂတ်ဆင်ထားပါတယ်။ ဒါက နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ အနက်ရောင် ဆံပင်တွေက လေထဲမှာ မျောလွင့်နေပြီး သူ့လက်ထဲက ရွှေရောင်တောင်ပေ့းနဲ့ လိုက်ဖက်လွန်းပါတယ်။ သူ့ပုံစံက ပြိုင်ဘက်ကင်းတဲ့ စစ်ပွဲနတ်ဘုရား တစ်ပါးနဲ့ တူပါတယ်။

လူတစ်ယောက်က လမ်းမှာစောင့်ကြပ်နေရင်
လူပေါင်းတစ်သောင်းတောင် ဖျက်ဆီးနိုင်မှာ မဟုတ်ပါဘူး။

ဒီလက်ရွေးစင်ရဲ့ အကျော်ကြားဆုံး တိုက်ပွဲဟာ ထာဂရ မိုးကောင်းကင် အင်ပါယာထဲကို တစ်ဟုန်ထိုး ပြေးဝင်သွားပြီး ရန်သူရဲ့ အင်ပါယာ မြို့တော်ထဲက သစ္စာဖောက် တစ်ယောက်ကို သူကိုယ်တိုင် သတ်ပစ်ခဲ့တဲ့ အချိန်က ဖြစ်ပါတယ်။ အဆုံးမှာ သူက အောင်အောင်မြင်မြင်နဲ့ ကြယ်ဥက္ကာ အင်ပါယာဆီကို ပြန်လာနိုင်ခဲ့ပါတယ်။

မှန်တာပေါ့။ သူလည်း အဲဒီအတွက် တန်ဖိုးကြီးကြီးမားမား ပေးဆပ်ခဲ့ရပြီး သူ့ရဲ့အသက် ဆုံးရှုံးလုနီးပါး ဖြစ်ခဲ့ပါတယ်။ နှစ်ရာပေါင်းများစွာ ကြာပြီးမှ သူ့ရဲ့ ဒဏ်ရာတွေကနေ ပြန်လည် ကောင်းမွန်လာပြီး ထူထူထောင်ထောင် ဖြစ်လာခဲ့ပါတယ်။ ကောလာဟလတွေအရ သူက အဲဒီအကျိုးဆက်တွေကို ခံစားနေရဆဲ ဖြစ်တာကြောင့် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြင်းထန် အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စွမ်း မရှိသေးတာလို့ ပြောပါတယ်။

"ဟားဟား ဘယ်လောက်တောင် ပြင်းထန်တဲ့ စွပ်စွဲချက်လဲ ဗိုလ်ချုပ်ကြီးရဲ့။ သူက တောင်မြစ်အဆင့် ကျင့်ကြံသူ

တစ်ယောက်လေးပဲဟာ။ ပြီးတော့ ဒီဘုရင်က ဒီလိုမျိုးအဆင့် ကျင့်ကြံသူတွေ မရေမတွက်နိုင်အောင် သတ်ခဲ့ဖူးတယ်။ ဒါက ငါ့လက်ချောင်းလေးတွေကို အသာလေး လှုပ်လိုက်ရုံပါပဲ”

သက်လတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်က ဖြည်းညှင်းစွာနဲ့ လျှောက်လာပါတယ်။ သူ့ အသားအရေက ဖြူဖွေးနေပြီး နည်းနည်းတောင် ကြည်လင်တောက်ပလို့ နေပါတယ်။

“ဘုရင်အန်လန် မင်းက ငါနဲ့ တိုက်ခိုက်ချင်တာလား”

တင်းလိန်က သူ့တောင်ပှေးကို မြှောက်ပြီးတော့ အဲဒီသက်လတ်ပိုင်းအရွယ် ယောကျ်ားဆီကို ထိုးပြလိုက်ပါတယ်။ သူ့ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်က မြင့်မားလာပြီး သူ့နောက်ကျောမှာ ကြယ်တစ်ပွင့် ပုံရိပ်က ဖြစ်ပေါ်လာကာ မိုးကောင်းကင်ကို ဖိနှိပ်ထိန်းချုပ်ဖို့ ဆန္ဒတွေနဲ့ အစွမ်းတစ်ခု ထွက်ပေါ် လာခဲ့ပါတယ်။

တကယ်လို့ သူ့တောင်ပှေးရဲ့ ပစ်မှတ်က သာမန်လူတစ်ယောက်သာဆိုရင် သူတို့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံး ပေါက်ကွဲထွက် သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း ဘုရင်အန်လန်ဆိုတဲ့ သက်လတ်ပိုင်း ယောကျ်ားအပေါ်မှာတော့ လုံးဝကို အကျိုးသက်ရောက်မှု မရှိပါဘူး။ သူက ကျောက်စိမ်း အင်ပါယာရဲ့ သရဖူဆောင်း ဘုရင်တစ်ပါး ဖြစ်ပြီးတော့ အစွမ်းထက်တဲ့အပြင်

သူ့ရဲ့ အဆင့်အတန်းကလည်း အရမ်းကို မြင့်မားပါတယ်။ ဒါကြောင့် သူက တင်းလိန်ကို လုံးဝ ကြောက်ရွံ့ခြင်း မရှိပါဘူး။

"ဒီဘုရင်က ဒီကောင်လေးရဲ့ အသက်ကို လိုချင်တယ်"

သူက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

"သူက ဒီနေ့မှာ သေရမယ်"

လင်းဟန်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မေးပါရစေ ဘုရင်အန်လန်။ ကျနော်က ဘယ်နေရာမှာ ခင်ဗျားကို အပြစ်ပြုခဲ့မိလို့လဲ"

သူက အစတုန်းကတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေနဲ့ စကားစမြည် ပြောနိုင်စရာ မရှိပါဘူး။ ဒါပေမဲ့လည်း ဒီလူက သူ့ကိုသတ်ဖို့ ကြိုးစားနေတာကြောင့် သူက ဘာဖြစ်လို့ ဒီလိုမျိုး ဝေ့လေ့ထုံးထမ်းတွေကို ဂရုစိုက်နေရမှာလဲ။

ဘုရင်အန်လန်ရဲ့ မျက်နှာပေါ်မှာ အထင်သေးတဲ့ အမူအရာတစ်ခု ဖြတ်သွားခဲ့ပါတယ်။ တောင်မြစ်အဆင့် ပုရွက်ဆိတ် တစ်ကောင်ကများ သူ့ကို မေးခွန်းထုတ်ပုံ့တယ်ပေါ့လေ။ ဘယ်လောက်တောင် အတင့်ရဲတဲ့ အပြုအမူလဲ။ သူက ပြန်မဖြေပဲ တင်းလိန်ကိုပဲ စိုက်ကြည့် လိုက်ပါတယ်။

တင်းလိန်ရဲ့ အမူအရာက အေးစက်နေပါတယ်။

"ဒီကောင်လေးက ကြက်သွေးရောင် ရေကန်ကျွန်းကို သုံးကြိမ်ရောက်ခဲ့တယ် ဆိုတာကို ငါမသိဘူးလို့ မင်းထင်နေတာလား။ သူက အနာဂတ်မှာ ကျောက်စိမ်းအင်ပါယာကို ကြီးကြီးမားမား ခြိမ်းခြောက်လာနိုင်မှာကို မင်းကြောက်နေတာ မဟုတ်လား"

"ဟားဟား အဲဒီတော့ ဘာဖြစ်လဲ"

ဘုရင်အန်လန်က ဒါကို မငြင်းပယ်ခဲ့ပါဘူး။ သူတို့ရဲ့ အဆင့်မှာဆိုရင် လိမ်ညာတဲ့စကား ပြောတာက သိက္ခာကျစေပါတယ်။ သူက ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း ဒီကောင်လေးမှာ အလားအလာတချို့ပဲ ရှိတာပါ။ တကယ်လို့ သူက အဲဒါကို သတိပြုမိရင်တောင် အနည်းဆုံး နောက်ပိုင်းနှစ်ပေါင်းတစ်သောင်း အချိန်မှ ဖြစ်မှာပါ။ မဟာဗိုလ်ချုပ်တင်း သူ့ကိုဘာလို့ ကာကွယ်နေမှာလဲ"

"ကောင်းပြီလေ။ ဒါဆိုရင် ဘာဖြစ်လို့ ဘုရင်အန်လန်က သူ့ကို ဆန္ဒစောပြီးတော့ သတ်ချင်နေ ရတာလဲ"

တင်းလိန်က ခွန်းတုံ့ပြန်လိုက်ပါတယ်။

"မဟာဗိုလ်ချုပ်လင်း မင်းက ဧကရီ ဘုရင်မကို တိတ်တခိုး နှစ်သက်သဘောကျနေတယ်လို့ ငါကြားဖူးတယ်။ ဒီပါရမီရှင်က သူမရဲ့ အာရုံကို ဆွဲဆောင်သွားမှာကို မကြောက်ဘူးလား။ ဒါမှမဟုတ် အဲဒီထက်တောင် ပိုနိုင်တယ်နော် ဟဲဟဲ"

ဘုရင်အန်လန်က ရုတ်တရက် ခေါင်းစဉ်ပြောင်းလိုက်ပါတယ်။

ဒါက တင်းလိန်ရဲ့ အားနည်းချက်လည်း ဖြစ်ပါတယ်။

သူက ကြယ်ဥက္ကာ အင်ပါယာ ဧကရီ ဘုရင်မကို နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးနေပြီး ဒါကလည်း အားလုံးနီးပါး နားလည်သဘောပေါက်ထားတဲ့ လျှို့ဝှက်ချက် တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့အဆင့်အတန်းက အရမ်းကိုမြင့်မားပြီး သူ့ရဲ့ခွန်အားကလည်း အရမ်းကို အစွမ်းထက်တဲ့ အတွက်ကြောင့် ဘယ်သူကမှ ဒီကိစ္စကို ထုတ်ဖော်မပြောဝံ့ ကြပါဘူး။

အခု ဘုရင်အန်လန်က လူသိရှင်ကြား ဒီကိစ္စကို ပြောချလိုက်ပါတယ်။ တင်းလိန်ရဲ့ အမူအရာက ချက်ချင်းပဲ မည်းမှောင်သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခုက စိမ့်ထွက်လာခဲ့ပါတယ်။

ကေရီဘုရင်မက သူရဲ့အားနည်းချက် ဖြစ်သလို သူမက ဘယ်သူမှ စော်ကားမော်ကား ပြောဆိုလို့ မရနိုင်တဲ့ မြင့်မြတ်ပုဂ္ဂိုလ် တစ်ယောက်လည်း ဖြစ်ပါတယ်။

"ဘုရင်အန်လန် မင်းက သေလမ်းရှာနေတာလား"

တင်းလိန်က သတ်ဖြတ်ချင်တဲ့ ဆန္ဒနဲ့အတူ ဒေါသထွက်နေပါတယ်။ သူက ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကို နက်နက်ရှိုင်းရှိုင်း ချစ်မြတ်နိုးပြီး သူမကို သူပိုးပန်းနေတဲ့ ကိစ္စကို ပြောရမှာ အရမ်းကို ရှက်ရွံ့ပါတယ်။ ဒီကမ္ဘာကြီးထဲမှာ ကေရီ ဘုရင်မနဲ့ ထိုက်တန်တဲ့ ယောကျ်ား မရှိဘူးလို့ သူယုံကြည်နေပါတယ်။ ဒါပေမဲ့လည်း အခု တစ်ယောက်ယောက်က ကေရီ ဘုရင်မကို မရိုမသေ မလေးမစား ပြောဆိုပွံ့ပါတယ်။ အဲဒါက သူ့ကို ဒေါသပေါက်ကွဲ ထွက်စေပါတယ်။

ဘုရင်အန်လန်ရဲ့ နှလုံးသားက လန့်ဖျပ်သွားခဲ့ပါတယ်။ သူ့အနေနဲ့ သူတို့အကြားမှာ သပ်လျှိုတစ်ခု ရိုက်ထည့်တာ ကျဆုံးသွားလိမ့်မယ်လို့ မျှော်မှန်းမထားမိခဲ့ပါဘူး။ အဲဒီအစား အဆုံးမှာ တင်းလိန်ရဲ့ ဒေါသကို နှိုးဆွလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ရလဒ်က လုံးဝကို ပြောင်းပြန်ပါပဲ။

"ဟဲဟဲ ဒီဗိုလ်ချုပ်ကလည်း ဒီကောင်လေးကို မျက်စိစပါးမွေး စူးစရာတစ်ခုလို့ ထင်နေတယ်။ ငါလည်း သူ့ဘဂကို အဆုံးသတ်ပေးချင်တယ်"

နောက်ထပ်အသံတစ်သံ ထွက်ပေါ်လာခဲ့ပြီး အဖြူရောင် ဂတ်စုံနဲ့ ယောကျ်ားတစ်ယောက်က ရုတ်တရက် တင်းလိန်နဲ့ ဘုရင်အန်လန်ရဲ့ဘေးနားမှာ ပေါ်လာခဲ့ပါတယ်။ သူ့မျက်နှာက ကျောက်စိမ်းနဲ့ တူပြီးတော့ ရှားရှားပါးပါး ခန့်ညားချောမောမှု တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့မျက်လုံးတွေက အရမ်းကို ရမ္မက်ကြီးပုံပေါက်နေပြီး အမျိုးသမီး များစွာနဲ့ ရောရောထွေးထွေး နေတတ်တဲ့ လူတစ်ယောက်ပုံစံမျိုး ဖြစ်ပါတယ်။

"ချင်ဖန်း"

တင်းလိန်က လေးနက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

ချင်ဖန်းက ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ မဟာဗိုလ်ချုပ် တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ အဆင့်အတန်းက တင်းလိန်နဲ့ အတူတူပါပဲ။ ပြီးတော့ သူ့အစွမ်းကလည်း တင်းလိန်နဲ့ တူပါတယ်။ ထာဂရ မိုးကောင်းကင် အင်ပါယာထဲကို တစ်ဟုန်ထိုး ပြေးဝင်သွားတဲ့ အချိန်တုန်းက တင်းလိန်ကို အဓိက လိုက်ဖမ်းတဲ့ လက်ရွေးစင်ကလည်း ချင်ဖန်းဖြစ်ပါတယ်။ တင်းလိန်က ကြယ်ဥက္ကာ

အင်ပါယာကို အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးသွားခဲ့တာက စိတ်မကောင်းစရာတစ်ခု ဖြစ်ပေမဲ့ ဒီကိစ္စက သူ့ရဲ့စိတ်ထဲမှာ အမြဲလိုလို တွေးနေတဲ့ အဖြစ်အပျက် တစ်ခုလည်း ဖြစ်ပါတယ်။

သူတို့ကို ရန်သူဟောင်းတွေလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း အင်ပါယာသုံးခုက စစ်မဖြစ်တာ အရမ်းကို ကြာနေပါပြီ။ ဒါကြောင့် သူတို့ကလည်း တစ်ယောက်နဲ့ တစ်ယောက် မတိုက်ခိုက်တာ တော်တော်ကြာပါပြီ။

"တင်းလိန် အဲဒီကောင်လေးကို ငါတို့လက်ထဲ အပ်လိုက်ပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက ဘုရင်အန်လန်နဲ့ မဟာမိတ် ဖွဲ့မိသွားမှာကို စိတ်ထဲမထားနဲ့ပေါ့"

ချင်ဖန်းက ပွင့်ပွင့်လင်းလင်းပဲ ခြိမ်းခြောက်လိုက်ပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက ကျွန်းပေါ်ကို သုံးကြိမ်ပဲ ရောက်ခဲ့တာ ဖြစ်ပြီးတော့ အခုဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် သူ့ကို ဒီနေရာမှာ ပွဲချင်းပြီး သတ်ပစ်ချင်နေပြီလား။

"ငါတို့ ဒီတစ်ကြိမ် အရမ်းကို အာရုံစိုက်ခံရအောင် လုပ်လိုက်မိပြီ"

စွေ့ရန်ယို့က အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"ကျွန်းပေါ်ကို နှစ်ကြိမ်ရောက်ပြီးတဲ့နောက်မှာ ကျောက်လန်လည်း သူထွက်လာတဲ့ အချိန်က အသက်အန္တရာယ် ခြိမ်းခြောက်ခံရတယ်။ ဒါပေမဲ့လည်း သူက အဲဒီအချိန်ကက ပုံရိပ်မြင့်တာနဲ့ မဟာဗိုလ်ချုပ် ရှကျန်းကိုပါ ပေါင်းထည့်ရင် သူ့မှာ မဟာဗိုလ်ချုပ် ကျောက်ကျန်းပိုင်ကလည်း လျှို့ဝှက်စွာနဲ့ စောင့်ရှောက်နေတာကြောင့် ထာဂရ မိုးကောင်းကင် အင်ပါယာနဲ့ ကျောက်စိမ်း အင်ပါယာက သူ့ကိုမသတ်လိုက်နိုင်တာ သူတို့ကို ကျေးဇူးတင်ရလိမ့်မယ်"

သူမရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်တဲ့ အရိပ်အယောင်တစ်ခု ဖြစ်သွားခဲ့ပါတယ်။ လင်းဟန်က ကြက်သွေးရောင် ရေကန်ကို သုံးကြိမ်တောင် ရောက်နိုင်တဲ့အထိ ထူးဆန်းလိမ့်မယ်လို့ ဘယ်သူက ခန့်မှန်းမိလိမ့်မှာလဲ။ ဒါက ကျောက်လန်ထက် အဆပေါင်းများစွာ ပိုပြီးတော့ အံ့သြစရာ ကောင်းပြီး အင်ပါယာ နှစ်ခုက လူတွေက သူ့ကိုသတ်ဖို့ မကြိုးစားဘူး ဆိုမှပဲ ထူးဆန်းနေပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ တင်းလိန် တစ်ယောက်ပဲ ရှိပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် မဟာလက်ရွေးစင် နှစ်ယောက်ကို တားဆီးနိုင်မှာလဲ။

ဘုရင်အန်လန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးပြီးတော့ လက်ပိုက်ပြီး ရပ်နေပါတယ်။

အဲဒီအချိန်မှာ တင်းလိန်က ခက်ထန်ကြမ်းတမ်းတဲ့ အခြေအနေ တစ်ခု ဖြစ်ပေါ်လာပြီး သူ့ရဲ့ တောင်ပေးကို ပေ့ယမ်းကာ သူ့ပုခုံးပေါ်မှာ တင်လိုက်ပါတယ်။

"မင်းတို့နှစ်ယောက် စမ်းကြည့်နိုင်တယ်။ ဒါပေမဲ့လည်း ငါမင်းတို့ကို သတိပေးမယ်။ တကယ်လို့ မင်းတို့နှစ်ယောက်ထဲက တစ်ယောက်က ငါနဲ့တိုက်ခိုက်နေတဲ့ အချိန်မှာ တစ်ယောက်က သူ့ကိုသတ်ဖို့ လုပ်ဆောင်မယ်ဆိုရင်တော့ ငါ့ကို အကြင်နာတရား ကင်းမဲ့တယ်လို့ အပြစ်မတင်နဲ့။ မင်းတို့ခေါ်လာတဲ့ လူငယ်တွေအားလုံး တစ်ယောက်မှ အသက်မရှင်စေရဘူး"

တင်းလိန်ရဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ ဘုရင်အန်လန်နဲ့ ချင်ဖန်းရဲ့ အမူအရာတွေက ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ အင်ပါယာ နှစ်ခုက လူငယ်တွေလည်း ထိတ်လန့် တုန်လှုပ် ချောက်ချားသွားကြပါတယ်။

ဒီစကားလုံးတွေက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က လေးလေးနက်နက် ပြောလိုက်တာဖြစ်ပါတယ်။

ဒါကြောင့် ဘယ်သူကများ ဘာမဟုတ်တဲ့ ခြိမ်းခြောက်မှု တစ်ခုလို့ သတ်မှတ်ရဲမှာလဲ။

"တင်းလိန် ဒီဗိုလ်ချုပ်က မင်းရဲ့ မြောက်ပိုင်းတစပြင် ကြက်သွေးရောင် နေမင်း နည်းစနစ် ဘယ်အဆင့်ထိ ရောက်နေလဲ ဆိုတာကို စမ်းသပ်ကြည့်ပါရစေ"

ချင်ဖန်းက သူ့လက်သီးတွေကို မြှောက်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ကျောင်းတော်သား တစ်ယောက်နဲ့ တူပြီးတော့ လက်သီးနည်းစနစ်တွေမှာ ဘယ်သူကမှ သူ့လောက် ကျွမ်းကျင်မှု မရှိတဲ့ ပုံစံမျိုးပါပဲ။ သူက သူ့ရဲ့ ပြင်းထန်တဲ့ အနီးကပ် တိုက်ခိုက်မှုကြောင့် ထင်ပေါ်ကျော်ကြားပါတယ်။

"ဒီဘုရင်ကလည်း ဗိုလ်ချုပ်တင်းရဲ့ အထွတ်အထိပ် တောင်ပေါ်နည်းစနစ်တွေကို စမ်းသပ် ကြည့်ချင်တယ်"

ဘုရင်အန်လန်က သူ့ဓားကို ပွေ့ယမ်းပြီး အကန့်အသတ်မရှိတဲ့ နတ်ဘုရား အစွမ်းကို ထုတ်ဖော်လိုက်ပါတယ်။

Chapter 977 end

အပိုင်း(978) မလှုပ်မယိုင် လောကဘုံ

တင်းလိန်ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်က တောက်လောင်နေပြီး သူက ဘုရင်အန်လန်နဲ့ ချင်ဖန်းဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ သူ့ရဲ့တောင်ပှေးကို ပွေ့ယမ်းလိုက်တာနဲ့ မိုးကောင်းကင်ပေါ်ကို ရွှေရောင်အလင်းရောင်ကြီးက ထိုးတက်သွားပြီး မိုးကောင်းကင်ပေါ်က ကြယ်တာရာတွေကို လှုပ်ချတော့မလိုပါပဲ။

ကံကောင်းတာက ဒီနေရာဟာ ကမ္ဘာငယ်လေး တစ်ခု မဟုတ်ပါဘူး။ ကြယ်တာရာတိုင်းက ငြိမ်းချမ်းရေးဂြိုလ်ကြီးလိုမျိုး ကြီးမားပြီး ဒီနေရာကနေ အရမ်းကို ဝေးကွာတဲ့ နေရာမှာ တည်ရှိ ကြပါတယ်။ တကယ်လို့ မိုးကောင်းကင်ကနေ လှုပ်ခါလို့ ကျလာနိုင်မယ်ဆိုရင် ငြိမ်းချမ်းရေး ဂြိုလ်ကြီးက မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာ ပျက်စီးသွားလိမ့်မယ် မဟုတ်လား။

ဘယ်လိုပဲဖြစ်ဖြစ် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ လက်ရွေးစင် တစ်ယောက် စွမ်းအားဟာ အထင်ကြီးစရာ ကောင်းနေဆဲပါပဲ။ တင်းလိန်က လှုပ်ရှားလိုက်တာနဲ့ ကမ္ဘာရ လွင်ပြင်တစ်ခုလုံး တုန်ခါပြီးတော့ ကုန်းမြေပေါ်မှာ ကြီးမားတဲ့ အက်ကွဲရာကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ကုန်းမြေက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အစွမ်းကို တောင့်ခံနိုင်စွမ်း မရှိပါဘူး။

အားလုံးက အလျင်အမြန်ပဲ အနောက်ကို ဆုတ်သွားလိုက်ပါတယ်။ နေလအဆင့်မှာရှိတဲ့ လက်ရွေးစင်တွေတောင် ဒီတိုက်ခိုက်မှုကို ခံလိုက်ရမယ်ဆိုရင် သေဆုံးသွားရ ပါလိမ့်မယ်။ သူတို့လို တောင်မြစ်အဆင့် ကျင့်ကြံသူတွေဆို ဘာများပြောနေရဦးမှာလဲ။ နောက်ပြီး သူတို့က တောင်မြစ်အဆင့်ရဲ့ ကနဦးအဆင့်မှာပဲ ရှိပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှုက သူတို့ကို မျက်စိတစ်မှိတ် အတွင်းမှာ ပျက်သုန်းသွား စေနိုင်ပါတယ်။

ဘုရင်အန်လန်နဲ့ ချင်ဖန်တို့ကလည်း အတူတကွ လှုပ်ရှားလိုက်ပြီး တင်းလိန်ရဲ့ ရွှေရောင်တောင်ပုေးဆီကို သူတို့ရဲ့ လက်သီးနဲ့ ဓားကို အသုံးပြုကာ တိုက်ခိုက်လိုက်ပါတယ်။

ထန်။

လက်သီး၊ ဓားနဲ့ တောင်ပုေးတို့ ထိသွားတဲ့ အချိန်မှာ ချက်ချင်းဆိုသလို ရောမ အင်အားတစ်ခုက ပေါက်ကွဲထွက်လာပြီး ပတ်ဂန်းကျင် တစ်ခုလုံးကို ရွှေရောင်၊ အနက်ရောင်နဲ့ အဖြူရောင် အလင်းတွေ လွှမ်းခြုံသွားခဲ့ပါတယ်။ အားလှိုင်းတစ်ခုက နေရာအနံ့ကို ပျံ့နှံ့သွားပြီး ဝေးဝေးလံလံ ဆုတ်သွားတဲ့ လူတွေတောင်မှ ပြင်းပြင်းထန်ထန် တုန်ခါသွားပြီး ဒီနေရာမှာရှိတဲ့

ကိုးဆယ်ရာစုနှစ်နှောင်းပိုင်း ကတည်းက ကြီးမား လာတဲ့ နိုင်ငံ အတွင်း ရန်သူ နဲ့ ခံရသလို ကာကွယ်ကြ ပါတယ်
ဖြစ်သွားခဲ့ပါတယ်။

အလင်းရောင် ပျောက်ကွယ်သွားတဲ့ အချိန်မှာ တင်းလိန်က သူ့ရဲ့ တိုက်ခိုက်တဲ့ ဟန်ပန် အမူအရာအတိုင်း ရှိနေသေးတာကို အားလုံးကတွေ့မြင်နိုင်ပါတယ်။ အဲဒီအချိန်မှာ ဘုရင်အန်လန်ရဲ့ ဓားနဲ့ ချင်ဖန်းရဲ့ လက်သီးတွေက တင်းလိန်ရဲ့ တောင်ပေါ့းကိုယ်ထည် အပေါ်မှာ ရှိနေပြီး သူတို့တွေက ကျောက်ရုပ်တွေလိုမျိုး ပုံစံအတိုင်း ဖြစ်နေသလိုပါပဲ။

"ကောင်းကင်ပေါ်မှာ ငါတို့ရဲ့ စိတ်တွေ ကျေနပ်တဲ့အထိ တိုက်ခိုက်ကြတာပေါ့"

လူသုံးယောက်က မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားခဲ့ပြီး ချက်ချင်းဆိုသလို ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေပဲ တန်ခိုးရှင်ဘုံရဲ့ စည်းမျဉ်းဥပဒေတွေကို ကိုင်ဆွဲနိုင်ပြီး မိုးကောင်းကင်ပေါ်ကို ပျံသန်းနိုင်ပါတယ်။

ဒီတစ်ကြိမ် သူတို့ရဲ့ ခွန်အားတွေက ပိုမိုပေါက်ကွဲပြီး စောစောကထက် အဆပေါင်း ရာနဲ့ချီပြီးတော့ ပြင်းထန်လာပါတယ်။

စောစောတုန်းက သူတို့ကိုယ်ပိုင် အင်အားစုတွေကို မရည်ရွယ်ပဲ မတော်တဆ ထိခိုက်ပျက်စီးသွားမှာကို စိုးရိမ်တာကြောင့် သူတို့ကိုယ်သူတို့ ထိန်းထားခဲ့တာ ဖြစ်ပါတယ်။

ဘုန်း။

အလင်းရောင်တွေနဲ့ အားလှိုင်းတွေက မိုးကောင်းကင်တစ်လျှောက် ပျံ့နှံ့ပြီး နေမင်းရဲ့ အလင်းရောင်တောင်မှ မှေးမှိန်သွားခဲ့ပါတယ်။

အားလုံးက သူတို့ရဲ့ ခြေထောက်တွေ ပျော့ခွေပြီး အားနည်းလုနီးပါး ဖြစ်သွားပြီး လူတချို့ကပဲ မားမားမတ်မတ် ရပ်တည်နေနိုင်ပါတယ်။

လင်းဟန်က လက်ရွေးစင် သုံးယောက်အကြားက တိုက်ပွဲကို သူ့ရဲ့ မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးမှ တွေ့မြင်နိုင်ပါတယ်။

သူတို့ရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် အဆက်မပြတ် ဖြတ်ကျော်သွား ကြပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုတွေက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ အမြင်အာရုံ အကန့်အတသ်ကို ကျော်လွန်နေခဲ့ပါပြီ။

တင်းလိန်က ဩဇာကြီးမားခြင်း လမ်းကြောင်း တစ်ခုကို လျှောက်လှမ်းနေခဲ့ပြီး သူ့ရဲ့တောင်ပေး တိုက်ခိုက်ချက်တိုင်းက

မလိုအပ်ပဲ ရေးကြီးခွင်ကျယ်လုပ်တာမျိုး မရှိပဲ တိုက်ရိုက်ရိုးရှင်းပါတယ်။

သူ့ရဲ့အဆင့်မှာ ဘယ်လိုပဲဖြစ်ဖြစ် နည်းစနစ် အများကြီး မလိုပါဘူး။ သူက သူ့တောင်ပေ့း ပညာရပ်တွေမှာ ထိပ်တန်းအဆင့်နီးပါး ဖြစ်နေပြီး ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးရဲ့ တာအိုက သူ့ရဲ့ တိုက်ခိုက်မှုတိုင်းမှာ စိမ့်ဝင်လို့ နေပါလိမ့်မယ်။ ဒါကြောင့်လည်း သူ့ရဲ့ တိုက်ခိုက်မှုတိုင်းက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း သူ့မှာ လက်ရည်တူ အစွမ်းထက်တဲ့ ပြိုင်ဘက်နှစ်ယောက် ရှိနေပြီး ချင်ဖန်းနဲ့ ဘုရင်အန်လန်တို့ကလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကနဦးရဲ့ အထွတ်အထိပ်မှာ ရှိကြပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကလည်း ကြယ်လေးပွင့် ပါရမီရှင်တွေ ဖြစ်ကြပြီး တင်းလိန်ထက် ဘယ်သူမှ အားမနည်းကြပါဘူး။

အခုဆို တင်းလိန်က သူတို့နဲ့ လက်ရည်ညီနေပါသေးတယ်။ ဒါပေမဲ့လည်း သူက ဘယ်လောက် ကြာအောင်လို့ တောင့်ခံနိုင်မှာလဲ။

လင်းဟာန်က ဘာမှမတတ်နိုင်ပဲ ဆန္ဒတွေစောနေသလို ခံစားရပါတယ်။ တင်းလိန်ရှုံးသွားတာနဲ့ လက်ရွေးစင် နှစ်ယောက်ရဲ့ အာရုံက သူ့ဆီကို ပြောင်းလာပါလိမ့်မယ်။

ငါက အခု လွယ်ကူတဲ့ ပစ်မှတ်တစ်ယောက် ဖြစ်နေပြီလား။

လင်းဟာန်က အရမ်းကို စိတ်ကုန်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့အနေနဲ့ အခုချိန်မှာ လွယ်ကူတဲ့ ပစ်မှတ်တစ်ခု ဖြစ်နေတာကို ဂန်ခံရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။ သူက ကမ္ဘာငယ်လေး တစ်ခုမှာ မွေးဖွားလာပြီး တောင်မြစ်အဆင့်ကိုလည်း တက်ရောက်တာ မကြာသေးပါဘူး။ ဒါကြောင့် တကယ်လို့ သူက ကြယ်ငါးပွင့် ဒါမှမဟုတ် ကြယ်ခြောက်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နေတော့ရော ဘာလုပ်ရမှာလဲ။ ဒီနေရာမှာရှိတဲ့ ဘယ်အင်အားစုမဆို သူ့ကို အနိုင်ကျင့် နိုင်ပါတယ်။

ငါ့ခွန်အားက လုံလောက်ဖို့ အဝေးကြီး လိုသေးတယ်။

လင်းဟာန်ရဲ့ စိတ်က ပျံ့နှံ့လို့ နေပါတယ်။ သူ့မှာအခု တောင်မြစ်ကျောက်တုံး ရှစ်တုံး ရှိပါတယ်။ အဲဒါက သူ့ကို ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ထိ ရောက်အောင်လို့ ကူညီပေးနိုင်ပါတယ်။ နောက်ပြီး ဒီကမ္ဘာကြီးထဲမှာ တောင်မြစ်ကျောက်တုံးလိုမျိုး ရတနာပစ္စည်းတွေလည်း ရှိပါတယ်။

လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို လျင်မြန်စွာနဲ့ မြှင့်တင်ပေးနိုင်တဲ့ အလားတူ ရတနာ ပစ္စည်းတွေလည်း ရှိပါတယ်။

သူက ပြင်းထန်အလယ်အလတ် အဆင့်၊ ပြင်းထန် အဆင့်မြင့်နဲ့ ပြီးပြည့်စုံခြင်း အဆင့်တို့ကို အမြန်ဆုံးနည်းနဲ့ တက်ရောက်နိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီနောက် နေလအဆင့်ကို ချိုးဖျက်ဝင်ရောက် ရပါမယ်။

နေလအဆင့်ကို ရောက်ရှိပြီးမှပဲ တခြားသူတွေက သူ့ကို လွယ်လွယ်နဲ့ ပစ်မှတ်ထားနိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ငြိမ်းချမ်းရေး ဂြိုလ်ကြီးထဲမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်က ကျင့်ကြံသူတွေက အများကြီး ရှိပါတယ်။ အချိန်ကျလာရင် သူက ငြိမ်းချမ်းရေး ဂြိုလ်ကြီးကို စွန့်ခွာပြီး ဂဠုန်နန်းတော်၊ ကောင်းကင်ဓား နန်းတော်နဲ့ တခြားအင်အားစုတွေကို ထွက်ရှာဖွေ ရပါမယ်။

ထန် ထန် ထန် ထန်။

အတွေးနွံထဲမှာ နစ်နေတုန်း မိုးကောင်းကင်ပေါ်က တိုက်ပွဲဟာလည်း ပိုပြီးတော့ ပြင်းထန်လာကာ အမှားမခံတဲ့ အခြေအနေ တစ်ခုကို ရောက်လာခဲ့ပါတယ်။

ဘုရင်အန်လန်နဲ့ ချီဖန်းတို့က သူတို့ရဲ့ အစွမ်းတွေကို ထုတ်ဖော်ပြီး နှစ်ယောက်စလုံးက အစွမ်းထက်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခုဆီကို ထုတ်လိုက်ပါတယ်။ ဘုရင်အန်လန်က သူ့ခေါင်း အပေါ်မှာ ဝဲပျံနေတဲ့ ရတနာ ပုလင်းတစ်လုံးကို ထုတ်ဖော်ပြီး ထူးခြားတဲ့ စွမ်းအင်တွေကို သွန်ချနေပါတယ်။ ဒါက ထူးခြားတဲ့ ထန်းရီစွမ်းအင်ဖြစ်ပြီး မယုံနိုင်စရာကောင်းတဲ့ တိုက်ခိုက်မှု စွမ်းအားကို တိုးမြှင့်ပေးနိုင်ကာ တောင်ကြီးတစ်လုံးလို လေးလံလှပါတယ်။ အဲဒီစွမ်းအင်တွေက သူ့ခန္ဓာကိုယ် အနားမှာ အရမ်းကို အစွမ်းထက်တဲ့ ခုခံမှု အတားအဆီး တစ်ခုအဖြစ် ဖြစ်ပေါ်နေ ခဲ့ပါတယ်။

အဲဒီအချိန်မှာ ချင်ဖန်းက ရတနာ ကြေးမုံတစ်ချပ်ကို ထုတ်ယူပြီး အလင်းတန်းတွေကို ရုံဖန်ရံခါ ထုတ်လွှတ်နေပြီး အံ့ဩဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ တိုက်ခိုက်မှု တစ်ခုတည်းနဲ့တင် မြင့်မားမတ်စောက်တဲ့ တောင်တွေကိုတောင် ချက်ချင်းပဲ မြေကြီးပေါ်ကို လုံးလုံးလျားလျား ဖြိုပြစ်နိုင်ပါတယ်။

တင်းလိန်မှာလည်း နတ်ဘုရား ပစ္စည်းတစ်ခု ရှိပါတယ်။ သူကိုင်ထားတဲ့ ရွှေရောင်တောင်ဝှေးက အဆင့်မြင့် နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားပြီး သူ့ဘဂတစ်လျှောက်လုံး သိုင်းဆန္ဒတွေနဲ့

ပျိုးထောင်ထားပြီး သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခုနီးပါး ဖြစ်နေပါပြီ။ သူထုတ်ဖော်လိုက်တဲ့ တိုက်ခိုက်မှုတိုင်း သူ့ရဲ့ စွမ်းအားတွေကို အပြစ်အနာအဆာ မရှိအောင်ပဲ ထုတ်ဖော်နိုင်ပါတယ်။ နတ်ဘုရား ပစ္စည်းတွေကနေ အစွမ်းနှစ်ဆလောက် မြှင့်တင်မှုကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်ဟာ ထိတ်လန့်တုန်လှုပ်စရာ ကောင်းလှပါတယ်။

ဒါပေမဲ့လည်း သူက လူနှစ်ယောက်နဲ့ ယှဉ်ပြိုင်နေရတာ ဖြစ်ပြီးတော့ သူတို့ထဲက တစ်ယောက်ချင်းစီက သူ့ကို တစ်ယောက်တည်း တိုက်ခိုက်နိုင်စွမ်း ရှိပါတယ်။ တစ်ယောက်က တိုက်ခိုက်လိုက်တဲ့ အချိန်မှာ တစ်ယောက်က တင်းလိန်ကို ကြီးမားတဲ့ ဖိအား ပေးနိုင်ပါတယ်။

ကံကောင်းတာက သူဝတ်ဆင်ထားတဲ့ ချပ်ဝတ်ကလည်း နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ချပ်ဝတ်ရဲ့ နတ်ဘုရား သင်္ကေတတွေက တလက်လက် တောက်ပနေပြီး အလင်းရောင်း အတားအဆီးတစ်ခု ဖြစ်ပေါ်ကာ သူ့ကို ကာကွယ်ပေးထားတာကြောင့် ချပ်ဝတ်မပျက်စီးသရွေ့ ထိခိုက်ဒဏ်ရာ ရလိမ့်မှာ မဟုတ်ပါဘူး။

ပြဿနာက ဒီအတားအဆီးက လက်ရွေးစင် နှစ်ယောက်ရဲ့ မရပ်မနား တိုက်ခိုက်မှုတွေ အောက်မှာ အချိန်ခဏလောက်ပဲ

ခံနိုင်ရည် ရှိပြီးတော့ တိုက်ခိုက်မှု အနည်းငယ် ခံပြီးတဲ့ နောက်မှာ ပျက်စီးသွားခဲ့ပါတယ်။ သိပ်မကြာခင်မှာ တင်းလိန်ရဲ့ ခန္ဓာကိုယ်ကလည်း ဒဏ်ရာအသစ်တွေ အများကြီးနဲ့အတူ ဆန်ခါပေါက် ဖြစ်လာခဲ့ပါတယ်။

သူက ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မှာလဲ။

"မဟာဗိုလ်ချုပ်တင်း ဘာလုပ်ဦးမှာလဲ။ သူက ဘာမဟုတ်တဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ပဲဟာ"

ဘုရင်အန်လန်က သူ့ကို ထောင့်ထိမတွန်းထုတ် ပစ်ချင်ခဲ့ပါဘူး။ သူ့ပြိုင်ဘက်ကို ဒဏ်ရာ ရရှိစေတာက အကြောင်းတစ်ခု ဖြစ်ပေမဲ့ သူ့ကို သတ်ပစ်ဖို့ ကြိုးစားတာက လုံးဝကို ကွဲပြားတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

တကယ်လို့ ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်က သူတို့ရဲ့ ခွန်အားကို အပြည့်အဝ ထုတ်ဖော်လိုက်ရင် သူတို့ထဲက တစ်ယောက်ယောက်ကို သူနဲ့အတူ ဆွဲခေါ်သွားနိုင်စွမ်း ရှိပါတယ်။ တကယ်လို့ သူတို့တွေ မသေခဲ့ဘူး ဆိုရင်တောင် ပြန်လည်ကုသလို့ မရနိုင်တဲ့ ဒဏ်ရာတွေကို ခံစားသွားရ ပါလိမ့်မယ်။

တင်းလိန်ရဲ့ အမူအရာက အေးစက်စက် ဖြစ်နေပြီး သူက သွေးတွေစိုရွှဲပြီးတော့ ရပ်နေပါတယ်။ အများစုက သူရဲ့သွေးတွေ ဖြစ်ပေမဲ့ တချို့ကတော့ ဘုရင်အန်လန်နဲ့ ချင်ဖန်းတို့ဆီကလည်း ဖြစ်ပါတယ်။ သူ့ရဲ့ နက်မှောင်တဲ့ ဆံပင်တွေက လေထဲမှာ တဖျပ်ဖျပ် လွင့်နေပြီး သူ့ပုံစံက အမှောင်နတ်ဘုရား တစ်ပါးနဲ့ ပိုပြီးတော့ တူပါတယ်။ သူက ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းငါ့ကို အနိုင်ယူပြီးမှပဲ ပြောတာပေါ့"

ရုတ်တရက် သူ့ရဲ့ တောင်ပေ့းနည်းစနစ်က ပြောင်းလဲသွားပြီး မမျှော်လင့်ပဲနဲ့ အရမ်းကို နေးကွေး လာခဲ့ပါတယ်။

"ဟင်"

"ဟာ"

ဘုရင်အန်လန်နဲ့ ချင်ဖန်းရဲ့ မျက်နှာ အမူအရာတွေက လေးလေးနက်နက် ဖြစ်လာခဲ့ပါတယ်။ သူတို့ရဲ့ မျက်နှာတွေ အပေါ်မှာ စိုးရိမ်ထိတ်လန့်မှု တစ်စွန်းတစ်စတောင် ရှိနေပါတယ်။

"ဒါက အထွတ်အထိပ် တောင်ပေ့း နည်းစနစ် ကိုးခုမြောက် ပုံစံရဲ့ လောကဘုံ သဘောထားပဲ"

ချင်ဖန်းက အံ့အားသင့် သွားခဲ့ပါတယ်။ သူက တင်းလိန်ရဲ့ ပြိုင်ဘက်ပေါင်း တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက တင်းလိန်ရဲ့ တောင်ပေ့းသိုင်းကွက်တွေနဲ့ အရမ်းကို ရင်းနှီးကျွမ်းဝင်မှု ရှိပါတယ်။

အထွတ်အထိပ် တောင်ပေ့း နည်းစနစ်မှာ စုစုပေါင်း ပုံစံကိုးခု ရှိပါတယ်။ ဒါတွေက ထူးခြားတဲ့ နည်းစနစ်တွေ မဟုတ်ပါဘူး။ အဲဒီအစား မတူညီတဲ့ လောကဘုံ သဘောထား အမျိုးအစားတွေ ဖြစ်ပါတယ်။ ပုံစံတိုင်းက အရမ်းကို ပျော့ပြောင်းလွယ်ပြီး ပြောင်းလဲမှုပေါင်း အသင်္ချေ ရှိပါတယ်။ ဒါက နတ်ဘုရားအဆင့် နည်းစနစ်တွေ အထဲမှာ တွေ့မြင်နေကျ အမျိုးအစား ဖြစ်ပါတယ်။ သူတို့တွေက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေကို ဘယ်လိုမျိုး အကျိုးရှိရှိ အသုံးချရမလဲ ဆိုတာထက် ဘယ်လိုမျိုး တိုက်ခိုက်မှုမှာ ထည့်သွင်းအသုံးပြုရမလဲ ဆိုတာကို သင်ယူထား ရပါတယ်။

ဥပမာ။ အဆုံးမဲ့မြားက လူတစ်ယောက်က သူတို့ရဲ့ ပစ်ချက် စွမ်းအားတွေကို ဘယ်လိုမျိုး အမြင့်ဆုံးထိ ပစ်ခတ်ရမလဲ ဆိုတာကို သင်ယူလေ့လာရတဲ့ နည်းစနစ် တစ်ခု ဖြစ်ပါတယ်။

အထွတ်အထိပ် တောင်ပေ့း နည်းစနစ်ကို လျစ်လျူရှုထားဦး တိုက်ကွက်တိုင်းက အရှေ့က တိုက်ကွက်ထက် ပိုပြီးတော့

အစွမ်းထက်လာပါတယ်။ နံပါတ်ကိုး တိုက်ကွက်ဆိုရင် ပြိုင်ဘက်ကင်းတယ်လို့တောင် ကောလာဟလတွေက ဆိုထားပါတယ်။

ဟုတ်တာပေါ့။ ပြိုင်ဘက်ကင်းတယ်လို့ ပြောတာက အရမ်းကို ပုံကြီးချဲ့ကားလွန်းရာ ရောက်ပါတယ်။ ဒါပေမဲ့လည်း လောကဘုံရဲ့ ပြိုင်ဘက်ကင်း တစ်ခုအဖြစ် သတ်မှတ်ထားတယ် ဆိုတော့ ဒီတောင်ပေါ့ နည်းစနစ်က အရမ်းကို အစွမ်းထက်ပါလိမ့်မယ်။ တင်းလိန်က ဒီလောကဘုံ သဘောထားကို နှစ်ပေါင်းတစ်သန်းလောက် လေ့ကျင့်ရင်တောင် တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ချင်မှ ကျွမ်းကျင်ပါလိမ့်မယ်။ ဒါပေမဲ့ အခုက ဘယ်လိုမျိုးလဲ။

ဒီလောကဘုံ သဘောထားက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်လုံးရဲ့ သုံးပုံတစ်ပုံ ဒါမှမဟုတ် တစ်ဂက်ထိတောင် မြှင့်တင်ပေးနိုင်ပါလိမ့်မယ်။

သူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်ပွင့်အသာထား ဆယ်ပုံတစ်ပုံခန့် မြှင့်တင်နိုင်ရင်တောင် အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေပါပြီ။

ဘုရင်အန်လန်နဲ့ ချင်ဖန်းတို့ နှစ်ယောက်စလုံးက စိတ်ထဲကနေ သူတို့ရဲ့ ဆိုးဝါးတဲ့ ကံကြမ္မာကို ကျိန်ဆဲနေလိုက် မိပါတယ်။

ဘယ်လိုဖြစ်လို့ ငါတို့တွေက အရမ်းကို ကံဆိုးရတာလဲ။

Chapter 978 end

အပိုင်း(979) သတ်ဖြတ်ချင်တဲ့ ဆန္ဒကို စွန့်ပယ်ခြင်း

တင်းလိန်က ဒီနံပါတ်ကိုး တိုက်ကွက်ကို အရမ်းကို သဘာဝအတိုင်း ဖော်ပြနိုင်ပြီးမှ တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နေ နိုင်ပါတယ်။ မင်းက နောက်ပိုင်းကျမှ ဒါကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ရင် ဘာဖြစ်နိုင်မှာမိုလို့လဲ။

ဘုရင်အန်လန်နဲ့ ချင်ဖန်းတို့ နှစ်ယောက်စလုံး သူတို့ရဲ့ စိတ်ထဲကနေ ညည်းညူလိုက်ပါတယ်။ သူတို့ရဲ့ အဆင့်မှာ သူတို့ရဲ့ ခွန်အားကို ထပ်ပြီးတော့ တိုးမြှင့်ဖို့က အရမ်းကို ခက်ခဲပါတယ်။ သူတို့အားလုံးက နှစ်ပေါင်းတစ်သောင်းလောက်ကတည်းက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်နေခဲ့တာ ဖြစ်ပါတယ်။ သူတို့ရဲ့ အစွမ်းကို ပမာဏ နည်းနည်းလေး တိုးမြှင့်ဖို့တောင် အရမ်းကို ခက်ခဲလွန်းပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ သူတို့က နည်းနည်းလေးပဲ သန်မာလာခဲ့မယ် ဆိုရင်တောင် အစွမ်းထက်တဲ့ ရန်သူတွေနဲ့ မျက်နှာချင်းဆိုင်ပြီး တိုက်ခိုက်ရတဲ့ အချိန်ကျရင် အသာစီး ရယူဖို့ အတွက် လုံလောက်ပါလိမ့်မယ်။

တင်းလိန်က ဂုဏ်ယူစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့တောင်ပေ့းကို မြည်းစမ်းကြည့်လိုက်"

သူက တောင်ပေ့းကို မြှောက်ပြီးတော့ တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့တောင်ပေ့းကို မြှောက်လိုက်တာနဲ့ ရွှေရောင်အလင်းတန်းတွေက စုဝေးသွားပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် တင်းလိန်ပုံစံ အလင်းစက်ဝိုင်း သုံးဆယ့်ခြောက်ခု ဖြစ်ပေါ်လာခဲ့ ပါတယ်။ အဲဒီတင်းလိန်တွေက ဘုရင်အန်လန်နဲ့ ချင်ဖန်းကို ဝိုင်းထားပြီး ရွှေရောင် နတ်ဘုရား အုပ်စုတစ်ခုနဲ့ တူပါတယ်။ သူတို့အားလုံးက သူတို့ရဲ့ တောင်ပေ့းတွေကို တစ်ပေါင်း တစ်စည်းတည်း မြှောက်လိုက်ပါတယ်။

ဘုရင်အန်လန်နဲ့ ချင်ဖန်က ဒီတိုက်ခိုက်မှုကို မျှော်မှန်းမထားပါဘူး။ ပြီးတော့ သူတို့ရဲ့ တိုက်ပွဲ စွမ်းရည်တွေကို အဆုံးစွန်ထိ တိုးမြှင့်လိုက်ပါတယ်။ သူတို့ရဲ့ ပြိုင်ဘက်က သူ့အကန့်အသတ်ကို ကျော်လွန်ပြီး နောက်ထပ်အဆင့်သေးသေး တစ်ခုထိ ရယူနိုင်ခဲ့ပါတယ်။ အဲဒါက သူတို့ရဲ့ နှလုံးသားထဲမှာ စိုးရိမ်ပူပန်းမှု တစ်ခုကို ဖြစ်စေခဲ့ပါတယ်။

ဘုန်း။

တင်းလိန် သုံးဆယ့်ခြောက်ယောက်က ပူးပေါင်းပြီး တိုက်ခိုက်လိုက်ပါတယ်။

ထန် ထန် ထန် ထန်။

မိုးကောင်းကင်က နောက်တစ်ကြိမ် အလင်းရောင်တွေ ပြိုးပြိုးပျက်ပျက် လက်သွားပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး တစ်ခုလုံးကို မှေးမှိန်သွားစေခဲ့ပါတယ်။ ဒီအလင်းရောင်တွေက အရမ်းကို တောက်ပလွန်းပြီး ဆန့်ကျင်ဘက်အနေနဲ့ သာယာဖွယ် တစ်ကွက်မှ မရှိပါဘူး။

အလင်းရောင်တွေ ပျောက်ကွယ်သွားတဲ့ အချိန်မှာ ဘုရင်အန်လန်နဲ့ ချင်ဖန်းတို့ရဲ့ ပါးစပ်ထောင့်မှာ သွေးတွေစီးကျနေတာကို အားလုံးက

တွေ့မြင်နိုင်ပါတယ်။ သူတို့နှစ်ယောက် ဒဏ်ရာရသွားတယ် ဆိုတာ သိသာပါတယ်။

"ဝှေါ"

တင်းလိန်လည်း ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သွေးတွေက ရွှေရောင်အဆင်း ရှိပြီးတော့ သူ့ပါးစပ်ကနေ ထွက်လာတဲ့ အချိန်မှာ ချက်ချင်းပဲ မြေကြီးပေါ်ကိုတောင် မရောက်ခင် လေထဲမှာ လောင်ကျွမ်းပြာကျ သွားခဲ့ပါတယ်။

"ဟားဟားဟားဟား"

ချင်ဖန်းက အော်ဟစ်ရယ်မော လိုက်ပါတယ်။

"တင်းလိန် မင်းက အထွတ်အထိပ် တောင်ပေါ်နည်းစနစ်ရဲ့ ကိုးကွက်မြောက်ကို တကယ်တော့ တစ်ဖက်ကမ်းခပ် မကျွမ်းကျင်သေးဘူးပဲ။ မင်းရဲ့ ကိုယ်ပိုင်သွေး အဆီအနှစ်ကို လောင်ကျွမ်းစေပြီးတော့မှ အသက်သွင်းခဲ့တယ်။ မင်းရဲ့အသက်ကို လောင်ကျွမ်းပြီးတော့ တိုက်ခိုက်တယ်။ မင်းဒီလိုမျိုး နည်းစနစ် တစ်ခုကို ဘယ်နှစ်ကြိမ်များ ထုတ်ဖော်နိုင်မှာလဲ"

တင်းလိန်က လေထဲမှာ ဂုဏ်ယူဂင့်ကြွားစွာနဲ့ ရပ်နေပါတယ်။ သူ့ရဲ့ နက်မှောင်တဲ့ ဆံပင်တွေက လေထဲမှာ ပျံ့လွင့်နေပြီး သူ့ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်ကလည်း မိုးထိအောင် ထိုးတက်လို့ နေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို ယုံကြည်ချက် ရှိနေသလိုပါပဲ။ သူက ပြောလိုက်တယ်။

"စိတ်မပူပါနဲ့။ အဲဒါက မင်းကို သတ်ပစ်ဖို့အတွက် သေချာပေါက် လုံလောက်တယ်"

ချင်ဖန်းက နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူက အနာဂတ်မှာ အန္တရာယ် ဖြစ်လာနိုင်တဲ့ လင်းဟန်ကို သူတို့ကိုယ်တိုင် တကယ်ပဲ သတ်ပစ်ချင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူ့အနေနဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာရမယ် ဒါမှမဟုတ် သူ့ရဲ့အသက်ကိုတောင် စတေးရင် စတေးရမယ် ဆိုတာကတော့ သေချာပေါက် လုပ်လိမ့်မှာ မဟုတ်ပါဘူး။

တင်းလိန်က သူသေကိုယ်သေ တိုက်ခိုက်ဖို့ ဆုံးဖြတ်ထားတယ် ဆိုတာကို ထုတ်ဖော်ပြသ ခဲ့ပါတယ်။ ချင်ဖန်းမှာ ဒီလိုမျိုး ခိုင်မာတဲ့ ဆုံးဖြတ်ချက်မျိုး ကင်းမဲ့နေပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့တွေ ဆက်ပြီးတော့ တိုက်ခိုက်မယ်ဆိုရင် သူက သေချာပေါက် ရှုံးနိမ့်သွား နိုင်ပါတယ်။

ဘုရင်အန်လန်လည်း မျက်မှောင်ကြုတ် လိုက်ပါတယ်။ တင်းလိန်က တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်အတွက် သူ့အသက်ဓာတ်ကို စတေးဖို့ စိတ်ကူးထားတယ်လို့ သူလုံးဝကို ထင်မှတ်မထား မိပါဘူး။ ပြောကြတာက တင်းလိန်ဟာ ဗိုလ်ချုပ်ခုနစ်ယောက်ထဲမှာ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကို သစ္စာအရှိဆုံး ဖြစ်ပါတယ်။ ဒီအချက်ကို ကြည့်မယ်ဆိုရင် ဒီစကားတွေက မမှားနိုင်ပါဘူး။

ကေရီ ဘုရင်မက သူ့ကို ဒီကျင့်ကြံသူတွေကို ကာကွယ်ဖို့နဲ့ စောင့်ကြပ်ဖို့ တာဝန်ပေးခဲ့တာကြောင့် သူက နည်းနည်းလေးမှ အမှားအယွင်း မခံအောင် လုပ်ခဲ့ပါတယ်။ ဒါကြောင့် ဒီတာဝန်ကို လုံးဝ ကျေပွန်ဖို့အတွက် သူ့အသက်ကိုတောင် စတေးဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က ဒီလောက်ထိ ရူးသွပ်စွာနဲ့ သစ္စာ ရှိနေရသလား။

ဘုရင်အန်လန်က ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်ကို တစ်ခါမှ မမြင်ဖူးခဲ့ပါဘူး။ သူမရဲ့ ထင်ပေါ်ကျော်ကြားမှုကိုပဲ ကြားဖူးတာ ဖြစ်ပါတယ်။ သူမက ကမ္ဘာကြီးထဲမှာ အချောမောဆုံး ဂုဏ်ပုဒ်ကို

ပိုင်ဆိုင်ထားပြီး တခြားအင်ပါယာ နှစ်ခုရဲ့ ဧကရာဇ်တွေတောင် သူမရဲ့ အလှအပ ဆွဲဆောင်မှုကို ခံနေရပါတယ်။

သူ့နှလုံးသားထဲမှာ သိချင်ပြင်းပြတဲ့ စိတ်တွေ မြင့်မားလာပြီး အဲဒီဧကရီ ဘုရင်မနဲ့ တွေ့ဆုံချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လို့ လာပါတယ်။ တင်းလိန်လိုမျိုး လူတစ်ယောက်ဆီက အကြွင်းမဲ့ သစ္စာခံယူခြင်းကို ပိုင်ဆိုင်ထားတဲ့ သူမက ဘယ်လောက်များ အံ့အားသင့်စရာ ကောင်းနေလိမ့်မလဲ။

ချင်ဖန်းရဲ့ စိတ်ထဲမှာလည်း ကစဥ့်ကလျား ဖြစ်နေပါတယ်။ သူလည်း တိုက်ပွဲကို သူသေကိုယ်သေ တိုက်ခိုက်ဖို့ စိတ်ကူး မရှိပါဘူး။ ဒါကြောင့် ဒီတိုက်ပွဲကို ဆက်ပြီးတော့ တိုက်ခိုက်ဖို့ မလိုတော့ ပါဘူး။

ဘုရင်အန်လန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဗိုလ်ချုပ်တင်းက အရမ်းကို ဆုံးဖြတ်ချက် ခိုင်မာတယ် ဆိုမှတော့ ငါကလည်း မျက်နှာသာ တချို့ ပေးရမှာပေ့ါ။ ဒီကောင်လေး သူ့ကို သတ်ဖို့ နောက်ထပ် ငါမကြိုးစားတော့ဘူး"

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က တော်ဝင်မြေစ်အဆင့်ရဲ့ ကနဦး အဆင့်မှာပဲ ရှိပါတယ်။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို

ရောက်ဖို့ အငေးကြီး လိုပါသေးတယ်။ သူ့ကို သတ်ဖို့ဆိုတာ အနာဂတ်မှာ အခွင့်အရေးပေါင်းများစွာ ရှိလာပါလိမ့်မယ်။

ချင်ဖန်းကတော့ တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ သူက သူ့ရဲ့ရန်သူတော်ကြောင့် သူ့အရှိန်အဝါ ဖိနှိပ်ခံရတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး အရမ်းကို မပျော်မရွှင် ဖြစ်နေပါတယ်။

တင်းလိန်က အေးစက်စွာနဲ့ ချောင်းတစ်ချက် ဟန့်ပြီးတော့ သူ့တောင်ပှေးကို ပခုံးပေါ်မှာ ထမ်းထားပြီး ဘုရင်အန်လန်ရဲ့ စကားတွေကို လုံးဝလျစ်လျူရှုထားပါတယ်။

"ဒါပေမဲ့လည်း ငါတို့က သူ့ကို ချမ်းသာခွင့် ပြုပေးနိုင်ပေမဲ့ လူငယ်တွေက တစ်ယောက်နဲ့ တစ်ယောက် သူတို့ရဲ့ အစွမ်းတွေကို စမ်းသပ်တဲ့ အနေနဲ့ ယှဉ်ပြိုင်တာက ပိုသင့်တော်မယ် မဟုတ်လား"

ဘုရင်အန်လန်ရဲ့ လေသံက ချက်ချင်းပဲ ပြောင်းသွားပြီး လင်းဟန်ကို သတ်ပစ်မဲ့ စိတ်ကူးကို လုံးဝ မစွန့်လွှတ်သေးဘူး ဆိုတာ ပေါ်လွင်ပါတယ်။

"ကိစ္စမရှိဘူး"

တင်းလိန်က လုံးဝကို တုံ့ဆိုင်းခြင်း မရှိပဲ ဖြေလိုက်ပါတယ်။ သူက လက်တစ်ဖက်ကို ပှေ့ယမ်းပြီး ပြောလိုက်တယ်။

"တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် ဒါမှမဟုတ် သူတို့ရဲ့ အသက်အရွယ် တူညီမယ်ဆိုရင် ငါလုံးဝကို ဝင်ပြီးတော့ မစွက်ဖက်ဘူး"

တကယ်လို့ လင်းဟန်က ဒီလိုအခြေအနေအောက်မှာ ရှုံးနိမ့်ခဲ့မယ်ဆိုရင် ဒီလိုမျိုး အမိုက်တွေက သေရင်တောင်မှ သနားစရာ မကောင်းပါဘူး။

လက်ရွေးစင် သုံးယောက်က မြေကြီးပေါ်ကို ပြန်ဆင်းသက် လာခဲ့ပါတယ်။

ဘုရင်အန်လန်က ရိုးသားတဲ့ အပြုံးတစ်ခုကို သူ့မျက်နှာပေါ်မှာ ဆင်မြန်းပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့ထဲက ဘယ်သူကများ ဒီကြယ်ဥက္ကာ အင်ပါယာရဲ့ ပါရမီရှင်နဲ့ တိုက်ခိုက်ကြမလဲ"

"ဒီကောင့်ကို သတ်ပစ်နိုင်တဲ့ သူကို ငါ့တပည့်အဖြစ် လက်ခံမယ်"

ချင်ဖန်းက တန်ဖိုးကြီးတဲ့ ဆုလာဘ်တစ်ခုနဲ့ တိုက်ရိုက်ကမ်းလှမ်းလိုက်ပါတယ်။

အဲဒီအခိုက်အတန့် ဘယ်သူမှ လက်မခံပုံပါဘူး။

မရေမတွက်နိုင်တဲ့ လူတွေဟာ လင်းဟာန်ရဲ့ စွမ်းဆောင်ရည်တွေကို ကြက်သွေးရောင် ရေကန်မှာ မျက်မြင်ကြုံတွေ့ ခဲ့ကြပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ သူက လုံးဂကို လူထူးလူဆန်း တစ်ယောက်ပါပဲ။ သူက တိုက်စားတဲ့ အစွမ်းရှိတဲ့ ကြက်သွေးရောင် ရေကန်ထဲကို ပြုတ်ကျသွား ခဲ့တာတောင် လုံးဂကို ထိခိုက်မှု မရှိခဲ့ပါဘူး။ ဘယ်သူကများ ဒီလိုမျိုး အံ့သြဖွယ်ရာ ခုခံကာကွယ်မှုကို အနိုင်ယူနိုင်မှာလဲ။ နောက်ပြီး သူက ကျွန်းပေါ်ကို သုံးကြိမ်တိုင်တိုင် ရောက်ရှိခဲ့ပြီး သူ့ရဲ့ စွမ်းရည်ကို သက်သေပြထားခဲ့ပါတယ်။

ရေထဲမှာ ပေါလောပေါ်နေတဲ့ ဆွဲငင်အား နယ်ပယ် ကျောက်တုံးတွေက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို လိုက်ပြီးတော့ မပြောင်းလဲသွားပါဘူး။ အဲဒီအစား သူတို့က အားလုံးအတွက် အတူတူပါပဲ။ ဒါကြောင့် လင်းဟာန်က ကျွန်းပေါ်ကို သုံးကြိမ်တိုင်တိုင် ရောက်ခဲ့တယ် ဆိုတာက ဘာကိုသက်သေပြနေတာလဲ။

ဒီအမှတ်အသားတွေက သူ့ရဲ့ စွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ဟာ ကနဦးအဆင့်မှာရှိတဲ့ တခြားလူတွေထက် သာလွန်နေတယ် ဆိုတာကို ဖော်ပြနေပါတယ်။

လူတစ်ယောက်အတွက် သူတို့ကိုယ်ပိုင် အင်ပါယာအတွက် အနိုင်ရရှိခြင်းဆိုတဲ့ ဂုဏ်ပုဒ်နဲ့ အောင်မြင်မှုက သံသယ ရှိစရာ မလိုအောင် လိုချင်တပ်မက် ကြပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့တွေ ရှုံးနိမ့်သွားခဲ့ရင်ရော။ လူအများကြီးရဲ့ စောင့်ကြည့်နေတဲ့ အကြည့်တွေအောက်မှာ ဒါက လုံးဝကို ဆိုးဆိုးဝါးဝါး အရှက်ကွဲခြင်း တစ်ခု ဖြစ်ပါလိမ့်မယ်။

ဘုရင်အန်လန်နဲ့ ချင်ဖန်းရဲ့ အမူအရာတွေက တဒင်္ဂလောက် သုန်မှုန်သွားခဲ့ပါတယ်။ ဘယ်သူမှ လင်းဟာန်ကို စိန်မခေါ်ပံ့ပါဘူး။ ဒီရလဒ်က သူတို့ကို အကြီးအကျယ် စိတ်ပျက်သွား စေခဲ့ပါတယ်။

"ဝါး ကျောက်တုံးခေါင်းက အခု အရမ်းကို အံ့သြစရာ ကောင်းတာပဲ။ သူ့ကို ဘယ်သူမှ စိန်မခေါ် ပံ့ကြဘူးလား"

လီဂေဂေက အံ့အားသင့်သလို စိတ်လည်း လှုပ်ရှားနေခဲ့ပါတယ်။ ကျောက်လိန်တောင်မှ ကျော်ကြားလာတဲ့ အချိန်မှာ အင်ပါယာ နှစ်ခုက ပါရမီရှင်တွေ တော်တော်များများက လာပြီးတော့ သူ့ကို စိန်ခေါ်ကြပါသေးတယ်။

ဒါပေမဲ့လည်း လင်းဟာန်က အရမ်းကို အစွမ်းထက်တာကြောင့် ဘယ်သူကမှ သူ့ကို စိန်မခေါ်ပံ့ ကြပါဘူး။ ဒါက လုံးဝကို သမိုင်းတွင်တဲ့ အနေအထား တစ်ခုပါပဲ။

တန်ဖန်းက သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ မနာလိုမှုတွေနဲ့အတူ မုန်းတီးမှုတွေနဲ့ ပြည့်နက်နေပါတယ်။

သူပြန်ရောက်တဲ့ အချိန်ကျရင် လင်းဟာန်ကို စိန်ခေါ်မယ်လို့ သူက ကျိန်ဆိုလိုက်ပါတယ်။ သူ့ရဲ့ နတ်ဘုရား ပလ္လင်ကနေ လင်းဟာန်ကို ဖြုတ်ချဖို့ကိုလည်း ကျိန်ဆိုလိုက်ပါတယ်။

"အမိုက်ကောင်တွေ"

ချင်ဖန်းက ဒေါသတကြီးနဲ့ သူ့လက်ကို ပျေ့ယမ်းလိုက်ပါတယ်။

"လှေပေါ်ကို ပြန်ကြမယ်"

ထာဂရ မိုးကောင်းကင် အင်ပါယာက ကျင့်ကြံသူတွေ အားလုံးက သူတို့ရဲ့ အမြီးတွေ ကုပ်ပြီး အလျင်အမြန်ပဲ သူတို့လှေပေါ်ကို တက်သွားကြပါတယ်။ လင်းဟာန်ကို စိန်ခေါ်ဖို့ သတ္တိရှိတယ်လို့ ဘယ်သူက သူတို့ကို ပြောလို့လဲ။

ဘုရင်အန်လန်က သက်ပြင်းချပြီး သူ့ရဲ့ ကျင့်ကြံသူတွေကို လှေပေါ်ပြန်တက်ဖို့ အမိန့်ပေး လိုက်ပါတယ်။

လက်ရွေးစင် နှစ်ယောက်လုံးက သက်ဆိုင်ရာ အင်ပါယာ အသီးသီးကို ပြန်ဖို့ အမိန့်မပေးခင် လင်းဟာန်ကို လေးလေးနက်နက် ကြည့်သွားကြပါတယ်။

ဒီတစ်ကြိမ်တော့ ဒီကိစ္စကို ဒီအတိုင်း ထားဖို့ ဆုံးဖြတ်ထားကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိဖို့ အဝေးကြီး လိုပါသေးတယ်။ ပြီးတော့ သူတို့က အနာဂတ်မှာ အမှောင်ည ခန်းမရဲ့ ဂန်ဆောင်မှုတွေကို ငှားရမ်းနိုင် ပါသေးတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို သတ်ရတာက ဘယ်လောက်များ ခက်ခဲမှာမို့လို့လဲ။

"ပြန်ကြမယ်"

တင်းလိန်ကလည်း လက်ပှေ့ယမ်းပြီး အားလုံးကို လှေပေါ်တက်ခိုင်း လိုက်ပါတယ်။ အားလုံး လှေပေါ်ကို ရောက်သွားတဲ့ အခါမှာ သူက ချက်ချင်းပဲ ပွဲခန်းထဲကို ဂင်သွားခဲ့ပါတယ်။

သူမျက်နှာက ချက်ချင်းဆိုသလို ရွှေရောင် ပြောင်းသွားပြီး ကြမ်းပြင်ပေါ်ကို လေးလံစွာနဲ့ ဒူးထောက်ကာ သူ့မျက်နှာပေါ်ကနေ အေးစက်တဲ့ ချွေးတွေက စီးကျလာခဲ့ပါတယ်။

လက်ရွေးစင် နှစ်ယောက်ကို တစ်ယောက်တည်း ရင်ဆိုင်ရတဲ့အတွက် ဘယ်လိုလုပ်ပြီးတော့ သူက တန်ဖိုးတစ်ခု မပေးရပဲ နေမှာလဲ။ နောက်ပြီး သူက သူ့ရဲ့အထွတ်အထိပ် တောင်ပှေး နည်းစနစ်ရဲ့ ကိုးခုမြောက် ပုံစံကို အတင်းအကျပ်

အသက်သွင်းခဲ့ပါတယ်။ ဒါက သူ့အပေါ်မှာ အရမ်းကို ကြီးမားတဲ့ ဂန်ထုပ်ဂန်ပိုးတစ်ခု ဖြစ်စေပြီး ဘုရင်အန်လန်နဲ့ ချင်ဖန်းတို့ကို ဟန့်တားဖို့ အတွက် သူ့ရဲ့ ဟန်ပန်အမူအရာကို အတင်းထိန်းချုပ်ထားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့နှစ်ယောက်က လွယ်လွယ်နဲ့ လက်လျော့သွားမှာတဲ့လား။

စစ်သဘော်က ကြယ်ဥက္ကာ အင်ပါယာရဲ့ ပိုင်နက်ထဲကို အလျင်အမြန်နဲ့ ဝင်ရောက်လာပြီး တင်းလိန်က နောက်ဆုံးမှာ နိုင်ငံစွမ်းအားကို ဆွဲယူသုံးစွဲကာ သူ့ရဲ့ ဒဏ်ရာတွေကို ကုသလာနိုင်ခဲ့ပါတယ်။ ဒါက သူ့ကို အတော်လေး တည်ငြိမ်မှု ရစေပါတယ်။ အခုဆိုရင် သူက လက်ရွေးစင် နှစ်ယောက်အနေနဲ့ သတိပြန်ဝင်လာပြီး သူတို့အနောက်ကို လိုက်လာဖမ်းဆီးမယ်ဆိုရင်တောင် ကြောက်ရွံ့လိမ့်မှာ မဟုတ်ပါဘူး။

သူက နိုင်ငံစွမ်းအားကို သုံးစွဲနိုင်ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို နောက်ထပ်ကြယ်တစ်လုံး တိုးမြှင့်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သူက ကျန်တဲ့လက်ရွေးစင် နှစ်ယောက်ကို လွယ်လွယ်နဲ့ ထိန်းချုပ်နိုင်စွမ်း ရှိလာပါမယ်။

အင်ပါယာမြို့တော်ကို ပြန်ရောက်လာပြီးတဲ့နောက်မှာ အားလုံးက သူတို့ရဲ့ ကိုယ်ပိုင် ကလန်တွေ ဂိုဏ်းတွေ အသီးသီးဆီကို

ပြန်သွားပြီး လူစုခွဲ လိုက်ကြပါတယ်။ ဒါပေမဲ့လည်း အားလုံးက သူတို့ မထွက်ခွာခင် လင်းဟန်ကို မျက်စိဝေ့ကြည့် သွားခဲ့ကြပါတယ်။ ဒီပါရမီရှင်က အကန့်အသတ် မရှိပဲ မိုးထိအောင် ထိုးတက်သွားပါလိမ့်မယ်။ ခိုင်မာတောင့်တင်းတဲ့ နောက်ခံတစ်ခု မရှိပဲ ဒီလိုမျိုး ပါရမီရှင်တွေက သူတို့ရဲ့ အောင်မြင်မှု လမ်းကြောင်းမှာပဲ သေဆုံးသွား တတ်ကြပါတယ်။

Chapter 979 end

ပြီးပါပြီဗျော်

အပိုင်း(980) စာကြည့်တိုက်သို့ နောက်တစ်ကြိမ်

ကောင်းကင်ဘုံ ပင်လယ် လျှို့ပုက်ဆန်းကြယ်ဘုံကို ဂင်ရောက်ခဲ့တဲ့ လူတွေ ပြန်လာတဲ့ အချိန်မှာ အံ့အားသင့်စရာကောင်းတဲ့ သတင်းတစ်ခုက ချက်ချင်းဆိုသလို အင်ပါယာ မြို့တော် တစ်ခုလုံးကို လှုပ်ခါသွားစေခဲ့ပါတယ်။

တစ်ယောက်ယောက်က ကြက်သွေးရောင် ရေကန်ကို သုံးကြိမ် ဖြတ်ကူးနိုင်ခဲ့တယ်။

ဒါပေမဲ့ အများစုက ဘာကိုဆိုလိုသလဲ ဆိုတာကို သူတို့တွေ လုံးဂကို မသိပါဘူး။ ဒါက အရမ်းကို အံ့ဩဖွယ်ရာ ကောင်းနေတာလား။

ချက်ချင်းပဲ တစ်စုံတစ်ယောက်က သူတို့ကို ပြောပြလိုက်ပါတယ်။

"မင်းတို့ ကျောက်လန်ကို သိလား။ အရင်တုန်းက ကျောက်လန်တောင်မှ ကျွန်းပေါ်ကို နှစ်ကြိမ်ပဲ ရောက်အောင်လုပ်နိုင်ခဲ့တယ်။ သူက နှစ်ပေါင်းတစ်ထောင် အတွင်းမှာ ပထမဆုံးပဲ"

ဒီလိုမျိုး နှိုင်းယှဉ်မှု တစ်ခုနဲ့တင် အားလုံးက အတွေးတချို့ ဖြစ်သွားပါတယ်။

ကျောက်လန်က ဘယ်သူများလဲ။

အားလုံးရဲ့ အတွေးထဲမှာ သူက အရမ်းကိုမြင့်မားတဲ့ အစစ်အမှန် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူက အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ထိတောင် အဆင့်တက်နိုင် ပါလိမ့်မယ်။ နောက်ပြီး ဒီလိုမျိုး ပါရမီရှင် တစ်ယောက်က နှစ်ပေါင်း သန်းနဲ့ချီမှ တစ်ခါပဲ ထွက်ပေါ်လာတတ် ကြပါတယ်။

အခု ကျောက်လန်ထက်တောင် ပိုပြီးတော့ ကြီးကျယ်ခမ်းနားတဲ့ လူတစ်ယောက် ပေါ်ထွက်လာခဲ့ ပါပြီ။

"အဲဒီ လင်းဟန်ဆိုတာက ဘယ်သူလဲ"

"မင်းမသိသေးဘူးလား။ သူက ကျွန်မှာငယ်လေး တစ်ခုကနေ လာခဲ့တာ"

"ဘာ ကျွန်မှာငယ်လေး တစ်ခုကနေ လာခဲ့တဲ့ လူတစ်ယောက်ကလည်း ဒီလောက်တောင် အံ့သြစရာ ကောင်းနေတာလား။ ငါက ဘာမှသိပ်မသိလို့ မင်းက ငါ့ကို လှည့်စားနိုင်မယ်လို့ ထင်နေတာလား။ ငါက ကျွန်မှာငယ် တစ်ခုကနေ တက်လာတဲ့ ကျင့်ကြံသူ တစ်ယောက်ကို မမြင်ဖူးတဲ့သူ မဟုတ်ဘူးကွ။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ တိုက်ပွဲစွမ်းရည် ကြယ်ဆယ့်ငါးလုံးက အများဆုံးပဲ ရှိကြတယ်။ ဒါက အမှိုက်သာသာပဲလေ"

"မင်းကတော့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုပြီးတော့ အထင်ကြီးနေတာက မင်းအမှားပဲ။ အဲဒီလူက မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ ကျွန်မှာငယ် တစ်ခုရဲ့ ဧကရာဇ် တစ်ပါးပဲ"

"သောက်ကျိုးနည်း"

အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲမှာ ပထမနေရာကို အရယူနိုင်ခဲ့တာကြောင့် ကြယ်ဥက္ကာ အင်ပါယာရဲ့ ကိုယ်စားပြု လင်းဟာန်နဲ့ ပတ်သက်တဲ့ အကြောင်းက ပြောဆိုသူ များပြားပြီး သူ့ရဲ့ ထင်ပေါ်ကျော်ကြားမှုကလည်း မြင့်တက်လာခဲ့ပါတယ်။

အခုဆို သူ့နာမည်က အင်ပါယာ မြို့တော် တစ်ခုလုံးမှာ ပျံ့နှံ့နေပြီး နေရာအနှံ့အပြား သူ့အကြောင်းကို ပြောဆိုနေကြကာ မြို့ထဲက အင်အားစုတွေ အားလုံးက သိကုန်ပါတယ်။

တကယ်လို့ သူက အရွယ်ရောက်လာနိုင်ရင် ဒီလူဟာ အဆုံးမဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်ချေ ရှိပါတယ်။

ဒါပေမဲ့။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်က ရောက်ရှိဖို့ အရမ်းကို ခက်ခဲပါတယ်။ ပထမ အချက်က အချိန်တွေ အများကြီး လိုအပ်ပါတယ်။ ဒုတိယ အချက်က အရင်းအမြစ် အများကြီး လိုအပ်ပါတယ်။ တကယ်လို့ သူ့ကို အစွမ်းထက်တဲ့ အင်အားစု တစ်ခုက အထောက်အပံ့ မပေးဘူးဆိုရင် ဒါက ဖြစ်နိုင်ချေ တစ်ခုအဖြစ်နဲ့ပဲ ကျန်ရှိနေပါလိမ့်မယ်။

တချို့ နေလအဆင့် အင်အားစုတွေက လင်းဟန်ကို သူတို့ရဲ့ သားမက်တော်ဖို့တောင် ဆုံးဖြတ်ချက် ချထားခဲ့ပါတယ်။ လင်းဟန်သာ ခေါင်းညိတ်လိုက်ရင် သူတို့မှာရှိတဲ့ အရင်းအမြစ်တွေ အားလုံးနဲ့ သူ့ကို ပြုစုပျိုးထောင်ပေးပါလိမ့်မယ်။ ဒါဆိုရင် အနာဂတ်မှာ သူတို့ကိုယ်ပိုင် ကလန်ဟာ ကောင်းကင်ဘုံအဆင့် လက်ရွေးစင် တစ်ယောက်ရှိတဲ့ ကလန်ဖြစ်လာပြီး

ငြိမ်းချမ်းရေးဂိုလ်ကြီးပေါ်မှာ လွှမ်းမိုးနိုင်တဲ့ အင်အားစုတစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ကို သတ်ပစ်ချင်တဲ့ အင်အားစု တချို့လည်း ရှိပါတယ်။ ဥပမာ လျှိုကလန်။ သူတို့အနေနဲ့ လင်းဟန်ကို ရင့်ကျင်ပြီး သူ့ရဲ့ အလားအလာ အပြည့်အဝ ရောက်ရှိတဲ့အထိ ခွင့်ပြုလို့ မဖြစ်ပါဘူး။

အမှောင်ထုထဲက တိုက်ပွဲလှိုင်းတွေ အလယ်မှာ လင်းဟန်က သင်တန်းကျောင်းဆီ ပြန်လာခဲ့ ပါတယ်။

ပထမဆုံး သူလုပ်ရမဲ့ ကိစ္စက တောင်မြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီ ဆိုတာကို သင်တန်းကျောင်းဆီ သတင်းပို့ရပါမယ်။

လက်ရှိမှာ သူက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို တောင်မြစ်ကျောက်တုံးတွေရဲ့ အကူအညီနဲ့ မြှင့်တင်ထားတာ ဖြစ်ပါတယ်။ ပြီးတော့ သူကိုယ်ပိုင် နားလည်သဘောပေါက်မှု ကင်းမဲ့နေပါတယ်။ သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်အထိပဲ အကန့်အသတ် ရှိပြီးတော့ နောက်ပိုင်းမှာ အဆင့်တက်ဖို့ ဖြစ်နိုင်ချေ မရှိနိုင်ပါဘူး။ သူက တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ်

တစ်ခုကို ကျင့်ကြံမှ အစစ်အမှန် တန်ခိုးရှင်တစ်ယောက် ဖြစ်လာပါမယ်။

သင်တန်းကျောင်းက ဒီကိစ္စကို အရေးကြီးတဲ့ ကိစ္စတစ်ခုအဖြစ် သတ်မှတ်ပြီး သူ့ရဲ့တာအို လုံခြုံစောင့်ကြပ်ဖို့ အတွေ့အကြုံရင့် အကြီးအကဲ တစ်ယောက်ကိုလည်း တမင်သက်သက် စေလွှတ်ပေးခဲ့ပါတယ်။

ပထမ သူက တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို သင်ယူလေ့လာ ရပါမယ်။ အရှေ့လူရဲ့ အတွေ့အကြုံ မရှိပဲ သူ့ကိုယ်ပိုင် ကျင့်ကြံခြင်း နည်းစနစ်ကို တီထွင်မယ်ဆိုရင် ရှစ်နှစ်ကနေ ဆယ်နှစ်မပြောနဲ့ နှစ်ပေါင်းရာနဲ့ ထောင်နဲ့ချီ ကြာနိုင်ပါတယ်။

ကနဦးအဆင့်ရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို သင်တန်းကျောင်းက လက်ဆောင်ပေးပါတယ်။ ဒါပေမဲ့ ပြင်းထန်အလယ်အလတ် အဆင့်ကနေ နောက်ပိုင်းကိုတော့ သင်တန်းကျောင်းရဲ့ ရမှတ်တွေနဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို အလဲအလှယ် လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ကြက်သွေးရောင် ရေကန်ကို သုံးကြိမ်ရောက်ခဲ့တဲ့ အတွက်ကြောင့် မြောက်ပိုင်း အဖွဲ့အစည်းရဲ့ အကြီးအကဲတွေ အားလုံးက အရမ်းကို

ကျေနပ်ပီတိ ဖြစ်တာကြောင့် သူ့ကို သင်တန်းကျောင်း ရမှတ် တစ်ထောင်ကို ဆုချီးမြှင့် ပေးခဲ့ပါတယ်။

တစ်ခုနားလည်ထားရမှာက ကနဦးအဆင့် သာမန်ကျောင်းသား တစ်ယောက်က ဆယ်နှစ်အတွင်းမှာတောင် သင်တန်းကျောင်း ရမှတ်တွေ အများကြီး မရနိုင်ပါဘူး။ ဒါက အရမ်း အရမ်းကို ရက်ရောတာ ဖြစ်ပါတယ်။

သူအခု ကျင့်ကြံနေတဲ့ ကျင့်ကြံခြင်း နည်းစနစ်က ကြယ်ခုနစ်ပွင့် လျှို့ဝှက်ချက်များလို့ ခေါ်ပါတယ်။ သာမန်ကျင့်ကြံခြင်း နည်းစနစ် တစ်ခုဖြစ်ပြီးတော့ သင်တန်းကျောင်းမှာရှိတဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးထိ ရောက်ပြီးတဲ့နောက်မှာ ကျောင်းသားအားလုံး ဒီကျင့်ကြံခြင်း နည်းစနစ်ကို ရရှိနိုင်ပါတယ်။

ဒီကျင့်ကြံခြင်း နည်းစနစ်က အလကားဆိုမှတော့ အဆင့်မြင့် ပစ္စည်းတစ်ခု ဘယ်လိုမှမ ဖြစ်နိုင်ပါဘူး။ တကယ်တော့ ဘယ်အရာမှ မစိုက်ပျိုးပဲ ရိတ်သိမ်းရူးဆွတ်လို့ မရပါဘူး။

သူ့ရဲ့တာအို လုံခြုံစောင့်ရှောက်ရေး လူက ကျင့်ကြံခြင်း နည်းစနစ်တွေကို ရှင်းပြပေးဖို့ တာဝန် ရှိပါတယ်။ ပြီးတော့ တကယ်လို့ သူနားမလည်တဲ့ အရာတွေ ရှိလာရင် လင်းဟန်က သူ့ကို လမ်းညွှန်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။

သာမန်ကျောင်းသား တစ်ယောက်က လမ်းညွှန်သင်ကြားပေးဖို့ သုံးရက်တိတိ မေးမြန်းနိုင်ပေမဲ့ လင်းဟန်ကတော့ တစ်ပါတ်တိတိ ရပါတယ်။ ဒါက မြောက်ပိုင်းအဖွဲ့အစည်းက အကြီးအကဲတွေရဲ့ ရက်ရောမှု စေတနာကို သက်သေပြနေတာပါပဲ။

ဒါပေမဲ့လည်း လင်းဟန်က လမ်းညွှန်သင်ကြားပေးဖို့အတွက် တစ်ရက်ပဲ အသုံးပြုဖို့ တောင်းဆိုခဲ့ပြီး ဒုတိယမြောက်နေ့မှာ သူက တံခါးပိတ် ကျင့်ကြံအားထုတ်မှုကို စခဲ့ပါတယ်။

ပထမ အချက်က သူ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက အရမ်းကို အံ့မခန်း ဖြစ်ပြီး ဒုတိယ အချက်က ကနဦးအဆင့်မှာ သူက ရပ်တည်နေပါပြီ။ ဒါကြောင့် တကယ်လို့ သူက သူ့ရဲ့ ကျင့်ကြံခြင်းရဲ့ဉာဏ်အလင်းတွေ ရရှိဖို့ ပြန်ကြိုးစားရင်တောင် ခက်ခဲမှုက တခြားသူတွေနဲ့စာရင် သိသိသာသာကို နည်းပါးပါလိမ့်မယ်။

တကယ်တော့ ခက်ခဲမှုက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို လျစ်လျူရှုပြီး ဘယ်လိုမျိုး ဉာဏ်အလင်းရအောင် လုပ်ပြီးတော့ မင်းရဲ့ တောင်မြစ်တွေကို ဖြစ်ပေါ်အောင် လုပ်ရမလဲ ဆိုတာကို သင်ကြားပေးခြင်းပဲ

ဖြစ်ပါတယ်။ အခု သူက တောင်မြစ်ဖြစ်ပေါ်ပြီးပါပြီ။ ဒါကြောင့် အခက်ခဲဆုံး အဆင့်ကို သူက ဖြတ်ကျော်ပြီးခဲ့ပါပြီ။

လင်းဟန်က မီးတောက်တောင်မြစ်ကျောက်တုံး တစ်တုံးကို ထုတ်ယူလိုက်ပြီး သူနားလည်ထားတဲ့ တောင်မြစ်အဆင့်ရဲ့ လျှို့ဝှက်ချက်တွေနဲ့ အဆက်မပြတ် သန့်စင်လိုက်ပါတယ်။ ဒီလိုမျိုးနဲ့ သူက သိသာလာပြီး ရုပ်ပိုင်းဆိုင်ရာ နားလည်သဘောပေါက်ခြင်းမှာ ပိုပြီးတော့ အောင်မြင်မှု ရရှိလာခဲ့ပါတယ်။

ဒီတောင်မြစ်ကျောက်တုံးကို သန့်စင်ပြီးတဲ့နောက်မှာ သူလည်း ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ အဆင့်တက်သွားခဲ့ပါတယ်။ လင်းဟန်က မရပ်နားပဲ နောက်ထပ် တောင်မြစ်ကျောက်တုံးတွေကို ဆက်ပြီးတော့ သန့်စင်ပြီး ကနဦးအဆင့်ရဲ့ အမြင့်ဆုံး အကန့်အသတ်ထိ တစ်ခါတည်း ရောက်အောင်လို့ သန့်စင်လိုက်ပါတယ်။

သူက အတွက်မှားသွားခဲ့ပါတယ်။ တောင်မြစ်ကျောက်တုံး လေးတုံးက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ကနဦးအဆင့်ရဲ့ အမြင့်ဆုံးထိ ရောက်အောင်လို့ တိုးမြှင့်ပေးဖို့ လုံးဝကို မလုံလောက်ပါဘူး။ ရှေ့တိုးရမဲ့ အဆင့်တိုင်းရဲ့ အရင်းအမြစ် လိုအပ်ချက်က အရင်အဆင့်ထက် နှစ်ဆ ဖြစ်လာပါလိမ့်မယ်။

မီးတောက်တောင်မြစ် ကျောက်တုံး လေးတုံးကို သန့်စင်ပြီးတဲ့နောက်မှာ သူက ပြဿနာတစ်ခုနဲ့ ကြုံတွေ့လိုက်ရပါတယ်။

သူက ကနဦးရဲ့ အမြင့်ဆုံးထိ မရောက်သေးနိုင်သေးသလို သူ့ဒန်တန်ထဲက ရောမ တောင်ကြီးပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တံဆိပ်ခတ်နိုင်လို့ မရတော့ပါဘူး။ အကန့်အသတ်က ကိုးခုပါပဲ။

"တကယ်လို့ ထူးခြားတဲ့ စွမ်းရည်ရှိတဲ့ တောင်မြစ်ကျောက်တုံးတွေကို ထပ်ပြီးတော့ သန့်စင်မယ် ဆိုရင် အဲဒါက ဖြုန်းတီးမှု သက်သက်ပဲ ဖြစ်လိမ့်မယ်။ ပြင်းထန်အလယ်အလတ် အဆင့်ထိ အဆင့်တက်ပြီးတော့ ဒုတိယ တောင်မြစ် ဖြစ်ပေါ်ပြီးမှပဲ ငါဒါကို ဆက်ပြီးတော့ လုပ်နိုင်လိမ့်မယ်"

လင်းဟန်က သာမန်တောင်မြစ်ကျောက်တုံး တစ်တုံးကို ဆွဲထုတ်ပြီးတော့ စတင်သန့်စင် လိုက်ပါတယ်။ ဒါက သူ့ရဲ့ကျင့်ကြံခြင်း အဆင့် တစ်ခုကိုပဲ တိုးမြှင့်နိုင်ပါလိမ့်မယ်။ ထူးခြားတဲ့ အာနိသင်တွေ နည်းနည်းမှ ပိုင်ဆိုင်မှာ မဟုတ်ပါဘူး။ ဒါဆိုရင် ဖြုန်းတီးမှုတစ်ခု မဟုတ်တော့ပါဘူး။

"ကနဦးရဲ့ အမြင့်ဆုံးကို ရောက်ဖို့ အနည်းဆုံး တောင်မြစ်ကျောက်တုံး သုံးတုံးလိုတာပဲ"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီအကွာအဝေးက သူခန့်မှန်းထားတာထက် ကျယ်ပြန့် လွန်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကနဦးအဆင့်ရဲ့ အစောပိုင်းအဆင့်က တောင်မြစ်ကျောက်တုံး တစ်တုံးပဲ လိုခဲ့ပါတယ်။

"ဒါပေမဲ့လည်း အနည်းဆုံးတော့ ငါက အခုဆိုရင် စစ်မှန်တဲ့ တောင်မြစ်အဆင့်ကျင့်ကြံသူ တစ်ယောက် ဖြစ်လာပြီ"

လင်းဟန်က ပြုံးလိုက်ပါတယ်။ လေးရက်ကြာပြီးတဲ့ နောက်မှာတော့ နောက်ဆုံးမှာ သူက တောင်မြစ်အဆင့်ရဲ့ လျှို့ဝှက်ချက်တွေကို နားလည်သဘောပေါက် လာခဲ့ပြီး ရှေ့ဆက် အလားအလာတွေ ရှိတဲ့ အစစ်အမှန် တန်ခိုးရှင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

သူ့ရဲ့ ဒန်တန်ထဲက ပထမ တောင်မြစ်ကလည်း အဆပေါင်း တစ်ရာလောက် ကြီးမားလာကာ တခြားသူတွေရဲ့ တောင်မြစ်ထက် မသေးငယ်တော့ပါဘူး။

"ငါက ကြယ်ခုနစ်ပွင့် လျှို့ဝှက်ချက်တွေကို လေ့လာသင်ယူခဲ့ပြီး မကြာခင်မှာ အသုံးမဝင် ဖြစ်တော့မှာပဲ။ ငါ့အတွက် ကျင့်ကြံခြင်း

နည်းစနစ် အသစ်တစ်ခု လိုနေပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ပြင်းထန်အလယ်အလတ် အဆင့်ကို ငါချိုးဖျက်နိုင်လိမ့်မှာ မဟုတ်ဘူး။ တောင်မြစ်ကျောက်တုံးတွေကလည်း ငါ့ကို ကူညီပေးနိုင်မှာမဟုတ်ဘူး”

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ကျင့်ကြံခြင်း နည်းစနစ်တွေရဲ့ အဆင့်ကို ကျင့်ကြံခြင်းရဲ့ အမြန်နဲ့ အရှိန်အဟုန်ကနေ ခွဲခြားထားပါတယ်။ ဒါကြောင့် သူ့မှာ အံ့သြဖွယ်ရာ ကောင်းလှတဲ့ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုနဲ့ လဲလှယ်ဖို့ သင်တန်းကျောင်း အမှတ်တွေကို လုံလုံလောက်လောက် စုထားရပါမယ်။

တံခါးပိတ် ကျင့်ကြံခြင်းကနေ ထွက်လာပြီးတဲ့နောက်မှာ သူက သင်တန်းကျောင်းကို သတင်းပို့ပြီး အနာဂတ်မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အုပ်စုကနေ ထွက်ခွာရပြီး တောင်မြစ်အဆင့်ရဲ့ ကနဦးအဖွဲ့ထဲကို တရားဝင် ခြေချရပါမယ်။

ဘာဖြစ်လို့လဲဆိုတော့ သင်တန်းကျောင်းက သူ့ကို အတော်လေး အလေးထားပါတယ်။ သူတို့က သူ့အတွက် ပြင်ဆင်မှုတွေ လုပ်ထားပေးခဲ့ပါတယ်။ တံခါးပိတ် ကျင့်ကြံခြင်းကနေ သူထွက်လာတဲ့ အခါမှာ သူ့အတွက် ပြင်ဆင်ပေးထားမှုတွေက

အဆင်သင့် စောင့်ကြိုနေပါတယ်။ ဒါကြောင့် လင်းဟန်က စာကြည့်တိုက်ကို သွားခဲ့ပါတယ်။

ပထမအချက်က ပြင်းထန်အလယ်အလတ် အဆင့်အတွက် ကျင့်ကြံခြင်း နည်းစနစ်ကို တစ်ချက်ကြည့်ဖို့ ဖြစ်ပါတယ်။ တကယ်လို့ သူ့မှာ အဲဒီနည်းစနစ်တွေနဲ့ လဲလှယ်ဖို့ သင်တန်းကျောင်း အမှတ်တွေ မလုံလောက်ဘူး ဆိုရင်တောင် တန်ဖိုးကို အရင်ဆုံး သိရတာပေါ့ မဟုတ်လား။ ဒုတိယ အချက်က အဘိုးကြီးရှ ဆီကို သူက သွားလည်ချင်တာကြောင့်လည်း ဖြစ်ပါတယ်။ သူ့ဆီကနေ အံ့သြဖွယ်ရာ နည်းစနစ် တစ်ခုကို သူရရှိခဲ့ပြီး အဲဒီအတွက် ကျေးဇူးတင်စကား သွားပြောချင်ပါတယ်။

သူက အရမ်းကို လျင်မြန်စွာနဲ့ စာကြည့်တိုက်ဆီကို ရောက်လာခဲ့ပါတယ်။

အရာအားလုံးက အရင်က အတိုင်းပါပဲ။ အဘိုးကြီးရှက ဂင်ပေါက်မှာ ထိုင်နေပြီး သူ့ပုံစံ ကြည့်ရတာ အိပ်မောကျနေသလိုပါပဲ။

"စီနီယာကို ဂါရဂ ပြုပါတယ်"

လင်းဟန်က အနားကို လျှောက်လာပြီး အဘိုးကြီးရှကို ရိုသေလေးစားစွာနဲ့ နှုတ်ဆက်လိုက် ပါတယ်။

"မင်းပြန်လာပြီလား"

အဘိုးကြီးရှက မျက်လုံးတွေကို မဖွင့်ပဲ သာမန်ကာလျှံကာနဲ့ မေးလိုက်ပါတယ်။

"ဟုတ် ကျနော်ပြန်ရောက်လာပါပြီ"

လင်းဟာန်က ခေါင်းတစ်ချက် ညိတ်ပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"သွားတော့"

အဘိုးကြီးရှက လက်ကိုပျော့ယမ်းပြီးတော့ သူ့ကိုပြောလိုက်ပါတယ်။

လင်းဟာန်က နောက်တစ်ကြိမ် ခေါင်းညိတ်ပြီး လက်တစ်ဖက်ကို ဂင်ပေါက် အဂမှာရှိတဲ့ ကျောက်တုံးပေါ် ဖိလိုက်ပြီး ခွင့်ပြုခြင်း အဆင့်အသစ် တစ်ခုကို ရရှိခဲ့ပါတယ်။ သူက အခုဆိုရင် ဒုတိယ အထပ်ကို တက်နိုင်ပါပြီ။

သူက ဒုတိယ အထပ်ကို တက်လာခဲ့ပါတယ်။ ဒီနေရာမှာရှိတဲ့ စာအုပ်စင်တွေက ပထမ အထပ်က အရေအတွက်ထက် နှစ်ဆပိုများပါတယ်။ ဒါပေမဲ့လည်း စကားလုံးတွေကို စာအုပ်တွေမှာ ရေးတာ မဟုတ်ပဲ အရိုးအကျိုး အပဲ့တွေမှာ ရေးထွင်းထားပါတယ်။ တချို့ဆိုရင် လုံးဂကို ပြီးပြည့်စုံတဲ့ အရိုးတွေ ဖြစ်ပါတယ်။

တချို့ဆိုရင် ရှေးဟောင်းအငွေ့အသက်တွေ လွှမ်းခြုံနေတဲ့ နတ်ဘုရား သတ္တုအပိုင်းအစတွေလည်း ရှိပြီးတော့ နတ်ဘုရား သင်္ကေတတွေနဲ့ ဖုံးလွှမ်းထားပါတယ်။

Chapter 980 end

အပိုင်း(981) ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုးပညာရပ်

ဒီစာအုပ်စင်တွေကို ကာကွယ်တဲ့ အနေနဲ့ အပြင်ဘက်မှာ အတားအဆီးတွေကိုလည်း ခင်းကျင်းထား ပါတယ်။ တကယ်လို့ လူတစ်ယောက်က သူ့ရဲ့လက်ကို လျှို့ဝှက်နည်းစနစ်တွေ အပေါ်ကို ဆန့်ထုတ်ပြီး ထိတွေ့လိုက်မယ်ဆိုရင် ဒါတွေက ကျင့်ကြံခြင်း နည်းစနစ်လား ဒါမှမဟုတ် သိုင်းပညာ နည်းစနစ်တွေလား။ ဘယ်အဆင့်မှာရှိလဲ။ ပြီးတော့ ဘယ်လိုမျိုး ဓာတ်စွမ်းအင် အမျိုးအစားလဲ စသည်ဖြင့် ဒီနည်းစနစ်တွေနဲ့ ပတ်သက်တဲ့ အပေါ်ယံ အကြောင်းအရာလောက်ပဲ ဖော်ပြပါလိမ့်မယ်။

ပိုပြီးတော့ အရေးကြီးတဲ့အချက်က ဒီနည်းစနစ်တွေနဲ့ အလဲအလှယ်ပြုလုပ်ဖို့ လိုအပ်တဲ့ သင်တန်းကျောင်း အမှတ်တွေ ဘယ်လောက်လိုအပ်သလဲ ဆိုတာကိုလဲ သိရမှာပါ။

တကယ်လို့ မင်းမှာ လုံလောက်တဲ့ သင်တန်းကျောင်း အမှတ်တွေ ရှိမယ်ဆိုရင် မင်းရဲ့ သင်တန်းကျောင်း အမှတ်တွေကို ချက်ချင်းသုံးစွဲပြီး ဒီကျင့်ကြံခြင်း နည်းစနစ်တွေကို ကန့်သတ်ထားတဲ့ အတားအဆီးတွေကို ဖြေရှင်းနိုင်ပါတယ်။ နောက်ပြီးတော့ မင်းက ဒီနေရာမှာ ဆယ်ရက်တိုင်တိုင် နားလည်သဘောပေါက်အောင် လေ့လာဖို့ ခွင့်ပြုချက် ရရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း ဆယ်ရက်ကြာပြီးတဲ့နောက်မှာ ဆက်ပြီးတော့ လေ့လာချင်သေးတယ် ဆိုရင်တော့ သင်တန်းကျောင်း အမှတ်တွေကို နောက်တစ်ကြိမ် ထပ်သုံးစွဲရပါလိမ့်မယ်။ အဲဒီအချိန်ကျရင် အမှတ်ရဲ့ ပမာဏက တစ်ဂဏန်းခန့် သက်သာသွားပါမယ်။

အဲဒါက လူတစ်ယောက်ကို အတတ်နိုင်ဆုံး အချိန်ကို အကျိုးရှိရှိ အသုံးချဖို့ တွန်းအားကို ပေးပါတယ်။

တန်ခိုးရှင်တွေရဲ့ အသက်က နှစ်သန်းပေါင်း ထောင်နဲ့ချီ ရှိနိုင်ပြီး ဒီအဆင့်ကိုရောက်ရှိလာပြီး တစ်ခုသိထားရမှာက တကယ်လို့ သူဟာ အမြင့်ဆုံး အထွတ်အထိပ်ထိ ရောက်ချင်တယ် ဆိုရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် လုံလောက်တဲ့ အချိန်ဆိုတာ ဘယ်တော့မှ မရှိပါဘူး။

လင်းဟန်က ကျင့်ကြံခြင်း နည်းစနစ်တွေရဲ့
မိတ်ဆက်သက်သက်ကိုပဲ ဖတ်လိုက်ပါတယ်။ သူက
ဘယ်ကျင့်ကြံခြင်း နည်းစနစ်ကို ရွေးချယ်ပြီး
ကျင့်ကြံအားထုတ်ရမလဲ ဆိုတာကို မဆုံးဖြတ်ခင်မှာ
အနည်းဆုံးတော့ သေချာစဉ်းစား ရွေးချယ်ရပါမယ်။

ဒီနေရာမှာရှိတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ တော်တော်များများက
ဈေးချိုပြီး သင်တန်းကျောင်း အမှတ် ဒါဇင်အနည်းငယ်မျှသာ
ရှိပါတယ်။ ဒါပေမဲ့လည်း မိုးကြိုးနက်မြေပြင်မြစ် လျှို့ဝှက်ချက်လိုမျိုး
ဈေးကြီးတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေလည်း ရှိပါတယ်။
အဲဒီကျင့်ကြံခြင်း နည်းစနစ်အတွက် သင်တန်းကျောင်းအမှတ်
ငါးထောင်လိုအပ်တယ်ဆိုတဲ့ အချက်က လင်းဟန်ကို
မှင်တက်တွေဝေ သွားစေခဲ့ပါတယ်။

ဘယ်သူကများ ဒီနည်းစနစ်ကို အလဲအလှယ် လုပ်နိုင်မှာလဲ။

ဒါပေမဲ့ သာမန်ကျောင်းသား တစ်ယောက်ဟာ ကနဦး အဆင့်မှာ
နှစ်ပေါင်းငါးထောင်ကျော် နေရလိမ့်မယ် ဆိုရင်တော့
သင်တန်းကျောင်းအမှတ် ငါးထောင်ဆိုတာက တကယ်တမ်း
သိပ်အများကြီး မဟုတ်ဘူးဆိုတာကို သူတွေးလိုက်မိပါတယ်။

နောက်ပြီးတော့ မိုးကြိုးနက် မြေပြင်မြစ် လျှို့ဝှက်ချက်များ နည်းစနစ်ဟာ ဈေးအကြီးဆုံး ကျင့်ကြံခြင်း နည်းစနစ် မဟုတ်သေးပါဘူး။ တချို့ဆိုရင် သင်တန်းကျောင်းအမှတ်တစ်သောင်းကျော်တာတွေလည်း ရှိပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ ကျင့်ကြံခြင်း နည်းစနစ်တွေကို အဆင့်ဆယ်ဆင့် ခွဲခြားထားပြီး အဆင့်တစ်ကို အနိမ့်ဆုံးလို့ သတ်မှတ်ပြီး အဆင့်တစ်ဆယ်က အမြင့်ဆုံး ဖြစ်ပါတယ်။ ဥပမာ လင်းဟန် အရင်က သင်ယူလေ့လာခဲ့တဲ့ ကြယ်ခုနစ်ပွင့် လျှို့ဝှက်ချက်များဆိုတဲ့ ကျင့်ကြံခြင်း နည်းစနစ်က အဆင့်အနိမ့်ဆုံး အဆင့်တစ် ကျင့်ကြံခြင်း နည်းစနစ်တွေထဲက တစ်ခု ဖြစ်ပါတယ်။ နောက်ပြီး တကယ်လို့မင်းကို ပြီးပြည့်စုံတဲ့ ကြယ်ခုနစ်ပွင့် လျှို့ဝှက်ချက်များ နည်းစနစ်ကို ပေးမယ်ဆိုရင်တောင် မင်းအနေနဲ့ အများဆုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ထိပဲ ကျင့်ကြံအားထုတ် နိုင်ပါလိမ့်မယ်။

ဒီနေရာမှာ အဆင့်အမြင့်ဆုံး ကျင့်ကြံခြင်း နည်းစနစ်က အဆင့်လေး အမျိုးအစား ဖြစ်ပါတယ်။ စွေ့ရန်ယွီရဲ့ ပြောစကား အရဆိုရင် စွေ့ကာလန်က အမွေဆက်ခံရတဲ့ ကျင့်ကြံခြင်း နည်းစနစ် ဖြစ်တဲ့ လမင်းဖျက်ဆီးခြင်း လျှို့ဝှက်ချက် နည်းစနစ်က အဆင့်ငါး နည်းစနစ်

တစ်ခု ဖြစ်ပါတယ်။ ကံမကောင်းတာက စွေ့ရန်ယွီ အနေနဲ့ ဘယ်လောက်ပဲ စေတနာရှိရှိ သူ့ကို လျှို့ဝှက်စွာနဲ့ ဒီနည်းစနစ်ကို သင်ကြားမပေးဝံ့ပါဘူး။ တကယ်လို့ သူမက သူ့ကိုသင်ကြားပေးခဲ့မယ်ဆိုရင် သူတို့နှစ်ယောက်လုံး အသတ်ခံရပါလိမ့်မယ်။

ကလန်တိုင်း ဒါမှမဟုတ် ဂိုဏ်းတိုင်းအတွက် အရေးအကြီးဆုံး ကျင့်ကြံခြင်း နည်းစနစ်က သူတို့ရဲ့ အမွေဆက်ခံ လက်ဆင့်ကမ်းတဲ့ ပညာရပ်ဖြစ်ပြီး လွယ်လွယ်ကူကူနဲ့ လက်ဆင့်ကမ်း သင်ကြားပေး လိမ့်မှာတော့ မဟုတ်ပါဘူး။

"ဒါကောင်းတယ်။ ဒါလည်းကောင်းတာပဲ။ သောက်ကျိုးနည်း အားလုံးက ဈေးကြီးလိုက်တာ"

လင်းဟန်က ခဏခဏ သက်ပြင်းတွေ ချလိုက်မိပါတယ်။ ပထမတော့ သင်တန်းကျောင်းက သူ့ကို ချီးမြှင့်တဲ့ သင်တန်းကျောင်းအမှတ် တစ်ထောင်ကို သူက လွတ်လွတ်လပ်လပ် သုံးစွဲလို့ ရနိုင်တယ်လို့ ထင်မှတ်ထားမိခဲ့ပါတယ်။ ဒါပေမဲ့ စာအုပ်စင်တွေကို ဖြတ်ကျော်လာပြီးတဲ့ နောက်မှာတော့ သူက ဘယ်လောက်တောင် ဆင်းရဲမွဲတေတယ် ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

"အရင်ဆုံး ငါက အဆင့်နိမ့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို လဲလှယ်ပြီး ပြင်းထန် အလယ်အလတ် အဆင့်ကို ချိုးဖြတ်မယ်။ အဲဒီနောက် အဆင့်မြင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကို အလဲအလှယ်လုပ်နိုင်ဖို့ ဖြည်းဖြည်းချင်း စုရမယ်"

လင်းဟန်က ဆုံးဖြတ်ချက် ချလိုက်ပေမဲ့ ချက်ချင်းကြီးတော့ အလဲအလှယ် မလုပ်ခဲ့ပါဘူး။

သူက လှေကားကနေ တဆင့် ဆင်းလာပြီး ထွက်သွားဖို့ ပြင်လိုက်တဲ့ အခါမှာ အဘိုးကြီးရှုက သူ့မျက်လုံးတွေ ဖွင့်ပြီးတော့ သူ့ကို ပြောလိုက်ပါတယ်။

"ကောင်လေး ဒီအဘိုးကြီးနဲ့ လမ်းအတူတူ လျှောက်ရအောင်"

ဒီအဘိုးကြီးက တကယ်ပဲ သူ့ကို ဖိတ်ခေါ်မှုတစ်ခု တောင်းဆိုခဲ့တာလား။

လင်းဟန်က အဘိုးကြီးရှု ဖော်ပြတဲ့ မျက်နှာသာပေးမှုကြောင့် စိတ်လှုပ်ရှားသွားသလို ခံစားလိုက် မိပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ စီနီယာ"

အဘိုးကြီးရှက မတ်တပ်ထရပ်ပြီးတော့ အရှေ့ကနေ ဦးဆောင်ပြီး လျှောက်သွားပါတယ်။ လင်းဟန်က သူ့အနောက်ကနေ ရှိသေလေးစားတဲ့ ဟန်ပန်အမူအရာနဲ့အတူ လိုက်လာခဲ့ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားပြီး ထူထပ်တဲ့ သစ်တောတွေနဲ့ ဥယျာဉ်တွေက သင်တန်းကျောင်းရဲ့ နေရာအနှံ့မှာ ရှိပါတယ်။ သူတို့နှစ်ယောက်က ရေကန်တစ်ကန်ရဲ့ အစွန်းနားကို ရောက်လာခဲ့ပါတယ်။ ရေကန်က ရေတွေရဲ့ အရောင်တွေ တလက်လက်တောက်ပပြီး ရွှေရောင်မြွေပေါင်း ထောင်နဲ့ချီ လုပ်ရှားယိမ်းနွဲ့ကာ ကခုန်နေသလိုမျိုးနဲ့တောင် တူပါတယ်။

"မင်း ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ စွမ်းဆောင်ခဲ့တာတွေကို ငါကြားရတယ်"

အဘိုးကြီးရှက လင်းဟန်ဆီကို လှည့်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"အရမ်းကောင်းတယ်"

"စီနီယာရဲ့ ချီးကျူးမှုကို ကျေးဇူးတင်ပါတယ်"

လင်းဟန်က ရိုရိုကျိုးကျိုးနဲ့ ပြန်ဖြေလိုက်ပါတယ်။

အဘိုးကြီးရှက ရယ်မောပြီးတော့ သူ့မုတ်ဆိတ်မွေးကို သပ်ပြီးတော့ ပြောလိုက်တယ်။

"စောစောတုန်းက မင်း ကျင့်ကြံခြင်း နည်းစနစ်တွေ ရွေးလာခဲ့သေးလား"

"စီနီယာကို အမှန်အတိုင်း ပြောပါ့မယ်။ ဒီဂျူနီယာလေးက ကျင့်ကြံခြင်း နည်းစနစ် တချို့ကို ရွေးချယ်ခဲ့ပါတယ်။ ကံမကောင်းတာက အဲဒီကျင့်ကြံခြင်း နည်းစနစ်တွေကို အလဲအလှယ်လုပ်ဖို့ လုံလောက်တဲ့ သင်တန်းကျောင်းအမှတ် မရှိခဲ့ပါဘူး"

လင်းဟန်က ခေါင်းခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

အဘိုးကြီးရှက ပြောလိုက်တယ်။

"ငါ့မှာ မင်းကို သင်ပေးနိုင်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တစ်ခု ရှိတယ်။ ဒါပေမဲ့လည်း ငါက မင်းနဲ့ သဘောတူညီမှု တစ်ခုလုပ်ဖို့ လိုတယ်"

"ဘယ်လိုသဘောတူညီမှုပါလဲ"

လင်းဟန်က မေးလိုက်တယ်။

"အနာဂတ်မှာ တကယ်လို့ မင်းက အဆင့်မြင့်ဆုံး ကျောက်စိမ်းနှလုံးသား အဆီအနှစ်နဲ့ တွေ့ကြုံခဲ့မယ်ဆိုရင် ငါ့အတွက် အစွမ်းကုန် ကြိုးစားပြီးတော့ ယူလာခဲ့ပေးရမယ်"

အဘိုးကြီးရှက မျက်ခုံးပင့်လိုက်ပြီး သူ့မျက်လုံးထဲမှာ ထူးဆန်းတဲ့ နေတွေ လတွေနဲ့ ကြယ်တာရာ ပုံရိပ်တွေ တောက်ပလို့ လာခဲ့ပါတယ်။ သူ့ပုံစံက လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အထွတ်အထိပ် လူတစ်ယောက်ရဲ့ အရှိန်အဝါကို ထုတ်လွှတ်နေသလိုပါပဲ။

အဲဒီအခိုက်အတန့်မှာ သူက အဘိုးကြီး တစ်ယောက်နဲ့ မတူတော့ပါဘူး။ သူ့ရဲ့ ဆံပင်တွေသာ ဖြူဖွေးနေတဲ့ အချက်နဲ့ သူ့မျက်နှာမှာ မျက်နှာအရေးအကြောင်းတွေ ဖုံးလွှမ်းနေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူက တကယ့်ကို အစွမ်းထက်ပြီး သန်မာတောင့်တင်းတဲ့ လူငယ် တစ်ယောက်နဲ့ တူပါတယ်။

လင်းဟန်က ဘာပြောရမှန်း မသိအောင် ကြောင်တောင်တောင် ဖြစ်သွားပြီးတော့မှ မေးလိုက်ပါတယ်။

"အဆင့်အမြင့်ဆုံး ကျောက်စိမ်းနှလုံးသား အဆီအနှစ်ဆိုတာဘာလဲ"

"မင်းအဲ့ဒါကို တွေ့တဲ့အခါမှာ သိလာပါလိမ့်မယ်"

အဘိုးကြီးရှက သူ့ရဲ့အစွမ်းကို နည်းနည်းလေးပဲ ထုတ်ဖော်ပြခဲ့ပြီး သူ့ရဲ့အရှိန်အဝါက ချက်ချင်းဆိုသလို ဒီရေအလား ကျသွားကာ သူ့ကို အိုနာကျိုးကန်းနေတဲ့ အဘိုးကြီး တစ်ယောက် အဖြစ်ကို ပြန်ပြောင်းသွားခဲ့ပါတယ်။ သူက လက်တစ်ဖက်ကို အသာလေး ဝှေ့ယမ်းပြီး ပြောလိုက်တယ်။

"လက်ရှိမင်းရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေသေးတယ်။ ဒါကြောင့် တကယ်လို့ မင်းက ဒီအကြောင်းကို စဉ်းစားနေမယ် ဆိုရင်တောင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

ဘယ်လောက်တောင် ပွင့်လင်းလိုက်သလဲ။ ဒီလောက်နဲ့ ကျုပ်ရဲ့ မာနကို လွင့်သွားအောင် လုပ်နိုင်မယ် ထင်နေတာလား။

"စီနီယာက ကျနော်အကောင်းဆုံး မကြိုးစားပေးမှာကို စိုးရိမ်နေတာလား"

လင်းဟန်က မေးလိုက်ပါတယ်။ တကယ်တော့ သူ့ကို အဲဒါနဲ့တွေ့ကြုံတဲ့ အချိန်မှာ အကောင်းဆုံး ကြိုးစားပြီးတော့ အရယူခဲ့ဖို့ပဲ တောင်းဆိုတာ ဖြစ်ပေမဲ့ သူ့အစွမ်း အကုန်လုံး

အသုံးချပြီး ရှာဖွေဖို့ မတောင်းဆိုခဲ့ပါဘူး။ ဒါက အရမ်းကို ကွဲပြားခြားနားတဲ့ အကြောင်းအရာ နှစ်ခုဖြစ်ပါတယ်။

အဘိုးကြီးရှက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါမင်းကို ခန့်မှန်းချက် လွဲသွားတာပဲ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။

"ဒါဆိုရင် ကျေးဇူးပြုပြီးတော့ ကျနော့်ကို သင်ပေးပါ စီနီယာ"

"ဒီကျင့်ကြံခြင်း နည်းစနစ်ကို ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်လို့ ခေါ်တယ်။ ဒါပေမဲ့ ငါက မပြည့်စုံတဲ့ စာလိပ်တစ်ခုကို ရရှိခဲ့တာပဲ။ ငါက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်အထိပဲ ကျင့်ကြံအားထုတ် နိုင်တယ်။ အဲဒီနောက်ပိုင်း အတွက်ကိုတော့ မင်းအနေနဲ့ တခြားနည်းလမ်း တစ်ခုကို စဉ်းစားရလိမ့်မယ်"

အဘိုးကြီးရှက ပြောလိုက်ပါတယ်။

ဒီကျင့်ကြံခြင်း နည်းစနစ်ရဲ့ အမည်ကတင်ပဲ အံ့သြစရာ ကောင်းပါတယ်။ ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်။ ဒါဆိုရင် သူက အထွတ်အထိပ် တည်ရှိမှုတစ်ခု ဖြစ်လာပါလိမ့်မယ်။

"အခုရဲ့စွန့်ပြီးတော့ မေးပါရစေ။ ဒီကျင့်ကြံခြင်း နည်းစနစ်က ဘယ်အဆင့်မှာ ရှိပါသလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

အဘိုးကြီးရှုက ခဏလောက် စဉ်းစားပြီးတော့ သူ့ခေါင်းကို ခါပြီး ပြောလိုက်တယ်။

"အဲဒါတော့ မသေချာဘူး။ ဒါပေမဲ့လည်း ငါသိသလောက်တော့ တိုးတက်မှု အမြန်နှုန်းနဲ့ ဒီကျင့်ကြံခြင်း နည်းစနစ်ကနေ ကျင့်ကြံအားထုတ်တဲ့ မူလစွမ်းအင်ရဲ့ အရည်အသွေးပိုင်းနဲ့ ပတ်သက်ရင် ငြိမ်းချမ်းရေးဂိုဏ်းကြီးပေါ်က ဘယ်နည်းစနစ်ထက်မှ မနိမ့်ကျဘူး"

ဒီစကားတွေက အနည်းငယ် ကြွားဝါပြောဆိုတာ မဟုတ်လား။ ငြိမ်းချမ်းရေး ဂိုဏ်းကြီး တစ်ခုလုံးလား။ ဒါဆိုရင် အင်ပါယာ သုံးခုလည်း အပါအဝင်ပေါ့။

အဘိုးကြီးရှုက ကျောက်စိမ်းအပိုင်း တစ်ခုကို ထုတ်ပြီးတော့ လင်းဟန်ဆီ ပစ်ပေးကာ ပြောလိုက်တယ်။

"ကျင့်ကြံခြင်း နည်းစနစ်ကို ဒီပေါ်မှာ ရေးမှတ်ထားတယ်။ မင်းဘာသာမင်း နားလည်အောင် လုပ်လာခဲ့။ တကယ်လို့ မင်းနားမလည်တာ ရှိရင် ငါ့ဆီကိုလာပြီးတော့ မေးနိုင်တယ်"

"ကျေးဇူးတင်ပါတယ် စီနီယာ"

လင်းဟန်က ကျောက်စိမ်းအပိုင်းအစကို လေးလေးနက်နက်နဲ့ သိမ်းဆည်းလိုက်ပါတယ်။

ဒီမျက်နှာသာပေးမှုက အရမ်းကို ကြီးမားပါတယ်။

တကယ်လို့ ဒီကျင့်ကြံခြင်း နည်းစနစ်က အဘိုးကြီးရှု ပြောသလိုမျိုး ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်ဟာ ငြိမ်းချမ်းရေးဂိုဏ်းကြီးပေါ်မှာရှိတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေထက် မနိမ့်ကျဘူးဆိုတာ အမှန်ဖြစ်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ လေလံတင်လိုက်ရုံနဲ့ပဲ အားလုံးက အရူးအမူးနဲ့ သွေးရူးသွေးတန်းတွေ ဖြစ်ကုန်ပါမယ်။

တကယ်တော့ တောင်မြစ်ကျောက်တုံးလို ရတနာပစ္စည်းမျိုးက ပါရမီရှင် အနည်းငယ်ကိုပဲ ပြုစုပျိုးထောင် ပေးနိုင်ပါတယ်။ ဒါပေမဲ့ အထွတ်အထိပ် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုကတော့ အဖွဲ့အစည်း တစ်ခုလုံးရဲ့ အဆင့်ကို မြှင့်တင်ပေးနိုင်ပြီး

နောက်ပိုင်းမျိုးဆက်တွေ အပေါ်မှာပါ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။

လင်းဟန်က လေလုံးထွားတဲ့ စကားတွေ နည်းနည်းမှ မဆိုတော့ပဲ သူ့နှလုံးသားထဲမှာ အဆင့်မြင့်ဆုံး ကျောက်စိမ်းနှလုံးသား အဆီအနှစ်ရဲ့ တည်နေရာကို ရှာဖွေတွေ့ရှိခဲ့မယ်ဆိုရင် အကောင်းဆုံး ကြိုးစားပြီး အရယူမယ်လို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူက ပြင်ဆင်မှု တချို့ကို လုပ်လိုက်ပါတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူ ကျောင်းသားတွေက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အုပ်စုနဲ့ အတူတူနေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လင်းဟန်က သူ့ရဲ့နေရာထိုင်ခင်း အသစ်ဆီကို ပြောင်းရွှေ့ပြီးတဲ့နောက်မှာ ဘယ်သူမှ သူ့ကို သတိမပြုမိ စေခဲ့ပါဘူး။ အဲဒီအစား သူက ချက်ချင်းပဲ တံခါးပိတ် ကျင့်ကြံခြင်းကို စတင်ခဲ့ပါတယ်။

သူ့မှာ လက်ရှိ တာဝန်နှစ်ခု ရှိပါတယ်။ ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်ကို ပြန်လေ့ကျင့်ခြင်းနဲ့ သူ့ရဲ့ခန္ဓာကိုယ် ပညာရပ်ကို တန်ခိုးရှင်အဆင့်ထိ တိုးမြှင့်ဖို့ ဖြစ်ပါတယ်။

သူတံခါးပိတ် ကျင့်ကြံအားထုတ်နေတဲ့ အချိန်အတွင်းမှာ တချို့အရာတွေ ဖြစ်ပျက်သွားခဲ့ပါတယ်။

တန်ဖန်းက လူသိထင်ရှား လင်းဟန်ကို စိန်ခေါ်ခဲ့ပါတယ်။ အခုဆို သူတို့နှစ်ယောက်က မြောက်ပိုင်း အဖွဲ့အစည်းရဲ့ တောင်မြစ်အဆင့် ကျောင်းသားတွေ ဖြစ်ပါတယ်။ ဒါက အဆင့်တူတွေ အကြားက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့အဆင့်က မြင့်မားတဲ့ နေရာတစ်ခုမှာ ရှိနေတာပြီး လင်းဟန်ကို ပြန်စိန်ခေါ်တာကြောင့် အနည်းငယ်တော့ ဘဂင်ကျစရာအကြောင်း မရှိပါဘူး။

ဒါပေမဲ့ လင်းဟန်က အခုချိန်မှာ အရမ်းကို လူသိများ ထင်ရှားနေရတာလဲ။ တောင်မြစ်အဆင့်မှာ ရှိနေတဲ့ လူတွေအားလုံးက သူ့ကို အနိုင်ယူပြီး ဂုဏ်ယူဂင့်ကြွားကာ သူ့ခေါင်းပေါ် နင်းပြီးတော့ အဆင့်တက်ချင် နေကြပါတယ်။ နောက်ပြီး တကယ်လို့ တန်ဖန်းက လင်းဟန်ကို အနိုင်မယူ နိုင်ခဲ့ဘူးဆိုရင် သူ့ရဲ့ဂုဏ်ယူရတဲ့ ပထမနေရာက နာမည်တစ်ခုထက်ပိုပြီးတော့ ဘာများထူးခြားတာ ရှိတော့မှာလဲ။

အဲဒါအပြင် ကျောက်လန်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို အောင်အောင်မြင်မြင် ချိုးဖျက်နိုင်ခဲ့ပြီး ကောလာဟလတွေအရ သူက ရှေးဟောင်းနည်းစနစ် တစ်ခုကို ကျင့်ကြံအားထုတ်ခဲ့ပြီး မယုံနိုင်စရာကောင်းတဲ့ အစွမ်းတွေ ရှိတယ်လို့ ပြောဆိုနေ ကြပါတယ်။

သူ့ကို ကေရီ ဘုရင်မက အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်အဖြစ် ဂုဏ်ပြုချီးမြှောက်ခဲ့ပါတယ်။ သူ့ရဲ့နာမည်ကို နိုင်ငံရဲ့ အထိမ်းအမှတ် ရုပ်တုအပေါ်မှာ ရေးထွင်းထားလိုက်တာကြောင့် သူက နိုင်ငံစွမ်းအားကို အသုံးပြုနိုင်ပါတယ်။

ရုတ်ခြည်းဆိုသလို သူ့ရဲ့ပုံရိပ်က လင်းဟန်ထက် သာလွန်သွားခဲ့ပါတယ်။

Chapter 981 end

အပိုင်း(982) ပြင်းထန်အလယ်အလတ်အဆင့်

အခုဆိုရင် အင်ပါယာမြို့တော်မှာရှိတဲ့ လူတွေအားလုံးက မျှော်လင့်စောင့်စား နေကြပါတယ်။ လင်းဟန်က ဘယ်အချိန်မှာ ကျောက်လန်ကို ကျင့်ကြံခြင်းအဆင့် မီသွားမလဲဆိုတာနဲ့ ပါရမီရှင်ဟောင်း တစ်ယောက်နဲ့ ပါရမီရှင် အသစ်တစ်ယောက် အကြားက အဆုံးမဲ့ တိုက်ပွဲတစ်ခု ဘယ်တော့ဖြစ်လာမလဲ ဆိုတာကို မျှော်လင့်နေမိ ကြပါတယ်။

အဲဒါကြောင့် မြေအောက်လောင်းကစား အဖွဲ့တွေက လင်းဟန်နဲ့ ကျောက်လန်တို့ နှစ်ယောက် အကြားက ပထမဆုံး တိုက်ပွဲမဖြစ်ခင်

အချိန်ဘယ်လောက် ကျန်ရှိနေမလဲ ဆိုတာကို လောင်းကြေး ဖွင့်ခဲ့ကြပါတယ်။ တစ်နှစ် နှစ်နှစ် သုံးနှစ်အပြင် ဆယ်နှစ်ကနေ နှစ်ပေါင်း တစ်ရာတောင် ရှိပါတယ်။ အချိန်ပိုပြီး နီးကပ်လေ လောင်းကြေးအဆ ပိုမြင့်မားလေပါပဲ။

လောင်းကြေးက နှစ်ဒါဇင်နဲ့ချီ ဒါမှမဟုတ် နှစ်ပေါင်းရာနဲ့ချီအောင် ကြာနိုင်တယ် ဆိုတာကို သတိပြုရပါမယ်။ ဒါပေမဲ့လည်း လောင်းကစား တော်တော်များများက လောင်းကြေးထပ် ကြပါတယ်။

လျှိုကလန်ရဲ့ အိမ်တော်။

လျှိုဟုန်တောက်ရဲ့ မျက်နှာက သုန်မှုန်လို့ နေပါတယ်။ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်မဲ့ ခရီးစဉ်အတွက် ဝင်ခွင့်နေရာ ရရှိအောင် အရမ်းကို ကြီးမားတဲ့ တန်ဖိုးတစ်ခု ပေးချေခဲ့ရပါတယ်။ ဒါပေမဲ့ အဲဒီလူလေးယောက် ဝင်သွားပြီးတဲ့ နောက်မှာ သူတို့တွေက ပြန်ထွက်မလာခဲ့ ကြပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်လည်း ပျောက်သွားခဲ့ပါတယ်။

ဂင်ခွင့်နေရာ လေးခုရအောင်လို့ ပေးချေရတဲ့ တန်ဖိုးနဲ့ ကြက်သွေးရောင် မြေပြင်ပိတ်ဆိုခြင်း ပိုက်ကွန် ဖန်တီးဖို့ ပေးရတဲ့ တန်ဖိုးကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မိုးနဲ့မြေလိုပါပဲ။

ကြက်သွေးရောင် မြေပြင်ပိတ်ဆိုခြင်း ပိုက်ကွန်က တောင်မြစ်အဆင့် သက်ရှိတွေ အပေါ်မှာပဲ အကျိုးသက်ရောက်မှု ရှိတယ်ဆိုပေမဲ့ ဒီလိုနတ်ဘုရား ပစ္စည်းမျိုးက ရှားပါးပြီး မယုံနိုင်စရာ ကောင်းလောက်အောင် အဖိုးထိုက်တန်ပါတယ်။ အဲဒီအတွက် လျိုကာလန်တောင်မှ သူတို့ရဲ့ ချမ်းသာကြွယ်ဝမှုရဲ့ ရောမ အစိတ်အပိုင်း တစ်ခုကို စတေးခဲ့ရပြီး အတော်လေးကို ခံစားခဲ့ ရပါတယ်။

"ဘာတွေဖြစ်ကုန်တာလဲ။ သူတို့လေးယောက် ကြက်သွေးရောင် မြေပြင်ပိတ်ဆိုခြင်း ပိုက်ကွန်ကို ယူပြီးတော့ အထဲကို ဂင်သွားကြတယ်။ ဘယ်လိုလုပ်ပြီး သူတို့ထဲက တစ်ယောက်တောင် ပြန်ထွက်မလာတာလဲ"

သူက စားပွဲခုံကို လက်ဝါးနဲ့ တစ်ချက် ရိုက်ပြီးတော့ သူ့ပုံစံက မယုံနိုင်လောက်အောင် ဒေါသထွက်နေပုံ ရပါတယ်။

"မျိုးနွယ်စု ခေါင်းဆောင်ကို အစီရင်ခံပါတယ်။ လင်းဟန်လည်း မီးလိုဏ်ဂူ အထဲကနေ ထွက်လာတယ် ဆိုတာကို တစ်ယောက်ယောက်က မြင်ခဲ့ပါတယ်"

လျိုချင်းက ပြန်ဖြေလိုက်ပါတယ်။ သူလည်းပဲ နေလအဆင့် ကနဦးမှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ လျိုကလန်အတွက် အရေးပါတဲ့ ထောက်တိုင်တစ်ခု ဖြစ်ပါတယ်။

လျိုဟုန်တောက်ရဲ့ မျက်လုံးတွေက အေးစက်စက် ဖြစ်သွားခဲ့ပါတယ်။ အခု ဒီနာမည်ကို ဘယ်အချိန်ပဲ ကြားကြား သူ့အနေနဲ့ ဖော်ပြလို့ မရနိုင်အောင် ဒေါသထွက်ရပါတယ်။ သူက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ကျွန်မာငယ် တစ်ခုက အဲဒီပုရွက်ဆိတ်ကောင်က လျိုကျန်းနဲ့ တခြားသူတွေကို သတ်ပစ်တာလို့ မင်းကငါ့ကို ပြောနေတာလား"

"မျိုးနွယ်စု ခေါင်းဆောင်ခင်ဗျား။ အဲဒီလင်းဟန်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီး တောင်မြစ်ကျောက်တုံးတွေရဲ့ အကူအညီနဲ့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ နောက်ပိုင်းအဆင့် ဒါမှမဟုတ် အထွတ်အထိပ် အဆင့်ထိတောင် ရောက်နေနိုင်တယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို လျော့တွက်လို့ မရနိုင်ဘူး"

လျှိုချင်းက ရိုးသားမှုအပြည့်နဲ့ ပြောလိုက်ပါတယ်။

လျှိုဟုန်တောက်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"လျှိုကျန်းတို့ အုပ်စုက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ယူသွားတယ်။ ဒီပိုက်ကွန်က သူတို့ရဲ့ ပြိုင်ဘက်ကို ကနဦးအဆင့်ထိ အားနည်းသွားစေနိုင်တယ်။ ဒါကြောင့် အဲဒီပုရွက်ဆိတ်က တိုက်ပွဲစွမ်းရည် ဘယ်လောက်ထိ ထုတ်ဖော်နိုင်မှာလဲ။ အများဆုံး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကနဦးရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိလိမ့်မယ်။ ဒါကြောင့် သူက လျှိုကျန်းတို့ အုပ်စုရဲ့ ပြိုင်ဘက်ဖြစ်လာနိုင်မှာလား"

လျှိုချင်းက ပြန်မဖြေနိုင်တော့ပါဘူး။ ဒီစွမ်းဆောင်ရည်တွေရဲ့ နှိုင်းယှဉ်မှုက တကယ်ပဲ အရမ်းကို ရှင်းလင်းပါတယ်။ သူတို့အုပ်စုကို ဦးဆောင်သွားတဲ့ လျှိုဇီရန်ဆိုရင် ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိနေပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးပွင့်ကိုတောင် ကျော်လွန်နေ ခဲ့ပါတယ်။ လင်းဟာန်ကို ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်နဲ့ ပိတ်လှောင်ပြီး တိုက်ခိုက်မယ်ဆိုရင် တစ်ဖက်သတ် အနိုင်ပွဲရယူပြီး အဆုံးသတ်မှာ သေချာပါတယ်။

နတ်ဘုရား ပစ္စည်းက အာနိသင် မရှိဘူးဆိုရင်ပေါ့။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

"အော် ဟုတ်သားပဲ။ အမောင်ညာ ခန်းမဘက်ကနေ သတင်းရပါတယ်။ လင်းဟန်ကို လုပ်ကြံသတ်ဖြတ်တဲ့ ပထမအကြိမ် ကျရှုံးသွားခဲ့ပါတယ်။ ပြီးတော့ အခု လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က တိုးလာတာကြောင့် တကယ်လို့ ဒီတာဝန်ကို ဆက်ပြီးတော့ လုပ်ခိုင်းမယ်ဆိုရင် တန်ရာတန်ကြေးကို မြှင့်ပေးရမယ်လို့ သူတို့ဘက်က ပြောပါတယ်"

လျိုချင်းက ပြောလိုက်တယ်။

ဖြန်း။

"ဒီအမိုက်ကောင်တွေကတော့ကွာ"

လျိုဟုန်တောက်က သူ့ရဲ့ လက်ဘက်ရည်ခွက်ကို ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်ပါတယ်။

"သူတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်ကိုတောင် မရင်ဆိုင်နိုင်ပဲ သူ့ကို အချိန်အကြာကြီး အမြင့်ခုန်တက်ခွင့် ပြုထားတယ်။ ဒါတောင်မှ သူတို့က အခု တန်ကြေးကို မြှင့်ချင်သေးတယ်တဲ့ ဟုတ်လား"

"ဒါဆိုရင် တောင်းဆိုချက်ကို ပယ်ဖျက်လိုက်သင့်လား"

လျိုချင်းက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

လျှိုဟုန်တောက်က တဒင်္ဂလောက် စဉ်းစားပြီးတော့ မေးလိုက်ပါတယ်။

"သူတို့က ဘယ်လောက်တောင်းလဲ"

"တစ်သိန်း"

လျှိုဟုန်တောက်က သူ့ထိုင်ခုံကနေ လဲကျလုမတတ် ဖြစ်သွားပါတယ်။

"သူတို့က ဘာဖြစ်လို့ ဒီပမာဏကို သွားမခိုးတာလဲ။ သူက တောင်မြစ်အဆင့် ကနဦးရဲ့ ဘာမဟုတ်တဲ့ လူတစ်ယောက်ပဲကို နောက်ခံဆိုလည်း ဘာမှရှိတာမဟုတ်ဘူး။ ဒါတောင် သူတို့က ဒီလိုမြင့်မားတဲ့ တန်ကြေးတစ်ခုကို တောင်းဆိုသေးတယ်ပေါ့"

လျှိုကလန်က ဒီတန်ကြေးကို ထုတ်မပေးနိုင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ တောင်မြစ်အဆင့် ကနဦးမှာပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်အတွက် ဒီလောက် ပမာဏ တစ်ခုကို သုံးစွဲဖို့ဆိုတာ သူ့အနေနဲ့ ဘယ်လိုပဲ စဉ်းစားကြည့်ကြည့် မထိုက်တန်ပါဘူး။

"အဲဒီကောင်လေးက ကြက်သွေးရောင် ရေကန်ကို သုံးကြိမ်ရောက်ခဲ့ပြီး တောက်ပတဲ့ ကြယ်တစ်ပွင့်နဲ့ တူနေပြီ။ သူ့ကို

လုပ်ကြံသတ်ဖြတ်တဲ့ တန်ကြေးကလည်း အခြေအနေပေါ်မူတည်ပြီး တိုးလာခဲ့တယ်"

လျှိုချင်းက ရှင်းပြလိုက်ပါတယ်။

လျှိုဟုန်တောက်က ဒီသဘောတရားကို သိပါတယ်။ သူက လက်ခံဖို့ဆန္ဒမရှိရုံ သက်သက်ပါပဲ။

လျှိုဟုန်တောက်က တဒင်္ဂလောက် စဉ်းစားပြီးတော့ နောက်ဆုံးမှာပြောလိုက်တယ်။

"အဲဒါကို သဘောတူလိုက်။ ဒီကောင်စုတ်လေးရဲ့ သေခြင်းကလျှိုကလန်နဲ့ ပတ်သက်မှု နည်းနည်းမှ မရှိအောင် လုပ်ရမယ်"

"ဟုတ်ကဲ့ပါ"

လျှိုချင်းက ခေါင်းညိတ်လိုက်ပါတယ်။ သူလည်း ဒီအချက်ကိုသဘောတူပါတယ်။

ဒါက အနည်းငယ် ဈေးကြီးတာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့လျှိုကလန်ကိုယ်တိုင် လုပ်ရှားမယ်ဆိုရင် ဒီသတင်းသာပေါက်ကြားသွားမယ်ဆိုရင် ထိပ်တန်းအဆင့် ပါရမီရှင်တစ်ယောက်ကို သတ်ဖြတ်တဲ့ အပြစ်ဒဏ်က သေးသေး ကြီးကြီး

လျှိုကလန် တစ်ခုလုံးကို ထာဂရ ပျက်စီးခြင်းတောင် ဖြစ်သွားစေနိုင်ပါတယ်။

ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး နည်းစနစ်က ကျင့်ကြံရတာ အရမ်းကို ခက်ခဲပါတယ်။

လင်းဟာန်ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းကလည်း အရမ်းကို မြင့်မားပေမဲ့ သူက ဒီကျင့်ကြံခြင်း နည်းစနစ်ရဲ့ ပထမအဆင့်ကို လုံးဝနားလည်ဖို့ ခုနစ်ရက်လုံးလုံး အချိန်ပေးခဲ့ရပါတယ်။ သူက ကြယ်ခုနစ်ပွင့် လျှို့ဂှက်ချက်ကို မေ့ပစ်လိုက်ပြီး သူ့ခန္ဓာကိုယ် အထဲက မူလစွမ်းအင်တွေက ပုံစံအသစ်နဲ့ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ဒီကျင့်ကြံခြင်း နည်းစနစ်က မတူညီတဲ့ ဓာတ်ခြောက်မျိုးရဲ့ စိတ်ဝိညာဉ် ချီတွေကို အဆက်မပြတ် ဆွဲထုတ်နိုင်ပါတယ်။ ပြီးတော့ မူလစွမ်းအင်တွေကိုလည်း မယုံနိုင်စရာ ကောင်းလောက်အောင် သိပ်သည်းကျစ်လျစ် စေပါတယ်။ ဒါကြောင့် လင်းဟာန်က ဒီနည်းစနစ်ကို ပြောင်းလဲပြီး ကျင့်ကြံလိုက်တဲ့ အခါမှာ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပထမဆုံး ဆုတ်ယုတ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ မူလစွမ်းအင်ကို နောက်တစ်ကြိမ် ပြန်ကျင့်ရတာကြောင့်ပါပဲ။ ဒါက ဘာနဲ့တူလဲဆိုရင် သံထည်အကြမ်း

အပိုင်းအစ တစ်ခုကို သံမဏိဖြစ်အောင် လုပ်တာနဲ့ တူပါတယ်။ သူ့ရဲ့ အလေးချိန်က လျော့ကျသွားတာ သဘာဝပါပဲ။

နောက်ထပ် ဆယ်ရက်အကြာမှာတော့ လင်းဟန်က သူ့ရဲ့ အစပိုင်း ကျင့်ကြံခြင်း အဆင့်ကို ရောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့တိုက်ပွဲစွမ်းရည်က အရင်ထက်စာရင် အနည်းငယ် ပိုအားကောင်း လာခဲ့ပါတယ်။

အဲဒီနောက် သူက ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်ကို ခဏဘေးဖယ်ထားပြီး သူ့ရဲ့ ခန္ဓာကိုယ် ပညာရပ်ကို စတင်ကျင့်ကြံ အားထုတ်လိုက်ပါတယ်။

သူက စိတ်ဝိညာဉ် အသားတွေကို ဆွဲထုတ်ယူပြီး စားလိုက်ပါတယ်။ ဒါက အရမ်းကို အာဟာရ ပြည့်ဝစေတဲ့ ပစ္စည်းဖြစ်ပြီးတော့ သူ့ရဲ့အကျိုးသက်ရောက်မှုက အစစ်အမှန် မူလကျောက်တုံးတွေ အများကြီးထက် သာလွန်ပါတယ်။ နောက်ပြီးသူ့မှာ စိတ်ဝိညာဉ်အသား ကီလိုဂရမ် တော်တော်များများ ရရှိထားပါတယ်။ တကယ်လို့ သူက အဲဒါတွေ အားလုံးကို ရောင်းချမယ် ဆိုရင် အစစ်အမှန် မူလစွမ်းအင်ကျောက်တုံး ထောင်နဲ့ချီပြီး သူ့ဆီဝင်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း တန်ခိုးရှင်အဆင့် သားရဲကောင်တွေရဲ့ အရေအတွက်က လျော့ကျလာတာကြောင့် စိတ်ဝိညာဉ် သားရဲကို ဂယ်ယူချင်တဲ့ လူတွေက ပေါများပြီး ရောင်းချမဲ့လူတွေက မရှိပါဘူး။ ဒါကြောင့် အစစ်အမှန် မူလကျောက်တုံး ထောင်ဂဏန်း အနည်းငယ်က ဘာမှမဟုတ်သေးပါဘူး။

စိတ်ဝိညာဉ် အသားတွေကို ချက်ပြုတ်ဖို့ မလိုပဲ တန်းစားလို့ ရပါတယ်။ ဒီအသားတွေကို ပါးစပ်ထဲ ထည့်လိုက်တာနဲ့ လင်းဟန်က အနက်ရောင် မျှော်စင်ထဲက ရှားပါးတဲ့ အသားကို စားနေရသလို ခံစားရပြီး နှိုင်းယှဉ်လို့ မရအောင် အရသာ ရှိလွန်းတယ်လို့ ခံစားနေရပါတယ်။

စိတ်ဝိညာဉ် အသားတွေက တန်ခိုးရှင်ဘုံထဲမှာ အရသာ အရှိဆုံး အစားအသောက်တွေထဲက တစ်ခုဖြစ်တာ အံ့သြစရာ မရှိတော့ပါဘူး။ ဒါပေမဲ့လည်း တောင်မြစ်အဆင့် မိစ္ဆာသားရဲ တစ်ကောင်က စိတ်ဝိညာဉ်အသား ငါးဆယ်ကနေ နှစ်ရာဂရမ် အတွင်းမှာပဲ ထုတ်ပေးနိုင်ပါတယ်။ ဒီပမာဏက တကယ်ပဲ အရမ်းကို နည်းလွန်းပါတယ်။

သူအခု လုပ်နိုင်တာ အားလုံးက စားပြီးတော့ ကျင့်ကြံအားထုတ်ဖို့ပါပဲ။ အဲဒီနောက် သူက နောက်တစ်ကြိမ်

ထပ်စားပြီး ထပ်မံကျင့်ကြံ အားထုတ်ပါတယ်။ နောက်ထပ်တစ်လ ကုန်လွန်သွားပြီးတဲ့နောက်မှာ သူ့ရဲ့ ခန္ဓာကိုယ် ပညာရပ်က နောက်ဆုံးမှာတော့ တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဖင်ရောက် သွားခဲ့ပါပြီ။ ဒီတစ်လအချိန်အတွင်းမှာ သူက မူလစွမ်းအင်ကို ကျင့်ကြံအားထုတ်ဖို့ လုံးဝလျစ်လျူရှုထားခဲ့ခြင်း မရှိပါဘူး။ သူက ကနဦးအဆင့်ရဲ့ စစ်မှန်တဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိသွားခဲ့ပါပြီ။

လင်းဟန်က သူ့ရဲ့ တံခါးပိတ် ကျင့်ကြံခြင်းကို ဆက်ပြီးတော့ လုပ်ခဲ့ပါတယ်။ သူက တစ်ခါတည်းနဲ့ ပြင်းထန်အလယ်အလတ် အဆင့်ကို ရောက်ရှိချင်ခဲ့ပါတယ်။

သူက ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုးနည်းစနစ်ရဲ့ ဒုတိယအဆင့်ကို စတင်ကျင့်ကြံ အားထုတ်လိုက် ပါတယ်။ ဒီအဆင့်ကို နားလည်သဘောပေါက်ဖို့ လဝက်လောက် အချိန်ယူခဲ့ရပါတယ်။ အဲဒီနောက် သူက အစစ်အမှန် မူလကျောက်တုံး အများကြီးကို ထုတ်ယူပြီး ဒီကြီးမားတဲ့ အတားအဆီးကို ချိုးဖျက်ဖို့ စတင်လိုက်ပါတယ်။

ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ပါရမီရှင်တွေတောင် ဒီအဆင့်ကို ပြီးပြည့်စုံဖို့

နှစ်ပေါင်းငါးထောင်နီးပါးလောက် လိုအပ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တောင်မြစ်ကျောက်တုံးတွေရဲ့ အကူအညီနဲ့ မူလစွမ်းအင်တွေကို စုစည်းတဲ့ ဒီအဆင့်ကို ကျော်လွှားသွားနိုင်ခဲ့ပါတယ်။ အဲဒီနောက် သူက ကမ္ဘာကုန်ပျက်စီးခြင်း ရှစ်မျိုး နည်းစနစ်ကို အသုံးပြုပြီး သူ့ရဲ့ မူလစွမ်းအင်တွေကို သန့်စင်ပြီးတော့ သူ့ရဲ့ အခြေခံအုတ်မြစ်တွေ တည်မြဲအောင် လုပ်လိုက်ပါတယ်။ ဒါကြောင့် သူက ပြင်းထန်အလယ်အလတ် အဆင့်ကို အချိန်တိုတိုလေး အတွင်းမှာ ချိုးဖျက်ဖြတ်ကျော်နိုင်ပါလိမ့်မယ်။

ဒါက အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ဒီလိုမျိုး နှိုင်းယှဉ်မှု တစ်ခုလုပ်ရမယ် ဆိုရင် ကျောက်လန်တောင်မှ လင်းဟန်က သာလွန်တယ်ဆိုတာကို ဝန်ခံရပါလိမ့်မယ်။

နောက်ဆုံးမှာ သူက စတင်ပြီးတော့ အဆင့်ချိုးဖျက်တက်ရောက်မှု လုပ်လိုက်ပါတယ်။

ဒါက အဆင့်သေး တစ်ခုဆိုပေမဲ့ တန်ခိုးရှင်ဘုံထဲမှာ အဆင့်သေးတိုင်းရဲ့ အကြားက ကွာဟချက်ဟာ အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါကြောင့် ဒီအဆင့်မှာ အဆင့်ချိုးဖျက် တက်ရောက်တာက အခြေခံကျတဲ့ ပြောင်းလဲမှု တစ်ခုကို

ဖြစ်စေပါတယ်။ ဥပမာ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ မာကျောမှု ဒါမှမဟုတ် သူ့ခန္ဓာကိုယ်ရဲ့ အသက်ဓာတ် စွမ်းအင်။ သိသာထင်ရှားတဲ့ ပြောင်းလဲမှု တစ်ခုကတော့ သက်တမ်းပဲ ဖြစ်ပြီးတော့ နှစ်ပေါင်းတစ်သိန်းကနေ နှစ်သိန်းထိ မြင့်တက်သွားခဲ့ပါတယ်။

လင်းဟန်က ဘယ်လောက်ပဲ ထူးခြားနေပါစေ အဆင့်တစ်ခုမှာ အောင်မြင်မှု ရနိုင်စွမ်း ရှိချင်မှ ရှိပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုယ်စား ခိုင်မာအောင် လုပ်ပေးနိုင်မဲ့ တောင်မြစ်ကျောက်တုံးတွေ မရှိတဲ့ အချိန်ကျရင် သူ့ဘာသာသူ ခြေလှမ်းစတင် ရပါလိမ့်မယ်။

ဒါကြောင့် လေးလကြာပြီးမှ လင်းဟန်က သူ့ရဲ့ ကြီးမားတဲ့ ဒုတိယမြောက် တောင်ကြီးကို ဖြစ်ပေါ်လာနိုင် ခဲ့ပါတယ်။

သူက ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲမှာ ဒီနှစ်ဂက် အချိန်တစ်လျှောက်လုံး နေထိုင်ခဲ့ပါတယ်။ ဒါက အလုံခြုံဆုံး နေရာ ဖြစ်ပါတယ်။

ချွင်။

မိုးကောင်းကင်ပေါ်ကနေ ကျယ်လောင်တဲ့ မိုးကြိုးပစ်သံတစ်ခု ထွက်ပေါ်လာပြီး အနက်ရောင် မိုးတိမ်တွေက တလိပ်လိပ်နဲ့ တက်လာခဲ့ပါတယ်။ မိုးတိမ်တွေ အထဲမှာ လျှပ်စီးတွေ တလက်လက် တောက်ပလို့နေပါတယ်။

မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှု ရောက်လာခဲ့ပါပြီ။

လင်းဟန်က တစ်ဟုန်ထိုး ပြေးထွက်လာပြီး သင်တန်းကျောင်းရဲ့ ဘေးနားမှာရှိတဲ့ မြေကွက်လပ်ဆီကို ရောက်ရှိလာပြီး မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူဖို့ အဆင်သင့် ပြင်ဆင်လိုက်ပါတယ်။

သူက ဒါကို မသိလိုက်ခင်မှာပဲ ပထမ လျှပ်စီးမိုးကြိုးက ပစ်ချလာခဲ့ပါတယ်။

Chapter 982 end

အပိုင်း(983) ပိုက်ဆံတချို့ မရှာချင်ဘူးလား

လင်းဟန်က မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူလိုက်ပါတယ်။

မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ခံယူတာက လုံခြုံမှုရှိတဲ့ ခံနိုင်ရည်တစ်ခု ဖြစ်ပြီးတော့

မယုံနိုင်စရာကောင်းတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်နှစ် နတ်ဘုရား သတ္တုနဲ့ နိုင်းယှဉ်လို့ ရပြီး မိုးကောင်းကင်ရဲ့ စမ်းသပ် စစ်ဆေးမှုက သူ့ကို စိတ်ကြိုက် ပစ်ခတ်တိုက်ခိုက်တာကို ခံယူနိုင်ပါတယ်။ သူက ခိုင်ခိုင်မာမာနဲ့ ရပ်ပြီးတော့ မလှုပ်မရှားပဲ နေလို့ရပါလိမ့်မယ်။

ဒါပေမဲ့ တကယ်လို့ အဲဒီလိုသာ လုပ်မယ်ဆိုရင် သူ့ရဲ့ခန္ဓာကိုယ်က ပျက်စီးမှာမဟုတ်ဘဲ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မူလအဆင့်မှာပဲ ကျန်နေပါလိမ့်မယ်။

ဒါကြောင့် ပိုပြီးတော့ သန်မာအားကောင်းလာဖို့အတွက် သူက သူ့ရဲ့ကိုယ်ပိုင် ခန္ဓာကိုယ်ကို အရင်ဆုံး ဖျက်ဆီးဖို့ ရွေးချယ်ပြီး သူ့ရဲ့ နတ်ဘုရား အရိုးတွေ၊ သွေးတွေနဲ့ အသားတွေကို မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကနေ ထိခိုက်ခံစားအောင် လုပ်ပြီးတော့ တောင့်ခံဖို့ လိုအပ်ပါတယ်။ အဲဒီနောက် သူက ဖျက်ဆီးလို့မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို အသုံးပြုပြီး သူ့ရဲ့ ခန္ဓာကိုယ်ကို ပျက်စီးပြီးတဲ့နောက်မှာ ပြန်လည်တည်ဆောက်ခြင်းကို လုပ်ပြီးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို နောက်တစ်ဆင့်ထိ တိုးမြှင့်နိုင်ပါလိမ့်မယ်။

နောက်ဆုံးအကြိမ် ကောင်းကင်ဘုံရဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူခဲ့တာက လွန်ခဲ့တဲ့ နှစ်ဂက်ကျော်က ဖြစ်ပါတယ်။ အခု သူက ဒုတိယ တစ်ကြိမ် ခံယူနေပါတယ်။ လင်းဟန်တောင် စိတ်ထဲကနေ ထိတ်လန့်သွားခဲ့ပါတယ်။

ဒီခံစားချက်က အရမ်းကို ကျေနပ်ပီတိဖြစ်စရာ မကောင်းပါဘူး။

"တကယ်လို့ မင်းက အဆင့်တူတွေ အထဲမှာ အသန်မာဆုံးနဲ့ အနာဂတ်မှာ ပြိုင်ဘက်ကင်းတဲ့ တည်ရှိမှုတစ်ခု ဖြစ်ချင်တယ်ဆိုရင် တခြားသူတွေထက် ခက်ခဲမှုတွေကို ခံယူဖို့ လိုအပ်တယ်။ တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းက တခြားသူတွေထက် ဘယ်လိုလုပ်ပြီး အစွမ်းထက် လာနိုင်မှာလဲ"

မျှော်စင်လေးရဲ့ အသံက သူ့စိတ်ထဲမှာ ကြားလိုက်ရပါတယ်။

ဒီသောက်ချိုးမပြေတဲ့ မျှော်စင်က အမြဲတမ်း သူ့ကို သင်ခန်းစာပို့ချတဲ့ ပုံစံမျိုး လုပ်နေတာပဲ။

လင်းဟန်က ဒီသဘောတရားကို သိပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားရခြင်း မရှိဘူးဆိုရင် ဘာပြောလို့ ပြောရမယ်ဆိုတာ မသိပါဘူး။ ဒါက သူ့ကို သေချင်လောက်တဲ့အထိ

နာကျင်ခံစားမှုကို ဖြစ်စေပြီး သူက နည်းနည်းလေးတောင် စောဒက တက်လို့ မရဘူးလား။

ချွင်။

မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုက သူဘာတွေ ခံစားနေရတယ် ဆိုတာကို ဂရုမစိုက်ပါဘူး။ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ မိုးကြိုးတွေကို တစ်ခုပြီးတစ်ခု ပစ်ချနေပြီး သူ့ကို ဖျက်ဆီးပစ်ဖို့ စိတ်ကူးနေပုံ ရပါတယ်။

လင်းဟန်က မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကြောင့် သူ့ရဲ့နတ်ဘုရား အရိုးတွေ ပျက်စီးကြေမွတဲ့ဒဏ်ကို ရင်ဆိုင်လိုက်ပါတယ်။

တစ်ယောက်ယောက်က မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူနေတယ်။ ဒီသတင်းက အရမ်းကို ကြီးမားပြီး သင်တန်းကျောင်းထဲက လူတွေတော်တော်များများရဲ့ အာရုံကို ဆွဲဆောင်သွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အထဲမှာ ကျောင်းသားတွေက အရမ်းကို များပြားပါတယ်။ ဒါကြောင့် တစ်ယောက်ယောက်က မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှု ခံယူတာက နေ့တိုင်းကြုံတွေ့နေရတဲ့ အဖြစ်အပျက် မဟုတ်ပေမဲ့

ရက်အနည်းငယ်မှာ တစ်ခါလောက်တော့ တစ်ယောက်ယောက်က စမ်းသပ်စစ်ဆေးမှုကို ခံယူနေပါလိမ့်မယ်။

ဒါကြောင့် တချို့က စိတ်ထဲမှာ မထားပေမဲ့ အနီးအနား ဂန်းကျင်မှာရှိတဲ့ လူတွေကတော့ သတိထားမိ ကြပါတယ်။

နောက်ပြီးတော့ ဒီတစ်ကြိမ် မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှု ဖြစ်ပေါ်လာတဲ့ အချိန် မိုးကောင်းကင်ထက်မှာ အရမ်းကို တောက်ပတဲ့ အဖြူရောင် လျှပ်စီးတွေ ကခုန်နေပါတယ်။ ပြီးတော့ သာမန်လူတွေ အတွက်တော့ လင်းဟာန်ရဲ့ ပုံပန်းသဏ္ဍာန်ကို ခွဲခြားဖို့ အရမ်းကို ခက်ခဲပါတယ်။ ဒါကြောင့် သူက တော်တော်များများရဲ့ အာရုံစိုက်ခြင်းကို ခံရတာပါ။ နောက်ပြီး လင်းဟာန်က သူ့ရဲ့ကိုယ်ပိုင် ခန္ဓာကိုယ်ကို ဖျက်ဆီးပြီးတော့ အသွေးအသားပုံကြီး တစ်ခု ဖြစ်လာတာကြောင့် ဘယ်သူကများ အဲဒီသွေးသံတရဲရဲ ခန္ဓာကိုယ်က သူဆိုတာကို သတိပြုမိ နိုင်မှာလဲ။

သူတို့ထဲက တချို့က လင်းဟာန်အနေနဲ့ မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကြောင့် အခုလိုမျိုး ဖြစ်သွားတဲ့ အခါမှာ စိတ်ထဲကနေ ဒီလူက ဘယ်သူများ ဖြစ်နေမလဲ ဆိုတာကို အံ့ဩစိတ်နဲ့အတူ ခေါင်းတွေ ခါလိုက်မိပါတယ်။ သူက မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ခံယူဖို့ လုပ်တာတောင်

ပြင်ဆင်မှုတွေ ဘာမှမလုပ်ခဲ့ဘူး။ မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှ စလာတာနဲ့ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာကောင်းနေပြီ။ သူက သေချာပေါက် နောက်ထပ်လာမဲ့ မိုးကြိုးတွေကို ခံနိုင်ရည် ရှိလိမ့်မှာ မဟုတ်ဘူး။

ဒါပေမဲ့ သူတို့ကို မှင်တက်အံ့သြသွားစေတဲ့ အချက်က တကယ်လို့ ငတုံးငအ တစ်ယောက် ဆိုရင်တောင် အသွေးအသားတွေ ရောနှောနေတဲ့ အသားပုံကြီး တစ်ခုကို မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှုက ဂရုမစိုက်ဘဲ ရပ်သွားမဲ့ ပုံစံမျိုး မတွေ့ရပဲ အရမ်းကို လျင်မြန်စွာနဲ့ အဆက်မပြတ် မိုးကြိုးတွေ ပစ်ချက်နေတာကြောင့် အဲဒီလူက မသေသေးဘူးဆိုတာကို ပေါ်လွင်နေခဲ့ပါတယ်။

ဒီလိုပုံစံ ဖြစ်နေတာတောင် သူက မသေသေးဘူးလား။

ဒီမြင်ကွင်းက သူတို့ကို မှင်တက်အံ့သြ သွားစေခဲ့ပါတယ်။ နေ့တစ်ဝက်ဆိုတာက မျက်စိတစ်မှိတ်လိုပဲ ကုန်လွန်သွားခဲ့ပြီး လင်းဟန်က သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ပြန်လည်ဖြစ်ပေါ် ခဲ့ပါတယ်။ မိုးကောင်းကင်ရဲ့ စမ်းသပ်စစ်ဆေးမှု ပျောက်ကွယ်သွားတာနဲ့ သူ့ကိုယ်သူ ဂတ်ရုံရှည်နဲ့ အုပ်ပြီးတော့ လေထဲမှာ ပျောက်ကွယ်သွား ခဲ့ပါတယ်။

ဒီနေရာမှာ ဘာမှလုပ်လို့ မရပါဘူး။ သူက အခုဆို လုံးဝကို အဝတ်အစား ကင်းမဲ့နေပါတယ်။ ဒါကြောင့် အခုလိုမျိုး ပုံစံကို တစ်ယောက်ယောက် မြင်သွားမှာကို သူက ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ။

"ဟင် မင်းတို့တွေ အဲဒီလူရဲ့ ပုံပန်းသွင်ပြင်ကို တွေ့လိုက်မိလား"

"ဟင့်အင်း သူပြေးသွားတာ အရမ်းကို မြန်လွန်းတယ်"

"ဒါက တကယ့်ကို အံ့အားသင့်စရာကောင်းလွန်းတယ်။ သူက ကောင်းကင်ဘုံရဲ့ စမ်းသပ်စစ်ဆေးမှုဒဏ်ကို အရမ်းကို တုန်လှုပ်စရာ ကောင်းလွန်းအောင် ခံရတာတောင် သူက အသက်ပြန်ရှင်လာနိုင်သေးတယ်ပေါ့"

"သူက ဒဏ္ဍာရီထဲမှာပဲ တည်ရှိတဲ့ သေရွာပြန်ကိုးမျိုး နတ်ဘုရား ဆေးလုံးကို စားထားတာများ ဖြစ်နေမလား"

"ဒီလိုမျိုး နတ်ဘုရား ဆေးလုံးမျိုးကလွဲရင် ဘယ်လိုအရာတွေက ဒီလိုမျိုး သဘာဝတရားကို ဆန့်ကျင်နိုင်တဲ့ အကျိုးသက်ရောက်မှု ရှိနိုင်မှာလဲ"

ဒီလူတွေရဲ့ ဆွေးနွေးသံတွေ ဆူညံလာတဲ့နောက်မှာ လင်းဟန်က သူ့ရဲ့ ခြံဝန်းအသစ်ဆီကို ပြန်ရောက်သွားခဲ့ပါတယ်။ သူက

အလျှင်အမြန် ရေမိုးချိုးပြီးတော့ အဝတ်အစား ပြန်ဝတ်ပြီး သူ့အစာအိမ်ပြည့်အောင်လို့ အစားအသောက်တွေ ထုတ်ပြီးတော့ စားလိုက်ပါတယ်။ သူက မစား မသောက်ရတာ လတော်တော် ကြာနေပါပြီ။

"ကောင်စုတ်လေး ဒီရက်တွေမှာ မင်းဘယ်နေရာကို သွားသေနေလဲ။ ငါမင်းကို လိုက်ရှာရတာ အရမ်းကို ခက်တာပဲ"

ခြံဝင်းနံရံပေါ်မှာ ရောမ ကြောင်ဖြူကြီးတစ်ကောင် ပေါ်လာခဲ့ပါတယ်။ သူ့နှာခေါင်းက အရမ်းကို ထက်မြက်ပြီး အရသာရှိတဲ့ အသားကင် အနံ့တွေကို ရပြီးတဲ့နောက် ဘယ်နေရာမှာ ရှိတယ် ဆိုတာကို ရှာတွေ့နိုင်ပါတယ်။

ဒီအနံ့ကို အရမ်းရင်းနှီးနေပါတယ်။

လင်းဟာန်က ပြုံးလိုက်မိပြီးတော့ ပြောလိုက်တယ်။

"မင်းက တကယ်ပဲ ခွေးတစ်ကောင်လား ကြောင်တစ်ကောင်လား။ မင်းရဲ့ နှာခေါင်းက အနံ့ခံ အရမ်းကောင်းတာပဲ"

"ငါက ကျားဖြူရဲ့ မျိုးဆက်တစ်ယောက်ပဲ"

ကြောင်ဖြူကြီးက အော်ဟစ်ပြီးတော့ လင်းဟာန်ပေါ်ကို ခုန်အုပ်လာခဲ့ပါတယ်။

"ဟင် မင်းက စကားပြောနိုင်တယ်ပေါ့လေ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ကြောင်ဖြူကြီး လုပ်ရှားမှု ပြုလုပ်လိုက်တဲ့ အချိန်မှာ သူချက်ချင်းပဲ သိသွားတာက ကြောင်ဖြူကြီးလည်း တောင်မြစ်အဆင့်ကို ရောက်ရှိနေတယ် ဆိုတာပါပဲ။

မိစ္ဆာသားရဲကောင်တွေက တောင်မြစ်အဆင့်ကို အဆင့်တက်ပြီးတဲ့ အချိန်မှာ သူတို့က လူသားပုံစံ ပြောင်းနိုင်ကြပါတယ်။ ဒါကြောင့် ဒီကြောင်မိစ္ဆာက လူသားစကား ပြောနိုင်တယ်ဆိုတာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ အဲဒီအစား ထူးဆန်းတဲ့ အရာက လူသားပုံစံ မပြောင်းထားတာပဲ ဖြစ်ပါတယ်။

"ငါက ကျားဖြူရဲ့ မျိုးဆက်တစ်ယောက်ပဲ။ ဒါကြောင့် ငါစကားပြောနိုင်တာက အရမ်းကို ထူးဆန်းနေလို့လား"

ကြောင်ဖြူကြီးက ထပ်ခါထပ်ခါ တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ကြောင်ဖြူကြီးက တောင်မြစ်အဆင့်ကို အဆင့်တက်ပြီး ကျားဖြူရဲ့ မျိုးဆက်တစ်ယောက် ဖြစ်တယ်ဆိုတဲ့ အချက်နဲ့ လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က ပိုမြင့်ပြီးတော့ သူ့ရဲ့စွမ်းရည်တွေကလည်း ထူးထူးခြားခြား ရှိနေတာကြောင့် ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ကို ကြောက်ရွံ့တဲ့စိတ် ဖြစ်စေမှာလဲ။

လင်းဟန်က အသာအယာ ပုတ်ထုတ်ပြီးတော့ ပြန်လည်တိုက်ခိုက်ခြင်း မရှိဘဲ ဒီကြောင်မိစ္ဆာက ဘယ်လောက် အစွမ်းထက်လဲ ဆိုတာကို သိမြင်ချင်တာကြောင့် ခုခံမှုသက်သက်ပဲ လုပ်ခဲ့ပါတယ်။

ကြောင်ဖြူကြီးက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ဒီကြောင်ဖြူကြီးရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ အစောပိုင်းမှာပဲ ရှိပါဦးမယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ ကောင်းလွန်းလောက်အောင် ကြယ်လေးပွင့်ကို ကျော်လွန်နေပါပြီ။

"ဟင့် ငါ့ရဲ့သွေးမျိုးဆက်က အပြည့်အဝ မနိုးထသေးဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက ဒီထက်တောင် ပိုပြီးတော့ အံ့သြဖို့ ကောင်းနေလိမ့်မယ်"

ကြောင်ဖြူကြီးက အရမ်းကို မာန်တက်နေတဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"အဲဒီလိုလား"

လင်းဟန်က ပြုံးပြီးတော့ ရုတ်တရက် သိုးမွေးလုံး တစ်လုံးကို ပစ်ထုတ်လိုက်ပါတယ်။

"ညောင်"

ကြောင်ဖက်တီးက ချက်ချင်းပဲ အဲဒီသိုးမွှေးလုံးကို ခုန်အုပ်လိုက်ပါတယ်။ သူ့လက်သည်းနဲ့ သိုးမွှေးလုံး ထိသွားတဲ့ အချိန်မှာ သူက အရမ်းကို ဒေါသထွက်သွားခဲ့ပါတယ်။

"ကောင်စုတ်လေး မင်းက တကယ်ပဲ ငါ့ကို ကျီစားရဲတယ်ပေါ့လေ"

"ဟားဟား အသားတွေ စားစမ်းပါ။ တကယ်လို့ မင်းမစားဘူးဆိုရင် ဒါကို မေ့ပစ်လိုက်ရမှာနော်"

လင်းဟန်က ပြန်ထိုင်လိုက်ပါတယ်။ သူက အခုဆိုရင် ဒီကြောင်ဖြူကြီးရဲ့ စွမ်းရည်တွေကို သိနေပြီးဆိုတော့ ဆက်ပြီးတော့ တိုက်ခိုက်နေလို့ရော ဘာအဓိပ္ပါယ် ရှိလာမှာလဲ။ သူက အခုဆိုရင် လက်ချောင်းလေး တစ်ချောင်းနဲ့တင် ထိန်းချုပ်နိုင်ပါတယ်။

ကြောင်ဖြူကြီးက မကျေနပ်မှုတွေနဲ့ ပြည့်နှက်နေပေမဲ့ အသားတချို့ကို ဝါးစားပြီးတဲ့ နောက်မှာတော့ ချက်ချင်းပဲ ကျေနပ်မှုပီတိဖြစ်မှုတွေ ပြည့်နှက်လာပြီး လင်းဟန်ကို သူ့ရဲ့ ညီအစ်ကိုလို့တောင် ကြေညာလိုက်ပါတယ်။

သူက တောင်မြစ်အဆင့်ကို အဆင့်တက်လာတာ သိပ်မကြာသေးဘဲ ဘယ်လိုမျိုး စကားပြောရမလဲ ဆိုတာကို

သင်ယူလေ့လာခဲ့ပါတယ်။ ဒါကြောင့် သူက စကားတွေ အများကြီးပြောနေပြီး လင်းဟန်အနေနဲ့ သူ့ပါးစပ်ကို အတင်းပိတ်ရင်ပိတ် မဟုတ်ရင် သူ့နားတွေကို ပိတ်ထားရပါမယ်။

ကြောင်ဖြူကြီးက နေ့တိုင်း သူ့နေရာကို လာရောက်စားသောက် နေခဲ့ပါတယ်။ နှစ်ရက်ကြာပြီးတဲ့ နောက်မှာတော့ လီဝေဂ ရောက်လာခဲ့ပါတယ်။

“ကျောက်တုံးခေါင်း နင် ဒီနှစ်ဂက် အချိန်အတွင်းမှာ ဘယ်နေရာကို ထွက်ပြေးသွားတာလဲ”

သူမ ဝင်လာတာနဲ့ လင်းဟန်ကို စတင်ပြီး ကြိမ်းမောင်းသံတွေ ဆူညံလာပါတယ်။

“တံခါးပိတ်ပြီးတော့ ကျင့်ကြံအားထုတ်နေတာပါ”

လင်းဟန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်တယ်။

“နင်က ဘာအတွက်နဲ့ တံခါးပိတ်ပြီး ကျင့်ကြံအားထုတ်နေတာလဲ။ နင့်ကြောင့် ငါဘယ်လောက်တောင် စိတ်ပျက်ရလဲ ဆိုတာကို နင်သိရဲ့လား”

လီဝေဂက ဒေါသတွေ ထွက်နေပုံနဲ့ ပြောလိုက်ပါတယ်။

"ငါ့မင်းကို ဘာလုပ်လို့လဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

လီဝေဂ ထိုင်ပြီးတော့ အစားအသောက် တချို့ကို ယူပြီး စားလိုက်ပါတယ်။

"တန်ဖန်းက နင့်ကို စိန်ခေါ်ထားပြီးတော့ နင်က နည်းနည်းလေးမှတောင် အရိပ်အယောင် ပေါ်မလာခဲ့ဘူး။ ဒါကြောင့် သူက နင့်ကို သတ္တိမရှိတဲ့ကောင် သရဲဘောကြောင်တဲ့ကောင် စိန်ခေါ်တာကို လက်မခံရဲတဲ့သူလို့ လူသိထင်ရှား ကြေညာခဲ့တယ်။ ငါက နင့်ကိုယ်စား နင်ဟာ သရဲဘောကြောင်တဲ့ လူမဟုတ်ဘူး။ မကြာခင်မှာ ထွက်လာပြီး စိန်ခေါ်မှုကို လက်ခံလိမ့်မယ် ဆိုတာကို ပြောခဲ့တယ်"

"ပြီးတော့ ဘာဖြစ်သွားလဲ။ နင်က နှစ်ဂက်လုံးလုံး ပေါ်မလာခဲ့ဘူး။ အခုဆိုရင် အင်ပါယာ မြို့တော်ထဲက လူတွေအားလုံးက နင့်ကို ရစရာမရှိအောင်ပြောနေကြပြီး နင့်ကို သရဲဘောကြောင်ပြီး သတ္တိမရှိတဲ့လူလို့ ခေါ်နေကြပြီလေ"

"ငါက နင့်ကိုယ်စား ပြောပေးခဲ့တယ်။ အခုတော့ ငါလည်း လူရွှင်တော် တစ်ယောက်လို ဖြစ်နေပြီ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါက မင်းကို မကျေမနပ်တချို့ ခံစားချက်တွေ ဖြစ်အောင် လုပ်ခဲ့မိတယ်ပေါ့။ ထားလိုက်ပါ။ အဲဒီအတွက် ဘာမှလုပ်စရာမလိုဘူး။ ငါက တံခါးပိတ် လေ့ကျင့်နေခဲ့တာပဲ။ ဒါကြောင့် ငါကဘာမှမသိဘူး"

တခြားသူတွေက သူ့ကို စိတ်အနှောင့်အယှက် ပေးမှာကို မကြောက်ပါဘူး။ သူက တကယ်တော့ အနက်ရောင် မျှော်စင် အထဲမှာပဲ ရှိနေခဲ့တာပါ။ ဒါကြောင့် တခြားသူတွေက သူ့ကို ရှာတွေ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"နောက်ပြီး နောက်ပြီးတော့"

လီဝေဂကို ကြည့်ရတာ စိတ်လှုပ်ရှားနေပုံ ရပါတယ်။

"ကျောက်လန်က ပြီးပြည့်စုံခြင်း အဆင့်ကို တက်သွားပြီးတော့ သံမဏိသွေး ပြိုင်ကွင်းမှာ ပွဲနှစ်ဆယ်ဆက်တိုက် အနိုင်ရခဲ့ပြီး ပြိုင်ဘက်မရှိ လက်ရှိလူငယ် မျိုးဆက်သစ်တွေရဲ့ အုပ်ချုပ်သူ တစ်ယောက်လို့ ပြောနေကြပြီ"

"အခု အားလုံးက သူ့ကို နင်ဘယ်အချိန်မှာ လိုက်မီပြီးတော့ တိုက်ပွဲကောင်းကောင်းတစ်ခု ဖြစ်လာမလဲ ဆိုတာကို

ပြောနေကြတယ်။ ဒီအတွက် သူတို့အားလုံးက
လောင်းကြေးတောင်မှ ဖွင့်ထားသေးတယ်”

လင်းဟန်က မျက်ခုံးပင့်လိုက်ပြီးတော့ မေးလိုက်ပါတယ်။

“လောင်းကြေးအဆတွေက ဘယ်လောက်လဲ”

“တစ်နှစ်အတွင်းမှာဆိုရင် ဆယ်လေး တစ်လေး။
နှစ်နှစ်အတွင်းမှာဆိုရင် တစ်လေး ကိုးလေး။
ဆယ်နှစ်နောက်ပိုင်းမှဆိုရင် တစ်လေး နှစ်လေး တကယ်လို့
နှစ်ပေါင်းနှစ်ဆယ်ကျော်မှဆိုရင် နှစ်လေး သုံးလေးနဲ့
နှစ်ပေါင်းတစ်ရာ ကျော်ရင် ဆယ်လေး ဆယ့်နှစ်လေး ဖြစ်သွားမယ်။
ဘယ်လိုပဲဖြစ်ဖြစ် အချိန်ပိုကြာလေ လောင်းကြေးအဆက
နည်းသွားမယ်”

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

“ပိုက်ဆံတချို့ မရှာချင်ဘူးလား”

Chapter 983 end

အပိုင်း(984) ကျောက်လန်ကို စိန်ခေါ်ခြင်း

ပိုက်ဆံရှာမယ်ဆိုတဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ လီဝေဂျ့ရဲ့ လှပတဲ့ မျက်လုံးတွေ ချက်ချင်းပဲ အရောင်တလက်လက် တောက်ပသွားခဲ့ပါတယ်။

လင်းဟန်က တစ်ချိန်လုံး တံခါးပိတ် ကျင့်ကြံနေတယ် ဆိုတော့ အစားအသောက် ပစ္စည်းတွေ ရောင်းချတဲ့ လုပ်ငန်းက ရပ်နားနေတယ်လို့ ဆိုနိုင်ပါတယ်။ သူမနဲ့ ကျိုယွင်အာတို့ရဲ့ သိုလှောင်ပစ္စည်း အရှယ်အစားကြောင့် အစားအသောက် ပစ္စည်းတွေက အများဆုံး ရက်အနည်းငယ်စာလောက်ပဲ ကျန်ပါတော့တယ်။ သိပ်မကြာခင်မှာ အားလုံး ရောင်းကုန်ပါ တော့မယ်။

ဒီအချက်ကြောင့် မိန်းကလေး နှစ်ယောက်က အရမ်းကို စိတ်ထိခိုက်နေကြပါတယ်။ လင်းဟန်က အချိန်အကြာကြီး ပေါ်ထွက်မလာခဲ့တာကြောင့် သူမတို့တောင် အလွန်ကို ဆာလောင်မွတ်သိပ် နေသလိုမျိုး ခံစားရပါတယ်။

"ငါတို့ ဘယ်လိုမျိုး ပိုက်ဆံရှာမှာလဲ"

သူမက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။

"မကြာခင်မှာ ကြီးမားတဲ့ လေလံပွဲတစ်ခု စလိမ့်မယ်။ တကယ်လို့ ငါတို့မှာ ပိုက်ဆံရှိရင် ငါ့အဖေ ထိုင်ရာကနေ ထတဲ့အထိ ငါ့ကို သတိပြုမိအောင် လုပ်နိုင်လိမ့်မယ်"

"ဘာလေလံပွဲလဲ"

လင်းဟန်က မေးလိုက်တယ်။

"အိုး အင်ပါယာမြို့တော်က ကောင်းကင်ဘုံ ပင်လယ် လျှိုဝှက်ဆန်းကြယ်ဘုံ ပိတ်သွားပြီးတဲ့ သိပ်မကြာခင်မှာ အမြဲတမ်း လေလံပွဲတစ်ခုကို ကျင်းပလေ့ရှိတယ်။ ဒါကြောင့် ဒီလေလံပွဲက အရမ်းကို ကြီးကျယ်ခမ်းနားလွန်းတယ်။ ပစ္စည်းကောင်းတွေ တော်တော်များများ လေလံတင်လာလိမ့်မယ်"

လီဝေဂက အနည်းငယ် စိတ်လှုပ်ရှားပုံနဲ့ ပြောလိုက်တယ်။

သူမက ခဏလောက် နားပြီးမှ သူမရဲ့ မျက်နှာပေါ်မှာ လေးနက်တဲ့ အမူအရာတစ်ခုနဲ့ မေးလိုက်ပါတယ်။

"ပိုက်ဆံဘယ်လိုရှာရမလဲ ဆိုတာကို နင်ပြန်မဖြေရသေးဘူးနော်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ရှိုးရှိုးလေးပါပဲ။ ကျောက်လန်နဲ့ငါနဲ့ ဘယ်အချိန်မှာ တိုက်ခိုက်မလဲ ဆိုတာနဲ့ ပတ်သက်ပြီး လောင်းကြေးတစ်ခု ရှိတယ်မဟုတ်လား"

လီဝေဂက ဘာကိုဆိုလိုသလဲ ဆိုတာကို ချက်ချင်းသတိပြုမိသွားပြီးတော့ သူမက အလျင်အမြန် ထခုန်ပြီး လက်ခုပ်တီးကာ ပြောလိုက်ပါတယ်။

"ငါတို့က အရင်ဆုံး သွားလောင်းပြီးတော့ အဲဒီနောက်မှာ နင်က ကျောက်လန်ကို သွားစိန်ခေါ်မယ်ပေါ့။ နေပါဦး တကယ်လို့ ကျောက်လန်က နင့်ကို လုံးဝလျစ်လျူရှု ထားလိုက်ရင်ရော ဘယ်လိုလုပ်မလဲ"

လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒါက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်တဲ့ မင်းက ဘယ်လောက်အံ့သြစရာ ကောင်းလဲ ဆိုတဲ့အချက် အပေါ်မှာ မူတည်တယ်။ တကယ်လို့ ငါက ကျောက်လန်ကို စိန်ခေါ်မဲ့ ကိစ္စရဲ့ လောင်းကြေးအဆကို ချိန်းနိုင်မယ်ဆိုရင် ဘယ်လိုဖြစ်လာမလဲ ဆိုတာကို စောင့်ကြည့်လေ"

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက လီဝေဂကို ဆွဲထည့်စရာ လိုလိမ့်မှာ မဟုတ်ပါဘူး။

လီဝေဂက အလျှင်အမြန်ပဲ ခေါင်းညိတ်လိုက်ပြီး သူမရဲ့ အမူအရာက နားလည်ပြီလို့ ပြောနေသလိုပါပဲ။ ဒါပေမဲ့ မကြာခင်မှာပဲ သူမရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်လာပြီးတော့ သူမက မေးလိုက်ပါတယ်။

"ဒါပေမဲ့ တကယ်လို့ ကျောက်လန်က စိန်ခေါ်မှုကို လက်ခံလိုက်ပြီး သူက နင့်ကို သတ်သွားရင်ရော"

"အင်းလေ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့ဘာမှမဆိုင်ပါဘူး"

သူမက သူမဘာသာ ပြန်ဖြေလိုက်ပြီး နည်းနည်းလေးမှ စိုးရိမ်ပူပန်ပုံ မပေါ်ပါဘူး။

လင်းဟန်က သရော်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျောက်လန်က ငါ့ကို သေချာပေါက် မသတ်နိုင်ပါဘူး။ တကယ်လို့ သူသာ ပြီးပြည့်စုံခြင်း အဆင့်ကို တက်သွားတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့ကိုတောင် ငါက သတ်ပစ်နိုင် လိမ့်မယ်"

ဒါက ကြွားဝါခြင်းသက်သက် မဟုတ်ပါဘူး။ သူ့ရဲ့ လက်ရှိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်သုံး နတ်ဘုရား သတ္တုအဆင့်ကို ရောက်ရှိနေပြီး တကယ်လို့ ပြီးပြည့်စုံခြင်း အဆင့်က ကျင့်ကြံသူ တစ်ယောက် တိုက်ခိုက်လာမယ် ဆိုရင်တောင် သူ့ရဲ့ ခုခံမှုကို

ထိုးဖောက်ဖို့ အချိန်ယူရ ပါလိမ့်မယ်။ အဲဒါအပြင် သူ့မှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်လည်း ရှိပါတယ်။ အဲဒီအထဲကိုသာ ဖမ်းမိလိုက်ရင် ကျောက်လန်ရဲ့ ကျင့်ကြံခြင်းအဆင့် လျော့ကျသွားတာကို တွေ့မြင်ရပါလိမ့်မယ်။

အဲဒီအချိန်က လျှိုကလန်ရဲ့ လူတွေဟာ ဒီနတ်ဘုရား ပိုက်ကွန်ကို အသုံးပြုပြီး ချော်ရည်သားရဲ ဘုရင်ကို ရင်ဆိုင်ချင်တယ် ဆိုတာက သူတို့အနေနဲ့ အဲဒီသားရဲဘုရင်ကို ပိုက်ကွန်ရဲ့ အကူအညီနဲ့ သတ်ပစ်နိုင်မယ်ဆိုတာကို ယုံကြည်ချက် ရှိနေတာကြောင့်ပါပဲ။ ဒီအချက်ကို သုံးသပ်ကြည့်မယ် ဆိုရင်တောင် ဒီနတ်ဘုရား ပိုက်ကွန်ရဲ့ အကျိုးအာနိသင်က ကျင့်ကြံခြင်း အဆင့်ကို အသေးစား အဆင့်တစ်ခုထိ အားနည်းသွားအောင် လုပ်နိုင်ပါလိမ့်မယ်။

ကျောက်လန်ရဲ့ကျင့်ကြံခြင်းအဆင့်က အသေးစား အဆင့်တစ်ခု လျော့ကျသွားပြီး နတ်ဘုရား ပိုက်ကွန်ကြောင့် ပိတ်မိနေမယ်ဆိုရင် သူ့ရဲ့ လုပ်ရှားမှု အပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ တကယ်လို့ လင်းဟာန်က ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ဆင့်ခေါ်ခဲ့မယ်ဆိုရင် ကျောက်လန်ကို တစ်ချက်တည်းနဲ့ ချက်ချင်းသတ်ပစ်ဖို့ဆိုတာက မဖြစ်နိုင်စရာ မရှိပါဘူး။

တကယ်တော့ အဲဒီသားရဲဘုရင်ဟာလည်း ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အစောပိုင်း အဆင့်မှာ ရှိပြီးတော့ ပိုက်ကွန်ထဲမှာတောင် ပိတ်မိခံထားရခြင်း မရှိခဲ့တာတောင် သူ့ဆီက မြားတစ်ချက်နဲ့ အသတ်ခံရလုနီးပါး ဖြစ်သွားခဲ့သေးတယ် မဟုတ်လား။

ဒါပေမဲ့လည်း မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားကို သတ်ပစ်နိုင်ပံ့ါမလား။

ဒါက သူသေကိုယ်သေ တိုက်ပွဲတစ်ခု မဖြစ်နိုင်ပါဘူး။ လင်းဟန်အနေနဲ့ မဟာဗိုလ်ချုပ်ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက မိုးထိအောင် ထိုးတက်ပြီး သူ့ကို ဥပဒေတွေတောင် ဂရုမစိုက်ပဲ သတ်ပစ်မှာကို မကြောက်တာကြောင့်လား။

လူတစ်ယောက်ရဲ့ စွမ်းဆောင်ရည်တွေ ပိုပြီးတော့ ကြီးမားခမ်းနားလာလေ သူ့အပေါ်မှာ စည်းမျဉ်းစည်းကမ်းရဲ့ စွမ်းအားတွေက နည်းလာပါတယ်။ စည်းမျဉ်းစည်းကမ်းတွေက အားနည်းတဲ့ အပေါ်မှာပဲ ကြီးကြီးမားမား သက်ရောက်တဲ့ အရာမျိုး ဖြစ်ပြီးတော့ အားကြီးတဲ့ သူတွေကတော့ နာခံမလား ဒါမှမဟုတ် မနာခံဘူးလား ဆိုတာက သူတို့ရဲ့ စိတ်အခြေအနေ အပေါ်မှာပဲ လုံးဝကို မူတည်နေပါလိမ့်မယ်။

လင်းဟန်က ကျောက်လန်ကို သတ်ပြီးတဲ့နောက်မှာ အနက်ရောင် မျှော်စင်ထဲ ဝင်ပြီးတော့ ပုန်းနေနိုင်ပါတယ်။ ဒါပေမဲ့လည်း သူက ထာဝရတော့ မပုန်းအောင်းနိုင်ပါဘူး။ မဟာလင်း အင်ပါယာလည်း ရှိနေပါသေးတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ တကယ်လို့ သူ မသတ်နိုင်ဘူးဆိုရင် ကျောက်လန်ကို ပြင်းပြင်းထန်ထန် ရိုက်နက်ဆုံးမပြီးတော့ သင်ခန်းစာကောင်းကောင်း တစ်ခုပဲ ပေးနိုင်ပါလိမ့်မယ်။ ကျောက်လန်ကို မသန်မစွမ်းဖြစ်အောင် ဒါမှမဟုတ် မသတ်ပစ်သရွေ့ မဟာဗိုလ်ချုပ်ကျောက်က မျက်နှာပြောင်ပြောင်နဲ့ သူကိုယ်တိုင် လုပ်ရှားလာလိမ့်မှာ မဟုတ်ပါဘူး။

ပြဿနာက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်နဲ့တောင် ကျောက်လန်ကို သူက ထိန်းချုပ်နိုင်မှာလား။

တစ်ဖက်လူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ဖြစ်တဲ့အပြင် တကယ်လို့ သူက အသေးစား အဆင့်တစ်ခု အားနည်းနေရင်တောင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်ကို ရောက်နေနိုင်ပါသေးတယ်။ လင်းဟန်ကရော။ သူက ပြင်းထန် အလယ်အလတ် အဆင့်ရဲ့

အစောပိုင်း အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ အဆင့်သေး တစ်ခုလုံး ပြတ်ကျန်နေပါတယ်။ နောက်ပြီးတော့ သူက အများဆုံး တိုက်ပွဲစွမ်းရည် ကြယ်ငါးလုံးကျော်ပဲ ထုတ်ဖော်နိုင်ပါလိမ့်မယ်။ အဲဒီလို မဟုတ်ရင် သူက ဘာဖြစ်လာမလဲ ဆိုတာကို မသိပါဘူး။

တစ်ခုသိထားရမှာက ကျောက်လန်ဟာ ကြက်သွေးရောင် ရေကန်ဆီကို နှစ်ကြိမ်တိုင်တိုင် ရောက်ရှိခဲ့ပြီး သူ့ရဲ့အလားအလာဟာ ကြယ်လေးပွင့်ထက် သာလွန်ပြီး ကြယ်ငါးပွင့်ထိ နီးကပ်နေပြီ ဆိုတာကို ဖော်ပြထားပါတယ်။ အဲဒါက အင်ပါယာနှစ်ခု အနေနဲ့ သူအရွယ်ရောက်ပြီး အမြင့်ဆုံး အလားအလာ မရောက်ခင်မှာ သတ်ပစ်ဖို့အတွက် လုံလောက်ပါတယ်။ ဒါဆိုရင် တိုက်ပွဲစွမ်းရည် ကြယ်ခြောက်လုံးရှိတဲ့သူအတွက်ဆို ပိုပြီးတော့တောင် အားထုတ်ကြပါလိမ့်မယ်။

"နင့်မှာ ဘယ်လိုအကြံဉာဏ်ကောင်းတွေ ရှိလဲ"

လီဝေဂက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"နင်မသိသေးဘူးမဟုတ်လား။ ကျောက်လန်က ပြီးပြည့်စုံခြင်း အဆင့်ကို ချိုးဖျက်ပြီးတဲ့နောက်မှာ ဧကရီ ဘုရင်မက သူ့ကို အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိဘွဲ့ ချီးမြှင့်ပြီးတော့

သူ့နာမည်ကို အထိမ်းအမှတ် ရုပ်ထုပေါ်မှာ ရေးထွင်းခဲ့တယ်။ ဒါကြောင့် သူက နိုင်ငံစွမ်းအားကို အသုံးပြု နိုင်တယ်။ အနည်းဆုံး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို နောက်ထပ် ကြယ်တစ်လုံးထိ တိုးမြင့်နိုင်စွမ်း ရှိတယ်”

လင်းဟန်က မျက်မှောင်ကြုတ်လိုက်ပါတယ်။ ဒါဆိုရင် ဒီအချက်ကိုပါ ထည့်တွက်ပြီး တွက်ချက်ကြည့်မယ်ဆိုရင် ကျောက်လန်ကို အနိုင်ယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

သူမျှော်လင့်ထားသလိုသာ အရာအားလုံး မဖြစ်ဘူးဆိုရင် မဖြစ်နိုင်ပါဘူး။ ပထမ သူက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို သုံးပြီးတော့ သူ့ရဲ့ပြိုင်ဘက်ကို ပိတ်လှောင်မယ်။ အဲဒီနောက် ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို အသုံးပြုပြီးတော့ ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် ရင်ဆိုင်မယ်။ သူက ခေါင်းနဲ့ နှလုံးသားလိုမျိုး သေကွင်းသေကွက် နေရာတွေကို ရှောင်လွှဲပစ်နိုင်ပါတယ်။ ပြီးတော့ သူ့မှာ အခွင့်အရေး တစ်ခုပဲ ရှိပါလိမ့်မယ်။ တကယ်လို့ သူလွဲချော်သွားခဲ့ရင် သူက အရှုံးပေးလိုက်ရုံပဲ တတ်နိုင်ပါလိမ့်မယ်။

လင်းဟန်က တဒင်္ဂလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါနဲ့ ကျောက်လန် တိုက်ပွဲဖြစ်မယ်ဆိုရင် သေချာပေါက် လောင်းကြေးအသစ်တွေ ဖြစ်လာလိမ့်မယ်။ လောင်းကစားသမားတွေက ငါနဲ့ကျောက်လန်ရဲ့ တိုက်ပွဲမှာ ဘယ်သူ အနိုင်ရတဲ့သူ ဖြစ်လိမ့်မလဲဆိုတဲ့ အချက်အတွက် ငတုံးတွေလို လောင်းကြေးဖွင့်လိမ့်မှာတော့ မဟုတ်ဘူး။ အဲဒီအစား ကျောက်လန်က ငါ့ကို တိုက်ကွက်ဘယ်လောက် အတွင်းမှာ အညံ့ခံအောင် လုပ်နိုင်မလဲ ဆိုတာမျိုးပဲ ဖြစ်လိမ့်မယ်"

"အင်း အင်း"

လီဝေဂက အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လောင်းကြေးဒိုင်တွေက ပိုက်ဆံတွေ သေချာပေါက် ဆုံးရှုံးပြီး သွေးပါအန်ထွက် ကုန်ပါလိမ့်မယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါတို့တွေ ကျောက်လန်ကို အသုံးချပြီးတော့ ပိုက်ဆံတွေ အများကြီး အရင်ရှာတာပေါ့။ နောက်ကျမှပဲ သူ့အပေါ်ကို တက်နင်းကြမယ်"

လီဝေဂက မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ ဒီကျောက်တုံးခေါင်းက ဘာဖြစ်လို့ အမြဲလိုလို ကိုယ့်ကိုကိုယ် ယုံကြည်ချက်တွေ

ပြင်းထန်နေရတာလဲ။ နင်က ကမ္ဘာငယ်လေး တစ်ခုက လာပြီးတော့ နောက်ခံမရှိဘူး ဆိုတာကိုရော သတိပြုမိရဲ့လား။ ဘယ်အချက်တွေကြောင့် ကျောက်လန်က နင့်ကို မသတ်ပဲ နေလိမ့်မှာလဲ။ ဒါပေမဲ့လည်း ဒီလိုမျိုး ယုံကြည်ချက်တွေ ပြင်းထန်နေတဲ့ အမျိုးအစားက သူ့ကို ဆွဲဆောင်မှုရှိတဲ့ ဟန်ပန်အမူအရာမျိုး ဖြစ်စေတယ် ဆိုတာကိုတော့ ဝန်ခံရပါမယ်။

"ဒါဆိုရင် နင့်ပိုက်ဆံတွေ မြန်မြန်ပေးစမ်း။ ငါအခုသွားပြီးတော့ လောင်းကြေးထပ်လိုက်မယ်"

သူမရဲ့ စိတ်ထဲမှာ အတွေးတွေ ပွတ်သိပ်နေပြီး မကြာခင်မှာပဲ ပိုက်ဆံတွေ အများကြီး ယူမယ်ဆိုတဲ့ စကားကြောင့် သူမရဲ့ မျက်နှာလှလှလေးက အရောင်တွေ တလက်လက် တောက်ပလို့ လာခဲ့ပါတယ်။

ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ပြီးတဲ့နောက်မှာ လင်းဟန်က တခြားသူတွေဆီက လုယက်ပြီးတော့ ငွေတချို့ ရရှိခဲ့ပါတယ်။ အဲဒီနောက် သူက ကျင့်ကြံမှုကို စတင်ခဲ့ပြီး ပြင်းထန်အလယ်အလတ် အဆင့်ကို ရောက်အောင်လို့ အနည်းငယ် သုံးစွဲခဲ့ရပါတယ်။ ဒါပေမဲ့ အရင်က စုဆောင်းထားတဲ့ ပမာဏကိုပါ ပေါင်းထည့်လိုက်ရင် အစစ်အမှန်

မူလကျောက်တုံး လေးထောင်လောက် ရှိပါသေးတယ်။ လင်းဟန်က အကုန်လုံး လီဝေဂကို ပေးလိုက်ပါတယ်။

လီဝေဂက ထွက်သွားပြီး နောက်တစ်ရက် အကြာမှာ ပြန်လာခဲ့ပါတယ်။ သူမက သူ့ကို အားလုံး အစီစဉ်တကျ လုပ်ထားတာကို ပြောပြလိုက်ပြီး အခုဆိုရင် သူတို့အတွက်က သူ့ကို စိန်ခေါ်မှ လုပ်ဆောင်ဖို့ စောင့်နေဖို့ပဲ လိုပါတယ်။

လင်းဟန်က ချက်ချင်းပဲ တစ်ယောက်ချင်း တိုက်ခိုက်ဖို့အတွက် စိန်ခေါ်စာ တစ်စောင်ကို ရေးလိုက်ပါတယ်။ ပြီးတော့ အဲဒီစာကို မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ပင်မတံခါး အပေါ်မှာ ချိတ်ဆွဲလိုက်ပါတယ်။ အဲဒါက ကျောက်လန်ကို စိန်ခေါ်တဲ့စာ တစ်စောင်ပါပဲ။

သတင်းက အတောင်ပံ ပါသလိုပဲ အရမ်းကို လျင်မြန်စွာနဲ့ မြောက်ပိုင်းအဖွဲ့အစည်း တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ကောင်းကင်နီသင်တန်းကျောင်းနဲ့ အင်ပါယာမြို့တော် တစ်ခုလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ အားလုံးက ဒီအကြောင်းနဲ့ ပတ်သက်ပြီး အားကြိုးမာန်တက်နဲ့ ဆွေးနွေးပြောဆို နေကြပါတယ်။ ဒီပါရမီရှင်က နှစ်ဂက်လောက် တိတ်ဆိတ်ငြိမ်သက်ပြီးမှ နောက်ဆုံးမှာ ပြန်ပေါ်လာလိမ့်မယ်လို့

သူတို့တွေ ထင်မှတ်မထားမိခဲ့ ကြပါဘူး။ နောက်ပြီးတော့ သူက ပေါ်ထွက်လာတဲ့ အချိန်မှာပဲ အရမ်းကို မြင့်မားတဲ့ ပုံရိပ်တစ်ခုနဲ့ တကယ်ပဲ ကျောက်လန်ကို စိန်ခေါ်ခဲ့ပါတယ်။

ကျောက်လန်ဆိုတာ ဘယ်သူလဲ။

မဟာဗိုလ်ချုပ် ကျောက်ရဲ့ တစ်ဦးတည်းသောသား၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်းအတွင်းမှာ အစွမ်းထက်ဆုံး ပါရမီရှင်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိဖို့ မြင့်မြင့်မားမား မျှော်လင့်ခံထားရတဲ့ လူတစ်ယောက်။

ရုတ်ချည်းဆိုသလို အင်ပါယာမြို့တော်ထဲက လူတွေအားလုံးဟာ ဒီစိန်ခေါ်မှုကို ကျောက်လန်က လက်ခံမလား လက်မခံဘူးလား ဆိုတာကို ဆွေးနွေးနေကြပါတယ်။

"ဟိုးဟိုး ဒီဂျူနီယာ တပည့်ညီလေးက အတော်လေး စိတ်ဂင်စားစရာ ကောင်းတာပဲ။ သူက ကနဦးအဆင့်ကို အဆင့်တက်ပြီးတော့ ကျောက်လန်ကိုတောင် စိန်ခေါ်လိုက်သေးတယ်"

အနောက်ပိုင်း အဖွဲ့အစည်းရဲ့ ခြံဝင်းတစ်ခု အတွင်းမှာ အပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက် ထိုင်နေပြီး အေးအေးချမ်းချမ်းနဲ့ လက်ဘက်ရည်သောက်နေပါတယ်။

သူ့အနောက်မှာ ခန္ဓာကိုယ် ကောက်ကြောင်းပေါ်အောင်လို့ ဝတ်ဆင်ထားတဲ့ မိန်းမလှလေး တစ်ယောက် ရှိပါတယ်။ သူမက အရပ်အမောင်း မြင့်မားပြီး သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ် ရှိပါတယ်။ သူမဝတ်ထားတဲ့ အကျီက သူမရဲ့ အမို့အမောက် အဖုအထစ်တွေကို ပေါ်လွင်စေပြီး သူမကို မြင်တဲ့လူတိုင်း တံတွေးတွေ မျိုချအောင် စွမ်းဆောင်နိုင်ပါတယ်။

နောက်ပြီးတော့ သူမရဲ့ ပုံပန်းသွင်ပြင်ကလည်း ဒီလိုမျိုး လှပတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းနဲ့ လိုက်ဖက်ပါတယ်။ သူမကို ကြည့်လိုက်ရင် သွေးဆူလာစေနိုင်တဲ့ အလှအပရှိပြီး နက်မှောင်တဲ့ ဆံကေသာတွေက သူမရဲ့ တင်ပါးပေါ်ထိ ကျဆင်းလို့ နေပါတယ်။ သူမရဲ့ တင်ပါးက လုံးဝန်းစွံ့ကားပြီး ရင်နှစ်မွှာကလည်း တောင်ပူစာလေး နှစ်ခုလိုမျိုး ဖုဖောင်းလို့နေပြီး အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။

အပြာရောင် ဂုတ်စုံနဲ့ လူငယ်ရဲ့ လက်ဘက်ရည်ခွက် ကုန်လုနီးပါး ဖြစ်သွားတာကို မြင်လိုက်ရတဲ့ အချိန်မှာ သူမက အလျင်အမြန်ပဲ သူ့ခွက်ထဲကို ပြန်ဖြည့်ပေးပြီးတော့ ပြောလိုက်ပါတယ်။

“သခင်လေးရဲ့ အမြင်အရဆိုရင် ကျောက်လန်က ဒီစိန်ခေါ်မှုကို လက်ခံပါ့မလား”

Chapter 984 end

အပိုင်း(985) အံ့အားသင့်စရာ လောင်းကြေးအဆများ

“ဒါပေါ့။ ဘယ်လက်ခံမလဲ”

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

“သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က လင်းဟာန်ထက် ပိုပြီးတော့လည်း မြင့်တယ်။ ဒါကြောင့် တကယ်လို့ သူအနိုင်ရသွားခဲ့ရင်တောင် စိတ်ကသိကအောက် ဖြစ်စရာတစ်ခုပဲလေ။ ဒါကြောင့် ဘာဖြစ်လို့ သူက လက်ခံလိမ့်မှာလဲ”

သူ့ဘေးက မိန်းမလှလေးက ပြောလိုက်ပါတယ်။

“သခင်လေး မသိသေးဘူးလား။ ကျောက်လန်နဲ့ လင်းဟာန်တို့ အကြားမှာ ကိုယ်ရေးကိုယ်တာ ရန်စတစ်ခု ရှိနေသေးတယ်”

"အိုး ဟုတ်လား"

အပြာရောင် ဂုတ်စုံနဲ့ လူငယ်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာ ခဲ့ပါတယ်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ကျောက်လန်မှာ ဘယ်လိုမျိုး စွမ်းရည်နဲ့ နောက်ခံအင်အား ရှိနေလဲ။ ငတုံးတောင်မှ ပြောနိုင်ပါလိမ့်မယ်။ တကယ်လို့ လင်းဟန်က ကျောက်လန်ကို ဆန့်ကျင်ချင်တယ် ဆိုရင်တောင် သူ့မှာ အခွင့်အရေးတစ်ခု ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီအပြာရောင် ဂုတ်စုံနဲ့ လူငယ်ရဲ့ နာမည်က ရှားယွန်လို့ ခေါ်ပြီးတော့ ကြယ်ဥက္ကာ အင်ပါယာရဲ့ မဟာဗိုလ်ချုပ် ရှားကျန်းရဲ့ တတိယမြောက်သား ဖြစ်ပါတယ်။ သူလည်းပဲ အငယ်ဆုံး သားဖြစ်ပါတယ်။ သူ့ရဲ့ သိုင်းပညာ ပါရမီကလည်း အရမ်းကို အံ့သြစရာ ကောင်းပြီးတော့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင် နီးပါးလောက်က တက်ရောက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အခုဆိုရင် သူက အထွတ်အထိပ်အဆင့်ကို ရောက်ရှိနေပါပြီ။

ပုံမှန်အားဖြင့်ဆိုရင် သူက သင်တန်းကျောင်းကနေ ထွက်သင့်ပါပြီ။ ဒါပေမဲ့ မဟာဗိုလ်ချုပ် ရှကျန်းရဲ့သားက သင်တန်းကျောင်းမှာ

ဆက်နေမယ်ဆိုရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ သူ့ကို မောင်းထုတ်ဝံ့မှာလဲ။

ချမ်းသာမြင့်မြတ်မယ်ဆို ကောင်းကင်နီ သင်တန်းကျောင်းက ကျင့်ကြံခြင်းအတွက် နေရာတစ်ခု မဟုတ်ပါဘူး။ အမှန်တော့ သူတို့အိမ်တွေရဲ့ အခြေအနေက ပိုပြီးတော့ ကောင်းမွန်တယ်လို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ သင်တန်းကျောင်းကို ဘာဖြစ်လို့ သူတို့တွေ ရောက်လာလဲ ဆိုတဲ့ အကြောင်းပြချက်က သူတို့ကိုယ်ပိုင် အင်အားတွေ စုစည်းဖို့နဲ့ အဆက်အသွယ်ပြုလုပ်ဖို့ အတွက်ပဲ ဖြစ်ပါတယ်။

သင်တန်းကျောင်းကို ဝင်ခွင့်ရတဲ့ လူတွေထဲမှာ ပါရမီရှင် မဟုတ်တဲ့သူ ဘယ်သူများ ရှိလို့လဲ။ ဉပမာ ကျောက်လန်ကိုယ်တိုင်မှာ တပည့်ကြီးသုံးယောက် ရှိပြီးတော့ သူတို့တစ်ယောက်ချင်းစီဟာ ကြယ်နှစ်ပွင့် ပါရမီရှင်တွေဖြစ်ပါတယ်။ ကောလာဟာလတွေအရဆို သူတို့ရဲ့ အစွမ်းက ကြယ်သုံးပွင့် ပါရမီရှင်တွေတောင် ဖြစ်နိုင်ပါတယ်။ ဘယ်သူကများ ဒီလိုမျိုး ပါရမီရှိတဲ့ လူစားမျိုးကို အထောက်အပံ့အဖြစ် မလိုချင်ပဲ ရှိမှာလဲ။

သင်တန်းကျောင်းကို အဖွဲ့အစည်း လေးခုအဖြစ် ပိုင်းခြားထားတဲ့ အကြောင်းပြချက်ရဲ့ တစ်စိတ်တစ်ပိုင်းကလည်း တချို့မြင့်မြတ်တဲ့

မျိုးဆက်တွေရဲ့ ခြေတံလက်တံတွေကို အရမ်း မရှည်အောင်လို့ ဖြစ်ပါတယ်။ ဒါက တားမြစ်မှုတစ်ခု ဖြစ်တာကြောင့် သူတို့က အဖွဲ့အစည်း တစ်ခုထဲကို အရွးအမူး ပြေးဝင်လို့ မရနိုင်တော့ပါဘူး။

ခန္ဓာကိုယ် ကောက်ကြောင်း လှပတဲ့ အလှပဂေးက ရှားယွန် မေးခွန်းထုတ်မှာကို မစောင့်နေပဲ အလျင်အမြန်နဲ့ ဆက်ပြောလိုက်ပါတယ်။

"အဲဒါက စွေ့ရန်ယွီကြောင့်ပဲ။ သူမက လင်းဟန်နဲ့ လက်ထပ်ထိမ်းမြားဖို့ ကတိကဝတ် ခံယူထားလို့ သူမကိုယ်တိုင် ကြေညာခဲ့တယ်"

သူမရဲ့ နာမည်က လွီရင်လို့ ခေါ်ပါတယ်။ သူမက မဟာဗိုလ်ချုပ်ရှား ရွေးချယ်ထားတဲ့ မိဘမဲ့ ကလေးတစ်ယောက် ဖြစ်ပါတယ်။ သူမက သိုင်းပညာမှာ ထူးခြားတဲ့ ပါရမီရှိပြီးတော့ ရှယွန်ရဲ့ ကလေးဘဝ ကစားဖော်ကစားဖက်နဲ့ လက်ရည်စမ်းတဲ့ အပေါင်းအဖော်အဖြစ် ကြီးပြင်းလာခဲ့တာ ဖြစ်ပါတယ်။ သူမက သူ့ရဲ့ အသေခံ ကိုယ်ရံတော် ဖြစ်ပါတယ်။ သူမလိုမျိုး အသေခံ ကိုယ်ရံတော် လေးယောက်ရှိပြီး သူတို့အားလုံးကို ကျားသစ်နက် လေးဖော်လို့ ခေါ်ကြပါတယ်။

ရှားယွန်က တဒင်္ဂခန့် မှင်တက်သွားပြီးမှ ရုတ်တရက် ဝါးလုံးကွဲအောင် ရယ်မောလိုက်ပါတယ်။ သူက မျက်ရည်တောင် ထွက်လုမတတ် ရယ်မောနေပါတယ်။

"ကျောက်လန် ကျောက်လန် မင်းက အရမ်းကို မောက်မာဂင့်ကြွားနေတာ မဟုတ်လား။ မင်းရဲ့ ကိုယ်ပိုင် အမျိုးသမီးကိုတောင်မှ ဘာကြောင့် မထိန်းသိမ်းနိုင်တာလဲ"

မဟာဗိုလ်ချုပ် ခုနစ်ယောက်ရဲ့ အဆင့်အတန်းက ညီတူမျှတူ ဆိုပေမဲ့ သူတို့တွေ အကြားက ဆက်ဆံရေးက စကားလုံးလောက်နဲ့ပဲ ချစ်ချစ်ခင်ခင် ရှိတယ်လို့ သတ်မှတ်လို့ ရပါတယ်။ နောက်ပြီးတော့ သူနဲ့ ကျောက်လန်တို့ နှစ်ယောက်စလုံးက အလိုလိုက်ခံထားရတဲ့ အင်ပါယာ မြို့တော်က ချမ်းသာကြွယ်ဝတဲ့ သခင်လေး နှစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက် အကြားမှာ မကျေမလည် ဖြစ်မှုတွေ မရှားပါဘူး။ သူတို့နှစ်ယောက်စလုံးက အင်ပါယာမြို့တော်ရဲ့ အကြီးကျယ် အခမ်းနားဆုံး သခင်လေးဆိုတဲ့ ဂုဏ်ပုဒ်ကို လိုချင်နေကြတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျောက်လန်က ဒီလိုမျိုး အကြီးအကျယ် ဆုံးရှုံးနစ်နာတယ် ဆိုတဲ့အကြောင်းကို သိလိုက်ရတာနဲ့ ရှားယွန်က ကျယ်လောင်စွာနဲ့ ရယ်မောရခြင်း ဖြစ်ပါတယ်။

"လွီရင် မင်းငါ့ကိုတော့ သစ္စာမဖောက်ပါဘူးနော် ဟုတ်တယ်မလား"

ရှားယွန်က ရုတ်တရက် မေးလိုက်ပါတယ်။

လွီရင်ရဲ့ နှလုံးသား တုန်ခါသွားပြီး သူမက
အလျင်အမြန်ဒူးထောက်ကာ ပြန်ဖြေလိုက်ပါတယ်။

"ကျွမ သခင်လေးကို ဘယ်တော့မှ သစ္စာဖောက်မှာမဟုတ်ပါဘူး"

ရှားယွန်က သူမကို ငေ့ကြည့်ပြီးတော့ ပြောလိုက်တယ်။

"အဲဒီလူအကြောင်းကို သွားပြီးတော့ ကောင်းကောင်းစုံစမ်းခဲ့။
ငါသူ့ကို အရမ်း စိတ်ဝင်စားတယ်"

"ဟုတ်ကဲ့ပါ"

လွီရင်က ထရပ်ပြီးတော့ ထွက်သွားလိုက်ပါတယ်။

ရှားယွန်က လွီရင်ရဲ့ နောက်ကျောကို ကြည့်ပြီးတော့ တိုးတိုးလေး
ရေရွတ်လိုက် မိပါတယ်။

"မင်းမလုပ်နိုင်တာလား ဒါမှမဟုတ် မလုပ်ဝံ့တာလား"

ခန့်မှန်းလို့မရတဲ့ အပြုံးတစ်ခုက ရှားယွန်ရဲ့ မျက်နှာပေါ်မှာ
ပေါ်ပေါက်လာခဲ့ပါတယ်။

တန်ဖန်းကလည်း ဒေါသအိုးတွေ ပေါက်ကွဲပြီးတော့ ရူးသွပ်လုနီးပါး ဖြစ်သွားပါတယ်။ လင်းဟန်က သူ့ရဲ့ စိန်ခေါ်မှုကို လျစ်လျူရှုခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို သူရဲဘောကြောင်ပြီး သတ္တိမရှိတဲ့လူ တစ်ယောက်လိုတောင် ကြေညာခဲ့ပါတယ်။ တကယ်တမ်းတော့ လင်းဟန်က သူ့ကို လုံးဝကို လျစ်လျူရှုခဲ့ပြီး သူက ကျောက်လန်ကို တန်းပြီးတော့ စိန်ခေါ်ခဲ့ပါတယ်။ အဲဒါက သူ့ကို လုံးဝကို အထင်အမြင်သေးတာပဲ မဟုတ်လား။

သူက လင်းဟန်ကို အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် စုတ်ဖြဲပစ်ချင်တာကလွဲလို့ ဘာမှမလိုချင်ပါဘူး။ လင်းဟန်ဆီက စိန်ခေါ်မှုက သူ့ရဲ့ဒေါသတွေကို မီးဟုန်းဟုန်း တောက်လောင်စေပါတယ်။

ကျောက်လန်က လင်းဟန်ရဲ့ စိန်ခေါ်မှုကို မတုံ့ပြန်ခဲ့ပါဘူး။ အဲဒီအစား သူ့ရဲ့အောက်က နောက်လိုက်ဖြစ်တဲ့ ပိုင်ယွင်စီက လင်းဟန်ရဲ့ စိန်ခေါ်မှုကို အထင်အမြင်သေးတဲ့ အမူအရာနဲ့ တုံ့ပြန်ခဲ့ပါတယ်။ သူပြောတာက လင်းဟန်က ရုပ်ဆိုးအကျည်းတန်တဲ့ လူတစ်ယောက် ဖြစ်တာကြောင့်

ကြည့်ချင်စရာ တစ်ချက်မှ မရှိပါဘူး။ သူက ကျောက်လန်နဲ့ တိုက်ခိုက်ဖို့ ဘာအရည်အချင်း ရှိလို့လဲ။

တကယ်လို့ လင်းဟန်က တိုက်ခိုက်ချင်တယ်ဆိုရင် ပိုင်ယွင်စီက သူ့ကို အဖော်ပြုပေးပါလိမ့်မယ်။ ဒါပေမဲ့ အခြေအနေတစ်ခုကို တောင်းဆိုထားပါတယ်။ အဲဒါကတော့ သူသေကိုယ်သေ တိုက်ပွဲ တစ်ခု ဖြစ်ရပါမယ်။

ရုတ်ခြည်းဆိုသလို အားလုံးရဲ့ အာရုံက လင်းဟန်အပေါ်ကို ကျရောက်သွားပြီးတော့ လင်းဟန်က ဘယ်လိုမျိုး တုံ့ပြန်မလဲဆိုတာကို သိချင်နေကြပါတယ်။

တစ်ခုသိထားရမှာက ပိုင်ယွင်စီဟာ ကျောက်လန်လောက် ထင်ပေါ်ကျော်ကြား တောက်ပခြင်း မရှိပေမဲ့ သူကလည်း တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ရဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပြီး ကြယ်နစ်ပွင့်အထက်မှာရှိပြီးတော့ ကြယ်သုံးပွင့်နား ကပ်နေတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူနဲ့အတူ သူသေကိုယ်သေ တိုက်ခိုက်မယ်ဆိုရင် လင်းဟန်က ချက်ချင်းပဲ အသတ်ခံလိုက်ရဖို့ ကိုးဆယ်ရာခိုင်နှုန်းလောက် ရှိနေတယ် မဟုတ်လား။

သူက လက်ခံဝံ့မလား လက်မခံရဲဘူးလား။

လင်းဟန်က ချက်ချင်းပဲ တုံ့ပြန်လိုက်ပါတယ်။ တိုက်ခိုက်မယ်။

အင်ပါယာ မြို့တော် တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ပါတယ်။ အခုဆိုရင် လင်းဟန်က အရမ်းကို ရေပန်းစားတဲ့ လူသစ်တစ်ယောက် ဖြစ်ပြီးတော့ ပိုင်ယွင်စီကလည်း သူ့ရဲ့ ကိုယ်ပိုင် စွမ်းဆောင်ရည်တွေကြောင့် ဒါမှမဟုတ် ကျောက်လန်ရဲ့ နောက်လိုက်တစ်ယောက်ဆိုတဲ့ အချက်ကြောင့် ကြီးမားတဲ့ အာရုံစိုက်မှု တစ်ခုကို လက်ခံရရှိ ခဲ့ပါတယ်။

ဒီနှစ်ယောက်က သူသေကိုယ်သေ တိုက်ပွဲတစ်ခုကို စတင်တော့မှာ ဖြစ်တာကြောင့် အားလုံးရဲ့ အာရုံကို ဆွဲဆောင်နိုင်မယ်ဆိုတာ အသေအချာပါပဲ။

မျှော်လင့်ထားတဲ့ အတိုင်းပဲ သူတို့နှစ်ယောက်ရဲ့ အကြားက တိုက်ပွဲရလဒ်အတွက် လောင်းကြေး အသစ်တွေ ဖွင့်လာခဲ့ပါတယ်။

"အခြေအနေဘယ်လိုလဲ။ လောင်းကြေးအဆက ဘယ်လောက်တဲ့လဲ"

လင်းဟန်ပုံစံကို ကြည့်ရတာ အတော်လေးကို စိတ်လှုပ်ရှားနေပုံ ရပါတယ်။

လီဝေဂက တခစ်ခစ်နဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“တကယ်လို နင်နိုင်မယ်ဆိုရင် အဲဒါက တစ်ရာလေး တစ်လေးပဲ”

လင်းဟာန်ရဲ့ မျက်နှာပေါ်က ကြွက်သားတွေ တွန့်လိမ်သွားခဲ့ပါတယ်။ လောင်းကြေးအဆ ပိုပြီးတော့ မြင့်မားလေ သူ့အနေနဲ့ ပိုပြီးတော့ အနိုင်ရမယ်ဆိုတာကို သိပေမဲ့ အခုလိုမျိုး တစ်ရာလေး တစ်လေးထိ မြင့်မားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ပါတယ်။ ဒီလူတွေက သူ့ကို ဘယ်လောက်တောင် အထင်အမြင် သေးနေကြတာလဲ။

“ပိုင်ယွင်စီ အနိုင်ရဖို့အတွက် လောင်းကြေးအဆ မရှိဘူး။ သူက နင့်ကို ဘယ်နှစ်ကွက်အတွင်းမှာ အနိုင်ယူမလဲ ဆိုတဲ့ လောင်းကြေးပဲရှိတယ်။ တစ်ကွက်တည်းနဲ့ အနိုင်ယူနိုင်ရင် ဆယ်လေး ဆယ့်တစ်လေး။ နှစ်ကွက်ဆို ဆယ်လေး ဆယ့်နှစ်လေး။ သုံးကွက်ဆို ဆယ်လေး ဆယ့်သုံးလေး....”

လီဝေဂက နောက်ထပ်လောင်းကြေး အဆတွေကို ဆက်ပြီးတော့ ပြောပြလိုက်ပါတယ်။

ဒီလောင်းကြေးဒိုင်တွေက လင်းဟာန်ကို အနိုင်ရမဲ့ မျှော်လင့်ချက်မျိုးတောင် မမြင်ခဲ့ပါဘူး။ လင်းဟာန်က တိုက်ကွက်တစ်ရာထိ တောင့်ခံနိုင်မယ်ဆိုရင် လောင်းကြေးအဆက တစ်ဆ ဆယ်ဆထိ ရောက်ရှိသွားပါလိမ့်မယ်။

"ကျောက်တုံးခေါင်း ငါတို့ ဘယ်လိုမျိုး လောင်းရမလဲ"

လီဝေဂက မျက်ခုံးပင့်လိုက်ပါတယ်။ အရင်က သူမမှာ တကယ်ပဲ ပမာဏကြီးကြီးမားမား ရအောင် လုပ်နိုင်ခဲ့ပါတယ်။

"မင်းတို့မှာ ဘယ်လောက်ရှိလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"နင့်ရဲ့လောင်းကြေးက လေးထောင်။ ငါနဲ့ အစ်မယွင်က တစ်ယောက်ကို သုံးထောင်စီ လောင်းနိုင်တယ်။ ဒါကြောင့် စုစုပေါင်း တစ်သိန်းလောက် အနိုင်ရမယ်"

လီဝေဂက စိတ်လှုပ်ရှားစွာနဲ့ ဖြေလိုက်ပါတယ်။

မိန်းကလေး နှစ်ယောက် အတူတူပေါင်းလိုက်ရင် သူ့ထက်တောင်မှ ပိုပြီးတော့ များပါသေးတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ ငါနိုင်မဲ့အပေါ်မှာ လောင်းလိုက်ပါ"

"ဟော့ဟော့ဟော့ ငါနဲ့အစ်မယွင်က နင့်ထက်ပိုပြီးတော့ ပိုက်ဆံရှာနိုင်မှာကို မနာလိုတာကြောင့်တော့ မဟုတ်ပါဘူးနော်။ အဲဒါကြောင့် နင်က ငါ့တို့ကို မွဲသွားအောင် လုပ်ချင်နေတာလား"

လီဝေဂက လင်းဟန်ကို သံသယအပြည့်နဲ့ ကြည့်လိုက်ပါတယ်။

"ငါက အဲဒီလို လူစားမျိုးလား"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ တကယ်လို့ မင်းက ငါ့အနိုင်ရမဲ့အပေါ်မှာ လောင်းရင်တောင် လောင်းကြေးက တစ်ဆနဲ့ အဆတစ်ရာလေ။ မင်းတို့နှစ်ယောက်စလုံး တိမ်ပေါ်မှာ ပျံသန်းသွားသလိုမျိုး အများကြီး အနိုင်ရဖို့ ငါအာမခံပါတယ်။ နောက်ပြီးတော့ လောင်းကြေးထဲမှာ ငါ့ကိုယ်ပိုင် လေးထောင်လည်း ပါသေးတာပဲ မဟုတ်လား"

"ဟုတ်တယ်"

နောက်ဆုံးတော့ လီဝေဂက ခေါင်းညိတ်ပြီးတော့ သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ဘယ်လိုအရာတွေက နင်ကို ဒီလိုမျိုး ယုံကြည်ချက်တွေပေးတာလဲ"

"ငါ့ရဲ့ကိုယ်ပိုင်စွမ်းရည်ပေါ့ ဟားဟားဟား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

ကျောက်လန်က စိန်ခေါ်မှုကို လက်မခံခဲ့ပါဘူး။ ဒါကို လင်းဟန်က မျှော်လင့်ထားပြီးသားပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူက ပိုက်ဆံနည်းနည်းရှာဖို့ စိန်ခေါ်မှု လုပ်ရပါမယ်။ သူ့အနေနဲ့ ပိုင်ယွင်စီက တုံ့ပြန်လာလိမ့်မယ်လို့ ကြိုတင်ပြီး မသိမြင်ထားခဲ့ပါဘူး။ အမှန်တကယ်ပဲ သူ့ကို နောက်ထပ် ငွေရလမ်းတစ်ခု ဖြစ်စေခဲ့ပါတယ်။

"ဒီတစ်ကြိမ်တော့ ငါနင့်ကို ယုံကြည်လိုက်မယ်။ ဒါပေမဲ့လည်း တကယ်လို့ နင်က ငါနဲ့ အစ်မယွင်ရဲ့ ပိုက်ဆံတွေ ဆုံးရှုံးသွားအောင် လုပ်ခဲ့မယ်ဆိုရင် ငါနင့်ကို အလွတ်မပေးဘူး"

လီဝေဂျက ပြင်းပြင်းထန်ထန်နဲ့ ခြိမ်းခြောက်လိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ မင်းတို့နှစ်ယောက်ရဲ့ ပိုက်ဆံတွေ ဆုံးရှုံးသွားနိုင်စရာ နည်းလမ်း မရှိပါဘူး"

လင်းဟန်က စပ်ဖြီးဖြီးနဲ့ ပြောလိုက်ပါတယ်။

အခုဆိုရင် သူတို့ရဲ့ ပမာဏက တိုးလာခဲ့ပြီး တကယ်လို့ လောင်းကြေးကို တစ်ဆ တစ်ရာဆ အနိုင်ရခဲ့မယ်ဆိုရင် အံ့အားသင့်စရာ တစ်သန်းဆိုတဲ့ ပမာဏ တစ်ခုဖြစ်လာပါလိမ့်မယ်။

ဒါက မော်ဆေးလုံးတွေ ရောင်းချတာထက်တောင် ပိုပြီးတော့ အကျိုးအမြတ် ရှိပါတယ်။

ကံမကောင်းတာက နှစ်ဖက်စလုံးရဲ့ အချက်အလက်တွေက မညီမျှတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ လောင်းကြေးဒိုင်တွေသာ လင်းဟန်က သူ့ကိုယ်သူ သိနားလည်ထားသလို သိမယ်ဆိုရင် သူတို့အနေနဲ့ လောင်းကြေးကို အများဆုံး ဆယ်ဆ တစ်ဆပဲ ထားပါလိမ့်မယ်။

လင်းဟန်က စိတ်အားထက်သန်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ပိုက်ဆံရယူပြီးတဲ့နောက်မှာ သူက လေလံပွဲမှာ ပါဝင်ဆင်နွှဲရမဲ့ အချိန်ကို ရောက်လာပါလိမ့်မယ်။ လေလံပွဲမှာ ဘယ်လိုမျိုး ပစ္စည်းကောင်းတွေကို ရောင်းချမလဲ ဆိုတာကို သူတကယ်ပဲ တွေ့မြင်ချင်နေပါပြီ။

တိုက်ပွဲနေ့ရက် မရောက်ခင် အချိန်သုံးရက် ရှိပါသေးတယ်။ ဒါပေမဲ့ စွေ့ရန်ယွီက ပေါ်မလာခဲ့ ပါဘူး။ အဲဒါက လင်းဟန်ကို အနည်းငယ် မကျေမနပ် ဖြစ်သလို ခံစားစေရပါတယ်။

ဒီသုံးရက်အတွင်းမှာ သူက နောက်ဆုံး မီးတောက်တောင်မြစ် ကျောက်တုံးကို သန့်စင်ခဲ့ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပြင်းထန်အလယ်အလတ်မှာ ခိုင်မာအောင် လုပ်နိုင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ မီးတောက် နတ်ဘုရား သင်္ကေတတွေရဲ့ အစွမ်းကလည်း နောက်တစ်ဆင့် ထပ်တက်သွားခဲ့ပြီး စုစုပေါင်း မီးတောက်နတ်ဘုရား သင်္ကေတ ခုနစ်ခု ရှိပါတယ်။ အဲဒါက ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေထက် ပိုများပါတယ်။

Chapter 985 end

အပိုင်း(986) ကံမကောင်း အကြောင်းမလှတဲ့ တန်ဖန်း

သုံးရက်ဆိုတဲ့ အချိန်က မျက်စိတစ်မှိတ် အတွင်းမှာ ကုန်လွန်သွားခဲ့ပါတယ်။ ဒီနေ့မှာတော့ လင်းဟန်က သူတို့တွေရဲ့ စိန်ခေါ်ပွဲ ကျင်းပမဲ့ အထွတ်တစ်ထောင် တောင်ထိပ်ပေါ်ကို ဦးတည်လာခဲ့ပါတယ်။

ဒီယှဉ်ပြိုင်မှုက တော်တော်များများရဲ့ အာရုံကို ဆွဲဆောင်ထားပါတယ်။ ဒါကြောင့် ပြိုင်ပွဲကွင်းပြင် မြေကွက်လပ်နားမှာ ပရိသတ်တွေ တော်တော်များများ ရောက်နေပါတယ်။ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေအပြင် အင်ပါယာမြို့တော်က လူတန်းစား အသီးသီးလည်း ပေါ်ထွက်လာခဲ့ ကြပါတယ်။ သူတို့အားလုံးက သင်တန်းကျောင်းထဲကို ဝင်လာပြီးတော့ ဒီတိုက်ပွဲကို သူတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ မြင်ချင်နေခဲ့ ကြပါတယ်။

ကျောက်လန်တောင်မှ ပရိသတ်ထဲမှာ ရှိနေပါတယ်။ သူက တောင်တစ်လုံးရဲ့ ထိပ်မှာ သူ့လက်တွေကို အနောက်မှာ ပစ်ထားပြီးတော့ မတ်တတ်ရပ်နေပါတယ်။ သူ့ဘေးမှာ နောက်ထပ် လူလေးယောက်လည်း ရပ်နေပါတယ်။

သူတို့တွေက ရှားယွန်၊ လှီဟူလျန်၊ ကျန်းဝူချွေ့နဲ့ ရှန်ကွမ်း ယွင်ကျိုတို့ ဖြစ်ပါတယ်။ သူတို့တွေက သင်တန်းကျောင်းထဲမှာ ထင်ပေါ်ကျော်ကြားသူတွေ ဖြစ်ပါတယ်။ ပုံမှန်ဆိုရင် ကျောက်လန်က ဒီလေးယောက်ထက် တစ်ဦးချင်း စွမ်းရည်မှာ အနည်းငယ် နိမ့်ကျနေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို တက်ပြီးတဲ့နောက်မှာ သူ့ရဲ့ ရပ်တည်မှုက ဒီလေးယောက်နဲ့ ညီလာခဲ့ပါတယ်။

ရှားယွန်က ရယ်ရယ်မောမောနဲ့ မေးလိုက်တယ်။

"အဲဒီကောင်လေးက တိုက်ကွက်ဘယ်လောက်များများ ဖလှယ်နိုင်မယ်လို့ မင်းတို့ကောင်တွေ ထင်လဲ"

"သူက ကနဦးအဆင့်မှာပဲ ရှိတယ်။ အထွတ်အထိပ် အဆင့်လို့ပဲ ပြောတာပေါ့"

လှီဟူလျန်က ပြောလိုက်တယ်။

"တကယ်လို့ သူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ဆိုရင်တောင် သူ့ရဲ့တိုက်ပွဲ စွမ်းရည်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်နဲ့ ယှဉ်လို့ရမယ်။ ပိုင်ယွင်စီက တကယ်လို့များ ပြင်းထန်အလယ်အလတ်အဆင့်က သာမန်ကျင့်ကြံသူ တစ်ယောက် ဖြစ်နေရင်တောင် သူ့ကို လွယ်လွယ်ကူကူနဲ့ ဖိနှိပ်နိုင်လိမ့်မယ်။ ပိုင်ယွင်စီက ပြင်းထန် အလယ်အလတ် အဆင့်ရဲ့ အလယ်အဆင့်မှာ ရှိပြီးတော့ ကြယ်သုံးပွင့် ပါရမီရှင် နီးနီး လူတစ်ယောက် ဖြစ်နေတော့ ဘာမှပြောနေစရာတောင် မလိုတော့ဘူး"

လွီကလန်ရဲ့ အဖွဲ့ဝင် တော်တော်များများဟာ မဟာဗိုလ်ချုပ်ကျောက်ရဲ့ သစ္စာတော်ခံ အစေအပါးတွေ ဖြစ်ပါတယ်။ ဒါကြောင့် လွီဟူလျန်ကလည်း ကျောက်လန်ကို အပြည့်အဝ ထောက်ပံ့ကူညီပါတယ်။ ဒါပေမဲ့လည်း သူမက အမှန်တရားကို ပြောတာကြောင့် ကျန်းဝူချွေနဲ့ ရှမ်ကွမ်းယွင်ကျိတို့က ခေါင်းညိတ်ပြီး သဘောတူပါတယ်။ အဲဒီအချိန်မှာ ကျောက်လန်က အထင်အမြင်သေးစွာနဲ့ ကြည့်နေပါတယ်။

"ဒါဆိုရင် လောင်းကြေးလေးတစ်ခု လုပ်ကြရအောင်"

ရှားယွန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

"ဘယ်လိုမျိုးလဲ။ လောင်းကြေးအဆကရော ဘယ်လိုလဲ"

ကျောက်လန်က မေးလိုက်တယ်။ သူနဲ့ ရှားယွန်တို့ နှစ်ယောက်စလုံးဟာ မဟာဗိုလ်ချုပ်တွေရဲ့ သားတွေဖြစ်ပြီး မကြာခဏဆိုသလို ထိပ်တိုက်ရင်ဆိုင်ပြီး တစ်ယောက်အပေါ် တစ်ယောက် လွှမ်းမိုးနိုင်အောင် ကြိုးစားကြလေ့ ရှိပါတယ်။ ဒါကြောင့် ကျောက်လန်က နောက်ဆုတ်ဖို့ စိတ်ကူး နည်းနည်းမှ မရှိပါဘူး။

"အဲဒီကောင်လေးက တိုက်ကွက်ပေါင်း ငါးရာကျော်ထိ ခံနိုင်မယ်လို့ ငါလောင်းမယ်"

ရှားယွန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"သူက အနိုင်တောင် ရချင်ရနိုင်လိမ့်မယ်"

ကျောက်လန်နဲ့ တခြားသူတွေ အားလုံးက အံ့အားသင့်သွားခဲ့ပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

လင်းဟာန်နဲ့ ပိုင်ယွင်စီတို့ နှစ်ယောက် အကြားက စွမ်းအားကွာဟချက်က နေ့ခင်းအလင်းရောင်လို ရှင်းလင်းလွန်းပါတယ်။ သူကဘယ်လိုပဲလုပ်လုပ် လင်းဟာန်မှာ

အနိုင်ရနိုင်ချေ နည်းနည်းလေးမှ မရှိပါဘူး။ ဒါကြောင့် တကယ်လို့ သူက တိုက်ကွက်ပေါင်း ဆယ်ကွက်ကျော်အောင် တောင့်ခံနိုင်မလား ဆိုတာကိုတောင် ပြောနိုင်ဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် တိုက်ကွက်ပေါင်း ငါးရာနဲ့ အနိုင်ရနိုင်ချေတောင် ရှိတယ်ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"အစ်ကိုရှား မင်းရဲ့လောင်းကြေးကို တကယ်ပဲ လုပ်မှာလား"

ကျန်းဝူချွေက ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။ သူ့ရဲ့သဘာဝကိုက အေးစက်စက်နဲ့ ဘာကိုမှ ဂရုမစိုက်တဲ့ဟန်ပန်မျိုး နေတတ်တာကြောင့် အခုလိုမျိုး ပြောဆိုခြင်းက မထူးဆန်းပါဘူး။

ရှားယွန်ရဲ့ မျက်နှာပေးမှာ အပြုံးတစ်ခု ဖြစ်ပေါ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းတို့တွေနဲ့အတူ လောင်းကြေးတစ်ခု လုပ်ပေးရမှာပေါ့"

"မင်းက ငါတို့ကို လက်ဆောင်တစ်ခု အတင်းပေးချင်မှတော့ ငါ့ကိုလည်း ထည့်တွက်လိုက်ပါ"

ကျောက်လန်က ပြောလိုက်တယ်။

"ငါက တိမ်ဖြူကြယ် သတ္တုကို လောင်းကြေးအဖြစ် တင်မယ်"

လွီဟူလျှန်၊ ကျန်းဝူချွေနဲ့ ရှမ်ကွမ်းယွင်ကျိတို့ အားလုံး မှင်တက်အံ့သြ သွားကြပါတယ်။ တိမ်ဖြူကြယ် သတ္တုက အရမ်းကို အဖိုးထိုက်တန်တဲ့ အဆင့်ခုနစ် နတ်ဘုရားသတ္တု တစ်ခု ဖြစ်ပါတယ်။

ရှားယွန်တောင်မှ အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

"ကျောက်လန် ဘယ်လောက်တောင် သတ္တိကောင်းလိုက်သလဲ"

"မင်းကြောက်လို့လား"

ကျောက်လန်က အေးစက်စွာနဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"မင်းရဲ့လောင်းကြေးကို ငါလက်ခံတယ်"

ရှားယွန်က ယုံကြည်ချက် အပြည့်နဲ့ ပြောလိုက်ပါတယ်။

လွီဟူလျှန်ကလည်း ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"အစ်ကိုရှားက အရမ်းကို ရဲတင်းနေမှတော့ ငါလည်း ကျန်ခဲ့လို့ ဘယ်ဖြစ်မလဲ။ ငါက တိမ်ဖီးနစ် အစစ်အမှန် သွေးစက်သုံးစက်ကို လောင်းကြေးထပ်တယ်"

ဒါက နောက်ထပ် ကြီးမားတဲ့ လောင်းကြေးတစ်ခု ဖြစ်ပါတယ်။

လွီဟူလျှန် လောင်းကြေးထပ်တဲ့ တိမ်ဖီးနစ် အစစ်အမှန် သွေးစက်သုံးစက်က ရှေးဟောင်း နတ်ဘုရား

သားရဲတစ်ကောင်ဖြစ်တဲ့ အစစ်အမှန် ဖီးနစ်ငှက် တစ်ကောင်ကနေ ရတာတော့ မဟုတ်နိုင်ပါဘူး။ အဲဒီအစား သူ့ရဲ့မျိုးဆက်ကနေ ဖြစ်နိုင်ပြီး အရမ်းကို အားပျော့တဲ့ သွေးမျိုးဆက် ဖြစ်နိုင်ပါတယ်။ ဒါတောင်မှ သူ့နာမည်ထဲမှာ ဖီးနစ်ဆိုတဲ့ စကားလုံး ပါရှိတာက သူ့ရဲ့ခွန်အားနဲ့ ရှားပါးမှုကို ဖော်ပြနေပါတယ်။

"ဟီးဟီး ဒါဆိုရင် ငါကလည်း ကြွံသုံးကောင် အမှောင်ကျောက်စိမ်း တစ်ခုကို လောင်းကြေး ထပ်တယ်"

ရှမ်ကွမ်းယွင်ကျိကလည်း ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ယန်ရှင်းမြက် တစ်စု"

ကျန်းဝူရွှေ့က အေးစက်စွာနဲ့ ပြောလိုက်တယ်။

ရှားယွန်က လင်းဟာန်ရဲ့ အစွမ်းထက်မှုကို အတော်လေး နားလည်ထားပေမဲ့ တခြားသူတွေ လောင်းကြေးထပ်တဲ့ ပစ္စည်းတွေကို ကြားလိုက်ရတဲ့ အချိန်မှာ သူ့ပါးစပ်က ခြောက်ကပ်ကပ် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူရှုံးသွားရင် ဒီရတနာပစ္စည်း လေးခုရဲ့ တန်ဖိုးကို ပေးချေရမယ် ဆိုရင်ဖြင့် သူ့ကို နောက်ထပ်နှစ်ပေါင်း တစ်သောင်းအတွက် ပိုက်ဆံနည်းပါးသွား စေပါလိမ့်မယ်။

ဒါပေမဲ့ တကယ်လို့ သူအနိုင်ရမယ်ဆိုရင်ရော။ သူက တကယ့်ကို ကြီးကြီးမားမားနဲ့ အနိုင်ရပါ လိမ့်မယ်။

ချမ်းသာမှုကို အန္တရာယ်တွေ အထဲမှာ ရှာဖွေရပါတယ်။

"ဒါဆိုရင်လည်း ငါတို့တွေ စောင့်ကြည့်တာပေ့ါ"

ရှားယွန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်နဲ့ တခြားသူတွေ အားလုံးက သူ့ရဲ့အသံထဲမှာ စိတ်ပင်ပန်းနေပုံ ရတာကို ကြားနိုင်ပါတယ်။ လောင်းကြေးတွေက အရမ်းကို မြင့်နေတာကြောင့် ဒါကပုံမှန်ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ နောက်ပြီးတော့ လင်းဟာန်ရဲ့ အနိုင်ရဖို့ အခွင့်အရေးကလည်း အရမ်းကို ပါးပါးလေးပဲ ရှိပါတယ်။

"လင်းဟာန်"

တန်ဖန်းက လူအုပ်ကြားထဲကနေ ခုန်ထွက်လာပြီး လင်းဟာန်ရဲ့ လမ်းကြောင်းမှာ ပိတ်ရပ်လိုက် ပါတယ်။ သူက ဒီအချိန်ကို စောင့်နေတာ အရမ်းကို ကြာနေပါပြီ။

လင်းဟာန်က သူ့ကို ဝေ့ကြည့်ပြီးတော့ ဂရုမစိုက်တဲ့ဟာန်နဲ့ ပြောလိုက်ပါတယ်။

"မင်းဘယ်သူလဲ"

တန်ဖန်းက ဒေါသကြောင့် မူးမေ့လဲမလို ဖြစ်သွားပါတယ်။

ငါက ကနဦးအဆင့် အုပ်စုရဲ့ မငြင်းဆန်နိုင်တဲ့ နံပါတ်တစ်လေ။ ဒါတောင်မှ မင်းကငါ့ကို မသိဘူးလား။

"မင်းငါနဲ့ တိုက်ခိုက်ရဲလား"

တန်ဖန်းက ကျယ်လောင်စွာနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြုံးပြီးပြောလိုက်တယ်။

"ဒီအကြောင်းကို မေ့ထားလိုက်။ ငါမင်းကို အနိုင်မကျင့်ချင်ဘူး"

"ဘယ်လောက်တောင် ဘဝင်မြင့်လိုက်သလဲ"

တန်ဖန်းက ဒေါပွပြီးတော့ လင်းဟန်ရဲ့ ဦးခေါင်းဆီကို လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပါတယ်။

သူနဲ့ လင်းဟန်တို့ နှစ်ယောက်စလုံးက ကနဦးအဆင့် အုပ်စုမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက တိုက်ပွဲတစ်ခု မစခင် လင်းဟန်ရဲ့ သဘောတူညီမှု ရအောင်လို့ ယူနေစရာ မလိုပါဘူး။ သူက စိုးရိမ်ခြင်းအလျဉ်းကင်းကင်းနဲ့ တိုက်ခိုက်နိုင်ပါတယ်။ ပြီးတော့ သူက ပြိုင်ဘက်ဖြစ်သူကို မသတ်သရွေ့ ဒါမှမဟုတ် မသန်မစွမ်း မလုပ်သရွေ့ သူ့စိတ်ကြိုက် လွတ်လွတ်လပ်လပ် လုပ်နိုင်ပါတယ်။

လင်းဟန်က ဘေးဘက်ကို တိမ်းပြီးတော့ ရှောင်တိမ်းရင်း ပြောလိုက်ပါတယ်။

"ငါသတိပေးမယ်နော်။ ငါ့ကို မစော်ကားနဲ့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းကိုယ်တိုင် တွင်းတူးထားဖို့ ပြင်ပေတော့"

"ဟင့်"

တန်ဖန်းက သူ့စကားတွေကို လျစ်လျူရှုလိုက်ပြီး သူ့ခန္ဓာကိုယ်ကနေ နတ်ဘုရား အလင်းရောင်က စတင်ပြီးတော့ တောက်ပလာခဲ့ပါတယ်။ သူ့လက်ကို နောက်တစ်ကြိမ် ဆန့်ထုတ်လိုက်တဲ့ အခါမှာ သူ့လက်ဝါးပေါ်မှာ နတ်ဘုရား သင်္ကေတ သုံးခုက ရိုက်နှိပ်ထားပြီး ရှေးဟောင်းအရှိန်အဝါ တစ်ခုချင်းစီ ရောင်စဉ်ဖြာထွက်လို့ နေပါတယ်။

"ဒါက သုံးခုတစ်ခုကနေ မူလနည်းစနစ် မဟုတ်လား"

ပရိသတ်ထဲက လူတစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

"အမှန်ပဲ။ ငါကြားထူးတာက တန်ဖန်းဟာ ရှေးဟောင်းနယ်မြေ တစ်ခုထဲကို ဝင်သွားပြီး ဒီထူးခြားတဲ့ နည်းစနစ်ကို အဲဒီကနေ ရခဲ့တယ်တဲ့။ သူ့ရဲ့အစွမ်းက အံ့အားသင့်စရာ ကောင်းပြီးတော့ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ တောင်မြစ်အဆင့် ကနဦး အုပ်စုထဲမှာ

နံပါတ်တစ် ဖြစ်လာရတဲ့ အကြောင်းအရင်း တစ်စိတ်တစ်ပိုင်းလည်း ဖြစ်တယ်"

"လင်းဟန်က ဒါကို ဘယ်လိုမျိုး တားဆီးကာကွယ်မလဲ ဆိုတာကို အရမ်းကို ကြည့်ချင်နေပြီ"

"ဟီး အဲဒါက ပြဿနာ မဟုတ်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက တန်ဖန်းကိုတောင် မယှဉ်နိုင်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး ပိုင်ယွင်စီနဲ့ တစ်ယောက်ချင်း တိုက်နိုင်မှာလဲ။ တကယ်လို့ သူက ဒီတိုက်ကွက်ကို မကာကွယ်နိုင်ဘူးဆိုရင် ပိုင်ယွင်စီရဲ့ ချက်ချင်း သတ်ပစ်တာကို ခံရလိမ့်မယ်"

ဘုန်း။

တန်ဖန်းက တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ပြီး သူ့က နတ်ဘုရား အလင်းတွေရဲ့ တောက်ပမှုတွေထဲမှာ မွေးဖွားလာသလိုမျိုး အရမ်းကို အစွမ်းထက်နေပုံ ပေါ်ပါတယ်။

"မင်းက ဒါကိုတောင်းဆိုနေတာလား"

လင်းဟန်က ပြောရင်းဆိုရင်း တိုက်ခိုက်လိုက်ပါတယ်။

ဘုန်း။

သူ့ရဲ့အရှိန်အဝါကို သူက လုံးကို မထိန်းချုပ်ပဲ သူ့အနောက်မှာ ကြီးမားတဲ့ တောင်ကြီးနှစ်လုံးရဲ့ ပုံရိပ်က ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီတောင်တွေပေါ်မှာ နတ်ဘုရား သင်္ကေတတွေ ရိုက်နှိပ်ထားပြီး မြေဝါရောင် တစ်ခုက ဆွဲငင်အား နတ်ဘုရား သင်္ကေတဖြစ်ပြီး မီးတောက်ရဲရဲနဲ့ သင်္ကေတတွေက နတ်ဘုရားမီးတောက် သင်္ကေတတွေ ဖြစ်ပါတယ်။

ထန်။

တန်ဖန်းက လင်းဟန်ရဲ့ လက်သီးချက်ကြောင့် လွင့်စဉ်သွားပြီး အနီးနားက တောင်တစ်လုံးနဲ့ ဂင်ဆောင့်မိ သွားခဲ့ပြီး ချက်ချင်းဆိုသလို လူသားပုံစံ နက်ရှိုင်းတဲ့ တွင်းပေါက်တစ်ခု ဖြစ်ပေါ် သွားခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက တောင်ထဲမှာ နစ်မြုပ်လို့ သွားခဲ့ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်ဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုတွေရဲ့ အဆင့်မှာ မရှိပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ တိုက်ခိုက်မှုကို ခုခံကာကွယ်ဖို့ သူ့ရဲ့ မူလစွမ်းအင်ကို အသုံးပြုဖို့တောင်မှ တုံ့ဆိုင်းနေတဲ့ အချိန်မှာ သူ့မျက်လုံးတွေထဲ ကြယ်ရောင်တွေ လက်သွားခဲ့ပါတယ်။ သူ့ရဲ့ အရေပြားတွေက အက်ကွဲပြီးတော့ ဒဏ်ရာတွေကနေ သွေးတွေ ပန်းထွက်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ အားလုံးက တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သိပ်မကြာခင်မှာ ချက်ချင်းပဲ နောက်တစ်ကြိမ် ဆူညံပွက်လောရိုက်ကုန်ပါတယ်။

"လင်းဟာန်က ပြင်းထန်အလယ်အလတ် အဆင့်ကို တကယ်ပဲ တက်ရောက်သွားလိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ"

"အံ့သြစရာပဲ။ သူက လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်တဲ့ အချိန်တုန်းက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေသေးတယ်။ အခုမှ နှစ်ဝက်အချိန်ပဲ ရှိသေးတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပြီ။ သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက မယုံနိုင်စရာပဲ"

"အမှန်ပဲ။ တောင်မြစ်ကျောက်တုံးတွေရဲ့ အကူအညီနဲ့တောင်မှ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်မှု နှစ်ခုကို သူကိုယ်တိုင် နားလည်သဘောပေါက်ဖို့ လိုအပ်သေးတယ်။ နှစ်တစ်ရာလောက် အချိန်ယူရင်တောင် အရမ်းကို တိုတောင်းသေးတယ်။ ဒါပေမဲ့လည်း သူက နှစ်ဝက်အချိန်ပဲ လိုအပ်ခဲ့တယ်"

"သူက တကယ့်ကို လူထူးလူဆန်း တစ်ယောက်ပဲ"

"ဟားဟား လင်းဟန်က တန်ဖန်းရဲ့ စိန်ခေါ်မှုကို အချိန်အကြာကြီး လျစ်လျူရှုထားခဲ့တာ အံ့သြစရာ မဟုတ်တော့ဘူး။ သူက ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ တံခါးပိတ်ပြီး ကျင့်ကြံအားထုတ် နေခဲ့တာပဲ"

"တန်ဖန်းက အရမ်းကို ကံဆိုးတာပဲ။ လင်းဟန်က သူ့ထက် ထူးချွန်တယ်ဆိုတာ ရှင်းနေတာပဲ။ နောက်ပြီး အခုဆိုရင် သူက ကျင့်ကြံခြင်း အဆင့်မှာ အားသာချက် တစ်ခုတောင် ရှိနေပြီ။ တန်ဖန်းက တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားတာ အံ့သြစရာ မဟုတ်ဘူး"

"ပုံမှန်ဆိုရင် ပြင်းထန်အလယ်အလတ် အဆင့်မှာရှိတဲ့ ကျောင်းသားတွေက ကနဦး အဆင့်က ကျောင်းသားတွေကို တိုက်ခိုက်ခွင့် မပြုထားဘူး။ ဒါပေမဲ့လည်း သူက လင်းဟန်ကို ရန်စခဲ့တာကြောင့် တကယ်လို့ သူ့ရဲ့သွားတွေ ကျွတ်ထွက်ကုန်ရင်တောင် သူ့ရဲ့သွေးတွေနဲ့အတူ မျိုချပစ်လိုက်ရုံပဲ တတ်နိုင်တယ်"

ပရိသတ်တွေက အံ့အားသင့်သလို ရယ်မောနေကြပါတယ်။ အခုချိန်မှာ တန်ဖန်းက လူပြက် တစ်ယောက်ထက် မပိုပါဘူး။ သူ့ရဲ့ ဂင့်ကြွားမှုက လင်းဟန်ရဲ့ ခွန်အားကို မီးမောင်းထိုးပြ နေသလိုပါပဲ။

တောင်ထိပ်ပေါ်မှာ ရှားယွန်က လွဲပြီးတော့ ကျောက်လန်နဲ့ တခြားသူတွေ အားလုံးက အံ့အားသင့်တဲ့ အမူအရာတွေ ဖြစ်နေကြပါတယ်။ လင်းဟန်ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်း အရမ်းကို လျင်မြန်လွန်းတာကို သူတို့တောင်မှ မခန့်မှန်းနိုင်ပါဘူး။

ကျောက်လန်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

"ရှားယွန် ဒါကြောင့်လည်း မင်းက ယုံကြည်မှု ရှိနေတာပေါ့"

တကယ်လို့ လင်းဟန်က ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက်တော့ရော ဘာဖြစ်လဲ။ သူက အစောပိုင်း အဆင့်မှာပဲ ရှိပါဦးမယ်။ ပြီးတော့ တကယ်လို့ သူက ထူးဆန်းပြီး ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန် အဆင့်မြင့်ရဲ့ အလယ်အလတ် အဆင့်နဲ့ပဲ ယှဉ်လို့ရနိုင်ပါမယ်။

တစ်ဖက်မှာရှိတဲ့ ပိုင်ယွင်စီကရော။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ပြင်းထန်အဆင့်မြင့်ရဲ့ အလယ်အလတ် အဆင့်မှာ ရှိပါတယ်။ သူကိုယ်တိုင်က ကြယ်သုံးပွင့် ပါရမီရှင်နီးပါး ဖြစ်နေပါတယ်။

သူတို့နှစ်ယောက် အကြားက ကွာဟချက်က အသေးစား အဆင့်သေး သုံးခုနီးပါး ရှိပါတယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် သေချာပေါက် တစ်ဖက်သတ် ယှဉ်ပြိုင်ပွဲ တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

Chapter 986 end

အပိုင်း(987) ပိုင်ယွင်စီကို တစ်ချက်တည်း သတ်ဖြတ်ခြင်း

"ကျောက်လန် မင်းဘယ်အချိန်တုန်းက စပြီးတော့ စိတ်မရှည် ဖြစ်သွားတာလဲ"

ရှားယွန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ငါတို့ဆက်ပြီးတော့ ကြည့်မယ်ဆိုရင် မကြာခင်မှာ အဖြေထွက်လာမှာပေါ့"

ကျောက်လန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ သူက ရှားယွန်ထက် နှစ်ပေါင်းရာဂဏန်း အနည်းငယ်မျှ ငယ်ရွယ်ပြီး ရှားယွန်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာ ရောက်နေတဲ့ အချိန် သူက ပြီးပြည့်စုံခြင်း အဆင့်ကို တက်ကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူတို့နှစ်ယောက် အကြားမှာ အဆင့်သေးလေး သုံးဆင့် ကွာဟနေပါတယ်။

တကယ်လို့ သူတို့တိုက်ခိုက်မယ်ဆိုရင် ကျောက်လန်က သူ့ဆီမှာ လျှို့ဝှက်နည်းစနစ်တွေ ရှိတာကြောင့် ရှုံးနိမ့်လိမ့်မှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ ဒါပေမဲ့လည်း သူက ရှားယွန်ကို မကြောက်သလို ရှားယွန်ကလည်း သူ့ကို ကြောက်လိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ရှားယွန်ရဲ့ တုံ့ပြန်တဲ့ စကားကို ကြားပြီးတဲ့နောက်မှာ သူက နှာခေါင်းတစ်ချက်ပဲ ရှုံ့လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျောက်လန်လို သဘောထားသေးသိမ်တဲ့ လူတစ်ယောက်က သေချာပေါက် ရှားယွန်ကို ခြိမ်းခြောက်မဲ့ နည်းလမ်းတွေကို စဉ်းစားပါလိမ့်မယ်။

လင်းဟန်က တောင်တစ်ဂက်မှာရှိတဲ့ ပြိုင်ပွဲကွင်းပြင် မြေကွက်လပ်ဆီကို ရောက်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ဂက်လောက်တုန်းက ဒီပြိုင်ပွဲကွင်းထဲမှာပဲ သူက လျှိုတန်နဲ့ ရင်ဆိုင်တိုက်ခိုက် ခဲ့ပါတယ်။ နောက်ထပ် သူသေကိုယ်သေ တိုက်ပွဲတစ်ခုက သိပ်မကြာခင်မှာ ဖြစ်လာလိမ့်မယ်လို့ ဘယ်သူကများ ထင်မှတ်မိမှာလဲ။

ပိုင်ယွင်စီက သူ့ကို ပြိုင်ပွဲကွင်းမှာ စောင့်နေပါတယ်။ သူ့ပုံစံကို ကြည့်ရတာ စိတ်မရှည်တဲ့ပုံစံ မရှိပဲ ကြက်ခြေခတ်ပုံစံ ထိုင်နေပြီး လုံးဂကို မလှုပ်ရှားတဲ့ ကျောက်ရုပ်တစ်ခုနဲ့ တူနေပါတယ်။

သူ့လိုမျိုး လက်ရွေးစင်တွေက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ရက်အနည်းငယ် ကြာအောင်လို့ ထိန်းသိမ်းနိုင်စွမ်း ရှိပါလိမ့်မယ်။ အခုလိုမျိုး နာရီအနည်းငယ် ဆိုတာက အသာထားပါတော့။

လင်းဟန်က ပိုင်ယွင်စီနဲ့ မီတာသုံးဆယ် အကွာမှာ ရပ်လိုက်ပါတယ်။

"မင်းရောက်လာပြီလား"

ပိုင်ယွင်စီက မျက်လုံးဖွင့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ကြည်လင်နေတဲ့ မိုးကောင်းကင်ပေါ်မှာ လျှပ်စီးအလင်းတန်းတစ်ခု ဖြတ်သွားသလိုပါပဲ။

ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်က ထင်ထားတဲ့အတိုင်းပဲ။ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ အရမ်းကို အစွမ်းထက်နေပြီ။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါရောက်ပြီ"

"မင်းက ပြင်းထန် အလယ်အလတ် အဆင့်ကို အရမ်းကို လျင်လျင်မြန်မြန်နဲ့ အဆင့်တက် နိုင်ခဲ့တာပဲ။ ဘယ်လောက်တောင် ချီးကျူးစရာ ကောင်းလိုက်သလဲ"

ပိုင်ယွင်စီက ပြောလိုက်ပါတယ်။

"ဒါတော့ မတတ်နိုင်ဘူး"

ပိုင်ယွင်စီက ဆက်မပြောခင် တဒင်္ဂလောက် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

"ငါ့ါသခင်လေးက နောက်ထပ် ခွေးတစ်ကောင် လိုနေသေးတယ်။ တကယ်လို့ မင်းက လိမ်လိမ်မာမာနဲ့ အရှုံးပေးမယ်ဆိုရင် မင်းရဲ့အသက်ကို ငါချမ်းသာပေးနိုင်တယ်"

လင်းဟန်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါက မင်းဘာသာမင်း ခွေးတစ်ကောင်ဖြစ်ဖို့ ရွေးချယ်တာပဲလေ။ ဒါပေမဲ့ တခြားသူတွေကို မင်းလိုမျိုး နိမ့်ကျတဲ့ အဆင့်ကို မဆွဲခေါ်ပါနဲ့။ ဒါက မင်းရဲ့ ရိုးတွင်းခြင်ဆီထဲမှာ အမြစ်တွယ်နေတဲ့ ပင်ကိုယ်စရိုက်ပဲ"

"မိုက်ရိုင်းလိုက်တာ"

ပိုင်ယွင်စီက ကျယ်လောင်စွာနဲ့ အော်လိုက်ပါတယ်။

ပရိသတ် တော်တော်များများရဲ့ နားတွေကနေ သွေးတွေစီးကျလာခဲ့ပါတယ်။ သူတို့ကို အံ့အားသင့်စေတဲ့အချက်က သူ့ရဲ့အော်သံ အစွမ်းကတင်ပဲ အရမ်းကို ထိတ်လန့်စရာ ကောင်းနေပါပြီ။

ပိုင်ယွင်စီရဲ့ မျက်လုံးတွေက ရေခဲတမျှ အေးစက်နေပြီးတော့ လင်းဟာန်ကို စိုက်ကြည့်ကာ ပြောလိုက်ပါတယ်။

"မင်းက အညံ့ခံဖို့ စိတ်ကူးမရှိဘူး ဆိုမှတော့ သေပေ့ါကွာ"

လင်းဟာန်က သူ့ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"အစကတော့ မင်းကို အသက်ချမ်းသာပေးဖို့ စိတ်ကူးထားတာ။ ဒါပေမဲ့လည်း ဒီလိုတွေ ဖြစ်လာမှတော့ ငါလည်း မထိန်းတော့ဘူး"

"မင်းက အပြောသက်သက်နဲ့ ခြိမ်းခြောက်လို့ပဲ ရမယ်"

ပိုင်ယွင်စီက လှောင်ခနဲ ခုန်ထွက်လာပြီးတော့ လက်နက်တစ်ခုကိုတောင် မကိုင်ဆောင်ပဲ သူ့ရဲ့ ညာဘက်လက်ကိုပဲ

ဖြန့်လိုက်ပါတယ်။ သူ့လက်ဝါးပေါ်မှာ နတ်ဘုရား သင်္ကေတ ကိုးခုက ရောယှက်ပြီးတော့ လင်းဟန်ပေါ်ကို ဖိချလိုက်ပါတယ်။

သူ့ခွန်အားက အရမ်းကို သာလွန်တာကြောင့် သူ့ပြိုင်ဘက်ကို ထိပ်တိုက်ရင်ဆိုင် ချေမှုန်းပစ်ဖို့ပဲ လိုပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

သူလည်း ပိုင်ယွင်စီဆီကို ခုန်ဝင်လာခဲ့ပါတယ်။

သူတို့နှစ်ယောက်စလုံးက တစ်ယောက်ဆီကို တစ်ယောက် ခုန်ဝင်လာတာကြောင့် အရမ်းကို လျင်မြန်စွာနဲ့ ထိပ်တိုက်တွေ့သွားကြပါတယ်။

ထန်။

နတ်ဘုရား အလင်းတွေ တလက်လက် တောက်ပသွားပြီးတော့ ပိုင်ယွင်ရဲ့ လက်ဝါးက လင်းဟန်ရဲ့ ရင်ဘတ်ဆီကို ရိုက်ချက်သလိုသလိုမျိုး လေထဲမှာ လှိုင်းတွန့်လေးတွေ ဖြစ်ပေါ်လာခဲ့ ပါတယ်။

ပိုင်ယွင်စီက ဂုဏ်ယူဝင့်ကြွားတဲ့ အမူအရာမျိုး ဖြစ်နေပါတယ်။ လင်းဟန်က သူ့လက်ဝါး ရိုက်ချက်ကို ခံလိုက်ရမှတော့ သူ့ရဲ့ တစ်ခုတည်းသောကံတရားက အစိတ်စိတ်အမွှာမွှာ ဖြစ်သွား

ရပါလိမ့်မယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ဂုဏ်ယူဂုဏ်ကြွားတဲ့ ဟန်ပန်က ပျောက်ကွယ်သွားပြီး မယုံနိုင်မှုနဲ့အတူ အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ထိခိုက်မှု မရှိတဲ့အပြင် သူ့ကိုတောင် ပြုံးပြနေပါသေးတယ်။

ငါ့အမြင်တွေပဲ မှားနေတာလား။

သူက လင်းဟန်ဘာကြောင့် မထိခိုက်သွားလဲ ဆိုတာကို စဉ်းစားဖို့ အချိန်မရှိသလို အနောက်ကို ပြန်ဆုတ်ဖို့လည်း တုံ့ဆိုင်းနေခဲ့ပါတယ်။ ဒါက အရမ်းကို ဆန်းကြယ်လွန်းပါတယ်။

အဲဒီအချိန်မှာပဲ လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ပိုက်ကွန်တစ်ခုကို ပစ်ထုတ်လိုက် ပါတယ်။

ပုံမှန်ဆိုရင် ပိုင်ယွင်စီက ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုနဲ့ ထောင်ချောက်ထဲကို ဘယ်တော့မှ ကျဆင်းလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဘယ်သူက သူ့ကို အနီးကပ် တိုက်ခိုက်ဖို့ ပြောလို့လဲ။ နောက်ပြီးတော့ ဒီတိုက်ခိုက်မှုက ဘာကြောင့် သူ့ပြိုင်ဘက်က မသေသွားတာလဲ ဆိုတာကို တွေးနေတဲ့ အချိန်မှာ ပစ်လွှတ်လိုက်တာပဲ ဖြစ်ပါတယ်။

ပိုက်ကွန်က ပြန့်သွားပြီး ချက်ချင်းဆိုသလို သူ့ကို ဖုံးအုပ်သွားပါတယ်။

ပိုင်ယွင်စီက ထိတ်လန့်တကြား ဖြစ်သွားပေမဲ့ အနည်းဆုံးတော့ သူက ပျာယာခတ်သွားတာမျိုး မရှိခဲ့ပါဘူး။ သူက ကျောက်လန်နဲ့အတူ ရေးဟောင်းနယ်မြေတွေ အများကြီးထဲကို ဂင်ခဲ့ဖူးပြီး မရေမတွက်နိုင်တဲ့ အန္တရာယ်တွေနဲ့လည်း ကြုံတွေ့ဖူးပါတယ်။ အန္တရာယ်ကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်တာက သူ့လိုမျိုး လက်ရွေးစင်တွေရဲ့ အခြေခံ အကျဆုံး စွမ်းရည်လည်း ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဘယ်လိုလုပ်ပြီးတော့ ကျောက်လန်အနောက်ကို လိုက်ခွင့်ရမှာလဲ။

ပိုင်ယွင်စီက သူ့ရဲ့ဓားကို ဆွဲထုတ်လိုက်ပြီး သူ့ဓားက ချက်ချင်းဆိုသလို အလင်းရောင်တွေ တောက်ပလာခဲ့ပါတယ်။

"နုတ်ဆက်ပါတယ်"

လင်းဟန်က လေးတစ်လက်ကို ဆင့်ခေါ်ပြီးတော့ ချက်ချင်းပဲ သူ့ရဲ့ အဆုံးမဲ့မြားကို တပ်ဆင် လိုက်ပါတယ်။

သူ့ပြိုင်ဘက်ကို နည်းနည်းလေးမှ အခွင့်အရေး မပေးချင်ပါဘူး။ သူက ကျောက်လန်ရဲ့ အစွမ်းထက်တဲ့ နောက်လိုက်တွေထဲက တစ်ယောက်ကို သတ်ပစ်ချင်ခဲ့ပါတယ်။

ချက်ချင်းဆိုသလို ပိုင်ယွင်စီရဲ့ ဆံပင်တွေအားလုံး ထောင်သွားပြီး အရမ်းကို ကြီးမားတဲ့ အန္တရာယ် အငွေ့အသက် တစ်ခုကို အာရုံခံလိုက်မိပြီး သူ့နှလုံးသားက တင်းကျပ်လာခဲ့ပါတယ်။ သူက အစွမ်းကုန် ထုတ်ပြီးတော့ ပိုက်ကွန်ကို ဖျက်ပစ်ဖို့ ကြိုးစားလိုက်ပေမဲ့ သူ့ကို အံ့အားသင့် သွားစေခဲ့တာက သူ့ရဲ့ မူလစွမ်းအင်တွေ ဖိနှိပ်ခံထားရတယ် ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။

အများဆုံး သူက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အလယ်အဆင့် စွမ်းအင်လောက်ပဲ ရှိပါတော့တယ်။

"ဒါက ဘာပိုက်ကွန်လဲ"

ဒီအတွေးက သူ့ခေါင်းထဲမှာ ပေါ်လာပြီး ချက်ချင်းဆိုသလို လင်းဟန်ရဲ့ မြားကလည်း သူ့ခေါင်းကို ချိန်ရွယ်ထား ပါတယ်။ မြားကိုကြည့်ရတာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကနေ စွမ်းအားတွေကို ငှားယူထားပြီး သေမင်းတမန် လက်နက်တစ်ခုနဲ့ တူနေပါတယ်။ ထင်မှတ်မထားပဲ ပိုင်ယွင်စီရဲ့ လက်ဝါးတွေ အပေါ်မှာ ချွေးတွေထွက်လာခဲ့ပါတယ်။

လင်းဟန်က သူ့လက်တွေကို ဖြေလျှော့လိုက်ပြီး မြားက တောက်ပတဲ့ အလင်းတန်း တစ်ခုလိုမျိုး ပြေးထွက်သွားခဲ့ပါတယ်။

ဖူး။

မြားက ပိုင်ယွင်စီရဲ့ခေါင်းကို လွယ်လွယ်နဲ့ ထိုးဖောက်သွားပြီး တစ်ဖက်ကနေ ထွက်လာခဲ့ပါတယ်။ မြားရဲ့ ငှက်မွေးတွေ အပေါ်မှာ သွေးစသွေးနတချို့ ကပ်ညှိနေပါတယ်။

ပုန်း။

ပိုင်ယွင်စီရဲ့ ခေါင်းတစ်ခုလုံး ပေါက်ကွဲထွက် သွားခဲ့ပါတယ်။

တစ်ချက်တည်းနဲ့ အသေသတ်ခြင်း။

ပတ်ဂန်းကျင် တစ်ခုလုံး သုသာန် တစ်စပြင်လိုမျိုး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

လင်းဟန်က ပိုင်ယွင်စီကို အနိုင်ယူနိုင်လိမ့်မယ်လို့ ဘယ်သူကများ ထင်မှတ်ထားမိ ကြလို့လဲ။ နောက်ပြီးတော့ သူက အနိုင်ရတဲ့အပြင် မယုံနိုင်စရာကောင်းတဲ့ တစ်ချက်တည်းနဲ့ သတ်ဖြတ်မှုကို ထုတ်ဖော်ပြခဲ့ပါတယ်။ ဘယ်သူကမှ မအံ့သြပဲ မနေနိုင်ကြပါဘူး။ တကယ်တော့ ပိုင်ယွင်စီမှာပဲ ဒီလိုမျိုး ကံတရားကို အောင်မြင်ဖို့ ခွန်အားကို ပိုင်ဆိုင်ထားပါတယ်။

အခုဆိုရင် အားလုံးရဲ့ ပါးစပ်တွေက အံ့အားသင့်မှုကြောင့် ပါးစပ်အဟောင်းသား ဟနေကြပါတယ်။

ဒီနေရာမှာ ကျင့်ကြံခြင်းမြင့်မားတဲ့ လူတွေနဲ့ ရင်ဆိုင်ပြီး အနိုင်ယူနိုင်တဲ့ ပါရမီရှင်တွေ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြယ်တစ်ပွင့် ပါရမီရှင် ဘာညာဆိုပြီးတော့ အမည်ပေး နေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်နဲ့ ပိုင်ယွင်စီတို့ နှစ်ယောက်အကြားက ကျင့်ကြံခြင်း အဆင့်ရဲ့ ကွာခြားမှုကို အားလုံးက ရှင်းရှင်းလင်းလင်း သိမြင်ထားပါတယ်။ အဲဒါက အဆင့်သေး ငါးခုတောင် ကွာဟပါတယ်။

နောက်ပြီးတော့ ပိုင်ယွင်စီ ကိုယ်တိုင်က ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အဆင့်နားကို နီးကပ်နေပါပြီ။ ဒါကြောင့် သူနဲ့ လင်းဟန်ရဲ့ အကြားက ကွာဟချက်ဟာ အနည်းဆုံး ကြယ်ခုနစ်ပွင့် ရှိပါတယ်။

လင်းဟန်က ကြယ်ခုနစ်ပွင့် သာလွန်တဲ့ လူတစ်ယောက်ကို တစ်ချက်တည်းနဲ့ အသေသတ် နိုင်ခဲ့တာလား။

ဒါက မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ ဘယ်သူကများ ဒါကိုယုံကြည်နိုင်မှာလဲ။

တောင်ရဲ့ထိပ်ပေါ်မှာ ကျောက်လန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို သုန်မှုန်လို့ လာခဲ့ပါတယ်။

သူ့လိုမျိုး လူတစ်ယောက် အနေနဲ့ ပိုင်ယွင်စီရဲ့ သေခြင်း ရှင်ခြင်းကို ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ပိုင်ယွင်စီဆိုတာ သူ့ရဲ့ အမိန်အတိုင်း လုပ်ရတဲ့ ခွေးတစ်ကောင်သက်သက်ပါပဲ။ တကယ်လို့ သူသေသွားရင် ကျောက်လန်က နောက်ထပ်ခွေးအသစ်တစ်ကောင် ထပ်ရှာနိုင်ပါတယ်။ သူတို့အတွက် သူက စိုးရိမ်ပူပန်စရာ လိုအပ်မယ်လို့ ကတိပေးခဲ့လို့လား။ ဒါပေါ့ သူမပေးခဲ့ပါဘူး။

ပြဿနာက လူတစ်ယောက်ဟာ ခွေးတစ်ကောင်ကို မရိုက်နက်ခင်မှာ ပိုင်ရှင်ရဲ့ မျက်နှာကိုတော့ ကြည့်ဖို့ လိုပါတယ်။ အခု သူ့ခွေးကို သူ့မျက်လုံးတွေ အရှေ့မှာပဲ သတ်လိုက်တာက သူ့မျက်နှာကို ဘယ်နားမှာ သွားထားရမလဲ။

"ငါ အခုမှ သတိရတယ်။ ဒါက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ပဲ"

"ဘာကြက်သွေးရောင် ဘာပိုက်ကွန်လဲ"

"ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်။ တကယ်လို့ လူတစ်ယောက်က အဲဒီအထဲ ပိတ်မိသွားရင်

သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က အဆင့်သေး တစ်ခုလုံး ဖိနှိပ်ခံလိုက်လိမ့်မယ်”

“အံ့ဩစရာ မရှိဘူး”

ပရိသတ်တွေ အားလုံးက သတိပြုမိသွားသလိုမျိုး ခေါင်းညိတ်လိုက်ကြပါတယ်။ တကယ်လို့ ပိုင်ယွင်စီရဲ့ ကျင့်ကြံခြင်းအဆင့်က အသေးစားအဆင့်တစ်ခု ဖိနှိပ်ခံလိုက်ရမယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်အဆင့်လောက်ထိပဲ ရောက်နိုင်ပါလိမ့်မယ်။ ဒီလိုသာဆိုရင် လင်းဟန်ရဲ့ တစ်ချက်တည်းနဲ့ အသေသတ်မှုက မဖြစ်နိုင်စရာ တစ်ခုကနေ ဖြစ်နိုင်ချေ ရှိတယ်ဆိုတာကို ပြောင်းလဲသွားပါလိမ့်မယ်။

“ဟင့်”

ကျောက်လန်က တောင်ရဲ့ထိပ်ကနေ ခုန်ဆင်းလိုက်ပြီး ပိုင်ယွင်စီရဲ့ အလောင်းဘေးနားကို ဆင်းသက်လာခဲ့ပါတယ်။ သူက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

“မင်းသူ့ကို သတ်လိုက်တာလား”

"တကယ်လို့ မင်းကန်းနေတာ မဟုတ်ဘူးဆိုရင် သေသေချာချာ မြင်နိုင်ပါတယ်"

လင်းဟန်က အဆုံးမဲ့မြားကို ပစ်လွှတ်ပြီးတဲ့နောက်မှာ သူ့ရဲ့စွမ်းအားတွေ အကုန်လုံး ခမ်းခြောက်သွားခဲ့ပြီး တစ်လက်မတောင်မှ မတိုးနိုင်တော့ပါဘူး။

အားလုံးက အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ လင်းဟန် ရင်ဆိုင်နေရတာက ကောင်းကင်နီ သင်တန်းကျောင်းရဲ့ နံပါတ်တစ် ပါရမီရှင်တစ်ယောက်နဲ့ မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသောသား ကျောက်လန် ဖြစ်ပါတယ်။

ကျောက်လန်ရဲ့ မျက်နှာပေါ်မှ အရိပ်မည်းတစ်ခု ဖြတ်သွားပြီး သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းက ငါ့လက်အောက်က လူတစ်ယောက်ကို သတ်ပစ်တယ်ဆိုမှတော့ ဘာမှပြောနေစရာ မလိုတော့ဘူး။ ဒူးထောက်ပြီး မင်းဘာသာမင်း သတ်သေလိုက်ပါ"

အရမ်းကို လွှမ်းမိုးခြယ်လှယ် နိုင်တာပဲ။

လင်းဟန်က ဝါးလုံးကွဲအောင် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"သခင်လေးကျောက် ခင်ဗျားက ငတုံးလား။ မင်းလက်အောက်က လူတွေကို ဘယ်သူမှ မသတ်နိုင်ဘူးလား။ ဒါက မျှမျှတတ ယှဉ်ပြိုင်တဲ့ တိုက်ပွဲတစ်ခုပဲ။ သူ့ကို ငါသတ်လိုက်တာက ဘယ်စည်းမျဉ်းစည်းကမ်းကိုမှ မချိုးဖောက်ဘူး။ တကယ်လို့ ကေရီ ဘုရင်မကိုယ်တိုင်က ငါ့ကို မေးခွန်းထုတ်လာရင်တောင် ငါက လိပ်ပြာလုံတယ်"

"ဟင့် မင်းက ငါ့လက်အောက်က လူကို သတ်ခဲ့တယ်။ ဒါကြောင့် မင်းက သေဖို့ ထိုက်တန်နေပြီ"

ကျောက်လန်က မျက်ခုံးပင့်ပြီးတော့ သူ့ခန္ဓာကိုယ်ကနေ ချက်ချင်းဆိုသလို လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"သနားစရာ သတ်တဝါပဲ"

လင်းဟန်က လှောင်ပြောင်လိုက်ပါတယ်။ သူက သူ့ရဲ့ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပြန်ရုပ်သိမ်းပြီးတော့ ထွက်ခွာဖို့ ပြင်လိုက်ပါတယ်။

ရွှစ်။

ကျောက်လန်ရဲ့ လက်ဝါးရိုက်ချက် တစ်ခုက လင်းဟန်ဆီကို ဝင်လာခဲ့ပါတယ်။

သူက ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပြီး သူကိုယ်တိုင်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ထက် ပိုပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။ နောက်ပြီးတော့ လင်းဟန်က အခုချိန် အရမ်းကို အားနည်းနေပါတယ်။

ထန်။

လင်းဟန်က ချက်ချင်းဆိုသလို ဒီတိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။

"မသေသေးဘူးလား"

ကျောက်လန်ရဲ့ မျက်နှာပေါ်မှာ တဒင်္ဂလောက် အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီး ပါးစပ်ထောင့်မှာ သွေးတွေ စီးကျနေတဲ့ လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။

Chapter 987 end

အပိုင်း(988) လှပသော အစောင့်အရှောက်များ

စောစောတုန်းက ကျောက်လန်ရဲ့ လက်ဝါးတိုက်ကွက်က သူ့ရဲ့ခွန်အား အပြည့်မဟုတ်ပေမဲ့ ပြင်းထန်အလယ်အလတ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်အနေနဲ့ ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်း မရှိဘူးဆိုတာ သေချာပါတယ်။ လူတွေက ကြယ်ပွင့် ပါရမီတွေအကြောင်းကို ပြောတဲ့အခါမှာ သူတို့က ခုခံနိုင်မှုတွေကို ရည်ညွှန်းပြောဆိုတာ မဟုတ်ပဲ တိုက်ပွဲစွမ်းရည်ကြောင့် ဖြစ်လာတဲ့ ဖျက်ဆီးခြင်း စွမ်းရည်တွေကိုပဲ ရည်ညွှန်းပြောဆိုတာ ဖြစ်ပါတယ်။

ဒါကြောင့် တကယ်လို့ လင်းဟန်က ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ဆိုရင်တောင် သူ့ရဲ့ ခုခံနိုင်စွမ်းက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိသင့်ပါတယ်။ ကျောက်လန်ဆီက တိုက်ကွက်ကို ခံယူပြီးတဲ့ နောက်မှာ သူ့ပါးစပ်ကနေ သွေးနည်းနည်းပဲ ဘယ်လိုလုပ် စီးကျလာတာလဲ။

ကျောက်လန်က ချက်ချင်းပဲ စောစောတုန်းက ပိုင်ယွင်စီရဲ့ တိုက်ခိုက်မှုကို ခံယူပြီးတာတောင် လင်းဟန်က ထိခိုက်သွားခြင်း မရှိတာကို အမှတ်ရသွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က အဲဒီနောက်မှာ ပိုင်ယွင်စီကို တစ်ချက်တည်းနဲ့ သတ်ဖြတ်ခဲ့ပါတယ်။

ပိုင်ယွင်စီရဲ့ အံ့အားသင့်စရာ ကံတရားကြောင့် အားလုံးက ဒီမြင်ကွင်းကို သတိမေ့သွားခဲ့ပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားတယ်လို့တော့ ငါ့ကိုမပြောနဲ့နော်။

ကျောက်လန်က သူ့စိတ်ထဲမှာ ဒီအတွေး ဖြစ်ပေါ်သွားသလို အံ့အားသင့် သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့လက်က မရပ်ဘဲ လင်းဟာန်ကို နောက်ထပ်လက်ဝါးရိုက်ချက် တစ်ချက်နဲ့ ရိုက်ချလိုက်ပါတယ်။

သူ့ရဲ့ တိုက်ခိုက်မှုက လင်းဟာန်ကို မသတ်နိုင်ပေမဲ့ သူ့ကို ဒဏ်ရာရအောင်တော့ လုပ်နိုင်ခဲ့ပါတယ်။ လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာတယ်ဆိုရင်တောင် သူ့ကိုထိခိုက်ဒဏ်ရာ ရအောင်လို့ လုပ်ဖို့ဆိုတာက ဖြစ်နိုင်ဆဲပါပဲ။

လင်းဟာန်က အလျင်အမြန်ပဲ နောက်ဆုတ်လိုက်ပါတယ်။ သူက သေခြင်းတရားနဲ့ မျက်နှာချင်း မဆိုင်ရသရွေ့တော့ သူ့ရဲ့ သိုလှောင်နတ်ဘုရား စိတ်ဝိညာဉ် ပစ္စည်းရဲ့ လျှို့ဝှက်ချက်ကို လူတွေ အများကြီးရဲ့ အရှေ့မှာ ပေါက်ကြားခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက အဆုံးမဲ့ မြားတစ်စင်းကို စောစောကမှ

ပစ်လွှတ်ခဲ့တာကြောင့် သူ့ရဲ့ ခွန်အားတွေ ပြန်လည်ပြည့်ဝဖို့ အချိန်အနည်းငယ် လိုအပ်ပါသေးတယ်။ အခုဆိုရင် ကျောက်လန်ကို မပြောနဲ့ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကိုတောင် သူက ရင်ဆိုင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ကျောက်လန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါက မင်းကို ပစ်မှတ်ထားနေတာလေ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မင်းက ထွက်ပြေး လွတ်မြောက်နိုင်မှာလဲ"

သူ့လက်ဝါးက လင်းဟာန်ရဲ့ ရင်ဘတ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ ရိုက်ချလိုက်ပါတယ်။

ဖူး။

လင်းဟာန်က နောက်တစ်ကြိမ် လွင့်ထွက်သွားပါတယ်။ သူက အရမ်းကို နေလို့ထိုင်လို့ မကောင်းသလို ခံစားရပြီး သူ့အတွင်းထဲက ကလီစာတွေ ပြင်းပြင်းထန်ထန် လှုပ်ခါသွားသလို ခံစားလိုက်ရပါတယ်။ ဒါပေမဲ့လည်း သူ့ကို ကျေနပ်စေတဲ့ အရာက မူလစွမ်းအင်နဲ့ ခံနိုင်ရည်တွေ အလျင်အမြန် ပြန်လည်ပြည့်ဝလာတာပဲ ဖြစ်ပါတယ်။ သူ့အတွက်တော့ သူ့ရဲ့

အကောင်းဆုံး အခြေအနေကို ပြန်လည်ရောက်ရှိဖို့ အများဆုံး မိနစ်သုံးဆယ်လောက် ယူရပါလိမ့်မယ်။

သူ့ရဲ့ ခံနိုင်ရည်အတွက် ပြန်လည်ကောင်းမွန်တဲ့ အမြန်နှုန်းက သူမျှော်လင့်ထား သလိုပါပဲ။ ဒါပေမဲ့ ဘာဖြစ်လို့ သူ့ရဲ့ မူလစွမ်းအင်ကလည်း အရမ်းကို လျင်မြန်စွာနဲ့ ပြန်လည်ပြည့်ဝလာခဲ့တာလဲ။

အဲဒါက ပြင်းထန် အလယ်အလတ် အဆင့်ကို သူရောက်ပြီးတဲ့နောက်မှာ ပြောင်းလဲမှုတစ်ခု ဖြစ်သွားခဲ့တာပါပဲ။ နောက်ပြီး သူက ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာရပ်ကိုလည်း ကျင့်ကြံအားထုတ် ထားပါတယ်။ ဒါကြောင့် ဒီကျင့်ကြံခြင်း နည်းစနစ်ရဲ့ အာနိသင်များ ဖြစ်နေမလား။ သူက အရင်တောင်မြစ်အဆင့်မှာ ဖြစ်ပေမဲ့ တန်ခိုးရှင်အဆင့် ကျင့်ကြံခြင်း နည်းစနစ် တစ်ခုမှ မကျင့်ကြံခဲ့ဖူးပါဘူး။ ဒါကလည်း အာနိသင် တစ်ခု ရှိနေတာလား။

လင်းဟန်က မသေချာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မီးလိုက်ဂူထဲမှာ အဲဒီမြားကို ပစ်ပြီးတဲ့ နောက်မှာ ကြီးမားတဲ့ ပြောင်းလဲခြင်း တစ်ခု ဖြစ်လာလို့ပါပဲ။ ဒါကြောင့် သူ့ရဲ့လျင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန်လာမှုအတွက် အဓိက အကြောင်းပြချက်

ဘာလဲဆိုတာကို စဉ်းစားနိုင်စွမ်း မရှိခဲ့ပါဘူး။ သူ့ရဲ့ပြောင်းလဲမှုတွေရဲ့ ပေါင်းစည်းခြင်းက ဒီအခြေအနေကို ဦးတည်နေတာလည်း ဖြစ်နိုင်ပါတယ်။

ဘုန်း။

သူက မြေကြီးပေါ်ကို ပြိုလဲကျသွားပြီး သူ့ပါးစပ်ထောင့်ကနေ သွေးတွေက နောက်တစ်ကြိမ် စီးကျလာခဲ့ပါတယ်။ သူ့ရဲ့ နတ်ဘုရား အရိုးတွေက အသံထွက်လာပြီး ကျိုးတော့မလို ဖြစ်နေပါတယ်။

ကျောက်လန်က သာမန်ပြီးပြည့်စုံခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက် မဟုတ်ပါဘူး။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ထက် ကြယ်လေးလုံး သာလွန်နေပါတယ်။ ဒါကြောင့် လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်သုံး နတ်ဘုရား သတ္တာနဲ့ ယှဉ်လိုရတယ် ဆိုရင်တောင် ဒဏ်ရာတချို့တော့ ခံစားနေရဆဲပါပဲ။

ဒါပေမဲ့လည်း ပတ်ဝန်းကျင် အနီးအနားက ပရိသတ်တွေ အားလုံးက ထိတ်လန့်တုန်လှုပ်မှုကြောင့် သေးထွက်မလို ဖြစ်ကုန်ပါတယ်။ လင်းဟာန်က ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါတောင်မှ ကျောက်လန်ရဲ့ တိုက်ခိုက်မှု နှစ်ခုကို

ထိပ်တိုက်ရင်ဆိုင်ပြီးတဲ့ နောက်မှာ သွေးနည်းနည်းပဲ ထွက်ပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

ကျောက်လန်ရဲ့ မျက်လုံးတွေက ရေခဲတမျှ အေးစက်လာပြီး လင်းဟာန်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အစွမ်းထက်နေတော့ရော ဘာဖြစ်မှာလဲ။ ကျောက်လန်က သူ့ကို သတ်ပစ်တာကနေ ရပ်နိုင်မှာတဲ့လား။

"ကျောက်လန် နင်အရမ်းကို လွန်နေပြီ"

လီဝေဂက သတ္တိရှိစွာနဲ့ အရှေ့ကို ထွက်ပြီးတော့ ရပ်ကာ ပြောလိုက်ပါတယ်။

"သူက ငါ့လူပဲ။ နင်သူ့အပေါ်မှာ နောက်ထပ် လက်ချောင်းလေး တစ်ချောင်းတောင် မထိဖို့ ငါနင့်ကို တားမြစ်တယ်"

ကျောက်လန်က မရပ်ပဲနဲ့ ပြန်ဖြေလိုက်ပါတယ်။

"နံပတ်လေး သခင်မလေး တကယ်လို့ ဒီလူက နင့်ယောကျ်ားဆိုရင်တော့ ငါမင်းကို မျက်နှာသာ ပေးလိမ့်မယ်။ ဒါပေမဲ့လည်း သူက မင်းရဲ့ ခွေးတစ်ကောင်ပဲ။ ပြီးတော့ သူက

ငါ့လက်အောက်က လူတစ်ယောက်ကိုလည်း သတ်ခဲ့တယ်။ ဒါကြောင့် သူ့ရဲ့အသက်ကို ပြန်ပေးဆပ်ရတာက သဘာဝပဲ”

“ခွေးကောင်ပဲ”

လီဝေဂက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမက ငယ်ငယ်ကတည်းက အလိုလိုက်ပြီး ဖူးဖူးမှုတ် ခံထားရတဲ့ သခင်မလေး တစ်ယောက်ဖြစ်ပြီးတော့ အခုလိုမျိုး ဘယ်တုန်းကမှ ခွန်းတုံ့ပြန်တာကို မခံဖူးပါဘူး။ ဒါကြောင့် ကျောက်လန်ရဲ့ စကားတွေကို ကြားလိုက်တာနဲ့ သူမက ချက်ချင်းပဲ ကျိန်ဆဲလိုက်ပါတယ်။ သူမက ဒေါသတကြီးနဲ့ ကျောက်လန်ကို လက်ညှိုးထိုးပြီးတော့ အော်ဟစ်လိုက်ပါတယ်။

“ဒါက မျှတတဲ့ သူသေကိုယ်သေ ပြိုင်ပွဲတစ်ခုပဲဆိုတာကို အားလုံးရှင်းနေတာပဲ။ နောက်ပြီး ပိုင်ယွင်စီက လင်းဟန်ထက် အဆင့်သေးတစ်ခုတောင် မြင့်သေးတယ်။ တကယ်လို့ တိုက်ပွဲမှာ တစ်ယောက်ယောက်အတွက် မမျှတဘူးဆိုရင်တောင် အဲဒါက လင်းဟန်အတွက် မမျှတတာပဲ ဖြစ်လိမ့်မယ်”

“ငါဂရုမစိုက်ဘူး။ ငါ့လက်အောက်က လူတစ်ယောကို ဒီခွေးကောင်က သတ်လိုက်တာပဲ ငါမြင်တယ်။ တကယ်လို့ ငါက

သူ့ကိုမသတ်ဘူးဆိုရင် ငါ့နောက်လိုက်တွေက စိတ်ပျက်လက်ပျက် ဖြစ်ပြီးတော့ စိမ်းကားသလို ခံစားကြရလိမ့်မယ်"

ကျောက်လန်က အရမ်းကို လွန်လွန်ကဲကဲ ဖြစ်လာပြီး သူက တူညီတဲ့ ငြင်းခုံမှုကိုပဲ ဆက်ပြီးတော့ ပြောနေပါတယ်။

မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ တိုက်ရိုက်မျိုးဆက် တစ်ယောက်အနေနဲ့ သူက လင်းဟန်ကို သတ်ဖြတ်တာက အလေးအနက် ပြုစရာကိစ္စ တစ်ခုတော့ မဟုတ်ပါဘူး။ သူက သင်တန်းကျောင်းနဲ့ အင်ပါယာရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ အပြစ်ပေးမှုတွေကနေ လွတ်မြောက် နိုင်စွမ်း ရှိပြီးတော့ လူမသိ သူမသိနဲ့ နှစ်နှစ် သုံးနှစ်လောက် နေပြီးရင် ထောင်ထောင် ထောင်ထောင်နဲ့ နေလို့ ရပါလိမ့်မယ်။ အဲဒီနောက်မှာ ဂယက်ထမှုတွေ လုံးဝကို ရှိလိမ့်မှာ မဟုတ်တော့ပါဘူး။

လီဝေဂက ဒေါသတကြီးနဲ့ စူးစူးဝါးဝါး အော်ဟစ်လိုက်ပါတယ်။

"ငါဂရုမစိုက်ဘူး။ နင်သူ့ကို သတ်ချင်ရင် ငါ့သေမှပဲ ရမယ်"

"နံပါတ်လေး သခင်မလေး မင်းကိုယ်မင်း အရမ်းကို အလေးထားလွန်းနေပြီ"

ကျောက်လန်က ပြောရင်းနဲ့ လီဝေဂဆီကို ဆတ်ခနဲ တောက်လိုက်ပါတယ်။

ဖူး။

အလင်းရောင်တန်း တစ်ခုက ချက်ချင်းဆိုသလို လီဝေဂရဲ့ ခန္ဓာကိုယ်ထဲကို ဂင်သွားပြီး သူမက လှုပ်လို့လည်း မရတော့သလို စကားလည်း မပြောနိုင်တော့ပါဘူး။

ကျောက်လန်ရဲ့ မျက်နှာပေးမှာ အပြုံးတစ်ခု ဖြစ်ပေါ်သွားပြီးတော့ လင်းဟာန်ကို ပြောလိုက်ပါတယ်။

"ငါတို့က သင်တန်းကျောင်းထဲမှာ ရှိနေတာကြောင့် ငါမင်းကို မသတ်နိုင်ဘူးလို့ မင်းထင်နေလား။ မှားသွားပြီ။ ငါမင်းကို အကျိုးသင့် အကြောင်းသင့် ရှင်းပြသင့်တယ်ဆိုတဲ့ ဒုတိယ အတွေးမျိုး ဖြစ်ပေါ်လာဖို့တောင် မထိုက်တန်ဘူး။ ဒါပေမဲ့လည်း မင်းက ငါ့ရဲ့ခွေးဖြစ်ဖို့ ငြင်းဆန်ဝံ့တယ်။ နောက်ပြီးတော့ မင်းက ငါ့လက်အောက်က လူတစ်ယောက်ကိုတောင် သတ်ပစ်ခဲ့သေးတယ်။ မင်းက သေလမ်းရှာနေတာပဲ"

"ကျောက်လန် မင်းက ငါ့ထက် နစ်နည်းနည်းလောက် ပိုပြီးတော့ ကျင့်ကြံအားထုတ်ခဲ့တာကြောင့် အာသားချက်တစ်ခု ရှိနေတာသက်သက်ပါပဲကွာ"

လင်းဟန်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်တယ်။

"တကယ်လို့ ငါတို့က သက်တူရွယ်တူ ဒါမှမဟုတ် ကျင့်ကြံခြင်းအဆင့် တူမယ်ဆိုရင် မင်းကို လက်တစ်ဖက်တည်းနဲ့တောင် ငါဖိနှိပ်နိုင်လိမ့်မယ်"

အားလုံးက အသက်ကို ပြင်းပြင်းရှူလိုက် ကြပါတယ်။

တကယ်လို့ လင်းဟန်က ဒူးထောက်ပြီးတော့ သနားညှာတာဖို့အတွက် တောင်းပန်ခဲ့မယ်ဆိုရင် ကျောက်လန်က သူ့ကို လွှတ်ပေးကောင်း လွှတ်ပေးနိုင်ပါတယ်။ တကယ်တော့ လင်းဟန်က မျက်နှာနည်းနည်းပဲ ပျက်ရမှာပါ။ ဒါပေမဲ့လည်း လင်းဟန်က သူ့ကို ထပ်ပြီးတော့ စော်ကားပြောဆိုဖို့ ရွေးချယ်ခဲ့ပြီး ဒီလိုမျိုး လုပ်ဆောင်မှု တစ်ခုက သူ့ကိုယ်သူ သေတွင်းထဲ တွန်းပို့လိုက်တာနဲ့ အတူတူပါပဲ။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး အသေးစိတ် စဉ်းစားကြည့်မယ်ဆိုရင် လင်းဟန်ရဲ့ စကားတွေက အတော်လေး အဓိပ္ပါယ်ရှိတယ်ဆိုတာကို တွေ့ရပါမယ်။

ကျောက်လန် အသက်နှစ်ဆယ် အချိန်တုန်းက ကျင့်ကြံခြင်း အဆင့်က ဘယ်လောက်မှာလဲ။

အမှန်ပါပဲ။ သူက ထူးထူးခြားခြား ပါရမီရှင် တစ်ယောက်ဖြစ်ပြီး အသက်နှစ်ဆယ်အရွယ်မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးကို ရောက်ရှိနေခဲ့ပါတယ်။ တောင်မြစ် အဆင့်ကို အချိန်တော်တော်ကြာတဲ့အထိ မရောက်နိုင်ခဲ့ပါဘူး။ သူ့အသက် ငါးဆယ်မတိုင်ခင်မှာ သူက ကနဦးအဆင့်မှာပဲ ရှိနေပါသေးတယ်။

ဒီလိုမျိုး နှိုင်းယှဉ်မှု တစ်ခုအောက်မှာ သူတို့နှစ်ယောက် အကြားက ကွာခြားချက်တွေက အထူးတလည် ရှင်းလင်းနေပါတယ်။

ကျောက်လန်က အေးစက်စွာနဲ့ ရယ်မောပြီး ပြောလိုက်တယ်။

"မင်းက ဘာမိုလို့လဲ။ ငါ့ကိုစိန်ခေါ်ဖို့ ထိုက်တန်လို့လား"

ထန်။

သူက နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြီး လင်းဟန်ကို နောက်တစ်ကြိမ် လွင့်ထွက်သွား စေခဲ့ပါတယ်။

ကျောက်လန်က သူ့ရဲ့ ပထမဆုံး တိုက်ခိုက်မှုကို ထုတ်ဖော်ပြီးတဲ့ အချိန်ကနေစပြီး အချိန်တချို့ ကုန်လွန်သွားခဲ့ပါပြီ။ တကယ်လို့ သူ့ရဲ့ ပထမတိုက်ခိုက်မှု ပြီးတဲ့နောက်မှာ ဘယ်သူကမှ မတုံ့ပြန်ခဲ့တာက ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အခုဆို အတော်လေး ကြာနေပြီ မဟုတ်လား။ ဒါကြောင့် သင်တန်းကျောင်းက ဒါကို သတိပြုမိသင့်နေပြီ မဟုတ်လား။

ဒါတောင်မှ အကြီးအကဲ တစ်ယောက်မှ ထွက်ပေါ်လာခဲ့ခြင်း မရှိခဲ့ပါဘူး။

ကျောက်လန်ကို ကြည့်ရတာ ရပ်တန့်နိုင်မဲ့ပုံ မပေါ်ပေမဲ့ နေလအဆင့် ကျင့်ကြံသူ ဘယ်သူမဆို သူ့ကို လွယ်လွယ်နဲ့ ဖိနှိပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တောင်မှ အဆင့်တစ်ခုလုံးရဲ့ အတားအဆီးကို ကျော်လွှန်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သင်တန်းကျောင်းက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဒါကို ခွင့်ပြုပေးထားတာလား။

မဟာဗိုလ်ချုပ် ကျောက်ရဲ့ သားက သူ့စိတ်ကြိုက် လုပ်ခွင့်ရှိတာလား။

ပရိသတ်တွေရဲ့ နှလုံးသားထဲမှာ အေးစိမ့်တဲ့ ခံစားချက်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီနေ့မှာ ကျောက်လန်ရဲ့ သားကောင်က လင်းဟန်ဖြစ်နေပါတယ်။ ဒါကြောင့် တကယ်လို့ သူ့ရဲ့ သားကောင်က မနက်ဖြန်မှာ သူတို့ဖြစ်လာမယ်ဆိုရင်ရော။ သူ့ကို လူထောင်သောင်းချီပြီးတော့ ဝိုင်းထားပေမဲ့ လူတစ်ယောက်မှ အရှေ့ကို ထွက်လာပြီးတော့ သူ့ကို မတားဆီးခဲ့ပါဘူး။ သူတို့ရဲ့ စိတ်ထဲမှာ ကြောက်ရွံ့ပူပန် နာကျင်ခြင်းတွေ မဖြစ်ပေါ်ပဲ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

"ရပ်လိုက်"

နောက်ထပ် အော်ဟစ်သံတစ်ခု ထွက်ပေါ်လာပြီး ချောမောလှပတဲ့ မိန်းကလေးတစ်ယောက်က အရှိန်အဟုန်ပြင်းပြင်းနဲ့ ပျံသန်းလာတာကို အားလုံးက တွေ့မြင်လိုက်ပါတယ်။

"ဟင် အဲဒါက ဂူလင်းယု မဟုတ်လား"

"တကယ်ပဲလား။ သူမက လင်းဟန်နဲ့ ဘယ်တုန်းက ရင်းနှီးသွားတာလဲ"

"သောက်ကျိုးနည်း အင်ပါယာမြို့တော်ရဲ့ အချောဆုံး မိန်းကလေး သုံးယောက်ထဲက နှစ်ယောက်က တကယ်ပဲ သူ့ကို ကူညီပေးဖို့

အရှေ့ထွက်လာကြတယ်။ ဒီကောင်က မိန်းကလေးတွေနဲ့ ပတ်သက်ရင် အရမ်းကို ကံကောင်းတာပဲ”

အားလုံးက အသစ်ရောက်လာတဲ့သူကို ချက်ချင်းပဲ သတိပြုမိသွားခဲ့ကြပါတယ်။ သူမက အင်ပါယာ မြို့တော်ရဲ့ မိန်းမချော သုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ဂူလင်းယုပါပဲ။ နောက်ပြီး သူမက မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ ကျောင်းသူသစ် တစ်ယောက်လည်း ဖြစ်ပါတယ်။

ကျောက်လန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို ပိုပြီးတော့ မည်းမှောင်လာလခဲ့ပါတယ်။

ဂူလင်းယုက မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ ကျောင်းသူတစ်ယောက် ဖြစ်နေတဲ့ ပတ်သက်ပြီး သူက ဂရုမစိုက်ပါဘူး။ ဒါပေမဲ့လည်း သူ့ကို စိတ်ကုန်စေတဲ့ အချက်က လင်းဟန်အတွက် မိန်းမချောတွေ အများကြီးက ရပ်တည်ပေးဖို့ ဆန္ဒရှိနေတာကြောင့် ဖြစ်ပါတယ်။

စွေ့ရန်ယွီက မျက်စိကန်းနေတာလား။

သူက မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်ပြီး သူ့ကိုယ်ပိုင် ပါရမီနဲ့ ကျင့်ကြံခြင်းကလည်း

အုံ့အားသင့်စရာကောင်းပြီး ဒီနစ်ပေါင်း တစ်ထောင်အတွင်း ပါရမီရှင်တွေ အထဲမှာ နံပါတ်တစ်အဖြစ် သူ့ကို ချီးမြှောက်ထားခြင်း ခံရပါတယ်။ နောက်ပြီးတော့ သူကလည်း စကားလုံးနဲ့တောင် ဖော်ပြလို့ မရအောင် ခန့်ညားချောမောသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ အံ့သြမှင်တက်စရာကောင်းတဲ့ အလှပဂေးတစ်ယောက်မှ သူ့ရင်ခွင်ထဲကို ဂင်မလာခဲ့တာလဲ။

သူက ကမ္ဘာ့ငယ် တစ်ခုက ပုရွက်ဆိတ် တစ်ကောင်ကိုတောင် မယှဉ်နိုင်ဘူးလား။

အဲဒါက သူ့ရဲ့ဒေါသတွေကို ဆူပွက်စေပြီးတော့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပိုပိုတိုးလာ စေခဲ့ပါတယ်။

Chapter 988 end

အပိုင်း(989) ကူညီသူတွေ ပိုများလာခြင်း

ကျောက်လန် အနေနဲ့ အရင်က မျက်နှာပျက်တာကို ပြန်အဖတ်ဆယ်ဖို့ လင်းဟာန်ကို သတ်ချင်ခဲ့တာပါ။ ဒါပေမဲ့လည်း အခုတော့ လင်းဟာန်ကို သတ်ချင်တဲ့စိတ်က ပိုပြီးတော့ လေးနက်လာပြီး သူသေချာပေါက် သတ်ပစ်ရမဲ့ ရန်သူတစ်ယောက်လိုမျိုး မြင်လာခဲ့ပါတယ်။

ရန်သူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်တဲ့ အခါမှာ သူက နွေဦးလေကြောင့် ကြွေကျတဲ့ သစ်ရွက်တွေလို ညှာတာကင်းမဲ့မှ မရှိရပါဘူး။

ကျောက်လန်က အေးစက်စက် အမူအရာတစ်ခုနဲ့အတူ ဂူလင်းယုကို ဆတ်ခနဲ တောက်လိုက်ပြီး ဂူလင်းယုက ချက်ချင်းဆိုသလို ကျောက်ရုပ်လို မလှုပ်ရှားနိုင်တော့ပါဘူး။

"မင်းက အရမ်းကို မောက်မာဂင့်ကြွားပြီးတော့ ငါ့ကိုစိန်ခေါ်ရဲတာ အံ့သြစရာ မရှိတော့ဘူး။ မင်းက မိန်းကလေးတွေရဲ့ အနောက်မှာ လှည့်ပြီးတော့ ပုန်းနေတာပဲ"

ကျောက်လန်က လင်းဟန်နား ကပ်လာပြီး သူ့ကို နောက်ထပ် လက်ဝါးရိုက်ချက် တစ်ချက်နဲ့ ရိုက်ချလိုက်ပါတယ်။

"ဒါပေမဲ့လည်း ငါသတ်ချင်တဲ့လူက ဘယ်တော့မှ အသက်ရှင်လျက်နဲ့ လွတ်မြောက်သွားတာ မရှိဘူး"

ထန်။

သူ့လက်ဝါးရိုက်ချက် အောက်ကိုကျလာနဲ့ မြေကြီးက တုန်ခါသွားပြီး လင်းဟန်က မြေပြင်ကနေ ပျောက်ကွယ်သွားခဲ့ပါတယ်။

"ဟင်"

ကျောက်လန်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားပြီး လင်းဟန်က မြေကြီးပေါ်ကနေ သူ့လုပ်ရှားမှု အပေါ်မှာ မူတည်ပြီး သူ့ရဲ့တိုက်ခိုက်မှုကနေ လွတ်မြောက်အောင် ချိန်သားကိုက် တွန်းကန်ထွက်သွားတာကို တွေ့မြင်လိုက် ရပါတယ်။

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အစွမ်းတချို့ကို ထုတ်ဖော်ခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေက ချက်ချင်းဆိုသလို မျက်စိနဲ့တောင် မြင်နိုင်တဲ့ အမြန်နှုန်းတစ်ခုနဲ့ ပြန်လည်ကောင်းမွန် သွားခဲ့ပါတယ်။ သူ့ရဲ့မျက်လုံးထဲမှာ မှန်ဝါးဝါး အလင်းရောင်တစ်ခု ရှိနေပြီးတော့ သူက ပြောလိုက်တယ်။

"ကျောက်လန် မင်းစိတ်တိုင်းကျ လုပ်လို့ မရတော့ဘူး"

ဒီလောက်အချိန်တွေ ကြာပြီးတဲ့နောက်မှာ သူက ခွန်အားတချို့ ပြန်ပြည့်လာခဲ့ပါပြီ။

"အဲဒီလိုလား"

ကျောက်လန်က ချက်ချင်းပဲ သူ့ကိုယ်သူ ချုပ်တည်းပြီး ပြောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က ပြင်းထန်

အလယ်အလတ် အဆင့်မှာ ရှိနေသရွေ့ သူ့ကို အလွယ်တကူ ဖိနှိပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

သူက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး သူ့ရဲ့ မူလစွမ်းအင်နဲ့ ဧရာမ လက်ကြီးတစ်ခု ဖန်တီးပြီးတော့ လင်းဟန်ဆီကို မိုးကောင်းကင်ပေါ်ကနေ ဖိချလိုက်ပါတယ်။

ဒီလက်ဝါးက မယုံနိုင်စရာကောင်းလောက်အောင် လျင်မြန်တဲ့အပြင် မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလွန်းပါတယ်။ ဒီလက်ဝါးကနေ လွတ်မြောက်မဲ့လမ်း လုံးဝကို မရှိပါဘူး။

လင်းဟန်က သူ့ရဲ့ အစွမ်းတွေ အကုန်လုံးကို ထုတ်ပြီးတော့ မိုးကောင်းကင်ပေါ်ကို လက်သီးနဲ့ ထိုးချလိုက်ပါတယ်။ ဒါပေမဲ့လည်း စွမ်းအား ကွာဟချက်က အရမ်းကို ကြီးမားလွန်းပြီး သူက ညှာတာကင်းမဲ့စွာနဲ့ ရိုက်ချခံလိုက် ရပါတယ်။ လင်းဟန်က ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း အားလုံးရဲ့ အံ့အားသင့်နေတဲ့ အကြည့်တွေအောက်မှာ သူက ချက်ချင်းပဲ နောက်တစ်ကြိမ် ထလာပြီး သူ့ခန္ဓာကိုယ်က တိုက်ခိုက်ချင်တဲ့ စိတ်ဝိညာဉ်က မိုးထိအောင် ထိုးတက်လာခဲ့ပါတယ်။

ဒီလူက ပြိုင်ဘက်ကင်း စစ်နတ်ဘုရား တစ်ယောက်များလား။

အားလုံးက အံ့အားသင့်ပြီးတော့ ဘာမှမပြောနိုင်အောင် ဖြစ်သွားပါတယ်။ ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ လက်ဝါးရိုက်ချက် တစ်ချက်နဲ့ ပြင်းထန်အလယ်အလတ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို အသာလေး ချေမှုန်းပစ် နိုင်ပါတယ်။ တကယ်တော့ တိုက်ပွဲစွမ်းအင် ကွာဟချက်က ကြယ်ရှစ်လုံးတောင် ရှိပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တစ်ကြိမ်ပြီး တစ်ကြိမ် ပြန်ထလာပြီး အားလုံးရဲ့ ကျင့်ကြံခြင်းပေါ် နားလည်နိုင်စွမ်းကို ပြန်လည်ဆန်းသစ် စေခဲ့ပါတယ်။

ဒါဆိုရင် ပြင်းထန်အလယ်အလတ် အဆင့်က ကျင့်ကြံသူတွေလည်း ဒီလောက်ထိ အစွမ်းထက် လာနိုင်တယ်ပေါ့။

ကမ္ဘာငယ်လေးက ဒီပုရွက်ဆိတ်က ဘယ်လိုကျင့်ကြံခြင်း နည်းစနစ်ကို လေ့ကျင့်ထားတာလဲ။ ဒါမှမဟုတ် သူက ဘယ်လိုမျိုး ထူးခြားတဲ့ ရတနာပစ္စည်းတွေကို ရထားလို့လဲ။ သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က ဘာကြောင့် အရမ်းကို မြင့်မားပြီး သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘာဖြစ်လို့ အရမ်းကို အံ့သြစရာ ကောင်းနေရတာလဲ။

ကျောက်လန်တောင်မှ ငမ်းငမ်းတက် လိုချင်တဲ့ အတွေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက ကမ္ဘာငယ်လေးက ဒီလူကို တကယ်ပဲ

လျော့တွက်မိခဲ့ပြီဆိုတာကို သိလိုက်ရပါတယ်။ သူက အမြဲတမ်းလိုလို တွေးနေမိတာက ကမ္ဘာငယ်လေးတွေမှာ ရှားပါးတဲ့ ရတနာပစ္စည်းတွေ ထွက်ပေါ်လာနိုင်မှာ မဟုတ်ဘူးလို့ အရင်တုန်းက ထင်ထားခဲ့မိပါတယ်။

သူမှားသွားခဲ့ပါပြီ။

ဘယ်သူမဆို ဒီလိုမျိုး မွေးဖွားလာနိုင်တယ် ဆိုတာကိုတော့ သူကယုံကြည်ဖို့ ငြင်းဆန်ပါတယ်။ လင်းဟာန်က သေချာပေါက် အမွေအနှစ် တချို့ကို လက်ခံရပြီး အံ့အားသင့်စရာကောင်းတဲ့ အမွေအနှစ် အမျိုးအစားတချို့ ဖြစ်ပါတယ်။

အခုအဲဒါတွေက သူ့အပိုင် ဖြစ်လာရပါလိမ့်မယ်။

"သေစမ်း"

နောက်ဆုံးမှာတော့ ကျောက်လန်က လေးလေးနက်နက် ဖြစ်လာပြီး သူတိုက်ခိုက်လိုက်တဲ့ လက်ဝါးတိုက်ကွက်မှာ ကြောက်မက်ဖွယ်ရာ အစွမ်းတစ်ခုနဲ့အတူ နတ်ဘုရား သင်္ကေတတွေ တလက်လက် တောက်ပလို့ နေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ မာန်သွင်းပြီးတော့ မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီး သူ့ရဲ့ မြေကွှမှာ မှောက်လန်ပိတ်ဆို့ခြင်း တံဆိပ်တော်ကို ထုတ်ဖော်လိုက်ပါတယ်။

ဂုန်း။

ကျယ်လောင်တဲ့ ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီး လင်းဟန်က ချက်ချင်းဆိုသလို နောက်တစ်ကြိမ် လွင့်ထွက်သွားခဲ့ပါတယ်။

ကျောက်လန်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ဆိုတဲ့ အချက်နဲ့ သူတို့နှစ်ယောက်ရဲ့ အကြားမှာ အဆင့်သေးလေး ရှစ်ဆင့်ကွာဟချက်ကို ထည့်တွက်ရင် လင်းဟန်က ဘယ်လိုမှ ကျော်လွှားနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အံ့သြစရာ ကောင်းလွန်းပြီးတော့ သူ့ရဲ့ အရေပြားက ကျောက်လန်ရဲ့ တိုက်ခိုက်မှုနဲ့ ထိပ်တိုက်ရင်ဆိုင်ပြီးတဲ့နောက်မှာ နည်းနည်းလေးပဲ အက်သွားခဲ့ပါတယ်။ သူ့ရဲ့ နတ်ဘုရား အရိုးတွေက လုံးဝကို ထိခိုက်ပျက်စီးခြင်း မရှိခဲ့ပါဘူး။ ဒါက လင်းဟန်ကို ဘာမှမလုပ်နိုင်ပါဘူး။ ပြီးတော့ သူ့ရဲ့ဒဏ်ရာတွေက ချက်ချင်းပဲ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အစွမ်းကြောင့် အရမ်းကို လျင်မြန်စွာနဲ့ ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

အားလုံးရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးထွက်လာခဲ့ပါတယ်။ သူတို့အနေနဲ့ အရင်တုန်းက ဒီလိုမျိုး အစွမ်းထက် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရှိတဲ့ လူတစ်ယောက်ကို ဘယ်တုန်းကမှ မမြင်တွေ့ဖူးခဲ့ပါဘူး။ တကယ်လို့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အံ့သြဖို့ ကောင်းနေရင် သူ့ရဲ့ ထူးခြားတဲ့ ပြန်လည်ကုသခြင်း စွမ်းရည်ကရော အံ့သြစရာ ကောင်းမနေဘူးလား။

လူတစ်ယောက်က လင်းဟန်ကို တစ်ချက်တည်းနဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် မလုပ်နိုင်သရွေ့ သူက အချိန်တိုင်းလိုလို သူ့ကိုယ်သူ လုံးဝကောင်းမွန်ဖို့ ကုသနိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ လူတစ်ယောက်က သူ့ကို အသေးစား ဒဏ်ရာတွေပဲ ဖြစ်စေနိုင်ခဲ့မယ် ဆိုရင်တော့ တကယ်လို့ သူတို့တွေက လုံးဂကို အားကုန်တဲ့အထိ တိုက်ခိုက်မယ် ဆိုရင်တောင် အသုံးမဝင် ဖြစ်သွားပါလိမ့်မယ်။

"ဟားဟားဟားဟား"

ကျယ်လောင်တဲ့ ရယ်မောသံ တစ်ခုနဲ့အတူ တောင်ထိပ်ပေါ်ကနေ လူတစ်ယောက်က လင်းဟန်နဲ့ ကျောက်လန်ရဲ့ အကြားကို ဆင်းသက်လာခဲ့ပါတယ်။

ရှားယွန်။

သူက သူ့ယပ်တောင်ကို ဖြန့်ပြီးတော့ နည်းနည်းလောက် ခတ်ပြီး ပြောလိုက်ပါတယ်။

"ကျောက်လန် ငါ့ရဲ့လောင်းကြေးအနိုင်ပစ္စည်းက ဘယ်မှာလဲ"

ချက်ချင်းဆိုသလို ကျောက်လန့်ရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တစ်ခု ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ငါက မင်းကို လှည့်စားမယ်လို့ ထင်နေတာလား"

"ပြောရခက်တာပေါ့။ အနိုင်ရတဲ့ လောင်းကြေးက ငါ့အိပ်ကပ်ထဲကို ဝင်မလာခင်အထိ နေ့တိုင်းနေ့တိုင်း စိုးရိမ်ပူပန်နေရမှာပဲလေ"

ရှားယွန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ မင်းက ငါ့ရဲ့ တစ်အူထုံးဆင်း ညီအစ်ကို ဖြစ်နေရင်တောင် ငါ့ရဲ့ လောင်းကြေးအတွက် ပွင့်ပွင့်လင်းလင်း တောင်းဆိုရမှာပဲ။ မြန်မြန် ငါ့ရဲ့လောင်းကြေး အနိုင် ငါ့ကိုပေးလိုက်"

ရှားယွန်က လင်းဟာန်ကို ကာကွယ်ဖို့ သူ့ကို တမင်သက်သက် လာနှောင့်ယှက်တယ် ဆိုတာကို ကျောက်လန်က

ကောင်းကောင်းသိပါတယ်။ ဒါပေမဲ့လည်း သူက ဘယ်လိုလုပ်ပြီးတော့ ရှားယွန် ကျေနပ်အောင် လုပ်ပေးနိုင်မှာလဲ။

"ရှားယွန် မင်းဘာလုပ်ချင်တယ် ဆိုတာကို ငါမသိဘူးလို့ မင်းထင်နေတာလား"

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါက ဘာလုပ်နေလို့လဲ"

ရှားယွန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ကျောက်လန်က အသက်ကို ခပ်ပြင်းပြင်း တစ်ချက်ရှူပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒီနေ့ကိစ္စမှာ မင်းဘေးဖယ်နေရင် ငါမင်းကို တိမ်ဖြူကြယ် သတ္တု နှစ်ခု ပေးမယ်"

ရှားယွန်ရဲ့ ခွန်အားနဲ့ အဆင့်အတန်းက သူနဲ့ညီတူညီမျှပါပဲ။ ပြီးတော့ တကယ်လို့ ဒီကိစ္စကို ဘေးမဖယ်ဘူးဆိုရင် အဲဒါက တကယ့်ကို ဗျာများရပါလိမ့်မယ်။ ဒါကြောင့် သူက ရှားယွန်ကို သူနဲ့ လင်းဟန်ရဲ့ အကြားက ကိစ္စကို ဘေးရှောင်ပေးဖို့အတွက် နောက်ထပ် တိမ်ဖြူကြယ် သတ္တု တစ်ခုကို စတေးဖို့ စိတ်ကူးလိုက်ရခြင်း ဖြစ်ပါတယ်။

တိမ်ဖြူကြယ် သတ္တုအပိုင်း နှစ်ခုလား။

ရှားယွန်ရဲ့ နှလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဒိတ်ဒိတ် ခုန်လာခဲ့ပါတယ်။ တိမ်ဖြူကြယ် သတ္တု အပိုင်းအစ တစ်ခုနဲ့တင် နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ ပုံစံတစ်ခု သွန်းလုပ်ပြီး အရည်အသွေး နည်းနည်းလောက် မြှင့်တင်ဖို့ လုံလောက်နေပါပြီ။ နှစ်ခုဆိုရင်တော့ ပြီးပြည့်စုံတဲ့ နတ်ဘုရား ပစ္စည်းတစ်ခု သွန်းလုပ်ဖို့ လုံလောက်ပါတယ်။

အဲဒါက အဆင့်ခုနစ် နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒီအကြောင်းကို တွေးလိုက်ရင်ပဲ စိတ်အားထက်သန်မှုတွေ ဖြစ်လာခဲ့ပါတယ်။ တစ်ခုသိထားရမှာက နတ်ဘုရား သတ္တုတွေဟာ အဆင့်ငါး နောက်ပိုင်းကနေ စပြီးတော့ အရမ်းကို ရှားပါးလွန်းပါတယ်။

သူက တဒင်္ဂလောက် စဉ်းစားပြီးတော့ ချက်ချင်းပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါတယ်။

"သဘောတူတယ်"

သူက ပြောပြီးတဲ့နောက်မှာ ဒီကိစ္စက သူနဲ့ဘာမှ မသက်ဆိုင်သလိုမျိုး ဘေးကို ဆုတ်သွား လိုက်ပါတယ်။

ကျောက်လန်က သူ့အကြည့်ကို နောက်တစ်ကြိမ် လင်းဟန်ဆီကို ပြောင်းလိုက်ပါတယ်။ ဒီကောင်စုတ်လေးက သူ့ကို နောက်ထပ် တိမ်ဖြူကြယ် သတ္တုတစ်ခုကို ဆုံးရှုံးသွားအောင် ဖြစ်စေခဲ့ပါတယ်။ အဲဒါကြောင့် သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက ပိုပြီးတော့တောင် အားကောင်းကောင်းနဲ့ လောင်ကျွမ်းလာခဲ့ပါတယ်။ တချိန်တည်းမှာပဲ သူက လင်းဟန်ရဲ့ စွမ်းအား နောက်ကွယ်က မယုံနိုင်စရာကောင်းလောက်အောင် အစွမ်းထက်တဲ့ လျှို့ဝှက်ချက်ကို သင်ယူချင်စိတ်တွေ ထက်သန်လို့ လာခဲ့ပါတယ်။

လင်းဟန်က ရှားယွန်ကို ဝေ့ကြည့်လိုက်ပြီး သူ့ရဲ့ ကောင်းမွန်တဲ့ အမြင်သဘောထားတွေက မီးခိုးငွေ့လို ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒီနောက် သူက သူ့ရဲ့ နတ်ဘုရား ဓားကို ဆွဲထုတ်ပြီးတော့ သူ့ဘယ်ဘက်လက်ဝါးကိုမြှောက်ပြီး သူ့ကိုယ်သူ ကာကွယ်ဖို့ ပြင်ဆင်ထား လိုက်ပါတယ်။

"ညောင် ဘယ်သူက ဒီကြောင်ဘုရင်ရဲ့ အစေခံကို ထိပါးဝံ့တာလဲ"

ရောမ ကြောင်ဖြူကြီးက သူ့လက်သည်းတွေကို ကျောက်လန်ဆီ ဝှေ့ယမ်းပြီးတော့ ထွက်ပေါ်လာ ခဲ့ပါတယ်။

"ကျောက်အုပ်ဖူရဲ့ အိမ်မွေးသားရဲလား"

ကျောက်လန်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ ကအ္မာငယ်လေးက ဒီဘာမဟုတ်တဲ့ ပုရွက်ဆိတ်က တကယ်ပဲ ထူးခြားဆန်းကြယ်လွန်းပါတယ်။ ရက်အနည်းငယ် အတွင်းမှာ သူက ဘယ်လက်ရုံး အမတ်မင်း၊ ကျောင်းအုပ်ဖူ၊ မော်ဆေးပညာ အဖွဲ့အစည်းတွေနဲ့ ရင်းနှီးပတ်သက်မှု ရအောင်လို့ လုပ်နိုင်ခဲ့ပါတယ်။

"ထို့ လူသားတွေလိုမျိုး အမိုက်တွေအားလုံးက ဒီကြောင်ဘုရင်ရဲ့ အစေခံတွေပဲ"

ကြောင်ဖြူကြီးက ဂုဏ်ယူပင့်ကြွားစွာနဲ့ ပြောလိုက်ပါတယ်။

"ဟင့် ကျောင်းအုပ်ကြီး ဖူကြောင့် မင်းရဲ့အသက်ကို ချမ်းသာပေးမယ်"

ကျောက်လန်က ကြောင်ဖြူကြီးကို ဖိနှိပ်ဖို့ လုပ်ရှားလိုက်ပါတယ်။

ရွှပ်။

ကြောင်ဖြူကြီးရဲ့ ခန္ဓာကိုယ်က မယုံနိုင်စရာကောင်းတဲ့ အမြန်နှုန်း တစ်ခုနဲ့ ဘေးကို လျပ်ပြက်သလို ရှောင်တိမ်းသွားပါတယ်။

"ဟင်"

ကျောက်လန်က အနည်းငယ် အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ကြောင်ဖြူကြီးရဲ့ အမြန်နှုန်းက သူ့ ခန့်မှန်းထားမှုရဲ့ နောက်ကွယ်မှာ ရှိနေပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်က အနည်းငယ် အံ့အားသင့်သွားခဲ့ရုံပဲ ရှိပါတယ်။ တကယ်တော့ ကြောင်ဖြူကြီးရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦး အဆင့်မှာပဲ ရှိပါသေးတယ်။ ကြောင်ဖြူကြီးက ကျောက်လန်နဲ့ သုံးကြိမ်တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ ကျောက်ရုပ်လို မလှုပ်ရှားနိုင်ပဲ ဖြစ်သွားခဲ့ပါတယ်။

ကျောက်လန်ကလည်း သူ့ရဲ့တိုက်ခိုက်မှုတွေကို သတိထားခဲ့ပါတယ်။ သူက ကြောင်ဖြူကြီးကို သူ့ရဲ့ စွမ်းရည်နဲ့ လှုပ်ရှားလို့ မရအောင်ပဲ ထိန်းချုပ်ခဲ့ပြီး သူ့ကို နည်းနည်းမှ ထိခိုက်နာကျင်အောင် မလုပ်ခဲ့ပါဘူး။

"ရွှံ့စရာကောင်းတဲ့ လူသား။ ဒီဘုရင်ကို မြန်မြန်လွှတ်ပေးစမ်း"

ကြောင်ဖြူကြီးက အော်ဟစ်နေပြီး သူ့ပုံစံက အရမ်းကို ဒေါသထွက်နေပုံ ရပါတယ်။

အားလုံးက အံ့အားသင့်လို့ နေပါတယ်။ ဘယ်လက်ရုံး အမတ်မင်းနဲ့ ကျောင်းအုပ်ကြီး ဖူ နှစ်ယောက်စလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ ဖြစ်ပြီးတော့ လင်းဟန်က

သူတို့အင်အားစုတွေနဲ့ တချိန်တည်း ရင်းနှီးကျွမ်းဝင်လာ နိုင်ခဲ့တာက အရမ်းကို ကြီးမားတဲ့ အံ့အားသင့်စရာ တစ်ခုဖြစ်ပါတယ်။

ကျောက်လန်တောင်မှ အနည်းငယ် ဖိအားဝင်သွားသလို စတင်ခံစားလာခဲ့ပါတယ်။ တကယ်လို့ ရှားယွန်က သူ့အကျိုးအမြတ်အတွက် ဘေးဖယ်ပြီး မလုပ်ရှားခဲ့ဘူးဆိုရင်တောင် လင်းဟာန်အတွက် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အင်အားစု သုံးခုရဲ့ အဖွဲ့ဝင်တွေက ရပ်တည်ပေးလိမ့်မှာ မဟုတ်လား။

ဒါပေမဲ့လည်း လင်းဟာန်မှာ အရမ်းကို တောက်ပတဲ့ အလားအလာ အမွေအနှစ်တစ်ခု ရှိနေတာကို ပြန်စဉ်းစားလိုက်မိရင် သူက ချက်ချင်းပဲ နောက်တစ်ကြိမ် ဖြေရှင်းဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်ပါတယ်။ သူက သေချာပေါက် ဒါကို လုယူရပါလိမ့်မယ်။

"သေစမ်း"

သူက လက်ဝါးကို ဝှေ့ယမ်းပြီး လင်းဟာန်ဆီကို ရိုက်ချလိုက်ပါတယ်။

"မင်းသွားသေလိုက်"

လင်းဟာန်က ဒေါသတကြီးတဲ့ အော်ဟစ်လိုက်ပြီး သူ့ရဲ့ ဓားနဲ့ လက်ဝါး နှစ်ခုလုံးကို ပူးပေါင်း လုပ်ရှားလိုက်ပါတယ်။ သူက တန်ပြန်တိုက်စစ် တစ်ခုကို စတင်လိုက်ပါတယ်။

Chapter 989 end

အပိုင်း(990) နံပါတ်ကိုး ဘုရင်ရောက်လာခြင်း

ဒါပေမဲ့လည်း လင်းဟန်က ဘယ်လောက် ထူးခြားထူးခြား ကိစ္စမရှိပါဘူး။ တကယ်တော့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် အကန့်အသတ်က သူတို့ ဘယ်လောက်ထိ အစွမ်းထက် လာနိုင်မလဲဆိုတဲ့ အချက်အပေါ် မှာ မူတည်ပါတယ်။

ကျောက်လန်ရဲ့ အစွမ်းထက်ပြီး ညှာတာမှု ကင်းမဲ့တဲ့ တိုက်ခိုက်မှုတွေရဲ့ အောက်မှာ လင်းဟန်က လက်ဝါးရိုက်ချက်တွေ ခုတ်ချက်တွေနဲ့ ကန်ချက်တွေကြောင့် လွင့်ထွက်သွားရုံပဲ တတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ပရိသတ်တွေကို ခေါင်းကိုက်စေတဲ့အချက်က ဒီတိုက်ခိုက်မှုတွေ အားလုံးကို ထိပ်တိုက်ရင်ဆိုင် ခံယူပြီးတဲ့နောက်မှာ လင်းဟန်က အသက်ရှင်နေသေးပြီးတော့ ပြန်လည် တိုက်ခိုက်နေတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အများဆုံး သူက တိုက်ခိုက်ခံရပြီးတဲ့နောက်မှာ သွေးအနည်းငယ်ပဲ ထွက်ခဲ့ပါတယ်။

အဲဒါက ရှားယွန်ကိုလည်း ယားကျိယားကျိ ဖြစ်စေခဲ့ပါတယ်။ တကယ်လို့ သူသာ ဒီလိုမျိုး အံ့သြဖွယ်ရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်နိုင်မယ်ဆိုရင် သူ့ရဲ့အဆင့်မှာ

အိပ်မက်ပဲ မက်ခွင့်ရတဲ့ ပြိုင်ဘက်ကင်း တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ သူ့အနေနဲ့ ကျောက်လန်ကို နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်ကို ကျေကျေနပ်နပ်နဲ့ သူကိုယ်တိုင် ပေးလိုက်ရမှာလား။

သူ့အနေနဲ့ တကယ်လို့ ကျောက်လန်က လင်းဟာန်ကို သတ်ပစ်နိုင်တော့မဲ့ အချိန်ကျရင် ဘာပဲဖြစ်ဖြစ် တစ်ဟုန်ထိုး ပြေးဝင်ဖို့ လျှို့ဝှက်စွာနဲ့ ဆုံးဖြတ်လိုက်ပါတယ်။ သူက ကျောက်လန်ထက် အရင် လင်းဟာန်ရဲ့ စိတ်ဝိညာဉ်ကို ဖြတ်ထုတ်ပြီး သူ့ရဲ့ မယုံနိုင်စရာ ကောင်းလှတဲ့ လျှို့ဝှက်ချက်ကို အရယူနိုင်ပါလိမ့်မယ်။

အခုတော့ ဘာပဲဖြစ်ဖြစ် သူက လင်းဟာန်ကို သတ်ချင်နေတဲ့ ဒီမကောင်းဆိုးဝါး ကျောက်လန်ကို လွှတ်ထားပေးရ ပါလိမ့်မယ်။

လျှို့ဝှက်နေရာ တစ်ခုမှာ။

"ငါတို့တွေ သူ့ကို မတားဆီးနိုင်တော့ဘူးလား"

ကျန်းသဲ့မန်က နာကျင်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။ သူက လင်းဟာန်နဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ သဘောထား အမြင်ရှိပါတယ်။

"အဖွဲ့အစည်းရဲ့ ခေါင်းဆောင်က ငါတို့အနေနဲ့ မဟာပိုလ်ချုပ်ကျောက်ကို မျက်နှာသာတချို့ ပေးရမယ်လို့ ပြောထားတယ်"

အကြီးအကဲ တစ်ယောက်က ပြောလိုက်ပါတယ်။

"ဒါကြောင့် ငါတို့က ကျောက်လန်ကို အထူးတလည် ဆက်ဆံပြီး အကန့်အသတ်မရှိတဲ့ ပမာဏ တစ်ခုနဲ့ ပြုစုပျိုးထောင်ပေးခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့တွေ ဒီမှာရှိနေတာကြောင့် အဲဒီကောင်လေးက သေချာပေါက် ဘယ်လိုအန္တရာယ်မျိုးနဲ့မှ ရင်ဆိုင်ရမှာ မဟုတ်ပါဘူး"

"ငါတို့တွေ ဒီအခွင့်အရေးကို အသုံးချပြီးတော့ ကျောက်လန်ရဲ့ ကိုယ့်ကိုကိုယ် ဘဝင်မြင့်မှုနဲ့ မောက်မာမှုကို ဖိနှိပ်နိုင်လိမ့်မယ်။ ဒီနည်းနဲ့ ဗိုလ်ချုပ်ကျောက်တောင် ဘာမှပြောနိုင်မှာ မဟုတ်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကျောင်းအုပ်ကြီး ဖူတောင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ လက်ရွေးစင်ထဲမှာ ပါနိုင်တော့မှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း ဒီကောင်လေးကို ကြည့်ရတာ အတော်လေးကို အရိုက်နှက်ခံနိုင်တာပဲ။ ဘယ်လောက်တောင် ထူးဆန်းလိုက်သလဲ"

"အဟုတ်ပဲ။ တကယ်လို့ ငါ့မျက်လုံးတွေနဲ့သာ မမြင်ရဘူးဆိုရင် ပြင်းထန်အလယ်အလတ် အဆင့်ကို တက်ကာစ ကျင့်ကြံသူ တစ်ယောက်က တိုက်ခိုက်မှု အများကြီးကို ခံယူနိုင်လိမ့်မယ် ဆိုတာ ဘယ်တော့မှ ယုံကြည်လိမ့်မှာ မဟုတ်ဘူး"

"ဒါကိုကြည့်ရင် ငါတို့တွေ အိမ်ပြန်ပြီးတော့ ခဏတဖြုတ် အနားယူလို့တောင် ရနိုင်တယ်။ ပြီးတော့မှ ပြန်လာပြီး အခြေအနေကို စစ်ဆေးတာပေါ့"

အကြီးအကဲ စုစုပေါင်း ခုနစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် လေသံတိုးတိုးနဲ့ ပြောဆိုနေပြီး သူတို့အားလုံးဟာ လင်းဟန်ထုတ်ဖော်ပြသတဲ့ အစွမ်းကြောင့် အံ့အားသင့် နေခဲ့ကြပါတယ်။

ကျောက်လန်ရဲ့ အမူအရာက ပိုပိုပြီးတော့ အေးစက်လာခဲ့ပါတယ်။ လင်းဟန်က အဆက်မပြတ် ဒဏ်ရာရနေပေမဲ့ သူက ဘယ်လိုပဲဖြစ်ဖြစ် သေမဲ့ပုံစံ မရှိပါဘူး။ လင်းဟန်က အချိန်ပိုပြီးတော့ အသက်ရှင်နေလေ သူပိုပြီးတော့ မျက်နှာပျက်ရလေပါပဲ။ ပြီးပြည့်စုံခြင်းအဆင့်မှာရှိတဲ့ သာမန် ကျင့်ကြံသူတွေတောင် ပြင်းထန်အလယ်အလတ်က ကျင့်ကြံသူ တစ်ယောက်ကို

ချေမှုန်းပစ်ဖို့ အချိန်အကြာအကြီး မလိုပါဘူး။ သူ့လိုမျိုး ကြယ်လေးပွင့် ပါရမီရှင်ဆိုရင် ပြောနေစရာတောင် မလိုပါဘူး။

"ကျောက်လန် နင်မတော်သေးဘူးလား"

အရမ်းကို ဆွဲဆောင်မှုရှိတဲ့ အသံတစ်ခု ပျံ့လွင့်လာပြီးတော့ စွေ့ရန်ယွီက အဝေးတစ်နေရာကနေ လမ်းလျှောက်လာခဲ့ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာပေါ်မှာ ဒေါသတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ကျောက်လန်ရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို စိတ်လှုပ်ရှားတဲ့ အမူအရာတစ်ခု ဖြတ်သန်းသွားပြီး သူ့ရဲ့ မျက်လုံးတွေထဲမှာ တပ်မက်ခြင်း အရိပ်အယောင် တစ်စွန်းတစ်စ ရှိနေခဲ့ပါတယ်။

အင်ပါယာမြို့တော်ရဲ့ လူထုအကြားမှာ စွေ့ရန်ယွီရဲ့ နာမည်ပြောင်က ကောရီ ဘုရင်မငယ် ဖြစ်ပါတယ်။ သူမက အရမ်းကို အစွမ်းထက်ပြီး အရမ်းကို ထူးချွန်ကာ အရမ်းအစွမ်းထက်တဲ့ နောက်ခံတစ်ခု ရှိတာကြောင့် မဟုတ်ပါဘူး။ အဲဒီအစား သူမရဲ့ တသီးတခြားဖြစ်နေတဲ့ သဘာဂ အလှအပနဲ့ ဆွဲဆောင်နိုင်မှုက ကြယ်ဥက္ကာ အင်ပါယာ ကောရီ ဘုရင်မနဲ့ အနည်းငယ် တူနေတာကြောင့် ဖြစ်ပါတယ်။

ကေရီ ဘုရင်မဟာ အားလုံးရဲ့ စံပြဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူတို့သာ စွေ့ရန်ယွီရဲ့ နှလုံးသားကို အပိုင်ဖမ်းဆုပ်နိုင်ခဲ့မယ်ဆိုရင် သူမက အရမ်းကို ကောင်းမွန်တဲ့ အစားထိုးမှု တစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကျိုးမန်ဟိုင်ကို ပိုးပန်းနေတဲ့ လူအရေအတွက်ထက် စွေ့ရန်ယွီကို ပိုးပန်းနေတဲ့ လူအရေအတွက်က သာလွန်နေတာပဲ ဖြစ်ပါတယ်။ ကျိုးမန်ဟိုင်ဆိုတာက အင်ပါယာရဲ့ ပုလဲအမွှာထဲက တစ်ယောက်လည်း ဖြစ်ပါတယ်။

နောက်ပြီးတော့ မဟာမိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်သူ ကျောက်လန်ကြောင့် စွေ့ရန်ယွီကို သူ့ကိုယ်ပိုင် မိန်းကလေးလို့ အစောပိုင်းကတည်းက ကြေညာခဲ့တာကြောင့် ဘယ်သူကမှ သူမကို ပွင့်ပွင့်လင်းလင်းနဲ့ မပိုးပန်းဝံ့ကြတာ ဖြစ်ပါတယ်။

သူမက လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ဖမ်းစားနိုင်တဲ့ ဆွဲဆောင်မှုရှိ အလှပိုင်ရှင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ မဟာမိုလ်ချုပ်ကျောက်က သူ့သားကို ရမ္မက်ပင်လယ်ထဲမှာ နစ်မြုပ်သွားမှာ စိုးရိမ်ပူပန်ပြီး နေလအဆင့်ကို မရောက်ခင်မှာ လက်ထပ်မရဘူးလို့ တားမြစ်ထားတာကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စွေ့ရန်ယွီက အခုချိန်ထိ သူမရဲ့ လွတ်လပ်မှုကို

ထိန်းထားနိုင်မှာ မဟုတ်ပါဘူး။ အဲဒီလိုသာမဟုတ်ရင် သူမရဲ့ ကလန်က သူမကို ရောင်းစားလိုက်ပြီးသား ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ကျောက်လန်က စွေ့ရန်ယွီကို တွေ့ရတဲ့ အချိန်တိုင်းမှာ တဏှာရာဂတွေနဲ့ တောက်လောင်လာသလို ခံစားရပြီး ဒီဆွဲဆောင်နိုင်စွမ်း ပြည့်ဝတဲ့ အလှပဂေးကို အိပ်ယာပေါ် ချက်ချင်းဆွဲခေါ်သွားချင်တဲ့ စိတ်တွေကို မနည်းထိန်းချုပ် ထားရပါတယ်။

"ဟီးဟီး ငါက လူတစ်ယောက်ကို သတ်ရုံပါပဲ"

ကျောက်လန်က ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ဘာဖြစ်လို့ ဒီလိုမျိုး အရမ်းကို လွန်တဲ့အပြုအမူ ဖြစ်နေတာလဲ ရန်ယု"

စွေ့ရန်ယွီက လင်းဟန်နဲ့ လက်ထပ်ထိမ်းမြားဖို့ ကတိကဝတ် လုပ်ထားတယ်ဆိုတာကို လူသိထင်ရှား ကြေညာထားပေမဲ့ ကျောက်လန်ကတော့ သူ့စိတ်ထဲမှာ လင်းဟန်ကို သေလူ တစ်ယောက်အဖြစ် သတ်မှတ်ထားပါတယ်။ သူက လင်းဟန်ကို ခေါင်းဖြတ်ကွပ်မျက်ဖို့ပဲ လိုပါတယ်။

"နင်နဲ့ငါ့ကြားက ကိစ္စကို မသက်ဆိုင်တဲ့ လူတွေ ဆွဲမထည့်ပါနဲ့"

စွေ့ရန်ယွီက ကျယ်လောင်စွာနဲ့ အပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

ကျောက်လန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒီကောင်က ဘာမှမပတ်သက်တဲ့ လူတစ်ယောက် ဟုတ်လို့လား"

"ကျောက်လန် နင်ဘာလိုချင်တာလဲ"

စွေ့ရန်ယွီက သူမရဲ့ ပတ္တမြားသွေးရောင် နှုတ်ခမ်းကို ကိုက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။ အစတုန်းက သူမမှာ လင်းဟန်ကို ကျောက်လန်ရဲ့ ဒုက္ခပေးမှုကနေ လွတ်မြောက်အောင် အသုံးချဖို့ စိတ်ကူးထားခဲ့တာ အမှန်ပါပဲ။ ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံကို ခရီးထွက်ပြီးတဲ့ နောက်မှာတော့ သူမရဲ့ စိတ်ကူးတွေက ပြောင်းလဲသွားခဲ့ပါတယ်။

အခု သူမက လင်းဟန်သေမှာကို လုံးဝကို မမြင်ချင်ပါဘူး။

ကျောက်လန်က သူ့ရဲ့မျက်လုံးတွေကို ခဏလောက် မှေးလိုက်ပါတယ်။

သူက အမြဲတမ်းလိုလို စွေ့ရန်ယွီကို အမြင့်မှာ ထားပေမဲ့ စွေ့ရန်ယွီက သူ့ကို နည်းနည်းလေးတောင် ဂရုမစိုက်ခဲ့ဘူးလား။ အခုရော။ စွေ့ရန်ယွီက ကျွှမ်းကျင်ယ် တစ်ခုက ဘာမဟုတ်တဲ့

ပုရွက်ဆိတ် တစ်ကောင်အတွက် အရာအားလုံးကို စတေးပစ်ဖို့ စိတ်ကူးနေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

သူ့ရဲ့မျက်လုံးတွေက အရမ်းကို မနာလိုမှုတွေကြောင့် နီရဲလာခဲ့ပါတယ်။

မဟုတ်ဘူး လင်းဟာန်က သေကိုသေရမယ်။

ကျောက်လန်က ဒေါသနဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ စွေ့ရန်ယွီကို လက်ညှိုးထိုးပြီး သူမကို ကျောက်ရုပ်လိုမျိုး မလှုပ်မရှားနိုင်အောင် လုပ်လိုက်ပါတယ်။ အဲဒီနောက် သူက လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

"သေစမ်း သေစမ်း သေစမ်းကွာ"

"ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးတဲ့ ဘာမဟုတ်တဲ့ ပုရွက်ဆိတ် တစ်ကောင်ကို ငါမသတ်နိုင်ဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

ကျောက်လန်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ သူ့ရဲ့လက်တွေကနေ ကြည်လင်တောက်ပတဲ့ ရေတွေလိုမျိုး ထိတ်လန့်စရာကောင်းတဲ့ နတ်ဘုရား သင်္ကေတ အလင်းရောင်တွေ တလက်လက် တောက်ပသွားခဲ့ပါတယ်။

ဖူး။

ကျောက်လန်ရဲ့ လက်ဝါးရိုက်ချက်ကြောင့် လင်းဟန်ရဲ့ ရင်ဘတ်မှာ ချက်ချင်းဆိုသလို ဒဏ်ရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့သွေးတွေနဲ့ အသားတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားပြီးတော့ သူ့ရဲ့ဖြူဖွေးတဲ့ အရိုးတွေ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ အကူအညီနဲ့တောင် မချိမဆံ့ ခံစားရပါတယ်။ သူ့ဒဏ်ရာရဲ့ ပြန်လည်ကုသနိုင်တဲ့ အမြန်နှုန်းက မယုံနိုင်စရာကောင်းလောက်အောင် နှေးကွေးသွားခဲ့ပါတယ်။

"ဟားဟားဟား"

သူ့တိုက်ခိုက်မှုက လင်းဟန်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရစေတာကို ကြည့်ပြီးတော့ ကျောက်လန်က ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူက လင်းဟန်ရဲ့ အသွေးအသားတွေ အားလုံးကို တိုက်စားပစ်ပြီးတော့မှ သူ့ရဲ့ နတ်ဘုရား အာရုံကို ဖြည်းဖြည်းခြင်း ဆွဲထုတ်ရပါမယ်။ သူ့ရဲ့ ရည်းစားလုဖက်ရဲ့ မျက်နှာကို ဒီကမ္ဘာကြီးကနေ ဖယ်ရှားပစ်ရပါလိမ့်မယ်။

"တကယ်တော့ ပြင်းထန်အလယ်အလတ် အဆင့်ဆိုတာ ပြင်းထန်အလယ်အလတ် အဆင့်ပါပဲ"

ကျောက်လန်က အထင်အမြင်သေးစွာနဲ့ ပြောလိုက်တယ်။

လင်းဟာန်က ပျာပျာသလဲ ဖြစ်မသွားပဲ ကျောက်လန်ရဲ့ တိုက်ခိုက်မှုတွေကို ဆက်ပြီးတော့ ရင်ဆိုင်ခုခံကာ အေးစက်စွာနဲ့ တုံ့ပြန်လိုက်ပါတယ်။

"မင်းက ငါ့ထက် အသေးစား အဆင့်နှစ်ခု မြင့်တဲ့အချက်ကိုပဲ မှီခိုနေတာ သက်သက်ပါပဲ။ တကယ်လို့ ငါတို့တွေသာ ကျင့်ကြံခြင်း အဆင့်တူမယ်ဆိုရင် မင်းကို ငါက ကြက်ကလေး ငှက်ကလေး သတ်သလို လွယ်လွယ်နဲ့ သတ်ပစ်နိုင်တယ်"

"ဒီလိုမျိုး အခွင့်အရေးတစ်ခု ဘယ်တော့မှ မရနိုင်တဲ့အတွက် စိတ်မကောင်းစရာပဲ"

ကျောက်လန်က တင်းမာခက်ထန်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

"မင်းက ဒီနေ့ ဒီနေရာမှာ သေရမယ်"

သူစကားပြောပြီးတာနဲ့ သူ့ရဲ့ တိုက်ခိုက်မှုတွေက ပိုပြီးတော့ ပြင်းထန်လာပါတယ်။

"သူမလုပ်နိုင်ဘူးလို့ ဘယ်သူပြောတာလဲ"

မလှမ်းမကမ်းကနေ ဒေါသသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"နံ နံ နံပါတ်ကိုး ဘုရင်ကို ဂါရဝ ပြုပါတယ်"

ပတ်ဝန်းကျင်မှာ ရှိနေတဲ့ လူတွေအားလုံးက ချက်ချင်းပဲ ဒူးထောက်ပြီးတော့ ဂါရဝ ပြုလိုက်ပါတယ်။ ဒီနေရာမှာ ရှိနေတဲ့ ဘယ်သူမှ ခြွင်းချက်မရှိပါဘူး။ ဘယ်လက်ရုံး ညာလက်ရုံးနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လို ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေပဲ ကေရီ ဘုရင်မကို တွေ့မြင်တဲ့အချိန်မှာ ဒူးထောက်စရာ မလိုပါဘူး။ ဒါပေမဲ့လည်း သူတို့က သူတို့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ ကေရီ ဘုရင်မကို ရိုသေလေးစားမှု ပြုရပါတယ်။

ဘုရင်ကိုးပါးကို တွေ့တာက ကေရီ ဘုရင်မကို တွေ့တာနဲ့ အတူတူပဲဆိုပြီးတော့ ကြယ်ဥက္ကာ အင်ပါယာ ကေရီ ဘုရင်မကိုယ်တိုင် ကြေညာချက် အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

ကျောက်လန်က ဗိုလ်ချုပ်ကျောက် မဟုတ်ပါဘူး။ ဒါကြောင့် သူက ချက်ချင်းပဲ သူ့ရဲ့ တိုက်ခိုက်မှုကို ရပ်ပြီးတော့ မြေကြီးပေါ်ကို ဒူးတစ်ဖက် ထောက်ချလိုက်ပါတယ်။

ဟူဖေးယွင်က ပရိသတ် လူအုပ်ကြီး အလယ်ကနေ လျှောက်လာပြီးတော့ လင်းဟန်ရဲ့ နံရိုး ဘယ်ဘက်ခြမ်းက ဒဏ်ရာကြီးကို မြင်လိုက်ရပြီးတော့ ချက်ချင်းပဲ အံ့အားသင့်သွားခဲ့ပါတယ်။

"လင်းဟန် နင်ဒဏ်ရာ ရနေတာလား"

ပရိသတ်တွေ အားလုံးပဲ သူမရဲ့ စကားကို ကြားလိုက်ရတဲ့ အချိန်မှာ သေလောက်အောင် ထိတ်လန့်တုန်လှုပ် သွားခဲ့ပါတယ်။

လင်းဟန်နဲ့ နံပါတ်ကိုး ဘုရင်ရဲ့ ဆက်ဆံရေးက ဒီလောက်တောင် ကောင်းမွန်နေတာလား။

သူမက နံပါတ်ကိုး ဘုရင်ဖြစ်ပါတယ်။ ဒါက ဘယ်လိုမျိုး အဆင့်အတန်းလဲ။ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်တောင်မှ သူမရဲ့ အမိန့်ကို လေးလေးစားစားနဲ့ နာခံရပါတယ်။ သူမက ဧကရီ ဘုရင်မရဲ့ ချစ်ခင်နှစ်သက်မှု အရှိဆုံး လူကိုးယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။ လင်းဟန်က သူမနဲ့ တကယ်ပဲ ရင်းနှီးကျွမ်းဝင်မှု ရှိနေတာလား။

အားလုံးရဲ့ မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို မနာလိုမှုတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က နံပါတ်ကိုး ဘုရင်နဲ့သာ လက်ထပ်ထိမ်းမြားနိုင်စွမ်း ရှိခဲ့မယ်ဆိုရင် သူ့ရဲ့ အဆင့်အတန်းက ဘာမဟုတ်တဲ့ ပုရွက်ဆိတ် တစ်ကောင်ကနေ ခန့်မှန်းလို့ မရနိုင်တဲ့ အမြင့်အထိ ချက်ချင်းပဲ ထိုးတက်သွားပါလိမ့်မယ်။ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတို့လို အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေတောင် သူ့ရဲ့အဆင့်အတန်းကို ယှဉ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါအဆင်ပြေပါတယ်"

ကျောက်လန်ရဲ့ ခန္ဓာကိုယ်က အနည်းငယ် တုန်ခါသွားခဲ့ပါတယ်။ လင်းဟန်က စွေ့ရန်ယွီနဲ့ ပတ်သက်ဆက်နွယ်မှု ရှိနေတဲ့အချိန်မှာ နံပါတ်ကိုး ဘုရင်နဲ့လည်း အတော်လေးကို ရင်းနှီးကျွမ်းဝင် နေလိမ့်မယ်လို့ ဘယ်လိုလုပ်ပြီးတော့ သူက ခန့်မှန်းနိုင်မှာလဲ။ တရားမျှတမှု ဆိုတာက ဘယ်မှာလဲ။

ဟူဖေးယွင်ရဲ့ အမူအရာက လင်းဟန်ပြန်ဖြေတာကို ကြားလိုက်ရတဲ့ အချိန်မှာ အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့ပါတယ်။

"ကျောက်လန် နင့်ထက်အားနည်းတဲ့ လူတစ်ယောက်ကို အနိုင်ကျင့်တာက ဘယ်လောက်တောင် အထင်ကြီးစရာ ကောင်းလိုက်သလဲ။ အားလုံးက နင့်ကို အင်ပါယာ မြို့တော်ထဲမှာ နံပါတ်တစ် ပါရမီရှင် တစ်ယောက်လို့ ပြောနေကြတယ်။ ဒါကြောင့် ဘာဖြစ်လို့ ဒီနေ့မှာ နင့်ရဲ့ စွမ်းရည်တွေကို ငါ့ကို မပြတာလဲ"

"ရီမု သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ပိတ်ဆို့ပြီးတော့ သူ့ကို လင်းဟန်နဲ့ အဆင့်တူမှာ တိုက်ခိုက်လို့ ရအောင်လုပ်ပေးလိုက်"

သူမက အနောက်ကို လှည့်ပြီးတော့ အမျိုးသမီး အစောင့်တစ်ယောက်ကို အမိန့်ပေးလိုက်ပါတယ်။

"အမိန့်အတိုင်းပါ"

အမျိုးသမီးအစောင့်က နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိဘဲ ကျောက်လန်ကို သူမရဲ့ လက်ဝါးနဲ့ ဖိကပ်လိုက်ပါတယ်။

Chapter 990 end

အပိုင်း(991) တိုက်ပွဲဂင် ဗုဒ္ဓရွှေလက်သီး

ကျောက်လန်က ဒေါသလည်းထွက် အံ့အားလည်း သင့်သွားပေမဲ့ နံပါတ်ကိုး ဘုရင်ရဲ့ ဆန္ဒကို ဆန့်ကျင်ဖို့ မဝံ့ရဲပါဘူး။ နောက်ပြီးတော့ အမျိုးသမီး အစောင့်အရှောက်ကလည်း နေလအဆင့်ရဲ့

ပြင်းထန်အလယ်အလတ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ ခွန်အားက သူ့ထက် အဆပေါင်း ထောင်သောင်းနဲ့ချီအောင် ပိုပြီးတော့ သန်မာပါတယ်။

ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ချက်ချင်းပဲ ပိတ်ဆို့ခံလိုက်ရတာ အံ့သြစရာ မရှိပါဘူး။ အနက်ရောင် နတ်ဘုရား ချိန်းကြိုးနှစ်ခုက သူ့ရဲ့ တောင်မြစ်နှစ်ခု အပေါ်မှာ ပေါ်လာပြီး သူတို့ကို ချိတ်ပိတ်ထားပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ချက်ချင်းဆိုသလို ပြင်းထန်အလယ်အလတ် အဆင့်ကို လျော့ကျသွားပြီး လင်းဟန်နဲ့ အတူတူ ဖြစ်သွားပါတယ်။

ဒီနေရာမှာ သင်တန်းကျောင်းရဲ့ အစွမ်းထက်တဲ့ အကြီးအကဲတွေ အများကြီး ရှိပေမဲ့ ဘယ်သူကမှ ထွက်ပေါ်လာပြီးတော့ လင်းဟန်ကို အကူအညီ မပေးခဲ့ပါဘူး။ သူတို့က မဟာဗိုလ်ချုပ် ကျောက်ကို ထိတ်လန့်တာကြောင့် ဖြစ်ပါတယ်။ အခု နံပါတ်ကိုး ဘုရင်က ကိုယ်တိုင်ကိုယ်ကျ အမိန့်ပေးတာကြောင့် ဒီကိစ္စကို ဘယ်သူကများ စောဒက တက်ဝံ့မှာလဲ။

မဟာဗိုလ်ချုပ် ကျောက်နဲ့ နံပါတ်ကိုး ဘုရင်မှာ ဘယ်သူက ပိုပြီးတော့ လွှမ်းမိုးနိုင်စွမ်း ရှိသလဲ။

တကယ်လို့ ဗိုလ်ချုပ်ကျောက်က နံပါတ်ကိုး ဘုရင်ကို ရန်စဝံ့ရင် ဗိုလ်ချုပ် ခုနစ်ယောက်ကနေ ခြောက်ယောက်ပဲ ကျန်တော့မယ်ဆိုတာကို ဘယ်သူမှ သံသယ မဂင်မိပါဘူး။

"အခု နင်တို့နှစ်ယောက် ထပ်ပြီးတော့ တိုက်ခိုက်နိုင်ပြီ"

ဟူဖေးယွင်ရဲ့ လေသံက အေးစက်ပြီးတော့ သူမက ဘယ်သူ့ဘက်ကိုမှ ဘက်မလိုက်တဲ့ ပုံစံမျိုး ဖြစ်ပါတယ်။

ကျောက်လန် ဒေါသထွက်နေတာက သဘာဂကျပါတယ်။ ကမ္ဘာငယ်က ဒီအဆင့်နိမ့်တဲ့ကောင်က ဘယ်လိုမျိုး နတ်ဆိုးစွမ်းအားတွေ ပိုင်ဆိုင်ထားလဲ။ နှစ်ဂက်ဆိုတဲ့ အချိန်လေးမှာ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးနဲ့ နံပါတ်ကိုး ဘုရင်တို့က သူ့အတွက် ရပ်တည်ပေး ကြပါတယ်။ စွေ့ရန်ယွီနဲ့ ဂူလင်းယုရဲ့ အဆင့်အတန်းက အများကြီး နိမ့်ကျပေမဲ့ သူတို့တွေက မျိုးကောင်းမျိုးသန့် မိသားစုက ထင်ပေါ်ကျော်ကြားတဲ့ မိန်းမလှလေးတွေဖြစ်နေဆဲပါပဲ။

ကျောက်လန်က ယုံကြည်မှု အပြည့်နဲ့ ရယ်မောရင်း ပြောလိုက်ပါတယ်။

"တကယ်လို့ ငါတို့က ကျင့်ကြံခြင်း အဆင့်အတူတူမှာ တိုက်ရမယ်ဆိုရင်တောင် ဘာဖြစ်မှာလဲ။ ငါ ကျောက်လန်က ဒီနှစ်ပေါင်းတစ်ထောင် အတွင်းမှာ နံပါတ်တစ် ပါရမီရှင်ပဲ။ ငါ့ကို ဘယ်သူက စိန်ခေါ်နိုင်တဲ့ အစွမ်းရှိမှာလဲ"

ဒါပေမဲ့လည်း သူ့အနေနဲ့ ဒီတစ်ကြိမ်တော့ သူ့ပြိုင်ဘက်ကို ပေါ့သေးသေးလို့ မယူဆဝံ့တော့ပါဘူး။ သူ့ရဲ့လက်တွေကို လက်သီးတွေအဖြစ် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။

ဟုမ်း။

ရွှေရောင် အလင်းတန်းတွေက ချက်ချင်းပဲ သူ့ရဲ့လက်သီးတွေကနေ တလက်လက် တောက်ပလာခဲ့ပါတယ်။

သူ့ရဲ့ ကြွက်သား အရွယ်အစားတွေက ရုတ်တရက် ပေါက်ကွဲထွက်လာသလိုမျိုး သူ့အကျီက ဖုဖောင်းလာခဲ့ပါတယ်။

"ဒါက မဟာမိုလ်ချုပ်ကျောက်ရဲ့ အဆုံးမဲ့ နည်းစနစ်ဖြစ်တဲ့ တိုက်ပွဲဂင် ဗုဒ္ဓရွှေလက်သီး မဟုတ်လား"

လူတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"အမှန်ပဲ။ ဒါက မဟာမိုလ်ချုပ်ကျောက်ရဲ့ အဆုံးမဲ့ နည်းစနစ်တွေထဲက တစ်ခုပဲ။ ကောလာဟလတွေ

ပြောကြတာတော့ ဗိုလ်ချုပ်ကျောက်က နေလအဆင့်မှာ ရှိတုန်းက ဒီနည်းစနစ်ရဲ့ တိုက်ကွက်သုံးကွက်ကို အသုံးပြုပြီးတော့ နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ အစွမ်းထက် ရန်သူတစ်ယောက်ကို ပြားချပ်သွားအောင် ရိုက်ပစ်ခဲ့တယ်တဲ့။ အဲဒီတိုက်ပွဲကပဲ သူ့ကို မဟာလက်ရွေးစင် တစ်ယောက်ရဲ့ အဆင့်အတန်းကို ရရှိစေခဲ့တယ်"

"နှစ်တွေအများကြီး ကြာပြီးတဲ့နောက်မှာ ဗိုလ်ချုပ်ကျောက်က ဒီလက်သီးသိုင်းရဲ့ အစွမ်းကို သေချာပေါက် မြှင့်တင်ခဲ့လိမ့်မယ်"

"ကျောက်လန်က ဒီတစ်ကြိမ်တော့ တကယ့်ကို အလေးအနက် ထားနေပြီပဲ"

"ဒါပေါ့။ သူတို့နှစ်ယောက်စလုံးက အခုဆိုရင် ကျင့်ကြံခြင်း အဆင့် အတူတူမှာ ဖြစ်သွားပြီး လင်းဟန်ကလည်း ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ပဲ။ တကယ်လို့ သူက အလေးအနက် မထားဘူးဆိုရင် သူ့သေကြောင်းကို သူရှာတာနဲ့ အတူတူပဲ ဖြစ်နေမှာ မဟုတ်လား"

"လင်းဟန်က ကြက်သွေးရောင် ရေကန်ကျွန်းကို သုံးကြိမ်ရောက်ခဲ့တယ်လို့ ငါကြားဖူးတယ်။ ဒါကြောင့် သူက ကြယ်ငါးပွင့် ပါရမီရှင် အဆင့်ကို ရောက်နေတာရော မဖြစ်နိုင်ဘူးလား"

"ဟီးဟီး ကြယ်ငါးပွင့် ပါရမီရှင်တွေက ဒဏ္ဍာရီထဲမှာပဲ ရှိတယ်။ ဘယ်လိုလုပ်ပြီးတော့ လွယ်လွယ်နဲ့ ရောက်နိုင်မှာလဲ။ ကျွန်းပေါ်ကို သုံးကြိမ်ရောက်ခဲ့တာကတော့ ကျောက်လန်ထက် ပိုပြီးတော့ အထင်ကြီးစရာ ကောင်းတာက အမှန်ပဲ။ ဒါပေမဲ့လည်း သူက အများဆုံး ကြယ်လေးလုံးနဲ့ တစ်ဂက်လောက်ပဲ သာလွန်နိုင်လိမ့်မယ်။ သူက ကြယ်ငါးပွင့်တော့ မသာနိုင်လောက်ဘူး"

ကျောက်လန်က လင်းဟန်ဆီကို လျှောက်လာတဲ့ အချိန်မှာ ပရိသတ်တွေရဲ့ အကြား သူတို့ဘာသာ ဆွေးနွေးနေသံတွေက တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့လက်တစ်ဖက်နဲ့ ဘယ်ဘက်ခြမ်းက ဒဏ်ရာပေါ်ကို အုပ်ထားခဲ့ပါတယ်။ ကျောက်လန်ရဲ့ လက်ဝါးရိုက်ချက် အတွင်းမှာ သတ္တုတွေနဲ့ အရိုးတွေကိုတောင် အရည်ပျော် တိုက်စားနိုင်တဲ့ စွမ်းရည်တစ်ခု ပါရှိနေခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ ဒဏ်ရာထဲမှာ နတ်ဘုရား သင်္ကေတတွေတောင် ဖြစ်ပေါ်နေပြီး ဒီနတ်ဘုရား သင်္ကေတတွေက အဆက်မပြတ် လည်ပတ်ပြီး သူ့ရဲ့ ဒဏ်ရာကို ကုသမှုကနေ ဟန့်တားထားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ဒဏ်ရာကို မကုသနိုင်ခင် ဒီနတ်ဘုရား သင်္ကေတတွေကို ဖျက်ဆီးပစ်ရပါမယ်။ ဒါပေမဲ့လည်း ဒီနတ်ဘုရား သင်္ကေတတွေက သန်မာလွန်းပြီး သူ့ရဲ့ မူလစွမ်းအင်နဲ့တောင် သူတို့ကို မရှင်းထုတ်နိုင်ခဲ့ပါဘူး။ နောက်ပြီးတော့ အခုချိန်မှာ သူက အနက်ရောင် မျှော်စင်ထဲ ဝင်လို့မရနိုင်ပါဘူး။ အဲ့ဒါက ဒီနတ်ဘုရား သင်္ကေတတွေကို ဖယ်ရှားဖို့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းရည်ကို အသုံးမပြုနိုင်ဘူးလို့ ဆိုလိုပါတယ်။ သူက သူ့ဦးနှောက်ကို အသုံးချပြီးတော့ အကြံတွေ ထုတ်လို့ပဲ ရနိုင်ပါတယ်။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားပြီး ချက်ချင်းဆိုသလို သူ့ရဲ့ မီးတောက် နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်ပါတယ်။

နတ်ဘုရားသင်္ကေတတွေ တစ်ခုနဲ့တစ်ခု ထိတွေ့ပြီး မသက်ဆိုင်တဲ့ နတ်ဘုရား သင်္ကေတတွေက လျင်မြန်စွာနဲ့ လောင်ကျွမ်းပြီး ပြာကျသွားခဲ့ပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ။

ကျောက်လန်က သူ့ကိုတိုက်ခိုက်လိုက်တဲ့ အချိန်တုန်းက ရေနဲ့တူတဲ့ နတ်ဘုရား အလင်းရောင် အလွှာတစ်ခုကို တွေ့မြင်ခဲ့ပါတယ်။ အဲ့ဒါက ရေဓာတ် ကျင့်ကြံခြင်း နည်းစနစ် တစ်ခု ဖြစ်နိုင်ပါတယ်။

အဲဒါက မီးဓာတ်နဲ့ မတည့်ပါဘူး။ ပြီးတော့ တခြားတစ်ခုကို ဆန့်ကျင်ဖို့ တစ်ခုကို အသုံးပြုပြီးရင်ဆိုင်တာက ဒီဓာတ်သဘာဝ နည်းစနစ်တွေထဲမှာ အကောင်းဆုံး နည်းလမ်း ဖြစ်ပါတယ်။

"ကျင့်ကြံခြင်း အဆင့်တူထဲမှာတောင် ငါက မင်းကို အသာအယာလေး ရှင်းထုတ်ပစ်နိုင်တယ်"

ကျောက်လန်က သူ့ရဲ့လက်သီးတွေကို ဖော့ယမ်းပြီး တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"တိုက်ပွဲဝင် ဗုဒ္ဓရွှေလက်သီးရဲ့ ပထမတိုက်ကွက် တိမ်တွေနဲ့ လေပြင်းတွေကို မွှေနှောက်မဲ့ အားလိုင်း"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကျင့်ကြံခြင်းအဆင့် အတူတူထဲမှာ ငါ့ထက် ပိုပြီးတော့ သန်မာတဲ့ ပြိုင်ဘက်တစ်ယောက်ကို ဘယ်တုန်းကမှ မတွေ့ခဲ့ဘူး။ မင်းလည်း ထူးမခြားနားပါပဲ"

လင်းဟန်က ကျောက်လန်ရဲ့ တိုက်ခိုက်မှုကို မြေကျွမ်းမှာမှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်နဲ့ ပြန်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

ထန်။

ဒီတိုက်ခိုက်မှု ဖလှယ်ခြင်း အတွင်းမှာ လင်းဟန်က မလှုပ်မရှားပဲ ဂုဏ်ယူဂုဏ်ယူပင့်ကြွားစွာနဲ့ မားမားမတ်မတ် ရပ်နေပြီး ကျောက်လန်ကတော့ အနောက်ကို ခြေလှမ်းတော်တော်များများ ဆုတ်ပေးလိုက် ရပါတယ်။ သူ့ခန္ဓာကိုယ်ထဲက သွေးတွေ အပြင်းအထန် လှုပ်ရှားလာပြီး သူ့မျက်ကလည်း ဖြူလိုက် နီလိုက်ဖြစ်နေပါတယ်။

"သောက်ကျိုးနည်း ကျင့်ကြံခြင်း အဆင့်တူတူ တိုက်ခိုက်တဲ့ အချိန်မှာ ကျောက်လန်က တကယ်ပဲ လင်းဟန်အတွက် ပြိုင်ဘက်တစ်ယောက် မဟုတ်ခဲ့ဘူး"

ပရိသတ်တွေက စိတ်လှုပ်ရှားပြီးတော့ မယုံကြည်နိုင်အောင် ဖြစ်နေကြပါတယ်။ ကျောက်လန်ရဲ့ ပင်ကိုယ်စရိုက်ကို အသာထားပြီး သူ့ရဲ့သဘာဂ ပါရမီ အဆင့်ကပဲ ကြယ်ဥက္ကာ အင်ပါယာရဲ့ နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ နာမည်နဲ့ တကယ့်ကို ထိုက်တန်ပါတယ်။ သူက အရမ်းကို ကောင်းမွန်တဲ့ အလားအလာတစ်ခုကိုတောင် ဖော်ပြခဲ့ပြီး အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်တဲ့ အခွင့်အရေးတောင် ရှိပါတယ်။

သူ့လိုမျိုး ထူးခြားတဲ့ ပါရမီရှင် တစ်ယောက်က ကျင့်ကြံခြင်းအဆင့် အတူတူမှာ လူတစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အချိန်မှာ တကယ်ပဲ အရေးနိမ့်သွားခဲ့ပါတယ်။

"ဒီ လင်းဟန်။ သူ့ရဲ့ စွမ်းအားက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့် အကန့်အသတ် မဖြစ်နိုင်ဘူး။ ဖြစ်နိုင်တာက အထွတ်အထိပ်အဆင့်နဲ့ နီးနေလောက်တယ်"

"ငါသဘောတူတယ်။ သူ့ရဲ့လက်ဝါး နည်းစနစ်ကို ကြည့်ရတာ အရမ်းကို သမာရိုးကျ ပုံစံပေမဲ့ သူက ဒီလိုမျိုး ကြောက်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည် ရှိနေတယ်။ ဖြစ်နိုင်တာက သူ့ရဲ့အစွမ်းက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ထက် အများကြီး သာလွန်နေတာကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည် အဆင့်က တိုးလာတာ ဖြစ်ရမယ်"

"သောက်ကျိုးနည်း ဒါဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ်လို့ ပိုမြင့်မားတဲ့ လျှို့ဝှက် နည်းစနစ် တစ်ခုကို အသက်သွင်းမယ်ဆိုရင် ပိုပြီးတော့တောင် အစွမ်းထက်လာမယ်လို့ ဆိုလိုတာပဲ မဟုတ်လား"

"သူက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်တယ်"

အားလုံးက အံ့အားသင့်စွာနဲ့ ပြောဆိုနေကြပါတယ်။ သူတို့တွေက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ရဲ့ မြင့်တက်လာမှုကို တကယ်ပဲ မျက်မြင်ကြုံတွေ့ ရတော့မှာလား။

"သေစမ်း သေစမ်း"

ကျောက်လန်က ဒေါသတကြီး အော်ဟစ်ပြီး နောက်ထပ်တိုက်ခိုက်မှုတွေကို ထုတ်ဖော်လိုက် ပါတယ်။

"တိုက်ပွဲဂင် ဗုဒ္ဓရွှေလက်သီးရဲ့ ဒုတိယ တိုက်ကွက်။ ကမ္ဘာကို လွှမ်းမိုးမဲ့ အားလိုင်းသုံးခု"

ဘုန်း။

သူ့လက်သီးရဲ့ အစွမ်းက ချက်ချင်းဆိုသလို သုံးဆလောက် မြင့်မားလာခဲ့ပါတယ်။

စောစောတုန်းက လင်းဟာန်အနေနဲ့ သူ့ရဲ့က မြေကမ္ဘာ မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်နဲ့ တုံ့ပြန်ခဲ့ပါတယ်။ သူနဲ့ ကျောက်လန်တို့ နှစ်ယောက်စလုံးက သတ္တုဓာတ် ကျင့်ကြံခြင်း နည်းစနစ်တွေကို အသုံးပြုခဲ့ပြီး သတ္တုရောင်တွေ တလက်လက်တောက်ပကာ ရောယှက်သွားပြီး သူတို့နှစ်ယောက်စလုံးက သတ္တုစစ်ပွဲ နတ်ဘုရားတွေလို

ဖြစ်လာခဲ့ပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေ ရောယှက်သွားသလို သူတို့နှစ်ယောက်လုံး အနောက်ကို ခုန်ဆုတ်လိုက် ရပါတယ်။

ဒီတစ်ပွဲမှာ သူတို့က လက်ရည်ညီနေကြပါတယ်။

"ဟားဟားဟားဟား"

ကျောက်လန်က ရယ်မောပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"မင်းရဲ့အစွမ်းက ဒီလောက်ပဲလား။ ငါက ငါ့ရဲ့အစွမ်းထက်ဆုံး တတိယမြောက် တိုက်ကွက်ကိုတောင် မထုတ်ရသေးဘူး"

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းကိုယ်မင်း အရမ်းကို တော်နေပြီလို့ ခံစားနေတာက မင်းကိုယ်မင်း အရမ်းကို တော်တယ်လို့ လှည့်စားနေတာပဲ။ ဒါက ငါ့ရဲ့ခွန်အား အကုန်လုံးလို့ ဘယ်သူက ပြောလို့လဲ"

"ဒီလိုဆိုရင်"

ကျောက်လန်က နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ တိုက်ပွဲဝင် ဗုဒ္ဓရွှေလက်သီးရဲ့ ဒုတိယမြောက် တိုက်ကွက်ကို နောက်တစ်ကြိမ် ထုတ်ဖော်လိုက်ပါတယ်။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ္တုဒြပ်အလင်းရောင်စဉ်တွေ ရောယှက်သွားခဲ့ပါတယ်။

အရမ်းကို နည်းပါးတဲ့ လူနည်းစုလောက်ပဲ ကျောက်လန်ရဲ့ မျက်လုံးတွေမှာ သူတိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်တိုင်း ရွှေရောင်နည်းနည်း ဖြစ်လာတာကို တွေ့လိုက်ရပါတယ်။ တိုက်ကွက် ဆယ်ကွက် ဒါမှမဟုတ် အဲဒီထက်ပိုပြီးတဲ့နောက်မှာ သူ့မျက်လုံးတွေက လုံးဝကို ရွှေရောင်ဖြစ်သွားပါလိမ့်မယ်။

"တိုက်ပွဲဝင် ဗုဒ္ဓရွှေလက်သီးရဲ့ တတိယမြောက် တိုက်ကွက်။ နေနဲ့လကို ထိုးဖောက်မဲ့ အားလိုင်းကိုးခု"

ကျောက်လန်က အော်ဟစ်လိုက်ရင်း သူ့ခန္ဓာကိုယ်က အရမ်းကို လျင်မြန်စွာနဲ့ ကြီးထွားလာကာ အမြင့်ကိုးမီတာလောက်ရှိတဲ့ ရောမ ရွှေရောင်လူ့ဘီလူးကြီး တစ်ယောက်အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက နောက်ဆုံးမှာ သူ့ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ကို ထုတ်ဖော်ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကိုးဆလောက် တိုးမြင့်လိုက်ပါတယ်။

သူက လင်းဟန်ကို လွယ်လွယ်နဲ့ ရင်ဆိုင်လို့ မရခဲ့ပါဘူး။ အဲ့ဒီအစား သူ့ရဲ့ တတိယမြောက် တိုက်ခိုက်မှုကို မထုတ်ဖော်နိုင်ခင် သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခွန်အားကို အားကောင်းလာဖို့ လိုအပ်ခဲ့

ပါတယ်။ ဒါကြောင့် သူက အရင်ဆုံး ကိုးမီတာရှိတဲ့ ရွှေရောင်ခန္ဓာကိုယ် အခြေအနေကို ရောက်ဖို့ လိုအပ်ခဲ့ပြီး ဒါက အချိန်တော်တော်လေး လိုအပ်ပါတယ်။

ဒီပြောင်းလဲခြင်း ပြည့်စုံသွားတာနဲ့ သူက မြေကျွမှာကိုတောင် တုန်ခါစေနိုင်တဲ့ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဘုန်း။

ရောမ ရွှေရောင် လက်သီးကြီး တစ်လုံးက မိုးကောင်းကင်ပေါ်ကနေ ဆင်းသက်လာခဲ့ပါတယ်။ ထူးထူးခြားခြား ဘာမှမရှိပေမဲ့ ပေါက်ကွဲခြင်း စွမ်းအားတွေ အားလုံးနဲ့ ပြည့်နက်နေပါတယ်။

လင်းဟန်က သူ့ရဲ့ လက်ဝါးနဲ့ နောက်တစ်ကြိမ် ဆန့်ထုတ်ပြီး မြေကျွမှာ မှောက်လှန် ပိတ်ဆို့ခြင်း တံဆိပ်တော်ကိုပဲ ထုတ်ဖော်လိုက်ပါတယ်။

ပုန်း။

လက်သီးနဲ့ လက်ဝါး ထိတွေ့သွားပြီး သူတို့ရဲ့ အရွယ်အစားက အရမ်းကို ကွာခြားတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ရွှေရောင်လက်သီးက အညှာအတာ ကင်းမဲ့စွာနဲ့ ဆင်းသက်လာပြီး

လင်းဟန်ကို အနောက်ဆုတ်သွားအောင် တွန်းပို့နေခဲ့ပါတယ်။ တကယ်လို့ ဒီပြိုင်ပွဲကွင်းထဲက ကျောက်တုံးတွေ အနေနဲ့ ခိုင်မာမှု မရှိခဲ့ဘူးဆိုရင် မြေပြင်ပေါ်မှာ ခြေထောက်နစ်ချောင်းအရာကြီး ထင်ကျန်နေ ပါလိမ့်မယ်။

"ဟားဟားဟားဟား"

ကျောက်လန်က ရယ်မောပြီးတော့ သူ့ရဲ့ ရောမ လက်သီးကြီး နှစ်လုံးနဲ့ လင်းဟန်ကို ဒေါသတကြီး ထုချနေပါတယ်။

တိုက်ပွဲဝင် ဗုဒ္ဓရွှေလက်သီးမှာ တိုက်ကွက်သုံးကွက် ရှိပါတယ်။ နည်းစနစ်နဲ့ ပတ်သက်ရင် မတူညီမှုတွေ ရှိသလို ဘယ်လောက် အစွမ်းထက်လဲ ဆိုတဲ့ အချက်နဲ့ ပတ်သက်ရင်လည်း မတူညီပါဘူး။

တတိယမြောက် တိုက်ကွက်ရဲ့ စွမ်းအားသုံးစွဲမှုက ကြီးမားသလို ထွက်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုကလည်း တူညီမှု ရှိပါတယ်။ တကယ်တော့ ဒါက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကိုးဆလောက် တိုးမြှင့်ပေးနိုင်တဲ့ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ ဒီအချိန် အတွင်းမှာ ဒီနည်းစနစ်ကို သုံးစွဲတဲ့သူ အနေနဲ့ လုံးဝကိုပြိုင်ဘက်ကင်း ဖြစ်ပါတယ်။

ကျင့်ကြံခြင်း အဆင့်အတူထဲမှာ ဘယ်သူကများ သူ့ကိုစိန်ခေါ်နိုင်မှာလဲ။

Chapter 991end

အပိုင်း(992) နံပါတ်တစ် ပါရမီရှင် ဂုဏ်ပုဒ်အတွက် တိုက်ခိုက်ခြင်း

ကျောက်လန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“မင်းက နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်အတွက် ငါ့ကို စိန်ခေါ်ဖို့ အရမ်းကို အားနည်းလွန်းတယ်”

သူစကားပြောရင်းနဲ့ သူ့ရဲ့ ကိုးမီတာလောက် ရှည်လျားတဲ့ ရွှေရောင်ခန္ဓာကိုယ်ကနေ နားကွဲမတတ် ကျယ်လောင်တဲ့ အသံတစ်ခုကို ကြားလိုက်ရပါတယ်။

သူ့ရဲ့ လက်သီးတွေက လင်းဟန်ပေါ်ကို အညှာအတာ ကင်းမဲ့စွာနဲ့ ရိုက်ချနေသလို မြားတွေ တစ်ချောင်းပြီး တစ်ချောင်း ပစ်လွှတ်နေတာနဲ့ တူပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ဘယ်တော့မှ ရပ်ပစ်မဲ့ ပုံစံမျိုး မပေါ်ပါဘူး။

အားလုံးက ကျောက်လန်ရဲ့ လွှမ်းမိုးနိုင်တဲ့ ခွန်အားကြောင့် မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။

နှစ်ပေါင်းတစ်ထောင် အတွင်းမှာ နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ အတိုင်းပဲ သူ့ရဲ့ အစွမ်းက တကယ့်ကို အံ့သြစရာ ကောင်းလွန်းတယ်။ တကယ်လို့ သူက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထွတ် အဆင့်က ကျင့်ကြံခြင်းအဆင့် အတူတူမှာ တစ်ယောက်ယောက်နဲ့ တိုက်ခိုက်ရမယ်ဆိုရင် ဒီလိုမျိုး ပြင်းထန်ရက်စက်တဲ့ တရစပ် တိုက်ခိုက်မှုအောက်မှာ ဘယ်နှစ်ယောက်ကများ မားမားမတ်မတ် ရပ်တည်နိုင်မှာလဲ။

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်ပါတယ်။

ကျောက်လန်က ချက်ချင်းပဲ ရွှံ့နွံထဲမှာ နစ်သွားသလိုမျိုး ခံစားလိုက်ရပါတယ်။ သူက ခြေတစ်ဖက်နဲ့ အရှေ့ကို လှမ်းလိုက်ပါတယ်။ အံ့အားသင့်စရာ ကောင်းတာက သူ့ရဲ့ နောက်ထပ် ခြေထောက်တစ်ဖက်ကို မြေကြီးပေါ်ကနေ မဖို့ မဖြစ်နိုင်တာကို တွေ့လိုက်ရပါတယ်။ သူက အပြင်းအထန်ကို ရုန်းကန်လိုက်ပါတယ်။

"ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေလား"

ကျောက်လန်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

သူလည်း အရင်က ဆွဲငင်အားဓာတ်ရှိတဲ့ တောင်မြစ်ကျောက်တုံးတွေ ရရှိခဲ့ဖူးပါတယ်။ ဒါကြောင့် သူက လင်းဟန်အခု ဘာလုပ်လိုက်လဲ ဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက် ပါတယ်။ သူလည်း သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းပြီးတော့ လင်းဟန်ရဲ့ ဆွဲငင်အား နတ်ဘုရားသင်္ကေတရဲ့ အကျိုးသက်ရောက်မှုတွေကို ဖယ်ရှားလိုက် ပါတယ်။ အဲဒီနောက် သူက သူ့ရဲ့ရောမ ရွှေရောင်လက်သီးကို မြှောက်ပြီးတော့ လင်းဟန်ဆီကို နောက်တစ်ကြိမ် ထုရိုက်လိုက်ပါတယ်။

ဘုန်း။

ဒီတိုက်ခိုက်မှုက ကြောက်မက်ဖွယ်ရာ ကောင်းပြီးတော့ သူ့ရဲ့ ဖိအားက ပတ်ဂန်းကျင်ရဲ့ လေထုကိုတောင် အတက်အကျ ဖြစ်စေခဲ့ပါတယ်။

လင်းဟန်က ကြောက်ရွံ့ခြင်း အလျဉ်းကင်းပြီးတော့ ချက်ချင်းပဲ သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို အသက်သွင်းလိုက်ပါတယ်။

ကျောက်လန်က ချက်ချင်းဆိုသလို သူ့ရဲ့စိတ်ထဲမှာ အပ်တွေနဲ့ ဆွသလို ခံစားလိုက် ရပါတယ်။ သူက နာကျင်မှုကြောင့်

ညည်းတွားပြီး ရပ်လိုက်မိပါတယ်။ ဒါပေမဲ့လည်း သူက အရမ်းကို အတွေ့အကြုံ များတဲ့သူတစ်ယောက် ဖြစ်တာကြောင့် လင်းဟန်က သူ့ကို စိတ်ဝိညာဉ် တိုက်ခိုက်မှု တစ်ခုနဲ့ တိုက်ခိုက်လိုက်တယ် ဆိုတာကို ချက်ချင်းပဲ သတိပြုမိသွားပြီး အလျင်အမြန်ပဲ သူ့ရဲ့ နတ်ဘုရား အာရုံကို ခိုင်မြဲအောင် လုပ်ခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီတဒင်္ဂလောက် ရပ်သွားတာက ကျောက်လန်ရဲ့ လက်သီးကို သူ့ရဲ့ ပစ်မှတ် ဆုံးရှုံးသွား စေခဲ့ပါတယ်။ လင်းဟန်က ဒီအခွင့်အရေးကို အသုံးချပြီးတော့ သူ့ရဲ့ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီးတော့ သူ့ရဲ့ဘေးအစွန်ကို ပြင်းပြင်းထန်ထန် ထိုးချလိုက်ပါတယ်။

ပုန်း။

ကျောက်လန်ရဲ့ ခန္ဓာကိုယ်က အခုချိန်မှာ အရမ်းကို ကြီးမားတာကြောင့် သူက အရမ်းကို ပြင်းပြင်းထန်ထန်နဲ့ လဲကျသွားခဲ့ပါတယ်။ သူ့ရဲ့ မျက်နှာပေါ်မှာ မည်းမှောင်တဲ့ အမူအရာတစ်ခု ဖြတ်သွားပြီး မြေကြီးပေါ်ကို လဲကျသွားသလိုပဲ သူ့ပါးစပ်ကနေ ချက်ချင်းပဲ ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက် ရပါတယ်။

ကျောက်လန် ဒဏ်ရာရသွားပြီ။

တစ်ယောက်ယောက်က ကျင့်ကြံခြင်း အဆင့်အတူတူမှာ တိုက်ခိုက်ပြီးတော့ ကျောက်လန်ကို ဒဏ်ရာရသွားအောင် လုပ်နိုင်ခဲ့တယ်။

ဒီသတင်းက သေချာပေါက် မှင်တက်အံ့သြသွားစေနိုင်မဲ့ သတင်းတစ်ခု ဖြစ်ပါတယ်။ ကျောက်လန်ရဲ့ နာမည်က သူတို့ရဲ့ ပါးစပ်ဖျားမှာ ကျင့်ကြံခြင်း အဆင့်တူထဲက ပြိုင်စံရှားလို့ ပြောဆိုနေရတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သွေးအန်တဲ့အထိ သူက အရိုက်နက် ခံလိုက်ရပါပြီ။ တကယ်လို့ သူတို့က သူတို့မျက်လုံးတွေနဲ့သာ မမြင်တွေ့ခဲ့ဖူးဆိုရင် ဘယ်သူကများ ဒါကို ယုံကြည်နိုင်မှာလဲ။

"အား"

ကျောက်လန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပြီး သူ့ရဲ့ ရောမ ရွှေရောင်ခန္ဓာကိုယ်ကနေ မရေမတွက်နိုင်တဲ့ သွေးကြောတွေက ဖောင်းထွက်လာခဲ့ပါတယ်။ အဲဒီသွေးကြောတွေက ရာနဲ့ချီတဲ့ ရွှေမြွေတွေနဲ့ တူပြီးတော့ ရက်စက်ကြမ်းကြုတ်တဲ့ အရှိန်အဝါတစ်ခုနဲ့ ရောင်ပြန်ဟပ် နေပါတယ်။ မြေကြီးကို လက်တွေနဲ့ တစ်ချက်ရိုက်ချပြီး သူ့ရဲ့ ခန္ဓာကိုယ်က

ချက်ချင်းဆိုသလို ပြန်တည့်မတ်သွားပါတယ်။ အဲဒီနောက် သူက လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား လိုက်ပါတယ်။

ဘုန်း။

သူ့လက်သီးက လွှမ်းမိုးနိုင်စွမ်းရှိတဲ့ နတ်ဘုရား တောင်ကြီးတစ်လုံး အပေါ်ကို ထိုးချလိုက် ရသလိုပါပဲ။

"ငါပြောသားပဲ။ တကယ်လို့ ငါတို့တွေက ကျင့်ကြံခြင်း အဆင့်အတူတူမှာဆိုရင် မင်းကို လက်တစ်ဖက်နဲ့ ထိန်းချုပ်နိုင်တယ်လို့ ငါပြောဖူးတာပဲ"

လင်းဟာန်က သူ့ဘယ်ဘက်လက်ကို အနောက်မှာ ပစ်ထားပြီးတော့ ညာဘက်လက်နဲ့ ကျောက်လန်ဆီကို ရိုက်ချလိုက်ပါတယ်။ ဒါပေမဲ့လည်း ဒါက သူ့ရဲ့အဓိက တိုက်ခိုက်မှု မဟုတ်ပါဘူး။ သူက နောက်ထပ်တစ်ကြိမ် စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးနဲ့ ကျောက်လန်ကို တိုက်ခိုက်လိုက်ပါတယ်။

တန်ခိုးရှင်တွေကလည်း သူတို့ရဲ့စိတ်ဝိညာဉ်ကို ကျင့်ကြံအားထုတ်ကြပါတ်ယ။ လင်းဟာန်က တောင်မြစ်ကျောက်တုံးတွေ အသုံးပြုပြီးတော့ သူ့ရဲ့ခွန်အားကို တန်ခိုးရှင်အဆင့်ထိ တိုးမြင့်နိုင်ခဲ့ပေမဲ့ သူ့မှာ နတ်ဘုရားအာရုံနဲ့ ပတ်သက်ပြီး

ကြီးထွားလာဖို့ အတွေ့အကြုံမရှိဘဲ သက်ဆိုင်ရာ နားလည်သဘောပေါက်မှု ကင်းမဲ့နေပါတယ်။

သူ့ရဲ့ နတ်ဘုရား အာရုံက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ သာမန်ကျင့်ကြံသူတွေထက် ပိုပြီးတော့ အစွမ်းထက်နေရတဲ့ အကြောင်းအရင်းက ပြန်လည်မွေးဖွားခြင်း လက်ဖက်ရည်ကို တစ်ငုံစာ သောက်ခဲ့လို့ ဖြစ်ပါတယ်။ သူ့ရဲ့ ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ဒုတိယအလွှာက အစွမ်းနဲ့အတူ ပေါင်းစည်းပြီး သူ့ရဲ့ နတ်ဘုရား အာရုံက အစွမ်းထက်လာတဲ့ အပြင် မယုံနိုင်စရာ ကောင်းလောက်အောင်လည်း ခိုင်မာပါတယ်။ သူ့ရဲ့ နတ်ဘုရား အာရုံက တောင်မြစ်အဆင့်က သာမန်ကျင့်ကြံသူတွေထက် နည်းနည်းလေးမှ အားမနည်းနိုင်ပါဘူး။

တောင်မြစ်အဆင့်ကို အဆင့်တက်ပြီးတဲ့နောက်မှာ သူ့ရဲ့နတ်ဘုရား အာရုံ သန်စွမ်းမှုက အရည်အသွေးပိုင်း ပြောင်းလဲမှု တစ်ခု ဖြစ်ခဲ့ပြီး ပြင်းထန်အလယ်အလတ် အဆင့်က သာမန်ကျင့်ကြံသူတွေ အောင်မြင်မှု ရနိုင်တဲ့ အဆင့်ထက် သာလွန်သွားခဲ့ပါတယ်။ အဲဒါက ပြင်းထန်အလယ်အလတ် အဆင့်က ကျင့်ကြံသူတွေနဲ့ ယှဉ်လို့ရသလို ပြီးပြည့်စုံခြင်း အဆင့်နဲ့တောင် ယှဉ်ကောင်းယှဉ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် ကျောက်လန်က လင်းဟန်ရဲ့ စိတ်ဝိညာဉ် တိုက်ခိုက်မှုကို သူ့ရဲ့ နတ်ဘုရား အာရုံက ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေရင်တောင်မှ တားဆီးနိုင်လိမ့်မှာ မဟုတ်ပါဘူး။ စိတ်ဝိညာဉ် တိုက်ခိုက်မှုက သူ့အပေါ်မှာ အနည်းငယ်ပဲ သက်ရောက်နိုင်ပေမဲ့ ဒါက လက်ရွေးစင်တွေ အကြားက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒီအနည်းငယ်က တိုက်ပွဲရဲ့ ရလဒ်အပေါ်မှာ လွှမ်းမိုးနိုင်ဖို့ လုံလောက်ပါတယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

ကျောက်လန်ရဲ့ တိုက်ခိုက်မှုတွေက အစွမ်းထက်ပေမဲ့ တစ်ချက်မှ သူတို့ရဲ့ ပစ်မှတ်ကို ထိမှန်နိုင်စွမ်း မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီတိုက်ခိုက်မှုတွေက အစွမ်းထက်တော့ရော ဘာလုပ်လို့ ရမှာလဲ။ ကျောက်လန်က လင်းဟန်ကို သူ့လက်ဝါးတွေနဲ့ အညှာအတာ ကင်းမဲ့စွာနဲ့ ရိုက်လိုက် ဒါမှမဟုတ် ဆောင့်နင်းလိုက် လုပ်နေပါတယ်။

သူ့ရဲ့ ရွှေရောင်ခန္ဓာကိုယ်က ကျယ်လောင်တဲ့ အသံတွေ အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါတယ်။

ကျောက်လန်ရဲ့ နံပါတ်တစ် ပါရမီရှင်ဆိုတဲ့ ဂုဏ်ပုဒ်က အချိန်တိုတိုလေး အတွင်းမှာ တစ်ဖက်သတ် ရိုက်နှက်ခံရပြီးတော့ အဆုံးသတ်သွားလိမ့်မယ်လို့ ဘယ်သူကများ တွေးမိမှာလဲ။

ကျောက်လန်က ဒေါသတကြီး ဖြစ်လာခဲ့ပါတယ်။ သူက လူတွေအများကြီးရဲ့ အရှေ့မှာ အရိုက်နှက် ခံနေရပြီး ဘယ်လောက်တောင် ဆိုးဝါးတဲ့ အရှက်ရမှုတစ်ခု ဖြစ်နေလိုက်မလဲ။ သူ့ရဲ့ အမူအရာက တင်းမာခက်ထန်လာပြီး သူ့ခန္ဓာကိုယ်ကနေ ချက်ချင်းဆိုသလို အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုက ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက အရမ်းကို ရှေးကျတဲ့ အရှိန်အဝါ တစ်ခု ဖြစ်ပြီးတော့ အံ့သြဖွယ်ရာ အစွမ်းတစ်ခုနဲ့အတူ ပြည့်လျှံလို့ နေပါတယ်။

"နိုင်ငံရဲ့ စွမ်းအား"

လူတော်တော်များများက အံ့အားသင့်စွာနဲ့ ရေရွတ်လိုက်မိပါတယ်။

သိပ်မကြာခင် အချိန်တုန်းက ဧကရီ ဘုရင်မဟာ ကျောက်လန်ကို အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်အဖြစ် ချီးမြှင့်မြှောက်စားခဲ့ပြီး အဲဒါက နိုင်ငံစွမ်းအားကို သူက အသုံးပြုလို့ ရတယ်လို့ ဆိုလိုပါတယ်။ သူက ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်တို့လို

စွမ်းအားအများကြီး ထုတ်ယူသုံးစွဲလို့ မရနိုင်ပေမဲ့ တကယ်လို့ တားမြစ်ချက် မရှိဘူးဆိုရင်တောင် သူ့ရဲ့ နိမ့်ကျတဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ အများကြီး ထုတ်ယူနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ကျောက်လန်ရဲ့ အားနည်းချက်က ချက်ချင်းဆိုသလို နိုင်ငံစွမ်းအားရဲ့ ထောက်ပံ့မှုအောက်မှာ ပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့ရဲ့ ရွှေရောင်ခန္ဓာကိုယ်က နောက်တစ်ကြိမ် အလင်းရောင်တွေ တလက်လက် တောက်ပလာပြီး အရင်ကထက်တောင် ပိုပြီးတော့ တောက်ပလာခဲ့ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း ဂုန်း။

သူက ဒီအခွင့်အရေးကို ဆုပ်ကိုင်ပြီး တန်ပြန်တိုက်စစ် ဆင်လိုက်ကာ လင်းဟာန်ကို ချက်ချင်းပဲ အဆက်မပြတ် နောက်ဆုတ်သွားစေဖို့ ဖိအားပေးလိုက်ပါတယ်။

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ နိုင်ငံစွမ်းအားရဲ့ အထောက်အပံ့နဲ့အတူ ကျောက်လန်ရဲ့ နတ်ဘုရား အာရုံကို ကြည့်ရတာ ကာကွယ်မှု အလွှာအပိုတစ်ခုတောင် ရရှိသွားပုံ ပါပဲ။ သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ထုတ်ဖော်တိုက်ခိုက်လိုက်တဲ့ အချိန်မှာ ပြန်ကန်ထွက်လာပြီးတော့

ကျောက်လန်ကို လုံးဂကို ထိခိုက်နာကျင်အောင် မလုပ်နိုင်တော့ပါဘူး။

"သေစမ်းကွာ"

ကျောက်လန်ရဲ့ မျက်လုံးတွေက ဒေါသနဲ့အတူ နီရဲလာပြီး သူ့ရဲ့ရောမ ခန္ဓာကိုယ်ကြီးက မြေပြင်ပေါ်မှာ ကြီးမားတဲ့ အရိပ်ကြီး တစ်ခုတောင် ဖြစ်ပေါ်နေပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက နိုင်ငံစွမ်းအားကို အသုံးပြုပြီးတော့ မင်းရဲ့ နတ်ဘုရားအာရုံကို ကာကွယ်ဖို့နဲ့ မင်းရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်တစ်လုံးပဲ တိုးမြှင့်နိုင်ရုံပါပဲ။ အဲဒါက မင်းမှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ခန္ဓာကိုယ် တစ်ခု ရှိတာနဲ့ မတူဘူး။ ဘာဖြစ်လို့ မင်းက အရမ်းကို ဂင့်ကြွားပြနေရတာလဲ"

လင်းဟန်က မြားတစ်ချောင်းကို မပစ်လွှတ်ခင်မှာ ချက်ချင်းပဲ သူနဲ့ ကျောက်လန်အကြားက အကွာအဝေးကို တိုးလိုက်ပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်က လေးတစ်လက်နဲ့ တူပြီးတော့ သူ့ရဲ့ မူလစွမ်းအင်က မြားတစ်ချောင်းလိုပါပဲ။

ကျောက်လန်က အရမ်းကို အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက သိပ်မကြာခင် အချိန်တုန်းက ပိုင်ယွင်စီကို သတ်ပစ်ခဲ့တဲ့ နည်းစနစ် ဖြစ်ပါတယ်။ ဒီမြားရဲ့ ခွန်အားက နိုင်းယှဉ်ကြည့်ရင် မေးမှိန်နေပေမဲ့ သူ့ခွန်အားရဲ့ ကြီးမားတဲ့ အစိတ်အပိုင်းကလည်း အခုချိန်မှာ ပိတ်ဆို့ခံထား ရပါတယ်။ သူက ဒီမြားကို ပေါ့ပေါ့သေးသေး သတ်မှတ်လို့ မရနိုင်ပါဘူး။

သူက အရမ်းကို ခက်ခဲစွာနဲ့ သူ့လက်ကို မြှောက်လိုက်ပါတယ်။

ဖူး။

မြားက သူ့လက်မောင်းကို ထိုးစိုက်သွားပြီး သူ့ရဲ့ရွှေခန္ဓာကိုယ်နဲ့တောင် မြားအစွမ်းကို တားဆီးနိုင်စွမ်း မရှိခဲ့ပါဘူး။

ကျောက်လန်ရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူ့လက်မောင်းကနေ သွေးတွေ စီးကျ လာခဲ့ပါတယ်။ နိုင်ငံစွမ်းအားကို ထုတ်ယူပြီးတဲ့နောက်မှာ သူပထမဆုံး တွေးလိုက်မိတာက အနိုင်ပွဲကို သူ့လက်နဲ့ ဆုပ်ကိုင်မိပြီလို့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ကို ပိုပြီးတော့ မယုံကြည်နိုင်အောင် ဖြစ်သွားရတာက သူ့ပါးကို လင်းဟန်က ချက်ချင်းပဲ ဖြတ်ရိုက်ချ လိုက်သလိုပါပဲ။

ဒါက အဆုံးမဲ့မြား မဟုတ်ခဲ့ပါဘူး။ ဒါကြောင့် လင်းဟန်က ဒီမြားချက်ကို ပစ်လွှတ်ပြီးတဲ့နောက်မှာ သူ့ရဲ့ ခွန်အားတွေအားလုံး ကုန်ခမ်းသွားခြင်း မရှိခဲ့ပါဘူး။ သူက ချက်ချင်းပဲ သူ့လေးကို ထုတ်ယူပြီး နောက်ထပ် မြားတစ်ချောင်း ပစ်လွှတ်လိုက်ပါတယ်။

ထန် ထန် ။

ကျောက်လန်က လင်းဟန်မြားတစ်ချောင်း ပစ်လိုက်တိုင်း အနောက်ကို ခြေတစ်လှမ်း ဆုတ်ရပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က အပေါက်တွေ ဗလပွ ဖြစ်နေပြီး သူ့ရဲ့ ရွှေခန္ဓာကိုယ်တောင် ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားရဲ့ စွမ်းအားကို ခုခံနိုင်စွမ်း မရှိခဲ့ပါဘူး။

“အား”

ကျောက်လန်ရဲ့ ဒေါသတကြီးနဲ့ အော်ဟစ်သံ ထွက်ပေါ်လာသလို သူ့ခန္ဓာကိုယ် အပေါ်က ရွှေရောင်အလင်းတန်းတွေကလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အရွယ်အစားက မူလအရွယ်အစားကို ကျုံ့သွားခဲ့ပါတယ်။ ကိုးမီတာလောက် မြင့်မားတဲ့ ရွှေခန္ဓာကိုယ်က သူ့ရဲ့တိုက်ပွဲ စွမ်းရည်ကို ကိုးဆထိ တိုးမြှင့်ပေးနိုင်ပေမဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေအတွက် ကြီးမားတဲ့ ပစ်မှတ် တစ်ခုလည်း ဖြစ်စေခဲ့ပါတယ်။

"ကျောက်လန်က အညံ့ခံ အရှုံးပေးလိုက်တာများ ဖြစ်နိုင်မလား"

"ငါ့ရဲ့ အစစ်အမှန် ခွန်အားကို မင်းမြင်အောင် ပြရမှာပေါ့"

ကျောက်လန်က ခက်ထန်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူက ညာဘက်လက်ကို ဆန့်ထုတ်ပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် မှင်ရည်လိုမျိုး မည်းနက်လာခဲ့ပါတယ်။

လင်းဟာန်ရဲ့ နှလုံးသားက တဒိတ်ဒိတ် ခုန်သွားခဲ့ပါတယ်။ ဒါက အရင်တုန်းက ကျောက်လန်ရဲ့ တိုက်ခိုက်မှုမှာ ပါဝင်တဲ့ အရှိန်အဝါ ဖြစ်ပါတယ်။ ဒီအရှိန်အဝါက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကိုတောင် စုတ်ဖြဲပြီး သူ့ရဲ့ နတ်ဘုရားအရိုးတွေအထိ တိုက်စားနိုင်တဲ့ စွမ်းရည်ရှိပါတယ်။

"ဒါက ကျောက်လန် တစ်ချိန်လုံး လေ့ကျင့်နေတဲ့ ရှေးဟောင်းပညာ တစ်ခုများလား"

သူ့ရဲ့စိတ်ထဲမှာ မရေမတွက်နိုင်တဲ့ အတွေးတွေ လွင့်ပျံလာပေမဲ့ သူ့ရဲ့ လက်တွေကတော့ နည်းနည်းလေးမှ မနေးသွားခဲ့ပါဘူး။ ချက်ချင်းဆိုသလို နောက်ထပ်မြားတွေကို ပစ်လွှတ်လိုက် ပါတယ်။

ကျောက်လန်က ရှောင်တိမ်းရမဲ့အစား ဒေါသတကြီးနဲ့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် လာခဲ့ပါတယ်။

ဖူး။

မူလစွမ်းအင်မြားက ကျောက်လန်ရဲ့ ခန္ဓာကိုယ်နဲ့ ထိသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်ရဲ့ ခန္ဓာကိုယ်က မယုံနိုင်စရာကောင်းလောက်အောင် အရည်နဲ့တူတဲ့ အခြေအနေ တစ်ခုကို ပြောင်းလဲသွားပြီးတော့ ဝါဂွမ်းပုံစံနဲ့ တူပါတယ်။ မြားက ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်ကို ဖြတ်သွားပါတယ်။

အဲဒီနောက် ရေနဲ့တူတဲ့ လှိုင်းတွန့်တွေက သူ့ရဲ့ စုတ်ပြဲသွားတဲ့ ခန္ဓာကိုယ်ကို သူ့ဘာသာသူ ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။ နတ်ဘုရား ပစ္စည်းတစ်ခုက ဘယ်လောက်ပဲ အစွမ်းထက်ပါစေ စီးဆင်းနေတဲ့ ရေကို ရပ်တန့်သွားအောင်လို့ လုပ်နိုင်မှာတဲ့လား။

Chapter 992 end

အပိုင်း(993) တိုက်စားခြင်းရေ သုံးထောင်

ရွှစ်။

ကျောက်လန်က လင်းဟန်နားကို ရောက်လာပြီး သူ့လက်သီးနဲ့ လင်းဟန်အပေါ်ကို ထုချလိုက် ပါတယ်။

လင်းဟန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ ခတ်ထုတ်လိုက်ပေမဲ့ ချက်ချင်းပဲ အံ့အားသင့်စရာ ကောင်းတဲ့ အချက်ကို

တွေ့လိုက်ရပါတယ်။ ကျောက်လန်ရဲ့ လက်တွေက စီးဆင်းနေတဲ့ ရေလိုမျိုး ဖြစ်လာပြီးတော့ သူ့ရဲ့ ခုခံမှုကို ဖောက်ဝင်လာပြီးတော့ သူ့ရင်ဘတ်ဆီကို တိုက်ခိုက်မှုက တိုးဝင် လာခဲ့ပါတယ်။

ထန်။

သူက ချက်ချင်းပဲ လွင့်ထွက်သွားပြီးတော့ လေထဲမှာ ကျွမ်းသုံးပတ်လောက် ထိုးပြီးမှပဲ မြေကြီးပေါ် ကျသွားခဲ့ပါတယ်။ လင်းဟန်က ငုံ့ကြည့်လိုက်တဲ့ အခါမှာ သူ့ရင်ဘတ်က တကယ်ပဲ တိုက်စားခံနေရပြီး အရိုးတွေကိုတောင် တွေ့မြင်နိုင်ပါတယ်။

ဒီလိုမျိုး တိုက်ခိုက်မှုပဲ။

"ဟားဟားဟား"

သူ့ရဲ့ တိုက်ခိုက်မှုက အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာကို တွေ့မြင်လိုက်ရတဲ့ အခါမှာ ကျောက်လန်က ဟက်ဟက်ပက်ပက်နဲ့ ကျယ်လောင်စွာ ရယ်မောလိုက်ပြီး နောက်ထပ် သူ့ရဲ့ လက်သီးတိုက်ခိုက်မှုတွေကို မရပ်မနားပဲ ထုတ်ဖော်လိုက်ပါတယ်။

ဒါက သူလေ့ကျင့်ထားတဲ့ ရှေးဟောင်းပညာရပ် ဖြစ်ပြီးတော့ တိုက်စားခြင်းရေ သုံးထောင်လို့ ခေါ်ပါတယ်။ အစောပိုင်းတုန်းက သူက ရေတံခွန်တစ်ခုရဲ့အောက်မှာ ရပ်ပြီးတော့ စီးဆင်းနေတဲ့ ရေရဲ့

စည်းချက်ကို လေ့လာစူးစမ်းပြီးတော့ ဒီရှေးဟောင်းပညာရပ်ကို ကျွမ်းကျင်လာခဲ့ပါတယ်။

ပြီးတော့ အခု သူဒီပညာကို အသုံးပြုလိုက်တဲ့ အခါမှာ ဒီတိုက်ကွက်ရဲ့ အစွမ်းက တကယ့်ကို မယုံနိုင်စရာ ကောင်းလှပါတယ်။

ဒီအခိုက်အတန့်မှာ လင်းဟန်က ဒီတိုက်ခိုက်မှုကို တုံ့ပြန်ဖို့ နည်းလမ်းကောင်း မရှိပဲ အနောက်ကို အဆက်မပြတ် ဆုတ်ပေးရုံပဲ တတ်နိုင်ပါတယ်။

ကျောက်လန်က အရည်တစ်ခု အဖြစ်ကို ပြောင်းလဲသွားသလိုမျိုး ဘာမှကို လုပ်လို့ မရခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုက်ခိုက်မှုနောက်က စွမ်းအားနဲ့ဆိုရင် ရောမ မြစ်ကြီးတစ်စင်းတောင်မှ ရေစက်ပေါင်း ဘီလျံနဲ့ချီပြီးတော့ ရိုက်ထုတ်ခံလိုက် ရနိုင်ပါတယ်။ ဒါကြောင့် ကျောက်လန်က စုတ်ပြတ်သတ်နေတဲ့ ခန္ဓာကိုယ်နဲ့ ပျက်စီးနေတဲ့ အရိုးတွေ အဖြစ်ကို ပြောင်းလဲသွားနိုင်ပါတယ်။

လက်ရှိအခြေအနေမှာတော့ ကျောက်လန်က ရေရဲ့ဓာတ်သဘာဖြစ်တဲ့ ပျော့လွယ်ပြောင်းလွယ်မှု တစ်ခုကို

အပြည့်အဝ ထုတ်ဖော်ပြနေပြီး သူ့အပေါ်ကို ဘယ်လိုအင်အားကမှ သက်ရောက်နိုင်မှ မရှိပါဘူး။

"မင်းရဲ့ခွန်အားက ဘယ်လောက်ပဲ မိုးထိအောင် မြင့်မားနေပါစေ ငါ့ကို နည်းနည်းလေးတောင် ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မှာတဲ့လား"

"ဟားဟားဟား အစစ်အမှန် စွမ်းအားဆိုတာ ဒါပဲကွ"

ကျောက်လန်က အရှုံးအမူးကို ရယ်မောပြီးတော့ လက်သီးထိုးချက်တွေကို အလျင်အမြန်နဲ့ တရစပ် ထုတ်ဖော်လိုက်ပါတယ်။

နိုင်ငံစွမ်းအားရဲ့ မြှင့်တင်ပေးမှုနဲ့အတူ သူက အခုချိန်မှာ အသေးစားအဆင့်တစ်ခု ပိုပြီးတော့ သာလွန်နေပါတယ်။ နောက်ပြီးတော့ နိုင်ငံစွမ်းအားက သူ့ရဲ့ နတ်ဘုရားအာရုံကို ကာကွယ်ပေးတဲ့ သက်ရောက်မှုလည်း ရှိပါတယ်။ ပြီးတော့အခု သူ့ရဲ့ တိုက်စားခြင်းရေ သုံးထောင်က လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ခြိမ်းခြောက်လာခဲ့ပါပြီ။
ဘယ်လိုရှုထောင့်ကပဲကြည့်ကြည့် သူ့ရဲ့ အနိုင်ပွဲက သေချာနေပါပြီ။

"အဆင့်တူတွေထဲက တိုက်ပွဲတစ်ခုမှာ ငါက စစ်မှန်တဲ့ ပြိုင်ဘက်ကင်း တစ်ယောက်ပဲ"

ကျောက်လန်ရဲ့ ကြွားလုံးထုတ်မှုကို ကြားလိုက်ရတဲ့ အခါမှာ ရှားယွန်က လက်မခံတဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့အနေနဲ့ ရွေးချယ်စရာ မရှိပဲ အဆင့်တူရဲ့ တိုက်ပွဲ တစ်ခုမှာ သူက ကျောက်လန်အတွက် ပြိုင်ဘက်တစ်ယောက် မဟုတ်ဘူးဆိုတာကို ဂန်ခံလိုက် ရပါတယ်။ သူက ကျောက်လန်ကို အတိတ်တုန်းက အနိုင်မယူခဲ့ပါဘူး။ ပြီးတော့ အခုဆိုရင် သူ့ကို ပိုပြီးတော့တောင် အနိုင်မယူနိုင်တော့ပါဘူး။

သူ့ကိုယ်သူ စီးဆင်းနေတဲ့ ရေတစ်ခုအဖြစ်ကို ပြောင်းလဲတဲ့ ဒီတိုက်ကွက်က တိုက်စားခြင်း စွမ်းအား တစ်ခု ပြည့်နှက်နေတဲ့ ရှေးဟောင်းပညာရပ် တစ်ခုဖြစ်ပြီးတော့ တကယ်ပဲ အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

"တိုက်စားခံလိုက်ရတဲ့ ရေအိုင်တစ်ခု ဖြစ်လာရုံပါပဲ"

ကျောက်လန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူ့ရဲ့ မျက်လုံးတွေက အေးစက်စက် အလင်းရောင်တစ်ခု ထွက်ပေါ်လို့ နေပါတယ်။

သူ့ကို လင်းဟန်က အချိန်အတော်ကြာအောင် ဖိအားပေးတာ ခံရပြီးတော့ ဒီရှေးဟောင်းပညာကို ထုတ်ဖော်ရတဲ့အထိ ဖြစ်လာတာကြောင့် သူ့ကို အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ ဒါက သူ့ရဲ့ အကြီးမားဆုံး ဝှက်ဖဲတွေထဲက တစ်ခုဖြစ်သင့်ပြီး သူ့ထက် အစွမ်းထက်တဲ့ ရန်သူတွေကို ဖိနှိပ်ဖို့ အတွက်ပဲ အသုံးပြုသင့်ပါတယ်။ အခုတော့ သူက ဒီပညာရပ်ကို ထုတ်သုံးပြီးတော့ ရင်ဆိုင် နေရပါတယ်။ သူက သေချာပေါက် တခြားသူတွေရဲ့ ပစ်မှတ်ထားခြင်းကို ခံရမှာ ဖြစ်ပြီးတော့ ဒီပညာရပ်ကို တုံ့ပြန်နိုင်မဲ့ နည်းလမ်းတစ်ခုကို ကြိုးစားပြီး ရှာဖွေကြပါလိမ့်မယ်။

လင်းဟန်ရဲ့စိတ်ထဲမှာ အတွေးတွေက လျှပ်စီးတွေလို တလက်လက်တောက်ပ သွားခဲ့ပါတယ်။ အရင်တုန်းက သူက မီးတောက်နတ်ဘုရား သင်္ကေတတွေကို အသုံးပြုပြီးတော့ ရေတွေရဲ့ တိုက်စားခြင်း အဆိပ်ကို ပယ်ဖျက်ခဲ့ပါတယ်။ ဒါကြောင့် သူက ဒါကိုအသုံးပြုပြီးတော့ တစ်ဖက်ကို ထိန်းနိုင်မလား။

ဒါက အလုပ်ဖြစ်လိမ့်မယ်လို့ သူက ယုံကြည်နေပါတယ်။ သူက မီးတောက်နတ်ဘုရား သင်္ကေတတွေကို လည်ပတ်လိုက်ပြီးတော့ မူလစွမ်းအင် မြားတစ်ချောင်းကို ပစ်လွှတ်လိုက်တာနဲ့ အစောပိုင်းက

အဖြူရောင်မြားရဲ့ အပေါ်မှာ အနီရောင် အလင်းတန်းတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ကျောက်လန်က မကြောက်မရွံ့တဲ့အပြင် ခုခံကာကွယ်ဖို့တောင် စိတ်မကူးထားပါဘူး။ သူက နောက်တစ်ကြိမ် တူညီတဲ့ လှည့်ကွက်ကို အသုံးပြုချင်နေခဲ့ပြီး မြားကို သူ့ခန္ဓာကိုယ်ကို ဖြတ်ကျော်သွားခွင့် ပြုချင်နေခဲ့ပါတယ်။

မြားက သူ့ပစ်မှတ်ကို ရောက်ရှိသွားပြီးတော့ လွဲချော်ခြင်းမရှိပဲ ကျောက်လန်ရဲ့ ဘယ်ဘက်ပခုံးကို ထိမှန်သွားပါတယ်။ ဒါပေမဲ့ သူထင်ထားသလို မဟုတ်ပဲ မြားက သူ့ကို ထိခိုက်ပျက်စီးမှု နည်းနည်းလေးမှ ရှိတဲ့နေရာကို ပစ်ခဲ့တာ မဟုတ်ပါဘူး။ ချက်ချင်းဆိုသလို သူ့အမူအရာက အံ့အားသင့်သွားတဲ့ အမူအရာတစ်ခုကို ပြောင်းသွားပြီး သူ့မျက်နှာပေါ်မှာ နာကျင်မှု တစွန်းတစ်စကို တွေ့မြင်လိုက်ရပါတယ်။

သူ့ပခုံးကနေ အနက်ရောင် မီးခိုးတွေ အူထွက်လာပြီးတော့ အသားလောင်ကျွမ်းတဲ့ အနံ့တစ်ခုမျိုး ထွက်ပေါ်လာပါတယ်။

ကျောက်လန်က ဒယိမ်းဒယိုင်နဲ့ နောက်ဆုတ်သွားပြီး သူ့မျက်နှာပေးမှာ မယုံကြည်နိုင်ခြင်းတွေနဲ့ အတူ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။

လင်းဟာန်က သူ့ရဲ့ တိုက်စားခြင်းရေ သုံးထောင်ကို တကယ်ပဲ ချိုးဖျက်ပစ်လိုက်တယ်။

ဒါက ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ။

မီးက ရေအပေါ်မှာ လွှမ်းမိုးနိုင်စွမ်း မရှိဘူးလို့တော့ မထင်လိုက်ပါနဲ့။ တကယ်လို့ တိုက်စားခြင်း ရေသုံးထောင်က မီးတောက်တွေကြောင့် လွယ်လွယ်နဲ့ အလွှမ်းမိုး ခံလိုက်ရနိုင်တယ်ဆိုရင် သူက ဒီပညာရပ်ကို အချိန်ကုန်ခံပြီးတော့ လေ့ကျင့်နေဦးမှာတဲ့လား။

တိုက်စားခြင်းရေက အရမ်းကို အဆိပ်ဖြစ်စေပြီး မီးတောက်တွေကို ကြောက်ရွံ့ခြင်း မရှိပါဘူး။ အနည်းဆုံးတော့ သူကောင်းကောင်းကြီး သိပါတယ်။ တကယ်လို့ လူတစ်ယောက်က သူ့ရဲ့ တိုက်စားခြင်း ရေတွေကို ချိုးနှိမ်ချင်တယ်ဆိုရင် အဲဒီလူရဲ့ စွမ်းအားက သူ့အပေါ်မှာ လုံးဝကို ချိုးနှိမ်နိုင်မှပဲ ဖြစ်နိုင်ပါလိမ့်မယ်။ တိုက်ခိုက်မှု တစ်ခုက သူ့ရဲ့ ခန္ဓာကိုယ်ကို လုံးဝကို ပျက်စီးစေပြီး သူ့ကို ပြုလဲသွားစေကာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားစေခဲ့ပါတယ်။ အဲဒါက တိုက်စားခြင်း ရေသုံးထောင် ပညာရပ်ရဲ့ လုပ်ဆောင်မှုတွေ ရပ်သွားတာကြောင့်ပဲ ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ စွမ်းအားက သေချာပေါက် သူ့လောက်မသန်မာ နိုင်ပါဘူး။

ဒါဆိုရင် အကြောင်းရင်း တစ်ခုပဲ ရှိပါတော့တယ်။ သူ့ရဲ့မီးတောက်က ကြောက်မက်ဖွယ်ရာ ကောင်းလွန်းလောက်အောင် အရည်အသွေး မြင့်မားပြီး သူ့ရဲ့ တိုက်စားခြင်း ရေထက် နည်းနည်းမှ မနိမ့်ကျတာကြောင့် ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့်ပဲ သူ့ရဲ့ မီးတောက်တွေက သူ့ရဲ့ရေကို ချိုးနှိမ်ပစ်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပါပဲ။

မယုံနိုင်စရာ ကောင်းလောက်အောင် မနာလိုဖြစ်သွားပြီးတော့ သူက မေးလိုက်မိပါတယ်။

"ဒါက ဘယ်လိုနည်းစနစ်မျိုးလဲ"

သူက ဒီနည်းစနစ်ကို အောင်အောင်မြင်မြင်နဲ့ ကျင့်ကြံနိုင်ဖို့ အတော်လေးကို ပေးဆပ်ထားခဲ့ ရတယ်ဆိုတာကို သိသင့်ပါတယ်။ အဲဒီအချိန်မှာ တစ်ဖက်လူက တောင်မြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက်တာ တစ်နှစ်တောင် မရှိသေးပါဘူး။ ဒါတောင်မှ သူ့ရဲ့ရှေးဟောင်းပညာရပ်ကို ယှဉ်ပြိုင်နိုင်တဲ့ လျှို့ဝှက်နည်းစနစ် တစ်ခုကို ကျင့်ကြံအားထုတ် ထားခဲ့ပါတယ်။ ဘယ်လိုလုပ်ပြီး သူက ဒါကို လက်ခံနိုင်မှာလဲ။

ဒါက သူ့ရဲ့ မျှော်လင့်ချက်တွေ အားလုံးကို ပြင်းပြင်းထန်ထန် ရိုက်ချပစ် လိုက်သလိုပါပဲ။

လင်းဟန်က ဝိုးလို တစ်ချက်အော်ပြီး ပြောလိုက်ပါတယ်။

"ဒါက နည်းစနစ် တစ်ခုမှမဟုတ်ဘူး။ ငါက မီးလိုဏ်ဂူကနေ မီးတောက်တောင်မြစ် ကျောက်တုံးတွေ ရယူခဲ့ပြီး အဲဒါကိုတွေကို သန့်စင်ပြီးတဲ့နောက်မှာ နတ်ဘုရားမီးတောက် သင်္ကေတတွေ ရရှိခဲ့တယ်။ ဒါပေမဲ့ ငါမထင်ထားမိတာက မင်းရဲ့ စွမ်းအားတွေကို ထိန်းချုပ်နိုင်တဲ့ အစွမ်းတွေ ရှိလိမ့်မယ် ဆိုတာပဲ"

ကျောက်လန်က အံ့အားသင့်သွားခဲ့ပါတယ်။ ဒါက တကယ့်ကို ရိုးရှင်းလွန်းပါတယ်။ သူက လျှို့ဝှက်နည်းစနစ် တစ်ခုမှတောင် ကျင့်ကြံအားထုတ်ထားခြင်း မရှိပဲ တောင်မြစ်ကျောက်တုံး နည်းနည်းကို သန့်စင်ထားရုံ သက်သက်ပဲလား။ သူက တကယ်ကို ငိုချင်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက ဆွဲငင်အား တောင်မြစ်ကျောက်တုံးတွေရဲ့ အစွမ်းကို ချက်ချင်းသတိရသွားတဲ့ အချိန်မှာ ဒီအစွမ်းတွေကလည်း အရမ်းကို အံ့ဩစရာ ကောင်းပါတယ်။ လင်းဟန် ရရှိထားတဲ့ တောင်မြစ်ကျောက်တုံးတွေမှာ ထူးခြားတဲ့ စွမ်းရည်တစ်ခု သေချာပေါက် ရှိပြီးတော့ သူ့ကို နတ်ဘုရား မီးတောက်သင်္ကေတတွေ လက်ဆောင်ပေးထားတာ ဖြစ်ပါလိမ့်မယ်။

သေစမ်း သေစမ်း သေစမ်းကွာ။

သူ့နလုံးသားထဲမှာ ထပ်ခါထပ်ခါ ကျိန်ဆဲနေခဲ့ပါတယ်။ မီးတောက် နတ်ဘုရား သင်္ကေတတွေက တကယ်ပဲ အရမ်းကို အစွမ်းထက်နေတာလား။ သူက ဒါကို သိသင့်ပြီး မီးတောက် တောင်မြစ် ကျောက်တုံး တစ်တုံးကို ရရှိခဲ့သင့်ပါတယ်။ သူကိုယ်တိုင်ကိုယ်ကျ လုပ်စရာမလိုဘူး ဆိုပေမဲ့ ရအောင်တော့ ယူသင့်ပါတယ်။ ဒါပေမဲ့လည်း မီးတောက် နတ်ဘုရား သင်္ကေတတွေက တိုက်စားခြင်း ရေသုံးထောင်အတွက် သေချာပေါက် ယှဉ်ပြိုင်လို့ မရနိုင်ပါဘူး။

နေဦး။

ကျောက်လန်က ရုတ်တရက် အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"မင်း မီးတောက်ကျောက်တုံး ဘယ်နှစ်တုံးတောင် ရခဲ့တာလဲ"

"သိပ်မများပါဘူး။ ခုနစ်တုံးလောက်ပဲ"

လင်းဟာန်က ပြောရင်းဆိုရင်း ကျောက်လန်ဆီကို ဆက်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ပါတယ်။ အခုဆိုရင် သူက တိုက်စားခြင်း ရေသုံးထောင်ကို ဘယ်လိုရင်ဆိုင်ရမလဲ ဆိုတာကို သိသွားတာကြောင့် ကျောက်လန်က သူ့ကို ထပ်ပြီးတော့ ခြိမ်းခြောက်နိုင်ဦးမှာတဲ့လား။

ထန် ထန် ထန် ထန်။

သူ့ရဲ့လက်သီးတွေ ပတ်ပတ်လည်မှာ မီးတောက်နတ်ဘုရား သင်္ကေတတွေ ဝိုင်းပတ်ထား ပါတယ်။ ဒါက မူလစွမ်းအားမြားအပေါ်မှာ ထည့်လိုက်တာထက်တောင် အများကြီး ရိုးရှင်းလွန်း ပါတယ်။ နတ်ဘုရား သင်္ကေတ ခုနစ်ခုက တစ်ပြိုင်နက်တည်း တောက်ပလာပြီး သူ့ရဲ့ လက်သီးတွေမှာ မီးတောက်တွေ လောင်ကျွမ်းလာခဲ့ပါတယ်။ လက်သီးတစ်ချက်နဲ့ ကျောက်လန်က သွေးတွေ ထပ်ခါထပ်ခါ အန်ထုတ်လိုက် ရပါတယ်။

ခုနစ်။

ကျောက်လန်ရဲ့ မျက်လုံးတွေက ကျောက်ပုစွန် တစ်ကောင်လို ပြူးထွက်လာပါတယ်။ ထူးခြားတဲ့ အစွမ်းရှိ တောင်မြစ်ကျောက်တုံးတွေက ဘယ်လောက်တောင် တန်ဖိုးကြီးလိုက်သလဲ။ သူ့လိုမျိုး ပါရမီရှင် တစ်ယောက်တောင်မှ ကြက်သွေးရောင် ရေကန်ကျွန်းပေါ်ကို နှစ်ကြိမ်ပဲ ရောက်ရှိခဲ့ပြီး ဆွဲငင်အား တောင်မြစ်ကျောက်တုံး နှစ်တုံးပဲ ရရှိခဲ့ပါတယ်။ လင်းဟာန်က တကယ့်ကို သောက်ကျိုးနည်းအောင် ခုနစ်တုံး ရရှိခဲ့ပြီး သူက တကယ့်ကို မကောင်းဆိုးဝါး တစ်ကောင်ပါပဲ။

ဒါက သူ့ရဲ့တိုက်ခိုက်ခြင်း စိတ်ဝိညာဉ်ကို ပျက်စီးသွားစေခဲ့ပါတယ်။ နောက်ပြီး သူက အခုဆိုရင် မြားတွေအများကြီးကို အချိန်အကြာကြီး ခံခဲ့ရပြီး ဘယ်လိုလုပ် အဲဒါတွေက အကျိုးသက်ရောက်မှု မရှိပဲ နေမှာလဲ။ သူ့မှာ လင်းဟန်လိုမျိုး မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိပဲ သူ့ရဲ့ ဒဏ်ရာတွေကို အတင်းအကျပ် ထိန်းချုပ်ဖို့ သူ့ရဲ့ မူလစွမ်းအင်ကိုပဲ သုံးနေရပါတယ်။

ဒါပေမဲ့ သူ့မှာ သူ့ရဲ့ ကိုးမီတာရှည်တဲ့ ရွှေခန္ဓာကိုယ်ကို ဆွဲထုတ်ပြီး သူ့ဒဏ်ရာတွေကို ထိန်းချုပ်ထား ပါတယ်။ သူက ဖိအားဘယ်လောက်များများကို ခံနိုင်ရည် ရှိမှာလဲ။ အခုဆိုရင် သူ့ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်တွေက ပြိုလဲသွားပြီးတော့ ဘာကိုမှ မထိန်းချုပ်နိုင်တော့ပါဘူး။

ထန်။

သူက လင်းဟန်ရဲ့ ရိုက်နှက်မှုကို ခံနေရပြီး ဒီတစ်ကြိမ်မှာတော့ သူက စစ်တပ်တစ်ခုက ရိုက်နှက်သလို ခံစားရပြီး လုံးဝကို လဲပြိုသွားကာ အခြေအနေကို ပြောင်းပြန်လှန်ပစ်လိုက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

"မင်းက ဘယ်လောက်တောင် ဘဂင်မြင့်ပြီးတော့ ဘယ်လောက်တောင် လွှမ်းမိုးခြယ်လှယ်ချင် နေသလဲဆိုတာကို ကြည့်ရအောင် လုပ်လေ"

လင်းဟန်က ကျောက်လန်ကကို လက်သီးထိုး လေ့ကျင့်တဲ့ သဲအိတ်တစ်လုံးလိုမျိုး အဆက်မပြတ် ထိုးနက်နေပါတယ်။

"မင်းငါ့ကို သတ်ပစ်ချင်နေတာ မဟုတ်လား။ လာလေ လာစမ်းပါ"

"မင်းက တခြားသူတွေကို မင်းရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်မားမှုနဲ့ မင်းရဲ့ နောက်ခံအင်အားကို အသုံးချပြီး အနိုင်ကျင့်နေတယ်။ မင်းနဲ့ အဲဒီ အပျော်အပါးမက်ပြီး သုံးစားမရတဲ့ သခင်လေးတွေရဲ့ အကြားမှာ ဘာကွာခြားချက်များ ရှိဦးမှာလဲ"

"ဘာနံ့ပါတ်တစ် ပါရမီရှင်လဲ။ သောက်သုံးမကျတဲ့ ကောင်ပဲ"

လင်းဟန်က ပိုပြောရင်းနဲ့ ပိုပြီးတော့ ဒေါသထွက်လာခဲ့ပါတယ်။ သူ့ရဲ့ ဒေါသတွေကို သူ့လက်သီးချက်တွေထဲမှာ အင်အားအဖြစ် ပြောင်းလဲပြီး ကျောက်လန်ရဲ့ ခန္ဓာကိုယ်ကို လက်သီးတွေနဲ့ အဆက်မပြတ် ထိုးနက်နေပါတယ်။

"မင်းမလုံလောက်သေးဘူးလား"

ကျောက်လန် အော်ဟစ်လိုက်ပါတယ်။ သူက ဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်ပြီးတော့ ဒီလိုမျိုး အရှက်ခွဲစော်ကားတာမျိုးကို ဘယ်တုန်းက ခံနိုင်ရည် ရှိခဲ့လို့လဲ။

"မင်းက ဒါကို လက်မခံနိုင်တော့ဘူးလား"

လင်းဟန်က သူ့ခြေထောက်ကို မြှောက်ပြီးတော့ ကျောက်လန်ရဲ့ မျက်နှာကို နင်းချဖို့ ပြင်လိုက်ပါတယ်။

အားလုံးက အံ့အားသင့်မှုကြောင့် အသက်ရှူ ရပ်လုနီးပါး ဖြစ်ကုန်ပါတယ်။ တကယ်လို့ ဒီခြေထောက်ကိုသာ ချနင်းလိုက်မယ်ဆိုရင် နှစ်ဖက်စလုံး အကြားမှာ တကယ့်ကို တစ်ယောက် မသေပဲနဲ့ အဆုံးမသတ်နိုင်တဲ့ ရန်စအကြီးကြီး ဖြစ်လာပါလိမ့်မယ်။ ဒါပေမဲ့ သေသေချာချာ ပြန်တွေးကြည့်ရင် ကျောက်လန်က လင်းဟန်ကို သတ်ပစ်ချင်နေပုံ ရတာကြောင့် ဘာကိုများ ကြောက်နေစရာ လိုဦးမှာလဲ။

"မင်း မင်း လုပ်ရဲလား"

အဲဒီအချိန်မှာ ကျောက်လန်က အရမ်းကို ထိတ်လန့်တုန်လှုပ်နေပြီး သူ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူ့မျက်နှာကိုသာ လူတွေအများကြီးရဲ့ အရှေ့မှာ အနင်းခံလိုက်

ရမယ်ဆိုရင် နောက်ပိုင်းမှာ တခြားသူတွေနဲ့ သူက ဘယ်လိုလုပ် မျက်နှာချင်းဆိုင်ရတော့မှာလဲ။

Chapter 993 end

အပိုင်း(994) အရမ်းထင်ပေါ်လို့ မဖြစ်ဘူး သိုသိုသိပ်သိပ်နေရမယ်

လင်းဟန်ရဲ့ ခြေထောက်က တုန့်ခနဲ ဖြစ်သွားပြီးနောက် ရပ်သွားခဲ့ပါတယ်။

အားလုံးက စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချလိုက်မိပါတယ်။ တကယ်လို့ ဒီခြေထောက်သာ ချနင်းလိုက်မယ်ဆိုရင် ကျောက်လန်က ဘယ်လောက်တောင် ရှုံးသွပ်သွားမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ သူ့ရဲ့ဒေါသနဲ့ ဒီအမှန်တရားကို မပေါက်ကြားအောင်လို့ အားလုံးကိုတောင် သတ်ပစ်ကောင်း သတ်ပစ်နိုင်ပါတယ်။

ကျောက်လန်ကို ကြည့်ရတာ လုံးဂကို ခြေကားရား လက်ကားရားပုံစံ ဖြစ်နေပါတယ်။ ဒီရှုံးနိမ့်မှုက လုံလောက်တဲ့ အရှက်ကွဲမှုတစ်ခု ဖြစ်ပြီးတော့ တကယ်လို့ သူ့မျက်နှာကို တကယ်ပဲ အနင်းခံ လိုက်ရမယ်ဆိုရင် သူက အနာဂတ်မှာ

ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေကို မျက်နှာချင်း ဆိုင်ရတော့မှာလဲ။

"တကယ်လို့ ငါက တခြားသူတွေ အပေါ်မှာ နင်းမယ်ဆိုရင် သိပ်ပြီးတော့ ထင်ပေါ်သလို ဖြစ်သွားပြီး ငါ့ရဲ့ နှိမ့်ချတတ်တဲ့ ပုံရိပ်နဲ့ လုံးဝကို မလိုက်ဖက်ဘူး"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

ကျောက်လန်က ဒေါသတွေ ပေါက်ကွဲလုနီးပါး ဖြစ်သွားပါတယ်။

သောက်ကျိုးနည်း မင်းက တကယ်ပဲ မင်းကိုယ်မင်း ထင်ပေါ်မှု မရှိဘူးလို့ တွေးနေတာလား။

မင်းက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးနဲ့လည်း လက်ပွန်းတတီးနေတယ်။ ပြီးတော့ နံပါတ်ကိုး ဘုရင်လည်း ရှိသေးတယ်။ ပြီးတော့ မင်းက ငါ့ရဲ့ မိန်းကလေးကိုတောင် ဖြတ်လုသွားတယ်။ ဒါတောင်မှ မင်းက သိုသိုသိပ်သိပ်နဲ့ မင်းကိုယ်မင်း နှိမ့်ချပြီးတော့ နေချင်သေးတယ်ပေါ့လေ ဟုတ်လား။

ဒါပေမဲ့လည်း လင်းဟန်က သူ့မျက်နှာပေါ်ကို ခြေထောက်နဲ့ မနင်းခဲ့ပါဘူး။ သူကလည်း လင်းဟန်ရဲ့ စိတ်ကို မဆွဲဝံ့ပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အတွက် နောင်တရဖို့ အရမ်းကို နောက်ကျသွားပါလိမ့်မယ်။

လင်းဟန်က စပ်ဖြဲဖြဲ ရယ်ပြီးတော့ သူ့ရဲ့ ဖိနပ်ကို ချွတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါက ဒီလိုမျိုး မင်းကို နင်းချမယ်ဆိုရင် ငါက အရမ်းကြီး မလွန်ဘူးလို့ ထင်တာပဲ"

ကျောက်လန်ရဲ့ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းတွေ ထကုန်ပြီးတော့ ထိတ်လန့်မှုကြောင့် အေးစက်စက်ချွေးတွေ စီးကျလာခဲ့ပါတယ်။ သူက လင်းဟန်ကို အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်း မင်း အရမ်းမလွန်လာနဲ့နော်။ ငါက ကျောက်လန် ကျောက်လန်ကွ"

လင်းဟန်က သူ့ရဲ့ ဖိနပ်နဲ့ ရိုက်ချလိုက်ပြီး ချက်ချင်းဆိုသလို ကျောက်လန်ရဲ့ မျက်နှာပေါ်မှာ ဖိနပ်ရာကြီး ထင်သွားခဲ့ပါတယ်။

"မင်းက အရမ်းကို ဘဝင်မြင့်နေတာ မဟုတ်လား"

"မင်းက တခြားလူတွေကို မင်းရဲ့ခွေးတွေ ဖြစ်စေချင်နေတာ မဟုတ်လား"

"ဒီနေ့ မင်းဘယ်လိုမျိုး ပြုမူနေထိုင်ရမလဲ ဆိုတာကို ငါမင်းကို သင်ပေးမယ်"

"မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။ နည်းနည်းလောက် သြဇာအာဏာလေး ရှိပြီး နည်းနည်းလောက် အဆင့်အတန်းနဲ့ စွမ်းရည်လေး ရှိတာနဲ့ မင်းက အရမ်းကို ဘဝင်မြင့်နေတယ်ပေါ့။ မင်းက ဗိုလ်ချုပ်တစ်ယောက်ရဲ့ သားဖြစ်တာနဲ့ပဲ ထူးကဲသွားပြီလား။ တကယ်လို့ မင်းသာ တစ်နေ့မှာ ဧကရာဇ်တစ်ယောက် ဖြစ်လာမယ်ဆိုရင် မိုးကောင်းကင်ထိတောင် မျောလွင့်သွားမလား"

လင်းဟန်က စကားတစ်ခွန်းပြောပြီး တစ်ချက်ရိုက်လိုက် လုပ်နေတာကြောင့် မကြာခင်မှာပဲ ကျောက်လန်ရဲ့ မျက်နှာပေါ်မှာ ဖိနပ်ရာတွေနဲ့ ဖုံးသွားပြီး သူ့ရဲ့ ခန့်ညားချောမောတဲ့ မျက်နှာကို လုံးဝဖုံးသွားပါတယ်။

ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံးက အသက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်ပါတယ်။ သူတို့က အံ့သြမှင်တက်မှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေပါတယ်။

မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်သူက လူပုံအလယ်မှာ ဖိနပ်နဲ့ အရိုက်ခံ နေရတယ်။ ဒါက ဘယ်လောက်တောင် ကြီးမားတဲ့ အရှက်ကွဲမှုကြီးလဲ။ တကယ်လို့

ဗိုလ်ချုပ်ကျောက်က ဒေါသတွေ ထွက်သွားမယ် ဆိုရင်ရော ဘာဖြစ်မလဲ။ တကယ်လို့ သူက လင်းဟန်ကို သတ်ပစ်ချင်တယ်ဆိုရင် ကေရီ ဘုရင်မက ဗိုလ်ချုပ်ကျောက်ရဲ့ ခေါင်းကို ဖြတ်ပြီးတော့ သူ့အတူ မြှုပ်နှံပေးဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

လင်းဟန်က လင်းဟန်ပါပဲ။ ကျွန်မာငယ်လေး တစ်ခုက ဒေသခံ တစ်ယောက် ဖြစ်ပြီးတော့ ဗိုလ်ချုပ်ကျောက်နဲ့ ဘယ်လိုလုပ်ပြီး သူက နိုင်းယှဉ်လို့ ရနိုင်မှာလဲ။

ဖြန်း ဖြန်း ဖြန်း ဖြန်း။

ပါးရိုက်သံတွေက အဆက်မပြတ် ထွက်ပေါ်လို့ နေပြီးတော့ အချက်နှစ်ဆယ်လောက် ရိုက်ပြီးတဲ့ နောက်မှာတော့ လင်းဟန်ရဲ့ လက်ထဲက ဖိနပ်ဟာ နှစ်ပိုင်းပြတ်သွားခဲ့ပါတယ်။

"အိုး မင်းက အတော်လေးကို အရေထူတာပဲ။ မင်းက တကယ့်ကို အာဏာရှင် တစ်ယောက်လို ဘဝင်မြင့်ဝံ့တာ အံ့ဩစရာ မဟုတ်တော့ဘူး"

လင်းဟန်က ပျက်သွားတဲ့ ဖိနပ်ကို သာမန်ကာလျှံကာပဲ ပစ်ထုတ်လိုက်ပြီး နောက်တစ်ဖက်ကိုပါ ချွတ်ပစ်လိုက်ပါတယ်။ အဲဒီနောက် ဖိနပ်အသစ် တစ်စုံကို ထုတ်ပြီးတော့ စီးလိုက်ပါတယ်။

"မင်းက ငါ့ဖိနပ်ပြတ်အောင် လုပ်ခဲ့တယ်။ ဒါကြောင့် မင်းက ငါ့ကို အဲဒီအတွက် ဘယ်လို လျော်ကြေးပေးမလဲ"

လင်းဟန်က နောက်ဖိနပ် တစ်ဖက်ကို မြှောက်ပြီးတော့ သူ့ပုံစံကို ကြည့်ရတာ ကျောက်လန်ကို နောက်တစ်ကြိမ် ထပ်ရိုက်တော့မဲ့ ပုံစံပါပဲ။

အားလုံးက အံ့ဩမှင်တက် သွားခဲ့ပါတယ်။ မင်းက သူ့ကို ဖိနပ်နဲ့ ပြင်းပြင်းထန်ထန် ရိုက်လို့ ဖိနပ်ပြတ်သွားတာလေ။ အဲဒီအခိုက်အတန့် ကျောက်လန်ရဲ့ ခေါင်းထဲမှာ ကျိန်ဆဲနည်းပေါင်း တစ်သောင်းလောက် ရှိနေပါတယ်။ မင်းက အဖြစ်မှန်ကို ပြောင်းပြန်လှန်ပစ် လိုက်တာလား။ မင်းလိုမျိုး အာဏာရှင် တစ်ယောက်ကို ငါဘယ်တုန်းကမှ မတွေ့ဖူးဘူး။

ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်လိုက်ရင် အရင်တုန်းက ကျောက်လန်ဟာ အရမ်းကို ဘဂင်မြင့်ခဲ့ပါတယ်။ ဒါက လင်းဟန်နဲ့ ပိုင်ယွင်စီတို့ နှစ်ယောက်အကြားက သူသေကိုယ်သေ တိုက်ပွဲတစ်ခု ဆိုတာ ထင်ရှားပါတယ်။ ပြီးတော့ သူက တကယ်ပဲ

သင်တန်းကျောင်းရဲ့ စည်းမျဉ်းဥပဒေတွေကို လျစ်လျူရှုပြီးတော့ ဂင်ရောက်စွက်ဖက်ကာ ဒဏ်ရာရစေခဲ့ပါတယ်။ တကယ်လို့ လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လုံလုံလောက်လောက် မာကျောမှုသာ ရှိမနေခဲ့ဘူးဆိုရင် သူက အကြိမ်ပေါင်း ရှစ်ရာလောက် အသတ်ခံရ ပြီးနေပါပြီ။ ပြီးတော့ နံပါတ်ကိုး ဘုရင်သာ အချိန်မီ ရောက်မလာခဲ့ဘူးဆိုရင် လင်းဟာန်က အခြေအနေကို ပြောင်းပြန်လှန်ပစ်နိုင်ဖို့ အခွင့်အရေး ရှိပါဦးမလား။

လူအေးတစ်ယောက်မှာတောင် သည်းခံနိုင်မှု အတိုင်းအတာတစ်ခု ရှိပါတယ်။

"လင်းဟာန် မင်းအရမ်းလွန်လာပြီနော်"

ကျောက်လန်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပြီး သူ့မျက်ခုံးတွေကို တွန့်ကာ မျက်လုံးကို စွေ့ကြည့် လိုက်ပါတယ်။ လင်းဟာန်ရဲ့ ဖိနပ်က အားကြောင့် ပျက်စီးသွားတယ် ဆိုပေမဲ့ သူ့မျက်နှာလည်း ကောင်းနေတာ မဟုတ်ပါဘူး။

"ဒါက အရမ်းကို လွန်နေပြီလား"

ဖြန်း။

လင်းဟန်က စပ်ဖြဲဖြဲ ရယ်ပြီးတော့ သူ့ဖိနပ်နဲ့ နောက်တစ်ကြိမ် ထပ်ရိုက်လိုက်ပါတယ်။

"ငါက ဘယ်နေရာမှာ အရမ်းလွန်နေတာလဲ။ ငါက မင်းလောက် လွန်ကျူးနေလို့လား"

"မင်းစောင့်နေလိုက်။ ငါမင်းကို အပိုင်းပိုင်း အစစ ဖြစ်အောင်လို့ လုပ်ပစ်မယ်"

ကျောက်လန်က အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။ သူ့ရဲ့ စစ်မှန်တဲ့ စွမ်းရည်တွေနဲ့ဆို လင်းဟန်ကို ဘယ်နှစ်ကြိမ်လောက်တောင် ဖိနှိပ်နိုင်မလဲ ဆိုတာကို မသိနိုင်ပါဘူး။ ကံမကောင်းတာက လင်းဟန်မှာ နံပါတ်ကိုး ဘုရင်ရဲ့ ကူညီမှုကို ရရှိထားပြီး အခုတိုက်ပွဲက အဆင့်တူ တိုက်ခိုက်ရပြီးတော့ သူက လုံးဂကို ဖိနှိပ်ထိန်းချုပ်ခံထား ရပါတယ်။

"သနားစရာ ငှက်ကလေးပဲ။ ကြည့်ရတာ မင်းသင်ခန်းစာ ကောင်းကောင်းရတဲ့ပုံ မပေါ်သေးဘူး"

လင်းဟန်က နောက်တစ်ကြိမ် ကျောက်လန်ကို အရှုံးပေးလာတဲ့အထိ အဆက်မပြတ် ရိုက်နက်နေခဲ့ပါတယ်။

"ငါတို့တွေ ရှေ့ထွက်ပြီး သူတို့ကို တားသင့်လား"

သင်တန်းကျောင်းက အကြီးအကဲတွေ တော်တော်များများက သူတို့အချင်းချင်း တီးတိုးပြောဆို လိုက်ပါတယ်။

"ဒါပေမဲ့ နံပါတ်ကိုး ဘုရင်တောင် ဘာမှမပြောသေးတာ။ ငါတို့က အရင်ဆုံး ဘယ်လိုလုပ် ပြောနိုင်မှာလဲ"

"အင်း အင်း"

သင်တန်းကျောင်းထဲမှာ ကျောက်လန်က ဒီလိုမျိုး ကြီးကြီးမားမား အရှက်ခွဲခံရပြီး ဗိုလ်ချုပ်ကျောက် သူတို့ကို သေချာပေါက် တာဝန်ပေးပါလိမ့်မယ်။ ဒါပေမဲ့ ပြဿနာရှိတာက နံပါတ်ကိုး ဘုရင်က ပိုပြီးတော့တောင် အဆင့်မြင့်မားပြီး သူမတောင်မှ ဘာမှမပြောတာကို ဘယ်သူကများ သူတို့ကို တားဆီးနိုင်စွမ်း ရှိလိမ့်မှာလဲ။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် တကယ်လို့ ဗိုလ်ချုပ်ကျောက်က ရှေ့ထွက်လာပြီးတော့ ကိုယ်တိုင်ကိုယ်ကျ ခွင့်လွှတ်ပေးဖို့ တောင်းဆိုရင်တောင် နံပါတ်ကိုး ဘုရင်က သဘောတူ မတူဆိုတာ သူမရဲ့ စိတ်နေသဘောထား အပေါ်မှာ လုံးဝကို မူတည်နေပါလိမ့်မယ်။

အကြီးအကဲတွေ အားလုံးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပြီး သူတို့အားလုံး ကျောက်တုံးကြားမှာ ညှပ်ပိတ်နေသလို ခံစားနေရပါတယ်။

တကယ်လို့ အခြေအနေတွေက ဒီလိုမျိုး ပြောင်းလဲသွားလိမ့်မယ် ဆိုတာကို သူတို့တွေ ကြိုသိထားခဲ့မယ်ဆိုရင် ပထမဆုံး အခွင့်အရေး ရှိတဲ့အချိန်ကတည်းက အရှေ့ထွက်လာပြီး တားဆီးခဲ့သင့်ပါတယ်။ ဒါပေမဲ့ လင်းဟန်နဲ့ ကျောက်လန်တို့ နှစ်ယောက်စလုံးကို အနည်းငယ် ခံစားအောင် လုပ်ဖို့ သူတို့ကို ဘယ်သူက တောင်းဆိုခဲ့လို့လဲ။ သူတို့ကို သင်ခန်းစာနည်းနည်း ပေးချင်တာကြောင့်ပဲ အခြေအနေတွေက ဒီအဆင့်ထိ ရောက်လာခဲ့တာ မဟုတ်လား။ ပြီးတော့ ရလဒ်ကရော ဘယ်လိုလဲ။ အခြေအနေတွေက သူတို့တွေရဲ့ ထိန်းချုပ်နိုင်မှုထက်ကို လုံးဝ ကျော်လွန်သွားခဲ့ပါပြီ။

ဒီအချိန်မှာ ခွင့်လွှတ်ပေးဖို့အတွက် တောင်းပန်တာက အသုံးမဝင်ဘူး ဆိုတာကို ကျောက်လန်က ကောင်းကောင်းကြီး သိပါတယ်။ သူက လင်းဟန်ကို ဒေါသတကြီးနဲ့ပဲ စိုက်ကြည့်နေခဲ့ပါတယ်။ သူလွတ်မြောက်ခွင့် ရတာနဲ့ သူက အကုန်လုံး ပြန်ယူရပါမယ်။

လင်းဟန်က ဒါကိုမြင်တော့ ပြုံးပြီးမေးလိုက်ပါတယ်။

"မင်းလွတ်ပြီဆိုတာနဲ့ ဘာကိုမှ ဂရုမစိုက်ပဲ ငါ့ကိုသတ်ပစ်ဖို့ စိတ်ကူးနေတာလား"

ကျောက်လန်ရဲ့ တုံ့ပြန်မှုကို မစောင့်ပဲ သူက ဖိနပ်နဲ့ နောက်ထပ် ထပ်ရိုက်ပစ်လိုက်ပါတယ်။

"သောက်သုံးမကျတဲ့ကောင် အိပ်မက်မက်နေလိုက်"

"လင်းဟန် နင့်ကိုယ်နင် သူ့အဆင့်ထိ မနိမ့်ကျလိုက်နဲ့။ ငါနဲ့အတူ အစ်မ အဲ ကေရီ ဘုရင်မကို သွားတွေ့ရအောင်"

နောက်ဆုံးတော့ ဟူဖေးယွင်က စကားပြောလာခဲ့ပါပြီ။

ကောင်းတယ်။ ကျောက်လန်က ပြင်းပြင်းထန်ထန် ရိုက်နက်ခံရပြီး ဒီလိုမျိုး အပြောခံလိုက် ရပါတယ်။ သူက ဒေါသကြောင့် သွေးအန်လုမတတ် ဖြစ်သွားပါတယ်။

"ကေရီ ဘုရင်မက ငါ့ကိုတွေ့ချင်နေတာလား"

လင်းဟန်က တဒင်္ဂလောက် မှင်တက်အံ့သြ သွားခဲ့ပါတယ်။

ကေရီ ဘုရင်မက အရမ်းကို အလုပ်များပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူ့ကို ဆင့်ခေါ်ဖို့ အချိန်ရှိမှာလဲ။ တကယ်လို့ အင်ပါယာ သုံးခုအကြားက ယှဉ်ပြိုင်ပွဲ အချိန်ကိုပါ ထည့်တွက်မယ် ဆိုရင် ဒါက ဒုတိယ အကြိမ်ဖြစ်ပါတယ်။

နှစ်ဂက်ဆိုတဲ့ တိုတောင်းတဲ့ အချိန်အတွင်းမှာ ကေရီ ဘုရင်မက သူ့ကို နောက်တစ်ကြိမ် ဆင့်ခေါ်ခဲ့ပါတယ်။ ကေရီ ဘုရင်မက သူ့ကို ဘယ်လောက်တောင် မျက်နှာသာ ပေးလိုက်တာလဲ။

အားလုံးက ချွေးစေးတွေ ထွက်လာပါတယ်။ နံပါတ်ကိုး ဘုရင်က အင်ပါယာရဲ့ အမိန့်တစ်ခုကို ကြေညာဖို့ တာဂန်နဲ့အတူ ရောက်လာတယ်ဆိုတာ ပေါ်လွင်ထင်ရှားနေပြီး ဒီကိစ္စကို အကြာကြီး စောင့်ပြီးမှ နောက်ဆုံးမှာ ကြေညာခဲ့ပါတယ်။ တကယ်လို့ တခြားသူသာဆိုရင် အကြိမ်ပေါင်း တစ်သောင်းလောက် ခေါင်းဖြတ်ကွပ်မျက် ခံနေရပြီးပါပြီ။

ဒါပေမဲ့ နံပါတ်ကိုး ဘုရင်ကိုတော့ ဘယ်သူကမှ သူမကို အတင်းအဖျင်း ပြောဝံ့လိမ့်မှာ မဟုတ်ပါဘူး။

ဘယ်လိုဟာသလဲ။ သူမနဲ့ ကေရီ ဘုရင်မတို့က တစ်ယောက်နဲ့တစ်ယောက် ညီအစ်မတွေလို ပြောဆိုဆက်ဆံနေကြတာ ဘယ်သူကများ သူတို့နှစ်ယောက် အကြားမှာ ကုန်းချောဖို့ ကြိုးစားဝံ့မှာလဲ။

"ကောင်းပြီလေ သွားကြတာပေါ့"

လင်းဟန်က ဖိနပ်ကို သာမန်ကာလျှံကာ ပစ်ထုတ်ပြီးတော့ ကျောက်လန်ဘက်ကိုလှည့်ကာ ပြုံးပြီးပြောလိုက်ပါတယ်။

"အသုံးမကျတဲ့ကောင်လေး နောက်တစ်ကြိမ်မှ မင်းကို ငါထပ်ပြီးတော့ ဆုံးမတော့မယ်"

အားလုံးရဲ့ အရှေ့မှာပဲ သူက နံပါတ်ကိုး ဘုရင်နဲ့အတူ ထွက်သွားပါတယ်။

"အား"

ကျောက်လန်က ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒီတိုက်ပွဲမှာ သူ့ရဲ့ ထင်ပေါ်ကျော်ကြားမှု အားလုံးက အစိတ်စိတ် အပိုင်းပိုင်း ဖျက်ဆီးခံလိုက်ရပြီး တခြားသူတွေကို မျက်နှာချင်းဆိုင်ဖို့ အရမ်းကို ရှက်ရွံ့နေပါတယ်။

သူက လွှားခနဲ ခုန်လိုက်ပြီး မျက်စိတစ်မှိတ် အတွင်းမှာ အရိပ်အယောင်တောင် မကျန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

အားလုံးက အကြည့်တွေ ဖလှယ်လိုက်ပြီး စိတ်လှုပ်ရှားမှုနဲ့အတူ သိချင်စိတ်တွေ ပြင်းပြလို့ လာပါတယ်။ ကျောက်လန်က ဒီကိစ္စကို ဒီအတိုင်း လွှတ်ပေးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ လင်းဟန်မှာ နံပါတ်ကိုး ဘုရင်ရဲ့ အထောက်အပံ့ ရှိနေပြီး ကျောက်လန်တောင်မှ

ဗိုလ်ချုပ် စံအိမ်ရဲ့ ဩဇာအာဏာကို အသုံးပြုကာ သူ့ကို ထိခိုက်နာကျင်အောင် လုပ်ဝံ့လိမ့်မှာ မဟုတ်ပါဘူး။

ဒီကိစ္စက ဘာတွေဆက်ဖြစ်လာမလဲ။

လင်းဟန်က ဒါကိုအများကြီး သတိမထားပါဘူး။ သူက နံပါတ်ကိုး ဘုရင်ရဲ့ အနောက်ကနေ လိုက်လာပြီး အင်ပါယာနန်းတော်ရဲ့ တံခါးတွေဆီအထိ လျှောက်လာပါတယ်။ ဒါပေမဲ့ နံပါတ်ကိုး ဘုရင်က သူ့ကို ဆောင့်ဆွဲပြီးတော့ လှည့်ထွက်လိုက်ပါတယ်။ တံခါးတွေကနေ ဖြတ်မဝင်ပဲ သူတို့က လာတဲ့နေရာကို ပြန်သွားလိုက်ပါတယ်။

"ဟမ် ကောရီ ဘုရင်မက ငါ့ကို ဆင့်ခေါ်တာ မဟုတ်ဘူးလား"

လင်းဟန်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ဟီးဟီး အဲဒါက ငါလျှောက်ပြောလိုက်တာ။ နင့်ကို ကောရီ ဘုရင်မက အာရုံစိုက်ထားတယ် ဆိုတာကို တခြားသူတွေကို သိအောင်လုပ်လိုက်တာ။ အဲဒါမှ တခြားသူတွေက နင့်ကို ထိခိုက်အောင် မလုပ်ဝံ့ကြမှာလေ"

ဒါက နံပါတ်ကိုး ဘုရင် သူ့ကိုပေးတဲ့ အဖြေပါပဲ။

လင်းဟန်က စိတ်လှုပ်ရှားသွားပြီး သဘောကျသွားခဲ့ပါတယ်။ နံပါတ်ကိုးဘုရင်က တကယ်ပဲ သူ့ကို ကာကွယ်မှု အဆောင်လက်ဖွဲ့ တစ်ခုကို ပေးသလိုမျိုး အင်ပါယာ အမိန့်အတုကို ကြေညာဝံ့ပါတယ်။ သူမက တကယ့်ကို ဒီလိုမျိုး အရာတစ်ခုကို လုပ်ဝံ့တဲ့ တစ်ဦးတည်းသော လူပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒီမိန်းကလေး နည်းနည်းတော့ ပေါကြောင်ကြောင် ရှိပါတယ်။ သူမကိုယ်တိုင် ဒီလို ဘာမဟုတ်တဲ့ အခြေအနေတွေကို ထိန်းသိမ်းနိုင်ပါတယ်။ ကောရီ ဘုရင်မကို အသုံးချစရာတောင် လုံးဝမလိုပါဘူး။

Chapter 994 end

အပိုင်း(995) စွန့်စားမှု လောင်းကြေးတွေကို လက်ခံရရှိခြင်း

နံပါတ်ကိုး ဘုရင်က သတ္တိရှိတယ်လို့ ပြောနိုင်ပါတယ်။ တစ်ဖက်မှာ နံပါတ်ကိုး ဘုရင်က သရဲဘောကြောင်တယ်လို့လည်း ပြောနိုင်ပါတယ်။ ဒါတောင် သူမက အင်ပါယာ အမိန့်အတု တစ်ခုကိုတောင် ကြေညာဝံ့ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးထဲမှာတော့ ဘယ်လိုပဲဖြစ်ဖြစ် သူမက အထီးကျန်တဲ့ မိန်းကလေးငယ် တစ်ယောက်သက်သက်ပါပဲ။

အဲဒါအမှန်ပါပဲ။ သူမက အထီးကျန်ဆန် နေပါတယ်။

သူမက နံပါတ်ကိုး ဘုရင်ဖြစ်ပြီး ကေရီ ဘုရင်မရဲ့ ကာကွယ်ပေးမှုကို ပိုင်ဆိုင်ထားပေမဲ့ ဒီအချက်ကြောင့်ပဲ သူမက အရမ်းကို အထီးကျန်နေပါတယ်။ သူမမှာ သက်တူရွယ်တူ အပေါင်းအသင်း နည်းနည်းမှ မရှိပါဘူး။ ပြီးတော့ တခြားဘုရင် ရှစ်ပါးနဲ့ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မတို့ အားလုံးကလည်း အရမ်းကို အလုပ်ရှုပ်နေကြပါတယ်။ နောက်ပြီး သူမရဲ့ ဘေးနားက အစောင့်အရှောက်တွေ အားလုံးကလည်း အရမ်းကို ရိုသေလေးစားပြီး အမိန့်နာခံတဲ့ လူတွေဖြစ်တာကြောင့် သူမရဲ့ သူငယ်ချင်းတွေ ဖြစ်လာနိုင်စရာ အကြောင်း မရှိပါဘူး။

ဒါကြောင့်လည်း လင်းဟန်က သူမကို မြင်တွေ့ပြီး ဒူးမထောက်တဲ့ အချိန်မှာ အရမ်းကို အစွမ်းတဲ့ လူတစ်ယောက်လိုမျိုး လင်းဟန်ကို ချီးမြှင့်မြှောက်စားခဲ့ပါတယ်။ အရင်က သူမကို လူတွေ အများကြီးက ဒူးထောက်ခစားတာကို မြင်တွေ့ရပါတယ်။ ဒါကြောင့် သူမအနေနဲ့ သက်တူရွယ်တူ သူငယ်ချင်းမရှိပါဘူး။ ဒီအချက်တွေကြောင့် သူမက စွေ့ရန်ယွီရဲ့ အရမ်းကို လျင်မြန်စွာနဲ့ သူငယ်ချင်းတွေ ဖြစ်လာရတာပါပဲ။

နံပါတ်ကိုး ဘုရင်နဲ့အတူ လင်းဟန်က အင်ပါယာမြို့ကတော် တစ်ခုလုံး လည်ပတ်သွားလာ နေလိုက်ပါတယ်။ နေဝင်သွားတဲ့ အချိန်ကျမှပဲ သူနဲ့ နံပါတ်ကိုး ဘုရင်တို့ လမ်းခွဲလိုက်ပါတယ်။

လင်းဟန်က သင်တန်းကျောင်းဆီကို ပြန်လာခဲ့ပြီး လီဝေဂနဲ့ ကျိုယွင်အာတို့ ရောက်လာတာကို တွေ့လိုက်ပါတယ်။ သူတို့နှစ်ယောက်စလုံးက စိတ်လှုပ်ရှားမှုတွေနဲ့အတူ ရောက်လာကြ ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းတို့ပုံစံကို ကြည့်ရတာ အနိုင်ရတဲ့ လောင်းကြေးတွေ ယူလာခဲ့ပြီနဲ့တူတယ်"

"ဟီးဟီး ငါက လောင်းကြေးအနိုင်ကို တန်းယူလာခဲ့တယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူတို့က ငါ့ကို လှည့်စားဝံ့မှာလဲ"

လီဝေဂက အနက်ရောင် ကတ်တစ်ခုကို ထုတ်ယူပြီးတော့ လင်းဟန်ဆီကို ပစ်ပေးလိုက် ပါတယ်။

"ဒါက ကြယ်ဥက္ကာ အင်ပါယာရဲ့ မူလစွမ်းအင် ကျောက်တုံး ကတ်တစ်ခုပဲ။ ပြီးတော့ နင်က ဒါကို အသုံးပြုပြီးတော့ အင်ပါယာရဲ့ သီးသန့်ငွေလွှဲဌာနတွေမှာ အချိန်မရွေး အစစ်အမှန်

မူလကျောက်တုံးတွေနဲ့ အလဲအလှယ် လုပ်နိုင်တယ်။ ဒါက အရမ်းကို လွယ်တယ်။ ပြီးတော့ နင်လိုချင်သလောက် အလဲအလှယ် လုပ်နိုင်တယ်”

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ မူလစွမ်းအင်ကျောက်တုံး လေးသန်းက ပမာဏ သေးသေးတော့ မဟုတ်ပါဘူး။ အင်ပါယာရဲ့ သီးသန့်ငွေလွှဲဌာနတွေတောင် ဒီလောက် များပြားတဲ့ ပမာဏ တစ်ခုကို သိုလှောင်ထားနိုင်လိမ့်မှာ မဟုတ်ခဲ့ပါဘူး။

ဒါပေမဲ့လည်း သူကိုယ်တိုင်က ဧကရာဇ်တစ်ပါး ဖြစ်တာကြောင့် ဒီလိုမျိုး ငွေကြေးလည်ပတ်ပုံရဲ့ တည်ရှိမှုကို ကောင်းကောင်းနားလည် သဘောပေါက်ထားပြီး အဲဒါက လုပ်ငန်းကိစ္စတွေရဲ့ တိုးတက်မှုကို ဖြစ်ပေါ်စေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျင့်ကြံခြင်း တစ်ခုတည်းနဲ့ ပတ်သက်ရင် လူတစ်ယောက်က တစ်ရက်ကို အစစ်အမှန် မူလကျောက်တုံးတွေ ဘယ်လောက်များ သုံးစွဲနိုင်မှာလဲ။

အချိန်အများစုမှာ အစစ်အမှန် မူလကျောက်တုံးတွေက ငွေကြေးလည်ပတ်မှု အမျိုးအစား တစ်ခုသာသာပါပဲ။ အင်ပါယာရဲ့ အထောက်အပံ့နဲ့ ဒီလိုမျိုး ငွေကြေးလည်ပတ်မှုက စိတ်ချရ နိုင်ပါတယ်။

သူတို့ရဲ့ အနိုင်တွေကို ယူပြီးတဲ့နောက်မှာ လီဝေဂနဲ့ ကျိယွင်အာတို့ နှစ်ယောက်စလုံးက လက္ခဏာပေါ်ကို ရောက်နေသလိုမျိုး စိတ်လှုပ်ရှားနေတာ အံ့ဩစရာ မရှိတော့ပါဘူး။ သူတို့တွေက တစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး သုံးထောင်စီပဲ လောင်းကြေးထပ်ခဲ့ပြီး ဆယ်ဆ တစ်ခါမြှောက်ပြီး အဲဒီနောက် တစ်ရာနဲ့ တစ်ခါမြှောက်လိုက်တဲ့ အခါမှာ သူတို့ နှစ်ယောက်စလုံး အခုဆို အစစ်အမှန် မူလကျောက်တုံး သုံးသန်းစီ ကြွယ်ဝလာခဲ့ပါတယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် အစစ်အမှန် မူလကျောက်တုံး သုံးထောင်ကပဲ ကြီးမားတဲ့ ချမ်းသာကြွယ်ဝမှု တစ်ခုဖြစ်ပါတယ်။ မိန်းကလေး နှစ်ယောက်စလုံးက လောင်းကြေးထပ်တဲ့ အချိန်မှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေခဲ့ပါတယ်။ အခု သူမတို့ရဲ့ ချမ်းသာကြွယ်ဝမှုက သုံးသန်းထိ ဖြစ်လာတဲ့ အခါမှာ အရမ်းကို ကျေနပ်ပီတီတွေ ဖြစ်နေကြပါတယ်။

လင်းဟန်ကလည်း အရမ်းကို အံ့ဩပျော်ရွှင်နေမိပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး လွယ်လွယ်နဲ့ ငွေရှာနိုင်တာက တစ်ကြိမ်ပဲ လုပ်နိုင်ပါလိမ့်မယ်။ သူ့ရဲ့ ထူးကဲတဲ့ ပါရမီအကြောင်းကို

သိသွားပြီးတဲ့ နောက်မှာ ဘယ်လောင်းကစားဒိုင်ကမှ အနာဂတ်မှာ သူ့ဘက် အဆကြီးကြီးမားမား ထားဝံ့လိမ့်မှာ မဟုတ်ပါဘူး။

သူ့စိတ်ထဲမှာ ခေါင်းညိတ်လိုက် မိပါတယ်။ တကယ်လို့ နောက်ပိုင်းမှာ သူငွေရှာချင်တယ်ဆိုရင် သူ့အနေနဲ့ မှော်ဆေးပညာရပ်ဘက်ကို ပြန်ပြီးတော့ အာရုံစိုက်ဖို့ လိုအပ်ပါလိမ့်မယ်။

သူက အခုဆိုရင် လုံလုံလောက်လောက် ကြွယ်ဝနေပါပြီ။ ဒါကြောင့် သူ့ရဲ့ ငွေတွေကို မှော်ဆေးပညာရပ်ပေါ်မှာ သုံးစွဲနိုင်ပါပြီ။ တကယ်လို့ ဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ မှော်ဆေးလုံး နည်းနည်းလောက် သန့်စင်ပြီးတဲ့နောက်မှာ ဆင်းရဲမွဲတေသွားပါလိမ့်မယ်။

"ဟုတ်သားပဲ။ တခြားလူ တစ်ယောက်ကလည်း နင်နိုင်မဲ့ဘက်မှာ လောင်းကြေးထပ်ခဲ့တယ်လို့ ငါကြားခဲ့တယ်"

လီဝေဂက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ရဲ့ လောင်းကြေးတွေကို ပေါင်းလိုက်ရင် လောင်းကစားဒိုင်က သူတို့ရတာနဲ့ ပြန်ပေးရတာ မကာမိပဲ အကြီးအကျယ်ကို ရှုံးနိမ့်သွားလိမ့်မယ်။ သူတို့က တစ်ပြားမှတောင် ရခဲ့မှာ မဟုတ်ဘူး"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ငါ့ရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်က ခန့်မှန်းသုံးသပ်နိုင်နေတာလား။ ဘယ်သူများပါလိမ့်။

သူ့စိတ်ထဲမှာ တသီးတခြား နေတတ်တဲ့ မျက်နှာလှလှလေး တစ်ခု ချက်ချင်းပဲ ပေါ်လာခဲ့ပါတယ်။ စွေ့ရန်ယို တစ်ယောက်ပဲ သူ့ရဲ့ ထူးခြားတဲ့ စွမ်းဆောင်နိုင်မှု တချို့ကို သတိပြုမိတာပါ။ နောက်ပြီး သူမတစ်ယောက်ပဲ သူ့ကို ထောက်ခံပေးတာမျိုး ဖြစ်ပါလိမ့်မယ်။

"နင့်အတွက် လေလံပွဲ ဖိတ်ကြားစာ တစ်ခုကို ငါယူခဲ့တယ်။ ဒါကို မပျောက်စေနဲ့။ အခုချိန်ကနေ စပြီးတော့ နောက်သုံးရက်မြောက်နေ့ညမှာ လေလံပွဲကို ကျင်းပလိမ့်မယ်"

လီဝေဂကေ သူ့ကို ဖိတ်စာတစ်ခု ပေးလိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ဖိတ်စာကို လက်ခံယူပြီး ပြောလိုက်တယ်။

"ငါသေချာပေါက် အဲဒီကို သွားမှာပါ"

လီဝေဂကေ ကျေနပ်စွာနဲ့ ပြုံးပြီးတော့ ကျိယွင်အာနဲ့အတူ ထွက်သွားခဲ့ပါတယ်။

အခုသူမတို့ရဲ့ ချမ်းသာကြွယ်ဝမှုက များပြားလာတဲ့အတွက် အစားအသောက် ပါဝင်ပစ္စည်းတွေ ရောင်းချတာကနေ ရတဲ့ သေးသေးမွှားမွှားနဲ့ ပတ်သက်ပြီး ဂရုမစိုက်တော့ပါဘူး။ လီဝေဂနဲ့ ကျိုယွင်အာတို့က သူမတို့ကိုယ်တိုင် အသုံးပြုဖို့အတွက် ပါဝင်ပစ္စည်းအနည်းငယ်ကိုပဲ သူ့ဆီက တောင်းဆိုခဲ့ပါတယ်။ ဒီအစားအသောက်တွေက စိတ်ဝိညာဉ် အသားနဲ့တူပြီးတော့ သူတို့ကို မြည်းစမ်းပြီးတဲ့နောက်မှာ ထပ်ခါထပ်ခါ စားချင်လာပါလိမ့်မယ်။

မိန်းကလေး နှစ်ယောက် ထွက်သွားပြီးတဲ့နောက် သိပ်မကြာခင်မှာပဲ စွေ့ရန်ယွီက ရောက်လာခဲ့ ပါတယ်။

"မိန်းမ နောက်ဆုံးတော့ မင်းယောကျ်ားဆီကို လာလည်ဖို့ သတိရသေးတယ်ပေါ့"

လင်းဟာန်က စပ်ဖြဲဖြဲ ရယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဘယ် ဘယ်သူက နင့်မိန်းမလဲ"

စွေ့ရန်ယွီရဲ့က မျက်နှာက ချက်ချင်းပဲ နီရဲသွားပြီးတော့ သူ့ကို မျက်လုံးပြူးပြီး ရှက်ကိုးရှက်ကန်းနဲ့ ကြည့်လိုက်ပါတယ်။

"ဟားဟား အရမ်းကို ရှက်တတ်တာပဲ။ ဒါပေမဲ့လည်း ငါဒါကို ကြိုက်တယ်"

လင်းဟန်က သူမအနားကို လျှောက်လာပြီး သူမနဲ့ လက်မအနည်းငယ်ပဲ ကွာပါတော့တယ်။

စွေ့ရန်ယွီက နောက်ဆုတ်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူမအနောက်ကို ဆုတ်ရင် သူက အရှေ့ကို တိုးလာပြီး သူမရဲ့ နောက်ကျောက သိပ်မကြာခင် နံရံကို ကပ်သွားပါတယ်။ သူမက အခုဆို နောက်ကို ဆက်ပြီးတော့ ဆုတ်လို့မရတော့ပါဘူး။ သူမရဲ့ မျက်နှာက နီရဲတွက်ပြီး ပြောလိုက်ပါတယ်။

"နင် ဘာလုပ်ချင်နေတာလဲ"

"မင်း"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးနဲ့ စွေ့ရန်ယွီရဲ့ ပျော့ပျောင်း နူးညံ့ပြီး ကျစ်လျစ်တဲ့ ကိုယ်လုံးလေးကို ဖိကပ်ထားလိုက်ပါတယ်။ အဲဒါက သူမကို စိတ်ပင်ပန်းပြီး နေမထိထိုင်မထိ ဖြစ်စေခဲ့ပါတယ်။

အစမှာတော့ စွေ့ရန်ယွီက သူ့ရဲ့ပြန်ဖြေတဲ့ အဓိပ္ပါယ်ကို နားလည်သဘောပေါက်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း

ခဏအကြာမှာ သူမက တစ်ခုခုကို သတိပြုမိသွားခဲ့ပါတယ်။ သူမရဲ့ မျက်လုံးတွေ လည်သွားပါတယ်။ လင်းဟန်က ပုံမှန်ဆို အရမ်းကို လေးနက်ပါတယ်။ သူက လူမမြင်ကွယ်ရာမှာ အရမ်းကို လူပါးဝတတ်မယ်လို့ ဘယ်သူကများ တွေးမိမှာလဲ။

"မင်းငါနဲ့ ကလေးယူဖို့ ဆုံးဖြတ်ပြီးပြီလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါဒီကိုလာတာ နင်နဲ့ ကိစ္စတစ်ခုကို လေးလေးနက်နက် ဆွေးနွေးမလို့ပဲ"

စွေ့ရန်ယွီက မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ငါလည်း မင်းနဲ့ အရမ်းကို လေးနက်တဲ့ ကိစ္စတစ်ခု အကြောင်းကို ပြောနေတာပဲလေ"

လင်းဟန်ရဲ့ လက်တွေက စွေ့ရန်ယွီရဲ့ ကျစ်လျစ်သွယ်လျတဲ့ ခန္ဓာကိုယ်ပေါ်မှာ လူးလာလှုပ်ရှားလို့ နေပါတယ်။

"ဟင် အခုမှ နှစ်ဝက်ပဲရှိသေးတယ်။ ကြည့်ရတာ နည်းနည်းလေး ပိုကြီးလာသလိုပဲ"

"နာဘူးကောင်"

စွေ့ရန်ယီရဲ့ အသက်ရှူမှားလောက်အောင် လှပတဲ့ မျက်နှာက ဆွဲဆောင်မှုတွေနဲ့အတူ ရွှမ်းစိုလို့ နေပါတယ်။

"ငါ့ကိုလွှတ်ပြီးတော့ စကားပြောမယ်"

"မရဘူး။ ဒီလိုမျိုးပဲ ပြောကြတာပေ့ါ။ ငါ့ရဲ့ အရေးကြီး ကိစ္စတွေ အကြောင်းကို ပြောမယ်။ မင်းလည်း မင်းရဲ့အရေးကြီး ကိစ္စတွေနဲ့ ပတ်သက်ပြီး ပြောနိုင်တယ်"

လင်းဟာန်က အခု သူမကို ဘယ်လိုလုပ်ပြီးတော့ လွှတ်ပေးနိုင်မှာလဲ။ သူက သူမပိုင်ဆိုင်ထားတဲ့ ပစ္စည်းနှစ်ခုရဲ့ လွှမ်းမိုးမှုကို ခံနေရပြီး လက်ရှိမှာ သူတို့ရဲ့ အရွယ်အစား အတိုင်းအတာကို သုံးသပ်နေပါတယ်။

စွေ့ရန်ယီရဲ့ ခန္ဓာကိုယ်က အားနည်းလာပြီးတော့ ခွန်အားတွေ စုပြီးတော့ လင်းဟာန်ကို တွန်းထုတ်ဖို့တောင် မလုပ်နိုင်တော့ပါဘူး။ သူမက မျက်လုံးပြူးပြီး သူ့ကို စိုက်ကြည့်ရုံပဲ တတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူမက မှင်တက်အံ့သြဖွယ်ရာ ကောင်းလောက်အောင် ချောမောလှပတာကြောင့် မျက်လုံးတွေ ပြူးထားတာက သူမအတွက် ဘာမှမကွာခြားပါဘူး။ ဒါက လင်းဟာန်ကို ပိုပြီးတော့တောင် စိတ်လှုပ်ရှား စေခဲ့ပါတယ်။

"လူနှစ်ယောက် လုပ်မှ အောင်မြင်နိုင်တဲ့ တာဝန်တစ်ခုကို ငါလက်ခံခဲ့တယ်။ ဒါကြောင့် ငါနင့်ကို လာရှာတာ"

စွေ့ရန်ယွီက ပြောလိုက်တယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းငါ့ကို သတိရနေတာကြောင့် မဟုတ်လား။ ဒါကြောင့် ငါ့ကိုလာရှာဖို့ အကြောင်းပြချက် တစ်ခုကို ရှာလာတာ မဟုတ်လား"

"နင့်လို နာဘူးကောင်ကို ဘယ်သူက သတိရမှာလဲ"

စွေ့ရန်ယွီက ဒါကို ဂန်ခံမှာ မဟုတ်ပါဘူး။

လင်းဟန်က သူမရဲ့ မေးစေ့ကို ကိုင်ပြီးတော့ ပြောလိုက်တယ်။

"မိန်းကလေး တကယ်လို့ မင်းငါ့ကို သတိမရဘူးဆိုရင် ဘာဖြစ်လို့ ငါ့အိမ်ရှေ့ကို မင်းကိုယ်တိုင် ရောက်လာမှာလဲ။ မင်းကိုယ်တိုင် လာပို့တယ်ဆိုမှတော့ ငါမင်းကို ခပ်ကြမ်းကြမ်းတော့ ဝါးမစားပါဘူး"

သူက စွေ့ရန်ယွီကို ပွေ့ချီပြီးတော့ သူ့အခန်းဆီကို လျှောက်လာခဲ့ပါတယ်။

စွေ့ရန်ယွီက ဘာလုပ်လို့ လုပ်ရမှန်း မသိအောင် ထိတ်လန့်တုန်လုပ်သွားခဲ့ပါတယ်။ တကယ်လို့ လင်းဟန်က အခုသူမကို တကယ်ပဲ လုပ်တော့မှာလား။ သူမက ချက်ချင်းပဲ ထိတ်လန့်သွားခဲ့ ပါတယ်။

"တကယ်လို့ ငါမင်းကို အခု မစားစေချင်သေးဘူးဆိုရင်လည်း ဖြစ်နိုင်ချေ ရှိပါတယ်"

လင်းဟန်က ညစ်ကျယ်ကျယ်နဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း မင်းက တချို့အကြောင်းအရာ နည်းနည်းကို သဘောတူရမယ်"

စွေ့ရန်ယွီက လင်းဟန်ရဲ့ တောင်းဆိုမှု တချို့ကို ကတ်သတ်ပြီးတော့ လက်ခံသဘောတူဖို့ပဲ တတ်နိုင်ပါတယ်။ အဲဒါက သူမရဲ့ လှပချောမောတဲ့ မျက်နှာကို ပိုပြီးတော့တောင် နီမြန်းသွားစေခဲ့ပါတယ်။

"ဒါဆိုရင် မင်းရဲ့ အရေးကြီး ကိစ္စအကြောင်းကို ပြန်သွားတာပေ့ါ။ ဘယ်လိုတာဝန်မျိုးကို မင်းလက်ခံခဲ့လဲ"

စွေ့ရန်ယွီက သူမရဲ့ မျက်လုံးကို ပြူးပြီးတော့ ပြောလိုက်တယ်။

"ဓားပြတချို့ကို ကွပ်မျက်သုတ်သင်ဖို့ တာဝန်တစ်ခု"

သူမက အသက်ကို ပြင်းပြင်းရှူပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟန်ရဲ့ လက်နှစ်ဖက်က သူမရဲ့ ရင်သားတွေကို ဆက်ပြီးတော့ ဆုပ်နယ်နေဆဲပါပဲ။ ဒါက သူမကို အာရုံပျက်စေပြီးတော့ မျက်လုံးပြူးပြီး ပြောလိုက်ပါတယ်။

"နင် ခဏလောက် မရပ်နိုင်ဘူးလား"

"မရဘူး"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"စောစောတုန်းက မင်းသဘောတူထားတာကို မေ့သွားပြီလား"

ဒီနှာဘူးကောင်ကတော့။ စွေ့ရန်ယွီက စိတ်ထဲကနေ တီးတိုးရွတ်ဆို လိုက်ပါတယ်။

ဒါပေမဲ့လည်း သူမအနေနဲ့ ဒီလိုမျိုး အထိအတွေ့မျိုးကို တကယ်ပဲ သဘောကျ နှစ်ခြိုက်မိတာကို ဝန်ခံရပါမယ်။ မိန်းကလေး တစ်ယောက်ရဲ့ တည်ကြည်တဲ့ သဘာဝအရ ဒါကို ငြင်းလည်း ငြင်းဆန်ချင်သလို တချိန်တည်းမှာပဲ လက်ခံချင်မိပါတယ်။

စွေ့ရန်ယွီက သူမကိုယ်သူမ အားတင်းပြီးတော့ ထိန်းရင်းနဲ့ ရှင်းပြလိုက်ပါတယ်။

"စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ကျောင်းသားတွေက တာဝန်တွေကို လုပ်စရာ မလိုဘူး။ ဒါပေမဲ့လည်း တောင်မြစ်အဆင့် ကနဦးအဆင့်ကနေ စပြီးတော့ နှစ်တိုင်း တာဝန်တွေကို ပြီးပြည့်စုံအောင် လုပ်ရတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သင်တန်းကျောင်းကနေ နှင်ထုတ်တာ ခံရလိမ့်မယ်"

Chapter 995 end

အပိုင်း(996) မဟာဗိုလ်ချုပ်ကျောက်ရဲ့ တုံ့ပြန်မှု

ကောင်းကင်နီ သင်တန်းကျောင်းက ကျောင်းသားတွေက နှစ်စဉ်နှစ်တိုင်း တာဝန်တွေကို ပြီးမြောက်အောင် ထမ်းဆောင်ရပါတယ်။

မှန်ပါတယ်။ လူတစ်ယောက်က တစ်နှစ်တည်းမှာ တာဝန်တွေ အများကြီးကို ပြီးမြောက်အောင် ထမ်းဆောင်နိုင်ပါတယ်။ အဲဒီနောက် နှစ်ပေါင်းတော်တော်များများအတွက် တာဝန်တွေ ထမ်းဆောင်စရာ မလိုတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျင့်ကြံသူတွေက တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ လပေါင်းများစွာ တံခါးပိတ် ကျင့်ကြံအားထုတ် ရပါလိမ့်မယ်။ ဒီအချက်ကြောင့် တချို့ဆိုရင် နှစ်အနည်းငယ် အတွက်တောင် ကျင့်ကြံအားထုတ် ရပါလိမ့်မယ်။

သင်တန်းကျောင်းက ဒီလိုမျိုး အကြောင်းပြချက် တစ်ခုအတွက် ကျောင်းသားတွေကို နှင်မထုတ် နိုင်ပါဘူး။

စွေ့ရန်ယွီ လက်ခံခဲ့တဲ့ တာဂန်က အရမ်းကြီး မခက်ခဲပါဘူး။ ဓားပြတချို့ကို ချေမှုန်းဖို့ လိုအပ်တယ် ဆိုပေမဲ့ ဓားပြအုပ်စု တစ်ခုလုံးကို သတ်ဖြတ်ပစ်ဖို့ မလိုပါဘူး။ သူတို့က ဓားပြနည်းနည်းလောက် သတ်ပစ်ဖို့ပဲ လိုပါတယ်။ နောက်ပြီး သူတို့ရဲ့ တာဂန်ကို တစ်ကြိမ်ပြီးတစ်ကြိမ် ပြီးမြောက်အောင် ထမ်းဆောင်လို့ ရနိုင်ပါလိမ့်မယ်။ ဒီနည်းအတိုင်းဆိုရင် ဓားပြတွေရဲ့ အင်အားက သူတို့ကို အပြီးတိုင် မချေမှုန်းပစ်ရင်တောင်မှ အတော်လေး အားနည်းသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီဓားပြတွေက အင်ပါယာမြို့တော်ကနေ အတော်လေး ဝေးတဲ့အရပ်မှာ အခြေစိုက် နေထိုင်ကြပါတယ်။ ပြီးတော့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အတွက်တောင်မှ အဲဒီနေရာကို ရောက်ရှိဖို့ ခြေလျင်ခရီးနဲ့ ဆယ်ရက်လောက် အချိန်ယူ ရပါလိမ့်မယ်။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် လင်းဟန်က အင်ပါယာ မြို့တော် ဒါမှမဟုတ် သင်တန်းကျောင်းကနေ ထွက်ခွာရင်တောင်မှ အန္တရာယ်နဲ့ ကြုံတွေ့နိုင်ပါတယ်။ တကယ်တော့ သူဟာ

လူတွေတော်တော်များများကို အပြစ်ပြုခဲ့ပြီး တခြားအင်ပါယာ နှစ်ခုက လူတွေကလည်း သူ့ကို သတ်ချင်နေပါတယ်။ ဒါကြောင့် သူ့အတွက် အရမ်းကို ပေးတဲ့နေရာတစ်ခုကို ခရီးထွက်တာက တကယ့်ကို အကြံဆိုးတစ်ခုပါပဲ။

ဒါပေမဲ့လည်း စွေ့ရန်ယွီက သူ့ဆီမှာ သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတယ် ဆိုတာကို သိထားပြီး တကယ်လို့ တခြားသူတွေက သူ့ကို ချောင်းမြောင်းလုပ်ကြံဖို့ ကြိုးစားမယ် ဆိုရင်တောင် လွယ်လွယ်ကူကူနဲ့ လွတ်မြောက်နိုင်စွမ်း ရှိတယ်ဆိုတာကို သိနားလည် ထားပါတယ်။ လင်းဟာန်က အင်ပါယာ မြို့တော်ထဲမှာ ထာဂရ ပုန်းအောင်းပြီး စိုးတထိတ်ထိတ်နဲ့ စားသောက် နေထိုင်ဖို့ကို ငြင်းပယ်ပါလိမ့်မယ်။ ဟုတ်တယ်မလား။ တကယ်လို့ သူသာ အဲဒီလို လုပ်ခဲ့မယ်ဆိုရင် သူက အသုံးမကျတဲ့ လူတစ်ယောက် ဖြစ်လာပြီး ပါရမီကို ဖြုန်းတီးတဲ့ လူတစ်ယောက် ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ သူက အင်ပါယာမြို့တော်မှာ ပုန်းအောင်းပြီး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ရောက်တဲ့အထိ ဆိုရင်တော့ အဲဒါက သူ့ရဲ့ အကန့်အသတ်ပဲ ဖြစ်သွားပါလိမ့်မယ်။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်

အဆင့်မပြောနဲ့ နေလအဆင့်ကိုတောင် ရောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က စွေ့ရန်ယွီရဲ့ အကြံပေးချက်ကို အပြည့်အဝ သဘောတူ လက်ခံပါတယ်။ သူက သူမနဲ့အတူ ဒီတာဂန်ကို နောက်သုံးရက်အကြာမှာ ကျင်းပမဲ့ လေလံပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီးတဲ့ နောက်မှပဲ ထမ်းဆောင်ဖို့ သဘောတူခဲ့ပါတယ်။

"အော် ဟုတ်သားပဲ။ မင်းလည်း ငါ့အနိုင်ရမဲ့ဘက်ကနေ လောင်းခဲ့တယ် မဟုတ်လား။ ငါပြောတာ မှန်လား"

လင်းဟန်က မေးလိုက်ပါတယ်။

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ပွင့် ပွင့်လန်းသွားပြီးတော့ သူမက ခေါင်းညိတ်ပြ လိုက်ပါတယ်။

"ဘယ်လောက်တောင် လောင်းကြေးထပ်လိုက်လဲ"

"အစစ်အမှန် မူလကျောက်တုံး တစ်သောင်း"

လင်းဟန်က အံ့အားသင့်ပြီးတော့ ပြုံးလိုက်ရင်း ပြောလိုက်တယ်။

"ဒါဆိုရင် အဲဒါက တစ်သန်းဖြစ်လာပြီပေါ့။ ဟားဟားဟား မင်းက တော်တော်များတဲ့ ပမာဏ တစ်ခုကို အနိုင်ရသွားတာပဲ"

အဆင့်ငါး အင်အားစုတစ်ခုဖြစ်တဲ့ စွေ့ကလန် မပြောနဲ့ ဘယ်လက်ရုံး အမတ်မင်းတောင်မှ တကယ်လို့ သူက အစစ်အမှန် မူလကျောက်တုံး တစ်သန်းကို သုံးစွဲဖို့ တွေးလိုက်ရင်တောင် မျက်မှောင်ကြုတ်မိ ပါလိမ့်မယ်။

"ဒါတွေအားလုံး နင့်ကျေးဇူးတွေပဲ"

စွေ့ရန်ယွီက လှပစွာပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ကျောက်လန်က ရှုံးနိမ့်သွားတဲ့အပြင် လူပုံအလယ်မှာလည်း ဖိနပ်နဲ့ သူ့မျက်နှာကို ရိုက်နက်ခံခဲ့ ရပါတယ်။ ဒါက အင်ပါယာမြို့တော် တစ်ခုလုံးကို လျှင်မြန်စွာနဲ့ ပျံ့နှံ့သွားတဲ့ သတင်းကြီးတစ်ခု ဖြစ်ပါတယ်။ အားလုံးက ဒီကိစ္စ အပေါ်မှာ ဗိုလ်ချုပ်ကျောက်က ဘယ်လိုမျိုး တုံ့ပြန်မလဲ ဆိုတာကို ဆွေးနွေးပြောဆို နေကြပါတယ်။

ဒါပေမဲ့လည်း အားလုံးကို အံ့အားသင့်သွားစေခဲ့တာက ဗိုလ်ချုပ်ကျောက်က အမိန့်တစ်ခု ထုတ်ပြန်ကြေညာခဲ့ပြီး ကျောက်လန်ကို ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းခဲ့တယ်ဆိုတဲ့ သတင်းထွက်ပေါ်လာတာကြောင့်ပဲ ဖြစ်ပါတယ်။ သူက သူ့သားရဲ့

အပြုအမူတွေကို ပြင်းပြင်းထန်ထန် အပြစ်တင် ဝေဖန်ခဲ့ပြီး သူ့ရဲ့ထုတ်ပြန်ကြေညာချက် အထဲမှာ လင်းဟန်ကိုတောင် ပြောဆိုခြင်း မရှိပါဘူး။

အင်ပါယာ မြို့တော်ထဲက အားလုံးကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ဗိုလ်ချုပ်ကျောက်က ကြီးစိုးခြယ်လှယ်နိုင်တဲ့အတွက် ထင်ရှားပြီး ကျောက်လန်က သူအချစ်ရဆုံး တစ်ဦးတည်းသော သားဖြစ်ပါတယ်။ သူက တကယ်ပဲ ဒီလိုမျိုး ကြီးကြီးမားမား အရှက်ရတာကို မြိုသိပ်ပစ်လိုက်ဖို့ ဆန္ဒရှိနေတာလား။

ဒါပေမဲ့လည်း ဒီသတင်းကို ကြားလိုက်ရတဲ့ အချိန်မှာ လင်းဟန်ရဲ့ မျက်နှာအပေါ် စိုးရိမ်ပူပန်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားခဲ့ပါတယ်။

ဗိုလ်ချုပ်ကျောက်ရဲ့ ကျောက်လန်အပေါ်မှာ ပြင်းပြင်းထန်ထန် ဆူပူကြိမ်းမောင်းတာကို ကြည့်မယ် ဆိုရင်တော့ အရမ်းကို မှန်ကန်ပြီး တရားမျှတပါတယ်။ သူက လင်းဟန်ရဲ့ နာမည်ကိုတောင် တစ်ကြိမ်တစ်ခါမျှ ထုတ်ဖော်မပြောခဲ့ပါဘူး။ ဒါက ရှင်းလင်းတဲ့ ထုတ်ပြန်ကြေညာချက် အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ငါ့သားက ဘောင်ကျော်ပြီး လုပ်မိတယ်။ ဒါကြောင့် ငါက သူ့ကို

ဆူပူကြိမ်းမောင်းခဲ့တယ်။ ဒါပေမဲ့လည်း ငါ့သားက တခြားတစ်ယောက်ယောက်က အရက်ကွဲ စော်ကားတာကို ခံနိုင်မဲ့ လူတစ်ယောက်လား။

လင်းဟန်အကြောင်းကို ပြောဆိုဖို့ ငြင်းဆိုခြင်းဖြင့် လင်းဟန်ကို လူသေတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ဦးတည်နေတဲ့ စောင်းပါးရိပ်ခြည်ပြောဆိုမှု တစ်ခုပဲ မဟုတ်လား။

အစတုန်းက သူဟာ သိုသိုသိပ်သိပ်နဲ့ နေပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်က သင့်တော်တဲ့ အမြင့်တစ်ခုကို ရောက်တဲ့အချိန်မှပဲ သူ့အစွမ်းတွေကို ထုတ်ဖော်ပြချင်ခဲ့တာပါ။ ဒါပေမဲ့လည်း ပြဿနာတွေက ဘယ်လိုလုပ်ပြီးတော့ သူ့အနားမှာ အမြဲတမ်း ပေ့လည်နေပြီး သူ့ခေါင်းပေါ်မှာ လည်ပတ်နေပါလို့ ဘယ်သူကများ တောင်းဆိုလို့လဲ။

သုံးရက်ကြာပြီးတဲ့နောက်မှာ လင်းဟန်က လေလံပွဲဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။

ဒီလေလံပွဲကို အင်ပါယာ မိသားစုက ကျင်းပတာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကမှ လေလံပွဲနှ ပြတ်သက်ပြီး အတုအယောင်တွေကို လေလံမတင်ပံ့ပါဘူး။ အဲဒီလိုပဲ ဘယ်သူမှ

အငြိုးထားပြီး လေလံကြေးကို မတင်ပံ့သလို သူတို့ဂယ်ယူမှုအတွက် ပေးချေဖို့ မငြင်းဆန်ပံ့ပါဘူး။

လေလံအိမ်က အရမ်းကိုကြီးပြီးတော့ အထဲပိုင်းက အပြင်အဆင်တွေက တိုက်ပွဲကွင်းပြင် တစ်ခုနဲ့ တူညီနေပါတယ်။ လေလံပြိုင်ပွဲစင်မြင့်က အလယ်မှာ ရှိပြီးတော့ လေးဘက်လေးတန်မှာ ဂယ်ယူမဲ့ သူတွေက ထိုင်ရပါတယ်။ အောက်ဆုံးထိုင်ခုံကတော့ သာမန်ဂယ်ယူသူတွေ အတွက် ဖြစ်ပြီး အဆင့်နှစ်နဲ့အထက်ကတော့ အထူးဧည့်သည်တော်တွေ အတွက် ဖြစ်ပါတယ်။ စုစုပေါင်း အဆင့်ငါးဆင့် ရှိပါတယ်။

လင်းဟာန်က သူ့ရဲ့ ဖိတ်စာကို ဖွင့်ပြီးတော့ ထုတ်ပြလိုက်တဲ့ အခါမှာ သူ့ကို အလွှာလေးပေါ်က သီးသန့်နေရာ တစ်ခုကို ခေါ်သွားခဲ့ပါတယ်။ လီဟေဟေနဲ့ ကျိယွင်အာတို့က အထဲမှာ ကြိုပြီးတော့ ထိုင်နေကြပါတယ်။

ဒီသီးသန့်နေရာက ဘယ်လက်ရုံး အမတ်မင်းရဲ့ နေရာဖြစ်ပါတယ်။ ကေရီ ဘုရင်မနဲ့ ဘုရင်ကိုးပါးပဲ အလွှာငါးကို ဝင်နိုင်ပါတယ်။ အလွှာလေးမှာတော့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ ဗိုလ်ချုပ်ခုနစ်ယောက်တို့အတွက် ဖြစ်ပါတယ်။

"နှင်နောက်ကျတယ်"

လီဂေဂေက လှောင်ပြုံးပြုံးပြီး ပြောလိုက်ပါတယ်။

"ပြစ်ဒဏ်အနေနဲ့ သုံးခွက်သောက်ရမယ်"

လင်းဟန်က ထိုင်ချပြီးတော့ ဂိုင်အနည်းငယ် စုပ်လိုက်ပါတယ်။ ဒါက အရမ်းကို မွှေးကြိုင်လွန်း ပါတယ်။ ဒါပေမဲ့လည်း သူက သုံးခွက်သောက်ရမယ်ဆိုတဲ့ လီဂေဂေရဲ့ အပြစ်ဒဏ်ကို လျစ်လျူရှု ထားပါတယ်။

"အသုံးမကျတဲ့ ကျောက်တုံးခေါင်း"

လီဂေဂေက မကျေမနပ်နဲ့ ပြောလိုက်တယ်။

ဒီလေလံပွဲက အထူးတလည် ကြီးကျယ်ခမ်းနားပြီးတော့ အဆင့်လည်း မြင့်ပါတယ်။ ဒီပွဲက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံ ဖွင့်ပြီးတဲ့နောက်မှ ကျင်းပတဲ့ ပထမဆုံး လေလံပွဲ ဖြစ်ပါတယ်။ ဒီနေ့မှာ တောင်မြစ်ကျောက်တုံးတွေကို လေလံတင်မယ်ဆိုတာ ထင်ရှားပါတယ်။ ပြီးတော့ အထူးစွမ်းရည်ရှိတဲ့ ကျောက်တုံးကိုတောင် အဲဒီအထဲမှာ ရောင်းချကောင်း ရောင်းချ နိုင်ပါတယ်။
ရိုးရိုးတောင်မြစ်ကျောက်တုံးထက် အထူးစွမ်းရည်နဲ့ ကျောက်တုံးက ပိုပြီးတော့တောင် ရှားပါးလွန်းပါတယ်။

လင်းဟန်က လေလံတင် ပစ္စည်းစာရင်းကို ဖတ်လိုက်တဲ့ အခါမှာ သာမန်တောင်မြစ်ကျောက်တုံး ဆယ့်နှစ်တုံးကို လေလံတင်ထားတာကို တွေ့လိုက်ရပါတယ်။ အဲဒါအပြင် သတ္တုစွမ်းရည်ရှိတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးနဲ့ ရေဓာတ်ရှိတဲ့ တောင်မြစ်ကျောက်တုံး တစ်တုံးကိုလည်း စာရင်းထဲမှာ တွေ့လိုက်ရပါတယ်။

သူ့ရဲ့စိတ်ဝင်စားမှုကို အောင့်သွားစေတာက ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတစ်ခုကိုလည်း လေလံတင်ထားပါတယ်။ အဲဒီပစ္စည်းကို တိမ်ထိုးဖောက်ခြင်း လွန်းလို့ ခေါ်ပြီးတော့ အစစ်အမှန် မူလကျောက်တုံးတွေကို အသုံးပြုပြီးတော့ အသက်သွင်းနိုင်ပါလိမ့်မယ်။ သူ့အမြန်နှုန်းက နေလအဆင့် ပြီးပြည့်စုံခြင်း ကျင့်ကြံသူ တစ်ယောက်ရဲ့ အမြန်နှုန်းထက် လေးဆတောင် သာလွန်ပါတယ်။

သူက သိပ်မကြာခင် ခရီးဝေး တစ်ခုကို သွားရပါမယ်။ တကယ်လို့ သူက ဒီပျံသန်းခြင်း နတ်ဘုရား ပစ္စည်းကို ရရှိခဲ့မယ်ဆိုရင် တခြားသူတွေက သူ့ကို ချောင်းမြောင်းလုပ်ကြံဖို့ ကြိုးစားမှာကို စိုးရိမ်စရာ လိုအပ်လိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ ရန်သူက

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို မစေလွှတ်တဲ့အထိ အဆင်ပြေပါတယ်။

ဒါပေမဲ့လည်း ငြိမ်းချမ်းရေး ဂြိုလ်ကြီးတစ်ခုလုံးမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေ ဘယ်လောက်များများ ရှိလို့လဲ။

ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ ပတ်ဝန်းကျင် အခြေအနေတွေက ထူးခြားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့် ကျင့်ကြံသူ အနည်းငယ်ကို လိုက်ပို့တဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေ အများကြီးကို ဘယ်လိုလုပ် တွေ့မြင်နိုင်မှာလဲ။

သူက ဒီတိမ်ထိုးဖောက်ခြင်း လွှန်းကို အရယူဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူက စာရင်းကို ထပ်ပြီးတော့ ဖတ်လိုက်တဲ့ အခါမှာ အရမ်းကို တန်ဖိုးရှိတဲ့ ပစ္စည်းတွေအဖြစ် ရည်ညွှန်းထားတဲ့ ပစ္စည်းတချို့ကိုလည်း တွေ့လိုက်ရပါတယ်။ အဲဒါက လွဲပြီးတော့ တခြား ဖော်ပြချက်တွေ မရှိပါဘူး။ လင်းဟာန်က ဒီအထူးတလည် ထူးဆန်းမှုကို ရှာတွေ့လိုက်ပါတယ်။

ဒီလောက်နဲ့ လူတွေကို တကယ်ပဲ စိတ်ဝင်စားစေရဲ့လား။

သူက လီဂေဂေကို မေးမြန်းလိုက်ပါတယ်။ သူမက မရေမတွက်နိုင်တဲ့ လေလံပွဲတွေကို ရောက်ဖူးပြီး ပိုပြီးတော့ အတွေ့အကြုံများတယ်လို့ ပြောရပါမယ်။

"ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် အရမ်းကို တန်ဖိုးရှိတဲ့ ပစ္စည်းတွေ အားလုံးမှာ အထူးတလည် ဖော်ပြချက် မရှိဘူး"

လီဂေဂေက ခေါင်းညိတ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း အမြဲတမ်းတော့ မဟုတ်ပါဘူး။ တချို့ပစ္စည်းတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ရှားပါးလွန်းပြီး လူတွေသိပ်ပြီးတော့ အသုံးမပြုဖူးဘူး။ ဒါကြောင့် ဒီပစ္စည်း တချို့က လေလံဆွဲတဲ့ သူတွေကို ဆွဲဆောင်မှု မရှိတာ အံ့ဩစရာတော့ မဟုတ်ဘူး"

ဒီအချက်ကို ကြည့်ခြင်းအားဖြင့် သူ့အနေနဲ့ ပိုက်ဆံတချို့ ချွေတာနိုင်ပါလိမ့်မယ်။ တကယ်လို့ ဒီပစ္စည်းတွေထဲက တချို့ဟာ သူ့အတွက် အသုံးတည့်မယ်ဆိုရင်ရော ဘယ်လိုလဲ။

သီးသန့်နေရာမှာ ထိုင်ခွင့်ရတဲ့ လူအများစုရဲ့ နောက်ခံအကြောင်းကို ဆုံးဖြတ်ဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့လည်း ထိပ်ဆုံးအလွှာ နစ်ခုက ဒိတ်ဒိတ်ကြဲ လက်ရွေးစင် တချို့အတွက်ပဲ ရွေးချယ်ပြီး

နေရာချပေးထားတာကြောင့် သီးသန့်နေရာတွေမှာ ဘယ်သူတွေ ထိုင်တယ်ဆိုတာကို ခန့်မှန်းကြည့်ဖို့ လွယ်ကူနေပါသေးတယ်။

"ကျောက်လန်လည်း လာတယ်"

လီဝေဝေက ဘေးပတ်ဝန်းကျင်ကို ကြည့်ပြီးတော့ နှာခေါင်းရှုံ့လိုက်ပါတယ်။

"ဒီအရှက်မရှိတဲ့ကောင်က တခြားသူတွေနဲ့ မျက်နှာချင်း ဆိုင်ရဲသေးတယ်ပေါ့"

လင်းဟန်ကလည်း အရမ်းကို အံ့အားသင့်သွားခဲ့ပါတယ်။

သူက လူပုံအလယ်မှာ အရှိက်ခံခဲ့ရပြီး သိပ်မကြာခင်မှာ သူ့မျက်နှာကို နောက်တစ်ကြိမ် ထုတ်ပြဖို့ စိတ်ကူးနေတာလား။

လင်းဟန်ရဲ့ ကျောက်လန်အပေါ် သဘောထားက မြင့်မားလာခဲ့ပါတယ်။ အကြောင်းက သူ့အနေနဲ့ တခြားသူတွေရဲ့ နလုံးသားထဲမှာ သူ့ကို စော်ကားတာတွေကို လျစ်လျူရှုထားတဲ့အတွက်ကြောင့် ဘုရင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ တစ်ခုကို တကယ့်ကို ပိုင်ဆိုင်ထားလို့ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ဘုရင်အဆင့် ကျင့်ကြံသူ တစ်ယောက်က သူတို့ကို တခြားသူတွေက ဘယ်လိုပဲ တွေးတွေး

ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့ရဲ့ စိတ်နေသဘောထားကလည်း ဘယ်လိုအခြေအနေမျိုးကြောင့်ဖြစ်ဖြစ် ယိမ်းယိုင်သွားလိမ့်မှာ မဟုတ်ပါဘူး။

ကျောက်လန် ရောက်လာသလို ရှားယွန်လည်း ရောက်လာပါတယ်။ ဗိုလ်ချုပ် ခုနစ်ယောက်နဲ့ ညာလက်ရုံး အမတ်မင်းတို့ရဲ့ မျိုးဆက်တွေ အားလုံးလည်း ရောက်လာပါတယ်။

"ဒီနေ့တော့ သွေးတွေဖုံးလွှမ်းနေမဲ့ တိုက်ပွဲတစ်ခု ဖြစ်တော့မှာပဲ"

လီဂေဂေက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ဘယ်သူမှ ငါ့ကို အနိုင်ယူနိုင်မှာ မဟုတ်ပါဘူး"

သူ့မဆီမှာ အခုဆိုရင် အစစ်အမှန် မူလကျောက်တုံး သုံးသန်းလောက် ရှိနေပါတယ်။

မကြာခင်မှာပဲ လေလံပွဲက စတင်ပါတော့တယ်။

လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွှန်းကို ရယူဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် သူ့ရဲ့ ငွေတွေကို ဂရုတစိုက်နဲ့ သုံးစွဲရပါမယ်။ တောင်မြစ်ကျောက်တုံးတွေကို လိုချင်တပ်မက်ပေမဲ့ လီဂေဂေနဲ့ ကျိုယွင်အာတို့ နှစ်ယောက်စလုံးက အဲဒါတွေအတွက်

တိုက်ခိုက်ယှဉ်ပြိုင် ကြပါလိမ့်မယ်။ သူက တောင်မြစ်ကျောက်တုံးတွေကို သူမတို့အတွက် ချန်ထားပေးဖို့ စိတ်ကူးလိုက် ပါတယ်။

"အကြာကြီး စောင့်မျှော်နေကြရတဲ့အတွက် တောင်းပန်ပါတယ်။ အခု လေလံပွဲကို စလိုက် ကြရအောင်"

အကြီးအကဲ တစ်ယောက်က ပြုံးရွှင်နေတဲ့ မျက်နှာနဲ့ စင်မြင့်ထက်ကို လျှောက်လာခဲ့ပါတယ်။

ကွင်းပြင်တစ်ခုလုံး ချက်ချင်းပဲ တိတ်ဆိတ်ငြိမ်သက် သွားပါတော့တယ်။

Chapter 996 end

အပိုင်း(997) ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့

လေလံပွဲက အရမ်းကို လျင်မြန်စွာနဲ့ စတင်ခဲ့ပါတယ်။

အားလုံးက ပစ္စည်းတစ်ခုချင်းစီရဲ့ အကြမ်းဖျင်း တန်ဖိုးကို တွက်ချက်ထားတာကြောင့် တန်ရာတန်ဖိုးထက် အများကြီး ပေးချေပြီးတော့ မဝယ်ယူကြပါဘူး။

အပြင်ဘက်မှာ ဂယ်ယူလို့ ရနိုင်တဲ့ သာမန်ပစ္စည်းတွေကိုပဲ လူအနည်းစုက လုယူပြီး လေလံဆွဲ နေကြပါတယ်။ ဒီနေရာမှာ သူတို့ရဲ့ ပိုက်ဆံတွေကို ဘာအတွက်နဲ့ ဖြုန်းတီးနေကြတာလဲ။

ဒါပေမဲ့လည်း စစ်မှန်တဲ့ တန်ဖိုးရှိ ပစ္စည်းတွေ ထွက်ပေါ်လာတဲ့ အချိန်မှာ ယှဉ်ပြိုင်မှုကို ပိုပြီးတော့ ဆူပွက်လာစေခဲ့ပါတယ်။

ပထမဆုံး တောင်မြစ်ကျောက်တုံး ပေါ်ထွက်လာတဲ့ အချိန်မှာ စနက်တံကို မီးရှို့လိုက်သလို အုံးအုံးကျက်ကျက် ဖြစ်သွားခဲ့ပါတယ်။

အဆုံးမှာတော့ လီဂေဂေက အစစ်အမှန် မူလကျောက်တုံး ခုနစ်ထောင်နဲ့ အနိုင်ရသွားခဲ့ပါတယ်။ သူမက မကြာခင်မှာ တောင်မြစ်အဆင့်ကို ရောက်ပါတော့မယ်။ ဒါကြောင့် သူမက တောင်မြစ် ကျောက်တုံးတွေကို အသုံးပြုပြီး သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို အရင်ဆုံး ကနဦးအဆင့်ထိ မြှင့်တင်နိုင်ပါလိမ့်မယ်။ အဲဒီနောက်မှ သူမက တူညီတဲ့ အဆင့်ကို သူမရဲ့ သဘောပေါက်မှုနဲ့ ဖြည်းညှင်းစွာ ကျင့်ကြံအားထုတ် နိုင်ပါလိမ့်မယ်။ ဒီလိုမျိုး လုပ်တာက အချိန်အများစုကို ချွေတာနိုင်ပါတယ်။

ဒုတိယနဲ့ တတိယ တောင်မြစ်ကျောက်တုံးတွေလည်း လေလံပွဲမှာ ဆက်တိုက်ထွက်ပေါ် လာခဲ့ပါတယ်။ အားလုံးကို လီဂေဂေ၊ ကျိုယွင်အာနဲ့ စွေ့ရန်ယွီတို့က လေလံအနိုင်ရသွားခဲ့ ကြပါတယ်။

သူတို့ကို အခုချိန်မှာ အရမ်းချမ်းသာကြွယ်ဝနေဖို့ ဘယ်သူကများ ပြောထားလို့လဲ။

အချိန်တော်တော်ကြာအောင် စောင့်ပြီးတဲ့ နောက်မှာတော့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို စင်မြင့်ထက်ကို သယ်ယူလာခဲ့ပါတယ်။

အကြမ်းဖျင်း မိတ်ဆက်မှု တစ်ခု ပြီးတဲ့နောက်မှာ အကြီးအကဲက တန်ဖိုးကို စတင်ကြေညာ လိုက်ပါတယ်။

"တိမ်ထိုးဖောက်ခြင်း လွန်းပျံကို တစ်သိန်းနဲ့ စတင်ပြီး လေလံဆွဲရပါမယ်။ တစ်ခါလေလံဆွဲတိုင်း အနည်းဆုံး ငါးထောင်တိုးပါတယ်"

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းပါတယ်။ ကြမ်းခင်းဈေးက အစစ်အမှန် မူလကျောက်တုံး တစ်သိန်းရှိပါတယ်။

"တစ်သိန်း တစ်သောင်း"

"တစ်သိန်း နှစ်သောင်း"

ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေက အရမ်းကို ရှားပါးတဲ့အပြင် မယုံနိုင်စရာ ကောင်းလောက်အောင် အသုံးဝင်တာကြောင့် စစချင်းမှာပဲ လေလံဆွဲမှုတွေက ပိုမိုမြန်ဆန်ပြီး တိုးလာခဲ့ပါတယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံရဲ့ တန်ဖိုးက လျင်မြန်စွာနဲ့ ငါးသိန်းကို ကျော်သွားခဲ့ပါတယ်။ ဒီတန်ဖိုးကို ရောက်လာတဲ့ အချိန်မှာ လေလံဆွဲသူ တော်တော်များများ လျော့ကျသွားခဲ့ပါတယ်။ တကယ်တော့ ဒါက အရမ်းကို များပြားတဲ့ ပမာဏ တစ်ခုဖြစ်ပြီး အင်အားစု အများစုဟာ ပစ္စည်းတစ်ခုတည်းအတွက် အများကြီး သုံးစွဲဖို့ တုံ့ဆိုင်းနေ ကြပါတယ်။

လေလံဈေး ခုနစ်သိန်းကို ရောက်တဲ့ အချိန်မှာတော့ လေလံဆွဲသူ သုံးယောက်ပဲ ကျန်ပါတော့တယ်။

"ခုနစ်သိန်း သုံးသောင်းတစ်ကြိမ်"

"ခုနစ်သိန်း သုံးသောင်း နှစ်ကြိမ်"

အကြီးအကဲက လေလံပွဲကို အဆုံးသတ်ဖို့ ပြင်လိုက်ပါတယ်။

"ရှစ်သိန်း"

လင်းဟန်က အော်လိုက်ပါတယ်။

"ရှစ်သိန်းပါတဲ့။ တစ်ယောက်ကတော့ လေလံကြေးကို ရှစ်သိန်းထိ မြှင့်လိုက်ပါပြီ"

အကြီးအကဲက ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ပစ္စည်းတွေကို ဈေးများများနဲ့ ပိုပြီးတော့ ရောင်းရလေ သူ့အနေနဲ့ အကျိုးတော်ဆောင်ခ ပိုပြီးတော့ ရရှိပါလိမ့်မယ်။

"ရှစ်သိန်းတစ်သောင်း"

တတိယအလွှာက လူတစ်ယောက်က နောက်တစ်ကြိမ် လေလံဈေးကို တိုးလိုက်ပါတယ်။

"ကိုးသိန်း"

လင်းဟန်က သာမန်ကာလျှံကာ ပြောလိုက်ပါတယ်။ ဒီလေလံပွဲမှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံက သူအရယူဖို့ ဆုံးဖြတ်ထားတဲ့ တစ်ခုတည်းသော ပစ္စည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ အစစ်အမှန် မူလကျောက်တုံးတွေ အားလုံးကို သုံးစွဲဖို့တောင် တုံ့ဆိုင်းနေလိမ့်မှာ မဟုတ်ပါဘူး။

"ကိုးသိန်းတစ်သောင်း"

သူ့ရဲ့ပြိုင်ဘက်က တဒင်္ဂလောက် တုံ့ဆိုင်းဆိုင်း ဖြစ်ပြီးတော့မှ ပြောလိုက်ပါတယ်။

"တစ်သန်း"

လင်းဟန်က မိုက်မိုက်မဲမဲနဲ့ တစ်သန်းအထိ တိုးပေးလိုက်ပါတယ်။

ဒီတစ်ကြိမ်မှာတော့ ဘယ်သူကမှ ထပ်ပြီးတော့ လေလံကြေး မတိုးပေးတော့ပါဘူး။

တကယ်တော့ အစစ်အမှန် အင်အားစုကြီးတွေမှာ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေ ပိုင်ဆိုင်ထားပေမဲ့ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေ အများကြီး ရှိတာနဲ့ ပတ်သက်ပြီး ဘယ်သူမှ စောဒက တက်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း အစစ်အမှန် မူလကျောက်တုံး တစ်သန်းက အမြင့်ဆုံး အကန့်အသတ် ဖြစ်ပါတယ်။ ဒီလိုမျိုး ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းအမျိုးအစားက နှစ်အနည်းငယ်ကြာတိုင်းမှာ ထွက်ပေါ်လာတတ်ပါတယ်။ ဒါကြောင့် တန်ရာတန်ကြေးထက် ပိုပြီးတော့ ဘာကိစ္စ ပေးနေဦးမှာလဲ။

"ကဲကဲ နောက်တစ်ခုက ဒီလေလံပွဲအတွက် ကျုပ်တို့မှာ ထူးခြားဆန်းကြယ်တဲ့ ပစ္စည်းတစ်ခု ရှိတယ်"

အကြီးအကဲက လက်ဟန်ခြေဟန် ပြလိုက်တဲ့ အခါမှာ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်က လက်ထဲမှာ ဗန်းတစ်ခုကို ကိုင်ပြီးတော့ စင်မြင့်ပေါ်ကို လျှောက်လာခဲ့ပါတယ်။ ဗန်းပေါ်မှာ သားရေနဲ့ လုပ်ထားတဲ့ အိတ်လေးတစ်လုံး ရှိပါတယ်။

ဒီမိန်းကလေးက အရမ်းကို ချောမောလှပပြီး တိုကပ်ကပ် ဂါဝန်တစ်ထည်ကို ဝတ်ဆင်ထားပြီး သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ အသားအရည်ကို တွေ့မြင်နိုင်ပါတယ်။ သူမရဲ့ ဆွဲဆောင်မှုတဲ့ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဘယ်သူမှ သူမကို နောက်တစ်ကြိမ် ငေ့မကြည့်ပဲ သူတို့ရဲ့ အာရုံတွေကို လင်ဗန်းပေါ်က အိတ်သေးသေးလေးက ဆွဲဆောင်ထားပါတယ်။

ဒါက လေလံပွဲအတွက် ထူးခြားဆန်းကြယ်တဲ့ ပစ္စည်းဖြစ်ပါတယ်။ အိတ်သေးသေးလေးထဲမှာ ဘာပစ္စည်းများ ရှိမလဲ။

"အားလုံးပဲ ပြန်လည်မွေးဖွားခြင်း သစ်ပင်ဆိုတဲ့ နတ်ဘုရား သစ်ပင်အကြောင်းကို အရင်က ကြားဖူးကြလားမသိဘူး"

အကြီးအကဲက အားလုံးကို ငေ့ပြီးတော့ ကြည့်လိုက်ပါတယ်။

"ဘာ ပြန်လည်မွေးဖွားခြင်း သစ်ပင်လဲ။ ငါအရင်က တစ်ခါမှ မကြားဖူးပါဘူး"

"ငါလည်း တစ်ခါမှ မကြားဖူးဘူး။ ဒါက ဘယ်လိုမျိုး နတ်ဘုရားသစ်ပင် အမျိုးအစားလဲ"

အများစုက သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ကြပါတယ်။ ဒါက သူတို့အနေနဲ့ လျစ်လျူရှုလိုက်တာ ဒါမှမဟုတ် စိတ်မဝင်စားတာ မဟုတ်ပါဘူး။ ဒီနတ်ဘုရား သစ်ပင်လို့ ခေါ်တဲ့ အပင်က သေချာပေါက် သိပ်ပြီးတော့ ထင်ပေါ်ကျော်ကြားခြင်း မရှိတာပါ။

"ငါ့ကိုမပြောနဲ့။ ဒါက ပြန်လည်မွေးဖွားခြင်း သစ်ပင်လို့ ငါ့ကိုလာမပြောနဲ့"

ရုတ်တရက် လူတစ်ယောက်က ထအော်လိုက်ပါတယ်။ သူက အောက်ခြေအဆင့်မှာ ထိုင်နေတဲ့ လူကြီးတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ဆံပင်တွေနဲ့ မုတ်ဆိတ်မွေးတွေအားလုံးက ဖြူဖွေးနေပါပြီ။

သူ့ဘေးနားက လူတစ်ယောက်က အလျင်အမြန်ပဲ မေးလိုက်ပါတယ်။

"အကြီးအကဲကျန်း ဒီနတ်ဘုရား သစ်ပင်အကြောင်းကို ခင်ဗျားသိလား"

ဒီအကြီးအကဲက နှစ်ထောင်ပေါင်းများစွာ အသက်ရှင် နေထိုင်ခဲ့ပြီး သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ သူ့အတွက်တော့ နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ လုံးဝကို မဖြစ်နိုင်သလောက်ပါပဲ။ ဒါပေမဲ့လည်း

သူက ရေးဟောင်းစာအုပ်တွေကို ဖတ်ရှုရတာ သဘောကျ နှစ်ခြိုက်တဲ့ အတွက်ကြောင့် သူ့ရဲ့ဗဟုသုတရှိမှုအတွက် အတော်လေးကို ထင်ပေါ်ကျော်ကြားပါတယ်။

"ဒဏ္ဍာရီတွေအရ ပြန်လည်မွေးဖွားခြင်း သစ်ပင်က ကမ္ဘာကြီးမှာတောင် မရှိနိုင်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခုပဲ။ အဲဒါက ငါ့တို့ရဲ့ နတ်ဘုရား အာရုံတွေကို ခရီးတစ်ခုထိ သယ်သွားနိုင်ပြီး အပြင်ဘက် ကမ္ဘာထဲမှာ ဒုတိယ အစိတ်အပိုင်းတစ်ခုလိုမျိုး လူတစ်ယောက်အတွက် ပြန်လည်မွေးဖွားခြင်း သုံးကြိမ်စာလောက် အတွေ့အကြုံတွေ ရရှိစေနိုင်တယ်။ ဒါက အရမ်းကို ထူးခြားဆန်းကြယ်တဲ့ ပစ္စည်းပဲ"

"ဟူး ဒါဆိုရင် ဒီနတ်ဘုရား သစ်ပင်ကို ကျင့်ကြံဖို့အတွက် အသုံးပြုလိုက်ရင် ကျင့်ကြံခြင်း နည်းစနစ်တွေကို နားလည်သဘောပေါက်နိုင်စွမ်း ရှိလာနိုင်မလား"

အားလုံးက အကြီးအကဲရဲ့ စကားတွေကို ကြားပြီးတော့ အံ့အားသင့်နေ ကြပါတယ်။

ဒါက အရမ်းကို အံ့သြဖို့ ကောင်းလွန်းသွားပါပြီ။ ဒီလိုမျိုး ရတနာပစ္စည်းမျိုးကို ရယူဖို့ ဘယ်အဖွဲ့အစည်းမဆို အရူးအမူး ဖြစ်သွားပါလိမ့်မယ်။

ဘယ်ဝတုံးကများ ဒီရတနာပစ္စည်းကို လေလံတင်ရတာလဲ။

လင်းဟန်ရဲ့ နှလုံးခုန်သံလည်း စိတ်လှုပ်ရှားမှုကြောင့် မြန်ဆန်လာပါတယ်။ အရင်တုန်းက သူဟာ ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည် တစ်ငုံစာ သောက်ခဲ့ပြီး သူ့ကို ဘဂတစ်ခု အပြည့်အဂ အတွေ့အကြုံ ရသွားစေခဲ့ပါတယ်။ အဲဒီရလဒ်ကြောင့် သူက စကြဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ထူးခြားဆန်းကြယ် လေးနက်မှုတွေကို တခြားသူတွေထက် ပိုပြီးတော့ လွယ်ကူစွာနဲ့ နားလည်သဘောပေါက်နိုင်စွမ်း ရှိလာခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ နတ်ဘုရား အာရုံကလည်း တခြား ကျင့်ကြံခြင်းအဆင့်တူတွေထက် ပိုပြီးတော့ သန်မာအားကောင်း လာစေခဲ့ပါတယ်။

ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်က ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ အရွက်တွေကနေ လုပ်ထားတာများ ဖြစ်နေမလား။

"ဒီအိတ်လေးထဲမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့တစ်စေ့ ပါဂင်တယ်"

အကြီးအကဲက ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

လေလံအိမ် တစ်ခုလုံး စိတ်လှုပ်ရှားကုန်ပြီး တချို့ဆို ထိုင်ရာကနေတောင် ထလိုက်မိပါတယ်။

တစ်ခုသတိပြုရမှာက မူလစွမ်းအင်ကို စုစည်းခြင်းက အချိန်လိုအပ်ပါတယ်။ ဥပမာ လူတစ်ယောက်က တောင်မြစ်အဆင့်မှာ အဆင့်သေးတစ်ဆင့် တက်တိုင်း နှစ်ပေါင်း တစ်သိန်း တိုးလာပါတယ်။ ဒါပေမဲ့လည်း လူတစ်ယောက်ရဲ့ မူလစွမ်းအင်ကို အထွတ်အထိပ် အကန့်အသတ်ထိ စုစည်းဖို့ အမြင့်ဆုံး နှစ်ပေါင်းတစ်သောင်းလောက် အချိန်ယူရပါလိမ့်မယ်။

ခက်ခဲတဲ့ အရာကတော့ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်ကို သဘောပေါက်နိုင်စွမ်းနဲ့ လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံကို အားကောင်းစေမှုတို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ သူတို့ဟာ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံအားထုတ် နိုင်မယ်ဆိုရင် ဘဝတစ်ခုစာနဲ့ ညီမျှတဲ့အတွေ့အကြုံ ရသွားပါလိမ့်မယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို နားလည်သဘောပေါက်မှု မရှိမှာနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်စရာ လိုဦးမှာတဲ့လား။ သူတို့ရဲ့ နတ်ဘုရားအာရုံ အားကောင်းသန်မာမှု မရှိမှာနဲ့ ပတ်သက်ပြီးတော့ရော စိုးရိမ်စရာ လိုဦးမှာတဲ့လား။

ဒါငါ့ပါဟာပဲ။ ဒါငါ့ပါဟာပဲဖြစ်ရမယ်။

ဒါက အားလုံးရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ အတွေးတစ်ခုပဲ ဖြစ်ပါတယ်။

အကြီးအကဲက ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

"အားလုံးကို အရင်ဆုံး ရှင်းရှင်းလင်းလင်း သိရအောင် ပြောဦးမယ်။ ဒီမျိုးစေ့က ပြန်လည်မွေးဖွားခြင်း သစ်ပင်ဆိုတာကို အတည်ပြုနိုင်ပေမဲ့ ဒဏ္ဍာရီတွေထဲမှာ ပြောကြတာတော့ ဒီသစ်ပင်က ဒီကမ္ဘာကြီးက မဟုတ်ဘူး။ ဘယ်လိုမျိုး စိုက်ပျိုးပြီး ကြီးထွားရှင်သန်အောင် လုပ်ရမလဲ ဆိုတာကို ဘယ်သူမှ မသိဘူး"

"နောက်ပြီးတော့ ရှေးဟောင်းမှတ်တမ်းတွေအရ ပြန်လည်မွေးဖွားခြင်း သစ်ပင်က ကြီးထွားရှင်သန်ဖို့ နှစ်ပေါင်း ဆယ့်နှစ်ထရီလီယံ လိုအပ်တယ်။ ဒီလိုထူးကဲတဲ့ ရှင်သန်မှု အချိန်ကြောင့်လည်း လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ဒုတိယ အစိတ်အပိုင်း တစ်ခုလိုမျိုး တွေ့ကြုံစေနိုင်တာပဲ"

ဖူး။

အားလုံးက သွေးအန်တော့မလို ခံစားလိုက် ရပါတယ်။ အပင်က အညောက်ပေါက်တာ မပေါက်တာက ပြဿနာ သိပ်မရှိပါဘူး။

တကယ်လို့ အညှောက်ပေါက်အောင် လုပ်နိုင်ရင်တောင် ကြီးထွားရှင်သန်ဖို့ နောက်ထပ် နှစ်ပေါင်း ဆယ့်နှစ်ထရီလီယံ လိုပါသေးတယ်။ ဘယ်သူကများ အဲဒီလောက် အချိန်ကြာအောင် စောင့်နိုင်မှာလဲ။

တစ်ခုသိထားရမှာက ပြီးပြည့်စုံခြင်းအဆင့် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သက်တမ်းတောင်မှ နှစ်ပေါင်းသန်းလေးဆယ်ပဲ ရှိပါတယ်။ နှစ်ပေါင်း ဆယ့်နှစ်ထရီလီယံကို အသာထားဦး နှစ်ပေါင်း သန်းတစ်ရာနဲ့တောင် ဝေးကွာလွန်းပါသေးတယ်။

လူတွေက မကြာခဏ ပြောဆိုတတ်ကြတာက ရှေ့က မျိုးဆက်တွေ စိုက်ပျိုးခဲ့တဲ့ သစ်ပင်တွေကို နောက်မျိုးဆက်တွေ အရိပ်ရပြီး ရိတ်သိမ်းနိုင်ဖို့လို့ ပြောကြပါတယ်။ ဒါပေမဲ့လည်း ဒီသစ်ပင်ရဲ့ အကျိုးအမြတ်တွေကို ရရှိဖို့ ဘယ်လောက်တောင် စောင့်ရမလဲ။ လူတစ်ယောက်ရဲ့ ကလန် ဒါမှမဟုတ် အင်အားစုက ဒီပြန်လည်မွေးဖွားခြင်း သစ်ပင် အရွယ်ရောက်လာတဲ့ အချိန်ကျရင် ပျက်စီးပျောက်ကွယ်သွားတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။

ဒါက နှစ်ပေါင်းဆယ့်နှစ်ထရီလီယံ ဖြစ်ပါတယ်။ 1.2 ဘီလီယံ မဟုတ်ပါဘူး။ သူတို့ရဲ့ ကလန်တွေက ဒီလောက်အချိန်ကြာမြင့်တဲ့အထိ တည်ရှိနေနိုင်မယ်လို့ ဘယ်သူကများ အာမခံနိုင်မှာလဲ။

လူအများစုက ဒီအကြောင်းကို သိပြီးတဲ့နောက်မှာ စိတ်ဂင်စားမှုတွေ လျော့ကျသွားခဲ့ပါတယ်။

"ကြမ်းခင်းဈေးကတော့ အစစ်အမှန် မူလကျောက်တုံး တစ်သန်း ဖြစ်ပါတယ်။ တစ်ကြိမ်လေလံဆွဲတိုင်း အနည်းဆုံး အစစ်အမှန် မူလကျောက်တုံး တစ်သောင်း တိုးမြှင့်ရပါမယ်"

အကြီးအကဲက သက်ပြင်းချပြီးတော့ ကြမ်းခင်းဈေးကို ကြေညာလိုက်ပါတယ်။ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ တန်ဖိုးကားဟာ သူ့ရဲ့ကြီးထွားရှင်သန်မဲ့ အချိန်ကို ထုတ်ဖော် ကြေညာပြီးတဲ့နောက်မှာ တန်ဖိုးလျော့ကျသွားမယ် ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့လည်း လေလံအိမ်မှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ထားပြီးသား ဖြစ်တာကြောင့် တကယ်လို့ သူတို့က အများရဲ့ ယုံကြည်မှု ဆုံးရှုံးသွားရင် အနာဂတ်မှာ ဆက်ပြီးတော့ အလုပ်လုပ်လို့ ရနိုင်ပါဦးမလား။

"1.01 သန်း"

"1.02 သန်း"

လေလံဆွဲသူ တချို့ ရှိနေပါသေးတယ်။ တကယ်တော့ ဒါက အစစ်အမှန် နတ်ဘုရား သစ်ပင် တစ်ပင်ဖြစ်ပါတယ်။ တကယ်လို့ သူတို့က တယောက်ယောက်ကို ပြန်ရောင်းချမယ်ဆိုရင် အကျိုးအမြတ် ကြီးကြီးမားမားတစ်ခု လုပ်နိုင်လောက်ပါတယ်။

"ဒီအပင်ကို ဂယ်လိုက်"

မျှော်စင်လေးက ရုတ်တရက် ပြောလိုက်ပါတယ်။

"ဒီအပင်က ကြီးထွားရှင်သန်ဖို့ နှစ်ပေါင်း 12 ထရီလီယံတောင်လိုတယ်။ ငါအဲဒီလောက် အချိန်အကြာကြီး အသက်ရှည်နိုင်မယ်လို့ မင်းထင်နေတာလား"

လင်းဟန် သူ့စိတ်ထဲကနေ မေးလိုက်ပါတယ်။

Chapter 997 end

အပိုင်း(998) ရှားယွန်ရဲ့ ဖိတ်ခေါ်မှု

နှစ်ပေါင်း 12 ထရီလီယံ။

အနက်ရောင် မျှော်စင်ထဲက တစ်နှစ်ကို နှစ်ပေါင်းတစ်ထောင်နဲ့ ညီမျှတဲ့ အစွမ်းနဲ့တောင် အဲဒါက ကြောက်မက်ဖွယ်ရာ

ကောင်းလောက်တဲ့ နှစ်ပေါင်း 12 ဘီလီယံအထိ လိုနေဆဲပါပဲ။ လင်းဟန် အနေနဲ့ ဒီလောက်အချိန်အကြာကြီး အသက်ရှည်လိမ့်မယ်လို့ မထင်ပါဘူး။

ကောလာဟလတွေအရ မူလဇာစ်မြစ်အဆင့် မဟာလက်ရွေးစင်တွေတောင်မှ အကန့်အသတ် မရှိတဲ့ သက်တမ်းတစ်ခု မရှိပါဘူး။

ဒါကြောင့် တန်ခိုးရှင်တွေကို အစွမ်းပိုထက်ပြီးတော့ အသက်ပိုရှည်တဲ့ သက်ရှိတွေလို့ပဲ ခေါ်ဆိုသမုတ်ကြခြင်း ဖြစ်ပါတယ်။ သူတို့တွေက ကမ္ဘာကြီးရဲ့ အစစ်အမှန် အသိတရားထဲက တန်ခိုးရှင်တွေ မဟုတ်ပါဘူး။

မျှော်စင်လေးက အသာလေး လှုပ်ယမ်းပြီးတော့ ပြောလိုက်တယ်။

"ဒီပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့က မင်းမှာရှိတဲ့ ရတနာတွေ အားလုံးပေါင်းတာထက် ပိုပြီးတော့ တန်ကြေးကြီးတယ်။ မင်းဒါကို ရအောင်ယူသင့်တယ်"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ဘာကိစ္စကြောင့် ငါက ဒါကို ရအောင်ယူရမှာလဲ။ ငါက ဒါကို အသုံးပြုလို့တောင် ရမဲ့ပုံ မရှိဘူး"

“ဘယ်သူပြောလဲ”

မျှော်စင်လေးက အပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

“ငါ့မှာ ဒီသစ်ပင်ကြီးထွားရှင်သန်မှု အမြန်ကို မြှင့်တင်နိုင်တဲ့ နည်းလမ်းတွေ ရှိတယ်”

“နှစ်ပေါင်း 12 ထရီလီယံကို အရှိန်မြှင့်တင်နိုင်လား”

လင်းဟန်က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

“အများဆုံး သုံးနှစ်အတွင်းမှာ ငါဒီသစ်ပင်ကို အပင်သေး တစ်ပင်ထိ ကြီးထွားလာအောင်လို့ လုပ်နိုင်တယ်”

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

“အဲဒါက မင်းရဲ့ နတ်ဘုရားအာရုံ အတွေ့အကြုံကို အချိန်ပိုပြီးတော့ လျင်လျင်မြန်မြန်နဲ့ စီးဆင်းတဲ့ အတွေ့အကြုံကို ရစေနိုင်တဲ့ စွမ်းရည်မျိုး ပိုင်ဆိုင်ထားလိမ့်မယ်”

“သောက်ကျိုးနည်း မင်းက အခု အချိန်ရဲ့ လျှို့ဝှက်နည်းစနစ်တွေကို အသုံးပြုနိုင်တယ်ပေါ့”

လင်းဟန်က မှန်းဆပြီးတော့ ပြောလိုက်တယ်။

"ဘာဖြစ်လို့ ငါ့ကို အဲဒါပေးမသုံးတာလဲ။ ငါ့ရဲ့ ကျင့်ကြံခြင်းကို သုံးရက်လောက် တံခါးပိတ် ကျင့်ကြံခွင့် ပြုလိုက်မယ်ဆိုရင် နှစ်ပေါင်း သုံးသိန်းလောက် လေ့ကျင့်ရတာနဲ့ ညီမျှသွားမယ် မဟုတ်လား။ ငါပြန်ထွက်လာတဲ့ အချိန်ကျရင် ငါ့ရဲ့ ခွေးသူခိုး ရန်သူတွေ အားလုံးကို ကောင်းကောင်းကြီး ဆော်ပလော်တီးလို့ ရပြီပေါ့"

"ဒါက ဘာဖြစ်လို့လဲဆိုရင် ငါ့ရဲ့ အရင်းအမြစ်စွမ်းအားပမာဏ နည်းနည်းလောက် ပြန်လည်ပြည့်ဝ လာလို့ပဲ"

မျှော်စင်လေးက ပြောလိုက်တယ်။

"နောက်တမျိုး ပြောရမယ်ဆိုရင် ငါက အချိန်ရဲ့ စည်းမျဉ်းဥပဒေကို တစ်ကြိမ်ပဲ အသုံးပြုနိုင်လိမ့်မယ်။ မင်းအပေါ်မှာ အသုံးပြုလိုက်မယ်ဆိုရင် အဲဒါက အရမ်းကို ဖြုန်းတီးရာ ကျသွားမှာပေါ့"

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ပြင်းထန်တဲ့ စကားတွေကြောင့် ငါ့ရဲ့ထိခိုက်မခံတဲ့ စိတ်ကလေးဒဏ်ရာရသွားမှာကို မင်းမကြောက်ဘူးလား"

"အဲဒါက ငါသတ်မှတ်ထားတဲ့ ဘုံအတွင်းမှာ မရှိဘူး"

မျှော်စင်လေးက ချက်ချင်းပဲ နောက်တစ်ကြိမ် ခပ်တည်တည် ဖြစ်သွားပါတယ်။

လင်းဟန်က မျှော်စင်လေးနဲ့ စကားစမြည် ပြောတာကို ရပ်လိုက်ပါတယ်။ မျှော်စင်လေးမှာ ဒီလိုမျိုး စွမ်းရည်တစ်ခု ပိုင်ဆိုင်ထားတယ် ဆိုမှတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်က တခြားသူတွေ အတွက်တော့ အသုံးမဝင်ပေမဲ့ သူ့လက်ထဲမှာတော့ အထွတ်အထိပ် ရတနာတစ်ခု ဖြစ်လာပါ လိမ့်မယ်။

"1.5 သန်း"

သူ့အတွေးတွေ လွင့်ပျံသွားတဲ့ အချိန်မှာပဲ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ တန်ဖိုးဟာ ကြမ်းခင်းဈေးထက် ငါးဆယ်ရာခိုင်နှုန်း ကျော်လွန်သွားခဲ့ပါပြီ။

ဒါပေမဲ့လည်း ဒီတန်ဖိုးအတိုင်းအတာကို ရောက်တဲ့အချိန်မှာတော့ အရမ်းကို နည်းပါးတဲ့ လေလံဆွဲသူတွေပဲ ကျန်ပါတော့တယ်။

အဲဒါက ဒီလောက်မတန်တာကြောင့် မဟုတ်ပါဘူး။

တကယ်တော့ ဘယ်သူကမှ ဒီသစ်စေ့ကနေ ကြီးမားတဲ့ သစ်ပင်ကြီးအဖြစ်ကို ကြီးထွားရှင်သန် လာတဲ့နေ့အထိ အသက်မရှင်နိုင်လို့ပါပဲ။ နောက်ပြီး သူတို့ရဲ့ မြေးတွေ ဒါမှမဟုတ်

မြေးတွေရဲ့ မြေးတွေတောင်မှ အဲဒီနေ့အထိ အသက်ရှင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ တစ်ခုတည်းသော ရည်မှန်းချက်က ဒါကိုပြန်ရောင်းထုတ်ပြီး အကျိုးအမြတ်တစ်ခု ရယူဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခုချိန်မှာ တန်ဖိုးပိုမြင့်သွားတာက အကျိုးအမြတ် အရမ်းကို နည်းသွားမယ်လို့ ပြောနေတာနဲ့ အတူတူပါပဲ။

"နှစ်သန်း"

လင်းဟန်က မိုက်မိုက်မဲမဲနဲ့ကို လေလံမြှင့်လိုက်ပါတယ်။

ဘယ်သူမှ သူနဲ့အတူ မယှဉ်ပြိုင်ပံ့ပါဘူး။

တကယ်လို့ လင်းဟန်က နောက်ထပ် လေလံထပ်မတိုးတော့ဘူး ဆိုရင်ရော ဘာလုပ်မလဲ။ အနိုင်ရတဲ့သူက ကြီးကြီးမားမား ဆုံးရှုံးနစ်နာသွားမယ် မဟုတ်လား။ ကျောက်လန်က လင်းဟန်ကို မုန်းတီးသလို သူက လေလံကြေးကိုလည်း မမြှင့်ပံ့ပါဘူး။ သူက သူကိုယ်တိုင် တွင်းတစ်ခု တူးရမှာကို ထိတ်လန့်ကြောက်ရွံ့နေမိပါတယ်။

တခြားလေလံဆွဲသူတွေဆီမှာ အနက်ရောင်မျှော်စင် မရှိပါဘူး။ ဒါကြောင့် သူတို့က ဒီလိုမျိုး အထွတ်အထိပ် ရတနာပစ္စည်း တစ်ခုကို ဘယ်လိုလုပ် အိပ်မက်မက်နိုင်မှာလဲ။ သူတို့ရဲ့ နှစ်ပေါင်း 12

ထရီလီယံ အချိန်ကို နှစ်နှစ် သုံးနှစ်အချိန်လောက်နဲ့ ဘယ်လိုလုပ် အိပ်မက်မက်နိုင်မှာလဲ။

"နှစ်သန်း တစ်ကြိမ်"

"နှစ်သန်း နှစ်ကြိမ်"

"နှစ်သန်း သုံးကြိမ် ရောင်းလိုက်ပါပြီ"

အကြီးအကဲက အရောင်းအဝယ် ပြီးမြောက်ကြောင်းကို အနည်းငယ် စိတ်ပျက်လက်ပျက်နဲ့ ကြေညာလိုက်ပါတယ်။ ဒါက ပြန်လည်မွေးဖွားခြင်း သစ်ပင် ဖြစ်ပါတယ်။ တစ်ခါတရံမှာ အစစ်အမှန် မူလကျောက်တုံး သန်းရာနဲ့ချီပြီး ရောင်းချသင့်ပါတယ်။ သူ့ရဲ့ ကြီးထွားရှင်သန်ဖို့ စောင့်ရတဲ့ အချိန်ကပဲ သူ့ရဲ့ တန်ဖိုးကို သနားစရာကောင်းလောက်အောင် လျှော့ကျသွားစေခဲ့တာ ဖြစ်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ ကျေနပ်ပီတိ ဖြစ်တဲ့အပြုံးတစ်ခု ဖြစ်သွားပါတယ်။ သူ့မှာ နှစ်နှစ် သုံးနှစ်အတွင်း ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင် ရရှိပါလိမ့်မယ်။ ပြီးတော့ သူ့ရဲ့ စိတ်ဝိညာဉ်က အကန့်အသတ်မရှိ ကြီးထွားလာပါလိမ့်မယ်။

သူက မော်ဆေးကောရာဇ် တစ်ယောက် ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ မူလစွမ်းအင်နဲ့ ခန္ဓာကိုယ် ပညာရပ်တွေကို တိုးမြင့်ပေးနိုင်တဲ့ ဆေးလုံးအများကြီး ရှိတယ်ဆိုတာကို သိထားပေမဲ့လည်း သူတို့ကိုယ်တိုင် အပြည့်အဝ နားလည်သဘောပေါက်ဖို့ လိုအပ်နေပါသေးတယ်။ ဒါပေမဲ့လည်း ပြန်လည်မွေးဖွားခြင်း သစ်ပင်နဲ့ဆိုရင် သူ့အနေနဲ့ နားလည်သဘောပေါက်ခြင်းတွေ ကြုံတွေ့ဖို့ အကန့်အသတ်မရှိတဲ့ အချိန်တစ်ခု ရှိလာပါလိမ့်မယ်။ ဂက်တစ်ကောင်တောင်မှ မူလဇာစ်မြစ်အဆင့် မဟာလက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်စွမ်း ရှိလာပါလိမ့်မယ်။

"အဲဒီလောက် မရိုးရှင်းဘူး"

မျှော်စင်လေးက ချက်ချင်းပဲ သူ့ရဲ့အိပ်မက်တွေကို ဖျက်ဆီးပစ်လိုက်ပြီး ပြောလိုက်တယ်။

"ပြန်လည်မွေးဖွားခြင်းသစ်ပင်ရဲ့ စိတ်ဝိညာဉ် ကမ္ဘာကို ဝင်ရောက်ခြင်းက ပြန်လည်မွေးဖွားခြင်းရဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအားကို သုံးစွဲရလိမ့်မယ်။ လူတွေပိုပြီးတော့ ဝင်လေ ပိုပြီးတော့ သုံးစွဲရလိမ့်မယ်"

လင်းဟန်က ညည်းတွားပြီးတော့ ပြောလိုက်တယ်။

"မင်းစောစောစီးစီးကတည်းက ငါ့ကိုမပြောပြနိုင်ဘူးလား"

"မင်းက အဲဒါကို မဂယ်တော့ပဲ ကပ်စေးကုတ်နေမှာ စိုးလို့လေ"

"လပြွတ်ပဲ"

လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ ရေရှည်ကို မကြည့်တတ်တဲ့သူ ဖြစ်မှာလဲ။ သူက ခေါင်းကို အနည်းငယ် ခါလိုက်မိပါတယ်။ ဒီမျှော်စင်လေးက တကယ်ပဲ ရင့်သီးပြီးတော့ အကြံသမား တစ်ယောက် ဖြစ်ပါတယ်။

လေလံပွဲက ဆက်ပြီးတော့ ကျင်းပနေပြီး လင်းဟာန်က ကျန်နေတဲ့ တောင်မြစ်ကျောက်တုံးတွေကို လီဂေဂေ၊ ကျိယွင်အာတို့နဲ့အတူ မယှဉ်ပြိုင်တော့ပါဘူး။ သူက ဒီကျောက်တုံးတွေ လိုနေသေးပေမဲ့ သူတို့က သူငယ်ချင်းတွေ ဖြစ်ပါတယ်။ တကယ်တော့ လီဂေဂေက သူ့အတွက် အရှေ့ကတောင် မားမားမတ်မတ် ရပ်ပေးခဲ့ပါတယ်။ သူက ဒီမျက်နှာသာပေးမှုကို ပြန်ပြီးတော့ ပေးဆပ်ရပါမယ်။

လင်းဟာန်လည်း ဆေးဖော်စပ်နည်း တချို့ကို ဂယ်ယူခဲ့ပါတယ်။ ဒီဆေးဖော်စပ်နည်းတွေက အင်အားကြီး အဖွဲ့တချို့ရဲ့ လက်ထဲမှာပဲ ရှိတဲ့ တန်ဖိုးကြီး ဖော်စပ်နည်းတွေ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ သူက ဆေးဖော်စပ်ဖို့ ပါဂင်ပစ္စည်းတချို့ကိုလည်း ဂယ်ယူခဲ့ပါတယ်။

ဂယ်ယူမှုတွေ ပြီးတဲ့နောက်မှာတော့ သူ့ရဲ့ အစစ်အမှန် မူလကျောက်တုံး လေးသန်းကနေ တစ်သောင်းလောက်ပဲ ကျန်ပါတော့တယ်။

ဒါပေမဲ့လည်း သူက အဲဒီအတွက် နောင်တမရပါဘူး။ ပိုက်ဆံဆိုတာ သုံးဖို့ပါပဲ။ ဘာလုပ်ဖို့ သိမ်းနေဦးမှာလဲ။ နေ့တိုင်းပိုက်ဆံကို ထိုင်ရေနေရတာ ပျော်ဖို့ကောင်းလို့လား။

လေလံပွဲပြီးတဲ့ နောက်မှာတော့ လေလံအိမ်က အလုပ်သမား တစ်ယောက်က သူတို့ဂယ်ယူထားတဲ့ ပစ္စည်းတွေကို လာပို့ပေးပါတယ်။

ပစ္စည်းတန်ဖိုးကို ပေးချေပြီးတဲ့နောက်မှာ လင်းဟန်က သီးသန့်ငွေထုတ်ဌာနဆီကို သွားပြီးတော့ အစစ်အမှန်မူလကျောက်တုံး ကတ်ထဲက ကျန်နေတာတွေကို ထုတ်လိုက်ပါတယ်။ သူ့ဆီမှာ အစစ်အမှန် မူလကျောက်တုံး တစ်သောင်းပဲ ကျန်ပါတော့တယ်။ ဒါကြောင့် သီးသန့်ငွေထုတ် ဌာနက သေချာပေါက် ထုတ်ပေးနိုင်ပါလိမ့်မယ်။

သင်တန်းကျောင်းဆီကို ပြန်လာတဲ့လမ်းမှာ သူ့ဆီကို ချောမောလှပတဲ့ မိန်းကလေးတစ်ယောက် လျှောက်လာပြီးတော့ သူ့ကိုတားလိုက်ပါတယ်။

"သခင်လေးလင်း ကျမရဲ့ သခင်လေးက သခင်လေးကို ဖိတ်လိုက်ပါတယ်"

ဒီမိန်းကလေးက အနက်ရောင် ကိုယ်ကျပ်ဂတ်စုံကို ဂတ်ဆင်ထားပြီး သူမရဲ့ ကောက်ကြောင်း အလှကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ သူမရဲ့ သေးသွယ်တဲ့ခါးနဲ့ လုံးဂန်းပြီး စွံ့ကားနေတဲ့ တင်သားတွေက လူတစ်ယောက်ရဲ့ တပ်မက်စိတ်ကို နှိုးဆွနိုင်ပါတယ်။ ကိုယ်ကျပ်ဂတ်စုံကြောင့်လည်း သူမရဲ့ ပုံစံက အရမ်းကို ညို့ယူဖမ်းစားနိုင်လွန်းပါတယ်။

"မင်းရဲ့ သခင်လေးက ဘယ်သူလဲ"

လင်းဟန်က မေးလိုက်တယ်။

"ရှားယွန်။ သခင်လေး ရှားပါ"

မိန်းကလေးက ပြန်ဖြေလိုက်ပါတယ်။ သူမက ရှားယွန်ရဲ့ အမျိုးသမီး အစောင့်အရှောက်တွေထဲက တစ်ယောက်ဖြစ်တဲ့ လွီရင်ကလွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

"ရှားယွန်လား"

လင်းဟန်က ဒီလူကို အရင်တုန်းက မသိဖူးပါဘူး။ ကျောက်လန်ရဲ့ တိုက်ခိုက်မှုကနေ သူ့ကို ကာကွယ်ဖို့ အရှေ့ထွက်လာတဲ့

လူအကြောင်းကို လီဂေဂေဆီက နောက်ပိုင်းမှ သိခဲ့ရတာပါ။ သူက ကျောက်လန်ဆီက အကျိုးအမြတ် တချို့ကို လက်ခံပြီးတဲ့နောက်မှာ အနောက်ကို ပြန်ဆုတ်သွားခဲ့ပါတယ်။

သူ့မှာ အဲဒီလူနဲ့ ပတ်သက်ပြီး အမြင်ကောင်း တစ်ခု မရှိပါဘူး။ ဒါပေမဲ့လည်း တဒင်္ဂလောက် စဉ်းစားပြီးတဲ့နောက်မှာ သူက ပြောလိုက်ပါတယ်။

"မင်းအရှေ့ကနေ ဦးဆောင်ပြီး သွားပါ"

"ကျေးဇူးပြုပြီးတော့ ကျမနောက်ကနေ လိုက်ခဲ့ပါ သခင်လေးလင်း"

လွီရင်က ချာခနဲ လှည့်ထွက်ပြီးတော့ ဦးဆောင်သွားပါတယ်။

လင်းဟန်က သူမရဲ့ အနောက်ကနေ လမ်းလျှောက်ပြီး လိုက်လာခဲ့ပါတယ်။ မကြာခင်မှာပဲ ဒါက အမှားတစ်ခု ဆိုတာကို သူသတိပြုမိ သွားခဲ့ပါတယ်။ သူ့အရှေ့ ဒီမိန်းကလေးက ခန္ဓာကိုယ် ကောက်ကြောင်း ပေါ်လွင်စေတဲ့ ကိုယ်ကျပ်ဂတ်စုံကို ဂတ်ဆင်ထားပြီး သူမရဲ့ ရှိုက်ကြီးဖိုငယ် အသွယ်သွယ်နဲ့ ဖုထစ်တင်းကားနေတဲ့ တင်ပါးတွေက လမ်းလျှောက်လိုက်တိုင်းမှာ စည်းချက်ကျကျနဲ့ တုန်ခါပြီးတော့ မြင်ရသူ အပေါင်းကို ညှို့ယူဖမ်းစား နေပါတယ်။

ဒါက လင်းဟန်အတွက် သူ့ကိုယ်သူ ထိန်းချုပ်ဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။ သူမရဲ့ လှုပ်ခါနေတဲ့ တင်ပါးတွေက သူ့ကို ရိုင်းစိုင်းတဲ့ သားရဲတစ်ကောင် အဖြစ်ကို ပြောင်းလဲလိုက်ဖို့ ဖိတ်ခေါ်နေသလိုပါပဲ။

လင်းဟန်က အလျင်အမြန်ပဲ အရှေ့ကို ခြေလှမ်းအနည်းငယ် တိုးပြီးတော့ သူမနဲ့ ဘေးချင်းယှဉ် လျှောက်လိုက်ပါတယ်။

အတန်ငယ် လျှောက်ပြီးတဲ့ နောက်မှာတော့ သူတို့နှစ်ယောက်က စံအိမ်တစ်ခုထဲကို ဝင်လာခဲ့ ကြပါတယ်။ အခုက အတော်လေး ညဥ့်နက်နေပေမဲ့ စံအိမ်ရဲ့ လုပ်ငန်းက အတော်လေး ကောင်းမွန်နေပြီး ဧည့်သည်တွေက အဆက်မပြတ် ဝင်လိုက်ထွက်လိုက်နဲ့ စည်ကားလို့ နေပါတယ်။

လွီရင်ကို တွေ့လိုက်ရတဲ့ အချိန်မှာ စံအိမ်ထဲက လူတွေအားလုံးရဲ့ အမူအရာက လေးလေးနက်နက် ဖြစ်သွားကြပါတယ်။ သူတို့က သူမကို ခိုးပြီးတော့တောင် မကြည့်ပံ့ကြပါဘူး။

သူမက ရှားယွန်ရဲ့ ကိုယ်ရံတော် မိန်းကလေး ဖြစ်ပါတယ်။ သူမကို တပ်မက်တဲ့ အပြုံးနဲ့ ကြည့်တာက ပြဿနာကို မီးခွက်ထွန်း ရှာသလို ဖြစ်သွားနိုင်ပါတယ်။

လွီရင်က လင်းဟန်ကို တတိယအထပ်က သီးသန့်ခန်း တစ်ခုကို ခေါ်သွားပါတယ်။ သူမက တံခါးကို ခေါက်ပြီးတော့ ပြောလိုက်တယ်။

"သခင်လေးရှင့် သခင်လေးလင်း ရောက်လာပါပြီ"

"ဝင်လာခဲ့ပါ"

အခန်းထဲကနေ ယောကျ်ားတစ်ယောက်ရဲ့ အသံ ထွက်ပေါ်လာပါတယ်။

လွီရင်က တံခါးကို တွန်းဖွင့်ပြီးတော့ လင်းဟန်ကို အရင်ဆုံး ဝင်ခွင့်ပြုလိုက်ပါတယ်။

လင်းဟန်က အခန်းထဲကို တုံ့ဆိုင်းခြင်းမရှိပဲ ဝင်လာလိုက်ပါတယ်။ ရှားယွန်က လက်ရှိမှာ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို ပွေ့ဖက်ပြီးတော့ အရက်သောက်နေပါတယ်။ သူတို့ရဲ့ ဂုတ်စုံတွေက ဖရိုဖရဲဖြစ်နေပြီး သူတို့ရဲ့ ကျောက်စိမ်းလို အသားအရည်က အခန်းရဲ့ မီးအလင်းရောင်အောက်မှာ ဆွဲဆောင်မှုရှိစွာနဲ့ ဝင်းလက်လို့ နေပါတယ်။

ရှားယွန်ရဲ့ အနောက်မှာ ခန္ဓာကိုယ် ကောက်ကြောင်းကို ပေါ်လွင်အောင် ကိုယ်ကျပ်ဂုတ်စုံ ဂုတ်ဆင်ထားတဲ့

မိန်းမချောသုံးယောက် ရပ်နေပြီး သူမတို့ရဲ့ မျက်နှာက အေးစက်စက်နဲ့ ကျောက်တုံးလို အမူအရာမျိုး ရှိနေပါတယ်။

"ဟားဟားဟားဟား ထိုင်ပါ ထိုင်ပါ"

ရှားယွန်က မတ်တပ်ထ မရပ်ပဲနဲ့ သူ့ကို တစ်ဖက်မှာထိုင်ဖို့ ညွှန်ပြလိုက်ပါတယ်။

ဒါက ဧည့်သည်တွေကို သူဆက်ဆံတဲ့ ပုံစံလား။

လင်းဟန်က မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ သူက ရှားယွန်ရဲ့ ဖိတ်ခေါ်မှုကို လက်ခံပြီးတော့ ထိုင်ချလိုက်ပါတယ်။ ရှားယွန်က သူ့ကို ဘာအတွက် ဖိတ်ခေါ်တယ်ဆိုတာကို သိချင်နေခဲ့ပါတယ်။

"ငါကမင်းကို ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ ပြောမယ်။ မင်းရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ကျင့်ကြံတဲ့ လျှို့ဝှက်နည်းစနစ်ကို ငါလိုချင်တယ်"

ရှားယွန်က စကားကို ဝေ့ဂိုက်ပြီးတော့ ပြောမနေပါဘူး။ သူက ဆက်ပြီးတော့ ပြောလိုက်တယ်။

"မင်းလိုချင်သလောက် အစစ်အမှန် မူလကျောက်တုံးတွေကို ဘယ်လောက်ပဲဖြစ်ဖြစ် ငါပေးနိုင်တယ်"

Chapter 998 end

အပိုင်း(999) ဉာဏ်ရှိရှိ စဉ်းစားခြင်း

လင်းဟန်က ရှားယွန်ရဲ့ ကမ်းလှမ်းချက်ကို လျစ်လျူရှုခဲ့ပါတယ်။

သူက အစစ်အမှန် မူလကျောက်တုံးတွေကို တကယ်ပဲ အရေးတကြီး လိုနေခဲ့ပါတယ်။ သူက အစစ်အမှန် မူလကျောက်တုံး လေးသန်းကို ရရှိခဲ့ပြီး လေလံပွဲမှာ ပိုက်ဆံအများစုကို သုံးစွဲပြီးတဲ့ နောက်မှာတော့ တစ်သောင်းလောက်ပဲ ကျန်ပါတော့တယ်။ နောက်ပြီးတော့ သူက နောက်ထပ် ပစ္စည်းတချို့ကို ထပ်ပြီးတော့ ဂယ်ယူချင်ပါသေးတယ်။ အခုတော့ သူ့မှာ ပိုက်ဆံမရှိသေးပါဘူး။

တကယ်တော့ သူ့မှာ ကျင့်ကြံခြင်းအတွက် အစစ်အမှန် မူလကျောက်တုံး တချို့ ကျန်သေးတယ် မဟုတ်လား။

ဒီနှုန်းနဲ့ဆိုရင် သူက ဘယ်လောက်တောင် ဆိုးဆိုးဂါးဂါး မွဲတေနေပြီးတော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်နဲ့ တခြားကျင့်စဉ်တွေကို သင်ယူနိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူလိုချင်တယ် ဆိုရင်တောင် သူ့အနေနဲ့ သင်ယူဖို့ နည်းလမ်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျင့်ကြံခြင်း နည်းစနစ်ရဲ့ အဆင့်က အရမ်းကို မြင့်မားလွန်းတာကြောင့် ဖြစ်ပါတယ်။

ရှားယွန်က လင်းဟန်ရဲ့ တုံ့ပြန်မှု မရှိတာကို ကြည့်ပြီးတော့ သူ့စိတ်ကိုသူ ထိန်းထားပါတယ်။ အဲဒီအစား သူက လက်ခုပ်တီးပြီးတော့ ပြောလိုက်တယ်။

"တုန်ယွဲ့နဲ့ မင်အာ မင်းတို့နှစ်ယောက် ငါ့သူငယ်ချင်းကို ဖျော်ဖြေပေးလိုက်ပါဦး"

"နားလည်ပါပြီ"

မိန်းကလေး နှစ်ယောက်က ချိုသာစွာနဲ့ ပြန်ဖြေလိုက်ပါတယ်။ သူမတို့က လင်းဟန်ရဲ့ ဘေးနားကို လမ်းလျှောက်သွားပြီးတော့ သူ့ခန္ဓာကိုယ် အပေါ်ကို မှီချလိုက်ပါတယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ မိန်းကလေး နှစ်ယောက်ကို ဘေးကို တွန်းလိုက်ပါတယ်။

"ဘာလဲ မင်းစိတ်မကျေနပ်ဘူးလား"

ရှားယွန်က အနည်းငယ် အံ့အားသင့်သွားပြီးတော့ သူက ရှင်းပြလိုက်ပါတယ်။

"တုန်ယွဲ့နဲ့ မင်အာတို့က သင်းရန့်စံအိမ်ထဲမှာ အကျော်ကြားဆုံး မိန်းကလေးတွေပဲ။ သူတို့က ပန်းလေးတွေလို လှပတဲ့အပြင်

သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း တောင်မြစ်အဆင့်မှာ ရှိတယ်”

ကြယ်ဥက္ကာ အင်ပါယာရဲ့ လူဦးရေနဲ့ဆိုရင် ချောမောလှပတယ်ဆိုတဲ့ အချက်က အတော်လေးကို သမာရိုးကျ တစ်ခုပါပဲ။ မိန်းကလေး ဆယ်ယောက်မှာ တစ်ယောက်က ချောမောလှပတယ်လို့ သတ်မှတ်လို့ ရပါတယ်။ မိန်းကလေး တစ်ရာမှာ တစ်ယောက်ကတော့ ထူးထူးခြားခြားကို ချောမောလှပတယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။

ဒါကြောင့် မိန်းမလှလေးတွေက ဒီလို ခန့်ညားထယ်ဂါတဲ့ အင်ပါယာထဲမှာ မရှားသလို ထူးထူးခြားခြားလည်း မရှိဘူးလို့ ပြောနိုင်ပါတယ်။

ဒါပေမဲ့လည်း တန်ခိုးရှင်အဆင့်မှာရှိတဲ့ မိန်းမလှလေးတွေကတော့ အတော်လေးကို ရှားပါးလွန်း ပါတယ်။

ဒါက အတားအဆီး တစ်ခုဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံရဲ့ အရင်းအမြစ်တွေနဲ့တောင် အရမ်းကို နည်းပါးတဲ့ လူနည်းစုပဲ တန်ခိုးရှင်အဆင့်ကို တက်လှမ်းနိုင်ပါတယ်။ ဒါကြောင့် စံအိမ်ကလည်း အတော်လေးကို စွမ်းဆောင်နိုင်စွမ်း ရှိပြီးတော့

ညှော်သည်တွေနဲ့အတူ ပျော်ပါးဖို့ တောင်မြစ်အဆင့် မိန်းမလှလေး နှစ်ယောက်ကို ခန့်ထားနိုင်ခဲ့ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ အစ်ကိုရှားမှာ ပြောစရာမရှိတော့ဘူးဆိုရင် ကျနော့်ကို ပြန်ခွင့်ပြုပါ"

"ဘာလို့ အလျင်လိုနေတာလဲ"

ရှားယွန်က အလျင်အမြန်ပဲ ပြောလိုက်တယ်။ ဒါပေမဲ့လည်း သူ့မျက်လုံးထဲမှာ မကျေနပ်တဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ဖြတ်သွားပြီးတော့ မင်းလို ကျွန်မောင်ယ် တစ်ခုက ပုရွက်ဆိတ် တစ်ကောင်က ငှါကို အစ်ကိုလို့ ရည်ညွှန်းပြီး ခေါ်ပုံတယ်ပေါ့လေ ဟုတ်လား ထို့ ဆိုပြီးတော့ အထင်အမြင်သေးစွာနဲ့ ပြောနေသယောင်ပါပဲ။

သူက လင်းဟန်ရဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို ရအောင်ယူချင်နေပါသေးတယ်။ ဒါကြောင့် သူ့ရဲ့ စိတ်ခံစားချက်ကို ထိန်းချုပ်ထားလိုက်ပါတယ်။

သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းမသိသေးပါဘူး။ တုန်ယဲ့နဲ့ မင်အာရဲ့ ကျွမ်းကျင်မှုက အိပ်မက်မက်နေသလို လေထဲမှာ မျောလွင့်နေသလိုမျိုး ဖြစ်သွားမယ်"

လင်းဟန်က မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒါက တကယ်ပဲ မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ သောက်ကျိုးနည်း သားတစ်ယောက်လား။ ဘာဖြစ်လို့ သူ့ပုံစံကို ကြည့်ရတာ ပြည့်တန်ဆာ ခေါင်းလိုမျိုး ဆွယ်တရားဟောနေရတာလဲ။ သူက သူမတို့ရဲ့ ကျွမ်းကျင်မှုအကြောင်းနဲ့ ပတ်သက်ပြီးတော့တောင် ပြောနေသေးတယ်။ သူတကယ်ပဲ မူးနေပြီဖြစ်မယ်။

လင်းဟန်က ချက်ချင်းပဲ ထရပ်လိုက်ပါတယ်။ တကယ်လို့ သူက ကြံရာမရ ဖြစ်နေရင်တောင်မှ ပြည့်တန်ဆာအိမ်က မိန်းကလေးတွေနဲ့ ထိပါးလိမ့်မှာ မဟုတ်ပါဘူး။

"မင်းက သူတို့နဲ့တောင် မကျေနပ်သေးဘူးလား"

ရှားယွန်က လင်းဟန်အနေနဲ့ မိန်းကလေး နှစ်ယောက်တည်းမို့ ပစ်ပစ်ခါခါ ငြင်းပယ်တယ်လို့ တွေးနေဆဲပါပဲ။ သူက ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

“လင်းဟာန် တကယ်လို့ မင်းက ငါ့ကို ကျင့်ကြံခြင်း နည်းစနစ် ပေးမယ်ဆိုရင် ငါ့ရဲ့ ကိုယ်ရံတော် မိန်းကလေး လေးယောက်ကိုတောင် မင်းကိုပေးဖို့ စဉ်းစားထားတယ်။ မင်းကို အမှန်အတိုင်း ပြောပြမယ်။ သူတို့လေးယောက်လုံးက အပျိုစစ်စစ်ပဲ ရှိသေးတယ်”

လင်းဟာန်ရဲ့ ဘေးနားမှာ ချောမောလှပတဲ့ မိန်းကလေးတွေ အများအပြား ရှိနေတာကို ကြည့်ပြီးတော့ လင်းဟာန်က ရမ္မက်ကြီးတဲ့ လူတစ်ယောက်ပဲလို့ ရှားယွန်က ယုံကြည်နေခဲ့ပါတယ်။ ဒါကြောင့် သူက မိန်းမလှလေးတွေနဲ့ ဆွဲဆောင်သိမ်းသွင်းလို့ ရနိုင်ပါလိမ့်မယ်။

သူတို့က ရုပ်သေးရုပ်တွေအတိုင်းပဲ လှီရင်နဲ့ ကျန်တဲ့ မိန်းကလေး ကိုယ်ရံတော် သုံးယောက်ရဲ့ အမူအရာက ပြောင်းလဲသွားခြင်း မရှိပါဘူး။

လင်းဟာန်က သူ့စိတ်ထဲကနေ သက်ပြင်းချက်လိုက်မိပါတယ်။

ဘယ်လောက်ဂမ်းနည်းစရာ ကောင်းလိုက်သလဲ။

ဒါပေမဲ့လည်း သူက တစ်ဖက်လူနဲ့ အပေးအယူလုပ်ဖို့ အချိန် ဒါမှမဟုတ် စိတ်ရှည်မှု မရှိခဲ့ပါဘူး။ သူက ချက်ချင်းပဲ ပြန်ဖြေလိုက်ပါတယ်။

"မြင့်မြတ်တဲ့ လူတစ်ယောက်က တခြားလူရဲ့ ပိုင်ဆိုင်မှုကို သိမ်းဆည်းတာမျိုး မလုပ်သင့်ပါဘူး။ အခု ကျေးဇူးပြုပြီးတော့ ခွင့်ပြုပါဦး"

"လင်းဟာန်"

ရှားယွန်ရဲ့ အမူအရာက ခက်ထန်လို့ လာပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ စိတ်ရှည်သည်းခံမှုကို မစမ်းသပ်နဲ့။ နံပါတ်ကိုး ဘုရင်ရဲ့ အကူအညီ ရှိနေတာကြောင့်ပဲ အားလုံးကို အပေါ်စီးကနေ ကြည့်လို့ရပြီလို့ မထင်လိုက်နဲ့။ မင်းက ကမ္ဘာငယ်လေး တစ်ခုက ပုရွက်ဆိတ်လေး တစ်ကောင်ပဲ ဆိုတာကို မမေ့လိုက်နဲ့"

"မင်းရဲ့ သတိပေးမှုအတွက် ကျေးဇူးတင်ပါတယ်"

လင်းဟာန်က ခံစားချက် ကင်းမဲ့စွာနဲ့ ပြောလိုက်တယ်။ သူ့ရဲ့ ရှားယွန်အပေါ် အမြင်က ဟိုးအောက်ထိ ထိုးဆင်းသွားပါတယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျောက်လန်က ရန်စသေးသေးလေး တစ်ခုအတွက် လက်တုံ့ပြန်ဖို့ ဆိုပေမဲ့ အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိပြီးတော့ ရှားယွန်နဲ့ ယှဉ်ကြည့်လိုက်တဲ့ အချိန်မှာ ပိုပြီးတော့တောင် အထင်ကြီးဖို့ ကောင်းပါသေးတယ်။

နဂါးတစ်ကောင်ရဲ့ သားကိုးယောက်စလုံးက ကွဲပြားခြားနားပါတယ်။ သေချာတာပေါ့။ မဟာဗိုလ်ချုပ် ရှားတောင်မှ ဒီလိုအဖြစ်မျိုးကနေ လွတ်ငြိမ်းခွင့် ရလိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်းမှာ ထူးချွန်ထက်မြက်မှုက လွဲရင် ရှားယွန်က သာမန် ချမ်းသာတဲ့ အပျော်အပါးမက်တဲ့ လူငတစ်ယောက်နဲ့ လုံးဝကို မကွာခြားပါဘူး။

ရှားယွန်က သူ့အသံကို မြှင့်ပြီးတော့ ပြောလိုက်တယ်။

"လင်းဟာန် ဒါက နောက်ဆုံးသတိပေးခြင်းပဲနော်"

လင်းဟာန်က သူ့ကို လုံးဝကို လျစ်လျူရှုပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ လမ်းလျှောက်သွား လိုက်ပါတယ်။

ဖြန်း။

ရှားယွန်က စားပွဲခုံကို ပြင်းပြင်းထန်ထန် ရိုက်ချလိုက်ပြီး စားပွဲပေါ်က ခွက်တွေ ပန်းကန်တွေကို လွင့်ထွက်သွား စေခဲ့ပါတယ်။

"သခင်လေးရှား"

တုန်ယွဲ့နဲ့ မင်အာတို့ နှစ်ယောက်စလုံးက သူ့ဘေးကို မှီပြီးတော့ ဆွဲဆောင်မှု အပြည့်နဲ့ ခေါ်လိုက်ပါတယ်။

တကယ်လို့ တခြားအချိန်သာ ဖြစ်မယ်ဆိုရင် ရှားယွန်က ပြုံးပြီးတော့ သူမတို့ကို ပွေ့ဖက်ပြီး သူ့လက်တွေက သူမတို့ရဲ့ ခန္ဓာကိုယ်အနှံ့မှာ သွားလာလှုပ်ရှားနေပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုတော့ သူက အရမ်းကို ဒေါသထွက်နေတာကြောင့် မိန်းကလေး နှစ်ယောက်စလုံးကို ကြမ်းပေါ်ထိ တွန်းထုတ်လိုက်ပါတယ်။

"နံ့ပါတ်ကိုး ဘုရင်က မင်းလိုလူတစ်ယောက်ကို တကယ်ပဲ နှစ်သက်သဘောကျလိမ့်မယ်လို့ မင်းထင်နေတာလား"

သူ့အသံက အေးစက်လာပြီးတော့ ပြောလိုက်ပါတယ်။

"လွီရင် သူ့ကို မျက်စိထောက်ဒေါက်ပြီး ကြည့်ထားပါ။ တကယ်လို့ သူက လှုပ်ရှားမှု နည်းနည်း လုပ်လာရင် ငါ့ကို ချက်ချင်းပြန်ပြီးတော့ သတင်းပို့"

"နားလည်ပါပြီ"

လွီရင်က ဒူးတစ်ဖက်ထောက်ပြီးတော့ ရှားယွန်ရဲ့ အမိန့်ကို လက်ခံလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ စံအိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။

အပေးအယူဆိုတာက နှစ်ဦးနှစ်ဖက်ရဲ့ သဘောတူညီမှုကို အခြေခံပြီးတော့မှ ပြီးဆုံးနိုင်တာ ဖြစ်ပါတယ်။ လျှို့ဝှက်နည်းစနစ် တစ်ခုကို လိုအပ်တဲ့ အချိန်မှာ ပိုပြီးတော့တောင် အရေးကြီးပါတယ်။ သူ့အတွက်တော့ ဒီလိုမျိုး တောင်းဆိုချက် တစ်ခုကို ငြင်းပယ်လိုက်တာက သာမန်ပဲ မဟုတ်လား။

ဒီချမ်းသာတဲ့ သခင်လေးမှာ အရင်တုန်းက ဒီလိုမျိုး ငြင်းပယ်ခံရတဲ့ အတွေ့အကြုံ မရှိခဲ့တာ ဒါမှမဟုတ် သူ့ရဲ့တောင်းဆိုချက်တွေကို တခြားသူတွေက ငြင်းဆန်ခြင်းမရှိပဲ လက်ခံခဲ့တာမျိုးနဲ့ ကြုံခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်က သင်တန်းကျောင်းကို ပြန်ရောက်တာနဲ့ အနက်ရောင် မျှော်စင်ထဲကို ချက်ချင်းပဲ ဝင်လိုက်ပါတယ်။

"မျှော်စင်လေး ငါဒါကို ဘယ်လိုမျိုး စိုက်ရမလဲ"

လင်းဟန်က ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့ကို ထုတ်ယူလိုက်ပါတယ်။

"ငါအရင်ဆုံး မြေနေရာတစ်ခု လုပ်လိုက်ဦးမယ်"

မျှော်စင်လေးရဲ့ အသံက အတော်လေးကို အလေးအနက်ထားပုံ ရပြီးတော့ သာမန်နဲ့ လုံးဝကို မတူညီပါဘူး။ အဲဒါက လင်းဟန်ကို

ဒီပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့ဟာ မျှော်စင်လေးရဲ့ မျက်လုံးထဲမှာတောင် အရမ်းကို တန်ဖိုးရှိတယ်ဆိုတာ သိသာစေခဲ့ပါတယ်။

ဘုန်း။

မျှော်စင်လေးက အနက်ရောင် မျှော်စင်ရဲ့ စစ်မှန်တဲ့ အုပ်ချုပ်သူ ဖြစ်ပါတယ်။ သူ့ရဲ့ ကြီးကိုင်ခြယ်လှယ်မှုအောက်မှာ စိတ်ဂိညာဉ် စွမ်းအားတွေနဲ့အတူ တောက်ပတဲ့ ကုန်းမြေ အပိုင်းအစ တစ်ခုက လျင်လျင်မြန်မြန်နဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။

တစ်ခုသတိထားရမှာက အရင်တုန်းက လင်းဟန်အနေနဲ့ ဘာအပင်ပဲစိုက်စိုက် မျှော်စင်လေးက အမြဲတမ်းလိုလို စိတ်ဝင်စားမှုမရှိပဲ ဂရုမစိုက်သလို နေခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူကိုယ်တိုင်ကိုယ်ကျ ဒီမျိုးစေ့ကို စိုက်ပျိုးဖို့အတွက် ကုန်းမြေတစ်ခုကို လုပ်နေခဲ့ပါတယ်။ ဒီအချက်ကပဲ ဒီမျိုးစေ့ကို မျှော်စင်လေးက ဘယ်လောက်တောင် တန်ဖိုးထားတယ် ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

"မင်းရဲ့ ကံကြမ္မာက တကယ့်ကို ကောင်းတာပဲ"

မျှော်စင်လေးက ပြောလိုက်တယ်။

"ပြန်လည်မွေးဖွားခြင်း သစ်ပင်က အထွတ်အထိပ် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ခုပဲ။ ထူးဆန်းတယ်။ ဘာဖြစ်လို့ ဒီလိုနေရာမျိုးမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင် ရှိနေတာလဲ"

လင်းဟန်က အိတ်ကို ဖွင့်လိုက်တဲ့အခါ အထဲမှာ ပဲစေ့အရွယ်အစားရှိတဲ့ အစေ့တစ်စေ့ကို တွေ့လိုက်ရပါတယ်။ အစေ့ရဲ့ ကိုယ်ထည်ပေါ်မှာ လုံးဝန်းတဲ့ စက်ဝိုင်းပုံစံတွေ အပြည့်ရှိနေပြီး သေသေချာချာ အနီးကပ်ပြီး ကြည့်လိုက်မယ် ဆိုရင် ဒီစက်ဝိုင်းတွေက မရေမတွက်နိုင်အောင် များပြားတာကို သတိပြုမိပါလိမ့်မယ်။

လင်းဟန်က ခဏလောက် ကြည့်လိုက်တာနဲ့ သူ့ရဲ့ စိတ်ဝိညာဉ် စွမ်းအားတွေ ကုန်ခမ်းသွားသလို ခံစားလိုက်ရပြီး သူ့နဖူးပေါ်မှာ ချွေးစေးတွေ ထွက်လာခဲ့ပါတယ်။

ဒီမျိုးစေ့ကို ပြန်လည်မွေးဖွားခြင်း သစ်ပင်အဖြစ် ချီးမြှောက်ပြောဆိုနေကြတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒါက အတုအယောင် လုံးဝမဖြစ်နိုင်ပါဘူး။

"အဲဒါကို စိုက်လိုက်တော့"

မျှော်စင်လေးက ပြောလိုက်တယ်။

လင်းဟန်က စိုက်ပျိုးမြေ အသစ်ထဲကို မျိုးစေ့ကြဲလိုက်ပါတယ်။ မျှော်စင်လေးက အဲဒီစိုက်ပျိုးမြေ အပေါ်မှာ ထူးခြားတဲ့ အင်အားတစ်ချို့ကို ထုတ်ဖော်လိုက်ပါတယ်။ စိုက်ပျိုးမြေက ချက်ချင်းပဲ ထူးခြားဆန်းကြယ်တဲ့ အလင်းရောင်စဉ်တွေနဲ့ စတင်တောက်ပလာခဲ့ပါတယ်။

"ပြီးပြီ။ ငါတို့အခု လုပ်ရမှာက စိတ်ရှည်လက်ရှည်နဲ့ စောင့်နေဖို့ပဲ"

မျှော်စင်လေးရဲ့ အသံထဲမှာ အားနည်းနေတဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ရှိနေပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ကြိုးစားအားထုတ်မှုအတွက် ကျေးဇူးတင်ပါတယ်"

သူက အနက်ရောင် မျှော်စင်ကနေ ထွက်လာခဲ့ပြီး သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို စတင်လေ့လာ စူးစမ်းလိုက်ပါတယ်။ သူတို့တွေ ခရီးမထွက်ခင် ဒီပစ္စည်းကို ဘယ်လိုမျိုး ထိန်းချုပ်ရမလဲ ဆိုတာကို လေ့လာသင်ယူနေတာ ဖြစ်ပါတယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက သုံးမီတာ ကျော်ကျော်ပဲ ရှည်ပါတယ်။ အရောင်က ငွေရောင် တလက်လက် တောက်ပနေပြီး ငွေရောင်လွန်းပျံတစ်ခုနဲ့ ပိုပြီးတော့ တူပါတယ်။ ဒါကြောင့်

ဒီလွှန်းပျံရဲ့ အတွင်းပိုင်းနေရာက သေးငယ်ပြီးတော့ စုစုပေါင်း လူနှစ်ယောက်လောက်ပဲ ဆန့်ပါလိမ့်မယ်။

ဒါက လင်းဟန်အတွက် ပြဿနာ မရှိပါဘူး။ သူ့မှာအနက်ရောင် မျှော်စင်ရှိနေပြီး အဲဒါက အကန့်အသတ်မရှိတဲ့ နေရာလွတ် တစ်ခုရှိတာနဲ့ ညီမျှပါတယ်။

သိပ်မကြာခင်မှာ လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွှန်းပျံကို ဘယ်လိုထိန်းချုပ်ရမလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါတယ်။

အဲဒီနောက် သူက သင်တန်းကျောင်းကို တာဝန်တစ်ခုအတွက် ထွက်ခွာဖို့နဲ့ ပတ်သက်ပြီး သတင်းပို့ခဲ့ပါတယ်။

ဒါက လိုအပ်တဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ အထူးသဖြင့် လင်းဟန်မှာ မဟာလင်း အင်ပါယာရဲ့ ကေရာဇ်ဆိုတဲ့ နောက်ခံတစ်ခု ရှိနေပါတယ်။ သူက အခုဆိုရင် ဓားစာခံ တစ်ယောက်လို့ ပြောလို့ရပြီးတော့ ခွင့်ပြုချက် ရယူပြီးမှပဲ အင်ပါယာ မြို့တော်ထဲကနေ ထွက်ခွာနိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြယ်ဥက္ကာ အင်ပါယာကို စော်ကားလိုက်တယ်လို့ မြင်ကြပါလိမ့်မယ်။

နှစ်ရက်ခန့် အကြာမှာ သင်တန်းကျောင်းဆီကနေ ခွင့်ပြုချက်ကို လက်ခံရရှိခဲ့ပါတယ်။

Chapter 999 end

အပိုင်း(1000) အဖွဲ့အစည်း အားလုံးရဲ့ လှုပ်ရှားမှု

လင်းဟန်က သင်တန်းကျောင်းကို တောင်းဆိုလိုက်တဲ့ အချိန်မှာ အင်ပါယာမြို့တော်ထဲက မရေမတွက်နိုင်တဲ့ အင်အားစုတွေ အားလုံးကလည်း အကြောင်းကြားချက်တွေ လက်ခံရရှိ ခဲ့ကြပါတယ်။

"ဘာလဲဟ။ သူက တကယ်ပဲ အခုလိုမျိုး အချိန်မှာ သင်တန်းကျောင်းကနေ တကယ်ပဲ အပြင်ထွက်မယ်ပေါ့။ နောက်ပြီးတော့ သူက အင်ပါယာ မြို့တော်ကတောင် ထွက်သွားဦးမယ်"

"သူ့ကိုယ်သူ သေကြောင်းရှာနေတာလား"

"လျိုကလန်နဲ့ ကျောက်ကလန်က သေချာပေါက် သွေးကြွေးပြန်ဆပ်လိမ့်မယ်"

"အင်ပါယာ မြို့တော်ကနေ သူထွက်တာနဲ့ သေခြင်းတရားနဲ့ ရင်ဆိုင်ရလိမ့်မယ်"

"အမှန်ပဲ။ သူက ဘယ်လောက်ပဲ ပါရမီရှိရှိ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ကိုတောင် မကျော်နိုင်လောက်သေးဘူး။ သူ့ကို ဖိနှိပ်ထိန်းချုပ်ပစ်နိုင်တဲ့ လူတွေအများကြီး ရှိတယ်"

"သူက နံပါတ်ကိုး ဘုရင်ရဲ့ ကူညီထောက်ပံ့ပေးမှုတွေကြောင့် သူ့စိတ်ကြိုက် လုပ်နိုင်တယ်လို့ ထင်နေတာလား မသိဘူး"

"သူက ပါရမီရှင် တစ်ယောက်ဆိုပေမဲ့ အရမ်းကို တုံးအလွန်းတယ်"

"ကျင့်ကြံခြင်းမှာ ပါရမီရှိတာနဲ့ပဲ ထင်ပေါ်ကျော်ကြားတာက ဘာမှလုပ်လို့ မရဘူး။ ဒီလိုမျိုး ပါရမီရှင်အမျိုးအစားကတော့ သူ့ကို ရင်းနှီးမြှုပ်နှံစရာ မရှိဘူး။ သူက ပြဿနာတွေကိုပဲ ဖြစ်စေနိုင်ပြီး ဘယ်အချိန်မှာ ရှေ့တိုးပြီး ဘယ်အချိန်မှာ နောက်ဆုတ်ရမလဲ ဆိုတာကိုတောင် မသိဘူး"

ရုတ်ချည်းဆိုသလို လင်းဟာန်ကို သူတို့အဖွဲ့ထဲ သိမ်းသွင်းချင်နေတဲ့ အင်အားစု အသီးသီးက နောက်ဆုတ်ဖို့ ရွေးချယ်လိုက် ကြပါတယ်။

သူတို့တွေက အစမှာ လင်းဟာန်အနေနဲ့ ကျောက်လန်ကို အပြစ်ပြုလိုက်တဲ့ အချိန်ကတည်းက သတိထားနေကြပါတယ်။

တကယ်လို့ သူတို့က သူ့ကို အဖွဲ့အစည်းထဲ သိမ်းသွင်းလိုက်ရှု ကျောက်ကလန်ကို အရဲစွန့်ပြီးတော့ ဆန့်ကျင်ရပါလိမ့်မယ်။ အခုတော့ လင်းဟန်က အရမ်းကို အလျင်စလို လုပ်ဆောင်လွန်းတာကြောင့် သူတို့အနေနဲ့ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို ခါရုံပဲ တတ်နိုင်ပါတော့တယ်။

တကယ်လို့ သူတို့က လင်းဟန်ကို အဖွဲ့ထဲ ထည့်လိုက်မယ်ဆိုရင် သူ့အနေနဲ့ ကပ်ဘေးဒုက္ခကြီးကို သယ်ဆောင်လာပြီး သူအနေနဲ့ မစွမ်းမထက်သေးခင်မှာပဲ သူတို့ရဲ့ ကလန်တစ်ခုလုံး ပျက်စီးသွားပါလိမ့်မယ်။

လျို့ကလန်ရဲ့ အိမ်တော်။

"အဲဒီကောင်စုတ်လေးက အင်ပါယာမြို့တော်ကနေ တကယ်ပဲ ထွက်သွားမလို့လား"

လျို့ဟုန်တောက်က တဒင်္ဂလောက် တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။ သူ့အနေနဲ့ တစ်ယောက်ယောက်က အခုလိုမျိုး အရမ်းကို တုံးအလွန်းလိမ့်မယ်ဆိုတာကို မယုံနိုင်သလို ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း သူက ချက်ချင်းပဲ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"သူက တကယ်ပဲ သူ့ကိုယ်သူ သေကြောင်းကြံနေတာပဲ"

"သူ့ကိုသတ်ဖို့ တစ်ယောက်ယောက်ကို လွှတ်လိုက်။ အမှောင်ည ခန်းမက လုပ်ကြံ သတ်ဖြတ်သူတွေက တကယ့်ကို ယုံကြည်လို့ မရဘူး။ ဒီလောက်အချိန်တွေ ကြာနေတာတောင် သူတို့တွေက ဒီဘာမဟုတ်တဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ သေးသေးလေး တစ်ယောက်ကို မသတ်နိုင်သေးဘူး။ သူက အဖေးကို ခရီးထွက်တော့မယ်ဆိုမှတော့ ငါတို့အနေနဲ့ လူမသိအောင် လှုပ်ရှားလို့ ရသွားပြီး သူတို့နဲ့ အလုပ်ဆက်လုပ်စရာ မလိုတော့ဘူး"

"အစစ်အမှန် မူလကျောက်တုံး တစ်သိန်း။ တခြားသူတွေကို ပေးစရာအကြောင်း မရှိတော့ဘူး"

"ပိုပြီးတော့ အရေးကြီးတာက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပြန်ယူလာဖို့ သတိပြုပါ။ ကလန်က အဲဒါကို သွန်းလုပ်ဖို့ အများကြီး အကုန်ကျခံထားရတယ်။ အဲဒါကို တခြားသူတွေရဲ့ လက်ထဲကိုတော့ လုံးဝအပါမခံနိုင်ဘူး"

ကျောက်လန်က ထိုင်ပြီးတော့ ကျိုးရှောင်နဲ့ ဖန်ယွန်ရဲ့ အစီရင်ခံ တင်ပြချက်တွေကို နားထောင်နေပါတယ်။

သူ့နှုတ်ခမ်းပေါ်မှာ အေးစက်စက် အပြုံးတစ်ခု တွဲခိုလာပြီးတော့ ပြောလိုက်တယ်။

"အဖေက ငါ့အတွက် တောင်မြစ်ကျောက်တုံး တချို့ကို သီးသန့်ရယူပေးထားတယ်။ သူက ငါ့ကို အမှောင်ကိုးခု နတ်ဘုရား ဆေးလုံးတစ်ခုကိုတောင် ပေးထားတယ်။ ငါတံခါးပိတ်ပြီးတော့ ကျင့်ကြံအားထုတ်ရမယ်။ ငါထွက်လာတဲ့ အချိန်မှာ ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ငါရောက်နေလိမ့်မယ်"

"နေလအဆင့်ကို ငါချိုးဖျက်ဖင်ရောက်နိုင်တဲ့ အချိန်ကျရင် အင်ပါယာရဲ့ သမိုင်းကြောင်း တစ်လျှောက်မှာ အငယ်ဆုံး နေလအဆင့် လက်ရွေးစင် ဖြစ်လာလိမ့်မယ်"

"ဒါကြောင့် အဲဒီပုရွက်ဆိတ်ကောင်ကို သတ်ပစ်ဖို့ တာဝန်ကို မင်းတို့နှစ်ယောက်လက်ထဲကို လွှဲပေးလိုက်မယ်"

"အမိန့်အတိုင်းပါ သခင်လေး"

ကျိုးရှောင်နဲ့ ဖန်းယွန်တို့ နှစ်ယောက်စလုံးက ဒူးထောက်ပြီးတော့ ကျောက်လန်ရဲ့ အမိန့်ကို ရိုသေလေးစားစွာနဲ့ လက်ခံခဲ့ ကြပါတယ်။

ကျောက်လန်က အကြီးအကျယ် အရှက်ကွဲခဲ့တယ် ဆိုရင်တောင်မှ သူတို့တွေက နည်းနည်းလေးမှ မရိုမသေ မလေးမစား မလုပ်ဝံ့ပါဘူး။ သူက လင်းဟန်ထက် မနိမ့်ကျဘူးဆိုတာကို သိနားလည် ထားသလိုပါပဲ။ သူတို့က ကျောက်လန်ရဲ့ အလားအလာနဲ့ ပတ်သက်ပြီး ပိုပြီးတော့ ခန့်မှန်းနိုင်ပါတယ်။ သူက မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ သားဖြစ်ပြီး လင်းဟန်ကတော့ ကမ္ဘာငယ် တစ်ခုက ပုရွက်ဆိတ် တစ်ကောင်သာသာပါပဲ။ နှိုင်းယှဉ်လို့ ရနိုင်မှာတဲ့လား။

နံပါတ်ကိုး ဘုရင်က ငယ်ရွယ်ပါသေးတယ်။ သူမရဲ့ စိတ်နေသဘောထား အတက်အကျ အပြောင်းလဲ အများကြီး ဖြစ်နိုင်တဲ့ အရွယ်မှာပဲ ရှိပါသေးတယ်။ သူမက လင်းဟန်ကို အခုချိန်မှာ မျက်နှာသာပေးတာက သူ့ကို နောက်ပိုင်းမှာ မျက်နှာသာပေး ပေးလိမ့်မယ်လို့ မဆိုလိုပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျောက်လန်ကတော့ ဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်နေဦးမှာပါပဲ။

ကျိုးရှောင်နဲ့ ဖန်းယွန်တို့ နှစ်ယောက်စလုံး ကျောက်လန်ရဲ့ စကားတွေကြောင့် မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ ကျောက်လန်က ဆိုးဆိုးဝါးဝါး အရှက်ကွဲ ခံစားပြီးတာတောင်မှ သတ္တိရှိရှိနဲ့

ရှေ့ဆက်လျှောက်နေပါတယ်။ တကယ်လို့ သူသာ နေလအဆင့်ကို တကယ်ပဲ ချိုးဖျက်ဝင်ရောက် သွားနိုင်ခဲ့မယ်ဆိုရင် ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးထဲမှာ အတောက်ပဆုံး ပါရမီရှင် သေချာပေါက် ဖြစ်လာပါလိမ့်မယ်။

ဒီအဆင့်က ရောက်ရှိဖို့ အရမ်းကို ပေးကွာလွန်းပါတယ်။ ကြယ်ဥက္ကာ အင်ပါယာထဲက တန်ခိုးရှင်အဆင့် ကျင့်ကြံသူ အနည်းဆုံး ကိုးဆယ်ရာခိုင်နှုန်းက တောင်မြစ်အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း တစ်သောင်းမှာ တစ်ယောက်လောက်ပဲ နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်တာ ဖြစ်ပါတယ်။

ကျောက်လန်က အခုမှ အသက်တစ်ထောင်ဂန်းကျင်လောက်ပဲ ရှိပါသေးတယ်။ သူသာ နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်သွားမယ်ဆိုရင် လူတွေက ခေါင်းခဲသွားပါလိမ့်မယ်။ သူ့ရဲ့ အနာဂတ်က ဘယ်လောက်တောင် တောက်ပလင်းလက်နေလိုက်မလဲ။

ကျိုးရှောင်နဲ့ ဖန်ယွန်တို့ နှစ်ယောက်စလုံး အံ့အားသင့်ပြီးတော့ သက်ပြင်းချလိုက် မိပါတယ်။ သူတို့ရဲ့ ပါရမီတွေက ကျောက်လန်ထက် အနည်းငယ် နိမ့်ကျတယ် ဆိုပေမဲ့ သူတို့က ကြယ်နှစ်ပွင့် ပါရမီရှင်တွေ ဖြစ်ပြီးတော့ ကြယ်သုံးပွင့် ပါရမီရှင်

အနားမှာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ ဘယ်လောက်မြန်မြန် မြင့်မားလာတယ် ဆိုတာကို ကြည့်ပြီးတော့ ဘယ်လောက်တောင် ကွာခြားသွားလဲ ဆိုတာကို သိနိုင်ပါတယ်။ သူတို့တွေရဲ့ အသက်က အခုဆိုရင် နှစ်ပေါင်းနှစ်သောင်း ကျော်နေပါပြီ။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပါသေးတယ်။

အဲဒါက သူတို့ရရှိတဲ့ ကျင့်ကြံခြင်း အရင်းအမြစ်နဲ့ သူတို့ရဲ့ ပါရမီတွေက ကျောက်လန်ထက် နည်းပါးလွန်းတာကြောင့် ဖြစ်ပါတယ်။

"အဲဒီပုရွက်ဆိတ်ကောင်ကင ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးပေမဲ့ သူ့မှာ အစွမ်းထက်တဲ့ စိတ်ဝိညာဉ် လျှို့ဝှက်ပညာရပ် တစ်ခုကို ပိုင်ဆိုင်ထားတယ်။ ဒီကျောက်စိမ်း တံဆိပ်တော် နှစ်ခုက စိတ်ဝိညာဉ် တိုက်ခိုက်မှု တစ်ရာကျော်လောက်ကို ခုခံနိုင်တယ်။ ဒါတွေကို ယူသွားလိုက်"

ကျောက်လန်က သူ့နောက်လိုက်နှစ်ယောက်ဆီကို ကျောက်စိမ်းတံဆိပ်တော် နှစ်ခုကို ပစ်ပေးလိုက် ပါတယ်။

"ကျေးဇူးတင်ပါတယ် သခင်လေး"

ကျိုးရောင်နဲ့ ဖန်ယွန်တို့ နှစ်ယောက်စလုံး ကျေနပ်ပီတိ ဖြစ်သွားခဲ့ကြပါတယ်။

နတ်ဘုရား အာရုံနဲ့ ပတ်သက်နေတဲ့ နတ်ဘုရား ပစ္စည်းတွေက အရမ်းကို ရှားပါးလွန်းပါတယ်။ ခုခံမှုအတွက် မပြောနဲ့ တိုက်ခိုက်မှုအတွက် အသုံးချဖို့ဆို ပိုပြီးတော့တောင် ရှားပါးလွန်းပါတယ်။ ဒါကြောင့် စိတ်ဂိညာဉ် တိုက်ခိုက်မှုတွေကို ခုခံရင်ဆိုင်နိုင်တဲ့ နတ်ဘုရား ပစ္စည်းတွေက အရမ်းကို တန်ဖိုးကြီးပါတယ်။ ဒီပစ္စည်းတွေဟာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေပဲ သန့်စင်နိုင်ပါတယ်။

ကျောက်လန်က တဒင်္ဂခန့် စဉ်းစားပြီးတော့ သူတို့ရဲ့ အောင်မြင်နိုင်ချေ အခွင့်အလမ်းက သိပ်ပြီးတော့ မမြင့်မားသေးဘူးလို့ ခံစားနေရပါသေးတယ်။ သူက ဓားတစ်ချောင်းကို ဆွဲထုတ်ပြီး ပြောလိုက်တယ်။

"ငါ မင်းတို့နှစ်ယောက်ကို ဒီခရမ်းရောင်လခြမ်းကွေးဓားကိုလည်း ချီးမြှင့်လိုက်မယ်။ ငါ့အဖေက ဒီအပေါ်မှာ နတ်ဘုရား သင်္ကေတ ကိုးခုကို ရေးထွင်းခဲ့တယ်။ ပြီးတော့ အဲဒါကို အသက်သွင်းလိုက်တာနဲ့ တောင်မြစ်အဆင့်ရဲ့

ပြီးပြည့်စုံခြင်းအဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေနဲ့ ယှဉ်နိုင်တဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ထုတ်ဖော်နိုင်လိမ့်မယ်"

ကျိုးရှောင်နဲ့ ဖန်ယွန်တို့ နှစ်ယောက်စလုံးက စောစောတုန်းက အနည်းငယ် စိုးရိမ်ပူပန် နေပါသေးတယ်။ တကယ်တော့ လင်းဟန်မှာက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန် ပိုင်ဆိုင်ထားပါတယ်။ ဆိုလိုတာက သူ့အနေနဲ့ သူတို့ထဲက တစ်ယောက်ကို မလှုပ်ရှားနိုင်အောင် ထိန်းချုပ်နိုင်ပါလိမ့်မယ်။ ပြီးတော့ အဲဒါကြောင့် သူ့ကိုယ် တစ်ချက်တည်းနဲ့ သတ်ဖြတ်ခွင့် ပေးလိုက်ရပါမယ်။ ဒါပေမဲ့လည်း ဒီဓားက သူတို့နဲ့အတူ ပါဝင်လာတာကြောင့် နောက်တစ်ကြိမ် ယုံကြည်မှုတွေ ပြည့်နှက်လာခဲ့ပါတယ်။

ဒါကြောင့် တကယ်လို့ လင်းဟန်မှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပိုင်ဆိုင်ထားတော့ရော ဘာလုပ်လို့ ရမှာလဲ။ သူတို့က တန်းပြီးတော့ အပိုင်းပိုင်း အစစဖြစ်အောင် ခုတ်ပစ်ပါလိမ့်မယ်။

"နားလည်ပါပြီ။ ကျနော်တို့ သခင်လေးကို ဂုဏ်ယူရအောင် လုပ်ပေးပါမယ်"

သူတို့က ယုံကြည်မှု ရှိစွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

စွေ့ရန်ယွီက လင်းဟန်ကို လာရှာပြီးတော့ သူတို့နှစ်ယောက် အင်ပါယာ မြို့တော်ကနေ ထွက်လာခဲ့ပါတယ်။

မြို့ဂင်ပေါက်ကနေ ထွက်လာပြီးတဲ့နောက်မှာ လင်းဟန်က ရှေးဟောင်းမြို့နဲ့ မလှမ်းမကမ်းမှာ ရပ်ပြီးတော့ စိုက်ကြည့်လိုက်ပါတယ်။ သူ့စိတ်ထဲမှာ အတွေးပေါင်းစုံ ဝေ့လည်လို့ နေပါတယ်။

သူက အင်ပါယာမြို့တော်ထဲမှာ အရမ်းကို ထင်ပေါ်ကျော်ကြားခြင်း မရှိပေမဲ့ ဓားစာခံ တစ်ယောက်လိုမျိုး သတ်မှတ်ခံထားရတဲ့အတွက် ဖိအားတွေ အမြဲတမ်း ရှိနေပါတယ်။ အခု သူက နောက်ဆုံးမှာ ထွက်လာနိုင်ခဲ့ပြီး အဲဒီဖိအားတွေ နေရာအစားမှာ သက်တောင့်သက်သာ ခံစားမှု တစ်ခုက အစားထိုးဝင်ရောက် လာခဲ့ပါတယ်။

သူက အရင်တုန်းက တစ်ခါထွက်လာဖူးပေမဲ့ အဲဒီအချိန်တုန်းက သူတို့အားလုံးကို တင်းလိန်က စောင့်ကြည့်နေတာကြောင့် ဘာမှမထူးခြားခဲ့ပါဘူး။ သူက အကျဉ်းသား တစ်ယောက် လတ်ဆတ်တဲ့ လေကို ထွက်ရှူသလိုမျိုး ခံစားခဲ့ရပါတယ်။ သူက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံကိုပဲ ဦးတည်ပြီး

ထွက်လာခဲ့ရပြီး ခရီးဆက်ထွက်မလား ဒါမှမဟုတ် ရပ်နားရမလား ဆိုတာကို သူ့အနေနဲ့ ဆုံးဖြတ်လို့ မရခဲ့ပါဘူး။

"မိန်းမ အခုဆို ငါတို့နှစ်ယောက်တည်းပဲ ရှိတော့တယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါ့ကို ပြင်းပြတဲ့ အနမ်းတစ်ခု ဒါမှမဟုတ် တစ်ခုခု မပေးနိုင်ဘူးလား"

စွေ့ရန်ယွီရဲ့ မျက်လုံးတွေ ပိုင်းသွားပြီးတော့ ပြောလိုက်တယ်။

"ငါတို့က အင်ပါယာ မြို့တော်ကနေ အခုမှ ထွက်လာတာလေ။ အွန္တရာယ်တွေက ထောင့်ပေါင်းစုံမှာ ရှိနေတယ်။ နင် နည်းနည်းလောက် အလေးအနက် ထားလို့ မရနိုင်ဘူးလား"

"ကောင်းပြီ ကောင်းပြီ။ ငါအလေးအနက် ထားပါမယ်"

လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူပြီးတော့ ပြောလိုက်တယ်။

"မိန်းမ မင်းအရင်တက်"

စွေ့ရန်ယွီက သူမကို ဘယ်လိုမျိုး ခေါ်ရမယ်ဆိုပြီးတော့ လင်းဟန်ကို မပြင်ဆင်ပေးခဲ့ပါဘူး။ သူ့ရဲ့ မျက်နှာက မြို့ရိုးနံရံလို

ထူထဲလွန်းပါတယ်။ ပြီးတော့ သူမက ဒီလိုမျိုး ခေါ်ခံရတာကိုလည်း ပျော်ရွှင်နေမိပါတယ်။

ရွှပ်။

သူတို့နှစ်ယောက် နတ်ဘုရား ပစ္စည်းထဲကို ဂင်လာပြီးတဲ့နောက်မှာ လင်းဟာန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို အသက်သွင်းလိုက်ပါတယ်။ ချောမွတ်တောက်ပြောင်ပြီး လှပတဲ့ လွန်းပျံက ချက်ချင်းပဲ လေဟာနယ်ကို အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းတစ်ခုနဲ့ ထိုးခွင်းသွား ခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ သေးငယ်တဲ့ အစက်အပြောက်တစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး ဆူညံတဲ့ အသံတစ်ခု ဘုန်းခနဲဆို ထွက်ပေါ်လာပြီး လေကိုထိုးခွင်းကာ ပျံသန်းသွားပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ အသံအတားအဆီးကို ချိုးဖျက်နိုင်ဖို့ မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲပါတယ်။ နေလအဆင့် လက်ရွေးစင် အရမ်းကို နည်းပါးတဲ့ လူနည်းစုလောက်ပဲ ဒီလိုမျိုး လုပ်နိုင်ပါတယ်။

နောက်ယောင်ခံ လိုက်လာတဲ့ အင်အားစုတွေ အားလုံးက လွန်းပျံယာဉ် ပျောက်ကွယ်သွားတာကို ကြည့်ပြီးတော့ နာခေါင်းရှုံ့လိုက် ကြပါတယ်။

"အလျင်လိုနေစရာ မလိုပါဘူး။ သူတို့ရဲ့ ပန်းတိုင်က ကြယ်ပင်လယ်ပဲ ဖြစ်လိမ့်မယ်။ ငါတို့တွေ အဲဒီကို ရောက်တဲ့ အချိန်ကျမှ သူတို့ကို ချောင်းမြောင်းလုပ်ကြံ ကြတာပေါ့"

လွှန်းပျံယာဉ်က လေကို လျင်မြန်တဲ့ အရှိန်အဟုန်နဲ့ ထိုးခွင်းသွားခဲ့ပါတယ်။

စွေ့ရန်ယွီက အရှေ့တည့်တည့်ကို စူးစိုက်ပြီးတော့ ကြည့်နေပါတယ်။ သူမရဲ့ မျက်နှာက စက္ကန့်တိုင်းမှာ ပိုပိုပြီးတော့ နီရဲသထက် နီရဲလာခဲ့ပါတယ်။ နောက်ဆုံးတော့ သူမကိုယ်သူမ မထိန်းနိုင်တော့ပဲ အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

"နင့်လက်တွေကို ထပ်ပြီးတော့ ငြိမ်ငြိမ်မနေဘူးဆိုရင် ငါခုတ်ဖြတ်ပစ်ရလိမ့်မယ်"

လင်းဟန်က စပ်ဖြဲဖြဲ ရယ်မောလိုက်ပေမဲ့ သူ့လက်တွေကိုတော့ ပြန်မရုပ်သိမ်းခဲ့ပါဘူး။ အဲဒီအစား စွေ့ရန်ယွီကို ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းမ။ မင်းရဲ့ ပါးစပ်က ဟင့်အင်းလို့ ပြောလိုက်ပေမဲ့ မင်းခန္ဓာကိုယ်ကတော့ အင်းလို့ ပြောတဲ့ အချိန်ကို ငါသဘောကျတယ်"

“နာဘူးကောင်”

စွေ့ရန်ယွီရဲ့ မျက်နှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီးတော့ နီမြန်းသွားပါတယ်။

“မင်းက နောက်ထပ် စကားစု အသစ်တွေ သင်ယူဖို့ လိုသေးတာပဲ။ မင်းက ငါ့ကို တူညီတဲ့ စကားပဲ တစ်ခါပြီးတစ်ခါ ထပ်ခေါ်နေတယ်။ ငါအဲဒါကို နားထောင်ဖို့တောင် ပင်ပန်းလာပြီ”

“ဟင် အင်း”

စွေ့ရန်ယွီက ပြန်ပြောဖို့ ပြင်လိုက်ပေမဲ့ သူမရဲ့ ပတ္တမြားသွေးရောင် နှုတ်ခမ်းတွေကို လင်းဟန်ရဲ့ အနမ်းက ပိတ်ဆို့လိုက်ပါတယ်။ သူမရဲ့ ပါးစပ်က စကားလုံးတွေက ချက်ချင်းအရည်ပျော်သွားပြီး ဆွဲဆောင်မှုရှိတဲ့ ညည်းတွားသံလေးတစ်ခု အဖြစ်ကို ပြောင်းသွားပါတယ်။ တချိန်တည်းမှာပဲ သူမရဲ့ ကျောက်စိမ်းနဲ့တူတဲ့ လက်မောင်းတွေက လင်းဟန်ရဲ့ လည်ပင်းကို ရစ်ပတ်လိုက်ပြီး သူမရဲ့ လှပတဲ့ မျက်လုံးတွေက အချစ်စိတ်တက်ပြီး ရီဝေဝေ ဖြစ်လာခဲ့ပါတယ်။

Chapter 1000 end

အပိုင်း(1001) အာဏာပုဆိန် ဆိပ်ကမ်း

တိမ်ထိုးဖောက်ခြင်း လွန်းပျံက အနောက်ဘက် အရပ်ဆီကို ပျံသန်းလာပါတယ်။

လွန်းပျံထဲမှာ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ချည်းပဲ ရှိပြီးတော့ သူတို့က တစ်ယောက်အတွက် တစ်ယောက် ခံစားချက်တွေ ပိုမိုလာခဲ့ပါတယ်။ ဒါကြောင့် သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းဆုပ်ကိုင်ပြီး ကြည်နူးပျော်ရွှင် နေကြပါတယ်။ ဒါပေမဲ့လည်း သူတို့ နှစ်ယောက်စလုံး ကိုယ့်ကိုကိုယ် ထိန်းချုပ်ကြပြီး နောက်ဆုံးအတားအဆီး အလွှာပါးပါးလေးကို မကူးဖြတ်ခဲ့ကြပါဘူး။

ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတစ်ခုနဲ့တောင် ကြယ်ပင်လယ်ကို ရောက်ဖို့ သူတို့ဟာ အချိန်ကိုးရက်တိတိ ကုန်ခဲ့ရပါတယ်။

ကြယ်ပင်လယ်က အရမ်းကို ကျယ်ပြန့်တဲ့ ပင်လယ်တစ်ခု ဖြစ်ပြီးတော့ ကောလာဟလတွေအရ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ အချိန်တုန်းက ကြယ်တစ်လုံးဟာ မိုးကောင်းကင်ပေါ်ကနေ ကြွေဆင်းလာပြီးတော့ မြေပြင်နဲ့ ကြီးကြီးမားမား ဝင်ဆောင့်မိပြီးတော့မှ ဖြစ်ပေါ်လာခဲ့တယ်လို့ ပြောကြပါတယ်။

ကြယ်တစ်လုံးကနေ အပိုင်းအစ တစ်ခုက အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့တာလို့ လူတွေက ထင်ကြေးပေး ခဲ့ကြပါတယ်။ ဒါကြောင့်

လူတွေက မကြာခဏဆိုသလို ပင်လယ်ကြမ်းပြင်ရဲ့
အောက်ဘက်မှာ ပင်ကိုယ်သဘာဝမဟုတ်တဲ့
ဖွဲ့စည်းတည်ဆောက်ပုံတွေကို မကြာခဏလိုလို တွေ့မြင်ရပါတယ်။
ဒါပေမဲ့လည်း ဒီဖွဲ့စည်းတည်ဆောက်ပုံတွေက တစ်ခုမှ
ကောင်းမွန်တဲ့ အခြေအနေမှာ မရှိပါဘူး။ ကြယ်တစ်လုံးရဲ့
ဂင်ဆောင့်မိတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ကြီးမားတဲ့ အားတစ်ခုကြောင့်
ဘယ်လိုလုပ်ပြီးတော့ အကောင်းအတိုင်း ရှိနိုင်မှာလဲ။

အဲဒီ့အပြင် ကြယ်ပင်လယ် တစ်လျှောက်လုံး နတ်ဘုရား
သတ္တုပမာဏ အများကြီးက အစိတ်စိတ်အမွှာမွှာ ပြန့်ကျဲနေပါတယ်။
နောက်ပြီးတော့ နတ်ဘုရား သတ္တုတွေရဲ့ အဆင့်ကလည်း
အတော်လေး မြင့်မားပြီး လူတော်တော်များများက ဒီနေရာကို
လာရောက်ပြီးတော့ ရှာဖွေမှုတွေ လုပ်တတ်ကြပါတယ်။ တကယ်လို့
အဆင့်မြင့် နတ်ဘုရား သတ္တုအပိုင်းစ တစ်ခုကို ရှာတွေ့နိုင်ခဲ့ရင်
သူတို့က တစ်ခါတည်းနဲ့ ချမ်းသာသွားပါလိမ့်မယ်။

တကယ်လို့ သူတို့က အဆင့်မြင့် နတ်ဘုရား ပစ္စည်းတစ်ခုကို
ရှာတွေ့နိုင်ခဲ့မယ်ဆိုရင် ပိုပြီးတော့ အံ့အားသင့်စရာ
ကောင်းလောက်အောင် ကြွယ်ဝချမ်းသာ လာပါလိမ့်မယ်။

ဒါကြောင့် ကြယ်ပင်လယ်တစ်လျှောက် တခြားပစ္စည်းတွေ အကြားမှာ ပျောက်ဆုံးနေတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေနဲ့ စိတ်ဝိညာဉ် ဆေးပင်တွေလည်း ရှိပါတယ်။ ကောလာဟလ တစ်ခု ပြောနေကြတာက လူတစ်ယောက်ဟာ အရင်တုန်းက ဒီနေရာကနေ အစွမ်းထက်တဲ့ အဆင့်မြင့် ယန္တရားတစ်ရုပ်ကိုတောင် ရှာတွေ့ခဲ့ဖူးပါတယ်။

ဒီအချက်တွေကြောင့် ဒီကြီးမားကျယ်ပြန့်တဲ့ ပင်လယ်ကြီးက ရတနာသိုက် တစ်ခုပါပဲ။

အဲဒါကြောင့်လည်း ဒီဓားပြတွေက ဒီနေရာမှာ လာစုနေကြတာ ဖြစ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က ဒီနေရာကို ကံစမ်းဖို့အတွက် လာရောက်တဲ့ လူတွေကို လုယက်တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။

ပင်လယ်ကမ်းစပ်ကို ရောက်လာတဲ့ အချိန်မှာတော့ လင်းဟာန်က လွန်းပျံယာဉ်ကို ရပ်တန့်လိုက် ပါတယ်။

ဒီပင်လယ်ပြင်က အထူးသဖြင့် စိုးရိမ်ထိတ်လန့်စရာ ကောင်းပါတယ်။ ပြီးတော့ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေကို ပင်လယ်အောက်ခြေအထိ ဆွဲနှစ်မြှုပ်နိုင်တဲ့ အရမ်းကို အစွမ်းထက်တဲ့ ဆွဲငင်အား တစ်ခုလည်း ရှိပါတယ်။

ဒါကြောင့် သာမန်လှေတွေတောင်မှ ဒီနေရာမှာ ရွက်လွှင့်နိုင်စွမ်း မရှိပါဘူး။ အချိန်မရွေး ကံကြမ္မာဆိုးနဲ့ ကြုံတွေ့ပြီးတော့ နစ်မြုပ်သွားပါလိမ့်မယ်။

တကယ်လို့ လူတစ်ယောက်က ဒီပင်လယ်ပြင်ကို ကူးဖြတ်ရွက်လွှင့်ချင်တယ်ဆိုရင် ဒီနေရာမှာ နေထိုင်တဲ့ မိစ္ဆာသားရဲတွေရဲ့ အရေပြားနဲ့ အရိုးတွေကို အသုံးပြုပြီး လှေကို တည်ဆောက်ရ ပါလိမ့်မယ်။ ဒီလိုလုပ်မှပဲ သူတို့ရဲ့ လှေတွေက ဆွဲငင်အားရဲ့ ဆွဲငင်မှုနဲ့ ကြုံတွေ့တဲ့ အခါမှာ ရေပေါ်မှာ ပေါ်နိုင်တဲ့ အစွမ်းမျိုးကို ပိုင်ဆိုင်ထားပါလိမ့်မယ်။ အကြောင်းရင်းက ဒီပင်လယ်မှာ နေထိုင်ကျက်စားတဲ့ မိစ္ဆာသားရဲကောင်တွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပင်လယ်နဲ့ လိုက်ဖက်ညီအောင် ပြောင်းလဲနိုင်ပြီးတော့ မရေတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ နေထိုင်ကျက်စား နိုင်ရခြင်းပဲ ဖြစ်ပါတယ်။

လင်းဟန်နဲ့ စွေ့ရန်ယွီတို့ ချေမှုန်းရမဲ့ ပင်လယ်ဓားပြတွေက ပင်လယ်ထဲမှာ နေထိုင်ကျက်စား ကြပါတယ်။ ဒါပေမဲ့လည်း ပင်လယ်ဓားပြတွေက ဘယ်ကျွန်းပေါ်မှာ အခြေစိုက် နေထိုင်ကြတယ် ဆိုတာကိုတော့ သူတို့တွေ မသိပါဘူး။

ပင်လယ်ဓားပြ အုပ်စုက အထူးသဖြင့် ဂရုစိုက်တတ်ကြပါတယ်။ သူတို့က ဘယ်တော့မှ သူတို့ရဲ့ အခြေစိုက် စခန်းရဲ့ တည်နေရာကို ဘယ်သူ့ကိုမှ ထုတ်ဖော်ပြောကြားခြင်း မရှိပါဘူး။ ဒါကြောင့် သူတို့ကို ချေမှုန်းပစ်ဖို့ ဆိုတာက အရမ်းကို ခက်ခဲလွန်းပါတယ်။

ကံကောင်းတာက လင်းဟာန်နဲ့ စွေ့ရန်ယီတို့ဟာ ပင်လယ်ဓားပြတွေရဲ့ အခြေစိုက် စခန်းကို ကျသွားအောင်လို့ တိုက်ခိုက်ဖို့ မလိုပါဘူး။ အဲဒီအစား သူတို့ရဲ့ အကြံအစည်က အရမ်းကို ရိုးရှင်းပါတယ်။ သူတို့က ပျော်ပျော်ရွှင်ရွှင်နဲ့ ရွက်လွှင့်ပြီးတော့ ပင်လယ်ဓားပြတွေ တိုက်ခိုက်လာတာကို စောင့်နေကြပါလိမ့်မယ်။ အဲဒီနောက် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး ပင်လယ်ဓားပြ တချို့ကို သတ်ပစ်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ တာဝန်က ပင်လယ်ဓားပြ အနည်းငယ်ကို ချေမှုန်းဖို့ပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ အထူးပစ်မှတ်တစ်ခုကို ရောက်ရှိပြီးရင် သူတို့ရဲ့ တာဝန် ပြီးမြောက်အောင်မြင် သွားပါလိမ့်မယ်။

"ငါတို့ ဒီကိုရောက်တုန်း ကံကောင်းမကောင်း စမ်းသပ်နိုင်တယ်"

စွေ့ရန်ယွီက ပြောလိုက်တယ်။

"အရင်တုန်းက လူတွေဟာ ဒီနေရာကနေ အဆင့်တစ်ဆယ် နတ်ဘုရား သတ္တုကို ရှာတွေ့ခဲ့တယ်"

စွေ့ရန်ယွီက သူတို့တွေ ခရီးသွားနေတဲ့ အချိန်အတွင်းမှာ လင်းဟာန်ကို ကြယ်ပင်လယ်အကြောင်း မိတ်ဆက်ပြောကြားခဲ့ပါတယ်။ လင်းဟာန်က ချက်ချင်းပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ကံက အမြဲတမ်း ကောင်းတယ်"

သူနောက်ပြောင်နေတာ မဟုတ်ပါဘူး။ သူက ဒီနေရာကို မိုးကောင်းကင်ခွဲပြီးတော့ ရောက်လာခဲ့တာ ဖြစ်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ချီးမြှင့်မြောက်စားမှု ကံကြမ္မာကို လက်ခံရရှိခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ကံတရားက တခြားသူတွေထက် တကယ့်ကို ပိုပြီးတော့ ကောင်းမွန်နေရတာ ဖြစ်ပါတယ်။

ကံကောင်းမှုဆိုတာ သိမ်ငယ်စေတဲ့ အရာတစ်ခု မဟုတ်ပါဘူး။ အောက်ဘုံကို ပြန်ကြည့်ပါ ရွှမ်ယွမ်ဇီကွမ်းက ထူးခြားတဲ့ ကံကောင်းမှုကို ပိုင်ဆိုင်ထားပါတယ်။ စိတ်ဝိညာဉ် ပစ္စည်းတွေက သူလမ်းလျှောက်ထွက်လိုက်ရင် အလိုလိုပဲ သူတို့ရဲ့ ဆက်ခံသူကို ရရှိသလိုမျိုး သူ့ရင်ခွင်ထဲကို ပြေးဝင်လာတတ်ပါတယ်။

လင်းဟန်ရဲ့ ကံကောင်းခြင်းက ရွှမ်ယွမ်ဇီကွမ်းလောက် မထူးခြားပေမဲ့ သူ့အနားမှာ ကံကောင်းမှုတွေ ဝိုင်းရံနေတဲ့ လူတစ်ယောက်ဆိုတာ သေချာပါတယ်။

စွေ့ရန်ယွီက သဘောတူတဲ့ အနေနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူမက ကမ္ဘာငယ်လေးတွေနဲ့ ပတ်သက်ပြီးတော့ အတော်လေး ဗဟုသုတရှိပါတယ်။ ဒါကြောင့် မိုးကောင်းကင်ကို ခွဲပြီးတော့ ဖွင့်လာတဲ့ လူတစ်ယောက်မှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှုတွေ အများအပြား ရရှိလိမ့်မယ် ဆိုတာကို သိထားပါတယ်။ ဒီကောင်းချီးပေးမှုက လူတစ်ယောက်ရဲ့ စွမ်းအားကို မြင့်တင်ပေးနိုင်သလို ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို သန့်မာစေခြင်းနဲ့ ကံကောင်းမှုတွေ လွှမ်းခြုံနေတာလည်း ပါဝင်ပါတယ်။

"ဒါဆိုရင် ဒီခရီးစဉ်အတွက် နင်က ခေါင်းဆောင်လုပ်နိုင်တယ်"

သူမက ပြောလိုက်တယ်။

လင်းဟန်က ပြုံးပြီးတော့ တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ်ကို သေသေချာချာ သိမ်းဆည်းလိုက်ပြီး နောက်ပြောင်ကျီစယ် လိုက်ပါတယ်။

"လင်ယောက်ျားတွေရဲ့ တာဝန်က မိန်းမတွေကို လမ်းညွှန်သင်ကြားပေးဖို့ ဆိုတာကို မင်းမသိသေးဘူးလား။ မင်းက ငါ့စကားကို နားထောင်တာက သဘာဝကျပါတယ်"

"သေချင်းဆိုး နှာဘူးကောင်"

စွေ့ရန်ယွီက နှာခေါင်းရှုံ့ပြီးတော့ ဆူလိုက်ပါတယ်။

"သေချင်းဆိုးလို့ အရှေ့ကနေ တပ်ပြီးတော့ ပြောလိုက်တာနဲ့ စကားလုံး အသစ်ဖြစ်သွားပြီလို့ မင်းထင်နေတာလား"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"သွားမယ် သွားမယ်"

စွေ့ရန်ယွီက အလျင်အမြန်ပဲ အရှေ့ကနေ ပြေးထွက်သွားလိုက်ပါတယ်။

သူတို့ရဲ့ ပစ်မှတ်က လေ့သဘော်တွေ ရွက်လွှင့်ပြီး ဆိုက်ကပ်တဲ့ အာဏာပုဆိန် ဆိပ်ကမ်း ဖြစ်ပါတယ်။ သင့်တော်တဲ့ ပိုက်ဆံပမာဏ တစ်ခုကို ပေးချေရင် လေ့သဘော်တွေ ဆိုက်ကပ်လို့ ရပါလိမ့်မယ်။ တကယ်တော့ ဒီဆိပ်ကမ်း နောက်ကွယ်က အင်အားစုကြောင့် ဒီသဘော်တွေက ကြယ်ပင်လယ်ထဲကို ရွက်လွှင့်နိုင်တာ ဖြစ်ပါတယ်။

ဆိပ်ကမ်းက သိပ်မဝေးပါဘူး။ သူတို့နှစ်ယောက်က မကြာခင်မှာပဲ ရောက်သွားပါတယ်။

ဒါက အရမ်းကို အရေးပါတဲ့ ကုန်စည်စီးဆင်းတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ ဒီဆိပ်ကမ်းကနေပဲ လူတွေအများကြီးက ပင်လယ်ပြင်ကို ရွက်လွှင့်ထွက်ခွာ ကြပါတယ်။ ဒါကြောင့် ဒီဆိပ်ကမ်းနားမှာ စည်ကားတဲ့ မြို့ငယ်လေး တစ်မြို့လည်း ရှိပါတယ်။ ဒီမြို့မှာ တည်းခိုခန်းတွေ စားသောက်ဆိုင်နဲ့ လောင်းကစားရုံတွေလည်း ရှိပါတယ်။ ဒီနေရာက လူတွေဟာ အင်ပါယာမြို့တော်နဲ့ တခြားမြို့ကြီးတွေမှာ လုပ်သလိုမျိုး သူတို့ကိုယ်သူတို့ ကျေနပ်ပျော်ရွှင်နိုင်ပါတယ်။

ဒါပေမဲ့လည်း မြို့က မြို့ပါပဲ။ တကယ်တော့ ဒီနေရာက အကျယ်ရော အရှည်ရော နှစ်ခုပေါင်းမှ ငါးကီလိုမီတာထက် မပိုပါဘူး။ မြို့ရဲ့ သုံးဘက်သုံးတန်ကို ရှည်လျားတဲ့ နံရံတွေနဲ့ ဝိုင်းရံထားပြီး အရမ်းကို အစွမ်းထက်တဲ့ ခုခံမှုအစွမ်း နတ်ဘုရား သင်္ကေတတွေ ရေးထွင်းထားပါတယ်။ ကျန်တဲ့ တစ်ဖက်ကတော့ ပင်လယ်ပြင်ကို မျက်နှာမူထားပြီး လက်ရှိအဲဒီက ဆိပ်ကမ်းမှာ အရွယ်အစား အမျိုးမျိုးရှိတဲ့ သင်္ဘောဆယ်စီးကျော်လောက် ကျောက်ချထားတာကို တွေ့မြင်နိုင်ပါတယ်။

သွေးစွန်းနေတဲ့ ပုဆိန်တစ်လက်ပုံစံ အလံတစ်ခုကို မြို့ရဲ့အလယ်က မြင့်မားတဲ့ နေရာမှာ ချိတ်ဆွဲထားပါတယ်။ ဒါက ဒီနေရာရဲ့ အမှတ်အသား သင်္ကေတ ဖြစ်ပါတယ်။

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က ချက်ချင်းပဲ မြို့ဂင်ပေါက်မှာ ရပ်လိုက်ပါတယ်။

"လူတစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး တစ်တုံး ပေးရမယ်"

သူတို့ရဲ့ အရှေ့မှာ လူငါးယောက်က လက်ပိုက်ပြီးတော့ ရပ်နေကြပါတယ်။ သူတို့က လင်းဟာန်နဲ့ စွေ့ရန်ယွီကို ဝေ့ကြည့်ပြီးတော့ နောက်ဆုံး သူတို့ရဲ့ အကြည့်တွေက စွေ့ရန်ယွီပေါ်မှာ ရပ်တန့်သွား ခဲ့ပါတယ်။ သူမကို အထက်အောက် ကြည့်ပြီးတော့ သူတို့ရဲ့ အကြည့်တွေမှာ သူမကို အဂတ်အစား ကင်းမဲ့သွားအောင် သူတို့ရဲ့ လက်တွေနဲ့ ဆွဲချွတ်ပစ်ချင်တဲ့ ဆန္ဒအရိပ်အယောင်တွေ ပါဂင်နေပါတယ်။

လင်းဟာန်က ဘေးကနေ အရှေ့ကို ထွက်လာပြီး စွေ့ရန်ယွီကို သူ့အနောက်မှာ ထားလိုက်ပါတယ်။

“အာဏာပုဆိန်ဆိပ်ကမ်းကို ဂင်တဲ့အခါမှာ ဂင်ကြေးပေးရတယ်လို့ ငါတစ်ခါမှ မကြားဖူးပါဘူး”

“ကောင်းပြီလေ။ အခုမင်းကြားဖူး သွားတာပေါ့”

အဖြူရောင် ဂတ်စုံနဲ့ ယောကျ်ားတစ်ယောက်က ပြောလိုက်ပါတယ်။

“ဒါပေမဲ့လည်း တကယ်လို့ မင်းအနောက်က အလှပဂေးလေးက ငါတို့ကို တစ်ယောက်တစ်ချက် အနမ်းပေးမယ်ဆိုရင်တော့ မင်းတို့နှစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးနဲ့ပဲ ဖြတ်သွားခွင့် ပေးလိုက်မယ်”

နောက်ထပ် ဗလတောင့်တောင့် လူတစ်ယောက်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။ သူ့မျက်နှာက ကာမရာဂစိတ်တွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

“ဟီးဟီး တကယ်လို့ မင်းကငါ့ကို မှတ်ပေးမယ်ဆိုရင် အစစ်အမှန် မူလကျောက်တုံး တစ်တုံး မင်းကိုပြန်ပေးလိုက်ဦးမယ်”

“ဟားဟားဟားဟား”

လူငါးယောက်က ဟက်ဟက်ပက်ပက်နဲ့ ရယ်မောလိုက်ကြပါတယ်။

အင်ပါယာမြို့တော်ထဲမှာ ကျောက်လန်၊ ရှားယွန်နဲ့ လျှိုတတို့လို အစွမ်းထက်ပြီး လွှမ်းမိုးနိုင်တဲ့ မျိုးဆက်သစ်တွေ ရှိနေကြပေမဲ့ သူတို့က ကေရီ ဘုရင်မရဲ့ လက်အောက်မှာ နေထိုင်ရတဲ့ သူတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အများဆုံး ချမ်းသာကြွယ်ဝတဲ့ ပေါ်ကျော့ လူချမ်းသာတွေ သက်သက်ပါပဲ။

ဒါပေမဲ့လည်း ဒီနေရာမှာတော့ အုပ်ချုပ်မှုက အရမ်းကို အားနည်းတာကြောင့် ဒီနေရာရဲ့ လူအများစုဟာ ရိုင်းစိုင်းတဲ့ လူဆိုးလူမိုက်တွေ များပြားပါတယ်။

စွမ်းအားက ကျင့်ကြံခြင်း ကမ္ဘာရဲ့ ပြယုဂ်တစ်ခုပါပဲ။ ပြီးတော့ စွမ်းအားရှိတဲ့သူကပဲ ရှိသေလေးစားခြင်း ခံရပါလိမ့်မယ်။

"ဒီမိန်းကလေးက အရမ်းကို ချစ်စရာကောင်းပြီးတော့ ချောမောလှပတယ်။ ဒီလိုမျိုး ကြမ်းတမ်းတဲ့ နေရာတစ်ခုမှာ ဒီလိုအလှလေးတစ်ယောက် ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ် မထားမိခဲ့ဘူး။ အချစ်လေး ငါ့ကို တစ်ချက်လောက် ပြုံးပြပါဦး"

သူတို့ထဲက တစ်ယောက်က သူ့လက်တွေကို မြှောက်ပြီးတော့ လင်းဟာန်ကို ဘေးကိုတွန်းရင်း စွေ့ရန်ယွီကို နောက်ပြောင်ကျီစယ် လိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာက သုန်မှုန်သွားပါတယ်။ ငါ့ကို တစ်ချက်လောက် ပြုံးပြဦး ဟုတ်လား။ ဒါက သူ့ရဲ့ စာကြောင်းမဟုတ်လား။ သူ့အဆင့်က ဒီရိုင်းစိုင်းတဲ့ လူကြမ်းကြောင့် အခုဆို အဆင့်လျော့ကျ သွားပြီလား။

သူက လက်ကိုမြှောက်ပြီးတော့ ဗလတောင့်တောင့်လူရဲ့ လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက် ပါတယ်။

"လပြွတ်ပဲ။ မင်းက ငါ့မိန်းမကိုတောင် စိတ်ကူးဝံ့တယ်ပေါ့လေ"

"သောက်ကျိုးနည်း မင်းက ခုခံရဲတယ်ပေါ့လေ"

ဗလတောင့်တောင့်လူက တဒင်္ဂခန့် ပျာယာခတ်သွားပြီး သူ့လက်ကို ခပ်ကြမ်းကြမ်းလေး ဆွဲလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့လက်ကောက်ဝတ်ကို ပြုတ်တူနဲ့ ညှပ်ထားသလိုပဲ ဘယ်လောက် အင်အားသုံးသုံး လင်းဟန်ရဲ့ လက်ကနေ လွတ်မြောက်သွားခြင်း မရှိခဲ့ပါဘူး။ သူ့ရဲ့ကိုယ်ထဲကနေ ဒေါသတွေ ထွက်လာပြီးတော့ သူ့ရဲ့ ကျန်တဲ့လက်တစ်ဖက်ကို ပြင်းပြင်းထန်ထန် ဝှေ့ယမ်းပြီး လင်းဟန်ကို ရိုက်ချလိုက်ပါတယ်။

"ဟင့်"

လင်းဟန်က သူ့လက်ကို ခါလိုက်ပါတယ်။

ခရက် ခရက် ခရက်။

အရိုးတွေ ကျိုးပဲ့သွားတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး ဗလတောင့်တောင့်လူရဲ့ လက်မောင်းက ခေါက်ဆွဲလို ပျော့ကျသွားပါတယ်။ သူ့လက်မောင်းထဲက အရိုးတွေအားလုံးက ကျိုးပဲ့ပျက်စီး သွားခဲ့ပါတယ်။

ဗလတောင့်တောင့်နဲ့လူက တစ်စက္ကန့်လောက် မှင်တက်နေပြီးမှ အသိစိတ် ပြန်ဝင်လာပြီး စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

"အား"

"သတ္တိကောင်းနေပါ့လား။ မင်းက အနက်ရောင် ငါးမျိုးဂိုဏ်းက လူတစ်ယောက်ကို တကယ်ပဲ နာကျင်ထိခိုက်အောင် လုပ်ဝံ့တယ်ပေါ့လေ"

ကျန်တဲ့ဗလတောင့်တောင့်နဲ့ လူလေးယောက်က ဒေါသတွေ ထွက်လာပြီးတော့ သူတို့ရဲ့ လက်နက်တွေကို ထုတ်ကာ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ကို ဝိုင်းထားလိုက်ပါတယ်။

Chapter 1001 end

အပိုင်း(1002) မြို့ထဲသို့ ဝင်ရောက်ခြင်း

ဒီလူငါးယောက်စလုံးက တောင်မြစ်အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံးက ကနဦး အဆင့်မှာပဲ ရှိကြပါတယ်။ တချို့က အစောပိုင်းအဆင့် တချို့က အလယ်အလတ်နဲ့ တစ်ယောက်ပဲ အထွတ်အထိပ် အဆင့်ကို ရောက်ရှိပါသေးတယ်။

စွေ့ရန်ယွီက တိုက်ခိုက်ချင်တဲ့ စိတ်ဝိညာဉ်တွေ လောင်ကျွမ်းမှုနဲ့အတူ အရှေ့ကို ထွက်လာခဲ့ ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူမက လောင်းကြေးအနိုင်ရထားတဲ့ ငွေတွေနဲ့ လေလံပွဲကနေ တောင်မြစ်ကျောက်တုံး သုံးတုံးကို ဝယ်ယူခဲ့ပြီး မှော်ဆေးလုံး တချို့ကိုလည်း ဝယ်ယူခဲ့ပါတယ်။ လက်ရှိမှာ သူမရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ်နားကို ကပ်လို့ နေပါပြီ။ ဒါကြောင့် သူမရဲ့ စွမ်းရည်တွေ ဘယ်လောက်ထိ တိုးတက်လာသလဲ ဆိုတာကို တိတိကျကျ သိရဖို့အတွက် စိတ်မရှည်နိုင်အောင် ဖြစ်နေပါတယ်။

ဒီလူတွေက သူတို့ကိုယ်သူတို့ အချိန်ကိုက် သူမရဲ့ တံခါးဝအရှေ့ကို ရောက်လာတယ်လို့ ပြောနိုင်ပါတယ်။

သူမက အသံတိုးတိုးလေးတစ်ချက် မာန်သွင်းလိုက်ပြီးတော့ လက်ထဲမှာ ဓားကိုဆုပ်ကိုင်ကာ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ သူမရဲ့ လှုပ်ရှားမှုတွေက နတ်သမီးလေးတစ်ပါးလို

ပေါ့ပါးဖျတ်လက်ပြီး နတ်ဆိုးတစ်ကောင်လိုလည်း တင့်တယ်ပါတယ်။

ပထမတော့ လူလေးယောက်က တဏှာရာဂစိတ်တွေနဲ့ ကြည့်နေခဲ့ပါတယ်။ ဒါပေမဲ့ စွေ့ရန်ယွီက ဓားနဲ့ခုတ်လိုက်တဲ့ အချိန်မှာ သူတို့ရဲ့ မျက်နှာအပေါ် ရုတ်ချည်းဆိုသလို ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာတစ်ခု ပေါ်ပေါက်လာခဲ့ပါတယ်။ သူတို့ရဲ့ ကြည်နူးစရာ စိတ်ကူးယဉ်မှုထဲမှာ ဘယ်လိုလုပ်ပြီး ကြာကြာနှစ်မြှုပ်နိုင်မှာလဲ။ သူတို့က အလျင်အမြန်ပဲ သူတို့ရဲ့ လက်နက်တွေကို ဝှေ့ယမ်းပြီးတော့ ဝင်လာတဲ့ တိုက်ခိုက်မှုကို ခုခံဖို့ ပြင်ဆင်လိုက်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းထဲမှာတောင် ကြယ်တစ်ပွင့် ပါရမီရှင်တွေက အကန့်အသတ် အရေအတွက် တစ်ခုနဲ့ပဲ ရှိကြပါတယ်။ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ စမ်းသပ်စစ်ဆေးမှုကို ကြည့်လိုက်ရင် အဆင့်ငါးအထိ ဖြတ်ကျော်နိုင်တဲ့လူက နှစ်ဆယ်လောက်ပဲ ရှိတာကို တွေ့နိုင်ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်နီ သင်တန်းကျောင်းမှာ ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးရဲ့ လူငယ်ပါရမီရှင်တွေ အားလုံး စုဝေးနေပါတယ်။ အဲဒီလို နှိုင်းယှဉ်လိုက်ရင် ကြယ်တစ်ပွင့်

ပါရမီရှင်တွေတောင် ဘယ်လောက်ရှားပါးတယ် ဆိုတာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။

စွေ့ရန်ယွီက ကြယ်နှစ်ပွင့် အဆင့်ကို မရောက်သေးပေမဲ့ ကြယ်တစ်ပွင့် ပါရမီရှင်ရဲ့ အထက်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း ဒါက ပိတ်ဆို့ဟန့်တားမှု မဟုတ်ပါဘူး။ အနာဂတ်မှာ သူမအနေနဲ့ ကြယ်နှစ်ပွင့် ပါရမီရှင် အဖြစ်ကို တက်လှမ်းကောင်း တက်လှမ်းနိုင်ချေ ရှိပါတယ်။ ဒါပေမဲ့ သူမရဲ့ လက်ထဲက နတ်ဘုရားပစ္စည်းနဲ့အတူ လက်ရှိသူမရဲ့ တိုက်ပွဲစွမ်းရည်ဟာ ကြယ်နှစ်ပွင့်ထက် သာလွန်နိုင်စွမ်း ရှိနေပါတယ်။

တစ်ဖက်က လူလေးယောက်ကတော့ သာမန်ပါရမီမျှပဲ ရှိပြီးတော့ ကျင့်ကြံခြင်း အဆင့်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ကို မပိုင်ဆိုင်ထားပါဘူး။

ဒါကြောင့် တကယ်လို့ လေးယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်နေရတယ် ဆိုရင်တောင် စွေ့ရန်ယွီက လက်ဦးမှု ရယူကာ တိုက်ခိုက်တဲ့ အတွက်ကြောင့်လည်း သူမရဲ့ အသာစီး ရယူထားနိုင်မှုက အရမ်းကို ပေါ်လွင်ထင်ရှားပါတယ်။

တကယ်တော့ သူမမှာ အဆင့်သေး နှစ်ခုရဲ့ လွှမ်းမိုးနိုင်တဲ့ တိုက်ပွဲစွမ်းရည်တစ်ခု ရှိပါတယ်။ ဒါကြောင့် တကယ်လို့

လေးယောက်တစ်ယောက် တိုက်ခိုက်နေရတယ် ဆိုရင်တောင် သူမအတွက် အရမ်းကို သက်သောင့်သက်သာ ရှိလွန်းပါတယ်။

ထန် ထန် ထန်။

သူမက အရမ်းကို အားမာန်ပါပြီးတော့ သူမရဲ့ လှပချောမောတဲ့ မျက်နှာကလည်း ရေခဲတမျှ အေးစက်လို့ နေပါတယ်။ လင်းဟန်နဲ့ နှိုင်းယှဉ်ရရင် တစ်ဖက်လူတွေက သူမကို စော်ကားမော်ကား ပြောဆိုခဲ့တာကြောင့် ပိုပြီးတော့တောင် ဒေါသထွက်နေခဲ့ပါတယ်။

"အား"

လင်းဟန်လက်ထဲက ဗလတောင့်တောင့်နဲ့လူက မှင်တက်အံ့ဩသွားခဲ့ပါတယ်။ ဒီစုံတွဲက ပြဿနာရှာလို့ မဖြစ်တဲ့ လူတွေပဲဆိုတာကို အခုမှ သတိပြုမိသွားခဲ့ပါတယ်။ သူ့လက်မောင်းရဲ့ နာကျင်မှုထက်တောင် ပိုပြီးတော့တောင် အံ့အားသင့်နေပုံ ရပါတယ်။ လင်းဟန်က သူ့ကို ပါးရိုက်လိုက်တဲ့ အချိန်မှာပဲ စူးစူးဝါးဝါး ထအော်လိုက်ပါတယ်။

"ပါးစပ်ပိတ်ထားစမ်း"

လင်းဟန်က အော်ငေါက်လိုက်ပါတယ်။

"ငါမေးတာကို မင်းဖြေရမယ်။ တကယ်လို့ မင်းအဖြေကို ငါနည်းနည်းလေးတောင် မကျေနပ်ဘူး ဆိုရင်တော့ မင်းရဲ့ ကျန်တဲ့လက်မောင်း တစ်ဖက်ကို အရင်ဆုံး မသန်မစွမ်းဖြစ်အောင် ချိုးပစ်မယ်။ ပြီးရင် မင်းရဲ့ခြေထောက်တွေအလှည့် ရောက်လာမယ်။ ငါပြောတာ နားလည်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဗလတောင့်တောင်လူရဲ့ နဖူးမှာ ချွေးစေးတွေ စီးကျလာခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ အသံက အရမ်းကို အေးစက်နေပြီး လင်းဟန်က သူ့ကို ခြိမ်းခြောက်ရုံသက်သက်နဲ့ ပြောတာမျိုး မဟုတ်ပဲ သူပြောသလို လုပ်လိမ့်မယ် ဆိုတာကိုတော့ နည်းနည်းမှ သံသယ မရှိပါဘူး။

သူ့ခေါင်းထဲမှာ သူတို့ရဲ့ ကံဆိုးမိုးမှောင်ကျမှုအတွက် ညည်းညူနေခဲ့ပါတယ်။ တကယ်လို့ ဒီစုံတွဲက အရမ်းကို အစွမ်းထက်မှန်း သိခဲ့မယ်ဆိုရင် သူ့ကိုသေအောင်လို့ ရိုက်ပစ်ရင်တောင် သူတို့နဲ့ ပြဿနာ ဖြစ်ဝံ့လိမ့်မှာ မဟုတ်ပါဘူး။

"ဒီမြို့ထဲမှာ အင်အားစု ဘယ်လောက်ရှိလဲ။ ပြီးတော့ ဘယ်အင်အားစုက အားအကောင်းဆုံးလဲ"

လင်းဟန်က မေးလိုက်တယ်။ သူတို့က အခုဆိုရင် လုံးဝကို ရင်းနှီးကျွမ်းဝင်မှုမရှိတဲ့ နေရာတစ်ခုကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာ အကြောင်းကို အောက်ခြေကနေ စပြီးတော့ စုံစမ်းတာ အကောင်းဆုံးပါပဲ။

လူထွားကြီးက အလျင်အမြန်ပဲ သူ့အတွေးတွေကို စုစည်းလိုက်ပါတယ်။

အာဏာပုဆိန် ဆိပ်ကမ်းက သိပ်မကြီးမားဘူး ဆိုပေမဲ့ ဒီနေရာမှာ အံ့အားသင့်စရာကောင်းတဲ့ အကျိုးအမြတ်တွေ ရရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေတော်တော်များများက ပင်လယ်ထဲ ရွက်လွှင့်ကြပြီးတော့ မတူညီတဲ့ အင်အားစု တော်တော်များများရဲ့ အာရုံစိုက်မှုကို ခံကြရပါတယ်။

အင်အားအကြီးမားဆုံးက အာဏာပုဆိန် ဆိပ်ကမ်း ပိုင်ရှင် ယန်ကလန်ပဲ ဖြစ်ပါတယ်။

ယန်ကလန်ရဲ့ မျိုးနွယ်စုခေါင်းဆောင် နာမည်က ထောင်ရှင်းဖြစ်ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က နေလအဆင့် ပြင်းထန် အဆင့်မြင့်မှာ ရှိပါတယ်။ အင်ပါယာမြို့တော်ထဲမှာတောင် အဲဒါက အဆင့်လေး အင်အားစု အဆင့်ချိတ်နိုင်တဲ့ အရည်အချင်း ပြည့်မီပြီးတော့ အရမ်းကို ထူးချွန်ပြောင်မြောက်ပါတယ်။

ပွဲဖူက ယန်ကလန်ရဲ့ ပထမဆုံး မျိုးဆက် မျိုးနွယ်စု ခေါင်းဆောင်ရဲ့ နာမည်ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဘီလီယံနဲ့ချီတဲ့ နှစ်ပေါင်းများစွာက ယန်ကလန်ကို ဒီနေရာမှာ သူတို့ဘာသာ တည်ဆောက်ခဲ့ ပါတယ်။ သူတို့ရဲ့ သမိုင်းကြောင်းက ကြယ်ဥက္ကာ အင်ပါယာထက်တောင် ပိုပြီးတော့ ရှည်လျားပြီး ယန်ထောင်ရှင်းရဲ့ ဒီမျိုးဆက်အထိ မျိုးဆက်ပေါင်း တစ်ရာလောက် ဖြတ်သန်းခဲ့ပြီးပါပြီ။

ယန်ကလန်ရဲ့ မျိုးဆက်တိုင်းက မျိုးနွယ်စုခေါင်းဆောင်တွေဟာ ပွဲဖူရဲ့ နာမည်နဲ့ အာဏာပုဆိန် နတ်ဘုရား ပစ္စည်းတစ်ခုကို အမွေဆက်ခံရပါလိမ့်မယ်။ ဒီအာဏာပုဆိန် နတ်ဘုရား ပစ္စည်းက အဆင့်ရှစ်ရှိပြီးတော့ နေလအဆင့်က ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါကြောင့် ယန်ကလန်က ဒီနေရာမှာ အုပ်ချုပ်နေနိုင်ရတဲ့ အကြောင်းရင်း ဖြစ်ပြီးတော့ ဒီဘီလီယံနဲ့ချီတဲ့ နှစ်တွေအတွင်းမှာ ဆုတ်ယုတ်သွားခြင်း မရှိခဲ့တာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာရှိတဲ့ လေ့သဘော်တွေ အားလုံးဟာ ယန်ကလန်ရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိပါတယ်။ တကယ်လို့ ကျင့်ကြံသူတွေက ပင်လယ်ကနေ ရိတ်သိမ်းရူးဆွတ်ပြီး ပြန်လာတဲ့ အခါကျရင် ယန်ကလန်က သူတို့ဆီကနေ အရင်ဆုံး ဂယ်ယူပါလိမ့်မယ်။

အများဆုံးကတော့ သူတို့က ဒီရတနာတွေကို တတ်နိုင်သမျှ အနိမ့်ဆုံးဈေးပေးပြီးတော့ ဂယ်ယူကြပါတယ်။

ဒီမရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ အတွင်းမှာ ယန်ကလန်ရဲ့ စွမ်းအားက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်လာပြီး ဘယ်လိုမှ မယိမ်းယိုင်နိုင်ပါဘူး။

ယန်ကလန်က ပိုလ်ကျစိုးမိုးမှုကနေလည်း အကျိုးအမြတ်တွေ ရပါတယ်။ ဒါပေမဲ့ တခြားသူတွေ အတွက်လည်း စားကြွင်းစားကျန် တချို့ကို ချန်ပေးထားပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဂိုဏ်းငါးဂိုဏ်း ရှိပေမဲ့ ပြည့်တန်ဆာအိမ်တွေ၊ လောင်းကစားရုံတွေနဲ့ မြို့ထဲမှာရှိတဲ့ တည်းခိုခန်းတွေကအစ အမျိုးမျိုးသော စီးပွားရေး လုပ်ငန်းတွေကို ခွဲဝေပြီးတော့ ထိန်းချုပ်ထား ကြပါတယ်။ ညှိသည်တွေနဲ့ ပတ်သက်ပြီး ယှဉ်ပြိုင်မှုကြောင့် ဒီအင်အားစုတွေ အကြားမှာ တိုက်ပွဲတွေကလည်း မရှားပါးပါဘူး။ ပြီးတော့ ဒီနေရာမှာ လူသေတယ်ဆိုတာက သာမန်ဖြစ်ရိုး ဖြစ်စဉ် တစ်ခုပါပဲ။

ဒီနေရာမှာ သူသေကိုယ်သေ တစ်ဦးချင်း စိန်ခေါ်ပွဲတွေ မရှိပါဘူး။ အငြင်းပွားမှု အနည်းငယ်ကြောင့် တိုက်ခိုက်ကြပြီး သေခြင်းရှင်ခြင်းကို မျက်စိတစ်မှိတ် အတွင်းမှာ ဆုံးဖြတ်ပေးပါလိမ့်မယ်။

ဒါကြောင့်လည်း ဒီနေရာက တည်းခိုခန်းတွေက အရမ်းကို ကောင်းမွန်တဲ့ စီးပွားရေး လုပ်ငန်းတွေ ဖြစ်ပါတယ်။ မင်းက တည်းခိုဖို့ စာရင်းသွင်းလိုက်တာနဲ့ တည်းခိုခန်းရဲ့ ကာကွယ်မှုကို ရရှိပါ လိမ့်မယ်။ ညဥ့်နက်သန်းခေါင် အချိန်မှာ မင်းရဲ့အိပ်ယာပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတုန်း တစ်ယောက်ယောက်က လာပြီးတော့ ချောင်းမြောင်းလုပ်ကြံပြီး ခေါင်းဖြတ်သတ်ဖြတ်ခံရမှာကို စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

ဟုတ်ပါတယ်။ ဒီနေရာရဲ့ တည်းခိုခန်း စားရိတ်တွေကလည်း အရမ်းကို ဈေးကြီးလွန်းပါတယ်။ ဒါကြောင့် ငွေကြေးချွေတာချင်တာကြောင့် လမ်းမတွေရဲ့ ထောင့်နေရာတွေမှာ အနားယူအိပ်စက်တဲ့ လူတွေကိုလည်း ရှာတွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့အနေနဲ့ နောက်တစ်ရက် နေထွက်လာတာကို မတွေ့မြင်ရတာမျိုးလည်း ဖြစ်နိုင်သလို သူတို့ရဲ့ တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေ လုံးဂလုယက်ခံလိုက်ရတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

အနက်ငါးမျိုးဂိုဏ်းက ယန်ကလန်ရဲ့ လက်အောက်က လူဆိုးဂိုဏ်း ငါးဂိုဏ်းထဲက တစ်ခု အပါအဝင် ဖြစ်ပါတယ်။ သူတို့က တည်းခိုခန်း

ငါးခု၊ လောင်းကစားရုံ သုံးခုနဲ့ ပြည့်တန်ဆာအိမ် နှစ်ခုကို ထိန်းချုပ်ထားပါတယ်။

သူတို့ရဲ့ ခေါင်းဆောင်နာမည်က ကျန်းကျိုလို့ ခေါ်ပြီးတော့ နေလအဆင့် ပြင်းထန်အလယ်အလတ် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက အစောပိုင်းအဆင့်လား အလယ်အလတ်လား ဒါမှမဟုတ် နောက်ပိုင်းအဆင့်လား ဆိုတာကိုတော့ ဘယ်သူမှ မသိကြပါဘူး။ မင်းသိထားရမှာက သူက အရမ်းကို အံ့သြစရာကောင်းတယ် ဆိုတာပါပဲ။

ဒါပေမဲ့လည်း အနက်ရောင် ငါးမျိုးလူဆိုးဂိုဏ်းနဲ့ မဟာစစ်ရထား လူဆိုးဂိုဏ်းတို့က များမကြာမီ အချိန်တုန်းက ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြပြီး နှစ်ဖက်စလုံး အဆုံးအရှုံး ကြီးကြီးမားမား ဖြစ်ခဲ့ပါတယ်။ အဲဒါက ဘာကြောင့်လဲဆိုရင် အနက်ရောင်ငါးမျိုးဂိုဏ်းက မျက်နှာပြောင်ပြောင်နဲ့ မြို့ဂေါင်ဂိတ်တွေမှာ မြို့ဂေါင်ကြေး ကောက်ခံယူပြီးတော့ သူတို့ရဲ့ ကုန်ကျစားရိတ်တွေအတွက် ထောက်ပံ့မှု လုပ်ခဲ့လို့ပါပဲ။

"ဒါဆိုရင် သူက နေလအဆင့်မှာပေါ့။ အခုချိန်မှာ ငါသူ့ကို မယှဉ်နိုင်သေးဘူး"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

လင်းဟန်က အခုချိန်မှာ တောင်မြစ်အဆင့်
ပြင်းထန်အလယ်အလတ်မှာပဲ ရှိသေးတဲ့ အချက်ကို
ဘေးဖယ်ထားဦး တကယ်လို့ သူက ပြီးပြည့်စုံခြင်း အဆင့်ကို
ရောက်နေရင်တောင် သူ့အနေနဲ့ နေလအဆင့်ကို ယှဉ်ပြိုင်ဖို့ဆိုတာ
ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီအတားအဆီးက မိုးကောင်းကင်နဲ့
မြေကြီးအကြားက အကွာအဝေးနဲ့ တူပါတယ်။ ဘယ်ပါရမီရှင်ကမှ
သူတို့ထက် အဆင့်မြင့်တဲ့ ပြိုင်ဘက်ကို အဓိက ကျင့်ကြံခြင်းအဆင့်
တစ်ခုကို ကျော်လွန်ပြီး အနိုင်ယူတယ်ဆိုတာ ဘယ်တုန်းကမှ
မကြားဖူးပါဘူး။

"အခုအခြေအနေတွေကို ကြည့်လိုက်ရင် ငါတို့တွေက
အနက်ရောင်ငါးမျိုးဂိုဏ်း ပိုင်ထားတဲ့ တည်းခိုခန်း တစ်ခုမှာ
နေထိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးပဲ"

သူက စွေ့ရန်ယွီကို လှည့်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မိန်းမ ထပ်ပြီးတော့ ကစားမနေနဲ့တော့။ မြန်မြန် သွားကြတာပေါ့"

အမှန်တော့ စွေ့ရန်ယွီက ဒီလူလေးယောက်ကို
တော်တော်ကြာကတည်းက အနိုင်ယူလို့ ရပါတယ်။ ဒါပေမဲ့လည်း
သူမက သူမရဲ့ တိုက်ကွက်အမျိုးမျိုးကို
စမ်းသပ်ချင်နေသေးတာကြောင့် ဒီလူလေးယောက်ကို သူမရဲ့

လက်ရည်စမ်းဖော်စမ်းဖက်တွေအဖြစ် အသုံးချနေခဲ့တာ ဖြစ်ပါတယ်။ လင်းဟာန်ရဲ့ ဆော်ဩမှုနဲ့အတူ သူမရဲ့ စိတ်ဂင်စားမှုအားလုံး ကုန်ဆုံးသွားခဲ့ပါတယ်။ အဲဒီနောက် သူမရဲ့ နတ်ဘုရား ဓားနဲ့ ထူးဆန်းတဲ့ သင်္ကေတတစ်ခု ရေးဆွဲပြီးတော့ သူမရဲ့ စွမ်းအားတွေ အပြည့်အဝ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

ထန် ထန် ထန် ထန်။

လူလေးယောက်က ချက်ချင်းပဲ ဒီတိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ သူတို့ရဲ့ ရင်ဘတ်ကနေ လတ်ဆတ်တဲ့ သွေးတွေက ပန်းထွက်သွားပါတယ်။ သူတို့အားလုံး ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပေမဲ့ တစ်ယောက်မှ မသေသွားခဲ့ပါဘူး။

သူမက ရက်စက်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဒီလိုနေရာမျိုးမှာ စွေ့ကလန်ရဲ့ ထင်ပေါ် ကျော်ကြားမှုက သုံးလို့မရပါဘူး။ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ တပည့်ဆိုတဲ့ နာမည်တောင် သူတို့ကို အကာအကွယ် ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် တကယ်လို့ သူတို့က တစ်ယောက်ယောက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်တာမှုကနေ ရှောင်နိုင်ခဲ့ရင် အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

မြို့ဝင်ပေါက်မှာ သူတို့ရဲ့ တိုက်ခိုက်မှုကြောင့် အုတ်အုတ်ကျက်ကျက် ဖြစ်သွားပြီး ဘယ်သူမှ ဒီတိုက်ပွဲကို မတွေ့မြင်ဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ဒီနေရာကို ဖြတ်သွားတဲ့ လူတိုင်းက သူတို့အနေနဲ့ ဘာကိုမှ မမြင်တွေ့တဲ့ ပုံစံမျိုးနဲ့ ဖြတ်သွားကြပါတယ်။ သူတို့ကို ကြည့်ရတာ ဒီလိုမျိုး တိုက်ပွဲတွေ မကြာခဏ ဖြစ်နေတာကြောင့် ဘာမှ မထူးဆန်းတော့သလိုပါပဲ။

ဂရုန်းသုန်းကားဖြစ်ခြင်း။

ဒါက နေရာတော်တော်များများမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ အရာတစ်ခုပါပဲ။ မင်းအနေနဲ့ အင်ပါယာ မြို့တော်ထဲက စည်းမျဉ်းဥပဒေတွေကြောင့် ကမ္ဘာကြီး တစ်ခုလုံး ငြိမ်းငြိမ်းချမ်းချမ်း ရှိနေမယ်လို့ မထင်လိုက်ပါနဲ့။

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က မြို့ထဲကို ဝင်လာခဲ့ပါတယ်။ သူတို့က ပထမဆုံး ဆိပ်ကမ်းကို သွားရောက်ခဲ့ပြီး ဒီနေရာမှာရှိတဲ့ လှေသင်္ဘောတွေက သုံးရက်တစ်ကြိမ် ထွက်ခွာတယ် ဆိုတာကို သိလိုက်ရပါတယ်။ နောက်ဆုံးလှေက မနေ့တုန်းကမှ ထွက်ခွာသွားခဲ့ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့တွေ ပင်လယ်ထဲကို ထွက်ချင်တယ်ဆိုရင် နောက်ထပ်နှစ်ရက်လောက် စောင့်ရပါလိမ့်မယ်။

ဒါကြောင့် သူတို့နှစ်ယောက်က ပထမဆုံး နေရာထိုင်ခင်းအတွက် ရှာဖွေရပါလိမ့်မယ်။

သူတို့အနေနဲ့ အနက်ရောင်ငါးမျိုးဂိုဏ်းပိုင်တဲ့ တည်းခိုခန်းနေရာတွေမှာ နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လင်းဟန်က မဟာစစ်ရထားဂိုဏ်းပိုင် တည်းခိုခန်း တစ်ခုကို တမင်သက်သက် ရွေးချယ်လိုက်ပါတယ်။ ဒီအင်အားစု နှစ်ခုက အမုန်းတရားတွေနဲ့ ယှဉ်ပြိုင် နေကြတယ်ဆိုမှတော့ တကယ်လို့ သူက အနက်ရောင် ငါးမျိုးဂိုဏ်းကို ဆန့်ကျင်ခဲ့တယ် ဆိုရင်တောင် မဟာစစ်ရထားဂိုဏ်းက အနက်ရောင် ငါးမျိုးဂိုဏ်းနဲ့အတူ ညှိနှိုင်းပြီး သူတို့ကို လုယက်သတ်ဖြတ်ဖို့ ပူးပေါင်းဆောင်ရွက်မှာကို စိုးရိမ်ပူပန်နေစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။

တည်းခိုခန်းထဲကို ဝင်လာတဲ့ အချိန်မှာ စွေ့ရန်ယွီရဲ့ တပ်မက်ဖွယ်ရာကောင်းပြီးတော့ ဆွဲဆောင်မှုရှိတဲ့ ပုံရိပ်က လူတော်တော်များများရဲ့ အကြည့်တွေကို ဆွဲဆောင်သွားခဲ့ပါတယ်။ တချို့ဆိုရင် သူတို့ရဲ့ တပ်မက်မှုတွေကိုတောင် ဖုံးကွယ်မထားနိုင်ဘဲ တဏှာရာဂအပြည့်နဲ့ တရိုက်မက်မက် ကြည့်နေကြပါတယ်။

Chapter 1002 end

အပိုင်း(1003) ပါးစပ်ပုပ်

ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်မှာ ချောမောလှပတဲ့ အမျိုးသမီးတွေက ပုံမှန်တွေ့နေကျ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ လူတစ်ယောက် အနေနဲ့ တောင်မြစ်အဆင့်ကို ရောက်တာနဲ့ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ကို ဇနီးမယားအဖြစ် သိမ်းယူဖို့ အရမ်းကို လွယ်ကူလွန်းပါတယ်။

ဒါပေမဲ့လည်း ချောမောလှပတဲ့ မိန်းကလေးတွေကို မတူညီတဲ့ ခေါင်းစဉ်တွေနဲ့ ခွဲခြားထား နိုင်ပါသေးတယ်။ နောက်ခံနဲ့ အဆင့်အတန်း မတူညီမှုတွေကို ကြည့်ပြီးတော့ ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ရဲ့ မတူညီတဲ့ ဆွဲဆောင်မှု တစ်ခုအဖြစ် ခွဲခြားထားပါတယ်။

အညတရ မိသားစု တစ်ခုရဲ့ ချောမောလှပတဲ့ သမီးတစ်ယောက်နဲ့ တော်ဝင်မင်းသမီး တစ်ပါးတို့ နှစ်ယောက်စလုံး အမျိုးသမီးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ပြီးတော့ သူတို့နှစ်ယောက်ကို သူတစ်ပါးရဲ့ စိတ်နှလုံးသားကို သိမ်းပိုက်ယူနိုင်မှုက အတူတူပဲလို့ ခံစားလို့ ရနိုင်မှာလဲ။

စွေ့ရန်ယွီက အသက်ရှူမှားလောက်အောင် ချောမောလှပတဲ့အပြင် ကျက်သရေလည်း ရှိပါတယ်။ သူမရဲ့ လုပ်ရှားမှုတိုင်းက မယုံနိုင်စရာ

ကောင်းလောက်အောင် တင့်တယ်ပြီးတော့ ဆွဲဆောင်မှု ရှိကာ တခြားသူတွေအနေနဲ့ သူမကို အရှုးအမူး ချစ်ခင်စွဲလမ်းပြီးတော့ ခြေတော်အပါးမှာ ခစားချင်စိတ်တွေ ဖြစ်ပေါ်စေပါတယ်။ သူမရဲ့ ကျင့်ကြံခြင်းအဆင့်က တန်ခိုးရှင် အဆင့်မှာဆိုတဲ့ အချက်ကိုပါ ထည့်တွက်လိုက်ရင် သူမက ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေအားလုံးရဲ့ အာရုံစိုက်စရာ ဖြစ်လာခဲ့ပါတယ်။

ဒီလိုမျိုး ဆွဲဆောင်မှုရှိတဲ့ အလှပဂေး တစ်ယောက်ရဲ့ ညှို့ယူဖမ်းစားမှုကို ဘယ်သူကများ တောင့်ခံနိုင်မှာလဲ။

"ဘယ်လောက်တောင် လှလိုက်တဲ့ မိန်းကလေးလဲ"

"အနောက်ဘက်ကို တစ်ချက်ကြည့်လိုက်စမ်း။ တင်ပါးတွေက လုံးဝန်းပြီးတော့ စွင့်ကားနေတာပဲ။ ငါတကယ်ပဲ တစ်ချက်လောက် ကိုင်ကြည့်ချင်မိတယ်"

"ဟားဟား သူမရဲ့ ရင်သားတွေလည်း တော်တော်လေး ကြီးတယ်ကွ။ လက်တစ်ဖက်နဲ့တောင် ဆုပ်ကိုင်လို့ ရလိမ့်မှာ မဟုတ်ဘူးဆိုတာ ငါပြောနိုင်တယ်"

စားသောက်ခန်းထဲမှာ လူတွေအများကြီးက စားသောက်နေကြပြီး တချို့က ရုန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကို ပြောနေကြပါတယ်။

လင်းဟာန်ရဲ့ မျက်လုံးတွေက အေးစက်စက် ဖြစ်သွားပြီး သူတို့ထဲက တစ်ယောက်ကို စိုက်ကြည့်လိုက် မိပါတယ်။

"ကောင်လေး မင်းဘာကြည့်တာလဲ"

အဲဒါက အသက်လေးဆယ်အရွယ် သက်လတ်ပိုင်း ယောကျ်ားတစ်ယောက် ဖြစ်ပါတယ်။ သူက ကိုယ်ခန္ဓာ ထွားကြိုင်းပြီး မျက်နှာပေါက် ဆိုးပါတယ်။ အဲဒါအပြင် အနီရောင်တောက်ပတဲ့ ဂျတ်ရုံရှည် တစ်ခုကို ဂျတ်ဆင်ထားပြီး သူ့ပုံစံကို ကြည့်ရတာ တကယ့်ကို ဂွတီးဂွကျ နိုင်လွန်းပါတယ်။

သူက လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ခြိမ်းခြောက်လိုက်ပါတယ်။

"တကယ်လို့ မင်းဆက်ပြီးတော့ ကြည့်နေမယ်ဆိုရင် ငါမင်းကို သေအောင်ရိုက်ပစ်မယ်"

"လင်းဟာန်"

စွေ့ရန်ယွီက သူ့လက်ကို လှမ်းဆုပ်ကိုင်လိုက်ပြီး ဒီနေရာမှာ သူ့ကို မတိုက်ခိုက်စေချင်တဲ့ ပုံစံပါပဲ။

လင်းဟာန်က သူ့ခေါင်းကို ခေါ်ပြီးတော့ သူမလက်ကို ဆွဲကာ အဝေးကို ခေါ်သွားပါတယ်။ အဲဒီနောက် သူက သက်လတ်ပိုင်းအရွယ် ယောကျ်ားဆီကို ပြန်လာခဲ့ပါတယ်။

"ကောင်လေး မင်းက ဒီမိန်းမလှလေးအတွက်နဲ့ ဒေါသတွေ ထွက်နေတာလား"

သက်လတ်ပိုင်းအရွယ် ယောက်ျားကြီးက သရော်လိုက်ပါတယ်။

"မင်းက ကလန်တခုခုက အလိုလိုက်ခံထားရတဲ့ သခင်လေး တစ်ယောက် ဖြစ်လိမ့်မယ်။ ဟုတ်တယ်မလား။ ဒါကြောင့်လည်း ဒီလိုမျိုး မိန်းမလှလေးကို ရနိုင်တာပေါ့။ ဟားဟား အဲဒီလို နောက်ခံမျိုး မရှိရင် ဒီလိုမိန်းမလှလေး တစ်ယောက်ကို ပိုင်ဆိုင်ဖို့ မင်းက ဘယ်လိုလုပ် အရည်အချင်း ရှိမှာလဲ"

သူက မနာလိုမှုတွေနဲ့ ပြည့်နှက်လို့ နေပြီး သူ့မျက်လုံးတွေက အနည်းငယ် နီရဲလို့ နေပါတယ်။ စဉ်းစားကြည့်ပါ။ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာ ရှိပါတယ်။ ဒါပေမဲ့ သူ့မှာ လင်းဟန်လိုမျိုး မိန်းမတွေနဲ့ ပတ်သက်ရင် ကံကောင်းမှု မရှိပါဘူး။

"ခင်ဗျားကို ကြည့်ရတာ အရမ်းကို အသက်ကြီးနေပြီ။ ခင်ဗျားရဲ့ အတွေ့အကြုံရှိတဲ့ နှစ်တွေ အားလုံးကို ခွေးတစ်ကောင်လို အချိန်ဖြုန်းနေခဲ့တာ ဖြစ်လိမ့်မယ်။ ခင်ဗျားက ဘာမှတွေးတောခြင်း မရှိပဲနဲ့ ဒီလိုမျိုး ပြောလိုက်တယ် ဆိုမှတော့ ဒီပါးစပ်က ခင်ဗျားအတွက် ဘာလုပ်ဖို့ ရှိနေတာလဲ"

လင်းဟန်က အနားကို ထပ်တိုးလာပြီး သူ့မျက်နှာက ရေခဲတမျှ အေးစက်လို လာပါတယ်။

သူနဲ့ စွေ့ရန်ယွီက ဒီနေရာမှာ နှစ်ရက်လောက် နေရမယ်ဆိုမှတော့ တကယ်လို့ သူ့အဆင့်ကို ရှင်းရှင်းလင်းလင်း ဖြစ်အောင်လို့ မလုပ်ထားဘူးဆိုရင် ဒီလူတွေက သူတို့ရဲ့ ပါးစပ်ပုပ်ပုပ်တွေနဲ့ စွေ့ရန်ယွီ အပေါ်မှာ စကားနဲ့ အသားယူ ကြပါလိမ့်မယ်။

"တော်တော်ထက်တဲ့ ပါးစပ်ပဲ"

သက်လတ်ပိုင်းအရွယ် ယောကျ်ားကြီးက အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။

"ကောင်ကလေး ဒီနေ့ ငါမင်းကို ကောင်းကောင်းကြီး သင်ပေးရမှာပေ့ါ။ မင်းရဲ့ နောက်ခံနဲ့ မင်းရဲ့ ကလန်သာမရှိရင် မင်းက ဘာမှမဟုတ်ပါဘူးကွာ"

သူတို့နှစ်ယောက်က အချိန်မရွေး တိုက်ခိုက်ပါတော့မယ်။ တခြားသူတွေက ဘေးကနေ ရယ်ရယ်မောမောနဲ့ ဖျော်ဖြေပွဲကို ကြည့်နေကြပါတယ်။ ဒီကိစ္စက သူတို့နဲ့ ဘာမှမသက်ဆိုင်မှတော့ ဘယ်သူမှ ဝင်ပြီးတော့ စကားမပြောတာက သဘာဝ ကျပါတယ်။ နောက်ပြီး တည်းခိုခန်း အစောင့်တွေကလည်း ဝင်ပြီးတော့

မတားဆီးကြပါဘူး။ သူတို့ရဲ့ တာဝန်က အပြင်လူတွေက ပြဿနာ လာရှာတာကို တားဆီးဖို့ ဖြစ်ပါတယ်။ ဒီနှစ်ယောက်က သူတို့ဘာသာသူတို့ တိုက်ခိုက်ချင်နေကြမှတော့ တကယ်လို့ သူတို့ထဲက တစ်ယောက်ယောက်က သေသွားရင်တောင် အဆင်ပြေပါတယ်။

ဟုတ်ပါတယ်။ တကယ်လို့ သက်လတ်ပိုင်းအရွယ် ယောက်ျား ဒါမှမဟုတ် လင်းဟန်က အကူအညီ တောင်းလာရင်တော့ သူတို့အနေနဲ့ တိုက်ပွဲကို ရပ်ဖို့ ဝင်ရောက်စွက်ဖက်ပါလိမ့်မယ်။

လင်းဟန်က အနားကို တိုးကပ်လာခဲ့ပါတယ်။ သူက ဒေါသထွက်နေပြီး သူ့အရှိန်အဝါက ပေါက်ကွဲထွက်လာပြီး ခြိမ်းခြောက်နိုင်တဲ့ အစွမ်းတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ နတ်ဘုရား အာရုံက သာမန်ပြင်းထန်အလယ်အလတ် ကျင့်ကြံသူထက် သာလွန်နေတဲ့အပြင် ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကြောင့် အဆပေါင်းများစွာ ပိုတိုးလာခဲ့ပါတယ်။ ဒါကြောင့် အဲဒါက သူ့ကိုယ်ပိုင် နတ်ဘုရား လက်နက် တစ်ခုနဲ့တောင် တူနေပါတယ်။

"မင်းက သေလမ်းရှာနေတာပဲ"

သက်လတ်ပိုင်းအရွယ် ယောက်ျားက ရုတ်တရက် လင်းဟန်ရဲ့ ခေါင်းကို ဦးတည်ပြီးတော့ လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။

သူက လင်းဟန်ကို သင်ခန်းစာတစ်ခု ပေးချင်တယ်လို့ ပြောခဲ့ပေမဲ့ သူ့ရဲ့တိုက်ကွက်က သေကွင်းသေကွက်ကို ဦးတည်နေပါတယ်။ သူ့စကားလုံးတွေက အရမ်းကို ရိုးသားဖြူစင်တယ်လို့ ဘယ်သူ့ကို ယုံကြည်နိုင်းလို့လဲ။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီးတော့ တူညီစွာပဲ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပြီး သက်လတ်ပိုင်းအရွယ် ယောက်ျားက သူ့ကို ရိုက်ချတဲ့ လက်ဝါးကို ဦးတည်လိုက်ပါတယ်။

ဖြန်း။

လက်ဝါးနှစ်ခု ထိမှန်သွားပါတယ်။ ရုတ်တရက် ကျယ်လောင်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး တိုက်ခိုက်သူ နှစ်ယောက်ရဲ့ လက်ဝါးတွေ ထိသွားတဲ့ နေရာကနေ အားလှိုင်းတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို အနားမှာရှိတဲ့ စားပွဲခုံတချို့ လွင့်ထွက်ကုန် ပါတယ်။

"အား"

သက်လတ်ပိုင်းအရွယ် ယောက်ျားဆီက နာကျင်မှုကြောင့် ညည်းတွားသံတစ်ခု ထွက်ပေါ်လာခဲ့ ပါတယ်။ သူ့လက်ဝါး တိုက်ခိုက်မှုက နတ်ဘုရား သတ္တုအပိုင်းအစ တစ်ခုကို ရိုက်မိလိုက် သလိုမျိုး ခံစားလိုက်ရပြီး သူ့လက်က အရိုးတွေတောင် အက်သွားသလိုပါပဲ။ ဒီခံစားချက်က မယုံကြည် နိုင်စရာ ကောင်းလွန်းပါတယ်။ သူက လင်းဟန်ကို အံ့အားသင့်စွာနဲ့ ကြည့်လိုက်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ ဒီလူငယ်လေးဟာ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပြီးတော့ ဒီလိုမျိုး ရောမ ခွန်အားတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုတာကို မယုံနိုင်အောင် ဖြစ်နေပါတယ်။

သူက ပြင်းထန်အဆင့်မြင့်ရဲ့ အစောပိုင်းအဆင့်မှာ ရှိပါတယ်။

သူက အနောက်ကို ခြေတစ်လှမ်း ဆုပ်ပြီးတော့ သူ့ညာဘက်လက်ကို လက်သီးပုံစံ ဆုပ်ပြီး လင်းဟန်ကို နောက်ထပ်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်ကလည်း သူ့လိုမျိုးပဲ လက်သီးနဲ့ ထိုးလိုက်ပြီး လက်သီးနှစ်လုံး ထိမှန်သွားပါတယ်။

ဟုန်း။

ရုတ်ခြည်းဆိုသလို သက်လတ်ပိုင်းအရွယ် ယောက်ျားကြီးက ဒယိမ်းဒယိုင် ဖြစ်သွားပြီး အနောက်ကို ခြေခုနစ်လှမ်းဆက်တိုက် ဆုတ်ပေးလိုက်ရပြီး သူ့အနောက်က စားပွဲခုံနဲ့ ဂင်ဆောင့်မိသွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ကို ကာကွယ်ဖို့အတွက် အသုံးပြုလိုက်တဲ့ စွမ်းအားကြောင့် စားပွဲခုံက တန်းပြီး အစိတ်စိတ် အပိုင်းပိုင်းဖြစ်ကာ ပျက်စီးသွားခဲ့ပါတယ်။

သူ့ရဲ့ အနောက်ကို ဆုတ်မှုက မရပ်သေးပေမဲ့ ဘေးမှာထိုင်နေတဲ့ လူတစ်ယောက်ကို သူ့လက်နဲ့ လှမ်းဆွဲထားလိုက်တာကြောင့် နောက်ဆုံးမှာ သူ့ရဲ့လှုပ်ရှားမှုက ရပ်သွားခဲ့ပါတယ်။

သူ့သွားကြားကနေ ရှူးရှဲရှူးရှဲဆိုပြီး လေထွက်နေပြီးတော့ သူ့လက်ကို မြှောက်လိုက်တဲ့ အခါမှာ သူ့လက်သီးရဲ့ အဲဒီအစိတ်အပိုင်းဟာ တကယ်ပဲ ချိုင့်ဂင်သွားတာကို တွေ့လိုက်ရပါတယ်။ သူ့အရိုးတွေ ကျိုးသွားတယ်ဆိုတာ သိသာပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး ဒဏ်ရာ ဖြစ်ပေါ်လာဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လပြွတ်ပဲ။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိနေနိုင်ရတာလဲ။

သက်လတ်ပိုင်းအရွယ် ယောက်ျားကြီးက အံ့အားသင့်သွားသလို ဒေါသလည်း ထွက်သွားခဲ့ ပါတယ်။ ပထမအချက်က

ကျင့်ကြံသူတွေဟာ အနီးကပ် တိုက်ခိုက်ရမှာကို အများဆုံး စိုးရိမ်ပူပန် ကြပါတယ်။ ပြီးတော့ သူက လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က သူ့ထက်နိမ့်ကျတာကြောင့် အနိုင်ကျင့်နေတာ ဖြစ်ပါတယ်။ ဒီတိုက်ကွက်နှစ်ကွက် ဖလှယ်လို့ အပြီးမှာ သူက အရှုံးဘက်မှာ ရှိနေမယ်လို့ ဘယ်လိုလုပ် ထင်မိမှာလဲ။ အဲဒါက သူ့ကို မယုံနိုင်စရာ ကောင်းလောက်အောင် မချိတင်ကဲ ဖြစ်စေပါတယ်။

ဒီကောင်လေးက သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အာရုံစိုက်ပြီးတော့ ကျင့်ကြံထားတာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း သူ့ရဲ့ ခုခံမှုက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းနေတာ ဖြစ်ပါတယ်။

အခုဆိုရင် သူက လင်းဟန်ရဲ့ နောက်ခံနဲ့ ပတ်သက်ပြီးတော့ ပိုလို့တောင် သေချာသွား ခဲ့ပါပြီ။ ဒီကောင်လေးက အင်အားကြီး ကလန်တချို့ရဲ့ အမွေဆက်ခံသူ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ပြုစုပျိုးထောင်ဖို့ အရင်းအမြစ်အများကြီး ရှိနေတာ ဖြစ်ပါလိမ့်မယ်။ တစ်ခုသိထားရမှာက တန်ခိုးရှင်အဆင့်ထိ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို မြှင့်တင်တဲ့ တန်ဖိုးဟာ

ကြောက်စရာကောင်းလောက်အောင် မြင့်မားလွန်းပါတယ်။ နေ့စဉ်နေ့တိုင်း သူ့ကိုယ်သူ တန်ဖိုးကြီးတဲ့ နတ်ဘုရားဆေးတွေနဲ့ ရေချိုးရပါလိမ့်မယ်။ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ဖြတ်ကျော်ပြီးမှပဲ သူက အောင်မြင်နိုင်ပါလိမ့်မယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ လူနည်းစုလောက်ပဲ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တန်ခိုးရှင်အဆင့်ထိ ကျင့်ကြံအားထုတ်မှာလဲ။ မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိတာက အရမ်းကို အကျိုးကျေးဇူးရှိတယ် ဆိုတာကို လူတိုင်းသိနေတာပဲ မဟုတ်လား။

သူတို့အနေနဲ့ မလိုချင်တာကြောင့် မဟုတ်ပါဘူး။ ရရှိအောင်လို့ မလုပ်နိုင်တာကြောင့် ဖြစ်ပါတယ်။

သက်လတ်ပိုင်းအရွယ် ယောက်ျားက မနာလိုမှုတွေကြောင့် ရူးသွပ်လုနီးပါး ဖြစ်သွားပါတယ်။ ဒီလူငယ်ရဲ့ ကျင့်ကြံခြင်းအဆင့်က သူ့ထက်နိမ့်ကျပြီးတော့ သူအိပ်မက်ပဲ မက်လို့ရနိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အမျိုးအစားကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ မြင်လိုက်တာနဲ့ တွန်းလှဲပြီးတော့ ချစ်ချင်တဲ့စိတ် ဖြစ်ပေါ်စေတဲ့ အမျိုးသမီးကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒါတွေ အားလုံးက သူ့ရဲ့နောက်ခံကြောင့် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ

သူ့ကိုထောက်ပံ့ပေးမဲ့ ချမ်းသာကြွယ်ဝပြီး မြင့်မြတ်တဲ့ ကလန်တစ်ခု ရှိနေတာကြောင့်ပဲ ဖြစ်ပါတယ်။

"သေစမ်း"

သူက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး သူ့ပါးစပ်ကနေ အသံလှိုင်းတစ်ခု ထွက်ပေါ်လာ ခဲ့ပါတယ်။ အသံလှိုင်းက တောင်ဝှေးတစ်ချောင်းကို ဝှေ့ယမ်းနေတဲ့ လူတစ်ယောက်ရဲ့ ပုံရိပ်တစ်ခုကို ပြောင်းသွားပါတယ်။ လူသားပုံရိပ်က တောင်ဝှေးကို ဝှေ့ယမ်းပြီးတော့ လင်းဟန်ရဲ့ ဦးခေါင်းကို ရိုက်ချလိုက်ပါတယ်။

သူက နောက်ဆုံးတော့ သင်ခန်းစာကောင်းကောင်း ရသွားပါပြီ။ ဒါကြောင့် သူနဲ့လင်းဟန်ရဲ့ အကြားမှာ အကွာအဝေးတစ်ခု ဖြစ်အောင်ထိ ဆုတ်ပြီးတော့မှ ဒီတိုက်ခိုက်မှုကို ထုတ်ဖော်လိုက်တာ ဖြစ်ပါတယ်။

"အသံလှိုင်းအမျိုးအစား သိုင်းပညာ နည်းစနစ်လား"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလိုမျိုး သိုင်းပညာ နည်းစနစ်တွေက အရမ်းကို ရှားပါးပြီး ဒီနေရာကို ရောက်လာကာစ အချိန်မှာပဲ ကြုံတွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားမိခဲ့ပါဘူး။ ဒါပေမဲ့လည်း ဘယ်လိုမျိုး သိုင်းပညာ

နည်းစနစ် အမျိုးအစားပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ အဲဒါက အသုံးပြုတဲ့လူရဲ့ စွမ်းဆောင်ရည်တွေ အပေါ်မှာပဲ မူတည်ပါတယ်။ ဒါကြောင့် သူက မကြောက်ပါဘူး။

ရွှပ်။

သူက ပြဿနာရဲ့ အမြစ်ကို တန်းပြီးတော့ တိုက်ခိုက်ချင်တာကြောင့် တစ်ဟုန်ထိုး ပြေးဝင်သွား လိုက်ပါတယ်။

လူသားပုံစံ အသံလှိုင်းက ရိုက်ချလာပါတယ်။ လင်းဟန်က သူ့လက်ကို အသာလေး မြှောက်ပြီးတော့ တောင်ဝှေးကို ဖမ်းလိုက်ပါတယ်။ ထန်။ သူ့ပုံရိပ်က အနည်းငယ် ရပ်သွားပေမဲ့ ဒီတိုက်ခိုက်မှုရဲ့ အင်အားကလည်း ပျောက်ကွယ်သွားခဲ့ပါတယ်။

သူက သူ့လက်မောင်းကို ကြည့်လိုက်တဲ့ အခါမှာ သူ့အင်္ကျီလက်စ စုတ်ပြဲနေပြီးတော့ သူ့အရေပြား ပေါ်မှာလည်း အမှတ်သေးသေး ဖြစ်သွားပါတယ်။

ပြိုင်ဘက်က ပြင်းထန်အဆင့်မြင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို လျော့တွက်လို့ မရနိုင်ပါဘူး။

သူက နောင်တရသလိုလိုမျိုး သက်ပြင်းချပဲ ချလိုက်တာက ပရိသတ်တွေကို မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့်သွားစေခဲ့ပါတယ်။

"ဟော့ဟော့ဟော့ ဒီကောင်လေးက ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးတယ်။ ဒါတောင် သူက ဟူချီဝေ့ကို ရင်ဆိုင်နိုင်တယ်။ ဟူချီဝေ့က ပြင်းထန်အဆင့်မြင့်ရဲ့ အစောပိုင်း အဆင့်မှာ ရှိနေတယ်လေ။ ဒါကိုတောင် ဟူချီဝေ့ကို အရေးနိမ့်သွားစေတယ်။ သူ့ရဲ့စွမ်းရည်တွေက တကယ့်ကို အံ့အားသင့်စရာကောင်းတာပဲ"

"သူက အနည်းဆုံး ကြယ်တစ်ပွင့် ပါရမီရှင် ဖြစ်လိမ့်မယ်"

"သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပိုပြီးတော့တောင် အံ့အားသင့်စရာကောင်းတယ်။ သူက အင်အားကြီး ကလန်တစ်ခုရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်လိမ့်မယ်။ ဒါကြောင့် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ငယ်ငယ်ကတည်းက ပျိုးထောင်ဖို့ နတ်ဘုရားဆေးတွေ အများကြီး အသုံးပြုလို့ရတာ ဖြစ်မယ်"

သူတို့ရဲ့ အတွေးတွေက အနည်းနဲ့အများတော့ သက်လတ်ပိုင်းအရွယ် ယောက်ျားနဲ့ တူညီပါတယ်။ သူတို့အားလုံးက လင်းဟန်ကို အစွမ်းထက်တဲ့ ကလန်တစ်ခုက အဖွဲ့ဝင်

တစ်ယောက်လို လုံးဂကို ယူဆလိုက်ကြပါပြီ။ ဒါကြောင့်လည်း သူ့မှာ ဒီလိုမျိုး အစွမ်းထက်ပြီး မာကျောတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ပိုင်ဆိုင်နေတာ ဖြစ်ပါတယ်။ နောက်ပြီး သူက ကြယ်တစ်ပွင့် ပါရမီရှင်လည်း ဖြစ်နိုင်တာကြောင့် ဒီအချက်အလက်က ပိုပြီးတော့တောင် ခိုင်မာသွားခဲ့ပါတယ်။

ဒီနေရာမှာ ရှိနေတဲ့ လူတွေအားလုံးကို တစ်ကိုယ်တော် ကျင့်ကြံသူတွေ ဖြစ်ပြီးတော့ ကိုယ်တိုင်ကြိုးစား နေထိုင်ပြီး ကောင်းမွန်တဲ့ နောက်ခံတစ်ခု မရှိကြပါဘူး။ ရုတ်ချည်းဆိုသလို သူတို့ရဲ့ စိတ်ထဲမှာ လင်းဟာန်ကို မနာလိုမှုတွေနဲ့ ပြည့်နှက်လို့ လာခဲ့ပါတယ်။

Chapter 1003

အပိုင်း(1004) ပေါက်ကွဲထွက်တဲ့အထိ တိုက်ခိုက်ခြင်း

"သေစမ်း သေစမ်း သေစမ်းကွာ"

ဟူချီဝေ့က တရစပ် တိုက်ခိုက်လိုက်ပြီး သူ့ပါးစပ်ကို ဟပြီးတော့ အဆက်မပြတ် ဟိန်းအော်လိုက် ပါတယ်။ အသံလှိုင်းတွေက တစ်ခုပြီးတစ်ခု ထွက်ပေါ်လာပြီး အသံလှိုင်းအားလုံးဟာ လူသားပုံရိပ်တွေ အဖြစ်ကိုပြောင်းလဲပြီးတော့ တောင်ဝှေးတွေကို

ဖော့ယမ်းပြီး လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်ကြပါတယ်။

ထန် ထန် ထန် ထန်။

တောင်ဖော့းရိုက်ချက်တွေ တစ်ချက်ပြီး တစ်ချက်ကျဆင်းလာခဲ့ပါတယ်။ ဒီရိုက်ချက်တွေက လင်းဟန်ကို ထိခိုက်ဒဏ်ရာ မရစေနိုင်ဘူး ဆိုပေမဲ့ ပြင်းထန်အဆင့်မြင့်က လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှုတွေ ဖြစ်နေပါသေးတယ်။ ဒါကြောင့် လင်းဟန် အရှေ့တိုးလာတာကို ရပ်သွားစေပြီး ဟူချီဝေ့ အနားကို မကပ်နိုင်အောင် ဖြစ်သွားစေခဲ့ပါတယ်။

"ဟားဟားဟား ကောင်လေး မင်းရဲ့ နောက်ခံကောင်းကောင်း ရှိတာကြောင့် မင်းရဲ့ အခြေခံ အုတ်မြစ်တွေက တခြားသူတွေထက် သာလွန်နေတာပါကွာ။ ဒါပေမဲ့ တိုက်ခိုက်တယ်ဆိုတာက အတွေ့အကြုံ အပေါ်မှာ မူတည်နေသေးတယ်ကွ"

ဟူချီဝေ့က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါက ဒီနေ့အချိန်အထိ တိုက်ခိုက်လာခဲ့တာ နှစ်ပေါင်း နှစ်သိန်းတစ်သောင်းတောင် ရှိသွားပြီ။ မင်းက ဘယ်လိုလုပ်ပြီးတော့ ငါ့ကို ယှဉ်လို့ရနိုင်မှာလဲ"

လင်းဟန်က စိုက်ကြည့်လိုက် မိပါတယ်။ ကျွှာငယ်လေး တစ်ခုကလာတဲ့ လူတစ်ယောက်က သာမန်အကန့်အသတ် သက်တမ်းတစ်ခုပဲ ရှိပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်တောင် နှစ်ပေါင်းတစ်ထောင် ဝန်းကျင်လောက်ပဲ အသက်ရှင်နေထိုင်နိုင်စွမ်း ရှိပါလိမ့်မယ်။ သူကိုယ်တိုင်တောင်မှ ပြင်းထန်အလယ်အလတ် အဆင့်ကို ခုန်တက်ပြီးတာတောင် သူ့ကိုယ်သူ အဆင့်တူတူအဖြစ် သတ်မှတ်လို့ မရနိုင်သေးပါဘူး။

သူ့ရဲ့ အမြင့်ဆုံး သက်တမ်းက နှစ်ပေါင်း နှစ်သိန်းထိပဲ ရောက်ရှိပါသေးတယ်။ ဒီအချက်ကြောင့် သူ့ရဲ့လက်ရှိအသက်က တကယ်ပဲ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ငယ်ရွယ်နေပါသေးတယ်။

သူက ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ မေးလိုက်တယ်။

"အဲဒါ မှန်ပါ့မလား"

"ငါမင်းရဲ့ မျက်နှာလှလှကို ပျက်စီးအောင် ရိုက်ပစ်တဲ့အထိ စောင့်ကြည့်လိုက်လေ။ အဲဒီအချိန်ကျ မင်းက အခုလိုမျိုး ပြုံးနိုင်ဦးမှာလား ဆိုတာကို ကြည့်ရသေးတာပေါ့"

ဟူချီဝေ့က အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ပြီး အဲဒီနောက် ရုတ်တရက် ကျယ်လောင်စွာနဲ့ ဟိန်းလိုက်ပါတယ်။ ဝှမ်း။ ဒီတစ်ကြိမ် ထွက်ပေါ်လာတဲ့ အသံလှိုင်း လူပုံရိပ်က အရင်ကထက် အနည်းဆုံး သုံးဆလောက် ကြီးမားပြီးတော့ ထက်မြက်တဲ့ ဓားတစ်ချောင်းကို ကိုင်စွဲထားပါတယ်။

အသံလှိုင်း လူပုံရိပ်က ဓားကို ဝှေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာပြီး လင်းဟာန်ရဲ့ မျက်နှာကို ချိန်ပြီးတော့ ဓားနဲ့ထိုးစိုက်လိုက်ပါတယ်။

လင်းဟာန်က နှာခေါင်းတစ်ချက်ရှုံ့ပြီးတော့ သူ့ညာဘက်လက်ကို ဆန့်ထုတ်လိုက်တယ်။ ဝှမ်း။ ဆွဲငင်အား နတ်ဘုရားသင်္ကေတတွေက အသက်ဝင်သွားပြီး အသာလေး ဖိနှိပ်လိုက်ပါတယ်။ ဒီအသံလှိုင်း လူသားပုံရိပ်က ချက်ချင်းဆိုသလို ပြုတ်ကျသွားပြီး သူ့ရဲ့လုပ်ရှားမှုတွေ လုံးဝကို ပုံပျက်သွားခဲ့ပါတယ်။

ထန်။

အသံလှိုင်း လူသားပုံရိပ်ဆီက ဓားက မြေပြင်ကို တန်းပြီးတော့ ခုတ်ပိုင်းမိပြီး ချက်ချင်းဆိုသလို သစ်သားကြမ်းပြင်ပေါ်မှာ ရောမ အပေါက်ကြီးတစ်ခု ဖြစ်သွားပါတယ်။ သစ်မှုန်သစ်စတွေ လေထဲမှာ

ပြည့်နက်သွားပြီး လူတော်တော်များများက သူတို့ဆီကို ဖုန်မှုန့်တွေ မလာနိုင်အောင် သူတို့ရဲ့ လက်တွေကို ဝှေ့ယမ်းလိုက် ရပါတယ်။

ဒါပေမဲ့လည်း လူနည်းစုကတော့ ခံစားချက် ကင်းမဲ့စွာနဲ့ ထိုင်နေကြပါသေးတယ်။ သူတို့ဆီကို ဖုန်မှုန့်တွေ ပြေးဝင်လာတဲ့ အချိန်မှာတော့ ရှောင်ပြေးလို့ ရမှာမဟုတ်ပါဘူး။

ဒီလူတွေကို ကြည့်ရတာ သာမန်ပုံစံ ဖြစ်ပေမဲ့ တကယ်လို့ အနီးကပ် သေချာကြည့်လိုက်မယ် ဆိုရင် သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အရှိန်အဝါ တစ်ခု ဖုံးကွယ်ထားတယ် ဆိုတာကို သတိပြုမိပါလိမ့်မယ်။ အဲဒီအရှိန်အဝါ ပေါက်ကွဲထွက်လာတဲ့ အချိန်မှာ ဘယ်လိုတောင်မြစ်အဆင့် ကျင့်ကြံသူကိုမဆို အလွယ်တကူနဲ့ ပေါက်ကွဲထွက် သွားနိုင်ပါတယ်။

သူတို့အားလုံးက နေလအဆင့် လက်ရွေးစင်တွေ ဖြစ်ပါတယ်။

"ဘာ"

ဟူချီဝေ့က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီတိုက်ကွက်က သူ့ရဲ့အစွမ်းထက်ဆုံး တိုက်ကွက်တွေ အထဲက တစ်ခုဖြစ်ပါတယ်။ အဲဒါကို လင်းဟန်က သူ့လက်ကို မြှောက်လိုက်ရုံနဲ့ အလွယ်တကူ

ပျက်စီးသွားစေခဲ့ပါတယ်။ ဒါကို လုံးဝကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က ဆက်ပြီးတော့ တိုက်ခိုက်လိုက်ပြီး လက်သီးတစ်ချက် ထိုးထည့်လိုက်ပါတယ်။

"ဟင်"

ဟူချီဝေ့က မှင်တက်သွားတယ် ဆိုပေမဲ့ အသတ်ခံရတာကို ရပ်ပြီးတော့ စောင့်နေလိမ့်မှာ မဟုတ်ပါဘူး။ သူက အလျင်အမြန်ပဲ နောက်ကိုဆုတ်ပြီးတော့ သူ့ပါးစပ်ကို ဟကာ နောက်ထပ် အသံလှိုင်း တိုက်ခိုက်မှု တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း အခုဆိုရင် လင်းဟန်က အလေးအနက် ထားလာပြီ ဖြစ်တာကြောင့် ဒီအသံလှိုင်းက သူ့ကိုဘာများ ခြိမ်းခြောက်နိုင်မှာလဲ။

ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေ အသက်ဝင်လာခဲ့ပြီး ဒီအသံလှိုင်းတွေ အားလုံးပဲ ဖိနှိပ်ခံရကာ လုံးဝတောင် ပျက်စီးသွားခဲ့ပါတယ်။ တစ်ခုသိထားသင့်တာက ထူးခြားတဲ့စွမ်းရည်ရှိ တောင်မြစ်ကျောက်တုံး တစ်တုံးက အရမ်းကို အဖိုးထိုက်တန်ပြီး တစ်ခုကို ရယူနိုင်ဖို့ကလည်း အရမ်းကို

ခက်ခဲလွန်းပါတယ်။ ဒါကြောင့် သူတို့ရဲ့စွမ်းအားတွေက ဘယ်လိုလုပ်ပြီးတော့ သာမန်ဖြစ်နိုင်မှာလဲ။

လင်းဟန်က ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အသုံးပြုလိုက်တာနဲ့ ဟူချီဝေ့ရဲ့ လုပ်ရှားမှု နည်းစနစ် အပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိပြီးတော့ ချက်ချင်းဆိုသလို သူတို့နှစ်ယောက် အကြားက အကွာအဝေးက ကျဉ်းမြောင်းလာခဲ့ပြီး သူ့လက်သီးနဲ့ ပြင်းပြင်းထန်ထန် ထိုးချလိုက်ပါတယ်။

ဟူချီဝေ့က သူ့လက်မောင်းကို ဆန့်ပြီးတော့ ပုတ်ထုတ်လိုက်ပေမဲ့ ဆွဲငင်အားရဲ့ အာနိသင်ကြောင့် သူ့တုံ့ပြန်မှုက အရမ်းကို နှေးကွေးနေပါတယ်။ လင်းဟန်ရဲ့ လက်သီးက သူ့ရဲ့ ခုခံမှုကို အားမာန်အပြည့်နဲ့ ကျူးကျော်လာပြီး သူ့မျက်နှာပေါ်ကို ပြင်းပြင်းထန်ထန် ကျလာခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူ့မျက်နှာက ကြွက်သားတွေ လှိုင်းတွေလို တွန့်ကုန်ပြီးတော့ ကွဲသွားပါတယ်။

ဟူချီဝေ့က လွင့်ထွက်သွားပြီးတော့ တိုင်တစ်လုံးနဲ့ ဆောင့်မိပါတော့မယ်။ လူတစ်ယောက်က ခုန်ထွက်လာပြီး လက်တစ်ဖက်ကို ဆန့်ထုတ်ကာ သူ့ကိုဖမ်းယူလိုက်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တိုင်လုံးသာ ကျိုးပျက်သွားရင် ဒီအဆောက်အဦးလည်း ပြိုကျသွားနိုင်ပါတယ်။

အားလုံးက ဟူချီဝေ့ကို နောက်တစ်ကြိမ် ကြည့်လိုက်တဲ့ အခါမှာ သူတို့အားလုံး မှင်တက် အံ့သြသွားမိပါတယ်။ သူ့ရဲ့မျက်နှာတစ်ဖက်က ဘာမှမကျန်တော့ပဲ ကျိုးသွားတဲ့ အရိုးတွေနဲ့ စုတ်ပြတ်နေတဲ့ အသားတွေကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်ပြီးတော့ အရမ်းကို သွေးသံတရဲရဲ ရှိလှတဲ့ မြင်ကွင်းတစ်ခု ဖြစ်နေပါတယ်။

"တော်လောက်ပြီ။ တကယ်လို့ တိုက်ပွဲဆက်ဖြစ်နေရင် ရလဒ်က သေခြင်းတရားပဲ ဖြစ်သွားလိမ့်မယ်"

ဟူချီဝေ့ကို ဖမ်းယူလိုက်တဲ့လူက မုတ်ဆိတ်မွေးဖြူနေတဲ့ အဘိုးကြီး တစ်ယောက် ဖြစ်ပါတယ်။ အစောပိုင်းတုန်းက သူ့ကို ဘယ်သူကမှ အာရုံမစိုက်မိပဲ သူက အခုလိုမျိုး ရုတ်တရက် ထွက်ပေါ် လာခဲ့ပါတယ်။

သူက နေလအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီး ဒီအချိန်မှာ သူ့အရှိန်အဝါကို အပြည့်အဝ ထုတ်ဖော်ထားပါတယ်။ သူ့အနောက်မှာ ပြည့်စုံတဲ့ နေနဲ့လ တစ်စုံရှိနေပြီး သူဟာ

နေလအဆင့်ရဲ့ ကနဦး အထွတ်အထိပ် အဆင့်မှာ ရှိတယ်ဆိုတာကို ဖော်ပြနေပါတယ်။

"အကြီးအကဲချင်"

"အကြီးအကဲ ချင်ကို ဂါရဝ ပြုပါတယ်"

လူတော်တော်များများက ဂါရဝပြု နုတ်ဆက်လိုက်ပါတယ်။ ဒီအဘိုးကြီးရဲ့ မျိုးရိုးက ချင်ဖြစ်ပြီး သူ့နာမည်က ရီ ဖြစ်ပါတယ်။ သူက စစ်ရထားလူဆိုးဂိုဏ်းရဲ့ အကြီးအကဲတစ်ယောက် ဖြစ်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကြင်နာတတ်ပုံ ပေါ်ပေမဲ့ သူရဲ့ ရက်စက် ပြင်းထန်ပြီး နှိပ်စက်ညှင်းပန်းတတ်တဲ့ နည်းလမ်းတွေအတွက် လူသိများ ထင်ရှားပါတယ်။ သူ့လက်ထဲမှာ သေသွားတဲ့ လူအရေအတွက်က ရေတွက်လို့တောင် မရနိုင်ပါဘူး။

လင်းဟန်က ဒီပြဿနာကို ထပ်ပြီးတော့ မကြီးချင်ပါဘူး။ သူက သူ့နေရာကို ရှင်းရှင်းလင်းလင်း သိသွားအောင် လုပ်ဖို့ ကြိုးစားတာဖြစ်ပြီး စွေ့ရန်ယွီကို တခြားသူတွေက အသရေပျက်အောင် ပြောဆိုတာမျိုးကို တားဆီးဖို့ လုပ်ခဲ့တာပါ။ သူက ချင်ရီကို အသာလေး ခေါင်းညိတ်ပြပြီးတော့ ကောင်တာဆီ လမ်းလျှောက်သွားပြီးတော့ ပြောလိုက်တယ်။

"ငါတို့ ဒီမှာ တည်းခိုမယ်"

"တစ်ခန်းလား နှစ်ခန်းလား"

တည်းခိုခန်းကြီးကြပ်သူက မေးလိုက်ပါတယ်။

"တစ်ခန်း"

"နှစ်ခန်း"

ပထမအဖြေက လင်းဟာန်ဆီက ဖြစ်ပေမဲ့ စွေ့ရန်ယွီက အလျင်အမြန်ပဲ သူ့ကိုအမှန်ပြင် ပေးလိုက်ပါတယ်။

"တစ်ခန်းပဲ"

လင်းဟာန်က စွေ့ရန်ယွီရဲ့ ပခုံးကို ဖက်လိုက်ပါတယ်။ စွေ့ရန်ယွီရဲ့ ခန္ဓာကိုယ်က အားအင်ကုန်ခမ်း သွားပြီးတော့ သူမရဲ့ မျက်လုံးတစ်စုံက လူတစ်ယောက်ရဲ့ နှလုံးသားကို အရည်ပျော်ကျသွားဖို့ လုံလောက်တဲ့ ဆွဲဆောင်မှုနဲ့ ပြန်ပြီးချေပပြောဆိုတော့မဲ့ ပုံစံဖြစ်လာပါတယ်။

"တည်းခိုခန်းခက တစ်ရက်ကို အစစ်အမှန် မူလကျောက်တုံး တစ်တုံးကျပါတယ်။ ကျနော်တို့ တည်းခိုခန်းမှာ တည်းနေတဲ့အချိန်မှာ ညှော့သည်တော်တွေရဲ့ လုံခြုံရေးကို

အာမခံပါတယ်။ တကယ်လို့ ဧည့်သည်တော် ကိုယ်တိုင်က တခြားသူတွေနဲ့ တိုက်ခိုက်ရင်တော့ အဲဒါက မတူပါဘူး။ ကျေးဇူးပြုပြီးတော့ ဆယ်ရက်စာအတွက် အရင်ဆုံး ပေးချေပါ။ ဆယ်ရက်လုံး မနေဖူးဆိုရင် ဧည့်သည်တော်တို့ ပြန်တဲ့အချိန်မှာ ကျန်ရှိတဲ့ ပမာဏကို ပြန်ထုတ်မပေးပါဘူး။ ဆယ်ရက် နောက်ပိုင်းမှာ တကယ်လို့ ဒီနေရာမှာ ဆက်ပြီးတော့ နေချင်သေးတယ်ဆိုရင် နောက်ထပ် အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးကို ပေးရပါမယ်”

တည်းခိုခန်းကြီးကြပ်သူက ပြောလိုက်တယ်။

အတော်ကို ဆိုးတာပဲ။

လှေသဘောတော်ကြ သုံးရက်တစ်ကြိမ် ထွက်ခွာပြီး လူအများစုဟာ ဒီနေရာမှာ နှစ်ရက် သုံးရက်ပဲ တည်းခိုက်ကြပါတယ်။ ဒါပေမဲ့ ဒီနေရာမှာတော့ သူတို့က တည်းခိုဖို့အတွက် ဆယ်ရက်စာ ပေးချေရပြီးတော့ ပြန်ထုတ်ယူလို့ မရပါဘူး။

လင်းဟန်က အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးကို ထုတ်ယူပြီးတော့ သူတို့ကို ပေးလိုက်ပါတယ်။ ဒါကသူ့အတွက်တော့ ဘာမဟုတ်တဲ့ ပမာဏလေး တစ်ခုဖြစ်ပြီး ဂရုစိုက်နေစရာ မလိုပါဘူး။

"ဆရာလေး ကျနော့်နောက်ကနေ လိုက်ခဲ့ပါ"

အလုပ်သမား တစ်ယောက်က ဘေးကနေ ပြောလိုက်ပါတယ်။

သူက လင်းဟန်နဲ့ စွေ့ရန်ယွီတို့ကို အပေါ်ထပ်ကို ခေါ်ဆောင်သွားပါတယ်။ ဒီနေရာမှာ စုစုပေါင်း ငါးထပ်ရှိပြီးတော့ သူတို့က လေးထပ်မြောက်ဆီ သွားခဲ့ကြပါတယ်။

အခန်းက အလှအပတွေနဲ့ တန်ဆာဆင်ထားတယ်လို့ သတ်မှတ်လို့ မရပေမဲ့ တည်းခိုခန်း တစ်ခုမှာ နေထိုင်တယ်ဆိုတာက လုံခြုံရေး အတွက်ပဲ ဖြစ်ပါတယ်။ ဒီမှာနေထိုင်တဲ့ သူတွေဟာ မဟာစစ်ရထား လူဆိုးဂိုဏ်းရဲ့ ကာကွယ်စောင့်ရှောက်မှုကို ရရှိကြပါတယ်။ ယန်ကလန်က သူတို့ကို ကိုယ်တိုင်ကိုယ်က လာပြီးတော့ မတောင်းဆိုသရွေ့ ဒီနေရာကလုံးဝကို လုံခြုံပါတယ်။

"ညှော့သည်တော် နှစ်ယောက် အရင်ဆုံး အနားယူမလား ဒါမှမဟုတ် အောက်ထပ်မှာ အစားအသောက် အရင်သုံးဆောင်မလားခင်ဗျာ"

ဆိုင်အလုပ်သမားက မေးလိုက်ပါတယ်။

"အနားယူမယ်"

"ကောင်းပါပြီ။ ဒါဆိုရင် ကျနော် ညှော့သည်တော်တို့ နှစ်ယောက်ကို အနှောင့်အယှက် မပေးတော့ပါဘူး"

ဆိုင်အလုပ်သမားက အခန်းအပြင်ကို ထွက်သွားပြီးတော့ အခန်းတံခါးကို ပြန်ပိတ်ပေး သွားပါတယ်။

အခန်းထဲမှာ သူတို့နှစ်ယောက်ပဲ ကျန်ပါတော့တယ်။ လင်းဟာန် အနားကို တိုးကပ်လာတာ မြင်လိုက်ရတဲ့ အချိန်မှာ စွေ့ရန်ယွီက အလျင်အမြန်ပဲ သူမကိုယ်သူမ ကာကွယ်ထားပြီး ပြောလိုက်တယ်။

"နင် မဟုတ်တာ လျှောက်မလုပ်နဲ့နော်"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းခေါင်းထဲမှာ ဘယ်လိုအတွေးတွေပဲ ပြည့်နေတာလဲ"

သူက သူ့ရဲ့နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ စကားလှမ်းပြောလိုက်ပါတယ်။

"ငါ့မှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို မင်းသိတယ်မဟုတ်လား။ အခု တစ်ချက်ကြည့်ဖို့ ငါမင်းကို ခေါ်သွားမယ်"

စွေ့ရန်ယွီက ချက်ချင်းပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။ ဒါက ဒဏ္ဍာရီတွေထဲမှာပဲ တည်ရှိတဲ့ နတ်ဘုရား ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။ ဧကရီ ဘုရင်မကိုယ်တိုင်တောင် တစ်ခုပိုင်ဆိုင်ဖို့ မဖြစ်နိုင်ပါဘူး။

"ငါ့ရဲ့ နတ်ဘုရား အာရုံကို မခုခံနဲ့"

လင်းဟန်က ပြောလိုက်တယ်။

"အင်း အူးဝူး ဝူး"

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ရုံပဲ ရှိသေးတယ်။ လင်းဟန်က သူမကို ရုတ်တရက် နမ်းလာမယ်လို့ ဘယ်လိုလုပ် ထင်ထားမိမှာလဲ။ ဒါကြောင့် ချက်ချင်းဆိုသလို ဝူး ဝူးနဲ့ အသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ သူမက အလျင်အမြန်ပဲ သူ့ကို လက်နဲ့တွန်းထုတ်လိုက်ပေမဲ့ သူမရဲ့ လက်တွေက လင်းဟန်ရဲ့ ပြင်းပြတဲ့ အနမ်းတွေအောက်မှာ အားပျော့လာခဲ့ပါတယ်။

သူမက ပထမတော့ သတိမပြုမိပါဘူး။ အချိန်တော်တော်ကြာမှ လင်းဟန်က သူ့နုတ်ခမ်းကို ခွာလိုက်တဲ့ အချိန်မှာ သူမက သတိပြန်ဝင်လာပြီး မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"နင် နာဘူးကောင် အရှက်မရှိတာတွေ ထပ်လုပ်...."

သူမရဲ့ စကားတွေတောင် မဆုံးသေးခင် သူမရဲ့ မျက်လုံးတွေ အရှေ့က မြင်ကွင်းကြောင့် အံ့သြမှင်တက် သွားခဲ့ပါတယ်။

Chapter 1004 end

အပိုင်း(1005) အနက်ရောင်ငါးမျိုး လူဆိုးဂိုဏ်းရဲ့ ချောင်းမြောင်းလုပ်ကြံမှု

ဒါက ကျယ်ပြန့်ပြီး အကန့်အသတ်မရှိတဲ့ ကမ္ဘာတစ်ခု ဖြစ်ပါတယ်။

ဒီနေရာမှာ ဆေးပင်စိုက်ခင်းတွေ၊ စိမ်းလန်းစိုပြေတဲ့ တောင်ကြီးတွေနဲ့ သန့်ရှင်းကြည်လင်တဲ့ ရေတွေရှိပါတယ်။ ဒီမှာ စိတ်ဝိညာဉ်နဲ့ နတ်ဘုရား သားရဲကောင်တွေလည်း ရှိပြီးတော့ နတ်ဘုရား မြူခိုးတွေက လေထုထဲမှာ ရောယှက်လို့ နေပါတယ်။ အဲဒါက ကမ္ဘာမြေကြီး အပေါ်က မိုးကောင်းကင်ဘုံ တစ်ခုနဲ့ တူပါတယ်။

စွေ့ရန်ယွီက ကြီးမားတဲ့ အံ့ဩမှုကြီးတစ်ခုကို လက်ခံရရှိခဲ့ပါတယ်။ သူမက စိတ်ဝိညာဉ် သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခုကို အရင်တုန်းက တစ်ခါမှ မြင်တွေ့ဖူးခဲ့ခြင်း မရှိပါဘူး။ ဒီလိုမျိုး ပစ္စည်းတွေအားလုံးက အရမ်းကို ကြီးမားနိုင်သလား။ ဒါကို ကျယ်ပြန့်တဲ့ နေရာလွတ် တစ်ခုအဖြစ် သတ်မှတ်ယူဆလို့ မရနိုင်ပါဘူး။ ဒါက သူ့ဘာသာသူ ကမ္ဘာသစ်တစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်တယ်။

“ဒီနေရာကို မင်းသဘောကျရဲ့လား”

“အင်း အင်း”

စွေ့ရန်ယွီက အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပြီး သူမရဲ့ ချစ်စဖွယ်ကောင်းတဲ့ မျက်နှာလေးမှာ အံ့အားသင့်မှု ကျေနပ်ပျော်ရွှင်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါပေမဲ့လည်း သူမက ချက်ချင်းဆိုသလို မှင်တက်သွားပြီးတော့ မေးလိုက်ပါတယ်။

“ဒါဆိုရင် ငါတို့နှစ်ယောက်လုံး ဒီနေရာမှာ ရှိနေပြီး တခြားသူတွေက သိုလှောင်နတ်ဘုရား ပစ္စည်းကို ရှာမတွေ့နိုင်ဘူးလား”

“ရှာမတွေ့နိုင်ဘူး”

လင်းဟန်က ပြုံးပြီးတော့ သူမ့ခေါင်းကို ခါလိုက်ပါတယ်။

“ဒီနေရာကို အနက်ရောင်မျှော်စင်လို့ ငါခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အနက်ရောင် ဘုံကိုးဆင့် ရှိတယ်။ ဒါပေမဲ့ ငါတစ်ယောက်ပဲ အဲဒါကို မြင်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါက အရမ်းကို သေးငယ်ပြီး မှန်ညင်းစေ့ တစ်စေ့နဲ့တူတယ်။ ဒါကြောင့် တကယ်လို့ ငါလည်း ဒီထဲကို ဝင်လာခဲ့ရင် ဘယ်သူကမှ ဖုန်မှုန့်ထက်တောင် သေးငယ်တဲ့ ဒီလိုပစ္စည်း သေးသေးလေး တစ်ခုကို ရှာတွေ့နိုင်မှာလဲ”

စွေ့ရန်ယွီက သူ့ကို ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက လင်းဟာန် ရုတ်တရက် ပျောက်ကွယ်သွားတာကို သူမမြင်တွေ့ခဲ့ဖူးပါတယ်။ သူမဘယ်လိုပဲ ကြိုးစားပြီးတော့ ရှာရှာ သူ့ကို ရှာမတွေ့နိုင်ခဲ့ပါဘူး။

"ဒါဆိုရင် ဒီရတနာပစ္စည်းနဲ့ဆို ငါတို့က ပြိုင်ဘက်ကင်းတွေ ဖြစ်မလာနိုင်ဘူးလား"

သူမက အံ့အားသင့် ကျေနပ်စွာနဲ့ မေးလိုက်ပါတယ်။

"ငါ့မိန်းမပြောတာ အမှန်ပဲ"

လင်းဟာန်က သူမကို ပွေ့ဖက်လိုက်ပြီး ရိုးရိုးသားသားနဲ့ပဲ ဘာမှမကြံစည်ခဲ့ပါဘူး။ သူက စောစောကပဲ သူမကို နမ်းရှုပ်ခဲ့ပြီးပြီ မဟုတ်လား။

"နာဘူးကောင်စုတ်"

စွေ့ရန်ယွီက နူးညံ့သိမ်မွေ့စွာနဲ့ တီးတိုးရွတ်ဆို လိုက်ပြီး အရမ်းကို ပြင်းပြင်းထန်ထန်နဲ့ ရုန်းကန်ခြင်း မရှိခဲ့ပါဘူး။ ဒီလိုမျိုး တန်ဖိုးကြီးမားတဲ့ ရတနာ ပစ္စည်းတစ်မျိုးကို တွေ့မြင်ရတဲ့ အတွက်ကြောင့် သူမလည်း စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နေပြီး

သူမကိုယ်ထဲမှာ ခံစားချက်တွေ ကြီးကြီးမားမား ပေါက်ကွဲထွက်လာခဲ့ပါတယ်။

သူတို့စုံတွဲက တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်နမ်းရှုပ်နေကြပေမဲ့ နောက်ဆုံးမျဉ်းကို ကူးဖြတ်ကျော်ခါနီးမှာတော့ သူတို့တွေက ရပ်လိုက်ကြပါတယ်။

"ငါမင်းကို တစ်ခုပြစရာရှိတယ်"

လင်းဟာန်က စွေ့ရန်ယွီကို ပြန်လည်မွေးဖွားခြင်း သစ်စေ့စိုက်ထားတဲ့ နေရာဆီကို ခေါ်ဆောင် သွားခဲ့ပါတယ်။

စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ပါတယ်။

"နင်က ငါ့ကို ဘာမှမရှိတဲ့ ဒီကုန်းမြေကို ပြချင်တာလား"

"မဟုတ်ဘူး မဟုတ်ဘူး။ သိပ်မကြာခင် ဒီနေရာမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင် ရှင်သန်ပေါက်ဖွားလာလိမ့်မယ်"

လင်းဟာန်က ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်တယ်။

စွေ့ရန်ယွီက မှင်တက်အံ့သြစွာနဲ့ မေးလိုက်ပါတယ်။

"လေလံပွဲမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့ကို ဂယ်သွားတာက နင်လား။ ဒါပေမဲ့ နင်မသိဘူးလား။ ဒီသစ်ပင်က အရွယ်ရောက်ပြီး ကြီးထွားရှင်သန်ဖို့ နှစ်ပေါင်း 12 ထရီလီယံ လိုတယ်လေ"

"ဟားဟား မစိုးရိမ်ပါနဲ့။ မင်းရဲ့သွားတွေ အကုန်လုံး ကြွေကျသွားတဲ့အထိ အချိန်အကြာကြီး မစောင့်ခိုင်းပါဘူး"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး သူမရဲ့ မျက်နှာလေးကို ဖျစ်ညှစ်လိုက်ပါတယ်။

"အများဆုံး သုံးနှစ်လောက်ပဲ အချိန်ယူရမယ်။ ဒီပြန်လည်မွေးဖွားခြင်း သစ်ပင်က သူ့ရဲ့ မယုံနိုင်စရာကောင်းတဲ့ အာနိသင်တွေကို ဖော်ပြလိမ့်မယ်။ အဲဒီအချိန်ကျရင် မင်းဒီနေရာမှာ ကျင့်ကြံအားထုတ်နိုင်တယ်။ ပြီးတော့ တစ်ရက်က ဘဂတစ်ခုလုံးစာ အချိန်နဲ့ နိုင်းယှဉ်လို့ ရလိမ့်မယ်"

စွေ့ရန်ယွီက အနည်းငယ်တော့ သံသယ ဖြစ်မိပါတယ်။ တကယ်တော့ ဒီပြန်လည်မွေးဖွားခြင်း သစ်ပင် အရွယ်ရောက်လာဖို့ နှစ်ပေါင်း 12 ထရီလီယံ လိုအပ်တယ်လို့ ပြောဆိုကြပါတယ်။ ဒါပေမဲ့ ပြဿနာက သူ့ဆီမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိမနေခဲ့ဘူး မဟုတ်လား။

ဒီလိုမျိုး နတ်ဘုရား ပစ္စည်းအမျိုးအစားတောင် ရှိနေသေးတယ် ဆိုမှတော့ တခြား ခန့်မှန်းလို့ မရနိုင်တဲ့ စွမ်းရည်တချို့ကို ပိုင်ဆိုင်ထားတယ် ဆိုတာက မဖြစ်နိုင်စရာတော့ မရှိပါဘူး။

သူမက လင်းဟန်ကို ယုံကြည်လိုက်ဖို့ ရွေးချယ်လိုက်ပါတယ်။

"တကယ်ပဲ။ နင်က ကံကောင်းခြင်းတွေ ပြည့်စုံနေတဲ့ လူတစ်ယောက်ပဲ"

စွေ့ရန်ယွီက ခေါင်းညိတ်ပြီး ပြောလိုက်ပါတယ်။ မိုးကောင်းကင်ကို ခွဲပြီးတော့ ရောက်လာနိုင်စွမ်း ရှိနေတဲ့ လူတစ်ယောက်က သာမန်လူတွေနဲ့ ဘယ်လိုလုပ်ပြီးတော့ တူနိုင်မှာလဲ။

လင်းဟန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဒါက သဘာဝပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းလိုမျိုး ဆွဲဆောင်မှုရှိတဲ့ အလှပဂေး တစ်ယောက်က ငါ့ရင်ခွင်ထဲကို အလိုလိုဝင်လာဖို့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"ဘယ်သူ ဘယ်သူက နင့်ရင်ခွင်ထဲကို ပစ်ဝင်လာလို့လဲ"

စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်နှာလေးက နီမြန်းလာပြီးတော့ မေးလိုက်ပါတယ်။ သူမအနေနဲ့ လင်းဟန်ရဲ့ စနောက်ကျီစယ်မှု ခံရတိုင်း လွယ်လွယ်နဲ့ ရှက်ကိုးရှက်ကန်း ဖြစ်နေဆဲပါပဲ။ သူမရဲ့

မက်မွန်သီးစေ့ပုံ မျက်လုံးတွေက ရေလိုနူးညံ့ပြီးတော့ လူတစ်ယောက်ရဲ့ နှလုံးသားကို အရည်ပျော်ကျသွားစေဖို့ လုံလောက်ပါတယ်။

"နင် နာဘူးကောင် အစုတ်ပလုပ်"

သူမ ရေချိုးနေတာကို လင်းဟာန် မတော်တဆ လာချောင်းမိသလို ဖြစ်သွားတဲ့ ကိစ္စကို ပြန်စဉ်းစားမိပြီး စိတ်တိုသွားမိပါတယ်။ သူမက လက်သီးမြှောက်ပြီးတော့ လင်းဟာန်ကို ထုလိုက်ပါတယ်။

ဒီလိုမျိုး အားနည်းနည်းလေးနဲ့ ထုလိုက်တဲ့ လက်သီးချက်ကို လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ အလေးအနက် ထားမှာလဲ။ သူက ခုန်အုပ်ပြီးတော့ ဒီညှို့ယူဖမ်းစားတတ်တဲ့ အလှပဂေးလေးကို တွန်းလှဲချလိုက်ပါတယ်။ သူတို့စုံတွဲက မြက်ခင်းပြင်ပေါ်ကို လိမ့်သွားပြီး သိပ်မကြာခင်မှာ နောက်တစ်ကြိမ် နမ်းရှုံ့လိုက်ကြပါတယ်။

နောက်တစ်ရက် မနက်စောစောမှာ လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က မနက်စာစားဖို့ အောက်ထပ်ကို ဆင်းလာခဲ့ ကြပါတယ်။

လင်းဟာန်က မနေ့ညတုန်းက နောက်ဆုံးခံတပ်ဆီကို မရောက်ခဲ့ပေမဲ့ သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက်

ပွေ့ဖက်ပြီးတော့ အိပ်ခဲ့ကြပါတယ်။ သူတို့တွေက အရမ်းကို ရင်းနှီးကျွမ်းဝင်ပြီးတော့ တခြားလက်ထပ်ထားတဲ့ စုံတွဲတွေနဲ့ ဘာမှမကွာခြားတော့ပါဘူး။ အဲဒါက စွေ့ရန်ယွီရဲ့ လှပတဲ့ မျက်နှာကို နောက်ထပ်တစ်ကြိမ် နီမြန်းသွားစေခဲ့ပါတယ်။ သူမရဲ့ ပါးစုန့်တွေက အနီရောင် တိမ်တိုက်တွေနဲ့ တူပြီးတော့ သူမကို အခုလိုမျိုး အံ့အားသင့်စရာ ကောင်းလောက်အောင် ချောမောလှပစေပါတယ်။

ဒါကြောင့် သူမ အောက်ထပ်ကို ဆင်းလာတဲ့ အချိန်မှာ ချက်ချင်းပဲ မရေမတွက်နိုင်တဲ့ လူတွေရဲ့ အကြည့်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ လူတော်တော်များများက မကျေမနပ် ဖြစ်သွားပြီး လင်းဟာန်က အတိတ်ဘဝတုန်းက ကုသိုလ်ကောင်းမှုတွေ အားလုံး စုစည်းထားတာကြောင့် ဒီဘဝမှာ ဒီလိုမျိုး ညှို့ယူဖမ်းစားနိုင်တဲ့ အလှပဂေးတစ်ယောက်နဲ့အတူတူ ညချမ်းအချိန်အခါကို ဖြတ်သန်းနိုင်တဲ့ ဘဝကို ပိုင်ဆိုင်ထားတာ ဖြစ်ပါတယ်။

တကယ်လို့ သူတို့သာဆိုရင် ဒီလိုမျိုး ညှို့ယူဖမ်းစားတတ်တဲ့ မိန်းမလှလေးနဲ့အတူ အောက်ထပ်ကို ဆင်းလာပါဦးမလား။ အခန်းတံခါးတွေကို နေ့စဉ်နေ့တိုင်း ပိတ်ထားပြီးတော့ အခန်းထဲမှာပဲ ဒီမိန်းမလှလေးနဲ့ ချစ်ရည်လူး ပျော်ပါးနေပါလိမ့်မယ်။

မနေ့တုန်းက လင်းဟန်က သူ့အကြောင်းသိအောင် ပြသထားတဲ့ အတွက်ကြောင့်ပဲ ဘယ်သူမှ စွေ့ရန်ယွီကို ကြမ်းတမ်းတဲ့ စကားတွေနဲ့ မပြောဆိုပံ့ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လူတော်တော်များများက သူတို့ရဲ့ မျက်လုံးတွေနဲ့ သူမအပေါ် အမြတ်ထုတ်နေဆဲ ဖြစ်ပါတယ်။ တဏှာရမ္မက်ခိုးတွေ ပြည့်နေတဲ့ မျက်လုံးတွေနဲ့ စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာ၊ ရင်သားနဲ့ တင်ပါးတွေကို တရိုက်မက်မက် စိုက်ကြည့်နေပြီး မျက်လုံးကနေ လက်တွေထွက်ပေါ်လာကာ သူမကို ကိုယ်တိုင်ကိုင်တွယ်နေရသလိုမျိုး အရသာ ခံနေကြပါတယ်။

တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ သူတို့ရဲ့ ခန္ဓာကိုယ်တွေက သူတို့ရဲ့ သေမျိုးအဆင့်ကို လုံးဝကို ဖြတ်တောက်ပစ်လိုက်ပြီး မစားမသောက်ပဲ အကြာကြီးနေထိုင် နိုင်ပါတယ်။ စိတ်ဝိညာဉ် ချီတွေကို စုပ်ယူနိုင်သရွေ့တော့ သူတို့က ဆာလောင်မွတ်သိပ်ပြီး သေမှာကို စိုးရိမ်ပူပန်စရာ မလိုပါပဲ သူတို့ရဲ့ သက်တမ်းကုန်ဆုံးတဲ့အထိ သာမန်အတိုင်း ရှင်သန်နေထိုင်လို့ ရပါတယ်။

ဒါပေမဲ့လည်း ကျင့်ကြံသူတွေက ဆင်းရဲဒုက္ခအတွက်ကြောင့်တော့ ကျင့်ကြံအားထုတ်တာ မဟုတ်ပါဘူး။ အိပ်စက်ခြင်း ဆိုတာလည်း

မလိုအပ်ပါဘူး။ ဒါပေမဲ့ အားလုံးက အိပ်စက်တဲ့ အလေ့အထ ရှိနေဆဲပါပဲ။ အဲဒါက ခန္ဓာကိုယ်ကို အကျိုးအမြတ် ဖြစ်စေပါတယ်။ စားခြင်းနဲ့ သောက်ခြင်းကလည်း စိတ်ပျော်ရွှင်စေမှု တစ်ခုအတွက် ဖြစ်ပါတယ်။

လင်းဟာန်နဲ့ ဖွေ့ရန်ယွီတို့ နှစ်ယောက်စလုံး မနက်စာကို မှာယူလိုက်ပါတယ်။ ဒီအစားအသောက်က အလကား ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီအတွက် အစစ်အမှန် မူလကျောက်တုံး နည်းနည်း ထပ်ပေးရပါလိမ့်မယ်။ အဲဒီအခါ အားလုံးကို ဒေါသထွက်သွားပါလိမ့်မယ်။

တည်းခိုခန်းရဲ့ စားပွဲထိုး တစ်ယောက်က ထိတ်လန့်တုန်လုပ်တဲ့ အမူအရာနဲ့ ရုတ်တရက် သုတ်သီးသုတ်ပျာ ပြေးလာပြီး ပြောလိုက်ပါတယ်။

"မကောင်းတော့ဘူး အနက်ရောင်ငါးပါး လူဆိုးဂိုဏ်းက လူတွေအများကြီး ဒီကို လာနေကြပြီ"

အင်အားစုကြီး ငါးခုက မကြာခဏဆိုသလို တိုက်ခိုက်ကြပြီး အကြိမ်တိုင်း ထိခိုက်ဒဏ်ရာ အနည်းငယ်တော့ ရရှိကြပါလိမ့်မယ်။

"ဘာ"

တည်းခိုခန်းက စားပွဲထိုးတွေ အများကြီးက ချက်ချင်းပဲ သူတို့ရဲ့ လက်နက်တွေကို ဆွဲထုတ်ပြီး တံခါးပေါက်ဆီကို တစ်ဟုန်ထိုး ပြေးထွက်လာခဲ့ပါတယ်။

မကြာမီကပဲ အင်အားစု နှစ်ခုက နယ်မြေပိုင်နက်အတွက်နဲ့ သဘောထား တင်းမာပြီးတော့ တိုက်ပွဲတွေ ဖြစ်ပျက်ခဲ့ပါတယ်။ ရက်အနည်းငယ်ကြာတိုင်း ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုတော့ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ ဒါကြောင့် မဟာစစ်ရထား လူဆိုးဂိုဏ်းကလည်း ပြင်ဆင်ထားတာ ကြာပါပြီ။ ဒါကြောင့် ချက်ချင်းဆိုသလို တိုက်ခိုက်ဖို့ အဆင်သင့် ပြင်ဆင်ထား လိုက်ကြပါတယ်။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ သူနဲ့ စွေ့ရန်ယွီတို့က တံခါးတွေဆီ လျှောက်သွားပြီး စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်လိုက်ပါတယ်။

လူတစ်ဒါဇင်လောက် လမ်းမပေါ်မှာ ရှိနေပါတယ်။ သူတို့အားလုံး အနက်ရောင် ဂျတ်စုံတွေ ဂျတ်ဆင်ထားပါတယ်။ သူတို့တစ်ယောက်ချင်းစီတိုင်း ကြမ်းတမ်းတဲ့ အရှိန်အဝါတစ်ခုကို ထုတ်လွှတ်ထားပါတယ်။ ဒါပေမဲ့ သူတို့အားလုံးက

တောင်မြစ်အဆင့်မှာပဲ ရှိပြီးတော့ တစ်ယောက်မှ နေလအဆင့်ကို မရောက်သေးပါဘူး။

ဒါက သဘာဝပါပဲ။ နေလအဆင့် ကျင့်ကြံသူတွေဆိုတာ တကယ်လို့ ကနဦးအဆင့်မှာပဲ ရှိနေရင်တောင် အင်ပါယာမြို့တော်ထဲမှာတောင် သူတို့ကို လက်ရွေးစင်တွေလို့ သတ်မှတ်နိုင်ပြီး ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ အကြီးအကဲ တစ်ယောက်ရဲ့ အဆင့်အတန်းကို ရယူနိုင် ပါလိမ့်မယ်။ ဘယ်ကလန်မှာမဆို သူတို့တွေက ကလန်ရဲ့ ထောက်တိုင်တွေအဖြစ် သတ်မှတ်လို့ ရယူနိုင်ပါလိမ့်မယ်။

အာဏာပုဆိန် ဆိပ်ကမ်းက တကယ်တော့ နေရာသေးသေးလေး တစ်ခုပါပဲ။ ဒါကြောင့် သာမန်တိုက်ပွဲ တစ်ခုမှာ ဘယ်လိုလုပ်ပြီးတော့ နေလအဆင့် လက်ရွေးစင်တစ်ယောက် ထွက်ပေါ်လာနိုင်မှာလဲ။ တကယ်လို့ ဒီလိုမျိုး လက်ရွေးစင်တွေ တကယ်ပဲ ထွက်ပေါ်လာပြီဆိုရင် နှစ်ဖက်စလုံး အလေးအနက် ဖြစ်နေပြီဆိုတာ ပေါ်လွင်ပါလိမ့်မယ်။

အင်အားစုကြီး ငါးခုက ဒီအချက်ကို သေချာပေါက် မလိုချင်ကြပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ကျဉ်းမြောင်းတဲ့ အောင်ပွဲတစ်ခု ဖြစ်ရင်တောင်မှ နှစ်ဖက်စလုံး

ဆိုးဆိုးဝါးဝါး ဖြစ်လာပါလိမ့်မယ်။။ အဲဒါက တခြားလူတွေကို အကျိုးအမြတ် ရသွားစေပါလိမ့်မယ်။ ကျန်နေတဲ့ အင်အားစု သုံးခုက အတူတကွ ပူးပေါင်းပြီး သူတို့ကို ဖိနှိပ်ကာ အကျိုးအမြတ်တွေကို ခွဲဝေယူကြ ပါလိမ့်မယ်။

အနက်ရောင်ငါးမျိုး လူဆိုးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေက တည်းခိုခန်းရဲ့ ဂင်ပေါက်မှာ ရပ်လိုက် ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မဟာစစ်ရထား လူဆိုးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေလည်း ထွက်လာလို့ ဖြစ်ပြီးတော့ ဘယ်သူမှ ရှေ့ဆက်တိုးလို့ မရနိုင်တော့ပါဘူး။

"အနက်ရောင် ငါးမျိုးဂိုဏ်းက ခွေးကောင်တွေက ဒီနေရာကို ဘာလာလုပ်တာလဲ။ မင်းတို့ လာခဲ့တဲ့ နေရာဆီကို ထွက်သွားကြစမ်း"

မဟာစစ်ရထား လူဆိုးဂိုဏ်းရဲ့အဖွဲ့ဝင်တွေက သူတို့ကို အရင်ဦးဆုံး လက်ဦးမှုယူကာ လှောင်ပြောင်လိုက် ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်အဖွဲ့က သူတို့ရဲ့ ပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက် လာလို့ဖြစ်ပါတယ်။

အနက်ရောင် ငါးမျိုးလူဆိုးဂိုဏ်းက အုပ်စုအတွင်းမှာ လူတွေက ဘေးဖယ်လိုက်ပြီး လူငယ် တစ်ယောက် ထွက်လာခဲ့ပါတယ်။ သူက တခြားသူတွေလိုမျိုး ဂတ်ရုံနက်ကို မဂတ်ဆင်ထားပဲ ပိုးဖဲကတ္တီပါ

ဂုတ်စုံတစ်ခုကို ဂုတ်ဆင်ထားပါတယ်။ သူ့ဂုတ်စုံက အရောင်အသွေး စုံလင်လှပြီးတော့ ရောင်စုံလိပ်ပြာ တစ်ကောင်နဲ့ တူနေပါတယ်။ သူ့ပုံစံကို ကြည့်ရတာတော့ သိပ်မဆိုးပါဘူး။ အသားအရေ ချောမွေ့ပြီး နီရဲတဲ့ နှုတ်ခမ်းတွေနဲ့ သွားတွေက ဖြူပါတယ်။ သူ့လက်ထဲမှာ ခေါက်ယပ်တောင် တစ်ခုကိုလည်း ကိုင်ဆောင်ထားပါတယ်။

ဖြန်း။

လူငယ်က ယပ်တောင်ကို ဖြန့်ပြီးတော့ အသာလေး ခတ်လိုက်ပါတယ်။ အဲဒီနောက် သူကပြောလိုက်တယ်။

"မနေ့တုန်းက ငါတို့ အနက်ရောင် ငါးမျိုးဂိုဏ်းက တပည့်တချို့ကို လူတစ်ယောက်က ရိုက်နှက်သွားတယ်။ ဒီနေ့ အဲဒီလူကို ရှာဖို့ ငါလာခဲ့တာပဲ။ တခြားမသက်ဆိုင်တဲ့လူတွေ ငါ့လမ်းကနေ ဖယ်ပေးစမ်း"

Chapter 1005 end

အပိုင်း(1006) လူဆိုးဂိုဏ်းရဲ့ တဏှာကြီးတဲ့ ခေါင်းဆောင်လေး

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ အနက်ရောင် ငါးမျိုးဂိုဏ်းက တကယ်တော့ သူနဲ့စွေ့ရန်ယွီကို လာရှာတာလား။

သူရော စွေ့ရန်ယွီရောက အနက်ရောင်

ငါးမျိုးလူဆိုးဂိုဏ်းဝင်တွေကို အရမ်းကြီး ရက်စက်တာမျိုး ဒါမှမဟုတ် မညှာတာခဲ့တာမျိုး မရှိခဲ့ပါဘူး။ ဒါကြောင့် ဒီလူဆိုးဂိုဏ်းဝင်တွေက ပြဿနာကို ကြီးအောင်လို့ ပြောဆိုခဲ့တာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့်လည်း အနက်ရောင် ငါးမျိုး လူဆိုးဂိုဏ်းက ဒီလိုမျိုး အသေးအမွှားကိစ္စလေး တစ်ခုအတွက် လူတွေအများကြီး ဦးဆောင်ပြီး လာခဲ့တာက အတော်လေး အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"ဟားဟားဟား"

လူငယ်ရဲ့ စကားတွေကို ကြားပြီးတဲ့နောက်မှာ မဟာစစ်ရထားဂိုဏ်း အဖွဲ့ဝင်တွေက ဝါးလုံးကွဲအောင် ရယ်မောလိုက် ကြပါတယ်။

"ဘယ်လောက်တောင် ကောင်းလိုက်သလဲ"

"ငါတို့လည်း အနက်ရောင် ငါးမျိုးဂိုဏ်းက ကလေးတွေကို ဘယ်အချိန်ပဲတွေ့တွေ့ သူတို့ကို ရိုက်ထုတ်ပစ်သင့်တယ်"

"အဲဒီလူက ငါတို့တည်းခိုခန်းမှာ နေထိုင်နေတာလား။ ဟားဟား ငါတို့တွေ သူ့ကို ဆုလာဘ် အနေနဲ့ ဒီမှာ အလကားနေထိုင်ခွင့် တစ်ခု ပေးသင့်တယ်"

လူအုပ်ထဲကနေ သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက် ထွက်လာခဲ့ပါတယ်။ သူက ဒီနေရာရဲ့ မဟာစစ်ရထားဂိုဏ်း ခေါင်းဆောင် ဖြစ်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိနေပါတယ်။

"ဂိုဏ်းခေါင်းဆောင်လေးက ဒီလိုမျိုး ကိစ္စသေးသေးလေး တစ်ခုအတွက်နဲ့ ကိုယ်တိုင်ကိုယ်ကျ ရောက်လာတာပဲလား"

ဂိုဏ်းခေါင်းဆောင်လေးကို ကျန်းအန်ယွင်လို့ ခေါ်ပြီးတော့ သူက အနက်ရောင် ငါးမျိုး လူဆိုးဂိုဏ်း ခေါင်းဆောင် ကျန်းကျိရဲ့ တစ်ဦးတည်းသောသား ဖြစ်ပါတယ်။

ဒီလိုမျိုး ကိစ္စသေးသေးလေး တစ်ခုအတွက် အနက်ရောင် ငါးမျိုးဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် သခင်လေးကိုယ်တိုင် ထွက်လာတာက အတော်လေးကို ထူးဆန်းပါတယ်။

"ဂိုဏ်းခေါင်းဆောင်လေး အဲဒါ သူတို့ပဲ"

လူတစ်ယောက်က ချက်ချင်းပဲ လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။ သူက မနေ့တုန်းက မြို့ဂငကြေး တောင်းဖို့ ကြိုးစားပြီးတဲ့နောက်မှာ လင်းဟာန်ကြောင့် လက်ကျိုးသွားတဲ့ သူကလွဲပြီး ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

ကျန်းအန်ယွင်က သူညွှန်ပြတဲ့ နေရာကို ကြည့်လိုက်ပြီး သူ့မျက်လုံးတွေက လင်းဟန်ကို ကျော်ပြီး ရပ်သွားပါတယ်။ တိတိကျကျ ပြောရမယ်ဆိုရင် သူ့အကြည့်တွေက စွေ့ရန်ယွီရဲ့ ခန္ဓာကိုယ်ပေါ်မှာ ရပ်သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို သူ့မျက်လုံးတွေ ပြူးသွားပြီး သူ့ပါးစပ်ကလည်း စပ်ဖြဲဖြဲ ဖြစ်လာခဲ့ပါတယ်။ စိတ်လှုပ်ရှားမှုကြောင့် သူ့လည်စေ့တောင် အနည်းငယ် လှုပ်ရှားလာခဲ့ ပါတယ်။

သူမက အရမ်းကို ချောမောလှပပြီး အရမ်းကို ညှို့ယူဖမ်းစားနိုင်လွန်းပါတယ်။ သူမရဲ့ မှင်တက်စရာ ကောင်းလောက်တဲ့ လှပမှုက သူ့နှလုံးသားကို ယားကျိယားကျိ ဖြစ်စေပါတယ်။ ပြီးတော့ ဒီဆွဲဆောင်နိုင်လွန်းတဲ့ အလှပဂေးကို တွန်းလှဲပြီးတော့ ချစ်ကျွမ်းဝင်ပစ်ချင်တဲ့စိတ်ကို မနည်းထိန်းထား လိုက်ရပါတယ်။

အာဏာပုဆိန် ဆိပ်ကမ်းမှာ တစ်စုံတစ်ယောက်ရဲ့ လက်အောက်ခံ လူတွေကို ရိုက်နက်တယ် ဆိုတာက သာမန်ဖြစ်ရိုးဖြစ်စဉ် တစ်ခုပါပဲ။ သူတို့ကို ဘယ်သူကများ အားနည်းပေးဖို့ တောင်းဆိုထားလို့လဲ။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် တကယ်လို့ တစ်ယောက်ယောက် သေသွားတာ ဒါမှမဟုတ် ပြင်းပြင်းထန်ထန်

ဒဏ်ရာရသွားတာမျိုး မရှိဘူးဆိုရင် ဒီလိုမျိုး ကိစ္စကို အနက်ရောင်ငါးမျိုးဂိုဏ်းက လုံးဝကို ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

တကယ်လို့ တိုက်ခိုက်သူက အစွမ်းထက်တဲ့ နောက်ခံတစ်ခုခု ရှိလား မရှိဘူးလား ဆိုတာကို ဘယ်သူက သိမှာလဲ။ တကယ်လို့ ကျူးကျော်သူဟာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရှိတဲ့ လက်ရွေးစင် တချို့ရဲ့ မျိုးဆက်ဖြစ်နေမယ်ဆိုရင် အနက်ရောင်ငါးမျိုး ဂိုဏ်းမပြောနဲ့ ယန်ကလန်တောင်မှ တစ်ရက်တည်းနဲ့ ချေမှုန်းပစ် ခံရပါလိမ့်မယ်။

ဒါပေမဲ့လည်း ကျန်းအန်ယွင်ကို သူ့လက်အောက်ငယ်သားတွေက ဒီကျူးကျော်သူ နှစ်ယောက်ထဲမှာ အသက်ရှူမှားလောက်အောင် ချောမောလှပတဲ့ မိန်းကလေး တစ်ယောက် ပါရှိတယ်ဆိုတဲ့ အကြောင်းကို ပြောပြခဲ့ပါတယ်။

ဂိုဏ်းခေါင်းဆောင် သခင်လေးကျန်းက ဒီလိုမျိုး ချောမောလှပတဲ့ အမျိုးသမီးရဲ့ ဆွဲဆောင်မှုကို ခုခံနိုင်မှာလားဆိုတာကို ဘယ်သူက သိမှာလဲ။

ဒါကြောင့် သူ့ရဲ့ ရည်မှန်းချက် ပန်းတိုင်ကို ဖုံးကွယ်ထားပြီး လက်စားချေဖို့ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ သူ့ရဲ့ငယ်သားတွေကို

ခေါ်ပြီးတော့ မှင်တက်အံ့ဩဖွယ်ရာကောင်းတဲ့ အလှပဂေးနဲ့ တွေ့ဆုံဖို့ ကိုယ်တိုင်ကိုယ်ကျ ထွက်လာခဲ့တာ ဖြစ်ပါတယ်။

တကယ့်ကို လုံလောက်ပါတယ်။ သူမက နတ်သမီးလေး တစ်ပါးလို ချောမောလှပပြီး အစွမ်းကုန် ပွင့်လန်းနေတဲ့ ပန်းလေးတွေနဲ့ တူပါတယ်။

"အဟမ်း အဟမ်း"

နောက်ဆုံးတော့ သူက သတိပြန်ဝင်လာပြီး ချောင်းခဏ ဟန့်လိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်စုတ်လေး မင်းက ငါ့လက်အောက်ငယ်သားတွေကို ဒဏ်ရာရအောင် လုပ်ခဲ့တယ်။ ဘယ်လိုမျိုး လျော်ကြေးပြန်ပေးမလဲ"

အဲဒီအခိုက်အတန့် မဟာစစ်ရထားဂိုဏ်းဘက်က ဆူညံသံတွေ မရှိပါဘူး။

တကယ်တော့ ကျန်းအန်ယွင်က အနက်ရောင်ငါးမျိုးဂိုဏ်းရဲ့ သာမန်အဖွဲ့ဝင်တစ်ယောက် မဟုတ်ပါဘူး။ တကယ်လို့ သူသာ ဒဏ်ရာရသွားမယ်ဆိုရင် အကျိုးဆက်ကို ဘာမှစဉ်းစားနေမှာမဟုတ်ပဲ ကျန်းကျိကိုယ်တိုင် လက်စားချေဖို့ ထွက်လာနိုင်ပါတယ်။ မဟာစစ်ရထားဂိုဏ်းက အနက်ရောင်

ငါးမျိုးဂိုဏ်းနဲ့ ရန်စရှိတယ်ဆိုပေမဲ့ သူတို့တွေက တစ်ဖက်နဲ့တစ်ဖက် သူသေကိုယ်သေ ရန်းကန်ရတဲ့ အထိတော့ ဖိအားမပေးချင်ပါဘူး။

အနက်ရောင် ငါးမျိုးဂိုဏ်းက အကန့်အသတ်ကို မကျော်သရွေ့တော့ သူတို့ကလည်း အရင်ဆုံး လုပ်ရှားဖို့ စိတ်ကူးမရှိပါဘူး။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ လက်အောက်ငယ်သားက ငါ့ကို ထိတ်လန့်အောင် လုပ်ခဲ့တယ်။ အဲဒီအတွက် သူတို့က ဘာပြန်လုပ်ပေးမလဲ"

"အိုး ဒါဆိုရင် သူပေါ့"

ဒီအတွေးက ကျန်းအန်ယွင်နဲ့ လင်းဟန်တို့ တစ်ယောက်နဲ့တစ်ယောက် စကားပြောလိုက်တာကို ကြားလိုက်ရတဲ့ အချိန်မှာ သူတို့ရဲ့ စိတ်ထဲဖြစ်ပေါ်လာတဲ့ အတွေးပဲ ဖြစ်ပါတယ်။

သူတို့က ကြောင်တောင်တောင်နဲ့ ရယ်စရာကောင်းတဲ့ အခြေအနေတစ်ခု ဖြစ်သွားမိပါတယ်။ မင်းကလည်း သူ့လက်အောက် ငယ်သားတွေကို ရိုက်သေးတယ် မင်းကပဲ ထိတ်လန့်တုန်လုပ် သွားတယ်လို့လည်း ပြောသေးတာပဲလား။

ကျန်းအန်ယွင်က နာခေါင်းတချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ ထိခိုက်ဒဏ်ရာ နည်းနည်းလေးတောင် မရှိပဲနဲ့ ဒီနေရာမှာ ရပ်နေတယ်။ ငါတို့က ဘာဖြစ်လို့ လျော်ကြေးပေးဖို့ လိုမှာလဲ။ အဓိပ္ပါယ်မရှိတာတွေ တော်လောက်ပြီ။ မင်းရဲ့ အမျိုးသမီး အဖော်ကို ပေးလိုက်ရင် ဒီကိစ္စကို ကျေအေးပေးလိုက်မယ်"

ဒါဆိုရင် သူလိုချင်တာက ဒါပဲပေါ့။

ပရိသတ်တွေ အားလုံးက ချက်ချင်းပဲ ဘာလဲဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါတယ်။ အံ့ဩစရာ မရှိတော့ပါဘူး။ ကျန်းအန်ယွင်က ဒီလိုမျိုး ကိစ္စသေးသေးလေး တစ်ခုအတွက် ကိုယ်တိုင်ကိုယ်ကျ ရောက်လာတာက လင်းဟန်ရဲ့ အမျိုးသမီးအဖော်ကို မျက်စိကျနေတာကြောင့် ဖြစ်ပါတယ်။

ထွီ ဘယ်လောက်တောင် တဏှာကြီးတဲ့ ခွေးကောင်တစ်ကောင်လဲ။

ဒါပေမဲ့လည်း လူတော်တော်များများက ကျန်းအန်းယွင်ကို အရမ်းကို မနာလို ဖြစ်သွားခဲ့ပါတယ်။ တကယ်လို့ သူ့နေရာမှာ သူတို့သာဆိုရင် ဒီညို့ယူဖမ်းစားနိုင်တဲ့ အလှပဂေးကို သူတို့ကိုယ်တိုင် အတင်းအဓမ္မ ခေါ်ဆောင်သွားနိုင်ပါလိမ့်မယ်။ သူမရဲ့ သေးသွယ်ကျစ်လျစ်ပြီး လှပတဲ့ လက်ကလေးကို ထိကိုင်ခွင့် ရလိုက်မယ်ဆိုရင်ပဲ သူတို့ရဲ့ အသက်ဆယ်နှစ်ကို စတေးပစ်ဖို့အထိ ထိုက်တန်ပါတယ်။

တကယ်လို့ သူမကို တစ်ညလောက် ပွေ့ဖက်ခွင့်ရမယ်ဆိုရင်တော့ ဟီးဟီး။

စွေ့ရန်ယွီက ဒေါသနဲ့ သူမရဲ့ နတ်ဘုရားဓားကို ဆွဲထုတ်လိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်ပြီး တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။

လင်းဟာန်က သူ့လက်ကို ဆန့်ထုတ်ပြီးတော့ သူမကို တားဆီးလိုက်ပြီး ပြောလိုက်တယ်။

"ဒီလိုမျိုး ဟောင်တတ်တဲ့ ခွေးကို မင်းစိတ်ထဲ ထားဖို့မလိုပါဘူး။ တကယ်လို့ အဲဒီခွေးက ခုန်ပြီးတော့ လူတွေကို ကိုက်မယ်ဆိုရင် ငါတို့တွေ သူ့ခေါင်းကို ဖြတ်ပစ်နိုင်တာပဲ"

စွေ့ရန်ယွီက ခေါင်းညိတ်ပြီးတော့ သူမရဲ့ ဓားကို ပြန်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မျက်နှာက ဒေါသတွေနဲ့ ပြည့်နှက်နေဆဲပါပဲ။ ဒါတောင်မှ သူမရဲ့ ဒေါသထွက်နေတဲ့ အမူအရာက လူတွေကို ညှို့ယူဖမ်းစားနိုင်လွန်းပါတယ်။

ကျန်းအန်ယွင်က တံတွေးမျိုချပြီးတော့ ရုတ်တရက် လင်းဟာန်ကို အော်ပြောလိုက်ပါတယ်။

"ကောင်လေး သူမအတွက် မင်းကို အစစ်အမှန် မူလကျောက်တုံး တစ်သန်းပေးမယ်"

အားလုံးက အသက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်မိပါတယ်။ အစစ်အမှန် မူလကျောက်တုံး တစ်သန်းဆိုတာက ဘယ်လိုမျိုး အံ့အားသင့်စရာကောင်းတဲ့ ချမ်းသာကြွယ်ဝမှုမျိုးလဲ။

ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် အစစ်အမှန် မူလကျောက်တုံး တစ်တုံးက ပန်းကလေးလို လှပချောမောတဲ့ မိန်းမလှလေး တစ်ယောက်ကို ဂယ်ယူဖို့ လုံလောက်ပါတယ်။ အဲဒီအချိန်မှာ အစစ်အမှန် မူလကျောက်တုံး တစ်သောင်းက တောင်မြစ်အဆင့်မှာရှိတဲ့ နှလုံးသားကို ညှို့ယူဖမ်းစားနိုင်တဲ့ မိန်းမလှလေး တစ်ယောက်ကို ဂယ်ယူဖို့ လုံလောက်ပါတယ်။ ဒါကြောင့် အစစ်အမှန် မူလကျောက်တုံး တစ်သန်းဆိုရင် ဘယ်နှစ်ယောက်တောင် ဂယ်ယူနိုင်မှာလဲ။

ဂိုဏ်းခေါင်းဆောင် သခင်လေးကျန်းက ဒီချောမောလှပတဲ့ အမျိုးသမီးကို တကယ်ပဲ စွဲလမ်းသွား ခဲ့ပါပြီ။

လင်းဟာန်က နာခေါင်းတချက် ရှုံ့လိုက်ပါတယ်။ တကယ်လို့ သူ့မှာ ငွေကြေးပြတ်လပ် နေရင်တောင် စွေ့ရန်ယွီကို သူက ရောင်းချလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ ကျန်းအန်ယွင်က သူ့ကို ဘယ်လိုလုပ်ပြီးတော့ အစစ်အမှန် မူလကျောက်တုံး တစ်သန်း ပေးနိုင်မှာလဲ။ သူက ဂိုဏ်းခေါင်းဆောင်

သခင်လေးတစ်ယောက် သက်သက်ပါပဲ။ တကယ့် ဂိုဏ်းခေါင်းဆောင်တစ်ယောက် မဟုတ်ပါဘူး။

သူက အစစ်အမှန် မူလကျောက်တုံး တစ်သန်းနဲ့ ကမ်းလှမ်းပြီးတော့ လင်းဟန်ကို ငါးစာကိုက်မိပြီး မဟာစစ်ရထား ပိုင်နက်ကနေ ထွက်လာအောင် မျှားခေါ်လိုက်တာပဲ ဖြစ်ပါတယ်။ ဒီနည်းလမ်းနဲ့ အလုပငေးလေးကို လုယူဖို့ဆိုတာ သူတို့အတွက် ပိုပြီးတော့ လွယ်ကူလာပါလိမ့်မယ်။

"မိန်းမ ဒီအရူးတွေကို စိတ်ထဲမထားနဲ့"

လင်းဟန်က စွေ့ရန်ယွီကို ပြောလိုက်တယ်။

စွေ့ရန်ယွီက နားလည်တဲ့ ပုံစံနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူမအနေနဲ့ ဒီလိုမျိုး ခပ်ကြမ်းကြမ်း ခပ်ရိုင်းရိုင်း လူတွေကို ဂရုမစိုက်ပါဘူး။ သူတို့နှစ်ယောက်က ချာခနဲလှည့်ပြီးတော့ တည်းခိုခန်းထဲ ဝင်သွားကြပါတယ်။

ကျန်းအန်ယွင်က သူတို့အနောက်ကနေ လိုက်ဖမ်းချင်ပေမဲ့ မဟာစစ်ရထားဂိုဏ်းက လူတွေက သူ့လမ်းကြောင်းမှာ ပိတ်ဆို့တားဆီး ထားပါတယ်။

"ဂိုဏ်းခေါင်းဆောင် သခင်လေး"

အနက်ရောင်ငါးမျိုးဂိုဏ်းက အဖွဲ့ဝင်တွေက အလျင်အမြန်ပဲ ကျန်းအန်းယွင်ကို ဆွဲထားလိုက် ပါတယ်။ တကယ်လို့ မဟာစစ်ရထားဂိုဏ်းကသာ ကျန်းအန်ယွင်ကို ဖမ်းဆီးမိသွားမယ်ဆိုရင် သူတို့ရဲ့ ပိုင်နက်ကို ပြန်လာတဲ့ အချိန်မှာ ကျန်းကျိရဲ့ သေအောင်လို့ ရိုက်သတ်တာကို ခံရပါ လိမ့်မယ်။

"ငါ့ကို လွှတ်ပေးစမ်း"

ကျန်းအန်ယွင်က အော်ဟစ်လိုက်ပါတယ်။ သူ့ရဲစိတ်ဝိညာဉ်ကို စွေ့ရန်ယွီက ခိုးယူသွားခဲ့ပါပြီ။

"ဂိုဏ်းခေါင်းဆောင် သခင်လေး ကျေးဇူးပြုပြီးတော့ ကျနော့်စကားကို နားထောင်ပါ"

အကြီးအကဲ တစ်ယောက်က ပြောလိုက်တယ်။

"ဒီနစ်ယောက်က ပင်လယ်မှာ ရတနာတွေ ရှာဖွေဖို့အတွက် ဒီနေရာကို လာတာပဲ ဖြစ်လိမ့်မယ်။ တကယ်လို့ ဒီလိုသာဆိုရင် သူတို့ကို ရင်ဆိုင်ဖို့ဆိုတာ အရမ်းကို လွယ်သွားပြီ။ သူတို့နဲ့ လှေအတူတူ စီးနိုင်ရင် ဟင်းဟင်း ကျုပ်တို့စိတ်ကြိုက် လုပ်လို့ရပြီ။ သူတို့တွေ ကျုပ်တို့လက်က မလွတ်နိုင်ပါဘူး"

ကျန်းအန်းယွင်ရဲ့ မျက်လုံးတွေက ကျေနပ်မှုတွေနဲ့ အရောင်တလက်လက် တောက်ပလို့ လာပါတယ်။ ဒါက အရမ်းကိုကောင်းတဲ့ အကြံတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက ချက်ချင်းပဲ ပြောလိုက်ပါတယ်။

"ငါတို့ မနက်ဖြန်က အစောဆုံးထွက်မဲ့ လှေကနေ စပြီးတော့ စောင့်ရမယ်"

"ဂိုဏ်းခေါင်းဆောင် သခင်လေး တစ်ရက်ပဲ သည်းခံပြီးစောင့်ပါ။ တစ်ရက်ပါပဲ"

အကြီးအကဲက အလျင်အမြန်ပဲ ပြောလိုက်တယ်။ ဒီဂိုဏ်းခေါင်းဆောင် သခင်လေးက အရမ်းကို အလျင်လိုတာပဲ။ ဘယ်လိုလုပ်ပြီးတော့ မိန်းမချောလေးတွေနဲ့ ပျော်ပါးဖို့ ဝါသနာထုံနေရတာလဲ။ ကံကောင်းတဲ့အချက်က ငါတို့ဂိုဏ်းခေါင်းဆောင်က ငယ်ရွယ်ပြီး ချမ်းသာသေးလို့သာပေ့ါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ဒီလူသာ ဂိုဏ်းခေါင်းဆောင် ဖြစ်လာရင် ဂိုဏ်းက ဆယ်ရက်လောက်နဲ့ ပြိုလဲသွားပါလိမ့်မယ်။

"သွားစို့"

ကျန်းအန်ယွင်က စွေ့ရန်ယွီရဲ့ ပုံရိပ်ကို ထပ်ပြီးတော့ မတွေ့တော့တဲ့ အချိန်မှာပဲ သူ့လက်ကို ဝှေ့ပြီးတော့ အားလုံးကို ထွက်သွားဖို့ ပြောလိုက်ပါတယ်။

တစ်ရက်ဆိုတာ အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ကုန်သွားမှာပါ။

ဒါပေမဲ့လည်း နောက်ရက်မှာတော့ ကျန်းအန်ယွင်က ဒေါသတွေ ပေါက်ကွဲသွားပါတယ်။ လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ကို လှေတစ်စီးပေါ်ကိုမှ တက်မလာခဲ့ပါဘူး။ သူတို့တွေက တည်းခိုခန်းထဲမှာ တစ်နေကုန် တွင်းအောင်းနေကြဆဲပါပဲ။

"ဘာဖြစ်လို့ သူတို့က ပင်လယ်ထဲကို မထွက်သွားတာလဲ"

သူက ကျယ်လောင်စွာနဲ့ မေးလိုက်ပါတယ်။ အခုချိန်မှာ သူ့အနေနဲ့ တစ်ယောက်ယောက်ကို သတ်ပစ်ချင်နေပါပြီ။

အကြံဉာဏ် ပေးခဲ့တဲ့ အကြီးအကဲက နဖူးကနေ ချွေးစေးတွေ ပြန်လာပြီးတော့ ပြန်ဖြေလိုက် ပါတယ်။

"အင်းဂိုဏ်းခေါင်းဆောင် သခင်လေး သူတို့က ခင်ဗျားကို ကြောက်နေတာကြောင့် ဖြစ်လိမ့်မယ်"

"အမိုက်ပဲ"

ကျန်းအန်ယွင်က အကြီးအကဲကို ဒေါသနဲ့ ပါးရိုက်ပြီးတော့ ပြောလိုက်တယ်။

"သူတို့ကို သေသေချာချာ စောင့်ကြည့်နေကြ။ တစ်ယောက်မှ လွတ်မသွားစေနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းအသက် ဆုံးရှုံးရပြီသာမှတ်"

Chapter 1006 end

အပိုင်း(1007) လိုက်ဖမ်းတဲ့ ရန်သူတွေ လိုက်လာခြင်း

အမှန်တကယ်တော့ ကျန်းအန်ယွင်ကို ကြောက်လို့ သူတို့ရဲ့ ခရီးစဉ် နှောင့်နှေးကြန့်ကြာနေတာ မဟုတ်ပါဘူး။

အာဏာပုဆိန် ဆိပ်ကမ်းကနေ သုံးရက်တစ်ကြိမ် လှေတစ်စင်း ထွက်ခွာပါလိမ့်မယ်။ ဒီလှေတွေရဲ့ အရွယ်အစားက အမျိုးမျိုးရှိပါတယ်။

ဥပမာ ဒီတစ်ကြိမ်ထွက်တဲ့ လှေက ခရီးသည် အများကြီးကို သယ်ဆောင်နိုင်တဲ့ ရောမ လှေကြီးတစ်စင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ လှေတွေအားလုံးမှာ လုံခြုံရေးကို အမြင့်မားဆုံး မြှင့်တင်ထားပြီး အစွမ်းထက်တဲ့ နေလအဆင့် လက်ရွေးစင် တစ်ယောက်ဆီ ရှိပါတယ်။

ဒါပေမဲ့လည်း လင်းဟန်နဲ့ စွေ့ရန်ယွီတို့က ပင်လယ်ဓားပြတွေကို ချေမှုန်းဖို့ လာခဲ့တာ ဖြစ်ပြီးတော့ သူတို့ရဲ့ လှေပေါ်မှာ အစွမ်းထက်တဲ့ သူတွေ ပိုများရင် ပင်လယ်ဓားပြတွေရဲ့ ပစ်မှတ်ထားခြင်းကို ခံရဖို့ နည်းလေပါပဲ။ ဒါကြောင့် သူတို့က ဒီလိုမျိုး လှေကို ရွေးချယ်လိမ့်မှာ မဟုတ်ပါဘူး။

သူတို့အနေနဲ့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ရှိတဲ့ ကျင့်ကြံသူ တစ်ယောက် လိုက်ပါစောင့်ကြပ်မဲ့ လှေသေးသေး တစ်စီးကို စောင့်မျှော်နေပြီး အဲဒါမှလည်း သူတို့အနေနဲ့ ပင်လယ်ဓားပြတွေရဲ့ ပစ်မှတ်ထားခြင်းကို ခံရဖို့ အခွင့်အရေး များလာပါလိမ့်မယ်။

သုံးရက်အတွင်းမှာ ထွက်ခွာတဲ့ လှေက လှေကြီးတစ်စင်း ဖြစ်ပါတယ်။ သူတို့က လှေသေးသေး တစ်စီးမထွက်ခင် အချိန်အထိ နောက်ထပ်သုံးရက် စောင့်နေဖို့ လိုပါတယ်။

ဒီသတင်းကို လေ့လာပြီးတဲ့နောက် လင်းဟန်နဲ့ စွေ့ရန်ယွီတို့က အနက်ရောင် မျှော်စင်ထဲကို ကျင့်ကြံအားထုတ်ဖို့ ဝင်လာခဲ့ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ သိုင်းပညာနည်းစနစ်တွေကို လေ့ကျင့်နေချိန် လင်းဟန်က သူဂယ်ယူထားတဲ့ ဆေးဖော်စပ်နည်း အသစ်တွေကို လေ့လာစူးစမ်းနေပါတယ်။

ဆေးဖော်စပ်နည်း လေးခုပဲ ရှိတယ်ဆိုပေမဲ့ ဒီဖော်စပ်နည်းတွေကို အဆင့်အတိုင်း စီလိုက်ရင် အဆင့်တစ်ကနေ အဆင့်လေး နတ်ဘုရား ဆေးလုံးတွေ ဖြစ်ပါတယ်။ ဒီလိုမျိုး ခက်ခဲမှုတွေ တိုးလာတာက လင်းဟာန်လိုချင်နေတဲ့ အရာပဲ ဖြစ်ပါတယ်။

ဒီမတိုင်ခင် ဒီဆေးဖော်စပ်နည်းတွေကို စူးစမ်းလေ့လာဖို့ သူ့မှာအခွင့်အရေး မရခဲ့ပါဘူး။ လမ်းတစ်လျှောက်လုံး သူတို့နှစ်ယောက်က ကျင့်ကြံအားထုတ်နေခဲ့ ကြပါတယ်။

သူက မှော်ဆေးဇေရာဖ် တစ်ယောက် ဖြစ်ပြီးတော့ ကမ္ဘာငယ်ထဲမှာ ရှိနေတဲ့ အချိန်တုန်း ကတည်းက နတ်ဘုရားတစ်ဂက် ဆေးလုံးကို ဖော်စပ်နိုင်ခဲ့ပါတယ်။ အခုသူက နတ်ဘုရားအဆင့် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့ အရမ်းကို နီးစပ်နေပါပြီ။

"မှော်ဆေးပညာရပ်မှာ အရေးအကြီးဆုံး အရာနှစ်ခုပဲ ရှိတယ်။ တစ်ခုက မီးတောက် ထိန်းချုပ်တဲ့ ပညာနဲ့ ဒုတိယ တစ်ခုက ဆေးပစ္စည်းတွေကနေ နတ်ဘုရား သင်္ကေတတွေ ရောယှက်ပြီးတော့ ဆွဲထုတ်ယူရတာပဲ"

"ဒါပေမဲ့လည်း ဒါကို တစ်ချက်ကြည့်ရင် ဒီနှစ်ခုလုံးက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံ အသုံးချက်မှုနဲ့ ထိန်းချုပ်မှုကို ပေါက်ကွဲလုနီးပါး ဖြစ်စေတယ်"

"ငါက ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ကို သောက်ဖူးတယ်။ ဒါကြောင့် ငါ့ရဲ့ နတ်ဘုရား အာရုံက ပြင်းထန်အလယ်အလတ် အဆင့်မှာရှိတဲ့ သာမန်ကျင့်ကြံသူတွေထက် အများကြီး သန်စွမ်းတယ်။ အချက်အလက်နဲ့ဆိုရင် ပြီးပြည့်စုံခြင်းအဆင့် ကျင့်ကြံသူတွေနဲ့တောင် ယှဉ်ပြိုင်လို့ ရတယ်။ ဖျက်ဆီးလို့မရတဲ့ ကောင်းကင်မှော်စာလိပ်ကိုပါ ပေါင်းလိုက်ရင် ငါ့ရဲ့နတ်ဘုရား အာရုံက အဆင့်တူထဲမှာ ပြိုင်ဘက်မရှိတော့ဘူး"

"နောက်တစ်မျိုး ပြောရမယ်ဆိုရင် ငါ့လက်ရှိအခြေအနေက တခြားသူတွေထက် ပိုပြီးတော့ ပိုကောင်းလွန်းတယ်"

"ဆေးဖော်စပ်တဲ့ နည်းစနစ်နဲ့ ပတ်သက်လာရင် နတ်ဘုရားအဆင့်နဲ့ သာမန်စိတ်ဝိညာဉ်အဆင့် ဆေးတွေအကြားမှာ အများကြီး ကွာခြားချက် မရှိဘူး။ ဒါက မီးတောက်ရဲ့ အထွတ်အထိပ် အပူအချိန်နဲ့ ကောင်းကင်အဆင့် စိတ်ဝိညာဉ် ဆေးပင်တွေအတွက် လိုအပ်တဲ့ နတ်ဘုရား သင်္ကေတ ရောယှက်ခြင်း နည်းလမ်းတွေထက် ပိုတာပဲရှိတယ်"

"ဒါဆိုရင် အခုငါစကြည့်တာပေါ့"

လင်းဟန်က ကောင်းကင်ဘုံချီ ဆေးလုံးကို စတင်သန့်စင်လိုက်ပါတယ်။ ဒါက အဆင့်တစ် နတ်ဘုရား

ဆေးလုံးဖြစ်ပြီးတော့ တောင်မြစ်အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေအတွက် မူလစွမ်းအင် စုစည်းခြင်း အမြန်နှုန်းကို တိုးပေးနိုင်ပါတယ်။ တူညီတဲ့ အာနိသင်ရှိတဲ့ ဆေးလုံးတွေ အများကြီး ရှိပေမဲ့ ကောင်းကင်ဘုံချီ ဆေးလုံးကတော့ သူတို့ထဲမှာ အကောင်းဆုံးထဲက တစ်ခုဆိုတာ သေချာပါတယ်။

ဒါပေမဲ့လည်း ဆေးအားလုံးမှာ ဆိုးကျိုးတွေ ရှိပါတယ်။ တကယ်လို့ ဆေးတွေက သကြားလုံး မဟုတ်လို့ အမြဲမပြတ် စားလို့မရနိုင်ပါဘူး။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က တစ်လမှာ ဆယ်လုံးလောက်ပဲ ချေဖျက်ပစ်နိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် ဆေးလုံးရဲ့ အာနိသင်တွေက ပိုပြီးတော့ ဆိုးဝါးလာပါမယ်။

မအောင်မြင်ဘူး မအောင်မြင်ဘူး မအောင်မြင်ဘူး။

ဒါက နတ်ဘုရား ဆေးလုံးတစ်လုံး ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟာန်ရဲ့ မှော်ဆေးကျိုအိုးက အဆက်မပြတ် ပေါက်ကွဲထွက်နေပြီး သူ့ကို အတွေ့အကြုံမရှိတဲ့ မှော်ဆေးပညာသင် ကျောင်းသား ဖြစ်သွားစေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက စိတ်မပျက်သွားခဲ့ပါတယ်။ သူက မအောင်မြင်မှုကနေ အတွေ့အကြုံ ယူပြီးတော့ တိုးတက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း စိတ်ပျက်စရာကောင်းတာက ခြောက်ရက်အချိန် ကုန်လွန်သွားခဲ့ပေမဲ့ မအောင်မြင်သေးပါဘူး။ ပြီးတော့ သူတို့က ရွက်လွှင့်ဖို့ လိုပါသေးတယ်။

"နောက်ထပ် တစ်ဒါဇင်ကျော်လောက် လုပ်ပြီးမှပဲ ငါအောင်မြင်နိုင်လိမ့်မယ်"

လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံး အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတော့ ဆိပ်ကမ်းဆီကို ဦးတည်လာခဲ့ပါတယ်။

သူတို့ရောက်ပြီး မကြာခင်မှာ တခြားသူတွေလည်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာ ကြပါတယ်။ တချို့လူတွေကိုတောင် သူတို့တွေက ရင်းရင်းနှီးနှီး မြင်ဖူးပါတယ်။

သူတို့ထဲမှာ ကျန်းအန်ယွင်လည်း တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။ သူ့မှာ တောင်မြစ်အဆင့် နောက်လိုက်ငယ်သား ဆယ်ယောက်ရှိပြီးတော့ စွေ့ရန်ယွီကို မျက်လုံးတွေ ပြူးထွက်တော့မတတ် တဏှာရာဂခိုးတွေ အပြည့်နဲ့ ကြည့်နေပါတယ်။

"ဒီသုံးယောက်က လျှိုကလန်ကပဲ"

စွေ့ရန်ယွီက လင်းဟန်ရဲ့ နားအနားကို ကပ်ပြီးတော့ တီးတိုးပြောလိုက်ပါတယ်။

"လျှိယု လျှိဝူနဲ့ လျှိဆန်းယွန်။ လျှိဆန်းယွန်က နေလအဆင့် လက်ရွေးစင် တစ်ယောက်ပဲ။ ပြီးတော့ ဒီအဆင့်ကို လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသောင်းလောက်ကတည်းက ရောက်နေတာ။ သူက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကိုတောင် ရောက်နေလောက်တယ်"

စွေ့ရန်ယွီက တခြားတစ်ဖက်ကို ဝေ့ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဟိုနှစ်ယောက်က ကျိုးရှောင်နဲ့ ဖန်းယွန်ပဲ။ သူတို့က ကျောက်လန်ရဲ့ နောက်လိုက်နှစ်ယောက် ဖြစ်ပြီးတော့ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ကို ရောက်နေတာ အရမ်းကို ကြာမြင့်နေပြီ။ ဒါကြောင့် သူတို့လည်း အထွတ်အထိပ် အဆင့်ကို ရောက်နေလောက်ပြီ"

လင်းဟန်က စွေ့ရန်ယွီ ပြောတာကို ခေါင်းညိတ်ပြီး နားထောင်လိုက်ပါတယ်။ အဲဒီအချိန်မှာ သူက သိသိသာသာ ဂုတ်စားဆင်ယင်ထားတဲ့ အမျိုးသမီး လေးယောက်ကိုလည်း သတိပြုမိ ခဲ့ပါတယ်။ သူတို့က လွီရင်နဲ့ တခြားသူတွေ ဖြစ်ပြီးတော့

ရှားယွန်ရဲ့ အမျိုးသမီး အစောင့်အရှောက် လေးယောက်ပဲ မဟုတ်လား။

ဒီအမျိုးသမီး လေးယောက်ကိုလည်း လျှော့တွက်လို့ မရနိုင်ပါဘူး။ သူမတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေပါတယ်။

ဒီရင်းနှီးနေတဲ့ မျက်နှာတွေကလွဲရင် အညံ့စား အဂတ်အစားတွေ ဂတ်ဆင်ထားတဲ့ အသက် ဆယ့်ခုနစ် ဆယ့်ရှစ်နှစ်ဂန်းကျင်ရှိတဲ့ လူငယ်တစ်ယောက်လည်း ရှိပါတယ်။ ဒါပေမဲ့လည်း သူက ထူးထူးခြားခြား တန်ခိုးရှင် အဆင့်ကို ရောက်နေပြီး သူက အဓိက အဆင့်ကြီးနဲ့ အဆင့်သေး ဘယ်အဆင့်မှာ ရှိတယ်ဆိုတာကို ခန့်မှန်းကြည့်ဖို့ ခက်ခဲပါတယ်။ သူ့မျက်လုံးနဲ့ အကြည့်ချင်း ဆုံလိုက်မိတဲ့ လူတိုင်းကို ထိတ်လန့်တုန်လုပ် သွားစေနိုင်တဲ့ အကြည့်စူးစူးကို ပိုင်ဆိုင်ထား ပါတယ်။

နောက်ပြီးတော့ တန်ခိုးရှင် နတ်မိမယ် တစ်ယောက်လိုမျိုး ချောမောလှပတဲ့ အဖြူရောင် ဂတ်စုံနဲ့ အမျိုးသမီး တစ်ယောက်လည်း ရှိပါတယ်။ သူမရဲ့ အသားအရေက ကျောက်စိမ်းလို ဖြူဖွေးပြီး သူမရဲ့ နှုတ်ခမ်းတွေက ပတ္တမြားသွေးလို နီရဲနေပါတယ်။ သူမရဲ့ ဆံပင်တွေက ပိတုန်းရောင်လို

မည်းနက်နေပြီးတော့ ရေတံခွန်လိုမျိုး ပခုံးပေါ်ကနေ ကျဆင်းလို့နေပါတယ်။ သူမရဲ့ ပုံပန်းသွင်ပြင်က ဘယ်သူမှ အနားကို ချဉ်းကပ်လို့မရတဲ့ ရေခဲသူဇာ တစ်ယောက်လိုမျိုး ဖြစ်နေပြီး ဟိတ်ကြီးဟန်ကြီး ပုံစံမျိုး ဖြစ်နေပါတယ်။

အနီးနားမှာ ဓားတစ်လက်ကို ရင်ဘက်ရှေ့မှာ ပွေ့ဖက်ထားတဲ့ လူငယ်တစ်ယောက်လည်း ရှိနေပြီး သူ့ပုံစံက ဘယ်နေရာကိုပဲသွားသွား ဓားကို ထားခဲ့ဖို့ စိတ်ကူးထားပုံ မပေါ်ပါဘူး။

နောက်ဆုံးလူကတော့ မီးခိုးရောင် ဂတ်စုံကို ဂတ်ထားတဲ့ သာမန်ယောကျ်ား တစ်ယောက် ဖြစ်ပါတယ်။ သူက လူအုပ်ထဲမှာ ရှိနေရင်တောင် နှစ်ခါပြန် ဝေ့ကြည့်မိတဲ့အထိ ဆွဲဆောင်မှုမျိုး မရှိတဲ့ လူစားပါ။

လင်းဟန်မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ် ရှိတာကြောင့် သူနဲ့ စွေ့ရန်ယွီက ဒီနေရာကို အလျင်မြန်ဆုံးရောက်တယ်ဆိုတာ သဘာဝ ကျပါတယ်။ ဒါပေမဲ့လည်း လျှိုကလန်၊ ရှားကလန်နဲ့ ကျောက်ကလန်တို့ အားလုံးကလည်း သူ့ရဲ့ နောက်ဆုံးပန်းတိုင်နေရာကို လွယ်လွယ်ကူကူနဲ့

ခန့်မှန်းကြည့်နိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် လင်းဟန်ရောက်ပြီး သိပ်မကြာခင်မှာပဲ သူတို့တွေလည်း ရောက်လာနိုင်စွမ်း ရှိပါတယ်။

"မိနစ်သုံးဆယ် အကြာမှာ လှေထွက်ပါမယ်"

လှေထိုးသား တစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

"တကယ်လို့ လှေပေါ်တက်မယ်ဆိုရင် မြန်မြန်တက်ကြပါ။ လူတစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးပေးရပါမယ်"

ခပ်ညံ့ညံ့ အဝတ်အစားနဲ့ လူငယ်က အရင်ဆုံး လှေပေါ်ကို တက်လိုက်ပါတယ်။ သူ့နောက်ကနေ အဖြူရောင် ဝတ်စုံဝတ် မိန်းကလေးရယ် ဓားကိုပွေ့ဖက်ထားတဲ့ လူငယ်တို့လည်း လှေပေါ်ကို တက်လိုက်ပါတယ်။ သူတို့အနောက်ကနေ ဘယ်သူမှ လိုက်မသွားပါဘူး။

လင်းဟန်က ပြုံးလိုက်မိပါတယ်။ ကြည့်ရတာ ကျန်နေတဲ့ လူတွေ အားလုံးရဲ့ မျက်လုံးတွေက သူ့အပေါ်ကို ကျနေသလိုပါပဲ။ တကယ်လို့ သူလှေပေါ်ကို မတက်ဘူးဆိုရင် တခြားသူတွေလည်း တက်လိမ့်မှာ မဟုတ်ပါဘူး။

"ကဲတက်ကြအောင်"

သူနဲ့ စွေ့ရန်ယွီက လှေဦးပေါ်ကို တက်လိုက်ပြီး အစစ်အမှန် မူလကျောက်တုံး နှစ်ဆယ်ကို ပေးချေလိုက်ပါတယ်။ သူတို့က လှေရဲ့ဦးပိုင်းနားမှာ ရပ်လိုက်ပါတယ်။

သူတို့တွေ လှေပေါ်ကို တက်သွားပြီးတဲ့နောက် ချက်ချင်းဆိုသလို လျိုကလန်၊ ရှားကလန်နဲ့ ကျောက်ကလန်က လူတွေလည်း တစ်ယောက်ကို အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးစီ ပေးချေပြီးတော့ လှေပေါ်ကို တက်လာခဲ့ပါတယ်။

"ရပ်လိုက်။ မင်းက နေလအဆင့်မှာ ရှိနေတယ်။ ဒါကြောင့် မင်းကို ဒီလှေပေါ်တက်ခွင့် မပြုဘူး"

လှေထိုးသားက လျိုဆန်းယွန်ကို လှေပေါ်တက်လာတာကို တားမြစ်လိုက်ပါတယ်။

"ဘာဖြစ်လို့ ငါက လှေပေါ်တက်လို့ မရနိုင်တာလဲ"

လျိုဆန်းယွန်က မကျေမနပ်နဲ့ မေးလိုက်ပါတယ်။ တောင်မြစ်အဆင့်မှာပဲရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ကို တကယ်ပဲ ဟန့်တားဝံ့တာလား။ သူက သူ့အရှိန်အဝါကို ထုတ်လွှတ်ပြီး ချက်ချင်းဆိုသလို လှေထိုးသားကို ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။

"ဟင့် ဆရာလေး တကယ်လို့ မင်းရဲ့အစွမ်းကို ထုတ်ပြချင်တယ်ဆိုရင် ကျေးဇူးပြုပြီးတော့ ကြိုက်တဲ့နေရာကိုသွားပါ။ ဒါက အာဇာပုဆိန် ဆိပ်ကမ်းဆိုတာကို မမေ့ပါနဲ့"

ဂတ်ကောင်းစားလှ ဂတ်ဆင်ထားတဲ့ အကြီးအကဲတစ်ယောက်က လျှောက်လာပါတယ်။ သူ့နောက်မှာ နေနဲ့လတစ်စင်းရဲ့ ပုံရိပ်ရှိနေပါတယ်။ သူက ပြောလိုက်တယ်။

"ကျုပ်တို့ ယန်ကလန်ရဲ့ စည်းမျဉ်းစည်းကမ်းတွေက ရိုးရိုးလေးပါ။ လှေငယ်တွေက တောင်မြစ်အဆင့် ခရီးသည်တွေကိုပဲ လက်ခံတယ်။ ဒါက အားလုံးရဲ့ လုံခြုံမှုကို စိတ်ချစေပြီး ခရီးသည်တွေက ပင်လယ်ထဲကို ရွက်လွှင့်တဲ့ အခါကျရင် တစ်ယောက်ကို တစ်ယောက် ပစ်မှတ်ထားတာကနေ ကာကွယ်တဲ့ သဘောပဲ"

လှေငယ်လေးတွေ အပေါ်က အစောင့်တွေက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် တကယ်လို့ နေလအဆင့် လက်ရွေးစင် တစ်ယောက်ကို လှေပေါ်တက်ခွင့် ပြုလိုက်မယ်ဆိုရင် ခရီးသည်တွေ အားလုံးရဲ့ လုံခြုံရေးကို ဘယ်လိုလုပ်ပြီးတော့ သူတို့တွေ ထိန်းသိမ်းထားနိုင်မှာလဲ။

လျှိဆန်းယွန်က အကြီးအကဲကို တော်တော်ကြာအောင် စိုက်ကြည့်ပြီးမှ မကျေမနပ်နဲ့ နှာခေါင်းရှုံ့ လိုက်ပါတယ်။ သူက လျှိယုနဲ့ လျှိဝူဘက်ကို လှည့်ပြီးတော့ တီးတိုးပြောလိုက်ပြီး ဆိပ်ကမ်းပေါ်ကို ပြန်ဆုတ်လာခဲ့ပါတယ်။

အစွမ်းထက်တဲ့ နဂါးတစ်ကောင်က မြွေတစ်ကောင်ကို သူ့အသိုက်ထဲမှာ အနိုင်မယူနိုင်ပါဘူး။ နောက်ပြီးတော့ လျှိဆန်းယွင်က အစွမ်းထက်တဲ့ နဂါးတစ်ကောင်လို့ သတ်မှတ်ယူဆလို့ မရနိုင်ပဲ ယန်ကလန်ကို ဘယ်လိုလုပ် ယှဉ်ပြိုင်နိုင်မှာလဲ။

သူက လင်းဟန်ကို မျက်နှာထား တင်းတင်းနဲ့ စိုက်ကြည့်လိုက်ပါတယ်။ တကယ်လို့ သူက လှေပေါ်ကို တက်လို့မရဘူး ဆိုရင်တောင် လျှိတနဲ့ လျှိဝူတို့ နှစ်ယောက်စလုံးက တောင်မြစ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပါတယ်။ လျှိယုဆိုရင် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပါပြီ။ သူက လက်တစ်ဖက်တည်းနဲ့ လင်းဟန်ကို သေချာပေါက် ဖိနှိပ်နိုင်ပါလိမ့်မယ်။

မိနစ်သုံးဆယ် ကြာပြီးတဲ့နောက်မှာ လှေက ဆိပ်ကမ်းကနေ စပြီးတော့ ထွက်ခွာလာခဲ့ပါတယ်။

လှေက သေးငယ်ပြီး အရှည်မီတာသုံးဆယ်နဲ့ အမြင့်
ဆယ့်ငါးမီတာလောက်ပဲ ရှိပါလိမ့်မယ်။ စုစုပေါင်း အဆင့်သုံးဆင့်
ရှိပြီးတော့ အပေါ်ဆုံး အဆင့်က ခရီးသည်တွေအတွက် ဖြစ်ပြီးတော့
အောက်ဆုံးအထပ်က လှေထိုးသားတွေအတွက် ဖြစ်ပါတယ်။
အလယ်အဆင့်မှာတော့ လက်နက်တွေကို သိမ်းဆည်းထားပြီးတော့
လှေရဲ့ အမြောက်တွေကိုလည်း တပ်ဆင်ထား ပါတယ်။
ဒီအမြောက်တွေကို အစစ်အမှန် မူလကျောက်တုံးတွေနဲ့
စွမ်းအားပေးထားပြီး အကြီးအကျယ် ဖျက်ဆီးနိုင်တဲ့
တိုက်ခိုက်မှုတွေကို ထုတ်ဖော်နိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီအမြောက်တွေကို ပုံမှန်အားဖြင့် ဘယ်တော့မှ
အသုံးမပြုပါဘူး။ အမြောက်တွေကို တစ်ချက်ပစ်ရင် အစစ်အမှန်
မူလကျောက်တုံး တစ်တုံး ဒါမှမဟုတ် တစ်တုံးထက်ပိုပြီးတော့
ကုန်ပါတယ်။ အမြောက်တွေကို အသုံးပြုရတဲ့ တန်ဖိုးက အရမ်းကို
ကြီးမားလွန်းပါတယ်။

လှေအတွက် လောင်စာကလည်း အစစ်အမှန် မူလကျောက်တုံးတွေ
ဖြစ်ပြီးတော့ လှေရဲ့အထဲမှာ အစီအရင် တစ်ခုကို
ခင်းကျင်းထားပါတယ်။ သူတို့တွေက လေစွမ်းအင်ကို သုံးလို့မရတဲ့
အချိန်ကျရင် သူတို့က လှေကို ရွက်လွှင့်ဖို့အတွက် အစီအရင်ကို

အသက်သွင်းဖို့ အစစ်အမှန် မူလကျောက်တုံးတွေကို အသုံးပြုနိုင်ပါတယ်။

ဆိပ်ကမ်းကနေ လေ့ထွက်ခွာသွားတဲ့ အချိန်မှာ မျက်လုံးတွေ တော်တော်များများက လင်းဟန်ရဲ့ ခန္ဓာကိုယ်ပေါ်ကို ကျရောက်လို့ လာခဲ့ပါတယ်။

Chapter 1007 end

အပိုင်း(1008) ဆေးလုံးသန့်စင်ခြင်း

"ဟားဟားဟား ကောင်လေး နောက်ဆုံးတော့ ပင်လယ်ထဲကို ရွက်မလွှင့်ပဲ နေလို့မရတော့ဘူး မဟုတ်လား"

ကျန်းအန်ယွင်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ အဲဒီ နူးညံ့သိမ်မွေ့ပြီးတော့ ဆွဲဆောင်မှုရှိကာ ညှို့ယူဖမ်းစားနိုင်တဲ့ အလှပဂေးလေးက ပင်လယ်ပြင်ကို ရွက်လွှင့်ဖို့ လင်းဟန်က ဆုံးဖြတ်လိုက်တာနဲ့ သူ့အပိုင်ဖြစ်ပြီလို့ သတ်မှတ်ထားပုံပါပဲ။

လင်းဟန်က သူ့ကို လုံးဝလျစ်လျူရှု ထားပါတယ်။ တကယ်တော့ ကျန်းအန်းယွင်က လူပြက် တစ်ယောက် သက်သက်ပါပဲ။

"သူ့ကို ဖမ်းလိုက်စမ်း"

လင်းဟန်ရဲ့ တုံ့ပြန်မှုကို မြင်လိုက်ရတဲ့ အချိန်မှာ ကျန်းအန်ယွင်ရဲ့ မကျေမနပ်ဖြစ်မှုကနေ ဒေါသအဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူက အနက်ရောင်ငါးမျိုးဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် သခင်လေး ဖြစ်ပါတယ်။

"ရိုင်းလိုက်တာ"

ဗလတောင့်တောင့် ယောကျ်ားတစ်ယောက်က အော်ဟစ်လိုက်ပါတယ်။ သူက တကယ့်ကို ဗလတောင့်ပြီးတော့ သူ့အရပ်က သုံးမီတာလောက်ထိ မြင့်ပါတယ်။ သူ့ခန္ဓာကိုယ်က ကြွက်သားတွေ အပြိုင်းပြိုင်း ထနေပြီးတော့ သူ့ခန္ဓာကိုယ်ကို သံမဏိတွေနဲ့ သွန်းလုပ်ထားသလို ပုံစံမျိုး ဖြစ်နေပါတယ်။ သူ့အရေပြားပေါ်ကနေ အေးစက်မှုတွေ တလက်လက် တောက်ပနေပါတယ်။

"ခင်ဗျားဘယ်သူလဲ။ ငါ့အရှေ့မှာတောင် ဒီလိုမျိုး ပြောဝံ့တယ်ပေါ့လေ"

ကျန်းအန်ယွင်က အရမ်းကို ဒေါသထွက် သွားခဲ့ပါတယ်။ သူ့ရဲ့ အနက်ရောင်ငါးမျိုး ဂိုဏ်းရဲ့ ဂိုဏ်းခေါင်းဆောင် သခင်လေးဆိုတဲ့ အဆင့်အတန်းက ဟန်ပြသက်သက်ပဲလား။ ဘာဖြစ်လို့ အားလုံးက သူ့ဆန္ဒတွေကို ဆန့်ကျင်နေရတာလဲ။

"ဂိုဏ်းခေါင်းဆောင် သခင်လေး"

အကြီးအကဲ တစ်ယောက်က သူ့ကို အလျင်အမြန်ပဲ ဆွဲပြီးတော့ တီးတိုးပြောလိုက်ပါတယ်။

"သူက ယန်ကလန်က ယန်ထိုက်ချန်လို့ ခေါ်ပြီးတော့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က လက်ရွေးစင် တစ်ယောက်ပဲ။ ကောလာဟလတွေ ပြောတာတော့ သူက ထူးခြားတဲ့ နည်းစနစ် တစ်ခုကို ကျင့်ကြံထားပြီး သူ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုလိုမျိုး သန်စွမ်းမှုကို ဖြစ်စေတယ်လို့ ပြောကြတယ်။ သူက ယန်ကလန်ရဲ့ အရမ်းကို မျက်နှာသာ ပေးတာ ခံရတယ်"

ကျန်းအန်ယွင်ရဲ့ စိတ်က ချက်ချင်းပဲ သေသွားခဲ့ပါတယ်။ သူက အနက်ရောင်ငါးမျိုး ဂိုဏ်းခေါင်းဆောင် သခင်လေးဖြစ်ပေမဲ့ ဘယ်လိုလုပ်ပြီးတော့ အနက်ရောင်ငါးမျိုးဂိုဏ်းက ယန်ကလန်ကို ယှဉ်လို့ရမှာလဲ။

"ငှါလေှပေါ်မှာ ပြဿနာဖြစ်ဖို့တောင် စိတ်မကူးနဲ့"

ယန်ထိုက်ချန်က လှေပေါ်က လူတွေအားလုံးကို မျက်စိဝေ့ကြည့်လိုက်ပါတယ်။ သူ့ရဲ့ အတွေ့အကြုံ ကြွယ်ဝမှုနဲ့

ဒီလူငယ်စုံတွဲအပေါ် ခရီးသည်အများကြီးက မျက်စိကျ
နေတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးတော့ သတိမပြုမိပဲ နေမှာလဲ။

"မင်းက ငွေလှေပေါ်ကို တက်လာတယ် ဆိုမှတော့ မင်းတို့အကြားက
သဘောမတူမှုတွေ အားလုံးကို မေ့ထားလိုက်။ ဒါပေမဲ့လည်း
တကယ်လို့ ငွေလှေပေါ်မှာ ပြဿနာရှာဖို့ ကြိုးစားရင်တော့ ငွေကို
ကြမ်းတယ်ဆိုပြီး အပြစ်မတင်နဲ့"

ယန်ထိုက်ချန်က သူ့ရဲ့အစွမ်းထက်တဲ့ အရှိန်အဝါကို
ထုတ်ဖော်ပြီးတော့ ပြောလိုက်ပါတယ်။

"အစ်ကိုယန် ကျနော့်လက်တွေက နည်းနည်းလေး ယားနေတယ်။
ဒါကြောင့် ကျနော်တို့ နည်းနည်းလောက် လက်ရည်စမ်းကြည့်လို့
ရမလား"

လျိုယုက ပြုံးပြီးတော့ အရှေ့ကို တိုးလာခဲ့ပါတယ်။

"ကိစ္စမရှိဘူး"

ယန်ထိုက်ချန်က နည်းနည်းမှ တုံ့ဆိုင်းခြင်း မရှိပဲ
ပြန်ဖြေလိုက်ပါတယ်။

တကယ်လို့ သူ့အစွမ်းကို ထုတ်မပြဘူးဆိုရင် ဒီခရီးသည်တွေက
ဘယ်လောက်တောင် ပြဿနာ ရှာမလဲဆိုတာကို ဘယ်သူသိမှာလဲ။

လျှိုယုက ရှေ့ကို အနည်းငယ်တိုးလာပြီး သူ့လက်နဲ့ ယန်ထိုက်ချန်ဆီကို ဖိကပ်လိုက်ပါတယ်။

ထန် ထန် ထန် ။

ယန်ထိုက်ချန်လည်း လုပ်ရှားလိုက်ပြီး သူတို့နှစ်ယောက်က အရှိန်မြင့်ပြီးတော့ တိုက်ခိုက်လိုက် ကြပါတယ်။ သူတို့က စက္ကန့်အနည်းငယ် အတွင်းမှာပဲ တိုက်ကွက်ဆယ်ကွက်ကျော် ဖလှယ်ပြီး သွားခဲ့ပါတယ်။

ရုတ်တရက် လျှိုတက မသည်းမကွဲ ညည်းညူပြီးတော့ အနောက်ကို ခြေလှမ်းတော်တော်များများ ဆုတ်ပေးလိုက် ရပါတယ်။ သူ့မျက်နာက ထိတ်လန့်စရာ ကောင်းလောက်အောင် ဖြူဖပ်ဖြူရော် ဖြစ်လာခဲ့ပါတယ်။

"တိုက်တာကောင်းတယ်"

ယန်ထိုက်ချန်က သူ့လက်သီးကို ဆုပ်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

လျှိုတက ခဏအကြာမှာ သတိပြန်ဝင်လာပြီးတော့ အသံအက်အက်နဲ့ ပြောလိုက်ပါတယ်။

"အစ်ကိုယန်က တကယ့်ကို အစွမ်းထက်တာပဲ။ ကျနော်က အစ်ကိုယန်ရဲ့ ပြိုင်ဘက်မဟုတ်ဘူး"

လျှိုတန်နဲ့ တိုက်ကွက်အနည်းငယ် ဖလှယ်ပြီးတဲ့ နောက်မှာတော့ ယန်ထိုက်ချန်က ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ အထူးတလည် ပေါ်လွင်စေခဲ့ပါတယ်။ လေ့ပေါ်က လူတွေအားလုံး အံ့အားသင့် သွားပြီးတော့ သူ့အစွမ်းကို နောက်ထပ်လျော့မတွက်ဝံ့ ကြတော့ပါဘူး။

မူလတုန်းက လျှိုကလန်ရဲ့ အဖွဲ့ဝင်တွေ အားလုံးက အင်ပါယာမြို့တော်ကနေ လာခဲ့တာကြောင့် သူတို့ကိုယ်သူတို့ ဘဝင်အရမ်းကို မြင့်နေကြပါတယ်။ ဒီလိုမျိုး ဆင်းရဲမွဲတေပြီး ကြမ်းတမ်းတဲ့ နေရာက ဒေသခံ အိမ်တော်တွေကို အထင်အမြင် သေးခဲ့ကြပါတယ်။ ဒါပေမဲ့လည်း ယန်ထိုက်ချန်ရဲ့ ခွန်အားက သူတို့မျက်နှာကို ဖြတ်ရိုက်လိုက်သလိုပါပဲ။

"ဒီလူက အများဆုံး ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်နိုင်တယ်"

"သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ်မှာ ရှိနေပြီး သူကိုယ်တိုင်က ကြယ်နှစ်ပွင့် ပါရမီရှင် ဖြစ်တယ်။ သူက ဒီလေ့ပေါ်မှာ အစွမ်းထက်ဆုံး လူတစ်ယောက် ဖြစ်လိမ့်မယ်"

"ဒါကိုကြည့်ရတာ လင်းဟန်ကို ဒီလှေပေါ်မှာ ငါတို့သတ်နိုင်မှာ မဟုတ်ဘူး"

"ငါတို့ စောင့်ရလိမ့်မယ်"

သူတို့စကားပြောနေပေမဲ့ သူတို့ရဲ့ အမူအရာက ပြောင်းလဲခြင်း မရှိပဲ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ပြီးသွားတဲ့ ပုံစံမျိုးနဲ့ အပြုံးတွေကို ဆင်မြန်းထားပါတယ်။

"ငါနောက်တစ်ကြိမ် ထပ်သတိပေးထားမယ်"

ယန်ထိုက်ချန်က ခြိမ်းခြောက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

"မင်းတို့ဘယ်သူပဲဖြစ်ဖြစ် ငါ့လှေပေါ်မှာ တခြားခရီးသည်တွေကို ပစ်မှတ်ထားဖို့အကြောင်းကို လုံးဝတောင် စိတ်မကူးနဲ့။ တကယ်လို့ မင်းတို့ တစ်ယောက်ယောက်ကို သတ်ဝံ့ရင် ငါကလည်း မင်းတို့ကို သတ်ရဲတယ်"

"ဟင့်"

အားလုံးက တိတ်ဆိတ်ငြိမ်သက်နေပေမဲ့ ကျန်းအန်ယွင် တစ်ယောက်ပဲ သူ့မျက်နှာပေါ်မှာ မကျေမချမ်း အမူအရာ ဖြစ်နေပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီလူငယ်ဂိုဏ်းခေါင်းဆောင်က ဘယ်လောက်တောင် ရူးသလဲဆိုတာကို တွေ့မြင်နိုင်ပါတယ်။ သူက

တောင်မြစ်အဆင့်ကို ရောက်နေပေမဲ့ သူ့မှာ အကွက်မြင်မှု နည်းနည်းမှ မရှိပါဘူး။

သူက အမြဲတစေ သူ့စိတ်ကြိုက် လုပ်ခဲ့ရတာကြောင့် အခုလိုမျိုး တစ်ယောက်ယောက်က သူ့ကို ဖိနှိပ်ထိန်းချုပ်ထားတာနဲ့ ပတ်သက်ပြီး အရမ်းကို မပျော်မရွှင် ဖြစ်နေတာက သဘာဝကျပါတယ်။

ယန်ထိုက်ချန်က သတိပေးစကား ပြောပြီးတဲ့နောက်မှာ သူ့အခန်းထဲကို ပြန်ဝင်သွားခဲ့ပါတယ်။

ဒါက အရမ်းကို ရှည်လျားတဲ့ ခရီးတစ်ခု ဖြစ်ပါတယ်။

သူတို့ရဲ့လှေက ဆိပ်ကမ်းတစ်ခုမှာ ကမ်းကပ်ဖို့ ရွက်လွှင့်ရပါမယ်။ ဒီခရီးစဉ် အတွင်းမှာ ကျော်ကြားတဲ့ နေရာတချို့မှာ ကျောက်ဆူးချပြီး နားရပါလိမ့်မယ်။ နေရာတစ်ခုစီမှာ သုံးရက်လောက် ရပ်နားရပြီးမှ နောက်တစ်နေရာကို ရွက်လွှင့်ရပါမယ်။

ဒါကြောင့် ဒီထင်ရှားတဲ့ နေရာတွေ ဘယ်လောက်ရှိလဲဆိုတာ တိတိကျကျ မပြောနိုင်ပါဘူး။

အဲဒီပတ်ဝန်းကျင်မှာ ရတနာပစ္စည်းတွေကို ရှာတွေ့နိုင်ဖို့ အလားအလာ ရှိပါတယ်။

အဲဒီကြယ်တာရာ ကြွေဆင်းလာတဲ့ အချိန်တုန်းက အစိတ်စိတ်အမွှာမွှာ ကျိုးပဲ့ပျက်စီး သွားခဲ့ပါတယ်။ အရမ်းကို ကြီးမားတဲ့ အစိတ်အပိုင်း ခုနစ်ခုရှိပြီးတော့ ဒီပင်လယ်ပြင်ထဲမှာ မတူညီတဲ့ နယ်မြေတစ်ခုစီအဖြစ် ဖြစ်ပေါ်တည်ရှိ ခဲ့ပါတယ်။ ဒါကြောင့် လူတွေက ရတနာပစ္စည်း ရှာဖွေဖို့အတွက် ဒီနေရာခုနစ်ခုဆီကို စွန့်စားထွက်ခွာလေ့ ရှိကြပါတယ်။

လင်းဟန်က သဘာဝ ရှခင်းကို အတော်ကြာအောင် ကြည့်ရှုလိုက်ပါတယ်။ ကြယ်ပင်လယ် တစ်ခုလုံး အံ့အားသင့်စရာကောင်းတဲ့ ဆွဲငင်အား နယ်ပယ်တစ်ခု ဝိုင်းပတ်နေပြီး တကယ်လို့ ကျင့်ကြံသူတွေက ဒီနေရာမှာ ရေကူးဖို့ ကြိုးစားမယ်ဆိုရင် သူတို့အနေနဲ့ အားအင်ကုန်ခမ်း သွားပါလိမ့်မယ်။ သူတို့က အောက်ခြေကို ရောက်တဲ့ အချိန်မှာ သူတို့ရဲ့ မူလစွမ်းအင်ကို ပြန်လည်ဖြည့်ဆည်း နိုင်သေးတာကြောင့် သူတို့မှာ ပြန်ကူးခပ်လာဖို့ အခွင့်အရေးတစ်ခု ရှိနေဆဲပါပဲ။

ဒါပေမဲ့လည်း ကြောက်မက်ဖွယ်ရာကောင်းတဲ့ မိစ္ဆာသားရဲကောင်တွေလည်း ပင်လယ်ကြမ်းပြင်ရဲ့ အောက်ဘက်မှာ ဆွဲငင်အား နယ်မြေကို ဆန့်ကျင်ပြီးတော့ ကျင်လည်ကျက်စား နေကြပါတယ်။ နောက်ပြီးတော့ ဒါက ပင်လယ်ဖြစ်ပါတယ်။

ဒါကြောင့် အရမ်းကို အန္တရာယ်များပြီး လူတစ်ယောက် ကူးဖြတ်နေတဲ့ အချိန်မှာ ကျင့်ကြံခြင်း အဆင့်တူတဲ့ မိစ္ဆာသားရဲ တစ်ကောင်နဲ့ တွေ့နိုင်ပါတယ်။ တကယ်လို့ မိစ္ဆာသားရဲရဲ့ ကျင့်ကြံခြင်း အဆင့်က ပိုပြီးတော့ မြင့်နေမယ်ဆိုရင် လူတစ်ယောက်ရဲ့ သေခြင်းတရားက အရမ်းကို သနားစရာ ကောင်းပါလိမ့်မယ်။

ပင်လယ်မျက်နှာပြင်ရဲ့ အောက်မှာ တိုက်ခိုက်တဲ့အခါ လူသားတွေရဲ့ တိုက်ပွဲစွမ်းရည်က အတော်လေး လျော့ကျသွားပါလိမ့်မယ်။

လင်းဟန်က ရတနာတွေ ရှာဖွေဖို့ လာခဲ့တာ မဟုတ်ပါဘူး။ ဒါကြောင့် သူက ဒီလိုအန္တရာယ်မျိုးနဲ့ ပတ်သက်ပြီး စိုးရိမ်လိမ့်မှာ မဟုတ်ပါဘူး။ သဘာဂ ရှုခင်းကို အတော်ကြာအောင် ကြည့်ပြီးတဲ့ နောက်မှာတော့ သူ့အခန်းဆီကို ပြန်လာခဲ့ပြီး ဆေးလုံးတွေကို ဆက်လက်သန့်စင် လိုက်ပါတယ်။ အချိန်ဖြုန်းတယ် ဆိုတာက မကောင်းတဲ့ အလေ့အကျင့် တစ်ခုဖြစ်ပါတယ်။

လှေက သူ့ခရီးစဉ်အတိုင်း ဆက်လက်ထွက်ခွာ လာခဲ့ပါတယ်။ ဒါပေမဲ့ တန်ဖိုးမရှိတဲ့ လူတချို့က လွဲရင် ဘယ်သူကမှ ပင်လယ်ထဲကို ဒိုင်ဗင်ပစ်ဖို့ စိတ်မဝင်စားပါဘူး။ သူတို့ရဲ့ တစ်ခုတည်းသော ပစ်မှတ်က လင်းဟန်။

တစ်ပတ်ခန့် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က သူ့ရဲ့ ပထမဆုံး ကောင်းကင်ဘုံ ချီဆေးလုံး တစ်သုတ်ကို ဖော်စပ်နိုင်ခဲ့ပါတယ်။

ကောင်းကင်ဘုံ ချီဆေးလုံးတွေက တောင်မြစ်အဆင့် ကနဦးအဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေအတွက်ကို အဓိကထား ရည်ရွယ်ပါတယ်။ ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ ကျင့်ကြံသူတွေက ဒီဆေးလုံးကို သုံးစွဲနိုင်ပေမဲ့ အကျိုးသက်ရောက်မှုကတော့ နည်းပါးပါလိမ့်မယ်။ လင်းဟန်က ဒီဆေးလုံးတွေကို စွေ့ရန်ယွီကို လက်ဆောင်ပေးလိုက်ပြီး အဲဒါက စွေ့ရန်ယွီကို အရမ်းပဲ အံ့အားသင့် သွားစေခဲ့ပါတယ်။

"လင်းဟန်က မှော်ဆေးလုံးတွေကို တကယ်ပဲ သန့်စင်နိုင်တာလား။ နောက်ပြီးတော့ သူက နတ်ဘုရား ဆေးလုံးတွေကိုတောင် သန့်စင်နိုင်တယ်"

အရင်က လင်းဟန် ဆေးဖော်စပ်တာကို သူမမြင်ဖူးပါတယ်။ ဒါပေမဲ့လည်း သူက တစ်ကြိမ်ပြီး တစ်ကြိမ် မအောင်မြင်ခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ ဆေးဖော်စပ်တဲ့ ခရီးစဉ်က မအောင်မြင်တော့ဘူး ဆိုပြီးတော့ ထင်မှတ်မိခဲ့ပါတယ်။ သူက ကောင်းကင်ဘုံ ချီဆေးလုံးတွေကို သန့်စင်နိုင်မယ်လို့ ဘယ်သူက မျှော်လင့်မိမှာလဲ။

အင်ပါယာမြို့တော်မှာ ဒီလိုဆေးလုံးတွေကို တစ်လုံးကို အစစ်အမှန် မူလကျောက်တုံး တစ်ရာနဲ့ ရောင်းချနိုင်ပါတယ်။

လင်းဟန်က ပထမဆုံး အကြိမ်မှာ ဆေးသုံးလုံးပဲ ဖော်စပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒုတိယ အကြိမ်မှာတော့ ငါးလုံးဖော်စပ်နိုင်ခဲ့ပြီး တတိယ အကြိမ်မှာ ခုနစ်လုံးနဲ့ ဆယ်ကြိမ်မြောက်မှာတော့ ဆယ်လုံးတိတိ ဖော်စပ်နိုင်ခဲ့ပါတယ်။

သူ့မျက်လုံးထဲမှာတော့ ဒါက အရမ်းကို သမာရိုးကျ ဆန်လွန်းပါတယ်။ မှော်ဆေးဇကရာဇ် တစ်ယောက် အနေနဲ့ သူက ဒီဆေးလုံး ဖော်စပ်တာကို အရမ်းအချိန်ယူရတယ် ဆိုတာက သူ့မှာ အရင်းအမြစ်တွေနဲ့ ကျင့်ကြံခြင်းအဆင့် ကင်းမဲ့နေတာကြောင့် ဖြစ်ပါတယ်။ အခုဆိုရင် သူက ဒီပြဿနာတွေကို ဖြေရှင်းခဲ့ပြီး သူ့ရဲ့ဆေးလုံးဖော်စပ်မှု အောင်မြင်ဖို့ ဆိုတာက သူ့အတွက်တော့ အရမ်းကို လွယ်ကူနေပါပြီ။

ဒါပေမဲ့လည်း စွေ့ရန်ယွီကတော့ အတော်လေးကို ထိတ်လန့်တုန်လှုပ် နေမိပါတယ်။ ဒီလူက မကောင်းဆိုးဝါး တစ်ကောင်များလား။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် အဆင့်တက်တာ အရမ်းကို လျင်မြန်တဲ့အပြင် မှော်ဆေးပညာမှာပါ အရမ်းကို ထူးချွန်ထက်မြက် နေပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူမက ကောင်းကင်ဘုံ ချီဆေးလုံးနဲ့ ပတ်သက်ပြီး အရမ်းကို ပျော်ရွှင်နေပါတယ်။ ဒါက အခုချိန်မှာ သူမအတွက် တကယ့်ကို လိုအပ်နေပါတယ်။ ဒီဆေးလုံးက သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို လျင်မြန်စွာနဲ့ မြှင့်တင်ဖို့ ကူညီပေးနိုင်ပါလိမ့်မယ်။

ပါဝင်ပစ္စည်းတွေ အားလုံးကို အသုံးပြုပြီးတဲ့ နောက်မှာတော့ လင်းဟာန်က ဒုတိယ ဆေးလုံး ဖော်စပ်နည်းကို စတင်လေ့လာလိုက်ပါတယ်။

ကောင်းကင်ဘုံ ပုလဲဆေးလုံး။

ဒါက အဆင့်နှစ် နတ်ဘုရားဆေးလုံး ဖြစ်ပြီးတော့ မူလစွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ကျင့်ကြံသူ တစ်ယောက်အတွက် အကျိုးရှိပါတယ်။ ဒီဆေးလုံးက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားကို အနည်းငယ် မြှင့်တင်ပေးနိုင်ပါတယ်။

တန်ခိုးရှင်ဘုံထဲမှာ လူတော်တော်များများက ခန္ဓာကိုယ်ကျင့်စဉ်တွေကို လေ့ကျင့်ကြပြီး အရမ်းကို နည်းပါးတဲ့ လူတွေပဲ ဒီလိုပညာရပ်တွေကို တစ်ဖက်ကမ်းခပ် ကျွမ်းကျင်နိုင်ပါတယ်။ အဓိက ပြဿနာက လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ခွန်အားဖြစ်ပါတယ်။ လူအနည်းငယ်ပဲ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တန်ခိုးရှင်အဆင့်ထိ

မြှင့်တင်နိုင်စွမ်းရှိတာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အရင်းအမြစ် အများကြီး လိုအပ်လို့ ဖြစ်ပါတယ်။

ဒါကြောင့် ကောင်းကင်ဘုံ ပုလဲဆေးလုံးက အရမ်းကို ဈေးကြီးပြီး ဆေးတစ်လုံးကို အစစ်အမှန် မူလကျောက်တုံး သုံးရာပေးရပါတယ်။ နောက်ပြီးတော့ ဒီဆေးလုံးတွေက မကြာခဏဆိုသလို ဈေးဆိုင်တွေမှာတောင် ကုန်တတ်ပါတယ်။

လင်းဟာန်ရဲ့ လက်ရှိအဆင့်နဲ့ ဒီဆေးလုံးက သူ့အတွက် အရမ်းကို အသုံးဝင်ပါတယ်။

သူက အရမ်းကို စိတ်အားတက်ကြွနေပြီး ဒီဆေးဖော်စပ်နည်းကို သူနဲ့ရင်းနှီးကျွမ်းဝင်ပြီးတဲ့ နောက်မှာတော့ ချက်ချင်းပဲ သူ့ရဲ့ပါဝင်ပစ္စည်းတွေက စတင်ကုန်ခမ်း လာခဲ့ပါတယ်။

Chapter 1008 end

အပိုင်း(1009) မြူခိုးထဲမှာ ပုန်းကွယ်နေတဲ့ အန္တရာယ်ကြီး

မော်ဆေးပညာရှင်တိုင်းလိုလိုက အရမ်းကို ချမ်းသာကြွယ်ဝကြပါတယ်။ ကွဲပြားခြားနားတာ တစ်ခုက ပမာဏ များတာနဲ့ နည်းတာ တစ်ခုပဲ ကွာခြားပါတယ်။

လေးရက်ဆိုတဲ့ အချိန်လေးအတွင်းမှာ လင်းဟန် သန့်စင်ခဲ့တဲ့ ပစ္စည်းတန်ကြေးက အံ့အားသင့်စရာ ကောင်းလောက်အောင် အစစ်အမှန် မူလကျောက်တုံး နှစ်သန်း ပမာဏ ရှိပါတယ်။ ဒီပမာဏက လျှိုကလန်လို အင်အားစုမျိုးကိုတောင် အရမ်းကို ခေါင်းခဲသွားစေနိုင်ပြီး အဲဒါတွေ အားလုံးကို အဆင့်နှစ် နတ်ဘုရား ဆေးလုံးပေါ် မှာပဲ သုံးစွဲရပါလိမ့်မယ်။ တကယ်လို့ အဆင့်သုံး၊ အဆင့်လေး ဒါမှမဟုတ် အဆင့်ငါး ဖြစ်မယ်ဆိုရင် ဘာဆက်လုပ်မလဲ။ မှော်ဆေးပညာရှင် တစ်ယောက်က ဆေးဖော်စပ်တဲ့ အချိန်အတွင်းမှာ မှော်ဆေးကျိုအိုး ပေါက်ကွဲတိုင်း တကယ့်ကို မျက်ရည်ကျစေနိုင်ပါတယ်။

လင်းဟန်က မှော်ဆေးပစ္စည်းတွေအတွက် အစစ်အမှန် မူလကျောက်တုံး စုစုပေါင်းတစ်သန်းထိ သုံးစွဲခဲ့ပြီး တစ်သိန်းက ကောင်းကင်ဘုံရှီ ဆေးလုံး ဖော်စပ်ဖို့ ပစ္စည်းတွေအတွက် သုံးစွဲခဲ့ပါတယ်။ တခြားပစ္စည်းတွေကတော့ ကောင်းကင်ဘုံ ပုလဲဆေးလုံး ဖော်စပ်ဖို့အတွက် ဖြစ်ပါတယ်။ အဆင့်သုံးနဲ့ အဆင့်လေး နတ်ဘုရား ဆေးလုံးတွေ အတွက်ကတော့ အခုချိန်မှာ သူ့အနေနဲ့ မစဉ်းစားသေးပါဘူး။

"အားလုံးပဲ ကျေးဇူးပြုပြီးတော့ လေ့ရှဲပွဲဦးမှာ လာစုကြပါ"

အသံတစ်သံက ရုတ်တရက်ဆိုသလို လှေတစ်စီးလုံးကို ပျံ့နှံ့သွားခဲ့ပါတယ်။ ဒါက ယန်ထိုက်ချန်ရဲ့ အသံဖြစ်ပါတယ်။

“ဘာဖြစ်တာလဲ”

စွေ့ရန်ယွီက မေးလိုက်တယ်။

လင်းဟာန်က ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“မသိဘူးလေ။ အပြင်ကို ထွက်ပြီးတော့ အရင်ဆုံး သွားကြည့်ကြတာပေါ့”

သူတို့နှစ်ယောက်က အခန်းထဲကနေ ထွက်လာလိုက် ပါတယ်။

ကျန်းအန်ယွင်လည်း နောက်တစ်ခန်းကနေ ထွက်လာခဲ့ပါတယ်။ သူ့မျက်နှာက လုံးဝကို သုန်မှုန်နေပြီး လင်းဟာန်ကို ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်နဲ့ ပြင်းပြင်းထန်ထန် စိုက်ကြည့်လိုက်ပြီး သူ့ပုံစံက အိမ်ထောင်ရေး ဖောက်ပြန်တဲ့ စုံတွဲကို ဖမ်းမိလိုက်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

သူ့အတွေးထဲမှာ အခန်းတစ်ခုထဲ အမျိုးသား တစ်ယောက်နဲ့ အမျိုးသမီး တစ်ယောက် အတူတူ ရှိနေရင် ဘာတွေများ ဖြစ်နေမလဲ ဆိုတာကို တွေးနေပါတယ်။

သူတို့က လှေရဲ့ ဦးပိုင်းဆီကို ရောက်လာပြီး အဲဒီမှာ လူအနည်းငယ် ရပ်နေတာကို တွေ့မြင်နိုင် ပါတယ်။

"ငါတို့တွေ အခု အနက်ရောင်မြူခိုး နယ်မြေထဲကို ဝင်လာပြီ"

ယန်ထိုက်ချန်က အရှေ့ကို လက်ညှိုးထိုးညွှန်ပြီးတော့ ရှင်းပြလိုက်ပါတယ်။

"အနက်ရောင် မြူခိုးနယ်မြေက ငါတို့ရဲ့ နတ်ဘုရား အာရုံနဲ့ အမြင်တွေ အပေါ်မှာ အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိတယ်။ အများဆုံး ငါတို့အရှေ့က ပေဂဏ်လောက် အကွာမှာရှိတဲ့ ပစ္စည်းတွေကိုပဲ မြင်တွေ့နိုင်စွမ်း ရှိလိမ့်မယ်"

သူက ခဏရပ်ပြီးတော့မှ ဆက်ပြောလိုက်တယ်။

"ဒါကြောင့်ပဲ အားလုံး ဒီနေရာကို စုဝေးလိုက်ရခြင်းပဲ ဖြစ်တယ်။ စိတ်မချမ်းမမြေ့ ဖြစ်စရာ ကိစ္စ နည်းနည်းလောက် ဖြစ်တာကို ငါမလိုချင်ဘူး"

ဒါက အရမ်းကို သိသာပါတယ်။ အနက်ရောင် မြူခိုးနယ်မြေထဲကို ဝင်လိုက်တာနဲ့ သူ့ရဲ့ နတ်ဘုရား အာရုံက လှေတစ်ခုလုံးကို ဖြန့်ကြက်ဖို့ မဖြစ်နိုင်ပါဘူး။ ပြီးတော့ သူ့ရဲ့ထိန်းချုပ်မှု အောက်ကနေ လွတ်ထွက်ပြီး တော်တော်များများ ဖြစ်ပျက်ကုန်ပါလိမ့်မယ်။ သူက

ဒီလှေပေါ်မှာရှိတဲ့ ခရီးသည်တွေ အကြားက ကိုယ်ရေးကိုယ်တာ ရန်စတွေကို လျစ်လျူရှုထားပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်သာ သေသွားခဲ့မယ်ဆိုရင် သူက သေချာပေါက် တာဝန်ယူ ရပါလိမ့်မယ်။

ဒါကြောင့် အားလုံးကို တမင်သက်သက် အပြင်ထွက်လာခိုင်းပြီး သူ့နှာခေါင်းအောက်မှာ နေခိုင်းတာက အဆင်ပြေပါတယ်။ အဲဒါဆိုရင် သူ့အနေနဲ့ ဖြစ်လာနိုင်ချေရှိတဲ့ ပြဿနာတွေနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ ရှိလိမ့်မှာ မဟုတ်တော့ပါဘူး။

လင်းဟန်က အဝေးကို ကြည့်လိုက်တဲ့ အခါမှာ သူတို့အရှေ့တည့်တည့် သုံးမိုင်အကွာလောက်မှာ အနက်ရောင်မြူတွေ ဝေ့သီနေတဲ့ နေရာတစ်ခုကို တွေ့မြင်လိုက်ရပါတယ်။ အနက်ရောင် မြူခိုးတွေက အရမ်းကို ကျယ်ပြန့်ပြီး ဘေးကနေ ပိုက်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ လှေတွေက ဒီပင်လယ်ထဲမှာ အရမ်းအရမ်းကို နှေးကွေးစွာနဲ့ သွားလာရတယ်ဆိုတာကို သိထားရပါမယ်။ တကယ်လို့ သူတို့က ဒီမြူခိုးတွေကို ပိုက်ပြီးတော့ သွားမယ်ဆိုရင် သူတို့ရဲ့ ခရီးစဉ်က အနည်းဆုံး နေ့တစ်ဝက်ကျော်လောက် တိုးသွားပါလိမ့်မယ်။

"ဒါက ကြယ်ပင်လယ်ရဲ့ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတစ်ခုပဲ။ ကြယ်ပင်လယ်က မကြာခဏ ဆိုသလို အနက်ရောင်မြူခိုးတွေကို ဖန်တီးတတ်တယ်။ ဒါပေမဲ့ ဘယ်နေရာ ဘယ်အချိန်မှာ ဖြစ်မလဲဆိုတာကိုတော့ ဒီနေ့အထိ ဘယ်သူမှ မသိရဘူး"

စွေ့ရန်ယွီက လင်းဟာန်ရဲ့ ဘေးကနေ အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"အခု ငါတကယ့်ကို အတော်လေး စိတ်ဝင်စားနေမိပြီ။ အောက်ကို ဒိုင်ဗင်ပစ်ပြီးတော့ တစ်ချက်လောက် သွားကြည့်ချင်တယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပေမဲ့ အဲဒီနောက်မှာ သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဘာဖြစ်လို့ ပင်လယ်ဓားပြ အုပ်စုက အရမ်းကို ငြိမ်သက်နေတာလဲ။ အခုဆိုရင် ရက်နည်းနည်း ကြာနေတာတောင် သူတို့ရဲ့ အရိပ်အယောင်ကို လုံးဝမမြင်ရသေးဘူး"

စွေ့ရန်ယွီလည်း မျက်ခုံးပင့်လိုက်ပြီး သူမပုံစံက အရမ်းကို မပျော်မရွှင် ဖြစ်နေပုံ ပေါ်ပါတယ်။

တခြားသူတွေက ပင်လယ်ဓားပြတွေနဲ့ ကြုံတွေ့ရမှာကို ကြောက်နေကြပါလိမ့်မယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်ကတော့ ပင်လယ်ဓားပြတွေနဲ့ တွေ့ဆုံချင်တာကလွဲရင် ဘာမှမလိုချင်ပါဘူး။

"အားလုံးပဲ ဒီအနက်ရောင် မြူခိုးကို ဖြတ်သွားတဲ့ အချိန်မှာ မင်းတို့နေရာကနေ လိမ်လိမ်မာမာနဲ့ မလှုပ်မရှားပဲ ရပ်နေဖို့ ပြောချင်တယ်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင်တော့......."

ယန်ထိုက်ချန်က သူ့ရဲ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ့မျက်လုံးတွေမှာ ခြိမ်းခြောက်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဘယ်သူမှ စကားမပြောပေမဲ့ သူတို့ရဲ့ မျက်လုံးတွေက ရောက်တတ်ရာရာ နေရာအနှံ့ကို ကြည့်နေပါတယ်။ ကြည့်ရတာ သူတို့အားလုံး ကိုယ်ပိုင်အစီအစဉ်တွေ ရှိနေပုံ ရပါတယ်။

"သတိထား"

စွေ့ရန်ယွီက အနည်းငယ် စိတ်လှုပ်ရှား နေပါတယ်။ လှေပေါ်မှာ တောင်မြစ်အဆင့် ပြင်းထန် အလယ်အလတ်မှာရှိတဲ့ လက်ရွေးစင်တွေ မရှားသလို ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင်တွေလည်း ရှိပါတယ်။

လင်းဟာန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ နောက်ကျရင် ငါတို့ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ဘဂအကြောင်း ပြောကြတာပေ့ါ။ ဒါဆိုရင် အပြင်ဘက်မှာ ဘာပြဿနာပဲဖြစ်ဖြစ် ဂရုစိုက်စရာ မလိုတော့ပါဘူး"

ချက်ချင်းဆိုသလို စွေ့ရန်ယွီရဲ့ နှလုံးသားထဲမှ လှိုင်းထန်သွားခဲ့ပါတယ်။ ဒီကောင်စုတ်က တကယ့်ကို နှာဘူးအကြီးစား ဖြစ်ပါတယ်။ သူတို့ ဘဂနဲ့ပတ်သက်ပြီး ပြောတဲ့ အချိန်မှာ သူမရဲ့ ခန္ဓာကိုယ်ကို လက်နဲ့စမ်းသပ် စစ်ဆေးတာနဲ့ အတူတူပါပဲ။

လှေက အဲဒီအနက်ရောင် မြူခိုးတွေနဲ့ နီးလာပြီး လှေပေါ်မှာရှိတဲ့ လေထုကလည်း ချက်ချင်းပဲ နေမထိထိုင်မထိ ဖြစ်လာစေပါတယ်။

"ငါတို့တွေ မြူခိုးထဲကို ဝင်တဲ့အချိန်ကျရင် မင်းတို့အားလုံး အဲဒီကောင်စုတ်ကို သတ်ပစ်ရမယ်"

ကျန်းအန်ယွင်က သူ့ငယ်သားတွေကို အမိန့်ပေးလိုက်ပါတယ်။

"ဒါပေမဲ့ ဂိုဏ်းခေါင်းဆောင် သခင်လေး ဟိုယန်ထိုက်ချန်က ဘေးနားမှာ ရှိနေတယ်လေ"

သူ့လက်အောက်ငယ်သား တစ်ယောက်က အားနည်းစွာနဲ့ ထောက်ပြလိုက်ပါတယ်။

"ဟင့် အဲဒီတော့ ဘာဖြစ်လဲ။ မြူခိုးတွေက ငါတို့ရဲ့ နတ်ဘုရား အာရုံနဲ့ အမြင်တွေကို ဖုံးကွယ်ထားတာကြောင့် မင်းတို့သာ လျင်လျင်မြန်မြန်နဲ့ လုပ်ရှားမယ်ဆိုရင် သူ့ကို ဘယ်သူ သတ်ပစ်လိုက်တာလဲ ဆိုတာကို ဘယ်သူက သိမှာလဲ"

ကျန်းအန်ယွင်က မေးလိုက်ပါတယ်။ အဲဒီနောက် သူက ထပ်ပြောလိုက်တယ်။

"မင်းတို့တွေ အဲဒီမိန်းကလေးကို လုံးဝဒဏ်ရာ မရစေနဲ့နော်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းတို့ အားလုံးကို ပင်လယ်ထဲ ပစ်ချပြီး သူမနဲ့အတူ မြှုပ်နှံပေးရလိမ့်မယ်"

"ဟုတ်ကဲ့ပါ သခင်လေး"

လှေပေါ်မှာ အနက်ရောင် ငါးမျိုးဂိုဏ်းက ဂိုဏ်းသားစုစုပေါင်း ရှစ်ယောက် ရှိပြီးတော့ ကျန်တဲ့ ခုနစ်ယောက်က သူ့ရဲ့ အမိန့်ကို ကျိုးကျိုးနွံနွံနဲ့ နာခံရပါလိမ့်မယ်။

ကျန်းကျိုက ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေကာ ကျန်းအန်ယွင်က သူတို့ မျိုးဆက် မပြတ်အောင် လုပ်ပေးနိုင်ဖို့ မျှော်လင့်နေပါတယ်။ ဒါကြောင့် တကယ်လို့ ကျန်းကျိုက

ဒီအကြောင်းကို သိရင်တောင်မှ သူက ဒါကို အပြည့်အဝ ထောက်ခံအားပေးနိုင်ချေ ရှိပါတယ်။

တစ်ဖက်မှာ ကျိုးရောင်နဲ့ ဖန်းယွန်တို့ကလည်း သူတို့အချင်းချင်း တီးတိုးပြောဆိုနေပြီး နောက်ပိုင်းမှာ သူတို့အနေနဲ့ ဘယ်လိုမျိုး လုပ်ရှားသင့်တယ် ဆိုတာကို ဆွေးနွေးနေကြပါတယ်။ အဲဒီအချိန်မှာ လျှိုကလန်က လူနှစ်ယောက်ကလည်း ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်မနေပါဘူး။ သူတို့ရဲ့ မျက်လုံးလေးလုံးက သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပွက်ပွက်ဆူပြီးတော့ လင်းဟာန်ကို စိုက်ကြည့် နေကြပါတယ်။

လွှိရင်နဲ့ တခြား အသေခံ အစောင့်အရှောက်တွေရဲ့ လှပချောမောတဲ့ မျက်နှာတွေက ရေခဲတမျှ အေးစက်နေပြီး သူမတို့ အနားမှာ အန္တရာယ် အငွေ့အသက်တွေ ပိုင်းရံလျက် ရှိပါတယ်။

မီးခိုးရောင် ဂတ်စုံနဲ့ သက်လတ်ပိုင်းအရွယ် ယောက်ျားရဲ့ မျက်လုံးတွေက နေရာအနှံ့ကို ရောက်တတ်ရာရာ ကြည့်ရှုနေပါတယ်။

အဲဒီအချိန်မှာ ဓားကိုပိုက်ထားတဲ့ လူငယ်၊ အဝတ်ကြမ်း ဂတ်ဆင်ထားတဲ့ လူငယ်နဲ့ အဖြူရောင် ဂတ်ဆင်ထားတဲ့ မိန်းမလှလေးက ယန်ထိုက်ချန်ရဲ့ အနောက်မှာ ရပ်နေပြီး

သူတို့လည်း အရှေ့မှာ ဆီးကြိုနေတဲ့ ပြင်းထန်တဲ့ ပြဿနာတွေကို အာရုံခံမိသလို ပုံစံမျိုး ဖြစ်နေပါတယ်။ ဘယ်သူမှ မုန်တိုင်းထဲကို မကျရောက်ချင်ပါဘူး။

လှေက ဖြည်းညှင်းစွာနဲ့ မြူခိုးတွေထဲကို ဝင်ရောက်လာခဲ့ပါတယ်။

ချက်ချင်းဆိုသလို အားလုံးက သူတို့ရဲ့ အမြင်အာရုံတွေ ကွယ်သွားသလို ခံစားလိုက် ရပါတယ်။ သူတို့ရဲ့ မျက်လုံးတွေကို ဖွင့်ထားတာတောင် သူတို့အရှေ့က ဘယ်အရာကိုမှ မမြင်နိုင်ကြပါဘူး။ သူတို့ရဲ့ လက်တွေကို သူတို့ရဲ့ မျက်လုံးအရှေ့မှာ ထားလိုက်မှပဲ မပီပြင်ဝိုးတဝါးနဲ့ မြင်ရုံလောက်ပဲ မြင်ရပါတယ်။

နတ်ဘုရားအာရုံ အတွက်ဆို ပိုတောင်မှ ဆိုးဝါးပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်က နတ်ဘုရား အာရုံကို ဆွဲထုတ်လိုက်တဲ့ အချိန်မှာ တစ်စုံတစ်ခုက ဝါးမျိုသွားသလို ခံစားလိုက်ရပြီး လုံးဝကို အသုံးမဝင် ဖြစ်သွားခဲ့ပါတယ်။

ကံကောင်းတာက ဒီနေရာမှာ သူတို့က ကြားနေနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ အမြင်၊ အကြားနဲ့ နတ်ဘုရား အာရုံတွေ တပြိုင်နက်တည်း ဆုံးရှုံးသွားရင် လူတော်တော်များများ ရူးသွပ်သွားပါလိမ့်မယ်။

လှေပေါ်မှာ တိတ်ဆိတ်ငြိမ်သက်ခြင်းက ကြီးစိုးလာခဲ့ပါတယ်။

ဒါပေမဲ့လည်း တိတ်ဆိတ်ငြိမ်သက်ခြင်းက ယာယီမျှပဲ ဖြစ်ပါတယ်။ ထန် ထန် ထန် ထန်။ ချက်ချင်းဆိုသလို တိုက်ပွဲအသံတွေကို ကြားလိုက်ရပြီး ပြင်းထန်တဲ့ စွမ်းအားလှိုင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ သူတို့အားလုံးက ဒီနေရာထဲက မြူခိုးတွေ လုပ်ရှားသွားအောင် မလုပ်နိုင်ပါဘူး။ ကံကောင်းတာက ဒီလှေကို အထူးတလည် တည်ဆောက်ထားပြီးတော့ ကြောက်မက်ဖွယ်ရာ ဆွဲငင်အားဒဏ်ကို ခံနိုင်ရည် ရှိပါတယ်။ ဒီလှေက မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာတောင့်တင်းပါတယ်။ အနည်းဆုံး တောင်မြစ်အဆင့် ကျင့်ကြံသူတွေအနေနဲ့ ဒီလှေကို ထိခိုက်ပျက်စီးအောင် လုပ်ဖို့ဆိုတာက အရမ်းကို ခက်ခဲတယ် ဆိုတာ တွေ့ရပါလိမ့်မယ်။

"ရပ်စမ်း ရပ်ကြစမ်း"

ယန်ထိုက်ချန်က ဒေါသတကြီးနဲ့ အဆက်မပြတ် အော်ဟစ်လိုက်ပါတယ်။ သူက တိုက်ပွဲထဲကို တစ်ဟုန်ထိုး ပြေးဝင်သွားပြီး ဘယ်သူနဲ့ပဲတွေ့တွေ့ သူက ဖမ်းဆုပ်ပြီးတော့ ပစ်ထုတ်လိုက ပါတယ်။ ထန် ထန် ထန် ။ သူတို့တွေက လှေရဲ့ ထောက်တိုင်တွေနဲ့ ဝင်ဆောင့်မိ သွားကြပါတယ်။

လှေထိုးသားတွေကလည်း သူနဲ့အတူ ပူးပေါင်းပြီး ဖရိုဖရဲဖြစ်နေတဲ့ တိုက်ပွဲကို ရပ်တန့်ဖို့ ကြိုးစား လိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒါက တိုက်ပွဲကို ပိုပြီးတော့တောင် ဂရုန်းသုန်းကား ဖြစ်လာစေ ခဲ့ပါတယ်။

မြူခိုးတွေအထဲမှာ ဘယ်သူမှ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ခြင်း မရှိပါဘူး။ သူတို့က ပင်ကိုယ် အသိစိတ်ကို အခြေခံပြီးတော့ လှုပ်ရှားလို့ပဲ ရနိုင်ပါတယ်။

မိနစ်သုံးဆယ်လောက် ကြာပြီးတဲ့ နောက်မှာတော့ အလင်းရောင် တစ်ခု ရုတ်တရက် တောက်ပလာပြီး မြူခိုးတွေ စတင်ပျောက်ကွယ် လာခဲ့ပါတယ်။

တိုက်ပွဲက ချက်ချင်းပဲ ရပ်စဲသွားခဲ့ပါတယ်။ အချိန်အတော်ကြာအောင် ပျောက်ဆုံးနေတဲ့ မိုးကောင်းကင်က နောက်တစ်ကြိမ် ထွက်ပေါ်လာတဲ့ အခါမှာတော့ အားလုံးက သူတို့တွေ ဘာမှမလုပ်တဲ့ အတိုင်းပဲ သူတို့ရဲ့ အရင်နေရာမှာပဲ မလှုပ်မရှားနဲ့ ရပ်နေကြပါတယ်။

ဒါပေမဲ့ တကယ်လို့ သေသေချာချာ အနီးကပ် ကြည့်မယ်ဆိုရင် တချို့တွေက သူတို့ရဲ့ မျက်နှာကို အထိုးခံရသလိုမျိုး သူတို့မျက်လုံးတွေ အနားမှာ အညိုအမည်းစွဲနေတာကို

တွေ့မြင်နိုင်ပါတယ်။ လူတချို့ရဲ့ ဆံပင်တွေက ပွစာကျဲနေပြီး တချို့ဆိုရင် သူတို့ရဲ့ အဂတ်အစားတွေတောင် စုတ်ပြဲနေပါတယ်။

"သခင် သခင်လေး"

အံ့အားသင့်တဲ့ အသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အားလုံးပဲ အသံထွက်ပေါ်တဲ့ နေရာကို လှည့်ကြည့်လိုက်တဲ့ အခါမှာ ကျန်းအန်ယွင်က လှေကြမ်းပြင်ပေါ်မှာ မျက်နှာအပ်ပြီး မှောက်လျက်သား လဲနေကာ သူ့ရင်ဘက်မှာ သွေးစွန်းနေတဲ့ အပေါက်တစ်ခု ရှိနေတာကို တွေ့မြင်လိုက် ရပါတယ်။ ကျန်းအန်ယွင်ရဲ့ နှလုံးသား ထိုးဖောက်ခံလိုက်ရပြီး သေဆုံးသွားပြီ ဆိုတာက သိသာပါတယ်။

ဒီလိုမျိုး ပုံစံနဲ့ တိုက်ခိုက်ခံလိုက်ရမယ်လို့ သူက လုံးဂကို ထင်မှတ်မထားတဲ့ ဟန်ပန်အမူအရာနဲ့ သူ့မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေ ပြည့်နှက်နေပြီး ဒါက သေကွင်းသေကွက် တိုက်ခိုက်မှု တစ်ခုပဲ ဖြစ်ပါတယ်။

"မင်း မင်းပဲ လူသတ်တရားခံ ဖြစ်ရမယ်"

အနက်ရောင် ငါးမျိုးဂိုဏ်းရဲ့ အကြီးအကဲက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ သူ့မျက်နှာမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

Chapter 1009 end

အပိုင်း(1010) လူသတ်တရားခံ ဘယ်သူလဲ

"ငါလား"

လင်းဟန်က အသာလေး ပြုံးလိုက်ပါတယ်။ အစောတုန်းက မြူခိုးတွေထဲကို သူတို့တွေ ဝင်သွားတဲ့ အချိန်မှာ သူက စွေ့ရန်ယွီနဲ့အတူ အနက်ရောင် မျှော်စင်ထဲကို ဝင်သွားခဲ့ပါတယ်။ အပြင်က တိုက်ပွဲနဲ့ သူက ဘာများ သက်ဆိုင်လို့လဲ။

ဒါပေမဲ့လည်း သူက ဒါကို သက်သေအနေနဲ့ အသုံးမပြုနိုင်ပါဘူး။ လင်းဟန်က သူ့ခေါင်းကို အသာအယာ ခါပြီးတော့ ပြောလိုက်တယ်။

"သူ့ကို သတ်ဖို့ ငါ့အချိန်တွေ အကုန်မခံနိုင်ဘူး"

သူက ပြောပြီးတော့ အရမ်းကို ဒေါသထွက်နေပါတယ်။ ဒီနေရာက လူတွေက သူ့ကို ပစ်မှတ်ထားပြီးတော့ ဘာဖြစ်လို့ ကျန်းအန်ယွင်က အသတ်ခံလိုက်ရတဲ့လူ ဖြစ်နေတာလဲ။ ဒဏ်ရာကို ကြည့်လိုက်ရင် သေးပြီးတော့ နက်ရှိုင်းပါတယ်။ တိုက်ခိုက်သူက လုံးဝကို

အညှာအတာ ကင်းမဲ့ပြီး သေကွင်းသေကွက်ကိုပဲ တိုက်ခိုက်တယ်လို့ ဆိုလိုပါတယ်။

ဒါက အစီစဉ်တကျရှိတဲ့ လုပ်ကြံသတ်ဖြတ်မှု တစ်ခုဖြစ်ပြီးတော့ ကောက်ကာငင်ကာ လုပ်ရှားမှု တစ်ခု မဟုတ်ပါဘူး။

"မင်းကလွဲပြီးတော့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ"

အဘိုးကြီးက တင်းမာခက်ထန်တဲ့ အသံနဲ့ ပြောလိုက်ပြီး ဒေါသကြောင့် သူ့ရဲ့ မုတ်ဆိတ်မွေးတွေ လှုပ်ခါသွားပါတယ်။ ကျန်းအန်ယွင်က ကျန်းကျိရဲ့ တစ်ဦးတည်းသော သားဖြစ်ပြီး သူ့စရိုက်က မကောင်းပေမဲ့ ကျန်းကလန်အတွက် မျိုးဆက်ပြန့်ပွားဖို့ ကြီးလေးတဲ့ တာဝန်ကို ထမ်းဆောင် နေရတာ ဖြစ်ပါတယ်။ အခုတော့ သူက မျိုးစေ့တောင် မစိုက်ပျိုးရသေးခင်မှာ သေသွားခဲ့ရပါတယ်။ ကျန်းကျိက သေချာပေါက် ဒေါသအိုး ပေါက်ကွဲပါလိမ့်မယ်။

သူက အခုဆို တံခါးပိတ် ကျင့်ကြံခြင်းနဲ့ အလုပ်ရှုပ်နေတာကြောင့် နောက်ထပ်သားတစ်ယောက် ရရှိဖို့ အချိန် သူ့မှာ ဘယ်ကနေ ရှာရမှာလဲ။

"ဟုတ်တယ်။ သူက မင်းရန်သူပဲ။ ပြီးတော့ လှေပေါ်ကို ပထမဆုံး တက်လာတဲ့ နေ့ကတည်းက ငါတို့အားလုံး ဒါကို သိတယ်။

တကယ်လို့ မင်းမဟုတ်ဘူးဆိုရင် ဘယ်သူကများ ဒီလိုမျိုးအရာကို လုပ်မှာလဲ”

လျှိုဂူက ဂင်ပြီးတော့ ပြောလိုက်ပြီး သူ့မျက်နှာပေါ်မှာ လက်ဝါးရာတစ်ခု ထင်ထင်ရှားရှားကြီး ရှိနေပါတယ်။ သူ့ကို ဘယ်သူက ပါးရိုက်သွားတယ် ဆိုတာ ဘယ်သူသိမှာလဲ။

ချက်ချင်းဆိုသလို ယန်ထိုက်ချန်က အားလုံးကို ဝေ့ကြည့်လိုက်ပြီး သူ့မျက်လုံးတွေထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ တငွေ့ငွေ့ လောင်ကျွမ်းလို့ နေပါတယ်။

အမှန်တော့ လင်းဟန်က ဒီလူကို မကြောက်ပါဘူး။ တကယ်လို့ တိုက်ခိုက်မယ်ဆိုရင် လက်ရှိမှာ သူ့အတွက် ပြိုင်ဘက်မဟုတ်တာတော့ အမှန်ပါပဲ။ ဒါပေမဲ့လည်း သူ့ရဲ့ မယုံနိုင်စရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့အတူ သူ့အနေနဲ့ အသက်ရှင်သန် လွတ်မြောက်ဖို့ လုံးဝကို ယုံကြည်မှု ရှိပါတယ်။ တကယ်လို့ အဆိုးတကာ့ အဆိုးဆုံး ဖြစ်လာခဲ့မယ် ဆိုရင်တောင် သူ့မှာ အနက်ရောင် မျှော်စင် ရှိနေသေးတယ် မဟုတ်လား။

တကယ်လို့ လုံးဂမလိုအပ်ဘူးဆိုရင် သူ့အတွက် တခြားလူ တစ်ယောက်ရဲ့ ထောင်ချောက်ဆင်တဲ့ အထဲကို သက်ဆင်းပြီးတော့

ဘာမှမပတ်သက်တဲ့ တစ်ယောက်ယောက်နဲ့ သူသေကိုယ်သေ တိုက်ခိုက်နေစရာ လိုမှာတဲ့လား။

အခုသူက ဘာတွေဖြစ်နေလဲ ဆိုတာကို နားလည်သဘောပေါက်သွားခဲ့ပါပြီ။ လူသတ်သမားက ကျန်းအန်ယွင်ကို သတ်ပစ်ခဲ့ပေမဲ့ သူ့ရဲ့ လုပ်ရှားမှုက သူ့ကို ရည်ရွယ်ထားဆဲပါပဲ။ ဒါက သူ့ကို အသရေပျက်အောင် လုပ်ကြံပြီးတော့ ယန်ထိုက်ချန်နဲ့ အနက်ရောင်ငါးမျိုးဂိုဏ်းကို အသုံးချပြီး သူ့ကို ရှင်းပစ်အောင် လုပ်တာပဲ ဖြစ်ပါတယ်။

လင်းဟာန်ကို ကြည့်ရတာ လုံးဝကို တည်ငြိမ်နေပါတယ်။ သူက ပြောလိုက်တယ်။

"ငါ နောက်တစ်ကြိမ် ထပ်ပြောမယ်။ သူ့ကို ငါမသတ်ဘူး။ တကယ်လို့ ငါသူ့ကို သတ်ချင်တယ် ဆိုရင် တစ်ချက်တည်းနဲ့ သေအောင်လို့ ထိုးပစ်ပြီးတော့ အဆုံးသတ်လိုက်မှာ မဟုတ်ဘူး။ အဲဒီအစား သူ့ခေါင်းကို ပြားချပ်သွားအောင် ရိုက်ပစ်လိုက်မယ်"

"ဟား ဒါဆိုရင် မင်းက အခုစိတ်လုပ်ရှားလာတယ်ဆိုတာ ဝန်ခံလိုက်တာပေါ့"

ကျိုးရှောင်က ရုတ်တရက် ထခုန်လိုက်ပါတယ်။

"မင်းက ငတုံးငအ တစ်ကောင်လား"

လင်းဟန်က သူ့ကို အထင်အမြင်သေးစွာနဲ့ ကြည့်လိုက်ပါတယ်။

"အစ်ကိုယန် ဒီလူက ကျန်းအန်းယွင်နဲ့ ရန်စတစ်ခုရှိတယ်။ နောက်ပြီးတော့ စောစောတုန်းကပဲ သူ့မှာ ကျန်းအန်ယွင်ကို သတ်ပစ်မဲ့ အကြံဉာဏ် ရှိတယ်ဆိုတာကို ဂန်ခံခဲ့တယ်"

လျိုယုက ယန်ထိုက်ချန်ကို ပြောလိုက်တယ်။

အဲဒီအချိန် ဖန်းယွန်ကလည်း ဂင်မေးလိုက်ပါတယ်။

"လင်းဟန်က မင်းက လူသတ်သမား မဟုတ်ဘူးလို့ ပြောတယ်။ ဒါပေမဲ့ မင်းမှာ ဘာသက်သေ အထောက်အထား ပြစရာ ရှိလဲ"

"အဲဒါဟုတ်တယ်။ တကယ်လို့ မင်းမဟုတ်ဘူးဆိုရင် သက်သေပြလေ"

လျိုယုကလည်း အော်လိုက်ပါတယ်။ လင်းဟန်နဲ့ ရင်ဆိုင်ရတဲ့ ကိစ္စနဲ့ ပတ်သက်လာရင် သူတို့တွေက တစ်ဖက်တည်းမှာ ရှိကြပါတယ်။

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်တယ်။

"မင်းတို့က တကယ့်ကို ငတုံးငအ တစ်အုပ်ပဲ။ မင်းတို့အားလုံးက ငါ့ကို လူသတ်သမားလို့ စွပ်စွဲနေမှတော့ မင်းတို့ကပဲ

သက်သေအထောက်အထားကို ထုတ်ပြသင့်တာ မဟုတ်လား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါကလည်း မင်းတို့ကို ခွေးချီးနည်းနည်းစားတယ် ဆိုပြီးတော့ ပြောနိုင်တယ်။ မင်းတို့မစားဘူးဆိုရင် သက်သေထုတ်ပြလေ။ မင်းမနေ့က သူရေချိုးနေတာကို ချောင်းကြည့်တယ်။ ဒါဆိုရင် မင်းအပြစ်ကင်းစင်တယ် ဆိုတာကို သက်သေပြဖို့ အထောက်အထား ပြကြည့်လေ”

သူက တစ်ယောက်ပြီး တစ်ယောက် လက်ညှိုးထိုးပြီးတော့ တစ်ယောက်ချင်းစီရဲ့ အဓိပ္ပါယ် မရှိတဲ့ ပြစ်မှုတွေကို စွပ်စွဲလိုက်ပါတယ်။

လင်းဟန်က အဓိပ္ပါယ် မရှိတာကို ပြောနေတယ်ဆိုတာ အားလုံးက သိပေမဲ့ လင်းဟန်က သူ့ရဲ့ ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်း သိရှိစေခဲ့ပါတယ်။ အဲဒါက ဘယ်သူ့ပဲဖြစ်ဖြစ် စွပ်စွဲမှု ပြုလုပ်ရင် သက်သေအထောက်ထား ထုတ်ပြသင့်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တခြားသူတွေက နေရာအနှံ့ကို ပြေးလွှားပြီးတော့ သူတို့ရဲ့ အပြစ်ကင်းစင်မှုကို သက်သေမပြနိုင်ဘူးဆိုရင် ပါးစပ်ဟပြီး စွပ်စွဲမှုတစ်ခု လုပ်လို့ရမှာလား။

တကယ်လို့ သူတို့က လင်းဟန်ကို လူသတ်သမားလို့ စွပ်စွဲချင်တယ်ဆိုရင် သူတို့မှာ သက်သေ အထောက်အထား ရှိသင့်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဓိပ္ပါယ်မရှိတဲ့ စကားတွေကို မပြောတာက အကောင်းဆုံးပါပဲ။

အဲဒီအခိုက်အတန့်မှာ အားလုံးရဲ့ အမူအရာတွေက အေးစက်လို့ နေပါတယ်။

မကြာသေးမီက အခြေအနေဟာ လုံးဝကို ဝရုန်းသုန်းကား ဖြစ်နေပြီး သူတို့ရဲ့ နတ်ဘုရား အာရုံနဲ့ အမြင်တွေ နှစ်ခုစလုံး ပိတ်ဆို့ခံထား ရပါတယ်။ အမှန်တော့ ဘယ်သူက လူသတ်တရားခံလဲ ဆိုတာကို ဘယ်သူမှ မသိကြပါဘူး။ ဒါပေမဲ့ တစ်စုံတစ်ယောက်က ထွက်ပြီးတော့ လင်းဟန်ကို ပြစ်မှုတရားခံလို့ စွပ်စွဲလိုက်တဲ့ အချိန်မှာ သူတို့ကလည်း ပျော်ပျော်ကြီး စီးမျောလိုက်ပါလာတာ သဘာဝပါပဲ။ တကယ်တော့ လင်းဟန်ကို သတ်ပစ်ဖို့က သူတို့ရဲ့ အဓိက တာဝန်ဖြစ်ပါတယ်။

ယန်ထိုက်ချန်က မျက်မှောင်ကြုတ် လိုက်ပါတယ်။ လေ့ပေါ်က လူတွေရဲ့ ပတ်သက် ဆက်နွယ်မှုက ရှုပ်ထွေးပါတယ်။ သူလည်းပဲ တရားခံ ဘယ်သူလဲ ဆိုတာကို အတည်မပြု နိုင်ပါဘူး။ ဒါကြောင့် သူက ပြောလိုက်တယ်။

"ဒီကိစ္စကို ငါသေသေချာချာ စုံစမ်းစစ်ဆေးမယ်။ အားလုံး ငါနဲ့ပူးပေါင်း ဆောင်ရွက်ပေးဖို့ တောင်းဆိုတယ်"

"သဘောအတိုင်းပါပဲ"

အားလုံးက ပြန်ဖြေလိုက်တယ်။

သူတို့အားလုံး ယန်ထိုက်ချန်ရဲ့ စုံစမ်းစစ်ဆေးမှုနဲ့အတူ လှေဦးမှာ ဆက်နေပြီးတော့ ပူးပေါင်း ဆောင်ရွက်ခဲ့ ကြပါတယ်။

အမှန်တော့ ဒီလူသတ်သမားကို စုံစမ်းရတာ အရမ်းကို ခက်ခဲပါတယ်။ တကယ်တော့ အားလုံးမှာ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခုစီ ရှိပါတယ်။ တကယ်လို့ လူသတ်လက်နက်ကို အထဲမှာ ဖွက်ထားမယ်ဆိုရင် ဘယ်သူက ရှာတွေ့နိုင်မှာလဲ။ အနည်းဆုံး ပြောရမ်ယဆိုရင် သူတို့က ပင်လယ်ထဲကို ပစ်ထုတ်လိုက်လို့တောင် ရနိုင်ပါတယ်။ ဘယ်သူကများ မြူခိုးတွေထဲကို လှေပြန်လှည့်ပြီး ရှာဖွေလိမ့်မှာလဲ။

စုံစမ်းစစ်ဆေးမှုက အဆုံးသတ်လာခဲ့ပါပြီ။ တစ်ဖက်မှာတော့ တခြားလူတချို့ရဲ့ နာမည်တွေကို သိလာရပါတယ်။

ဓားကို ပွေ့ပိုက်ထားတဲ့ လူငယ်က ကျင်းကျစ်ဟွေ့၊ မီးခိုးရောင် ဂတ်စုံနဲ့လူကို ကျိုးဝေါင်ယန်လို့ ခေါ်ပြီးတော့ ဖျင်ကြမ်းဂတ်စုံနဲ့

လူငယ်ကိုတော့ ဖူရှင်းလို့ ခေါ်ပါတယ်။ နောက်ဆုံး အဖြူရောင်ဂုတ်စုံနဲ့ မိန်းမလှလေးကိုတော့ ရင်ယွင်ရှန်းလို့ ခေါ်ပါတယ်။

အနက်ရောင် ငါးမျိုးဂိုဏ်းက ကျန်နေတဲ့ လူခုနစ်ယောက်နဲ့ ပတ်သက်ပြီး မေ့ထားလိုက်ပါ။ သူတို့အားလုံးက အမိုက်သရိုက်တွေပါပဲ။ ဒါကြောင့် ဘယ်သူက သူတို့ရဲ့ နာမည်တွေကို ဂရုစိုက်မှာလဲ။

ယန်ထိုက်ချန်က ခေါင်းကိုက်လာသလို ခံစားလိုက် ရပါတယ်။ အခုဆိုရင် လှေပေါ်မှာ လူတစ်ယောက် သေဆုံးသွားခဲ့ပါပြီ။ သူက ဒီအတွက် သေချာပေါက် တာဝန်ယူ ရပါလိမ့်မယ်။ ပိုပြီးတော့ အရေးကြီးတာက လူသတ်သမားရဲ့ သဲလွန်စတောင် နည်းနည်းလေးမှ ရှာမတွေ့ သေးပါဘူး။ ကြည့်ရတာ လူသတ်သမားက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒီအားချက်က အရမ်းကို တိကျပြီးတော့ ပိရိသေသပ်ပါတယ်။

"လုပ်ကြံသတ်ဖြတ်သူ"

တခြားသူတွေလည်း ဒီပြဿနာကို စဉ်းစားမိကြပါတယ်။ တကယ်တော့ လင်းဟန်အပေါ် အပြစ်ပုံချနိုင်ရင် ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ လှေပေါ်မှာ

လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ပါလာခဲ့မယ်ဆိုရင် သူတို့အားလုံးမှာ အန္တရာယ် ရှိလာပါ လိမ့်မယ်။

တကယ်လို့ သူတို့က လင်းဟန်ကို အပြစ်ပုံချနိုင်ခဲ့ရင် နောက်တစ်ယောက်က ဘယ်သူဖြစ်မလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဟုတ်ပါတယ်။ လင်းဟန်က ဒါကို လုပ်တဲ့ လူတစ်ယောက်လည်း ဖြစ်နိုင်ချေ ရှိပါတယ်။

တကယ်တော့ မြူခိုးတွေထဲမှာ ပိတ်ဆို့ခံထားရတာက အားလုံးကို အန္တရာယ် အငွေ့အသက် တစ်ခု ခံစားစေရပါတယ်။ တကယ်လို့ ဘယ်သူ့ကိုမှ ယုံကြည်လို့ မရနိုင်ဘူးဆိုရင် သူတို့ အနောက်က လူတိုင်းလူတိုင်းက လူသတ်သမား ဖြစ်နိုင်ချေ ရှိတယ်လို့ ခံစားရပါတယ်။

"ငါတို့တွေ အနက်ရောင် မြူခိုးထဲကို ဘာဖြစ်လို့ နောက်တစ်ကြိမ် မဝင်ကြည့်တာလဲ"

လင်းဟန်က ရုတ်တရက် အကြံပြုလိုက်ပါတယ်။

အားလုံးက မှင်တက်အံ့သြ သွားခဲ့ပါတယ်။ မင်းက တကယ့်ကို ရူးသွားပြီလား။

မြူခိုးတွေထဲမှာ နတ်ဘုရားအာရုံနဲ့ အမြင်အာရုံ နှစ်ခုစလုံးကို အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိစေပြီး တိုက်ပွဲစွမ်းရည်ကိုလည်း လျော့ကျသွားစေပါတယ်။ ဘယ်သူကမှ အဲဒီလိုမျိုး ပတ်ဝန်းကျင်ထဲမှာ နေဖို့ဆန္ဒ ရှိလိမ့်မှာ မဟုတ်ပါဘူး။

"လူသတ်တရားခံက ဒီအခွင့်ရေးကို နောက်တစ်ကြိမ် အသုံးချပြီးတော့ လုပ်ရှားကောင်း လုပ်ရှားလာလိမ့်မယ်။ ပြီးတော့ ငါတို့က အဲဒီနောက်မှာ သူကို ရှာနိုင်လိမ့်မယ်"

လင်းဟန်က ဆက်ပြောလိုက်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ပစ်မှတ်က ပင်လယ်ဓားပြတွေ ဖြစ်တာကြောင့် လေ့ပေါ်က ကိစ္စ အပြောင်းအလဲနဲ့ ပတ်သက်ပြီး ဂရုမစိုက်ပါဘူး။ သူတို့က အချိန်တွေ ဖြုန်းနေတယ် ဆိုရင်တောင် ဂရုစိုက်မှာ မဟုတ်ပါဘူး။

"ဒီအကြံက မဆိုးဘူးလို့ ငါထင်တယ်"

လျှိုယုက အရင်ဆုံး ပြောလိုက်ပြီး သူ့မျက်လုံးတွေက လင်းဟန်ပေါ်ကို ကျရောက်ကာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခု ထွက်ပေါ်လို့ နေပါတယ်။

စောစောတုန်းက လင်းဟန်ကို ရှာမတွေ့ခဲ့တာကြောင့် သူက နည်းနည်းတော့ အံ့အားသင့် သွားခဲ့ပေမဲ့ ဒီတစ်ကြိမ် နောက်တစ်ခါ လုံးဝ မဖြစ်စေရပါဘူး။

"ဟုတ်တယ်"

လွီရင်နဲ့ ကျန်တဲ့ အမျိုးသမီး သုံးယောက်ကလည်း သဘောတူညီကြောင်း ပြောလိုက်ပါတယ်။

ဖန်းယွန်နဲ့ ကျိုးရှောင်တို့က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပြီး ဖြည်းညင်းစွာနဲ့ ခေါင်းညိတ်လိုက် ကြပါတယ်။

အဲဒီအချိန်မှာ ကျင်းကျစ်ဟွေ့၊ ကျိုးဝေါင်ယန်၊ ဖူရှင်းနဲ့ ရင်ယွင်ရှန်းတို့ကတော့ အမြင်တစ်ခုမှ မရှိပါဘူး။ သူတို့က သဘောမတူသလို မငြင်းလည်း မငြင်းပဲ မင်းတို့အားလုံး ကိုယ့်ဘာသာပဲ ရူးနေကြ ငါကတော့ ငါ့ကိုယ်ငါပဲ ဂရုစိုက်မယ်ဆိုတဲ့ ပုံစံမျိုးပါပဲ။

ဒါကိုကြည့်ရတာက အနက်ရောင် မြူခိုးထဲကို ပြန်လှည့်သွားမဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့သည်မှ မငြင်းဆန်တာကြောင့် ယန်ထိုက်ချန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

“ကောင်းပြီလေ။ ဒါဆိုရင် ငါတို့ အနက်ရောင် မြူခိုးထဲကို ပြန်သွားမယ်”

သူလည်းပဲ ဒေါသထွက်နေသလို ခံစားရပါတယ်။ တစ်စုံတစ်ယောက်က သူ့မျက်စိ အရှေ့မှာပဲ လူသတ်မှု ကျူးလွန်ခဲ့ပါတယ်။ သူက အဲဒီလူကို အစွမ်းကုန် ရှာဖွေရပါလိမ့်မယ်။

လေ့က ဖြည်းညင်းစွာနဲ့ လှည့်လာပြီးတော့ မြူခိုးတွေစီကို ရွက်လွှင့်လာခဲ့ပါတယ်။

ဘယ်သူမှ စကားမပြောတော့ပဲ သူတို့အားလုံးက လုပ်ရှားဖို့ ပြင်ဆင်နေကြပါတယ်။ သိပ်မကြာခင် မြူခိုးတွေက သူတို့ကို ဝိုင်းသွားခဲ့ပါတယ်။ နေရဲ့အလင်းရောင်လည်း ပျောက်ကွယ်သွားပြီး နောက်ဆုံးမှာ လုံးဝကို အမှောင်အတိ ကျသွားခဲ့ပါတယ်။

ချက်ချင်းဆိုသလို အသံဗလာတွေ ဆူညံလာခဲ့ပါတယ်။ တိုက်ပွဲ ဖြစ်နေပါပြီ။

“အား”

“အ”

“အီး”

ညည်းတွားသံတွေ အဆက်မပြတ် ကြားလိုက် ရပါတယ်။ တစ်ယောက်ယောက်က ကန်ထွက်ပြီး လှေနံရံနဲ့ ဂင်ဆောင့်မိပြီး တချို့က လက်သီး လက်ဝါးရိုက်ချက် အနည်းငယ် ခံရပြီး နာကျင်မှုကြောင့် ညည်းတွားနေကြပါတယ်။ တချို့ဆို ဓားတစ်လက်နဲ့ ခုတ်ခံရပြီး သွေးတွေ ပန်းထွက်ကာ နွေးတဲ့အရည်က တခြားသူတွေရဲ့ မျက်နှာကို စဥ်သွားပါတယ်။

သူတို့လို လက်ရွေးစင်တွေတောင် မမြင်နိုင်တော့ ဘာလုပ်ရမလဲ။ သူတို့က လှေရဲ့ဦးပိုင်း အပေါ်ကနေ ပတ်ဂန်းကျင်က ရှင်းလင်းနေပြီး အိမ်တစ်လုံးထဲမှာ နှစ်ပေါင်းများစွာ နေထိုင်ရပြီးတော့ ပတ်ဂန်းကျင်နဲ့ အရမ်းကို ရင်းနှီးကျွမ်းဂင်နေတဲ့ မျက်မြင်တွေနဲ့ တူပါတယ်။

သူတို့အားလုံး အတွေးမှာ လင်းဟာန်ကို ပစ်မှတ်ထားတယ်ဆိုတာ သိသာနေပြီးတော့ ဟာန်မဆောင်ပဲ တိုက်ခိုက်လိုက် ကြပါတယ်။

Chapter 1010 end

အပိုင်း(1011) တတိယအကြိမ်မြောက် မြူခိုးထဲသို့ ဂင်ရောက်ခြင်း

“နင်က အရမ်းကို နောက်တာပဲ”

စွေ့ရန်ယွီက အနက်ရောင် မျော်စင်ထဲကနေ သက်ပြင်းတစ်ချက် ချပြီးတော့ ပြောလိုက်ပါတယ်။

လျှိုယုနဲ့ လျှိုဂူတို့ နှစ်ယောက်စလုံးက လျှိုကလန်ရဲ့ ထောက်တိုင်တွေ ဖြစ်ပြီး ကျိုးရှောင်၊ ဖန်းယွန်နဲ့ တခြားအမျိုးသမီး သုံးယောက်စလုံးက နှစ်ပေါင်းတစ်သောင်းလောက် နေထိုင်လာတဲ့ ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့အားလုံးက သူ့ရဲ့ လက်ချောင်းသေးသေးလေးနဲ့ လှည့်စားခံ လိုက်ရပါတယ်။

သူက တရားခံရဲ့ အမြီးကို ဖမ်းချင်တယ်လို့ ပြောပေမဲ့ တကယ့်အကြောင်းရင်းက ဒီလူတွေကို သူ့အချင်းချင်း တိုက်ခိုက်စေချင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူက ဘေးကနေ သူတို့ရဲ့ ရည်ရွယ်ချက် မရှိပဲ အပြင်းအထန် ရုန်းကန်နေတာကို ကျေကျေနပ်နပ်နဲ့ အားပေးနိုင်ပါလိမ့်မယ်။

"ဒါကို မင်းကြိုက်လား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်တယ်။ အနက်ရောင် မျော်စင်ထဲကို ဝင်ရောက်လာတာတောင် မြူခိုးတွေက သူ့ရဲ့အမြင်အာရုံကို နှောင့်ယှက်ပိတ်ဆို့နေဆဲပါပဲ။ ဒါက သူ့ကို အကြီးအကျယ် စိတ်ပျက်စေခဲ့ပါတယ်။

"ဟင့်အင်"

စွေ့ရန်ယွီက အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။ လင်းဟန်က သူမကို နောက်တစ်ကြိမ် စမ်းမှာ ကြောက်နေမိပါတယ်။ အဲဒါက သူမအနေနဲ့ ကျေနပ်မှု ဖြစ်သလို သဘောမကျလည်း ဖြစ်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေးတွေက လူဆိုးလေးတွေကို သဘောကျတယ်လို့ သူတို့မပြောဘူးလား"

"ကလိမ်ကျတဲ့ သဘောတရားပဲ"

စွေ့ရန်ယွီက ပြစ်တင်ဝေဖန် လိုက်ပါတယ်။ သူမက လူဆိုးတစ်ယောက်ကို ဆွဲဆောင်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမနဲ့ ကျောက်လန်ရဲ့ ဆက်ဆံရေးက အရမ်းကို ဆိုးဝါးလာမှာတဲ့လား။

"ငါတို့အပြင်ကို ထွက်ဖို့ အချိန်ကျပြီ"

လင်းဟန်က ပြောလိုက်တယ်။ နေအလင်းရောင်က လှေပေါ်ကို နောက်တစ်ကြိမ် စတင်ပြီးတော့ ရောင်စဉ်ဖြာလာတာကို သူအာရုံခံနိုင်ခဲ့ပါတယ်။

ရှုပ်။

သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အနက်ရောင် မြူခိုးတွေကို ကျေးဇူးတင်ရမှာက သူတို့တွေ ပျောက်ကွယ်သွားပြီး နောက်တစ်ကြိမ် ပြန်ပေါ်လာတာကို ဘယ်သူမှ ရှာမတွေ့ခဲ့ကြပါဘူး။

နေရောင်ခြည်က လှေပေါ်ကို ကျဆင်းလို့ လာခဲ့ပါပြီ။

ငရဲလိုမျိုး မှောင်မည်းတဲ့ နေရာကနေ ကမ္ဘာကြီးကို ပြန်လာရသလိုမျိုး အားလုံးက ကျေနပ်ပီတိ ဖြစ်သလို ခံစားလိုက် ရပါတယ်။ သူတို့ရဲ့ အမြင်အာရုံနဲ့ နတ်ဘုရား အာရုံ ပျောက်ကွယ်သွားတာ တကယ့်ကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း အားလုံးက ချက်ချင်းဆိုသလို မှင်တက်အံ့သြသွားခဲ့ပါတယ်။ လှေရဲ့ ဦးပိုင်း အပေါ်မှာ အလောင်းအသစ် ခုနစ်လောင်း လဲလျောင်းလို့ နေပါတယ်။ ဒီအလောင်းတွေက အနက်ရောင် ငါးမျိုးဂိုဏ်းက ကျန်နေတဲ့ နောက်ဆုံးအဖွဲ့သားတွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ သူတိုအားလုံး တူညီတဲ့ ပုံစံနဲ့ အသတ်ခံလိုက်ရတာ ဖြစ်ပြီးတော့ သူတို့ရဲ့ ရင်ဘတ် သေကွင်းသေကွက် နေရာမှာ ဓားဒဏ်ရာတစ်ခု ရှိနေပါတယ်။

ဘယ်သူများလဲ။

အားလုံးရဲ့ အကြည့်တွေက တိုင်ပင်မထားပဲ လင်းဟန်ဆီကို လှည့်လာခဲ့ပါတယ်။ သူက အနက်ရောင် မြူခိုးထဲကို နောက်တစ်ကြိမ် ဝင်ရောက်ဖို့ အဆိုပြု တင်သွင်းခဲ့တဲ့ သူ ဖြစ်တာကြောင့် အားလုံးအတွက်တော့ သူ့ကို သံသယအရှိဆုံးအဖြစ် သတ်မှတ်တာက ပုံမှန်ပါပဲ။

"လင်းဟန် မင်းဒီတစ်ကြိမ် ဘာပြောချင်သေးလဲ"

လျှိုယုက ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

"မင်းလိုမျိုး ငတုံးငအ အရှုံးတစ်ကောင်ကို ဘာမှပြောစရာ မရှိဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ အကြံပြုချက်က အတော်လေးကို ကောင်းတယ်။ မဟုတ်ဘူးလား။ တရားခံက တကယ်ပဲ နောက်တစ်ကြိမ် လုပ်ရှားလာခဲ့တယ်။ ဒါပေမဲ့လည်း မင်းတို့တွေအားလုံးက အတူတကွ ပူးပေါင်း လုပ်ကိုင်ခြင်း မရှိခဲ့ဘူး။ အဲဒီလိုမှ

မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတဲ့ လက်ရွေးစင် တော်တော်များများရဲ့ အကူအညီနဲ့ဆိုရင် တရားခံက ဒီလိုမျိုး ပြစ်မှုကို ကျူးလွန်ပြီး လွတ်မြောက်နိုင်မှာလဲ”

“အကြောင်းပြချက်တွေနဲ့ လှည့်စားနေတာကို ရပ်လိုက်တော့။ တရားခံက မင်းဆိုတာ ရှင်းနေတာပဲ”

လျှိုဂူက လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“သောက်ရေးမပါတာတွေကို ထားလိုက်တော့။ အားလုံးက ငါ့ကို တိုက်ခိုက်နေတာ သိသာနေတာပဲ။ ငါ့မှာ တခြားသူတွေကို လုပ်ကြံသတ်ဖြတ်ဖို့ ဘယ်မှာအခွင့်အရေး ရှိမှာလဲ။ တခြားခုနစ်ယောက်ရော မင်းရောပဲလေ”

“အခြေအမြစ်မရှိတာတွေ ပြောမနေနဲ့”

ဖန်းယွန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

“ဟုတ်တယ်။ အခြေအမြစ် မရှိတာတွေ လျှောက်ပြောမနေနဲ့”

လျှိုယုက ချက်ချင်းပဲ လင်းဟာန်ရဲ့ စကားကို ခွန်းတုံ့ပြန်လိုက်ပါတယ်။ တကယ်လို့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့

တပည့်တစ်ယောက်ကို သူက လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ သတင်းသာ ပျံ့နှံ့သွားမယ်ဆိုရင် တကယ့်ကို ပြဿနာ တက်ပါလိမ့်မယ်။

ယန်ထိုက်ချန်က တခြားသူတွေ ပြောဆိုနေတာကို လေးလေးနက်နက်နဲ့ မျက်မှောင်ကြုတ်ကာ နားထောင်နေပါတယ်။ ဟိုးအရင်ကတည်းက လင်းဟာန်ကို အားလုံးက ဝိုင်းဝန်းတိုက်ခိုက်ဖို့ စိတ်ကူးနေတယ် ဆိုတာကို သူသတိပြုမိပါတယ်။ တကယ်လို့ လင်းဟာန်က ဒီလိုမျိုး ဂရုန်းသုန်းကား တိုက်ခိုက်မှုတွေအောက်မှာ လူခုနစ်ယောက်ကို သတ်ပစ်ဖို့ အခွင့်အရေးကို ရှာနိုင်တယ်လို့ တစ်ယောက်ယောက်က ပြောလာရင် သူက လုံးဝကို ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တစ်ဖက်မှာ လင်းဟာန်ရဲ့ ဟန်ပန်အမူအရာတွေက အရမ်းကို သံသယဝင်စရာ ကောင်းပါတယ်။ အနက်ရောင် မြူခိုးထဲကို နောက်တစ်ကြိမ် ဝင်ရောက်ဖို့ အဆိုပြုတာကလည်း သူပဲဖြစ်ပါတယ်။ ပြီးတော့ သူတစ်ယောက်ပဲ အနက်ရောင် ငါးမျိုးဂိုဏ်းနဲ့ ရန်စရှိတာ ဖြစ်ပါတယ်။ အခုဆိုရင် သဲလွန်စတွေ အားလုံးက လင်းဟာန်ကို တရားခံဆိုပြီးတော့ ညွှန်ပြနေပါတယ်။

လျှိုယုက လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့ အနက်ရောင် မြူခိုးထဲကို ဘာဖြစ်လို့ နောက်တစ်ကြိမ် ထပ်မဝင်တာလဲ။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ငါတို့တွေ သူ့ကို ကြိုးနဲ့ချည်ထားရမယ်"

"အကြံကောင်းပဲ"

ဖန်းယွန်က ချက်ချင်းပဲ လက်ခုပ်တီးပြီး သဘောတူလိုက်ပါတယ်။

"ဟားဟား လင်းဟန် မင်းက တစ်ချိန်လုံး မင်းမှာအပြစ်မရှိဘူးဆိုပြီးတော့ ပြောနေတာ မဟုတ်လား"

လျိုဂူက ပြောလိုက်တယ်။

"ဒါဆိုရင် အခု မခုခံနဲ့။ တကယ်လို့ လူတွေ နောက်တစ်ကြိမ် အသတ်ခံရရင် မင်းရဲ့နာမည်က ဖြူစင်သွားလိမ့်မယ်"

လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ဉာဏ်နည်းတာလား။ တကယ်လို့ လူသတ်တရားခံက ထပ်ပြီးတော့ မသတ်တော့ဘူး ဆိုရင် ငါက ကြားထဲကနေ သူတို့အတွက် အချောင်ဝင်ခံလိုက်ရမှာ မဟုတ်လား။ နောက်ပြီး မင်းတို့အားလုံးက ငါ့ကို ဒီလိုမျိုး ရိုင်းပျတဲ့ အမူအရာနဲ့ စိုက်ကြည့်နေကြတယ်။ ငါက မင်းကို ငါ့ကိုယ်ငါ အချုပ်ခံပြီး မင်းတို့ရဲ့ ပစ်မှတ်တွေ ဖြစ်လာခွင့် ပြုမယ်လို့ ထင်နေတာလား"

"အစ်ကိုယန် ခင်ဗျားက ဒီလှေပိုင်ရှင်ပဲ။ ဒီကိစ္စကို ခင်ဗျားပဲ ဆုံးဖြတ်ပေးပါ"

လျှိယုက ပြဿနာကို ယန်ထိုက်ချန်ဆီ လွှဲပေးလိုက်ပါတယ်။

ယန်ထိုက်ချန်က တဒင်္ဂလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"လင်းဟာန် ဒီကိုလာခဲ့။ ငါမင်းရဲ့ လုံခြုံရေးအတွက် အာမခံတယ်"

ဒီလိုပြောတယ်ဆိုတော့ ယန်ထိုက်ချန်က လျှိယုနဲ့ တခြားသူတွေရဲ့ အကြံပြုချက်ကို သဘောတူတယ် ဆိုတာ ရှင်းပါတယ်။ သူတို့က လင်းဟာန်ကို ထိန်းချုပ်ထားပြီး အနက်ရောင် မြူခိုးထဲကို နောက်တစ်ကြိမ် ဂင်ကြပါလိမ့်မယ်။

လင်းဟာန်က တဒင်္ဂခန့် တုံ့ဆိုင်းနေပြီးမှ ပြောလိုက်တယ်။

"ကောင်းပြီး ကျနော် ခေါင်းဆောင်ယန်ကို ယုံကြည်တယ်"

သူက စွေ့ရန်ယွီကို ခေါင်းညိတ်ပြပြီးတော့ ယန်ထိုက်ချန်ရဲ့ဘောကို နှစ်ယောက်လုံး လျှောက်သွား လိုက်ပါတယ်။

ယန်ထိုက်ချန်က လက်ချည်ကြိုး နှစ်စုံကို ထုတ်ယူပြီးတော့ ပြောလိုက်တယ်။

"ဒီကြိုးတွေက အဆင့်လေး နတ်ဘုရား သတ္တုတွေနဲ့ သွန်းလုပ်ထားပြီး အပေါ်မှာ နတ်ဘုရား သင်္ကေတ သုံးခုကို ရေးထွင်းထားတယ်။ ဒီကြိုးနဲ့ ချည်လိုက်ရင် တောင်မြစ်အဆင့်က ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေတောင်မှ လွတ်မြောက်နိုင်စွမ်း မရှိဘူး"

အားလုံးက နားလည်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ဒီကြိုးတွေက လက်ရွေးစင်တွေကို ချည်နှောင်ဖို့ အထူးတလည် ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒီကြိုးနှစ်စုံကို အဆင့်လေး နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားပြီးတော့ တချို့ဆိုရင် အဆင့်ခြောက် အဆင့်ခုနစ် အဆင့်ရှစ် နတ်ဘုရား သတ္တုတွေနဲ့ သွန်းလုပ်ထားတာတွေ ရှိပါတယ်။ အဆင့်မြင့်တဲ့ တချို့ပစ္စည်းတွေဆိုရင် နေလအဆင့် လက်ရွေးစင်တွေကိုတောင် ချည်နှောင်ထားနိုင်စွမ်း ရှိနိုင်ပါတယ်။

နောက်ပြီးတော့ ကြိုးပေါ်မှာ ရေးထွင်းထားတဲ့ နတ်ဘုရား သင်္ကေတ သုံးခုက ကျင့်ကြံသူတွေရဲ့ စွမ်းအားကို ဖိနှိပ်ထားပါလိမ့်မယ်။ ထိန်းချုပ်ခံလိုက်ရတာနဲ့ ကျင့်ကြံသူတွေက မသန်စွမ်းတဲ့ သူတွေနဲ့ တူသွားပါလိမ့်မယ်။

ဟင်းဟင်း ဒီတစ်ကြိမ်တော့ သူသေပြီပဲ။ လျှိယုနဲ့ တခြားသူတွေက သူတို့ရဲ့ စိတ်ထဲမှာ ပြောလိုက်ပါတယ်။

လင်းဟန်က တရားခံ ဟုတ်မဟုတ် သူတို့ ဂရုမစိုက်ပါဘူး။ သူတို့အားလုံးက ဒီအခွင့်အရေးကို အသုံးချပြီးတော့ လင်းဟန်ရဲ့ အသက်ကို အဆုံးသတ်ချင် နေကြတာ ဖြစ်ပါတယ်။

ယန်ထိုက်ချန်က တကယ့်ကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ လေ့ပေါ်မှာရှိတဲ့ တခြားသူတွေက အားမနည်းခဲ့ပါဘူး။ လျှိုယု၊ လွီရင်နဲ့ ကျန်တဲ့ မိန်းကလေး သုံးယောက်တို့ အားလုံးကလည်း တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာ ရှိပါတယ်။ တကယ်လို့ သူတို့ငါးယောက်က သူ့ကို အတူတကွ ပစ်မှတ်ထားမယ်ဆိုရင် ယန်ထိုက်ချန်က သူတို့ကို ဟန့်တားနိုင်မှာလား။

သူတို့က ယန်ထိုက်ချန်ကို စက္ကန့်အနည်းငယ် နှောင့်ယှက်နိုင်ရင်ပဲ ကျန်တဲ့သူတွေက လင်းဟန်ကို လွယ်လွယ်နဲ့ သတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟန်က သူ့မှာ အနက်ရောင်မျှော်စင် ရှိတဲ့အတွက်ကြောင့် သူတို့ရဲ့ အကြံပြုချက်ကို သဘောတူခဲ့ပါတယ်။

"အဖွဲ့သားတွေ ဒီနေရာကို လာပြီးတော့ ဒီလူနှစ်ယောက်ကို စက်ဝိုင်းပုံစံ ဝိုင်းထားလိုက်"

ရုတ်တရက် ယန်ထိုက်ချန်က အော်ဟစ်လိုက်ပါတယ်။

"တကယ်လို့ မင်းတို့အသတ်ခံရမယ် ဆိုရင်တောင် နေရာကနေ လုံးဝမရွှေ့လိုက်နဲ့"

"နားလည်ပါပြီ"

လေ့ထိုးသား လူနှစ်ဆယ်ကျော်က တပြိုင်နက်တည်း အော်ဟစ်လိုက်ပါတယ်။ သူတို့က ချက်ချင်းပဲ လင်းဟန်နဲ့ စွေ့ရန်ယွီရဲ့ အရှေ့မှာ စက်ဝိုင်းပုံစံ နှစ်ထပ် လုပ်လိုက်ပါတယ်။

ဟင့် သူတို့က တောင်မြစ်အဆင့် ကနဦးမှာပဲ ရှိသေးတဲ့ အမိုက်တွေပဲ။ ဘာအသုံးဝင်မှာလဲ။ လျှိုယုနဲ့ တခြားသူတွေ အားလုံးက သူတို့ရဲ့ စိတ်ထဲကနေ သရော်လိုက်ပါတယ်။

တန်ခိုးရှင် အဆင့်ထဲမှာ ကျင့်ကြံခြင်း အဆင့်ကိုယ်စီ အတွင်းမှာ ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။ အဆင့်သေး တစ်ခုရဲ့ ကွာဟချက် တစ်ခုတောင်မှ ကျင့်ကြံခြင်းအဆင့် ပိုမြင့်တဲ့ ကျင့်ကြံသူက အသာစီး ရယူပြီးတော့ ချေမှုန်းပစ်နိုင်ပါလိမ့်မယ်။ အဆင့်သေး နှစ်ဆင့် သုံးဆင့်ဆိုရင်တော့ ပြောနေစရာတောင် မလိုပါဘူး။ ဒဏ္ဍာရီထဲက ကြယ်ငါးပွင့်အဆင့် ပါရမီရှင်တွေတောင် သူတို့ရဲ့ ရန်စတွေကို မျိုချရုံပဲ တတ်နိုင်ပါလိမ့်မယ်။

လေ့က နောက်တစ်ကြိမ် အနက်ရောင် မြူခိုးတွေဆီကို ပြန်လှည့်ပြီး ဂင်လိုက်ပါတယ်။

အားလုံးက ချက်ချင်းပဲ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။

လေ့က မြူခိုးတွေထဲကို ဖြည်းညင်းစွာ ဂင်လာခဲ့ပြီး နေအလင်းရောင် ပျောက်ကွယ်သွားတဲ့ အချိန်မှာ တင်းမာနေတဲ့ တိုက်ပွဲတစ်ခုက ချက်ချင်းပဲ နောက်တစ်ကြိမ် ပေါက်ကွဲထွက် လာခဲ့ပါတယ်။

ထန် ထန် ထန် ထန် ထန်။

အားလုံးက တုံ့နှေးခြင်း မရှိပဲ သူတို့ရဲ့ တိုက်ခိုက်မှုတွေကို ထုတ်ဖော်လိုက်ပြီး ဓားအလင်းရောင်နဲ့ စွမ်းအားတွေ ပန်းထွက်လာခဲ့ပါတယ်။

ယန်ထိုက်ချန်က ကျယ်လောင်စွာ အော်ဟစ်ပြီးတော့ တစ်ဟုန်ထိုး ပြေးဂင်လာတဲ့ သူတွေကို ဟန့်တားလိုက်ပါတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပြီးတော့ ဒီအဆင့်သေးရဲ့ အထွတ်အထိပ် အဆင့်ထိကိုတောင် ရောက်နေပြီးပါပြီ။ နေလအဆင့်ကို မချိုးဖျက်သေးသရွေ့ သူ့အတွက် ပိုပြီးတော့ သန်စွမ်းလာနိုင်ဖို့ နေရာလွတ် မရှိတော့ပါဘူး။

နှစ်ထောင်ပေါင်းများစွာသော တိုက်ပွဲအတွေ့အကြုံနဲ့အတူ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က အစွမ်းမြင့်မားပြီး လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ အခုချိန်မှာ သူ့ရဲ့လက်သီးတွေက အဆင့်တူရဲ့ နတ်ဘုရား သတ္တုတွေထက် အားမနည်းပါဘူး။ နောက်ပြီးတော့ သူက ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက်လည်း ဖြစ်တာကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ်ပဲ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း ပြဿနာက အခုချိန်မှာ သူ့ကို လူတွေအများကြီးက တိုက်ခိုက်နေပြီး ဘယ်သူကမှ သူ့ကို မရည်ရွယ်ပါဘူး။ အဲဒီအစား သူတို့အားလုံးက သူ့ရဲ့ အတားအဆီးကို ဖြတ်ကျော်ဖို့ ကြိုးစားနေကြပါတယ်။

ဒါကြောင့် သူ့အတွက် သူတို့ကို တားဆီးဖို့ဆိုတာ အရမ်းကို ခက်ခဲလာပါတယ်။ သူတို့အားလုံးကို နောက်ဆုတ်သွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"အား"

လေ့ထိုးသားတွေက နာကျင်မှုကြောင့် ညည်းတွားသံတွေ ထွက်ပေါ်လာပြီး လေ့ရဲ့ကုန်းပတ်ပေါ်ကို လဲပြိုသွားခဲ့ပါတယ်။

"မင်းလုပ်ရဲလား"

ယန်ထိုက်ချန်က ဒေါသတွေ ပေါက်ကွဲလာပြီး သူ့ရဲ့ သုံးမီတာခန့်မြင့်တဲ့ ခန္ဓာကိုယ်ကနေ သတ္တုရောင် တလက်လက် တောက်ပလာခဲ့ပါတယ်။ နောက်ဆုံးတော့ သူက သူ့ရဲ့စွမ်းအားကို အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။

Chapter 1011 end

အပိုင်း(1012) ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှု

ဂရုန်းသုန်းကား တိုက်ပွဲက ဆက်ပြီးတော့ ဖြစ်နေသလို လေ့ကလည်း အနက်ရောင် မြူခိုးထဲကနေ နောက်တစ်ကြိမ် ဖြည်းညင်းစွာနဲ့ ထွက်လာခဲ့ပါတယ်။

နေအလင်းရောင် ပြန်ပေါ်ထွက်လာတဲ့ အချိန်မှာ ဂရုန်းသုန်းကား ဖြစ်နေတဲ့ တိုက်ပွဲက ချက်ချင်းပဲ ရပ်သွားပါတယ်။

ယန်ထိုက်ချန်ရဲ့ ခန္ဓာကိုယ် အနားမှာ အနက်ရောင် တလက်လက် တောက်ပနေပြီး သူ့ကို ငရဲက နတ်ဆိုးနတ်ဘုရား တစ်ပါးလိုမျိုး ပုံစံ ဖြစ်စေပါတယ်။ သူ့ခန္ဓာကိုယ်ကနေ လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ တစ်ခု ထွက်ပေါ်နေပြီး ဘေးပတ်ဝန်းကျင်ကို မျက်စိဝေ့ကြည့်လိုက်ပါတယ်။

လှေထိုးသားတွေရဲ့ အတားအဆီး နစ်ခုက ပြိုလဲနေပြီးတော့ နာကျင်မှုကြောင့် ညည်းတွားနေ ကြပါတယ်။

ကံကောင်းတာက သူတို့တွေဟာ ဒဏ်ရာရရုံပဲ ရပြီးတော့ အသတ်မခံရပါဘူး။

သူက စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချလိုက်မိပါတယ်။ သူ့မျက်နှာပေါ်မှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒက ရုတ်တရက် ဖြတ်သွားပါတယ်။

ရင်ဘတ်မှာ သွေးတွေစွန်းပေနေတဲ့ လူနှစ်ယောက်က လှေရဲ့ကုန်းပတ်ပေါ်မှာ လဲနေပါတယ်။ သူတို့ ခန္ဓာကိုယ်အောက်မှာ သွေးအိုင်တွေ ဖြစ်ပေါ်နေပါတယ်။

ထူးခြားတဲ့ လုပ်ကြံသတ်ဖြတ်သူက နောက်တစ်ကြိမ် ထပ်ပေါ်လာခဲ့ပါပြီ။

လုပ်ကြံသတ်ဖြတ်သူရဲ့ ပစ်မှတ်က လင်းဟန်ဆိုတာ ထင်ရှားပါတယ်။ လမ်းကြောင်းမှာ ပိတ်နေတဲ့ ဒီလူနှစ်ယောက်ကို ရှင်းထုတ်ပစ်ပြီးတဲ့ နောက်မှာတော့ သူတို့.......။

ဟင်။

အားလုံးက မှင်တက်အံ့သြ သွားကြပါတယ်။ လင်းဟန်က အရင်နေရာမှာပဲ ထိခိုက်ဒဏ်ရာ မရှိပဲ ရပ်နေပါတယ်။ စွေ့ရန်ယွီက သူ့ဘေးမှာ ရပ်နေပြီး သူတို့နှစ်ယောက်စလုံးက မယုံနိုင်စရာ ကောင်းလောက်အောင် တည်ငြိမ်နေပါတယ်။ သူတို့က စောစောတုန်းက တိုက်ပွဲထဲမှာ ပါဝင်ခဲ့ပုံ နည်းနည်းလေးမှ မရှိပါဘူး။

ဒါက လုံးဂကို ခေါင်းရှုပ်စရာ ကောင်းလွန်းပါတယ်။ သူတို့အားလုံးက ဂရုန်းသုန်းကား တိုက်ပွဲတစ်ခု မဖြစ်ခင်မှာ လမ်းကြောင်းတချို့ကို သေချာပြင်ဆင်ထားပြီး အားလုံးရဲ့ ပစ်မှတ်က လင်းဟန်ဖြစ်ပေမဲ့ ဘာဖြစ်လို့ လုံးဂကို ထိခိုက်ဒဏ်ရာ မရခဲ့တာလဲ။

အနီးကပ် သေချာကြည့်မယ်ဆိုရင် လင်းဟန်ရဲ့ လက်တွေပေါ်မှာ ချည်ထားတဲ့ ကြိုးက ခိုင်ခိုင်မာမာ ရှိနေဆဲပါပဲ။ အဲဒါက သူတို့ကို ပြောစရာစကား ကင်းမဲ့ကုန်ပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"အင်း အခု ဒီကြိုးတွေ ဖြည်ပေးလို့ ရပြီလား"

ဒီကြိုးတွေက သူတို့ရဲ့ စွမ်းအားတွေကိုပဲ ဖိနှိပ်ထိန်းချုပ်နိုင်ပြီး သူတို့ရဲ့ နတ်ဘုရားအာရုံကိုတော့ ဘာမှမဖြစ်စေပါဘူး။ ဒါကြောင့်

သူတို့တွေက အနက်ရောင် မျှော်စင်ထဲကို ဂင်ရောက်ပြီး တိုက်ပွဲသံတွေကို ပျော်ပျော်ကြီးနဲ့ နားထောင်နေခဲ့ ကြပါတယ်။

ယန်ထိုက်ချန်က လင်းဟန်ကို ချည်ထားတဲ့ ကြိုးတွေကို ဖယ်ပေးလိုက်ပြီး သူ့အမူအရာက ဒေါသတွေ ပေါက်ကွဲထွက်နေပုံ ရပြီးတော့ လေ့ထိုးသား နှစ်ယောက်ရဲ့ အလောင်းကို လှည့်ကြည့် လိုက်ပါတယ်။ သူက အတော်ကြာတဲ့အထိ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

သူ့မျက်လုံးတွေထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်နေပြီး တစ်ယောက်ချင်းစီကို ဝေ့ကြည့်ကာ ဖြည်းညှင်းစွာနဲ့ ပြောလိုက်တယ်။

"တရားခံ ဘယ်သူလဲ ဆိုတာကို ထားလိုက်တော့။ ငါသေချာပေါက် သူတို့ကို သုတ်သင်ဖယ်ရှားပြီး အမြစ်လှန်ပစ်မယ်"

လင်းဟန်က လွဲပြီးတော့ အားလုံးက သံသယဂင်စရာ ကောင်းနေပါပြီ။

"သတင်းပို့ပါတယ်"

ကင်းစောင့်တာဂန်ကျတဲ့ လေ့ထိုးသား တစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

"ရန်သူ အရိပ်အယောင် တွေ့နေရတယ်။ ပင်လယ်ဓားပြတွေ ရှက်လှဲ့လာပါတယ်"

ပင်လယ်ဓားပြတွေ။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူတို့တွေ ရှက်လှဲ့လာတဲ့ ရက်အတွင်းမှာ ပင်လယ်ဓားပြ တစ်ယောက်နဲ့မှ မကြုံတွေ့ခဲ့ရပဲ အခုလိုမျိုး အခြေအနေမှာ လာကြုံနေရပါတယ်။

"တိုက်ခိုက်ဖို့ ပြင်ထား"

ယန်ထိုက်ချန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့လှေထိုးသားတွေကို သတ်ပစ်ခဲ့တဲ့ လူက ဒီလှေပေါ်မှာ ရှိနေသေးတယ် ဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ တရားခံက ဘယ်သူလဲ ဆိုတာကို တိတိကျကျ မသိရတာကြောင့် ဘာမှမတတ်နိုင်ပါဘူး။ ဒါက သူ့ကို အရမ်းပဲ ဒေါသထွက် စေခဲ့ပါတယ်။

အခုဆို ပင်လယ်ဓားပြတွေ ရောက်လာပါပြီ။ နောက်ဆုံးတော့ သူ့ဒေါသတွေ ပုံချဖို့ နေရာတစ်ခုကို တွေ့သွားခဲ့ပါတယ်။

သူတို့အရှေ့မှာ လှေငယ် ဆယ့်နှစ်စင်း ထွက်ပေါ်လာခဲ့ပါတယ်။ ဒီလှေတွေက တကယ်ပဲ သေးငယ်ပြီး တစ်စီးကို လူငါးယောက်ပဲ

ဆန့်ပါတယ်။ လေ့ပေါ်က လူတွေအားလုံးက လျင်မြန်စွာနဲ့ လော့ခပ်လာပြီး သူတို့ရဲ့ လေ့တွေကို လေးညို့ကနေ ပစ်လွှတ်လိုက်တဲ့ မြားတွေလိုမျိုးနဲ့ တူစေပါတယ်။ သူတို့အကြား အကွာအဝေးက နှစ်ကီလိုမီတာ ကျော်ကျော်ပဲ ရှိပြီးတော့ အကွာအဝေးက အလျင်အမြန်ပဲ တစ်ကီလိုမီတာအထိ နီးကပ်လာခဲ့ပါတယ်။

ဒီလိုမျိုး နီးကပ်တဲ့ အကွာအဝေး တစ်ခုမှာ သူတို့တွေက ပင်လယ်ဓားပြတွေရဲ့ ရက်စက်ကြမ်းကြုတ်ပြီး အပေါက်ဆိုးတဲ့ မျက်နှာတွေကို သေသေချာချာ မြင်တွေ့နိုင်ပါတယ်။

"အမြောက်တွေပစ်"

ယန်ထိုက်ချန်က အမိန့်ပေးလိုက်ပါတယ်။

"နားလည်ပါပြီ"

ဘုန်း ဘုန်း ဘုန်း ဘုန်း။

အမြောက်တွေကို ပစ်လွှတ်လိုက်ပါတယ်။ ပင်လယ်ဓားပြတွေက ဒီလိုမျိုး အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ရတာ အတွေ့အကြုံ များနေပုံ ရပါတယ်။ သူတို့ရဲ့ လေ့တွေကို ထိခိုက်ခြင်း မရှိအောင် အမြောက်

တိုက်ခိုက်မှုတွေကနေ ပေ့ါပါးဖျတ်လတ်စွာနဲ့ ရှောင်တိမ်းခဲ့ကြပါတယ်။

ဒီလိုမျိုး ပစ်ခတ်မှု တစ်ခုကို ရှောင်တိမ်းဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်လုနီးပါးပါပဲ။ ဒီအမြောက်တွေက အလင်းတန်းတွေ ပစ်လွှတ်တိုက်ခိုက်ပြီး အမြောက်ကျည်ဆံတွေ မဟုတ်ပါဘူး။ ဒီဖျက်ဆီးခြင်း အလင်းရောင်စဉ်တန်းတွေက အစစ်အမှန် မူလစွမ်းအင် ကျောက်တုံးတွေကို သုံးစွဲပြီးတော့ ရုပ်ထွေးတဲ့ အစီအရင်ကြောင့် ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လှေထိုးသားတွေက မပစ်လွှတ်ခင် ပစ်မှတ်ကို ချိန်ဖို့လိုအပ်ပါတယ်။ လှေငယ်တွေက မြွေလိမ်မြွေကောက်လို ကွေ့ပတ်ပြီး လှော်ခပ်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အမြောက်ပစ်ချက်တွေကို လုံးဝကို ရှောင်တိမ်းနိုင်စွမ်း ရှိပါတယ်။

"အနီးကပ် တိုက်ပွဲအတွက် ပြင်ဆင်ကြ"

ယန်ထိုက်ချန်က ဆက်ပြီးတော့ အမိန့်ပေးလိုက်ပါတယ်။

"ဟားဟားဟား"

ပင်လယ်ဓားပြတွေက သဘောကျစွာနဲ့ ရယ်မောပြီး လှေပေါ်ကို တစ်ယောက်ပြီး တစ်ယောက် လွှားခနဲ ခုန်တက်လာခဲ့ပါတယ်။

အခုလိုမျိုး ပြိုင်ဘက်ကို စိတ်ပိုင်းဆိုင်ရာ ထိုးနက်တဲ့ နည်းဗျူဟာ တစ်ခုက ရန်သူတွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာ လျော့ပါးသွားအောင် လုပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

"ဒီခရီးကတော့ လုံးဝကို တန်သွားပြီပေါ့။ လှေပေါ်မှာ မိန်းမချောတွေ အများကြီး ပါလာတာပဲ"

"သူတို့က တောင်မြစ်အဆင့်မှာရှိတဲ့ မိန်းမချောတွေပဲ။ သူတို့တစ်ယောက်ချင်းစီရဲ့ တန်ကြေးက အရမ်းကို မြင့်မှာပဲ"

"ဟားဟား ငါတို့ အရင်က စည်းမျဉ်းအတိုင်းပဲ။ အမျိုးသားတွေ အကုန်လုံးကို သတ်ပြီး အမျိုးသမီး အားလုံးကို ခေါ်လာခဲ့"

"ကောင်းပြီလေ"

ပင်လယ်ဓားပြ ခြောက်ဆယ်က သူတို့ရဲ့ လှေပေါ်ကနေ ခုန်တက်လာပြီး အားလုံးက ချက်ချင်းပဲ တိုက်ပွဲဖြစ် လာခဲ့ပါတယ်။

သူတို့က အရင်အနက်ရောင် မြူခိုးထဲမှာ ထူးခြားတဲ့ တိုက်ပွဲတွေ တော်တော်များများ ဆင်နွှဲခဲ့ပြီး လူအများကြီး သေခဲ့ပေမဲ့ သူတို့မှာ ဘုံရန်သူ တစ်ယောက်ပဲ ရှိပါတယ်။ အနက်ရောင် ငါးမျိုးဂိုဏ်းဝင် ရှစ်ယောက်နဲ့ လှေထိုးသား နှစ်ယောက်ကတော့ ကံဆိုးသွားရတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခုအခြေအနေက လုံးဝကို မတူတော့ပါဘူး။ ပင်လယ်ဓားပြတွေက သူတို့နဲ့ တရားမျှတစွာ ပြောဆိုကြလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ သူတို့က ခရီးသည်တွေကို သတ်ဖြတ်ခြင်း ဒါမှမဟုတ် ပြန်ပေးဆွဲခြင်းတွေကိုပဲ ပြုလုပ်မှာဖြစ်ပြီးတော့ နောက်ပိုင်းမှာ ဘာဖြစ်ဖြစ် လျစ်လျူရှုထားကြ ပါလိမ့်မယ်။ ပင်လယ်ဓားပြတွေရဲ့ မျက်လုံးထဲမှာ အမျိုးသမီးတွေက ချမ်းသာကြွယ်ဝမှု ဖြစ်ပြီးတော့ အမျိုးသားတွေက ရန်သူတွေပဲ ဖြစ်ပါတယ်။

"သေစမ်း"

အားလုံးက ခွက်စောင်းခုတ်ဖို့ အချိန်မရှိဘူးဆိုတာ သိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ပင်လယ်ဓားပြတွေရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လက်နက်တွေအောက်မှာ သူတို့အားလုံး အလောင်းကောင် ဖြစ်သွားပါလိမ့်မယ်။ ချောမောလှပတဲ့ မိန်းကလေးတွေက အသတ်မခံရပေမဲ့ သူတို့ရဲ့ ကံကြမ္မာက သေတာထက်တောင် ပိုဆိုးတာနဲ့ တူပါလိမ့်မယ်။

လင်းဟန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ သူ့ဓားကို ဆွဲထုတ်ကာ ပြောလိုက်တယ်။

"မိန်းမ ဘယ်သူက ပိုပြီးတော့ ပင်လယ်ဓားပြတွေကို သတ်နိုင်မလဲဆိုတာကို ပြိုင်ကြရအောင်"

"ရတာပေါ့"

စွေ့ရန်ယွီကလည်း ယှဉ်ပြိုင်လိုစိတ် ပြင်းထန်ပြီး လင်းဟာန်ရဲ့ စိန်ခေါ်မှုကို အလျင်အမြန် လက်ခံလိုက်ပါတယ်။

လင်းဟာန်က ရယ်မောပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"တကယ်လို့ ငါနိုင်ရင် ဒီညငါတို့အိပ်တဲ့ အချိန်ကျရင် မင်းကို ပွေ့ဖက်ထားခွင့် ပြုရမယ်။ တကယ်လို့ မင်းနိုင်ရင် ဒီညငါတို့အိပ်တဲ့ အချိန်ကျရင် မင်းငါ့ကို ပွေ့ဖက်ခွင့် ပြုမယ်"

"နှာဘူးကောင်"

စွေ့ရန်ယွီက အပြစ်ဆိုလိုက်ပါတယ်။ ဒါပေမဲ့ သူမက စကားပြောနေရင်းနဲ့ ပင်လယ်ဓားပြကို သူမရဲ့ ဓားနဲ့ ခုတ်ပိုင်းဖို့ကိုတော့ မမေ့ခဲ့ပါဘူး။

ပင်လယ်ဓားပြ တစ်ယောက်က ဆေဘာဓားကို ကိုင်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ ပြောလိုက်တယ်။

"မင်းတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် တော်တော်ချစ်နေကြတာလား။ ဟင့်။ ဒါပေမဲ့လည်း ဒီကောင်စုတ်လေးက သေရမယ်။ မိန်းကလေး မစိုးရိမ်နဲ့။ ငါတို့အားလုံးက မင်းရဲ့ ယောကျ်ားတွေ ဖြစ်လာလိမ့်မယ်။ ငါတို့က မင်းကို စိတ်ကျေနပ်အောင် ပြုစုပေးမှာပါ"

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ထုတ်ဖော်လိုက်ပြီး ချက်ချင်းဆိုသလို သူတို့ကို ခြိမ်းခြောက်တဲ့ ပင်လယ်ဓားပြကို မှင်တက်သွား စေခဲ့ပါတယ်။ စွေ့ရန်ယွီရဲ့ အသေတိုက်ကွက် ပင်လယ်ဓားပြရဲ့ ရင်ဘတ်ကို ထိုးဖောက် သွားခဲ့ပါတယ်။

မျက်စိတစ်မှိတ် အတွင်းမှာ ပင်လယ်ဓားပြရဲ့ အလောင်းကို လင်းဟန်က သိုလှောင်ပစ္စည်းထဲ ထည့်သိမ်းလိုက်ပါတယ်။

တကယ်လို့ သူတို့မှာ ထုတ်ပြစရာ ပင်လယ်ဓားပြ အလောင်းကောင်တွေ မရှိဘူးဆိုရင် တာဂန်ကို ပြီးမြောက်ခဲ့တယ် ဆိုတာကို ဘယ်လိုလုပ် သက်သေပြနိုင်မှာလဲ။ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတွေက တန်ခိုးရှင်ဘုံထဲမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပြီး တကယ်လို့ လူတစ်ယောက်မှာ

ဒီလိုပစ္စည်းမျိုး ဆယ်ခုထက်ပိုပြီးတော့ ရှိရင်တောင် အံ့အားသင့်စရာ မကောင်းပါဘူး။

"ခွေးစုံတွဲ"

နောက်ထပ် ပင်လယ်ဓားပြက တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ သူက အစောက ပင်လယ် ဓားပြထက် ပိုပြီးတော့ အစွမ်းထက်ပြီး သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အဆင့်မြင့်ကို ရောက်လို့ နေပါပြီ။ သူ့ရဲ့ဆေဘာဓားကနေ အနက်ရောင် အလင်းတွေ တလက်လက် တောက်ပပြီး သူ့ဆေဘာဓားကို ခုတ်လိုက်ရင် နားမခံသာတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး လူတစ်ယောက်ရဲ့ နားကနေ သွေးတွေ ယိုကျလာလုမတတ် ဖြစ်စေပါတယ်။

လင်းဟန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ထုတ်ဖော်လိုက်ပြီး ဒီပင်လယ် ဓားပြက ခဏလောက်ပဲ တွေဝေသွားခဲ့ပါတယ်။ စွေ့ရန်ယွီရဲ့ တိုက်ခိုက်မှုက သူ့ပစ်မှတ်ကို လွဲချော်သွားပြီး ပင်လယ်ဓားပြရဲ့ ဆေဘာဓားနဲ့ ခတ်ထုတ်ခံလိုက် ရပါတယ်။

တကယ်လို့ လင်းဟန်က အနက်ရောင် မျှော်စင်ကို အသက်သွင်းလိုက်မယ်ဆိုရင် ဒီပင်လယ် ဓားပြကို လွယ်လွယ်ကူကူနဲ့ စုပ်ယူနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့

တစ်ယောက်ယောက် လေထဲမှာ ရုတ်တရက် ပျောက်ကွယ်သွားမယ်ဆိုရင် သေချာပေါက် အုတ်အုတ်ကျက်ကျက် ဖြစ်သွားပါလိမ့်မယ်။ အားလုံးက ပြင်းထန်တဲ့ တိုက်ပွဲကို ဆင်နွှဲနေပေမဲ့ လူအများကြီးရဲ့ မျက်လုံးတွေက သူ့အပေါ်မှာ ရှိနေတယ်ဆိုတာကို လင်းဟန်က ကောင်းကောင်းကြီး သိပါတယ်။

သူက နာခေါင်းရှုံ့လိုက်ပြီး သူ့ဓားနဲ့ လက်ဝါးတိုက်ခိုက်မှုကို တပြိုင်နက်တည်း ထုတ်ဖော်ခဲ့ ပါတယ်။ လျှို့ဝှက်ဆန်းကြယ်မှု သုံးထောင်နဲ့ မြေကျွှမ်း မှောက်လှန်ပိတ်ဆို့ခြင်း တံဆိပ်တော်က သူ့ပြိုင်ဘက်ဆီကို တပြိုင်နက်တည်း ဆင်းသက်လာခဲ့ပါတယ်။

"မင်းက ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိသေးတယ်။ ငါ့ရဲ့ပြိုင်ဘက်ဖြစ်ဖို့ မထိုက်တန်ဘူး"

ပင်လယ်ဓားပြက ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ လင်းဟန်ရဲ့ ခါးပိုင်းကို သူ့ဓားနဲ့ ခုတ်ချ လိုက်ပါတယ်။

အတွေးတစ်ချက်နဲ့ လင်းဟန်က သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတကို အသက်သွင်းလိုက် ပါတယ်။ ပင်လယ်ဓားပြက အံ့အားသင့်စွာနဲ့ ညည်းတွားသံတစ်ချက် ထွက်ပေါ်လာပြီး သူ့လက်ထဲက ဆေဘာဓားဟာ အဆပေါင်းများစွာ လေးလံလာသလို ခံစားလိုက် ရပါတယ်။ သူက အလျင်အမြန်ပဲ

သူ့လက်ထဲက ဆေဘာဓားကို လွတ်ကျမသွားအောင် ခပ်တင်းတင်း ဆုပ်ကိုင်ပြီး သူ့ရဲ့ တိုက်ခိုက်မှုက ပစ်မှတ်ကနေ လွဲချော်သွားတာကိုတော့ ဘာမှမတတ်နိုင်ခဲ့ပါဘူး။

ပင်လယ်ဓားပြ လုံးဂကို မှင်တက်အံ့သြသွားခဲ့ပါတယ်။ ဒါက ဘယ်လိုမျိုး လှို့ဝှက်ဆန်းကြယ်တဲ့ နည်းစနစ် တစ်ခုလဲ။ ဘာဖြစ်လို့ အရမ်းကို အစွမ်းထက်နေရတာလဲ။

တစ်ခုသိထားရမှာက သူဟာ ပြင်းထန်အဆင့်မြင့်ရဲ့ အလယ်အလတ် အဆင့်မှာ ရှိပြီးတော့ လင်းဟန်ထက် အဆင့်တစ်ခု အပြည့်အဝ သာလွန်ပါတယ်။ သူက လင်းဟန်ကို စွမ်းအားနဲ့ ပတ်သက်လာရင် ပြတ်ပြတ်သားသားကို အားသာချက် ရှိပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူက အကျိုးသက်ရောက်မှုကို ခံရတာလဲ။

ဒီအတွေးက ပင်လယ်ဓားပြရဲ့ စိတ်ထဲမှာ ဖြစ်သွားသလို လင်းဟန်ရဲ့ ဓားနဲ့ လက်ဝါး ရိုက်ချက်ကလည်း ကျဆင်းလို့ လာခဲ့ပါတယ်။

Chaper 1012 end

အပိုင်း(1013) မင်းကို ဆယ်ကွက်အတွင်းမှာ ငါသတ်ပစ်မယ်

“မင်းက သေချင်နေတာပဲ”

ပင်လယ်ဓားပြက အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

ကျင့်ကြံသူတွေ တိုက်ခိုက်တဲ့ အခါမှာ သူတို့တွေဟာ အနီးကပ် တိုက်ခိုက်မှုကို ဆင်နွှဲရမှာ အများဆုံး ကြောက်ရွံ့ကြပါတယ်။

တကယ်လို့ လူတစ်ယောက်က ပိုပြီးတော့ အစွမ်းထက်တဲ့ လူတစ်ယောက်နဲ့ အနီးကပ်တိုက်ပွဲကို ရင်ဆိုင်တိုက်ခိုက်ဖို့ ပြေးဝင်လာမယ်ဆိုရင် ဒါက သေကြောင်းကြံတာပါပဲ။ အဲဒီအချိန်မှာ တကယ်လို့ ကျင့်ကြံခြင်း အဆင့်တူညီတဲ့ တစ်စုံတစ်ယောက်နဲ့ အနီးကပ် တိုက်ခိုက်မယ်ဆိုရင် သူတို့က သေခြင်းတရားရဲ့ ခြိမ်းခြောက်မှုနဲ့ မျက်နှာချင်း ဆိုင်ရပါလိမ့်မယ်။

တစ်ဖက်မှာ တကယ်လို့ လူတစ်ယောက်က သူတို့ရဲ့ ပြိုင်ဘက်ထက် ပိုပြီးတော့ အစွမ်းထက်နေမယ် ဆိုရင်တော့ အနီးကပ် တိုက်ခိုက်တာက တိုက်ပွဲကို အဆုံးသတ်ဖို့ အမြန်ဆုံး နည်းလမ်းပဲ ဖြစ်ပါတယ်။

ဒီကောင့်ရဲ့ ကျင့်ကြံခြင်း အဆင့်က ငါ့ထက်အများကြီး နိမ့်ကျတာပဲ။ သူက ငါ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာတယ်ဆိုတော့ သူ့သေလမ်း သူရှာနေတာပေါ့။

သူက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တော့ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်မလား။ တကယ်လို့ သူက ကြယ်ငါးပွင့် ပါရမီရှင်

တစ်ယောက် ဖြစ်နေရင်တောင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ငါနဲ့ အတူတူလောက်ပဲ ရှိလိမ့်မယ်။

ပင်လယ်ဓားပြက သူ့ဆေဘာဓားကို လင်းဟာန်ဆီ လျင်မြန်စွာ ဝှေ့ယမ်းလိုက်ပါတယ်။ သူက ဒီတိုက်ပွဲကို ဖြစ်နိုင်သမျှ အချိန်တိုတို အတွင်းမှာပဲ အဆုံးသတ်ချင်ခဲ့ပါတယ်။

"ငါမင်းကို ဆယ်ကွက်အတွင်းမှာ သတ်ပစ်မယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ဖူး။

ပင်လယ်ဓားပြက အံ့အားသင့်ပြီးတော့ တံတွေးသီးလုမတတ် ဖြစ်သွားပါတယ်။ ဒါက သူပြောရမှာ မဟုတ်လား။ ကောင်းပြီလေ။ ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်း အဆင့်မှာပဲရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကများ သူ့ကို ဆယ်ကွက်အတွင်းမှာ သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေတာလား။ ဘယ်နေရာကနေ ဒီလိုသတ္တိတွေ ရနေတာလဲ။

"ကောင်စုတ်လေး မင်းရဲ့ သေခြင်းတရားကို လက်ခံလိုက်ပါ"

သူ့ရဲ့ ဆေဘာဓားပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တောက်ပလာပြီးတော့ လေထုကိုတောင် လျင်မြန်စွာနဲ့

ဖြတ်သန်းပြီးတော့ ထိုးခွဲလာခဲ့ပါတယ်။ ဆေဘာဓားက နိုးထလာသလိုမျိုးပါပဲ။

သူ့ရဲ့ ဆေဘာဓားက နတ်ဘုရားပစ္စည်းတစ်ခု မဟုတ်ပါဘူး။ အဲဒီအစား သူ့ရဲ့ သိုင်းဆန္ဒကို သူ့လက်နက်မှာ ဝိုင်းပတ်ထားပြီးတော့ လင်းဟာန်ကို ရင်ဆိုင်တိုက်ခိုက်တာ ဖြစ်ပါတယ်။ အခုချိန်မှာ သူ့ရဲ့ ဆေဘာဓားက သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း အပိုတစ်ခုနဲ့ တူပါတယ်။

ဒါကြောင့် သူ့ရဲ့ဆေဘာဓားကို အစစ်အမှန် နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ စွမ်းအားမျိုး မပိုင်ဆိုင် ထားပေမဲ့ လျော့တွက်လို့ မရနိုင်ပါဘူး။

ဟုမ်း။

အနက်ရောင် အလင်းတန်း တစ်ခုက ဆေဘာဓားသွားကနေ တောက်ပလင်းလက်လာပြီး ဖျက်ဆီးခြင်းစွမ်းအား အလင်းတန်းတစ်ခုက လှေရဲ့ကုန်းပတ်ပေါ်ကို ထိမှန်သွားပြီး နက်ရှိုင်းတဲ့ အက်ကြောင်းကြီးတစ်ခု ဖြစ်ပေါ်သွားပါတယ်။

လင်းဟာန်က ရှောင်တိမ်းပြီးတော့ သူ့ပြိုင်ဘက်ကို သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေနဲ့ ဆက်လက်ဒုက္ခ ပေးနေခဲ့ပါတယ်။ သူ့ရဲ့

စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကိုပါ ထည့်သုံးခြင်းအားဖြင့် ပင်လယ်ဓားပြ သူ့ရဲ့ အစစ်အမှန် တိုက်ပွဲစွမ်းရည်ရဲ့ ငါးဆယ် ရာခိုင်နှုန်းလောက်ပဲ ထုတ်ဖော်နိုင်ပါတော့တယ်။

သူတို့ရဲ့ ရန်သူတွေကို အနိုင်ယူဖို့အတွက် မြင့်မားတဲ့ တိုက်ပွဲစွမ်းရည်တစ်ခု ရှိဖို့ပဲ လိုတာ မဟုတ်ပါဘူး။ ရန်သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အားနည်းအောင် လုပ်တာကလည်း အောင်ပွဲ ရရှိဖို့ အထောက်အကူ ဖြစ်ပါတယ်။

သူတို့က တိုက်ကွက်တွေ တစ်ကွက်ပြီး တစ်ကွက် ယှဉ်ပြိုင်လာရင်းနဲ့ စက္ကန့်အနည်းငယ် အတွင်းမှာပဲ တိုက်ကွက် ကိုးကွက်တိတိ ဖလှယ်ပြီးသွား ခဲ့ပါပြီ။

ပင်လယ်ဓားပြက လင်းဟန်ကို ထပ်ပြီးတော့ လျော့မတွက်ဝံ့တော့ပါဘူး။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်က တကယ်လို့ သူ့ကို ဆယ်ကွက်အတွင်းမှာ ချေမှုန်းချင်တယ် ဆိုရင်တော့ ဟာသတစ်ခု သက်သက်ပါပဲ။ တစ်ကွက်ပဲ ကျန်တော့တယ်။ တကယ်လို့ မင်းက ငါ့ကို သတ်ချင်တယ် ဆိုရင်တော့ အိပ်မက်မက်နေလိုက်။

လင်းဟန်က ရက်စက်ကြမ်းကြုတ်စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပြီး ပင်လယ်ဓားပြကို သတ်ပစ်ဖို့ သူ့ရဲ့ အသက်ကိုတောင် စတေးပစ်တော့မဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

ဒီအတွက်ကြောင့် ပင်လယ်ဓားပြက အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ အံ့အားသင့်မှုက လျှင်မြန်စွာနဲ့ပဲ အေးစက်စွာနဲ့ ရယ်မောမှုတစ်ခု အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။

သူက လင်းဟန်ကို အရင်ဆုံး သတ်နိုင်မယ်လို့ ယုံကြည်မှု ရှိနေပါတယ်။ လင်းဟန်သေသွားတာနဲ့ သူ့ကို သက်ရောက်နေတဲ့ ဆွဲငင်အား နယ်မြေကလည်း ပျောက်ကွယ်သွားပါလိမ့်မယ်။ အဲဒီအချိန် သူ့ရဲ့တိုက်ပွဲစွမ်းရည်က အပြည့်အဝ ပြန်လည်ကောင်းမွန်လာမှာ ဖြစ်ပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုက သူ့ကို ထိခိုက်ဒဏ်ရာ ဖြစ်စေဦးမှာတဲ့လား။

ဘယ်လောက်တောင် ရူးလိုက်သလဲ။ ငါ့ရဲ့တိုက်ပွဲစွမ်းရည်ကို လျော့ပါးအောင် လုပ်နိုင်တာနဲ့ပဲ မင်းကိုယ်မင်း ပြိုင်ဘက်ကင်းပြီလို့ ထင်နေတာလား။

သူက လင်းဟန်ရဲ့ ဦးခေါင်းဆီကို သူ့ရဲ့ ဆေဘာဓားနဲ့ ပြင်းပြင်းထန်ထန် ဇေ့ယမ်းပြီး ခုတ်ချလိုက် ပါတယ်။

ဒီမြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ဖြစ်ဖို့ ဒီနေရာမှာ အင်ပါယာမြို့တော်က ဘယ်သူမှ ရှိမနေတာက တကယ့်ကို ရှက်စဖွယ် ကိစ္စတစ်ခုပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အားလုံးက ပင်လယ်ဓားပြကို သေချာပေါက် သနားစိတ် ဖြစ်ပေါ်မိမှာပါ။ လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို လျော့တွက်တာက ကိုယ့်ကိုကိုယ် သေကြောင်းကြံတာနဲ့ အတူတူပါပဲ။

ဘုန်း။

သူ့ရဲ့ ဆေဘာဓားခုတ်ချက်က ဆင်းသက်လာပြီး လင်းဟာန်က သူ့ဆီကို မရောက်ခင်မှာ လင်းဟာန်ရဲ့ ဦးခေါင်းကို ထိမှန်သွားဖို့ လုံလောက်ပါတယ်။ ဒါပေမဲ့လည်း နောက်မှာဆက်ပြီး ဖြစ်ပျက်သွားတာက အံ့အားသင့်စရာ ကောင်းပါတယ်။

ဟုမ်း။

ဆေဘာဓားက တသိမ့်သိမ့်တုန်သွားပြီးတော့ အံ့အားသင့်စရာ ကောင်းတဲ့အချက်က လင်းဟာန်ရဲ့ ဦးခေါင်းကနေ ပြန်ကန်ထွက်သွားခဲ့ပါတယ်။

ဖူး။

ပင်လယ်ဓားပြရဲ့ မျက်လုံးတွေက ပြူတ်ကျလုမတတ် ပြူးသွားခဲ့ပါတယ်။ ဒီမြင်ကွင်းက သူ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းထက် ကျော်လွန်သွားခဲ့ပါပြီ။ သူသိတာ တစ်ခုက ဘာကြောင့် လင်းဟန်က အရမ်းကို ယုံကြည်မှု ရှိနေလဲ ဆိုတာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို လူသားတစ်ယောက်နဲ့ မတူပါဘူး။

မကောင်းတော့ဘူး။

သူ့စိတ်ထဲကနေ အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း သူ့အတွက်တော့ နောက်ဆုတ်ဖို့ဆိုတာ အရမ်းကို နောက်ကျသွားခဲ့ပါပြီ။ အစတုန်းက သူ့ရဲ့အကြံအစည်ဟာ လင်းဟန်ကို သတ်ပစ်ဖို့ ဖြစ်ပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှု စွမ်းအားကို လျော့ကျသွားစေဖို့ ဖြစ်ပါတယ်။ တကယ်လို့ သူအောင်မြင်ခဲ့ရင် ဘယ်လိုအန္တရာယ်နဲ့မှ ရင်ဆိုင်ရလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အခုရော။

သူ့ရင်ဘတ်ကနေ နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး သူ့ခန္ဓာကိုယ်က စွမ်းအားတွေက ချက်ချင်းပဲ ခြောက်သွေ့သွားခဲ့ပါတယ်။

"ဆယ်ကွက်မြောက်"

လင်းဟာန်ရဲ့ အသံက သူ့နားထဲမှာ ပဲ့တင်သံ ထပ်လာခဲ့ပြီး ဒီအသံက သူနဲ့ အရမ်းကို ဝေးကွာလွန်းသလို ခံစားလိုက်ရပါတယ်။ သူ့ရဲ့ အသိစိတ် မပျောက်ကွယ်မှာ ဘာဖြစ်သွားလဲ ဆိုတာကို နားလည်သဘောပေါက်လိုက်တဲ့ အချိန်မှာပဲ အမှောင်ထုက ကြီးစိုးလာခဲ့ပါတယ်။

လင်းဟာန်က သူ့ဓားကို ပြန်ဆွဲထုတ်လိုက်ပေမဲ့ ဓားသွားက မှန်လိုကြည်လင်တောက်ပနေပြီး သွေးတစ်စက်မှတောင် မစွန်းထင်းခဲ့ပါဘူး။

လင်းဟာန်က ပင်လယ်ဓားပြရဲ့ အလောင်းကို သူ့ရဲ့ သိုလှောင်ပစ္စည်းထဲ ထည့်သိမ်းလိုက်ပြီး အဲဒီနောက်မှာ စွေ့ရန်ယွီနဲ့ တိုက်ခိုက်နေတဲ့ ပြိုင်ဘက်ဆီကို သူမကို ကူညီရင်ဆိုင်ပေးဖို့ တစ်ဟုန်ထိုး ပြေးဝင်သွားလိုက်ပါတယ်။

အချိန်အတော်ကြာအောင် ပူးပေါင်းဆောင်ရွက်ဖူးတာကြောင့် သူတို့ရဲ့ ပူးပေါင်းမှုက အရမ်းကို ချောမွတ်လို့ နေပါတယ်။ လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို အသုံးပြုကာ ရန်သူတွေကို မှင်တက်တွေဝေအောင် လုပ်လိုက်ပြီး စွေ့ရန်ယွီက အခွင့်အရေးကို အသုံးချကာ သူတို့ရဲ့ အသက်ကို အဆုံးသတ် ပေးခဲ့ပါတယ်။ သူတို့ပြိုင်ဘက်တွေရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အဆင့်မြင့် အောက်မှာ ရှိနေသရွေ့ သူတို့က ပူးပေါင်းမှု တစ်ခုတည်းနဲ့ သူတို့ကို သတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ ပင်လယ်ဓားပြ ခြောက်ဆယ်လောက် ရှိပြီးတော့ သူတို့ရဲ့ အပေါင်းအသင်း ဆယ်ယောက်ကျော် အသတ်ခံရပြီးတဲ့ နောက်မှာတော့ ပင်လယ်ဓားပြ တော်တော်များများရဲ့ အာရုံက လင်းဟာန်တို့ဆီကို ကျရောက်လာခဲ့ပါတယ်။

ရွှပ်။

တောင်မြစ်ပုံရိပ် လေးခုရှိတဲ့ အစွမ်းထက် ပင်လယ်ဓားပြ တစ်ယောက်က တစ်ဟုန်ထိုး ပြေးဝင် လာခဲ့ပါတယ်။

ပြီးပြည့်စုံခြင်း အဆင့်။

ကံကောင်းတဲ့အချက်က ဒီပင်လယ်ဓားပြဟာ သူ့ရဲ့ လေးခမြောက် မြစ်ကို ဖြစ်ပေါ်ကာစပဲ ရှိပါသေးတယ်။ ဒီမြစ်က တခြားပုံရိပ်တွေထက် သိသိသာသာကို သေးငယ်ပါတယ်။ ဒါကြောင့် ဒီပင်လယ်ဓားပြဟာ အများဆုံး ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပြီးတော့ အထွတ်အထိပ် အဆင့် မဟုတ်သေးပါဘူး။ ဒါတောင်မှ သူ့ရဲ့ ခွန်အားက လင်းဟန်နဲ့ စွေ့ရန်ယွီတို့ထက် အများကြီး သာလွန်ပါသေးတယ်။

လင်းဟန်က သူ့ထက် အဆင့်သေး ဆယ်ခုလောက် နိမ့်ပါတယ်။ လင်းဟန်က ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် မဖြစ်သေးသရွေ့ ကျင့်ကြံခြင်း အဆင့်မှာ ဒီလိုမျိုး ကြီးမားတဲ့ ကွာဟချက် တစ်ခုကို သူ့အတွက်တော့ ဖာထေးဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ကြယ်ငါးပွင့် ပါရမီရှင်တွေတောင် ဒဏ္ဍာရီထဲမှာပဲ ရှိနိုင်တာ ဖြစ်တာကြောင့် ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက်ဆိုတာ ဘယ်လိုလုပ် ရှိနိုင်မှာလဲ။

"ဟင့် သေစမ်းကွာ"

ပင်လယ်ဓားပြက ခေါင်းတုံးပြောင်ပြောင်နဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့လက်ကနေ ပြောင်လက်နေတဲ့ ကြိုးတစ်ခုနဲ့ ရိုက်ချလိုက်ပါတယ်။ အနီးကပ်ကြည့်မယ်ဆိုရင် ဒီပြောင်လက်တဲ့

အရာတွေက လူသားအရိုးခွံတွေ ဖြစ်ပါတယ်။ သာမန်ထက်တော့ အဆပေါင်းများစွာ သေးငယ်ပါတယ်။

ဒီအရိုးခေါင်းတွေက လူသားတွေရဲ့ အရိုးခေါင်းတွေဆိုတာ လင်းဟာန်အနေနဲ့ သေချာပေါက် ပြောနိုင်ပါတယ်။ ပြီးတော့ သူတို့ရဲ့ ပိုင်ရှင်တွေက အနည်းဆုံး တောင်မြစ်အဆင့်ကို ရောက်နေပါလိမ့်မယ်။ သူတို့တွေက ဘာဖြစ်လို့ အရမ်းကို သေးငယ်သွားတာလဲဆိုရင် ဒီပင်လယ်ဓားပြရဲ့ သန့်စင်ခြင်းကို ခံလိုက်ရတာကြောင့် ဖြစ်ပါတယ်။

အရိုးခေါင်းခွံတွေက အရောင်တလက်လက် တောက်ပလို့ နေပါတယ်။

ဖူး။

မျှော်လင့်မထားမိပဲနဲ့ အဲဒီအရိုးခေါင်းခွံတွေက မရေမတွက်နိုင်တဲ့ အနက်ရောင် ဓားတွေအဖြစ် ပြောင်းလဲသွားပြီးတော့ လင်းဟာန်ကို ခုတ်ပိုင်းလိုက်ပါတယ်။

အရမ်းမြန်တယ်။

ဓားတွေ ခုတ်ချမလာခင် သူ့မျက်နှာရဲ့ အရှေ့မှာ သူ့လက်တွေနဲ့ ကာလိုက်ဖို့ အချိန်မီရုံလောက်ပဲ ရခဲ့ပါတယ်။

ဖူး ဖူး ဖူး ဖူး။

ဓားတွေက သူ့ရဲ့အဂတ်အစားနဲ့ အသားတွေကို ထိုးဖောက်ပြီးတော့ သူ့ရဲ့ခန္ဓာကိုယ်ထဲကို ထိုးစိုက်သွား သလိုပါပဲ။ ကံကောင်းတဲ့ အချက်က လင်းဟာန်ရဲ့ နတ်ဘုရား အရိုးတွေ တစ်ခုမှ မပျက်စီးသွားပဲ အရမ်းကို တောင့်တင်းခိုင်မာလွန်းပါတယ်။

ပြီးပြည့်စုံခြင်း အဆင့်ကတော့ တကယ့်ကို ပြီးပြည့်စုံခြင်း အဆင့်ပါပဲ။ ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်သလဲ။ လင်းဟာန်က သူ့စိတ်ထဲကနေ အသိအမှတ် ပြုလိုက်ပါတယ်။ သူက အဲဒီပင်လယ်ဓားပြ ခေါင်းတုံးကြီးက ပိုပြီးတော့တောင် အံ့အားသင့်နေတယ် ဆိုတာကို မသိခဲ့ပါဘူး။ သူက လင်းဟာန်ထက် အဆင့်သေး ဆယ်ဆင့်တောင် ပိုမြင့်ပါတယ်။ ဒါကြောင့် သူ့ရဲ့ တိုက်ခိုက်မှုက လင်းဟာန်ကို လွယ်လွယ်ကူကူနဲ့ တိုက်ခိုက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း သူ့ရဲ့ တိုက်ခိုက်မှုက လင်းဟာန်ကို အသေးစား ဒဏ်ရာလောက်ပဲ ဖြစ်စေခဲ့ပါတယ်။ ဒါက လုံးဂကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

"ဟာင့်"

လင်းဟာန်က သူ့ရဲ့ မီးတောက်နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်ပြီး သူ့လက်မောင်းပေါ်က ဓားတွေကို ချက်ချင်းပဲ

ပြာကျသွား စေခဲ့ပါတယ်။ အဲဒီနောက် သူ့ရဲ့ ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်မှော်စာလိပ်ကို အသက်သွင်းပြီးတော့ သူ့ရဲ့ ဒဏ်ရာတွေ အားလုံးကို ချက်ချင်းပဲ ပြန်လည်ကုသလိုက်ပါတယ်။

ကတုံးပြောင်ပြောင်နဲ့ ပင်လယ်ဓားပြရဲ့ စိတ်ထဲမှာ ကျိန်ဆဲနည်းပေါင်းစုံ ဖြစ်ပေါ်သွားပြီးတော့ လင်းဟန်ကို အံ့ဩမှင်တက်တဲ့ အမူအရာတစ်ခုနဲ့အတူ စိုက်ကြည့်နေပါတယ်။

ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ဒီလိုမျိုး ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်။ လင်းဟန်ကို တစ်ချက်တည်းနဲ့ အသေမသတ်နိုင်သရွေ့ ဘယ်သူကများ သူ့ကို အဆုံးသတ်နိုင်စွမ်း ရှိမှာလဲ။

သောက်ကျိုးနည်း ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက် ရှိနိုင်တာလဲ။

ကတုံးပြောင်ပြောင် ဓားပြက အသက်ကို ပြင်းပြင်းရှူလိုက်ပါတယ်။ ကြည့်ရတာ သူ့ရဲ့ ဗုက်ဖဲကို ထုတ်ဖော်ပြီးတော့ လင်းဟန်ကို တစ်ချက်တည်း အသေသတ်ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် အနည်းဆုံး သူ့ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် လုပ်ရပါမယ်။ တကယ်လို့ လင်းဟန်သာ အလွယ်တကူနဲ့

ပြန်လည်ကောင်းမွန်လာနိုင်ရင် သူ့ကို သတ်ပစ်ဖို့ နည်းလမ်းရှိလိမ့်မှာ မဟုတ်ပါဘူး။

သူက အရိုးခေါင်းပုတီးကြိုးကို ဆုပ်ကိုင်ပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ ဗုဒ္ဓက ဂရုဏာတရား ကြီးမားတယ်။ ပင်လယ်ကို ဖြတ်ကျော်တဲ့ သက်ရှိတွေကို မခံစားရအောင် ကူညီတယ်"

ဟွမ်း။

သူ့ခန္ဓာကိုယ်ကနေ ရောမ ရွှေရောင်အလင်း စက်ဝိုင်းတစ်ခု တောက်ပလာခဲ့ပါတယ်။

သူက အရမ်းကို ဆိုးဝါးပြီး လူသတ်ဖို့ ဂန့်မလေးတဲ့ မကောင်းဆိုးဝါးဆိုတာ ရှင်းနေတာပဲ။ သူ့မှာ ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ တိုက်ခိုက်မှု တစ်ခု ရှိနေတာပဲလား။

ကတုံးကြီးက အရိုးခေါင်းခွံတွေ သီထားတဲ့ ကြိုးကို လေထဲမှာ ပစ်လွှတ်ပြီးတော့ အော်လိုက်ပါတယ်။

"မိုက်မဲတဲ့ သူဆင်းရဲကောင် မင်းရဲ့ ဝိညာဉ်ကို လွတ်လပ်အောင် ငါလုပ်ပေးမယ်"

ဟွမ်း။

အရိုးခေါင်းခွံ ပုတီးကြိုးက ချက်ချင်းဆိုသလို ကြီးမားကျယ်ပြန့်သွားပြီး အရိုးခွံတစ်ခုချင်းစီက သူတို့ရဲ့ မူလအရွယ်အစားကို ပြောင်းလဲသွားပါတယ်။ သေသေချာချာ ရေတွက်ကြည့်ရင် အရိုးခေါင်းခွံ စုစုပေါင်း သုံးရာခြောက်ဆယ်တိတိ ရှိပါတယ်။

"ရှေးဟောင်း ကောင်းကင်လည်ပတ်ခြင်း အစီအရင် အသက်ဂင်စမ်း"

ဘုန်း။

အနက်ရောင် အလင်းတန်းတွေက အရိုးခေါင်းခွံတွေကနေ ပစ်လွှတ်လာပြီး လင်းဟန်ဆီကို အညှာအတာ ကင်းမဲ့စွာနဲ့ ပြေးဝင်လာခဲ့ပါတယ်။

Chapter 1013 end

အပိုင်း(1014) လူသတ်သမား ပေါ်လာပြီ

လူ့အရိုးခေါင်းတိုင်းက အလင်းရောင်တွေ တောက်ပလာပြီး လင်းဟန်ဆီကို ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

အလင်းတန်း သုံးရာခြောက်ဆယ်က ထူးခြားတဲ့ အစီအရင်တစ်ခု ပုံစံဖြစ်ပေါ်လာပြီး တိုက်ခိုက်မှုတိုင်းရဲ့ နောက်ကွယ်က စွမ်းအားကို

အကြီးအကျယ် မြှင့်တင်ပေးပါတယ်။ အဲဒီအချိန် ကတုံးကြီးက ဒီတိုက်ခိုက်မှုကို ထုတ်ဖော်ပြီးတဲ့နောက်မှာ သူ့မျက်နှာက အနည်းငယ် ဖြူဖပ်ဖြူရော် ဖြစ်သွားပါတယ်။ ကြည့်ရတာ ဒီတိုက်ခိုက်မှုက သူ့ကို အရမ်းပဲ အားကုန်စေပုံ ပေါ်ပါတယ်။

လင်းဟာန်က ဒီတိုက်ခိုက်မှုကို ထိပ်တိုက်မရင်ဆိုင်ဝံ့ပါဘူး။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မာကျောတာက တစ်ခုဆိုပေမဲ့ သူ့ပြိုင်ဘက်ရဲ့ ကျင့်ကြံခြင်း အဆင့်က သူ့ထက် အဆင့်သေး ဆယ်ဆင့်တောင် မြင့်မားပါတယ်။ သူ့ရဲ့ စိန်အဆင့် ခန္ဓာကိုယ်ကိုတောင် ထိုးဖောက်ပြီး သူ့ကို အနည်းဆုံး ပြင်းပြင်းထန်ထန် ဒဏ်ရာဖြစ်စေ ပါလိမ့်မယ်။

ထန်။

သူက လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်ဖော်ပြီး စွေ့ရန်ယွီကို ဘေးဘက်ကို ပို့လိုက်ပြီး သူကိုယ်တိုင်ကတော့ တခြားနေရာကို ဆုတ်လိုက်ပါတယ်။

"ဗုဒ္ဓက ဂရုဏာတရား ပြည့်ဝတယ်။ အားလုံးကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြတ်သွားဖို့ ဆန္ဒရှိတယ်"

ကတုံးကြီးက ရွှေရောင်အလင်းတွေ ဝိုင်းရံပြီး ဆင်းသက်လာခဲ့ပါတယ်။ သူ့မျက်နှာက လှည့်စားတဲ့ အမူအရာတစ်ခုကို ဆင်မြန်းထားပြီး ဘယ်နေရာမှာမှ သနားညှာတာမှု နည်းနည်းကို မတွေ့မြင် ရပါဘူး။

လင်းဟန်က အဆက်မပြတ် ရှောင်တိမ်းနေပြီး ကတုံးကြီးက သူ့ကို ဆက်ပြီးတော့ လိုက်ဖမ်း နေပါတယ်။ သူ့ရဲ့ စွမ်းရည်တွေက လင်းဟန်ထက် အများကြီး သာလွန်ပါတယ်။ ဒါကြောင့် သူက တဖြည်းဖြည်းနဲ့ ပိုနီးကပ်လာခဲ့ပါတယ်။ အလင်းတန်း တိုက်ခိုက်မှုတွေက ပြင်းထန်စွာနဲ့ ဆင်းသက်လာပြီး လင်းဟန်ကို ဖမ်းမိတော့မဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။

အေးစက်စက် နှာခေါင်းရှုံ့သံ တစ်ခုနဲ့အတူ အနက်ရောင် အလင်းတန်းတစ်ခုက ဖြတ်သွားပါတယ်။ ဒီအနက်ရောင် အလင်းတန်း အားလုံးက ပျက်စီးကြေမွ သွားခဲ့ပါတယ်။ ပင်လယ်ဓားပြ သုံးယောက်နဲ့ ပြင်းပြင်းထန်ထန် တိုက်ပွဲတစ်ခုကို ဆင်နွှဲနေတဲ့ ယန်ထိုက်ချန်က လင်းဟန်ရဲ့ အကျပ်အတည်း အခြေအနေကို ဖြေရှင်းပေးဖို့အတွက် လက်တစ်ဖက်နဲ့ ကူညီပေး ခဲ့ပါတယ်။

ဒီလုပ်ရှားမှုကြောင့် သူက ချက်ချင်းဆိုသလို ပင်လယ်ဓားပြ လက်ရွေးစင် သုံးယောက်ရဲ့ တန်ပြန်တိုက်ခိုက်မှုကိုတွေကို ခံလိုက်ရပါတယ်။ သူ့အနားမှာ ကြည်လင်တောက်ပနေတဲ့ အလင်းရောင်တွေ ဝိုင်းလာပြီး သူ့ရဲ့အရိပ်အယောင်ကိုတောင် ထပ်ပြီးတော့ မြင်တွေ့နိုင်ခြင်း မရှိတော့ပါဘူး။

"မင်းက တစ်ကြိမ်တော့ လွတ်အောင် ရှောင်နိုင်ပေမဲ့ ဒုတိယအကြိမ် တိုက်ခိုက်မှုကို ရှောင်နိုင်မှာတဲ့လား"

ကတုံးပြောင်ကြီးက အေးစက်စွာနဲ့ သရော်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ဒုတိယ တိုက်ခိုက်မှု အတွက် သူ့ရဲ့ အရိုးခေါင်းခွံကြိုးကို ချက်ချင်းမဖော့ယမ်းခဲ့ပါဘူး။ အဲဒီအစား သူက အဲဒါကို ကိုင်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

စောစောတုန်းက တိုက်ခိုက်မှုက သူ့ကို အရမ်းပဲ အားကုန်စေတယ်ဆိုတာ ပေါ်လွင်ပြီး သူ့အနေနဲ့ အပြည့်အဝ ပြန်လည်ကောင်းမွန်လာဖို့ လိုပါသေးတယ်။

လင်းဟာန် အပေါ်ကို ကျရောက်နေတဲ့ ဖိအားက အကြီးအကျယ် လျော့ကျသွားခဲ့ပါတယ်။ သူက လေပေါ်မှာ အဆက်မပြတ် ရှောင်တိမ်းပြီး တိုက်ပွဲရဲ့ အခြေအနေကို ဆက်လက်လေ့လာ စူးစမ်းနေခဲ့ပါတယ်။

တိုက်ပွဲတွေကို ကြည့်ရတာ မယုံနိုင်စရာ ကောင်းလောက်အောင် ပြင်းထန်လွန်းပါတယ်။ ဒါပေမဲ့ တော်တော်များများက သူတို့ရဲ့ စွမ်းရည်တွေကို အပြည့်အဝ အသုံးမပြုကြပါဘူး။

ဥပမာ လွီရင်နဲ့သူ့အဖော် မိန်းကလေး သုံးယောက်။ သူတို့တွေက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း လက်ရွေးစင်တွေ ဖြစ်ပေမဲ့ ပြင်းထန်အလယ်အလတ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်က စွမ်းရည်လောက်ပဲ ဖော်ထုတ်ပြီးတော့ လက်ရှိမှာ ဘာမဟုတ်တဲ့ ပင်လယ်ဓားပြ တချို့နဲ့ အပြင်းအထန် တိုက်ခိုက်နေကြပါတယ်။ လျိုကလန်က အဖွဲ့ဝင် နှစ်ယောက်လည်း အတူတူပါပဲ။ သူတို့ရဲ့ စွမ်းရည်တွေက အစွမ်းထက်ပေမဲ့ အားနည်းသလိုမျိုး ဟန်ဆောင်နေ ကြပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ဘက်မှာ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း လက်ရွေးစင် အနည်းဆုံး ငါးယောက်ရှိတဲ့ ပုံနဲ့ဆိုရင် သူတို့က သိသိသာသာကို အသာစီး ရယူနိုင်ပါလိမ့်မယ်။

ကြည့်ရတာ သူတို့ရဲ့ မကောင်းဆိုးဝါး စိတ်တွေက မသေဆုံးသေးဘူးပဲ။

လင်းဟန်က တွေးလိုက်ပါတယ်။ ဒီလူတွေက သူတို့ရဲ့ ခွန်အားတွေကို တမင်သက်သက် ဖုံးကွယ် ထားပါတယ်။ အခုလိုမျိုး

ဂရန်းသုန်းကား တိုက်ပွဲကို အသုံးချပြီးတော့ သူတို့က အခွင့်ကောင်း ရတာနဲ့ သူ့ကို တစ်ချက်တည်း အသေသတ်ဖို့ စိတ်ကူးထားမှန်း သိသာပါတယ်။ အဲဒီအခိုက်မှာ သူတို့က ပင်လယ်ဓားပြတွေ အပေါ်မှာ အပြစ်ပုံချနိုင်မှာ ဖြစ်ပြီးတော့ သူတို့ကိုယ်သူတို့ ဒီပြဿနာကနေ ကွင်းလုံးကျွတ် လွတ်အောင်လုပ်နိုင်ပါလိမ့်မယ်။

တကယ်တော့ ဘယ်သူကမှ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ တပည့်တစ်ယောက်ကို သတ်ဖြတ်တဲ့ ပြစ်မှုမျိုးနဲ့ မပတ်သက်ချင်ကြပါဘူး။

"ငါမင်းကို ကောင်းကင်ဘုံကို ပို့ပေးမယ်"

ကတုံးကြီးက စပ်ဖြဲဖြဲအမူအရာနဲ့ ပြုံးပြီးတော့ သူ့ညာဘက်လက်က လက်ချောင်းတွေကို သစ်ခွပန်း တစ်ပွင့်ပုံစံမျိုး ပြောင်းလိုက်ပါတယ်။ သူက အသာလေး ရိုက်ချလိုက်ပြီး ဝုန်းဆိုတဲ့ အသံနဲ့အတူ စစ်မှန်တဲ့ သစ်ခွပန်းတစ်ပွင့် ဖြစ်ပေါ်လာပြီး လင်းဟန်အပေါ်ကို ရိုက်ချလာခဲ့ပါတယ်။

အနီးကပ်သေချာကြည့်ရင် သစ်ခွပန်းပွင့်ရဲ့ ရိုးတံမှာ နတ်ဘုရားသင်္ကေတတွေ ဖြစ်ပေါ်နေပြီး အလင်းရောင်တစ်ခု ထွက်ပေါ်ကာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါ အမျိုးအစား တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

လူသတ်ဖို့ ဂန်မလေးတဲ့ အရူးတစ်ယောက်မှာ ကြီးမြတ်ပြီးတော့ သန့်စင်တဲ့ အရှိန်အဝါ တစ်ခုက သူ့ကို ဝိုင်းပြီးတော့ လည်ပတ်နေတာကို စဉ်းစားကြည့်ပါ။ ဒါက အရမ်းကို ထူးဆန်းပြီး လုံးဂကို ယုတ္တိမရှိပါဘူး။

ထန်။

လင်းဟာန်က အားလိုင်းကြောင့် လွင့်ထွက်သွားပြီး ဘေးကို ရောက်သွားပါတယ်။

အဲဒီအချိန်မှာပဲ မယုံနိုင်စရာကောင်းလောက်အောင် အေးစက်တဲ့ ဓားအလင်းရောင်တစ်ခု ထွက်ပေါ်လာပြီး လင်းဟာန်ရဲ့ ရင်ဘတ်ကို ထိုးစိုက်ဖို့ တိုးဂင်လာခဲ့ပါတယ်။

တိုက်ခိုက်သူက အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ မီးခိုးရောင် ဂတ်စုံနဲ့ သာမန်ပုံစံရှိတဲ့ ကျိုးဂေါင်ယွန်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်မှာ သူ့ရဲ့ မျက်လုံးတွေက မလိုမုန်းတီးတဲ့ အလင်းရောင်တွေ တောက်ပနေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခု ထွက်ပေါ်လို့ နေပါတယ်။

ပြင်းထန် အလယ်အလတ်အဆင့် အထွတ်အထိပ်။

သူက အစောတုန်းက ပင်လယ်ဓားပြထက် ပိုပြီးတော့တောင် အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဓားချက်က နီးကပ်လာပြီး လင်းဟန်က လွင့်ထွက်လာတဲ့ အခိုက်အတန့်လည်း ဖြစ်တာကြောင့် သူ့ရဲ့ ခုခံမှုက အားအနည်းဆုံး ဖြစ်နေပါတယ်။ နောက်ပြီးတော့ ဓားရဲ့ထိပ်ဖျားက အေးစက်လွန်းပြီးတော့ အတိတ်နိမိတ်မကောင်းတဲ့ လက္ခဏာ တစ်ခု ဖြစ်ပါတယ်။ ဒါက ထိပ်တန်းလက်နက် တစ်ခုဖြစ်ပြီးတော့ သူ့ဆီက စွမ်းအားတွေကို ထည့်သွင်းထားပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်နိုင်စွမ်း ရှိနိုင်တယ်ဆိုတာ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

သူပစ်မှတ်ထားတဲ့ အဓိက အချက်က လင်းဟန်ရဲ့ နှလုံးသားကို ထိုးဖောက်ဖို့ ဖြစ်ပြီးတော့ ဒီတိုက်ခိုက်မှုက သေကွင်းသေကွက်ကို တိုက်ခိုက်လိုက်တာပဲ ဖြစ်ပါတယ်။

ကတုံးကြီးက ဒီလှေပေါ်မှာ ရုပ်ထွေးမှု တစ်ခုကို ဖုံးကွယ်ထားတယ် ဆိုတာကို မသိပါဘူး။ ပြီးတော့ ဒီမြင်ကွင်းကို မြင်လိုက်ရတဲ့ အခါမှာ သူက ထူးဆန်းသလို ခံစားလိုက်ရပေမဲ့ သူ့အတွက် အဆင်ပြေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တာဂန်က ဒီနေရာမှာရှိတဲ့ ယောက်ျားအားလုံးကို သတ်ဖို့ဖြစ်ပြီးတော့ ဘယ်သူကပဲ ဘယ်သူ့ကို သတ်သတ် ဘာကိုဂရုစိုက်ရမှာလဲ။

ကျိုးဂေါင်ယွန်ရဲ့ မျက်နှာက လေးနက်ပြီးတော့ တင်းမာခက်ထန်ကာ လက်နှစ်ဖက်စလုံး သူ့ဓား လက်ကိုင်ကို ဆုပ်ကိုင်ထားပါတယ်။ သူ့လက်တွေပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တောက်ပနေတာကို တွေ့မြင်နိုင်ပြီး ဓားရဲ့ အသွားပေါ်ထိတောင် တလက်လက် တောက်ပလို့ နေပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အလင်းရောင်တန်းတွေ ဖြာထွက်လို့ နေပါတယ်။

သူက လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုနဲ့ ပတ်သက်ပြီး အရမ်းကို စိုးရိမ်ပူပန် နေပုံ ပေါ်ပြီးတော့ ဒီတိုက်ခိုက်မှုက သူ့ရဲ့ စွမ်းအားတွေ အကုန်လုံးကို ထည့်သွင်းထားပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို ထိုးစိုက်ဖို့အတွက် ဆုံးဖြတ်ထားမှန်း ပေါ်လွင်ပါတယ်။

"အရိပ်တစ်ထောင် နည်းစနစ်"

လင်းဟန်က အသံတိုးတိုးနဲ့ ပြောလိုက်ပြီး ဓားထိပ်ဖျားက သူ့ကို ထိလုထိခင် အချိန်မှာပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

ကျိုးဂေါင်ယွန်ရဲ့ ဓားချက်က ချက်ချင်းပဲ ပစ်မှတ်ကို လွဲချော်သွားခဲ့ပါတယ်။

သိထားရမှာက ကျိုးဂေါင်ယွန်ဟာ ဒီဓားချက်ထဲမှာ သူ့ရဲ့စွမ်းအားတွေ အကုန်လုံးကို အသုံးပြုထားခဲ့ပြီး ပစ်မှတ်ကို လွဲချော်သွားတာနဲ့ အဆုံးမရှိတဲ့ စွမ်းအားတွေကို ဘယ်မှာမှ ရှာလို့ မရခဲ့ပါဘူး။ သူ့ရဲ့ပုံသဏ္ဍာန်ကလည်း ထိန်းချုပ်မှု ပျောက်ကွယ်သွားပြီး အရှေ့တည့်တည့်ကို တစ်ဟုန်ထိုး ဝင်သွားပါတယ်။

ဖူး။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ဒီတိုက်ခိုက်မှုက ပင်လယ်ဓားပြ တစ်ယောက်ရဲ့ ပေါင်ကို ထိုးစိုက်သွားပြီး သူ့ကို အရမ်းပဲ နာကျင်စေခဲ့တာကြောင့် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်သွား စေခဲ့ပါတယ်။ ပင်လယ်ဓားပြ သူ့ကို ဘယ်သူတိုက်ခိုက်သလဲ ဆိုတာကို လှည့်ကြည့်လိုက်ပြီမယုံနိုင်သလို ခံစားလိုက် ရပါတယ်။ လက်ရှိမှာ သူက လှေထိုးသားတွေထဲက တစ်ယောက်နဲ့ အပြင်းအထန် တိုက်ခိုက်နေပါတယ်။ ဒါကြောင့် ဘေးလူတစ်ယောက်က ဘာကြောင့် ရုတ်တရက် သူ့ကို ဓားနဲ့ထိုးရတာလဲ။

သူက ဘယ်လောက် အပြစ်ကင်းတယ်ဆိုတာကို ဖော်ပြလို့ မရပါဘူး။ အဲဒီလှေထိုးသားက အခွင့်အရေးကို လက်မလွှတ်ပဲ

သူ့ရဲ့တူကြီးနဲ့ ထုရိုက်လိုက်တာကြောင့် အဲဒီပင်လယ် ဓားပြရဲ့ ခေါင်းက ပျော့ပြဲသွားခဲ့ပါတယ်။

ရွှပ်။

လင်းဟန်က နောက်တစ်ကြိမ် ပြန်ပေါ်လာခဲ့ပါတယ်။ သူက အစောတုန်းက ပျောက်ကွယ်သွားတဲ့ နေရာမှာပဲ ပြန်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။

ဟင်။

ဟာ။

ကျိုးဂေါင်ယွန်နဲ့ ပင်လယ်ဓားပြ ကတုံးကြီးက အံ့အားသင့်သွားခဲ့ပါတယ်။ လင်းဟန်ကို အာရုံစိုက်နေတဲ့ လူနည်းစုလည်း ခြွင်းချက်မရှိပါဘူး။ စောစောက လင်းဟန် ရုတ်တရက် ပျောက်ကွယ် သွားခဲ့တာလား။

အရိပ်တစ်ထောင် နည်းစနစ် ဟုတ်လား။

ဒီလူတွေက မီးခိုးပုံး တစ်ခုကို လင်းဟန်က ပစ်ထုတ်လိုက်တယ်လို့ ထင်နေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မယုံနိုင်စရာကောင်းတဲ့

လုပ်ရှားမှု နည်းစနစ် တစ်ခုဖြစ်တယ်ဆိုတာကိုပဲ ယုံကြည်ဖို့ ပိုပြီးစိတ်ကူး ရှိကြပါလိမ့်မယ်။

ဘယ်လိုဟာသလဲ။ ကျွန်မာငယ်လေး တစ်ခုကလာတဲ့ ပုရွက်ဆိတ် တစ်ကောင်မှာ မူလဇာစ်မြစ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ရတနာကို ပိုင်ဆိုင်ထားတယ်ဆိုတာ ဖြစ်နိုင်မှာတဲ့လား။

သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ဆိုတာမျိုးကို သူတို့ရဲ့ အတွေးထဲမှာတောင် မပေါ်လာမိ ခဲ့ကြပါဘူး။

ဒီလုပ်ရှားမှု နည်းစနစ်က အရမ်းကို အံ့သြဖို့ ကောင်းပါတယ်။ ကျိုးဝေါင်ယွန်ရဲ့ အစွမ်းက လင်းဟာန်ထက် အများကြီး သာလွန်တယ် ဆိုတာကို သိသင့်ပါတယ်။ ပြီးတော့ သူက သူ့ရဲ့တိုက်ကွက်ကို ချိန်သားကိုက် ရွေးချယ်ပြီး လုပ်ရှားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ တိုက်ခိုက်မှုက မအောင်မြင်သွားခဲ့ပါဘူး။

သောက်ကျိုးနည်း။ ကျွန်မာငယ်တစ်ခုက ဒီပုရွက်ဆိတ်က သတ်ရတာ အရမ်းကို ခက်ခဲနေတာလား။

လင်းဟာန်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် လျှို့ဝှက်ဆန်းကြယ်တဲ့ လူသတ်သမားက ခင်ဗျားပဲပေါ့"

ကျိုးဂေါင်ယွန်က အမူအရာ ကင်းမဲ့စွာနဲ့ မေးလိုက်ပါတယ်။

"မင်းက ငါ့ကို သံသယ ဝင်နေတာ ကြာပြီလား"

"အင်ပါယာ မြို့တော်ကနေ ကျုပ်ရဲ့ ထွက်ခွာလာမှုက ခင်ဗျားလို မကောင်းဆိုးဝါးတွေ လက်လွှတ်မခံနိုင်တဲ့ အခွင့်အရေးကောင်း တစ်ခုပဲလေ။ အမှောင်ည ခန်းမက မလှုပ်ရှားဘူး ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ လျှို့ဝှက်ဆန်းကြယ်တဲ့ လူသတ်သမားက အမှောင်ည ခန်းမဆီကနေ လာလိမ့်မယ်ဆိုတာ ကျုပ်တွက်ဆမိထားတာ ကြာနေပြီ။ ပြီးတော့ ကျုပ်ရဲ့ မျက်လုံးထဲမှာ ခင်ဗျားက မသင်္ကာစရာ အကောင်းဆုံးပဲ"

လင်းဟန်က ပြောလိုက်ပါတယ်။

လွီရင်၊ လျှိုယု၊ ကျိုးရှောင်နဲ့ တခြားသူတွေ အားလုံးရဲ့ နောက်ခံက ရှင်းပါတယ်။ တကယ်လို့ အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ကို စေလွှတ်မယ်ဆိုရင် ကျင်းကျစ်ဟွေ့၊ ကျိုးဂေါင်ယွန်၊ ဖူရှင်းနဲ့ ရင်ယွန်ရှန်းတို့ထဲက တစ်ယောက်ယောက် ဖြစ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ ကျင်းကျစ်ဟွေ့လည်း ဓားသမား တစ်ယောက် ဆိုပေမဲ့ သူ့ဓားသိုင်း နည်းစနစ်က ရုပ်ထွေးပြီး ရဲဝံ့ပါတယ်။ ရုပ်ထွေးပြီးတော့

မှန်ဝါးဝါး ခံစားချက် အမျိုးအစားတစ်ခု ရှိပေမဲ့ အရင်က ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်တဲ့ တိုက်ခိုက်မှုမျိုးနဲ့ လုံးဝကို မအပ်စပ်ပါဘူး။

ဖူးရှင်းက ပိုပြီးတော့တောင် သံသယ ကင်းပါတယ်။ ဒီလူငယ်က ရိုင်းစိုင်းကြမ်းကြုတ်တဲ့ သားရဲတစ်ကောင်နဲ့ တူပါတယ်။ သူ့ရဲ့ တိုက်ခိုက်တဲ့ ပုံစံက ပြင်းထန်ပြီးတော့ ကြမ်းကြုတ်ပါတယ်။ သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းက သူ့ရဲ့ လက်နက်တစ်ခု ဖြစ်ပါတယ်။ သူက သူ့ရဲ့ တံတောင် ဒူးနဲ့ ဦးခေါင်းကို အသုံးပြုပြီးတော့ တိုက်ခိုက်ပါတယ်။ သူ့ပါးစပ်ကို ဟပြီးတော့တောင် တခြားသူကို ကိုက်ပြီးတော့ သူ့ကိုယ်သူ လူရိုင်းတစ်ယောက်နဲ့ တူပါတယ်။

ရင်ယွင်ရှန်းရဲ့ လက်နက်က ကျာပွတ်တစ်ချောင်း ဖြစ်ပါတယ်။ ဒါကြောင့် သူမက တိုက်ခိုက်တာထက် ခုခံတဲ့ နေရာမှာ ပိုကောင်းပါတယ်။

ဒီလိုမျိုး နိုင်းယှဉ်မှု တစ်ခုနဲ့အတူ ကျိုးဂေါင်ယွင်က အမှောင်ည ခန်းမက စေလွှတ်လိုက်တဲ့ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်နိုင်ချေ ပိုများသွားပါတယ်။ တစ်ချိန်တည်းမှာပဲ သူက

ထူးခြားဆန်းကြယ်တဲ့ လူသတ်သမား ဖြစ်နိုင်ချေ အရမ်းကို မြင့်မားသွားပါတယ်။

လင်းဟာန်က ပင်လယ်ဓားပြ ကတုံးကြီးနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဆင်နွှဲနေတယ်ဆိုပေမဲ့ သူက ကျိုးဂေါင်ယွန်ကိုလည်း အာရုံစိုက်ထားပါတယ်။ တိုက်ပွဲက ဘယ်လောက်တောင် ဂရုန်းသုန်းကား ဖြစ်နေလဲ ဆိုတာကို သိသပါတယ်။ လူသတ်သမားက သူ့ကို အဆိပ်ရှိတဲ့ မြွေတစ်ကောင်လိုမျိုး ချောင်းမြောင်းလုပ်ကြံ သတ်ဖြတ်မှုကို လုပ်ကောင်း လုပ်လာနိုင်ပါတယ်။

ပြီးတော့ လင်းဟာန်ရဲ့ ခန့်မှန်းချက်က တကယ့်ကို မမှားခဲ့ပါဘူး။

Chapter 1014 end

အပိုင်း(1015) အန္တရာယ်ကြီးက အနောက်မှာ ရှိတယ်

ကျိုးဂေါင်ယွန်က သူ့ဓားကို လေထဲကို တစ်ချက် ခုတ်ပြီးတော့ သရော်ပြုံး ပြုံးလိုက်ပါတယ်။

"တကယ်လို့ မင်းသိသွားတော့ရော ဘာဖြစ်သေးလဲ။ ဒီနေ့မှာ ဘယ်လိုပဲဖြစ်ဖြစ် မင်းသေရမှာပဲ"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အစ်ကိုကြီး ခင်ဗျားက ဒီကိစ္စထဲကို အပြစ်မဲ့တဲ့ လူတွေကို ဆွဲမသွင်းခဲ့သင့်ဘူး"

"အိုး ဒါဆိုရင် မင်းက သူတို့အတွက် ရပ်တည်ပေးချင်တယ်ပေါ့"

ကြောက်မက်ဖွယ်ရာကောင်းတဲ့ နတ်ဘုရား အလင်းတစ်ခုက ကျိုးဝေါင်ယွင်ရဲ့ ဓားကနေ တလက်လက် တောက်ပလာပြီး သူက လင်းဟာန်ကို အညှာအတာ ကင်းမဲ့စွာနဲ့ ခုတ်ချလိုက် ပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုတွေက အထူးတလည် ရိုးရှင်းပြီး အားလုံးက လင်းဟာန်ရဲ့ သေကွင်းသေကွက် နေရာတွေကိုပဲ ပစ်မှတ်ထားပါတယ်။

လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကျုပ်မှာ အချိန်အများကြီး မရှိဘူး။ ဒါပေမဲ့လည်း လူတစ်ယောက်က တစ်စုံတစ်ယောက်ကို အမှန့်ခြေပစ်ချင်လို့ လက်ယားနေတာ တော်တော်ကြာပြီ"

ကျိုးဝေါင်ယွန်က အဆက်မပြတ် တိုက်ခိုက်ရင်းနဲ့ မေးလိုက်ပါတယ်။

"အိုး ဘယ်သူ့ကလဲ"

"ငါပဲ"

အေးစက်တဲ့ နှာခေါင်းရှုံ့သံ တစ်ခုနဲ့အတူ ယန်ထိုက်ချန်က လျှောက်လာခဲ့ပါတယ်။ သူ့ရဲ့ သုံးမီတာခန့် မြင့်မားတဲ့ ခန္ဓာကိုယ်ကနေ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အရှိန်အဝါ တစ်ခုက တလက်လက် တောက်ပလို့ နေပြီးတော့ သူ့မျက်နှာက တင်းမာခက်ထန်နေပြီး သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။

ကျိုးဂေါင်ယွန်ရဲ့ တစ်ကိုယ်လုံးက ကြက်သီးမွေးညှင်းတွေ အကုန်ထောင်သွားသလို ခံစားလိုက် ရပြီး သူ့ကျောရိုးတစ်လျှောက် အေးစိမ့်လာကာ ချွေးဖျားလက်ဖျားတွေ ကျဉ်လာခဲ့ပါတယ်။

သူက ယန်ထိုက်ချန်ထက် အဆင့်သေး တစ်ခုလုံး နိမ့်ပါတယ်။ ပြီးတော့ သူ့မှာ လုပ်ကြံသတ်ဖြတ်တဲ့ အတွေ့အကြုံ တစ်ခုပဲ ရှိပြီးတော့ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ထက် ပိုမြင့်တဲ့ သူကို တိုက်ခိုက်နိုင်တဲ့ ပါရမီရှင် တစ်ယောက်လည်း မဟုတ်ပါဘူး။ တစ်ဖက်မှာတော့ ယန်ထိုက်ချန်က ကြယ်နှစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နေပါတယ်။

ပြောရမယ်ဆိုရင် သူတို့နှစ်ယောက် အကြားမှာ အဆင့်သေး ခြောက်ခုတောင် ကွာဟနေပါတယ်။

ဒါက တစ်ဖက်သတ် တိုက်ပွဲတစ်ခု ဖြစ်လိမ့်မယ်ဆိုတာ သံသယ ရှိစရာတောင် မလိုပါဘူး။

ကျိုးဂေါင်ယွန်က လင်းဟာန် မဟုတ်ပါဘူး။ သူ့မှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခု မရှိပါဘူး။ ယန်ထိုက်ချန်လို လက်ရွေးစင် တစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် သူ့အနေနဲ့ တိုက်ကွက်ဆယ်ကွက် အတွင်းမှာ အသတ်ခံရပါလိမ့်မယ်။

"ယန်ထိုက်ချန် သေစမ်း"

အစွမ်းထက်တဲ့ ပင်လယ်ဓားပြ သုံးယောက်ကလည်း တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ယန်ထိုက်ချန်က လက်တစ်ဖက်တည်းနဲ့ သူတို့ကို အသာလေး တားဆီးလိုက်ပြီးတော့ ကျိုးဂေါင်ယွန်ကို အေးစက်စွာနဲ့ ဆက်ပြီးတော့ စိုက်ကြည့်လိုက်ပါတယ်။

"မင်းမှာ ဘာပြောစရာ ရှိသေးလဲ"

ကျိုးဂေါင်ယွန်က တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ အဲဒီနောက် သူက ရုတ်တရက် သူ့ရဲ့ ဓားနဲ့ တသားတည်း ဖြစ်သွားပါတယ်။

ရှူပ်။

သူ့ခန္ဓာကိုယ်က ချက်ချင်းပဲ လေပေါ်ကို ထိုးတက်သွားခဲ့ပါတယ်။

သူက ယန်ထိုက်ချန်ကို တိုက်ခိုက်လိုက်တာ မဟုတ်သလို လင်းဟန်ကိုလည်း သူနဲ့အတူ ဆွဲခေါ်ဖို့ ကြိုးစားတာ မဟုတ်ပါဘူး။ အဲဒီအစား သူက ပင်လယ်ထဲကို လှွားခနဲ ခုန်ထွက်သွားတာ ဖြစ်ပါတယ်။ သူ့ရည်ရွယ်ချက်က ပင်လယ်ကြမ်းပြင်ကနေ လွတ်မြောက်အောင် ထွက်ပြေးဖို့ ဖြစ်ပါတယ်။ ဒီနေရာရဲ့ ဆွဲငင်အား နယ်မြေက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းပေမဲ့ တကယ်လို့ သူတို့က ပင်လယ်ထဲကို နစ်မြုပ်သွားရင်တောင် သာမန်လူတွေလိုမျိုး ပင်လယ် ကြမ်းပြင်ပေါ်မှာ လမ်းလျှောက်လို့ ရနိုင်ပါဦးမယ်။ ရှစ်နှစ် ဆယ်နှစ်လောက် ကြာပြီးတဲ့နောက်မှာ အဲဒီလူက ပင်လယ်ကနေ လမ်းလျှောက်ထွက်လာ နိုင်ပါလိမ့်မယ်။

ယန်ထိုက်ချန်နဲ့ သူသေကိုယ်သေ မျက်နှာချင်းဆိုင်ပြီးတော့ ရင်ဆိုင်တိုက်ခိုက်ကာ ရန်းကန်ရမှာထက် စာရင်တော့ ဒါက ပိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက် တစ်ခု ဖြစ်ပါလိမ့်မယ်။

"ထွက်ပြေးဖို့ ကြိုးစားတာလား"

ယန်ထိုက်ချန်က သရော်ပြုံး ပြုံးပြီးတော့ သူ့ရဲ့ တခြားလက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ကျိုးဂေါင်ယွန်ကို ဖမ်းဆုပ်လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ ယန်ထိုက်ချန်ရဲ့ ကြီးမားတဲ့ လက်မည်းကြီးက မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလာခဲ့ပါတယ်။ သူ့လက်ပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တစ်ဒါဇင်ကျော်လောက် တောက်ပလာပြီး ထိတ်လန့်စရာကောင်းတဲ့ အရှိန်အဝါတစ်ခု ပေါက်ကွဲထွက်ပေါ် လာခဲ့ပါတယ်။

ဘုန်း။

ဒီလက်တစ်ဖက်က အရမ်းကို ကြီးမားပြီး ချက်ချင်းဆိုသလို လေဟတစ်ခုလုံးကို အရိပ်မည်းကြီး တစ်ခု ဖုံးလွှမ်းသွားပြီးတော့ ကျိုးဝေါင်ယွန်ရဲ့ လမ်းကြောင်းကို တားဆီးလိုက်ပါတယ်။

"မိုးကောင်းကင်ပျံ ဓား"

ကျိုးဝေါင်ယွန်က အသာအယာ အော်လိုက်ပါတယ်။ သူ့ရဲ့ အမြန်နှုန်းက ရုတ်တရက် တိုးလာပြီး သူ့ဓားနဲ့အတူ ရောမ လက်ကြီးဆီကို တစ်ရှိန်ထိုး ပြေးဝင်သွားပါတယ်။

ဖူး။

အလင်းရောင် အစက်တွေက မိုးသီးမိုးပေါက်လို ကျဆင်းလာပြီး ဓားအလင်းရောင်က လေထဲမှာ ပေါက်ကွဲထွက် လာခဲ့ပါတယ်။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ ကျိုးဂေါင်ယွန်က ရောမ လက်ကြီးမှာ အပေါက်တစ်ခု ဖြစ်အောင်လို့ ဖန်တီးနိုင်တာကို တွေ့မြင်လိုက်ရပါတယ်။

ရှွပ်။

ကျိုးဂေါင်ယွန်က အဲဒီအပေါက်ကနေ ခုန်ထွက်သွားပြီး သူ့ပတ်လည်က ဓားအလင်းရောင်က အရမ်းကို မှေးမှိန်လာခဲ့ပြီး ဒီနည်းစနစ်ကို အသုံးပြုဖို့အတွက် ကြီးမားတဲ့ တန်ဖိုးတစ်ခုကို ပေးခဲ့ရပုံ ပေါ်ပါတယ်။

ယန်ထိုက်ချန်က သူ့ရဲ့ ရောမ လက်ကို ဝှေ့ယမ်းပြီးတော့ လိုက်ဖမ်းကာ သရော်လိုက်ပါတယ်။

"မင်းလွတ်နိုင်မယ်လို့ ထင်နေတာလား"

"အား"

ကျိုးဂေါင်ယွန်က ရောမ လက်ကြီးရဲ့ ဖမ်းဆုပ်တာကို ခံရပြီး သူ့ရဲ့ အရိုးတွေ ကြေမွသွားသလို ခံစားလိုက်ရပြီး နာကျင်မှုဒဏ်ကြောင့် စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။

ခွန်အားခြင်း ကွာဟချက်က အရမ်းကို သိသာလွန်းပါတယ်။ အဆင့်သေး ခြောက်ဆင့်တောင် ကွာဟပြီး ကျိုးဂေါင်ယွန်မှာ တိုက်ခိုက်ဖို့ စိတ်ကူးတွေ မရှိပါဘူး။ သူ့ရဲ့ တစ်ခုတည်းသော အတွေးက ထွက်ပြေးဖို့ ဖြစ်ပါတယ်။ အဆုံးသတ်မှာတော့ ယန်ထိုက်ချန်အတွက် သူ့ကို ဖမ်းဆီးဖို့ ပိုပြီးတော့တောင် လွယ်ကူသွားစေခဲ့ပါတယ်။

"သေစမ်း"

ပင်လယ်ဓားပြ သုံးယောက်က ယန်ထိုက်ချန်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။

သူတို့ရဲ့ တိုက်ခိုက်မှုတွေက မိုးသီးမိုးပေါက်လိုမျိုး သူ့ပေါ်ကို ကျဆင်းလို့ လာခဲ့ပါတယ်။

ယန်ထိုက်ချန်က သူတို့ကို လက်တစ်ဖက်တည်းနဲ့ တိုက်ခိုက်နေရတာကြောင့် သူက သူတို့ရဲ့ တိုက်ခိုက်မှုတွေကို လုံးဝလျော့ပါးအောင် မလုပ်နိုင်ပါဘူး။ ဒါကြောင့် သူက တိုက်ခိုက်မှု

အနည်းငယ်ကို ခံလိုက်ရပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် သန်မာတာကြောင့် သူ့ပါးစပ်ထောင့်ကနေ သွေးအနည်းငယ်ပဲ စီးကျလာခဲ့ပါတယ်။

သူက လက်ရွေးစင် သုံးယောက်ကို တပြိုင်နက်တည်း တိုက်ခိုက်နေပြီးတော့ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်က အထွတ်အထိပ်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ သူ့ခွန်အားက တကယ်ပဲ အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"ကျုပ် ကျုပ်ကို ချမ်း ချမ်းသာပေးပါ"

ကျိုးဝေါင်ယွန်က ချက်ချင်းပဲ တောင်းပန်လိုက်ပါတယ်။

"သူတို့ကို ကျုပ် မသတ်ဘူးဆိုတာ ကျိန်ဆိုပါတယ်။ တကယ်ပဲ ကျုပ်သတ်တာ မဟုတ်ပါဘူး"

ဖူး။

ယန်ထိုက်ချန်က ဘယ်လိုလုပ်ပြီးတော့ သူ့ကို ယုံကြည်မှာလဲ။ သူ့ညာဘက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ချက်ချင်းဆိုသလို ကျိုးဝေါင်ယွန်က ပေါက်ကွဲထွက်ကာ သွေးတွေ

အိုင်ထွန်းကုန်ပါတယ်။ ရောမ လက်ကြီးက ဖြည်းညှင်းစွာနဲ့ ပျောက်ကွယ်သွား ပါတယ်။

"ပင်လယ်ဓားပြတွေ ဒီနေ့မှာ မင်းတို့အားလုံးကို ငါရဲပိုပေးမယ်"

သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒက လောင်ကျွမ်းလာပြီးတော့ သူ့ရဲ့ နတ်ဆိုးနဲ့တူတဲ့ ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာ ခွန်အားတစ်ခု ပေါက်ကွဲထွက် လာခဲ့ပါတယ်။

"သတ် သတ် သတ် သတ်"

ပင်လယ်ဓားပြတွေက တိုက်ပွဲကို မကြောက်ကြပါဘူး။

"ဟားဟား ကောင်လေး အခု မင်းနဲ့ငါပဲ နောက်ထပ်ကျန်တော့တယ်။ သေစမ်း"

ပင်လယ်ဓားပြ ကတုံးကြီးက လင်းဟန်ကို နောက်တစ်ကြိမ် စတင်တိုက်ခိုက် လိုက်ပါတယ်။

လင်းဟန်က သူ့ကိုယ်ပိုင် တိုက်ခိုက်မှုတွေနဲ့ သူ့ပြိုင်ဘက်က သူ့ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်ကို မထုတ်ဖော်သေးသရွေ့ လင်းဟန်ရဲ့ သန်စွမ်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ တိုက်ခိုက်မှုတွေ အားလုံးကို တောင့်ခံနိုင်စွမ်း ရှိပါလိမ့်မယ်။ အများဆုံး အသေးစား ဒဏ်ရာတွေပဲ ခံစားရပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီဒဏ်ရာတွေကို သူက

ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မော်စာလိပ်နဲ့ ချက်ချင်းကုသနိုင်ပါတယ်။

တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင် သူက အခုချိန်မှာ ကြယ်ငါးပွင့် ဒါမှမဟုတ် ကြယ်ခြောက်ပွင့်ပဲ ရှိပါတယ်။ တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းနဲ့ ပတ်သက်ရင် သူက သေချာပေါက် ကြယ်ဆယ်ပွင့်ရှိတဲ့ လူထူးလူဆန်း တစ်ယောက် ဖြစ်ပါလိမ့်မယ်။

ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်တောင် သူ့ကို သတ်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာ သူက စွေ့ရန်ယွီကို ကူညီပြီးတော့ ပင်လယ်ဓားပြတွေ ထပ်သတ်လို့ မရနိုင်တာကြောင့် သနားစရာကောင်းသလို ခံစားနေရပါတယ်။

ဒါဆိုရင် သူတို့ကို ငါ့ဘာသာငါပဲ သတ်ရတော့မှာပေါ့။

လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် ခုနစ်မျိုး နှိမ်နင်းခြင်း ပညာရပ်ကို အဆက်မပြတ် အသက်သွင်းပြီး ဒီပညာက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ်အဆင့်က ကျင့်ကြံသူတွေအထိ အကျိုးသက်ရောက်မှု ရှိပါတယ်။ သူ့ရဲ့ ရန်သူတွေ မှင်တက်တွေဝေသွားပြီးတဲ့ နောက်မှာတော့ လင်းဟာန်က

သူတို့ကို လက်သီးတစ်ချက်နဲ့ သတ်ပစ်ပြီး သူ့ရဲ့ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်း အထဲကို ထည့်သိမ်းလိုက်ပါတယ်။

ကတုံးကြီးက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ သူက လင်းဟန်ကို လိုက်ဖမ်းပြီး တိုက်ခိုက် လိုက်ပေမဲ့ လင်းဟန်က သူ့ရဲ့ နောက်လိုက် ပင်လယ်ဓားပြတွေကို အချိန်ရရင် ရသလို သတ်ဖြတ်နေဆဲပါပဲ။ ဒါက အကြီးအကျယ်ကို အရှက်ကွဲခြင်းတစ်မျိုး ဖြစ်ပါတယ်။

တစ်ဖက်မှာ အားနည်းတဲ့ ပင်လယ်ဓားပြတွေ အားလုံးက ချေမှုန်းခံလိုက် ရပါတယ်။ တစ်ဖက်မှာ လှေပေါ်က လှေထိုးသားတွေလည်း အစုလိုက် အပြုံလိုက် အသတ်ခံ နေရပါတယ်။ ဒါက ယန်ထိုက်ချန်ကို ဒေါသကြောင့် အရူးတစ်ယောက်လို ဖြစ်စေပါတယ်။ သူ့ရဲ့ သုံးမီတာ မြင့်မားတဲ့ ခန္ဓာကိုယ်က နောက်တစ်ကြိမ် ဆန့်ထွက်လာပြီး ခြောက်မီတာခန့် ရှည်တဲ့ လူထွားကြီး တစ်ယောက် အဖြစ်ကို ပြောင်းလဲသွားပါတယ်။

သူ့ရဲ့ အဂတ်အစားတွေက အစိတ်စိတ် အပိုင်းပိုင်း စုတ်ပြတ်သွားပြီး သူ့ရဲ့ အဓိက နေရာကို အောက်ခံ အဂတ်အစားတစ်စုံနဲ့ပဲ ဖုံးကွယ်ထားပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ စက်ဝိုင်းပုံစံ

အမှတ်အသား ကိုးခုရှိနေပြီး သူ့ရဲ့ စွမ်းအားကို
အဲဒီအမှတ်အသားတွေက အတော်လေး တိုးမြှင့်ပေး နိုင်ခဲ့ပါတယ်။

"အမှတ်အသား ကိုးခု နတ်ဘုရား သင်္ကေတ"

ပင်လယ်ဓားပြ အနည်းငယ်က အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"ဒါက ယန်ကလန်ရဲ့ လျှို့ဝှက်ပညာတစ်ခု ဖြစ်ပြီးတော့ သူတို့ရဲ့
အသက်ဓာတ်စွမ်းအား ပမာဏ တစ်ခုကို စတေးပြီး ဒါကို
အသက်သွင်းရတယ်။ အဲဒါက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို
ကြယ်တစ်လုံး တိုးမြှင့်ပေးနိုင်တယ်"

ယန်ထိုက်ချန်က အရမ်းကို အစွမ်းထက်နေပြီးသားပါ။ အခုဆို သူ့ရဲ့
တိုက်ပွဲစွမ်းရည်က နောက်ထပ် ကြယ်တစ်လုံး တိုးမြှင့်လိုက်ပါပြီ။
လေ့ပေါ်က ဘယ်သူမှ သူ့ကို ထိပ်တိုက်ရင်ဆိုင်
တိုက်ခိုက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

တကယ်တော့ ဒါက လူတစ်ယောက်ရဲ့ အသက်ဓာတ်ကို
လျော့ကျစေတဲ့ လျှို့ဝှက်နည်းစနစ် တစ်ခု ဖြစ်ပါတယ်။

သက်ရှိတွေအတွက် သူတို့ရဲ့ အသက်ထက် ဘယ်အရာကများ
ပိုပြီးတော့ အဖိုးထိုက်တန်မှာလဲ။

"မင်းတို့အားလုံး သေနိုင်ပြီ"

ယန်ထိုက်ချန်က သူ့ရဲ့ ဒေါသတွေကို ပင်လယ်ဓားပြတွေဆီ ထုတ်ဖော်လိုက်ပါတယ်။

လင်းဟန်ကလည်း သူ့အရှေ့က မြင်ကွင်းကြောင့် အံ့အားသင့်လို့ နေပါတယ်။ တကယ်လို့ သူက ယန်ထိုက်ချန်နဲ့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရမယ်ဆိုရင် သူ့ရဲ့ အတွင်းကလိစာတွေ အားလုံးက ဆယ်ကွက်အတွင်းမှာပဲ ပျက်စီးသွားနိုင်ပါတယ်။ တိုက်ကွက် တစ်ရာ နောက်ပိုင်းမှာ သူ့ရဲ့ နတ်ဘုရား အရိုးတွေတောင် လုံးဝကို ကြေမွပျက်စီးခြင်းနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။

ယန်ထိုက်ချန်က တကယ်ဆို ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပါတယ်။ ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အခုချိန်မှာ ကြယ်သုံးပွင့်ကိုတောင် ရောက်နေပါပြီ။

ပင်လယ်ဓားပြတွေအနေနဲ့ ယန်ထိုက်ချန်က သူ့ရဲ့ လျှို့ဝှက်နည်းစနစ်ကို အသက်သွင်းပြီးတဲ့ နောက်မှာ ချက်ချင်းပဲ နောက်ဆုတ်ကုန်ပါတယ်။ သူတို့ရဲ့ အခြေအနေက လွီရင်နဲ့ တခြားသူတွေ အားလုံးက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေကို အပြည့်အဝ ထုတ်ဖော်လာတာကြောင့် ပိုပြီးတော့ ဆိုးဝါးလာခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ မျက်လုံးထဲမှာ ပိုပြီးတော့ အာရုံစိုက်စေတဲ့ လူတစ်ယောက်က လှီရင်နဲ့ ယန်ထိုက်ချန်လို ပြီးပြည့်စုံခြင်း အဆင့်က ကျင့်ကြံသူတွေ မဟုတ်ပါဘူး။ အဲဒီအစား အသက် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်ပဲ ရှိဦးမဲ့ လူငယ်လေး ဖူရှင်းပဲ ဖြစ်ပါတယ်။

ဒီလူငယ်က တကယ့်ကို သားရဲတစ်ကောင်ပါပဲ။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိပေမဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို အစွမ်းထက်ပါတယ်။ သူက လက်နက်တစ်ခုမှ အသုံးမပြုပဲ အဲဒီအစား သူ့ရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းအသီးသီးကို အသုံးပြုပြီးတော့ တိုက်ခိုက်ပါတယ်။ ပြိုင်ဘက်တစ်ယောက်ရဲ့ နှာခေါင်းကို ကိုက်ပစ်တာကိုတောင် လင်းဟန်အနေနဲ့ တွေ့မြင်လိုက် ရပါတယ်။

Chapter 1015 end

အပိုင်း(1016) မိစ္ဆာသားရဲမြွေတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကပ်ဘေး

ကျင့်ကြံသူတွေ တိုက်ခိုက်တဲ့ အချိန်မှာ သူတို့တွေက အမြဲတစေ သူတို့ရဲ့ လက်တွေ ဒါမှမဟုတ် ခြေထောက်တွေကို အသုံးပြုတတ် ကြပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က လက်နက်

အမျိုးအစား တချို့ကို အသုံးပြုကြပါလိမ့်မယ်။ အရမ်းအရမ်းကို နည်းပါးလွန်းတဲ့ လူနည်းစုပဲ သံမဏိ ဦးခေါင်းလိုမျိုး ပညာရပ်တွေကို လေ့ကျင့်ဖို့ ရွေးချယ်ကြပါလိမ့်မယ်။

ဒါပေမဲ့လည်း အတိတ်တုန်းက ဟူးညိုကလွဲရင် ဒီလူငယ် တစ်ယောက်ပဲ သူ့ရဲ့ ပါးစပ်ကို လက်နက်အဖြစ် အသုံးပြုတဲ့ တစ်ဦးတည်းသော လူတစ်ယောက် ဖြစ်ပါတယ်။

ဖူရှင်းရဲ့ တိုက်ခိုက်တဲ့ ပုံစံက ဟူးညိုရဲ့ တိုက်ခိုက်ဟန်ကို တုပထားတာမျိုးပါပဲ။ ဒါပေမဲ့လည်း သူက ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်ပါတယ်။ သူ့ရဲ့ သံမဏိနဲ့တူတဲ့ လက်တွေနဲ့ ရန်သူတွေရဲ့ ခံစစ်တွေကို အလွယ်တကူ စုတ်ဖြဲပစ်ခဲ့ပါတယ်။ သူက ရန်သူတွေရဲ့ အူတွေကို စုတ်ဖြဲပြီး သူ့ပါးစပ်နဲ့ လည်ချောင်းတွေကို ကိုက်ဖြတ်ပစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ဘယ်တိုက်ခိုက်မှုမဆို ရန်သူကို အသေသတ်နိုင်တာချည်းပါပဲ။ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းအားလုံးရဲ့ အပြည့်အဝ အားသာချက်ကို ယူနိုင်ခဲ့ပါတယ်။

ဒါက သူ့ကို ပြင်းပြင်းထန်ထန် လေ့ကျင့်ထားတဲ့ ရလဒ်တစ်ခု ဖြစ်ပါလိမ့်မယ်။ သူက ဒီလိုတူညီတဲ့ တိုက်ပွဲပေါင်းများစွာကို အတွေ့အကြုံရှိပုံ ရပါတယ်။ ပြီးတော့ ဒီလိုမျိုး တိုက်ခိုက်မှုတွေက

သူ့ရဲ့ ပင်ကိုယ်စရိုက်တစ်ခု ဖြစ်ပါလိမ့်မယ်။ သူစပြီးတော့ တိုက်ခိုက်တာနဲ့ သူ့ခန္ဓာကိုယ်က ဒီပင်ကိုယ် စရိုက်ရဲ့ လှုံ့ဆော်မှုအတိုင်း လှုပ်ရှားသွားပါလိမ့်မယ်။

ဒီလူငယ်လေးက ဘယ်ကနေ ရောက်လာတာလဲ။

"နောက်ဆုတ်။ နောက်ဆုတ်"

ပင်လယ်ဓားပြတွေက တိုက်ခိုက်မှုတွေကို ဆက်ပြီးတော့ တောင့်မခံနိုင်တော့ပါဘူး။ ဒီလှေပေါ်ကို အယောက်ခြောက်ဆယ် တက်လာခဲ့ပြီး အခုဆိုရင် နှစ်ဆယ်ဂန်းကျင်ပဲ ကျန်ပါတော့တယ်။ သူတို့က မယုံနိုင်စရာ ကောင်းလောက်အောင် ဆုံးရှုံးနစ်နာမှု ကြီးမားလွန်းပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူတို့ရဲ့ အပေါင်းအသင်းတွေ အများကြီး ဆုံးရှုံးခဲ့ရတာတောင် ဒီလှေကို မဖမ်းဆီးနိုင်ခဲ့ပါဘူး။

"ဘယ်သူမှ မလွတ်မြောက်စေရဘူး"

ယန်ထိုက်ချန်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ လိုက်ပါတယ်။ သူက သူ့ရဲ့တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်ပြီးတော့ လှေပေါ်က တစ်ယောက်ပြီး တစ်ယောက်ဆီ တစ်ဟုန်ထိုး ပြေးဝင်ပြီး

အဆုံးသတ်ပစ် လိုက်ပါတယ်။ သူက ပင်လယ်ဓားပြ တစ်ယောက်မှ လွတ်မြောက်ခွင့် မပြုဖို့ ဆုံးဖြတ်ချက် ချထားပါတယ်။

ထန်။

အဲဒီအခိုက်အတန့် လှေက ရုတ်တရက် ပြင်းပြင်းထန်ထန် တုန်ခါသွားပြီး လှေမှောက်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။

လှေပေါ်က လူတွေအားလုံး ဒယိမ်းဒယိုင် ဖြစ်သွားပြီး သူတို့ရဲ့ တိုက်ပွဲတွေ ရပ်တန့်သွား ခဲ့ပါတယ်။ ဘာဖြစ်သွားတာလဲ။

မကောင်းတော့ဘူး။

ယန်ထိုက်ချန်နဲ့ ပင်လယ်ဓားပြ အနည်းငယ်ရဲ့ အမူအရာတွေက ပြောင်းလဲသွားပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။

သူတို့ရဲ့ အံ့အားသင့်မှုနဲ့ ထိတ်လန့်တဲ့ အမူအရာတွေကို ကြည့်ပြီးတော့ ခန့်မှန်းကြည့်ရရင် ရေမှာ အန္တရာယ်ကြီးတစ်ခု ရောက်လာတယ်ဆိုတာ သေချာပေါက်ပါပဲ။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ မလှမ်းမကမ်းကို အားစိုက်ပြီး ကြည့်လိုက်ပါတယ်။ ရေမမြွေတွေ ရာနဲ့ချီပြီးတော့ ကူးလာတာကို တွေ့မြင်လိုက်ပါတယ်။ ဒီမြွေတွေက အရှည်မီတာ သုံးဆယ်လောက် ရှိပြီးတော့ ခန္ဓာကိုယ်က

စည်ပိုင်းတစ်လုံးလောက် ထူပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အစိမ်းရောင် သင်္ကေတတွေ တောက်ပလို့ နေပါတယ်။

"အစိမ်းရောင် သင်္ကေတ မိစ္ဆာသားရဲမြွေတွေ"

လေ့ထိုးသား တစ်ယောက်က အော်ဟစ်လိုက်ပါတယ်။

ဒါက ကြယ်ပင်လယ်ထဲမှာ ပြိုင်ဘက်ကင်းတဲ့ မိစ္ဆာသားရဲအမျိုးအစား တစ်ခု ဖြစ်ပါတယ်။ သူတို့က မိစ္ဆာသားရဲမြွေရဲ့ မျိုးဆက်တွေ ဖြစ်ပြီးတော့ ထင်ရှားတဲ့ မိစ္ဆာသားရဲ အမျိုးအစား တစ်ခုလည်း ဖြစ်ပါတယ်။ အသိုက်တစ်ခုစီမှာ အနည်းဆုံး တောင်မြစ်အဆင့်ရှိတဲ့ အရွယ်ရောက်မြွေ အရေအတွက် ရာနဲ့ချီပြီးတော့ ရှိပါတယ်။ ဒီလိုမျိုး မိစ္ဆာသားရဲတွေ ကူးဖြတ်လာရင် အရွယ်အစား သေးငယ်တဲ့ လှေတွေအတွက် လုပ်ရမှာ တစ်ခုတည်းက လွတ်အောင်လို့ ပြေးဖို့ပါပဲ။

ပုန်း။

လှေက နောက်တစ်ကြိမ် တုန်ခါလာပြီး ရုတ်တရက် ဘယ်ဘက်ခြမ်းကို စောင်းသွားပြီးတော့ လှေမှောက်မလို ဖြစ်သွားပါတယ်။

"ဟင့်"

ယန်ထိုက်ချန်က လေ့ရဲ့ ညာဘက်ခြမ်းကို လွှားခနဲ စုန်ပြီးတော့ ပြင်းပြင်းထန်ထန် ဆောင့်ချလိုက် ပါတယ်။ လေ့က ပြင်းပြင်းထန်ထန် တုန်ခါသွားပြီးတော့ စောင်းနေရာကနေ ချက်ချင်းပဲ တုံ့ဆိုင်း သွားခဲ့ပါတယ်။ အဲဒီနောက် လေ့က တခြားတစ်ဖက်ကို ပြန်စောင်းသွား ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ရောမ မြွေကြီးတစ်ကောင်က လေ့ရဲ့အောက်မှာ လျှောက်သွားနေပြီးတော့ လေ့ကို မှောက်သွားအောင် ကြိုးစားနေပါတယ်။

တကယ်လို့ ကျင့်ကြံသူတွေသာ ရေထဲကို ပြုတ်ကျသွားမယ်ဆိုရင် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြီးကြီးမားမားဆုံးရှုံးသွား ပါလိမ့်မယ်။

တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ ဒီမိစ္ဆာသားရဲတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးက လူသားတွေလိုမျိုး ဖြစ်လာပြီး လူသားပုံစံမျိုးကိုတောင် အသွင်ပြောင်းနိုင် ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ အားသာချက်ကို ဘယ်လိုမျိုး ယူရမလဲ ဆိုတာကို သိနားလည်နေကြတာက သဘာဝ ပါပဲ။

လင်းဟန်က ဘေးဘီဝဲယာကို ကြည့်လိုက်တဲ့ အခါမှာ ရောမမြွေကြီးတွေ ဝိုင်းရံထားတာကို တွေ့မြင်လိုက်ရပါတယ်။

ဒီမြွေတွေက အရှည်သုံးဆယ်မီတာခန့် ရှိပြီးတော့ အားလုံး တောင်မြစ် အဆင့်မှာ ရှိပါတယ်။ သူတို့ရဲ့ ထူးခြားတဲ့ကျင့်ကြံခြင်း အဆင့်က ဘာလဲဆိုတာကိုတော့ မရှင်းလင်းပါဘူး။

တချို့သေးငယ်တဲ့ မြွေတွေက အရွယ်အစား သုံးမီတာလောက်ပဲ ရှည်ပေမဲ့ ဒီမြွေတွေ သူတို့ရဲ့ ရောမ မြွေကြီးတွေရဲ့ အနောက်မှာ အတော်ဝေးဝေး ပြတ်ကျန်ခဲ့ပါတယ်။ နောက်ပြီးတော့ သူတို့က စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ဒါမှမဟုတ် ကောင်းကင်အဆင့်မှာပဲ ရှိကြပါသေးတယ်။

သူတို့က တိုက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အဆင်သင့် မဖြစ်သေးဘူးဆိုတာ ပေါ်လွင်ပါတယ်။ သူတို့က ရောမ မြွေကြီးတွေ တိုက်ပွဲကို အဆုံးသတ်ပြီးတဲ့နောက်မှာ ကျင့်ကြံသူတွေရဲ့ အသားတွေကို စားသောက်ဖို့ သက်သက်ပဲ လာခဲ့တာ ဖြစ်နိုင်ပါတယ်။

စိတ်ဝိညာဉ် အသားတွေက ကျင့်ကြံသူတွေကို အားပြည့်စေသလို ဆန့်ကျင်ဘက် အနေနဲ့ ကျင့်ကြံသူတွေရဲ့ သွေးအဆီအနှစ်ကလည်း မိစ္ဆာသားရဲတွေကို အားပြည့်စေပါတယ်။ အထူးသဖြင့် တန်ခိုးရှင်အဆင့် ကျင့်ကြံသူတွေရဲ့ သွေးအဆီအနှစ်တွေက

စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ မိစ္ဆာသားရဲတွေကို အရမ်းပဲ အားပြည့်စေပါတယ်။

ဒီမြွေသိုက်က ပင်လယ်ထဲက ဆိုးဝါးတဲ့ သွေးနံ့ရဲ့ ဆွဲဆောင်မှုကြောင့် ရောက်လာတာ ဖြစ်နိုင်ပါတယ်။ သူတို့က ပျော်ပျော်ရွှင်ရွှင်နဲ့ ပွဲတော်တည်ဖို့ ဒီနေရာကို လာကြတာ ဖြစ်ပါတယ်။

အခြေအနေက အရမ်းကို အရမ်းကို မရေမရာ ဖြစ်နေပါပြီ။

ထန်။

လှေရဲ့အောက်မှာရှိတဲ့ မြွေကြီးက လှေကို မှောက်အောင်လို့ အပြင်းအထန် ကြိုးစားနေတာကြောင့် လှေက အဆက်မပြတ် ဘယ်ညာ လူးလွန့်လို့ နေပါတယ်။

ဒီအချိန်မှာ ဘယ်သူမှ သူတို့အချင်းချင်း အကြားမှာ မတိုက်ခိုက်ဝံ့ကြတော့ပါဘူး။ သူတို့က လှေရဲ့ အစွန်းဘက်တွေမှာ ရပ်ပြီးတော့ သူတို့ရဲ့ စွမ်းအားတွေကို အသုံးပြုကာ လှေကို ဟန်ချက်ညီအောင် ထိန်းနေကြပါတယ်။ တကယ်လို့ လှေမှောက်သွားရင် သူတို့ထဲက အနည်းစုပဲ အသက်ရှင်သန် နိုင်ပါလိမ့်မယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

တစ်စုံတစ်ယောက် ပြင်းပြင်းထန်ထန် ရိုက်နက်ခံရသလိုမျိုးပဲ လှေကလည်း ပြင်းပြင်းထန်ထန် တုန်ခါပြီးတော့ တကျွိကျွိနဲ့ မြည်နေပါတယ်။

"သေစမ်း။ ဒီမိစ္ဆာသားရဲတွေက လှေကို ပျက်စီးအောင် ကြိုးစားနေတာပဲ"

သူတို့ရဲ့ အမူအရာတွေ အားလုံး ပြောင်းလဲလာပါတယ်။

တကယ်လို့ လူတစ်ယောက်က အခုချိန်မှာ ပင်လယ်ထဲကို ခုန်ဆင်းမယ်ဆိုရင် လှေရဲ့ အောက်မှာ မြွေဆယ်ကောင်ကျော်လောက်က ရေကျည်ဆံတွေ မှုတ်ထုတ်နေတာကို တွေ့မြင်ရပါလိမ့်မယ်။ ဒီရေကျည်ဆံတွေက လှေရဲ့ကိုယ်ထည် အောက်ခြေကို ထိမှန်သွားတဲ့အခါမှာ ပေါက်ကွဲပြီး ပြင်းပြင်းထန်ထန် တုန်ခါသွားစေပါတယ်။

ဒီမြွေတွေရဲ့ အောက်မှာ မီတာသုံးရာလောက် ရှည်လျားတဲ့ ရောမ မိစ္ဆာသားရဲမြွေကြီး တစ်ကောင် ရှိပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က သင်္ကေတတွေက ငွေရောင်တလက်လက် တောက်ပလို့ နေပါတယ်။

ဒါက မိစ္ဆာသားရဲမြွေ ဘုရင် ဖြစ်ပြီး သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေပါပြီ။

ပြောရမယ်ဆိုရင် နေလအဆင့်ကို ချိုးဖျက်တက်ရောက်ဖို့ အခွင့်အရေး တစ်ခုတောင် ရှိနေပါပြီ။ ဒါကြောင့် သူ့ခန္ဓာကိုယ်ပေါ်က သင်္ကေတတွေဟာ တခြား မြွေတွေနဲ့ မတူညီ ကွဲပြားခြားနားနေရခြင်း ဖြစ်ပါတယ်။ ဒီမြွေကြီးက လှေကို အတင်းဖင်ဆောင့်ပြီး မှောက်အောင်လုပ်ဖို့ ကြိုးစားခဲ့တာ ဖြစ်ပါလိမ့်မယ်။

လှေက မုန်တိုင်းတစ်ခု တိုက်ခတ်တာကို ခံနေရသလိုမျိုး လူးလွန့်လို့ နေပါတယ်။ တန်ခိုးရှင်အဆင့် အောက်မှာရှိတဲ့ လူတွေက ခြေထောက်ပေါ်မှာတောင် မားမားမတ်မတ် မရပ်နိုင်ပဲ ပင်လယ်ထဲကို ကျသွားကြပါတယ်။

အဲဒီအချိန် လင်းဟန်နဲ့ တခြားသူတွေက မြဲမြံစွာနဲ့ ရပ်နေပြီး သူတို့ရဲ့ ခြေထောက်တွေနဲ့ လှေပေါ်မှာ ကော်နဲ့ကပ်ထားသလား အောက်မေ့ရပါတယ်။ လှေက ဘယ်လောက်ပဲ ခါခါ ကိစ္စမရှိ သေးပါဘူး။ ဒါပေမဲ့လည်း သူတို့ရဲ့ အမူအရာတွေက အတော်လေးကို တင်းမာခက်ထန်လို့ နေပါတယ်။ ဒါက လှေမပျက်ခင် အချိန်လေး တစ်ခုပဲ ဆိုတာကို သူတို့အားလုံး သိနားလည်ထား ကြပါတယ်။

"ငါတို့တွေ ဒီနေရာမှာ အချိန်အကြာကြီး သောင်တင်နေလိမ့်မယ်။ တကယ်လို့ နောက်ထပ် နှစ်ရက်လောက် တောင့်ခံနိုင်မယ်ဆိုရင် နောက်လှေက ငါတို့ကို မီလာလိမ့်မယ်။ အဲဒီလှေက လှေကြီးဖြစ်ပြီး နေလအဆင့် လက်ရွေးစင် တစ်ယောက် စောင့်ကြပ်လာလိမ့်မယ်"

ယန်ထိုက်ချန်က အားလုံးကို စိတ်အားတက်ကြွလာအောင် ကြိုးစားလိုက်ပါတယ်။

တကယ်လို့ ဒီမှာ နေလအဆင့် လက်ရွေးစင် တစ်ယောက် ရှိနေမယ်ဆိုရင် သူတို့တွေက ဒီမြွေတွေ ရာဂဏန်းအနည်းငယ် မပြောနဲ့ ထောင်သောင်းနဲ့ချီ လာရင်တောင် သတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ပြဿနာ ရှိတာက သူတို့တွေ နောက်ထပ်နှစ်ရက်လောက်ထိ တောင့်ခံနိုင်ပါ့မလား။

"လှေ မြုပ်တော့မယ်"

ဖူရှင်းက ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှု အရိပ်အယောင် နည်းနည်းမှ မရှိပဲ တိုက်ခိုက်ချင်တဲ့ စိတ်တွေ တစ်ဟုန်ထိုး မြင့်တက်လာပါတယ်။

သူက သေချာပေါက် တိုက်ပွဲဆာလောင်တဲ့ အရူးတစ်ယောက်ပါပဲ။

ခရက်။

ကျယ်လောင်တဲ့ အသံကြီး တစ်ခုက လှေပေါ်ကနေ ထွက်ပေါ်လာခဲ့ပါတယ်။ လှေရဲ့ အလယ်က စတင်ပျက်စီးလာခဲ့ပါတယ်။

သူတို့အားလုံး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိပါတယ်။ သူတို့ရဲ့ ပါးစပ်ကို ဟပြီးတော့ စကားတောင် မပြောနိုင်ခင် လှေက ပျက်စီးပြီးတော့ နစ်မြုပ်သွားနိုင်ပါတယ်။ လှေရဲ့ အစိတ်အပိုင်းများစွာ ကျိုးပဲ့ပျက်စီးလာပါတယ်။

"အပျက်အစီးတစ်ခုကို ရှာပြီးတော့ မတ်တပ်ရပ်နေကြပါ"

ယန်ထိုက်ချန်က အော်ပြောလိုက်ပါတယ်။

"အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ ရေပေါ်မှာ ပေါလောမပေါ်နိုင်ဘူးဆိုရင် မင်းက သေချာပေါက် သေရလိမ့်မယ်"

သူက ဒီလှေရဲ့ ကြီးကြပ်သူ ဖြစ်ပါတယ်။ ဒါကြောင့် ခရီးသည်တွေနဲ့ လှေထိုးသားတွေရဲ့ လုံခြုံရေး အတွက် သူ့မှာ တာဝန်ရှိပါတယ်။

အားလုံးက သူ့ရဲ့အကြံပေးချက်ကို လိုက်နာပြီး လှေရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်းတွေကို ရှာဖွေပြီးတော့ အဲဒီအပေါ်တွေမှာ ရပ်နေလိုက်ပါတယ်။

ပင်လယ်ဓားပြတွေလည်း တိုက်ခိုက်တာကို ရပ်ထားပြီး သူတို့ လူနှစ်ဆယ်က အပျက်အစီး သုံးခုပေါ်မှာ သုံးစုခွဲပြီး ရပ်လိုက်ကြပါတယ်။ သူတို့လာတုန်းက စီးလာတဲ့ လှေလေးတွေကတော့ မိစ္ဆာသားရဲ မြွေတွေကြောင့် နစ်မြုပ်ကုန်ပါပြီ။

ပုန်း။

ရောမ မြွေကြီးတစ်ကောင်က ပင်လယ်ရေမျက်နှာပြင်ပေါ်ကို တက်လာပြီး သူ့ရဲ့ အမြီးကြီးနဲ့ အပျက်အစီး တစ်ခုအပေါ်က လူတွေကို လှမ်းရိုက်ချလိုက်ပါတယ်။

ကံမကောင်းတာက လင်းဟန်ကလည်း အဲဒီအပျက်အစီး အပေါ်မှာ ရှိနေပါတယ်။

ကံကောင်းသွားတာက ယန်ထိုက်ချန်လည်း အဲဒီအပျက်အစီး အပေါ်မှာ ရှိနေပါတယ်။

သောက်ကျိုးနည်း။

ယန်ထိုက်ချန်က လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ မြွေအမြီးကြီးဆီကို ဇော့ယမ်း တိုက်ခိုက်လိုက်ပါတယ်။

မြွေအမြီးက ပေါက်ကွဲသွားပြီး သွေးတွေ ဖြာသွားပါတယ်။ နာကျင်မှုကြောင့် လူးလိမ့်နေတဲ့ မြွေကြီးရဲ့ လှုပ်ရှားမှုဟာ

ပင်လယ်လိုင်းတွေကို ပိုပြီးတော့ ကြီးမားပြီး
လိုင်းထန်လာစေခဲ့ပါတယ်။

ယန်ထိုက်ချန်က ထင်ထားတဲ့အတိုင်း အရမ်းကို အစွမ်းထက်တာပဲ။

"မိန်းမ အနားကို ကပ်လာခဲ့"

လင်းဟာန်က သူ့ဘယ်ဘက်လက်နဲ့ စွေ့ရန်ယွီရဲ့
ကျစ်လျစ်သွယ်လျတဲ့ ခါးလေးကို ပွေ့ဖက်ပြီး
သူ့ညာဘက်လက်မှာတော့ ဓားတစ်လက်ကို
ကိုင်ထားလိုက်ပါတယ်။

"ဒီနေ့ ဒီနေရာမှာ ငါတို့ ချစ်သူနှစ်ယောက်
သေကောင်းသေသွားနိုင်တယ်။ မင်းက ငါ့ကို ချစ်တယ်လို့
မပြောသေးဘူးလား။ မင်းက ငါ့ကို ဒီလိုမျိုး နောင်တနဲ့အတူ
သေသွားမှာကို ကြည့်နေရက်တာပဲလား"

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပါတယ်။
လင်းဟာန်က တကယ့်ပဲ အရမ်းကို ဟန်ဆောင်ကောင်းလွန်းပါတယ်။
သူ့မှာ အနက်ရောင် မျှော်စင် ရှိနေပြီး တကယ်လို့ တခြားလူတွေ
အားလုံး သေသွားမယ် ဆိုရင်တောင် သူတို့နှစ်ယောက်ကတော့
လုံးဝကို လုံခြုံနေပါလိမ့်မယ်။

Chapter 1016 end

အပိုင်း(1017) မိစ္ဆာသားရဲ မြွေဘုရင်

မိစ္ဆာသားရဲ မြွေတွေက စတင်တိုက်ခိုက် လာခဲ့ပါပြီ။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

သူတို့ရဲ့ တိုက်ခိုက်မှုက အမျိုးစုံပါတယ်။ တချို့မြွေတွေက ရေလုံးတွေ မှုတ်ထုတ်ပြီး တချို့မြွေတွေက သူတို့ရဲ့ အမြီးတွေနဲ့ ပွေ့ယမ်းတိုက်ခိုက် ကြပါတယ်။ တချို့မြွေတွေက ရေပေါ်မှာ မျောနေတဲ့ အပျက်အစီးတွေကို သူတို့ရဲ့ ခန္ဓာကိုယ်တွေနဲ့ အတင်းဂင်ဆောင့် ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ပန်းတိုင်ကတော့ အားလုံးအတူတူပါပဲ။ လင်းဟာန်နဲ့ တခြား အသက်ရှင်သန်နေတဲ့ သူတွေကို လှေအပျက်အစီးတွေ အပေါ်ကနေ ပင်လယ်ထဲကို ပြုတ်ကျဖို့ ဖြစ်ပါတယ်။

သူတို့တွေ ပင်လယ်ထဲကို ပြုတ်ကျတာနဲ့ မိစ္ဆာသားရဲမြွေတွေက သူတို့ကို အစားအစာအဖြစ် အလွယ်တကူ ပြောင်းလဲပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

အခုဆိုရင် ဒီလိုအခြေအနေကို ကျရောက်လာတာကြောင့် ဘယ်သူကမှ သူတို့ရဲ့ စွမ်းရည်တွေကို မဖုံးကွယ်ထားပုံကြ တော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က တကယ့်ကို သေခြင်းတရားနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ သူတို့အားလုံးပဲ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေကို အပြည့်အဝ ထုတ်ဖော် လိုက်ကြပါတယ်။

လင်းဟန်က သူ့ရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ မလိုပေမဲ့ တကယ်လို့ ပင်လယ်ကြမ်းပြင်အောက် နစ်မြုပ်ပြီးတော့ ကမ်းခြေကို လမ်းလျှောက်ရမယ် ဆိုရင်တော့ အရမ်းကို ဒုက္ခရောက်ပါလိမ့်မယ်။ ဒါကြောင့် သူကလည်း သူ့ရဲ့ ခွန်အားကို အပြည့်အဝ ထုတ်ဖော်ပြီး သူ့ခန္ဓာကိုယ်ကို လေးတစ်စင်းလို အသုံးပြုကာ သူ့ရဲ့ မူလစွမ်းအင်တွေကိုတော့ မြားလိုအသုံးပြုပြီး အဝေးက မြွေတွေကို တိုက်ခိုက်နေပါတယ်။

သူက နတ်ဘုရား သတ္တုတွေနဲ့ သွန်းလုပ်ထားတဲ့ မြားတွေကို အသုံးမပြုခဲ့ပါဘူး။ ဒါတောင် သူက ကြယ်ငါးပွင့်ရဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ထုတ်ဖော်နိုင်စွမ်း ရှိနေဆဲပါပဲ။

တစ်ခု သတိပြုရမှာက လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်ဟာ ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်း အဆင့်ကိုပဲ ရောက်ရှိပါသေးတယ်။ ကြယ်ငါးပွင့်ကို မြှင့်တင်ပြီးတဲ့ နောက်မှာ

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အခုချိန်မှာ ပြင်းထန်အလယ်အလတ် အဆင့်က အလယ်အလတ် အဆင့်နဲ့ ယှဉ်လို့ ရနေပါပြီ။ ဒါကြောင့် ပြင်းထန်အဆင့်မြင့်အောက်မှာရှိတဲ့ မိစ္ဆာသားရဲ မြွေတွေက သူ့များချက်တွေကြောင့် တစ်ချက်တည်း အသေသတ်နိုင်ခဲ့ပါတယ်။

ဘာမှမတတ်နိုင်ပါဘူး။ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများက အရမ်းကို လျင်မြန်ပြီး လင်းဟာန်ထက် အားနည်းတဲ့ ဘယ်သူမဆို ရှောင်တိမ်းဖို့ အခွင့်အရေး နည်းနည်းမှ မရရှိခဲ့ပါဘူး။ တစ်ခုတည်းသော ရွေးချယ်မှုက တစ်ချက်တည်း အသတ်ခံရခြင်းပဲ ဖြစ်ပါတယ်။

ကျင့်ကြံသူတွေက အနီးကပ် တိုက်ပွဲတွေကို ကြောက်ရွံ့ကြတယ် ဆိုပေမဲ့ သူတို့က တိုက်ခိုက်တဲ့ အချိန်မှာ အကွာအဝေးကို ခုနစ်မီတာ ရှစ်မီတာ ဂန်းကျင်လောက်ထိ ထိန်းထားပါသေးတယ်။ ဒီအကွာအဝေးက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို အမြင့်ဆုံး ထုတ်ဖော်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီအကွာအဝေးက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများနဲ့ နှိုင်းယှဉ်လို့ မရပါဘူး။

ဒါကြောင့် ရန်သူတွေကို သတ်ဖြတ်တဲ့ ကျွမ်းကျင်မှုနဲ့ဆိုရင် ဘယ်သူကမှ လင်းဟာန်ကို ယှဉ်နိုင်မှာ မဟုတ်ပါဘူး။

ယန်ထိုက်ချန်က ဒါကို မြင်လိုက်ရတဲ့ အချိန်မှာ သူက မတိုက်ခိုက်ပဲ အကောင်းဆုံး ကြိုးစားပြီး ခုခံပေးဖို့ကိုပဲ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ သူက လေ့အပျက်အစီးပေါ်က သူတို့ရဲ့ လုံခြုံရေးကို အာမခံနိုင်မှ လင်းဟန်က သူ့ရဲ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုတွေကို လွတ်လွတ်လပ်လပ် ထုတ်ဖော်နိုင်ပါလိမ့်မယ်။

ဂိုး ဂိုး ဂိုး ဂိုး။

မြားတွေက တစ်ချောင်းပြီး တစ်ချောင်း ဂိုးခနဲဆိုပြီး လျင်မြန်စွာနဲ့ ထွက်သွားပြီး မြွေအသိုက် အကြားမှာ အသေအပျောက်များပြီးတော့ ကြီးမားတဲ့ ထိခိုက်ပျက်စီးမှုကို ဖြစ်စေခဲ့ပါတယ်။

ထန်။

ပင်လယ်က ချက်ချင်းပဲ ကွဲထွက်လာပြီး ရောမ မိစ္ဆာသားရဲမြွေကြီး ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်က သင်္ကေတတွေက အံ့အားသင့်စရာ ကောင်းလောက်အောင် ငွေအဆင်း ရှိပါတယ်။

"မိစ္ဆာသားရဲ မြွေဘုရင်"

ယန်ထိုက်ချန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို သုန်မှုန်သွားခဲ့ပါတယ်။

ရှပ်။

မို့စ္စာသားရဲ မြွေဘုရင်က သူ့ပါးစပ်ကို ဟပြီးတော့ ကြီးမားတဲ့ ရေလုံးကြီး တစ်ခုကို ယန်ထိုက်ချန်ဆီ မှုတ်ထုတ်လိုက်ပါတယ်။

ဒီရေလုံးကြီးက လင်းဟာန်ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများထက် မနှေးကွေးပါဘူး။ ပြီးတော့ မို့စ္စာသားရဲ မြွေဘုရင်က မှုတ်ထုတ်လိုက်တာနဲ့ ယန်ထိုက်ချန်ရဲ့ ခန္ဓာကိုယ် အရှေ့ကို ရောက်လုနီးပါး ဖြစ်သွားပါတယ်။

"ဟင်"

ယန်ထိုက်ချန်က သူ့ရဲ့ အစွမ်းတွေ အားလုံးကို သူ့လက်သီးထဲမှာ ထည့်သွင်းပြီးတော့ ရေလုံးကြီးကို ထိုးလိုက်ပါတယ်။

ဂုန်း။

သူ့လက်သီးနဲ့ ရေလုံးႀကီး ထိသွားတဲ့ အခါမှာ ရောမ အားလှိုင်းကြောင့် သူ့ကို မီတာရာပေါင်း များစွာ လွင့်ထွက်သွားစေခဲ့ပါတယ်။ အဲဒီနောက် သူက ပင်လယ်ထဲကို ပလုံဆိုပြီး ပြုတ်ကျသွား ခဲ့ပါတယ်။

အစွမ်းထက်တဲ့ ယန်ထိုက်ချန်တောင်မှ မို့စ္စာသားရဲ မြွေဘုရင်ကို မယှဉ်နိုင်ဘူးလား။

အားလုံးက ဒီမြင်ကွင်းကြောင့် မှင်တက်အံ့သြသွားခဲ့ ကြပါတယ်။ သူတို့အားလုံး ဒီနေရာမှာပဲ သေရတော့မှာလား။

ဂုန်း။

ပုံရိပ်တစ်ခုက ပင်လယ်မျက်နှာပြင်ပေါ် ထွက်ပေါ်လာခဲ့ပါတယ်။ ယန်ထိုက်ချန်ကလွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။ ပြီးတော့ ရေမျက်နှာပြင်ကို ပြေးဖြတ်လာသလိုမျိုး သူ့ရဲ့ ခြေထောက်တွေက မှုန်မှုန်ဝါးဝါး ဖြစ်နေပါတယ်။ သူက သူ့ကိုယ်သူ အရမ်းအားစိုက်နေရပြီး သူ့မျက်နှာပေါ်ကနေ အေးစက်တဲ့ ချွေးစေးတွေ စီးကျလို့ လာပါတယ်။

ဒီပင်လယ်မှာ ရှိနေတဲ့ ဆွဲငင်အား နယ်မြေက အရမ်းကို အစွမ်းထက်ပြီးတော့ တကယ်လို့ သူတိုက အဲဒီဆွဲငင်အားကို ခုခံချင်တယ်ဆိုရင် ကြီးမားတဲ့ မူလစွမ်းအင် ပမာဏ တစ်ခုကို သုံးစွဲဖို့ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် ယန်ထိုက်ချန်က မီတာရာပေါင်းများစွာပဲရှိတဲ့ အကွာအဝေး အတိုလေး တစ်ခုအတွက် အရင်းအနှီး ကြီးကြီးမားမား တစ်ခုကို ပေးနေရပါတယ်။

ဒီအတွက်ကြောင့် သူက ဘာမှမလုပ်နိုင်ပါဘူး။ အောက်ခြေထိ နစ်မြုပ်သွားတာက သေတာနဲ့ အတူတူပါပဲ။

ရောမ မြွေကြီး ဆယ်ကောင်လောက်က ယန်ထိုက်ချန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ ဒါပေမဲ့လည်း သူက အခုချိန်မှာ ပြီးပြည့်စုံခြင်း အဆင့်က ကြယ်သုံးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နေတာကြောင့် သူ့ဆီဝင်လာတဲ့ မြွေတစ်ကောင်ကို လက်သီးတစ်ချက်နဲ့ သတ်ပစ်နိုင်စွမ်း ရှိပါတယ်။ သူ့အနားက လေထုဟာ သွေးညှီနံ့တွေနဲ့ ဖုံးလွှမ်းလို့ လာပါတယ်။

မို့စ္စာသားရဲ မြွေဘုရင်က ဒေါသထွက်လာခဲ့ပြီး ချက်ချင်းဆိုသလို ပင်လယ်ထဲကို ပြန်ငုံ့လိုက်ပါတယ်။ သူပြန်ပေါ်လာတဲ့ အချိန်မှာ ယန်ထိုက်ချန်ရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။ သူ့ခေါင်းကို အမြင့်မှာ မြှောက်ထားပြီးတော့ ရေလုံးတစ်ခုကို မှုတ်ထုတ်ဖို့ ပြင်ဆင်လိုက်ပါတယ်။

"သွားစမ်း"

လင်းဟန်က နောက်ထပ်မြား တစ်ချောင်းကို ပစ်လွှတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ မို့စ္စာသားရဲ မြွေဘုရင်ရဲ့ အားနည်းချက် တည်နေရာကို ပစ်လိုက်တဲ့အပြင် မြားရဲ့ အစွမ်းကို သူ့ရဲ့ နတ်ဘုရား မီးတောက် သင်္ကေတတွေကို အသက်သွင်းပြီးတော့တောင် တိုးမြှင့်ထားခဲ့ပါတယ်။

မို့စ္စာသားရဲ မြွေဘုရင်တောင်မှ ဒီတိုက်ခိုက်မှုကို မျက်နှာချင်းဆိုင်ပုံခြင်း မရှိခဲ့ပါဘူး။

မို့စ္စာသားရဲ မြွေဘုရင်က မူလစွမ်းအင်များကို သူ့အမြီးနဲ့ ရိုက်ထုတ်လိုက်ပါတယ်။ ယန်ထိုက်ချန်က ဒီအခွင့်အရေးကို အမိအရ ဆုပ်ယူပြီးတော့ လွတ်မြောက်သွားခဲ့ပါတယ်။ သူက လေထဲကို လှားခနဲ ခုန်တက်ပြီးတော့ သစ်သားပျဉ်ချပ် တစ်ခုပေါ်ကို ခုန်တက်လိုက်ပါတယ်။ သစ်သားပျဉ်ချပ်က သေးငယ်ပေးမဲ့ သူ့အတွက်တော့ အသက်ရှူချောင်သွားဖို့ လုံလောက်ပါတယ်။ သစ်သားပျဉ်ချပ်က ပင်လယ်ထဲမှာ မျောလွင့်လို့ နေပါတယ်။

မို့စ္စာသားရဲ မြွေဘုရင်က ဒေါသထွက်သွားပြီး သူ့ခေါင်းကို လင်းဟန်ဘက်ကို လှည့်ပြီးတော့ သူ့ရဲ့ မီးအိမ်အရွယ်အစားရှိတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ ထိတ်လန့်ကြောက်မက်ဖွယ်ရာ အရှိန်အဂါတစ်ခု ထွက်ပေါ်လို့ လာပါတယ်။

လင်းဟန်ရဲ့ နှလုံးသား ဖျစ်ညှစ်ခံလိုက် ရသလိုပါပဲ။ မို့စ္စာသားရဲ မြွေဘုရင်က မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပြီးတော့ နေလအဆင့်ကို ချဉ်းကပ်လို့ နေပါပြီ။

အဲဒါကြောင့် သူ့ရဲ့ လွှမ်းမိုးနိုင်တဲ့ အစွမ်းက လင်းဟန်ရဲ့ ခန္ဓာကိုယ်တစ်လျှောက် အေးစိမ့်မှုကို ခံစားစေရခြင်း ဖြစ်ပါတယ်။

သူ့ရဲ့တိုက်ခိုက်မှုက သေချာပေါက် မြေကျွမ်းကို တုန်ခါစေပါလိမ့်မယ်။

"ဒီကောင်စုတ်လေးက မိုစ္စာသားရဲ မြွေဘုရင်ရဲ့ အာရုံစိုက်တာကို ခံလိုက်ရပြီ"

"သူ့ကို ပင်လယ်ထဲ တွန်းချလိုက်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါတို့တွေ အားလုံး သူနဲ့အတူ နစ်မြုပ်ခံလိုက်ရလိမ့်မယ်"

လျှိုယုနဲ့ဖန်းယွန်တို့လည်း တူညီတဲ့ လှေအပျက်အစီး အပိုင်းအစ အပေါ်မှာ ဖြစ်ပါတယ်။ သူတို့နှစ်ယောက်လုံးက လင်းဟန်ကို ဓားမြှောင်လို ချွန်ထက်တဲ့ အကြည့်စူးစူးတွေနဲ့ စိုက်ကြည့်နေပါတယ်။

မိုစ္စာသားရဲ မြွေဘုရင်က လင်းဟန်ကို မျက်စိကျနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သူ့ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုအောက်မှာ အပျက်အစီးအပေါ်က တခြားသူတွေလည်း အကျိုးသက်ရောက်မှုကို ခံရပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့

သူတို့က လင်းဟန်ကို တွန်းချလိုက်မယ်ဆိုရင် သူတို့ရဲ့ အသက်ကို အချိန်အနည်းငယ် ဆွဲဆန့်ထားနိုင်စွမ်း ရှိပါလိမ့်မယ်။

သူတို့အသက်ရှင် နေသရွေ့ နောက်ထပ် ရောမလော့ကြီး ရောက်လာတဲ့အထိ အသက်ရှင်သန်နိုင်ဖို့ မျှော်လင့်ချက် ရှိနေဆဲပါပဲ။ အဲဒီအချိန်ကျရင် သူတို့က ဒီမရေမရာ အခြေအနေကနေ လွတ်မြောက်သွားပါလိမ့်မယ်။

"မင်းတို့ နှစ်ယောက်က ဘာဖြစ်လို့ ခုန်မချတာလဲ"

လင်းဟန်က အေးစက်စွာနဲ့ မေးလိုက်တယ်။ ဒီလူနှစ်ယောက်က တကယ့်ကို တစ်ကိုယ်ကောင်း ဆန်လွန်းပါတယ်။ သူတို့တွေက ဒီလိုမျိုး တုန်လှုပ်ချောက်ချားဖွယ်ရာ အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူတို့နှစ်ယောက်ရဲ့ ကြားထဲက ပြဿနာကိုတောင် အလျော့မပေးပဲ ဖွတ်အတင်း ပေကပ်နေပါသေးတယ်။

"အိပ်မက်မက် မနေနဲ့။ ငါတို့တွေ မင်းရဲ့လမ်းကြောင်းကို အခုပဲ လိုက်ပို့ပေးမယ်"

လျှိုပူနဲ့ ဖန်ယွန်က ပူးပေါင်းပြီး အရှေ့ကို တိုးလာခဲ့ပါတယ်။ သူတို့က ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်ကို သတ်ပစ်ဖို့ ဒီနေရာကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ သူတို့တွေ ထိန်းထားတယ် ဆိုတာက

တခြားသူတွေကို ကြောက်ရွံ့တာကြောင့် ဖြစ်ပါတယ်။ အခုဆို သူတို့ရဲ့ အသက်တွေ အန္တရာယ်တောထဲ ကျရောက်နေတာကြောင့် သူတို့ဘာလုပ်လုပ် ဂရုစိုက်ဦးမှာတဲ့လား။

သူတို့နှစ်ယောက်လုံးက ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ လက်ရွေးစင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ တိုက်ခိုက်မှုတွေက အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လင်းဟာန်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို အသက်သွင်း လိုက်ပါတယ်။ သူ့ရဲ့ ပစ်မှတ်က ဖန်းယွန် ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် အပေါ်ကနေ မမျှော်လင့်ပဲ အလင်းရောင် အတားအဆီးတစ်ခု ဖြစ်ပေါ်လာပြီး သူ့ရဲ့ စိတ်ဂိညာဉ် တိုက်ခိုက်မှုကို ဟန့်တားလိုက်ပါတယ်။

ဖန်းယွန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ သရော်လိုက်ပါတယ်။

"ဟားဟားဟား သခင်လေးကျောက်က ငါ့ကို နတ်ဘုရား အာရုံ တိုက်ခိုက်မှုကို ရင်ဆိုင်ခုခံနိုင်တဲ့ ဒီရှားပါး ရတနာပစ္စည်းကို ချီးမြှင့်ခဲ့တယ်။ နောက်ပြီးတော့ ဒီရတနာပစ္စည်းက ကောင်းကင်ဘုံ

ခန္ဓာကိုယ်အဆင့် ပုဂ္ဂိုလ်ကြီး တစ်ယောက် သန့်စင်ထားတဲ့ ပစ္စည်းပဲ မင်းဒါကို မမျှော်လင့်ထားဘူး မဟုတ်လား”

နတ်ဘုရားဓားက အခုချိန်မှာ ကျိုးရှောင်ရဲ့ လက်ထဲရှိနေတာက သနားစရာ ကောင်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက လင်းဟာန်ကို နှစ်ပိုင်းပြတ်အောင် ခုတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ကိစ္စမရှိပါဘူး။ သူနဲ့ လျှိုပူက သေချာပေါက် လင်းဟာန်ကို ပင်လယ်ထဲ ကန်ထုတ်ပစ်နိုင်ပါလိမ့်မယ်။

ဟုန်း။

သူတို့နှစ်ယောက်က ပူးပေါင်းတိုက်ခိုက်လိုက်တာက သေချာပေါက် လင်းဟာန်ကို လှေအပျက်အစီး အပေါ်ကနေ တန်းပြီးတော့ တွန်းထုတ်ပစ်လိုက်ပါတယ်။ သူက ပင်လယ်ထဲကို ပလုံဆိုပြီး ကျသွားခဲ့တယ်။

“လင်းဟာန်”

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ အော်လိုက်ပြီး သူ့အနောက်ကနေ ပင်လယ်ထဲကို ခုန်ဆင်းလိုက် ပါတယ်။

“မိုက်လိုက်တဲ့ မိန်းမ”

ဒါကိုမြင်တော့ ဖန်းယွန်က ကျိန်ဆဲလိုက် မိပါတယ်။ ဒါပေမဲ့လည်း သူ့အမူအရာက သုန်မှုန်သွား ခဲ့ပါတယ်။ ကျောက်လန်က ဒီအမျိုးသမီးကို ဘယ်လောက်တောင် နစ်သက်သဘောကျတယ် ဆိုတာကို သူသိပါတယ်။ ကျောက်လန်က သူနေလအဆင့်ကို တက်ပြီးတဲ့နောက်မှာ သူမကို သူ့ဇနီးဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်ထားပါတယ်။

ဒါပေမဲ့လည်း စွေ့ရန်ယွီက အခု ဒီပင်လယ်ထဲမှာ သေဖို့ ကိုးဆယ့်ကိုး ရာခိုင်နှုန်း သေချာနေပါပြီ။ ဒါကြောင့် သူနဲ့ ကျိုးရှောင်က ဒီကိစ္စကို ကျောက်လန်ဆီ ဘယ်လိုမျိုးရှင်းပြရမလဲဆိုတာ မသိတော့ပါဘူး။

အခုချိန်မှာ ဒီပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မဲ့ ကိစ္စကို စဉ်းစားဖို့ အချိန်မရှိပါဘူး။ မိစ္ဆာသားရဲမြွေတွေက သူ့ကို နောက်ထပ် ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုတွေနဲ့ စတင်တိုက်ခိုက် လာခဲ့ပါတယ်။

သတ် သတ် သတ် သတ် သတ်။

နစ်ဖက်စလုံးမှာ သက်ရှိအနည်းငယ် ရှိတယ်ဆိုပေမဲ့ သူတို့အားလုံးက တောင်မြစ်အဆင့် တန်ခိုးရှင်တွေ ဖြစ်ပြီးတော့ သူတို့အားလုံးက ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အဆီအနစ်တွေကို

စုစည်းထားတဲ့ ခန္ဓာကိုယ်တွေနဲ့ ညီမျှပါတယ်။ သူတို့ပိုင်ဆိုင်ထားတဲ့ သွေးတွေက အရမ်းကို လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အသက်ဓာတ်စွမ်းအင်နဲ့ စွမ်းအားတွေပါဝင်ပြီး အနီးနားမှာရှိတဲ့ ပင်လယ်ရေတွေ အားလုံးကို သွေးရောင်လွှမ်းသွား စေခဲ့ပါတယ်။

ဒီသွေးညှီနံ့က မရေမတွက်နိုင် ငါးတွေကို ဆွဲဆောင်နိုင်တဲ့အပြင် တပြိုင်တည်းမှာ သူတို့ထက် ပိုပြီးတော့ အစွမ်းထက်တဲ့ သက်ရှိတွေကိုလည်း ဆွဲဆောင်နိုင်ခဲ့ပါတယ်။

ကြီးမားတဲ့ ငါးပြားကြီးတစ်ကောင် ပေါ်လာခဲ့ပြီး သူ့မျက်လုံး နှစ်လုံးက အံ့အားသင့်စရာ ကောင်းလောက်အောင် သူ့ဦးခေါင်းရဲ့ တစ်ဖက်တည်းမှာပဲ ရှိပါတယ်။ သူ့ရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပြီးတော့ သူ့ပါးစပ်ကို ဟကာ ပင်လယ်ရဲ့ အောက်ခြေကနေ အပေါ်ဘက် မျက်နှာပြင်ကို ထိုးတက်လာခဲ့ပါတယ်။ အနည်းဆုံး သူ့ပါးစပ်ထဲမှာ ရေမမြွေကြီး တစ်ဒါဇင်လောက် ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

ဒီငါးပြားကြီးက နေလအဆင့် ကြောက်မက်ဖွယ်ရာကောင်းတဲ့ မိစ္ဆာသားရဲတစ်ကောင် ဖြစ်ပါတယ်။

Chapter 1017 end

အပိုင်း(1018) အရမ်းကို အရှက်ကင်းမဲ့တယ်

နေလအဆင့်ရှိ မိစ္ဆာသားရဲ တစ်ကောင် ပေါ်လာခဲ့ပါပြီ။

ကျင့်ကြံသူတွေက သူတို့တတ်နိုင်သလောက် လျင်လျင်မြန်မြန်နဲ့ ထွက်ပြေးရုံတင်မက မိစ္ဆာသားရဲ မြွေအသိုက်တောင် နေရာအနှံ့အပြားကို ထွက်ပြေးကြပါတယ်။ ရက်စက်ကြမ်းကြုတ်ပြီး အရမ်းကို အစွမ်းထက်ပါတယ်ဆိုတဲ့ မိစ္ဆာသားရဲ မြွေဘုရင်တောင် အစွယ်မရှိတဲ့ ရောမ ငါးကြီး တစ်ကောင် သာသာနဲ့ပဲ တူပါတော့တယ်။

မြွေမိစ္ဆာက ရောမ ငါးကြီးရဲ့ အဓိက ပစ်မှတ် ဖြစ်လာခဲ့ပြီး ရောမ ငါးကြီးရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပြီး အစာအိမ်ထဲ ဂါးမျိုချခြင်းကို ခံလိုက်ရပါတယ်။

မိစ္ဆာသားရဲ မြွေဘုရင်က နေလအဆင့်ကို တက်ရောက်ဖို့ ခြေတစ်လှမ်း အကွာပဲ လိုပါတော့တယ်။ ဒီသေးငယ်တဲ့ အကွာအဝေးက အစစ်အမှန် နေလအဆင့်နဲ့ ဝေးကွာနေသေးပါတယ်။ ဒါကြောင့် စစ်မှန်တဲ့ နေလအဆင့်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လုံးဝကို ခုခံနိုင်စွမ်း မရှိပဲ အစားခံလိုက် ရပါတယ်။

ရောမ ငါးကြီးကို ကြည့်ရတာ ကျေနပ်သေးပုံ မရပါဘူး။ သူက ချက်ချင်းပဲ ကျန်နေတဲ့ အသက်ရှင် လွတ်မြောက်သူတွေဆီကို ကူးခပ်သွားခဲ့ပါတယ်။

ရောမ ငါးကြီးက ဇီဇာမကြောင်ပဲ မိစ္ဆာသားရဲ မြွေတွေနဲ့ ကျင့်ကြံသူတွေကို စိတ်ကြိုက်စားသုံးလို့ နေပါတယ်။ သူ့ရဲ့ ဗိုက်ဂသွားပြီး ကျေနပ်သွားတဲ့ အချိန်မှာ ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာကို ကူးခပ်ပြီးတော့ ပျောက်ကွယ်သွားခဲ့ပါတယ်။

အခြေအနေတွေက မျက်စိတစ်မှိတ် အတွင်းမှာပဲ အပြောင်းအလဲ မြန်လွန်းပါတယ်။

မိစ္ဆာသားရဲ မြွေတွေဟာ အရင်တုန်းက အရေအတွက် အားသာချက်ကြောင့် ပျော်ရွှင်နေခဲ့ ကြပါတယ်။ မိစ္ဆာသားရဲ မြွေဘုရင်ရဲ့ ဦးဆောင်မှုအောက်မှာ ကျင့်ကြံသူတွေ အားလုံးကို ချေမှုန်းပစ်နိုင်လိမ့်မယ်လို့ ထင်ထားခဲ့ပုံ ရပါတယ်။ ဒါပေမဲ့လည်း မျက်စိတစ်မှိတ် အတွင်းမှာပဲ ဒီမိစ္ဆာသားရဲမြွေ အများစုဟာ ရောမ ငါးကြီးရဲ့ အစာအိမ်ထဲကို ရောက်ပြီးတော့ ပျောက်ကွယ်သွား ခဲ့ပါတယ်။ ဆယ်ကောင်ဂန်းကျင်လောက်ပဲ ကျန်ပါတော့တယ်။ ပြီးတော့ သူတို့က ဘယ်သူ့ကိုမှ ထပ်ပြီး ခြိမ်းခြောက်နိုင်စွမ်း မရှိတော့ပါဘူး။

နေပါဦး လူသားကျင့်ကြံသူတွေလည်း အခြေအနေကောင်းတဲ့ပုံစံမျိုး မမြင်ပါဘူး။

ပင်လယ်ဓားပြ အားလုံး အသတ်ခံလိုက်ရပြီး လျှိုယုနဲ့ ကျိုးရှောင်လည်း အသတ်ခံလိုက် ရပါတယ်။ ရှားယွန်ရဲ့ သစ္စာခံအစောင့်လေးယောက်မှာ လီရင်တစ်ယောက်ပဲ ကျန်ခဲ့ပါတယ်။ ယန်ကလန်ကတော့ ကြီးကြီးမားမား ဆုံးရှုံးနစ်နာခဲ့ပြီး လေ့ရဲ့အဖွဲ့ဂင်ထဲက အသက်ရှင်သန် လွတ်မြောက်ခဲ့တဲ့ တစ်ယောက်တည်းသောသူက ယန်ထိုက်ချန်ပဲ ဖြစ်ပါတယ်။ သူတို့အပြင် ကျင်းကျစ်ဟွေ၊ ဖူရှင်းနဲ့ ရင်ယွန်ရှန်းတို့လည်း အသက်ရှင်သန် လွတ်မြောက်နိုင်ခဲ့ပါတယ်။ တကယ်တော့ လူခုနစ်ယောက်ပဲ အသက်ရှင်သန် လွတ်မြောက်ပြီး ကျန်ရစ်ခဲ့ပါတယ်။

သူတို့အားလုံးက လေ့အပျက်အစီးရဲ့ အစိတ်အပိုင်း တစ်ခုပေါ်မှာ ထိုင်ပြီးတော့ သူတို့တွေ တိုက်ပွဲဖြစ်ခဲ့တဲ့ နေရာကနေ အတော်ဝေးဝေးကို ရောက်လို့ နေပါပြီ။ သူတို့အားလုံးရဲ့ အမူအရာတွေက တင်းမာခက်ထန်လို့ နေပါတယ်။

“ဟာင်”

ချက်ချင်းဆိုသလို ယန်ထိုက်ချန်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ပေါ်လာပြီး သူ့အနောက်ကို လှည့်ကြည့်လိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လေ့အပျက်အစီး အစိတ်အပိုင်း တစ်ခုက မလှမ်းမကမ်းကနေ သူတို့ဆီကို မျောလွင့်လို့ လာပြီး အဲဒီထိပ်မှာ လင်းဟန်နဲ့ စွေ့ရန်ယွီတို့က မတ်တပ်ရပ်ပြီး လိုက်ပါလာခဲ့ ပါတယ်။

တခြားသူတွေကလည်း ယန်ထိုက်ချန်ရဲ့ အကြည့်နောက်ကို လိုက်ကြည့်ပြီးတော့ အကြီးအကျယ် အံ့အားသင့် သွားခဲ့ပါတယ်။

ဒီလင်းဟန်က မသေနိုင်တဲ့ လူထူးလူဆန်း တစ်ယောက်များလား။

သူက လေ့ပေါ်မှာ အားလုံးရဲ့ တိုက်ခိုက်မှုကနေ ရှင်သန်လွတ်မြောက်ခဲ့တဲ့အပြင် ကြိုးနဲ့ ချည်ထားတာတောင် ထိခိုက်ခြင်း မရှိခဲ့ပါဘူး။ အဲဒီနောက် ပင်လယ်ဓားပြ လက်ရွေးစင် တစ်ယောက်က သူ့ကို ပစ်မှတ်ထားခဲ့တာတောင် သူက ဘာမှမဖြစ်ပဲ အသက်ရှင်သန် လွတ်မြောက်နိုင်ခဲ့ပါတယ်။ နောက်ဆုံး သူက ပင်လယ်ထဲကို ပြုတ်ကျသွားခဲ့ပြီး ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် သူ့အနေနဲ့ မြွေတွေရဲ့ တိုက်ခိုက်မှုကို ခံရပြီး အပိုင်းပိုင်းအစစ ဖြစ်သွား သင့်ပါတယ်။

ဟုတ်ပါတယ်။ သူနဲ့ ဧွေရန်ယွီတို့ နှစ်ယောက်စလုံး ထိခိုက်မှု မရှိပဲ ထွက်ပေါ်လာခဲ့ပါတယ်။ သူတို့က ဒါကို ဘယ်လိုလုပ်ပြီးတော့ လက်သင့်ခံနိုင်မှာလဲ။

လင်းဟာန်က လက်ကိုဝှေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ဟေး မတွေ့တာကြာပြီနော်"

သူတို့နှစ်ယောက်က ယန်ထိုက်ချန်နဲ့ တခြားသူတွေဆီကို လျှော်ခပ်လာခဲ့ပါတယ်။

တခြားသူတွေ အားလုံးက အနည်းအများမဆို ထိခိုက်ဒဏ်ရာ ရခဲ့ကြပြီး လင်းဟာန်နဲ့ ဧွေရန်ယွီတို့ ဘယ်လောက်တောင် သက်တောင့်သက်သာ ဖြစ်နေလဲ ဆိုတာကို မြင်လိုက်ရတဲ့ အခါမှာ သူတို့ကို ရှုံးသွပ်လုမတတ် ဖြစ်သွားခဲ့ပါတယ်။

သူတို့နှစ်ယောက်ကို ကြည့်ရတာ ဘာဖြစ်လို့ အားလပ်ရက်တစ်ခုမှာ အပန်းဖြေခရီးတစ်ခု ထွက်တာနဲ့ တူနေရတာလဲ။

တခြားသူတွေနဲ့ ဆန့်ကျင်စွာပဲ ယန်ထိုက်ချန်ကတော့ သူတို့တွေ လုံခြုံတာကို မြင်လိုက်ရတဲ့ အခါမှာ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။

"မင်းက ဘာမှထိခိုက်ဒဏ်ရာ မရအောင် လုပ်နိုင်ခဲ့တယ်ပေါ့။ အရမ်းကောင်းတာပဲ"

စောစောက လင်းဟန်ဟာ မိန္ဓာသားရဲမြွေ အမြောက်အများကို သတ်ပစ်ခဲ့ပါတယ်။ ဒါကြောင့် သူက လေ့ထိုးသားတွေရဲ့ သေဆုံးခြင်းအတွက် အတော်လေး လက်စားချေပေးခဲ့ပါတယ်။ ဒါကြောင့် ယန်ထိုက်ချန်ရဲ့ လင်းဟန်အပေါ် သဘောထား အမြင်က တခြားသူတွေအပေါ်မှာ ထားတဲ့ သူ့ရဲ့ သဘောထားထက် အများကြီး ပိုကောင်းပါတယ်။

လျှိုပူနဲ့ ဖန်းယွန်ဆီကို အကြည့်ရောက်သွားတဲ့ အချိန်မှာ လင်းဟန်ရဲ့ မျက်နှာထက် အေးစိမ့်တဲ့ အကြည့်တစ်ခု ဖြစ်သွားခဲ့ပါတယ်။ သူက ဒီလူနှစ်ယောက်ကြောင့် ပင်လယ်ထဲကို ကျသွားခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ သူ့မှာ အနက်ရောင် မျှော်စင်သာ ရှိမနေခဲ့ဘူးဆိုရင် သူသေသွား နိုင်ပါတယ်။

သူက သေချာပေါက် ဒီလူနှစ်ယောက်ကို သတ်ပစ်ရပါလိမ့်မယ်။

"မင်းဘာကြည့်တာလဲ"

လျှိုပူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ အခုဆိုရင် အခြေအနေက ဒီလိုမျိုးထိ ဖြစ်လာခဲ့ပြီး လင်းဟန်အပေါ် သူ့ရဲ့ မုန်းတီးမှု ဆက်ပြီးတော့ ဖုံးကွယ်ထားဖို့ မဖြစ်နိုင်တော့ပါဘူး။ တကယ်တော့ သူတို့တွေက ကမ်းခြေကို အသက်ရှင်လျက်နဲ့

ပြန်ရောက်အောင် လုပ်နိုင်မလား မလုပ်နိုင်ဘူးလား ဆိုတာလည်း မသေချာပါဘူး။

အဓိက ပြဿနာက သူတို့တွေ မျောလွင့်နေတာက အရမ်းကို နေးကွေးပါတယ်။ တကယ်လို့ ကံမကောင်း အကြောင်းမလှပဲ မှိုစွာသားရဲ တချို့နဲ့ အမှတ်မထင် လမ်းမှာကြုံတွေ့ရမယ်ဆိုရင် ဖြစ်နိုင်ချေ အရှိဆုံးက သူတို့တွေ အားလုံး ဒီပင်လယ်ထဲမှာပဲ အသက်ဆုံးရှုံးသွား နိုင်ပါတယ်။

လျိုယုနဲ့ ဖန်းယွန်ရဲ့ စိတ်ထဲမှာ ဒါတွေအားလုံးက လင်းဟာန်ရဲ့ အမှားတွေလို့ ခံယူထားကြပါတယ်။ တကယ်လို့ သူ့ကြောင့်သာ မဟုတ်ဘူးဆိုရင် သူတို့လည်း ဒီလိုမျိုး နေရာကို ဘာဖြစ်လို့ လိုက်လာရမှာလဲ။

ဟုတ်ပါတယ်။ သူတို့က သူတို့ရဲ့ ကိုယ်ပိုင်လှုပ်ရှားမှုတွေကို ထည့်မတွက်ခဲ့ပါဘူး။ တကယ်လို့ သူတို့သာ လင်းဟာန်ကို မသတ်ချင်ဘူးဆိုရင် ဒီနေရာကို လာစရာအကြောင်း ရှိမှာတဲ့လား။

"မင်းဘယ်လိုမျိုး ပုံစံနဲ့ သေသွားမလဲ ဆိုတာကို ငါကြည့်နေတာ"

လင်းဟာန်က ရေခဲတမျှ အေးစက်တဲ့ လေသံနဲ့ ပြန်ဖြေလိုက်ပါတယ်။ သူက သူ့ခန္ဓာကိုယ်ကို လေးတစ်စင်းလို အသုံးပြုပြီး

မူလစွမ်းအင်ကိုတော့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားလို အသုံးပြုကာ လျှိုပူကို ချိန်ရွယ်လိုက်ပါတယ်။

လျှိုပူရဲ့ နှလုံးသားမှာ ချက်ချင်းဆိုသလို အေးစိမ့်တဲ့ ခံစားချက် တစ်ခုနဲ့ တင်းကျပ်လာခဲ့ပါတယ်။

သူနဲ့ လျှိုယုကို တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ လက်ရွေးစင် တစ်ယောက်က ဦးဆောင်လာခဲ့ပြီး လင်းဟန်ကို သတ်ပစ်ဖို့ဆိုတာက အရမ်းကို လွယ်ကူလွန်းတဲ့ တာဝန်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လျှိုဆန်းယွင်က လေ့ပေါ်ကို တက်လို့ မရခဲ့ပဲ လျှိုယုက ဆိုးဂါးတဲ့ သေခြင်းတရားနဲ့ ရင်ဆိုင်သွားခဲ့ရပြီး ရောမ ငါးကြီးရဲ့ ဂါးမျိုခြင်းကို ခံလိုက်ရပါတယ်။ သူတစ်ယောက်ပဲ သူတို့သုံးယောက် အုပ်စုကနေ ကျန်ရစ်ပါတော့တယ်။

အခု လင်းဟန်ရဲ့မြားက သူ့ကို ချိန်ရွယ်ထားပါတယ်။ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ ဒီခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ရတဲ့အခါမှာ သူ့ကိုယ်သူ ကာကွယ်နိုင်လိမ့်မယ်ဆိုတဲ့ ယုံကြည်ချက်တွေ ကင်းမဲ့လို့ နေပါတယ်။

အမိက အကြောင်းပြချက် တစ်ခုက ပတ်ဝန်းကျင် အနေအထားက သူ့ရဲ့ စွမ်းရည်တွေကို အရမ်းပဲ ထိခိုက်နစ်နာစေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ လှုပ်ရှားမှု နည်းစနစ်တွေကို ထုတ်ဖော်ပြီး

လင်းဟန်ရဲ့ ချိန်ရွယ်မှုကနေ လုံးဂကို ရှောင်တိမ်းနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း ရေပေါ်မှာ မျောပါနေတဲ့ အပျက်အစီး အစိတ်အပိုင်းက ကြီးမားတယ် ဆိုရုံပဲ ရှိပြီးတော့ သူက ဘယ်လိုလုပ်ပြီး ရှောင်တိမ်းနိုင်မှာလဲ။

ပင်လယ်ထဲကို ခုန်ချပစ်ရမလား။ တကယ်လို့ သူ့ရဲ့ စွမ်းအင်တွေ အကုန်လုံးကို သုံးစွဲပြီး ပင်လယ်အောက်ခြေထိ နစ်မြုပ်လိုက်မယ်ဆိုရင် ပင်လယ်ကြမ်းပြင်မှာ ထာဝရ နစ်မြုပ်နိုင်ချေ ရှိပါလိမ့်မယ်။

လှိုုပူက ဉာဏ်ထက်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူက ချက်ချင်းပဲ ဖူရှင်းရဲ့ အနောက်မှာ ဂင်ပုန်းလိုက်ပါတယ်။ သူက ဒီလူငယ်ကို သူ့ရဲ့ ဒိုင်းအဖြစ်နဲ့ အသုံးပြုလိုက်ပါတယ်။

ဖူရှင်းက ဒေါသထွက်သွားခဲ့ပါတယ်။ ဒေါသထွက်နေတဲ့ သားရဲတစ်ကောင်လိုမျိုး သူက အော်ဟစ် လိုက်ပါတယ်။

လပြွတ်ပဲ။

“မစိုးရိမ်နဲ့ သူငယ်ချင်းလေး။ မင်းတို့ နှစ်ယောက် အကြားမှာ ဘာရန်စမှ ရှိတာမဟုတ်ဘူး။ ဒါကြောင့် သူက မင်းကို သေချာပေါက် ပစ်မှာမဟုတ်ဘူး”

ဒါပေ့ါ။ လှိုုပူက အလွယ်တကူနဲ့ လက်လျော့လိုက်မှာ ဟုတ်ပါဘူး။ တကယ်လို့ သူတို့တွေသာ ကုန်းမြေပေါ်မှာဆိုရင် သူက လင်းဟန်ကို လုံးဝကြောက်ရွံ့လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အခုသူတို့က ခြေချစရာ နေရာ အနည်းငယ်ပဲ ရှိပြီးတော့ သူ့အတွက် ပုန်းအောင်းဖို့ နေရာကလည်း အရမ်းကို နည်းပါးလွန်းပါတယ်။ ဒါကြောင့် သူက ဘာကိုမှ စွန့်စားဖို့ စိတ်ကူး မရှိခဲ့ပါဘူး။

ယန်ထိုက်ချန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

"သောက်ရှက်လုံးဝကို မရှိတာပဲ"

သူက ညာဘက်လက်ကို ပေ့ယမ်းပြီးတော့ ဖူရှင်းကို ဖမ်းဆုပ်ပြီး သူ့အနောက်မှာ ထားလိုက်ကာ လှိုုပူကိုတော့ အရှေ့ကို ပြန်ပေါ်လာစေခဲ့ပါတယ်။

လှိုုပူရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူက နောက်တစ်ကြိမ် လွယ်ကူတဲ့ ပစ်မှတ်တစ်ခု ဖြစ်လာခဲ့ပါတယ်။

"ခေါင်းဆောင်ယန် ကျုပ်က လေ့စီးခ ပေးထားတယ်လေ။ ဒါကြောင့် ခင်ဗျားက ကျုပ်ရဲ့ လုံခြုံရေးကို အာမခံရမှာပေ့ါ"

လှိုုပူက အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။

"ငါတို့ရဲ့ လှေလည်း ပျက်စီးသွားပြီ။ ဒါကြောင့် ငါ့တာဝန်တွေလည်း မရှိတော့ဘူး"

ယန်ထိုက်ချန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ငါတို့တွေ ဆိပ်ကမ်းကို ပြန်ရောက်တဲ့ အချိန်ကျရင် အားလုံးကို ကျသင့်ငွေနဲ့ လျော်ကြေးတွေ ပြန်ပေးမယ်"

"မဟုတ်ဘူး မဟုတ်ဘူး"

လျိုပူက သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ကြည့်ပါဦး ခေါင်းဆောင်ယန်။ ငါတို့က လှေပေါ်မှာပဲ ရှိနေသေးတယ်။ ဒါက အပျက်အစီးလေး တစ်ခုပဲ ဆိုပေမဲ့ လှေရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်နေဆဲပဲလေ။ ခင်ဗျားက လှေရဲ့ခေါင်းဆောင် ဖြစ်နေတုန်းပဲ။ ဒါကြောင့် ခင်ဗျားရဲ့ ခရီးသည်တွေ လုံခြုံရေးအတွက် တာဝန်ရှိတယ်"

သူက တကယ့်ကို အရှက်မရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူ့စကားလုံးတွေထဲမှာ အမှန်တရား တချို့ ရှိနေပါတယ်။ နောက်ပြီးတော့ ယန်ထိုက်ချန်က တရားမျှတမှုကို လိုလားတဲ့ လူတစ်ယောက် ဖြစ်တာကြောင့် ချက်ချင်းပဲ သူ့အမူအရာက တုံ့ဆိုင်းဆိုင်း ဖြစ်လာခဲ့ပါတယ်။

"လင်းဟန် သူ့ကို မတိုက်ခိုက်နဲ့"

ယန်ထိုက်ချန်က ပြောလိုက်ပါတယ်။

သူက ဟန့်တားလိုက်ပြီး လျို့ပူကို အနောက်မှာ ထားလိုက်ပါတယ်။

"ဟားဟားဟားဟား"

လျို့ပူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး အရမ်းကို ကျေနပ်နေပုံ ရပါတယ်။

ယန်ထိုက်ချန်က လေ့ပေါ်မှာ သူ့ကို ကာကွယ်ပေးခဲ့ပြီး ဒီအခြေအနေကို ထွက်ပေါ်လာအောင် တစ်ကြိမ် လုပ်လိုက်ခြင်းအားဖြင့် လင်းဟန်ကို နောက်ထပ် ကြောက်နေစရာ မလိုတော့ပါဘူး။

ရုတ်တရက် ယန်ထိုက်ချန်က ချာခနဲ လှည့်ပြီးတော့ လျို့ပူရဲ့ လည်ပင်းကို ဖမ်းဆုပ်ကိုင် လိုက်ပါတယ်။

သူက လျို့ပူထက် အဆင့်သေးတစ်ခုလုံး မြင့်ပြီး သူ့ရဲ့ လျို့ပုက်ပညာက အာနိသင်တွေ ပျောက်ကွယ်သွားပြီ ဆိုပေမဲ့ သူ့မှာ တိုက်ပွဲစွမ်းရည် ကြယ်နှစ်လုံး ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ ရုတ်တရက် တိုက်ခိုက်မှုကို လျို့ပူက ဘယ်လိုလုပ်ပြီး တားဆီးနိုင်မှာလဲ။

"အ"

လျှိုပုရဲ့ ဂမ်းသာအားရ ရယ်မောသံက ချက်ချင်းဆိုသလို သူ့လည်ချောင်းထဲမှာ ပျောက်ကွယ် သွားခဲ့ပါတယ်။ သူ့လည်ပင်းက တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်း ခံရတာကြောင့် သူ့မျက်နှာက ဘယ်ရီသီးလို နီရဲလာခဲ့ပါတယ်။ ကျင့်ကြံသူတွေက အသက်မရှူပဲ နေနိုင်ပေမဲ့ တကယ်လို့ သူတို့ရဲ့ လည်ပင်းကို တင်းကျပ်စွာနဲ့ ဆုပ်ကိုင်ခံထားရမယ်ဆိုရင် သူတို့ရဲ့ မူလစွမ်းအင် လည်ပတ်ခြင်းကလည်း ဖြတ်တောက်ခံလိုက် ရပါလိမ့်မယ်။ တကယ်လို့ သူတို့က ဒီလိုမျိုး အခြေအနေ တစ်ခုမှာ အချိန်အကြာကြီး ခံနေရမယ်ဆိုရင် သူတို့ရဲ့ စိတ်ဝိညာဉ်တွေက အဆုံးသတ်မှာ သေဆုံးသွား ရပါလိမ့်မယ်။

လျှိုပုက ယန်ထိုက်ချန်ရဲ့ ဆုပ်ကိုင်မှုကနေ လွတ်မြောက်အောင် အသည်းအသန် ရုန်းကန်လှုပ်ရှား နေပါတယ်။ ဒါပေမဲ့လည်း ဒါက လုံးဝကို အသုံးမဝင်ပါဘူး။ သူက ပိုပိုပြီးတော့ နေရထိုင်ရတာ ပိုဆိုးလာသလို ခံစားရပါတယ်။

"လင်းဟန်က မင်းကို သတ်မှာ ငါခွင့်မပြုပေမဲ့ မင်းတို့နှစ်ယောက်က သူ့ကို ပင်လယ်ထဲ ပြုတ်ကျအောင် တိုက်ခိုက်ခဲ့တာကိုတော့ ငါမမေ့သေးဘူး"

ယန်ထိုက်ချန်က ကျန်တဲ့လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး ဖန်းယွန်ရဲ့ လည်ပင်းကို ဆုပ်ကိုင်ကာ မလိုက်ပါတယ်။

သူတို့နှစ်ယောက်က ပြင်းပြင်းထန်ထန် လူးလွန့်နေပေမဲ့ ဘယ်သူကမှ ယန်ထိုက်ချန်အတွက် ပြိုင်ဘက်မဟုတ်ပါဘူး။ သူတို့တွေက အကူအညီ ကင်းမဲ့စွာနဲ့ ယက်ကန်ယက်ကန် ဖြစ်နေပါတယ်။

"ဟင့်။ ဒီလေ့ကုန်းပေါ်ကို တက်တဲ့အချိန်ကျရင် ငါကိုယ်တိုင် အရင်ဆုံး မင်းတို့နှစ်ယောက်ကို ရင်ဆိုင်မယ်"

ယန်ထိုက်ချန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူက အားအင်အပြည့်နဲ့ ကိုင်ပေါက်လိုက် ပါတယ်။

ဂုန်း။

လျို့ပူနဲ့ ဖန်းယွန်တို့ နှစ်ယောက်စလုံး အေးစက်တဲ့ ချွေးတွေ ပျံ့နှံ့လာပြီး လေ့အပျက်အစီးအပေါ် ပုံလျက်သား လဲကျသွားပါတယ်။ သူတို့က သေမင်းတံခါးဂဆီကနေ ပြန်လျှောက်လာခဲ့ရသလို ခံစားနေရပါတယ်။

သူတို့ရဲ့ ခေါင်းတွေကို ငုံ့ထားပြီး သူတို့ရဲ့ စိတ်ထဲမှာ ကျိန်ဆဲနည်းပေါင်းစုံနဲ့ ဆဲဆိုလိုက် ကြပါတယ်။

Chapter 1018 end

အပိုင်း(1019) အစွမ်းထက်ဆုံးဓားကို သွန်းလုပ်ချင်တယ်

လှေရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်း နှစ်ခုက အခုဆိုရင် လှေအငယ်စား နှစ်ခုနဲ့ တူပြီးတော့ ကံကောင်းပြီး အသက်ရှင်သန် လွတ်မြောက်လာတဲ့ လူတွေက ပင်လယ်ကြီးမှာ မျောလွင့်နေ ကြပါတယ်။

သူတို့တွေက ယန်ကလန်ရဲ့ ပင်လယ်ဆိပ်ကမ်းကို ပြန်ဖို့ ခက်ခက်ခဲခဲ ကြိုးစားနေကြပါတယ်။ အများဆုံး သုံးရက်အတွင်းမှာ သူတို့က ယန်ကလန်က နောက်ထပ် လှေတစ်စီးနဲ့ တွေ့ဆုံပြီးတော့ ကယ်တင်ခံရပါလိမ့်မယ်။

ဒါပေမဲ့လည်း သူတို့တွေ အသက်ရှင်သန် လွတ်မြောက်ဖို့က ကြီးမားတဲ့ ကပ်ဘေးတစ်ခု ဖြစ်နေပါတယ်။ သူတို့က ကံကြမ္မာကောင်းနဲ့ မကြုံတွေ့ခဲ့ ရပါဘူး။ သိပ်မကြာခင်မှာပဲ သူတို့က မုန်တိုင်းတစ်ခုနဲ့ ကြုံပြီးတော့ ပင်လယ်ထဲ မျောချင်ရာမျောပြီး ဘယ်ကိုရောက်လို့ ရောက်မှန်းမသိ ဖြစ်ကုန်ပါတယ်။

အခြေအနေတွေ ပြန်တည်ငြိမ်သွားတဲ့ အခါမှာ ယန်ထိုက်ချန်က သူ့ရဲ့ သံလိုက်အိမ်မြှောင်ကို ထုတ်ယူပြီးတော့

တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ သာမန်ဆိပ်ကမ်းတွေကနေ အရမ်းကို ဝေးကွာတဲ့ နေရာကို ရောက်နေတယ်ဆိုတာ သိလိုက်ရပါတယ်။

သူတို့အတွက် ဘာမှမတတ်နိုင်ပါဘူး။ သူတို့ရဲ့ မူလဆိပ်ကမ်းဆီကို ပြန်ရောက်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပြီး လှော်ခတ်ရုံပဲ တတ်နိုင်ပါတယ်။

ကံကောင်းတာက သူတို့အားလုံးဟာ တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေ ဖြစ်တာကြောင့် အစားအစာနဲ့ ရေအတွက် ပတ်သက်ပြီး စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

မကြာခင် ညဘက်ကို ရောက်လာတဲ့ အခါမှာ အားလုံးက အနားယူလိုက် ကြပါတယ်။ ဒါပေမဲ့ ဘယ်သူကမှ အရမ်းကို သက်တောင့်သက်သာ ဖြစ်မနေပုံပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးက တစ်ပတ်ရိုက်ဖို့ပဲ ကြိုးစားနေကြပြီး သူတို့ထဲမှာ ဘယ်သူကများ ယုံကြည်ဖို့ ထိုက်တန်လို့လဲ။

မိုးသောက်ချိန်မှာ နေမင်းကြီးက မြင့်တက်လာပြီး မယုံနိုင်စရာကောင်းတဲ့ အလင်းရောင်တွေ ဖြာကျလာခဲ့ပါတယ်။

"ဟင် ဟို ဟိုမှာ လှေတစ်စင်းကို မြင်ရတယ်"

သူတို့အရှေ့မှာ အနက်ရောင် အစက်အပြောက်လေး တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အားလုံးက အဲဒီနေရာကို စိုက်ကြည့်ကြပြီး ပင်လယ်မျက်နှာပြင်ပေါ်မှာ တစ်စုံတစ်ခု မျောလွင့်လာပါတယ်။

"သတိထားကြ။ ပင်လယ်ဓားပြတွေလည်း ဖြစ်နိုင်တယ်"

ယန်ထိုက်ချန်က ပြောလိုက်တယ်။

ဒီနေရာက ယန်ကလန်ရဲ့ အလံအောက်က ဆိပ်ကမ်းတွေနဲ့ အရမ်းကို ဝေးကွာလွန်းပါတယ်။ ယန်ကလန်ရဲ့ လှေတွေက ဒီနေရာမှာ မတော်တဆကလွဲပြီး ပေါ်လာလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပင်လယ်ဓားပြလှေ ဖြစ်နိုင်ချေက အရမ်းကို မြင့်မားပါတယ်။

"မဟုတ်ဘူး"

လင်းဟာန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းထားခဲ့ပါတယ်။ သူက ခေါင်းခါပြီးတော့ ပြောလိုက်တယ်။

"အဲဒါလှေတစ်စင်း မဟုတ်ဘူး။ ကျွန်းတစ်ကျွန်းပဲ"

လှေတစ်စင်းလို့ ထင်နေရတဲ့ အကြောင်းရင်းက ဒီကျွန်းဟာ သူတို့နဲ့ အရမ်းကို ဝေးကွာလွန်းလို့ ဖြစ်ပါတယ်။

"ကျွန်းတစ်ကျွန်း"

အားလုံးက စိတ်ဓာတ်တက်ကြွလာသလို ခံစားလိုက်ရပါတယ်။ တကယ်လို့ သူတို့တွေ ကျွန်းပေါ်ကို ရောက်သွားရင် သူတို့တွေက ပြန်လည်ဖွံ့ဖြိုးနိုင်စွမ်း ရှိလာပါလိမ့်မယ်။ အနည်းဆုံး သူတို့က လှော်တက်အစစ်တွေ ဒါမှမဟုတ် ရွက်လှေတစ်စီးကိုတောင် ဖန်တီးနိုင်လာ ပါလိမ့်မယ်။ အခုထက်စာရင် အနည်းဆုံးတော့ ပိုကောင်းလာပါလိမ့်မယ်။

သူတို့က ပိုပြီးတော့ အားစိုက်ထုတ်ကာ လှော်ခတ်လာခဲ့ ကြပါတယ်။ အချိန်တော်တော် ကြာအောင် လှော်ခတ်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ မျက်လုံးအရှေ့က ကျွန်းဟာ ပိုပြီးတော့ ကြီးမားလာခဲ့ပါတယ်။ နောက်ဆုံးတော့ သူတို့က ကျွန်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါပြီ။ ဒါက တကယ့်ကို ကျွန်းတစ်ကျွန်း ဖြစ်ပြီးတော့ အရမ်းကို ကြီးမားပါတယ်။

သူတို့ထဲက အနည်းစုက အတော်လေး အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်ရဲ့ အမြင်အာရုံက ဘယ်လိုလုပ်ပြီး အရမ်းကို အားကောင်းနေရတာလဲ။

အချိန်အတော်ကြာအောင် ကုန်လွန်သွားပြီးတဲ့နောက်မှာ သူတို့က ကျွန်းရဲ့အစပ်ကို ခြေချနိုင် ခဲ့ပါတယ်။

"ငါတို့ လူစုခွဲပြီး လှုပ်ရှားကြမယ်။ တစ်ရက်အကြာ ဒီနေရာမှာ လူပြန်စုမယ်။ အသုံးပြုလို့ ရနိုင်သမျှ ပစ္စည်းတွေ အားလုံးကို စုစည်းလာခဲ့ရမယ်"

ယန်ထိုက်ချန်က ပြောလိုက်ပါတယ်။ သူက သူ့လှေအပျက်အစီး နှစ်ခုကို တခြားသူတွေက ကျွန်းပေါ်ကနေ မသိအောင်လို့ ထွက်ခွာသွားမဲ့ ဘေးကနေ ကာကွယ်တဲ့ အနေနဲ့ သိမ်းဆည်းထား လိုက်ပါတယ်။

ဉာဏ်ရှိတဲ့ အတွေးအခေါ်ပဲ။ သူက အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ သူက ခေါင်းဆောင်လည်း ဖြစ်ပြီးတော့ အားကိုးရတဲ့ လူတစ်ယောက်လည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက ယုံကြည်ဖို့ အထိုက်တန်ဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလှေနှစ်စင်းကို ထိန်းသိမ်းတဲ့ ကိစ္စက တခြားသူတွေအတွက်ဆိုရင် လွယ်ကူလိမ့်မှာ မဟုတ်ပါဘူး။

လျိုပူနဲ့ ဖန်းယွန်တို့က တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပါတယ်။ သူတို့ အချင်းချင်းက မဟာမိတ် တစ်ခုကို ဖွဲ့စည်းထားခဲ့ပါတယ်။ အခု အားလုံးက လူစုခွဲပြီးတော့ လှုပ်ရှားတာကြောင့် သူတို့က လင်းဟန်ကို မျက်စိဒေါက်ထောက် ကြည့်ရမှာက သဘာဝပါပဲ။

ကံမကောင်းတာက ယန်ထိုက်ချန်ဟာ လင်းဟန်ရဲ့အတူ နီးနီးကပ်ကပ် သွားတာကြောင့် သူ့ကို လျှို့ဝှက်စွာနဲ့ သတ်ပစ်ဖို့ သူတို့နှစ်ယောက်ရဲ့ အကြံအစည်က လေလိုလွင့်မျောသွား ခဲ့ပါတယ်။

လင်းဟန်လည်း အတော်လေး စိတ်မကောင်းသလို ခံစားလိုက်ရတယ်။ သူ့မှာ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ရှိနေပြီး အသုံးမပြုရသေးပါဘူး။ ဒါကြောင့် ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်နဲ့ ရင်ဆိုင်ရမယ် ဆိုရင်တောင် သူက မကြောက်ပါဘူး။ နောက်ပြီး သူ့မှာ သူ့ပြိုင်ဘက်ကို မှင်တက်တွေဝေစေနိုင်တဲ့ စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ် ရှိပြီးတော့ သူတို့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်နိုင်ပါတယ်။ ဒါကြောင့် သူက ပြင်းထန်အဆင့်မြင့်မှာ ရှိတဲ့ ဘယ်လိုကျင့်ကြံသူနဲ့မဆို ရင်ဆိုင်တိုက်ခိုက်ရမယ်ဆိုရင် အောင်ပွဲရဖို့ သေချာပါတယ်။

ဒီကျွန်းက အရမ်းကို ကြီးမားပေမဲ့ ရှည်မျောမျောပုံစံ ရှိပါတယ်။ အခုသူတို့က ကျွန်းရဲ့ သုံးပုံတစ်ပုံခန့်ကို ရောက်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့က အုပ်စုနှစ်ခု ခွဲလိုက်ပါတယ်။ အုပ်စု တစ်ခုက

အရှေ့ဘက်ကို သွားတဲ့အချိန်မှာ ကျန်တစ်စုက အနောက်ဘက်ကို သွားရပါလိမ့်မယ်။

ကျွန်းကို ထူထပ်တဲ့ တောအုပ်နဲ့ ဖုံးကွယ်ထားပြီး သစ်ပင်တိုင်း အနည်းဆုံး မီတာသုံးရာလောက် ရှည်ပြီးတော့ ကြီးမားတဲ့ သစ်ရွက်တွေ ရှိပါတယ်။ ဒါကြောင့် တကယ်လို့ လူတစ်ယောက်က သစ်ပင်တွေအောက် လမ်းလျှောက်သွားမယ်ဆိုရင် အလင်းရောင် ထိုးဖောက်လို့ မရနိုင်တဲ့ မျက်နှာကြက် တစ်ခုလိုမျိုး ဖြစ်နေပါလိမ့်မယ်။

လင်းဟန်ရဲ့ အုပ်စုမှာ လူခြောက်ယောက် ရှိပါတယ်။ သူနဲ့ စွေ့ရန်ယွီကလွဲရင် ယန်ထိုက်ချန်၊ ရင်ယွင်ရှန်း၊ ဖူရှင်းနဲ့ ကျင်းကျီပျော့တို့ ရှိပါတယ်။

ယန်ထိုက်ချန်က လင်းဟန်ကို သူ့ရဲ့ ရန်သူတွေနဲ့ ခွဲထုတ်လိုက်တယ်ဆိုတာ အရမ်းကို သိသာပါတယ်။

"အစ်ကိုကျင်း မင်းက ဓားတစ်လက်ကို အမြဲတမ်း ကိုင်ထားတာ။ မပင်ပန်းဘူးလား"

လင်းဟန်က သူတို့တွေ ခရီးထွက်လာတဲ့နောက်မှာ သူ့ဓားကို ပွေ့ဖက်ထားတဲ့ လူငယ်ကို မေးလိုက်ပါတယ်။

ကျင်းကျီပေ့ကာ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဓားနဲ့တစ်ချိန်လုံး ရှိနေတဲ့ ခံစားချက်က ထူးခြားထက်မြက်တဲ့ ဓားတစ်လက်ကို သွန်းလုပ်တဲ့ အချိန်မှာ ငါ့ကို အတွေ့အကြုံ ရစေလိမ့်မယ်"

သူက ဓားနဲ့ပတ်သက်ရင် ရူးသွပ်တဲ့ လူတစ်ယောက်ပဲလား။

စွေ့ရန်ယွီက ရုတ်တရက် အနည်းငယ် လှုပ်လှုပ်ရှရှ ဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

"အစ်ကိုကျင်းက ဓားသန့်စင်တဲ့ အိမ်တော်ကနေ လာခဲ့တာများ ဖြစ်နေမလား"

တကယ်လို့ တခြားယောက်ျားတစ်ယောက်သာဆိုရင် စွေ့ရန်ယွီလို ဆွဲဆောင်မှုရှိတဲ့ အလှပဂေး တစ်ယောက်ရဲ့ အာရုံစိုက်မှုကို ရရှိတာက အရမ်းကို ပျော်ရွှင်ကျေနပ်ဖို့ ကောင်းပြီးတော့ ဂုဏ်ယူစရာ ကောင်းပါလိမ့်မယ်။ ဒါပေမဲ့လည်း ကျင်းကျီပေ့ကတော့ နည်းနည်းလေးမှ တုံ့ပြန်မှု မရှိခဲ့ပါဘူး။ သူက သူ့ဓားကို သူ့ရဲ့ချစ်သူလိုမျိုး ပွေ့ဖက်ထားပါတယ်။

"ဟုတ်တယ်။ ငါက ဓားသန့်စင်မှု အိမ်တော်က လာခဲ့တာပဲ"

သူက ခေါင်းညိတ်ပြီးတော့ ဖြေလိုက်ပါတယ်။ သူ့ပုံစံက နည်းနည်းလေးမှ သိမ်မွေ့နက်နဲခြင်းရှိတဲ့ပုံ မပေါ်ပါဘူး။

"ထင်ထားတဲ့ အတိုင်းပဲ"

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ပါတယ်။ ဓားသန့်စင်မှု အိမ်တော်ရဲ့ အဖွဲ့ဝင်အားလုံးမှာ မျိုးရိုးနာမည် ကျောင်းဖြစ်ပါတယ်။

"ဓားသန့်စင်မှု အိမ်တော်ဆိုတာ ဘာလဲ"

လင်းဟာန်ကမေးလိုက်တယ်။

"ဓားသန့်စင်မှု အိမ်တော်ဆိုတာ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က လက်နက်ပြုလုပ်သူတွေရဲ့ ကြီးကျယ်မြင့်မြတ်ဆုံး နေရာလို့ ပြောဆိုကြတယ်။ ဒါပေမဲ့လည်း ဒီအိမ်တော်က ဓားတွေကိုပဲ သွန်းလုပ်ပြီး တခြားလက်နက်အမျိုးအစား တစ်ခုမှ မသွန်းလုပ်ဘူး။ သူတို့သွန်းလုပ်ထားတဲ့ ဓားသွားတွေက ထက်မြက်ပြီး ကြံ့ခိုင်တဲ့အပြင် တော်တော်များများမှာ သူတို့ကိုယ်ပိုင် ပြိုင်ဘက်ကင်း စွမ်းရည်တွေလည်း ရှိကြတယ်"

စွေ့ရန်ယွီက ရှင်းပြလိုက်ပါတယ်။

"ဓားသမားတိုင်းက ဓားသန့်စင်မှု အိမ်တော်က သွန်းလုပ်တဲ့ ဓားတစ်လက်ရှိရင်ကို အရမ်းဂုဏ်ယူ ကြလိမ့်မယ်"

ဒီလောက် အံ့သြစရာ ကောင်းတာပဲလား။

လင်းဟာန်က ပြုံးလိုက်မိပြီးတော့ မေးလိုက်ပါတယ်။

"အစ်ကိုကျင်း တကယ်လို့ အနာဂတ်မှာ ကျနော် ပစ္စည်းတွေ ရလာခဲ့ရင် ကျနော့်အတွက် ဓားကို သွန်းလုပ်ပေးနိုင်မလား"

ယန်ထိုက်ချန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ ဓားသန့်စင်မှု အိမ်တော်က လူတွေက အရမ်းကို ထူးဆန်းတယ် ဆိုတာကို သူကြားသိဖူးပါဘူး။ သူတို့က ကမ္ဘာအနှံ့ ကျော်ကြားပြီး ငွေနဲ့ စွမ်းအားကို နည်းနည်းလေးမှ စိတ်မဝင်စားပါဘူး။ သူတို့ရဲ့ လက်နက်တွေကို သွန်းလုပ်ခြင်းနဲ့ပဲ အရမ်းကို အလုပ်ရှုပ် နေကြပါတယ်။

ဒါပေမဲ့လည်း သူတို့က ဓားတွေ သွန်းလုပ်ရတာကို ကျေနပ်ပျော်ရွှင်ကြတယ် ဆိုပေမဲ့ တခြားသူအတွက် ဓားတစ်လက်ကို သွန်းလုပ်ဖို့ ဆန္ဒရှိ မရှိဆိုတာက သူတို့ရဲ့ စိတ်ခံစားချက် အပေါ်မှာ မူတည်ပါတယ်။ တချို့လူတွေက အံ့အားသင့်စရာကောင်းတဲ့ ပမာဏတွေနဲ့ ကမ်းလှမ်းပေမဲ့ ဘာမှမလုပ်ကြပေမဲ့ တချို့လူတွေက ငွေတစ်တုံးမှ မပေးလည်း သူတို့ကိုယ်တိုင် ဓားတစ်လက်ကို လက်ဆောင်အဖြစ် ပေးကြပါလိမ့်မယ်။

လင်းဟန်က အခုလိုမျိုး မဆင်မခြင် ပြောတယ်ဆိုမှတော့ ကျင်းကျီပော့ရဲ့ အညှာအတာ ကင်းမဲ့တဲ့ ပြင်းပယ်မှုနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

"ကောင်းပြီလေ"

ကျင်းကျီပော့က တုံ့ဆိုင်းခြင်း မရှိပဲ ခေါင်းညိတ်ကာ ပြောလိုက်တယ်။

ဖူး။

ယန်ထိုက်ချန်က တံတွေးသီးလုမတတ် ဖြစ်သွားခဲ့ပါတယ်။ ဓားသွန်းလုပ်မှု အိမ်တော်က လူတွေမှာ ထူးဆန်းတဲ့ စိတ်နေသဘောထား ရှိတယ်လို့ မပြောခဲ့ကြဘူးလား။ ဘယ်လိုလုပ်ပြီး သူက အရမ်းကို လွယ်လွယ်ကူကူနဲ့ သဘောတူလိုက်နိုင်တာလဲ။

ကျင်းကျီပော့က သူ့ခေါင်းကို ထိုးဖွပြီးတော့ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်ပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့ ငါဓားတစ်လက်မှ မသွန်းလုပ်ရသေးဘူး"

သောက်ကျိုးနည်း။

သူက အရမ်းကို အလွယ်တကူနဲ့ သဘောတူညီခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။ သူက လက်သင်တပည့် တစ်ယောက် ဖြစ်ပါလိမ့်မယ်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ပုခုံးကို လက်တစ်ဖက်နဲ့ ပုတ်ပြီး ပြောလိုက်တယ်။

"ဒါဆိုရင် ဆုံးဖြတ်ပြီးပြီနော်။ အနာဂတ်မှာ ငါ့အတွက် ဓားက မင်းတာဝန်ဖြစ်သွားပြီ"

"ငါ မင်းရဲ့ ပစ္စည်းတွေ ဖြန့်းတီးလိုက်မှာကို မကြောက်ဘူးလား"

ကျင်းကျီဟွေ့က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။ တခြားသူတွေက ဒီလိုမျိုး ပြောတာကို ကြားလိုက်ရတဲ့ အချိန်မှာ သူတို့ခေါင်းကို တန်းပြီးတော့ ခါလိုက်ကြပါတယ်။ သူ့ကို မျက်နှာသာ နည်းနည်းပေးတဲ့ လူတွေတောင်မှ ခေါင်းစဉ်ပြောင်းပြီးတော့ ဓားတစ်လက် သွန်းလုပ်ဖို့ အကြောင်းကို ဆက်မပြောကြတော့ပါဘူး။

လင်းဟာန်က ပြောလိုက်တယ်။

"စောစောတုန်းက မင်းက ဓားတစ်လက်ရဲ့ ခံစားချက်တွေကို အတွေ့အကြုံ လိုချင်တယ်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့

ပြောခဲ့တယ်မဟုတ်လား။ မင်းက သေချာပေါက် ထူးခြားတဲ့ ထိပ်တန်းဓားတစ်လက်ကို သွန်းလုပ်နိုင်လိမ့်မယ်လို့ ငါပြောရဲတယ်"

ကျင်းကျီဟွေ့က စိတ်လှုပ်ရှားသွားမိပါတယ်။ ဓားသွန်းလုပ်မှု အိမ်တော်မှာတောင် သူက ဘယ်တုန်းကမှ လူတစ်ယောက်ရဲ့ ထောက်ခံမှုကို မရခဲ့ပါဘူး။ သူ့ရဲ့အဖေက သူ့ကို နေ့ခင်းကြောင်တောင် အိပ်မက်မက် မနေဖို့တောင် အကြံပေးခဲ့ပါတယ်။ သူ့အရှေ့က ဒီလူတစ်ယောက်ပဲ သူ့ကို ထောက်ခံအားပေးခဲ့ပါတယ်။

ပိုပြီးတော့ အရေးကြီးတဲ့အချက်က ဓားတစ်ချောင်းရဲ့ ခံစားချက်တွေကို အတွေ့အကြုံယူမဲ့ သူ့အကြံစည်က သူ့ကိုယ်သူ ပြောလိုက်တဲ့ အတွေးတစ်ခု ဖြစ်ပါတယ်။ လင်းဟန်ရဲ့ ပါးစပ်ကနေ အဲဒါကို ကြားလိုက်ရတော့ သူ့အနေနဲ့ စိတ်ရောကိုယ်ပါ ပေါင်းသင်းရမဲ့ သူငယ်ချင်း တစ်ယောက်နဲ့ ကြုံတွေ့ရသလို ခံစားလိုက်ရပါတယ်။

"ကောင်းပြီလေ။ အနာဂတ်မှာ ငါမင်းအတွက် ထိပ်တန်းအဆင့် ဓားတစ်လက် သွန်းလုပ်ပေးမယ်"

သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ့မျက်လုံးတွေက အရောင်တလက်လက် တောက်ပလို့ နေပါတယ်။

အစတုန်းက သူက စကားနည်းနည်းပဲ ပြောပေမဲ့ အခုချိန်မှာ သူ့ရဲ့ အသံအိုး ပွင့်သွားပုံ ရပါတယ်။ သူက လင်းဟန်ကို အရမ်းရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်လိုမျိုး တွေးထင်ထားပြီး အဆက်မပြတ် စကားပြောနေပါတယ်။

"အစ်ကိုလင်း ငါက ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး ဓားတစ်လက်ကို သွန်းလုပ်ချင်တာ"

သူက ပြောလိုက်ပါတယ်။

အပိုင်း(1020) ရောမ တွင်းကြီး

"အစွမ်းထက်ဆုံးဓား ဟုတ်လား"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

ဒီစကားက အလွယ်တကူနဲ့ ပြောလို့ရတဲ့ အရာတစ်ခု မဟုတ်ပါဘူး။ ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံးဆိုတာ တည်ရှိခဲ့လို့လား။ အနည်းဆုံးတော့ တောင်တစ်တောင်ထက် တစ်တောင်က ပိုမြင့်လေ့ ရှိပါတယ်။ အစွမ်းထက်တဲ့ တည်ရှိမှု တစ်ခုရဲ့

အကြောင်းကိုပဲ ပြောကြလေ့ ရှိပါတယ်။ ဒါကြောင့် အစွမ်းထက်ဆုံး ဒီဓားက ဘယ်ကနေ လာမှာလဲ။

ယန်ထိုက်ချန်နဲ့ တခြားသူတွေကလည်း သူတို့ရဲ့ ခေါင်းကို ခါလိုက်ကြပါတယ်။ အစွမ်းထက်ဆုံးလို့ ပြောတာက ကလေးတစ်ယောက်ရဲ့ ဖြူစင်တဲ့ အတွေးတစ်ခု သက်သက်ပဲ ဖြစ်ပါလိမ့်မယ်။

"အစွမ်းထက်ဆုံးဓား။ အစွမ်းထက်ဆုံးဓားကို ငါသေချာပေါက် သွန်းလုပ်ရလိမ့်မယ်"

ကျင်းကျီဟော့က သူ့ခေါင်းကို အဆက်မပြတ် ခါလိုက်ပါတယ်။

"ဘယ်လိုမျိုးလဲ"

လင်းဟာန်က အရမ်းကို သိချင်နေပါတယ်။

ကျင်းကျီဟော့ရဲ့ ခေါင်းတစ်ခုလုံးမှာ ဓားသွန်းလုပ်မှုတွေနဲ့ပဲ ပြည့်နှက်နေပြီး လင်းဟာန်ကို သူက ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်လိုမျိုး တွေးထားတာကြောင့် သူ့ကို လျှို့ဝှက်ချက်တစ်ခု မျှဝေပေးရတာ သူ့အတွက် ကိစ္စရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက ပြောလိုက်တယ်။

"ငါ ပစ္စည်းအမျိုးအစား တစ်ခုကို လေ့လာနေတယ်။ တကယ်လို့ အဲဒါကို အောင်အောင်မြင်မြင် သန့်စင်နိုင်မယ်ဆိုရင် အစွမ်းထက်ဆုံး ဓားတစ်လက်ကို သွန်းလုပ်ဖို့ မျှော်လင့်ချက် ရှိတယ်"

ဖူး။

ယန်ထိုက်ချန်နဲ့ တခြားသူတွေ အားလုံးက အထင်သေးသွားခဲ့ပါတယ်။ ဘယ်ပစ္စည်းကများ အဲဒီလောက်ထိ အံ့ဩစရာ ကောင်းလိမ့်မှာလဲ။ တကယ်လို့ အဲဒီလိုမျိုး ပစ္စည်းက တကယ်ပဲ ရှိမယ်ဆိုရင် မင်းလေ့လာဖို့ ဘယ်သူကများ ချန်ထားပေးလိမ့်မှာလဲ။ တခြားလူတွေ လုယူပြီး ထွက်ပြေးသွားတာ ကြာလောက်ရောပေါ့။

ကျင်းကျီဟွေ့က ဒီလူတွေကို တစ်ချက်လေးမျှတောင် မကြည့်ပါဘူး။ အဲဒီအစား သူ့ရဲ့စိတ်တွေကို သူ့ကိုယ်ပိုင် အလုပ်မှာပဲ နှစ်မြုပ်ထားပြီးတော့ ပြောလိုက်တယ်။

"အဲဒါက အဆုံးမရှိတဲ့ တိုးတက်မှုတွေရဲ့ ဖြစ်နိုင်ချေ စွမ်းရည်တွေရှိတဲ့ ပစ္စည်းအမျိုးအစား တစ်ခုပဲ။ မင်းသိလား။ ငါတို့တွေ ဓားတစ်လက်ကို သွန်းလုပ်တဲ့ အချိန်မှာ ဘယ်လောက်ပဲ

ကြိုးစားအားထုတ် အားထုတ် ပစ္စည်းကို သွန်းလုပ်တဲ့ နေရာမှာ အကန့်အသတ်က ရှိနေသေးတာပဲ”

“အမှန်ပဲ”

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ မင်းက အဆင့်တစ် နတ်ဘုရား သတ္တုအပိုင်းအစ တစ်ခုကို အဆင့်နှစ် နတ်ဘုရား ပစ္စည်းတစ်ခုအဖြစ် သွန်းလုပ်ဖို့ မဖြစ်နိုင်ပါဘူး။ ပစ္စည်းကိုယ်တိုင်က မဖြစ်နိုင်ဘူးလို့ သတ်မှတ်ထားသလိုပါပဲ။

“ဒါပေမဲ့လည်း တကယ်လို့ ငါက အဲဒီလိုမျိုး ပစ္စည်းအမျိုးအစားကို ဆွဲထုတ် မဟုတ်ဘူး မဟုတ်ဘူး။ အဲဒီအဆီအနှစ် အမျိုးအစားကို ဆွဲထုတ်ယူပြီးတော့ လက်နက်တစ်ခု သွန်းလုပ်ရမယ်။ တခြားပစ္စည်းတွေ ဒါမှမဟုတ် နတ်ဘုရား ပစ္စည်းတွေကို အလိုအလျောက် ဂါးမျိုနိုင်စွမ်း ရှိလာလိမ့်မယ်။ အဆင့်တစ်ကနေ အဆင့်နှစ်၊ အဆင့်နှစ်ကနေ အဆင့်သုံး အဲဒီနောက် အဆုံးမရှိ တိုးတက်မှု ဖြစ်လာလိမ့်မယ်”

ကျင်းကျီဟွေ့က စိတ်လှုပ်ရှားစွာနဲ့ ရှင်းပြလိုက်ပါတယ်။

ချက်ချင်းဆိုသလို ယန်ထိုက်ချန်နဲ့ တခြားသူတွေ အားလုံးရဲ့ မျက်လုံးတွေ ပြူးသွားခဲ့ပါတယ်။ သူတို့ရဲ့ ပါးစပ်တွေဆိုရင်

အံ့အားသင့်မှုကြောင့် ယင်ကောင်တောင် ဝင်ပြီးတော့ ညညသွားနိုင်တဲ့ အထိ ပါးစပ်အဟောင်းသား ဖြစ်နေကြပါတယ်။

အဆုံးမရှိ တိုးတက်နိုင်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဟုတ်လား။

အမှန်တကယ် လုပ်နိုင်မလား ဆိုတာကို အသာထားဦး။ တွေးကြည့်ရုံနဲ့တင် ကျောရိုးထဲထိကို အေးစိမ့်သွားစေဖို့ လုံလောက်ပါတယ်။ တခြားလူတွေမှာ ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ ပုံပြင်မျိုးကို စဉ်းစားမိကြပါမလား။ တကယ်လို့ ဒီလိုမျိုး နတ်ဘုရားပစ္စည်း တစ်ခုသာ အမှန်တကယ် ထွက်ပေါ်လာမယ်ဆိုရင် ကမ္ဘာကြီး တစ်ခုလုံး အဲဒါကြောင့် ပြောင်းလဲမှုကြီး တစ်ခုကို တွေ့ကြုံရပါလိမ့်မယ်။

လင်းဟန်လည်း မှင်တက်တွေဝေ သွားခဲ့ပါတယ်။ အဲဒီနောက် သူ့လက်ကို ကျင်းကျီဟွေ့ရဲ့ ပုခုံးပေါ် တင်ပြီးတော့ ပြောလိုက်တယ်။

"အစ်ကိုကျင်း မင်းက ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်တဲ့ ပါရမီရှင် တစ်ယောက်ပဲ"

ကျင်းကျီဟွေ့ကို ကြည့်ရတာ လုံးဝကို ဘဝင်ခိုက် သွားပုံ ရပါတယ်။ ဒီသီအိုရီနဲ့ ပတ်သက်ပြီး သူ့ကလန်က လူတွေကို ပြောပြတဲ့ အချိန်မှာ သူ့အဖေတောင်မှ ကြားသွားပြီး သူ့ကို ပြင်းပြင်းထန်ထန်

ဆုပူကြိမ်းမောင်းခဲ့ပါတယ်။ သူ့အဖေတောင်မှ သူ့ကို ဒီလိုမျိုး မအေပ်စပ်တဲ့ အကြံဉာဏ် တစ်ခုကို လက်လျှော့လိုက်ဖို့ အကြံပေးခဲ့ပါတယ်။

"အစ်ကိုလင်း ငါဒီလိုမျိုး ဓားတစ်လက်ကို သွန်းလုပ်နိုင်မယ်လို့ မင်းယုံကြည်လား"

သူက မေးလိုက်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ မင်းမကြိုးစားကြည့်ဘူးဆိုရင် ဖြစ်နိုင်ချေ နည်းနည်းလေးမှတောင် ရှိလိမ့်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တကယ်လို့ မင်းကအဲဒါကို ကြိုးကြိုးစားစား လုပ်မယ်ဆိုရင် တကယ်လို့ အောင်မြင်နိုင်မဲ့ အခွင့်အလမ်းက တစ်သန်းပုံ တစ်ပုံရှိရင်တောင် ဒါက အနည်းဆုံးတော့ မျှော်လင့်ချက် ပါးပါးလေး တစ်ခု ရှိနေသေးတာပဲ"

"ဟုတ်တယ် ဟုတ်တယ်။ ပြောတာကောင်းတယ်"

ကျင်းကျီဟွေ့က သူ့ခေါင်းကို အဆက်မပြတ် ညိတ်လိုက်ပါတယ်။ လင်းဟန်ရဲ့ စကားလုံးတွေက သူ့နှလုံးသားကို တကယ်ပဲ ထိသွားပြီး တကယ့်ကို စိတ်ချင်းရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်နဲ့

တွေ့ကြုံရသလိုမျိုး ခံစားစေခဲ့ပါတယ်။ ပြီးတော့ လင်းဟန်ကို လုံးဂကို ခင်မင်သွားခဲ့ပါတယ်။

အဲဒီအချိန်မှာ ယန်ထိုက်ချန်နဲ့ တခြားသူတွေက စိတ်ဂင်စားမှု လျော့ကုန်ပါတယ်။ အစွမ်းထက်ဆုံး ဓားဆိုတဲ့ အသံက အရမ်းကို အံ့ဩစရာကောင်းပေမဲ့ ဒီအကြောင်းကို သူတို့တွေ ဘယ်လိုပဲ တွေးကြည့်ကြည့် အဲဒါက ကြိုးပမ်းအားထုတ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

"အစ်ကိုလင်း အဲဒီနတ်ဘုရားဓားကို ငါသွန်းလုပ်ပြီးရင် မင်းဆီကို ပို့ပေးလိုက်မယ်"

ကျင်းကျီဟော့က ပြောလိုက်တယ်။ သူက ဓားတွေသွန်းလုပ်ရတာကို သဘောကျပေမဲ့ သူကိုယ်တိုင်က ဓားသမားတစ်ယောက် မဟုတ်ပါဘူး။ အမှန်ဆိုရင် ဓားသွန်းလုပ်မှု အိမ်တော်ရဲ့ အဖွဲ့ဂင် အားလုံးက တူပညာမှာ ထူးချွန်ထက်မြက်ပြီး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေ လက်နက်ကို သွန်းလုပ်တဲ့ အချိန်မှာ သူတို့ရဲ့ တူတွေကို အဆက်မပြတ် ဂှေ့ယမ်းဖို့ လိုအပ်တာကြောင့် ဖြစ်ပါတယ်။ တစ်ဖက်မှာ သူတို့က ဓားတော်ကို အသုံးပြုစရာ မလိုပါဘူး။

"ဒါဆိုရင် ငါစောင့်နေပါ့မယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ကျောင်းကျီပေ့ဂျ်က အလေးအနက်နဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်ဆို့မှု တစ်ခုနဲ့ ကြုံတွေ့နေခဲ့ရပြီး သူ့ရဲ့ ခံစားမှုတွေ တိုးတက်လာဖို့နဲ့ ရုတ်တရက် ဉာဏ်ကွန့်မြူးဖို့ ပတ်ဂန်းကျောင်ကို ခရီးထွက်ချင်ခဲ့တာပါ။ ဒီရက်အနည်းငယ် အတွင်းက သူသေကိုယ်သေ တိုက်ပွဲတွေက သူ့ကို အတော်လေး နားလည်သဘောပေါက် စေပါတယ်။

ဒါပေမဲ့လည်း သူ့မှာ အတွေ့အကြုံ ကြွယ်ဝခြင်း မရှိပါဘူး။ သူကိုယ်တိုင်လည်း ငတုံးငအ မဟုတ်ပါဘူး။ ဒါကြောင့် သူက ဒီအချက်နဲ့ ပတ်သက်ပြီး နည်းနည်းလေးမှ ထုတ်ဖော်ပြောခဲ့ခြင်း မရှိပါဘူး။

သူက ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ သူပြန်ရောက်တဲ့ အချိန်မှာ တံခါးပိတ်ပြီး ကျင့်ကြံအားထုတ် ရပါမယ်။ ပြီးတော့ တံခါးပိတ် ကျင့်ကြံရာကနေ ထွက်လာပြီး သူက မတင်မကျ ဖြစ်နေတဲ့ ပြဿနာတွေ အားလုံးကို ဖြေရှင်းပစ်နိုင်ပြီးတော့ သမိုင်းမှာ အစွမ်းထက်ဆုံး နတ်ဘုရားဓားကို သွန်းလုပ်နိုင်မလား ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။

သူတို့ခြောက်ယောက် အုပ်စုက တောနက်ထဲကို လမ်းလျှောက်လာခဲ့ ကြပါတယ်။ ဒါပေမဲ့လည်း ရုတ်တရက်ဆိုသလို သူတို့အရှေ့မှာ ကျယ်ပြန့်တဲ့ နေရာတစ်ခု ထွက်ပေါ်လာပြီး မျက်စိကို စူးစေတဲ့ နေအလင်းရောင်ကို တွေ့မြင်လိုက်ရပါတယ်။ ပြီးတော့ သူတို့ခြောက်ယောက်စလုံး တပြိုင်နက်တည်း အရှေ့က မြင်ကွင်းကြောင့် အံ့အားသင့် သွားခဲ့ပါတယ်။

သူတို့အရှေ့မှာ မယုံနိုင်စရာကောင်းပြီး နှိုင်းယှဉ်လို့ မရနိုင်တဲ့ တွင်းနက်ကြီးတစ်ခု ရှိနေပါတယ်။

ဒီတွင်းချိုင့်ကြီးက အရမ်းကို ကြီးမားလွန်းပါတယ်။ ဒီတွင်းကြီးက ကျွန်းရဲ့ သုံးပုံတစ်ပုံလောက် အရွယ်အစား ရှိပြီးတော့ ခန့်မှန်းလို့ မရအောင် နက်ရှိုင်းလွန်းပါတယ်။ တွင်းနက်ကြီးရဲ့ နံရံတွေက လုံးဝကို မတ်စောက်နေပြီး နည်းနည်းလေးမှ ခြေကုပ်စရာ မရှိပဲ ကြေးမုံမှန်တစ်ချပ်လို ချောမွတ်လို့ နေပါတယ်။

အဲဒါက မိုးကောင်းကင်ဘုံနဲ့ ဒီနေရာကို ဆက်သွယ်ပေးထားတဲ့ တိုင်လုံးကြီး တစ်ခုကို စိုက်ထားပြီး ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီး အကြားမှာ ဒီလိုမျိုး ဟောင်းလောင်းပေါက် နေရာတစ်ခု ကျန်နေသလိုမျိုးနဲ့ တူပါတယ်။

ဒါက တကယ့်ကို ရုတ်တရက်ပါပဲ။ လွန်ခဲ့တဲ့ ခြေတစ်လှမ်းတုန်းက သူတို့က တောထဲမှာ ရှိနေပါသေးတယ်။ ဒါပေမဲ့ ခြေတစ်လှမ်း ကျော်လိုက်တာနဲ့ တောအုပ်က ပျောက်ကွယ်သွားပြီး ဒီလိုမျိုး မတ်စောက်တဲ့ ကျောက်နံရံတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ တကယ်လို့ သူတို့သာ ဂရုမထားမိဘူးဆိုရင် ခြေလှမ်းမှားပြီးတော့ အောက်ကိုတန်းပြုတ်ကျ သွားပါလိမ့်မယ်။

ဒီနယ်မြေထဲမှာ ဆွဲငင်အားက ထိတ်လန့်စရာ ကောင်းလောက်အောင် ကြီးမားတယ်ဆိုတာ သိထားသင့်ပါတယ်။ ပြီးတော့ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေတောင် အသုံးမဝင်ပါဘူး။ တကယ်လို့ လူတစ်ယောက်က ဒီလိုမျိုး နက်ရှိုင်းတဲ့ တွင်းကြီးထဲကို ပြုတ်ကျသွားမယ်ဆိုရင် သူက နောက်တစ်ကြိမ် ပြန်ထွက်လာနိုင်ဦးမလား ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။

ပင်လယ်ပြင်က ကြောက်စရာကောင်းတာကြောင့် မဟုတ်ပါဘူး။ ပင်လယ်မှာလည်း နူးညံ့သိမ်မွေ့တဲ့ နေရာတွေ ရှိပါတယ်။

ဒါပေမဲ့ ဒီနေရာမှာတော့။

တကယ်လို့ လူတစ်ယောက်က အထဲကို ပြုတ်ကျသွားမယ်ဆိုရင် သူ့အနေနဲ့ ဘယ်တော့မှ ပြန်ထွက်လာနိုင်မှာ မဟုတ်လောက်ပါဘူး။

သူတို့က ခေါင်းတွေကို ပြူပြီးတော့ ကျောက်နံရံရဲ့ အစွန်းကနေ အောက်ကို ငုံ့ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ခန့်မှန်းလို့ မရနိုင်လောက်အောင် နက်ရှိုင်းပြီးတော့ မှောင်မည်းနေတာကိုပဲ တွေ့မြင်ရပါတယ်။ မသိရင် ငြိမ်းချမ်းရေး ဂြိုလ်ကြီးရဲ့ အူတိုင်ကို ရောက်နိုင်သလိုမျိုးနဲ့ တူပါတယ်။ တကယ်လို့ အဲဒါသာ အမှန်ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က ဒီအထဲကို ပြုတ်ကျသွားမယ် ဆိုရင် သူတောင်မှ သေသွားပါလိမ့်မယ်။

ဂြိုလ်ကြီးရဲ့ အတွင်းပိုင်းက နတ်ဘုရား မီးတောက်တွေဟာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ကိုတောင် ပြာအဖြစ် ပြောင်းလဲသွားနိုင်စွမ်း ရှိပါလိမ့်မယ်။

"ခေါင်းဆောင်ယန် ဒီကျွန်းအကြောင်းကို ကြားဖူးလား"

လင်းဟန်က မေးလိုက်ပါတယ်။

ယန်ထိုက်ချန်ကို ကြည့်ရတာ လုံးဝကို အံ့အားသင့်နေပုံ ရပါတယ်။ သူက ခေါင်းကို ဖြည်းညှင်းစွာ ခါပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

“တောင်းပန်ပါတယ်။ ယန်ကလန်က ကြယ်ပင်လယ်မှာ ထင်ပေါ်ကျော်ကြားတယ် ဆိုပေမဲ့ ဒီလိုမျိုး ကျွန်းတစ်ကျွန်း တည်ရှိတာကို ငါမသိခဲ့ဖူး”

လုံလောက်ပါပြီ။ ယန်ကလန်တောင်မှ မသိပါဘူး။

သူတို့အားလုံး တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။ ရုတ်တရက် ဆိုသလို ဒီကျွန်းက ထူးခြားဆန်းကြယ်ပြီး ဒီထူးခြားမှုက လူတစ်ယောက်ရဲ့ သိချင်စိတ်ကို ပြင်းပြလာစေခဲ့ပါတယ်။ တချိန်တည်းမှာပဲ ဒါက ဘာမှန်းမသိတဲ့ အန္တရာယ်တွေရဲ့ အမှတ်အသား ဖြစ်ပါတယ်။

လင်းဟာန်က ရောမ သစ်ပင်ကြီး တစ်ပင်ကို ခုတ်ပြီးတော့ တွင်းနက်ကြီးထဲကို ပစ်ချလိုက်ပါတယ်။

ရောမ သစ်ပင်ကြီးက တွင်းနက်ကြီးထဲကို ကျသွားပြီး သိပ်မကြာခင်မှာ အနက်ရောင် အစက်အပြောက်လေး တစ်ခုဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် တွင်းနက်ကြီးရဲ့ အထဲမှာရှိတဲ့ အမှောင်ထုရဲ့ ဝါးမျိုခြင်းကို ခံလိုက်ရပြီး ဘာလက္ခဏာ အရိပ်အယောင်မှ မတွေ့ရတော့ပါဘူး။ အချိန်တော်တော် ကြာတာတောင်မှ အသံဗလာ တစ်ချက်မှ မကြားရပါဘူး။

"အောက်ခြေက ပင်လယ်နဲ့ ချိတ်ဆက်ထားတာ မရှိဘူး"

လင်းဟန်က ပြောလိုက်တယ်။

အားလုံးက ခေါင်းညိတ်လိုက်ပါတယ်။ သူတို့က ဒီကျွန်းပေါ်ကို လမ်းတစ်လျှောက်လုံး ကုန်းတက် ကုန်းဆင်း တချို့ကို တက်လာခဲ့ရပေမဲ့ ပင်လယ်ရေမျက်နှာပြင်က သေချာပေါက် မနိမ့်ကျပါဘူး။ ပင်လယ်လှိုင်းလုံးတွေ သစ်ပင်တွေကို ရိုက်ခတ်လာတဲ့ အသံကိုတောင် ကြားရပါတယ်။

တကယ်လို့ ပင်လယ်နဲ့ ချိတ်ဆက်ထားတယ်ဆိုရင် သူတို့က ဂင်ပြီးတော့ စူးစမ်းလေ့လာ ရှာဖွေဖို့ပဲ လိုပါတယ်။ သူတို့က ပင်လယ်နဲ့ ချိတ်ဆက်ထားတဲ့ ရေလမ်းကြောင်း တစ်ခုကို ရှာတွေ့နိုင်ပြီး ပင်လယ်ကမ်းစပ်ကို သွားမဲ့ လမ်းကြောင်းတချို့ကိုတောင် ရှာတွေ့နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ လက်ရှိ အခြေအနေအရတော့ ဒီတွင်းနက်ကြီးက မီတာထောင်သောင်းနဲ့ချီပြီးတော့ နက်ရှိုင်းလောက် ပါတယ်။ ဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

လင်းဟန်က မုသားမဲ့ မျက်လုံးကို အသက်သွင်းလိုက်ပေမဲ့ အသုံးမဂင်ပါဘူး။ သူလည်း အောက်ခြေထိ မမြင်နိုင်ခဲ့ပါဘူး။

“ဟင်”

ယန်ထိုက်ချန်က ကာကွယ်ဖို့ အရင်ဆုံး နေရာယူလိုက်ပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ပဲ လင်းဟန်နဲ့ တခြားသူတွေလည်း နိုးကြားလာပြီး သူတို့ထွက်လာတဲ့ဆီကို ကြည့်လိုက်ပါတယ်။

ဟူးလားလား။

တောအုပ်ထဲကနေ ရုတ်တရက် လူသုံးယောက် ထွက်လာပါတယ်။

သူတို့က လျှိုပူ၊ ဖန်းယွန်နဲ့ လွီရင်တို့ မဟုတ်ပဲ လူငယ်သုံးယောက် ဖြစ်ပါတယ်။ သူတို့က ကျားတစ်ကောင် ဂံပုလွေတစ်ကောင်နဲ့ သစ်နက်တစ်ကောင်ပေါ်မှာ အသီးသီး ထိုင်နေကြပါတယ်။ ဒါပေမဲ့လည်း နောက်တစ်ချက် ကြည့်မယ်ဆိုရင် ဒီရက်စက်ကြမ်းကြုတ်တဲ့ သားရဲကောင်တွေက တကယ့် တိရိစ္ဆာန်စစ်စစ်တွေ မဟုတ်ပါဘူး။ အဲဒီအစား သတ္တုတွေနဲ့ သွန်းလုပ်ထားပါတယ်။ ပြီးတော့ အသက်ရှိတယ်လို့ သတ်မှတ်လို့ မရနိုင်ပါဘူး။ သေသေချာချာ အနီးကပ်ပြီး ကြည့်မှပဲ တိရိစ္ဆာန်အစစ်တွေ မဟုတ်ဘူးဆိုတာကို သတိပြုမိပါလိမ့်မယ်။

“ယန္တရားရုပ်တွေ”

ယန်ထိုက်ချန်နဲ့ တခြားသူတွေက ဆက်တိုက်ဆိုသလို အံ့အားသင့်စွာနဲ့ ရေရွတ်လိုက် မိပါတယ်။

Chapter 1020 end

အပိုင်း(1021) ကမ္ဘာ့အုတိုင် ကျွန်း

တန်ခိုးရှင်ဘုံထဲမှာ ထူးခြားတဲ့ စွမ်းရည်ရှိတဲ့ ကျင့်ကြံသူတွေ အမြောက်အမြား ရှိပါတယ်။

အများဆုံးတွေ့မြင်ရလေ့ ရှိတာက မြင့်မားတဲ့ အဆင့်အတန်းကို ပိုင်ဆိုင်ထားတဲ့ မှော်ဆေးပညာရှင်တွေ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့ မင်းမှာ လက်နက်တစ်ခု မရှိရင် နတ်ဘုရား သတ္တုအပိုင်းအစ တစ်ခုကို ဂယ်ယူနိုင်ပါသေးတယ်။ ပြီးတော့ ဘယ်လောက်ပဲ အကြီးအကျယ် ဒုက္ခရောက်ရောက် မင်းနဲ့အတူ နတ်ဘုရား ပစ္စည်းတစ်ခုက ရှိနေပါလိမ့်မယ်။

နောက်ပြီးတော့ အချိန်အတော်ကြာအောင် အသုံးပြုပြီး မင်းရဲ့ကိုယ်ပိုင် သိုင်းဆန္ဒကို အဲဒီ လက်နက်ထဲ ထည့်သွင်းလို့ ရလာပါလိမ့်မယ်။ ဒါကြောင့် နတ်ဘုရား ပစ္စည်းတစ်ခုကိုယ်တိုင်ကို အသုံးပြုလာနိုင်ပါမယ်။ နောက်ပြီးတော့ အဲဒီနတ်ဘုရား ပစ္စည်းက မင်းတစ်ယောက်တည်း အပိုင် ဖြစ်လာပါလိမ့်မယ်။

တန်ခိုးရှင်ဘုံမှာ နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ အဓိပ္ပာယ်က ဘယ်သူမဆို အသက်သွင်းနိုင်တဲ့ လက်နက်တစ်ခု ဖြစ်ပြီးတော့ တန်ခိုးရှင်အဆင့် စွမ်းအားကို ပိုင်ဆိုင်ထားတဲ့ လက်နက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် လူတစ်ယောက်က ကိုယ်တိုင်ကိုယ်ကျ ပြုစုပျိုးထောင်ထားတဲ့ လက်နက်တစ်ခုနဲ့ နတ်ဘုရား ပစ္စည်းတစ်ခု အကြားက ကွာခြားချက်က တစ်ယောက်ယောက်ရဲ့ လက်ထဲမှာ အမိုက်တစ်စနဲ့ တစ်ယောက်ယောက်ရဲ့ လက်ထဲမှာ အသုံးပြုနိုင်တဲ့ စွမ်းအားကို ပိုင်ဆိုင်ထားနိုင်တဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

လက်နက်ပြုလုပ်သူတွေတွေက ထူးခြားတဲ့ စွမ်းရည်ရှိ ကျင့်ကြံသူတွေရဲ့ ခေါင်းစဉ်အောက်မှာ ပါဝင်ပါတယ်။ သူတို့က လက်နက်တွေအပေါ်မှာ ပြိုင်ဘက်ကင်း အစီအရင် သင်္ကေတတွေကို ရေးထွင်းနိုင်ပြီး တခြား ရုပ်ထွေးတဲ့ အရာတွေလည်း ရေးထွင်းနိုင်ပါတယ်။ ဒါကြောင့် လက်နက်တွေက ကျင့်ကြံသူတွေလိုမျိုး ကြီးမားတဲ့ စွမ်းအား ရှိလာပါလိမ့်မယ်။

ဒါကြောင့်ပဲ လက်နက်ပြုလုပ်သူတွေရဲ့ အဆင့်အတန်းက မနိမ့်ကျပါဘူး။ ကျင့်ကြံသူတိုင်းက သူတို့တွေ အသုံးပြုလို့ ပိုကောင်းတဲ့ လက်နက်တစ်ခုကို အငမ်းမရ လိုချင်ကြပါလိမ့်မယ်။

နောက်ပြီး လက်နက်ပြုလုပ်သူတွေက ချပ်ဂတ်တန်ဆာတွေကိုလည်း လုပ်နိုင်ပါတယ်။ ခုခံမှု တိုးလာတာနဲ့အတူ အသက်ကို တော်ရုံတန်ရုံနဲ့ ဆုံးရှုံးရတော့မှာ မဟုတ်ပါဘူး။

သူတို့အပြင် ဂက်ပါ အစီအရင် အရှင်သခင်တွေလည်း ရှိပါတယ်။ ဥပမာ အင်ပါယာ မြို့တော်ရဲ့ မဟာဂက်ပါကို ဂက်ပါ အစီအရင် အရှင်သခင် တစ်ယောက်က ဖန်တီးခဲ့ပါတယ်။ သူတို့ရဲ့ အဆင့်အတန်းက ငြိမ်းချမ်းရေး ဂြိုဟ်ကြီးထဲမှာ အရမ်းကို မြင့်မားပါတယ်။ သူတို့တွေကို တွေ့ရတဲ့ အခါမှာ အင်ပါယာသုံးခုက ကေရာဇ်တွေတောင် အရမ်းကို ရိုသေလေးစား ရပါလိမ့်မယ်။

ထူးခြားတဲ့ စွမ်းရည်ရှိတဲ့ နောက်ထပ် ကျင့်ကြံသူ အုပ်စုတစ်ခုကတော့ တွေ့မြင်ရဖို့ အရမ်းကို ရှားပါးလွန်းတဲ့ အထဲမှာ ပါဝင်တဲ့ အုပ်စုဖြစ်ပါတယ်။ အနာဂတ် ဟောကိန်းပညာရှင်တွေနဲ့ ယန္တရား ပညာရှင်တွေလိုမျိုးပေါ့။

ယန္တရား ပညာရှင်တွေက ပစ္စည်းတစ်ခုကို အသက်ရှိနေသလိုမျိုး တူအောင်လို့ လုပ်နိုင်ပါတယ်။ အင်ပါယာ မြို့တော်ထဲမှာ ယန္တရား ပညာရှင်တွေရဲ့ ဖန်တီးမှုတွေကို တွေ့မြင်နိုင်ပါတယ်။ ဥပမာ

မြင်းလှည်းအိမ်ကို ဆွဲတဲ့ မြင်းရုပ်တွေ ဖြစ်ပါတယ်။ မိစ္ဆာသားရဲတွေ မဟုတ်ပဲ ယန္တရားရုပ်တွေပဲ ဖြစ်ပါတယ်။

အဲဒီမှာ လက်နက်ပြုလုပ်ခြင်း၊ ဂဏ်ပါ အစီအရင် နည်းစနစ်တွေနဲ့ မှော်ဆေးပညာတွေတောင် ရောနှောပြီး ပါဝင်ပါသေးတယ်။ အဲဒါက အရမ်းကို ရှုပ်ထွေးနေပါတယ်။

ဒါကြောင့် ယန္တရား ပညာရှင်တွေက အရမ်းကို နည်းပါးလွန်းပါတယ်။ အင်ပါယာ မြို့တော်ထဲမှာ လှည်းဆွဲတဲ့ ယန္တရားတွေကို ဒီဘက်ခေတ်မှာ ပြုလုပ်ထားတာ မဟုတ်ပဲ ဘယ်လောက်တောင် ကြာနေတဲ့ အကြွင်းအကျန်တွေလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။

ဒါကြောင့် ဒီကျွန်းပေါ်မှာ ယန္တရားရုပ်တွေကို စီးနင်းလာတဲ့ လူသုံးယောက်ကို ရုတ်တရက် တွေ့မြင်လိုက်ရတဲ့ အခါမှာ ယန်ထိုက်ချန်နဲ့ တခြားသူတွေက အံ့အားသင့် သွားခဲ့ပါတယ်။

ဒါက လူသူကင်းဝေးတဲ့ ကျွန်းတစ်ခု ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီနေရာမှာ အံ့အားသင့်စရာ ကောင်းလောက်တဲ့ ရောမ တွင်းကြီးတစ်ခု ရှိပါတယ်။ အခု ယန္တရား ပညာရှင်တွေတောင် ထွက်ပေါ်လာခဲ့ပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

"ဟားဟားဟား ဒီကျွန်းပေါ်ကို ညှော်သည်တွေ ရောက်လာလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မတွေးမိခဲ့ဘူး"

ခြင်္သေ့ပေါ်က လူငယ်က ပြောလိုက်ပါတယ်။

"စောစောတုန်းက လုပ်ရှားမှု တချို့ကို ငါတို့ အာရုံခံမိပြီး ယန္တရား ၄က်ရုပ်တွေ တစ်ခုခု မှားနေပြီလို့ တွေးမိခဲ့တယ်။ ညှော်သည်တွေ ရောက်လာလိမ့်မယ်လို့ ငါတို့ ဘယ်တုန်းကမှ ထင်မှတ်မထားမိခဲ့ဘူး"

လေ့ရဲ့ ခေါင်းဆောင် တစ်ယောက် အနေနဲ့ ယန်ထိုက်ချန်က တခြားသူတွေကို သူ့ရဲ့ တာဝန်ယူမှု တာဝန်ခံမှုကို တခြားသူ တစ်ယောက်ကို လွှဲပြောင်းပေးဖို့ ဆန္ဒမရှိပါဘူး။ သူက လက်ကိုဆုပ်ပြီး ပြောလိုက်ပါတယ်။

"ကျုပ်တို့ မုန်တိုင်းနဲ့ ကြုံတွေ့ခဲ့ပြီးတော့ ဒီနေရာကို မျောလာခဲ့တာပါ။ ဒါက ဘယ်လိုနေရာမျိုးလဲ ဆိုတာကို မေးပါရစေ"

"ဒါက ကမ္ဘာ့အူတိုင်ကျွန်းပဲ"

ကျားပေါ်မှာ ထိုင်နေတဲ့ လူငယ်က ပြုံးပြီးတော့ ဖြေလိုက်ပါတယ်။ သူက တွင်းနက်ကြီးရဲ့ ဘေးဘက်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

"ငါတို့က ဒါကို ကမ္ဘာ့အနူတိုင် လိုက်ဂူလို့ ခေါ်တယ်။ အဲဒါက ငြိုပ်ကြီးရဲ့ အနူတိုင်ကို ရောက်နိုင်တယ်။ အော် ဟုတ်သားပဲ။ ငါ့နာမည်က ဂိုရှီဂပ်မ်နဲ့ ဒါက ငါ့ဂျူနီယာ ညီငယ် နှစ်ယောက် ဖြစ်တဲ့ နင်ထိုက်နဲ့ ထောင်ယုလုံတို့ပဲ"

"အားလုံးကို နှုတ်ဆက်ပါတယ်"

နင်ထိုက်နဲ့ ထောင်ယုလုံတို့ နှစ်ယောက်စလုံးက သူတို့လက်တွေကို ဆုပ်ပြီးတော့ နှုတ်ဆက်လိုက် ကြပါတယ်။

လင်းဟန်နဲ့ တခြားသူတွေကလည်း သူတို့ရဲ့ နာမည်အသီးသီးကို ထုတ်ဖော်ပြီးတော့ မိတ်ဆက်လိုက် ကြပါတယ်။

"ဒါဆိုရင် မင်းတို့က မိစ္ဆာသားရဲ တစ်ကောင်ရဲ့ တိုက်ခိုက်မှုနဲ့ ကြုံတွေ့ခဲ့ပြီး လှေပျက်သွားတာပေါ့။ ဒါကြောင့် ဒီနေရာကို မျောပါလာကြတာပဲ"

ဂိုရှီဂပ်မ်က ခေါင်းတဆတ်ဆတ် ညိတ်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ဒီကျွန်းက လူသူကင်းဝေးတဲ့ နေရာတစ်ခု ဖြစ်တယ်။ ပြီးတော့ ဒီကျွန်းပေါ်က လူတွေဟာ တခြားနေရာတွေကို သွားလာဖို့ စိတ်ကူးမရှိကြပါဘူး။ အဲဒီအစား ယောက်ျားသားတွေက

လယ်စိုက်ပြီး အမျိုးသမီးတွေက ရက်ကန်းယက်ပြီး ငြိမ်းချမ်းတဲ့ ဘဝမှာ ပျော်ရွှင်စွာနဲ့ နေထိုင်ကြတယ်”

“အားလုံးပဲ အရင်ဆုံး ငါတို့ရွာမှာ လိုက်ပြီးတော့ အနားယူကြပါတယ်။ တကယ်လို့ ငါတို့တွေ မင်းတို့ကို ပြန်ပို့ဖို့ လှေတစ်စင်း ဆောက်လုပ်နိုင်မလားဆိုတာ ကြည့်ဦးမယ်”

နင်ထိုက်က ဆက်ပြောလိုက်ပါတယ်။

“ဒါပေမဲ့လည်း ဒီနေရာက အရမ်းကို ငြိမ်းချမ်းတဲ့ နေရာတစ်ခု ဖြစ်တာကြောင့် ဒီကျွန်းရဲ့ တည်နေရာကို လျှို့ဝှက်ချက် တစ်ခုအနေနဲ့ မပေါက်ကြားစေချင်ဘူး။ သတင်းပေါက်ကြားသွားရင် ငါတို့ရဲ့ ငြိမ်းချမ်းတဲ့ ဘဝတွေ ပျက်စီးသွားလိမ့်မယ်”

ထောင်ယုလုံက ပြောလိုက်ပါတယ်။

ယန်ထိုက်ချန်နဲ့ တခြားသူတွေက ခေါင်းညိတ်ပြီး တုံ့ပြန်လိုက်ပါတယ်။

“ငါတို့မှာ အဖော်သုံးယောက် ကျန်သေးတယ်”

ယန်ထိုက်ချန်က လျှိုယုနဲ့ ဖန်းယွန်တိုကို သဘောမကျပေမဲ့ လှေရဲ့ခေါင်းဆောင် အနေနဲ့ သူ့မှာ တာဝန်ရှိပါတယ်။

"ကောင်းပြီလေ။ ငါ့ရဲ့ ဂျူနီယာ ညီလေးနှစ်ယောက်ကို သွားရှာခိုင်းလိုက်ပါမယ်။ မင်းတို့တွေ သူတို့ကို ရွာမှာ တွေ့ဆုံနိုင်ပါတယ်"

ဂိုရှိဂမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ယန်ထိုက်ချန်က ခေါင်းညိတ်လိုက်ပါတယ်။

"အားလုံးပဲ ကျေးဇူးပြုပြီးတော့ ငါတို့နဲ့ လိုက်ခဲ့ပါ"

ဂိုရှိဂမ်က ကျားကို စီးပြီးတော့ တောင်ခြေကို ဖြည်းညင်းစွာနဲ့ ဦးတည်သွားလိုက်ပါတယ်။

သူ့အနောက်ကနေ သူတို့အားလုံး လိုက်လာခဲ့ပြီး တစ်နာရီလောက် လျှောက်လာပြီးတဲ့ နောက်မှာ ထူထပ်တဲ့ တောအုပ်ကို ဖြတ်ကျော်လာခဲ့ပါတယ်။ သူတို့အရှေ့မှာ တောင်ကြားတစ်ခု ပေါ်လာခဲ့ပါတယ်။ တောင်ကြားရဲ့ နံရံတွေက မတ်စောက်ပြီးတော့ နေရာအနှံ့မှာ တောင်တွေရှိပြီး အရမ်းကို ကျဉ်းမြောင်းတဲ့ ဂင်ပေါက်လေး တစ်ခုပဲ ရှိပါတယ်။

လမ်းကြောင်းမှာ လူတစ်ယောက် စောင့်နေရင် လူတစ်သောင်းတောင်မှ ချိုးဖျက်ဝင်ရောက် နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ရဲ့ ခေါင်းထဲမှာ ဒီအတွေးတစ်ခု ဖြတ်ခနဲ လက်သွားခဲ့ပါတယ်။ လက်ရွေးစင် တစ်ယောက်က ဒီနေရာကို စောင့်ကြပ်နေသရွေ့ တကယ်လို့ အပြင်ဘက်မှာ စစ်တပ်တစ်ခု ရှိနေရင်တောင် သူတို့က အထဲကို ဝင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တစ်ချိန်တည်းမှာ လက်ရွေးစင် တစ်ယောက်က ဒီနေရာမှာ ပိတ်ဆို့ထားသရွေ့ အထဲက လူတွေကလည်း အပြင်ကို ထွက်လာနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဂင်ပေါက်ကို အစောင့်မထားပဲ အဲဒီအစား ကျောက်ရုပ်နှစ်ခုပဲ ရှိပါတယ်။ တစ်ခုက ခြေထောက် ရှစ်ချောင်းနဲ့ ပင့်ကူတစ်ကောင် ဖြစ်ပြီးတော့ ကျန်တစ်ခုက အတောင်ပံတွေ ဖြန့်ထားတဲ့ ရောမ ငှက်ကြီး တစ်ကောင် ဖြစ်ပါတယ်။ ဘယ်လောက်တောင် သန်မာသလဲဆိုတာ သူ့ရဲ့ လက်သည်းတွေက လူတစ်ယောက်ရဲ့ လက်မောင်းထက်တောင် ကြီးမားပါသေးတယ်။

သူတို့က တောင်ကြားထဲကို ဝင်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို တောင်ကြားက ကျယ်လာပြီး လှပတဲ့ ပန်းချီကား တစ်ချပ်လို ဖြစ်လာခဲ့ပါတယ်။

ဒီနေရာမှာ စက်ဝိုင်းပုံစံ ဖြစ်ပေါ်နေတဲ့ လယ်ကွင်းတွေရှိပြီး အလယ်မှာ အရမ်းအရမ်းကို ကြီးမားတဲ့ ရွာကြီးတစ်ရွာ ရှိပါတယ်။

တံတားတွေ၊ စမ်းချောင်းတွေနဲ့ အိမ်တွေပြည့်နှက်နေပြီး လှပတဲ့ ကျေးလက်တောရွာ တစ်ခုလိုပါပဲ။

ဒီမြင်ကွင်းက အရမ်းကို မျက်စိပသာဒ ဖြစ်စေပြီး လူတစ်ယောက်ကို တိုက်ပွဲတွေ သွေးထွက်သံယို ဖြစ်မှုတွေကို မေ့လျော့ပြီး စိတ်ချမ်းသာတဲ့ ခံစားမှုမျိုးကို ဖြစ်စေပါတယ်။

"ဒါက တကယ့်ကို ကောင်းမွန်တဲ့ နေရာတစ်ခုပဲ"

ယန်ထိုက်ချန်က ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။

"အနာဂတ်မှာ ဒီနေရာကို လာပြီးတော့ အနားယူပြီး ပျော်ရွှင်လို့ ရမလား"

ဂိုရှီဂမ်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"တကယ်လို့ အစ်ကိုယန်က လူသူကင်းဝေးတဲ့ နေရာမှာ နေဖို့ဆုံးဖြတ်မယ်ဆိုရင် ဘာဖြစ်လို့ မရမှာလဲ။ ဒါပေမဲ့လည်း ကျနော် အစ်ကိုယန်ကို သတိပေးရဦးမယ်။ ဒီနေရာကို ရောက်လာပြီးရင် ကျင့်ကြံသူတွေ ဆိုတာကို ကျေးဇူးပြုပြီး မေ့ပစ်လိုက်ပါ။ ဒီနေရာမှာ တိုက်ခိုက်တာကို ကျနော်တို့ ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ ပြီးတော့ တကယ်လို့ ခင်ဗျားက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ပဲဖြစ်ဖြစ် ဒါမှမဟုတ် စကြဝဠာ

ဖျက်ဆီးခြင်း အဆင့်ပဲဖြစ်ဖြစ် ဒီနေရာမှာဆို လယ်သမား တစ်ယောက် ဒါမှမဟုတ် ရက်ကန်းခတ်တဲ့သူ တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်"

အားလုံးက ခေါင်းညိတ်လိုက် ကြပါတယ်။ နေရာတိုင်းမှာ သူတို့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ အစွမ်းထက်တဲ့ နဂါးတစ်ကောင်က မြွေတစ်ကောင်ကို သူ့ရဲ့ အသိုက်ထဲမှာ အနိုင်မယူ နိုင်ပါဘူး။

လယ်ကွင်းတွေထဲမှာ နွားကျောင်းနေတဲ့ သူတွေနဲ့ ထယ်ထိုးနေတဲ့ သူတွေကို တွေ့မြင်နိုင်ပြီး တချို့က စပါးရိတ်သိမ်း နေကြပြီး ကြည့်ရတာ အလုပ်များနေကြပြီး သက်သောင့်သက်သာလည်း ရှိနေကြပါတယ်။

သူတို့က လယ်ကွင်းတွေ အကြားက လမ်းကျဉ်းလေး တစ်ခုအပေါ်ကနေ လျှောက်လာပြီး ရွာထဲကို ဝင်လာခဲ့ပါတယ်။ လမ်းပေါ်မှာ လမ်းလျှောက်နေတဲ့ လူအနည်းစုကို ကျိုးတိုးကျဲတဲ တွေ့မြင်နိုင်ပါတယ်။ လူအများစုကတော့ အိမ်တွေထဲမှာ နေပြီးတော့ တချို့က သူတို့ရဲ့ သီးပင်စားပင်တွေကို ရေလောင်းနေပြီး တချို့က ပေါင်းသင်နေကြပါတယ်။ နောက်ပြီးတော့ တချို့က

ဟင်းတွေချက်ပြုတ် နေကြပြီး ဒီနေရာ တစ်ခုလုံးဟာ မယုံနိုင်စရာ ကောင်းအောင်ပဲ တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းလွန်းပါတယ်။

"ဒီနေရာက လူတွေက တိတ်ဆိတ်ငြိမ်သက်တာကို သဘောကျတယ်။ ဒါကြောင့် ကျေးဇူးပြုပြီး ဒီနေရာက တခြားသူတွေကို အနှောင့်အယှက် မပြုဖို့ တောင်းဆိုပါရစေ။ ဒီနေရာကို ရောက်ပြီးတဲ့ လူတိုင်းက အရင်တုန်းက သူတို့ကိုယ်သူတို့ ဘယ်သူတွေ ဖြစ်ခဲ့တယ် ဆိုတာကို မေ့ပစ်ထား လိုက်ကြပြီ"

ဂိုရှီဂမ်က နောက်တစ်ကြိမ် သတိပေးလိုက်ပါတယ်။

ထပ်ပြီးတော့ လမ်းလျှောက်လာပြီးတဲ့ နောက်မှာ သူတထပ်ပြီးတော့ လမ်းလျှောက်လာပြီးတဲ့ နောက်မှာ သူတို့က ရွာအလယ်ကို ရောက်လာခဲ့ ကြပါတယ်။ ရွာအလယ်မှာ ကျယ်ဝန်းတဲ့ စံအိမ်တစ်လုံး ရှိပါတယ်။ အဲဒီစံအိမ်ရဲ့ နေရာက ရွာတစ်ခုလုံးရဲ့ သုံးပုံတစ်ပုံခန့် အရွယ်အစား ရှိပြီးတော့ နံရံတွေနဲ့ ဝိုင်းရံထားပါတယ်။

အဓိက တံခါးမကြီးတွေက ပွင့်နေပြီး သူတို့တွေ အထဲကို ဝင်လာပြီး မကြာခင်မှာ ကြီးမားတဲ့ ခြံဝင်းကြီး တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ ဒီနေရာမှာ လမ်းခင်းကျောက်တွေကို ခင်းထားတာက မသိရင်

သိုင်းပညာလေ့ကျင့်ရေးကွင်း တစ်ခုနဲ့တူနေပုံ ရပေမဲ့ ဘယ်သူမှ လေ့ကျင့်ပုံ မပေါ်ပါဘူး။

"အားလုံးပဲ မင်းတို့တွေအတွက် နေရာထိုင်ခင်းကို အရင်ဆုံး ပြင်ဆင်လိုက်ဦးမယ်။ ငါ့ရဲ့ ဆရာသခင်က ရှားပါးပြီး ပုံမှန်မဟုတ်တဲ့ အရာတွေ အမျိုးမျိုးကို ဖန်တီးရတာကို နှစ်သက် သဘောကျသူ တစ်ယောက်ဖြစ်တယ်။ ပြီးတော့ သူက အချိန်တိုင်း အလုပ်တစ်ခုမှာ နစ်မြုပ်နေတတ်တယ်။ ဒါကြောင့် သူ့ကို ရက်တော်တော်ကြာတဲ့ အထိ တွေ့မြင်နိုင်မှာ မဟုတ်ဘူး။ မင်းတို့တွေ အတော်ကြာအောင် စောင့်ဆိုင်းပြီးမှပဲ သူ့ကို တွေ့မြင်ခွင့် ရလိမ့်မယ်"

ဂိုရှီဂမ်က ယဉ်ယဉ်ကျေးကျေးနဲ့ ပြောလိုက်ပါတယ်။

အားလုံးက စိတ်ထဲမှာ မထားတဲ့ အကြောင်းကို ပြောလိုက်ပါတယ်။ တကယ်လို့ သူတို့က အကူအညီ မရခဲ့ဘူး ဆိုရင် ပင်လယ်ထဲမှာ ရက်ပေါင်း ဘယ်လောက်ကြာအောင် မျောလွင့်နေရမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ ယန်ကလန်ရဲ့ အဓိက ဆိပ်ကမ်းတွေဆီကို ပြန်မရောက်ခင် ဘာမှမရှိတဲ့ ပင်လယ်ပြင်ကြီးထဲမှာ မျောလွင့်နေရပါလိမ့်မယ်။ ဒါကြောင့် သူတို့အနေနဲ့ ဒီနေရာမှာ ရက်အနည်းငယ် စောင့်နေရတာကို စိတ်ထဲထားလိမ့်မှာ မဟုတ်ပါဘူး။

ဂိုရှီဂမ်က သူတို့ကို စံအိမ်ရဲ့ အရှေ့ဘက်ကျကျ နေရာဆီကို ခေါ်လာခဲ့ပါတယ်။ ဒီနေရာမှာ ခြံဝင်း သေးသေးလေးတွေ အများကြီး ရှိပြီးတော့ သူက အားလုံးကို နေရာအသီးသီး ချပေးလိုက် ပါတယ်။ နေရာထိုင်ခင်း စီစဉ်ပြီးတဲ့နောက်မှာ လျှိုဂူ၊ ဖန်းယွန်နဲ့ လွီရင်တို့လည်း လူငယ်နှစ်ယောက်ရဲ့ ဦးဆောင်မှုနဲ့အတူ ဒီနေရာကို ရောက်လာခဲ့ ကြပါတယ်။

အဲဒီလူငယ် နှစ်ယောက်က ဂိုရှီဂမ်ရဲ့ ဂျူနီယာ ညီငယ်တွေ ဖြစ်ပြီးတော့ တစ်ယောက်ကို ကိုင်ဒီလို့ ခေါ်ကာ ကျန်တစ်ယောက်ကိုတော့ ပုကျန်းယွင်လို့ ခေါ်ပါတယ်။

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က ခြံဝင်းတွေထဲက တစ်ခုမှာ နေထိုင်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်ရှိနေတာကြောင့် သူတို့ရဲ့ နေရာထိုင်ခင်းနဲ့ ပတ်သက်ပြီး ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာ မိုးကောင်းကင်ကလည်း အမှောင်ထု ကြီးစိုးလာခဲ့ပါတယ်။

"အရမ်းကို ထူးဆန်းတာပဲ"

လင်းဟန်က ပြောလိုက်တယ်။

Chapter 1021 end

အပိုင်း(1022) ထူးဆန်းမှုများ

"ဘာတွေ ထူးဆန်းနေတာလဲ"

စွေ့ရန်ယွီက ဝါးကုလားထိုင် တစ်ခုကို ဆွဲယူပြီးတော့ ထိုင်ချလိုက်ရင်း သူမပုံစံက အံ့အားသင့်စရာ ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတာကို သဘောကျနှစ်ခြိုက်နေပုံ ရပါတယ်။

ဒီနေရာမှာ လေတိုးသံနဲ့ သစ်ရွက်တွေ လှုပ်ရှားတဲ့ အသံပဲ ရှိပြီးတော့ အရမ်းကို တိတ်ဆိတ် ငြိမ်သက်ပြီး သူမကို အပြင်လောက ကမ္ဘာရဲ့ အငြင်းအခုံတွေကို မေ့သွားစေခဲ့ပါတယ်။

"ငါပြောမယ် မိန်းမ။ မင်းက အင်ပါယာမြို့တော်ထဲမှာ အရမ်းကို ကြာအောင် နေခဲ့ပြီးတော့ မင်းက ကြက်သေသေသွားတာလား"

လင်းဟာန်က စပ်ဖြဲဖြဲပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ငါ နှာဘူးတစ်ယောက်နဲ့ စကားမပြောချင်ဘူး"

စွေ့ရန်ယွီက သူမရဲ့ မျက်လုံးတွေကို ပိတ်ထားပြီး သူမပုံစံကို ကြည့်ရတာ ငိုက်မျဉ်းနေပုံ ရပါတယ်။

လင်းဟန်က ပြုံးပြီးတော့ စွေ့ရန်ယွီ အနားကို လျှောက်သွားပြီး ထိုင်ခုံပေါ်ကနေ ကောက်ပွေ့ လိုက်ပါတယ်။ အဲဒီနောက် သူကထိုင်ချပြီးတော့ သူမကို ရင်ခွင်ထဲ ပွေ့ထားရင်း သူမရဲ့ ခန္ဓာကိုယ်အနှံ့ လက်တွေနဲ့ စူးစမ်းရှာဖွေမှုကို လုပ်ဆောင်လိုက်ပါတယ်။

"အင်း"

စွေ့ရန်ယွီက ရှက်တက်တက် အမူအရာနဲ့ ညည်းတွားသံတစ်ချက် ထွက်ပေါ်လာခဲ့ပါတယ်။ ဒီကောင်က တကယ်ပဲ အရမ်းကို ဆိုးပါတယ်။ အခု သူမရဲ့ အားနည်းချက်တွေကို သူ့လက်တွေနဲ့ အတင်းဆုပ်ကိုင်ထားပြီး သူမရဲ့ စိတ်ကို တစ်စစနဲ့ ပြိုလဲသွားစေပြီး ဒီရှက်စရာကောင်းတဲ့ အတွေ့အထိအာရုံရဲ့ ဆွဲဆောင်မှုထဲမှာ သူမကို နစ်မြုပ်သွား စေခဲ့ပါတယ်။

"မိန်းမ မင်းရဲ့ ဒီနေရာကို ကြည့်ရတာ ပိုပြီးတော့ ကြီးလာသလိုပဲ"

လင်းဟန်က သူမရဲ့ နားကို ကပ်ပြီးတော့ အသံတိုးတိုးနဲ့ ပြောလိုက်ပါတယ်။

"အဲဒါ ငါ့ကို ဆုချီးမြှင့်သင့်တယ် မဟုတ်လား"

ဇွေ့ရန်ယွီက သူ့ကို ဒေါသတကြီးနဲ့ မျက်လုံးပြူးပြီး ကြည့်လိုက်ပါတယ်။ သူပဲ အဲဒီနေရာကို ကစားရတာ နှစ်သက်သဘောကျတယ် မဟုတ်လား။ ဒါကို သူ့ကို ဆုပေးသင့်တယ်လို့ ပြောရဲသေးတယ်ပေါ့လေ။ ထွီ နှာဘူးကောင်။

"နင့်ရဲ့ ညစ်ပတ်နေတဲ့ လက်တွေကို ဖယ်လိုက်တော့"

သူမက ဂရုမစိုက်တဲ့ ပုံစံမျိုး ဟန်ဆောင်မှု တစ်ခုကို လုပ်လိုက်ပါတယ်။

လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ နောက်ဆုတ်ဖို့ စိတ်ကူးရှိမှာလဲ။ အခုဆို သူက ဖွံ့ထွားတဲ့ ဒီရင်သားတစ်စုံကို သိမ်းပိုက်ထားခဲ့ပါပြီ။ သူက တစ်ဖက်ကနေ တစ်ဖက်ကို ပြောင်းပြီးတော့ ဆုပ်ကိုင်နယ်ဖတ်နေပြီး နှစ်ခုစလုံးကို တူညီစွာနဲ့ ဆက်ဆံပြီး တစ်ခုက တစ်ခုထက် ကြီးသွားပြီး ဘက်မညီမှာကို ရှောင်ရှားပြီး ထူးခြားတဲ့ အရည်အသွေးမျိုးရှိအောင် လုပ်ဖို့ စိတ်ကူးထားပါတယ်။

သူဒီလိုမျိုး ပြောတဲ့အချိန်တိုင်း ဇွေ့ရန်ယွီက သူမရဲ့ မျက်လုံးတွေ ပြူးပြီးတော့ သူ့ကိုကြည့်ပြီး သူမရဲ့ လက်သီးတွေနဲ့ သူ့ကို ထုရိုက်ပါတယ်။

"မိန်းမ မင်းတကယ်ပဲ ဒီနေရာနဲ့ ပတ်သက်ပြီး ထူးဆန်းတာ နည်းနည်းမှ သတိမထားမိဘူးလား"

လင်းဟန်က သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ ဂုတ်ပိုးကို အနမ်းပေးလိုက်ပါတယ်။ သူ့ရဲ့ နှာခေါင်းဝထဲကို မွှေးကြိုင်တဲ့ မွှေးရနံ့တစ်ခု ဝင်လာပြီး သူမရဲ့ နှင်းလိုဖြူဖွေးတဲ့ အသားအရေက ချောမွေ့ကာ တောက်ပလို နေပါတယ်။ သူ့လက်တွေနဲ့ပဲ ထိထိ ဒါမှမဟုတ် သူ့နှုတ်ခမ်းတွေနဲ့ပဲ ထိထိ အဲဒါက မယုံနိုင်စရာ ကောင်းလောက်အောင် အံ့သြဖို့ ကောင်းနေပါတယ်။

စွေ့ရန်ယွီက သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက လုံးဝကို ပျော့ပျောင်းသွားပြီး သူမရဲ့ နှလုံးသား အထဲကနေ ဆိုးဆိုးဝါးဝါးနဲ့ ညည်းတွားနေသလို ခံစားလိုက် ရပါတယ်။ ဒီနှာဘူးကောင်က သူမကို ထပ်ခါထပ်ခါ အသားယူခဲ့ပါတယ်။ သူမရဲ့ တည်ငြိမ်အေးဆေးမှုကို ဘယ်လောက်ကြာကြာ ထိန်းထားနိုင်မှာတဲ့လဲ။ သူမက အလံဖြူပြကာ အညံ့ခံ အရှုံးပေးလိုက်ဖို့ပဲ တတ်နိုင်ပြီး ဒီနှာဘူးကောင်နဲ့အတူ တစ်ညလုံး ပျော်ပါးရတော့မှာလား။

"နင်က ငါ့ကို အခုလို လုပ်နေမှတော့ ဘယ်လိုလုပ်ပြီးတော့ စဉ်းစားနိုင်တော့မှာလဲ"

သူမက ဒေါသနဲ့ မေးလိုက်ပါတယ်။

လင်းဟန်က သူ့နှလုံးသား တဒုတ်ဒုတ် ခုန်သွားသလို ခံစားရပြီးတော့ ပြောလိုက်တယ်။

"အခုလိုပြောတာ ကောင်းတယ်။ အဲဒါက ရုတ်တရက်ဆိုသလို မင်းနဲ့ ဘဂရဲ့ အဓိပ္ပာယ် အကြောင်းကို ဆွေးနွေးချင်သွားတယ်"

"အယုတ်တမာကောင်"

စွေ့ရန်ယွီရဲ့ တခြားသူကို စော်ကားတဲ့ ပညာရပ်က အများကြီး တိုးတက်လာပုံ မပေါ်ပါဘူး။ စကားလုံး တစ်လုံး နှစ်လုံးလောက် တိုးလာပေမဲ့ အဓိက ပုံစံက မပြောင်းလဲသေးပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"မင်းက အင်ပါယာ မြို့တော်ထဲမှာ အကြာကြီးနေခဲ့တယ်။ ဒါကြောင့် အပြင်ဘက် ကမ္ဘာက ဘယ်လောက်တောင် အန္တရာယ်များတယ် ဆိုတာကို မင်းမသိနိုင်ဘူး။ တကယ်ပဲလေ အင်ပါယာ မြို့တော်က တခြားအရာတွေထက် စွမ်းအားတွေနဲ့ ပတ်သက်ပြီး အပြင်းအထန် ရုန်းကန်လှုပ်ရှားမှုတွေနဲ့ ပြည့်နှက်နေတယ်။ မင်းက ဒီလိုမျိုး စကားများတာနဲ့ ပတ်သက်ပြီး သိပ်တတ်မှာ မဟုတ်ဘူး"

"နင်က အားလုံးကို နားလည်နေသလိုမျိုး ပြောနေတာပဲ"

စွေ့ရန်ယွီက လင်းဟာန်ရဲ့လက်ကို အလျင်အမြန်ပဲ ဆုပ်ကိုင်လိုက်ပါတယ်။ ဒီကောင်က သူမရဲ့ အဂတ်အစားတွေကို တကယ်ပဲ ဖြေချင်နေပါတယ်။ သူက တကယ့်ပဲ အရမ်းကို တဏှာရူးလွန်း ပါတယ်။

လင်းဟာန်က သူမရဲ့ ရင်သားတွေကို အသာလေး ဆုပ်နယ်ပြီးတော့ ဒီဆွဲမက်စရာကောင်းတဲ့ အလှပဂေးရဲ့ ခုခံမှုကို အလွယ်တကူနဲ့ ပြိုလဲကျသွား စေခဲ့ပါတယ်။ စွေ့ရန်ယွီရဲ့ ချောမောလှပမှုနဲ့ ဂတ်လစ်စားလစ် ခန္ဓာကိုယ် အလှအပကို သဘောကျ နှစ်ခြိုက်ပါတယ်။ သူမရဲ့ အသားအရေက နှင်းလိုဖြူဖွေးပြီး ပြိုင်ဘက်မရှိအောင် ချောမောလှပကာ မနာလိုစရာ ကောင်းလှတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းအလှကို ပိုင်ဆိုင်ထားပါတယ်။

"မိန်းမ ဒီနေရာက အရမ်းကို တိတ်ဆိတ်ငြိမ်သက်နေတာ အရမ်းကို ထူးဆန်းတယ်လို့ မထင်ဘူးလား"

"ဘာများထူးဆန်းလို့လဲ"

စွေ့ရန်ယွီက ညည်းတွားလုနီးပါး ဖြစ်နေခဲ့ပါတယ်။ လေအေးတစ်ချက် တိုက်ခတ်သွားသလို သူမရဲ့ ဆံပင်တွေက အနည်းငယ် လှိုင်းထသွားပြီး သူမရဲ့ ကျောက်စိမ်းလို အသားအရေက လရောင်အောက်မှ ထူးထူးခြားခြား

ဂင်းလက်နေပြီးတော့ လူတစ်ယောက်ရဲ့ နလုံးသားနဲ့ စိတ်ဝိညာဉ်ကို ဆွဲဆောင်နိုင်စွမ်း ရှိပါတယ်။

"ရွာထဲကို ငါတို့တွေ ဂင်လာတဲ့ အချိန်မှာ လူတစ်ယောက်ကမှ ငါတို့ကို နောက်တစ်ကြိမ်တောင် မကြည့်ကြဘူး"

လင်းဟန်က ပြောလိုက်တယ်။

"သူတို့ ရှင်းပြပြီးပြီ မဟုတ်လား။ ဒီနေရာကို ရောက်လာပြီးတဲ့နောက်မှာ လူတိုင်းလူတိုင်းက သူတို့ရဲ့ အရင်က ဘာဖြစ်ခဲ့ဖြစ်ခဲ့ အားလုံးကို ချန်ထားခဲ့ပြီး ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို ကျေကျေနပ်နပ် နေထိုင်ဖို့ပဲ ဆန္ဒရှိတယ် ဆိုတာကိုလေ"

စွေ့ရန်ယွီက ထူးထူးခြားခြား ဘာကိုမှ ရှာမတွေ့မိပါဘူး။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို နှစ်ခြိုက်သဘောကျတယ် ဆိုတာက အကြောင်းအရာ တစ်ခုပဲ။ ဒါပေမဲ့ လူစိမ်းအုပ်စု တစ်ခုက ရုတ်တရက် မင်းရဲ့အိမ်မှာ ပေါ်လာခဲ့မယ်ဆိုရင် အနည်းဆုံးတော့ မင်းက အဲဒါကို အာရုံစိုက်မိမှာပဲ။ သူတို့ကို လုံးဂလျစ်လျူရှုထားနိုင်လိမ့်မှာ မဟုတ်ဘူး"

စွေ့ရန်ယွီက အနည်းငယ် အံ့အားသင့် သွားခဲ့ပြီး သူမရဲ့ လှပတဲ့ မျက်လုံးတွေက ရုတ်တရက်ဆို ဖျတ်ခနဲ ပွင့်လာခဲ့ပါတယ်။ သူမရဲ့ အပေါ်ပိုင်း ခန္ဓာကိုယ်က လုံးဂကို ဗလာကျင်းနေပြီ ဆိုတာကို သိလိုက်ရပါတယ်။ ဒီနှာဘူးကောင်က သူမရဲ့ ခန္ဓာကိုယ် ကောက်ကြောင်းတွေ၊ သူမရဲ့ ဖွံ့ထွားတဲ့ ရင်သားအမွှာနဲ့ နက်ရှိုင်းတဲ့ တောင်ကြားချိုင့်ဝှမ်းကို လက်ရှိမှာ အရမ်းကို နှစ်ခြိုက်သဘောကျ နေပါတယ်။ ချက်ချင်းဆိုသလို သူမက ရှက်ရွံ့မှုကြောင့် မျက်နှာနီရဲသွားပြီး သူမရဲ့ အဂတ်အစားကို အလျင်အမြန် ဆွဲယူကာ သူမကိုယ်သူမ ဖုံးအုပ်လိုက်ပါတယ်။

ဟုတ်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လှပတဲ့ မြင်ကွင်းကို ဖုံးကွယ်ထားလို့ ရနိုင်မှာလဲ။ အဲဒီအစား သူမရဲ့ တဂက်တပျက် ဖုံးကွယ်ထားတဲ့ ပုံရိပ်က သူမရဲ့ ဆွဲဆောင်နိုင်တဲ့ ဟန်ပန်အမူအရာကို တိုးလာစေပြီး လင်းဟာန်ကို ထပ်ခါထပ်ခါ ဝါးမျိုစေခဲ့ပါတယ်။ သူက ရုတ်တရက် ဒီဆွဲဆောင်နိုင်လွန်းတဲ့ အလှပဂေးကို အိမ်ထဲကို သယ်သွားပြီး သူ့ရဲ့အောင်ပွဲကို စတင်ပြီး အနိုင်တိုက်ခိုက်ချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း စွေ့ရန်ယွီက လက်ရှိမှာ အနည်းငယ် ရှက်ရွံ့နေပါတယ်။ တကယ်တော့ လင်းဟာန်က သူမကို

အကြိမ်ပေါင်းများစွာ အသားယူခဲ့ပြီး သူမက အနည်းငယ် အသုံးချခဲ့တာလည်း ဟုတ်ပါတယ်။ သူမက ပြောလိုက်တယ်။

"အင်း အဲဒါတော့ နည်းနည်းထူးဆန်းတယ်"

"နောက်ပြီး………"

လင်းဟာန်ရဲ့ မျက်နှာက လေးနက်လာခဲ့ပါတယ်။

"ဒီရွာထဲမှာ ကလေးတစ်ယောက်မှ မရှိဘူးဆိုတာကို မင်းမတွေ့မိဘူးလား။ ငါဘေးဘီဝဲယာကို ကြည့်တော့ ဒီနေရာက သက်ကြီးရွယ်အိုတွေပဲ နေထိုင်တဲ့ နေရာတစ်ခု မဟုတ်ဘူး။ လူငယ်တွေ တော်တော်များများလည်း ရှိနေတယ်"

"သူတို့ရဲ့ တိုက်ပွဲတွေနဲ့ ဒေါသတွေကို နောက်မှာချန်ခဲ့တာက အဲဒါမျိုးတွေကိုတောင် ချန်ထားခဲ့ လိမ့်မယ်လို့ မဆိုလိုဘူး"

"ဒါကို စဉ်းစားကြည့် တကယ်လို့ ငါတို့က နေ့ဘက်မှာ လယ်စိုက်ပြီး ညဘက်မှာ အပျော်အပါး မရှိဘူးဆိုရင် ဒီနေရာမှာ ဘာများလုပ်နိုင်ဦးမှာလဲ"

စွေ့ရန်ယွီရဲ့ ပါးစပ်လေး ဟသွားပြီး သူမက တကယ့်ကို အံ့အားသင့်သွားခဲ့ပါတယ်။

ဒီကောင့်ရဲ့ စောစောက စကားတွေဟာ သူမရဲ့ ကျောရိုးကို အနည်းငယ် အေးစိမ့်သွား စေခဲ့ပါတယ်။ ဒါပေမဲ့ သူက ဘာဖြစ်လို့ ရုတ်တရက် ဒီခေါင်းစဉ်ကို ပြောဆိုရတာလဲ။ သူ့မှာ ဘယ်လိုမျိုး သဘောတရား အတွေးတွေ ရှိနေလို့လဲ။ တကယ့်ကို အမှန်ပါပဲ။ သူ့သဘာဂက နှာဘူး ကျပေမဲ့ သူ့ကို မှားယွင်းတယ်လို့ ပြောလို့မရပါဘူး။

ဒါပေမဲ့ သူမက ထပ်ပြီးတော့ စဉ်းစားလိုက်တဲ့ အချိန်မှာ လင်းဟန်ရဲ့ စကားတွေက အရမ်းကို ယုတ္တိရှိတယ်လို့ ခံစားလိုက် ရပါတယ်။

ဒါက အရမ်းကို ငြိမ်းချမ်းတဲ့ ရွာလေး တစ်ရွာဖြစ်ပေမဲ့ ဘာဖြစ်လို့ ကလေးတွေ မရှိတာလဲ။

"အစုတ်ပလုတ် နှာဘူးကောင် နင့်လက်တွေကို မရပ်ထားနိုင်ဘူးလား။ နင်ငါ့ကို အရမ်းကို ပွတ်သပ်နေတာနဲ့ ငါဘာမှ မစဉ်းစားနိုင်တော့ဘူး"

စွေ့ရန်ယွီက ဒေါသထွက်စွာနဲ့ ပြောလိုက်ပါတယ်။ ဒီကောင့်ရဲ့ လက်ကြီးတွေက သူမရဲ့ ရင်သားပေါ်က အားနည်းချက်ကို တစ်ချိန်လုံး ထိတွေ့ဆုပ်ကိုင်နေပြီး သူမကို ပျာယာခတ်တဲ့ ခံစားမှုကို ဖြစ်စေခဲ့ပါတယ်။

"ငါကျိန်ဆိုရဲပါတယ်။ ငါက ဒီညီအစ်မတစ်စုံကို အလျင်အမြန်နဲ့ ကြီးထွားစေချင်ရုံ သက်သက်ပါပဲ"

လင်းဟန်က သူမရဲ့ ရင်သားတွေကို ဖမ်းဆုပ်ထားရင်းနဲ့ အလေးအနက် ပြောလိုက်ပါတယ်။

"အ အရှက်ကို မရှိဘူး"

စွေ့ရန်ယွီက မူးဝေသွားပါတယ်။ သူမက ဒီလိုမျိုး လူတစ်ယောက်နဲ့အတူ ဘယ်လိုအဆုံးသတ် ရမှာလဲ။

လင်းဟန်က ရယ်မောပြီးတော့ နောက်ဆုံးမှာ နောက်ဆုတ်လိုက်ပြီး ပြောလိုက်တယ်။

"ဒါဆိုရင် ငါတို့ ညဘက်မှာ အားလုံးတိတ်ဆိတ်သွားတဲ့ အချိန်ထိ စောင့်ကြတာပေါ့"

"တကယ်လို့ ငါသေရင်တောင် နင့်သဘောအတိုင်း လုပ်ခွင့်မပြုနိုင်ဘူး"

စွေ့ရန်ယွီက အထိတ်တလန့် ဖြစ်သွားပြီးတော့ နောက်ဆုံးမှာ ဒီကောင်က စိတ်မရှည်တော့ပဲ သူမကို ဝါးမျိုဖို့ ကြံစည်နေမှာကို စဉ်းစားလိုက်မိပါတယ်။ အမှန်တကယ်တော့ သူမကလည်း ဒီလိုကိစ္စမျိုး ဖြစ်ပျက်လာဖို့အတွက် ပြင်ဆင်ထားခဲ့ပါတယ်။ ဒါပေမဲ့

သူမက မိန်းကလေး တစ်ယောက် အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူမက ကန့်သတ်ချက်တော့ ရှိပါတယ်။

လင်းဟန်က အထိတ်တလန့် ဖြစ်သွားပြီး သူ့ခေါင်းကို ခါကာ ပြောလိုက်တယ်။

"မင်းရဲ့ ခေါင်းထဲမှာ မဟုတ်က ဟုတ်က အတွေးတွေ ပြည့်နေတာပဲလား။ ငါပြောချင်တာက ညရောက်လို့ တိတ်ဆိတ်ငြိမ်သက်သွားတဲ့ အချိန်ကျရင် အပြင်ကို သွားပြီးတော့ ဘာတွေ ဖြစ်နေတာလဲ ဆိုတာကို သွားကြည့်ဖို့ ပြောတာလေ"

နောက်ဆုံးတော့ သူမက လင်းဟန်ကို အထင်အမြင် လွဲမှားသွားတယ် ဆိုတာကို သတိပြုမိ ခဲ့ပါတယ်။ ပြီးတော့ ရှက်ရွံ့ကာ ဒေါသထွက်သွားမိပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ မျက်နှာပေါ်က ကျီစယ်တဲ့ အပြုံးကို မြင်လိုက်ရတဲ့ အချိန်မှာ ဒီကောင်က သူမကို မခံချိမခံသာ ဖြစ်အောင်လို့ စနေမှန်း သိသွားပါတယ်။ သူမက လက်သီးနဲ့ လင်းဟန်ရဲ့ ရင်ဘတ်ကို အသာလေး ထုတ်လိုက်မိပါတယ်။

"နင် အကျင့်မကောင်းတဲ့ နာဘူးကောင်"

သူတို့စုံတွဲက အချိန်တော်တော်ကြာအောင် နောက်ပြောင်ကျီစယ်နေကြပြီး နောက်ဆုံးမှာ ရုတ်ရက် ထရပ်လိုက်ကြပါတယ်။ သူတို့အဝတ်အစားတွေကို သေသေသပ်သပ်ဖြစ်အောင် ပြင်ဆင်ပြီးတဲ့ နောက်မှာတော့ သူတို့က တံခါးတွေကနေ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ အပြင်ကို ထွက်လာခဲ့ ကြပါတယ်။

"ဟင် မင်းတို့နှစ်ယောက်က ဒီလောက် မိုးချုပ်နေတဲ့ အချိန်မှာ ဘယ်ကိုသွားမလို့လဲ"

သူတို့ရဲ့ ခြံဝင်းကနေ ထွက်လာရုံပဲ ရှိပါသေးတယ် ကိုင်ဒီက အမှောင်ထဲကနေ ဆင်ဖြူတစ်ကောင် စီးပြီးတော့ ထွက်လာတာကို တွေ့မြင်လိုက်ရပါတယ်။ ဒီဆင်ဖြူကလည်း ယန္တရားရုပ်တစ်ခုပဲ ဖြစ်ပါတယ်။ ဆင်ဖြူရုပ်က ခြောက်မီတာလောက် မြင့်ပြီးတော့ အမှောင်ထုထဲမှာ ဆင်အစစ်နဲ့ အတုကို ခွဲခြားဖို့ တကယ့်ကို ခက်ခဲပါလိမ့်မယ်။

"ဒီနေရာက တိတ်ဆိတ်ငြိမ်သက်ခြင်းက အရမ်းကို လှပပြီးတော့ ငြိမ်သက်လွန်းတယ်။ ဒါကြောင့် ငါတို့က လမ်းလျှောက်ကြည့်ချင်လို့ပါ"

လင်းဟာန်က ပြန်ဖြေလိုက်ပါတယ်။

"ဟားဟား ဒီနေရာက လူတွေက တိတ်ဆိတ်ငြိမ်သက်တာကို နှစ်သက်ကြတယ်။ အထူးသဖြင့် ညဘက်တွေမှာပေါ့။ သူတို့တွေ အနားယူနေတဲ့ အချိန်မှာ တခြားသူတွေက အနှောင့်အယှက် ဖြစ်စေတာမျိုးက ကောင်းတာတော့ မဟုတ်ဘူး"

ကိုင်ဒီက သူ့ခေါင်းကို ခါလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်လည်း မြန်မြန်ပြန်ပြီးတော့ အနားယူတာက ကောင်းလိမ့်မယ်"

စွေ့ရန်ယွီရဲ့ လက်က အသာလေး လုပ်သွားပြီး သူမရဲ့ နတ်ဘုရားဓားကို ဆွဲထုတ်တော့မလို ဖြစ်သွားပါတယ်။ လင်းဟန်က လက်တစ်ဖက်ကို ဆန့်ပြီးတော့ သူမရဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခါးကို ဖက်ပြီးတော့ သူ့လက်နဲ့ ခပ်တင်းတင်း ဆုပ်လိုက်ပါတယ်။ လင်းဟန်က ဘာကိုဆိုလိုလဲ ဆိုတာကို သူမ နားလည်ပါတယ်။ လင်းဟန်က သူမကို စိတ်ရှည်ဖို့ အချက်ပြနေတာ ဖြစ်ပါတယ်။

"ကောင်းပြီလေ။ ငါတို့ပြန်သွားတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပြီး စွေ့ရန်ယွီကို ခေါင်းအသာလေး ခါပြလိုက်ပါတယ်။

Chapter 1022 end

အပိုင်(1023)ကျွန်းသခင် ဖေးကို

"ဒါအရမ်းကို ထူးဆန်းပြီးတော့ မသင်္ကာစရာကောင်းတယ်"

သူတို့ကိုယ်ပိုင် ခြံဝင်းထဲကို ပြန်ရောက်လာတဲ့ အချိန်မှာ စွေ့ရန်ယွီက ချက်ချင်းပဲ ပြောလိုက်တယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါ့မိန်းမက တော်လိုက်တာ"

စွေ့ရန်ယွီက သူ့ကို မကျေမချမ်းနဲ့ မျက်လုံးပြူးကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"နင့်ရဲ့ မျှော်မြင်မှုကို ပြနေတာတော့ မဟုတ်ပါဘူးနော်"

"ငါ့ရဲ့ အောင်မြင်မှုတွေ အားလုံးက ငါ့မိန်းမရဲ့ သင်ကြားပေးမှုနဲ့ ဆက်စပ်နေတာပဲလေ။ မင်းက ငါ့ဆရာ မဟုတ်ဘူးလား"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်တယ်။

စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာလေးက ရှက်သွေးတွေကြောင့် နီမြန်းသွားပါတယ်။ သူမက အချိန်တစ်ခုအထိ လင်းဟာန်ရဲ့ ဆရာမ ဖြစ်ခဲ့ပါတယ်။ ပြီးတော့ နောက်ဆုံးမှာ လင်းဟာန်က သူမကို အိပ်ယာဆွဲခေါ်လာတဲ့အထိ ရင်းနှီးလာခဲ့ပါတယ်။

သူတို့နှစ်ယောက်က ဆရာသခင်နဲ့ တပည့်မဟုတ်ပေမဲ့ ဆရာမနဲ့ ကျောင်းသားပဲ ဖြစ်ပါတယ်။ ဒါကိုတွေးမိတာနဲ့ သူမကို အတော်လေး စိတ်ကသိကအောက် ဖြစ်သွားစေခဲ့ပါတယ်။

"အဲဒီ ကိုင်ဒီဆိုတဲ့ လူက ငါတို့တွေကို စုံစမ်းလေ့လာဖို့ မသွားစေချင်ဘူးဆိုတာ ပေါ်လွင်တယ်။ သူ့ပြောစရာအရ ဒီနေရာမှာရှိတဲ့ လူတွေက အစောကြီး အနားယူကြပုံရတယ်။ ဒါကြောင့် ညဘက်မှာ ဒီလိုမျိုး နောက်ကျတဲ့အထိ စောင့်နေစရာ လိုလို့လား။ သူက ငါတို့ကို စောင့်ကြည့်နေတယ်ဆိုပဲ ဖြစ်ရမယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကံမကောင်းတာက ငါ့ရဲ့ သဘာဂကိုက အရမ်းကို သိချင်စိတ် ပြင်းပြတဲ့ လူတစ်ယောက် ဖြစ်နေတာပဲ။ သူက ပိုပြီးတော့ မသိစေချင်လေ ငါကပိုပြီးတော့ သိချင်လာလေပဲ"

ဒီတစ်ကြိမ်တော့ စွေ့ရန်ယွီက လင်းဟန်ကို ထောက်ခံပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် ငါတို့တွေ နောက်တစ်ကြိမ် ခိုးကြောင်ခိုးဝှက်နဲ့ ထွက်ကြမလား"

"ဟင့်အင်း ငါတို့အိပ်ကြတာပေါ့"

လင်းဟန်က စပ်ဖြဲဖြဲနဲ့ ပြန်ဖြေလိုက်ပါတယ်။

စွေ့ရန်ယွီက ရူးတော့မလို ဖြစ်သွားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး နင့်ရဲ့ ယုတ္တိရှိရှိ အတွေးတွေကို နောက်တစ်ကြိမ် ကျော်လွှားသွားတော့မလို့လား။

လင်းဟန်က သူမကို နမ်းပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ပထမဆုံးရက်မှာ ငါတို့ရဲ့ သိချင်စိတ်တွေက အပြင်းပြဆုံး ဖြစ်သလို တစ်ဖက်ကလည်း လုံခြုံရေးကို အထူးစောင့်ကြပ်ထားလိမ့်မယ်။ ငါထင်တာတော့ ကျွန်းပေါ်က လူငါးယောက်က ငါတို့ကို စောင့်ကြည့်နေတာ ဖြစ်နိုင်တယ်။ ငါတို့က သူတို့နဲ့ ချက်ချင်းကြီး အပြင်းအထန် ဆန့်ကျင်ဖို့ ဆန္ဒမရှိသရွေ့တော့ ငါတို့ ဒီညထွက်သွားဖို့ မဖြစ်နိုင်ဘူး"

"ဒါဆိုရင် မနက်ဖြန်ရော"

စွေ့ရန်ယွီက မေးလိုက်ပါတယ်။

"ငါတို့ နားစွင့်ထားကြတာပေါ့"

လင်းဟန်က လေးလေးနက်နက်နဲ့ ဖြေလိုက်ပါတယ်။ ဒီတောင်ကြားက စောင့်ကြပ်ဖို့ အရမ်းကို လွယ်ကူပေမဲ့ ချောင်းမြောင်းဖို့ ခက်ခဲပါတယ်။ ဒီနေရာမှာ ဂင်ပေါက်ထွက်ပေါက်က

တစ်ခုတည်းပဲ ရှိပါတယ်။ ပြီးတော့ သဘာဝအတိုင်း ဖြစ်ပေါ်နေတဲ့ အန္တရာယ် နေရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဒီထောင်ချောက်ထဲကို အရင်ဆုံး ဝင်လာခဲ့ပြီဆိုတော့ သေချာပေါက် မဆင်မခြင်နဲ့ အမှုမဲ့ အမှတ်မဲ့ လုပ်လို့ မရနိုင်ပါဘူး။

"အင်း"

စွေ့ရန်ယွီက ခေါင်းညိတ်လိုက်ပါတယ်။ သူမက လင်းဟာန်ဆီကနေ ပြဿနာတွေကို ဘယ်လိုမျိုး ဦးဆောင်ပြီး ဆုံးဖြတ်ရမလဲ ဆိုတာကို ပိုပိုပြီးတော့ သင်ယူလာခဲ့ပါတယ်။

ဒါကြောင့် သူတို့က အနက်ရောင် မျှော်စင်ထဲကို ဝင်လာခဲ့ပြီး စွေ့ရန်ယွီက စတင်ကျင့်ကြံ အားထုတ်ကာ လင်းဟာန်က ကောင်းကင်ဘုံ ပုလဲဆေးလုံးကို ဆက်ပြီးတော့ ဖော်စပ်လိုက်ပါတယ်။ သူက သိပ်မကြာခင်မှာပဲ အမြန်ဆုံးနဲ့ ဒီမျှော်ဆေးလုံးကို ဖော်စပ်အောင်မြင် ပါလိမ့်မယ်။

ကျင့်ကြံခြင်းက ငွေကြေးအထောက်အပံ့ကနေ ခွဲခြားလို့ မရနိုင်ပါဘူး။ အစပိုင်းမှာ ငွေတွေ ရွှေတွေနဲ့ အသုံးပြုရပြီး နောက်ပိုင်းမှာ မူလသလင်းကျောက်နဲ့ အခုဆိုရင် အစစ်အမှန် မူလကျောက်တုံးတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ သဘောတရားခြင်းကတော့ အားလုံး အတူတူပါပဲ။

အဲဒါတွေက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်တက်တဲ့ အရှိန်နှုန်းကို တိုးမြှင့်ပေးတဲ့အပြင် သူ့ကိုလည်း ဂင်ငွေကောင်းစေပါတယ်။

ညအချိန်ကို ကုန်လွန်လာခဲ့သလို လင်းဟန်ကလည်း ကျေနပ်ပီတိတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာ ခဲ့ပါတယ်။ သူက အောင်မြင်ဖို့ နီးသထက် နီးကပ်လာခဲ့ပါပြီ။

သူတို့စုံတွဲက အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး မနက်စာစားပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ ခြံဂင်းကနေ အပြင်ကို လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

ယန်ထိုက်ချန်နဲ့ တခြားသူတွေမှာတော့ တချို့က ကောင်းကောင်းအိပ်စက်ခဲ့ကြပြီး စွမ်းအင် အပြည့်နဲ့ နိုးထလာကြပုံ ပေါ်ပါတယ်။ တချို့ကတော့ စိုးရိမ်ပူပန်နေသေးပုံ ရပြီး မနေ့ညက ကောင်းကောင်းအိပ်ပျော်ပုံ မရပါဘူး။ တကယ်တော့ ယန်ထိုက်ချန်၊ ဖန်းယွန်နဲ့ တခြားသူတွေလို အပြင်ဘက်ကို ခရီးသွားတဲ့ အတွေ့အကြုံ ကြွယ်ဂသူတွေက ကမ္ဘာကြီးရဲက အန္တရာယ်တွေကို သိတာကြောင့် ဘယ်သူ့ကိုမှ လွယ်လွယ်နဲ့ ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။

သူတို့နဲ့ ဆန့်ကျင်စွာနဲ့ပဲ ကျင်းကျီဟွေ့နဲ့ ကျန်တဲ့သူတွေက ဒီနေရာရဲ့ သတိထားရမဲ့ အရာမျိုး မတွေ့ရှိပဲ ညဘက်မှာ အရမ်းကို နှစ်ခြိုက်စွာနဲ့ အိပ်ပျော်ခဲ့ ကြပါတယ်။

သူတို့ နောက်တစ်ကြိမ် စုစည်းလာခဲ့ပါတယ်။ လျှိဂူနဲ့ ဖန်းယွန်တို့က လင်းဟာန်ကို သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒတွေကို ထပ်ပြီးတော့ မဖုံးကွယ်ထားပါဘူး။ ဒါပေမဲ့လည်း သူတို့က အခု လွတ်လွတ်လပ်လပ် မရှိတဲ့အပြင် ယန်ထိုက်ချန်က ဒီနေရာမှာပါ ရှိနေတဲ့ အချက်ကို ထည့်တွက်ပြီး လင်းဟာန်အပေါ် လုပ်ရှားမှု တစ်စုံတစ်ရာ မလုပ်ဝံ့ကြပါဘူး။

"အားလုံး တကယ့်ကို တိုက်ဆိုင်မှု တစ်ခုပါပဲ။ ငါ့ရဲ့ ဆရာသခင်က ဒီနေ့မှာ တံခါးပိတ် ကျင့်ကြံရာကနေ ထွက်လာပြီး မင်းတို့အားလုံးနဲ့ တွေ့ဆုံဖို့ ဆန္ဒရှိတယ်"

ဂိုရှိုဂမ်က သူတို့ဆီကို ရောက်လာပါတယ်။ သူက လမ်းဘယ်လို လျှောက်ရမလဲ ဆိုတာကိုတောင် မသိတော့သလိုမျိုးနဲ့ ယန္တရား ကျားရုပ်ပေါ် လိုက်ပြီးတော့ စီးနင်းလာဆဲပါပဲ။

ဒါပေမဲ့လည်း တစ်ဖက်မှာ ယန္တရားရုပ်တွေကို သူတို့ကိုယ်တိုင် နိုးထနိုင်တဲ့ နတ်ဘုရား ပစ္စည်းတွေလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ သူက ယန္တရားရုပ် တစ်ရုပ်အပေါ်မှာ တစ်နေကုန် စီးနင်းပြီး

လည်ပတ်နေမှတော့ သူတို့ကို သေသေချာချာ ဂရုစိုက်ပြီး စောင့်ရှောက်သင့်တယ် မဟုတ်လား။

"ဟားဟား ဒါဆိုရင် ငါတို့ ကျွန်းသခင်ဆီ သေချာပေါက် သွားရမှာပေါ့"

သူတို့အားလုံးက ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ဆရာသခင်က အရမ်းကို ထူးချွန်တဲ့ ယန္တရား ပညာရှင် တစ်ယောက်ဖြစ်ပြီး အရမ်းကို ရှားပါးပြီး ထူးဆန်းတဲ့ ပစ္စည်းအမျိုးမျိုးကို ဖန်တီးတဲ့ နေရာမှာ ကျွမ်းကျင်တယ်။ ဆရာသခင်ရဲ့ အကူအညီနဲ့ဆို ငါတို့သေချာပေါက် ထူးခြားပြီး ကောင်းမွန်တဲ့ လှေတစ်စီးကို တည်ဆောက်နိုင်ပြီး မင်းတို့ကို လုံခြုံမှုအပြည့်နဲ့ ဒီနေရာကနေ ထွက်သွားနိုင်လိမ့်မယ်"

ဂိုရှိုဂမ်က ပြောလိုက်တယ်။

ဒီစကားတွေက သူတို့ရဲ့ နှလုံးသားကို ချက်ချင်းပဲ လှုပ်ရှားသွားစေခဲ့ပါတယ်။ ဘယ်သူမှ ဒီသစ်သားတွေ အထဲမှာ လူသူကင်းဝေးပြီး နေထိုင်ဖို့ အစီအစဉ်မရှိပါဘူး။

ဂိုရှိုဂမ်ရဲ့ ဦးဆောင်မှုနဲ့ သူတို့က စံအိမ်ရဲ့ အဓိက ခန်းမဆီကို ရောက်လာခဲ့ပါတယ်။ ဒီခန်းမက အရမ်းကို ကြီးမားပြီး

မီတာသုံးဆယ်လောက် ကျယ်ပြီးတော့ ဆယ့်ငါးမီတာလောက် မြင့်ပါတယ်။ နန်းတော်တစ်ခုရဲ့ ပုံစံနဲ့တောင် တူပါတယ်။ ခန်းမအတွင်းပိုင်းမှာ အဘိုးကြီးတစ်ယောက် ထိုင်နေပါတယ်။ သူက ဂိုရှိုဂမ်နဲ့ သူ့ရဲ့ ဂျူနီယာ ညီငယ်တွေရဲ့ ဆရာသခင်ဖြစ်ပါလိမ့်မယ်။

အဘိုးကြီးက အရပ်တော်တော် မြင့်ပါတယ်။ သူက ထိုင်နေတာတောင် သာမန်လူတစ်ယောက် မတ်တတ်ရပ်နေသလောက် မြင့်ပါတယ်။ သူက ယန်ထိုက်ချန်ရဲ့ အရွယ်အစားကို ယှဉ်နိုင်ပါတယ်။

"ငါက ဖေးကျိုပဲ"

အဘိုးကြီးက ထိုင်ရက်နဲ့ပဲ သူတို့ကို ခေါင်းညိတ်ပြ လိုက်ပါတယ်။ အဲဒီနောက် ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါက ရိုင်းတာမဟုတ်ပါဘူး။ ငါ့ခြေထောက်တွေ ပြတ်သွားတာ တော်တော်ကြာနေပြီ ဖြစ်တာကြောင့် ငါက မတ်တတ်မရနိုင်တာပါ"

သူက သူ့အဝတ်အစားကို မတင်လိုက်ပါတယ်။ သူ့ရဲ့ ခြေထောက်တွေက ဒူးအောက်ကနေ ပြတ်နေပါတယ်။ သူ့စကားတွေကို ပြန်စဉ်းစားကြည့်ရင် သူ့ခြေထောက်တွေကို တစ်ယောက်ယောက်က ခုတ်ဖြတ်သွားတာ ဒါမှမဟုတ်

မတော်တဆမှု တစ်ခုခုကြောင့် သူ့ကို အခုလိုမျိုး မသန်မစွမ်း ဖြစ်စေတာ ဖြစ်ပါလိမ့်မယ်။ သူက မွေးရာပါ မသန်စွမ်းသူ တစ်ယောက် မဟုတ်ပါဘူး။

"ကိစ္စမရှိပါဘူး။ ရပါတယ် ရပါတယ်"

အားလုံးက အလျင်အမြန်ပဲ သူတို့ရဲ့ ခေါင်းတွေကို ခါပြလိုက်ပါတယ်။

ဖေးကျိက ပြောလိုက်တယ်။

"မင်းတို့ဘာတွေ ဖြစ်လာလဲ ဆိုတာကို ငါသိပြီးပြီ။ ငါ့လက်ထဲမှာ ပစ္စည်းတချို့ရှိတယ်။ ဒါကြောင့် မင်းတို့အတွက် ရက်အနည်းငယ် အချိန်ယူပြီးတော့ လှေသေးသေးလေး တစ်စီးကို တည်ဆောက်ပေးမယ်။ အနည်းဆုံး ငါးရက်နဲ့ အများဆုံး ဆယ်ရက်တော့ အချိန်ယူရလိမ့်မယ်။ ငါ့အလုပ်ပြီးသွားရင် မင်းတို့ကို သတင်းပို့ပါမယ်။ ဒီရက်တွေ အတွင်းမှာတော့ ကောင်းကောင်း အနားယူပြီးတော့ ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို ကျေကျေနပ်နပ်နဲ့ အနားယူလိုက် ကြပါဦး"

"ကျွန်းသခင်ကို ကျေးဇူးတင်ပါတယ်"

သူတို့အားလုံး အရမ်းကို ကျေနပ်ပျော်ရွှင် သွားကြပါတယ်။

သူက ယန္တရား ပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့မှာ ကျွမ်းကျင်မှုတွေ ပြည့်နေတဲ့ လက်တစ်စုံ သေချာပေါက် ရှိပါလိမ့်မယ်။

ဖေးကျိုက ခေါင်းညိတ်လိုက်ပါတယ်။

"တကယ်လို့ မင်းတို့က ယန္တရား တည်ဆောက်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတယ် ဆိုရင်တော့ ငါ့တပည့်တွေနဲ့ စကားစမြည် ပြောဆိုနိုင်တယ်။ ငါလည်း ဒီပညာရပ်ကို တိုးတက်ပြီး လူတွေအများကြီး သင်ယူနိုင်တဲ့ အဆင့်ထိ ရောက်ဖို့ မျှော်လင့်တာပဲ"

ဒီစကားတွေ ပြောလိုက်တဲ့ အချိန်မှာ အားလုံးက အံ့အားသင့်ပြီးတော့ ကျေနပ်ပျော်ရွှင် သွားကြပါတယ်။

ယန္တရားရပ်တွေနဲ့ အဆုံးမဲ့ သိုင်းပညာ နည်းစနစ်တွေက လျှို့ဝှက်ရတနာ ခေါင်းစဉ်အောက်မှာ ပါဝင်တဲ့ အရာတွေပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဖေးကျိုက သူ့ရဲ့ ပညာကို မျှဝေဖို့ စိတ်ကူးရှိနေ ပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းတဲ့ ရက်ရောမှုကြီးတစ်ခု ဖြစ်ပါတယ်။

စွေ့ရန်ယ္ဒီတောင် အနည်းငယ် စိတ်လုပ်ရှား သွားပါတယ်။ သူမနဲ့ လင်းဟန်က အရမ်းကို သံသယစိတ်တွေ ဝင်နေမိတာလား။ ဒီလိုမျိုး လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ လူဆိုး တစ်ယောက် ဖြစ်နိုင်မှာလဲ။

ဖေးကျိုက သူတို့နဲ့ အချိန်အတော်ကြာအောင် စကားစမြည် ပြောကြားခဲ့ပေမဲ့ အားလုံးက အကျိုးမရှိတဲ့ စကားတွေပဲ ဖြစ်ပါတယ်။ မကြာခင်မှာ သူက အချိန်ထပ်ပြီး မဖြုန်းချင်တော့တဲ့ အမူအရာ ဖြစ်လာပြီး လေ့တည်ဆောက်မှုကို စတင်ချင်တဲ့ပုံ ဖြစ်လာပါတယ်။

အားလုံးက ကျေနပ်သွားကြပါတယ်။ သူက အလုပ်ကို မြန်မြန်စလေ ပိုကောင်းလေပါပဲ။ ဒါကြောင့် သူတို့က နှုတ်ဆက်ပြီးတော့ ထွက်ခွာလာခဲ့ ကြပါတယ်။

"အားလုံးပဲ တကယ်လို့ ယန္တရားရုပ်တွေ တည်ဆောက်တဲ့ နေရာမှာ စိတ်ဝင်စားတယ် ဆိုရင်တော့ ငါနဲ့ ငါ့ညီလေးတွေကို လာရှာကြပါ။ ငါတို့တွေက မင်းတို့နဲ့အတူ ဆွေးနွေးပေးမယ်။ မင်းတို့မှာ ပါရမီရှိသလောက် ရလိမ့်မယ်။ ငါတို့ကတော့ ဘာကိုမှ ကွယ်ဝှက်ထားမှာ မဟုတ်ပါဘူး"

ဂိုရှီဂမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အားလုံးက အကြီးအကျယ် စိတ်ဝင်စားလာခဲ့ပါတယ်။ ပြီးတော့ သူတို့ဆီကို လာလည်ပြီးတော့ လမ်းညွှန်သင်ပြပေးဖို့ တောင်းဆိုခဲ့ပါတယ်။

တစ်ဖက်မှာတော့ လင်းဟန်က လောဘမကြီးခဲ့ပါဘူး။ သူက မှော်ဆေးပညာနဲ့ သိုင်းပညာ နှစ်ခုစလုံးကို ကျင့်ကြံအားထုတ်ပြီး ဒီလမ်းကြောင်း နှစ်ခုကို တစ်ပြိုင်နက်တည်း လျှောက်လှမ်းရတာ သူ့ကို အတော်လေး အားစိုက်စေပါတယ်။ နောက်ထပ် ယန္တရား ပညာရပ်ကို သင်ယူဖို့ သူ့မှာ ဘယ်လိုလုပ် အချိန်ရှိမှာလဲ။ နောက်ပြီးတော့ သူက သူ့ကိုယ်ပိုင် ခွန်အားကို ယုံကြည်ပါတယ်။ ယန္တရားရုပ်တွေက ဘယ်လောက်ပဲ သန်စွမ်းပါစေ သူတို့က အပြင်ပိုင်းပစ္စည်းတွေပဲ ဖြစ်ပါတယ်။ မှော်ဆေးပညာနဲ့ မတူတာက အနည်းဆုံးတော့ သူဖော်စပ်ထားတဲ့ မှော်ဆေးလုံးတွေက သူကိုယ်တိုင် သန်စွမ်းဖို့ အသုံးပြုလို့ ရပါတယ်။

စွေ့ရန်ယွီက ဒီနယ်ပယ်မှာ သူမက ပါရမီရှိမလား ဆိုတာကို တစ်ချက်လောက် ကြည့်ချင်မိ ခဲ့ပါတယ်။ ဒါပေမဲ့လည်း မကြာခင်မှာ သူမက လင်းဟန်ရဲ့ တားမြစ်မှုကို ခံလိုက်ရပါတယ်။ သူက သူမကို မစိုးရိမ်ချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်လို့

သူတို့နှစ်ယောက် မခွဲမခွာထားဘူး ဆိုရင် မတော်တဆမှုတွေကို ရှောင်တိမ်းနိုင်မှာ ဖြစ်တဲ့အတွက် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

သူက စွေ့ရန်ယွီကို သူနဲ့အတူ ဆွဲခေါ်ပြီးတော့ စံအိမ်ထဲကနေ ထွက်လာခဲ့ပါတယ်။ အခုဆို သူတို့က စံအိမ်ထဲမှာ သူ့ကို ချုပ်ထားစရာ အကြောင်းပြချက် ရှိလိမ့်မှာ မဟုတ်ပါဘူး။

"အစ်ကိုလင်းနဲ့ မိန်းကလေး စွေ့တို့က အပြင်ထွက်ချင်ကြတာလား"

စံအိမ်ရဲ့ တံခါးဆီကို ရောက်တဲ့ အချိန်မှာ ပုကျန်းယွန်က သူတို့ဆီ ချဉ်းကပ်လာတာကို တွေ့မြင်လိုက် ရပါတယ်။ သူက အနက်ရောင် လူဝံတစ်ကောင်ကို စီးနင်းထားပါတယ်။ အဲဒါက ဒီနေရာမှာရှိတဲ့ လူတွေက ဖေးကျိုလိုမျိုး သူတို့ရဲ့ ခြေထောက်တွေကို ဆုံးရှုံးထားသလား ဆိုတာကို လင်းဟန်အနေနဲ့ သံသယဝင်မိပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က တစ်နေကုန် ယန္တရားရုပ်တွေကို ဘာလုပ်ဖို့ စီးနင်းနေရမှာလဲ။

"ဟုတ်တယ်။ ဒီနေရာလိုမျိုး လှပတဲ့ ရှုခင်းတွေက အရမ်းကို ရှားပါတယ်လေ။ ဒါကြောင့် လမ်းလျှောက်ထွက်မလို့ပါ"

“ဟားဟား ဒါဆိုရင် ငါလည်း မင်းတို့နှစ်ယောက်ကို လိုက်ပြပါရစေ”

Chapter 1023 end

အပိုင်း(1024) ယန္တရားရုပ်တွေရဲ့ အပြိုး

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပုကျန်းယွင်ကတော့ သူတို့နဲ့အတူ သွားဖို့ ဆုံးဖြတ်ချက်ချထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

သူ့စကားတွေထဲမှာ အိမ်ရှင်အနေနဲ့ သူ့မှာ ဧည့်သည်တွေကို ပတ်ဝန်းကျင်နဲ့ မိတ်ဆက်ပေးဖို့ တာဝန်ရှိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပါ။

သူက လင်းဟာန်နဲ့ စွေ့ရန်ယွီတို့နဲ့အတူ လိုက်လာခဲ့ပါတယ်။ သူတို့တွေ ဘယ်နေရာကိုပဲ လျှောက်သွားသွား သူက အနောက်ကနေ ကပ်ပြီးတော့ လိုက်ပါလာပါလိမ့်မယ်။ သူက အရမ်းကို ဖော်ရွေပျူငှာတယ်လို့ သတ်မှတ်လို့ ရသလို သူတို့ကို အနီးကပ် စောင့်ကြည့်နေတယ်လို့လည်း သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။

အစပိုင်းမှာ လင်းဟာန်က ရွာထဲက အိမ်အမျိုးမျိုး အနီးအနားကို လည်ပတ်ပြီးတော့ ကြည့်ရှုဖို့ စိတ်ကူးထားပေမဲ့ လမ်းမကြီးကနေ ထွက်လာတဲ့ အချိန်မှာ ပုကျန်းယွင်က သူတို့ကို ရှေ့ဆက် မသွားဖို့

ရပ်လိုက်ဖို့ တားပါတယ်။ သူက ဒီနေရာမှာ ရှိတဲ့ လူတွေကို အနှောင့်အယှက် ဖြစ်စေလိမ့်မယ် ဆိုတဲ့ အကြောင်းပြချက်နဲ့ သူတို့ကို ဆက်မသွားဖို့ တားလိုက်ပြီး လမ်းမပေါ်မှာ စုံတွဲတစ်တွဲ စကားပြောပြီးတော့ ဖြတ်သွားမှာကိုတောင် တားမြစ်ထားပါတယ်။

သူ့ရဲ့ ဖုံးကွယ်ဖို့ ကြိုးစားတဲ့ လုပ်ဆောင်မှုက ပိုပြီးတော့တောင် သံသယ ဝင်စရာကောင်းပြီး လင်းဟာန်ကို ပိုပြီးတော့တောင် သက်္ကာမကင်း ဖြစ်လာစေခဲ့ပါတယ်။

ဒါပေမဲ့လည်း ကျွန်းသခင်က လုံးဝကို ဖိအားမပေးလာသေးသရွေ့ လင်းဟာန်က ပြင်းပြင်းထန်ထန် လုပ်ရှားမှု နည်းနည်းလေးမှ လုပ်ဖို့ အကြံအစည် မရှိပါဘူး။ အပြင်ဘက်ကို ရိုးရိုးလေးပဲ လျှောက်လည်ပြီးတော့ သူက စံအိမ်ကို ပြန်လာခဲ့ပါတယ်။

လျိုဂူနဲ့ ဖန်းယွန်တို့ နှစ်ယောက်စလုံးက ယန္တရား ပညာရပ်ကို သင်ယူဖို့ ဂိုရှိဂမ်ကို ထွက်ရှာ ကြပါတယ်။ တကယ်လို့ သူတို့က ဒီနယ်ပယ်မှာ ပါရမီရှိလာရင် ဘယ်လိုလုပ်မလဲ။ တကယ်လို့ သူတို့က ဒီပညာကို သင်ယူပြီးတဲ့နောက် အင်ပါယာမြို့ကို ပြန်လာခဲ့ရင် သူတို့ရဲ့ အဆင့်အတန်းက နောက်တစ်ဆင့်ကို တက်သွားပါလိမ့်မယ်။

လူတစ်ယောက်က သူ့ရဲ့ ကလန်ထဲမှာ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ နေရာတစ်ခုကို ရယူနိုင်စွမ်း ရှိလာရင် ကျောက်လန်အနောက်ကို ထပ်ပြီးတော့ လိုက်စရာ လိုအပ်လိမ့်မှာ မဟုတ်ပါဘူး။ လွတ်လပ်သွားတဲ့ အချိန်ကျရင် သူ့ကိုယ်ပိုင် အင်အားစုကို တည်ထောင်ဖို့ အရည်အချင်း ရှိလာနိုင်ပါတယ်။

ဒါကြောင့် သူတို့နှစ်ယောက်စလုံးက အရမ်းကို တက်ကြွနေကြပါတယ်။

အစပိုင်းမှာတော့ လှီရင်ကို ကြည့်ရတာ သိပ်ပြီးတော့ စိတ်ဝင်စားပုံ မပေါ်ပါဘူး။ ဒါပေမဲ့ နောက်ပိုင်းမှာ သူမကို ကြည့်ရတာ စိတ်လှုပ်ရှားလာပြီး အဆက်မပြတ် ထွက်သွားပါတယ်။

နိုင်းယှဉ်ရမယ်ဆိုရင် ယန်ထိုက်ချန်ရဲ့ စိတ်တစ်ခုလုံးက ပြန်ဖို့ကိုပဲ အာရုံစိုက်ထားပြီး ကျင်းကျီဟွေ့ရဲ့ မျက်လုံးထဲမှာတော့ ဓားသွန်းလုပ်ဖို့ပဲ ရှိပါတယ်။ အဲဒီအချိန်မှာ ရင်ယွင်ရှန်းက လူသူကင်းဝေးတဲ့ ဘဂတစ်ခုကို နှစ်သက်ပြီး ပုံမှန်မဟုတ်တော့ပဲ ဖူရှင်းကတော့ ကျင့်ကြံခြင်း အပြင်ဘာကိုမှ ဂရုမစိုက်ပါဘူး။

တစ်ရက်ပြီး တစ်ရက် အချိန်တွေ ကုန်လွန်ပြီးသွားတဲ့ နောက်မှာ လျိုဂူ၊ ဖန်းယွန်နဲ့ လှီရင်တို့က ယန္တရား ပြုလုပ်တဲ့ ပညာရပ်ကို

သင်ယူလေ့လာရတာကို နှစ်ခြိုက်လာတဲ့ ပုံစံမျိုးနဲ့ ပြန်မလာခဲ့ ကြတော့ပါဘူး။

ခုနစ်ရက်မြောက်နေ့မှာ ဂိုရှီဂမ်က လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ကို ပြီးခါနီးပြီဖြစ်တဲ့ ယန္တရားရုပ်ကို ကြည့်ရှုဖို့ လာရောက်ဖိတ်ခေါ် ခဲ့ပါတယ်။

လင်းဟာန်က ယန္တရား ပညာကို လေ့လာသင်ယူဖို့ နည်းနည်းမှ စိတ်မဝင်စားပေမဲ့ ယန္တရားရုပ်တွေရဲ့ အသုံးဝင်မှုနဲ့ ပတ်သက်ပြီး အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ ဒါကြောင့် သူက အလျင်အမြန်ပဲ သဘောတူပြီးတော့ စံအိမ်ရဲ့ အတွင်းက အလုပ်ခန်းထဲကို စွေ့ရန်ယွီနဲ့အတူ သွားခဲ့ပါတယ်။

ဒီနေရာမှာ စုစုပေါင်း အလုပ်ခန်း နှစ်ခန်းရှိပြီးတော့ တစ်ခုက ကြီးမားပြီး တစ်ခုက သေးပါတယ်။ သေးငယ်တဲ့ အခန်းကတော့ ဖေးကျိရဲ့ သီးသန့်နေရာ ဖြစ်ပြီးတော့ သူ့ရဲ့ တပည့်ငါးယောက်က အထူးခွင့်ပြုချက် ရရှိမှပဲ သူတို့တွေ ဝင်နိုင်ပါလိမ့်မယ်။ အလုပ်ခန်းမကြီးကတော့ သူတို့ရောက်နေတဲ့ နေရာဖြစ်ပါတယ်။

ဖေးကျိက ယန္တရားရုပ်တွေကို ဘယ်လိုမျိုး တည်ဆောက်ရမလဲ ဆိုတာကို ဒီနေရာမှာ သူ့တပည့်တွေကို သင်ပေးပါတယ်။ သူတို့က ဒီနေရာမှာပဲ လေ့ကျင့်ရပါတယ်။

အလုပ်ခန်းကို အခန်းတော်တော်များများ ခွဲထားပြီး ဒီနေရာမှာ အသုံးလုံတဲ့ အချက်က အရမ်းကို အံ့ဩစရာ ကောင်းလွန်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တူထုသံတွေက အလုပ်ခန်း တစ်ခုလုံးမှာ ဆူညံလို့ နေပြီးတော့ တခြားအခန်းက လူတွေက အေးအေးချမ်းချမ်းနဲ့ စဉ်းစားလို့ ရတော့မှာလား။

"ယန္တရားရုပ် တည်ဆောက်တဲ့ နေရာမှာ အာရုံစိုက်ဖို့နဲ့ ဂရုစိုက်ဖို့ အများကြီး လိုအပ်တယ်။ သုံးမဲ့ပစ္စည်း အကြမ်းထည်တွေကို ရွေးချယ်ပြီးတော့ အဲဒီအပေါ်မှာ ဂဏ်ပါ အစီအရင် သင်္ကေတတွေ ရေးထွင်းပြီး အစစ်အမှန် မူလကျောက်တုံးတွေနဲ့ ဖြည့်ပေးရတယ်"

ဂိုရှိုဂမ်က လမ်းလျှောက်လာရင်းနဲ့ မိတ်ဆက်ပေးပါတယ်။ သူက လင်းဟာန်နဲ့ စွေ့ရန်ယွှီတို့ကို သူ့ကိုယ်ပိုင် အခန်းတစ်ခုထဲကို ဦးဆောင်ပြီး ခေါ်လာခဲ့ပါတယ်။

ဒါက ကြီးမားတဲ့ နေရာတစ်ခု ဖြစ်ပြီးတော့ ပစ္စည်းတွေ ကိရိယာတွေ အမျိုးမျိုးကို ပတ်ပတ်လည်မှာ ချိတ်ဆွဲထားပါတယ်။

"ဒီရက်တွေမှာ ငါက လူသားပုံစံ ယန္တရားရုပ် တစ်ခုကို တည်ဆောက်နေပြီးတော့ နောက်ဆုံး အဆင့်ကို ရောက်လာပြီ"

ဒီတစ်ကြိမ်တော့ သူက ကျားပုံစံ ယန္တရားရုပ်ကို ထပ်ပြီးတော့ မစီးနင်းတော့ပါဘူး။ သူ့ဘေးနားမှာ နီးနီးကပ်ကပ်နဲ့ လိုက်နေဆဲပါပဲ။ အနောက်ကနေ ကြည့်လိုက်ရင်ပဲ တကယ့် ကျားအစစ် တစ်ကောင်နဲ့ မခြားပါဘူး။ ဒါပေမဲ့ အရှေ့ကနေ ဆိုရင်တော့ မျက်လုံးနှစ်လုံးက အတုအယောင် ဆိုတာ အရမ်းကို သိသာပါတယ်။ အနီရောင် ကျောက်မျက်ရတနာ နှစ်ခုက မျက်လုံးနေရာမှာ ထည့်ထားပြီး မျက်လုံးအိမ်အစစ် မရှိပါဘူး။

ဂိုရှီဂမ်က လူသားပုံစံ ယန္တရားရုပ်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော သူ့မျက်နှာပေါ်မှာ စွဲလမ်းတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်နေပါတယ်။

ဒီယန္တရားရုပ်ကို အဖြူရောင် ပတ်တီးတွေနဲ့ စည်းထားတာကြောင့် လူသားပုံစံ ယန္တရားရုပ် တစ်ခုဖြစ်တယ်ဆိုတဲ့ အချက်တစ်ခုပဲ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဘာပစ္စည်းတွေနဲ့ တည်ဆောက်ထားတယ် ဆိုတာကိုတော့ ခွဲခြားလို့ မရနိုင်ပါဘူး။

"ယန္တရား ပညာရှင် တစ်ယောက်ရဲ့ အောင်မြင်မှုက ယန္တရားရုပ် တစ်ခုကို တကယ့် အစစ်လိုမျိုး တည်ဆောက်နိုင်မှုပဲ ရလိမ့်မယ်"

သူက ဒီတစ်ဂက်တစ်ပျက်ပဲ ပြီးသေးတဲ့ ယန္တရားရုပ်ကို ထိကိုင်ရင်း သူ့ပုံစံက စိတ်လုပ်ရှား နေပုံ ရပါတယ်။ သူက ဆက်ပြီးတော့ ပြောလိုက်တယ်။

"ကျေးဇူးပြုပြီးတော့ လွတ်လွတ်လပ်လပ်ပဲ ပြောဆိုနိုင်ပါတယ်"

သူက ယန္တရားရုပ်ရဲ့ ရင်ဘတ်ကို ခွဲဖွင့်လိုက်ပါတယ်။ အထဲမှာ ဘာမှမရှိပဲ နံရိုးဆယ့်နှစ်ခု ရှိတာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီအရိုးတွေက အဖြူရောင် မဟုတ်ပဲ ရွှေရောင်ဖျော့ဖျော့ ရှိပါတယ်။

"ဒီအရိုးတွေက အထူးလုပ်ငန်းစဉ် တစ်ခုကို ဖြတ်လာပြီးမှ နတ်ဘုရားသတ္တုရဲ့ အလွှာတစ်ခုနဲ့အတူ စီခြယ်ထားတာ။ ဘာဖြစ်လို့လဲဆိုတော့ ယန္တရားရုပ် တစ်ခုရဲ့ အကြမ်းထည် ပစ္စည်းတွေက အဆင့်တွေ မတူညီကြဘူး။ နတ်ဘုရား သတ္တုရဲ့ အဆင့်တွေလည်း မတူကြဘူး။ ဒါကြောင့် ဒီယန္တရားရုပ်က အဆင့်သုံး နတ်ဘုရား သတ္တုကို အသုံးပြုရင် လုံလောက်လိမ့်မယ်"

ဂိုရှိုဂမ်က လင်းဟာန်နဲ့ စွေ့ရန်ယွီကို ယန္တရားရုပ်ရဲ့ လုပ်ငန်းစဉ်ကို လျှင်လျှင်မြန်မြန်နဲ့ ရှင်းပြလိုက် ပါတယ်။

"ဒီမှာကြည့်။ အရိုးတစ်ခုချင်းစီပေါ်မှာ ဂင်္ဂါပါ အစီအရင် သင်္ကေတတွေ ရေးထွင်းထားတယ်။ ဒါက အရမ်းကို သတိထားရတယ်။ တကယ်တော့ ဒါက သက်ရှိသတ္တဝါတစ်ခု မဟုတ်ဘူး ပြီးတော့ အစိတ်အပိုင်း တစ်ခုချင်းစီက အစီအရင် သင်္ကေတတွေအပေါ်မှာ မူတည်ပြီးတော့ အသက်ဝင် လာနိုင်တယ်။ နောက်ပြီးတော့ ထည့်သွင်းစဉ်းစားရမဲ့ အချက်တွေလည်း လိုအပ်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လက်သီးထိုးနိုင်ပေမဲ့ ခြေထောက်က နောက်ဆုတ်လိမ့်မယ်။ ဒါက လုံးဂကို လက်မခံနိုင်စရာပဲလေ"

ဂိုရှိုဂမ်က လုံးဂကို စိတ်အားထက်သန်လို့ နေပါတယ်။ လင်းဟန်နဲ့ စွေ့ရန်ယွီတို့က စိတ်ဝင်စားလား နားလည်လား ဆိုတာကို ဂရုမစိုက်ပါဘူး။ သူက သူကိုယ်သူ စိတ်လှုပ်ရှားစွာနဲ့ စကားပြောနေရုံ သက်သက်ပါပဲ။

"နောက်ဆုံးအဆင့်က ဂင်္ဂါပါ အစီအရင် သင်္ကေတတွေကို အသက်သွင်းဖို့အတွက် အစစ်အမှန် မူလကျောက်တုံးတွေကို ထည့်သွင်းတာပဲ"

သူက အစစ်အမှန် မူလကျောက်တုံး တစ်ဒါဇင်ကျော်ကို ထုတ်ယူပြီးတော့ စွေ့ရန်ယွီဘက်ကို လှည့်လိုက်ပြီး ပြောလိုက်ပါတယ်။

"မိန်းကလေး စွေ့ ဒီယန္တရားရုပ်ကို မင်းကိုယ်တိုင်ပဲ အစစ်အမှန် မူလကျောက်တုံးတွေ ထည့်သွင်းပြီး အသက်သွင်းချင်လား"

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို အလျင်အမြန်ပဲ ခါလိုက်ပါတယ်။ ဒါက ပစ္စည်းတစ်ခုပဲ ဆိုတာကို သူမ သိပေမဲ့ ဒါက လူသားတစ်ယောက် ဖြစ်တယ်ဆိုတဲ့ အတွေးနဲ့အတူ သူမက ဒီလိုမျိုး ပစ္စည်း တစ်ခုကို လုပ်ဖို့ အရမ်းကို မနှစ်မြို့သလို ခံစားရပါတယ်။

ဂိုရှိုဂမ်က ရယ်မောပြီးတော့ သူမကို နောက်ထပ်မတိုက်တွန်းတော့ပါဘူး။ အဲဒီအစား သူက ပြောလိုက်တယ်။

"ဘယ်လိုပဲ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် နောက်ဆုံးမှာ သူတို့တွေက သေရတာပါပဲ။ ပြီးတော့ ဘယ်လောက်ပဲ ချောမောလှပတဲ့ အမျိုးသမီးဖြစ်ဖြစ် အသက်ကြီးလာတဲ့ အခါမှာ ဇရာဒဏ်ကြောင့် အိုမင်းရင့်ရော်ရမှာပါပဲ"

သူက အစစ်အမှန် မူလကျောက်တုံးတွေကို ယန္တရားရုပ်ရဲ့ အစာအိမ်ထဲကို တစ်တုံးပြီး တစ်တုံး သိပ်ထည့်လိုက် ပါတယ်။ အဲဒီနောက် သူက စွေ့ရန်ယွီကို စိုက်ကြည့်ပြီး သူ့မျက်လုံးတွေက ပူလောင်လို့ လာပါတယ်။

"မိန်းကလေး စွေ့ မင်းက အရမ်းကို ချောမောလှပပြီး ဆွဲဆောင်မှုရှိတယ်။ ဒီလိုမျိုး ရုပ်ရည်သွင်ပြင်နဲ့ ဒီလိုမျိုး ပုံပန်းသဏ္ဍာန်နဲ့ဆို မင်းက ထာဝရ အေးခဲနေသင့်တယ်။ အသက်အရွယ် မကြီးသင့်ဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒါက ကြီးကျယ်တဲ့ အပြစ်တစ်ခု ဖြစ်လိမ့်မယ်"

"ဒါက အစ်ကိုဂိုနဲ့ မသက်ဆိုင်ဘူးလို့ ကျနော်ထင်တယ်"

လင်းဟန်က ဂင်ရောက်စွက်ဖက် လိုက်ပါတယ်။

"ဟားဟား ငါ့ရဲ့အပြုအမူနဲ့ ငါ့ကိုယ်ငါ မေ့သွားတယ်"

ဂိုရှီဂမ်က အလျင်အမြန်ပဲ တောင်းပန်လိုက်ပြီး ယန္တရားရုပ်ရဲ့ ရင်ဘတ်နားကို တိုးကပ်သွားပါတယ်။ သူက စကားနဲ့ နှိုးဆွတာမျိုး အသုံးမပြုပဲ ယန္တရားရုပ်ရဲ့ ရင်ဘတ်မှာ သတ္တုကွင်းတွေ ရှိပါတယ်။ အနီးကပ် သေချာကြည့်မယ်ဆိုရင် သတ္တုကွင်းတွေရဲ့

တခြားဘက်က ယန္တရားရုပ်ရဲ့ ကျောရိုးထဲကို ထိုးဖောက်ထားပါတယ်။

"အခု ကျေးဇူးပြုပြီးတော့ အားကျရှုစားကြပါ"

သူက အနောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ထူးခြားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာ ခဲ့ပါတယ်။

ဟွမ်း။

ဒီယန္တရားရုပ်က ရုတ်တရက် သူ့မျက်လုံးတွေကို ဖျတ်ခနဲ ဖွင့်လိုက်ပါတယ်။ အဲဒီနောက် ပေါ့ပါးဖျတ်လက်စွာနဲ့ ထရပ်ပြီး သူ့ကိုကြည့်ရတာ အနည်းငယ် တွေဝေနေတဲ့ ပုံစံနဲ့ ဘေးဘီဝဲယာကို ကြည့်နေပါတယ်။

"ဒီကမ္ဘာ့အူတိုင် လိုဏ်ဂူထဲမှာ နှစ်တိုင်းနှစ်တိုင်း ပစ္စည်းအမျိုးအစား တစ်ခုက စိမ့်ဝင်လာတယ်။ ငါတို့က အဲဒါကို နတ်ဘုရားမြူခိုးလို့ ခေါ်တယ်။ နတ်ဘုရားမြူခိုးနဲ့ ငါတို့ရဲ့ ယန္တရားရုပ်တွေကို သဟဇာတ ဖြစ်အောင်လုပ်လိုက်တဲ့ အခါမှာ မျှော်လင့်မထားတဲ့ အာနိသင်တစ်ခု ထွက်ပေါ်လာတယ်။ ဒီလိုမျိုး.........."

ဒီယန္တရားရုပ်က ရုတ်တရက် လင်းဟန်ကို အာရုံစိုက်လိုက်ပြီး သူ့ရဲ့အကြည့်တွေက ဆက်ပြီးတော့ တွေဝေခြင်း မရှိတော့ပါဘူး။

ပတ်တီးတွေ အကြားက သူ့မျက်လုံးတွေထဲမှာ ဝံပုလွေ တစ်ကောင်ရဲ့ ကြောက်စရာကောင်းတဲ့ အလင်းရောင် တစ်ခု ထွက်ပေါ်နေတာကို တွေ့မြင်နိုင် ပါလိမ့်မယ်။

"သူ"

လူသားပုံစံ ယန္တရားရုပ်က အသံတိုးတိုး အော်လိုက်ပြီး သူ့ခြေထောက်တွေနဲ့ ဆန့်ထုတ်ပြီး ရုတ်တရက် လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

သူ့ရဲ့အမြန်နှုန်းက အရမ်းကို ပေါ့ပါးဖျတ်လတ်လွန်းပါတယ်။ သူ့ရဲ့လက်တစ်ဖက်ကို ဆန့်ထုတ် လိုက်ပါတယ်။ ပြီးတော့ သူ့ရဲ့ လက်ချောင်းနှစ်ချောင်းကို ပတ်တီးတွေနဲ့ ပတ်မထားတာကို တွေ့မြင်နိုင်ပါတယ်။ လက်ချောင်းနှစ်ချောင်းက သတ္တုတွေနဲ့ တူပြီးတော့ လက်ချောင်းရဲ့ ထိပ်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် ချွန်ထက်နေပြီး အေးစက်စက် အလင်းရောင် တစ်ခု ထွက်ပေါ်လို့ နေပါတယ်။

လင်းဟန်က မကြောက်မရွံ့နဲ့ လက်သီးတစ်ချက်နဲ့အတူ ဝင်လာတဲ့ တိုက်ခိုက်မှုကို ဆီးကြို လိုက်ပါတယ်။

ဟုန်း။

ဒီတိုက်ကွက် ဖလှယ်မှုနဲ့အတူ လင်းဟန်က အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက် ရပါတယ်။ ယန္တရားရုပ်ကတော့ အနည်းငယ် တုန်ခါသွားပါတယ်။ သူ့ပုံစံက လျင်လျင်မြန်မြန်နဲ့ ဟန်ချက်ညီသွားပြီး နောက်ထပ် ဟိန်းသံတစ်ခုကို ထုတ်ဖော်ပြီး လင်းဟန်ဆီကို နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"ပြင်းထန်အဆင့်မြင့်ရဲ့ အလယ်အလတ်အဆင့် ဒါမှမဟုတ် ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်မှာတောင် ရှိနေနိုင်တဲ့ ခွန်အားပဲ"

လင်းဟန်က တွက်ချက်ကြည့်လိုက်ပါတယ်။ ဆွဲငင်အားရဲ့ နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်သလို ယန္တရားရုပ်က ရုတ်တရက် တုန်ခါလာပြီး လဲပြိုလုနီးပါး ဖြစ်သွားပါတယ်။

လင်းဟန်ကလည်း မျက်မှောင်ကြုတ်လိုက်ပြီး အရမ်းကို အားစိုက်ရသလို ခံစားလိုက် ရပါတယ်။

သူ့ပြိုင်ဘက်က ပြင်းထန်အဆင့်မြင့်ရဲ့ ခွန်အားလောက်ပဲ ရှိပြီးတော့ သူ့ကို အရမ်းပဲ အားစိုက်ရသလို ခံစားစေခဲ့ပါတယ်။ အဲဒီနောက်

အကြောင်းပြချက် တစ်ခုပဲ ရှိပါလိမ့်မယ်။ အဲဒါက ဒီယန္တရားရုပ်က အရမ်းကို လေးလံတာကြောင့် ဖြစ်ပါလိမ့်မယ်။

ဆွဲငင်အားရဲ့ အာနိသင်က ကျောက်တုံးတစ်တုံးနဲ့ တောင်တစ်လုံး အပေါ်ကို သက်ရောက်တဲ့ အာနိသင်နဲ့ တူပါတယ်။ အရွယ်အစား ကွာခြားလေ စွမ်းအင်ပမာဏ ပိုပြီးတော့ သုံးစွဲရပါ လိမ့်မယ်။

စောစောတုန်းက ဂိုရှီဂမ်က ယန္တရားရုပ်ထုရဲ့ ကိုယ်ထည်ကို နတ်ဘုရား သတ္တုနဲ့ တည်ဆောက် ထားတယ်လို့ ပြောခဲ့တာကို ပြန်စဉ်းစားမိရင် သူ့ရဲ့အလေးချိန်က တကယ့်ကို အံ့သြစရာ ကောင်းပါလိမ့်မယ်။

လင်းဟာန် နားမလည်တဲ့ အချက်က ဂိုရှီဂမ်က အမိန့်နည်းနည်းမှ ပေးတာကို မမြင်ရပဲ ဒီယန္တရားရုပ်က ဘာဖြစ်လို့ သူ့ကို တိုက်ခိုက်ရသလဲ ဆိုတာပဲ ဖြစ်ပါတယ်။

ဂုန်း ဂုန်း ဂုန်း။

ယန္တရားရုပ်က လင်းဟာန်ကို သတ်ပစ်ဖို့ ဆုံးဖြတ်ထားသလိုမျိုးပဲ အဆက်မပြတ် တိုက်ခိုက် နေပါတယ်။

အပိုင်း(1025) အံ့အားသင့်စရာ အမှန်တရား

"ရပ်လိုက်။ မြန်မြန် အဲဒါကို ရပ်အောင်လို့ လုပ်လိုက်လေ"

စွေ့ရန်ယွီက ဂိုရှီဂမ်ကို အော်ဟစ်လိုက်ပါတယ်။

သူမက လင်းဟန်ရဲ့ လုံခြုံရေးကို စိတ်မပူပါဘူး။ ဒီနှာဘူးကောင်က တန်းပြီးတော့ အသတ်ခံရနိုင်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေနဲ့ဆိုရင် သူက မသေနိုင်တဲ့ တည်ရှိမှု တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်သူကများ အကြောင်းပြချက် မရှိပဲ ပစ်မှတ်ထား တိုက်ခိုက်တာကို ခံချင်မှာလဲ။

ဂိုရှီဂမ်က သွားပေါ်အောင် ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"မိန်းကလေး စွေ့ ငါက တိုက်ခိုက်ပါလို့ နည်းနည်းလေးမှ အမိန့်မပေးခဲ့ဘူး။ အဲဒါက ဒီယန္တရားရုပ်ရဲ့ စိတ်ဆန္ဒအတိုင်းပဲ"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

စွေ့ရန်ယွီက ဒေါသနဲ့ မေးလိုက်ပါတယ်။

"ဒီယန္တရားရုပ်ကို ရှင်ပဲ တည်ဆောက်ထားတာလေ။ တကယ်လို့ ရှင်က အမိန့်မပေးဘူးဆိုရင် ဘာဖြစ်လို့ ယန္တရားရုပ်က တိုက်ခိုက်မှာလဲ"

"မိန်းကလေးစွေ့ စောစောတုန်းက ငါ့ရဲ့စကားတွေကို မင်းမေ့သွားပြီလား"

ဂိုရှိုဂမ်က နည်းနည်းလေးမှ ဒေါသမဖြစ်ပဲ ပြောလိုက်တယ်။

"ထူးခြားတဲ့ အရာတစ်ခုက ကမ္ဘာ့အူတိုင်လိုဂျက်ဂူကနေ ယိုစိမ့်ထွက်လာပြီး ယန္တရားရုပ်တွေ အထဲကို စိမ့်ဝင်ပြီးတော့ အရမ်းကို ထူးခြားတဲ့ အာနိသင် တစ်ခု ဖြစ်ပေါ်လာမယ် ဆိုတာလေ"

"ဒီလိုမျိုးလား"

စွေ့ရန်ယွီက တည်ငြိမ်သွားပါတယ်။

လင်းဟာန်နဲ့ အဲဒီယန္တရားရုပ်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပါတယ်။ ဒီအခိုက်အတန့်မှာ တိုက်ပွဲကို လွယ်လွယ်နဲ့ ဆုံးဖြတ်လို့ ရလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူမက စိတ်မလှုပ်ရှားတော့ပါဘူး။

ဂိုရှိုဂမ်က ထူးဆန်းတဲ့ အပြုံးတစ်ခုနဲ့အတူ ပြောလိုက်ပါတယ်။

"ဥပမာ အဲဒီအရာက သူတို့မှတ်ဉာဏ်တွေရဲ့ အစိတ်အပိုင်း တစ်ခုကို ထိန်းချုပ်ထား လိမ့်မယ်"

စွေ့ရန်ယွီက ခေါင်းရှုပ်သွားခဲ့ပါတယ်။ သူတို့ရဲ့ မှတ်ဉာဏ်အစိတ်အပိုင်း တစ်ခုကို ထိန်းချုပ်ထား လိမ့်မယ်

ဆိုတာက ဘာကိုဆိုလိုတာလဲ။ အဲဒါနဲ့ ယန္တရားရုပ်က လင်းဟန်ကို တိုက်ခိုက်နေတာက ဘာများ ပတ်သက်နေလို့လဲ။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ ဒီယန္တရားရုပ်က သူ့ကို မခြိမ်းခြောက် နိုင်ပါဘူး။ ဒါကြောင့် သူက အလုပ်နှစ်ခုကို တပြိုင်နက်တည်း လုပ်နိုင်စွမ်း ရှိပါတယ်။ တစ်ဖက်က ယန္တရားရုပ်နဲ့ တိုက်ခိုက်နေရင်း တစ်ဖက်က စွေ့ရန်ယွီနဲ့ ဂိုရှီဂမ်တို့ စကားပြောနေတာကို နားထောင်နိုင်ပါတယ်။

ဖြစ်နိုင်တာက။

သူ့ရဲ့ မျက်လုံးတွေက အေးစက်စက် ပြောင်းသွားပြီး နတ်ဘုရားဓားကို ဆွဲထုတ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ပါတယ်။

ရှပ် ရှပ် ရှပ် ရှပ်။

တစ်ဒါဇင်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာ အဂတ်အစား အပိုင်းအစတွေက နေရာအနှံ့ ပျံ့လွင့်ကုန်ပြီး ယန္တရားရုပ်ရဲ့ မျက်နှာကို ဖုံးကွယ်ထားတဲ့ ပတ်တီးစတွေက စုတ်ပြဲလာပြီး ဖုံးကွယ်ထားတဲ့ မျက်နှာက ထွက်ပေါ်လာပါတယ်။

"ဒါ ဒါ ဒါက"

စွေ့ရန်ယွီရဲ့ မျက်လုံးတွေက ယန္တရားရုပ်ရဲ့ မျက်နှာကို မြင်သွားတဲ့ အခါမှာ မယုံနိုင်စရာ ကောင်းလောက်အောင် မှင်တက်အံ့ဩသွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ မဟုတ်ဘူး။ အဲဒါက ထိတ်လန့်တုန်လှုပ် ချောက်ချားတဲ့ အမူအရာတစ်ခု ဖြစ်သင့်ပါတယ်။

ဂိုရှီဂမ်က မကောင်းဆိုးဝါး တစ်ကောင်ရဲ့ အပြုံးမျိုး ပြုံးပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"အမှန်ပဲ။ မင်းမြင်သလိုပဲ ဒီယန္တရားရုပ်ရဲ့ အကြမ်းထည်ပစ္စည်းက သူတို့ရဲ့ မှတ်ဉာဏ် အစိတ်အပိုင်း တော်တော်များများကို ချုပ်တည်းထားတယ်။ ဒါကြောင့် ငါ့ဆီကနေ အမိန့်နည်းနည်းမှ မရပဲနဲ့တောင် သူက စပြီးတော့ တိုက်ခိုက်တာပဲ"

အဲဒီယန္တရားရုပ်က အံ့အားသင့်စရာ ကောင်းလောက်အောင် လျှိုဂူ ဖြစ်နေပါတယ်။

သောက်ကျိုးနည်း။ သူက ရက်တော်တော်ကြာအောင် ပျောက်နေပြီး ယန္တရားရုပ် တစ်ခုအဖြစ်ကို ပြုလုပ်ခံလိုက် ရတာလား။ ဒါမှမဟုတ် ဒါက လျှိုဂူရဲ့ ပုံပန်းသဏ္ဍာန်ကို တုပထားတဲ့ ယန္တရားရုပ် တစ်ခု သက်သက်ပဲလား။

ရုတ်တရက်ဆိုသလို လင်းဟန်က သတိပြုမိသွားပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါတို့ကို ရွာသားတွေရဲ့ အိမ်ထဲကို ဝင်ရောက်ဖို့နဲ့ ရွာသားတွေနဲ့ ဆက်သွယ်ဖို့ ခွင့်မပြုတာ အံ့ဩစရာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အားလုံးက ယန္တရားရုပ်တွေပဲ"

"ဟားဟားဟားဟား"

ဂိုရှိုဂမ်က ကျယ်လောင်စွာ ရယ်မောပြီး လက်ခုပ်တီးလိုက်ပါတယ်။

"မှန်တယ်။ မှန်တယ်။ မင်းခန့်မှန်းချက်က လုံးဝကို အတိအကျပဲ။ မင်းက တကယ့်ကို ချီးကျူးစရာ ကောင်းတာပဲ။ တကယ်တော့ သဲလွန်စလေး နည်းနည်းလောက် သိသွားတာနဲ့ မင်းလိုမျိုး နားလည်နိုင်တဲ့ လူတွေက အများကြီး မရှိဘူး"

လင်းဟန်က အဆက်မပြတ် ရှောင်တိမ်းနေပါတယ်။ လက်ရှိမှာ လျှိုဝူက သူ့ကို ပြင်းပြင်းထန်ထန် တိုက်ခိုက် နေပါတယ်။ သူအသက်ရှိစဉ်က သူ့ရဲ့အတွေးထဲမှာ လင်းဟန်ကို သတ်ပစ်ဖို့ စိတ်က ပြင်းထန်ပါတယ်။ ဒါကြောင့် ယန္တရားရုပ် တစ်ခုအဖြစ် သူ့ကို ပြုလုပ်ပြီးတာတောင် သူ့ရဲ့ မှတ်ဉာဏ်ကို မဖျက်ပစ်နိုင်ခဲ့ပါဘူး။

"ရှင် ရှင်တို့အားလုံးက စိတ်ဖောက်ပြန်နေတဲ့ အရူးတွေပဲ"

စွေ့ရန်ယွီက ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ အခု သူမက သူတို့ရဲ့ အစောပိုင်းတုန်းက စကားတွေဟာ အလိမ်အညာတွေပဲ ဆိုတာကို သတိပြုမိသွားပြီး သူတို့ကို ဒီကျွန်းကနေ ထွက်သွားလို့ ရဖို့အတွက် လှေတစ်စီး ပြင်ဆင်ပေးဖို့ စိတ်ကူး သူတို့မှာ မရှိပါဘူး။ အဲဒီအစား သူတို့ကို ဒီနေရာမှာ ဖမ်းဆီးထားချင်ရုံ သက်သက်ပါပဲ။

"မှားနေပြီ။ မှားနေပြီ။ တကယ်တော့ ငါတို့က မင်းကို ထာဝရ ရှင်သန်တဲ့ သက်ရှိတစ်ယောက် အဖြစ်ကို ပြောင်းလဲပေးချင်တာပါ"

ဂိုရှိဂမ်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စဉ်းစားကြည့်လေ။ မင်းက ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်မှာလဲ။ လူတွေ ဘယ်လောက် များများက နေလအဆင့်ကို ချိုးဖျက်ပြီး အဆင့်တက်နိုင်စွမ်း ရှိလို့လဲ။ အများဆုံး မင်းက နှစ်ပေါင်းထောင်ဂဏန်းကို ရာနဲ့ချီပြီးပဲ အသက်ရှင်နိုင်လိမ့်မယ်။ ဒါပေမဲ့ အဆုံးမှာတော့ မင်းက ပုပ်သိုးဆွေးမြေ့ပြီးတော့ မြေမှုန့်အဖြစ်ပဲ ပြန်ပြောင်းသွားလိမ့်မယ်"

"ဒါပေမဲ့လည်း ယန္တရားရုပ် တစ်ခုအဖြစ်ကို ပြုလုပ်ခံလိုက်ရပြီးရင် မင်းတို့အားလုံး လက်ရှိပုံပန်း သွင်ပြင်ကို ထာဝရ ထိန်းသိမ်းထားလို့

ရလိမ့်မယ်။ မိန်းကလေးစွေ့ မင်းက အရမ်းကို ဆွဲဆောင်မှု ရှိတယ်။ ဒါကြောင့် ဘာဖြစ်လို့ ဒီလိုအလှအပမျိုးကို ထာဝရ မထိန်းသိမ်းတာလဲ”

သူက စွေ့ရန်ယွီကို စိုက်ကြည့်လိုက်ပြီး သူ့မျက်လုံးတွေက ထူးဆန်းလာပါတယ်။

“ဟားဟား ဒါဆိုရင် မင်းကိုယ်မင်းရော ဘာဖြစ်လို့ ယန္တရားရုပ်အဖြစ်ကို မပြောင်းတာလဲ”

လင်းဟန်က လျှိုဂူကို လျစ်လျူရှုပြီးတော့ ဂိုရီဂမ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

“ဂါး”

ယန္တရားကျားရုပ်က ဟိန်းလိုက်ပြီးတော့ အသံလိုင်းကနေ စက်ဝိုင်းပုံစံတွေ အဖြစ်ကို ပြောင်းလဲပြီး လင်းဟန်ဆီကို ပြေးဝင်သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ တစ်ဟုန်ထိုး ပြေးဝင်လာတဲ့ ပုံရိပ်က ရုတ်တရက် အရှိန်ကျသွားပြီး နှေးသထက် နှေးလာခဲ့ပါတယ်။ သူ့ကိုယ်ပေါ်က အဂတ်အစားတွေက အားလိုင်းကြောင့် စုတ်ပြဲကုန်ပြီး ရုတ်တရက်ဆိုသလို လွင့်ထွက်သွားခဲ့ပါတယ်။

သူက အံ့အားသင့် သွားမိပါတယ်။ ဒီယန္တရားကျားရုပ်ရဲ့ စွမ်းရည်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းကို ရောက်နေပါပြီ။ ပြီးတော့ နောက်ပိုင်းအဆင့် ဒါမှမဟုတ် အထွတ်အထိပ်အဆင့် သတ္တဝါတစ်ကောင်တောင် ဖြစ်နိုင်ပါတယ်။

"ဟားဟားဟား ဒီနေရာရဲ့ လျှို့ဝှက်ချက်ကို မင်းတို့သိအောင် ခွင့်ပြုလိုက်မှတော့ ငါက ဘယ်လိုလုပ်ပြီး မပြင်ဆင်ထားပဲ နေမှာလဲ"

ဂိုရှီဂမ်က ရယ်မောလိုက်ပါတယ်။

"ဒါပေမဲ့လည်း စိတ်ချနေပါ။ မင်းတို့အားလုံးကို ယန္တရားရုပ်တွေဖြစ်အောင် လုပ်ပေးမှာပါ။ တွေးကြည့်ရုံနဲ့ပဲ ငါစိတ်တွေ လှုပ်ရှားလာပြီ။ မင်းလိုမျိုး ချောမောလှပတဲ့ ယန္တရားရုပ် တစ်ရုပ် ရှိမယ်ဆိုရင် မင်းနဲ့အတူ နေ့တိုင်း အကြိမ်ဘယ်လောက်ပဲ ကစားကစား ငါစောဒက တက်လိမ့်မှာ မဟုတ်ပါဘူး"

သူ့ရဲ့ နောက်ဆုံးစကားတွေက စွေ့ရန်ယွီကို ရည်ရွယ်ပါတယ်။ ဒါက သူ့ရဲ့အမှောင်ဘက်ခြမ်းက ဆိုးဝါးတဲ့ စိတ်သဘောထားကို ဖော်ပြတယ် ဆိုပေမဲ့ တကယ်လို့ သူတို့သိသွားတော့ရော ဘာဖြစ်မှာလဲ။ မကြာခင်မှာပဲ သူတို့က ဘယ်လိုပဲဖြစ်ဖြစ် ယန္တရားရုပ်တွေ အဖြစ်ကို ပြောင်းလဲသွား ရပါလိမ့်မယ်။

စွေ့ရန်ယွီက ရှက်ရွံ့သွားသလို ဒေါသလည်း ထွက်သွားပြီးတော့ ပြစ်တင်လိုက်ပါတယ်။

“စိတ်ဖောက်နေတဲ့ အရူးကောင်”

“ငါမင်းကို လုံးဂကို ထိန်းသိမ်းထားမယ်လို့ ကတိပေးပါတယ်။ နည်းနည်းလေးမှတောင် ပုံမပျက်စေ ရပါဘူး”

ဂိုရှီဂမ်ရဲ့ မျက်လုံးတွေက မကောင်းဆိုးဝါး မျက်လုံးတွေလို အရောင်တလက်လက် တောက်ပ လာခဲ့ပါတယ်။ သူက သာမန်အချောအလှတွေကို လုံးဂစိတ်မဝင်စားပါဘူး။ သူတို့ကို အေးစက်တဲ့ ယန္တရားရုပ် တစ်ခုအဖြစ်ကို လုပ်ပြီးတဲ့နောက်မှာ သူတို့က သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ ရာဂကို နိုးဆွပါလိမ့်မယ်။

သူတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့ရဲ့ ဆရာသခင်နဲ့ ဂျူနီယာ ညီငယ်တွေ အားလုံးကလည်း ဒီလိုမျိုး စိတ်ရောဂါ ရှိကြပါတယ်။

ဟူး ဟူး ဟူး။

လျှိုဂူနဲ့ ယန္တရားကျားရုပ်က လင်းဟန်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြပါတယ်။ အထူးသဖြင့် ယန္တရားကျားရုပ်ပဲ ဖြစ်ပါတယ်။ သူ့ရဲကတိုက်ပွဲစွမ်းရည်က ပြီးပြည့်ဆုံးခြင်း အဆင့်မြင့်လောက် ရှိပါတယ်။ နောက်ပြီးတော့ စစ်မှန်တဲ့

သက်ရှိသတ္တဝါ မဟုတ်ပါဘူး။ ဒါကြောင့် သက်ရှိတွေလို သွေးကြောသွေးကွက်နေရာတွေ မရှိပါဘူး။ သူ့ရဲ့ အရွတ်နဲ့ အရိုးတွေ အားလုံးက ပြန်လည် တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် သူကိုယ်တိုင်က သားရဲပုံစံ လက်နက်တစ်ခု ဖြစ်နေပါတယ်။

လင်းဟန်က ဆွဲငင်အား နတ်ဘုရား သင်္ကေတွေကို အသက်သွင်းလိုက်ပေမဲ့ ချက်ချင်းပဲ အားစိုက်ရပုံ ပေါ်လာခဲ့ပါတယ်။ အဲဒီယန္တရားကျားရုပ်က လျှို့ထက်တောင် ပိုပြီးတော့ လေးလံပါတယ်။ ပြီးတော့ တကယ်လို့ သူက ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အကျိုးသက်ရောက်မှု ရှိစေချင်တယ်ဆိုရင်တော့ လင်းဟန်အတွက် ကြီးမားတဲ့ စမ်းသပ်ချက် တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ဇွေ့ရန်ယွီရဲ့ နူးညံ့တဲ့ အော်သံနဲ့အတူ သူမက ဓားကိုကိုင်ပြီးတော့ တိုက်ပွဲထဲကို ဂင်လာခဲ့ပါတယ်။

အဲဒီအချိန်အတွင်းမှာ ဂိုရှီဂမ်က လုပ်ရှားမှု တစ်ခုမှ မလုပ်ခဲ့ပါဘူး။ အဲဒီအစား သူက ခြေထောက်ကို ချိတ်ပြီးတော့ ဘေးမှာရပ်ပြီး စောင့်ကြည့်နေရုံပါပဲ။ သူ့ပုံစံက သူ့ရဲ့ဖန်တီးမှုမှာ အရမ်းကို ယုံကြည်မှု ရှိနေပုံ ပေါ်ပါတယ်။

ဒီလူနှစ်ယောက်မှာ တစ်ယောက်က ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်းအဆင့်မှာ ရှိပြီး ကျန်တစ်ယောက်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိပါသေးတယ်။ သီအိုရီအရ လျှိုဂူက သူတို့ကို ဖိနှိပ်ထိန်းချုပ်ဖို့ လုံလောက်ပါလိမ့်မယ်။ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်မှာရှိတဲ့ ယန္တရားကျားရုပ်ပါ ရှိနေတဲ့ အချိန်မှာ ဘာလိုဦးမှာလဲ။

သူက ဒီနေရာမှာ ရပ်နေရုံပဲ ရပ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီယန္တရား ရုပ်နှစ်ရုပ်ရဲ့ ထိုးချက်တွေက မတော်တဆ စုတ်ပြတ်သွားမှာကို စိုးရိမ်လို့ ဖြစ်ပါတယ်။

"ဟင်"

သိပ်မကြာခင်မှာ သူက အံ့အားသင့်သွားပုံ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ ခုခံမှုက တကယ်ပဲ အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းတယ် ဆိုတာကို တွေ့မြင်လိုက်ရလို့ ဖြစ်ပါတယ်။ သူက ဒီအစွမ်းထက်တဲ့ ယန္တရားရုပ် နှစ်ခုရဲ့ ပူပေါင်းတိုက်ခိုက်မှုကို ခံရတာတောင် ရပ်တည်နေနိုင်ပါသေးတယ်။ ဒါက သူ့ကို တကယ်ပဲ မယုံနိုင်သလို ဖြစ်သွားစေခဲ့ပါတယ်။

"ဟားဟားဟား ကောင်းကင်ဘုံက တကယ့်ကို ကောင်းမွန်တဲ့ပစ္စည်းတစ်ခုကို လက်ဆောင် တစ်ခုပေးတာပဲ"

သူ့ရဲ့အံ့အားသင့်မှုကနေ ချက်ချင်းပဲ အရမ်းကို ကျေနပ်ပျော်ရွှင်မှု အဖြစ်ကို ပြောင်းလဲသွားပါတယ်။

"သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောတယ်။ အဲဒါက သူ့ရဲ့အရိုးစုကို ဖြတ်တောက်လိုက်ရင် အဆင့်ငါး ဒါမှမဟုတ် အဆင့်ခြောက် နတ်ဘုရား သတ္တု အဆင့်လောက် ရှိလိမ့်မယ်"

"သူက တောင်မြစ်အဆင့် ပြင်းထန်အလယ်အလတ်မှာပဲ ရှိသေးတယ် ဆိုပေမဲ့ သူ့အရိုး အပေါ်မှာ နေလအဆင့်အတွက် ဂင်္ဂါပါ အစီအရင် သင်္ကေတတွေ ရေးထွင်းဖို့ ငါ့မှာယုံကြည်ချက် ရှိတယ်။ အဲဒီအချိန်ကျရင် သူက နေလအဆင့် ယန္တရားရုပ်တစ်ခု ဖြစ်လာလိမ့်မယ်"

"ဟားဟား ဆရာသခင်တောင်မှ နေလအဆင့် တစ်ဂင်္ဂ ယန္တရားရုပ် နှစ်ရုပ်ကိုပဲ ပိုင်ဆိုင်ထားတယ်။ တကယ်လို့ ငါက နေလအဆင့် ယန္တရားရုပ် တစ်ခုကို ဖန်တီးနိုင်မယ်ဆိုရင် သူ့နေရာမှာ ငါအစားထိုးနိုင်လိမ့်မယ်။ ပြီးတော့ ဒီနေရာရဲ့ အရင်းအမြစ်တွေ အားလုံးကို ချုပ်ကိုင်နိုင်လိမ့်မယ်"

"ဒီလူကို သတ်ပြီးရင် ငါသူ့ကို ဖွက်ထားမယ်။ နောက်ပြီး သူ့ခန္ဓာကိုယ်က အရမ်းကို ပျက်စီးနေပြီလို့ လိမ်ညာလိုက်မယ်။ ဒါကြောင့် ယန္တရားရုပ်တစ်ခု အဖြစ်ကို မလုပ်နိုင်ဘူးလို့ လိမ်လိုက်မယ်။ ဒါကြောင့် သူ့အလောင်းကို ငါပျက်စီးပစ်လိုက်ပြီလို့ ပြောလိုက်ရုံပဲ။ ဒါဆိုရင် ဆရာသခင်နဲ့ ဂျူနီယာ ညီငယ်တွေက ဒီမိန်းကလေးအကြောင်းကိုပဲ ဂရုစိုက်ကြလိမ့်မယ်။ နေလအဆင့်အတွက် ယန္တရား ပညာကို လေ့လာသင်ယူတဲ့ အချိန်ကျရင် ရုတ်တရက် ပေါက်ကွဲထွက်ပြီး ဒီနေရာရဲ့ ပိုင်ရှင်အသစ် ဖြစ်လာလိမ့်မယ်"

ရွှပ်။

အဲဒီအချိန်နဲ့ ကွက်တိဆိုသလို လင်းဟန်က ဝိုင်းရံထားတာကို ချိုးဖောက်ပြီး သူ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ရန်သူကို အနိုင်ယူဖို့ ခေါင်းဆောင်ကို အရင်ဆုံး ဖမ်းဆီးရပါတယ်။

Chapter 1025 end

အပိုင်း(1026) စုပ်ယူပြီ

ဂိုဂမ်ရီက မလှုပ်ရှားခဲ့ပါဘူး။ ယန္တရား ကျားရုပ်က လင်းဟန်ရဲ့ အရှေ့ကို အလျင်အမြန် ခုန်ဝင်လာပြီး ဟိန်းလိုက်ပါတယ်။

ရှပ် ရှပ် ရှပ်။

ကျားရဲ့သွားစွယ်တွေက ပျံထွက်လာပြီး ဓားမြောင် နှစ်ဆယ့်လေးချောင်း အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။

ဖူး ဖူး ဖူး။

ဒီယန္တရားကျားရုပ်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းက နောက်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်မှာ ရှိပါတယ်။ ဒါကြောင့် လင်းဟန်က သူ့အတွက် ပြိုင်ဘက်မဟုတ်ပါဘူး။ ကျားစွယ် နှစ်ဆယ့်လေးချောင်းက ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်ထဲကို ထိုးစိုက်သွားပြီး သူ့ဒဏ်ရာတွေက သွေးတွေပန်းထွက် လာခဲ့ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ထူးထူးခြားခြား သန်စွမ်းတယ် ဆိုရင်တောင် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကြောင့် ထိခိုက်ဒဏ်ရာရတာကနေ ရှောင်လို့မရနိုင် သေးပါဘူး။ တကယ်တော့ တန်ခိုးရှင် အဆင့်ရဲ့ အဆင့်ခွဲတိုင်းရဲ့ အကြားက ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။

ယန္တရားကျားရုပ်က လေကို ခပ်ပြင်းပြင်း စုပ်ယူလိုက်ပြီး စောစောတုန်းက ထွေးထုတ်လိုက်တဲ့ သွားတွေကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။

"အိပ်မက်မက်မနေနဲ့"

လင်းဟန်က သရော်လိုက်ပါတယ်။ အတွေးတစ်ချက်နဲ့အတူ ဓားမြောင်နှစ်ဆယ့်လေးချောင်းနဲ့ တူတဲ့ သွားတွေကို သူ့ရဲ့ နတ်ဘုရား အာရုံတွေကို ဝိုင်းပတ်လိုက်ပြီး ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို စုပ်ယူလိုက်ပါတယ်။

သွားတွေပေါ်မှာ သိုင်းဆန္ဒတွေ မရှိပါဘူး။ ဒါကြောင့် လင်းဟန်အတွက် အနက်ရောင် မျှော်စင်ထဲ ထည့်ဖို့ဆိုတာ အရမ်းကို လွယ်ကူလွန်းပါတယ်။

"ဘယ်လို"

ဂိုရီဂမ်ရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးသွားခဲ့ပါတယ်။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ယန္တရားရုပ်တွေရဲ့ အကြီးမားဆုံး အပြစ်အနာအဆာကတော့ သူတို့မှာ ကိုယ်ပိုင်အသိဉာဏ် နည်းနည်းမှ မပိုင်ဆိုင်ခဲ့ပါဘူး။ ဒါကြောင့် သူတို့ကို သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းထဲကို ထည့်သိမ်းဖို့ အရမ်းကို

လွယ်ကူလွန်းပါတယ်။ ဒါပေမဲ့ ဒီအပြစ်အနာအဆာကို လျော့ပါးစေဖို့ နည်းလမ်းက အရမ်းကို ရိုးရှင်းပါတယ်။ အဲဒါက ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်ကို သိုလှောင် စိတ်ဝိညာဉ် ပစ္စည်းတွေ အဖြစ်ကို ပြောင်းလဲပစ်နိုင်ပါတယ်။

အမှန်ပါပဲ။ မူလဇာတ်မြစ် အဆင့်မှာပဲရှိတဲ့ ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေပဲ သိုလှောင် နတ်ဘုရား ပစ္စည်းတွေကို သွန်းလုပ်နိုင်ပါတယ်။ ဒါပေမဲ့ သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတွေရော။ ဒီလိုမျိုး ပစ္စည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ပြီး နည်းနည်းလောက် အားထုတ်လိုက်ရင်ပဲ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေတောင် သွန်းလုပ်နိုင်ပါတယ်။ တောင်မြစ်အဆင့်ကနေ စပြီးတော့ သေးငယ်ပြီး မတည်ငြိမ်တဲ့ နေရာတစ်ခုကို လွယ်လွယ်နဲ့ ဖန်တီးလိမ့်မှာတော့ မဟုတ်ပါဘူး။

သိုလှောင် စိတ်ဝိညာဉ် ပစ္စည်းတစ်ခုက တခြားအရာကို မစုပ်ယူနိုင်ဘူးဆိုတာက သာမန်မြင်တွေ့နေကျ အရာတစ်ခုပါပဲ။ အဲဒါက သိုလှောင်နိုင်တဲ့ ပမာဏကြောင့် မဟုတ်ပဲ အဲဒီလို ပစ္စည်းတွေရဲ့ အရည်အသွေးကြောင့် ဖြစ်ပါတယ်။

ယန္တရား ကျားရုပ်ပဲဖြစ်ဖြစ် သူထွေးထုတ်လိုက်တဲ့ ကျားစွယ်တွေပဲဖြစ်ဖြစ် အားလုံးရဲ့ အတွင်းမှာ သေးငယ်တဲ့ နေရာလွတ်တစ်ခု ပါဝင်နေပါတယ်။ ဒီအချက်ကြောင့် တခြားသူတွေက သိုလှောင်စိတ်ဝိညာဉ် ပစ္စည်းတစ်ခုထဲ သူတို့ကို စုပ်ယူခြင်းကနေ ကာကွယ်ပေးထားပါတယ်။

ဒါပေမဲ့ အခုတော့ ကျားစွယ် နှစ်ဆယ့်လေးချောင်းက လေထဲမှာပဲ ပျောက်ကွယ်သွား ခဲ့ပါတယ်။

မြင်တွေ့လိုက်ရတဲ့ အခြေအနေကြောင့် ဂိုရှိုဂမ်ရဲ့ ဦးနှောက်ကို ဖိစီးနှိပ်စက်သလို ဖြစ်နေပါတယ်။ သူ့ရဲ့ အကန့်အသတ်ရှိတဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ဗဟုသုတကြောင့် ဒါက သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခုလို့ ဘယ်လိုလုပ်ပြီး သံသယ ဝင်မိမှာလဲ။ ဒါကြောင့် သူက အံ့အားသင့်ပြီးတော့ မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

"ဝေါင်း"

ယန္တရားကျားရုပ်က ဒေါသတကြီးနဲ့ ဟိန်းလိုက်ပြီး သူ့လက်သည်းတွေနဲ့ လင်းဟန်ဆီကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ခုန်အုပ်ပြီး ကုတ်ခြစ်လိုက်ပါတယ်။

လင်းဟာန်ကလည်း ရုတ်တရက် တစ်ခုခုကို သတိပြုမိသွားပါတယ်။ အနက်ရောင် မျှော်စင်က ယန္တရားရုပ်တွေရဲ့ သဘာဝအန္တရာယ် တစ်ခုလို့ ပြောရင်တောင် ရနိုင်ပါတယ်။ ယန္တရား ရုပ်တွေမှာ အသိစိတ် ဒါမှမဟုတ် သိုင်းဆန္ဒတွေ နည်းနည်းမှ မရှိဘူးဆိုရင် သူက သူတို့ကို သူ့ရဲ့ နတ်ဘုရား အာရုံနဲ့ ပိုင်းပတ်ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို စုပ်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။

ဟားဟား ဒါက အရမ်းကို အံ့သြစရာ ကောင်းတာပဲ။

သူက ယန္တရားကျားရုပ်ကို ဝေ့ကြည့်လိုက်ပြီး သူ့လက်တွေကို အနောက်မှာတောင် ပစ်ထားလိုက် ပါသေးတယ်။ သူ့ပုံစံက မာနကို မိုးထိအောင်မြင့်မားနေတဲ့ ဘဂင်မြင့်သူ တစ်ယောက်နဲ့ တူပါတယ်။

ဒါပေမဲ့လည်း အဲဒီအခိုက်အတန့်မှာ သူ့ရဲ့ နတ်ဘုရား အာရုံက ယန္တရားကျားရုပ်ကို ပိုက်ကွန် တစ်ခုသဖွယ် ဖြန့်ကြက်လိုက်ပါတယ်။

ယန္တရားကျားရုပ်ရဲ့ အရှေ့ကို ဆတ်ခနဲ တိုးလာတဲ့ အမြန်နှုန်းက မယုံနိုင်စရာကောင်းပြီးတော့ ပြင်းထန်အလယ်အလတ်မှာရှိတဲ့ တခြားကျင့်ကြံသူဆိုရင် သူတို့ရဲ့ နတ်ဘုရားအာရုံနဲ့ ယန္တရား ကျားရုပ်ကို မပိုင်းပတ်နိုင်ခင်မှာ သူတို့တောင်မှ အစိတ်စိတ် အပိုင်းပိုင်း စုတ်ပြတ်သွား ပါလိမ့်မယ်။ တကယ်တော့

သူတို့နှစ်ယောက် အကြားမှာ အဆင့်သေး နှစ်ခု ကွာဟချက် ရှိပါတယ်။

နောက်ပြီးတော့ တကယ်လို့ သူတို့က ယန္တရားကျားရုပ်ကို သူတို့ရဲ့ နတ်ဘုရား အာရုံနဲ့ ဝိုင်းပတ်လိုက် နိုင်မယ်ဆိုရင်တောင် စုတ်ဖြဲခံလိုက်ရနိုင်ချေ ရှိပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ နတ်ဘုရားအာရုံ ခွန်အားက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် သာလွန်ပါတယ်။ ပြီးတော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကြောင့်လည်း မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောလွန်းပါတယ်။

"မင်းက သေကြောင်းကြံနေတာပဲ"

ဂိုရှီဂမ်က သရော်လိုက်ပါတယ်။ သူက ယန္တရားရုပ်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

"အဲဒီလူကိုသတ်ပစ်။ နေဦး သူ့ရဲ့ ခန္ဓာကိုယ်ကို မထိခိုက်အောင် သတိထား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အစိတ်စိတ် အပိုင်းပိုင်းတွေကို ပြန်စုနေရလိမ့်မယ်"

ယန္တရားကျားရုပ်က တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ရှူပ်။

ယန္တရားကျားရုပ် ပျောက်ကွယ်သွားခဲ့ပါပြီ။

ဖူး။

ဂိုရီဂမ်က အံ့အားသင့်လွန်းတာကြောင့် သူ့မျက်လုံးတွေ ပြူတ်ထွက်လုမတတ် ပြူးလာခဲ့ ပါတယ်။ သူ့ရဲ့ ပါးစပ်က အပေါင်းသား ဟနေပြီးတော့ သူ့လျှာတွေတောင် အနည်းငယ် တဆတ်ဆတ် တုန်နေပါတယ်။

အဲဒါပျောက်သွားပြီ။

အဲဒါက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ ယန္တရားရုပ်တစ်ခုလေ။ ပြီးတော့ ဘာအသံမှ မထွက်ပဲ အခုလိုမျိုး ပျောက်သွားတာလား။ ငါအိပ်မက်မက်နေတာများလား။

ရှပ်။

အဲဒီအချိန်မှာ လျိုဂူက စွေ့ရန်ယွီရဲ့ နောက်ကျောကို လက်သီးတစ်ချက် ထိုးပြီးတော့ လင်းဟန်ဆီ တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

သူက လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံးကို သတ်ပစ်ဖို့ အမိန့်ရထားပေမဲ့လည်း သူ့ရဲ့ အရင်ဘဝက မှတ်ဉာဏ်က သူ့ကို လွှမ်းမိုးနေဆဲ ရှိပြီးတော့ လင်းဟန်ကို ပြင်းပြင်းထန်ထန်ကို

မုန်းတီးနေပါတယ်။ ဒါကြောင့် သူက စွေ့ရန်ယွီကို မသတ်ခင် လင်းဟာန်ကို အရင်ဆုံး သတ်ပစ်ဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။

"နောက်ဆုတ် နောက်ဆုတ်"

ဂိုရှီဂမ်က ကမန်းကတန်း အော်ဟစ်လိုက်ပါတယ်။ သူက လင်းဟာန်ရဲ့ ထူးခြားတဲ့ စွမ်းရည်ကို သတိပြုမိ လာခဲ့ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ချာခနဲ လှည့်ပြီးတော့ လျှိုဂူကို စိုက်ကြည့်လိုက်ပါတယ်။ သူက လျှိုဂူကို သတ်ပစ်ဖို့ အမြဲတမ်း အကြံအစည် ရှိပါတယ်။ လျှိုဂူရဲ့ ကံကြမ္မာက အခုဆိုရင် သေတာထက်တောင် ဆိုးဝါးနေပါတယ်။ သူက သေသွားခဲ့ပါပြီ။ ပြီးတော့ သူက ခွေးတစ်ကောင်လို အမိန့်ကို နာခံနေရဆဲပါပဲ။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလိုမျိုး လူက သူ့ရဲ့ သနားညှာတာမှုနဲ့ မထိုက်တန် ပါဘူး။ သူက ကံတရားနဲ့ ပတ်သက်ပြီး သက်ပြင်းပဲ ချလိုက်မိပါတယ်။

အခုဆိုရင် လျှိုဂူက ယန္တရားရုပ် တစ်ရုပ်ပါပဲ။ ဒါကြောင့် သူ့ရဲ့ ဆုံးဖြတ်နိုင်မှုက အစစ်အမှန် လူတစ်ယောက်နဲ့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဂိုဂမ်ရှီက သူ့ကို အမိန့်ပေးပေမဲ့ လျှိုဂူက တိုက်ခိုက်မှု

တစ်ခုကို ထုတ်ဖော်လိုက်ပါပြီ။ ဒါကြောင့် သူက ဒီတိုက်ခိုက်ပြီးမှပဲ နောက်ဆုတ်လို့ ရပါလိမ့်မယ်။

ရှုပ်။

လျှို့ဝှက်လည်း ပျောက်ကွယ်သွား ခဲ့ပါတယ်။

လင်းဟန်က ချာခနဲ လှည့်ပြီးတော့ ဂိုရှီဂမ်ကို ပြုံးပြပြီး ပြောလိုက်ပါတယ်။

"အခု မင်းနဲ့ငါပဲ ကျန်တော့တယ်"

ဂိုရှီဂမ်က ထိတ်လန့်တုန်လှုပ်မှုကြောင့် တသိမ့်သိမ့် တုန်သွားခဲ့ပါတယ်။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် မှော်ဆေးပညာရှင်တွေ ဂုဏ်ပါအစီအရင် ကျင့်ကြံသူတွေနဲ့ လက်နက်ပြုလုပ်သူတွေ အားလုံးမှာ ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ အပြစ်အနာအဆာ တစ်ခု ရှိပါတယ်။ အဲဒါက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက မမြင့်မားပါဘူး။ တကယ်လို့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ တူနေရင်ပဲ အရမ်းကို ထူးချွန်နေပြီလို့ ပြောလို့ ရပါတယ်။ သူတို့အတွက်တော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် သာလွန်တဲ့

တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒီအတွက် အကြောင်းပြချက်က ရိုးရိုးလေးပါပဲ။ သူတို့က သူတို့ရဲ့ အချိန်တွေနဲ့ ခွန်အားတွေကို သိုင်းပညာထက် တခြားနယ်ပယ်တွေ အပေါ်မှာ ပိုမိုအချိန်ပေးပြီး အားထုတ်တာကြောင့် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ဘယ်လိုလုပ်ပြီး တိုးမြှင့်နိုင်မှာလဲ။

တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တခြားသူတွေကို အရမ်းကြီး ကြောက်ရွံ့ထိတ်လန့် နေမှာ မဟုတ်ပါဘူး။

ဂိုရှီဂမ်လည်း ခြွင်းချက်မရှိပါဘူး။ ဒါပေမဲ့လည်း သူက ယန္တရား ပညာရှင် တစ်ယောက်ဖြစ်ပြီး စောစောက ယန္တရားရုပ်နှစ်ရုပ်ရဲ့ အကာအကွယ် ရှိပါတယ်။ နောက်ပြီးတော့ ယန္တရားကျားရုပ်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့် တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ အဲဒါကြောင့် သူ့ကိုယ်ပိုင်စွမ်းရည်က အစွမ်းထက်လား မထက်ဘူးလားဆိုတာ အရေးစိုက်စရာ လိုလို့လား။

ယန္တရားရုပ်တွေက သူ့ရဲ့ ယုံကြည်မှု အုတ်မြစ်တွေ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခု သူ့ရဲ့ ယန္တရားရုပ် နှစ်ခုလုံး အသံတစ်သံတောင် မထွက်ပဲ ထူးခြားဆန်းကြယ်စွာနဲ့ ပျောက်ကွယ်သွားခဲ့ပါတယ်။ အဲဒါက သူ့ကို ခေါင်းခြောက်စေသလို ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။ နောက်ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို နည်းနည်းလေးမှ ယုံကြည်မှု မရှိပါဘူး။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က ဒီအခန်းရဲ့ အသံလုံတဲ့ စွမ်းရည်က အရမ်းကို ကောင်းမွန်ပါတယ်။ ဘယ်သူကမှ သူ့ရဲ့ ငိုယိုပြီး အကူအညီ တောင်းဆိုမှုကို ကြားလိမ့်မှာ မဟုတ်ပါဘူး။

သူ့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ဒီနေရာကနေ လွတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။

ငါထွက်ပြေးမှ ဖြစ်မယ်။

သူက သူ့ရဲ့ စိတ်ကူးတွေကို ကောင်းကောင်းမဖုံးကွယ် နိုင်ပါဘူး။ သူ့မျက်လုံးတွေက တံခါးဂဆီကို ရောက်နေပြီး သူ့စိတ်ထဲက အတွေးကို ထင်ဟပ်စေခဲ့ပါတယ်။

သူက ချက်ချင်းပဲ တံခါးဆီကို တစ်ဟုန်ထိုး ပြေးသွားပြီးတော့ အကူအညီတောင်းမှ လွတ်မြောက်နိုင်ဖို့ မျှော်လင့်လို့ ရပါမယ်။ အခုလို ဖြစ်လာမှတော့ လင်းဟန်ကို နေလအဆင့် ယန္တရားရုပ်အဖြစ် သန့်စင်ပြီးတော့ ဖုံးကွယ်ထားမဲ့ သူ့ရဲ့ အရင်အတွေးတွေလည်း ပျောက်ကွယ်သွား ခဲ့ပါပြီ။ သူက ဒီနေရာကနေ လွတ်မြောက်ပြီးမှ ဒီကိစ္စတွေကို စဉ်းစားလို့ ရပါလိမ့်မယ်။

သူ့ကို အံ့အားသင့် သွားစေခဲ့တာက လင်းဟန်က လိုက်မဖမ်းဆီးခဲ့ပါဘူး။

ကောင်းလိုက်တာ။

သူ့စိတ်ထဲကနေ ပြောလိုက်မိပါတယ်။

သူ့မျက်နှာပေါ်မှာ ကျေနပ်ပီတိ အပြုံးတစ်ခု ဖြတ်သွားသလိုပဲ သူက တံခါးနဲ့ နီးသထက် နီးကပ်လာခဲ့ပါတယ်။

ရှပ်။

အေးစက်စက် အလင်းရောင် တစ်ချက် လက်သွားခဲ့ပါတယ်။

“အား”

ဂိုရှိုဂမ်က ပြင်းထန်တဲ့ နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး ကြမ်းပြင်ပေါ်ကို မျက်နှာအပ်ကာ မှောက်ရက်လဲကျသွား ခဲ့ပါတယ်။

သူက လှည့်ကြည့်လိုက်တဲ့ အခါမှာ သူ့ခြေထောက်မှာ ဒဏ်ရာတစ်ခု ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ ဘယ်လိုလုပ်ပြီး ဖြစ်သွားတယ် ဆိုတာကို သူမသိပါဘူး။ သူ့ရဲ့ ပေါင်မှာရှိတဲ့ အရွတ်နဲ့ သွေးကြောတွေ တော်တော်များများ ပျက်စီးသွားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဒီပျက်စီးမှုက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကြောင့် ဖြစ်သွားခဲ့ပြီး တိုက်ခိုက်မှုက အလင်းတန်းလို လျင်မြန်လွန်းပါတယ်။

ဂိုရှိုဂမ်က နာကျင်မှုကို အားတင်းပြီးတော့ တံခါးဆီကို တွားသွားလိုက်ပါတယ်။ အခုချိန်မှာ သူ့စိတ်ထဲမှာရှိတဲ့ တစ်ခုတည်းသော အတွေးက လွတ်မြောက်အောင် ထွက်ပြေးဖို့ပါပဲ။

"ငါမင်းကို အထင်ကြီးမိခဲ့တယ်"

လင်းဟာန်က လှောင်ခနဲ ခုန်ပြီးတော့ သူ့လက်ကို ဂိုရှိုဂမ်ရဲ့ ခေါင်းဆီကို ဆန့်ထုတ်လိုက်ပါတယ်။

"မင်း တရားမလွန်လာနဲ့နော်"

ဂိုရှိဂမ်က စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပြီး လင်းဟန်ဆီကို သူ့လက်တွေနဲ့ လှမ်းရိုက် လိုက်ပါတယ်။

သူ့ရဲ့တိုက်ပွဲစွမ်းရည်က မဆိုးပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် အနည်းငယ်ပဲ နိမ့်ကျပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဂိုရှိဂမ်ရဲ့ တန်ပြန်တိုက်ခိုက်မှုနဲ့ အပြင်းအထန် ရုန်းကန်မှုတွေက သူ့ရဲ့လွှမ်းမိုးနိုင်တဲ့ စွမ်းအားနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လုံးဝကို အသုံးမဝင်ပါဘူး။ ပြီးတော့ သူက ဂိုရှိဂမ်ကို လက်တစ်ဖက်တည်းနဲ့ ဖမ်းဆီးနိုင်စွမ်း ရှိပါတယ်။

"လာစမ်း။ ငါ့ကို မင်းရဲ့ ခြေပြတ်နေတဲ့ ဆရာသခင်အကြောင်း ပြောပြစမ်း"

အရင်ကတော့ သူက ဖေးကျိနဲ့ ရန်သူတွေ ဖြစ်လာဖို့ အစီအစဉ် မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း အခုဆိုရင် ဖေးကျိရဲ့ တပည့်က သူ့ရဲ့စစ်မှန်တဲ့ ပင်ကိုယ်စရိုက်ကို ဖော်ထုတ်ခဲ့ပြီဆိုတော့ အဆုံးထိ တိုက်ခိုက်ရမဲ့ အချက်က ရှောင်လွှဲလို့ မရတော့ပါဘူး။ ဒါကြောင့် လင်းဟန်က ဒီအခွင့်အရေးကို ဖမ်းဆုပ်ပြီး သူ့ပြိုင်ဘက်ဖြစ်သူရဲ့ စွမ်းရည်တွေကို သိချင်ခဲ့တာ ဖြစ်ပါတယ်။

Chapter 1026 end

အပိုင်း(1027) မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အရိုန်အဝါ

"မင်း မင်းငါ့ကို သတ်လို့ မရဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ဆရာက မင်းကို လုံးဝကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

ဂိုရှီဂမ်က ထိတ်လန့်တုန်လှုပ်စွာနဲ့ ပြောလိုက်တယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီးတော့ ပြောလိုက်တယ်။

"မင်းလိုမျိုး ကြံ့ကြံ့ဖန်ဖန် အချိုးမပြေပဲ ရက်စက်တဲ့ လူတစ်ယောက်က သတ္တိကောင်းလိမ့်မယ်လို့ ငါထင်မိခဲ့တယ်။ ဘယ်လိုလုပ်ပြီးတော့ မင်းက အရမ်းကို သရဲဘောကြောင်နေရတာလဲ"

လင်းဟန်က လျှိုဂူရဲ့အလောင်းဘေားကို ပစ်ထုတ်လိုက်ပါတယ်။

အခုဆိုရင် ဒါက အစစ်အမှန် အလောင်းတစ်ခု ဖြစ်သွားပါပြီး။ အဲဒီမှာ ရေးထွင်းထားတဲ့ အစီအရင်တွေနဲ့ အထဲက မူလစွမ်းအင်ကျောက်တုံးတွေကို ဖျက်ဆီးပစ်လိုက်ပါပြီ။ နောက်ပြီးတော့ သူ့ရဲ့အရိုးတွေက ခိုင်မာတောင့်တင်းတာကြောင့် ဒီအလောင်းက တခြားသာမန် အလောင်းတွေနဲ့ နည်းနည်းလေးပဲ ကွာပါတယ်။

"မင်းက ဒီယန္တရားရုပ်ကို ဖန်တီးခဲ့တယ်။ ငါပြောတာ မှန်လား"

လင်းဟန်က အလောင်းကို လက်ညှိုးထိုးပြပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"မင်းက တခြားသူတွေဆီက ကိုယ်တွင်းကလီစာတွေကို ရက်ရက်စက်စက်နဲ့ ထုတ်ပစ်ပြီးတော့မှ တူညီတဲ့ ကံတရားတစ်ခု ခံစားရမှာကို ကြောက်နေတာလား"

ဂိုရှီဂမ်က ထိတ်လန့်တုန်လှုပ်မှုကြောင့် တဆတ်ဆတ်တုန်ခါနေပြီး အသည်းအသန် ရှင်းပြ လိုက်ပါတယ်။

"ဒါ ဒါ ဒါက မတူပါဘူး။ ဒါက လူသားတစ်ယောက် မဟုတ်ပဲ အကြမ်းထည် ပစ္စည်းအပိုင်းအစ တစ်ခုပါပဲ"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဂိုရှီဂမ်ရဲ့ ဘဂဒအပေါ် သဘောထားက လုံးဂကို မှုမမှန်ပါဘူး။ သူက တကယ့်ကို သရဲဘောကြောင်သူ တစ်ယောက်ဆိုတာ ပေါ်လွင်ပါတယ်။ ဒီလိုမျိုး ရူးသွပ်တဲ့ မကောင်းမှုတွေကို ဘယ်လိုများ ကျူးလွန်ခဲ့တာလဲ။ လင်းဟန်က သူ့မျက်နှာကို ဖြတ်ရိုက်လိုက်ပြီးတော့ ပြောလိုက်တယ်။

"ငါမင်းရဲ့ စက်ဆုပ်စရာ မှတ်ဉာဏ်ကို မဖတ်ချင်ဘူး။ ဒါကြောင့် ငါ့မေးတာကို ဖြေ"

စွေ့ရန်ယွီက လျှောက်လာပြီး ဂိုရှီဂမ်ရဲ့ လည်ပင်းပေါ်ကို သူမရဲ့ဓား တင်လိုက်ပါတယ်။

"ဒီလိုလူတွေနဲ့ ဘာကိစ္စ စကားပြောနေဦးမှာလဲ။ သူတို့ကို ခေါင်းဖြတ်ပစ်လိုက်တာ ပိုကောင်းတယ်"

"မလုပ်ပါနဲ့ မလုပ်ပါနဲ့"

ဂိုရှီဂမ်က အရမ်းကို ထိတ်လန့်တုန်လှုပ် သွားခဲ့ပါတယ်။

"ငါ့ကို မသတ်ပါနဲ့။ ငါ့ကိုမသတ်ပါနဲ့။ မင်းတို့သိချင်တာ မှန်သမျှကို ငါပြောပြပါမယ်။ ကျေးဇူးပြုပြီး ငါ့ကိုမသတ်ပါနဲ့"

ဂိုရှီဂမ်ဆီကနေ သေးထွက်တဲ့ အသံကို ကြားလိုက်ရပါတယ်။ သူက ကြောက်ရွံ့ပြီး သူ့ကိုယ်သူ သေးစိုအောင် လုပ်လိုက်မိပါတယ်။

စွေ့ရန်ယွီက အလျင်အမြန်ပဲ နှာခေါင်းကို ပိတ်ပြီးတော့ အနောက်ကို ဆုတ်လိုက်ပါတယ်။

လင်းဟန်ကလည်း သူ့ကို ကန်ထုတ်ပစ်လိုက်ပါတယ်။ သူ့လိုမျိုး သရဲဘောကြောင်တဲ့လူ တကယ်ပဲ အများကြီး မရှိပါဘူး။

"မင်းသိထားသမျှ အားလုံး ငါ့ကိုပြောပြစမ်း"

လင်းဟန်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

ဂိုရှိုဂမ်က အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းသဘောအတိုင်းပါပဲ။ မင်းသဘော အတိုင်းပါပဲ။ ငါပြောပါ့မယ်။
ငါမင်းကို အားလုံး ပြောပြပါ့မယ်"

သူက ပုံပြင်တစ်ခုကို စပြီးတော့ ပြောလိုက်ပါတယ်။

သူက လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသောင်းကျော်လောက်က ဖေးကျိရဲ့
တပည့်ဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်တုန်းက သူ့အသက်က
ခြောက်ခုနှစ် ခုနစ်နှစ်လောက်ပဲ ရှိပါသေးတယ်။ သူက
နှစ်နှစ်လောက် ကြီးချင်ကြီးမယ် ငယ်ချင်ငယ်မယ် ဒါက အရမ်းကို
ကြာနေပြီ ဖြစ်တာကြောင့် သိပ်ပြီးတော့ မမှတ်မိတော့ပါဘူး။
ဒါကြောင့် အဲဒီအချိန်က သူ့ရဲ့မှတ်ဉာဏ်တွေကလည်း
ဝေဝါးလာခဲ့ပါတယ်။

ဒီနှစ်ပေါင်း သုံးသောင်းအတွင်းမှာ သူက ဖေးကျိဆီကနေ
သိုင်းပညာရပ်တွေနဲ့ ယန္တရား ပြုလုပ်နည်းတွေကို
သင်ယူလေ့လာခဲ့ပါတယ်။ အဲဒီအချိန်အတွင်းမှာ ဖေးကျိက
တပည့်လေးယောက် ရှိနေပါပြီ။

ဂိုရီဂမ်က ဖေးကျိုရဲ့ တပည့်ဘယ်လိုလုပ်ပြီး ဖြစ်လာတယ် ဆိုတာကို အစတုန်းက သတိမထားမိ ခဲ့ပါဘူး။ သူက သူ့ကိုယ်တိုင်ရဲ့ အရိပ်တစ်ခုကို သူ့ရဲ့ ဂျူနီယာ ညီငယ်တွေရဲ့ ခန္ဓာကိုယ်တွေ အပေါ်မှာ တွေ့မြင်ခဲ့ပါတယ်။

ဒီကျွန်းက လူသူကင်းဝေးပေမဲ့ ပင်လယ်ပြင်ဆိုတာက ကြိုတင်မမြင်နိုင်တဲ့ အခြေအနေတွေနဲ့ ပြည့်နှက်နေတဲ့ နေရာတစ်ခု ဖြစ်တာက မထူးဆန်းပါဘူး။ မုန်တိုင်းမိပြီးတော့ ရောက်လာတဲ့ လူတွေနဲ့ ပင်လယ်ဓားပြတွေလည်း ရှိပြီးတော့ ရာစုနှစ်ပေါင်းများစွာ အတွင်းမှာ လူတွေလည်း ဒီကျွန်းပေါ်ကို ရံဖန်ရံခါ မျောပါလာကြပါတယ်။ ဒါပေမဲ့လည်း ဘယ်သူမှ ဖေးကျိုရဲ့ ယန္တရားရုပ်ကို သန့်စင်တာကနေ လွတ်မြောက်နိုင်တဲ့ ကံကြမ္မာ မရှိခဲ့ပါဘူး။

တစ်ခါတရံ အဲဒီမျောပါလာတဲ့ လူတွေထဲမှာ ကလေးငယ်တွေလည်း ပါဝင်ပြီး ဖေးကျိုက ပါရမီရှိတဲ့ လူတချို့ကို သူ့တပည့်အဖြစ် ရွေးချယ်ခဲ့ပါတယ်။ တကယ်လို့ နောက်ပိုင်းမှာ တိုးတက်ဖို့မရှိပဲ တန်ဖိုးမရှိတော့ဘူး ဆိုတာကို ရှာတွေ့သွားရင် သူတို့ကို သနားညှာတာမှု မရှိပဲ သတ်ပစ်ပါ လိမ့်မယ်။

ဒါကြောင့် ဂိုရီဂမ်လည်း သူ့ကိုယ်သူ ဒီနေရာကို မျောပါလာတဲ့ တစ်စုံတစ်ယောက်ရဲ့ မျိုးဆက် ဖြစ်မယ်လို့ တွက်ချက်ခဲ့ပါတယ်။ သူ့မိဘတွေက ဖေးကျိုရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး သူကတော့ ပါရမီကောင်းတာကြောင့် ဖေးကျိုက ချမ်းသာပေးပြီးတော့ တပည့်တစ်ယောက် အဖြစ်တောင် ရွေးချယ်ခဲ့ပါတယ်။

အဲဒီအချိန်တုန်းက သူက အရမ်းကို ငယ်ရွယ်ပါသေးတယ်။ ဒါကြောင့် အဲဒီအဖြစ်အပျက်တွေကို နည်းနည်းလေးမှ ပြန်သတိမရတော့ပါဘူး။ ဒါမှမဟုတ် သူက အရမ်းကို ထိတ်လန့်ပြီး ကြောက်ရွံ့တာကြောင့် သူ့ဦးနှောက်ထဲက ထောင့်တစ်နေရာရာမှာ ဒီမှတ်ဉာဏ်တွေကို ဖိနှိပ်ထားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ သူက အမှန်တရားကို သိရင်တောင် ဖေးကျိုကို မုန်းတီးမှုတွေ ဖော်မပြပံ့ပါဘူး။ တကယ်တော့ ဖေးကျိုမှာ နေလအဆင့် တစ်ပိုင်း ယန္တရားရုပ် နှစ်ခု ရှိပါတယ်။ တကယ်လို့ သူနဲ့ တခြားတပည့် လေးယောက် ပူးပေါင်းမယ်ဆိုရင်တောင် သူတို့က ဒီယန္တရားရုပ် နှစ်ရုပ်ရဲ့ အလွယ်တကူ သတ်ဖြတ်တာကို ခံရပါလိမ့်မယ်။

ဖေးကျိုက ထူးချွန်ထက်မြက်တဲ့ ယန္တရားပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ ကြည့်ရတာ သူက ပြဇာတ်ဆန်ဆန် အဖြစ်အပျက်

တစ်ချို့ကို အတွေ့အကြုံ ရှိပုံရပြီးတော့ အဲဒါက သူ့ရဲ့ပါရမီ တိုးတက်မှုမှာ စိတ်မပါအောင် လုပ်နေတာနဲ့ တူပါတယ်။ အဲဒီအစား သူက ဒီကျွန်းပေါ်မှာ အာဏာရှင် တစ်ယောက် ဖြစ်လာဖို့ ရွေးချယ်ခဲ့ပြီး ဒီနေရာကို မျှောပါလာတဲ့ လူတွေဆီ အိပ်မက်ဆိုးတွေ သယ်ယူလာတဲ့ လူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဖေးကျိရဲ့ အကြောင်းနဲ့ နောက်ခံအတွက်တော့ ဂိုရှီဂမ်က လုံးဝကို မသိပါဘူး။ သူသိတာ တစ်ခုက ရောမ ချိုင့်တွင်းကြီးက အရမ်းကို ထူးဆန်းလွန်းတယ် ဆိုတာပါပဲ။ နှစ်စဉ်နှစ်တိုင်း မြူခိုးနဲ့တူတဲ့ အရာတစ်ခုက ထွက်ပေါ်လာပြီး ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်ထဲကို ပေါင်းစည်းသွားမယ်ဆိုရင် ယန္တရားရုပ်ကို အရင်ကထက် ပိုပြီးတော့ သန်မာလာစေပါတယ်။

နောက်ပြီးတော့ ယန္တရားရုပ် တစ်ခုကို ဖန်တီးတာက လပေါင်းများစွာ အချိန်ယူရပါတယ်။ နတ်ဘုရား မြူခိုးရဲ့ အကူအညီနဲ့ဆိုရင် ဒီအချိန်ကို ရက်အနည်းငယ်အထိ ချုံ့ချပစ်လို့ ရပါလိမ့်မယ်။

နတ်ဘုရား မြူခိုးတဲ့လား။

လင်းဟန်ရဲ့ စိတ်ဝင်စားမှုက မြင့်တက်လာခဲ့ပြီး သူက ပြောလိုက်ပါတယ်။

"အဲဒါဘာယ်မှာလဲ။ ငါ့ကိုပြစမ်း"

ဂိုရီဂမ်က ကြောက်ရွံ့သလိုမျိုး တုန်ခါပြီးတော့ ကုန်းထကာ အံဆွဲတစ်ခုကို ဖွင့်လိုက်ပါတယ်။ သူက ကျောက်စိမ်းပုလင်း တစ်လုံးကို ဆွဲထုတ်ပြီးတော့ ပြောလိုက်ပါတယ်။

"နတ်ဘုရား မြူခိုးကို ဒီထဲမှာ ပိတ်ထားပါတယ်"

သူ့ခေါင်းကို ငုံ့ပြီးတော့ သူ့မျက်လုံးထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင် လက်သွားတာကို ဖုံးကွယ်လိုက်ပါတယ်။

ဒီနတ်ဘုရား မြူခိုးက ယန္တရားရုပ်တွေ ဖန်တီးတဲ့နေရာမှာ အရမ်းကို အကူအညီ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါက တကယ်လို့ သူတို့ကို တန်းပြီးတော့ ရှူရှိုက်မိလိုက်မယ်ဆိုရင် လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံကို တိုက်စားသွား ပါလိမ့်မယ်။ အဲဒါက လူတစ်ယောက်ကို ယန္တရားရုပ် ပစ္စည်း တစ်ခုနဲ့ တူသွားပြီး သတ်ဖြတ်ဖို့ တစ်ခုကိုပဲ သိပါတော့တယ်။ မတူညီတဲ့ အရာတစ်ခုက သူတို့က အမိန့်တွေကို နာခံလိမ့်မှာ မဟုတ်ပါဘူး။

သူ လင်းဟာန်ကို ရင်ဆိုင်ပြီးတာနဲ့ အနည်းဆုံးတော့ ကျန်ရှိနေတဲ့ အမျိုးသမီးကို ကြောက်စရာ မလိုတော့ပါဘူး။

လင်းဟန်က ပုလင်းကို လက်ခံလိုက်ပေမဲ့ ချက်ချင်းကြီး ဖွင့်မကြည့်ခဲ့ပါဘူး။ အဲဒီအစား သူက ဂိုရီဂမ်ကို အနက်ရောင် မျှော်စင်ထဲ ပစ်ထည့်ပြီးတော့ စွေ့ရန်ယွီနဲ့အတူ ဂင်လာခဲ့ပါတယ်။

သူက ဘာမှန်းမသိတဲ့ အရာတစ်ခုကို လေ့လာစူးစမ်းရပါမယ်။ ဒါကြောင့် အနက်ရောင် မျှော်စင်ထဲမှာ ပြုလုပ်တာက လုံခြုံမှု အရှိဆုံးပဲ ဖြစ်ပါတယ်။

"မျှော်စင်လေး မင်းဒါဘာလဲဆိုတာကို ခွဲခြားနိုင်လား"

လင်းဟန်က ကျောက်စိမ်းပုလင်းကို လေထဲပစ်မြှောက်လိုက်ပါတယ်။

အတွေးတစ်ချက်နဲ့ ကျောက်စိမ်းပုလင်းက ချက်ချင်းဆိုသလို အစိတ်စိတ် အပိုင်းပိုင်း ပေါက်ကွဲထွက် သွားခဲ့ပါတယ်။

ချက်ချင်းဆိုသလို လေထဲကို အနက်ရောင် မြူခိုးတွေ ပျံ့နှံ့လာပြီး ပုံစံအမျိုးမျိုးနဲ့ မျောလွင့်လို့ နေပါတယ်။ အဲဒါက သားရဲတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပြီး အဲဒီနောက် ငှက်၊ နောက်ပြီးတော့ နဖူးပေါ်မှာ ဦးချိုတစ်ချောင်း ပေါက်နေပြီး အမြီးတစ်ချောင်းလည်းပါတဲ့ ပုံသဏ္ဍာန်ကို ပြောင်းသွားပါတယ်။

မျှော်စင်လေးက ထွက်ပေါ်လာပြီး လင်းဟန်နဲ့အတူ အံ့အားသင့်စွာနဲ့ တပြိုင်နက်တည်း ရေရွတ်လိုက် မိပါတယ်။

"နတ်ဆိုးချီ"

ဒါက သေချာပေါက် နတ်ဆိုးချီ ဖြစ်ပါတယ်။ လင်းဟန်က ဒီတည်ရှိမှုကို အရင်က အောက်ဘုံထဲမှာ တွေ့မြင်ဖူးပါတယ်။ ဒါက သေးသွယ်ပါးလျတဲ့ အမျှင်စု တစ်ခုဖြစ်ပေမဲ့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ရဲ့ အရှိန်အဝါထက် အများကြီး အစွမ်းထက်ပါတယ်။

"ဟုတ်ပြီ"

လင်းဟန်စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားပြီးတော့ ချက်ချင်းပဲ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ကို သူ့အရှေ့ ခေါ်လိုက်ပါတယ်။ ဒီနတ်ဆိုးကို တစ်ချိန်လုံး အနက်ရောင် မျှော်စင်ထဲမှာပဲ အကျယ်ချုပ်ထားခဲ့ပါတယ်။

"ဆရာသခင်ကို ဂါရဝ ပြုပါတယ်။ ဆရာသခင်ရဲ့ ကံကြမ္မာက ကောင်းကင်ဘုံရဲ့ ကောင်းချီးပေးမှုကို ခံရပြီး ဆရာသခင်ရဲ့ အသက်က အကန့်အသတ်မရှိ ထာဝရ ရှည်ပါစေ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အရမ်းကို မျက်နှာလို မျက်နှာရ လုပ်နေပြီး သူ့ရဲ့ အပြုအမူက အခြေခံ လူတစ်ယောက်ရဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ သူက စွေ့ရန်ယွီကို မျက်စိဝေ့ကြည့်ပြီး ချက်ချင်းပဲ ဒူးထောက်လိုက်ပါတယ်။

"ဆရာကတော်ကို ဂါရဝပြုပါတယ်။ ဆရာသခင်က ခံ့ညားပြီး ဆရာကတော်က တန်ခိုးရှင် နတ်မိမယ်လို ချောမောလှပလွန်းပါတယ်။ ဆရာကတော်ရဲ့ အရှိန်အဝါက မြင့်မြတ်ပြီးတော့ အရမ်းကို ကျက်သရေ ရှိလွန်းပါတယ်။ ဆရာကတော်က နှစ်ပေါင်းသန်းနဲ့ချီကြာမှ တစ်ကြိမ်ပဲ ထွက်ပေါ်တဲ့ အလှပဂေး တစ်ယောက်ဆိုတာ သေချာပါတယ်"

စွေ့ရန်ယွီက လုံးဂကို မှင်တက်အံ့ဩ သွားခဲ့ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး မျက်နှာလို မျက်နှာရ လုပ်တဲ့ လူတစ်ယောက် ရှိနိုင်တာလဲ။ သူက မျက်နှာရော ရှိရဲ့လား။

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"အဓိပ္ပါယ်မရှိတဲ့ စကားတွေ ပြောနေတာ တော်လောက်ပြီ။ မြန်မြန် ဒီနတ်ဆိုးချီကို စစ်ကြည့်စမ်း။ သူ့ရဲ့ ဇာစ်မြစ်နဲ့ ပတ်သက်ပြီး ငါ့ကိုပြောပြ"

"အမိန့်အတိုင်းပါ။ အမိန့်အတိုင်းပါ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ စောစောတုန်းက ငုံ့ထားတဲ့ သူ့အကြည့်ကို နတ်ဆိုးချီ အမျှင်စုဘက်ကို လှည့်လိုက်ပါတယ်။ သူ့ရဲ့ မီးခိုးနဲ့တူတဲ့ ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်လာပြီး သူက အသံတုန်တုန်နဲ့ ပြောလိုက်ပါတယ်။

"ဒါ ဒါ ဒါက မကောင်းဆိုးဝါးအရှင်သခင်ရဲ့ နတ်ဆိုးချီ အမျှင်စုတစ်ခုပဲ"

"မကောင်းဆိုးဝါး အရှင်သခင် ဟုတ်လား"

လင်းဟန်က သူ့ကိုစိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

"သေသေချာချာ ရှင်းပြစမ်း"

အခုချိန်မှာ သတ်ဖြတ်သူ နတ်ဘုရား ဟိတ်ကြီးဟန်ကြီး လုံးဝမရှိတော့ပဲ သူက ချက်ချင်းပဲ ခေါင်းပြန်ငုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"တန်ခိုးရှင်ဘုံထဲမှာ မူလဇာစ်မြစ်အဆင့်ကို ရောက်တဲ့သူတွေကို သူတော်စင်တွေလို့ ရည်ညွှန်းကြပါတယ်။ မြေအောက်ကမ္ဘာထဲမှာတော့ မူလဇာစ်မြစ်အဆင့်ကို ရောက်တဲ့

သူတွေကိုတော့ မကောင်းဆိုးဝါး အရှင်သခင်တွေအဖြစ် ခေါ်ဆိုသမုတ် ကြပါတယ်”

စွေ့ရန်ယွီက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကြောင့် အံ့အားသင့်ပြီးတော့ သူမက ဂင်မေးလိုက်ပါတယ်။

“ဒါက မြေအောက်ကမ္ဘာက မကောင်းဆိုးဝါး တစ်ကောင်လား”

“ဒီနိမ့်ကျတဲ့ နတ်ဆိုးက တကယ်ပဲ မြေအောက်ကမ္ဘာကပါ။ ထင်ထားတဲ့အတိုင်းပဲ ဆရာကတော်ရဲ့ မျက်လုံးတွေက တကယ့်ကို အမြင်စူးရှပြီးတော့ ကျုပ်ရဲ့ အတွေးတွေ အားလုံးကိုတောင် မြင်နိုင်တယ်”

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က စွေ့ရန်ယွီကို ပြင်းပြင်းထန်ထန်ကို ချီးမွမ်းနေပါတယ်။

လင်းဟာန်က မမျှော်လင့်ထားတဲ့ ကိစ္စကြောင့် အံ့အားသင့် သွားခဲ့ပါတယ်။

ဒါက မူလဇစ်မြစ်အဆင့်နဲ့ ညီမျှတဲ့ မကောင်းဆိုးဝါး အရှင်သခင် ချန်ခဲ့တဲ့ အရိုန်အဝါ အမျှင်စ တစ်ခုပေါ့ ဟုတ်လား။

နေပါဦး ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ မီးလိုက်ဂူထဲမှာ အဂင်လမ်းကြောင်းကို ဖိနှိပ်ထိန်းချုပ်ထားတယ်

မဟုတ်လား။ ပြီးတော့ သူ့ကိုယ်သူ နတ်ဆိုးအရှင်သခင် ကျန်းရီလို့ ပြောတဲ့ သက်ရှိတစ်ယောက်က လမ်းကြောင်းကို ချိုးဖျက်ပြီး ဒီဘုံထဲကို ဂင်ရောက်ဖို့ ကြိုးစားခဲ့တယ် မဟုတ်လား။

သူက မူလဇာစ်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ တကယ်ပဲ ရန်ညှိုးဖွဲ့ခဲ့မိတာပေါ့။

"ဆရာကတော်ရဲ့ အလှအပက မိုးကောင်းကင်ထက်က နေမင်းကြီးလိုပဲ လူတစ်ယောက်ကို မျက်စိကန်းလောက်အောင် တောက်ပလွန်းတယ်။ ဆရာကတော်ရဲ့ အရှိန်အဝါက တောက်ပနေတဲ့ လမင်းကြီးကိုတောင် ရှက်ရွံ့ပြီးတော့ ခေါင်းငုံ့သွားစေနိုင်ပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အရှက်ဆိုတာကို မသိတဲ့အတိုင်းပဲ စွေ့ရန်ယွီကို ဆက်ပြီးတော့ ချီးမွမ်းခန်း ဖွင့်နေပါတယ်။ ဒါပေမဲ့လည်း တစ်ချိန်တည်းမှာ သူက လေထဲမှာရှိတဲ့ နတ်ဆိုးချီ အမျှင်စုဆီကို ရုတ်တရက် ပြေးလွှားသွားပါတယ်။

"ဟားဟားဟား ဒီနတ်ဆိုးချီ အမျှင်စုကို ငါပေါင်းစည်းလိုက်တာနဲ့ ငါ့စွမ်းအားက အလျင်အမြန် ထိုးတက်သွားလိမ့်မယ်။ ပြီးတော့ ငါ့ရဲ့ တောင်မြစ်အဆင့် တိုက်ပွဲစွမ်းရည်လည်း ပြန်ကောင်းလာ လိမ့်မယ်။

မင်းတို့နှစ်ယောက်ကို သတ်ပစ်ဖို့ဆိုတာက ကြက်ကလေး ငှက်ကလေးကို သတ်ရသလိုပဲ လွယ်နေလိမ့်မယ်”

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က စိတ်လှုပ်ရှားစွာနဲ့ ရယ်မောပြီး နတ်ဆိုးချီ အမျှင်စုနားကို နီးကပ်လာခဲ့ပါတယ်။

Chapter 1027 end

အပိုင်း(1028) လက်အောက်ခံ ဘဂကို လုံးဂသွတ်သွင်းခြင်း

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က သေရမှာကို အရမ်းကို ကြောက်တတ်တဲ့ သရဲဘောကြောင်သူ တစ်ယောက် ဖြစ်ပါတယ်။ အသက်ရှင်ရဖို့ဆိုရင် သူက ဒူးထောက်ပြီး အဲဒီအချိန်တုန်းက ကောင်းကင်အဆင့်မှာပဲ ရှိသေးတဲ့ လင်းဟာန်ရဲ့ ခြေထောက်ကို ဖက်ပြီးတော့ တိုးလျှိုးတောင်းပန် ခဲ့ပါတယ်။

ဒါပေမဲ့လည်း ဘယ်အချိန်မှာ အလျော့ပေး အလိုလိုက်ရမလဲ ဆိုတာကို သိတာနဲ့ မသိတာလည်း ရှိပါတယ်။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လွတ်မြောက်ဖို့ အခွင့်အရေး တစ်ခုအတွက် သူက စောင့်ဆိုင်းနေတာကြောင့် အချိန်တော်တော်ကြာအောင် အလျော့ပေး အလိုလိုက် အကြိုက်ဆောင် နေခဲ့တာပဲ ဖြစ်ပါတယ်။

ပြီးတော့ အခု သူ့အတွက် အခွင့်အရေး ရောက်လာခဲ့ပါပြီ။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က လောကဘုံနှစ်ခု အကြားက အတားအဆီးကို ဖြတ်ကျော်ပြီး ကမ္ဘာငယ်လေးကို ဝင်ရောက်လာတဲ့ အချိန်မှာ ဆုတ်ယုတ်သွားခဲ့ပါတယ်။ သူ့ရဲ့တိုက်ပွဲ စွမ်းရည်က စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ငါးလုံးထိ ဆုတ်ယုတ်သွားပြီးတော့ လင်းဟန်လို လူထူးလူဆန်း တစ်ယောက်အတွက် သူက ပြိုင်ဘက်မဟုတ်ဘူး ဆိုတာကို သိနားလည်ထားပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ ဒီနတ်ဆိုးချီ အမျှင်စုကို စုပ်ယူနိုင်လိုက်မယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က တောင်မြင့်အဆင့်ရဲ့ ကနဦးအဆင့်ကို ပြန်ပြီးတော့ တစ်ဟုန်ထိုး မြင့်တက်သွား ပါလိမ့်မယ်။

တကယ်လို့ လင်းဟန်က အရမ်းကို ထူးချွန်ထက်မြက်တဲ့ လူထူးလူဆန်း တစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်သေးလဲ။ သူက တန်ခိုးရှင်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ စွမ်းအားကို ဆန့်ကျင်ရင်ဆိုင်နိုင်မှာတဲ့လား။

ဒါက လုံးဝကို မဖြစ်နိုင်ပါဘူး။

သူက နတ်ဆိုးချီ အမျှင်စုနားကို ရောက်လာရင်းနဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ မျက်နှာပေါ်မှာ စိတ်လှုပ်ရှား ကျေနပ်နေပုံ

ရပါတယ်။ တကယ်လို့ ဒီမကောင်းဆိုးဝါး အရှင်သခင် အဆင့်ရဲ့ နတ်ဆိုးချီ အမျှင်စုကို စုပ်ယူနိုင်မယ်ဆိုရင် သူက ဧရာမ အကျိုးအမြတ်တွေ ရရှိပါလိမ့်မယ်။ ဒီနတ်ဆိုးချီထဲမှာ မကောင်းဆိုးဝါး အရှင်သခင်ရဲ့ နားလည်နိုင်စွမ်း တချို့လည်း ပါဝင်နေပါတယ်။

တန်ခိုးရှင်ဘုံက သက်ရှိတွေ အတွက်တော့ ဒီအရှိန်အဝါ အမျှင်စုက သေစေနိုင်တဲ့ အဆိပ်တစ်ခုနဲ့ မခြားပါဘူး။ မြေအောက်ကမ္ဘာက သက်ရှိတွေ အတွက်တော့ ဒီအရှိန်အဝါ အမျှင်စုက ထိပ်တန်းအားဖြည့်စေတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒါက ပစ္စည်းကောင်း တစ်ခုဖြစ်ပေမဲ့ အရှိန်အဝါ အမျှင်စု တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က ဒါကို စုပ်ယူဝံ့မှာ မဟုတ်ပါဘူး။ တကယ်လို့ သူက အများကြီး စုပ်ယူခဲ့မယ်ဆိုရင် အထဲမှာပါတဲ့ လွှမ်းမိုးနိုင်စွမ်းရှိ စွမ်းအားကြောင့် သေချာပေါက် ပျက်စီးသွား ပါလိမ့်မယ်။

တကယ်တော့ မူလဇာစ်မြစ်အဆင့်တွေက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ငါ တစ်လက်မပဲ ကွာတော့တယ်။ လက်မဂက်ပဲ ကျန်တော့တယ်။

ဟင် ငါ့ဘာဖြစ်လို့ ရှေ့ဆက်တိုးလို့ မရတော့တာလဲ။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အံ့အားသင့်စွာနဲ့ ချာခနဲ လှည့်လိုက်ပါတယ်။ လင်းဟန်က လက်နဲ့ သူ့ကို မြဲမြံစွာ ဖမ်းဆုပ်ထားတာကို တွေ့မြင်လိုက်ရပါတယ်။ သူက တစ်မီလီမီတာတောင် အရှေ့ကို တိုးနိုင်စွမ်း မရှိပါဘူး။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မဆိုးပါဘူး။ မင်းက နည်းနည်းတော့ သတ္တိကောင်းလာတာပဲ"

"ဆရာသခင် မင်းက အရမ်းနှောက်တာပဲ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မရှိတဲ့ မြူခိုးလိုမျိုး သက်ရှိ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ချက်ချင်းပဲ သူ့ခန္ဓာကိုယ်ကို ရှည်မျောအောင် လုပ်ပြီးတော့ လင်းဟန်ရဲ့ ပေါင်ကို ဖမ်းဆုပ်ဖို့ ပြင်လိုက်ပါတယ်။

"ကျနော်က မိုက်မိုက်မဲမဲနဲ့ စိတ်လိုက်မာန်ပါ ပြုလုပ်မိတာပါ။ ဆရာသခင် ကျနော်က စုပ်ယူဖို့ ဟန်ဆောင်ရုံ သက်သက်ပါ"

လင်းဟန်က ထူးထူးဆန်းဆန်း ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းတကယ်ပဲ ဒီနတ်ဆိုးချီ အမျှင်စုကို စုပ်ယူချင်တာလား"

"ကျနော့်ကို ချီးမြှင့်ပေးဖို့ ဆရာသခင်ကို တောင်းပန်ပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ပြောလိုက်ရင်း သူ့မျက်နှာပေါ်က မျက်နှာလို မျက်နှာရ အပြုံး တစ်ခုကို ဆင်မြန်းလိုက်ပါတယ်။

"လင်းဟာန် သူ့လှည့်ကွက်ထဲကို မကျစေနဲ့"

စွေ့ရန်ယွီက သတိပေးလိုက်ပါတယ်။ ဒီနတ်ဆိုးကေရာဇ်က တကယ့်ကို မျက်နှာနှစ်ဖက် ရှိပါတယ်။

နတ်ဆိုးကေရာဇ်က ဒါကိုကြားလိုက်ရတဲ့ အချိန်မှာ သူ့နှလုံးသားထဲ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ ကြည့်ရတာ လင်းဟာန်က သူ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ ကြံစည်နေပုံ ရပါတယ်။ စွေ့ရန်ယွီရဲ့ သတိပေးတားမြစ်မှုက သူ့ရဲ့စိတ်ကို ပြောင်းလဲသွားစေပါလိမ့်မယ်။

"ကောင်းပြီလေ။ ဒီနတ်ဆိုးချီကို မင်းအတွက် ချီးမြှင့်မြောက်စားလိုက်မယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒီနတ်ဆိုးချီက သူ့အတွက်တော့ အဆိပ်တစ်ခု ပါပဲ။ ဒါကြောင့် အဲဒါက နည်းနည်းမှ တန်ဖိုးမရှိပါဘူး။

သူက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို ဖမ်းဆုပ်ထားရာကနေ လွှတ်ပေးလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ရှင်မြူးတက်ကြွလာပြီး ချက်ချင်းပဲ သူ့ပါးစပ်ကိုဟကာ နတ်ဆိုးချီ အမျှင်စုကို ဝါးမျိုလိုက်ပါတယ်။

ဘုန်း။

သူ့ခန္ဓာကိုယ်က ဘောလုံးတစ်လုံးလို ကျယ်ပြန့်လာပြီး အလျင်အမြန်ပဲ နောက်တစ်ကြိမ် ပြန်ကျုံ့သွားကာ ပုံမှန်အရွယ်အစား ပြန်ဖြစ်သွားခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ နည်းနည်းလေးမှ ပြောင်းလဲသွားပုံ မပေါ်ပါဘူး။ ဒါပေမဲ့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ အရှိန်အဝါက အလျင်အမြန် တိုးမြင့်လာတာကို သူတို့တွေ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

သူက မျက်စိတစ်မှိတ် အတွင်းမှာ တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဖြတ်ကျော်သွားပြီး ခံ့ညားထည်ဝါတဲ့ အရှိန်အဝါ တစ်ခု ထွက်ပေါ်လို့ လာပါတယ်။

တောင်မြစ်အဆင့် ကနဦးရဲ့ အထွတ်အထိပ်အဆင့်။

“ဟားဟားဟားဟား”

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ သရော်ပြုံးတစ်ခု ရှိနေပြီး သူက ပြောလိုက်တယ်။

"လင်းဟာန် အိုး လင်းဟာန် မင်းက တကယ့်ကို အယုံလွယ်ပြီးတော့ တုံးအလွန်းတာပဲ။ မင်းက တကယ်ပဲ ငါ့ခွန်အားတွေကို ပြန်ရခွင့် ပြုခဲ့တယ်။ ဒီနေ့ ငါမင်းကို အစစ်အမှန် တန်ခိုးရှင် အဆင့်ရဲ့ စွမ်းအားက ဘယ်လိုမျိုးလဲ ဆိုတာကို ပြပေးရမှာပေါ့"

စွေ့ရန်ယွီက အပြောင်းအလဲကြောင့် အံ့အားသင့်နေမိပါတယ်။ သူမက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ စွမ်းအားကြောင့် အံ့အားသင့်နေတာ မဟုတ်ပဲ သူ့ရဲ့ အရှက်မရှိ မျက်နှာပြောင် တိုက်မှုကြောင့် အံ့အားသင့်နေတာ ဖြစ်ပါတယ်။ သူတို့ကို သူ့ရဲ့အပြုအမူတွေက စာအုပ် တစ်အုပ်ရဲ့ စာမျက်နှာ တစ်ခုကို လှန်ပစ်လိုက်သလိုမျိုး အပြောင်းအလဲ မြန်လွန်းပါတယ်။

စောစောတုန်းကပဲ သူတို့ကို ဆရာသခင်နဲ့ ဆရာကတော်ဆိုပြီး ခေါ်ခဲ့ပါတယ်။ အခုတော့ သူက ချက်ချင်းပဲ အရမ်းကို ဘဝင်မြင့်ပြီး မောက်မာဂင့်ကြွား သွားပါတယ်။ သူက အရှက်ဆိုတာကိုရော သိသေးရဲ့လား။

လင်းဟာန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ခွန်အားက အခုဆိုရင် တောင်မြစ်အဆင့် ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ပြန်ရသွားပြီ မဟုတ်လား"

"ဟင် မင်းဘယ်လိုလုပ် သိတာလဲ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အနည်းငယ် အံ့အားသင့်သွားခဲ့ပါတယ်။ လင်းဟန်က တန်ခိုးရှင် အဆင့်ကို ရောက်နေလို့ သိတယ်ဆိုရင်တော့ ဒါကပုံမှန်ပါပဲ။ ဒါပေမဲ့လည်း သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို သုံးသပ်နိုင်စွမ်း ရှိနေတာက အရမ်းကို ထူးဆန်းလွန်းပါတယ်။ သူ့နှလုံးသားထဲမှာ မကောင်းတဲ့ ခံစားချက်တစ်ခု ဖြစ်ပေါ်လာပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"သတ်ဖြတ်သူလေး။ မင်းဒီနေရာမှာ နှစ်ပေါင်းဘယ်လောက်တောင် ရှိနေပြီလဲ"

"မင်းငါ့ကို သတ်ဖြတ်သူလေးလို့ ခေါ်တာ မမှန်ဘူးကွ။ ငါ့နာမည် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ပဲ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒေါသတကြီးနဲ့ ပြန်ပြောလိုက်ပါတယ်။ သူက လင်းဟန်ကို ခေါင်းငုံ့နေရတာက ဘယ်အချိန်မှာ အလိုလိုက် အလျော့ပေးရပြီး ဘယ်အချိန်မှာ

အလိုလိုက် အလျှော့မပေးရဘူးဆိုတာကို သိနေလို့ ဖြစ်ပါတယ်။ သူတို့က သူ့ကို တကယ်ပဲ အရှက်မရှိ သူရဲဘောကြောင်တဲ့သူ တစ်ယောက်လို့ တကယ်ထင်နေတာလား။

ဒါပေါ့။ သူက ဒီလိုမျိုး မဟုတ်ပါဘူး။

လင်းဟန်က ဆက်ပြောလိုက်တယ်။

"မင်းက ဒီနေရာမှာ အကြာကြီး နေရတာကြောင့် ငတုံးငအ အဖြစ်ကို ပြောင်းလဲသွားတာလား။ ဒီလောက်နှစ်တွေ အများကြီး ကြာနေတာတောင် ငါ့ရဲ့ ခွန်အားက မတိုးတက်ဘူးလို့ တကယ်ပဲ ထင်နေတာလား"

"မင်း မင်း"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီစကားကို ကြားပြီးတဲ့နောက်မှာ အမူအရာ ပြောင်းသွားပါတယ်။ ဒီကောင်စုတ်လေးက လျှော့တွက်လို့ မရနိုင်တဲ့ လူထူးလူဆန်း တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ သူ့အရှိန်အဝါကို ထုတ်ဖော်လိုက်ပါတယ်။ ဒီအရှိန်အဝါက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ အရှိန်အဝါထက် အများကြီး အစွမ်းထက်ပြီးတော့

ချက်ချင်းဆိုသလို သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ အရှိန်အဝါကို ဖယ်ရှားပစ်လိုက်ပါတယ်။

"ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ကိုယ်သူ လင်းဟာန်ရဲ့ ခြေထောက်ဆီကို ပစ်ဝင်ပြီးတော့ သူ့ခြေထောက်ကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။ သူ့ခေါင်းနဲ့ လင်းဟာန်ရဲ့ ခြေထောက်ကို ပွတ်သပ်ပြီး ပြောလိုက်ပါတယ်။

"ဒီအစေခံက သခင့်ကို အရမ်း သတိရနေတာပါ။ သခင့်ကို တစ်ရက်လောက် မတွေ့ရတာက သုံးနှစ်လောက် ခွဲခွာနေရသလို ခံစားရပါတယ်"

စွေ့ရန်ယွီက ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပါတယ်။

"စောစောကပဲ မင်းက အရမ်းကို မာန်ပါနေတာ မဟုတ်လား"

လင်းဟာန်က သာမန်ကာလျှံကာပဲ မေးလိုက်ပါတယ်။

"စောစောတုန်းက ကျနော် စိတ်ကစဉ့်ကလျား ရောဂါနည်းနည်း ဖြစ်သွားတာပါ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရုတ်တရက် အလေးအနက် ဖြစ်လာပြီး ပြောလိုက်တယ်။

"သခင်က ဒါကိုကောင်းကောင်းကြီး နားလည်လိမ့်မယ်ဆိုတာ ကျနော်သိပါတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က အချိန်အကြာကြီး ပိတ်လှောင်ခံထားရတဲ့ အချိန်မှာ သူတို့က ဖြည်းဖြည်းချင်း ရူးလာပြီးတော့ အမိန့်တွေကို မနာခံတတ်တဲ့ အကျင့်လေးတွေ ပေါ်လာတတ် ပါတယ်။ ကျနော်ဖြစ်နေတာလည်း အဲဒီလိုမျိုးပါပဲ။ ဒါပေမဲ့လည်း အဲဒါက လွယ်ပါတယ် ဆရာသခင်။ ဒီအစေခံက တခြားပင်ကိုယ်စရိုက်တွေကို ဖျက်ဆီးပစ်လိုက်ပါမယ်။ အခုချိန်က စပြီးတော့ ဒီအစေခံက ဆရာသခင်ရဲ့ သစ္စာအရှိဆုံး ခွေးတစ်ကောင် ဖြစ်လာပါလိမ့်မယ်။ တကယ်လို့ ဆရာသခင်က အရှေ့ဘက်ကို သွားဆိုရင် သေချာပေါက် အနောက်ဘက်ကို လုံးဝမသွားပါဘူး"

လင်းဟန်က သူ့ကိုစိုက်ကြည့်ပြီး ပြောလိုက်တယ်။

"ငါမင်းကို အခွင့်အရေး နှစ်ကြိမ် ပေးခဲ့တယ်"

တကယ်လို့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်သာ ချွေးထွက်နိုင်မယ်ဆိုရင် အခုချိန်မှာ သူ့တစ်ကိုယ်လုံး ချွေးစေးတွေ ပျံနေလောက်ပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့နဖူးကို သုတ်ပစ်တဲ့ အလေ့အထ ရှိနေပါတယ်။ တကယ်တော့ သူက

လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ အချိန်တော်တော်ကြာအောင် နေထိုင်ခဲ့တာကြောင့် ဒီလိုမျိုး လုပ်ရှားမှုက အကျင့်ပါနေ ခဲ့ပါတယ်။

"စိတ်ချပါ ဆရာသခင် ကျုပ် ဒီတစ်ခါ အမိန့်မနာခံပဲ မနေတော့ပါဘူး"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ယတိပြတ် ပြောလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သူက လင်းဟန်ကို တကယ်ပဲ ကြောက်ရွံ့ထိတ်လန့် သွားခဲ့ပါပြီ။

နှစ်အနည်းငယ်ပဲ အချိန်ကုန်လွန်ပါသေးတယ်။ လင်းဟန်က ကောင်းကင်အဆင့်ကနေ တန်ခိုးရှင် အဆင့်ကို တက်သွားခဲ့ပါပြီ။ နောက်ပြီးတော့ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန် အလယ်အလတ် အဆင့်ကိုတောင် ရောက်နေပါပြီ။ တကယ်လို့ သူက ဒီအမြန်နှုန်းအတိုင်း သွားမယ်ဆိုရင် မူလဇာစ်မြစ်အဆင့်ကို နှစ်ထောင်ဂဏန်း အနည်းငယ်အတွင်း ဒါမှမဟုတ် ရာစုနှစ် အနည်းငယ် အတွင်းမှာ ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒီလိုမျိုး ဆရာသခင်တစ်ယောက်ရဲ့ အနောက်ကို လိုက်ရတာ ဘာမှထိခိုက်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား အခွင့်အရေးတွေ အများကြီး ရရှိပါလိမ့်မယ်။

သတ်ဖြတ်သူ နတ်ဆိုးကောရာဇ်က လက်တွေ့ဆန်တဲ့ ပင်ကိုယ်စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူက စိတ်ထဲမှာ ချက်ချင်းပဲ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။ လင်းဟာန်က သူ့ရဲ့ ကြီးထွားမှုနှုန်းကို ထိန်းထားနိုင်သရွေ့ သူက အစေခံ တစ်ယောက် အမိန့်နာခံတဲ့ ခွေးတစ်ကောင် ဖြစ်ဖို့ ဆန္ဒရှိပါတယ်။

တကယ်လို့သူက ခွေးတစ်ကောင် ဖြစ်ရင်တောင် အရမ်းကို မြင့်မြတ်ပြီး အစွမ်းထက်တဲ့ ခွေးတစ်ကောင် ဖြစ်နေလိမ့်မယ် ဆိုတာကို သူသိနားလည်ပါတယ်။ အဲဒါက လက်ရှိသူ့ထက် အဆပေါင်းများစွာ အစွမ်းထက်ပြီးတော့ သူ့ကို အရမ်းကြည်ညို လေးစားကြပါလိမ့်မယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒါက မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲ။ နောက်တစ်ကြိမ်ဆိုတာ မရှိတော့ဘူးမှတ်ပါ"

"သခင့်ရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။

လင်းဟာန်က ထူးခြားတဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားတဲ့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို လုံးဝလက်အောက်ခံအဖြစ် သိမ်းသွင်းဖို့ စိတ်ကူးထားပါတယ်။ သူက အတော်လေးကို အသုံးဝင်ပါလိမ့်မယ်။ ဥပမာ သူက ယန္တရားရုပ် တစ်ခုရဲ့ ခန္ဓာကိုယ်ထဲကို ဝင်ပြီးတော့ ထိန်းချုပ်နိုင်ပါတယ်။

"ဒီယန္တရားကို မင်းဆီပေးလိုက်မယ်။ သူ့ခန္ဓာကိုယ်ထဲကို ဝင်ပြီးတော့ ငါ့အတွက် နောက်ပိုင်းမှာ တိုက်ခိုက်ပေးပေါ့"

လင်းဟာန်က ယန္တရား ကျားရုပ်ကို ထုတ်ယူလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကိုဖြစ်ဖြစ် ခွေးတစ်ကောင်ရဲ့ ခန္ဓာကိုယ်ထဲကိုပဲ ဝင်ရဝင်ရ ဂရုမစိုက်ပါဘူး။ သူက ချက်ချင်းပဲ လင်းဟာန်ရဲ့ အမိန့်အတိုင်း ယန္တရား ကျားရုပ်ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်လိုက်ပါတယ်။ ယန္တရား ကျားရုပ်က ချက်ချင်းပဲ စတင်လှုပ်ရှား လာခဲ့ပါတယ်။

"ဆ ဆရာ သခင် ဒီယန္တရားရုပ်က ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေတယ်"

သူက စိတ်လှုပ်ရှားစွာနဲ့ အံ့အားသင့်ပြီး ပြောလိုက်ပါတယ်။

တစ်ခုသိထားရမှာက သူ့ရဲ့အထွတ်အထိပ် အချိန်တုန်းကတောင် သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပါတယ်။ သူက ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိဖို့ အဝေးကြီး လိုပါသေးတယ်။

"မင်းသဘောမကျဘူးလား"

"ကျနော် သဘောကျပါတယ်။ အရမ်းကို သဘောကျပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က စိတ်လှုပ်ရှားမှုကြောင့် အသံတွေတောင် တုန်ခါလို့ နေပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"မင်းက ရိုးရိုးသားသားနဲ့ ငါ့အတွက် တာဝန်ထမ်းဆောင်ပေးနေသရွေ့ မင်းကို အနာဂတ်မှာ နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ယန္တရားရုပ်တွေကိုတောင် ငါပေးနိုင်တယ်။ ဒါကြောင့် မူလဇာစ်မြစ်အဆင့် နတ်ဆိုးချီတွေကို မင်းစုပ်ယူဖို့အတွက်ဆိုတာ မေးခွန်းတောင် ထုတ်စရာမလိုတော့ဘူး"

"ဆရာသခင်က အရမ်းကို ကြင်နာတာပဲ။ ကျနော်က ဆရာသခင်ရဲ့ အစေခံ ခွေးတစ်ကောင် ဖြစ်ဖို့ ဆန္ဒရှိပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က ယန္တရား ကျားရုပ်ကနေ လင်းဟာန်ရဲ့ ခြေထောက်တွေကို နောက်တစ်ကြိမ် ပွတ်သီးပွတ်သပ် လုပ်လိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်ရှိ အစွမ်းထက်တဲ့ ယန္တရားရုပ် တစ်ရုပ်ကို လက်ခံရရှိပြီးတာတောင်မှ လင်းဟာန်ကို မဆန့်ကျင်ဝံ့ပါဘူး။

တကယ်တော့ ဒီယန္တရားရုပ်ကို လင်းဟာန်က ဖမ်းဆီးခဲ့တာ မဟုတ်လား။

အံ့သြစရာပဲ။ ဆရာသခင်က အရမ်းကို အစွမ်းထက်တယ်။ သူက ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ သက်ရှိတွေကိုတောင် အနိုင်ယူနိုင်စွမ်း ရှိနေတယ်။

Chapter 1028 end

အပိုင်း(1029) စက်ဆုပ်စရာကောင်းတဲ့ လေ့ကျင့်မှုများ

လင်းဟာန်က ဂိုရှီဂမ်ကို ဖမ်းဆုပ်လိုက်ပါတယ်။ လင်းဟာန်ရဲ့ စိတ်ဝိညာဉ် ခုနစ်မျိုး နိမ်နင်းခြင်း ပညာရပ်ကြောင့် သူဟာ စောစောတုန်းက သတိလစ် မေ့မျောနေခဲ့တာ ဖြစ်ပါတယ်။

ဒီလို့ဂုက်နည်းစနစ်က ကျင့်ကြံခြင်းအဆင့်နိမ့်တဲ့ လူတွေကို ပိုပြီးတော့ အာနိသင် သက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် တောင်မြစ်အဆင့် ကနဦးမှာရှိတဲ့ ကျင့်ကြံသူတွေကို ဒီပညာနဲ့ လွယ်လွယ်လေး သတ်ပစ်နိုင်ပါတယ်။

လင်းဟာန်က ဂိုရှီဂမ် ပြန်ပြီးတော့ သတိရလာအောင် ပါးကို ဖြတ်ရိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဂိုရှီဂမ်က မျက်လုံးဖွင့်လာပြီး သူမြင်လိုက်ရတဲ့ အရာတွေကြောင့် လုံးဝကို ကြက်သေသေသွား ခဲ့ပါတယ်။

"ဒါက ဘယ်နေရာလဲ။ ငါက ဘယ်လောက်တောင် သတိလစ်သွားလို့ ကျွန်းကနေ အရမ်းကို ဝေးပြီး မရင်းနှီးတဲ့ နေရာကို ရောက်နေရတာလဲ"

"မင်း မင်း မင်း"

လင်းဟာန်က ထိခိုက်မှု လုံးဝမရှိတာကို တွေ့မြင်လိုက်ရတဲ့ အခါမှာ ထိတ်လန့်တုန်လှုပ်ပြီး သေလုနီးပါး ဖြစ်သွားပါတယ်။

သူ ကျောက်စိမ်းပုလင်းကို မဖွင့်ခဲ့ဘူးလား။

မဟုတ်ဘူး။ ကျောက်စိမ်းပုလင်းရဲ့ မွှေးရနံ့ကို

တော်တော်ဝေးဝေးကနေတောင် ငါခံနိုင်တယ်။ ဒါကြောင့် သူက

သေချာပေါက် အဲဒါကို ဖွင့်ပြီးပြီ။

"မင်းစိတ်ပျက်သွားတာလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ပြောစမ်း။ ငါဘာဖြစ်လို့ မင်းကို မသတ်သင့်လဲဆိုတာကိုပေါ့"

"ငါ ငါလည်း လှည့်စားခံရသူ တစ်ယောက်ပါ။ ငါ့ကို ဒီလိုမျိုး လုပ်ဖို့

ဖိအားပေး ခံရတာပါ"

ဂိုရှီဂမ်က တုန်ခါနေတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူက ဖေးကျိ

အပေါ်မှာ အပြစ်တွေ ပုံချလိုက် ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"အစတုန်းက မင်းအနေနဲ့ အင်အားမသုံးခဲ့သင့်ဘူး။ ဒါပေမဲ့လည်း

မင်းရဲ့ မျက်လုံးထဲမှာ စောစောတုန်းက နောင်တရတဲ့

အရိပ်အယောင် နည်းနည်းလေးမှ မတွေ့ခဲ့မိဘူး။ မင်းက ဖေးကျိနဲ့

ဘာမှ မကွာပါဘူး"

"သတ်ဖြတ်သူလေး သူ့ကို သတ်လိုက်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ချက်ချင်းပဲ ယန္တရားကျားရုပ်ထဲကို ဝင်ပြီးတော့ ကျားခေါင်းကို မော့လိုက်ပြီး ပြောလိုက်ပါတယ်။

"ဆရာသခင်ရဲ့ အမိန့်အတိုင်းပါပဲ"

ဂိုရှီဂမ်က အံ့အားသင့်သလို ခေါင်းရှုပ်သွားပါတယ်။ ဒီယန္တရားကျားရုပ်ကို သူဖန်တီးထားတာ ဖြစ်ပါတယ်။ သူက ဒါကို အချိန်တော်တော်ကြာအောင် အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် သူက ဒါကို အသေးစိတ် သိနားလည်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီယန္တရားကျားရုပ်က အခု တကယ်ပဲ ပါးစပ်ဟပြီးတော့ စကားပြောနေပါတယ်။ ဒါက သူ့ကို သေလုမတတ် ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။

သူမှတ်မိသလောက် ဒီကျွန်းရဲ့ အပြင်ဘက်ကို ဘယ်တုန်းကမှ ခြေမချဖူးပါဘူး။ ဒါကြောင့် သူ့အနေနဲ့ မြေအောက်ကမ္ဘာက အရာတွေကို သတိပြုမိခြင်း မရှိတာက သာမန်ပါပဲ။ ဒါကြောင့် သူက ဒီအခြေအနေနဲ့ ကြုံလိုက်ရတဲ့ အခါမှာ လုံးဝကို မခန့်မှန်းတတ်အောင် ဖြစ်နေပါတယ်။

"မင်း မင်းလည်း ယန္တရားပညာရှင် တစ်ယောက်ပဲ"

သူက အမှန်တရားကို ရှာထုတ်နိုင်လိုက်ပြီလို့ ထင်မှတ်နေပါတယ်။ လင်းဟန်က သေချာပေါက် သူ့ထက် အဆပေါင်းများစွာ ကျွမ်းကျင်မှုရှိတဲ့ ယန္တရား ပညာရှင် တစ်ယောက် ဖြစ်ရပါမယ်။ အဲဒါကြောင့် သူ့ရဲ့ ယန္တရားရုပ်ကို အလွယ်တကူနဲ့ ဖမ်းဆီးနိုင်ပြီး စကားပြောတဲ့ စွမ်းရည်ကိုတောင် ပေးနိုင်တာ ဖြစ်ပါလိမ့်မယ်။ သူ့ရဲ့ အထွတ်အထိပ် စွမ်းရည်တွေက ယန္တရားကျားရုပ်ကို အစစ်အမှန် အသိစိတ်တစ်ခု ရှိသွားသလိုမျိုး အရမ်းကို အသက်ဝင်စေပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က လွှားခနဲ ခုန်ဝင်ပြီးတော့ ဂိုရှီဂမ်ရဲ့ လည်ပင်းကို တစ်ချက်တည်း ကိုက်ပစ်လိုက်ပါတယ်။ ဂိုရှီဂမ်ရဲ့ နတ်ဘုရား အာရုံကလည်း ဒီတိုက်ခိုက်မှုကြောင့် မှေးမှိန်သွားပြီး သူ့ဆီက အသက်ဓာတ်က မျက်စိတစ်မှိတ် အတွင်းမှာ ခြောက်သွေ့လာခဲ့ပါတယ်။

"ငါ့ဘေးမှာနေ။ ငါအမိန့်မပေးမချင်း မတိုက်ခိုက်နဲ့"

လင်းဟန်က ပြောလိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က ပျော်ရွှင်မြူးထူးလာခဲ့ပါတယ်။

ဆရာသခင်က ငါ့ကို အပြင်ခေါ်ထုတ်ဖို့ စိတ်ကူးထားတာလား။

ငါအရမ်းကို စိတ်လှုပ်ရှားတာပဲ။

လင်းဟန်က သူ့လက်ကို ဖေ့ယမ်းလိုက်ပြီး လူနစ်ယောက်နဲ့ ကျားတစ်ကောင်က ချက်ချင်းဆိုသလို အလုပ်ခန်းထဲမှာ ပြန်ပေါ်လာခဲ့ပါတယ်။

"ဒါ ဒါက တန်ခိုးရှင်ဘုံပဲ"

သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။ လင်းဟန်က တန်ခိုးရှင်ဘုံကို ရောက်ပြီးတဲ့နောက်ပိုင်းမှာ သူ့ရဲ့ကျင့်ကြံခြင်းအ ဆင့်က တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ်ကို ရောက်အောင်လို့ သင်ယူခဲ့တယ်ဆိုတာကို ခန့်မှန်းမိပေမဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ မတူညီတဲ့ စည်းမျဉ်းဥပဒေတွေနဲ့ ပေါများတဲ့ စိတ်ဝိညာဉ် ချီတွေကို သူကိုယ်တိုင် တွေ့ကြုံခံစားလိုက်ရတဲ့ အချိန်မှာ အံ့အားသင့်နေဆဲပါပဲ။

နှစ်အနည်းငယ် ကုန်လွန်ပြီးတဲ့နောက်မှာ လင်းဟန်က တန်ခိုးရှင် အဆင့်ကို အဆင့်တက်သွား ခဲ့ပါတယ်။ နောက်ပြီးတော့ သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတဲ့ ယန္တရားရုပ် တစ်ခုကိုတောင် သူ့လက်ကို သာမန်ကာလျှံကာ ဖေ့ယမ်းပြီးတော့ ထုတ်ပေးနိုင်ပါတယ်။ ဒါက သူ့ကို အရမ်းပဲ အံ့အားသင့် သွားစေခဲ့ပါတယ်။

“ရှေ့ကနေသွား”

လင်းဟန်က အမိန့်ပေးလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အလျှင်အမြန် ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

“သခင့် သဘောအတိုင်းပါ”

အခု သူ့အစွမ်းကို ထုတ်ပြရတော့မဲ့ အချိန်ဖြစ်ပါတယ်။ သူက သူ့ဆရာသခင်ကို ဘယ်လောက် သစ္စာရှိတယ် ဆိုတာကို ဖော်ပြရပါမယ်။

သူက ချက်ချင်းပဲ အခန်းတံခါးကို ဖွင့်ပြီးတော့ အလုပ်ခန်းထဲကနေ ထွက်လာခဲ့ပါတယ်။

“အခန်းတစ်ခန်းချင်းစီတိုင်း လိုက်ရှာ”

ဟုန်း။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ပွင့်နေတဲ့ တံခါးနားက ဘေးချင်းကပ် အခန်းကို တရကြမ်း တိုးဝင်လိုက်ပါတယ်။ ဒါပေမဲ့လည်း ပစ္စည်းပုံတွေကလွဲပြီးတော့ အခန်းထဲမှာ ဘာမှမရှိပါဘူး။ တစ်ဦးတစ်ယောက်မျှလည်း မရှိနေပါဘူး။

သူတို့က အခန်းထဲကနေ ထွက်လာပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က နောက်ထပ် အခန်းတစ်ခုရဲ့ တံခါးကို ဖွင့်ပြီးတော့ အတင်းဝင်သွား ခဲ့ပါတယ်။

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာ စိတ်သောကရောက်ပြီး ပူပန်နေတဲ့ အမူအရာတစ်ခု ရှိနေပြီး သူမက ချက်ချင်းပဲ ချာခနဲလှည့်ကာ စတင်အန်ထုတ် လိုက်ပါတယ်။

ဒီအခန်းရဲ့ ဖွဲ့စည်းပုံက အရင်အခန်း နှစ်ခုနဲ့ အတူတူပါပဲ။ နေရာအနှံ့မှာ ကိရိယာ တန်ဆာ ပလာတွေနဲ့ ပစ္စည်းတွေ အပုံလိုက် ရှိနေပါတယ်။ ဒီအခန်းရဲ့ အလယ်မှာ တခြားအခန်း နှစ်ခုနဲ့ မတူတာက စင်မြင့်တစ်ခု ရှိနေပြီး အဲဒီအပေါ်မှာ ရှစ်ပိုင်းလောက် ခုတ်ထစ်ခံထားရတဲ့ အလောင်းတစ်ခု ရှိနေပါတယ်။

အဲဒါက ဖန်းယွန် ဖြစ်ပါတယ်။

သူက ယန္တရားရုပ် တစ်ခုအဖြစ်ကို မသန့်စင်ခံ ရသေးပါဘူး။ ဒါကြောင့် သူမသေဆုံးခင် သူ့ရဲ့ မျက်နှာပေါ်မှာ အေးစက်စက်နဲ့ ထိတ်လန့်တုန်လှုပ်စရာ အမူအရာ ဖြစ်နေပါတယ်။ ဒီမြင်ကွင်းက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ထိတ်လန့်တုန်လှုပ်မှုကြောင့် တဆတ်ဆတ် တုန်ခါသွား စေနိုင်ပါတယ်။

ဖန်းယွန်က အစိတ်အပိုင်း ရှစ်ပိုင်းအဖြစ်ကို ဖြတ်တောက်ခံရတဲ့ အချိန်မှာ အသက်ရှင် နေသေးလား ဆိုပြီးတော့ ဒွိဟာဖြစ်နေပါတယ်။

လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူတို့ရဲ့ ခန္ဓာကိုယ်ကို အစိတ်စိတ် အပိုင်းပိုင်း ဖြတ်တောက်ပြီး သူတို့ရဲ့ ကိုယ်တွင်းကလီစာတွေကို ထုတ်နေပြီး သူတို့ရဲ့ သွေးတွေ တစ်စက်ပြီး တစ်စက် စီးကျနေတာကို ဘယ်လိုလုပ် ကြက်သေသေပြီး ကြည့်နေနိုင်မှာလဲ။ သူ့မျက်နှာပေါ်က အမူအရာက အရမ်းကို မဲ့ရွဲ့နေတာ အံ့အားသင့်စရာ မရှိပါဘူး။

"ဒီမကောင်းဆိုးဝါး အုပ်စုကတော့"

စွေ့ရန်ယွီက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ မီးတောက်နတ်ဘုရား သင်္ကေတတွေကို ထုတ်ဖော်ပြီးတော့ ဖန်းယွန်ရဲ့ အလောင်းကို ပြာမှုန့်အဖြစ်ကို ပြောင်းလိုက်ပါတယ်။ သူတို့အကြားမှာ ရန်စကြီးကြီးမားမား ရှိပေမဲ့ ဖန်းယွန်ရဲ့ အပြစ်တွေက သူ့ရဲ့ သေဆုံးမှုနဲ့အတူ ပျောက်ကွယ်သွားခဲ့ပါပြီ။

"နောက်တစ်ခန်း"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အမိန့်နာခံပြီး လမ်းကို ဦးဆောင်လိုက်ပါတယ်။ သူ့ဆရာသခင်က အခုဆိုရင် အရမ်းကို စိတ်ဆိုးနေပြီ ဆိုတာကို သူသိပါတယ်။ သူ့ရဲ့ လေသံက ရေခဲလိုက်ဂူထဲက စိမ့်ထွက်လာသလိုမျိုး ရေခဲတမျှ အေးစက်လို့ နေပါတယ်။ အဲဒီအချိန်မှာ သူတွေ့မြင်ရတဲ့ ဒီမြင်ကွင်းတွေက အရမ်းကို ပုံမှန်အတိုင်း ဖြစ်ပြီးတော့ အံ့အားသင့်စရာ မရှိပါဘူး။ ဒါတွေက ခန္ဓာကိုယ် ပျက်စီးနေတဲ့ အလောင်းကောင် တစ်ခုပဲ မဟုတ်လား။ မြေအောက်ကမ္ဘာမှာဆို ဒီထက်တောင်မှ အဆပေါင်း ထောင်နဲ့ချီတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်း အပြတ်တွေ တန်နဲ့ချီရှိပါတယ်။

ပုန်း။

သူက သူ့လမ်းကြောင်းက နံပါတ်လေး အခန်းထဲကို တရကြမ်း တိုးဝင်လိုက်ပါတယ်။

အခန်းထဲမှာ သက်ရှိလူသား တစ်ယောက် ရှိပါတယ်။

"ဘယ်လို ဘယ်လိုလုပ်ပြီး လူတွေ ဝင်လာတာလဲ။ ဟင် ဒါက စီနီယာ အစ်ကိုရဲ့ ယန္တရား ကျားရုပ် မဟုတ်လား။ ဘယ်လိုလုပ်ပြီး မင်းတို့နဲ့အတူ ရှိနေတာလဲ"

အခန်းထဲမှာ ရှိနေတဲ့ လူက ထောင်ယုလုံဖြစ်ပြီး လက်ရှိမှာ သူက သူ့ရဲ့ယန္တရားရုပ်ကို လုပ်နေပြီး အလုပ်အရမ်း များနေပါတယ်။ သူက အနှောင့်အယှက် အသံတစ်ခု ကြားလိုက်ရတာကြောင့် ချာခနဲ လှည့်ကြည့်လိုက်ပါတယ်။

စင်မြင့်ပေါ်မှာ သွေးသံတရဲရဲနဲ့ အမျိုးသမီး ခန္ဓာကိုယ် တစ်ခုက လဲလျောင်းနေပါတယ်။ သူမရဲ့ သွယ်လျကျစ်လျစ်တဲ့ ခြေထောက်တွေနဲ့ လက်တွေက ဘေးမှာ ပုံကျနေပြီး သူမရဲ့ ရင်ဘတ်ပိုင်း လှီးဖြတ်ပြီး ဖွင့်ခံထားရပါတယ်။ ထန်ယုလုံက သူမရဲ့ အတွင်းကလီစာတွေကို ဆွဲထုတ်လို့ နေပါတယ်။

ဒီအမျိုးသမီးက လွှီရင်ကလွဲပြီးတော့ တခြားသူ မဟုတ်ပါဘူး။

သူတို့ကို အံ့အားသင့်စေတာက လွှီရင်ဟာ သူမရဲ့ နောက်ဆုံးထွက်သက်ကို မထုတ်သေးပါဘူး။ သူမရဲ့ မျက်လုံးတွေက လင်းဟန်ပေါ်ကို ဖြည်းညှင်းစွာနဲ့ စောင်းကြည့်လိုက်ပြီး သူမရဲ့ နှုတ်ခမ်းတွေက အနည်းငယ် တုန်ခါလို့ နေပါတယ်။ ဒါပေမဲ့လည်း သူမက အသံတစ်စက်မှ မထွက်နိုင်ပါဘူး။

ဒါက ကိစ္စမရှိပါဘူး။ သူမ ဘာပြောချင်လဲ ဆိုတာကို လင်းဟန်က ခန့်မှန်းနိုင်ပါတယ်။ ဒီကျွန်းပေါ်က မကောင်းဆိုးဝါးတွေ အကုန်လုံးကို သတ်ပစ်ခိုင်းတာပါ။ ပြီးတော့ ဒီနာကျင်မှုတွေကနေ

လွတ်မြောက်အောင်လို့ သူမကိုလည်း သတ်ပစ်ခိုင်းတာ ဖြစ်ပါတယ်။

“သူ့ကို သတ်လိုက်”

လင်းဟန်က အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ချက်ချင်းပဲ ထောင်ယုလုံဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။

“အူဝူး”

ယန္တရား ဝံပုလွေ တစ်ကောင် ပေါ်လာပြီးတော့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို တားဆီးလိုက် ပါတယ်။ ဒီယန္တရားရုပ်လည်း တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာ ရှိပါတယ်။ ဆိုလိုတာက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ဟာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် မနိမ့်ကျပါဘူး။

လင်းဟန်က ခြေလှမ်းအနည်းငယ် ရှေ့ကို တိုးပြီးတော့ သူ့ရဲ့ နတ်ဘုရား အာရုံကို ပိုက်ကွန် တစ်ခုလိုမျိုး ဖြန့်ကျက်လိုက်ပါတယ်။

ရှပ်။

ယန္တရား ဝံပုလွေက အခန်းထဲကနေ ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။

ဖူး။

ဂိုရှိုဂမ်လိုပါပဲ ထောင်ယုလုံရဲ့ မျက်လုံးတွေလည်း အံ့အားသင့်မှုကြောင့် ပြူးထွက် လာခဲ့ပါတယ်။ မယုံကြည်နိုင်မှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်က သူ့အရှေ့ကို ရောက်လာပြီး သူ့လက်သည်းနဲ့ ကုတ်ချလိုက်ပါတယ်။

ထောင်ယုလုံရဲ့ ခေါင်းပြတ်သွားပြီး ခေါင်းပြတ်နေတဲ့ အလောင်းကောင်က မြေကြီးပေါ်ကို ကျယ်လောင်တဲ့ အသံနဲ့အတူ ပြုတ်ကျသွားခဲ့ပါတယ်။

လင်းဟန်က သူ့ရဲ့ဓားကို ဝှေ့ယမ်းပြီးတော့ လီွရင်ရဲ့ ကျန်ရှိနေတဲ့ အသက်ကို စွမ်းအား အကြွင်းအကျန်တွေကို ဖျက်ဆီးပစ်လိုက်ပါတယ်။ လီွရင်က သူမရဲ့ မျက်လုံးတွေ မပိတ်ခင် သူ့ကို ကြည်ညိုလေးစားတဲ့ အကြည့်နဲ့ ကြည့်သွားပါတယ်။ အဲဒီနောက် လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ လီွရင်ရဲ့ အလောင်းကို မီးရှို့ပြာချ လိုက်ပါတယ်။

သူတို့က နံပါတ်ငါး အခန်းကို ဝင်လာပြီး နောက်ထပ် သားကောင်ကို ရှာတွေ့သွားခဲ့ပါတယ်။

ယန်ထိုက်ချန်။

ဒီဗလတောင့်တောင့်နဲ့ ယောက်ျားကြီးလည်း ခန္ဓာကိုယ် ပြတ်နေပြီး သူ့ရဲ့ ခြေတွေလက်တွေ တစ်ခုချင်းစီမှာ ငွေရောင်အရည် တမျိုးမျိုးထဲမှာ နစ်မြှုပ်ထားပါတယ်။ လွီရင်နဲ့ မတူတဲ့ အချက်က သူ့ရဲ့ အသက်ဓာတ် စွမ်းအင်က လုံးဝကို ပျောက်ကွယ်သွားပါပြီ။ သူသေဆုံးသွားတာ အချိန်အနည်းငယ် ရှိနေပါပြီ။

သူက ဒီနေ့မှာပဲ ခန္ဓာကိုယ် ဖြတ်တောက်ခံလိုက်ရတာ ဖြစ်နိုင်ပါတယ်။ လင်းဟန်က သူ့ကို ဒီမနက်မှာပဲ တွေ့မြင်ခဲ့ပါသေးတယ်။

လင်းဟန်က လျိုဂူနဲ့ ဖန်းယွန်တို့ကိုပဲ သတ်ချင်ခဲ့တာပါ။ ပြီးတော့ လွီရင်ကိုလည်း သိပ်ပြီးတော့ အကောင်းမမြင်ထားပါဘူး။ တကယ်တော့ သူမက သူ့ကိုသတ်ဖို့ ဒီကိုလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက စည်းမျဉ်းစည်းကမ်းတွေ တင်းကျပ်ပြီးတော့ ခံစားချက်ကို ဘေးဖယ်ထားနိုင်တဲ့ ယန်ထိုက်ချန်ကိုတော့ အတော်လေး လေးစားပါတယ်။ ဒီလိုမျိုး လုပ်နိုင်တဲ့ လူက အရမ်းကို နည်းပါတယ်။

နောက်ပြီးတော့ သူတို့က ရင်ဘောင်တန်းပြီး တိုက်ပွဲဝင်ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက သူ့နောက်ကျောမှာ ယန်ထိုက်ချန် ရှိနေတာက သူ့ကို ယုံကြည်မှုတောင် ရှိစေခဲ့ပါတယ်။

"ငြိမ်းချမ်းစွာနဲ့ အနားယူပါတော့ အစ်ကိုယန်။ ခင်ဗျားရဲ့ စိတ်ဝိညာဉ် ငြိမ်းချမ်းအောင်လို့ ဒီမကောင်းဆိုးဝါးတွေကို ကျနော်သေချာပေါက် သတ်ဖြတ်ပစ်ပါမယ်"

လင်းဟန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ အဲဒီနောက် သူက ချာခနဲ လှည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့စံအိမ်ကို ပြန်ကြမယ်။ တခြားသူတွေကို ငါတို့ကယ်ကောင်း ကယ်နိုင်လိမ့်ဦးမယ်"

Chapter 1029 end

အပိုင်း(1030) ယန္တရားရုပ်တွေရဲ့ ကံကြမ္မာ

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က သူတို့နေထိုင်ခဲ့တဲ့ ခြံဝင်းဆီကို အလျင်အမြန် ပြန်လာခဲ့ ကြပါတယ်။

"ဟင်"

သူတို့ အလုပ်ခန်းထဲ ထွက်လာတဲ့ အချိန်မှာ ကိုင်ဒီနဲ့ ရင်ယွန်ရှန်းတို့ အတူတူ လမ်းလျှောက် လာတာကို တွေ့လိုက်ရပါတယ်။ ကိုင်ဒီက လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ လမ်းလျှောက်လာပြီး သူတို့ရဲ့ အနောက်ကနေ ယန္တရား ကျားရုပ်က လိုက်လာတာကို တွေ့မြင်လိုက်ရတဲ့ အခါမှာတော့ အရမ်းကို ခေါင်းခြောက်သွား ခဲ့ပါတယ်။

ဘာတွေဖြစ်ကုန်တာလဲ။ ဒီလူနှစ်ယောက်ကို ဖမ်းဆီးဖို့ သူတို့တွေ ပြောထားတယ် မဟုတ်လား။ ဒါက ဘယ်လိုအခြေအနေမျိုးလဲ။

ဒီကမ္ဘာကြီးမှာ ဘာတွေဖြစ်ကုန်တာလဲ။ ဘာမှကို နားမလည်တော့ပါလား။

"သေစမ်း"

လင်းဟာန်က အော်လိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ချက်ချင်းပဲ ကိုင်ဒီဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ပါတယ်။ သူက အတော်လေးကို လိမ္မာပါးနပ်တယ်လို့ ပြောရပါမယ်။ လင်းဟာန်က ဘယ်သူ့ကို တိုက်ခိုက်ချင်တယ် ဆိုတာကို ထုတ်မပြောခဲ့ပါဘူး။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ကိုင်ဒီကို တန်းပြီးတော့ ပစ်မှတ်အဖြစ်

ရွေးချယ်ခဲ့ပါတယ်။ သူက အစောကြီးကတည်း တွေးထားခဲ့ပါတယ်။ ယောက်ျားတစ်ယောက် အနေနဲ့ လင်းဟန်က ရင်ယွှင်ရှန်းလို အလုပဂေး တစ်ယောက်ကို သတ်ပစ်ဖို့ သူ့ကို ခိုင်းချင်မှာ မဟုတ်လောက်ပါဘူး။

ကိုင်ဒီရဲ့ ယန္တရား ဂက်ဝံရုပ်က ထွက်လာပြီးတော့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို တိုက်ခိုက် လိုက်ပါတယ်။

"အစ်ကိုလင်း ဒါက ဘာဖြစ်တာလဲ"

ရင်ယွှင်ရှန်းက နားမလည်စွာနဲ့ မေးလိုက်ပါတယ်။

"အော် မင်းငါ့ကို နောက်ကျရင် ကျေးဇူးတင်လာလိမ့်မယ်"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

"ဖေးကျိုနဲ့ သူ့တပည့် ငါးယောက်က ငါတို့အားလုံးကို ယန္တရားရုပ်တွေ အဖြစ်ကို ပြောင်းလဲချင် နေကြတာပဲ။ လျိုဂူ၊ ဖန်းယွန်၊ လွီရင်နဲ့ အစ်ကိုယန်တို့ အားလုံး အသတ်ခံလိုက် ရပြီ"

"ဘယ်လောက်တောင် အမိပ္ပါယ် မရှိလိုက်သလဲ"

ကိုင်ဒီက တုံ့ပြန်လိုက်ပါတယ်။

"မိန်းကလေးရင် သူ့ရဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို နားမယောင်ပါနဲ့ သူက တကယ်တော့ ဘာသက်သေမှ မရှိပဲ ငါ့ကို စွပ်စွဲနေတာပါ။ ငါက မင်းကို ယန္တရားရုပ်တွေ ပြုလုပ်တဲ့အခါ လှပတဲ့ မြင်ကွင်းတွေကို တွေ့မြင်စေချင်တဲ့ စေတနာနဲ့ ရိုးရိုးသားသား ဖိတ်ခေါ်ခဲ့တာပါ။ ငါမင်းကို ထိခိုက်နစ်နာစေလိုတဲ့ ဆန္ဒမျိုး လုံးဝမရှိပါဘူး"

"ဟားဟား ဂိုရှီဂမ်ကလည်း ဒီလိုပဲ ပြောသွားတာပဲ"

လင်းဟန်က အေးစက်စက်နဲ့ ရယ်မောရင်း ပြောလိုက်တယ်။ သူက လျှောက်လာပြီးတော့ ယန္တရား ဂက်ဝံရုပ်ကို အနက်ရောင် မျှော်စင်ထဲ တန်းပြီးတော့ စုပ်ယူလိုက်ပါတယ်။ သူက ကိုင်ဒီနဲ့ ထပ်ပြီးတော့ ငြင်းခုံနေဖို့ စိတ်မရှည်ပါဘူး။

ကိုင်ဒီနဲ့ ရင်ယွင်ရှန်းတို့ နှစ်ယောက်စလုံးက လင်းဟန်ရဲ့ လုပ်ရှားမှုတွေကြောင့် အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က တစ်ဟုန်ထိုး ပြေးဝင်ပြီး ကိုင်ဒီကို အသေပုတ်ထုတ် လိုက်ပါတယ်။

သူတို့ရဲ့ ယန္တရားရုပ်တွေ မရှိတော့ရင် ယန္တရား ပညာရှင်တွေရဲ့ တိုက်ပွဲစွမ်းရည်က တကယ့်ကို ဆိုးဝါးလွန်းပါတယ်။

ရင်ယွင်ရှန်းက ကြောင်တောင်တောင် ဖြစ်နေသေးတာကို မြင်လိုက်ရတဲ့ အခါမှာ လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ငါတို့အားလုံး စုပြီးသွားတဲ့ အချိန်ကျရင် ငါရှင်းပြပေးမယ်"

သူတို့က အလျင်အမြန်ပဲ ခြံဂင်းတွေဆီကို ပြန်လာခဲ့ ကြပါတယ်။

နင်ထိုက်နဲ့ ပုကျန်းယွင်တို့ နှစ်ယောက်စလုံး ထွက်ပေါ်လာပြီး လင်းဟန်ကို ဖမ်းဆီးဖို့ ကြိုးစား လိုက်ပေမဲ့ သူတို့ရဲ့ ယန္တရားရုပ်တွေကို လင်းဟန်က အလွယ်တကူနဲ့ သိမ်းဆည်းလိုက်ပြီးတဲ့ နောက်မှာတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

လင်းဟန်နဲ့ တခြားသူတွေက ခြံဂင်းတံခါးတွေကို ခေါက်ပြီးတော့ ကျင်းကျီဟွေ့နဲ့ ဖူရှင်းကို ထွက်လာဖို့ အော်ခေါ် လိုက်ပါတယ်။

ကြည့်ရတာ သူတို့က စာရင်းထဲက နောက်ဆုံးလူတွေ ဖြစ်ပါလိမ့်မယ်။ သူတို့နှစ်ယောက်လုံး သူတို့ရဲ့ ခြံဂင်းထဲမှာ ရှိနေပါသေးတယ်။ ဒါကြောင့် သူတို့က အသတ်မခံရသေးသလို ယန္တရားရုပ် အဖြစ်ကို အပြောင်းမခံရသေးပါဘူး။ အဲဒီအချိန်မှာ

သူတို့အားလုံးကလည်း ဘာတွေဖြစ်နေလဲ ဆိုတာကို လုံးဝကို နားမလည်အောင် ဖြစ်နေကြပါတယ်။

လင်းဟန်က စောစောတုန်းက သူတို့မြင်တွေ့ခဲ့ရတာတွေ အားလုံးကို ပြန်ပြောလိုက်တဲ့ အခါမှာ ကျင်းကျီဟွေ့နဲ့ ကျန်တဲ့နှစ်ယောက်ရဲ့ အမူအရာတွေက ချက်ချင်းပဲ ပြောင်းလဲသွားခဲ့ပါတယ်။

"ငါအဲဒီ ခွေးအိုကြီးကို သွားသတ်မယ်"

ဖူရှင်းက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က သွေးကြောတွေက ရုတ်တရက် ဖုဖောင်းလာပြီး သူ့ခေါင်းပေါ်က ဆံပင်တွေလည်း ထောင်လာပြီး ဖျက်ဆီးခြင်း အရှိန်အဝါ တစ်ခုက သူ့ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာခဲ့ပါတယ်။

"မင်းတို့နှစ်ယောက် ဘယ်လိုထင်လဲ"

လင်းဟန်က ရင်ယွင်ရှန်းနဲ့ ကျင်းကျီဟွေ့တို့ကို လှည့်ပြီးတော့ ကြည့်လိုက်ပါတယ်။

"သူတို့အားလုံးကို သတ်ပစ်"

ကျင်းကျီဟွေ့က သူ့လက်သီးကို ဖေ့ယမ်းပြီး ပြောလိုက်တယ်။

ရင်ယွင်ရှန်းကတော့ တိတ်ဆိတ်ငြိမ်သက်နေပေမဲ့ ခေါင်းညိတ်ပြလိုက်ပါတယ်။

"အရမ်းကောင်းတယ်"

လင်းဟာန်က စားပွဲခုံပေါ် သူ့လက်ချောင်းတွေနဲ့ တောက်ပြီးတော့ ပြောလိုက်တယ်။

"ဒီမှာအခုဆို အဘိုးကြီး တစ်ယောက်ပဲ ကျန်တော့တယ်"

ယန္တရားပညာရှင်တွေက တိုက်ခိုက်ဖို့ သူတို့ရဲ့ ယန္တရားရုပ်တွေ အပေါ်မှာ မှီခိုရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူက ယန္တရားရုပ်တွေအတွက် တကယ့်ကို ကံကြမ္မာဆိုးတစ်ခု ဖြစ်နေပါတယ်။ နောက်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကလည်း ဘယ်ယန္တရားရုပ် အထဲကိုမဆို ဂင်ပြီးတော့ ထိန်းချုပ်နိုင်ပါတယ်။ ဒါကြောင့် သူတို့ရန်သူရဲ့ လက်နက်တွေကို သူတို့ရဲ့ လက်နက်တွေ အဖြစ်ကို ပြောင်းလဲပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ ဖေးကျိုမှာ နေလအဆင့် တစ်ပိုင်း ယန္တရားရုပ် နှစ်ရုပ်ကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင် တကယ်လို့ သူကိုယ်တိုင်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိနေတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်နေရင်တောင် လင်းဟာန်က သူ့ကို

လုံးဝကို ကြောက်နေမှာ မဟုတ်ပါဘူး။ အဲဒီအစား သူက ယုံကြည်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

သူတို့ငါးယောက် အုပ်စုက အတူတကွ ထွက်လာပြီး ဖေးကျိကို စတင်ရှာဖွေ လိုက်ကြပါတယ်။ ဒါပေမဲ့လည်း သူတို့က အချိန်တော်တော်ကြာအောင် လှည့်ပတ်ရှာဖွေပြီးတဲ့ နောက်အထိ သူ့ကို ရှာမတွေ့နိုင်ကြ သေးပါဘူး။

"အလုပ်ခန်း အသေးလေးတစ်ခု ရှိသေးတယ်။ ဖေးကျိက အဲဒီမှာ သေချာပေါက် ရှိလိမ့်မယ်"

လင်းဟာန်က ဂိုရှိဂမ်ရဲ့ စကားတွေကို ပြန်အမှတ်ရသွားပြီး အလုပ်ခန်း အသေးစား တစ်ခုဆီကို စတင်ပြီး ဦးတည်ထွက်လာခဲ့ပါတယ်။

ဒါက တကယ့်ကို အလုပ်ခန်းမ အသေးစား တစ်ခု ဖြစ်ပါတယ်။ ဒီနေရာက ကိုးမီတာ ပတ်လည်ရှိတဲ့ အခန်းတစ်ခု ဖြစ်ပြီးတော့ အခန်းတံခါးကို လုံလုံခြုံခြုံ ပိတ်ထားပါတယ်။

ဖူရှင်းက အသက်ကို ပြင်းပြင်းရှူပြီးတော့ အခန်းတံခါးဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး သူ့ခန္ဓာကိုယ်နဲ့ တိုက်ဖွင့်လိုက်ပါတယ်။

ဂုန်း။

သူက ကြယ်ကြွေကျသလိုမျိုး တံခါးဆီကို ပြေးဝင်ဆောင့်လိုက်ပါတယ်။ တံခါးက ချက်ချင်းပဲ တုန်ခါပြီးတော့ မြေကြီးပေါ်ကို ပြုတ်ထွက်သွားပါတယ်။ အဲဒီအချိန်မှာ ဖုရှင်းကလည်း အနောက်ကို ပြန်ဆုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက သူ့ခေါင်းကို ခါလိုက်ပြီးတော့ အလျင်အမြန်ပဲ သူ့ရဲ့အကောင်းဆုံး အခြေအနေကို ပြန်ရောက်လာခဲ့ပါတယ်။

တံခါးပွင့်သွားပြီး ဖုန်မှုန့်တွေ ပျောက်ကွယ်သွားတဲ့ အချိန် အခန်းထဲမှာ ဖေးကျိုက အမျိုးသမီး တစ်ယောက်ကို ပွေ့ဖက်ပြီးတော့ အနားယူနေတာကို တွေ့မြင်လိုက် ရပါတယ်။ သူ့မျက်လုံးတွေက အမျိုးသမီးရဲ့ ရင်သားတွေနဲ့ မျက်နှာကလွဲပြီး ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ ယစ်မူးနေပုံ ရပါတယ်။

ဒါပေမဲ့လည်း ဒီအမျိုးသမီးက ယန္တရားရုပ် တစ်ရုပ်ဆိုတာ ပေါ်လွင်ထင်ရှားပါတယ်။ သူမရဲ့ ခန္ဓာကိုယ်က အရမ်းကို အသက်ဝင်နေပေမဲ့လည်း သူမရဲ့ မျက်လုံးနေရာမှာတော့ အနက်ရောင်ရှိ အသက်ဓာတ် ကင်းမဲ့နေတဲ့ ကျောက်မျက်ရတနာ နှစ်ခုကို တွေ့မြင်နိုင်ပါတယ်။

"မင်းတို့က ဒီနေရာကို ရောက်လာတယ်ဆိုမှတော့ ငါ့တပည့်တွေ အားလုံး သေကုန်ပြီလို့ ဆိုလိုတာပေါ့"

ဖေးကျိုက ထိပ်ထိပ်ပျာပျာ ဖြစ်မသွားပဲ အမျိုးသမီး ယန္တရားရုပ်က သူ့ဘက်ကနေ လှည့်ပြီးတော့ လင်းဟန်နဲ့ တခြားသူတွေကို မျက်နှာချင်းဆိုင်လိုက်ပါတယ်။

ဖေးကျိုရဲ့ မျက်နှာပေါ်မှာ အထင်အမြင်သေးတဲ့ အမူအရာတစ်ခု ဖြတ်သွားပြီး အပြစ်တင် ကြိမ်းမောင်း လိုက်ပါတယ်။

"အသုံးမဝင်တဲ့ အမိုက်ကောင်တွေပဲ"

"အဘိုးကြီးစုတ် ငါမင်းကို သတ်ပစ်မယ်"

ဖူရှင်းက အရင်ဆုံး တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ အမျိုးသမီး ယန္တရားရုပ်က သူ့ဆီကို လက်တစ်ဖက် ဆန့်ထုတ်လိုက် ပါတယ်။ မိုးကောင်းကင်ကြီးက ပြိုလဲသွားသလိုမျိုး ထင်မှတ်ရပြီး လက်က အကန့်အသတ်မရှိ ကျယ်ပြန့်ကြီးမား လာပါတယ်။

ဖူး။

လက်ဝါးရိုက်ချက် ကျရောက်လာပြီး ဖူရှင်းက ချက်ချင်းဆိုသလို လွင့်စဉ်သွားပါတယ်။ လေထဲမှာ သွေးစသွေးနတွေ ပျံ့ကုန်ပြီး ဖူရှင်းရဲ့ ခန္ဓာကိုယ်က မြေပြင်ပေါ်ကို ပြင်းပြင်းထန်ထန် ပြုတ်ကျသွား ခဲ့ပါတယ်။

"ဟင် သူက ဒီတိုက်ခိုက်မှုနဲ့ ရင်ဆိုင်ရတာတောင် မသေသေးဘူးလား"

ဖေးကျိုက အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။

"ငါ မင်းတို့ကို လျော့တွက်မိတာပဲ။ ငါ့ရဲ့ တပည့်တွေ အားလုံးကို မင်းတို့တွေ သတ်ပစ်နိုင်တာ အံ့ဩစရာတော့ မဟုတ်တော့ဘူး။ ဒါပေမဲ့လည်း မင်းတို့က ဒီနေရာထိ ရောက်လာတယ် ဆိုမှတော့ အသက်ရှင်လျက်နဲ့ ထွက်သွားဖို့ အိပ်မက်မက်မနေနဲ့"

သူက ကျယ်လောင်စွာနဲ့ လေချွန်လိုက်ပြီး ချက်ချင်းဆိုသလို အမှောင်ထောင့် တစ်နေရာကနေ သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက် ထွက်လာပါတယ်။ သူလည်း ယန္တရားရုပ် တစ်ရုပ် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီယန္တရားရုပ်ရဲ့ ပုံပန်းသွင်ပြင်က အတော်လေးကို ထူးခြားနေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ဆေဘာဓားတွေ ဓားရှည်တွေကို ချိတ်ဆွဲထားပြီး ဆူးတွေထောင်နေတဲ့ ဖြူကောင်တစ်ကောင်နဲ့ ပိုတူနေပါတယ်။

"သူတို့ကို သတ်လိုက်"

ဖေးကျိက အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီနောက် သူက ချာခနဲ ပြန်လှည့်ပြီး သူ့ခေါင်းကို အမျိုးသမီး ယန္တရားရုပ်ရဲ့ ရင်ဘတ်မှာ နစ်မြုပ်ပြီး လောဘတကြီးနဲ့ စုပ်နေပါတယ်။

"အရူးကြီးပဲ"

ကျင်းကျီဟွေ့က မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်ပါတယ်။ ဒီအဘိုးကြီးက သောက်ကျိုးနည်းအောင် အလောင်းတွေနဲ့ လိင်ဆက်ဆံရတာကို ကြိုက်နှစ်သက်တဲ့ လူတစ်ယောက်လား။

ရုတ်တရက်ဆိုသလို ဖေးကျိက တစ်ခုခု မှားနေပြီ ဆိုတာကို သတိပြုမိလိုက်သလိုပဲ သူ့ရဲ့ ရမ္မက်စိတ်တွေ ပျောက်သွားပါတယ်။ ဘာဖြစ်လို့ ရုတ်တရက် အရမ်းကို တိတ်ဆိတ်ငြိမ်သက် သွားရတာလဲ။

သူက ချာခနဲ လှည့်ကြည့်လိုက်ပြီး အံ့အားသင့်မှုကြောင့် သေးထွက်လုမတတ် ဖြစ်သွားပါတယ်။

ပျောက်သွားပြီလား။

သက်လတ်ပိုင်းအရွယ် ယောက်ျား ယန္တရားရုပ်က ပျောက်ကွယ်သွားခဲ့ပါတယ်။ ကောင်းကင်ပေါ်မှာ မရှိသလို

မြေပြင်ပေါ်မှာလည်း မရှိပါဘူး။ သောက်ကျိုးနည်း ဒီကောင် ဘယ်ကို သွားလိုက်တာလဲ။

တစ်ခုသိထားရမှာက ဒီယန္တရားရုပ်ဟာ နေလတစ်ပိုင်းအဆင့် ယန္တရားရုပ် ဖြစ်ပြီးတော့ သူသဘောကျ နှစ်ခြိုက်ရတဲ့ အစွမ်းထက် ယန္တရားရုပ်တစ်ခု ဖြစ်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က တစ်ဟုန်ထိုး ပြေးဝင်လာပြီး အော်လိုက်ပါတယ်။

"သေစမ်းကွာ"

သူက အတော်လေးကို ရင့်ကျက်လာပြီး လင်းဟန်အမိန့်မပေးရင်တောင် ဘယ်သူ့ကို တိုက်ခိုက်ရမလဲ ဆိုတာကို နားလည်သဘောပေါက် လာပါပြီ။ ကေရာဇ် တစ်ယောက်ကို မျက်နှာလို မျက်နှာရ လုပ်သလိုမျိုး သူ့ရဲ့ စိတ်ကိုဖတ်တဲ့ စွမ်းရည်က အတော်လေးကို ကောင်းမွန်ပါတယ်။

အမျိုးသမီး ယန္တရားရုပ်က သူမရဲ့ လက်ဝါးနဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ရိုက်လိုက် ပါတယ်။

ပုန်း။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ချက်ချင်းဆိုသလို လွင့်ထွက်သွားပြီး သူ့ရဲ့ ကျားခေါင်းတောင် လက်ဝါးရိုက်ချက်ရဲ့ အားကြောင့် တွန့်လိမ်ပြီး စောင်းသွားပါတယ်။

သူတို့ရဲ့ တိုက်ပွဲစွမ်းရည် အကြားက ကွာဟချက်ဟာ အရမ်းကို ကြီးမားလွန်းပါတယ်။ အမျိုးသမီး ယန္တရားရုပ်က နေလတစ်ပိုင်းအဆင့် ဖြစ်ပြီးတော့ ယန္တရားကျားရုပ်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါသေးတယ်။

"ဒီတစ္ခုကို သုံး"

လင်းဟန်က သူ့လက်ကို သာမန်ကာလျှံကာ ဝှေ့ယမ်းလိုက်ပြီး သက်လတ်ပိုင်းအရွယ် အမျိုးသား ယန္တရားရုပ်ကို ထုတ်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ဆီကို ပစ်ပေးလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ် ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ချက်ချင်းပဲ နတ်ဆိုးချီ အမျှင်စုတစ်ခု အဖြစ်ကိုပြောင်းလဲပြီး သက်လတ်ပိုင်းအရွယ် အမျိုးသား ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်လိုက်ပါတယ်။

"ဒီ ဒီလိုမျိုး အစွမ်းထက်တဲ့ ခံစားမှု တစ်ခု"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က သူ့လက်တွေကို ဝှေ့ယမ်းပြီးတော့ ပြုံးကာပြောလိုက်တယ်။

"ဒီလိုမျိုး လူသားပုံစံ ခန္ဓာကိုယ် တစ်ခုကို အသုံးပြုရတာ ပိုပြီးတော့တောင် လွယ်ကူသေးတယ်"

"ဒါက ဘယ်လိုမျိုး ကြောက်စရာကောင်းတဲ့ အမျိုးအစားလဲ"

ဖေးကျိုက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ကြည့်ပြီးတော့ မှင်တက်အံ့သြ သွားခဲ့ပါတယ်။ သူက ဒီယန္တရားရုပ်ကို သူ့လက်နဲ့ ဖန်တီးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အဲဒီလူရဲ့ အလွယ်တကူ ဖမ်းဆီးခြင်းကို ခံရတာလဲ။ ပြီးတော့ ဘာဖြစ်လို့ အလွယ်တကူ ထိန်းချုပ်တာ ခံလိုက်ရတာလဲ။

"မင်းက မကောင်းဆိုးဝါး တစ်ကောင်ပဲ။ မင်းဦးလေးရဲ့ တိုက်ခိုက်မှုကို ခံစားလိုက်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ သူ့ကိုယ်သူ ကေရာဇ်လို့ ထပ်ပြီးတော့ မသုံးနှုန်းဝံ့တော့ပါဘူး။ ဒါပေမဲ့လည်း သူက သူ့ကိုယ်သူတော့ တခြားသူတွေရဲ့ ဦးလေးလို့ သုံးနှုန်းဖို့ ယုံကြည်မှု ရှိနေပါသေးတယ်။

အမျိုးသမီး ယန္တရားရုပ်က တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ ချက်ချင်းဆိုသလို နေလတစ်ပိုင်း အဆင့် ယန္တရားရုပ် နှစ်ရုပ်က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက် ကြပါတယ်။

ဖေးကျိုက သူ့လက်တွေကို အမျိုးသမီး ယန္တရားရုပ်ကို ပွေ့ဖက်ထားတာကနေ လွှတ်ချလိုက် ပါတယ်။ ဒီယန္တရားရုပ်က ဘယ်လိုတိုက်ခိုက်ရမလဲ ဆိုတာကိုပဲ သိနားလည်ပါတယ်။ သူ့ရဲ့ လုံခြုံရေးကို အာမခံပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူက ယန္တရားရုပ် နှစ်ခုအကြားက တိုက်ပွဲကြားမှာ ညှပ်နေမယ်ဆိုရင် သူ့အနေနဲ့ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်နက်ခံရဖို့ ဖြစ်နိုင်ချေ များပါတယ်။

"ဟင့် တကယ်လို့ ငါတစ်ယောက်ပဲ ကျန်တယ်ဆိုရင်တောင် မင်းတို့တွေကို သတ်ပစ်ဖို့ဆိုတာ အသေးအမွှားတစ်ခုပဲ"

ဖေးကျိုက သရော်ပြီး ပြုံးလိုက်ပါတယ်။ အားလုံးကို အံ့အားသင့်သွားစေတာက သူ့ရဲ့ ပြတ်နေတဲ့ ခြေထောက်တွေကနေ သတ္တုအစိတ်အပိုင်းတွေ ရှည်ထွက်လာပြီး ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ်က ခြောက်မီတာလောက်ထိ မြင့်မားသွားခဲ့ပါတယ်။

Chapter 1030 end

အပိုင်း(1031) ကြောက်လန့်မှုတွေ အဝေးသို့

ဖေးကျိုက အခုဆိုရင် အရမ်းထူးဆန်းတဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

သူ့ရဲ့ပေါင်အထက်က သာမန်လူတစ်ယောက် ဖြစ်နေသေးပေမဲ့ အောက်ပိုင်းကနေ စပြီးတော့ သူ့ခြေထောက်တွေကို ကြည့်ရတာ သစ်ပင်အိုကြီး တစ်ပင်ရဲ့ အမြစ်တွေနဲ့ တူပါတယ်။ အဲဒါက သတ္တုချောင်းတွေနဲ့ ရှုပ်ထွေးနေပြီး သူ့ကိုပင့်တင်ထားတာကြောင့် ရောမ လူဘီလူးကြီး တစ်ယောက် ဖြစ်လာသလိုမျိုးနဲ့ တူပါတယ်။

"ဟားဟားဟားဟား။ ဒီအဘိုးကြီးက မင်းတို့အားလုံးကို ဘယ်လိုမျိုး အမြစ်ဖြုတ်မလဲဆိုတာ စောင့်ကြည့်ထား"

ရောမ ကင်းခြေများကြီး တစ်ကောင်နဲ့ တူပြီးတော့ မရေမတွက်နိုင်တဲ့ သတ္တုချောင်းတွေက စတင်လှုပ်ရှားလာပြီးတော့ သူ့ကို လင်းဟန်နဲ့ တခြားသူတွေဆီကို သယ်ဆောင်လာပါတယ်။

အားလုံးက အလျှင်အမြန်ပဲ ဖေးကျိုရဲ့ တိုက်ခိုက်မှုကနေ ရှောင်တိမ်းဖို့ လူစုခွဲလိုက် ကြပါတယ်။

ရှုပ် ရှုပ် ရှုပ်။

လင်းဟာန်က သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို ထုတ်ဖော်ပြီး မူလစွမ်းအင် များတွေကို တရစပ် ပစ်လွှတ်လိုက်ပါတယ်။

ဒီမူလစွမ်းအင် များတွေက ငွေရောင်တောက်ပနေပြီး တချို့က ကြက်သွေးရောင်ရှိကာ တချို့က မြေဂါရောင်အဆင်း ရှိပါတယ်။ ဒီငွေရောင်များတွေက သာမန်မူလစွမ်းအင် များတွေဖြစ်ပြီး ကြက်သွေးရောင် များတွေက မီးတောက်နတ်ဘုရား သင်္ကေတတွေ နှစ်မြုပ်ထားပြီးတော့ မြေဂါရောင် များတွေက ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေ မြှုပ်နှံထားပါတယ်။

ဖေးကျိုက ဒီများတွေကို ထိပ်တိုက်ရင်ဆိုင်ဝံ့ခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် မူလစွမ်းအင် များတွေကို ကာကွယ်ဖို့ သူ့ခြေထောက်ကို မြှောက်ပြီးတော့ ထူထပ်တဲ့ ပိုက်ကွန်တစ်ခုကို သူ့အရှေ့မှာ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီပိုက်ကွန်က လင်းဟာန်ရဲ့ မူလစွမ်းအင် များတွေကို တားဆီးနိုင်တဲ့အပြင် တခြားသူတွေရဲ့ တိုက်ခိုက်မှုတွေကိုလည်း တားဆီးနိုင်စွမ်း ရှိပါတယ်။

သူတို့အကြားက ကျင့်ကြံခြင်း အဆင့် ကွာဟချက်က အရမ်းကို ကြီးမားပါတယ်။

ဖေးကျိုက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီး လင်းဟာန်နဲ့ တခြားလူလေးယောက်ကရော ဘယ်လိုလဲ။

ဖူရှင်းက သတိလစ်နေပါတယ်။ ရင်ယွန်ရှန်းက ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိပြီးတော့ သူမရဲ့ တိုက်ပွဲစွမ်းရည်က အထွတ်အထိပ် အဆင့်မှာ ဖြစ်ပါတယ်။ ကျင်းကျီဟွေ့က ပြင်းထန်အလယ်အလတ်ရဲ့ အစောပိုင်း အဆင့်မှာ ဖြစ်ပြီး သူ့ရဲ့တိုက်ပွဲစွမ်းရည်ကလည်း အစောပိုင်း အဆင့်မှာပဲ ရှိပါတယ်။ စွေ့ရန်ယွီက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိပြီးတော့ သူမရဲ့ တိုက်ပွဲစွမ်းရည်က သူမရဲ့ ကျင့်ကြံခြင်းအဆင့်ထက် ကြယ်တစ်လုံးပိုမြင့်ပါတယ်။ လင်းဟာန်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ထက် ကြယ်ငါးလုံး သာလွန်ပါတယ်။ သူ့ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်က ကြယ်ခြောက်ပွင့်ကိုတောင် ရောက်နိုင်ပါတယ်။

တကယ်လို့ သူတို့တွေ ပူးပေါင်းလိုက်ရင်တောင် ဖေးကျိုအတွက် ပြိုင်ဘက်မဟုတ်သေးပါဘူး။

"ခွေးကောင်လေးတွေ မင်းတို့က ငါ့ကို တကယ်ပဲ တိုက်ခိုက်ရဲတယ်ပေါ့။ မင်းတို့အားလုံး သေကြောင်းကြံနေတာပဲ"

ဖေးကျိုက သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်တယ်။

ရှပ်။

လင်းဟန်က ပိုက်ကွန်တစ်ခုကို ပစ်လွှတ်လိုက်ပါတယ်။ သူက ဒီတချိန်လုံး ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပြင်ဆင်ထားခဲ့ပြီး ဒီအခိုက်အတန့်မှာ သူက အပြည့်အဝ အသက်သွင်းနိုင်ခဲ့ပါတယ်။ ပိုက်ကွန်ကို ပစ်လွှတ်လိုက်တာနဲ့ ပိုက်ကွန်က ပိုပိုပြီးတော့ ကြီးမား လာခဲ့ပါတယ်။ ဒီလိုမျိုး ရတနာပစ္စည်း အမျိုးအစားက ချုံ့နိုင်ချဲ့နိုင်ပါတယ်။ သူ့ရဲ့ အကန့်အသတ်က တောင်ကြီးတစ်လုံးအထိတောင် ကြီးမားနိုင်ပြီး ဖေးကျိုလို ခြောက်မီတာပဲ မြင့်တဲ့ လူတစ်ယောက်ဆိုတာ ဘာများလုပ်နိုင်မှာလဲ။

ဖေးကျိုက ဒါကို မျှော်လင့်မထားမိ ခဲ့ပါဘူး။ ပြီးတော့ အလုပ်ခန်းရဲ့ သေးငယ်တဲ့ အရွယ်အစားက သူ့အတွက် ပုန်းအောင်းနေစရာ နေရာလွတ် မရှိပါဘူး။ သူက ချက်ချင်းဆိုသလို ပိုက်ကွန်ရဲ့ အုပ်မိုးခြင်းကို ခံလိုက်ရပါတယ်။

"ဘာလဲဟ။ ဘာဖြစ်လို့ ငါ့စွမ်းအားက ရုတ်တရက် အရမ်းကို ကျသွားတာလဲ"

သူ့မျက်နှာပေါ်မှာ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်ကို ကျသွားတဲ့အတွက် အံ့အားသင့်နေပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်း အဆင့်က အဆင့်သေး တစ်ခုလုံး လျော့ကျသွားခဲ့ပါတယ်။

တစ်ခုသိထားရမှာက ယန္တရားပညာရှင်တွေ အနေနဲ့ သူက အစကတည်းက အစွမ်းထက်တဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို မပိုင်ဆိုင်ထားခဲ့ပါဘူး။ ဒါကြောင့် သူက ကျင့်ကြံခြင်းအဆင့် အဆင့်သေးတစ်ခုလုံး ဆုတ်ယုတ်သွားတဲ့ အချိန်မှာ နားမလည်နိုင်အောင် ဖြစ်ပြီးတော့ ထိပ်ထိပ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ကို ဖမ်းအုပ်ထားတဲ့ ပိုက်ကွန်က ထူးခြားတဲ့ ပစ္စည်းတမျိုးမျိုးနဲ့ ပြုလုပ်ထားပြီး သူက လွတ်မြောက်အောင် ဖျက်ဆီးနိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် သူ့ရဲ့ ရွေ့လျားနိုင်မှုကို အတော်လေး အကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။

သူက ထူးဆန်းတဲ့ အသံတစ်ခုကို တိုးတိုးလေး အော်လိုက်ပါတယ်။ အမျိုးသမီး ယန္တရားရုပ်က ချက်ချင်းပဲ လှည့်လာပြီးတော့

ကြက်သွေးရောင် မြေပြင်ပိတ်ဆိုခြင်း ပိုက်ကွန်ကို ဖမ်းဆုပ်ယူလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အလျင်အမြန်ပဲ အနောက်ကနေ လိုက်ဖမ်းပြီးတော့ ပြောလိုက်ပါတယ်။

"ခွေးမ ဒီဦးလေးရဲ့ ဆေဘာကို မြည်းစမ်းကြည့်စမ်း"

သူက သူ့ခန္ဓာကိုယ်ပေါ်မှာ ကပ်ငြိနေတဲ့ ဆေဘာအား တစ်ချောင်းကို ဖြုတ်ပြီးတော့ အမျိုးသမီး ယန္တရားရုပ်ကို ခုတ်ချလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က တကယ့်ကို ညစ်တီးညစ်ပတ် လူတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ လက်ရွေးစင်တစ်ယောက်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဘေးဖယ်ထားပြီး လုံးဝကို အကန့်အသတ်မရှိ မျက်နှာပြောင် အရှက်ကင်းမဲ့လွန်းပါတယ်။

အမျိုးသမီး ယန္တရားရုပ်က အနောက်ဘက်ကို လက်ဝါးတစ်ချက် ရိုးရိုးလေး တွန်းထုတ်လိုက်ပြီး သူမရဲ့ တခြားလက်တစ်ဖက်က ကြက်သွေးရောင် မြေပြင်ပိတ်ဆိုခြင်း ပိုက်ကွန်ကို ဆုပ်ကိုင်ပြီး အားကုန်ကာ ဆွဲယူလိုက်ပါတယ်။

သူမက နေလတစ်ပိုင်းအဆင့်မှာ ရှိပါတယ်။ ပြီးတော့ သူမပိုင်ဆိုင်တဲ့ ခွန်အားက ပိုက်ကွန်ကို အပေါက်ကြီး

တစ်ခုဖြစ်လာအောင် မလိုရစေခဲ့ပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ဆေဘာဓား ခုတ်ချက်က သူမရဲ့ လက်ဝါးပေါ်ကို ကျရောက်လာပါတယ်။

အားလုံးရဲ့ နားတွေ ချို့ယွင်းသွားသလိုမျိုး ခံစားလိုက်ရပြီး သူတို့က ဘာကို မကြားနိုင်အောင် ဖြစ်သွားပါတယ်။ သူတို့က ဆေဘာဓားနဲ့ လက်ဝါးတို့ အဆက်မပြတ် ရင်ဆိုင်ထိတွေ့ပြီး တောက်ပတဲ့ အလင်းရောင်တွေ ထွက်ပေါ်လာတာကိုပဲ တွေ့မြင်နိုင်ပါတယ်။

ဂုန်း။

ခဏအကြာမှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရုတ်တရက် အနောက်ကို တွန်းထုတ်ခံ လိုက်ရပါတယ်။ ယန္တရားနှစ်ရုပ်လုံးက နေလတစ်ပိုင်းအဆင့် ဆိုပေမဲ့ အမျိုးသမီး ယန္တရားရုပ်က အမျိုးသား ယန္တရားရုပ်ထက် ပိုပြီးတော့ သန်စွမ်းတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

ထူးခြားတဲ့ ခြေသံတွေ ထွက်ပေါ်လာပြီး ယန္တရားရုပ် အမျိုးအစားတွေ အမျိုးမျိုးက ချောင်ကြိုချောင်ကြားနဲ့ အပေါက်တွေထဲက ထွက်ပေါ်လာတာကို တွေ့မြင်လိုက်ရပါတယ်။

ဒီယန္တရားရုပ်တွေ အားလုံးက ထူးဆန်းပြီး ပြောရခက်တဲ့ ပုံစံတွေနဲ့ လျှောက်လာကြပါတယ်။

ဖေးကျိုက ပိုက်ကွန်ထဲကနေ လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်ပါတယ်။

"ဟားဟားဟား ဒီလူတွေ အားလုံးကို ငါ့အတွက် သတ်ပေးစမ်း"

သူ့မျက်နှာပေါ်မှာ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေက အရမ်းကို ပြင်းထန်နေပြီးတော့ အခုလိုမျိုး ဆိုးဝါးတဲ့ အခြေအနေ တစ်ခုကို ကျရောက်နေတဲ့ အတွက်ကြောင့် ဒေါသထွက်နေပုံ ရပါတယ်။

ဒီယန္တရားရုပ်တွေက ရာနဲ့ချီပြီးတော့ ရှိပြီး အခန်းထဲကို ပိုပိုပြီးတော့ တိုးဝင်လာကြပါတယ်။

ဂိုရှိုဂမ်ရဲ့ ပြောစကားအရ သူက ဒီကျွန်းပေါ်မှာ နှစ်ပေါင်းသုံးသောင်းဂန်းကျင်လောက် နေထိုင်ခဲ့ပါတယ်။ ဒီအချက်ကြောင့် ဖေးကျိုက ဒီနေရာမှာ ဒီထက်ပိုပြီးတော့ ကြာမြင့်အောင် နေထိုင်ပုံ ရပါတယ်။ သူ့ရဲ့ဆိုးယုတ်မှုနဲ့ အချိန်ကြာမြင့်စွာ နေထိုင်မှုကို ပေါင်းစပ်လိုက်ရင် ယန္တရားရုပ်တွေ ဘယ်လောက်တောင်များ သူဖန်တီးနိုင်ခဲ့မလဲ။

ဒီယန္တရားရုပ်တွေက စစ်တပ်တစ်တပ်လိုပါပဲ။ သူတို့က ဉာဏ်ရည်ဉာဏ်သွေး ကင်းမဲ့ပေမဲ့ သူတို့မှာ တခြားအားသာချက်တွေ ရှိပါတယ်။ သူတို့မှာ အားနည်းတဲ့ နေရာတွေ မရှိသလို နာကျင်မှုကို မခံစားတတ်ကြတဲ့အပြင် သေမှာကိုလည်း မကြောက်ကြပါဘူး။

အဲဒီအခိုက်အတန့်မှာ ဖူရှင်းက သတိပြန်ရလာခဲ့ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ပြင်းထန်တဲ့ ဒဏ်ရာတွေကြောင့် ကျဆင်းလို့ နေပါတယ်။

အားလုံးက စိုးရိမ်ကြောင့်ကြမှုကြောင့် တဆတ်ဆတ် တုန်နေပါတယ်။ ဒီလောက်များတဲ့ ယန္တရားရုပ်တွေက သူတို့ကို သေတွင်းထဲ တွန်းပို့နိုင်ပါတယ်။

လင်းဟန်က မာန်သွင်းပြီးတော့ ယန္တရားရုပ်တွေဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ရွှပ် ရွှပ် ရွှပ်။

တခြားသူတွေထဲကနေ ထွက်လာတာနဲ့ သူက ယန္တရားရုပ်တွေရဲ့ အဓိက ပစ်မှတ် ဖြစ်လာခဲ့ ပါတယ်။ မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေက သူ့ဆီကို ကျရောက်လာပြီး လက်သည်း

ကုတ်ချက်တွေ အသံလှိုင်းတွေနဲ့ အနက်ရောင် ကျည်ဆံတွေ ဖြစ်ပါတယ်။

လင်းဟန်က အကြောက်အရွံ့ကင်းစွာနဲ့ အရှေ့ကို တိုးလာခဲ့ပါတယ်။ ဒီယန္တရားရုပ် အများစုက တောင်မြစ်အဆင့် ကနဦးမှာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့ဆီက တိုက်ခိုက်မှုတွေကို ခုခံဖို့တောင် မလိုပါဘူး။ ဘယ်လောက်ပဲ ပြင်းထန်ပြီး ကြမ်းတမ်းနေပါစေ သူ့အတွက်တော့ ပန်းနဲ့ပေါက်သလို ပါပဲ။

သူက သူ့ရဲ့ နတ်ဘုရားအာရုံကို ရိုးရိုးလေး ထုတ်ဖော်ပြီး သူဖြတ်သွားတဲ့ လမ်းတစ်လျှောက်က ယန္တရားရုပ်တွေကို အလျင်အမြန် ပျောက်ကွယ်သွား စေခဲ့ပါတယ်။

ယန္တရားရုပ်တွေရဲ့ ကံကြမ္မာဆိုး နတ်ဘုရား ရောက်ရှိလို့ လာပါပြီ။

သူ့ပစ်မှတ်က အမျိုးသမီး ယန္တရားရုပ် ဖြစ်ပြီးတော့ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ် လွတ်တာနဲ့ သူမကို ဖမ်းဆီးရပါလိမ့်မယ်။ အဲဒီအချိန်ရောက်ရင် ဖေးကျိုကို ထိန်းချုပ်ဖို့ဆိုတာ သူတို့အတွက် အရမ်းကို လွယ်ကူသွားပါလိမ့်မယ်။

"မြန်မြန် မြန်မြန် ငါ့ကို ဒီပိုက်ကွန်ကနေ မြန်မြန်လွတ်အောင် လုပ်ပေး"

ဖေးကျိုက ထိတ်လန့်တကြားနဲ့ အော်ဟစ်လိုက်ပါတယ်။

တစ်ဒါဇင်ထက်မနည်းတဲ့ ယန္တရားရုပ်တွေက ပိုက်ကွန်ကို ဖမ်းဆုပ်ပြီးတော့ ဆွဲဖြဲပြီးဖွင့်ဖို့ ကြိုးစားနေ ကြပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က အပြေးအလွှားရောက်လာပြီး သူ့ရဲ့ နတ်ဘုရား အာရုံနဲ့ အမျိုးသမီး ယန္တရားရုပ်ကို ဖမ်းအုပ်လိုက်ပါတယ်။

အဲဒီနောက် အမျိုးသမီး ယန္တရားရုပ်က ရုတ်တရက် ပျောက်ကွယ်သွားပါတယ်။

ဖူး။

ဖေးကျိုက ပိုက်ကွန်ကနေ လွတ်မြောက်လာရင်း ဒီမြင်ကွင်းကို မျက်မြင်ကြုံတွေ့ လိုက်ရတဲ့ အချိန်မှာ သူ့မျက်လုံးတွေက မယုံကြည်နိုင်မှုကြောင့် မျက်လုံးအိမ်ထဲကနေ ပြုတ်ထွက်လုမတတ် ပြူးလာခဲ့ပါတယ်။ သူက အမျိုးသား ယန္တရားရုပ် ဘယ်လိုမျိုး ပျောက်ကွယ်သွားတယ် ဆိုတာကို မမြင်ခဲ့ရပါဘူး။ အခုမှ အမျိုးသမီး ယန္တရားရုပ် အဖမ်းခံလိုက်ရတဲ့ ဖြစ်စဉ်ကို အပြည့်အဝ မျက်မြင်ကြုံတွေ့ လိုက်ရတာ ဖြစ်ပါတယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် သူ့အရှေ့မှာ ဘာတွေဖြစ်ပျက်သွားလဲ ဆိုတာကို နားမလည်နိုင် ဖြစ်နေပြီး လုံးဂကို ခေါင်းခြောက်နေဆဲပါပဲ။

"ခြေမရှိတဲ့ အဘိုးကြီး ဒီဦးလေးက မင်းကို ဘယ်လိုမျိုး သတ်ပစ်မလဲ ဆိုတာကို ကြည့်ထား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ဖေးကျိဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ဒီယန္တရားရုပ်က ဘယ်လောက်အစွမ်းထက်တယ် ဆိုတာကို ဖေးကျိက ကောင်းကောင်း သိပါတယ်။ သူက ထိတ်လန့်တုန်လှုပ်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"သူ့ကိုတားကြ"

အဲဒီအချိန်မှာ သူက လင်းဟန်ကို အမှန်းတရားတွေ ပြည့်နက်နေတဲ့ အကြည့်နဲ့ စိုက်ကြည့် လိုက်ပါတယ်။ ဒီကောင်စုတ်လေးမှာ မယုံနိုင်စရာ ထူးခြားတဲ့ စွမ်းရည်တွေ ရှိပြီးတော့ သူက သူ့အတွက် ကံကြမ္မာဆိုးကို သယ်လာသလိုပါပဲ။

ယန်ထိုက်ချန်လို ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားတဲ့ လက်ရွေးစင် တစ်ယောက်တောင်

သေခြင်းတရားနဲ့ ရင်ဆိုင်သွားရပါပြီ။ ဒါကြောင့် ကျန်နေတဲ့ လူတွေကို ရင်ဆိုင်ရတာက အသေးအမွှားတစ်ခုပဲ ဖြစ်သင့်ပါတယ်။ သူတို့က တကယ်ဆို ခြိမ်းခြောက်နိုင်စွမ်း မရှိသင့်ပါဘူး။ အခုတော့ သူတို့က ခန့်မှန်းလို့ မရနိုင်တဲ့ ကံတရားကို ဆွဲထုတ်လာခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူက အသက်ကြီးပြီး အတွေ့အကြုံ များပါတယ်။ သူ့ရဲ့ ဒေါသကြောင့် ဒီနေရာမှာ သူ့အသက်ကို အဆုံးရှုံး မခံနိုင်ပါဘူး။ သူက ချက်ချင်းပဲ ထွက်ပြေးလိုက်ပြီး စကားပြောဖို့တော့ မမေ့ခဲ့ပါဘူး။

"ကောင်စုတ်လေး တကယ်လို့ မင်းငါ့ကို ဖမ်းမယ်ဆိုရင် မင်းရဲ့ အဖော်တွေအားလုံး အသက်ဆုံးရှုံး ရမယ်ဆိုတာ ငါအာမခံနိုင်တယ်"

သူက ကျယ်လောင်စွာ ရယ်မောပြီးတော့ အတော်ဝေးဝေးကို ထွက်ပြေးလိုက်ပါတယ်။

လင်းဟန်က လှည့်မကြည့်ခင် ယန္တရားရုပ်တွေကို ဖျက်ဆီးဖို့ တခြားသူတွေကို လှည့်ပတ်ကူညီရင်း တုံ့ဆိုင်းဆိုင်း ဖြစ်သွားခဲ့ပါတယ်။

ဒီနေရာမှာ ယန္တရားရုပ်တွေ အဆမတန် များပြားပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အရမ်းကို အစွမ်းထက်ပြီး လင်းဟန်ကလည်း ယန္တရားရုပ်တွေအတွက် ကံကြမ္မာဆိုး နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် ဒီယန္တရားရုပ်တွေက သူတို့ဆီကို လှိုင်းလုံးတွေလို တစ်ဟုန်ထိုး ပြေးဝင်လာကြပေမဲ့ သူတို့က မြက်ပင်တွေကို လှီးဖြတ်ရသလိုမျိုး အလွယ်တကူနဲ့ လက်စတုန်း ပစ်လိုက်နိုင်ပါတယ်။

မိနစ်သုံးဆယ်လောက် ကြာပြီးတဲ့နောက်မှာ ယန္တရားရုပ်တွေ ထွက်ပေါ်လာတာ လျော့သွားပြီး သူတို့ရဲ့ အရေအတွက်ကလည်း ဖျက်ဆီးခံရပြီးတော့ လျော့နည်းလာခဲ့ပါတယ်။

Chapter 1031 end

အပိုင်း(1032) တရားခံအစစ်

လင်းဟန်က လက်ရှိမှာ ယန္တရားရုပ်တွေရဲ့ ကံကြမ္မာဆိုး နတ်ဘုရား ဖြစ်နေပြီး သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ နေလတစ်ပိုင်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ကာကွယ်ပေးမှုနဲ့အတူ သူတို့က နောက်ဆုံးတော့ ယန္တရားရုပ် အားလုံးကို ချေမှုန်းပစ် နိုင်ခဲ့ပါတယ်။

ရင်ယွန်ရှန်း၊ ဖူရှင်းနဲ့ ကျင်းကျီဟွေ့တို့ အားလုံးက စိတ်လှုပ်ရှားစွာနဲ့ သက်ပြင်းချလိုက် ကြပါတယ်။ လင်းဟာန်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူတို့အားလုံး ဒီနေရာမှာ သေသွားကြပါလိမ့်မယ်။

သူတို့တွေက ဘယ်လောက်ပဲ အစွမ်းထက်ထက် ဘယ်လောက်ပဲ ထူးခြားနေပါစေ နေလတစ်ပိုင်း အဆင့်ရှိတဲ့ ယန္တရားရုပ် တစ်ရုပ်ကို ဘယ်လိုလုပ်ပြီးတော့ သူတို့ဘာသာသူတို့ အနိုင်ယူနိုင်မှာလဲ။

ယန်ထိုက်ချန်က ဒါကို အရင်ဆုံး ဥပမာ ပြသွားခဲ့ပါတယ်။

ယန်ထိုက်ချန် အကြောင်းကို စဉ်းစားလိုက်ရင် အားလုံးက သက်ပြင်းချလိုက် မိပါတယ်။ သူက အခြေအနေ ဘယ်လိုပဲဖြစ်နေပါစေ သူ့ရဲ့ စည်းမျဉ်းစည်းကမ်းကို ဖက်တွယ်ထားနိုင်သူ ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာကြီးထဲမှာ ဒီလိုအရည်အချင်း ရှိတဲ့သူက တကယ့်ကို ရှားပါးပြီး တန်ဖိုးမဖြတ် နိုင်ပါဘူး။

တိုက်ပွဲပြီးသွားတာနဲ့ ဖူရှင်းက သူ့ဒဏ်ရာတွေကို စတင်ကုသလိုက်ပါတယ်။ သူက အံကိုကြိတ်ပြီး တိုက်ပွဲထဲမှာ ပါဝင်တိုက်ခိုက်ခဲ့ပါတယ်။ သူက တခြားသူတွေအတွက် ဝန်ထုပ်ဝန်ပိုး အဖြစ်မခံ နိုင်ပါဘူး။ သူက အရမ်းကို

ယှဉ်ပြိုင်ချင်တဲ့စိတ်နဲ့ ဂုဏ်ယူဂင့်ကြွားတဲ့ ကိုယ်ရည်ကိုယ်သွေးရှိသူ တစ်ယောက် ဖြစ်ပါတယ်။

"ဆရာသခင် ကျနော်တို့ အဲဒီခြေပြတ်နေတဲ့ အဘိုးကြီးကို လိုက်ဖမ်းသင့်လား"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က မေးလိုက်ပါတယ်။

လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့ သူ့ခေါင်းကို ခါလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ မေ့လိုက်တော့။ သူက ဒီကျွန်းရဲ့ အုပ်ချုပ်သူ တစ်ယောက် ဖြစ်တာနဲ့အညီ ဒီနေရာမှာ နှစ်ထောင်သောင်းနဲ့ချီ နေထိုင်ခဲ့တယ်။ သူ့ကို ငါတို့ လွယ်လွယ်နဲ့ ရှာနိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ တကယ်လို့ သူ့ကို ငါတို့ မဖျက်ဆီးနိုင်ဘူးဆိုရင် သူက ဒီလိုမျိုး လူသားမဆန်တဲ့ ပြစ်မှုတွေကို ဆက်ကျူးလွန်နေဦးမှာပဲ"

စွေ့ရန်ယွီက ပြောလိုက်တယ်။

"ဒါဆိုရင် ဒီသူခိုးအဘိုးကြီး သဲလွန်စတွေ ဘာတွေ ကျန်ခဲ့မလားဆိုပြီး ငါတို့ အနီးအနား ဂန်းကျင်ကို တစ်ချက်ရှာကြည့်တာပေါ့"

လင်းဟာန်က ပြန်ဖြေလိုက်ပါတယ်။

"ဒီသူခိုးအဘိုးကြီးနဲ့ ပတ်သက်ပြီး ငါတို့ဘာမှမသိထားဘူး။ တကယ်လို့ သူ့သမိုင်းကြောင်းနဲ့ အကျင့်စရိုက်ကို နားလည်ထားမယ်ဆိုရင် သူ့ကိုရှာရတာ ပိုပြီးတော့တောင် လွယ်ကူနိုင်တယ်"

"ဆရာသခင်က အရမ်းကို ဉာဏ်အမြော်အမြင် ရှိတာပဲ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က မျက်နှာလို မျက်နှာရ ပြောလိုက်ပါတယ်။

လင်းဟာန်က မျက်စိတစ်ချက် ဝေ့ကြည့်ပြီးတော့ သူ့ဆီကို ယန္တရားဂက်ဝံရုပ်ကို ပစ်ပေးလိုက် ပါတယ်။

"ဒီယန္တရားရုပ်ထဲကို ဂင်လိုက်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အနည်းငယ် ခေါင်းခြောက်သွားပါတယ်။ လက်ရှိ သူ့ရဲ့ ယန္တရားရုပ်က အစွမ်းမထက်ဘူးလား။ ဒါက နေလတစ်ပိုင်းအဆင့်မှာ ရှိပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ဒီယန္တရား ဂက်ဝံရုပ်ထက် အဆပေါင်းများစွာ ပိုပြီးတော့ အစွမ်းထက်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ မျက်လုံးထဲက မနှစ်မြို့တဲ့ အကြည့်ကို

မြင်လိုက်ရပြီးတဲ့နောက်မှာ သူက ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။

လူသားတစ်ယောက် အနေနဲ့ သူ့ရဲ့ ဆရာသခင်က လူသားအလောင်းတွေကို ယန္တရားရုပ်အဖြစ် သန့်စင်တာကို မနှစ်မြို့တာ သဘာဝ ကျပါတယ်။

သူက လင်းဟန်ရဲ့ အမိန့်ကို မနာခံပဲ မနေဝံ့ပါဘူး။ ချက်ချင်းပဲ ယန္တရား ဂက်ဝံရုပ်ရဲ့ ခန္ဓာကိုယ်ထဲ ဂင်လိုက်ပါတယ်။ ဒီယန္တရားရုပ်တွေက အသိစိတ်တွေ အသက်ဓာတ် စွမ်းအားတွေ မပိုင်ဆိုင် ထားပါဘူး။ ဒါကြောင့် သူတို့အထဲကို ဂင်ခြင်းထွက်ခြင်းက မလွယ်ကူစရာအကြောင်း မရှိနိုင်ပါဘူး။

လင်းဟန်က လူသားယန္တရားရုပ် နှစ်ခုလုံးကို မီးရှို့ပြာချလိုက်ပါတယ်။ သူက ဖေးကျိုနဲ့ တိုက်ခိုက်ဖို့ သူတို့ကို သိမ်းဆည်းထားခဲ့တာပါ။ ဒါကြောင့် အခု သူတို့ရဲ့ တိုက်ပွဲက ပြီးဆုံးသွားပြီ ဖြစ်တာကြောင့် သူ့အတွက် မှန်မှန်ကန်ကန်နဲ့ ငြိမ်းချမ်းရာကို ပို့ဆောင်ပေးတာက အဆင်ပြေဆုံး ဖြစ်ပါလိမ့်မယ်။

လင်းဟန်မှာ မျှော်လင့်ချက်တွေ မြင့်မြင့်မားမား မရှိပါဘူး။ သူတို့က ဖေးကျိုရဲ့ နေ့စဉ်မှတ်တမ်း တစ်ခုကို ရှာတွေ့ခဲ့ပါတယ်။

ဒီနေ့စဉ်မှတ်တမ်းက အသေးစိတ်ကျပြီး ဖေးကျိရဲ့ ပုံမှန်မဟုတ်တဲ့ ဝါသနာကို သိလာရပါတယ်။

"ဒါဆိုရင် ဒီအမျိုးသားနဲ့ အမျိုးသမီး ယန္တရားရုပ်တွေက သူ့ရဲ့ စီနီယာ အစ်ကိုနဲ့ စီနီယာ အစ်မတို့ကို ပြောင်းလဲဖန်တီး ထားတာပေါ့။ သူတို့သုံးယောက်က ယန္တရားပညာရှင် တစ်ယောက်ရဲ့ တပည့်တွေပဲ"

"သူက သူ့ရဲ့ စီနီယာ အစ်မကို ကျိတ်ပြီးတော့ ချစ်နေတာပဲ။ သူမက သူ့ရဲ့ စီနီယာ အစ်ကိုနဲ့ လက်ထပ်သွားတယ်"

"သူက သူ့ခံစားချက်တွေကို ထုတ်ဖော်မပြခဲ့ပဲ သူတို့ရဲ့ ဆရာသခင် သေဆုံးသွားပြီးတဲ့ နောက်မှာ သူက သူတို့နှစ်ယောက်ကို အဆိပ်ခပ်ပြီးတော့ ယန္တရားရုပ်တွေအဖြစ် သန့်စင်ပြီး ထိန်းသိမ်းထား ခဲ့တာပဲ"

"အမျိုးသား ယန္တရားရုပ်မှာ ဆေဘာဓားတွေနဲ့ ဓားရှည်တွေ ထိုးစိုက်ထားတာ အံ့သြစရာ မရှိတော့ဘူး။ ဖေးကျိက သူ့ကို အရမ်းမုန်းတီးနေခဲ့တာပဲ"

"ဘယ်လောက် ထူးဆန်းလိုက်လဲ။ သူက သူချစ်တဲ့ အမျိုးသမီးကိုတောင် ယန္တရားရုပ် တစ်ရုပ်အဖြစ် ပြောင်းလဲလိုက်တယ်"

နေ့စဉ်မှတ်တမ်းမှာ သူက သူ့ရဲ့စီနီယာအစ်ကိုနဲ့ အစ်မကို ဘယ်လိုမျိုး သန့်စင်သွန်းလုပ်ခဲ့လဲ ဆိုတာကို အသေးစိတ် ဖော်ပြထားပါတယ်။ သူတို့ရဲ့ ဆဲရေးတိုင်းထွာမှုတွေ အပြစ်တင် ဝေဖန်မှုတွေ၊ ဒေါသတွေ၊ ထိတ်လန့်မှုတွေနဲ့ တခြားအရာတွေ အားလုံးကို သေသေချာချာ အသေးစိတ် မှတ်တမ်းတင်ထားခဲ့ပါတယ်။ တကယ်လို့ ဖေးကျိက အဲ့ဒီအတွေ့အကြုံတွေကို ပြန်ပြီးတော့ ခံစားချင်တယ်ဆိုရင် သူ့ရဲ့ မှတ်တမ်းကို ပြန်ဖတ်ပါတယ်။

"သူတို့ရဲ့ ဂျူနီယာ ညီငယ်က သူတို့ကို သစ္စာဖောက်ပြီးတော့ သူတို့ကို အသက်ဝင် လုပ်ရှားနေတဲ့ အချိန်မှာ ယန္တရားရုပ်တစ်ရုပ် အဖြစ်ကို သန့်စင်သွန်းလုပ်တာကို ကြုံတွေ့ခံစားရတဲ့ အချိန်မှာ ဘယ်လိုမျိုး မျှော်လင့်ချက်ကင်းမဲ့တဲ့ အနေအထား တစ်ခုကို ခံစားခဲ့ရမလဲ"

စွေ့ရန်ယွီက ခေါင်းကိုခါရင်း သူမရဲ့ မျက်လုံးတွေမှာ ဒေါသမီးတွေ တောက်လောင်လို့ နေပါတယ်။

“ဒါဆိုရင် တပည့်တွေကို ရွေးချယ်တဲ့ အချိန်မှာ ပါရမီအပေါ် အာရုံစိုက်လို့ပဲ မရနိုင်ဘူး။ အဓိက အရေးကြီးတဲ့ အချက်က သူတို့ရဲ့ အကျင့်စရိုက်ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဝံပုလွေ တစ်ကောင်ကို ကြည့်ရှုစောင့်ရှောက်တာနဲ့ ဘာမှမကွာခြားတော့ဘူး”

လင်းဟာန်က စိတ်လှုပ်ရှားမှုနဲ့အတူ သက်ပြင်းချလိုက်ပါတယ်။ သူ့ရဲ့ စကားတွေက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ စိတ်ထဲမှာ နာကျင်မှုတွေ ဖြစ်သွားစေခဲ့ပါတယ်။ သူ့ရဲ့ ဆရာသခင်က သူ့ကို စကားနဲ့ သတိပေးတာများလား။

ဟမ်း။

အဲဒီအခိုက်အတန့် ဓားအလင်းရောင် တစ်ချက် လက်သွားပြီး လင်းဟာန်ရဲ့ နောက်ကျောဘက်ကို ထိုးစိုက်လာခဲ့ပါတယ်။

ဒီဓားချက်က လျင်မြန်ပြီး ပြင်းထန်ပါတယ်။ ပိုပြီးအရေးကြီးက လုံးဝကို မျှော်လင့်မထားခဲ့ပါဘူး။ တိုက်ပွဲက ပြီးဆုံးသွားပြီး အခန်းထဲမှာ ဘေးချင်းယှဉ်ပြီး တိုက်ခိုက်ခဲ့တဲ့ လူတွေပဲ ကျန်ပါတယ်။ ဘယ်သူကများ လင်းဟာန်ကို ရုတ်တရက် တိုက်ခိုက်လိုက်တာလဲ။

ဖူး။

ဓားက လင်းဟာန်ရဲ့ ခန္ဓာကိုယ်ထဲကို နက်နက်ရှိုင်းရှိုင်း စိုက်ဝင်သွားခဲ့ပါတယ်။ လင်းဟာန်က ကျယ်လောင်စွာ မာန်သွင်းပြီး သူ့အနောက်ကို တိုက်ခိုက်လိုက်ပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်လည်း သတိပြန်ဝင်လာပြီး အလျင်အမြန်ပဲ ကျယ်လောင်စွာ ဟိန်းပြီးတော့ သူ့ရဲ့ ဂက်ဝံလက်သည်းတွေနဲ့ လုပ်ကြံသတ်ဖြတ်သူဆီကို ဖော့ယမ်းတိုက်ခိုက် လိုက်ပါတယ်။

လုပ်ကြံသတ်ဖြတ်သူက သူ့ရဲ့ဓားကို ပြန်ရုပ်သိမ်းဖို့ အချိန်မရှိပါဘူး။ ဒါကြောင့် သူက လက်လွှတ်ပြီး အနောက်ကို လွှားခနဲ ခုန်ဆုတ်လိုက် ရပါတယ်။ ချက်ချင်းဆိုသလို သူတို့က ဆယ့်ခြောက်မီတာ အကွာလောက်ထိ ရောက်သွားပါတယ်။

လုပ်ကြံသတ်ဖြတ်သူက ရင်ယွန်ရှန်းကလွဲပြီးတော့ ဘယ်သူများ ဖြစ်နေဦးမှာလဲ။

"လင်းဟာန်"

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ အော်လိုက်ပြီး ချက်ချင်းပဲ လင်းဟာန်ကို ကူညီပြီးတော့ ပွေ့ဖက်ထားကာ မျက်ရည်တွေက သူမရဲ့ ပါးပြင်ပေါ်က လိမ့်ကျလာခဲ့ပါတယ်။ လင်းဟာန်ရဲ့

ခန္ဓာကိုယ်ကို ဓားက ထိုးဖောက်သွားပြီး ဓားလက်ကိုင်ပဲ အပြင်မှာ ကျန်တော့တာကို တွေ့မြင် နိုင်ပါတယ်။

ကျင်းကျီဟွေ့က ဒေါသထွက်သလို အံ့အားလည်း သင့်သွားပြီး ရင်ယွင်ရှန်းကို စိုက်ကြည့်ကာ အော်လိုက်ပါတယ်။

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ဖူရှင်းတစ်ယောက်ပဲ မြေကြီးပေါ်မှာ ထိုင်နေဆဲ ဖြစ်ပါတယ်။ သူ့ရဲ့ ကြွက်သားတွေက အရမ်းကြီး တင်းထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟာန်က ရင်ယွင်ရှန်းကို စိုက်ကြည့်လိုက်ပြီး ဂမ်းခေါင်းသံနဲ့ ပြောလိုက်တယ်။

"ဒါဆိုရင် လေ့ပေါ်က တရားခံက တကယ်ပဲ မင်းဖြစ်နေတာပေါ့"

"အဲဒီတော့ ဘာဖြစ်လဲ"

ရင်ယွင်ရှန်းရဲ့ အမူအရာက တချိန်လုံး သတိထားနေတဲ့ အမူအရာကနေ ချက်ချင်းပဲ ဂုဏ်ယူပြီး ဘဝင်မြင့်တဲ့ အမူအရာတစ်ခု အဖြစ်ကို ပြောင်းလဲသွားပါတယ်။ အဲဒါတင်မက သူမရဲ့ အရှိန်အဝါကလည်း ပြောင်းလဲသွားပြီး ချက်ချင်းဆိုသလို

တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့် အရှိန်အဝါ ပေါက်ကွဲထွက် လာခဲ့ပါတယ်။

လင်းဟန်က ချောင်းအနည်းငယ် ဆိုးလိုက်ပြီး သူ့မျက်နှာကလည်း ပိုပြီးတော့ ဖြူဖပ်ဖြူရော် ဖြစ်လာကာ ပြောလိုက်ပါတယ်။

"ကျိုးဝေါင်ယွင် မသေခင်တုန်းက သူတရားခံ မဟုတ်ဘူးလို့ ပြောသွားတယ်"

ရင်ယွင်ရှန်းက လင်းဟန်ကို ဓားနဲ့အောင်အောင်မြင်မြင် ထိုးနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူမက အလျင်မလိုပါဘူး။

"အသက်ရှင်ဖို့အတွက် သူက အပြစ်တွေကို ဘယ်သူ့ကိုမဆို ပုံချနိုင်တာပဲလေ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ သူက တရားခံသာဆိုရင် အပြစ်ပုံချဖို့ ကြိုးစားတာထက် သနားညှာတာ ခွင့်လွှတ်ပေးဖို့ တောင်းဆိုတာက ပိုပြီးတော့ သဘာဝကျတာပေါ့"

ရင်ယွင်ရှန်းက အနည်းငယ် အံ့အားသင့်သွားပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် နင်က ငါ့ကို စပြီးတော့ သံသယဝင်လာခဲ့တာလား"

"အမှန်ပဲ"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ကို စေလွှတ်နိုင်တယ်ဆိုရင် ဘာဖြစ်လို့ သူတို့က နှစ်ယောက်ကို မစေလွှတ်နိုင်မှာလဲလို့ ငါမစဉ်းစားမိပဲ နေမှာလား။ တစ်ယောက်က ပေါ်ပေါ်ထင်ထင် နေပြီးတော့ တစ်ယောက်က အမှောင်ထဲမှာ ပုန်းခိုနေမယ်လေ"

ရင်ယွင်ရှန်းက ကျယ်လောင်စွာနဲ့ ဟက်ဟက်ပက်ပက် မရယ်မောခင် ခဏလောက် တုံ့ဆိုင်းဆိုင်း ဖြစ်သွားခဲ့ပါတယ်။

"ထားပါတော့။ ငါ့အတွက်တော့ နင့်ကို ထပ်ပြီး လှည့်စားစရာ မလိုတော့ဘူး။ ငါက အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ဆိုတာ အမှန်ပဲ။ ဒါပေမဲ့လည်း အချိန်ဆွဲဖို့တောင် မစဉ်းစားနဲ့။ ဒီဓားမှာ အဆိပ်သုတ်ထားတယ်။ တကယ်လို့ ဒီဓားနဲ့ ထိုးခံလိုက်ရရင် နေလအဆင့် ကနဦးမှာရှိတဲ့ လက်ရွေးစင်တွေတောင် အဆိပ်မိပြီး သေသွားလိမ့်မယ်"

စွေ့ရန်ယွီက နောက်ဆုံးမှာ အံ့အားသင့် သွားခဲ့ပါတယ်။ သူမက လင်းဟာန်ရဲ့ ပြန်လည်ကုသနိုင်တဲ့ စွမ်းရည်နဲ့ ပတ်သက်ပြီး အရမ်းကို ယုံကြည်မှု ရှိပါတယ်။ ဒါပေမဲ့ အဆိပ်ကတော့ လုံးဝကို မတူညီတဲ့ ပုံပြင်တစ်ခု ဖြစ်သွားပါပြီ။

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းဂန်ခံတဲ့အတွက် ငါကျေးဇူးတင်ပါတယ်။ ငါ့အနေနဲ့ အရင်တုန်းက သံသယ ဝင်ရုံပဲ ဝင်မိခဲ့တယ်။ ဒါပေမဲ့ အခုတော့ သေချာသွားတာပေါ့"

သူက မတ်တပ်ထရပ်ပြီး သူ့ညာဘက်လက်မောင်းကို အသာလေး မလိုက်ပြီး သူ့အပေါ်မှာ စိုက်ဝင်နေတဲ့ ဓားက ခလွမ်ဆိုတဲ့ အသံနဲ့အတူ မြေကြီးပေါ်ကို ချက်ချင်းပဲ ပြုတ်ကျသွား ခဲ့ပါတယ်။

ဓားက သူ့ခန္ဓာကိုယ်ကို ထိုးစိုက်သွားခြင်း မရှိခဲ့တဲ့ ပုံစံပါပဲ။ သူ့လက်နဲ့ ရင်ဘတ်အကြားမှာ ညှပ်ထားသလိုပါပဲ။

"ဘာ"

ရင်ယွင်ရှန်းရဲ့ လှပတဲ့ မျက်နှာပေါ်က အမူအရာဟာ ချက်ချင်းပဲ ပြောင်းလဲသွားပြီး သူမက မယုံကြည်နိုင်စွာနဲ့ ပြောလိုက်တယ်။

"နှင့်နှလုံးသားကို ငှါးခြားနဲ့ သေသေချာချာ ထိုးစိုက်လိုက်ပါတယ်။ တည်နေရာကလည်း လုံးဝကို မှန်နေတယ်။ အာ ကြိုတင်မှ....."

သူမက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဒီတစ်ချိန်လုံး နှင့်ဘက်က မပြင်ဆင်ထားသရွေ့ နှင့်အရိုးတွေရဲ့ တည်နေရာကို မရွေ့ပြောင်း နိုင်လောက်ဘူး"

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ပွင့်လန်းလာပြီးတော့ ပြောလိုက်တယ်။

"ငါတို့ထဲမှာ အမှောင်ည ခန်းမက နောက်ထပ်လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ရှိနေမယ်လို့ ငါက သံသယဝင်နေမှတော့ ဘယ်လိုလုပ်ပြီးတော့ ငှါကိုယ်ငါ မကာကွယ်ထားပဲ နေမှာလဲ"

"ဒါပေမဲ့ နှင်က ငှါ့ကို ဘာကြောင့် သံသယ ဝင်တာလဲ"

ရင်ယွင်ရှန်းက အကြောင်းပြချက်ကို မခန့်မှန်းနိုင်တော့ပဲ ပြောလိုက်ပါတယ်။

"ငှါ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို လျှို့ဝှက်နည်းစနစ် တစ်ခုကို အသုံးပြုပြီးတော့ ထိန်းချုပ်ထားတယ်။ နှင်မပြောနဲ့ နေလအဆင့်ရဲ့ ကနဦးအဆင့်မှာရှိတဲ့ လက်ရွေးစင်တွေတောင် ငှါ့ရဲ့ဖုံးကွယ်ထားမှုကို မြင်နိုင်မှာမဟုတ်ဘူး"

လင်းဟန်က ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်ပါတယ်။

"မင်းရဲ့ ဖုံးကွယ်ထားမှုက တကယ့်ကို ကောင်းမွန်တယ်။ ဒါပေမဲ့လည်း ငါတို့ကို ယန္တရားရုပ်တွေ ဝိုင်းထားတဲ့ အချိန်မှာ မင်းစွမ်းဆောင်နိုင်တဲ့ စွမ်းအားထက် ပိုပြီးတော့ သာလွန်တဲ့ အစွမ်းကို ထုတ်ဖော်ရတယ်။ အဲဒါက ငါ့စိတ်ထဲက သံသယကို ကြီးထွားလာစေခဲ့ပြီး မင်းနဲ့ပတ်သက်ပြီးတော့ ငါ့မှာ ပိုပြီးတော့ စိုးရိမ်ပူပန်လာစေခဲ့တယ်"

ရင်ယွင်ရှန်းက ဒီအဖြေကို ကြားလိုက်ရတဲ့ အချိန်မှာ အနည်းငယ် တွေဝေသွားခဲ့ပါတယ်။ အဲဒီအချိန်က အခြေအနေက အရမ်းကို ရှုပ်ထွေးနေပြီး လင်းဟန်က တိုက်ခိုက်နေတဲ့ တချိန်လုံး အေးအေးဆေးဆေးနဲ့ စောင့်ကြည့်နေနိုင်တာလား။ သူက ဘယ်လောက်တောင် ထူးဆန်းလိုက် သလဲ။

ဒါက ဘာမှမတတ်နိုင်ပါဘူး။ လင်းဟန်ရဲ့ နတ်ဘုရား အာရုံက ပြင်းထန်အလယ်အလတ် အဆင့်မှာ သာမန်ကျင့်ကြံသူတွေထက် အပုံကြီး ပိုသာနေရမယ်လို့ ဘယ်သူကများ ပြောနေလို့လဲ။

"ရိုးရှင်းတဲ့ နည်းလမ်းက အလုပ်မဖြစ်ဘူး ဆိုမှတော့ ငါက ပိုပြီးတော့ ခက်ခဲတဲ့ နည်းလမ်းကို အသုံးပြုရတော့မှာပေါ့"

ရင်ယွင်ရှန်းက အေးစက်စွာနဲ့ ရယ်မောပြီးတော့ ဓားတစ်ချောင်းကို ထပ်ဆွဲထုတ်လိုက်ပြီး သူမရဲ့ ခန္ဓာကိုယ်ကနေ မကောင်းဆိုးဝါးဆန်တဲ့ အငွေ့အသက် အရှိန်အဝါတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

သူမက ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

Chapter 1032 end

အပိုင်း(1033) ရင်ယွင်ရှန်းကို သတ်ဖြတ်ခြင်း

"လင်းဟာန်"

စွေ့ရန်ယွီရဲ့ ထိတ်လန့်ကြောက်ရွံ့မှုကနေ ကျေနပ်ပီတိ ဖြစ်မှုကို ချက်ချင်းပဲ ပြောင်းလဲသွားခဲ့ပြီး လင်းဟာန်ကို အနောက်ကနေ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိပါတယ်။ စောစောတုန်းက လင်းဟာန် သေသွားမှာကို သူမ တကယ်ပဲ ထိတ်လန့်ကြောက်ရွံ့ နေခဲ့မိပါတယ်။

ကျင်းကျီဟွေ့လည်း စိတ်သက်သာရာ ရသွားပြီးတော့ သက်ပြင်းချ လိုက်မိပါတယ်။ သူ့မျက်လုံးတွေက ဒေါသတွေနဲ့ မီးဟင်းဟင်း တောက်နေပြီး ရင်ယွင်ရှန်းကို ကြည့်လိုက်ပါတယ်။

ပြောရမယ်ဆိုရင် သစ္စာဖောက်တယ်ဆိုတာက လူတွေအမုန်းတီးဆုံး အရာဖြစ်ပါတယ်။

သူတို့က အတူတကွ ဖြတ်သန်းလာကြပြီး မိစ္ဆာသားရဲ မြွေတွေနဲ့လည်း တိုက်ခိုက်ခဲ့ရပြီး ပင်လယ်ဓားပြတွေရဲ့ တိုက်ခိုက်မှုကိုလည်း ခုခံခဲ့ ကြပါတယ်။ ပြီးတော့ ကျွန်းပေါ်က ယန္တရားရုပ်တွေကိုလည်း ချေမှုန်းခဲ့ ကြပါတယ်။ သူတို့က ရင်းနှီးမှု သံယောဇဉ်တွေနဲ့ ရဲဘော်ရဲဘက်တွေလို့တောင် ပြောနိုင်ပါတယ်။ ဒါကို ရင်ယွင်ရှန်းက ရုတ်တရက် သူတို့ကို သစ္စာဖောက်လိုက်တာက သူတို့အားလုံးရဲ့ နောက်ကျောကို ဓားတစ်ချောင်းနဲ့ ထိုးလိုက်သလို ခံစားရပါတယ်။

"ဆရာသခင် ဒီခွေးမကို ကျုပ်အစိတ်စိတ် အပိုင်းပိုင်း စုတ်ဖြဲခွင့်ပြုပါ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က တောင်းဆိုလိုက်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဟိန်းဟောက်ပြီးတော့ ချက်ချင်းပဲ ရင်ယွင်ရှန်းဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူက အချိန်အတော်ကြာအောင် ထိန်းချုပ်ထားပြီး

သူ့ခန္ဓာကိုယ်ကို သက်တောင့်သက်သာ ဖြစ်စေဖို့နဲ့ အပြောင်းဆန့်ဖို့ အရမ်းကို စိတ်အား တက်ကြွနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက ယန္တရားရုပ် တစ်ခုရဲ့ ခန္ဓာကိုယ်ကို ထိန်းချုပ်နေရတာ ဖြစ်ပြီးတော့ တကယ်လို့ ယန္တရားရုပ် ပျက်စီးသွားရင်တောင် ကိစ္စမရှိပူါဘူး။ လင်းဟာန်မှာ အပိုပစ္စည်းတွေ တန်နဲ့ချီပြီးတော့ ရှိပါတယ်။ သူက နောက်ထပ်ယန္တရားရုပ်ထဲကို ဝင်လိုက်ရုံပါပဲ။

သူက နတ်ဘုရားအာရုံ တိုက်ခိုက်မှု တစ်ခုကိုပဲ ကြောက်ရွံ့ရပါတယ်။

"နင်က အမိုက်စ တစ်စသက်သက်ပါပဲ"

ရင်ယွင်ရှန်းက သူမရဲ့ဓားကို မြှောက်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

သူမက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် ကျင့်ကြံခြင်း အဆင့်နဲ့ အတူ တကယ့်ကို အစွမ်းထက်ပါတယ်။ သူမက သူမရဲ့ ကျင့်ကြံခြင်း အဆင့်ထက် သာလွန်ပြီး မတိုက်ခိုက်နိုင်ပေမဲ့ သူမရဲ့ တိုက်ခိုက်မှုက လက်ရှိအားလုံးထဲမှာ အစွမ်းထက်ဆုံး ဖြစ်နေပါသေးတယ်။

ပြောရမယ်ဆိုရင် ကျားမရှိတဲ့ တောင်ပေါ်မှာ မျောက်တွေက အုပ်ချုပ်သူပါပဲ။ အခုလည်း အဲဒီလို အတိအကျပါပဲ။ တကယ်လို့ ယန်ထိုက်ချန်သာ အသက်ရှင်နေဦးမယ်ဆိုရင် သူမရဲ့ သရုပ်အမှန်ကို ဆက်လက်ပြီးတော့ ဖုံးကွယ်ထားပြီး လိမ်ညာနေပါဦးမယ်။

ပုန်း ပုန်း ပုန်း ပုန်း။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အဆက်မပြတ် နောက်ဆုတ်နေရပြီး အဆုံးမှာ လင်းဟန်ရဲ့ ခြေထောက်နားထိ လျှောတိုက်သွားပါတယ်။ လင်းဟန်က ခြေထောက်ကို မြှောက်ပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်ကို နင်းလိုက်တဲ့ အချိန်မှပဲ သူ့ရဲ့ ရွေ့လျားမှုက ရပ်သွားခဲ့ပါတယ်။

"မင်းက သူမကို အနိုင်ယူဖို့ လုံလောက်တဲ့ သန်မာမှု ရှိရဲ့လား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ မျက်နှာပေါ်မှာ ခါးသီးတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"ဆရာသခင် သူမက အတော်လေးကို သန်မာတယ်"

ယန္တရား ဂက်ဂံက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပြီးတော့ ရင်ယွင်ရှန်းထက် အဆင့်သေးလေးတစ်ဆင့်လုံး အားနည်းပါတယ်။ ဒါကြောင့် သူက တစ်ချိန်လုံး နောက်ဆုတ် နေရပါတယ်။

"ခစ် ခစ် ခစ် ခစ်"

ရင်ယွင်ရှန်းက ရယ်မောပြီးတော့ ပြောလိုက်တယ်။

"နင့်ကို ဘယ်သူက အကြင်နာပိုပြီးတော့ မဟာဂရုဏာရှင်ကြီး တစ်ယောက်လို ဟန်ဆောင်ပါလို့ ပြောနေလို့လဲ။ နင့်မှာ နေလတစ်ပိုင်းအဆင့် ယန္တရားရုပ် နှစ်ရုပ် ရှိခဲ့ပေမဲ့ နင့်လက်နဲ့ပဲ သူတို့ကို ဖျက်ဆီးပစ်ခဲ့တယ်။ ထို့ နင်က အဲဒါကို တစ်ကြိမ် အသုံးပြုပြီးပြီပဲ။ အဲဒီတော့ နှစ်ကြိမ် ဒါမှမဟုတ် သုံးကြိမ်လောက် အသုံးပြုတာ ဘာအများရှိလို့လဲ"

"သူမကို အာရုံပြောင်းထား ငါအနောက်ကနေ မင်းကို ကာကွယ်ပေးထားမယ်"

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ဆောင့်ကန်လိုက်ပြီး ယန္တရား ဂက်ဂံရုပ်က ချက်ချင်းဆိုသလို မိုးကောင်းကင်ပေါ်ကနေ ရင်ယွင်ရှန်းဆီကို ပျံသန်းသွားပါတယ်။

"တရွှေတစ်ရာ ဓားသိုင်း"

ရင်ယွင်ရှန်းက အသံတိုးတိုးလေး အော်လိုက်ပြီး လေထဲမှာ မရေမတွက်နိုင်တဲ့ တရွှေတွေ စုဝေးလာပြီး သူမရဲ့ ဓားကို ပေ့ယမ်းကာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ဆီကို ခုတ်ချလိုက်ပါတယ်။

လင်းဟန်ကလည်း လှုပ်ရှားလိုက်ပါတယ်။ သူက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပြင်ဆင်ထားပြီး ရင်ယွင်ရှန်းကို ပိုက်ကွန်ထဲ ပိတ်လှောင်ထားနိုင်သရွေ့ သူမရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန်အဆင့်မြင့်ထိ ဆုတ်ယုတ်သွားပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူမကို ဖမ်းဆီးဖို့ဆိုတာက အရမ်းကို လွယ်ကူလွန်းသွားပါလိမ့်မယ်။

"အိပ်မက်မက် မနေနဲ့"

ရင်ယွင်ရှန်းရဲ့ ခန္ဓာကိုယ်က ထူးခြားတဲ့ ဟန်ပန်အမူအရာ တစ်ခုနဲ့ လေထဲမှာ ကခုန်သွားပြီး လင်းဟန်က သူမကို ပစ်မှတ်ထားလို့ မရတော့ပါဘူး။

တစ်ယောက်ယောက်က ပြင်ဆင်ထားတယ်ဆိုမှတော့ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်လို ရတနာ ပစ္စည်းမျိုးကို အကျိုးရှိရှိ အသုံးချဖို့ အရမ်းကို ခက်ခဲသွားပါပြီ။

"အဲဒီလိုလား"

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ရုတ်တရက် သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို အသက်သွင်းလိုက်ပါတယ်။

နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေ ပုံသဏ္ဍာန်ကင်းမဲ့ပြီး လက်ဆုပ်လက်ကိုင် ဖော်ပြလို့ မရနိုင်ပါဘူး။ ပြီးတော့ သူတို့ရဲ့ အမြန်နှုန်းကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ဒီတိုက်ခိုက်မှုတွေကို ရှောင်တိမ်းဖို့ မဖြစ်နိုင်ပါဘူး။ တစ်ဦးချင်း တိုက်ခိုက်မှုမှာ လူတစ်ယောက်က ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ရင်ဆိုင်နိုင်တယ် ဆိုတာက နတ်ဘုရားအာရုံ ပိုပြီးတော့ သန်စွမ်းပြီး ဒဏ်ခံနိုင်မှုကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

ရင်ယွင်ရှန်းက ချက်ချင်းဆိုသလို တိုက်ခိုက်ခံလိုက် ရပြီး သူမရဲ့ လှုပ်ရှားမှုတွေ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်သွားပြီး သူမရဲ့ ဓားလည်း ရပ်သွားပါတယ်။

ဒါပေမဲ့လည်း သူမက ပြီးပြည့်စုံခြင်းအဆင့် အထွတ်အထိပ်မှာ ရှိတဲ့လူတစ်ယောက် ဖြစ်တာကြောင့် သူမက တစ်စက္ကန့်ရဲ့ အစိတ်အပိုင်း အနည်းငယ်လောက်ပဲ တွေဝေသွားခဲ့တာ ဖြစ်ပါတယ်။ လင်းဟာန်က သူမကို အနက်ရောင် မျှော်စင်ထဲ စုပ်ယူဖို့ အချိန်လုံးဝ မရှိခဲ့ပါဘူး။ သူ့အတွက် ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ထုတ်ပစ်ဖို့ အချိန်တောင် မလုံလောက်ခဲ့ပါဘူး။

ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အဲဒီအချိန် အခိုက်အတန့်မှာ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။ သူက လက်သည်းတွေကို ပွေ့ယမ်းခဲ့တာမဟုတ်ပဲ အဲဒီအစား သူမကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားဖို့ ရွေးချယ်လိုက်ပါတယ်။

သူက ရင်ယွင်ရှန်းထက် အဆင့်သေး တစ်ဆင့်ပဲ အားနည်းတာ ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ ရုတ်တရက် ရပ်တန့်မှုက သူ့အတွက်တော့ အဲဒါကို အခွင့်ကောင်းယူဖို့ လုံလောက်ပါတယ်။

"ဆရာသခင် ကျနော်သူ့ကို ဖမ်းမိပြီ"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်က အထွတ်အထိပ်မှာရှိတဲ့ လက်ရွေးစင်

တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ အစွမ်းထက်ဆုံး အချိန်တုန်းကတောင် တကယ်လို့ ဒီလိုမျိုး အစွမ်းထက်တဲ့ သက်ရှိတစ်ယောက် ဖြတ်သွားတဲ့ အချိန်နဲ့ ကြုံရင် ဒူးထောက်နေရုံပဲ တတ်နိုင်ပါတယ်။ သူက ဒီလိုမျိုး ပြိုင်ဘက်တစ်ယောက်ကို ရင်ဆိုင်ရတဲ့ အချိန်မှာ သူကိုယ်တိုင် ဖမ်းချုပ်နိုင်စွမ်း ရှိလာလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားမိပါဘူး။

ရင်ယွင်ရှန်းရဲ့ အမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"လွှတ်စမ်း"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူမကို ထိခိုက်ဒဏ်ရာရအောင် မလုပ်နိုင်ပေမဲ့ လင်းဟန်က ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို အသက်သွင်းနေခဲ့ပါပြီ။

သူမက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် အစွမ်းထက်ပါတယ်။ ပြီးတော့ ယန္တရား ဂက်ဂုံရုပ်ရဲ့ လက်တွေက သူမရဲ့ အစွမ်းကုန် ရုန်းကန်လှုပ်ရှားမှုကြောင့် ပုံစံပျက်ကာ ယို့ယွင်းလာခဲ့ပါတယ်။ ယန္တရား ဂက်ဂုံရုပ်ရဲ့ အရိုးတွေက ပုံစံပျက်ယွင်းလာတယ်ဆိုတာ ပေါ်လွင်ပါတယ်။

တကယ်လို့ ပုံမှန်သက်ရှိ တစ်ယောက်ဆိုရင် သူတို့က နာကျင်မှုကြောင့် ညည်းတွား နေရပါလိမ့်မယ်။ နောက်ပြီးတော့ ဘယ်လောက်ပဲ ခွန်အားကြီးကြီး ထုတ်နိုင်တဲ့သူ ဖြစ်နေပါစေ ဒီလိုမျိုး သည်းမခံနိုင်တဲ့ နာကျင်မှုကို ခံစားရမယ်ဆိုရင်ရော ဘာများတတ်နိုင်မှာလဲ။ ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သောက်ကျိုးနည်းအောင် မခံစားခဲ့ရပါဘူး။ သူက ရင်ယွင်ရှန်းကို တင်းတင်းကျပ်ကျပ် ဆက်ဖက်ထားပြီးတော့ လင်းဟာန်အတွက် တတ်နိုင်သမျှ အချိန်ဆွဲပေးနိုင်ဖို့ ကြိုးစားလိုက်ပါတယ်။

ရှွပ်။

ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်က သူတို့အပေါ်ကနေ လွှမ်းမိုးပြီးတော့ ကျလာခဲ့ပါတယ်။

ရင်ယွင်ရှန်းနဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ကျင့်ကြံခြင်း အဆင့်က ချက်ချင်းဆိုသလို အဆင့်သေး တစ်ခု လျော့ကျသွားခဲ့ပါတယ်။

ရင်ယွင်ရှန်းက သူမရဲက အစွမ်းကို ထုတ်ဖော်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်ကနေ ဓားချီက ပေါက်ကွဲထွက်လာပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ခုတ်ချလိုက်ပါတယ်။ သူမရဲ့ ခွန်အားက

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် မြင့်နေပါသေးတယ်။ ဒါကြောင့် သူမက သူ့ကို ရင်ဆိုင် တိုက်ခိုက်တဲ့ အချိန်မှာ အားသာချက်တစ်ခု ရှိနေတာ သဘာဝ ကျပါတယ်။ ယန္တရား ဂက်ဂံရုပ်ရဲ့ ခန္ဓာကိုယ်က မှတ်မိတယ် ဆိုရုံလောက်ထိ ရုပ်ပျက်ဆင်းပျက် ဖြစ်လာခဲ့ပါတယ်။

ဒီယန္တရား ဂက်ဂံက လျှို့ဝှက်နည်းပညာတွေနဲ့ သွန်းလုပ်ထားတဲ့ အချက်ကို ကျေးဇူးတင်ရပါမယ်။ သူ့ရဲ့ အရိုးတွေက အရမ်းကို ခိုင်မာတောင့်တင်း လွန်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ရင်ယွင်ရှန်းရဲ့ ဒေါသတကြီးနဲ့ အညှာအတာကင်းမဲ့တဲ့ တိုက်ခိုက်မှုတွေအောက်မှာ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

လင်းဟာန်က သူ့လေးကို ဆွဲထုတ်ပြီး အဆုံးမဲ့မြားကို အသက်သွင်းလိုက်တယ်။

မြားနဲ့ ရင်ယွင်ရှန်းကို ချိန်ရွယ်လိုက်တဲ့ အချိန်မှာ ချက်ချင်းဆိုသလို သူမရဲ့ ကျောရိုးထဲ စိမ့်လာသလို ခံစားလိုက်ရပါတယ်။ တကယ်လို့ လင်းဟာန်က ဒီမြားကို ပစ်လွှတ်လိုက်ရင် သူမက သေချာပေါက် သေရမယ်ဆိုတဲ့ ခံစားချက်မျိုး ဖြစ်လာပါတယ်။

အဲဒီအခိုက်အတန့်မှာ ဒီမြားပစ်နည်းက ဘယ်လိုအမျိုးအစားလဲ ဆိုတာကို စဉ်းစားဖို့ သူမမှာ အချိန်မရှိသလို ဘာဖြစ်လို့ အရမ်းကို အစွမ်းထက်နေရတာလဲ ဆိုတာကို စဉ်းစားဖို့ အချိန်လည်း မရှိပါဘူး။ သူမရဲ့ စိတ်ထဲမှာ ထွက်ပြေးဖို့ အတွေးတစ်ခုပဲ ရှိပါတော့တယ်။ ပြီးတော့ ဒီပိုက်ကွန်ကို ဖျက်ဆီးပြီး လွတ်မြောက်ဖို့နဲ့ ဒီမြားပစ်လိုက်ရင် ရှောင်တိမ်းဖို့ အတွေးပဲ ရှိပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သေခြင်းတရားက သူမစောင့်မျှော်နေတဲ့ တစ်ခုတည်းသော အရာ ဖြစ်သွားပါလိမ့်မယ်။

"ငါ့ကို လွှတ်စမ်း။ ငါ့ကို လွှတ်စမ်း"

ရင်ယွင်ရှန်းရဲ့ လှပတဲ့ မျက်နှာမှာ စိတ်သောက ရောက်မှုနဲ့ ရှုံ့မဲ့နေပြီး သူမနဲ့ ပတ်သက်တဲ့ ဆွဲဆောင်မှု နည်းနည်းလေးမှ မရှိတော့ပါဘူး။ သူမရဲ့ ခွန်အားတွေနဲ့ မူလစွမ်းအင်တွေ အားလုံးကို ဆွဲထုတ်ပြီး သူမရဲ့ အရင်းအမြစ် စွမ်းအားကိုတောင် စတင်ဆွဲထုတ်ကာ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်နဲ့ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကိုပါ သယ်ဆောင်ပြီး ထွက်ပြေးတော့မဲ့ ပုံစံမျိုးပါပဲ။

အံ့အားသင့်စရာကောင်းတာက သူမရဲ့ အမြန်နှုန်းက တကယ်ပဲ အတော်လေး လျင်မြန်လွန်း ပါတယ်။

ဒါပေမဲ့လည်း သူမဘယ်လောက် လျင်မြန်တယ် ဆိုတာကို လျစ်လျူရှုထားလိုက်ပါ။ သူမက ဘယ်လိုလုပ်ပြီးတော့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်း မြားကို ရင်ဆိုင်နိုင်မှာလဲ။

ရှူပ်။

ထက်ရှတဲ့ မြားက လေထဲကနေ ဖြတ်သန်းပြီး ရင်ယွင်ရှန်းဆီကို ပိုးခနဲ မြည်ပြီးတော့ အရမ်းကို လျင်မြန်စွာနဲ့ ရွေ့လျားသွားပါတယ်။

မြားက ပိုက်ကွန်ထဲ တိုးဝင်ပြီး ရင်ယွင်ရှန်းရဲ့ ရင်ဘတ်ကို စိုက်ဝင်သွားပြီး လေထဲမှာ သွေးစသွေးနတွေ လွင့်စဉ်ထွက်သွားခဲ့ပါတယ်။ မြားက သူမရဲ့ ခန္ဓာကိုယ်ကို ထိုးဖောက်သွားပြီး သူမရဲ့ နောက်ကျောက ယန္တရား ဂက်ဂံရုပ်ရဲ့ ခန္ဓာကိုယ်ကို ထိုးစိုက်သွားပါတယ်။

ပုန်း။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီတိုက်ခိုက်မှုရဲ့ ရောမ စွမ်းအားကြောင့် လူသားနဲ့ ဂက်ဂံကို နောက်ဆုံးမှာ ခွဲထုတ်လိုက်သလို ဖြစ်သွားပါတယ်။

"ကောင်စုတ်လေး ငါနင့်ကို သတ်ပစ်"

ပုန်း

ရင်ယွင်ရှန်းက ခြိမ်းခြောက်မှု တစ်ခုကို အော်လိုက်ပေမဲ့ သူမရဲ့ ရင်ဘတ်တစ်ခုလုံး ရုတ်တရက် ပေါက်ကွဲသွားခဲ့ပါတယ်။ သူမရဲ့ မျက်နှာက အံ့အားသင့်မှုတွေ ပြည့်နှက်နေပြီး နှလုံးသား မရှိတော့တဲ့ သူမရဲ့ ရင်ဘတ်ဆီကို ခေါင်းငုံ့ကြည့် လိုက်ပါတယ်။ သူမရဲ့ စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားပါတယ်။ ဒါက အမှောင်ည ခန်းမရဲ့ ပေါက်ကွဲမှု လုပ်ကြံသတ်ဖြတ်ခြင်း များမဟုတ်လား။

ဘယ်လောက် ရယ်စရာ ကောင်းလိုက်သလဲ။ အမှောင်ည ခန်းမရဲ့ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် အနေနဲ့ ငါက တကယ်ပဲ ငါတို့ကိုယ်ပိုင် အဖွဲ့အစည်းက သွန်းလုပ်ထားတဲ့ လက်နက်တစ်ခုကြောင့် သေရလိမ့်မယ်လို့ မထင်မှတ်ထားမိခဲ့ဘူး။ ဒါက ဒဏ်ခတ်ခံရခြင်း တစ်ခုလား။

သူမက ဒီအတွေးကို စဉ်းစားလို့ ပြီးတဲ့ အချိန်မှာ သူမရဲ့ ခန္ဓာကိုယ်တစ်ခုလုံး အရှေ့ကို လဲကျပြီး သေဆုံးသွားခဲ့ ရပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က သူ့ရဲ့ မြူခိုးပုံစံအဖြစ်ကို ပြောင်းလဲပြီး ပြောလိုက်တယ်။

"ဆရာသခင် နောက်ထပ် ယန္တရားရုပ်တစ်ရုပ် ပျက်သွားပြန်ပြီ"

ပထမ ယန္တရား ကျားရုပ် ပျက်စီးသွားပြီး အခုဆို ယန္တရား ဂဏ်ဂံရုပ်လည်း ပျက်စီးသွားပါပြီ။ တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ သူက အရမ်းကို အဖိုးတန်တဲ့ ခန္ဓာကိုယ် နှစ်ခုကို ပျက်စီးစေခဲ့မိပါတယ်။

လင်းဟန်က ယန္တရား ဂံပုလွေရုပ်ကို သူ့ဆီ ပစ်ပေးလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်နဲ့ နောက်ထပ် ယန္တရားရုပ်ထဲကို ပြောင်းလိုက်"

အဲဒီနောက် သူက ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ပြန်သိမ်းလိုက်ပါတယ်။ ဒါက အရမ်းကို အသုံးဝင်တဲ့ ရတနာပစ္စည်း တစ်ခုဖြစ်ပြီးတော့ အထူးသဖြင့် တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို မရောက်ခင်အထိ အသုံးဝင်ပါတယ်။

ငါတကယ်ပဲ လျှိုကလန်ကို ကျေးဇူးတင်ရမယ်။

"ဒီနေရာ တစ်ခုလုံးကို မြေလှန်ပြီးတော့ ရှာစမ်း။ ကျောက်တုံး တစ်တုံးတောင် မကျန်စေနဲ့။ ယူလို့ရတာမှန်သမျှ ပစ္စည်းအားလုံးကို ယူသွားမယ်"

Chapter 1033 end

အပိုင်း(1034) ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေတောင် တိုက်ခိုက်ရတဲ့ ရတနာ

လင်းဟာန်က ဖြစ်နိုင်ချေ နှစ်ခုအတွက် ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။

တကယ်လို့ သူတို့က ဖေးကျိုကို ထပ်ပြီးတော့ မရှာတွေ့နိုင်ရင် ဘာဆက်လုပ်ရမလဲ။

ဒါက ကျွန်းတစ်ခု ဖြစ်ပြီးတော့ အရင်းအမြစ်တွေ အကန့်အသတ်နဲ့ပဲ ရရှိနိုင်ပါတယ်။ နတ်ဆိုးချီ တစ်ခုပဲ နှစ်စဉ်နှစ်တိုင်း ထွက်ပေါ်လာတတ်ပြီး အကန့်အသတ်မဲ့တဲ့ပုံစံ ရှိပါတယ်။ ဒါပေမဲ့လည်း တခြားအရင်းအမြစ်တွေကတော့ သူတို့တွေ အသုံးပြုလာရင်းနဲ့ တစ်စတစ်စ လျော့ပါးသွားပါ လိမ့်မယ်။ လူတစ်ယောက်က အရင်းအမြစ်တွေကို သူတို့စိတ်တိုင်းကျ အသုံးပြုနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဥပမာ နတ်ဘုရား သတ္တုတွေကို ယန္တရားရုပ်တွေ ပိုပြီးတော့ သန်စွမ်းလာဖို့ အသုံးပြုခဲ့ပါတယ်။ ဖေးကျိုက အဲဒါတွေကို သူ့ဆရာသခင်ဆီကနေ ယူထားတာ ဖြစ်ပြီးတော့ အခုချိန်မှာ ပမာဏ အနည်းငယ်လောက်ပဲ ကျန်ပါလိမ့်မယ်။ တကယ်လို့ သူတို့က အဲဒီပစ္စည်းတွေကို ယူသွားရင် ဖေးကျိုက ယန္တရားရုပ် ပြုလုပ်ခြင်းအတွက် အရေးကြီးတဲ့ ပါဂင်ပစ္စည်းတစ်ခုကို ဆုံးရှုံးသွား ပါလိမ့်မယ်။ သူက ဘယ်လောက်ပဲ ထူးချွန်နေပါစေ လိုအပ်တဲ့ ပစ္စည်းတွေ မရှိပဲနဲ့ ယန္တရားရုပ် တစ်ခုကို ဘယ်လိုမျိုး တည်ဆောက်နိုင်မှာလဲ။

တကယ်လို့ သူနဲ့အတူ ပစ္စည်းတချို့ကို ယူဆောင်သွားတယ် ဆိုရင်တောင် သူက အကန့်အသတ်ရှိတဲ့ ယန္တရားရုပ် အရေအတွက်ကိုပဲ ပြုလုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ သူတချိန်က ပိုင်ဆိုင်ခဲ့တဲ့ ယန္တရားစစ်တပ်ကြီး တစ်ခုကို ပြန်ဖန်တီးချင်တယ် ဆိုရင်တော့ အိပ်မက်ထဲမှာပဲ ရပါလိမ့်မယ်။

တချို့ပစ္စည်းတွေက အရမ်းကို အဖိုးထိုက်တန်တာကြောင့် လင်းဟာန်ကို အရမ်းပဲ ကျေနပ်ပီတိ ဖြစ်စေခဲ့ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ယန္တရား ပြုလုပ်ခြင်းက ပန်းပုထုခြင်း၊ မှော်ဆေးပညာ၊ ဂင်္ကပါ အစီအရင်နဲ့ တခြားပညာရပ်တွေ

တော်တော်များများ ပတ်သက်ဆက်နွယ်နေလို့ ဖြစ်ပါတယ်။ ဒါကြောင့် ယန္တရားရုပ် ပြုလုပ်ခြင်းမှာ အသုံးပြုတဲ့ ပစ္စည်းတွေကို တခြားပညာရပ်တွေ အတွက်လည်း အသုံးပြုလို့ ရနိုင်ပါတယ်။ လင်းဟန်က အင်ပါယာ မြို့တော်ကို ပြန်ရောက်တဲ့ အခါမှာ ရောင်းချလို့ ရနိုင်တဲ့ ပစ္စည်းတွေကို အမျိုးအစား ခွဲလိုက်ပါတယ်။ သူက အစစ်အမှန် မူလကျောက်တုံး ကြီးမားတဲ့ ပမာဏ တစ်ခုကို သေချာပေါက် ရပါလိမ့်မယ်။

ကျင်းကျီပျော့နဲ့ ဖူရှင်းတို့လည်း ပစ္စည်းတချို့ကို လက်ခံရရှိခဲ့ပေမဲ့ အများစုပမာဏကို လင်းဟန်က ယူထားပါတယ်။ သူတို့နှစ်ယောက်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ စောဒက တက်စရာ မလိုပါဘူး။ လင်းဟန်ကပဲ အများဆုံး လုပ်ဆောင်ခဲ့တာပါ။ သူတို့က ဖြတ်သွားဖြတ်လာ ပွဲကြည့်ပရိသတ် သက်သက်ပါပဲ။

တိတိကျကျ ပြောရမယ်ဆိုရင် သူတို့က လင်းဟန်ဆီမှာ အသက်အကြွေးတောင် တင်နေပါတယ်။ သူမရှိပဲနဲ့ဆိုရင် အခု သူတို့တွေက အလုပ်ခန်း တချို့မှာ ရုစ်ပိုင်းလောက် ပြတ်ပြီးတော့ လဲလျောင်းနေရပြီး သူတို့ရဲ့ ခန္ဓာကိုယ်ကို ယန္တရားရုပ်တွေအဖြစ် သွန်းလုပ်နေတာကို အားတင်းပြီး ကြည့်နေရပါလိမ့်မယ်။

သူတို့က သဘော်အနည်းငယ်ကို ရှာတွေ့ခဲ့ပါတယ်။ သဘော်တွေအားလုံးက အတော်လေး သေးငယ်ပါတယ်။ ဒါပေမဲ့လည်း လှေတွေထက် စာရင်တော့ အနည်းငယ် ကြီးမားပါတယ်။ ဒီသဘော်တွေက ဒီပင်လယ်ပြင်ရဲ့ ထူးခြားတဲ့ မှိုစွာသားရဲကနေ ပြုလုပ်ထားပါတယ်။ ဒီသဘော်တွေက ထူးဆန်းတဲ့ ပစ္စည်းတချို့နဲ့ အထိုင်ချထားပြီး ပင်လယ်ပြင်ကို မြင့်မားတဲ့ အမြန်နှုန်းနဲ့ ဖြတ်သွားလို့ ရပါတယ်။

အဲဒီလို သဘော်မျိုး ငါးစီးရှိပါတယ်။ ဒါကြောင့် သူတို့က တစ်ယောက်တစ်စီး ယူလို့ ရပါတယ်။ ပိုနေတဲ့ သဘော်ကိုတော့ လင်းဟန်က သိမ်းဆည်းထားလိုက်ပါတယ်။

နောက်ပိုင်းမှာ သူ့အတွက် အသုံးလိုလို မလိုလို ကိစ္စမရှိပါဘူး။ အနက်ရောင် မျှော်စင်ထဲက နေရာလွတ်က အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့် သူက နေရာလွတ် မရှိမှာနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုပါဘူး။

"အစ်ကိုလင်းကို နှုတ်ဆက်ပါတယ်"

"နောက်မှ ပြန်ဆုံတာပေါ့"

ကျောင်းကျိုပြော့နဲ့ ဖူရှင်းတို့ နှစ်ယောက်စလုံးက လင်းဟန်ကို နှုတ်ဆက်ကာ ထွက်ခွာသွား ကြပါတယ်။ သူတို့က အာဏာပုဆိန် ဆိပ်ကမ်းကို ပြန်သွားဖို့ စိတ်ကူးမရှိပါဘူး။ အဲဒီအစား သူတို့က ပင်လယ်ထဲ စွန့်စားထွက်ခွာပြီး သူတို့ကိုယ်ပိုင်လမ်းကြောင်းကိုယ်စီ ဆက်သွားကြ ပါလိမ့်မယ်။

လင်းဟန်က သူတို့တွေ ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေလိုက်ပါတယ်။ အဲဒီနောက် စွေ့ရန်ယွီဘက်ကို လှည့်ပြီးတော့ ပြုံးပြကာ ပြောလိုက်တယ်။

"မိန်းမ အခုဆို ဒီကျွန်းပေါ်မှာ မင်းနဲ့ငါ နှစ်ယောက်ပဲ ကျန်တော့တယ်။ ငါတို့ မပြန်ခင် ကလေးတွေ မွေးသွားသင့်လား"

စွေ့ရန်ယွီက သူ့ရင်ဘတ်ကို လက်သီးနဲ့ ထုပြီးတော့ ပြောလိုက်တယ်။

"နင်က ငါ့ကို မျိုးပွားတဲ့ လူတစ်ယောက်လို့ ထင်နေတာလား။ နောက်ပြီးတော့ ကျွန်းပေါ်မှာ တကယ်ရော ငါတို့နှစ်ယောက်ပဲ ကျန်တာမှ ဟုတ်ရဲ့လား"

သူမက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို မျက်စောင်းထိုး လိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ဆရာကတော်က စိတ်အနှောင့်အယှက် ဖြစ်တာကြောင့် သူ့ကို ရုတ်တရက် သတ်ပစ်မှာကို ကြောက်ရွံ့လာမိပါတယ်။ သူက ချက်ချင်းပဲ ခြေထောက်တစ်ချောင်းကို မြှောက်ပြီး နားရွက်တွေကို ထောင်ကာ သာမန်ပံပုလွေ တစ်ကောင်လိုမျိုး လုပ်ပြလိုက်ပါတယ်။ ဆိုလိုတာက သူက လူတစ်ယောက် မဟုတ်ပဲ ခွေးတစ်ကောင် သက်သက်ပဲလို့ ပြောချင်တာ ဖြစ်ပါတယ်။

စွေ့ရန်ယွီက သူ့အမူအရာကို ကြည့်ပြီးတော့ တခစ်ခစ်နဲ့ ရယ်မောလိုက်မိပါတယ်။ သူမက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ နောက်ခံနဲ့ ပတ်သက်ပြီး သိထားပြီးပါပြီ။ တောင်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အရမ်းကို မျက်နှာပြောင်နိုင်ရတာလဲ ဆိုတာကို မခန့်မှန်းနိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို အနက်ရောင် မျှော်စင်ထဲ ပြန်ပို့လိုက်ပါတယ်။ အဲဒီနောက် သူမကို ဆွဲဖက်ပြီး စွေ့ရန်ယွီရဲ့ ကျစ်လျစ်သွယ်လျပြီး လှပတဲ့ ကောက်ကြောင်း ခန္ဓာကိုယ်ကို စတင်ပြီးစမ်းသပ် ကိုင်တွယ်ပါတော့တယ်။

"သေချင်းဆိုး နာဘူးကောင် ရပ်လိုက်စမ်း"

စွေ့ရန်ယွီက တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူမရဲ့ ရီဝေဝေ မျက်လုံးတွေက အရမ်းကို ဆွဲဆောင်နိုင်မှု ရှိပြီးတော့ သူမရဲ့ လက်တွေနဲ့ လင်းဟန်ရဲ့ ရင်ဘတ်ကို တွန်းထုတ်ဖို့ ကြိုးစားနေသလို ဒီလိုမျိုး လုပ်ဖို့ကိုလည်း ဆန္ဒမရှိ ဖြစ်နေပါတယ်။

"ဘာကို ရပ်ရမှာလဲ"

လင်းဟန်က သူမရဲ့ လည်တိုင်လေးကို အနမ်းချွေပြီးတော့ သူမရဲ့ နားကို အသာလေး ကိုက်လိုက်ပြီး သူမရဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်ကို တင်းကျပ်သွားစေပြီး သူမရဲ့ မျက်နှာကို ရှုတ်တရက် နီမြန်းသွားစေကာ ဆွဲဆောင်မှုရှိတဲ့ ရှက်သွေးတစ်ခု ဖြန်းသွားစေ ခဲ့ပါတယ်။

ဒီသေချင်းဆိုး နာဘူးကောင်က ငါ့ရဲ့ အားနည်းချက်တွေ အားလုံးကို တွက်ဆမိတာပဲ။

စွေ့ရန်ယွီက အသက်ကို ခပ်ပြင်းပြင်း ရှူပြီးတော့ သူမရဲ့ ခေါင်းကို လင်းဟန်ရဲ့ ရင်ခွင်ထဲ နစ်မြုပ်ထားလိုက်ပြီး ပြောလိုက်တယ်။

"ဖေးကျိုက ဒီကျွန်းပေါ်မှာ ရှိနေနိုင်သေးတယ်"

လင်းဟန်က ခေါင်းညိတ်ပြီး သဘောတူလိုက်ပါတယ်။ ဒီကျွန်းက အရမ်းကို ကြီးမားတာကြောင့် ဒီအချက်က ဖြစ်နိုင်ချေ ရှိပါတယ်။ သူတို့ကလည်း လူအရေအတွက် နည်းတာကြောင့် ကျွန်းတစ်ခုလုံး နှံ့နှံ့စပ်စပ် မရှာဖွေနိုင်ပါဘူး။ ဖေးကျိုက လင်းဟန်နဲ့ တခြားသူတွေ ထွက်ခွာသွားတဲ့အထိ စောင့်နေပြီးမှ သူ့အလုပ်ခန်းကို ပြန်လာတာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

လင်းဟန်က စွေ့ရန်ယွီရဲ့ ခန္ဓာကိုယ်ကို ဆက်ပြီးတော့ စမ်းသပ်နေရင်းနဲ့ ဒီဖြစ်နိုင်ချေကို စဉ်းစားနေပါတယ်။ သူ့က ဒီလိုမျိုး လုပ်နေရတာ အလေ့အကျင့် တစ်ခုလို ဖြစ်နေပါပြီ။

စွေ့ရန်ယွီက ဒါကြောင့် အနည်းငယ် စိတ်ဆိုးသွားပါတယ်။ ဒါက ဘယ်လို အလေ့အကျင့် အမျိုးအစား တစ်ခုလဲ။ သူက မေးခွန်းတွေကို စဉ်းစားနေတဲ့ အချိန်မှာ ဘာဖြစ်လို့ ငါ့ရင်ဘတ်ကို စမ်းသပ်နေရတာလဲ။ ဒီလွန်ခဲ့တဲ့ ရက်အနည်းငယ် အတွင်းမှာ ဒီသေချင်းဆိုး နှာဘူးကောင်က ငါ့ရင်ဘတ်ကို စမ်းသပ်တဲ့ အကြိမ်အရေတွက်ဟာ ငါ့ဘဂတစ်လျှောက်လုံး ကိုယ့်ဘာသာ စမ်းသပ်တဲ့ အကြိမ်ထက်တောင် ပိုများနေသေးတယ်။

"ငါတို့မှာ အဲဒီသူခိုး အဘိုးကြီးနဲ့ ရင်ဆိုင်ဖို့ အချိန်မရှိဘူး။ ဒီခြံဝင်းတွေကို မီးရှို့ပြာချ ပစ်လိုက်ကြမယ်"

နောက်ဆုံးမှာ လင်းဟန်က ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပြီးတော့ ပြောလိုက်တယ်။

"ပင်လယ်ဓားပြတွေကို ဆက်ပြီးတော့ ရှာကြတာပေါ့။ အခုဆို ငါတို့ကိုယ်ပိုင် သင်္ဘောတွေ ရှိနေပြီ။ ငါတို့စိတ်ကြိုက် သွားလာလို့ ရပြီပဲလေ"

"အင်း"

စွေ့ရန်ယွီက သဘောတူညီစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူတို့က ပင်လယ်ဓားပြ တော်တော်များများကို သတ်ပစ်ခဲ့ပြီးပါပြီ။ အဲဒါက တာဝန်တစ်ခုလောက်ပဲ ပြီးပြည့်စုံဖို့ လုံလောက်ပါသေးတယ်။ သူတို့က ဒီနေရာကို ရောက်လာပြီ ဆိုမှတော့ တာဝန်တွေကို မရေမတွက်နိုင်တဲ့ အကြိမ်ပေါင်းများစွာ ပြီးဆုံးအောင် လုပ်နိုင်ဖို့ လိုအပ်ပြီး ပင်လယ်ဓားပြတွေ ပိုပြီးတော့ သတ်ပစ်ရပါလိမ့်မယ်။

သူတို့က ချက်ချင်းပဲ လှုပ်ရှားလိုက်ပြီး ရွာတစ်ခုလုံးကို မီးလောင်တိုက်သွင်းကာ ပင်လယ်ကမ်းစပ်ကနေ ကြည့်နေလိုက်ပါတယ်။

"ဒီရောမ တွင်းပေါက်ကြီးက ဘယ်နေရာအထိ ရောက်သွားမလဲဆိုတာ အံ့သြမိတယ်"

လင်းဟန်က ပြောလိုက်တယ်။

"နောက်ပြီး နှစ်စဥ်နှစ်တိုင်း နတ်ဆိုးချီမျှင်တွေကိုတွေကိုတောင် ယိုစိမ့်လာစေနိုင်တယ်။ နောက်ပိုင်းမှာ ဒီတွင်းနက်ကြီးရဲ့ အောက်ခြေမှာ ဘာတွေရှိလဲ ဆိုတာကို ငါတို့ သေချာပေါက် လာပြီးတော့ စူးစမ်းရှာဖွေရလိမ့်မယ်"

စွေ့ရန်ယွီလည်း အရမ်းကို သိချင်စိတ် ပြင်းပြနေပြီးတော့ ပြောလိုက်တယ်။

"ငါတို့တွေ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို မရောက်မချင်း မပျံသန်းနိုင်ဘူး။ ဒါကြောင့် ငါတို့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖြတ်ဂင်ရောက်ပြီးတဲ့ နောက်မှပဲ ပြန်လာနိုင်လိမ့်မယ်"

"တကယ်လို့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက ဒီကျယ်ပြန့်တဲ့ ပင်လယ်ပြင်ကို ဖြတ်ပျံနိုင်မယ်ဆို ငါအံ့သြမိမယ်"

လင်းဟန်က မိမိဘာသာ တွေးတောကောက်ချက် ချလိုက်ပါတယ်။

စွေ့ရန်ယွီလည်း မသေချာပါဘူး။ စွေ့ကလန်မှာလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်မှ မရှိပါဘူး။ တခြားကလန်တွေရဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်

လက်ရွေးစင်တွေ အတွက်ကိုတော့ ဘယ်သူက
သတ္တိကောင်းပြီးတော့ သူတို့ကို သွားမေးရဲမှာလဲ။

သဘော်က အတော်လေးကို သေးငယ်ပါတယ်။ ပင်လယ်ပြင်မှာ ရွက်လွှင့်ဖို့အတွက် လုံးဝကို မသင့်တော်ပါဘူး။ လှိုင်းတစ်ချက် ပုတ်လိုက်တာနဲ့ သဘော်မှောက်သွား နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒါက သာမန်သဘော်တစ်စီး မဟုတ်ပါဘူး။ ယန္တရား ပညာရှင်တွေ လုပ်ထားတဲ့ သဘော်တစ်စီး ဖြစ်ပါတယ်။ ဒါကြောင့် သဘော်ပေါ်မှာရှိတဲ့ ပစ္စည်းသေးသေးတွေ အားလုံးက အစ အရမ်းကို တည်ငြိမ်ပြီးတော့ ဟန်ချက်ညီကာ အရမ်းကို လျင်မြန်လွန်းပါတယ်။

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က အလျင်မလိုပဲ သူတို့က တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာစွာနဲ့ ပွတ်သီးပွတ်သပ် နေထိုင်ရင်း ကျေနပ်ပျော်ရွှင် နေကြပါတယ်။ သူတို့က တကယ့် လင်မယား ဖြစ်လာဖို့ ဆယ့်ငါးစင်တီမီတာလောက်ပဲ လိုပါတော့တယ်။

"ဟို့ရန် မင်းဘယ်လောက်ကြာအောင် ထွက်ပြေးနေဦးမှာလဲ"

ကျယ်လောင်တဲ့ အသံတစ်ခုက ရုတ်တရက် ပျံ့နှံ့လာခဲ့ပါတယ်။

"ဟော့ ကျွီယွဲ့ယွင် ငါမင်းကို ကြောက်နေတယ်လို့ မင်းထင်နေတာလား"

နောက်ထပ်အသံတစ်ခုက ပြန်ဖြေလိုက်ပါတယ်။

"ဒါဆိုရင် မင်းဘာဖြစ်လို့ ထွက်ပြေးနေတာလဲ"

ပထမ အသံရှင်က မေးလိုက်ပါတယ်။

"ဒါဆိုရင် တိုက်ခိုက်တာပေါ့။ ဒီအရှင်သခင်ကလည်း ငါ့အနောက်ကနေ ပိုးကောင်တစ်ကောင် လိုက်လာတာကို စိတ်ကုန်နေပြီ"

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်ပြီးတော့ အံ့အားသင့် ကုန်ပါတယ်။

သူတို့က ခေါင်းကိုမော့ပြီး ကြည့်လိုက်တဲ့ အခါမှာ သူတို့မျက်နှာမူရာ မိုးကောင်းကင်ပေါ်မှာ လူနှစ်ယောက်က ဂုဏ်ယူဖင့်ကြွားစွာနဲ့ ရပ်နေတာကို တွေ့မြင်လိုက်ရပါတယ်။

ပျံသန်းနိုင်တဲ့ စွမ်းရည်။ သူတို့က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် မဟာလက်ရွေးစင်တွေ ဖြစ်ပါလိမ့်မယ်။ မဟုတ်ဘူး မဟုတ်သေးဘူး။ သူတို့က အနည်းဆုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင်တွေလို့ ပြောမှပဲ ပိုမှန်ပါလိမ့်မယ်။

လင်းဟာန်က စွေ့ရန်ယွီဘက်ကို လှည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်း ဒီလူနှစ်ယောက် အကြောင်းကို အရင်က ကြားဖူးလား"

စွေ့ရန်ယွီက တစ်ချက်စဉ်းစားပြီး ရုတ်တရက် သူမရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

"ကျိုးယွဲ့ယွင်က ထာဂရမိုးကောင်းကင် အင်ပါယာက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်များ ဖြစ်နေမလား။ သူက တစ်ကိုယ်တော် ကျင့်ကြံသူ ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ပေမဲ့လည်း သူ့ကိုယ်ပိုင် အင်အားစုကို ဘယ်တုန်းကမှ မတည်ဆောက်ခဲ့ဘူး"

"ဟို့ရန်ကတော့ ကျောက်စိမ်း အင်ပါယာက မဟာလက်ရွေးစင် တစ်ယောက် ဖြစ်မယ်လို့ ထင်တယ်။ ဘာဖြစ်လို့ သူက ဒီလိုနေရာမျိုးမှာ ကျိုးယွဲ့ယင်နဲ့ မျက်နှာချင်းဆိုင် ရင်ဆိုင်မိတာလဲ"

တကယ်ပဲ လုံလောက်ပါတယ်။ ဒီလူနှစ်ယောက်စလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ထာဂရမြစ်အဆင့် ဒါမှမဟုတ် မူလဇာစ်မြစ် အဆင့် မဟာလက်ရွေးစင် တစ်ယောက် ငြိမ်းချမ်းရေး

ဂြိုလ်ကြီးပေါ်မှာ ထွက်ပေါ်လာမယ်ဆိုရင် ကြီးမားတဲ့ ပြောင်းလဲမှုကြီးတစ်ခု ဖြစ်လာပါလိမ့်မယ်။

"သူတို့ရဲ့ စောစောတုန်းက အခြေအနေကို သုံးသပ်ကြည့်ရင် သူတို့က အချိန်အတော်ကြာအောင် အပြန်အလှန် တိုက်ခိုက်ထားပုံ ရတယ်"

လင်းဟန်က ပြောလိုက်တယ်။

"သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်မှာ ဒီလိုအခြေအနေထိ ဖြစ်သွားတာက ဖြစ်နိုင်ချေ နှစ်ခုပဲ ရှိတယ်။ ပထမ တစ်ခုက သူတို့နှစ်ယောက်ကြားက ရန်ညိုးရန်စတွေကြောင့် ဒုတိယ တစ်ခုက ရတနာ ပစ္စည်း တစ်ခုကြောင့်ပဲ"

လင်းဟန်နဲ့ စွေ့ရန်ယွီက တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး သူတို့ရဲ့ မျက်လုံးတွေထဲမှာ အံ့အားသင့်မှုတွေကို တွေ့မြင်နိုင်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက်တောင် အပြင်းအထန် တိုက်ခိုက်ရတဲ့ ရတနာ ပစ္စည်းက သေချာပေါက် မယုံနိုင်စရာ ကောင်းလောက်အောင် အဖိုးထိုက်တန် ပါလိမ့်မယ်။

Chapter 1034 end

အပိုင်း(1035) တစ်ဟုန်ထိုး ပြေးဝင်လာခြင်း

"ဟင့် ဒီနေရာရဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေက ဂရုန်းသုန်းကား နိုင်လွန်းတယ်။ ဒါကြောင့် တိုက်ခိုက်ဖို့ အသင့်တော်ဆုံး နေရာပဲ"

ကျိုယွဲ့ယွင်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဟို့ရန် တကယ်လို့ မင်းဒီနေရာမှာ မသေချင်ဘူးဆိုရင် အဲဒီပစ္စည်းကို မြန်မြန်ပေးစမ်း"

ဟို့ရန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ကျိုယွဲ့ယွင် မင်းက ဒီအရှင်သခင်ကို ထိတ်လန့်အောင်လုပ်ဖို့ ကြိုးစားနေတာလား။ မင်းရော ငါရောက ကနဦးအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိကြတာပဲ။ နောက်ပြီးတော့ ငါတို့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ပွင့်ချင်းလည်း တူတူပဲ။ တကယ်လို့ ငါတို့က အသက်ဆုံးရှုံးတဲ့ အထိ တိုက်ခိုက်မယ်ဆိုရင် ဘယ်သူက ဘယ်သူ့ကို သတ်နိုင်မလဲ ဆိုတာက ပြောပြဖို့ ခက်ခဲလိမ့်မယ်"

"တကယ်လို့ ပစ္စည်းကို မပေးဘူးဆိုရင် ငါသိတာ တစ်ခုက မင်းရဲ့ အလောင်း အေးအေးချမ်းချမ်း အနားယူရလိမ့်မယ်"

ကျိုယွဲ့ယွင်က ရက်စက်တော့မဲ့ လေသံနဲ့ ခြိမ်းခြောက် လိုက်ပါတယ်။

"တကယ်ပဲ ဒီလိုလုပ်ဖို့ လိုအပ်လို့လား"

ဟို့ရန်က မေးလိုက်တယ်။

"အဲဒီပစ္စည်းကို ဘယ်လိုမှ ဖွင့်လို့ မရနိုင်ဘူး။ မင်းက ဘာမှန်းမသိတဲ့ ပစ္စည်းအတွက် နှစ်သန်းနဲ့ချီ ကျင့်ကြံအားထုတ်လာတဲ့ မင်းရဲ့ အသက်ကိုတောင် လောင်းကြေးထပ်ဖို့ တကယ်ပဲ စိတ်ကူးနေတာလား"

ကျိုယွဲ့ယွင်က ဒေါသတွေ ထွက်သွားပြီး ပြောလိုက်တယ်။

"မင်းနဲ့ငါက အဲဒီပစ္စည်းကို အတူတူ ရှာတွေ့ခဲ့တယ်။ ပြီးတော့ ငါတို့က အတူတူ လေ့လာဖို့တောင် သဘောတူခဲ့တယ်။ ဒါပေမဲ့လည်း မင်းက ငါအာရုံမစိုက်မိတဲ့ အချိန်မှာ အခွင့်ကောင်း ယူပြီးတော့ ဒီပစ္စည်းကို ယူပြီးထွက်ပြေးသွားတယ်။ တကယ်လို့ ငါမင်းကို မသတ်ဘူးဆိုရင် ဒီဒေါသကို ငါ ဘယ်လိုလုပ် မျိုချပစ်နိုင်မှာလဲ"

ဟို့ရန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းက တကယ်ပဲ အရမ်းကို ရိုးလွန်းမယ်လို့ ငါမထင်ထားမိခဲ့ဘူး။ မင်းရဲ့ အချိန်တွေ အားလုံးကို ကျင့်ကြံခြင်း အပေါ်မှာပဲ

အာရုံနှစ်မြုပ်ထားပြီး ဒီတချိန်လုံး အထီးကျန်နေတာ အံ့သြစရာ မရှိတော့ဘူး။ မင်းက တကယ့်ကို အယုံလွယ်လွန်းတာပဲ”

“သေစမ်းကွာ”

ကျွီယွဲ့ယွင်က ဒေါသတကြီးနဲ့ ဟို့ရန်ကို တိုက်ခိုက်လိုက်ပါတယ်။

ဘုန်း။

ဖျက်ဆီးခြင်း အလင်းရောင်တွေက ချက်ချင်းပဲ ကောင်းကင်အနှံ့ ပေါက်ကွဲထွက်လားပြီး လွှမ်းမိုးနိုင်တဲ့ အားလှိုင်းတွေက တိုက်ပွဲကနေ ပန်းထွက်လို့ လာခဲ့ပါတယ်။ ရောမ တောင်ကြီး တစ်လုံးနဲ့ တူတဲ့ လှိုင်းလုံးကြီး တစ်ခုက မီတာပေါင်း ရာနဲ့ချီ မြင့်မားပြီး ပင်လယ်ပြင်တစ်လျှောက် တလိပ်လိပ် ဖြတ်လာပါတယ်။

“သောက်ကျိုးနည်း သူတို့ရဲ့ တိုက်ပွဲကနေ အားလှိုင်းတွေက ငါတို့ဆီကို လွင့်လာပြီ”

လင်းဟန်က မျက်နှာရှုံ့မဲ့ သွားပါတယ်။ သူတို့ရဲ့ ကံကောင်းမှုက တကယ့်ကို ထိတ်လန့်စရာ ကောင်းလွန်းပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက် တိုက်ခိုက်နိုင်တဲ့ နေရာတွေ အများကြီး ရှိပါလျက်နဲ့ သူတို့ရဲ့ အထက် မိုးကောင်းကင်ပေါ်မှာ တိုက်ခိုက်ဖို့ ရွေးချယ်ရတယ်လို့။

သူတို့နှစ်ယောက်က အပြစ်ကင်းတဲ့ ပွဲကြည့်သူတွေ မဟုတ်လား။ ဘာမှထိခိုက်နစ်နာအောင် လုပ်တဲ့သူတွေ မဟုတ်ဘူးမလား။

ဒါပေမဲ့လည်း အခု အဲဒါက ရောက်လာပြီဆိုမှတော့ သူတို့ရဲ့ တစ်ခုတည်းသော တာဝန်က တောင့်ခံထားဖို့ ဖြစ်ပါတယ်။

လင်းဟန်က သူ့ဓားကို လက်ကနေ ကိုင်ပြီးတော့ သဘော်ထိပ်မှာ ရပ်ပြီး ရောမ လှိုင်းကြီး သူတို့ဆီကို ပြေးဝင်လာတာ စောင့်မျှော်လိုက်ပါတယ်။ လှိုင်းလုံးကြီး ရောက်လာတဲ့ အချိန်မှာ သူက ကျယ်လောင်စွာနဲ့ မာန်သွင်းပြီးတော့ ပြင်းပြင်းထန်ထန် ခုတ်ချလိုက်ပြီး လှိုင်းလုံးကြီးထဲမှာ ကျဉ်းမြောင်းတဲ့ အဟာလေးတစ်ခု ဖြစ်စေပြီး သူတို့ရဲ့ သဘော်ကို ဖြတ်လို့ရအောင် လုပ်လိုက်ပါတယ်။

ရှွပ် ရှွပ် ရှွပ် ရှွပ်။

သူက ဓားနဲ့ အဆက်မပြတ် ခုတ်ချနေပါတယ်။

ဒီလှိုင်းလုံးကြီးက အရမ်းကို ကြီးမားလွန်းပြီး သူ့ရဲ့ ခုတ်ချက်တိုင်းက မီတာသုံးဆယ်လောက်ထိပဲ နက်ရှိုင်းတဲ့ အဟာတစ်ခုဖြစ်အောင် လုပ်နိုင်ပါတယ်။ သူက လှိုင်းလုံးကြီး သူတို့အနားကို မကပ်လာအောင် အဆက်မပြတ် ခုတ်ချဖို့ လိုအပ်ပါတယ်။

သဘော်က နောက်ဆုံးမှာ လိုင်းလုံးကြီးကို ဖြတ်ပြီးတော့ ရွက်လွင့်လာပါတယ်။ လင်းဟန်လည်း သူ့လက်မောင်းတွေကို မြှောက်နိုင်ရုံလောက်ပဲ မြှောက်နိုင်တဲ့အထိ ပင်ပန်းသွားခဲ့ပါတယ်။

ဒီနေရာက ပင်လယ်ရေတွေက အရမ်းကို ထူးခြားပြီး ရေတစ်စက်ချင်းစီတိုင်းက တောင်တစ်လုံးလောက် လေးလံပါတယ်။ ဒါကြောင့် ပန်းထွက်လာတဲ့ လိုင်းလုံးကြီးက ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်မလဲ။ နောက်ပြီးတော့ ဒီလိုင်းလုံးကြ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက်ကြောင့် ဖြစ်ပေါ်လာတာ ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ခွန်အားအနည်းငယ် ပါဂင်ပါတယ်။ လင်းဟန်က သဘော်ကို အဲဒီလိုင်းလုံးထဲကနေ ဖြတ်ကျော်လာနိုင်အောင် လုပ်နိုင်တာက တကယ့်ကို ထူးခြားဆန်းကြယ်မှု တစ်ခုဖြစ်ပြီး တကယ်လို့ သူက လုံးဂကို အားအင်ကုန်ခမ်းခြင်း မရှိပဲ ရိုက်နက်နိုင်မှပဲ နားမလည်နိုင်အောင် ဖြစ်သွားပါလိမ့်မယ်။

ပုန်း ပုန်း ပုန်း။

လင်းဟန်က အသက်တောင် ကောင်းကောင်းမရှူနိုင်သေးခင် နောက်ထပ် လိုင်းလုံး အသစ်တွေ ရုတ်တရက် ဖြစ်ပေါ်လာပြီးတော့

သူတို့ဆီကို တလိပ်လိပ်နဲ့ တိုးဝင်လာပါတယ်။ မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရင်ပဲ ရောမ လိုင်းလုံးကြီးတွေက အနည်းဆုံး ရာနဲ့ချီပြီးတော့ ရှိပါတယ်။

သောက်ကျိုးနည်း လဗ္ဗတ်လိုပဲ။

လင်းဟန်က လက်လျှော့ပြီးတော့ သဘော်ကို အနက်ရောင် မျှော်စင်ထဲ ပို့လိုက်ချင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သူနဲ့ စွေ့ရန်ယွီက ရေအောက်မှာ ပုန်းကွယ်နိုင်ပါတယ်။ လက်ရွေးစင် နှစ်ယောက်ရဲ့ တိုက်ပွဲပြီးတဲ့ အချိန်ကျမှ သူတို့က ပြန်ပေါ်လာနိုင်ပြီး အဲဒီနောက်မှ သူတို့ရဲ့ သဘော်ကို ပြန်ထုတ်ကာ သူတို့ပန်းတိုင်ကို နောက်တစ်ကြိမ် ရွက်လွှင့်နိုင်ပါတယ်။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုအဆင့် လက်ရွေးစင် နှစ်ယောက် အကြားက တိုက်ပွဲ တစ်ပွဲနဲ့ ကြုံရဖို့ဆိုတာက အရမ်းကို ရှားပါးတဲ့ အခွင့်အလမ်း တစ်ခုဖြစ်ပြီးတော့ သူတို့ရဲ့ တိုက်ပွဲကို ကြည့်ခြင်းအားဖြင့် သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်းမှာ အထူးတလည် အကျိုးအမြတ် ရနိုင်ပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်က အံကိုကြိတ်ပြီးတော့ ဆက်လက်တောင့်ခံ လိုက်ပါတယ်။

သူက နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသို့ သိုင်းကွက်ကို ဆက်လက်ထုတ်ဖော်ပြီး ရောမ လှိုင်းလုံးကြီးတွေ ကွဲထွက်သွားအောင် ခုတ်ချလိုက်ပါတယ်။

ကံကောင်းတဲ့ အချက်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် မြှင့်တင်လိုက်တာနဲ့အတူ သူ့ရဲ့ စွမ်းအားကလည်း အတော်လေးကို တိုးလာခဲ့ပါတယ်။ ဒါကြောင့် နည်းစနစ်ပေါင်း တစ်သောင်းမှ တစ်ခုသို့ သိုင်းကွက်ရဲ့ ခွန်အားက အတော်လေး လျော့ကျသွားတယ် ဆိုပေမဲ့ သူတို့ကို ဆက်ပြီးတော့ တောင့်ခံနိုင်စေခဲ့ပါတယ်။

ပိုပြီးတော့ အရေးပါတဲ့ အချက်က သူ့ရဲ့ ခိုင်မာတောင့်တင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ အံ့အားသင့်စရာကောင်းတဲ့ သက်လုံ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးပဲ သူက တောင်မြစ်အဆင့် သာမန်ကျင့်ကြံသူ တစ်ယောက်သာဆိုရင် သူ့ရဲ့ လက်တွေက ကျည်ပြီးတော့ လေးလံထုံထိုင်း လာပါလိမ့်မယ်။

လင်းဟန်က ဖွဲလုံ့လ အပြည့်နဲ့ လှိုင်းလုံးတွေရဲ့ အားကောင်းတဲ့ ပြင်းထန်မှုအောက်မှာ သူ့ရဲ့ စိတ်စွမ်းအားကလည်း သံမဏိလို မာကျောလာပါတယ်။ သူ့ခန္ဓာကိုယ် အတွင်းက တိုက်ပွဲစိတ်ဝိညာဉ် လောင်ကျွမ်းလာပြီး သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်

လက်ရွေးစင် တစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်နေရသလိုမျိုး ခံစားနေရပါတယ်။

အဲဒီအချိန်မှာ မိုးကောင်းကင်ထက်က တိုက်ပွဲကလည်း ပိုပိုပြီးတော့ ပြင်းထန်လာပြီး လက်ရွေးစင် နှစ်ယောက်စလုံးက သူတို့ရဲ့အစစ်အမှန် စွမ်းအားတွေကို စတင်ထုတ်ဖော် လာခဲ့ပါတယ်။ တိမ်မည်းတွေ တလိပ်လိပ် လိမ့်တက်လာပြီးတော့ နေမင်းကြီးကို ဖုံးလွှမ်းသွားပါတယ်။ အဲဒီနောက် မျက်စိတစ်မှိတ် အတွင်းမှာ လေထဲကနေ မီးတောက်တွေ ဖြစ်ပေါ်လာပြီး မီးပင်လယ် တစ်ခုအဖြစ်ကို ပြောင်းလဲသွားကာ ပင်လယ်ပြင်ကို အငွေ့ပျံစေပြီး မိုးကောင်းကင်ကို မီးရှို့ ပြာချနေသလိုပါပဲ။

ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာရှိတဲ့ လက်ရွေးစင်တွေက အရမ်းကို အစွမ်းထက် လွန်းပါတယ်။

သူတို့က ပုရွက်ဆိတ်လေး တစ်ကောင်လို့တောင် လင်းဟန်က ခံစားလိုက်ရပါတယ်။ မဟုတ်ဘူး။ သူက ပုရွက်ဆိတ် တစ်ကောင်ဖြစ်ဖို့တောင် မထိုက်တန်သလို ခံစားရပါတယ်။ တကယ်လို့ ဒီလူနှစ်ယောက်က သူ့ကို သတ်ပစ်ချင်တယ်ဆိုရင် လက်ချောင်းလေး တစ်ချောင်းကို မစရာတောင် မလိုပဲ မျက်စိနဲ့ တစ်ချက်ပေ့ကြည့် လိုက်တာနဲ့ သတ်ပစ်နိုင်စွမ်း ရှိပါတယ်။

စွမ်းအား။ ဒါက အစစ်အမှန် စွမ်းအားပဲ။

လင်းဟာန်ရဲ့ စိတ်ထဲမှာ စွမ်းအားကို ဆာလောင်မွတ်သိပ်မှု တစ်ခုကို ခံစားလိုက်ရပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နက်လာပါတယ်။

သူက မိုးကောင်းကင်ပေါ်က တိုက်ပွဲကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်စွမ်း မရှိပါဘူး။ လက်ရွေးစင် နှစ်ယောက်က သူတို့ရဲ့ ခွန်အားအကုန် ထုတ်ဖော်နေသလိုပါပဲ။

မိုးကောင်းကင်က လောင်ကျွမ်းပြီး ပင်လယ်ပြင်က ပွက်ပွက်ဆူနေပါတယ်။ ဒီနေရာကို ကြည့်ရတာ ကမ္ဘာမြေကြီးပေါ်က ငရဲခန်း တစ်ခုဖြစ်လာသလိုမျိုးနဲ့ တူပါတယ်။

ကံကောင်းတဲ့ အချက်က လက်ရွေးစင် နှစ်ယောက်က လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ရဲ့ နေရာကနေ အဝေးကို ဖြည်းဖြည်းချင်း တိုက်ခိုက်ရင်း ရောက်သွားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ တိုက်ပွဲကနေ ထွက်ပေါ်လာတဲ့ ဖျက်ဆီးခြင်း အားလှိုင်းလုံးတွေကို လင်းဟာန်က ဟန့်တားနိုင်မှာ မဟုတ်တော့ပါဘူး။

ဘုန်း။

အရမ်းကို ကြီးမားတဲ့ အလင်းရောင်တန်းကြီး တစ်ခုက ရုတ်တရက် ပင်လယ်ထဲကနေ မိုးကောင်းကင်ကို ထိုးတက်သွားပါတယ်။ ဒီအံ့အားသင့်စရာ အစွမ်းကို ကီလိုမီတာပေါင်း ရာနဲ့ချီ ဝေးတဲ့နေရာကနေတောင် တွေ့မြင်နိုင်ပါတယ်။

ဟို့ရန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကျိုးယွဲ့ယွင် သမိုင်းဂင် နေရာတစ်ခုက ငါတို့ကြောင့် ပွင့်သွားပြီ။ ဘာဖြစ်လို့ မင်းအဲဒီကို သွားပြီးတော့ မရှာဖွေတာလဲ။ ဒီအရှင်သခင်က မင်းနဲ့ မယှဉ်ပြိုင်ပါဘူး"

"သောက်ကျိုးနည်း။ ဒီနယ်မြေက နေလအဆင့်မှာပဲ ရှိတယ်။ ဘယ်လိုလုပ်ပြီးတော့ အဲဒီသေတ္တာရဲ့ တန်ဖိုးနဲ့ ယှဉ်လို့ရနိုင်မှာလဲ"

ကျိုးယွဲ့ယင်က ဒေါသကြီးစွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"ဒါက လုံးဝကို တန်ဖိုးမရှိပါဘူး။ ဘယ်လိုနည်းနဲ့မှ မဖွင့်နိုင်ဘူးလေ"

"ဒါဆိုရင် မင်းက ဘာဖြစ်လို့ ဆက်ပြီးတော့ သိမ်းထားတာလဲ။ အဲဒါငါ့ကို ပေးလိုက်လေ"

"ဒီအရှင်သခင်က ဒီလိုမျိုး ထူးဆန်းတဲ့ ပစ္စည်းမျိုးကို သဘောကျတယ်လေ"

"လပြွတ်ပဲရမယ်"

သူတို့နှစ်ယောက်က နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်ပြီး သူတို့ရဲ့ တိုက်ပွဲက စောစောကထက် ပိုပြီးတော့ ပြင်းထန်ပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ကနေ သွေးတွေပန်း ထွက်လာပြီး မိုးကောင်းကင်ကို ဆေးနီနဲ့ ခြယ်လိုက်သလို ဖြစ်သွားပြီးတော့ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခြင်း စွမ်းအားတွေ ပြည့်နှက်နေတဲ့ သွေးမိုးတွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။

ကံကြမ္မာဆိုးငင်တဲ့ ပင်လယ်ထဲက မရေမတွက်နိုင်သော သတ္တဝါတွေဟာ ဒီသွေးမိုးစက်တွေနဲ့ သူတို့ခန္ဓာကိုယ် ထိတွေ့လိုက်တဲ့ အချိန်မှာ မချိမဆန့် ဝေဒနာကို ခံစားရပြီးတော့ သေကျေပျက်စီး ကုန်ပါတယ်။

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် သွေးဖြစ်ပြီး ဒီလိုမျိုး သွေးတစ်စက် ထိမှန်ရင်တောင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် တိုက်ခိုက်မှု တစ်ခုနဲ့ ထပ်တူညီပါတယ်။ ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

လင်းဟာန်က စွေ့ရန်ယွီနဲ့ သဘော်ကို အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပြီး သူကိုယ်တိုင်လည်း အထဲကို ဝင်လိုက်ပါတယ်။ ပင်လယ်လှိုင်းလုံးက သူတို့ကို သယ်ဆောင်သွား ခဲ့ပါတယ်။

အနက်ရောင် မျှော်စင်က မုန်ညှင်းစေ့တစ်စေ့နဲ့ တူပြီးတော့ ဆွဲငင်အား နယ်မြေတွေရဲ့ အရမ်းကို ကြီးမားတဲ့ အလေးချိန်တောင်မှ သူ့အပေါ်မှာ အကျိုးသက်ရောက်နိုင်စွမ်း မရှိခဲ့ပါဘူး။ ဒါကြောင့် အနက်ရောင် မျှော်စင်က စွမ်းအားတွေ အားလုံးကို ခုခံနိုင်တာကြောင့် ဒီပင်လယ်ထဲက စည်းမျဉ်းစည်းကမ်းတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ လုံးဝကို အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။

ရှပ်။

မိုးကောင်းကင်ပေါ်ကနေ ရုတ်တရက် အနက်ရောင် အလင်းစက်လေး တစ်ခု ကျသွားခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေက အမြင်စူးရှပါတယ်။ ချက်ချင်းဆိုသလို အဲဒါက ကျောက်စိမ်းဖြူ သေတ္တာတစ်လုံး ဆိုတာကို ဆုံးဖြတ်နိုင်ခဲ့ပါတယ်။ အဲဒီသေတ္တာက ပင်လယ်ထဲကို ပလုံဆို ကျသွားပြီး အလျင်အမြန်နဲ့ နစ်မြုပ်သွားခဲ့ပါတယ်။

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက် တိုက်ခိုက်နေကြရတဲ့ ပစ္စည်းများလား။

လင်းဟာန်ရဲ့ နလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဆတ်ဆတ် တုန်လို့လာပါတယ်။ သူ့အနေနဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လူတစ်ယောက်ဆီက ဘာပစ္စည်းမှ လုမယူနိုင်ပါဘူး။ ဒါပေမဲ့ ဒီရတနာပစ္စည်းက အခုသူတို့ရဲ့ လက်ထဲကနေ ပြုတ်ကျလာတာကြောင့် အဲဒါကို ရယူဖို့ အခွင့်အရေးတစ်ခု သူ့မှာ ရှိလာပါပြီ။

အဲဒါက အတော်ဝေးဝေးမှာ ကျဆင်းသွားပုံ ရပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲကနေတောင် မထွက်နိုင်သေးခင် ကျွိုယွဲ့ယွင်နဲ့ ဟို့ရန်တို့က ပင်လယ်ထဲကို တစ်ဟုန်ထိုး ပြေးဆင်းပြီး ငုံ့သွားပါတယ်။ သူတို့က အဖြူရောင် ကျောက်စိမ်း သေတ္တာအနောက်ကို လိုက်ဖမ်းပြီး တခြားသူထက် စောပြီးတော့ အရင်ရယူချင်နေကြပါတယ်။

ဒါပေမဲ့လည်း ဒီနေရာရဲ့ ဆွဲငင်အားက အရမ်းကို ကြီးမားပြီး ကျောက်စိမ်းသေတ္တာ နစ်မြုပ်တဲ့ အမြန်နှုန်းကလည်း အရမ်းကို လျင်မြန်လွန်းတာကြောင့် လင်းဟာန်တောင်မှ မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားပြီး အစွမ်းထက်တဲ့ လက်ရွေးစင် နစ်ယောက်ကလည်း သူ့ရဲ့ မြင်ကွင်းကနေ လျပ်ပြက်သလို ပျောက်ကွယ်သွားခဲ့ပါတယ်။

အဲဒီအချိန်မှာ အနက်ရောင် မျှော်စင်က ပင်လယ်တစ်လျှောက် မျောလွင့်နေပြီး တခြားသူတွေက မမြင်တွေ့နိုင်သလို စုံစမ်းထောက်လှမ်းလို့လည်း မရပါဘူး။

လင်းဟန်ရဲ့ စိတ်တွေက တဖျပ်ဖျပ် လက်သွားပြီး နောက်ဆုံးမှာ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲကနေ လှသားခနဲ ခုန်ထွက်လိုက်ပါတယ်။ ချက်ချင်းဆိုသလို သူ့ကိုယ်ပေါ်ကို အရမ်းကို ကြီးမားတဲ့ အလေးချိန်တစ်ခု ကျဆင်းလို့လာပြီး သူ့ကို ပင်လယ်ထဲ နက်သထက် နက်အောင်လို့ ဆွဲခေါ်သွားပါတယ်။

ဒါက သူလိုချင်တဲ့အရာ အတိအကျပါပဲ။

Chapter 1035 end

အပိုင်း(1036) ပင်လယ်ကြမ်းပြင်

တကယ်လို့ လင်းဟန်က ကျောက်စိမ်းသေတ္တာကို ရယူနိုင်ခဲ့မယ် ဆိုရင်တော့ အကောင်းဆုံးပေါ့။ တကယ်လို့ သူမယူနိုင်ခဲ့ဘူး ဆိုရင်တောင်မှ အလင်းရောင်တန်း ထွက်ပေါ်လာတဲ့ ပင်လယ် ကြမ်းပြင်အထိ စူးစမ်းလေ့လာ ချင်နေပါသေးတယ်။

ကြယ်ပင်လယ်ရဲ့ သမိုင်းကြောင်းကို လေ့လာပြီးတဲ့နောက်မှာ လင်းဟန်က ကြယ်ပင်လယ်ရဲ့ ပင်လယ်ကြမ်းပြင်နဲ့ ပတ်သက်ပြီး အရမ်းကို စိတ်ဝင်စားနေမိခဲ့ပါတယ်။ သူ့ရဲ့ ထူးခြားတဲ့ ကံကောင်းမှုက အမွေအနှစ်တချို့ ဒါမှမဟုတ် အတွင်းဘက်ဘုံ ရတနာကို ရှာတွေ့ကောင်း ရှာတွေ့နိုင်ပါလိမ့်မယ်။

လက်ရွေးစင် နှစ်ယောက် ပြောတာတော့ အလင်းရောင်တန်းကြီးက နေလအဆင့် ဘုံဗိမ္မာန် တစ်ခု ပြန်ထွက်ပေါ်လာခြင်းကို ကိုယ်စားပြုတဲ့ အဖြစ်အပျက်လို့ ဆိုထားပါတယ်။

သူတို့က စိတ်မဝင်စားပေမဲ့ လင်းဟန်ကတော့ စိတ်ဝင်စားပါတယ်။

ငါအရင်ဆုံး ကျောက်စိမ်းသေတ္တာကို ရှာမယ်။ အဲဒါပြီးမှ ဘုံဗိမ္မာန်ကို လေ့လာစူးစမ်းမယ်။

သုံးဆယ်မီတာ၊ မီတာသုံးရာ၊ မီတာရာပေါင်းများစွာ။ လင်းဟန်က ပင်လယ်ကြမ်းပြင်ဆီကို အဆက်မပြတ် နစ်မြုပ်သွားခဲ့ပါတယ်။ သူက ပိုပိုပြီးတော့ ဆင်းသက်လာလေ ဘေးနားက ပတ်ဝန်းကျင်လည်း ပိုပြီးမှုန်ဝါးလာပါတယ်။ ဒါပေမဲ့လည်း တခြားပင်လယ်တွေနဲ့ မတူတာက ကြယ်ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာတစ်ခုပဲ မှုန်ဝါးနေပြီး သူဘယ်လောက်ပဲ ဆင်းဆင်း အလင်းရောင် တစ်ခုကတော့ ရှိနေပါသေးတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာရှိတဲ့ ရောမ ဆွဲငင်အားနယ်မြေတွေကြောင့် ဖြစ်ပါတယ်။ သူတို့က အရမ်းကို အစွမ်းထက်တာပြီး ထူးခြားတဲ့ ပြောင်းလဲမှု တချို့ကြောင့် အလင်းယိုင်ခြင်းကိုတောင် ဖြစ်စေပါတယ်။ အလင်းကို ပင်လယ်အောက်ခြေထိ ဆွဲသွင်းပြီး မျက်နှာပြင်ပေါ် ကို ပြန်ပြီးတော့ အလင်းမယိုင်စေခဲ့ပါဘူး။

အဲဒီအချိန်မှာ လင်းဟန်ကလည်း ဖိအားဒဏ်ကို တော်တော်လေး တွေ့ကြုံခံစား နေရပါတယ်။

ရေဖိအားက အရမ်းကို ကြောက်စရာ ကောင်းတာပဲ။

ဒီနေရာမှာ ဖော်ပြလို့မရတဲ့ သတ်မှတ်ထားချက် တချို့ ရှိပါတယ်။ တကယ်လို့ လူတစ်ယောက်က ပင်လယ်ရေ တချို့ကို သယ်ယူမယ်ဆိုရင် သူတို့က ထူးခြားမှု တစ်စုံတစ်ရာကို ခံစားရလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ပင်လယ်ထဲကို ငုံ့ဆင်းတဲ့ အချိန်ကျရင်တော့ ပင်လယ်ရေစက် တစ်စက်ချင်းစီက တောင်တစ်လုံးလောက် လေးလံတယ်ဆိုတာကို ရှာဖွေတွေ့ရှိ ပါလိမ့်မယ်။

တောင်မြစ်အဆင့်ရဲ့ စွမ်းအားနဲ့အတူ လူတစ်ယောက်က တောင်အနည်းငယ်ရဲ့ ဖိအားနဲ့ အလေးချိန်ကို အလွယ်တကူ

ခံနိုင်ရည် ရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း ကြယ်ပင်လယ်ထဲက ရေစက်တိုင်းက တောင်တစ်လုံးနဲ့ တူနေတာကြောင့် ထူးထူးခြားခြားကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ အလားအလာ တစ်ခုကို ဖြစ်စေပါတယ်။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က အနက်ကို ပိုပြီးတော့ ဆင်းသက်လာတာနဲ့အမျှ ရေရဲ့ဖိအားကလည်း ပိုတိုးလာခဲ့ပါတယ်။ ပိုပြီးတော့ နက်ရှိုင်းလေ လူတစ်ယောက်က ပိုများပြားတဲ့ တောင်တွေ ဂင်ဆောင့်သလို ခံစားရပါလိမ့်မယ်။ သူတို့အနေနဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လူတစ်ယောက် ဂင်ဆောင့်သလိုမျိုး ခံစားရပါလိမ့်မယ်။

တကယ်လို့ ကျင့်ကြံသူတွေက ပင်လယ်ထဲကို ပြုတ်ကျသွားရင် သူတို့က သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ အတားအဆီး တစ်ခုအဖြစ် မူလစွမ်းအင်တွေကို အသက်သွင်းပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က အလေးချိန်တွေကြောင့် တစ်ခါတည်း ပျော့ပြဲသွား ပါလိမ့်မယ်။

အဲဒါကြောင့် လူတွေက ပင်လယ်ထဲမှာ အချိန်အတော်ကြာအောင် ငုပ်လျှိုးပြီးတော့ မနေနိုင်ဘူးလို့ ပြောနေကြတာ အံ့သြစရာ မရှိတော့ပါဘူး။ တကယ်တော့ သူတို့အနေနဲ့ သူတို့ရဲ့

မူလစွမ်းအင်တွေ အားလုံးကို ကုန်ခမ်းသွားတာနဲ့ သေချာပေါက် သေခြင်းတရားနဲ့ ရင်ဆိုင်ရ ပါလိမ့်မယ်။ လင်းဟန်က မူလတုန်းက ပင်လယ်အောက်ခြေထိ ဆင်းသက်ပြီးတော့ နှစ်အနည်းငယ်လောက် အချိန်ယူပြီး ကမ်းစပ်ကို လမ်းပြန်လျှောက်ဖို့ အစီအစဉ် ချခဲ့ပါတယ်။ ရေဖိအားဒဏ်ကို တွေ့ကြုံခံစားရပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ အကြံအစည်က ဘယ်လောက်တောင် ရိုးရှင်းလွန်းတယ် ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

ဟုတ်တာပေါ့။ လင်းဟန်က သာမန်လူ တစ်ယောက် မဟုတ်ပါဘူး။

ပထမအချက် သူ့မှာ အရမ်းကို အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိပါတယ်။ အနည်းဆုံးတော့ သူက ဖိအားဒဏ်ကို အချိန်အတိုင်းအတာ တစ်ခုလောက်အထိ တောင့်ခံနိုင်စွမ်း ရှိပါလိမ့်မယ်။ အဲဒါက သူ့ရဲ့ အရိုးတွေဟာ အက်ကွဲပြီးတော့ ပြင်းထန်တဲ့ ဖိအားအောက်မှာ ခံနိုင်ရည် ရှိတာကြောင့်လည်း ဖြစ်ပါတယ်။ ဒုတိယ အချက်က သူ့မှာ အနက်ရောင် မျှော်စင် ရှိပါတယ်။ ဒါကြောင့် တကယ်လို့ သူ့ရဲ့ မူလစွမ်းအင်အားလုံး ကုန်ခမ်းသွားရင်တောင် သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်လည်ဖြည့်ဆည်းနိုင်စွမ်း ရှိနေပါသေးတယ်။

အနက်မီတာ သုံးထောင်ကို ရောက်တဲ့နောက်မှာတော့ ပတ်ဝန်းကျင်က အမှောင်ထု ဖြစ်လာပါတယ်။

မီတာ သုံးထောင့်သုံးရာ၊ သုံးထောင့်ခြောက်ရာ၊ သုံးထောင့်ကိုးရာ။ လင်းဟန်က ပိုနက်တဲ့ နေရာအထိ ဆက်ပြီးတော့ စွန့်စားသွားလိုက်ပါတယ်။

တကယ်လို့ တခြားသူတွေသာ ဒီအကြောင်းကို သိသွားမယ်ဆိုရင် အံ့အားသင့်မှုကြောင့် ပါးစပ် အဟောင်းသား ဖြစ်သွားပါလိမ့်မယ်။ လူတွေက ဒီပင်လယ်ထဲက ပင်လယ် ကြမ်းပြင်ပေါ်မှာ လဲလျောင်းပြီး ပျောက်ဆုံးနေတဲ့ ရတနာပစ္စည်းတွေကို ရှာဖွေဖို့ လာကြပါတယ်။ ဒါပေမဲ့လည်း သူတို့တွေက ပင်လယ်ရဲ့ တိမ်တဲ့နေရာတွေကိုပဲ စူးစမ်းရှာဖွေလို့ ရပါလိမ့်မယ်။

အကြမ်းဖျင်း အကန့်အသတ်က မီတာသုံးထောင် ဝန်းကျင် ဖြစ်ပါတယ်။ ဒီအနက်ကို ကျော်လွန်သွားရင် ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာလို့ ပြောလို့ရပါလိမ့်မယ်။

ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာမှာ မယုံနိုင်စရာ ကောင်းလောက်အောင် အန္တရာယ် များပါတယ်။ ရေဖိအား တစ်ခုတည်းနဲ့တောင် တောင်မြစ်အဆင့် ကျင့်ကြံသူ အများစုကို ပျက်စီးစေနိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ ဒီလိုနက်ရှိုင်းတဲ့

နေရာမှာ စွမ်းအားကြီးမားတဲ့ မှို့စွာသားရဲတွေတောင် ရှိနိုင်ပါတယ်။ နေလအဆင့်မှာရှိတဲ့ လူတစ်ယောက်တောင် ကူးဖြတ်လာနိုင်ရဲမှာ မဟုတ်ပါဘူး။ အချိန်မရွေး သူတို့ရဲ့ အသက်တွေ ဆုံးရှုံးသွားနိုင်ပါတယ်။

ဒီလိုမျိုး ပြင်းထန်တဲ့ ပတ်ဂန်းကျင် တစ်ခုမှာ သူတို့ရဲ့ စွမ်းအားကို ဘယ်လောက်များ ထုတ်ဖော် အသုံးပြု နိုင်မှာလဲ။

မီတာ လေးထောင့်ရှစ်ရာ၊ ငါးထောင့်တစ်ရာ၊ ငါးထောင့်လေးရာ။

မီတာခြောက်ထောင် အနက်ကို ရောက်တဲ့ အချိန်မှာ ဘေးပတ်ဂန်းကျင်က ရုတ်တရက် တောက်ပလာခဲ့ပါတယ်။ ဒီအလင်းရောင်တွေက ပင်လယ်ထဲက ငါးတွေဆီကနေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။ လင်းဟန်ကို အံ့အားသင့်သွားစေတာက သူတို့ရဲ့ အကြေးခွံတွေက အလင်းရောင် ထုတ်လွှတ်နိုင်စွမ်း ရှိတာပဲ ဖြစ်ပါတယ်။ သူတို့က အုပ်စုလိုက် ကူးခတ်သွားတဲ့ အချိန်မှာ သူတို့ဘေးပတ်ဂန်းကျင် နေရာတစ်ခုလုံးကို လင်းထိန်သွားစေနိုင်စွမ်း ရှိပါတယ်။

ဘယ်လောက်တောင် လှပတဲ့ ရှုခင်းတစ်ခုလဲ။

မီတာ ခုနစ်ထောင့်ငါးရာ၊ မီတာရှစ်ထောင့်လေးရာ။

ဒီအနက်ကို ရောက်ပြီးတဲ့နောက်မှာ လင်းဟန်ရဲ့ နတ်ဘုရား အရိုးတွေက နောက်ဆုံးမှာ ကြီးမားတဲ့ ဖိအားဒဏ်ကို တောင့်ခံနိုင်စွမ်း မရှိတော့ပါဘူး။ သူက သူ့ရဲ့ မူလစွမ်းအင်နဲ့ ချိတ်ဆက်ပြီး သူ့နောက်ကျောက ဖိအားကို တွန်းလှန်ရင်ဆိုင် လိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ မူလစွမ်းအင်က အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းနဲ့ ခြောက်ကပ်လာခဲ့ပါတယ်။ သူက အစစ်အမှန် မူလကျောက်တုံး တစ်တုံးကို ထုတ်ယူပြီးတော့ ကျောက်တုံးက စွမ်းအင်တွေကို စုပ်ယူရရင်း ဖိအားကို ဆက်ပြီးတော့ ခုခံလိုက်ပါတယ်။

မီတာကိုးထောင်။

နောက်ဆုံးတော့ လင်းဟန်က ပင်လယ်ကြမ်းပြင်အောက်ကို ရောက်လာခဲ့ပါပြီ။ ပင်လယ်ကြမ်းပြင်က ပြားမနေပဲ အဲဒီအစား တောင်ကုန်းတောင်ဆင်းတွေလိုမျိုးနဲ့ တူပြီးတော့ ရေတံခွန် စီးဆင်းနေသလိုမျိုး ပါပဲ။ စောစောတုန်းက တွေ့ခဲ့တဲ့ ငါးတွေလိုပဲ ဒီနေရာမှာရှိတဲ့ ကျောက်တုံးတွေက အလင်းရောင်တွေ ထွက်ပေါ်ကာ ပင်လယ်ပြင်ကို ထွန်းလင်းတောက်ပ စေပါတယ်။

ဒါက အရမ်းကို လှပတဲ့ ကမ္ဘာတစ်ခု ဖြစ်ပြီးတော့ ဖိအားတွေ မရှိသလိုပါပဲ။ လင်းဟန်က ဒီလိုမျိုး အံ့သြမှင်တက်စရာကောင်းတဲ့

သဘာဝ ရှုခင်းတစ်ခုကို ကြည့်ရှုခံစားဖို့ စွေ့ရန်ယွီကို ခေါ်ထုတ်ချင်ခဲ့ပါတယ်။

သနားစရာ ကောင်းတဲ့အချက်က စွေ့ရန်ယွီမှာ လင်းဟန်လိုမျိုး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိမနေခဲ့ပါဘူး။ နောက်ပြီးတော့ သူမက ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိနေပါသေးတယ်။ ဆိုလိုတာက သူမအနေနဲ့ ပင်လယ်ရဲ့ ဖျက်ဆီးနိုင်တဲ့ ဖိအားကို တောင့်ခံနိုင်စရာ ဘယ်လိုမှ မရှိပါဘူး။ တကယ်လို့ သူမထွက်လာမယ်ဆိုရင် ချက်ချင်းပဲ ဖိအားကြောင့် ပိပြားသွားပါလိမ့်မယ်။

မလှမ်းမကမ်းမှာ တောက်ပတဲ့ အလင်းရောင်တစ်ခု ရှိပြီးတော့ အရမ်းကို ပေးကွာတဲ့ နေရာကတောင် ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။

အဲ့ဒါက နေလအဆင့် ဗိမ္မာန်တစ်ခု ဖြစ်ပါတယ်။

လင်းဟန်က အဲ့ဒီအလင်းရောင်ဆီကို ကူးခတ်မသွားခင် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

ကျောက်စိမ်းသေတ္တာ အတွက်ကတော့ သူ့အနေနဲ့ ကံကောင်းဖို့ပဲ လိုပါတယ်။

တကယ်တော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နစ်ယောက်က သူ့အရင် ဆင်းလာခဲ့ ပြီးပါပြီ။ သူတို့ရဲ့ အစွမ်းထက်တဲ့ စွမ်းရည်တွေနဲ့ဆိုရင် သူတို့က သေချာပေါက် ဒီနယ်မြေကို အကြိမ်ပေါင်းများစွာ စူးစမ်းလေ့လာနိုင်ပါလိမ့်မယ်။ တကယ်လို့ ကျောက်စိမ်း သေတ္တာက ဒီနေရာကို နစ်မြုပ်လာမယ်ဆိုရင် သူတို့က အဲဒါကို ရှာတွေ့သွားပါလိမ့်မယ်။ ဒါကြောင့် သူက ကံကြမ္မာအပေါ်ကိုပဲ ပုံချဖို့ တတ်နိုင်ပါလိမ့်မယ်။ မိုးကောင်းကင်က သူ့ကို မျက်နှာသာ ပေးလို့ရှိရင်တော့ ကျောက်စိမ်းသေတ္တာက သူ့ခြေထောက်အောက်မှာ ထွက်ပေါ်လာကောင်း လာနိုင်တယ် မဟုတ်လား။

သူက အရှေ့ကို ခက်ခက်ခဲခဲနဲ့ လမ်းလျှောက်လိုက် ရပါတယ်။ သူ့ရဲ့ အမြန်နှုန်းက ပင်လယ် ကြမ်းပြင်ကို ရောက်ပြီးတဲ့ နောက်မှာ အရမ်းကို ဆုတ်ယုတ်သွားပါတယ်။ ပြီးတော့ တကယ်လို့ တခြားသူတွေက သူ့ကို တွေ့မြင်မယ်ဆိုရင် သူ့ရဲ့ မာတောင့်တောင့် လှုပ်ရှားမှုတွေက သေချာပေါက် ဂါးလုံးကွဲအောင် ရယ်မောကြပါလိမ့်မယ်။

သူက ဖြည်းညှင်းစွာနဲ့ ရှေ့တိုးလာခဲ့ပါတယ်။ တကယ်လို့ သူက ပင်လယ်မျက်နှာပြင်ပေါ်ကို ရောက်လို့ရှိရင် ဒီအကွာအဝေးကို

ဆယ်မိနစ်လောက်နဲ့ ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ အခုတော့ သူက နေ့တစ်ဝက်နီးပါး အချိန်ယူလိုက်ရပါတယ်။ နောက်ဆုံးမှာတော့ သူ့ရဲ့အရှေ့မှာ ပြန့်ကျဲနေတဲ့ အပျက်အစီးပုံ တစ်ခု ထွက်ပေါ်လာပါတယ်။ အဲဒီထဲက ထောင့်တစ်ခုကနေ တောက်ပတဲ့ အလင်းရောင် တစ်ခုက တောက်ပနေတာ ဖြစ်ပါတယ်။

ဒါက တောင်တစ်လုံးရဲ့ ဂင်ပေါက်ဂိတ်တစ်ခု ဖြစ်နေမလား။

သူက သေသေချာချာ ပြောနိုင်တာ တစ်ခုကတော့ ဒီနေရာက တောင်တစ်လုံးကို အသုံးပြုထားတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တောင်ထွတ်ရဲ့ တစ်ဝက်ကတော့ လှီးဖြတ်ခံ ထားရပြီးပါပြီ။ နောက်ပြီးတော့ တောင်ရဲ့အများစုက ပင်လယ်ကြမ်းပြင်အောက်မှာ နစ်မြုပ်လို့ နေပါတယ်။ ဒါကြောင့် တောင်ရဲ့ သေးငယ်တဲ့ အစိတ်အပိုင်း တစ်ခုပဲ ရေထဲမှာ ကျန်ရှိနေပါတော့တယ်။

တောင်ရဲ့ ခါးပန်းလောက်မှာ အနည်းဆုံး မီတာသုံးဆယ်လောက် လုံးပတ်ရှိပြီး အမြင့် မီတာသုံးရာလောက်ရှိတဲ့ ကျောက်တိုင်တစ်ခုက မားမားမတ်မတ် ရှိနေပါတယ်။ ဒီကျောက်တိုင်က တောက်ပတဲ့ အလင်းရောင်တွေ ထွက်ပေါ်စေတဲ့ ဇာစ်မြစ်လည်း ဖြစ်ပါတယ်။

ကျောက်တိုင်ရဲ့ တစ်ဖက်မှာ လိုဏ်ဂူဂင်ပေါက် တစ်ခု ရှိပြီးတော့ အတွင်းထဲကနေ ခပ်မှိန်မှိန် အလင်းရောင်တစ်ခု တောက်ပလို့ နေပါတယ်။ ဒါပေမဲ့လည်း လိုဏ်ဂူဂင်ပေါက်က အလင်းရောင်က အရမ်းကို ထူးခြားပြီး ကျောက်တိုင်က အလင်းရောင်ကို ထိုးဖောက်ပြီးတော့ လင်းလက်တောက်ပ နေပါတယ်။

လင်းဟန်က အဲဒီနေရာကို ကူးခတ်ပြီးတော့ လိုဏ်ဂူထဲကို ဂင်ရောက်ကာ ရှာဖွေစူးစမ်းဖို့ ကြိုးစားလိုက်ပါတယ်။ ရုတ်တရက်ဆိုသလို သူ့အရှေ့မှာ ရောမ ငါးမန်းကြီး တစ်ကောင်က ထွက်ပေါ်လာခဲ့ပါတယ်။ ငါးမန်းရဲ့ ကြီးမားတဲ့ ခန္ဓာကိုယ်ပေါ်မှာ ရွှေရောင်ကွင်းပုံစံ သင်္ကေတတွေနဲ့ တန်ဆာဆင်ထားပါတယ်။

ဒါက ရွှေရောင်သင်္ကေတ ငါးမန်းတစ်ကောင် ဖြစ်ပြီးတော့ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာ ရှိတဲ့ မိစ္ဆာသားရဲတစ်ကောင် ဖြစ်ပါတယ်။

အံ့အားသင့်စရာကောင်းတာက ရွှေရောင်သင်္ကေတ ငါးမန်းရဲ့ နှုတ်ခမ်းတွေက လင်းဟန်ကို တွေ့လိုက်တဲ့ အခါမှာ အထင်အမြင်သေးတဲ့ အပြုံးတစ်ခုလိုမျိုး ဖြစ်ပေါ်လပါတယ်။ တောင်မြစ် အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ မိစ္ဆာသားရဲတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေကလည်း တိုးတက်လာခဲ့ပါတယ်။

ငါးမန်းကြီးရဲ့ မျက်လုံးထဲမှာ လင်းဟန်က အရမ်းကို အားနည်းပြီး သူက လုံးဝကို အရေးမပါတဲ့ အတိုင်းပါပဲ။

ဒါပေမဲ့လည်း ငါးမန်းကြီးက အမြီးကို လှုပ်ခတ်ပြီး လင်းဟန်ဆီကို လေးညှို့ကနေ လွှတ်လိုက်တဲ့ မြားတစ်ချောင်းလို တစ်ဟုန်ထိုး ကူးခတ်လာပြီး သူ့ပါးစပ်ကို ဟကာ ကိုက်ပစ်ဖို့ ပြင်လိုက်ပါတယ်။

သူ့ပါးစပ်ကို ပိတ်လိုက်တဲ့ အခါမှာ ကျယ်လောင်တဲ့ အသံတစ်ခု ထွက်ပေါ်လာပါတယ်။ ဒါပေမဲ့လည်း သူ့မျက်နှာပေါ်မှာ ချက်ချင်းဆိုသလို စိတ်ရှုပ်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။ ဘာဖြစ်လို့ ဖြစ်မှန်းမသိပဲ သူက ဘာကိုမှ မကိုက်မိသလို ခံစားလိုက် ရပါတယ်။

ဘာမဟုတ်တဲ့ လူသားက ပျောက်ကွယ်သွားခဲ့ပါတယ်။

ငါးမန်းကြီးက ဘေးဘီဝဲယာကို ကြည့်ရှုစစ်ဆေးလိုက်ပြီး နောက်ဆုံးမှာ ရှာဖွေခြင်းကို လက်လျှော့ လိုက်ပါတယ်။ အဲဒီအစား လိုဏ်ဂူရဲ့ ဂင်ပေါက်ဆီကို ကူးခတ်သွားပါတယ်။

သူလည်းပဲ တောက်ပတဲ့ အလင်းရောင်ရဲ့ ဆွဲဆောင်မှုကြောင့် ဒီနေရာကို ရောက်လာတာ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက်ကြားက

ထိတွေ့မှုကြောင့် စောစောကမှ ဖြစ်ပေါ်လာပြီး သေးထွက်လုနီးပါး ဖြစ်စေခဲ့တာကြောင့် လာပြီးတော့ မစွန့်စားပုံခဲ့ပါဘူး။ အရှိန်အဟုန်နစ်ခု ပျောက်ကွယ်သွားတာ အတော်ကြာပြီးတဲ့ နောက်မှာပဲ ဒီနေရာကို ပြန်ပြီးတော့ ကူးခတ်လာပုံပါတယ်။

ငါးမန်းကြီးလိုပဲ အတွေးတူညီတဲ့ တခြားသက်ရှိသတ္တဝါတွေ တော်တော်များများ ရှိနေပါတယ်။ ဘေးဘီဝဲယာကို ပေ့ကြည့်လိုက်ရင် လိပ်တစ်ကောင်၊ ဂဏန်းတစ်ကောင်၊ ရေနဂါးတစ်ကောင်နဲ့ ရေဘဝဲတစ်ကောင်လည်း အနီးအနားမှာ ထွက်ပေါ်လာတာကို တွေ့မြင်နိုင်ပါတယ်။

ဒီမိစ္ဆာသားရဲတွေ အားလုံးက တူညီတဲ့ ခွန်အားတွေ ရှိပါတယ်။ ဒါကြောင့် သူတို့က တိုက်ပွဲကို ဆင်နွှဲခြင်း မရှိခဲ့ပါဘူး။ အဲဒီအစား သူတို့ရဲ့ နတ်ဘုရား အာရုံကို အသုံးပြုပြီးတော့ အချိန်ခဏလောက် လေ့လာလိုက်ပါတယ်။ အဲဒီနောက် လိုဏ်ဂူထဲကို တစ်ကောင်ပြီး တစ်ကောင် ဝင်သွားခဲ့ပါတယ်။

"ဟင်"

လိုဏ်ဂူရဲ့ အတွင်းကို ရောက်သွားတဲ့ အချိန်မှာ မိစ္ဆာသားရဲတွေ အားလုံးပဲ အံ့အားသင့် သွားခဲ့ကြပါတယ်။ လိုဏ်ဂူထဲမှာ

ရေတွေမရှိပဲ အဲဒီအစား ခြောက်သွေ့တဲ့ နေရာတစ်ခုကို တွေ့လိုက်ရပါတယ်။

Chapter 1036 end

အပိုင်း(1037) အခု အဲဒါ ငါ့ပစ္စည်းပဲ

"ဒါက ကြီးကျယ်မြင့်မြတ်တဲ့ လူသားလက်ရွေးစင် တစ်ယောက်ရဲ့ ဘုံဗိမ္မာန်တစ်ခု ဖြစ်လိမ့်မယ်"

လိပ်က ပြောလိုက်တယ်။

"မဟုတ်ဘူး မဟုတ်ဘူး။ ဒါက အထဲမှာ ပျက်စီးခံလိုက်ရတဲ့ တောင်တလုံးထဲက ဂူဂကြီးတစ်ခု ဖြစ်နိုင်တယ်"

ရေနဂါးက ပြောလိုက်တယ်။

"ဒီနေရာ တစ်ခုပဲ ကျန်တာဖြစ်လိမ့်မယ်"

"ဒီနေရာမှာ သေချာပေါက် ရှားပါးရတနာ ပစ္စည်းတွေ ရှိလိမ့်မယ်"

နောက်ထပ် မိစ္ဆာသားရဲတွေကလည်း အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

သူတို့အားလုံးက သူတို့ရဲ့ နတ်ဘုရား အာရုံတွေနဲ့ ဆက်သွယ်တာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အကြားက ဘာသာစကား

အတားအဆီးကြောင့် ခက်ခဲလာနိုင်မှုကို တန်းပြီးတော့ ဖြေရှင်းပြီးသား ဖြစ်သွားပါတယ်။

"လူသားတွေရဲ့ ရတနာပစ္စည်းတွေက ငါတို့အတွက် အသုံးမဝင်နိုင်ဘူး"

ဂဏန်းက ပြောလိုက်တယ်။ သူက မိစ္ဆာမျက်နှာ ဂဏန်းတစ်ကောင် ဖြစ်ပြီးတော့ သူ့အခွံပေါ်မှာ နတ်ဆိုးပုံစံ သင်္ကေတ တစ်ခု ရှိပါတယ်။ အဲဒါက အခုချိန်မှာ လူသားပုံစံ ရှိပြီးတော့ သူ့ရဲ့ မူလပုံစံထဲက ကြီးမားတဲ့ လက်မတစ်စုံပဲ ကျန်ပါတော့တယ်။

မိစ္ဆာသားရဲတွေရဲ့ ခန္ဓာကိုယ်က နတ်ဘုရား ပစ္စည်းတွေနဲ့ တူပြီးတော့ ကောင်းကင်ဘုံရဲ့ ကောင်းချီးပေးမှု ဖြစ်ပါတယ်။ သူတို့က နောက်ထပ် နတ်ဘုရား ပစ္စည်းတွေ ထပ်ပိုင်ရမယ် ဆိုရင်လည်း စိတ်ထဲထားမှာ မဟုတ်ပါဘူး။

"ဟီးဟီး တကယ်လို့ မင်းမလိုချင်ဘူးဆိုရင် မင်းထွက်သွားနိုင်တယ်။ ငါကတော့ လူသားတွေရဲ့ ရတနာပစ္စည်းတွေကို အသုံးပြုရတာ စိတ်ထဲမထားဘူး"

ပုဇွန်က ပြောလိုက်တယ်။ အနက်ရောင် အခွံနဲ့ ပုဇွန်တစ်ကောင် ဖြစ်ပြီးတော့ တစ်ကိုယ်လုံး မည်းနက်ကာ အရမ်းကို မာကျောတဲ့

အခွံတစ်ခု ရှိပါတယ်။ သူ့ရဲ့အပြင်ဘက် အခွံကလည်း နတ်ဘုရား ပစ္စည်းတွေနဲ့ အဆင့်တူတူ ရှိပြီးတော့ ခိုင်မာတောင့်တင်းပါတယ်။

ဒီပုဖွန်က လူသားပုံစံအဖြစ်ကို ပြောင်းလဲနိုင်ပြီး အဲဒီလို လုပ်လိုက်တဲ့ အချိန်မှာ သူ့ခန္ဓာကိုယ် အပေါ်မှာ အမည်းရောင် ချပ်ဂဝတ်ထူထူ တစ်ထည် ဖုံးအုပ်ထားပါတယ်။ ဒီချပ်ဂဝတ်က သူ့ရဲ့ အပြင်ဘက် အခွံကနေ ပြောင်းလဲလာတာ ဖြစ်ပါတယ်။

ဒါက လူသားတွေ တည်ဆောက်ထားတဲ့ ဘုံဗိမ္မာန်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မိစ္ဆာသားရဲတွေ အနေနဲ့ သူတို့ရဲ့ မူလပုံစံနဲ့ အထဲကို ဝင်ရောက်ဖို့ မဖြစ်နိုင်ပါဘူး။ နောက်ပြီးတော့ ဒီနေရာက ရေရှိတဲ့ ပတ်ဝန်းကျင်တစ်ခု မဟုတ်ခဲ့ပါဘူး။ ဆိုလိုတာက လူသားပုံစံတွေပဲ အသင့်တော်ဆုံး ဖြစ်ပါတယ်။

မိစ္ဆာသားရဲမျက်နှာ ဂဏန်းက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဒီအရှင်သခင်ရဲ့ ကိစ္စက မင်းနဲ့ဘာမှ မသက်ဆိုင်ပါဘူး"

"ကောင်းပြီ ကောင်းပြီ။ ဒီနေရာမှာ မမြင်ရတဲ့ အန္တရာယ်တွေ အများကြီး ရှိတယ်။ ဒါကြောင့် ငါတို့က အရင်ဆုံး ရတနာတွေ ရှာဖွေကြမယ်။ ပြီးမှပဲ ရတနာပစ္စည်းတွေကို ခွဲယူကြတာပေါ့"

ရေဘဂဲက အကြံပြုလိုက်ပါတယ်။ သူမက ဒီနေရာမှာ တစ်ဦးတည်းသော အမျိုးသမီး ဖြစ်ပါတယ်။ သူမရဲ့ မီးခိုးရောင် ဆံကေသာကကို ဖွတ်မြီးကျစ်ဆံမြီးကျစ်ထားပါတယ်။

ဒါပေမဲ့လည်း အနီးကပ် သေချာကြည့်မယ်ဆိုရင် အဲဒီကျစ်ဆံမြီးတွေက ညင်ညင်သာသာနဲ့ ယိမ်းနွဲ့နေတာကို တွေ့မြင်နိုင်ပါတယ်။

သူမက တိမ်မီးခိုး ရေဘဂဲ တစ်ကောင် ဖြစ်ပါတယ်။

"ငါသဘောတူတယ်။ အရင်ဆုံး ရတနာတွေကို ရှာကြတာပေါ့"

မိစ္ဆာသားရဲကောင်တွေက သဘောတူညီချက် တစ်ခုရပြီးတာနဲ့ အပျက်အစီးတွေ အကြားမှာ စတင်ရှာဖွေ ပါတော့တယ်။

"ဒါက အရမ်းကို ကြာနေပြီ။ တန်ဖိုးရှိတဲ့ ပစ္စည်းတွေလည်း ဖုန်မှုန့်တွေ ဖြစ်ကုန်လောက်ပြီ"

"သေစမ်းကွာ။ ဒါက အဆင့်ငါး နတ်ဘုရားဆေးပင် တစ်မျိုးဖြစ်တဲ့ ကြယ်တာရာပုံရိပ်ယောင် မြက်ပင်ပဲ။ တကယ်လို့ ဒီနေရာမှာ လုံလုံလောက်လောက်သာရှိရင် ငါ နေလအဆင့်ကို ချိုးဖြတ်နိုင်စွမ်း ရှိလိမ့်မယ်"

"ဒါက ထူးကဲရောင်ပြန် ကျောက်တုံးပဲ။ အဲဒါက နတ်ဘုရားအရိုးကို သန့်စွမ်းစေနိုင်တယ်။ စိတ်ပျက်စရာ ကောင်းတာက ဖုန်မှုန့်အဖြစ်ကို ပြောင်းသွားပြီ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ချုပ်ဂတ်ရဲ့ ခုခံနိုင်စွမ်းကို ကျင့်ကြံခြင်း အဆင့်တစ်ခုလုံးထက် မြှင့်တင်နိုင်လိမ့်မယ်"

"သောက်ကျိုးနည်း။ ဒါက ကောရော်ဖ်လေးပါး ဆေးလုံးပဲ"

မိုးဘွာသားရဲတွေရဲ့ မချိတင်ကဲ အော်ဟစ်ညည်းတွားသံတွေက အပျက်အစီးပုံ တစ်လျှောက်လုံး ပဲ့တင်ထပ်လို့ နေပါတယ်။ သူတို့အားလုံးက ဒီနေရာမှာရှိတဲ့ ရှားပါးရတနာ ပစ္စည်း ပမာဏကြောင့် အံ့သြမှင်တက် နေခဲ့ကြပါတယ်။ ရတနာတွေ အားလုံးက ပျက်စီးနေပြီး ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲနေတာကြောင့် အရမ်းကို မချိတင်ကဲ ဖြစ်နေကြပါတယ်။ မပျက်မစီးနဲ့ ပကတိအတိုင်း ရှိနေတဲ့ ရတနာ ပစ္စည်း တစ်ခုတောင် မရှိပါဘူး။

ဒီရတနာပစ္စည်း ခန်းတွေကို အခန်းသေးလေးတွေ တော်တော်များများ ခွဲထားပါတယ်။ သူတို့တွေက တစ်ခန်းပြီး တစ်ခန်းဖြတ်ပြီးတော့ ရှာဖွေကြပါတယ်။ နောက်ဆုံးအခန်းကို

ရောက်တဲ့ အခါမှာ သူတို့က ကျောက်ချပ် တစ်ချပ်ကို တွေ့လိုက်ရပါတယ်။

ဒီကျောက်ချပ်ပုံစံကို ကြည့်ရတာ ထူးခြားမှု မရှိပဲ သာမန်ကျောက်ချပ် တစ်ချပ်လိုပါပဲ။

ဒါက မို့စ္စာသားရဲတွေရဲ့ ပထမဆုံး တုံ့ပြန်မှုလည်း ဖြစ်ပါတယ်။ ဒီကျောက်တုံးက အရမ်းကို သမာရိုးကျ ဆန်လွန်းပြီး နည်းနည်းလေးမှ လိုချင်တပ်မက်စိတ် မဖြစ်စေပါဘူး။ တကယ်လို့ မြေကြီးပေါ်မှာ တခြားကျောက်တုံးတွေနဲ့အတူ ရောနှောထားမယ် ဆိုရင်တောင် နောက်တစ်ကြိမ် ငဲ့ကြည့်ရလောက်တဲ့အထိ ဆွဲဆောင်မှု ရှိတဲ့ အမျိုးအစား မဟုတ်ပါဘူး။

ပြဿနာက ရတနာပစ္စည်း သိုလှောင်ခန်း တစ်ခုရဲ့ အထဲမှာ ဒီလိုသာမန် ကျောက်တုံး တစ်တုံးကို ထားရှိလိမ့်မှာတဲ့လား။

တကယ်လို့ ဒါက နိုင်းယှဉ်လို့ ဘာမှမရဘူး ဆိုရင်တောင် ဆုံးဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့လည်း တခြားအခန်းထဲက ရတနာတွေ အားလုံးက နေလအဆင့်မှာ ရှိပြီးတော့ ဒီအခန်းတစ်ခုပဲ အရမ်းကို သမာရိုးကျပုံစံရှိတဲ့ ကျောက်ပြားတစ်ချပ် ရှိနေပါတယ်။ မို့စ္စာသားရဲတွေက ဘယ်လိုလုပ်ပြီးတော့ သံသယ မဝင်ပဲ နေမှာလဲ။

"ဒါက ဘယ်လိုပစ္စည်းမျိုးလဲ"

မိုစ္စာသားရဲ တစ်ကောင်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

"ငါတို့ အရင်ဆုံး လေ့လာကြည့်မယ် ဆိုရင်ရော ဘယ်လိုလဲ။ ဒီပစ္စည်းရဲ့ လုပ်ဆောင်မှုတွေကို မသိသေးခင် ငါတို့တွေ အချင်းချင်း တိုက်ခိုက်လုယူနေဖို့ မလိုဘူးလေ"

မိုစ္စာသားရဲမျက်နှာ ဂဏန်းကောင်က အကြံပြုလိုက်ပါတယ်။

"သဘောတူတယ်"

မိုစ္စာသားရဲတွေ အားလုံးက ခြေဖွဖွလေး လှမ်းလာကြပါတယ်။ သူတို့က အများသဘောဆန္ဒ တစ်ခုကို ရရှိထားမှတော့ ဘယ်သူကမှ မတိုက်ခိုက်ပွံ့ပါဘူး။ တကယ်လို့ တစ်ယောက်ယောက်က လှုပ်ရှားပွံ့တယ်ဆိုရင် အဲဒီလူက အားလုံးရဲ့ ပစ်မှတ်ဖြစ်သွား ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီကျောက်ပြားက တကယ်ပဲ သမာရိုးကျ ကျောက်ပြားတစ်ချပ်လည်း ဖြစ်နိုင်ပြီး တချို့နေရာတွေမှာ မြင်လေ့ရှိတဲ့ ကျောက်ပြားပုံစံမျိုး ဖြစ်နေပါတယ်။

မှိုစားသားရဲတွေက ကျောက်ပြားပေါ်ကို သူတို့လက်တွေနဲ့ ပုတ်လိုက်ပါတယ်။ ဒါပေမဲ့ ကျောက်ပြားကနေ ဘာတုံ့ပြန်မှုမှ မရှိပါဘူး။

ဒါပေမဲ့လည်း ကျောက်ပြားကို သူတို့တွေ စတင်တိုက်ခိုက်လိုက်တဲ့ အချိန်မှာ သူတို့ရဲ့ အမူအရာတွေက ပြောင်းလဲသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောက်ပြားကို တိုက်ခိုက်ရတာ လေကိုတိုက်ခိုက်ရသလိုမျိုးနဲ့ တူပြီးတော့ ကျောက်ပြားက သူတို့တွေ ဘယ်လိုပဲ တိုက်ခိုက်တိုက်ခိုက် မလှုပ်မရှားနဲ့ ခိုင်မြဲစွာ တည်ရှိနေပါတယ်။

"ဒီကျောက်ချပ်ကို ဘယ်လိုအသုံးပြုရမလဲ ဆိုတာကို ငါတို့သတိမပြုမိပေမဲ့ ဒီကျောက်ပြားက တိုက်ခိုက်မှုတွေကို စုပ်ယူနိုင်တဲ့ အချက်နဲ့တင်ပဲ အရမ်းကို အံ့သြဖို့ ကောင်းနေပြီ"

တိမ်မီးခိုး ရေဘဝဲက အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

ဒီကျောက်ပြားက ခိုင်မာတဲ့အပြင် အံ့အားသင့်စရာ အကောင်းဆုံး အစိတ်အပိုင်းက တိုက်ခိုက်မှုတွေကို တကယ်ပဲ စုပ်ယူနိုင်ပါတယ်။

မှိုစားသားရဲတွေရဲ့ မျက်နှာတွေပေါ်မှာ လိုချင်တပ်မက်မှုတွေနဲ့ ပြည့်နှက်သွားပါတယ်။ တကယ်လို့ ဒီကျောက်ပြားကို တခြားဘာမှ

အသုံးပြုလို့ မရဘူးဆိုရင်တောင် တိုက်ခိုက်မှုတွေကို စုပ်ယူနိုင်တဲ့ အချက်နဲ့တင်ပဲ အရမ်းကို ထူးခြားလွန်းနေပါပြီ။

ရှုပ်။

လက်တော်တော်များများက ကျောက်ပြားကို ချက်ချင်းပဲ ဖမ်းဆုပ်ကိုင် လိုက်ပါတယ်။ အခု သူတို့က ဒီကျောက်ပြားရဲ့ အာနိသင်ကို သိနားလည်သွားပြီး အားလုံးက ဒီကျောက်ပြားကို သူတို့အတွက် အလိုရှိနေကြပါပြီ။ တကယ်လို့ ဒီကျောက်ပြားကို ဒိုင်းတစ်ခုလိုမျိုး အသုံးပြု နိုင်မယ်ဆိုရင် သူတို့ရဲ့ ခုခံနိုင်စွမ်းက အဆပေါင်းများစွာ တိုးမြင့်သွားပါလိမ့်မယ်။

"ဘေးဖယ်စမ်း"

"ဒါ ငါ့ဟာကွ"

မိစ္ဆာသားရဲတွေက တစ်ယောက်နဲ့ တစ်ယောက် အော်ဟစ်ငြင်းခုံရင်း ကျောက်ပြားကို လုနေကြပါတယ်။

ဒါက တကယ့်ကို ဂရုန်းသုန်းကား တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ မိစ္ဆာသားရဲတိုင်းက ကျောက်ပြားကို အရယူဖို့ ကြံရွယ်ထားပါတယ်။ ဒါကြောင့် သူတို့ရဲ့ ပြိုင်ဘက်ကို သတ်ဖြတ်ချင်တဲ့ စိတ်ကူးမျိုး မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း တစ်ယောက်ယောက်က ကျောက်ပြားကို

ရယူသွားရင် သူတို့က ချက်ချင်းပဲ ဝိုင်းရံပြီး အားလုံးစုပေါင်းကာ တိုက်ခိုက်ကြပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ မိစ္ဆာသားရဲတွေမှာ အနည်းငယ် သန့်စွမ်းတဲ့သူ ရှိရင်တောင် ဒီလိုမျိုး ဂရုန်းသုန်းကား တိုက်ပွဲတစ်ခုမှာ အားသာချက် လုံးဝမရှိပါဘူး။

ပုန်း။

အဲဒီအခိုက်အတန့် အချိန်မှာ ရွှေရောင်သင်္ကေတ ငါးမန်းရဲ့ ခန္ဓာကိုယ်က ရုတ်တရက် ပေါက်ကွဲသွား ခဲ့ပါတယ်။

တခြားမိစ္ဆာသားရဲတွေ အားလုံးပဲ ထိတ်လန့်တုန်လှုပ် သွားကြပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ဘယ်သူမှ သူ့ကို ပစ်မှတ်မထားခဲ့ပါဘူး။ ဒါဆို ဘယ်လိုလုပ်ပြီး သူက ရုတ်တရက် သေသွား ရတာလဲ။

လင်းဟန်ရဲ့ လက်ချက်ကလွဲပြီး ဘယ်သူ့လက်ချက် ဖြစ်နိုင်မှာလဲ။

သူက စောစောတုန်းက တိုက်ပွဲမှာ အချိန်ဆွဲမနေပဲ အနက်ရောင် မျှော်စင်ထဲကို တန်းဝင်သွား လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ရွှေရောင်သင်္ကေတ ငါးမန်းကြီးရဲ့ ဗိုက်ထဲကို ပင်လယ်ရေ တချို့နဲ့အတူ ဝါးမျိုခံလိုက်ပါတယ်။ စောစောက အနက်ရောင်

မျှော်စင်ထဲကနေ သူထွက်လာပြီး သူ့ရဲ့ ခွန်အားအကုန်လုံး ထုတ်ဖော်ကာ ချက်ချင်းပဲ ရွှေရောင်သင်္ကေတ ငါးမန်းကြီးကို အစိတ်စိတ် အပိုင်းပိုင်း ပေါက်ကွဲထွက် သွားစေခဲ့ပါတယ်။

တကယ်လို့ ဒါက မိစ္ဆာသားရဲ တစ်ကောင်ဖြစ်တော့ရော ဘာဖြစ်သေးလဲ။ သူ့ရဲ့ အတွင်းကလိစာ အစိတ်အပိုင်းတွေက အထိခိုက် မခံနိုင်အောင် အရမ်းကို နုနယ်ပြီးတော့ အားနည်းချက် ရှိပါတယ်။

"လူသားပဲ"

"သေစမ်းကွာ"

တခြားမိစ္ဆာသားရဲတွေ အကုန်လုံးက အံ့အားသင့်သလို ဒေါသလည်း ထွက်ကုန်ပါတယ်။ သူတို့က မျိုးနွယ်စု မတူညီကြသလို တစ်ယောက်နဲ့တစ်ယောက် အထူးတလည် ရင်းနှီးမှု မရှိကြပေမဲ့ သူတို့အားလုံးက ပင်လယ်မိစ္ဆာတွေ ဖြစ်ပါတယ်။ သူတို့က အချိန်တိုင်း တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်ကြတယ် ဆိုရင်တောင် သူတို့က ပြင်ပရန်သူတွေနဲ့ ရင်ဆိုင် တိုက်ခိုက်ကြတဲ့ အချိန်ကျရင်တော့ မဟာမိတ်တွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ လင်းဟန်က ကျောက်ပြားကို လုယူဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

သူတို့အားလုံးက အတူတကွ ပူးပေါင်းပြီး တိုက်ခိုက်လိုက်ပါတယ်။ ရေဘဝဲရဲ့ လက်တံတွေ၊ ဂဏန်းလက်မတွေနဲ့ လိပ်ရဲ့ လက်သည်းတွေ အားလုံးနဲ့ လင်းဟန်ကို တိုက်ခိုက်လိုက်ကြပါတယ်။

လင်းဟန်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်းမှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက မိစ္ဆာသားရဲတွေရဲ့ မျက်လုံးထဲမှာတော့ စာမဖွဲ့လောက်ပါဘူး။ သူက စောစောတုန်းက တနည်းနည်းနဲ့ ရွှေရောင်သင်္ကေတ ငါးမန်းကို သတ်ပစ်နိုင်ပေမဲ့ ဒီလိုမျိုး အဖြစ်အပျက်က ဒုတိယ အကြိမ် ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။

ဟုန်း။

သူတို့ရဲ့ တိုက်ခိုက်မှု အားလုံးက လင်းဟန်ရဲ့ နောက်ကျောဘက်ကို ကျဆင်းလာပြီး တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ တိုက်ခိုက်မှု ငါးခုဖြစ်ပါတယ်။ သူတို့အားလုံးက ပြင်းထန်အလယ်အလတ် အဆင့်မှာရှိတဲ့ လူတစ်ယောက်က

ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို ခံနိုင်ရည် ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာကို ယုံကြည်ထားပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ပေမဲ့ သူ့ရဲ့ အမြန်နှုန်းက ပိုပြီးတော့တောင် လျင်မြန်လာပြီး အရှေ့ကို တိုးလာရင်းနဲ့ ကျောက်ပြားကို သူ့လက်နဲ့ ဖမ်းဆုပ် ယူလိုက်ပါတယ်။

ဘာ။

မှိန်စွာသားရဲငါးကောင်လုံး အံ့သြမှင်တက် သွားခဲ့ပါတယ်။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒီလူသားက ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူတို့ငါးယောက်ပေါင်း မပြောနဲ့ဦး။ သူတို့ထဲက ဘယ်သူပဲဖြစ်ဖြစ် သူ့ကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် လုပ်ပစ်နိုင်ပါတယ်။ ဘယ်လိုလုပ်ပြီးတော့ သူက သွေးတစ်လုတ်ပဲ အန်ထုတ်ရတာလဲ။

လူတွေက မှိန်စွာသားရဲတွေမှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် ရှိတယ်လို့ ပြောကြပါတယ်။ ဒါပေမဲ့လည်း အခုဒါကိုကြည့်လိုက်ရင် လူသားတွေကမှ အစစ်အမှန် မှိန်စွာသားရဲကောင်တွေ ဖြစ်နေပါတယ်။

လင်းဟန်က မြေပြင်ပေါ် ဆင်းသက်ပြီးတော့ သူ့ကိုယ်သူ မထိန်းနိုင်ခင် အရှေ့ကိုက ခြေလှမ်း အနည်းငယ် ဒယိမ်းဒယိုင် တိုးသွားပါတယ်။ သူ့နောက်ကျောပြင် တစ်ခုလုံး မီးဟပ်သလို လောင်ကျွမ်းတဲ့ နာကျင်မှုကို ခံစားနေရပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်သုံး နတ်ဘုရား သတ္တုနဲ့ ယှဉ်နိုင်ပေမဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ မိစ္ဆာသားရဲ ငါးကောင်ရဲ့ တိုက်ခိုက်မှုတွေ ထိမှန်ခံလိုက်ရပြီးတဲ့ နောက်မှာ နာကျင်မှုဒဏ် တော်တော်များများကို ခံစားနေရပါသေးတယ်။ သူက ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်မိပြီး အဲဒီနောက်မှာ နောက်ထပ် ပါးစပ်အပြည့် သွေးနှစ်လုတ် ထပ်အန်ထုတ် လိုက်ရပါတယ်။ အဲဒီနောက်မှပဲ သူက နေရထိုင်ရတာ အနည်းငယ် ပိုကောင်းလာ ခဲ့ပါတယ်။

သောက်ကျိုးနည်းအောင် နာတာပဲ။

လင်းဟန်က သူ့စိတ်ထဲကနေ အော်လိုက်မိပါတယ်။

ဒါပေမဲ့လည်း နောက်ဆုံးတော့ ကျောက်ပြားက သူ့လက်ထဲကို ရောက်လာပါပြီး တကယ်လို့ အခုချိန်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် လာမယ်ဆိုရင်တောင် သူ့အနေနဲ့ ဆုံးရှုံးသွားမှာကို ကြောက်နေလိမ့်မှာ မဟုတ်ပါဘူး။

"စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဒီကျောက်ပြားက အခု ငါ့ပစ္စည်း ဖြစ်သွားပြီ"

Chapter 1037 end

အပိုင်း(1038) ကံမကောင်းတဲ့ ဖေးကျို

"ကျောက်ပြားကို ချထားလိုက်။ ဒါဆိုရင် ငါတို့ မင်းကို အသက်ချမ်းသာ ပေးနိုင်တယ်"

တိမ်မီးခိုး ရေဘဝဲက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူမရဲ့ ခေါင်းတစ်ခုလုံးက ကျစ်ဆံမြီးက အနည်းငယ် ကခုန်လှုပ်ရှား နေပါတယ်။ ပထမတော့ အဲဒီကျစ်ဆံမြီးတွေက တစ်ပေလောက်ပဲ ရှည်ပေမဲ့ အခုချိန်မှာ သုံးမီတာလောက်ထိ ရှည်ထွက်လာပြီး စိတ်ဝိညာဉ် မြွေတွေနဲ့ တူပါတယ်။

မိန်းမစွာသားရဲမျက်နှာ ဂဏန်းကောင်၊ အနက်ရောင်ချပ်ဝတ် ပုဇွန်၊ ရောမ လိပ်ကြီးနဲ့ ပင်လယ် ရေနဂါးတို့ အားလုံးက လင်းဟန်ကို စိုက်ကြည့်နေပြီး သူတို့ရဲ့ မျက်လုံးတွေက အရမ်းကို သူစိမ်းဆန်လွန်းပါတယ်။

ဒီလူသားရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အံ့အားသင့်စရာ ကောင်းတယ်ဆိုပေမဲ့ မချိုးဖျက်နိုင်တဲ့ အရာတစ်ခုတော့

လုံးဂမဟုတ်ပါဘူး။ တကယ်လို့ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက သူတို့ရဲ့ စောစောတုန်းက ပူးပေါင်းတိုက်ခိုက်မှုတွေကို ခံလိုက်ရပြီးတဲ့ နောက်မှာ အဆက်မပြတ် သွေးအန်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ အဲဒီကျောက်ပြားက တိုက်ခိုက်မှုတွေကို စုပ်ယူနိုင်တဲ့ အစွမ်းကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင်မှ လူသား တစ်ယောက်ရဲ့ လက်ဖါးအရွယ်အစားပဲ ရှိပါလိမ့်မယ်။ အများဆုံး သေကွင်းသေကွက် နေရာတစ်ခုကိုပဲ ကာကွယ်နိုင်စွမ်း ရှိပါလိမ့်မယ်။

တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင် သူတို့ငါးယောက်က လုံးဂကို အားသာချက် ရှိပြီးတော့ တကယ်လို့ သူတို့အားလုံး ပူးပေါင်းပြီး လုပ်ဆောင်မယ်ဆိုရင် ဒီလူသားကို အလွယ်တကူနဲ့ အမြစ်ဖြတ် သုတ်သင်နိုင်စွမ်း ရှိနေပါသေးတယ်။

လင်းဟန်က သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"အရင်ဆုံး တိုက်ကွက်နည်းနည်းလောက် ဖလှယ်ကြတာပေါ့"

သူက လက်ဦးမှု ရယူပြီး တစ်ဟုန်ထိုး ပြေးဝင်လာရင်း သူ့များကို ပေ့ယမ်းကာ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

"သေစမ်းကွာ"

မို္တစာသားရဲ ငါးကောင်လုံး ဒေါသတွေ ထွက်သွားပြီး လင်းဟန်ကို တိုက်ခိုက်လိုက် ကြပါတယ်။

လင်းဟန်ရဲ့ ရည်မှန်းချက်က ဒီကျောက်ပြားရဲ့ အသုံးဝင်မှုကို စမ်းသပ်ဖို့ပဲ ဖြစ်ပါတယ်။ တကယ်တော့ သူက စောစောတုန်းက အနက်ရောင် မျှော်စင်ထဲမှာ ပုန်းနေခဲ့တာကြောင့် မတိကျတဲ့ သတင်းအချက်အလက်လောက်ပဲ ရရှိခဲ့ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

တိုက်ခိုက်မှုတွေ ထွက်ပေါ်လာတာနဲ့ လင်းဟန်က ကျောက်ပြားကို ထုတ်ယူပြီးတော့ ဘယ်ညာ ဟေ့ယမ်းကာ ခတ်ထုတ်လိုက်ပါတယ်။ ချက်ချင်းဆိုသလို တိုက်ခိုက်မှု အမျိုးမျိုးကို စုပ်ယူလိုက် ပါတယ်။ အဲဒါက ရေစုပ်ယူတဲ့ ရေမြှုပ်တစ်ခုနဲ့ တူပြီးတော့ ထိတ်လန့်စရာ ကောင်းလောက်အောင် ဘာအသံမှ မထွက်ပဲ တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

သူက တဒင်္ဂခန့် အံ့သြသွားခဲ့ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောပေမဲ့ သူ့စွမ်းအားရဲ့ အကန့်အသတ်ကို ကျော်လွန်တဲ့ တိုက်ခိုက်မှု တစ်ခုကို တောင့်ခံပြီးတဲ့ နောက်မှာ သူက နောက်ဆုတ်ရင်ဆုတ် ဒါမှမဟုတ် လွင့်ထွက်သွားနိုင်ပါတယ်။ အခုလုံးဝကို မတူတာက

ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ လက်ရွေးစင် ကျင့်ကြံသူ တစ်ယောက်ရဲ့ တိုကခိုက်မှုကိုတောင် ပျက်ပြယ်သွားစေနိုင်စွမ်း ရှိနေပါပြီ။

ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း ကျောက်ပြားရဲ့ အာနိသင်က ထူးခြားတယ် ဆိုပေမဲ့ လက်ရွေးစင် ငါးယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုတွေနဲ့အတူ လင်းဟန်က အားလုံးကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြီးတော့ တိုက်ခိုက်မှု တချို့ကို ခံစားရပြီးတော့ သူ့ကို နောက်တစ်ကြိမ် သွေးအန်သွားစေ ခဲ့ပါတယ်။

သူ့ရည်မှန်းချက်က ကျောက်ပြားကို စမ်းသပ်ဖို့ ဖြစ်ပါတယ်။ သူက အာနိသင်ကို သိသွားပြီ ဆိုမှတော့ ဆက်ပြီးတော့ တိုက်ခိုက်နေစရာအကြောင်း မရှိပါဘူး။

ဟင်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်မလို့ ပြင်လိုက်တဲ့ အချိန်မှာ ရတနာသိုက်ထဲကို နောက်ထပ် လူတစ်ယောက် ဝင်လာတာကို တွေ့မြင်လိုက် ရပါတယ်။

မြင်ကွင်းထဲကို ပထမဆုံး ဝင်ရောက်လာတာက သစ်မြစ်တွေလိုမျိုး သတ္တုချောင်းတွေကို မရေမတွက်နိုင်တဲ့ သတ္တုချောင်းတွေနဲ့ ခြေထောက်တွေ ဖြစ်ပါတယ်။ အဲဒီနောက် အောက်ပိုင်း ခန္ဓာကိုယ် တစ်ဝက်လောက် ဆုံးရှုံးထားတဲ့ အဘိုးကြီး တစ်ယောက် ဖြစ်ပါတယ်။

ဖေးကျို။

သူလည်းပဲ မိုးကောင်းကင်ထိ ထိုးတက်နေတဲ့ အလင်းရောင်တန်းကြီးကို ရှာတွေ့ခဲ့တယ်ဆိုတာ သိသာထင်ရှားပါတယ်။ လျှို့ဝှက်ရတနာ ပစ္စည်းတစ်ခု ထွက်ပေါ်လာပြီလို့ တွေးလိုက်မိပြီး သူက ဒီနေရာကို တစ်ဟုန်ထိုး ပြေးလာခဲ့ပုံ ရပါတယ်။

"အစ်ကိုကြီးဖေး ကောင်းလိုက်တာ။ မြန်မြန်လာပြီး ဒီလူတွေကို ကျနော့်ကိုကူညီပြီး တားဆီးပေးပါဦး"

လင်းဟာန်က ကျယ်လောင်စွာနဲ့ အော်ခေါ်လိုက်ပါတယ်။

"လင်းဟာန်"

ဖေးကျိုက အံ့အားသင့် သွားမိပါတယ်။ သူက ဒီနေရာမှာ လင်းဟာန်ကို တွေ့ရလိမ့်မယ်လို့ လုံးဝကို ထင်မှတ်မထား မိခဲ့ပါဘူး။

ဒီကောင်စုတ်က သူ့အတွက် ကပ်ဘေးဒုက္ခ တစ်ခုများလား။ သူသွားတဲ့ နေရာတိုင်းမှာ ဘာဖြစ်လို့ ဒီကောင့်ကို တွေ့တွေ့နေရတာလဲ။

လင်းဟန်က ခုန်လိုက်ပေမဲ့ ချက်ချင်းဆိုသလို အနားကို ရောက်သွားတာနဲ့ လျပ်ပြက်သလို အနက်ရောင် မျှော်စင်ထဲ ဝင်လိုက်ပါတယ်။

ချက်ချင်းပဲ တိမ်မီးခိုး ရေဘဂဲ၊ မို့စ္စာမျက်နှာ ဂဏန်းနဲ့ တခြားလက်ရွေးစင်တွေ အားလုံးရဲ့ မျက်စိတွေက ဖေးကျိဆီကို လှည့်သွားပါတယ်။

"ဟိုကောင်စုတ်လေး ဘယ်မှာလဲ"

သူတို့က ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။ တကယ်လို့ အဲဒီကျောက်ပြားကို သင့်လျော်စွာနဲ့ အသုံးပြုနိုင်မယ်ဆိုရင် သူ့တန်ဖိုးက မယုံနိုင်စရာ ကောင်းလောက်အောင် အံ့ဩစရာ ကောင်းပါလိမ့်မယ်။

လင်းဟန်က သူ့အပေါ်ကို ကပ်ဘေးဒုက္ခ ပုံချပေးခဲ့လိုက်ပါတယ်။

သေစမ်း။ အဲဒီကောင်စုတ်လေးက ဘယ်လောက်တောင် ဆိုးဝါးတဲ့ အရာကို လုပ်သွားပြီးမှ သူ့ကို လူစားထိုး အပြစ်ပုံချ သွားတာလား။

"ဟိုး ဟိုး ငါမင်းတို့ကို မလိမ်ပါဘူး။ ငါက အဲဒီကောင်စုတ်လေးနဲ့ သူငယ်ချင်းလည်း မဟုတ်ဘူး။ ငါတို့က ရန်သူတွေပါ။ ငါလည်း သူ့ကို သတ်ချင်နေတာ။ သူသေသွားရင် ငါလည်း တကယ့်ကို ကျေနပ်ပျော်ရွှင်မိမှာပါ"

ဖေးကျိုက နောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပြီး နည်းနည်းလေးမှတောင် အမှုမဲ့ အမှတ်မဲ့ မနေပုံပါဘူး။

သူက စိတ်ထဲကနေ ပိုပြီးတော့တောင် မကျေမနပ် ဖြစ်နေပါတယ်။ တကယ်လို့ သူ့ရဲ့ နေလတစ်ပိုင်းအဆင့် ယန္တရားရုပ် နှစ်ရုပ်ကို လင်းဟန်က လုယူမသွားခဲ့ဘူးဆိုရင် သူ့အနေနဲ့ ဒီတိရိစ္ဆာန်ငါးကောင်ကို အလွယ်တကူ ဖိနှိပ်ထိန်းချုပ် နိုင်ပါလိမ့်မယ်။ သူ့အတွက် ဒီလိုအခြေအနေ ကြုံလာရင်တောင် ဘာများစိတ်ပူစရာ လိုနေဦးမှာလဲ။

"ဟင့် လူသားတွေရဲ့စကားက ဘယ်တော့မှ မယုံကြည်သင့်ဘူး"

မြွေစွာသားရဲမျက်နှာ ဂဏန်းကောင်က အေးစက်စွာနဲ့ ပြောလိုက်တယ်။

"မှန်တယ်။ ဒီအဘိုးကြီးက မသန်မစွမ်း ဆိုပေမဲ့ ငယ်ရွယ်နုပျိုတဲ့ အသက်ဓာတ်စွမ်းအင် အများကြီး မရှိဘူး။ နောက်ပြီး သူက

ပြီးပြည့်စုံခြင်းအဆင့်ရဲ့ တည်ရှိမှု တစ်ခုလည်း ဖြစ်နေသေးတယ်။ သူ့သွေးအဆီအနှစ်တွေကို ဂါးမျိုလိုက်ရင် နည်းနည်းတော့ အားပြည့်နိုင်သေးတယ်”

တိမ်မီးခိုး ရောဘဲဂ်က သူမရဲ့ တစ်ပေလောက်ရှည်တဲ့ လျှာနဲ့ နှုတ်ခမ်းကို သပ်လိုက်ပါတယ်။

ဖေးကျိုက မှင်တက်တေဝေသွားပြီး ခုခံတဲ့ အနေအထား အလျင်အမြန်ပဲ ပြင်ဆင်ပြီး ပြောလိုက်တယ်။

“အားလုံးပဲ ငါက ဘယ်သူနဲ့မှ ရန်စမရှိပါဘူး။ တကယ်လို့ မင်းတို့က ငါ့ကို သတ်ချင်တယ်ဆိုရင် အနည်းဆုံးတော့ မင်းတို့ထဲက တစ်ယောက်က ငါနဲ့အတူ သေရလိမ့်မယ်”

“အဲဒါ ဟုတ်ပ့ါမလား”

မို့စ္စာသားရဲ ငါးကောင်က သူတို့ရဲ့ တိုက်ကွက်တွေကို တပြိုင်နက်တည်း ထုတ်ဖော်ပြီး ဖေးကျိုကို တရစပ် တိုက်ခိုက် လိုက်ပါတယ်။

ပုန်း။

သူတို့ရဲ့ တိုက်ကွက်တွေကို ထုတ်ဖော်လိုက်တဲ့ အချိန်မှာ ဖေးကျိုက လုံးဂကို အရေးနိမ့်နေပြီး မို့စ္စာသားရဲ ငါးကောင်းရဲ့

ထိတ်လန့်တုန်လှုပ်စရာ ရိုက်နှက်မှုကို ခံရပြီး အဆုံးသတ်သွားပါတယ်။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ တန်းတူပဲ ရှိပါတယ်။ ဒါမှမဟုတ် အဲဒီထက် အနည်းငယ်တောင် နိမ့်ကျနိုင်ပါတယ်။ မျိုးနွယ်စုအမျိုးသားရဲ့ အများစုက သူတို့မှာ ရှိသင့်တဲ့ တိုက်ပွဲစွမ်းရည် အဆင့်အတန်းကို ရောက်နိုင်ပြီး တော်တော်များများက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် ကြယ်တစ်ပွင့် သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ကိုတောင် ပိုင်ဆိုင်ထားပါလိမ့်မယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ရဲ့ မာကျောတဲ့ ခန္ဓာကိုယ်နဲ့ ပြိုင်ဘက်ကင်းတဲ့ ကိုယ်ခန္ဓာ တည်ဆောက်ပုံကြောင့် ဖြစ်ပါတယ်။

ဒါကြောင့် သူတစ်ယောက်တည်းနဲ့ ရန်သူအများကြီးကို ရင်ဆိုင်ရပြီး တိုက်ပွဲစွမ်းရည်နဲ့ ပတ်သက်ရင်လည်း လွှမ်းမိုးခံထားရတာကြောင့် ဖေးကျိရဲ့ အခြေအနေက ပိုပိုဆိုးလာခဲ့ပါတယ်။

ဖူး။

သူက သွေးတွေ အဆက်မပြတ် အန်ထုတ်လိုက် ရပါတယ်။ ယန္တရားရုပ် ပညာရှင် တစ်ယောက် အနေနဲ့ သူ့ကိုယ်တိုင်က အစစ်အမှန် တိုက်ပွဲမှာ အားနည်းပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့

အစွမ်းထက်ဆုံး ယန္တရားရုပ်နစ်ခုကို လင်းဟန်က ယူသွားတာကြောင့် သူ့ဆီမှာ သူထွက်ပြေးတဲ့ အချိန်အကာအကွယ်အဖြစ် ချန်ထားဖို့ ယန္တရားရုပ် အနည်းငယ်ပဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီ ယန္တရားရုပ်တွေ အားလုံးက ကနဦးအဆင့်မှာပဲ ရှိပါတယ်။

ဒီလိုမျိုး ယန္တရားရုပ် အမျိုးအစားက ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာထဲကို မဆင်းနိုင်ပါဘူး။ သူတို့က ရေဖိအားကြောင့် ကြာကြာခံလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ သူက အဲဒီ ယန္တရား ရုပ်တွေကို သူ့ရဲ့ စိတ်ဂိညာဉ် သိုလှောင်ပစ္စည်းထဲကို ထည့်မသိမ်းထားနိုင်ပါဘူး။ ဒါကြောင့် အခုချိန်မှာ သူတစ်ယောက်တည်းပါပဲ။

အခြေအနေက သူ့အတွက် လုံးဝကို အားသာချက် မရှိပါဘူး။

"လူသား တစ်ယောက်ကများ"

"လူသားလေး တစ်ယောက်ပါပဲ"

မို့စ္စာသားရဲ ငါးကောင်စလုံးက အေးစက်စွာနဲ့ လှောင်ပြောင်လိုက်ကြပါတယ်။ ဖေးကျိရဲ့ တစ်ချက်တောင် ခံနိုင်ရည်မရှိတဲ့ အပေါ်မှာ နောက်ဆုံးတော့ သူတို့ရဲ့ ပျောက်ဆုံးနေတဲ့ ယုံကြည်မှုတွေ

ပြန်လည်ပြည့်ဝလာဖို့ အကူအညီ ဖြစ်စေပါတယ်။ စောစောတုန်းက ကောင်လေးကတော့ ချွင်းချက်တစ်ခု ဖြစ်ပြီးတော့ လူသားအများစုကတော့ ပုံမှန်အတိုင်း ဖြစ်နေဆဲပါပဲ။

ဖေးကျိုက အရမ်းကို စိတ်မချမ်းမမြေ့ ဖြစ်နေခဲ့ပါတယ်။ ဒီနေရာကို လာတဲ့ လမ်းတစ်လျှောက်လုံး ရတနာပစ္စည်း တစ်ခုမှ မတွေ့မြင်ခဲ့ရပါဘူး။ ပြီးတော့ အခု လက်ရွေးစင် ငါးယောက်ရဲ့ ပူးပေါင်း တိုက်ခိုက်မှုတွေရဲ့ ပစ်မှတ်ဖြစ်နေခဲ့ပါတယ်။ ဒါက အရမ်းကို ခေါင်းခြောက်စေသလို အရမ်းကို စိတ်ပျက်စရာလည်း ကောင်းလွန်းပါတယ်။

အဲဒီစက်ဆုပ်ရွံရှာစရာကောင်းတဲ့ ကောင်စုတ်လေး။ ဒါတွေအားလုံးက သူ့ရဲ့အပြစ်တွေချည်းပဲ။

"ပန်းပေါင်းတစ်ရာ ဖူးပွင့်စေ"

ဖေးကျိုက အစွမ်းထက်ဆုံး တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ သတ္တုခြေချောင်းတွေက ရိုးတံတစ်ခုကနေ ပွင့်လာတဲ့ ပန်းပွင့်တွေလိုမျိုးနဲ့ တူပြီးတော့ တိုက်ခိုက်မှု စွမ်းအားက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ သူက တိုက်ပွဲကို အချိန်ဆွဲပြီး တိုက်ခိုက်ဖို့ စိတ်ကူး ဘယ်လိုလုပ် ရှိမှာလဲ။ သူက အစွမ်းထက်တဲ့

တိုက်ကွက်တစ်ခုကို ထုတ်ဖော်ပြီး သွေးစွန်းနေတဲ့ လမ်းကြောင်းတစ်ခုကို ဖြတ်ပြီးတော့ ထွက်ပြေးဖို့ စီစဉ်ထားခဲ့ပါတယ်။

ဒီနေရာမှာ ဘာရတနာ ပစ္စည်းပဲရှိရှိ သူထပ်ပြီးတော့ မလိုချင်တော့ပါဘူး။

"ဟင့်"

လိပ်ကြီးက အရှေ့ကို ထွက်ပြီးတော့ သူ့ရဲ့တိုက်ခိုက်မှုကို တားဆီးလိုက်ပါတယ်။ သူ့ခန္ဓာကိုယ် တုန်ခါသွားပြီး ချက်ချင်းဆိုသလို အဆအနည်းငယ်လောက် ကြီးမားလာပြီး ဒီတိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

ထန် ထန် ထန် ထန် ထန်။

တိုက်ခိုက်မှုတွေ တရစပ် ကျဆင်းလာပြီး လိပ်ကြီးရဲ့ ကျောဘက်မှာ တောက်ပလင်းလက်တဲ့ မီးပွားတွေပဲ ဖြစ်ပေါ်လာပြီး သူ့ရဲ့ ခံစစ်ကို လုံးဝကို ချိုးဖြတ်ပစ်နိုင်စွမ်း မရှိခဲ့ပါဘူး။

မိစ္ဆာသားရဲတွေထဲမှာ လိပ်ကြီးက ခုခံတဲ့ နေရာမှာ အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ဘယ်သူကမှ သူ့ကို မယှဉ်နိုင်ပါဘူး။

ဖေးကျိုက သွေးအန်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ သူက အစွမ်းထက်ဆုံး တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ပေမဲ့ တစ်ဖက်မှာရှိတဲ့ လက်ရွေးစင်တွေထဲက တစ်ယောက်တည်းနဲ့တင် တားဆီးဖို့ လုံလောက်ပါတယ်။

"သေစမ်း"

မို့စ္စာမျက်နှာ ဂဏန်းနဲ့ တခြားသုံးကောင်က ချက်ချင်းပဲ နောက်ကနေ တိုက်ခိုက်မှု တစ်ခုစီကို ထုတ်ဖော်လိုက်ပါတယ်။

မရေမတွက်နိုင်တဲ့ ရောဘင် လက်တံတွေ ဆန့်ထွက်လာပြီး ရောမ ဂဏန်းလက်မကြီးနဲ့ ပုဇွန်လက်မတွေ ဆင်းလာခဲ့ပါတယ်။ သူတို့အားလုံးမှာ နတ်ဘုရား သင်္ကေတတွေနဲ့ ဖုံးလွှမ်းနေပြီး နတ်ဘုရား အလင်းရောင်တွေ တလက်လက် တောက်ပလို့ နေပါတယ်။

"အား"

ဖေးကျိုက ထိတ်လန့်တုန်လှုပ်စွာနဲ့ စူးစူးဝါးဝါးငယ်သံပါအောင် အော်ဟစ်လိုက် ပါတယ်။ သူ့ရဲ့ စွမ်းအား အကုန်လုံးနဲ့ ခုခံလိုက်ပေမဲ့ ရန်သူတွေက အများကြီး ဖြစ်ပြီးတော့ အရမ်းကို သန်စွမ်းပါတယ်။ သူ့ရဲ့ လက်မောင်းတစ်ဖက်က ချက်ချင်းပဲ ပြတ်သွားပြီး

သူ့ရင်ဘတ်ပေါ်မှာ သွေးစွန်းနေတဲ့ အပေါက်တွေ တစ်ဒါဇင်လောက် ဖြစ်လာခဲ့ပါတယ်။ ကံကောင်းတဲ့ အချက်က သူ့ရဲ့ သေကွင်းသေကွက် နေရာတွေနဲ့ လွဲချော်သွားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ တိုက်ကွက်တစ်ခုတည်းနဲ့ သူက သေချာပေါက် သေသွားပါလိမ့်မယ်။

မို့စ္စာသားရဲ ငါးကောင်က သူတို့ရဲ့ တိုက်ခိုက်မှုတွေကို မရပ်သိမ်းပဲ ဖေးကျိရဲ့ အသက်ကို အဆုံးသတ်ဖို့ စိတ်ကူးပြီးတော့ နောက်ထပ်တိုက်ခိုက်မှုတွေ ထုတ်ဖော်လိုက်ပါတယ်။

"တောင်းပန်ပါတယ်။ ဒီလူက ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုတွေကို ကျူးလွန်ထားတဲ့ တရားခံပဲ။ သူ့ကို ငါကိုယ်တိုင် သတ်ပါရစေ"

လင်းဟန် ထွက်ပေါ်လာပြီး အဆုံးမဲ့ မြားကို အသက်သွင်းလိုက်ပါတယ်။

မို့စ္စာသားရဲ ငါးကောင်ကလည်း သူတို့မှာ နည်းနည်းလောက် ရှိသလိုမျိုး သူတို့ရဲ့ အမွေးတွေ ထောင်သွားသလို ခံစားလိုက်ရပါတယ်။ ဒီမြားက သူတို့ကို အစွမ်းထက်တဲ့ ခြိမ်းခြောက်မှု တစ်ခုကို ပေးနေသလိုမျိုး ခံစားရပါတယ်။ တကယ်လို့ သူတို့ရဲ့ စွမ်းအားတွေ အကုန်လုံး ထုတ်ပြီးတော့ မခုခံခဲ့ဘူးဆိုရင်

သူတို့တောင် ပြင်းထန်တဲ့ ဒဏ်ရာတွေ ခံစားရနိုင်သလို ဒါမှမဟုတ် ချက်ချင်း အသတ်ခံလိုက်ရနိုင်ပါတယ်။

သူတို့က ဒုတိယ အတွေးတောင် မတွေးမိသေးခင် မြားက ဒေါသတကြီးနဲ့ အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

"မဟုတ်ဘူး"

ဖေးကျိရဲ့ မျက်လုံးတွေ ပြူးသွားပြီး မြားတစ်ချောင်းက သူ့ရင်ဘတ်မှာ စိုက်ဝင်သွား ခဲ့ပါတယ်။ မြားမြီးက သူ့ရင်ဘတ်ကနေ ဖောက်ထွက်ပြီး သူ့နောက်ကျောကို ထုတ်ချင်းဖောက် စိုက်ဝင်သွား ခဲ့ပါတယ်။

Chapter 1038 end

အပိုင်း(1039) အကြွင်းမဲ့ မူလကျောက်တုံး

တကယ်လို့ ဖေးကျိက သူ့ရဲ့ အကောင်းဆုံး အနေအထားမှာ ရှိနေရင်တောင် သူက ဒီမြားကို ရှောင်တိမ်းနိုင်စွမ်း ရှိလိမ့်မှာဟုတ်ပဲ အနည်းဆုံးတော့ သူ့ရဲ့ သေကွင်းသေကွက် နေရာတွေကို ထိမှန်မဲ့ ခက်ခဲမှု တစ်ခုကနေ ရှောင်တိမ်းနိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း သူက မို့စွာသားရဲ ငါးကောင်ရဲ့ အုပ်စုဖွဲ့ တိုက်ခိုက်ခြင်းကို ခံခဲ့ရပြီး ဒဏ်ရာတွေ တော်တော်များများ ရခဲ့ပြီး

သူ့ရဲ့တိုက်ပွဲစွမ်းရည်ကလည်း အတော်လေး လျော့ကျသွား ခဲ့ပါတယ်။ သူက ဒီမြားကို ဘယ်လိုလုပ်ပြီးတော့ ရှောင်တိမ်းနိုင်တော့မှာလဲ။

သူက သူ့ရင်ဘတ်ကို အနည်းငယ် ခေါင်းရှုပ်တဲ့ ပုံစံနဲ့ ငုံ့ကြည့်ပြီးတော့ အဲဒီနောက် လင်းဟာန်ကို လက်ညှိုးထိုး ညွှန်ပြပြီး မုန်းတီးမှု အပြည့်နဲ့ ပြောလိုက်တယ်။

"ကောင်စုတ်လေး ငါမင်းကို အစိတ်စိတ် အပိုင်းပိုင်း စုတ်ပြတ်သွားအောင် လုပ်......"

ဂုန်း။

သူက စကားကို ဆုံးအောင်တောင် မပြောနိုင်ပဲ သူ့ရဲ့ရင်ဘတ်က ချက်ချင်းပဲ ပေါက်ကွဲသွား ခဲ့ပါတယ်။ သူ့အတွက်တော့ အဲဒီနောက်ဆုံး စကားကို ပြီးအောင်လို့ ပြောဖို့ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တော့ပါဘူး။

သူ့အမူအရာက မလိုလားမှုတွေနဲ့ ပြည့်နက်နေပြီး မြေကြီးပေါ်ကို ပြင်းထန်စွာနဲ့ လဲပြိုကျသွားပြီး သူ့ရဲ့သွေးတွေက အိုင်ထွန်းသွား ခဲ့ပါတယ်။

ဒီရတနာသိုက်က မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာတောင့်တင်း လွန်းပါတယ်။ စောစောက တိုက်ပွဲကြောင့် နည်းနည်းလေးမှတောင် ထိခိုက်ပျက်စီးမှု မရှိသလို တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ သွေးကြောင့်လည်း ထိခိုက်ပျက်စီးမှု မရှိနိုင်ပါဘူး။

"အရိပ်တစ်ထောင် နည်းစနစ်"

လင်းဟန်က ပေါက်ကရ ပြောလိုက်ပြီး အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပါတယ်။

"သေစမ်း သေစမ်းကွာ"

အစွမ်းထက်တဲ့ မိစ္ဆာသားရဲ လေးကောင်က ဒေါသတွေ ပေါက်ကွဲကုန်ပါတယ်။ သူတို့တွေက စောစောကပဲ လင်းဟန်ရဲ့ တစ်ကြိမ် လှည့်စားခြင်းကို ခံခဲ့ရပါတယ်။ ပြီးတော့ အခု ဘာမှန်းမသိတဲ့ အကြောင်းပြချက် တချို့အတွက် သူတို့က သူ့ကို လွတ်မြောက်ခွင့် ပြုလိုက်ရပါတယ်။ သူတို့အားလုံး ဒီနေရာမှာ တကယ့်ကို မျက်နှာပျက်စရာ ကောင်းပါတယ်။

"ဒါက ဘယ်လိုလှုပ်ရှားမှု နည်းစနစ်အမျိုးအစားလဲ။ ဘယ်လိုလုပ်ပြီး အရမ်းကို ထူးဆန်းနေ ရတာလဲ"

"ငါတို့ သူ့လှည့်ကွက်ထဲကို ကျသွားခဲ့တယ်။ ဒီအဘိုးကြီးစုတ်နဲ့ တစ်အုပ်စုတည်း မဖြစ်နိုင်ဘူး အဲဒီအစား သူတို့က ရန်သူတွေပဲ ဖြစ်လိမ့်မယ်"

"သေစမ်းကွာ။ ငါတို့က အသုံးချ ခံလိုက်ရတာပဲ။ ငါတို့ လှုပ်ရှားမှု မရှိပဲနဲ့ အဲဒီကောင်စုတ်လေးက ဟိုအဘိုးကြီးစုတ်ကို သတ်ပစ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

"ငါတို့ တကယ့်ကို လှည့်စားခံလိုက် ရတာပဲ"

မိစ္ဆာသားရဲ ငါးကောင်က ဒေါသအိုး ပေါက်ကွဲသွားပေမဲ့ အခုချိန်မှာ လင်းဟန်က အရိပ်အယောင် နည်းနည်းလေးမှတောင် မတွေ့ရပဲ ပျောက်ကွယ်သွားခဲ့ပါပြီ။ သူတို့အနေနဲ့ ဘာများ တတ်နိုင် ဦးမှာလဲ။

အတော်ကြာအောင် ဒေါသထွက်ပြီးတဲ့ နောက်မှာ သူတို့က တစ်ကောင်ပြီး တစ်ကောင် ထွက်ခွာသွားခဲ့ ကြပါတယ်။

ဒီနေရာက ထူးခြားတဲ့ ပုံရိပ်တွေက မယုံနိုင်စရာ ကောင်းပြီးတော့ အစွမ်းပိုထက်တဲ့ မိစ္ဆာသားရဲတွေကိုတောင် ဆွဲဆောင်ကောင်း ဆွဲဆောင်နိုင်ပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူတို့ရဲ့ ကံကြမ္မာက ပျက်စီးခြင်း တစ်ခုတည်းပဲ ရှိပါလိမ့်မယ်။

လင်းဟန်လည်း အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ သူက ရတနာသိုက်ကနေ ထွက်လာပြီး အနောက်ကနေ လိုက်လာပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲ နောက်တစ်ကြိမ် ပြန်ဝင်ပြီးတော့ အဲဒီထူးခြားဆန်းကြယ်တဲ့ ကျောက်ပြားကို လေ့လာလိုက်ပါတယ်။

"မျှော်စင်လေး ဒါဘာပစ္စည်းလဲဆိုတာကို မင်းသိလား"

မျှော်စင်လေးရဲ့ ပုံရိပ်က ပေါ်လာပြီး အနည်းငယ် ပျော့ယမ်းကာ ပြန်ဖြေလိုက်ပါတယ်။

"အဲဒါက အကြွင်းမဲ့ မူလကျောက်တုံးပဲ"

လင်းဟန်က မေးလိုက်တယ် ဆိုတာက သူ့ရဲ့ ကံကောင်းမှုကို ကြိုးစားကြည့်ပြီး အဖြေတစ်ခု ရချင်လို့ ဖြစ်ပါတယ်။ မျှော်စင်လေးက တကယ်ပဲ ဒါကို သိနေလိမ့်မယ်လို့ မထင်မှတ် ထားခဲ့မိ ပါဘူး။ ဒါကြောင့် သူက ခဏလောက် မှင်တက်အံ့သြသွားပြီး အဲဒီနောက်မှာ ဆက်မေးလိုက် ပါတယ်။

"ပိုပြီးတော့ အသေးစိတ်ကျကျ ပြောပြပါ"

မျှော်စင်လေးက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ နောက်ဆုံးမှာ ပြန်ဖြေလိုက်ပါတယ်။

"ဟိုးရှေးရှေးတုန်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ခွဲလိုက်တဲ့ အချိန်မှာ ရှေးဟောင်း ကျောက်တုံးတွေ အများကြီး ဖြစ်ပေါ်လာပြီး ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်တုံးအဖြစ် ဆင့်ကဲပြောင်းလဲသွားကြတယ်"

လင်းဟန်က ဖရိုဖရဲ မူလအရင်းအမြစ် ကျောက်တုံးအကြောင်းကို သိပါတယ်။ အောက်ဘုံမှာ ရှိတဲ့အချိန်တုန်းက သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ အစိတ်အပိုင်းကြီး တစ်ခုကို ရရှိခဲ့ပြီး သိမ်းဆည်းထားခဲ့ပါတယ်။ နောက်ပြီးတော့ သူက အဲဒါကြောင့် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် လှည့်စားနိုင်ခဲ့ပါတယ်။

"ဒါဆိုရင် ဒါက မယုံနိုင်စရာ ကောင်းတဲ့ ရတနာတစ်ခုပေါ့"

သူက အံ့အားသင့် သွားပြီးတော့ အနည်းငယ် စိတ်လှုပ်ရှား သွားခဲ့ပါတယ်။

"စိတ်မကောင်းပါဘူး။ ဒါက နည်းနည်းရှေးကျပြီးတော့ နည်းနည်းလေး ကြံ့ခိုင်တဲ့ အချက်ကလွဲရင် အကြွင်းမဲ့ မူလကျောက်တုံးမှာ ထူးခြားတဲ့ စွမ်းရည်နည်းနည်းမှ မရှိဘူး။ အဲဒါက သမိုင်းကို မှတ်တမ်းတင်ဖို့ အသုံးပြုတဲ့ ပစ္စည်းတစ်ခုသက်သက်ပဲ"

မျှော်စင်လေးက ချက်ချင်းပဲ ဝင်ပြောလိုက်ပါတယ်။

"အာ"

လင်းဟန်က ချက်ချင်းပဲ စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ပါတယ်။ ဒါက သူ့မျက်နှာကို ပြင်းပြင်းထန်ထန် ဖြတ်ရိုက်လိုက် သလိုမျိုးပါပဲ။ ဒါက တကယ်ပဲ ရတနာ ပစ္စည်းတစ်ခုလို့ သတ်မှတ်ယူဆလို့ မရနိုင်ဘူးလား။

နေပါဦး။

လင်းဟန်က ချက်ချင်းပဲ ပြောလိုက်တယ်။

"မဟုတ်သေးပါဘူး။ ဒီကျောက်တုံးကို ဘယ်စွမ်းအားမှ မထိုးဖောက်နိုင်ဘူး။ ပြီးတော့ ဒါက စွမ်းအားတွေ အားလုံးကို စုပ်ယူနိုင်တယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒီအပေါ်မှာ စကားလုံး ရေးထွင်းနိုင်စွမ်း ရှိမှာလဲ"

"ဟိုးဟိုး ဒါကို ဘယ်စွမ်းအားမှ ထိုးဖောက်လို့ မရနိုင်ဘူး ဆိုမှတော့ ဘယ်လိုလုပ်ပြီးတော့ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လို့ ဖျက်ဆီးနိုင်မှာလဲ။ အဲဒါဆိုရင်ရော"

မျှော်စင်လေးက တန်ပြန်လိုက်ပါတယ်။

"ဒါက......."

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒါက အကြွင်းမဲ့ မူလကျောက်တုံး ဖြစ်တယ်ဆိုရင်တောင် သူစုပ်ယနိုင်တဲ့ တိုက်ခိုက်မှု စွမ်းအားက အမြင့်ဆုံး အကန့်အသတ် တစ်ခုတော့ ရှိသင့်တယ်။ စွမ်းအားက အဲဒီအကန့်အသတ်ကို ကျော်လွန်သွားတဲ့ အချိန်ကျရင် အကြွင်းမဲ့ မူလကျောက်တုံးတောင် ပျက်စီးသွားလိမ့်မယ်"

"ဒါဆိုရင် ကလေးတွေက သင်ယူနိုင်တာပဲ"

မျှော်စင်လေးက အရွယ်ရောက် ရင့်ကျက်နေသူ တစ်ယောက်ဟန်ပန်မျိုးနဲ့ ပြောလိုက်တယ်။

ဒါပေမဲ့လည်း အနက်ရောင် မျှော်စင်က နှစ်သန်းပေါင်း ဘယ်လောက်ကြာအောင် တည်ရှိနေခဲ့လဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒါမှမဟုတ် နှစ်ပေါင်း ဘီလီယံ ဒါမှမဟုတ် ထရီလီယံလောက်တောင် တည်ရှိခဲ့တာကြောင့် ရင့်ကျက်တဲ့ ဟန်ပန်အမူအရာမျိုး ရှိတာက တကယ့်ကို ဖြစ်သင့်ပါတယ်။

"အကြွင်းမဲ့ မူလကျောက်တုံးကို ရတနာပစ္စည်းလို့ မသတ်မှတ်ပေမဲ့ သူ့ရဲ့ သမိုင်းကာလက အရမ်းကို ရှည်ကြာလွန်းတယ်။

တော်တော်များများက သူတို့ရဲ့ ဘိုးဘေးတွေ အောင်မြင်မှု ကံတရားနဲ့ ပတ်သက်ပြီး မှတ်တမ်းတင်တဲ့ ကျောက်ပြားတချပ်လို အသုံးပြုတတ်ကြတယ်။ ဒါကြောင့် ဒါက အတော်လေးကို ရှားပါးတဲ့ ပစ္စည်းတစ်ခုလို့ သတ်မှတ်လို့ ရနိုင်ပါတယ်"

မျှော်စင်လေးက ပြောလိုက်တယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ငါ့ကိုယ်ငါ အရမ်းကို ကျေနပ်နေမိခဲ့ပေမဲ့ ငါ့ကိုယ်တိုင်အတွက် ချီးကျူးဂုဏ်ပြုတဲ့ လက်မှတ်ထိုးဖို့ ကျောက်ပြားတစ်ခုကို မလုပ်နိုင်သေးပါဘူး။ ဒီပစ္စည်းကို ဒိုင်းတစ်ခုအဖြစ် အသုံးပြုရမယ်။ အော် ဟုတ်သားပဲ။ ဘယ်လိုစွမ်းအားမျိုးက ဒါကို ချိုးဖြတ်ပစ်နိုင်မလဲ"

"မူလဇာစ်မြစ်အဆင့် စွမ်းအားပဲ အဲဒါကို ချိုးဖြတ်နိုင်စွမ်း ရှိလိမ့်မယ်"

မျှော်စင်လေးက ပြန်ဖြေလိုက်တယ်။

"ဒါဆိုရင် မူလဇာစ်မြစ်အဆင့် တစ်ယောက်ယောက် မဟုတ်ရင် မရဘူးပေါ့"

လင်းဟန်ရဲ့ မျက်လုံးတွေ ပြူးသွားပြီးတော့ ပြောလိုက်တယ်။

မျှော်စင်လေးက ပြန်မဖြေပဲ ဒီမေးခွန်းကို အရမ်းကို တုံးအလွန်းတာကြောင့် မေးတာလားလို့ စဥ်းစားနေပုံ ရပါတယ်။ ဒါကြောင့် ပြန်ဖြေဖို့တောင် မလိုဘူးလို့ ထင်နေပါတယ်။

"ဒါဆိုရင် ဒီဒိုင်းကာက တကယ်ပဲ အရမ်းကို အသုံးဝင်မှာပဲ။ ကံမကောင်းတာက အရမ်းကို သေးငယ်နေတယ်"

လင်းဟန်ပုံစံက အတော်လေးကို ကျေနပ်နေပုံ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်ပြားက တိုက်ခိုက်မှုတွေကို လုံးဝကို စုပ်ယူနိုင်စွမ်း ရှိပြီးတော့ တကယ်လို့ ဒါကို အသုံးပြုမယ်ဆိုရင် အံ့မခန်း အကျိုးသက်ရောက်မှုတွေကို ဖော်ပြနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ ဒါက အရမ်းကို သေးငယ်တာကြောင့် တကယ်လို့ အစွမ်းထက်တဲ့ မိစ္ဆာသားရဲ တစ်ကောင်နဲ့ ကြုံတွေ့မယ်ဆိုရင် သူ့ရဲ့ တောင်လောက်ကြီးမားတဲ့ ခန္ဓာကိုယ်ကို အသုံးပြုပြီး သူ့ကို ဝင်ဆောင့်မယ်ဆိုရင် ဒါက လုံးဝကို အသုံးဝင်မှာ မဟုတ်ပဲ သူ့ကို ကာကွယ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ လက်ရွေးစင် တစ်ယောက်ရဲ့ လက်သီးနဲ့ ကြုံတဲ့အခါမှာ ဒါမှမဟုတ် တစ်စုံတစ်ခုက ကြယ်တာရာ တစ်ခုမနီးယိုးစွဲ

ပြောင်းလဲသွားရင်တောင် လုံးဂကို အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါက ဘယ်လိုမျိုး အသုံးပြုရမလဲ ဆိုတဲ့အချက်အပေါ်မှာ မူတည်တယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့တယ်။ ချက်ချင်းဆိုသလို ကြောက်မက်ဖွယ်ရာ ရေဖိအားက ပန်းထွက်လာပါတယ်။ သူက အကြွင်းမဲ့ မူလကျောက်တုံးကို အသုံးပြုဖို့ ကြိုးစားလိုက်ပြီး တကယ့်ကို အကျိုးသက်ရောက်မှု ရှိနေပါတယ်။ သူဘယ်နေရာမှာပဲ ထားလိုက်ထားလိုက် ဖိအားက လုံးဂကို ပျောက်ကွယ်သွားပါတယ်။ ကံမကောင်းတာက သူ့အနေနဲ့ သူ့လက်ဖါးအရွယ်အစားလောက်ပဲရှိတဲ့ နေရာကိုပဲ ကာကွယ်နိုင်ပါတယ်။

လင်းဟန်က သူ့နလုံးသားအတွက် အကာအကွယ် တစ်ခု အနေနဲ့ပဲ သုံးလိုက်ပါတယ်။ နလုံးသား၊ ဦးခေါင်းနဲ့ ဒန်တန်က ဘယ်ကျင့်ကြံသူအတွက်မဆို အထိခိုက်မခံနိုင်တဲ့ သေကွင်းသေကွက် နေရာသုံးခု ဖြစ်ပါတယ်။ ပထမနှစ်ခု ဆုံးရှုံးသွားတာက သေစေနိုင်ပါတယ်။ ဒန်တန်ကတော့ လူတစ်ယောက်ရဲ့ စွမ်းအင်အရင်းအမြစ် ဖြစ်ပါတယ်။ တကယ်လို့

အဲဒါပျက်စီးသွားရင် လူတစ်ယောက်က မသန့်စွမ်းသူ တစ်ယောက်နဲ့ တူညီသွားပါလိမ့်မယ်။

သူက ပင်လယ်ရဲ့ မျက်နှာပြင်ကို စတင်စီးမျော လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ရှိနေတဲ့ အစွမ်းထက် ဆွဲငင်အား ရှိပြီးတော့ ဖော့ဂုဏ်သတ္တိကို ကြည့်ရတာ လုံးဝကို ပျောက်ကွယ်သွားပုံ ရပါတယ်။ သူ့ရဲ့ အပေါ်ကို လွင့်မျောတဲ့ အမြန်နှုန်းကလည်း အရမ်းကို နည်းလွန်းပါတယ်။

ဘုန်း။

ရေလှိုင်းတွေ ထလာပြီး သူ့အရှေ့မှာ ရုတ်တရက် ဆိုသလို ကြီးမားတဲ့ မိစ္ဆာသားရဲ တစ်ကောင် ပေါ်လာခဲ့ပါတယ်။ အဲဒီမိစ္ဆာသားရဲ့ ခြေထောက် ခြောက်ချောင်းလောက်ရှိပြီးတော့ မီတာ ကိုးရာလောက်ရှည်တဲ့ ရောမ မိချောင်းကြီး တစ်ကောင် ဖြစ်ပါတယ်။ သူ့ကိုယ်ပေါ်မှာ ဖုံးနေတဲ့ အကြေးခွံတွေက ရေတွင်းအဖုံး တစ်ခုထက်တောင် ပိုပြီးတော့ ကြီးမားပါတယ်။ အမြီးတစ်ခုတည်းကပဲ မီတာသုံးရာကျော်လောက် ရှည်လျားပါတယ်။

သူ့ရဲ့ မျက်လုံးနှစ်လုံးက မီးလုံးကြီး နှစ်လုံးလို အလင်းရောင်တွေ တောက်ပနေတာကို လင်းဟန်က တွေ့မြင်နိုင်ပါတယ်။

တချိန်တည်းမှာပဲ သူက ဖော်ပြလို့ မရနိုင်တဲ့ ဖိအား တစ်ခုကို ခံစားလိုက် ရပါတယ်။

နေလအဆင့်။

ရောမ မိချောင်းကြီးကလည်း သူ့ကို ရှာတွေ့သွားခဲ့ပြီး ချက်ချင်းဆိုသလို အမြီးကို ပွေ့ယမ်းကာ အရှိန်မြှင့်တင်လာခဲ့ပါတယ်။ လင်းဟန်ကို စားဖို့ သူ့ပါးစပ်ကိုလည်း ဟလာပါတယ်။

လင်းဟန်မှာ ကြက်ကန်းဆန်အိုးတိုးပြီးတော့ လွတ်မြောက်ဖို့ စိတ်ကူးနည်းနည်းမှ မရှိခဲ့ပါဘူး။ သူက အနက်ရောင် မျှော်စင်ထဲကို တန်းပြီးတော့ ဂင်ပုန်းလိုက်ပါတယ်။ တကယ်လို့ ဒီပါးစပ်ကြီး ကိုက်ချလိုက်ရင် အကြွင်းမဲ့ မူလကျောက်တုံးနဲ့တောင် တားဆီးလို့ ရနိုင်မဲ့အရာတစ်ခုတော့ မဟုတ်နိုင်ပါဘူး။ ဒါက သူ့ရဲ့ နှလုံးသားကို အပြည့်အဝ ကာကွယ်ထားနိုင်စွမ်း ရှိရင်တောင် သူ့ခန္ဓာကိုယ်ရဲ့ တခြားအစိတ်အပိုင်းတွေက ပျော့ပြဲသွားပါလိမ့်မယ်။

ရောမ မိချောင်းကြီးက ပါးစပ်ကို ကျယ်လောင်တဲ့ အသံနဲ့ ပိတ်ချလိုက်ပေမဲ့ သူ့မျက်လုံးထဲမှာ ခေါင်းရှုပ်သွားတဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဘာကိုမှ မကိုက်မိသွားခဲ့ပါဘူး။

ဖူး။

ပင်လယ်ရေတွေ ပန်းထွက်လာခဲ့ပါတယ်။ ဒီတစ်ကြိမ် အနက်ရောင် မျှော်စင်က ရောမ မိချောင်းကြီးရဲ့ ဂါးမျိုးခြင်းကို မခံခဲ့ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ သွားတွေ အကြားက နေရာက တစ်ချောင်းနဲ့တစ်ချောင်း အတော်လေးကို ဟနေတာကြောင့် ဖြစ်ပါတယ်။ အနက်ရောင် မျှော်စင်က ရေနဲ့အတူ မျောပါသွားပြီး ချက်ချင်းဆိုသလို အစွမ်းထက်တဲ့ လှိုင်းလုံးတွေကြောင့် မီတာရာနဲ့ချီ အဝေးကို တွန်းထုတ်ခံလိုက် ရပါတယ်။

နေလအဆင့်က တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အထဲကနေ တီးတိုးရွတ်ဆို လိုက်ပါတယ်။

တကယ်လို့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် တကယ်လို့ သူက တဖက်လူအတွက် ပြိုင်ဘက်မဟုတ်ရင်တောင် သူ့အနေနဲ့ တစ်နည်းနည်းနဲ့တော့ ကိုင်တွယ်ဖြေရှင်း နိုင်ပါလိမ့်မယ်။ စောစောတုန်းက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ မွှိစွာသားရဲ ငါးကောင်ရဲ့ တရစပ် တိုက်ခိုက်မှုကို ခံရသလိုမျိုးပေ့ါ။ သူက ပါးစပ်အပြည့် သွေးအနည်းငယ်ပဲ အန်ထုတ်ခဲ့ ရပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ ဒီရောမ မိချောင်းကြီးရဲ့ ကိုက်တာကိုသာ ခံလိုက်ရမယ်ဆိုရင် သူက ချက်ချင်းပဲ အသားတုံး ဖြစ်သွားပါလိမ့်မယ်။

ကွာဟချက်က တကယ်ပဲ အရမ်းအရမ်းကို ကြီးမားလွန်းပါတယ်။

ရောမ မိချောင်းကြီးရဲ့ မျက်ခွံတွေ တွန့်သွားခဲ့ပါတယ်။ ဒီလိုမျိုး ကျင့်ကြံခြင်း အဆင့်ကို ရောက်သွားတဲ့ အချိန်မှာ သူ့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေက လုံးဝကို နီးထလို့ နေပြီးတော့ လူသားတစ်ယောက်နဲ့ နည်းနည်းလေးမှ မကွာခြားတော့ပါဘူး။ သူက ပင်လယ်နက်ထဲမှာ လူသားပုံစံ ပြောင်းဖို့ စိတ်ဆန္ဒမရှိရုံလေးပါပဲ။ တကယ်လို့ အဲဒီလိုမှ မဟုတ်ရင် တခြားသူတွေက လူသားတွေနဲ့ ဘယ်လောက်ကွာခြားလဲ ဆိုတာကို ပြောပြဖို့ တကယ့်ကို ခက်ခဲပါလိမ့်မယ်။

တောင်မြစ်အဆင့်မှာပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က သူ့ရဲ့ ကိုက်ဝါးချက်ကနေ တကယ်ပဲ လွတ်မြောက်အောင် ရှောင်တိမ်းနိုင်စွမ်း ရှိသလား။

ထူးဆန်းတယ်။

Chapter 1039 end

အပိုင်း(1040) ကျောက်စိမ်းသေတ္တာ ပြန်ပေါ်လာခြင်း

ရောမ မိချောင်းကြီးက အနီးအနားကို အချိန်အတော်ကြာအောင် ကူးခတ်နေပေမဲ့ အဆုံးမှာတော့ သူ့အမြီးကို ခပ်ပြင်းပြင်းလှုပ်ပြီးတော့ ထွက်ခွာသွားပါတယ်။

လင်းဟန်က အနက်ရောင် မှော်စင်ထဲကနေ ထွက်လာပြီး နောက်တစ်ကြိမ် ပင်လယ်မျက်နှာပြင် အပေါ်ကို မျောလွင့်ဖို့ ကြံလိုက်ပေမဲ့ ရုတ်တရက် မသိစိတ်ကနေ အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားပြီး ချက်ချင်းပဲ အနက်ရောင် မှော်စင်ထဲကို နောက်တစ်ကြိမ် ပြန်ဂင်လိုက်ပါတယ်။

ဘုန်း။

ရောမ မိချောင်းကြီးက အသိမပေးပဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပြန်ချဉ်းကပ်လာပြီး သူ့ဆီကို ပြင်းထန်တဲ့ တိုက်ခိုက်မှု တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

တကယ့်ကို ဉာဏ်နီဉာဏ်နက် များပြီးတော့ လည်လွန်းပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ သူက ဒါကို မိချောင်းတစ်ကောင်ပဲ ဆိုပြီးတော့ လုံးဂကို လျော့တွက်လို့ မရနိုင်ပါဘူး။ နေလအဆင့်ထိ ရောက်အောင်လို့ ကျင့်ကြံနိုင်တဲ့

ဒီမိချောင်းကြီးဟာ နှစ်ပေါင်းဘယ်နှစ်ထောင်များ အသက်ရှင်နေထိုင်ခဲ့သလဲ။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ မိစ္ဆာသားရဲ တစ်ကောင်ဟာ သူ့ရဲ့ အသိဉာဏ်ကို လုံးဝ နိုးထစေပါလိမ့်မယ်။ အဲဒီကနေ စပြီးတော့ သူဟာ နှစ်ပေါင်းအများကြီး နေထိုင်ခဲ့ပြီး သူ့ရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာ လူသားမျိုးနွယ်စုရဲ့ ဉာဏ်ပညာရှိ လူတစ်ယောက်နဲ့ သိပ်ပြီးတော့ ကွာခြားတော့မှာ မဟုတ်ပါဘူး။

လျော့တွက်တယ် ဆိုတာက လုံးဝကို သေကြောင်းကြံတာနဲ့ အတူတူပါပဲ။

ဒါပေမဲ့ အဲဒီရောမ မိချောင်းကြီးရဲ့ တိုက်ခိုက်မှုက ပင်လယ်ရေတွေကို ပြင်းပြင်းထန်ထန် ပန်းထွက်စေခဲ့ပါတယ်။ အနက်ရောင် မျှော်စင်က ဒီနေရာရဲ့ ထူးဆန်းတဲ့ ဆွဲငင်အား သက်ရောက်မှုကို လုံးဝမခံရပါဘူး။ ဒါကြောင့် အနက်ရောင် မျှော်စင်က ရေနဲ့အတူ မျောလွင့်သွား ခဲ့ပါတယ်။

နေလအဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ခွန်အားက ဘယ်လောက် အစွမ်းထက်လိုက်သလဲ။ နောက်ပြီးတော့ ဒီတိုက်ခိုက်မှုက ရောမ မိချောင်းကြီးရဲ့ ကြံစည်ထားမှု ဖြစ်ပါတယ်။ ဒါကြောင့် သူထုတ်လွှတ်လိုက်တဲ့ စွမ်းအားက တကယ့်ပဲ အရမ်းကို

သန့်စွမ်းလွန်းပြီး အနက်ရောင် မျှော်စင်ကို ပိုဝေးအောင် တွန်းထုတ်လိုက် သလိုပါပဲ။ အသက်ရှူချိန် အနည်းငယ် အတွင်းမှာ အနက်ရောင် မျှော်စင်က မိုင်ပေါင်းတော်တော်ဝေးဝေးကို မျောလွင့်သွားပါတယ်။

လင်းဟန်က အချိန်အတော်ကြာအောင် စောင့်နေပြီးမှ တည်ငြိမ်ပြီလို့ ခံစားလိုက်ရတဲ့ အချိန်မှာ အနက်ရောင် မျှော်စင်ထဲကနေ ပြန်ထွက်လာခဲ့ပါတယ်။

သူက အချိန်အတော်ကြာအောင် မျက်နှာပြင်ပေါ်မှာ မျောလွင့်မနေခဲ့ရပဲ နောက်တစ်ကြိမ် ကြောက်မက်ဖွယ်ရာကောင်းတဲ့ ခံစားမှုကို ထပ်ပြီးတော့ ခံစားလိုက်ရပါတယ်။ သူက အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကို ပြန်ဝင်ပုန်းလိုက်ပါတယ်။ ဘုန်း။ တကယ်ပါပဲ။ ရောမ မိချောင်းကြီးက ပြန်ပေါ်လာခဲ့ပါတယ်။

လပြွတ်ပဲ။ ဘာဖြစ်လို့ ဒီတိရိစ္ဆာန်ကောင်က ငါ့ကို မလွတ်မြောက်အောင်လို့ ဆုံးဖြတ်ချက် ချထားရတာလဲ။

လင်းဟန်က ဘာပြောလို့ ပြောရမလဲ မသိတော့ပါဘူး။ ဒီရောမ မိချောင်းကြီးက သူ တစ်နည်းနည်းနဲ့ ပျောက်ကွယ်သွားတာက အရမ်းကို ယုတ္တိမရှိဘူး ဆိုတာကို ရှာတွေ့သွားပြီး သူ့ဆီမှာ

မယုံနိုင်စရာကောင်းတဲ့ ရတနာပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားလိမ့်မယ်လို့ အာရုံခံမိလို့များလား။

"တကယ်လို့ မင်းက နောက်ကလိုက်ချင်တယ် ဆိုမှတော့ လိုက်လာပေ့ါလေ။ ငါ့မိန်းမနဲ့ပဲ ငါသွား ကျီစယ်ကစားတော့မယ်။ မင်းကတော့ စိတ်ရှည်ရှည်နဲ့ ဆက်စောင့်နေလိုက်ပေ့ါ"

သူက စွေ့ရန်ယွီကို သွားရှာပြီး ဒီဆွဲဆောင်မှုရှိတဲ့ မိန်းမလှလေးကို အကြီးအကျယ် ဒုက္ခပေးပြီးတော့ သူမရဲ့ မျက်နှာကို ရှက်သွေးတွေနဲ့ နီမြန်းသွား စေခဲ့ပါတယ်။ သူမက သူ့ကို နှာဘူးကောင်လို့ ထပ်ခါထပ်ခါ ခေါ်နေပေမဲ့ သူ့ရဲ့ပြုမှုခြင်းကိုလည်း ကျေနပ်သဘောကျနေပြီး သူ့အပြုအမှုကို တစ်ဖက်က ခုခံပြီး တစ်ဖက်က ကြိုဆိုနေပါတယ်။ သူမရဲ့ လှပတဲ့ မျက်လုံးတွေဟာ စမ်းရေကြည်နဲ့ တူပြီးတော့ အရမ်းကို ညို့ယူဆွဲဆောင်နိုင်ပြီး လင်းဟန်ရဲ့ တပ်မက်စိတ်ကို ပိုပြီးတော့ တိုးလာစေပါတယ်။

အဲဒီအချိန်မှာ သူက အပြင်ဘက်မှာရှိတဲ့ ရောမ မိချောင်းကြီးနဲ့ ပတ်သက်ပြီး ဂရုစိုက်ဖို့ အချိန် မရှိပါဘူး။ ဒါကြောင့် အနက်ရောင် မျှော်စင်က ရေစီးကြောင်းနဲ့အတူ ဘယ်အထိ မျောပါသွားလဲ ဆိုတာကိုလည်း သတိမပြုမိခဲ့ပါဘူး။

ဒီရေလမ်းကြောင်းက ခန့်မှန်းလို့ မရနိုင်အောင် နက်ရှိုင်းပြီး အောက်ခြေမှာ လုံးဂကို အမှောင်ထုက ကြီးစိုးနေပါတယ်။

ရောမ မိချောင်းကြီးက ဒီနေရာကို အရင်တုန်းက တကြိမ်ကူးခတ် လာခဲ့ပေမဲ့ အရမ်းကို ထိတ်လန့်တုန်လှုပ်ပြီး သူ့အမြီးကို ကုပ်ကာ အလျင်အမြန်ပဲ ဆန့်ကျင်ဘက် နေရာကို ထွက်ပြေးသွားခဲ့ပါတယ်။

တကယ်လို့ လင်းဟန်က ဒီအချက်အလက် အသေးစိတ်ကို သတိပြုမိမယ်ဆိုရင် သူက အနက်ရောင် မျှော်စင်ထဲကနေ ချက်ချင်းပဲ ထွက်လာပြီး အနက်ရောင် မျှော်စင်ကို ဘယ်လိုပဲဖြစ်ဖြစ် ထပ်ပြီးတော့ နစ်မြုပ်ခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုတော့ သူက အပြင်ဘက်က အခြေအနေတွေကို လုံးဂကို လျစ်လျူရှုထားပြီး ရေစီးကြောင်းနဲ့အတူ မျောပါစေကာ သူ့ကို အသူတစ်ရာနက်တဲ့ ချောက်ကြီးထဲ သယ်သွားစေခဲ့ မိပါတယ်။

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က တစ်ယောက်ကို တစ်ယောက် ကြည်နူးစရာ စကားတွေ တီးတိုးပြောဆိုရင်း အချိန်တွေကို ကုန်လွန်စေကာ ရောမ မိချောင်းကြီးကို စိတ်မရှည်ပဲ သူ့ဘာသာသူ ထွက်ခွာသွားစေဖို့ အတွက် စောင့်နေကြပါတယ်။

ရှုပ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာလိုက်ပါတယ်။

လပြွတ်ပဲ။

သူ့ခန္ဓာကိုယ်ထဲက အရိုးတွေ အားလုံး ပျက်စီးကြေမွလာသလို ခံစားလိုက်ရပြီး ချက်ချင်းပဲ အက်သံတွေ ထွက်ပေါ်လာပါတယ်။

ဘာဖြစ်လို့ ဒီလိုမျိုး ဖြစ်ရတာလဲ။

လင်းဟန်က ခေါင်းရှုပ်သွားခဲ့ပါတယ်။ ဒီနေရာရဲ့ ရေဖိအားက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ ဒါက သူသတိထားမိတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူ့ရဲ့ မူလစွမ်းအင်နဲ့ ဆိုရင်တောင် ဒီအချိန်မှာ အသုံးမဝင်ပါဘူး။ ချက်ချင်းဆိုသလို သူ့ရဲ့ အရိုးတစ်ဒါဇင်ကျော်လောက် ကျိုးသွားပြီး အပိုင်းပိုင်း အစစ ကျိုးပဲ့သွားခဲ့ပါတယ်။

သူ ဘာမှ မတတ်နိုင်ပါဘူး။

သူက ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်ပြီး အဲဒီနောက်မှာ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မော်စာလိပ်နဲ့ ကုသလိုက်ပါတယ်။ သူ့ရဲ့ အရိုးတွေကို ချက်ချင်းပဲ ကုသလိုက်ပြီး

မိနစ်သုံးဆယ်လောက် ကြာပြီးတဲ့နောက်မှာ သူက လုံးဂကို ပြန်ကောင်းသွားပါတယ်။

"ဘယ်လိုဖြစ်ပြီးတော့ ဖိအားက ရုတ်တရက် အရမ်းကို အားကောင်းလာရတာလဲ"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ အပြင်ဘက် ကမ္ဘာကို လေ့လာစူးစမ်း နေပေမဲ့ ဒီနေရာမှာ လုံးဂကို မှောင်မည်းနေပြီး ပတ်ဂန်းကျင်က အရင်ကနဲ့ လုံးဂကို ကွဲပြားခြားနားလို့ နေပါတယ်။

သူတို့အရှေ့မှာ အားနည်းတဲ့ အလင်းရောင်ဖျော့ဖျော့ တစ်ခုက တလက်လက် တောက်ပလို့ နေပါတယ်။

"အိုး မဟုတ်သေးဘူး။ အဲဒီ မိချောင်းကြီးက ငါတို့ကို ဘယ်နေရာထိ ဆွဲခေါ်လာလဲဆိုတာ ဘယ်သူသိမှာလဲ"

လင်းဟန်က ပြောစရာ စကားတွေ ကင်းမဲ့သွားပါတယ်။ စောစောတုန်းက သူက စွေ့ရန်ယွီနဲ့အတူ ကလူကျီစယ်နေပြီး ပတ်ဂန်းကျင် အပြောင်းအလဲကို လုံးဂကို သတိမထားမိ ခဲ့ပါဘူး။ အခု သူက ဒီလိုမျိုး အန္တရာယ်များတဲ့ နေရာတစ်ခုဆီကို ခေါ်ဆောင်ခံလိုက် ရပါပြီ။

ဒီလိုမျိုး ကြောက်စရာကောင်းတဲ့ ရေဖိအားနဲ့ဆိုရင် ငါ့ရဲ့ခန္ဓာကိုယ်ထဲက အရိုးတွေ အားလုံးက အသက်တစ်ရှိုက်စာ အချိန်အတွင်းမှာပဲ ပျက်စီးသွားနိုင်တယ်။ ပင်လယ်ရေမျက်နှာပြင်ကို ငါဘယ်လိုလုပ် မျှောလွင့်လို့ ရတော့မလဲ။

ဒါဆိုရင် ဒီနေရာမှာပဲ ငါက ထာဝရ ပိတ်မိနေမယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

နေပါဦး။ အရှေ့မှာ အရောင်တလက်လက် တောက်ပနေတယ်။ အဲဒါက ကံကောင်းမှုကို သယ်ဆောင်လာကောင်း သယ်ဆောင်လာနိုင်တယ်။

အခြေအနေတွေက ဒီလိုမျိုးထိ ဖြစ်လာမှတော့ လင်းဟန်အနေနဲ့ ဒီလိုစိတ်ပျက်စရာ အခြေအနေမှာ ဘာကိုပဲဖြစ်ဖြစ် ကြိုးစားလို့ ရနိုင်သမျှ အရာအားလုံးကို ကြိုးစားကြည့်ရမှာပါပဲ။ သူက ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး လှိုင်းတွေကို လက်ဝါးရိုက်ချက် တစ်ချက်နဲ့ ရိုက်လိုက်ပါတယ်။ အဲဒီဗနောက် သူက အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲကို ပြန်ဝင်ပုန်းကာ တောက်ပလင်းလက်နေတဲ့ နေရာဆီကို သူ့ဘာသာသူ မျောပါစေခဲ့ပါတယ်။

ဒါက အရမ်းကို နေးကွေးပါတယ်။ နောက်ပြီးတော့ ရေတွေက သူ့ရဲ့ စိတ်သဘောအတိုင်း မစီးဆင်းပါဘူး။ ပြီးတော့ မကြာခဏဆိုသလို နေရာမှားပြီးတော့ စီးဆင်းတတ်ပါတယ်။ ဒါကြောင့် အဲဒီအလင်းရောင် တောက်ပနေတဲ့ နေရာနားကို နီးကပ်လာတဲ့ သူတို့ရဲ့ အမြန်နှုန်းက အရမ်းကို နေးကွေးလွန်းပါတယ်။

ဒါပေမဲ့လည်း သူက ဘယ်လောက်ပဲ နေးကွေးပါစေ ကိစ္စမရှိပါဘူး။ အဲဒီနေရာနဲ့ သူက နီးကပ်လာခဲ့ပါတယ်။ အနည်းဆုံး နေ့တစ်ဝက်လောက် ကြာပြီးတဲ့နောက်မှာ လင်းဟန်က အဲဒီ အလင်းရောင် အစက်အပြောက်ကို ရှင်းရှင်းလင်းလင်းနဲ့ တွေ့မြင်နိုင်လာခဲ့ပါတယ်။

အဲဒါက အမှန်တကယ်ပဲ သေတ္တာတစ်လုံး ဖြစ်ပါတယ်။ အဲဒီသေတ္တာကို ကျောက်စိမ်းနဲ့ ပြုလုပ်ထားပြီး သူ့ဘာသာသူ နို့နှစ်ရောင် အလင်းတစ်ခုကို ထုတ်လွှတ်နေတာ ဖြစ်ပါတယ်။

ဒါက အဲဒီသေတ္တာပဲ။

လင်းဟန်က အကြည့်တချက်နဲ့တင် သတိပြုမိသွားပါတယ်။ ဒီရတနာ သေတ္တာက ကျွီယွဲ့ယင်နဲ့ ဟုရန်တို့ တိုက်ခိုက်ပြီး လုနေကြတဲ့ ပစ္စည်းဖြစ်ပါတယ်။ သူက ဒီသေတ္တာက ဒီလိုနေရာ

တစ်ခုကို ပြုတ်ကျလာမယ်လို့ ဘယ်တုန်းကမှ မထင်မှတ်ထားခဲ့ပါဘူး။

ငါ ကံကောင်းတာလား။ ကံဆိုးတာလား။

လင်းဟန်က သူ့ခေါင်းကို ထိုးဖွလိုက်ပါတယ်။ တကယ်လို့ သူက ကံကောင်းတာဆိုရင် ဒီလိုမျိုး ကပ်ဆိုက်တဲ့ နေရာကို ဘယ်လိုလုပ် ပြုတ်ကျလာနိုင်မှာလဲ။ ဒါက အရမ်းကို စိတ်ပျက်စရာကောင်းလွန်းတဲ့ နေရာပါပဲ။ အဲဒီနောက် တကယ်လို့ သူက ကံမကောင်းဘူးဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက်တောင် တိုက်ခိုက်လုယူကြတဲ့ ရတနာပစ္စည်း ပြုတ်ကျသွားတဲ့ နေရာက သူနဲ့ မဝေးတော့ပါဘူး။

ငါကံကောင်းလား ကံဆိုးလား ဆိုတာကို ဘယ်သူက ဂရုစိုက်မှာလဲ။ အရင်ဆုံး ဒီရတနာကို ရအောင်ယူရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက တကယ်ပဲ ကံဆိုးသွားလိမ့်မယ်။

လင်းဟန်က နောက်တစ်ကြိမ် တူညီတဲ့ လှည့်ကွက်ကို သုံးပြီးတော့ အဲဒီသေတ္တာဆီကို မျောပါစေ လိုက်ပါတယ်။

သူက တဖြည်းဖြည်းနဲ့ ချဉ်းကပ်လာခဲ့ပါတယ်။

နောက်ဆုံးမှာ လက်တစ်ကမ်း အကွာအဝေးပဲ ကျန်ပါတော့တယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲကနေ လျှပ်ပြက်သလို ထွက်လာပြီး သူ့လက်ကို ဆန့်ကာ သေတ္တာကို ဖမ်းဆုပ်လိုက်ပါတယ်။ အဲဒီနောက် အနက်ရောင် မျှော်စင်ထဲကို ပြန်ဆုတ်လာ လိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအချိန်မှာ အနက်ရောင် အငွေ့တစ်ခုက ပန်းထွက်လာပါတယ်။ အဲဒီအငွေ့က အစောပိုင်းတုန်းက ကျောက်စိမ်းသေတ္တာရဲ့အောက်မှာ ပုန်းခိုနေတာ ဖြစ်ပါတယ်။ ပြီးတော့အခု ရေဘဂဲ တစ်ကောင်က သူ့ရဲ့လက်တံတွေကို ဆန့်ထုတ်လိုက်သလိုမျိုး လင်းဟာန်ကို ပိုင်းပတ်လိုက်ပါတယ်။

အဲဒီအခိုက်အတန့် လင်းဟာန်ရဲ့ နှလုံးသားထဲမှာ ကြီးမားတဲ့ အန္တရာယ်တစ်ခုရဲ့ အငွေ့အသက်က မြင့်တက်လာခဲ့ပါတယ်။ တကယ်လို့ ဒီအရာနဲ့ သူ့ကို ပိုင်းပတ်ခံလိုက်ရမယ်ဆိုရင် သူက နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ဂါးရိုက်ချက်ကို ခံရတာထက် ပိုပြီးတော့တောင် ဆိုးဂါးလိမ့်မယ်လို့ ခံစားနေရပါတယ်။

သူက အနက်ရောင် မျှော်စင်ထဲကို အလျင်အမြန်ပဲ ပြန်ပုန်းခိုဖို့ ကြိုးစားလိုက်ပေမဲ့ အဲဒီအနက်ရောင် အရှိန်အဟုန်က သူ့အနောက်ကို အရိပ်တစ်ခုလကို နီးနီးကပ်ကပ်နဲ့ လိုက်လာပြီး

ကျောက်စိမ်းသေတ္တာ အပေါ်မှာ တင်းကျပ်စွာနဲ့ ကပ်တွယ်နေပါတယ်။ ရှပ်။ အနက်ရောင် မျှော်စင်ထဲကို အဲဒါနဲ့အတူ ဂင်လာခဲ့ပါတယ်။ နောက်ပြီးတော့ အနက်ရောင် အငွေ့ အရမ်းကို လျင်မြန်စွာနဲ့ ပျံ့နှံ့လာပြီး လင်းဟန်ရဲ့လက်ကို ရစ်ပတ်လိုက်ပါတယ်။

လင်းဟန်ရဲ့ ခေါင်းထဲမှာ နိုင်းယှဉ်လို့ မရတဲ့ ရှုပ်ထွေးတဲ့ အတွေးတွေ ဖြစ်ပေါ်လာပြီး သူ့ကို ရူးသွားတော့မလို ဖြစ်စေခဲ့ပါတယ်။

“နစ်ယောက်တွဲ”

မျှော်စင်လေးက ပေါ်လာပြီး သူ့ကို အော်လိုက်ပါတယ်။

အနက်ရောင် အငွေ့က မြူခိုးလိုမျိုး ခွဲဖြန့်သွားပြီး ချက်ချင်းဆိုသလို ချောမွတ်တောက်ပြောင်တဲ့ ချည်မျှင် သန်းနဲ့ချီ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့လည်း အဲဒါက အရမ်းကို ခေါင်းမာပြီး လင်းဟန်ရဲ့ လက်ပေါ်မှာ အနက်ရောင် အငွေ့တန်း တစ်ခုက တွယ်ကပ်ညှိနေဆဲ ဖြစ်ပြီးတော့ သူ့ခန္ဓာကိုယ် အထဲကို ခြောက်ကပ်စေပါတယ်။

အနက်ရောင် မြူခိုးတစ်ခုလုံး ပြန်ကျုံ့သွားပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ် အထဲကို ပန်းထွက်လိုက် ပါတယ်။

ဘုန်း။

လင်းဟန်ရဲ့ စိတ်ထဲမှာ တိုက်ပွဲတစ်ခုရဲ့ မြင်ကွင်းပေါ်လာခဲ့ပါတယ်။ ကြယ်တာရာတွေ ကြားထဲမှာ ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် နှစ်ယောက်က တိုက်ခိုက်နေပါတယ်။ တိုက်ခိုက်မှု တစ်ခုက ကြယ်တာရာတွေကိုတောင် လွင့်စဉ်ပြီး ပျက်စီးစေကာ နေမင်းကြီးရဲ့ တောက်ပမှုကိုတောင် ထာဝရ ဆုံးရှုံးစေနိုင်ပါတယ်။

သူက အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလက်ရွေးစင်တွေက ဘယ်အဆင့်မှာ ရှိနေလဲ။

မူလဇာစ်မြစ်အဆင့်လား။

တိုက်ခိုက်နေတဲ့ လူနှစ်ယောက်ထဲက တစ်ယောက်ဟာ တစ်ကိုယ်လုံး ရွှေရောင်တွေ တလက်လက် တောက်ပနေတဲ့ အဘိုးကြီး တစ်ယောက် ဖြစ်ပါတယ်။ သူက အရမ်းကို ဂပြီးတော့ အားရပါးရ ပြုံးနေပါတယ်။ သူ့ခန္ဓာကိုယ်က အရမ်းကို ဂဖိုင့်ဖိုင့် ဖြစ်နေပြီး သူ့ နားပန်တွေကလည်း ထူးထူးခြားခြားကို ကြီးမားပြီး

သူ့ပုခုံးနဲ့တောင် ထိနေပါတယ်။ သူ့ခေါင်းကတော့ လုံးဂကို ပြောင်နေပါတယ်။

အဲဒါက လင်းဟာန်ကို သူနဲ့ ရင်ဆိုင်ဖူးတဲ့ ပင်လယ်ဓားပြတွေထဲက တစ်ယောက်ကို အမှတ်ရသွား စေမိပါတယ်။ သူက တကယ့်ကို ရူးသွပ်တဲ့ လူသတ်သမား တစ်ယောက် ဖြစ်ပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို ထုတ်ဖော်လိုက်တဲ့ အခါမှာ တကယ့်ကို တင့်တယ်ပြီး ကြည်ညိုလေးစားဖွယ်ရာ အရှိန်အဝါတစ်ခု ရှိနေပါတယ်။

ဒီအဘိုးကြီးကလည်း သူ့ကို တူညီတဲ့ ခံစားမှုမျိုးကို ပေးစွမ်းပြီးတော့ သက်ရှိတွေ အားလုံးကို ကျော်လွန်ပြီး မေတ္တာဂရုဏာတွေ ပြည့်နှက်နေတဲ့ မယုံနိုင်စရာ ကြည်ညိုမှု အရှိန်အဝါ တစ်ခု ရှိနေပါတယ်။

Chapter 1040 end

အပိုင်း(1041) မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အဆီအနှစ်

တစ်ဖက်က တိုက်ခိုက်နေတဲ့ ယောကျာ်းကို ကြည့်ရတာ အသက်လေးဆယ် အရွယ်လောက်ပဲ ရှိပါဦးမယ်။ သူ့အပေါ်ပိုင်း ခန္ဓာကိုယ်က ဗလာကျင်းထားပြီး သူ့ရဲ့ ကြွက်သားတွေက ဖုဖောင်းလို့ နေပါတယ်။ ဒါပေမဲ့လည်း ထူးခြားတဲ့ အချက်က သူ့ရဲ့

အရေပြားပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တော်တော်များများ ရှိနေတာ ဖြစ်ပါတယ်။ အဲဒီသင်္ကေတတွေပုံစံက သူ့အရေပြား အပေါ်မှာ ရေးထွင်းထားတာမျိုးနဲ့ မတူပဲ သတ္တုအမျိုးအစား တချို့အပေါ်မှာ ရေးထွင်းထား သလိုပါပဲ။

အဲဒါတင်မက သူ့နောက်ကျောမှာ အရောင်တလက်လက် တောက်ပပြီး ထက်မြက်တဲ့ ဆူးချွန်တွေ တစ်ဒါဇင်ကျော်လောက် ပေါက်နေပါတယ်။ အဲဒီဆူးချွန်တွေ အားလုံးက သူ့ရဲ့ ကျောရိုးကနေ ထွက်နေတာ ဖြစ်ပြီးတော့ ဆူးချွန်တစ်ခုချင်းစီက မီတာဂက်လောက် ရှည်လျားပြီး ထိတ်လန့်တုန်လှုပ်စရာ မြင်ကွင်းတစ်ခု ဖြစ်စေပါတယ်။

အနက်ရောင် ချီတွေက သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ရစ်ပတ်လို့ နေပြီးတော့ အဲဒါက လင်းဟန်ကို ရင်းနှီးတဲ့ ခံစားမှု တစ်ခုကို ပေးနေပါတယ်။

နတ်ဆိုးချီ။

ဟုတ်ပါတယ်။ အဲဒါက နတ်ဆိုးချီပါပဲ။

ဒီယောကျ်ားက မြေအောက်ကမ္ဘာရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ ရွှေရောင်တလက်လက် တောက်ပနေတဲ့ အဘိုးကြီးက တန်ခိုးရှင်ဘုံက လူတစ်ယောက်

ဆိုတာ ပေါ်လွင်ပါတယ်။ ဒါက ဘုံနှစ်ခုက အစွမ်းထက်ဆုံး လက်ရွေးစင် နှစ်ယောက် အကြားက တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။

သူတို့ရဲ့ ခမ်းနားတဲ့ တိုက်ပွဲထဲမှာ သူတို့ရဲ့ ခန္ဓာကိုယ်တွေကို သူတို့စိတ်တိုင်းကျ ပုံသဏ္ဍာန် ပြောင်းလဲနိုင်ပါတယ်။ တစ်ခါတလေ သူတို့က သာမန်လူသားတွေ အရွယ်အစားကို ပြောင်းလဲပေမဲ့ တစ်ခါတလေမှာ မီတာပေါင်းများစွာ မြင့်မားတဲ့ အရွယ်အစားကို ပြောင်းလဲတတ် ကြပါတယ်။ သူတို့ရဲ့ လက်တွေကို ဆန့်ထုတ်ပြီး အနီးနားမှာရှိတဲ့ ကြယ်တာရာ တစ်ခုကို အလွယ်တကူနဲ့ ဖမ်းဆုပ်ပြီးတော့ အဲဒါနဲ့ တဖက်လူကို ရိုက်ပစ်နိုင်ပါတယ်။

ဒီအစွမ်းထက် ပုဂ္ဂိုလ်နှစ်ယောက် အကြားက ပြင်းထန်တဲ့ တိုက်ပွဲထဲမှာ အနားမှာရှိတဲ့ ကြယ်တာရာတွေက လုံးဂကို ပျက်စီးပြီး အမှောင်ထု ကြီးစိုးနေတဲ့ စကြဝဠာကြီးကို အလင်းရောင်တွေ တလက်လက်တောက်ပ စေပါတယ်။

လင်းဟန်က ကြည့်နေရင်းနဲ့ ကြက်သီးမွေးညင်းတွေ ထလာသလို ခံစားရပါတယ်။ ကြယ်တာရာ တစ်ခုလုံး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင် ရိုက်ချခံရပြီး အဲဒီမှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေ ပါဝင်ပြီး ကြီးမားတဲ့ အငြင်းပွားမှု တစ်ခုရှိပါတယ်။ ဒီလိုမျိုး ဖျက်ဆီးခြင်း စွမ်းအားက အရာအားလုံးကို

ဆိုးဝါးအောင် ပျက်စီးစေနိုင်စွမ်း ရှိပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် ဒီလိုမျိုး တိုက်ပွဲထဲမှာ ချက်ချင်း အသတ်ခံလိုက် ရနိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး ပြင်းထန်တဲ့ တိုက်ပွဲအမျိုးအစားက ဒီလူနှစ်ယောက် အပေါ်မှာ မကောင်းတဲ့ အကျိုးသက်ရောက်မှု နည်းနည်းလေးမှတောင် မရှိခဲ့ပါဘူး။ သူတို့က ဒီလိုမျိုး ဆိုးဝါးတဲ့ ဖျက်ဆီးနိုင်စွမ်း တိုက်ပွဲတစ်ခုကို ဆက်ပြီးတော့ တိုက်ခိုက်ပြီး ကြီးကြီးမားမား ဖျက်ဆီးမှုကိုတောင် ဖန်တီးခဲ့ပါတယ်။

နောက်ဆုံးတော့ မြေအောက်ကမ္ဘာက ယောက်ျားကြီးက သူ့ပြိုင်ဘက်အတွက် ပြိုင်ဘက် တစ်ယောက် မဖြစ်ခဲ့ပါဘူး။ သူက ပြင်းထန်တဲ့ တိုက်ခိုက်မှုတစ်ခု ထိမှန်သွားပြီး သူ့ခန္ဓာကိုယ်က လွင့်ထွက်သွားပြီး ကြယ်တစ်လုံးနဲ့ ဂင်ဆောင့်ကာ ပျက်စီးသွားစေခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက ကြယ်တာရာရဲ့ ပျက်စီးတဲ့ အစိတ်အပိုင်း တစ်ခုမှာ ညပ်နေပြီး စကြာဝဠာရဲ့ အနက်ထဲကို ပြုတ်ကျသွားပါတယ်။

ဒီအစွမ်းထက်တဲ့ တိုက်ကွက်က သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို တန်းပြီးတော့ ပျက်စီးသွား စေခဲ့ပြီး သူ့ရဲ့ နတ်ဘုရား အာရုံကိုလည်း ဖျက်ပစ်လိုက်ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူက

သေချာပေါက် လုံးဝကို အသက်ရှင်နိုင်ဖို့ မျှော်လင့်ချက် မရှိပဲ သေဆုံးသွားခဲ့ပါတယ်။

သူက စကြာဝဠာထဲကနေ ဒီပျက်စီးနေတဲ့ ကြယ်တာရာ အစိတ်အပိုင်းပေါ်မှာ ကပ်ပြီးတော့ မျောလွင့်နေပြီး ဘယ်လောက်ကြာသလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။ နောက်ဆုံးမှာ ဂြိုဟ်ကြီးတစ်ခုနဲ့ ဝင်ဆောင့်ပြီး ရောမ ပင်လယ်ပြင်ကြီး တစ်ခုအဖြစ်ကို ပြောင်းလဲသွားပါတယ်။

ကြယ်ပင်လယ်။

နောက်ဆုံးတော့ လင်းဟန်က နားလည်သွားခဲ့ပါတယ်။ အဆုံးမဲ့ လက်ရွေးစင် နှစ်ယောက်က အတိတ်တုန်းက တိုက်ပွဲဖြစ်ပွားခဲ့ပြီး တစ်ယောက်က ရှုံးနိမ့်ခဲ့ပါတယ်။ ဒါမှမဟုတ် အသတ်တောင် ခံခဲ့ရပါတယ်။ သူ့ခန္ဓာကိုယ်နဲ့အတူ ပျက်စီးနေတဲ့ တန်ခိုးရှင် ခန္ဓာကိုယ် တစ်ခုက ငြိမ်းချမ်းရေး ဂြိုဟ်ကြီးနဲ့ ဝင်ဆောင့်မိပြီး ကြယ်ပင်လယ် ဖြစ်ပေါ်လာရတဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။

ဒါပေမဲ့ တိုက်ခိုက်သူတွေထဲက တစ်ယောက်က တကယ်ပဲ မြေအောက်ကမ္ဘာက ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် တစ်ယောက်ဆိုတာကို ဘယ်သူမှ မသိပါဘူး။

သူက မူလဇာစ်မြစ် အဆင့်မှာ ရှိနေတာလား။

လင်းဟန်က ဒီအတွေးကို လုံးဝမတွေးနိုင်ခဲ့ပဲ ဝရုန်းသုန်းကား တိုက်ခိုက်မှု စီးကြောင်းတစ်ခုကို မြင်လိုက်ရတဲ့ အခါမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက သူ့မှာ ပြည့်နှက်လာပါတယ်။

သတ် သတ် သတ်။ ဒီဘုံမှာရှိနေတဲ့ လူတွေအားလုံးကို သူသတ်ချင်နေခဲ့ပါတယ်။

ဒါက မြေအောက်ကမ္ဘာက အဲဒီကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင်ရဲ့ ကျန်ရှိနေတဲ့ စိတ်ဆန္ဒပဲ ဖြစ်ပါတယ်။

သူသေသွားတာ ကြာလှပါပြီ။ ဒါပေမဲ့ တကယ်လို့ သူ့ရဲ့စိတ်ကူးရဲ့ ပျက်စီးနေတဲ့ အစိတ်အပိုင်းလေး တစ်ခုပဲ တည်ရှိနေဦးမယ်ဆိုရင်တောင် ဘယ်သူပဲလာလာ အကျိုးသက်ရောက်စေဖို့ လုံလောက်ပါလိမ့်မယ်။ အခု နတ်ဆိုးချီတွေက လင်းဟန်ရဲ့ နှလုံးသားကို လွှမ်းမိုးလာပြီး သူ့ရဲ့ မူလစိတ်ကို ဖျက်ဆီးပစ်ပြီးတော့ နတ်ဆိုးတစ်ကောင်အဖြစ်ကို လုံးဝကို ပြောင်းလဲပစ်ချင် နေပါတယ်။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး တကယ်လို့ သူကလွှမ်းမိုးခံရမယ် ဆိုရင်တောင် ဒါက အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ဖြစ်ပါတယ်။

လက်ရှိမျက်မှောက်ခေတ်မှာ မူလဇစ်မြစ်အဆင့်က အစွမ်းထက်ဆုံး ဖြစ်ပေမဲ့ မြေအောက်ကမ္ဘာရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် သေသွားခဲ့တာ နှစ်ပေါင်းဘယ်လောက်တောင် ကြာမြင့်နေလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒါကြောင့် သူ့မှာ အစွမ်းဘယ်လောက်များများ ကျန်နေဦးမှာလဲ။

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို ထုတ်ယူပြီး နတ်ဆိုးချီကို ခုခံလိုက်ပါတယ်။

ဒါက သူ့အတွက် ပထမဆုံး အကြိမ်မဟုတ်ပါဘူး။

ဟိုးအရင် နတ်ဆိုးကောင်းကင် လျှို့ဝှက်ဘုံထဲမှာ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ရဲ့ နတ်ဆိုးချီကို ခုခံခဲ့ပါတယ်။ ဒီနတ်ဆိုးချီ အမျှင်စုနဲ့ ယှဉ်လိုက်ရင် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အမိုက် သာသာပါပဲ။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ စွမ်းရည်တွေကလည်း ဒီအချိန်မှာ အများကြီး ပြောင်းလဲလာပါပြီ။ နောက်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကလည်း သိမ်းဆည်းထားတာ အတော်လေး ကြာပါနေပြီ။

သူ့ကို ဖိနှိပ်ထိန်းချုပ်ဖို့ မလုံလောက်သေးဘူးလား။

လင်းဟန်က နတ်ဆိုးချီတွေကို တဖြည်းဖြည်းချင်း လျော့ပါးစေခဲ့ပါတယ်။ သွေးဆာလောင်မှု၊ ကြမ်းတမ်းမှု ရက်စက်မှုတွေက လျော့ပါးလာပြီး သန့်စင်ဆုံး အဆီအနှစ်တွေပဲ ကျန်ပါတော့တယ်။ အဲဒါက လင်းဟန်ရဲ့ ဒန်တန်ထဲကို နစ်ဝင်သွားခဲ့ပါတယ်။ ပထမတော့ အမှုန်စက်ကလေး တစ်ခုပဲ ရှိပါတယ်။ အဲဒီကနေ ဘောလုံးလို လုံးဝန်းလာပေမဲ့ ကြက်ဥတစ်လုံး အရွယ်အစားလောက်ပဲ ရှိပါတယ်။

အံ့အားသင့်စရာ ကောင်းတဲ့အချက်က စွမ်းအင်အဆီအနှစ်တွေနဲ့ ပြည့်နှက်နေပြီး သူ့ရဲ့ တောင်မြစ်တွေက စုပ်ယူနိုင်ပါတယ်။ လင်းဟန်က ချက်ချင်းပဲ သူ့ရဲ့ ဒုတိယတောင်က အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ကြီးထွားလာတာကို တွေ့လိုက်ရပါတယ်။ ဒီနှုန်းနဲ့ဆို သူက ပြင်းထန်အလယ်အလတ်ရဲ့ အလယ်ပိုင်း အဆင့်ကို တစ်လအချိန်အတွင်းမှာ ရောက်နိုင်ပါလိမ့်မယ်။ နောက်ပိုင်းအဆင့်နဲ့တောင် နီးပြီးတော့ အဲဒီကနေ သူ့ရဲ့ ဒုတိယမြောက် မြစ်ကို ဖြစ်ပေါ်စေနိုင်ပါလိမ့်မယ်။

ဒါက တကယ်ပဲ အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

တောင်မြစ်အဆင့်မှာ အဆင့်သေးတစ်ခုရောက်တိုင်း အဆင့်တက်ဖို့ နှစ်ထောင်နဲ့ချီပြီး အချိန်ယူရတယ် ဆိုတာကို သတိပြုထားရပါလိမ့်မယ်။ ကျောက်လန်၊ ရှားယွန်နဲ့ တခြား နောက်ခံအင်အားတောင့်တင်းတဲ့ အဖွဲ့တွေရဲ့ မျိုးဆက်တွေလောက်ပဲ အရင်းအမြစ်တွေ ပေါပေါများများ ရရှိပြီးတော့ ရာစုနှစ် အနည်းငယ်လောက်ပဲ အချိန်ယူရပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ကရော။

ဒီနှုန်းထားအတိုင်း သွားမယ်ဆိုရင် နှစ်ပေါင်းအနည်းငယ် အတွင်းမှာ ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ကောင်းရောက်နိုင် ပါလိမ့်မယ်။

"ဘာမှ အံ့သြနေစရာ မလိုပါဘူး။ အဲဒါက မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အသက်အဆီအနှစ်ပဲ"

မျှော်စင်လေးက ရုတ်တရက် ပြောလိုက်တယ်။

"မကောင်းဆိုးဝါး အရှင်သခင်"

လင်းဟန်က ဒါကို မျှော်လင့်ထားပေမဲ့ သူက အံ့အားသင့် နေဆဲပါပဲ။

မကောင်းဆိုးဝါး အရှင်သခင်ဆိုတာက တန်ခိုးရှင်ဘုံရဲ့ သူတော်စင် တစ်ယောက်နဲ့ ညီမျှပြီး မူလဇစ်မြစ်အဆင့် တည်ရှိမှု တစ်ခု ဖြစ်ပါတယ်။

"မကောင်းဆိုးဝါး အရှင်သခင်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ စိတ်ဆန္ဒက အချိန်အရမ်းကို ကြာမြင့်တာကြောင့် စုတ်ပြတ်ပေါ်ဟောင်းနွမ်း နေပေမဲ့ မူလဇစ်မြစ်အဆင့်က တကယ်ပဲ အရမ်းကို အစွမ်းထက်လွန်းတယ်။ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းလေး တစ်ခုကတောင် နှစ်သန်းပေါင်း များစွာ ကြာနေတာတောင် ဒီပင်လယ်ကို လွှမ်းမိုးနိုင်စွမ်း ရှိနေသေးတယ်"

မျှော်စင်လေးက ပြောလိုက်တယ်။

လင်းဟန်က ခေါင်းညိတ် လိုက်ပါတယ်။ မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အလောင်းက ဒီပင်လယ်ပြင်ကို အကျိုးသက်ရောက်မှု ရှိနေတာကြောင့် မယုံနိုင်စရာကောင်းတဲ့ အံ့အားသင့်စရာ ဆွဲငင်အားမျိုး ဖြစ်ပေါ်နေရခြင်း ဖြစ်ပါတယ်။

အမှန်တော့ အဲဒါက စည်းမျဉ်းဥပဒေ စွမ်းအားအမျိုးအစား တစ်ခု ဖြစ်ပါတယ်။ မူလဇစ်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်ကို ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို

အကျိုးသက်ရောက်မှု ရှိလိမ့်မှာ ဖြစ်ပြီးတော့ ဘယ်သူကများ လွှမ်းမိုးနိုင်လိမ့်မှာလဲ။

ကမ္ဘာ့အူတိုင်ကျွန်းရဲ့ အဲဒီတွင်းနက်ကြီးကနေ နတ်ဆိုးချီတွေ ယိုစိမ့်ထွက်လာတာ အံ့သြစရာ မရှိတော့ပါဘူး။ အဲဒီတွင်းနက်ကြီးက ပင်လယ်ရဲ့ နယ်နိမိတ်နဲ့ ဆက်စပ်နေပါတယ်။

လင်းဟန်က သူ့ရဲ့ ဒန်တန်ကို ငုံ့ကြည့်လိုက်ပါတယ်။ ဒန်တန်က နောက်ဆုံးအဆီအနှစ်လေးက အနက်ရောင် ဘောလုံးတစ်ခု အဖြစ်ကို ပြောင်းလဲသွားပါတယ်။ အဲဒါက အရမ်းကို မည်းနက်ပြီး လူတစ်ယောက် စိတ်ထဲမှာ တုန်လှုပ်ချောက်ချားမှုကို ဖြစ်စေပါတယ်။ နောက်ပြီးတော့ ဒီဘောလုံးနဲ့တူတဲ့ဆီက အဆုံးမရှိတဲ့ စွမ်းအားတွေက ပျံ့နှံ့လိုလာပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အားပြည့်စေပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တိုးမြှင့်စေပါတယ်။

ဒီအလားအလာအတိုင်း ဆက်ပြီးတော့ သွားမယ်ဆိုရင် သူ့ကို နေလအဆင့်ကို ရောက်အောင်လို့ ကူညီပေးဖို့ လုံလောက်ပါလိမ့်မယ်။

ဒါက သဘာဝပါပဲ။ ဒါက မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အသက်အဆီအနှစ် ဖြစ်ပြီးတော့ လင်းဟန်ကို

နေလအဆင့်ထိ တိုးမြှင့်ပေးနိုင်တာနဲ့ ပတ်သက်ပြီး ထူးဆန်းစရာ ကောင်းလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ အဲဒီအချိန်က အရမ်းကို လျင်မြန်စွာနဲ့ ကုန်လွန်သွားတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီအဆီအနှစ်တွေ အများအပြား ဆုံးရှုံးသွားမှာ မဟုတ်သလို လင်းဟန်ကိုလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ဒါမှမဟုတ် ထာဝရမြစ် အဆင့်ထိတောင် တိုးမြှင့်ပေးနိုင်စွမ်း ရှိနိုင်ပါတယ်။

"ကံကောင်းတာက ဒီအဆီအနှစ် စွမ်းအားတွေက ဖြည်းဖြည်းချင်း ပျံ့နှံ့လို့သာပဲ။ မဟုတ်ရင် ဒီအင်အားကြောင့် ငါသေချာပေါက် ပေါက်ကွဲထွက် သွားလိမ့်မယ်"

လင်းဟန်ရဲ့ စိတ်ထဲကနေ ထိတ်လန့်ကြောက်ရွံ့မှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို နေလအဆင့်ထိ အချိန်တိုတိုလေး အတွင်းမှာ မြှင့်တင်နိုင်စွမ်းရှိတယ် ဆိုတာက ဒီစွမ်းအားက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။ နောက်ပြီး ဒီစွမ်းအားဘောလုံးက သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ရှိနေပြီး ချိန်ကိုက်ဗုံး တစ်လုံးနဲ့ တူပြီးတော့ အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။

"ဒါပေမဲ့လည်း အရေးအကြီးဆုံး အချက်က ကျင့်ကြံခြင်း အဆင့်ကို အလျင်အမြန်နဲ့ မြှင့်တင်ဖို့ မဟုတ်ဘူး။ ဒီအထဲမှာ မကောင်းဆိုးဝါး အရှင်သခင်ရဲ့ ကောင်းကင်နဲ့ မြေကြီး စည်းမျဉ်းဥပဒေသကို နားလည်သဘောပေါက်မှုတွေ ပါဝင်တယ်။ မြေအောက်ကမ္ဘာရဲ့ ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေသတွေပဲ။ ငါက သက်ဆိုင်ရာ အဆင့်တစ်ခုကို ရောက်ဖို့ပဲ လိုတယ်။ ပြီးတော့ တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာနှစ်ခုစလုံးက စည်းမျဉ်းဥပဒေကို နားလည်နိုင်စွမ်း ရှိလာလိမ့်မယ်။ အဲဒါက ပိုပြီးတော့ ကြောက်စရာကောင်းတဲ့ အစိတ်အပိုင်း တစ်ခုပဲ"

"ဒါပေမဲ့ လောကဘုံ နှစ်ခုက တစ်ခုနဲ့တစ်ခု ဆန့်ကျင်နေပြီးတော့ သဟဇာတမဖြစ်တဲ့ ဆက်နွယ်မှု တစ်ခု ရှိနေတယ်လို့ ငါကြားဖူးတယ်။ တကယ်လို့ ငါသာ သတိမထားဘူးဆိုရင် လောကဘုံ နှစ်ခုရဲ့ စည်းမျဉ်းဥပဒေသတွေကို ပေါင်းစည်းနိုင်မှာ မဟုတ်ဘူး။ အဲဒီအစား ငါရူးသွားနိုင်တယ်။ လောကဘုံ နှစ်ခုရဲ့ စည်းမျဉ်းဥပဒေတွေက ပြဿနာ ဖြစ်လာပြီး ငါသေသွားနိုင်တယ်"

"ဒါကို မေ့ထားလိုက်တော့။ အဲဒါက ငါမူလဇစ်မြစ် အဆင့်ကို ခြေချမိတဲ့ အခါမှပဲ စဉ်းစားသင့်တဲ့ အရာတစ်ခုပဲ။ ဒါကြောင့် ငါနောက်မှပဲ စဉ်းစားတော့မယ်"

"သီအိုရီအရဆို ဒီကြယ်ပင်လယ်မှာ အစွမ်းထက်တဲ့ ဆွဲငင်အား နယ်ပယ်ဘာဖြစ်လို့ ရှိနေလဲဆိုရင် မကောင်းဆိုးဝါး အရှင်သခင်ရဲ့ တည်ရှိမှုကြောင့်ပဲ။ အခု ငါက မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အဆီအနှစ်ကို စုပ်ယူလိုက်ပြီးဆိုတော့ ဒီပင်လယ်က သာမန်ပင်လယ် တစ်ခုနဲ့ ကွာခြားတော့မှာ မဟုတ်ဘူး"

"ဟားဟား ငါဒီနေရာကနေ ထွက်သွားနိုင်ပြီ"

"အင်း ငါတကယ်ပဲ အရမ်းကို ကံကောင်းတာပဲ။ မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အချိန်တုန်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ကံကောင်းမှုတွေ ငါ့ဆီကို ထည့်သွင်းပေးလိုက်ပြီး စကားလုံးနဲ့တောင် ဖော်ပြလို့ မရနိုင်ဘူး"

"နောက်ပြီးတော့.........."

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ သူ့ရဲ့ဒန်တန်ထဲမှာ နတ်ဆိုးစွမ်းအား ရှိနေပြီး အဲဒါက မကောင်းဆိုးဝါး အရှင်သခင်ဆီက အဆီအနှစ်ရဲ့ အခဲတုံး အတွက်နဲ့ နာမည်ပေးထားတာ ဖြစ်ပါတယ်။ တကယ်တော့ သူက အဲဒါကို အဆီအနှစ်လို့ ခေါ်ရင် ချက်ချင်းပဲ နတ်ဆိုးချီအမျှင်စုတွေ ပျံ့နှံ့သွားပြီး အတော်လေး ညစ်ပတ်သလို ခံစားရပါလိမ့်မယ်။ သူ့ရဲ့ အရှိန်အဝါက ချက်ချင်းပြောင်းလဲသွားပြီး သူကိုယ်တိုင်

နတ်ဆိုးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားသလိုမျိုး သူ့ရဲ့ခန္ဓာကိုယ် တစ်ခုလုံး အနက်ရောင် အငွေ့တွေ ရစ်ပတ်နေပါတယ်။

"ဟားဟား မြေအောက်ကမ္ဘာက လူတစ်ယောက်လိုမျိုး ငါ့ကိုယ်ငါ ဖြတ်သွားနိုင်ပြီ။ တကယ်လို့ ခြားနားချက် နည်းနည်းရှိမလားဆိုပြီး သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို တစ်ချက် ကြည့်ခိုင်းရမယ်"

လင်းဟန်က စပ်ဖြဲဖြဲ ရယ်မောလိုက်ပါတယ်။

Chapter 1041 end

အပိုင်း(1042) ပြိုင်ဘက်ကင်း ဓားသူတော်စင်

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို ခေါ်ပြီးတော့ ပြောလိုက်တယ်။

"ငါ့ကို ကြည့်စမ်း"

"ဟုတ်ကဲ့ပါ ဆရာသခင်။ အိုး ကြီးကျယ်မြင့်မြတ်လှပါသော ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က မြှောက်ပင့်ပြောဆိုတဲ့ နေရာမှာ တိုးတက်လာအောင် ကြိုးစားအားထုတ်ခဲ့ပုံ ရပါတယ်။ သူက ချက်ချင်းပဲ အစွမ်းကုန်ထုတ်ပြီးတော့ ကြိုးစားပြပါတယ်။

"ဆရာသခင်က နေ့တိုင်းနေ့တိုင်း ပိုပြီးတော့ ကြီးကျယ်မြင့်မြတ်ပြီး စွမ်းအားကြီးမား လာပါတယ်။ ကျနော် ဆရာသခင်ရဲ့ အရှေ့မှာ ရပ်တဲ့အချိန်မှာ နေမင်းကြီးရဲ့ အရှေ့မှာ ရပ်နေရ သလိုပါပဲ။ ဆရာသခင်ရဲ့ တောက်ပတဲ့ အလင်းရောင်တွေ အရှေ့မှာ ဒူးထောက်ပြီးတော့ ဆရာသခင် သက်တော်ရာကျော် ရှည်စေဖို့ ဆုတောင်းပေးချင်ပါတယ်။ ဆရာသခင်က ဒီကမ္ဘာကြီး တစ်ခုလုံးကို အလင်းရောင် ပေးနေပြီး ဒီကမ္ဘာကြီးကို မျှော်လင့်ချက်တွေ သယ်ယူလာတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ပါပဲ"

"ရပြီ ရပြီ။ ငါ့ကို မြှောက်ပင့်ဖို့ ကြိုးစားနေတာကို ရပ်လိုက်ပါတော့။ အခု ငါ့ကို ကြည့်ရတာ ဘယ်လိုနေလဲ ပြောစမ်း"

လင်းဟာန်က နတ်ဆိုးစွမ်းအား အရင်းအမြစ်နဲ့ ချိတ်ဆက်လိုက်ပြီး ချက်ချင်းဆိုသလို သူ့ကို အနက်ရောင် အရိပ်မည်း တစ်ခုက လွှမ်းခြုံစေလိုက်ပါတယ်။ သူ့ရဲ့ ပုံပန်းသွင်ပြင်က အများကြီး ပြောင်းလဲမသွားပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်က ထွက်ပေါ်လာတဲ့ အရှိန်အဝါဟာ အရင်ကနဲ့ လုံးဝကို မတူညီတော့ပါဘူး။

"ဆ ဆ ဆ ဆ ရာ ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ချက်ချင်းဆိုသလို ဒူးတဆတ်ဆတ် တုန်လာပါတယ်။ လင်းဟာန် ထုတ်လွှတ်ထားတဲ့ အရှိန်အဝါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပြီး မြေအောက်ကမ္ဘာထဲမှာ သူမြင်တွေ့ခဲ့ဖူးတဲ့ လက်ရွေးစင်တွေထက် အများကြီး သာလွန်ပါတယ်။

ဒါက မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အရှိန်အဝါ ဖြစ်ပါတယ်။

"ဆ ဆ ဆရာသခင်က မြေအောက်ကမ္ဘာက ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် တစ်ယောက်များ ဖြစ်နေမလား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က တုန်လှုပ်စွာနဲ့ မေးလိုက်ပါတယ်။

"မဟုတ်ဘူး။ ငါက လူသား တစ်ယောက်ပဲ။ မမျှော်လင့်ပဲ မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ စွမ်းအားကို စုပ်ယူနိုင်ခဲ့တယ်"

လင်းဟာန်က ရှင်းပြလိုက်ပါတယ်။

"ငါက အခုဆိုရင် မြေအောက်ကမ္ဘာက သက်ရှိတွေနဲ့ ဘာများကွာခြားနေသေးလဲ"

"ဟင့်အင်း ဘာမှမကွာဘူး"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အလျင်အမြန်ပဲ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင်က မြေအောက်ကမ္ဘာရဲ့ သက်ရှိတွေနဲ့ အခြေခံအားဖြင့်တော့ လုံးဝကို မကွာခြားဘူး။ မဟုတ်ဘူး မဟုတ်သေးဘူး။ အနှစ်သာရနဲ့ ပတ်သက်ရင် ဆရာသခင်က သူတို့ထက် မရေမတွက်နိုင်အောင် ကြီးကျယ်မြင့်မြတ်သေးတယ်"

"အိုး ချစ်လှစွာသော ဆရာသခင် ကျေးဇူးပြုပြီးတော့ ဒီသတ်ဖြတ်သူလေးကို ဆရာသခင်ရဲ့ ခြေထောက်ကို ပွေ့ဖက်ခွင့်ပြုပါ"

"သွားစမ်းပါ"

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ကန်ထုတ်လိုက်ပါတယ်။ မင်းက ဝံပုလွေ တစ်ကောင်ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေတာကြောင့် ချစ်စရာကောင်းတဲ့ ဟန်ပန်အမူအရာမျိုး လုပ်နိုင်မယ်လို့ ထင်နေတာလား။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို အနက်ရောင် မျှော်စင်ထဲက တစ်နေရာရာကို

ပစ်ထုတ်လိုက်ပါတယ်။ အဲဒီနောက် သူက ကျောက်စိမ်း သေတ္တာကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်ပါတယ်။

ဒီကျောက်စိမ်း သေတ္တာက အရမ်းကို ခိုင်မာပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် ဖွင့်နိုင်စွမ်း မရှိခဲ့ပါဘူး။

တကယ်လို့ သူက အပြင်ဘက်မှာဆိုရင် လင်းဟန်လည်း ဒါကို ဖွင့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အခုချိန်မှာ သူက အနက်ရောင် မျှော်စင်ထဲမှာ ရှိနေပါတယ်။

သူက ကျောက်စိမ်းသေတ္တာကို လေ့လာလိုက်တဲ့ အခါမှာ စပ်ကြောင်းတစ်ချက်မှ မရှိဘူး ဆိုတာကို ရှာတွေ့လိုက်ရပါတယ်။ ဒါက ကျောက်စိမ်းအပိုင်းအစ တစ်ခုကနေ သဘာဝအတိုင်း ဖြစ်ပေါ်နေတာမျိုးနဲ့ တူပြီးတော့ သူ့ရဲ့ ကြီးမားတဲ့ အရွယ်အစားကပဲ သေတ္တာတစ်ခုနဲ့ တူနေတာ ဖြစ်ပါတယ်။

သူက ခေါင်းကို ခါလိုက်ပါတယ်။ ကျောက်စိမ်းရဲ့ အထဲမှာ ဘာပစ္စည်း ရှိနေလဲ ဆိုတာကို အာရုံခံနိုင်စွမ်း မရှိပါဘူး။

"အက်ကြောင်းနည်းနည်းမှ ရှာမတွေ့ဘူး ဆိုမှတော့ ဒါကိုဖွင့်ဖို့ ပကာတိ အင်အားကို အသုံးပြု ရလိမ့်မယ်"

လင်းဟန်က သူ့လက်ချောင်းတွေကို ဓားတစ်ချောင်းလို အသုံးပြုပြီးတော့ ကျောက်စိမ်းပေါ်မှာ ဖြတ်ဆွဲလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အကန့်အသတ်မရှိတဲ့ စွမ်းအားတွေက သူ့ဆီကို စီးဆင်းလာပြီး သူက အရာရာကို စွမ်းဆောင်နိုင်တဲ့ နတ်ဘုရား တစ်ပါးလိုမျိုး ခံစားလာရပါတယ်။

"ပွင့်စမ်း"

သူက ညင်ညင်သာသာ ပြောလိုက်ပါတယ်။

ကျောက်စိမ်းသေတ္တာကို သူက ခွဲဖွင့်လိုက်ပြီး အထဲမှာ ဟောင်းလောင်းပေါက် ဖြစ်သွားပါတယ်။

ငွေရောင်စာရွက်လိပ် အပိုင်းအစ တစ်ခုက အထဲမှာ ရှိနေပါတယ်။ လင်းဟန်က အဲ့ဒါကို ကောက်ယူဖို့ ကြိုးစားလိုက်တဲ့ အခါမှာ သူ့ရဲ့အမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားပြီး ပြင်းထန်တဲ့ ဓားအလင်းတန်း တစ်ခုက ရုတ်တရက် သူ့ကို တိုက်ခိုက်လာပါတယ်။ အဲ့ဒါက မိုးကြိုးပစ်ချသလို လျှင်မြန်လွန်းပြီးတော့ ရှောင်တိမ်းဖို့ဆိုတာ သူ့အတွက် မဖြစ်နိုင်ပါဘူး။

ထန်။

မျှော်စင်လေး ပေါ်လာပြီးတော့ စားအလင်းတန်းကို ကာကွယ်တားဆီးလိုက်ပြီး အဲဒီနောက်မှာ ပြောလိုက်ပါတယ်။

"ဘယ်လောက်တောင် စက်ဆုပ်စရာကောင်းတဲ့ လုပ်ဆောင်မှုကို မင်းလုပ်လိုက်တာလဲ။ ဘာဖြစ်လို့ မင်းသွားတဲ့ နေရာတိုင်းမှာ မင်းက အားလုံးရဲ့ ပစ်မှတ်ဖြစ်နေတာလဲ"

"ဟေး တကယ်လို့ မင်းက ငါ့ကို ကောင်းကောင်းလေး ပြောမယ်ဆိုရင် မင်းသေသွားမှာမိုလို့လား"

လင်းဟန်က တုံ့ပြန်ပြောဆိုလိုက်ပါတယ်။ အဲဒီဓားချက်က မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး သူ့အနေနဲ့ ရှောင်တိမ်းဖို့ အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို ဆွဲမယူနိုင်ခဲ့ပါဘူး။ တကယ်တော့ စာရွက်အပိုင်းအစလေး တစ်ခုကို ဘယ်သူကများ စိုးရိမ်ပူပန်မိမှာလဲ။

"ဒါက အထွတ်အထိပ် သက်ရှိတစ်ယောက်ရဲ့ အမိန့်စာလွှာများ ဖြစ်နေမလား"

လင်းဟန်က ဒီတစ်ကြိမ်တော့ ပြင်ဆင်ထား လိုက်ပါတယ်။ သူက အနက်ရောင် မျှော်စင်ရဲ့ စွမ်းအားကို သူ့ခန္ဓာကိုယ်အနား ဆင့်ခေါ်ထားပါတယ်။ အခုဆိုရင် သူ့ကို မူလဇစ်မြစ်အဆင့်မှာရှိတဲ့

ကျင့်ကြံသူလောက်ပဲ ခြိမ်းခြောက်ကောင်း ခြိမ်းခြောက်နိုင်ပါလိမ့်မယ်။ သူက ငွေရောင်စာရွက် အပိုင်းအစဆီ နောက်တစ်ကြိမ် ရောက်လာပါတယ်။

ရွှပ်။

နောက်ထပ်ဓားအလင်းတန်း တစ်ခု ထွက်ပေါ်လာပြီး လင်းဟန်ကို ခုတ်ပိုင်းလိုက်ပါတယ်။

အရမ်းကို မြန်တယ်ဟာ။

သူက ပြင်ဆင်ထားတယ် ဆိုပေမဲ့ ဓားအလင်းတန်းရဲ့ အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်းကြောင့် အံ့သြနေဆဲပါပဲ။ အဲဒါက သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်း မြားထက်တောင် ပိုမြန်ပါသေးတယ်။ ဒီလိုမျိုး အမြန်နှုန်းက လုံးဝကို ထူးခြားလွန်းပါတယ်။

ဟုမ်း။

ဓားအလင်းတန်းက လင်းဟန်ရဲ့ ခန္ဓာကိုယ် အရှေ့ကို ရောက်လာတဲ့ အခါမှာ တုံ့သွားပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ လင်းဟန်က အစစ်အမှန် နတ်ဘုရား တစ်ပါးနဲ့ တူနေတာကိုတော့ ရှောင်လွှဲလို့ မရနိုင်ပါဘူး။

ဓားအလင်းတန်းရဲ့ အမြန်နှုန်းတောင်မှ သူ့ကို ထိခိုက်အောင် မလုပ်နိုင်ပါဘူး။

လင်းဟာန်ရဲ့ နှလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဒုတ်ဒုတ် ခုန်လာပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒါက ဘာကြီးလဲ။ ဘယ်လိုလုပ် အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိနေတာလဲ"

သူက အရမ်းကို အဖိုးထိုက်တန်တဲ့ ပစ္စည်းတစ်ခုကို ရရှိလိုက်ပြီလို့ ယုံကြည်လိုက်ပါတယ်။

မျှော်လင့်ထားတဲ့ အတိုင်းပဲ။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် နှစ်ယောက်တောင် တိုက်ခိုက်လုယူနေရတဲ့ ရတနာပစ္စည်း တစ်ခုပဲ။

သူက ငွေရောင်စာရွက်ကို ဖြန့်လိုက်ပြီး မရေမတွက်နိုင်တဲ့ ဓားအလင်းတန်းတွေ ပေါင်းပြီးတော့ ရက်စက်ကြမ်းကြုတ်ပြီး အညှာအတာ ကင်းမဲ့တဲ့ တိုက်ခိုက်မှု တစ်ခုနဲ့တောင် ရင်ဆိုင်လိုက် ရပါတယ်။ ဓားအလင်းတန်းပေါင်း ဆယ်သန်းလောက် ပေါင်းပြီးတော့ ပန်းထွက်လာသလိုမျိုးနဲ့ တူပါတယ်။

လင်းဟာန်ရဲ့ ခန္ဓာကိုယ် အရှေ့မှာ အလင်းရောင် နံရံတစ်ခု ဖြစ်ပေါ်လာပြီး အဲဒါက ဓားအလင်းတန်းတွေရဲ့ သိပ်သည်းကျစ်လျစ်မှုနဲ့ များပြားလှတဲ့ အရေအတွက်ကြောင့် ဖြစ်ပေါ်လာခဲ့တာပါ။

"ပျောက်ကွယ်စမ်း"

လင်းဟာန်က နှာခေါင်းရှုံ့လိုက်ပြီး အသာလေးပြောလိုက်တဲ့ အခါမှာ ဓားအလင်းရောင်တွေက တစ်ခုပြီး တစ်ခု ပျောက်ကွယ်သွားပါတယ်။

ဒီခံစားချက်က အရမ်းကို အံ့သြစရာ ကောင်းတာပဲ။

လင်းဟာန်က သူ့စိတ်ထဲကနေ သက်ပြင်းချလိုက်မိပါတယ်။

"တကယ်လို့ ငါက အနက်ရောင် မျှော်စင်ကို ဆင့်ခေါ်နိုင်မယ်ဆိုရင် ပိုပြီးတော့ ကြီးကျယ်ခမ်းနား လိမ့်မယ်။ တကယ်လို့ အဲဒီလိုသာ လုပ်နိုင်မယ်ဆိုရင် တခြားလူတွေကို အနက်ရောင် မျှော်စင်ထဲ အင်အားသုံးထည့်ပြီးတော့ သူတို့ကို ဖိနှိပ်ထိန်းချုပ်နိုင်ပြီပေါ့။ တကယ်လို့ ဧကရီ ဘုရင်မ လုရှန်း ဒါမှမဟုတ် ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ ဧကရာဇ်တောင် အထဲမှာ ပိတ်ခံရပြီး သူတို့မှာ ငါ့ကို အညံ့ခံလိုက်ရရုံပဲ တတ်နိုင်လိမ့်မယ်"

ငွေရောင်စာရွက် အပိုင်းအစက နောက်ဆုံးမှာ တည်ငြိမ်သွားပြီး ဓားအလင်းတန်းတွေ ထုတ်ရာကနေ ရပ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း စာရွက်အပိုင်းအစ အပေါ်မှာ စာလုံးတစ်လုံးတောင် မရှိပဲ လုံးဂကို ဗလာ ဖြစ်နေပါတယ်။

"ဒါကို နည်းနည်းမှ အာရုံခံလို့တောင် မရဘူး။ ဘာမှမရှိတဲ့ စာရွက်လွတ် တစ်ခုအတွက် အကာအကွယ် အလွှာတွေ အများကြီး ထားထားတာလား"

မဖြစ်နိုင်ဘူး။

အတွေးတစ်ချက်နဲ့ လင်းဟန်ရဲ့ နတ်ဘုရား အာရုံက စာရွက်အပိုင်းအစထဲကို ဂင်သွားခဲ့ပါတယ်။

သူ့စိတ်ထဲကို ချက်ချင်းပဲ မရေမတွက်နိုင်တဲ့ သတင်းအချက်အလက် အပိုင်းအစတွေ ဂင်လာခဲ့ ပါတယ်။

ပုံစံလေးမျိုး ဓားသိုင်း။

သူ့စိတ်ထဲမှာ ဒီစကားလေးခုပဲ ကျန်ပါတယ်။

ငွေရောင်စာရွက် အပိုင်းအစကို ဟိုးနှစ်ပေါင်းများစွာ အချိန်တုန်းက အသက်ရှင်နေထိုင်ခဲ့တဲ့ လက်ရွှေးစင် တစ်ယောက်က

ချန်ထားခဲ့တာ ဖြစ်ပါတယ်။ သူက စားတာအိုရဲ့ ကြီးကျယ် မြင့်မြတ်တဲ့ ဆရာသခင် တစ်ယောက် ဖြစ်ပြီးတော့ လူတွေက သူ့ကို ပြိုင်ဘက်ကင်း စားသူတော်စင်လို့ ခေါ်ဆိုသမုတ် ကြပါတယ်။

သူတော်စင်ဆိုတဲ့ ဂုဏ်ပုဒ်ဟာ မူလဇစ်မြစ်အဆင့်ကို ရောက်နေတဲ့ ကြီးကျယ်ခမ်းနားသော လက်ရွေးစင် တစ်ယောက်ကို သတ်မှတ်ထားကြတာပါ။ ဒါပေမဲ့လည်း ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် မူလဇစ်မြစ် အဆင့်မှာ ရှိတဲ့ သူတွေတောင် သူတို့ကိုယ်သူတို့ စားသူတော်စင်၊ ဆေဘာသူတော်စင်ဆိုပြီးတော့ မခေါ်ဆိုပံ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုး ဂုဏ်ပုဒ်တွေက သက်ဆိုင်ရာ နယ်ပယ်တစ်ခုမှာ အစွမ်းထက်ဆုံး လူတစ်ယောက်ကိုပဲ ခေါ်ဆို သမုတ်ကြတာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီလိုမျိုး ဂုဏ်ပုဒ်တစ်ခုကို ခေါ်ဆိုသမုတ်တဲ့ လူတစ်ယောက်ဟာ တူညီတဲ့ နယ်မြေထဲက မရေမတွက်နိုင်တဲ့ ကျင့်ကြံသူတွေရဲ့ စိန်ခေါ်မှုကို ခံယူရပါလိမ့်မယ်။ တကယ်တော့ ဘယ်သူမှ ဒီလိုမျိုး ဂုဏ်ပုဒ်တွေကို လွယ်လွယ်နဲ့ မရနိုင်ပါဘူး။

ဟုတ်တာပေါ့။ ပြိုင်ဘက်ကင်း စားသူတော်စင်က ဒီဂုဏ်ပုဒ်ကို သူ့ကိုယ်သူ ပေးခဲ့တာ မဟုတ်ပါဘူး။ သူ့ကို လူတွေက ပေးအပ်ချီးမြှင့်ခဲ့ကြတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့

ဂုဏ်ပုဒ်က ဓားသူတော်စင် တစ်ခုပဲ မဟုတ်တဲ့အပြင် ပြိုင်ဘက်ကင်းဆိုတဲ့ စကားလည်း ပါရှိပါတယ်။ အဲဒါက သူ့ကို ပိုပြီးတော့တောင် အစွမ်းထက်စေပါတယ်။ အဲဒါက သမိုင်းတစ်လျှောက် ဓားတာအိုရဲ့ အစွမ်းထက်ဆုံး ကျင့်ကြံသူလို့ သူ့ကို ပြောဆိုခြင်းပဲ ဖြစ်ပါတယ်။

သူ့ရဲ့ အစွမ်းထက်ဆုံး ဓားသိုင်းက ပုံစံလေးမျိုး ဓားသိုင်းဖြစ်ပြီးတော့ အစိတ်အပိုင်း လေးမျိုး ပါဝင်ပါတယ်။ လျင်မြန်ခြင်း နည်းစနစ်၊ နေးကွေးခြင်း နည်းစနစ်၊ ဖရိုဖရဲ နည်းစနစ်နဲ့ တည်ငြိမ်မှု နည်းစနစ်တို့ ဖြစ်ပါတယ်။

စာရွက်အပိုင်းအစ အပေါ်မှာ မှတ်တမ်းတင်ထားတာက လျင်မြန်မှု နည်းစနစ်ပဲ ဖြစ်ပါတယ်။

လင်းဟာန်က ဓားသိုင်း နည်းစနစ်ကို အကြမ်းဖျင်း လေ့လာပြီးတဲ့ နောက်မှာတော့ စိတ်လှုပ်ရှားပြီး သက်ပြင်းချလိုက်ပါတယ်။ မူလဇစ်မြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖန်တီးထားတဲ့ ဓားသိုင်းနည်းစနစ် တစ်ခုက ထင်ထားတဲ့ အတိုင်းပဲ သာမန်လူတွေ မလေ့ကျင့်နိုင်တဲ့ အရာတစ်ခုပဲ။

ဘာဖြစ်လို့လဲဆိုတော့ ဒီဓားသိုင်း နည်းစနစ်ကို အသုံးပြုတဲ့ လူက အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ဖို့ လိုအပ်ပါတယ်။

ဒါကို နာမည်ပေးထားတဲ့ အတိုင်းပဲ လျှင်မြန်မှု နည်းစနစ်က အမြန်နှုန်းကို အာရုံစိုက် ရပါတယ်။ သူ့ရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ အသုံးပြုတဲ့ သူရဲ့ ကျင့်ကြံခြင်း အဆင့် အကန့်အသတ်ထက် အရမ်းကို ကျော်လွန်ရပါလိမ့်မယ်။ ဒီထဲမှာ စည်းမျဥ်းဥပဒေသတွေကို ချိုးဖျက်ခြင်း ပါဝင်ပြီး အဲဒါကြောင့်ပဲ အရမ်းကို သန်စွမ်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိဖို့ လိုအပ်ပါတယ်။

ဒီနည်းစနစ်က ငါနဲ့ လုံးဝကို သင့်တော်တာပဲ။

လင်းဟန်က လပေါ်ကို ရောက်သလို ခံစားလိုက် ရပါတယ်။ လျှင်မြန်မှု နည်းစနစ်က လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ဟာ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ တူညီဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် တစ်ဆင့်တောင် ပိုသာနေပါတယ်။ အဲဒါက တကယ်လို့ ပြိုင်ဘက်ကင်း ဓားသူတော်စင်နဲ့ တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ

နိုင်းယှဉ်လိုက်မယ်ဆိုရင် သူကတောင်မှ လျင်မြန်မှု နည်းစနစ်မှာ ပြိုင်ဘက်ကင်း ဓားသူတော်စင်ထက် သာလွန်နိုင်ပါတယ်။

"ဒါပေမဲ့လည်း ပြိုင်ဘက်ကင်း ဓားသူတော်စင်က မူလဇစ်မြစ်အဆင့်ကို တက်ပြီးတဲ့ နောက်မှပဲ ပုံစံလေးမျိုး ဓားသိုင်းကို ကြီးကြီးမားမား အောင်မြင်မှု ရခဲ့တယ်။ အဲဒါက မူလဇစ်မြစ်အဆင့် စည်းမျဉ်းဥပဒေတွေ ပါဝင်နေတယ်။ ဒါကြောင့် ဒီဓားသိုင်းနည်းစနစ်ရဲ့ အနှစ်သာရကို ငါ့အနေနဲ့ နားလည်သဘောပေါက်နိုင်စွမ်း မရှိလောက်ဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်တယ်။ သူ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းက တကယ့်ကို အံ့အားသင့်ဖို့ ကောင်းပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် တားမြစ်မှုတွေကြောင့် သူက မူလဇစ်မြစ်အဆင့်ရဲ့ နည်းစနစ်တွေကို နားလည်သဘောပေါက်နိုင်စွမ်း မရှိသေးပါဘူး။

"ဒီအကြောင်းကို မေ့ထားလိုက်တော့။ ဒီဓားသိုင်းနည်းစနစ်ကို လေ့ကျင့်ပြီး ဘယ်အထိ ရောက်မလဲ ဆိုတာကို ကြည့်တာပေါ့။ ငါ့ရဲ့ ဓားသိုင်း ကျွမ်းကျင်မှုကို မြှင့်တင်ဖို့ အချိန် ရောက်လာပြီ"

Chapter 1042 end

အပိုင်း(1043) လျှင်မြန်မှု နည်းစနစ်

လင်းဟန်က အလျှင်စလိုနဲ့ မထွက်ခွာသေးပါဘူး။ ဒါကြောင့် သူက အနက်ရောင် မျှော်စင်ထဲမှာ ဓားသိုင်းနည်းစနစ် အသစ်ကို သင်ယူပြီး လေ့ကျင့်ဖို့ ဆက်နေခဲ့ပါတယ်။

တစ်ရက် နှစ်ရက် သုံးရက်။

"စည်းမျဉ်းတွေကို ချိုးဖျက်ပြီး ဒီနည်းစနစ်ရဲ့ အမြန်နှုန်း အကြောင်းပြချက်က အကန့်အသတ် မရှိပဲ တိုးနိုင်တာပဲ။ ဒီဓားသိုင်းနည်းစနစ်နဲ့ ရင်ဆိုင်ရတဲ့ ဘယ်သူမဆို ဒါကို ရှောင်တိမ်းဖို့ အခွင့်အရေး မရှိဘူး"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ရင်း သူ့ခန္ဓာကိုယ်ကို လေထဲခုန်တက်ပြီးတော့ သူ့ရဲ့ဓားကို ခုတ်ချလိုက်ပါတယ်။

သူ့ဓားချက်က လျှပ်စီးလက်သလိုမျိုး လျှင်မြန်ပြီးတော့ ချက်ချင်းဆိုသလို သူ့ဘယ်ဘက် ခြေထောက်က နာကျင်မှု တစ်ခုကို ခံစားလိုက် ရပါတယ်။ သူ့ခေါင်းကို ငုံ့ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ သူ့ဘယ်ဘက်ခြေထောက်က မူလနေရာမှာပဲ အမြစ်တွယ်နေသလို ရှိနေသေးတာကို အံ့အားသင့်ဖွယ် တွေ့လိုက်ရပါတယ်။ သူ့ရဲ့ ခြေချောင်းတွေအားလုံး ကျိုးနေပြီး

တချို့ဆိုရင် ပုံပျက်ပန်းပျက် ရှဲ့စောင်းနေတာကို တွေ့လိုက်ရပါတယ်။

"အံ့သြစရာပဲ ဒါက စည်းမျဉ်း ဥပဒေတွေကို ချိုးဖျက်ခြင်းရဲ့ အကျိုးဆက်များလား"

လင်းဟန်က အလျင်အမြန်ပဲ သူ့ဘယ်ဘက်ခြေထောက်ကို ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်နဲ့ ဒဏ်ရာတွေကို ကုသလိုက်ပါတယ်။

"ငါက လမ်းမှားလိုက်မိတာပဲ။ ငါ့ခါးရဲ့ အမြန်နှုန်းက လျင်မြန်လာပေမဲ့ ငါ့ခန္ဓာကိုယ်ရဲ့ ထိခိုက်ပျက်စီးမှုက ပိုပြီးတော့တောင် ကြီးမားလာတယ်"

"ဒါပေမဲ့လည်း ငါက အနက်ရောင် မျှော်စင်ထဲမှာ ရှိနေတာ တစ်စိတ်တစ်ပိုင်း ပါလိမ့်မယ်။ ငါ့စွမ်းအားတွေ အရမ်းကို ပုံကြီးချဲ့နိုင်တယ်။ တကယ်လို့ ငါက အပြင်ဘက်မှာဆိုရင် ငါ့အရိုးတွေ ဒီလိုမျိုး အခြေအနေထိ ပုံပျက်ပန်းပျက် ဖြစ်နိုင်လိမ့်မှာ မဟုတ်ဘူး"

"ငါဒီနေရာမှာ လေ့ကျင့်လို့ မရနိုင်ဘူး။ အရင်ဆုံး အပြင်ကို ထွက်ရမယ်"

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီး ချက်ချင်းဆိုသလို ဖျက်ဆီးနိုင်တဲ့ ရေဖိအားက ပျောက်ကွယ်သွားပြီ ဆိုတာကို ရှာတွေ့လိုက်ပါတယ်။

တကယ်တော့ အဲဒါက ပျောက်ကွယ်သွားပြီလို့ ပြောဖို့ဆိုတာ အတော်လေးကို မှားယွင်းပါတယ်။ တက်ယဆို ပင်လယ်မှာ သူ့သဘာဂအတိုင်း နက်ရှိုင်းတဲ့ နေရာတွေမှာ ဖိအားတချို့ကတော့ ရှိနေပါတယ်။ ဒါပေမဲ့လည်း ဒီလိုဖိအားမျိုးက လင်းဟန်ကို အခုချိန်မှာ အလေးချိန်မရှိသလိုမျိုး ဖြစ်စေပြီး သူ့ရဲ့ နတ်ဘုရား အရိုးတွေ အပေါ်မှာ လုံးဂကို သက်ရောက်မှု မရှိပါဘူး။

"ဟင် ဒီလိုဆိုရင် ငါ့ရဲ့ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းကိုလည်း အသုံးပြုလို့ ရလိမ့်မလားပဲ"

လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူပြီးတော့ မောင်းနှင်ဖို့ ကြိုးစားကြည့် လိုက်ပါတယ်။ သေချာပါတယ်။ တိမ်ထိုးဖောက်ခြင်း လွန်းပျံက လက်ရှိနေရာကနေ ထိုးခွဲပြီးတော့ ပင်လယ်မျက်နှာပြင် အထက်ကို စက္ကန့်အနည်းငယ် အတွင်းမှာ ရောက်ရှိသွားပါတယ်။ အဲဒီနောက် မိုးကောင်းကင်ပေါ်ကို ပျံသန်းသွားခဲ့ပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ။

လင်းဟန်က စွေ့ရန်ယွီကို ထုတ်ပြီးတော့ စောစောက ဘာတွေဖြစ်ပျက်သွားခဲ့တယ်ဆိုတာ သူမကို ပြောလိုက်တယ်။

"ပြိုင်ဘက်ကင်း ဓားသူတော်စင် ဟုတ်လား"

စွေ့ရန်ယွီက ခေါင်းရှုပ်သွားပါတယ်။ ဒီနာမည်ကို သူမ အရင်တုန်းက ကြားဖူးခဲ့ပုံ မပေါ်ပါဘူး။

ဒါက အံ့ဩစရာ မဟုတ်ပါဘူး။ အခုချိန်မှာ ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ် အစွမ်းထက်ဆုံး ကျင့်ကြံသူတွေက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်တွေပဲ ဖြစ်ပါတယ်။ မူလဇစ်မြစ်အဆင့် မဟာလက်ရွေးစင်တွေက ရှေးဟောင်းခေတ် အချိန်တုန်းက တည်ရှိခဲ့တာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အခုချိန်မှာ ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်က ကျင့်ကြံခြင်း ပတ်ဝန်းကျင်ဟာ ဘယ်နေရာမှာမှ ကြီးပွားတိုးတက်တာ မတွေ့ရပါဘူး။

အချိန်က အရာအားလုံးကို ဖျက်ဆီးနိုင်ပါတယ်။ ပြီးတော့ မူလဇစ်မြစ်အဆင့် ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင်တွေတောင် အချိန်ရဲ့ စမ်းသပ်မှုကနေ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပါဘူး။

"ဒီဓားသိုင်းကို မင်းသင်ယူလို့ မရတာက တကယ့်ကို စိတ်မကောင်းစရာ တစ်ခုပဲ"

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

သူက တစ်ကိုယ်ကောင်းဆန်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် ဒီလိုမျိုး အကျိုးအမြတ်တွေကို သူ့သူငယ်ချင်းတွေ မိသားစုတွေနဲ့အတူ မျှဝေရပါလိမ့်မယ်။

"ငါဒါကို မသင်ယူနိုင်ဘူးလို့ ဘယ်သူပြောလဲ"

စွေ့ရန်ယွီက ဂုဏ်ယူဂင့်ကြွားစွာနဲ့ ပြောလိုက်တယ်။

လင်းဟန်က ရယ်မောပြီးတော့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ကျွန်းလေးတစ်ကျွန်းဆီ မောင်းနှင်လိုက်ပါတယ်။ အဲဒီနေရာမှာ စခန်းချပြီးတော့ လျင်မြန်မှု နည်းစနစ်ကို အရင်ဆုံး ကျွမ်းကျင်အောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက လျင်မြန်မှု နည်းစနစ်ကို စွေ့ရန်ယွီနဲ့အတူ လေ့လာလိုက်ပါတယ်။ ဟုတ်ပါတယ်။ စွေ့ရန်ယွီက လုံးဝကို အဆင်မပြေပဲ နည်းစနစ်ကို နည်းနည်းလေးမှ အာရုံခံနိုင်စွမ်း မရှိခဲ့ပါဘူး။

လင်းဟန်ကလည်း ရှုပ်ထွေးနေပါတယ်။ သူ့ရဲ့ ဒန်တန်ထဲမှာ နတ်ဆိုးစွမ်းအား အရင်းအမြစ်က ထူးခြားဆန်းကြယ်တဲ့

စွမ်းအားတချို့ကို ထုတ်ဖော်ပေးပြီး ပြဿနာ တချို့နဲ့ အတားအဆီးတွေကို ကျော်လွှားစေနိုင်ခဲ့ပါတယ်။

ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ သက်ဆိုင်ရာ မူလဇစ်မြစ်အဆင့် စည်းမျဉ်းဥပဒေသတွေ ဖြစ်ပါတယ်။

လင်းဟာန်အတွက်တော့ သူကိုယ်တိုင် ဒီနည်းစနစ်ကို နားလည်သဘောပေါက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ နတ်ဆိုးစွမ်းအင် အရင်းအမြစ်ရဲ့ ကူညီထောက်ပံ့ပေးမှုနဲ့ သူက လျင်မြန်မှ နည်းစနစ်ကို ဖြည်းဖြည်းချင်း ကျွမ်းကျင်လာခဲ့ပါတယ်။ သူ့ရဲ့ ဦးနှောက်ထဲကို ဖြည်းညင်းစွာ ဖိအားပေးပြီး နားလည်သဘောပေါက်စေသလိုမျိုးနဲ့ တူပါတယ်။

ဒါကြောင့် သီအိုရီက သူ့မှာ ဒီနည်းစနစ်ကို လေ့ကျင့်ဖို့ စွမ်းရည် ကင်းမဲ့နေပါတယ်။ ဒါပေမဲ့လည်း မိုးကောင်းကင်က သူ့ကို ကူညီပေးခဲ့ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို မကောင်းဆိုးဝါး အရှင်သခင် အနားယူသွားတဲ့ ကျောက်စိမ်းသေတ္တာကို ရရှိခဲ့ပါတယ်။ သူ့ရဲ့ အနက်ရောင် မျှော်စင်ကလည်း မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အဆီအနှစ်တွေကို ဖိနှိပ်ထိန်းချုပ် နိုင်ပြီးတော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ပိုပြီးတော့

ကျင့်ကြံအားထုတ် နိုင်ခဲ့ပါတယ်။ ဒီအချက်တွေ အားလုံးကြောင့် သူ့ကို အောင်မြင်စေနိုင်တာ ဖြစ်ပါတယ်။

ဒါတောင်မှ လင်းဟန်ရဲ့ တိုးတက်မှုက အတော်လေးကို နေးကွေးနေပါသေးတယ်။

လင်းဟန်က သူ့ဓားကို သူ့လက်နဲ့ ကိုင်ထားတဲ့ အချိန်မှာ အရမ်းကို သက်သောင့်သက်သာ မရှိသလို ခံစားရပါတယ်။ သူ့လက်တွေ ခြေထောက်နဲ့ ခါးတွေ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်က အစိတ်အပိုင်းတွေ အားလုံးပဲ ပုံပျက်ရွဲ့စောင်းသလို ခံစားရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနည်းစနစ်က ထူးဆန်းတယ် ဆိုတာကို ခံစားလို့ ရနိုင်ပါတယ်။

သူက ဒီပြဿနာတွေကို ဖြည်းညင်းစွာ ကျော်လွှားခဲ့ပြီး သူ့ရဲ့ ဓားအမြန်နှုန်းက ပိုပိုပြီးတော့ လျင်မြန်လာပါတယ်။

ဒါပေမဲ့လည်း သူ့ဓားပိုပြီးတော့ လျင်မြန်လာလေ သူ့ခန္ဓာကိုယ်ပေါ်မှာ ပိုပြီးတော့ ဂန့်ထုပ်ဂန့်ပိုး ဖြစ်လေပါပဲ။ သူထုတ်ဖော်လိုက်တဲ့ ဓားချက်တိုင်းမှာ သူ့ရဲ့ နတ်ဘုရားအရိုးတွေက အက်ကွဲလာပါတယ်။ တကယ်လို့ စွေ့ရန်ယွီသာ ဒီလိုမျိုး လေ့ကျင့်မယ်ဆိုရင် သူမရဲ့ အရိုးတွေ အားလုံးက သေချာပေါက် ကြေမွသွားပါလိမ့်မယ်။

"အရမ်းကို မြန်တာပဲ"

စွေ့ရန်ယွီက လင်းဟန်ရဲ့ တိုးတက်မှုကို မျက်မြင်ကြုံတွေ့ခဲ့ပါတယ်။ သူ့ဓားချက်ရဲ့ အမြန်နှုန်းက တစ်ရက်ထက် တစ်ရက် ပိုပြီးတော့ လျှင်မြန်လာခဲ့ပါတယ်။ အစပိုင်းမှာ သူမက လင်းဟန်ရဲ့ ဓားအလင်းရောင်ကို မျက်လုံးနဲ့ နောက်ကနေ မြင်နိုင်ပါသေးတယ်။ ဒါပေမဲ့လည်း အခုတော့ သူမက ဓားအလင်းရောင်နောက်ကို မလိုက်ကြည့်နိုင်တော့ပါဘူး။

သူ့လက်လှုပ်ရှားလိုက်တာနဲ့ ချက်ချင်းပဲ သူ့ပစ်မှတ်ဆီကို ရောက်သွားပါလိမ့်မယ်။

အဲဒါက ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းလောက်အောင် လျှင်မြန်လဲဆိုတာ သိသာစေပါတယ်။

"သူ့ကို ပြိုင်ဘက်ကင်း ဓားသူတော်စင်လို့ ခေါ်တာ အံ့သြစရာ မရှိတော့ဘူး။ ဒီလိုမျိုး ဓားသိုင်းနည်းစနစ်က တကယ့်ကို သဘာဝ တရားကြီးနဲ့ ဆန့်ကျင်နေတာပဲ"

"ဒါက ပုံစံလေးမျိုး ဓားသိုင်းထဲက တစ်ခုပဲ ရှိသေးတယ်။ အနေးနည်းစနစ်၊ ဖရိုဖရဲ နည်းစနစ်နဲ့ တည်ငြိမ်မှု နည်းစနစ်တွေက ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ"

လင်းဟန်ရဲ့ စွေ့ရန်ယွိတို့ နှစ်ယောက်စလုံး အရမ်းကို စိတ်ဝင်စားမိပါတယ်။

တစ်လလောက် လေ့ကျင့်ပြီးတဲ့ နောက်မှာ လင်းဟန်က လျင်မြန်မှု နည်းစနစ်ထဲ အောင်မြင်မှု အနည်းငယ် ရရှိခဲ့ပါတယ်။ တချိန်တည်းမှာပဲ သူက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အလယ်ပိုင်း အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး နတ်ဆိုးချီ အရင်းအမြစ်ကို ကျေးဇူးတင်ရပါလိမ့်မယ်။ ဒ့ါအပြင် သူက မှော်ဆေးပညာကိုလည်း အချိန်တချို့ပေးပြီးတော့ လေ့ကျင့်ခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ကောင်းကင်ဘုံ ပုလဲဆေးလုံးကို အောင်မြင်စွာနဲ့ ဖော်စပ်နိုင်ခဲ့ပါတယ်။

"ကဲ ပင်လယ်ဓားပြ တချို့ကို သွားသတ်ကြစို့"

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်တယ်။ ဓားသိုင်းနည်းစနစ်ကို ကျွမ်းကျင်လာပြီးတဲ့ နောက်မှာ သူက တိုက်ပွဲမှာ ကျွမ်းကျင်မှု တိုးတက်လာဖို့ လိုပါတယ်။

သူတို့က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို စီးနင်းလာပါတယ်။ နေလအဆင့် လက်ရွေးစင်တွေ ရောက်လာမှာကိုတောင် မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိမ်ထိုးဖောက်ခြင်း

လွန်းပျံက သူတို့အတွက် ထွက်ပြေးလွတ်မြောက်နိုင်တဲ့အထိ လျင်မြန်ပါတယ်။

ကြယ်ပင်လယ်ထဲက ပြောင်းလဲမှုက ယန်ကလန်ရဲ့ စီးပွားရေး လုပ်ငန်းကို အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။ ဆန့်ကျင်ဘက် အနေနဲ့ သူတို့ရဲ့ လုပ်ငန်းတွေတောင် ပိုပြီးတော့ တိုးတက်လာ ခဲ့ပါတယ်။ အရမ်းကို ပြင်းထန်တဲ့ ဆွဲငင်အား နယ်မြေပျောက်ကွယ်သွားတဲ့ နောက်မှာ ကြယ်ပင်လယ်ကို လာပြီးတော့ ရတနာရှာဖွေတဲ့ လူအရေအတွက်က ပိုပိုပြီးတော့ များလာခဲ့ ပါတယ်။

အတိတ်တုန်းက သူတို့ဟာ ပင်လယ်ထဲကို ငုပ်ချင်တယ်ဆိုရင် အနည်းဆုံး တောင်မြစ်အဆင့်မှာ ရှိရပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်နဲ့ ကောင်းကင်အဆင့် ရှိတဲ့ လူတွေတောင် ပင်လယ်ထဲကို ငုပ်နိုင်စွမ်း ရှိနေပါပြီ။ သူတို့အတွက် ပင်လယ်အနက် မီတာ သုံးထောင်က လုံးဝကို အန္တရာယ် မရှိပါဘူး။ ပင်လယ်ထဲက မိစ္ဆာသားရဲတွေကတော့ ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေပါသေးတယ်။ တကယ်လို့ လူတစ်ယောက်က ရတနာတွေ ရှာဖွေနေတဲ့ အချိန်အတွင်းမှာ

မိစ္ဆာသားရဲ တစ်ကောင်ရဲ့ ပါးစပ်ထဲ သေသွားခဲ့မယ်ဆိုရင် သူတို့ရဲ့ ကံကြမ္မာဆိုးကို အပြစ်ပုံချလို့ပဲ ရနိုင်ပါလိမ့်မယ်။

မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အနှောင့်အယှက်ပေးမှု မရှိပဲနဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံက သူ့ရဲ့အထွတ်အထိပ်ကို ထုတ်ဖော်နိုင်စွမ်း ရှိပါတယ်။ တကယ်လို့ သူတို့က ပင်လယ်တစ်ခုလုံး လည်ပတ်ချင်တယ်ဆိုရင် အများဆုံး တစ်ရက်လောက်ပဲ အချိန်ယူရပါလိမ့်မယ်။

ပင်လယ်ထဲမှာ လေ့ပျက်ပြီးတဲ့ မျောလွင့်နေတဲ့ ရက်တွေအတွင်းမှာ လင်းဟန်က ယန်ထိုက်ချန်ဆီကနေ ယန်ကလန်ရဲ့ ပင်လယ်ဆိပ်ကမ်းတွေနဲ့ ပတ်သက်ပြီး အတော်လေး သင်ယူလေ့လာခဲ့ပါတယ်။ ဒါကြောင့် သူက အခုချိန်မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ဆိပ်ကမ်းတွေဆီ တိတိကျကျ မောင်းနှင်နိုင်ပါပြီ။

“ဟိုမှာပဲ”

သူက လွန်းပျံကို ပြင်းပြင်းထန်ထန် တိုက်ပွဲတစ်ခု ဖြစ်နေတဲ့ သင်္ဘောကြီး တစ်စင်း အနားကို ချဉ်းကပ်မောင်းနှင် လိုက်ပါတယ်။

ဒါက ယန်ကလန် ပိုင်ဆိုင်ထားတဲ့ သင်္ဘောကြီး တစ်စင်းဖြစ်ပြီးတော့ နေလအဆင့် လက်ရွေးစင် တစ်ယောက်က စောင့်ကြပ်လိုက်ပါလာခဲ့ပါတယ်။ ဒါကြောင့် ပင်လယ်ဓားပြတွေကလည်း ကျင့်ကြံခြင်း အဆင့်တူတဲ့ လက်ရွေးစင် တစ်ယောက်ကို စေလွှတ်ထားခဲ့ပါတယ်။ အခုချိန်မှာ သူတို့က ပင်လယ်မျက်နှာပြင်ပေါ်မှာ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို တိုက်ခိုက်ယှဉ်ပြိုင် နေပါတယ်။

အရင်တုန်းကတော့ ဒီလိုတိုက်ခိုက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ပြင်းထန်တဲ့ ဆွဲငင်အား နယ်မြေမရှိတော့တာကြောင့် နေလအဆင့် လက်ရွေးစင်တွေ အနေနဲ့ ပင်လယ်ပြင်မှာ လမ်းလျှောက်ပြီး ကူးဖြတ်ဖို့ဆိုတာ ဘယ်လောက်ခက်ခဲမှာလဲ။ တကယ်လို့ သူတို့က အဆင့်တစ်ဆင့် ပိုပြီးတော့ မြင့်မားမယ်ဆိုရင် မိုးကောင်းကင်ပေါ်မှာတောင် ပျံသန်းနိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟန်က လွန်းပျံကို သိမ်းဆည်းလိုက်ပြီး စွေ့ရန်ယွီနဲ့အတူ တိုက်ပွဲထဲကို ဝင်လာခဲ့ပြီးတော့ သူတို့နှစ်ယောက်စလုံးက ပင်လယ်ဓားပြတွေဆီကို ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေနဲ့ တိုက်ခိုက်လိုက်ပါတယ်။

တိုက်ပွဲက အရမ်းကို ပြင်းထန်ပြီး ဂရုန်းသုန်းကား ဖြစ်နေတာကြောင့် မိုးကောင်းကင်ပေါ်ကနေ ဆင်းသက်လာတဲ့ အချိန်မှာ လက်ရွေးစင်တွေရဲ့ အာရုံစိုက်ခြင်းကို မခံရပဲ လူအနည်းစုရဲ့ အာရုံစိုက်မှုကိုပဲ ခံခဲ့ရပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ပါတယ်။ ဒါကြောင့် ဘယ်ဘက်ကပဲပါပါ ကိစ္စမရှိပဲ သူတို့ကို အလွယ်တကူနဲ့ သတ်ပစ်နိုင် ပါလိမ့်မယ်။

"သေစမ်း ကောင်စုတ်လေး"

ပင်လယ်ဓားပြ တစ်ယောက်က သူ့ရဲ့ ဆေဘာဓားကို ဝှေ့ယမ်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လာပါတယ်။ သူက ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်အဆင့်ရှိ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက နည်းနည်းမှ မကြောက်ပဲ တစ်ဟုန်ထိုး ပြေးဝင်လာပြီး သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် အားသာချက် အပေါ်မှာ အရမ်းကို ယုံကြည်မှု ရှိနေပြီးတော့ လင်းဟာန်ကို အလွယ်တကူနဲ့ ချေမှုန်းပစ်နိုင်မယ်လို့ ယုံကြည်နေပါတယ်။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ လျင်မြန်မှု နည်းစနစ်ကို အသက်သွင်း လိုက်ပါတယ်။

ပင်လယ်ဓားပြက သူ့ဆေဘာဓားကို ဝှေ့ယမ်းရင်း သူ့လက်မောင်းက သူ့ခန္ဓာကိုယ်ကနေ ပြတ်သွားတာကို အံ့အားသင့်စရာ ကောင်းလောက်အောင် သိလိုက်ရပါတယ်။ အဲဒီနောက် သူ့ခန္ဓာကိုယ်က အစိတ်စိတ် အပိုင်းပိုင်း ပြတ်သွားတာကို တွေ့မြင်လိုက်ရပြီး တစ်စက္ကန့်ရဲ့ အစိတ်အပိုင်း တစ်ခုမှာပဲ ခန္ဓာကိုယ်က အစိတ်စိတ် အပိုင်းပိုင်း ပြတ်တောက်သွားခဲ့ပါတယ်။

သူ့စိတ်ထဲမှာ ဘယ်လိုလုပ်ပြီးတော့ ငါ့ကိုယ်ငါ အစိတ်စိတ် အပိုင်းပိုင်း ပြတ်ထွက်နေတာကို တွေ့မြင်နေရတာလဲ။ ငါက ခေါင်းပြတ်သွားတာများ ဖြစ်နိုင်မလား။ ဘယ်အချိန်တုန်းက ဖြစ်သွားတာလဲ။ သူလုပ်ရှားလိုက်တာကိုလည်း ငါမမြင်မိပါဘူး။

ဒါက ပင်လယ်ဓားပြရဲ့ စိတ်ထဲမှာ ဖြစ်ပျက်သွားတဲ့ နောက်ဆုံးအတွေးတွေ ဖြစ်ပါတယ်။

Chapter 1043 end

အပိုင်း(1044) လျှင်မြန်မှု နည်းစနစ်ရဲ့ အစွမ်း

ဒီလိုမျိုး တိုက်ကွက်ဖလှယ်မှု တစ်ခုက အာရုံစိုက် သိပ်မခံရပါဘူး။ တကယ်တော့ တိုက်ပွဲက တကယ့်ကို ဂရုန်းသုန်းကား ဖြစ်နေပြီး သူတို့ရဲ့ အဆင့်တွေက နိမ့်ကျနေပါတယ်။

လင်းဟန်က အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။

သူ့ပြိုင်ဘက်ကို ပထမတိုက်ခိုက်မှု ထုတ်ဖော်ပြီးတဲ့နောက်မှာ တစ်ချက်တည်းနဲ့ သတ်ပစ်နိုင် ခဲ့ပါတယ်။ အချိန်ကုန်တာ အရမ်းကို တိုတောင်းသွားတယ်လို့ သူခံစားလိုက်ရပါတယ်။ ဒါကြောင့် သူက တိုက်ခိုက်မှုတွေ ပိုပြီးတော့ ထုတ်ဖော်လိုက်တဲ့ အခါမှာ တချို့ကို ဘက်ဘက် တချို့ကို ညာဘက်ကို တိုက်ခိုက်လိုက်ပေမဲ့ တစ်ချက်တည်းပဲ တိုက်ခိုက်လိုက်သလိုမျိုး ထင်ရပါတယ်။ အမှန်တကယ်တော့ သူက စုစုပေါင်း တိုက်ခိုက်မှု ဆယ့်တစ်ခုကို ထုတ်ဖော်ခဲ့တာ ဖြစ်ပါတယ်။

ငါဒီထက်ပိုပြီးတော့ မြန်နိုင်သေးတယ်။ လင်းဟန်က သူ့စိတ်ထဲကနေ ပြောလိုက်တယ်။

နောက်ထပ် ပင်လယ်ဓားပြ တစ်ယောက်က တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ အော်ဟစ်လိုက် ပါတယ်။

"ကောင်စုတ်လေး သေစမ်း"

သူက ပြင်းထန်အဆင့်မြင်ရဲ့ အစောပိုင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က ပင်လယ်ဓားပြကို သူ့ဓားနဲ့ ခုတ်ချလိုက်ပါတယ်။

ဖူး။

လေထဲမှာ သွေးတွေပျံ့နှံ့သွားပြီး ပင်လယ်ဓားပြက ချက်ချင်းဆိုသလို အသားတွေ ခုတ်ဖြတ်ခံ လိုက်ရပါတယ်။

ဘာလဲဟ။

အပေါင်းအသင်းနှစ်ယောက် တစ်ချက်တည်းနဲ့ အသတ်ခံလိုက်ရတာကို တွေ့မြင်ပြီးတဲ့ နောက်မှာတော့ အနီးအနားမှာရှိတဲ့ ပင်လယ်ဓားပြတွေက လင်းဟန်ကို သတိပြုမိလာခဲ့ကြပါတယ်။ လူငါးယောက်က ချက်ချင်းပဲ လှွားခနဲ ခုန်ဝင်လာပြီး သူတို့ထဲက တစ်ယောက်ဟာ ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိပြီးတော့ နှစ်ယောက်က ပြင်းထန်အဆင့်မြင့်ရဲ့ အစောပိုင်း အဆင့်မှာ ရှိပြီးတော့ ကျန်တဲ့နှစ်ယောက်က ပြင်းထန် အလယ်အလတ်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။

"ဒီမှာ လူငါးယောက်ရှိတယ်။ တစ်ယောက်က ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်မှာတောင် ရောက်နေပြီ"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် ပင်လယ်ဓားပြ တစ်ယောက်တည်းကိုပဲ သူက ထိန်းထားနိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း နောက်ထပ် ပင်လယ်ဓားပြ လေးယောက် ရှိနေပါသေးတယ်။ ဒါကြောင့် သူ့ရဲ့လုံခြုံမှုကို ခြိမ်းခြောက်ဖို့ လုံလောက်ပါတယ်။

ဟုတ်ပါတယ်။ အဲဒါက လျင်မြန်မှု နည်းစနစ်ကို ထည့်မတွက်ပဲ စဉ်းစားထားခြင်း ဖြစ်ပါတယ်။

ပင်လယ်ဓားပြ ငါးယောက်က သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်တယ်။

"ကောင်စုတ်လေး မင်းဘယ်ကနေ လာတာလဲ။ မင်းက တကယ်ပဲ ငါတို့ကိစ္စမှာ ဝင်ရှုပ်ရဲတယ်ပေါ့"

"ဟီးဟီး ဒီမိန်းကလေးက နတ်သမီးလေး တစ်ပါးလို ချောမောလှပလိုက်တာ"

"နတ်သမီးလေးလို လှပတယ် ဟုတ်လား။ သူမရဲ့ အလှအပက လုံးဂကို ညှို့ယူဖမ်းစား နိုင်လွန်းတယ်"

"ဒီကောင်စုတ်လေးကို သတ်ပြီးတော့ မိန်းမလှလေးကို ဖမ်းကြမယ်။ ငါတို့ သူမနဲ့ ပျော်စရာ နည်းနည်းလေး လုပ်လို့ရတာပေါ့"

"သေချာတာပေါ့"

ပင်လယ်ဓားပြ ငါးယောက်က လင်းဟာန်ဆီကို အတူတကွ တစ်ဟုန်ထိုး ပြေးဂင်လာခဲ့ ကြပါတယ်။

"လူငါးယောက် ဟင့်။ ဒါက စိန်ခေါ်မှု နည်းနည်းလေးပါပဲ"

လင်းဟာန်က သူ့ဓားကို ဝှေ့ယမ်းလိုက်ပါတယ်။

ရှပ် ရှပ် ရှပ်။

ဓားအလင်းတန်းတွေက သူတို့ရဲ့ မျက်လုံးနဲ့တောင်မှ လိုက်လို့မမီအောင် အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းတစ်ခုနဲ့ လက်သွားခဲ့ပါတယ်။

လင်းဟာန်က သူ့ဓားကို ဓားအိမ်ထဲ ထည့်ထားပြီး တိုက်ခိုက်မှု တစ်ခုကိုတောင် မထုတ်ဖော်ခဲ့တဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

ဝုန်း ဝုန်း ဝုန်း ဝုန်း။

ပင်လယ်ဓားပြ ငါးယောက်ထဲက လေးယောက် လဲပြိုကျသွားပြီး ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်မှာရှိတဲ့ ပင်လယ်ဓားပြ တစ်ယောက်ပဲ အသက်ရှင်လျက်နဲ့ ရပ်နေပါတယ်။ ဒါပေမဲ့လည်း သူ့လည်ပင်းပေါ်မှာ နက်ရှိုင်းတဲ့ ပြတ်ရှရာတစ်ခု ရှိနေပြီး သူက ခေါင်းဖြတ်ခံရမဲ့ ဘေးကနေ သီသီလေး လွတ်သွားတယ်ဆိုတာ ထင်ရှားပါတယ်။

ပင်လယ်ဓားပြရဲ့ နှလုံးသားထဲမှာ အေးစိမ့်တင်းကျပ်မှု တစ်ခု ကျန်နေခဲ့ပါတယ်။ သူက တကယ်ပဲ ဓားအလင်းတန်းကို သတိမပြုမိခဲ့ပဲ သူ့ရဲ့ မူလစွမ်းအင်ကို အန္တရာယ်အငွေ့အသက်တစ်ခု ချဉ်းကပ်လာတာ အာရုံခံမိပြီးတဲ့နောက်မှ လည်ပင်းကို သူ့လက်နဲ့ ကာကွယ်ဖို့ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ အဲဒါက သူ့အသက်ကို ကယ်တင်ခဲ့တာ ဖြစ်ပေမဲ့ သူ့လက်ချောင်း ငါးချောင်းထဲက လေးချောင်းကတော့ လှီးဖြတ်ခံလိုက် ရပါတယ်။

ဒီကျင့်ကြံသူက အရမ်းကို ကြောက်စရာ ကောင်းတာပဲ။ သူက ဘယ်လိုဓားသိုင်းကို အသုံးပြုတာလဲ။ အဲဒါက အသံတောင် မထွက်ပဲ လူတစ်ယောက်ကို သတ်ပစ်နိုင်တယ်။

တစ်ခုသတိပြုရမှာက ပင်လယ်ဓားပြ ငါးယောက်စလုံးက လင်းဟန်ထက် ကျင့်ကြံခြင်းအဆင့် မြင့်မားကြပါတယ်။ နောက်ပြီး

ကျန်နေတဲ့ ပင်လယ်ဓားပြဆိုရင် လင်းဟန်ထက် အဆင့်သေး တစ်ခုလုံးတောင် မြင့်မားပါတယ်။ ဒါပေမဲ့လည်း ပင်လယ်ဓားပြ ငါးယောက်ထဲက လေးယောက်က တစ်ချက်တည်းနဲ့ ချေမှုန်းခံလိုက်ရပြီး ကျန်နေတဲ့ ပင်လယ်ဓားပြက လက်ချောင်းလေးချောင်းလုံး ဖြတ်ခံလိုက်ရပါတယ်။ နောက်ပြီး လည်ပင်းတောင် ပြတ်လုနီးပါး ခုတ်ချက်တစ်ခု ရှိနေပါတယ်။

ဒီကောင်စုတ်လေးက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်လား။ မဟုတ်ဘူး မဟုတ်သေးဘူး။ တကယ်လို့ သူက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်ဆိုရင်တောင် သူ့တိုက်ပွဲစွမ်းရည်က ငါနဲ့အတူတူလောက်ပဲ ရှိလိမ့်မယ်။ ဘယ်လိုလုပ်ပြီး သူက တစ်ချက်တည်းနဲ့ သတ်နိုင်လုနီးပါး ဖြစ်သွားနိုင်မှာလဲ။

လင်းဟန်ရဲ့ လက်က အနည်းငယ် တဆတ်ဆတ် တုန်နေပြီး သူ့ရဲ့ အသက်ရှူသံကလည်း အနည်းငယ် မူမမှန်ဖြစ်နေပါတယ်။ သူ့ခန္ဓာကိုယ်ထဲက မူလစွမ်းအင်တွေလည်း လုံးဝကို ဂရုန်းသုန်းကားနဲ့ ရှုပ်ထွေးနေပါတယ်။

လျှင်မြန်မှု နည်းစနစ်ရဲ့ ခြားနားတဲ့ ပုံပန်းသွင်ပြင်က စည်းမျဉ်းကန့်သတ်ချက်ကို ဖျက်ဆီးပစ်နိုင်ပြီး လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်ထက် သာလွန်တဲ့ အမြန်နှုန်း တစ်ခုကို

ထုတ်ဖော်နိုင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းကန့်သတ်မှုတွေကလည်း အသုံးပြုသူရဲ့ ခန္ဓာကိုယ်အပေါ် ပြင်းပြင်းထန်ထန် သက်ရောက်မှု ရှိပါလိမ့်မယ်။

"နီးပါးပဲ"

လင်းဟာန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူက စောစောတုန်းက ဓားချက်ငါးချက်ကို ထုတ်ဖော်ခဲ့ပြီး သူ့ရဲ့ဆန္ဒက ပင်လယ်ဓားပြ ငါးယောက်စလုံးကို သတ်ပစ်ဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့ကို အံ့အားသင့်သွားစေခဲ့တာက ပင်လယ်ဓားပြတွေထဲက တစ်ယောက်ဟာ အသက်ရှင်လျက် ရှိနေပါသေးတယ်။

သူက အသက်ကို မှန်မှန်ရှူပြီးတော့ လျှင်မြန်မှု နည်းစနစ်ကို နောက်တစ်ကြိမ် ထုတ်ဖော်ပြီး နောက်ဆုံးကျန်နေတဲ့ ပင်လယ်ဓားပြကို ပစ်မှတ်ထားလိုက်ပါတယ်။

ပင်လယ်ဓားပြက ထိတ်လန့်တုန်လှုပ်သွားပြီးတော့ သူ့ရဲ့မူလစွမ်းအင်ကို အသုံးပြုပြီး သူ့ခန္ဓာကိုယ် အပေါ်က အားနည်းတဲ့ နေရာတွေကို ကာကွယ်ဖို့ အသုံးပြုလိုက်ပါတယ်။

လင်းဟန်ရဲ့ တိုက်ခိုက်မှုက ဘယ်နေရာကို ကျရောက်လာမယ်ဆိုတာကို သူလုံးဝကို မသိပါဘူး။

ပြဿနာက သူ့ရဲ့ မူလစွမ်းအင်ကို ပျံ့နှံ့ပြီးတော့ ခုခံဖို့ လိုအပ်တဲ့ နေရာက အရမ်းကို ကြီးမားကျယ်ပြန့်ပြီး သေကွင်းသေကွက် နေရာတချို့ကိုပဲ ဖုံးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူ့ရဲ့ တိုက်ခိုက်မှုတွေကို သေကွင်းသေကွက် နေရာတစ်ခုတည်း အပေါ်မှာပဲ အာရုံစိုက်နိုင်ပြီး ပင်လယ်ဓားပြရဲ့ အားနည်းတဲ့ ခုခံမှုက လုံးဝကို အသုံးမဝင်ခဲ့ပါဘူး။

ထန် ထန် ထန် ထန်။

လင်းဟန်ရဲ့ ဓားအမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် လျှင်မြန်လွန်းပါတယ်။ ဘယ်လောက် မယုံနိုင်စရာ ကောင်းလောက်အောင် လျှင်မြန်သလဲ။ ပင်လယ်ဓားပြရဲ့ မူလစွမ်းအင် ဒိုင်းကာက တိုက်ခိုက်မှု နှစ်ခုကို ခံယူပြီးတဲ့နောက်မှာ ပျက်စီးသွားတဲ့အထိ အရမ်းကို လျှင်မြန်ပါတယ်။ နောက်ပြီးတော့ ဒီဒိုင်းက ပြန်စုစည်းဖို့ အချိန်လိုအပ်ပြီး လင်းဟန်ရဲ့ ဓားချက်တွေရဲ့ အမြန်နှုန်းက ပင်လယ်ဓားပြရဲ့ မူလစွမ်းအင် ဒိုင်းကာ ပြန်ပြီးတော့ တပ်ဆင်ဖို့ လိုအပ်တဲ့ အချိန်ထက် ပိုမြန်လွန်းပါတယ်။

ပင်လယ်ဓားပြက အသက်ရှူချိန် သုံးရိုက်စာလောက် နောက်ကျသွားပါတယ်။ သွေးတွေက နေရာအနှံ့ ပန်းထွက်သွားပြီး ပင်လယ်ဓားပြက သူ့ရင်ဘတ်ကို မယုံကြည်နိုင်စွာနဲ့ စိုက်ကြည့်လိုက် မိပါတယ်။ သူ့နှလုံးသားက ထိုးဖောက်ခံလိုက်ရပြီး သူ့ဒန်တန်လည်း ပျက်စီးသွားခဲ့ပါတယ်။

ထန်။

ပင်လယ်ဓားပြက လဲပြိုကျသွားပြီး နောက်တစ်ကြိမ် ဘယ်တော့မှ ပြန်မနိုးထလာတော့ပါဘူး။

အဲဒီအချိန်အတွင်းမှာ လင်းဟန်က အမောတကော ဖြစ်နေပါတယ်။ လျှင်မြန်မှု နည်းစနစ်က လူတစ်ယောက်ရဲ့ မူလစွမ်းအင်နဲ့ သက်လုံအပေါ်မှာ အရမ်းကို ခက်ခဲပင်ပန်းစေပါတ်။ နောက်ပြီး လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အရမ်းပဲ ထိခိုက်စေပါတယ်။ ဒါကြောင့် ဘယ်သူမဆို အသုံးပြုရင် ကြီးမားတဲ့ ဂန်ထုပ်ဂန်ပိုး တစ်ခုကို ထမ်းရပါလိမ့်မယ်။

"ကောင်စုတ်လေး"

နောက်ထပ်ပင်လယ်ဓားပြ တစ်ယောက်က လှားခနဲ ခုန်ဝင်လာခဲ့ပါတယ်။ သူကတော့ တောင်မြစ်အဆင့်

ပြီးပြည့်စုံခြင်းမှာ ရှိပါတယ်။ သူ့ဆံပင်တွေက ရှုပ်ထွေးနေပြီး သူ့မျက်နှာက ပြည့်ပြည့်ဖောင်းဖောင်းနဲ့ အသားလုံးကြီး တစ်ခုလိုပါပဲ။ သူကိုင်ထားတဲ့ ဓားမကလည်း ကြီးမားပြီး သူ့ကို ကြည့်လိုက်ရင် တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက်နဲ့ ဘယ်နေရာမှာမှ မတူညီပါဘူး။ အဲဒီအစား ယုတ်မာတဲ့ သားသတ်သမား တစ်ယောက်နဲ့ တူပါတယ်။

ပင်လယ်ဓားပြက နတ်ဘုရား သင်္ကေတတွေ တလက်လက် တောက်ပနေတဲ့ ဓားသွားတစ်ခုကို လက်နှစ်ဖက်နဲ့ ကိုင်ပြီးတော့ လင်းဟန်ကို ဝှေ့ယမ်းပြီး ခုတ်ချလိုက်ပါတယ်။ နတ်ဘုရား သင်္ကေတတွေက တလက်လက်တောက်ပပြီး ဓားမကြီးရဲ့ လမ်းကြောင်း တစ်စွန်းတစ်စမျှ ကျန်ရှိတဲ့ လက္ခဏာမျိုး မတွေ့ရပါဘူး။

ပြီးပြည့်စုံခြင်း အဆင့်လား။

လင်းဟန်ရဲ့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ကို စမ်းသပ်ဖို့ အချိန်ကျရောက်လို့ လာပါပြီ။ သူက အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပြီး လျှင်မြန်မှု နည်းစနစ်ကို အသက်သွင်းကာ တိုက်ခိုက်မှုတွေကို တရစပ် ထုတ်ဖော်လိုက်ပါတယ်။

အမြန်နန်းနဲ့ ပတ်သက်ရင် လျှင်မြန်မှု နည်းစနစ်က ကမ္ဘာကြီးထဲမှာ အလျင်မြန်ဆုံး ဖြစ်ပါလိမ့်မယ်။ အနည်းဆုံးတော့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတဲ့ ဘယ်တန်ခိုးရှင်မှ လင်းဟန်ကို အမြန်နန်းနဲ့ ပတ်သက်ရင် အနိုင်ယူနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ဆံပင်တွေ ဖိုသီဖတ်သီဖြစ်နေတဲ့ ပင်လယ်ဓားပြက တိုက်ခိုက်မှုကနေ ခုခံမှုကို ပြောင်းလဲနိုင်ရုံပဲ တတ်နိုင်ပါတယ်။

သူက သူ့ရဲ့ဓားမကြီးကို သူ့ခန္ဓာကိုယ် ကန့်လန့်အနေအထား ဆုပ်ကိုင်ထားပြီး တိုက်ခိုက်မှု တစ်ဂက်လောက်ကို ကောင်းကောင်းကြီး ကာကွယ်လိုက် နိုင်ပါတယ်။ တချိန်တည်းမှာပဲ သူ့ရဲ့ ခန္ဓာကိုယ်က ထူးဆန်းတဲ့ ရွှေရောင်အလင်းတန်းတစ်ခု တောက်ပပြီး သူ့ရဲ့ ခုခံမှု စွမ်းအားကို အလွန်အမင်း တိုးမြှင့်လိုက်ပါတယ်။

"ဟိတ်"

သူက ခုခံမှုကိုပဲ ဖက်တွယ်မထားပဲ သူ့ဘယ်ဘက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ လင်းဟန်ဆီကို ပြင်းပြင်းထန်ထန် ဇော့ယမ်းပြီး တိုက်ခိုက်လိုက်ပါတယ်။

ပုန်း။

သူတို့နှစ်ယောက်က တိုက်ကွက်တစ်ကွက် ဖလှယ်ခဲ့ပါတယ်။ ပင်လယ်ဓားပြရဲ့ လည်ပင်းမှာ ပြတ်ရှရာတစ်ခု ဖြစ်ပေါ်လာပေမဲ့ အရမ်းကြီး မနက်ပါဘူး။ အဲဒီအချိန်မှာ လင်းဟန်က သူ့ရဲ့ ပခုံးပေါ် ထိမှန်ခံလိုက်ရပြီး အဲဒီအကျိုးဆက်ကြောင့် ချိုင့်သွားခဲ့ပါတယ်။

အမှန်အတိုင်း ပြောရမယ်ဆိုရင် လင်းဟန်က ဒီဖလှယ်မှုမှာ ပိုပြီးတော့ ဒဏ်ရာရခဲ့ပါတယ်။ ဒါပေမဲ့လည်း ပင်လယ်ဓားပြတွေနဲ့ လှေထိုးသားတွေက ဒီတိုက်ကွက်ဖလှယ်မှုကို မျက်မြင်ကြုံတွေ့ လိုက်ရတဲ့ အချိန်မှာ အရမ်းကို အံ့သြသွားကြပါတယ်။

လင်းဟန်က ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အလယ်ပိုင်း အဆင့်မှာပဲ ရှိပြီးတော့ သူ့ပြိုင်ဘက်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အလယ်ပိုင်း အဆင့်မှာ ရှိပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေအကြားမှာ အဆင့်သေး ရှစ်ဆင့်တောင် ကွာခြားပါတယ်။ တကယ်လို့ ပင်လယ်ဓားပြက ပါရမီရှင် တစ်ယောက် မဟုတ်ဘူးဆိုရင်တောင် လင်းဟန်က သူ့ရဲ့အဆင့်ထက် ရှစ်ဆင့်နီးပါး တိုက်ခိုက်နိုင်နေဆဲပါပဲ။

ရှစ်ပွင့်။

ဘယ်သူက ဒါကို ယုံကြည်နိုင်မှာလဲ။ ဘယ်သူကရော ဒါကိုယုံကြည်ဝံ့မှာလဲ။

ပင်လယ်ဓားပြက သူ့လည်ပင်းပေါ်က ပြတ်ရှတာကို ခံစားမိရင်း အံ့အားသင့်သလို ဒေါသလည်း ထွက်သွားပါတယ်။ ပုံစံကြည့်ရတာ သူက အသာစီး ရတယ်လို့ ထင်ရပြီး သူ့ပြိုင်ဘက်ကို ပိုပြီးတော့ ထိခိုက်ဒဏ်ရာ ဖြစ်စေခဲ့ပေမဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုက နည်းနည်းလောက်သာ ပိုပြီးတော့ သန်မာခဲ့ရင် သူ့ရဲ့အသက်ကို နုတ်ယူသွားပါလိမ့်မယ်။

ပင်လယ်ဓားပြရဲ့ ခန္ဓာကိုယ်မှာ အေးစက်တဲ့ ချွေးတွေက ရေခဲရေ လောင်းသလိုမျိုး စိုရွှဲလာပြီး သူက သေမင်းတံခါးဝဆီ လမ်းလျှောက်သွားခဲ့ရသလိုမျိုး ခံစားလိုက် ရပါတယ်။

"ငါ့မင်းကို အသက်ရှင်ခွင့် မပေးနိုင်ဘူး"

သူက အော်ဟစ်လိုက်ပါတယ်။

သူ့ရဲ့ဓားမကြီးက တလက်လက် တောက်ပလာပြီး လင်းဟန်ဆီကို ဇော့ယမ်းလိုက်ပါတယ်။ သူက လင်းဟန် ဒဏ်ရာရပြီး အားနည်းနေတဲ့ အချိန်မှာ သတ်ပစ်ဖို့ စိတ်ကူးထားပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လာမဲ့နှစ်အနည်းငယ် အတွင်းမှာ လင်းဟန်အတွက် သူက ပြိုင်ဘက်မဖြစ်နိုင် တော့ပါဘူး။

ဒါပေမဲ့လည်း သူ့ကို အံ့အားသင့်သွားစေတာက လင်းဟန်ရဲ့ ပခုံးဟာ မယုံနိုင်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ သက်သာပျောက်သွားသွားတာကို သတိပြုမိသွားခဲ့ပါတယ်။

ဖူး။

သူက အရမ်းကို အံ့အားသင့်သွားပြီး သူ့ရဲ့ တိုက်ခိုက်မှုတောင် တုံ့ဆိုင်းသွားခဲ့ပါတယ်။ သူ့ရဲ့ ဦးနှောက်ထဲမှာ မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒီလိုမျိုး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ အံ့အားသင့်စရာကောင်းတဲ့ ပြန်လည်ကုသနိုင်တဲ့ စွမ်းရည်ရှိတဲ့ ဒီကောင်စုတ်လေးက သားရဲတစ်ကောင်များလား။

"နောက်တစ်ကြိမ် လာဦး"

လင်းဟန်က ရယ်မောရင်း ပြောလိုက်တယ်။

ပင်လယ်ဓားပြရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ် ချောက်ချားတဲ့ အရိပ်အယောင်တစ်ခု ဖြတ်သွားပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က လင်းဟန်ထက် ပိုမြင့်မားပြီး သူ့ရဲ့

ခွန်အားကလည်း လင်းဟန်ထက် သာလွန်ပါတယ်။ ဒါပေမဲ့လည်း သူ့နှလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်နေပြီး သူ့မှာ အနိုင်ရဖို့ ယုံကြည်ချက် လုံးဝကို ရှိမနေခဲ့ပါဘူး။

သက်လတ်ပိုင်းအရွယ် ပင်လယ်ဓားပြတစ်ယောက် ပေါ်လာပြီးတော့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

"ဘယ်လောက်တောင် ဘဝင်မြင့်နေတဲ့ ကောင်စုတ်လေး တစ်ယောက်လဲ"

သူက အသားညိုပြီးတော့ သူ့အနောက်မှာ အနီရောင် နေတစ်စင်းရဲ့ ပုံရိပ်တစ်ခု ရှိနေပါတယ်။

နေလအဆင့်။

Chapter 1044 end

အပိုင်း(1045) မျက်နှာကို ဖြတ်ရိုက်ခြင်း

"ဟေ့ ကျီချန်း မင်းရဲ့ပြိုင်ဘက်က ငါပဲ"

ကျယ်လောင်တဲ့ ရယ်သံနဲ့အတူ ခန္ဓာကိုယ်တောင့်တင်းတဲ့ ယောကျာ်းတစ်ယောက်က လင်းဟန်ရဲ့ အရှေ့မှာ ထွက်ပေါ်လာခဲ့ပါတယ်။ သူ့ဘယ်ဘက်လက်က သာမန်ဆိုပေမဲ့

ညာဘက်လက်က အံ့အားသင့်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။ နောက်ပြီးတော့ မှင်ရည်လို မည်းနက်နေပြီး သတ္တုရောင် တလက်လက် တောက်ပလို့ နေပါတယ်။

"ယန်ရှမ် ဒီကောင်လေးက မင်းတို့ ယန်ကလန်ရဲ့ ပါရမီရှင်သစ် တစ်ယောက်လား"

ကျီချန်းလို့ ခေါ်ခံလိုက်ရတဲ့ ပင်လယ်ဓားပြက မေးလိုက်ပါတယ်။ သူ့အသံက မိုးကြိုးပစ်သံအလား ကျယ်လောင်လွန်းပါတယ်။

ယန်ရှမ်က ယန်ကလန်ရဲ့ နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ လင်းဟန်ရဲ့ အရှေ့မှာ ရပ်နေပါတယ်။ သူ့ညာဘက်လက်က သိသိသာသာ ကြီးမားပြီး အဲဒါက သူ့ရဲ့ အံ့အားသင့်စရာကောင်းတဲ့ စွမ်းရည်တွေထဲက တစ်ခုလားဆိုတာကို ဘယ်သူသိမှာလဲ။

"ဟုတ်တယ်ဆိုရင်ရော ဘာဖြစ်လဲ။ မဟုတ်ဘူး ဆိုရင်ရော ဘာဖြစ်လဲ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းနဲ့ ဘာမှမဆိုင်ဘူး"

ယန်ရှမ်က အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူ့ရဲ့ မည်းနက်နေတဲ့ ညာဘက်လက်က အရောင်တောက်ပလာပြီး နတ်ဘုရား သင်္ကေတတွေ ထွက်ပေါ်လာရင်း ကြောက်မက်ဖွယ်ရာ အရှိန်အဝါ

တစ်ခုတောက်ပလို့ လာပြီးတော့ ရှေးဟောင်းပုံရိပ်တစ်ခု ဖြစ်ပေါ်လာပါတယ်။

"ဟင့် ကြည့်ရတာ ငှါခန့်မှန်းချက် မှန်သွားပုံရတယ်"

ကျီချန်းရဲ့ ခန္ဓာကိုယ်ကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာပြီး လင်းဟန်ကို အေးစက်စွာနဲ့ စိုက်ကြည့်နေလိုက်ပါတယ်။

ဒီလူငယ်က အရမ်းကို အန္တရာယ်များပြီးတော့ သူ့ကို အတတ်နိုင်ဆုံး ချေမှုန်းပစ်ရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလူငယ် အရွယ်ရောက် ရင့်ကျက်ပြီး လက်စားချေဖို့အတွက် ပြန်လာရင် သူ့အတွက် နောင်တရဖို့ အရမ်းကို နောက်ကျသွားပါလိမ့်မယ်။

ယန်ရှွမ်က သူ့ညာဘက်လက်ကို မြှောက်ပြီးတော့ ကျီချန်းကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။

"ကြယ်ပင်လယ်ရဲ့ ဆွဲငင်အား နယ်မြေတွေက ပျောက်ကွယ်သွားခဲ့ပြီ။ မင်းတို့ကောင်တွေရဲ့ ရွှေရောင်တောက်ပတဲ့ နေ့ရက်တွေ အဆုံးသတ်သွားပြီပဲ။ သေဖို့ပြင်ထားကြ"

"ဟားဟားဟား အိပ်မက်ဆက်မက်နေလိုက်လေ"

ကျီချန်းက သူ့လက်ကို မြှောက်လိုက်တာနဲ့ လင်းဟာန်ဆီကို ချက်ချင်းပဲ တောက်ပတဲ့ ဓားအလင်းတန်း တစ်ခုက တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

"မင်းလုပ်ရဲလား"

ယန်ရှွမ်က သူ့ညာဘက်လက်ကို အောက်ကိုရိုက်ချ လိုက်ပြီးတော့ သူ့လက်ပေါ်က နတ်ဘုရား သင်္ကေတတွေက ချက်ချင်းပဲ ရှည်လျားတဲ့ ချိန်းကြိုးတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး ကျီချန်းရဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်ဖို့ ပြေးဝင်သွားပါတယ်။

"ရက်စက်ကြမ်းကြုတ်ပြီး လွှမ်းမိုးနိုင်တဲ့ အလင်းလိုင်း"

သူ့ခန္ဓာကိုယ်ကနေ အားလိုင်းတစ်ခု ပန်းထွက်လာပြီး နတ်ဘုရား သင်္ကေတ ချိန်းကြိုးကို ရိုက်ချလိုက်ပြီး တဒင်္ဂခန့် တုံ့ဆိုင်းသွားစေခဲ့ပါတယ်။ ဒီအခွင့်အရေးကို အသုံးချပြီးတော့ ကျီချန်းက လင်းဟာန်ရဲ့ ရင်ဘတ်ကို သူ့ဓားနဲ့ တစ်ဟုန်ထိုး ပြေးဝင်ပြီး ထိုးစိုက်လိုက်ပါတယ်။

ယန်ရှွမ်က ဘာတွေဖြစ်သွားလဲ ဆိုပြီးတော့ အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူက ကျီချန်းနဲ့ အရင်တုန်းက အကြိမ်တော်တော်များများ တိုက်ခိုက်ဖူးပြီး ရက်စက်ကြမ်းကြုတ်ပြီး

လှုမ်းမိုးနိုင်တဲ့ အလင်းလိုင်းက သူ့ရဲ့ ဝှက်ဖဲဆိုတာကို သိထားပါတယ်။ သူက အကန့်အသတ်နဲ့ အသုံးပြုနိုင်တာ ဖြစ်တာကြောင့် ယန်ရှမ်က ကျီချန်း ဒီတိုက်ကွက်ကို ထုတ်ဖော်လိုက်တာနဲ့ မကြာခင်မှာပဲ သူ့ကိုယ်သူ ကာကွယ်လိုက်ပါတယ်။

သူ့ရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေက အရမ်းကို ပေါက်ကွဲထွက် လာခဲ့ပါပြီ။

အဲဒီအချိန်မှာ လင်းဟန်က ယန်ရှမ်နဲ့ လုံးဂကို သူစိမ်းပြင်ပြင် ဖြစ်နေပြီး ယန်ရှမ်ကလည်း လင်းဟန်ဟာ သူ့လှေပေါ်က ခရီးသည်တစ်ယောက် မဟုတ်ဘူးဆိုတာကို သိထားပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ သူ့ကို သူ့ရဲ့ခွန်အားအကုန် ကာကွယ်ပေးနိုင်မှာလဲ။

သူတို့ရဲ့ စွမ်းရည်တွေက လုံးဂကို မတူညီပါဘူး။ ဒါကြောင့် သူတို့ နည်းစနစ်တွေရဲ့ အကျိုးအာနိသင် သက်ရောက်မှုတွေကလည်း လုံးဂကို ကွာခြားပါတယ်။

ကျီချန်းက ယန်ရှမ်ရဲ့ ခုခံမှုကို ချိုးဖျက်ပြီးတော့ လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဂင်သွား ခဲ့ပါတယ်။

တောင်မြစ်အဆင့် ပြင်းထန်အလယ်အလတ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်က ဘယ်လိုလုပ်ပြီး နေလအဆင့် လက်ရွေးစင် တစ်ယောက်ကို တိုက်ခိုက်နိုင်မှာလဲ။ ဒါက ဘယ်လိုမှ ဖြစ်နိုင်ချေ မရှိပါဘူး။ တကယ်လို့ ကျိချန်းက နေလအဆင့် ကနဦးမှာ ရှိရင်တောင်ပေါ့။

ဒီတိုက်ပွဲက တိုက်ကွက်တစ်ကွက်တည်းနဲ့ သေချာပေါက် ပြီးဆုံးသွားပါလိမ့်မယ်။

ဓားက သူ့ပစ်မှတ်ကို ရောက်လာခဲ့ပါတယ်။

ပှမ်း။

ကျိချန်းရဲ့ ဓားက လင်းဟာန်ရဲ့ နှလုံးသားရှိရာ ရင်ဘတ်ကို ထိုးစိုက်သွားပါတယ်။

အဲဒီနောက် အားလုံးက ရပ်တန့်သွားခဲ့ပါတယ်။

ဖြန်း။

ကြွပ်ဆတ်တဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး လင်းဟာန်က ကျိချန်းရဲ့ မျက်နှာကို ပြင်းပြင်းထန်ထန် ဖြတ်ရိုက်လိုက်တာကို အားလုံးက တွေ့မြင်လိုက် ရပါတယ်။

ဒီအသံက တကယ့်ကို ကျယ်လောင်လွန်းပါတယ်။

တိုက်ပွဲတွေ အားလုံးပဲ အဲဒီအချိန်မှာ ရပ်သွားပြီး အားလုံးက လင်းဟန်ကို မျက်လုံးတွေ ပြူးပြီးတော့ လှည့်ကြည့်နေ ကြပါတယ်။ သူတို့ရဲ့ ပါးစပ်တွေ အပေါင်းသား ပွင့်နေပြီး လက်သီး တစ်လုံးတောင် ဝင်ဆန့်နိုင်ပါတယ်။

သောက်ကျိုးနည်း ဘာတွေဖြစ်ကုန်ပြီလဲ။

"ငါ့မျက်လုံးတွေပဲ အမြင်တွေ မှန်ဝါးနေတာလား။ ခေါင်းဆောင် ကျီချန်းက ပါးဖြတ်ရိုက်ခံ လိုက်ရတယ်လို့ ဘာဖြစ်လို့ မြင်နေတာလဲ"

"လဖြတ်ပဲ။ ဒီကောင်စုတ်လေးက ဘယ်သူလဲ။ သူက အရမ်းကို ထူးဆန်းလွန်းတယ်။ သူက တကယ်ပဲ ပင်လယ်ဓားပြတွေရဲ့ ခေါင်းဆောင်ကို ပါးဖြတ်ရိုက်လိုက်တယ်ဟ"

"သူက တကယ်ပဲ တောင်မြစ်အဆင့်မှာရော ဟုတ်ရဲ့လား"

"သူစောစောတုန်းက တိုက်ခိုက်တဲ့ အချိန်တုန်းက တောင်နှစ်လုံးနဲ့ မြစ်တစ်စင်းပဲ ငါမြင်ခဲ့တယ်။ အဲဒါကို ကြည့်ရင် သူက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးဘူး"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ယန်ရှမ်တောင် တံတွေးတွေ သီးပြီးတော့ ချောင်းတစ်ဟွတ်ဟွတ် ဆိုးသွားပြီး လင်းဟန်က တောင်မြစ်အဆင့်မှာပဲ ရှိသေးတယ် ဆိုတာကို လက်မခံနိုင်အောင် ဖြစ်သွားပါတယ်။

လင်းဟန်က သူ့လက်ကို ခါပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားမျက်နှာက တကယ့်ကို အရေခွံထူတာပဲ။ ခင်ဗျားပါးကို ရိုက်လိုက်လို့ ကျုပ်လက်တောင် နာသွားပြီ"

သူက ကျီချန်းကို ပါးရိုက်လိုက်တဲ့ အချိန်မှာ လျင်မြန်မှု နည်းစနစ်ကို အသုံးပြုခဲ့ပါတယ်။ ဆိုလိုတာက သူ့လက်ရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်လွန်း ခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျီချန်းက သူ့ခြားချက်နဲ့ လင်းဟန်ကို တစ်ချက်တည်း သတ်နိုင်လိုက်ပြီလို့ တွေးနေတာကြောင့် လုံးဝကို အမှုမဲ့ အမှတ်မဲ့ ဖြစ်နေပါတယ်။

လူသေတစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ဘယ်သူကများ သူတို့ကိုယ်သူတို့ ကာကွယ်ထား ကြမှာလဲ။

ဒါပေမဲ့လည်း တကယ်ဆို ကျီချန်းက နေလအဆင့်မှာ ရှိပြီးတော့ သူ့အနေနဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကို မရှောင်တိမ်းလိုက်နိုင်ဘူး ဆိုရင်တောင် သူ့မျက်နှာကို မူလစွမ်းအင် တချို့နဲ့ ကာကွယ်နိုင်စွမ်း

ရှိပါတယ်။ ဒါကြောင့် လင်းဟန်က ကျီချန်းကို ပါးရိုက်လိုက်တယ် ဆိုပေမဲ့ သူက ပိုပြီးတော့ နာကျင်သွားရပါတယ်။

ကျီချန်းက အနည်းငယ် မှင်တက်တွေဝေ သွားခဲ့ပါတယ်။ အဲဒီနောက် ဖြူဖပ်ဖြူရော် ဖြစ်နေတဲ့ သူမျက်နှာက ဒေါသကြောင့် နီရဲလာခဲ့ပါတယ်။ အဆုံးမှာတော့ ဒေါသတွေ အရမ်းထွက်ပြီး သူ့မျက်နှာ မည်းမှောင်လာပါတယ်။

လပ္ပွတ်ပဲ။ တကယ်လို့ သူက သံမဏိမျက်နှာ နည်းစနစ်ကို အသုံးပြုမယ်ဆိုရင်တောင် လင်းဟန်ရဲ့ လက်ကို ပျက်စီးသွားစေပြီး မယုံနိုင်စရာကောင်းပြီး မခံချိမခံသာစရာကောင်းတဲ့ မြင်ကွင်းကတော့ ရှိနေပါဦးမယ်။

သူက နေလအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီးတော့ တောင်မြစ်အဆင့် ပုရွက်ဆိတ် တစ်ကောင်ရဲ့ ပါးရိုက်တာကို တကယ်ပဲ ခံခဲ့ရပါတယ်။ ဘယ်လောက်တောင် အရှက်ကွဲလိုက်သလဲ။

ကျီချန်းရဲ့ ဆံပင်တွေ ထောင်သွားပြီး သူက အော်လိုက်ပါတယ်။

"ကောင်စုတ်လေး ငါမင်းကို သတ်ပစ်မယ်"

အခုချိန်မှာ သူ့ရဲ့ တိုက်ခိုက်မှုက လင်းဟန်ကို သတ်ပစ်ဖို့ ကျရှုံးခဲ့ပြီး အဲဒီအစား လင်းဟန်က သူ့ကို ဘာဖြစ်လို့ ပါးရိုက်လိုက်နိုင်လဲ ဆိုတာကို စဉ်းစားဖို့ စိတ်မရှည်တော့ပါဘူး။

အဓိက အချက်က သူပါးရိုက်ခံလိုက်ရတယ်။

သူက ဓားကိုမြှောက်ပြီးတော့ လင်းဟန်ကို ခုတ်ချလိုက်ပါတယ်။

ဒင်။

ယန်ရှမ်က တစ်ဟုန်ထိုး ပြေးဝင်လာပြီးတော့ ကျီချန်းရဲ့ ဓားကို သူ့ရဲ့ အစွမ်းထက်တဲ့ ရောမ ညာဘက်လက်နဲ့ ဖမ်းဆုပ်လိုက်ပါတယ်။

ထန် ထန် ထန်။

စွမ်းအားတွေ ပျံ့နှံ့လာပြီးတော့ လှေရဲ့ပဲ့ဦးက လိုင်းထသွားသလိုမျိုး တအိအိလုပ်သွား ခဲ့ပါတယ်။ လှေပဲ့ဦးမှာ ရှိနေတဲ့ လူတွေက လေထဲကို မြှောက်သွားပြီး ရေထဲပြုတ်ကျကုန်ပါတယ်။

ကံကောင်းတာက ပင်လယ်ပြင်မှာ ထူးခြားတဲ့ ဆွဲငင်အား နယ်မြေတွေ မရှိတော့တာကြောင့် ရေထဲပြုတ်ကျသွားတဲ့ လူတွေက စိုးရိမ်စရာ မလိုပဲ လှေပေါ်ကို ရေကူးပြီးတော့ ပြန်တက်လာလို့ ရပါတယ်။ သူတို့က အလျင်အမြန်ပဲ ရေအထက်မှာ ရပ်တည်နိုင်စွမ်း ရှိကြပါတယ်။

ကျီချန်းရဲ့ ခန္ဓာကိုယ်ကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ မိုးထိအောင် ထိုးတက်လာပြီးတော့ အော်လိုက်ပါတယ်။

"လပြွတ်ပဲ။ ငါမင်းကို ဒီကောင်စုတ်လေးနဲ့အတူ သတ်ပစ်မယ်"

သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်မားလာကတည်းက သူက တခြားသူရဲ့ ပါးရိုက်တာကို ဘယ်တုန်းကမှ မခံရပါဘူး။ တောင်မြစ်အဆင့်က ပုရွက်ဆိတ် တစ်ကောင်ဆို ပြောမနေပါနဲ့။

တကယ်လို့ သူက လင်းဟာန်ကို မသတ်ခဲ့ဘူးဆိုရင် နောက်တစ်ကြိမ် သူ့ခေါင်းမော့ နိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူက လင်းဟာန်ကို သတ်ပစ်နိုင်ရင်တောင် သူက ဟာသလုပ်ခံရမယ် ဆိုတာ သံသယ ရှိစရာမလိုပါဘူး။

"ဟားဟားဟား"

ယန်ရွှမ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ကျီချန်း မင်းပါးရိုက်ခံလိုက်တာကို ဒီနေရာမှာရှိတဲ့ လူတွေအားလုံး မြင်လိုက်တယ်။ မင်းက ဒီမှာရှိနေတဲ့ လူတွေအားလုံးကို သတ်ပစ်ချင်နေတာလား"

သူက ခေါင်းကို ခါပြီးတော့ သူ့ရယ်သံက ပိုပြီးတော့တောင် ကျယ်လောင်လာခဲ့ပါတယ်။

"ငါတကယ်ပဲ မင်းနဲ့အတူ တွေ့ဆုံရတာ စိတ်ပျက်မိတယ်။ မင်းက နေလအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပြီးတော့ တောင်မြစ်အဆင့်က လူတစ်ယောက်ရဲ့ ပါးရိုက်တာကို ခံလိုက်ရတာပဲ"

"မင်းထပ်ပြီးတော့ ပြောရဲသေးလား"

ကျီချန်းက ဒေါသအိုး ပေါက်ကွဲပြီး သူ့ဓားနဲ့ ယန်ရှမ်ကို ဘာမှဂရုမစိုက်ပဲ ခုတ်ချလိုက်ပါတယ်။ သူ့ရဲ့ တိုက်ကွက်တိုင်းက ယန်ရှမ်ရဲ့ အသက်ကို နုတ်ယူဖို့ ရည်ရွယ်ထားပြီး တကယ်လို့ သူက ယန်ရှမ်ကို သတ်ချင်ရင် သူ့အသက်ကိုတောင် စတေးပစ်မယ်ဆိုတဲ့ စိတ်နဲ့ သူသေကိုယ်သေ တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

ယန်ရှမ်က သူ့ကို နောက်ထပ် မစရဲတော့ပါဘူး။ သူက ကျီချန်းနဲ့အတူ သေဖို့ စိတ်မကူးထားပါဘူး။ ဒါကြောင့် သူက နောက်ထပ် ကျီချန်းကို စော်ကားလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ကျီချန်းက တကယ့်ကို ဒေါသအိုး ပေါက်ကွဲနေပြီး သူ့ရဲ့ စိတ်မချမ်းမမြေ့စရာ ကိစ္စကို ဖုံးကွယ်ဖို့ လက်ရှိလူတွေ အားလုံးကို သတ်ပစ်ဖို့ စိတ်ကူးထားပါတယ်။

"သေစမ်း သေစမ်း သေစမ်း"

ကျီချန်းက အစွမ်းကုန် တိုက်ခိုက်မှုတွေ ထုတ်ဖော်လိုက်ပါတယ်။

"သောက်ကျိုးနည်းပဲကွာ"

ယန်ရွှမ်က ကျီချန်းအနေနဲ့ အရမ်းကို အလျင်စလို လုပ်လိမ့်မယ်လို့ မထင်ထားမိပါဘူး။ သူက အခုဆိုရင် ပြင်းထန်တဲ့ ဖိအားအောက် ရောက်နေပြီး အမှားအယွင်း အနည်းငယ် လုပ်မိတာနဲ့ အသက်ဆုံးရှုံးရမဲ့ အနေအထားကို ရောက်နေပါတယ်။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူ့အနေနဲ့ အသက်စွန့်ပြီးတော့ တိုက်ခိုက်ဖို့ စိတ်ကူးမရှိပါဘူး။ ဒါကြောင့် သူ့ရဲ့တိုက်ခိုက်မှုတွေ အားလုံးက တုံ့ဆိုင်းနေပြီး အဲဒီရလဒ်က သူ့ကို အနောက်ဆုတ်ဖို့ ဖိအားဖြစ်စေခဲ့ပါတယ်။

"တစ္ဆေအရိပ် ခြေလှမ်း"

ကျီချန်းက နောက်ထပ်ဝှက်ဖဲ တစ်ခုကို ထုတ်ဖော်လိုက်ပြီး သူ့ခန္ဓာကိုယ်က ပုံရိပ်ယောင် တစ်ခုလို ဖြစ်သွားကာ သူ့နောက်ကျောမှာရှိတဲ့ အနီရောင် နေမင်းကတော့ မယုံနိုင်စရာ ကောင်းလောက်အောင် တလက်လက် တောက်ပလာခဲ့ပါတယ်။ သူ့နောက်ကျောက နေမင်းရဲ့ တောက်ပမှုက မိုးကောင်းကင်ပေါ်က

အစစ်အမှန် နေမင်းထက်တောင် ပိုပြီးတော့ တောက်ပလင်းလက်လို့ လာပါတယ်။

သောက်ကျိုးနည်း။

ယန်ရှမ်ရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ ကျီချန်းက သူ့ရဲ့ နေနဲ့လစွမ်းအားကို ထုတ်ယူပြီး နေလအဆင့် လက်ရွေးစင်တွေရဲ့ စွမ်းအားအဆီအနှစ် ဖြစ်ပါတယ်။ ဒီစွမ်းအားကို ထုတ်ယူလိုက်တာကို ကြည့်လိုက်ရင် ကျီချန်းက သူ့အသက်ကို စွန့်ပြီးတော့ တိုက်ခိုက်တော့မယ် ဆိုတာ ရှင်းနေပါတယ်။

"လပြွတ်ပဲ ဒါမှမဟုတ် သေလိုက်တော့"

ကျီချန်းက ကျယ်လောင်စွာ မာန်သွင်းလိုက်ပါတယ်။ သူက လုံးဝကို စိတ်လွတ်ထွက် မသွားပါဘူး။ သူ့ရဲ့ ဆုံးဖြတ်ချက်ကို ယန်ရှမ်သိအောင်လို့ ဖော်ပြရုံ သက်သက်ပါပဲ။ တကယ်လို့ ယန်ရှမ်က သူ့ကို တားဆီးဝံ့တယ်ဆိုရင် သူက ယန်ရှမ်ကို သေရမယ်ဆိုရင်တောင် သူနဲ့အတူ ဆွဲခေါ်သွား ရပါလိမ့်မယ်။

ယန်ရှမ်ရဲ့ အတွေးတွေ တဖျပ်ဖျပ် ပျံသွားပြီး အခြေအနေကို တွက်ဆမိပုံ ရပါတယ်။

တကယ်လို့ လင်းဟန်က ယန်ကလန်ရဲ့ တပည့်တစ်ယောက် ဆိုရင်တော့ တကယ်လို့ သူ့ကိုယ်သူ စတေးရမယ်ဆိုရင်တောင် လင်းဟန်ကို အစွမ်းကုန် ကြိုးစားပြီးတော့ ကာကွယ်ပေးရပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က ယန်ကလန်ရဲ့ တပည့်တစ်ယောက် မဟုတ်တဲ့အတွက် ဂမ်းနည်းစရာ တစ်ခုပါပဲ။

အပြင်လူ တစ်ယောက်အတွက် သူ့အသက်ကို စတေးရမှာလား။

ဒါက လုံးဝကို မထိုက်တန်ပါဘူး။

Chapter 1045 end

အပိုင်း(1046) သူတစ်ပါး အလိုလိုက်ရခြင်း

ယန်ရွှမ်ရဲ့ မျက်နှာပေါ်က အမူအရာက သူနောက်ကို ဆုတ်ချင်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ဖော်ပြနေပါတယ်။ လင်းဟန်က တိုက်ပွဲကို ဝင်ပါလာတဲ့ လူစိမ်းတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့အတွက်တော့ လင်းဟန်ကို ကူညီဖို့ သူ့အသက်ကို စွန့်စားစရာ မလိုပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ယန်ကလန်က အပြင်လူတွေ ထင်နေသလိုမျိုး ပင်လယ်ဓားပြတွေကို အများကြီး မမုန်းတီးခဲ့ပါဘူး။

ဒါက အမှန်ပါပဲ။ ယန်ကလန်နဲ့ ပင်လယ်ဓားပြတွေက ရန်ဘက်တွေ ဖြစ်ပါတယ်။ သူတို့တွေ တည်ရှိခဲ့တဲ့ နှစ်ပေါင်းသန်းနဲ့ချီတဲ့ အချိန်အတွင်းမှာ ယန်ကလန်က ပင်လယ်ဓားပြတွေကြောင့် မရေမတွက်နိုင်တဲ့ ကလန်အဖွဲ့သားတွေ ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမဲ့လည်း ပင်လယ်ဓားပြတွေ မရှိရင် ကျင့်ကြံသူတွေက သူတို့ကို ကာကွယ်ပေးဖို့ ယန်ကလန်ကို လိုအပ်ဦးမှာလား။ ပင်လယ်ဓားပြတွေ မရှိပဲနဲ့ ယန်ကလန်က သူတို့ကလန်ကို အထောက်အပံ့ ဖြစ်စေဖို့ ဂင်ငွေတွေ ဘယ်လိုလုပ် ဂင်လာနိုင်မှာလဲ။

ယုန်တွေ အားလုံး အသတ်ခံလိုက်ရတဲ့ အချိန်မှာ အမဲလိုက်ခွေးတွေက ဘာများအသုံးဂင် ဦးမှာလဲ။ ဒါက သေမျိုးလူသားတွေတောင် နားလည်သဘောပေါက်တဲ့ သဘောတရား တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ယန်ကလန်က ဒါကို နားမလည်ပဲ နေမှာလဲ။

ဒါကြောင့် ယန်ကလန်က သူတို့ကိုယ်ပိုင် လေ့တွေကို ကာကွယ်ဖို့ပဲ အမြဲတစေ ကြိုးပမ်းပါတယ်။ ပင်လယ်ဓားပြတွေကို ချေမှုန်းဖို့ အတွက်ကတော့ အခြေအနေပေါ် မူတည်ပြီးတော့ တိုက်ခိုက်ကြပေမဲ့ စိတ်အားတက်ကြွတာမျိုး ဘယ်တော့မှ မရှိခဲ့ပါဘူး။ တကယ်တော့ သူတို့က ပင်လယ်ဓားပြတွေကို

စိတ်အားတက်ကြွစွာနဲ့ ချေမှုန်းသုတ်သင်မယ်ဆိုရင် သူတို့ကိုယ်ပိုင် စီးပွားရေးကို ထိခိုက်နစ်နာ စေပါလိမ့်မယ်။ ယန်ကလန်နဲ့ ပင်လယ်ဓားပြတွေက တကယ်တော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီလို့ ပြောလို့ရပါတယ်။

ယန်ရှမ်က ပင်လယ်ဓားပြတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ နောက်ဆုတ်ဖို့ လုံးဝမလုပ်ခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ ခွန်အားကို ဖြည်းညင်းစွာ လျော့ချပြီးတော့ ဟာကွက်တစ်ခုကို အမှတ်မထင် ထုတ်ဖော်ပြီး ကျီချန်းက သူ့ကို ဖြတ်ကျော်သွားခွင့် ပြုလိုက်ပါတယ်။

လင်းဟန်က ဒါကို သတိပြုမိပြီး သူ့စိတ်ထဲကနေ သရော်လိုက်မိပါတယ်။ အဲဒီနောက် သူက ယန်ရှမ်ဆီကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"စီနီယာရဲ့ ကူညီမှုအတွက် ကျေးဇူးတင်ပါတယ်။ ကဲ မိန်းမရေ ငါတို့နောက်ဆုတ်ဖို့ အချိန်ကျပြီ"

ရှပ်။

ယန်ရှမ်တောင် ပြန်မဖြေနိုင်သေးခင် သူက စွေ့ရန်ယွီကို တိမ်ထိုးဖောက်ခြင်း လွန်းပျံပေါ် ဆွဲခေါ်ပြီး ချက်ချင်းပဲ မိုးကောင်းကင်ပေါ်ကို ပျံတက်သွားခဲ့ပါတယ်။

"မျက်နှာထူတဲ့ လူကြီး နောက်တစ်ချိန်ကျရင် ကျုပ်လာပြီးတော့ ခင်ဗျားကို ထပ်ပြီး ပါးလာရိုက်ဦးမယ်"

လင်းဟန်က သူထွက်သွားရင်းနဲ့ ကျီချန်းကို စနောက်သွားဖို့ကို မမေ့ခဲ့ပါဘူး။

ကျီချန်းက ဒေါသတွေ ပေါက်ကွဲပြီးတော့ လှွားခနဲ ခုန်လိုက်ပြီး အမြင့်မီတာ သုံးရာနီးပါး အမြင့်ကို ရောက်သွားခဲ့ပါတယ်။ သူက တိမ်ထိုးဖောက်ခြင်း လွန်းပျံပေါ်ကို ခုန်တက်ပြီးတော့ လင်းဟန်ကို ပင်လယ်ထဲ လက်ဝါးနဲ့ ရိုက်ချချင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လွန်းပျံကို အသက်သွင်းလိုက်တာနဲ့ သူ့အမြန်နှုန်းက သာမန်နေလအဆင့် ကျင့်ကြံသူတွေထက် လေးဆလောက် လျင်မြန်ပါလိမ့်မယ်။ အဲဒါကြောင့် ကျီချန်းက သူတို့ကို ဘယ်လိုလုပ်ပြီး လိုက်မီနိုင်မှာလဲ။

ကျီချန်းက မိုးကောင်းကင်ပေါ်ကနေ ပြုတ်ကျပြီး ပင်လယ်ထဲကို ကျယ်လောင်တဲ့ အသံနဲ့အတူ ပလုံဆိုပြီး ကျသွားခဲ့ပါတယ်။

"လပြွတ် လပြွတ်ပဲ"

သူက ယန်ရှမ်ကို ဖြစ်စဉ်တစ်ခုလုံး အစပျိုးပေးတဲ့ သူတစ်ယောက်လိုမျိုး စိုက်ကြည့်ပြီးတော့ ကျယ်လောင်စွာ ကျိန်ဆဲလိုက်ပါတယ်။ တကယ်လို့ ဒီလူသာ သူ့ကို

မဟာန့်တားခဲ့ဘူးဆိုရင် ဒီစက်ဆုပ်ရွံ့ရှာစရာကောင်းတဲ့ ကောင်စုတ်လေးက သူ့ရဲ့ ပျံ့သန်းခြင်း နတ်ဘုရား ပစ္စည်းကို ထုတ်ယူဖို့ အချိန်ရပြီးတော့ ထွက်ပြေးလွတ်မြောက် နိုင်မှာလဲ။

လပြွတ်ပဲပေါ့။ ယန်ရှွမ်က သူ့စိတ်ထဲကနေ ကျိန်ဆဲပြီး လင်းဟာန်ကိုတောင် ကျိန်ဆဲလိုက် ပါသေးတယ်။ ဒီကောင်စုတ်လေးက ဒီလိုမျိုး ပြဿနာကို ဖြစ်စေတဲ့ သူဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ သူက ဒီအမှုတွဲထဲကို ဆွဲထည့်ခံရတာလဲ။ စောစောတုန်းက သူဟာ ကျီချန်းကို တိုက်ခိုက်တယ်ဆိုပေမဲ့ သူတို့က တခြားတိုက်ပွဲတွေထဲကို ဝင်ရောက်စွက်ဖက်ခြင်းက တစ်ယောက်ကို တစ်ယောက် တားဆီးရုံ သက်သက်ပါပဲ။ သူတို့လို ကျင့်ကြံခြင်း အဆင့်က သူတွေအနေနဲ့ သူတို့ကိုယ်ပိုင် အသက်ကို အလေးမထားပဲ နေတဲ့သူ ရှိမှာတဲ့လား။

ဒါပေမဲ့လည်း ကျီချန်းက ခဏလောက်ပဲ ကျိန်ဆဲပြီးတဲ့နောက်မှာ ယန်ရှွမ်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး တိုက်ခိုက်လိုက်ပါတယ်။ သူ့မျက်လုံးတွေထဲက မီးဝင်းဝင်း တောက်လို့ နေပါတယ်။

နေလအဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့ သူက တောင်မြစ်အဆင့်မှာပဲ ရှိသေးတဲ့ ဂျူနီယာ တစ်ယောက်ရဲ့

ပါးရိုက်တာကို ခံခဲ့ရပါတယ်။ သူက ဘယ်လိုလုပ်ပြီး ဒေါသမထွက်ပဲ နေနိုင်မှာလဲ။

လင်းဟန်က မလှမ်းမကမ်း အကွာအဝေးကနေ ပျံသန်းပြီးတော့ လေ့ကို စက်ဝိုင်းပုံစံ လှည့်ပတ်နေ ပါတယ်။

စွေ့ရန်ယွီက ယန်ရှမ်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်တယ်။

"အဲဒီလူလည်း အရမ်းကို မျက်နှာပြောင်လွန်းတယ်"

သူမပုံစံက အရမ်းကို ဒေါသထွက်နေပုံ ရပါတယ်။

သူတို့က ယန်ကလန်ကို ကူညီခဲ့ပေမဲ့ ယန်ကလန်ကတော့ ပင်လယ်ဓားပြ လက်ရွေးစင်က လင်းဟန်ကို တိုက်ခိုက်တာ ခွင့်ပြုခဲ့ပါတယ်။ အဲဒါက သူမကို အရမ်းပဲ စိတ်ဆိုးဒေါသ ဖြစ်စေခဲ့ပါတယ်။

"ကိစ္စမရှိပါဘူး"

လင်းဟန်က စောစောက ဘာဖြစ်သွားတယ် ဆိုတာကို အများကြီး မစဉ်းစားခဲ့ပါဘူး။ လူအများစုက သူတို့ကိုယ်ပိုင် အကျိုးအမြတ်တွေ အတွက်ပဲ ဂရုစိုက်ပါတယ်။ ဒါကြောင့် လူစိမ်းတစ်ယောက် အတွက်နဲ့ သူ့အသက်ကို စတေးဖို့ ဘယ်လိုလုပ်ပြီးတော့ မျှော်လင့်နိုင်မှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ ရည်ရွယ်ချက်က

ယန်ကလန်ကို ကူညီဖို့ မဟုတ်ပဲ ပင်လယ်ဓားပြ တချို့ကို သတ်ပစ်ဖို့ပါပဲ။

စွေ့ရန်ယွီက အတော်ကြာအောင် ဒေါသထွက်နေပါတယ်။ သူမက ဘဝတစ်လျှောက်လုံး အင်ပါယာ မြို့တော်ထဲမှာ နေထိုင်ခဲ့ပါတယ်။ ဒါကြောင့် သူမရဲ့ စိတ်နေသဘောထားနဲ့ အတွေ့အကြုံက လင်းဟန်နဲ့ အတော်လေး ဆင်တူလာတာ အံ့အားသင့်စရာ မရှိတော့ပါဘူး။

ခဏအကြာမှာ သူမက ရုတ်တရက် ပြောလိုက်တယ်။

"နင့်မျက်လုံးတွေကို ပိတ်လိုက်"

"ဘာဖြစ်လို့လဲ"

လင်းဟန်က သူမဘက်ကို မျက်နှာလှည့်လိုက်ပါတယ်။

စွေ့ရန်ယွီက အနည်းငယ် ဒေါသထွက်သွားပြီး ပြောလိုက်တယ်။

"ငါနင့်ကို မျက်စိမှိတ်ဖို့ ပြောတယ်လေ။ အဲဒီတော့ မျက်စိမှိတ်လိုက်ပေါ့"

"ငါလျှောက်ပုံသန်းပြီးတော့ လွန်းပုံယာဉ် ပျက်စီးသွားမှာကို မင်းမကြောက်ဘူးလား"

လင်းဟန်က ရယ်မောပြီးတော့ မေးလိုက်ပါတယ်။

"နင် မျက်စိမှိတ်မလား မမှိတ်ဘူးလား"

"ကောင်းပြီလေ။ တကယ်လို့ မိန်းမက ငါ့ကို မျက်စိမှိတ်စေချင်တယ် ဆိုမှတော့ ငါမှိတ်ပေး ရမှာပေါ့"

လင်းဟန်က သူ့မျက်စိကို မှိတ်လိုက်ပြီး ချက်ချင်းပဲ အရိပ်တစ်ခုက သူ့ဆီကို တိုးလာတာ အာရုံခံလိုက် မိပါတယ်။ အဲဒီနောက် နွေးထွေးပြီး နူးညံ့တဲ့ နှုတ်ခမ်းတစ်စုံက သူ့နှုတ်ခမ်းပေါ်ကို ဖိကပ်လာခဲ့ပါတယ်။

ဟင်။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ စွေ့ရန်ယွီက တကယ်ပဲ သူ့ကို အနမ်းပေးတာလား။

စွေ့ရန်ယွီက ဆွဲဆောင်မှု ရှိပြီးတော့ ညှို့ယူဖမ်းစားနိုင်တယ် ဆိုပေမဲ့ သူမရဲ့ စိတ်နေ သဘောထားက ဘာကိုမှ ဂရုမစိုက်ပဲ အတော်လေးကို အေးစက်စက် နိုင်လွန်းပါတယ်။ လင်းဟန်က သူမကို တစ်ချိန်လုံး ပွေ့ဖက်တယ် နမ်းတယ် ပြီးတော့ ပွတ်သီးပွတ်သပ် လုပ်တယ် ဆိုပေမဲ့ သူမက မလုပ်မယှက် တုဏှိဘောပုံစံနဲ့ လက်ခံခဲ့တာပါ။ ဒါပေမဲ့လည်း အခု သူမက

အရင်ဆုံး လက်ဦးမှ ယူပြီးတော့ သူ့ကို နမ်းလာခဲ့ပါတယ်။ ဒါက ထူးဆန်းပါတယ်။

သူက ချက်ချင်းပဲ မျက်လုံးကို ဖွင့်ကြည့်လိုက်တဲ့ အခါမှာ စွေ့ရန်ယွီက မျက်လုံးတွေ မှိတ်ထားတာကို တွေ့မြင်လိုက်ရပါတယ်။ သူ့ကို ပြင်းပြင်းပြပြ အနမ်းပေးနေသလိုမျိုး သူမရဲ့ မျက်နှာက ရှက်ရွံ့မှုကြောင့် နီရဲလို့ နေပါတယ်။

သူမက တကယ့်ကို ပူလောင်နေပုံ ရပြီးတော့ သူမရဲ့ အသက်ရှူသံတွေက ပြင်းထန်ပြီး သူမရဲ့ လည်ပင်းကလည်း ဆွဲဆောင်မှုရှိစွာနဲ့ ပန်းနုရောင် တောက်ပလို့ နေပါတယ်။ အဲဒီပန်းနုရောင်က သူမရဲ့ ရင်ဘတ်ထိတစ်လျှောက် ဖြစ်ပေါ်နေပြီး သူမရဲ့ ရင်ဘတ်ကို အဝတ်အစားတွေနဲ့ ဖုံးကွယ်ထားပေမဲ့ သူ့ကို သူမရဲ့ အံ့အားသင့်စရာကောင်းတဲ့ ခန္ဓာကိုယ်ကို ဖုံးကွယ်ထား သလိုပါပဲ။

"မိန်းမ နောက်ဆုံးတော့ မင်းငါနဲ့ ကလေးယူဖို့ ဆုံးဖြတ်လိုက်ပြီလား"

လင်းဟာန်က မေးလိုက်တယ်။

စွေ့ရန်ယွီက သူ့ကို မျက်စိပြူးပြီး ကြည့်လိုက်ပါတယ်။ စောစောတုန်းက ကျီချန်းရဲ့ မျက်နှာကို လင်းဟာန်က

ဖြတ်ရိုက်လိုက်တာကို ပြန်စဉ်းစားလိုက်မိတဲ့ အခါမှာ စိတ်လှုပ်ရှားသလို ခံစားလာခဲ့ ရပါတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က နေလအဆင့် လက်ရွေးစင် တစ်ယောက်ကို တကယ်ပဲ ပါးရိုက်နိုင်တာလား။

သူမက အဲဒီမြင်ကွင်းကို ပြန်စဉ်းစားမိတဲ့ အချိန်တိုင်း စိတ်လှုပ်ရှားလာပြီး သူမရဲ့ ခန္ဓာကိုယ်က အားနည်းလာခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကနေ ဘာမှန်းမသိတဲ့ ခံစားချက် အမျိုးအစားတချို့ ပေါက်ကွဲထွက်လာ သလိုပါပဲ။ အဲဒါက သူမအနေနဲ့ လင်းဟန်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ပြီး သူ့ကို သူမတစ်ကိုယ်လုံး ပုံပေးချင်တဲ့ စိတ်တွေ ဖြစ်လာစေခဲ့ပါတယ်။

အကြောင်းပြချက် တချို့အတွက် လင်းဟန်က ဒီအခြေအနေကို ဖျက်ဆီးဖို့ ဆုံးဖြတ်ထားမှာလား။

"မိန်းမ မင်းနမ်းတဲ့ ပုံစံက အထာမကျသေးဘူး။ ငါမင်းကို သင်ပေးမယ်"

လင်းဟန်က စွေ့ရန်ယွီကို သူ့ရင်ခွင်ထဲ ဆွဲပွေ့ပြီးတော့ ပြင်းပြင်းပြပြ နမ်းရှုပ်လိုက်ပါတယ်။

"ဟင်း......"

စွေ့ရန်ယွီက ချက်ချင်းပဲ ညည်းသံထွက်ပေါ်လာပြီး သူမရဲ့ လက်တွေကို လင်းဟန်ရဲ့ ရင်ဘတ်ပေါ် ထားလိုက်ပြီး ဒီနှာဘူးကောင်ကို တွန်းထုတ်ဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ ခွန်အားတွေက နည်းသထက် နည်းလာပြီး အဆုံးမှာ သူမရဲ့ လက်တွေက စိတ်အား ထက်သန်စွာနဲ့ လင်းဟန်ရဲ့ လည်ပင်းကို ပြန်ဖက်ထား လိုက်ပါတယ်။

ဒီယောက်ျားက သူမရဲ့ ခန္ဓာကိုယ်ကို စိတ်လှုပ်ရှားမှုတွေနဲ့ ပူလောင်လာအောင် အလွယ်တကူ လုပ်နိုင်ပါတယ်။

"နှာဘူးကောင်စုတ် ငါနင့်ကို မုန်းတယ်"

သူမက တီးတိုးပြောလိုက်ပါတယ်။

"ဘာဖြစ်လို့ ငါ့ကို မုန်းတာလဲ"

လင်းဟန်က သူမရဲ့ ရင်သားတွေကို ဆုပ်ကိုင်ကစားရင်းနဲ့ နားပန်လေးကို ဖြည်းဖြည်းလေး ကိုက်ပြီးတော့ မေးလိုက်တယ်။

"ငါနင့်ကို မုန်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့နှလုံးသားထဲကို နင်က လူတစ်ယောက်ကို ပေးဝင်လိုက်လို့ပဲ။ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ငါမေ့လို့ကို မရနိုင်ဘူး"

စွေ့ရန်ယွီက လင်းဟာန်ရဲ့ ပုခုံးကို ကိုက်လိုက်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ အရေပြားက အရမ်းကို ထူပြီး သူ့အသားက အရမ်းကို မာကျောပါတယ်။ ဒါကြောင့် သူမအနေနဲ့ သူ့အရေပြားကို ဖျက်ဆီးလို့ မရနိုင်ပါဘူး။

လင်းဟာန်ရဲ့ စိတ်ထဲမှာ ခံစားချက်တွေ ပန်းထွက်လာခဲ့ပါတယ်။ ဒီညှို့ယူဖမ်းစားနိုင်လွန်းတဲ့ အလှပဂေးက သူ့ကိုချစ်နေတာ ဂန်ခံလိုက်တာလား။ သူက စွေ့ရန်ယွီရဲ့ လှပချောမောတဲ့ မျက်နှာလေးကို မော့စေပြီးတော့ အလေးအနက် ပြောလိုက်ပါတယ်။

"ငါမင်းကို ကောင်းကောင်းဆက်ဆံပါမယ်။ ထာဝရ အတွက်ပေါ့"

"ဟင့် နင့်မှာ နောက်ထပ်ချစ်သူ နှစ်ယောက် ရှိသေးတယ်"

စွေ့ရန်ယွီက မနာလို သဂန်တိုစွာနဲ့ ပြောလိုက်တယ်။

"ဟဲဟဲ"

လင်းဟာန်က မလုံမလဲနဲ့ ရယ်မောလိုက်ပါတယ်။ သူ့မှာ စွေ့ရန်ယွီအပါအဝင် စောင့်နေတဲ့ မိန်းမသုံးယောက် ရှိပေမဲ့ နောက်ထပ် ချစ်သူတွေ အများကြီး ရှိပါသေးတယ်။

သူက လိမ္မာပါးနပ်စွာနဲ့ ဒီခေါင်းစဉ်ကို ဆက်မသွားပဲ ပြောလိုက်ပါတယ်။

“နေရာလဲရအောင်။ ငါတို့ ပင်လယ်ဓားပြတချို့ကို
သွားသတ်ရဦးမယ်”

ဇွေ့ရန်ယွီက လုံးဂကို မှင်တက်အံ့သြ သွားခဲ့ပါတယ်။
ဒီနှာဘူးကောင်စုတ်က တကယ်ပဲ အခုလို လုပ်လိုက်တဲ့
အတွက်ကြောင့် အောက်တန်းကျသလိုမျိုး နေရာလဲဖို့
ပြောလိုက်တာလား။ တကယ်လို့ သူနဲ့ အဆုံးထိ သွားမယ်ဆိုရင်
အနာဂတ်မှာ ငါလည်း ဒီလိုပဲ ဖြစ်လာမှာလား။

သူတို့နှစ်ယောက်က သူတို့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို
စီးနင်းပြီး ကြယ်ပင်လယ်တစ်ဝိုက် ပျံသန်းပြီး ပင်လယ်ဓားပြ
အုပ်စုသေးသေးလေးတွေ အားလုံးကို ချေမှုန်းခဲ့ပါတယ်။ သူတို့က
နေလအဆင့် ပင်လယ်ဓားပြတွေနဲ့ တွေ့တဲ့အချိန်မှာတော့
အဝေးကို ပျံသန်းထွက်ပြေး ကြပါတယ်။ သူတို့က စိတ်တိုင်းကျ
သွားလိုက်လာလိုက်နဲ့ ပင်လယ်ဓားပြတွေက သူတို့ကို
နလုံးသားထဲကနေ မုန်းတီးစက်ဆုပ် စေခဲ့ပါတယ်။

ဆယ်ရက်ကျော်လောက် ကုန်လွန်သွားပြီးတဲ့နောက်မှာ
သူတို့နှစ်ယောက် လက်ချက်ကြောင့် သေဆုံးသွားတဲ့ ပင်လယ်ဓားပြ
အရေအတွက်က တစ်ရာကျော်လာခဲ့ပါပြီ။

နောက်ပြီးတော့ စွေ့ရန်ယွီကလည်း ပြင်းထန်အလယ်အလတ် အဆင့်ကို ချိုးဖျက်ဝင်ရောက် လာခဲ့ပါတယ်။

တကယ်လို့ ဒီသတင်းတွေသာ ကောင်းကင်နီ သင်တန်းကျောင်းကို ပြန်ရောက်သွားမယ်ဆိုရင် အတော်လေးကို အုတ်အော်သောင်းတင်း ဖြစ်သွားပါလိမ့်မယ်။

သူမရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက လင်းဟန်ထက် အများကြီး နှေးကွေးပါတယ်။ ဒါပေမဲ့လည်း သူမက အဆင့်သေး တစ်ခုကို နှစ်ဒါဇင်အနည်းငယ် အတွင်းမှာ တက်ရောက်နိုင်ခဲ့ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အချက်တစ်ခုပဲ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ သူမရရှိခဲ့တဲ့ တောင်မြစ်အဆင့် ကျောက်တုံးတော်တော်များများက သူမရဲ့ ကျင့်ကြံခြင်းကို အရှိန်မြှင့်တင်ပေးတဲ့ အချက်ကလည်း တစ်စိတ်တစ်ပိုင်းထဲမှာ ပါဝင်ပါတယ်။ နောက်ပြီးတော့ လင်းဟန်က သူမကို အဆက်မပြတ် ပေးခဲ့တဲ့ ကောင်းကင်ဘုံ ချီဆေးလုံးကလည်း သူမကို အချိန်တိုတိုလေး အတွင်းမှာ ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်သွားစေခဲ့ပါတယ်။

လွန်ခဲ့တဲ့ ရက်အနည်းငယ် အတွင်းမှာ သူမက ပြင်းထန်တဲ့ တိုက်ပွဲတွေ အများကြီး ဆင်နွှဲခဲ့ရပြီး သူမကိုယ်ပိုင်

နားလည်သဘောပေါက်နိုင်စွမ်းကလည်း ထူးချွန်ထက်မြက်လာခဲ့ပါတယ်။ ဒါကြောင့် သူမက အခုလိုမျိုး အရေးပါတဲ့ အဆင့်ချိုးဖျက်နိုင်မှုကို အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။

Chapter 1046 end

အပိုင်း(1047) သတင်းဆိုးများ

စွေ့ရန်ယွီက သူမရဲ့ ကောင်းကင်ဘုံ ကပ်ဘေးကို အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်ပြီးတဲ့ နောက်မှပဲ သူတို့တွေ ပြန်ဖို့ လင်းဟန်က ဆုံးဖြတ်ချက် ချခဲ့ပါတယ်။

သူတို့က ပင်လယ်ဓားပြတွေ လုံလုံလောက်လောက် သတ်ပြီးခဲ့ပါပြီ။ ပြီးတော့ ပင်လယ်ဓားပြတွေကလည်း သူတို့ရဲ့ ပြောက်ကျားနည်းဗျူဟာတွေကို ကြောက်နေကြပါတယ်။ အခု ပင်လယ်ဓားပြလှေတွေ အားလုံးမှာ အနည်းဆုံး သူတို့ကို စောင့်ကြပ်ဖို့ နေလအဆင့် လက်ရွေးစင် တစ်ယောက်တော့ ရှိပါလိမ့်မယ်။ လင်းဟန်က သူတို့ကို တိုက်ခိုက်ဖို့ တားမြစ်ထားမှုက နေလအဆင့်နဲ့ တောင်မြစ်အဆင့်ကြားက စွမ်းအင်ကွာဟချက် အရမ်းကို ကြီးမားနေတဲ့ အချက်ကြောင့် ဖြစ်ပါတယ်။ အမှားသေးသေးလေး တစ်ခုက သူ့အသက်ကို နုတ်ယူသွားနိုင်ပါလိမ့်မယ်။

အနက်ရောင် မျှော်စင်နဲ့ တိမ်ထိုးဖောက်ခြင်း လွှန်းပျံတောင် သူ့ကို အများကြီး ကူညီပေးနိုင်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ ကံတရားက ဘယ်လိုမျိုး မထင်မှတ်ထားတာတွေ ဖြစ်လာမလဲ ဆိုတာကို မသိနိုင်ပါဘူး။ ကျီချန်းက သူ့ရဲ့ အကြွင်းမဲ့ မူလကျောက်တုံးကို ထိုးစိုက်မိတာမျိုးပေါ့။ အချိန်တုန်း အဲဒီလို ဖြစ်နိုင်မှာလား။

စွေ့ရန်ယွီက လင်းဟာန် မဟုတ်ပါဘူး။ ပြီးတော့ လင်းဟာန်လိုမျိုး အစွမ်းထက်ပြီး ထူးဆန်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခုလည်း မပိုင်ဆိုင်ထားပါဘူး။ ဒါကြောင့် သူမရဲ့ မိုးကောင်းကင် ကပ်ဘေးကို ဖြတ်ကျော်ပေမဲ့ အတော်လေးကို ခက်ခဲနေပါသေးတယ်။ ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်မှာ လောင်ကျွမ်းထားတဲ့ အမှတ်အသားတွေ တော်တော်များများ ဖြစ်ကျန်ခဲ့ပါတယ်။ သူမကို ကြည့်ရတာ အရမ်းကို ဖိုသီဖတ်သီ နိုင်ပြီးတော့ အရမ်းကို သနားစရာ ကောင်းနေပါတယ်။

လင်းဟာန်က အကြွင်းမဲ့ မူလကျောက်တုံးကို အသုံးပြုပြီးတော့ ကာကွယ်ပေးတာကြောင့်သာ မဟုတ်ရင် သူမရဲ့ အခြေအနေက ဒီထက်ပိုပြီးတော့တောင် ဆိုးဝါးနိုင်ပါလိမ့်မယ်။

ဒါပေမဲ့လည်း အခက်အခဲတွေ ကျော်ဖြတ်ပြီးတဲ့နောက်မှာ အကျိုးအမြတ်တွေကိုလည်း သူမက လက်ခံရရှိခဲ့ပါတယ်။

တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ်ကို ရောက်ပြီးတဲ့နောက်မှာ လူတစ်ယောက်က နှစ်ပေါင်း နှစ်သိန်းရှိတဲ့ အသက်တစ်ခုကို ပိုင်ဆိုင်ပါလိမ့်မယ်။ ဆိုလိုတာက သူမရဲ့ ရုပ်ရည်က နောက်ထပ် နှစ်ပေါင်း ငါးသောင်းကနေ ခြောက်သောင်းလောက်ထိ အိုမင်းလာလိမ့်မှာ မဟုတ်ပါဘူး။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူမရဲ့ ရုပ်ရည်က အသက်နှစ်ဆယ် ဂန်းကျင် အရွယ်မှာပဲ ဆက်ပြီးတော့ ရှိနေပါလိမ့်မယ်။

သူမလိုမျိုး ချောမောလှပတဲ့ မိန်းကလေးတွေ အနေနဲ့ ကျင့်ကြံခြင်းကလွဲရင် အလှအပ ဆိုတာက တန်ဖိုးအထားရဆုံး အရာတွေထဲက တစ်ခုဖြစ်ပါတယ်။

နောက်ပြီးတော့ သူမရဲ့ ပါရမီ၊ လင်းဟာန်ရဲ့ မှော်ဆေးလုံးတွေ အကူအညီနဲ့ သူမက နောက်ထပ် နှစ်ရာဂဏန်း ဒါမှမဟုတ် နှစ်ထောင်ဂဏန်း အနည်းငယ် အတွင်းမှာ ပြင်းထန်အဆင့်မြင့်ကိုတောင် ရောက်နိုင်ပါလိမ့်မယ်။ တကယ်လို့

အဲဒီလိုသာဆိုရင် သူမရဲ့ အလှအပက နောက်ထပ် နှစ်ထောင်သောင်းချီပြီး ထိန်းသိမ်းထားနိုင်ပါလိမ့်မယ်။

သူမအတွက်တော့ အစွမ်းပိုပြီးတော့ ထက်မြက်လာလို့ ပျော်ရွှင်ရတာထက် သူမရဲ့ အလှအပကို ထိန်းသိမ်းနိုင်လို့ ပျော်ရွှင်ရတာက ပိုမိုသာလွန်ပါတယ်။ အဲဒါက လင်းဟန်ကို စိတ်လှုပ်ရှားပြီး သက်ပြင်းချစေခဲ့ပါတယ်။ ယောကျာ်းတွေနဲ့ မိန်းမတွေရဲ့ စိတ်နေသဘောထားက တကယ့်ကို မတူညီတာပဲ။ သူက မှန်တစ်ချပ်ယူပြီးတော့ သူ့ကိုယ်သူ စစ်ဆေးကြည့်မိ လိုက်ပါတယ်။ မှန်ထဲကနေ အသက်နှစ်ဆယ်ထက်တောင် ပိုငယ်သေးတဲ့ လူတစ်ယောက်က သူ့ကို ပြန်စိုက်ကြည့် နေတာကို တွေ့လိုက်ရပါတယ်။

ဒီအတွက်နဲ့ ပတ်သက်ပြီး သူက ဘာမှမလုပ်နိုင်ပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက ဒီဘဝမှာ ထူးထူးဆန်းဆန်းကို လျင်မြန်လွန်းပါတယ်။ ဒါကြောင့် သူ့ရုပ်ရည်က အရွယ်ရောက် ရင့်ကျက်တဲ့ ပုံစံနဲ့ ဝေးကွာလွန်းပါသေးတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

“ဟူး ငါ့ပုံစံက အရမ်းကို ငယ်နေတဲ့ လူတစ်ယောက်နဲ့ တူနေတယ်”

သူ့ရဲ့အရင်ဘဝတုန်းက သူ့အသက်က နှစ်ပေါင်းနှစ်ရာကျော်ခဲ့ပြီး အိုမင်းတဲ့ အရွယ်ကို ရောက်ဖို့ ဝေးကွာနေသေးတယ် ဆိုပေမဲ့ သူ့ပုံစံ အရွယ်ရောက် ရင့်ကျက်တဲ့ အသက် နှစ်ဆယ့်ငါးနှစ် နှစ်ဆယ့်ခြောက်နှစ်အရွယ် လူငယ်တစ်ယောက်နဲ့ တူနေပါတယ်။

အခုတော့ မတူတော့ပါဘူး။ သူ့ကိုကြည့်ရတာ အရမ်းကို ငယ်ရွယ်နေပြီး ဒါကို သူက လက်ခံနိုင်ရုံပဲ ရပါတယ်။

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပြီး ပြောလိုက်တယ်။

"ငါက အရမ်းကို အသက်ကြီးနေလို့ နင်က စိတ်ပျက်နေတာလား"

"ဟီးဟီး မင်းက ဘယ်လိုလုပ်ပြီးတော့ အသက်အရမ်းကြီးလို့လဲ မိန်းမရယ်။ မင်းရဲ့ အသားအရေက နူးညံ့ပြီး ချောမွတ်နေတာ တစ်ရက်ကို အကြိမ်ပေါင်း ရာနဲ့ချီပြီးတော့ စိုက်ကြည့်ရင်တောင် ငါ့အတွက် မလုံလောက်နိုင်သေးဘူး။ ကြည့်လို့ကို မဝနိုင်ဘူး"

နောက်ဆုံးတော့ လင်းဟာန်က ပန်းလိုလှပတဲ့ စကားလုံး နူးနူးရွရွလေးတွေကို သင်ယူနိုင်ခဲ့ပြီး ပိုအရေးကြီးတဲ့ ကျွမ်းကျင်မှုက သူ့ရဲ့ အနမ်းကျွမ်းကျင်မှုပါပဲ။ သူက စွေ့ရန်ယွီကို အနမ်းချွေ

လိုက်ပြီးတော့ သူမရဲ့ မျက်လုံးတွေက ရီဝေဝေ ဖြစ်လာကာ သူမရဲ့ ခန္ဓာကိုယ်က ပျော့ခွေသွား ပါတယ်။

"နာဘူးကောင်စုတ်။ တကယ်လို့ နင်ငါ့ကို ပုံမှန်အတိုင်း နမ်းလို့ရပေမဲ့ ဘာဖြစ်လို့ မလုပ်တာလဲ။ ဘာဖြစ်လို့ ငါ့တံတွေးတွေ စုပ်နေတာလဲ။ ဒါက အရမ်းကို ညစ်ပတ်တယ်"

စွေ့ရန်ယွီက သူ့ကို ဆက်ပြီးတော့ အပြစ်တင် ကြိမ်းမောင်းပြီးတော့ ပြောနေပါတယ်။

"ပြီးတော့ နင့်လက်တွေလည်း အတူတူပဲ။ ဘာဖြစ်လို့ ငါ့ရင်သားတွေကို ဆုပ်ကိုင်ထားတာလဲ"

"အိုး ဟုတ်လား"

လင်းဟန်က ခေါင်းညိတ်လိုက်ပြီးတော့ သူ့လက်တွေကို အောက်ဘက်အနည်းငယ် ရွှေ့ပြီးတော့ သူမရဲ့ ဖွံ့ထွားတဲ့ တင်ပါးတွေပေါ်မှာ ထားလိုက်ပါတယ်။

စွေ့ရန်ယွီက ရူးတော့မလို ဖြစ်သွားပါတယ်။ နင်က ဒါကို ရည်ရွယ်ချက်နဲ့ လုပ်နေတာလား။

"နာဘူးကောင်စုတ်"

သူမက လင်းဟန်ရဲ့ အပြုအမူအပေါ် မှာ အမှတ်တံဆိပ် ကပ်လိုက်ပါတယ်။

"ဘယ်လောက်တောင် မတရားတဲ့ စွပ်စွဲချက် တစ်ခုလဲ။ ငါမင်းကို နမ်းတဲ့အချိန်မှာ ငါ့လက်တွေကို တစ်နေရာရာမှာ ထားရမှာပဲ မဟုတ်လား။ ငါအကြိုက်နှစ်သက်ဆုံး နေရာတွေမှာ ထားတာက သာမန်ပဲလေ"

လင်းဟန်က ချက်ချင်းပဲ အပြစ်မရှိသလိုမျိုး ပြောလိုက်ပါတယ်။

"ဒါက ငါအကြိုက်ဆုံးနဲ့ ဒီနေရာက ငါဒုတိယ အကြိုက်ဆုံး နေရာပဲလေ"

သူက စွေ့ရန်ယွီရဲ့ ဖုထစ်ကြွရှနေတဲ့ ရင်သားတွေနဲ့ တင်ပါးတွေကို ညွှန်ပြလိုက်ပါတယ်။

စွေ့ရန်ယွီက ရှက်ရွံ့မှုကြောင့် မျက်နှာနီမြန်းသွားသလို အနည်းငယ်လည်း ဂုဏ်ယူမိသလို ခံစားလိုက် ရပါတယ်။ သူမရဲ့ ဒီနေရာနှစ်ခု ဖွံ့ဖြိုးလာတာက သူမကို အရမ်းပဲ ပျော်ရွှင်စေပါတယ်။ ဒါပေမဲ့လည်း ဒီနှာဘူးကောင်က ပိုပြီးတော့တောင် ကျေနပ်ပီတိ ဖြစ်နေပါဦးမယ်။

သူတို့နှစ်ယောက်က အင်ပါယာ မြို့တော်ဆီကို ပြန်လာခဲ့ကြပါတယ်။

သူတို့က အလျင်စလိုနဲ့ မပြန်လာကြပါဘူး။ လင်းဟန်က နေ့စဉ်နေ့တိုင်း ကောင်းကင်ဘုံ ပုလဲဆေးလုံး ပမာဏ အများကြီးကို ဖော်စပ်နေပါတယ်။ သူတို့တွေ ပြန်ရောက်တဲ့ အချိန်မှာ လင်းဟန်က ဒီဆေးလုံးတွေကို ရောင်းချပြီး အဆင့်သုံး နတ်ဘုရား ဆေးလုံးဖြစ်တဲ့ ကောင်းကင်ဘုံ ကျောက်စိမ်းဆေးလုံးကို စတင်ဖော်စပ်ဖို့ ပစ္စည်းတွေ အများကြီး ဝယ်ယူဖို့အတွက် ပိုက်ဆံရှာရပါမယ်။

ဆေးလုံးရဲ့ အဆင့်ပိုမြင့်လေ ဆေးကျိုအိုး တစ်အိုးစာ ဖော်စပ်ဖို့ အချိန်ပိုပြီးတော့ လိုအပ်ပါတယ်။ တချိန်တည်းမှာပဲ အကျိုးအမြတ်ကလည်း တိုးလာပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒါကိုကြည့်ရတာ ရိုးရှင်းပုံ ပေါ်ပေမဲ့ အဆင့်မြင့်တဲ့ မှော်ဆေးလုံးကို သန့်စင်နိုင်တဲ့ လူတွေက အများကြီး မရှိပါဘူး။ မှော်ဆေးပညာရှင် အများစုက သာမန်ပဲ ဖြစ်ပြီးတော့ သူတို့ရဲ့ ဘဝတစ်လျှောက်လုံး အဆင့်တစ် ဒါမှမဟုတ် အဆင့်နှစ် နတ်ဘုရား ဆေးလုံးတွေကိုပဲ သန့်စင်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါကြောင့် အဆင့်တစ်နဲ့ အဆင့်နှစ် နတ်ဘုရား ဆေးလုံးတွေ အများကြီး ရှိတာကြောင့် သူတို့ရဲ့ တန်ဖိုးကလည်း နိမ့်ကျပါတယ်။ အဆင့်သုံး နတ်ဘုရား ဆေးလုံးကနေ စပြီးတော့ ဆေးလုံး တစ်လုံးချင်းစီရဲ့ တန်ဖိုးက တိုးသွားပါလိမ့်မယ်။

အခုဆိုရင် လင်းဟာန်က သူ့ရဲ့ကျောင်းစရိတ်လောက်ပဲ စုမိပါတယ်။

အင်ပါယာ မြို့တော်ကို ပြန်ရောက်ရှိဖို့ သူတို့က လဂက်လောက် အချိန်ယူခဲ့ပါတယ်။ ပြီးတော့ မြို့ရဲ့ဂင်ပေါက်မှာ ကောင်းကင်နီ သင်တန်းကျောင်းက သူတို့ရဲ့ အမှတ်အသား တံဆိပ်ပြားကို အသုံးပြုပြီး ဂင်လာခဲ့ပါတယ်။ စွေ့ရန်ယွီက စွေ့ကလန်ကို အရင်ဆုံး ပြန်သွားခဲ့ပါတယ်။ ဒါပေမဲ့ သူမက ပြင်းထန်အလယ်အလတ် အဆင့်ကို အဆင့်တက်သွားပြီ ဆိုတာကို သတင်းပြန်ပို့ဖို့ လိုအပ်ပါတယ်။ သူမအတွက် ပြင်းထန်အလယ်အလတ်အဆင့် အုပ်စုကို ပြောင်းရွှေ့ဖို့ အချိန်ဖြစ်ပါတယ်။

လင်းဟာန်ကတော့ သင်တန်းကျောင်းကို သူ့ဘာသာ ပြန်လာခဲ့ပါတယ်။

သူက သိုသိုသိပ်သိပ် နေထိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ကောင်းကင်နီ သင်တန်းကျောင်း တစ်ခုလုံးမှာ

ထင်ပေါ်ကျော်ကြားနေပြီး အင်ပါယာ မြို့တော် တစ်ခုလုံးမှာတောင် ထင်ပေါ်ကျော်ကြားနေခဲ့ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက သိုသိုသိပ်သိပ် နေလို့ရနိုင်မှာလဲ။ နောက်ရက်တွေမှာ သူ့ဆီကို လူတော်တော်များများ လာရောက် လည်ပတ်ကြပါတယ်။

ဥပမာ လီဝေဂလိုမျိုး ချောမောလှပတဲ့ မင်းသမီးလေး လာရောက်လည်ပတ်ခဲ့သလို သူ့ရဲ့ သူငယ်ချင်းကောင်းတွေဖြစ်တဲ့ လင်းယိုနဲ့ မာရှန်းတို့လည်း လာခဲ့ပါတယ်။ နောက်ပြီးတော့ တိုက်ပွဲတစ်ပွဲတည်းနဲ့ ထင်ပေါ်ကျော်ကြားဖို့ အိပ်မက်မက်နေတဲ့ လူတွေကလည်း သူ့ကို လာရောက် စိန်ခေါ်ခဲ့ကြပါတယ်။

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါ့ကို တစ်ယောက်ချင်း တိုက်ခိုက်ဖို့ စိန်ခေါ်မလို့လား။ ကိစ္စမရှိပါဘူး။ တကယ်လို့ တိုက်ခိုက်ကြေး ရှစ်ထောင် ကိုးထောင်လောက်ပေးနိုင်ရင် ငါတိုက်ခိုက်ပေးရမှာပေါ့"

စိန်ခေါ်သူ တချို့က ဒီအတွက်ကြောင့် မပျော်မရွှင် ဖြစ်သွားပါတယ်။

"အရင်တုန်းက အစစ်အမှန် မူလကျောက်တုံး ဆယ်တုံးပဲ မဟုတ်လား။ ဒါက တကယ့်ကို သောက်ကျိုးနည်းပဲ။ ဘယ်လိုလုပ် တန်ဖိုးက ရုတ်တရက် မြင့်တက်သွားတာလဲ"

“အရင်တုန်းက ငါဒီလောက်ထိ မကျော်ကြားသေးဘူးလေ။ ဒါကြောင့် ငါ့ပုံရိပ်အသုံးပြုခက နိမ့်တာပေါ့။ ဒါပေမဲ့လည်း အခုအခြေအနေတွေက လုံးဝကို မတူတော့ဘူး။ တကယ်လို့ ငါက ဒီလောက်ထိ မထင်ပေါ်ဘူးဆိုရင် မင်းတို့တွေလည်း ငါ့ကို လာပြီးတော့ စိန်ခေါ်လိမ့်မှာ မဟုတ်ဘူး။ ဟုတ်တယ်မလား။ တကယ်လို့ မင်းတို့ မတတ်နိုင်ဘူးဆိုရင်လည်း ငါ့ကို စိတ်အနှောင့်အယှက်ပေးတာ ရပ်ပြီးတော့ ထွက်သွားကြတော့။ အဲဒီလိုမှ မဟုတ်ရင် အစစ်အမှန် မူလကျောက်တုံး တစ်သောင်းကို ပြင်ဆင်ပြီးတော့ စိန်ခေါ်မှု စာရင်းပေးသွင်းကြပါ”

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

“သတ်ဖြတ်သူလေး သူတို့ရဲ့ အသေးစိတ် အချက်အလက်တွေကို မှတ်တမ်းတင်ဖို့ ငါ့ကို ကူညီပေးပါ”

“အာ ဝူး”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အခုချိန်မှာ ဝံပုလွေ ယန္တရားရုပ် တစ်ခုထဲမှာ ရှိနေပါတယ်။ ဒါကြောင့် သူက အမိန့်နာခံတဲ့ အနေနဲ့ အူပြီးတော့ ပြန်ဖြေလိုက်ပါတယ်။ ဂုဏ်သိက္ခာဆိုတာ ဘာလဲ။ ဂုဏ်သိက္ခာက လူတစ်ယောက်ရဲ့ ဗိုက်ကို ပြည့်စေနိုင်လို့လား။

စိန်ခေါ်သူတွေ အားလုံးက ဒေါသတွေ ထွက်ကုန်ပါတယ်။ တချို့လူတွေက တစ်ဟုန်ထိုး ပြေးဝင်ပြီး အင်အားသုံးဖို့တောင် ကြိုးစားကြပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူတို့ကို အလွယ်တကူပဲ ဖိနှိပ်ထိန်းချုပ်ထားလိုက်ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိနေပါတယ်။ ဒါကြောင့် သင်တန်းကျောင်းထဲမှာ သူ့ကို အနိုင်ယူနိုင်တဲ့ ကျောင်းသားတွေ အများကြီး ရှိမနေခဲ့ပါဘူး။

"ငတုံးငအ ကျောက်တုံးခေါင်း နင်က ရက်တွေ အများကြီး ထွက်သွားတယ်။ နင့်ရဲ့ ဆရာသခင် ငါ့ကိုရော နင်သတိရသေးရဲ့လား"

လီဝေဂက ရင်ဘတ်အရှေ့မှာ လက်ပိုက်ထားပြီး သူမရဲ့ ရင်သားတွေကို ကြွရွလာအောင်လို့ အရမ်းကို ခက်ခက်ခဲခဲနဲ့ ကြိုးစားနေရပါတယ်။

သူမရဲ့ ရင်ဘတ်က ပြားချပ်နေတာ တကယ်ဆို ရှက်စရာတစ်ခု ဖြစ်ပါတယ်။ သူမရဲ့ ရင်သားတွေ ဖွံ့ထွားလာဖို့ ခက်ခက်ခဲခဲ ကြိုးစားပေမဲ့လည်း နည်းနည်းလေးပဲ အကျိုးသက်ရောက်မှု ရှိခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်တယ်။

"တောင်မြစ်အဆင့်ကို ရောက်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ လီဝေဂေက ချက်ချင်းပဲ ပျော်ရွှင်သွားပြီးတော့ ပြောလိုက်တယ်။

"အမှန်ပဲ။ ငါ တောင်မြစ်ကျောက်တုံးတွေ အားလုံးကို သန့်စင်လိုက်ပြီးတော့ ကနဦးအဆင့်ရဲ့ အလယ်ပိုင်းအဆင့်ကို ရောက်သွားခဲ့တယ်"

ဒါပေမဲ့လည်း သူမရဲ့ အမူအရာက ချက်ချင်းပဲ အားလျော့သွားပြီး ဆက်ပြောလိုက်ပါတယ်။

"ရုက်စရာကောင်းတာက တောင်မြစ်အဆင့်ရဲ့ အစစ်အမှန် လျှို့ဝှက်ချက်တွေကို အခုထိ ငါနားမလည်သေးဘူး"

"မင်းကိုယ်မင်း အတင်းတွန်းအား မပေးပါနဲ့"

လင်းဟန်က နှစ်သိမ့်လိုက်ပါတယ်။

"ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို မရောက်ခင် အချိန်တွေ အများကြီး ရှိပါသေးတယ်။ ဒါကြောင့် မင်းက အချိန်ယူပြီးတော့ အဲဒါကို ဆင်ခြင်လို့ ရနိုင်တာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းက တောင်မြစ်အဆင့်မှာ ရောက်နေပြီလေ။ ဒါကြောင့် မင်းအနေနဲ့

နားလည်သဘောပေါက်ဖို့ ပြန်ပြီးတော့ ဆင်ခြင်လေ့လာတဲ့ အခါမှာ ပိုပြီးတော့ လွယ်ကူသွားလိမ့်မယ်”

လီဝေဂက သူ့ကို မျက်စောင်းတစ်ချက် ထိုးပြီးတော့ ပြောလိုက်တယ်။

“ငါက အဲဒါကို နားလည်သဘောပေါက်အောင် ဆင်ခြင်နိုင်စွမ်းမရှိတဲ့ ငတုံးအလို့ နင်က ပြောဖို့ ကြိုးစားနေတာလား”

လင်းဟန်က ဘာပြောလို့ ပြောရမှန်း မသိဖြစ်သွားပါတယ်။ တကယ်လို့ မင်းက ငါ့စကားတွေကို အခုလိုမျိုး ပြောင်းပစ်ချင်တယ်ဆိုရင် ငါဘာမှ ထပ်မပြောတာက ပိုကောင်းလိမ့်မယ်။

တကယ်လို့ စွေ့ရန်ယွီသာဆိုရင် သူက သူမကို နည်းနည်းလောက် ချော့မော့ဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက လီဝေဂနဲ့ ဒီထပ်ပိုပြီးတော့ ရင်းနှီးကျွမ်းဝင်ဖို့ စိတ်ကူးမရှိပါဘူး။ ဒါကြောင့် သူက အနည်းငယ် ခပ်တန်းတန်း နေလိုက်ပါတယ်။ သူက မင်းသမီးလေး တစ်ပါးလိုမျိုး ဒီမိန်းကလေးနဲ့ ပရောပရည်လုပ်ဖို့ စိတ်ကူး လုံးဝကို မရှိပါဘူး။

“ဟုတ်သားပဲ”

လီဝေဂရဲ့ အမူအရာက ချက်ချင်းပဲ အလေးအနက်ဖြစ်လာခဲ့ပြီးတော့ ပြောလိုက်တယ်။

"ငါ့မှာ နင့်အတွက် သတင်းဆိုးရှိတယ်။ ကျောက်လန်က နေလအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားခဲ့ပြီ"

"ဒီလောက်မြန်ရသလား"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ကျောက်လန်လိုမျိုး ပါရမီရှင် တစ်ယောက်တောင် အဆင့်သေး တစ်ခုကို တက်ရောက်ဖို့ အနည်းဆုံး နှစ်ပေါင်းဒါဇင်နဲ့ ချီပြီးတော့ ကျင့်ကြံဖို့ လိုအပ်ပါတယ်။ အဲဒီလိုနှုန်းနဲ့ အဓိက အဆင့်ကြီး တစ်ဆင့်ကို တက်ရောက်ဖို့ ပိုပြီးတော့တောင် ခက်ခဲပါလိမ့်မယ်။

"သိပ်မကြာခင်မှာပဲ သူက ဘယ်လိုလုပ်ပြီး နေလအဆင့်ကို ချိုးဖျက်ဝင်ရောက် သွားတာလဲ"

"ဒါက လုံးဝကို ပုံမှန်တော့ မဟုတ်ဘူး"

လီဝေဂက လျှာထုတ်ပြပြီးတော့ ပြောလိုက်တယ်။

"ငါ့အဖေ ပြောတာတော့ မဟာဗိုလ်ချုပ်ကျောက်က သူ့အသက်ကို စွန့်ပြီးတော့ ရေးဟောင်း အပျက်အစီး နယ်မြေတစ်ခုကို ဝင်သွားပြီး ထိပ်တန်းအဆင့် နတ်ဘုရား ဆေးလုံးအမျိုးအစား တချို့ကို

ရခဲ့တယ်တဲ့။ အဲဒီအတွက်လည်း မဟာပိုလ်ချုပ်ကျောက်က ဒဏ်ရာပြင်းပြင်းထန်ထန် ရသွားခဲ့ပြီး ငါတို့ရဲ့ ကေရီ ဘုရင်မတောင်မှ စိုးရိမ်သွားခဲ့ရတယ်”

လင်းဟန်က သူ့မေးစေ့ကို ပွတ်သပ်ပြီးတော့ တွေးနေပါတယ်။ ဒါက တကယ်ပဲ အရမ်းကို ဆိုးဝါးတဲ့ သတင်းဆိုး ဖြစ်ပါတယ်။

Chapter 1047 end

အပိုင်း(1048) နောက်တစ်ကြိမ် မွဲပြီ

လင်းဟန်က သူ့ရဲ့ စိတ်မချမ်းမြေ့စရာကောင်းတဲ့ ပြဿနာတွေကို ခဏလောက် ဘေးဖယ်ထားပြီး သူလုပ်ရမဲ့ ကိစ္စတွေကို ပြန်ပြီးတော့ အာရုံစိုက်လိုက်ပါတယ်။

သူက ကောင်းကင်ဘုံ ပုလဲဆေးလုံး ပမာဏ အများကြီးကို ရောင်းချချင်ပါတယ်။

သူ့အနေနဲ့ ဒီအတွက်ကြောင့် လီဝေဂေကို ရှာဖွေရပါလိမ့်မယ်။ တကယ်လို့ သူကိုယ်တိုင် ရောင်းမယ်ဆိုရင် တန်ဖိုးက သေချာပေါက် ထိတ်လန့်စရာ ကောင်းလောက်အောင် နိမ့်ကျပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ အဆက်အသွယ်ကောင်းကောင်းနဲ့ နောက်ခံအင်အား

ကောင်းကောင်း မရှိပါဘူး။ ဒါပေမဲ့ လီဝေဂကိုသာ တာဝန်ပေးလိုက်ရင် ဘယ်သူကများ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးကို လှည့်စားဝံ့မှာလဲ။

တကယ်လို့ သူက အကျိုးအမြတ်ကို လီဝေဂနဲ့ ဝေစုခွဲရင်တောင်မှ သူ့အတွက် အမြတ်ရှိနေဆဲ ပါပဲ။

လီဝေဂက ပိုက်ဆံရှာရတဲ့ အရသာကို ကောင်းကောင်းကြီး သဘောကျနေပါပြီ။ ပြီးတော့ ဒီအလုပ်က ပျော်ရွှင်စေပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ ပုလဲဆေးလုံး အရေအတွက်ကို မြင်လိုက်ရတဲ့ အခါမှာ သူမက အံ့အားသင့် သွားမိပါတယ်။

"ဘယ်မော်ဆေးပညာ ကလန်ကို နင်ဓားပြတိုက်လာတာလဲ"

ဒါက အရမ်းကို များပြားလွန်းပါတယ်။ သာမန်ဆေးဆိုင် တစ်ခုတောင် ဒီပမာဏရဲ့ တစ်ရာပုံ တစ်ပုံတောင် မရှိနိုင်ပါဘူး။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီး မေးလိုက်တယ်။

"ငါ ရှစ်ဆယ်ရာခိုင်နှုန်းယူမယ်။ မင်းက နှစ်ဆယ်ရာခိုင်နှုန်းယူပေါ့။ ဘယ်လိုလဲ"

လီဝေဂက ပျော်ရွှင်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူမက လက်တိုလက်တောင်းပဲ လုပ်ရတာ ဖြစ်ပြီးတော့ မော်ဆေးလုံးတွေရဲ့

တန်ဖိုးက အစားအသောက် ပါဂင်ပစ္စည်းတွေထက် ပိုပြီးတော့ မြင့်မားပါတယ်။ တကယ်လို့ နှစ်ဆယ်ရာခိုင်နှုန်းပဲ ဆိုရင်တောင် သူမက မတန်တဆ ပမာဏ တစ်ခုကို ရရှိပါလိမ့်မယ်။

လင်းဟန်က လင်းယို၊ မာရှန်းနဲ့ တခြားသူတွေနဲ့ နောက်ထပ်တစ်ကြိမ် တွေ့ဆုံခဲ့ပါတယ်။ သူတို့တွေက စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် အုပ်စုမှာပဲ ရှိနေပါသေးတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့် ကြယ်နှစ်ဆယ်လုံးထိ မတွန်းပို့နိုင်သေးဘဲ တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ လုပ်ဆောင်လိမ့်မှာ မဟုတ်ပါဘူး။ သူတို့အားလုံးပဲ မချိတင်ကဲ ခံစားနေရပါတယ်။ သူတို့က ကောင်းကင်နီ သင်တန်းကျောင်းကို အတူတကွ ဂင်ရောက်ခဲ့ပြီး သူတို့အားလုံးက တိုးတက်လာခြင်းမရှိပဲ လင်းဟန်ကတော့ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ်ကို ရောက်နေခဲ့ပါပြီ။

ဘာဖြစ်လို့ သူတို့အကြားက ကွာဟချက်ဟာ အရမ်းကို ကြီးမားလွန်းတာလဲ။

လီဝေဂက အရမ်းကို တော်ပါတယ်။ ပိုက်ဆံအတွက်ကြောင့် ဒီသခင်မလေးက တကယ့်ကို အလုပ်ကြိုးစားခဲ့ပါတယ်။ သုံးရက်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ သူမက

လင်းဟန်အတွက် အစစ်အမှန် မူလကျောက်တုံး သုံးသန်းကို စုဆောင်းပေးနိုင်ခဲ့ပါတယ်။ အကျိုးအမြတ်ကို ရှစ်ဆယ် နှစ်ဆယ် ခွဲဝေထားတာတောင် လင်းဟန်ရဲ့ လက်ထဲမှာ အစစ်အမှန် မူလကျောက်တုံး နှစ်သန်းထိ ချမ်းသာကြွယ်ဝ နေပါသေးတယ်။

သူက ကျင့်ကြံခြင်းနဲ့ ယန္တရားရုပ်တွေ ထိန်းသိမ်းဖို့ အစစ်အမှန် မူလကျောက်တုံး အနည်းငယ်ကိုပဲ သိမ်းထားခဲ့ပါတယ်။ ကျန်တာတွေကိုတော့ ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးဖော်စပ်ဖို့ အသုံးပြုတဲ့ ကုန်ပစ္စည်းတွေနဲ့ အလဲအလှယ် လုပ်ခဲ့ပါတယ်။

ပြင်းထန်အလယ်အလတ် ကျင့်ကြံသူ တစ်ယောက်က အဆင့်သုံး နတ်ဘုရားဆေးလုံး တစ်လုံးကို ဖော်စပ်တယ် ဆိုတာက အတော်လေး အားစိုက်ရတဲ့ တာဝန်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်မှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ ဒါကြောင့် သူ့အနေနဲ့ မီးတောက် အပူချိန်နဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ပူပန်စရာ လုံးဝမလိုအပ်ခဲ့ပါဘူး။ နောက်ပြီးတော့ သူ့ရဲ့ နတ်ဘုရား အာရုံကလည်း သာမန်ပြင်းထန်အလယ်အလတ် ကျင့်ကြံသူတွေထက် အများကြီး သန်စွမ်းလွန်း ပါတယ်။ ဒါကြောင့်

သူက အဆင့်သုံး နတ်ဘုရား ဆေးလုံး တစ်လုံးကို ဖော်စပ်နိုင်စွမ်း ရှိပါတယ်။

အစပိုင်းမှာတော့ ကျရှုံးတယ်ဆိုတာက သဘာဝပါပဲ။

တစ်လကျော် အချိန်အတွင်းမှာ သူက အစစ်အမှန် မူလကျောက်တုံး နှစ်သန်းလောက် ကုန်ကျတဲ့ ကုန်ပစ္စည်းရဲ့ ကိုးဆယ်ရာခိုင်နှုန်းကို သုံးစွဲခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးမှာ မျှော်လင့်ချက် အလင်းရောင် ပါးပါးလေး တစ်ခုကို တွေ့မြင်ခဲ့ပြီး သူ့ရဲ့ အကြိမ်ပေါင်းများစွာ ကျရှုံးမှုကနေ အကြံတချို့ ရယူနိုင်ခဲ့ပါတယ်။

အင်း အကြိမ်ပေါင်း ထောင်နဲ့ချီပြီးတော့ ကျရှုံးပြီးတဲ့နောက်မှာ သူက အောင်မြင်ခါနီးပါပြီ။

သူ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ဘယ်လောက်တောင် လောင်ကျွမ်းစေခဲ့လဲ ဆိုတာကို တစ်ချက်ကြည့်လိုက်ပါ။

လင်းဟန်တောင်မှ အနည်းငယ် ခေါင်းခဲသွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အစစ်အမှန် မူလကျောက်တုံး နှစ်သန်းလောက် ရင်းနှီးမြှုပ်နှံရုံနဲ့ မလုံလောက်သေးပါဘူး။ သူ့အနေနဲ့ နောက်ထပ် ပမာဏကြီးကြီး လိုပါတယ်။ အနည်းနဲ့အများဆိုသလို တူညီတဲ့ ပမာဏလောက် ဖြစ်ပါတယ်။

"ငါ့မှာ ပိုက်ဆံ မရှိတော့ဘူး"

လင်းဟန်က သူ့ခေါင်းကို ထိုးဖွလိုက်ပါတယ်။ သူက သိပ်မကြာခင်ကမှ အစစ်အမှန် မူလကျောက်တုံး နှစ်သန်းကျော်လောက် စုဆောင်းမိခဲ့ပြီး အခုဆိုရင် မျက်စိတစ်မှိတ်အတွင်းမှာ ဘယ်လိုလုပ် ဆင်းရဲသားတစ်ယောက် ဖြစ်သွားရတာလဲ။

သူ့အတွက် လှည့်စားဖို့ အသုံးအဖြုန်းကြီးတဲ့သူ နည်းနည်းမှ မရှိတော့ဘူးလား။

"သခင်လေး"

ကျောက်လန်ရဲ့ အရှေ့မှာ အရမ်းကို လှပချောမောတဲ့ မိန်းကလေး တစ်ယောက် ဒူးထောက်လို့ နေပါတယ်။ အနီးကပ် သေချာကြည့်လိုက်ရင် သူမက စွေ့ရန်ယွီနဲ့ အတော်လေး ဆင်ပါတယ်။ သူတို့နှစ်ယောက်စလုံး ညှို့ယူဖမ်းစားနိုင်တဲ့ အလှပိုင်ရှင်တွေ ဖြစ်ပြီးတော့ ကျက်သရေ ရှိတာခြင်းလည်း တူပါတယ်။ ဒါပေမဲ့လည်း ကွာဟချက် အနည်းငယ်တော့ ရှိနေပြီး သူမက တစ်ခုခု ကင်းမဲ့နေသလိုပါပဲ။

ကျောက်လန်က ကန်ရေပြင်က လိုင်းကြက်ခွပ်တွေကို ကြည့်နေပြီး သူ့လက်တွေကို အနောက်ဘက် ပစ်ထားပါတယ်။ လိုင်းကြက်ခွပ်တွေက ထောင်ပေါင်းများစွာသော ရွှေရောင်မြွေတွေ ကခုန်နေတာနဲ့ တူပါတယ်။ သေသေချာချာကြည့်ရင် သူ့လက်ချောင်းတွေက စည်းချက်တစ်ခုအတိုင်း လှုပ်နေတာကို တွေ့ရပါလိမ့်မယ်။

သူက ထူးခြားတဲ့ ရှေးဟောင်းပညာရပ် တစ်ခုကို ကျင့်ကြံအားထုတ်ခဲ့ပြီး အဲဒါက ရေရဲ့ လှုပ်ရှားမှုကို လေ့လာစူးစမ်းပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းချက်ကို နားလည်သဘောပေါက်အောင် လေ့လာရခြင်း ဖြစ်ပါတယ်။

"ဘာထူးလဲ"

သူက တည်ငြိမ်စွာနဲ့ မေးလိုက်တယ်။ သူ့အမူအရာကို ကြည့်ခြင်းအားဖြင့် လင်းဟာန်ရဲ့ လက်ထဲမှာ ရှုံးနိမ့်ခဲ့တဲ့ အရိပ်မည်းကြီးအောက်ကနေ လုံးဝကို ထွက်လာနိုင်ပုံ ရပါတယ်။

"လင်းဟာန်နဲ့ မိန်းကလေးစွေ့တို့ ပြန်ရောက်လာပါပြီ"

မိန်းမလှလေးက ပြောလိုက်တယ်။ သူမရဲ့ နာမည်က ယန်လောတန်းလို့ ခေါ်ပါတယ်။

ကျောက်လန်ရဲ့ မျက်နှာပေါ်က တည်ငြိမ်နေတဲ့ အမူအရာဟာ ရှုံ့မဲ့သွားပြီး သူ့ညာလက်ကို မရည်ရွယ်ပဲ လက်သီးအဖြစ် ဆုပ်လိုက်မိပါတယ်။ လင်းဟန်ကို ရှုံးနိမ့်ခြင်း တကယ်လို့ အဲဒါက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပိတ်ဆို့ထားတယ် ဆိုရင်တောင် သူ့ဘဝတစ်လျှောက်လုံးမှာ အကြီးမားဆုံး အရှက်ရခြင်း ဖြစ်နေပါသေးတယ်။

လင်းဟန်က စွေ့ရန်ယွီနဲ့ နေရာအနှံ့ကို လျှောက်သွားတဲ့ အချိန်မှာတော့ သူ့ကို ပိုပြီးတော့ ဆုံးရှုံးမှုနဲ့ ကြုံတွေ့စေပါတယ်။

“အဲဒီအမိုက်စ နှစ်ကောင်ကတော့ ဒီလိုမျိုး ကိစ္စသေးသေးလေး တစ်ခုကိုတောင် အောင်မြင်အောင် မလုပ်နိုင်ဘူး”

ကျောက်လန်က နာခေါင်းရှုံ့လိုက်ပါတယ်။ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံး အခုပြန်ရောက်လာပြီး ကျိုးရှောင်နဲ့ ဖန်းယွန်တို့က ပျောက်ကွယ်နေပါတယ်။ သူတို့က မအောင်မြင်တဲ့အပြင် လင်းဟန်ရဲ့ သတိဖြတ်ခြင်းကိုပါ ခံလိုက်ရမှန်း သိသာပါတယ်။

ဒီကိစ္စရဲ့ အမှန်တရားက နည်းနည်းလေး ကွဲပြားပေမဲ့ ဒီလူနှစ်ယောက် တကယ်တမ်း ကျရှုံးပြီး သေသွားခဲ့တာကတော့ မှန်နေပါသေးတယ်။

ကျောက်လန်က နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ သူတို့နှစ်ယောက်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်မှာ ဖြစ်ပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က နှစ်ပွင့်ကနေ သုံးပွင့်ထိတောင် သာလွန်ပြီး သူတို့ကို ရတနာပစ္စည်း နှစ်ခုတောင် ပေးခဲ့ပါတယ်။ ပြီးတော့ အဲဒါတောင် သူတို့က လင်းဟန်ကို မသတ်ပစ်နိုင်ဘူးလား။

ကျွှမ်ာငယ်လေး တစ်ခုကနေ မိုးကောင်းကင်ကို ခွဲဖွင့်လာတဲ့ အဲဒီပုရွက်ဆိတ်က မိုးကောင်းကင်နဲ့ ကျွှမ်ာမြေကြီးရဲ့ ကံကောင်းမှုတွေကို တကယ်ပဲ ရရှိထားပြီး သတ်လို့ မရနိုင်ဘူးလား။

"ငါကိုယ်တိုင် ဒါကို လုပ်နိုင်ပါတော့မလား"

သူက လုံးဂကို အကြြင်နာမဲ့ပြီး ရက်စက်ပါတယ်။ သူ့အနောက်မှာ အနီရောင် နေမင်းတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါက အရမ်းကို သေးငယ်ပေမဲ့ တောင်မြစ်အဆင့်နဲ့ နှိုင်းယှဉ်လိုက်ရင် အရည်အသွေး ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။

ကျွန်မာငယ်လေးက အဲဒီပုရွက်ဆိတ်ဟာ နံပါတ်ကိုး ဘုရင်ရဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။ လင်းဟန်ကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်ရဲတဲ့သူ ဘယ်လောက်များများ ရှိနိုင်မှာလဲ။ သူတို့က နံပါတ်ကိုး ဘုရင်ရဲ့ ဒေါသကို မကြောက်ကြဘူးလား။ ကျောက်လန်ကို အသာထားဦး တကယ်လို့ မဟာဗိုလ်ချုပ် ကျောက်ကိုယ်တိုင် ရှေ့ထွက်လာရင်တောင် အသုံးမဝင်ပါဘူး။

"သခင်လေး ဘာဖြစ်လို့ အမှောင်ည ခန်းမက တစ်ယောက်ယောက်ကို ကျမတို့ မတောင်းဆိုတာလဲ"

ယန်လော့တန်က အကြံပြုလိုက်ပါတယ်။

ကျောက်လန်ရဲ့ အမူအရာက တင်းမာသွားပြီးတော့ သူက နှာခေါင်းရှုံ့ကာ ပြောလိုက်တယ်။

"မင်းအတင့်ရဲလှချည်လား"

အမှောင်ည ခန်းမဆိုတာက အင်ပါယာ သုံးခုစလုံးရဲ့ လူသိထင်ရှား ရန်သူဖြစ်ပါတယ်။ ကျောက်လန်က မဟာဗိုလ်ချုပ်ရဲ့ သားတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူက အမှောင်ည ခန်းမနဲ့ အဆက်အသွယ် လုပ်လိုက်မယ်ဆိုရင် ဧကရီ ဘုရင်မရဲ့ အာရုံစိုက်တာကို ခံရလိမ့်မယ် မဟုတ်လား။ အဲဒီနောက် တကယ်လို့

သူမက စုံစမ်းစစ်ဆေးမယ်ဆိုရင် ဖြစ်နိုင်ချေ ရှိတာက သူတောင်မှ ခေါင်းဖြတ်ကွပ်မျက် ခံရပါလိမ့်မယ်။

တကယ်လို့ သူက ဥပဒေကို ကောင်းကောင်း သိနားလည်ရဲ့သားနဲ့ ပြစ်မှုကျူးလွန်မယ်ဆိုရင် သူ့ရဲ့အပြစ်က ပိုပြီးတော့တောင် ကြီးလေးပါဦးမယ်။

ပထမတော့ ကျောက်လန်က သူမကို အပြစ်တင် ကြိမ်းမောင်းဖို့ စီစဉ်လိုက်ပေမဲ့ ယန်လော့တန်က မြေပြင်ပေါ်မှာ ဒူးထောက်နေပြီး သူမရဲ့ လုံးဝန်းတဲ့ တင်ပါးတွေက ဂုဏ်ယူဝင့်ကြွားစွာနဲ့ မို့မောက်နေတာကို မြင်လိုက်ရတဲ့ အခါမှာ သူ့ရဲ့ ရမ္မက်စိတ်တွေ လောင်ကျွမ်းလို့ လာမိပါတယ်။

နေလအဆင့်ကို မဝင်ရောက်ခင်ထိ ဗိုလ်ချုပ်ကျောက်က အမျိုးသမီးတွေ အနားကို ချဉ်းကပ်ခွင့် မပြုခဲ့ပါဘူး။ သူ့အနေနဲ့ ကာမန္တဝတောထဲမှာ နစ်မြုပ်ပြီး သူ့ရဲ့ ကျင့်ကြံခြင်း တန့်နေမှာကို ကြောက်ရွံ့တာကြောင့် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအတားအဆီးက အခုဆိုရင် ပျောက်ကွယ်သွား ခဲ့ပါပြီ။ ကျောက်လန်က သာမန်မိန်းမလှတွေကို စိတ်မဝင်စားပဲ သူ့နှလုံးသားထဲမှာ စွေ့ရန်ယွီ တစ်ယောက်ပဲ ရှိပါတယ်။

ဒါပေမဲ့လည်း စွေ့ရန်ယွီက သူ့ကို လက်ထပ်မဲ့အစား ခွေးတစ်ကောင် ဒါမှမဟုတ် ဂက်တစ်ကောင်နဲ့ လက်ထပ်မယ်လို့ ပြောပါတယ်။ အဲဒါက သူ့ကို အရမ်းဒေါသထွက် စေခဲ့ပါတယ်။ အဲဒါကြောင့် ယန်လော့တန်ကို နောက်လိုက်အဖြစ် တမင်သက်သက် ရွေးချယ်ခဲ့ပြီး စွေ့ရန်ယွီ အတွက် အစားထိုးတဲ့ လူတစ်ယောက် အနေနဲ့ သူမကို ဆက်ဆံဖို့ ရည်ရွယ်ချက် တစ်ခုကြောင့် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ယန်လော့တန်က တကယ်တမ်းတော့ စွေ့ရန်ယွီ မဟုတ်သေးပါဘူး။ နောက်ပြီး သူ့မှာ ဒီတစ်ချိန်လုံး ဒီလိုမျိုး စိတ်မဂင်စားမိ ခဲ့ပါဘူး။ သူက လင်းဟန်နဲ့ ပတ်သက်တဲ့ သတင်းတွေကြောင့် သူ့ရဲ့ဒေါသတွေက တောင့်တင်းတဲ့ တင်ပါးတွေပေါ်ကို ကျရောက်သွား ခဲ့ပါတယ်။

သူက ရုတ်တရက် ခုန်အုပ်ပြီး စိတ်မရှည်စွာနဲ့ သူမရဲ့ အဂတ်အစားတွေကို စုတ်ဖြဲလိုက်ပါတယ်။

"သခင်လေး သခင်လေး ဘာလုပ်တာလဲ"

ယန်လော့တန်က အံ့အားသင့်သွားပေမဲ့ သူမရဲ့ မျက်လုံးတွေထဲမှာ ကျေနပ်မှု အရိပ်အယောင် တစ်စွန်းတစ်စကို တွေ့မြင်နိုင်ပါတယ်။ သူမက ကျောက်လန်ရဲ့ နောက်လိုက်ဖြစ်ရတာနဲ့

မကျေနပ်နိုင်သေးပါဘူး။ သူမရဲ့ ရည်မှန်းချက်က အဲဒီထက် ပိုပြီးတော့ ကြီးမားပြီး ဗိုလ်ချုပ်ကျောက် စံအိမ်ရဲ့ သခင်မလေး ဖြစ်လာချင်ခဲ့ပါတယ်။

ကျောက်လန်ရဲ့ အချောင်းက ယန်လော့တန်ထဲကို ဂင်သွားပြီး သူမကို ခပ်ကြမ်းကြမ်းကို ဆက်ဆံပါတော့တယ်။

ယန်လော့တန်က ကျောက်လန်ကို သူမရဲ့ လက်တွေနဲ့ ရစ်ပတ်တွယ်ဖက်ထားပြီး သူမရဲ့ နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူမအကြံအစည်ရဲ့ ပထမ ခြေလှမ်းက အောင်မြင်သွားခဲ့ပါပြီ။

"သခင်လေး ကျမရဲ့ အကြံအစည်ကို ဘယ်လိုထင်လဲ။ အင့် အင့်။ ကျမတို့ရဲ့ နောက်ခံတွေကို ဖုံးကွယ်ထားနိုင်တယ်။ အမှောင်ည ခန်းမက ပိုက်ဆံကိုပဲ ဂရုစိုက်ပြီး လူကို ဂရုမစိုက်ဘူး အင့် အင့် အင့်"

သူမက မောနေတဲ့ ကြားထဲက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။ ကျောက်လန်ရဲ့ ရမ္မက်စိတ်ကို ကျေနပ်အောင် ဖြည့်ဆည်းပေးရုံနဲ့ အသုံးမဝင်နိုင်ပါဘူး။ သူက သူမကို သူ့ရဲ့ ဒေါသတွေ လျော့ပါးစေဖို့ ပစ္စည်းတစ်ခုလိုမျိုး ဆက်ဆံပါလိမ့်မယ်။

ဒီလိုအချိန်မျိုးမှာ ကျောက်လန်က ဘယ်လိုလုပ်ပြီးတော့ ဆုံးဖြတ်နိုင်မှာလဲ။ သူက ဘာကိုမှ မစဉ်းစားပဲ သူ့ခေါင်းကို ညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒီကိစ္စကို မင်းပဲ တာဝန်ယူလိုက်"

ဒီလိုမျိုး ပြောပြီးတာနဲ့ သူက ယန်လော့တန်ရဲ့ ရင်သားတွေကို အငမ်းမရ စို့နေပြီး သူမကို စွေ့ရန်ယို့ အမှတ်နဲ့ အတင်းဆောင့်နေတာကြောင့် စောစောကထက်တောင် ပိုပြီးတော့ စိတ်လှုပ်ရှား လာမိခဲ့ပါတယ်။

လင်းဟာန်က ကုန်ကြမ်းပစ္စည်းတွေ အားလုံး ကုန်ခမ်းသွားပြီးတော့ ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးကို ဖော်စပ်လို့ မရနိုင်သေးပါဘူး။ အခု သူ့အိပ်ကပ်ထဲမှာလည်း ငွေမရှိတော့ပါဘူး။ သူက ကောင်းကင်ဘုံ ပုလဲဆေးလုံး တချို့ကို ထပ်ပြီးတော့ ဖော်စပ်ပြီး မှော်ဆေးပညာ ရန်ပုံငွေအတွက် မှော်ဆေးပညာနဲ့ ငွေရှာလို့ပဲ ရနိုင်ပါတော့မယ်။

အချိန်တွေက အရမ်းကို လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပြီး မျက်စိတစ်မှိတ် အတွင်းမှာ ငါးလဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါပြီ။

ကျင့်ကြံသူတွေ အတွက်တော့ ငါးလဆိုတာ တကယ့်ကို မျက်စိတစ်မှိတ်စာ အချိန်ပါပဲ။ ကျင့်ကြံသူတွေ အတွက်တော့ ငါးလဆိုတဲ့ အချိန်နဲ့ သာမန်လူတွေအတွက် ရက်အနည်းငယ် ဆိုတဲ့ အကြားမှာ ဘာမှကွာခြားချက် မရှိပါဘူး။

ဒါပေမဲ့ လင်းဟန်အတွက်ကတော့ တစ်လဆိုတဲ့ အချိန်က အကြီးအကျယ် ပြောင်းလဲဖို့ လုံလောက် နေပါပြီ။

နောက်ဆုံးမှာတော့ ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးကို ဖော်စပ်နိုင်ခဲ့ပြီး ကျင့်ကြံခြင်း အဆင့်မှာလည်း ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်ကို ခြေချနိုင်ခဲ့ပါတယ်။

Chapter 1048 end

အပိုင်း(1049) လျှို့ဝှက်ပူးပေါင်း ကြံစည်ခြင်း

နတ်ဘုရား ဆေးလုံးတွေက အတော်လေး ဈေးကြီးပါတယ်။

ဒါပေမဲ့လည်း အဆင့်တစ်နဲ့ အဆင့်နှစ် မှော်ဆေးပညာရှင်တွေပဲ ပိုများပါတယ်။ ဒါကြောင့် ဒီအဆင့်နှစ်ခုမှာရှိတဲ့ ဆေးလုံးတွေက ဈေးသက်သာပေမဲ့ အဆင့်သုံး နတ်ဘုရား ဆေးလုံးကနေ

စပြီးတော့ တန်ဖိုးက လူတစ်ယောက်ရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ဖို့ လုံလောက်ပါတယ်။

တကယ်လို့ သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူတွေက ပိုက်ဆံစုပြီးတဲ့ နောက်မှာ အဆင့်တစ်နဲ့ အဆင့်နှစ် နတ်ဘုရား ဆေးလုံး အနည်းငယ်ကိုပဲ ဝယ်ယူနိုင်သေးပေမဲ့ အဆင့်သုံး နတ်ဘုရား ဆေးလုံး တစ်လုံးက ပိုက်ဆံကို အတော်ကြာအောင် စုရင်တောင် ရယူနိုင်ဖို့ မသေချာပါဘူး။

ဈေးအချိုဆုံး အဆင့်သုံး နတ်ဘုရား ဆေးလုံး တစ်လုံးအတွက် တန်ဖိုးက အစစ်အမှန် မူလကျောက်တုံး တစ်ထောင်ကနေ စပါတယ်။ တကယ်လို့ ဖော်စပ်ဖို့အတွက် ပိုပြီးတော့ ခက်ခဲတဲ့ အမျိုးအစားအနည်းငယ်ထဲက တစ်ခုဖြစ်မယ်ဆိုရင် ရှားပါးတဲ့ အတွက်ကြောင့် တန်ဖိုးက နှစ်ထောင်ကနေ စပါတယ်။

ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးက ဖော်စပ်ရ ခက်ခဲပြီးတော့ ဖော်စပ်မှု အောင်မြင်နှုန်း နည်းပါးတဲ့ စာရင်းထဲမှာ ပါဝင်ပါတယ်။ ဒါကြောင့် အဆင့်သုံး မှော်ဆေးပညာရှင်တွေတောင် အဲဒါကို ဖော်စပ်ရတာ နှစ်ခြိုက်ခြင်း မရှိပါဘူး။ အဆင့်လေး မှော်ဆေးပညာရှင်တွေမှာ ဒီစွမ်းရည် ရှိပြီးတော့ အဆင့်လေး နတ်ဘုရား ဆေးလုံးတွေက ပိုပြီးတော့ ဈေးမကြီးဘူးလား။

အဲဒီနောက် သူတို့က ဘာဖြစ်လို့ အဆင့်သုံး နတ်ဘုရား ဆေးလုံးကို ဖော်စပ်ဖို့ ကြိုးစားအားထုတ် နေရမှာလဲ။

ဒါကြောင့် လင်းဟန်က ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံး ပမာဏ အများကြီးကို ဖော်စပ်နိုင်တဲ့ အချိန်မှာ သူ့အတွက် အဆုံးမရှိတဲ့ ချမ်းသာကြွယ်ဝမှု လမ်းကြောင်းတစ်ခု နောက်ဆုံးမှာ ပွင့်လာခဲ့ပါပြီ။

အဲဒါက သူ့ကိုယ်ပိုင် ဆိုင်ဖွင့်ဖို့အထိတောင် စဉ်းစားစေခဲ့ပါတယ်။

ဆေးဆိုင်တွေကို မော်ဆေးလုံးတွေ တိုက်ရိုက်ရောင်းချတဲ့ အချိန်မှာ သူ့ရဲ့ ငွေလုံးငွေရင်းကို အလျင်အမြန် ပြန်ရနိုင်တယ် ဆိုပေမဲ့ သူ့ရဲ့ အကျိုးအမြတ်ကို ဆေးဆိုင်တွေနဲ့ ဝေစုခွဲ ပေးရတာနဲ့ ညီမျှပါတယ်။ နောက်ပြီးတော့ အဲဒါက ဝေစုနည်းနည်းတစ်ခု မဟုတ်ပါဘူး။

သူက လီဝေဂကို သူ့အကြံအစည် ပြောပြလိုက်ပါတယ်။ ဒါပေမဲ့လည်း လီဝေဂက ဆိုင်တစ်ခု ဖွင့်ဖို့ကို သိပ်ပြီးတော့ တက်ကြွမှု မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမက ပြဿနာတွေကို မကြိုက်နှစ်သက်ပါဘူး။

ဒါကြောင့် လင်းဟန်က စွေ့ရန်ယွီနဲ့ ဒီကိစ္စကို ဆွေးနွေးတိုင်ပင် ခဲ့ပါတယ်။

အဆုံးမှာတော့ စွေ့ကလန့် သူ့ကို အသိအမှတ်မပြုသေးပါဘူး။ လင်းဟန်က စွေ့ကလန်ရဲ့ သဘောထားအတွက် အများကြီး ဂရုမစိုက်ပေမဲ့ စွေ့ရန်ယွီကတော့ သူမကလန်ရဲ့ အသိအမှတ်ပြုမှုကို အရမ်းလိုချင်နေတယ်ဆိုတာကို သိနားလည်ထားပါတယ်။ ဒါကြောင့် သူက သူမအတွက်ကြောင့် သူတို့ကို စဉ်းစားပေးရပါဦးမယ်။

တကယ်လို့ သူက အကျိုးအမြတ်များတဲ့ ဆေးဆိုင်တစ်ခုကို ဖွင့်လှစ်နိုင်မယ်ဆိုရင် အဲဒါကို သတို့သမီးဘက်ကို တင်တောင်းတဲ့ ခန်းဂင်ပစ္စည်းတစ်ခုအဖြစ် ကမ်းလှမ်းမယ်ဆိုရင် စွေ့ကလန်ဘက်က အသံတွေက သေချာပေါက် တိုးသွားပါလိမ့်မယ်။

စွေ့ရန်ယွီက လိမ္မာပါးနပ်ပြီး ချက်ချင်းပဲ သူ့ရဲ့ရည်ရွယ်ချက်ကို တွက်ဆမိခဲ့ပါတယ်။ သူမက ကျေကျေနပ်နပ်နဲ့ သဘောတူပြီးတော့ သူမရဲ့ စိတ်လှုပ်ရှားမှုကို ဖော်ပြတဲ့ အနေနဲ့ သူ့ကိုတောင် အရင်ဆုံး စပြီးတော့ အနမ်းပေးခဲ့ပါတယ်။

လင်းဟန်က ဒီလိုမျိုး ဆုံးဖြတ်လိုက်ပြီဆိုတော့ သူက ဒါကို သွားလုပ်ရပါတော့မယ်။

သူ့လက်ထဲမှာရှိတဲ့ ပိုက်ဆံက သူ့ကို အင်ပေါ်ယာမြို့တော်ထဲမှာတောင် တော်တော်များများ ပြုလုပ်ခွင့် ရှိပါလိမ့်မယ်။ သူ့မှာ အခုလိုမျိုး အဆင့်အတန်း တစ်ခုရှိနေတဲ့ အချိန်မှာဆို ပိုပြီးတော့ အဆင်ပြေမယ် မဟုတ်လား။ သူ့ကို နောက်ကနေ နံပါတ်ကိုး ဘုရင်က ထောက်ပံ့ပေးထားတာကို မသိတဲ့သူ ဘယ်သူရှိလို့လဲ။

သင့်တော်တဲ့ နေရာကို ရွေးချယ်ပြီးတဲ့ နောက်မှာတော့ အဆောက်အအုံဟောင်းကို အသစ်ပြုပြင်ခြင်းနဲ့ ဝန်ထမ်းခန့်ထားခြင်းက အနောက်က လိုက်ပါလာပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ လင်းဟန်က ပြဿနာတစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ဘယ်သူကမှ ဝန်ထမ်းနေရာအတွက် လာရောက်လျှောက်ထားခြင်း မရှိပါဘူး။

စုံစမ်းလေ့လာ ကြည့်ပြီးတဲ့ နောက်မှာတော့ ကျောက်လန်နဲ့ ရှားယွန်တို့ ပူးပေါင်းပြီးတော့ သူ့ဆိုင်မှာ ဘယ်သူမှ အလုပ်မလုပ်ဖို့ တားမြစ်ထားတယ်ဆိုတာကို သိလိုက်ရပါတယ်။

မဟာဗိုလ်ချုပ် နှစ်ယောက်က ဆင်းသက်လာတဲ့ ဒီနှစ်ယောက်ရဲ့ စကားကို ဘယ်သူက လျစ်လျူရှုပြီး နေဝံ့မှာလဲ။

မင်း လင်းဟန်ဆိုတဲ့ကောင်က နံပါတ်ကိုး ဘုရင်ရဲ့ မျက်နှာသာပေးမှုကို တကယ်ပဲ ရရှိထားပေမဲ့ နံပါတ်ကိုး ဘုရင်က ဈေးဆိုင်အလုပ်သမား အနည်းငယ် အတွက်ကြောင့် ရှေ့ထွက်ပြီး ဂင်ရောက် စွက်ဖက်မှာတဲ့လား။

ဒါကြောင့် လင်းဟန်က အကျိုးအမြတ်ကို အများကြီး မြှင့်တင်လိုက်ပေမဲ့ ဘယ်သူကမှ လာပြီးတော့ အလုပ်မလုပ်ဝံ့ပါဘူး။

လင်းဟန်က စဉ်းစားလိုက်ပြီးတော့ သင်တန်းကျောင်းထဲမှာပဲ ကြေညာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒီတစ်ကြိမ် သူက အခြေအနေတွေကို အများကြီး တိုးမြှင့်ပေးခဲ့ပါတယ်။ တကယ်လို့ သူ့ဆိုင်မှာ အလုပ်လုပ်မယ်ဆိုရင် သူတို့ကို လတိုင်းလတိုင်း နတ်ဘုရား ဆေးလုံးတချို့ ရယူနိုင်စွမ်း ရှိပါလိမ့်မယ်။

အဆင့်တစ် ဆယ်လုံး။ အဆင့်နှစ် ငါးလုံး၊ အဆင့်သုံး တစ်လုံး။

အဲဒီကမ်းလှမ်းချက်နဲ့ လျှောက်ထားသူတွေက ပြုံတိုးလာခဲ့ပါတယ်။

အများဆုံးက အဆင့်သုံး နတ်ဘုရား ဆေးလုံးအတွက် ဖြစ်ပါတယ်။ တကယ်လို့ လတိုင်းလတိုင်း တစ်လုံးရမယ်ဆိုရင်တောင် အဲဒီပစ္စည်းက ဂယ်လိုအားများပေမဲ့ ပစ္စည်းမရှိတဲ့ အရာမျိုး ဖြစ်ပါတယ်။ အစွမ်းထက်တဲ့ ကလန်တွေက ဒါကိုလုံးဂ လက်ဝါးကြီး အုပ်ထားပါတယ်။ သူတို့တောင် သူတို့ကိုယ်ပိုင် အဖွဲ့ဂင်တွေကို ထောက်ပံ့ဖို့ မလုံလောက်ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး အပြင်ကို ရောင်းထုတ်နိုင်မှာလဲ။

ဆေးဆိုင်တွေမှာ ဒီလိုမျိုး နတ်ဘုရားဆေးလုံးတွေ မရှိတာကြောင့် မဟုတ်ပါဘူး။ ဒါပေမဲ့ လစဉ်လတိုင်း အရမ်းအရမ်းကို နည်းပါးလွန်းတဲ့ ပမာဏ တစ်ခုပဲ ရှိပါတယ်။ သူတို့တွေ ရောင်းချဖို့ ပစ္စည်းတင်လိုက်တာနဲ့ ချက်ချင်းပဲ ရောင်းထွက်သွား ကြပါတယ်။

လင်းဟန်က ရက်ရက်ရောရောနဲ့ လူဆယ်ယောက်ကို တန်းပြီးတော့ ခန့်လိုက်ပြီး သူတို့ကို အဆိုင်းနှစ်ခု ခွဲလိုက်ပါတယ်။

ဒီနည်းနဲ့ ဆေးဆိုင်ကို အောင်အောင်မြင်မြင်နဲ့ ဖွင့်နိုင်ခဲ့ပါတယ်။ သူတို့က မှော်ဆေးလုံးတွေကို အကန့်အသတ် အမျိုးမျိုးနဲ့ ရောင်းချပေမဲ့ သနားစရာ ကောင်းတာက သုံးမျိုးပဲ ရှိပါတယ်။ ဒီဘက်ခေတ်မှာ ဘယ်သူကများ သူတို့မှာ ရောင်းချဖို့

သိုလှောင်ထားတဲ့ မော်ဆေးလုံးတွေ ရောင်းမထွက်မှာကို ကြောက်နေတဲ့သူ ရှိမှာလဲ။

အထူးသဖြင့်တော့ ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံး ဖြစ်ပါတယ်။ အဲဒီဆေးလုံးရဲ့ တန်ဖိုးကို နှစ်ထောင်လို့ သတ်မှတ်ထားရင်တောင် အရှုံးအမူး လုယက်ဂယ်ယူ နေကြဆဲပါပဲ။ အဲဒီအတွက် လင်းဟာန်က ရွေးချယ်စရာ မရှိပဲ ရောင်းချတဲ့ နည်းလမ်းကို ပြောင်းလဲလိုက်ပါတယ်။ နေ့တိုင်း ငါးလုံးပဲ ရောင်းချပြီး လူတစ်ယောက်ကို တစ်လုံးပဲ ဂယ်ယူနိုင်ပါတယ်။

အဲဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ မော်ဆေးလုံး ဖော်စပ်တဲ့ အချိန်က တစ်သမတ်တည်း ဖြစ်ပြီးတော့ သူ့အနေနဲ့ တစ်ရက်ကို ကောင်းကင်ဘုံ ကျောက်စိမ်းဆေးလုံး တစ်စုပဲ ဖော်စပ်နိုင် ပါတယ်။ တစ်စုမှာ ဆေးဆယ်လုံး ရှိပြီးတော့ လင်းဟာန်က အတော်လေးကို အားစိုက်ထုတ်ရတဲ့ အခြေအနေမှာ ရှိပါတယ်။ ဒါကြောင့် နှစ်ရက်ပြည့်တိုင်း သူက တစ်ခါဖော်စပ်ရပါလိမ့်မယ်။

ဒါပေမဲ့လည်း ဆေးလုံးဖော်စပ်တဲ့ ကိစ္စမှာ လင်းဟာန်က နားလည်သဘောပေါက်ခြင်း တချို့ကို ရရှိခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ထဲမှာ နတ်ဆိုးစွမ်းအား အရင်းအမြစ် ရှိပါတယ်။ ဒါကြောင့် မူလစွမ်းအင် စုစည်းခြင်းနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ

မလိုခဲ့ပါဘူး။ သူ့မှာ ကင်းမဲ့နေတာက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေကို နားလည်သဘောပေါက်နိုင်ခြင်းပဲ ဖြစ်ပါတယ်။

မှော်ဆေးပညာက နားလည်သဘောပေါက်ခြင်း လုပ်ငန်းစဉ် တစ်ခုဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကုန်ကြမ်းဆေးပင်တွေနဲ့ ကုန်ကြမ်းပစ္စည်းတွေက ကြီးထွားရှင်သန်ဖို့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးဆီက စိတ်ဝိညာဉ် ချီတွေကို စုပ်ယူပါတယ်။ သူက အဲဒီပစ္စည်းတွေမှာ နတ်ဘုရား သင်္ကေတတွေ ထည့်သွင်းပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက စည်းမျဉ်းဥပဒေတွေကို အကောင်အထည် ဖော်ရပါတယ်။ မှော်ဆေးလုံးတွေ ပိုပြီးတော့ ဖော်စပ်လေ လင်းဟာန်ရဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေကို နားလည်သဘောပေါက်နိုင်စွမ်း ပိုပြီးတော့ နက်နဲလာခဲ့ပါတယ်။

"ပြောနေကြတာတော့ ဒီကမ္ဘာကြီးထဲမှာ ပညာရပ်တွေ အားလုံးက တူညီတဲ့ အမြစ်တွေကနေ ခွဲထွက်လာကြတယ်။ ဒါကြောင့် အခြေခံအားဖြင့် အားလုံးက တူညီကြတယ်"

လင်းဟာန်က ခေါင်းညိတ်လိုက်တယ်။

ဒါပေမဲ့လည်း မှော်ဆေးပညာက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း နားလည်နိုင်စွမ်းကိုပဲ တိုးမြှင့်ပေး ပါလိမ့်မယ်။ သိုင်းပညာ နည်းစနစ်တွေနဲ့ လျှို့ဝှက်နည်းစနစ်တွေ အတွက်ကိုတော့ သူတို့ကို သူ့ဘာသာပဲ ကျင့်ကြံအားထုတ် ရပါလိမ့်မယ်။

ဒါကြောင့် မှော်ဆေးပညာကလွဲရင် လင်းဟန်က လျှင်မြန်မှု နည်းစနစ်ကို ကျင့်ကြံအားထုတ်ခြင်း အပေါ်မှာ လုံးဝကို အာရုံစိုက်ထားခဲ့ပါတယ်။

ဒီဓားသိုင်းနည်းစနစ်က ဓားသူတော်စင် ဖန်တီးခဲ့ပြီး ပြိုင်ဘက်ကင်း လူတစ်ယောက် အဖြစ် ထင်ပေါ်ကျော်ကြားပါတယ်။ ဒီနည်းစနစ်က တန်ခိုးရှင်ဘုံထဲမှာ အဆင့်မြင့်ဆုံး လျှို့ဝှက်နည်းစနစ် ဖြစ်ပါလိမ့်မယ်။ သူက ဒါကို လေ့ကျင့်နိုင်တယ် ဆိုမှတော့ ဒီအခွင့်အရေးကို ဖြုန်းတီးလိမ့်မှာ မဟုတ်ပါဘူး။

"အစ်ကိုလန် ကျမ အသေခံ စစ်သားတစ်ယောက် ရှာတွေ့ထားတယ်"

မဟာဗိုလ်ချုပ်ကျောက်ရဲ့ စံအိမ်ထဲမှာ ယန်လော့တန်က ကျောက်လန်ရဲ့ ရင်ခွင်ထဲမှာ လဲလျောင်းလို့ နေပါတယ်။

"သူ့ကို အမှောင်ည ခန်းမက ထောက်ပံ့ပေးထားပြီး ကျင့်ကြံခြင်းအဆင့်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတယ်။ ဒါပေမဲ့ နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်တောင် သူ့ကို တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိလိမ့်မယ်လို့ ထင်လိမ့်မယ်"

"နောက်ပြီး သူက လျှို့ဝှက်နည်းစနစ် တစ်ခုကို ကျင့်ကြံအားထုတ်ထားတယ်။ သူအဲဒါကို အသုံးပြုတဲ့ အချိန်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က နေလတစ်ပိုင်း အဆင့်ထိ ထိုးတက်သွား လိမ့်မယ်။ ဒါပေမဲ့ သူ့အသက်က တစ်နာရီလောက်ပဲ ရှိလိမ့်မယ်"

"သူ့ကိုလွှတ်ပြီးတော့ လင်းဟာန်ကို စိန်ခေါ်ခိုင်းလိုက်မယ်။ သူက လင်းဟာန်ကို သတ်ပြီးတဲ့နောက် သူလည်းမကြာခင် သေရမှာပဲ။ ဒါဆိုရင် လျှို့ဝှက်ချက် နည်းနည်းမှတောင် ပေါက်ကြားလိမ့်မှာ မဟုတ်ဘူး"

ယန်လော့တန်က အန္တရာယ်ရှိတဲ့ အပြုံးတစ်ခုကို ပြုံးလိုက်ပါတယ်။ သူမက ဗိုလ်ချုပ်စံအိမ်ရဲ့ သခင်မလေး ဖြစ်လာဖို့ စိတ်ကူးထားပါတယ်။ ဒါကြောင့် လင်းဟာန်လို ဆူးတစ်ချောင်းကို ဖယ်ရှားပစ်ရပါလိမ့်မယ်။ အဲဒီလိုမှမဟုတ်ဘူးဆိုရင် သူက

ကျောက်လန်ကိုပဲ အရှက်ရစေတာ မဟုတ်ပဲ သူမကိုပါ အရှက်ရစေပါလိမ့်မယ်။

ကျောက်လန်က တဒင်္ဂလောက် တိတ်ဆိတ်ငြိမ်သက်ပြီး အဲဒီနောက်မှာ ပြောလိုက်တယ်။

"မင်း သဲလွန်စ နည်းနည်းများ ချန်ထားခဲ့သေးလား"

"မရှိပါဘူး။ ကျမရဲ့ ရုပ်ရည်ကို သုံးကြိမ်တိုင်တိုင် ရုပ်ဖျက်ပြီးမှ သွားဆွေးနွေးခဲ့တာပါ။ အမှောင်ည ခန်းမက လူတွေက ကျမဘယ်သူလဲ ဆိုတာကို သိကြလိမ့်မှာ မဟုတ်ဘူး"

ယန်လော့တန်က အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"ကောင်းတယ်။ ဒါဆိုရင် သူ့ကိုလွှတ်ပြီးတော့ လင်းဟာန်ကို စိန်ခေါ်ခိုင်းလိုက်"

ကျောက်လန်က ခေါင်းညိတ်လိုက်တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟာန်ကို အင်ပါယာ မြို့တော်ထဲမှာ သတ်ပစ်ဖို့က အရမ်းကို ခက်ခဲပါလိမ့်မယ်။ အမှောင်ည ခန်းမတောင်မှ အဲဒါကို ပြုလုပ်ဖို့ အခွင့်အရေး တစ်ခုကို ရှာဖွေနိုင်မှာ မဟုတ်ပါဘူး။

"ဒါပေမဲ့လည်း အမှောင်ည ခန်းမက အစစ်အမှန် မူလကျောက်တုံး သုံးသိန်းတောင်းတယ်"

ယန်လော့တန်က အနည်းငယ် တုံ့ဆိုင်းဆိုင်းနဲ့ ပြောလိုက်တယ်။

သုံးသိန်း။

ကျောက်လန်လို ချမ်းသာကြွယ်ဝတဲ့ သခင်လေး တစ်ယောက်တောင်မှ အံ့အားသင့်ပြီးတော့ ထခုန်လုနီးပါး ဖြစ်သွားပြီး မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ သူ့ကိုယ်သူ ထိန်းပြီးတော့ ပြောလိုက်တယ်။

"သူတို့တောင်းဆိုတာကို လက်ခံလိုက်။ ဟင့် ငါတို့တွေ အဲဒီဘာမဟုတ်တဲ့ကောင်ကို သတ်နိုင်ရင် သုံးသိန်းလောက် သုံးစွဲရတော့လည်း ဘာဖြစ်မှာလဲ။ နောက်ပြီးတော့ လောင်းကြေးတစ်ခုလည်း ရှိလိမ့်မယ်။ ငါတို့က လင်းဟန်သေမဲ့ဘက်ကနေ လောင်းကြေးထပ်ရင် ငါတို့သုံးစွဲလိုက်တဲ့ ငွေတွေ ပြန်ပြီးတော့ ရလိမ့်မယ်"

"အစ်ကိုကျောက်က တကယ့်ကို လိမ္မာပါးနပ်တာပဲ"

ယန်လော့တန်က သူမရဲ့ လက်တွေနဲ့ ကျောက်လန်ကို ကလူကျီစယ်ပြီး ပွတ်သပ်ကာ ချီးမွမ်းလိုက်ပါတယ်။

ကျောက်လန်က ချက်ချင်းပဲ သွေးတွေပွက်ပွက်ဆူလာပြီး ယန်လော့တန်ကို လျင်မြန်စွာနဲ့ ဆွဲပေါ့ပြီး သူမကို

ဆွဲလှည့်လိုက်ပါတယ်။ အဲဒီနောက် သူမရဲ့ ကိုယ်ပေါ်ကို တက်ဖိပြီးတော့ သူ့ရဲ့ စိတ်ကျေနပ်ဖို့ ကျူးလွန်လိုက်ပါတယ်။ အသစ်အဆန်း တစ်ခုကို ခံစားပြီးတဲ့နောက်မှာ သူက ဒီလိုမျိုး အရသာကို နှစ်ခြိုက်သဘောကျ လာခဲ့ပါတယ်။ တကယ်တော့ ဒီအမျိုးသမီးက စွေ့ရန်ယွီ မဟုတ်သေးပါဘူး။

အနောက်ကနေ ကြည့်ရင် သူမက စွေ့ရန်ယွီနဲ့ အနည်းငယ် တူပေမဲ့ အရှေ့ကနေ ဆိုရင်တော့ အတော်ကြီး ကွဲပြားခြားနားပါတယ်။

အဲဒီအချိန်မှာ ယန်လော့တန်က ရက်စက်ယုတ်မာမဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။ ကျောက်လန် ဘာတွေစဉ်းစားနေလဲ ဆိုတာကို သူမက ဘယ်လိုလုပ်ပြီးတော့ မသိပဲနေမှာလဲ။ ဒါပေမဲ့ ကျောက်လန်မသိတာက အမှောင်ည ခန်းမကို သူမသွားတဲ့ အချိန်တုန်းက သူမကိုယ်သူမ စွေ့ရန်ယွီလိုမျိုး တမင်သက်သက် ရုပ်ဖျက်သွားခဲ့ပါတယ်။ သူတို့နှစ်ယောက်က ပုံစံချင်း ဘယ်လောက် ဆင်တူလိုက်လဲ။ သူမက တမင်သက်သက် စွေ့ရန်ယွီရဲ့ ဟန်ပန်အမူအရာကို အတုခိုးထားတဲ့ အချက်ကိုပါ ပေါင်းထည့်လိုက်ရင် သူမကို စွေ့ရန်ယွီလို အထင်မှားစေဖို့က အရမ်းကို မြင့်မားပါတယ်။

လင်းဟန် သေသွားတဲ့ အချိန်မှာ တကယ်လို့ အမှောင်ည ခန်းမက ထုတ်ဖော်ရင်တောင် ပြစ်မှုက စွေ့ရန်ယွီအပေါ် ပုံကျသွားပါလိမ့်မယ်။ ဒါက ခဲတစ်လုံးထဲနဲ့ ငှက်နှစ်ကောင် ပစ်ချလိုက်ခြင်း ဖြစ်ပါတယ်။

သူမက အစားထိုးရုံ သက်သက်တော့ မဖြစ်ချင်ပါဘူး။

ကျောက်လန်ကတော့ ဘာမှမသိပဲ သူ့ရဲ့ စိတ်ကျေနပ်မှုအတွက် အစွမ်းကုန် ကြိုးစားပြီး အားထုတ်နေပါတယ်။ သူ့ရဲ့ပြင်းထန်တဲ့ ရမ္မက်စိတ်တွေကြောင့် အခန်းထဲကနေ အသက်ရှူသံ ပြင်းပြင်းတွေ ထွက်ပေါ်လာပြီး ယန်လော့တန်ရဲ့ ရမ္မက်စိတ်ကို နိုးဆွစေနိုင်တဲ့ ညည်းညူသံ တိုးတိုးလေးတွေက အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါတယ်။

Chapter 1049 end

အပိုင်း(1050) စိန်ခေါ်မှုကို လက်ခံခြင်း

အခုတစ်လော အင်ပါယာ မြို့တော်ထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက် ထွက်ပေါ်လာခဲ့ပါတယ်။

သူ့နာမည်က ဝူကျိရန် ဖြစ်ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့် ပြင်းထန် အလယ်အလတ်မှာပဲ ရှိပါတယ်။

ဒါပေမဲ့လည်း သူက သံမဏိသွေးပြိုင်ကွင်းထဲမှာ ဆယ့်ကိုးပွဲ ဆက်တိုက် အနိုင်ယူထားပြီး အင်ပါယာ မြို့တော် တစ်ခုလုံးကို မှင်တက်အံ့ဩသွား စေခဲ့ပါတယ်။

သံမဏိသွေး ပြိုင်ကွင်းမှာ တစ်စုံတစ်ယောက်က ပြိုင်ပွဲတစ်ပွဲ အနိုင်ရတာနဲ့ ပတ်သက်ပြီး ဘာမှ မထူးခြားပါဘူး။ ဒါပေမဲ့လည်း သံမဏိ ပြိုင်ကွင်းထဲမှာ သုံးပွဲအထက် ဆက်တိုက်အနိုင်ရဖို့ ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သံမဏိ ပြိုင်ပွဲကွင်းက သုံးပွဲဆက်တိုက် ဒါမှမဟုတ် သုံးပွဲအထက် အနိုင်ရတဲ့သူ ရောက်လာပြီဆိုရင် လက်ရွေးစင်တွေကို စေလွှတ်တတ်ပါတယ်။ သူတို့က ယှဉ်ပြိုင်သူတွေရဲ့ ဆက်တိုက်အနိုင်ရမှုကို အဆုံးသတ်ဖို့ အစွမ်းကုန် ကြိုးစားကြ ပါလိမ့်မယ်။

ကျောက်လန် ဒါမှမဟုတ် ရှားယွန်တို့ အပါအဝင် ဘယ်သူမှ မျက်နှာသာ ပေးခြင်းကို မခံရပါဘူး။ သံမဏိသွေး ပြိုင်ပွဲကွင်းမှာ တိုက်ခိုက်ဖို့ ရောက်လာတဲ့ အချိန်မှာ ဘယ်သူမှ မျက်နှာသာ ပေးပြီးတော့ ဆက်ဆံတာကို မခံယူရပါဘူး။

နောက်ပြီးတော့ သံမဏိသွေး ပြိုင်ကွင်းထဲကို ဝင်လာလိုက်တာနဲ့ သူတို့ရဲ့ကိုယ်ပိုင် သေခြင်းရှင်ခြင်းနဲ့ ပတ်သက်ပြီး အပြည့်အဝ တာဝန်ယူရပါလိမ့်မယ်။ တိုက်ပွဲအတွင်းမှာ ပြင်းပြင်းထန်ထန်

ထိခိုက်ဒဏ်ရာ ရတာကတော့ လူတစ်ယောက်အတွက် သာမန်ပါပဲ။ ပြီးတော့ အသတ်ခံရနိုင်ချေတောင် ရှိနိုင်ပါတယ်။

ဆယ်ပွဲဆက်တိုက် အနိုင်ရတဲ့ လူတစ်ယောက်က တစ်နှစ်မှာ တစ်ကြိမ်လောက်တော့ ထွက်ပေါ် လာတတ်ပါတယ်။ ပြီးတော့ ဆယ့်ငါးပွဲဆက်တိုက် အနိုင်ရတဲ့ လူတစ်ယောက်က နှစ်ပေါင်းတစ်ရာ ဒါမှမဟုတ် ဒီထပ်ပိုများတဲ့ နှစ်ကြာမှ တစ်ကြိမ် ထွက်ပေါ်လာပါလိမ့်မယ်။ အဲဒီအချိန်အတွင်းမှာ ပွဲနှစ်ဆယ်ဆက်တိုက် အနိုင်ရတဲ့ ပါရမီရှင် တချို့ကတော့ နှစ်ပေါင်းတစ်ထောင်ကျော် ကြာမှပဲ တစ်ကြိမ်လောက် ထွက်ပေါ်လာပါလိမ့်မယ်။

ဒါကြောင့် ဆယ့်ကိုးပွဲဆက်တိုက် အနိုင်ရအောင် လုပ်နိုင်စွမ်းရှိတဲ့ ဂူကျိရန်က အင်ပါယာ မြို့တော်ထဲမှာ အုတ်အော်သောင်းတင်း ဖြစ်သွားစေခဲ့ပါတယ်။

နောက်ပြီး ဂူကျိရန်က အားလုံးကို ရုတ်တရက် အံ့ဩသွားအောင် လင်းဟာန်ကို သံမဏိသွေး ပြိုင်ကွင်းမှာ သူနဲ့တိုက်ခိုက်ယှဉ်ပြိုင်ဖို့ စိန်ခေါ်လိုက်ပါတယ်။ သူက လင်းဟာန်ကို သူ့ရဲ့ ပွဲနှစ်ဆယ်ဆက် အနိုင်ရဖို့ လမ်းကြောင်းမှာ ခြေနင်းကျောက်တုံး တစ်တုံးအဖြစ် အသုံးချချင်ခဲ့ ပါတယ်။

အင်ပါယာမြို့တော်က စံအိမ်တွေ အားလုံးက ချက်ချင်းပဲ စိတ်အားထက်သန်ပြီး ကြည့်ချင်စိတ်တွေ ပြည့်နှက်လာခဲ့ကြပါတယ်။

လင်းဟာန်က တိုက်ပွဲတစ်ပွဲတည်းနဲ့ ပုံရိပ်မြင့်မားလာပြီး အရင်တုန်းက သူဟာ ပိုင်ယွန်စီကို တစ်ချက်တည်းနဲ့ သတ်ဖြတ်ခဲ့ကာ ကျောက်လန်ကို ကျင့်ကြံခြင်း အဆင့်တူမှာ ချေမှုန်းခဲ့ပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် သူက လူငယ်မျိုးဆက်ထဲမှာ ကျောက်လန်ကို ကျော်ဖြတ်ပြီး အစွမ်းထက်ဆုံး ကျင့်ကြံသူ ဖြစ်လာခဲ့ပါတယ်။

ပူကျိုရန်က လင်းဟာန်ရဲ့ မြင့်မားတဲ့ အဆင့်အတန်းကို စိန်ခေါ်နိုင်ပါ့မလား။

တိုက်ပွဲစတာနဲ့ လောင်းကြေးတွေလည်း ဖွင့်လာပါလိမ့်မယ်။

သူတို့နှစ်ယောက်အတွက် လောင်းကစားဒိုင်တွေက လောင်းကြေးတွေကို ဖွင့်လိုက်ပါတယ်။ ဒီလောင်းကြေးတွေက ဘယ်သူနိုင်ပြီး ဘယ်သူရှုံးမလဲ ဆိုတာနဲ့ မပတ်သက်ပါဘူး။ အဲဒီအစား လောင်းကြေးက ဘယ်သူနိုင်ပြီး ဘယ်နစ်ကွက် တိုက်ခိုက်ရမလဲ ဆိုတာနဲ့ ပတ်သက်ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ပူကျိုရန်ရဲ့ ခွန်အားက လင်းဟာန်ထက်

သေချာပေါက် မနိမ့်ကျတဲ့ လက်ရွေးစင် တစ်ယောက်လို့ သတ်မှတ်ထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် လောင်းကြေးဖွင့်ထားပုံ အမျိုးမျိုးက အတော်လေး ဆွဲဆောင်နိုင်ပါတယ်။

ဥပမာ လင်းဟာန်အတွက် ဂူကျိုရန်ကို ဆယ်ကွက်အတွင်းမှာ အနိုင်ယူနိုင်ဖို့အတွက်နဲ့ ဂူကျိုရန်က လင်းဟာန်ကို ဆယ်ကွက်အတွင်းမှာ အနိုင်ယူဖို့အတွက် လောင်းကြေးအဆက သုံးချိုးလေးချိုး ဖြစ်ပါတယ်။ ဒီနန်းက အရမ်းကို မြင့်မားပါတယ်။ ဒါပေမဲ့ အရင်တုန်းက အဆတစ်ရာကိုတော့ မမီသေးပါဘူး။

တကယ်တော့ လင်းဟာန်က အဲ့တုန်းက မစမ်းသပ်ရသေးပဲ ဘာမှန်းမသိတဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။ အခုချိန်မှာ ဂူကျိုရန်က သူ့ရဲ့လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ခွန်အားကို ထုတ်ဖော်ပြထားပါတယ်။ ဘယ်သူကမှ အလွယ်တကူ ရလွယ်တဲ့ သူတစ်ယောက်လို့ မသတ်မှတ်နိုင်တော့ပါဘူး။

သံမဏိသွေး ပြိုင်ကွင်းက အခြေအနေကို ဖန်တီးယူတဲ့ နေရာမှာ အရမ်းကို တော်ပါတယ်။ သူတို့က လင်းဟာန်ကို ပါဂင်လာအောင် ရှေ့ထွက်ပြီး ဆွဲဆောင်မှု တစ်ခုကို လုပ်ခဲ့ပါတယ်။ လင်းဟာန်က စိန်ခေါ်မှုကို လက်ခံလိုက်တာနဲ့ အစစ်အမှန် မူလကျောက်တုံး နှစ်သောင်း သူ့ကို ပေးပါလိမ့်မယ်။ တကယ်လို့ သူအနိုင်ရခဲ့ရင်

သူတို့က သူ့ကို နောက်ထပ် အစစ်အမှန် မူလကျောက်တုံး တစ်သိန်းကို ဆုလာဘ်အနေနဲ့ ထပ်ပေးပါလိမ့်မယ်။

လင်းဟန်က ဒီကမ်းလှမ်းမှုကြောင့် စိတ်ယိမ်းယိုင်လာခဲ့ပါတယ်။

သူက စိတ်ထဲကနေ တွက်ချက်ကြည့်လိုက်ပါတယ်။ အခုချိန်မှာ သူက နှစ်ရက်ကိုတစ်ကြိမ် ကောင်းကင်ဘုံ ကျောက်စိမ်းဆေးလုံး တစ်အိုးစာ ဖော်စပ်သန့်စင် ရပြီးတော့ ဆေးတစ်အိုးမှာ ဆယ်လုံး ပါဝင်ပြီးတော့ တစ်လုံးကို အစစ်အမှန် မူလကျောက်တုံး နှစ်ထောင်လောက်နဲ့ ရောင်းချရပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူက တစ်ရက်ကို အစစ်အမှန် မူလကျောက်တုံး တစ်သောင်းဝန်းကျင် စုမိပါတယ်။ တကယ်လို့ စိန်ခေါ်မှုကို လက်ခံခဲ့ရင် သူ့ရဲ့ ပုံရိပ်ထွက်ပေါ်လာမှု တစ်ခုတည်းနဲ့တင် တစ်ရက်စာ စုဆောင်းမိတာရဲ့ နှစ်ဆရရှိပါလိမ့်မယ်။ နောက်ပြီးတော့ အနိုင်ရရင် သူ့အတွက် နောက်ထပ် အစစ်အမှန် မူလကျောက်တုံး တစ်သိန်း ရနိုင်မဲ့ အခွင့်အလမ်း တစ်ခုတောင် ရှိနေပါသေးတယ်။

"ငါတိုက်ခိုက်ရလိမ့်မယ်"

သူက နေ့စဉ်နေ့တိုင်း အရမ်းကို စျေးကြီးတဲ့ ဆေးလုံးတွေကို ရောင်းချခြင်းအားဖြင့် ပိုက်ဆံတွေကို ဓားပြတိုက်နေပေမဲ့ သူ့ရဲ့ ဆိုင်ငှားခအတွက်ပေးဖို့ လိုအပ်ပါသေးတယ်။ ဒါက အင်ပါယာ

မြို့တော် ဖြစ်ပါတယ်။ ဒီကမြေရဲ့ တစ်လက်မစီတိုင်းက ရွှေရဲ့အလေးချိန်နဲ့ ထိုက်တန်ပါတယ်။ နောက်ပြီးတော့ သူက ဒီဆိုင်ကို စွေ့ရန်ယွီနဲ့အတူ ဖွင့်လှစ်ခဲ့တာ ဖြစ်တာကြောင့် သူမနဲ့အတူ အကျိုးအမြတ်တွေကို ဝေစုခွဲဖို့ လိုအပ်ပါတယ်။ အဓိက အကြောင်းပြချက်က စွေ့ကလန်ကို သူ့ရဲ့ စွမ်းဆောင်နိုင်ရည် ဖော်ပြချင်တာကြောင့်ပါပဲ။

နောက်ပြီး သူ့အနေနဲ့ နောက်ဆုံးဆေးဖြစ်တဲ့ အဆင့်လေး နတ်ဘုရား ဆေးလုံး ထူးခြားဆန်းကြယ် မိုးပြာဆေးလုံးကို ဖော်စပ်ဖို့ လေ့လာသင်ယူစရာ လိုပါသေးတယ်။ ဒီအတွက် အရမ်းကို ကြီးမားတဲ့ ပမာဏတစ်ခု လိုအပ်ပါတယ်။ တကယ်လို့ သူ့မှာ ဂင်ငွေကောင်းကောင်းတစ်ခု မရှိဘူးဆိုရင် အဲဒါက မဖြစ်နိုင်တဲ့ အိပ်မက် တစ်ခုသာသာပဲ ဖြစ်သွားပါလိမ့်မယ်။

ဒါကိုကြည့်ရင် မှော်ဆေးပညာရှင် တစ်ယောက်အဖြစ် ပြုစုပျိုးထောင်ရတာ ဘယ်လောက်တောင် စျေးများလဲ ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူက ကျိုဝူရန်ကို မသိသလို ကျိုဝူရန်က ဘယ်လောက် သန်မာလဲ ဆိုတာကိုလည်း မသိပါဘူး။ ဒါကြောင့် သူ့အတွက် ကျိုဝူရန်ကို အနိုင်ယူဖို့ တိုက်ကွက်ဘယ်လောက်ထိ

တိုက်ခိုက်ရမလဲ ဆိုတာကိုလည်း မသိပါဘူး။ ဒီအတွေးနဲ့အတူ သူက ဘယ်လောင်းကြေးမှ မထပ်ခဲ့ပါဘူး။

သူအနိုင်ရမယ်လို့ ယုံကြည်နေပါတယ်။ သူ့ပြိုင်ဘက်ကို တိုက်ကွက်ဘယ်လောက် အတွင်းမှာ အနိုင်ယူဖို့ လိုအပ်မလဲ ဆိုတာကိုပဲ မသေချာခဲ့တာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ လျင်မြန်မှု နည်းစနစ်ကို လျှို့ဝှက်ချက်တစ်ခုအနေနဲ့ ထုတ်ဖော် မပြချင်ခဲ့ပါဘူး။

သူက စိန်ခေါ်မှုကို လက်ခံခဲ့ပါတယ်။ ဒီသတင်းပျံ့နှံ့သွားတဲ့ အချိန်မှာ အင်ပါယာ မြို့တော် တစ်ခုလုံးက စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နှက်လို့ လာခဲ့ပါတယ်။ အားလုံးက လက်မှတ်တွေကို ဂယ်ယူဖို့ အလုအယက် ကြိုးပမ်းနေပြီး အဆုံးမှာ လက်မှတ်တစ်ခုကို ရယူဖို့တောင် အရမ်းကို ခက်ခဲလာပါတယ်။ ကောလာဟလတွေအရ သံမဏိသွေး ပြိုင်ကွင်းက တမင်သက်သက် လက်မှတ်တွေကို ကိုင်ထားတာကြောင့် လက်မှတ်တွေရဲ့ တန်ဖိုးက အရမ်းကို မြင့်မားသွား ရတာလို့ ပြောနေကြပါတယ်။ အဲဒါက သူတို့ကို ကြီးကြီးမားမား ချမ်းသာကြွယ်ဝစေမဲ့ အချိန်ပါပဲ။

လင်းဟန်နဲ့ ကျိုဝူရန်တို့ အကြားက တိုက်ပွဲက တိုက်ပွဲတစ်ခု ဆိုတာထက် ကျော်လွန်သွား ခဲ့ပါပြီ။ အဲဒီအစား အင်ပါယာ

မြို့တော်ထဲက ကြီးကျယ်ခမ်းနားတဲ့ ကျင့်ကြံခြင်း အဖြစ်အပျက် တစ်ခု ဖြစ်လာခဲ့ပြီး ပါဂင်တဲ့ အဖွဲ့အစည်းတွေ အားလုံးကို ကြီးမားတဲ့ အကျိုးအမြတ်တွေ သယ်ယူလာ နိုင်ပါတယ်။

လီဝေဂက ချက်ချင်းပဲ လင်းဟန်ရဲ့ ခြံဂင်းဆီကို ပြေးလာပြီးတော့ မေးလိုက်တယ်။

"ကျောက်တုံးခေါင်း ဒီတစ်ကြိမ် ငါဘယ်လို လောင်းသင့်လဲ"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းကတော့ လောင်းကြေးကြီးကြီး အနိုင်ရအောင် လုပ်ဖို့ ဝါသနာထုံနေပြီပဲ။ ဟုတ်တယ်မလား။ ပြီးခဲ့တဲ့ အကြိမ်တုန်းက အများကြီး နိုင်ပြီးပြီ။ ဒါတောင်မှ သူတို့က မင်းကို စာရင်းထဲကနေ မပယ်သေးဘူးလား"

"ထွီ သူတို့က ငါ့လောင်းကြေးကို ငြင်းပယ်ဝံ့လို့လား"

လီဝေဂက ဂုဏ်ယူစွာနဲ့ ပြောလိုက်တယ်။ အဲဒီနောက် သူမက ရုတ်တရက် အလေးအနက် ဖြစ်လာပြီးတော့ ထပ်မေးလိုက်ပါတယ်။

"ကဲ ငါဘယ်လို လောင်းသင့်လဲ"

"မသိဘူးလေ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ဆက်ပြောလိုက်တယ်။

"ငွေ့ပြိုင်ဘက် အကြောင်းကို ငါဘာမှမသိဘူး။ ဒါကြောင့် ဘယ်လိုလောင်းရမလဲ ဆိုတာကို ငါဘယ်လိုလုပ် သိမှာလဲ"

လီဝေဂက ပေကတ်ကတ်နဲ့ ပြောလိုက်တယ်။

"အရင်တုန်းကတော့ ကျင့်ကြံခြင်း အဆင့်တူထဲက လူတွေနဲ့ ရင်ဆိုင်ရမယ်ဆိုရင် နင်က ပြိုင်ဘက်ကင်းပဲလို့ ဂုဏ်ယူဝင့်ကြွားခဲ့တာပဲ မဟုတ်လား"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဒီတိုက်ပွဲမှာ ငါအနိုင်ရမယ်လို့ တကယ်ပဲ ယုံကြည်ချက် ရှိတယ်။ ဒါပေမဲ့လည်း ငွေ့ပြိုင်ဘက်ကို တိုက်ကွက်ပေါင်း ဘယ်လောက်ထိ ယှဉ်ပြိုင်ပြီးမှ အနိုင်ရမလဲ ဆိုတာကိုတော့ တကယ်မသိဘူး"

ဒီအခြေအနေက သူ့အနေနဲ့ လျင်မြန်မှု နည်းစနစ် ဒါမှမဟုတ် အဆုံးမဲ့ မြားကို မထုတ်ဖော်တဲ့ အထဲမှာ ပါဝင်ပါတယ်။ အဲဒီလိုမှမဟုတ်ရင် တစ်ကွက်တည်းနဲ့ အောင်ပွဲရယူနိုင်ဖို့ သူ့မှာ ကိုးဆယ်ရာခိုင်နှုန်း ရှိတယ်လို့ ယုံကြည်ထားပါတယ်။

လီဝေဂက သူမခေါင်းကို ခါပြီးတော့ ညည်းညူလိုက်ပါတယ်။

"ဟင့် ဘယ်လောက်တောင် ပျင်းစရာ ကောင်းလိုက်လဲ"

လင်းဟန်က အကြံတစ်ခု ရသွားပြီးတော့ သူက မေးလိုက်တယ်။

"မင်း အရင်တုန်းက ဒီဝူကျိရန်ကို စုံစမ်းခဲ့ဖူးလား။ ဝူကျိရန် ဒီလိုမျိုး လူတစ်ယောက် မရှိခဲ့ဘူးလား"

လီဝေဂက သူမရဲ့လက်ကို ဆုပ်ပြီးတော့ ပြောလိုက်တယ်။

"ငါ့ကို ခဏစောင့်ပေး။ နင့်အတွက် အမြန်ဆုံး စုံစမ်းပေးမယ်။ ဟင့် ငါ့ရဲ့လုပ်ဆောင်ပေးမှုကြောင့် နင်အရမ်းကို စိတ်လုပ်ရှားသွားပြီမလား။ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးက နင့်အတွက် ဟိုဟိုဒီဒီ ပြေးလွှားပြီး တောက်တိုမည်ရ လုပ်ပေးနေရတယ်"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါပေါ့ ငါတကယ်ပဲ စိတ်လုပ်ရှားသွားပြီ"

လီဝေဂက ကျေနပ်သွားတဲ့ ပုံစံနဲ့ ခေါင်းညိတ်ပြီးတော့ ထွက်သွားပါတယ်။ သူမက အရမ်းကို တော်ပါတယ်။ ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဆိုတဲ့ ဂုဏ်ပုဒ်က အရမ်းကို အကျိုးသက်ရောက်မှု ရှိတယ်လို့ ပြောတာက ပိုမှန်ပါလိမ့်မယ်။ သုံးရက်အတွင်းမှာ လင်းဟန်က သူလိုချင်တဲ့

သတင်းအချက်အလက်တွေကို လက်ခံရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက ဂူကျိုရန်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့ အချိန်တစ်ရက်ပဲ ကျန်ပါတော့တယ်။

"ကျောက်တုံးခေါင်း သဲလွန်စတွေ အားလုံးက အမှောင်ည ခန်းမကို ညွှန်ပြနေတယ်"

လီဝေဂက အလေးအနက် ဖြစ်လာပြီးတော့ ဆက်ပြောလိုက်တယ်။

"ဂူကျိုရန်က အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ဖြစ်ဖို့ ခုနစ်ဆယ် ရှစ်ဆယ် ရာခိုင်နှုန်း ရှိတယ်"

"ဟေး သူတို့က နောက်ဆုံးတော့ လုပ်ရှားလာပြီပေါ့"

လင်းဟန်က လွန်ခဲ့တဲ့နှစ်ဂက်မှာ ကျိုးဂေါင်ယွန်နဲ့ ရင်ယွင်ရှန်းတို့ သေသွားတာတောင်မှ အမှောင်ည ခန်းမက ဘာမှမလှုပ်ရှားလာတဲ့အတွက် ထူးဆန်းနေတယ်လို့တောင် ထင်ခဲ့မိပါသေးတယ်။ ဒါဆိုရင် သူတို့က ဒီတစ်ကြိမ်မှာ လုံးဂကို အကြံအစည်သစ်တစ်ခု ထုတ်သုံး လာခဲ့ပါတယ်။

သူတို့တွေက သူတို့အတွက် ပွင့်ပွင့်လင်းလင်းနဲ့ လာနေပါပြီ။

"ကျောက်တုံးခေါင်း ဒီတိုက်ပွဲကို နင်ဘယ်လိုလုပ်မယ် စိတ်ကူးထားလဲ။ ဒီဂူကျိုရန်ကို စုံစမ်းစစ်ဆေးဖို့ လိုအပ်တဲ့

အချက်အလက်တွေကို တရားစီရင်ရေး ဌာနကို ချက်ချင်း ပို့ပေးလိုက်မယ်”

လီဝေဂရဲ့ မျက်လုံးထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒ တစ်စွန်းတစ်စ ထွက်ပေါ်လာခဲ့ပါတယ်။ တစ်စုံတစ်ယောက်က သူမရဲ့ လက်အောက်က လူကို သတ်ဖို့ အတွက် တကယ်ပဲ ကြံစည်ဝံ့တယ်ပေါ့။

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီအချိန်မှာ လီဝေဂက ထိပ်တန်း လက်ရွေးစင် မိသားစုဝင်တွေ ပိုင်ဆိုင်သင့်တဲ့ လွှမ်းမိုးနိုင်စွမ်းရှိ အရှိန်အဝါတစ်ခု တောက်ပလို့ လာခဲ့ပါတယ်။ သူ့အနေနဲ့ ဒီမင်းသမီးလေးက အမြဲလိုလို သောက်တလွဲတွေပဲ လုပ်နေမယ်လို့ ထင်မှတ်ထားခဲ့ပါတယ်။

“ဟင့်အင်း”

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“ပထမ အချက်က ဒီစိန်ခေါ်မှုကို ငါလက်ခံပြီးပြီ။ ဒါကြောင့် ငါ့အတွက် ဒါကို ဆင်ခြေဆင်လက် တစ်ခုအနေနဲ့ ထုတ်ပြစရာ မလိုဘူး။ ဒုတိယ အချက်က အစစ်အမှန် မူလကျောက်တုံး နှစ်သောင်းကို ရနိုင်တယ်။ ဒါကြောင့် ဒီငွေတွေကို

အိတ်ထဲမထည့်လို့ ဘာဖြစ်မလဲ။ တတိယနဲ့ နောက်ဆုံး အချက်က အမှောင်ည ခန်းမက ငှါးဆီကို ပွင့်ပွင့်လင်းလင်း လာတယ်ဆိုတော့ သူတို့ရဲ့ စိန်ခေါ်မှုကို ငါလက်ခံတာက ကိစ္စမရှိပါဘူး”

“ငတုံး ကျောက်တုံးခေါင်း။ နင်က တကယ့်ကို ငတုံးငအပဲ။ နင်က တကယ့်ကို ကပ်စေးနဲ ကော်တရာပဲ”

လီဝေဂကျ ချက်ချင်းပဲ ဆူပူကြိမ်းမောင်း လိုက်ပါတယ်။ သူမရဲ့ မျက်လုံးထဲမှာ သူတို့ရဲ့ ပြိုင်ဘက်တွေက အပြည့်အဂ ပြင်ဆင်ပြီး ရောက်လာတာက အရမ်းကို အန္တရာယ် ကြီးမားလွန်းပါတယ်။

ဘာဖြစ်လို့ သူက ဒီလိုမျိုး စွန့်စားရတာလဲ။ သူ့ကိုယ်သူ သတ္တိရှိတဲ့ ယောက်ျားတစ်ယောက်လို့ သက်သေပြချင်လို့လား။

လီဝေဂကျ အံ့အားသင့်သလို ခံစားရပြီးတော့ လင်းဟန်ကို မျက်စောင်းတစ်ချက် ထိုးကြည့်လိုက် ပါတယ်။ လင်းဟန်က သူမရဲ့ အကြည့်ကို ဖမ်းမိသွားမှာကိုတော့ နည်းနည်းလေး ကြောက်နေပါတယ်။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မစိုးရိမ်ပါနဲ့။ ငါမသေနိုင်ပါဘူး။ အမှောင်ည ခန်းမက ငါ့ကို သတ်ချင်နေမှတော့ သူတို့ကို တန်ရာတန်ကြေး တစ်ခုတော့ ပေးရမှာပေါ့"

ကျင့်ကြံသူ တစ်ယောက်ကို တောင်မြစ်အဆင့်ရောက်အောင် ပြုစုပျိုးထောင်ရတာက လွယ်ကူတဲ့ တာဝန်တစ်ခုတော့ မဟုတ်ပါဘူး။ အမှောင်ည ခန်းမက သုံးယောက်ကို ဆုံးရှုံးခဲ့ပြီးပါပြီ။ တကယ်လို့ နောက်ထပ် တစ်ယောက်ထပ်ပြီး ဆုံးရှုံးသွားမယ်ဆိုရင် သူတို့က အရမ်းကို ဒေါသထွက်ပြီး ထိခိုက်နာကျင်သလို ခံစားရပါလိမ့်မယ်။

ငါ့ကို ပစ်မှတ်ထားဖို့ သူတို့ကို ဘယ်သူက ပြောလိုလဲ။

Chapter 1050 end

အပိုင်း(1051) မြားတစ်ချောင်းနဲ့တူတဲ့ လျှာ

တစ်ရက်ဆိုတဲ့ အချိန်ကုန်လွန်သွားပြီး လင်းဟန်နဲ့ ဂူကျိရန်တို့ တိုက်ခိုက်ယှဉ်ပြိုင်မဲ့ နေ့ရက်က နောက်ဆုံးတော့ ရောက်လာခဲ့ပါပြီ။

ဒီတိုက်ပွဲကို သံမဏိသွေး ပြိုင်ကွင်းထဲမှာ ကျင်းပမှာ ဖြစ်ပြီးတော့ ဒီပြိုင်ကွင်းထဲမှာ တိုက်ခိုက်ယှဉ်ပြိုင်တယ် ဆိုတာက သူတို့ရဲ့ သေခြင်းရှင်ခြင်းအတွက် အပြည့်အဝ ကိုယ့်ဘာသာ

တာဂန်ယူရလိမ့်မယ်လို့ ဆိုလိုပါတယ်။ ယှဉ်ပြိုင်သူတွေက တိုက်ပွဲမှာ သနားညှာတာစရာ မလိုပါဘူး။ တကယ်လို့ သူတို့က သူတို့ပြိုင်ဘက်ကို သတ်ပစ်ခဲ့မယ် ဆိုရင်တောင် ဘာအကျိုးဆက်မှ ခံစားရလိမ့်မှာ မဟုတ်ပါဘူး။

သံမဏိသွေး ပြိုင်ကွင်းက ဒီတိုက်ပွဲအတွက် ပွဲကြည့်ပရိသတ်တွေ ပြည့်နှက်နေပြီး လူအများကြီးက တိုက်ပွဲအရိပ်အယောင်ကို မြင်နိုင်မလားဆိုပြီး ခြေဖျားထောက်ပြီးတောင် ကြည့်နေကြပါတယ်။

သံမဏိသွေး ပြိုင်ကွင်းမှာ မတ်တတ်ရပ်ကြည့်ရတဲ့ လက်မှတ်မရှိပါဘူး။ ဒါပေမဲ့လည်း ဒီတိုက်ပွဲက လူတွေအများကြီးရဲ့ အာရုံကို ဆွဲဆောင်နိုင်တာကြောင့် ဂင်ခွင့်လက်မှတ်တစ်ခုကို အစစ်အမှန် မူလကျောက်တုံး ငါးဆယ်နဲ့ ရောင်းချပါတယ်။ ဒါတောင်မှ မရေမတွက်နိုင်တဲ့ လူတွေက လက်မှတ်ရဖို့ အလုအယက် တိုက်ခိုက်နေရပါတယ်။

စွေ့ရန်ယွီက လင်းဟာန်နဲ့အတူ ပြိုင်ကွင်းထဲကို ဂင်လာခဲ့ပြီး သံမဏိသွေး ပြိုင်ကွင်းကို ဂင်လာတဲ့ အချိန်မှာ သူမက အံ့အားသင့်သွားမိခဲ့ပါတယ်။ ဘာဖြစ်လို့ လူတွေ အရမ်းကို များနေရတာလဲ။

အရင်တုန်းက သူမက သံမဏိသွေး ပြိုင်ပွဲကို လာဖူးပါတယ်။ ဒါပေမဲ့ ဒီလောက်ထိ လူတွေ များပြားတာကို တစ်ခါမှ မမြင်ဖူးပါဘူး။ ပြိုင်ကွင်းထဲမှာ လူတွေ အရမ်းကို ကြိတ်ကြိတ်တိုးပြီး ပြည့်နှက်လို့ နေပါတယ်။

ကံကောင်းတာက ဒီနေ့ရဲ့ ယှဉ်ပြိုင်သူ တစ်ယောက်ဖြစ်တဲ့အတွက် သံမဏိသွေး ပြိုင်ကွင်းက လင်းဟန်အတွက် စောင့်ဖို့ လူတွေကို စေလွှတ်ခဲ့ပါတယ်။ သူတို့က ချက်ချင်းပဲ အထူးလမ်းကြောင်း တစ်ခုကနေ ခေါ်သွားပြီး လင်းဟန်နဲ့ စွေ့ရန်ယွီကို ပြိုင်ကွင်းထဲ ချောချောမွေ့မွေ့ ဝင်လို့ရအောင် ခေါ်သွားခဲ့ပါတယ်။

တိုက်ပွဲစဖို့ အချိန်အနည်းငယ် လိုပါသေးတယ်။ ဒါကြောင့် လင်းဟန်က အချိန်အနည်းငယ် အနားယူလို့ ရနိုင်ပါသေးတယ်။

"အဲဒီ ဂူကျိရန်က အမှောင်ည ခန်းမက တကယ်ပဲ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်လား"

စွေ့ရန်ယွီက စောစောကမှ လင်းဟန်ဆီကနေ သိခဲ့ရတာပါ။

လင်းဟန်က ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်တယ်။

"သေချာသလောက်နီးပါးပဲ"

စွေ့ရန်ယွီက အနည်းငယ် မျက်မှောင်ကြုတ်ပြီး ပြောလိုက်တယ်။

“ဒီ့အရင် အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူ အုပ်စုနှစ်ခုကို စေလွှတ်ခဲ့ပြီး ကျိုးဝေါင်ယွင်နဲ့ ရင်ယွင်ရှန်းတို့တောင် နင့်ကို သတ်ဖို့ ကျရှုံးသွားခဲ့တယ်။ သူတို့နှစ်ယောက်လုံးက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတယ်ဆိုတာ သတိထားဦး”

“နင်က သူတို့ကို သတ်ခဲ့တဲ့ သူ မဟုတ်ပေမဲ့ အမှောင်ည ခန်းမက အဲဒါကို သိမှာမဟုတ်ဘူး။ ဒါကြောင့် သူတို့က နင့်ရဲ့ တိုက်ပွဲစွမ်းရည်ကို သေချာပေါက် ပိုပြီးတော့ တွက်ဆထားလိမ့်မယ်။ အခု သူတို့က ဂူကျိရန်ကို နင်နဲ့တိုက်ဖို့ စေလွှတ်လိုက်ပြီ။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကျိုးဝေါင်ယွင်နဲ့ ရင်ယွင်ရှန်းတို့ရဲ့ အထက်မှာ ရှိလိမ့်မယ်လို့ ငါသေချာပေါက် ပြောနိုင်တယ်”

စွေ့ရန်ယွီရဲ့ သုံးသပ်မှုတွေက အတော်လေးကို ဖြစ်နိုင်ချေ ရှိပါတယ်။ အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူတွေက ဉာဏ်နုံ့နည်းမှာ မဟုတ်ပါဘူး။ လင်းဟာန်ရဲ့ တိုက်ပွဲစွမ်းရည်ကို သူတို့တွေ နားလည်သဘောပေါက်ပြီးတဲ့ အချိန်မှာ ဘာဖြစ်လို့ လင်းဟာန်ထက် အားနည်းတဲ့ လူတစ်ယောက်ကို စေလွှတ်မှာလဲ။

လင်းဟာန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

“အဲဒါကြောင့်ပဲ ငါအရမ်းကို သိချင်စိတ် ပြင်းပြနေတာ။ သူက ငါနဲ့ ကျင့်ကြံခြင်းအဆင့်လည်း တူတယ်။ ဒါကြောင့် သူ့ရဲ့ခွန်အား

အပြည့်အဝကို ထုတ်ဖော်လိုက်တဲ့ အချိန်မှာ တိုက်ပွဲစွမ်းရည်က ဘယ်အဆင့်ထိ ရောက်နိုင်မလဲ”

“နင့်ရဲ့ သိချင်စိတ် ပြင်းပြမှုကို ကျေနပ်စေဖို့ အန္တရာယ်တွေကို လျစ်လျူရှုထားတာလား”

စွေ့ရန်ယွီက ဒေါသအိုး ပေါက်ကွဲလာခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက်ကို ချတဲ့အချိန်မှာ ဒီယောက်ျားက သူမရဲ့ ခံစားချက်ကိုရော ထည့်တွက်ရဲ့လား။ သူမက ဘယ်လောက်တောင် စိုးရိမ်ပူပန်လဲ ဆိုတာကို သူသိရဲ့လား။

“မစိုးရိမ်ပါနဲ့။ ငါတကယ်ပဲ အဆင်ပြေပါလိမ့်မယ်”

လင်းဟာန်က စွေ့ရန်ယွီကို အသာလေး ဖက်လိုက်ပါတယ်။ ဒါက တကယ့်ကို ရှားပါးလွန်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ။ သူက သူမကို ဖက်ရုံပဲ ဖက်ပြီးတော့ တခြားဘာမှ မလုပ်ခဲ့ပါဘူး။

စွေ့ရန်ယွီက သက်ပြင်းတစ်ခုကို အသာလေး ချလိုက်ရုံပဲ တတ်နိုင်ပါတယ်။ သူမက လင်းဟာန်ရဲ့ လည်ပင်းကို ဖက်ပြီးတော့ ပြောလိုက်တယ်။

“သတိထားပါ”

“စိတ်ချပါ”

လင်းဟာန်ရဲ့ အမူအရာက လေးနက်လာခဲ့ပါတယ်။ နောက်ထပ်ပြောတဲ့ စကားက ပိုပြီးတော့တောင် လေးနက်ပါသေးတယ်။

"အိမ်ပြန်ပြီး မင်းကိုယ်မင်း ပြင်ဆင်ထားလိုက်။ မင်းယောက်ျား အိမ်ပြန်လာပြီးတော့ မင်းနဲ့ ချစ်ဖို့အတွက်ကို စောင့်နေလိုက်တော့"

ဗွေ့ရန်ယွီက ဒီတစ်ကြိမ်တော့ သူ့ကို ဆူပူကြိမ်းမောင်းခြင်း မရှိပဲ သူ့ရဲ့ ရင်ခွင်ထဲမှာ အသာလေး မှီပြီးတော့ ပြောလိုက်တယ်။

"နှာဘူးကောင်စုတ် နင်နဲ့သက်တူရွယ်တူထဲမှာ နင်က အရမ်းကို အစွမ်းထက်ပြီးတော့ အရမ်းကို သန်စွမ်းတဲ့ လူတစ်ယောက်ဆိုတာကို ငါသိပါတယ်။ ဒါပေမဲ့လည်း ကမ္ဘာကြီးက အရမ်းကို ကြီးမားကျယ်ပြန့်တဲ့ နေရာတစ်ခုပဲ။ ဘယ်အရာမဆို ဖြစ်သွားနိုင်တယ်။ နင်အရမ်းကြီး ဘဝင်မြင့် မနေသင့်ဘူး"

"အင်းပါ"

လင်းဟာန်က သူမရဲ့ ပခုံးလေးကို အသာလေး ပုတ်လိုက်ပါတယ်။

"ကျောက်တုံးခေါင်း နင်ဂရုစိုက်ဖို့ အချိန်ရောက် ဟာင်"

လီဝေဂက အလျင်အမြန် ပြေးဝင်လာပြီး ချက်ချင်းပဲ သူမရဲ့ အရှေ့က မြင်ကွင်းကို တွေ့မြင်လိုက်တဲ့ အခါမှာ သူမရဲ့ လက်တွေနဲ့ မျက်လုံးကို အုပ်လိုက်ပါတယ်။

"အားယား ငါ့မျက်လုံးတွေ"

"မင်းမျက်လုံးတွေ ဘာဖြစ်လို့လဲ"

လင်းဟန်က ရယ်ပြီးတော့ ပြောလိုက်တယ်။ အဲဒီနောက် သူက စွေ့ရန်ယွီဘက်ကို လှည့်ပြီးတော့ နူးညံ့သိမ်မွေ့စွာနဲ့ ပြောလိုက်တယ်။

"ငါအခု သွားတော့မယ်"

"ငါနင့်ကို စောင့်နေမယ်"

စွေ့ရန်ယွီက ပြန်ပြောလိုက်တယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြိုင်ပွဲမြေကွက်လပ်ဆီကို ခြေလှမ်းကျဲတွေနဲ့ ထွက်လာခဲ့လိုက် ပါတယ်။

လီဝေဂက စွေ့ရန်ယွီဆီ အလျင်အမြန် ပြေးသွားပြီး လေသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"အစ်မစွေ့ နင်တကယ်ပဲ ဒီကျောက်တုံးခေါင်းကို ကြွေသွားပြီလား"

စွေ့ရန်ယွီက ရှက်နေပေမဲ့ ခေါင်းညိတ်ပြီး ဂန်ခံလိုက်ပါတယ်။

လီဝေဂက အံ့အားသင့် သွားခဲ့ပါတယ်။ သူမက ဟိုယောင်ယောင် ဒီယောင်ယောင် လိုက်လုပ်နေပေမဲ့ လင်းဟာန်နဲ့ စွေ့ရန်ယွီကို ဖူးစာဆုံအောင် တစ်နည်းနည်းနဲ့ လုပ်ခဲ့မိပါတယ်။ သူမက အနည်းငယ် စိုးရိမ်ပူပန်တဲ့ ခံစားချက် ရှိနေပေမဲ့ မေးလိုက်ပါတယ်။

"ဒါပေမဲ့ သူက ကျွမ်းကျင်ယ် တစ်ခုက ကောရာဇ် တစ်ယောက်ပဲ။ ဒီအသံက အထင်ကြီးစရာဆိုပေမဲ့ သူ့မှာ ဘာနောက်ခံမှ ရှိတာမဟုတ်ဘူး။ အစ်မစွေ့ရဲ့ မိသားစုက ဒါကို သဘောတူပါ့မလား"

စွေ့ရန်ယွီလည်း ဒီအတွက်နဲ့ ပြဿနာတက်နေပါတယ်။ လင်းဟာန်က အရမ်းကို ပါရမီရှိပြီးတော့ အနာဂတ်မှာ ထိပ်တန်းအဆင့် လက်ရွေးစင် တစ်ယောက် သေချာပေါက် ဖြစ်လာပါလိမ့်မယ်။ စွေ့ကလန်က အဲဒီလောက်ကြာအောင် စောင့်နိုင်ပါ့မလား။ တကယ်တော့ ကျောက်လန်က သူမကို အလွယ်တကူနဲ့ လက်လျှော့လိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ စိတ်ရှည်မှု ပျောက်ဆုံးသွားတဲ့ အချိန်မှာ စွေ့ကလန်က ဓားစာခံ ဖြစ်လာလိမ့်မလား။

"ဘယ်လိုလုပ်ရမလဲ ဆိုတာကို နောက်မှ ကြည့်တာပေါ့"

စွေ့ရန်ယွီက အင်တင်တင်နဲ့ ပြန်ဖြေလိုက်တယ်။

လီဝေဂက သူမကို ဆွဲပြီးတော့ ပြောလိုက်တယ်။

"သွားကြစို့။ ဒီတစ်ကြိမ် ကျောက်တုံးခေါင်းက ဝူကျိရန်ကို ဘယ်လိုမျိုး ဆော်ပလော် တီးပစ်မလဲ ဆိုတာကို မျက်မြင်ကိုယ်တွေ့ သွားကြည့်ကြမယ်"

မိန်းကလေး နှစ်ယောက်က လင်းဟန်သွားတဲ့ လမ်းကြောင်းနဲ့ မတူပါဘူး။ အဲဒီအစား သူမတို့က ဘယ်လက်ရုံး အမတ်မင်းရဲ့ အဆက်အသွယ်နဲ့ သံမဏိသွေး ပြိုင်ကွင်းရဲ့ အထူးတန်း ပွဲကြည့်စင်ကို ဝင်လာခဲ့ပါတယ်။ ဒီပွဲကြည့်စင်ကနေ ကြည့်ရတဲ့ မြင်ကွင်းက အရမ်းကို ကောင်းမွန်ပြီး သံမဏိသွေး ပြိုင်ကွင်းတစ်ခုလုံးထဲမှာ အကောင်းဆုံး နေရာတွေထဲက တစ်ခုဖြစ်ပါတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပဲ ဒီအထူးတန်း ပွဲကြည့်စင်မှာ တခြားမိသားစုဂင် အနည်းငယ်လည်း ထိုင်နေကြပါတယ်။

ကျောက်လန်နဲ့ ရှားယွန်။

"ရန်ယု မတွေ့တာကြာပြီနော်"

ကျောက်လန်က ပြောလိုက်တယ်။ သူ့ရဲ့ ပုံသဏ္ဍာန်က ကျောက်စိမ်းနဲ့ တူနေပြီး သူ့ရဲ့ ချောမောခံ့ညားတဲ့ မျက်နှာမှာ ဆွဲဆောင်မှုရှိတဲ့ အပြုံးတစ်ခုကို ဆင်မြန်းထားပါတယ်။ သူက နေလအဆင့်ကို အဆင့်တက်သွားသလို သူ့ရဲ့ အရှိန်အဝါကလည်း အရင်ကထက်တောင် ပိုပြီးတော့ ခံ့ညားထည်ဝါလာပြီး သူ့ပုံစံက အစစ်အမှန် နတ်ဘုရား တစ်ပါးနဲ့ တူကာ လူတွေကို ကြည်ညိုလေးစားတဲ့ စိတ်တွေ ဖြစ်ပေါ်လာစေပါတယ်။

အသက်တစ်ထောင် မပြည့်ခင် နေလအဆင့်ကို ရောက်ရှိတယ် ဆိုတာက ကြယ်ဥက္ကာ အင်ပါယာထဲမှာတောင် မယုံနိုင်စရာ ကောင်းလောက်အောင် အထင်ကြီးလောက်ပါတယ်။ လက်ရှိသတင်းတွေ အပေါ်မှာ အခြေခံလိုက်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးသောင်းကျော်က ရှရန်ပဲ သူ့ထက်ပိုပြီး အထင်ကြီးစရာကောင်းတာပါ။

ကျောက်လန်က ဂုဏ်ယူဂင့်ကြွားပြီး ဘဝင်မြင့်နေပါတယ်။

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာ အထင်အမြင်သေးတဲ့ အရိပ်အယောင်တစ်ခု ရှိနေပေမဲ့ သူမက ယဉ်ယဉ်ကျေးကျေးနဲ့ပဲ ပြောလိုက်တယ်။

"ဗိုလ်ချုပ်ကျောက်ရဲ့ ဆက်ခံသူကို ဂါရဝပြုပါတယ်"

ကျောက်လန်က ဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့အပြင် နေလအဆင့်ကိုလည်း ရောက်ရှိနေပြီး ကေရီဘုရင်မက ဘွဲ့တစ်ခုကို ချီးမြှင့်ခြင်း ခံထားရသူ ဖြစ်ပါတယ်။ သူ့နာမည်ကို အင်ပါယာရဲ့ အထိမ်းအမှတ် ရုပ်တုပေါ်မှာ ရေးထွင်းထားပါတယ်။ ဒါကြောင့် သာမန်လူတွေ အားလုံးက သူ့ကိုတွေ့မြင်ရတဲ့ အခါမှာ ဂါရဝပြုရတာက ထုံးတမ်းစဉ်လာ တစ်ခုပါပဲ။

ဒါပေမဲ့လည်း ကျောက်လန်က ဒီအတွက်ကြောင့် အရမ်းကို စိတ်ဆိုးဒေါသ ထွက်သွားခဲ့ပါတယ်။ စွေ့ရန်ယွီက သူ့ကိုပိုပြီးတော့ ရှိသေပြလေ သူမနဲ့ သူက ပိုပြီးတော့ ဝေးသွားလေပါပဲ။ သူက သူ့စိတ်ထဲက ခံစားချက်တွေကို အတင်းအကျပ် ထိန်းချုပ်ပြီးတော့ ပြောလိုက်ပါတယ်။

"ရန်ယု ဒီနေ့မှာ ဘယ်သူအနိုင်ရမယ်လို့ မင်းထင်လဲ"

စွေ့ရန်ယွီတောင် အဖြေမပေးရသေးခင် သူက ပြောလိုက်တယ်။

"ငါထင်တာတော့ ဝူကျိုရန် နိုင်လိမ့်မယ်။ ဒါကြောင့် သူအနိုင်ရမဲ့ဘက်ကတောင် ငါက အစစ်အမှန် မူလကျောက်တုံး တစ်သိန်း လောင်းထားတယ်။ သူက လင်းဟန်ကို

ဆယ်ကွက်အတွင်းမှာ အနိုင်ယူနိုင်မဲ့ ဘက်ကနေ ငါလောင်းထားတယ်”

“အိုး မင်းက အဲဒီလောက်ထိ ယုံကြည်ချက် ရှိတာလား ကျောက်လန်”

ရှားယွန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

ကျောက်လန်က ဂုဏ်ယူစွာနဲ့ ပြုံးလိုက်ပါတယ်။ အစတုန်းက သူ့အနေနဲ့ လောင်းကြေးပိုက်ဆံ ပိုပြီးတော့ တိုးမြင့်ချင်ပေမဲ့ အမှောင်ည ခန်းမ တောင်းဆိုတဲ့ လုပ်အားခကို ပေးချေပြီးတဲ့ နောက်မှာတော့ သူ့အိပ်ကပ်က အနည်းငယ် ခြောက်ကပ်သွားခဲ့ပါတယ်။ ဒါကြောင့် ဒီအစစ်အမှန် မူလကျောက်တုံး တစ်သိန်းကို သူ့နောက်လိုက်တွေနဲ့ လက်အောက်ခံ လူတွေဆီကနေ ချေးငှားယူခဲ့ ရပါတယ်။

သူက ပိုက်ဆံချေးငှားတယ် ဆိုပေမဲ့ တကယ်တော့ ခြိမ်းခြောက်ပြီး ငွေညှစ်တာနဲ့ တူပါတယ်။ ဒါက သူ့ကို အနည်းငယ် ဒေါသထွက်စေပါတယ်။ သူ့လို မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ တစ်ဦးတည်းသော သားက တကယ်ပဲ သူ့လက်အောက်က လူတွေဆီကနေ ခြိမ်းခြောက် ငွေညှစ်ရတဲ့ အဆင့်ကို

ရောက်သွားပြီလား။ ဒါက ဘယ်လောက်တောင်
အရှက်ကွဲလိုက်သလဲ။

ကံကောင်းတာက ဒီပွဲမှာ အနိုင်ရဖို့ သူ့အနေနဲ့ အပြည့်အဝ
ယုံကြည်ချက် ရှိနေပါတယ်။ ဒါကြောင့် သူက
သူ့လက်အောက်ငယ်သားတွေကို ပြန်ပြီးတော့ ပေးနိုင်ပါလိမ့်မယ်။

"သေချာတာပေါ့"

ကျောက်လန်က ပြန်ဖြေလိုက်တယ်။

"လင်းဟန်က ကမ္ဘာငယ်လေး တစ်ခုက ပုရွက်ဆိတ်လေး
တစ်ကောင်ပါပဲ။ သူ့မှာ ဘယ်လိုမျိုး အစွမ်းထက်တဲ့
ဝှက်ဖဲအမျိုးအစားတွေ ပိုင်ဆိုင်ထားနိုင်မှာလဲ။ သူက
ဂူကျိရန်အတွက် ပြိုင်ဘက် လုံးဝ မဖြစ်နိုင်ဘူး"

အနားမှာရှိတဲ့ လူတွေအားလုံးက ဒီစကားကို ကြားလိုက်ရတဲ့
အခါမှာ ထူးဆန်းတဲ့ အပြုံးတွေ ဖြစ်ပေါ်သွားခဲ့ပါတယ်။

လီဝေဂက စိတ်မထိန်းနိုင်ပဲ ပြောလိုက်တယ်။

"ကျောက်လန် လွန်ခဲ့တဲ့ နှစ်ဂက်လောက်တုန်းက နင့်ကို
လင်းဟန်က ပယ်ပယ်နယ်နယ် ရိုက်ပုတ်ခဲ့တာကို
နင်မေ့သွားပြီလား။ နင့်မျက်နှာပေါ်က ဒဏ်ရာတွေ

သက်သာပျောက်ကင်း သွားပေမဲ့ နင်အရိုက်ခံခဲ့ရတာကို ဘယ်လိုလုပ်ပြီးတော့ မေ့ပစ်လိုက်တာလဲ”

လက်ရှိလူနည်းစုကပဲ ကျောက်လန်ကို မျက်နှာချင်းဆိုင်ပြီးတော့ လှောင်ပြောင်သရော်ဝံ့ပါတယ်။ လီဝေဂက သူတို့ထဲက တစ်ယောက်ဖြစ်ပါတယ်။

ကျောက်လန်က သူ့လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိပါတယ်။ သူ့နဖူးပေါ်က သွေးကြောတွေ ဖောင်းလာပြီး သူ့ခန္ဓာကိုယ်ကနေ အရှိန်အဝါတစ်ခု ထွက်ပေါ်လာကာ အထူးသဖြင့် တောင်မြစ်အဆင့်မှာရှိတဲ့ ဘယ်သူ့ကိုမဆို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်စွမ်းရှိတဲ့ ဆေဘာမားတွေ လုံတွေရဲ့ ပုံရိပ်အဖြစ်ကို ရုန့်ရင်းကြမ်းတမ်းစွာနဲ့ ပြောင်းလဲလာပါတယ်။

ယန်လော့တန်က ဂင်ရောက်စွက်ဖက် လိုက်ပါတယ်။

“ဟင့် အဲဒါက အစ်ကိုကျောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ခံထားရလို့ပဲလေ။ တိုက်ပွဲက အစကတည်းက တရားမှ မမျှတတာ။ ငါတို့အားလုံးက မျိုးဆက်တူတူပဲ။ ပြီးတော့ အဲဒီပုရွက်ဆိတ်ရဲ့ ကျင့်ကြံခြင်းအဆင့်က လုံလောက်မှ မရှိဘူးဆိုတာ အသိသာကြီးပဲလေ။ ဒါပေမဲ့လည်း သူက အစ်ကိုကျောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို သူ့လိုမျိုး နိမ့်ကျတဲ့

အဆင့်ထိ ဖိနှိပ်ထိန်းချုပ်ဖို့ အပြင်းအထန် တောင်းဆိုခဲ့တာပဲလေ။ အစ်ကိုကျောက်က ဘယ်လိုလုပ်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လို့ ရတော့မှာလဲ"

"တကယ်လို့ အဲဒီပုရွက်ဆိတ်က အစ်ကိုကျောက်လို ကျင့်ကြံခြင်းအဆင့် တူညီလာရင် သူက အစ်ကိုကျောက်အတွက် ပြိုင်ဘက်တစ်ယောက် ဖြစ်လာမှာ မဟုတ်ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုကျောက်က အခုဆို နေလအဆင့်ကို ရောက်နေပြီ။ အသက်တစ်ထောင် မပြည့်ခင် ဒီလိုအဆင့်ကို ရောက်ရှိနိုင်တာက ငါတို့ အင်ပါယာရဲ့ သမိုင်းထဲကိုတောင် ပြန်ကြည့်လိုက်ရင် ရှားပါးတဲ့ ကံကြမ္မာတစ်ခုဆိုတာ ပြောနိုင်တာပဲ။ အစ်ကိုကျောက်က ဒီနှစ်ပေါင်း တစ်သိန်းအတွင်းမှာ နံပါတ်တစ် ပါရမီရှင်လို့တောင် ပြောနိုင်သေးတယ်"

Chapter 1051 end

အပိုင်း(1052) ရုတ်တရက် မြှင့်တင်ခြင်း

ယန်လော့တန်က ကျောက်လန်ကို မြှောက်ပင့်ပြောတယ် ဆိုပေမဲ့ သူမပြောတဲ့ စကားအများစုက အမှန်ဖြစ်နေပါသေးတယ်။

နေလအဆင့်ကို ကျောက်လန်လို အသက်အရွယ် ငယ်ငယ်လေးနဲ့ ရောက်တဲ့လူက အရမ်းကို ရှားပါးလွန်းပါတယ်။

ဒါကလည်း မဟာပိုလ်ချုပ်ကျောက်ရဲ့ စတေးမှုတွေ တစ်စိတ်တစ်ပိုင်း ပါဝင်ပါတယ်။ သူ့သားကို ကူညီဖို့ သူတောင်မှ ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်မှာ ပြင်းထန်တဲ့ ဒဏ်ရာတွေက ဆေးအနည်းငယ်စားရုံ ဒါမှမဟုတ် ရက်အနည်းငယ် အနားယူရုံနဲ့ သက်သာပျောက်ကင်းနိုင်တာမျိုး မဟုတ်ပါဘူး။ သူ့အနေနဲ့ သူ့ဒဏ်ရာတွေ ဖြည်းညင်းစွာနဲ့ သက်သာကောင်းမွန်လာဖို့ ရာစုနှစ် ဒါမှမဟုတ် ထောင်စုနှစ်ပေါင်း များစွာတိုင်အောင် အနားယူဖို့ လိုအပ်ပါတယ်။

ဒါပေမဲ့လည်း ပိုပြီးတော့ အရေးကြီးတဲ့ အချက်ဟာ ကျောက်လန်ရဲ့ ထူးချွန်ထက်မြက်တဲ့ ပါရမီ ဖြစ်ပါတယ်။ တကယ်တော့ တခြားပိုလ်ချုပ်ခြောက်ယောက်နဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေမှာ ကလေးတွေကိုယ်စီ ရှိပေမဲ့ ကျောက်လန်လောက် အထင်ကြီးစရာကောင်းတဲ့ ကလေးတစ်ယောက်ကို ပြုစုပျိုးထောင်နိုင်ခဲ့လို့လား။

ကျောက်လန်က ချက်ချင်းပဲ တည်ငြိမ်သွားပါတယ်။ အမှန်ပဲ။ ငါ့ခွန်အားက အမြဲတမ်းလိုလို လင်းဟန်ထက် သာလွန်တယ်။

ဒါကြောင့် ဘာဖြစ်လို့ အဲဒီပုရွက်ဆိတ်ကို ခေါင်းထဲ ထည့်ထားဖို့ လိုမှာလဲ။

ကျင့်ကြံခြင်း ကမ္ဘာထဲမှာ တရားမျှတမှုဆိုတာ ဘယ်တုန်းကမှ မရှိပါဘူး။ ခွန်အားသာလျှင် အမြဲတမ်း ဘုရင်ပါပဲ။

"ရန်ယု ဒီတိုက်ပွဲပြီးသွားရင် ငါနောက်တစ်ကြိမ် စွေ့ကလန်ကို လာပြီးတော့ ငါတို့ရဲ့ လက်ထပ်မင်္ဂလာပွဲအတွက် လာတောင်းဆိုမယ်"

ကျောက်လန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။ သူက စွေ့ရန်ယွီကို လွတ်လပ်ခွင့်ပေးထားတာ လုံလောက်ပါပြီ။ သူက နေလအဆင့်ကို ရောက်ပြီဆိုမှတော့ ဒီညှို့ယူဖမ်းစားနိုင်တဲ့ အလှပဂေးကို သူ့ရဲ့ ဇနီးမယားအဖြစ် ယူဖို့ အချိန်ရောက်လာပါပြီ။

"ဗိုလ်ချုပ်ကျောက်ရဲ့ အမွေဆက်ခံသူရှင့် ကျမက လင်းမိသားစုရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်နေပြီ ဆိုတာကို မမေ့ပါနဲ့။ ကျမအနေနဲ့ ဒုတိယမြောက် ယောကျာ်းကို လက်ထပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးထားပါဘူး။ ဒါကြောင့် ကျေးဇူးပြုပြီး ကျမကို နောက်ထပ်မနှောင့်ယှက်ပါနဲ့"

ကျောက်လန်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"လူသေတစ်ယောက်နဲ့ ဘာဖြစ်လို့ အတူနေမှာလဲ"

"သူ့ကိုဂရုမစိုက်နဲ့။ သွားကြအောင်"

လီဝေဂက စွေ့ရန်ယွီကို တော်တော်ဝေးတဲ့ နေရာကို ဆွဲခေါ်လာပြီးတော့ ထိုင်လိုက်ပါတယ်။

"အစ်ကိုကျောက် ထိုင်ရအောင်"

ယန်လော့တန်ကလည်း ကျောက်လန်ကို ဆွဲခေါ်လာလိုက်ပါတယ်။

ကျောက်လန်က နာခေါင်းရှုံ့ပြီးတော့ သူ့လက်ကို ပြန်ဆွဲကာ ယန်လော့တန်ကို လုံးဝကို လျစ်လျူရှုပြီး သူ့ဘာသာသူ ထိုင်ချလိုက်ပါတယ်။

ယန်လော့တန်ရဲ့ နှလုံးသားထဲမှာ မနာလို သဝန်တိုမှုတွေ အမြစ်တွယ်လို့ လာခဲ့ပါတယ်။

တကယ်လို့ သူမက စွေ့ရန်ယွီသာဆိုရင် ကျောက်လန်က သူမစိတ်ကျေနပ်ဖို့ သူ့စွမ်းဆောင်နိုင်ရည် အတွင်းက အရာအားလုံးကို သေချာပေါက် လုပ်ပေးမယ်ဆိုတာကို သိပါတယ်။ တကယ်လို့ သူမက စွေ့ရန်ယွီသာဆိုရင် သူက ဒီလိုမျိုး အရေးမစိုက်တဲ့ အမူအရာ တစ်ခုမျိုး ဖြစ်နေမှာတဲ့လား။

ယန်လော့တန်က ဒေါသထွက်သွားပေမဲ့ သူမရဲ့ ခံစားချက်ကို ဖော်မပြခဲ့ပါဘူး။

လင်းဟာန် သေသွားတာနဲ့ သဲလွန်စတွေ အားလုံးက စွေ့ရန်ယွီကို ညွှန်ပြနေလိမ့်မယ်။ ဒီလို အန္တရာယ်များတဲ့ အခြေအနေကနေ သူမအနေနဲ့ ဘယ်လိုလုပ်ပြီးတော့ ထွက်ပြေးလွတ်မြောက်နိုင်မှာလဲ။

နံပါတ်ကိုး ဘုရင်က လင်းဟာန်နဲ့ အတော်လေး ရင်းနှီးတဲ့ ဆက်ဆံရေးတစ်ခု ရှိတယ်ဆိုတာကို အမှတ်ရပါ။ ဒါကြောင့် စွေ့ကလန်တောင်မှ စွေ့ရန်ယွီကို ကာကွယ်ပေးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာ လင်းဟာန်နဲ့ ဝူကျိရန်တို့ နှစ်ယောက်စလုံး ပြိုင်ပွဲမြေကွက်လပ်မှာ ရပ်နေပြီး တိုက်ခိုက်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။

ပူကျိရန်ပုံစံက သာမန်ပါပဲ။ သူက အသက်သုံးဆယ် ဂန်းကျင်ခန့် ရှိပြီးတော့ အရပ်လည်း မမြင့်သလို ခန္ဓာကိုယ် တောင့်တင်းခြင်းလည်း မရှိပါဘူး။ သူ့ဆံပင်တွေက ဖိုသီဖတ်သီ ဖြစ်နေပြီး သူ့မျက်လုံးတွေက အသက်ဓာတ် ကင်းမဲ့နေသလိုပုံစံပါပဲ။ တကယ်လို့ ပရိသတ်တွေကသာ သူ့ရဲ့ အစွမ်းကို

သူတို့မျက်လုံးတွေနဲ့ မျက်မြင်ကြုံတွေ့ခဲ့ခြင်း မရှိဘူးဆိုရင် ဒီလူက မျိုးဆက်တူတွေကို ချေမှုန်းပစ်နိုင်တဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက်ဆိုတာ ဘယ်သူက ယုံကြည်နိုင်မှာလဲ။

သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါတယ်။ သူက ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်အဆင့်မှာရှိတဲ့ လက်ရွေးစင်တွေကိုတောင် အနိုင်ယူခဲ့ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်ပါတယ်။

ဒါက တကယ့်ကို မှင်တက်အံ့သြစရာ ကောင်းပါတယ်။ တစ်ခုသတိပြုရမှာက ဗိုလ်ချုပ် ခုနစ်ယောက်နဲ့ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်း နှစ်ယောက်တောင် ကြယ်လေးပွင့်ပဲ ကျော်လွန်နိုင်ပါတယ်။ တကယ်လို့ သူတို့က ကြယ်ငါးပွင့်ထိ ကျော်လွန်ချင်တယ်ဆိုရင် နိုင်ငံစွမ်းအားကို ထုတ်ယူဖို့ လိုအပ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း ဝူကျိရန်က သူ့ကိုယ်ပိုင် စွမ်းအား တစ်ခုတည်းနဲ့တင် ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်ပါတယ်။

လွန်ခဲ့တဲ့ ရက်တွေတုန်းက အင်အားစု တော်တော်များများက သူ့ကို အဖွဲ့ထဲ စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားခဲ့ ကြပါတယ်။ လင်းဟာန်ထက် မနိမ့်ကျတဲ့ အရင်းအမြစ် ပမာဏနဲ့ သူ့ကို ဆွဲဆောင်

စည်းရုံးခဲ့ပါတယ်။ ဒါပေမဲ့ သူကတော့ တစ်ချိန်လုံး ဘာမှအကြောင်းပြန်ခြင်း မရှိခဲ့ပါဘူး။

"ကျေးဇူးပြုပြီးတော့ မင်းအရင်စပါ"

လင်းဟန်က လက်ဟန်ခြေဟန် ပြလိုက်ပါတယ်။

ပူကျိုရန်ရဲ့ မျက်နှာပေါ်မှာ ဆုံးဖြတ်ချက် ပြတ်သားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့ပြိုင်ဘက်ကို တိုက်ကွက်ဆယ်ကွက် အတွင်းမှာ ချေမှုန်းပစ်ဖို့ အမိန့်တစ်ခုကို လက်ခံရရှိ ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒါက သူ့ရဲ့အသက်ကို စတေးရမယ်လို့ ဆိုလိုပါတယ်။

"ကျေးဇူးပြုပြီး"

သူက ခြောက်ကပ်ကပ် လေသံတစ်ခုနဲ့ ပြောလိုက်တယ်။

ဂျွတ် ဂျွတ် ဂျွတ်။

သူ့ခန္ဓာကိုယ်က အရိုးတွေ အက်လာပြီး သူ့လည်ပင်းက တွန့်လာပါတယ်။ အဲဒီအချိန်မှာ သူ့ခန္ဓာကိုယ်က ကြီးမားလာပြီး အဆက်မပြတ် ကြီးထွားလာပါတယ်။ သူ့ခန္ဓာကိုယ်ကနေ အနက်ရောင် အရှိန်အဝါ အမျှင်စုတွေ ပန်းထွက်လာပါတယ်။

သူ့ပုံပန်းသွင်ပြင်က မူလတုန်းက သာမန်ပုံစံပေါက်နေပါတယ်။ အခုတော့ တကယ့်ကို အန္တရာယ် ပေးနိုင်တဲ့ ပုံစံမျိုး ဖြစ်လာပြီး မိစ္ဆာတာအို တစ်ခုကနေ ဆင်းသက်လာသလိုမျိုးပါပဲ။

ဘုန်း။

သူ့အရှိန်အဝါက ရုတ်တရက် ပေါက်ကွဲထွက် လာခဲ့ပါတယ်။ အစတုန်းက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပါတယ်။ ရုတ်တရက် ဆိုသလို ပြင်းထန်အဆင့်မြင့်နဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို အလျင်အမြန် ကျော်လွန်သွားခဲ့ပါတယ်။ ဒါတောင်မှ ပြင်းပြင်းထန်ထန်နဲ့ ဆက်လက်ကြီးထွားနေဆဲပါပဲ။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"သူက ပြင်းထန်အလယ်အလတ် အဆင့်မှာ မဟုတ်လား။ ဘယ်လိုလုပ်ပြီး သူ့ရဲ့ အရှိန်အဝါက ရုတ်တရက် ပြီးပြည့်စုံခြင်း အဆင့်ကို ကျော်လွန်သွားတာလဲ"

"တကယ်လို့ သူက တစ်ခါတည်း အဆင့်တက်မယ်ဆိုရင်တောင် ဒီလောက်အများကြီး မကြီးထွားသင့်ဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ်

တကယ်လို့ သူက အစစ်အမှန် အဆင့်ချိုးဖျက်တာဆို ကောင်းကင်ဘုံ ကပ်ဘေးက ထွက်ပေါ်လာသင့်တယ်လေ”

“ဘယ်လိုမျိုး လျှို့ဝှက်နည်းစနစ်က လူတစ်ယောက်ကို အဆင့်သေးနှစ်ဆင့် တက်ပြီးတော့ အနည်းဆုံး ကြယ်ကိုးလုံး သာလွန်သွားစေနိုင်တာလဲ”

“အဲဒါက ကြယ်ကိုးလုံးတောင် ကျော်နိုင်တယ်။ သူ့အရှိန်အဝါရဲ့ အစွမ်းက ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်လိုမျိုး မရိုးရှင်းဘူး။ အဲဒါက နေလတစ်ပိုင်း အဆင့်ထိတောင် ထိုးတက်သွားတယ်”

“အဲဒါက ကြယ်ဆယ်ပွင့် ဒါမှမဟုတ် ကြယ်ဆယ့်တစ်ပွင့်တောင် ဖြစ်နိုင်တယ်”

“မဖြစ်နိုင်ဘူး။ လုံးဝကို မဖြစ်နိုင်ဘူး။ ကြယ်ငါးပွင့် ပါရမီရှင်တွေတောင် ဒဏ္ဍာရီထဲမှာပဲ တည်ရှိတယ်။ ကြယ်ခြောက်ပွင့် ပါရမီရှင်တွေဆိုရင် ပိုပြီးတော့တောင် မကြားဖူးဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ကြယ်ဆယ်ပွင့် ဆယ့်တစ်ပွင့် ပါရမီရှင် တစ်ယောက် ရှိနေနိုင်မှာလဲ”

"ဟင့် ကြယ်ခြောက်ပွင့် ပါရမီရှင်တွေက တကယ်ပဲ ရှိခဲ့တယ်။ ဒီအဘိုးကြီး ငယ်ရွယ်စဉ် အချိန်တုန်းက ငါ့ရဲ့ ကျွမ်းကျင်မှုတွေ ကျင့်ကြံအားထုတ်ဖို့ လောကဘုံ နှစ်ခုရဲ့ တိုက်ပွဲမြေကို သွားခဲ့တယ်။ အဲဒီမှာ ကြယ်ခြောက်ပွင့် ပါရမီရှင် တစ်ယောက်ကို ငါမြင်ခဲ့တယ်။ ပြီးတော့ ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက်ရဲ့ တည်ရှိမှုကိုတောင် ကြားခဲ့တယ်။ ဒီလိုမျိုး ပါရမီရှင်တွေ ဒီနေရာမှာ ဘာကြောင့်မရှိလဲဆိုတဲ့ အကြောင်းပြချက်က ငြိမ်းချမ်းရေး ဂြိုဟ်ကြီးရဲ့ ကျင့်ကြံခြင်း အဆင့်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာပဲ ရှိနေလို့ ဖြစ်တယ်"

"မဟုတ်ဘူး မဟုတ်သေးဘူး။ ဒီလူက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် လုံးဝမဟုတ်ဘူး။ သူ့ရဲ့ မူလကျင့်ကြံခြင်း အဆင့်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာပဲ ရှိမယ်။ သူက လျှို့ဝှက်နည်းစနစ် တချို့ကို အသုံးပြုပြီးတော့ သူ့ရဲ့အရှိန်အဝါကို ပြောင်းထားတာ ဖြစ်ရမယ်။ အခု သူက တခြားလျှို့ဝှက် နည်းစနစ်ကို အသုံးပြုပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အတင်းအကျပ် မြှင့်ထားတာ ဖြစ်ရမယ်"

ပွဲကြည့်စင်မြင့်က တချို့နေရာတွေမှာ နေလအဆင့် လက်ရွေးစင် တစ်ဒါဇင်လောက် ထိုင်နေပြီး သူတို့အချင်းချင်း ဆွေးနွေးပြောဆို နေကြပါတယ်။

အကြီးအကဲတွေထဲက တစ်ယောက်က တစ်ချိန်လုံး တိတ်ဆိတ်ငြိမ်သက် နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြတ်သွားပြီး အော်လိုက်မိ ပါတယ်။

"နတ်ဆိုးချီ"

"အကြီးအကဲ အန်း။ နတ်ဆိုးချီဆိုတာ ဘာလဲ"

တခြားနေလအဆင့် လက်ရွေးစင်တွေက မေးလိုက်ပါတယ်။ သူတို့အားလုံးကို ကြည့်ရတာ ဒီအကြီးအကဲကို အတော်လေး ရိုသေလေးစားပုံ ရပါတယ်။

ဒီအကြီးအကဲရဲ့ မျိုးရိုးနာမည်က အန်းဖြစ်ပြီးတော့ သူက နေလအဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက အင်ပါယာမြို့တော်ထဲမှာတောင် ထိပ်တန်းအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူ့ထက် အဆင့်အတန်းနဲ့ ကျင့်ကြံခြင်းအဆင့် မြင့်တဲ့သူက အရမ်းကို နည်းပါးပါတယ်။ ဘုရင်ကိုးပါး၊ ဗိုလ်ချုပ် ခုနစ်ယောက်၊

ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့ ကေရီဘုရင်မ လုရှန်းတို့ ဖြစ်ပါတယ်။

နောက်ပြီးတော့ အကြီးအကဲအန်းက တကယ်လည်း အိုမင်းနေပါပြီ။ သူက ငယ်ရွယ်စဉ် အချိန်တုန်းက ကမ္ဘာအနှံ့ ခြေဆန့်ခဲ့ပြီး အရင်တုန်းကဆို ငြိမ်းချမ်းရေး ဂြိုလ်ကြီးကနေတောင် ခရီးထွက်ခဲ့ပါတယ်။ သူ့ရဲ့ အတွေ့အကြုံတွေက အရမ်းကို ကြွယ်ဝများပြား လွန်းပါတယ်။

"အားလုံးပဲ ငါတို့ တန်ခိုးရှင်ဘုံထဲမှာလည်း မြေအောက်ကမ္ဘာတစ်ခု ရှိတယ်ဆိုတာကို သိကြလိမ့်မယ်လို့ ငါယုံကြည်တယ်"

အကြီးအကဲအန်းက သူတို့ရဲ့ မေးခွန်းကို မဖြေပဲ အဲဒီအစား သူတို့ကို ပြန်ပြီးတော့ မေးခွန်းတစ်ခု မေးလိုက်ပါတယ်။

သူ့အနားက လက်ရွေးစင်တွေက ခေါင်းညိတ်ပြ လိုက်ပါတယ်။ တခြားဂြိုဟ်ကြီးတွေ အပေါ်မှာ တည်ရှိတဲ့ ဘုံနှစ်ခုအကြားက အားနည်းချက်တွေ ရှိတယ်ဆိုတာကို သူတို့တကယ်ပဲ ကြားဖူးပါတယ်။ ဒီအားနည်းတဲ့ နေရာတွေက လမ်းကြောင်းတွေ ဖြစ်ပေါ်လာပြီး အဲဒီလမ်းကြောင်းတွေမှာ တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာရဲ့ လက်ရွေးစင်တွေဟာ ပြင်းထန်ပြီး သွေးတွေဖုံးလွှမ်းနေတဲ့ တိုက်ပွဲတွေကို ဆင်နွှဲကြပါလိမ့်မယ်။

ငြိမ်းချမ်းရေး ဂြိုဟ်ကြီးက အရမ်းကို ကံကောင်းပြီး အဲဒီလို အားနည်းချက် နေရာမျိုး မပိုင်ဆိုင် ထားခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အင်ပါယာ သုံးခုအကြားမှာ အငြင်းအခုံတွေ ဘယ်လိုလုပ် ရှိလာနိုင်မှာလဲ။ တကယ်လို့ အားနည်းတဲ့ နေရာတစ်ခုသာ ရှိမယ်ဆိုရင် သူတို့ရဲ့ အချိန်တွေနဲ့ အရင်းအမြစ်တွေ အားလုံးကို မြေအောက်ကမ္ဘာကို ဆန့်ကျင်ခုခံဖို့ အတွက် သုံးစွဲရပါလိမ့်မယ်။

"အဲဒီလူရဲ့ ခန္ဓာကိုယ်ကနေ တလက်လက် တောက်ပနေတဲ့ အနက်ရောင် အရှိန်အဝါ အမျှင်စုက နတ်ဆိုးချီက လွဲပြီးတော့ တခြားဘာမှ မဖြစ်နိုင်ဘူး"

အကြီးအကဲ အန်းရဲ့ လေသံက အရမ်းကို သေချာနေပါတယ်။ သူက ဆက်ပြီးတော့ ပြောလိုက်တယ်။

"ငါငယ်ငယ်တုန်းက လောကဘုံ နှစ်ခုရဲ့ တိုက်ပွဲကွင်းပြင်ကို ခရီးထွက်ခဲ့ဖူးပြီး မြေအောက်ကမ္ဘာက ကျင့်ကြံသူတွေ တော်တော်များများနဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးတယ်။ ဒါကြောင့် နတ်ဆိုးချီတွေနဲ့ ငါက အထူးတလည် ရင်းနှီးနေတာပဲ"

"ဘာ။ အဲဒီလူက တကယ်ပဲ မြေအောက်ကမ္ဘာက ကျင့်ကြံသူ တစ်ယောက်လား"

အနားက အကြီးအကဲတွေ အားလုံးပဲ အံ့အားသင့် သွားခဲ့ပါတယ်။ ဒါက တကယ့်ကို အံ့ဩစရာ ကောင်းလွန်းပါတယ်။ တကယ်လို့ မြေအောက်ကမ္ဘာက စစ်သည်တော် တစ်ယောက်က ဒီနေရာမှာ ထွက်ပေါ်လာမယ်ဆိုရင် ငြိမ်းချမ်းရေး ဂြိုလ်ကြီးမှာလည်း လောကဘုံ နှစ်ခုကို ချိတ်ဆက်ထားတဲ့ လမ်းကြောင်းတစ်ခု ရှိတယ်လို့ ဆိုလိုလိုက်တာ မဟုတ်လား။

"မဟုတ်ဘူး အဲဒီလူက တန်ခိုးရှင်ဘုံက ဖြစ်ဖို့များတယ်။ ဒါပေမဲ့လည်း နတ်ဆိုးချီကို သူ့ခန္ဓာကိုယ် အထဲမှာ ပိတ်လှောင်ထားတာ ဖြစ်ရမယ်။ ထူးဆန်းတယ်။ ငါလောကဘုံ နှစ်ခု တိုက်ပွဲကွင်းပြင်မှာ ရှိတဲ့အချိန်တုန်းက လူတွေက နတ်ဆိုးချီကို မကြာခဏ လေ့လာစူးစမ်းတာကို မြင်တွေ့ခဲ့ဖူးတယ်။ ဒါပေမဲ့လည်း နတ်ဆိုးချီတွေကို သူတို့ရဲ့ ခန္ဓာကိုယ်ထဲ စုပ်ယူဖို့ ကြိုးစားတဲ့ လူမှန်သမျှ သေခြင်းတရားနဲ့ အဆုံးသတ်သွားတာချည်းပဲ။ မြေအောက်ကမ္ဘာရဲ့ စည်းမျဉ်းဥပဒေတွေက တန်ခိုးရှင်ဘုံနဲ့ လုံးဝကို ကွာခြားပြီး တစ်ခုနဲ့ တစ်ခုက ဆန့်ကျင်နေတယ်။ သူတို့ကို အတူတကွ ရောနှောဖို့ ကြိုးစားတာက မဖြစ်နိုင်ဘူး"

သူတို့အားလုံးက အကြီးအကဲ အန်းရဲ့ မျက်နှာကို အံ့အားသင့်ပြီး စိတ်ရှုပ်ထွေးစွာနဲ့ ကြည့်လိုက်ပါတယ်။

"ကျုပ်တို့ ဒီတိုက်ပွဲကို တားသင့်လား"

တစ်ယောက်က မေးလိုက်တယ်။

နောက်တစ်ယောက်က ချက်ချင်းပဲ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"သူတို့ပြောနေတဲ့ တရားမျှတမှုကို ရရှိဖို့ သံမဏိသွေး ပြိုင်ကွင်း ကွက်လပ်တစ်ခုလုံး တိုက်ပွဲစတာနဲ့ ပိတ်ထားလိုက်ပြီ။ ဒီအတားအဆီးကို ချိုးဖျက်ဖို့ဆိုရင် နေလအဆင့် အထွတ်အထိပ်မှာရှိတဲ့ လူတစ်ယောက် အတွက်တောင် အတော်လေး အချိန်ယူရမယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေပဲ ဒီအတားအဆီးကို မြန်မြန်ဖျက်ဆီး နိုင်တယ်"

ဒါပေမဲ့လည်း ဒါက တောင်မြစ်အဆင့်မှာရှိတဲ့ ကျင့်ကြံသူ နှစ်ယောက် အကြားက တိုက်ပွဲတစ်ခုမျှပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို ဆွဲဆောင်နိုင်မှာလဲ။

"အဲဒါဟုတ်တယ်"

အကြီးအကဲအန်းက သူ့လက်တွေကို ရုတ်တရက် ဆုပ်ကိုင်ပြီး မတ်တတ်ထရပ်ကာ ပြောလိုက်တယ်။

"သူက ဘယ်လိုမျိုး လုပ်လိုက်လဲ ဆိုတာကို ငါတို့မသိပေမဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အတင်းအကျပ် မြှင့်တင်ဖို့ နတ်ဆိုးချီနဲ့ သူ့ခန္ဓာကိုယ် အကြားမှာ အငြင်းပွားမှု ဖြစ်လာမယ်လို့ ငါပြောနိုင်တယ်။ ဒါပေမဲ့လည်း အဲဒီလို လုပ်ရခြင်းရဲ့ တန်ရာတန်ကြေးက သေချာပေါက် ကြီးမားလိမ့်မယ်"

Chapter 1052 end

အပိုင်း(1053) သေခြင်းရှင်ခြင်း အခိုက်အတန့်

အားလုံးက ခေါင်းညိတ်လိုက် ကြပါတယ်။

တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်က နေလအဆင့်နဲ့ ခြေလှမ်းတစ်လှမ်းပဲ ကွာဝေးတယ် ဆိုပေမဲ့ အဲဒီခြေလှမ်းက မယုံနိုင်စရာ ကောင်းလောက်အောင် ဝေးကွာလွန်းပါတယ်။ နေလတစ်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်က နေလအဆင့်နဲ့ တကယ်ပဲ မယုံနိုင်စရာကောင်းအောင် နီးကပ်နေပေမဲ့ ဒီကျင့်ကြံခြင်းအဆင့်က ပြောရမယ်ဆိုရင် သီအိုရီထဲမှာပဲ ရှိတာဖြစ်ပါတယ်။

ဒါပေမဲ့လည်း လက်ရွေးစင် တချို့ရဲ့ သုံးသပ်ပုံက ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက်က ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိနေတဲ့အချိန် သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို နေလတစ်ပိုင်း အဆင့်ထိ

ရောက်အောင်လို့ အင်အားသုံး တိုးမြှင့်နိုင်တယ်လို့ ယူဆထားပါတယ်။

ဒါပေမဲ့ ကြယ်ငါးပွင့် ပါရမီရှင်တောင် ဒဏ္ဍာရီထဲမှာပဲ တည်ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက်ကကို ဘယ်ကနေ သွားရှာလို့ ရနိုင်မှာလဲ။

ဒါကြောင့် လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်ခုနစ်ပွင့် ဒါမှမဟုတ် အဲဒီထက် ပိုပြီးတော့ မြှင့်တင်ဖို့ ဘယ်လျှို့ဝှက်နည်းစနစ်ကိုပဲ အသုံးပြုပြု ပြန်ပေးဆပ်ရမဲ့ တန်ကြေးက သေချာပေါက် ကြီးမားပါလိမ့်မယ်။ ဒီလိုမျိုး စွမ်းအားတွေ ပေါက်ကွဲထွက်ပြီးတဲ့ နောက်မှာ ဖြစ်နိုင်ချေ ရှိတာက အသုံးပြုသူဟာ တန်းပြီးတော့ မသန်မစွမ်း ဖြစ်ရင်ဖြစ် ဒါမှမဟုတ် သေတောင်သေသွား နိုင်ပါတယ်။

"ဒါက လုပ်ကြံမှု တစ်ခုပဲ"

တစ်စုံတစ်ယောက်က သတိပြုသွားခဲ့ပါတယ်။

"ဒါက လင်းဟန်ကို လူမြင်ကွင်းအရှေ့မှာ လုပ်ကြံသတ်ဖြတ်ဖို့ အကြံအစည် တစ်ခုပဲ။ ပြီးတော့ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

"ဟင့် ဒီနောက်ကွယ်မှာ ဘယ်အင်အားစုများ ရှိနေမလဲ"

"ထာဂရ မိုးကောင်းကင် အင်ပါယာလား။ ကျောက်စိမ်း အင်ပါယာလား။ ဒါမှမဟုတ် အမှောင်ည ခန်းမပဲလား"

"ဒီအင်အားကြီး အဖွဲ့သုံးခုကလွဲရင် တခြားဘယ်အဖွဲ့မှာ ဒီလိုမျိုး မလုပ်နိုင်ဘူး"

ဒီလက်ရွေးစင်တွေက ချက်ချင်းပဲ သံမဏိသွေး ပြိုင်ကွင်းပေါ်က အတားအဆီးတွေကို အသက်သွင်းဖို့ အမိန့်ပေးပြီးပါပြီ။ သူတို့က တိုက်ပွဲကို ရပ်နိုင်သည်ဖြစ်စေ မရပ်နိုင်သည်ဖြစ်စေ သူတို့အနေနဲ့ ဘာမှမလုပ်နိုင်ပဲ ဒီနေရာမှာပဲ ထိုင်ပြီးတော့ ကြည့်နေရတော့မယ် မဟုတ်လား။

ပြီးတော့ အထူးတန်း ပွဲကြည့်နေရာ တစ်ခုမှာ ကျောက်လန်ကလည်း အကဲဖြတ်နေပြီး ဘေးနားက နောက်လိုက်တွေကို တစ်ခုခု ပြောနေပါတယ်။

သူက ဒီပုကျိရန်ကို အမှောင်ည ခန်းမကနေ သူခန့်ထားတဲ့ လူတစ်ယောက်ဆိုတဲ့ အကြောင်းကိုတော့ ပြောလိမ့်မှာ မဟုတ်ပါဘူး။ သူက အဲဒီလူရဲ့ တိုက်ပွဲစွမ်းရည်ကို ရှင်းရှင်းလင်းလင်း သုံးသပ်ပြတာပါပဲ။

နေလတစ်ပိုင်းအဆင့် သူတောင်မှ ဒီလိုမျိုး ထူးချွန်တဲ့ လူတစ်ယောက်ကို သတ်ပစ်ဖို့ နည်းနည်းလောက် အားထုတ်ရပါလိမ့်မယ်။ ဒါဆိုရင် လင်းဟန်ကို သတ်ပစ်ဖို့ ဆိုတာက တကယ်ပဲ အရမ်းကို လွယ်ကူပါတယ်။ အဲဒါက တစ်ကွက် နှစ်ကွက်လောက်နဲ့ အဆုံးသတ်သွားမဲ့ ကိစ္စတစ်ခု ဖြစ်ပါလိမ့်မယ်။

စွေ့ရန်ယွီက ချက်ချင်းပဲ စိတ်လှုပ်ရှား လာခဲ့ပါတယ်။ သူမက တချိန်လုံး စိုးရိမ်ပူပန် နေခဲ့ပြီး အခုဆိုရင် ပူကျိရန်က နေလတစ်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်ကို တကယ်တမ်း ပိုင်ဆိုင်ထားတယ် ဆိုတာကို သိလိုက်ရတဲ့အတွက် သူမရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။

ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ကို ဘာဖြစ်လို့ နေလတစ်ပိုင်းအဆင့်လို့ ခေါ်တာလဲ။

နေလအဆင့် ဆိုတဲ့ စကားလုံးတွေနဲ့အတူ တောင်မြစ်အဆင့်နဲ့ အရမ်းကို ကြီးမားတဲ့ ကွာဟချက် တစ်ခု ဖြစ်သွားပါတယ်။

ဒါက အားလုံးကို ချေမှုန်းပစ်နိုင်တဲ့ ကွာဟချက် တစ်ခုပါပဲ။

သူမက စိတ်ထဲကနေ သူမကိုယ်သူမ နှစ်သိမ့်နေပါတယ်။ အရင်တုန်းက လင်းဟန်ဟာ နေလတစ်ပိုင်းအဆင့်

ယန္တရားရုပ်တွေနဲ့ တိုက်ခိုက်ခဲ့ပြီး သူ့မှာ ရတနာပစ္စည်းတွေလည်း အများကြီး ရှိနေပါသေးတယ်။ သူ့အကျီလက်စအောက်မှာ ဂုက်ဖဲတွေ အများကြီး ရှိပြီးတော့ ခန့်မှန်းထားတာထက် ပိုလွန်ပါတယ်။

နောက်ပြီးတော့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို မာကျောပါတယ်။ အဆိုးတကာ အဆိုးဆုံး ဖြစ်လာရင် သူ့အနေနဲ့ ဒဏ်ရာအနည်းငယ်ပဲ ရရှိပါလိမ့်မယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပုန်းနိုင်သေးပါတယ်။ ဒါကြောင့် သူသေဖို့ ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ လျှို့ဂုက်ချက်ကို လူမြင်ကွင်းမှာ ထုတ်ဖော်လိုက်လို့ အာရုံစိုက်ခံရပြီး ဘယ်လောက်တောင် ပြဿနာတွေ များလာမလဲ ဆိုတာက နောက်ပိုင်းမှ စိတ်ပူရမဲ့ ကိစ္စတစ်ခုပါပဲ။ ပထမဆုံး လုပ်ရမှာက လက်ရှိကပ်ဘေးဒုက္ခမှာ အသက်ရှင်သန်ဖို့ပဲ ဖြစ်ပါတယ်။

အဲဒီအချိန်အတွင်းမှာ ကျောက်လန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးနေပါတယ်။ ဒီတစ်ကြိမ် လင်းဟန်က သေချာပေါက် လုံးဝကို လွတ်မြောက်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က မှင်တက်သွားခဲ့ပါတယ်။ သူ့ပြိုင်ဘက်က ထုတ်လွှတ်တဲ့ အရှိန်အဝါက သူနဲ့ မရင်းနှီးတဲ့ အရာတော့ မဟုတ်ပါဘူး။

နတ်ဆိုးချီ။

နတ်ဆိုးချီက တကယ်ပဲ လူသားမျိုးနွယ်စုရဲ့ လူတစ်ယောက်မှာ ထွက်ပေါ်လာနိုင်လား။ အဲဒီလူလည်း သူ့လိုမျိုး မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အဆီအနှစ်ကို သန့်စင်ထားတာ ဖြစ်နိုင်ပါ့မလား။

မဟုတ်ဘူး မဟုတ်သေးဘူး။ အရည်အသွေးပိုင်းနဲ့ ပတ်သက်ရင် ဒီနတ်ဆိုးချီရဲ့ အဆင့်က အရမ်းကို နိမ့်ကျပါတယ်။ သူတွက်ချက်ကြည့်တဲ့ အခါမှာ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ နတ်ဆိုးချီလောက်တောင် မသန်စွမ်းပါဘူး။ သူ့ပြိုင်ဘက်ရဲ့ စွမ်းရည်တွေက ရုတ်တရက် မြင့်မားလာတာကြောင့် သူက တန်ခိုးရှင်ဘုံနဲ့ မြေအောက်ကမ္ဘာရဲ့ မတူညီတဲ့ လောကဘုံတွေက စည်းမျဉ်းဥပဒေတွေ အကြားမှာ အငြင်းပွားမှု ဖြစ်လာပါလိမ့်မယ်။

လျင်မြန်မှု နည်းစနစ်က စည်းမျဉ်းဥပဒေတွေကို အနည်းငယ်ပဲ ထိခိုက်စေပြီးတော့ လင်းဟန်တောင် အရမ်းကို အားစိုက်ရပါတယ်။ အခု ပူကျိရန်က တကယ်ပဲ လောဘကုံ နှစ်ခုက စည်းမျဉ်းဥပဒေတွေကို သူ့ခန္ဓာကိုယ်ထဲမှာ အပြင်းအထန်

ဆန့်ကျင်စေပြီးတော့ ပေါက်ကွဲခွင့် ပြုလိုက်ရပါလိမ့်မယ်။ ဒါက သူ့ကို ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ စွမ်းအားတစ်ခု ရစေပေမဲ့ သူ့အစွမ်းကို အရမ်းကို တိုးမြှင့်လိုက်တာကြောင့် သူရရှိမဲ့ ဖျက်ဆီးခြင်း စွမ်းအားကလည်း အရမ်းကို ကြီးမားပါလိမ့်မယ်။

ဒီတိုက်ပွဲပြီးရင် တကယ်လို့ သူမသေရင်တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားလိမ့်မယ်။ ဟုတ်တယ်မလား။

သူက ဒီလိုမျိုး ကြီးမားတဲ့ တန်ဖိုးတစ်ခုကို ပေးဖို့ တကယ်ပဲ စိတ်ကူးထားတာလား။

လင်းဟန်က တွေးလိုက်ပါတယ်။

တချိန်တည်းမှာပဲ သူ့စိတ်ထဲမှာ အမှောင်ည ခန်းမကို ဆန့်ကျင်ရင်ဆိုင်ချင်တဲ့ စိတ်တွေ ပြင်းပြလို့ လာခဲ့ပါတယ်။ နတ်ဆိုးချီကို အသုံးပြုပြီးတော့ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ဒီလိုမျိုး ထိတ်လန့်တုန်လှုပ်စရာ ကောင်းတဲ့အထိ မြှင့်တင်တာက သူတို့ကို ရင်ဆိုင်ဖို့ အကာအကွယ် လုပ်ထားရပါလိမ့်မယ်။

ပြီးတော့ ဒါက တောင်မြစ်အဆင့်ပဲ ဖြစ်ပါတယ်။ တကယ်လို့ နေလအဆင့် ကျင့်ကြံသူ တစ်ယောက်လည်း ဒီလိုမျိုး

မြှင့်တင်နိုင်မလား။ အဲဒီနောက် သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်နဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိလိမ့်မယ် မဟုတ်လား။ တကယ်လို့ သူတို့တွေ ပိုပြီးတော့ များလာရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို အုပ်စုဖွဲ့ပြီးတော့ သတ်နိုင်လိမ့်မယ် မဟုတ်လား။

သူက အရမ်းကို အလွန်အကျွံ စဉ်းစားလိုက်တာ ဖြစ်ပါတယ်။ သေချာတာတော့ ဘယ်သူမ နတ်ဆိုးချီရဲ့ ပြင်းထန်မှုကို တောင့်ခံနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ထူးချွန်ပြောင်မြောက်တဲ့ တိုက်ပွဲတစ်ခု ရှိဖို့အတွက် သူတို့ရဲ့ အသက်ကို စတေးပြီးတော့ ဖြေရှင်းနည်းမျိုးကို ဘယ်သူမှ ရှိလိမ့်မှာ မဟုတ်ပါဘူး။ အမှောင်ညခန်းမထဲမှာတောင် ဒီလိုမျိုး အသေခံ စစ်သည်တော် အရေအတွက်က အကန့်အသတ်နဲ့ ရှိပါတယ်။

"သေစမ်းကွာ"

ပုကျိုရန်က သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အထွတ်အထိပ်ထိ မြှင့်တင်လိုက်ပါတယ်။ ဘုန်း။ သူ့ရဲ့ အရှိန်အဂါက ခိုင်မာပြီးတော့ ကြီးကျယ်မြင့်မြတ်တဲ့ မကောင်းဆိုးဂါး နတ်ဘုရား တစ်ပါးနဲ့ တူပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကိုတောင် ဖျက်ဆီးပစ်နိုင်တဲ့

အစွမ်းကို ပိုင်ဆိုင်ထား သလိုပါပဲ။ အဲဒီနောက် သူက လင်းဟန်ဆီကို တိုက်ခိုက်မှုတစ်ခု ထုတ်ဖော်လိုက်ပါတယ်။

သူ့လက်ကို မြှောက်ပြီးတော့ လင်းဟန်ကို လက်သီးနဲ့ ထိုးထည့်လိုက်ပါတယ်။ လက်သီးက အိမ်တစ်လုံး အရွယ်အစားကို ပြောင်းလဲသွားပြီး သူ့အနောက်မှာ လေစုပ်ဂဲတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး အဲဒါက သူ့ဘာသာသူ ခွန်အားအရှိန်ကြောင့် အရှေ့ကို ပျံသန်းလာပါတယ်။

ဒါက လုံးဂကို လွှမ်းမိုးနိုင်တဲ့ စွမ်းအားဖြစ်ပါတယ်။ လင်းဟန်တောင်မှ တကယ်လို့ ဒီလက်သီးချက်ကို ထိပ်တိုက်ရင်ဆိုင်မိရင် တန်းပြီးတော့ မှုန့်မှုန့်ညက်ညက် ကျေသွားနိုင်ပါတယ်။ အဆင့်သုံး နတ်ဘုရား သတ္တုအဆင့်က နေလအဆင့်ရဲ့ စွမ်းအားကို သေချာပေါက် ဟန့်တားနိုင်စွမ်း မရှိပါဘူး။

ဘယ်လိုလုပ်ပြီးတော့ တားဆီးနိုင်မှာလဲ။

လင်းဟန်က နောက်ဆုတ်လိုက်ပေမဲ့ ဒါက သံမဏိသွေး ပြိုင်ကွင်းဖြစ်ပါတယ်။ တိုက်ပွဲကွင်း မြေကွက်လပ်က တကယ်ပဲ အရမ်းကို ကြီးမားပေမဲ့ ဘယ်လောက်များ ကြီးမားနိုင်မှာလဲ။ သူ့မှာလည်း အရွယ်အစား အကန့်အသတ် ရှိပါတယ်။

သိပ်မကြာခင်မှာ သူက နံရံထိ နောက်ဆုတ်သွားပါတယ်။ ပုကျိုရန်ရဲ့ လက်သီးကလည်း လွှမ်းမိုးနိုင်တဲ့ ခွန်အားနဲ့အတူ ရောက်လာခဲ့ပါတယ်။

လင်းဟန်က ညင်သာတဲ့ အသံတစ်ခု အော်လိုက်ပြီး သူ့တစ်ကိုယ်လုံး နံရံပေါ်မှာ ရပ်လိုက်ပါတယ်။ သူ့ညာဘက်လက်ကို အစွမ်းကုန် ဆန့်ထုတ်ပြီး သူ့တစ်ကိုယ်လုံးက မျဉ်းဖြောင့်တစ်ချောင်းလို ပြောင်းလဲသွားပါတယ်။

အဲဒီအချိန်မှာ သူ့လက်ထဲ ကျောက်ပြားတစ်ခုကို ဆုပ်ကိုင်ထားပါတယ်။ အဲဒါက အကြွင်းမဲ့ မူလကျောက်ပြားပဲ ဖြစ်ပါတယ်။

ထန်။

လက်သီးချက် ရောက်လာသလို သွေးတွေလည်း ပျံ့နှံ့သွားခဲ့ပါတယ်။

"ဂေါ့"

လင်းဟန်က သွေးတွေ အန်ထုတ်လိုက်ပါတယ်။ အကြွင်းမဲ့ မူလကျောက်ပြားက ဘယ်တိုက်ခိုက်မှုကိုမဆို စုပ်ယူနိုင်ပါတယ်။ ဒါပေမဲ့ သူ့ကိုယ်ပိုင် အရွယ်အစားကြောင့် အကန့်အသတ်တော့

ရှိပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို တစ်ဖြောင့်တည်းဖြစ်အောင် ပြောင်းလဲထားပြီး အကြွင်းမဲ့ မူလကျောက်တုံးနောက်မှာ တတ်နိုင်သလောက် ပုန်းနေပေမဲ့ သူ့ခန္ဓာကိုယ်ကို အပြည့်အဝတော့ မကာကွယ်ပေးနိုင်ပါဘူး။

သူ့ညာဘက် ပခုံးက လုံးဝကို ပျော့ပြသွားပြီး သူ့ရဲ့ ညာဘက်ခြေထောက်လည်း တစ်ဝက်လောက် ဆုံးရှုံးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ သူ့ဘယ်ဘက်ခြေထောက်က အရင်ကထက် သုံးပုံတစ်ပုံလောက် ငယ်သွားပါတယ်။

ဒါပေမဲ့လည်း ဒီတိုက်ခိုက်မှုကနေ သူက အသက်ရှင်သန်ခဲ့ပါတယ်။

ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရေတစ်စက်ကို သုံးပြီးတော့ ချက်ချင်းပဲ လင်းဟန်ရဲ့ ခန္ဓာကိုယ်ပေါ်က ဒဏ်ရာတွေအားလုံး လုံးဝကို သက်သာကောင်းမွန် သွားခဲ့ပါတယ်။ ချက်ချင်းပဲ သူက ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။

သူက နတ်ဘုရား ဓားကို ဆင့်ခေါ်ပြီး လျင်မြန်မှု နည်းစနစ်ကို အသုံးပြု လိုက်ပါတယ်။

ပူကျိုရန်က အံ့အားသင့် သွားခဲ့ပြီး အလျင်အမြန်ပဲ သူ့လက်တွေနဲ့ ရင်ဘတ်ကို ကာကွယ်လိုက် ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

ဓားအလင်းရောင်က သူ့ရဲ့နှလုံးသားဆီကို ပြေးဝင်လာတာ မြင်လိုက်ရလို့ပါပဲ။

ဒါပေမဲ့လည်း သူ့လက်ကို မြှောက်ရုံပဲမှာပဲ ဘယ်လောက်ပဲ သူကြိုးစားနေပါစေ အားနည်းနည်းမှ မစိုက်ထုတ်နိုင်ဘူး ဆိုတာကို ရှာတွေ့လိုက်ရပြီး သူက အကြွင်းမဲ့ မူလကျောက်တုံးကြောင့် ဟန့်တားခံလိုက် ရပါတယ်။

ပြီးတော့ အဲဒီအခိုက်အတန့်မှာ နတ်ဘုရားဓားက သူ့ကို ထိုးစိုက်လာပါတယ်။

ဒါက အရမ်းကို လျင်မြန်ပါတယ်။

ဓားရဲ့ထိပ်ဖျားက သူ့ခန္ဓာကိုယ်ထဲ ဝင်လာပြီး သူ့နှလုံးသားကို ထိုးစိုက်သွားပါတယ်။

"ငါနဲ့အတူ သေလိုက်"

ပူကျိရန်ရဲ့ မျက်လုံးတွေက နီရဲလာခဲ့ပါတယ်။ သူက ရုတ်တရက် ပါးစပ်ဟပြီးတော့ အသံလှိုင်း တစ်ခုကို မှုတ်ထုတ်လိုက်ပါတယ်။

ဒီအသံလှိုင်းက အနက်ရောင် ဓားပေါင်း ရာနဲ့ချီပြီးတော့ ပြောင်းလဲသွားပါတယ်။ နတ်ဆိုးချီတွေက အဲဒီဓားတွေကို ပိုင်းပတ်ထားပြီး လင်းဟန်ဆီကို ပြေးဝင်လာပါတယ်။

လောကဘုံ နှစ်ခုရဲ့ စည်းမျဉ်းဥပဒေတွေက ခြားနားပါတယ်။ တကယ်လို့ နတ်ဆိုးချီတွေက သူ့ရဲ့ ခန္ဓာကိုယ်ထဲကို ဝင်သွားမယ်ဆိုရင် လင်းဟန်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ တာအိုကြောင့် သေချာပေါက် ချေမှုန်းခံရပါလိမ့်မယ်။

ဒီလိုမျိုး နီးကပ်တဲ့ အကွာအဝေး တစ်ခုမှာ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ ရှောင်တိမ်းနိုင် လိမ့်မှာလဲ။

သူတတ်နိုင်သလောက် ကြိုးစားပြီးတော့ ရှောင်တိမ်းလိုက်တယ် ဆိုပေမဲ့ အနက်ရောင် ဓားတချို့ကို အကြွင်းမဲ့ မူလကျောက်တုံးနဲ့ တားဆီးဟန့်တား ခဲ့ပါတယ်။ ဓားတွေက အရမ်းကို များပြားလွန်းပါတယ်။ သူ့ဆီကို နည်းနည်းတော့ ရောက်လာပါသေးတယ်။ အဆင့်သုံး နတ်ဘုရား သတ္တုအဆင့်ရဲ့ ခုခံမှုကလည်း အသုံးမဝင်ပါဘူး။ အနက်ရောင် ဓားတွေက သူ့ရဲ့ ခံစစ်ကို ထိခိုက်ပျက်စီးစေပြီး သူ့ခန္ဓာကိုယ်ထဲကို ထိုးဖောက်ဝင်လာပါတယ်။

"ဟားဟားဟား ငါ့တာဝန်ကို ပြီးသွားစေသေးတာပဲ"

ပူကျိုရန်ရဲ့ အမူအရာက ရူးသွပ်မှုတွေနဲ့ ပြည့်နက်နေခဲ့ပါတယ်။ သူက တကယ့်ကို အရူး တစ်ယောက်ပါပဲ။ သူ့နှလုံးသားကို ထိုးစိုက်ခံထားရတာတောင် သူက ချက်ချင်းကြီး မသေသွား ခဲ့ပါဘူး။

ဟုတ်တာပေါ့။ သူ့ခန္ဓာကိုယ်က လောကဘုံ နှစ်ခုရဲ့ စည်းမျဉ်းဥပဒေတွေကြောင့် ထိခိုက်ပျက်စီး လာခဲ့ပါတယ်။ သူက ဒီတိုက်ပွဲပြီးတဲ့နောက်မှာ သေကိုသေရပါလိမ့်မယ်။ ဒါကြောင့် သူ့ခန္ဓာကိုယ် ပျက်စီးထိခိုက်နေတာကြောင့် သူ့ရဲ့ သေကွင်းသေကွက် နေရာတွေက သေကွင်းသေကွက်လို ရှိသင့်တာမျိုး မရှိတော့ပါဘူး။

"ငါမင်းကို စိတ်ပျက်စေမိခဲ့ပြီ"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးလိုက်တယ်။ ဟာသပဲ။ သူက မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အဆီအနှစ်ကို သန့်စင်ခဲ့ပြီး အဲဒါကြောင့် သူက ထိခိုက်မှာ မဟုတ်ပါဘူး။ မင်းလို နတ်ဆိုးချီ နည်းနည်းလေးက ငါ့ကို သတ်ချင်နေတယ် ဟုတ်လား။ မင်းက အရမ်းကို အတွေးလွန် လွန်းသွားပြီ။

အသာလေး လှုပ်လိုက်တာနဲ့ သူ့ခန္ဓာကိုယ်ကနေ အနက်ရောင် ဓားတွေက တစ်ချောင်းပြီး တစ်ချောင်း ပြန်ထွက်လာပြီး အနက်ရောင်ချီ စီးကြောင်းတွေ အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟန်ရဲ့ ဒဏ်ရာတွေကလည်း လျင်မြန်စွာနဲ့ သက်သာပျောက်ကင်း လာခဲ့ပါတယ်။ သူ့ဆီကနေ နီရဲတဲ့ သွေးတွေတောင် စိမ့်ထွက်လာခဲ့ပါတယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ပူကျိုရန်ရဲ့ အမူအရာက မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူ့ခန္ဓာကိုယ်ထဲကို ကျူးကျော် ဝင်ရောက်နေတဲ့ နတ်ဆိုးချီတွေကို ဘယ်လိုလုပ်ပြီးတော့ အလွယ်တကူ နှင်ထုတ်ပစ် နိုင်တာလဲ။

သောက်ကျိုးနည်း မင်းက လူမှဟုတ်ရဲ့လား။

သူက လက်မခံနိုင်အောင် ဖြစ်နေပေမဲ့ ဒီနောက်ဆုံး တိုက်ခိုက်မှုကြောင့် သူ့မှာ ခွန်အား နည်းနည်းပဲ ကျန်ပါတော့တယ်။ ရုတ်ချည်းဆိုသလို သူက မြေပြင်ပေါ်ကို လဲပြိုကျသွားပြီး သူ့ခန္ဓာကိုယ်က ပျက်စီးသွားပါတယ်။ လောကဘုံ နှစ်ခုက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေ အကြားက အတားအဆီးကြောင့် သူက ချက်ချင်းသေသွားတဲ့အပြင် အသွေးအသား နည်းနည်းလေးတောင် မကျန်တော့ပါဘူး။

Chapter 1053 end

အပိုင်း(1054) ကေရီ ဘုရင်မရဲ့ စကားများ

တိုက်ပွဲက ဒီလိုနဲ့ ပြီးဆုံးသွားခဲ့ပါပြီ။

သံမဏိသွေး ပြိုင်ကွင်းထဲမှာ လုံးဝကို တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

ဒါက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းလွန်းပါတယ်။ ဒီအဖြစ်အပျက်ရဲ့ ရုတ်တရက် အလှည့်အပြောင်းက ပြဇာတ်ဆန်လွန်းပြီး အဖြစ်အပျက်တွေက အရမ်းကို လျှင်မြန်လွန်းပါတယ်။

ပူကျိုရန်ဆိုတာ နေလတစ်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ နေလအဆင့် ကနဦးမှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ရှေ့ထွက်လာမယ် ဆိုရင်တောင် ပူကျိုရန်ကို ဖိနှိပ်ထိန်းချုပ်ဖို့ အနည်းငယ် အားစိုက်ထုတ်ရ ပါလိမ့်မယ်။

ဒါပေမဲ့ လင်းဟန်ကရော။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာဆိုတာ သေချာပါတယ်။ သူက အခုလိုမျိုး အံ့အားသင့်အောင်လို့ ဖန်တီးဖို့ လုံလောက်တဲ့ စွမ်းအားမျိုး မရှိပါဘူး။ သူက ပူကျိုရန်ရဲ့ အသေသတ် တိုက်ခိုက်မှုကို အရမ်းကို ထူးဆန်းတဲ့ နည်းလမ်း တစ်ခုနဲ့ တားဆီးခဲ့ရုံသက်သက်ပါပဲ။ ပြီးတော့ သူ့ရဲ့ဓားနဲ့ မယုံနိုင်စရာကောင်းလွန်းတဲ့ အမြန်နှုန်းနဲ့ တိုက်ခိုက်ပြီး တိုက်ပွဲကို အဆုံးသတ်ခဲ့ပါတယ်။

ထူးဆန်းတယ်။ ဒါက အရမ်းကို ထူးဆန်းတယ်။

နေလတစ်ပိုင်းအဆင့် လက်ရွေးစင် တစ်ယောက်က တကယ်ပဲ အရမ်းကို ရိုးရှင်းပြီး အသတ်ခံလိုက် ရတာလား။

အားလုံးက သူတို့ရဲ့ နားတွေကို လိမ်ဆွဲပြီး သူတို့ရဲ့ ပါးတွေကို ဒေါသတကြီးနဲ့ ကုတ်ဆွဲနေ ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဒီရလဒ်ကို လက်မခံနိုင်ပါဘူး။ သူတို့က ဒီအဖြစ်အပျက်ကို သူတို့ကိုယ်ပိုင် မျက်လုံးတွေနဲ့ ရှင်းရှင်းလင်းလင်း တွေ့မြင်ခဲ့ပေမဲ့ ဘယ်သူကမှ ဒီအချက်ကို လက်မခံနိုင်ပါဘူး။ ဒါက ပုံမှန်တွေ့မြင်နေကျ မြင်ကွင်းတွေထက် အရမ်းကို ကျော်လွန်သွားခဲ့ပါပြီ။

ဒီကမ္ဘာကြီးထဲမှာ ကြယ်ဆယ်ပွင့် ပါရမီရှင်တစ်ယောက် တကယ်ပဲ ရှိကောင်းရှိနိုင်ပေမဲ့ လင်းဟာန် စောစောတုန်းက ဖော်ပြလိုက်တဲ့ တိုက်ပွဲစွမ်းရည်က သေချာပေါက် အဲဒီအဆင့်ကို မရောက်သေးပါဘူး။

ထူးဆန်းတယ်။ ဒါက အရမ်းကို ထူးဆန်းတယ်။

"အဲဒီကောင်လေး လက်ထဲက ကျောက်ပြား"

နောက်ဆုံးတော့ လူတစ်ယောက်က ဒီသဲလွန်စကို ဖမ်းမိသွားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလိုမျိုး

အဆွန္တရာယ်များတဲ့ အခြေအနေမှာ လင်းဟန်က ဘာဖြစ်လို့ ကျောက်ပြားတစ်ပြားကို ဆွဲထုတ်ယူထားစရာ အကြောင်း ရှိမှာလဲ။ ဒါပေမဲ့ အဲဒါဘယ်လို ကျောက်ပြားအမျိုးအစားလဲ။ အဲဒီပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တောက်ပနေတာ နည်းနည်းမှ မရှိဘူးဆိုတာ ထင်ရှားပါတယ်။ ဒါကြောင့် အဲဒါက နတ်ဘုရားပစ္စည်း တစ်ခု မဖြစ်နိုင်ပါဘူး။ ဒါတောင် နေလတစ်ပိုင်းအဆင့် ပြိုင်ဘက်တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပျက်ပြယ်သွားစေနိုင်စွမ်း ရှိနေပါတယ်။

"ခစ်ခစ်ခစ် သေချင်းဆိုး ကျောက်တုံးခေါင်း တကယ်ကို နိုင်သွားတာပဲ"

လီဂေဂေက လက်ခုပ်လက်ဝါး တီးပြီးတော့ ရယ်မောနေပါတယ်။

စွေ့ရန်ယွီလည်း အရမ်းကို အံ့အားသင့် သွားပြီးတော့ ပြောလိုက်တယ်။

"ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းတယ်။ သူက ဒီလိုမျိုး အခြေအနေမှာတောင် အနိုင်ရအောင် လုပ်နိုင်သေးတယ်။ ထူးဆန်းတယ်။ ဒါက အရမ်းကို ထူးဆန်းတယ်"

အဲဒီအချိန်မှာ ကျောက်လန်ရဲ့ ပုံစံကို ကြည့်ရတာ သူလည်း မှင်တက်တွေဝေနေပုံ ရပါတယ်။

ဒီတိုက်ပွဲအတွက် သူက အစစ်အမှန် မူလကျောက်တုံး လေးသိန်းတောင် သုံးစွဲခဲ့ရပါတယ်။ စောစောကပဲ သူက အရမ်းကို လေးလုံးထွားခဲ့ပါသေးတယ်။ အခု သူ့ကို ပြင်းပြင်းထန်ထန် ဖြတ်ရိုက်ပစ် လိုက်သလိုပါပဲ။

လင်းဟာန်က မသေတဲ့အပြင် တိုက်ပွဲကို ပြောင်းပြန်လှန်ပစ်ပြီး ပူကျိရန်ကိုပါ သတ်ပစ်ခဲ့ပါတယ်။

သူက ဒီလူကို ရှုံးနိမ့်ခဲ့ပြီး သူ့မျက်နှာလည်း ပျက်ခဲ့ရသလို ပိုက်ဆံတွေလည်း ဆုံးရှုံးခဲ့ရပါတယ်။

"ကျောက်လန် နင်စောစောတုန်းက ဘယ်လိုပြောခဲ့လဲ"

လီဂေဂေက တစ်ခစ်ခစ် ရယ်မောလိုက်ပါတယ်။ သူမက ကျောက်လန်ကို ဘယ်တုန်းကမှ စေတနာ မရှိခဲ့ပါဘူး။ အခု သူမက အပေါ်စီး ရောက်နေပြီ ဆိုမှတော့ သူမရဲ့ အားသာချက်နဲ့ ဖိပစ်ရပါလိမ့်မယ်။

ကျောက်လန်ရဲ့ မျက်နှာက တင်းသွားပါတယ်။ သူက ဗိုလ်ချုပ်တစ်ယောက်ရဲ့ သားဖြစ်ပေမဲ့ အစစ်အမှန် မူလကျောက်တုံး

လေးသိန်းဆိုတာက နည်းနည်းနောနော ပမာဏတစ်ခု မဟုတ်ပါဘူး။ အဲဒါက သူ့ကို အတော်လေး ခေါင်းကိုက်စေပါတယ်။ အခု လီဂေဂေက အခုလို ပုံစံနဲ့ လှောင်ပြောင်သရော်နေတာကြောင့် သူ့ရဲ့ ခံစားချက်က အခုဆို ဘယ်လောက်တောင် ကြောက်စရာကောင်းနေမလဲ ဆိုတာကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။

“ငါတို့သွားမယ်”

သူက ရှက်သလို ခံစားရပြီး သူ့အဝတ်အစားကို ခါထုတ်ပြီးတော့ တန်းထွက်သွားပါတယ်။

ယန်လော့တန်လည်း အလျင်အမြန်နဲ့ နောက်ကနေ လိုက်သွားပြီး သူမရဲ့ စိတ်ထဲမှာတော့ ကျိတ်ပြီးတော့ စိုးရိမ်ပူပန်နေမိပါတယ်။ ကျောက်လန်ရဲ့ စိတ်အခြေအနေက အခုဆိုရင် မကောင်းပါဘူး။ ဒါကြောင့် သူတို့တွေ ပြန်ရောက်တဲ့ အခါမှာ သူက သူမအပေါ် သေချာပေါက် ထွက်ပေါက်ရှာပါလိမ့်မယ်။ ဒီတစ်ကြိမ် သူမက ဘယ်လောက်တောင် နှိပ်စက်ညှင်းပန်း ခံရမလဲ ဆိုတာကို ဘယ်သူသိမလဲ။

ဒီကောင်လေးကို အမြန်ဆုံးနည်းနဲ့ သုတ်သင်ပစ်မှ ဖြစ်မယ်။ ရှားယွန်က ပြိုင်ပွဲကွင်းထဲမှာ ရပ်နေတဲ့ လင်းဟန်ကို

စိုက်ကြည့်လိုက်ပါတယ်။ သူ့မျက်လုံးတွေထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ တလက်လက် တောက်ပလို့ နေပါတယ်။ ပြီးတော့ အဲဒီကျောက်ပြား။ နေလတစ်ပိုင်းအဆင့် ရန်သူတစ်ယောက်ဆီက တိုက်ခိုက်မှုကို ပျက်ပြယ်သွားစေနိုင်တဲ့ ဘယ်လိုမျိုး ရတနာပစ္စည်းမျိုး ဖြစ်နေမလဲ။ ဒီဘာမဟုတ်တဲ့ ကောင်ကို သတ်ပြီးတဲ့နောက်မှာ သူ့ရဲ့ ကျင့်ကြံခြင်း နည်းစနစ်ကို ယူပြီးရင် ဒီကျောက်ပြားကိုလည်း ချန်ထားလို့ မရဘူး။

အတားအဆီးတွေကို ဖယ်လိုက်တဲ့ အခိုက်အတန့် သံမဏိသွေး ပြိုင်ကွင်းထဲက လူတွေ ဂင်လာလို့ ရသွားပါတယ်။

ရွှပ်။

အမျိုးသမီး အစောင့်တစ်ယောက် အထဲကို ပျံသန်းလာပြီး သံမဏိသွေး ပြိုင်ကွင်းထဲက အလံရဲ့ ထိပ်မှာ မတ်တပ်ရပ်ပြီး ခန့်ညားထယ်ဂါတဲ့ ဟန်ပန်အမူအရာနဲ့ အင်ပါယာအမိန့် တစ်ခုကို ကြေညာလိုက်ပါတယ်။

"ကေရီ ဘုရင်မရဲ့ အမိန့်အရ လင်းဟန်ကို တွေ့ဆုံဖို့ ဆင့်ခေါ် လိုက်တယ်"

"ကေရီ ဘုရင်မရဲ့ အမိန့်ကို နာခံပါတယ်"

အားလုံးက အလျင်အမြန်ပဲ ပြန်ဖြေလိုက်ပြီး သူတို့မျက်နှာပေါ်မှာ မယုံနိုင်စရာကောင်းတဲ့ ကြည်ညိုလေးစားမှုနဲ့ ထိတ်လန့်ကြောက်ရွံ့မှုတွေ ဖြစ်ပေါ်နေပါတယ်။

မဟုတ်သေးဘူး။ ကေရီ ဘုရင်မတောင် စိတ်ပူပန်စေခဲ့တယ်။ အခု လင်းဟန်ဆီမှာ ဘယ်လို လျှို့ဝှက်ချက်တွေပဲရှိရှိ သူတို့နဲ့ နည်းနည်းလေးမှ မပတ်သက်တော့ပါဘူး။

ဘယ်သူကများ ကေရီ ဘုရင်မနဲ့ ယှဉ်ပြိုင်ပုံမှာလဲ။

လင်းဟန်က သူ့ခေါင်းကို ကုတ်ပြီးတော့ ခါလိုက်မိပါတယ်။ အခြေအနေကို ကြည့်ရတာ သူ့မှာ ရွေးချယ်စရာ နှစ်ခုပဲ ရှိပါတယ်။ ပထမအချက်က အနက်ရောင် မျှော်စင်ထဲမှာ ဂင်ပုန်းနိုင်ပြီး ဒုတိယ အချက်က အကြွင်းမဲ့ မူလကျောက်ပြားကို သုံးပြီးတော့ သူ့ကိုယ်သူ သတ်သေလိုက်ဖို့ပါပဲ။ သူက အကြွင်းမဲ့ မူလကျောက်ပြားကို မထုတ်ဖော်ချင်ပေမဲ့ အနက်ရောင် မျှော်စင်ရဲ့ အရေးပါမှုက ပိုပြီးတော့ အရေးကြီးပါတယ်။

ဒါကြောင့် သူက အကြွင်းမဲ့ မူလကျောက်ပြားကို အသုံးပြုဖို့ ရွေးချယ်လိုက်တာ ဖြစ်ပါတယ်။

ဒီတစ်ကြိမ် နံပါတ်ကိုး ဘုရင်က အင်ပါယာ အမိန့်အတုကို ထုတ်ပြန်ကြေညာတာ မဟုတ်ပါဘူး။ လင်းဟန်က အမျိုးသမီးအစောင့်အရှောက်ရဲ့ အနောက်ကနေ အင်ပါယာ နန်းတော်ဆီကို လိုက်လာခဲ့ပါတယ်။ လုံခြုံရေး စည်းချထားတဲ့ နေရာတွေ တော်တော်များများကို ဖြတ်ကျော်ပြီးတဲ့ နောက်မှာတော့ အင်ပါယာ နန်းတော်ရဲ့ ဥယျာဉ်ဆီကို ရောက်လာခဲ့ပါတယ်။

"ကေရီ အရှင်မ လင်းဟန်ကို ခေါ်လာပါပြီ"

အမျိုးသမီးအစောင့်က ဒူးတစ်ဖက် ထောက်ပြီးတော့ အရိုအသေပေး ဂါရဝ ပြုလိုက်ပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်း သူတို့ကို ကျောပေးထားပြီး သူမရဲ့ လှပတဲ့ ပုံရိပ်ကို တောက်ပတဲ့ အနီရောင် ဂတ်ရုံရှည် တစ်ခုနဲ့ ရစ်ပတ်ထားပါတယ်။ သူမရဲ့ လှပပြီး တိမ်နဲ့တူတဲ့ ဆံပင်တွေက သူမရဲ့ ပုခုံးထက်ကနေ ရေတံခွန်အလား စီးကျနေပြီး သူမရဲ့ ကျစ်လျစ်သွယ်လျတဲ့ ကုပ်ပိုးနဲ့ နားပန်ကို နည်းနည်းလေးပဲ တွေ့မြင်နိုင်ပါတယ်။ သူမက ညှို့ယူဖမ်းစားနိုင်တဲ့ ကျက်သရေ ရှိမှုနဲ့ ပြည့်နှက်နေပြီး အားလုံးရဲ့ စိတ်အာရုံနဲ့ နှလုံးသားကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်နိုင်ပါတယ်။

ခံ့ညားထယ်ဂါပြီး ဩဇာလွှမ်းမိုးနိုင်တဲ့အပြင် ကျက်သရေရှိမှုနဲ့ သိမ်မွေ့မှုတို့နဲ့လည်း ပြည့်နှက်လို့ နေပါတယ်။ သူမရဲ့ နောက်ကျောဘက်ကို တွေ့မြင်ရရုံနဲ့တင် ဆန့်ကျင်ဘက် နှစ်ဖက်ကို ပြည့်စုံစွာ ပေါင်းစပ်ဖို့ လုံလောက်ပါတယ်။ သူမက ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး ခံစားစေရတဲ့ တစ်ဦးတည်းသော လူတစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ နောက်တစ်ကြိမ် ရှုပ်ထွေးမှု အနည်းငယ် မြင့်တက်လာခဲ့ပါတယ်။ ဒီကောရီ ဘုရင်မက တကယ့်ပဲ အရမ်းကို ဆွဲဆောင်မှု ရှိပါတယ်။ သူမရဲ့ ပုံရိပ်ကို သူ့ရဲ့ နှလုံးသား အောက်ခြေမှာ ဖိနှိပ်ထိန်းချုပ်ဖို့ အကောင်းဆုံး ကြိုးစားခဲ့ပေမဲ့ အခု သူမကို ထပ်တွေ့လိုက်ရတဲ့ အချိန်မှာ ချက်ချင်းပဲ နောက်တစ်ကြိမ် နိုးဆွလာခဲ့ပါတယ်။ နောက်ပြီးတော့ ဒီမှတ်ဉာဏ်က အရင်ကထက် ဆယ်ဆလောက် ပိုပြီးတော့ အားကောင်းပါတယ်။

သူမနဲ့ အချိန်အတော်ကြာ နေပြီးတဲ့ နောက်မှာ ဒီကမ္ဘာကြီးထဲက ဘယ်ယောက်ျားကများ သူမရဲ့ ညို့ယူဖမ်းစားနိုင်မှုကနေ ရုန်းထွက်နိုင်မှာလဲ။

"အဲဒီကျောက်ပြားကို ငါကြည့်ပါရစေ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက ပြောလိုက်တယ်။ သူမက ငေ့ပိုက်ပြီး ပြောမနေပဲ လင်းဟန်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။

သူမက ကြယ်ဥက္ကာ အင်ပါယာရဲ့ အုပ်ချုပ်သူ ဖြစ်ပြီးတော့ သူမလိုချင်တာ မှန်သမျှကို ပေးနိုင်သလို ယူနိုင်ပါတယ်။

လင်းဟန်က ဆန့်ကျင်လို့ မရနိုင်ဘူး ဆိုတာကို သိနားလည်ပါတယ်။ ဒါကြောင့် သူက အကြွင်းမဲ့ မူလကျောက်ပြားကို ထုတ်ပြီးတော့ ပြောလိုက်တယ်။

"ဒါက ကျနော် အပြင်ဘက်ကို ခရီးထွက်သွားတဲ့ အချိန်တုန်းက ရရှိထားတဲ့ ပစ္စည်းဖြစ်ပြီး ရထားတာ မကြာသေးပါဘူး။ ဒီပစ္စည်းက တိုက်ခိုက်မှုတွေ အားလုံးကို စုပ်ယူနိုင်ပါတယ်"

သူ့ဘေးနားက အမျိုးသမီး အစောင့်အရှောက်က ကျောက်ပြားကို လက်ခံပြီး ကေရီ ဘုရင်မ လွှမ့်ရှင်းဆီကို အလျင်အမြန် ဆက်သလိုက်ပါတယ်။ သူမက ဒူးထောက်ပြီး အကြွင်းမဲ့ မူလကျောက်ပြားကို သူမရဲ့ လက်နဲ့ ဆုပ်ကိုင်ပြီး ဆက်သလိုက်ပါတယ်။

ကေရီ ဘုရင်မက အဲဒါကို ယူပြီးတော့ သူမရဲ့ လက်ခလယ်နဲ့ အဲဒီအပေါ်မှာ မျဉ်းကြောင်းတစ်ခု တန်းပြီးတော့ ဆွဲလိုက်ပါတယ်။

"ဟင်"

သူမက အံ့အားသင့်စွာနဲ့ ရေရွတ်လိုက် မိပါတယ်။ သူမရဲ့ လက်ချောင်းတွေထဲမှာ ခွန်အားတွေ အများကြီး ထည့်မသုံးထားပေမဲ့ တိုက်ခိုက်မှုက လုံးဝကို စုပ်ယူခံလိုက် ရပါတယ်။ ဒါက သူမရဲ့ ခန့်မှန်းထားမှုထက် အများကြီးအများကြီး သာလွန်ပါတယ်။ သူမက စွမ်းအားတွေကို စတင် စုစည်းပြီး ဒီကျောက်ပြားရဲ့ အကန့်အသတ်ကို စမ်းသပ်ဖို့ အားကောင်းတဲ့ စွမ်းအား တစ်ခုကို ထုတ်ချင်လာပါတယ်။

ရုတ်တရက် သူတို့ရဲ့ ပတ်ဝန်းကျင်က မှောင်လာခဲ့ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်း တစ်ယောက်ပဲ မားမားမတ်မတ်နဲ့ ဂုဏ်ယူဂုဏ်ကြွားစွာ ရပ်နေပြီး ဒီကုန်းမြေပေါ်မှာ သူမရဲ့ အထွတ်အထိပ် ကြီးစိုးနိုင်မှုကို ဖော်ပြတဲ့ တည်ရှိမှုတစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

အရမ်းကို အားကောင်းတယ်။ သူမက တကယ်ပဲ အရမ်းကို အားကြီးလွန်းပါတယ်။

တကယ်လို့ ကေရီ ဘုရင်မ လွှမ့်ရှင်း သူ့ကို သတ်ပစ်ချင်တယ်ဆိုရင် လင်းဟန်အနေနဲ့ အနက်ရောင် မျှော်စင်ထဲကို ဝင်ပုန်းဖို့

အခွင့်အရေးတောင် ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာကို သံသယ မဖြစ်မိပါဘူး။

တန်ခိုးရှင်အဆင့်မှာ ကျင့်ကြံခြင်း အဆင့်တိုင်းရဲ့ ကြားထဲက ကွာဟချက်ဟာ တကယ်ပဲ အရမ်းကို ကျယ်ပြန့်လွန်းပါတယ်။ လက်ရှိ သူ့အနေနဲ့ ကောင်းကင်ဘုံ အင်ပါယာ အဆင့်က ဟိုးမိုးကုတ်စက်ဝိုင်းမှာ ရှိနေသလို အရမ်းကို ဝေးကွာလွန်းပါတယ်။

ဒါပေမဲ့လည်း သူက ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုအတွက် စွမ်းအားတွေ စုစည်းပြီးတာတောင်မှ အကြွင်းမဲ့ မူလကျောက်ပြားအပေါ် တိုက်ခိုက်မှု ကျဆင်းလာတဲ့ အချိန်မှာ နည်းနည်းလေးမှ အကျိုးသက်ရောက်မှု မဖြစ်ပေါ်လာခဲ့ပါဘူး။ အရမ်းကို သေးငယ်တဲ့ အက်ကြောင်းလေးတောင် မရှိပါဘူး။

လင်းဟာန်က တွေးလိုက်မိပါတယ်။ ဒါက အကြွင်းမဲ့ မူလကျောက်ပြားပဲ။ မူလဇစ်မြစ်အဆင့်ရဲ့ စွမ်းအားတစ်ခုပဲ ဒါကို ထိခိုက်ပျက်စီးစေနိုင်တယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်က ဒါနဲ့ရင်ဆိုင်ရတဲ့ အခါမှာ ဘာမှလုပ်လို့ ရလိမ့်မှာ မဟုတ်ဘူး။

"လင်းဟာန်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက စကားစပြောလာပြီး သူမက အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

လင်းဟန်က သူမရဲ့ စိတ်ကူးကို နားလည်ပါတယ်။ သူ့မှာ ရွေးစရာ မရှိတော့ပါဘူး။ ဒါကြောင့် သူက ပြောလိုက်ပါတယ်။

"ဒီအံ့သြစရာကောင်းတဲ့ ကျောက်ပြားကို အရှင်မကို လက်ဆောင်အဖြစ် ဆက်သဖို့ စိတ်ကူးထားပါတယ် ကေရီ အရှင်မခင်ဗျား။ ကျေးဇူးပြုပြီးတော့ ကေရီ အရှင်မက ကျနော်မျိုးရဲ့ သေးနုတ်တဲ့ လက်ဆောင်ကို လက်ခံပေးပါ"

ဟင့် ဒါကို မင်္ဂလာ ခန်းဝင် လက်ဆောင်ပစ္စည်း တစ်ခုလို သဘောထားလိုက်ပေါ့။ နောက်ပိုင်းမှာ ငါတို့လက်ထပ်ပြီးတဲ့ အခါမှပဲ မင်းဆီကနေ နေ့တိုင်းပျော်စရာတွေကို ပြန်ယူရမယ်။

ဒီအတွေးက လင်းဟန်ရဲ့ စိတ်ထဲမှာ ဖြစ်သွားပြီး လင်းဟန်က ဘာမှမတတ်နိုင်ပဲ မှင်တက်အံ့သြ သွားမိပါတယ်။ မရည်ရွယ်ပဲနဲ့ သူဟာ ဒီကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ ညှို့ယူဖမ်းစားမှုကြောင့် နောက်တစ်ကြိမ် ညှို့ယူဖမ်းစား ခံလိုက်ရပါပြီ။ မသိစိတ်ရဲ့ စေ့ဆော်မှုနဲ့အတူ သူက သူမကို သူ့ဇနီးတွေထဲက တစ်ယောက်အဖြစ် ယူဖို့တွေးမိခဲ့ပါတယ်။ ဒါပေမဲ့ အမှန်ဆိုရင် သူက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ မျက်နှာအစစ်ကိုတောင် မမြင်ဖူးပါဘူး။

ဒါက အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး ညှို့ယူဖမ်းစားနိုင်တဲ့ မိန်းမလှတစ်ယောက် ရှိနိုင်ရတာလဲ။ စွေ့ရန်ယွီက တင့်တယ်လှပပြီး ကျက်သရေရှိပုံ ပေါ်ပေမဲ့ သူမနဲ့ နှိုင်းယှဉ်လိုက်ရင် သူတို့နှစ်ယောက်က လုံးဝကို မတူညီတဲ့ ကမ္ဘာနှစ်ခုပါပဲ။

ကေရီ ဘုရင်မ လွှမ့်ရှင်းက အရမ်းကို ကျေနပ်သွားခဲ့ပါတယ်။ သူမက ဒီဘက်ခေတ်ရဲ့ အစွမ်းထက် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ လက်အောက်ခံ လူဆီကနေ တစ်စုံတစ်ခုကို တောင်းဆိုဖို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ။ ခဏလောက် တွေးပြီးတဲ့နောက်မှာ သူမက ပြောလိုက်တယ်။

"မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က အလျင်အမြန်ကို တိုးတက်လာတာပဲ။ အနာဂတ်မှာ မင်းက ငါတို့အင်ပါယာအတွက် ထောက်ပံ့ပေးနိုင်မဲ့ ထောက်တိုင်တစ်ခု ဖြစ်လာနိုင်တယ်။ ဒါကြောင့် ငါမင်းကို အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်ဆိုတဲ့ ဘွဲ့ကို ချီးမြှင့်လိုက်မယ်။ မင်းက အင်ပါယာကနေ လစာ ခံစားခွင့်လည်း ရှိတယ်"

ဟုမ်း။

အင်ပါယာ နန်းတော်ရဲ့ အထက်မှာရှိတဲ့ အထိမ်းအမှတ် ရုပ်တုပေါ်မှာ ချက်ချင်းပဲ ပြောင်းလဲမှု တစ်ခုက နေရာယူသွားပြီး အလင်းတန်းတစ်ခုက လင်းဟန်ဆီကို ထိုးကျလာပါတယ်။ နောက်ပြီး လင်းဟန်ရဲ့ နာမည်က အထိမ်းအမှတ် ရုပ်တုပေါ်မှာ ပါဝင်လာပြီးတော့ တောက်ပတဲ့ အလင်းရောင်တစ်ခု ထွက်ပေါ်လာပါတယ်။

ဒါက လျော်ကြေးပေးတာလား။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ သက်ပြင်းချလိုက်မိပါတယ်။ ဘာမှမတတ်နိုင်ပါဘူး။ ဧကရီ ဘုရင်မက ဒီလိုစိတ်ကူးရှိမှတော့ သူငြင်းပယ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း တရားဝင် အဆင့်တစ်ခု ရသွားတာကလည်း မဆိုးပါဘူး။ အခုချိန်က စပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်ဖို့နဲ့ ကျင့်ကြံအားထုတ်ဖို့ နိုင်ငံ့စွမ်းအားကို ထုတ်ယူနိုင်ပါပြီ။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က အခုဆို သူ့မှာ တရားဝင် အဆင့်တစ်ခု ရှိနေပြီ ဖြစ်တာကြောင့် သူက ဓားစာခံ တစ်ယောက် မဟုတ်တော့ပါဘူး။

ဆိုလိုတာက နောက်ဆုံးတော့ သူက လွတ်လပ်တဲ့ လူတစ်ယောက် ဖြစ်သွားပါပြီ။

Chapter 1054 end

အပိုင်း(1055) တရားဝင် အဆင့်တစ်ခုရှိခြင်း

သူ့ကို ဘွဲ့ချီးမြှင့်ပြီးတဲ့ နောက်မှာ လင်းဟာန်က အမျိုးသမီး အစောင့်အရှောက်ရဲ့ ဦးဆောင်မှုနဲ့ အင်ပါယာနန်းတော်ကနေ ထွက်လာခဲ့ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက အကြွင်းမဲ့ မူလကျောက်ပြားကို အရမ်းပဲ စိတ်ဝင်စားနေတာကြောင့် အဲဒါကို လေ့လာချင်နေပါတယ်။

လင်းဟာန်က သင်တန်းကျောင်းဆီ ပြန်လာခဲ့ပါတယ်။ ချက်ချင်းဆိုသလို လူတစ်အုပ်က သူ့ကို ဝိုင်းပြီးတော့ သောက်ဖို့အတွက် ဆွဲခေါ်သွားပါတယ်။

အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

သူက နေလတစ်ပိုင်းအဆင့် တိုက်ပွဲစွမ်းရည်ရှိတဲ့ သူ့ပြိုင်ဘက်ကို သတ်ပစ်ခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင် အံ့ဩဖွယ်ရာ ကောင်းလိုက်သလဲ။

"ဘာပြောတယ်။ မင်းကို ကေရီ ဘုရင်မက အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိ ဘွဲ့ကိုပါ ချီးမြှင့်မြှောက်စားလိုက်တယ်ပေါ့ ဟုတ်လား"

လင်းဟန်က ဒီအကြောင်းကို ထုတ်ဖော်ပြောတာ ကြားလိုက်ရတဲ့ အချိန်မှာအားလုံးက မှင်တက် အံ့သြသွားခဲ့ ကြပါတယ်။

လီဂေဂေ၊ ကျိယွင်အာ၊ လင်းယိုနဲ့ တခြားမြင့်မြတ်တဲ့ တော်ဝင်မိသားစုရဲ့ မျိုးဆက်တွေတောင် ဘွဲ့ထူးဂုဏ်ထူး နည်းနည်းမှ ချီးမြှင့်မြောက်စားခံရခြင်း မရှိပါဘူး။ သီအိုရီအရဆို သူတို့က သာမန်ပြည်သူ ပြည်သားတွေရဲ့ အဆင့်အတန်းနဲ့ တူပါတယ်။ ဒါပေါ့။ ဒါက သီအိုရီ သက်သက်ပါပဲ။ ဘယ်သူကမှ သူတို့ကို အမှန်တကယ် သာမန်ပြည်သူတွေလိုမျိုး ဆက်ဆံကြလိမ့်မှာ မဟုတ်ပါဘူး။

အင်ပါယာထဲမှာ တရားဝင် အဆင့်တွေက အရမ်းကို အဖိုးထိုက်တန်တဲ့ အရင်းအမြစ် တစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားဝင် အဆင့်ကို လက်ခံရရှိပြီးတဲ့ နောက်မှာ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် အမြန်နှုန်းကို နိုင်ငံရဲ့ စွမ်းအားကို အသုံးပြုပြီးတော့ အရှိန်တင်နိုင်ပါတယ်။ နောက်ပြီး သူတို့က ကြယ်ဥက္ကာ အင်ပါယာမှာ ရှိနေသရွေ့ သူတို့က နိုင်ငံစွမ်းအားကို အသုံးပြုပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ပါလိမ့်မယ်။

နောက်ပြီးတော့ တရားဝင် အဆင့်တစ်ခု ရရှိထားခြင်းက အင်ပါယာရဲ့ ဂုဏ်သိက္ခာကို ကိုယ်စားပြုပြီး ဘယ်သူကမှ သူတို့ကို အရှက်ခွဲစော်ကားခွင့် မပြုပါဘူး။

ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်းတွေနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လို လူတွေတောင်မှ လင်းဟာန်နဲ့ ရင်ဆိုင်ချင်တယ်ဆိုရင် သူတို့အနေနဲ့ အရင်ဆုံး လင်းဟာန်က အင်ပါယာရဲ့ ဥပဒေတွေကို ဆန့်ကျင်ခဲ့တယ် ဆိုတာကို တရားရေးရာ စီရင်ရေး ဌာနမှာ အရင်ဆုံး အတည်ပြု ရပါလိမ့်မယ်။ အဲဒီနောက်မှပဲ သူ့ကို သူတို့က ဖမ်းဆီးလို့ ရနိုင်ပါတယ်။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ကြယ်ဥက္ကာ အင်ပါယာရဲ့ ဩဇာအာဏာကို စိန်ခေါ်တာ ဖြစ်ပြီးတော့ အင်ပါယာရဲ့ ကြီးကျယ်ခမ်းနားတဲ့ စစ်တပ်တွေက ပြင်းပြင်းထန်ထန် ဒဏ်ခတ်ပါ လိမ့်မယ်။

"ဒီတစ်ခါတော့ မင်းကို ဘယ်သူမှ ပြဿနာ ရှာရဲတော့မှာ မဟုတ်ဘူး"

လင်းယိုက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ လင်းဟာန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်တယ်။

"ငါမင်းကို တကယ်ပဲ မနာလို ဖြစ်မိတယ်။ အင်ပါယာရဲ့ တရားဝင် အရာရှိ အဆင့်တစ်ခုကို အရမ်းလျှင်လျှင်မြန်မြန် ချီးမြှင့်ခံရတယ်။ ပုံမှန်ဆိုရင် တကယ်လို့ မင်းက အဆင့်ကိုး စစ်ဘက်ဆိုင်ရာ ဘွဲ့ထူးတစ်ခုကို ရချင်တယ်ဆိုရင် အနည်းဆုံး ရန်သူ တစ်သောင်းကျော်လောက် သတ်ဖို့လိုအပ်တယ်"

လင်းဟန်က အံ့အားသင့် သွားပြီးတော့ မေးလိုက်တယ်။

"ဒါက အဲဒီလောက်တောင် ခက်ခဲသလား"

"နင်ဘယ်လို ထင်လို့လဲ"

လီဂေဂေတောင် အနည်းငယ် မနာလို ဖြစ်နေပါတယ်။

"ငါ့အဖေတောင် ပထမအဆင့် အရာရှိ တစ်ယောက်ပဲ"

"နင့်အဖေကို ကြွားလုံးထုတ်နေတာတော့ မဟုတ်ပါဘူးနော်"

လင်းဟန်က ရယ်မောပြီး မေးလိုက်ပါတယ်။

"ဒါပေမဲ့လည်း စစ်ဘက်ဆိုင်ရာ အရာရှိ ဘွဲ့တွေက အမွေဆက်ခံလို့ မရဘူး။ အဲဒီလိုမှ မဟုတ်ရင် ပိုပြီးတော့တောင် တန်ဖိုးရှိလိမ့်မယ်"

ကျိုယွင်အာက ပြောလိုက်တယ်။

လင်းဟန်က ခေါင်းညိတ်လိုက်တယ်။ အခုဆို အပေါ်ယံမှာတော့ သူက အကာအကွယ် အဆောင်လက်ဖွဲ့ တစ်ခု ရရှိထားပါပြီ။ အင်ပါယာရဲ့ တရားဝင် အဆင့်တွေက အဆင့်နိမ့်တာ မြင့်တာပဲ ကွာခြားပါတယ်။ သူတို့အားလုံးက အင်ပါယာရဲ့ လက်အောက်ခံတွေ ဖြစ်ပြီးတော့ ဘယ်သူကမှ သူတို့ရဲ့ လက်ထဲက ဩဇာကို အလွဲသုံးစား လုပ်ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် အငြင်းပွားလို့ မရနိုင်ပါဘူး။

တကယ်လို့ လင်းဟန်က အခုချိန်မှာ ဘယ်လက်ရုံး အမတ်မင်း ဒါမှမဟုတ် မဟာဗိုလ်ချုပ် ခုနစ်ယောက်နဲ့ ဆုံတွေ့ရင်တောင် အဆင့်နိမ့် အရာရှိ တစ်ယောက် အနေနဲ့ အရိုအသေ ပေးဖို့ပဲ လိုအပ်ပါတယ်။ သူတို့ရဲ့ တည်ရှိမှုအတွက် တရိုတသေ လေးလေးစားစား လုပ်စရာ မလိုပါဘူး။

အပေါ်ယံရဲ့ အောက်မှာတော့ ဘာတွေ ဖြစ်မလဲ ဆိုတာကို ပြောရခက်ပါတယ်။ အနည်းဆုံး အမှောင်ည ခန်းမလို အင်အားစုမျိုးက အင်ပါယာ သုံးခုရဲ့ ဩဇာအာဏာကို ဘယ်တော့မှ အလေးမထားကြပါဘူး။ သူတို့ကို သင့်တော်တဲ့ တန်ရာတန်ကြေး ပေးချေနိုင်သရွေ့ မင်းရဲ့ ပစ်မှတ်ကို ချေမှုန်းပစ်ဖို့ တစ်စုံတစ်ယောက်ကို စေလွှတ်ပေးပါလိမ့်မယ်။ သူတို့က ဆယ်နှစ်

အနှစ်နှစ်ဆယ် ဒါမှမဟုတ် နှစ်ပေါင်းတစ်ရာတောင် စောင့်နိုင်ပါတယ်။

တကယ်တော့ တန်ခိုးရှင်တွေရဲ့ အသက်က နှစ်ပေါင်း တစ်သိန်းကနေ စပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ ဆယ်နှစ်ကနေ နှစ်ပေါင်းတစ်ရာ စောင့်နေတယ် ဆိုတာက သာမန်လူတွေ လအနည်းငယ်လောက် စောင့်နေရတာနဲ့ အတူတူပဲ မဟုတ်လား။

သူတို့အားလုံး အရမ်းကို ပျော်ပျော်ပါးပါးနဲ့ သောက်စားကြပါတယ်။ အထူးသဖြင့် စွေ့ရန်ယွီက ပျော်ရွှင်နေပါတယ်။ အခုဆို လင်းဟန်က တရားဝင် အရာရှိ တစ်ယောက်အဖြစ် ချီးမြင့်မြှောက်စား ခံရပြီး စွေ့ကလန်က သူတို့ရဲ့ လက်ထပ်ထိမ်းမြားမှုကို အသိအမှတ်ပြုဖို့ ပိုပြီးမြင့်မားလာနိုင်ချေ ရှိပါတယ်။

သူတို့တွေ စိတ်တိုင်းကျ စားသောက်ပြီးတဲ့ နောက်မှာတော့ သူတို့အားလုံး လူစုခွဲ လိုက်ကြပါတယ်။

လင်းဟန်မှာ အကြံအစည် တစ်ခု ရှိပါတယ်။ အခု သူ့မှာ တရားဝင် အဆင့်တစ်ခု ရှိပြီဆိုတော့ ဓားစာခံ တစ်ယောက်ရဲ့ အခြေအနေကို ပယ်ဖျက်နိုင်ခဲ့ပြီး ဘယ်နေရာကိုမဆို လွတ်လွတ်လပ်လပ်နဲ့ ဝင်နိုင်ထွက်နိုင် သွားနိုင်လာနိုင်ပြီး အရင်ဆုံး သတင်းပို့ဖို့ပဲ လိုပါတယ်။

သူ့အနေနဲ့ မဟာလင်း အင်ပါယာဆီကို အလည်အပတ် ပြန်သွားဖို့ အချိန်ရောက်ပါပြီ။

သူက ပြန်သွားတဲ့ အခါမှာ အရင်းအမြစ် ပမာဏ အများကြီးကို သယ်သွားရပါမယ်။ ပြီးတော့ သူ့ရဲ့ အစ်ကိုကြီး သုံးယောက်ရဲ့ စွမ်းရည်တွေကို အပြည့်အဝ မြှင့်တင်ရပါမယ်။ နောက်ပြီး သူ့အစ်ကို သုံးယောက်ကလည်း အပြင်ထွက်ပြီး နေရာအမျိုးမျိုးကို လည်ပတ်သွားလာပြီး အတွေ့အကြုံသစ်တွေ ရှာဖွေနိုင်ပါလိမ့်မယ်။

စစ်မှန်တဲ့ လက်ရွေးစင်တွေက တိုက်ပွဲကို နှစ်သက်ကြပြီး ရင်းရင်းနှီးနှီး လက်ရည်စမ်းတာမျိုးတော့ မဟုတ်ပါဘူး။

သူ့မှာ တပည့်တစ်ယောက်လည်း ရှိပါသေးတယ်။ သူ့အနေနဲ့ ဆရာသခင် တစ်ယောက်ရဲ့ တာဝန်အတိုင်း သူ့ကို သင်ကြားပေးရပါလိမ့်ဦးမယ်။

သူက ဆက်ပြီးတော့ အစီအစဉ်တွေ ဆွဲနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်နှစ်ဆိုတဲ့ အချိန် ကုန်လွန်သွားပေမဲ့ ဖန်ပိုယွမ်နဲ့ တခြားသူတွေက တန်ခိုးရှင် အဆင့်ကို ချိုးဖျက်နိုင်လိမ့်ဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူပြင်ဆင်သွားရမဲ့ အရင်းအမြစ်တွေက တန်ခိုးရှင်အောက်မှာရှိတဲ့ ပစ္စည်းတွေ

ဖြစ်ပါတယ်။ တန်ခိုးရှင်ဘုံမှာ အဲဒါတွေက အရမ်းကို ပေါများပြီး ပိုက်ဆံလည်း အများကြီး မကုန်ပါဘူး။

လဂက်ခန့် ကြာပြီးတဲ့နောက် သူက မဟာလင်း အင်ပါယာဆီကို ပြန်ရပါလိမ့်မယ်။ သူ့မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံရှိတာကြောင့် ဒီခရီးက ရက်အနည်းငယ်လောက်ပဲ ကြာမြင့်ပါ လိမ့်မယ်။

ညအချိန် ကုန်လွန်သွားခဲ့ပြီး လင်းဟာန် နိုးထလာတဲ့ အချိန်မှာ ခေါင်းကိုက်နေပါတယ်။ မနေ့က လင်းယို၊ မာရှန်းနဲ့ တခြားသူတွေက သူ့ကို တော်တော်များများ တိုက်ခဲ့ပါတယ်။ အခု သူက အရက်နာ ကျနေပြီးတော့ ခေါင်းအရမ်းကို ကိုက်ခဲနေပါတယ်။

ဒုန်း ဒုန်း ဒုန်း ဒုန်း ဒုန်း ဒုန်း။

အိမ်ရှေ့ တံခါးထုသံကို ကြားလိုက်ရပါတယ်။ လင်းဟာန်က သူ့ခေါင်းကို ကိုင်ပြီးတော့ တံခါးဖွင့်ဖို့ လျှောက်လာရင်း ပြောလိုက်တယ်။

"လာပြီ။ ငါလာပြီ။ မနက်အစောကြီး တံခါးကို ကျယ်ကျယ်မထုရဘူးဆိုတာ မင်းမသိဘူးလား"

ကျွီ။

တံခါးပွင့်သွားပြီး ဂင်ပေါက်မှာ မိန်းမလှလေး တစ်ယောက် ရပ်နေပါတယ်။ သူမရဲ့ အလှအပက လီဂေဂေနဲ့ ကျိုယွင်အာတို့အောက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ဒီမိန်းမလှလေးက သူမတို့နဲ့ အတူ အင်ပါယာမြို့တော်ရဲ့ အချောဆုံး မိန်းကလေး သုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ဂူလင်းယု ဖြစ်ပါတယ်။

"နင်ဘာဖြစ်လို့ အိပ်ယာထ နောက်ကျနေတာလဲ"

မိန်းမလှလေးရဲ့ အမူအရာက အပြစ်တင်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။

"သွားကြစို့"

"ဘယ်ကို သွားမှာလဲ"

လင်းဟန်က မေးလိုက်တယ်။

"ငါ့ဆရာသခင်က နင့်ကို တွေ့ချင်လို့တဲ့"

ဂူလင်းယုက လင်းဟန်ကို ချက်ချင်းပဲ ဆွဲခေါ်ပြီးတော့ ထွက်လာပါတယ်။

"နင့်ဆရာသခင် ဟုတ်လား"

"အင်း"

ဂူလင်းယုက ခေါင်းညိတ်လိုက်ပါတယ်။

လင်းဟန်က ရှုံးတော့မလို ခံစားလိုက်ရပါတယ်။ သူက ဒီလိုပြောလိုက်တဲ့ အခါမှာ သူဆိုလိုတာက မင်းရဲ့ဆရာသခင်က ဘယ်သူလဲလို့ မေးတာပါ။ ဒါပေမဲ့ ဂူလင်းယုက သူမေးလိုက်တဲ့ စကားရဲ့ အဓိပ္ပါယ်ကို လုံးဝနားမလည်ခဲ့ပါဘူး။ သူမရဲ့ ဦးနှောက်က တကယ်ပဲ နည်းနည်းလေးမှကို မပြောင်းလဲပါဘူး။

သူလည်း ဘာမှမတတ်နိုင်ပဲ မေးလိုက်ရပါတယ်။

"မင်းရဲ့ ဆရာသခင်က ဘယ်သူလဲ"

အခုမှပဲ ဂူလင်းယုက ပြန်ဖြေပါတယ်။

"မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ လက်ထောက်ကျောင်းအုပ် ယန်ရှောင်ရှမ်း။ မြန်မြန်လာ မြန်မြန်။ ငါ့ဆရာသခင်ကို အကြာကြီး စောင့်နေရအောင် မလုပ်နဲ့"

သူမက လင်းဟန် လိုက်ချင်လား မလိုက်ချင်ဘူးလား ဆိုတာကိုတောင် ဂရုမစိုက်ပဲ အတင်း ဆွဲခေါ်လာပါတယ်။

လင်းဟန်က သူ့ကို အရင်က တစ်ကြိမ်ကူညီပေးဖူးတာကို ပြန်အမှတ်ရပြီး သူမကို မျက်နှာသာ တချို့ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူကနည်းနည်းမှ မဆန့်ကျင်တော့ပဲ သူမကို ဆွဲခေါ်ခွင့် ပြုလိုက်ပါတယ်။

သူတို့က သင်တန်းကျောင်းထဲမှာ လျှောက်လာပြီး နောက်ဆုံးတော့ နေရာတစ်ခုကို ရောက်လာခဲ့ ပါတယ်။ ဒီနေရာက သိပ်မကြီးသလို သိပ်လည်း မဝေးပါဘူး။ အဲဒီကနေ ထူးဆန်းတဲ့ အနံ့တွေ ထွက်လာတာကို အနံ့ရနိုင်ပါတယ်။

ဆေးပင်တွေရဲ့ မွှေးရနံ့တွေ။

လင်းဟန်က ချက်ချင်းပဲ အနံ့ကို သတိပြုမိ သွားခဲ့ပါတယ်။ ဘယ်မှော်ဆေးပညာရှင်မဆို ဒီလိုမျိုး မွှေးရနံ့နဲ့ အရမ်းကို ရင်းနှီးပါလိမ့်မယ်။ သူက မနေနိုင်ပဲ အကြိမ်အနည်းငယ် နှာခေါင်းရှုံ့ပြီး ရှူလိုက်မိပါတယ်။ ပင်ကိုယ်စိတ်ရဲ့ စေ့ဆော်မှုအရ သူက ဒီမွှေးရနံ့ထဲမှာ ပါဝင်တဲ့ ဆေးပစ္စည်းတွေက ဘာတွေလဲ ဆိုတာကို စတင်သုံးသပ်ပါတော့တယ်။

ဂူလင်းယုက လင်းဟန်ကို သူတို့အရှေ့က ခြံဝင်းတစ်ခုအရှေ့မှာ ရပ်နေဖို့ ဆွဲခေါ်လာပါတယ်။ သူတို့အနေနဲ့ ခြံဝင်းတံခါးကို မတွန်းဖွင့်ခင် ခြံဝင်းတံခါးက ကျွီခနဲ မြည်လာပြီးတော့

ပွင့်လာတာကို တွေ့မြင်လိုက်ရပါတယ်။ နှင်းလိုဖြူဖွေးတဲ့ ဂါဝန်တစ်စုံရှည် တစ်ထည်ကို ဝတ်ဆင်ထားတဲ့ လူငယ် တစ်ယောက် ထွက်လာပါတယ်။

ဒီလူငယ်က အရမ်းကို ခန့်ညားချောမောပြီး အဖြူဆွတ်ဆွတ် ဝတ်စုံကို ဝတ်ဆင်ထားတဲ့အတွက် အရမ်းကို တင့်တယ်ခန့်ညား ချောမောနေပြီး စကားလုံးနဲ့တောင် ဖော်ပြလို့ မရပါဘူး။ သူ့အဝတ်အစားကလည်း လုံးဝကို အညစ်အကြေး ကင်းစင်နေပြီး အစက်အပြောက် နည်းနည်းမှ မရှိပါဘူး။

ဒီနေရာက မော်ဆေးပညာ အဖွဲ့အစည်း ဖြစ်တယ်ဆိုတာကို သိထားရပါမယ်။ ဒါကြောင့် ဒီနေရာမှာ မော်ဆေးပညာရှင်တွေပဲ ရှိပါတယ်။ မော်ဆေးပညာရှင်တွေက တစ်နေ့လုံး ဆေးကျိုအိုးတွေနဲ့ ဆေးဖက်ဝင် ပစ္စည်းတွေ အကြားမှာ အလုပ်လုပ်နေရတာကြောင့် ဘယ်လိုလုပ်ပြီး အရမ်းကို သန့်ရှင်းနိုင်မှာလဲ။

"ဂျူနီယာ ညီမလေး ဂူလား"

အဖြူရောင် ဝတ်စုံနဲ့ လူငယ်က ဂူလင်းယုကို မြင်လိုက်ရတဲ့ အချိန်မှာ သူ့မျက်လုံးတွေက ချက်ချင်းပဲ အရောင်တောက်ပ လာခဲ့ပါတယ်။ ဒါပေမဲ့ သူမက လင်းဟာန်ကို ဆွဲခေါ်လာတာ မြင်လိုက်ရတော့ သူ့အမူအရာထဲမှာ ချက်ချင်းပဲ

မကျေမနပ်ဖြစ်သွားတဲ့ အရိပ်အယောင်တစ်ခု ဖြတ်သွားပါတယ်။ သူက မျက်နှာသုန်မှုန်ပြီး မေးလိုက်ပါတယ်။

"ဂျူနီယာ ညီမလေး မင်းသူ့ကို ဘာဖြစ်လို့ ဆွဲခေါ်လာတာလဲ"

"အော် ငါ့ဆရာသခင်ရဲ့ အမိန့်ကြောင့် သူ့ကို ဒီနေရာ ခေါ်လာတာ"

ဂူလင်းယုက ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပြီး သူ့ရဲ့ ခံစားချက်တွေကို လုံးဝကို သတိမပြုမိတဲ့ ပုံစံပါပဲ။

"ဆရာသခင်က ဒီကောင်လေးကို တွေ့ချင်တယ် ဟုတ်လား"

အဖြူရောင် ဂတ်စုံနဲ့ လူငယ်ရဲ့ အမူအရာက အထင်အမြင်သေးမှုတွေနဲ့ ဖြစ်လာပါတယ်။ သူတို့ရဲ့ ဆရာသခင်က မှော်ဆေးပညာ အဖွဲ့အစည်းရဲ့ လက်ထောက်ကျောင်းအုပ် ဖြစ်ပြီးတော့ ကြီးကျယ်မြင့်မြတ်တဲ့ အဆင့်ခုနစ် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ သူ့အဆင့်က ဘယ်လောက် အထင်ကြီးစရာ ကောင်းလိုက်လဲ။ တကယ်လို့ ကြီးကျယ်မြင့်မြတ်တဲ့ နေလအဆင့် လက်ရွေးစင်တွေက ဆရာသခင်ကို တွေ့ဆုံချင်တယ် ဆိုရင်တောင် အဲဒါက ဆရာသခင်ရဲ့ စိတ်အနေအထား အပေါ်မှာ မူတည်ပါလိမ့်မယ်။

"သူက လင်းဟန်ပဲ"

ဂူလင်းယုက ပြောလိုက်တယ်။

"အိုး ဒါဆိုရင် မင်းက လင်းဟန်ပေါ့။ ဟားဟား မင်းက အတော်လေးကို ထင်ပေါ်ကျော်ကြား နေတာပဲ ဟုတ်တယ်မလား"

အဖြူရောင် ဂတ်စုံနဲ့ လူငယ်ရဲ့ မျက်နှာပေါ်မှာ အမှတ်ရသွားတဲ့ အရိပ်အယောင် တစ်ခု ဖြစ်ပေါ်သွားပေမဲ့ သူ့မျက်နှာပေါ်က အမူအရာကတော့ ပိုပြီးတော့တောင် မရင်းနှီးသလို ဖြစ်လာပါတယ်။

လင်းဟန်က ဂူလင်းယုဘက်ကို လှည့်ပြီးတော့ မေးလိုက်တယ်။

"သူက ဘယ်သူလဲ။ ငတုံးတစ်ယောက်လား"

"သူက ဝှါစီနီယာ အစ်ကို ကျူပုကြည်။ သူက ငတုံးတစ်ယောက်မဟုတ်ဘူး။ ပါရမီရှင် တစ်ယောက်ပဲ"

ဂူလင်းယုက လင်းဟန်ရဲ့ လှောင်ပြောင်သရော်တဲ့ စကားတွေကို သတိမထားမိပဲ သူ့ကို လေးလေးနက်နက်နဲ့ ရှင်းပြလိုက်ပါတယ်။

ကျူပုကြည်ကတော့ ဒေါသတွေ ပေါက်ကွဲထွက်သွားပါတယ်။

"ခွေး ခွေးကောင်"

Chapter 1055 end

အပိုင်း(1056) ဘဂမြင့်ခြင်း

လင်းဟန်က သူ့ကို စိတ်ထဲမထည့်ပါဘူး။ ဒီလူက အရင်ဆုံး ရန်လိုသလိုမျိုး ပြုမူဆက်ဆံတဲ့ သူတစ်ယောက် ဖြစ်တာကြောင့် တကယ်လို့ သူက ပြန်ပြီးတော့ မခံချင်အောင် ထိကပါး ရိကပါး ပြောတော့ရော ဘာဖြစ်ဦးမှာလဲ။

အခုဆို သူ့မှာ တရားဝင် အဆင့်တစ်ခု ရှိနေပြီး နိုင်ငံတော် သစ္စာဖောက်မှု မလုပ်သရွေ့တော့ ဗိုလ်ချုပ်ခုနစ်ယောက်နဲ့ ဘယ်ညာလက်ရုံး အမတ်မင်းတွေလို အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေတောင် သူ့ကို ပေါ်ပေါ်ထင်ထင် ပစ်မှတ်မထားနိုင်ပါဘူး။ ဒီလိုဆိုမှတော့ ဒီငတုံးကောင်ရဲ့ ရန်စမှုကို သူက ဘာကြောင့် သည်းခံနေရမှာလဲ။

ကျူပူကြည်က အလျော့မပေးပဲ သူ့လက်ကို မြှောက်ပြီးတော့ လင်းဟန်ကို လက်ညှိုးထိုးကာ ပြောလိုက်တယ်။

"ကောင်စုတ်လေး မင်းဘာပြောဖို့ ကြိုးစားနေတာလဲ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"တခြားသူတွေကို လက်ညှိုးထိုးပြီး ပြောတာက အရမ်းကို ရိုင်းစိုင်းတယ် ဆိုတာကို မင်းနားမလည်ဘူးလား"

ကျူပူကြည်က ဒေါသထွက်သွားပါတယ်။ သောက်ကျိုးနည်း မင်းပဲ ငါ့ကို ငတုံးအေလို့ ခေါ်ခဲ့တာလေ။ ဒါတောင်မှ မင်းက ငါ့ကို ရိုင်းစိုင်းတဲ့ လူတစ်ယောက်လို့ သတ်မှတ်သေးတာလား။

သူက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းက နည်းနည်းလောက် ထင်ပေါ်ကျော်ကြားလာတာနဲ့ပဲ ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ဘဂင်မြင့်သလို လုပ်လို့ရမယ်လို့ ထင်နေတာလား။ ဒါက အင်ပါယာ မြို့တော်ဆိုတာကို မမေ့လိုက်နဲ့ဦး။ ဒီနေရာမှာ မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေနဲ့ အထွတ်အထိပ် လက်ရွေးစင်တွေ ရှိတဲ့ အင်ပါယာရဲ့ သရဖူအောက်မှာ ငါတို့နေနေတာပဲ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒီလိုလား။ ဒါဆိုရင် မင်းက ပါရမီရှင် တစ်ယောက်လား ဒါမှမဟုတ် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်လား"

"ဟင့် ငါက အခုမှ အသက်သုံးသောင်းပဲ ရှိသေးတယ်။ ငါက အဆင့်နှစ် မော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပြီ။ နောက်ပြီးတော့ အဆင့်သုံး မော်ဆေးပညာရှင် တစ်ယောက် ဖြစ်ဖို့ အချိန်သိပ်မလိုတော့ဘူး"

ကျူပူကြည်က ဂုဏ်ယူဝင့်ကြွားတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

ဒီလူက တကယ့်ကို တုံးအတဲ့ ဂက်တစ်ကောင်ပဲလား။

လင်းဟန်က ပဟေဠိ ဖြစ်သွားသလို ခံစားလိုက်မိပါတယ်။ လင်းဟန်က ပြင်းပြင်းထန်ထန် စဉ်းစားလိုက်ပါတယ်။ ဒါပေမဲ့ သူကအခုဆို အဆင့်သုံး နတ်ဘုရား ဆေးလုံးကို သန့်စင်နိုင်ပါပြီ။ သူက အမျိုးအစားတစ်ခုကိုပဲ ဖော်စပ်နိုင်ပေမဲ့ လူတစ်ယောက်ရဲ့ မှော်ဆေးပညာ အဆင့်က သူဖော်စပ်နိုင်တဲ့ အဆင့်မြင့်ဆုံး ဆေးလုံးအပေါ်မှာ မူတည်ပါတယ်။ ဒါက လူသိရှင်ကြား အသိအမှတ် ပြုထားတဲ့ စနစ်တစ်ခု ဖြစ်ပါတယ်။

ဒီလူက နှစ်ပေါင်းသုံးသောင်းလောက် မှော်ဆေးပညာကို လေ့ကျင့်ခဲ့တာတောင်မှ အဆင့်နှစ် မှော်ဆေးပညာရှင် တစ်ယောက်ပဲ ရှိသေးတာလား။ ပြီးတော့ သူက အဆင်သုံးကို ရောက်ဖို့ အချိန်တချို့ လိုသေးတာလား။ ဘယ်လိုလုပ်ပြီး သူ့ကို ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်နိုင်မှာလဲ။

ဒါပေမဲ့ သူ့ပုံစံကို ကြည့်ရတာလဲ အဲဒီလောက် ညံ့ဖျင်းပုံ မပေါ်ပါဘူး။

"ဒါဆိုရင် ငါ့ရဲ့ မှော်ဆေးပညာ ပါရမီက တကယ်ပဲ ဒီလောက် အံ့သြစရာ ကောင်းနေတာလား"

လင်းဟန်က သူ့ပါရမီဟာ အရမ်းကို အထင်ကြီးစရာ ကောင်းတယ်လို့ပဲ ကောက်ချက်ချ နိုင်ခဲ့ပါတယ်။

ကျူပူကြည်ရဲ့ မျက်နှာပေါ်မှာ သရော်ပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက လင်းဟန်ကို ဘာမှမပြောနိုင်အောင် ဖြစ်စေခဲ့ပြီလို့ ထင်မှတ်နေခဲ့ပါတယ်။

ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က မှော်ဆေးပညာ နယ်ပယ်မှာ အသက်သုံးထောင် မပြည့်ခင် အဆင့်တစ် မှော်ဆေးပညာရှင် တစ်ယောက်နဲ့ အသက်တစ်သောင်း မပြည့်ခင် အဆင့်နှစ် မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာတဲ့ သူတွေအားလုံးကို ပါရမီရှင်တွေလို့ သတ်မှတ်နိုင် ပါတယ်။ အဲဒီအချိန်မှာ ကျူပူကြည်က အသက်သုံးသောင်း အချိန်မှာ အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာခါနီးပါပြီ။ ဒါက အရှေ့က နှစ်ခုထက် ပိုပြီးတော့တောင် အံ့သြမှင်တက်စရာ ကောင်းပါတယ်။

နောက်ပြီးတော့ ကျင့်ကြံခြင်းမှာ သူ့ရဲ့ပါရမီကလည်း ထူးချွန်ထက်မြက်ပါတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ကိုတောင် ရောက်ရှိနေပါပြီ။

ဒါတွေက သူ့ရဲ့ ကိုယ့်ကိုကိုယ် အထင်ကြီး ဘဝမြင့်နေရတဲ့ အကြောင်းရင်းတွေပဲ ဖြစ်ပါတယ်။

ကျူးပုကြည်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် မင်းက နည်းနည်းလောက် ထင်ပေါ်တာကြောင့် ကိုယ့်ကိုကိုယ် စိတ်တိုင်းကျ ထင်တိုင်းကြဲနိုင်တဲ့ အစွမ်းရှိတယ်လို့ မစဉ်းစားနဲ့ပေါ့။ ငါနဲ့ ယှဉ်လိုက်မယ်ဆိုရင် မင်းက ဘာမှကို မဟုတ်သေးပါဘူး"

နောက်ဆုံးတော့ လင်းဟန်က သတိပြန်ဝင်လာပါတယ်။ ဒီလူက ကိုယ့်ကိုကိုယ် အရမ်းဘဝမြင့်ပြီး အမြင်ကျဉ်းတဲ့ လူစားမျိုး ဖြစ်ပါတယ်။ သူတို့ထက် ပါရမီသာတဲ့ လူတွေကို မနာလိုတတ်တဲ့ လူစားမျိုး ဖြစ်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီး ဒီလိုလူစားမျိုးနဲ့ ဆက်ပြီးတော့ စကားမပြောချင်တော့ပါဘူး။ သူက ဂူလင်းယုဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"သွားစို့။ မင်းရဲ့ ဆရာသခင်ကို အကြာကြီးစောင့်ရအောင် မလုပ်နဲ့တော့"

"အင်း အင်း"

ဂူလင်းယုက ခေါင်းညိတ်လိုက်ပြီး သူတို့က ချက်ချင်းပဲ ထွက်လာခဲ့ပါတယ်။

ကျူပူကြည်က ဒေါသတွေ ထွက်ပြီးတော့ လဲကျလုနီးပါး ဖြစ်သွားပါတယ်။ ဘာဖြစ်လို့ ဒီလူနှစ်ယောက်က သူ့ကို အထင်အမြင်သေးပြီး မတူမတန်သလို လုပ်သွားတာလဲ။

သူက အလျင်အမြန်ပဲ သူတို့နောက်က လိုက်လာပြီးတော့ ပြောလိုက်တယ်။

"ကောင်လေး မင်းက အခုမှ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးတယ်။ မော်ဆေးလုံးတွေက ဘယ်လောက်တောင် ထိတ်လန့်စရာ ကောင်းလောက်အောင် စျေးကြီးတယ် ဆိုတာကို မင်းသိသင့်တယ်။ ဒါပေမဲ့လည်း တကယ်လို့ မင်းက ငါ့သူငယ်ချင်း ဖြစ်လာမယ်ဆိုရင် နောက်ပိုင်းမှာ မော်ဆေးလုံးတွေ ရရှိဖို့နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုတော့ဘူး"

လင်းဟန်က စိတ်ထဲကနေ ကျိတ်ရယ်ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ငါက မင်းရဲ့ သူငယ်ချင်း ဘယ်လိုဖြစ်နိုင်မလဲ"

"ဟဲဟဲဟဲ"

ကျူပူကြည်က ချက်ချင်းပဲ စတင်ရယ်မောပြီး နောက်ဆုံးတော့ လင်းဟန်က သူ့ကို ခေါင်းငုံ့လာပြီလို့ ထင်လိုက်မိပါတယ်။

"ဒါက လွယ်ပါတယ်။ နောက်ကျရင် ငါ့ကို အစ်ကိုကြီးလို့ ခေါ်ပေါ့။ နောက်ပြီး ဂျူနီယာ ညီမလေး ဂူက ငါ့ကောင်မလေးပဲ။ ဒါကြောင့် သူမကို ရအောင်လို့ ကြိုးစားဖို့တောင် မစဉ်းစားနဲ့"

သူက နောက်ဆုံး စကားတွေကို လင်းဟန်နဲ့ သူပဲ ကြားနိုင်တဲ့အထိ အသံကို တိုးလိုက်ပါတယ်။

ဘယ်လောက်တောင် အမြင်ကျဉ်းတဲ့ လူလဲ။ တခြားသူတွေက သူ့ထက် ထူးချွန်ပြီး သာသွားမှာကို မနာလို မရှုစိမ့်ဖြစ်ပြီး သည်းမခံနိုင်ဘူးလား။

လင်းဟန်က ရယ်မောပြီး ပြောလိုက်တယ်။

"တကယ့်ကို ထူးချွန်ထက်မြက်တဲ့ လူတစ်ယောက်က တခြားသူတွေကို ကြွားလုံးထုတ်စရာ မလိုဘူး။ မင်းက အရမ်းကို ထူးချွန်ထက်မြက်နေတယ်ပေါ့။ ဒါဆိုရင် တခြားသူတွေ အရှေ့မှာ မင်းကိုယ်မင်း ကသိကအောက် ဖြစ်နေတာကို ရပ်လိုက်ပါ။ နောက်ပြီး မင်းက မိန်းကလေး ဂူနဲ့ ထိုက်တန်လိမ့်မယ်လို့ ငါတော့မထင်ဘူး"

"သောက်ခွေးပဲ"

ကျူပူကြည်ရဲ့ ကသိကအောက် ဖြစ်မှုကနေ ဒေါသအဖြစ် ပြောင်းသွားပြီး သူက ပြောလိုက်တယ်။

"ကောင်လေး မင်းကိုမင်း အရမ်းကြီး အထင်ကြီးမနေနဲ့။ မင်းက ငါ့ကို တကယ်ပဲ ဒေါသထွက်အောင် လုပ်နိုင်တာပဲ။ ဒါကြောင့် အင်ပါယာ မြို့တော်ထဲက ဘယ်ဆေးဆိုင်မှ မင်းကို မှော်ဆေးလုံး မရောင်းချစေရဘူးလို့ ငါအာမခံနိုင်တယ်။ ဆေးလုံး တစ်လုံးတောင် မရစေရဘူးကွာ"

လင်းဟန်ရဲ့ အမူအရာက အတော်လေး ထူးဆန်းလာပါတယ်။ ကျူပူကြည်အနေနဲ့ သူကိုယ်ပိုင် ဆေးဆိုင် ဖွင့်ထားတယ် ဆိုတာကို လုံးဝသတိပြုမိပုံ မရပါဘူး။

အင်း ကျူပူကြည် မမှားပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒါက ငါ့ကိုယ်ပိုင် ဆေးဆိုင်ပဲလေ။ ဒါကြောင့် သူ့ကို ရောင်းချတယ်လို့ ထည့်မတွက်နိုင်ပါဘူး။

"အိုး ငါအရမ်းကို ကြောက်သွားပြီ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ကျူပူကြည်က ကိုယ့်ကိုကိုယ် အထင်ကြီးပြီး ဘဝင်မြင့်နေပေမဲ့ တခြားသူတွေရဲ့ အမူအရာကိုတော့ ဖတ်နိုင်ပါသေးတယ်။

လင်းဟန်က သူ့ကို ကျီစယ်နေတယ် ဆိုတာကို သိပြီးတော့ သူ့အမူအရာ ပိုပြီးတော့တောင် သုန်မှုန်လာခဲ့ပါတယ်။

ဟင့် ဒီကောင်စုတ်လေးက မှော်ဆေးပညာရှင် တစ်ယောက်ကို ဆန့်ကျင်မိရင် အခြေအနေ ဘယ်လောက်ထိ ဆိုးမလဲ ဆိုတာကိုတောင် နားမလည်နိုင်တဲ့အထိ အရမ်းကို တုံးအတာပဲ။ အစ်စအမှန် မူလကျောက်တုံးတွေကို ကိုင်ပြီးတော့ မှော်ဆေးလုံးတွေနည်းနည်းလေးတောင် ဂယ်လို့မရတော့မှ သိလိမ့်မယ်။

သူက လင်းဟန်နဲ့ ဂူလင်းယု အနောက်ကနေ လိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ အေးစက်စက် သရော်ပြုံးတစ်ခု ရှိနေပါတယ်။

ဂူလင်းယုက လင်းဟန်နဲ့ ကျူဂူကြည်တို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် စကားများပြီး ရန်စောင်နေကြတယ် ဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်းလေးမှ မရိပ်မိပဲ တကယ့်ကို တုံးအလွန်းပါတယ်။ သူမက ရှေ့ကနေ ဦးဆောင်ပြီး မကြာခင်မှာ ဥယျာဉ်သေးသေး တစ်ခုဆီ ရောက်လာခဲ့ပါတယ်။

"ဆရာသခင်"

သူမက ရိုသေလေးစားစွာနဲ့ ခေါ်လိုက်ပါတယ်။

သူမက ဆရာသခင်လို့ ခေါ်တာဖြစ်ပြီး ဆရာလို့ ခေါ်တာမဟုတ်ပါဘူး။ ဒါက လုံးဝကို ကွာခြားတဲ့ အဖြစ်အပျက် နှစ်ခုပါပဲ။

ဒါပေမဲ့လည်း လင်းဟန်က အနည်းငယ် အံ့သြနေမိပါတယ်။ သူမရဲ့ ဆရာသခင်က ဘယ်မှာလဲ။

ဉယျာဉ်က သိပ်မကြီးပါဘူး။ ဒါကြောင့် မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ အရာအားလုံးကို တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လည်း လေးယောက်မြောက် လူတစ်ယောက်ကို ဘယ်နေရာမှာမှ မမြင်တွေ့နိုင်ခဲ့ပါဘူး။

နူးညံ့သိမ်မွေ့တဲ့ အသံတစ်ခု ထွက်ပေါ်လာပါတယ်။

"ကလေး မင်းဘယ်နေရာကို လိုက်ကြည့်နေတာလဲ"

"ဟင်"

လင်းဟန်က သူ့ခေါင်းကို ငုံ့လိုက်တဲ့ အခါမှာ ပန်းပွင့်တစ်ပွင့်ရဲ့ ပွင့်ချပ်ပေါ်မှာ အမျိုးသမီး တစ်ယောက် ခြေချိတ်ပြီး ထိုင်နေတာ တွေ့လိုက်ရပါတယ်။

ပန်းပွင့်တစ်ပွင့်ရဲ့ ပွင့်ချပ်က ဘယ်လောက်များ ကြီးမားနိုင်မှာလဲ။

သူမက လက်မတစ်ချောင်းလို သေးငယ်ပြီး သူမရဲ့ ခန္ဓာကိုယ်က တစ်လက်မ ဒါမှမဟုတ် အဲဒီထက် နည်းနည်းပဲ ပိုမြင့်ပါတယ်။ ထူးဆန်းတာက သူမရဲ့ နောက်ကျောမှာ အရမ်းကို ပါးလွှာတဲ့ အတောင်ပံတစ်စုံ ရှိနေပါတယ်။ အဲဒီအတောင်ပံတွေက အရမ်းကို ကြည်လင် တောက်ပနေပြီးတော့ ရွှေရောင်တောက်ပနေပြီး ချည်မျှင်နဲ့တူတဲ့ သင်္ကေတတွေ မြုပ်နှံလို့ ထားပါတယ်။

ဒါက မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ လက်ထောက်ကျောင်းအုပ်နဲ့ ဂူလင်းယုရဲ့ ဆရာသခင် ဖြစ်တဲ့ ယန်ရှောင်ရွှမ်းလား။

လင်းဟန်က သူ့မျက်လုံးကို သူ မယုံနိုင်အောင် ဖြစ်နေပါတယ်။

"စီနီယာ ခင်ဗျားက....."

"ငါ့ရဲ့ သေးငယ်တဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံကြောင့် မင်းက ငါ့ကို အထင်သေးနေတာလား"

ယန်ရှောင်ရွှမ်းက မကျေမနပ် ဖြစ်သွားပြီး သူမရဲ့ ပြိုင်ဘက်ကင်း လက်ရွေးစင် အရှိန်အဟုန် တစ်ခုကို ချက်ချင်းပဲ ထုတ်ဖော်လိုက်ပါတယ်။

သူမက သေချာပေါက် နေလအဆင့်မှာ ရှိပြီးတော့ သူမရဲ့ ကျင့်ကြံခြင်းအဆင့်ကို လင်းဟန်က တိတိကျကျ မခန့်မှန်းနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ နေနဲ့လကို ဆင့်ခေါ်ထားခြင်း မရှိခဲ့ပါဘူး။

"မဟုတ်ပါဘူး။ ကျနော် မလုပ်ပုံ့ပါဘူး"

လင်းဟန်က အလျင်အမြန်ပဲ ပြန်ဖြေလိုက်ပါတယ်။

"ကျနော်က နည်းနည်းလေး အံ့အားသင့် သွားတာပါ"

သူက သူ့အတွေးကို မှန်မှန်ကန်ကန်ပဲ ပြောလိုက်ပါတယ်။

ဒီလိုလက်ရွေးစင်တွေ အရှေ့မှာ ရိုးသားမှု ရှိတာက အကောင်းဆုံးပါပဲ။

တကယ်ပဲ လုံလောက်ပါတယ်။ ယန်ရှောင်ရှမ်းက ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါက လူသားတစ်ဂက်နဲ့ အိမ်မက်စိတ်ဂိညာဉ် မျိုးနွယ်တစ်ဂက်ပဲ"

လူသားတွေနဲ့ မိစ္ဆာသားရဲတွေ အကြားက လူသားတစ်ဂက် မျိုးနွယ်တွေဟာ ပုံသဏ္ဍာန် ပြောင်းလဲနိုင်ပါတယ်။ သူတို့က လူသားနဲ့ မိစ္ဆာသားရဲတွေရဲ့ ပုံပန်းသဏ္ဍာန်တွေကို ပိုင်ဆိုင်ထားပြီး

သူတို့မိဘနှစ်ပါးရဲ့ မျိုးဆက်သွေးကိုလည်း အမွေဆက်ခံပါလိမ့်မယ်။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် သူတို့က သူတို့ရဲ့ မိဘတွေထက် ပိုပြီးတော့တောင် အလိုက်သင့် နေထိုင် တတ်ကြပါတယ်။

လင်းဟန်က ဦးညွှတ်ပြီး ပြောလိုက်တယ်။

"စီနီယာ ယန်ကို လင်းဟန်က ဂါရဝပြုပါတယ်"

ဒါက လက်ရွေးစင်တွေကို ရိုသေလေးစားမှု တစ်ခုဖြစ်ပါတယ်။

ယန်ရှောင်ရွှမ်းက သူ့ရဲ့ ဂါရဝပြုမှုကို လက်ခံပြီးတော့ သူမရဲ့လက်ကို မြှောက်ပြီး ပြောလိုက်တယ်။

"ဝေ့လေ့ထုံးစံတွေ မလိုပါဘူး။ ငါမင်းကို ဒီခေါ်ရတဲ့ အကြောင်းက ငါတို့ မှော်ဆေးပညာ အဖွဲ့အစည်းကို ပူးပေါင်းချင်လား မပူးပေါင်းချင်ဘူးလား မေးချင်လို့ပဲ"

ဖူး။

ကျူပုကြည်က ချက်ချင်းပဲ တံတွေးသီး သွားခဲ့ပါတယ်။ ကမ္ဘာကြီးက ဘာတွေဖြစ်ကုန်ပြီလဲ။

တကယ်လို့ မော်ဆေးပညာရှင် အဖွဲ့အစည်းက လူသစ်စုဆောင်းချင်တယ် ဆိုရင် သူတို့က အင်ပါယာ မြို့တော်ထဲမှာ ကြေညာချက် တစ်ခု ထုတ်လိုက်ရုံပါပဲ။ လူတွေက အလုအယက် တိုးဝှေ့ပြီးတော့ လာရောက်လျှောက်ထား ကြပါလိမ့်မယ်။

မော်ဆေးပညာက ထူးကဲသာလွန်တဲ့ အထွတ်အထိပ် လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အဆင့်အတန်းက အဆင့်တူထဲက ကျင့်ကြံသူတွေထက် သာလွန်တဲ့ အဆင့်မှာ ရှိပါတယ်။ ဒါက လူသိထင်ရှားတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျူပူကြည်က သူ့ကိုယ်သူ အရမ်းကို အထင်ကြီးပြီး ဘဝင်မြင့်စွာနဲ့ ပြုမူပြောဆို ရခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အခုတော့ ဘယ်လိုလဲ။ ယန်ရှောင်ရှမ်က လင်းဟန်ကို ကိုယ်တိုင်ကိုယ်ကျ ဖိတ်ခေါ်ပြီး မော်ဆေးပညာ အဖွဲ့အစည်းနဲ့ ပူးပေါင်းချင်လားလို့ မေးနေပါပြီ။ ဒါက ကျူပူကြည်ကို သေလုမတတ် ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။

မော်ဆေးပညာရှင် အဖွဲ့အစည်းက ကျောင်းသားသစ် စုဆောင်းတဲ့ အခါမှာ အရမ်းကို တင်းကျပ်ပါတယ်။ အဓိက

အဖွဲ့အစည်းလေးခုထက်တောင် ဆယ်ဆ ဒါမှမဟုတ် အဆပေါင်း ရာနဲ့ချီပြီး တင်းကျပ်ပါတယ်။ အဓိက အဖွဲ့အစည်း လေးခုက နှစ်ပေါင်းနှစ်ဆယ်ပြည့်တိုင်း ကျောင်းသားသစ် ရာနဲ့ချီပြီးတော့ စုဆောင်းနိုင်ပါတယ်။ ဒါပေမဲ့ မှော်ဆေးပညာရှင် အဖွဲ့အစည်း ကျတော့ရော။ နှစ်ပေါင်းတစ်ရာမှာ ကျောင်းသားသစ် တစ်ယောက် စုဆောင်းနိုင်ရင်ပဲ သင့်တော်ပြီလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ မှော်ဆေးပညာရှင် အဖွဲ့အစည်းကို ကျောင်းသားသစ်တွေ စုဆောင်းတဲ့ အခါမှာ ဆရာသခင်နဲ့ တပည့်ရဲ့ ဆက်ဆံရေး ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် ကြီးကျယ်မြင့်မြတ်တဲ့ မှော်ဆေးပညာရှင်တွေက ကျောင်းသားရွေးချယ်တဲ့ အချိန်မှာ အရမ်းကို ဂရုစိုက်ရပါလိမ့်မယ်။ သူတို့က မထူးချွန်တဲ့ တပည့်တွေ ဒါမှမဟုတ် အကျင့်ပျက်တဲ့ တပည့်တွေကို မရွေးချယ်ပါဘူး။

ဒါကြောင့် မှော်ဆေးပညာရှင် အဖွဲ့အစည်းကို ရောက်လာတဲ့ အချိန်မှာ အိတ်သွန်ဖာမှောက် သင်ကြားပေးတာ ခံရလိမ့်မယ် မဟုတ်လား။

Chapter 1056 end

အပိုင်း(1057) ပြင်းထန်တဲ့ ရိုက်ချက်

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ကျနော်က မှော်ဆေးပညာမှာ နည်းနည်းလေးပဲ စိတ်ဝင်စားတာပါ။ ဒါပေမဲ့လည်း ကျင့်ကြံခြင်း အပေါ်မှာပဲ အဓိကထားပြီး အာရုံစိုက်ချင်ပါတယ်"

ဒါက ယဉ်ကျေးတဲ့ ငြင်းပယ်မှု တစ်ခုဖြစ်ပါတယ်။

ဖူး။

ကျူပူကြည်ရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးထွက်လာပါတယ်။ မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ လက်ထောက်ကျောင်းအုပ် ကိုယ်တိုင်က မင်းကို ဖိတ်ကြားတာလေ။ ဒါတောင် မင်းက သူမရဲ့ ကမ်းလှမ်းချက်ကို တကယ်ပဲ ငြင်းပယ်လိုက်တာလား။ မှော်ဆေးပညာရှင် အဖွဲ့အစည်း တပည့်တွေရဲ့ အဆင့်အတန်းက ဘယ်လောက်တောင် ဟိတ်ကြီးဟန်ကြီး ရှိတယ် ဆိုတာကို မင်းသိရဲ့လား။

ကျင့်ကြံခြင်း အဆင့်တူတဲ့ ကျင့်ကြံသူတွေတောင် သူတို့ကို အရမ်းရိုသေ လေးစားရတယ်။ ဒါကြောင့် သူတို့အရှေ့မှာ အဆင့်ပိုမြင့်တဲ့ ကျင့်ကြံသူတွေတောင် ယဉ်ကျေးရတယ်။ အားလုံးရဲ့ အထက်မှာ နေရတာက ဘယ်လောက်တောင်

ကောင်းလိုက်လဲ။ ဒါက ဘယ်လောက် အထင်ကြီးဖို့
ကောင်းပြီးတော့ ခွန်အားရှိလိုက်သလဲ။

ကျင့်ကြံသူတွေအတွက် အဆင့်သေးလေး တစ်ခု အဆင့်တက်ဖို့
ဘယ်လောက်တောင် ခက်ခဲလဲ ဆိုတာကို မင်းသိရဲ့လား။
တောင်မြစ်အဆင့်မှာတောင် နှစ်ပေါင်းသောင်းနဲ့ချီ အချိန်ယူရတယ်။
ဒါကြောင့် လူတော်တော်များများက တောင်မြစ်အဆင့်ရဲ့ ကနဦးထိ
အဆင့်တက်ပြီးတဲ့ နောက်မှာ ရှေ့ဆက်
အဆင့်မတက်နိုင်ကြတာပေါ့။

အဲဒါကြောင့်ပဲ မှော်ဆေးပညာရှင်တွေက မယုံနိုင်စရာ
ကောင်းလောက်အောင် တန်ဖိုးရှိပြီးတော့ အဆင့်တူ
ကျင့်ကြံသူတွေရဲ့ အထက်မှာ ရပ်နေနိုင်တာ မဟုတ်လား။

မင်းက သူမရဲ့ ကမ်းလှမ်းမှုကို တကယ်ပဲ ငြင်းပယ်ခဲ့တာလား။
မင်းက ငတုံးငအ ဒါမှမဟုတ် ဉာဏ်နုံ့နည်းတဲ့ လူတစ်ယောက်လား။

အဲဒီအချိန်မှာ ယန်ရှောင်ရွှမ်းက ဟက်ဟက်ပက်ပက်
ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အင်ပါယာမြို့တော်ရဲ့ အရှေ့ဘက်က ဆေးဆိုင်ကို မင်းပိုင်တာ
မဟုတ်လား။ ငါပြောတာ မှန်တယ်ဟုတ်"

လင်းဟာန်ရဲ့ နလုံးသား တဒုတ်ဒုတ် ခုန်သွားပါတယ်။ ဒါပေမဲ့လည်း ဒါက လျှို့ပှက်ချက် တစ်ခု မဟုတ်တာကြောင့် ယန်ရှောင်ရှမ်းက သူ့ကို သူမရဲ့ တပည့်အဖြစ် ရွေးချယ်ချင်တယ် ဆိုမှတော့ သူ့အကြောင်းကိုလည်း စုံစမ်းထားပါလိမ့်မယ်။ လင်းဟာန်က ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်ပါတယ်။

"ဟုတ်ပါတယ်"

ချက်ချင်းဆိုသလို ကျူပူကြည်ရဲ့ မျက်နှာပေါ်မှာ နေရထိုင်ရခက်တဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။ စောစောတုန်းကပဲ သူက လင်းဟာန်ကို တကယ်လို့ သူ့စကားတွေကိုသာ နားမထောင်ဘူးဆိုရင် ဘယ်ဆေးဆိုင်ကမှ ဆေးရောင်းချလိမ့်မှာ မဟုတ်ဘူးလို့ ပြောခဲ့ပါသေးတယ်။ လင်းဟာန်မှာ သူ့ကိုယ်ပိုင် ဆေးဆိုင်တစ်ခု ရှိမယ်လို့ ဘယ်သူသိမှာလဲ။ ဒါက သူ့မျက်နှာကို ဖြတ်ရိုက်ချလိုက် သလိုပါပဲ။

ယန်ရှောင်ရှမ်းက ဆက်ပြောလိုက်တယ်။

"မင်းရဲ့ ဆေးဆိုင်က ဆေးအမျိုးအစား သုံးမျိုးကိုပဲ ရောင်းချတယ်လို့ ငါကြားထားတယ်"

ကျူပူကြည်က အသံထွက်ပြီး ရယ်လုနီးပါး ဖြစ်သွားပါတယ်။

မင်းက ဆေးလုံး သုံးမျိုးကိုပဲ ဖော်စပ်နိုင်ပြီး ဆိုင်တစ်ဆိုင် ဖွင့်ဖို့ မျက်နှာရှိသေးတယ်ပေါ့ ဟုတ်လား။ တခြားလူတွေက မင်းကို လှောင်ပြောင်ပြီး ရယ်မောမှာကို မကြောက်ဘူးလား။

သူက ချက်ချင်းပဲ ယုံကြည်ချက်တွေ ပြန်ရလာပြီး သူ့မျက်နှာပေါ်မှာ ဘဝမြင့်တဲ့ အမူအရာတစ်ခု ပြန်ပေါ်လာခဲ့ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မှန်ပါတယ်"

"အဲဒီဆေးသုံးမျိုးလုံးကို မင်းကိုယ်တိုင် ဖော်စပ်ထားတာလား"

ယန်ရှောင်ရွှမ်းက မေးလိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေက ချက်ချင်းပဲ ထိုးဖောက်လုမတတ် စူးရှလာပြီး နေလအဆင့် လက်ရွေးစင်တွေရဲ့ ပြိုင်ဘက်ကင်း လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ အရိပ်အယောင် တစ်ခု ထွက်ပေါ်လာပါတယ်။

လင်းဟန်ရဲ့ နတ်ဘုရားအာရုံက အမြဲတမ်းလိုလို ခိုင်မာပြီး အစွမ်းထက်ပါတယ်။ အခု သူက မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အဆီအနှစ်ကို စုပ်ယူထားပြီးပါပြီ။ သူ့ရဲ့ နတ်ဘုရား အာရုံကို ဘယ်သူကမှ ဖိနှိပ်လို့ မရနိုင်သလိုပါပဲ။ သူ့ပြိုင်ဘက်က

မူလဇစ်မြစ်အဆင့်မှာရှိတဲ့ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်နေရင်တော့ တစ်မျိုးပေ့ါ။

သူက ခဏလောက် စဉ်းစားပြီး ပြန်ဖြေလိုက်တယ်။

"ကျနော့် ပါရမီက နည်းပြီးတော့ ကျွမ်းကျင်မှုလည်း အားနည်းပါတယ်။ ဒါကြောင့် အဲဒီ ဆေးဖော်စပ်နည်း သုံးမျိုးကိုပဲ လေ့လာသင်ယူနိုင်ခဲ့ပါတယ်"

ကျူုပ်ကြည်ရဲ့ ခံစားချက်တွေက ပိုပြီးတော့တောင် ပြင်းထန်လာပါတယ်။ လင်းဟန်က ဆေးလုံးဖော်စပ်နည်း သုံးမျိုးကိုပဲ သင်ယူလေ့လာခဲ့ချိန် သူကတော့ အဆင့်တစ် ဆေးဖော်စပ်နည်း တစ်ရာခုနစ်ဆယ့်ခြောက်ခုနဲ့ အဆင့်နှစ် ဆေးဖော်စပ်နည်း ခုနစ်ဆယ့် လေးခုကို သင်ယူလေ့လာခဲ့ပါတယ်။

သူက ဆေးဖော်စပ်နည်း အရေအတွက် အများကြီးကို ဘာဖြစ်လို့ ဖော်စပ်ရလဲဆိုရင် သူ့ရဲ့ နတ်ဘုရား အာရုံ သန်စွမ်းဖို့နဲ့ လုံလောက်တဲ့ အတွေ့အကြုံတွေ စုစည်းဖို့ ဖြစ်ပါတယ်။ ဒီလိုနဲ့ သူက အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့ တံခါးကို တွေ့မြင်နိုင်ပါလိမ့်မယ်။ ဒါက သူ့ဂုဏ်အယူရဆုံး ဖြစ်ပါတယ်။

ယန်ရှောင်ရွှမ်းက ပြုံးပြီးတော့ သူမရဲ့ လျှာကို ကိုက်လိုက်ရင်း ပြောလိုက်တယ်။

"အဲဒီဆေးသုံးမျိုးက ကောင်းကင်ဘုံ ချီဇီဆေးလုံး။ ကောင်းကင်ဘုံ ပုလဲဆေးလုံးနဲ့ ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးပဲ။ လင်းဟန် မင်းက သုညကနေ စပြီးတော့ တစ်နှစ်ဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာနိုင်စွမ်း ရှိတယ်။ တကယ်လို့ ဒါက မင်းရဲ့ စိတ်ဝင်စားမှု နည်းနည်းလေးကြောင့်ပဲ ဆိုရင် မှော်ဆေးပညာမှာ မင်းရဲ့အာရုံ အားလုံး စိုက်လိုက်မယ်ဆိုရင် ဘယ်လောက်ထိတောင် အောင်မြင်သွားမလဲ ဆိုတာကို ငါမခန့်မှန်း နိုင်ဘူး"

ဖူး။

ကျူးပူကြည်က ချက်ချင်းပဲ တဆတ်ဆတ် တုန်သွားပြီး မြေကြီးပေါ်ကို ထိုင်ချလိုက်မိပါတယ်။ သူ့မျက်နာက သေခါနီး လူတစ်ယောက်လို တွန့်လိမ်ရှုံ့မဲ့ပြီးတော့ ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။

သူက တကယ့်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရပါတယ်။

ဒီကောင်စုတ်လေးက အဆင့်သုံး နတ်ဘုရား ဆေးလုံးတွေကို တကယ်ပဲ ဖော်စပ်နိုင်တာလား။ တကယ်လို့ သူက တစ်မျိုးပဲ ဖော်စပ်နိုင်ရင်တောင် သူက အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်နေပါသေးတယ်။

စောစောကပဲ သူ့ကိုယ်သူ လင်းဟာန်အရှေ့မှာ အမွှမ်းတင်ခဲ့ပါသေးတယ်။ ဘယ်လောက် ရယ်စရာ ကောင်းလိုက်လဲ။ ဘယ်လောက် စိတ်ကသိကအောက် ဖြစ်စရာ ကောင်းလိုက်လဲ။ လင်းဟာန်က သူမကြာခင်မှာ အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာတော့မဲ့ အကြောင်းကို ကြွားလုံးထုတ်နေတဲ့ အချိန် တစ်ဖက်မှာ ရယ်မောနေပါလိမ့်မယ်။ ဟုတ်တယ်မလား။

သေစမ်းကွာ။ သောက်ကျိုးနည်း သေလိုက်စမ်း။

သူ့နှလုံးသားထဲမှာ အမုန်းတရားတွေ တိုးပွားလာခဲ့ပါတယ်။ သူ့လိုမျိုး လူတစ်ယောက်က ဘယ်တော့မှ သူတို့ကိုယ်သူတို့ ခံရမဲ့ လမ်းကြောင်းကို ရှာဖွေလိမ့်မှာ မဟုတ်ပါဘူး။ သူက လင်းဟာန်ကို အရင်ဆုံး စော်ကားခဲ့တယ် ဆိုတာ ရှင်းပါတယ်။ အခုတော့ သူက အရှက်ကွဲ သွားပါပြီ။ ဒါတောင် သူက အားလုံးကို လင်းဟာန်အပြစ်တွေလို့ ပုံချလိုက်ပါတယ်။

ယန်ရှောင်ရွှမ်းက သူမရဲ့ တပည့်ကို အနည်းငယ် မကျေမနပ်နဲ့ မျက်စိဝေ့ကြည့် လိုက်ပါတယ်။ ဒီတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူတို့ရဲ့ ခံစားချက်တွေကို မျက်နှာပေါ်မှာ ပေါ်လွင်တဲ့အထိ အထိတ်တလန့် ဖြစ်နေတာလဲ။ ဒီလိုမျိုး အပြုအမူနဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေမျိုးနဲ့ မှော်ဆေးပညာမှာ ဘယ်လိုလုပ်ပြီးတော့ အထွတ်အထိပ်ကို ရောက်နိုင်မှာလဲ။

မျောက်တစ်ကောင်လို ခုန်ပေါက်ပျော်မြူးတတ်တဲ့ နှလုံးသား တစ်ခု ရှိနေပြီး မြင်းတစ်ကောင်လို ကဆုန်ပေါက်ပြေးတတ်တဲ့ စိတ်တစ်ခုရှိတာက မှော်ဆေးပညာရဲ့ မလုပ်သင့်တဲ့ တားမြစ်မှု တစ်ခုလို့ သတ်မှတ်ထားပါတယ်။ ဒီလိုမျိုး ပြောင်းလဲလွယ်မှုကို သည်းခံနိုင်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့လက်တွေကို ယဉ်ယဉ်ကျေးကျေး ဆုပ်ကိုင်ပြီး ပြောလိုက်တယ်။

"စီနီယာကို အမှန်အတိုင်း ပြောပါမယ်။ ကျနော်က ကျင့်ကြံခြင်းမှာ ပိုပြီးတော့ စိတ်ဝင်စားပေမဲ့ မှော်ဆေးပညာမှာလည်း အတော်လေး စိတ်ဝင်စားခဲ့ပါတယ်"

ဒါက ကျင့်ကြံခြင်း ကမ္ဘာတစ်ခု ဖြစ်ပါတယ်။ မှော်ဆေးပညာရှင်တွေက အဆင့်အတန်း မြင့်မားပေမဲ့ ဒီလိုမျိုး

ဟိတ်ကြီးဟန်ကြီးနဲ့ အဆင့်အတန်း အမျိုးအစားကို ကျင့်ကြံသူတွေ ကိုယ်တိုင်က ပေးထားတာပါ။

ဒါကြောင့် ကျင့်ကြံသူတွေက သူတို့ရဲ့ အဆင့်အတန်းကို အချိန်မရွေး သိမ်းယူသွား နိုင်ပါတယ်။

ယန်ရှောင်ရွှမ်းကလည်း ပြုံးပြီးတော့ ပြောလိုက်တယ်။

"မစိုးရိမ်ပါနဲ့။ တကယ်လို့ မင်းက မှော်ဆေးပညာ အဖွဲ့အစည်းထဲကို ဝင်လာမယ်ဆိုရင် တစ်နေ့ကုန် ဆေးလုံးတွေ မဖော်စပ်နိုင်းပါဘူး။ မင်းလိုမျိုး တစ်နှစ် အတွင်းမှာ အဆင့်သုံး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာတဲ့ ပါရမီရှင်မျိုးက အဆင့်လေး ဒါမှမဟုတ် အဆင့်ငါး မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်လာဖို့ လုံးဝကို ပြဿနာရှိမှာ မဟုတ်ဘူး"

ဒါပေမဲ့လည်း လင်းဟန်က အဆင့်သုံး နတ်ဘုရား ဆေးတစ်ခုပဲ ဖော်စပ်နိုင်တယ် ဆိုတာကို သိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ နတ်ဘုရား အာရုံက သာမန်တောင်မြစ်အဆင့် ပြင်းထန် အလယ်အလတ်မှာရှိတဲ့ ကျင့်ကြံသူတွေထက် သာလွန်တာကြောင့် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဘယ်လိုလုပ်ပြီး အဆင့်သုံး နတ်ဘုရား ဆေးလုံးကို ဘယ်လိုလုပ်ပြီး အလွယ်တကူ ဖော်စပ်နိုင်ပြီး ပြင်းထန်အဆင့်မြင့်ရဲ့ အဆင့်နဲ့ တူညီနိုင်မှာလဲ။

နောက်ပြီးတော့ သူက အနက်ရောင် မျှော်စင်ထဲမှာ မှော်ဆေးကျိုအိုးရဲ့ မီးအပူချိန်ကို ထိန်းချုပ်တာနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုခဲ့ပါဘူး။ အဲဒါကြောင့် အဆင့်သုံး နတ်ဘုရား ဆေးလုံးတွေကို ပိုပြီးတော့တောင် လွယ်လွယ်ကူကူနဲ့ ဖော်စပ်နိုင်ခဲ့ပါတယ်။ သူက ကောင်းကင်ဘုံ ကျောက်စိမ်း ဆေးလုံးကို အပြင်ဘက်ကမ္ဘာမှာ ဖော်စပ်သန့်စင်နိုင်ဖို့ ယုံကြည်ချက် ရှိတယ် ဆိုပေမဲ့ သူဖော်စပ်ခဲ့သလို ဆေးကျိုအိုး တစ်အိုးစီမှာ ပြီးပြည့်စုံတဲ့ ဆေးဆယ်လုံး ရရှိအောင်တော့ သေချာပေါက် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူ့နတ်ဘုရား အာရုံရဲ့ ခွန်အားက သူ့ကို အဆင့်လေး နတ်ဘုရား ဆေးဖော်စပ်ရာမှာ ခံနိုင်ရည် ရှိနိုင်ပါတယ်။ တကယ်လို့ အဆင့်ငါး နတ်ဘုရား ဆေးလုံးကို ဖော်စပ်ချင်ရင်တော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အနည်းဆုံး တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ကို ရောက်ရှိ ရပါလိမ့်မယ်။

“တကယ်လို့ မင်းမှော်ဆေးပညာရှင် အဖွဲ့အစည်းထဲကို ဝင်မယ်ဆိုရင် မှော်ဆေးပညာရှင် အဖွဲ့အစည်း သိမ်းထားတဲ့ ဆေးဖော်စပ်နည်း အားလုံးကိုလည်း လေ့လာသင်ယူလို့ရမယ်”

ယန်ရှောင်ရှွမ်းက လင်းဟာန် တုံ့ဆိုင်းဆိုင်း ဖြစ်နေသေးတာကို ကြည့်ပြီးတော့ မက်မောလောက်တဲ့ ကမ်းလှမ်းတစ်ခုကို ထပ်လုပ်လိုက်ပါတယ်။

လင်းဟာန်က ချက်ချင်းပဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါတယ်။

ဆေးဖော်စပ်နည်းတွေက အရမ်းကို အဖိုးထိုက်တန်ပါတယ်။ ပြီးတော့ လျှို့ဝှက်နည်းစနစ်တွေလိုပဲ သူတို့ကို ပိုင်ဆိုင်ထားတဲ့ လူတွေက သေသေချာချာကို သိမ်းဆည်းပြီး ဖုံးကွယ်ထားပါတယ်။ ပိုက်ဆံရှိရင်တောင် အဲဒီဆေးဖော်စပ်နည်းတွေကို ဝယ်ယူလို့ မရနိုင်ပါဘူး။

အခုဆိုရင် မှော်ဆေးပညာရှင် အဖွဲ့အစည်းက သူတို့ရဲ့ ဆေးလုံးဖော်စပ်နည်းတွေကို လွတ်လွတ်လပ်လပ် သင်ယူလေ့လာဖို့အတွက် သူ့ကိုပေးဖို့ အမှန်တကယ် စိတ်ကူးနေပါတယ်။

"နောက်ပြီးတော့ မြောက်ပိုင်းအဖွဲ့အစည်းရဲ့ ကျောင်းသားဆိုတဲ့ မင်းရဲ့အကြောင်းကို စွန့်လွှတ်ဖို့ မလိုဘူး။ မင်းက ကျင့်ကြံခြင်းရော မှော်ဆေးပညာကိုပါ နှစ်ခုလုံး လေ့လာနိုင်တယ်"

ယန်ရှောင်ရွှမ်းက သူ့အတွက် တံခါးတစ်ချပ် ထပ်ဖွင့်ပေးပြီးတော့ မေးလိုက်တယ်။

"မင်းဘာပြောချင်သေးလဲ"

လက်ထောက်ကျောင်းအုပ်ရဲ့ ရိုးသားမှုကို တွေ့မြင်လိုက်ရတဲ့ အခါမှာ လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ကျနော် စီနီယာရဲ့ စီစဉ်ပေးမှုတွေကို နားထောင်ဖို့ ဆန္ဒရှိပါတယ်"

"ဉာဏ်ကောင်းတယ်။ တကယ့်ကို ဉာဏ်ထက်တာပဲ"

ယန်ရှောင်ရွှမ်းက အရမ်းကို ပျော်ရွှင်နေပါတယ်။ သူက ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ အစစ်အမှန် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါက မှော်ဆေးပညာရှင် အဖွဲ့အစည်းက သူ့ကို ခေါ်ယူနိုင်တာ အရမ်းကို ကံကောင်းလွန်းလို့ပါပဲ။

မှော်ဆေးပညာ ကမ္ဘာ တစ်ခုလုံးကို လွှမ်းမိုးနိုင်တဲ့ ကြီးကျယ်မြင့်မြတ်တဲ့ မှော်ဆေးပညာရှင် တစ်ယောက်က ဒီမှော်ဆေးပညာရှင် အဖွဲ့စည်းကနေ ထွက်ပေါ်လာကောင်း ထွက်ပေါ်လာ ပါလိမ့်မယ်။

ယန်ရှောင်ရွှမ်းက အခုလိုမျိုး ပြောတယ်ဆိုမှတော့ လင်းဟန်က မှော်ဆေးပညာရှင် အဖွဲ့အစည်းကို သံသယ မရှိပဲ ဂင်နိုင်စွမ်း

ရှိပါလိမ့်မယ်။ တစ်ယောက်ယောက်က ဒီကိစ္စကို ဂရုတစ်စိုက် လုပ်ပေးနေ သလိုမျိုး သူ့အနေနဲ့ စိုးရိမ်ပူပန်စရာ မလိုတော့ပါဘူး။

အမှန်တကယ်တော့ မှော်ဆေးပညာရှင်တွေက တစ်နေ့လုံး ဆေးလုံးတွေကို မဖော်စပ်ပါဘူး။ သူတို့လည်း ကျင့်ကြံအားထုတ်ဖို့ လိုပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ထူးဆန်းစရာ မလိုပါဘူး။ လုံလောက်တဲ့ ကျင့်ကြံခြင်းအဆင့် တစ်ခု မရှိပဲနဲ့ ပါဂင်ပစ္စည်းတွေက နတ်ဘုရား သင်္ကေတတွေကို ရောယှက်ပြီး ဆွဲထုတ်ဖို့ ဒါမှမဟုတ် သူတို့ရဲ့ ဆေးကျိုအိုးက မီးအပူချိန်ကို ဘယ်လိုလုပ်ပြီး ထိန်းချုပ်နိုင်မှာလဲ။

ဒါကြောင့် လင်းဟန်လို မှော်ဆေးပညာရှင် တစ်ယောက်နဲ့ ကျင့်ကြံသူ တစ်ယောက်လို တချိန်တည်းမှာ လုပ်နေတဲ့ သူတွေလည်း မရှားပါးခဲ့ပါဘူး။ ဒီအတွက်ကြောင့် သူ့ကို ဘယ်သူကမှ လူသိရှင်ကြား စွပ်စွဲလိမ့်မှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မှော်ဆေးပညာရှင် အဖွဲ့အစည်းရဲ့ လက်ထောက်ကျောင်းအုပ် ကိုယ်တိုင်က သူ့ကို သူမရဲ့ တပည့်အဖြစ် ကောက်ယူခဲ့ပါတယ်။ ဒါကြောင့် ဘယ်သူက

လုပ်ပုံမှာလဲ။ သူတို့ရဲ့ ဘဂတစ်လျှောက်လုံး ဆေးလုံးတွေ ဂယ်လို့မရမှာကို မကြောက်တဲ့သူ ရှိမှာတဲ့လား။

သုံးရက်ကြာပြီးတဲ့ နောက်မှာတော့ လင်းဟာန်ကို ယန်ရှောင်ရွှမ်းက ဆေးဖော်စပ်နည်း သုံးခုကို ချီးမြှင့်ပေးခဲ့ပါတယ်။ အဲဒီဆေးဖော်စပ်နည်း သုံးမျိုးလုံးက အဆင့်သုံး နတ်ဘုရားဆေးလုံး ဖော်စပ်နည်းတွေ ဖြစ်ပါတယ်။

နောက်ပိုင်းမှာ လင်းဟာန်က သူ့ရဲ့ မှော်ဆေးပညာစွမ်းရည် ပိုပြီးတော့ အစွမ်းထက်လာရင် ပိုပြီးတော့ အဆင့်မြင့်တဲ့ ဆေးဖော်စပ်နည်းတွေကို လက်ခံရရှိ ပါလိမ့်မယ်။

လင်းဟာန်က ဆေးဖော်စပ်နည်း သုံးခုကို ခဏလောက် ဖယ်ထားပါတယ်။ အခုချိန်မှာ သူက လျှို့ပုက်ဆန်းကြယ် မိုးပြာဆေးလုံးကို ဖော်စပ်ဖို့ အာရုံစိုက်ထားပြီး အဲဒီဆေးလုံးကို တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေပဲ သုံးစွဲနိုင်ပါလိမ့်မယ်။ ဒီဆေးလုံးက လူတစ်ယောက်ရဲ့ မူလစွမ်းအင် ပမာဏကြီး တစ်ခုကို ချက်ချင်းပြန်လည် ဖြည့်ဆည်းပေးပြီး အရမ်းကို အသုံးဝင်တဲ့ ဆေးလုံးတွေထဲက တစ်လုံးဆိုတာကို ပြောနိုင်ပါတယ်။

"ကျောက်တုံးခေါင်း ကျောက်တုံးခေါင်း"

လီဝေဝေက အလျင်အမြန် ပြေးလာပြီး သူ့ရဲ့ ငြိမ်းချမ်းသာယာတဲ့ ကျင့်ကြံခြင်းကို ပျက်စီးသွားစေပြီး သူ့ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါတယ်။

"သတင်းဆိုးပဲ။ နင့်ရဲ့ ရဲဘော်ရဲဘက်တွေ အရိုက်ခံနေရပြီ"

Chapter 1057 end

အပိုင်း(1058) စစ်ပွဲရောက်လာပြီ

"ဘာ ရဲဘော်ရဲဘက်တွေလဲ"

လင်းဟန်က ကြောင်တောင်တောင် ဖြစ်နေပါတယ်။

"လင်းယို၊ မာရှန်းတို့လို....."

လီဝေဝေက သူမရဲ့ လက်ချောင်းတွေနဲ့ ရေတွက်လိုက်ပါတယ်။

"ဟာ နင်နဲ့အတူ စကြဝဠာ ဖျက်ဆီးခြင်း အုပ်စုထဲကို ဝင်ရောက်လာတဲ့ လူတွေပဲ။ အဲဒီလူ အကုန်လုံး မနေ့က စိန်ခေါ်တာ ခံရပြီး အခုအားလုံး ဖူးယောင်ကုန်ပြီ"

"ဘာတွေဖြစ်ကုန်တာလဲ"

လင်းဟန်ရဲ့ အမူအရာက သုန်မှုန်လို့ လာခဲ့ပါတယ်။

လီဝေဝေက ခေါင်းညိတ်ပြီးတော့ ပြန်ဖြေလိုက်တယ်။

"ငါထင်တာတော့ ရှားယွန်လုပ်တာပဲ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကျောင်းသားတွေ အားလုံးရဲ့ အဖေတွေနဲ့ အဘိုးတွေ အားလုံးက မဟာဗိုလ်ချုပ်ရှားရဲ့ နောက်လိုက်တွေပဲ"

"မင်းဒီထက်ပိုပြီး ရှင်းရှင်းလင်းလင်း မပြောနိုင်တော့ဘူးလား"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။

"နင်ဘာဖြစ်လို့ ဒီလောက်တောင် တုံးရတာလဲ"

လီဂေဂေက အရမ်းကို ဒေါသထွက်သွားပါတယ်။

"ငါပြောချင်တာ ရှားယွန်က သူ့နောက်လိုက်တွေကို လင်းယိုနဲ့ တခြားသူတွေနေတဲ့ နေရာကို မနေ့က စေလွှတ်ပြီး သူတို့ကို အတင်းဖိအားပေး တိုက်ခိုက်စေခဲ့တယ်။ သူတို့အားလုံးက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အုပ်စုဂင်တွေပဲ။ ဒါကြောင့် ဘယ်သူမှ အဲဒါကို မတားဆီးနိုင်ဘူး"

"အဲဒီရှားယွန်ရဲ့ နောက်လိုက်တွေက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်အုပ်စုမှာ ရှိနေတာ နှစ်ပေါင်းမနည်းတော့ဘူး။ သူတို့က လင်းယိုနဲ့ တခြားသူတွေထက် အများကြီး ပိုသန်စွမ်းတယ်။

ဒါကြောင့်လည်း လင်းယိုနဲ့ တခြားသူတွေအားလုံးက ဖူးယောင်တဲ့အထိ အရိုက်နက် ခံရတာပဲ"

လင်းဟန်က သူ့မေးစေ့ကို ပွတ်လိုက်ပါတယ်။ ဒါက ရှားယွန်ရဲ့ သူ့ကို အင်အားပြတဲ့ လှုပ်ရှားမှု တစ်ခုများလား။

သူက လို့ရင်နဲ့ တခြားအစောင့်အရှောက်တွေကို စေလွှတ်ပြီး သူ့ကို လုပ်ကြံသတ်ဖြတ် ခိုင်းခဲ့ပါတယ်။ ဒါပေမဲ့ ရလဒ်ကတော့ ကျရှုံးသွားခဲ့ပါတယ်။ အခု သူက လင်းဟန်ကို လူသိထင်ရှား မလှုပ်ရှားပဲ့လို့ သူ့ရဲ့ ဒေါသတွေကို လင်းယိုနဲ့ တခြားသူတွေအပေါ် ပုံချလိုက်တာလား။

"ဒါနဲ့ ပတ်သက်ပြီး ဘာမှမတတ်နိုင်ဘူး။ နင်က ပြင်းထန်အလယ်အလတ် အဆင့်မှာ ရှိရမယ်လို့ ဘယ်သူက တောင်းဆိုလို့လဲ။ ဒါကြောင့် ဒီလူတွေအတွက် နင် လက်စားချေနိုင်မှာ မဟုတ်ဘူး"

လီဂေဂေက သက်ပြင်းချ လိုက်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ အုပ်စုတူတဲ့ ကျောင်းသားတွေပဲ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ လွတ်လွတ်လပ်လပ် လက်ရည်စမ်းနိုင်ပါတယ်။ မသန်မစွမ်း ဖြစ်စေတဲ့ ဒဏ်ရာတွေနဲ့

သေစေနိုင်တဲ့အထိ မဖြစ်သရွေ့ သင်တန်းကျောင်းက သူတို့ကို အပြစ်ပေးလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဆင့်ပိုမြင့်တဲ့ ကျောင်းသားက အဆင့်နိမ့်တဲ့ ကျောင်းသားတွေကို စိန်ခေါ်လို့ မရနိုင်ပါဘူး။ အဆင့်နိမ့်တဲ့ ကျောင်းသားက အရင်ဆုံး စော်ကားမော်ကား မပြုသရွေ့ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က ဘာမှမတတ်နိုင်ပဲ ကြည့်နေလို့ပဲ ရပါလိမ့်မယ်။

"ဟားဟား မလိုပါဘူး"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ရှားယွန်ရဲ့ နောက်လိုက်တွေလည်း တောင်မြစ်အဆင့် အုပ်စုမှာ ရှိသင့်တာပေါ့။ ဟုတ်တယ်မလား"

လီဂေဂေက ချက်ချင်းပဲ စိတ်လှုပ်ရှားသွားပြီးတော့ မေးလိုက်ပါတယ်။

"နင်က အဲဒီလူတွေကို ရိုက်နှက်ဆုံးမ ချင်တာလား"

လင်းဟန်က ပြန်ဖြေလိုက်တယ်။

"ရှားယွန်က အရင်ဆုံး စည်းကျော်လာပြီးတော့ အပြစ်မဲ့တဲ့ လူတွေအပေါ်မှာ မီးတောက်ကို ပွားစေတယ် ဆိုမှတော့ ငါကရော ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ"

"ကောင်းပြီ။ နင့်အတွက် နာမည်စာရင်းကို ငါပြင်ဆင်ပေးမယ်"

လီဝေဝေက ကမ္ဘာကြီး တစ်ခုလုံး ဂရုန်းသုန်းကား ဖြစ်နေဖို့အတွက် ဆန္ဒရှိတဲ့ လူစားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် သူမက အရမ်းကို တက်ကြွစွာနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ချက်ချင်းပဲ သူမက နာမည်စာရင်း ရယူဖို့ ပြေးသွားပါတယ်။

ထင်ထားတဲ့အတိုင်း သူမရဲ့ စွမ်းဆောင်ရည်က တကယ်ပဲ အရမ်းကို မြင့်မားပါတယ်။ တစ်ရက်ဆိုတဲ့ အချိန်အတွင်းမှာ ရှားယွန်ရဲ့ နောက်လိုက်တွေ နာမည်အားလုံးကို စုလာခဲ့ပါတယ်။

လင်းဟာန်က နာမည်စာရင်းကို ကိုင်ပြီးတော့ ပြင်းထန်အလယ်အလတ် အုပ်စုထဲမှာ အဆက်မပြတ် စိန်ခေါ်ပါတော့တယ်။

မြောက်ပိုင်းအဖွဲ့အစည်းထဲမှာတင်မက ကျန်တဲ့အဖွဲ့အစည်း သုံးခုထဲမှာလည်း ရှိပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အခုဆိုရင်
ပြင်းထန်အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာပဲ ရှိပြီးတော့
သူ့ရဲ့သာမန် တိုက်ပွဲစွမ်းရည်က ပြင်းထန်အဆင့်မြင့်ရဲ့
အထွတ်အထိပ်ထိ တန်းပြီးတော့ ထိုးတက်သွားပါတယ်။ တကယ်လို့
သူက လျင်မြန်မှု နည်းစနစ်နဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ်
သုတ်သင်ခြင်းများကို အသုံးပြုမယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က
နောက်ထပ် ကြယ်တစ်ပွင့်ကို တိုးမြှင့်သွားပါလိမ့်မယ်။

ဒါက ပြိုင်ဘက်တွေ အားလုံးကို ချေမှုန်းပစ်ဖို့ လုံလောက်ပါတယ်။

သင်တန်းကျောင်းတောင် အထိတ်တလန့် ဖြစ်လာပြီး
အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်။ လင်းဟန်နဲ့ ရှားယွန်ကို သူတို့ရဲ့
ကိုယ်ရေးကိုယ်တာ ပြဿနာထဲ တခြားကျောင်းသားတွေ
ပါဝင်ခြင်းကနေ တားမြစ်လိုက်ပါတယ်။ အဲဒီနောက်မှ
အခြေအနေကို ထိန်းသိမ်းလို့ ရခဲ့ပါတယ်။

ရှားယွန် ကျောက်လန်။

လင်းဟန်က ကျိန်ဆိုလိုက်ပါတယ်။ သူ့မှာ လုံလောက်တဲ့
အစွမ်းရှိလာတဲ့ အချိန်မှာ ဒီလူနှစ်ယောက်ကို သေချာပေါက်
သုတ်သင်ပစ်ရပါလိမ့်မယ်။

လင်းဟန်က အခုဆို မဟာလင်း အင်ပါယာကို ပြန်ဖို့ အလေးအနက် ပြင်ဆင်နေပါပြီ။ တစ်နှစ်ကျော်လောက် ထွက်ခွာခဲ့ပြီးတဲ့ နောက်မှာ သူ့ရဲ့ အစ်ကိုကြီး သုံးယောက်ကို သူလည်းပဲ သတိရနေပါတယ်။ သူက မဟာလင်း အင်ပါယာရဲ့ ခွန်အားတစ်ခုလုံး အရှိန်မြှင့်တင်ဖို့အတွက် ကျင့်ကြံခြင်း အရင်းအမြစ်တွေကို ပြန်သယ်သွား ရပါလိမ့်မယ်။

ဒါပေမဲ့လည်း အဲဒီအခိုက်အတန့်မှာ သတင်းကြီးတစ်ခု ပျံ့နှံ့လာခဲ့ပါတယ်။

ရွှေခြသေ့် နိုင်ငံနဲ့ အရှေ့ပိုင်း မိုးရေနိုင်ငံ အကြားမှာ တိုက်ပွဲတစ်ခု စလာပါပြီ။

ရွှေခြသေ့်နိုင်ငံက ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ လက်အောက်ခံ နယ်မြေတစ်ခု ဖြစ်ပြီးတော့ အရှေ့ပိုင်း မိုးရေနိုင်ငံက ကြယ်ဥက္ကာ အင်ပါယာရဲ့ လက်အောက်ခံ နယ်မြေတစ်ခု ဖြစ်ပါတယ်။ နိုင်ငံနှစ်ခုက တစ်ခုနဲ့တစ်ခု နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။ ပြီးတော့ အင်ပါယာ နှစ်ခုအကြားက ထိပ်တိုက်ရင်ဆိုင် မတွေ့အောင် ကြားခံနေတဲ့ နေရာတစ်ခုလို့လည်း သတ်မှတ်ယူဆ နိုင်ပါတယ်။

ဒါကြောင့် အင်ပါယာ နှစ်ခုက အဲဒီနိုင်ငံငယ် နှစ်ခုအပေါ်မှာ အတော်လေး အရေးထားပါတယ်။

အခု အဲဒီနိုင်ငံ နှစ်ခုအကြားမှာ တိုက်ပွဲဖြစ်လာပါပြီ။ နောက်ပြီးတော့ တစ်ညအတွင်းမှာပဲ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ မြို့ဆယ့်လေးမြို့က တစ်ဖက်ကို ဆုံးရှုံးသွားခဲ့ပြီး သူ့ပိုင်နက်ရဲ့ လေးပုံ တစ်ပုံနီးပါး ပါသွားခဲ့ပါပြီ။ ဒါကြောင့် ကြယ်ဥက္ကာ အင်ပါယာကို အကူအညီပေးဖို့ တောင်းဆိုလာခဲ့ ပါတယ်။

ဧကရီ ဘုရင်မက ချက်ချင်းပဲ အမိန့်တစ်ခု ထုတ်လိုက်ပါတယ်။ နံပါတ်ကိုး ဘုရင်က စစ်တပ် တစ်တပ်ကို ဦးဆောင်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေက ကူညီထောက်ပံ့ဖို့ ပူးပေါင်းရပါမယ်။

ပထမအချက်က ဒီကျောင်းသားတွေက ပါရမီရှင်တွေ ဆိုပေမဲ့ အရင်တုန်းက တိုက်ပွဲမြေပြင်ကို မသွားဖူးကြပါဘူး။ အဲဒါကြောင့် မယုံနိုင်စရာ ကောင်းလောက်အောင် အကြမ်းမခံနိုင်ပါဘူး။ ဒါပေမဲ့ အင်ပါယာက ခက်ခဲတဲ့ တိုက်ပွဲတွေကို တိုက်ခိုက်နိုင်တဲ့ စစ်သားတွေကိုပဲ အလိုရှိပါတယ်။ ဒါကြောင့် ဒါက သူတို့ကို လေ့ကျင့်ပေးဖို့ အခွင့်အရေးအဖြစ် သတ်မှတ်နိုင်ပါတယ်။

ဒုတိယ အချက်က ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေက အများဆုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာပဲ ရှိပါတယ်။ တကယ်လို့ သူတို့တွေ တိုက်ပွဲမှာ ပူးပေါင်းမယ် ဆိုရင်တောင် တိုက်ပွဲအရှိန် မြင့်တက်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ သူတို့က အရမ်းကို အစွမ်းထက်တဲ့ အင်အားစုတွေကိုသာ စေလွှတ်လိုက်မယ် ဆိုရင် ထာဂရ မိုးကောင်းကင် အင်ပါယာနဲ့ ကြယ်ဥက္ကာ အင်ပါယာ အကြားမှာ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု ဖြစ်လာပါလိမ့်မယ်။

တတိယ အချက်က သင်တန်းကျောင်းရဲ့ တပည့်တွေက ပါရမီရှင်တွေ ဆိုမှတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က လုံးဂကို အားနည်းမှာ မဟုတ်ပါဘူး။ ဒါက လျော့တွက်လို့ မရနိုင်တဲ့ အုပ်စုတစ်ခု ဖြစ်ပါတယ်။

ကေရီ ဘုရင်မက အင်ပါယာ အမိန့်တစ်ခုကို ထုတ်ပြန်ကြေညာလိုက်တယ် ဆိုမှတော့ ဘယ်သူမှ မနာခံပဲ မနေဝံ့ပါဘူး။ ရုတ်ချည်းဆိုသလို သင်တန်းကျောင်း တစ်ခုလုံးကို ဆော်ဩစည်းရုံး လိုက်ပါတယ်။

စစ်ပွဲဆိုတာ ရက်စက်ကြမ်းကြုတ်တယ် ဆိုပေမဲ့ သူတို့ရဲ့ အဆင့်အတန်းကိုလည်း အလျင်အမြန်ပဲ မြှင့်တင်နိုင်တယ်လို့ ဆိုလိုပါတယ်။

အင်ပါယာမှာ ရန်သူ တစ်သောင်းကို သတ်နိုင်ရင် အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်ရဲ့ ဘွဲ့ကို ချီးမြှင့်မြှောက်စားမယ်လို့ ကြေညာထားတဲ့ ဥပဒေ တစ်ခု ရှိပါတယ်။

ဘယ်သူကများ မလိုချင်ပဲ နေမှာလဲ။

လူငယ်တွေ အားလုံးက စစ်ပွဲအတွက် ပြင်ဆင်နေခဲ့ပါတယ်။ သူတို့ရဲ့ မျက်လုံးထဲမှာ သူတို့အားလုံးက ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် တိုက်ပွဲတစ်ခုမှာ ပူးပေါင်းပြီးတော့ ရန်သူတွေကို သတ်ပစ်ဖို့ဆိုတာ သူတို့အတွက်တော့ အသေးအဖွဲ့တစ်ခုပါပဲ။ ဘယ်သူမှ တိုက်ပွဲမှာ သူတို့တွေ သေနိုင်တယ်လို့ မစဉ်းစားပဲ သူတို့အားလုံး မယုံနိုင်စရာ ကောင်းလောက်အောင် တက်ကြွနေကြပါတယ်။

လင်းဟန်က စဉ်းစားကြည့်တော့ သူက ကျွန်တော်ကလေး တစ်ခုကနေ သူ့လမ်းတစ်လျှောက်လုံး တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲရဲ့ ရက်စက်ကြမ်းကြုတ်မှုကို လေးလေးနက်နက် နားလည်ထားပါတယ်။ ဒါက တစ်ယောက်ချင်း တိုက်ခိုက်ရတဲ့

တိုက်ပွဲတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ တိုက်ပွဲကွင်းမှာ မြားတွေ ဓားတွေက နေရာအနှံ့ ရှုပ်ယှက်ခတ်နေပါတယ်။ အမှုမဲ့ အမှတ်မဲ့ နေလိုက်တဲ့ အချိန်မှာ သူတို့ကို ထိမှန်သွားပါလိမ့်မယ်။ ရန်သူ တစ်သောင်းကို ရင်ဆိုင်ရတာက သူတို့ အနေနဲ့ ခန့်မှန်းလို့ မရတဲ့ ပုံစံတစ်ခုနဲ့ သေသွားနိုင်ချေ ရှိပါတယ်။

သူနားမလည်တဲ့ အရာက ဘာဖြစ်လို့ ကေရီ ဘုရင်မ လွမ့်ရှင်းက နံပါတ်ကိုး ဘုရင်ကို ဒီစစ်သားတွေကို ဦးဆောင်ခိုင်းပြီး စေလွှတ်ရတာလဲ။

သူက ဟူဖေးယွင်ကို အထင်သေးတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမိန်းကလေးက စစ်ပွဲ တစ်ပွဲကို ဘယ်လိုမျိုး တိုက်ခိုက်ရမလဲ ဆိုတာကို လုံးဝမသိပါဘူး။ သူမရဲ့ ကိုယ်ပိုင်စွမ်းရည်ကလည်း စိုးရိမ်စရာ ဖြစ်ပါတယ်။ ဒါကြောင့် သူမကို စစ်တပ်ကို ဦးဆောင်ခိုင်းတာက တကယ့်ကို ဟာသတစ်ခုပဲ မဟုတ်လား။

ဒါပေမဲ့ ကေရီ ဘုရင်မရဲ့ စိတ်ကို ဘယ်သူက ပြောင်းလဲနိုင်မှာလဲ။

သုံးရက်လောက် ပြင်ဆင်ပြီးတဲ့ နောက်မှာ စစ်တပ် စထွက်လာပါပြီ။

"သခင်လေး လင်းဟန်ကို နံပါတ်ကိုး ဘုရင်က ရှာနေပါတယ်"

သူတို့တွေ မြို့ဂင်ပေါက်ကနေ ထွက်လာတာနဲ့ အမျိုးသမီးအစောင့်အရှောက် တစ်ယောက်က ပြေးလာပြီး လင်းဟန်ကို လာရှာပါတယ်။ သူမက လင်းဟန်ကို စစ်တပ်ရဲ့ အလယ်မှာရှိတဲ့ ခမ်းခမ်းနားနား တန်ဆာဆင်ထားတဲ့ မြင်းလှည်းတစ်ခုဆီကို ခေါ်လာခဲ့ပါတယ်။

ဒါက နံပါတ်ကိုး ဘုရင်ရဲ့ သီးသန့်လှည်း ဖြစ်ပါတယ်။ ဒီနေရာက ခြံဝင်းတစ်ခုလောက် ကြီးမားပြီး အင်ပါယာ ကလန်ရဲ့ ခန့်ညားထယ်ဝါမှုကို အပြည့်အဝ ဖော်ပြထားပါတယ်။

အားလုံးရဲ့ မနာလိုတဲ့ မျက်လုံးတွေ အရှေ့မှာ လင်းဟန်က လှည်းအိမ်ထဲကို ဝင်လာခဲ့ပါတယ်။

"လင်းဟန် မတွေ့တာကြာပြီနော်"

ဟူဖေးယွင်က သူ့ကို နွေးနွေးထွေးထွေး နှုတ်ဆက်လိုက်ပါတယ်။

"ငါပြန်ရောက်လာတဲ့ အခါမှာ အစ်မကြီးက ငါ့ကို အတင်းအကျပ် တံခါးပိတ် လေ့ကျင့်ခိုင်းတယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ကပဲ တံခါးပိတ် လေ့ကျင်ရာကနေ ငါထွက်လာတာ။ အစ်မကြီးစွေ့က ငါ့ကို စစ်ပွဲဆီ ပို့လိုက်တယ်။ ကံကောင်းတာက နင်တို့တွေ ငါ့ဘေးနားမှာ ရှိနေတာပဲ"

စွေ့ရန်ယွီက လက်ရှိမှာ လက်ဘက်ရည်ကြမ်း သောက်နေပြီး လင်းဟန်ကို ထူးထူးဆန်းဆန်း မျက်စောင်းတစ်ချက် ထိုးလိုက်ပါတယ်။

သူမရဲ့ မျက်စောင်းက အကျင့်ယုတ်တဲ့ နှာဘူးကောင် နင်က နောက်ထပ် မိန်းကလေး တစ်ယောက်ကို ထပ်ပြီး ဆွဲခေါင်နေပြန်ပြီလို့ အဓိပ္ပါယ် ရပါတယ်။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ဘယ်လိုလုပ် သူမှားနေလဲဆိုပြီး ဂမ်းနည်းနေမိပါတယ်။ သူက ဟူဖေးယွင်ကို နည်းနည်းလေးမှတောင် စိတ်ဝင်စားမှု မရှိပါဘူး။ နောက်ပြီး နံပါတ်ကိုး ဘုရင်က နည်းနည်းဗဟုသုတ နည်းပါတယ်။ ဒါကြောင့် သူမက အချစ်ကို ဘာလဲ ဆိုတာကိုလည်း သိလိမ့်မှာ မဟုတ်ပါဘူး။ သူမက တချိန်လုံး အရမ်းကို အထီးကျန်နေတာကြောင့် သူမနဲ့အတူ စကားပြောဖော်ပြောဖက်အဖြစ် တစ်ယောက်ယောက်ကို လိုချင်နေခဲ့တာပါ။

သူက ဟူဖေးယွင်ကို တစ်ချက်ကြည့်ပြီးတော့ မှင်တက်အံ့သြ သွားခဲ့ပါတယ်။

ပြင်းထန်အဆင့်မြင့်အဆင့်။

ဒီမိန်းကလေး တကယ်ပဲ တောင်မြစ်အဆင့်ရဲ့
ပြင်းထန်အဆင့်မြင့်ကို အဆင့်တက်သွားပြီး သူ့ထက်တောင်
အဆင့်သေး တစ်ဆင့် ပိုမြင့်ပါသေးတယ်။

သောက်ကျိုးနည်း။ ဘယ်နတ်ဘုရား ဆေးလုံးက မင်းရဲ့
အဆင့်တက်မှု အမြန်နှုန်းကို အရမ်းလျင်မြန်အောင် လုပ်နိုင်တာလဲ။

သိထားရမှာက လင်းဟန်က မကောင်းဆိုးဂါး အရှင်သခင်
တစ်ယောက်ရဲ့ အဆီအနှစ်နဲ့ သဟဇာတ ဖြစ်တာကြောင့် သူ့ရဲ့
ကျင့်ကြံခြင်း အဆင့်က တချိန်လုံး လျင်မြန်စွာနဲ့ တိုးလာပြီး
ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး နည်းစနစ်ကိုလည်း
ကျင့်ကြံအားထုတ် ထားပါတယ်။ ဒါတောင်မှ သူက လအနည်းငယ်
ကြာပြီးတာတောင် အဆင့်သေးလေး တစ်ခုပဲ
အဆင့်တက်နိုင်ခဲ့ပါတယ်။ ဟူဖေးယွင်က ဒီလိုမျိုး ကြီးမားတဲ့
အောင်မြင်မှုကို ဘယ်လိုလုပ် ရနိုင်တာလဲ။

ပထမ ကျောက်လန် ပြီးတော့ အခု ဟူဖေးယွင် ရှိပါတယ်။
တကယ်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ
ဆိုတာက အံ့အားသင့်စရာကောင်းတဲ့ အဓိပ္ပါယ်တွေ ရှိပြီး
ကျင့်ကြံသူ တစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အရမ်းကို
လျင်မြန်စွာနဲ့ အရှိန်မြှင့်တင် နိုင်တာလား။

Chapter 1058 end

အပိုင်း(1059) ရေစီးကြမ်းတဲ့ မြစ်တစ်စင်း

ဟူဖေးယွင်က ရောက်တတ်ရာရာ လျှောက်ပြောနေပါတယ်။ သူမက အရင်အတိုင်းပဲ နည်းနည်းမှ မပြောင်းလဲပဲ ရိုးသားဖြူစင်နေပါတယ်။

သူမက လျှို့ဝှက်ချက် နည်းနည်းမှ မချန်ထားနိုင်ပါဘူး။ သူမက လူကောင်းတစ်ယောက်လို့ ထင်လိုက်တာနဲ့ သူမရဲ့ စိတ်ရောကိုယ်ပါ ဘာကိုမှ ထိမ်ချန်မထားပဲ ပြောစရာရှိတာ အကုန်လုံးကို မချွင်းမချန် ပြောပြပါတယ်။

ဒါပေမဲ့လည်း အဲဒါက ဘာဖြစ်လို့လဲဆိုတော့ နံပါတ်ကိုး ဘုရင်ရဲ့ ပင်ကိုယ်စရိုက်ရဲ့ အားနည်းမှု ဆိုတာကို သိနားလည်ထားပါတယ်။ ကေရီ ဘုရင်မ လွမ့်ရှင်းက သူမကို အရေးကြီးတဲ့ သတင်းနည်းနည်းမှ ပေးမသိပါဘူး။ ဒါကြောင့် တကယ်လို့ တစ်ယောက်ယောက်က မေးရင်တောင် သူမက ဘယ်လျှို့ဝှက်ချက်ကိုမှ ထုတ်ဖော်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

အရင်တုန်းက တခြားဘုရင် ရှစ်ပါးရဲ့ အကြောင်းနဲ့ ပတ်သက်ပြီး လင်းဟန်က ပေ့ပိုက်တဲ့ပုံစံနဲ့ မေးခဲ့ပါတယ်။ ဒါပေမဲ့ ဟူဖေးယွင်က

ဘာပြောရမှန်းမသိပဲ ကြောင်နေပါတယ်။ သူမသိတာ တစ်ခုက သူတို့ကိုးယောက်ဟာ ဇေရီ ဘုရင်မနဲ့ ညီအစ်မတွေကိုပဲ ရင်းနှီးပါတယ်။ အဲဒီအချက်ကြောင့် သူမက နည်းနည်းလေးမှတောင် အကြံအစည် မရှိခဲ့ပါဘူး။

ဘုရင်ကိုးပါးလုံးမှာ မတူညီတဲ့ ဇစ်မြစ်နဲ့ မျိုးရိုးတွေ ရှိပြီး လုံးဝကို မတူညီ ကွဲပြားခြားနား ကြပါတယ်။ သူတို့မှာ တူညီတာဆိုလို့ သူတို့အားလုံးမှာ မိဘတွေ မရှိကြပါဘူး။ ပြီးတော့ ဘယ်နေရာကလဲ ဆိုတာကိုလည်း မသိကြပါဘူး။ ရုတ်ချည်းဆိုသလို သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် တစ်ဟုန်ထိုး မြင့်တက်လာပြီးတဲ့ နောက်မှာ သူတို့တွေက ဘုရင်ဆိုတဲ့ ဘွဲ့ထူးကို ချီးမြှင့်ခံလိုက်ရပြီး သူတို့က အင်ပါယာရဲ့ အခြေခံ အုတ်မြစ်တွေ ဖြစ်လာကြပါတယ်။

ဟူဖေးယွင်က သူမရဲ့ အတိတ်က ကိစ္စတွေကိုတောင် အမှတ်မရပါဘူး။ သူမ အမှတ်ရတာ တစ်ခုက သူမက ဇေရီ ဘုရင်မ လွှမ်းရှင်းနဲ့ အတူတူ ရှိနေတာပါပဲ။ သူမရဲ့ မိဘတွေက ဘယ်သူတွေ ဆိုတာကို မသိသလို သူမကလန်ရဲ့ အမွေအနှစ်က ဘာလဲဆိုတာကိုလည်း မသိပါဘူး။ ပြီးတော့ အဲဒါတွေနဲ့ ပတ်သက်ပြီးလည်း သိချင်စိတ် မရှိပါဘူး။

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်နဲ့ စွေ့ရန်ယွီတို့ရဲ့ နလုံးသားတွေက အပြင်းအထန် ခုန်လာခဲ့ပါတယ်။ ကံကောင်းတာက မြင်းလှည်းအိမ်ထဲမှာ အမျိုးသမီး အစောင့်အရှောက် တစ်ယောက်မှ မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့က ဒီစကားတွေဟာ ဧကရီ ဘုရင်မ လွှမ့်ရှင်းနဲ့ ပတ်သက်နေတဲ့အတွက် သူတို့ကို လျှို့ပှက်ချက် ထိန်းသိမ်းတဲ့ အနေနဲ့ သတ်ပစ်ကောင်း သတ်ပစ်နိုင်ပါတယ်။

သူတို့က အသုံးဝင်တဲ့ သတင်းအချက်အလက် နည်းနည်းလောက် မရရှိခဲ့ပေမဲ့ ဘုရင်ကိုးပါးရဲ့ မူလဇစ်မြစ်က အတော်လေး ထူးခြားဆန်းကြယ်ပါတယ်။ ဒါကြောင့် အဲဒါတစ်ခုတည်းနဲ့တင် အထိမခံနိုင်တဲ့ မပြောအပ်တဲ့ အရာတစ်ခု ဖြစ်နိုင်ချေ ရှိပါတယ်။

တစ်ခုသိသင့်တာက ဟူဖေးယွင်က လွဲပြီးတော့ တခြားဘုရင်ရှစ်ပါးလုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို တစ်ယောက်ပြီး တစ်ယောက် ချိုးဖြတ်ဝင်ရောက် သွားပါပြီ။ ဒါက တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ ထူးခြားဆန်းကြယ်မှု တစ်ခု ဖြစ်ပါတယ်။ ဒါဆိုရင် ဧကရီ ဘုရင်မ လွှမ့်ရှင်းက သူတို့တွေ တောင်မြစ်အဆင့်မှာ ရှိနေတဲ့ အချိန်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်

အဆင့်ကို ချိုးဖြတ်ဝင်ရောက်နိုင်မဲ့ လူတစ်ယောက်ရဲ့ အလားအလာကို မြင်နိုင်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။

လင်းဟန်လို ပါရမီရှင် တစ်ယောက်တောင် လမ်းတစ်ဝက်မှာ သေဆုံးနိုင်ချေ အခွင့်အလမ်း အရမ်းကို မြင့်မားပြီး ကျင့်ကြံခြင်း အဆင့်မှာ အတားအဆီး တစ်ခုနဲ့ ကြုံတွေ့ပြီး သူတောင်မှ တစ်သက်လုံး ချိုးဖျက်နိုင်စွမ်း ရှိချင်မှ ရှိနိုင်ပါလိမ့်မယ်။

ထူးဆန်းတယ်။ ဒါက အရမ်းကို ထူးဆန်းတယ်။

ဟူဖေးယွင်က ဘာကိုမှ မပူပင်သလို စိုးရိမ်ခြင်းလည်း မရှိပါဘူး။ သူမပုံစံကို ကြည့်ရတာ စစ်တပ် တစ်တပ်ကို စစ်ပွဲဆီ ဦးဆောင်လာတာမျိုးနဲ့ မတူပါဘူး။ အဲဒီအစား စိတ်အပန်းဖြေ ခရီးထွက် လာသလိုမျိုးနဲ့ တူနေပါတယ်။ သူမရဲ့ မြင်းလှည်းအိမ်ထဲမှာ အရာအားလုံး ရှိပါတယ်။ အိပ်ခန်း တစ်ခန်း၊ မီးဖိုခန်းနဲ့ ဥယျာဉ်လေး တစ်ခုတောင် ရှိပါသေးတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ပျံသန်းခြင်း နတ်ဘုရား ပစ္စည်းတွေကို စေလွှတ်ခြင်း မရှိပါဘူး။ သူတို့ရဲ့ ရွေ့လျားမှုက တကယ်တော့ မမြန်ပါဘူး။ သူတို့က ကြယ်ဥက္ကာ အင်ပါယာကနေ ထွက်ပြီးတော့ အရှေ့ပိုင်းမိုးရေ နိုင်ငံရဲ့ ပိုင်နက်ထဲကို ဝင်လာဖို့ အချိန်နှစ်လလောက် ယူရပါတယ်။

တချိန်တည်းမှာပဲ လင်းဟန်က သူ့ကို လွှမ်းခြုံထားတဲ့ နိုင်ငံစွမ်းအား ပျောက်ကွယ်သွားတာကို ခံစားလိုက်ရပြီး သူ့အနေနဲ့ အဲဒီစွမ်းအားကနေ နည်းနည်းမှ မြှင့်တင်လို့ မရနိုင်တော့ပါဘူး။

ကံကောင်းတာက ဒီနေရာမှာ ကြယ်ဥက္ကာ အင်ပါယာရဲ့ နိုင်ငံစွမ်းအားကို သူနဲ့ နံပါတ်ကိုး ဘုရင်ပဲ သုံးစွဲလို့ ရပါတယ်။ ဒါကြောင့် ဒီလွှမ်းမိုးမှုက စစ်တပ်တစ်ခုလုံး အပေါ်မှာတော့ ဘာမှသက်ရောက်မှု မရှိပါဘူး။

လင်းဟန်က ဒီရက်တွေမှာ မကောင်းဆိုးဝါး အရှင်သခင်ရဲ့ နတ်ဆိုးစွမ်းအား အရင်းအမြစ်ကို သန့်စင်ရင်းနဲ့ အချိန်ကုန်စေခဲ့ပါတယ်။ ကျောက်လန်နဲ့ ဟူဖေးယွင်ရဲ့ ကျင့်ကြံခြင်း အဆင့်တွေ တစ်ဟုန်ထိုး မြင့်တက်သွားခြင်းက သူ့အပေါ်မှာ ဖိအားဂင်စေခဲ့ပါတယ်။ ဒါက တန်ခိုးရှင်ဘုံ ဖြစ်ပြီး ယုတ္တိမရှိတဲ့ ထူးခြားဆန်းကြယ်မှုတွေ အမျိုးအစား အားလုံးက ဒီနေရာမှာ ဖြစ်လာနိုင်ပါတယ်။ သူက လက်ရှိမှာ သူ့ရဲ့ကျင့်ကြံခြင်း အမြန်နှုန်းနဲ့ ပတ်သက်ပြီးတော့ သိပ်ပြီးဘဂင်မကျနိုင်အောင် ဖြစ်နေပါတယ်။

အနက်ရောင် မျှော်စင်ရဲ့ အကူအညီနဲ့ သူ့ရဲ့ သန့်စင်ခြင်း အမြန်နှုန်းက အတော်လေးကို တိုးမြင့်လာခဲ့ပါတယ်။ သူက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို

အောင်အောင်မြင်မြင်နဲ့ ချိုးဖြတ်ဂင်ရောက် နိုင်ခဲ့ပြီး အထွတ်အထိပ် အဆင့်ကို တက်လာခဲ့ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း တိုးလာခဲ့ပါတယ်။

ကံမကောင်းတာက ထူးခြားဆန်းကြယ် မိုးပြာဆေးလုံးကို ဖော်စပ်တဲ့ အချိန်မှာ သူက ကျရှုံးခဲပါပဲ။ တစ်ဖက်မှာတော့ သူ့ရဲ့ ချမ်းသာကြွယ်ဂမှုတွေလည်း ကြီးကြီးမားမားကို လောင်ကျွမ်းပြာကျပြီး နောက်ထပ်တစ်ကြိမ် ငမွဲဘဂကို ပြန်ရောက်လာပါတယ်။

အဆင့်လေး နတ်ဘုရား ဆေးလုံး တစ်ခါဖော်စပ်မှု ကျရှုံးတယ်ဆိုတာက အစစ်အမှန် မူလကျောက်တုံး ထောင်ဂဏန်း အနည်းငယ်တန်တဲ့ ပါဂင်ပစ္စည်းတွေကို ဖြုန်းတီးတာနဲ့ တူပါတယ်။

အရှေ့ပိုင်း မိုးရေနိုင်ငံကို သူတို့တွေ ဂင်လာပြီးတဲ့ နောက်မှာတော့ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ အကြီးအကဲတွေ ထွက်လာပြီးတော့ သူတို့ကို ကြိုဆိုနှုတ်ဆက် ကြပါတယ်။

"နံပါတ်ကိုး ဘုရင်ကို ဂါရဂပြုပါတယ်"

တစ်ဖက်မှာရှိတဲ့ ဟူဖေးယွင်ကတော့ ဒီမြင်ကွင်းမျိုးကို မကြာခဏဆိုသလို မြင်တွေ့ခဲ့ရတာကြောင့် သူမက

နည်းနည်းလေးမှ မတုန်လှုပ်တော့ပါဘူး။ သူမက အားပေးစကား ပြောကြားပြီးတော့ အရှေ့ပိုင်းမိုးရေနိုင်ငံရဲ့ အကြီးအကဲတွေနဲ့အတူ အာလာပသလာပ စကားတွေ ပြောဆိုပြီးတဲ့ နောက်မှာ တိုက်ပွဲကို လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်ဖို့ မေးမြန်းလိုက်ပါတယ်။

ပထမတော့ အရှေ့ပိုင်းမိုးရေ နိုင်ငံရဲ့ အကြီးအကဲတွေက သိပ်ပြီးတော့ မကျေနပ်ကြပါဘူး။ ကြယ်ဥက္ကာ အင်ပါယာရဲ့ ကေရီ ဘုရင်မက သူတို့ဆီကို ဘုရင်တစ်ပါး စေလွှတ်လိုက်ပေမဲ့ ဒီဘုရင်ရဲ့ စွမ်းရည်တွေက တကယ်ပဲ အရမ်းကို အားနည်းပါတယ်။ နေလအဆင့်ကိုတောင် မရောက်သေးပါဘူး။ ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်က ဘာများသုံးလို့ ရမလဲ။

သူမသာ တိုက်ပွဲမှာ ပါဝင်လာခဲ့ရင် အရှေ့ပိုင်း မိုးရေနိုင်ငံပေါ်က ဖိအားတွေ လျော့ကျမသွားတဲ့ အပြင် သူတို့က ဒီဘုရင်ကို ကာကွယ်ပေးဖို့ လူ့စွမ်းအားအရင်းအမြစ် အများကြီးကိုပါ သုံးစွဲရ ပါလိမ့်မယ်။ ကေရီ ဘုရင်မ လွမ့်ရှင်းက ဘုရင်ကိုးပါးကို သူမရဲ့ ညီအစ်မတွေကိုလိုမျိုး ပြုမှုဆက်ဆံတာကို မသိတဲ့သူ ဘယ်သူများ ရှိလို့လဲ။

တကယ်လို့ နံပါတ်ကိုး ဘုရင်သာ တစ်ခုခု ဖြစ်ကြည့်ပါလား။ ရွှေခြသေ့်နိုင်ပဲဖြစ်ဖြစ် ထာဂရ မိုးကောင်းကင် အင်ပါယာပဲဖြစ်ဖြစ်

အရင်ဆုံး တိုက်ခိုက်လာမှာက နောက်၊ ကေရီ ဘုရင်မ ကိုယ်တိုင်က သူတို့ကို အရင်ဆုံး သတ်ဖြတ်ပစ်မှာကိုတော့ အာမခံနိုင်ပါတယ်။

နောက်ပြီးတော့ ဟူဖေးယွင် ခေါ်လာတဲ့ စစ်သည်တော်တွေ အားလုံးက တောင်မြစ်အဆင့်မှာပဲ ရှိပါသေးတယ်။

ဒါပေမဲ့ ဒီအပေါ်မှာ ထပ်ပြီးတော့ စဉ်းစားကြည့်ရင် ဒီတောင်မြစ်အဆင့် ကျင့်ကြံသူတွေက သာမန်လူတွေတော့ မဟုတ်ပါဘူး။ သူတို့အားလုံးဟာ အင်ပါယာရဲ့ အနာဂတ် ထောက်တိုင်တွေ ဖြစ်ပြီးတော့ တချို့ဆိုရင် အင်အားကြီး အစွမ်းထက်တဲ့ ကလန်တွေနဲ့ မိသားစုတွေက မျိုးဆက်သစ်တွေတောင် ပါဝင်ပါတယ်။ တကယ်လို့ သူတို့သာ တစ်ခုခု ဖြစ်သွားရှု သူတို့အနောက်မှာ ရှိနေတဲ့ အင်အားစုတွေက ဒီအတိုင်း ရပ်ပြီးတော့ ကြည့်နေကြမှာလား။

အဲဒီနောက် အရှေ့ပိုင်းမိုးရေ နိုင်ငံက ချက်ချင်းဆိုသလို မရေမတွက်နိုင်တဲ့ အင်အားစုတွေရဲ့ ထောက်ပံ့ကူညီမှုကို ရလာနိုင်ပါတယ်။

ဒီအတွေးနဲ့အတူ အရှေ့ပိုင်းမိုးရေနိုင်ငံက အကြီးအကဲတွေရဲ့ စိုးရိမ်ပူပန်မှုတွေက ချက်ချင်းပဲ ပျော်ရွှင်မှု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့က အလျင်အမြန်ပဲ ဒီစစ်တပ်ကို

ရှေ့တန်းစစ်မျက်နှာကို ပို့ဆောင်ပေးခဲ့ပါတယ်။ သူတို့ထဲက လူအနည်းငယ် သေဆုံးသွားဖို့ထက် ဘာကိုမှ မလိုချင်တော့ပါဘူး။ အဲဒါမှ ကြယ်ဥက္ကာ အင်ပါယာက အစွမ်းထက်တဲ့ စစ်တပ် တစ်ခုကို စေလွှတ်လာပါလိမ့်မယ်။

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ကောင်းကင်နီ သင်တန်းကျောင်းက ကျောင်းသားတွေ ဖွဲ့စည်းထားတဲ့ စစ်တပ်ဟာ ရောမ မြစ်ကြီးတစ်စင်းရဲ့ ကမ်းစပ်နားကို ရောက်လာခဲ့ပါတယ်။ ရွှေခြသေ့်နိုင်ငံရဲ့ အင်အားကြီးမားတဲ့ စစ်တပ်ကတော့ မြစ်ရဲ့တစ်ဖက်ကမ်းမှာ ရှိပါတယ်။ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ ထိပ်တိုက်ရင်ဆိုင်နေတဲ့ စစ်တပ်ကို မြစ်နဲ့ပိုင်းခြားထားပါတယ်။

ဒါက အရမ်းကို ရေစီးသန်ပြီး ပြင်းထန်တဲ့ မြစ်တစ်စင်း ဖြစ်ပါတယ်။ လက်ရှိမှာ မြစ်ရေစီးသံက ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းအားကို ပိုင်ဆိုင်ထားပါတယ်။

ဒဏ္ဍာရီအရ ဒီရေစီးပြင်းထန်တဲ့ မြစ်ကို အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်က ဓားတစ်လက်နဲ့ တအားခုတ်ပြီး ဖန်တီးထားတယ်လို့ ဆိုပါတယ်။ ဒီမြစ်မှာ အဲဒီလက်ရွေးစင်ရဲ့ အထွတ်အထိပ် ဓားအသိဆန္ဒတွေ ရှိနေပြီး နှစ်သန်းပေါင်းများစွာ ကုန်လွန်ပြီးတဲ့ နောက်မှာတောင် ပျောက်ကွယ်သွားခြင်း မရှိခဲ့ပါဘူး။

ဒါကြောင့် ဒီမြစ်က လူတိုင်းဖြတ်ကူးလို့ ရနိုင်တဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ ဓားအသိဆန္ဒ ပေါင်းထားတဲ့ လှေတစ်စင်းကို အသုံးပြုဖို့ လိုအပ်ပြီး အနည်းဆုံး နေလအဆင့် လက်ရွေးစင်တွေလည်း စောင့်ကြပ်ပေးရပါလိမ့်မယ်။

ရွှေခြသေ့် နိုင်ငံက တော်ဝင်အင်ပါယာလေး တစ်ခုမျှသာ ဖြစ်ပြီးတော့ သူတို့ရဲ့ နေလအဆင့် လက်ရွေးစင် ပေါင်းလိုက်ရင် တစ်ရာကျော်လောက်ပဲ ရှိပါလိမ့်မယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူတို့တွေက ဒီမြစ်ကို ကူးဖြတ်ပြီး စစ်တပ်တစ်တပ်ကို အလွယ်တကူ စေလွှတ်နိုင်မှာလဲ။

ဒါက သဘာဝ အတားအဆီး တစ်ခုဖြစ်ပြီးတော့ ရွှေခြသေ့် နိုင်ငံရဲ့ ရှေ့ဆက်ကျူးကျော်မှုကနေ ကာကွယ်တားဆီး ထားပါတယ်။ ဒါပေမဲ့လည်း တချိန်တည်းမှာပဲ အရှေ့ပိုင်းမိုးရေနိုင်ငံက သူတို့ရဲ့ ဆုံးရှုံးသွားတဲ့ ပိုင်နက်တွေကို ပြန်လည်သိမ်းပိုက်ချင်တယ်ဆိုရင် အတော်လေးကို ကြိုးစားအားထုတ် ရပါလိမ့်မယ်။ ဒီမြစ်ကြီးက သူတို့ကို ပိုင်းပြီးတော့ ကန့်သတ်ချုပ်ချယ် ထားပါတယ်။

သင်တန်းကျောင်းရဲ့ အုပ်စုက ဒီနေရာမှာ စခန်းချလိုက်ပါတယ်။ ဒါပေမဲ့လည်း အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ စစ်သားတွေနဲ့ ကျောင်းသားတွေက အတူတကွ စခန်းချတယ်လို့ မဆိုလိုပါဘူး။

ဒါပေ့ါ။ ကောင်းကင်နီ သင်တန်းကျောင်းကို ဂင်ရောက်နိုင်တဲ့ လူတစ်ယောက်က ပါရမီရှင် တစ်ယောက်ပဲ မဟုတ်လား။ ဒါကြောင့် သူတို့က ဒီစစ်သားတွေအပေါ် အထင်အမြင်သေးစွာနဲ့ ကြည့်ခဲ့ကြပါတယ်။ သိထားသင့်တာက ဒီစစ်သားတွေဟာ တော်ဂင်အင်ပါယာ တစ်ခုရဲ့ စစ်သားတွေပဲ ဖြစ်ပါတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေတောင် အများကြီး မရှိပဲ အများစုက စကြဂဋ္ဌာ ဖျက်ဆီးခြင်းအဆင့်၊ ကောင်းကင်အဆင့်နဲ့ နတ်သူငယ် အသွင်ပြောင်းလဲခြင်း အဆင့်မှာပဲ ရှိပါတယ်။

ဒီရက်အနည်းငယ် အတွင်းမှာ တဖက်နဲ့ တဖက်က ရင်းနှီးမှု မရှိပါဘူး။ သူတို့လူတွေ အချင်းချင်းတောင် တခါတလေ တိုက်ခိုက်လုနီးပါး ဖြစ်တဲ့ အချိန်တွေတောင် ရှိပါတယ်။

ဘာမှလုပ်လို့ မရပါဘူး။ စစ်သားအုပ်စု နှစ်ခုကို ခွဲခြားထားပါတယ်။ ပုံမှန်အားဖြင့်တော့ မင်းက ငါ့နေရာကို မလာရင် ငါကလည်း မင်းတို့ဆီကို သွားလိမ့်မှာ မဟုတ်ဘူး။ အခြေအနေက သူတို့ကိုယ်ပိုင် ပိုင်နက်ထဲမှာပဲ နေထိုင်ကြပြီး သူတို့ကိုယ်ပိုင် အလုပ်တွေကို စိတ်ကူးနေတဲ့ အခြေအနေ ဖြစ်ပါတယ်။

ရွှေခြသေ့် နိုင်ငံကို ကြည့်ရတာ အလျင်စလိုနဲ့ ရှေ့ဆက်တိုးလာမဲ့ပုံ မမြင်ပါဘူး။ နေ့တိုင်းနေ့တိုင်း သူတို့က လောက်လေးခွတွေကို

အသုံးပြုပြီး မီးဘောလုံး အနည်းငယ်ကို ပစ်ကာ ဆူညံမှု အနည်းငယ် ဖြစ်စေပြီးတော့ မြစ်ကိုကူးပြီး တိုက်ခိုက်ဖို့ ဆန္ဒတော့ ရှိပုံမရပါဘူး။ တစ်ဖက်မှာရှိတဲ့ အရှေ့ပိုင်းမိုးရေ နိုင်ငံကတော့ ဆန္ဒစောနေပါတယ်။ တကယ်လို့ ဒီအတိုင်းသာ ဆက်ဖြစ်နေရင် မြစ်ရဲ့မြောက်ဘက် ပိုင်နက်အားလုံးက ရွှေခြသေ့် နိုင်ငံရဲ့ ပိုင်နက်တွေ ဖြစ်လာပါလိမ့်မယ်။

တန်ခိုးရှင်ဘုံမှာ တန်ဖိုးအရှိဆုံး အရင်းအမြစ်က ပိုင်နက်တွေနဲ့ လူသားအရင်းအမြစ် ဖြစ်ပါတယ်။ သူတို့က နိုင်ငံစွမ်းအားအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။

အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ ဗိုလ်ချုပ်တွေက ဟူးဖေးယွင်နဲ့ ဆွေးနွေးနေပြီး သူတို့က တန်ပြန်တိုက်စစ် တစ်ခုကို စတင်ချင်နေကြပါတယ်။

“ငါ သဘောတူတယ်”

အဲဒီအခိုက်အတန့် ရွက်ဖျင်တဲရဲ့ ဂင်ပေါက်ပွင့်သွားပြီး ချပ်ဂတ်တန်ဆာ အပြည့်အဂ ဂတ်ဆင်ထားတဲ့ စစ်သားပီသသော ယောကျာ်းတစ်ယောက် ဂင်လာပါတယ်။ သူ့ရဲ့ ချပ်ဂတ်က ငွေရောင်တလက်လက် တောက်ပနေပြီး ဦးထုပ်အောက်မှာ ခန့်ညားချောမောတဲ့ မျက်နှာတစ်ခု ရှိပါတယ်။

ကျောက်လန်။

သူဘာဖြစ်လို့ ရောက်လာတာလဲ။

"နံပါတ်ကိုး ဘုရင်ခင်ဗျား မဟာဗိုလ်ချုပ်ကျောက်ရဲ့ အမိန့်အရ စစ်သည်တော် အနည်းငယ်ကို ဦးဆောင်လာခဲ့ပါတယ်။ နံပါတ်ကိုး ဘုရင်ရဲ့ အမိန့်တွေကို အခုကစပြီး နာခံပါ့မယ်"

ကျောက်လန်က နံပါတ်ကိုး ဘုရင်ကို မြေကြီးပေါ် ဒူးထောက်ပြီးတော့ ပြောလိုက်တယ်။

သူ့နှုတ်ခမ်းထောင့်မှာ အေးစက်စက် သရော်ပြုံး တစ်ခု ရှိနေပါတယ်။ ဒီလိုမျိုး အံ့သြစရာ အခွင့်အရေးကောင်း တစ်ခုကို ဘယ်လိုလုပ်ပြီးတော့ သူက လွဲချော်နိုင်မှာလဲ။

တိုက်ပွဲမှာ လူသေတယ် ဆိုတာက သဘာဝပါပဲ။ အဲဒါကြောင့် သူက လင်းဟန်ကို ဒီနေရာမှာ ထာဝရ ရှိနေဖို့ လုပ်ပေးရပါမယ်။

Chapter 1059 end

အပိုင်း(1060) ရုတ်တရက် တိုက်ခိုက်ခြင်း

ဟူးဖေးယွင်က သူမနဲ့ လင်းဟန်တို့ ရင်းနှီးမှုကြောင့် ကျောက်လန်ကို မနှစ်သက်ပါဘူး။ သူမက အရမ်းကို ပွင့်လင်းတဲ့

လူတစ်ယောက် ဖြစ်ပြီးတော့ မလိုမုန်းတီးခြင်း နည်းနည်းမှ မထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူမက ကျောက်လန်အကြောင်းကို မေ့ထားတာ ကြာပါပြီ။ သူမက ကျောက်လန်ကို ကြည့်ပြီးတော့ အနည်းငယ် စိတ်ရှုပ်ထွေးလာပြီးတော့ မေးလိုက်ပါတယ်။

"နင်က ဘယ်သူလဲ"

ဖူး။

ကျောက်လန်က ဒေါသတွေ အရမ်းကို ထွက်ပြီးတော့ သွေးအန်လုနီးပါး ဖြစ်သွားပါတယ်။ မင်းကြောင့်ပဲ ငါက လင်းဟန်ရဲ့ ပြင်းပြင်းထန်ထန် အရက်ခွဲတာကို ခံလိုက်ရတာလေ။ ဒါကို မင်းက တကယ်ပဲ ငါဘယ်သူလဲ ဆိုတာကို မေ့သွားပြီလား။

ဒါပေမဲ့လည်း ဘယ်လောက်ပဲ ဒေါသထွက်နေပါစေ သူ့ရဲ့ဒေါသကို မပေါ်လွင်စေပဲ သူက ပြန်ဖြေ လိုက်ပါတယ်။

"ကျနော်က ကျောက်လန်ပါ။ မဟာမိုလ်ချုပ်ကျောက်ရဲ့ သားဖြစ်ပါတယ်"

"ဪ"

ဟူဖေးယွင်က ခေါင်းညိတ်လိုက်ပြီး ဘာမှထပ်မပြောတော့ပါဘူး။

ကျောက်လန်က အရမ်းကို နေရထိုင်ရခက် ဖြစ်သွားပါတယ်။ သူက မတ်တပ်ပဲ ထရပ်ရမလိုလို ဆက်ပြီးတော့ပဲ ထိုင်နေရမလိုလိုနဲ့ ကို့ရို့ကားယား ဖြစ်နေပါတယ်။ သူပြောနိုင်တာကတော့။

"ကျနော်မျိုးက စစ်ပွဲမှာ တပ်ခွဲတစ်ခုကို ဦးဆောင်ပြီးတော့ ကေရီ ဘုရင်မအတွက် အောင်ပွဲ ဆောင်ကျဉ်းလာဖို့ ဆန္ဒရှိပါတယ်"

သူက စကားပြောရင်းနဲ့ အခွင့်အရေးကို ရယူပြီး မတ်တပ်ထရပ်လိုက်ပါတယ်။

အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ ဦးဆောင်ဗိုလ်ချုပ်ကြီးက နေလအဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒီကျင့်ကြံခြင်း အဆင့်က ကျောက်လန်ထက် အဆင့်သေး နှစ်ဆင့် မြင့်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ကျောက်လန်ရဲ့ စကားတွေကို အရေးစိုက်စရာ မလိုပါဘူး။ ဒါပေမဲ့လည်း ကျောက်လန်က မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့အကြံပြုချက်ကလည်း ဗိုလ်ချုပ်ရဲ့ ကိုယ်ပိုင်အတွေးနဲ့ တထပ်တည်းပါပဲ။

ဒါကြောင့် အဲဒီဗိုလ်ချုပ်က အလျင်အမြန်ပဲ ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ကျောက်သခင်လေးက တကယ့်ကို သတ္တိကောင်းပြီးတော့ ဉာဏ်အမြော်အမြင် ရှိတာပဲ။ ကြည့်ရတာ ကျောက်သခင်လေးက ဗိုလ်ချုပ်ကျောက်ရဲ့ အမွေကို အပြည့်အဝ ဆက်ခံထားတာပဲ"

ကျောက်လန်က သူ့ကိုယ် သူ့အဖေနဲ့ နှိုင်းယှဉ်တာမျိုး အရမ်းကို နှစ်မြို့က်သဘောကျပြီး ဒီစကားကို ကြားရတာ အရမ်းကို ကျေနပ်ပီတိ ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း သူက ကျေနပ်နေပေမဲ့ ရိုရိုကျိုးကျိုးနဲ့ နှိမ့်ချပြီး ပြောလိုက်တယ်။

"ဗိုလ်ချုပ်က ကျနော်ကို အရမ်းမြှောက်ပင့်လွန်းနေပါပြီ"

အဲဒီအချိန်မှာ ဟူဖေးယွင်က ကျောက်လန်ရဲ့ အကြံပြုချက်နဲ့ ပတ်သက်ပြီး နည်းနည်းမှ စောဒက မတက်ခဲ့ပါဘူး။ သူမမှာ စစ်တပ်တစ်ခုကို တိုက်ပွဲထဲ ဦးဆောင်ဖို့ အရည်အချင်း မရှိပါဘူး။ ဒါကောင့် တစ်ယောက်ယောက်က ဒီဂန်ထုပ်ဂန်ပိုးကို သူမဆီကနေ ယူပေးမဲ့အတွက် သူမက ပျော်ရွှင်နေမိပါတယ်။ သူမက ကျောက်လန်ကို စစ်တပ်ရဲ့ ဦးဆောင်သူအဖြစ် လွှဲပေးခဲ့ပါတယ်။ သူက အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက စစ်တပ်ကို ဦးဆောင်လို့ ရပါတယ်။

ကျောက်လန်နဲ့ အရှေ့ပိုင်း မိုးရေနိုင်ငံက ဗိုလ်ချုပ်တို့ဟာ သူတို့ရဲ့ တိုက်ပွဲနဲ့ ပတ်သက်ပြီး အသေးစိတ် အချက်အလက်တွေကို

စတင်ဆွေးနွေးခဲ့ပါတယ်။ သူက ဗိုလ်ချုပ်ကျောက်ရဲ့ လွှမ်းမိုးမှုအောက်မှာ စစ်ပွဲနဲ့ ပတ်သက်လာရင် အရမ်းကို ထူးချွန်ပါတယ်။ ဒါပေမဲ့လည်း ဒါက သူ့ရဲ့ ပထမဆုံး တိုက်ပွဲဖြစ်ပါတယ်။ တကယ်တော့ အစစ်အမှန်နဲ့ သီအိုရီဆိုတာက အရမ်းကို ကွဲပြားခြားနားပါတယ်။ ဒါတောင်မှ သူက သူ့ရဲ့ ပရိယာယ်နဲ့ နည်းဗျူဟာကို မပြောင်းလဲခဲ့ပါဘူး။

အရှေ့ပိုင်း မိုးရေနိုင်ငံက ဗိုလ်ချုပ်က စိတ်ထဲမှာ မထားပါဘူး။ တကယ်လို့ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေ ပိုပြီးတော့ သေမယ်ဆိုရင် သူက ပိုပြီးတော့ ပျော်ရမယ် မဟုတ်လား။ အဲဒါမှ ကြယ်ဉက္ကာ အင်ပါယာက ပိုပြီးတော့ အစွမ်းထက်တဲ့ စစ်တပ်တစ်ခုကို စေလွှတ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ ရွှေခြသေ့်နိုင်ငံကို နှောက်ဆုတ်အောင် အင်အားသုံးမယ် ဆိုရင်တောင် သူတို့အနေနဲ့ ဆိုးဆိုးဂါးဂါး ခံစားရပါလိမ့်မယ်။

ကျောက်လန်က စစ်တပ်တစ်တပ်ကို ဦးဆောင်ပြီးတော့ အံ့အားသင့်စေမဲ့ တိုက်ခိုက်မှု တစ်ခုကို လုပ်ဆောင်ဖို့ သူတို့က အကြံပေး အစီအစဉ်ချထားပြီး ရွှေခြသေ့်နိုင်ငံရဲ့ စခန်းချထားတဲ့ နေရာကို ဖရိုဖရဲ ဖြစ်အောင်လို့ စေလွှတ်ပါလိမ့်မယ်။ အဲဒီနောက်မှာ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ စစ်တပ်က အခွင့်အရေးကို ဖမ်းဆုပ်ပြီး

မြစ်ကို ကူးဖြတ်ကာ ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ်ကို တရကြမ်း ဝင်ရောက်စီးနင်း သတ်ဖြတ်ပါလိမ့်မယ်။

ဒီအကြံအစည်ကို သဘောတူပြီးတဲ့နောက်မှာ ကျောက်လန်က ပြင်းထန်စွာ တိုက်ခိုက်ချေမှုန်းဖို့ အတွက် အဖွဲ့ဝင်တွေကို စတင်ရွေးချယ် ပါတော့တယ်။

အရည်အသွေးက အရေအတွက်ထက် ပိုပြီးတော့ အရေးကြီးပါတယ်။ တကယ်လို့ လူတွေ အရမ်းကို များနေရင် မြစ်ရဲ့အဆုံး ဆန့်ကျင်ဘက်မှာရှိတဲ့ ရန်သူတွေက သူတို့ရဲ့ လှုပ်ရှားမှုတွေကို သေချာပေါက် ရှာတွေ့သွားပါလိမ့်မယ်။

အစွမ်းထက်ဆုံး ကျောင်းသားတွေပဲ ရွေးချယ်ခံရပြီး တရကြမ်း ဝင်တိုက်ခိုက်မဲ့ အဖွဲ့ရဲ့ လူဦးရေက တစ်ထောင်ဂန်းကျင်လောက် ရှိပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် လင်းဟန်က ရွေးချယ်ခံရလောက်တဲ့အထိ အစွမ်းမထက်ပါဘူး။ ဒါပေမဲ့လည်း သူ့နာမည်က အံ့အားသင့်စရာ ကောင်းလောက်အောင် နာမည်စာရင်းထဲမှာ ပါဝင်နေပါတယ်။

ဒါက ကျောက်လန် အနေနဲ့ သူ့ကို အန္တရာယ်ကြားထဲ တမင်သက်သက် တွန်းပို့တာပဲ ဖြစ်ပါတယ်။

ကျောက်လန်ရဲ့ လုပ်ဆောင်မှုတွေက အရှက်မရှိ မျက်နှာပြောင်လွန်းပေမဲ့ ဘယ်သူက သူ့ရဲ့ ဆုံးဖြတ်ချက်တွေအတွက် အပြစ်တင်နိုင်မှာလဲ။ သူက အင်ပါယာအတွက် တိုက်ခိုကတာ ဖြစ်ပြီးတော့ မင်းက စောဒကတက်ပြီး အပြစ်တင်ချင်သေးတာလား။

ဒီအကြောင်းကို သိပြီးတဲ့နောက်မှာ စွေ့ရန်ယွီက ဟူဖေးယွင်ဆီကို သွားပြီးတော့ ကျောက်လန်ရဲ့ အမိန့်တွေကို ပြန်လည်ရုပ်သိမ်းဖို့ ပြောချင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူမကို ခေါင်းခါပြပြီးတော့ ခွင့်မပြုခဲ့ပါဘူး။ သူက မြစ်ကို ကူးဖြတ်ပြီး တစ်ဖက်ကို သွားကြည့်ချင်ပါတယ်။

အစတုန်းကတော့ ရွှေခြသေ့် နိုင်ငံအကြောင်းကို အများကြီး မသိခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီရက်အနည်းငယ် အတွင်းမှာ သူက သတင်းအချက်အလက်တွေ တော်တော်များများကို စုစည်းခဲ့ပါတယ်။

ရွှေခြသေ့်နိုင်ငံက အရှေ့ပိုင်း မိုးရေနိုင်ငံထက် ပိုပြီးတော့ အစွမ်းမထက်ပါဘူး။ နိုင်ငံနှစ်ခုလုံးရဲ့ အင်အားချင်းက

အကြမ်းအားဖြင့် တူညီပါတယ်။ ဒါကြောင့် တကယ်လို့ အရှေ့ပိုင်းမိုးရေ နိုင်ငံက ရုတ်တရက် တိုက်ခိုက်ခံရမယ် ဆိုရင်တောင် တစ်ခါတည်းနဲ့ မြို့ပေါင်းဆယ့်လေးမြို့လုံး ဆုံးရှုံးသွားစရာအကြောင်း မရှိပါဘူး။

ထာဂရ မိုးကောင်းကင် အင်ပါယာက အကူအညီ မပေးသရွေ့ပေါ့။

ဒါပေမဲ့လည်း မေးစရာရှိတာက ဘာဖြစ်လို့လဲ။

ဒီနိုင်ငံငယ်လေး နှစ်ခုက အင်ပါယာ နှစ်ခုလုံးအတွက် ထိပ်တိုက်ရင်ဆိုင် မတွေ့အောင် ကြားခံနေတဲ့ နယ်မြေတစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ သူတို့ရဲ့ တည်ရှိမှုအတွက် အကြောင်းပြချက်က သူတို့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်းထက် အလေးပိုသာပါတယ်။ ဒါကြောင့်လည်း နိုင်ငံငယ်လေးတွေ တော်တော်များများက ရှင်သန်တည်ရှိ နေနိုင်ရတာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ ထာဂရ မိုးကောင်းကင် အင်ပါယာက ဒါတွေအားလုံးရဲ့ နောက်ကွယ်မှာ ရှိနေတယ်ဆိုရင် သူတို့ရဲ့ အကြောင်းပြချက်က ဘာများဖြစ်မလဲ။

သူတို့က ကြယ်ဥက္ကာ အင်ပါယာနဲ့ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခုကို ဆင်နွှဲချင်နေတာလား။

နောက်ပြီးတော့ ရွှေခြသေ့်နိုင်ငံက စစ်တပ်ဟာ ဒီမြစ်ကို ရောက်ပြီးတဲ့နောက်မှာ ရှေ့ဆက်မတိုးပဲ ရုတ်တရက် ရပ်တန့်လိုက်ပါတယ်။ သဘာဂရဲ့ အတားအဆီးက အကြောင်းပြချက် တစ်ခုဆိုပေမဲ့ လင်းဟန် ခံစားမိတာက ရွှေခြသေ့် နိုင်ငံရဲ့ ရည်မှန်းချက်က မြစ်ရဲ့ မြောက်ဘက်ပိုင်းက ပိုင်နယ်တွေကို သိမ်းပိုက်ရယူဖို့ပဲ ဖြစ်ပါတယ်။ သူတို့က မြစ်ကိုဖြတ်ကူးပြီး ကုန်းမြေတွေ ပိုပြီးတော့ သိမ်းပိုက်ရယူဖို့ စိတ်မဝင်စားပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ကြယ်ဥက္ကာ အင်ပါယာကလည်း အရှေ့ပိုင်း မိုးရေနိုင်ငံ သိမ်းပိုက်ခံလိုက် ရမှာကို ဘယ်လိုမှ ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။ ရွှေခြသေ့် နိုင်ငံက ဒါကို ဘယ်လိုလုပ် မသိပဲ နေမှာလဲ။ ကြယ်ဥက္ကာ အင်ပါယာက စစ်တပ်တစ်တပ်ကို စေလွှတ်လိုက်တာနဲ့ သူတို့တွေ သိမ်းပိုက်ထားတဲ့ ကုန်းမြေတွေ အားလုံးကို ပြန်ပေးရပါလိမ့်မယ်။

ဒီလိုဆိုမှတော့ ဒီတိုက်ပွဲကို ဘာဖြစ်လို့ စတင်ရတာလဲ။

ဒါမှမဟုတ်......။

ရွှေခြသေ့်နိုင်ငံရဲ့ ရည်ရွယ်ချက်က နယ်မြေတွေ သိမ်းပိုက်စိုးမိုးဖို့ လုံးဝမဖြစ်နိုင်ပါဘူး။

သူတို့ရဲ့ ရည်ရွယ်ချက် အစစ်အမှန်ကိုတော့ လင်းဟန်အနေနဲ့ လုံးဝကို မသိပါဘူး။ တကယ်လို့ သူက မြစ်ကိုကူးဖြတ်ပြီး သူ့ဘာသာသူ စုံစမ်းကြည့်မယ် ဆိုရင်တော့ အဖြေရှာတွေ့ကောင်း ရှာတွေ့နိုင်ပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်က ရန်သူ့စခန်းကို ထိုးဖောက်ဝင်ရောက်မဲ့ အဖွဲ့မှာ ရွေးချယ်ခံရတာနဲ့ ပတ်သက်ပြီး မဆန့်ကျင်ခဲ့ပါဘူး။ တကယ်တော့ သူကအခုဆိုရင် စစ်သား တစ်ယောက်ပါပဲ။ ဒါကြောင့် ဘယ်နေရာကိုမဆို သူသွားချင်တိုင်း မသွားနိုင်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ ရန်သူ့စခန်းကို ဝင်စီးနင်းမဲ့ အဖွဲ့ထဲ ပူးပေါင်းလိုက်ရင် ဒါတွေအားလုံး ပြောင်းလဲသွားပါလိမ့်မယ်။ သူက အဖွဲ့ကနေ ခွဲထွက်ပြီးတော့ ရန်သူ့ပိုင်နက်ထဲကို ပိုမိုဝင်ရောက်ပြီး စုံစမ်းရပါလိမ့်မယ်။

လင်းဟန်မှာ အနက်ရောင် မျှော်စင် ရှိပါတယ်။ ဒါကြောင့် သူ့ကိုယ်ပိုင် လုံခြုံရေးနဲ့ ပတ်သက်ပြီး သူ့အနေနဲ့ စိုးရိမ်ပူပန်ခြင်း မရှိပါဘူး။

သူက စွေ့ရန်ယွီကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး သေသေချာချာ ရှင်းပြလိုက်ပါတယ်။ စွေ့ရန်ယွီက သူ့ကိုတားလို့ မရဘူးဆိုတာကို

ကောင်းကောင်း သိနေတာကြောင့် သူမက ခေါင်းညိတ်ပြီး သဘောတူလိုက်ပါတယ်။

"နံပါတ်ကိုး ဘုရင်နဲ့ နီးနီးကပ်ကပ်ပဲနေ။ ဒါဆိုရင် မင်းအွန္တရာယ်တွေနဲ့ သိပ်ကြုံရမှာ မဟုတ်ဘူး"

လင်းဟန်က တိုက်တွန်းလိုက်ပါတယ်။ သူနဲ့စွေ့ရန်ယွီတို့ နှစ်ယောက်စလုံးက အခုဆိုရင် စစ်တပ်အဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတို့ဘာသာ သီးသန့် လှုပ်ရှားလို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ အရဲစွန့်မှုကြောင့် စစ်တပ်က အပြစ်ပေးခြင်းကို ခံရပါလိမ့်မယ်။

စွေ့ရန်ယွီက အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဟူဖေးယွင်က အရမ်းကို မြင့်မားတဲ့ အဆင့်အတန်း တစ်ခုရှိပေမဲ့ သူမရဲ့ တိုက်ပွဲစွမ်းရည်က အဲဒီလောက်လည်း အထင်ကြီးစရာ မကောင်းဘူး မဟုတ်လား။

"ငါ့ကိုယုံပါ။ တကယ်လို့ မင်းအွန္တရာယ်နဲ့ ကြုံတော့မယ်ဆိုရင် နံပါတ်ကိုး ဘုရင်ရဲ့ ဘေးနားကနေ မခွာနဲ့။ ဒီမိန်းကလေးရဲ့ တိုက်ပွဲစွမ်းရည်က မင်းခန့်မှန်းထားတာထက် အများကြီး ကျော်လွန်တယ်"

လင်းဟန်က သူမကို သတိပေးရုံသာ ပေးခဲ့ပြီး အမှန်အတိုင်း မပြောခဲ့ပါဘူး။

သူက နံပါတ်ကိုး ဘုရင်နဲ့ ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ အကြားက လျှို့ဝှက်ချက်ကို အမှတ်မထင် သိလိုက်ရပြီးတဲ့နောက်မှာ ကေရီ ဘုရင်မရဲ့ သတ်ဖြတ်ခြင်းကို ခံရလုနီးပါး ဖြစ်သွားပါတယ်။ ဒါကြောင့် ဒီလျှို့ဝှက်ချက်ကို စွေ့ရန်ယွီဆီ ပြောမပြတာက ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ မဟုတ်ဘူးဆိုရင် သူတို့အတွက် ပြဿနာ အကြီးကြီး ဖြစ်လာစေနိုင်ပါတယ်။

စွေ့ရန်ယွီက အသာအယာ ခေါင်းညိတ်ပြီးတော့ ပြန်ဖြေလိုက်တယ်။

"အင်း ကောင်းပြီလေ"

"မိန်းမ။ ငါတို့ဘာဖြစ်လို့ ကလေးတစ်ယောက် မယူတာလဲ။ တကယ်လို့ ငါပြန်မလာနိုင်ဘူးဆို ဘာလိုလုပ်မလဲ"

လင်းဟန်ရဲ့ လက်တွေက စတင်ပြီး ဗွေဖောက်လာခဲ့ပါတယ်။

စွေ့ရန်ယွီက သူ့ကို ချက်ချင်းပဲ မျက်လုံးပြူးကြည့်ပြီး အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။

"နင့်ကိုယ်နင် ဂြိုလ်ဆိုးမဂင်စေနဲ့"

စွေ့ရန်ယွီက လင်းဟာန်ကို ဘေးဘက်ကို တွန်းထုတ်ပြီးတော့ ပြေးထွက်သွားပါတယ်။

အဲဒီအချိန်မှာ ကျောက်လန်က စစ်တပ်စခန်းချထားတဲ့ နေရာရဲ့ အပြင်ဘက်က ကုန်းမြင့်ထိပ်မှာ သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီးတော့ ရပ်နေပါတယ်။ သူ့မှာရှိတဲ့ အစွမ်းထက် နတ်ဘုရား အာရုံကြောင့် စခန်းချထားတဲ့ နေရာတိုင်းကို မျက်လုံးတစ်လုံးနဲ့ စောင့်ကြည့်နေသလို မြင်နိုင်ပါတယ်။ သူ့မျက်နှာပေါ်မှာ အေးစက်စက် အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

လင်းဟာန် ဒီတစ်ကြိမ်တော့ မင်းအသက်ရှင်လျက်နဲ့ ပြန်လာနိုင်လိမ့်မယ်လို့ မစဉ်းစားနဲ့။

တညလောက် အနားယူပြီးတဲ့ နောက်မှာတော့ ကျောက်လန်နဲ့ ရန်သူ့စခန်းကို ဂင်ရောက် စီးနင်းမဲ့ အဖွဲ့ဟာ မနက်စောစောစီးစီး ထွက်လာခဲ့ ကြပါတယ်။ သူတို့က အဓိက တိုက်ပွဲနေရာတွေကို ပိုက်ကျော်ပြီးတော့ ရွှေခြသေ့် နိုင်ငံရဲ့ ကင်းထောက်တွေ မမြင်အောင် လမ်းကြောင်းပြောင်းပြီး သွားခဲ့ပါတယ်။ အဲဒီနောက် ညဘက်အရောက်မှာ သူတို့က အမှောင်ထုကို အသုံးချပြီးတော့ မြစ်ကိုကူးဖြတ်ပြီး ရွှေခြသေ့်နိုင်ငံရဲ့ စခန်းချရာ နေရာကို တရကြမ်း ဂင်ရောက်စီးနင်း တိုက်ခိုက်ဖို့ အစီအစဉ် ဆွဲထားပါတယ်။

ညရဲ့ အမှောင်ထုက ကျင့်ကြံသူတွေ အပေါ်မှာ အကျိုးသက်ရောက်မှု မရှိပေမဲ့ သာမန်လူတွေ အများစုက ညဘက်မှာ အိပ်စက်တဲ့ အလေ့အထ တစ်ခု ရှိနေပါသေးတယ်။ ဒါကြောင့် ညရဲ့ အမှောင်ထုကို အကာအကွယ် ယူပြီးတော့ တရကြမ်း ဝင်ရောက်တိုက်ခိုက်မှုတွေက အကျိုးသက်ရောက်မှု အရှိဆုံး ဖြစ်နေဆဲပါပဲ။

သူတို့တွေက ကီလိုမီတာ ရာပေါင်းများစွာ ခရီးထွက်လာပြီးမှ ပြင်းထန်တဲ့ မြစ်ကို စတင်ကူးဖြတ် လိုက်ကြပါတယ်။

စုစုပေါင်း လှေငါးစီး ရှိပါတယ်။ လှေတစ်စီးမှာ တစ်ကြိမ်ကို လူနှစ်ဆယ် သယ်ယူနိုင်ပါတယ်။ အဖွဲ့တစ်ခုလုံး မြစ်ကိုကူးဖြတ်နိုင်ဖို့ ဆယ်ကြိမ်လောက် အသွားအပြန် ကူးဖြတ်ရပါတယ်။

"ဟင်"

"ဟာ"

"အာ"

မြစ်ကိုကူးဖြတ်ပြီးတဲ့ နောက်မှာတော့ သူတို့အားလုံး အံ့အားသင့်သွားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြစ်ရဲ့ ဒီဘက်ခြမ်းက

ကုန်းမြေဟာ သေခြင်းတရား အငွေ့အသက်တွေ သိပ်သည်းစွာ ထူထပ်နေလို့ ဖြစ်ပါတယ်။

ကုန်းမြေက တစပြင်လို ခြောက်ကပ်နေပြီး သစ်ပင် ပန်းမန်တွေ အားလုံးဟာ ညှိုးနွမ်း ခြောက်သွေ့ကာ သေဆုံးနေကြပါတယ်။ ပိုးကောင်မွှားကောင်လေးတွေရဲ့ အသံတောင်မှ မကြားရပါဘူး။

ဒီကုန်းမြေဟာ သုသာန်တစပြင် တစ်ခုလို ဖြစ်နေပါတယ်။

"ကျောက်သခင်လေး ဒီနေရာက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ ထူးဆန်းတယ်။ ကျနော်တို့ အရင်ဆုံး အဓိက စခန်းကို သတင်းပြန်ပို့သင့်လား"

ကျောက်လန်ကို ထောက်ခံတဲ့ ကျောင်းသား တစ်ယောက်က ပြောလိုက်ပါတယ်။

Chapter 1060 end

အပိုင်း(1061) မျှော်လင့်မထားတဲ့ လက်ရွေးစင်တွေ

ကျောက်လန်က သူ့မျက်ခုံးကို တွန့်လိုက်ပါတယ်။ ဒီနေရာက သုသာန်တစပြင်လိုမျိုး ဖြစ်နေပြီး သူခန့်မှန်းထားတာနဲ့ တခြားစီပါပဲ။

ဒီနေရာမှာ ဘာတွေဖြစ်ကုန်တာလဲ။

သူက စစ်နည်းဗျူဟာနဲ့ ပတ်သက်ပြီး တော်တော်များများ သင်ယူခဲ့တယ် ဆိုပေမဲ့ ဒီလိုမျိုး ဗဟုသုတက သူ့ကို နည်းဗျူဟာပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ အဆင့်တစ်ခုရောက်အောင် မြှင့်တင်ပေးနိုင်ရုံပါပဲ။ အစစ်အမှန် တိုက်ပွဲအတွေ့အကြုံနဲ့ ပတ်သက်လာရင်တော့ ကွင်းပြင်မှာ ထင်ထင်ရှားရှား တစ်ခုတည်း ရပ်တည်နေတဲ့ အဆောက်အအုံ တစ်ခုလိုမျိုး တစ်သီးတစ်ခြား ဖြစ်နေပါတယ်။ ဒါကြောင့် သူ့အရှေ့က ဒီလိုမျိုး တခါမှ မမြင်ဖူး မြင်ကွင်းကြောင့် ရုတ်တရက် လုံးဝကို မှင်တက်အံ့သြ သွားခဲ့ပါတယ်။

"သခင်လေးကျော်က အခြေအနေက ထူးဆန်းတယ်။ ကျနော်တို့ လုံခြုံရေးကို ဂရုစိုက်ပြီး မူလအစီအစဉ်ကို စွန့်လွှတ်သင့်တယ်"

နောက်ထပ်ကျောင်းသား တစ်ယောက်က အကြံပြုလိုက်ပါတယ်။ သူတို့လည်းကျောက်လန်ကို ထောက်ပံ့အားပေးသူတွေ ဖြစ်ပါတယ်။

ကျောက်လန်က ဒီအကြံပြုချက်ကို တဒင်္ဂခန့် စဉ်းစားပြီးတဲ့နောက်မှာ သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မဟုတ်ဘူး။ မူလအစီစဉ် အတိုင်းပဲ ဆက်သွားမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့က ညဘက်မှာ လာပြီးတော့ တိုက်ခိုက်တာဖြစ်တယ်။ ပြီးတော့ အဓိက စစ်တပ်ကလည်း

ချိန်သားကိုက် တစ်ဟုန်ထိုး တိုက်ခိုက်လိမ့်မယ်။ ငါတို့အတွက် ပြန်ပြီးတော့ သတင်းပို့စရာ မလိုဘူး”

ဒါက စစ်တပ်တစ်ခုကို ပထမဆုံးအကြိမ် ဦးဆောင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး သူက လမ်းတစ်ဂက်မှာ လက်လျှော့နိုင်မှာလဲ။ နောက်ပြီး သူက လင်းဟန်ကို ပြင်းပြင်းထန်ထန် မုန်းတီးနေတာကြောင့်လည်း ဒီလိုမျိုး ရွှေရောင်တလက်လက် တောက်ပနေတဲ့ အခွင့်အရေးကို ဘယ်လိုလုပ် လွဲချော်ခွင့် ပြုနိုင်မှာလဲ။

ရန်သူ့စခန်းကို ဂင်ရောက်စီးနင်းမဲ့ အဖွဲ့က ညအမှောင်ထု ကြီးစိုးလာတဲ့အထိ စောင့်နေကြ ပါတယ်။ အမှောင်ထု ကြီးစိုးလာတာနဲ့ သူတို့က တခါတည်း ဂင်ရောက်တိုက်ခိုက် ကြပါလိမ့်မယ်။

အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့ပါတယ်။ လမင်းကြီးက မိုးကောင်းကင်ပေါ် မြင့်တက်လာပြီး သူတို့အဖွဲ့က ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ် စခန်းချရာ နေရာကို ခိုးကြောင်ခိုးဂှက်နဲ့ ပုန်းလျှိုးကွယ်လျှိုး ချီတက်လာခဲ့ပါတယ်။

သူတို့က လူနည်းစု ဖြစ်ပြီးတော့ သူတို့မှာ နေလအဆင့် လက်ရွေးစင် တစ်ယောက်ပဲ ပါဂင်ပါတယ်။ ဒါကြောင့် သူတို့က

အများကြီး ထိခိုက်ပျက်စီးမှု ဖြစ်စေမယ်လို့ အိပ်မက်မမက် ခဲ့ပါဘူး။ သူတို့ရဲ့ ရည်ရွယ်ချက်က ရိုးရှင်းပါတယ်။ ရွှေခြသေ့် စစ်တပ်ရဲ့ စခန်းချတဲ့ နေရာမှာ ဖရိုဖရဲ ဖြစ်သွားဖို့ပါပဲ။ တချိန်တည်းမှာ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ စစ်တပ်က မြစ်ကို အလွယ်တကူ ကူးဖြတ်လို့ ရလာပါလိမ့်မယ်။

သူတို့က ပြင်းထန်တဲ့ မြစ်ကို ထိန်းချုပ်နိုင်တာနဲ့ သူတို့က မြင်းကိုဦးချို တပ်လိုက်သလိုမျိုးပဲ တန်ပြန်တိုက်စစ်ကို စတင်ပါလိမ့်မယ်။ တကယ်လို့ ဒီသဘာဝ အတားအဆီး ကျန်နေဦးမယ် ဆိုရင် ဘယ်စစ်တပ်အတွက်မဆို ချိုးဖျက်လို့ မရနိုင်တဲ့ ခံစစ်တစ်ခု ဖြစ်ပါလိမ့်မယ်။

မိုးကောင်းကင်က မည်းမှောင်နေပြီး အလစ်တိုက်ခိုက်မဲ့ လူတစ်ထောင် အုပ်စုကလည်း ရွှေခြသေ့် နိုင်ငံရဲ့ စခန်းချတဲ့ နေရာကို တိတ်ဆိတ်ငြိမ်သက်နေတဲ့ တစ္ဆေသရဲတွေလို ချဉ်းကပ်လာခဲ့ပါတယ်။

ညဘက်ဆိုပေမဲ့ ရန်သူတွေ စခန်းချနေတဲ့ နေရာမှာ ရောမ မီးတုတ်တွေ စိုက်ထားတာကြောင့် လင်းထိန်လို့ နေပါသေးတယ်။

ဒါပေမဲ့လည်း သူတို့ရဲ့ ရည်မှန်းချက်က ရန်သူရဲ့ စခန်းကို အလစ်အငိုက် ဂင်ရောက်စီးနင်း တိုက်ခိုက်ဖို့ ဖြစ်ပါတယ်။

"တိုက်"

ကျောက်လန်ရဲ့ အမိန့်သံ နောက်ကနေ အလစ်ငိုက် တိုက်ခိုက်မဲ့ အဖွဲ့က ချက်ချင်းပဲ ရန်သူ့ စခန်းပေါ်ကို ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ ပစ်လွှတ်တိုက်ခိုက် လိုက်ကြပါတယ်။

သူတို့အုပ်စုက လူပေါင်းတစ်ထောင်ပဲ ရှိတယ်ဆိုပေမဲ့ အဖွဲ့ဝင်တွေရဲ့ အနိမ့်ဆုံး ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ရန်သူတွေဆီကို ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေလိုမျိုး တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။

သူတို့က တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်ရင်းနဲ့ အရမ်းကိုကျယ်လောင်တဲ့ မာန်သွင်းသံတွေကိုပါ အော်ဟစ်ပြီး သူတို့ရဲ့ ရန်သူတွေကို ကြောက်စိတ်မွှန်အောင် ထည့်သွင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ မြစ်ရဲ့တစ်ဖက်ကမ်းမှာ ရှိနေတဲ့ သူတို့ရဲ့ မဟာမိတ်တွေ အတွက်လည်း တိုက်ခိုက်ဖို့ အချက်ပြလိုက်ပါတယ်။

တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ထောင်ရဲ့ တစ်ပေါင်းတစ်စည်းထဲ အော်ဟစ်လိုက်တဲ့ အသံက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိနေတဲ့ သူတွေကို သွေးအန်သွားစေတဲ့အထိ အစွမ်းထက် မြက်လွန်းပါတယ်။ အဆင့်တစ်ဆယ် ဟာရီကိန်း မုန်တိုင်းတစ်ခု

ထိမှန်သွားသလိုမျိုး ရန်သူတွေ စခန်းချထားတဲ့ နေရာက ရွက်ဖျင်တဲတွေက မြေကြီးပေါ်ကို လဲပြိုကျကုန်ပါတယ်။

ရွှေခြသေ့် နိုင်ငံရဲ့ စစ်တပ်က ချက်ချင်းဆိုသလို ဂရုန်းသုန်းကား ဖြစ်ကုန်ပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အသံလှိုင်းတွေရဲ့အောက်မှာ အမိန့်ပေးသူတွေရဲ့ အမိန့်သံတွေတောင် ဖုံးလွှမ်းခံလိုက် ရပါတယ်။ ရန်သူ့စစ်တပ်က ခေါင်းမရှိတဲ့ နဂါးတစ်ကောင်နဲ့ တူနေပါတယ်။

"ဟင့်"

အေးစက်စက် နှာခေါင်းရှုံ့သံတစ်ခု ထွက်ပေါ်လာပြီးတော့ ရွှေရောင်တလက်လက် တောက်ပနေတဲ့ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားတဲ့ ဗိုလ်ချုပ်တစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူက အလံတိုင်ရဲ့ ထိပ်မှာ ရပ်နေပြီး သူ့ခန္ဓာကိုယ်က ကိုးမီတာ အမြင့်လောက် ရှိပါတယ်။ သူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေကနေ အံ့အားသင့်စရာ ကောင်းလောက်အောင် ချော်ရည်လို အနီရောင် ရဲရဲတွေ တလက်လက် တောက်ပလို့ နေပါတယ်။

"မဟာဗိုလ်ချုပ် ကြက်သွေးရောင် မီးတောက်"

ရွှေခြသေ့်နိုင်ငံရဲ့ စစ်သားတွေက ချက်ချင်းပဲ တည်ငြိမ်သွားပါတယ်။ လက်ရှိထွက်ပေါ်လာတဲ့ လူက အရာအားလုံးကို ဖြေရှင်းပေးနိုင်သလိုမျိုး ဖြစ်နေပါတယ်။

သူက လှိုချင်း ဖြစ်ပြီးတော့ ရွှေခြသေ့်နိုင်ငံရဲ့ မဟာဗိုလ်ချုပ်တစ်ယောက် ဖြစ်ပါတယ်။ သူ့ဘွဲ့ထူးက ကြက်သွေးရောင် မီးတောက် ဖြစ်ပြီးတော့ သူဟာ ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ်အတွက် နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။ သူက စစ်တပ်တွေကို ဦးဆောင်ပြီး တိုက်ပွဲပေါင်း တစ်ရာ့ကိုးပွဲ ဆင်နွှဲခဲ့ကာ ခုနစ်ပွဲပဲ ရှုံးနိမ့်ခဲ့ပါတယ်။ သူ့ရဲ့ အမိန့်ပေး ဦးဆောင်မှု အရည်အချင်းက နတ်ဘုရား တစ်ပါးလိုပဲလို့ ပြောဆိုကြပါတယ်။

သူက စစ်တပ်ရဲ့ စိတ်ဝိညာဉ် ဖြစ်ပြီး သူရှိနေသရွေ့ စစ်တပ်က ထိုက်တောင်တန်းကြီးလို ခိုင်မာတောင့်တင်း နေပါလိမ့်မယ်။

"သူတို့က ဘာမဟုတ်တဲ့ အမိုက်ကလေးတွေပါ။ ဘာဖြစ်လို့ ကြောက်နေမှာလဲ"

လှိုချင်းရဲ့ ကျယ်လောင်တဲ့ အသံက စခန်းတစ်ခုလုံးကို ဖုံးပေါက်သလို ကျယ်လောင်စွာနဲ့ ပျံ့နှံ့သွားပါတယ်။

"ဟုတ်တယ် ငပျော့ကောင်တွေ"

ရွေးခြယ်သော့် နိုင်ငံရဲ့ စစ်သားတွေ အားလုံးက သဘောတူညီစွာနဲ့ အော်ဟစ်လိုက် ကြပါတယ်။ သူတို့ရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်မှုတွေ နာကျင်မှုတွေ အရိပ်အယောင် နည်းနည်းမှ မရှိတော့ပါဘူး။

သူတို့အားလုံးက သူတို့ရဲ့ လက်နက်တွေကို မြှောက်ပြီးတော့ ကျယ်လောင်စွာနဲ့ အော်ဟစ်ပြီး အလစ်ဝိုက်ဖမ်း တိုက်ခိုက်တဲ့ အုပ်စုဆီကို တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။ သူတို့တွေက တောင်မြစ်အဆင့်မှာပဲ ရှိတယ်ဆိုပေမဲ့ သူတို့ရဲ့ စိတ်ဓာတ်တက်ကြွမှုက အလစ်ဖမ်း တိုက်ခိုက်တဲ့ အဖွဲ့ထက် မနိမ့်ကျခဲ့ပါဘူး။

ချက်ချင်းဆိုသလို နှစ်ဖက်အဖွဲ့က ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလိုက်ပါတယ်။

ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျောင်းသားတွေက ကျင့်ကြံခြင်းအဆင့် ပိုမြင့်တာကြောင့် သူတို့က ချက်ချင်းပဲ သူတို့ရန်သူတွေ အပေါ်မှာ အသာစီးရယူကာ စိတ်တိုင်းကျ တိုက်ခိုက် လိုက်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ အသာစီးရမှုတွေက တိုက်ပွဲထဲကို လက်ရွေးစင်တွေ ပိုဝင်လာတဲ့ အချိန်မှာ ပျောက်ကွယ်သွားခဲ့ပါတယ်။

ရန်သူ့စစ်တပ်က ကြီးမားတဲ့ စစ်တပ်ကြီးတစ်ခု ဖြစ်ပါတယ်။ ဒါကြောင် သူတို့မှာ တောင်မြစ်အဆင့် စစ်သားတွေ ထောင်နဲ့ချီပြီးတော့ ရှိနိုင်ပါတယ်။

လင်းဟာန်က ခုခံရုံသာ ခုခံပြီး ထူးထူးခြားခြား ဘာမှမလုပ်ပြခဲ့ပါဘူး။

ဒါက သူ့ရဲ့တိုက်ပွဲ မဟုတ်သလို ရွှေခြသေ့်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်ရအောင်လည်း ရန်စ နည်းနည်းမှ မရှိပါဘူး။ သူက အရှေ့ပိုင်း မိုးရေနိုင်ငံနဲ့တောင် ပတ်သက်မှု နည်းနည်းမှ မရှိခဲ့ပါဘူး။ ဒါကြောင့် သူက ဘာဖြစ်လို့ တခြားအပြစ်ကင်းစင်တဲ့ သူတွေကို သတ်ရမှာလဲ။

သူက ထူးထူးခြားခြား ဘာမှမလုပ်ခဲ့တာကြောင့် အစွမ်းထက်တဲ့ ရန်သူ့လက်ရွေးစင်တွေက သူ့ကို ပစ်မှတ်မထားခဲ့ ကြပါဘူး။

လင်းဟာန်က ဖိအားနည်းနည်းမှ မရှိပဲ တိုက်ခိုက်နေရင်းနဲ့ ဒီနေရာက ဘာဖြစ်လို့ သုသာန်တစပြင်လို သေခြင်းတရားတွေနဲ့ ပြည့်နှက်နေရလဲ ဆိုတာကို ဆက်လက်စူးစမ်း နေမိပါတယ်။ နိုင်ငံတစ်ခုက စစ်တပ်တစ်ခုကို စေလွှတ်လိုက်ပြီ ဆိုတာနဲ့ သူတို့ရဲ့ ရည်ရွယ်ချက်က အမြဲတမ်းလိုလို သိမ်းပိုက်ဖို့ ဖြစ်ပါတယ်။ သတ်ဖြတ်ဖို့ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီနေရာမှာ လူတွေသေဆုံးကုန်တဲ့ အပြင် အပင်တွေ တိရိစ္ဆာန်တွေနဲ့ ပိုးမွှားတွေ အားလုံးတောင်မှ အမြစ်ပြုတ်ကုန်ပါတယ်။ ဒါကဘာတွေ ဖြစ်ကုန်တာလဲ။

ရုတ်တရက် ဆိုသလို အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး လင်းဟာန်ရဲ့ နှလုံးသား တင်းကျပ်လာပါတယ်။ သူက အလျင်အမြန်ပဲ ခုန်ပြီးတော့ သူ့ဘယ်ဘက်ကို ခုန်လိုက်ပါတယ်။

ပုန်း။

သူစောစောတုန်းက ရပ်နေတဲ့ မြေပြင်က ချက်ချင်းပဲ ပေါက်ကွဲသွားပါတယ်။ ဖျက်ဆီးခြင်း စွမ်းအားလှိုင်း တစ်ခုက မိုးကောင်းကင်ထိ ထိုးတက်သွားပြီး သူ့ပြိုင်ဘက်ကို အစိတ်စိတ် အပိုင်းပိုင်း စုတ်ပြတ်သွားစေခဲ့ပါတယ်။

ဒီအားလှိုင်းက မြေကြီးကနေ ပန်းထွက်လာတာ ဖြစ်ပြီးတော့ တောင်မြစ်အဆင့် ကျင့်ကြံသူတစ်ယောက် တိုက်ခိုက်နိုင်တဲ့ အစွမ်း မဟုတ်ပါဘူး။ ဒီတိုက်ခိုက်မှုက မြေကြီးကနေ ဖြတ်လာပြီးတာတောင် မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်နေ ပါသေးတယ်။ ဒီတော့ တိုက်ခိုက်သူက နေလအဆင့်မှာ ရှိတယ်လို့ ဆိုလိုပါတယ်။

တကယ်လို့ တိုက်ခိုက်သူက ရန်သူ့လက်ရွေးစင် တစ်ယောက်ဆိုရင် ဘာဖြစ်လို့ သူတို့က အလစ်ငိုက်ဖမ်းပြီး တိုက်ခိုက်စရာ လိုမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ဖက်စလုံးက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေတာကြောင့် သူတို့အနေနဲ့ ရိုးရိုးလေးပဲ သူ့ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး တိုက်ခိုက်နိုင်ပါတယ်။

ဒီလိုဆိုမှတော့ ဖြစ်နိုင်ချေ တစ်ခုပဲ ကျန်ပါတော့တယ်။

တိုက်ခိုက်သူက ကျောက်လန် ဖြစ်ပါတယ်။

လင်းဟန်က ကျောက်လန်ဆီကို ကြည့်လိုက်တဲ့ အခါမှာ ကျောက်လန်က လက်ရှိမှာ လျှိုချင်းနဲ့ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲလို့ နေပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်က သူ့ကို မျက်စိဝေ့ကြည့် လိုက်တဲ့အခါမှာ အကြည့်ချင်း ဆုံသွားပြီးတော့ သူ့မျက်လုံးတွေမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ပြည့်နှက်လို့ နေပါတယ်။

တိုက်ခိုက်လိုက်တဲ့သူက ကျောက်လန်ပဲဆိုတာ လုံးဝကို သံသယဝင်စရာ မလိုပါဘူး။

"ထူးဆန်းတယ်။ သူက လျှိုချင်းနဲ့ သူမသာ ကိုယ်မသာ အခြေအနေတစ်ခုရောက်အောင် တိုက်ခိုက် နိုင်သလား"

လျှိုချင်းရဲ့ နောက်ကျောဘက်မှာ နေလနှစ်စင်းကို လင်းဟန်က ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင် ပါတယ်။ ဒီအမှတ်အသားက သူ့ကျင့်ကြံခြင်း အဆင့်ဟာ နေလအဆင့်ရဲ့ ပြင်းထန် အလယ်အလတ်ရဲ့ နောက်ပိုင်းအဆင့်မှာ ရှိတယ်လို့ ဆိုလိုပါတယ်။ အဲဒီအချိန်မှာ ကျောက်လန်က နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်ကာစ ဖြစ်ပြီးတော့ သူ့နောက်ကျောမှာ ဆိုးဆိုးဝါးဝါးကို သေးငယ်တဲ့ နေတစ်စင်းကို တွေ့မြင်နိုင်ပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် ကွာခြားမှုက အနည်းဆုံး ကြယ်ခုနစ်ပွင့် ရှိပါတယ်။ ဒါပေမဲ့လည်း ကျောက်လန်က ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်ပဲ ဖြစ်ပြီးတော့ ဒီနေရာမှာ နိုင်ငံစွမ်းအားကို ဆွဲမသုံးနိုင်ပါဘူး။ သူနဲ့ သူ့ပြိုင်ဘက် အကြားက ကြယ်သုံးလုံးကွာနေတဲ့ တိုက်ပွဲစွမ်းရည်က ဘယ်ကနေ ရောက်လာတာလဲ။ သူက ရုတ်တရက်ကြီး ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်သွားတာလား။

နေပါဦး။ မဟုတ်သေးဘူး။

ချက်ချင်းဆိုသလို ကျောက်လန်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဂုတ်ဆင်ထားတဲ့ ချပ်ဂုတ်ကနေ နတ်ဘုရား အလင်းတွေ တောက်ပနေတာကို လင်းဟန်က တွေ့မြင်လိုက်ပါတယ်။

ပုံစံကြည့်ရတာ ဒီချပ်ဂတ် အကျီအားကိုးနဲ့ ကျောက်လန်က တိုက်ခိုက်နေနိုင်တာ ဖြစ်ပါလိမ့်မယ်။

တန်ဖိုးကြီးတဲ့ ရတနာ။ ဒါက တကယ့်ကို တန်ဖိုးကြီးတဲ့ ရတနာပစ္စည်း တစ်ခုပဲ။

ချပ်ဂတ်တန်ဆာလေး တစ်ခုက ကျောက်လန်ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်သုံးလုံး တိုးပေးနိုင်စွမ်း ရှိနေပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ကျောက်လန်က သဲလွန်စ နည်းနည်းလေးမှတောင် ချန်မထားပါဘူး။ ဒါကြောင့် သူက ဒီလိုမျိုး လျှို့ဝှက်တဲ့ နည်းလမ်းတွေနဲ့ လင်းဟန်ကို တိုက်ခိုက်တဲ့ နေရာမှာ အသုံးပြုနိုင်ခဲ့ပါတယ်။ ကံကောင်းတာက လင်းဟန်ရဲ့ တုံ့ပြန်မှုက အရမ်းကို လျင်မြန်လို့ပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူ့ရဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့တောင် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပါလိမ့်မယ်။

"ဟားဟားဟား ဒီတစ်ကြိမ်တော့ ဒီအမိုက်စတွေကို ချေမှုန်းပစ်ရမဲ့ အချိန်ကို ရောက်ပြီပဲ"

ဟာက်ဟာက်ပက်ပက် ရယ်မောသံနဲ့အတူ လက်ရွေးစင်
ရာနဲ့ချီပြီးတော့ တိုက်ပွဲထဲမှာ ပေါ်ထွက်လာခဲ့ပါတယ်။
သူတို့အားလုံးရဲ့ အနောက်မှာ နေတွေလတွေ ရှိနေပါတယ်။

နေလအဆင့် လက်ရွေးစင် ရာပေါင်းများစွာ။

တစ်ခုသတိပြုရမှာက ရွှေခြသေ့်နိုင်ငံမှာတောင် နေလအဆင့်
လက်ရွေးစင်တွေ စုစုပေါင်း တစ်ရာကျော်ကျော်လောက်ပဲ
ရှိပါတယ်။ အခုတော့ နေလအဆင့် လက်ရွေးစင် ရာပေါင်းများစွာက
ရုတ်တရက် ထွက်ပေါ်လာပါတယ်။ ဒါက ဘယ်လိုမျိုးလဲ။

လင်းဟာန်ရဲ့ နှလုံးသားက တဒုတ်ဒုတ် ခုန်သွားပါတယ်။

ဒီလက်ရွေးစင်တွေက ထာဂရ မိုးကောင်းကင် အင်ပါယာက
လက်ရွေးစင်တွေပဲ။

ဒီနေရာမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေ အားလုံးဟာ
အစကတည်းက အရမ်းကို ထူးခြားလွန်း နေပါတယ်။ အခု ထာဂရ
မိုးကောင်းကင် အင်ပါယာက လက်ရွေးစင်တွေ
ထွက်ပေါ်လာပြီးတော့ ရွှေခြသေ့်နိုင်ငံဟာ ထာဂရ မိုးကောင်းကင်
အင်ပါယာရဲ့ ကူညီပေးမှုကို တစ်ချိန်လုံး ရရှိနေပြီးမှ

ကျူးကျော်လာခဲ့တယ်လို့ လင်းဟန်က
ကောက်ချက်ဆွဲလိုက်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာက ဘာဖြစ်လို့ သုဿန်တစပြင်လို
နေရာတစ်ခု အဖြစ်ကို ပြောင်းလဲသွား ရတာလဲ။

Chapter 1061 end

အပိုင်း(1062) ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်အရှိန်အဝါ

"ပြေး"

ဂင်ရောက်စီးနင်းတဲ့ အဖွဲ့ဂင်တွေ အားလုံးက အံ့အားသင့်မှုနဲ့အတူ
ကြက်သေသေကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်ပါတယ်။
ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ်ဘက်ကနေ နေလအဆင့် လက်ရွေးစင်
ရာပေါင်းများစွာ ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။

ဒီလိုမျိုး လွှမ်းမိုးနိုင်တဲ့ စွမ်းအားတစ်ခု အရှေ့မှာ သူတို့က
ဘာမှမဟုတ်ပါဘူး။

"မင်းထွက်ပြေးလို့ ရမယ်လို့ ထင်နေတာလား"

နေလအဆင့် လက်ရွေးစင်တွေ တိုက်ခိုက်လိုက်တာနဲ့
တောင်မြစ်အဆင့် ကျင့်ကြံသူတွေက ခုခံလို့ မရနိုင်ပါဘူး။

သူတို့အားလုံး ချက်ချင်းပဲ ထိန်းချုပ်ခံလိုက် ရပါတယ်။ ကံကောင်းတာက နေလအဆင့် လက်ရွေးစင်တွေဟာ သူတို့ကို သတ်ပစ်ဖို့ စိတ်မကူးထားခဲ့ပါဘူး။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကို ပိတ်ဆို့ပြီးတော့ ဘေးဘက်ကို ပစ်ထုတ်လိုက်ပါတယ်။

ကျောက်လန် တစ်ယောက်ပဲ ရန်သူတွေ ထူထပ်စွာ ဝိုင်းရံထားတဲ့ကြားနေ ထိုးဖောက်ထွက်ပြေး သွားခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်က ချပ်ဂုတ်တန်ဆာက သူ့ကို ပျံသန်းလို့တောင် ရစေခဲ့ပြီး အစွမ်းထက်တဲ့ ခုခံမှုနဲ့ပါ ပေါင်းလိုက်ရင် နေလအဆင့် လက်ရွေးစင် အရေအတွက် အများကြီးတောင်မှ သူ့ကို မဖမ်းဆီးနိုင်ခဲ့ပါဘူး။

အဲဒီအချိန် ဖရိုဖရဲ ဖြစ်နေတဲ့ တိုက်ပွဲထဲမှာ တခြားလူတစ်ယောက်လည်း ပျောက်သွားတာကို ဘယ်သူမှ သတိမထားမိခဲ့ပါဘူး။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ပြေးဝင်ပုန်းလိုက်ခြင်း ဖြစ်ပါတယ်။

"သူတို့ကို ဖမ်းထားလိုက်"

လက်ရွေးစင် တစ်ယောက်က အမိန့်ပေးလိုက်ပါတယ်။

"အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို ဘယ်သူမှ နှောင့်ယှက်ခွင့် မပြုဘူး"

"နားလည်ပါပြီ"

တိုက်ပွဲကွင်းပြင်က ချက်ချင်းဆိုသလို သန့်ရှင်းသွားပါတယ်။ တချိန်တည်းမှာပဲ မြစ်ကို ဖြတ်ကူးလာတဲ့ အရှေ့ပိုင်း မိုးရေနိုင်ငံက စစ်တပ်ကို မရေမတွက်နိုင်တဲ့ ကျောက်တုံးတွေပစ်တဲ့ ပစ္စည်းနဲ့ ပစ်ခတ်လိုက်ပြီး ကသောင်းကနင်း ဖြစ်စေခဲ့ပါတယ်။ အနည်းဆုံး အရှေ့ပိုင်း မိုးရေနိုင်ငံ စစ်တပ်ရဲ့ လေးပုံတစ်ပုံခန့်ဟာ ပြင်းထန်တဲ့ မြစ်ရဲ့ ဂါးမျိုခြင်းကို ခံလိုက်ရပါတယ်။

ကျန်နေတဲ့ စစ်သားတွေ အားလုံးက အလျင်အမြန် ထွက်ပြေးပြီး အရှေ့ကို ဆက်မတိုးလာ ပံ့တော့ပါဘူး။

သူတို့ကို ဘယ်သူကမျှ ရွှေခြသေ့်နိုင်ငံရဲ့ စစ်တပ်ကို အရင်ဆုံး လေ့လာစုံစမ်းခြင်း မရှိပဲ စုစည်းပြီး တိုက်ခိုက်ဖို့ ပြောလို့လဲ။ ဒါကြောင့်လည်း သူတို့တွေက ဆိုးဂါးတဲ့ ရှုံးနိမ့်မှု တစ်ခုကို ခံစားရတာ သဘာဝကျပါတယ်။

ကံကောင်းတာက ထာဂရ မိုးကောင်းကင် အင်ပါယာက ကြယ်ဥက္ကာ အင်ပါယာနဲ့ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု စတင်ဖို့ စိတ်မကူးထားပါဘူး။ ဒါကြောင့် သူတို့ရဲ့ အင်အားစုတွေကို ဘေးမှာပဲ ပုန်းကွယ်နေပြီး သင်တန်းကျောင်းက ကျောင်းသားတွေကို ဆိုးဆိုးဝါးဝါး မဖြစ်စေပဲ ဖမ်းရုံပဲ ဖမ်းဆီးထားခဲ့ပါတယ်။

သူတို့မှာ လျှို့ဝှက်အကြံအစည်တစ်ခု ရှိနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ကနေ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်ကြည့်နေပါတယ်။ စောစောတုန်းက လက်ရွေးစင် တစ်ယောက်ရဲ့ ပါးစပ်ကနေ အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို ဘယ်သူမှ နှောင့်ယှက်ခွင့် မပြုဘူးလို့ လွှတ်ခနဲ ထွက်သွားခဲ့ပါတယ်။ ဟုတ်ပါတယ်။ တစ်ယောက်ယောက်က သူတို့အနားမှာ ပုန်းကွယ်ပြီးတော့ နားထောင်နေလိမ့်မယ်လို့ သူက ဘယ်လိုလုပ် သိမှာလဲ။ ဒါကြောင့် သူ့စကားတွေက လွှတ်ခနဲ ပြောမိတယ်လို့ မှတ်ယူလို့ မရနိုင်ပါဘူး။

ဒီစကားရဲ့ အချက်အလက်တွေက အရမ်းကို များပြားလွန်းပါတယ်။

ဒီလောက်ဆို လုံလောက်ပါပြီ။ ဒါတွေအားလုံးရဲ့ နောက်ကွယ်မှာ ထာဂရ မိုးကောင်းကင် အင်ပါယာ ရှိနေပါတယ်။ ဒါကြောင့် သူတို့က ရွေးခြယ်သော့် နိုင်ငံကို လှုပ်ရှားဖို့ တိုက်ရိုက် အမိန့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

လင်းဟန်က အရမ်းကို သိချင်စိတ်တွေ ပြင်းပြလာပါတယ်။ ထာဂရ မိုးကောင်းကင် အင်ပါယာက ဒီမြေပေါ်ကနေ ဘာများအလိုရှိနေတာလဲ။

သိပ်မကြာခင်မှာပဲ ပတ်ဂန်းကျင်က လုံးဂကို တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပါတယ်။

ထာဂရ မိုးကောင်းကင် အင်ပါယာက ကုန်းမြေတော်တော်များများကို သိမ်းပိုက်ထားပြီး စစ်တပ်ကြီး တစ်ခုကို အသုံးချကာ ပြင်းထန်တဲ့မြစ်ကို ပိတ်ဆို့ထားပါတယ်။ ဒီနေရာမှာ သူတို့တွေ လျှို့ဝှက်တဲ့ တစ်စုံတစ်ရာကို လုပ်နေတယ်ဆိုတာ ထင်ရှားပါတယ်။ လင်းဟန်က ဒီရန်သူ့ အခြေစိုက် စခန်းထဲမှာ သတင်းအချက်အလက်တွေ ပိုပြီးတော့ စုဆောင်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒါက အပြင်ဘက်စည်း တစ်ခုသာသာပါပဲ။

သူက အရှေ့ပိုင်း မိုးရေနိုင်ငံထဲကို ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်း စွန့်စားဝင်ရောက်လာလေ ပိုပြီးတော့ တုန်လှုပ်ချောက်ချား လာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပတ်ဂန်းကျင်တွေက သုသာန်တစပြင်လို တိတ်ဆိတ်ငြိမ်သက်နေပြီး သက်ရှိတွေအားလုံး အမြစ်ဖြုတ် သုတ်သင်ခံရတဲ့ သဲလွန်စတွေနဲ့ တွေ့ရပါတယ်။

လင်းဟန်က သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ဆင့်ခေါ်ပြီးတော့ သေသေချာချာ ဂရုတစိုက်နဲ့ ရှာဖွေမှုကို စတင်လိုက်ပါတယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက မယုံနိုင်စရာ ကောင်းလောက်အောင် လျှင်မြန်ပြီး လင်းဟန်ရဲ့ မျက်လုံးတွေကလည်း အရမ်းကို စူးရှထက်မြက်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ရှာဖွေမှုကလည်း အရမ်းကို လျှင်မြန်ပါတယ်။ သူက အချိန်တိုတိုလေး အတွင်းမှာ အရမ်းကို ကြီးမားတဲ့ ကုန်းမြေတစ်ခုကို ရှာဖွေလို့ ပြီးသွားခဲ့ပါတယ်။

သူ့အရှေ့က ကုန်းမြေက ရုတ်တရက်ဆိုသလို ကောင်းကင်ဘုံ မီးတောက်တစ်ခုကြောင့် လောင်ကျွမ်းနေသလိုမျိုး နီရဲလို့ လာခဲ့ပါတယ်။

ပုန်း။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသလိုမျိုး တုန်ခါလာခဲ့ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ကုန်းပေါ်ကို ဆင်းသက်ပြီး လွန်းပျံကို ပြန်သိမ်းလိုက်ပါတယ်။ အဲဒီနောက် သူက နတ်ဘုရားအာရုံနဲ့ သူ့ပတ်ဝန်းကျင်ကို ဂရုတစိုက် လေ့လာစူးစမ်း လိုက်ပါတယ်။

ဒီနီရဲတဲ့ အရာတွေက အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ်ဖြတ်မှု အရှိန်အဝါ တစ်ခုကနေ အရောင်ပြန်ဟပ်နေတာ ဖြစ်ပါတယ်။

ထာဝရ မိုးကောင်းကင် အင်ပါယာရဲ့ ကေရာဇ်က ဒီနေရာမှာ ဘာကိုရှာဖွေဖို့ ကြိုးစားနေတာလဲ။

လင်းဟန်က သူ့ဘာသူ တွေးလိုက်ပါတယ်။

ပြီးတော့ သူတို့က ဒီနေရာမှာ ဘာလုပ်နေတာလဲ။ သူတို့က မြေသြဇာ ကောင်းမွန်တဲ့ မြေလွှာကိုတောင် ကြီးမားကျယ်ပြန့်တဲ့ အနီရောင် ကုန်းမြေအဖြစ်ကို ပြောင်းလဲလိုက်တယ်။

သူက အရှေ့ကို ဖြည်းညင်းစွာ တိုးလာပြီး သူ့ရဲ့ ကာကွယ်မှုကိုတော့ လျော့မထားပုံပါဘူး။

သူ့နလုံးသားက အန္တရာယ် အငွေ့အသက် တစ်ခုကို ခံစားလိုက်ရပြီး တင်းကျပ်လာပါတယ်။ သူ့အရှေ့ မြေကြီးကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်အရှိန်အဝါ တစ်ခု ထွက်ပေါ်လာပြီး အံ့အားသင့်စရာ ကောင်းလောက်တဲ့ လူသားပုံစံ တစ်ခုအဖြစ်ကို ပေါင်းစည်း သွားခဲ့ပါတယ်။

ဘုန်း။

လူသားပုံစံ ပုံရိပ်က ချက်ချင်းပဲ လင်းဟန်ဆီကို တိုက်ခိုက်မှု တစ်ခု ထုတ်လွှတ်လိုက်ပါတယ်။ သူ့လက်က အကန့်အသတ်မရှိ ရှည်ထွက်လာပြီး လက်သီးအဖြစ်ကို ပြောင်းလဲကာ လင်းဟန်ရဲ့ မျက်နှာကို ထိုးထည့်လိုက်ပါတယ်။

ဒီကမ္ဘာကြီးပေါ်မှာ ဘာတွေဖြစ်နေလဲ။

လင်းဟန်က သူ့ဓားနဲ့ ခုတ်လိုက်ပါတယ်။ သူက နောက်မှ တိုက်ခိုက်ပေမဲ့ လျင်မြန်မှု နည်းစနစ်က သူ့ကို လက်သီးတိုက်ခိုက်မှု မျက်နှာဆီ မရောက်ခင် သူ့ဓားချက်က အရင်ရောက်လာ စေခဲ့ပါတယ်။

ရှွပ် ရှွပ် ရှွပ်။

သူက မျက်စိတစ်မှိတ် အတွင်းမှာ တိုက်ခိုက်မှု ခုနစ်ခုကို ထုတ်ဖော်ခဲ့ပြီး လူသားပုံစံ အရိပ်ကို ရှစ်ပိုင်းပြတ်အောင် လှီးဖြတ်လိုက်ပါတယ်။

လူသားပုံစံ ပုံရိပ်က မြူခိုးတွေအဖြစ်ကို ပြောင်းသွားပြီး ပြိုကွဲသွားပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ နောက်တစ်ကြိမ် စတင်သိပ်သည်း လာခဲ့ပါတယ်။ လင်းဟန်ရဲ့ ဓားချက်တွေက သူ့ကို နည်းနည်းလေးမှ ထိခိုက်မှု မရှိစေသလိုပါပဲ။

"စိတ်ဂင်စားစရာပဲ"

လင်းဟန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူက လက်တစ်ဖက်ကို ဖွေ့ယမ်းပြီး သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်ကို ဆင့်ခေါ်လိုက်ပါတယ်။

"ကြီးမြတ်သော ဆရာသခင်ခင်ဗျား သတ်ဖြတ်သူလေးရဲ့ လက်သည်းတွေက သွေးဆာနေပါပြီ။ ကျေးဇူးပြုပြီးတော့ အမိန့်သာပေးလိုက်ပါ။ ဆရာသခင်က ဒီနေ့မှာ သတ်ဖြတ်သူလေးကို ဘယ်သူ့ရဲ့ တင်ပါးကို ကိုက်စေချင်လဲ"

လင်းဟန်ရဲ့ အရှေ့မှာ ချက်ချင်းဆိုသလို မျက်နှာလို မျက်နှာရလုပ်နေတဲ့ ဂံပုလွေတစ်ကောင် ပေါ်လာခဲ့ပါတယ်။

သောက်ကျိုးနည်း။ အခုမှ လအနည်းငယ်ပဲ ရှိသေးတယ်။ ဆရာသခင်က ပြင်းထန် အလယ်အလတ်ရဲ့ အထွတ်အထိပ်ကို ချိုးဖျက်ဝင်ရောက် သွားပြီ။ သူက ကောင်းကင်ဘုံကို ဆန့်ကျင်ဖို့ ကြိုးစားနေတာလား။

ဟူး။

လူသားပုံစံ အရှိန်အဟုန်က တစ်ဟုန်ထိုး ပြေးဝင်လာပြီး လင်းဟန်ကို နောက်တစ်ကြိမ် သူ့လက်သီးနဲ့ ပေ့ယမ်းတိုက်ခိုက် လိုက်ပါတယ်။

“အူးပူး”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အူလိုက်ပြီး ရန်သူဆီကို ခုန်ဝင်တိုက်ခိုက် လိုက်ပါတယ်။

သူ့ရဲ့တိုက်ပွဲ စွမ်းရည်က ပြီးပြည့်စုံခြင်းရဲ့ နောက်ပိုင်းအဆင့်မှာ ရှိပါတယ်။ ဒါကြောင့် သူက အလွယ်တကူပဲ လူသားပုံစံ အရှိန်အဟုန်ကို ထိန်းချုပ်နိုင်ပါတယ်။ သူ့ပုံစံက ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်ပြီးတော့ ကြောက်မက်ဖွယ်ရာ လူသတ်အရှိန်အဟုန်ကို ကုတ်ခြစ်ပြီး ကိုက်လိုက် ပါတယ်။

မင်းကအရမ်းကို အားနည်းတာပဲ။ ငါ့ဆရာသခင်ကိုတောင် တိုက်ခိုက်ရဲသေးတယ်။ ဘယ်လောက် တုံးအလိုက်သလဲ။

"ဟင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အံ့အားသင့်စွာနဲ့ သူ့ခေါင်းကို ဆတ်ခနဲ မြှောက်လိုက်ပါတယ်။ ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ်အရှိန်အဝါက နောက်ထပ်တစ်ကြိမ် လူသားပုံစံ အဖြစ်ကို ပြန်လည်ပြောင်းလဲ သွားခဲ့ပါတယ်။

ဒါက မသေနိုင်တဲ့ ပိုးဟပ်တစ်ကောင်ပဲလား။

"အဲဒါက မင်းနဲ့အတော်လေး တူတယ်"

လင်းဟန်က ပြောလိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက မူလဖရိုဖရဲရဲ့ နတ်ဆိုးချီက မွေးဖွားလာတဲ့ သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့တိုက်ပွဲစွမ်းရည်က ထူးထူးခြားခြား သိပ်မရှိပေမဲ့ မြေအောက်ကမ္ဘာထဲမှာတော့ အရမ်းကို ထူးခြားတဲ့ တည်ရှိမှု တစ်ခု ဖြစ်နေဆဲပါပဲ။ သက်ရှိအမျိုးအစားတွေ လူသေတွေနဲ့ ယန္တရားရုပ်တွေရဲ့ ခန္ဓာကိုယ်ထဲကို အိမ်ရှင် တစ်ယောက်လို ဂင်နိုင်တဲ့ နောက်ထပ် မျိုးစိတ်တွေကို ရှာဖွေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒီလိုမျိုး ထူးခြားတဲ့ စွမ်းရည်ကြောင့် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို တန်ခိုးရှင်ဘုံကို စေလွှတ်ပြီး အောက်ဘုံရဲ့ တည်နေရာကို ရှာဖွေစေခဲ့ခြင်း ဖြစ်ပါတယ်။

"ဆရာသခင် ဒါကိုကြည့်ရတာ သက်ရှိတစ်ယောက်နဲ့ မတူဘူး"

သူက သုံးသပ်လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဒီနေရာရဲ့ လူသတ်ငွေ့ အရှိန်အဟုန်က အရမ်းကို သန်မာတယ်။ ဒီကုန်းမြေတစ်ခုမှာ အတက်အကျ ရှိတယ်။ လူသားပုံစံ ပုံရိပ်တွေက လူသတ်ငွေ့ အရှိန်အဟုန် သိပ်သည်းတဲ့ နေရာမျိုးမှာ ဖြစ်ပေါ်လာနိုင်တယ်။ ဒီလူသားပုံစံ ပုံရိပ်တွေမှာ တိုက်ခိုက်ဖို့ ပြင်းထန်တဲ့ ပင်ကိုယ်ဗီဇတစ်ခု ပိုင်ဆိုင်ထားတယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မှင်တက်သွားပြီး ပြောလိုက်တယ်။

"ဒီဘက်ခေတ် လက်ရွေးစင်တွေက အရမ်းကို ကြောက်စရာကောင်းတယ်။ ဒါက သူ့ရဲ့ စိတ်စွမ်းအား နည်းနည်းလေး တစ်ခု ယိုစိမ့်ထွက်လာတာပဲ ရှိသေးတယ်"

လင်းဟာန်က လူသားပုံစံ ပုံရိပ်ကို ဆက်ပြီးတော့ ဖိနှိပ်ထိန်းချုပ်ရင်း သူ့မေးစေ့ကို ပွတ်ကာ ပြောလိုက်တယ်။

"ဒါဆိုရင်တော့ ထာဝရ မိုးကောင်းကင် အင်ပါယာက ဒီမြေပေါ်မှာ ဘာလုပ်ဖို့ ကြိုးစားနေလဲ ဆိုတာကို ငါဖော်ထုတ်ချင်လာပြီ"

"ဆရာသခင် ဒါက အန္တရာယ်များတယ်။ ကျနော်တို့ ဒီထက်ပိုပြီးတော့ နက်ရှိုင်းတဲ့နေရာကို စွန့်စားမသွားတာ အကောင်းဆုံးပဲ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အရမ်းကို သရဲဘောကြောင်လွန်းပါတယ်။

"မစိုးရိမ်ပါနဲ့။ တကယ်လို့ အန္တရာယ်တွေ ရှိရင်တောင် မင်းက ငါ့အရှေ့ကနေ ငါ့ရဲ့ဒိုင်းကာအဖြစ် ပျောက်သွားနိုင်တာပဲ"

လင်းဟာန်က သာမန်ကာလျှံကာပဲ ပြန်ဖြေလိုက်ပါတယ်။

"အာ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ဂံပုလွေပါးစပ်က ချက်ချင်းဆိုသလို ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ သူ့အမူအရာက ဆရာသခင် ကျနော့်ကို ဒီလိုမျိုး မနောက်ပါနဲ့လို့ ပြောနေသလိုပါပဲ။

လင်းဟန်က နည်းလမ်းမျိုးစုံ ကြိုးစားခဲ့ပေမဲ့ ဒီလူသားပုံစံ အရှိန်အဟုန်ကို သတ်ပစ်ဖို့ဆိုတာတော့ မဖြစ်နိုင်ပဲ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်အောင်လုပ်ဖို့ကတော့ အရမ်းကို လွယ်ကူပါတယ်။ ဒါကို အပိုင်းစ တစ်ထောင်လောက်ထိ စုတ်ဖြဲပစ်လို့ ရနိုင်ပေမဲ့ အလျင်အမြန်ပဲ နောက်တစ်ကြိမ် မူလပုံစံ ပြန်ဖြစ်လာပါတယ်။ သူ့ပုံစံ လုံးဝကို မသေနိုင်တဲ့ သားရဲတစ်ကောင်နဲ့ တူပါတယ်။

"ဒါဆိုရင် ဒီလိုစမ်းကြည့်တာပေါ့"

လင်းဟန်က သူ့ရဲ့ နတ်ဘုရား မီးတောက် သင်္ကေတတွေကို ထုတ်ဖော်ပြီး ကြောက်မက်ဖွယ်ရာ လူသတ်အရှိန်အဟုန်ကို တိုက်ခိုက်လိုက်ပါတယ်။

ဟုန်း။

မီးတောက်တွေ ပန်းထွက်လာတဲ့ အချိန်မှာ ညည်းတွားသံ တစ်ခုကို ကြားလိုက်ရသလိုမျိုး လင်းဟန်က ခံစားလိုက်ရပါတယ်။ ဒီညည်းတွားသံက သူ့ရဲ့ နတ်ဘုရားအာရုံကို တုန်ခါစေပြီး သက်တောင့်သက်သာ မဖြစ်သလို ခံစားစေရပါတယ်။ ဒါပေမဲ့လည်း နတ်ဘုရား မီးတောက် သင်္ကေတတွေရဲ့ အာနိသင် သက်ရောက်မှုက အရမ်းကို သိသာထင်ရှားပါတယ်။ လူသားပုံစံ

အရှိန်အဝါကို အလျှင်အမြန်ပဲ ပြာဖြစ်သွားအောင် မီးရှို့ ပြာချပစ်လိုက်ပါတယ်။

လင်းဟန်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို လှည့်ကြည့်လိုက်တဲ့အခါမှာ သူ့ထက်တောင် ပိုပြီးတော့ ဆိုးဆိုးဝါးဝါး အခြေအနေ တစ်ခု ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ယန္တရား ဂံပုလွေကနေ ထွက်သွားပြီး သူ့ရဲ့ မြူခိုးပုံစံ ခန္ဓာကိုယ်က အဆက်မပြတ် တုန်ခါလို့ နေပါတယ်။

လူသတ်အရှိန်အဝါက နတ်ဘုရားအာရုံ တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ လင်းဟန်ရဲ့ နတ်ဘုရား အာရုံက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်ဘုံ မော်စာလိပ်ကြောင့် အရမ်းကို သန်စွမ်းလို့ နေပါတယ်။ ဒါကြောင့် သူက နည်းနည်းလောက် နေရထိုင်ရ ခက်သလို ခံစားရတာပဲ ရှိပါတယ်။ အဲဒီအချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ပြင်းထန်အလယ်အလတ် အဆင့်မှာ ရှိတာကြောင့် သူ့ခန္ဓာကိုယ်က ယန္တရား ဂံပုလွေရုပ်ရဲ့ ခန္ဓာကိုယ်ကနေ ထွက်သွားတာ ဖြစ်ပါတယ်။

စိတ်ဂင်စားစရာပဲ။

Chapter 1062 end

အပိုင်း(1063) ယစ်ပူဇော်တဲ့ ပလ္လင်

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီလူသတ်အရှိန်အဝါနဲ့ အတော်လေးကို တူညီမှု တစ်ခုကို ခံစားလိုက် ရပါတယ်။

သူတို့နှစ်ယောက်လုံး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု မရှိသလို သူတို့နှစ်ယောက်စလုံးက စိတ်ဝိညာဉ် အာရုံလိုမျိုး တည်ရှိမှု တစ်ခုဖြစ်ပါတယ်။ အရင်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ဟာ အစိတ်အပိုင်း ရှစ်ပိုင်း လှီးဖြတ်ခံရတာတောင် အသက်ရှင်သန်နိုင်ခဲ့ပါတယ်။ ဒါမျိုးက တခြားသက်ရှိတွေ အတွက်ဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူတို့က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် ပိုပြီးတော့ အစွမ်းထက်မယ်ဆိုရင်တောင် မရပါဘူး။

ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က စိတ်ဝိညာဉ် တိုက်ခိုက်မှုတွေကို အကြောက်ဆုံး ဖြစ်ပါတယ်။ သူ့ရဲ့ပြိုင်ဘက်မှာ သူ့ထက်ပိုပြီး သန်မာတဲ့ နတ်ဘုရားအာရုံ ရှိနေသရွေ့ စိတ်ဝိညာဉ် တိုက်ခိုက်မှု လျှို့ဝှက်ပညာရပ်တွေကို အသုံးပြုပြီး သူတို့က သူ့ကို ဒဏ်ရာပြင်းပြင်းထန်ထန် ရအောင် လုပ်နိုင်ပါတယ်။

ဒီလူသတ် အရှိန်အဟုန်ဂါက ဒီလိုမျိုး ပြင်ဘက်ဖြစ်ပြီး သူ့ရဲ့ တိုက်ခိုက်မှုတွေက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံကို ပစ်မှတ်ထားပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လည်ချောင်းပျို့တက် လာခဲ့ပါတယ်။ သူက မြူခိုးပုံစံမျိုး ဖြစ်နေသေးတော့ ဘယ်လိုလုပ်ပြီး တစ်ခုခုကို အန်ထုတ်ပစ် နိုင်မှာလဲ။ အတော်ကြာအောင် ပျို့တက်ပြီးတဲ့ နောက်မှာတော့ သူက ယန္တရား ဂံပုလွေရဲ့ ခန္ဓာကိုယ်ထဲကို ပြန်ဝင်ပြီး ပြောလိုက်တယ်။

"ဆရာသခင် ဒီအရှိန်အဟုန်ဂါကို ရင်ဆိုင်ရတာ အတော်လေးကို ခက်ခဲတယ်နော်"

"မင်းရဲ့ နတ်ဘုရားအာရုံကို ပိုပြီးတော့ ချုပ်တည်းထားဖို့ လိုအပ်တယ်"

လင်းဟန်က ပြောလိုက်တယ်။

ဒီလိုပြောရတာ လွယ်ပါတယ်။ လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံကို ချုပ်တည်းထားနိုင်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေက အရမ်းကို နည်းပါးလွန်းပါတယ်။ နောက်ပြီးတော့ ဒါတွေက အရမ်းကို ရှားပါးတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ

ဖြစ်ပြီးတော့ မကောင်းဆိုးဂါး အရှင်သခင်တွေပဲ ပိုင်ဆိုင်ထားတတ်ပါတယ်။ ပုံမှန်ကျင့်ကြံသူတွေ အနေနဲ့ သူတို့ရဲ့ နတ်ဘုရားအာရုံကို သန့်စွမ်းပြီး မာကျောအောင် လုပ်ဖို့ဆိုတာက အရမ်းအရမ်းကို ခက်ခဲလွန်းပါတယ်။

ဒါက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ဘယ်လိုကျင့်ကြံရမလဲ ဆိုတာနဲ့ တူညီပါတယ်။ ခန္ဓာကိုယ် ပညာရပ်တွေကို အလွယ်တကူနဲ့ နားလည်ဖို့ မလွယ်ကူပါဘူး။ အဲဒါတွေကို ဖမ်းဆုပ်နိုင်ဖို့ မရေမတွက်နိုင်တဲ့ လမ်းကြောင်းတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့လည်း ကျင့်ကြံခြင်း နည်းစနစ်တွေနဲ့ ပတ်သက်ပြီး လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အဲဒီလောက်ထိ သန့်စွမ်းနိုင်ပါ့မလား။ ဒါတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ရှားပါးလွန်းပါတယ်။

ဒါပေါ့။ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ဒါကို မပြောပံ့ပဲ သူ့စိတ်ထဲမှာပဲ ညည်းရုံပဲ တတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူက အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ သူ့ရဲ့ ဆရာသခင်ဟာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားတဲ့အပြင် အရမ်းကို မာကျောတဲ့ နတ်ဘုရား အာရုံကိုတောင် ပိုင်ဆိုင်ထားပါတယ်။ သူက ကောင်းကင်ဘုံကို

ဆန့်ကျင်ဖို့ ကြိုးစားနေတာလား။ ဘယ်လိုမျိုး လျှို့ဝှက်နည်းစနစ်တွေကို သူက ကျင့်ကြံအားထုတ် နေတာလဲ။

လူတစ်ယောက်နဲ့ ဂံပုလွေ တစ်ကောင်က အရှေ့ကို ဆက်တိုးလာခဲ့ကြပါတယ်။ ဒီနေရာဟာ လူသတ်အရှိန်အဝါရဲ့ အဓိက အုတ်မြစ်အချက်အချာ နေရာတစ်ခုလို့ ပြောရမလို ဖြစ်ပြီးတော့ အဆက်မပြတ် စုစည်းပြီး လူသားပုံစံ တစ်ခုကို ဖြစ်ပေါ်လာပါတယ်။

သိပ်မကြာခင်ပဲ လူသားပုံစံ ပုံရိပ်တစ်ခု ဖြစ်ပေါ်လာပြီး လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လိုက်ပါတယ်။

အဲဒီပုံရိပ်က လူတစ်ယောက်ရဲ့ စိတ်ထဲကို ဝင်ရောက်ပြီး ပြောင်းဆန်နေတဲ့ အားလှိုင်းတွေနဲ့ တန်းပြီးတော့ ထိုးဖောက်မှု တစ်ခုကို လုပ်တတ်ပါတယ်။

"နတ်ဘုရားအာရုံတွေရဲ့ တိုက်ပွဲလား။ ဘယ်သူက ဘယ်သူ့ကို ကြောက်ရမှာလဲ"

လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို လူသားပုံစံ အရှိန်အဝါဆီ ထုတ်လွှတ် တိုက်ခိုက်လိုက် ပါတယ်။

ဖူး။

လူသားပုံစံ အရိုန်အဟုန်ဂါက ချက်ချင်းဆိုသလို စိစိညက်ညက်

ကြေမွသွားခဲ့ပါတယ်။ သူက ပြန်စုစည်းချင်နေပေမဲ့ သူတို့ရဲ့

စေးကပ်မှု ပျောက်ဆုံးသွားသလိုမျိုး ဖြစ်လာပြီး ဘယ်လိုမှ

ပြန်လုပ်လို့ မရတော့ပါဘူး။

ဒီလောက်ဆို လုံလောက်ပါပြီ။ ဒီလူသတ်အရှိန်အဂါရဲ့

အားနည်းချက်က သူ့ရဲ့ နတ်ဘုရား အာရုံ ဖြစ်သလို သူ့ရဲ့

အားသာချက်လည်း ဖြစ်နေပါတယ်။ လူတစ်ယောက်မှာ ပိုပြီးတော့

သန့်စွမ်းတဲ့ နတ်ဘုရားအာရုံတစ်ခု ရှိနေသရွေ့ သူတို့က

ဒီလူသတ်အရှိန်အဂါကို အလွယ်တကူပဲ အနိုင်ယူနိုင်စွမ်း

ရှိပါလိမ့်မယ်။

လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ အစိတ်စိတ်အပိုင်းပိုင်း

ကြေမွနေတဲ့ လူသတ် အရှိန်အဂါကို မရေမတွက်နိုင်တဲ့

အစိတ်အပိုင်းတွေ ဖြစ်စေပြီး ပတ်ဂန်းကျင်ကို ပျံ့နှံ့သွား

စေခဲ့ပါတယ်။

"ဆရာသခင်ရဲ့ အစွမ်းက တကယ့်ကို တောက်ပလွန်းတယ်။

ဆရာသခင်က ကောင်းကင်ဘုံနဲ့ ကမ္ဘာမြေကြီး အားလုံးထဲမှာမှာ

အတိတ်ကရော အနာဂတ်ရော ခေတ်တစ်လျှောက်လုံး

အစွမ်းထက်ဆုံး ပါရမီရှင်ဆိုတာ သေချာပေါက်ပဲ။

အစွမ်းထက်ဆုံးတွေထဲက တစ်ယောက် မဟုတ်ပဲ အစွမ်းထက်ဆုံး ပါရမီရှင်ပဲ”

သတ်ဖြတ်သူ နတ်ဆိုး ဇေရာဇ်က လင်းဟန်ကို ချီးမွမ်းလိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီး ပြောလိုက်တယ်။

“ငါက ဒီလောက်တောင် ကြီးကျယ်မြင့်မြတ်နေမှတော့ ငါ့လက်အောက်က မင်းလည်း အားမနည်း နိုင်ဘူး။ ကောင်းပြီလေ။ ကျန်တဲ့ ပြိုင်ဘက်တွေကို ရင်ဆိုင်ဖို့ ငါမင်းကို တာဝန်ပေးလိုက်မယ်”

“ကောင်းပြီ.....ဟမ် မကောင်းဘူး မကောင်းဘူး”

သတ်ဖြတ်သူ နတ်ဆိုး ဇေရာဇ်က ပထမတော့ သူ့ရင်ဘတ်ကို ပုတ်ပြီးတော့ သဘောတူ လိုက်ပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက အရှေ့ကို လှမ်းကြည့်လိုက်မိတဲ့ အချိန်မှာ သူ့အမြီးက ချက်ချင်းပဲ ထိတ်လန့်တုန်လှုပ်မှုကြောင့် ကုပ်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရှေ့မှာ ပိုပြီးတော့တောင် ကြီးမားတဲ့ လူသတ်အရှိန်အဟုန်တစ်ခု ထွက်ပေါ်လာလို့ ဖြစ်ပါတယ်။

သူတို့က လူသတ်အရှိန်အဟုန် ပုံရိပ်အနည်းငယ်ကို အနိုင်ယူခဲ့ပါတယ်။ ပြီးတော့ သူတို့မှာ ကြီးမားတဲ့

ခန္ဓာကိုယ်တွေရှိလေ သတ်ဖြတ်ခြင်း အရှိန်အဂါတွေ ပိုပြီးတော့ ပိုင်ဆိုင်တယ် ဆိုတာကို သူတို့သိထားပါတယ်။ တချိန်တည်းမှာပဲ သူတို့က ပိုပြီးတော့ သန်စွမ်းလာတယ်လို့ ဆိုလိုပါတယ်။

အခု သူတို့အရှေ့မှာရှိတဲ့ ပုံရိပ်တစ်ခု အတွက်တော့ တကယ်လို့ အဲဒါက ဟိန်းလိုက်မယ်ဆိုရင် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဂံပုလွေ ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်ကနေ ဆွဲထုတ်ခံလိုက်ရပါလိမ့်မယ်။ အဲဒီအစား သူ့ခန္ဓာကိုယ် တစ်ခုလုံး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။

သူ့ရဲ့တည်ရှိမှုက ထူးခြားတယ် ဆိုပေမဲ့ တကယ်လို့ သူက အစိတ်စိတ် အပိုင်းပိုင်း ပျက်စီးသွားမယ် ဆိုရင်တောင် ကိစ္စရှိလိမ့်မှာ မဟုတ်ပါဘူး။ ဘယ်သူကများ အကြောင်းပြချက် ကောင်းကောင်းမရှိတဲ့အတွက် အပိုင်းအစဖြစ်အောင် ပျက်စီးစေချင်လိမ့်မှာလဲ။ အဲဒါက ငရဲလိုမျိုး နာကျင်ရပါတယ်။

"ဆရာသခင် ကျနော့်ကို ကယ်ပါဦး"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သနားစဖွယ် အော်ဟစ်ငိုကြွေးလိုက်ပါတယ်။

သူ့မှာ ဂံပုလွေ ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ် ရှိပေမဲ့ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်ရှိတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုပဲ ရှိပါတယ်။ ဒီလူသတ်အရှိန်အဂါ ပုံရိပ်က သူ့ရဲ့ ပျက်စီးရာ ပျက်စီးကြောင်း ကပ်ဘေးတစ်ခုနဲ့ တူနေပါတယ်။ သူတို့က နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေမှာ အထူးတလည် ကျွမ်းကျင်ပြီး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိနေတဲ့ အားသာချက်က လုံးဂကို လျော့ပါးသက်သာစေခဲ့ပါတယ်။

လင်းဟန်က လူသတ်အရှိန်အဂါကို အနက်ရောင် မျှော်စင်ထဲ စုပ်ယူဖို့ ကြိုးစားလိုက်ပါတယ်။ သူတို့က အစစ်အမှန် သက်ရှိတွေ မဟုတ်ပေမဲ့ သိုင်းဆန္ဒ တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူတို့က နတ်ဘုရား ပစ္စည်းတွေနဲ့ တူပြီးတော့ သူတို့ကို မစုပ်ယူနိုင်ခင် သူတို့ရဲ့ သိုင်းဆန္ဒကို ဖျက်ဆီးပစ်ဖို့ လိုအပ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း သိုင်းဆန္ဒရဲ့ အထောက်အပံ့ မရှိပဲနဲ့ လူသတ်အရှိန်အဂါလည်း လုံးဂကို ပျောက်ကွယ် သွားပါလိမ့်မယ်။

ဒါကြောင့် အနက်ရောင် မျှော်စင်က သူ့ကို နည်းနည်းလေးမှ ကူညီထောက်ပံ့ ပေးနိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို ထုတ်ဖော်လိုက်တာနဲ့ ချက်ချင်းဆိုသလို အရှေ့က လူသားပုံစံ

အရိုန်အဂေါ ပုံရိပ်ရဲ့ ဦးခေါင်းကို ပေါက်ကွဲသွား စေခဲ့ပါတယ်။ ဒါပေမဲ့လည်း လူသားပုံစံ အရိုန်အဂေါရဲ့ ကျန်နေတဲ့ အစိတ်အပိုင်းတွေက မပျက်မစီးပဲ ကျန်ရှိနေပါသေးတယ်။

သူတို့အရှေ့မှာ ထိတ်လန့်တုန်လှုပ်စရာ မြင်ကွင်းတစ်ခု ဖြစ်လာပါတယ်။ လူသားပုံစံ အရိုန်အဂေါက ပြတ်သွားတဲ့ သူ့ခေါင်းနေရာကနေ လူသတ်အရိုန်အဂေါတစ်ခု တလိပ်လိပ် ထိုးတက်နေပြီး သူ့လည်ပင်းကနေ နောက်ထပ်ခေါင်းတစ်လုံး ပေါက်ဖွားလာခဲ့ပါတယ်။

လူသတ်အရိုန်အဂေါက ပုံစံတစ်ခုလုံးကို အစကတည်း တစ်စုံလုံး ဖြစ်ပေါ်နေတာ မဟုတ်ပဲ အစိတ်အပိုင်း ဒါဇင်နဲ့ချီတဲ့ ခုတ်ထစ်ခံလိုက်ရရင်တောင် သူ့အတွက် သူ့ကိုယ်ပိုင် ဦးခေါင်းကို ပြန်လည်ပေါက်ဖွား လာဖို့ဆိုတာ လွယ်ကူနေပါသေးတယ်။

"ဒီတစ်ခုက နည်းနည်းသန်စွမ်းတယ်"

လင်းဟန်က နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ပြီး သူ့ရဲ့ နတ်ဘုရားမီးတောက် သင်္ကေတတွေကို အသက်သွင်းပြီးတော့ သူ့ရဲ့စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို ထုတ်ဖော်လိုက်ပါတယ်။ ဒီနည်းစနစ် နစ်ခုလုံးက လူသားပုံစံ အရိုန်အဂေါ ပုံရိပ်တွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။

လူသားပုံစံ အရိုန်အဟုန်ဂါက အညှံ့ခံ အရှုံးမပေးပဲ အဲဒီအစား လင်းဟန်ကို ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှု တစ်ခု ထုတ်ဖော်ပြီး တိုက်ခိုက်လာပါတယ်။ စိတ်ဂိညာဉ် တိုက်ခိုက်မှုတွေက မယုံနိုင်စရာ ကောင်းလောက်အောင် သက်တောင့်သက်သာ မဖြစ်စေပဲ နာကျင်မှုတွေ ပါဝင်ပါတယ်။

လင်းဟန်က အချိန်အနည်းငယ် ယူပြီးတော့ နောက်ဆုံးမှာ ကြိုးစားပြီး ဒီလူသားပုံစံ အရှိန်အဂါ ပုံရိပ်ကို ပျောက်ကွယ်သွား စေခဲ့ပါတယ်။ သူက အစွမ်းထက်တဲ့ ရန်သူ တစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက် နေရသလိုမျိုး ဖြစ်နေပြီး အခြေအနေက ရှေ့မတိုး နောက်မဆုတ်သာ ဖြစ်နေပါတယ်။

"ဆရာသခင်က အရမ်းကို အံ့ဩဖို့ ကောင်းတာပဲ။ ဆရာသခင်က အရမ်းကို ကြီးကျယ်မြင့်မြတ်တယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လင်းဟန်ကို ချက်ချင်းပဲ နောက်ထပ်တစ်ကြိမ် မြှောက်ပင့် ပြောဆိုလိုက်ပါတယ်။

သူတို့က အရှေ့ကို ဆက်တိုးလာခဲ့ပြီး လူသားပုံစံ အရှိန်အဂါ ပုံရိပ် အနည်းငယ်ကို ရင်ဆိုင်ပြီးတဲ့ နောက်မှာတော့ သူတို့အရှေ့မှာ ကိုးမီတာလောက် အမြင့်ရှိတဲ့ ရောမ လူသတ်အရှိန်အဂါ ပုံရိပ်တစ်ခု ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟန်တောင်မှ မျက်ခုံးကြုတ်လိုက်မိတာ သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ဆိုရင် ပြောမနေပါနဲ့။ သူ့ရဲ့ မျက်လုံးတွေက ထိတ်လန့်တုန်လှုပ်မှုကြောင့် ပြူးထွက်လာခဲ့ပါတယ်။

ဒီနေရာရဲ့ လူသတ်အရှိန်အဂါ စုစည်းမှုက အရမ်းကို များပြားလွန်းပါတယ်။

"ရှပ်"

ရောမ လူသားပုံရိပ် အရှိန်ဂါက သူ့လက်ဂါးနဲ့ သူတို့အပေါ်ကို ရိုက်ချလိုက်ရင်း စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခုလည်း ပန်းထွက်လာခဲ့ပါတယ်။ ပိုပြီးတော့ အံ့အားသင့်စရာ ကောင်းတာက စိတ်ဂိညာဉ် တိုက်ခိုက်မှုက စစ်မှန်တဲ့ အားလှိုင်းတစ်ခု အဖြစ်ကို ပြောင်းလဲလာပြီး မြေကြီးကို ပြင်းပြင်းထန်ထန် တုန်ခါစေပါတယ်။

လင်းဟန်က ချက်ချင်းဆိုသလို သူ့စိတ်ထဲမှာ တိုက်ပွဲနဲ့ ပတ်သက်တဲ့ အတွေးတွေကို စဉ်းစား လိုက်ပါတယ်။

ရှပ်။

သူက ချက်ချင်းပဲ ဂံပုလွေ ယန္တရားရုပ်ရဲ့ အမြီးကို ဖမ်းဆုပ်ပြီး အနက်ရောင် မျှော်စင်ထဲကို သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်နဲ့အတူ ဂင်လိုက်ပါတယ်။

ဘုန်း။

ရောမ လူသားပုံစံ အရိုန်အဟုန်ရဲ့ လက်ဝါးရိုက်ချက်က မြေကြီးကို ရိုက်လိုက်မိပြီး ဖုန်မှုန့်တွေ တလိပ်လိပ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲ့ဒါက အနည်းငယ် ခေါင်းရှုပ်သွားပုံ ရပါတယ်။ သူ့ရဲ့ ပြိုင်ဘက်တွေ ဘယ်ရောက်သွားလဲ။

အနက်ရောင် မျှော်စင်က အားလိုင်းကြောင့် တွန်းထုတ်ခံလိုက်ရပြီး အတော်ဝေးဝေး နေရာကို ဖုန်မှုန့်တွေနဲ့အတူ မျောပါသွားပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်ပြီးတော့ ချက်ချင်းပဲ စတင်ထွက်ပြေး ပါတော့တယ်။

ဒီနေရာမှာ လူသားပုံစံ အရိုန်အဟုန်နဲ့ တိုက်ခိုက်နေစရာအကြောင်း လုံးဝမရှိပါဘူး။ တကယ်လို့ သူက မိစ္ဆာသားရဲတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရမယ် ဆိုရင်တော့ အနည်းဆုံးတော့ အားအင်ပြည့်ဝ စေနိုင်တဲ့ စိတ်ဝိညာဉ် အသားတချို့ ရရှိဖို့ မျှော်လင့်ချက် ရှိပါတယ်။ လူသားပုံစံ အရိုန်အဟုန် ပုံရိပ်တွေ အတွက်ကတော့ သူ့အနေနဲ့ ဘာများ ရနိုင်မှာလဲ။ လဗွတ်လိုပဲ။

အဲ့ဒါကြောင့် သူတို့ကို ရင်ဆိုင်တိုက်ခိုက်စရာအကြောင်း ဘာများရှိမှာလဲ။

လင်းဟန်က သွေးရူးသွေးတန်းနဲ့ ထွက်ပြေးနေပြီး လူသားပုံစံ အရိုန်အဂ်ါ ပုံရိပ်တွေကို အတတ်နိုင်ဆုံး ရှောင်တိမ်းနေပါတယ်။ တကယ်လို့ သူက သူတို့ကို မရှောင်နိုင်ဘူးဆိုရင် သူ့ခြားနဲ့ ခုတ်ထစ်ပြီး သူတို့တွေ အပိုင်းပိုင်း ဖြစ်သွားပြီး သူတို့ကိုယ်သူတို့ ပြန်စုစည်းနေတဲ့ အချိန်မှာ အခွင့်ကောင်း ယူပြီးတော့ ထွက်ပြေးလိုက်ပါတယ်။

ဒါပေမဲ့လည်း ကြက်သွေးရောင် ကုန်းမြေရဲ့ အနက်ပိုင်းကို သူဂင်ရောက်သွားလေ လူသတ် အရိုန်အဂ်ါက ပိုပြီးတော့ သန်မာအားကောင်း လာခဲ့ပါတယ်။ သူကအရှေ့ကို ဆက်တိုးလေ လူသတ်အရိုန်အဂ်ါ ပုံရိပ်တွေရဲ့ အရွယ်အစားက မီတာသုံးဆယ်လောက်ထိ မြင့်မားတာက ထူးခြားတဲ့ မြင်ကွင်းတစ်ခု မဟုတ်တော့ပါဘူး။ လင်းဟန်တောင် သူတို့နဲ့ တိုက်ခိုက်ရင်ဆိုင်ဖို့ ယုံကြည်ချက်တွေ ကင်းမဲ့လာပါတယ်။ သူ့အနေနဲ့ တစ်ကောင်ကို ရိုပ်ခနဲ မြင်လိုက်တာနဲ့ အဝေးကို ထွက်ပြေးပါတော့တယ်။

ဒီလိုမျိုး လူသားပုံစံ အရိုန်အဂ်ါတွေရဲ့ စိတ်ဂိညာဉ် တိုက်ခိုက်မှုတွေက နေလအဆင့် လက်ရွေးစင်နဲ့ ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါကြောင့် လင်းဟန်တောင်မှ သူတို့အတွက် ပြိုင်ဘက် မဟုတ်ခဲ့ပါဘူး။

သူ့အရှေ့မှာ တောင်တစ်လုံး ပေါ်လာခဲ့ပါတယ်။

ဟင်။

လင်းဟန်က သူ့ခေါင်းကို ချက်ချင်းပဲ ခါလိုက်ပါတယ်။ ဒါက တောင်တစ်လုံး မဟုတ်ပါဘူး။ အဲဒီအစား ယစ်ပူဇော်တဲ့ ပလ္လင်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မျက်စိနဲ့ တစ်ချက်ပေါ့ကြည့် လိုက်တာနဲ့ တောင်တစ်လုံးနဲ့ တူနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ ကြီးမားတဲ့ အရွယ်အစားကြောင့် ဖြစ်ပါတယ်။

ဒီယစ်ပူဇော်တဲ့ ပလ္လင်က တကယ့်ကို ကြီးမားပြီး မီတာသုံးထောင်လောက် မြင့်ပါတယ်။ သူ့ခန္ဓာကိုယ်က ပိရမစ်တစ်ခုလိုမျိုး ပုံသဏ္ဍာန်ရှိပြီးတော့ သူ့ကိုတည်ဆောက်ထားတဲ့ ကျောက်ပြားတွေက အိမ်တွေထက်တောင် ပိုပြီးကြီးမားပါတယ်။ အဲဒီပလ္လင် တစ်ခုလုံး နီရဲနေပြီး ကြည့်ရတာ အိပ်ပျော်နေတဲ့ သားရဲတစ်ကောင်နဲ့ ပိုတူပါတယ်။

လင်းဟန်က ဒါကို ယစ်ပူဇော် ပလ္လင်တစ်ခုလို့ ဘာဖြစ်လို့ တွေးလိုက်မိတာလဲ။

ဘာဖြစ်လို့လဲဆိုတော့ သူ့နှာခေါင်းထဲမှာ သွေးနံ့တစ်ခု ရနေတာကြောင့် ဖြစ်ပါတယ်။ ဒီလိုမျိုး အနံ့အသက် တစ်ခုက

သေချာပေါက် အနည်းဆုံး သန်းနဲ့ချီတဲ့ သက်ရှိတွေကို သတ်ဖြတ်ခံထား ရလို့ ဖြစ်ပါတယ်။ ရာဂဏန်း ထောင်ဂဏန်းလောက်တော့ မဟုတ်ပါဘူး။ ဒီယစ်ပူဇော်တဲ့ ပလ္လင်ရဲ့ ကျောက်ပြားတွေက အစတုန်းက နီရဲနေတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူ့အပေါ်ယံကနေ စီးကျလာတဲ့ သွေးတွေက ခြောက်ကပ်ပြီး နီရဲသွားတာ ဖြစ်ပါလိမ့်မယ်။

အလောင်းကောင်တွေက ပလ္လင်ရဲ့ အနောက်ဘက်မှာ တောင်လောက်မြင့်မားနေပါတယ်။ ဒါပေမဲ့ ယစ်ပူဇော်တဲ့ ပလ္လင်လောက်တော့ မမြင့်ပါဘူး။ သူတို့က ကီလိုမီတာ ရာနဲ့ချီတဲ့ ဧရိယာတစ်ခုကို ဖုံးလွှမ်းထားပါတယ်။ ဒါကိုမြင်ပြီးတဲ့နောက်မှာ သန်းနဲ့ချီတဲ့ ပုံရိပ်တွေက လျော့တွက်လို့ မရအောင် ပြင်းထန်ပါတယ်။ အနည်းဆုံးတော့ သက်ရှိတွေရဲ့ ဒီအရေအတွက်ထက် ဆယ်ဆလောက် ဒီနေရာမှာ သတ်ဖြတ်ခံရပုံ ပေါ်ပါတယ်။

ထာဂရ မိုးကောင်းကင် အင်ပါယာက ဘယ်လိုမျိုး ကိစ္စကို လျှို့ဝှက်ကြံစည် လုပ်ကိုင်နေတာလဲ။

Chapter 1063 end

အပိုင်း(1064) အကျဉ်းထောင်လိုဏ်ဂူ

ဘုန်း ဘုန်း ဘုန်း။

အနည်းဆုံး ဧရာမ အရှိန်အဟုန် ပုံရိပ် တစ်ဒါဇင်က သူ့ကို ဝိုင်းရံလာခဲ့ပါတယ်။ လင်းဟန်က အလျင်အမြန်ပဲ အနက်ရောင် မျှော်စင်ထဲ ပုန်းလိုက်ပြီး အဲဒီနောက်မှာ တိုက်ခိုက်မှု အရှိန်အဟုန်ကြောင့် ဦးတည်ချက် ပြောင်းပြီးတော့ ရွေ့လျားသွားပါတယ်။ တိုက်တိုင်ဆိုင်ဆိုင် သူက ယစ်ပလ္လင် ရှိရာဘက်ဆီ မျောလွင့်သွားခဲ့ပါတယ်။

သူက အပေးမှာ မြင်းလှည်းအုပ်စု တစ်ခု ခရီးနှင်နေတာကို တွေ့လိုက်ရပါတယ်။

အဲဒီမြင်းလှည်းတွေက အကျဉ်းထောင် မြင်းလှည်းတွေ ဖြစ်ပါတယ်။

အကျဉ်းထောင် မြစ်လှည်းတိုင်းက အံ့အားသင့်စရာ ကောင်းလောက်အောင် ကြီးမားပါတယ်။ တချို့ဆို မီတာပေါင်း ဒါဇင်နဲ့ချီ ပြီးတော့တောင် မြင့်မားလာပြီး အဲဒီထဲမှာ အစွမ်းထက်တဲ့ မိစ္ဆာသားရဲ အမျိုးမျိုးကို ပိတ်လှောင်ထားပါတယ်။ ဒီမိစ္ဆာသားရဲတွေ အားလုံးက လှောင်အိမ်ထဲကနေ ဟိန်းနေကြပြီး တချို့ဆိုရင် သူတို့ရဲ့ နတ်ဘုရား အာရုံတွေကို ထုတ်ပြီးတော့တောင် အော်ဟစ်နေပါတယ်။

အစွမ်းထက်တဲ့ မှိန်ဘောဒတ်သားရဲတွေအပြင် သာမန်တိရိစ္ဆာန်တွေလည်း ပါရှိပါတယ်။ လူသားတွေတောင် ပါရှိပြီး သူတို့အားလုံးကို တိရိစ္ဆာန်တွေလို ပြုမှုဆက်ဆံ ခံရပြီးတော့ ယစ်ပလ္လင်ဆီကို ပို့ဆောင်ခြင်း ခံနေရပါတယ်။

ဒါက သက်ရှိတွေကို ယစ်ပူဇော်တာ တစ်ခုလား။

မြင်းလှည်းတွေ ဝင်ရောက်လာသလို သူတို့အားလုံးလည်း အရှိန်အဟုန်ပုံရိပ်တွေရဲ့ တိုက်ခိုက်မှုကို ခံရပါတယ်။ ဒါပေမဲ့လည်း လူသားပုံစံ အရှိန်အဟုန် ပုံရိပ်တွေ ဝင်လာတဲ့ အခါမှာ မြင်းလှည်းပေါ်က နတ်ဘုရား သင်္ကေတတွေ တလက်လက် တောက်ပလာခဲ့ပြီး အလင်းရောင်တွေ ရောယှက်လို့ နေပါတယ်။ ပုန်း ပုန်း ပုန်း။ ပုံရိပ်တွေ အားလုံး အနောက်ဘက်ကို ပြန်ကန်ထွက် ကုန်ပါတယ်။

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ လက်ရာတွေပဲ ဖြစ်လိမ့်မယ်။

လင်းဟာန်က တွေးလိုက်ပါတယ်။ တချို့ လူသားပုံစံ အရှိန်အဟုန် ပုံရိပ်တွေက နေလအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေပါပြီ။ သူတို့တောင် တစ်ချက်တည်းနဲ့ လဲပြိုသွားပါသေးတယ်။

ဒီနတ်ဘုရား သင်္ကေတတွေရဲ့ အဆင့်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ဖြစ်သင့်ပါတယ်။

သူက အနီးကပ် ကြည့်လိုက်တဲ့ အခါမှာ မြင်းလှည်းတိုင်း အဆောင်လက်ဖွဲ့ စာရွက်တစ်ခုစီ ချိတ်ဆွဲထားပါတယ်။ အဲဒီအဆောင်လက်ဖွဲ့ စာရွက်က အရောင်တလက်လက် တောက်ပနေပြီး နတ်ဘုရား သင်္ကေတတွေ ဖြစ်ပေါ်နေပါတယ်။

မြင်းလှည်းတွေက လမ်းကြောင်းအတိုင်း ဂင်လာပြီး အရှိန်အဂါ ပုံရိပ်တွေက သူတို့ကို လုံးဂ ရပ်နိုင်စွမ်း မရှိပါဘူး။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားပြီး သူ့စိတ်ထဲမှာ ရဲတင်းတဲ့ အကြံတစ်ခု ဖြစ်ပေါ်လာပါတယ်။ ရုတ်ချည်းဆိုသလို သူက အနက်ရောင် မျှော်စင်ကနေ ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်မှာ ချက်ချင်းပဲ နတ်ဆိုးချီတွေ ပိုင်းပတ်လာပြီး သူ့ကို လုံးဂဖုံးသွားခဲ့ပါတယ်။

အခုဆို သူ့ကို ဘယ်သူပဲတွေ့တွေ့ သူ့ကို မှတ်မိနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ တကယ်လို့ သူတို့က အနာဂတ်မှာ နောက်တစ်ကြိမ် ကြုံတွေ့ခဲ့ရင်တောင် သူတို့က သူ့ရဲ့ လက်ရှိ ပုံပန်းသွင်ပြင်နဲ့ ချိတ်ဆက်မိစရာအကြောင်း ရှိနိုင်မှာ မဟုတ်ပါဘူး။

ရှပ် ရှပ် ရှပ်။

ခြေလှမ်းအနည်းငယ် အတွင်းမှာ လင်းဟန်က အကျဉ်းထောင် မြင်းလှည်းတွေကို လိုက်မီလာပြီး အဲဒီအပေါ်ကို ခုန်အုပ်လိုက်ပါတယ်။

မြင်းလှည်းပေါ်က မြင်းလှည်းမောင်းသမားက အေးစက်စွာနဲ့ ပြောလိုက်တယ်။

"မင်းက သေချင်နေပြီလား"

သူက လှုပ်ရှားဖို့တောင် စိတ်ကူးမရှိခဲ့ပါဘူး။

ဒီမြင်းလှည်းပေါ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လူတစ်ယောက်ရဲ့ အမိန့်စာလွှာ ရှိနေပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး တောင်မြစ်အဆင့် ကျင့်ကြံသူတွေက အနားကို ကပ်လာဖို့ မျှော်လင့်ချက် ရှိမှာလဲ။

ဒီတောင်မြစ်အဆင့် ကျင့်ကြံသူက အတော်လေး ထူးဆန်းပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အနက်ရောင် ချီတွေ ထွက်ပေါ်နေပြီး ဘာမှန်းမသိတဲ့ မကောင်းဆိုးဝါး ခံစားမှုတစ်ခု ရှိနေပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အမိန့်စာလွှာက ဒီနေရာမှာ ရှိနေတာနဲ့အတူ အဲဒါက ဘာများ သုံးလို့ရမှာလဲ။ သူက

အမိန့်စာလွှာရဲ့ စွမ်းအားကြောင့် အစိတ်စိတ် အပိုင်းပိုင်း အဖြစ်ကို တန်းပြီးတော့ ပြောင်းလဲသွားပါလိမ့်မယ်။

ဟင်။

မြင်းလှည်းမောင်းသမားက အံ့ဩမှင်တက် သွားခဲ့ပါတယ်။ အဲဒီလူက ခုန်အုပ်လာတာကို သူသေသေချာချာ မြင်လိုက်ပေမဲ့ ဘာဖြစ်လို့ သူက ရုတ်တရက် ပျောက်ကွယ်သွား ခဲ့တာလဲ။

သူက အသွေးအသားတောင် နည်းနည်းလေးမှ မကျန်ခဲ့ပဲ ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားတာများ ဖြစ်နိုင်မလား။

သူက အတော်လေးကို ခေါင်းခြောက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာရဲ့ မင်္ဂလာမရှိတဲ့ လေထုက အရမ်းကို အစွမ်းထက်ပြီး တကယ်လို့ သူက အသွေးအသားတွေ အတုံးလိုက် အတစ်လိုက် အဖြစ်ကို ပြောင်းလဲသွားမယ် ဆိုရင်တောင် ဒီနေရာရဲ့ သွေးနံ့တွေနဲ့ ပေါင်းသွားပြီး ခွဲခြားဖို့ တကယ်ပဲ ခက်ခဲသွားပါလိမ့်မယ်။

"အစ်ကိုကြီး သံမဏိခေါင်း တစ်ခုခုများ ဖြစ်နေတာလား"

မြင်းလှည်းအိမ် အနောက်ကနေ ကျယ်လောင်သံ အသံနဲ့ လူတစ်ယောက်က မေးလိုက်ပါတယ်။

"စောစောတုန်းက မင်းရဲ့မြင်းလှည်းပေါ်ကို အရိပ်မည်းတစ်ခု ခုန်အုပ်တာကို မြင်လိုက်သေးတယ်"

"ဘာမှမဟုတ်ပါဘူး တောင်မြစ်အဆင့် ကျင့်ကြံသူလေး တစ်ယောက်ပါပဲ။ အပေးကနေ ချော်ထွက်လာတဲ့ တစ်ယောက်ယောက် ဖြစ်လိမ့်မယ်။ အရှင်မင်းကြီးရဲ့ အမိန့်စာလွှာကြောင့် သူက ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွားတာ ဖြစ်နိုင်တယ်"

သံမဏိခေါင်းလို့ ခေါ်တွင်တဲ့ မြင်းလှည်းမောင်းသမားက ပြန်ဖြေလိုက်ပါတယ်။

"ဟားဟား အဲဒီသူခိုးက အကျဉ်းထောင် လှည်းတွေကို ဖွင့်ပြီးတော့ ဒီအကျဉ်းသားတွေကို လွှတ်ပေးပြီး ဂရုန်းသုန်းကား ဖြစ်စေချင်နေတာလား။ သူက တကယ့်ကို ရိုးအလွန်းတာပဲ။ အရှင်မင်းကြီးရဲ့ အမိန့်စာလွှာနဲ့ဆို ဘယ်သူပဲ ဒီနေရာကိုလာလာ အသုံးဝင်လိမ့်မှာ မဟုတ်ဘူး"

နောက်ကမြင်းလှည်းမောင်းသမားက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"ဒါပေ့ါကွာ"

သံမဏိခေါင်းကြီးက ခေါင်းညိတ်ပြီးတော့ မြင်းလှည်းကို နောက်တစ်ကြိမ် အရှေ့ဘက်ကို ဒုန်းစိုင်းပြီး မောင်းနှင်လာခဲ့ပြီး စောစောတုန်းက ပုံရိပ်အကြောင်းကို ဆက်ပြီးတော့ စဉ်းစားမနေတော့ပါဘူး။

လင်းဟာန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ထိုင်နေပါတယ်။ သူက မြင်းလှည်းပေါ်ကို ခုန်အုပ်လိုက်တဲ့ အချိန်မှာ အနက်ရောင် မျှော်စင်ထဲကို ပြေးဝင်လိုက်ပါတယ်။ အဲဒါကြောင့် အနက်ရောင် မျှော်စင်က မြင်းလှည်းအထဲကို ကျသွားခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ကို ဘယ်အရာမှ ကျူးကျော်လို့ မရနိုင်ပါဘူး။ ဒါကြောင့် အမိန့်စာလွှာရဲ့ နတ်ဘုရား အလင်းတန်းတွေကြောင့်လည်း ရပ်သွားလိမ့်မှာ မဟုတ်ပါဘူး။

ဒီမြင်းလှည်းမှာ အကျဉ်းသားတွေ တစ်ဒါဇင်ကျော် ပါရှိပါတယ်။ သူတို့အားလုံးက တောင်မြစ်အဆင့် မှိန္ဓာသားရဲတွေ ဖြစ်ပါတယ်။ မျက်လုံးလေးလုံးရှိတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေနဲ့ တချို့ဆိုရင် နွားရိုင်းတစ်ကောင်ရဲ့ခေါင်းနဲ့ မြွေတစ်ကောင်ရဲ့ အမြီးပါတဲ့ သတ္တဝါဆန်းတွေ အပြင် ရောမ ရွှေရောင်ဆိတ်တွေလည်း ရှိပါတယ်။ ဒါပေမဲ့ သူတို့အားလုံးကို လျှို့ဝှက်နည်းစနစ် တစ်ခုနဲ့ ထိန်းချုပ်ထားပါတယ်။ ဒါကြောင့်

သူတို့ရဲ့ အရွယ်အစားတွေက သာမန်တိရိစ္ဆာန်တွေလောက်ပဲ ရှိပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကိုလည်း တားမြစ်ပိတ်ဆို့ထားပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်တွေမှာ အစွမ်းထက်တဲ့ ခွန်အားတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ အဲဒီခွန်အားကို သုံးလို့ မရနိုင်ပါဘူး။ သူတို့အားလုံးကို ကြည့်ရတာ ဒေါသတွေ ထွက်နေပြီး မျှော်လင့်ချက် မဲ့နေပုံ ရပါတယ်။

ဒီကျင့်ကြံခြင်း အဆင့်ထိ ရောက်လာတဲ့ အချိန်ကစပြီး မိစ္ဆာသားရဲတွေက ဉာဏ်ရည်ဉာဏ်သွေးမှာ လူသားတွေနဲ့ မကွာခြားတော့ပါဘူး။ သူတို့အားလုံးက ဒါက ယစ်ပလ္လင် တစ်ခုဆိုတာကို သတိပြုမိပြီး သူတို့တွေက ယစ်ပူဇော်ခံရမယ် ဆိုတာကိုလည်း သိထားကြပါတယ်။

ဒါကြောင့် သူတို့တွေက ဒေါသတွေ ထွက်နေပြီး ဟိန်းဟောက်နေပေမဲ့ အချိန်အတော်ကြာတဲ့ နောက်မှာတော့ သူတို့က ရပ်တန့်လိုက်ကြပါတယ်။

သူတို့မှာ မျှော်လင့်ချက် မရှိတော့ပါဘူး။

မြင်းလှည်းတွေက ယစ်ပလ္လင်ဆီကို ဖြည်းညှင်းစွာနဲ့ ချဉ်းကပ်လာခဲ့ပါတယ်။

မြေအောက်မှာ လမ်းကြောင်းတစ်ခု ရှိပြီးတော့ ဒီမြင်းလှည်းတွေ အလွယ်တကူ ဖြတ်ကျော်လို့ သွားနိုင်တဲ့အထိ ကျယ်ပါတယ်။ လမ်းကြောင်းရဲ့ အကျယ်က အနည်းငယ် အံ့အားသင့်စရာ ကောင်းပါတယ်။

ပတ်ဂန်းကျင် တစ်ခုလုံး မည်းမှောင်လို့ နေပါတယ်။ လမ်းကြောင်းမှာ မီးတိုင်တွေ ထွန်းညှိထားတယ် ဆိုပေမဲ့ လုံလုံလောက်လောက် လင်းထိန်မနေပါဘူး။ အဲဒါကြောင့် ပတ်ဂန်းကျင်မှာ အမှောင်ထု ကြီးစိုးပြီး ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေပါတယ်။

လမ်းကြောင်းက အလျင်အမြန်ပဲ အဆုံးကို ရောက်လာပြီး ရုတ်တရက် အရှေ့မှာ ကျယ်ပြန့်တဲ့ နေရာတစ်ခု ပေါ်လာခဲ့ပါတယ်။

ဒီယစ်ပလ္လင်ရဲ့ အတွင်းပိုင်းက အခေါင်းပေါက် ဖြစ်ပါတယ်။ ကျန်တဲ့ သုံးဘက်မှာတော့ အကျဉ်းခန်း အမျိုးမျိုးကို တည်ဆောက်ထားပါတယ်။ သူတို့အားလုံးကို ပြွတ်သိပ်နေအောင် ထည့်ထားပြီး အနိမ့်ဆုံး အခန်းကနေ အပေါ်ပိုင်းထိ ပြည့်ညပ်လို့ နေပါတယ်။ အကျဉ်းသား အများစုက လူသားတွေ ဒါမှမဟုတ်

မို့စ္စာသားရဲတွေ ပါဂင်ပြီး အကျဉ်းခန်း တချို့ကတော့ အလွတ်အတိုင်း ရှိနေပါတယ်။

ပလ္လင်ရဲ့ အောက်ခြေကို တူးထုတ်ထားပါတယ်။ အနက်က ဘယ်လောက်မှန်း မသိရပဲ အနီရောင် သွေးတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

အနက်ရောင် မျှော်စင်ထဲကနေတောင် လင်းဟန်က အရမ်းကို စူးရှတဲ့ သွေးနံ့ကို အနံ့ရနိုင်ပါတယ်။ တကယ်လို့ ဒီပလ္လင်ရဲ့ အောက်ခြေက သိပ်ပြီးတော့ မနက်ဘူးဆိုရင် သွေးနည်းနည်းလေး ဖြည့်လိုက်ရုံနဲ့ ဒီလောက်ထိ အနံ့အသက် ဆိုးဂါးစရာ မလိုပါဘူး။

အပြင်ဘက်မှာ အလောင်းတွေ အများကြီး ရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒါက တကယ့်ကို မျိုးသုန်းသတ်ဖြတ်မှု တစ်ခု ဖြစ်ပါတယ်။

သွေးအိုင်အထဲမှာ ဒါမှမဟုတ် သွေးကန်လို့တောင် ခေါ်လို့ရနိုင်ပါတယ်။ အဲဒီအထဲမှာ အလင်းရောင် တချို့ တလက်လက် တောက်ပနေပြီး အံ့အားသင့်စရာ အေးစိမ့်မှု တစ်ခု ထုတ်လွှတ်လို့ နေပါတယ်။

ပုန်း။

သွေးရေကန်က ပန်းထွက်လာပြီး အပေါ်မှာ ရောမ မိန္ဒစ္စာသားရဲ့တစ်ကောင် ပြုတ်ကျလာပါတယ်။ သူ့ရဲ့ခေါင်းက ပြုတ်နေပြီး သူ့အလောင်းက သွေးကန်ထဲကို ပြုတ်ကျသွားပြီး လှိုင်းကြက်ခွပ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာ တစ်ယောက်ယောက်က အလောင်းကို ဆယ်ယူပြီး တစ်ဖက်ကို ပစ်ထုတ်လိုက်ပါတယ်။

တစ်ခုပြီး တစ်ခု အကျဉ်းခန်းတွေ ပွင့်သွားပြီး မြင်းလှည်းနဲ့ သယ်ဆောင်လာတဲ့ လူသားတွေနဲ့ မိန္ဒစ္စာသားရဲတွေကို အထဲမှာ ပိတ်လှောင်လိုက်ပါတယ်။ အဲဒီနောက် မြင်းလှည်းတွေထဲက ခန္ဓာကိုယ်တွေ အစုလိုက် အပြုံလိုက်ကို နောက်ပိုင်းမှာ ယစ်ပလ္လင်ဆီ ပြောင်းရွှေ့ပါလိမ့်မယ်။ အဲဒီနောက် ခန္ဓာကိုယ်တွေကို အပြင်ဘက်ကို ရှင်းထုတ်ပစ် ပါလိမ့်မယ်။

လင်းဟန်က ရှုပ်ထွေးနေမှုကို အခွင့်ကောင်း ယူပြီးတော့ မြင်းလှည်းကနေ ထွက်လိုက်ပါတယ်။ အဲဒီနောက် အနက်ရောင် မျှော်စင်ထဲကို ပြန်ပုန်းလိုက်ပြီး အားလုံးထွက်သွားမှာကို စောင့်နေ လိုက်ပါတယ်။

ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းတဲ့ အော်ဟစ်သံတွေ အထဲမှာ သတ်ဖြတ်မှုတွေ ဆက်ပြီးတော့ ဖြစ်ပွားနေဆဲပါပဲ။ တစ်ယောက်ပြီး

တစ်ယောက် မို့စ္စာသားရဲတွေနဲ့ လူသားတွေကို ပလ္လင်ရဲ့ ထိပ်ကနေ ပစ်ချပြီး သွေးကန်ထဲကို ဗွမ်းခနဲ မြည်ပြီးတော့ ကျသွားပါတယ်။ အသစ်ရောက်လာတဲ့ အကျဉ်းသားတွေ အားလုံးပဲ ဒီမြင်ကွင်းကြောင့် ဒေါသတွေထွက်ပြီး မာန်ဖီ ဟိန်းဟောက်ပြီး သူတို့ရဲ့ အကျဉ်းခန်းက သံတိုင်တွေကို ပြင်းပြင်းထန်ထန် ဆွဲလှုပ်လိုက်ပါတယ်။ သူတို့အရင် ရောက်နေတဲ့ အကျဉ်းသားတွေက မှင်တက်တွေဝေနေပေမဲ့ ဘာမှတုံ့ပြန်မှု မရှိပါဘူး။

မြင်းလှည်းတွေက လှည်းအိမ်နဲ့အပြည့် အလောင်းကောင်တွေကို သယ်ထုတ်သွားပြီး နောက်ပိုင်းမှာ ဒုတိယမြောက်နဲ့ တတိယမြောက်အသုတ် ယစ်ပူဇော်ခံရမဲ့ သားကောင်တွေကို သယ်လာခဲ့ ကြပါတယ်။ တချိန်တည်းမှာပဲ သူတို့တွေက စတေးခံပြီးသား သားကောင်တွေရဲ့ ခန္ဓာကိုယ်တွေကို ပြန်သယ်ထုတ် သွားခဲ့ပါတယ်။

အော်သံတွေ ဆူညံနေတဲ့တာကလွဲရင် ဒါက တကယ့်ကို တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ အထပ်တိုင်းမှာ ကျင့်ကြံသူ တစ်ယောက်စီက ကင်းလှည့်နေပါတယ်။ ဒါပေမဲ့

ဒီယစ်ပလ္လင်က အရမ်းကို ကြီးမားတာကြောင့် ကင်းတစ်ကြိမ် လှည့်တာက အတော်လေးကို အချိန်ကြာမြင့်ပါတယ်။

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတွေ အစီအရီ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအထပ်မှာ ကင်းလှည့်တဲ့ ကျင့်ကြံသူ ဖြတ်သွားတဲ့ အချိန်မှာ သူက အနက်ရောင် မျှော်စင်ထဲကနေ ရုတ်တရက် ထွက်ပေါ်လာပြီး အဲဒီလူကို ဖမ်းဆုပ်လိုက်ပါတယ်။

အဲဒီလူက အံ့အားသင့် သွားခဲ့ပါတယ်။ တစ်ယောက်ယောက်က ဘယ်နေရာကမှန်းမသိ ထွက်ပေါ်ပြီး သူ့ကို တိုက်ခိုက်လာမယ်လို့ ဘယ်သူက ထင်မှတ်မိမှာလဲ။ သူက အလျင်အမြန်ပဲ လက်သီးဆုပ်ပြီး သူ့အနောက်ဘက်ကို ထိုးထည့်လိုက်ပါတယ်။ သူ့ရဲ့ အလျင်အမြန် လုပ်ဆောင်မှုကြောင့် သူ့ခွန်အားရဲ့ သုံးဆယ်ရာခိုင်နှုန်းလောက်ပဲ ထုတ်ဖော်နိုင်ခဲ့ပါတယ်။

ဟုမ်း။

လင်းဟန်က စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုးကို အသုံးပြုလိုက်ပါတယ်။ အဲဒီလူက ညည်းတွားသံတောင် မထွက်နိုင်ပဲ တန်းပြီးတော့ သတိလစ် မေ့မျောသွားခဲ့ပါတယ်။ တချိန်တည်းမှာပဲ လင်းဟန်ရဲ့ လက်က အဲဒီလူရဲ့ လည်ပင်းကို

ဖမ်းဆုပ်ထားပြီး အတွေးတစ်ချက်နဲ့ သူ့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲခေါ်လာလိုက်ပါတယ်။

သူက မူလစွမ်းအင် အားလှိုင်းတစ်ခုနဲ့ အဲဒီလူကို ဖိကပ်လိုက်ပြီး သတိလစ် မေ့မျောရာကနေ ရုတ်တရက် သတိပြန်လည် ရစေခဲ့ပါတယ်။

"အတင့်ရဲလိုက်တာ"

အဲဒီလူက ချက်ချင်းပဲ ကြိမ်းမောင်းလိုက်ပါတယ်။ အဲဒီနောက် သူ့အသံကို မြင့်ပြီးတော့ ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။

"ဒီမှာ ရန်သူဟေ့"

သူ့ရဲ့ စူးစူးဝါးဝါး အော်ဟစ်သံက ရုတ်တရက် ရပ်သွားပါတယ်။ သူက ယစ်ပလ္လင်ရဲ့ အတွင်းပိုင်းမှာ မဟုတ်တော့ဘူး ဆိုတာကို ရုတ်တရက် သတိပြုမိသွားခဲ့ပါတယ်။

သူက အံ့အားသင့် သွားမိခဲ့ပါတယ်။ ဒါက ဘယ်နေရာလဲ။ သူက ဘယ်လောက်ကြာအောင် သတိလစ် မေ့မျောနေခဲ့တာလဲ။

"ငါ့ဆရာသခင်က မင်းကို မေးခွန်းနည်းနည်း မေးချင်တယ်။ မင်းက လိမ်လိမ်မာမာနဲ့ ပူးပေါင်း ဆောင်ရွက်မယ် ဆိုရင်တော့

အကောင်းဆုံးပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမင်းကို ဂါးစားပစ်ရလိမ့်မယ်”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ထွက်ပေါ်လာပြီး သူ့ပါးစပ်ကို ဖြဲပြလိုက်ပါတယ်။ သူ့ရဲ့ အရမ်းကို ချွန်ထက်တဲ့ အစွယ်တွေက အဲဒီလူရဲ့ မျက်နှာကို ပွတ်သပ်သွားပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီလိုမျိုး အလုပ်တွေနဲ့ ပတ်သက်ပြီး အတော်လေးကို သင့်တော်တယ် ဆိုတာကိုတော့ ဝန်ခံရပါလိမ့်မယ်။

Chapter 1064 end

အပိုင်း(1065) ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ လျို့ဂှက်ပူးပေါင်းကြံစည်မှုတစ်ခု

“မင်း မင်း .....”

အဲဒီလူက ထိတ်လန့်တုန်လှုပ်ပြီး သေးထွက်လုမတတ် ဖြစ်သွားပါတယ်။ ဒါက ဘယ်လို ခွေးအမျိုးအစားမို့ သူ့ကိုကြည့်ရတာ ရက်စက်ယုတ်မာပုံ ပေါက်တယ်လို့ ခံစားရပြီး စိတ်လေးစေ နိုင်ရတာလဲ။ ဒါက ယန္တရားရုပ် တစ်ခုဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ လူသားစကားကို ပြောနိုင်ပါတယ်။

နောက်ပြီးတော့ တကယ့်ကို ရက်စက်မဲ့ ပုံစံမျိုး ပြုမူနေပြီး ဒါက သူ့အနေနဲ့ လုံးဝကို လက်မခံနိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။

"မင်း ဟုတ်လား။ ဘာဖြစ်လဲ မင်း"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီနေရာထဲမှာ လင်းဟန်ရဲ့ အမိန့်ဩဇာကို အသုံးချပြီးတော့ ခြိမ်းခြောက်တဲ့ ဗျူဟာတစ်ခုကို အသုံးချကာ အဲဒီလူရဲ့ ဦးခေါင်းကို လက်သည်းတစ်ခုနဲ့ ကုတ်လိုက်ပါတယ်။

"ငါက ကြီးကျယ်ခမ်းနားတဲ့ သတ်ဖြတ်သူလေးပဲ။ ပြီးတော့ ဒါက ငါ့ရဲ့ ဆရာသခင်ပဲ။ ငါ့ထက်တောင် ပိုပြီးတော့ ကြီးကျယ်ခမ်းနားသေးတယ်။ အခု ဆရာသခင်က မင်းကို ဒီနေရာမှာ မေးခွန်းမေးနေတယ်။ မင်းဘာပဲသိထားသိထား ပြန်ဖြေပေးရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက အရင်ဆုံး မင်းရဲ့ ခြေလက်တွေကို စုတ်ဖြဲပစ်ပြီးမှ မင်းကို ဝါးစားပစ်မယ်"

အဲဒီလူက ရုတ်တရက် ဆိုသလို သူ့ခြေထောက်တွေ ကြားကနေ အေးစိမ့်မှု တစ်ခုကို ခံစားလိုက်ရပြီး အမှတ်မထင် ခြေထောက်တွေကို စေ့ထားလိုက်မိပါတယ်။ ဒီရောမ ခွေးကြီး တကယ့်ကို ဆိုးယုတ်ပုံ ရပြီးတော့ သူ့ရဲ့ ငယ်ပါကို စားချင်နေတယ်လို့ ခံစားလိုက်ရပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး ခြောက်လှန့်မှုကြောင့် ဒီလူရဲ့ အပြုအမူက ပိုပြီးတော့ ကောင်းမွန်လာ ခဲ့ပါတယ်။ သူက တစ်နည်းနည်းနဲ့ အဖမ်းခံရပြီး ဒီလိုထူးဆန်းတဲ့ နေရာမှာ ပေါ်လာပြီးတော့ အခုဆို သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ ခြိမ်းခြောက်မှုကို ခံရတာကြောင့် သူ့ရဲ့ စိတ်ဓာတ်က တုန်လှုပ်လာခဲ့ပါတယ်။

"ဘာဖြစ်လို့ မင်းတို့က ဒီယစ်ပလ္လင်ကို တည်ဆောက်ရတာလဲ"

လင်းဟန်က တိုက်ရိုက်ပဲ မေးလိုက်ပါတယ်။

"ဒါ…"

အဲဒီလူက အထစ်ထစ် အငေါ့ငေါ့နဲ့ ပြောလိုက်တယ်။

"အား"

သူက ချက်ချင်းဆိုသလို ထိတ်လန့်တုန်လှုပ်စွာနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ လက်တစ်ဖက်ကို သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ကိုက်ဖြတ်လိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က လူကောင်းတစ်ယောက် မဟုတ်ပါဘူး။ ပထမ အချက်က သူဟာ မြေအောက်ကမ္ဘာက ဖြစ်ပါတယ်။ သူ့မျက်လုံးထဲမှာ တန်ခိုးရှင်ဘုံက သက်ရှိတွေ အားလုံးဟာ ပုရွက်ဆိတ်တွေနဲ့ တူပါတယ်။ သူတို့ကို နှလုံးသားထဲ

ထည့်စရာ မလိုပါဘူး။ ဒါကြောင့် သူက လက်တစ်ဖက်ကို စုတ်ဖြဲပစ်လိုက်တဲ့ အချက်ကို ဘေးဖယ်ထားဦး အဲဒီလူရဲ့ လည်ပင်းကို ကိုက်ဖြတ်ပစ်လိုက်မယ် ဆိုရင်တောင် သူ့စိတ်ထဲမှာ ဘာမှမဖြစ်ပါဘူး။

အဲဒီလူက သူ့ရဲ့ ကျန်နေတဲ့ လက်တစ်ဖက်ကို သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ဂံပုလွေ မျက်လုံးတွေက လှည့်လာပြီး အာရုံစိုက်နေတာကို မြင်လိုက်ရတဲ့ အခါမှာ သူက သေးထွက်လုနီးပါး ထိတ်လန့်တုန်လှုပ် သွားပြီးတော့ အလျင်အမြန်ပဲ ဖြေလိုက်ပါတယ်။

"ဒါက မြေအောက်မှာ နစ်မြုပ်နေတဲ့ ရတနာပစ္စည်း တစ်ခုရဲ့ ပြင်းထန်တဲ့ လေထုကို ပျက်ပြယ်ဖို့ သွေးယစ်ပူဇော်မှုကို အသုံးပြုတာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အဲဒီပစ္စည်းကို ယူဖို့ နည်းလမ်း မရှိပါဘူး"

"ဘာ"

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားပြီးတော့ မေးလိုက်ပါတယ်။

"ဒီတစ်ကြိမ် အထူးတာဂန်ကို မင်းတို့ ကောရာဇ်ကိုယ်တိုင် အမိန့်ပေးတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်။ ဒါက အရှင်မင်းကြီးရဲ့ အမိန့်ပါ"

အဲဒီလူက အစကို ထုတ်ဖော်ပြောလိုက်ပြီ ဆိုမှတော့ သူ့အနေနဲ့ တင်းခံနေဖို့ စိတ်ကူးမရှိပဲ အမှန်အတိုင်း ပြန်ဖြေလိုက်ပါတယ်။

"အဲဒီမှာ စစ်တပ်နဲ့ အမိန့်တစ်ခုလည်း ပါတယ်။ ဒါဆိုရင် ဒီရတနာ ပစ္စည်းအပေါ်မှာ မင်းတို့ ကောရာဇ်က အရမ်းကို အရေးကြီးတယ်လို့ သတ်မှတ်ထားပုံပဲ။ သူကိုယ်တိုင်ကိုယ်ကျ လာပြီးတော့ ဒါကို မယူဘူးဆိုတာက မင်းတို့ ကောရာဇ်မှာတောင် ဒါကို ရယူဖို့ နည်းလမ်းမရှိဘူးလို့ ဆိုလိုတာပဲ။ အဲဒီပစ္စည်းရဲ့ ပြင်းထန်တဲ့ အရှိန်အဂါကို ပယ်ဖျက်ဖို့ သွေးယစ်ပူဇော်မှုကို အသုံးပြုမှပဲ အဲဒီနောက်မှာ သူက အဲဒီပစ္စည်းကို အရယူနိုင်လိမ့်မယ်"

လင်းဟန်က သုံးသပ်ချက် ချလိုက်ပါတယ်။

ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း။

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က ချက်ချင်းပဲ သူ့ရဲ့ ဂံပုလွေ လက်သည်းတွေနဲ့ လက်ခုပ်လက်ဂါး တီးပြီးတော့ ချီးကျူးလိုက်ပါတယ်။

"ဆရာသခင်က ဉာဏ်အမြော်အမြင် အရမ်းရှိတာပဲ။ ဆရာသခင်က တကယ့်ကို ဉာဏ်ကောင်းလွန်းတယ်။ ဆရာသခင်က ဒီသတ်ဖြတ်သူလေးရဲ့ အရှေ့က လမ်းကြောင်းမှာ ထွန်းလင်းတောက်ပနေတဲ့ နေမင်းကြီး တစ်စင်းလိုပါပဲ"

"အား"

နောက်ထပ် ကျယ်လောင်စူးရှတဲ့ ငယ်သံပါအောင် အော်ဟစ်သံကြီးတစ်ခု ထွက်ပေါ်လာပါတယ်။ သူက သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို အပြစ်ကင်းစင်စွာနဲ့ ကြည့်နေတာပါ။ ဘာဖြစ်လို့ မင်းက ရုတ်တရက် ငါ့ကို လာကိုက်ရတာလဲ။

"ငါ့ဆရာသခင်က ဒီလိုမျိုး လက်ဖျားခါလောက်အောင် ထူးချွန်ထက်မြက်ပြီး အရမ်းကို အမျှော်အမြင်ရှိတဲ့ သုံးသပ်မှုတစ်ခု လုပ်တာတောင်မှ မင်းက လက်ခုပ်မတီးပဲ နေပုံ့တယ်ပေါ့။ မင်းက ပုန်ကန်ဖို့ စိတ်ကူးနေတာလား"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က မကောင်းဆိုးဝါးဆန်တဲ့ သူ့ရဲ့ ဂံပုလွေ မျက်လုံးတွေနဲ့ ပေ့ကြည့်လိုက်ပါတယ်။

အကျဉ်းသားက မျက်နှာသုန်မှုန် သွားမိပါတယ်။ တကယ်လို့ လက်ရှိ သူ့မှာ အထွတ်အထိပ် စွမ်းအား ရှိနေမယ်ဆိုရင်

သူသေချာပေါက် ဖိနှိပ်ထိန်းချုပ်မဲ့ သက်ရှိက လင်းဟန်မဟုတ်ပဲ ဒီသောက်ကျိုးနည်း ခွေးပဲ ဖြစ်ပါတယ်။ ဒီကောင်က သောက်ကျိုးနည်းစရာကောင်းအောင် အမြင်ကပ်ဖို့ ကောင်းလွန်းပါတယ်။

"အဲဒီရတနာပစ္စည်းက ဘာလဲ"

လင်းဟန်က မေးလိုက်တယ်။

"ကျနော် မသိပါဘူး"

အကျဉ်းသားက သူ့ခေါင်းကို ခါလိုက်ပါတယ်။

"အား"

သူက ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူ့ရဲ့ ကျန်နေတဲ့ လက်တစ်ဖက်ကို သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရုတ်တရက် စုတ်ဖြဲပစ်လိုက်ပါတယ်။

"ကျနော် တကယ်ပဲ မသိပါဘူး"

သူက အလျင်အမြန်ပဲ အော်ဟစ်လိုက်ပြီး သူ့ခြေထောက် နှစ်ဖက်စလုံးကိုလည်း စုတ်ဖြဲပစ်မှာ မခံချင်ပါဘူး။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လင်းဟန်ဆီကို လှည့်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင် သူ့ပုံစံကို ကြည့်ရတာ တကယ်မသိတဲ့ပုံပဲ"

အကျဉ်းသားက မယုံနိုင်စရာ ကောင်းလောက်အောင် ဒေါသထွက်သွားပါတယ်။ မင်းက နည်းနည်းလောက် သဘောထား ကွဲလွဲတာနဲ့ အရမ်းကို လွယ်လွယ်ပဲ ရက်စက်ကြမ်းကြုတ် လာတာ မင်းပဲမဟုတ်လား။

ကံကောင်းတာက လူတစ်ယောက်ဟာ တန်ခိုးရှင် အဆင့်ကို ဖြတ်ကျော်ပြီးတဲ့ နောက်ပိုင်းမှာ ပြတ်နေတဲ့ ခြေလက်တွေကို ပြန်ပေါက်ဖို့ဆိုတာ အသေးအဖွဲ တစ်ခုပါပဲ။ အချိန်လေး နည်းနည်းပဲ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ လူတစ်ယောက်က လက်ရွေးစင် တစ်ယောက်ကြောင့် ထိခိုက်ဒဏ်ရာ ရလာခဲ့တာ ဆိုရင်တော့ အဲဒီလက်ရွေးစင်ရဲ့ သိုင်းဆန္ဒက ဒဏ်ရာထဲမှာ ကျန်ရစ်နေမှာ ဖြစ်တာကြောင့် သိုင်းဆန္ဒကို ဆွဲထုတ်ခြင်း မရှိပဲနဲ့ ခြေလက်အသစ်တွေ ပြန်ပေါက်လာနိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့မေးစေ့ကို လက်နဲ့ပွတ်ပြီးတော့ စဉ်းစားခန်း ဖွင့်လိုက်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ကို အနှောင့်အယှက် မပေးပဲ့ပဲ အကျဉ်းသားကို ဘေးဘက်ကို သွားဖို့

အလျှင်အမြန်ပဲ အချက်ပြလိုက်ပါတယ်။ သူက အကျဉ်းသား သိထားသမျှ အားလုံးကို ဒုတိယ အကြိမ်မြောက် စစ်ဆေးမေးမြန်းလိုက်ပါတယ်။ ဒါမှ လင်းဟန်ရဲ့ မျက်နှာသာပေးခြင်းကို သူရနိုင်ပါလိမ့်မယ်။

ထာဂရ မိုးကောင်းကင် ဧကရာဇ်က ရွေးခြယ်သည့် နိုင်ငံကို အကာအကွယ် တစ်ခုလို အသုံးချပြီး ကျူးကျော်ကာ သူ့ရဲ့ရည်ရွယ်ချက်က ဒီနေရာအောက်မှာ နစ်မြုပ်နေတဲ့ ရတနာကို ရယူဖို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက အရမ်းကို ဒုက္ခရောက်နေပြီး ဒီရတနာရဲ့ အရေးပါမှုက အရမ်းကို ထူးခြားနေတယ်ဆိုတာ သက်သေပြနေပါတယ်။

ဒီနေရာ တစ်လျှောက်လုံးမှာ သူက ဒီနေရာရဲ့ မိုင်တစ်ထောင် အတွင်း သွေးနီရောင် တောက်နေတဲ့ ကုန်းမြေကို တွေ့မြင်ရပြီး သက်ရှိတွေအားလုံး အမြစ်ဖြုတ် သုတ်သင်ခံ ရပါတယ်။ သူတို့တွေ အားလုံးပဲ ဖမ်းဆီးခံရပြီး ယစ်ပူဇော်တဲ့ သားကောင်တွေ ဖြစ်သွားတယ် ဆိုတာကို သူမှန်းဆကြည့်ခဲ့ပါတယ်။ လူသားတွေ တိရိစ္ဆာန်တွေအပြင် အပင်တွေနဲ့ သစ်ပင်တွေလို သက်ရှိတွေတောင် ဒီကပ်ဘေးဒုက္ခကနေ လွတ်မြောက်နိုင်စွမ်း မရှိခဲ့ပါဘူး။

တန်ခိုးရှင်တွေရဲ့ မျက်လုံးတွေထဲမှာ သာမန်လူတွေက ပုရွက်ဆိတ်သာသာ ဆိုရင်တောင် ဒီလိုမျိုး လုပ်ဆောင်မှုတွေက ရှုံးနှမ်းတဲ့ လုပ်ရပ်တွေလို့ သတ်မှတ်လို့ ရပါတယ်။ ထာဂရ မိုးကောင်းကင် အင်ပါယာက ပြင်းထန်တဲ့ မြစ်ကို ပိတ်ဆို့ထားချင်တာ အံ့ဩစရာ မရှိတော့ပါဘူး။ အဲဒီလိုမှ မဟုတ်ပဲ ဒီသတင်းသာ ပေါက်ကြားသွားမယ်ဆိုရင် ကြယ်ဥက္ကာ အင်ပါယာရဲ့ ပြင်းထန်တဲ့ ဒေါသကို သေချာပေါက် ခံရပါလိမ့်မယ်။

ဒါပေမဲ့လည်း အမှန်တရားက အမြဲတမ်း ထွက်ပေါ်လာပါတယ်။ ဒီကိစ္စကို မကြာခင် ဒါမှမဟုတ် နောက်ကျရင် ကမ္ဘာကြီးက သိသွားပါလိမ့်မယ်။ အဲဒီနောက် လင်းဟန်က ဖြစ်နိုင်ချေ အမှန်တရား နှစ်ခု ရှိလာပါတယ်။

ပထမ အချက်က ဒီနေရာမှာရှိတဲ့ ရတနာပစ္စည်းဟာ ထာဂရမိုးကောင်းကင် အင်ပါယာရဲ့ ဧကရာဇ်ကို ဒီလိုမျိုး ရက်ဖွယ်ကောင်းတဲ့ ယုတ်မာမှုကို လုပ်ဆောင်ဖို့ ဆန္ဒရှိတဲ့အထိ အဖိုးထိုက်တန်ပြီး ဒီပစ္စည်းကို ရယူဖို့အတွက် တခြားအင်ပါယာ နှစ်ခုနဲ့ စစ်ပွဲတစ်ခု စတင်ဖို့ အထိတောင် စွန့်စားစေတဲ့အထိ တန်ဖိုးကြီးမားပါလိမ့်မယ်။

ဒုတိယ အချက်က ဒီရတနာ ပစ္စည်းက အထွတ်အထိပ် နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါလိမ့်မယ်။ သူက ဒါကို ရယူနိုင်ခဲ့ရင် ထာဝရ မိုးကောင်းကင် ကေရာဇ်ရဲ့ တိုက်ပွဲစွမ်းရည်က အားလုံးကို ချေမှုန်းပစ်နိုင်တဲ့အထိ လုံလောက်သွားပါလိမ့်မယ်။ တကယ်လို့ အမှန်တရား ထွက်ပေါ်လာမယ် ဆိုရင်တောင် ဘာဖြစ်ဦးမှာလဲ။ သူက တခြားသူတွေကို ဖိနှိပ်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ ဒါဆိုရင် သူ့ကို ဘယ်သူကများ ဆန့်ကျင်ရင်ဆိုင်နိုင်စွမ်း ရှိလိမ့်မှာလဲ။

ဒီကမ္ဘာကြီးထဲမှာ အဆုံးစွန် သန်စွမ်းတဲ့ သူကပဲ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ပါတယ်။ လူတစ်ယောက်ရဲ့ ခွန်အားက ပြိုင်ဘက်တွေ အားလုံးကို ချေမှုန်းပစ်နိုင်တဲ့ အချိန်မှာ တခြားသူတွေရဲ့ သဘောထား အမြင်တွေကို စဉ်းစားစရာ လိုဦးမှာလား။ တခြားသူတွေက သဘောမတူပဲ နေရဲမှာတဲ့လား။

ဒီပစ္စည်းက အရမ်းကို ကောင်းမွန်လိမ့်မယ်။ သွေးယစ်ပူဇော်တဲ့ နည်းလမ်းက ရှုးနဲ့ပြီးတော့ လူတွေရဲ့ ဒေါသနဲ့ ရင်ဆိုင်ရလိမ့်မယ်။ ထာဝရ မိုးကောင်းကင် ကေရာဇ်က ဒီလိုမျိုး လုပ်နေသေးတယ် ဆိုမှတော့ အရာအားလုံး ပြီးဆုံးသွားပြီးတဲ့နောက်မှာ အင်ပါယာ နှစ်ခု ပူးပေါင်းပြီး တိုက်ခိုက်လာနိုင်တဲ့ အကျိုးဆက်ထက် ပိုပြီးတော့ အဖိုးထိုက်တန်တယ်လို့ ဆိုလိုတာပဲ။

ငါဒါကို ဖျက်ဆီးပစ် ရမယ်။

လင်းဟန်က သူ့လက်တွေကို နောက်တစ်ကြိမ် ဖြန့်ခနဲဖြည်အောင် ရိုက်ပြီးတော့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

အကောင်းဆုံး နည်းလမ်းက ဒီနေရာထဲက ရတနာပစ္စည်းကို အရင်ဆုံး လုယူတာပဲ ဖြစ်ပါတယ်။ ဒါမှ ထာဂရ မိုးကောင်းကင် ကေရာဇ်ရဲ့ ကြိုးစားအားထုတ်မှုတွေက အလဟဿ ဖြစ်သွားပါ လိမ့်မယ်။ ဒါပေမဲ့ ထာဂရ မိုးကောင်းကင် ကေရာဇ်တောင် ဒီရတနာ ပစ္စည်းရဲ့ ပြင်းထန်တဲ့ အရှိန်အဝါကို ပျက်ပြယ်စေဖို့ သွေးယစ်ပူဇော်မှုကို အသုံးပြုခဲ့ရပါတယ်။ သူက အဲဒါကို မယူခင် ဒီအချက်ကို စဉ်းစားရပါလိမ့်မယ်။ ဒါဆိုရင် လင်းဟန်က အဲဒါကို အရင်ဆုံး ရယူဖို့ ဘယ်လို အရည်အချင်းမျိုး ရှိမှာလဲ။

စိမ့်ထွက်လာတဲ့ အရှိန်အဝါ တစ်ခုတည်းနဲ့တင် လူသားပုံစံ ပြောင်းနိုင်ပြီး စိတ်ဝိညာဉ်ကို တိုက်ခိုက်နိုင်ပါတယ်။ ဒါဆိုရင် အဲဒီရတနာ ပစ္စည်းကိုယ်တိုင်က ထုတ်လွှတ်တဲ့ အရှိန်အဝါဆို ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာ ကောင်းလိုက်မလဲ။ လက်ရှိ လင်းဟန်ရဲ့ အစွမ်းနဲ့ အဲဒါကို ရင်ဆိုင်နိုင်ပါ့မလား။

တကယ်လို့ ငါ့မှာ အကြွင်းမဲ့ မူလကျောက်ပြားသာ ရှိမယ်ဆိုရင် တစ်ခုခုတော့ လုပ်နိုင်လိမ့်မယ်။

လင်းဟန်က ဘာမှမတတ်နိုင်ပဲ သူ့ရဲ့ ဆိုးဝါးတဲ့ ကံကြမ္မာအတွက် ကျိတ်ပြီးတော့ ညည်းညူလိုက် မိပါတယ်။ သူက ကေရီ ဘုရင်မ လွှမ့်ရှင်းကို လက်ဝါးနဲ့ တင်ပါးရိုက်ပြီး ကောင်းကောင်းလေး သင်ခန်းစာ ပေးချင်တဲ့ စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတယ်။ ဒီအတွေး သူ့ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာသလို သူ့မျက်နှာကလည်း အမှတ်မထင် ရှုံ့မဲ့သွားပါတယ်။ ဘာမှမသိလိုက်ပဲ ဒီကေရီ ဘုရင်မရဲ့ ပုံရိပ်က သူ့နှလုံးသားထဲမှာ အမြစ်တွယ်သွားပြီး သူ့စိတ်ဆန္ဒ မပါပဲ တွယ်ကပ်လို့ နေပါပြီ။

သူမက တကယ့်ကို မာယာရှင် တစ်ယောက် ဖြစ်ပြီးတော့ ဒီလိုမျိုး နေရာမှာ အထူးတလည် အစွမ်းထက်တယ်လို့ ပြောနိုင်ပါတယ်။

"တကယ်လို့ ဒီရတနာကို ငါအရင်ဆုံး မယူနိုင်ဘူးဆိုရင် အုတ်အော်သောင်းတင်း ဖြစ်အောင်တော့ ဖန်တီးရမှာပေ့ါ။ ဒီနေရာက အကျဉ်းသားတွေ အားလုံးကို လွှတ်ပေးပြီး သွေးယစ်ပူဇော်တဲ့ စည်းချက်ကို ဖျက်ဆီးပစ်ရမယ်။ အဲဒီနောက် ငါ ချက်ချင်းပဲ ထွက်ပြေးရလိမ့်မယ်။ ပြီးတော့ ဒီသတင်းတွေကို အင်ပါယာမြို့တော်ဆီ ပြန်သယ်ပြီး ကေရီ ဘုရင်မ လွှမ့်ရှင်းကို ကိုယ်တိုင်ကိုယ်ကျ ဒီကိစ္စ ဖြေရှင်းဖို့ ပြောရမယ်"

"ကေရီ ဘုရင်မနဲ့ ကေရာဇ်။ ဒီတိုက်ပွဲက ငါ့ဂင်ပါလို့ ရတဲ့ အဆင့်မှာ မရှိဘူး"

သူ့ရဲ့ လက်ရှိဘဂက ကြယ်ဥက္ကာ အင်ပါယာနဲ့ ချိတ်ဆက်ထားခဲ့ပါတယ်။ တကယ်လို့ ထာဂရ မိုးကောင်းကင် အင်ပါယာက ပြိုင်ဘက်ကင်း ဖြစ်လာရင် ငြိမ်းချမ်းရေး ဂြိုလ်ကြီးရဲ့ စွမ်းအားမျှခြေက တိမ်းစောင်းသွားပြီး ဩဇာအာဏာ တစ်ခုလုံးကို တစ်ဖက်တည်းကပဲ သိမ်းပိုက်ထားပါလိမ့်မယ်။ အင်ပါယာ သုံးခုအကြားက စွမ်းအားညီမျှချက်ကလည်း ဆက်ပြီးတော့ ညီမျှတော့မှာ မဟုတ်ပါဘူး။

သူလိုမျိုး ပါရမီရှင် တစ်ယောက်လည်း အန္တရာယ်ထဲ ကျရောက်လာပါလိမ့်မယ်။ အာဏာရှင် တစ်ယောက်က သူတို့ရဲ့ အာဏာကို စိန်ခေါ်လာနိုင်တဲ့ လူတစ်ယောက် ထွက်ပေါ်လာမှာကို မမြင်တွေ့ချင်ဆုံးပဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ လင်းဟန်မှာက သူ့ပုခုံးပေါ် မဟာလင်းအင်ပါယာ ရှိနေပါသေးတယ်။ ဒါကြောင့် သူက တခြားသူရဲ့ လက်ထဲကို ဘယ်လိုလုပ်ပြီး ကျရောက်ခွင့် ပြုနိုင်မှာလဲ။

ဒါဆိုရင် ဒီလိုပဲ ဆုံးဖြတ်လိုက်တာပေါ့။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ လျပ်ပြက်သလို ထွက်လာခဲ့ပါတယ်။ ဒီအထပ်မှာ လူတစ်ယောက်ပဲ ကင်းလှည့်တာ ဖြစ်ပါတယ်။ ဒါကြောင့် သူပျောက်သွားတယ် ဆိုရင်တောင် နောက်တစ်နေရာက သတိထားမိစရာအကြောင်း မရှိပါဘူး။

သူ့အရှေ့မှာ အကျဉ်းခန်းတစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် လင်းဟန်က နတ်ဘုရား ဓားကို ဆွဲထုတ်ပြီး သံတိုင်တွေကို ခုတ်ဖြတ်လိုက်ပါတယ်။ အဲဒီနောက် သူက စပ်ဖြဲဖြဲ မျက်နှာနဲ့ အထဲမှာရှိတဲ့ အကျဉ်းသားတွေကို မေးလိုက်ပါတယ်။

“မင်းတို့အားလုံး အပြင်ထွက်ဖို့ ဆန္ဒမရှိဘူးလား”

Chapter 1065 end

အပိုင်း(1066) အကျဉ်းသားတွေကို လွှတ်ပေးခြင်း

အကျဉ်းခန်းထဲမှာ စုစုပေါင်း မိန္တာသားရဲ ခုနစ်ကောင် ရှိပြီးတော့ သူတို့အားလုံးက လင်းဟန်ကို မှင်တက်တွေဝေတဲ့ အမူအရာ တစ်ခုနဲ့ စိုက်ကြည့်နေပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ လုံးဝကို မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လူသားတစ်ယောက်က တကယ်ပဲ ရောက်လာပြီး သူတို့ကို ကယ်ဆယ်နေတာလား။

ဘယ်လိုပဲဖြစ်ဖြစ် ဒါပေါ့။ သူတို့က ဒီနေရာကနေ ထွက်ပြေးလွတ်မြောက် ချင်ကြပါတယ်။

"လူသား မင်းက ဒီနေရာကနေ ငါ့ကို ကယ်ဆယ်နိုင်သရွေ့ ဒီဂက်ဂံအိုကြီးက မင်းအပေါ်မှာ အကြွေးကြီးကြီး တစ်ခု တင်သွားပြီ"

တစ်မီတာလောက် မြင့်တဲ့ အနက်ရောင် ဂက်ဂံက ကတိတစ်ခု ပြုလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်လုံးတွေက ခရမ်းရောင် သန်းနေပါတယ်။

ဒါက တောင်မြစ်အဆင့် ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ မိစ္ဆာသားရဲ တစ်ကောင် ဖြစ်ပြီးတော့ သူ့ရဲ့ အသိဉာဏ် နိုးထလာတာ ကြာပါပြီ။ အခု သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ထိန်းချုပ်ထားပြီး သူ့ခန္ဓာကိုယ်ကို ဒီအရွယ်အစားထိ အတင်းအကျပ် ချုံ့ထားတာကြောင့် သူ့အနေနဲ့ ဒေါသလည်း ထွက်သလို ရှက်လည်းရှက်ရွံ့ပြီး သူ့ကို အကြီးအကျယ် အရှက်ခွဲသလိုမျိုး ခံစားရပါတယ်။

ခရမ်းမျက်လုံး ဂက်ဂံမှာ ရှေးဟောင်း နတ်ဘုရား သားရဲက မျိုးဆက်သွေးနည်းနည်း ရှိပါတယ်။ ကောင်းကင်ဘုံ အုပ်စိုးသူ ဂက်ဂံမျိုးဆက်ဖြစ်တဲ့ သူက အမှန်တကယ်ပဲ ဒီအခြေအနေထိ ဆုတ်ယုတ်လာခဲ့ပါတယ်။ အဲဒါက သူ့ကို အကြီးအကျယ်

အရှက်တကွဲ အကျိုးနည်း ဖြစ်စေပြီး သေချင်စိတ်တောင် ဖြစ်စေပါတယ်။

လင်းဟန်က ပြောလိုက်တယ်။

"ငါ မင်းကို တားမြစ်ထားတဲ့ အရာတွေ အားလုံးကို ဖယ်ရှားပေးနိုင်တယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ အရေအတွက် သာရှုံနဲ့ ဒီသားသတ်ရုံကနေ ထွက်ပြေးလွတ်မြောက်နိုင်မယ်လို့ မင်းထင်နေတာလား"

"မင်းမှာ ဘာအကြံတွေ ရှိလဲ"

မြည်းတစ်ကောင်က မေးလိုက်တယ်။ သူ့တစ်ကိုယ်လုံး ရွှေရောင်တလက်လက် တောက်ပနေပြီး ကြည့်ရတာ မြင်းတစ်ကောင်ထက်တောင် တောက်ပနေပါတယ်။

ဒီနေရာမှာ အကျဉ်းချခံထားရတဲ့ သက်ရှိတွေ အားလုံးက တန်ခိုးရှင် အဆင့်မှာ ရှိပါတယ်။ သာမန် သက်ရှိတွေ အတွက်တော့ သူတို့တွေက တန်းပြီးတော့ အသတ်ခံရပြီး ယစ်ပူဇော် ခံရပါတယ်။ သူတို့ရဲ့ အသက်ဓာတ်က အရမ်းကို အားနည်းပါတယ်။ ဒါကြောင့် အခမ်းအနား လုပ်နေစရာ မလိုပါဘူး။ ဒါပေမဲ့လည်း တောင်မြစ်အဆင့်ကနေ စပြီးတော့ သက်ရှိတွေမှာ မယုံနိုင်စရာ

ကောင်းလှတဲ့ သက်တမ်းတစ်ခုကို ပိုင်ဆိုင်လာခဲ့ပြီး ဒီလိုမျိုး သက်ရှိတွေကို ယစ်ပူဇော်တဲ့ အာနိသင်တွေက အံ့ဩဖွယ်ရာကောင်းပါတယ်။ ဒါကြောင့် သူတို့ကို အလျင်စလိုနဲ့ သတ်ပစ်ဖို့ မရနိုင်ပါဘူး။

လင်းဟာန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါ့မှာ လျှို့ဝှက်နည်းစနစ် တစ်ခုရှိတယ်။ ပြီးတော့ ဒီနေရာထဲကို ငါ့စိတ်ကြိုက် သွားနိုင်လာနိုင်တယ် ဒါကြောင့် ငါဒီလိုမျိုး ကြံစည်ထားတယ်။ ဒီနေရာမှာရှိတဲ့ အကျဉ်းသား အားလုံးကို ငါလွှတ်ပေးမယ်။ ပြီးတော့ မင်းတို့အားလုံး အတူတူ လှုပ်ရှားရမယ်။ အဲဒီနောက် ဘာပဲဖြစ်ဖြစ် အစွမ်းကုန် ကြိုးစားပြီးတော့ အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးလွတ်မြောက် နိုင်လိမ့်မယ်"

မို့စွာသားရဲ ခုနစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် ကြည့်လိုက်ပြီး နောက်ဆုံးမှာ ခေါင်းညိတ်ကာ သဘောတူညီ လိုက်ကြပါတယ်။

တကယ်လို့ သူတို့နည်းနည်းလေးပဲ တစ်ဟုန်ထိုး ထိုးဖောက်ထွက်မယ်ဆိုရင် ပွန်းပဲ့ရာလေး တစ်ခုတောင် ဖြစ်စေဖို့ လုံလောက်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ ဒီယစ်ပလ္လင်ထဲက အကျဉ်းသားအားလုံး တပြိုင်နက်တည်း ပုန်ကန်မယ်ဆိုရင် စောစောက လင်းဟာန်ပြောသလို

တော်တော်များများကို သတ်ပစ်ခံရနိုင်သလို တော်တော်များများကလည်း ကံကောင်းရင် ထွက်ပြေးလွတ်မြောက်နိုင်ပါလိမ့်မယ်။

"ငါတို့ လုပ်ပဲ့မယ်"

မို့စွာသားရဲ ခုနစ်ကောင်က တပြိုင်နက်တည်း ပြောလိုက်ပါတယ်။

လင်းဟာန်က ချက်ချင်းဆိုသလို မို့စွာသားရဲ ခုနစ်ကောင်လုံးကို သတိမေ့အောင် လုပ်လိုက်ပါတယ်။ လက်ရှိမှာ ဒီမို့စွာသားရဲတွေအားလုံးရဲ့ ကျင့်ကြံခြင်းကို ပိတ်ဆို့ထားပါတယ်။ ဒါကြောင့် သူတို့ကို သတိလစ်အောင် လုပ်ဖို့ဆိုတာ အရမ်းကို လွယ်ကူလွန်းပါတယ်။ အဲဒီနောက် သူတို့ကို အနက်ရောင် မျှော်စင်ထဲကို ဆွဲထည့်လိုက်ပါတယ်။ အခုဆို သူတို့တွေက အနက်ရောင် မျှော်စင်ထဲ ရောက်နေပြီ ဖြစ်တာကြောင့် လင်းဟာန်အတွက် သူတို့အပေါ်က တားမြစ်မှုတွေကို ဖယ်ရှားဖို့ဆိုတာ ကိတ်မုန့်တစ်လုံး စားရသလို လွယ်ကူလွန်းပါတယ်။

သူက မို့စွာသားရဲ ခုနစ်ကောင်ကို နောက်တစ်ကြိမ် ထပ်လွှတ်ပေးပြီးတော့ သူတို့ကို နိုးထစေ လိုက်ပါတယ်။ မို့စွာသားရဲ ခုနစ်ကောင်လုံး မှင်တက်သွားခဲ့ပါတယ်။ သူတို့က ရုတ်တရက်

သတိလစ် မေ့မျောသွားပြီး သူတို့ရဲ့ ကျင့်ကြံခြင်းတွေက ဘယ်လိုလုပ် ပြန်ကောင်းလာတာလဲ။

ဒါပေမဲ့လည်း သူတို့က အခုဆို သူတို့ရဲ့ စွမ်းရည်တွေ အပြည့်အဝ ပြန်လည်ရရှိထားတာကြောင့် သူတို့ရဲ့ ယုံကြည်မှုတွေက အများကြီး တိုးလာခဲ့ပါတယ်။ သူတို့က အလျင်စလိုနဲ့ မလှုပ်ရှား ခဲ့ပါဘူး။ လှုပ်ရှားဖို့ အချက်ပြန်မှာကို တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စောင့်နေခဲ့ပါတယ်။ တကယ်လို့ အဲဒီအချိန်မှာ အစောင့်အကြပ်တွေက သူတို့ကို ရှာတွေ့သွားမယ်ဆိုရင် အကျဉ်းထောင်ကနေ သူတို့တွေ ထွက်ပြေးလွတ်မြောက်မဲ့ အကြံအစည်က လုံးဝကို သုံးစားလို့ မရပဲ ဖြစ်သွားပါလိမ့်မယ်။

သူတို့က သဘောတူထားတဲ့အတိုင်း စတင်ပုန်ကန်လိုက်တဲ့ အချိန်မှာ တခြားသူတွေလည်း ချက်ချင်း လှုပ်ရှားလာပါလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ အစောင့်အရှောက်တွေ အားလုံးက ဒီနေရာမှာ မျှော်မှန်းထားတာထက် စောပြီးတော့ တစ်ခုခုကို ရှာတွေ့သွားပါလိမ့်မယ်။ သူတို့တွေ ဘယ်လောက်များများ လွတ်မြောက်သွားဖို့ဆိုတာ ဘေးဖယ်ထား သူတို့တောင် လှုပ်ရှားလို့ မရနိုင်အောင် ဖြစ်သွား ပါလိမ့်မယ်။

လင်းဟန်က အကျဉ်းခန်းတွေကို တစ်ခန်းပြီး တစ်ခန်းလှည့်လည်သွားလာပြီး အရင်အတိုင်းပဲ ပြောကြားခဲ့ပါတယ်။

ဒီနေရာထဲမှာရှိတဲ့ အကျဉ်းသားတွေက အစတုန်းက သေဖို့ကို စောင့်မျှော်နေရပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူတို့မှာ မျှော်လင့်ချက် အလင်းရောင် ပါးပါးလေး တစ်ခု ရရှိလို့ လာခဲ့ပါပြီ။ သူတို့က လင်းဟန်ကို မယုံနိုင်စရာ ကောင်းလောက်အောင် ကြည်ညိုလေးစား လာခဲ့ပြီး သူနဲ့အတူ သူတို့ကိုယ်တိုင် လွတ်မြောက်ဖို့အတွက် ကြိုးစားရုန်းကန်ဖို့ ပူးပေါင်းချင်နေကြပါတယ်။

အစီအစဉ်က မျှော်လင့်မထားပဲ အရမ်းကို ချောမွေ့လာခဲ့ပါတယ်။ လင်းဟန်က အကျဉ်းခန်း တော်တော်များများကို လွတ်မြောက်စေခဲ့ပေမဲ့ သူတို့ရဲ့ ပတ်ဂန်းကျင်မှာ သမာရိုးကျ မဟုတ်တဲ့ လှုပ်ရှားမှု အနည်းငယ်မျှ မရှိခဲ့ပါဘူး။

သူက အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက် ပေါက်ကြားသွားမှာကို မစိုးရိမ်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက မကောင်းဆိုးဝါးချီကို အသုံးပြုပြီးတော့ သူ့ရဲ့အရှိန်အဝါကို တစ်လျှောက်လုံး ဖုံးကွယ်ထားခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့ မူလရုပ်သွင်ကို အသုံးပြုပြီးတော့ ပြန်ပေါ်လာခဲ့မယ်ဆိုရင် မို့ဠာသားရဲပဲဖြစ်ဖြစ်

လူသားတွေပဲဖြစ်ဖြစ် သူ့ကို သတိပြုမိမှာ မဟုတ်ဘူးဆိုတာ အာမခံနိုင်ပါတယ်။

တကယ်မရှိတဲ့ လူတစ်ယောက်က စိတ်ဂိညာဉ် သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားတာက သူနဲ့ဘယ်လိုလုပ် ပတ်သက်မှု ရှိမှာလဲ။

တစ်ထပ် နှစ်ထပ် သုံးထပ်။ လင်းဟန်က အပေါ်ကို ဆက်ပြီးတော့ တက်သွားပြီး လမ်းတစ်လျှောက် အစောင့်အကြပ်တွေ အားလုံးကို ထိန်းချုပ်ကာ သူတို့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ခဲ့ပါတယ်။

ဒီအစောင့်တွေ အားလုံးက တောင်မြစ်အဆင့် ကနဦးမှာပဲ ရှိကြပါတယ်။ သူတို့က လင်းဟန်ရဲ့ ပြိုင်ဘက်တွေ မဟုတ်ပါဘူး။ သူတို့အားလုံးက စိတ်ဂိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာနဲ့ ထိန်းချုပ်ပြီး နည်းနည်းလေးမှတောင် လှုပ်ရှားမှု မဖြစ်စေခဲ့ပါဘူး။

"မင်းတို့အားလုံး အသက်ရှင်ဖို့ ဆန္ဒရှိကြလား"

သူက အကျဉ်းခန်း သုံးပုံတစ်ပုံကို လွတ်မြောက်အောင် လုပ်ပေးခဲ့ပြီး နောက်ထပ် အကျဉ်းခန်း အသစ်ဆီကို ဝင်လာတဲ့ အခါမှာ သူက တူညီတဲ့ စကားတွေကိုပဲ ပြောလိုက်ပါတယ်။

ဒီအကျဉ်းခန်းထဲမှာ စုစုပေါင်း လူလေးယောက် ရှိပြီးတော့ ခွေးသေးသေးလေး တစ်ကောင်လည်း ရှိပါတယ်။ အဲဒီခွေးလေးက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိနေပြီးတော့ ဘယ်လိုလုပ်ပြီး အခုချိန်ထိ ကျန်နေခဲ့လဲ ဆိုတာကို ဘယ်သူသိမှာလဲ။

လူလေးယောက်က အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပြီး လင်းဟန်က သူတို့ကို သူ့အကြံကို ပြောပြလိုက်တဲ့ အခါမှာ သူတို့တွေက ဂမ်းမြောက်ဂမ်းသာနဲ့ သဘောတူခဲ့ပါတယ်။

လင်းဟန်က လူလေးယောက်နဲ့ ခွေးတစ်ကောင်ကို အနက်ရောင် မျှော်စင်ထဲ ဆွဲမထည့်ခင် သတိလစ် မေ့မျောအောင် လုပ်ခဲ့ပါတယ်။ သူတို့ကို အရင်အတိုင်းပဲ လှည့်ကွက်သုံးပြီး သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေကို ပိတ်ဆို့ထားမှုတွေကို ဖယ်ရှားလိုက်ပါတယ်။

သူက ထွက်သွားမလို့ လုပ်လိုက်တဲ့ အခါမှာ ခွေးသေးသေးလေးက သူ့ဘောင်းဘီစကို ကိုက်ထားတာ တွေ့လိုက်ရပါတယ်။

"ဟမ်"

လင်းဟန်က ခွေးကို ကြည့်လိုက်ပါတယ်။

"ငါမင်းအနောက်ကို လိုက်ချင်တယ်"

ခွေးက ပြောလိုက်ပါတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ မျိုးစွာသားရဲ တစ်ကောင်အတွက် လူ့စကားပြောနိုင်တယ်ဆိုတာ မထူးဆန်းပါဘူး။ ဒါပေမဲ့လည်း မျိုးစွာသားရဲ အများစုက တောင်မြစ်အဆင့်ကို ရောက်ပြီးမှ လူသားပုံစံ ပြောင်းလဲနိုင်ပါတယ်။ တချို့ဆိုရင် နေလအဆင့်၊ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ဒါမှမဟုတ် ထာဝရမြစ်အဆင့်လို နောက်ပိုင်းရောက်မှ လူသားပုံစံ ပြောင်းလဲနိုင်ပါတယ်။

"ဘာဖြစ်လို့လဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ငါမင်းကို ကူညီနိုင်တယ်"

ခွေးသေးသေးလေးက ပြောလိုက်တယ်။ ရုတ်ချည်းဆိုသလို သူက ပျောက်ကွယ်သွားခဲ့ပါတယ်။

ဘာလဲဟ။

လင်းဟန်က သူ့ရဲ့ နတ်ဘုရား အာရုံကို ဖြန့်ကျက်လိုက်ပေမဲ့ ဒီခွေးရဲ့ တည်ရှိမှုကို အာရုံခံလို့ မရနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ခဏအကြာမှာ ပျောက်သွားတဲ့ နေရာမှာပဲ ခွေးက

ပြန်ပေါ်လာခဲ့ပါတယ်။ မတူတာ တစ်ခုက သူ့ဘောင်းဘီစကို ကိုက်မနေတော့တာပဲ ဖြစ်ပါတယ်။

"မင်းက မမြင်အောင် သွားနိုင်တာလား"

လင်းဟန်က သိချင်စိတ် ပြင်းပြလာပါတယ်။ ဒါက အနက်ရောင် မျှော်စင်နဲ့ မတူပေမဲ့ ရလဒ်ကတော့ အတူတူပါပဲ။

"အချိန်ခဏပါပဲ။ အဲဒီလိုမှ မဟုတ်ရင် ငါ့အဖမ်းခံရလိမ့်မှာ မဟုတ်ဘူး"

ခွေးလေးက ပြောလိုက်တယ်။

"မင်းငါ့ကို တရွတ်တိုက် ဆွဲမချဘူးဆိုတာ သေချာပါတယ်နော်"

လင်းဟန်က နောက်တစ်ကြိမ် ထပ်မေးလိုက်တယ်။ သူက ခွေးသေးသေးလေးရဲ့ ဒီလျှို့ဝှက် နည်းစနစ်ကို အတော်လေး စိတ်ဝင်စားနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်သူ အနက်ရောင် မျှော်စင်ထဲ ဝင်ပုန်းလိုက်တာနဲ့ သူက လှုပ်ရှားလို့ မရတော့ပါဘူး။ ဒါပေမဲ့လည်း ခွေးသေးသေးလေးက ကိုယ်ပျောက်နေတဲ့ အချိန်မှာတောင် လှုပ်ရှားနိုင်စွမ်း ရှိနေပါသေးတယ်။

"ငါမလုပ်ပါဘူး"

ခွေးသေးသေးလေးက ဂုဏ်ယူဝင့်ကြွားစွာနဲ့ ပြောလိုက်တယ်။

ဟုတ်ပါတယ်။ ဒီလိုမျိုး ခွေးသေးသေးလေးကို ဘယ်သူကများ အာရုံစိုက်မိမှာလဲ။

"ကောင်းပြီလေ"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ သဘောတူလိုက်ပါတယ်။

ဒီနေရာက လူတော်တော်များများက အမြောက်စာ မိသွားနိုင်ပြီး ထွက်ပြေးလွတ်မြောက် နိုင်စွမ်းလည်း ရှိပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ သူက ဒီခွေးသေးသေးလေးကို မသေစေချင်ဘူး ဆိုရင်တော့ သူနဲ့အတူ ခေါ်သွားတာက အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။

ခွေးလေးအနေနဲ့ သူ့မှာ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတယ် ဆိုတာကို သိသွားမှာနဲ့ ပတ်သက်ပြီး မကြောက်ပါဘူး။ လက်ရှိ လူတစ်ယောက်က မရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။

လူတစ်ယောက်နဲ့ ခွေးတစ်ကောင်က တာဝန်တွေကို ဆက်လက်ထမ်းဆောင်ပြီး အကျဉ်းခန်းတွေကို ထိခိုက်ပျက်စီးစေပြီးတော့ အကျဉ်းသားတွေကို လွှတ်ပေးခဲ့ပါတယ်။

ဒီနေရာမှာ ပြောရမှာက ခွေးသေးသေးလေးဟာ တကယ့်ကို အတော်လေး စွမ်းဆောင်နိုင်စွမ်း ရှိပါတယ်။ သူ့သွားတွေက အရမ်းကို ချွန်ထက်ပြီး သံတိုင်တွေကိုတောင် အလွယ်တကူ ကိုက်ဖြတ်ပစ် နိုင်ပါတယ်။

တကယ်လို့ သူ့မှာ ဒီလိုမျိုး ခွေးတစ်ကောင် ရှိမယ်ဆိုရင် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် ပိုပြီးတော့တောင် ကာကွယ်ပေးနိုင်ပါလိမ့်မယ်။

သူက စဉ်းစားလိုက်ပါတယ်။

နေ့တစ်ဂက် နီးပါးလောက် ကြာတဲ့နောက်မှာ သူတို့က အကျဉ်းသား သုံးပုံနှစ်ပုံကို လွှတ်ပေးနိုင် ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ မြင်းလှည်းတွေ လှုပ်ရှားတဲ့ အသံကို ကြားလိုက်ရပါတယ်။

“မကောင်းတော့ဘူး”

လင်းဟန်က တိုးတိုးလေး ညည်းလိုက်ပါတယ်။ သိပ်မကြာခင်မှာ အကျဉ်းသား အသစ်တွေကို လာပို့တဲ့ မြင်းလှည်းအုပ်စု ရောက်လာလိမ့်မယ်လို့ သူမတွေးထားမိခဲ့ပါဘူး။ အခြေအနေက သေချာပေါက် ပေါက်ကြားသွားပါလိမ့်မယ်။

တကယ်ပဲ သေချာပါတယ်။ ခဏလေး အတွင်းမှာ တိုက်ပွဲသံတွေကို ကြားလိုက်ရပါတယ်။ အဲဒီနောက် အံ့အားသင့်ပြီး ရေရွတ်သံတွေနဲ့ အချက်ပေး ခေါင်းလောင်းသံတွေ ကျယ်လောင်စွာ မြည်လို့ လာပါတယ်။ အကျဉ်းခန်း အားလုံးကို အချက်ပေးလိုက်တာ ဖြစ်ပါတယ်။ အကျဉ်းသား တော်တော်များများ တစ်ဟုန်ထိုး ပြေးထွက်လာပြီး သူတို့ရဲ့ အသက်အတွက် စတင်တိုက်ခိုက် လိုက်ပါတယ်။

"ငါတို့လည်း မြန်မြန်လုပ်မှဖြစ်မယ်"

လင်းဟန်က ဂရုန်းသုန်းကား ဖြစ်နေတာကို အခွင့်ကောင်း ယူပြီးတော့ ထွက်မပြေးပဲ အဲဒီအစား အကျဉ်းသားတွေကို ပိုပြီးတော့ အလျင်အမြန် လွှတ်ပေးလိုက်ပါတယ်။

ခွေးသေးသေးလေးက ခေါင်းညိတ်လိုက်ပါတယ်။ အတော်ကြာအောင် ကြည့်ပြီးတဲ့ နောက်မှာ လင်းဟန်ဆီမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို သူနားလည်သွားပါတယ်။ နောက်ပြီးတော့ အဲဒါက အရမ်းကို ထူးဆန်းအံ့သြဖွယ်ရာ ကောင်းလွန်းပါတယ်။ အထဲကို ဝင်ပြီးတော့ နောက်တစ်ကြိမ် ပြန်ထွက်လာတာနဲ့ သူတို့အပေါ်မှာရှိတဲ့ တားမြစ်ထားမှုတွေ အားလုံးကို ဖယ်ရှားပစ်နိုင်စွမ်း ရှိပါတယ်။

ဒါကြောင့် သူက စိုးရိမ်ပူပန်မှု မရှိပါဘူး။ နောက်ပိုင်းမှာ သူက လင်းဟန်နဲ့အတူ သိုလှောင်နတ်ဘုရား ပစ္စည်းအထဲမှာ ပုန်းခိုလို့ ရပါတယ်။ တကယ်လို့ မိုးကောင်းကင်က ပြိုကျလာရင်တောင် စိုးရိမ်ထိတ်လန့်စရာ မလိုပါဘူး။

Chapter 1066 end

အပိုင်း(1067) ကောင်းကင်ဘုံ မီးတောက်ကိုးခုဘုရင်

ယစ်ပလ္လင် တစ်ခုလုံး ဖရိုဖရဲ ဖြစ်ကုန်ပါတယ်။

တစ်ကောင်ပြီး တစ်ကောင် အစွမ်းထက်တဲ့ မိစ္ဆာသားရဲတွေ တစ်ဟုန်ထိုး ပြေးထွက် လာခဲ့ပါတယ်။ တစ်ယောက်ပြီး တစ်ယောက် ကျင့်ကြံသူတွေက သူတို့ရဲ့ နတ်ဘုရား အစွမ်းကို ထုတ်ဖော်ပြသ ကြပါတယ်။ သူတို့က ယစ်ပူဇော်ခံရဖို့ အကျဉ်းကျခံနေရပေမဲ့ အခုဆို သူတို့တွေ အသက်ရှင်သန် လွတ်မြောက်ဖို့ မျှော်လင့်ချက် အလင်းရောင် ပါးပါးလေး တစ်ခု တွေ့နေရပါပြီ။ သူတို့အနေနဲ့ တတ်နိုင်သမျှ ရန်သူတွေကို သူတို့နဲ့အတူ ဆွဲခေါ်သွားရပါလိမ့်မယ်။ အနည်းဆုံးတော့ သူတို့က ဒီလိုမျိုး အစွမ်းအစ ကင်းမဲ့တဲ့ ပုံစံမျိုးနဲ့ သူတို့ကိုယ်သူတို့ သေသွားမှာကို ခွင့်မပြုနိုင်ပါဘူး။

ဒါကြောင့် ဒီအကျဉ်းသားတွေက ရက်စက်ကြမ်းကြုတ်တဲ့ ကျားတွေလိုမျိုး လှောင်အိမ်ထဲကနေ လွှတ်လိုက်တာနဲ့ သူတို့ရဲ့ အစွယ်တွေကို ထုတ်ပြီးတော့ လူသတ်ချင်တဲ့ စိတ်တွေ ပြင်းထန်လို့ လာပါတယ်။

"ကောင်စုတ်လေး မင်းပဲ"

အစောင့်တစ်ယောက်က နောက်ဆုံးတော့ လင်းဟာန်နဲ့ ခွေးသေးသေးလေးက အကျဉ်းခန်းတွေကို ဖျက်ဆီးနေတာ ဖမ်းမိသွားပြီး ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။ သူတို့တွေက အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို ထမ်းဆောင်နေတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီကျရှုံးမှုအတွက် တာဝန်ယူရပါလိမ့်မယ်။

"သေစမ်း"

သူက တစ်ဟုန်ထိုး ပြေးဝင်လာပြီး လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။ အဲဒီလက်ဝါးက တောင်ကြီးတစ်လုံးလို ကျဆင်းလာခဲ့ပါတယ်။ အဲဒီလက်ဝါးက မထိမှန်သေးပေမဲ့ လင်းဟာန်အနေနဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အလေးချိန်ကို ခံစားလိုက်မိပါတယ်။

နေလအဆင့်။

လင်းဟန်က သူ့ကို ထိပ်တိုက်ရင်ဆိုင်လို့ မရနိုင်ပါဘူး။ သူက ခွေးသေးသေးလေးကို ဖမ်းဆုပ်ပြီး အနက်ရောင် မျှော်စင်ထဲကို လှစ်ခနဲ ဂင်ပုန်းလိုက်ပါတယ်။

ပုန်း။

လက်ဂါးရိုက်ချက်က ကျဆင်းလာပေမဲ့ တစ်ခုခုအပေါ် ထိသွားအောင် မလုပ်နိုင်ခဲ့ပါဘူး။

ဘာလဲ။

အစောင့်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက ဒီနေရာရဲ့ ကြီးကြပ်သူ ဖြစ်ပါတယ်။ ပြီးတော့ အကျဉ်းထောင်ကို ကြီးကြပ်ကွပ်ကဲသူလို့ ခေါ်ဆိုနိုင်ပါတယ်။ သူက ယစ်ပူဇော်မှု အားလုံးအတွက် တာဝန်ရှိပါတယ်။ အခုက တရားခံက လေထဲမှာ တကယ်ပဲ ပျောက်ကွယ်သွားပါပြီ။ သူက ဒါကို နောက်ပိုင်းမှာ ထာဝရ မိုးကောင်းကင် ဧကရာဇ်ကို ဘယ်လိုလုပ် ရှင်းပြရမလဲ။

ဒါက အင်ပါယာ အရှင်မင်းကြီးကိုယ်တိုင် သူ့ကို စမ်းသပ်တဲ့ တာဝန်တစ်ခု ဖြစ်ပြီးတော့ ကိုယ်တိုင်ကိုယ်ကျ အမိန့်ပေးခဲ့တာ ဖြစ်ပါတယ်။

ဒါကိုတွေးလိုက်မိတဲ့ အချိန်မှာ သူ့ခန္ဓာကိုယ်က မထင်မှတ်ပဲ တဆတ်ဆတ် တုန်သွားပြီး ချွေးစေးတွေ ပျံလာခဲ့ပါတယ်။

တကယ်လို့ သူက နေလအဆင့်ရဲ့ ပြင်းထန်အလယ်အလတ်မှာ ရှိတယ်ဆိုရင်တောင် ဘာဖြစ်မှာလဲ။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ အရှေ့မှာ သူက ပုရွက်ဆိတ် သာသာပါပဲ။ ထာဂရ မိုးကောင်းကင် ကေရာဇ်လို ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်ရဲ့ အရှေ့မှာ ဘာများတတ်နိုင်ဦးမှာလဲ။ အကြည့်တစ်ချက်နဲ့တင် သူ့ကို အကြိမ်ပေါင်း ရာနဲ့ချီပြီးတော့ သတ်ပစ်နိုင်ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ခွေးသေးသေးလေးကို စိုက်ကြည့်နေပြီး သူ့မျက်နှာပေါ်မှာ မလိုတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။

ဒါက အရမ်းကို စက်ဆုပ်ရွံရှာစရာ ကောင်းပါတယ်။ ဒါက တကယ့်ခွေးတစ်ကောင် ဖြစ်ပြီးတော့ သူ့ဆီကနေ အလုပ်တွေ လုယူဖို့ စိတ်ကူးနေတာများလား။

အဲဒီအချိန်မှာ ခွေးသေးသေးလေးက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို လုံးဂလျစ်လျူရှု ထားခဲ့ပါတယ်။ သူက အနက်ရောင်

မျှော်စင်ရဲ့ ပတ်ဂန်းကျင်ကို သိချင်စိတ် ပြင်းပြင်းစွာနဲ့ လှည့်ပတ်ကြည့်ရှုနေပြီးတော့ သူ့မျက်နှာပေါ်က အမူအရာက လုံးဂကို မှင်တက်အံ့ဩနေတယ် ဆိုတာ ပေါ်လွင်ပါတယ်။

အနက်ရောင် မျှော်စင်ထဲကို ဘယ်သူပဲ ဂင်ရောက်လာလာ သူတို့တွေက အရင်ဆုံး အံ့ဩမှင်တက် သွားကြပါလိမ့်မယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မနေနိုင်ပဲ မေးလိုက်မိတယ်။

"ဆရာသခင် ဒီကြောင်တောင်တောင် ခွေးသေးသေးလေးက ဆရာသခင်ရဲ့ အိမ်မွေးတိရိစ္ဆာန် အသစ်လား"

"မဟုတ်ဘူး"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်တယ်။

"သူက ဒီနေရာမှာ ခဏတဖြုတ်ပဲ နေလိမ့်မယ်။ ပြီးတော့ မကြာခင်မှာ ထွက်သွားလိမ့်မယ်"

အခုပဲ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က စိတ်သက်သာရာ ရသွားသလို ခံစားရပါတယ်။ သူ့ရဲ့ အလုပ်ကို တစ်ယောက်ယောက်က လုယူသွားမှာကို စိုးရိမ်ပူပန် မနေတော့ပါဘူး။

သူတို့က အနက်ရောင် မျှော်စင်ထဲမှာ စောင့်နေခဲ့ပေမဲ့ အစောင့်က တချိန်လုံး ထွက်မသွားခဲ့ပါဘူး။ လင်းဟန်က အမှောင်ထုထဲမှာ ပုန်းခိုတဲ့တယ်လို့ ယုံကြည်နေပါတယ်။ သူက အဲဒါကြောင့် လင်းဟန်ကို မရှာနိုင်တာလို့ တွေးနေပါတယ်။

ပလ္လင်ရဲ့ အတွင်းပိုင်းထဲမှာ အဓိက ပုန်ကန်မှု ဖြစ်ပွားနေပါတယ်။ လင်းဟန် လွှတ်ပေးလိုက်တဲ့ အကျဉ်းသားတွေက ထောင်နဲ့ချီ ရှိပြီးတော့ တောင်မြစ်အဆင့်မှာ ရှိပါတယ်။ အားလုံးပူးပေါင်းတဲ့ အခါမှာ သူတို့က အရမ်းကို အစွမ်းထက်တဲ့ အင်အားစု တစ်ခု ဖြစ်လာပါတယ်။ သူတို့ရဲ့ အကျဉ်းသားတွေ အပေါ်မှာ တားမြစ်ထားတဲ့ ကျင့်ကြံခြင်း အဆင့်တွေ ပြန်လည်ကောင်းမွန်ပြီး သူတို့ကို ပုန်ကန်လာလိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။

ဒီနေရာရဲ့ အကာအကွယ်တွေက လုံးဝကို မလုံလောက်ပါဘူး။ ရုတ်တရက် သူတို့ရဲ့ အကာအကွယ်တွေ ကျိုးပျက်ကုန်ပြီးတော့ ဖိအားပေးခံလိုက် ရပါတယ်။

ဟုမ်း။

ဒါပေမဲ့ အဲဒီအချိန်မှာပဲ ကြောက်မက်ဖွယ်ရာ အရှိန်အဝါ တစ်ခုက လှိုင်းလုံးတွေလို တလိပ်လိပ် တက်လာခဲ့ပါတယ်။ အားလုံးက ဒီအရှိန်အဝါကြောင့် မြေကြီးပေါ်ကို ဖိကပ်ကုန်ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ ရှိနေတဲ့ လင်းဟန်တောင်မှ သူ့နှလုံးသားထဲမှာ ထိတ်လန့်တုန်လှုပ်မှု တစ်ခုကို ခံစားလိုက်ရပါတယ်။

လက်ရွေးစင် တစ်ယောက် ရောက်လာပါပြီ။

ခဏအကြာ အရပ်မြင့်မြင့် ယောကျာ်းတစ်ယောက်က လမ်းကြောင်းကနေ လမ်းလျှောက်ထွက် လာပါတယ်။ အနက်ရောင် ဂတ်ရုံတစ်ခုကို ဂတ်ဆင်ထားပြီး လေနည်းနည်းမှ မတိုက်တာတောင် ဂတ်ရုံက တဖျပ်ဖျပ် လွင့်နေပါတယ်။ သူ့အနောက်ကနေ မီးတောက်ကိုးခု ထွက်ပေါ်လာပြီးတော့ သူ့ကို စက်ဝိုင်းပုံစံ ဝိုင်းရံထားပါတယ်။

မီးတောက်တစ်ခုချင်းစီက ခြိမ်းခြောက်နိုင်တဲ့ စွမ်းအားတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။ နေလအဆင့် ကျင့်ကြံသူ တစ်ယောက်တောင်မှ တစ်ချက်ကြည့်လိုက်တာနဲ့ ကြောက်ရွံ့မှုတွေ ပြည့်နှက်သွား ပါလိမ့်မယ်။ ဒီမီးတောက်တွေနဲ့ သူတို့တွေ ထိလိုက်မိတဲ့ အခိုက်အတန့်မှာ သူတို့တွေက ချက်ချင်းပဲ ပြာအဖြစ်ကို လောင်ကျွမ်းသွားပါလိမ့်မယ်။

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ ဒီနေရာက အရမ်းကို အရေးပါတဲ့ အတွက်ကြောင့် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ဟာ အမှောင်ထဲကနေ စောင့်ကြပ်နေပါလိမ့်မယ်။ ယစ်ပလ္လင်ထဲမှာ ပုန်ကန်မှု ဖြစ်ပွားနေတယ် ဆိုတာကို သတိပြုလိုက်မိတဲ့ အခိုက်အတန့်မှာ သူက အပြေးအလွှား လာရောက်ပြီး ဒါကို ဖိနှိပ်ထိန်းချုပ် ရပါလိမ့်မယ်။

ဒီလိုမျိုး လက်ရွေးစင် တစ်ယောက်ရဲ့ ရင်ဆိုင်ရတဲ့ အခါမှာ တကယ်လို့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်သောင်းကျော် ရှိရင်တောင်c ဘာများ သုံးစားလို့ ရနိုင်မှာလဲ။

အကြည့်တစ်ချက်နဲ့ သူ့အရှိန်အဝါ ထုတ်လိုက်တာနဲ့တင် သူတို့ကို လုံးဝဖိနှိပ်ပစ်ပါလိမ့်မယ်။ သူတို့အကြားက ကွာဟချက်က အရမ်းကို ကြီးမားပြီး စကားလုံးနဲ့တောင် ဖော်ပြလို့ မရနိုင်ပါဘူး။

"ဘုရင်ကို ဂါရဝ ပြုပါတယ်"

ကျန်ရှိနေတဲ့ အစောင့်အနည်းငယ်က ဒူးထောက်ပြီးတော့ ဂါရဝပြု လိုက်ပါတယ်။

"ဘုရင်လား"

လင်းဟန်ရဲ့ ခေါင်းထဲမှာ အတွေးတစ်ချက် လက်သွားပါတယ်။ ထာဂရ မိုးကောင်းကင် အင်ပါယာမှာ ဘုရင်တွေ အများကြီး မရှိပဲ တစ်ယောက်ပဲ ရှိပါတယ်။ သူက ထာဂရ မိုးကောင်းကင် ဧကရာဇ်ရဲ့ ညီအစ်ကိုရင်း တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူ့ကို ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်လို့ လူသိများပါတယ်။ ကောလာဟလတွေအရ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကောင်းကင်ဘုံ ခန္ဓာကိုယ်ရဲ့ ပြင်းထန်အဆင့်မြင့်ကို ရောက်နေပြီလို့ ပြောကြပါတယ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က တကယ်ပဲ နာမည်နဲ့ လိုက်ပါတယ်။ သူ့အနောက်မှာ နတ်ဘုရား မီးတောက်ကိုးခုက တလက်လက် တောက်ပလို့ နေပြီးတော့ အဲဒါက သူ့ရဲ့ အစွမ်းထက်ဆုံး လူသတ် တိုက်ကွက်ပဲ ဖြစ်ပါတယ်။

သောက်ကျိုးနည်း။ ထာဂရ မိုးကောင်းကင် အင်ပါယာ ဧကရာဇ်ရဲ့ ညီအစ်ကိုရင်း ဖြစ်တဲ့သူတောင် ဒီနေရာကို စောင့်ကြပ်နေမှတော့ ဒီနေရာက ထာဂရ မိုးကောင်းကင် ဧကရာဇ်အတွက် ဘယ်လောက်တောင် အရေးပါလဲ ဆိုတာကို သက်သေပြနေပါတယ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်ရဲ့ လက်ကို သာမန်ကာလျှံကာ ပွေ့ယမ်းလိုက်တာနဲ့ ကျင့်ကြံသူတွေနဲ့ မိစ္ဆာသားရဲတွေက လေထဲကို ပစ်မြှောက်လိုက်သလို ဖြစ်သွားပါတယ်။ အဲဒီနောက် သူတို့တွေက ပေါက်ကွဲပြီးတော့ သေသွားခဲ့ပါတယ်။ သွေးမိုးတွေ ရွာကျလာပြီး သူတို့ရဲ့ အသက်ဓာတ် စွမ်းအားနဲ့ စွမ်းအင်တွေ အားလုံးကို ယစ်ပူဇော်ပလ္လင်က စုပ်ယူလိုက်ပြီး မြေအောက်က ရတနာကို အစာကျွေးပြီး သူ့ရဲ့ပြင်းထန်တဲ့ အရှိန်အဝါကို ပျောက်ပြယ်အောင် လုပ်တယ်လို့ ပြောနိုင်ပါတယ်။

သူက အရမ်းကို အစွမ်းထက်ပြီး ဘယ်သူကမှ သူ့လက်တစ်ဖက် ပွေ့ယမ်းလိုက်တာကို ခုခံနိုင်ခြင်း မရှိခဲ့ပါဘူး။ အသက်ဓာတ် စွမ်းအားတွေနဲ့ စွမ်းအင်တွေ တော်တော်များများက ယစ်ပလ္လင်ဆီကို မျောလွင့်သွားပါတယ်။

တကယ်လို့ လူတစ်ယောက်က ဒီနေရာမှာ ကျင့်ကြံမယ်ဆိုရင် ကောင်းကင်ဘုံ တစ်ခုလို့တောင် သတ်မှတ်လို့ ရပါလိမ့်မယ်။ ဒါပေမဲ့လည်း တကယ်လို့ တစ်စုံတစ်ယောက်က အခုလိုမျိုး အရာတစ်ခုခုကို လုပ်ခဲ့မယ်ဆိုရင် တန်ခိုးရှင်ဘုံ တစ်ခုလုံးရဲ့

လူသိရှင်ကြား ရန်သူ ဖြစ်လာပါလိမ့်မယ်။ ဒါက အရမ်းကို ယုတ်မာရက်စက်လွန်းပါတယ်။

ဒါကြောင့် ကောင်းကင်ဓား နန်းတော်နဲ့ ဂိုဏ်းကြီးငါးဂိုဏ်းလိုမျိုး အောက်ဘုံကို အသုံးပြုပြီးတော့ မှော်ဆေးကျိုအိုး တစ်ခုလိုမျိုး လှို့ဝှက်ကြံစည် ရပါတယ်။ နှစ်ပေါင်းတစ်သောင်း ပြည့်တိုင်း သူတို့က လောကဘုံ ဆေးလုံးအနည်းငယ် ရရှိဖို့ တစ်ကြိမ်သန့်စင် ကြပါလိမ့်မယ်။ အဲဒါက အရမ်းကို အစွမ်းပြည့်ဝတဲ့ ပစ္စည်းတစ်ခု ဖြစ်ပြီးတော့ အာနိသင်အစွမ်းက အကန့်အသတ် ရှိတယ်ဆိုပေမဲ့ မူလဇစ်မြစ်အဆင့် အတွက်တောင် အကျိုးအာနိသင် ရှိပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အရှိန်အဂါ တစ်ခုရဲ့ ဖိနှိပ်မှု အောက်မှာ ဒီနေရာမှာရှိတဲ့ သက်ရှိသတ္တဝါတွေ အားလုံးက အသံတောင် မထွက်နိုင်ပဲ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံရပြီး ယစ်ပူဇော် ခံနေရပါတယ်။

"အရှင်မင်းကြီးရဲ့ အကြံအစည်တွေကို တစ်ယောက်မှ နှောင့်ယှက်လို့ မရနိုင်စေရဘူး"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်တယ်။ သူ့အသံက မကျယ်ပေမဲ့ နေရာအနှံ့အပြားကို

ပွဲတင်သံ ထပ်သွားပါတယ်။ ဒါကြောင့် အားလုံးက ရှင်းရှင်းလင်းလင်းနဲ့ ကြားရပါတယ်။

"ဟုတ်ကဲ့ပါ အရှင်သခင်"

အစောင့်တွေက ရိုရိုသေသေနဲ့ ပြန်ဖြေလိုက်ပါတယ်။

"အခု ငါ့ကို ပြောပြစမ်း။ အကျဉ်းသားတွေ ဘယ်လိုလုပ်ပြီးတော့ လွတ်ကုန်တာလဲ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ ဒီလူတွေ အားလုံးကို သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ ပိတ်ဆို့ထားပါတယ်။ သူတို့အားလုံးက တောင်မြစ်အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့ကိုယ်ပိုင်စွမ်းရည်တွေနဲ့ သူတို့ကိုယ် သူတို့ တားမြစ်ထားမှုတွေ ဖယ်ရှားဖို့ တတ်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ဘဂ တစ်ခုလုံး ကြိုးစားပြီး လုပ်ရင်တောင် မဖြစ်နိုင်ပါဘူး။

"ဒါက...."

အစောင့်တွေ အားလုံးက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ စကားစ ရှာလို့မရပဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေ ကြပါတယ်။ ဘာကြောင့်လဲ ဆိုတာကို သူတို့တွေ ရှင်းပြလို့ မရနိုင်ပါဘူး။

“မင်းတို့အားလုံးက အမှိုက်တွေလား”

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ဒေါသတွေ ပေါက်ကွဲထွက် လာခဲ့ပါတယ်။ ဒီလိုမျိုး ပုန်ကန်မှု တစ်ခု ဖြစ်သွားတောင် ဒီလူတွေက ဘာတွေဖြစ်နေလဲ ဆိုတာကိုတောင် မသိနားမလည် ဖြစ်နေတုန်းပဲလား။

“အရှင် အရှင်သခင် ကျနော့်မှာ ဖြစ်နိုင်ချေ တစ်ခု ရှိပါတယ်”

အစောင့်တစ်ယောက် အပြေးအလွှား ရောက်လာပါတယ်။ အဲဒါက အကျဉ်းထောင် ကြီးကြပ်ရေးမှူး ဖြစ်ပါတယ်။

“ပြောစမ်း”

“ဟုတ်ကဲ့ ဟုတ်ကဲ့”

အကျဉ်းထောင် ကြီးကြပ်ကွပ်ကဲရေးမှူးက လင်းဟန်နဲ့ စောစောတုန်းက ကြုံတွေ့ခဲ့တဲ့ အကြောင်းကို အလျင်အမြန်ပဲ ပြန်ပြောလိုက်ပါတယ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က အကျဉ်းသား တစ်ယောက်ကို သာမန်ကာလျှံကာ ဖမ်းဆုပ်လိုက်ပြီး သူ့ကိုသေအောင် ရိုက်ချလိုက်ပါတယ်။ အဲဒီနောက် သူက အကျဉ်းသားရဲ့ စိတ်ဝိညာဉ်ကို ဖတ်လိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီအဖြစ်အပျက်က စောစောတုန်းကမှ ဖြစ်သွားတာကြောင့် သူ့အနေနဲ့ ဖြစ်ပျက်ခဲ့တာကို ရှာဖွေဖို့ လိုအပ်ပါတယ်။ မကြာခင်မှာပဲ လင်းဟန်က အကျဉ်းသားတွေကို လွှတ်ပေးခဲ့တဲ့ မြင်ကွင်းကို ရှာတွေ့လိုက်ပါတယ်။

သူက အကျဉ်းသားကို သွေးရေကန်ထဲ ပစ်ထုတ်လိုက်ပြီး အကျဉ်းသား နောက်တစ်ယောက်ကို ဖမ်းဆုပ်ပြီး သူ့ရဲ့စိတ်ဂိညာဉ်ကိုလည်း ဖတ်လိုက်ပါတယ်။ တစ်ယောက် နှစ်ယောက် သုံးယောက်။ သူတို့ရဲ့ မှတ်ဉာဏ်တွေအားလုံးကို တပြိုင်နက်တည်း ကြည့်လိုက်ပါတယ်။

"ဒီကောင်က ဘယ်သူလဲ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလူတွေရဲ့ မှတ်ဉာဏ်တွေကနေ အကျဉ်းသားတွေကို လွှတ်ပေးလိုက်တဲ့ အဲဒီလူဟာ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ်မှာပဲ ရှိသေးတယ် ဆိုတာကို သိလိုက်ရပါတယ်။ ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေ အပေါ်က တားမြစ်ထားမှုတွေကို ပယ်ဖျက်ပစ်နိုင်တာလဲ။

နောက်ပြီးတော့ သူတို့ရဲ့ မှတ်ဉာဏ်တွေထဲမှာ အတိမ်းစောင်း မခံနိုင်တဲ့ အချက်တစ်ခု ပျောက်နေပါတယ်။ သူတို့ရဲ့

မှတ်ဉာဏ်တွေ ပြန်ပေါ်လာတဲ့ အချိန်မှာ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က ရုတ်တရက် ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

ထူးဆန်းတယ်။ အရမ်းကို ထူးဆန်းတယ်။

ရုတ်တရက် ပျောက်ကွယ်သွားတယ်။ စိတ်ဝိညာဉ်သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခုများ ဖြစ်နိုင်မလား။

သူ့မျက်နှာပေးမှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ချက်ချင်းပဲ ဒါက ဖြစ်နိုင်ချေ မရှိနိုင်ဘူးလို့ တွေးလိုက်မိပါတယ်။ ဒါပေမဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက အရမ်းကို ဗဟုသုတ ကြွယ်ဝပြီး သာမန်လူတွေ ယှဉ်လို့မရနိုင်ပါဘူး။

Chapter 1067 end

အပိုင်း(1068) နတ်ဆိုးကိုးပါးဓား

"မဟုတ်သေးပါဘူး"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ချက်ချင်းပဲ သူ့ခေါင်းကို ခါလိုက်ပါတယ်။

"အဲဒါက သိုလှောင်စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းတစ်ခု ဆိုရင်တောင် လုံးဂကို ပျောက်ကွယ်သွားဖို့ မဖြစ်နိုင်ဘူး။ သိုလှောင်စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းတစ်ခုက ပုံသဏ္ဍာန် ရှိနေသေးတယ်။ ဟူး။ ဒါက ဘယ်လိုလျှို့ဝှက် နည်းစနစ်မျိုး ဖြစ်နိုင်မလဲ"

"ဒီလူက ဘယ်သူများလဲ"

သူက တီးတိုးရွတ်ဆို လိုက်ပါတယ်။

"နတ်ဆိုးကိုးပါးဓားက အရမ်းကို အရေးကြီးတယ်။ ဒီအကြောင်းကို လုံးဂ မပြောမိစေနဲ့။ နောက်ပြီးတော့ အခြေအနေတွေက ဒီအဆင့်ထိ ရောက်လာပြီ။ ရတနာ ပစ္စည်းကို ရယူနိုင်ဖို့ လက်တစ်ကမ်း အကွာကို ရောက်လာပြီ။ ဘယ်သူမှ ဒါတွေကို ပျက်စီးအောင် လုပ်ခွင့် မပြုနိုင်ဘူး"

"သတင်းပေါက်ကြားပြီးတော့ တခြားလက်ရွေးစင်တွေရဲ့ အာရုံစိုက်တာကို ခံရနိုင်မလား"

"ဒါပေမဲ့ ငါတို့ အင်ပါယာက ဘယ်လောက် အစွမ်းထက်လဲ။ ကြယ်ဥက္ကာ အင်ပါယာနဲ့ ကျောက်စိမ်းအင်ပါယာကို ဘေးဖယ်ထား ဘယ်သူကများ ငါတို့ကို ရင်ဆိုင်ဖို့ အရည်အချင်း ပြည့်မှီလိမ့်မှာလဲ"

"တကယ်လို့ ကြယ်ဥက္ကာ အင်ပါယာဆိုရင် သူတို့က အခုဆို သူတို့ရဲ့ စစ်တပ်ကြီးကို စေလွှတ်လိမ့်မယ်။ ပြီးတော့ တောင်မြစ်အဆင့် ကျင့်ကြံသူတွေနဲ့ပဲ ဖွဲ့စည်းထားလိမ့်မှာ မဟုတ်ဘူး"

"ထူးဆန်းတယ်။ ငါ စဉ်းစားလို့ မရနိုင်ဘူး"

"ဒါပေမဲ့လည်း သွေးယစ်ပူဇော်တာကို လုံး၀ သတင်းမထွက်အောင် လုပ်ထားတာပဲ။ မနက်ဖြန်မှာ ကေရာဇ် အစ်ကိုတော် ရောက်လာပြီး နတ်ဆိုးကိုးပါးဓားကို ကိုယ်တိုင်ကိုယ်ကျ ယူလိမ့်မယ်။ ဒီတစ်ရက် ငါတို့တွေ ဖြတ်ကျော်နိုင်တာနဲ့ နတ်ဆိုးကိုးပါး ဓားလက်ထဲ ရောက်လာရင် ဘယ်သူ့ကို ငါတို့ ကြောက်နေစရာ လိုဦးမှာလဲ"

သူက သူ့ကိုယ်သူ တီးတိုးရွတ်ဆိုပြီးတော့ ထပ်ပြီးမစဉ်းစားတော့ပါဘူး။ သူက စုဝေးနေတဲ့ လူအုပ်ပေါ်ကို မျက်စိတစ်ချက် ဝေ့ကြည့်ပြီး အမိန့်ပေးလိုက်ပါတယ်။

"ဆက်ပြီးတော့ သွေးယစ်ပူဇော်လိုက်ကြ။ နည်းနည်းလေးမှ အမှားအယွင်း မရှိစေနဲ့"

"ဟုတ်ကဲ့ပါ အရှင်သခင်"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ဒီနေရာမှာ စောင့်ကြပ်နေပြီး သွေးယစ်ပူဇော်မှုကို ဆက်လက်ပြုလုပ်နေခဲ့ပါတယ်။ အခုဆို ဘယ်သူများ လွတ်မြောက်နိုင်စွမ်း ရှိလိမ့်မှာလဲ။

လပြွတ်ပဲ။

လင်းဟန်က ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ တကယ်လို့ ဒီနေရာမှာ နေလအဆင့် လက်ရွေးစင်တွေပဲ ရှိနေမယ်ဆိုရင်တောင် သူ့အနေနဲ့ လွတ်မြောက်မဲ့ နည်းလမ်းတစ်ခုကို ဖန်တီးနိုင်ပါဦးမယ်။ ဒါပေမဲ့ တကယ်လို့ သူက အနက်ရောင် မျှော်စင်ထဲကနေ အလျင်စလိုနဲ့ ထွက်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် စောင့်ကြပ်နေတဲ့ နေရာမှာ မဆင်မခြင် လုပ်လိုက်မယ်ဆိုရင် သူက သေချာပေါက် ဖိနှိပ်ခံလိုက် ရပါလိမ့်မယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းရည်တွေကို သေချာပေါက် သံသယ ဖင်စရာ မလိုပါဘူး။

"တစ်ချက်လောက် ကြိုးစားကြည့်တာပေါ့"

လင်းဟန်က အစောင့်တွေထဲက တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ပစ်ထုတ်လိုက်ပါတယ်။

ရှုပ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ချက်ချင်းပဲ ထွက်ပေါ်လာပြီး သူ့မျက်လုံးတွေက လူသေအလောင်းပေါ် ကျရောက်နေပြီး အချိန်မရွေး မကြာခင်မှာ ပန်းတွေ ပွင့်လာတော့မဲ့အတိုင်း စိုက်ကြည့်နေပါတယ်။

တကယ်ပဲ လုံလောက်ပါတယ်။ ဒီလူရဲ့ နတ်ဘုရားအာရုံက ယစ်ပလ္လင် တစ်ခုလုံးကို အုပ်ထားပါတယ်။ နည်းနည်းလေး တစ်ခုခု ဖြစ်သွားတာနဲ့ သူက တန်းပြီးတော့ တုံ့ပြန်လာ ပါလိမ့်မယ်။

"ဟားဟား ကောင်ကလေး မင်းက ဘယ်အချိန်ထိ ပုန်းနေဖို့ စိတ်ကူးထားလဲ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ရယ်မောလိုက်ပါတယ်။

"မင်းက ဘယ်လို လျှို့ဝှက်နည်းစနစ်ကို အသုံးပြုပြီးတော့ ပုန်းနေတာလဲ ဆိုတာကို ငါမသိပေမဲ့ မင်းက တောင်မြစ်အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မင်းကိုယ်မင်း ငါ့အရှေ့ကနေ လုံးဝပုန်းကွယ်ထား နိုင်မှာလဲ"

သူက ခဏလောက် ရပ်ပြီးတော့မှ ဆက်ပြောလိုက်တယ်။

"ငါမင်းကို အခွင့်အရေး တစ်ခု ပေးမယ်။ မင်းကိုယ်တိုင်ပဲ ထွက်လာခဲ့ ငါမင်းအသက်ကို ချမ်းသာပေးမယ်။ မင်းကို ငါ့ရဲ့ တိုက်ပွဲအစေခံ တစ်ယောက် အဖြစ်တောင် အခွင့်အရေး ပေးကောင်းပေးနိုင်တယ်"

သူ့လိုမျိုး လက်ရွေးစင်တွေ အတွက်တော့ တခြားသူတွေကို တိုက်ပွဲအစေခံအဖြစ် ရွေးချယ်တာက အရှက်ခွဲခြင်း တစ်ခု မဟုတ်ပဲ အရမ်းကို ဂုဏ်ပြုချီးမြှောက်ခြင်း တစ်ခုဖြစ်ပါတယ်။

ပုံမှန်အားဖြင့် နေလအဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ လက်ရွေးစင်တွေပဲ အရည်အချင်း ပြည့်မှီပါလိမ့်မယ်။ နောက်ပြီးတော့ သူတို့က မယုံနိုင်စရာ ကောင်းလောက်အောင် ထူးချွန်ပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ကို ချိုးဖျက်ဖြင်ရောက်နိုင်ဖို့ အရည်အချင်း ပြည့်မီရပါလိမ့်မယ်။

လင်းဟန်က သူ့ကို ပြန်ဖြေဖို့ စိတ်ကူး နည်းနည်းလေးမှ မရှိပါဘူး။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်ရဲ့ အမူအရာက ဒေါသအနည်းငယ် ထွက်လာပုံ ပေါ်ပါတယ်။ သူက အေးစက်စွာနဲ့ ပြောလိုက်တယ်။

"ယဉ်ယဉ်ကျေးကျေး ကမ်းလှမ်းချက် တစ်ခုကို ငြင်းပယ်ပြီးတဲ့ နောက်မှာ မင်းဆန္ဒအတိုင်း ငါက ဖိအားပေးရမှာပေါ့"

ဘုန်း။

သူ့အနောက်က နတ်ဘုရား မီးတောက်ကိုးခုက ရုတ်တရက် သိပ်သည်းလာပြီး နတ်ဘုရား မီးတောက်တစ်ခု ဖြစ်ပေါ်လာကာ ပတ်ဂန်းကျင်ကို စတင်လောင်ကျွမ်း စေခဲ့ပါတယ်။ ကျောက်ပြားတွေက အရမ်းကို လျင်မြန်စွာနဲ့ လောင်ကျွမ်းလာပြီး အနီရောင်တောက်ပကာ စတင် အရည်ပျော် လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဘယ်သူမှ ထွက်ပေါ်မလာခဲ့ပါဘူး။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က မှင်တက်အံ့သြ သွားမိပါတယ်။ တစ်ခုသိရမှာက အသံကြားတာနဲ့ သူက တန်းပြီးတော့ ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ နှလုံးခုန်နှုန်း တစ်ချက်ရဲ့ တစ်ရာပုံ တစ်ပုံ အချိန်တောင် မရှိပါဘူး။ အဲဒီလူက ထွက်ပြေးလွတ်မြောက် သွားလိမ့်မယ် ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ သေချာနေပါတယ်။ သူက အနီးအနားမှာ သူ့ကိုယ်သူ လျှို့ဝှက်နည်းစနစ် အမျိုးအစား တချို့ကို အသုံးပြုပြီးတော့ ပုန်းအောင်းနေတာ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့ သူ့ရဲ့ မီးတောက်ကိုးခုရဲ့ လောင်ကျွမ်းနေတဲ့ မီးအောက်မှာ ဘယ်သူမှ ထွက်ပေါ် မလာခဲ့ဘူးလား။

ဒါက မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

တကယ်လို့ အဲဒီလူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ဆိုရင်တောင် သူ့ရဲ့ မီးတောက်ကိုးခု လောင်ကျွမ်းမှုအောက်မှာ ဒီမီးတောက်တွေကို ခုခံကာကွယ်ဖို့ သူ့ရဲ့မူလစွမ်းအင်တွေကို အပြည့်အဝ အသုံးပြုရ ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ့်ကို သေကြောင်းကြံသလို ဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့ သူ့ကိုယ်သူ ကာကွယ်လိုက်တာနဲ့ မူလစွမ်းအင်ရဲ့ တုန်ခါမှုတစ်ခု သေချာပေါက် ရှိလာပြီး သူ့ကို ချက်ချင်းပဲ ရှာတွေ့သွားပါလိမ့်မယ်။

သူက တစ္ဆေသရဲ တစ်ကောင် ဒါမှမဟုတ် တစ်ခုခုကိုများ တွေ့နေရတာလား။

စောစောက အလောင်းကို သိုလှောင်စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းတစ်ခုကနေ ပစ်ထုတ်လိုက်တာ သေချာပါတယ်။ နေပါဦး။ သူက အနီးကပ် သေသေချာချာ ရှာကြည့်လိုက် ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက သိုလှောင်စိတ်ဂိညာဉ် နတ်ဘုရား ပစ္စည်းနဲ့တူတာ တစ်ခုမှ ရှာမတွေ့ခဲ့ပါဘူး။ သူက ဒီလိုမျိုး အဆုံးမဲ့ ရတနာပစ္စည်းမျိုးကို မတွေ့ဖူးပေမဲ့ အဲဒါက အနည်းနဲ့ အများတော့

သိုလှောင်စိတ်ဂိုဏ်ညာဉ် ပစ္စည်းတစ်ခုဖြစ်တဲ့ သိုလှောင်လက်စွပ်၊ လည်ဆွဲ၊ ကျောက်စိမ်းပုလင်းလို အရာမျိုးတွေနဲ့ တူပါတယ်။

ဒါပေမဲ့ ဒီနေရာမှာတော့ ကျောက်စရစ်ခဲ တစ်လုံးတောင် မတွေ့ရပါဘူး။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ရှုံးတော့မလိုတောင် ခံစားလိုက် ရပါတယ်။ သူ့ဘဝ တစ်လျှောက်လုံး စစ်ပွဲကြီးတွေရော တိုက်ပွဲသေးတွေရော အားလုံး တိုက်ခိုက်ခဲ့ပြီး အန္တရာယ် အမျိုးမျိုးရှိတဲ့ ရှေးဟောင်းနယ်မြေတွေထဲကိုလည်း ဝင်ရောက်ခဲ့ဖူးပါတယ်။ သူ့ရဲ့စွမ်းရည်တွေ အားလုံးက လေ့ကျင့်မှုတွေနဲ့ အတွေ့အကြုံတွေပေါ် မူတည်ပြီး တိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ ဒီအခြေအနေက သူ့ကို လုံးဝကို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားစေခဲ့ပါတယ်။

"ဟင့် အနည်းဆုံးတော့ အချက်တစ်ခုကို ငါသက်သေပြရမှာပေ့ါ။ ဒီလူရဲ့ စွမ်းရည်တွေက တကယ့်ကို နိမ့်ကျတယ်။ ပြီးတော့ သူ့ကိုယ်သူ တောင်မြစ်အဆင့်ဆိုတာ ဖုံးကွယ်ထားလို့ မရဘူး။ အဲဒါကြောင့် သူက ငါနဲ့ မတိုက်ခိုက်ပံ့တဲ့အပြင် သူ့မျက်နှာကိုတောင်

ဖော်မပြပုံဘူး။ သူပေါ်လာတာနဲ့ ငါက သူ့ကို အလွယ်တကူ ထိန်းချုပ်နိုင်တယ် ဆိုတာကိုလည်း သူသိနေတယ်"

"ဒါဆိုင် ဘယ်လိုပဲဖြစ်ဖြစ် မနက်ဖြန် အင်ပါယာ အစ်ကိုတော် ရောက်လာတဲ့ အချိန်မှာ နတ်ဆိုးကိုးပါး ဓားကို ယူပြီးရင် ဒီနေရာရဲ့ လျှို့ဝှက်ချက်ကို ကမ္ဘာကြီး တစ်ခုလုံးကို ကြေညာလိုက်မယ် ဆိုရင်တောင် ဘာဖြစ်ဦးမှာလဲ"

"ငါတို့က လုံးဂကို ပြိုင်ဘက်ကင်း ဖြစ်လာလိမ့်မယ်"

သူ့ပုံစံကို ကြည့်ရတာ လင်းဟန်ကို သူ့စကားတွေ ကြားစေချင်ပုံ ရပါတယ်။ ဒီစကားတွေက သူ့ကိုယ်သူ ပြောနေသလိုမျိုး အသံတိုးတိုးနဲ့ ပြောတာမဟုတ်ပဲ သူ့အသံကို ဖုံးဖို့အတွက်လည်း သူ့ရဲ့ မူလစွမ်းအင်ကို အသုံးမပြုခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စွမ်းရည်နိမ့်ကျတဲ့ သူတွေက သူ့အသံကို ဘယ်လိုလုပ်ပြီးတော့ ကြားနိုင်မှာလဲ။

နတ်ဆိုးကိုးပါးဓားလား။

လင်းဟန်က မှင်တက်အံ့သြ သွားမိပါတယ်။ သူတို့က ဒီရတနာပစ္စည်းကို ရယူဖို့ ကြိုးစားနေတာလား။

သူက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို မေးလိုက်ပေမဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ခေါင်းကို ခါပြီးတော့ပဲ တုံ့ပြန်လိုက်ပါတယ်။ သူက ဒီဘုံက လူတစ်ယောက် မဟုတ်ပါဘူး။ လင်းဟန်က ခွေးသေးသေးလေးကို ပြောလိုက်တဲ့ အချိန်မှာ ခွေးသေးသေးလေးက အရမ်းကို စိတ်လှုပ်ရှားပုံ ပေါ်ပြီးတော့ ကျယ်လောင်စွာနဲ့ ဟောင်လိုက်ပါတယ်။

"မင်းအဲဒါကို သိသလား"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားမိခဲ့ပါတယ်။ ခွေးတစ်ကောင်တောင်မှ သိနေလိမ့်မယ်လို့ သူထင်မှတ်မထား မိခဲ့ပါဘူး။

"ငါသိတယ် ငါသိတယ်"

ခွေးသေးသေးလေးကို ကြည့်ရတာ အရမ်းကို အံ့အားသင့်နေပုံ ပေါ်ပါတယ်။

"ဒါဆိုရင် မင်းက ဘာဖြစ်လို့ ငါတို့ကို မြန်မြန်မပြောတာလဲ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အန္တရာယ်ပြုမဲ့ အမှုအရာ တစ်ခုကို ဖော်ထုတ်လိုက်ပါတယ်။ သူက ဒီခွေးကို တကယ်ပဲ အရမ်းကို မုန်းတီးပါတယ်။ သူက ဒီခွေးလိုမျိုး မျိုးနွယ်တူပြီးတော့

သူ့အနေနဲ့ လင်းဟန်ရဲ့ မျက်နှာသာ ပေးမှုကို ခံရဖို့ ချစ်စရာကောင်းအောင် ကြိုးစားနေတဲ့ အချိန်မှာ ထူးဆန်းနေသလို ခံစားစေရပါတယ်။

ခွေးသေးသေးလေးက အလျင်အမြန်ပဲ လင်းဟန်ရဲ့ အနောက်မှာ ဝင်ပုန်းလိုက်ပြီး လက်သည်း သေးသေးလေးနဲ့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

"အစ်ကိုကြီး သူက ကျနော့်ကို ရက်စက်ကြမ်းကြုတ်တော့မယ် ပုံစံမျိုး လုပ်ပြနေတယ်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အရမ်းကို ဒေါသထွက်သွားပြီး အော်ဟစ်လိုက်ပါတယ်။

ငါက လင်းဟန်ကို ဆရာသခင်လို့ခေါ်ပြီး မင်းက သူ့ကို အစ်ကိုကြီးလို့ ခေါ်တယ်။ ဒါက ငါ့အပေါ် အသာစီး ရယူတာ မဟုတ်လား။

လင်းဟန်က ပြုံးလိုက်ပါတယ်။ သူ့ဘက်မှာ ဘယ်လိုလုပ်ပြီးတော့ အားမကိုးရတဲ့ လူတွေ အရမ်းကို များနေရတာလဲ။

လင်းဟန်က ထိုင်ပြီးတော့ ပြောလိုက်တယ်။

"ငါတို့ကို သည်းထိတ်ရင်ဖို ဖြစ်အောင်လို့ ထပ်မလုပ်နဲ့တော့။ နတ်ဆိုးကိုးပါး ဓားအကြောင်း ငါတို့ကို ပြောပြစမ်းပါ"

"ကောင်းပါပြီ"

ခွေးသေးသေးလေးက လင်းဟန်ကို မဆန့်ကျင် ဝံ့ပါဘူး။ သူ့ရဲ့ ခံစားချက်တွေကို ထိန်းပြီးတော့ သူက ပြောလိုက်တယ်။

"ရှေးဟောင်းဒဏ္ဍာရီတွေအရ ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ ရှေးဟောင်းခေတ် ကာလတစ်ခု လွန်ခဲ့တဲ့ နှစ်ပေါင်း ဘီလီယံနဲ့ချီ ကြာတုန်းကပေ့ါ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ထွက်ပေါ်လာခဲ့ဖူးတယ်။ သူ့ကိုယ်သူ နတ်ဘုရား ဓားတစ်လက်အဖြစ် သွန်းလုပ်ခဲ့ပြီး အဲဒီဓားက နတ်ဆိုးကိုးပါးဓား ဖြစ်တယ်"

"ချန်ကလန်ရဲ့ လက်ရွေးစင်ဟာ နတ်ဆိုးကိုးပါး ဓားကို ကိုင်ပြီးတော့ ကမ္ဘာကြီး တစ်ခုလုံးကို အနိုင်ယူပြီး ပြိုင်ဘက်ကင်း တစ်ယောက်အဖြစ် လူသိများ ထင်ရှားခဲ့တယ်လို့ ပြောကြတယ်"

"ဒါပေမဲ့လည်း ငါတို့ဂြိုလ်ကြီးရဲ့ အပြင်ဘက်က လက်ရွေးစင် တစ်ယောက်က နောက်ပိုင်းမှာ ဒီနေရာကို ရောက်လာပြီး ချန်ကလန်က လက်ရွေးစင်နဲ့ တိုက်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။

ရလဒ်ကတော့ ချန်ကလန်က လက်ရွေးစင် ရှုံးနိမ့်သွားပြီး အဲဒီအချိန်ကစပြီးတော့ နတ်ဆိုးကိုးပါး ဓားကလည်း ပျောက်ကွယ်သွားခဲ့တယ်"

"ပြောကြတာတော့ နတ်ဆိုးကိုးပါးဓားက ထာဝရမြစ် အဆင့်မှာရှိတဲ့ နတ်ဘုရား ပစ္စည်းတစ်ခုတဲ့"

ဖူး။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ရုတ်တရက် တံတွေးသီးသွားခဲ့ပါတယ်။ သူ့အတွက်ဆိုရင် နေလအဆင့်က သူ့အထက်မှာ တည်ရှိပြီး ကောင်းကင်ဘုံ အဆင့်ဆိုရင် ပြိုင်ဘက်ကင်းပါပဲ။ အခု ထာဝရမြစ် အဆင့်မှာရှိတဲ့ နတ်ဘုရားပစ္စည်းတစ်ခု ထွက်ပေါ်လာပြီး သူက ဘယ်လိုလုပ် မအံ့ဩပဲ နေနိုင်မှာလဲ။

လင်းဟန်က ခွေးသေးသေးလေးနဲ့ ပတ်သက်ပြီး သူ့ရဲ့ မူလဇစ်မြစ်ကို ပိုပြီးတော့ သိချင်စိတ် ပြင်းပြလာပြီး ပြောလိုက်တယ်။

"မင်းက တော်တော်လေး သိထားတာပဲ"

"ဟဲဟဲ ကျနော့်ကလန်က အစွမ်းမထက်ပေမဲ့ ထူးဆန်းတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး သတင်းတွေ စုဆောင်းရတာကို

ကျနော်တို့တွေက သဘောကျကြတယ်။ မျိုးဆက်တိုင်း မျိုးဆက်တိုင်း ဒီလိုမျိုး ထူးဆန်းတဲ့ သတင်းတွေကို လက်ဆင့်ကမ်း ပေးခဲ့ကြတယ်”

ခွေးသေးသေးလေးက ပြောလိုက်တယ်။

“ကံမကောင်းတာက ငါက အရမ်းကို ငယ်သေးတာကြောင့် ငါသိရတဲ့ သတင်းက အကန့်အသတ် ရှိတယ်”

ဟင့် သူက အတော်လေး ဗဟုသုတ ကြွယ်ဝတဲ့ ခွေးတစ်ကောင် ဖြစ်နေပါသေးတယ်။

လင်းဟန်က ကောက်ချက် ချလိုက်ပါတယ်။

“ချန်ကလန်က နတ်ဆိုးကိုးပါး ဓားကို ပျောက်သွားတာ ဖြစ်လိမ့်မယ်။ ဒါပေမဲ့လည်း မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ရှာဖွေပြီးတဲ့နောက်မှာ သူတို့က နတ်ဆိုးကိုးပါးဓားရဲ့ တည်နေရာကို ရှာတွေ့သွားကြလိမ့်မယ်။ ဒါပေမဲ့ နတ်ဆိုးကိုးပါးဓားက ထာဝရမြစ် အဆင့်မှာ ရှိတာကြောင့် အနည်းဆုံး အဆင့်ဆယ့်သုံး နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်လိမ့်မယ်။ သူတို့က အဲဒါကို ချက်ချင်းကြီး ယူလို့မရနိုင်ဘူး။ သူတို့က အရင်ဆုံး အဲဒီအပေါ်က ပြင်းထန်တဲ့

အရှိန်အဂါတွေ ပယ်ဖျက်ဖို့ သွေးယစ်ပူဇော်တဲ့ နည်းလမ်းကို အသုံးပြုရတာပဲ”

Chapter 1068 end

အပိုင်း(1069) ထာဂရ မိုးကောင်းကင် ကေရာဇ် ရောက်လာပြီ

ဒီတစ်ကြိမ်တော့ အမှန်တရား တစ်ခုလုံး ထွက်ပေါ်လာခဲ့ပါပြီ။

အရာအားလုံးက အခုဆို အချိတ်အဆက် မိနေပြီး ပြီးပြည့်စုံတဲ့ ရှင်းပြချက် တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ပြဿနာက အရမ်းကို သိချင်စိတ် ပြင်းပြနေပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က သွေးယစ်ပူဇော်တဲ့ ကိစ္စကို ရပ်သွားအောင် မလုပ်နိုင်ခဲ့ပဲ ချန်ကလန်က သူတို့ရဲ့ အကြံအစည်အတိုင်း ဆက်ပြီးတော့ သွားနေပါတယ်။

မနက်ဖြန်ဆို ထာဂရ မိုးကောင်းကင် ကေရာဇ် ကိုယ်တိုင်ကိုယ်ကျ ရောက်လာပြီး နတ်ဆိုးကိုးပါးဓားကို ရယူပါလိမ့်မယ်။

ဒါက အနည်းဆုံး အဆင့်ဆယ့်သုံး နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ အစွမ်းကို ထုတ်ဖော်လိုက်မယ်ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ကို သတ်ပစ်ဖို့ဆိုတာ ကလေးကစားစရာ တစ်ခုလို ဖြစ်သွားပါလိမ့်မယ်။

ထာဂရ မိုးကောင်းကင် အင်ပါယာက ငြိမ်းချမ်းရေး ဂြိုလ်ကြီး တစ်ခုလုံးကို သိမ်းပိုက်ရယူမှာ ဖြစ်ပြီးတော့ ဘယ်သူကမှ သူတို့ကို ရင်ဆိုင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

သူတို့က အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး ဒီလိုမျိုး များပြားတဲ့ သွေးယစ်ပူဇော်မှု လုပ်နေတာ အံ့သြစရာ မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးကိုးပါးဓားကို သူတို့ ရသွားတာနဲ့ သူတို့က ပြိုင်ဘက်ကင်း ဖြစ်သွားပါလိမ့်မယ်။ အဲဒီနောက် တခြားသူတွေရဲ့ ဒေါသကို စဉ်းစားစရာ လိုမှာတဲ့လား။

လင်းဟန်က အနည်းငယ် စိုးရိမ်ပူပန်လျက် ရှိပါတယ်။ ဒါပေမဲ့ သူက ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိသလို အကြံလည်း မရှိပါဘူး။

အခုဆို ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ဒီနေရာမှာ စောင့်ကြပ်နေပါတယ်။ တကယ်လို့ သူအပြင်ကို ထွက်လိုက်ရင် သေလမ်းကို လျှောက်သလို ဖြစ်သွားပါလိမ့်မယ်။ ဒုတိယ ဖြစ်နိုင်ချေ လုံးဂကို မရှိပါဘူး။

ငါ့ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ကေရီ ဘုရင်မ လွှမ့်ရှင်းနဲ့ အကြွင်းမဲ့ မူလကျောက်ပြားပဲ။ အဲဒါက တိုက်ခိုက်မှု အားလုံးကို စုပ်ယူနိုင်တယ်။ ပြီးတော့ ထာဂရမြစ် အဆင့်မှာရှိတဲ့ နတ်ဘုရား ဓားတစ်လက်နဲ့ ရင်ဆိုင်ရမယ် ဆိုရင်တောင် ရပ်တည်နိုင်လိမ့်မယ်။

ဒါပေမဲ့လည်း အကြွင်းမဲ့ မူလကျောက်ပြားက အရမ်းကို သေးတယ်။ ဒါကြောင့် အဲဒါနဲ့ ကာကွယ်နိုင်တဲ့ သေကွင်းသေကွက်က အကန့်အသတ် တစ်ခုရှိတယ်။ သူမ အနေနဲ့ အားသာချက် အများကြီး ရှိလိမ့်မှာ မဟုတ်ဘူး။

ငါတို့အခု ဘယ်လိုလုပ်မလဲ။

လင်းဟန်က သူ့ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးလိုက်ပေမဲ့ အကြွင်းမဲ့ စွမ်းအားနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ဘယ်လိုအကြံအစည်မျိုးမဆို သုံးလို့မရတော့ပါဘူး။ ဒါကြောင့် သူက လုံးဂကို အကူအညီ မဲ့နေပါတယ်။ ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ဖို့ပဲ လိုအပ်တာ ဖြစ်ပြီးတော့ အရာအားလုံး ပြီးဆုံးသွားပါလိမ့်မယ်။

အချိန်တွေက အရမ်းကို လျင်မြန်စွာနဲ့ ကုန်ဆုံးလာပြီး သွေးယစ်ပူဇော်မှုတွေက ဆက်လက် ပြုလုပ်နေဆဲပါပဲ။ မရေမတွက်နိုင်အောင် များပြားလွန်းတဲ့ အသက်ဓာတ် စွမ်းအင်နဲ့ စွမ်းအားတွေကို ယစ်ပလ္လင်က စုပ်ယူလိုက်ပြီး နတ်ဆိုးကိုးပါးဓားရဲ့ ပြင်းထန်တဲ့ အရှိန်အဝါကို အဖေးကို နှင်ထုတ်ပစ် နေပါတယ်။

ဒုတိယမြောက်နေ့မှာ ဒီယစ်ပလ္လင်မှာ ပြင်းထန်တဲ့ အရှိန်အဂါ တစ်ခုနဲ့ ပြည့်နှက်နေတယ် ဆိုတာကို ခံစားလို့ ရနိုင်ပါတယ်။

ဒါက မကောင်းတဲ့ အရာတစ်ခုတော့ မဟုတ်ပါဘူး။ တစ်ဖက်မှာ သွေးယစ်ပူဇော်မှု အောင်မြင်သွားတယ်ဆိုတဲ့ လက္ခဏာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးကိုးပါး ဓားအတွင်းက ပြင်းထန်တဲ့ အရှိန်အဂါက ထွက်သွားတာကြောင့် ဖြစ်ပြီးတော့ အရမ်းကို လျင်မြန်စွာနဲ့ ဆုတ်ယုတ်လာခဲ့ပါတယ်။

"အာ"

အဲဒီအချိန်မှာပဲ နတ်ဆိုးကိုးပါး ဓားက သူ့ရဲ့ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ အစွမ်းကို ထုတ်ဖော်လိုက်ပါတယ်။ တစ်ခုပြီးတစ်ခု ဓားအလင်းတန်းတွေ သွေးရေကန်ကနေ ပျံထွက်လာတာနဲ့ ယစ်ပလ္လင်အထဲက အကျဉ်းခန်းတွေကို အလွယ်တကူ ဖျက်ဆီးပစ် လိုကပါတယ်။ ဓားအလင်းတန်း ဖြတ်သွားသလို အသွေးအသားတွေလည်း နေရာအနှံ့အပြားကို လွင့်စဉ်ကုန်ပါတယ်။

ဓားအလင်းတန်းရဲ့ စွမ်းအားက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်နေပါပြီ။ ဒီအကျဉ်းသားတွေက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေ ပိတ်ဆို့ခံထားရတာကို အသာထားဦး

အစောင့်တွေတောင်မှ ဓားအလင်းတန်းတွေရဲ့
ပြိုင်ဘက်မဟုတ်ခဲ့ပါဘူး။ တကယ်လို့ သူတို့က ဓားအလင်းတန်းနဲ့
ထိမှန်ခံလိုက်ရင် သေချာပေါက် သေလမ်းကို သွားရပါလိမ့်မယ်။
သူတို့က တန်းပြီးတော့ အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားပြီး
ပြည့်စုံတဲ့ ခန္ဓာကိုယ် တစ်ခုတောင် မကျန်ပါဘူး။

တစ်ဖက်မှာ ကောင်းကင်ဘုံ မီးတောက်ကိုးဘု ဘုရင်ကတော့
မအံ့သြပဲ ကျေနပ်နေမိပါတယ်။ ကျယ်လောင်စွာ ရယ်မောပြီးတော့
သူက ပြောလိုက်တယ်။

"ငါတို့ဘိုးဘေးရဲ့ စိတ်ဝိညာဉ် ပစ္စည်းကတော့ ထင်ထားတဲ့
အတိုင်းပဲပေါ့။ အရမ်းကို အစွမ်းထက်ပြီးတော့ သန်မာတယ်။
ဒီပစ္စည်းက နိုးထလာပြီဆိုတာ ပေါ်လွင်တယ်။ ဓားရဲ့ လက်ကိုင်
တစ်ခုပဲ ကျန်နေတာတောင် ဒီလိုမျိုး အစွမ်းကို ပိုင်ဆိုင်ထားတယ်။
ငါတို့ ဒါကို ရယူပြီးရင် သူ့အစွမ်းက ထာဝရမြစ် တစ်ပိုင်းအဆင့်မှာ
အနည်းဆုံး ရှိလိမ့်မယ်။ အဲဒီနောက် နတ်ဘုရားဓားနဲ့
လုံးဝပေါင်းစည်းနိုင်တဲ့ အချိန်မှာ ထာဝရမြစ်အဆင့် ကနဦး
လူတစ်ယောက်ကို သတ်ပစ်ဖို့ ဆိုရင်တောင်
ခက်ခဲလိမ့်မှာမဟုတ်ဘူး"

သူက အရမ်းကို ကျေနပ်ပီတိ ဖြစ်နေတာကြောင့် လျှို့ဝှက်ချက် တော်တော်များများကို ထုတ်ဖော်လိုက် မိပါတယ်။

ပထမအချက်က ဒီနတ်ဘုရား ပစ္စည်းက မပြည့်စုံပါပဲ ကျိုးပဲ့ပျက်စီးနေပါတယ်။ ဒုတိယ အချက်က နတ်ဆိုးကိုးပါးဓားက အစိတ်အပိုင်း တော်တော်များများ အဖြစ်ကို ပျက်စီးသွားပြီး ဒီနေရာမှာ ဓားလက်ကိုင် တစ်ခုပဲ နှစ်မြုပ်နေတာ ဖြစ်ပါလိမ့်မယ်။ တတိယ အချက်က ချန်ကလန်က နတ်ဘုရားဓားရဲ့ တခြားကျိုးပဲ့ပျက်စီးနေတဲ့ အစိတ်အပိုင်းတွေရဲ့ တည်နေရာနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေ ရထားပုံပါပဲ။

သောက်ကျိုးနည်း ဒါဆိုရင် ဒီလိုမျိုး ယစ်ပလ္လင်က တစ်ခုတည်းပဲ ရှိတာမဟုတ်ဘူးပေါ့။

လင်းဟန်ရဲ့ နှလုံးသားက အရှုံးအမူးကို ခုန်လာခဲ့ပါတယ်။ အခု ပြဿနာက ထာဂရ မိုးကောင်းကင် ဧကရာဇ်က နတ်ဆိုးကိုးပါးဓားရဲ့ တခြားအစိတ်အပိုင်းတွေကို အရင်ဆုံး သွားပြီးတော့ မစုဆောင်းခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ လက်ရှိ တိုက်ပွဲစွမ်းရည်က ထာဂရမြစ် တစ်ပိုင်းအဆင့်ကို လွှားခနဲ ခုန်ကူးသွားနိုင်ချေ ရှိပါတယ်။

ဒါက ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်မှာ ပြိုင်ဘက်ကင်းတဲ့ စွမ်းအား ဖြစ်ပါတယ်။

ဓားအလင်းတန်းတွေက အရမ်းကို လျင်မြန်စွာနဲ့ ထွက်ပေါ်လာပြီး ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်တောင်မှ ဒီနေရာမှာ ဆက်မနေပံ့တော့ပါဘူး။ သူက ဒီလိုမျိုး အစွမ်းကို မခုခံနိုင်တာ မဟုတ်ပဲ ဒီလိုလုပ်ဖို့ မထိုက်တန်လို့ ဖြစ်ပါတယ်။ သူ့ရဲ့ ခံနိုင်ရည်ကို ဖြုန်းတီးပြီး ဓားအလင်းတန်းတွေ ထွက်ပေါ်လာပြီး ယစ်ပလ္လင် တစ်ခုလုံး မကြာခင်မှာ ပျက်စီးသွားမှာကို စောင့်ကြည့်နေရမှာလား။ ဒါကြောင့် သူက လင်းဟန်ရဲ့ ပြဿနာကိုလည်း ထည့်ပြီးတော့ စဉ်းစားစရာ မလိုတော့ပါဘူး။

တကယ်လို့ အဲဒီကောင်လေးသာ ယစ်ပလ္လင်ရဲ့ အတွင်းပိုင်းမှာ ဆက်ပြီးတော့ ရှိနေဦးမယ်ဆိုရင် နတ်ဘုရား ပစ္စည်းရဲ့ အစွမ်းကြောင့် သေချာပေါက် အသတ်ခံရမယ် ဆိုတာ သေချာပါတယ်။ တကယ်လို့ သူက အဲဒီကနေ အသက်ရှင်သန် လွတ်မြောက်နိုင်စွမ်း ရှိနေဦးမယ်ဆိုရင်တော့ ဒါက လုံးဝကို ယုတ္တိမရှိတော့ပါဘူး။

ပုန်း ပုန်း ပုန်း ပုန်း။

နောက်ဆုံးမှာ တောင်ကြီး တစ်လုံးလို မြင့်မားတဲ့ ယစ်ပလ္လင်က တုန်ခါလာပြီး အပျက်အစီးပုံ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့လည်း ဓားအလင်းတန်းတွေက တလက်လက် တောက်ပနေဆဲ ဖြစ်ပြီးတော့ မိုးကောင်းကင်ကို ခုတ်ပိုင်းပြီး ကောင်းကင်ကို စုတ်ပြဲစေကာ သူ့ရဲ့ကြောက်မက်ဖွယ်ရာ အစွမ်းကို အပြည့်အဝ ထုတ်ဖော်ပြသ နေပါတယ်။

အခုက နတ်ဆိုးကိုးပါးဓားရဲ့ ရက်စက်ကြမ်းကြုတ်ဆုံး အချိန်ပဲ ဖြစ်ပါတယ်။

ရွှပ်။

မလှမ်းမကမ်း အကွာအဝေး တစ်ခုမှာ ပုံရိပ်တစ်ခုက လေပေါ်ကနေ ပျံသန်းလာပါတယ်။ သူက တောင့်တင်းသန်မာတဲ့ ခန္ဓာကိုယ် ရှိပြီးတော့ အနောက်မှာ တဖျပ်ဖျပ်လွင့်နေတဲ့ ဂတ်ရုံရှည် တစ်ခုကို ဂတ်ဆင်ထားပါတယ်။ ဒါပေမဲ့လည်း အဲဒါက ကြက်သွေးရောင် တောက်ပနေပြီး လေထဲမှာ တဖျပ်ဖျပ် လွင့်လို့နေပါတယ်။ သူ့အနောက်မှာ အနက်ရောင် အလင်းလုံး ကိုးလုံး ရှိနေပါတယ်။ ဒါပေမဲ့ အဲဒါတွေက မီးတောက်တွေ မဟုတ်ပဲ အရမ်းကို မည်းနက်ကာ သူတို့ပုံစံ ကြည့်ရတာ အရမ်းကို ထိတ်လန့်တုန်လှုပ် ချောက်ချားဖွယ်ရာ ကောင်းလွန်းပါတယ်။

"အင်ပါယာ အစ်ကိုတော်"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က အလျင်အမြန်ပဲ ရောက်လာပြီး သူ့ကို ကြိုဆိုနှုတ်ဆက် လိုက်ပါတယ်။

သူကတော့ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က အစွမ်းထက်ဆုံး ပုဂ္ဂိုလ်သုံးယောက်ထဲက တစ်ယောက် ဖြစ်တဲ့ ထာဝရ မိုးကောင်းကင် ကေရာဇ်ပဲ ဖြစ်ပါတယ်။

သူ့ခန္ဓာကိုယ် တစ်ခုလုံးမှာ ပြင်းထန်တဲ့ အရှိန်အဝါ တစ်ခု ရစ်ပတ်နေပြီး သူ့ပုံစံကို ရှင်းရှင်းလင်းလင်း ခွဲခြားလို့တောင် မရနိုင်ပါဘူး။ သူ့ပုံပန်းသွင်ပြင်ကို ကြည့်ရတာ အဆက်မပြတ် ပြောင်းလဲနေပုံ ရပါတယ်။ ဒါပေမဲ့ ဘယ်သူမဆို သူ့ကို ကြည့်လိုက်တာနဲ့ နောက်တစ်ကြိမ် တွေ့ဆုံတဲ့ အခါမှာ သေချာပေါက် သတိပြုမိပါလိမ့်မယ်။

ဒါက ပြိုင်ဘက်ကင်းတဲ့ ဟန်ပန်အမူအရာ တစ်ခုဖြစ်ပါတယ်။ ကေရီ ဘုရင်မ လွမ့်ရှင်းလိုမျိုးပါပဲ။ သူမရဲ့ အစစ်အမှန် မျက်နှာကို မမြင်ဖူးတာတောင်မှ သူတို့အနေနဲ့ သူမကို တခြားအမျိုးသမီးတွေနဲ့ လုံးဝကို ရောနှောထားလို့ မရပါဘူး။

ထာဂရ မိုးကောင်းကင် ကေရာဇ်က လေထဲမှာ ရပ်လိုက်ပါတယ်။ သူ့အရှေ့မှာရှိတဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးတောင် သူနဲ့နှိုင်းယှဉ်လိုက်ရင် အရမ်းကို သေးငယ်သွား သလိုပါပဲ။ သူကမျက်စိပေ့ ကြည့်ပြီးတော့ ပြောလိုက်တယ်။

"အရမ်းကောင်းတယ်။ နတ်ဆိုးကိုးပါးဓားရဲ့ အထဲမှာရှိတဲ့ ပြင်းထန်အရှိန်အဝါက လုံးဝကို ထုတ်ပစ်လိုက်ပြီ"

"ဒါက ငါတို့ ချန်ကလန်ရဲ့ ရှေးဟောင်းစိတ်ဝိညာဉ် ပစ္စည်းပဲ။ ငါတို့ ချန်ကလန်ရဲ့ သွေးမျိုးဆက်နဲ့ ချိုးဖျက်လို့ မရအောင် ချိတ်ဆက်ထားမှု တစ်ခုရှိတယ်။ နောက်ပိုင်း ငါအဲဒီ လျှို့ဝှက်နည်းစနစ် တစ်ခုကို ရယူပြီးတော့ အောင်မြင်ဖို့ ပိုသေချာအောင် လုပ်ရလိမ့်မယ်"

"ဂုဏ်ပြုပါတယ် အင်ပါယာ အစ်ကိုတော်"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"ဓားလက်ကိုင်ကို အလွယ်ဆုံး ရယူလိုက်ပါ။ နောက်ပိုင်း ကျနော်တို့ ကျန်နေသေးတဲ့ ဓားရဲ့ အစိတ်အပိုင်း သုံးခုကို ရယူပြီးတဲ့ နောက်မှာ

ကျနော်တို့ ဘိုးဘေးရဲ့ လက်နက်ကို နောက်ထပ်တစ်ကြိမ် အထွတ်အထိပ်ထိ တောက်ပအောင် လုပ်နိုင်စွမ်း ရှိပြီပေါ့”

“ဒါပေမဲ့ အင်ပါယာ အစ်ကိုတော် နတ်ဆိုးကိုးပါးဓားက မြေအောက်မှာ နှစ်သန်းပေါင်းများစွာ နစ်မြုပ်နေခဲ့တယ်။ နောက်ပြီးတော့ အဲဒီဓားမှာ အရမ်းကို ရက်စက်ကြမ်းကြုတ်တဲ့ အရှိန်အဂါ တစ်ခုရှိနေတယ်။ အခု အဲဒီအရှိန်အဂါက မိုးကောင်းကင် အမြင့်ထိ ထိုးတက်နေတယ်။ တကယ်လို့ ကျနော်တို့မှာရှိတဲ့ သွေးမျိုးဆက် ချိတ်ဆက်နေတယ် ဆိုရင်တောင် အင်ပါယာ အစ်ကိုတော် အနေနဲ့ မဆင်မခြင် အမှုမဲ့ အမှတ်မဲ့ မနေသင့်ပါဘူး”

ထာဂရ မိုးကောင်းကင် ကေရာဇ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“ဒါပေါ့ ငါနားလည်ပါတယ်”

သူ့မျက်နှာပေါ်မှာ ဂုဏ်ယူဂင့်ကြွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီးတော့ သူက ပြောလိုက်တယ်။

“နတ်ဆိုးကိုးပါးဓားကို ငါရပြီးတဲ့ အချိန်ကျရင် ကျောက်စိမ်းအင်ပါယာကို ရှင်းထုတ်ပြီး ကြယ်ဥက္ကာ အင်ပါယာကို

သိမ်းပိုက်ပစ်မယ်။ အဲဒီနောက် ကေရီ ဘုရင်မ လွှမ့်ရှင်းကို ငှါရဲ့ မောင်းမအဖြစ် ကောက်ယူမယ်”

ဟုတ်တာပေ့ါ။ ဒီလောက် ပြဿနာတွေ ဖြစ်ပြီးမှတော့ ကေရီ ဘုရင်မ လွှမ့်ရှင်းကို ရယူဖို့ အတွက်လည်း ပါရမှာပေ့ါ။

သူ့မှာ ကြီးမားတဲ့ ရည်မှန်းချက်တွေနဲ့ ပြည့်ဝနေပြီး တခြားအင်ပါယာတွေကို သိမ်းပိုက်စိုးမိုးပြီးတော့ ငြိမ်းချမ်းရေး ဂြိုလ်ကြီး တစ်ခုလုံးကို ပူးပေါင်းချင်တယ် ဆိုပေမဲ့ သူ့ရဲ့ နောက်ဆုံးစကားတွေက သူ့ရဲ့ အစစ်အမှန် သဘာဝကို ထုတ်ဖော်ပြနေဆဲပါပဲ။ သူက ကေရီ ဘုရင်မ လွှမ့်ရှင်းကို အရမ်းပဲ ချစ်ခင်မြတ်နိုးနေပါတယ်။

ဒါပေမဲ့လည်း ကေရီ ဘုရင်မ လွှမ့်ရှင်းလို ညို့ယူဖမ်းစားနိုင်တဲ့ နေရာမှာ ယှဉ်နိုင်သူ မရှိတဲ့ လူတစ်ယောက်တောင်မှ သူရဲ့ရည်မှန်းချက်က သူမကို သူ့ရဲ့မောင်းမ အဖြစ်ပဲ ကောက်ယူမယ် ဆိုတာက ဒီကေရီ ဘုရင်မက ဘယ်လောက် ဩဇာတိက္ကမနဲ့ ပြည့်စုံနေလဲ ဆိုတာကို ဖော်ပြနေပါတယ်။

ခွေးမသား။

လင်းဟန်က ကျိတ်ပြီးတော့ ကျိန်ဆဲလိုက်ပေမဲ့ လက်ရှိမှာ သူက ဘာမှမတတ်နိုင်ပဲ အကူအညီ ကင်းမဲ့စွာနဲ့ပဲ ကြည့်နေလို့ပဲ ရပါတယ်။ ဒီလိုမျိုး အကူအညီ ကင်းမဲ့နေတာက သူ့ကို အရမ်းပဲ စိတ်မချမ်းမသာ ဖြစ်သလို ခံစားရပါတယ်။

"ဟားဟား ဒီတစ်ကြိမ်တော့ ကျောက်စိမ်းအင်ပါယာနဲ့ ငါတို့ကြားက ရန်စကို လုံးဝ ဖြေရှင်းရတော့မှာပေါ့"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က သတ်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခုကို ပွင့်ပွင့်လင်းလင်းပဲ ထုတ်ဖော်လိုက်ပါတယ်။

"သေချာတာပေါ့"

ထာဂရ မိုးကောင်းကင် ကေရာဇ်ရဲ့ မျက်လုံးတွေထဲမှာလည်း သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ လောင်ကျွမ်းလို့ နေပါတယ်။

ဓားအလင်းတန်းတွေက လေထဲမှာ ပြည့်နှက်နေပြီး အဆုံးအစမရှိ အကန့်အသတ်မရှိ ဖြစ်နေပါတယ်။ ပြင်းထန်တဲ့ အရှိန်အဟုန်တွေက အဆုံးမရှိ သိပ်သည်းလာပြီး အဲဒီနောက်မှာ အရပ်မျက်နှာ အသီးသီးကို ပျံ့နှံ့သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို အဲဒါက အမြင့်ဆုံးကို ရောက်သွားခဲ့ပါတယ်။ နောက်ဆုံးမှာ ရောမ လူသားပုံရိပ် တစ်ခုကို ပြောင်းလဲသွားပြီး ထာဂရ မိုးကောင်းကင်

ကေရာဇ်နဲ့ ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်ပေါ်ကို အာရုံရောက် သွားခဲ့ပါတယ်။

"အင်ပါယာ အစ်ကိုတော်။ ဒီကောင့်ကို ကျုပ်တာဝန် ထားလိုက်ပါ။ အစ်ကိုတော်က နတ်ဆိုးကိုးပါး ဓားကို သွားယူလိုက်ပါ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ပြောလိုက်တယ်။

"ကောင်းပြီ"

ထာဝရ မိုးကောင်းကင် ကေရာဇ်က အော်ဟစ်လိုက်ပြီး လက်ဝါးတစ်ဖက်ကို ယစ်ပလ္လင် အပျက်အစီးပုံ အထဲကို တန်းပြီးတော့ ဖိကပ်လိုက်ပါတယ်။ မူလစွမ်းအင်တွေ သိပ်သည်းလာပြီး တောင်ကြီးတစ်လုံး အရွယ်အစားရှိတဲ့ ရောမ လက်ဝါးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဖုန်မှုန့် သဲမှုန့်တွေ တထောင်းထောင်း ထလာခဲ့ပါတယ်။

ရောမ လူသားပုံစံ အရိုန်အဝါက အဲဒါကို မြင်လိုက်တဲ့ အခါမှာ ချက်ချင်းပဲ သူ့လက်သီးနဲ့ ထိုးချလိုက်ပြီး သူ့ရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှု တစ်ခုနဲ့အတူ နတ်ဘုရား အာရုံကို တိုက်ခိုက်လိုက်ပါတယ်။

"မင်းပြိုင်ဘက်က ငါပဲ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က တစ်ဟုန်ထိုး ပြေးဝင်လာပြီး ဒီတိုက်ခိုက်မှုကို ကြားဖြတ်ဟန့်တား လိုက်ပါတယ်။

Chapter 1069 end

အပိုင်း(1070) ဓားကို ရယူခြင်း

"ဒီအခွင့်ရေးကို ယူပြီးတော့ ဒီနေရာကနေ မြန်မြန်ထွက်သွားရအောင်"

ခွေးလေးက အကြံပြုလိုက်ပါတယ်။

"မဟုတ်ဘူး။ အရင်ဆုံး ဒီနတ်ဆိုးကိုးပါးဓားက ဘယ်လောက်ထိ အစွမ်းထက်လဲ ဆိုတာကို စူးစမ်းကြည့်ရမယ်"

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

ထာဂရ မိုးကောင်းကင် အင်ပါယာက ဒီနေရာကို တူးဆွပြီးတော့ လှုပ်ရှားမှု ကြီးကြီးမားမား မရှိခဲ့ပါဘူး။ အဲဒီအချိန်မှာ ကောင်းကင်ဘုံ မီးတောက်ကိုးခုဘုရင်က ရောမ အရှိန်အဂါ ပုံရိပ်ကြီးနဲ့ မယှံနိုင်စရာကောင်းပြီး ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို တိုက်ခိုက်နေပါတယ်။ အဲဒီရောမ လူသားပုံစံ အရှိန်အဂါက မီတာရာနဲ့ချီ မြင့်မားပြီး သူ့ရဲ့ စွမ်းရည်တွေက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင်

အစွမ်းထက်ပါတယ်။ တကယ်လို့ နေလအဆင့် ကျင့်ကြံသူတွေ ထောင်သောင်းချီပြီးတော့ လာခဲ့မယ် ဆိုရင်တောင် သူ့ရဲ့ စိတ်ဂိညာဉ် တိုက်ခိုက်မှု တစ်ခုတည်းနဲ့ အားလုံးကို တပြိုင်နက်တည်း သတ်ပစ်လိုက်နိုင်ပါတယ်။

ဒီလိုမျိုး အစွမ်းထက်တဲ့ ရန်သူမျိုးနဲ့ ရင်ဆိုင်နေရတာကြောင့် ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်တောင် နည်းနည်းလေးမှ သတိမလွှတ်ပံ့ပါဘူး။ သူ့ခန္ဓာကိုယ် တစ်ခုလုံး နတ်ဘုရား မီးတောက်တွေ လောင်ကျွမ်းလို့ နေပြီးတော့ သူ့ပုံစံက မီးနတ်ဘုရား တစ်ပါး ဖြစ်လာသလိုမျိုးပါပဲ။

သူ့ကို ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်လို့ ထင်ရှားတာကြောင့် သူ့မီးတောက်တွေက စုစုပေါင်း အရောင်ကိုးခု ရှိပါတယ်။ အရောင်တိုင်းက မတူညီတဲ့ စွမ်းရည်တွေကို ကိုယ်စားပြီး သူအသုံးပြု နိုင်ပါတယ်။ ဉပမာ အဖြူရောင် မီးတောက်က အားအနည်းဆုံး ဖြစ်ပါတယ်။ တကယ်လို့ အရောင်က နောက်ဆုံးမှာ အမည်းရောင် ဖြစ်လာရင် သူက သူ့စွမ်းအား အကုန်လုံးကို အသုံးပြုတယ်လို့ ဆိုလိုပါတယ်။

အခု သူက အစိမ်းရောင် မီးတောက်တွေကို ထုတ်လွှတ်ထားပါတယ်။ ဒါက ငါးခုမြောက် အရောင် ဖြစ်ပြီးတော့

သူက ဒီရောမ အကောင်ကြီးကို ရန်သူကြီး တစ်ယောက်လိုမျိုး ဆက်ဆံနေတယ်လို့ ဆိုလိုပါတယ်။

ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က သူ့ရဲ့ အဆင့်မြောက် အရောင်ဖြစ်တဲ့ အပြာရောင် မီးတောက်တွေကို ဆင့်ခေါ်လိုက်ပါတယ်။

ရောမ အရှိန်အဝါ ပုံရိပ်မှာ သေကွင်းသေကွက် နည်းနည်းလေးမှ မရှိပါဘူး။ သူက ရက်စက်ကြမ်းကြုတ်ပြီး သွေးဆာလောင်တဲ့ အရှိန်အဝါကနေ ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူခံရတဲ့ တိုက်ခိုက်မှုက သူ့ကိုယ်ပိုင်အဆင့်ထက် ပိုမြင့်ရင်တောင် မျိုးရိုးအဖြစ်ကိုပဲ ပြောင်းလဲသွားပါလိမ့်မယ်။ ပြီးတော့ သူ့ဘာသာသူ ပြန်ဖြစ်ဖို့ပဲ လိုပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ စိတ်ဝိဉာဉ် တိုက်ခိုက်မှုက မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ဖို့ ကောင်းပါတယ်။ တကယ်လို့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က နည်းနည်းလေး သတိလက်လွတ် ဖြစ်သွားခဲ့မယ်ဆိုရင် ဒီတိုက်ခိုက်မှုကြောင့် သေသွားနိုင် ပါတယ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က သူ့ကိုယ်သူ ကာကွယ်ဖို့ နဲ့ စိတ်ဝိညာဉ် တိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ နတ်ဘုရားမီးတောက်တွေကို အသုံးပြုဖို့ လိုအပ်ပါတယ်။

ဒါက သိုင်းဆန္ဒတွေ ရောယှက်မှု တစ်ခုဖြစ်ပါတယ်။

ကျေးဇူးတင်ရမှာက ဒီပြင်းထန်တဲ့ အရှိန်အဝါက နတ်ဘုရား ပစ္စည်းကနေ ယိုစိမ့်ထွက်လာတဲ့ စွမ်းအားကနေ ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့အစွမ်းက အကန့်အသတ် တစ်ခု ရှိပါတယ်။ ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က သက်ရှိလူတစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အမိန့်နဲ့ အဆုံးမရှိ စွမ်းအားတွေ ရှိတဲ့လူ ဖြစ်ပါတယ်။ ဒါကြောင့် သူက သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်ဖို့ပဲ လိုအပ်ပြီး ကြောက်နေစရာ မလိုပါဘူး။

ဟုန်း ဟုန်း ဟုန်း။

ထာဝရ မိုးကောင်းကင် ကေရာဇ်က မြေကြီးကို အဆက်မပြတ် တူးထုတ်နေပါတယ်။ ယစ်ပလ္လင် တည်ရှိခဲ့တဲ့ နေရာမှာ အရမ်းကို နက်ရှိုင်းတဲ့ တွင်းကြီးတစ်ခု ဖြစ်ပေါ်လာပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် နတ်ဆိုးကိုးပါး ဓားကို ဒီနေရာမှာ မြုပ်နှံထားပြီး သူ့ရဲ့ပြင်းထန်တဲ့ အရှိန်အဝါက အခုဆို မိုးကောင်းကင်ထိ ထိုးတက်လို့ နေသင့်ပါတယ်။ ဟုတ်ပါတယ်။ အဲဒါက

ထင်မှတ်မထားအောင် ငြိမ်သက်နေပြီး မြေအောက်မှာ သာမန်နှစ်မြုပ်နေတာမျိုးနဲ့ တူပြီးတော့ အထူးတလည် ဘာမှမရှိသလိုပါပဲ။

ရွှပ်။

ထာဂရ မိုးကောင်းကင် ဧကရာဇ်က အတော်လေး နက်အောင် တူးဆွပြီးတဲ့ အချိန်မှာ ရုတ်တရက် တောက်ပတဲ့ ဓားအလင်းတန်း တစ်ခုက အပေါ်ကို ထိုးတက်လာခဲ့ပါတယ်။ အဲဒီဓားအလင်းက နေတစ်စင်းလို တောက်ပပြီး ကောင်းကင်ဘုံနဲ့ မြေပြင်ကို ရုတ်ချည်းဆိုသလို ထိန်လင်းသွားစေပြီး လူတစ်ယောက်ရဲ့ မျက်လုံးကိုတောင် ကန်းလုနီးပါး ဖြစ်စေပါတယ်။

"နောက်ဆုံးတော့ ထွက်လာပြီပေါ့"

ထာဂရ မိုးကောင်းကင် အင်ပါယာက မထိတထိ ပြုံးလိုက်ပါတယ်။ သူက ရောမ လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး အဲဒီဓားအလင်းတန်းကို ဖမ်းဆုပ်လိုက်ပါတယ်။ သူ့ရဲ့ ရောမ လက်ကြီးက မူလစွမ်းအင်ကို သိပ်သည်းထားတဲ့ လက်ဂါးဖြစ်ပြီးတော့ ဓားအလင်းတန်းက အတင်းအကျပ် အဆုံးသတ်စေလိုက်ပါတယ်။ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက ချက်ချင်းပဲ ပုံမှန်အလင်းရောင် အတိုင်း ပြန်ဖြစ်သွားခဲ့ပါတယ်။

ပုမ်း။ ကျိုးပဲ့နေတဲ့ ဓားတစ်လက်က မြေကြီးရဲ့ နက်ရှိုင်းတဲ့ အတွင်းပိုင်းကနေ ပျံတက်လာခဲ့ ပါတယ်။ သူ့ပုံစံက အရမ်းကို သမာရိုးကျပုံစံ ရှိပြီးတော့ ဓားလက်ကိုင် တစ်ခုပဲ ကျန်ပါတော့တယ်။ ကျိုးပဲ့နေတဲ့ ဓားသွားက အနည်းဆုံး ဓားတစ်လက်ရဲ့ ပုံမှန်အရှည် ရှစ်ပုံတစ်ပုံလောက်ပဲ ကျန်ပါတယ်။ ဒါပေမဲ့လည်း အဲဒီကျိုးပျက်နေတဲ့ ဓားဆီကနေ လွှမ်းမိုးနိုင်တဲ့ အဆုံးမရှိ အရှိန်အဝါ ပျံ့နှံ့လို့ နေပါတယ်။ အဲဒါက အထွတ်အထိပ် လက်ရွေးစင်တစ်ယောက် ဆင်းသက်လာတာမျိုးနဲ့ တူပြီးတော့ သာမာန်လူတွေက သူ့ရဲ့ တည်ရှိမှုကြောင့် ဒူးထောက်အညံ့ခံရုံပဲ တတ်နိုင်ပါမယ်။

ပြီးတော့ ဒီကျိုးပဲ့နေတဲ့ ဓားအရှေ့မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် သာမန်လူတွေရဲ့ ခေါင်းစဉ်ထဲမှာ ပါဝင်တယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။

ထာဂရ မိုးကောင်းကင် ကေရာဇ်က အံ့အားသင့်ပြီး ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူက ညာဘက်လက်ဝါးကို လက်ညှိုးနဲ့ ကန့်လန့်ဖြတ် ဆွဲချလိုက်ပါတယ်။ ချက်ချင်းဆိုသလို သွေးတွေ ပန်းထွက်လာပြီး သွေးစက်တိုင်းက ပုလဲလုံးလို ကြည်လင်တောက်ပလို့ နေပါတယ်။

ဒါက အသွေးအသားက စစ်မှန်တဲ့ နတ်ဘုရားဆေး တစ်ခု ဖြစ်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ဆီက သွေးစက်တစ်စက်ကို တကယ်လို့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က သန့်စင်နိုင်မယ်ဆိုရင် ကျင့်ကြံခြင်း အဆင့် အကြီးအကျယ် မြင့်မားဖို့ လုံလောက်ပါလိမ့်မယ်။ အနည်းဆုံးတော့ အဆင့်သေးလေး တစ်ဆင့် တိုးတက်ဖို့ဆိုတာ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

ကံမကောင်းတာက ဒီလိုမျိုး ရတနာဆေးဆိုတာက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက် အနေနဲ့ ခံနိုင်ရည်ရှိတဲ့ ပစ္စည်းမျိုး မဟုတ်ပါဘူး။ ဘယ်သူပဲ သောက်သောက် သူ့ရဲ့ ခန္ဓာကိုယ်က ပေါက်ကွဲပြီး သေသွားပါလိမ့်မယ်။

"နတ်ဆိုးကိုးပါးဓား မင်းရဲ့ မူလဇစ်မြစ်က ငါတို့ ချန်ကာလန်ရဲ့ ဘိုးဘေးလက်နက်ပဲ။ အခု ငါဒီနေရာမှာ ရောက်နေပြီ။ ဒါကြောင့် မြန်မြန် ငါတို့နဲ့အတူ ပြန်လိုက်ခဲ့ပါ"

ထာဂရ မိုးကောင်းကင် ဧကရာဇ်က သူ့ရဲ့သွေးတွေကို ပက်ဖြန်းရင်းနဲ့ ကျယ်လောင်စွာ အော်ဟစ် လိုက်ပါတယ်။ သွေးစက်တိုင်းက ကြီးမားတဲ့ တောင်ကြီးတစ်လုံး

အဖြစ်ပြောင်းလဲပြီး နတ်ဆိုးကိုးပါးဓားဆီ ပြေးဝင်ဆောင့်လိုက်ပါတယ်။

နတ်ဆိုးကိုးပါးဓားကို ကြည့်ရတာ ဒီလတ်ဆတ်တဲ့ သွေးရဲ့ ဆွဲဆောင်မှုကို ခံရပြီး ခုခံမဲ့ပုံ မပေါ်ပါဘူး။ ချက်ချင်းဆိုသလို လတ်ဆတ်တဲ့ သွေးတွေက သူ့ကို ပိုင်းပတ်လိုက်ပါတယ်။

ထာဂရ မိုးကောင်းကင် ကေရာဇ်က ဘဝင်ခိုက်သွားပါတယ်။ သူ့ရဲ့ သွေးမျိုးဆက်နဲ့ ချိတ်ဆက်မှု တည်ဆောက်လိုက်တာနဲ့ ဒီရတနာလက်နက်ကို သူက ယူနိုင်စွမ်း ရှိလာပါလိမ့်မယ်။

မျက်စိတစ်မှိတ် အတွင်းမှာ သွေးတွေအားလုံးကို နတ်ဆိုးကိုးပါးဓားက စုပ်ယူလိုက်ပါတယ်။ ဒီရတနာဓားကို ကြည့်ရတာ သူ့ကိုယ်ပိုင် အသက်တစ်ခု ရှိနေတဲ့ အတိုင်းပါပဲ။ အဲဒီဓားက အသက်ရှူနေသလိုမျိုး ဓားသွားပေါ်က အလင်းတန်းတွေ တစ်ခုပြီး တစ်ခု တလက်လက် တောက်ပလာခဲ့ပါတယ်။

နတ်ဆိုးကိုးပါးဓားက ကောင်းကင်ထက်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မျောလွင့်လို့ နေပါတယ်။

အဲဒါကို အခုလိုမျိုး ထိန်းချုပ်ရတာလား။

လင်းဟန်က အံကြိတ်လိုက်ပါတယ်။ ထာဂရ မိုးကောင်းကင် ဧကရာဇ်သာ ဒီနတ်ဘုရားဓားကို ရသွားမယ်ဆိုရင် ဒီကမ္ဘာကြီးထဲမှာ သူ့ခြေလှမ်းတွေကို ဘယ်သူကများ ရပ်တန့်နိုင်မှာလဲ။ အဲဒီလို လူမျိုးကရော ရှိပါဦးမလား။

ထာဂရ မိုးကောင်းကင် ဧကရာဇ်က ကျယ်လောင်စွာ ရယ်မောပြီးတော့ နတ်ဆိုးကိုးပါး ဓားဆီကို ပျံသန်းလာခဲ့ပါတယ်။ သူက လက်ကိုဆန့်ထုတ်ပြီး ဓားလက်ကိုင်ကို ဖမ်းဆုပ်လိုက်ပါတယ်။

တကယ်လို့ တခြားလူတစ်ယောက်သာဆိုရင် တကယ်လို့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဆိုရင်တောင် သူ့အနေနဲ့ နတ်ဆိုးကိုးပါးဓားကို ရယူနိုင်ချေ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဆိုးကိုးပါးဓားရဲ့ အဆင့်က အရမ်းကို မြင့်မားလို့ ဖြစ်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ဒီလိုမျိုး အကြံရှိတယ်ဆိုရင် သူ့ကိုယ်ပိုင် ပျက်စီးရာ ပျက်စီးကြောင်းကို ရှာဖွေနေတာပဲ ဖြစ်ပါလိမ့်မယ်။ သူကတော့ မတူညီပါဘူး။ ချန်ကလန်ရဲ့ မျိုးဆက်တစ်ယောက် အနေနဲ့ သူ့သွေးထဲမှာ နတ်ဆိုးကိုးပါးဓားကို ဖန်တီးထားတဲ့ လူရဲ့ သွေးတွေနဲ့ ဇစ်မြစ်တူညီစွာ စီးဆင်းနေပါတယ်။

သူ့လက်ချောင်းထိပ်နဲ့ ဓားလက်ကိုင် ထိတွေ့မိလိုက်တဲ့ အချိန်မှာ ထာဂရမိုးကောင်းကင် ဧကရာဇ်ရဲ့ မျက်နှာပေါ်က အပြုံးက ဂင်းလက်လာခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ အပြောင်းအလဲတစ်ခု ဖြစ်ပျက်သွားခဲ့ပါတယ်။ နတ်ဆိုးကိုးပါးဓားက လှုပ်သွားပြီး ဓားအလင်းတန်းတစ်ခုနဲ့ တိုက်ခိုက်လိုက်ပါတယ်။ အဲဒီဓားအလင်းတန်းက မီတာထောင်နဲ့ချီ ကြီးမားတဲ့ ဓားသွားတစ်ခု အဖြစ်ကို ပြောင်းလဲသွားပြီး ထာဂရ မိုးကောင်းကင် ဧကရာဇ်ဆီကို ခုတ်ချလိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက တကယ့်ကို ထင်မှတ်မထားတဲ့ အချိန်မှာ တိုက်ခိုက်လိုက်တာ ဖြစ်ပါတယ်။

ကျေးဇူးတင်ရမှာက ထာဂရ မိုးကောင်းကင် ဧကရာဇ်ကိုယ်တိုင်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေပြီး နတ်ဆိုးကိုးပါးဓားရဲ့ အစွမ်းကို ထူးထူးခြားခြား သိနားလည်ထားတာ ကြာပါပြီ။ သူက လုံးဂကို အမှုမဲ့ အမှတ်မဲ့ မနေနိုင်ပါဘူး။ ဒါကြောင့် သူ့လက်တွေကို ချက်ချင်းပဲ လက်သည်းပုံစံ ပြောင်းပြီးတော့ ဓားအလင်းတန်းကို ဖိနှိပ်လိုက်ပါတယ်။

ဓားအလင်းတန်း ဖြတ်သွားပြီး ထာဂရ မိုးကောင်းကင် ကေရာဇ်ရဲ့ ကြီးမားတဲ့ လက်သည်းတွေက ချက်ချင်းပဲ ပျက်စီးသွားခဲ့ပါတယ်။ သူက ညည်းတွားပြီးတော့ မိုင်တစ်ရာလောက် ဆုတ်လိုက်ရပါတယ်။ သူ့လက်တွေကို မြှောက်ကြည့်လိုက်တဲ့ အခါမှာ သူ့လက်ဂါး နှစ်ခုလုံးမှာ သွေးစီးကြောင်း တစ်ခု ဖြစ်ပေါ်နေတာကို တွေ့လိုက်ရပါတယ်။

နတ်ဆိုးကိုးပါးဓားက သူ့ရဲ့ မူလစွမ်းအင်နဲ့ ပြုလုပ်ထားတဲ့ လက်ဂါးတွေကို ပျက်စီးသွားစေခဲ့တယ် ဆိုပေမဲ့ ဒီဓားရဲ့ ပြင်းထန်တဲ့ အရှိန်အဂါက တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ ဓားချီက အတားအဆီးကင်းမဲ့စွာနဲ့ အရှေ့ကို တိုးလာပြီး သူ့ကိုယ်ပိုင် ခန္ဓာကိုယ်ကို ပြန်ထိသွားစေခဲ့ပါတယ်။

ထာဂရ မိုးကောင်းကင် ကေရာဇ်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒါက သူကြိုတင် မျှော်လင့်ထားတဲ့ နတ်ဆိုးကိုးပါးဓားပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး အစွမ်းကိုပဲ သူလိုချင်တာ ဖြစ်ပါတယ်။

တကယ်လို့ ဒီဓားက အခုလို အစွမ်းမထက်ဘူးဆိုရင် သူက ဒီဓားကို အသုံးပြုပြီး ကျောက်စိမ်း ကေရာဇ်နဲ့ ကေရီ ဘုရင်မ လွှမ့်ရှင်းကို ဘယ်လိုလုပ် အနိုင်ယူနိုင်မှာလဲ။

ရှုပ်။

နတ်ဆိုးကိုးပါးဓားက သူ့ရဲ့ နတ်ဘုရား အစွမ်းတွေကို ထုတ်ဖော်ပြီး ဓားအလင်းတန်းတွေကို တစ်ခုပြီး တစ်ခု တိုက်ခိုက်ထုတ်ဖော်လိုက်ပါတယ်။

အဲဒီဓား အလင်းတန်းတွေက အရမ်းကို အစွမ်းထက်ပါတယ်။ ထာဂရ မိုးကောင်းကင် ဧကရာဇ်တောင် အရေးနိမ့်တဲ့ နေရာကို ရောက်ပြီးတော့ ဖိနှိပ်ခံရပါလိမ့်မယ်။

"ဟားဟားဟား သွေးမျိုးဆက်နဲ့ ဖိနှိပ်မှုနဲ့တောင် အရမ်းကို အစွမ်းထက်နေသေးတယ်။ ဒါဆိုရင် ငါ့လက်ထဲမှာသာ ရောက်လာရင် ဘယ်လိုမျိုး အစွမ်းကို ထုတ်ဖော်လိုက်နိုင်မလဲ"

ထာဂရ မိုးကောင်းကင် ဧကရာဇ်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"ငါအခု ပိုပြီးတော့တောင် မျှော်လင့်စောင့်စားနေမိပြီ။ နတ်ဆိုးကိုးပါးဓား မင်းက ငါ့ကို အသိအမှတ်ပြုဖို့ စိတ်မကူးသေးဘူးလား"

"ငါက ကောင်းကင်ဘုံရဲ့ သားတော်တစ်ယောက် ဖြစ်ပြီးတော့ မိုးကောင်းကင်ရဲ့ ချီးမြှောက်မှုကို ခံထားရတယ်။ ငါက ချန်ကလန်ရဲ့ မျိုးဆက်တစ်ယောက်လည်း ဖြစ်ပြီးတော့ မင်းရဲ့ ဆရာသခင်ပဲ"

နတ်ဆိုးကိုးပါးဓားက ပြန်ဖြေနိုင်စွမ်း မရှိပါဘူး။
သူ့ရဲ့ဓားအလင်းတန်းတွေ အတူတကွ ရောယှက်လာပြီး
ပိုပြီးတော့တောင် ပြင်းထန်လာပါတယ်။

ဒါက ဓားတစ်လက်ရဲ့ ရက်စက်ကြမ်းကြုတ်မှု ဖြစ်ပြီးတော့ အရမ်းကို
သန်မာတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခု ဖြစ်ပါတယ်။ တကယ်လို့
သူက ချန်ကလန်ရဲ့ မျိုးဆက်တစ်ယောက် ဆိုရင်တောင်
ဘာဖြစ်မှာလဲ။ ဓားက လတ်ဆတ်တဲ့ သွေးကိုပဲ အငမ်းမရ
လိုချင်တာ ဖြစ်ပါတယ်။

ထာဂရ မိုးကောင်းကင် ကေရာဇ်က အစွမ်းထက်တဲ့
တိုက်ကွက်တစ်ခုကို အသုံးပြုလိုက်ပါတယ်။ တပြိုင်နက်တည်း
ကောင်းကင်ဘုံ ခန္ဓာကိုယ် လေးခု ဖြစ်ပေါ်လာပြီး ပြင်းထန်တဲ့
အရှိန်အဝါ အားလှိုင်းတွေ ပန်းထွက်လာပါတယ်။ သူက
မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ခွဲခြမ်းပစ်နိုင်တဲ့ သူတော်စင်
တစ်ယောက်လိုမျိုး ဖြစ်လာပါတယ်။

မိုးကောင်းကင်က တုန်ခါပြီး ကမ္ဘာမြေကြီးက တုန်လှုပ်လာပါတယ်။
နတ်ဘုရား အလင်းတွေက အတူတကွ ရောယှက်လို့ လာပါတယ်။

လင်းဟန်က မိုးကောင်းကင်ပေါ်က မြင်ကွင်းကို ဆက်ပြီးတော့
မမြင်နိုင်တော့ပါဘူး။ သူ့တစ်ကိုယ်လုံး

ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတွေ တလိပ်လိပ် ဖြစ်လာသလို ခံစားလိုက် ရပါတယ်။ ကမ္ဘာမြေကြီးက သူ့အလိုလို အက်ကွဲလာပြီး လေဟာနယ်တွေ စုတ်ပြဲ လာခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ထဲမှာ သူက မျောလွင့်နေတဲ့ ဖုန်မှုန့်သဲမှုန့်တွေရဲ့ လှုပ်ရှားမှုနဲ့အတူ တလိမ့်ခေါက်ကွေး လိမ့်နေပါတယ်။

နောက်ဆုံးမှာ ထာဂရ မိုးကောင်းကင် ကေရာဇ်က သူ့ကိုယ်သူ မီတာထောင်နဲ့ချီ မြင့်မားတဲ့ လူ့ဘီလူးကြီးအဖြစ်ကို ပြောင်းလဲသွားတယ် ဆိုတာကို တွေ့လိုက်ရပါတယ်။ အလင်းရောင်လုံး ကိုးလုံးက ရောမ ကြယ်တာရာတွေ အဖြစ်ကို ပြောင်းလဲသွားပြီး အလင်းစက်ဝိုင်း တစ်ခု ဖြစ်ပေါ်ကာ ထာဂရ မိုးကောင်းကင် ကေရာဇ်ရဲ့ လက်ထဲမှာ လက်နက်တစ်ခုလို အသုံးပြုဖို့ ဆုပ်ကိုင်ထားပါတယ်။

ပုန်း။

မိုးကောင်းကင်ပေါ်ကနေ လက်ပြတ်တစ်ခု ပြုတ်ကျလာခဲ့ပါတယ်။ သွေးတွေက လေထဲမှာ ပျံ့နှံ့သွား ခဲ့ပါတယ်။

နတ်ဆိုးကိုးပါးဓားမှာ လက်မရှိပါဘူး။

Chapter 1070 end

အပိုင်း(1071) ဓားကို ရရှိခြင်း

လင်းဟန်က မှင်တက်အံ့သြ သွားမိပါတယ်။ ဒါက ငြိမ်းချမ်းရေး ဂြိုလ်ကြီးရဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်သုံးယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ထာဝရ မိုးကောင်းကင် ဧကရာဇ် ဖြစ်ပြီးတော့ သူ့ရဲ့ လက်တစ်ဖက်က တကယ်ပဲ အဖြတ်ခံလိုက် ရပါတယ်။

တစ်ခု သတိပြုရမဲ့ အချက်က ဒီနတ်ဆိုးကိုးပါးဓားဟာ ချန်ကလန်ရဲ့ ဘိုးဘေးတွေကနေ ဆင်းသက်လာတဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဆိုလိုတာက သူတို့ကလန်က လေ့ကျင့်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေလိုမျိုး ဇစ်မြစ်တူညီပါတယ်။ ဒါပေမဲ့လည်း သူတို့အကြားမှာ ဒီလိုမျိုး ချိတ်ဆက်မှု ရှိနေတာတောင် ထာဝရ မိုးကောင်းကင် ဧကရာဇ်ရဲ့ လက်တစ်ဖက်ကို လှီးဖြတ်ခဲ့ပါသေးတယ်။

ဒါကိုကြည့်ခြင်းဖြင့် နတ်ဆိုးကိုးပါးဓားက ဘယ်လောက်တောင် အစွမ်းထက်လဲ ဆိုတာကို သေသေချာချာ တွေ့မြင်နိုင်ပါတယ်။

တကယ်လို့ ဒီဓားကို သူသာ ရရှိသွားမယ်ဆိုရင် ကောရီ ဘုရင်မ လွှမ့်ရှင်းက သူ့အတွက် ပြိုင်ဘက် ဖြစ်နေဦးမှာလား။ သူမအနေနဲ့

အညံ့ခံ အရှုံးပေးရပြီးတော့ သူ့ရဲ့ ကိုယ်လုပ်တော် ဖြစ်လာဖို့ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

လင်းဟန်က ဒီဖြစ်နိုင်ချေကို စဉ်းစားပြီးတော့ အရမ်းကို မခံချိ မခံသာ ဖြစ်နေသလို ခံစားလိုက် ရပါတယ်။

သူ့ရဲ့စိတ်ခံစားချက်တွေက ဧကရီ ဘုရင်မရဲ့ ညို့ယူဖမ်းစားနိုင်မှုကြောင့် အကျိုးသက်ရောက် ခံနေရတယ် ဆိုတာကို သူနားလည်ထားပါတယ်။ ဒါတောင်မှ သူမကို တခြားယောကျာ်း တစ်ယောက်က လုယူသွားမှာကို တွေးလိုက်မိတာနဲ့ သူက မခံချိမခံသာ ဖြစ်နေပါသေးတယ်။ ဧကရီ ဘုရင်မက လွှမ်းရှင်းကို တခြားယောက်ျား တစ်ယောက်က ပွေ့ဖက်ထားမှာကို သူလုံးဝ မမြင်ချင်ပါဘူး။

ဒီလိုမျိုး တစ်ကိုယ်ကောင်းဆန်တဲ့ အတွေးဆိုတာကလည်း ဧကရီ ဘုရင်မ လွှမ်းရှင်းကို မြင်ဖူးတဲ့ ယောက်ျားတိုင်းမှာ ဖြစ်ပေါ်လာပါလိမ့်မယ်။

"ဟားဟားဟားဟား"

မိုးကောင်းကင်ထက်က ထာဝရ မိုးကောင်းကင် ဧကရာဇ်ရဲ့ ဟက်ဟက်ပက်ပက် ရယ်မောသံဟာ ဗုံးတစ်လုံး ပေါက်ကွဲသလို

ကျယ်လောင်လွန်းပါတယ်။ အလင်းရောင်တွေ ပျောက်ကွယ်သွားတဲ့ အချိန်မှာတော့ လေထဲမှာ သူ့ရဲ့ ကျန်ရှိနေတဲ့ ဘယ်ဘက်လက်နဲ့ နတ်ဆိုးကိုးပါးဓားကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားတဲ့ ထာဂရ မိုးကောင်းကင် ကေရာဇ်ရဲ့ ဂုဏ်ယူဂင့်ကြွားနေတဲ့ ပုံရိပ် ထွက်ပေါ်လာခဲ့ပါတယ်။

သူက နတ်ဘုရားဓားကို ရရှိသွားပြီဆိုတာ ပေါ်လွင်ပါတယ်။

ဒီနတ်ဘုရားဓားက သွေးမျိုးဆက် အမွေဆက်ခံသူ လက်ထဲကို ကျရောက်သွားပါပြီ။ တကယ်တော့ ထာဂရ မိုးကောင်းကင် ကေရာဇ် ကိုယ်တိုင်ကလည်း အရမ်းကို အစွမ်းထက်လို့ ဖြစ်ပါတယ်။ လက်တစ်ဖက်ကို စတေးပြီးတဲ့ နောက်မှာတော့ သူက နတ်ဆိုးကိုးပါးဓားရဲ့ ပိုင်ရှင်အသစ် ဖြစ်လာခဲ့ပါတယ်။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေတောင် ဓားရဲ့ လွှမ်းမိုးနိုင်တဲ့ စွမ်းအားကိုတောင် ခံစားနိုင်ပါတယ်။ ဒီဓားက သူ့ရဲ့ စိတ်ဝိညာဉ်ကို စုတ်ဖြဲပစ်နိုင်တယ်လို့တောင် ခံစားနေရပြီး သူ့ကို ထိတ်လန့်တုန်လှုပ် စေပါတယ်။

ဒါက နတ်ဆိုးကိုးပါးဓား၊ ထာဂရမြစ် အဆင့်မှာရှိတဲ့ နတ်ဘုရား ပစ္စည်းတစ်ခုဖြစ်ပြီး အနည်းဆုံး အဆင့်ဆယ့်သုံး နတ်ဘုရား ပစ္စည်း တစ်ခု ဖြစ်ပါတယ်။

နတ်ဆိုးကိုးပါးဓားက ကျိုးပဲ့ပျက်စီးနေတယ် ဆိုရင်တောင် အရမ်းကို ကြောက်စရာ ကောင်းနေပါ သေးတယ်။ ထာဂရ မိုးကောင်းကင် ကေရာဇ်တောင် သက်ဆိုင်ရာ လျှို့ဝှက်နည်းစနစ် တစ်ခုကို ကျင့်ကြံအားထုတ်ထားပြီး မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်နေတာတောင် လက်တစ်ဖက် ဆုံးရှုံးသွားတဲ့ အချက်ကို ကြည့်မယ်ဆိုရင် သေချာသိနိုင်ပါတယ်။

နောက်ပြီးတော့ ဒါက နတ်ဘုရားပစ္စည်းရဲ့ လေးပုံတစ်ပုံပဲ ရှိပါသေးတယ်။ တကယ်လို့ သူက ကျန်ရှိနေတဲ့ အစိတ်အပိုင်း သုံးခုကို ရှာဖွေပြီး ရယူနိုင်ကာ အားလုံးကို အတူတကွ ပေါင်းစည်းလိုက်မယ်ဆိုရင် ဒီနတ်ဆိုးကိုးပါးဓားရဲ့ ဖျက်ဆီးခြင်းစွမ်းအားက ဘယ်လောက်တောင် ရှိနေမလဲ။

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ထာဂရ မိုးကောင်းကင် ကေရာဇ် ဘေးနားကို လှည့်ကာ ခုန်လာပြီးတော့ မေးလိုက်ပါတယ်။

"အင်ပါယာ အစ်ကိုတော် အဆင်ပြေရဲ့လား"

နတ်ဆိုးကိုးပါးဓားကို ရယူနိုင်ခဲ့ပြီ ဆိုမှတော့ ဒီနေရာက ကြောက်မက်ဖွယ်ရာကောင်းတဲ့ လူသတ် အရှိန်အဝါတွေ အားလုံးက စတင်ပျောက်ကွယ် လာခဲ့ပါပြီ။ လူသတ်အရှိန်အဝါတွေ

စုစည်းထားတဲ့ ရောမ အရှိန်အဝါပုံရိပ်ကြီးလည်း စတင်ပျောက်ကွယ်သွားပါတယ်။

"ကိစ္စမရှိဘူး"

ထာဂရ မိုးကောင်းကင် ကေရာဇ်က သာမန်ကာလျှံကာ ပြန်ဖြေလိုက်ပါတယ်။

"ငါက လက်တစ်ဖက်ပဲ ဆုံးရှုံးတာပါ။ နစ်ဂက်လောက် အနားယူလိုက်ရင် အပြည့်အဝ ပြန်လည် ကောင်းမွန်လာလိမ့်မယ်"

ဒါက ဒဏ်ရာသေးသေးလေး တစ်ခုမဟုတ်ပါဘူး။ သူ့ရဲ့ တိုးလာတဲ့ အစွမ်းနဲ့ နှိုင်းယှဉ်ရင် ဒီလိုမျိုး ဒဏ်ရာက တကယ်ပဲ မေးမိုန်သွားပါတယ်။

"ကျန်တဲ့ ကိစ္စတွေကို မင်းပဲ တာဝန်ယူလိုက်ပါ။ ငါဒီဓားကို ပြီးအောင်လို့ သန့်စင်လိုက်ဦးမယ်။ ငါသန့်စင်ပြီးရင် ကျန်ရှိနေတဲ့ ဓားသွား အစိတ်အပိုင်း သုံးခုကို ရယူဖို့ဆိုတာ ပိုပြီးတော့ လွယ်ကူလာလိမ့်မယ်"

ထာဂရ မိုးကောင်းကင် ကေရာဇ်က ပြောလိုက်တယ်။

"နားလည်ပါပြီ"

ကောင်းကင်ဘုံ မီးတောက်ကိုးခု ဘုရင်က ချက်ချင်းပဲ အမိန့်ကို လက်ခံလိုက်ပါတယ်။ ကျန်ရှိနေတဲ့ ဓားအစိတ်အပိုင်း သုံးခုကလည်း လွှမ်းမိုးနိုင်တဲ့ လူသတ်အရှိန်အဝါကို ပိုင်ဆိုင်ထား ပါတယ်။ ဒါကြောင့် သူတို့အတွက် အဲဒီဓားအစိတ်အပိုင်းတွေကို ရရှိဖို့ မကြိုးစားခင် သူတို့ကို ဖိနှိပ်ဖို့ ယစ်ပူဇော်တဲ့ ပလ္လင်တွေ တည်ဆောက်ဖို့ လိုပါသေးတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက ဓားလက်ကိုင်ကို ပိုင်ဆိုင်ထားရင်တောင် ထာဝရ မိုးကောင်းကင် ဧကရာဇ် အတွက်တော့ တကယ်လို့ ချန်ကလန်ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်နေရင်တောင် အရမ်းကို ခက်ခဲပါလိမ့်မယ်။

ထာဝရ မိုးကောင်းကင် ဧကရာဇ်က ချာခနဲ လှည့်ပြီးတော့ လေဟာနယ်ကို စုတ်ဖြဲပြီး ထွက်သွား ပါတယ်။

ကောင်းကင်ဘုံ မီးတောက်ကိုးခုရဲ့ မျက်လုံးတွေထဲမှာ သန်မာတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတွေ ရှိနေပြီး ပတ်ဂန်းကျင်ကို ပေ့ကြည့်လိုက်ပါတယ်။

လင်းဟာန်က မထင်မရှား နေရာတစ်ခုမှာ ပုန်းအောင်းနေတယ် ဆိုတာကို အရင်ကတည်းက သူသိထားပါတယ်။ လင်းဟာန်က သူ့ရဲ့ အရှိန်အဝါကို ဘယ်လိုနည်းလမ်း သုံးပြီးတော့ ဖုံးကွယ်ထား

နိုင်တာလည်း ဆိုတာကိုတော့ သူမသိပါဘူး။ သူက တရစပ်တိုက်ခိုက်တာတောင် လင်းဟန်ကို ပုန်းနေတဲ့ နေရာကနေထွက်လာအောင် ဖိအားပေးနိုင်စွမ်း မရှိပါဘူး။ အခုချိန်ထိလင်းဟန်က ဒီနေရာမှာ ရှိနေသေးလား မရှိတော့ဘူးလား ဆိုတာကိုသူဆုံးဖြတ်နိုင်စွမ်း မရှိသေးပါဘူး။

သူက သူတို့ရဲ့ ယစ်ပူဇော်မှုတွေ ပျက်စီးလုနီးပါး ဖြစ်စေတဲ့ဒီပုရွက်ဆိတ်ကို အလွန်ပဲ မုန်းတီးပါတယ်။ ပြီးတော့ဒီပုရွက်ဆိတ်ကို သေအောင်ဆောင့်နင်းပစ်ဖို့ အရမ်းကို ဆန္ဒရှိနေခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ ဆက်ပြီးတော့ စောင့်ကြပ်ဖို့ သူ့မှာအချိန်မရှိတော့ပါဘူး။ ထာဂရ မိုးကောင်းကင် ဇေရာဇ်ကနတ်ဆိုးကိုးပါးဓား လက်ကိုင်ကို ရရှိသွားပြီ ဖြစ်တာကြောင့် သူ့ရဲ့တိုက်ပွဲစွမ်းရည်က ထာဂရမြစ် တစ်ပိုင်းအဆင့်ထိထိုးတက်သွားပြီလို့ ဆိုလိုပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့ရဲ့လှုပ်ရှားမှုတွေ နောက်ကွယ်က လျှို့ဝှက်ချက်တွေပေါက်ကြားသွားခဲ့မယ် ဆိုရင်တောင် စိုးရိမ်ပူပန်စရာ မရှိပါဘူး။

ဒါကြောင့် သူက နောက်ဆုံးတစ်ကြိမ် ပတ်ဂန်းကျင်ကိုလှည့်ပတ်ရှာဖွေပြီးတဲ့ နောက်မှာတော့ ချာခနဲ

လှည့်ထွက်သွားပါတယ်။ သူ့မှာ လုပ်ရမဲ့ ကိစ္စတွေ အများကြီး ရှိနေပါသေးတယ်။

နောက်ဆုံးတော့ အချိန်တော်တော် ကြာပြီးတဲ့နောက်မှာ လင်းဟန်က အနက်ရောင် မျှော်စင်ထဲက ထွက်လာခဲ့ပါတယ်။ ထောင်ချောက်တစ်ခု ဖြစ်မှာကို ရောင်တိမ်းတဲ့ အနေနဲ့ ဖြစ်ပါတယ်။ ဒါက ဖြစ်နိုင်ချေ အရမ်းကို နည်းတယ်ဆိုတာကို လင်းဟန်က ခံစားရပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က သူ့လိုမျိုး ဂျူနီယာလေး တစ်ယောက်အတွက် ထောင်ချောက်တစ်ခု ဆင်ထားလိမ့်မှာလား။

လင်းဟန်က ခွေးသေးသေးလေးနဲ့ လမ်းခွဲပြီး သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူကာ အရှေ့ပိုင်း မိုးရေနိုင်ငံရဲ့ စခန်းချရာ နေရာကို အလျင်အမြန်ပဲ ပျံသန်းလာခဲ့ပါတယ်။

သူ့လမ်းကြောင်းမှာ ပိတ်ဆို့ထားတဲ့ လူသတ်အရှိန်အဝါတွေ မရှိတော့တာကြောင့် သူ့ရဲ့ အမြန်နှုန်းကလည်း မယုံနိုင်စရာကောင်းတဲ့ အဆင့်တစ်ခုမှာ ရှိပါတယ်။ နာရီအနည်းငယ် အကြာမှာ ပြင်းထန်တဲ့မြစ် အပေါ်ကို ရောက်လာခဲ့ပါတယ်။

အဲဒါကို ကြည့်လိုက်ရင် ကောလာဟာလတွေက မှန်ကန်ပုံ ရပါတယ်။ ဒီပြင်းထန်တဲ့မြစ်က အစွမ်းထက်တဲ့ လက်ရွေးစင် တစ်ယောက်ကြောင့် ဖြစ်ပေါ်လာတာ တကယ်ဖြစ်နိုင်ပါတယ်။ တကယ်လို့ အဲဒီလက်ရွေးစင်က ချန်ကလန်က ဘိုးဘေးရဲ့ လုပ်ဆောင်မှု မဟုတ်ဘူးဆိုရင် ဒီနေရာက ပြင်ပလက်ရွေးစင်နဲ့ သူတိုက်ခိုက်ခဲ့တဲ့ နေရာဖြစ်နိုင်ပါတယ်။

လင်းဟန်က သူ့လွန်းပျံယာဉ်ကို မြေပြင်ပေါ် သက်ဆင်းလိုက်ပါတယ်။

"မင်းဘယ်သူလဲ"

စစ်သားအုပ်စု တစ်စုက သူ့ကို ချက်ချင်းပဲ ဝိုင်းရံလိုက်ပါတယ်။

"ငါက လင်းဟန် ကောင်းကင်နီ သင်တန်းကျောင်းက ကျောင်းသား တစ်ယောက်ပဲ"

လင်းဟန်က အလျင်အမြန်ပဲ သူ့နောက်ခံအကြောင်းကို စစ်သားတွေဆီ သတင်းပို့ လိုက်ပါတယ်။

စစ်သားတွေက သူ့ကို အပြည့်အဝ မယုံကြည်ပုံပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ နောက်ခံနဲ့ ပတ်သက်ပြီး အတည်ပြုဖို့ ကောင်းကင်နီ

သင်တန်းကျောင်းက အဖွဲ့ဝင်တွေကို အလျင်အမြန် သွားရောက်ဖိတ်ခေါ် လိုက်ပါတယ်။

"လင်းဟန်"

ကျောက်လန်က ချက်ချင်းပဲ ပြေးလာခဲ့ပါတယ်။ လင်းဟန်ကို တွေ့လိုက်တာနဲ့ သူ့ရဲ့ မျက်နှာပေါ်က အမူအရာဟာ မယုံနိုင်စရာ ကောင်းလောက်အောင် ထူးဆန်းလာခဲ့ပါတယ်။

ရွှေခြသေ့်နိုင်ငံကို အလစ်ဝိုက် ဝင်ရောက်စီးနင်းတဲ့ သူ့ရဲ့တာဝန် ဆိုးဆိုးဝါးဝါး ရှုံးနိမ့်ပြီးတဲ့ နောက်မှာ သူ့ရဲ့ ယုံကြည်မှုတွေ ရိုက်ချိုးခံလိုက် ရသလိုပါပဲ။ သူ့အတွက်တော့ စစ်တပ် တစ်ခုကို ပထမဆုံးအကြိမ် ဦးဆောင်တာ ဖြစ်ပြီးတော့ ဒီလိုမျိုး ရလဒ်က မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ သားတစ်ယောက် အနေနဲ့ သူ့ရဲ့ ဂုဏ်သိက္ခာကို ရိုက်ချိုးခံရပြီး အရှက်ကွဲခြင်း မည်ပါတယ်။

ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ သူ့ကိုယ်သူ နှစ်သိမ့်နေခဲ့ပါတယ်။ သူ့ရဲ့ ရှုံးနိမ့်မှုက တရားမျှတယ်လို့ တွေးနေမိပါတယ်။ တကယ်တော့ ရန်သူတွေက နေလအဆင့် လက်ရွေးစင် ရာနဲ့ချီပြီး သူတို့ကို ချောင်းမြောင်းလုပ်ကြံခဲ့တာ ဖြစ်ပါတယ်။ နောက်ပြီးတော့ လင်းဟန်လည်း ရွှေခြသေ့်နိုင်ငံရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီး သတ်ပစ်ခံရတာတောင် ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း အခုဆို လင်းဟန်က သူ့အရှေ့မှာ ထိခိုက်ပွန်းပဲ့ခြင်း မရှိပဲ ရပ်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ အမူအရာက ဘယ်လိုလုပ်ပြီးတော့ သုန်မှုန်မနေမှာလဲ။

"မင်းဘယ်လိုလုပ်ပြီးတော့ အသက်ရှင်လျက်နဲ့ ပြန်လာနိုင်တာလဲ"

သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းက သေချာပေါက် သစ္စာဖောက်ပြီးတော့ ရန်သူကို အညံ့ခံလိုက်တာပဲ ဖြစ်မယ်။ ဒါကြောင့် သူတို့က မင်းကို သူလျှို တစ်ယောက်အဖြစ် လွှတ်ပေးလိုက်တာ ဖြစ်မယ်"

ကျောက်လန်ရဲ့ စကားတွေက စစ်စခန်းတစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားစေခဲ့ပါတယ်။

သစ္စာဖောက်ဆိုတာက စစ်သားတွေအတွက် အမုန်းဆုံး လူစားမျိုး ဖြစ်ပါတယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကျောက်သခင်လေး ငါက သစ္စာဖောက် တစ်ယောက်လို့ မင်းက ဘယ်မျက်လုံးတွေနဲ့ ကြည့်လိုက်တာလဲ။ တကယ်လို့ မင်းမှာ သက်သေအထောက်အထား နည်းနည်းမှ မရှိဘူးဆိုရင် အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်

မင်းက မဟာဗိုလ်ချုပ်ကျောက်ရဲ့ သားဖြစ်နေတယ် ဆိုရင်တောင် ဒီအခြေအနေကို ဧကရီ ဘုရင်မရဲ့ အရှေ့မှာ ဖြေရှင်းဖို့ မင်းနဲ့အတူ သွားရလိမ့်မယ်"

ကျောက်လန်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ငါတို့က ချောင်းမြောင်းလုပ်ကြံတာ ခံရပြီးတော့ ငါ့ရဲ့ ရတနာ ချပ်ဝတ်တန်ဆာရဲ့ ကာကွယ်မှုကြောင့် ပိုင်းရံထားတာကို ငါတစ်ယောက်ပဲ ထိုးဖောက်လာနိုင်ခဲ့တယ်။ မင်းက ဘယ်လိုလုပ် လွတ်လာတာလဲ။ နောက်ပြီး မင်းက ငါ့ထက် ရက်ပေါင်းများစွာ နောက်ကျပြီးမှ ပြန်လာခဲ့တယ်။ ဒါကြောင့် မင်းက အဖမ်းခံရပြီး အညံ့ခံလိုက်တယ်လို့ စွပ်စွဲတာ ငါမှားနေလို့လား"

သူက လင်းဟန်ကို တိုက်ပွဲမှာ မသတ်ပစ်လိုက်နိုင်ပေမဲ့ သူ့ကို တခြားပြစ်မှုတွေနဲ့ စွပ်စွဲလို့ ရနိုင်ပါတယ်။ ဒါက သစ္စာဖောက်တဲ့ ပြစ်မှု ဖြစ်ပါတယ်။ တကယ်လို့ လင်းဟန်က အပြစ်ရှိတယ်လို့ ရှာတွေ့လိုက်ရင် ဧကရီ ဘုရင်မရဲ့ အရှေ့မှာ ဘဂမြင့်နေစရာ လုံးဝကို လိုအပ်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူ့ကို စစ်တပ်ရဲ့ စည်းမျဉ်းဥပဒေအတိုင်း နေရာမှာတင် ခေါင်းဖြတ်ကွပ်မျက် ပစ်ပါလိမ့်မယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"သခင်လေးကျောက်က ပုံပြောတဲ့ နေရာမှာတော့ အရမ်းကို ထူးချွန်တာပဲနော်။ အခြေအနေက အရမ်းကို အရေးကြီးနေပြီး ငါက နေလအဆင့်လည်းမဟုတ်သလို ငါ့ကိုကာကွယ်ပေးမဲ့ ရတနာ ချပ်ဂဝတ်တန်ဆာလည်း တစ်ခုမှ မရှိဘူး။ ဒါကြောင့် ငါက ဘယ်နေရာဆိုတာကို တွေးမနေပဲ ပြေးမိပြေးရာ ထွက်ပြေးခဲ့တယ်။ ဒီနေရာကို အကြာကြီး ကွေ့ပတ်ပြီးတော့မှ ပြန်လာနိုင်ခဲ့တယ်။ ဒါကြောင့် ကျုပ်က သခင်လေးကျောက်ထက် ရက်ပေါင်းများစွာ နောက်ကျပြီးမှ ရောက်လာတာ သဘာဝကျပါတယ်နော်"

ကျောက်လန်က လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ အော်ဟစ်လိုက်တယ်။

"ဆင်ခြေတွေပေးတာ တော်လောက်ပြီ"

လင်းဟန်က ပခုံးတွန့်ပြီးတော့ ပြောလိုက်တယ်။

"သခင်လေးကျောက် မင်းရဲ့ပြောစကားတွေအတွက် သက်သေအထောက်အထား ပြသဖို့ လိုတယ်နော်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမင်းကို အသရေဖျက်မှုနဲ့ တရားပြန်စွဲရလိမ့်မယ်"

ကျောက်လန်က သူ့ကို မျက်နှာထားတင်းတင်းနဲ့ စိုက်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ငါသက်သေ အထောက်အထား ရအောင် ရှာပြမယ်"

သူက အကျီလက်စကို ခပ်ပြင်းပြင်း ခါပြီးတော့ ထွက်သွားပါတယ်။

"ဦးနှောက်မရှိ အမြင်ကျဉ်းတဲ့ကောင်ပဲ"

လင်းဟန်က ကျောက်လန်ကို သူ့စိတ်ထဲကနေ ဝေဖန်လိုက်ပြီး ချက်ချင်းပဲ နံပါတ်ကိုး ဘုရင်ကို ရှာဖွေဖို့ ထွက်သွားလိုက်ပါတယ်။ နတ်ဆိုးကိုးပါး ဓားနဲ့ ပတ်သက်တဲ့ ကိစ္စက အရမ်းကို အရေးကြီးပြီး ဖြစ်နိုင်သမျှ အမြန်ဆုံး သတင်းပို့ဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ထာဂရ မိုးကောင်းကင် ဧကရာဇ်က နတ်ဆိုးကိုးပါးဓားကို အပြည့်အစုံ ရသွားရင် သူ့စိတ်တိုင်းကျ လုပ်နိုင်သွားပါလိမ့်မယ်။

"လင်းဟန်"

စွေ့ရန်ယွီက ထွက်လာပြီး သူ့ကို တွေ့ဆုံလိုက်ပြီး သူ့ကို တွေ့လိုက်ရတဲ့ အချိန်မှာ သူမရဲ့ မျက်နှာပေါ်က မျက်ရည်တွေ အမှတ်မထင် စီးကျလာခဲ့ပါတယ်။

ရန်သူ့စခန်းကို ဂင်ရောက်စီးနင်းတဲ့ အဖွဲ့တစ်ခုလုံး ချေမှုန်းခံလိုက်ရပြီး ကျောက်လန် တစ်ယောက်ပဲ အသက်ရှင်လျက်နဲ့ ပြန်လာနိုင်ခဲ့ပါတယ်။ ဒါက စခန်းတစ်ခုလုံးကို အားပျော့သွား စေပြီးတော့ အားလုံး သေဆုံးကုန်ပြီး ပြန်မလာနိုင်တော့ဘူးလို့ ယုံကြည်စေခဲ့ပါတယ်။

စွေ့ရန်ယွီက လင်းဟာန်ရဲ့ စွမ်းရည်တွေကို ယုံကြည်ထားပေမဲ့ တစ်ရက် နှစ်ရက် သုံးရက် ကြာပြီးတဲ့ နောက်မှာတောင် သူပြန်မလာသေးတာကြောင့် စိုးရိမ်ပူပန်နေမိပါတယ်။ အခု နောက်ဆုံးတော့ လင်းဟာန်က ပြန်ရောက်လာပြီး သူမရဲ့ ပခုံးပေါ်က အရမ်းကို ကြီးမားတဲ့ အလေးချိန်တစ်ခု ပြုတ်ကျသွားသလိုမျိုး ခံစားရပါတယ်။ တချိန်တည်းမှာပဲ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး အားမရှိတော့သလို ခံစားလိုက်ရပါတယ်။

Chapter 1071 end

အပိုင်း(1072) ကေရီ ဘုရင်မရဲ့ စစ်တပ်

လင်းဟာန်က စွေ့ရန်ယွီ အနားကို လျှောက်လာပြီး သူမကို အသာအယာ ပွေ့ဖက်ကာ ပြောလိုက်တယ်။

"မစိုးရိမ်ပါနဲ့။ ငါ့မှာ ပုက်ဖဲတွေ ဘယ်လောက်ရှိလဲ ဆိုတာကို မင်းမေ့နေပြီလား"

စွေ့ရန်ယွီက တိတ်ဆိတ်ငြိမ်သက်နေပြီး သူမရဲ့ခေါင်းကို သူ့ရင်ခွင်ထဲမှာ နှစ်မြုပ်ထား လိုက်ပါတယ်။

လင်းဟန်က ဒီမိန်းမလှလေးရဲ့ သူ့အပေါ် ဂရုစိုက်မှုနဲ့ ပတ်သက်ပြီး အရမ်းကို စိတ်လှုပ်ရှား သွားမိပါတယ်။ ဒါပေမဲ့လည်း အခုချိန်မှာ ကြည်နူးသာယာနေဖို့ အချိန်မရှိသေးပါဘူး။

"ငါတို့ အရင်ဆုံး နံပါတ်ကိုး ဘုရင်ဆီကို သွားရအောင်။ ကမ္ဘာကြီး တစ်ခုလုံးကို တုန်လှုပ်သွား စေနိုင်တဲ့ လျှို့ပုက်ချက် တစ်ခုကို ငါရှာတွေ့ခဲ့တယ်"

လင်းဟန်က ပြောလိုက်တယ်။

သူက နံပါတ်ကိုး ဘုရင်ဆီကို အခစား ဝင်လိုက်ပါတယ်။ ဟူဖေးယွင်က သူပြန်ရောက်လာတာကို မြင်လိုက်ရတဲ့ အခါမှာ ပျော်ရွှင်စွာနဲ့ သူ့ကိုဖိတ်ခေါ်ပြီး ပြောလိုက်တယ်။

"ကျောက်လန်က နင့်ကို ဝင်ရောက်စီးနင်းမဲ့ အဖွဲ့ထဲ ဆွဲသွင်းလိုက်ကတည်းက ငါနင့်အတွက် စိုးရိမ်နေတာ။ ကံကောင်းတာက နင်အဆင်ပြေနေတာပဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ စိုးရိမ်ပူပန်ပေးမှုအတွက် ကျေးဇူးတင်ပါတယ် နံပါတ်ကိုးဘုရင်။ ဒါပေမဲ့လည်း ရန်သူ့ စခန်းထဲကနေ အံ့အားသင့်စရာကောင်းတဲ့ သတင်းတချို့ကို ငါရှာတွေ့ခဲ့တယ်။ ပြီးတော့ ချက်ချင်းပဲ အင်ပါယာ မြို့တော်ကို ပြန်ပြီးတော့ ဒါကို ကေရီ ဘုရင်မကို သတင်းပို့ရမယ်"

ဟူဖေးယွင်က သူမရဲ့ မျက်လုံးတွေကို ပုတ်ခတ်ပုတ်ခတ် လုပ်ပြီးတော့ မေးလိုက်တယ်။

"အဲဒီလောက် အရေးကြီးလား"

ကေရီ ဘုရင်မက တိုင်းပြည်ရေးရာ ကိစ္စတွေနဲ့ နေ့စဉ်နေ့တိုင်း အလုပ်များနေပါတယ်။ နောက်ပြီး သူမက ကျင့်ကြံရပါသေးတယ်။ လင်းဟန်က တောင်မြစ်အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက ကေရီ ဘုရင်မကို အခစား ဝင်ရောက် တွေ့ဆုံဖို့ တောင်းဆိုနိုင်မှာလား။

"အင်း အရမ်းကို အရေးကြီးတယ်"

လင်းဟန်က ခေါင်းတစ်ချက် ညိတ်ပြီးတော့ ပြောလိုက်တယ်။

ဟူဖေးယွင်က ခဏလောက် စဉ်းစားပြီးတော့ ရုတ်တရက် ပြောလိုက်တယ်။

"ကောင်းပြီလေ။ ငါတို့တွေ ပြန်ကြတာပေါ့"

တကယ်လို့ သူမ မသွားဘူးဆိုရင် လင်းဟာန်အနေနဲ့ ဧကရီ ဘုရင်မ လွှမ့်ရှင်းနဲ့ တွေ့ဆုံဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

သူမရဲ့ ပင်ကိုယ်စရိုက်က ချက်ချင်းထလုပ်တတ်ပါတယ်။ ဒါကြောင့် သူမက ကျောက်လန်ကို စစ်တပ်ကို ထိန်းချုပ်ဖို့ အပြည့်အဝ လွှဲပြောင်းပေးလိုက်ပါတယ်။ သူမက ဘယ်လိုပဲဖြစ်ဖြစ် တချိန်လုံး ဘာမှမလုပ်ရပါဘူး။ ဒါကြောင့် သူမ ရှိတာ မရှိတာက ဘာအကျိုးသက်ရောက်မှုမှ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ကျောက်လန်က သူမရဲ့ ဆုံးဖြတ်ချက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပေမဲ့ သူက ဘယ်လိုလုပ် နံပါတ်ကိုး ဘုရင်ကို ရပ်တန့်နိုင်မှာလဲ။

လင်းဟာန် စွေ့ရန်ယွီနဲ့ နံပါတ်ကိုး ဘုရင်တို့က တိမ်ထိုးဖောက်ခြင်း လွန်းပျံပေါ်ကို တိုးပျော့တက်ပြီး ကြယ်ဥက္ကာ အင်ပါယာဆီကို ချက်ချင်းပဲ ထွက်လာခဲ့ပါတယ်။

သူတို့က ဒီနေရာကို စစ်တပ်နဲ့ ချီတက်လာတုန်းက နှစ်လလောက် အချိန်ယူရပါတယ်။ အခုတော့ သုံးလေးရက်ပဲ လိုပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် တိမ်ထိုးဖောက်ခြင်း လွန်းပျံက ဘယ်လောက် လျင်မြန်လဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

အင်ပါယာမြို့တော်ကို သူတို့တွေ ပြန်ရောက်လာတဲ့ အချိန်မှာ လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံယဉ်ကို မြို့ဝင်ပေါက်ဂိတ် အရှေ့မှာ ဆင်းသက်လိုက်ပါတယ်။ ဘယ်သူမှ အင်ပါယာ မြို့တော်ထဲမှာ ပျံသန်းခြင်း ရတနာပစ္စည်းတွေ သုံးပြီးတော့ မပျံပ့ံပါဘူး။ တကယ်လို့ သူတို့တွေ ပျံသန်းမိရင် ချက်ချင်းပဲ ပစ်ချခံရပါလိမ့်မယ်။

ဟူဖေးယွင်က ရှေ့ကနေ ဦးဆောင်သွားတာကြောင့် သူတို့က ဘာအတားအဆီးမှ မရှိပဲ ဖြတ်ကျော်လာရင်း အင်ပါယာ နန်းတော်အရှေ့ကို အချိန်မဆိုင်းပဲ ရောက်လာခဲ့ပါတယ်။

ဟူဖေးယွင်က အမျိုးသမီးအစောင့်ကို သူတို့ရောက်လာတာ သတင်းပို့ပေးဖို့ ပြောကြားလိုက်ပြီး နာရီအနည်းငယ် စောင့်ပြီးတဲ့ နောက်မှာတော့ ဧကရီ ဘုရင်မက အထဲကို ဝင်လာဖို့ ဖိတ်ခေါ်တာ ခံလိုက်ရပါတယ်။

"အစ်မတော်"

ဟူဖေးယွင်က ချက်ချင်းပဲ အပြေးအလွှား သွားပြီးတော့ အော်ပြောလိုက်ပါတယ်။

"ငါနင့်ကို အရမ်းသတိရတာပဲ"

ကေရီ ဘုရင်မ လွှမ်ရှင်းက သလွန်တစ်ခုပေါ်မှာ ထိုင်နေတပါတယ်။ အဲဒီသလွန်က မြေပြင်ကနေ မီတာဂက်လောက်ပဲ မြင့်ပါတယ်။ သူမက သူတို့ကို အထင်အမြင်သေး သလိုမျိုး ထူးခြားတဲ့ စွမ်းအား တစ်ခုကို ထုတ်လွှတ်နေပါတယ်။ သူမရဲ့ လှပတဲ့ မျက်နှာကိုတော့ ထူးခြားတဲ့ အရှိန်အဂါ တစ်ခုက ရစ်ပတ်ထားပြီး သူမရဲ့ မျက်နှာကို ရှင်းရှင်းလင်းလင်း တွေ့မြင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း သူမရဲ့ သေးသွယ်ကျစ်လျစ်ပြီး အပြစ်အနာအဆာ ကင်းမဲ့တဲ့ ပုံပန်းသွင်ပြင်က မယုံနိုင်စရာ ကောင်းလောက်အောင် ညို့ယူဖမ်းစားနိုင်ဆဲပါပဲ။

လင်းဟန်က ဒူးတစ်ဖက် ထောက်ပြီးတော့ ပြောလိုက်တယ်။

"လင်းဟန်က ကေရီ ဘုရင်မကို ဂါရဝ ပြုပါတယ်"

စွေ့ရန်ယွီက သူနဲ့အတူ လိုက်မလာခဲ့ပါဘူး။ သူမကို ဒီကိစ္စထဲ ဆွဲထည့်ဖို့ မလိုပါဘူး။ သူမသာ ရှေ့တန်းမှာ ဆက်ပြီးတော့ ရှိနေမယ်ဆိုရင် ဘာတွေဖြစ်မလဲ ဆိုတာနဲ့ ပတ်သက်ပြီး

စိုးရိမ်ပူပန်တာကြောင့် ပြန်လာခဲ့တာ ဖြစ်ပါတယ်။ ကျောက်လန်ကလည်း အဲဒီမှာ ရှိနေတာ ဖြစ်ပြီးတော့ သူက ရှုံးရှုံးနှမ်းနှမ်းနဲ့ မကြံကောင်း မကြံစည်သင့်တာ တစ်ခုခု လုပ်မလားဆိုတာကို ဘယ်သူသိမှာလဲ။

ဧကရီ ဘုရင်မ လွှမ့်ရှင်းက လင်းဟာန်ကို အေးစက်စွာနဲ့ စိုက်ကြည့်ပြီး သူ့ကို မတ်တပ်ရပ်ဖို့ မပြောပါဘူး။ သူမရဲ့ အကြည့်က ဖိအားဟာ တောင်ကြီးတစ်လုံးလို အလေးချိန် ရှိပါတယ်။

ဟူဖေးယွင်တောင်မှ လင်းဟာန်အတွက် ဒီအချိန်မှာ မပြောပေးဝံ့ပါဘူး။ ဘယ်သူမှ ဧကရီ ဘုရင်မရဲ့ အစွမ်းကို စိန်မခေါ်နိုင်ပါဘူး။

"မင်းကိုယ်တိုင်က စစ်တပ်ရဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ နံပါတ်ကိုး ဘုရင်ကို ခေါ်ပြီးတော့ ပြန်လာတဲ့အထိ သတ္တိကောင်းနေရတာလဲ"

နောက်ဆုံးတော့ ဧကရီ ဘုရင်မ လွှမ့်ရှင်းက စကားပြောလာပြီး သူမရဲ့ အသံထဲမှာ မကျေနပ်မှု တစ်စွန်းတစ်စ ရှိနေပါတယ်။

လင်းဟာန်အနေနဲ့ ဧကရီ ဘုရင်မ လွှမ့်ရှင်းက ရှေ့တန်း တိုက်ပွဲကို လျစ်လျူရှုပြီးတော့ သူတို့တွေ ပြန်လာတာနဲ့ ပတ်သက်ပြီး

ဒေါသထွက်နေတာ မဟုတ်မှန်း ရိပ်မိပါတယ်။ အဲဒီအစား သူ့ရဲ့ သဘောထားကြောင့် ပြန်လာရတဲ့ ဟူဖေးယွင် အပေါ်မှာ သူ့ရဲ့ လွှမ်းမိုးနိုင်မှုနဲ့ ပတ်သက်ပြီး မကျေမနပ် ဖြစ်နေတာပါ။

သူက ဒီအကြောင်းနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ အချိန်မရှိပါဘူး။ သူက ပြောလိုက်တယ်။

"ကျနော်မျိုးက အံ့အားသင့်စရာကောင်းတဲ့ လျှို့ဝှက်ချက် တစ်ခုကို ရှာတွေ့ခဲ့တာကြောင့် ကေရီ ဘုရင်မကို ချက်ချင်းပဲ သတင်းလာပို့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျနော်မျိုးရဲ့ အဆင့်အတန်းက နိမ့်ကျတာကြောင့် ကေရီ ဘုရင်မဆီ အခစားဝင်ရောက်ပြီး တွေ့ဆုံခွင့် မရနိုင်ပါဘူး။ ဒါကြောင့် ကျနော်မျိုးက နံပါတ်ကိုး ဘုရင်ကို ရှာပြီးတော့ အကူအညီ တောင်းရခြင်း ဖြစ်ပါတယ်"

"ဘာလျှို့ဝှက်ချက်လဲ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက နံပါတ်ကိုး ဘုရင်အပေါ် လင်းဟာန်ရဲ့ လွှမ်းမိုးမှုနဲ့ ပတ်သက်တာကို အခုချိန်မှာ ဘေးဖယ်ထားလိုက်ပါတယ်။

လင်းဟန်က ကေရီ ဘုရင်မကို သတင်းမပို့ခင် သူ့ရဲ့အတွေးတွေကို စုစည်းထားပါတယ်။ အဲဒီနောက် သူက ရန်သူ့စခန်းကို ဝင်ရောက်စီးနင်းတဲ့ အဖွဲ့ကို ထာဂရ မိုးကောင်းကင် အင်ပါယာက ဘယ်လိုမျိုး ချောင်းမြောင်းလုပ်ကြံလဲ ဆိုတာကနေ စပြီးတော့ ထာဂရ မိုးကောင်းကင် ကေရာဇ်က နတ်ဆိုးကိုးပါးဓားကို ဘယ်လိုရယူသွားလဲ ဆိုတဲ့အထိ ပြန်ပြောင်း ပြောပြလိုက်ပါတယ်။

"အာ"

ဟူဖေးယွင်ရဲ့ မျက်နှာအမူအရာက ချက်ချင်းပဲ ပြောင်းလဲသွားပါတယ်။ သူမက ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ လက်ကို လှုပ်ခါပြီးတော့ ပြောလိုက်တယ်။

"အစ်မတော် ငါတို့ ဘယ်လိုလုပ်သင့်လဲ"

ကေရီ ဘုရင်မ လွမ့်ရှင်းက တည်ငြိမ်တဲ့ အမူအရာအတိုင်း ရှိနေပြီး ပြောလိုက်တယ်။

"ငါ အဲဒီရှေးဟောင်း အင်ပါယာ တစ်ခု အကြောင်းကို ကြားဖူးတယ်။ အဲဒီအင်ပါယာက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာက ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်မှာ တည်ရှိခဲ့ဖူးတယ်။ အဲဒီ အင်ပါယာကို ချန်ကလန်ရဲ့ ရှေးဟောင်းဘိုးဘေးတွေ အုပ်ချုပ်ကြတယ်။

ဒါပေမဲ့လည်း တိုက်ပွဲကြီး တစ်ခု ဖြစ်ပွားပြီး ချန်ကလန် အုပ်ချုပ်တဲ့ အင်ပါယာက ပျက်စီးသွားခဲ့တယ်။ သူတို့ရဲ့ နေရာကို ကျောက်စိမ်း အင်ပါယာက နေရာယူ သွားခဲ့တယ်"

"ဒါပေမဲ့ ကျောက်စိမ်းအင်ပါယာလည်း ကြီးမားတဲ့ ကပ်ဘေးဒုက္ခတွေကို ခံစားလိုက်ရပြီး သူတို့ရဲ့ လက်ရွေးစင်တွေ အားလုံး သေသွားခဲ့တယ်။ သူတို့ကို အစားထိုးဖို့ လူငယ်မျိုးဆက်တွေ မရှိတာကြောင့် သူတို့ရဲ့ စွမ်းအားတွေလည်း ဆုတ်ယုတ်လာခဲ့တယ်။ နောက်ဆုံးမှာ ချန်ကလန်က နောက်တစ်ကြိမ် ခေါင်းထောင်လာပြီး ထာဝရ မိုးကောင်းကင် အင်ပါယာကို တည်ထောင်ပြီး ဒီနေ့အထိ ကျောက်စိမ်းအင်ပါယာနဲ့ ရန်စကျန်နေသေးတယ်"

လင်းဟန်က ဒီအကြောင်းကို ကြားလိုက်ရတဲ့ အခါမှာ အံ့အားသင့်သလို ခံစားလိုက်မိပါတယ်။

သမိုင်းကြောင်းက ဒီလိုဆိုမှတော့ အင်ပါယာ နှစ်ခုအကြားမှာ နက်ရှိုင်းတဲ့ ရန်စတွေ ရှိနေမှာပဲ။

တကယ်လို့ ဒီလိုသာဆိုရင် ကျောက်စိမ်း အင်ပါယာနဲ့ ထာဝရ မိုးကောင်းကင် အင်ပါယာ နှစ်ခုလုံးမှာ ထာဝရမြစ်အဆင့်မှာ ရောက်နေတဲ့ အထွတ်အထိပ် လက်ရွေးစင်တွေ ရှိခဲ့ဖူးတယ်ပေါ့။

ကြယ်ဥက္ကာ အင်ပါယာက မူလကတည်းက အားအနည်းဆုံးဖြစ်ပြီးတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သန်းကျော်လောက်ကမှ တည်ရှိလာတာပဲ။

တကယ်လို့ ကမ္ဘာငယ်လေး တစ်ခုမှာဆိုရင် ဒါက မယုံနိုင်စရာ ကောင်းလောက်အောင် ရှည်လျားတဲ့ အချိန်တစ်ခု ဖြစ်ပါတယ်။ တန်ခိုးရှင် ဘုံမှာတော့ နှစ်ပေါင်းတစ်သန်း ဆိုတာက သိပ်ပြီးတော့ မကြာလှပါဘူး။ ကျန်တဲ့ အင်ပါယာ နှစ်ခုမှာ နှစ်ပေါင်းသန်းရာနဲ့ချီတဲ့ သမိုင်းကြောင်း တစ်ခု ရှိနေတယ် မဟုတ်လား။ တကယ်လို့ သူတို့ရဲ့ ရှေးကျတဲ့ အင်ပါယာတွေက ထည့်တွက်လိုက်ရင် ဒီတိုးလာတဲ့ အရေအတွက်က ပိုပြီးတော့တောင် ထိတ်လန့်တုန်လှုပ်စရာ ပမာဏ တစ်ခု ဖြစ်လာပါလိမ့်မယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ရုတ်တရက် ထရပ်ပြီးတော့ ပြောလိုက်တယ်။

"ငါကိုယ်တိုင် စစ်တပ်ကို ဦးဆောင်ပြီး ချီတက်မယ်"

"အစ်မတော် ထာဂရ မိုးကောင်းကင် ကေရာဇ်က နတ်ဆိုးကိုးပါးဓားကို ရသွားပြီဆိုတော့ ငါတို့တွေ ကျောက်စိမ်းအင်ပါယာ ကေရာဇ်ကို အတူတူ ပူးပေါင်းဖို့ ဘာဖြစ်လို့

မတောင်းဆိုတာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အရမ်းကို အွန္တရာယ်များလိမ့်မယ်”

ဟူဖေးယွင်က ချက်ချင်းပဲ ဧကရီ ဘုရင်မကို နားချဖို့ ကြိုးစားလိုက်ပါတယ်။

“မလိုဘူး”

ဧကရီ ဘုရင်မ လွှမ့်ရှင်းကို ကြည့်ရတာ အရမ်းကို ယုံကြည်ချက် ရှိနေပုံ ပေါ်ပါတယ်။

သူမရဲ့ ယုံကြည်မှု တစ်စိတ်တစ်ပိုင်းမှာ တိုက်ခိုက်မှု အားလုံးကို စုပ်ယူနိုင်တဲ့ အကြွင်းမဲ့ မူလကျောက်တုံးလည်း အပါအဝင်ပဲ ဆိုတာကို လင်းဟန် နားလည်ထားပါတယ်။

နတ်ဆိုးကိုးပါးဓားက အစွမ်းထက်တယ် ဆိုပေမဲ့ ထာဝရမြစ် အဆင့်မှာပဲ ရှိပါသေးတယ်။ အဲဒါက အကြွင်းမဲ့ မူလကျောက်ပြား စုပ်ယူနိုင်တဲ့ အမြင့်ဆုံး အကန့်အသတ်ရဲ့ အောက်ဘက် တော်တော်ဝေးဝေးမှာပဲ ရှိပါသေးတယ်။ ဒီကျောက်တုံးကို လက်မှာကိုင်ထားပြီး ဧကရီ ဘုရင်မ လွှမ့်ရှင်းက နတ်ဆိုးကိုးပါးဓားနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ မလိုတော့ပါဘူး။

ကေရီ ဘုရင်မ လွှမ်ရှင်းက လင်းဟန်ရဲ့ အတွေးတွေကို ရိပ်မိပုံ ပေါ်ပြီးတော့ သူ့ကို မျက်စိတစ်ချက် ဖေ့ကြည့်လိုက်ပါတယ်။

လင်းဟန်က လေးနက်တဲ့ အမူအရာတစ်ခုနဲ့ မျက်နှာတည်နေပြီး သူ့ကိုယ်သူ ဟုတ်လှပြီဆိုတဲ့ ပုံစံမျိုးကို မဖော်ပြထားခဲ့ပါဘူး။

ကေရီ ဘုရင်မ လွှမ်ရှင်းက ဒါကိုမြင်လိုက်တော့ သူမရဲ့ အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်ပါတယ်။ အဲဒီနောက် သူမက မိုးကောင်းကင်ပေါ်ကို လှမ်းတက်လိုက်ပြီး ချက်ချင်းဆိုသလို အစက်အပြောက်လေး တစ်ခုအဖြစ်ကို ပြောင်းလဲကာ ပျောက်ကွယ်သွား ခဲ့ပါတယ်။

ဒီကေရီ ဘုရင်မက သူမရဲ့ ဆုံးဖြတ်ချက်တွေကို အလျင်အမြန်ပဲ ပေ့ါပါးဖျတ်လတ်စွာ လုပ်ဆောင် တတ်ပါတယ်။ သူမက ချက်ချင်းပဲ စစ်တပ်ကို ဦးဆောင်ပြီးတော့ ချီတက်ပါလိမ့်မယ်။

"ငါတို့လည်း သွားကြရအောင်"

လင်းဟန်က ဟူဖေးယွင်နဲ့အတူ အင်ပါယာ နန်းတော်ကနေ အလျင်အမြန် ပြေးထွက်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူတို့က ကေရီ ဘုရင်မ လွှမ်ရှင်း မဟုတ်ပါဘူး။ ဒါကြောင့် သူတို့က အင်ပါယာမြို့တော်ထဲမှာ မပျံသန်းပဲ့ပါဘူး။ သူတို့က

အင်ပါယာမြို့တော်ထဲကနေ ထွက်လာမှပဲ တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူကာ အရှေ့ပိုင်း မိုးရေနိုင်ငံဆီကို ပျံသန်း လာခဲ့ပါတယ်။

သူတို့တွေ ရောက်သွားတဲ့ အချိန်မှာ ရွှေခြသေ့်နိုင်ငံလည်း ဆုတ်ခွာသွားခဲ့ပါပြီ။

ရှေ့တန်းမှာ ရှိနေတဲ့ လူတွေဟာ ကေရီ ဘုရင်မ လွမ့်ရှင်းက ထာဂရ မိုးကောင်းကင် ကေရာဇ်နဲ့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပြီးပြီ ဆိုတာကို မသိပဲ ရွှေခြသေ့်နိုင်ငံက ဘာဖြစ်လို့ ရုတ်တရက် နောက်ဆုတ်သွားလဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ သူတို့ထင်တာက ရွှေခြသေ့် နိုင်ငံကို ထာဂရ မိုးကောင်းကင် အင်ပါယာက လက်ရွေးစင်တွေ ထောက်ပံ့ကူညီနေတယ်ဆိုတာ ပေါက်ကြားသွားတာကြောင့် ဖြစ်လိမ့်မယ်လို့ ယူဆနေပါတယ်။ ကြယ်ဥက္ကာ အင်ပါယာက မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု ဆင်နွှဲလာမှာကို ကြောက်ရွံ့တာကြောင့် သူတို့က ဒီကပ်ဘေးကို ရှောင်လွှဲဖို့အတွက် နောက်ဆုတ်ဖို့ ရွေးချယ်လိုက်တာ ဖြစ်ပါမယ်။

စစ်ပွဲက ရုတ်တရက် ပြီးဆုံးသွားပါတယ်။

ဒါပေမဲ့လည်း ကေရီ ဘုရင်မ လွှမ့်ရှင်းက သေချာပေါက် အနိုင်ရမယ်ဆိုတာကို လင်းဟန်က သိနေပါတယ်။ အနည်းဆုံးတော့ သူမက အသာစီး ရပါလိမ့်မယ်။

အကြွင်းမဲ့ မူလကျောက်ပြားက တကယ့်ကို သောက်ကျိုးနည်း ကြမ်းတာပဲ။

တကယ်လို့ အကြွင်းမဲ့ မူလကျောက်ပြားကြောင့်သာ မဟုတ်ဘူးဆိုရင် ကေရီ ဘုရင်မ လွှမ့်ရှင်း အနေနဲ့ ပြင်းပြင်းထန်ထန် ရှုံးနိမ့်သွားပါလိမ့်မယ်။ နောက်ပြီးတော့ တကယ်လို့ ထာဂရ မိုးကောင်းကင် ကေရာဇ်က နတ်ဆိုးကိုးပါးဓားရဲ့ ဓားလက်ကိုင် တစ်ခုတည်းပဲ ရှိနေတဲ့ အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် အကြွင်းမဲ့ မူလကျောက်တုံးတောင် သူ့ရဲ့ တိုက်ခိုက်မှုတွေ အားလုံးကို ဟန့်တားနိုင်စွမ်း ရှိချင်မှ ရှိပါလိမ့်မယ်။

အကြွင်းမဲ့ မူလကျောက်ပြားက လက်ဝါးတစ်ဝါး အရွယ်အစားလောက်ပဲ ရှိပါတယ်။ ဒါကြောင့် တိုက်ခိုက်မှု ဘယ်လောက်များများကို ဟန့်တားနိုင်မှာလဲ။

ထာဂရ မိုးကောင်းကင် ကေရာဇ်က ပြင်းပြင်းထန်ထန် ဒဏ်ရာရနေခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ အစွမ်းကိုလည်း သေချာပေါက် အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ အကြွင်းမဲ့

မူလကျောက်ပြားရဲ့ အစွမ်းကိုပါ ပေါင်းထည့်လိုက်ရင် ကေရီ ဘုရင်မ လွမ့်ရှင်းက သူ့ကို အနိုင်ယူနိုင်စွမ်း ရှိပါတယ်။

ဒါပေမဲ့လည်း သူတို့ရဲ့ တိုက်ပွဲရလဒ်ကို ဘယ်သူမှ မသိကြပါဘူး။ ထာဂရ မိုးကောင်းကင် ကေရာဇ်က နတ်ဆိုးကိုးပါးဓားကို ပိုင်ဆိုင်သေးရဲ့လား။ ဒါမှမဟုတ် ကေရီ ဘုရင်မ လွမ့်ရှင်းက တိုက်ပွဲမှာပဲ လုယက်ရယူခဲ့သလား။

ကေရီ ဘုရင်မ လွမ့်ရှင်းက နတ်ဆိုးကိုးပါးဓားကို သန့်စင်နိုင်စွမ်း မရှိရင်တောင် နတ်ဆိုးကိုးပါးဓားက ထာဂရ မြစ်အဆင့်မှာရှိတဲ့ နတ်ဘုရားပစ္စည်း တစ်ခုဖြစ်လို့ ထိုက်တန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမရဲ့ မျိုးဆက်သွေးက ဒီဓားနဲ့ ဆက်စပ်ခြင်း မရှိသလို သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း ဓားကို ထိန်းချုပ်နိုင်တဲ့အထိ လုံလုံလောက်လောက်နဲ့ မသန်မာလို့ပဲ ဖြစ်ပါတယ်။

Chapter 1072 end

အပိုင်း(1073) နိုင်ငံတော် သစ္စာဖောက်တဲ့ ပြစ်မှု

စစ်ပွဲပြီးဆုံးသွားပြီး နောက်ပိုင်းမှာ အားလုံးက အင်ပါယာ မြို့တော်ဆီကို ပြန်လာခဲ့ပါတယ်။ ကျောက်လန်က ချက်ချင်းပဲ

စစ်ခုံရုံးကို သွားပြီးတော့ လင်းဟန်ရဲ့ စစ်ပွဲအတွင်း ထွက်ပြေးတဲ့ လုပ်ဆောင်မှုကို သတင်းပို့ပြီး စုံစမ်းစစ်ဆေး ခိုင်းပါတယ်။

ကျောက်လန်က စစ်သားအုပ်စုရဲ့ လက်ထောက်အုပ်ချုပ်သူ ဖြစ်ပါတယ်။ ဒါကြောင့် စစ်ခုံးရုံးက သူ့ရဲ့ စွဲချက်တင်မှုကို အလေးအနက် ထားရပါတယ်။ ကျောက်လန်က မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်နေတဲ့ အချိန်မှာ ပိုပြီးတော့တောင် အလေးထားရပါတယ်။ သူ့ရဲ့ အဆင့်အတန်းက အတော်လေးကို မြင့်မြတ်တယ်လို့ သတ်မှတ်နိုင်ပြီး ဘယ်သူကမှ ဒါကို အသေးအဖွဲ့ ကိစ္စလေး တစ်ခုအဖြစ် မသတ်မှတ်ပုံပါဘူး။

ဒါကြောင့် စုံစမ်းစစ်ဆေးဖို့အတွက် လူတော်တော်များများကို ချက်ချင်းပဲ စေလွှတ်လိုက်ပါတယ်။

အခြေအနေက တကယ်ပဲ အရမ်းကို သံသယဝင်စရာ ကောင်းပါတယ်။

လင်းဟန်က အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်အနေနဲ့ ထင်ရှားကျော်ကြားတဲ့ အချက်လည်း ရှိပါတယ်။ ဒါပေမဲ့လည်း သူက ဘယ်လောက်ပဲ ပါရမီရှိရှိ သူ့ရဲ့ အမှန်တကယ် ကျင့်ကြံခြင်း အဆင့်ကို မြင်နိုင်ပါတယ်။ မင်းက

ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိပြီးတော့ တကယ်လို့ အစစ်အမှန် တိုက်ပွဲမှာ ကြယ်ငါးလုံး သာလွန်နိုင်ရင်တောင် တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်းအဆင့်မှာရှိတဲ့ တိုက်ပွဲစွမ်းရည်လောက်ပဲ ရှိပါလိမ့်မယ်။

အဲဒီမှာ ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အလယ်အပိုင်းအဆင့်၊ နောက်ပိုင်းအဆင့်နဲ့ အထွတ်အထိပ် အဆင့်မှာရှိတဲ့ ကျောင်းသားတွေ အများကြီး ရှိပြီးတော့ သူတို့အားလုံးက ဖမ်းဆီးခံခဲ့ ရပါတယ်။ သူက ဘယ်လိုလုပ်ပြီးတော့ လွတ်အောင်လို့ ထွက်ပြေးလာနိုင်တာလဲ။

စစ်ပွဲပြီးဆုံးသွားတာကြောင့် ဖမ်းဆီးခံရတဲ့ ကျောင်းသားတွေလည်း လွတ်မြောက်လာခဲ့ ကြပါတယ်။ တချို့ဆိုရင် သူတို့ကိုယ်ပိုင် မျက်လုံးနဲ့ လင်းဟန်ကို ရန်သူ့စစ်သားတွေက ခေါ်ယူစစ်မေးတယ် ဆိုတာကို တွေ့မြင်ခဲ့ရပြီး နောက်ပိုင်းမှာ သူတို့နဲ့အတူ ဆက်ပြီးတော့ အကျဉ်းချ မခံရတော့ဘူးဆိုတာကို ကျိန်ဆိုကြပါတယ်။

ကြည့်ရတာက သူတို့က မျက်မြင်သက်သေတွေနဲ့ တူပါတယ်။

“အကုန်လုံး တလွဲတွေ။ ဒါတွေအားလုံးက မှားယွင်းပြီးတော့ စွပ်စွဲချက်တွေချည်းပဲ”

ဒါကိုကြားပြီးတဲ့ နောက်မှာ စွေ့ရန်ယွီက မယုံနိုင်စရာ ကောင်းလောက်အောင် ဒေါသတွေ ထွက်နေပါတယ်။

သူမက လင်းဟန်ရဲ့ လျှို့ဝှက်ချက် တချို့ကို သိထားပါတယ်။ အနက်ရောင် မျှော်စင် ရှိနေမှတော့ လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ အဖမ်းခံရမှာလဲ။ နောက်ပြီးတော့ လင်းဟန်က ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ လျှို့ဝှက်ကြံစည်မှုကို ရှာတွေ့ခဲ့ပြီး ကေရီ ဘုရင်မ ကိုယ်တိုင်တောင် လှုပ်ရှားခဲ့ ရပါတယ်။

ဒါကိုကြည့်ရင် လင်းဟန် ပြန်သယ်လာတဲ့ သတင်းအချက်အလက်တွေက ဘယ်လောက်တောင် အရေးကြီးလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

လင်းဟန်က အင်ပါယာအတွက် ထူးထူးချွန်ချွန် တာဂန်ထမ်းဆောင်ခဲ့ပါတယ်။ ကျောက်လန်က သူ့ရဲ့ ရာထူးကို အသုံးချပြီးတော့ ကိုယ်ရေးကိုယ်တာ အာဃာတ တစ်ခုကို အကြွေးဆပ်ဖို့ လုပ်နေတာ ဖြစ်ပါတယ်။ သူက တခြားသူတွေနဲ့အတူ ပေါင်းပြီးတော့ လင်းဟန်အပေါ် အပြစ်ပုံချ နေပါတယ်။ ဒါက တကယ့်ကို ဆိုးယုတ်တဲ့ အကျင့်စရိုက် ဖြစ်ပြီးတော့ အရမ်းကို အရှက်ကင်းမဲ့ လွန်းပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါက သူ့ရဲ့ အနှစ်သက်ဆုံး အရာကို လုယူခဲ့မှတော့ သူကလည်း ငါ့ကို ပြန်ပြီးတော့ လက်သီးပုန်း ထိုးတာပေါ့။ သူက ပိုပြီးတော့ အရှက်ကင်းမဲ့တဲ့ လုပ်ရပ်တွေ ပိုလုပ်လေ သူဘယ်လောက်ထိ ထိခိုက်နာကျင်ရလဲ ဆိုတာကို ဖော်ပြလေပဲ"

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်ပြီးတော့ မေးလိုက်တယ်။

"နင်က တကယ်ပဲ နည်းနည်းလေးမှကို မစိုးရိမ်ဘူးလား"

ကျောက်လန်က အခုဆိုရင် သူ့ရဲ့ရည်မှန်းချက်အတွက် အထောက်အပံ့တွေ ရထားပြီး လင်းဟန်က အင်ပါယာကို သစ္စာဖောက်တဲ့ လူတစ်ယောက်အဖြစ် မြင်အောင်လို့ တည်ဆောက်နေပါတယ်။ အဲဒီနောက် အမှန်တရားက ဘာပဲဖြစ်နေနေ အရေးပါတော့မှာ မဟုတ်ပါဘူး။ အဲဒီအချိန်ကျရင် စွေ့ကလန်က သူတို့ရဲ့ သမီးနဲ့ လင်းဟန်ကို လက်ထပ်ပေးဖို့ ဆန္ဒ ရှိပါဦးမလား။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ စိုးရိမ်ပူပန်တာက အသုံးဝင်မယ်ဆိုရင် ငါစိုးရိမ်မှာပေါ့။ ဘယ်သူက ငါ့မှာ အကူအညီ မရှိဘူးလို့ ပြောနေလို့လဲ"

"နင် နံပါတ်ကိုး ဘုရင်ကို ကူညီပေးဖို့ တောင်းဆိုနိုင်တာပဲ"

စွေ့ရန်ယွီက ချက်ချင်းပဲ အကြံပေးလိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ကေရီ ဘုရင်မ လွမ့်ရှင်းက သူနဲ့ ဟူဖေးယွင် အကြားက ဆက်ဆံရေးကို မကျေမနပ် ဖြစ်နေပါတယ်။ တကယ်လို့ သူက ဒီအချိန်မှာ နံပါတ်ကိုး ဘုရင်ရဲ့ အကူအညီ ရယူဖို့ တောင်းဆိုလိုက်မယ်ဆိုရင် ကေရီ ဘုရင်မက သူ့ကို တစ်ခုခု လုပ်လိုက်မှာကို ကြောက်နေရပါလိမ့်မယ်။

"မလုပ်ဘူး"

လင်းဟာန်က ပြောလိုက်တယ်။

"ကျောက်လန်က သူ့ရဲ့ လုပ်ရပ်ကို လူပြက်တစ်ယောက်လို လုပ်နေတာပဲ။ လူတစ်ယောက်က စကားပြောနိုင်သရွေ့ လူဘယ်လောက်များများက နေရာအနှံ့ ပြောနေပါစေ အဲဒါက အကျိုးမရှိတဲ့ အားထုတ်မှု တစ်ခုပဲ"

"ကေရီ ဘုရင်မကို ပြောတာလား"

စွေ့ရန်ယွီက တုံ့ပြန်လာခဲ့ပါတယ်။

"ငှါမိန်းမက တော်လိုက်တာ"

တကယ်လို့ ကေရီ ဘုရင်မ လွှမ့်ရှင်းက ပြောပေးဖို့ ဆန္ဒရှိရင် သူမရဲ့ ဩဇာအာဏာနဲ့ဆိုရင် ဒီကိစ္စကို ဖြေရှင်းပေးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ပြဿနာ ရှိတာက ဘာမဟုတ်တဲ့ အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက် အတွက်နဲ့ ဒီလိုမျိုး ကိစ္စသေးသေးလေးက ကေရီ ဘုရင်မရဲ့ နားထိ ရောက်နိုင်မှာလဲ။

ကေရီ ဘုရင်မက အရမ်းကို အလုပ်များပြီးတော့ ကျင့်ကြံခြင်း အပေါ်မှာလည်း အပြည့်အဝ အာရုံစိုက် ရပါသေးတယ်။ သူမက အင်ပါယာရဲ့ ကျောရိုးဖြစ်ပါတယ်။ ကေရီဘုရင်မရဲ့ ထောက်ပံ့ပေးမှု မရှိပဲ ကြယ်ဥက္ကာ အင်ပါယာက တခြားအင်ပါယာ နှစ်ခုရဲ့ တိုက်ခိုက်သိမ်းယူမှုကို ဘယ်လောက်များ ခံနိုင်ရည် ရှိမှာလဲ။

ဒါကြောင့် ကေရီ ဘုရင်မက ဒီလိုမျိုး ကိစ္စသေးသေးလေးတွေအတွက် စိတ်အနှောင့်အယှက် ဖြစ်ခံနိုင်ပါ့မလား။

လင်းဟာန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ စွေ့ရန်ယွီမှာ တရားဝင် အသိအမှတ်ပြုထားတဲ့ အဆင့်တစ်ခု မရှိသလို နိုင်ငံစွမ်းအားကိုလည်း အသုံးပြုလို့ မရပါဘူး။ ကေရီ ဘုရင်မ လွှမ့်ရှင်းက ဘာကိုအလိုရှိတယ် ဆိုတာကိုလည်း သိနိုင်မှာ မဟုတ်ပါဘူး။ အင်ပါယာ တစ်ခုလုံးထဲက လှုပ်ရှားမှုတိုင်းကို ကေရီ

ဘုရင်မ အနေနဲ့ သိမြင်နိုင်စွမ်း ရှိတယ်ဆိုတာကိုရော သူမအနေနဲ့ သိမှာလား။

ဒါပေါ့။ ဒါကသူမရဲ့ စိတ်စွမ်းအင်နဲ့ ရုပ်ပိုင်းဆိုင်ရာကို အရမ်းကို အားစိုက်ရပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက သေချာပေါက် ဒီလိုလုပ်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အင်ပါယာ မြို့တော်က အားလုံးထဲမှာ အရေးအကြီးဆုံး တည်နေရာ ဖြစ်တာကြောင့် ဒီကေရီ ဘုရင်မရဲ့ ထိန်းချုပ်မှု အောက်မှာ လုံးဝကို ကျရောက်နေပါလိမ့်မယ်။

သူက ထာဝရ မိုးကောင်းကင် ကေရာဇ်ရဲ့ ကြီးမားတဲ့ လျှို့ဝှက်အကြံအစည် တစ်ခုကို ထုတ်ဖော်ခဲ့ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက သူ့ကို ဆုလာဘ်နည်းနည်းမှ မပေးသေးပါဘူး။ သူမက ဒါကို ဆောင်ရွက်မယ်ဆိုတာ ပေါ်လွင်ပါတယ်။ သူမအနေနဲ့ ဒီအခွင့်အရေးကို အသုံးချပြီး သူမရဲ့ အင်ပါယာထဲမှာ ငြိမ်ဝပ်ပိပြားအောင် လုပ်ဖို့နဲ့ လူတချို့ကို အရမ်းကြီး တရားလွန် မဖြစ်အောင် သတိပေးချင်နေပုံ ရပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဒီကိစ္စ အပေါ်မှာ သူမရဲ့ နေရာကို ဘယ်တော့မှ ကြေညာမှာ မဟုတ်ပါဘူး။ လင်းဟန်က ဒါကို ကောင်းကောင်းကြီး နားလည်သဘောပေါက် ထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်လုံးက အရမ်းကို လိမ္မာပါးနပ်သူတွေ ဖြစ်ပါတယ်။ လင်းဟန် ကိုယ်တိုင်ကလည်း သူ့ကိုယ်ပိုင် အင်ပါယာရှိပြီးတော့ နှိုင်းယှဉ်ရရင် မဟာလင်း အင်ပါယာက အရမ်းကို သေးငယ်ပေမဲ့ သူက ခေါင်းဆောင် ဖြစ်နေပါတယ်။

ဒီကိစ္စက ဆက်ပြီးတော့ ကျယ်ပြန့်လာပါတယ်။ လင်းဟန်က နိုင်ငံတော် သစ္စာဖောက်တဲ့ လုပ်ရပ်မျိုး ကျူးလွန်တယ်ဆိုတာပြီးတော့ သတင်းတွေ ထွက်လာပြီး မကြာခင်မှာ အပြစ်ပေး ခံရတော့မယ်လို့ အင်ပါယာ မြို့တော်တစ်ခုလုံး သတင်းတွေ ပျံ့နှံ့နေပါတယ်။ အမှန်တရားကို မသိတဲ့ လူတော်တော်များများတောင် သူ့အတွက် သနားဂရုဏာ သက်မိကြပါတယ်။ သူ့မှာ ကြီးကျယ်ခမ်းနားတဲ့ တက်လမ်းတစ်ခု ရှိပြီး ဘာဖြစ်လို့ သစ္စာဖောက်ဖို့ကို ရွေးချယ်ခဲ့တာလဲ။

ဘယ်အဖွဲ့ကမှ သစ္စာဖောက်တာကို လက်ခံလိမ့်မှာ မဟုတ်ပါဘူး။ ဒါက အရမ်းကို လွန်လွန်းပါတယ်။

လူတော်တော်များများက သူတို့ကိုယ် သူတို့နဲ့ လင်းဟန်အကြားမှာ ရှင်းလင်းတဲ့ မျဉ်းကြောင်းတစ်ခု ဆွဲပေးဖို့ကို ဖိအားပေး တောင်းဆိုကြပါတယ်။ လီဂေဂေတောင်မှ ချွင်းချက် မရှိပါဘူး။

သူမက လင်းဟန်ရဲ့ နေရာကို ကိုယ်တိုင်ကိုယ်ကျ လာရောက်လည်ပတ်ပြီး ဘယ်လက်ရုံး အမတ်မင်းတောင်မှ သူမကို လင်းဟန်နဲ့ ထပ်ပြီးတော့ မတွေ့ဖို့ ပြင်းပြင်းထန်ထန် သတိပေးခဲ့တယ် ဆိုတဲ့အကြောင်း သူ့ကို ပြောကြားခဲ့ပါတယ်။

လီဂေဂေက ပေကတ်ကတ်နဲ့ ခေါင်းမာတယ် ဆိုပေမဲ့ တကယ်လို့ ဘယ်လက်ရုံး အမတ်မင်းက တင်းတင်းကျပ်ကျပ် အမိန့်ပေးရင်တော့ သူမအနေနဲ့ မဆန့်ကျင်ရဲပါဘူး။ သူမက လင်းဟန်ကို တောင်းပန်ရုံပဲ တတ်နိုင်ပါတယ်။

လင်းဟန်က အတော်လေးကို စိတ်လှုပ်ရှားသွားပါတယ်။ တကယ်တော့ သူမက ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးဖြစ်ပြီး သူမရဲ့ အဆင့်အတန်းက မြင့်မြတ်ပါတယ်။ သူမက တမင်သက်သက် သူ့ကိုလာပြီးတော့ သတင်းပေးတာက အတော်လေးကို အသိအမှတ် ပြုရမှာ ဖြစ်ပါတယ်။ သူမက သူ့ကို တကယ့် သူငယ်ချင်း တစ်ယောက်လို ဆက်ဆံခဲ့ပါတယ်။

စုံစမ်းစစ်ဆေးမှုက အဆုံးမရှိဘူးဆိုတာ မဖြစ်နိုင်ပါဘူး။ နောက်ထပ် နှစ်ရက်ကြာပြီးတဲ့ နောက်မှာတော့ စစ်ခုံရုံးက လင်းဟန်အတွက် လူထုကြေညာချက် တစ်ခု ထုတ်ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ပြီးတော့ နောက်တစ်ရက်မှာ ဆုံးဖြတ်ချက်ချဖို့ ဆုံးဖြတ်ထားပါတယ်။

အင်ပါယာရဲ့ တရားဝင် အဆင့်တစ်ခုကို ရရှိထားတဲ့ လူတစ်ယောက်ကို သူတို့ရဲ့ အပြစ်ဒဏ် ရိုးရိုးအတိုင်း ကြေညာပြီးမှ အပြစ်ပေးလို့ မရနိုင်ပါဘူး။ ကေရီ ဘုရင်မကတော့ ချွင်းချက်ပေါ့။ သူမက အထွတ်အထိပ် သြဇာအာဏာကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် စစ်ခုံရုံးက လင်းဟာန် အနေနဲ့ နိုင်ငံတော် သစ္စာဖောက်မှုကို ကျူးလွန်သည် ဖြစ်စေ တခြားအရာ တစ်ခုခုကို လုပ်တာပဲ ဖြစ်ဖြစ် လူထုကို ကြေညာဖို့ အရင်ဆုံး လိုအပ်ပါတယ်။

အတည်ပြုပြီးတာနဲ့ သူတို့က လင်းဟာန်ရဲ့ အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိဆိုတဲ့ တရားဝင် အဆင့်ကို ပယ်ဖျက်ပေးဖို့ ကေရီ ဘုရင်မကို တောင်းဆိုရပါမယ်။ အဲဒီနောက်မှ သူကို သူတို့ စိတ်တိုင်းကျ အပြစ်ပေးလို့ ရပါလိမ့်မယ်။

အဲဒါကိုကြည့်ရင် တရားဝင်အဆင့် တစ်ခုက ဘယ်လောက် အရေးပါလဲ ဆိုတာကို တွေ့နိုင်ပါတယ်။

စုံစမ်းလေ့လာရေးကို ပုံမှန်စစ်ဆေးရေးနဲ့ လူသိရှင်ကြား စစ်ဆေးခြင်း ဆိုပြီးတော့ ခွဲခြားထား ပါတယ်။ ပုံမှန်စစ်ဆေးခြင်းမှာ စစ်ခုံရုံးက လင်းဟာန်ကို စစ်ဆေးမေးမြန်းပြီး အကျဉ်းချထား

ပါလိမ့်မယ်။ ဒါပေမဲ့ ဒီအကြောင်းကို လူထုကို အကြောင်းကြားလိမ့်မှာ မဟုတ်ပါဘူး။ နောက်ဆုံး ရလဒ်ကိုပဲ ကြေညာပါလိမ့်မယ်။

လူသိရှင်ကြား စစ်ဆေးမေးမြန်းတာက လုံးဂကို ဆန့်ကျင်ဘက်ပါပဲ။ စစ်ဆေးမေးမြန်းနေတဲ့ အချိန်အတွင်းမှာ အပြင်လူတွေကို ရပ်ပြီးတော့ ကြည့်နေခွင့် ပြုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က နိုင်ငံတော် သစ္စာဖောက်မှု တစ်ခုကို ကျူးလွန်ခဲ့တာ ဖြစ်နိုင်တယ်လို့ ပျံ့နှံ့နေပါတယ်။ ဒါကြောင့် စစ်ခုံရုံးက လူသိရှင်ကြား စစ်ဆေးမေးမြန်းဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျောက်လန်က သူတို့ရဲ့ ဆုံးဖြတ်ချက်ကို လှုံ့ဆော်နေလား ဆိုတာကိုတော့ မသိရဘူးပေါ့။ သူ့အနေနဲ့ လင်းဟန်ကို လူပုံအလယ်မှာ စီရင်ချက် ချတာကို မြင်ချင်တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ပြီးတော့ ဒီလိုမျိုး အရေးပါတဲ့ ကိစ္စတစ်ခု ဖြစ်ပျက်လာတဲ့ အချိန်မှာ လောင်းကစား ဒိုင်တွေကလည်း တိတ်ဆိတ်ငြိမ်သက်နေတာ မဟုတ်ပါဘူး။ သူတို့က လင်းဟန်အနေနဲ့ အဆုံးစွန်ထိ အပြစ်ပေးခံရမလား ဒါမှမဟုတ် သူ့ရဲ့ တရားဝင် အဆင့်ကို ပယ်ဖျက်ခံရမလား ဒါမှမဟုတ် အပြစ်မရှိကြောင်း စီရင်ချက်

ချခံရမလား ဆိုတာနဲ့ ပတ်သက်ပြီး လောင်းကြေးတွေ ဖွင့်လိုက်ပါတယ်။ သူ့အနေနဲ့ လူပုံအလယ်မှာ ခေါင်းဖြတ်ကွပ်မျက်ခံရမယ်ဆိုတဲ့ လောင်းကြေးတောင် ပါဂင်ပါသေးတယ်။

အဲဒီအချိန်အတန့်မှာ အင်ပါယာ မြို့တော်တစ်ခုလုံး လင်းဟန်ရဲ့ နိုင်ငံတော် သစ္စာဖောက်မှုနဲ့ ပတ်သက်တဲ့ ကိစ္စက အရေးကြီးဆုံး ခေါင်းစဉ်တစ်ခုလို ဆွေးနွေးပြောဆို နေကြပါတယ်။

မဟာဗိုလ်ချုပ်ရှားရဲ့ အိမ်တော်။

ရှားယွန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ မေးလိုက်တယ်။

"မနက်ဖြန် လူထုစစ်မေးခြင်း စတင်တော့မယ် ဟုတ်လား။ ဟားဟား အဲဒီကောင်ရဲ့ ကံကောင်းခြင်းတွေ ကုန်သွားပြီပေါ့။ မျက်မြင်သက်သေတွေ အများကြီးနဲ့ သူက သေချာပေါက် အပြစ်ပေးခံရမဲ့ အဖြစ်ကနေ လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။ ဟားဟား ဒါက အရမ်းကို ကောင်းမွန်တဲ့ အခွင့်အရေး တစ်ခုပဲ။ တကယ်လို့ ငါမပါဘူးဆိုရင် ငါ့ရဲ့ အာဃာတတွေ ပုံချဖို့ လုံလောက်မှာ မဟုတ်ဘူး"

"ယွမ်လောင် မင်းသွားပြီးတော့ စီစဉ်စရာရှိတာ စီစဉ်ထားလိုက်။ လင်းဟန်ရဲ့ နိုင်ငံတော် သစ္စာဖောက်မှုကို

မျက်မြင်ကြုံတွေ့ခဲ့တဲ့သူက နည်းနည်းလေးတော့ မဟုတ်ဘူးဆိုတာ ငါသေချာတယ်”

ရှားယွန်က တည်ငြိမ်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။

“ဟုတ်ကဲ့ပါ သခင်လေး”

သူ့အနောက်မှာရှိတဲ့ လူငယ်တစ်ယောက်က ချက်ချင်းပဲ ပြန်ဖြေလိုက်ပါတယ်။

“လင်းဟန် လင်းဟန် မင်းက ယဉ်ယဉ်ကျေးကျေး ကမ်းလှမ်းတာကို ငြင်းပယ်ပြီး ဖိအားပေးမှ အညံ့ခံတတ်တဲ့ လူစားမျိုး ဖြစ်နေတာပဲ။ မင်းက ငါ့ကို လှုပ်ရှားအောင် ဖိအားပေးခဲ့တာပဲ”

ရှားယွန်က အေးစက်စွာနဲ့ သရော်ပြုံးပြုံး လိုက်ပါတယ်။

“မင်းမှာ တရားဂင် အဆင့်တစ်ခု မရှိတော့ပဲ မင်းရဲ့ နိုင်ငံတော် သစ္စာဖောက်တဲ့ ပြစ်မှုကိုပါ ထည့်ပေါင်းလိုက်ရင် မင်းရဲ့ ကံတရားက သေခြင်းတရား တစ်ခုပဲ ရှိတော့တယ်”

“မင်းအကျဉ်းချ ခံရပြီးတဲ့ နောက်မှာ မင်းပိုင်ဆိုင်ထားတဲ့ လျှို့ဟှက်ချက်တွေ အားလုံးကို ငါရှာပစ်မယ်”

Chapter 1073 end

အပိုင်း(1074) သက်သေထွက်ဆိုခြင်း

ဒီနေ့ဟာ လင်းဟန်အနေနဲ့ နိုင်ငံတော် သစ္စာဖောက်မှု တစ်ခုကို ကျူးလွန်ခဲ့လား မကျူးလွန်ဘူးလား ဆိုတာကို ဆုံးဖြတ်ဖို့ အများပြည်သူ အရှေ့မှာ စစ်မေးမဲ့ နေ့ရက်ပဲ ဖြစ်ပါတယ်။

မွန်းတည့်ချိန်မှာ စစ်ခုံရုံးက စစ်သားတွေကို လွှတ်ပြီးတော့ လင်းဟန်ကို စစ်ခုံရုံးရဲ့ ပြည်သူလူထု ရှေ့မှောက်ကို ခေါ်ဆောင်လာဖို့ စေလွှတ်လိုက်ပါတယ်။ ဒီနေရာက ပြိုင်ပွဲကွင်း တစ်ခုနဲ့ တူပြီးတော့ စက်ဝိုင်းပုံစံ မြေပြင်တစ်ခု ဖြစ်ပါတယ်။ ပတ်ပတ်လည်မှာ စင်မြင့်ရှိပြီးတော့ မြင့်မားတဲ့ လှေကားတွေ ရှိပေမဲ့ ထိုင်ခုံတော့ မရှိပါဘူး။

တရားသူကြီး သုံးယောက်မှာပဲ ထိုင်ခုံရှိပါတယ်။ သူတို့က မြင့်တဲ့နေရာမှာ ထိုင်ပြီးတော့ လင်းဟန်ကို ငုံ့ကြည့်လိုက်ပါတယ်။ သူတို့တစ်ယောက်ချင်းစီက နေလအဆင့်မှာ ရှိပြီး လက်ရွေးစင်တွေရဲ့ ပြိုင်ဘက်ကင်းတဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်ထားပြီး အစွမ်းထက်တဲ့ အရှိန်အဝါကို ဖြစ်စေပါတယ်။

လင်းဟန်က လက်ထိပ် ခြေထိပ် တစ်ခုမှ မဝတ်ဆင်ထားပါဘူး။ လက်ရှိမှာ သူက နိုင်ငံတော် သစ္စာဖောက်တဲ့ အမှုကို ကျူးလွန်ခဲ့တယ်လို့ သံသယ ရှိတာကြောင့် စစ်ဆေးမေးမြန်းရခြင်းပဲ

ရှိပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ပြစ်မှုကို သက်သေမပြနိုင်သရွေ့ သူက အပြစ်ကင်းနေပါ သေးတယ်။

သူက တစ်ယောက်တည်းပါပဲ။ တရားခံ နေရာရဲ့ အလယ်မှာ ရပ်နေပါတယ်။ အဲဒီအချိန်မှာ ဘေးပတ်ပတ်လည် လူတွေအများကြီး ရပ်နေကြပါတယ်။

အားလုံးက အရမ်းကို သိချင်စိတ်တွေ ပြင်းပြနေပါတယ်။ ဒီလူက လွန်ခဲ့တဲ့ နှစ်အတွင်းမှာ အင်ပါယာ မြို့တော်ထဲ လှုပ်ခတ်သွားအောင် မရေမတွက်နိုင်တဲ့ လှိုင်းလုံးတွေ ဖန်တီးခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ သူ့ရဲ့ နောက်ဆုံး လုပ်ဆောင်ချက်တွေက အဆုံးသတ်သွားလိမ့်မလား။

စွေ့ရန်ယွီ၊ လီဝေဝေနဲ့ ကျိုယွင်အာတို့လည်း ရှိနေပါတယ်။ လင်းယို မာရှန်း ရီချန်းယွင်နဲ့ တခြားသူငယ်ချင်းတွေလည်း ရောက်နေကြပါတယ်။ ကျောက်လန်၊ ရှားယွန်၊ ကျိုးကျီဟော့နဲ့ တခြားပြိုင်ဘက်တွေလည်း ရှိပါတယ်။ ဒါ့အပြင် စိတ်လှုပ်ရှားပြီး ကြည့်ချင်လို့ လာရောက်တဲ့ လူတွေ ဒါမှမဟုတ် သူ့ကို မနာလို ဖြစ်နေတဲ့ လူတွေလည်း ပရိသတ်တွေနေရာမှာ ဒီဖျော်ဖြေပွဲကို ကြည့်ရှုဖို့အတွက် စောင့်မျှော်နေကြပါတယ်။

"လင်းဟာန် မင်းအပြစ်မရှိကြောင်း လျှောက်လဲမှာလား"

တရားသူကြီး သုံးယောက်က ကုန်းချမ်ဟဲ၊ ဂူထိုက်ချူနဲ့ နန်းမင်းယန်တို့ ဖြစ်ပါတယ်။ စောစောက မေးခွန်းထုတ်လိုက်တာက ဂူထိုက်ချူ ဖြစ်ပါတယ်။ သူ့ရဲ့ အစွမ်းထက်တဲ့ စိတ်ဂိညာဉ်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ စိတ်ဂိညာဉ် စွမ်းအားတစ်ခု ဖြစ်ပေါ်စေပြီး နှလုံးသားထဲကို တိုက်ရိုက် ရောက်စေပါတယ်။

တကယ်လို့ တခြားလူ တစ်ယောက်သာဆိုရင် သူတို့ရဲ့ နတ်ဘုရား အာရုံကို မထိန်းနိုင်တော့ပဲ ဖြစ်သွားပါလိမ့်မယ်။ ပြီးတော့ သူ့နှလုံးသားထဲက ဖုံးကွယ်ထားတဲ့ စကားတွေကို မကွယ်မဟုက်ပဲ ထုတ်ဖော်ပြောကြား လာပါလိမ့်မယ်။ ဒီလူသုံးယောက် တရားသူကြီးတွေ ဖြစ်လာရတာကလည်း သူတို့ကိုယ်ပိုင် အကြောင်းပြချက် ရှိပါတယ်။ သူတို့က စိတ်ဂိညာဉ်နဲ့ ပတ်သက်တဲ့ ကျင့်ကြံခြင်းမှာ အံ့မခန်း အောင်မြင်မှုတွေ ရှိတာကြောင့် ဖြစ်ပါတယ်။

ပထမ အချက်အနေနဲ့ လင်းဟန်ရဲ့စိတ်ဂိညာဉ်က အရမ်းကို သန်စွမ်းပြီးတော့ မာကျောပါတယ်။ သူ့မှာရှိတဲ့ မကောင်းဆိုးဂါး အရှင်သခင်ရဲ့ အဆီအနှစ်ကို အခြေခံအုတ်မြစ်အဖြစ် ရှိနေတဲ့ အချက်ကိုပါ ပေါင်းထည့်လိုက်ရင် သူ့ကို လှည့်စားဖို့ဆိုတာ ပုံမှန်အားဖြင့်တော့ မဖြစ်နိုင်ပါဘူး။ အနည်းဆုံး နေလအဆင့်

ပြင်းထန်အလယ်အလတ်မှာ ရှိတဲ့ လက်ရွေးစင် တစ်ယောက်တောင် အောင်မြင်အောင် လုပ်နိုင်မှာ မဟုတ်ပါဘူး။

သူက တည်တည်ငြိမ်ငြိမ်နဲ့ ဖြေလိုက်ပါတယ်။

"ကျနော် ဘာပြစ်မှုကို ကျူးလွန်ထားတယ် ဆိုတာကိုတောင် မသိဘူး"

"ရှိုင်းလိုက်တာ"

ကုန်းချန်ဟဲက သူ့ကို မျက်နှာထားတင်းတင်းနဲ့ တန်းပြီးတော့ ကြည့်လိုက်ပါတယ်။

"လူထုအလယ်မှာ စစ်ခုံရုံး စစ်ဆေးခြင်းမှာတောင် မင်းက အများမရှိဘူးလို့ ပြောရဲသေးတယ်။ ရွှေခြသေ့်နိုင်ငံနဲ့ မင်းတို့ သဘောတူထားတဲ့ အချက်တွေ အကုန်လုံး အသေးစိတ်ကအစ ချက်ချင်း ဖြောင့်ချက်ပေးစမ်း"

လင်းဟန်က ပြုံးသွားပြီးတော့ ပြောလိုက်တယ်။

"ပထမဆုံး အချက်အနေနဲ့ အဲဒါက ဘယ်တုန်းကမှ ဖြစ်ပျက်ခဲ့တာ မဟုတ်တဲ့အတွက် ဘယ်လိုလုပ်ပြီး ကျနော်က ဖြောင့်ချက်ပေးနိုင်မှာလဲ"

"ဟင့် မင်းငြင်းမယ်ဆိုတာကို ငါတို့သိထားတယ်။ လာခဲ့စမ်း ပထမဆုံး မျက်မြင်သက်သေကို ခေါ်လာခဲ့"

နန်းမင်းယန်က လက်တစ်ဖက်ကို ယှော့ယမ်းလိုက်ပါတယ်။

ပထမ မျက်မြင်သက်သေ ထွက်ပေါ်လာပါတယ်။ ကျောက်လန်ပဲ ဖြစ်ပါတယ်။

သူက ပရိသတ် စင်မြင့်ထက်ကနေ ဂုဏ်ယူဝင့်ကြွားစွာနဲ့ အောက်ဘက်ကို လမ်းလျှောက် လာပါတယ်။ လင်းဟန်က ကျိတ်ပြီးတော့ သူ့ခေါင်းကို ခါလိုက်ပါတယ်။ လူဆိုးတွေက တကယ်ပဲ အမြဲတမ်း ဒုက္ခပေးတာပဲ။ မင်းက မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ သားဖြစ်ပြီးတော့ ငါ့လိုမျိုး ဘာမဟုတ်တဲ့ လူတစ်ယောက်ကို ရိုက်ချပစ်ချင်နေတယ်။ မင်းက ရှက်တယ်လို့ မခံစားရဘူးလား။

ဒီလိုမျိုး စိတ်သဘောထားမျိုးနဲ့ဆို သူ့ရဲ့ အောင်မြင်မှုက အကန့်အသတ်နဲ့ ရှိလာပါလိမ့်မယ်။

တခြားသူတွေကတော့ ကျောက်လန်ဟာ ပါရမီရှင် တစ်ယောက်လို့ ပြောနေကြပါဦးမယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ သူ့ရဲ့

အသက်အရွယ်တုန်းကနဲ့ နိုင်းယှဉ်ရင် အများကြီး သာလွန်ပါတယ်။ အဲဒါကြောင့် အနာဂတ်မှာ သူက သေချာပေါက် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က ဒီလူရဲ့ စိတ်သဘောထား အမြင်နဲ့ ပတ်သက်ပြီး ခက်ခဲမယ်လို့ သုံးသပ်မိပါတယ်။

သူမြင်တွေ့ဖူးတဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ အထဲ သူတို့အားလုံးမှာ ပင်ကိုယ်စရိုက် အမျိုးမျိုး ရှိကြပေမဲ့ ချွင်းချက်မရှိ သူတို့အားလုံး အားမာန်တက်ကြွလွန်းပြီး သူတို့ကိုယ်သူတို့ အလွန်အမင်း ယုံကြည်ချက် ရှိကြပါတယ်။ ဒါပေမဲ့ ကျောက်လန်မှာတော့ သူက အမှားသေးသေးလေးတိုင်းကို လက်စားချေဖို့ ဆုံးဖြတ်ထားတဲ့ သနားစရာကောင်းတဲ့ အရာတွေကိုပဲ မြင်တွေ့နေရပါတယ်။ ဒီလိုမျိုး ပင်ကိုယ်စရိုက်ရှိတဲ့ လူတစ်ယောက်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ထာဝရ ကူးဖြတ်ကျော်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဟုတ်ပါတယ်။ လက်ရှိကျောက်လန်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အလျင်အမြန်ပဲ တိုးတက်နိုင်စွမ်း ရှိပါတယ်။ ပထမ အချက်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ဟာ နိမ့်နေပါသေးတယ်။ ဒါကြောင့် သူက တစ်ဟုန်ထိုး အဆင့်တက်နိုင်တာ ဖြစ်ပါတယ်။

ဒုတိယ အချက်က သူ့မှာ ဖခင်ကောင်း တစ်ယောက် ရှိပြီး သူ့အတွက်ဆို သဘာဝ ရတနာ ပစ္စည်းအမျိုးအစား အားလုံးကို လုယူပေးဖို့ ဆန္ဒရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ နေလအဆင့်ကို နောက်ထပ် နှစ်ထောင်နဲ့ချီ ကြာတာတောင် ချိုးဖျက်နိုင်မှာ မဟုတ်ပါဘူး။

လပြွတ်ပဲ မင်းက ငါ့ကို တကယ်ပဲ အထင်အမြင်သေးသလိုနဲ့ ကြည့်နေတာလား။

ကျောက်လန်က လင်းဟာန်ကို စိုက်ကြည့်နေပြီး သူ့မျက်လုံးတွေထဲက အထင်အမြင်သေးမှုတွေ မြင်လိုက်ရတဲ့ အခါမှာ ဒေါသတွေ ပေါက်ကွဲထွက် လာခဲ့ပါတယ်။

မင်းက အခု အကျဉ်းသား တစ်ယောက်၊ သာမန်ပြည်သူ တစ်ယောက်ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူက လင်းဟာန်ရဲ့ တရားဂင်အဆင့်ကို သတိပြုမိလိမ့်မှာ မဟုတ်ပါဘူး။ ကျွှာငယ်လေး တစ်ခုက ပုရွက်ဆိတ် တစ်ကောင်၊ တောင်မြစ်အဆင့် ပြင်းထန်အလယ်အလတ်မှာပဲ ရှိသေးတဲ့ ကျင့်ကြံသူလေး တစ်ယောက်က ငါ့ကို အထင်အမြင်သေးသလို ကြည့်နေတာလား။

သူက မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်ပြီး အင်ပါယာထဲက ကိုးဆယ့်ကိုး ရာခိုင်နှုန်းရှိတဲ့ လူတွေအားလုံးကို လွှမ်းမိုးနိုင်တဲ့ အဆင့်အတန်း ရှိပါတယ်။

တကယ်လို့ ငါမင်းကို မသတ်နိုင်ဘူးလား ဆိုတာကို ကြည့်တာပေါ့။

ကျောက်လန်က အေးစက်စက် သရော်ပြုံး တစ်ခုကို ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ကျောက်လန်က အရှင်သခင် သုံးယောက်ကို ဂါရဝ ပြုတယ်"

ဒီတရားသူကြီး သုံးယောက်စလုံးက စစ်ခုံရုံးရဲ့ အရာရှိတွေ ဖြစ်ပြီး တရားဝင်အဆင့်တွေ ရှိပါတယ်။ နောက်ပြီးတော့ သူတို့အားလုံးက ကျောက်လန်ထက် အဆင့်ပိုမြင့်ပါတယ်။ လူရှေ့သူရှေ့မှာတော့ ကျောက်လန်တောင်မှ မရှိမသေ မပြုဝံ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့သုံးယောက်ကို စော်ကားလိုက်တဲ့အပြင် အင်ပါယာရဲ့ နိုင်ငံရေး စနစ်ကိုပါ စော်ကားသလို ဖြစ်သွားပါလိမ့်မယ်။

"ကျောက်သခင်လေး ဓလေ့ထုံးတမ်းတွေ လုပ်နေစရာ မလိုပါဘူး"

ကုန်းချန်ဟဲနဲ့ ကျန်တဲ့သူတွေက သူ့ရဲ့ ဂါရဝပြုမှုကို လက်ခံလိုက်ပေမဲ့ သူတို့က ချက်ချင်းပဲ သူ့ကို ဖော်ဖော်ရွေရွေနဲ့

နှုတ်ဆက်လိုက်ပါတယ်။ မဟာဗိုလ်ချုပ်ကျောက်ရဲ့ သားကို သူတို့က ဘယ်လိုလုပ် ပေါ့ပေါ့လေး သတ်မှတ်လို့ ရနိုင်မှာလဲ။

"ကပ်ပါးယက်ပါးတွေ"

လီဝေဝေက တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူမရဲ့ အသံက သိပ်တော့ မတိုးပါဘူး။

ဒီမှာရှိနေတဲ့ လူတွေမှာ လီဝေဝေ၊ ရှားယွန်၊ ကျောက်လန်နဲ့ တခြားတော်ဝင် ကလန်ရဲ့ မျိုးဆက်အနည်းငယ်လောက်ကပဲ တရားသူကြီးတွေ အပေါ်မှာ အခုလိုမျိုး မှတ်ချက်ချပ့်ံ ကြပါလိမ့်မယ်။

ကုန်းချန်ဟဲနဲ့ တခြားတရားသူကြီးတွေ ကြည့်ရတာ စိတ်ကသိကအောက် ဖြစ်သွားပုံ ရပါတယ်။ ဒါပေမဲ့ သူတို့က ဘယ်လက်ရုံး အမတ်မင်းရဲ့ သမီးကို အပြစ်မပြုပ့်ံပါဘူး။ ပိုပြီးတော့ အရေးကြီးတာက သူမက သူတို့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ ကျိန်ဆဲတာ မဟုတ်ပါဘူး။

"တိတ်ကြပါ"

နန်းမင်းယန်က အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။ နေလအဆင့်ရဲ့ အရှိန်အဝါက တလိပ်လိပ် တိုးလာပြီး

ချက်ချင်းဆိုသလို အားလုံးရဲ့ မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပြီးတော့ သူတို့ရဲ့ အသက်ကိုတောင် မနည်းရှူနေကြရပါတယ်။

ကုန်းချန်ဟဲက ပြောလိုက်ပါတယ်။

"ကျောက်သခင်လေး မင်းက အဲဒီစစ်ချီတက်တုန်းက အမိန့်ပေးတဲ့ အရာရှိတွေထဲက တစ်ယောက် ဖြစ်တယ်။ ပြီးတော့ ရွှေခြင်္သေ့နိုင်ငံကို အလစ်အငိုက် စီးနင်းဝင်ရောက် တိုက်ခိုက်မဲ့ အဖွဲ့ကို ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ခဲ့တဲ့သူလည်း ဖြစ်တယ်။ ကျေးဇူးပြုပြီးတော့ အဲဒီအချိန်တုန်းက အကြောင်းအရာတွေကို အသေးစိတ် ပြန်ပြောပေးပါ"

"ဟုတ်ကဲ့ပါ"

ကျောက်လန် ပုံစံက အရမ်းကို ရိုကျိုးနေပုံ ပေါ်ပြီးတော့ ဒီလူသုံးယောက်ကို မျက်နှာသာ ပေးနေတာမျိုး ဖြစ်ပါတယ်။

"နံပါတ်ကိုး ဘုရင်နဲ့ ကျနော်တို့က တန်ပြန်တိုက်စစ်ဆင်ဖို့ ဆွေးနွေးပြီး ပြင်းထန်တဲ့ မြစ်ကို ကူးဖြတ်ဖို့ စစ်သည်တွေကို ဦးဆောင်ခဲ့တယ်"

သူက အဲဒီနေ့က ဖြစ်ပျက်ခဲ့တာတွေကို စတင်ထုတ်ဖော်လိုက်ပါတယ်။ သူက သမာသမတ်ကျကျ ပုံစံမျိုးနဲ့ ဘယ်အရာကိုမှ ဖုံးကွယ်မထားသလိုမျိုး ပြောလိုက်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ သူက လှုပ်ရှားမှု တစ်ခုမလုပ်ခဲ့ဘူး ဆိုရင်တောင် နောက်ဆက်တွဲ မျက်မြင်သက်သေ တစ်ဒါဇင်ကျော်လောက်က တစ်ခါတည်း အသေသတ် ပါလိမ့်မယ်။

ကျောက်လန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူက နံပါတ်ကိုး ဘုရင်က ခဏခဏ ထုတ်ဖော်ပြောပြီး အဲဒါက လင်းဟန်ကို လှောင်ပြောင်ခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုး ကြီးမားတဲ့ အရာတစ်ခု ဖြစ်ပျက်သွားခဲ့ပြီး နံပါတ်ကိုးဘုရင် ထွက်ပေါ်လာခြင်း မရှိပါဘူး။ သူ့ရဲ့ကိုယ်စား သူမက စကားတစ်ခွန်းတောင် မပြောပါဘူး။

မင်း အရမ်းကို စိတ်ပျက်သွားပြီ မဟုတ်လား။

ဒါက သဘာဝပါပဲ။ နံပါတ်ကိုး ဘုရင်ရဲ့ လေးစားမှုကို ဘယ်သူက သိမှာလဲ။ တော်ဝင် အဆင့်အတန်းလား။ နောက်ပြီးတော့ မရေးထားတဲ့ စည်းမျဉ်းတစ်ခုလည်း ရှိပါတယ်။ အဲဒါက ဘုရင်ကိုးပါးပဲဖြစ်ဖြစ် ကေရီဘုရင်မပဲဖြစ်ဖြစ် ဘယ်သူမှ လက်ထပ်ကြလိမ့်မှာ မဟုတ်ပါဘူး။

သူမရဲ့အရှေ့က ဘုရင်ရှစ်ပါးက ဒီလိုဆိုမှတော့ နံပါတ်ကိုး ဘုရင်လည်း ချွင်းချက်ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူမနဲ့ လင်းဟန်ရဲ့ ပတ်သက်မှုက အရမ်းကို ရင်းနှီးပါတယ်။ ဒါကြောင့် ကေရီ ဘုရင်မကိုယ်တိုင် ဝင်ရောက်စွက်ဖက် ပါလိမ့်မယ်။

သိထားရမှာက ကျောက်လန်အနေနဲ့ နံပါတ်ကိုး ဘုရင်ကို အရင်တုန်းက မသုံးသပ်နိုင်ခဲ့တာ မဟုတ်ပါဘူး။ သူက ထင်ရှားတဲ့ ပုံပန်းသွင်ပြင်ရှိတဲ့ ယောကျ်ားတစ်ယောက် ဖြစ်တယ်လို့ ယုံကြည်ထားပြီး ထူးချွန်ထက်မြက်တဲ့ ပါရမီရှင် တစ်ယောက်ဖြစ်သလို မဟာဗိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားလည်းဖြစ်ပါတယ်။ သူက အဆင့်အတန်းနဲ့ ပတ်သက်ရင် နံပါတ်ကိုး ဘုရင်ထက် အများကြီး နိမ့်ကျတယ် ဆိုရင်တောင် အင်ပါယာ တစ်ခုလုံးမှာ သူမနဲ့ လိုက်ဖက်မဲ့သူ ဘယ်သူများ ရှိဦးမှာလဲ။

ဒါပေမဲ့လည်း သူပြန်ရောက်လာတဲ့ အချိန်မှာ သူ့ဘာသာသူ နံပါတ်ကိုး ဘုရင်အကြောင်းကို တစ်ကြိမ်စုံစမ်း လေ့လာခဲ့ပါသေးတယ်။ ဒါပေမဲ့ သူ့အဖေက နံပါတ်ကိုး ဘုရင်နဲ့ ပတ်သက်ပြီး ပြင်းပြင်းထန်ထန် သတိပေး တားမြစ်ခဲ့ပါတယ်။ သူက ဘာတွေဖြစ်သွားလဲ ဆိုတာကိုတောင် မစဉ်းစားနိုင်ပဲ

မဟာဗိုလ်ချုပ်ကျောက် ကိုယ်တိုင် ရွေးချယ်စရာမရှိပဲ ကေရီ ဘုရင်မကို တောင်းပန်ဖို့ သူ့ခေါင်းကို ကိုယ်တိုင်ဖြတ်ပြီးတော့ သွားရောက်ဆက်သပါလိမ့်မယ်။

ဒါက အဲဒီလောက်ထိ လေးနက်ပါတယ်။

ငါ ကျောက်လန်တောင် သူမအတွက် မသင့်တော်တာ မင်းလိုမျိုး ကျွှာင်ယယ်လေး တစ်ခုက ပုရွက်ဆိတ် တစ်ကောင်ကများ မင်းကိုယ်မင်း ဘာများထင်နေလဲ။

နောက်ဆုံးမှာတော့ ကျောက်လန်က သူ့ကိုယ်ပိုင် သုံးသပ်ချက်တွေကိုပါ ထည့်ပြောလိုက်ပါတယ်။

"အဲဒီအချိန်တုန်းက ကျနော်ဟာ အဖေပေးထားတဲ့ ရတနာ ချပ်ဂတ်အကျီကို ဂတ်ဆင်ထားခဲ့ ပါတယ်။ အဲဒီချပ်ဂတ်ကို အပြည့်အဂ နိုးထစေပြီးတဲ့ နောက်မှာ နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ခုခံနိုင်စွမ်းကို ပိုင်ဆိုင်နိုင်ပါတယ်။ ပြီးတော့ ပျံသန်းနိုင်စွမ်းလည်း ရှိလာပါလိမ့်မယ်။ ဒါတောင်မှ ကျနော့်အတွက် ပြန်ဆုတ်ဖို့နဲ့ ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ ကျူးကျော်မှုနဲ့ ပတ်သက်ပြီး သတင်းပြန်ပို့ဖို့ အရမ်းကို ခက်ခဲပါသေးတယ်။ နောက်ဆုံးမှာ ထာဂရ မိုးကောင်းကင် အင်ပါယာက သူတို့ရဲ့

အကြံအစည်တွေ ပေါက်ကြားသွားတာကြောင့် ရွှေခြသေ့် နိုင်ငံကို ဆုတ်ခွာဖို့ အမိန့်ပေးဖို့ပဲ ရွေးချယ်ခဲ့ရပါတော့တယ်”

“ကျနော်ပြောချင်တာကတော့ တကယ်လို့ ကျနော်တောင်မှ ဒီလိုမျိုး ပိုင်းရံထားမှု တစ်ခုကနေ ထိုးဖောက်ထွက်လာဖို့ ခက်ခဲပြီး ကျနော်ခေါ်လာတဲ့ နောက်ပါတွေအားလုံး ရန်သူ့လက်ထဲကို ကျရောက်သွားတာတောင် တောင်မြစ်အဆင့် ပြင်းထန်အလယ်အလတ်မှာပဲ ရှိသေးတဲ့ ကျင့်ကြံသူလေး တစ်ယောက်က လွတ်မြောက်အောင် ထွက်ပြေးနိုင်မယ်ဆိုတာက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ”

ကျောက်လန်က လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ သူ့ကို တင်းမာတဲ့ လေသံနဲ့ စွပ်စွဲလိုက်ပါတယ်။

Chapter 1074 end

အပိုင်း(1075) မငြင်းနိုင်တဲ့ သက်သေလား

ကျောက်လန်က တကယ်ပဲ အရမ်းကို အရေထူပါတယ်။ လင်းဟန်ကို စွပ်စွဲပြောဆိုနေတဲ့ အချိန်မှာ သူ့ကိုယ်သူ ဂုဏ်ယူဂုဏ်ပင့်ကြွားဖို့ လုံးဝကို မမေ့ခဲ့ပဲ ထာဝရ မိုးကောင်းကင်

အင်ပါယာ နောက်ဆုတ်သွားအောင် အတင်းဖိအားပေးနိုင်ခဲ့တဲ့ အကျိုးကို မလွှတ်တမ်း အသုံးချ ခဲ့ပါတယ်။

အမှန်တကယ်တော့ ဇကရီဘုရင်မ လွှမ့်ရှင်းကိုယ်တိုင် လှုပ်ရှားခဲ့တယ် ဆိုတာကို ဘယ်သူမှ မသိပါဘူး။ ဒါကြောင့် ရွှေခြသေ့်နိုင်ငံ ဒါမှမဟုတ် ထာဂရ မိုးကောင်းကင် အင်ပါယာက ရုတ်တရက် သူတို့ရဲ့ စစ်သားတွေကို နောက်ဆုတ်ခိုင်းတာနဲ့ ပတ်သက်ပြီး သေသေချာချာ မသိရပဲ သူတို့ဘက်က စစ်ပွဲကို ဆက်ပြီးတော့ မတိုက်ခိုက်ပုံ့တော့ဘူးလို့ ထင်နေကြပါတယ်။ အဲဒီလိုမှ မဟုတ်ရင် အင်ပါယာ နှစ်ခုအကြားက မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု ဖြစ်လာမယ် ဆိုရင်တော့ ကျောက်စိမ်းအင်ပါယာက အမြတ်ထွက် သွားပါလိမ့်မယ်။

ဒါကြောင့် ဂင်ရောက်စီးနင်းတဲ့ အဖွဲ့ဂင်တွေအားလုံး အဖမ်းခံရပြီး ကျောက်လန် တစ်ယောက်ပဲ ထွက်ပြေးလွတ်မြောက် လာနိုင်တယ် ဆိုပေမဲ့ သူက တကယ့်ကို ကြီးမားတဲ့ တာဂန်တစ်ခုကို ထမ်းဆောင်ခဲ့တာပဲ ဖြစ်ပါတယ်။ ထပ်ပြောရမယ်ဆိုရင် အဲဒါကြောင့်ပဲ ရွှေခြသေ့်နိုင်ငံကို ထာဂရ မိုးကောင်းကင် အင်ပါယာက လက်ရွေးစင်တွေ ထောက်ပံ့ကူညီပေးတဲ့ သတင်း ပေါက်ကြားသွားခြင်း ဖြစ်ပါတယ်။

အစကတော့ ဒါက တကယ့်ကို အရက်တကွဲ အကျိုးနည်း ကျရှုံးမှုတစ်ခု ဖြစ်ပါတယ်။ ရန်သူတွေရဲ့ အခြေအနေကို သိနားလည်ခြင်း မရှိပဲနဲ့တောင် အလစ်အငိုက်ဖမ်း တိုက်ခိုက်ဖို့ အလျင်စလို လုပ်ဆောင်ခဲ့မှု တစ်ခုဖြစ်ပေမဲ့ အခု ကျောက်လန်ရဲ့ စကားတွေအရ အဲဒါက အရမ်းကို ချီးမွမ်းထိုက်တဲ့ တာဂန်ထမ်းဆောင်မှု တစ်ခု ဖြစ်လာပါတယ်။ သူ့ရဲ့ အရက်မရှိတဲ့ အဆင့်က တကယ့်ကို အံ့သြဖွယ်ရာ ကောင်းလွန်းနေပါပြီ။

"လင်းဟာန် မင်းမှာ ပြောစရာ ဘာရှိသေးလဲ"

နန်းမင်းယန်က လင်းဟာန်ကို မေးလိုက်ပါတယ်။

လင်းဟာန်က အသာလေး ပြုံးပြီးတော့ ပြန်တုံ့ပြန်လိုက်တယ်။

"ကျောက်လန် ပြောခဲ့သလိုပဲ ကျနော်က ပြင်းထန်အလယ်အလတ်အဆင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် ဘယ်သူမှ ကျနော်ကို အလေးအနက် မထားကြပါဘူး။ ဒါဆိုရင် ကျနော် ထွက်ပြေးလွတ်မြောက် လာနိုင်တာက အရမ်းကို ယုတ္တိရှိတယ် မဟုတ်လား။ နောက်ပြီးတော့ သခင်လေးကျောက်ကို မေးခွန်းတစ်ခု မေးချင်ပါတယ်။ ကျနော်က ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိသေးတာကို သိရဲ့သားနဲ့ ဘာဖြစ်လို့ ဂင်ရောက်စီးနင်း တိုက်ခိုက်မဲ့ အဖွဲ့ထဲမှာ ရွေးချယ်ခဲ့တာလဲ"

"ဒါက..."

ကျောက်လန်က စကားထစ် သွားခဲ့ပါတယ်။ လင်းဟန်က ဒီလိုမျိုး မေးခွန်းကို လူတွေအရှေ့မှာ မေးလာလိမ့်မယ်လို့ မထင်ထားမိခဲ့ပါဘူး။

သူ့အနေနဲ့ သူ့ရဲ့ တရားဝင် အဆင့်အတန်းကို အသုံးချပြီးတော့ သူ့ကိုယ်ရေးကိုယ်တာ အာဃာတကို ဖြေရှင်းဖို့ ရန်သူ့လက်ကို ငှားယမ်းပြီး လင်းဟန်ကို ဖယ်ရှားပစ်ဖို့ လုပ်ခဲ့တယ် ဆိုတာကို ပြောလို့ ဖြစ်နိုင်မှာလား။ အင်ပါယာက သူ့ကို အပြစ်ပေးလိမ့်မယ် ဆိုတဲ့ အချက်ကို ဘေးဖယ်ထား အနာဂတ်မှာ ဘယ်စစ်သားကများ သူ့ဦးဆောင်မှုနောက်ကို လိုက်ပံ့တော့မှာလဲ။ တစ်နေ့မှာ သူတို့ကိုလည်း သူက ဒီလိုမျိုး လုပ်လာလိမ့်မယ်လို့ သူတို့တွေ စိုးရိမ်ပူပန် နေလိမ့်မယ် မဟုတ်လား။

"လင်းဟန် ခေါင်းစဉ်ကို မပြောင်းလိုက်နဲ့"

ကျောက်လန်က အလျင်အမြန်ပဲ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်က ဒီအဖြစ်အပျက်ကို ထိန်းချုပ်သွားမှာ ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ။ ဒါက လင်းဟန်ကို လူထုအရှေ့မှာ စုံစမ်း စစ်မေးနေတဲ့ပွဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီကိစ္စကို သူ့စိတ်ကြိုက် လုပ်ဆောင်ခွင့် ရသွားမှာကို ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ။

"အင်း ခေါင်းစဉ်ပြောင်းဖို့ မစဉ်းစားနဲ့"

ဂူထန်ချူက ခေါင်းတချက် ညိတ်ပြီးတော့ ပြောလိုက်တယ်။ သူက သိသိသာသာပဲ ကျောက်လန် ဘက်က ဖြစ်နေပါတယ်။

"လင်းဟာန် မင်းကိုယ်မင်း အပြစ်ကလွတ်အောင် လျှောက်ပြောဖို့ မကြိုးစားနဲ့။ မင်းက အဲ့ဒီနေ့တုန်းက အဖမ်းခံလိုက်ရတယ် ဆိုတာကို သက်သေပြနိုင်တဲ့ မျက်မြင်သက်သေတွေ အများကြီးရှိတယ်။ ဒါကြောင့် မသေမချင်း ငြင်းဖို့ ကြိုးစားမနေနဲ့"

ကုန်းချန်ဟဲက အေးစက်စွာနဲ့ ပြောလိုက်တယ်။

"အိုး ဒါဆိုရင် ကျုပ်ဘယ်လို အဖမ်းခံရလဲ ဆိုတာကို တကယ်ပဲ ကြားချင်မိတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မျက်မြင်သက်သေတွေကို ဆင့်ခေါ်လိုက်စမ်း"

ကုန်းချန်ဟဲပုံစံက မကျေမနပ် ဖြစ်နေပုံ ပေါ်ပါတယ်။ ဒီကောင်စုတ်လေးက တကယ်ပဲ မျက်နှာပျက် လောက်တဲ့အထိကို မထိမဲ့မြင်လုပ်မဲ့ လူစားမျိုးပါပဲ။

တစ်ယောက်ပြီးတစ်ယောက် လူငယ်တွေက ပြည်သူလူထု အကြားကနေ ထွက်လာကြပါတယ်။ သူတို့တွေက ရန်သူ့စခန်းကို ဝင်ရောက်စီးနင်းခဲ့တဲ့ အဖွဲ့ထဲမှာ ပါဝင်တဲ့ သင်တန်းကျောင်းက ကျောင်းသားတွေ ဖြစ်ပြီးတော့ အဖမ်းခံခဲ့ရသူတွေ ဖြစ်ပါတယ်။ ကံကောင်းတာက ဇေရီ ဘုရင်မ လွမ့်ရှင်းရဲ့ လှုပ်ရှားမှုက လျင်မြန်လို့သာပေ့ါ မဟုတ်ရင် သူတို့က အခုချိန်ထိ အကျဉ်းချခံ နေရပါလိမ့်မယ်။

ကျောက်လန်က အဲဒီလူအုပ်ကို မျက်စိပေ့ကြည့်လိုက်ပြီး သူ့အမူအရာက အံ့အားသင့်သွားပုံ ရပါတယ်။ သူက မျက်မြင်သက်သေ တစ်ဒါဇင်ကျော်ပဲ ရှာတွေ့ခဲ့ပါတယ်။ အခုတော့ အရေအတွက်က စုစုပေါင်း သုံးဆယ်နီးပါး ဖြစ်နေပါတယ်။

ဘယ်လိုလုပ်ပြီး သူတို့တွေက များလာတာလဲ။

"ကျနော်က ယုဇီမင်းပါ"

"ကျနော်က မင်ယွဲ့ရန်"

"ကျနော်က ပုရှန်း"

"ကျနော်က ....."

အဲဒီလူတွေက သူတို့ရဲ့ နာမည်တွေကို တစ်ယောက်ပြီး တစ်ယောက် မိတ်ဆက်လိုက် ကြပါတယ်။ ဒါပေမဲ့လည်း တချို့လူတွေက သူတို့ရဲ့ နောက်ခံတွေကို စဉ်းစားဖို့ လိုပါတယ်။ ပြီးတော့ သူတို့ရဲ့ အကြီးအကဲတွေက မဟာဗိုလ်ချုပ်ရှားရဲ့ နောက်လိုက်တွေ ဒါမှမဟုတ် မဟာဗိုလ်ချုပ်ကျောက် လူတွေရဲ့ မျိုးဆက်တွေ ဆိုတာကို ရှာတွေ့သွားပါလိမ့်မယ်။

ကျောက်လန်က ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဒါကြောင့် ရှားယွန်က ဒီကိစ္စမှာ သူနဲ့တစ်ဖက်တည်းမှာ ရှိတယ်ဆိုတာကို သဘောပေါက် သွားခဲ့ပါတယ်။

ဟားဟား သူက တကယ်ပဲ ဒီလိုဖြစ်လာမယ်လို့ မျှော်လင့်မထားမိပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ မဟာဗိုလ်ချုပ် နှစ်ယောက်ရဲ့ သားတွေ ပူးပေါင်းထားတဲ့ အင်အားနဲ့ အပြင်လူ ကောင်စုတ်လေး တစ်ယောက်ကို မသတ်နိုင်ဘူးဆိုရင်တော့ အဲဒါက အရမ်းကို စိတ်ပျက်စရာ ကောင်းလွန်းသွားပါလိမ့်မယ်။

"အဲဒီနေ့က ကျနော်တို့နဲ့အတူ လင်းဟန် အဖမ်းခံခဲ့ရတယ် ဆိုတာကို ကျနော့်မျက်လုံးတွေနဲ့ သေချာတပ်အပ် မြင်ခဲ့တာပါ။

ကျနော်နဲ့ သူနဲ့တောင် အကျဉ်းခန်း အတူတူမှာ အကျဉ်းကျခံ ခဲ့ရပါသေးတယ်”

“အဲဒါက နေ့တစ်ဂက်လောက်ပဲ ရှိပါဦးမယ်။ လင်းဟန်ကို စစ်ဆေးမေးမြန်းဖို့ ရန်သူတွေက ခေါ်သွားကြပါတယ်။ အဲဒီနောက်မှာ သူက နောက်တစ်ကြိမ် ပြန်မလာခဲ့တော့ပါဘူး”

“တကယ်လို့ သူက လှည့်စားနေတာ မဟုတ်ဘူးဆိုရင် ဘယ်လိုလုပ်ပြီး ရန်သူစစ်သားတွေ လက်ထဲကနေ လွတ်မြောက်အောင်ထွက်ပြေးပြီး စခန်းကို ပြန်ရောက်လာနိုင်မှာလဲ”

“ကံကောင်းတာက သခင်လေးကျောက် စခန်းကို အရင်ဆုံး ပြန်ရောက်လာနိုင်ပြီး ရွှေခြသေ့်နိုင်ငံနဲ့ ထာဂရ မိုးကောင်းကင် အင်ပါယာကို နောက်ဆုတ်သွားအောင် ဖိအားပေးနိုင်ခဲ့တယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်လို သစ္စာဖောက် တစ်ယောက်နဲ့အတူ သူတို့ရဲ့ အကြံအစည်တွေက ကျနော်တို့ အင်ပါယာကို ဘယ်လောက်တောင် ပြဿနာတွေ တက်စေပြီး ထိခိုက်ပျက်စီး သွားစေမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ”

ဒီလူတွေ အားလုံးက အမှန်တရားတွေကို သွေဖယ်ပြီး လိမ်ညာပြောဆို နေကြပါတယ်။

ပြောရမယ်ဆိုရင် ပြည်သူလူထုရဲ့ သဘောထားကလည်း သတ္တုကို အရည်ပျော်စေနိုင်တဲ့အထိ အစွမ်းထက်ပါတယ်။ လူတွေ အများကြီးက လင်းဟန်ကို တပြိုင်နက်တည်း စွပ်စွဲနေတာကြောင့် ဘယ်သူ့ကို ယုံကြည်ရမလဲ ဆိုတာကို သတိမပြုမိနိုင်အောင် ဖြစ်လာတာက သဘာဂပါပဲ။

နောက်ဆုံးမှာ လူပိုများတဲ့ဘက်ကို ယုံကြည်တာက သဘာဂပဲ မဟုတ်လား။

"သစ္စာဖောက်"

လူအုပ်ထဲကနေ တစ်စုံတစ်ယောက်က အရင်ဆုံး အော်ဟစ်လိုက်ပါတယ်။

"သစ္စာဖောက်"

လူတွေအများကြီး ပိုပိုပြီးတော့ အော်ဟစ်လာပြီး အခြေအနေက မြေကြီးကိုတောင် တုန်ခါသွား စေပါတယ်။ လီဂေဂေ ကျိယွင်အာနဲ့ တခြား လင်းဟန်ကို ယုံကြည်တဲ့ သူတွေတောင် သူတို့ရဲ့ အသံတွေက လူအုပ်ကြီးရဲ့ အော်သံထဲမှာ ချက်ချင်းပဲ ပျောက်ကွယ်ကုန်ပါတယ်။

စွေ့ရန်ယွီက သူမရဲ့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်ပါတယ်။ လင်းဟန်က အနက်ရောင် မျှော်စင်ထဲကို ဝင်လိုက်တာနဲ့ ရန်သူတွေ ဖမ်းခံရတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာကို သက်သေပြလိုက်နိုင်ပါတယ်။ ဒါပေမဲ့ တကယ်လို့ သူ့မှာ သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခု ပိုင်ဆိုင်ထားတယ် ဆိုတဲ့ လျှို့ဝှက်ချက်သာ ပေါက်ကြားသွားမယ်ဆိုရင် သူ့ကို လူဘယ်လောက်ကများ တိုက်ခိုက်လုယူမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

သူက အခုချိန်မှာ အရမ်းကို ထူးချွန်ထက်မြက် နေပေမဲ့ သူ့ရဲ့အဆင့်က အရမ်းကို နိမ့်နေပါ သေးတယ်။ ဘယ်လက်ရုံး အမတ်မင်းနဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်လို လက်ရွေးစင်တွေ အနေနဲ့ သူ့ကို သတိပြုမိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းရဲ့ လျှို့ဝှက်ချက် ပေါက်ကြားသွားတာနဲ့ ဧကရီ ဘုရင်မ ကိုယ်တိုင်တောင် လှုပ်ရှားလာမှာကို သူမကြောက်နေ မိပါတယ်။

သူက သစ္စာဖောက် တစ်ယောက်လို့ ခေါင်းစဉ်တပ်ခံနေရသလို လက်ရွေးစင်တွေရဲ့ ပစ်မှတ်တောင် ဖြစ်လာနိုင်ပါတယ်။

ဘယ်အခြေအနေပဲဖြစ်ဖြစ် အကျိုးဆက်က အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။

ဘာဖြစ်လို့ ကေရီ ဘုရင်မက အခြေအနေကို ဖြေရှင်းဖို့ မရောက်လာသေးတာလဲ။ ကေရီ ဘုရင်မရဲ့ မျက်လုံးထဲမှာ လုံးဂကို ခေါင်းထဲထည့်စရာ မလိုတဲ့ ကိစ္စသေးသေးလေး တစ်ခုလို့ ထင်ထားတာများ ဖြစ်နိုင်မလား။

"လင်းဟာန် မင်းဘာပြောချင်သေးလဲ"

ကုန်းချန်ဟဲက မျက်နှာတင်းတင်းနဲ့ မေးလိုက်ပါတယ်။

"ကျနော့်မှာ ဘာမှပြောစရာ မရှိပါဘူး"

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ဒါဆိုရင် မင်းအပြစ်ကို ဖြောင့်ချက်ပေးပါ"

ဂူထန်ချူက ဆက်ပြောလိုက်တယ်။

လင်းဟာန်က သူ့ခေါင်းကို ခါရင်းနဲ့ ပြောလိုက်တယ်။

"ကျုပ်အနေနဲ့ ငတုံးတစ်အုပ်ကို ဘာမှပြောစရာ မရှိပါဘူး။ သူတို့အားလုံး ပြောနေတာက အကုန်လုံး အလိမ်အညာတွေပဲ။ ဒါကြောင့် သူတို့နဲ့ ပြောဆိုဆက်ဆံနေစရာအကြောင်း လုံးဂ မရှိဘူး"

"မင်း"

"သစ္စာဖောက်ကောင် မင်းက ငြင်းရဲသေးတယ်ပေါ့လေ"

"ဒီလိုစက်ဆုပ်စရာကောင်းတဲ့ အပြုအမူကို ကျူးလွန်ပြီးတာတောင်မှ မင်းက ဘဂင်မြင့်နေရဲ သေးတယ်ပေါ့လေ"

အဲဒီမျက်မြင်သက်သေတွေ အားလုံးက တရားမျှတသလို ပုံစံမျိုးနဲ့ မခံမရပ်နိုင်အောင် ဒေါသတွေ ပြည့်နေကြပါတယ်။ သူတို့အားလုံးကို လူတွေအရှေ့မှာ ငတုံးတွေလို့ တကယ်ပဲ ခေါ်ခံလိုက် ရပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

"ငါတို့ဘာလုပ်လဲ ဆိုတာကို မိုးကောင်းကင်က သိတယ်။ မင်းတို့ကျင့်ကြံခြင်းရဲ့ နှလုံးသားကို ပြန်မေးကြည့်ပါ။ တကယ်လို့ မင်းတို့ ဒီလိုလုပ်တယ်ဆိုရင် မင်းတို့မှာ တောက်ပတဲ့ နှလုံးသား ရှိလာနိုင်ပါဦးမလား"

လင်းဟာန်က စိတ်ဝိညာဉ် ခုနစ်မျိုး နှိမ်နင်းခြင်း ပညာကို အသုံးပြုပြီးတော့ ဒီစကားတွေကို ထုတ်ဖော် ပြောကြားလိုက်ပါတယ်။ သူတို့တွေရဲ့ နှလုံးသားထဲက နက်ရှိုင်းတဲ့

နေရာကို ရောက်ရုံလောက်ပဲ အသုံးပြုခဲ့ပြီး ဖျက်ဆီးခြင်း စွမ်းအား နည်းနည်းမှ မပါပါဘူး။

ရုတ်ချည်းဆိုသလို အဲဒီမျက်မြင်သက်သေတွေ အားလုံးရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။ သူတို့ရဲ့ နှလုံးသားအားလုံးက မေးခွန်းတစ်ခုကို သည်းခံနိုင်ရင်တောင် သူတို့ရဲ့ စိတ်ဝိညာဉ်တွေက တုန်လှုပ်လို့ လာပါတယ်။

"လင်းဟာန် မင်းက တကယ်ပဲ မျက်မြင်သက်သေတွေကို ခြိမ်းခြောက်ရဲတာလား"

ကျောက်လန်က မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။ ဘုန်း။ သူ့နောက်ကျောကနေ နီရဲတဲ့ နေတစ်စင်း ထွက်ပေါ်လာပြီး နေလအဆင့်ရဲ့ အရှိန်အဝါက ပျံ့နှံ့ကာ လင်းဟာန်ကို တင်းကျပ်စေခဲ့ပါတယ်။

လင်းဟာန်က ဘာမှမတတ်နိုင်ပဲ နေးကွေးလေးကန် လာပါတယ်။ သူက ထာဝရမြစ်အဆင့်ရဲ့ လေထုကိုတောင် မကြောက်ပါဘူး။ ဒါပေမဲ့ လေထုနဲ့ အရှိန်အဝါက မတူညီတဲ့ အရာနှစ်ခု ဖြစ်ပါတယ်။ အခု ဒီအရှိန်အဝါက စစ်မှန်ပြီး သူ့အပေါ်ကို ဖိအားပေးလာခဲ့ပါတယ်။

ဒါက အဓိကအဆင့်ကြီး တစ်ခုလုံး ဖိနှိပ်မှု ဖြစ်ပါတယ်။ ဒီကွာဟချက်က ဘယ်ပါရမီရှင်မှ ဖာထေးနိုင်ခြင်း မရှိပါဘူး။ လင်းဟန်က ချက်ချင်းပဲ ချွေးစေးတွေ ပျံလာခဲ့ပါတယ်။ ခရက် ခရက် ခရက်။ သူ့ရဲ့ နတ်ဘုရား အရိုးတွေ အက်လာပြီး သူ့မျက်နှာလည်း ချက်ချင်းဆိုသလို နီရဲလာခဲ့ ပါတယ်။

သူက နည်းနည်းလေးမှတောင် ကွေးညွတ်မသွားပဲ အေးစက်စွာနဲ့ မေးလိုက်ပါတယ်။

"သခင်လေးကျောက်က ခြိမ်းခြောက်အကျပ်ကိုင်ပြီးတော့ ဖြောင့်ချက်တစ်ခုရအောင် ကြိုးစားနေတာလား"

"ဒီလောက် မျက်မြင်သက်သေတွေ အများကြီးရဲ့ ရှေ့မှာတောင် မင်းက ပလီပလာနဲ့ ငြင်းချင်သေးတယ်ပေါ့။ တကယ်လို့ ငါက မင်းလိုမျိုး လူတစ်ယောက်ကို ခြိမ်းခြောက် အကျပ်ကိုင်ပြီး ဖြောင့်ချက်ပေးဖို့ ဖိအားပေးမယ် ဆိုရင်ရော ဘာဖြစ်သေးလဲ"

ကျောက်လန်က ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ သရော်လိုက်ပါတယ်။

"ကျောက်လန် နင်အရမ်းကို လွန်နေပြီနော်"

လီဝေဝေက သူမကိုယ်သူမ မထိန်းနိုင်ပဲ မတ်တပ်ထရပ်လိုက်ပါတယ်။

"နံပါတ်လေး သခင်မလေး ကျုပ်ကို ခွင့်လွှတ်ပါ"

ရှင်းချန်ယွင်က ချက်ချင်းပဲ လှုပ်ရှားလိုက်ပါတယ်။ သူ့လက်ဂါးတစ်ဖက် လှုပ်ရှားသွားပြီး လီဝေဝေက ချက်ချင်းဆိုသလို အသံတိတ်သွားပါတယ်။ တစ်ယောက်က ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပြီးတော့ တစ်ယောက်က ကနဦးအဆင့်မှာပဲ ရှိသေးတာကြောင့် လုံးဝကို ဖိနှိပ်ခြင်းတစ်ခု ဖြစ်ပါတယ်။

ဘယ်လက်ရုံး အမတ်မင်းက လီဝေဝေကို လင်းဟန်နဲ့ အတတ်နိုင်ဆုံး ဝေးဝေးမှာနေဖို့ အမိန့်ပေးထားပါတယ်။ ဒါက ရှင်းချန်ယွင်အတွက် သတင်းကောင်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူက အခုလိုမျိုး လူကြမ်းဆန်ဆန် လုပ်ရတာကို ပျော်နေမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လီဝေဝေက သူ့ကို မျက်နှာသာပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ သိထားပါတယ်။ တကယ်လို့ သူမက သူ့ကို မုန်းနေမယ်ဆိုရင်ရော ဘာဖြစ်သေးလဲ။ သူက ဘယ်လက်ရုံး အမတ်မင်းရဲ့ အမိန့်ကို နာခံတာပဲ မဟုတ်လား။

"လင်းဟာန် အခြေအနေတွေက ဒီထိတောင် ရောက်လာပြီ။ ဒါကိုမင်းက ဝန်မခံချင်သေးဘူး ဆိုရင်တော့ ငါတို့အနေနဲ့ နှိပ်စက်ညှင်းပန်းတဲ့ ပစ္စည်းတွေကို အသုံးပြုရလိမ့်မယ်"

Chapter 1075 end

အပိုင်း(1076) ဇေကရီ ဘုရင်မရဲ့ သဘောထား

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။

"ဟားဟားဟား ဒါဆိုရင်လည်း ကောင်းပြီလေ။ ခင်ဗျားတို့က ကျုပ်ကို ဘယ်လိုမျိုး နှိပ်စက်ညှင်းပန်းပြီးတော့ ဖြောင့်ချက်တစ်ခုရအောင် ယူမလဲဆိုတာကို တကယ်ပဲ ကြည့်ချင်မိတယ်"

"လင်းဟာန် တကယ်လို့ မင်းက စကားပြောကောင်းတဲ့ လူတစ်ယောက် ဖြစ်နေရင်တောင် ဒီနေ့မှာ လွတ်မြောက်နိုင်မယ်လို့ မစဉ်းစားနဲ့"

"ချက်ကျလက်ကျ ပြောတာက စကားလုံးတွေထက် ပိုပြီးအသုံးကျယ်ပါတယ်။ အခုမင်းက ဒီလိုမျိုး အရှက်မရှိ လုပ်နေမှတော့ အဲဒီအတွက် တန်ရာတန်ကြေး မင်းပေးရမှာပဲ"

"အင်ပါယာက သစ္စာဖောက်တွေကို လက်ခံမှာ မဟုတ်ဘူး"

လင်းဟန်ရဲ့ စိတ်ဝိညာဉ် တိုက်ခိုက်မှုကို ခံလိုက်ရတဲ့ မျက်မြင်သက်သေတွေ အားလုံးပဲ ပြန်လည်ကောင်းမွန် လာခဲ့ပါပြီ။ သူတို့အားလုံး နောက်တစ်ကြိမ် အရမ်းကို တက်ကြွလာပြီး လင်းဟန်ရဲ့ ခေါင်းကို မြေကြီးပေါ် ဖိချပြီးတော့ ဒူးထောက်ခိုင်းကာ သူ့ရဲ့ပြစ်မှုအတွက် ဖြောင့်ချက်ပေးလာဖို့ သူတို့ကိုယ်တိုင်တောင် လုပ်ချင်လာပါတယ်။

"သစ္စာဖောက်ကောင် သေစမ်း"

ပရိသတ်ထဲကနေ တစ်ယောက်ယောက်က ကြက်ဥ တစ်လုံးနဲ့ ပစ်ပေါက်လိုက်ပါတယ်။

ခွပ်။

လင်းဟန်ကို ထိမှန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ လင်းဟန်က မူလစွမ်းအင်ကို အသုံးပြုပြီး ဒိုင်းကာတစ်ခု ဖန်တီးကာ ဟန့်တားလိုက်ပါတယ်။

လင်းဟန်က မျက်စိနဲ့ ဝေ့ကြည့်လိုက်တဲ့ အခါမှာ ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်နေတဲ့ လူငယ် တစ်ယောက်ကို မြင်လိုက်ရပါတယ်။ သူ့မျက်လုံးတွေနဲ့ အကြည့်ချင်း ဆုံမိသွားတဲ့ အခါမှာ အဲဒီလူငယ်က

ချက်ချင်းပဲ လူတွေကြားမှာ ပုန်းလိုက်ပြီး လင်းဟန်ရဲ့ အကြည့်တွေနဲ့ မဆုံပုံ့ပါဘူး။

"ကျောက်လန် ဒါမှမဟုတ် ရှားယွန်ရဲ့ နောက်လိုက်တွေထဲက တစ်ယောက်ပဲ"

လင်းဟန်က ချက်ချင်းပဲ တွေးလိုက်မိပါတယ်။ သူတို့က လူထုရဲ့ ဒေါသကို နှိုးဆွဖို့ ကြိုးစား နေတာပဲ ဖြစ်ပါတယ်။

ဒီလောက်က လုံလောက်ပါတယ်။ သူ့ရဲ့ ပစ်ပေါက်မှုနဲ့အတူ လူတော်တော်များများကို လှုံ့ဆော်လိုက် နိုင်ပါတယ်။ လူတချို့က ပြင်ဆင်လာတဲ့ ကြက်ဥတွေနဲ့ ပစ်ပေါက် လိုက်ပါတယ်။ ပြင်ဆင်လာမှု မရှိတဲ့ လူတချို့ကတော့ သူ့ကို တံတွေးနဲ့ လှမ်းထွေးကြပါတယ်။

လင်းဟန်က ဒိုင်းကာတစ်ခု ဖန်တီးထားပေမဲ့ ဘာမှမထိမှန်တာတော့ ဘယ်ဟုတ်မလဲ။ ဒီနေရာမှာ လူပေါင်းတစ်ထောင်ကျော် ရှိပြီးတော့ အနည်းဆုံး သူတို့ထဲက တစ်ဝက်က သူ့ကို စော်ကားတဲ့ အပြုအမူတွေ လုပ်ကြပါတယ်။ ဒါက ဘယ်လောက်တောင် အရှက်ခွဲခံရတာမျိုးလဲ။

တကယ်လို့ ဒီသတင်းသာ ပျံ့နှံ့သွားရင် လင်းဟန်အနေနဲ့ နောက်ပိုင်းမှာ မျက်နှာပြဖို့ တော့မှာလား။

ကျောက်လန်က အေးစက်စွာနဲ့ သရော်ပြီး ပြုံးလိုက်ပါတယ်။ အမှန်တရားက ဘာလဲဆိုတာကို သူဂရုမစိုက်ပါဘူး။ တကယ်လို့ နိုင်ငံတော် သစ္စာဖောက်မှုရဲ့ ပြစ်မှုကို အသုံးချပြီး လင်းဟန်ကို သတ်ပစ်နိုင်မယ်ဆိုရင် ဒါက အကောင်းဆုံး ဇာတ်ညွှန်းတစ်ခု ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ သူမလုပ်နိုင်ခဲ့ရင်တောင် ဒီမြင်ကွင်း တစ်ခုတည်းနဲ့တင် လင်းဟန်အတွက် ခံစားသွားစေဖို့ လုံလောက်ပါတယ်။ သူ့အနေနဲ့ အနာဂတ်မှာ သူ့ခေါင်းကို ဘယ်လိုလုပ် မော့နိုင်တော့မှာလဲ။

ဒီတိုက်ပွဲမှာ သူအနိုင်ရခဲ့ပါတယ်။ ဒါက လုံးဝကို အောင်ပွဲရခြင်း တစ်ခုပါပဲ။

ထို့ သူက စကားထဲ ထည့်ပြောရလောက်တဲ့ နောက်ခံနည်းနည်းလေးမှတောင် မရှိတဲ့ အသေးအဖွဲ လူတစ်ယောက်ပဲ အဲဒီတော့ သူ့ကို ယှဉ်ပြိုင်ဖို့ အရည်အချင်းပြည့်မှီမှာတဲ့လား။

ကျောက်လန်က စွေ့ရန်ယွီကို ကြည့်လိုက်ပါတယ်။ ဒီအလှပဂေးလေးက သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင်

ဆုပ်ထားပြီး သူမရဲ့ ချောမောလှပတဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပါတယ်။ သူ့ရင်ထဲမှာ မထင်မှတ်ထားပဲ အရှုံးအမူး စွဲလမ်းမှုတစ်ခု ဖြစ်လာပါတယ်။ သူ့အနေနဲ့ ယန်လော့တန်ကို ငြီးငွေ့နေပါပြီ။ သူမကို ကြည့်ရတာ ချောမောလှပတယ် ဆိုပေမဲ့ စွေ့ရန်ယွီနဲ့ ယှဉ်လိုက်ရင်တော့ သူမက လုံးဝကို နောက်ကောက်ကျန်ခဲ့ပါပြီ။

ဟားဟား မင်းငါ့လက်ဖါးပေါ်ကနေ မလွတ်နိုင်ပါဘူးကွာ။

"လာခဲ့စမ်း အပြစ်ပေးတဲ့ ကိရိယာတွေ ယူလာခဲ့"

ဂူထန်ချူက အော်လိုက်ပါတယ်။ မျက်မြင်သက်သေတွေ ဒီနေရာမှာ အများကြီး ရှိနေတာကြောင့် သူ့အတွက် နှိပ်စက်ညှင်းပန်းတဲ့ ကိရိယာတွေ အသုံးပြုဖို့နဲ့ ပတ်သက်ပြီး ဆွေးနွေးစရာ မလိုပါဘူး။

သိပ်မကြာခင်မှာ လူနှစ်ယောက်က ရောမ ဓားသွေးကျောက်တစ်တုံးကို သယ်လာခဲ့ပါတယ်။

ဒါက ရက်စက်ကြမ်းကြုတ်တဲ့ နှိပ်စက်ညှင်းပန်းမှု တစ်ခု ဖြစ်ပါတယ်။ ဓားသွေးကျောက်တုံးနဲ့ လူတစ်ယောက်ကို ဖိထားပြီး အသွေးအသားတွေ အရိုးတွေကို ချေပစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း တန်ခိုးရှင်တွေကို သတ်ဖို့ဆိုတာ ခက်ခဲပါတယ်။ ဒါကြောင့် သူတို့က

အချိန်တော်တော် ကြာတဲ့အထိ ခံနိုင်ရည် ရှိကြပါတယ်။ ဒါကြောင့် သူတို့က နာကျင်မှုကိုပဲ တောင့်ခံရပါလိမ့်မယ်။

ဒီနိုပ်စက်ညှင်းပန်းတဲ့ ပစ္စည်းအကြောင်းကို ပြောတဲ့အချိန်မှာ အားလုံးရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားလေ့ ရှိပါတယ်။

ကျောက်လန်နဲ့ ရှားယွန်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးနေကြပါတယ်။ နောက်ဆုံးမှာ သူတို့က အရပ်သူ အရပ်သားတွေကို စစ်မှန်မှု တချို့နဲ့ အစစ်အမှန် ခံစားမှုကို ခံနိုင်ရည်ရှိအောင် လုပ်နိုင်ခဲ့ပါပြီ။

အဲဒီအချိန်မှာ မျက်မြင်သက်သေတွေလည်း အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူတို့ထဲက တချို့က ရွေးချယ်စရာ မရှိပဲ သူတို့ကို အမိန့်ပေးထားတဲ့ အတိုင်း သက်သေ အများတွေ ထွက်ဆိုဖို့ စီစဉ်ထားခံရပြီး တချို့တော့ လင်းဟာန်အပေါ် သူတို့ရဲ့ မနာလိုမှုတွေကြောင့် သူ့ကို တကယ်ပဲ ပျောက်ကွယ်သွားစေချင် ကြပါတယ်။ အခုဆိုရင် သူတို့ရဲ့ အကြံအစည်တွေ အောင်မြင်ပါတော့မယ်။ ဒါကြောင့် သူတို့တွေက ဂမ်းမြောက်ဂမ်းသာ ဖြစ်နေကြပါတယ်။

“နှိပ်စက်မှုကို စတင်မယ်”

ဂူထန်ချူက အမိန့်ပေးလိုက်ပြီး တရားသူကြီးတွေ အသုံးပြုတဲ့ တူကို ထုလိုက်ပါတယ်။

"နေဦး"

အဲဒီအချိန်မှာ အမျိုးသမီးတစ်ယောက် ပေါ်လာခဲ့ပါတယ်။ သူမက ရွှေရောင်တလက်လက် တောက်ပနေတဲ့ ချပ်ဂတ်တန်ဆာ တစ်ခုကို ဂတ်ဆင်ထားပြီး စစ်ပွဲနတ်ဘုရားမ တစ်ပါးနဲ့ တူကာ အထွတ်အထိပ် အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေပါတယ်။

"သေနာပတိချုပ်ကို ကျုပ်တို့ ဂါ ဂါရဝ ပြုပါတယ်"

တရားသူကြီး သုံးယောက်က အလျင်အမြန်ပဲ မတ်တပ်ထရပ်ပြီး သူတို့ရဲ့ စားပွဲခုံတွေ အနောက်ကနေ အရှေ့ကို ထွက်လာကာ အဲဒီအမျိုးသမီး အစောင့်အရှောက်ကို ဒူးထောက် ဂါရဝ ပြုလိုက်ပါတယ်။

"သေနာပတိချုပ်ကို ဂါရဝပြုပါတယ်"

ကျောက်လန်နဲ့ ရှားယွန်တောင် ဒူးထောက်ရပြီး ပွဲကြည့်စင်မြင့်ထက်က ပရိသတ် အားလုံးလည်း ဒူးထောက်ရပါတယ်။ ဘယ်သူမှ ဂါရဝမပြုပဲ မနေဝံ့ပါဘူး။

ချွှီချိုးရွှယ် အင်ပါယာ အစောင့်အရှောက်တွေရဲ့ အကြီးအကဲချုပ်၊ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်။

ဘယ်လိုမျိုး အထောက်အထားကိုပဲ သူမက အသုံးပြုပြု ကမ္ဘာကြီး တစ်ခုလုံးကို ခြိမ်းခြောက်ဖို့ လုံလောက်ပါတယ်။ ကြယ်ဥက္ကာ အင်ပါယာ တစ်ခုလုံးမှာ ဘုရင်ကိုးပါး၊ ဘယ်လက်ရုံး ညာလက်ရုံး အမတ်မင်း နှစ်ယောက်နဲ့ မဟာဗိုလ်ချုပ် ခုနစ်ယောက်ပဲ သူမနဲ့ အဆင့်တူမှာ ရပ်တည်နိုင်ပါတယ်။

ဒါပေမဲ့လည်း ချွှီချိုးရွှယ်က အမြဲတမ်းလိုလို ကေရီ ဘုရင်မ ဘေးမှာပဲ ရှိနေပြီး ဘုရင်မရဲ့ ယုံကြည်စိတ်ချရဆုံး လူတစ်ယောက်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါကြောင့် သူမက ကေရီ ဘုရင်မ ကိုယ်စား ထွက်ပေါ်လာရင် သူမရဲ့ အဆင့်အတန်းက တခြားသူတွေထက် ပိုပြီးတော့တောင် မြင့်မားသွားတယ်လို့ သတ်မှတ်နိုင်ပါတယ်။

ဒီလိုမျိုး အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ကိုယ်တိုင်ကိုယ်ကျ ရောက်လာခဲ့ပါပြီ။ ဘယ်သူကများ မထိတ်လန့်ပဲ နေမှာလဲ။

"ထနိုင်ပြီ"

ရှီရိုုးရှယ်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။ သူမက မယုံနိုင်စရာ ကောင်းလောက်အောင် ချောမောလှပသူ တစ်ယောက် ဖြစ်ပေမဲ့ ဒီအချိန်မှာ ဘယ်သူမှ သူမကို ဒုတိယအကြိမ် မကြည့်ပုံပါဘူး။ ဒီလိုမျိုး အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဒီလိုလက်ရွေးစင် တစ်ယောက် တကယ်လို့ သူမကို တစ်ယောက်ယောက်က စိုက်ကြည့်ပုံတယ်ဆိုရင် အဲဒါက သေကြောင်းကြံတာပဲ မဟုတ်လား။

အခုမှပဲ အားလုံးက မတ်တပ်ထရပ် ပုံပါတော့တယ်။ သူတို့အားလုံးက နားမလည်နိုင်အောင် ဖြစ်နေပြီး လုံးဂကို ခေါင်းခြောက်နေပါတယ်။ ဒါက အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်အတွက် လူထုအရှေ့မှာ စစ်မေးခြင်း တစ်ခုလေးပါပဲ။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ကေရီ ဘုရင်မရဲ့ စိတ်ဂင်စားမှုကို ဆွဲဆောင်နိုင်တာလဲ။

"ဒီနေ့ ငါဒီကိုလာရတဲ့ အကြောင်းရင်းက ကေရီ ဘုရင်မရဲ့ အမိန့်ကို လာဖတ်ပြခြင်းပဲ ဖြစ်တယ်"

ရှီရိုုးရှယ်က လင်းဟန်နဲ့ ကျောက်လန်ကို မျက်စိပေ့ကြည့်ပြီး ပြောလိုက်ပါတယ်။

ကေရီ ဘုရင်မက ဆုလာဘ်ချီးမြှင့်ဖို့ များလား။

ဒါဆိုရင် ကျောက်လန်အတွက်ပဲ ဖြစ်ပါလိမ့်မယ်။

အားလုံးက ဒါကို သေချာနေပါတယ်။ ကျောက်လန်က ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့ လျှို့ဝှက်ကြံစည်မှုကြီးကို ရှာတွေ့ခဲ့ပြီး နောက်ဆုံးမှာ သူတို့ကို နောက်ဆုတ်သွား စေခဲ့ပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ တာဝန်ထမ်းဆောင်မှု တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဧကရီ ဘုရင်မက သူ့ကို ထူးထူးချွန်ချွန် တာဝန်ထမ်းဆောင်မှုကြောင့် ဆုလာဘ်ချီးမြှင့်တာက သဘာဝကျပါတယ်။

နေပါဦး။ သူမက အခုလို အချိန်မျိုးမှာ လုပ်ဆောင်ဖို့ ရွေးချယ်ခဲ့တယ်။ အဲဒါက လင်းဟန်ရဲ့ သေခြင်းတရားကို လုံးဝကြေညာလိုက်တာပဲ မဟုတ်လား။

ကြည့်ရတာ နိုပ်စက်ညှင်းပန်းမှုကိုတောင် လုပ်နေစရာ မလိုတော့ပါဘူး။ ဧကရီ ဘုရင်မက ဒီကိစ္စနဲ့ ပတ်သက်ပြီး သူမရဲ့ အမြင်ကို ကြေညာလိုက်တာကြောင့် လင်းဟန်ကို ဆွဲခေါ်ပြီး ခေါင်းဖြတ် ကွပ်မျက်လိုက်ရုံပါပဲ။

ကျောက်လန်တောင် ဒီလိုမျိုး တွေးလိုက်မိပြီး ဂုဏ်ယူဝင့်ကြွားတဲ့ ဟန်ပန်အမူအရာ ဖြစ်လာပါတယ်။ သူ့ကို ဧကရီ ဘုရင်မက အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်ရဲ့

ဘွဲ့ထူးချီးမြှင့်မြှောက်စားခဲ့တာ မကြာသေးပါဘူး။ အခုသူ့ရဲ့ တာဝန်ထမ်းဆောင်မှုအတွက် နောက်တစ်ကြိမ် ဆုလာဘ်ပေးခံရမှာ ဖြစ်ပြီးတော့ သူ့ရဲ့ အဆင့်က နောက်တစ်ဆင့်ကို ထိုးတက်သွားပါလိမ့်မယ်။

ဟားဟားဟား အဆင့်ခြောက် စစ်ဘက်ဆိုင်ရာ အရာရှိ ရာထူးကို အသက်တစ်ထောင် မတိုင်ခင် ရောက်ရှိတဲ့သူ ဘယ်သူမှ မရှိခဲ့ပါဘူး။ အင်ပါယာထဲမှာတောင် ဒါက အရမ်းကို ရှားရှားပါးပါး တွေ့မြင်ရတာ ဖြစ်ပါတယ်။ လူတွေဘယ်လောက်တောင်များ မနာလိုဖြစ်ပြီးတော့ သေကြမလဲ ဆိုတာ ဘယ်သူသိမှာလဲ။

ရှီချိုးရွှယ်က အင်ပါယာ အမိန့်စာလွှာကို ဖြန့်လိုက်ပါတယ်။ ချက်ချင်းဆိုသလို ရွှေရောင် အလင်းတန်းတွေ နေရာအနှံ့အပြားကို ပျံ့နှံ့သွားပြီး ထိတ်လန့်စရာကောင်းတဲ့ ဖိအားတစ်ခု ထွက်ပေါ်လာပါတယ်။

"ဧကရီ ဘုရင်မ သက်တော်ရာကျော် ရှည်ပါစေ"

အားလုံးက ဧကရီ ဘုရင်မရဲ့ အမိန့်ကို လက်ခံဖို့ နောက်တစ်ကြိမ် ဒူးထောက်လိုက် ကြပါတယ်။

"အင်ပါယာက အမိန့်ချမှတ်လိုက်သည်"

ချီချိုးရွယ်က ကျယ်လောင်စွာနဲ့ ဖတ်လိုက်ပါတယ်။ သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်ပါတယ်။ ဒါကြောင့် သူမအတွက်တော့ အရမ်းကို ကျယ်လောင်စွာ ဖတ်ရှုဖို့ မလိုပါဘူး။ သူမရဲ့ နတ်ဘုရား အာရုံကို ဖြန့်ကျက်လိုက်သလိုပဲ သူမရဲ့ စကားလုံးတွေက အားလုံးကို ရှင်းရှင်းလင်းလင်းနဲ့ ကြားသိစေနိုင်ပါတယ်။

"လင်းဟာန်ကို အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်အဖြစ် ချီးမြှင့်လိုက်သည်"

ဖူး။

ချီချိုးရွယ်ရဲ့ နောက်ဆုံးစာလုံးတွေ ဖတ်ရှုသံကို ကြားလိုက်ရတဲ့ အချိန်မှာ အားလုံးက တံတွေးသီးကုန်ပါတယ်။ သူတို့က မျက်လုံးတွေပြူးနေပြီး ပါးစပ်အဟောင်းသား ဖြစ်ကုန်ပါတယ်။

အင်ပါယာရဲ့ အမိန့်က ကျောက်လန်အတွက် မဟုတ်ပဲ လင်းဟာန်အတွက် ဖြစ်နေပါတယ်။

ဒါ ဒါ ဒါက ဘာတွေ ဖြစ်ကုန်ပြီလဲ။

ဒီကောင်က သစ္စာဖောက် တစ်ယောက် မဟုတ်ဘူးလား။ ကျောက်လန်က ထာဂရ မိုးကောင်းကင် အင်ပါယာရဲ့

လျှို့ဝှက်ကြံစည်မှုကို ဖော်ထုတ်နိုင်တာကြောင့် ကြီးမားတဲ့ စွမ်းဆောင်နိုင်မှု တစ်ခုကို ဖော်ထုတ်ပြနိုင်ခဲ့တာ မဟုတ်ဘူးလား။

ဘယ်လိုလုပ် ဆန့်ကျင်ဘက်တွေ ဖြစ်ကုန်တာလဲ။

အားလုံးက မှင်တက်တွေဝေ ကုန်ပါတယ်။ ဒါပေမဲ့ သေနာပတိချုပ်ရှီက ဧကရီ ဘုရင်မရဲ့ သဘောထားကို လျစ်လျူရှုပြီးတော့ ဟာသလုပ်နေတာလား။

သောက်ကျိုးနည်း ဟာသ လုပ်ရမှာလား။

သူမက ဧကရီ ဘုရင်မရဲ့ အယုံကြည်ရဆုံး သေနာပတိချုပ် တစ်ယောက် ဖြစ်ပါတယ်။

လခွမ်း။ ဧကရီ ဘုရင်မက လင်းဟန်ကို သစ္စာဖောက် တစ်ယောက် မဟုတ်ဘူးလို့ မပြောပဲ အဲဒီအစား လင်းဟန်အတွက် အချိန်မီ အင်ပါယာအမိန့်တစ်ခု ကြေညာချက်ကို ထုတ်ပြန်ပေးဖို့ ရွေးချယ်ခဲ့ပါတယ်။ သူမရဲ့ ဆိုလိုရင်း အဓိပ္ပါယ်က ရှင်းနေတာပဲ မဟုတ်လား။

ဧကရီ ဘုရင်မက လင်းဟန် ဒီနေရာမှာ ရှိနေတာကို ကျေနပ်နေပုံပါပဲ။

သောက်ကျိုးနည်း။ ဘယ်သူကများ လင်းဟန်ကို သစ္စာဖောက် တစ်ယောက်လို့ ပြောပံ့ဦးမှာလဲ။ တကယ်လို့ လင်းဟန်ကို သစ္စာဖောက်လို့ တစ်စုံတစ်ယောက်က ခေါ်ပံ့ရင် အဲဒါက ကေရီ ဘုရင်မရဲ့ မျက်နှာကို ရိုက်ပစ်လိုက်တာပဲ မဟုတ်လား။

စကားအဖြစ် မေးရမယ်ဆိုရင် ဘယ်သူကများ ကေရီ ဘုရင်မရဲ့ မျက်နှာကို ရိုက်ပံ့မှာလဲ။ အင်း အဲဒီလောက် သတ္တိကောင်းတဲ့သူ ရှိလို့လား။

ကျောက်လန်ရဲ့ အစောပိုင်းက ဂုဏ်ယူဂင့်ကြွားတဲ့ အမူအရာက ချက်ချင်းဆိုသလို တစ်စစီ ပဲ့ကြွေသွားပါတယ်။ သူ့ခန္ဓာကိုယ်တောင် စတင်တုန်ခါ လာခဲ့ပါတယ်။

မဟာဗိုလ်ချုပ် တစ်ယောက်ရဲ့ သားအနေနဲ့ သူက အရမ်းကို အံ့သြဖို့ ကောင်းပါတယ်။ ဒါပေမဲ့ ကေရီ ဘုရင်မ လွှမ်းမိုးရှင်းရဲ့ အရှေ့မှာတော့ သူက ဘာဆိုဘာမှ မဟုတ်ပါဘူး။ သူ့ကိုအသာထား တကယ်လို့ သူ့အဖေဆိုရင်တောင် ဘာလုပ်လို့ ရမှာလဲ။ တကယ်လို့ ကေရီ ဘုရင်မက သူ့ကို သတ်ပစ်ချင်တယ်ဆိုရင် သူမအနေနဲ့ ညှာတာထောက်ထားနေစရာ မလိုပါဘူး။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဗိုလ်ချုပ်ရှစ်ယောက်ကနေ ခုနစ်ယောက် ဖြစ်လာစရာအကြောင်း မရှိပါဘူး။

ကေရီ ဘုရင်မ ကိုယ်တိုင်က လင်းဟန်ကို မျက်နှာသာပေးနေတာကို မင်းက သူ့ကို ချောက်ချချင် နေသေးတယ်။ ဒါက ကေရီ ဘုရင်မကို ဆန့်ကျင်တာပဲ မဟုတ်ဘူးလား။ ကြယ်ဥက္ကာ အင်ပါယာ အထဲမှာ ကေရီ ဘုရင်မကို ဆန့်ကျင်ပုံ့တယ်ဆိုတော့ မင်းကငတုံးငအ တစ်ယောက် ဖြစ်ပြီးတော့ သေရမှာကို မကြောက်လို့ပဲ ဖြစ်ပါလိမ့်မယ်။

ကျောက်လန်က အခုချိန်မှာ သူက ငတုံးငအ တစ်ယောက်လို့တောင် ခံစားနေရပြီး သေခြင်းတရားနဲ့ ပတ်သက်ပြီးတော့ အရမ်းကို ထိတ်လန့်ကြောက်ရွံ့ နေမိပါတယ်။

Chapter 1076 end

အပိုင်း(1077) ချီးမွမ်းထိုက်တဲ့ တာဂန်ကို ထမ်းဆောင်တဲ့သူက မမျှမတနဲ့ ဆက်ဆံတာမျိုး မခံရသင့်ဘူး

အရာအားလုံး လုံးဂကို ပြောင်းပြန်ဖြစ်ကုန်ပါတယ်။

ကေရီ ဘုရင်မက ရုတ်တရက် ဂင်ရောက်စွက်ဖက်လိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ။

အဆင့်ကိုး စစ်ဘက်ဆိုင်ရာ အရာရှိလေး တစ်ယောက်ရဲ့ ဒီလိုမျိုး အရေးမပါတဲ့ ကိစ္စလေး တစ်ခုက ကေရီ ဘုရင်မကို အင်ပါယာ

အမိန့်တစ်ခု ထုတ်ပြန်ကြေညာစေတဲ့အထိ ဖြစ်စေခဲ့ ပါတယ်။ နောက်ပြီးတော့ ရှီချိုးရှယ်လို အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်ကိုတောင် စေလွှတ်ခဲ့ပါတယ်။

ကေရီ ဘုရင်မက လင်းဟာန်ကို ဆုလာဘ်ချီးမြင့်တာ မဟုတ်သေးပါဘူး။

"လင်းဟာန် အမိန့်ကို လက်ခံပါ"

ရှီချိုးရှယ်က လင်းဟာန်ဆီကို အမိန့်စာလွှာ လွှဲပြောင်းပေးလိုက်ပါတယ်။

"ဟုတ်ကဲ့ပါ"

လင်းဟာန်က ရိုသေလေးစားစွာနဲ့ အမိန့်စာလွှာကို လက်ခံလိုက်ပြီး သူ့စိတ်ထဲကနေတော့ ကျိတ်ကာ လှောင်ပြောင်လိုက်ပါတယ်။ သောက်ရေးမပါတာ ဘာဖြစ်လို့ စောစော မလာတာလဲ။ ဒီလိုမျိုး ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေ တစ်ခုကို စောင့်နေပြီး နိုပ်စက်ညှင်းပန်းတာ ခံရလုနီးပါးတောင် ဖြစ်စေခဲ့ပါတယ်။

ရှီချိုးရှယ်က ဘေးဘီဂဲယာကို လှည့်ကြည့်ပြီး ကြေညာလိုက်ပါတယ်။

"ကေရီ ဘုရင်မက ပြောထားတယ်။ ချီးမွမ်းထိုက်တဲ့ တာဂန်ကို ထမ်းဆောင်နိုင်တဲ့သူက မမျှမတနဲ့ ဆက်ဆံတာမျိုး မခံရသင့်ဘူးတဲ့။ ပြီးတော့ ငါတို့ရဲ့ သစ္စာတော်ခံ လူတွေကို ခါးခါးသီးသီး စိတ်ပျက်သွားအောင် လုပ်ခွင့်မပြုသင့်ဘူး"

ဘယ်သူကများ ချီးမွမ်းထိုက်တဲ့ တာဂန်ကို ထမ်းဆောင်ခဲ့တာလဲ။

လင်းဟန်က ချီးမွမ်းထိုက်တဲ့ တာဂန်တစ်ခုကို ထမ်းဆောင်ခဲ့တာလား။ သူက တကယ်ပဲ ဘယ်လိုမျိုး ချီးမွမ်းထိုက်တဲ့ တာဂန်ကို ထူးထူးချွန်ချွန် ထမ်းရွက်ခဲ့တာလဲ။

ကျောက်လန်က ရုတ်တရက် အံ့ဩသွားခဲ့ပါတယ်။ လင်းဟန်က အခြေစိုက် စစ်စခန်းကို ပြန်ရောက်လာတဲ့ အခါမှာ ချက်ချင်းပဲ နံပါတ်ကိုး ဘုရင်ကို တိုက်တွန်းပြီး အင်ပါယာ မြို့တော်ကို ပြန်သွားခဲ့ပါတယ်။ အဲဒီအချိန်တုန်းက သူ့အနေနဲ့ လင်းဟန်ကို သူရဲဘောကြောင်တဲ့ လူတစ်ယောက်လို့ပဲ တွေးခဲ့မိပါတယ်။ တကယ်တော့ တစ်ဖက်ကမ်းမှာ နေလအဆင့် လက်ရွေးစင် ရာနဲ့ချီပြီးတော့ ရှိနေတယ် မဟုတ်လား။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် စောင့်ကြပ်မနေပဲနဲ့ ဘယ်သူကများ မကြောက်ပဲ နေမိမှာလဲ။

ဒါပေမဲ့ အခုသူက အဲဒီအကြောင်းကို ပြန်စဉ်းစားလိုက်မိတော့ လင်းဟန်က မယုံနိုင်စရာ ကောင်းလှတဲ့ လျှို့ဝှက်ချက်တချို့ကို ရှာတွေ့သွားခဲ့တာ ဖြစ်ပါလိမ့်မယ်။

ထာဝရမိုးကောင်းကင် အင်ပါယာ ဆုတ်ခွာသွားတဲ့ အချက်က လင်းဟန်နဲ့လည်း ပတ်သက်နေတာ ဖြစ်နိုင်မလား။

မထင်မှတ်ပဲ သူ့မျက်နှာက ရှုံ့မဲ့သွားပါတယ်။ ပထမ သူ့အနေနဲ့ ကြီးမားတဲ့ အောင်မြင်မှု တစ်ခုကို လုပ်နိုင်ခဲ့ပြီလို့ ထင်မှတ်ခဲ့ပါတယ်။ သူက လုံးဂကို နားလည်မှု လွဲမှားပြီးတော့ အမှားတစ်ခု ပြုလုပ်မိမယ်လို့ ဘယ်သူက တွေးမိမှာလဲ။

ဘာလို့လဲ။ ဘာလို့လဲ။ ဘာလို့လဲ။ သူက လင်းဟန်နဲ့ ဘယ်အချိန်ပဲ ပြဿနာဖြစ်ဖြစ် လင်းဟန်က ဘာဖြစ်လို့ အမြဲတမ်း အသာစီး ရနေတာလဲ။

ကျောက်လန်က အရမ်းကို စိတ်ရှုပ်လာပြီး သူ့ဆံပင်တွေကို ဆောင့်ဆွဲပစ်ချင်စိတ် ပေါက်လာပါတယ်။ ဘယ်လိုပဲကြည့်ကြည့် သူက လင်းဟန်က အဆပေါင်းများစွာ သာလွန်နေတယ် မဟုတ်ဘူးလား။ ဒါကြောင့် ဘာဖြစ်လို့ သူက အမြဲတမ်း လင်းဟန်ကို ရှုံးနိမ့် နေရတာလဲ။

ချွီချိုးရွှယ်ရဲ့ သတ်ဖြတ်ခြင်း ဆန္ဒတွေ မိုးထိအောင် ထိုးတက်လို့ နေပြီးတော့ သူမရဲ့ အကြည့်တွေက မျက်မြင်သက်သေ သုံးဆယ်ပေါ်ကို ကျရောက်ပြီး အဲဒီလူတွေက ထိတ်လန့်မှုကြောင့် ခန္ဓာကိုယ်တွေ တုန်ယင်လို့ လာပါတယ်။

သစ္စာရှိတဲ့ လူတွေကို ခါးခါးသီးသီး စိတ်ပျက်အောင် မလုပ်သင့်ဘူး။ ဒါက ဘာကိုဆိုလိုတာလဲ။

ဖြန်း။

ချွီချိုးရွှယ်က လှုပ်ရှားလိုက်ပါတယ်။ သူမရဲ့ လက်ဝါးနဲ့ ဘာမှမရှိတဲ့ လေထဲကို ဖိချလိုက်ပါတယ်။ ချက်ချင်းဆိုသလို လူတစ်ယောက်ရဲ့ ခေါင်းက တစ်စစီ ဖြစ်သွားပြီး သွေးတွေက နေရာအနှံ့ကို ပျံ့နှံ့သွားပါတယ်။

ဒါက စစ်ခုံရုံး ဖြစ်ပါတယ်။

စစ်ခုံရုံးရဲ့ လူမြင်ကွင်းရှေ့မှောက်မှာ လူသတ်မှု ကျူးလွန်တယ်ဆိုတော့ ဘယ်လောက်တောင် ဗိုလ်ကျစိုးမိုးလိုက်သလဲ။

ဟုတ်ပါတယ်။ ချွီချိုးရွှယ်က ဒီလိုမျိုး လုပ်ပုံ့လိမ့်မှာ မဟုတ်ပါဘူး။ သူမက ဇေရီ ဘုရင်မရဲ့ အင်ပါယာ အမိန့်ကို ကိုယ်စားပြုပါတယ်။

သူမက တရားဝင် အဆင့်မရှိတဲ့ ဒီလူတွေကို သတ်ပစ်တာ အသာထားဦး တရားဝင် အဆင့်ရှိတော့ရော ဘာဂရုစိုက်စရာ လိုမှာလဲ။

"မဟုတ်ဘူး ကျနော့်ကို မသတ်ပါနဲ့"

"အဲဒါက ကျောက်..."

"ဒါက ရှား.."

ဒီလူတွေက သူတို့နောက်ကွယ်မှာ ကျောက်လန်နဲ့ ရှားယွန်တို့ ရှိတယ်ဆိုတာကို ဖြောင့်ချက်ပေးဖို့ လုပ်လိုက်ပေမဲ့ ရှီချိုးရှယ်က သူတို့ကို ဒီအခွင့်အရေး မပေးခဲ့ပါဘူး။ သူမက လက်ဝါးရိုက်ချက်တွေ ပိုပိုထုတ်ဖော်လိုက်ပြီး အဲဒီလူနှစ်ဆယ်ကျော် သုံးဆယ်နီးပါးရဲ့ ခေါင်းတွေကို ရိုက်ပစ်ကာ ချက်ချင်းပဲ တစ်စစီ ဖြစ်သွားစေခဲ့ပါတယ်။ နီရဲနေတဲ့ သွေးတွေနဲ့ ဖြူဖွေးနေတဲ့ ဦးနှောက် အပိုင်းအစတွေက မြေကြီးပေါ်မှာ ပြန့်ကျဲကုန်ပါတယ်။

အားလုံးက ထိတ်လန့်တုန်လှုပ်မှုကြောင့် တုန်ခါလို့ နေပါတယ်။ ဒီကိစ္စအပေါ်မှာ ကေရီ ဘုရင်မက သူမရဲ့ ရပ်တည်မှုကို ဖော်ပြလိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကေရီ ဘုရင်မက နန်းတော်ထဲမှာပဲ နေထိုင်ပြီး ဘာကိုမှ မသိပဲ သူမရဲ့ နောက်လိုက်တွေက အလွယ်တကူနဲ့ အရှုံးလုပ်လို့ ရမယ်ဆိုပြီး မထင်လိုက်ပါနဲ့။ ကေရီ ဘုရင်မက ပိုပြီးတော့ အသေးစိတ်ကျတဲ့ အချက်အလက်တွေကိုတောင် သိရှိထားပြီး သူမဆီကနေ ဘာကိုမှ ဖုံးကွယ်ထားလို့ မရနိုင်ပါဘူး။

ကေရီ ဘုရင်မက မဟာဗိုလ်ချုပ်တွေရဲ့ အကြားက ရှုပ်ထွေးတဲ့ ပတ်သက်မှုတွေကို စိတ်မဝင်စားဘူး ဆိုတာ ပေါ်လွင်ပါတယ်။ ဒါက ကေရီ ဘုရင်မရဲ့ အင်ပါယာ ဖြစ်ပြီးတော့ မဟာဗိုလ်ချုပ် တစ်ယောက်မှ မပိုင်ဆိုင်ပါဘူး။

ဒါပေမဲ့လည်း ကေရီ ဘုရင်မက မဟာဗိုလ်ချုပ်ကျောက်နဲ့ မဟာဗိုလ်ချုပ် ရှားတို့အတွက် မျက်နှာသာနည်းနည်း ပေးခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ မျက်မြင်သက်သေတွေ ကွပ်မျက်ခံ လိုက်ရပေမဲ့ သူမက ကျောက်လန်နဲ့ ရှားယွန်တို့ကို ဒီကိစ္စထဲ ပါဝင်ပတ်သက်စေခြင်း မရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမက ဒီကိစ္စကို တကယ်တမ်း အပြစ်ပေးချင်တယ်ဆိုရင် ဒီနှစ်ယောက်လည်း ပြင်းထန်တဲ့ အပြစ်ဒဏ်တချို့ ခံရပါလိမ့်မယ်။

နောက်ပြီးတော့ ပိုစိတ်ဝင်စားစရာကောင်းတဲ့ အချက်က ဇေရီ ဘုရင်မဟာ လင်းဟန်ကို အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိအဖြစ် ချီးမြှောက်ခဲ့ပါတယ်။ ကျောက်လန်ကလည်း အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက် ဖြစ်ပါတယ်။ ကြယ်ဥက္ကာအင်ပါယာထဲမှာ အခုဆိုရင် သူတို့နှစ်ယောက်က အဆင့်ချင်း တူညီသွားပါပြီ။

ရှီချိုးရွယ်က သူမရဲ့လက်ကို ပြန်ရုပ်သိမ်းပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

"ငါအခု ပြန်တော့မယ်။ မင်းတို့ရဲ့ လူထုအရှေ့ စစ်ဆေးမေးမြန်းတာကို ဆက်ပြီး မနှောင့်ယှက်တော့ဘူး။ မင်းတို့ ဆက်ပြီးတော့ ကျင်းပနိုင်တယ်"

သူမက ပြောပြောဆိုဆို ထွက်သွားပါတယ်။

"သေနာပတိချုပ်ကို ကျနော်တို့ နှုတ်ဆက်ပါတယ်"

လူအုပ်ကြီးက နောက်တစ်ကြိမ် ဒူးထောက်လိုက်ပါတယ်။

ရှီချိုးရွယ် ထွက်သွားတာ အတော်ကြာပြီးတဲ့ နောက်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ပြိုင်ဘက်ကင်း အရှိန်အဝါလည်း ပျောက်ကွယ်သွားပါတယ်။

အားလုံးကို ကြည့်ရတာ အပြင်းအထန် ဖျားနာနေကြတဲ့ ပုံစံမျိုးနဲ့ သူတို့ရဲ့ မျက်နှာအမူအရာတွေ အရမ်းကို မြင်မကောင်းရှုမကောင်းအောင် ဖြစ်နေကြပါတယ်။

စောစောတုန်းက ချွီချိုးရှယ်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ အရှိန်အဝါကို တမင်သက်သက် ထုတ်ဖော်ခဲ့ပါတယ်။ အဲဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။ တကယ်လို့ သူမက သူတို့ကို သတ်ပစ်ဖို့ စိတ်ကူးထားရင် ဒီနေရာမှာ ရှိနေတဲ့ လူအားလုံးက ချက်ချင်းပဲ အသတ်ခံလိုက် ရပါလိမ့်မယ်။ သူတို့ရဲ့ စိတ်ဂိညာဉ်တွေက သူမရဲ့ ဖိအားအောက်မှာ တစ်စစီ ဖြစ်ကုန်ပါလိမ့်မယ်။

"ငါတို့တွေ ဆက်ပြီးတော့ စီရင်ကြဦးမှာလား"

ဂူထန်ချူက မေးလိုက်ပါတယ်။ သူ့အသံက အရမ်းကို တုန်ခါလို့ နေပါတယ်။

ဘာကိုဆက်ပြီးတော စုံစမ်းမေးမြန်း နေဦးမှာလဲ။

ကောရီ ဘုရင်မက လင်းဟန်ကို အင်ပါယာ အမိန့်ထုတ်ပြန်ပြီး ရာထူးတိုးပေးလိုက်ပါပြီ။ ပြီးတော့ သူတို့က ဆက်ပြီးတော့ စစ်ဆေးမေးမြန်း နေရဦးမှာလား။ သောက်ကျိုးနည်း မင်းခေါင်းမှ

ကောင်းသေးရဲ့လား။ ကေရီ ဘုရင်မရဲ့ သဘောထားကို ဆန့်ကျင်ဖို့ ရွေးချယ်လိုက်မယ်ဆိုရင် သူတို့က အသက်ရှင်ရတာ ငြီးငွေ့နေကြပြီလား။

"သေသေချာချာ စုံစမ်းမေးမြန်းပြီးတဲ့ နောက်မှာ စောစောတုန်းက မျက်မြင်သက်သေတွေ အားလုံးက လင်းဟာန်ကို တမင်သက်သက် အပြစ်မရှိ အပြစ်ရှာနေကြတယ် ဆိုတာကို ငါတို့တွေ အတည်ပြုလိုက်ပြီ။ နိုင်ငံတော်ကို သစ္စာဖောက်တဲ့ ပြစ်မှုကို ကျူးလွန်ခဲ့တယ် ဆိုတာက လုံးဝကို မှားယွင်းမှုကြီး တစ်ခုပဲဖြစ်တယ်"

ကုန်းချန်ဟဲအနေနဲ့ စာရွက်တွေ ရာနဲ့ချီပြီးတော့ မျိုချနေရသလို ခံစားလိုက်ရပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ ဘာမှရွေးချယ်စရာ မရှိပဲ ဆုံးဖြတ်ချက်ကို ကြေညာရပါဦးမယ်။

"လင်းဟာန်က အမှုကနေ တရားသေ လွတ်မြောက်သွားပြီ။ နောက်ပိုင်းမှာ ဒီကိစ္စနဲ့ပ ပတ်သက်ပြီး ဘယ်တော့မှ ပြောစရာ မလိုပါဘူး။ ဘယ်သူမဆို လင်းဟာန်ရဲ့ စစ်ဆေးမေးမြန်းမှုနဲ့ ပတ်သက်တဲ့ ကိစ္စကို ဆွေးနွေးပွဲ့ရင် အင်ပါယာရဲ့ တရားဝင် ချီးမြှင့်ထားတဲ့ အရာရှိကို စွပ်စွဲပြောဆိုတဲ့ ပြစ်မှုနဲ့ ရင်ဆိုင်ရမယ်"

ဒီလိုပြောပြီးတဲ့ နောက်မှာတော့ သူတို့သုံးယောက်က တစ်စုံတစ်ခု လက်ကနေ ထွက်ပြေးသလိုမျိုး ထွက်ခွာသွားကြပါတယ်။

သူတို့အနေနဲ့ ဒီနေရာမှာ ဆက်ပြီးတော့ မနေနိုင်တော့ပါဘူး။ လင်းဟန်ရဲ့ အကြည့်တွေ သူတို့ဘက်ကို ရောက်လာတိုင်း သူတို့ရဲ့ မျက်နှာတွေ ရှုံ့မဲ့ကုန်ပြီး နေရထိုင်ရတာ အရမ်းကို စိတ်ကသိကအောက် ဖြစ်သလိုမျိုး ခံစားနေရလို့ ဖြစ်ပါတယ်။

လူတိုင်း လူတိုင်း တဖြည်းဖြည်းနဲ့ ထွက်သွားကြပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ပဲ ဒီကိစ္စနဲ့ ပတ်သက်ပြီး အင်ပါယာ မြို့တော် တစ်ခုလုံးကို ပျံ့နှံ့သွားပါတယ်။

ဘယ်သူကမှ လင်းဟန်ရဲ့ စစ်ဆေးမေးမြန်း စုံစမ်းခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူကမှ နောက်တစ်ကြိမ် မပြောပံ့ကြတော့ပါဘူး။

ဧကရီ ဘုရင်မတောင် ဒီကိစ္စနဲ့ ပတ်သက်ပြီး သူမရဲ့ ရပ်တည်ချက်ကို ကြေညာခဲ့တယ် ဆိုမှတော့ ဘယ်သူကများ သူမရဲ့ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပံ့မှာလဲ။

ကြယ်ဥက္ကာ အင်ပါယာထဲမှာ ဧကရီ ဘုရင်မက အစစ်အမှန် နတ်ဘုရားတစ်ပါး ဖြစ်ပါတယ်။ သူမက မိုးကောင်းကင်နဲ့

ကမ္ဘာမြေကြီးလည်း ဖြစ်ပါတယ်။ သူမရဲ့ စကားလုံးတိုင်း သူမရဲ့ သဘောထားတိုင်းက အရာအားလုံးထက် သာလွန်ပါတယ်။

အဲဒီအချိန်မှာ လင်းဟန်က နောက်ဆုံးတော့ မဟာလင်း အင်ပါယာကို ပြန်နိုင်ပါပြီ။

အစောပိုင်းကတည်းက သူ့က ပြန်ဖို့ အစီအစဉ် ရှိပါတယ်။ ဒါပေမဲ့လည်း ရွှေခြင်္သေ့နိုင်ငံရဲ့ ရုတ်တရက် ကျူးကျော်လာမှုက သူ့ရဲ့ အစီအစဉ်တွေကို ကမောက်ကမ ဖြစ်သွားစေပြီးတော့ နောင့်နှေးသွားကာ နှစ်လလောက် ကြာသွားခဲ့ပါတယ်။

သူအနေနဲ့ ပြင်ဆင်သင့်တာတွေကို အစောကြီးကတည်းက ပြင်ဆင်ပြီးပါပြီ။ သူ ထွက်မသွားခင် ဆေးဆိုင်အတွက် မှော်ဆေးလုံးတွေ အများကြီးကိုလည်း သန့်စင်ပေးခဲ့ပါတယ်။ ပိုက်ဆံကတော့ ရှာရမယ်လေ။

"ငါလည်း နင်နဲ့အတူ လိုက်မယ်"

စွေ့ရန်ယွီက သူပြန်မဲ့ ကိစ္စနဲ့ ပတ်သက်ပြီး သိနေတာ ကြာပါပြီ။

လင်းဟန်က အသာအယာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါ့မိန်းမပဲလေ။ ဒီတော့ ငါ့အစ်ကိုတွေနဲ့ တွေ့ဆုံသင့်တယ်။ နောက်ပြီး မဟာလင်း အင်ပါယာကို ငါတို့ပြန်သွားပြီးတဲ့ နောက်မှာ

ငါတို့ရဲ့ မင်္ဂလာဦးညလေး ဖြစ်လာနိုင်ပြီး မင်းလည်း ငါ့အတွက် ကလေးတွေ မွေးပေးသင့်ပြီ”

“သွားစမ်းပါ”

စွေ့ရန်ယွီက ဒေါသထွက်ချင်ယောင် ဆောင်ပြီးတော့ သူ့ကို မျက်လုံးပြူးပြီး ကြည့်လိုက်ပါတယ်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ ဒုတိယမြောက်နေ့မှာ သူက စွေ့ရန်ယွီနဲ့ အတူ အင်ပါယာမြို့တော်ကနေ ထွက်လာပြီး မဟာလင်း အင်ပါယာဆီကို ခရီးထွက် လာခဲ့ကြပါတယ်။

သူတို့မှာ တိမ်ထိုးဖောက်ခြင်း လွှန်းပျံရှိပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က သူတို့ကို မိုးကောင်းကင်ပေါ်ကနေ ချောင်းမြောင်းတိုက်ခိုက်မှု တစ်ခုကို မလုပ်သေးသရွေ့ သူတို့ကို ဖမ်းမိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ သူတို့တွေ မဟာလင်း အင်ပါယာကို ပြန်လာတဲ့ အချိန်မှာ အန္တရာယ်တွေလည်း ရှိတယ်လို့ သတ်မှတ်နိုင်ပါတယ်။ အဲဒီမှာ စောင့်ကြပ်ပေးမဲ့ လက်ရွေးစင်တွေလည်း မရှိပါဘူး။ တကယ်လို့ လင်းဟာန်က ကြယ်ဥက္ကာ အင်ပါယာရဲ့ အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ

အရာရှိတစ်ယောက် ဖြစ်နေတော့ရော အဲဒါက အသုံးမဝင်ပါဘူး။ ဘယ်သူက ဂရုစိုက်လိမ့်မှာလဲ။

ဒါပေမဲ့လည်း ဒီလောက်အကြာကြီး ခွဲလာပြီးတဲ့ နောက်မှာတော့ လင်းဟန်က သေချာပေါက် တစ်ကြိမ်လောက် ပြန်ရပါလိမ့်မယ်။ ဟိုးအရင်က လင်းဟန်အနေနဲ့ ဓားစာခံတစ်ယောက်ဆိုတဲ့ အဆင့်အတန်းကြောင့် ပြန်လို့မရခဲ့ပါဘူး။ အခုသူ့မှာ အခွင့်အရေး ရလာခဲ့ပါပြီ။ ဒါကြောင့် သူက သေချာပေါက် မဟာလင်း အင်ပါယာဆီ ပြန်ရပါမယ်။

တကယ်လို့ မဟာလင်း အင်ပါယာက တကယ့်ကို စည်ပင်ဝပြောပြီး တိုးတက်လာမယ်ဆိုရင် သူ့အနေနဲ့ သူ့မိဘ၊ သူ့သားနဲ့ သူ့မိန်းကလေး သူငယ်ချင်းတွေကို ရှာရပါမယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက လေကိုထိုးခွင်းပြီးတော့ လျှပ်စီးအလင်းလို လျင်မြန်စွာနဲ့ ပျံညွန်းလာခဲ့ပါတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေရဲ့ မျက်လုံးနဲ့တောင် မြင်တွေ့နိုင်ခြင်း မရှိပါဘူး။ တကယ်လို့ နေလအဆင့် လက်ရွေးစင်တွေက အစွမ်းကုန် ကြိုးစားအားထုတ်ပြီး လိုက်ဖမ်းမယ် ဆိုရင်တောင် သူတို့မှာ အစွမ်းကင်းမဲ့ပြီး ဖမ်းနိုင်မှာ မဟုတ်ဘူးလို့ ခံစားသွားနိုင်ပါတယ်။

လဂက်ခန့် ကြာပြီးတဲ့နောက်မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံက လင်းဟန်တို့ စုံတွဲကြို မဟာလင်း အင်ပါယာဆီ သယ်ဆောင်လာခဲ့ပါတယ်။

နောက်ဆုံးတော့ သူပြန်ရောက်လာခဲ့ပါပြီ။

လင်းဟန်က အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပါတယ်။ သူက အခုဆိုရင် တန်ခိုးရှင် တစ်ယောက် ဖြစ်နေပေမဲ့ သူ့ရဲ့ မူလကမ္ဘာနဲ့ ပတ်သက်လာရင် အရမ်းကို စိတ်လှုပ်ရှားနေဆဲပါပဲ။

ဟုမ်း။

အင်ပါယာ မြို့တော်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဂဏ်ပါက အသက်ဝင်သွားပြီး တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ပစ်မှတ်ထားလိုက်ပါတယ်။ ဒါပေမဲ့လည်း ဒါက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာပဲ ရှိတဲ့ ဂဏ်ပါလေး တစ်ခုပါပဲ။ ဒါကြောင့် နိုင်ငံစွမ်းအားနဲ့ မြှင့်တင်ထားတာတောင် တိမ်ထိုးဖောက်ခြင်း လွန်းပျံကို နည်းနည်းလေး ပျက်စီးသွားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက အနည်းငယ် တုန်ခါသွားပြီး ဂက်ပါကို စုတ်ဖြဲကာ ဂင်လာပြီး အင်ပါယာ နန်းတော်ပေါ်ကို ဆင်းသက်လာခဲ့ပါတယ်။

"ဘယ်သူလဲကွ"

ရုတ်ချည်းဆိုသလို အင်ပါယာ နန်းတော်ထဲက လူတွေအားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွား ကြပါတယ်။

Chapter 1077 end

အပိုင်း(1078) မဟာလင်း အင်ပါယာသို့ ပြန်ရောက်ခြင်း

ကာကွယ်ရေး ဂက်ပါ အစီအရင် ကျိုးပျက်သွားတဲ့ အခိုက်အတန့်မှာ အထိမ်းအမှတ် ရုပ်တုက အရင်ဆုံး အင်ပါယာမြို့တော်ထဲကို သတိပေးချက် တစ်ခုကို ထုတ်လွှတ်လိုက်ပါတယ်။

ဒါကြောင့် ဖန်ပိုယွမ်၊ မိုးရေကေရာဇ်၊ မုယောင်ချင်း၊ ဟော့လျန်ထန်းယွင်နဲ့ တခြားသူတွေက စစ်သားတွေ အများကြီးနဲ့အတူ ထွက်လာပြီး တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ဝိုင်းထားလိုက် ကြပါတယ်။

သူတို့မှာ နိုင်ငံ့အုပ်ချုပ်သူ တစ်ယောက် မရှိတော့တာကြောင့် သူတို့ကို ဒါက အနိုင်ကျင့် စော်ကားတာလား။ သူတို့ကို အခုလိုမျိုး လှောင်ပြောင်သရော်ပုံ့တယ်ပေါ့။

"ဟင့် ဒီအစုတ်ပလုတ် လွန်းပျံယာဉ်ကို ငါတစ်စစီဖြစ်အောင် လုပ်ပြမယ်"

ဟော့လျန်ထန်းယွင်က ခြေမြန်လက်မြန် စိတ်သဘောထားရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ ဆယ်နှစ်အောက်လောက်ပဲ ရှိသေးပေမဲ့ သူထုတ်လွှတ်ထားတဲ့ အရှိန်အဝါက အံ့အားသင့်စရာ ကောင်းလောက်အောင် တန်ခိုးရှင် အဆင့်ကို ရောက်နေပါပြီ။ သူက လက်သီးတစ်ချက် ထိုးလိုက်တဲ့ အခါမှာ မိုးကောင်းကင်ပေါ်ကို တစ်ဟုန်ထိုး တက်သွားတဲ့ အနက်ရောင် နဂါးကြီး တစ်ကောင်အဖြစ်ကို ပြောင်းလဲသွားပြီး တိမ်ထိုးဖောက်ခြင်း လွန်းပျံဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

"အာပုး"

ရောမ မိစ္ဆာသားရဲ တစ်ကောင် ထွက်ပေါ်လာပြီး သူ့ရဲ့ လက်သည်းတွေနဲ့ အနက်ရောင် နဂါးကြီးကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ကုတ်ခြစ်ပစ်လိုက်ပါတယ်။ အဲဒါကို

ကြည့်ရတာ မယုံနိုင်စရာ ကောင်းလောက်အောင် လွယ်ကူနေလွန်းပါတယ်။

"ဟားဟားဟား ငါ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က နောက်တစ်ကြိမ် ပြန်ရောက်လာပြီပေါ့"

"ဘာ"

ဟော့လျန်ထန်းယွင်နဲ့ တခြားသူတွေ အားလုံးပဲ အံ့အားသင့် ကုန်ကြပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဘယ်သူလဲ ဆိုတာကို သူတို့တွေ ကောင်းကောင်းကြီး သိတာပေါ့။ သိပ်မကြာခင် အချိန်တုန်းက မာထို့ပေါင် မိုးကောင်းကင်ကို ခွဲဖွင့်တဲ့ အခါမှာ သူက ဂိုဏ်းကြီး ငါးဂိုဏ်းက လူတွေနဲ့အတူ ရောက်လာပြီး လင်းဟန်ကို သတ်ဖြတ်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် သူက လင်းဟန်ရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်ရပါတယ်။

ဒီကောင့်ကို လင်းဟန်က ထိန်းချုပ်ထားခဲ့တာ မဟုတ်လား။ ဘာဖြစ်လို့ သူက အခု နောက်ထပ် တစ်ကြိမ် ထွက်ပေါ်လာတာလဲ။ နောက်ပြီးတော့ သူက အရမ်းကို အစွမ်းထက်လာပြီး ဟော့လျန်ထန်းယွင်ရဲ့ တိုက်ခိုက်မှု တစ်ခုကိုတောင် အလွယ်တကူနဲ့ ချေဖျက်ပစ် နိုင်ခဲ့ပါတယ်။

တစ်ခုသိထားရမှာက ဟော့လျန်ထန်းယွင်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို နှစ်ဘဝတိုင်တိုင် ကျင့်ကြံအားထုတ်ခဲ့ပြီး အခုဆို တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဝင်ရောက် လာခဲ့ပါပြီ။ မိုးကောင်းကင်ကို လင်းဟန် ခွဲဖွင့်တဲ့ အချိန်မှာ သူ့စွမ်းအားက ကြယ်ဆယ့်လေးလုံးကို ရောက်နေပြီး မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ မဟာလင်း အင်ပါယာရဲ့ အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပြီးတဲ့ နောက်မှာ သူလည်း မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဆုလာဘ်ကို လက်ခံရရှိခဲ့ပါတယ်။ သူ့ရဲ့ ကံကောင်းခြင်းက လင်းဟန်လောက် မများပေမဲ့ သူက ကြယ်နှစ်လုံး တိုးမြှင့်ပေးခြင်းကို ခံခဲ့ရပါတယ်။

ခွန်အားတစ်ခုတည်းမှာတင် သူက ကြယ်ဆယ့်ခြောက်လုံးကို ရောက်နေပါပြီ။ ဒီလိုမျိုး အခြေခံမျိုးက အရမ်းကို နက်ရှိုင်းပြီး အံ့အားသင့်စရာ ကောင်းပါတယ်။ တောင်မြစ်အဆင့်ကို သူအဆင့်တက်သွားတဲ့ အချိန်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးလုံးကို သာလွန်နေပြီး အဲဒါက မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှု တစ်ခုကို အလွယ်တကူ ချေဖျက်ပစ်နိုင်ခဲ့ပါတယ်။

ဒါဆိုရင် ဒီမကောင်းဆိုးဝါးက ဘယ်လောက်တောင် အစွမ်းထက်လာလိုက်သလဲ။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်ဟာ သူထွက်ပေါ်လာခဲ့တယ် ဆိုမှတော့ လင်းဟန်ကရော ဘယ်ရောက်သွားလဲ။ သူက လင်းဟန်ကို သတ်ပစ်နိုင်ခဲ့တာများ ဖြစ်နေမလား။

ပုန်း။

အဲဒီအခိုက်အတန့် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ သူက လက်တစ်ဖက်ကို မြှောက်ပြီးတော့ မို့စွာသားရဲ ဂံပုလွေရဲ့ ခေါင်းကို ခေါက်လိုက်ပါတယ်။

"မင်းက ဘာတွေများ ဆောင့်ကြွားဆောင့်ကြွားနဲ့ လုပ်နေတာလဲ"

"ဟီးဟီး ဒီသတ်ဖြတ်သူလေးက ကျနော်တို့ရဲ့ ဇာတိကို ပြန်ရောက်လာလို့ နည်းနည်းလေး စိတ်လှုပ်ရှားသွား မိတာပါ။ ကျေးဇူးပြုပြီးတော့ ကျနော့်ကို ခွင့်လွှတ်ပေးပါ ဆရာသခင်"

မို့စွာဂံပုလွေရဲ့ စောစောတုန်းက ဆောင့်ကြွားကြွားနိုင်တဲ့ အမူအရာတွေက ချက်ချင်းပဲ ပျောက်ကွယ်သွားပြီး အမိန့်နာခံတတ်တဲ့ ခွေးပေါက်လေး တစ်ကောင် အဖြစ်ကို

ပြောင်းလဲသွားကာ သူ့အမြီးကိုတောင် ပြင်းပြင်းထန်ထန် ဝှေ့ယမ်းပြနေပါတယ်။

လပြွတ်ပဲ။ ဒီကောင့်ရဲ့ အမူအရာ ပြောင်းလဲတာက အရမ်းကို လျင်မြန်လွန်းတာပဲ။

"နံပါတ်လေး ညီလေး"

"အရှင်မင်းကြီး"

"ဆရာ"

"သခင်လေးလင်း"

"လင်းဟန်"

ဖန်းပိုယွမ်၊ တင်းပင်း၊ ကန်းရီနဲ့ ဘုရင်ခုနစ်ပါးလို ကာကွယ်စောင့်ရှောက်သူ အမျိုးမျိုးကလည်း အံ့အားသင့်စွာနဲ့ ခေါ်လိုက်မိပါတယ်။ လင်းဟန် ပြန်ရောက်လာခဲ့ပါပြီ။

"အစ်ကိုကြီး၊ နံပါတ်နှစ်အစ်ကို၊ နံပါတ်သုံး အစ်ကို"

လင်းဟန်က အလျင်အမြန် ပြေးသွားပြီး ဖန်ပိုယွမ်နဲ့ တခြားသူတွေကို ပွေ့ဖက်လိုက်ပါတယ်။

ဒီယောကျာ်းအုပ်စုက လွယ်လွယ်နဲ့ မျက်ရည်မထွက်ဘူး ဆိုရင်တောင် သူတို့က အခုချိန်မှာ မထိန်းနိုင်ပဲ မျက်ရည်တွေ စီးကျလာပါတယ်။ တချိန်တည်းမှာပဲ သူတို့က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီး အဲဒါက အနောက်ကနေ လိုက်လာတဲ့ စွေ့ရန်ယွီကို သိချင်စိတ်တွေနဲ့ ကြည့်ရှုလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူမအနေနဲ့ လင်းဟာန်ကို ဒီလိုမျက်နှာမျိုးနဲ့ ဘယ်တုန်းကမှ မမြင်တွေ့ဖူးပါဘူး။

ဒါက တကယ်ပဲ လင်းဟာန်မှ ဟုတ်ရဲ့လား။ အင်ပါယာ မြို့တော်ထဲမှာ သူက တကယ့်ကို မျက်နှာတည်ပြီး အမြဲတမ်း တစ်ယောက်တည်းနေကာ မျက်နှာဖုံး တစ်ခုကို တပ်ဆင်ထား သလိုပါပဲ။ သူ့ရဲ့ နှလုံးသားကိုလည်း ပိတ်ဆို့ထားပါတယ်။ အခုချိန်မှာ သူ့ရဲ့ ဟန်ဆောင် မျက်နှာဖုံး ကွာကျသွားပြီး သူ့ရဲ့ အစစ်မှန်ဆုံး မျက်နှာကို ဒီနေရာမှပဲ ထုတ်ဖော်ပြသ ခဲ့ပါတယ်။

သူမက ကျေနပ်ပီတိ ဖြစ်စွာနဲ့ ကြည့်နေပါတယ်။ ဒီယောကျာ်း ပိုပြီးတော့ ကျေနပ်ပျော်ရွှင်လေ သူမလည်း ပိုပျော်ရလေပါပဲ။

"သူက...."

အားလုံးက စွေ့ရန်ယွီကို သတိပြုမိသွားခဲ့ပြီး သူမဆီကနေ အစွမ်းထက်တဲ့ အရှိန်အဝါတစ်ခု ထွက်ပေါ်နေတာကိုလည်း

အာရုံခံမိပါတယ်။ ဒါက ပိုပြီးတော့ မြင့်မားတဲ့ အဆင့်တစ်ခု ဖိနှိပ်ထိန်းချုပ်ခြင်း ဖြစ်ပါတယ်။ ဘယ်ပါရမီရှင်မှ ကျော်လွှားနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

သူမကလည်း ဟော့လျန်ထန်းယွင်လို တန်ခိုးရှင် အဆင့်ပဲ ဖြစ်ပါတယ်။

"အော် သူက ကျနော့်မိန်းမ စွေ့ရန်ယွီတဲ့"

လင်းဟာန်က ပြုံးပြီးတော့ မိတ်ဆက်ပေးလိုက်ပါတယ်။

စွေ့ရန်ယွီက ရှက်လည်းရှက် ကျေလည်းကျေနပ် သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ လူတွေအများကြီး ရှိနေတာကြောင့် သူမက လင်းဟာန်ကို ရှက်ရှက်နဲ့ ဆိတ်လိုက်ပါတယ်။ သူမက ခေါင်းကို အနည်းငယ် ငုံ့ပြီးတော့ ပြောလိုက်တယ်။

"ရန်ယုက အစ်ကိုကြီး၊ နံပါတ်နှစ် အစ်ကိုနဲ့ နံပါတ်သုံး အစ်ကိုကို ဂါရဝ ပြုပါတယ်ရှင်"

စောစောကပဲ ဖန်ပိုယွမ်နဲ့ တခြားသူတွေကို လင်းဟာန် ခေါ်တာကို သူမ ကြည့်နေခဲ့ပါတယ်။ ဒါကြောင့် ဒီလူသုံးယောက်က လင်းဟာန်ရဲ့ သွေးသောက် ညီအစ်ကိုတွေ ဆိုတာကို သူမ သတိပြုမိ သွားခဲ့ပါတယ်။

"ဟင် ဒါဆိုရင် ငါ့ကျတော့ရော"

ဟော့လျန်ထန်းယွင်က မကျေမနပ် ဖြစ်သွားပါတယ်။ သောက်ကျိုးနည်း ငါက ဘိုးဘေး အဆင့်မှာ ရှိတယ်လေ။ ဘာဖြစ်လို့ သူမက သူ့ကို နှုတ်မဆက်တာလဲ။

"သူ့ကို ခေါင်းထဲမထည့်နဲ့။ သူက အရှက်မရှိတဲ့ အဘိုးကြီး တစ်ယောက်က ငယ်သလိုလို ဟန်ဆောင်နေတာ"

လင်းဟန်က ဟော့လျန်ထန်းယွင်ကို ဘေးမှာထားပြီး စနောက်လိုက်တာက ဟော့လျန်ထန်းယွင်ကို ဒေါသထွက်သွား စေခဲ့ပါတယ်။ ပုံမှန်အားဖြင့် ပြောရမယ်ဆိုရင် လင်းဟန်က သူ့ကို ဘိုးဘေးလို့တောင် ခေါ်သင့်ပါတယ်။ သေစမ်းကွာ သောက်ကျိုးနည်း။

"ဆရာကတော်"

တင်းပင်းက ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပြီး ဒီလိုမျိုး ချောမောလှပတဲ့ ဆရာကတော် တစ်ယောက်ကို ကြည့်ဖို့ အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်နေပါတယ်။

လင်းဟန်က သူ့ကို မျက်စိပေ့ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မဆိုးဘူး။ ငါထွက်သွားတာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်။ မင်းက စိတ်ဂိညာဉ် နတ်သူငယ် အဆင့်ထိ ကျင့်ကြံနိုင်ခဲ့ပြီ။ ဒီတစ်ကြိမ် ငါမင်းကို သီးသန့်သင်ခန်းစာတွေ သင်ပေးမယ်။ ငါထွက်မသွားခင် မင်းကို တန်ခိုးရှင်အဆင့်ထိ အဆင့်တက်အောင် လုပ်ပေးရမယ်"

"နံပါတ်လေး ညီလေး မင်း နောက်တစ်ကြိမ် ထွက်သွားဦးမှာလား"

ဖန်ပိုယွမ်က မေးလိုက်တယ်။

လင်းဟာန်က ပြုံးပြပြီးတော့ ပြောလိုက်တယ်။

"ဒီတစ်ခါတော့ ကျနော်တစ်ယောက်တည်း ထွက်သွားရမှာ မဟုတ်ဘူး။ အစ်ကိုတို့ အားလုံးလည်း ကျနော်နဲ့အတူ လိုက်ခဲ့ရမယ်။ ကြယ်ဥက္ကာ အင်ပါယာထဲမှာ ကျနော် အခြေခံအုတ်မြစ် တချို့ကို တည်ဆောက်ပြီးသွားပြီ။ အခုကျနော် အစ်ကိုတို့ အားလုံးက ကူညီပေးမဲ့ လက်တစ်ဖက်ကို လိုနေပြီ"

ဖန်ပိုယွမ်နဲ့ တခြားသူတွေ အားလုံးပဲ အကြီးအကျယ် ကျေနပ်သွားခဲ့ပါတယ်။ သူတို့အားလုံးက ဂုဏ်ယူဖွယ်ရာ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပြီး တစ်ယောက်ချင်းစီက မယုံစရာကောင်းတဲ့ ပါရမီကိုယ်စီ ရှိကြပါတယ်။ ကမ္ဘာငယ်လေး တစ်ခုထဲမှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ ရောက်အောင်လို့

ကျင့်ကြံအားထုတ်နိုင်စွမ်းရှိတဲ့ လူဆိုတာ ဘယ်လောက်တောင် ရှားပါး လိုက်သလဲ။ သူတို့က တန်ခိုးရှင် ဘုံထဲကိုတောင် သူတို့လမ်းကြောင်းကို ဖောက်ပြီးတော့ ရောက်လာခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့မဟာလင်း အင်ပါယာကို ကာကွယ်ဖို့အတွက် ဓားစာခံ အဖြစ်နဲ့ အဝေးကို ခေါ်ဆောင်သွားခြင်း ခံခဲ့ရပါတယ်။

အခုလင်းဟန်က အခြေခံ အုတ်မြစ်တချို့ကို တည်ဆောက်ခဲ့ပြီးပြီဆိုတော့ သူတို့က ကျေနပ်ပီတိ ဖြစ်ပြီးတော့ အံ့အားသင့်သွားတာ သဘာဝ ကျပါတယ်။

"နံပါတ်လေး ညီလေး မင်းက တကယ့်ကို မယုံကြည်နိုင်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ။ ငါထင်တာ နောက်ထပ် ရာစုနှစ် အနည်းငယ် ကြာပြီးမှပဲ မင်းကို နောက်တစ်ကြိမ် ထပ်တွေ့ရမယ် ထင်နေတာ"

မိုးရေကရာဇ်က ရယ်မောလိုက်ပါတယ်။ ဒါက လေလုံးထွားပြီး မြှောက်ပင့်ပြောဆိုတာ မဟုတ်ပါဘူး။ တန်ခိုးရှင်ဘုံက ဘယ်လိုမျိုး နေရာလည်း ဆိုတာကို သိရပါမယ်။ အဲဒါက လင်းဟန်ကို သုညကနေ ပြန်ပြီးတော့ စတင်ရတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

စွေ့ရန်ယို့ တစ်ယောက်ပဲ လင်းဟန်အနေနဲ့ လွှန်ခဲ့တဲ့ တစ်နှစ်ကျော် အချိန်တုန်းက ဘယ်လောက်ထိ အံ့အားသင့်စရာကောင်းတဲ့

အောင်မြင်မှုတွေကို ရရှိခဲ့လဲ ဆိုတာနဲ့ ပတ်သက်ပြီး ကောင်းကောင်းကြီး သိပါတယ်။ အဲဒီအချက်တွေက သူမရဲ့ နှလုံးသားကို လှုပ်ခါစေပြီး သူမရဲ့ မျက်လုံးတွေကိုတောင် ပြူးသွားစေပါတယ်။

"လာခဲ့ လာခဲ့ လာခဲ့။ နံပါတ်လေး ညီလေး ပြီးခဲ့တဲ့ နှစ်ကို မင်းဘယ်လိုတွေ ဖြတ်ကျော်ခဲ့လဲ ဆိုတာကို ငါတို့ကို ပြောပြပါဦး"

မုယောင်ချင်းက လင်းဟန်ကို ဆွဲခေါ်လိုက်ပါတယ်။

"အိုး ဟုတ်သားပဲ အခု မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်လောက်ရောက်ပြီလဲ"

ဒီမေးခွန်းက အားလုံးရဲ့ သိချင်စိတ်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ တကယ်တော့ ကျင့်ကြံသူတွေ အတွက်ဆို ကျင့်ကြံခြင်း အဆင့်က အရမ်းကို အရေးပါဆုံး အရာတစ်ခု ဖြစ်ပါတယ်။

အားလုံးက သူ့ရဲ့ ယုံကြည်စိတ်ချရတဲ့ လူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်အနေနဲ့ ဘာကိုမှ ဖုံးကွယ်ထားစရာ မလိုပါဘူး။ ဒါကြောင့် သူက ပြန်ဖြေလိုက်ပါတယ်။

"ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ပါ"

ဖူး။

ရုတ်ချည်းဆိုသလို ဟော့လျှန်ထန်းယွင်က တံတွေးသီးသွားခဲ့ပါတယ်။ ဒီနေရာမှာ သူတစ်ယောက်ပဲ တန်ခိုးရှင်အဆင့်ကို ရောက်ပါသေးတယ်။ ဒါကြောင့် တောင်မြစ်အဆင့်ကို အဆင့်တက်ရတာနဲ့ ပတ်သက်ပြီး ဘယ်လောက်တောင် ခက်ခဲလဲ ဆိုတာကို သူကောင်းကောင်း နားလည်သဘောပေါက်ထားပါတယ်။ ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ်အဆင့်ကို အသာထားဦး တကယ်လို့ လင်းဟန်က ကနဦးအဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်နေရင်တောင် အဲဒါက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းနေပါပြီ။

သူတောင်မှ ကနဦးအဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ပြီးတော့ အဆင့်ချိုးဖျက် တက်ရောက်မဲ့ အရိပ်အယောင်တောင် နည်းနည်းလေးမှ မရှိသေးပါဘူး။

အဲဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်းအရင်းအမြစ်တွေက ရှာမရနိုင်ပါဘူး။ ဒီနေရာမှာ သူ့အနေနဲ့ ဘယ်လိုလုပ်ပြီးတော့ အစစ်အမှန် မူလကျောက်တုံးတွေ ဒါမှမဟုတ် နတ်ဘုရား ဆေးလုံး အမျိုးမျိုးကို ရယူနိုင်စွမ်း ရှိမှာလဲ။

"ကောင်စုတ်လေး မင်းကတော့ အမြဲတမ်း လူထူးလူဆန်း တစ်ယောက်လို ထူးထူးဆန်းဆန်းတွေ လုပ်ပြနေနိုင်တာပဲ"

သူက အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့လို ဘဂနစ်ခု ရှင်သန်နိုင်တဲ့ အချက်က အံ့ဩစရာ အရမ်းကို ကောင်းနေတာတောင် လင်းဟာန်အတွက် သူက ပြိုင်ဘက်မဟုတ် သေးပါဘူး။

စွေ့ရန်ယွီကလည်း အံ့အားသင့် မိပါတယ်။ လင်းဟာန်က မိုးကောင်းကင်ကို ခွဲဖွင့်လာတယ် ဆိုတာကို သူမသိထားပါတယ်။ ပြီးတော့ လင်းဟာန်ရဲ့ နောက်ခံနဲ့ ပတ်သက်ပြီးတော့လည်း သူနဲ့ ရင်းနှီးလာတဲ့ အခါမှာ ပြောတာကို ကြားဖူးခဲ့ပါတယ်။ ဒါကြောင့် ဒီလူတွေမှာ တန်ခိုးရှင်အဆင့် နောက်ခံတွေ မရှိဘူးဆိုတာကို သိပါတယ်။

ဒါတောင်မှ ပော့လျန်ထန်းယွင်က တောင်မြစ်အဆင့်ကို အဆင့်တက်နိုင်ခဲ့ ပါသေးတယ်။ ဒါက အရမ်းကို မယုံကြည်နိုင်စရာ ကောင်းလွန်းနေပါပြီ။ တကယ်လို့ သူမက ဒီအကြောင်းကို တခြားသူတွေကို ပြောပြမယ်ဆိုရင် ဘယ်သူကမှ သူမရဲ့ စကားတွေကို ယုံကြည်ကြလိမ့်မှာ မဟုတ်ပါဘူး။

သူတို့အတွက်တော့ ကမ္ဘာငယ်လေး တစ်ခုထဲမှာ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာနိုင်စွမ်း ရှိတာက ဒီနေရာမှာ တကယ့်ကို အထွတ်အထိပ် ပါရမီရှင်တွေ စုဝေးနေလို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“လာလာ ကျနော်တို့တွေ လမ်းလျှောက်ရင်းနဲ့ စကားပြောတာပေါ့”

ညီအစ်ကို လေးယောက်နဲ့အတူ ဟော့လျန်ထန်းယွင် တင်းပင်းနဲ့ လင်ဟန်ရဲ့ အရင်းနှီးဆုံး လူတွေ အတူတကွ လျှောက်လာကြပါတယ်။ သူတို့တွေက အရက်တွေ သောက်ရင်းနဲ့ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သူ့ရဲ့အတွေ့အကြုံတွေ အကြောင်းနဲ့ ပတ်သက်ပြီး ပြောပြတာကို နားထောင်ခဲ့ ကြပါတယ်။ သူတို့အားလုံးက အမျိုးမျိုးသော စိတ်လှုပ်ရှားမှုတွေကို ခံစားရပြီး ချက်ချင်းပဲ ဒီကမ္ဘာကြီးထဲကနေ အကန့်အသတ် ကင်းမဲ့တဲ့ တန်ခိုးရှင်ဘုံထဲကို တစ်ဟုန်ထိုး ပြေးသွားပြီး သူတို့ကိုယ်တိုင် လမ်းသစ်ဖောက်ကာ စွန့်စားချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။

လင်းဟန်ရဲ့ စကားတွေ အဆုံးသတ်သွားတဲ့ အခါမှာ ဖန်ပိုယွမ်နဲ့ တခြားသူတွေက မဟာလင်း အင်ပါယာထဲက အခြေအနေတွေနဲ့ ပတ်သက်ပြီး ပြန်ပြောပြကြပါတယ်။ မကောင်းမှုတွေကို လုပ်ဆောင်ဖို့ လျှို့ဝှက်ကြံစည် နေကြပါတယ်။

Chapter 1078 end

အပိုင်း(1079) အားလုံး ကျင့်ကြံအားထုတ်ခြင်း

“နံပါတ်လေး ညီလေး မင်းက အတော်ကြာအောင် ပြန်မလာတဲ့အတွက် လူတချို့မှာ မသင့်လျော်တဲ့ အကြံအစည်တွေ တွေးလာကြတယ်”

မုယောင်ချင်းက အရင်ဆုံး ပြောလိုက်တယ်။

“အခုတလော အမိန့်တွေကို ကြေညာတဲ့ အချိန်မှာ လူတချို့ရဲ့ အနှောင့်အယှက် တားဆီးတာကို ကြုံတွေ့ရပြီး သူတို့နေရာကို သူတို့မသိကြတော့ဘူး”

မိုးရေဇကေရာဇ်က နှာခေါင်းတချက် ရှုံ့ပြီးတော့ သူ့မျက်လုံးထဲမှာ သတ်ချင်ဖြတ်ချင်စိတ်တွေ တောင်လောက်လို့ နေပါတယ်။ နိုင်ငံတစ်ခုရဲ့ အုပ်ချုပ်မှုနဲ့ ထိန်းချုပ်မှု အကြောင်းကို ပြောမယ်ဆိုရင် သူက အတွေ့အကြုံ အရှိဆုံး ဖြစ်ပါတယ်။ သူက ညီအစ်ကို လေးယောက်ထဲမှာ လွှမ်းမိုးနိုင်စွမ်း အရှိဆုံးနဲ့ သတ်ချင်ဖြတ်ချင်စိတ်တွေ စီးမျောနေတဲ့ လူတစ်ယောက်လည်း ဖြစ်ပါတယ်။

လင်းဟန်က အသာအယာ ပြုံးလိုက်ပါတယ်။ လူတစ်ယောက်မှာ လုံလောက်တဲ့ အစွမ်းရှိနေသရွေ့ သူတို့က အရာအားလုံးကို အလွယ်တကူပဲ ဖိနှိပ်ထိန်းချုပ် နိုင်ပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ အင်ပါယာ တစ်ခုနဲ့ တွဲဖက်တာက အနည်းဆုံး အားသာချက် တစ်ခုတော့ ရှိပါတယ်။ အဲဒါက မင်းရဲ့နိုင်ငံ လုံခြုံရေးနဲ့ ပတ်သက်ပြီး အာမခံချက် ရှိပါလိမ့်မယ်။ ပြီးတော့ တကယ်လို့ ကျူးကျော်မှု တစ်ခု ရှိလာရင်တောင် မင်းသစ္စာခံထားတဲ့ အင်ပါယာဆီကနေ ကူညီပေးဖို့ တောင်းဆိုနိုင်ပါတယ်။ အရှေ့ပိုင်းမိုးရေ နိုင်ငံလိုမျိုးပေါ့။

ဒါကြောင့် မဟာလင်း အင်ပါယာက အပြင်ဘက် ခြိမ်းခြောက်မှု တစ်ခုနဲ့ ရင်ဆိုင်ရဖို့ဆိုတာက ဖြစ်နိုင်ချေ သိပ်မများပါဘူး။ ဒါပေမဲ့ တကယ်လို့ သူတို့အထဲက အတွင်းပိုင်း ပြဿနာတွေပဲ ဆိုရင် ကြယ်ဥက္ကာ အင်ပါယာ အနေနဲ့ သူတို့ရဲ့ အတွင်းပိုင်း ပြဿနာကို ဝင်ရောက်စွက်ဖက်ဖို့ အားနေမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကြယ်ဥက္ကာ အင်ပါယာနဲ့ တွဲဖက်ထားတဲ့ ဒီပိုင်နက်က အာမခံချက် ရှိပါတယ်။

ဒါက အတွင်းရေး ကိစ္စတစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် အပြင်လူတွေက အလွယ်တကူနဲ့ ဝင်ရောက်စွက်ဖက်လို့ ရမှာမဟုတ်ပါဘူး။

လင်းဟန်က ပြောလိုက်တယ်။

"အစ်ကိုသုံးယောက် ဒါတွေက ဘာမဟုတ်တဲ့ ကိစ္စလေးတွေပဲ။ ဒီနေ့ ကျနော်တို့ စိတ်ပျော်နေတယ်။ ဒါကြောင့် ဒီလိုအရာတွေကို မပြောပဲ နေရအောင်။ ဒီနေ့ အရက်တွေ မကုန်မချင်း သောက်တာကို မရပ်ရဘူး"

"ငါတို့ အမုန်းသောက်ကြတာပေါ့"

ဖန်ပိုယွမ်နဲ့ တခြားသူတွေ အားလုံးက စိတ်သဘောထား ပွင့်လင်းတဲ့ လူတွေဖြစ်ပါတယ်။ သူတို့က ချက်ချင်းပဲ သူတို့ရဲ့ ခွက်တွေကို မြှောက်ပြီးတော့ အားရပါးရ သောက်လိုက် ကြပါတယ်။

လင်းဟာန် ကိုယ်တိုင် အရက်မူးအောင် သောက်တယ်ဆိုတာ အရမ်းကို ရှားပါတယ်။ မနက်မိုးလင်း သူနိုးလာတဲ့ အချိန်မှာ သူက အိပ်ယာပေါ် ရောက်နေတယ်ဆိုတာ သတိပြုမိပြီး သူ့ရင်ခွင်ထဲမှာ ရက်ရက်စက်စက် လှပပြီး ညို့ယူဖမ်းစားနိုင်တဲ့ မိန်းမလှလေး တစ်ယောက် ရှိနေပါတယ်။ စွေ့ရန်ယွီက လွဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်မှာလဲ။

သူက လန့်ဖျပ်ပြီးတော့ မျက်နှာဖြူဖပ်ဖြူရော်နဲ့ မေးလိုက်ပါတယ်။

"မနေ့ညက ငါတို့တွေ ဟိုဟာဖြစ်သေးလား"

စွေ့ရန်ယွီက ရှက်လည်းရှက် ဒေါသလည်း ထွက်သွားပါတယ်။ သူမက မျက်လုံးပြူးပြီးတော့ သူ့ကို ကြည့်ကာ ပြောလိုက်တယ်။

"နင် မနေ့တုန်းက မူးနေအောင် သောက်ပြီးတော့ ငါက နင့်ကို ကူပြီး အခန်းထဲ ပို့ပေးခဲ့တာလေ။ ဒါပေမဲ့ နင်က ငါ့ကို ဆက်တွဲထားပြီး ဘယ်လိုမှ ထွက်သွားလို့ မရဘူး။ ဒါကြောင့် ငါက နင့်ဘေးနားမှာပဲ နေရတာပေါ့"

ပြောရမယ်ဆိုရင် သူက အရက်မူးပေမဲ့ ဘာတစ်ခုမှတောင် မလုပ်နိုင်ခဲ့ပါဘူး။

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ကောင်းတယ် ကောင်းတယ်။ တကယ်လို့ ဒီလိုမျိုး လူမှန်းမသိ သူမှန်းမသိ ဖြစ်နေတဲ့ အချိန်မှာ ပထမဆုံးအကြိမ် ဖြစ်ပျက်သွားမယ်ဆိုရင် ဒါက အရမ်းကို ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုကြီး တစ်ခု ဖြစ်သွားလိမ့်မယ်"

ဘုန်း။

စွေ့ရန်ယွီက ခေါင်းအုံးတစ်လုံးနဲ့ သူ့မျက်နှာဆီကို ပစ်ပေါက်လိုက်ပါတယ်။

"အားရိုး ငါပြောချင်တာက မိန်းမရယ် မနေ့တုန်းက ငါမင်းကို ဘာမှမလုပ်ခဲ့ဘူးဆိုတော့ မင်းက မကျေမနပ်နဲ့ မချိတင်ကဲ ဖြစ်နေတာလား"

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်တယ်။

စွေ့ရန်ယွီက ဒေါသတွေ ပေါက်ကွဲသွားပါတယ်။ ဒီတဏှာရူး နှာဘူးကောင်။ သူက တကယ်ပဲ ဒီလိုမျိုး မျက်နှာပြောင်တိုက်ပြီးတော့တောင် ပြောလိုက်ပါသေးတယ်။ သူမက မိရာနဲ့ ပစ်ပေါက် လိုက်ပါတယ်။ ပထမတော့ တခြားခေါင်းအုံးတွေဖြစ်ပြီး နောက်မှာ စောင်တွေ လိုက်ပါလာ ပါတယ်။ အဲဒီနောက် သူမက ပန်းကန်လုံးတွေ ပန်းကန်ပြားတွေနဲ့တောင် လင်းဟာန်ကို ပစ်ပေါက် လိုက်ပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ ပစ္စည်းတွေကို ဖမ်းယူပြီး အိပ်ယာပေါ်ကို ပြန်ပစ်တင် လိုက်ပါတယ်။ စွေ့ရန်ယွီက သူမဆီမှာ ပစ်ပေါက်စရာ မရှိတော့ဘူး ဆိုတာကို သတိပြုမိလိုက်တဲ့ အခါမှာ လင်းဟာန်က ရယ်မောပြီး သူမကို ခုန်အုပ်ကာ စွေ့ရန်ယွီကို တွန်းလှဲပြီးတော့ ဒီရက်ရက်စက်စက် လှပတဲ့ မိန်းမလှလေးကို သူ့ခန္ဓာကိုယ်နဲ့ တက်ဖိလိုက်ပါတယ်။

"ဟဲဟဲငါ့ကိုယ်ငါ အတော်လေးကို အံ့သြမိသွားတယ်"

သူက ကျေနပ်စွာနဲ့ ပြောလိုက်တယ်။

"ဘာကိုအံ့သြတာလဲ"

စွေ့ရန်ယွီက သူ့ရဲ့ အလေးချိန်အောက်မှာ နေရထိုင်ရ ခက်နေပြီး သူမရဲ့ မျက်လုံးတွေက နူးညံ့လာပါတယ်။ သူမရဲ့ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်တောင်မှ ပျော့ပြောင်းပြီး အားနည်းလာ ခဲ့ပါတယ်။

"ငါ့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် မင်းရဲ့ ဒီနေရာကို ကြည့်ရတာ နည်းနည်းပိုပြီး ကြီးလာပုံပဲ"

လင်းဟန်က ခပ်ဆိုးဆိုးပုံစံနဲ့ ရယ်မောလိုက်ပါတယ်။ နူးညံ့ညင်သာတဲ့ ဆုပ်ကိုင်မှုနဲ့ စွေ့ရန်ယွီ ပါးစပ်ကနေ ဆွဲဆောင်မှုရှိတဲ့ ညည်းတွားသံတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

"နှာဘူးကောင်စုတ်"

စွေ့ရန်ယွီက ရှက်ရွံ့မှုကြောင့် သူမက သေတော့မလို ခံစားလိုက်ရပါတယ်။ ဒီကောင်စုတ်က ဘာဖြစ်လို့ သူမရဲ့ ရင်သားတွေကို အမြဲတမ်း အခုလို ဆုပ်ကိုင်ရတာလဲ။ ဒါက အသားတုံး တစ်စုံပဲ မဟုတ်ဘူးလား။ သူမရဲ့ ခန္ဓာကိုယ်က တခြားအစိတ်အပိုင်းတွေကိုရော အသားတွေလို့ မသတ်မှတ်ဘူးလား။

"ဟင်း အင်းအင်း"

သူမရဲ့ ပွစိပွစိ ပြောနေမှုက လင်းဟန်ရဲ့ မွတ်သိပ်တဲ့ အနမ်းအောက်မှာ ကျရှုံးသွား ခဲ့ပါတယ်။ အရမ်းကို လျင်မြန်စွာနဲ့ လင်းဟန် သူမရဲ့ ချစ်စိတ်ကို မီးရှို့လိုက်ပြီး သူမရဲ့ သွယ်လျတဲ့ လက်တွေက လင်းဟန်ရဲ့ လည်ပင်းကို ပွေ့ဖက်ပြီးတော့ သူ့ကို မက်မက်မောမောနဲ့ ပြန်နမ်း လိုက်ပါတယ်။

ဒုန်း ဒုန်း ဒုန်း။

တကယ့်အချိန်ကောင်းမှပဲ တံခါးခေါက်သံ ကြားလိုက်ရပါတယ်။

လင်းဟန်က အရမ်းကို ဒေါသထွက်သွားပါတယ်။ ဘယ်သူလဲ။ သူက ဒီညို့ယူဖမ်းစားနိုင်တဲ့ မြေခွေးမလေးကို ဂါးမျိုဖို့ ကြံစည်နေတာ ဖြစ်ပါတယ်။

"ဟန်ကလေး ထပြီးတော့ အိမ်သာသွားတော့လေ"

တံခါးအနောက်ကနေ ဟော့လျန်ထန်းယွင်ရဲ့ လှောင်ပြောင်တဲ့ အသံ ထွက်ပေါ်လာခဲ့ပါတယ်။

လပြွတ်ပဲ။ ဒီအဘိုးကြီးစုတ်ကတော့။

လင်းဟန်က သက်ပြင်းချလိုက်ပြီး အလျင်အမြန်ပဲ သတိပြန်ဝင်လာတဲ့ စွေ့ရန်ယွီကို ကြည့်ပြီးတော့ ဒီညို့ယူဖမ်းစားတတ်တဲ့ မြေခွေးမလေးကို ဂါးမျိုးဖို့ ဘယ်လိုမှ မဖြစ်နိုင်သေးဘူး ဆိုတာကို သူသိလိုက်ရပါတယ်။ နောက်ပြီးတော့ ဒီမိန်းကလေးက အရမ်းကို ရှက်ရွံ့နေတာကြောင့် သူ့ကို ရက်တချို့လောက် ရှောင်နေပါလိမ့်မယ်။ တကယ်လို့ သူမကို ဂါးမျိုချင်တယ်ဆိုရင် သူ့အနေနဲ့ နောက်ထပ်ရက်အနည်းငယ် ထပ်စောင့်ဖို့ လိုပါလိမ့်မယ်။

ထားလိုက်ပါ။ သူအနေနဲ့ အရင်ဆုံး အရေးကြီးတဲ့ ကိစ္စတွေကို ဖြေရှင်းရပါဦးမယ်။

လင်းဟန်က ထွက်လာပြီးတော့ သူ့အစ်ကို သုံးယောက်နဲ့ တင်းပင်း ဟော့လျန်ထန်းယွင်တို့ကို ခေါ်လိုက်ပါတယ်။ အဲဒီနောက် တန်ခိုးရှင်ဘုံရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို သူတို့ကို စတင် သင်ကြားပေးလိုက်ပါတယ်။

လင်းဟန်အတွက်တော့ သူတို့ကို ကမ္ဘာတုန် ပျက်စီးခြင်း ရှစ်မျိုး နည်းစနစ်ကို သင်ကြားပေးဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး။ သူက အဘိုးကြီးရှူဆီကနေ နောက်တစ်ယောက်ကို သင်ကြားပေးခွင့် မရထားပါဘူး။ ဒါကြောင့် ဟော့လျန်ထန်းယွင်ကို

သူသင်ကြားပေးတဲ့ နည်းစနစ်က လေလံပွဲမှာ ရရှိခဲ့တဲ့ နည်းစနစ်ပဲ ဖြစ်ပါတယ်။ အဲဒါက အဆင့်မြင့်ဆုံး ကျင့်ကြံခြင်း နည်းစနစ် မဟုတ်ပေမဲ့ ကောင်းကင်နီ သင်တန်းကျောင်းကနေ သူရရှိခဲ့တာထက် ပိုကောင်းပါတယ်။

နောက်ပြီးတော့ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို သူ့အနေနဲ့ သူတို့ကို သီးသန့်သင်ကြားပေးလို့ မရနိုင်ပါဘူး။ ဒီလိုမျိုး လုပ်တာကို တားမြစ်ထားပါတယ်။ အဲဒါကလွဲလို့ လင်းဟန်က အဆင့်မြင့်တဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေကို တန်ရာတန်ဖိုး ပေးပြီးတော့ ဂယ်ယူထားမှပဲ ရပါလိမ့်မယ်။

"အစ်ကိုတို့ သုံးယောက်က မိုးကောင်းကင်ကို ခွဲဖွင့်တုန်းက အဓိကလူ မဟုတ်ခဲ့ဘူး။ ဒါကြောင့် အစ်ကိုတို့ရဲ့ ခွန်အားတွေက ကြယ်နှစ်ဆယ်လုံးကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ ကြယ်ဆယ့်ရှစ်လုံး ဆယ့်ကိုးလုံးကိုတော့ ရောက်နိုင်သေးတယ်။ အစ်ကိုတို့ အားလုံးပဲ အတတ်နိုင်ဆုံး ကြိုးစားအားထုတ်ပြီး အဆင့်တက်အောင် ကျင့်ကြံပြီးမှ တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ကျနော်မျှော်လင့်တယ်"

လင်းဟန်က ပြောလိုက်တယ်။

"အင်း"

ဖန်ပိုယွမ်နဲ့ တခြားသူတွေက ခေါင်းညိတ်လိုက် ကြပါတယ်။ သူတို့အားလုံးက ရည်မှန်းချက် ရှိတဲ့ ယောကျာ်းတွေ ဖြစ်ပါတယ်။ ဒါကြောင့် သာမန်တန်ခိုးရှင်ဖြစ်ဖို့ ဆန္ဒမရှိပါဘူး။ တကယ်လို့ သူတို့တွေ ကျင့်ကြံမယ်ဆိုရင် အဆင့်တူထဲက တခြားသူတွေထဲမှာ ပြိုင်ဘက်ကင်းတွေ ဖြစ်လာပါလိမ့်မယ်။

ဒီတစ်ကြိမ်တော့ ကြယ်ဥက္ကာ အင်ပါယာထဲကို လင်းဟန် ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့တဲ့ အချိန်နဲ့ မတူတော့ပါဘူး။ အဲဒီအချိန်တုန်းက သူ့လက်ထဲမှာ ကျင့်ကြံခြင်း အရင်းအမြစ် နည်းနည်းမှ မရှိခဲ့ပါဘူး။ ဒီတစ်ကြိမ်တော့ ဆန့်ကျင်ဘက် ဆိုသလို လင်းဟန်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ထုတ်ပေးနိုင်တဲ့ ပမာဏနဲ့ နည်းနည်းလေးမှ မနိမ့်ကျနိုင်တဲ့ အရင်းအမြစ်တွေကို ထုတ်ပေးနိုင်ခဲ့ပါတယ်။

တကယ်တော့ သေမျိုးဘုံအတွက် ဒါတွေက အဆုံးမဲ့ ရတနာပစ္စည်းတွေ ဖြစ်ပါတယ်။ ဘယ်လောက်ပဲ သူတို့တွေသုံးသုံး သူတို့ရဲ့ တန်ဖိုးက အကန့်အသတ် တစ်ခု ရှိပါတယ်။ နောက်ပြီး ကောင်းကင်ဘုံ ကျောက်စိမ်းဆေးလုံးတွေက လင်းဟန်အတွက် အရမ်းကို အကျိုးအမြတ်ရှိတဲ့ စီးပွားရေး တစ်ခုလည်း ဖြစ်ပါတယ်။

အဲဒီကနေ ရရှိတဲ့ ငွေကြေးပမာဏက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

အဲဒီအချိန် ဟော့လျန်ထန်းယွင်က သက်ပြင်းချလိုက် မိပါတယ်။ သူက နဂါးမျိုးနွယ်ကနေ ဆင်းသက်လာသူ တစ်ယောက် ဖြစ်ပြီးတော့ သွေးမျိုးဆက်ရဲ့ အားသာချက်တစ်ခု ရှိပါတယ်။ သူ့ရဲ့ သွေးမျိုးဆက် အစွမ်းနဲ့ တန်ခိုးရှင်ဘုံထဲမှာ တန်ခိုးရှင်အဆင့်ကို ချိုးဖျက် ဂင်ရောက်ဖို့ ရက်တွေအများကြီး စောင့်မနေခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ ခွန်အားကို အမြင့်ဆုံးထိ မကျင့်ကြံမိခဲ့ပဲ အဲဒါက သူ့ကို အနည်းငယ် မရှိတင်ကဲ ဖြစ်စေခဲ့ပါတယ်။

ကံမကောင်းတာက ဒီအချက်အတွက်နဲ့ သူ့ရဲ့ဘဂကို စွန့်လွှတ်ပြီး သူ့ကိုယ်သူ တတိယ အကြိမ်မြောက် ပြန်လည်မွေးဖွားဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ သူလုပ်နိုင်ပ့ါမလား။ သူ့အတွက် ဖြန်းတီးဖို့ အဆုံးမဲ့ ရတနာ ပစ္စည်း အများကြီးကို ဘယ်နေရာမှာ သွားရှာရမလဲ။ စိတ်ဂိညာဉ်ကို ပြန်လည်မွေးဖွားစေနိုင်တဲ့ ရတနာပစ္စည်းမျိုးက တန်ခိုးရှင်ဘုံထဲမှာတောင် သနားစရာ ကောင်းလောက်အောင် အကန့်အသတ်နဲ့ ရှိပါတယ်။

ကျေးဇူးတင်ရမှာက ခွန်အား ကြယ်ဆယ့်ခြောက်လုံး ဆိုတာက အားနည်းတယ်လို့ မသတ်မှတ်နိုင်ပါဘူး။ တကယ်တော့ စကြဝဋ္ဌာ

ဖျက်ဆီးခြင်းအဆင့်က ကျင့်ကြံခြင်း လမ်းကြောင်းပေါ်က အဆင့်တစ်ခုပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒီတစ်ခုတည်းနဲ့တော့ ကျင့်ကြံသူ တစ်ယောက်ရဲ့ အနာဂတ်ကို ဆုံးဖြတ်ပေးနိုင်ချေ မရှိပါဘူး။

လင်းဟန်က အရင်းအမြစ်တွေကို ရက်ရက်ရောရောနဲ့ကို ထုတ်ပေးခဲ့ပါတယ်။ သူက အစ်ကိုသုံးယောက်ကို အချိန်အနည်းငယ် အတွင်းမှာ တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်အောင်လို့ ကူညီပေးချင်ခဲ့ပါတယ်။ ပြီးတော့ သူတို့ရဲ့ အခြေခံ အုတ်မြစ်တွေကို မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာစေတာက မရှိမဖြစ် လိုအပ်တဲ့ အချက်ဖြစ်ပါတယ်။ အဲဒီနောက် သူက တင်းပင်းဆီကို အာရုံစိုက်လိုက်ပါတယ်။

သူက ဒီတပည့်ဖြစ်သူကို တကယ်ပဲ သတိပြုမိပါတယ်။ ဒါပေမဲ့ သူမှာ တပည့်ကို အချိန်အကြာကြီး သင်ကြားမပေးခဲ့ပါဘူး။ သူ့က ဆရာတစ်ယောက် အနေနဲ့ တကယ်ပဲ တာဝန်မကျေပါဘူး။

ဒါကြောင့် သူက တင်းပင်းအတွက် စတင်ပြီး သေသေချာချာ ပြင်ဆင်လိုက်ပါတယ်။

တင်းပင်းအတွက် အရမ်းကို ဆိုးဂါးတဲ့ အချိန်ကာလ တစ်ခု ဖြစ်လာခဲ့ပါတယ်။ အနက်ရောင် မျှော်စင်ထဲမှာ သူက အဆက်မပြတ် စူးစူးဂါးဂါးနဲ့ ငယ်သံပါအောင် အော်ဟစ်နေခဲ့ရပါတယ်။ သူ့ရဲ့အော်သံတွေကို ကြားမိတဲ့သူတိုင်း အရမ်းကို ထိတ်လန့်ကြောက်ရွံ့ပြီး တစ်ကိုယ်လုံးတောင် တဆတ်ဆတ် တုန်သွားစေနိုင်ပါတယ်။ အဲဒါကိုကြည့်ခြင်းဖြင့် သူ့အော်သံက ဘယ်လောက်တောင် ကြောက်စရာ ကောင်းနေသလဲဆိုတာ သိနိုင်ပါတယ်။

"နောက်ထပ်ရက်အနည်းငယ် အတွင်းမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်က လုံးဂကို အရွယ်ရောက် လာလိမ့်မယ်"

လင်းဟန်က ပြုံးလိုက်မိပါတယ်။ ဒါက သူ့ရဲ့ အကြီးကျယ် အမြင့်မြတ်ဆုံး ရှားပါးရတနာပစ္စည်း တစ်ခုဖြစ်ပါတယ်။

ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ဆင်ခြင်တာက ချက်ချင်းဆိုသလို ဘဂတစ်ခုလုံးရဲ့ အတွေ့အကြုံကို ရရှိစေနိုင်ပါတယ်။ ဒါကအရမ်းကို လွန်လွန်းပါတယ်။

မူလစွမ်းအင်ကို ကျင့်ကြံအားထုတ်ခြင်းနဲ့ ခံနိုင်ရည်ကို မော်ဆေးလုံးတွေ သဘာဂ ရတနာပစ္စည်း အမျိုးမျိုးနဲ့ မြှင့်တင်ကူညီပေးပါတယ်။ နားလည်သဘောပေါက်ခြင်း

အတွေးဆိုတာက လူတစ်ယောက် အပေါ်မှာပဲ မူတည်ပါတယ်။ အဲဒီအချိန်မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်က လူတစ်ယောက် တာအိုကို နားလည်သဘောပေါက်ဖို့ လိုအပ်တဲ့ အချိန်ကို ချုံ့ပေးနိုင်သလို ဆန့်ပေးနိုင်ပါတယ်။

"ဆရာ ကျနော်ခဏလောက် နားလို့ရမလား"

တင်းပင်းက မျက်နှာရှုံ့မဲ့ပြီးတော့ မေးလိုက်ပါတယ်။ သူက အခုချိန်မှာ လေးလံတဲ့ ဂန်တစ်ခုကို သယ်ထားရပြီး လင်းဟန်က အဲဒီအပေါ်မှာ တက်ထိုင်နေပါတယ်။ ဒါက နိုင်းယှဉ်လို့ မရအောင် လေးလံပြီး သူ့လက်မောင်းတွေကို တဆတ်ဆတ် တုန်ခါစေပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို သုံးနေတာကြောင့် ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ သူက ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေရဲ့ အာနိသင်ကို နည်းနည်းလေးပဲ သုံးထားတာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စိတ်ဝိညာဉ် နတ်သူငယ် အဆင့်မှာပဲ ရှိသေးတဲ့ လူတစ်ယောက်က ဘယ်လိုလုပ် ခံနိုင်ရည် ရှိနိုင်မှာလဲ။

"မရဘူး။ နောက်ထပ် သုံးပတ် ထပ်ပြေးစမ်း"

Chapter 1079 end

အပိုင်း(1080) အဆင့်တွေ လျင်မြန်စွာတက်ခြင်း

လင်းဟန်က တင်းပင်းကို နေ့တိုင်းလိုလို နာကျင်မှုကြောင့် အော်ဟစ်ငိုကြွေးတဲ့အထိ ကျင့်ကြံစေခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ တိုးတက်မှုကလည်း သိသာထင်ရှားပါတယ်။ သူက သွေးမျိုးဆက် တစ်ခုခုကို ပိုင်ဆိုင်ထားတာလား ဒါမှမဟုတ် ကံကောင်းမှုတွေနဲ့ပဲ မွေးဖွားလာတာလား ဆိုတာကိုတော့ မပြောနိုင်ပါဘူး။ ဒီလိုမျိုး အစွမ်းထက်တဲ့ စွမ်းအားမျိုးကို ပိုင်ဆိုင်ပြီးသူ့ရဲ့ ခွန်အားကလည်း အဆတစ်ရာလောက် တိုးလာစေပါတယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ ဒီစွမ်းရည် တစ်ခုတည်းနဲ့တင် သူ့ကို တန်ခိုးရှင်အဆင့်ထဲမှာ ကြယ်နှစ်လုံး သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်စေပါလိမ့်မယ်။

အဲဒါက အပြင်ဘက် မြှင့်တင်မှု တစ်ခုပဲ ဖြစ်ပါတယ်။

အဆင့်ခွဲလေးတွေ ကြားထဲက ခွန်အား ကွာဟချက်က ဆယ်ဆလောက် ရှိပါတယ်။ ဒါကောင့် အဆတစ်ရာလောက် ပေါက်ကွဲနိုင်တယ် ဆိုတာက အဆင့်သေး နှစ်ခုရဲ့ ကွာဟချက်ကို ဖာထေးနိုင်ပါတယ်။ ဒါကိုကြည့်ရင် တန်ခိုးရှင် အဆင့်တွေ အကြားမှာ ကွာဟချက် ဘယ်လောက် ကြီးမားတယ် ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဒါကြောင့်လည်း ပါရမီရှင် တချို့က

ကြယ်လေးပွင့်ပဲ သာလွန်နိုင်တဲ့ အချိန်မှာ ကြယ်ငါးပွင့် ပါရမီရှင်တွေက ဒဏ္ဍာရီထဲမှာပဲ တည်ရှိပါတယ်။

လင်းဟန်က တင်းပင်းရဲ့ အလားအလာတွေ အားလုံးကို ညှစ်ထုတ်ပြီး အံ့သြဖွယ်ရာ တောက်ပတဲ့ တပည့်တစ်ယောက်ကို လေ့ကျင့်ပေးချင်ခဲ့ပါတယ်။

လေးရက်ကြာပြီးတဲ့ နောက်မှာတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်က လုံးဝကို ရှင်သန်ကြီးထွား လာခဲ့ပါပြီ။ သစ်ပင်ရဲ့ အကိုင်းအခက်တွေက မီတာသုံးရာလောက် ကျယ်ပြန့်ပြီး သစ်ရွက်တွေမှာ ကြီးကျယ်မြင့်မြတ်တဲ့ တာအိုအရှိန်အဝါတွေ ပိုင်းပတ်လို့ နေပါတယ်။ အဲဒါက ထူးခြားဆန်းကြယ် လေးနက်ပြီး ရှေးဟောင်းအငွေ့အသက်နဲ့ အစွမ်းထက်ပါတယ်။ လင်းဟန်က အဲဒီသစ်ပင် ကြီးထွားလာတာကို သေသေချာချာ စောင့်ကြည့်ခဲ့ပြီး ရှေးဟောင်းအငွေ့အသက် တစ်ခုကို ခံစားရကာ ဒီသစ်ပင်ရဲ့ သက်တမ်းက နှစ်သန်းပေါင်းများစွာ ကြီးထွားရှင်သန်လာသလိုမျိုး ခံစားလိုက် ရပါတယ်။

အရွယ်ရောက် ဖွံ့ဖြိုးဖို့ နှစ်ပေါင်း ဆယ့်နှစ်ထရီလီယံ လိုအပ်တဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင် တစ်ပင်က အခုလိုမျိုး ကြီးထွားလာပါတယ်။

အနက်ရောင် မျှော်စင်က ပိုပြီးတော့တောင် အံ့သြစရာ ကောင်းတာပဲ။

လင်းဟန်က တီးတိုးရွတ်ဆို လိုက်မိပါတယ်။ သူ့ရဲ့ တစ်ဟုန်ထိုး မြင့်မားလာမှုက အနက်ရောင် မျှော်စင်ရဲ့ အကူအညီနဲ့ ခွဲခြားလို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် တကယ်လို့ သူ့ရဲ့ အတိတ်ဘဝတုန်းက မသေသွားခဲ့ဘူး ဆိုရင်တောင် အခုချိန်မှာ သူက မော်ဆေးကျောင်းဖ် တစ်ယောက်ပဲ ဖြစ်နေပါလိမ့်မယ်။ သိုင်းပညာနဲ့ ပတ်သက်ရင် သူ့ရဲ့ အောင်မြင်မှုက သေချာပေါက် အကန့်အသတ် ရှိပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အစောပိုင်း အဆင့်တွေရဲ့ အခြေခံက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် ညံ့ဖျင်းလွန်းပါတယ်။

"ဒီပြန်လည်မွေးဖွားခြင်း သစ်ပင်က သဘာဝအတိုင်း ကြီးထွားရှင်သန်လာတာ မဟုတ်ဘူး။ သူကြီးထွားလာထို့ ငါ့ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အရင်းအမြစ်စွမ်းအားကို အသုံးပြုခဲ့ရတယ်။ ဒါကြောင့် အာနိသင် သက်ရောက်မှုက နည်းနည်းတော့ အားပျော့လိမ့်မယ်"

မျှော်စင်လေး ပေါ်လာပြီးတော့ လင်းဟန်ကို ရှင်းပြလိုက်ပါတယ်။

"သစ်ပင်ရဲ့ အောက်မှာ တာဒိုကို နားလည်သဘောပေါက်အောင် ဆင်ခြင်မယ်ဆိုရင် ဘဂတစ်ခုနဲ့ ညီမျှတဲ့အထိ ဆွဲဆန့်နိုင်လိမ့်မယ်။ ဒါပေမဲ့ တစ်ရက်က တစ်နှစ်လောက်ပဲ ညီမျှလိမ့်မယ်"

ဒါက အံ့သြစရာကောင်းဖို့ လုံလောက်နေပါပြီ။

"နောက်ထပ် ဆယ်နှစ်ကြာပြီးရင် သစ်ရွက်တွေကို လက်ဘက်ခြောက်လုပ်ဖို့ ခူးနိုင်လိမ့်မယ်။ အာနိသင်လည်း ပိုပြီးတော့ ကောင်းလာမယ်။ မင်းအနေနဲ့ တစ်ခွက်လောက် သောက်ရင်ပဲ ဆယ်နှစ်စာနဲ့ ညီမျှတဲ့ စိတ်ဂိညာဉ် နားလည်သဘောပေါက်ခြင်းကို ရရှိလိမ့်မယ်"

"ကံမကောင်းတာက ငါ့ရဲ့မူလဇစ်မြစ် စွမ်းအားက နောက်တစ်ကြိမ် ကုန်ခမ်းသွားပြီ။ ငါနောက်ထပ် အလုပ်မတွင်နိုင်တော့ဘူး"

လင်းဟန်က အရမ်းကို ကျေနပ်ပြီး အံ့အားသင့်နေကာ ဒီထပ်ပိုပြီးတော့လည်း မပျော်နိုင်တော့ပါဘူး။ သူက ပြောလိုက်တယ်။

"ရပြီ ရပြီ။ ဒီလောက်ဆိုရင်ပဲ အရမ်းကို အံ့သြစရာကောင်းနေပြီ"

"အဲဒါက ဘာဖြစ်လို့လဲဆိုတော့ မင်းက ရေတွင်းထဲက ဖားသူငယ်တစ်ကောင် ဖြစ်နေလို့ပဲ။ ဒါကြောင့် အချိန်ကာလကို

အမြန်နှုန်း မြှင့်တင်ပေးနိုင်တဲ့ ရတနာပစ္စည်း နည်းနည်းတောင် မရှိဘူး ဆိုတာကို မင်းမသိခဲ့ဘူး”

မျော်စင်လေးက နောက်တစ်ကြိမ် လင်းဟန်ကို ဖဲ့လိုက်ပြီးမှ အလျင်အမြန်ပဲ တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

“အနက်ရောင် မျော်စင်ကို ငါပြုပြင်ရမယ်။ တကယ်လို့ အရေးကြီးတဲ့ကိစ္စ မရှိဘူးဆိုရင် ငါ့ကို လာပြီးတော့ မနှောင့်ယှက်ပါနဲ့”

ပြောပြီးတာနဲ့ မျော်စင်လေးက ဖျတ်ခနဲဆို ပျောက်ကွယ်သွားပြီး လင်းဟန်က သူ့ကို ဘယ်လောက်ပဲ ဆင့်ခေါ်ခေါ် ပြန်ပေါ်လာဖို့ စိတ်ကူး မရှိတော့ပါဘူး။

“လဗ္ဗြတ်ပဲ ဘယ်လိုပဲဖြစ်ဖြစ် ငါက ဆရာသခင်ပဲလေ။ ဒါက တကယ်ပဲ အရမ်းကို မရှိသေလွန်းရာ ရောက်နေပြီ”

လင်းဟန်က အံကိုကြိတ်လိုက်ပါတယ်။ ဒီမျော်စင်လေးက တကယ်ပဲ အရမ်းကို ချေလွန်းပါတယ်။

ကိစ္စမရှိပါဘူး။ သူက အရင်ဆုံး စွမ်းရည်တွေ တိုးအောင်လို့ လုပ်ရပါမယ်။

လင်းဟန်က စွေ့ရန်ယွီ၊ ဖန်ပိုယွမ်နဲ့ တခြားသူတွေကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ပြီး သူတို့ကို ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို နားလည်သဘောပေါက်အောင် ဆင်ခြင်စေခဲ့ပါတယ်။

ဒါက ရှုးသွပ်လွန်းပါတယ်။

လူတစ်ယောက်က အမြင့်ကို ရောက်သွားတဲ့ အခါမှာ တာအိုကို နားလည်သဘောပေါက် ဆင်ခြင်ဖို့ အချိန်တွေ မရှိတော့ပါဘူး။ ဒါပေမဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာတော့ တစ်ရက်က တစ်နှစ်ဆိုတဲ့ အချိန်နဲ့ ညီမျှပါလိမ့်မယ်။ အဲဒါက ဘယ်လိုအဖြစ်အပျက်လဲ။ တုံးအတဲ့ ဂက်တစ်ကောင်တောင်မှ အဲဒီဟာနဲ့ အစစ်အမှန် နတ်ဘုရားတစ်ပါး ဖြစ်လာနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ပထမအချက်က ဒါဟာ သူတို့ရဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ထူးခြားဆန်းကြယ်မှုတွေကို နားလည်သဘောပေါက် ဆင်ခြင်တာ ဖြစ်ပြီးတော့ မူလစွမ်းအင်နဲ့ ခံနိုင်ရည်စွမ်းမှာ အဆင့်တက်ဖို့တော့ လိုက်မမီနိုင်ပါဘူး။ အခု ဒါကလုံးဝကို ဆန့်ကျင်ဘက် ဖြစ်ပါတယ်။ သူတို့ရဲ့ စိတ်ဝိညာဉ် ကျင့်ကြံခြင်းက သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ

ကျင့်ကြံခြင်းကို သာလွန်ပြီး ရုပ်ပိုင်းဆိုင်ရာ ကျင့်ကြံခြင်းက နောက်ကောက်ကျ ကျန်ခဲ့ပါလိမ့်မယ်။

ကံကောင်းတာက လင်းဟန်ဟာ မှော်ဆေးကျော်ရာဇ် ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ သာမန် ကျင့်ကြံခြင်းက လိုက်မမီနိုင်ဘူးဆိုရင် သူ့အနေနဲ့ အရှိန်မြှင့်တင်ဖို့ မှော်ဆေးလုံးတွေ သုံးစွဲဖို့ လိုအပ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို နားလည်သဘောပေါက် ဆင်ခြင်မယ်ဆိုရင် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့် အရမ်းကို လျင်မြန်စွာနဲ့ မတက်မှာကို ကြောက်နေစရာ မလိုပါဘူး။

ဒါပေမဲ့လည်း ပထမဆုံး အဆင့်တက်တာက လင်းဟန်ဖြစ်နေပါသေးတယ်။

သူက ပြင်းထန်အလယ်အလတ်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ အခု ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ အကူအညီနဲ့ သူ့ရဲ့ တာအိုအပေါ် နားလည်သဘောပေါက်ခြင်း အမြန်နှုန်းက အလင်းရဲ့ အမြန်နှုန်းနဲ့ တူပါတယ်။

တကယ်လို့ သာမန်ပါရမီရှင် တစ်ယောက်သာဆိုရင် ဒီခြေလှမ်းကို လှမ်းဖို့အတွက် သူတို့က အနည်းဆုံးတော့ နှစ်ပေါင်း ရာဂဏန်း အနည်းငယ် လိုအပ်ပါလိမ့်မယ်။ တကယ်လို့ လင်းဟန်က

ထိပ်တန်းပါရမီရှင် တစ်ယောက်ဆိုရင်တောင် ဆယ်စုနှစ် အနည်းငယ်တော့ လိုနေဆဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ဆယ်စုနှစ် အနည်းငယ် ဆိုတာက ရက်အနည်းငယ်ပဲ ဖြစ်လာပါလိမ့်မယ်။

ပိုပြီးတော့ အရေးကြီးတာက လင်းဟာန်မှာ မကောင်းဆိုးဝါး အရှင်သခင်ရဲ့ အဆီအနှစ် ရှိနေပါသေးတယ်။ အဲဒါက မူလစွမ်းအင် စုစည်းခြင်းရဲ့ ပြဿနာကို ဖြေရှင်းပေးပါတယ်။ တချိန်တည်းမှာ တာဂန်နှစ်ခုကို လုပ်ဆောင်ပြီး သူ့အနေနဲ့ သူ့ရဲ့ကျင့်ကြံခြင်းအဆင့်ကို အရှိန်တင်ပြီး အဆင့်တက်လာမှာနဲ့ ပတ်သက်ပြီး စိုးရိမ်စရာ လိုဦးမှာလား။

သူက တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူပြီးတော့ မဟာလင်း အင်ပါယာထဲက လူသူကင်းမဲ့တဲ့ နေရာကို အပြေးအလွှား သွားပြီးတော့ ကောင်းကင်ဘုံ အပြစ်ပေးမှုကို ကျော်လွှားဖို့ ပြင်ဆင်လိုက်ပါတယ်။

မဟာလင်း အင်ပါယာထဲမှာ လက်ရှိအမှောင်လူတွေ ရှိနေပြီး တချို့က ပုန်ကန်ချင်နေပါတယ်။ သူက သူတို့ကို အခွင့်အရေး ပေးရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလူတွေက သူတို့ရဲ့ ရည်မှန်းချက်တွေကို ဖုံးကွယ်ထားပြီး အနာဂတ်မှာ သူတို့က

အန္တရာယ်ပေးလာပြီး အခုထက် ပိုပြီးတော့တောင် ကြီးမားလာနိုင်ပါတယ်။

ဒါကြောင့် လင်းဟန်က သူပြန်ရောက်လာတဲ့ သတင်းကို အမှောင်ချထားပါတယ်။ အခု သူက ကောင်းကင်ဘုံ ကပ်ဘေးကို ကျော်ဖြတ်ရပါမယ်။ ဒါကြောင့် မဟာလင်း အင်ပါယာထဲမှာ ကျော်ဖြတ်ဖို့ မရွေးချယ်နိုင်ဘူး။

အဆင့်သေး တစ်ခု အဆင့်တက်တာက လက်ရှိမှာ လင်းဟန်အတွက် နိပ်စက်ညှင်းပန်းမှု အမျိုးအစား တစ်ခုဖြစ်ပါတယ်။ သူက ကောင်းကင်ဘုံ ကပ်ဘေးကြောင့် သူ့နတ်ဘုရား အရိုးတွေ ခံနိုင်ရည် ရှိဖို့ သူ့ခန္ဓာကိုယ် ဖျက်ဆီးပစ်မှ နောက်တစ်ဆင့်ကို တိုးတက်စေနိုင်ပါလိမ့်မယ်။ အဲဒါက သူ့ကို နာကျင်မှုကြောင့် ထပ်ခါထပ်ခါ အော်ဟစ်စေပါတယ်။ တကယ်လို့ တင်းပင်းသာ သူ့ရဲ့ စူးစူးဝါးဝါး အော်ဟစ်သံကို ကြားမယ်ဆိုရင် သူခံစားရတာက သူ့ဆရာဖြစ်သူထက် ပိုပြီးတော့တောင် ကောင်းနေသေးတယ်လို့ ထင်သွားပါလိမ့်မယ်။

နေ့တစ်ဂက်ခန့် ကြာပြီးတဲ့ နောက်မှာတော့ မိုးကောင်းကင် ကပ်ဘေးက ပျောက်ကွယ်သွားပြီး လင်းဟန်က ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည်တစ်စက်ကို အသုံးပြုပြီးတော့ သူ့ခန္ဓာကိုယ်ကို

ချက်ချင်းပဲ ပြန်လည်ကောင်းမွန် စေလိုက်ပါတယ်။ သူ့စွမ်းအားတွေ တစ်ဟုန်ထိုး တိုးပွားလာသလို ခံစားလိုက်ရပြီး သူ့နတ်ဘုရား အရိုးတွေက မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောပြီးတော့ အဆင့်လေး နတ်ဘုရား သတ္တုရဲ့ မာကျောမှု အဆင့်ကို ရောက်သွားခဲ့ ပါတယ်။

"အခုဆို ငါက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို မဖိနှိပ်နိုင်သေးဘူး ဆိုပေမဲ့ သူ့ကိုလုံးဝ ကြောက်နေစရာ မလိုတော့ဘူး။ တကယ်လို့ မီးကုန်ယမ်းကုန်တိုက်ခိုက်ရမယ် ဆိုရင်တောင် ငါ့အနေနဲ့ သူ့ကို အသေသတ်ပစ်နိုင်စွမ်း ရှိလာလိမ့်မယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

သူ့ရဲ့ ခုခံမှုတွေ သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်ကိုပါ ထည့်ပေါင်းလိုက်ရင် သူတို့ အနေနဲ့ သူ့ကို တစ်ချက်တည်း မသတ်နိုင်သရွေ့ သူ့ပြိုင်ဘက်မှာ မျှော်လင့်ချက် လုံးဝ ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ကို ဘေးဖယ်ထားရင် မိုးရေကောရာဇ်ရဲ့ တိုးတက်မှုက အမြန်ဆန်ဆုံး ဖြစ်ပါတယ်။

သူ့ရဲ့ မြင့်မားတဲ့ ပါရမီက လင်းဟန်ထက် မနိမ့်ကျပါဘူး။ သူ့မှာ လင်းဟန်လောက် ကံမကောင်းတာနဲ့ အနက်ရောင် မျှော်စင်တစ်ခု မရှိတာပဲ ကွာခြားပါတယ်။

နှစ်လခန့် ကြာပြီးတဲ့ နောက်မှာတော့ မိုးရေကောရာဇ်ရဲ့ စွမ်းအားက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်ဆယ့်ကိုးလုံးကို အဆင့်တက်သွားခဲ့ပါတယ်။

ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ အစွမ်းက အပြည့်အဝကို ထုတ်ဖော်ပြသလို့ နေပါတယ်။

မိုးရေကောရာဇ်က တန်ခိုးရှင်အဆင့်ရဲ့ လျှို့ဝှက်ချက်တွေကို လင်းဟန်နဲ့ စွေ့ရန်ယွီတို့နဲ့အတူ တိုင်ပင်ဆွေးနွေးရင်း နားလည်သဘောပေါက် ဆင်ခြင်ဖို့ စတင်လိုက်ပါတယ်။ သူ့အနေနဲ့ သူ့ပါရမီနဲ့ဆိုရင် ရက်အနည်းငယ် အတွင်းမှာ အဆင့်ချိုးဖျက်တက်ရောက် နိုင်ပါလိမ့်မယ်။ ဒါပေ့ါ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့အောက်မှာ တာအိုကို ရက်အနည်းငယ် ဆင်ခြင်ခြင်းက နှစ်အနည်းငယ် ဆင်ခြင်တာနဲ့ ညီမျှပါတယ်။

နောက်ထပ် ဆယ့်နှစ်ရက်ကျော်လောက်မှာ ဖန်ပိုယွမ်ရဲ့ စွမ်းအားကလည်း စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့

ကြယ်ဆယ့်ရှစ်လုံးနဲ့ မုယောင်ချင်းက ကြယ်ဆယ့်ခုနစ်လုံးကို အဆင့်တက် လာခဲ့ကြ ပါတယ်။

ညီအစ်ကို လေးယောက်ရဲ့ ပါရမီတွေ အကြားက ကွာဟချက်က ဒီအချက်ကို ကြည့်ရင် သိနိုင်ပါတယ်။ မိုးရေကောရာဇ်က လင်းဟန်လောက် ထူးချွန်ထက်မြက်တယ်လို့ ပြောနိုင်ပြီး ဖန်ပိုယွမ်က အနည်းငယ် နိမ့်ကျကာ မုယောင်ချင်းကတော့ ဖန်ပိုယွမ်ထက် နည်းနည်းလေး နိမ့်ကျပါတယ်။

ဒါပေမဲ့ ဒါတောင်မှ စွေ့ရန်ယွီကို ထိတ်လန့်တုန်လှုပ် ချောက်ချားသွား စေခဲ့ပါတယ်။ ဒါက စကြာဂဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ခုနစ်လုံး စွမ်းအား ဖြစ်ပါတယ်။ သူတို့တွေ ထုတ်ဖော်နိုင်တဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်နှစ်ဆယ့်နှစ်လုံး ရှိပါလိမ့်မယ်။ ဒါမှမဟုတ် အဲဒီထက်တောင် ပိုသန်မာနိုင်ပါတယ်။

ကြယ်ဥက္ကာ အင်ပါယာထဲမှာ ဒီလိုမျိုး ထုတ်ဖော်နိုင်တဲ့ ပါရမီရှင်တွေ ဘယ်လောက်များ ရှာတွေ့နိုင်မှာလဲ။

မဟာလင်း အင်ပါယာလို နေရာသေးသေးလေးမှာတော့ သူတို့လေးယောက် ရှိနေပါတယ်။

နောက်ပြီးတော့ ဟော့လျှန်ထန်းယွင်ကလည်း ကြယ်ဆယ့်ခြောက်လုံးကို ရောက်ရှိခဲ့ပြီး အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေပါသေးတယ်။ လင်းဟန်ရဲ့ တပည့်ဖြစ်တဲ့ တင်းပင်းကတော့ သူ့စွမ်းအားကို အဆတစ်ရာလောက် တိုးစေနိုင်တဲ့ မကောင်းဆိုးဂါးငယ်လေး တစ်ကောင်လည်း ဖြစ်ပါတယ်။ တကယ်လို့ သူသာ အဆင့်မတက်ခင် စကြာဂဠုဲ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ရှစ်လုံး ဆယ့်ကိုးလုံး စွမ်းအားကို ရယူနိုင်မယ်ဆိုရင် တန်ခိုးရှင် အဆင့်ကို သူချိုးဖျက်ဂင်ရောက်လာတဲ့ အချိန်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ခြောက်ပွင့်ကိုတောင် ကျော်လွန်နိုင်ပါလိမ့်မယ်။

ကြယ်ခြောက်ပွင့်။ အတွေးနဲ့တင် စွေ့ရန်ယွီကို ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြယ်ငါးပွင့် ပါရမီရှင်တွေတောင် ဒဏ္ဍာရီထဲမှာ တည်ရှိတာ ဖြစ်ပြီး အခုဆို တကယ်ပဲ ကြယ်ခြောက်ပွင့် ပါရမီရှင်တစ်ယောက် ပေါ်ထွက်လာမှာလား။

လင်းဟန်တောင်မှ ပြိုင်နိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်က သူ့တပည့်နဲ့ ပတ်သက်ပြီး မနာလိုမှု မရှိပါဘူး။ ခွန်အားက တိုက်ပွဲစွမ်းရည်ရဲ့ အရေးပါဆုံး အစိတ်အပိုင်း တစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အရာအားလုံးတော့ မဟုတ်ပါဘူး။ တကယ်လို့ မိုးရေကောရာဇ်နဲ့ တင်းပင်းတို့နှစ်ယောက် တူညီတဲ့ ကျင့်ကြံခြင်းအဆင့်မှာ တိုက်ခိုက်မယ် ဆိုရင် တင်းပင်က သေချာပေါက် ရှုံးနိမ့်သွား ပါလိမ့်မယ်။

တကယ်လို့ လင်းဟန်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် တင်းပင်းမှာ အနိုင်ရဖို့ မျှော်လင့်ချက် နည်းနည်းတောင် ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူ့ဆရာသခင်ရဲ့ ထူးဆန်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။

နောက်ပြီးတော့ လင်းဟန်ဟာ သူ့ရဲ့လက်ရှိ ခွန်အားကို နောက်ပိုင်းတွေမှာ တိုးလာအောင် ရှာတွေ့ထားခဲ့ပါတယ်။

နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်နဲ့ ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး ပညာ နှစ်ခုလုံးက အထွတ်အထိပ် နည်းစနစ်တွေ ဖြစ်ပြီးတော့ သူ့ရဲ့ ခံနိုင်ရည်ကို ပေါက်ကွဲလာစေပြီး သူ့ရဲ့ မူလစွမ်းအင်ကို သန့်စင်စေပါတယ်။ သူ့ရဲ့ သန့်စင်တဲ့ ခွန်အားက ကြယ်ငါးပွင့် အမြင့်ကို ရောက်ပါလိမ့်မယ်။

နောက်ထပ်ရက်အနည်းငယ် ကြာပြီးတဲ့ နောက်မှာ မိုးရေဇေကရာဇ်၊ ဖန်ပိုယွမ်နဲ့ မုယောင်ချင်းတို့က တောင်မြစ်အဆင့်ကို တစ်ယောက်ပြီး တစ်ယောက် ချိုးဖျက်ဂင်ရောက် လာခဲ့ကြပါတယ်။

နောက်ဆုံးတော့ မဟာလင်း အင်ပါယာက တော်ဂင်အင်ပါယာ တစ်ခုနဲ့ နည်းနည်းတူလာပါပြီ။

Chapter 1080 end

အပိုင်း(1081) ဖီဆန်သူရဲ့ စကားလုံးများ

ကျင့်ကြံခြင်းအဆင့်မှာ အဆင့်တက် အများဆုံးနဲ့ ပတ်သက်ရင်တော့ တင်းပင်းက နံပါတ်တစ် ဖြစ်တယ်ဆိုတာ သိသာပါတယ်။

အစတုန်းက သူဟာ စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို ချိုးဖြတ်ဂင်ရောက်ကာစပဲ ရှိပါသေးတယ်။ အခုဆို သုံးလလောက် ကြာပြီးတဲ့နောက်မှာ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။ စုစုပေါင်း သူက အဓိက အဆင့်ကြီး သုံးဆင့်နဲ့ အဆင့်သေး သုံးဆယ်နီးပါး တက်သွားခဲ့ပါတယ်။

ဒီလိုမျိုး ကံကြမ္မာတစ်ခုက တန်ခိုးရှင်ဘုံထဲမှာတောင် လူတစ်ယောက်ရဲ့ ခေါင်းတစ်ခုလုံး ထုံပြီးတော့ ကြက်သေ သေသွားနိုင်ပါတယ်။

လင်းဟန်က လွဲပြီးတော့ တခြားလူမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင် ပိုင်ဆိုင်ထားတာများ ရှိလို့လား။

သုံးလဆိုတဲ့ အချိန်က တိုတောင်းပုံ ရပေမဲ့ တင်းပင်းရဲ့ အစစ်အမှန် တာအိုကို နားလည်သဘောပေါက် ဆင်ခြင်တဲ့ အချိန်က နှစ်ပေါင်းကိုးဆယ်နီးပါး ရှိပါတယ်။ ဒါပေ့ါ။ လူတစ်ယောက်က ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံအားထုတ်တဲ့ အချိန် သူတို့ရဲ့ စိတ်ဝိညာဉ်နဲ့ တာအိုကို ဆင်ခြင်သဘောပေါက်စေပြီး သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ရဲ့ အစဦး ကျင့်ကြံခြင်း အဆင့်မှာပဲ ကျန်ရှိနေပါလိမ့်မယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် တင်းပင်းရဲ့ ကျင့်ကြံခြင်းအချိန် အစစ်အမှန်က နှစ်ပေါင်းကိုးဆယ် မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဲဒါက

သေချာပေါက် အနည်းဆုံး နှစ်ပေါင်းသုံးဆယ်လောက် ရှိနေပါသေးတယ်။

တင်းပင်းက အခုဆိုရင် ယုံကြည်ချက်တွေ ပြင်းထန်လို့ နေပါတယ်။ သူက သူ့ရဲ့ ဦးလေး သုံးယောက်ကို ကျော်လွန်ပြီး လင်းဟန်ကို အမှန်အကန် ကူညီပေးနိုင်တဲ့သူ ဖြစ်လာပါလိမ့်မယ်။ လင်းဟန်ရဲ့ မျက်စိအောက်မှာပဲ သူ့ဘာသာသူ ဆက်လက်အစားထိုးမယ်လို့ သူ့စိတ်ထဲမှာ ခံယူထားပါတယ်။ သူ့အနေနဲ့ နောက်ထပ် ဘယ်တော့မှ ဆရာဖြစ်သူနဲ့ မခွဲခွာချင်တော့ပါဘူး။

တင်းပင်းက အလုပ်ကို ပြင်းပြင်းထန်ထန်နဲ့ ပင်ပင်ပန်းပန်း ကြိုးစားဖို့ စိတ်ကူးထားပါတယ်။ ပြီးတော့ သူ့ပါရမီကလည်းက အစကတည်းက ထူးချွန်ထက်မြက်ပါတယ်။ အခုသူ့မှာရှိတဲ့ အရင်းအမြစ်တွေကိုပါ ထည့်ပေါင်းလိုက်ရင် သူ့ရဲ့ ကျင့်ကြံခြင်းက လျင်လျင်မြန်မြန်နဲ့ တိုးတက်လာတာ သဘာဝကျပါတယ်။

သူ့ရဲ့ မယုံနိုင်စရာကောင်းတဲ့ ကျင့်ကြံခြင်း အမြန်နှုန်းနဲ့ ဆန့်ကျင်ဘက်ဆိုသလို မိုးရေကေရာဇ်၊ ဟော့လျန်ထန်းယွင်နဲ့ တခြားသူတွေ အားလုံးရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက တန်ခိုးရှင် အဆင့်ကို သူတို့တွေ ချိုးဖျက်ဝင်ရောက်ပြီးတဲ့ နောက်ပိုင်းမှာ နှေးကွေးကုန်ပါတယ်။ သူတို့ကို တင်းပင်းက ကျော်လွန်သွားနိုင်တယ် ဆိုတာက ဖြစ်နိုင်ချေ ရှိပါတယ်။ အနည်းဆုံးတော့ သူတို့ကို လိုက်လို့ မီသွားပါလိမ့်မယ်။

လင်းဟန်က တင်းပင်းရဲ့ တိုးတက်မှုတွေကြောင့် သိသိသာသာကို ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"တတိယအစ်ကို တင်းပင်းက အစ်ကို့ကို လိုက်မီတော့မယ်နော်။ အစ်ကိုကြီးကိုလည်း လိုက်မီတော့မဲ့ အန္တရာယ်ရှိနေပြီ။ ဒုတိယ အစ်ကိုကတော့ ပါရမီ အရှိဆုံးပဲ။ ဒါကြောင့် တင်းပင်းမှာ ကံကောင်းမှ နည်းနည်းနဲ့

ကြုံမတွေ့ဘူး ဆိုရင်တော့ သူ့အနေနဲ့ လိုက်မီနိုင်လိမ့်မှာ မဟုတ်ဘူး”

မုယောင်ချင်းက စိတ်ပျက်လက်ပျက်နဲ့ ညည်းတွားလိုက်မိပါတယ်။ စီနီယာ တစ်ယောက် အနေနဲ့ ဂျူနီယာ တစ်ယောက်ရဲ့ နောက်ကောက်ကျ ချန်ထားခြင်းကို ခံရတာက အရမ်းကို အရှက်တကွဲ အကျိုးနည်း ဖြစ်စရာ ကောင်းလွန်းပါတယ်။

သူက လင်းဟန်ရဲ့ လက်မောင်းကို ဆုပ်ကိုင်ပြီးတော့ ပြောလိုက်တယ်။

“နံပါတ်လေး ညီငယ် မင်းငါ့ကို အထူးဆက်ဆံမှု တချို့တော့ ပေးရမယ်။ တကယ်လို့ မင်း မလုပ်ပေးဘူးဆိုရင် အဆုံးသတ်ကို မင်းဘယ်တော့မှ ကြားရလိမ့်မှာ မဟုတ်ဘူး”

ကိုယ့်ထက်သာသွားမဲ့ အကြောင်းကို စဉ်းစားကြည့်ရုံနဲ့တင် ကြောက်စရာ ကောင်းနေပါပြီ။

အားလုံးက ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ ဟက်ဟက်ပက်ပက် ရယ်မောလိုက် ကြပါတယ်။

"တတိယ ဦးလေး သေသေချာချာ ထိုင်ပြီးတော့ ကျနော် ဦးလေးကို ကျော်သွားမှာကို စောင့်နေပါ"

တင်းပင်းက သူ့နောက်ကျောမှာ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေ ရေးထွင်းထားတဲ့ ရောမ ဂန်ထုပ်ဂန်ပိုး တစ်ခုကို ထမ်းထားပါတယ်။ သူက အိပ်နေရင်တောင်မှ လေးလံလှတဲ့ ဂန်ထုပ်ဂန်ပိုးတွေကို ဆက်လက်ထမ်းပိုးထားပါတယ်။ တခြားသူတွေက သူ့ကို လူသား တစ်ယောက် အဖြစ်ကနေ လိပ်တစ်ကောင် အဖြစ်ကို ပြောင်းသွားပြီလို့တောင် စနောက်ကျီစယ် ကြပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် ကြီးကြီးမားမား တိုးတက်လာတဲ့ နောက်ထပ် လူတစ်ယောက်လည်း ရှိပါသေးတယ်။ အဲဒါကတော့ ကျောက်တုံးစိတ်ဝိညာဉ် ဖြစ်ပါတယ်။

ကျောက်တုံးစိတ်ဝိညာဉ်ကို ကြည့်ရတာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကအထိ တိုးတက်မှု ဘာမှမရှိသလောက် နီးပါးဖြစ်နေပြီး စကြဝဠာ ဖျက်ဆီးခြင်း

အဆင့်မှာပဲ ကျန်ရှိနေပါတယ်။ ဒါပေမဲ့လည်း လင်းဟန် ပြန်ရောက်လာတာနဲ့ သူက ကျောက်တုံးတွေကို နောက်တစ်ကြိမ် စားရပါတယ်။ နှစ်လလောက် ကျောက်တုံးတွေ စားပြီးတဲ့ နောက်မှာတော့ သူက ကျောက်လုံးကြီး တစ်ခုပုံစံကို ပြောင်းလဲသွားပြီး အသွင်ပြောင်းမဲ့ အခြေအနေကို ဂင်ရောက်သွားသလိုမျိုး ဖြစ်သွားကာ ရက်တော်တော်များများ လှုပ်ရှားခြင်း မရှိခဲ့ပါဘူး။

ဒါပေမဲ့လည်း ရက်အနည်းငယ် ကြာပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ ကြီးထွားဖွံ့ဖြိုးမှု အခြေအနေက ရုတ်တရက် ပေါက်ကွဲထွက်လာပြီး တန်ခိုးရှင် အဆင့်ထဲကို အောင်အောင်မြင်မြင်နဲ့ အဆင့်တက် သွားခဲ့ပါတယ်။

ဓာတ်ကြီးငါးပါး စိတ်ဝိညာဉ်တွေက မိစ္ဆာသားရဲကောင်တွေနဲ့ ကွာခြားပါတယ်။ မိစ္ဆာသားရဲကောင်တွေက တန်ခိုးရှင် အဆင့်ကို ရောက်ရှိပြီးတဲ့နောက်မှာ လူသားပုံစံကို ပြောင်းလဲနိုင်ပြီး ကျောက်တုံးစိတ်ဝိညာဉ်ကတော့

အမြဲတမ်းလိုလို လူသားပုံစံ တစ်ခုကို ပြောင်းလဲနိုင်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က ကျောက်တုံးတွေနဲ့ ဖွဲ့စည်းထားပါတယ်။ တန်ခိုးရှင် အဆင့်ကို တက်ပြီးတဲ့ နောက်မှာတော့ ကျောက်တုံးစိတ်ဝိညာဉ်က စကားပြောလာ နိုင်ပါပြီ။

ဒါတောင်မှ ကျောက်တုံးစိတ်ဝိညာဉ်က စကားပြောရတာကို နှစ်ခြိုက်ခြင်း မရှိခဲ့ပါဘူး။ သူက အရင်ကအတိုင်းပဲ နေပြီးတော့ လင်းဟန်ရဲ့ ခြေထောက်ကို ပွတ်သပ်ပြီးတော့ ချစ်စဖွယ် ဟန်ပန်အမူအရာမျိုး လုပ်နေပါတယ်။ အဲဒါက သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို အတော်လေး အထင်သေးသွား စေခဲ့ပါတယ်။ မင်းက တကယ့်ကို သတ္တိကောင်းတဲ့ ခွေးတစ်ကောင် မဟုတ်ပဲ ဘာဖြစ်လို့ ခွေးတွေလိုမျိုး လုပ်ဖို့ ကြိုးစားနေတာလဲ။

“ဝု ဝု ဝု”

သူက ကျောက်တုံး စိတ်ဝိညာဉ်ကို မကျေမနပ်နဲ့ ဟောင်လိုက်ပါတယ်။

ဒီကျောက်တုံးစိတ်ဝိညာဉ်က ဘာဖြစ်လို့ ငါ့ကို အမြဲတမ်း လာယှဉ်နေရတာလဲ။ ဒီနေရာမှာ ငါက ခွေးပဲ ဟုတ်ပြီလား။

လင်းဟန်က မိုးရေကြောင်ဇ်နဲ့ သူ့ရဲ့ တခြားသူငယ်ချင်းတွေကိုပဲ ကူညီခဲ့တာ မဟုတ်ပါဘူး။ သူက နန်းတော်ထဲက အစောင့်အကြပ်တွေကိုတောင် စိတ်ဝိညာဉ် ဆေးပင်တွေ ဖြန့်ဝေပေးပြီး သူတို့ရဲ့ ကျင့်ကြံခြင်းကိုပါ တိုးလာစေခဲ့ပါတယ်။ သူတို့ကတော့ အနက်ရောင် မျှော်စင်ထဲက ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံအားထုတ်ခွင့်ကိုတော့ မရခဲ့ပါဘူး။

တကယ်တော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်က ထောက်ပံ့ပေးနိုင်တဲ့ နေရာ အကန့်အသတ် တစ်ခု ရှိပါတယ်။ အခုချိန်မှာ တစ်ပြိုင်နက်တည်း လူဆယ်ယောက်ပဲ ကျင့်ကြံနိုင်အောင်လို့ ကူညီပေးနိုင်စွမ်း ရှိပါတယ်။

ဒါတောင်မှ နန်းတော်ထဲက အစောင့်အရှောက်တွေရဲ့ ကြီးကြီးမားမား တိုးတက်မှုကို တွေ့မြင်နိုင်ပါတယ်။ အတိတ်တုန်းက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေက

ယောဘုယျအားဖြင့် ပန်းဖူးအဆင့်မှာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း အခုဆိုရင် သူတို့က စိတ်ဝိညာဉ် နတ်သူငယ်အဆင့်ကို တစ်ယောက်ပြီး တစ်ယောက် ချိုးဖျက်ဝင်ရောက်လာခဲ့ကြပါပြီ။ နောက်ပြီးတော့ သူတို့အားလုံးက သုံးလဆိုတဲ့အချိန်တိုတိုလေး တစ်ခုအတွင်းမှာ ဖြစ်ပျက်လာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာကောင်းလောက်အောင် အံ့သြဖို့ကောင်းပါတယ်။

လင်းဟန်က သူ့ရဲ့တပည့်ဘက်ကို ပြန်လှည့်ပြီးတော့ ပြောလိုက်တယ်။

"တင်းပင်း ရက်နည်းနည်းလောက် အိမ်ကိုပြန်တော့။ ငါတို့တွေ နောက်တစ်လ အတွင်းမှာ ကြယ်ဥက္ကာအင်ပါယာကို ခရီးထွက်တော့မယ်။ ဘယ်အချိန်မှ ငါတို့တွေ နောက်တစ်ခေါက် ပြန်လာနိုင်မလဲ ဆိုတာကို မိုးကောင်းကင်ပဲ သိလိမ့်မယ်"

အမှန်တော့ တင်းပင်းက အိမ်ကို မပြန်ချင်ခဲ့ပါဘူး။ သူ့အတွက်တော့ တင်းကလန်က သူ့အိမ် မဟုတ်တော့ပါဘူး။

အဲဒီနေရာက သူ့ကိုမွေးဖွားပြီး သူနေထိုင်ခဲ့တဲ့ နေရာလေး တစ်ခုသာသာပါပဲ။

ဒါပေမဲ့လည်း သူ့အနေနဲ့ သူ့ဆရာသခင်ရဲ့ ဆန္ဒကို ဘယ်လိုလုပ်ပြီး ဆန့်ကျင်ဝံ့မှာလဲ။ သူက အထုတ်အပိုးတွေ ပြင်ဆင်ပြီးတော့ အိမ်ပြန်ဖို့ ခရီးထွက်လာခဲ့ပါတယ်။

တင်းပင်းက အခုဆိုရင် အရင်ကလို အမိုက်မဟုတ်တော့ပါဘူး။ သူက လက်ရှိဂေးရာဇ်ရဲ့ တပည့်ရင်း တစ်ယောက် ဖြစ်နေပါပြီ။ နောက်ပြီးတော့ သူ့ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်က အထင်ကြီးစရာ အဆင့်တစ်ခုကို ရောက်ရှိနေပါပြီ။ တင်းကလန်ထဲမှာ ဘယ်သူကမှ သူ့ကို စကြဝဠာ ဖျက်ဆီးခြင်း အဆင့် ရောက်နေပြီဆိုတာ မသိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ဆိုတာကလည်း လူအများစုရဲ့ မျက်လုံးထဲမှာ အထွတ်အထိပ် အဆင့်တစ်ခု ဖြစ်ပါတယ်။

ဒါကြောင့် သူ တင်းကလန်ကို ပြန်ရောက်လာတဲ့ အချိန်မှာ နွေးနွေးထွေးထွေး ကြိုဆိုတာကို လက်ခံရရှိ ခဲ့ပါတယ်။ ဒါပေမဲ့လည်း လူတချို့ကတော့ သူ့ကို အေးစက်စက်နဲ့ ဆက်ဆံနေ ကြဆဲပါပဲ။ တခြားသူတွေဆိုရင် ရန်လိုစိတ်တွေကိုတောင် ထုတ်ဖော်ပြသ နေကြပါတယ်။ အဲဒါက တင်းပင်းရဲ့ နှလုံးသားကို ခုန်ထွက်လုနီးပါး ဖြစ်စေခဲ့ပါတယ်။

သူ့အနေနဲ့ အုပ်ချုပ်မှု အတွင်းပိုင်းမှာ ပြဿနာတွေ ရှိနေတယ်ဆိုတာကို သတိပြုမိပါတယ်။ တချို့ အင်အားစုတွေက မဟာလင်း အင်ပါယာရဲ့ သရဖူကို မတရားသိမ်းယူပြီး သူတို့ကိုယ် သူတို့ အုပ်ချုပ်သူတွေ ဖြစ်လာဖို့ လျှို့ဝှက်စွာနဲ့ ကြံစည်နေကြပါတယ်။ တင်းပင်းက အဲဒီလိုမျိုး လူတွေကို သူ့ရဲ့နှလုံးသားထဲကနေ စက်ဆုပ်ရွံရှာ မုန်းတီးနေခဲ့ပါတယ်။

သူ့ဆရာသခင်က မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်ခဲ့ပြီး ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ မကောင်းဆိုးဝါး

လက်သည်းတွေကနေ အားလုံးကို
လွတ်မြောက်စေခဲ့ပါတယ်။ သူတို့ကို မော်ဆေးလုံးအဖြစ်
သန့်စင်မဲ့ ကံကြမ္မာကနေ ကယ်တင်ခဲ့ပါတယ်။
နောက်ပြီးတော့ သူ့ရဲ့ ဆရာသခင်က အဲဒီအတွက် ဓားစာခံ
တစ်ယောက်လိုမျိုး ခေါ်သွားခြင်းကို ခံခဲ့ရပါတယ်။
ဒါတောင်မှ ဒီလူတွေက ဒီအကြွေးကို သစ္စာဖောက်ခြင်းနဲ့
ပြန်ပေးဆပ်ဖို့ ကြံစည်နေကြပါတယ်။

အဲဒီလိုမျိုး သစ္စာဖောက်လောက်ကောင်တွေ
တင်းကလန်ထဲမှာ ရှိမနေဖို့ မျှော်လင့်မိပါတယ်။ တကယ်လို့
သူတို့သာ ရှိနေမယ်ဆိုရင် သူကိုယ်တိုင်ပဲ အဲဒီလူတွေကို
သုတ်သင်ချေမှုန်း ပစ်ရပါလိမ့်မယ်။

အကြီးအကဲ တစ်ယောက်က သူ့ကို လက်ဝှေ့ယမ်းပြပြီးတော့
ပြောလိုက်တယ်။

"ဟားဟား တင်းပင်း လာခဲ့လာခဲ့ လာခဲ့။
စကားနည်းနည်းလောက် ပြောရအောင်"

ဒီအကြီးအကဲကို တင်းချန်လို့ခေါ်ပြီးတော့ သူက တင်းကလန်ရဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အဖွဲ့ဝင် တစ်ယောက် ဖြစ်ပါတယ်။

သူက ပန်းဖူးအဆင့်မှာ ရှိပြီးတော့ ကျွမ်းကျင်သူလေး တစ်ခုထဲမှာဆိုရင် မူလတုန်းက ဒီအဆင့်မှာပဲ ရပ်တန့်နေပြီး အသက်အရွယ် အိုမင်းလာတဲ့ အချိန်မှာ သေဆုံးဖို့ကို တွေးထားခဲ့ပါတယ်။ ကျေနပ်စရာ အပြောင်းအလဲတွေ ဖြစ်လာပြီး လင်းဟာန်အနေနဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတဲ့ နောက်မှာတော့ သူက အကျိုးအမြတ်တွေ အများကြီး ရရှိခဲ့ပါတယ်။ ဒီနှစ်နှစ်အချိန် အတွင်းမှာ သူက စိတ်ဝိညာဉ် နတ်သူငယ် အဆင့်ကို အဆင့်တက်နိုင်ခဲ့ပြီး သူ့ရဲ့အသက်ကလည်း နောက်ထပ် နှစ်ပေါင်းနှစ်ရာ ရှည်လာခဲ့ပါတယ်။

ဒီလိုမျိုး မဖြစ်ပျက်ခင်မှာ သူ့ရဲ့ ရည်မှန်းချက်တွေ အားလုံးက ပျောက်ဆုံးကုန်ခဲ့ပါတယ်။ ဒါပေမဲ့လည်း နောက်ထပ်နှစ်ပေါင်း နှစ်ရာ ထပ်ပြီးတော့ အသက်ရှင်နိုင်လာတဲ့အတွက်

စွမ်းအားနဲ့ ပတ်သက်ပြီး သူ့ရဲ့ လိုချင်တပ်မက်မှုတွေက လောင်ကျွမ်းလာခဲ့ပါတယ်။

"နံပါတ်ခုနစ် အကြီးအကဲ"

လင်းဟန်ရဲ့ လွှမ်းမိုးမှုအောက်မှာ တင်းပင်းက သူတို့နဲ့ ဆက်ဆံရေးကောင်း နည်းနည်းမှ မရှိပေမဲ့ သူ့ရဲ့အကြီးအကဲတွေကိုတော့ လေးစားသမှု ရှိပါတယ်။

တင်းချန်က ဝါစဉ်ကြီးမှုကို အနည်းငယ် ကြွားလုံးထုတ်တဲ့ ဟန်ပန်မျိုးနဲ့ ခေါင်းကို အသာအယာ ညိတ်လိုက်ပါတယ်။ သူ့မျက်လုံးထဲမှာ တင်းပင်းက ဘယ်လောက်ပဲ အစွမ်းထက်နေပါစေ တင်းကလန်ရဲ့ ဂျူနီယာ တစ်ယောက် ဖြစ်နေဆဲပါပဲ။ ဒါကြောင့် ဒါက သူ့ရဲ့ သဘောအတိုင်း တင်းပင်းရဲ့ အသိစိတ်တစ်ခု ဖြစ်ပါတယ်။ သူက သူ့အရှေ့က ထိုင်ခုံတစ်ခုကို ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

"ထိုင်"

တင်းပင်း ထိုင်ချလိုက်တာနဲ့ သူ့ရဲ့ အမူအရာက အလေးအနက် ဖြစ်လာပြီးတော့ ပြောလိုက်တယ်။

"ပင်းအာ အရှင်မင်းကြီး ထွက်သွားတာ နှစ်နှစ်နီးပါး ရှိပြီမဟုတ်လား။ ငါပြောတာ မှန်လား"

တင်းပင်းရဲ့ နှလုံးသား တဒိတ်ဒိတ် ခုန်သွားပေမဲ့ သူ့ရဲ့ အမူအရာက လုံးဝကို ပြောင်းလဲ မသွားခဲ့ပါဘူး။ လင်းဟာန်က သူ့ကို အခြေအနေတွေ အားလုံးမှာ တည်တည်ငြိမ်ငြိမ် ရှိနေဖို့ သင်ကြားခဲ့ပါတယ်။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ဆရာသခင် အဝေးကို ထွက်သွားတာ တကယ်ပဲ နှစ်နှစ်နီးပါး ရှိနေပါပြီ"

"ပင်းအာ နိုင်ငံတစ်ခုမှာ အုပ်ချုပ်သူ တစ်ယောက် မရှိပဲနဲ့ ရှေ့ဆက်မသွားနိုင်ဘူးလို့ ပြောကြတယ်"

တင်းချန်က ရယ်ရယ်မောမော ပြောဆိုရင်း သူ့မျက်လုံးထဲမှာ အရောင်မှိန်မှိန်လေးတစ်ခု လက်လာခဲ့ပါတယ်။

ဒါက စွမ်းအားကို အငမ်းမရခြင်း ဖြစ်ပါတယ်။ ဒီအကြီးအကဲကို ကြည့်ရတာ ရာဂကြီးတဲ့ လူငယ် တစ်ယောက်က ချောမောလှပတဲ့ မိန်းမလှလေး

တစ်ယောက်ကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးတာမျိုးနဲ့ တူနေပါတယ်။

"နံပါတ်ခုနစ် အကြီးအကဲ ဘာများပြောချင်လို့လဲ"

တင်းပင်းက တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတဲ့ နောက်မှာ မေးလိုက်ပါတယ်။

တင်းချန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းက အရှင်မင်းကြီးရဲ့ တစ်ဦးတည်းသော တပည့်ပဲ။ ဒါကြောင့် အခု အရှင်မင်းကြီး ထွက်သွားတော့ မင်းက သရဖူကို ဆက်ခံသင့်တယ် မဟုတ်လား။ အရှင်မင်းကြီးက ဘယ်တော့မှ ပြန်မလာတော့တာလဲ ဖြစ်ကောင်းဖြစ်နိုင်တာပဲ"

တင်းပင်းက ချက်ချင်းပဲ မတ်တပ်ထရပ်ပြီး ပြောလိုက်တယ်။

"နံပါတ်ခုနစ် အကြီးအကဲ စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ"

"ဒါက ဘယ်လိုအပြုအမူမျိုးလဲ"

တင်းချန်က ဒေါသထွက် သွားခဲ့ပါတယ်။

ဒီကောင်စုတ်လေးက ပုန်ကန်ဖို့ ကြိုးစားနေတာလဲ။ သူက တကယ်ပဲ သူ့ကို ဒီလိုမျိုး အရှိအသေ ကင်းမဲ့တဲ့ ဟန်ပန်အမူအရာနဲ့ ပြောရဲတယ်ပေါ့လေ။

"နံပါတ်ခုနစ် အကြီးအကဲ ခင်ဗျား မူးနေပြီ"

တင်းပင်းက သူ့အင်္ကျီလက်စကို ဖော့ယမ်းပြီးတော့ ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

တင်းချန်က စားပွဲကို ပုတ်လိုက်ပြီးတော့ အော်ဟစ်လိုက်တယ်။

"အဲဒီနေရာမှာ ရပ်လိုက်စမ်း"

တင်းပင်းက သူ့ကို လျစ်လျူရှုပြီးတော့ အရှေ့ကို ဆက်လျှောက်သွား ခဲ့ပါတယ်။

"ဟေ့ ကောင်ကလေး မင်းရဲ့အကြီးအကဲက မင်းကို ရပ်လိုက်ဖို့ ပြောတာကို မကြားဘူးလား"

တင်းပင်းရဲ့ အရှေ့မှာ ပုံရိပ်တစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး သူ့လမ်းကို ပိတ်ထားလိုက် ပါတယ်။

“မင်းရဲ့ အကြီးအကဲတွေကို မရိုမသေ လုပ်တာက အရမ်းကို ဆိုးဝါးတဲ့ အပြုအမူပဲ”

တင်းပင်းက သူ့အကြည့်တွေကို အရှေ့က လူပေါ်ကို ပို့လိုက်ပါတယ်။ သူက အများဆုံး အသက် နှစ်ဆယ့်လေး နှစ်ဆယ့်ငါးလောက်ပဲ ရှိဦးမဲ့ လူငယ် တစ်ယောက် ဖြစ်ပါတယ်။ သူ့နောက်ကျောမှာ ဓားတစ်လက်ကို လွယ်ထားပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ အံ့အားသင့်စရာကောင်းတဲ့ ဓားအသိဆန္ဒတစ်ခု တောက်ပလို့ နေပါတယ်။ သူ့ပုံစံက ဓားတစ်ချောင်းဖြစ်နေပြီး ဓားကလည်း သူဖြစ်နေသလိုပါပဲ။

“မင်းဘယ်သူလဲ”

တင်းပင်းက အသံတိုးတိုးနဲ့ မေးလိုက်ပါတယ်။ ဒီလူငယ်ဆီကနေ အစွမ်းထက်တဲ့ ဖိအားကို

သူခံစားနိုင်ပါတယ်။ ဒီလူငယ်ရဲ့ ကျင့်ကြံခြင်း အဆင့်က သူ့ထက် မနိမ့်ကျဘူးဆိုတာ ထင်ရှားပါတယ်။

စကြာဝဠာ ဖျက်ဆီးခြင်းအဆင့်။

Chapter 1081 end

အပိုင်း(1082) ဂိုဏ်းကြီးငါးဂိုဏ်း ပြန်ပေါ်လာခြင်း

"ငါလား"

လူငယ်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာပြီးတော့ သူက ပြောလိုက်တယ်။

"ငါ့နာမည် ကျန်းမို၊ ဓားကောရာဇ်လေးဆိုတဲ့ နာမည်ပြောင် တစ်ခုကို ငါအသုံးပြုတယ်။ ဒါပေမဲ့လည်း ဒီနာမည်ပြောင်ကို ဆက်ပြီးတော့ သိမ်းထားလို့ မရနိုင်တော့ဘူး။ ဒါက တန်ခိုးရှင်ဘုံ ဖြစ်တယ်။ တကယ်လို့ ငါ့ကိုယ်ငါ ဓားကောရာဇ်လေးလို့ ဆက်ခေါ်ရဲသေးတယ် ဆိုရင် ငါ့ကို တစ်ယောက်ယောက်က သေအောင်လို့ ရိုက်ပစ်လိမ့်မယ်"

"ကောင်းကင်ဓားဂိုဏ်း"

တင်းပင်းက အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

နောက်ဆုံးတော့ သူနားလည် သဘောပေါက် သွားခဲ့ပါပြီ။ အုပ်ချုပ်ရေးထဲမှာ ပုန်းကွယ်ပြီး နောင့်ယှက်နေတဲ့ နောက်ကွယ်မှာ ဂိုဏ်းကြီးငါးဂိုဏ်း ရှိနေပါတယ်။

ဒီလူတွေက ဂက်ခေါင်းတွေများလား။

ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ကို လောကဘုံ ဆေးလုံးတွေအဖြစ် ဖော်စပ်ချင်နေတယ် ဆိုတာကို သူတို့တွေ နားလည်ရဲ့သားနဲ့ အခု သူတို့က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အားပေးအားမြှောက် ပြုတာကို နားထောင်နေကြသေးတယ်။ သူတို့က လင်းဟန်ကို သစ္စာဖောက်ဖို့ ကြိုးစားနေကြပါတယ်။ ဂုဏ်သတင်း ကျော်ကြားမှုနဲ့ စွမ်းအားက အဲဒီလောက် ဆွဲဆောင်မှု ရှိလို့လား။ အရမ်းကို ကိုင်တွယ်ရ ခက်ခဲတဲ့ လူတစ်ယောက် ဖြစ်လာနိုင်တယ်ပေါ့လေ။

"ဟားဟား ဘယ်လောက် တိုက်ဆိုင်လိုက်လဲ"

ကျန်းမိုက ဂရုမစိုက်တဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်တယ်။

"ငါတို့က မင်းပြန်လာဖို့ လှည့်ကွက်တွေ သုံးချင်နေတာ။ ဒါပေမဲ့ မင်းကိုယ်တိုင် ပြန်လာမယ်လို့ ဘယ်သူက ထင်မိမှာလဲ"

တင်းပင်းရဲ့ စိုးရိမ်ကြောင့်ကြတဲ့ ခံစားချက်မှုတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ပါတယ်။ အခုဆို တရားခံအစစ်တွေက သူတို့ဘာသာ သူတို့ ထွက်ပေါ်လာပါပြီ။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာသုံးကို ရောက်နေပြီး သူ့ရဲ့ ပေါက်ကွဲမှု စွမ်းအားကိုပါ ပေါင်းလိုက်မယ် ဆိုရင် တိုက်ပွဲစွမ်းရည် ဆယ့်နှစ်ပွင့်ကို ရောက်နိုင်ပါတယ်။ နောက်ပြီးတော့ သူ့ဟာ နိုင်ငံ့စွမ်းအားကိုပါ ထုတ်သုံးနိုင်ပြီး လင်းဟန်က သူ့ကို လက်ဆောင်ပေးထားတဲ့ ရတနာ ပစ္စည်းတွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ဘယ်သူ့ကိုမှ မကြောက်ပါဘူး။

တင်းပင်းက ခိုင်မာပြတ်သားတဲ့ အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ငါက ငှါးဆရာသခင်ကို ဘယ်တော့မှ သစ္စာဖောက်မှာ မဟုတ်ဘူး။ အဲဒီတော့ တကယ်လို့ မင်းတို့ကောင်တွေက ငှါးကို ဖမ်းမယ်ဆိုရင်တောင် ဘာဖြစ်လဲ"

"ဟားဟားဟား ငါတို့က ယန္တရားရုပ် တစ်ရုပ်ပဲ လိုအပ်တာပါ"

တင်းချန်က ဟက်ဟက်ပက်ပက် ရယ်မောရင်း ဆက်ပြောလိုက်ပါတယ်။

"မင်းက လင်းဟန်ရဲ့ တပည့်ဖြစ်တယ်။ ဒါကြောင့် ထီးနန်းကို မင်းအတွက် ဆက်ခံဖို့ အကြောင်းပြချက်က အရမ်းကို သင့်တော်ကောင်းမွန်နေပြီလေ"

သူ့မျက်နှာက စိတ်လှုပ်ရှားမှုနဲ့အတူ နီရဲလို့ လာပါတယ်။ သူ့အနေနဲ့ အင်ပါယာ တစ်ခုရဲ့ အုပ်ချုပ်သူ ဖြစ်လာနိုင်မဲ့ နေ့ရက် ရောက်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ အိပ်မက် မမက်ခဲ့ ဖူးပါဘူး။

တကယ်တော့ သူက အဘိုးကြီး ဖြစ်နေပြီး ဘဝနေဝင်ချိန် နီးကပ်လာရင်တောင် သူ့အနေနဲ့ မိန်းမလှလေး တချို့နဲ့ ပျော်ချင်ပါးချင်တဲ့ စိတ်တွေ ရှိနေပါသေးတယ်။

စွမ်းအားဆိုတာ ယောက်ျားတွေအတွက် အစွမ်းထက်ဆုံး မူယစ်ဆေးဝါး တစ်ခုပါပဲ။

"ဉာဏ်နဲ့လိုက်တာ"

ကျန်းမိုက သူ့လက်ဝါးကို အသာအယာ ဖော့ယမ်းလိုက်ပြီး ချက်ချင်းဆိုသလို ဓားအလင်းတန်း တစ်ခု ဖြစ်ပေါ်လာကာ တင်းချန်ကို ခေါင်းဖြတ်ပစ်လိုက်ပါတယ်။

ဂုန်း။

သွေးတွေက လေထဲမှာ ပျံ့နှံ့သွားခဲ့ပါတယ်။

တင်းချန်ရဲ့ ခေါင်းပြတ်ကြီးက မြေကြီးပေါ်မှာ လိမ့်သွားပြီးမှ ရပ်သွားပါတယ်။ သူ့မျက်နှာ အပေါ်မှာ အံ့အားသင့်နေတဲ့ အကြည့်တစ်ခုနဲ့ မျက်လုံးကြီး ပြူးနေပါတယ်။ ကျန်းမိုက သူ့ကို ဘာဖြစ်လို့ ရုတ်တရက်ကြီး တိုက်ခိုက်လာလဲ ဆိုတာကို သူနားမလည်နိုင်အောင် ဖြစ်နေပါတယ်။ သူတို့က မဟာမိတ်တွေ မဟုတ်လား။ သူတို့က မဟာလင်း အင်ပါယာကို အတူတကွ ပူးပေါင်း အုပ်ချုပ်ကြမယ် မဟုတ်ဘူးလား။

တင်းပင်းက သူ့အတွက် နည်းနည်းလေးမှတောင် သနားဂရုဏာ မဖြစ်မိပါဘူး။ ဒီလူက လင်းဟန်ကို သစ္စာဖောက်ခဲ့ပါတယ်။ သူ့အနေနဲ့ ကိုယ်တိုင်ကိုယ်ကျတောင် သူ့ကို မသတ်ခဲ့ ရပါဘူး။ သူက ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"နံပါတ်ခုနစ် အကြီးအကဲ ခင်ဗျားက မကောင်းဆိုးဝါးတွေနဲ့ အပေးအယူ လုပ်ခဲ့တာပဲ။ သူတို့က ခင်ဗျားတို့ကို ကျုပ်ပြန်လာအောင် လှည့်ဖျားဖို့ပဲ အသုံးချချင်နေကြတာ"

တင်းချန်ရဲ့ မျက်လုံးထဲမှာ အလင်းရောင် မှိန်မှိန်လေး တစ်ချက် လက်သွားပြီး အဲဒီနောက် ထာဝရ ပျောက်ကွယ် သွားခဲ့ပါတယ်။

သူက ငြိမ်းချမ်းတဲ့ ဘဝရဲ့ အပိုနှစ်ပေါင်း နှစ်ရာကို ပျော်ပျော်ရွှင်ရွှင်နဲ့ ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တင်းပင်းနဲ့ သူ့ရဲ့ ဆက်ဆံရေးကြောင့် သူ့အနေနဲ့ နတ်အသွင်ပြောင်းလဲခြင်း ဒါမှမဟုတ် ကောင်းကင်အဆင့်ကို ရောက်ရှိမဲ့ အခွင့်အရေး တစ်ခုတောင် ရှိလာပါလိမ့်မယ်။

ဒါက တန်ခိုးရှင်ဘုံ ဖြစ်ပါတယ်။ ဒါကြောင့် သေမျိုးအဆင့် ရတနာ ပစ္စည်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ပါတယ်။

ဒါပေမဲ့လည်း သူက စွမ်းအားကို ငမ်းငမ်းတက် လိုချင်လာပြီးတဲ့ နောက်မှာတော့ သူကိုင်တွယ်နိုင်တဲ့ စွမ်းအားထက် ပိုပြီးတော့ ကျော်လွန်သွားပါတယ်။ အဆုံးမှာ သူ့ရဲ့ အိပ်မက်တွေ ပျက်စီးကြေမွကုန်ပြီး အဲဒီအတွက် သူ့ဘဝကို ပေးဆပ်ခဲ့ ရပါတယ်။

"မင်းအရှုံးပေး အညံ့ခံမလား။ ဒါမှမဟုတ် ငါ အင်အားသုံး ရမှာလား"

ကျန်းမိုက တည်တည်ငြိမ်ငြိမ်နဲ့ မေးလိုက်ပါတယ်။

သူက အမြဲတမ်းလိုလို ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ လင်းဟာန် မိုးကောင်းကင်ကို ခွဲမဖွင့်ခင် စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို သူက ကြိုတင်ရောက်ရှိ နေခဲ့ပါတယ်။ အခု သူက တန်ခိုးရှင် ဘုံထဲမှာ နှစ်နှစ်နီးပါး ကျင့်ကြံအားထုတ်ခဲ့ပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုးထိ တစ်ဟုန်ထိုး

မြင့်တက်လာပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဆယ့်ငါးလုံးကို ရောက်နေပါပြီ။ ဒီနေရာမှာ စိတ်ဝိညာဉ်ချီတွေ ပေါက်ကွဲယ်ဂတာကို ကျေးဇူးတင်ရမှာ ဖြစ်သလို ဂိုဏ်းကြီးငါးဂိုဏ်းမှာ အရင်းအမြစ်တွေ တော်တော်များများ ရှိနေတဲ့ အချက်ကိုလည်း ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။

ဒါက ကျန်းမိုရဲ့ အကန့်အသတ် မဟုတ်သေးပါဘူး။ ဒါကြောင့် သူက တောင်မြစ်အဆင့်ကို အလျင်စလိုနဲ့ ချိုးဖျက်ဝင်ရောက်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူ့ရဲ့ ကျင့်ကြံခြင်းကို စုစည်းပြီး အထွတ်အထိပ် တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံးကို ရောက်အောင် လုပ်ဆောင်ဖို့ စီစဉ်ထား ခဲ့ပါတယ်။

စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကြယ်ဆယ့်ငါးလုံးက သူ့အတွက်တော့ ကျေနပ်နေဖို့ မလုံလောက်သေးပါဘူး။

တင်းပင်းက ဟက်ဟက်ပက်ပက် ရယ်မောပြီး ပြောလိုက်တယ်။

"ငါတို့တွေ တိုက်ခိုက်ပြီးမှပဲ ဘယ်သူက ပိုပြီးတော့ အစွမ်းထက်တယ် ဆိုတာကို သိမှာပေါ့"

"ဟင့် ငါ့တို့ရဲ့ သတင်းပေးမှုက မှားယွင်းနေတာပဲ။ မင်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ရောက်နေလိမ့်မယ်လို့ ဘယ်သူက ထင်မိမှာလဲ"

ကျန်းမိုက ပြုံးပြီးတော့ ဆက်ပြောလိုက်တယ်။

"ဒီစွမ်းရည်တွေက မင်းရဲ့ ဆရာသခင်နဲ့ အတော်လေးကို တူညီတာပဲ။ မင်းရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက တကယ့်ကို ပြဿနာပဲ။ ငါမင်းကို တကယ်ပဲ သတ်ပစ်ချင်လာပြီ။ အဲဒါမှ နောက်ပိုင်းမှာ မင်းက ကြီးမားတဲ့ ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာလိမ့်မှာ မဟုတ်ဘူး"

တကယ်လို့ သူတို့က လင်းဟန်ကို သတ်ပစ်နိုင်စွမ်း ရှိမယ်ဆိုရင် အောက်ဘုံက ကမ္ဘာငယ်လေး တစ်ခု ဖြစ်နေပါဦးမယ်။ တကယ်လို့ အဲဒီလိုသာဆိုရင် ဂိုဏ်းကြီးငါးဂိုဏ်းက လက်ရွေးစင်တွေက မကြာခင်မှာ

နောက်ထပ် လောကဘုံ ဆေးလုံး သန့်စင်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

သူတို့အတွက်တော့ မကြာခင်မှာ သူတို့လည်း တန်ခိုးရှင်ဘုံကို ဝင်လာနိုင်စွမ်း ရှိလာပါလိမ့်မယ်။ သူတို့က ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ် ဆင်းသက်လာလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား ဂိုဏ်းကြီး ငါးဂိုဏ်းရဲ့ ရေးဘိုးဘေးတွေရဲ့ မြေပြင်ကို ဆင်းသက်ပါလိမ့်မယ်။

သူတို့က ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်မှာ တန်ခိုးရှင်ဘုံရဲ့ အရင်းအမြစ်တွေကို လက်ခံရရှိမဲ့ အရိပ်အမြွက် တစ်ခုတောင် မရှိနိုင်ပါဘူး။ ဒီနေရာမှာ နေထိုင်တာက ကျက်တီးမြေ တစ်ခုထဲမှာ နေထိုင်ရသလိုမျိုးနဲ့ တူပါတယ်။ ပြီးတော့ အဲဒါက သူတို့ကို အရမ်းပဲ မွန်းကျပ်တဲ့ ခံစားမှု ဖြစ်စေပါတယ်။ သူတို့ကို မျှော်လင့်ချက် ပျက်သုဉ်းခြင်းမျိုးကိုတောင် ခံစားစေရပါတယ်။ ဒါကြောင့် နှစ်နှစ်လောက် နိမ့်နိမ့်ကျကျ နေထိုင်ပြီးတဲ့ နောက်မှာတော့ သူတို့က တစ်ချက်တည်း အမြစ်ဖြတ် ချေမှုန်းတဲ့ တိုက်ခိုက်မှု

တစ်ခုကို ထုတ်ဖော်ပြီး မဟာလင်း အင်ပါယာရဲ့ အုပ်ချုပ်သူ ပြောင်းလဲပစ်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူတို့က တင်းပင်းကို ရုပ်သေးရုပ် ဧကရာဇ် တစ်ယောက်အဖြစ် အရင်ဆုံး အသုံးပြု ရပါလိမ့်မယ်။ ပြီးတော့မှ နောက်ပိုင်းမှာ ထီးနန်းကနေ ကန်ထုတ်ပစ် ရပါလိမ့်မယ်။ သူတို့က အဲဒီနေ့ရက်ကို ရောက်လာတဲ့ အခါမှာ တန်ခိုးရှင်ဘုံထဲက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့အတူ ဆက်သွယ်မှုကို ပြန်တည်ဆောက်ပြီး သူတို့ရဲ့ ဘိုးဘေးမြေပြင်ကို ပြန်လို့ရပါလိမ့်မယ်။

တင်းပင်းက လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်တယ်။

"မင်းကြိုးစားကြည့်နိုင်တယ်"

သူ့အနေနဲ့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာ ကျင့်ကြံခြင်းအဆင့် တူညီတဲ့ တစ်ယောက်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ ဖူးပါတယ်။ လင်းဟာန်က သူ့ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်ကို

ထိန်းချုပ်ပြီးတော့ သူ့နဲ့အတူ တိုက်ခိုက်ခဲ့ပါတယ်။ သူ့ရဲ့ ထူးဆန်းတဲ့ ဆရာသခင်က တကယ့်ပဲ လူမဟုတ်ပါဘူး။ သူက မျှော်လင့်ချက်တွေ ကုန်ဆုံးသွားတဲ့အထိ အထုအထောင်း ရိုက်နှက်ခံရတာ တစ်ခုတည်းပဲ သူ့ခေါင်းထဲမှာ ကျန်ရှိခဲ့ပါတယ်။

ကျန်းမိုက အေးစက်စွာနဲ့ ရယ်မောပြီး သူ့လက်ကို မြှောက်ကာ ပြောလိုက်တယ်။

"ဟားဟား မင်းက မင်းရဲ့ ဆရာသခင်လိုမျိုးတောင် ယုံကြည်ချက်တွေ ရှိနေတာပဲ။ အဲဒါက ငါ့ကို ပိုပြီးတော့တောင် ဒေါသထွက်စေတယ်"

ရှွပ် ရှွပ် ရှွပ်။

ဓားအလင်းတွေ တော်တော်များများ တင်းပင်းဆီကို ပြေးဝင်သွားပါတယ်။

ကျန်းမိုက ဓားကေရာဇ်လေးလို့ ခေါ်ပါတယ်။ ဒါကြောင့် သူက ဓားတာအိုမှာ အရမ်းကို ထူးချွန်ထက်မြက်နေတာ သဘာဂကျပါတယ်။ ဓားအသိဆန္ဒတွေက သူ့ရဲ့

လုပ်ရှားမှုတိုင်းမှာ သူ့ခန္ဓာကိုယ်ကနေ တလက်လက် တောက်ပနေပါတယ်။

တင်းပင်းက ကြောက်ရွံ့မှု မရှိပဲ အစွမ်းကုန် အော်ဟစ်လိုက်ပြီး သူ့လက်သီးနဲ့ ထိုးလိုက်ပါတယ်။

ဂုန်း။

အစွမ်းထက်တဲ့ အင်အားတစ်ခုက လေထုကို ဖိနှိပ်လာပြီး တင်းပင်းရဲ့ အရှေ့မှာ ဒိုင်းတစ်ခု ပုံစံဖြစ်သွားပြီး ဓားအလင်းတန်းတွေကို တားဆီးလိုက်ပါတယ်။

"ဟင်"

ကျန်းမိုရဲ့ မျက်နှာပေါ်မှာ နောက်ဆုံးတော့ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်လာခဲ့ ပါတယ်။ တင်းပင်းရဲ့ တိုက်ပွဲစွမ်းရည်က သူခန့်မှန်းထားတာထက် သာလွန်နေပါတယ်။

သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာသုံးမှာပဲ ရှိသေးတယ်ဆိုတာ ထင်ရှားနေတာပဲ။ ဒါတောင်

ဘယ်လိုလုပ်ပြီးတော့ သူက ဒီလောက်
အစွမ်းထက်နေတာလဲ။

"ငါက ငါ့ဆရာသခင်ထက် အားနည်းသေးတယ်။ ဒါပေမဲ့
မင်းကို ဖိနှိပ်ထိန်းချုပ်ဖို့ဆိုတာက ပြဿနာ မရှိဘူး"

ဟုန်း ဝုန်း ဝုန်း။

တင်းပင်းက သူ့လည်ပင်းကို ဘယ်ညာချိုးလိုက်ပြီး
သူ့ခန္ဓာကိုယ်ထဲက အရိုးအဆစ်တွေရဲ့ ပေါက်ကွဲပြီး
မြည်တဲ့အသံတွေတောင် ထွက်ပေါ်လာပါတယ်။

သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို
သင်ယူနိုင်စွမ်း မရှိခဲ့ပေမဲ့ သူက နဂါးကိုးကောင် ခန္ဓာကိုယ်
ကျင့်စဉ်ကိုတော့ သင်ယူနိုင်စွမ်း ရှိပြီးတော့ သူ့ကို
ကျင့်ကြံခြင်း လမ်းကြောင်း နှစ်ခုလုံးပေါ်မှာ ခြေချနိုင်ခွင့်
ရရှိခဲ့ပါတယ်။ ဒါကြောင့်ပဲ သူက စကြာဝဠာ
ဖျက်ဆီးခြင်းအဆင့်ရဲ့ အလွှာသုံးမှာပဲ ရှိနေပေမဲ့ အခုလို
အစွမ်းထက်နေရတဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။
နောက်ပြီးတော့ သူ့ရဲ့ ပေါက်ကွဲခြင်း စွမ်းအားက သူ့ရဲ့

တိုက်ပွဲစွမ်းရည်ကို ပိုပြီးတော့
ကြောက်မက်ဖွယ်ရာကောင်းတဲ့ အဆင့်တစ်ခုကိုတောင်
ထုတ်ဖော်နိုင်ပါတယ်။

ကျန်းမိုက ဒေါသတွေ ပေါက်ကွဲသွားပါတယ်။ သူက
လင်းဟာန်နဲ့ တူညီတဲ့ မျိုးဆက်ကနေ လာခဲ့သူ ဖြစ်ပါတယ်။
လင်းဟာန်ကို ဖိနှိပ်နိုင်ခဲ့တဲ့ အချိန်တစ်ခုတောင် ရှိခဲ့ပါတယ်။
ဒါပေမဲ့လည်း သူ့ပြိုင်ဘက်ရဲ့ တပည့်က သူ့ကို ဖိနှိပ်ဖို့
ပြဿနာ မရှိဘူးလို့တောင် ပြောရဲတယ်ပေါ့လေ။

လပွတ်ပဲ။ သူက အရမ်းကို ဘဂင်မြင့်လွန်းနေပါတယ်။

သူ့ဓားကို ဆွဲထုတ်ပြီးတော့ ပြောလိုက်တယ်။

"ကောင်ကလေး မင်းက အရမ်းကို ဘဂင်မြင့်လွန်းတယ်"

"ကျုပ်က ဘဝင်မြင့်နေတာ မဟုတ်ဘူး။ ယုံကြည်မှု ရှိနေတာ"

တင်းပင်းက စိတ်အားထက်သန်လို့ နေပြီးတော့
သူ့ပြိုင်ဘက်က ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့
ကြောက်နေလိမ့်မှာ မဟုတ်ပါဘူး။ ဒါက သူ့ကို

လင်းဟန်သင်ကြားပေးတဲ့ နောက်ထပ် အရည်အချင်း တစ်ခု ဖြစ်ပါတယ်။ ဒါပေ့ါ။ သေခြင်းတရားကို အကျိုးမရှိ တစ်ဟုန်ထိုး ပြေးဝင်သွားတာနဲ့ မကြောက်ဘူးဆိုတာက လုံးဝကို မတူညီတဲ့ အရာတွေ ဖြစ်ပါတယ်။ တကယ်လို့ သူက သူ့ပြိုင်ဘက်ရဲ့ ယှဉ်ပြိုင်ဘက် မဟုတ်ဘူးဆိုတာကို သိလိုက်ရင် သူ့စွမ်းရည်တွေ အကုန်လုံး သုံးပြီးတော့ နောက်ဆုတ်ရပါလိမ့်မယ်။ သူ့အနေနဲ့ အသက်ရှင်နေရင် အလှည့်အပြောင်း ပြုလုပ်နိုင်မဲ့ အခွင့်အရေး ရှိလာပါလိမ့်မယ်။

"ဘယ်လောက် ဒေါသဖြစ်စရာ ကောင်းလိုက်လဲ"

ကျန်းမိုက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ဓားနဲ့ ခုတ်ချလိုက်ပါတယ်။

သူအနေနဲ့ စိုးရိမ်စရာအကြောင်း ဘာမှမရှိပါဘူး။ ပြီးတော့ ဒီနေရာက တင်းကလန်ပဲဖြစ်ဖြစ် ဘယ်နေရာပဲဖြစ်ဖြစ် သူ့အတွက်တော့ ကိစ္စမရှိပါဘူး။ တောက်ပလင်းလက်တဲ့ ဓားအလင်းရောင်က ချက်ချင်းဆိုသလို မီတာသုံးရာနီးပါး

ဆန့်ထွက်လာပြီး ဖျက်ဆီးခြင်းတွေနဲ့ ပေါက်ကွဲထွက်လာခဲ့ပါတယ်။

"အပြင်ထွက် တိုက်မယ်"

တင်းပင်းက အော်လိုက်ပါတယ်။

တကယ်လို့ သူတို့က ကျွန်းငယ်လေး တစ်ခုမှာပဲ ရှိနေဦးမယ်ဆိုရင်တော့ မိုးကောင်းကင်ပေါ်ကို ပျံတက်ပြီးတော့ တိုက်ခိုက်နိုင်ပါတယ်။ ဒါပေမဲ့လည်း အခုသူတို့အတွက် တစ်ခုတည်းသော ရွေးချယ်စရာက အပြင်ထွက်ပြီးတော့ တိုက်ခိုက်လို့ပဲ ရပါလိမ့်မယ်။

"သနားစရာကောင်းတဲ့ ကြွင်နာစိတ်ပဲ"

ကျန်းမိုက နည်းနည်းမှ ဂရုမစိုက်နိုင်ပါဘူး။ သူ့မျက်လုံးထဲမှာ ဒီနေရာက လူတွေဟာ ကျွန်းငယ်လေးက ပုရွက်ဆိတ်တွေပဲ ဖြစ်နေပါသေးတယ်။ သူတို့က လောကဘုံ ဆေးလုံးရဲ့ ပါဝင်ပစ္စည်းတွေအဖြစ် အသုံးဝင်နေခဲ့ ဖူးပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူတို့ရဲ့ အသုံးဝင်မှု ပမာဏ နည်းနည်းလေးတောင် မဆုံးရှုံးသေးပါဘူး။ အဲဒါကြောင့်

သူ့အနေနဲ့ ဘာကိုမှ စိုးရိမ်ပူပန် နေစရာအကြောင်း လုံးဝမရှိပါဘူး။

ဟုန်း။

ဓားအလင်းတန်း ဖြတ်သွားတဲ့ လမ်းကြောင်းက အဆောက်အအုံတွေ ပျက်စီးပြီးတော့ လူတွေလည်း အသတ်ခံလိုက် ရပါတယ်။ ဒါက အရမ်းကို လွှမ်းမိုးနိုင်တဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။

"သေစမ်းကွာ"

တင်းပင်းက အော်ဟစ်လိုက်ပါတယ်။ သူက ကျန်းမိုဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။ သူ့အနေနဲ့ လူတွေကို မညှာမတာ သတ်ဖြတ်နေတာကနေ သူ့ကို တားဆီးကာကွယ် ရပါလိမ့်မယ်။

Chapter 1082 end

အပိုင်း(1083) ပုန်ကန်သူတွေရဲ့ ချီတက်မှု

တင်းပင်းက ကျန်းမိုနဲ့ ရင်ဆိုင်တိုက်ခိုက် နေခဲ့ပါတယ်။

ကျင့်ကြံခြင်း အဆင့်နဲ့ ပတ်သက်ရင် တင်းပင်းက ကျန်းမိုထက် အဆင့်သေး ခြောက်ဆင့်တောင် နိမ့်ကျပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ စွမ်းဆောင်ရည်တွေ အားလုံးကို အပြည့်အဝ ထုတ်ဖော်လိုက်တဲ့ နောက်မှာတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အံ့အားသင့်စရာ ကောင်းလောက်အောင် ကျန်းမိုထက် အားမနည်းခဲ့ပါဘူး။ သူ့ရဲ့ ထူးထူးခြားခြား ခံနိုင်ရည်ကြောင့်နဲ့ နိုင်ငံစွမ်းအားရဲ့ အကန့်အသတ် မရှိမှုတွေကြောင့် သူက ကျန်းမိုကို မီးကုန်ယမ်းကုန် တိုက်ခိုက်နိုင်တာ ဖြစ်ပါတယ်။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေပြီး တင်းကလန်ရဲ့ အိမ်တော်ကလည်း အပျက်စီးပုံ အဖြစ်ကို ပြောင်းလဲသွားပါတယ်။ တိုက်ပွဲက အားလှိုင်းတွေကြောင့် အနည်းဆုံး တင်းကလန်ရဲ့ အဖွဲ့သား သုံးပုံတစ်ပုံခန့် သေဆုံးကုန်ပါတယ်။

ကျန်းမိုက တိုက်ပွဲကို ဆက်လက်တိုက်ခိုက်ရင်းနဲ့ ပိုပိုပြီး အံ့အားသင့် လာခဲ့ပါတယ်။ အစတုန်းက သူ့အနေနဲ့ တင်းပင်းကို အလွယ်တကူပဲ ဖမ်းဆီးနိုင်လိမ့်မယ်လို့ ထင်မှတ်ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်ရဲ့ တိုက်ပွဲစွမ်းရည်က သူခန့်မှန်းထားတာထက် ပိုမိုသာလွန် နေခဲ့ပါတယ်။ တကယ်လို့ တိုက်ပွဲက ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် သူတောင်မှ ရှုံးနိမ့်ကောင်း ရှုံးနိမ့်သွား ပါလိမ့်မယ်။

ဒီအချက်က သူ့ကို ရူးမတတ် ဖြစ်သွားစေခဲ့ပါတယ်။

တကယ်လို့ သူက လင်းဟန်ကို အနိုင်မယူနိုင်ဘူး ဆိုရင်တောင် ကိစ္စမရှိပါဘူး။ အဲဒီကောင်က လူထူးလူဆန်း တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ဆရာသခင်၊ သူ့ဆရာသခင်ရဲ့ ဆရာသခင်နဲ့ တန်ခိုးရှင်ဘုံက ပါရမီရှင်တွေတောင် သူ့ကို အနိုင်မယူနိုင်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ တပည့်ဖြစ်သူက အရမ်းကို အစွမ်းထက်ပြီးတော့

ထွက်ပေါ်လာခဲ့ ပြန်ပါပြီ။ သူက ဒီလိုမျိုး အရှက်ခွဲတာကို ဘယ်လိုလုပ် ခံနိုင်မှာလဲ။

"ဟင့် ဘယ်သူက ထင်မိမှာလဲ။ လင်းဟန်ပဲ ထူးဆန်းတာ မဟုတ်ပဲ သူ့ရဲ့ တပည့်တောင် လျှော့တွက်လို့ မရတဲ့ လူတစ်ယောက်ပဲ"

မိုးကောင်းကင်ပေါ်ကနေ မိန်းမလှတစ်ယောက် ဆင်းသက်လာပါတယ်။ သူမရဲ့ နောက်ကျောမှာ အတောင်ပံ တစ်စုံ ရှိပြီးတော့ အဲ့ဒီအတောင်ပံတွေကို အသာအယာလေး ခတ်လိုက်ရင် သူမကို မိုးကောင်းကင်ပေါ် ပျံတက်လို့ ရသွားစေပါတယ်။

ဒီအတောင်ပံတွေက ကမ္ဘာငယ်လေးမှာတော့ အသုံးမဝင်ပါဘူး။ အဲဒီမှာက ပန်းဖူးအဆင့်ကို ရောက်လို့ရှိရင် မိုးပေါ်ကို ပျံနိုင်တဲ့ အစွမ်းကို ပိုင်ဆိုင်ပါတယ်။ ဒါပေမဲ့လည်း တန်ခိုးရှင် ဘုံမှာတော့ အရာအားလုံးက မတူညီတော့ပါဘူး။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ကို ရောက်နေတဲ့ လူတွေပဲ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ လျှို့ဝှက်ချက်တွေကို

ဖမ်းဆုပ်နိုင်စွမ်း ရှိတာကြောင့် ကောင်းကင်ပေါ်မှာ ပျံသန်းနိုင်တဲ့ စွမ်းရည်ကို ရရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ငြိမ်းချမ်းရေး ဂြိုဟ်ကြီး တစ်ခုလုံးမှာတောင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ ဘယ်လောက်များ ရှိလို့လဲ။

ဒါကြောင့် တန်ခိုးရှင်ဘုံမှာ အတောင်ပံတွေ ရှိတယ်ဆိုတာက တခြားသူတွေ အနည်းဆုံး နှစ်သန်းနဲ့ချီကြာမှ ပျံသန်းနိုင်မဲ့ အိပ်မက်တစ်ခု ဖြစ်တယ်ဆိုတာကို သတိပြုမိလို့ လိုအပ်ပါတယ်။

ဒီမိန်းကလေးက တိမ်ဖီးနစ်ဂိုဏ်းရဲ့ ထူးချွန်တဲ့တပည့်တစ်ယောက်ဖြစ်သူ တုန်လင်းအာပဲ ဖြစ်ပါတယ်။

တန်ခိုးရှင်ဘုံရဲ့ စိတ်ဝိညာဉ်ချီ ပတ်ဂန်းကျင်ကြောင့်နဲ့ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးတော့ ရောက်လာတဲ့ အချက်ကြောင့် တုန်လင်းအာတို့ ပါရမီရှင် အုပ်စုကလည်း မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှ

တစ်စိတ်တစ်ပိုင်းကို ရရှိခဲ့ပါတယ်။ ဒါပေ့ါ။ သူတို့ရဲ့ ကောင်းချီးပေးခံရမှုက သာမန်လူတွေနဲ့ တူညီပြီး လင်းဟာန်နဲ့တော့ နှိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဒါတောင်မှ သူတို့အားလုံးက စကြာဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ အလွှာကိုးကို ရောက်ရှိလို့ နေခဲ့ပါပြီ။

"ဟင့် ထေ့လုံးငေ့ါလုံးတွေ ပြောနေတာ တော်လောက်ပြီ။ ဒီကောင်စုတ်လေးကို ဖိနှိပ်ဖို့ ငါ့ကို ကူဦး"

ကျန်းမိုက အရမ်းကို မကျေမနပ် ဖြစ်နေခဲ့ပါတယ်။

တုန်လင်းအာက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စောစောတုန်းကပဲ လူတစ်ယောက်က မင်းတို့အကူအညီ နည်းနည်းလေးမှ မလိုဘူးဆိုပြီး ယုံကြည်ချက်အပြည့်နဲ့ ပြောခဲ့သလားလို့"

သူမရဲ့ တိုက်ပွဲစွမ်းရည်က ကျန်းမိုထက် အားမနည်းခဲ့ပါဘူး။ ပြီးတော့ သူမက အမြင့်မှာတောင် ပျံသန်းနိုင်ပါသေးတယ်။ ဒါကြောင့် တင်းပင်းက သူမတို့ လက်ထဲကနေ ထွက်ပြေးသွားမှာကို မကြောက်ပါဘူး။

ကျန်းမိုက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"အဓိပ္ပာယ် မရှိတာ။ ဘာဖြစ်လို့ မင်းကိုယ်တိုင် သူနဲ့ တိုက်ခိုက်ဖို့ မကြိုးစားကြည့်တာလဲ"

ဒီကောင်စုတ်လေးက လင်းဟန်နီးပါး ထူးဆန်းပါတယ်။ ကျန်းမိုကိုတောင် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ရဲတဲ့ မယုံနိုင်စရာ စွမ်းအားရှိ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

"သူထွက်ပြေးလွတ်မြောက် သွားမယ်ဆိုရင် ပြဿနာတွေ ကြီးလာလိမ့်မယ်။ ဒီကောင်စုတ်လေးကို ငါတို့တွေ အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ လိုတယ်။ တကယ်တော့ အင်ပါယာ မြို့တော်ထဲမှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေ တော်တော်များများ ရှိနေကြ သေးတယ်"

တုန်လင်းအာက အရေမရ အဖတ်မရ စကားတွေကို ဆက်မပြောတော့ပဲ တိုက်ပွဲထဲကို ခုန်ဝင်လိုက်ပါတယ်။

"စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေကို ကြောက်နေစရာ မလိုပါဘူး။ ဟိုနဂါးအိုကြီး တစ်ကောင်ကိုပဲ ငါတို့တွေ စိုးရိမ်ပူပန်ရမှာ"

ကျန်းမိုက ပြောလိုက်တယ်။

"ငါတို့ရဲ့ စီနီယာ တော်တော်များများက တန်ခိုးရှင် အဆင့်ကို ချိုးဖျက်ဝင်ရောက် သွားပြီပဲ။ သူတို့အင်အားတွေ ပေါင်းလိုက်တာနဲ့ အဲဒီ နဂါးအိုကြီးကို စိုးရိမ်ပူပန်နေစရာ မလိုတော့ဘူး"

တုန်လင်းအာက အရမ်းကို ရက်စက်ကြမ်းကြုတ်ပြီး သူမရဲ့ တိုက်ခိုက်မှုတိုင်းက တင်းပင်းကို မသန်မစွမ်း ဖြစ်သွားစေဖို့ ရည်ရွယ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ထီးနန်းကို ဆက်ခံဖို့ ရုပ်သေးရုပ် တစ်ခုကိုပဲ ယာယီအားဖြင့် လိုအပ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီရုပ်သေးရုပ်က ကျင့်ကြံနိုင်တာပဲဖြစ်ဖြစ် မကျင့်ကြံ နိုင်တာပဲဖြစ်ဖြစ် အရေးမပါလှပါဘူး။

တင်းပင်းရဲ့ စိတ်ထဲမှာ တိုက်ကွက်တွေ ဖလှယ်ရင်းနဲ့ အစီအစဉ်တွေချကာ တွေးတော နေမိပါတယ်။

သူ့ပြိုင်ဘက်တွေက တမင်သက်သက် ရည်ရွယ်ပြီး သူ့ကို ကြားစေချင်နေတယ် ဆိုတာကို သူသိပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က သူ့ရဲ့ တိုက်ခိုက်ချင်တဲ့ စိတ်တွေ ဆုတ်ယုတ်သွား စေဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ရုတ်တရက် ပြန်ရောက်လာပြီး သုံးလဆိုတဲ့ အချိန်တိုတိုလေး အတွင်းမှာ တောင်မြစ်အဆင့် ကျင့်ကြံသူ လေးယောက်ကိုတောင် ဖန်တီးထားတယ် ဆိုတာကို သူတို့တွေ ဘယ်လိုမှ ထင်မှတ်ထားလိမ့်မှာ မဟုတ်ပါဘူး။

အခုဆိုရင် အင်ပါယာ မြို့တော်ထဲမှာ တန်ခိုးရှင်အဆင့် စွမ်းအားရှိတဲ့ သက်ရှိတွေ ဆယ်ယောက် နီးပါးတောင် ရှိနေပါပြီ။ နောက်ပြီးတော့ လင်းဟန်နဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ တိုက်ပွဲစွမ်းရည်တွေက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာတောင် ရှိနေပါတယ်။

တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့နောက် စွမ်းအားထဲမှာ ကြီးမားတဲ့ ကွာဟချက်ကို ထည့်တွက်မယ်ဆိုရင် လင်းဟန်က ဒီလူတွေကို လက်ညှိုးလေး တစ်ချောင်းနဲ့ အသာလေး ဖိနှိပ်ထိန်းချုပ် နိုင်ပါတယ်။

နေပါဦး။

တင်းပင်းက သူ့စိတ်ထဲကနေ ပြောလိုက်ပါတယ်။

တကယ်လို့ သူထွက်ပြေးမယ်ဆိုရင် သူ့ပြိုင်ဘက်တွေက စိုးရိမ်ပူပန်ပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေကို အချိန်ဆွဲလာလိမ့်မှာလား။ သူ့ရဲ့ ဆရာသခင်က ဒီယင်ကောင် သေးသေးလေးတွေနဲ့ လက်ရည်စမ်းဖို့ အချိန်မရှိပါဘူး။ သူတို့ရဲ့ ရည်မှန်းချက်က တန်ခိုးရှင်ဘုံ တစ်ခုလုံးကို လည်ပတ်သွားလာဖို့ ဖြစ်ပါတယ်။

ဒါဆိုရင် ဒီလိုပဲ ဆုံးဖြတ်တာပေါ့။

တင်းပင်းက ရုတ်တရက် နောက်ဆုတ်လိုက်ပြီး တိုက်ခိုက်မှု မလုပ်တော့ပဲ ခုခံရုံသာ ခုခံနေ ပါတယ်။

"ငါမင်းတို့တွေနဲ့ ပူးပေါင်းဖို့ ဆန္ဒရှိတယ်။ ဒါပေမဲ့လည်း မင်းတို့က ငါ့ကို ထိခိုက်နာကျင်မှု မဖြစ်ရဘူး။ နောက်ပြီး ငါ့ရဲ့ ကျင့်ကြံခြင်းကိုလည်း မဖျက်ဆီးပစ်ဘူးလို့ အာမခံရမယ်"

"ဟင်"

တုန်လင်းအာနဲ့ ကျန်းမိုတို့က တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ မျက်လုံးထဲမှာ ထူးဆန်းတဲ့ အကြည့်ကို တွေ့မြင်နိုင်ပါတယ်။

ဒီကောင်စုတ်လေးက ဘာဖြစ်လို့ ရုတ်တရက် အလျှော့ပေး အညံ့ခံလိုက်တာလဲ။

သူက ငါတို့နှစ်ယောက်နဲ့ ရင်ဆိုင်ပြီးတော့ အနိုင်ရဖို့ အခွင့်အရေး မရှိဘူးဆိုတာကို သိလို့များလား။ ဟားဟား လူသားတွေက သေရမှာတော့ ကြောက်တာပဲ။ ဒီကောင်လေးက ဆယ်ကျော်သက် အရွယ်ပဲ ရှိသေးတယ်။ ဒါကြောင့် ဒီလိုမျိုး ထိတ်လန့်ကြောက်ရွံ့ နေတာပေါ့။ လူငယ် တစ်ယောက် အနေနဲ့ သူ့မှာ ရည်မှန်းချက်တွေ အများကြီး

ရှိနိုင်သေးတယ်။ ဒါကြောင့် သူက မသေချင်သေးတာ သဘာဝ ကျပါတယ်။

"ကောင်းပြီလေ"

ကျန်းမိုနဲ့ တုန်လင်းအာတို့ နှစ်ယောက်စလုံး ခေါင်းညိတ်ပြီး သဘောတူ လိုက်ပါတယ်။ တင်းပင်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ သူတို့တွေ သူ့ကို ပြန်ခေါ်သွားရင် တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေ အများကြီးက သူ့ကို စောင့်ကြပ်စစ်ဆေး ပါလိမ့်မယ်။ ဒီနေရာက ကမ္ဘာငယ်လေး တစ်ခုမဟုတ်ပါဘူး။ တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေ ထိန်းချုပ်ထား ပါလိမ့်မယ်။ ဒီနေရာမှာ တန်ခိုးရှင်တွေက သူတို့ရဲ့ ခွန်အားအပြည့်အဝကို ထုတ်ဖော်နိုင်ပါတယ်။

တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေရဲ့ အရှေ့မှာ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ဆိုတာက အမိုက်တစ်ခုထက် မပိုပါဘူး။

တင်းပင်းက တုန်လင်းအာ၊ ကျန်းမိုတို့နဲ့အတူ ထွက်မသွားခင် စကားနည်းနည်းကို အသံထွက်ရုံမျှ ရွတ်လိုက်ပါတယ်။

သူတို့ပက သူ့ကို အင်အားသုံးပြီး ထိန်းမထားခဲ့ပါဘူး။ နှစ်ဖက်စလုံးက ရိုးသားမှုကို ထုတ်ပြတယ်လို့ ပြောရပါမယ်။

သူတို့က တောင်တွေမြစ်တွေကို ကျော်ဖြတ်လာပြီး စည်စည်ကားကားရှိတဲ့ မြို့တစ်မြို့ထဲကို ဝင်လာခဲ့ပါတယ်။ ဒီနေရာက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အခြေစိုက်တဲ့ နေရာဖြစ်ပါတယ်။

တကယ့်ကို အစွမ်းထက်တဲ့ အင်အားစုတွေက မြို့တွေထဲမှာ သူတို့ကိုယ် သူတို့ ပုန်းလျှိုးကွယ်လျှိုး နေနိုင်ပါတယ်။ တချိန်လုံးလိုလို မိုးရေကောရာဇ်နဲ့ တခြားသူတွေက ဂိုဏ်းကြီးငါးဂိုဏ်းက အသက်ရှင်သန် လွတ်မြောက်သွားတဲ့ လူတွေကို လိုက်လံရှာဖွေခဲ့ပါတယ်။ သူတို့က ဒီလိုမျိုး စည်ကားတဲ့ မြို့တစ်မြို့မှာ ပေါ်ပေါ်တင်တင် နေနေလိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။

သူက တုန်လင်းအာနဲ့ ကျန်းမိုတို့ ဦးဆောင်ရာ နောက်ကို လိုက်လာပြီး ကြီးမားတဲ့ စံအိမ် တစ်ခုထဲ ဝင်လာခဲ့ပါတယ်။ စံအိမ်ထဲမှာ ရေကန်တစ်ခုကိုတောင် ဖန်တီးထားပြီး

နွေးထွေးတဲ့ နေရောင်ခြည်က ကန်ရဲ့ မျက်နှာပြင်ပေါ်ကို ကျရောက်ပြီး ပတ်ဝန်းကျင်ကို အလင်းရောင် ဟပ်ကာ ပိုမိုလှပစေပါတယ်။

"အခြေအနေကို နားလည်တဲ့သူက ပညာရှိတဲ့ လူတစ်ယောက်ပဲ"

ဓားဘုရင် ထွက်ပေါ်လာခဲ့ပါတယ်။ သူလည်း ဒီအချိန်မှာ တောင်မြစ်အဆင့်ကို ရောက်ရှိနေပါပြီ။ သူ့ရဲ့ အရှိန်အဝါကို ဖုံးဖိမထားပဲ သူ့ခန္ဓာကိုယ်ကနေ ဓားအသိဆန္ဒတွေ ထုတ်လွှတ်လို့ နေပြီးတော့ သူ့ခန္ဓာကိုယ် ပတ်လည်မှာ တကယ့် ဓားအစစ်တွေလို့ ထင်ရတဲ့ ပုံရိပ်တွေ ဖြစ်ပေါ်လို့ နေပါတယ်။ ဒီဓားပုံရိပ်တွေနဲ့ သာမန်ကာလျှံကာ ပစ်လွှတ်လိုက်ရင်ပဲ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို အလွယ်တကူ သတ်ပစ်နိုင်ပါတယ်။

တုန်လင်းအာနဲ့ ကျန်းမိုတို့ရဲ့ သတင်းပေးပို့မှုကြောင့် အဖြစ်အပျက်တွေကို သူသိထား ပြီးပါပြီ။ သူ့ရဲ့

မသက်ာစိတ်တွေက မြင့်တက်မလာခဲ့ပါဘူး။ ဒါက နှစ်နှစ်ဆိုတဲ့ အချိန်တိုတိုလေး တစ်ခုပါပဲ။ လင်းဟန်က သေချာပေါက် ပြန်မလာခဲ့ပါဘူး။ ပြီးတော့ အင်ပါယာ မြို့တော်ရဲ့ ခွန်အားက တိုးတက်လာတဲ့ အရိပ်အယောင် နည်းနည်းလေးမှ မမြင်ရပါဘူး။

သူတို့နဲ့ ဆန့်ကျင်ဘက်အဖြစ် ဂိုဏ်းကြီးငါးဂိုဏ်းက ဒီလွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်း အချိန် အတောင်းမှာ အချိန်အရည်ကို အသုံးပြုပြီး လူတွေဘယ်လောက်များများကို ပိတ်လှောင်ထား ခဲ့သလဲ။ တန်ခိုးရှင်ဘုံကို တက်လာပြီးတဲ့ နောက်မှာ သူတို့ထဲက ဆယ်ပုံ တစ်ပုံလောက် သေကြေပျက်စီး သွားခဲ့ရပါတယ်။ အခုချိန်မှာ သူတို့ဆီ တန်ခိုးရှင်အဆင့် လက်ရွေးစင် လေးဆယ်နီးပါး ရှိပါတယ်။

ဒါက လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အင်အားတစ်ခု ဖြစ်ပါတယ်။ သူတို့တွေ စိုးရိမ်ပူပန်ရတာဆိုလို့ ဟော့လျန်ထန်းယွင် တစ်ယောက်ပဲ ရှိပါတယ်။ ဒီနဂါးအိုကြီးက အရမ်းကို ထူးဆန်းပါတယ်။ တောင်မြစ်အဆင့်ကို

ရောက်ပြီးတဲ့နောက်မှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြောက်စရာ ကောင်းနေပါလိမ့်မယ်။

"မင်းသိထားတာ အရာအားလုံး ငါတို့ကို ပြောပြစမ်း"

ဓားဘုရင်က ပြောလိုက်တယ်။ သူက ဟော့လျန်ထန်းယွင်နဲ့ ပတ်သက်ပြီး အားလုံးကို လေ့လာချင်ပါတယ်။ အဲဒါမှ သူတို့က ဟာကွက်မရှိတဲ့ အကြံအစည် တစ်ခုကို ချမှတ်နိုင်စွမ်း ရှိပါလိမ့်မယ်။

တင်းပင်းက တုံ့ဆိုင်းမနေပဲ ဟော့လျန်ထန်းယွင်နဲ့ ပတ်သက်ပြီး သူသိထားသမျှ အားလုံးကို ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ သူပြောပြတဲ့ အချက်တွေ အားလုံးက လွန်ခဲ့တဲ့ သုံးလလောက်က အကြောင်းတွေပဲ ဖြစ်ပါတယ်။ အချက်အလက်တွေက အရမ်းကို အသေးစိတ် ကျလွန်းတာကြောင့် ဓားဘုရင်တောင်မှ အံ့အားသင့် သွားခဲ့ပါတယ်။

ကောင်ကလေး မင်းက တော်တော်လေးကို သရဲဘောကြောင်တာပဲလား။ ငါတို့က မင်းကို

နည်းနည်းလေးမှတောင် မနိပ်စက်ရသေးဘူး မင်းက အားလုံးကို ဖော်ကောင်လုပ်လိုက်ပြီပေါ့။

ဂိုဏ်းကြီးငါးဂိုဏ်းကလည်း ဟော့လျှန်ထန်းယွင်နဲ့ ပတ်သက်တဲ့ သတင်းတချို့ကို ရထားပါတယ်။ ပြီးတော့ တင်းပင်း သူတို့ကို ပြောပြတာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် တင်းပင်က သူတို့ကို လုံး၀ အမှန်တွေ ပြောနေတယ် ဆိုတာကို သိလိုက်ရပါတယ်။

သူတို့ရဲ့ တင်းပင်းရဲ့ သဘောထားကို ယုံကြည်သွားခဲ့ပါတယ်။ တင်းပင်းက အရမ်းကို ငယ်ရွယ် သေးတာကြောင့် သူ့အသက် ဆုံးရှုံးရမှာနဲ့ ပတ်သက်ပြီး အရမ်းကို စိုးရိမ်ပူပန်နေတယ်လို့ သူတို့တွေ ကောက်ချက်ချလိုက် မိပါတယ်။

တင်းပင်းက စိတ်လိုလက်ရ ပူးပေါင်းဆောင်ရွက်တယ် ဆိုမှတော့ သူတို့က သူ့ကို ဒုက္ခထပ်ပြီး မပေးတော့ပါဘူး။ နောက်ပိုင်းမှာ သူ့ကို သူတို့ရဲ့ ခွေးအဖြစ် အသုံးပြုလို့တောင်

ရနိုင်ပါတယ်။ တကယ်တော့ သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာ ရှိပါတယ်။

သူတို့က အင်ပါယာမြို့တော်ကို ဆယ်ရက်အတွင်း ချီတက်တိုက်ခိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်က သူတို့တွေဟာ တခြားမရေမတွက်နိုင်တဲ့ အင်အားစုတွေနဲ့အတူ ပူးပေါင်းပြီးတော့ ဆက်သွယ်ထားပါတယ်။ သူတို့အားလုံး နောက်ဆုံးတိုက်ခိုက်မှုကို ဆင်နွှဲဖို့ အတွက် စောင့်မျှော်နေကြပါတယ်။

အချိန်တွေ ကုန်လွန်သွားပြီး ဆယ်ရက်ဆိုတာ မျက်စိတစ်မှိတ်အတွင်းမှာ ကုန်လွန်သွား ခဲ့ပါတယ်။ တင်းပင်းက ဂိုဏ်းကြီးငါးဂိုဏ်းကို လိမ်လိမ်မာမာနဲ့ ဦးဆောင်ပြီး မြို့ဂင်ပေါက်တွေကနေ ဂင်ပြီးတော့ အင်ပါယာဂင်ပေါက်ဆီကို ချီတက်လာခဲ့ပါတယ်။ သူတို့က အင်ပါယာ နန်းတော်ထဲကို သူတို့ရဲ့ သူပုန်စစ်တပ်နဲ့

ပူးပေါင်းထားတဲ့ တခြားအင်အားစု တော်တော်များများနဲ့အတူ ခိုးဝင်လာခဲ့ပါတယ်။

အင်ပါယာ တစ်ခုကို သိမ်းပိုက်စိုးမိုးဖို့ ရာချီတဲ့ လူတွေထက် ပိုပြီးတော့ လိုအပ်ပါတယ်။

သူပုန်စစ်တပ်ဟာ လျင်မြန်စွာနဲ့ပဲ အင်အားကောင်းလာပြီး သူတို့ရဲ့ အဖွဲ့က မိနစ်နဲ့အမျှ တိုးလာပြီး ထောင်ပေါင်းများစွာ ဖြစ်လာခဲ့ပါတယ်။

Chapter 1083 end

အပိုင်း(1084) လက်သီးတစ်ချက်နဲ့ ပျက်သုန်းစေခြင်း

သူပုန်စစ်တပ်က အင်ပါယာ နန်းတော်ထဲကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး အစောင့်တွေက သူတို့ကိုတောင် ရင်မဆိုင်ဝံ့ပဲ အနောက်ကို အဆက်မပြတ် ဆုတ်ပေးရပါတယ်။

အဲဒါက သူပုန်စစ်တပ်ကို အထူးတလည် စိတ်ဓာတ်တက်ကြွလာစေခဲ့ပါတယ်။ သူတို့က အရမ်းကို အစွမ်းထက်လွန်းပါတယ်။ အရမ်းကို အစွမ်းထက်တာကြောင့်

အင်ပါယာ အစောင့်တွေတောင် သူတို့ရောက်လာတာနဲ့ လေနင်ရာ လွင့်ပါးတဲ့ တိမ်တွေလို ထွက်ပြေးရပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လက်ရွေးစင်တွေ အနေနဲ့ အင်ပါယာ နန်းတော်က တကယ်ပဲ ဒီလောက် အားနည်းလိမ့်မယ်လို့ မယုံကြည်ပေမဲ့ သူတို့က ဘာကိုမှ ထပ်မတွေးခဲ့ပါဘူး။ တကယ်တော့ ဒီတစ်ကြိမ် သူတို့ရဲ့ အစွမ်းထက်ဆုံး အင်အားစုတွေကို စေလွှတ်လိုက်တာ ဖြစ်ပြီးတော့ သူတို့ရဲ့ စစ်တပ်မှာ တန်ခိုးရှင်အဆင့် လက်ရွေးစင် သုံးဆယ်ခုနစ်ယောက် ပါရှိပါတယ်။

ဟော့လျန်ထန်းယွင်က သူတို့ကို ဘာများလုပ်နိုင်ဦးမှာလဲ။ တကယ်လို့ သူတို့က သူ့နောက်ကို လက်ရွေးစင် သုံးဆယ်စေလွှတ်လိုက်ရင် ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို အနိုင်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။ ဟုတ်တယ်မလား။ အဲဒီအချိန်မှာ ကျန်ရှိနေတဲ့ လက်ရွေးစင် ခုနစ်ယောက်က အင်ပါယာ နန်းတော် တစ်ခုလုံးကို ချေမှုန်းပစ်နိုင်စွမ်း ရှိပါတယ်။ အင်ပါယာကို အုပ်စုဖို့ လူနည်းစုပဲ သူတို့က

လိုအပ်တာကြောင့် ဂိုဏ်းကြီးငါးဂိုဏ်းက သူတို့ကိုယ်သူတို့ အရမ်းကို များပြားတဲ့ အင်အားစုတွေနဲ့ မဟာမိတ်ဖွဲ့လိမ့်မှာ မဟုတ်ပါဘူး။ ဒီအင်အားစုတွေမှာ စကြာဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူတွေတောင် မရှိပါဘူး။

တစ်ဖွဲ့က အပြင်းအထန် ရှေ့တက်လာပြီး တစ်ဖက်ကတော့ ဆိုးဆိုးဝါးဝါးကို ပြိုလဲလို့ နေပါတယ်။ ဒါဟာ လင်းဟန်ရဲ့ အကြံအစည်တွေ ဖြစ်တယ်ဆိုတာကို တင်းပင်းက ကောင်းကောင်းကြီး နားလည်ပါတယ်။ သူ့ရည်ရွယ်ချက်က တချက်တည်းနဲ့ ပုန်ကန်သူတွေ အားလုံးကို ချေမှုန်းပစ်ဖို့ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာ သူတို့အနေနဲ့ အနာဂတ် အန္တရာယ်တွေ အားလုံးကို ချေမှုန်းသုတ်သင် ပစ်ရပါလိမ့်မယ်။

သိပ်မကြာခင်မှာပဲ သူပုန်စစ်တပ်ဟာ အင်ပါယာ နန်းတော်ရဲ့ အထဲကို ထဲထဲဝင်ဝင် ရောက်လာပြီး တရားမျှတသော သဟဇာတ ခန်းမအရှေ့ကို ရောက်လာခဲ့ပါတယ်။

ဒီခန်းမက အင်ပါယာ နန်းတော်ရဲ့ နှလုံးသား ဖြစ်ပါတယ်။ ဒီခန်းမထဲမှာ အရာရှိတွေက နိုင်ငံအရေး ကိစ္စတွေကို ဆွေးနွေးတိုင်ပင်ပြီး အင်ပါယာရဲ့ အထိမ်းအမှတ် ရုပ်တုလည်း အထက်မှာ တည်ရှိပါတယ်။

ဒီခန်းမက မဟာလင်း အင်ပါယာရဲ့ စွမ်းအားနဲ့ အုပ်ချုပ်မှု အမှတ်သင်္ကေတ ဖြစ်ပါတယ်။ တကယ်လို့ ဒီခန်းမသာ ပြိုလဲသွားရင် နိုင်ငံစွမ်းအားကိုလည်း ပြင်းပြင်းထန်ထန် ရိုက်ခတ် ခံစားသွားရပါလိမ့်မယ်။

ဒါကြောင့် တကယ်လို့ လင်းဟန်က သူတို့ကို ထောင်ချောက်တစ်ခုထဲ သိမ်းသွင်းတယ် ဆိုရင်တောင် သူ့အနေနဲ့ ဒီခန်းမကို ရောက်လာပြီးတဲ့ နောက်မှာ ထပ်ပြီးတော့ နောက်မဆုတ် နိုင်တော့ပါဘူး။

ဖန်ပိုယွမ်၊ မိုးရေကြောင်၊ မုယောင်ချင်းနဲ့ ဟော့လျန်ထန်းယွင်တို့ အားလုံးက ခန်းမရဲ့ အရှေ့မှာ ထွက်ပေါ်လာခဲ့ ကြပါတယ်။ အဲဒီအချိန်မှာ အင်ပါယာ နန်းတော်ရဲ့ အစောင့်အရှောက်တွေက သူတို့အနောက်မှာ

ဆေဘာမားတွေ လက်နက်အသီးသီးကို ဆွဲကိုင်ပြီးတော့ ပြတ်သားတဲ့ ဆုံးဖြတ်ချက် ချမှတ်ထားတဲ့ အမူအရာတွေနဲ့ ရပ်နေကြပါတယ်။

"ဟားဟား အားပျော့လိုက်တဲ့ ကောင်တွေ"

ဂိုဏ်းကြီးငါးဂိုဏ်းက အကြီးအကဲတစ်ယောက်ဟာ ရယ်မောရင်း ပြောလိုက်ပါတယ်။ သူ့နာမည်က စီတုကျန်းလို့ ခေါ်ပြီးတော့ နှစ်ထောင်ပေါင်းများစွာ ချိပ်ပိတ်ခံထားရသူ ဖြစ်ပါတယ်။ မာထိုပေါင်က ဂိုဏ်းကြီးငါးဂိုဏ်းဆီကို တစ်ဟုန်ထိုး ဝင်ရောက်လာတဲ့ အချိန်တုန်းကတောင် သူက မနိုးထသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ထဲက တော်တော်များများက ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ နှစ်မြုပ်နေတာ မဟုတ်ပါဘူး။

သူက တန်ခိုးရှင်ဘုံကို ရောက်ပြီးတဲ့ နောက်မှပဲ နိုးထလာခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟန်က ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို သူမသိတာ သဘာဝ ကျပါတယ်။ သူထင်တာတော့

လူငယ်မျိုးဆက်တွေက အရမ်းကို အားနည်းလွန်းပါတယ်။ ဒီတောသားလေးကိုတောင် အနိုင်ယူနိုင်စွမ်း မရှိခဲ့ပါဘူး။

"ခွေးကောင် မင်းနာမည် ငါ့ကိုပြောစမ်း"

ဟော့လျန်ထန်းယွင်က အော်လိုက်ပါတယ်။ သူ့လျှာက ဒီမှာရှိနေတဲ့ လူတွေအားလုံးအတွက် အပြင်းဆုံး အဆိပ် ဖြစ်ပါတယ်။

"ဟင့် တကယ်လို့ မင်းက အစစ်အမှန် နဂါးတွေရဲ့ မျိုးဆက်တစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်မှာလဲ။ မင်းရဲ့ တိုက်ပွဲစွမ်းရည်က အများဆုံးမှ ကြယ်လေးလုံးကို ကျော်နိုင်ရုံပဲ ရှိမယ်။ မင်းက ဒဏ္ဍာရီတွေထဲမှာပဲရှိတဲ့ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်လို့တော့ ငါ့ကို မပြောနဲ့"

စီတုကျန်းက သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ဆက်ပြောလိုက်တယ်။

"အစီအစဉ်အတိုင်းပဲ ဒီယုတ်မာတဲ့ နဂါးကို အရင်ဆုံး ထိန်းချုပ်မယ်။ သူ့မှာ အစစ်အမှန် နဂါး တစ်ကောင်ရဲ့

မျိုးဆက်သွေးရှိတယ်။ အဲဒါက မယုံနိုင်စရာ ကောင်းလောက်အောင် အာဟာရ ပြည့်စေတယ်”

ချက်ချင်းပဲ လူနှစ်ဆယ့်ကိုးယောက်က အရှေ့ကို ထွက်လာပြီး စီတုကျန်းနဲ့ အတူတူ ရပ်လိုက်ပါတယ်။ သူတို့က အစကတည်းက အစီအစဉ် ချထားပါတယ်။ ဒီလူတွေက ဟော့လျန်ထန်းယွင်ကို ရင်ဆိုင်ဖို့ တာဝန်ပေးထားခြင်း ခံရသူတွေ ဖြစ်ပါတယ်။

“ဟားဟားဟား တောင်မြစ်အဆင့်ရဲ့ ကနဦးမှာရှိတဲ့ အစွမ်းထက် ကျင့်ကြံသူ သုံးဆယ်ပေါ့”

ဟော့လျန်ထန်းယွင်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“ဒါပေမဲ့လည်း မင်းတို့တွေ အများတချို့ကို လုပ်မိပြီ။ ဘာဖြစ်လို့လဲဆိုတော့ ငါတစ်ယောက်ပဲ တန်ခိုးရှင်အဆင့် လက်ရွေးစင် မဟုတ်ဘူး”

ဖန်ပိုယွမ်၊ မိုးရေကောရာဇ်၊ မုယောင်ချင်းနဲ့ ကျောက်တုံးစိတ်ဝိညာဉ်တို့ အားလုံးပဲ အရှေ့ကို ထွက်လာပြီး

သူတို့ရဲ့ ကိုယ်ပိုင် အရှိန်အဝါတွေကို ထပ်ပြီးတော့ ထိန်းချုပ်မထားတော့ပါဘူး။ တန်ခိုးရှင်တွေရဲ့ ပြိုင်ဘက်ကင်းတဲ့ ခွန်အားက ချက်ချင်းဆိုသလို နေရာတစ်ခုလုံးကို လွှမ်းခြုံသွား ခဲ့ပါတယ်။

ဘာ။

ဂိုဏ်းကြီးငါးဂိုဏ်းနဲ့အတူ သူတို့ရဲ့ ခိုင်းဖတ်တွေအားလုံး အံ့အားသင့်စွာနဲ့ အော်လိုက်မိ ကြပါတယ်။ မဟာလင်း အင်ပါယာမှာ ဘယ်အချိန်တုန်းက တန်ခိုးရှင်အဆင့် လက်ရွေးစင် လေးယောက်ကို ထပ်ပြီးတော့ ပိုင်ဆိုင်သွားတာလဲ။ ဒါက သူတို့ရဲ့ အကြံအစည်တွေကို လုံးဝပဲ ပျက်စီးသွားစေခဲ့ပါတယ်။

"ဟင့် မင်းတို့တွေက ဘယ်လိုလုပ်ပြီးတော့ မဟာလင်း အင်ပါယာကို မကောင်းကြံစည် ရတာလဲ"

မိုးရေဇကေရာဇ်က မေးခွန်းထုတ်လိုက်ပါတယ်။

"နံပါတ်လေး ညီငယ်က မိုးကောင်းကင်ကို ခွဲဖွင့်ပေးခဲ့တဲ့ အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် မင်းတို့အားလုံးက

ကမ္ဘာငယ်လေး တစ်ခုထဲမှာ သေခြင်းတရားကို
စောင့်မျှော်နေရပြီး ဆေးလုံး တစ်လုံးအဖြစ်ကို ဖော်စပ်ခံရမဲ့
ကံကြမ္မာကို ခံစားရလိမ့်မယ်။ ဒါပေမဲ့လည်း မင်းတို့တွေက
အခုတော့ ဂိုဏ်းကြီးငါးဂိုဏ်းဘက်မှာ ရပ်တည်ကြတယ်ပေါ့။
မင်းတို့ဦးနှောက်တွေ ကောင်းမှ ကောင်းသေးရဲ့လား”

လူတော်တော်များများရဲ့ မျက်နှာတွေအပေါ်မှာ ရှက်ပြီးတော့
ကသိကအောက် ဖြစ်သွားပုံ ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း
လူတော်တော်များများကတော့ အေးစက်စက်နဲ့
ရယ်မောပြီးတော့ တုံ့ပြန်လိုက် ကြပါတယ်။

အခြေအနေနဲ့ အချိန်အခါကို နားလည်တဲ့သူက ပညာရှိဆိုတဲ့
ဆိုရိုးစကားလည်း ရှိတယ်လေ။

လင်းဟန်က ဓားစာခံ တစ်ယောက်အဖြစ် အဝေးကို
ခေါ်သွားခြင်း ခံခဲ့ရပြီး မဟာလင်း အင်ပါယာမှာ
တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ
ကျန်ခဲ့ပါတယ်။ ကောင်းပြီလေ အခု ငါးယောက်ရှိတယ်။

ဒါပေမဲ့လည်း အဲဒီအရေအတွက်က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ယှဉ်လိုက်ရင် ဘာမှမဟုတ်တော့ပါဘူး။

ဒါကြောင့် သူတို့က မဟာလင်း အင်ပါယာနဲ့ အတူတူ သေဖို့အတွက် ရွေးချယ်ရမလား ဒါမှမဟုတ် သူတို့က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့အတူ အောင်ပွဲခံဖို့ ရွေးချယ်သင့်လား။

တကယ်တော့ ဒါက တန်ခိုးရှင်ဘုံ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လောကဘုံ ဆေးလုံး တစ်လုံးအဖြစ် သန့်စင်ခံရမဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်စရာ မလိုတော့ပါဘူး။ ဒါကြောင့် သူတို့က ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ အငြင်းအခုံ ဖြစ်နေစရာ မလိုပါဘူး။ ပူးပေါင်းဆောင်ရွက်တဲ့ အတွက်တောင်မှ အကျိုးအမြတ်တွေ ရပါလိမ့်မယ်။

"ဒါက ငါမျှော်လင့်ထားသလိုတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့လည်း မင်းတို့တွေက အခုမှ တန်ခိုးရှင် အဆင့်ကို တက်ကာစပဲ ရှိသေးတယ်။ ဟားဟား နောက်ထပ် တန်ခိုးရှင်အဆင့် လက်ရွေးစင် ငါးယောက်ကို ထပ်လွှတ်လိုက်ရင်ပဲ လုံလောက်ပြီ"

စီတုကျန်းက အံ့အားသင့်မှုကို ထိန်းချုပ်လိုက်ပြီး အလျင်အမြန်ပဲ သူ့ရဲ့ပုံစံ တည်ငြိမ်သွားခဲ့ပါတယ်။

သူက ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ အစွမ်းထက်ဆုံး လက်ရွေးစင် မဟုတ်ပေမဲ့ သူက အသက်အကြီးဆုံး ဖြစ်ပါတယ်။ ဒါကြောင့်သူက ဒီပုန်ကန်မှုရဲ့ ခေါင်းဆောင်တွေထဲက တစ်ယောက် ဖြစ်လာခဲ့ပါတယ်။

"မင်းတို့အားလုံး ဒါအကုန်ပဲလား"

မိုးရေကောရာဇ်က သူပုန်တွေကို ဝေ့ကြည့်လိုက်ပါတယ်။ သူ့အနေနဲ့ အင်ပါယာမြို့တော်ထဲက အေးချမ်းတဲ့ အပေါ်ယံမျက်နှာပြင်အောက်မှာ ဂရုန်းသုန်းကား ဖြစ်နေတဲ့ အခြေအနေတွေ ပုန်းကွယ်နေတယ် ဆိုတာကို အစောကြီးကတည်းက သတိပြုမိ ခဲ့ပါတယ်။ အခုချိန်မှာ သူမျှော်လင့်ထားတဲ့အတိုင်း ပုန်ကန်တဲ့ အင်အားစုတွေ အင်အားကောင်းကောင်းနဲ့ ထွက်ပေါ်လာခဲ့ပါပြီ။ လူတချို့ဆို သူတို့ကိုယ်သူတို့ သေသေချာချာကို ပုန်းကွယ်ပြီးတော့ သဲလွန်စ နည်းနည်းလေးမှတောင် ချန်မထားခဲ့ပါဘူး။

ဒါပေမဲ့လည်း ဒါက သူတို့အားလုံး အကုန်ပဲလား။

"မင်းတို့လို ငပျော့ကောင်တွေကို ရင်ဆိုင်ဖို့ ငါတို့တွေက လိုတာထက်တောင် ပိုနေပြီ"

စီတုကျန်းက အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့ အရင်ဆုံး အမိန့်မနာခံတဲ့ လူတစ်ယောက်ကို ငါသတ်ပစ်ဖို့ လိုသေးတယ်"

သူက တင်းပင်းဆီကို ကြည့်လိုက်ပါတယ်။

မဟာလင်း အင်ပါယာမှာ နောက်ထပ် တန်ခိုးရှင်အဆင့် လက်ရွေးစင် လေးယောက် ရှိနေပါတယ်။ တင်းပင်းက သူတို့ကို ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဘာမှမပြောခဲ့ပါဘူး။ သူက တမင်သက်သက် သတင်းထိန်ချန်ထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

"သူ့ကိုသတ်ပစ်လိုက်စမ်း"

စီတုကျန်းက အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။

"သူ့ကို ငါတို့ရဲ့ အောင်လံအတွက် စတေးပစ်ဖို့ လိုတယ်"

သူက သေသေချာချာ စူးစိုက်ကြည့်ပြီးတော့ သူတို့ဟာ မိုးရေကောရာဇ်နဲ့ တခြားသူတွေကို ချေမှုန်းသုတ်သင်ပြီးတဲ့နောက်မှာ အင်ပါယာရဲ့ အလံကို တန်းပြီးတော့ ပြောင်းလဲပစ်ဖို့ ယုံကြည်ထားခဲ့ပါတယ်။ သူတို့အတွက် နောက်ထပ် ရုပ်သေးကောရာဇ် တစ်ယောက်ကို အသုံးချဖို့ မလိုတော့ပါဘူး။

ဒါပေမဲ့လည်း သူက ခေါင်းဆောင်တွေ အများကြီးထဲက တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူ့စိတ်တိုင်းကျ မလုပ်နိုင်ခဲ့ပါဘူး။ အခု တင်းပင်းက သူတို့ကို လှည့်စားခဲ့ပြီး ဒီအခွင့်အရေးကို သူက အားသာချက်တစ်ခုလို မြင်လိုက်ပါတယ်။

ဝုန်း။

တင်းပင်းက လွင့်ထွက်သွားပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အထင်ကြီးစရာ ကောင်းပေမဲ့ သူက တန်ခိုးရှင်အဆင့်မှာရှိတဲ့ ခွန်အားနဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ ဘာမှမတတ်နိုင်ပါဘူး။

"ဒူးထောက်စမ်း"

စီတုကျန်းက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူက အားလုံးရဲ့ အရှေ့မှာပဲ တင်းပင်းကို ခေါင်းဖြတ်ကွပ်မျက် ပစ်ရပါမယ်။

"ထွီ"

တင်းပင်းက တံတွေးထွေးလိုက်ပြီး စီတုကျန်းကို နည်းနည်းလေးမှ ကြောက်ရွံ့ပုံ မပေါ်ပါဘူး။

"ငါ့မင်းကို ဒူးထောက်ဖို့ ပြောနေတယ်လေ"

စီတုကျန်းက သူ့အသံကို မြှင့်ပြီးတော့ သူ့မျက်လုံးတွေကနေ ပြိုင်ဘက်ကင်းတဲ့ တန်ခိုးရှင်တွေရဲ့ အစွမ်းတွေ အရောင်တလက်လက် တောက်ပလာခဲ့ပါတယ်။ သူက တင်းပင်းရဲ့ စိတ်ကို ရိုက်ချိုးပြီး သူ့ကို ဖိအားပေးကာ အညံ့ခံစေလိုက်ပါတယ်။

"ဟင့် မင်းက ငါ့တပည့်ကို ခြိမ်းခြောက်နေတာလား"

လင်းဟန်ရဲ့ အသံက သူတို့ရဲ့ နားထဲကို ပျံ့လွင့်လို့ လာခဲ့ပါတယ်။

"ဟင်"

"ဟာ"

"ဟို"

ဓားဘုရင်၊ မိုးပြာဖီးနစ် နတ်မိမယ် ကေရီနဲ့ တခြားသူတွေ အားလုံးပဲ အံ့အားသင့်ကုန်ပါတယ်။ သူတို့က လင်းဟန်ရဲ့ လက်ထဲမှာ ကြီးကြီးမားမား ခံစားခဲ့ရပါတယ်။ ဒါကြောင့် သူက လင်းဟန်ရဲ့ အသံကို ရင်းနှီးနေကြပါတယ်။ သူတို့ရဲ့ စိတ်တွေက ချက်ချင်းပဲ ကြောက်ရွံ့မှုနဲ့အတူ ကြက်သေသေသွားခဲ့ပါတယ်။

အဲဒီအချိန်မှာ စီတုကျန်းက အသံလာရာဘက်ကို ကြည့်ပြီးတော့ အော်လိုက်တယ်။

"ဘယ်သူလဲကွ"

လင်းဟန်က သူ့မျက်နှာပေါ်မှာ ထူးဆန်းတဲ့ အပြုံးတစ်ခုကို ပြုံးပြီးတော့ ထွက်လာပါတယ်။

"မင်းဘယ်သူလဲ"

စီတုကျန်းက မေးလိုက်တယ်။

"လင်းဟန်"

ဓားဘုရင်၊ တခြားသက်ကြီးပိုင်းတွေနဲ့ ကျန်းမိုတို့လို လူငယ်မျိုးဆက်တွေက အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ သူတို့က လင်းဟန်ကို အရမ်းပဲ ထိတ်လန့်ကြောက်ရွံ့ပါတယ်။ ပြီးတော့ သူတို့အားလုံးပဲ လင်းဟန်ရဲ့ အသံကို ကြားလိုက်ရတဲ့ အခါမှာ ထိတ်လန့်တုန်လှုပ်ပြီး ကြက်သေသေသွားပါတယ်။ အခု သူတို့က လူကိုယ်တိုင် တွေ့မြင်လိုက်ရတဲ့ အခါမှာ မတုန်လှုပ်ပဲ ဘယ်လိုလုပ် နေနိုင်မှာလဲ။

စကြဝဠာဖျက်ဆီးခြင်း အဆင့်နဲ့ တန်ခိုးရှင်အဆင့်တွေတောင် သူ့ကိုမြင်လိုက်တာနဲ့ ထိတ်လန့်တုန်လှုပ် ကုန်ပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီလူတွေ အပေါ်မှာ လင်းဟန်ရဲ့

လွှမ်းမိုးနိုင်စွမ်းက ဘယ်လောက်တောင်
ကြီးမားတယ်ဆိုတာကို ထင်ဟပ်စေခဲ့ပါတယ်။

စီတုကျန်းက လင်းဟန်ကို ကြည့်ပြီးတော့ မေးလိုက်ပါတယ်။

"မင်းက လင်းဟန်လား"

သူက လင်းဟန်ရဲ့ ခေတ်ကို မကြုံခဲ့ဖူးပါဘူး။ ဒါကြောင့်
လင်းဟန်က ဘယ်လောက်တောင် ကြောက်စရာကောင်းလဲ
ဆိုတာကို သူမသိသလို ခန့်မှန်းလို့လည်း မတတ်နိုင်ပါဘူး။

ဂုန်း။

ဒါက လျှပ်ပြက်သလို လျင်မြန်တဲ့ လက်သီးချက်
တစ်ခုဖြစ်ပြီးတော့ စီတုကျန်းရဲ့ ဦးခေါင်းက ချက်ချင်းဆိုသလို
ပေါက်ကွဲထွက်သွားပြီး သူက ခေါင်းပြတ်နေတဲ့
အလောင်းကောင် တစ်ခု ဖြစ်လာပါတယ်။

အားလုံးပဲ တိတ်ဆိတ်ငြိမ်သက် ကုန်ပါတယ်။

စီတုကျန်းက ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အစွမ်းထက်ဆုံး
တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက် မဟုတ်ပေမဲ့

သူက ဘယ်လိုပဲဖြစ်ဖြစ် တန်ခိုးရှင်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နေဆဲပါပဲ။

ဟုတ်ပါတယ်။ သူ့ခေါင်းက လက်သီးတစ်ချက်တည်းနဲ့ အမှန်တကယ်ပဲ ပေါက်ကွဲထွက် သွားခဲ့တာလား။

ဒါက ဘယ်လိုမျိုး ဟာသအမျိုးအစားလဲ။

လင်းဟန်က အားရပါးရ ပြုံးပြီးတော့ သူ့လက်သီးကို ရုပ်သိမ်းကာ ပြောလိုက်ပါတယ်။

"မင်းတို့အားလုံး ရောက်လာပြီဆိုတော့ အခုအားလုံးကို ဖြေရှင်းရတော့မဲ့ အချိန်ကို ရောက်လာပြီပေါ့"

Chapter 1084 end

အပိုင်း(1085) ပုန်ကန်မှုကို နှိမ်နင်းခြင်း

လင်းဟန် ပြန်ရောက်လာပြီး သူက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက် လာပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့သားတွေက လင်းဟန်ကို ကြောက်ရွံ့တဲ့စိတ်တွေ နဂိုကတည်းက ရှိနေကြပြီး

သူထွက်ပေါ်လာတာကို မြင်လိုက်ရတဲ့ အခါမှာ ကြောက်ရွံ့မှုကြောင့် တဆတ်ဆတ် တုန်လာမိပါတယ်။ အခုဆို စီတုကျန်းက အသတ်ခံလိုက်ရပြီး သူတို့ရဲ့ ကျောရိုးတစ်လျှောက် အေးစိမ့်မှုကို ခံစားလိုက်ရပါတယ်။ သူတို့အားလုံးက ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးချင်စိတ်တွေ ဖြစ်လာခဲ့ပါတယ်။

"လင်းဟန်"

ဓားဘုရင်က အရှေ့ကို ထွက်လာခဲ့ပါတယ်။ သူက ဂိုဏ်းကြီးငါးဂိုဏ်းထဲမှာ အတော်လေး ငယ်သေးတယ် ဆိုပေမဲ့ သူ့အစွမ်းက အတော်လေးကို ထူးချွန်ထက်မြက်ပါတယ်။ ဓားပညာ ကျင့်ကြံအားထုတ်သူတွေက သူတို့ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေအတွက် ထင်ပေါ်ကျော်ကြားပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ထိပ်ဆုံးငါးယောက် ဒါမှမဟုတ် ဆယ်ယောက်စာရင်းထဲမှာတောင် သေချာပေါက် ချိတ်နိုင်ပါတယ်။

ဂုန်း။

လင်းဟန်က သူ့လက်သီးကို ဖေ့ယမ်းလိုက်တာနဲ့ ဓားဘုရင်ရဲ့ခေါင်းလည်း ပျော့ပြဲသွားအောင် ထိုးခံလိုက်ရပါတယ်။

လင်းဟန်က နည်းနည်းလေးမှ ညှာတာထောက်ထားခြင်း မရှိပဲ တစ်ယောက်ယောက်ကို သတ်ပစ်လိုက်ပါတယ်။ ဘယ်လောက်တောင် ရက်စက်ကြမ်းကြုတ်လိုက်လဲ။

"လင်းဟန် မင်းအရမ်းကို လွန်လွန်းနေပြီ။ ငါတို့ရဲ့က ရှေးဘိုးဘေးကုန်းမြေတွေမှာ နေလအဆင့် လက်ရွေးစင်တွေ ရှိတယ်ဆိုတာကို မင်းသတိပြုသင့်တယ်"

မိုးကောင်းကင် ခုတ်ဖြတ်ခြင်း ဆေဘာဓားဘုရင်က အော်ပြောလိုက်ပါတယ်။

ဂုန်း။

သူစကားပြောလို့ ပြီးသွားတာနဲ့ သူ့ခေါင်းကလည်း ပေါက်ကွဲထွက် သွားခဲ့ပါတယ်။

လင်းဟန်က တခါတည်းနဲ့ လူသုံးယောက်ကို သတ်ပစ်ခဲ့ပါတယ်။ တစ်ယောက်ကို လက်သီး တစ်ချက်ပဲ သုံးသွားပါတယ်။ တုံ့ဆိုင်းခြင်း မရှိသလို သနားညှာတာမှုလည်း မရှိပါဘူး။ ဒါက ဘယ်လိုမျိုး သတ်ဖြတ်ချင်တဲ့ ဆန္ဒလဲ။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေ အားလုံးပဲ တုန်လှုပ်ချောက်ချား သွားကြပါတယ်။ စီတုကျန်းနဲ့ ကျန်တဲ့နှစ်ယောက် ဘယ်လိုမျိုး အသတ်ခံလိုက်ရလဲ ဆိုတာကို မမြင်တဲ့သူ မရှိပါဘူး။ သူတို့က လျှပ်စီးလက်သလို အလင်းရောင် တစ်ချက် လက်သွားတာကိုပဲ မြင်လိုက်ရပြီး လက်ရွေးစင်တွေ တစ်ယောက်ပြီး တစ်ယောက် သေကုန်ပါတယ်။ တကယ်လို့ သူတို့သာ ပစ်မှတ်ဖြစ်လာရင် သူတို့အနေနဲ့ ဟန့်တားလို့ မရသလို ထွက်ပြေးလွတ်မြောက်မဲ့ နည်းလမ်းလည်း မရှိပါဘူး။

ဘယ်လောက်ကြောက်စရာ ကောင်းလိုက်သလဲ။

ကျန်းမိုနဲ့ တခြားလူငယ် မျိုးဆက်တွေ အားလုံး ထိတ်လန့်တုန်လှုပ်မှုကြောင့် တဆတ်ဆတ် တုန်လိုလာပါတယ်။ အခုမှ နှစ်နှစ်ပဲ ရှိပါသေးတယ်။ လင်းဟာန်က ဘယ်လောက်တောင် ကြောက်စရာကောင်းတဲ့ အဆင့်ကို တက်သွားတာလဲ။

"မင်း မင်းက ဘယ်ကျင့်ကြံခြင်း အဆင့်မှာ ရှိနေတာလဲ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက မေးလိုက်ပါတယ်။ သူမရဲ့ မျက်နှာပေါ်က အမူအရာက ရှုံ့မဲ့လို့ နေပါတယ်။

"ဟဲဟဲ ကျုပ်ရဲ့ တိုးတက်မှုက နည်းနည်းလေးပါပဲ။ မင်းတို့တွေကို ပြောပြရမှာ ရှက်တော့ ရှက်မိတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာ ရှိတယ်။ အစောပိုင်းအဆင့်ကို ချိုးဖျက်ကာစပဲ ရှိသေးတယ်"

ဖူး။

ပုန်ကန်သူ အားလုံးက တံတွေးသီးကုန်ပြီးတော့ ချောင်းတဟွတ်ဟွတ် ဆိုးကုန်ပါတယ်။

မင်း ကြွားနေတာပဲ။ မင်းက သေချာပေါက် ကြွားနေတာပဲ ဖြစ်လိမ့်မယ်။

သူက လွှန်ခဲ့တဲ့ နှစ်နှစ်ကမှ မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တာ ဖြစ်ပြီးတော့ အားလုံးက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် အလွှာကိုးကနေ ပြန်စတင်ရပါတယ်။ ဒါပေမဲ့လည်း ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေမှာ တန်ခိုးရှင်ဘုံက ကျင့်ကြံခြင်း နည်းစနစ်တွေ ရှိနေတာကြောင့် အဲဒီလူ သုံးဆယ့်ခုနစ်ယောက်က တန်ခိုးရှင်ဘုံကို အဆင့်တက်နိုင်စွမ်း ရှိခဲ့တာပါ။

ဒါပေမဲ့ လင်းဟန်ကျတော့ရော။

သူ့မှာ နောက်ခံမရှိဘူးဆိုတာ အသိသာကြီးပါ။ ပြီးတော့ ဓားစာခံ တစ်ယောက် အဖြစ်တောင် ခေါ်သွားတာ ခံခဲ့ရပါတယ်။ မင်းက ဓားစာခံ တစ်ယောက်ဆိုတာ

သေချာရဲ့လား။ လက်ရွေးစင် တယောက်ယောက်ရဲ့ သားမက်များလား။

"ပြေး"

ဘယ်သူက စပြီးတော့ ပြောလိုက်မှန်း မသိပေမဲ့ ပုန်ကန်သူအားလုံးက ချက်ချင်းပဲ လှည့်ထွက်ပြီး ထွက်ပြေးကြပါတယ်။

ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အဖွဲ့ဝင်တွေက တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေရဲ့ အစွမ်းနဲ့ ပတ်သက်ပြီး အရမ်းကို ရင်းနှီးကျွမ်းဝင်ပါတယ်။ တန်ခိုးရှင် အဆင့်တွေရဲ့ အဆင့်ခွဲလေးတွေ အကြားမှာတောင် ကြီးမားတဲ့ ကွာဟချက်တစ်ခု ရှိတယ်ဆိုတာကိုတောင် သူတို့တွေ နားလည်ထားပါတယ်။ ဒါကြောင့် ကြယ်တစ်ပွင့် ပါရမီရှင်တွေကိုတောင် ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်တွေလို့ ခေါ်ဆိုကြပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ပြင်းထန်အဆင့်မြင့်ကို ရောက်နေပါပြီ။ ဒါကြောင့် သူ့မှာ သူတို့ကို ချေမှုန်းသုတ်သင်ပစ်နိုင်တဲ့ အားသာချက်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူတို့တွေ သုံးဆယ့်ခုနစ်ယောက်

မပြောနဲ့ သုံးရာခုနစ်ဆယ် ရှိရင်တောင်မှ လင်းဟန်က ချေမှုန်းသုတ်သင် ပစ်ပါလိမ့်မယ်။

ဘာကြောင့် တိုက်ခိုက်ရမှာလဲ။ တကယ်လို့ သူတို့တွေ ဆက်နေပြီး တိုက်ခိုက်မယ်ဆိုရင် သေချာပေါက် အသတ်ခံလိုက် ရပါလိမ့်မယ်။

"သေစမ်း"

မဟာလင်း အင်ပါယာက စိတ်အားတက်ကြွစွာနဲ့ သူပုန်တွေဆီကို တစ်ဟုန်ထိုး ပြေးဂင်တိုက်ခိုက် လိုက်ပါတယ်။ မိုးရေကောရာဇ်နဲ့ တခြားတန်ခိုးရှင်အဆင့် လက်ရွေးစင်တွေက တန်ခိုးရှင် အဆင့်ကို အဆင့်တက်ကာစ သူတွေက အထူးတလည် စိတ်အားတက်ကြွလို့ နေပါတယ်။ သူတို့အားလုံးရဲ့ လက်တွေက ရွစိရွစိ ယားနေပြီး ကြိုးစားကြည့်ချင် နေကြပါတယ်။

"ပြေး"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက သူမရဲ့ အတောင်ပံတွေကို ဖြန့်ပြီးတော့ တုန်လင်းအာကို ဖမ်းဆုပ်ကိုင်လိုက်ပါတယ်။

သူမနဲ့ တုန်လင်းအာတို့ နှစ်ယောက်စလုံးက ပြိုင်ဘက်ကင်းတဲ့ သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားပြီး တောင်မြစ်အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ သူတို့တွေ ပျံသန်းနိုင်ပါတယ်။ အဲဒါက ကျင့်ကြံခြင်း အဆင့်တူထဲက တခြားသူတွေထက် ကြီးမားတဲ့ အားသာချက် တစ်ခု ဖြစ်ပါတယ်။

မိုးရေဧကရာဇ်က သူတို့ဆီကို လက်သီးနဲ့ ဝှေ့ယမ်းတိုက်ခိုက် လိုက်ပါတယ်။ မိုးပြာဖီးနစ် နတ်မိမယ် ဧကရီက ဒီတိုက်ခိုက်မှုကို တားဆီးလိုက်နိုင်ပေမဲ့ အတော်လေး ဖိသီဖတ်သီ ဖြစ်သွားပြီး သူမက မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားနိုင်စွမ်း ရှိနေပါသေးတယ်။

သူတို့တွေ မိုးကောင်းကင်ပေါ်မှာ ရှိနေမှတော့ သူတို့တွေ ထွက်သွားမှာကို ဘယ်သူကများ တားဆီးနိုင်ဦးမှာလဲ။

"လင်းဟာန် နင်စောင့်နေပါ။ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ ရှေးဘိုးဘေး ကုန်းမြေတွေကို သွားတဲ့လမ်းကို ငါရှာတွေ့တာနဲ့ နင်က လူသေတစ်ယောက် ဖြစ်ပြီပဲ"

မိုးပြာဖီးနစ် နတ်မိမယ် ကေရီက အော်ပြောလိုက်ပါတယ်။ တောင်မြစ်အဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်မှာရှိတဲ့ တစ်စုံတစ်ယောက်အတွက်တော့ တန်ခိုးရှင်အဆင့် လက်ရွေးစင် သုံးဆယ်ကျော် ဆိုတာက ပြိုင်လို့မရဘူး ဆိုတာကို သူမ ကောင်းကောင်းကြီး နားလည် သဘောပေါက်ပါတယ်။ အဲဒါက တိုက်ပွဲတစ်ခု မဟုတ်ပါဘူး။ တစ်ဖက်သတ် အနိုင်ကျင့်တဲ့ ပွဲတစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ငါက သူမကို မျက်နှာသာပေးတဲ့ အနေနဲ့ မင်းကို ချမ်းသာပေးဖို့ စိတ်ကူးထားတယ်။ ဒါပေမယ့် မင်းက ကိုယ့်သေလမ်းကို ကိုယ်ရှာနေတာပဲ"

သူက သူ့ခန္ဓာကိုယ်ကို လေးတစ်စင်းပုံစံ အသုံးပြုပြီးတော့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများကို တပ်လိုက်ပါတယ်။

ရွှပ်။

မြားက အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားပြီး လေကိုထိုးခွင်း သွားပါတယ်။

အခုလင်းဟာန်က ကျင့်ကြံခြင်းအဆင့် ဘယ်လောက်ကို ပိုင်ဆိုင်ထားသလဲ။

သူက လေးအစစ်နဲ့ အဆုံးမဲ့ မြားကို အသုံးမပြုခဲ့ဘူး ဆိုရင်တောင် သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများရဲ့ ခွန်အားက ကြယ်ငါးပွင့် အဆင့်ကို ရောက်နိုင်ပါသေးတယ်။

ကနဦးအဆင့်ရဲ့ အစောပိုင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူလေး တစ်ယောက်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အလယ်အလတ်မှာရှိတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။

ဖူး။

မိုးပြာဖီးနစ် နတ်မိမယ် ကောရီနဲ့ တုန်လင်းအာတို့ရဲ့ နလုံးသားတွေကို မြားက ထိုးဖောက်သွား သလိုမျိုးပဲ နှစ်ယောက်လုံး ညည်းတွားလိုက်ပါတယ်။ ဆရာနဲ့

တပည့်နှစ်ယောက်ရဲ့ မျက်လုံးတွေက အသက်ဓာတ်က ချက်ချင်းပဲ ခြောက်သွေ့သွားပြီး သူတို့ရဲ့ မျက်နှာ အရောင်တွေ မှေးမှိန်ကာ မြေကြီးပေါ်ကို ပြုတ်ကျလာခဲ့ပါတယ်။

လင်းဟန်က သူတို့ကို နည်းနည်းလေးမှ မသနားခဲ့ပါဘူး။ သူတို့တွေက ရန်သူတွေ ဆိုမှတော့ သူတို့က ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ဘာများဂရုစိုက်စရာ လိုဦးမှာလဲ။

သူနဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ် ရှိနေမှတော့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အရေအတွက် အားသာချက်ကို ထည့်တွက်လို့ မရတော့ပါဘူး။ သူတို့ရဲ့ ဆိုးဝါးတဲ့ ကံကြမ္မာကနေ ထွက်ပြေးလွတ်မြောက် နိုင်လိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ မိုးရေဧကရာဇ်နဲ့ တခြားသူတွေက အဆင့်တက်ကာစ ဆိုပေမဲ့ သူတို့က ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုက ဆင်ခြင်နိုင်စွမ်း ရှိခဲ့ပါတယ်။

နောက်ပြီးတော့ သူတို့ဟာ လင်းဟန်ဆီကနေ အရင်းအမြစ်တွေ အများကြီးကို ရရှိခဲ့ပြီး သူတို့အားလုံးက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ပြီးပြည့်စုံလုနီးပါးကို ရောက်ရှိခဲ့ပါတယ်။ မယောင်ချင်းတောင်မှ ကြယ်လေးလုံးရဲ့ တိုက်ပွဲစွမ်းရည်တစ်ခု ရှိပြီး မိုးရေကောရာဇ်ဆိုရင် ကြယ်ငါးပွင့် တိုက်ပွဲစွမ်းရည် တစ်ခုတောင် ရှိပါတယ်။

ဒါကြောင့် လင်းဟန်တောင်မှ လုပ်ရှားဖို့ မလိုခဲ့ပါဘူး။ သူ့ရဲ့ အစ်ကိုသုံးယောက်နဲ့တင် ပုန်ကန်သူတွေ အားလုံးကို အနိုင်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။

တစ်နာရီ အတွင်းမှာ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ လက်ရွေးစင်တွေ အားလုံး အသတ်ခံလိုက် ရပါတယ်။

တန်ခိုးရှင်အဆင့် လက်ရွေးစင်တွေ အနောက်မှာ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေလည်း လိုက်သွားရပါတယ်။ သူတို့အားလုံး ရက်ရက်စက်စက် အသတ်ခံလိုက် ရပါတယ်။

"ကျေးဇူးပြုပြီးတော့ ကျနော်တို့ကို ချမ်းသာပေးပါ အရှင်မင်းကြီး"

ကျန်ရှိနေတဲ့ ပုန်ကန်သူတွေ အားလုံးပဲ သူတို့ရဲ့ ဒူးတွေကို ထောက်ပြီးတော့ အသက်ချမ်းသာ ပေးဖို့အတွက် တောင်းပန်လိုက်ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ကျပြီး ဘယ်သူမှ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကို ရောက်တဲ့သူ ဘယ်သူမှ မရှိပါဘူး။ သူတို့က ဒီလိုမျိုး တိုက်ပွဲထဲမှာ မထင်မရှားတဲ့ သူတွေဖြစ်ပြီး သူတို့အားလုံးကို မြေကြီးပေါ် ပြိုလဲကျသွားဖို့ စွမ်းအားနည်းနည်းလေးနဲ့ ဖြစ်ပါတယ်။

လင်းဟာန်က ဒီအချိန်မှာ ထွက်ပေါ်လာလိမ့်မယ်လို့ ဘယ်သူကများ တွေးမိလိမ့်မှာလဲ။ သူက နတ်ဘုရား တစ်ပါးလို အစွမ်းထက်လိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။

လင်းဟာန်က မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ အချိန်ကို သူတို့တွေ ပြန်သတိရ မိသွားခဲ့ပါတယ်။ သူက ကောင်းကင်ဘုံကို ဖျက်ဆီးဖို့ ပါရမီနဲ့ မွေးဖွားလာတဲ့

လူတစ်ယောက် ဖြစ်ပြီးတော့ အရမ်းကို အစွမ်းထက်တဲ့ နတ်ဘုရား အစွမ်းတွေ ပိုင်ဆိုင်ထား သလိုပါပဲ။

သူတို့က ဒီလိုမျိုး လူတစ်ယောက်ကို တကယ်ပဲ ဆန့်ကျင်ပုန်ကန်ဖို့ ကြိုးစားခဲ့တာလား။

သောက်ကျိုးနည်း သူတို့တွေ ခေါင်းမှ ကောင်းသေးရဲ့လား။

"သူတို့ကို ဖမ်းလိုက်စမ်း။ မြို့ပြင်ကို ခေါ်သွားပြီး သူတို့ကို ခေါင်းဖြတ်ကွပ်မျက်လိုက်"

လင်းဟန်က အေးစက်စက်နဲ့ အမိန့်ပေးလိုက်ပါတယ်။ သူတို့တွေ ဖြတ်ကျော်လို့ မရနိုင်တဲ့ မျဉ်းတချို့ ရှိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ဘယ်လိုလုပ်ပြီးတော့ အင်ပါယာကို အုပ်စိုးလို့ ရမလဲ။ ပြီးတော့ သူက လူအများအပြားကို ဘယ်လိုလုပ် ထိန်းချုပ်လို့ ရမှာလဲ။

သူ့စိတ်ထဲမှာ အတွေးတစ်ချက် လက်သွားခဲ့ပါတယ်။ ပြီးတော့ ပုန်ကန်သူတွေ အားလုံးရဲ့ ကျင့်ကြံခြင်းကို ဖျက်ဆီးလိုက်ပါတယ်။ အင်ပါယာ အစောင့်အရှောက်တွေက

ပုန်ကန်သူတွေကို သူတို့စိတ်တိုင်းကျ
ထိုးနှက်ကန်ကျောက်ပြီး ဖမ်းဆီးလိုက်ပါတယ်။

ဒါပေမဲ့ ဒီအင်ပါယာ အစောင့်အရှောက်တွေက
ပုန်ကန်သူတွေကို မုန်းတီးပါတယ်။ လင်းဟန်က
အောက်ဘုံအတွက် အများကြီး လုပ်ဆောင်ပေးခဲ့ပါတယ်။
ဒီလူတွေက လင်းဟန်ကို ဓားစာခံ တစ်ယောက်လို
ခေါ်ဆောင်သွားတဲ့ အခွင့်အရေးကို အသုံးချပြီးတော့
ပုန်ကန်ခဲ့ပါတယ်။

လပြွတ်ပဲ။ သူတို့တွေက ဒီတိရစ္ဆာန်တွေကို တကယ်ပဲ အခုကို
သတ်ပစ်ချင်နေပါပြီ။

လင်းဟန်က အထိမ်းအမှတ် ရုပ်တုကနေတစ်ဆင့်
သူပြန်ရောက်လာတာကို ကြေညာခဲ့ပါတယ်။
ဒီအခွင့်အရေးကို အသုံးချပြီးတော့ ပုန်ကန်သူတွေရဲ့
အဖြစ်အပျက်တွေကိုလည်း ရှင်းပြခဲ့ပါတယ်။ သူ့အသံက
မဟာလင်း အင်ပါယာရဲ့ နေရာအနှံ့အပြားကို
ပျံ့နှံ့သွားခဲ့ပါတယ်။

"ကေရာဇ်မင်း သက်တော်ရာကျော် ရှည်ပါစေ"

"အရှင်မင်းကြီး ပြန်ရောက်လာပြီကွ"

အားလုံးက ကျေနပ်ပျော်ရွှင် ပီတိဖြစ်နေ ကြပါတယ်။ သာမန်လူတွေက အရှိကို အရှိအတိုင်း လက်ခံကြပါတယ်။ ဘယ်သူပဲ ကေရာဇ်ဖြစ်ဖြစ် သူတို့ရဲ့ ဘဝတွေ အေးအေးချမ်းချမ်းနဲ့ နေထိုင်ရသရွေ့ သူတို့က ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ သူတို့တွေ ကျေနပ်နေသရွေ့ ကေရာဇ်က ကောင်းမွန်တဲ့ ကေရာဇ် တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်က သူတို့ကို လောကဘုံ ဆေးလုံးအဖြစ် သန့်စင်ဖော်စပ်ခံရမဲ့ ကံကြမ္မာကနေ ကယ်တင်ပေးခဲ့ပါတယ်။ သူက သူတို့ရဲ့ အသက်တွေကို ကယ်တင်ခဲ့တယ်။ ပြီးတော့ စိတ်ဝိညာဉ်ချီတွေ ပေါများတဲ့ တန်ခိုးရှင် ဘုံကိုလည်း သူတို့တွေ ခေါ်ဆောင်လာခဲ့ပါတယ်။ လူတိုင်းလူတိုင်း ကျင့်ကြံအားထုတ်နိုင်ခြင်း မရှိပေမဲ့ ဒီပတ်ဝန်းကျင်မှာ သူတို့တွေက ဖျားနာခြင်း မရှိပဲ သူတို့ရဲ့ သက်တမ်းကိုလည်း

နှစ်ပေါင်းများစွာ ဆွဲဆန့်ပေးခဲ့ပါတယ်။ အသက်တစ်ရာ နေထိုင်ဖို့ဆိုတာ ပြဿနာ မရှိပါဘူး။ ဒါက ဧရာမ မျက်နှာသာ ပေးမှုတစ်ခု ဖြစ်ပါတယ်။

ဒီလိုမျိုး ကေရာဇ် တစ်ယောက်ကို ဘယ်သူကများ မရှိသေမလေးစားပဲ နေမှာလဲ။

သူ့ရဲ့ထီးနန်းကိုတောင် ငမ်းငမ်းတက် လိုချင်နေတဲ့ နလုံးသားမရှိတဲ့ တိရစ္ဆာန်ကောင်တွေ တကယ်ပဲ ရှိနေတယ်ပေါ့။ လဗ္ဗွတ်ပဲပေါ့ကွာ။

မရေမတွက်နိုင်တဲ့ လူတွေက ကြက်ဥတွေ၊ ပန်းသီးတွေ၊ လိမ္မော်သီးတွေကို ယူလာပြီး နန်းတော်အပြင်ဘက် ခေါင်းဖြတ်ကွပ်မျက်မဲ့ နေရာဆီကို လာကြည့်ကြပါတယ်။ သူတို့က ပုန်ကန်သူတွေရဲ့ မျက်နှာတွေကို ပုပ်သိုးနေတဲ့ ကြက်ဥတွေ အသီးတွေနဲ့ ပစ်ပေါက်ပြီး သူတို့ရဲ့ အုတ်ဂူတွေ ထဲမှာတောင် ပုပ်စော်နံစေပါလိမ့်မယ်။

လင်းဟန်က ယွဲ့ခိုင်ယု၊ ချင်းဝူယောင်၊ ဟူဖန်းယွဲ့နဲ့ သူ့ရဲ့ သူငယ်ချင်းပေါင်းတွေကို အင်ပါယာ နန်းတော်ဆီ

ဖိတ်ခေါ်လိုက်ပါတယ်။ အစတုန်းက သူပြန်ရောက်လာပြီ ဆိုတာကို ထုတ်ဖော်ဖို့ ဆန္ဒမရှိပါဘူး။ ဒါကြောင့် သူက ဒီသူငယ်ချင်းဟောင်းတွေနဲ့ ဆုံစည်းခြင်း မရှိခဲ့ပါဘူး။ အခုဆို ဂိုဏ်းကြီးငါးဂိုဏ်းရဲ့ အသက်ရှင်သန် လွတ်မြောက်သူတွေနဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် သူက ဒီလူတွေနဲ့အတူ ပြန်ပေါင်းမိခဲ့ပါတယ်။

လင်းဟာန်က နောက်တစ်ကြိမ် မှော်ဆေးလုံး ပမာဏ အများကြီးကို ထုတ်ယူလိုက်ပါတယ်။

Chapter 1085 end

အပိုင်း(1086) အဲ့ဖွယ်ကောင်းကင်ဂိုဏ်း

အစွမ်းထက်တဲ့ နိုင်ငံတစ်ခုက လူအနည်းငယ်ရဲ့ စွမ်းရည်တွေ အပေါ်မှာပဲ မှီခိုလို့ မရနိုင်ပါဘူး။

လင်းဟာန်၊ မိုးရေကောရာဇ်နဲ့ တခြားသူတွေ အားလုံးက ကြီးကျယ်တဲ့ အရာတွေ အတွက် ကြိုးပမ်းရပါဦးမယ်။ ဒါက လင်းဟာန်အတွက် အထူးတလည် ကိစ္စလည်း ဖြစ်ပါတယ်။ သူက ဂဠုန်နန်းတော်နဲ့ ဂိုဏ်းကြီးငါးဂိုဏ်းရဲ့

ရှေးဘိုးဘေးကုန်းမြေတွေကို ရှာရပါဦးမယ်။ သူက ဘယ်လိုလုပ် ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်မှာ ထာဝရ နေနိုင်မှာလဲ။

ဒါကြောင့် သူတို့က ဆက်ခံသူတွေကို လက်သပ်မွေးဖို့ ကြိုးစားကြပါတယ်။ သူတို့က မိုးကောင်းကင်ကို ခွဲဖွင့်ပြီး ကမ္ဘာငယ်လေးကို တန်ခိုးရှင်ဘုံထဲ ခေါ်ဆောင်လာမှတော့ တောက်ပတဲ့ အနာဂတ် တစ်ခုကို ပေးရတာက သဘာဝပါပဲ။

အားလုံးက လင်းဟာန်ရဲ့ တစ်ကိုယ်ကောင်း မဆန်တဲ့ ကူညီပေးမှုနဲ့အတူ အကန့်အသတ်တွေကို ခုန်ကျော်ပြီး တိုးတက်လာခဲ့ပါတယ်။

လင်းဟာန်က ရှန်းဇောင်ချန်၊ ရွှမ်ယွမ်ဇီကွမ်းနဲ့ ဂမ်ရီကျန်းတို့အတွက် မျှော်လင့်ချက် အများဆုံး ရှိခဲ့ပါတယ်။ ရှန်းဇောင်ချန်နဲ့ ဂမ်ရီကျန်းတို့ နှစ်ယောက်စလုံးက သိုင်းပညာမှာ ထိပ်တန်း ပါရမီရှိကြပြီး ရွှမ်ယွမ်ဇီကွမ်းကတော့ တန်ခိုးရှင်ဘုံကို ရောက်လာပြီးတာတောင်မှ မိုးကောင်းကင်ကို ဆန့်ကျင်နိုင်တဲ့ သူ့ရဲ့ကံကောင်းမှုက

ပျောက်ကွယ်မသွားခဲ့ပါဘူး။ သူက သဘာဂ ရတနာပစ္စည်း တချို့ကိုတောင် ရယူနိုင်ခဲ့ပြီး အဲဒါတွေက သူ့ကို သူတို့ သုံးယောက် အထဲမှာ စကြဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့်ကို ပထမဆုံး ရောက်စေခဲ့ပါတယ်။

ဒီလူတွေက လင်းဟာန်နဲ့ ဆက်ပြီးတော့ ဖက်ပြိုင်ဖို့ မကြိုးစားတော့ပဲ သူတို့ရဲ့ အာရုံတွေကို ကျင့်ကြံခြင်းမှာ အပြည့်အဂ စိုက်ထားပြီး မဟာလင်းအင်ပါယာကို တန်ခိုးရှင်ဘုံမှာ ထင်ပေါ်ကျော်ကြားလာဖို့ ရှေ့တန်းတင်ထားပါတယ်။

လင်းဟာန်က သူတို့ကို မမျှမတ မဆက်ဆံခဲ့ပါဘူး။ ပြန်လည်မွေးဖွားခြင်း သစ်ပင်ကလွဲလို့ သူတို့ကို လင်းဟာန်က အကျိုးအမြတ်တွေ အားလုံးကို ကျေကျေနပ်နပ် ပေးခဲ့ပါတယ်။

ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ အကူအညီ မရှိပဲနဲ့ တန်ခိုးရှင် အဆင့်ကို တက်ရောက်ဖို့က သူတို့အတွက် အနည်းဆုံး ဆယ်နှစ်လောက် အချိန်ယူရပါလိမ့်မယ်။ ဒီတွက်ချက်မှုက

အရမ်းကို မျှော်လင့်ထားတာ ဖြစ်ပါတယ်။ တကယ်လိုပ သူတို့က တန်းခိုးရှင်အဆင့်ကို ဆယ်စုနှစ် တော်တော်များများ အချိန်ယူပြီးမှ ရောက်မယ်ဆိုရင်တောင် အံ့အားသင့်စရာတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ အရင်းအမြစ်တွေက အကန့်အသတ် ရှိပါတယ်။

လင်းဟန်ရဲ့ နောက်လိုက်တွေဖြစ်တဲ့ ကန်းရီ၊ ကွမ်းယွမ်၊ ကျူးဝူကျို၊ ယွမ်ချန်ဟဲနဲ့ တခြားသူတွေက ပိုမိုကောင်းမွန်တဲ့ ပြုစုပျိုးထောင်ပေးမှုကို ရရှိခဲ့ပါတယ်။ သူတို့က ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို နားလည်သဘောပေါက်အောင် ဆင်ခြင်နိုင်ပြီး ကွမ်းယွမ်နဲ့ ကျူးဝူကျိုတို့က ထူးထူးခြားခြား ပါရမီ မရှိဘူး ဆိုရင်တောင်မှ ပြန်လည်မွေးဖွားခြင်း သစ်ပင်က တကယ်လို့ သူတို့တွေဟာ တုံးအတဲ့ ဂက်တွေဖြစ်နေရင်တောင် တန်ခိုးရှင် အဆင့်ကို ရောက်အောင်လို့ ကူညီပေးနိုင်ပါတယ်။ သူတို့က ဂက်တွေထက် ဆိုးဝါးနေလို့လား။

မော်ဆေးပညာ အဖွဲ့အစည်းကလည်း မဟာလင်း အင်ပါယာရဲ့ အဓိက ထောက်တိုင်တစ်ခု ဖြစ်လာခဲ့ပြီး လင်းဟန်က သူ့ရဲ့ ပညာတွေကို သိမ်းမထားခဲ့ပါဘူး။ သူက ဆေးဖော်စပ်နည်း တော်တော်များများနဲ့ သူ့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးခဲ့ပြီး ဒီမော်ဆေးပညာရှင်တွေ အရမ်းကို တိုးတက်လာလိမ့်မယ်လို့ ယုံကြည်နေပါတယ်။ မဟာလင်း အင်ပါယာရဲ့ တိုးတက်မှုတွေက ကောင်းမွန်တဲ့ ပြောင်းလဲမှုတွေဘက်ကို ရောက်လာပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူ့အပေါ် မှီခိုနေရမှုတွေကလည်း နည်းပါးလာပါလိမ့်မယ်။

လင်းရှန်းချင်း၊ ဂမ်ရန်ချင်းချင်းနဲ့ တခြားမိန်းမလှလေးတွေ အားလုံးက ပျော်ရွှင်နေကြသလို တချိန်တည်းမှာပဲ မျှော်လင့်ချက်တွေ ကုန်ဆုံးကုန်ပါတယ်။ သူမတို့က ဒီနတ်ဘုရားနဲ့တူတဲ့ ယောကျာ်းရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးဖို့ နောက်တစ်ကြိမ် အခွင့်အရေး ရလိုက်ပေမဲ့ သူမတို့ရဲ့ အခွင့်အလမ်းတွေက အကြောင်းပြချက်တွေနဲ့ အခြေအနေတွေ အမျိုးမျိုးကြောင့် နောက်တစ်ခါ

လွဲချော်သွားရပြီ ဆိုတာကိုလည်း ရှက်ရွံ့စွာနဲ့ တွေ့မြင်လိုက်ရပါတယ်။

အခု သူမတို့က သူ့ကို မော့ကြည့်ရုံပဲ တတ်နိုင်ပါတော့တယ်။

နောက်ထပ်တစ်လ ကြာပြီးတဲ့ နောက်မှာတော့ လင်းဟန်က ကောင်းကင်နီ သင်တန်းကျောင်းဆီ ပြန်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူထွက်လာတဲ့ အချိန်တုန်းက သင်တန်းကျောင်းကို သူ့ရဲ့ ရည်မှန်းချက် ပန်းတိုင်နဲ့ ပတ်သက်ပြီး အသိမပေးခဲ့ပါဘူး။ တကယ်တော့ သူ့ကို ပစ်မှတ်ထားနေတဲ့ အမှောင်ည ခန်းမ၊ ကျောက်လန် ဒါမှမဟုတ် ရှားယွန်တို့တွေက သူ့နောက်ကို နေလအဆင့် လက်ရွေးစင် တစ်ယောက် စေလွှတ်လိုက်မယ်ဆိုရင် အရမ်းကို ပြဿနာ ကြီးမားသွားပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ သူက အချိန်အကြာကြီး ပျောက်နေမယ်ဆိုရင် ဒီအစွမ်းထက်တဲ့ အင်အားစုတွေက

သူဘယ်နေရာကို ရောက်နေလဲ ဆိုတာနဲ့ ပတ်သက်ပြီး သေချာပေါက် ရှာဖွေနိုင်စွမ်း ရှိပါတယ်။

မဟာလင်း အင်ပါယာက နေလအဆင့် လက်ရွေးစင်တွေနဲ့ ရင်ဆိုင်ရမယ်ဆိုရင် ဘယ်လိုလုပ် ရပ်တည်နိုင်မှာလဲ။

ဒါကြောင့် သူတို့က အတတ်နိုင်ဆုံး ကောင်းကင်နီ သင်တန်းကျောင်းကို မြန်မြန်ပြန်ဖို့ ဆုံးဖြတ်လိုက် ကြပါတယ်။ သူတို့အားလုံးက အခုချိန်မှာ အရမ်းကို အားနည်းနေသေးပါတယ်။ လင်းဟန်က အရမ်းကို အစွမ်းထက်တဲ့ ရန်သူတွေ အများကြီးနဲ့ ရန်ငြိုးဖွဲ့မိခဲ့ပါတယ်။ သူတို့က ဒီအချိန်မှာ သိုသိုသိပ်သိပ်နဲ့ အန္တရာယ်တွေကို တောင့်ခံနိုင်ဖို့ လိုအပ်ပါတယ်။

မိုးရေကေရာဇ်နဲ့ တခြားသူတွေ အားလုံးက ဒီအကြောင်းနဲ့ ပတ်သက်ပြီး လင်းဟန်ကို စနောက် ကြပါတယ်။

"နံပါတ်လေး ညီလေး မင်းက အရမ်းကို ထူးချွန်ထက်မြက်တဲ့ ပါရမီရှိတယ် ဆိုပေမဲ့ တခြားသူတွေကို အပြစ်ပြုတဲ့ နေရာမှာ ပိုပြီးတော့တောင် ထူးချွန်နေသလိုပဲ။ မင်းက

တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ
ရှိသေးတာတောင် အနည်းဆုံး ကောင်းကင်ဘုံ
ခန္ဓာကိုယ်အဆင့်မှာရှိတဲ့ လက်ရွေးစင်တွေ
တော်တော်များများက မင်းကို သတ်ပစ်ချင်နေ ကြတာပဲ”

လင်းဟာန်က အဲဒါကို ပြန်ဖြေလိုက်ပါတယ်။

“ဒါက သာမညောင်ည လူတွေရဲ့ မနာလို ဂန်တိုမှုပါပဲ။
ဒါကိုကြည့်ရင် ကျနော်က အရမ်းကို
ထူးချွန်ထက်မြက်နေတယ် ဆိုတာကို
သက်သေပြနေတာပဲပေါ့”

လင်းဟာန်က အင်ပါယာရဲ့ အရေးကိစ္စတွေကို
သူ့ဦးလေးဖြစ်တဲ့ ယွဲ့ကျန်းရှန်းကို လွှဲအပ်ပေး ခဲ့ပါတယ်။
သူ့ရဲ့အကူအညီနဲ့ ယွဲ့ကျန်းရှန်းလည်း စကြဝဠာ ဖျက်ဆီးခြင်း
အဆင့်ကို ရောက်နေပါပြီ။ ဒါက တန်ခိုးရှင်ဘုံမှာ
ဘာမှမဟုတ်ပေမဲ့လည်း မဟာလင်း အင်ပါယာမှာတော့
အရမ်းကို အထင်ကြီးစရာ ကောင်းနေဆဲပါပဲ။
အနည်းဆုံးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က နိုင်ငံ့စွမ်းအားကို

ထုတ်ယူပြီးတဲ့နောက်မှာ ကြယ်ဆယ့်ငါးလုံးထိ တိုးမြှင့်နိုင်ပါတယ်။

လင်းဟန်က အားလုံးကို အနက်ရောင် မျှော်စင်ထဲကို ထည့်ပြီးတဲ့ နောက်မှာ စွေ့ရန်ယွီနဲ့အတူ တိမ်ထိုးဖောက်ခြင်း လွန်းပျံပေါ် တက်ပြီးတော့ ခရီးထွက်လာခဲ့ ကြပါတယ်။ ဆယ်ရက်ကျော် ကြာပြီးတဲ့ နောက်မှာတော့ သူတို့က ကြယ်အမှတ်မြို့ရဲ့ အပြင်ဘက်ကို ရောက်ရှိလာပြီး အားလုံး အနက်ရောင် မျှော်စင်ထဲကနေ ထွက်ကာ မြို့ဂင်ပေါက်တွေဆီကို လမ်းလျှောက်လာခဲ့ ကြပါတယ်။

သူတို့က အင်ပါယာမြို့တော်ထဲမှာ အချိန်အတော်ကြာအောင် နေထိုင်မယ် ဆိုမှတော့ သူတို့အားလုံး ဥပဒေဆိုင်ရာ ခွင့်ပြုမိန့်တွေ ရှိရပါမယ်။ ဒါကြောင့် သူတို့က မြို့ဂင်ဂိတ်တွေကို မှန်မှန်ကန်ကန်နဲ့ ဂင်လာကြပါတယ်။

သူတို့ရဲ့ အကြောင်းအရာတွေကို မှတ်တမ်းတင်ပြီး ဂင်ကြေးပေးဆောင်ပြီးတဲ့ နောက်မှာတော့ သူတို့က မြို့ထဲကို ဂင်လာကြပါတယ်။

မိုးရေကေရာဇ်နဲ့ တခြားသူတွေကို ဆေးဆိုင်မှာပဲ ယာယီနေရာ ချထားပေးလိုက်ပါတယ်။ လင်းဟန်က သူ့ရဲ့အစွမ်းနဲ့ အဆက်အသွယ်တွေကို အသုံးပြုပြီး သူတို့ကို ကောင်းကင်နီ သင်တန်းကျောင်းထဲ ဝင်လို့ရအောင် ကူညီပေးရပါလိမ့်မယ်။

သူက အခုဆို အတော်လေး လွှမ်းမိုးနိုင်စွမ်း ရှိနေပါပြီ။ ဒါကြောင့် တခြားသူတွေ သင်တန်းကျောင်းထဲ ဝင်ခွင့်ရအောင် ကူညီတယ်ဆိုတာက သူ့ရဲ့ စွမ်းဆောင်နိုင်ရည် အတွင်းမှာပဲ ရှိနေပါတယ်။

သင်တန်းကျောင်းကို ဝင်ဖို့အတွက် မသမာတဲ့ နည်းလမ်းတစ်ခု ရှိတယ်ဆိုပေမဲ့ မိုးရေကေရာဇ်နဲ့ တခြားသူတွေ အားလုံးမှာလည်း အထွတ်အထိပ် ပါရမီ ရှိကြပါတယ်။ ဒါကြောင့် ကောင်းကင်နီ သင်တန်းကျောင်းကို သူတို့တွေက မျှတတဲ့ အခြေအနေ တစ်ခုနဲ့ပဲ ဝင်ကြပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်က သူ့ရဲ့ အကြံအစည်ကို မလုပ်ဆောင်နိုင်ခင်မှာ သတင်းတစ်ခု ပျံ့နှံ့လာခဲ့ ပါတယ်။

အဲ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်တွေ ရွေးချယ်လက်ခံမယ် ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းဆိုတာ ဘယ်လိုအင်အားစုမျိုး ဖြစ်ပြီးတော့ သူတို့ရဲ့ တပည့်သစ် ရွေးချယ်လက်ခံမဲ့ သတင်းက မြို့တော်တစ်ခုလုံးကို စိတ်လှုပ်ရှားမှုနဲ့အတူ အုတ်အုတ်ကျက်ကျက် ဖြစ်စေနိုင်တာလဲ။

လင်းဟာန်က အနီးအနားကို လိုက်မေးကြည့်လိုက်တဲ့ အခါမှာ အံ့ဖွယ်ကောင်းကင်ဂိုဏ်းနဲ့ ပတ်သက်ပြီး အထင်ကြီးစရာ အရမ်းကောင်းတဲ့ အချက်တွေကို သိလိုက်ရပါတယ်။

ငြိမ်းချမ်းရေး ဂြိုဟ်၊ တိမ်ပျံဂြိုဟ်၊ အလင်းနဂါးဂြိုဟ်နဲ့ တခြားဂြိုဟ်ပေါင်း တစ်ရာကျော်တွေ ဖွဲ့တည်ထားတဲ့ ကြယ်စင်အစုအဝေး တစ်ခု ရှိပါတယ်။ အဲဒီဂြိုဟ်ကြီးတွေရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း တူညီပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် သက်ရှိတွေက အစွမ်းထက်ဆုံး

ဖြစ်ပါတယ်။ ဒါပေမဲ့လည်း တိမ်ပုံဂြိုဟ်ကြီးပေါ်မှာ ထာဂရမြစ်အဆင့် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ရှိပါတယ်။

အားလုံးက ဂုဏ်သတင်းကျော်စောမှု ငွေကြေးနဲ့ စွမ်းအားတွေမှာ စိတ်ဝင်စားကြတယ် ဆိုပေမဲ့ ဒီထာဂရမြစ်အဆင့် အထွတ်အထိပ် လက်ရွေးစင်က သူတော်စင်ရဲ့ ဝိညာဉ်နဲ့ ပေါင်းစည်း ထားတယ်လို့ ပြောဆိုရလောက်တဲ့ထိ ကြည်ညိုလေးစားစရာ ကောင်းလွန်းပါတယ်။ ကောလာဟလတွေအရ သူဟာ ဒီတစ်လျှောက်လုံး လောကဘုံ နှစ်ခုရဲ့ လမ်းကြောင်းမှာ တိုက်ပွဲဆင်နွှဲပြီး လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကမှ တိမ်ပုံဂြိုဟ်ကြီးပေါ်ကို ပြန်လာခဲ့တာ ဖြစ်ပါတယ်။

သူက အင်ပါရီယန် အင်ပါယာ တစ်ခုကိုတောင် မတည်ထောင်ခဲ့ပါဘူး။ ထာဂရမြစ်အဆင့် လက်ရွေးစင်တွေ တည်ထောင်တဲ့ အင်ပါယာတွေကို အင်ပါရီယန် အင်ပါယာလို့ ခေါ်ကြပါတယ်။ အဲဒီအစား သူက

အဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို တည်ထောင်ခဲ့ပါတယ်။ သူက တပည့်တွေနဲ့ ကျောင်းသားတွေ အများကြီးကို လက်ခံခဲ့ပြီး ဂိုဏ်းကိုတည်ထောင်ရတဲ့ အချက်က ပါရမီရှင်တွေကို ပြုစုပျိုးထောင်ပြီးတော့ မြေအောက်ကမ္ဘာကို ဆန့်ကျင်တိုက်ခိုက်နိုင်ဖို့ ဖြစ်ပါတယ်။

ဒါက ထူးကဲသာလွန်မှု တစ်ခုနဲ့ ရပ်တည်နေတဲ့ ဂိုဏ်းကြီးတစ်ခု ဖြစ်ပါတယ်။ ပြီးတော့ ကြီးကျယ်မြင့်မြတ်တဲ့ သူတော်စင်က ထာဝရမြစ်အဆင့် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်ပေမဲ့ သူက အထွတ်အထိပ် အုပ်ချုပ်သူ တစ်ယောက် ဖြစ်ဖို့ ဆန္ဒ မရှိခဲ့ပါဘူး။ ဘယ်သူကများ ဒီဂိုဏ်းထဲကို မဝင်ချင်တဲ့သူ ဒါမှမဟုတ် ကြီးကျယ်မြင့်မြတ်တဲ့ သူတော်စင်ရဲ့ တပည့်တစ်ယောက်တောင် ဖြစ်လာနိုင်ချေရှိတာကြောင့် မဝင်ချင်တဲ့လူဆိုတာ ရှိနိုင်ပါဦးမလား။ မဟာတာအိုရဲ့ အစစ်အမှန် ဆိုလိုရင်းတွေကို ရှင်းပြတာ နားမထောင်ချင်တဲ့သူ ရှိပါဦးမလား။

ထာဝရမြစ်အဆင့် အကြောင်းကို မပြောသေးနဲ့ဦး။ တကယ်လို့ လူတစ်ယောက်က ဒီဂိုဏ်းထဲကို ဝင်နိုင်လို့ရှိရင် သူတို့က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာနိုင်တဲ့ အခွင့်အရေး ကြီးကြီးမားမားတစ်ခု ရှိလာနိုင်တယ် မဟုတ်လား။

ဒါက အထင်ကြီးစရာကောင်းဖို့ မလုံလောက်သေးဘူးလား။

လွန်ခဲ့တဲ့ ရက်အနည်းငယ်ကပဲ အံ့ဖွယ်ကောင်းကင်ဂိုဏ်းကနေ သံတမန်တစ်ယောက် ရောက်ရှိလို့ လာခဲ့ပြီး အံ့ဖွယ်အင်ပါယာ သုံးခုကို အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်သစ် စုဆောင်းမှုအတွက် ပြင်ဆင်ထားဖို့ သတင်းလာပို့ ခဲ့ပါတယ်။ အဲဒီအချိန်ကို ရောက်လာတဲ့ အခါမှာ အံ့ဖွယ်ကောင်းကင် ဂိုဏ်းကနေ စိတ်ဝင်စားတဲ့ လူတွေကို အရည်အချင်းစစ်ဖို့ အမှုထမ်းတွေ စေလွှတ်ပါလိမ့်မယ်။ စိတ်ကျေနပ်စရာကောင်းတဲ့ အရည်အချင်းရှိသူတွေကို တပည့်တွေအဖြစ် ရွေးချယ်ပြီး

ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုကို ဆင်ခြင်နိုင်ဖို့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းဆီကို စေလွှတ်ပါ လိမ့်မယ်။

ဒီအရည်အချင်းစစ်ပွဲက တစ်လ အချိန်အတွင်းမှာ ကျင်းပပါလိမ့်မယ်။

ဒီသတင်းကြောင့် လင်းဟန်က မိုးရေကောရာဇ်နဲ့ တခြားသူတွေကို ကောင်းကင်နီ သင်တန်းကျောင်းထဲ ဝင်ခွင့်ရအောင် ကူညီပေးမဲ့ သူ့အကြံအစည်ကို ဖျက်ဆီးလိုက်ပါတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ရတာက ပိုပြီးတော့တောင် မကောင်းဘူးလား။

ဒီအကြောင်းတွေကို လင်းဟန်က မိုးရေကောရာဇ်နဲ့ တခြားသူတွေအားလုံးကို ပြောပြလိုက်ပြီး သူတို့အားလုံးက သူ့ရဲ့ ဆုံးဖြတ်ချက်ကို သဘောတူကြပါတယ်။

"ဟားဟား ချင်းကလေး မင်းရဲ့ပါရမီက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ရောက်နိုင်တဲ့အထိ မလုံလောက်ဘူးနဲ့တူတယ်"

ဟော့လျန်ထန်းယွင်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

မုယောင်ချင်းက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

"ငါက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ခုနစ်လုံးကို ရောက်ပြီးမှ အဆင့်တက်ခဲ့တယ် ဆိုတာကို မမေ့လိုက်နဲ့။ မင်းက ကြယ်ဘယ်လောက်များ ရောက်ခဲ့လို့လဲ"

ဟော့လျန်ထန်းယွင်က အော်ကြီးဟစ်ကျယ်နဲ့ ပြောလိုက်ပါတယ်။

"ငါ့က တန်ခိုးရှင်အဆင့်ကို ငါ့ရဲ့ ရှေးဟောင်းဘိုးဘေး သွေးမျိုးဆက်ကို အသက်သွင်းပြီးတဲ့ နောက်မှ တိုက်ရိုက် အဆင့်တက်လာခဲ့တာ။ တကယ်လို့ ငါသာ နှစ်နည်းနည်း ထပ်ပြီးတော့ ကျင့်ကြံခဲ့မယ်ဆိုရင် စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ခုနစ်လုံး မပြောနဲ့ ကြယ်နှစ်ဆယ်လုံးကိုတောင် ရောက်နိုင်တယ်"

ဒါက သူ့ရဲ့ စိတ်နာရတဲ့ အချက်ပဲ ဖြစ်ပါတယ်။

လင်းဟန်က အားလုံးကို ဝေ့ကြည့်လိုက်ပါတယ်။ သူ့ရဲ့အစ်ကိုသုံးယောက်၊ ဟော့လျန်ထန်းယွင်နဲ့ တင်းပင်း၊ သူ့ဂမ်းကွဲအစ်ကို ယွဲ့ခိုင်ယုနဲ့ သူ့နောက်လိုက်လေးယောက်ဖြစ်တဲ့ ကွမ်းယွမ်၊ ကန်းရီ၊ ယွင်ချန်ဟဲနဲ့ ကျူးဝူကျိုတို့ အားလုံးက သူ့အနောက်ကို လိုက်လာခဲ့ ကြတာပါ။ ကျောက်တုံး စိတ်ဝိညာဉ်ကတော့ မဟာလင်း အင်ပါယာကို စောင့်ကြပ်ဖို့ နေခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က အချိန်ရရင် ရသလို ကျောက်တုံးတချို့ကို ပို့ပေးသရွေ့ သူ့ရဲ့ ကျင့်ကြံခြင်းက အရမ်းကို လျင်မြန်တဲ့ အမြန်နှုန်းကို ထိန်းသိမ်းနိုင်ပါလိမ့်မယ်။

တကယ်လို့ သူတို့ရဲ့ ရည်ရွယ်ချက်က ကောင်းကင်နီ သင်တန်းကျောင်းကို ဝင်ရောက်ဖို့ ဆိုရင်တော့ ကွမ်းယွမ်နဲ့ ကျူးဝူကျိုကလွဲပြီးတော့ အားလုံးအတွက် ဘာပြဿနာမှ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူတို့ရဲ့ ရည်ရွယ်ချက်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ရောက်ဖို့

ဆိုရင်တော့ အရာအားလုံးကို သေချာပေါက် ပြောလို့ရလိမ့်မှာ မဟုတ်ပါဘူး။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဂင်နိုင်ဖို့အတွက် လိုအပ်တဲ့ အရည်အချင်းတွေက ဘယ်လောက် တင်းကျပ်လိမ့်မလဲ။

လင်းဟာန်က သူနဲ့မိုးရေကေရာဇ်တို့က ဂင်ရောက်ဖို့ အလွယ်တကူ အရည်အချင်း ပြည့်မီလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ တကယ်လို့ သူတို့တွေ မဂင်နိုင်ဘူး ဆိုရင်တော့ ဒီဂိုဏ်းက သေချာပေါက် ပါရမီရှင်တွေကို စုစည်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူတို့က အတုအယောင်တွေကိုပဲ လူသစ်စုစည်းကြပါလိမ့်မယ်။

လင်းဟာန်က အခြေအနေပေါ် မူတည်ပြီးတော့ သူ့အကြံအစည်တွေကို ချိန်ညှိရပါလိမ့်မယ်။ အရည်အချင်း ပြည့်မီသူတွေက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဂင်ရောက်ပြီး အရည်အချင်း မပြည့်မီတဲ့ သူတွေကိုတော့ ကောင်းကင်နီ သင်တန်းကျောင်းကို ဂင်ရောက်ဖို့ နည်းလမ်းတစ်ခု ရှာပေးရပါလိမ့်မယ်။

လင်းဟန်က သင်တန်းကျောင်းကို ပြန်လာခဲ့ပါတယ်။ သူက အဘိုးကြီးရှဆီကို သွားလည်ပြီး ဖြစ်နိုင်မယ်ဆိုရင် သူ့ဆီကနေ အံ့ဖွယ်ကောင်းကင်ဂိုဏ်းနဲ့ ပတ်သက်ပြီးတော့ ပိုမိုသိချင်ပါတယ်။

"စီနီယာအစ်ကိုလင်း စီနီယာ အစ်ကိုလင်း"

ဒါပေမဲ့လည်း ကျောင်းသားတစ်ယောက်က ရုတ်တရက် သူ့တံခါးကို ထုပြီးတော့ အရမ်းကို အလျင်စလို နိုင်နေတဲ့ ပုံစံပါပဲ။

Chapter 1086 end

အပိုင်း(1087) ကျင်းကျီဟွေ့ဆီက ဓားလက်ဆောင်

"ဘာတွေဖြစ်နေတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

ကျောင်းသားက အဖြေမပေးခင် ခဏလောက် တုံ့ဆိုင်းသွားခဲ့ပါတယ်။

"စောစောက ကျနော် အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ အဓိက ဂင်ပေါက်နားကနေ ဖြတ်လာခဲ့ပြီး လူတစ်ယောက်က အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေရဲ့ ချောင်ပိတ်ထားတာကို ခံနေရတယ်။ အဲဒီလူက ထပ်ခါတလဲလဲ စီနီယာ အစ်ကိုလင်းဆီကို လာလည်တာလို့ ပြောနေတယ်"

"ငါ့ဆီလာလည်တာ ဟုတ်လား"

လင်းဟန်က သူ့မေးစေ့ကို ပွတ်ပြီးတော့ စဉ်းစားခန်း ဖွင့်လိုက်ပါတယ်။ ဘယ်သူများ ဖြစ်နိုင်မလဲ။ တစ်ယောက်ယောက်က သူ့ဆီကို လာလည်ချင်နေပြီး အရှေ့ပိုင်း အဖွဲ့အစည်းဆီကို တကယ်ပဲ ရောက်သွားခဲ့တာလား။ ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အဓိက အဖွဲ့အစည်း လေးခုက တစ်ခုနဲ့တစ်ခု အရမ်းကို ရန်စောင်နေကြတယ် ဆိုတာကို မသိတဲ့လူ ရှိလို့လား။ အရှေ့ပိုင်း အဖွဲ့အစည်းကို သွားပြီးတော့ ဒီနေရာကို

လင်းဟန်ဆီ လာလည်ချင်တာပါလို့ ပြောတာက အရှေ့ပိုင်း အဖွဲ့အစည်းကို အရှက်ခွဲတာပဲ မဟုတ်လား။

အဲဒီလူဟာ သူ ကောင်းကင်နီ သင်တန်းကျောင်းမှာ ရှိတယ်ဆိုတာ တစ်ခုတည်းပဲ သိထားတယ် ဆိုတာ ပေါ်လွင်ပြီး သင်တန်းကျောင်းထဲက ထူးခြားတဲ့ အဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ဘာမှသိပုံ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကြောင့်ပဲ သူက ဝံပုလွေတွေရဲ့ သားရဲတွင်းထဲကို အမှတ်မထင် ကျရောက်သွားတာပဲ ဖြစ်ပါတယ်။

"အဲဒီလူနဲ့ ပတ်သက်ပြီး ထူးထူးခြားခြား ဘာရှိလဲ"

လင်းဟန်က မေးလိုက်တယ်။

သတင်းလာပို့တဲ့ ကျောင်းသားက တဒင်္ဂလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"သူ့ပုံစံက သာမန်ပါပဲ။ ဟာ ဟုတ်ပြီ။ သူက သူ့ရင်ဘတ်မှာ ဓားတစ်လက်ကို အမြဲတမ်း ပွေ့ဖက်ထားတယ်"

"ဟင်"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဓားသွန်းလုပ်တဲ့ စံအိမ်က မျိုးဆက်ဖြစ်တဲ့ ကျင်းကျီဟွေ့များ ဖြစ်နေမလား။

သူက ကျင်းကျီဟွေ့နဲ့ ကတိတစ်ခု လုပ်ထားပါတယ်။ တကယ်လို့ ကျင်းကျီဟွေ့က ကမ္ဘာကြီးထဲမှာ နံပါတ်တစ် နတ်ဘုရား ဓားတစ်လက်ကို အောင်အောင်မြင်မြင် သွန်းလုပ်နိုင်ခဲ့ရင် သူကိုယ်တိုင် ကိုယ်ကျ လာပြီးတော့ လင်းဟန်ဆီ ပို့ပေးပါလိမ့်မယ်။ တစ်နှစ်ပဲ ကြာပါသေးတယ်။ ကျင်းကျီဟွေ့က အောင်မြင်သွားပြီလား။

ဘယ်လိုပဲဖြစ်ဖြစ် အရင်ဆုံး သွားကြည့်တာက ပိုကောင်းမယ်။

"ကျေးဇူးပဲ"

လင်းဟန်က ဆေးပုလင်း တစ်လုံးကို သတင်းလာပို့ပေးတဲ့ ကျောင်းသားဆီ ပစ်ပေးလိုက်ပါတယ်။

ကျောင်းသားရဲ့ မျက်နှာပေါ်မှာ စိတ်လှုပ်ရှားသွားတဲ့ အမူအရာတစ်ခု ဖြတ်သွားပြီး ပုလင်းကို ဖမ်းယူကာ ဖွင့်ကြည့်လိုက်တဲ့ အခါမှာတော့ ပုလင်းအထဲမှာ အစိမ်းရောင် ဆေးလုံး တစ်လုံးကို တွေ့လိုက်ရပါတယ်။

စီနီယာ အစ်ကိုလင်းက အရမ်းကို ရက်ရောတာပဲ။ သတင်းစကားလေး တစ်ခုကို လာပို့ပေးတဲ့ အတွက် ကောင်းကင်ဘုံ ပုလဲဆေးလုံး တစ်လုံး ငါ့ကို ဆုလာဘ်ပေးခဲ့တယ်။

လင်းဟန်က အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ပိုင်နက်ထဲကို တိုက်ရိုက်ပြေးဝင် သွားခဲ့ပါတယ်။ သူက ဟိုဟိုဒီဒီ လျှောက်သွားပြီး အချိန်ဖြုန်းဖို့ စိတ်မကူးပဲ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ အဓိက ဂင်ပေါက်ဆီကို တန်းတန်းမတ်မတ် ဦးတည်လာခဲ့ပါတယ်။

အဖွဲ့အစည်း လေးခုရဲ့ ဂတ်စုံတွေက သူတို့ကိုယ်ပိုင် နည်းလမ်းတွေနဲ့ ပုံစံကွဲကြပါတယ်။ ဒါကြောင့် လင်းဟန်က သူတို့ရဲ့ ပိုင်နက်ထဲကို သတ္တိကောင်းကောင်းနဲ့

ဂင်လာလိုက်တာနဲ့ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေ အာရုံစိုက်တာကို အလျင်အမြန်ပဲ ခံလိုက်ရပါတယ်။

လင်းဟန်က ဘယ်သူလဲ ဆိုတာကို သူတို့တွေ သိပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အထင်ကြီးစရာ ကောင်းတဲ့အပြင် သူက အံ့ဖွယ်အင်ပါယာရဲ့ အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်လည်း ဖြစ်လာပါပြီ။

ပထမအချက်က သူတို့တွေ သူ့ကို အနိုင်မယူနိုင်ပါဘူး။ ဒုတိယအချက်က တရားဂင် အဆင့်တစ်ခု ရှိနေတဲ့ ပါရမီရှင် တစ်ယောက်ကို ဘယ်သူက အပြစ်ကျူးလွန်ချင်မှာလဲ။ ဒါကြောင့် ကျောင်းသားတွေက ရိုးရိုးတမ်းတမ်း စုဝေးပြီး လင်းဟန်ရဲ့ အနောက်ကနေ လိုက်လာပြီး သူတို့အားလုံးက လင်းဟန်နဲ့အတူ အဓိက ဂင်ပေါက်ဆီကို လျှောက်လာခဲ့ပါတယ်။

လင်းဟန်ရဲ့ ရည်မှန်းချက် ပန်းတိုင်က အဓိက ဂင်ပေါက်ဆိုတာကို သူတို့တွေ သတိပြုမိတဲ့ အချိန်မှာ

ကျောင်းသားတွေအားလုံးရဲ့ အမူအရာက ထူးထူးဆန်းဆန်း ဖြစ်သွားခဲ့ပါတယ်။

သောက်ကျိုးနည်း မင်းက အရှေ့ပိုင်း အဖွဲ့အစည်းထဲကို တရကြမ်း တိုးဝင်လာတာက ဖြတ်လမ်း တစ်ခုအနေနဲ့ သွားဖို့မှ မဟုတ်တာ။

လဖြွတ်ပဲ။ မင်းက အရှေ့ပိုင်း အဖွဲ့အစည်းကို ဘယ်လောက်တောင် အထင်သေးနေတာလဲ။ ဒါက လုံးဝကို အရှက်ခွဲတာပဲ။

အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေကို ကြည့်ရတာ အားလုံး ဒေါသတွေ ပေါက်ကွဲသွားပုံ ရပါတယ်။ လင်းဟန်က စကားတစ်ခွန်းမှ မပြောသလို လူတစ်ယောက်ကိုမှ ထိခိုက်အောင် မလုပ်ပေမဲ့ ကျောင်းသားတွေ အားလုံးပဲ သူတို့ရဲ့ မျက်နှာကို ခပ်ပြင်းပြင်း ဖြတ်ရိုက်လိုက်သလို ခံစားလိုက် ရပါတယ်။

အရမ်းကို ဘဝင်မြင့်လွန်းတယ်။ အရမ်းကို ရန်စလွန်းတယ်။ ဘယ်လိုလုပ် သူက အရမ်းကို စိတ်ကြီးဝင်နိုင်ရတာလဲ။

"လင်းဟန် မင်းအရမ်းကို လွန်နေပြီ"

အစွမ်းထက်တဲ့ ကျောင်းသား တစ်ယောက်က နောက်ဆုံးတော့ ထွက်ပေါ်လာပြီး လင်းဟန်ရဲ့ လမ်းကြောင်းကို ပိတ်ဆို့တားဆီး လိုက်ပါတယ်။

လင်းဟန်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ်မှာပဲ ရှိသေးတယ် ဆိုတာကို အားလုံးက သိနားလည် ထားကြပါတယ်။ ပြီးတော့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ငါးပွင့်ကို ကျော်လွန်ကောင်း ကျော်လွန်နိုင်ပါတယ်။ ဒါကြောင့် သူ့ရဲ့ အစစ်အမှန် တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်းမှာ ရှိပါလိမ့်မယ်။ တကယ်လို့ လင်းဟန်ကို တစ်ယောက်ယောက်က တားဆီးချင်တယ်ဆိုရင် အနည်းဆုံးတော့ အဲဒီကျင့်ကြံခြင်း အဆင့်ကို သူတို့တွေ ပိုင်ဆိုင်ထားဖို့ လိုအပ်ပါလိမ့်မယ်။

ဒီကျောင်းသားက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်းအဆင့်မှာ ရှိပြီးတော့ သူက

ကြယ်တစ်ဂက်လောက်ထိ ကျော်နိုင်ပါတယ်။ သူ့ရဲ့ အစွမ်းက အတော်လေး အထင်ကြီးစရာ ကောင်းလွန်းပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါက ဖြတ်လမ်းတစ်ခု အနေနဲ့ သွားတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကွေ့ဝိုက်ပြီးတော့ မသွားချင်လို့ပဲ"

"ဒါက အရှေ့ပိုင်း အဖွဲ့အစည်းပဲ"

ကျောင်းသားက မျက်နှာထား တင်းတင်းနဲ့ အော်ပြောလိုက်ပါတယ်။

"အရှေ့ပိုင်း အဖွဲ့အစည်းပဲဖြစ်ဖြစ် မြောက်ပိုင်းအဖွဲ့အစည်းပဲဖြစ်ဖြစ် လျစ်လျူရှုထားလိုက်ပါ။ ဒါတွေအားလုံးက ကောင်းကင်နီ သင်တန်းကျောင်းရဲ့ အစိတ်အပိုင်းတွေပဲဟာ"

လင်းဟန်က ပြောလိုက်တယ်။

"ငါသွားချင်တဲ့ ဘယ်နေရာပဲဖြစ်ဖြစ် ငါသွားနိုင်တယ်"

ကျောင်းသားရဲ့ မျက်နှာပေါ်မှာ အန္တရာယ်ပြုတော့မဲ့ အမူအရာ ဖြစ်ပေါ်လာခဲ့ပြီး ပြောလိုက်တယ်။

"မင်းက ငါ့ရဲ့ ယဉ်ယဉ်ကျေးကျေး သတိပေးတာကို နားမထောင်နိုင်ဘူး ဆိုမျတော့ ငါက အင်အားသုံးရတော့မှာပေ့ါ"

သူက ပြောပြီးတာနဲ့ ချက်ချင်းပဲ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

သင်တန်းကျောင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေအရ ကျင့်ကြံခြင်းအဆင့်မြင့်တဲ့ ကျောင်းသားတွေက ကျင့်ကြံခြင်း အဆင့်နိမ့်တဲ့ ကျောင်းသားတွေကို ရန်စတိုက်ခိုက်လို့ မရပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က အရှေ့ပိုင်း အဖွဲ့အစည်းထဲ တရကြမ်း တိုးဝင်လာဖို့ ဘယ်သူကများ ပြောလို့လဲ။ သူက တခြားလူ တစ်ယောက်ရဲ့ အိမ်ထဲကို တရကြမ်း ဝင်လာမှတော့ သူတို့က တန်ပြန် တိုက်ခိုက်တယ်ဆိုတာ သဘာဝကျပါတယ်။

ဒါကြောင့် တကယ်လို့ သူက လင်းဟန်ကို ရိုက်နှက်ပစ်တယ် ဆိုတော့ရော ဘာဖြစ်လဲ။ သူက သူ့ဘက်က မှန်ကန်ပါတယ်။

လင်းဟန်က သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားလိုက်ပါတယ်။ သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှု ရောက်လာတဲ့ အချိန်မှာပဲ သူက ရုတ်တရက် လက်ချောင်းနှစ်ချောင်းကို ဆန့်ထုတ် လိုက်ပါတယ်။ သူ့လက်ချောင်းတွေက ဓားတွေနဲ့ တူပြီးတော့ ဓားအလင်းရောင်တစ်ခု ဖန်တီးလိုက် ပါတယ်။

လျှပ်မြန်မှု နည်းစနစ်။

ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ဆင်ခြင်သဘောပေါက်ပြီး နောက်မှာတော့ လင်းဟန်က လျှပ်မြန်မှု နည်းစနစ်ကို နားလည်သဘောပေါက်တဲ့ နေရာမှာ ထူးထူးခြားခြား တိုးတက်လာခဲ့ပါတယ်။

တစ်ခုသတိပြုရမှာက ပြန်လည်မွေးဖွားခြင်း သစ်ပင်မှာ လေးလ ဒါမှမဟုတ် ရက်ပေါင်း တစ်ရာ့နှစ်ဆယ် ကြီးထွားမှု အတွေ့အကြုံပဲ ရှိပါတယ်။ နောက်တစ်နည်း

ပြောရမယ်ဆိုရင် ဒီတစ်ကြိမ် ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ဆင်ခြင်တာက နှစ်ပေါင်း တစ်ရာ့နှစ်ဆယ်နဲ့ ညီမျှပါတယ်။ ဒါက မယုတ်မလွန် တွက်ချက်ထားမှု တစ်ခုဖြစ်ရင်တောင် ဒီအချိန်က အနည်းဆုံး နှစ်ပေါင်းငါးဆယ် ရှိပါလိမ့်မယ်။ မဟုတ်လား။

ကျောင်းသားရဲ့ ရင်ဘတ်ကနေ သွေးတွေ ချက်ချင်းပဲ စိမ့်ထွက်လာပါတယ်။ လင်းဟန်က မရပ်ဘဲ အဓိက ဂင်ပေါက်ဆီကို ဆက်ပြီးတော့ လျှောက်လာခဲ့ပါတယ်။

အဲဒီအခိုက်အတန့်မှာ နောက်ဆုံးတော့ ကျောင်းသားက ကြမ်းပြင်ပေါ် ခွေကျကာ သတိလစ် မေ့မြောသွားပါတယ်။ သူ့ကို လင်းဟန်က ဘယ်လိုရိုက်နှက်လို့ သတိလစ်မေ့မျောသွားလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။

အရမ်းကို အစွမ်းထက်တာပဲ။

တခြားကျောင်းသားတွေ အားလုံး မှင်တက်အံ့သြ သွားခဲ့ကြပါတယ်။ ဒီစီနီယာ အစ်ကိုက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတဲ့ လက်ရွေးစင် တစ်ယောက်ဖြစ်တယ်။

လင်းဟန်က သူ့ကို တချက်တည်းနဲ့ ရှုံးနိမ့်သွားစေခဲ့တယ်။ သူ့အစွမ်းက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်သလဲ။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သင်တန်းကျောင်းကို လင်းဟန် ဂင်လာတာ ဘယ်နှစ်နှစ်များ ရှိသေးလို့လဲ။ ကျောင်းသားအများစုက သူ့လိုပဲ ဂင်လာကြပြီး စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ တိုက်ပွဲစွမ်းရည် ကြယ်နှစ်ဆယ်လုံး ရရှိအောင် အပြင်းအထန် ကြိုးပမ်းနေကြတုန်း ရှိပါတယ်။ ဒါပေမဲ့ သူကရော။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ထိ တစ်ဟုန်ထိုး မြင့်တက်နေပါပြီ။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အလယ်အလတ် အဆင့်နဲ့ ညီမျှ လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် စီနီယာ အစ်ကိုကို တစ်ကွက်တည်းနဲ့ အနိုင်ယူနိုင်စရာ အကြောင်း လုံးဝကို မရှိဘူး။

ဘယ်သူကမှ လင်းဟန်ကို ထပ်ပြီးတော့ စိန်မခေါ်ဝံ့ ကြတော့ပါဘူး။ တကယ်တော့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့

လက်ရွေးစင်တွေက အချိန်တွေ အများကြီး အားလပ်မနေကြပါဘူး။ သူတို့က အမြဲတမ်းလိုလို အပြင်ဘက်ကို လှည့်လည်သွားလာ နေကြပါတယ်။ ပြီးတော့ တံခါးပိတ်ပြီးတော့ ကျင့်ကြံအားထုတ် တတ်ကြပါတယ်။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟာန်ကို နည်းနည်းလေးမှ မဟာန့်တားပဲ တရကြမ်း တိုးဝင်ခွင့် ပြုလိုက်မယ်ဆိုရင် အရှေ့ပိုင်း အဖွဲ့အစည်းအနေနဲ့ ဘယ်လိုလုပ် မျက်နှာပြလို့ ရတော့မှာလဲ။

လူတွေက ချက်ချင်းပဲ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အုပ်စုမှာရှိတဲ့ စီနီယာ အစ်ကိုတွေ အစ်မတွေကို အကူအညီတောင်းဖို့ သွားရှာကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့က လင်းဟာန်ကို ဟန့်တားရပါမယ်။

သူတို့ရဲ့ မြင်ကွင်းအရှေ့မှာ အဓိက ဂင်ပေါက်က အလျင်အမြန်နဲ့ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က တံခါးဆီကို လျှောက်လာပြီး တံခါးဂမှာ ဒါဇင်နဲ့ချီတဲ့ ကျောင်းသားတွေက လူငယ် တစ်ယောက်ကို

ဝိုင်းထားတာ တွေ့လိုက်ရပါတယ်။ ဒါပေမဲ့လည်း သူ့လက်တွေထဲမှာ ဓားမရှိတော့ပါဘူး။

အဲဒီလူငယ်က ကျင်းကြီးဟွေ့ကလွဲပြီး ဘယ်သူဖြစ်နိုင်မှာလဲ။

"ငါ့ကို ဓားပြန်ပေး။ ငါ့ကို ပြန်ပေးစမ်း"

ကျင်းကြီးဟွေ့က အော်ဟစ်နေပါတယ်။

ငွေရောင်ဆံပင်နဲ့ ကျောင်းသားတစ်ယောက်က ဂိတ်ပေါက်ဝမှာ ရပ်နေပြီး သူ့လက်ထဲမှာ ဓားတစ်လက်ကို ကိုင်ထားပြီး အဲဒီလူငယ်ကို ကျင်းကြီးဟွေ့က အော်ဟစ်နေတာ ဖြစ်ပါတယ်။

"စီနီယာ အစ်ကိုယန် ဒီဓားနဲ့ပတ်သက်ပြီး ဘယ်လိုထင်လဲ"

ကျောင်းသား တစ်ယောက်က မေးလိုက်တယ်။

"ဟားဟား ဒီလူက လေလုံးထွားပြီးတော့ ဒီဓားကို ကမ္ဘာကြီးထဲမှာ နံပါတ်တစ်လို့ လာကြွားနေတယ်။ ဒါပေမဲ့လည်း ဒီဓားနဲ့ ပတ်သက်ပြီး ထူးခြားမှု နည်းနည်းမှ ငါမမြင်မိဘူး"

ငွေရောင်ဆံပင်နဲ့ လူငယ်က ပြောလိုက်ပါတယ်။

"ဟားဟား ဒီကျွမ်းကျင်ရှ ကြီးထဲက နံပါတ်တစ်ဓား ဟုတ်လား။ လုံးဝကို ဟာသပဲကွာ"

ငွေရောင်ဆံပင်နဲ့ လူငယ်က အော်ဟစ်ရယ်မောပြီး သူ့လက်ထဲက ဓားကို ဝှေ့ယမ်းကာ ပြောလိုက်တယ်။

"ဒီအားကို အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ပဲ သွန်းလုပ်ထားတာပဲ။ ဘယ်လိုပစ္စည်း အမျိုးအစားနဲ့ သွန်းလုပ်ထားတယ် ဆိုတာကို ငါမပြောနိုင်ပေမဲ့ ဒါက အဆင့်တစ် ပစ္စည်းဆိုတာတော့ ငါသေသေချာချာသိတယ်။ နောက်ပြီးတော့ ဒီအပေါ်မှာ နတ်ဘုရား သင်္ကေတ တချို့ကို ရေးထွင်းထားပေမဲ့ အဲဒါတွေကို အသက်သွင်းရမဲ့ နည်းလမ်းမရှိဘူး။ ဒီဓားကို အဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခုလို့တောင် မသတ်မှတ်နိုင်ဘူး"

"ကျွမ်းကျင်ရှ့နံပါတ်တစ်ဓား ဟုတ်လား။ ဒါက ဓားအစုတ်အပြတ် တစ်လက်ထက် မပိုပါဘူး"

ကျင်းကျီဟွေ့ရဲ့ မျက်နှာပေါ်မှာ ဒေါသထွက်သွားတဲ့ အရိပ်အယောင်တစ်ခု ဖြစ်ပေါ်လာပြီး သူက အော်ဟစ်လိုက်ပါတယ်။

"ဒါက ကမ္ဘာ့နံပါတ်တစ် ဓားကွ။ မင်းဒီဓားကို လျော့မတွက်လိုက်နဲ့။ ငါ့ကို ပြန်ပေးစမ်း"

ငွေရောင်ဆံပင်နဲ့ လူငယ်က အေးစက်စွာနဲ့ ရယ်မောပြီး ပြောလိုက်တယ်။

"ဟားဟား ဒါက ဓားစုတ်တစ်လက် ဆိုပေမဲ့ ငါ့လက်ထဲမှာ ရောက်နေပြီ။ မင်းက ပြန်လိုချင် သေးတာလား။ အိပ်မက်မက်မနေနဲ့"

ဒီလူငယ်ရဲ့ နာမည်က ယန်ရှွမ်လို့ ခေါ်ပြီးတော့ အရှေ့ပိုင်း အဖွဲ့အစည်းက ပြီးပြည့်စုံခြင်း အုပ်စုထဲမှာ ထိပ်တန်းအဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

"သူ့ကို ကြမ်းပြင်ပေါ်မှာ ဖိထားလိုက်စမ်း။ သူက ငါ့မျက်နှာ အရှေ့မှာ လင်းဟန်ရဲ့ နာမည်ကို ပြောထွက်ရဲတယ်။ သူက အရိုက်ခံရဖို့ တောင်းဆိုနေတာပဲ"

"ဟုတ်"

ကျောင်းသား တော်တော်များများက ချက်ချင်းပဲ ကျင်းကျီဟွေ့ကို အင်အားသုံးကာ သူ့ကို မြေကြီးပေါ် အတင်းအကျပ် ဒူးထောက်စေခဲ့ပါတယ်။ သူတို့က အရမ်းကို လွန်လွန်ကျွံကျွံနဲ့ သူ့ခေါင်းကိုပါ မြေကြီးနဲ့ ဖိကပ်လိုက်ပါတယ်။

"ငါ့ကိုလွှတ်စမ်း။ ငါ့ဓားကို ပြန်ပေးစမ်း"

ကျင်းကျီဟွေ့က အော်ဟစ်နေပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလူတွေက ဓားသွန်းလုပ်ခြင်း စံအိမ်ရဲ့ တပည့် တစ်ယောက်ကို ဆိုးဆိုးဝါးဝါး ဆက်ဆံနေပါတယ်။ နောက်ပိုင်းမှာ သူတို့က ဓားသွန်းလုပ်ခြင်း စံအိမ်က သွန်းလုပ်တဲ့ ဓားတစ်ချောင်းကို ဘယ်လိုလုပ် ရနိုင်တော့မှာလဲ။ သူက ယုံကြည်မှုနဲ့ လျှောက်လာပြီး ပြောလိုက်တယ်။

"အစ်ကိုကျင်း မတွေ့တာ ကြာပြီနော်"

လင်းဟန်ရဲ့ ခန္ဓာကိုယ်ကနေ ဒေါသအရှိန်အဝါတစ်ခု ထုတ်လွှတ်လို့ နေပါတယ်။ ကျင်းကျီဖေ့ကက သူတို့တွေ သဘောတူညီချက်အတိုင်း သူ့အတွက် ဓားတစ်လက် လာပို့တယ်ဆိုတာ သေချာပါတယ်။ ဒါပေမဲ့လည်း သူက ဒီလူတွေရဲ့ အရှက်ခွဲခြင်းကို ခံနေရပါတယ်။ ဒါက လင်းဟန်ကို အပြင်းအထန် ဒေါသထွက်သွား စေခဲ့ပါတယ်။

"လင်းဟန်"

တံခါးဝမှာရှိတဲ့ ကျောင်းသားတွေက လင်းဟန်ရဲ့ နာမည်ကို အံ့အားတကြီးနဲ့ ခေါ်လိုက်မိ ကြပါတယ်။

Chapter 1087 end

အပိုင်း(1088) ဒေါသပေါက်ကွဲခြင်း

လင်းဟန်ဆိုတာ ကောင်းကင်နီ သင်တန်းကျောင်းထဲမှာ ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ သူဟာ သင်တန်းကျောင်းကို ဝင်ရောက်လာခဲ့တာပါ။ သူက အခုဆို တောင်မြစ်အဆင့်ရဲ့

ပြင်းထန်အလယ်အလတ် အဆင့်ကို ရောက်ရှိလို့ နေပါပြီ။ နောက်ပြီးတော့ သူက အံ့အားသင့်စရာ ကောင်းလွန်းတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ပြီးတော့ သူက ဒဏ္ဍာရီလာ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သူ့ကံကြမ္မာက ပိုပြီးတော့တောင် အံ့အားသင့်စရာ ကောင်းနေသလိုပါပဲ။

မဟာပိုလ်ချုပ်ကျောက်ရဲ့ တစ်ဦးတည်းသော သားဖြစ်သူနဲ့ မကြာခဏဆိုသလို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ခဲ့ပေမဲ့ သူက အမြဲတမ်းလိုလို အသာစီး ရယူနိုင်ခဲ့ပါတယ်။ ဧကရီ ဘုရင်မကဆို အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ တစ်ယောက်အဖြစ် တာဝန်ခန့်အပ် ပေးခဲ့ပါတယ်။

လင်းဟန်က ကြယ်ဥက္ကာ အံ့ဖွယ်အင်ပါယာရဲ့ သမိုင်းတစ်လျှောက်မှာ အသက်အငယ်ဆုံး အဆင့်ခုနစ် စစ်ဘက်ဆိုင်ရာ အရာရှိ ဖြစ်ပါတယ်။

ဒီအချက်တွေကြောင့် အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတော်တော်များများက ဘာဖြစ်လို့ လင်းဟန်က

သင်တန်းကျောင်းကို အစောကြီး ဝင်လာခဲ့တာလဲ ဆိုပြီးတော့ ဝမ်းနည်းနေမိ ကြပါတယ်။ တကယ်လို့ သူက ကောင်းကင်နီ သင်တန်းကျောင်းကို နောက်ထပ်ငါးနှစ်လောက် နောက်ကျပြီးမှ ဝင်လာခဲ့မယ်ဆိုရင် အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ပါရမီရှင် တစ်ယောက် ဖြစ်လာလိမ့်မယ် မဟုတ်ပါလား။

ယန်ရွှမ်က အော်ဟစ်ပြီးတော့ မပြောခင်မှာ တုံ့ဆိုင်းဆိုင်းဖြစ်နေခဲ့ပါတယ်။

"လင်းဟာန် မင်းက ငါတို့ရဲ့ အရှေ့ပိုင်း အဖွဲ့အစည်းထဲကို ဝင်လာရဲတယ်ပေါ့"

လင်းဟာန်က မျက်မှောင်ကြုတ်ပြီးတော့ ပြောလိုက်တယ်။

"သူ့ကိုလွှတ်ပြီးတော့ ဓားကိုပြန်ပေးလိုက်။ ပြီးရင် ငါတို့ တခြားအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး စကားပြောနိုင်တာပေါ့"

"ဟားဟား ဒီလူက တကယ်ပဲ မင်းရဲ့သူငယ်ချင်းလား"

ယန်ရွှမ်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ကျင်းကျီဟွေ့ရဲ့ မျက်နှာကို ခြေထောက်နဲ့ နင်းပြီး ပြောလိုက်တယ်။

"တကယ်လို့ ငါက မင်းပြောသလို မလုပ်ဘူး ဆိုရင်ရော"

သူက လင်းဟာန်ကို မကြောက်ပါဘူး။ သူ့မှာ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်ရှိ တိုက်ပွဲစွမ်းရည် တစ်ခု ရှိပါတယ်။ တကယ်လို့ လင်းဟာန်က သူ့ကိုဆန့်ကျင်ပြီး တိုက်ခိုက်လာမယ် ဆိုရင် သူက သူ့ကိုယ်သူ အရှက်ကွဲခံသလို ဖြစ်သွားပါလိမ့်မယ်။

လင်းဟာန်ရဲ့ မျက်လုံးတွေထဲမှာ အေးစက်စက် အရိပ်အယောင်တစ်ခု ဖြတ်သွားပြီး ပြောလိုက်တယ်။

"ငါမင်းရဲ့ ခြေထောက်တွေကို ဖြတ်ပစ်ရမှာပေ့ါ"

ယန်ရွှမ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။

တကယ့်ကို ဟာသပဲ။

ယန်ရွှမ်က သူ့ဓားကို ထုတ်ပြီးတော့ လင်းဟာန်ကို ဓားဦးနဲ့ ညွှန်ပြီး ပြောလိုက်တယ်။

"လင်းဟာန် မင်းနဲ့ပတ်သက်ပြီး အရမ်းကို ကောင်းနေပြီလို့ ခံစားနေတာလား။ ဒီသင်တန်းကျောင်း အထဲမှာ မင်းကိုယ်မင်း ပြိုင်ဘက်ကင်းလို့ တကယ်ပဲ ထင်နေတာလား"

လင်းဟာန်က ပြန်မဖြေပဲ အဲဒီအစား ယန်ရှမ်ဆီကို ခြေလှမ်းကျဲကျဲတွေနဲ့ လျှောက်လာခဲ့ပါတယ်။ သူ့အမူအရာက သုန်မှုန်နေပြီး သူ့ရဲ့ ဒေါသတွေ ပေါက်ကွဲထွက်နေတဲ့ အတိုင်းပါပဲ။ သူ့အနားမှာ ရှိနေတဲ့ လူတွေတောင်မှ အသက်ရှူရတာ ခက်ခဲသလို ခံစားလိုက်ရပါတယ်။

"ဒီကောင့်ကို ပျော့ခွေသွားအောင် ရိုက်ပစ်လိုက်"

ယန်ရှမ်က အော်ဟစ်လိုက်ပါတယ်။

လင်းဟာန်က လာနှောက်နေတာလား။ ဒါက အရှေ့ပိုင်း အဖွဲ့အစည်း ဖြစ်ပါတယ်။

"ချ"

အရှေ့ပိုင်း အဖွဲ့အစည်းက ကျောင်းသားတွေ အားလုံး တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ ကြပါတယ်။ သူတို့အားလုံးက လင်းဟာန်ကို မြောက်ပိုင်းအဖွဲ့အစည်းကနေ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ အဓိက ဝင်ပေါက်ဆီကို ထောင်ထောင် ထောင်ထောင်နဲ့ တစ်လမ်းလုံး လျှောက်သွားခွင့် ပြုခဲ့ရပါတယ်။ ဒါက ကြီးမားတဲ့ အရှက်ကွဲမှု တစ်ခုဖြစ်ပြီး တကယ်လို့ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေက သူ့ကို လုံလုံခြုံခြုံနဲ့ ပြန်ခွင့်ပြုလိုက်မယ်ဆိုရင် သူတို့အတွက် ဆက်ပြီးတော့ ကျင့်ကြံအားထုတ်ဖို့ လိုပါဦးမလား။ သူတို့က တိုဟူးတုံးကြီး တစ်ခုကို ဝယ်ပြီးတော့ သူတို့ကိုယ် သူတို့ သေတဲ့အထိ ရိုက်ပစ်တာကမှ ကောင်းပါလိမ့်ဦးမယ်။

လက်သီးပေါင်း တစ်ဒါဇင်ကျော်လောက် လင်းဟာန်ဆီကို ချက်ချင်းပဲ ဝင်ရောက်လာခဲ့ပါတယ်။

လင်းဟာန်က သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အတွေးတစ်ချက်နဲ့ နှိုးဆွလိုက် ပါတယ်။

ဟုန်း ဝုန်း ဝုန်း။

သူ့ကို ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ ကြိုးစားတဲ့ သူတွေက အနားကိုတောင် မကပ်နိုင်ပဲ ပြင်းထန်တဲ့ ဆွဲငင်အား စက်ကွင်းကြောင့် ချက်ချင်းကို ကြမ်းပြင်ပေါ်ကို ဂမ်းလျားဂပ် ကုန်ကြပါတယ်။

လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးလာသလို သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေလည်း ပိုပြီးတော့ အစွမ်းထက်လာခဲ့ပါတယ်။ အနည်းဆုံးတော့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အောက်မှာရှိတဲ့ ဘယ်သူမဆို ရင်ဆိုင်ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။

သူက အရှေ့ကို ဆက်တိုးလာပြီး သူ့အနားမှာရှိတဲ့ ကျောင်းသားတွေ အားလုံးပဲ ဆက်တိုက် မြေပြင်ပေါ် ဂပ်ကျသွားပြီး ဘယ်သူတစ်ဦးတစ်ယောက်ကမှ သူ့ကို အမှန်အကန် ခြိမ်းခြောက်နိုင်ခြင်း မရှိခဲ့ပါဘူး။

ယန်ရှမ်ရဲ့ နလုံးသားက ခဲဆွဲထားသလို လေးလံလာခဲ့ပါတယ်။ သူက လင်းဟန်နဲ့ မျက်နှာချင်းဆိုင်

ရပ်နေပြီး သူတို့နှစ်ယောက် အကြားမှာ ဘာအတားအဆီး အနှောင့်အယှက်မှ ရှိမနေခဲ့ပါဘူး။

သီအိုရီအရ ပြောရမယ်ဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က လင်းဟာန်ထက် ပိုပြီးတော့ မြင့်မားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ခဲဆွဲထားသလို လေးလံတဲ့ ခံစားချက်မျိုး နည်းနည်းလေးမှ မရှိသင့်ပါဘူး။ ဒါပေမဲ့လည်း သူက ဘာမှန်းမသိတဲ့ အကြောင်းပြချက် တချို့ကြောင့် မအီမသာ ခံစားချက် တစ်ခုဖြစ်နေပြီး အဲဒါက သူ့ကို အတော်လေး ကသိကအောက် ဖြစ်စေပါတယ်။

"ဒူးထောက်ပြီးတော့ အစ်ကိုကျင်းကို တောင်းပန်လိုက်ပါ။ တကယ်လို့ အစ်ကိုကျင်းက မင်းကို ခွင့်လွှတ်ဖို့ ဆန္ဒရှိတယ်ဆိုရင် ဒီကိစ္စက ဒီမှာပဲ ပြီးသွားလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် နှောင်တဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲဆိုတာကို မင်းသိသွားအောင် ငါ လုပ်ပေးရမယ်"

လင်းဟာန်ရဲ့အသံက အရမ်းကို ခက်ထန်မာကျော လွန်းပါတယ်။

"ထွီ သွားစမ်းပါ"

ယန်ရွှမ်က ဒေါသထွက် သွားခဲ့ပါတယ်။ သူက ကျင်းကျီဟွေ့ရဲ့ မျက်နှာပေါ်က သူ့ခြေထောက်ကို ပြန်မပြီးတော့ လင်းဟာန်ဆီကို ချက်ချင်းပဲ ခြေကန်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။

လင်းဟာန်ကလည်း ခြေကန်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်ပါတယ်။

ဂုန်း။

သူတို့ရဲ့ ခြေထောက်တွေ အချင်းချင်း ထိမှန်သွားပြီး နှစ်ယောက်စလုံး ဒယိမ်းဒယိုင်နဲ့ အနောက်ဘက် ဆုတ်သွားပါတယ်။

ယန်ရွှမ်က အံ့အားသင့်သွားပြီးတော့ ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောလိုက်တယ်။

"မင်း မင်း ပြင်းထန်အဆင့်မြင့်ကို ချိုးဖျက်ဝင်ရောက်သွားပြီ"

အဲဒါတင်မက လင်းဟန်ရဲ့ စွမ်းအားက သူနဲ့တကယ်ပဲ လက်ရည်ညီပါတယ်။ သူက အံ့အားသင့်ပြီး သူ့ခေါင်းတောင် ကိုက်သွားပါတယ်။

သူက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အလယ်အလတ် အဆင့်မှာ ရှိပါတယ်။ ပြီးတော့ သူ့ရဲ့ အစွမ်းက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းနဲ့ ထပ်တူပါပဲ။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်တစ်ပွင့်လည်း ကျော်လွန်နိုင်ပါတယ်။ သူ့ပြိုင်ဘက်က ပြင်းထန်အဆင့်မြင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကို သူ့အစွမ်းက သူနဲ့ လက်ရည်တူ ယှဉ်ပြိုင်နိုင်ပါတယ်။ ဒါက ဘာကို ဆိုလိုတာလဲ။

လင်းဟန်ရဲ့ အစွမ်းက ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်တယ်ဆိုတဲ့ အမှတ်အသားပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်မှာ ကြယ်ငါးပွင့် ပါရမီရှင်တွေဆိုတာက ဒဏ္ဍာရီထဲမှာပဲ တည်ရှိပါတယ်။ ကောရီ ဘုရင်မက ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နိုင်ပါတယ်။ ဒါကို အမှန်လို့ သက်သေပြဖို့ ဘယ်သူမှ

မတွေးထားပါဘူး။ ဒါပေမဲ့လည်း အခုတော့ သူတို့ရဲ့ စွမ်းအား တစ်ခုတည်းနဲ့ ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်တဲ့ တစ်စုံတစ်ယောက် ရှိနေပါပြီ။ ယန်ရွှမ်က ဘယ်လိုလုပ် မအံ့ဩဘဲ နေနိုင်မှာလဲ။

တကယ်လို့ အဆုံးမဲ့ နည်းစနစ်တချို့ကို မင်းက သင်ယူလိုက်ရင် မင်းရဲ့တိုက်ပွဲစွမ်းရည်က ကြယ်ခြောက်ပွင့်ကိုတောင် ကျော်လွန်နိုင်မလား။

နောက်ပြီးတော့ အခုမှ နှစ်နှစ်ပဲ ရှိသေးတယ်။ မင်းက ပြင်းထန်အဆင့်မြင့်ကို ရောက်နေပြီ။ ဘယ်လိုလုပ်ပြီး လူတစ်ယောက်က ဒီလောက်မြန်မြန် ကျင့်ကြံအားထုတ်နိုင်တာလဲ။

"ဒူးထောက်စမ်း"

လင်းဟန်က သူ့လက်တွေကို ယန်ရွှမ်ဆီကို ဆန့်ထုတ်လိုက်ပါတယ်။

"မထောက်ဘူးကွ။ မထောက်ဘူး"

ယန်ရွှမ်က တန်ပြန်တိုက်စစ် ဆင်ရင်းနဲ့
အောဟစ်နေပါတယ်။ သူ့ကိုယ်သူ လင်းဟန်ရဲ့ လက်ချက်နဲ့
ရှုံးနိမ့်သွားမှာကို ခွင့်မပြုနိုင်ပါဘူး။

လင်းဟန်ရဲ့ လက်သီးတွေ လက်ဝါးတွေက မိုးသီးမိုးပေါက်လို
ကျဆင်းလာပြီး တောင်တွေ မီးတောက်တွေလို
အစွမ်းထက်လှပါတယ်။

သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကို သူလျော့တွက်မိတယ်
ဆိုတာကို သူသတိပြုလိုက် မိပါတယ်။

သူဒါကို မသိခင် သူ့စွမ်းအားက ကြယ်ငါးပွင့်ကို
ကျော်လွန်နိုင်တဲ့ အဆင့်တစ်ခုကို ရောက်ရှိနေ ခဲ့ပါတယ်။
ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေနဲ့
မီးတောက်နတ်ဘုရား သင်္ကေတတွေကိုပါ
ထည့်တွက်လိုက်ရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က
ကြယ်ခြောက်ပွင့်ကို ကျော်လွန်ဖို့ လုံလောက်တဲ့ အထိ
အစွမ်းထက်နေပါပြီ။

ဒါပေါ့။ ဒါက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများ ဒါမှမဟုတ် လျှင်မြန်မှု နည်းစနစ်ကို ထည့်မတွက်ပဲ ယူဆထားတာ ဖြစ်ပါတယ်။

သူ့ရဲ့ အထွတ်အထိပ် တိုက်ပွဲစွမ်းရည်က ကြယ်ခုနစ်ပွင့်ကိုတောင် ကျော်လွန်နိုင်စွမ်း ရှိပါတယ်။

ဒါကြောင့် သူက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကိုတောင် မျှမျှတတနဲ့ ရင်ဆိုင်တိုက်ခိုက်နိုင်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်ကိုပါ ထည့်တွက်လိုက်မယ်ဆိုရင် သူက တောင်မြစ်အဆင့်ထဲမှာ ပြိုင်ဘက်ကင်းအဖြစ်တောင် သတ်မှတ်လို့ ရပါတယ်။

လင်းဟန်က သူ့ရဲ့ လျှင်မြန်မှု နည်းစနစ်ကို အသက်သွင်းလိုက်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ငါမင်းကို ချုပ်ထိန်းချင်တယ်ဆိုရင် မင်းကို ချုပ်ထိန်းနိုင်တယ်"

သူ့ရဲ့ တိုက်ခိုက်မှုတွေက လျင်မြန်ပြီးတော့ ပြင်းထန်လာပြီး သူ့လက်ချောင်းတွေ လှုပ်လိုက်တာနဲ့ ဓားချီတွေက လေထဲမှာ ကခုန်ပြီးတော့ မိုးကောင်းကင်ရဲ့ အမြင့်ဆုံးမှာ ပျံသန်းလို့ လာပါတယ်။

ယန်ရှမ်က နာကျင်စွာနဲ့ ညည်းတွားနေပြီး လင်းဟန်ရဲ့ တိုက်ခိုက်မှုတွေကို အဆက်မပြတ် ခံလိုက်ရပါတယ်။ သွေးတွေက လေထဲမှာ ပျံ့လွင့်လို့ လာပြီးတော့ သူ့ဒဏ်ရာတွေကနေ သွေးတွေ အဆက်မပြတ် စီးထွက်ကာ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို သနားစရာကောင်းတဲ့ အခြေအနေ တစ်ခု ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

စီနီယာ အစ်ကိုယန်တောင်မှ အခုလိုမျိုး ဆိုးဆိုးဝါးဝါး ခံနေရပါတယ်။ အရှေ့ပိုင်း အဖွဲ့အစည်း အထဲမှာ လူဘယ်နှစ်ယောက်ကများ လင်းဟန်ကို ရင်ဆိုင်နိုင်ဦးမှာလဲ။

ဂုန်း။

နောက်ဆုံးတော့ လင်းဟန်က ယန်ရှမ်ကို လက်သီးတစ်ချက်နဲ့ ထိုးပစ်လိုက်ပါတယ်။ ပြီးတော့

သူ့လက်ထဲက ခါးကို ယူပြီးတော့ ကျောင်းကျိုပော့ကို ကူညီပြီးတော့ ဖေးမလိုက်ပြီး ပြောလိုက်ပါတယ်။

"အစ်ကိုကျောင်း အဆင်ပြေရဲ့လား"

"ငါအဆင်ပြေပါတယ်။ ဒဏ်ရာတွေ မပြင်းပါဘူး"

ကျောင်းကျိုပော့က ကုန်းထလာရင်း ပြန်ဖြေလိုက်ပါတယ်။ သူ့အရိုးတွေ တော်တော်များများ ကျိုးသွားပေမဲ့ ကျင့်ကြံသူတွေအတွက် ဒါက ပြင်းထန်မှု တစ်ခု မဟုတ်ပါဘူး။ တကယ်လို့ အရည်အသွေးကောင်းတဲ့ ဆေးလုံးရှိမယ်ဆိုရင် ဒီလိုဒဏ်ရာတွေက ရက်အနည်းငယ် အတွင်းမှာ ပျောက်သွားနိုင်ပါတယ်။

လင်းဟန်က ခေါင်းညိတ်လိုက်ပြီး ယန်ရှမ်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ခြေထောက်တွေကို ငါဖြတ်ပစ်မယ်လို့ ပြောခဲ့တယ်။ ငါဟာသ ပြောနေတယ်လို့ မင်းထင်နေတာလား"

"မင်း မင်း လုပ်ရဲလား"

ယန်ရှမ်က ထိတ်လန့်တုန်လှုပ်ပြီး ဒယိမ်းဒယိုင် ဖြစ်သွားပြီး ပြောလိုက်တယ်။

"ဒါက အရှေ့ပိုင်း အဖွဲ့အစည်းပဲ။ တကယ်လို့ မင်း ဒီလိုမျိုး ဆိုးဝါးတဲ့ အပြုအမူတွေကို ကျူးလွန်မယ်ဆိုရင် သင်တန်းကျောင်းက မင်းကို သက်သက်သာသာနဲ့ လွှတ်ပေးလိမ့်မှာ မဟုတ်ဘူး"

ရှပ်။

လင်းဟာန်က ဓားကို ဆွဲထုတ်လိုက်ပါတယ်။ ဓားအလင်းရောင် တစ်ချက် လက်သွားပြီး ယန်ရှမ်ရဲ့ ခြေထောက်တွေထဲက တစ်ချောင်း အဖြတ်ခံလိုက် ရပါတယ်။

"ဒါက ငါ့သူငယ်ချင်းပဲ။ နောက်ပြီး ဒီဓားကလည်း ငါ့သူငယ်ချင်းက အထူးတလည် ပို့ဆောင်ပေး ခဲ့တာပဲ။ မင်းက ငါ့ဓားကို လုယူခဲ့တယ်။ ဒါကြောင့် ငါမင်းကို ပစ်မှတ်ထားတာက သဘာဝ ကျပါတယ်။ မင်းရဲ့ ခေါင်းကို ဖြတ်ပစ်မယ် ဆိုရင်တောင် သင်တန်းကျောင်းက ငါ့ကို မျက်နှာသာ ပေးလိမ့်မယ်။ အံ့ဖွယ်အင်ပါယာရဲ့

အရာရှိဆီကနေ ခိုးယူတယ်ဆိုတာ ကြီးမားတဲ့ ရာဇဝတ်
အမှုတစ်ခု ဆိုတာကို မင်းမသိဘူးလား”

ယန်ရှမ်က တဒင်္ဂလောက် မှင်တက်သွားပြီးတဲ့
နောက်မှာတော့ နာကျင်မှုကြောင့် ညည်းတွားဖို့
သတိရသွားပါတယ်။ လင်းဟာန်ရဲ့ အကြောင်းပြချက်ကို
နားထောင်ပြီးတဲ့ နောက်မှာတော့ သူက ပိုပြီးတော့တောင်
စိတ်ဓာတ်ကျပြီး ဂမ်းနည်းလာခဲ့မိပါတယ်။

လင်းဟာန်ပြောသလိုပဲ ကြယ်ဥက္ကာ အဲ့ဖွယ်အင်ပါယာရဲ့
အရာရှိတွေဆီကနေ ခိုးယူတယ် ဆိုတာက အရမ်းကို
ကြီးမားတဲ့ ပြစ်မှုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့
ဓားခိုးတဲ့ ကိစ္စက အသေးအမွှား ဒါမှမဟုတ် မပြင်းထန်တဲ့
ကိစ္စတစ်ခုပဲ ဖြစ်နိုင်ပါတယ်။ တကယ်တော့ ဒီဓားက
လင်းဟာန်ဆီကို မပို့ရသေးဘူးလေ။ တကယ်လို့ သူ့ရဲ့
တိုက်ပွဲစွမ်းရည်က လင်းဟာန်ကို ချေမှုန်းပစ်ဖို့
လုံလောက်မယ်ဆိုရင် လင်းဟာန်က ဓားကို ပြန်ပေးဖို့
မျက်နှာလို မျက်နှာရနဲ့ တောင်းဆိုရမှာ မဟုတ်လား။

ပြဿနာက လင်းဟာန်ကို သူတကယ်ပဲ ရှုံးနိမ့်သွားခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆိုမှတော့ သူ့ခြေထောက် တစ်ဖက် ဖြတ်ခံလိုက်ရတဲ့ ရောမ ဆုံးရှုံးနစ်နာမှုကို သူ့အနေနဲ့ မျိုသိပ်ထားရုံပဲ တတ်နိုင်ပါလိမ့်မယ်။

ကံကောင်းတာက တန်ခိုးရှင်အဆင့်ကို ရောက်ပြီးတဲ့ လူတွေအတွက် ပြတ်နေတဲ့ ခြေလက်တွေကို ပြန်လည်ပေါက်စေတာက အရမ်းကို ခက်ခဲတာမျိုးတော့ မဟုတ်ပါဘူး။ သူတို့ရဲ့ အသက်ဓာတ် စွမ်းအားတွေ ထိခိုက်ဒဏ်ရာ မရဘဲ ကျန်နေသရွေ့ မသန်မစွမ်း ဖြစ်စရာအကြောင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဖြန်း။

လင်းဟာန်က ယန်ရွှမ်ရဲ့ ပါးကို ဖြတ်ရိုက်ပြီးတော့ မျက်နှာထား တင်းတင်းနဲ့ ပြောလိုက်ပါတယ်။

"ဒီကိစ္စကို လွယ်လွယ်နဲ့ အဆုံးသတ်လိမ့်မယ်လို့ မင်းထင်နေတာလား။ စောစောတုန်းက ငါ့ဓားကို

မင်းခိုးယူခဲ့တဲ့ အတွက် အပြစ်ပေးတာပဲ ရှိသေးတယ်။ အခု အစ်ကိုကျောင်းရဲ့ ဒေါသတွေ ပြေပျောက်ဖို့ ငါကူညီပေးနေတာ”

ဖြန်း ဖြန်း ဖြန်း ဖြန်း။

သူက ယန့်ရှမ်ရဲ့ပါးကို ဆက်ပြီးတော့ ရိုက်လိုက်ပါတယ်။

ယန့်ရှမ်ရဲ့ သွားတွေအားလုံး ကျွတ်ထွက်ကုန်ပြီး သူ့မျက်နှာလည်း သွေးတွေ စွန်းထင်းလို့ နေပါတယ်။ ဒါက တကယ့်ကို သနားစရာ ကောင်းလွန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

“တော်လောက်ပြီ”

အဲဒီအချိန်မှာ လူငယ်တစ်ယောက်က တစ်ဟုန်ထိုး ပြေးလာပြီးတော့ သူ့မျက်နှာကလည်း မကျေမနပ် ဖြစ်မှုတွေနဲ့အတူ တင်းမာခက်ထန်လို့ နေပါတယ်။

Chapter 1088end

အပိုင်း(1089) ယန့်ရှမ်ရဲ့ ပျက်စီးခြင်း

“စီနီယာ အစ်ကို ထန်”

အရှေ့ပိုင်း အဖွဲ့အစည်းက ကျောင်းသားအားလုံးက အသစ်ရောက်လာတဲ့ လူငယ်ကို ကြည့်ပြီးတော့ ကျေနပ်ဂမ်းသာ ဖြစ်ကုန်ပါတယ်။ စောစောတုန်းက သူတို့တွေ ခံစားနေရတဲ့ စိုးရိမ်ပူပန်မှုတွေအစား အခုဆို ယုံကြည်ချက်တွေ ရှိလာကြပါပြီ။ အဲဒါက ဒီလူငယ်ရဲ့ ထွက်ပေါ်လာမှုကြောင့် ဖြစ်ပါတယ်။

ဒီလူငယ်က ထန်ကျိုးလို့ ခေါ်ပြီးတော့ အရှေ့ပိုင်း အဖွဲ့အစည်းထဲက ကျောင်းသားအားလုံးထဲမှာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အဆင့်ကိုးမှာ ချိတ်ပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပြီးတော့ ကြယ်သုံးလုံးတောင် ကျော်လွန်နိုင်ပါတယ်။ သူက နှစ်ပေါင်းတစ်သောင်းမှာ တစ်ကြိမ် ထွက်ပေါ်လာတတ်တဲ့ ထိပ်တန်းအဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

သူ့နာမည် ထန်ကျိုးလို့ ခေါ်ရတာက တိုက်ပွဲစွမ်းရည်က အဆင့်ကိုးမှာ ချိတ်လို့ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်

အနည်းငယ်တုန်းက သူ့ကို ထန်ရှီလို့ ခေါ်ပါတယ်။ အနာဂတ်မှာ သူ့ကို ထန်ပ ဒါမှမဟုတ် ထန်ချီလို့ ခေါ်ရနိုင်ချေရှိပါတယ်။

"သူ့ကိုလွှတ်လိုက်ပါ"

ထန်ကျိုးက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူ့မျက်လုံးတွေက မီးဘောလုံးတွေလို တောက်ပနေပြီး သူ့လက်မောင်းတွေမှာ အနီရောင်တောက်တောက် နတ်ဘုရား သင်္ကေတတွေ ဖုံးလွှမ်းလို့ နေပါတယ်။ ဒီနတ်ဘုရား သင်္ကေတတွေက သူ့လက်ကနေ လက်မောင်းတစ်လျှောက် ဆန့်ထွက်နေပြီး ကြည့်ရတာ အနီရောင် သတ္တုအမျိုးအစားတစ်ခုနဲ့ ရေးဆွဲထားသလိုပါပဲ။

သူက ယုံကြည်ချက်ရှိပြီးတော့ လွှမ်းမိုးနေပါတယ်။ ဒါက လက်ရွေးစင်တွေမှာ ပိုင်ဆိုင်ဖို့ လိုအပ်တဲ့ အရည်အသွေးတွေ ဖြစ်ပါတယ်။

လင်းဟန်က ယန်ရှမ်ကို သူ့ခြေထောက်နဲ့ နင်းထားလိုက်ပါတယ်။ ယန်ရှမ်က ကျင်းကျီဟွေ့ကို

ပြုမှုဆက်ဆံခဲ့သလိုမျိုး သူက ယန်ရှွမ်ကို ဆက်ဆံလိုက်တာ ဖြစ်ပါတယ်။ သူ့အနေနဲ့ ယန်ရှွမ်ကို သက်သောင့်သက်သာနဲ့ လွှတ်ပေးလိုက်ဖို့ စိတ်ကူးမရှိပါဘူး။ သူက ထန်ကျိုးကို ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဘာဖြစ်လို့ ငါလုပ်ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါ ထန်ကျိုး ပြောနေလို့ပဲ"

ထန်ကျိုးက ခြိမ်းခြောက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူက ဒေါသချောင်းချောင်း ထွက်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်က တကယ်ပဲ သူ့ကို ပြန်ခံပြောဝံ့ နေပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ထန်ကျိုးဟုတ်လား။ ဒီလိုမျိုး လူတစ်ယောက် အကြောင်းကို ငါဘယ်တုန်းကမှ မကြားဖူးဘူး"

"မင်းသေချင်နေပြီပဲ"

ထန်ကျိုးက အဓိပ္ပာယ်မရှိတဲ့ စကားတွေကို ဆက်မပြောတော့ပဲ လင်းဟာန်ဆီကို ချက်ချင်းပဲ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

ရှွပ်။

လင်းဟာန်ရဲ့ လည်ပင်းဆီကို အေးစက်စက် အလင်းရောင် တစ်ခု ဖျတ်ခနဲ ပြေးဝင်လာပါတယ်။

ထန်ကျိုးရဲ့ လက်ထဲမှာ ဘယ်အချိန်ကမှန်းမသိ ရောက်နေတဲ့ လေးတစ်ချောင်း ပေါ်လာပြီး ဖျက်ဆီးခြင်း စွမ်းအားတွေ ပြည့်နှက်နေတဲ့ အလင်းရောင် တစ်ခုကို လင်းဟာန်ဆီ ပစ်လွှတ်လိုက် ပါတယ်။

လင်းဟာန်က ယန်ရှွမ်ကို လေထဲ ကန်ထုတ်လိုက်ပါတယ်။

ဖူး။

အေးစိမ့်စိမ့် အလင်းတန်းက ချက်ချင်းပဲ ယန်ရှွမ်ရဲ့ တင်ပါးကို စိုက်သွားပြီး သွေးတွေ လေထဲမှာ ပျံ့နှံ့သွားခဲ့ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဟားဟားဟား မင်းတို့နှစ်ယောက်ကြားမှာ ဖုံးကွယ်ထားတဲ့ ချစ်ခြင်းတွေ ရှိနေတာလား။ ဘာဖြစ်လို့ သူ့ဖင်ကို ချိန်ပြီးတော့ ပစ်တာလဲ"

ယန့်ရှမ်က ထန်ကျိုးကို ဒေါသထွက်နေတဲ့ အမူအရာနဲ့ ကြည့်လိုက်ပါတယ်။ မင်းက ကောင်းကောင်း မချိန်တတ်ဘူးလား။ ဘာဖြစ်လို့ ငါ့ကို တိုက်ခိုက်တာလဲ။

ထန်ကျိုးက ဒေါသတွေ ထွက်သွားပါတယ်။ သူက လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ အော်ဟစ် လိုက်ပါတယ်။

"တကယ်လို့ မင်းယောကျ်ားဆိုရင် သူ့ကိုလွှတ်လိုက်စမ်း။ ငါတို့တွေ နောက်ဆံမတင်းပဲ တိုက်ခိုက်နိုင်တာပေါ့"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ဒါက ဓားစာခံ တစ်ယောက် မဟုတ်ဘူး။ အဲဒီအစား ဒါက ငါ့ရဲ့ ရတနာဓား အသစ် တစ်လက်ပဲ ဒါကို လူသားဓားလို့

ခေါ်နိုင်တယ်။ ပြီးတော့ ဒါကို သောက်သုံးမကျတဲ့ လူသားဓား လို့တောင် ခေါ်နိုင်တယ်”

လင်းဟာန်က ယန်ရှမ်ရဲ့ လည်ပင်းကို ဖမ်းကိုင်ပြီး သူ့မူလစွမ်းအင်ရဲ့ လွှမ်းမိုးမှုအောက်မှာ ယန်ရှမ်ရဲ့ ခန္ဓာကိုယ်က တဖြောင့်တည်း ဖြစ်လာပါတယ်။ ဒါကြောင့် သူက လင်းဟာန်ကြောင့် ဓားတစ်ချောင်းအဖြစ် အတင်းအကျပ် ပြုလုပ်ခြင်း ခံလိုက်ရပါတယ်။

ယန်ရှမ်က သေချင်စိတ်တောင် ပေါက်လာခဲ့ပါတယ်။ သူက လင်းဟာန်ရဲ့ ဓားကို ဖြတ်လုခဲ့တာပဲ မဟုတ်လား။ ဒီလောက်အထိ သူ့ကို အရှက်တကွဲ အကျိုးနည်း ဖြစ်အောင်လုပ်ဖို့ လိုသလား။

“လင်းဟာန် မင်းရဲ့ လုပ်ဆောင်မှုတွေက ငါမင်းကို ရှုံ့အောင်လို့ လုပ်နေတာပဲ”

ထန်ကျိုးက လင်းဟာန်ကို ရန်စပုတ်ခတ်ဖို့ ကြိုးစားလိုက်ပါတယ်။

"မင်းဘယ်သူလဲ။ မင်းရဲ့ အတွေးတွေကို ငါက အလေးအနက်ထားစရာ လိုလို့လား"

လင်းဟန်က ပြန်လည်တုံ့ပြန်လိုက်ပါတယ်။

ထန်ကျိုးရဲ့ ဒေါသတွေ ဆူပွက်လို့ လာခဲ့ပါတယ်။ ကောင်းတယ် သူက လင်းဟန်ကို ရန်စတာ မအောင်မြင်ခဲ့ပါဘူး။ အဲဒီအစား သူကိုယ်တိုင်ပဲ ဒေါသချောင်းချောင်း ထွက်ခဲ့ရပါတယ်။

"မင်းက ငါတို့ အရှေ့ပိုင်း အဖွဲ့အစည်းကို လာပြီးတော့ ပြဿနာ လာရှာတယ်။ ဒါကြောင့် ငါတို့က မင်းကို အကောင်းအတိုင်းတော့ ပေးမပြန်နိုင်ဘူး"

သူက ပြင်းပြင်းထန်ထန်ကို ခြိမ်းခြောက်လိုက်ပါတယ်။

"ဂျူနီယာ ညီလေးယန် မင်းရဲ့ ကံဆိုးမှုကို တောင့်ခံထားပါ။ သင်တန်းကျောင်းက မင်းထက်ပိုပြီး အရေးပါတယ်"

ထန်ကျိုးက သူ့ခွန်အားကို အကုန်ထုတ်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က သူ့ဓားကို မြှောက်ပြီးတော့
ခုတ်ထုတ်လိုက်ပါတယ်။ သူ့ရဲ့ လက်ရှိအစွမ်းနဲ့
လူတစ်ယောက်ကို ကိုင်ထားတာက မခက်ခဲပါဘူး။
အဲဒီအချိန်မှာ ယန်ရှမ်က ပိုပြီးတော့ ဆိုးဝါးတဲ့ အခြေအနေကို
ရောက်ရှိလို့ လာပါတယ်။ လင်းဟန်ရဲ့ ဓားအသိဆန္ဒကို
တောင့်ခံရတဲ့အပြင် ထန်ကျိုးရဲ့ ညှာတာမှု ကင်းမဲ့တဲ့
တိုက်ကွက်တွေကိုလည်း ထိပ်တိုက်ရင်ဆိုင် ရပါတယ်။
တိုက်ကွက် အနည်းငယ် ဖလှယ်ပြီးသွားတဲ့ နောက်မှာတော့
သူ့ရဲ့အရိုးတွေ တစ်ဒါဇင်ကျော် ကျိုးကြေသွားခဲ့ပါတယ်။

တကယ်လို့ ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် သူ့အနေနဲ့
သေတောင်သေသွားနိုင်ချေ ရှိပါတယ်။

လင်းဟန်က သာမန်ကာလျှံကာပဲ ယန်ရှမ်ကို ဘေးဘက်ဆီ
ပစ်ထုတ်လိုက်ပါတယ်။ တကယ်လို့ သူ့ကို ဓားတစ်ချောင်းလို
ဆက်ပြီးတော့ အသုံးပြုမယ်ဆိုရင် သေချာပေါက်
လွန်ကျူးသွား ပါလိမ့်မယ်။ အခုဆို သူက ယန်ရှမ်ကို
ပြင်းထန်တဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ချန်ထားခဲ့ပါပြီ။

နောက်ပြီး ပြောရမယ်ဆိုရင် သူ့ဘက်က မှန်ပါတယ်။ တကယ်လို့ သူက သူ့ကို သတ်လိုက်မယ် ဆိုရင် ရင်ဆိုင်ရ ခက်ခဲတဲ့ ပြဿနာတွေ အများကြီး ဖြစ်ပေါ်လာပြီး အဒုတ်အေအ်သောင်းတင်း ဖြစ်ကုန်ပါလိမ့်မယ်။

အဲဒီလောက်ထိ လွန်ဖို့လည်း မလိုဘူးလေ။

"ငါ့မင်းကို ဘယ်လိုမျိုး ပျော့ခွေသွားအောင် ရိုက်ပစ်မလဲ ဆိုတာကို ကြည့်လိုက်"

ထန်းကျိုးက အော်ဟစ်လိုက်ပြီးတော့ ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။ သူ့ရဲ့ တိုက်ခိုက်မှုတွေက ပိုပိုပြီးတော့ ပြင်းထန်ကာ ကြမ်းကြုတ်လာခဲ့ပါတယ်။

"ဟားဟား"

လင်းဟန်က ရယ်မောရင်း သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို ထုတ်ဖော် လိုက်ပါတယ်။ ထန်ကျိုးရဲ့ တိုက်ခိုက်မှုတွေက ချက်ချင်းပဲ ဖရိုဖရဲ ဖြစ်သွားပြီး သူ့ရဲ့ ခုခံမှု လျော့ရဲတဲ့ နေရာကို လင်းဟန်ရဲ့ လက်သီးတိုးဝင်လာတာ မြင်လိုက်ရပါတယ်။

နတ်ဘုရား အာရုံကို ကျင့်ကြံနိုင်တဲ့ လျှို့ဝှက်နည်းစနစ်တွေက အရမ်းကို နည်းပါးလွန်းပါတယ်။ ပြီးတော့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကလည်း အရမ်းကို တန်ဖိုးရှိတဲ့ အချက်ကြောင့်လည်း ဖြစ်ပါတယ်။ ထန်ကျိုးက ပိုမြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုကို ပိုင်ဆိုင်ထားပေမဲ့ သူ့ရဲ့ နတ်ဘုရား အာရုံကတော့ လင်းဟာန်ရဲ့ နတ်ဘုရား အာရုံထက် ပိုပြီး အစွမ်းမထက်ခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က လင်းဟာန်ရဲ့ နတ်ဘုရားအာရုံ တိုက်ခိုက်မှုကို ခံရပြီးတဲ့ နောက်ပိုင်းမှာ အကြီးအကျယ် ဆုတ်ယုတ်သွားခဲ့ပါတယ်။

သူတို့နှစ်ယောက်ရဲ့ တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေပြီး လင်းဟာန်က သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာရပ်ကို အဆက်မပြတ် အသုံးပြုကာ သူ့ပြိုင်ဘက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ဖိနှိပ်ထိန်းချုပ်ပြီး သူနဲ့အဆင့်တူထိ ရောက်အောင်လို့ ဆွဲချလိုက်ပါတယ်။

ထန်ကျိုးက ဒေါသတွေ ပေါက်ကွဲထွက် လာခဲ့ပါတယ်။ သူ့တိုက်ပွဲစွမ်းရည်က လင်းဟန်ကို ချေမှုန်းပစ်ဖို့ လုံလောက်တဲ့အထိ အစွမ်းထက်တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါတောင် သူ့ပြိုင်ဘက်ဆီက ခုခံလို့မရတဲ့ စိတ်ဝိညာဉ် တိုက်ခိုက်မှုတွေကြောင့် အမြဲတမ်းလိုလို ပျက်ပြယ်သွား ခဲ့ရပါတယ်။ အဲဒါက သူ့ရဲ့ တိုက်ခိုက်မှုတွေဟာ ပြေပြစ်မှု မရှိဘဲ သူ့ရဲ့ အပြည့်အဝ စွမ်းအားရဲ့ ဆယ်ရာခိုင်နှုန်း နှစ်ဆယ်ရာခိုင်နှုန်းလောက်ပဲ ထုတ်ဖော်လို့ ရနိုင်ပါတော့တယ်။

သူ့အနေနဲ့ တိုက်ပွဲတစ်ခုမှာ အရမ်းကို အားစိုက်ရတာမျိုး အရင်တုန်းက မခံစားဖူးပါဘူး။ သူက အရမ်းကို စိတ်တင်းကျပ်လာတာကြောင့် သွေးအန်ထုတ်လုမတတ် ဖြစ်နေပါတယ်။

အဲဒီအချိန်မှာ ကျောင်းသားပရိသတ်တွေ အားလုံး မှင်တက်အံ့သြ နေခဲ့ပါတယ်။ လင်းဟန်က မိုးကောင်းကင်ကို ဆန့်ကျင်ဖို့ ကြိုးစားနေတာလား။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ဘယ်နှစ်လုံးတောင် ကျော်လွန်နေတာလဲ။

"ဒါက လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ဟာ မယုံနိုင်စရာ ကောင်းတာကြောင့် မဟုတ်ဘူး။ ဒီအခြေအနေက ဘာဖြစ်လို့လဲဆို အစ်ကိုထန်ရဲ့ တိုက်ပွဲစွမ်းရည် အားနည်းသွားလို့ပဲ"

"ဒါပေမဲ့ တကယ်လို့ အားနည်းတယ် ဆိုရင်တောင် အဲဒါက လင်းဟန်ရဲ့ စွမ်းရည်ကြောင့်ပဲလေ။ ဒါကို လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည် တစ်စိတ်တစ်ပိုင်းလို့ ထည့်တွက်လို့ ရနိုင်တာပဲ။ ငါပြောတာ မှန်တယ်မလား"

ကျောင်းသားပရိသတ်တွေက တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက် ကြပါတယ်။ တကယ်တော့ စိတ်ဝိညာဉ်ကို တိုက်ခိုက်နိုင်တဲ့ လျှို့ဝှက်နည်းစနစ်တွေက အရမ်းကို ရှားပါး လွန်းပါတယ်။ ဒါကြောင့် ဒီလိုမျိုး တိုက်ခိုက်မှုကို ဆန့်ကျင်ရင်ဆိုင် ခုခံဖို့ သူတို့ရဲ့ နတ်ဘုရား အာရုံကို ကျင့်ကြံထားတဲ့ သူတွေကလည်း အရမ်းကို

နည်းပါးလွန်းပါတယ်။ ဒါကြောင့် လင်းဟန်က သူ့အဆင့်ထက် သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ကို ထုတ်ဖော်ထားတယ်လို့ ထည့်သွင်း စဉ်းစားနိုင်တယ် မဟုတ်လား။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာလား။ ဒါမှမဟုတ် အထွတ်အထိပ် အဆင့်အထက် ကြယ်သုံးပွင့် ရှိနေတာလား။

သူတို့တွေ တိုက်ကွက် အနည်းငယ် ဖလှယ်ပြီးတဲ့ နောက်မှာ ထန်ကျိုးက ဘေးဘက်ကို ဒေါသတကြီးနဲ့ ခုန်ထွက်လိုက်ပါတယ်။

လပြွတ်ပဲပေါ့။

တကယ်လို့ သူတို့သာ ဆက်ပြီးတော့ တိုက်ခိုက်နေမယ်ဆိုရင် သူ့အနေနဲ့ ရှုံးသွားနိုင်ပါတယ်။ သူ့အတွက်တော့ သူ့ရဲ့အစွမ်းကို အပြည့်အဝ ထုတ်ဖော်ဖို့ နည်းလမ်းလုံးဝကို မရှိပါဘူး။ ပြီးတော့ အဲဒါက သူ့ကို အရမ်းပဲ အားစိုက်ရပြီး သက်သောင့်သက်သာ မရှိစေခဲ့ပါဘူး။

"တိုက်လို့ပြီးပြီလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

ထန်ကျိုးက ပြန်မဖြေဘဲ လင်းဟန်ကိုပဲ စူးစိုက်ပြီး ကြည့်နေပါတယ်။ ခဏအကြာမှာ သူက သူ့အကျီလက်ကို ခါပြီးတော့ ထွက်သွားပါတယ်။ သူက လင်းဟန်ကို တကယ်ပဲ မတားဆီး နိုင်ပါဘူး။ နောက်ပြီးတော့ သူ့ပြိုင်ဘက်က ပြင်းထန်အဆင့်မြင့်ကို အဆင့်တက်ကာစပဲ ရှိပါသေးတယ်။ သူကတော့ ပြီးပြည့်စုံခြင်းအဆင့်ကို ရောက်နေတာ နှစ်ပေါင်းတော်တော် ကြာနေပါပြီ။

သူက အနိုင်မရနိုင်ဘူး ဆိုမှတော့ ဘာဖြစ်လို့ ဆက်ပြီး တိုက်ခိုက်စရာ အကြောင်း ရှိမှာလဲ။

ထန်ကျိုး ထွက်သွားပါပြီ။ ကျောင်းသား ပရိသတ်တွေ အားလုံး ပြောစရာ စကား မရှိတော့ပါဘူး။

ထန်ကျိုးထက် ပိုပြီးတော့ အစွမ်းထက်တဲ့ လက်ရွေးစင် ရှစ်ယောက်ပဲ ရှိပါတယ်။ ဘယ်သူမှ အခုချိန်မှာ ရှိမနေပါဘူး။ သူတို့အားလုံးက အပြင်ဘက်မှာ

သွားရောက်လေ့ကျင့်တဲ့သူနဲ့ တံခါးပိတ်ပြီး ကျင့်ကြံအားထုတ်တဲ့သူနဲ့ မအားကြပါဘူး။ သူတို့ကို ဘယ်လိုလုပ်ပြီးတော့ သာမန်ကာလျှံကာနဲ့ သွားခေါ်လို့ ရမှာလဲ။

ထန်ကျိုး ရောက်လာတဲ့အတွက် သူတို့က အံ့အားသင့်ပြီးတော့ ကျေနပ်ပီတိ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ထန်ကျိုးတောင် လင်းဟန်ကို အနိုင်ယူနိုင်စွမ်း မရှိခဲ့ပါတယ်။ အဲဒါကြောင့် အရှေ့ပိုင်း အဖွဲ့အစည်း အနေနဲ့ လုပ်နိုင်တာ ဘာမှမရှိပါဘူး။

လင်းဟန်က ကျင်းကျီဟွေ့ကို ပြုံးပြပြီးတော့ ပြောလိုက်တယ်။

"အစ်ကိုကျင်း သွားကြစို့"

ကျင်းကျီဟွေ့က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"အင်း ကောင်းပြီ"

သူတို့နှစ်ယောက်က စောစောကလိုပဲ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ အဓိက ဂင်ပေါက်ကနေ ဂင်လာခဲ့ပါတယ်။ သူတို့က အရှေ့ပိုင်း အဖွဲ့အစည်းထဲမှာ အေးအေးလူလူ အပန်းဖြေ လမ်းလျှောက်ထွက်သလိုမျိုး လမ်းလျှောက်ရင်းနဲ့ မြောက်ပိုင်းအဖွဲ့အစည်းဆီကို ထွက်လာခဲ့ ကြပါတယ်။

သူတို့အနောက်ကနေ အရှေ့ပိုင်း အဖွဲ့အစည်းရဲ့ ကျောင်းသားတွေ လိုက်ပါလာပြီး သူတို့အားလုံး ဒေါသခြောင်းခြောင်း ထွက်ကာ သူတို့ရဲ့ လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ထား ကြပါတယ်။

မင်းတို့နှစ်ယောက်က အရှေ့ပိုင်း အဖွဲ့အစည်းကို ဖြတ်လမ်းလို တကယ်ပဲ အသုံးပြုနေတာပေါ့။

ကျင်းကျီဟွေ့က ခေါင်းရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။

"အစ်ကိုလင်း ဘာဖြစ်လို့ ဒီလူတွေက ကျနော်တို့ နောက်ကို လိုက်လာတာလဲ။ ကျနော်က အစ်ကိုလင်းဆီကို လာလည်ချင်တယ်လို့ ပြောလိုက်တဲ့ အချိန်မှာ ဘာဖြစ်လို့ သူတို့က ကျနော့်ကို ပစ်မှတ်ထား ကြတာလဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်တယ်။

"အစ်ကိုကျောင်း မင်းမသိလောက်ပါဘူး။ ဒီကောင်းကင်နီ သင်တန်းကျောင်းက အဓိက အဖွဲ့အစည်း လေးခုအဖြစ် ပိုင်းခြားထားတယ်"

လင်းဟန်က ကျောင်းကျီဟွေ့ကို ဘာဖြစ်လို့ ပစ်မှတ်ထား ခံရတယ်ဆိုတဲ့ အချက်ကို ပြောပြလိုက်ပြီး ကျောင်းကျီဟွေ့က အရမ်းကို ဒေါသထွက်သလို ခံစားလိုက်ရပါတယ်။ ဒါဆိုရင် သူက သူ့ဘာသာသူ ပြဿနာ သယ်လာခဲ့တာပဲပေါ့။

"အစ်ကိုကျောင်း ဒီဓားက မင်းသွန်းလုပ်ထားတာလား"

လင်းဟန်က သူ့ပခုံးကို ပုတ်ပြီးတော့ သူ့လက်ထဲက ဓားကို ညွှန်ပြလိုက်ပါတယ်။

ကျောင်းကျီဟွေ့ မျက်နှာက ချက်ချင်းပဲ လင်းလက်သွားပြီး သူက ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဟုတ်တယ်။ ဒီဓားက ငါသွန်းလုပ်ထားတာပဲ။ ဒီဓားရဲ့ ပစ္စည်းက အခြားဂြိုဟ်ကလာတဲ့ ကြယ်ဥက္ကာ

သတ္တုအပိုင်းအစနဲ့ လုပ်ထားပြီး ဒီသတ္တုကို ရပြီးတဲ့နောက်မှာ ဓားသွန်းလုပ်တဲ့ စံအိမ်က စမ်းသပ်မှု တော်တော်များများ ပြုလုပ်ခဲ့တယ်။ ဒါပေမဲ့လည်း အားလုံးက ဒါကို အဆင့်တစ် နတ်ဘုရား သတ္တု တစ်ခုပဲလို့ ကောက်ချက်ချခဲ့ကြတယ်”

“ဒါပေမဲ့လည်း ဒါကို နှစ်ပေါင်းထောင်နဲ့ချီ လေ့လာစုံစမ်းပြီးတဲ့နောက်မှာ ဒါက သာမန် အဆင့်တစ် နတ်ဘုရား သတ္တု လုံးဝ မဖြစ်နိုင်ဘူးလို့ ငါကောက်ချက်ချမိတယ်”

“အမှန်ပဲ။ ဒါကလက်ရှိ အချိန်မှာတော့ အဆင့်တစ် နတ်ဘုရား သတ္တုပဲပေါ့။ ဒါပေမဲ့လည်း တကယ်လို့ ဒီသတ္တုအပိုင်းအစက အသက်ဝင်လာသလိုမျိုး သူ့ကိုယ်ပိုင် ဖွံ့ဖြိုးနိုင်တဲ့ စွမ်းရည်တောင် ရှိတယ်”

“ငါဒါကို နောက်ထပ် နှစ်ပေါင်းတစ်သောင်းလောက် လေ့လာစူးစမ်းရမယ်။ ဒါကို ဓားတစ်လက် အဖြစ် သွန်းလုပ်ပြီးတဲ့နောက်မှာ သူ့ရဲ့ ဖွံ့ဖြိုးမှု စွမ်းရည်ကို ဘယ်လိုမျိုး ထိန်းသိမ်းထားရမလဲ ဆိုတဲ့ အချက်နဲ့

ပတ်သက်ပြီး ငါစဉ်းစားရမယ်။ နောက်ပြီးတော့ ဓားရဲ့ပုံသဏ္ဍာန်နဲ့ စွမ်းအားကိုလည်း ထိန်းသိမ်းရဦးမယ်”

“ပြီးတော့ အခု နောက်ဆုံးမှာ ငါအောင်မြင်သွားခဲ့တယ်”

Chapter 1089 end

အပိုင်း(1090) ဖွံ့ဖြိုးနိုင်စွမ်းရှိတဲ့ နတ်ဘုရားဓား

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ နတ်ဘုရား ဓားတစ်လက်က ဖွံ့ဖြိုးနိုင်လိုလား။

ကျင့်ကြံသူတွေ အတွက်ကတော့ တကယ်လို့ သူတို့ဟာ အဆင့်မြင့် နတ်ဘုရား ပစ္စည်းတစ်ခုကို ရရှိနိုင်မယ်ဆိုရင် အကောင်းဆုံးပါပဲ။ သူတို့က အဲဒါကို အရမ်းအရမ်းကို ကြာမြင့်တဲ့အထိ အသုံးပြုနိုင်ပါတယ်။

ဥပမာ နတ်ဆိုးကိုးပါးဓားက လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို အကန့်အသတ်မရှိ ချက်ချင်း တိုးမြှင့်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ အဆင့်မြင့် နတ်ဘုရား ပစ္စည်းတွေကို လူတစ်ယောက်က လိုချင်တာနဲ့ပဲ

အလွယ်တကူနဲ့ ရနိုင်လိမ့်မှာ မဟုတ်ပါဘူး။ ပြီးတော့ တကယ်လို့ အဲဒီလို ပစ္စည်း တစ်ခုကို လူတစ်ယောက်က ရယူနိုင်ရင်တောင် ပစ္စည်းရဲ့ အရှင်သခင် အလွယ်တကူနဲ့ ဖြစ်လာနိုင်ပါ့မလား။

ထာဂရ မိုးကောင်းကင် ကေရာဇ်တောင် နတ်ဆိုးကိုးပါးဓားကို ပြန်လည်ကောင်းမွန်ဖို့ ကြိုးစားရင်း လက်တစ်ဖက် ဆုံးရှုံးခဲ့ရပါတယ်။ ပြီးတော့ နတ်ဆိုးကိုးပါးဓားက ချန်ကလန်ရဲ့ ဘိုးဘေး လက်နက်တစ်ခု ဖြစ်နေတာကြောင့် လက်တစ်ဖက်ပဲ ဆုံးရှုံးခဲ့တာပါ။ တကယ်လို့ သူ့နေရာမှာ တခြားသူသာဆိုရင် တကယ်လို့ ကေရီ ဘုရင်မ လွှမ့်ရှင်းဖြစ်နေရင်တောင် သူမအနေနဲ့ အဲဒီဓားကို သိမ်းဆည်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ဒီကိစ္စကို တစ်ခါတည်း အဆင်ပြေသွားဖို့ဆိုရင် နတ်ဘုရား ပစ္စည်းတစ်ခုကို သေတဲ့အထိ ကိုင်ဆောင်သွားဖို့ ဆိုတာက ယေဘုယျအားဖြင့်တော့ မဖြစ်နိုင်ပါဘူး။

လက်ရွေးစင် တစ်ယောက်က သူတို့ရဲ့ အချိန်တွေကို နေ့ရောညပါ လက်နက်တစ်ခုကို သန့်စင်ပြီး အစွမ်းတိုးစေဖို့ အထွတ်အထိပ် လျှို့ဝှက်နည်းစနစ် တစ်ခုကို အသုံးမပြုသရွေ့တော့ မဖြစ်နိုင်ပါဘူး။ အဲဒီလိုမှပဲ တောင်မြစ်အဆင့် လက်ရွေးစင်တစ်ယောက်က နေလအဆင့် နတ်ဘုရား ပစ္စည်း တစ်ခုရဲ့ ဆရာသခင် ဖြစ်နိုင်ချေ ရှိလာပါလိမ့်မယ်။ ဒါမှမဟုတ် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ ဆရာသခင်ပေ့ါ။ ဒါပေမဲ့လည်း ဒီလိုမျိုး အဖြစ်အပျက်တွေက အရမ်းအရမ်းကို နည်းပါးလွန်းပါတယ်။

နောက်ပြီးတော့ သူတို့ရဲ့ မျိုးဆက်တွေက သူတို့ရဲ့ လက်နက်တွေ အပေါ်မှာပဲ မှီခိုချင်စိတ်တွေ ဖြစ်ပေါ်ပြီး သူတို့ကိုယ်ပိုင် ဖွံ့ဖြိုးကြီးထွားဖို့အတွက်တော့ အားနည်းချက် ဖြစ်လာပါလိမ့်မယ်။

ပုံမှန်အားဖြင့်တော့ ကျင့်ကြံသူတွေက သူတို့ရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်နဲ့အတူ သက်ဆိုင်တဲ့

လက်နက်တစ်ခုကို ကိုင်ဆွဲကြပါလိမ့်မယ်။ ပြီးတော့ သူတို့ရဲ့ သိုင်းအသိဆန္ဒနဲ့ နေ့စဉ်နေ့တိုင်း ပြုစုပျိုးထောင် အသုံးပြုရပါတယ်။ တစ်လျှောက်လုံး သူတို့ရဲ့ လက်နက်တွေက တိုးတက်လာပြီး နတ်ဘုရား ပစ္စည်းတစ်ခု အဖြစ်ကို ပြောင်းလဲသွားပါလိမ့်မယ်။

တောင်မြစ်အဆင့် ကျင့်ကြံသူ အများစု အတွက်ကတော့ သူတို့က အသေးစား အဆင့်တစ်ခုကို အဆင့်တက်ဖို့ နှစ်ထောင်နဲ့ချီ လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် သူတို့က နှစ်ထောင်နဲ့ချီ ကြာအောင် လက်နက်တစ်ခုတည်းကိုပဲ အသုံးပြုလို့ ရနိုင်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ လက်နက်တွေကို အလျင်စလိုနဲ့ ပြောင်းလဲပစ်ဖို့ မလိုပါဘူး။

လင်းဟာန်ကတော့ မတူညီပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ အဆင့်တက်နှုန်းက အရမ်းကို လျင်မြန်ပါတယ်။ နှစ်နှစ်ဆိုတဲ့ အချိန်အတွင်းမှာ သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့် အထိကို တက်လှမ်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူက

လက်နက်တစ်ခုကိုမှ နတ်ဘုရား ပစ္စည်း အဖြစ်ကို ပြုစုပျိုးထောင်ဖို့ မဖြစ်နိုင်ပါဘူး။

တကယ်လို့ သူ့မှာ ဖွံ့ဖြိုးကြီးထွားနိုင်တဲ့ နတ်ဘုရား ဓားတစ်လက်သာ ရှိမယ်ဆိုရင် သူ့အနေနဲ့ အဲဒါကို ပြုစုပျိုးထောင်ဖို့ စိတ်ပူစရာ မလိုပါတော့ပါဘူး။ တကယ်လို့ သူက တိုးတက်လာမယ် ဆိုရင် သူ့ရဲ့ နတ်ဘုရား ပစ္စည်းလည်း တိုးတက်လာပါလိမ့်မယ်။ သူ့ရဲ့ နတ်ဘုရား ပစ္စည်းကို ဖယ်ရှားပစ်ရမဲ့ အချိန်ကို ရောက်လာမဲ့ နေ့ရက်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုလောက် တော့ပါဘူး။

"အစ်ကိုကျင်း မင်းက တကယ်ကို စစ်မှန်တဲ့ ပါရမီရှင် တစ်ယောက်ပဲ"

လင်းဟာန်က ပွင့်ပွင့်လင်းလင်းနဲ့ ချီးကျူးလိုက်ပါတယ်။ ဒါက တကယ့်ကို ဆန်းကြယ်တဲ့ ကံကြမ္မာ တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ကျင်းကျီဟွေ့က လင်းဟာန်ရဲ့ ချီးကျူးစကားကို လက်မခံပဲ ပြောလိုက်ပါတယ်။

"ငါက ဒီသတ္တုရဲ့ ပြိုင်ဘက်ကင်းတဲ့ ဂုဏ်သတ္တိကိုပဲ ရှာတွေ့ခဲ့တာပါ။ အဲဒီနောက်မှ ဒါကို သွန်းလုပ်ဖို့ နည်းလမ်းတစ်ခုကို စဉ်းစားပြီး ဒီပြိုင်ဘက်ကင်း ဂုဏ်သတ္တိကို မူလအခြေအနေ အတိုင်း ထိန်းသိမ်းထားခဲ့တယ်။ ဒီကမ္ဘာကြီး တစ်ခုလုံးမှာ ဒီလိုမျိုး နတ်ဘုရား သတ္တုအပိုင်းအစက တစ်ခုတည်းပဲရှိတယ်။ ဒါကြောင့် ငါ့အနေနဲ့ ဒီလိုဓားမျိုး နောက်တစ်ချောင်း ထပ်ပြီး သွန်းလုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး"

"ကမ္ဘာကြီးထဲက အကြီးကျယ် အခမ်းနားဆုံး နတ်ဘုရားဓား"

လင်းဟန်က ဓားအိမ်ကနေ ဆွဲထုတ်လိုက်ပါတယ်။ ဓားကနေ ထုတ်လွှတ်တဲ့ အေးစက်မှုက အဲဒီလောက် အစွမ်းမထက်ပါဘူး။ အဲဒီဓားကို သာမန်လက်နက် တစ်ခုလို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ နတ်ဘုရား ပစ္စည်း တစ်ခုအဖြစ်တောင် သတ်မှတ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ဒါကို ဘယ်လိုမျိုး တိုးတက်လာအောင် လုပ်ရမလဲ"

လင်းဟန်က မေးလိုက်တယ်။

"တိုက်ခိုက်ပါ။ ဒီဓားကို အသုံးပြုပြီးတော့ တခြားလက်နက်တွေကို ခုတ်ဖြတ်ပြီး သူတို့ရဲ့ အဆီအနှစ်တွေကို ဝါးမျိုချွင့်ပြုလိုက်ရင် အဲဒါကို ကြီးထွားဖွံ့ဖြိုး လာလိမ့်မယ်"

ကျင်းကျီဟွေ့က နောက်တစ်ကြိမ် စိတ်လှုပ်ရှား လာခဲ့ပါတယ်။ သူက ဒီလိုနတ်ဘုရားဓားကို တစ်ချောင်းပဲ သွန်းလုပ်နိုင်တယ် ဆိုပေမဲ့ သူ့ရဲ့ ဓားသွန်းလုပ်တဲ့ ဘဂတစ်ခုလုံးရဲ့ အထွတ်အထိပ် ဖြစ်နိုင်ပါတယ်။

လင်းဟာန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

"ဆိုလိုတာက ဒါကို အဆင့်တွေ ကျော်လွှားပြီး အဆင့်တက်အောင် မလုပ်နိုင်ပဲ အဆင့်နှစ် အဆင့်သုံး နတ်ဘုရား သတ္တုတစ်ခုအဖြစ်ပဲ ဆက်တိုက်အောင်မြင်အောင် လုပ်ပြီးမှ အသုံးပြုလို့ ရနိုင်မယ်ပေါ့"

"ဟုတ်တယ်။ မင်းအဆင့်ကျော်ပြီး လုပ်လို့မရဘူး"

ကျင်းကျီဟွေ့က သူ့ခေါင်းကို ခါလိုက်ပါတယ်။

"ကျင့်ကြံသူတွေ ကျင့်ကြံအားထုတ်သလိုပဲ နည်းစနစ်တကျ လုပ်ဆောင်ရလိမ့်မယ်"

"အစ်ကိုကျင်း မင်းက တကယ့်ကို ယုံကြည်အားကိုးရတာပဲ။ ငါ့အတွက် အထွတ်အထိပ် အဆင့် နတ်ဘုရား ဓားတစ်လက် ရအောင် သွန်းလုပ်ပေးပြီး ငါ့ဆီကို ကိုယ်တိုင်ကိုယ်ကျ ဒုက္ခခံ လာလည်ပြီး ပို့ဆောင်ပေးခဲ့တယ်"

လင်းဟာန်က ယဉ်ယဉ်ကျေးကျေးနဲ့ ပြောလိုက်တယ်။

ကျင်းကျီဟွေ့က ပြုံးပြီးတော့ ပြန်ဖြေလိုက်တယ်။

"ဒီကိစ္စက မင်းနဲ့ငါ အရင်ကတည်းက သဘောတူထားတာပဲလေ အစ်ကိုလင်းရယ်။ နောက်ပြီး အစ်ကိုလင်းက ငါ့အသက်ကို အရင်က ကယ်ခဲ့ဖူးတယ်။ ပြီးတော့ ငါ့ကိုလည်း အားပေးတဲ့ တစ်ဦးတည်းသော လူပဲ။ တကယ်လို့ ဒီနတ်ဘုရားဓားကို မင်းမှ မပေးရင် ဒီဓားနဲ့ သင့်တော်မဲ့သူ ငါရှာလို့တွေ့မှာ မဟုတ်တော့ဘူး"

"ဒါဆိုရင် ငါ ဟန်လုပ်တဲ့ စကားတွေကို ထပ်မပြောတော့ဘူး။ ကျေးဇူးတင်ပါတယ်"

လင်းဟန်က ပြောလိုက်တယ်။

"လာလာလာ ငါတို့ သောက်ကြရအောင်။ ဒါက ငါ့ဘဝမှာ ကြယ်အမှတ်အသားမြို့ကို ပထမဆုံး ရောက်ဖူးခြင်းပဲ။ အိမ်ရှင်တစ်ယောက် အနေနဲ့ မင်းငါ့ကို ကောင်းကောင်း ဧည့်ခံပေးရမယ်နော်"

ကျင်းကျီဟွေ့က ပြုံးပြီးတော့ ပြောလိုက်တယ်။

လင်းဟန်က သူ့ကို ဆေးဆိုင်ဆီ ခေါ်သွားပြီး မိုးရေကေရာဇ်တို့နဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။ အဲဒီနောက် သူတို့က စားသောက်ဆိုင်ဆီ သွားပြီးတော့ သူတို့တစ်အုပ်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ စားသောက်လိုက်ကြပါတယ်။

ကျင်းကျီဟွေ့ကို ရက်အနည်းငယ်လောက် ကောင်းကောင်း ဧည့်ခံပြီးတဲ့ နောက်မှာတော့ ဒီဓားသွန်းလုပ်တဲ့ နေရာမှာ အရှုံးအမှုးကို စွဲလမ်းတဲ့သူက ဓားသွန်းလုပ်ခြင်း စံအိမ်ကို ပြန်သွားခဲ့ပါတယ်။ သူ့ရဲ့ နှလုံးသား တစ်ခုလုံးမှာ ဓားသွန်းလုပ်မှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ သူ့မှာ

တူညီတဲ့ ဓားတစ်လက်ကို သွန်းလုပ်ဖို့ ပစ္စည်းမရှိတော့ပေမဲ့ သူ့အနေနဲ့ ပိုပြီးတော့တောင် တန်ဖိုးကြီးမားတဲ့ ဓားတွေကို သွန်းလုပ်ဖို့ စိတ်အားတက်ကြွမှုတွေ ရှိသွားပါပြီ။

အဲဒီအချိန်မှာ လင်းဟာန်က အဆင့်တစ် နတ်ဘုရား သတ္တုအပိုင်းအစ အရေအတွက် အများကြီးကို သယ်ဆောင်လာခဲ့ပါတယ်။ ကျင်းကျီဟွေ့ရဲ့ စကားတွေက အရမ်းကို အံ့သြစရာ ကောင်းပေမဲ့ အဲဒီဓားနဲ့ ခုတ်ဖြတ်လိုက်တဲ့ ပစ္စည်းတွေရဲ့ အဆီအနှစ်တွေကို ဝါးမျိုပြီးတော့ ကြီးထွားဖွံ့ဖြိုးနိုင်တဲ့ သတ္တုအမျိုးအစား အကြောင်းကို ဘယ်တုန်းကမှ မကြားဖူးခဲ့ပါဘူး။ ဒါကြောင့် သူက အရမ်းကို သိချင်စိတ်တွေ ပြင်းပြလို့ နေပါတယ်။

အနက်ရောင် မှော်စင်ရဲက အထဲမှာ လင်းဟာန်က နတ်ဘုရားဓားကို ဇွေ့ယမ်းပြီး သူဂယ်ယူလာတဲ့ သတ္တုအပိုင်းအစတွေကို ခုတ်ဖြတ်နေပါတယ်။

ထန် ထန် ထန် ထန်။ သတ္တုတွေရဲ့ ကျိုးပဲ့ပျက်စီးသံတွေ အဆက်မပြတ် ထွက်ပေါ်လို့ လာပါတယ်။

သူတို့အားလုံး အဆင့်တစ် နတ်ဘုရား သတ္တုတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ရတနာဓားက ထပ်ကာတလဲလဲ မာကျောအောင် ပြုလုပ်ထားတာကြောင့် သူ့ရဲ့ မာကျောမှုဟာ ဒီအဆင့်တစ် နတ်ဘုရား သတ္တုအပိုင်းအစတွေထက် သာလွန်ပါတယ်။ ဒါကြောင့် လင်းဟန်ရဲ့ ပကတိ ခွန်အားအောက်မှာ သူဂယ်ယူလာခဲ့တဲ့ ဒီနတ်ဘုရားသတ္တု အပိုင်းအစတွေက တစ်ချက်တည်းနဲ့ ကျိုးပဲ့ပျက်စီး ကုန်ပါတယ်။

ဟင်။

သူခုတ်ဖြတ်လိုက်တဲ့ နတ်ဘုရား သတ္တုတွေကနေ ဖော်ပြလို့ မရတဲ့ တစ်စုံတစ်ခုက နတ်ဘုရား ဓားအထဲကို ဝင်ရောက်လာတာကို သူတွေ့လိုက်ရပါတယ်။

ဒီလိုပြောင်းလဲမှု အမျိုးအစားက အရမ်းကို တိုးတောင်းပါတယ်။ တကယ်လို့ အနက်ရောင် မျှော်စင် အထဲမှာ ရှိနေတာကြောင့် သူ့ရဲ့ အာရုံခံနိုင်စွမ်းက အဆပေါင်း ရာထောင်ချီပြီး အားကောင်းတဲ့ အချက်ကြောင့်သာ

မဟုတ်ဘူးဆိုရင် ဒီလိုမျိုး သေးငယ်ပြီး တိုတောင်းတဲ့ ပြောင်းလဲမှု တစ်ခုကို အာရုံခံနိုင်ဖို့ဆိုတာ ဖြစ်နိုင်ချေ မရှိပါဘူး။

"ဝိုး"

မျှော်စင်လေး ပေါ်လာပြီး သူ့ပုံစံက အံ့အားသင့်နေပုံ ပေါ်ပါတယ်။

"မင်းရဲ့ ကံကောင်းမှုက တကယ်တော့ အရမ်းကြီး မဆိုးဘူးပဲ။ မင်းက ဝါးမျိုခြင်း သတ္တု အပိုင်းအစ တစ်ခုကိုတောင် ရရှိလာပြီ"

"ဒီဓားကို သွန်းလုပ်ထားတဲ့ ပစ္စည်းကို မင်းသိတယ်ပေါ့"

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။

မျှော်စင်လေးက အရမ်းကို ဂုဏ်ယူတဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"ဒါပေါ့"

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုပြောလေ။ တစ်ဂက်တပျက်နဲ့တော့ မရပ်လိုက်နဲ့။ မင်းမိုးကြိုးပစ်ခံချင်လား"

မျှော်စင်လေးက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ဆက်ပြောလိုက်တယ်။

"ဝါးမျိုးခြင်း သတ္တုက အရမ်းကို ပြိုင်စံရှားတဲ့ ပစ္စည်းတစ်ခုပဲ။ သူ့ရဲ့ စမှတ်က အရမ်းကို နိမ့်ကျပြီး အဆင့်တစ် နတ်ဘုရား သတ္တုနဲ့ပဲ နိုင်းယှဉ်လို့ ရနိုင်တယ်။ ဒါပေမဲ့လည်း သူ့မှာ အဆုံးမရှိတဲ့ တက်လမ်းတွေရှိတယ်။ တချို့တွေ ပြောကြတာတော့ အံ့ဖွယ်နတ်ဘုရား သတ္တု အဆင့်ကို ရောက်နိုင်ချေ ရှိတယ်"

အံ့ဖွယ်နတ်ဘုရား သတ္တု။

လင်းဟန်ရဲ့ နှလုံးသား တင်းကျပ်လာပါတယ်။ သူက နတ်ဘုရား သတ္တုထက် သာလွန်တဲ့ အံ့ဖွယ်နတ်ဘုရား သတ္တုအကြောင်းကို မျှော်စင်လေးပြောတာ ကြားလိုက်ရပါတယ်။ နောက်ပြီး နတ်ဘုရား သတ္တုတွေကို အမျိုးအစားတွေ ခွဲခြားထားပေမဲ့ အဲဒီအံ့ဖွယ်နတ်ဘုရား

သတ္တုမှာတော့ အဆင့်ခွဲခြားထားတာမျိုး မရှိပါဘူး။

နတ်ဘုရား သတ္တုရဲ့ အစိတ်အပိုင်းတိုင်းက သူ့ဘာသာသူ အဆုံးမဲ့ ရတနာပစ္စည်း တစ်ခု ဖြစ်နေပါပြီ။

ဒီဓားက အံ့ဖွယ်နတ်ဘုရား သတ္တုဖြစ်လာနိုင်တဲ့ အခွင့်အရေး တစ်ခုရှိနေတာ ဖြစ်ပါတယ်။

လပြွတ်ပဲ။ တကယ်လို့ ကျင်းကျီဟွေ့သာ သိသွားမယ်ဆိုရင် ဒီရတနာ ဓားကို လက်ဆောင်အဖြစ် ပေးလိုက်တာနဲ့ ပတ်သက်ပြီး သူက မချိတင်ကဲ နောင်တတွေ ရနေမလား။

ဒါက ဖြစ်နိုင်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ ဒီလိုမျိုး ဓားသွန်းလုပ်ခြင်းမှာ ရူးသွပ်နေတဲ့ လူတစ်ယောက်က ရတနာ ဓားတစ်လက်ကို သွန်းလုပ်ပြီး ကမ္ဘာကြီး တစ်ခုလုံးကို ချပြဖို့ဆိုတာ သူ့ရဲ့ စစ်မှန်တဲ့ အိပ်မက်ပဲ ဖြစ်ပါလိမ့်မယ်။ တကယ်လို့ ဒီဓားသာ သူနဲ့အတူ ရှိနေမယ်ဆိုရင် အသုံးမကျတဲ့ လူတစ်ယောက် လက်ထဲကို ပုလဲတစ်လုံး ထည့်ပေးလိုက်သလိုမျိုးနဲ့ တူပါလိမ့်မယ်။

"ဒါပေမဲ့ ဒါက သီအိုရီ သက်သက်ပါပဲ"

မျှော်စင်လေးက ဆက်ပြောလိုက်တယ်။

"ဝါးမျိုခြင်း သတ္တုရဲ့ အဆင့်ကို တိုးလာစေဖို့ လိုအပ်တဲ့ နတ်ဘုရား သတ္တုရဲ့ ပမာဏက အရမ်းကို ကြီးမားလွန်းတယ်။ နောက်ပြီးတော့ ဒီသတ္တုရဲ့ ဝါးမျိုတဲ့ လုပ်ငန်းက သူ့လက်ရှိအဆင့်လို တူညီတဲ့ အဆင့်မှာ ရှိမှပဲ ရနိုင်တယ်"

"ဒီတော့ ဒီသတ္တုက အံ့ဖွယ်နတ်ဘုရား သတ္တုတစ်ခု ဖြစ်နိုင်တယ်။ ဒါပေမဲ့ အဆုံးမှာ ဒီကမ္ဘာကြီးထဲ အဆင့်နှစ်ဆယ် နတ်ဘုရား သတ္တုတွေ ဘယ်လောက်များများ ရှိနိုင်မှာလဲ"

အမှန်ပဲ။

လင်းဟာန်က ခေါင်းညိတ်လိုက်တယ်။ အဆင့်ငါး နတ်ဘုရား သတ္တုကနေ စပြီးတော့ အဆင့် တစ်ခုပြီး တစ်ခုက သနားစရာ ကောင်းလောက်အောင် နည်းလွန်းပါတယ်။ အဆင့်ကိုး နတ်ဘုရား သတ္တုနည်းနည်းက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် အရေအတွက်နဲ့

တူညီပါတယ်။ အဆင့်နှစ်ဆယ် နတ်ဘုရား သတ္တုဆိုရင် သေချာပေါက် မူလဇစ်မြစ်အဆင့် လက်ရွေးစင်တွေလို ရှားပါးလွန်းပါလိမ့်မယ်။ သူ့အနေနဲ့ ဘယ်နေရာက အဆင့်မြင့်တဲ့ နတ်ဘုရား သတ္တုတွေကို ဒီဓားအတွက် ဝါးမျိုပြီး အဆင့်တက်ဖို့ ရှာဖွေနိုင်မှာလဲ။

သူက လက်ကို နောက်တစ်ကြိမ် ခါလိုက်ပါတယ်။ နှစ်ပေါင်းဘယ်လောက် ကြာမလဲ ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ ဒါကြောင့် သူ့အနေနဲ့ အရမ်းကို စိတ်ပျက်လက်ပျက် ဖြစ်နေပြီး စိုးရိမ်နေစရာ မလိုပါဘူး။

လင်းဟန်က နောက်ထပ် နတ်ဘုရား သတ္တုတွေ ပိုပိုချိုးပစ်လိုက်ပြီး ရတနာဓားကို သစ်ခုတ်တဲ့ ပုဆိန်လိုမျိုး အသုံးပြုနေပါတယ်။ သူက ဒီဓားနဲ့ ဆက်သွယ်ဖို့ အထဲကို သူ့ကိုယ်ပိုင် သိုင်းဆန္ဒကို ထည့်သွင်းလိုက်ပါတယ်။ အချိန်တွေ ကြာလာတာနဲ့ ဒီနတ်ဘုရားဓားကို ဆက်သွယ်နိုင်စွမ်း ရှိလာပြီး စစ်မှန်တဲ့ နတ်ဘုရားပစ္စည်းတစ်ခု ဖြစ်လာပါလိမ့်မယ်။

နတ်ဘုရားဓားနဲ့ အကြိမ်တော်တော်များများ ခုတ်ဖြတ်ပြီးတဲ့တောက်မှာတော့ ဒီနတ်ဘုရား သတ္တုပြားတွေက သူတို့ရဲ့ မူလတောက်ပမှုတွေ ဆုံးရှုံးသွားခဲ့ပြီး သတ္တုအစုတ်အပြတ် အဖြစ်ကို ပြောင်းလဲသွားပါတယ်။

"တကယ်ကို လုံလောက်ပြီ။ အထဲမှာရှိတဲ့ အဆီအနှစ်တွေ ဝါးမျိုခံလိုက်ရပြီပဲ"

လင်းဟန်က သူ့ဘာသာသူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

ဒါက ကျင့်ကြံသူတွေနဲ့ အတော်လေး တူညီပါတယ်။ ကျင့်ကြံခြင်း လမ်းကြောင်းပေါ်မှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အဆီအနှစ်တွေကို ကြားဖြတ်ယူပြီးတော့ ဒီလိုမျိုး ပစ္စည်းတွေကို အသုံးပြုသလိုပဲ လူတစ်ယောက်ရဲ့ ခွန်အားကို သန့်စွမ်းအောင် လုပ်တာပဲ မဟုတ်လား။

"ဒီဓားက ငါ့ဘေးမှာ အချိန်အကြာကြီး ရှိနေမယ်ဆိုမှတော့ ငါဒါကို နာမည်တစ်ခု ပေးသင့်တယ်။ အင်း။ ဘယ်လိုမျိုး

နာမည်က ကြားလိုက်တာနဲ့ အရမ်းကို ဗိုလ်ကျစိုးမိုးနိုင်တဲ့ နာမည်မျိုး ဖြစ်မလဲ”

Chapter 1090 end

အပိုင်း(1091) ကြယ်ကြီးတစ်လုံးရဲ့ သေခြင်း

လင်းဟာန်က နာမည်ပေးတဲ့ နေရာမှာ မကျွမ်းကျင်ဘူးဆိုတာ ပေါ်လွင်ပါတယ်။

သူအရင်တုန်းက ပေးခဲ့တဲ့ နာမည်တွေကို ကြည့်မယ်ဆိုရင် အတော်လေး ဂမ်းနည်းစရာ ကောင်းလွန်းပါတယ်။

“ဒါက လက်ရှိမှာ နတ်ဘုရား သတ္တုဖြစ်ပြီးတော့ အနာဂတ်မှာ အံ့ဖွယ်နတ်ဘုရား သတ္တု ဖြစ်လာနိုင်ချေရှိတယ်။ ဒါကြောင့် ဒါကို အံ့ဖွယ်နတ်ဘုရားဓားလို့ နာမည်ပေးလိုက်မယ်”

အတော်ကြာအောင် စဉ်းစားပြီးတဲ့ နောက်မှာတော့ နာမည်ပေးဖို့ စိတ်ဂင်စားမှု လျော့ပါးသွားပြီး ဒီဓားအတွက် နာမည်တစ်ခုကို သာမန်ကာလျှံကာပဲ ပေးလိုက်ပါတယ်။

"ဒါပေမဲ့လည်း အံ့ဖွယ်နတ်ဆိုးဓားဆိုတဲ့ နာမည်က ပိုပြီးတော့ အံ့ဩဖို့ မကောင်းဘူးလား"

"ဒါဆိုရင်လည်း အံ့ဖွယ်နတ်ဆိုးဓားလို့ပဲ ခေါ်တာပေါ့"

လင်းဟန်က နာမည်ပေးခြင်းနဲ့ ပတ်သက်လာရင် တကယ်ပဲ အရမ်းကို ဆိုးဝါးလွန်းပါတယ်။

သူက ရယ်မောပြီး စိတ်ကျေနပ်တဲ့အထိ အဆက်မပြတ် ခုတ်နေရင်း အံ့ဖွယ်နတ်ဆိုးဓားကို အဆုံးမရှိ ဖွံ့ဖြိုးစေဖို့ လုပ်ဆောင်လိုက်ပါတယ်။

ဓားခုတ်ချက်တိုင်းနဲ့အတူ အံ့ဖွယ်နတ်ဆိုးဓားကလည်း အနည်းငယ် တိုးတက်လာခဲ့ပါတယ်။ ဒါပေမဲ့ တိုးတက်မှုနှုန်းက အရမ်းကို နှေးကွေးပါတယ်။ တကယ်လို့ အဆင့်တစ်ကနေ အဆင့်နှစ်ကို အရည်အသွေး ပြောင်းလဲမှု တစ်ခု ပြီးပြည့်စုံဖို့ဆိုရင် နတ်ဘုရား သတ္တု အရေအတွက် ကြီးကြီးမားမားတစ်ခု လိုအပ်ပါလိမ့်မယ်။

"ကျေးဇူးတင်ရမယ်။ အဆင့်တစ် နတ်ဘုရား သတ္တုဆိုတာက အခုချိန်မှာ ငါ့အတွက် တန်ဖိုးမရှိဘူး။ ဒါကြောင့် ငါက ပိုက်ဆံတွေကို မီးရှို့လိုက်တဲ့ သဘောပဲ"

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အတွင်းမှာ သုံးရက်နဲ့ သုံးညတိုင်တိုင် နတ်ဘုရား သတ္တုတွေကို ခုတ်ဖြတ်ခဲ့ပါတယ်။ သူခုတ်ဖြတ်ခဲ့တဲ့ နတ်ဘုရား သတ္တုတွေက မရေမတွက်နိုင်တဲ့ အစုတ်အပြတ်တွေ ဖြစ်ကုန်ပြီး သူကလည်း အနက်ရောင် မျှော်စင်ထဲကနေ နောက်တစ်ကြိမ် ထွက်ပြီးတော့ အချိန်နဲ့အမျှ နတ်ဘုရား သတ္တုတွေကို ပြန်လည်ဖြည့်ဆည်းခဲ့ပါတယ်။ နောက်ဆုံးတော့ သုံးရက်အချိန်ကုန်သွားပြီးတဲ့ နောက်မှာ အံ့ဖွယ်နတ်ဆိုးဓားက အရည်အသွေး တစ်ခု ပြောင်းလဲသွားပါတယ်။

အဲဒီဓားက အဆင့်နှစ် နတ်ဘုရား သတ္တုအဆင့်နဲ့ တူညီတဲ့ အဆင့်ကို အဆင့်တက်သွား ခဲ့ပါတယ်။

လင်းဟန်က ဒီအရည်အသွေး ပြောင်းလဲမှု ဖြစ်စဉ်ကို သတိပြုမိခဲ့ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားနဲ့ သူ့ရဲ့

သိုင်းအသိဆန္ဒ ပေါင်းစည်းမှုကလည်း အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပါတယ်။ တဒင်္ဂ အတွင်းမှာ သူက ဓားအတွင်းက နတ်ဘုရားသင်္ကေတ ခုနစ်ခုကို တံဆိပ်ခတ်နိုင်ခဲ့ပါတယ်။

အဲဒါက လင်းဟန်ကို မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့် သွားစေခဲ့ပါတယ်။

လူတစ်ယောက်ရဲ့ သိုင်းအသိဆန္ဒကို အသုံးပြုပြီးတော့ လက်နက်တစ်ခု အတွင်းမှာ တံဆိပ်ခတ်နိုပ် ချန်ရစ်စေပြီး နတ်ဘုရား သင်္ကေတတွေရဲ့ ပုံစံကို ဖိနှိပ်ထိန်းချုပ်ဖို့ဆိုတာက အရမ်းကို ကြာမြင့်တဲ့ လုပ်ငန်းတစ်ခု ဆိုတာကို သိထားရမှာပဲ ဖြစ်ပါတယ်။

တကယ်တော့ အဲဒါက လူတစ်ယောက်ရဲ့ စိတ်စွမ်းအားကို နှီးဆွပေးခြင်း ဖြစ်ပြီးတော့ မူလစွမ်းအင် မဟုတ်ပါဘူး။ ဒါကြောင့် နတ်ဘုရား ပစ္စည်းတစ်ခုကို ပျိုးထောင်ရတဲ့ ကိစ္စက အနည်းဆုံး ဆယ်စုနှစ် အနည်းငယ် ဒါမှမဟုတ် ရာစုနှစ် အနည်းငယ်လောက် အချိန်ယူရတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

ဟုတ်ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားကတော့ ဒီအရည်အသွေး ပြောင်းလဲသွားတဲ့ အချိန်မှာ ကြည့်ရတာ စာရွက်လွတ် တစ်ခုအဖြစ်ကို ပြောင်းလဲသွားပုံ ရပြီးတော့ လင်းဟန်က အဲဒီအပေါ်မှာ စိတ်ကြိုက်ရေးဆွဲ နိုင်ခဲ့ပုံ ရပါတယ်။ ချက်ချင်းဆိုသလို သူက အဲဒီအပေါ်မှာ နတ်ဘုရား သင်္ကေတ ခုနစ်ခုကို တံဆိပ်ခတ်နိုပ် နိုင်ခဲ့ပါတယ်။ အဲဒါက လင်းဟန်ကို ဘယ်လိုလုပ်ပြီးတော့ မကျေနပ်စေပဲ နေမှာလဲ။

"အခု ဓားကိုယ်ထည်ရဲ့ မာကျောမှုက အဆင့်နှစ် နတ်ဘုရားသတ္တု အဆင့်ကို ရောက်နေပြီ။ ပြီးတော့ အံ့ဖွယ်နတ်ဆိုးဓားရဲ့ စွမ်းအားကလည်း အဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခုနဲ့ နှိုင်းယှဉ်လို့ ရနေပြီ"

ဆိုလိုတာက တကယ်လို့ သူဟာ အံ့ဖွယ်နတ်ဆိုးဓားကို မနိုးဆွနိုင်ဘူးဆိုရင် သူ့ကိုယ်ပိုင် စွမ်းအားကိုပဲ အသုံးပြုပြီးတော့တိုက်ခိုက်ရမှာဖြစ်ပြီး အံ့ဖွယ်နတ်ဆိုးဓားက သာမန်အဆင့်နှစ် နတ်ဘုရား လက်နက် တစ်ခုပဲ ဖြစ်မှာ ဖြစ်ပြီးတော့ နတ်ဘုရား ပစ္စည်းတစ်ခု မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ အံ့ဖွယ်နတ်ဆိုးဓားရဲ့ စွမ်းအားကို သူက နိုးဆွနိုင်ခဲ့မယ်ဆိုရင် အဆင့်တစ် နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ တိုက်ပွဲစွမ်းအားကို ထုတ်ဖော်နိုင်စွမ်း ရှိပါလိမ့်မယ်။

"ငါဒါကို အဆက်မပြတ် တိုးတက်အောင် လုပ်ဖို့ လိုသေးတယ်။ ဒါမှပဲ ငါ့ရဲ့ စွမ်းရည်တွေနဲ့ အဆင့်တူ ဖြစ်လာနိုင်လိမ့်မယ်"

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ အဆင့်သုံး ဒါမှမဟုတ် အဆင့်လေး နတ်ဘုရား ပစ္စည်းတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရမယ်ဆိုရင် သေချာပေါက် ထက်ပိုင်းကျိုးသွားပြီး ပြန်ပြင်ဖို့ ကျင်းကျီဟွေ့ကို သွားရှာရပါလိမ့်မယ်။ တကယ်လို့ သူက အဲဒီနှစ်ပိုင်းကို နောက်တစ်ကြိမ် မဆင်မခြင် ပြန်ဆက်လိုက်မယ်ဆိုရင် ဝါးမျိုးခြင်း သတ္တုရဲ့ ပြိုင်ဘက်ကင်း ဂုဏ်သတ္တိကို ဖျက်ဆီးကောင်း ဖျက်ဆီးပစ်နိုင်ချေ ရှိပါတယ်။

တကယ်လို့ အဲဒီလောက် လွယ်နေမယ်ဆိုရင် ကျင်းကျီပှော့က ဒီအုံ့ဖွယ်နတ်ဆိုးဓားကို ဖန်တီးဖို့ နှစ်ပေါင်းတစ်သောင်းကျော် အချိန်ကုန်ခံ ပြဿနာ အများကြီး အဖြစ်ခံမှာလား။

"ဒါပေမဲ့ ငါ့မှာ ပိုက်ဆံမကျန်တော့ဘူး။ ငါက အရမ်းကို ဆင်းရဲတာပဲ။ ဟူး"

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ အဆင့်တစ် နတ်ဘုရား သတ္တုတွေကို ဝယ်ယူဖို့ သူ့မှာ ရှိနေတဲ့ ငွေကြေးတွေ အားလုံးကို သုံးစွဲခဲ့ရပါတယ်။ အခု သူ့မှာ အစစ်အမှန် မူလကျောက်တုံး နည်းနည်းပဲ ကျန်ပါတော့တယ်။ အဆင့်နှစ် နတ်ဘုရားသတ္တု အပိုင်းအစ ဘယ်လောက်များ သူဝယ်ယူနိုင်စွမ်း ရှိလိမ့်မှာလဲ။

ဒါကြောင့်လည်း မျှော်စင်လေးက ဝါးမျိုခြင်း သတ္တုက အံ့ဖွယ်သတ္တု အဖြစ် အရည်အသွေး ပြောင်းလဲမှု တစ်ခု ဖြစ်နိုင်ချေ ရှိတယ်ဆိုတာက သီအိုရီအရပဲလို့ ပြောခဲ့တာ အံ့ဩစရာ မရှိတော့ပါဘူး။ အဆုံးမှာ တန်ခိုးရှင်ဘုံ

တစ်ခုလုံးအထဲ အဆင့်နှစ်ဆယ် နတ်ဘုရား သတ္တု အားလုံးကို သူက ရှာဖွေနိုင်မှပဲ ဝါးမျိုးခြင်း သတ္တုက နောက်ဆုံးအဆင့်ကို ခုန်ကျော်လွှားနိုင်စွမ်း ရှိပါလိမ့်မယ်။

"ဟုတ်သားပဲ။ အနက်ရောင် မျှော်စင်ကလည်း နတ်ဘုရား သတ္တုကို ထုတ်လုပ်ပေးနိုင်တာပဲ မဟုတ်လား"

အနက်ရောင် မျှော်စင်က တစ်နှစ်ကို နတ်ဘုရားသတ္တု အပိုင်းအစ တစ်ခု ထုတ်ပေးနိုင်ပါတယ်။ စိတ်ဝိညာဉ် ကျောက်တုံးတွေကို ထုတ်လုပ်ပေးနိုင်သလိုမျိုးနဲ့ တူပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ ဒီနတ်ဘုရား သတ္တုအပိုင်းအစကို ထုတ်မယူဘူးဆိုရင် သူ့ရဲ့ အဆင့်က နှစ်တွေ ကြာလာတာနဲ့အမျှ တိုးလာပါလိမ့်မယ်။ အဲဒါကြောင့် လင်းဟန်ကို တုံ့ဆိုင်းဆိုင်း ဖြစ်စေခဲ့တာပါ။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ အဆင့်နိမ့်တဲ့ နတ်ဘုရား သတ္တု ရာနဲ့ချီပြီးတော့ ရှိရင်တောင် အဆင့်မြင့် နတ်ဘုရား သတ္တု အပိုင်းအစ တစ်ခုတည်းကို မယှဉ်နိုင်တာကြောင့် ဖြစ်ပါတယ်။

"မေ့လိုက်တော့။ ဘယ်လိုပဲဖြစ်ဖြစ် ငါလိုအပ်နေတဲ့ အဆင့်နှစ် နတ်ဘုရား သတ္တု ပမာဏက အရမ်းကို ကြီးမားတယ်။ ဒါကြောင့် ဒီအကြံကို မလုပ်တာပဲ ကောင်းပါတယ်"

လင်းဟန်က တွေးလိုက်ပါတယ်။ လူသား တစ်ယောက်အနေနဲ့ သူက အနာဂတ်ကို စဉ်းစားထားဖို့ လိုပါတယ်။

"ငါ့မှာ ပိုက်ဆံကုန်သွားပြီဆိုတော့ မှော်ဆေးလုံးတွေကို ပိုကြိုးစားပြီး ဖော်စပ်ရမယ်"

လင်းဟန်က သူ့ရဲ့ကျင့်ကြံခြင်းအဆင့်တက်နှုန်းကို အရင်ဆုံး နှေးချလိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့မှာက ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိနေပြီး တစ်ရက်လောက် လေ့ကျင့်တာက သာမန် တစ်နှစ်လောက် လေ့လာဆင်ခြင်တာနဲ့ ယှဉ်လို့ ရပါတယ်။ သူ့မှာ နတ်ဆိုးစွမ်းအား အရင်းအမြစ်လည်း ရှိပါတယ်။ ဆိုလိုတာက နေလအဆင့်ကို မရောက်ခင် သူ့အတွက်

မူလစွမ်းအင် စုစည်းခြင်းနဲ့ ပတ်သက်ပြီး စဉ်းစားစရာ မလိုပါဘူး။ ဒါကြောင့် သူ့အနေနဲ့ မှော်ဆေးပညာဘက်မှာ အချိန်တချို့ အသုံးပြုနိုင်ပါတယ်။

သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်လက်ခံမဲ့ အချိန်ကို စောင့်နေရင်းနဲ့ ဆေးဖော်စပ်မှုကို ကြိုးစားပမ်းစားနဲ့ ဖော်စပ်နေပါတယ်။

စွေ့ရန်ယွီက ကျင့်ကြံအားထုတ်ဖို့ မကြာခဏ လာလည်ပြီး သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို တတ်နိုင်သလောက် အမြန်ဆုံး တိုးတက်ဖို့ ကြိုးစားနေပါတယ်။ ဒါကြောင့် သူမက ပြန်လည်မွေးဖွားခြင်း သစ်ပင်မှာ နေရာတစ်နေရာ ယူထားပါတယ်။

သူမရဲ့ ပစ်မှတ်က အရမ်းကို ရှင်းလင်းပါတယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ရွေးချယ်တာကို ခံရမှပဲ သူမက လင်းဟာန်နဲ့အတူ နေနိုင်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီနှာဘူးကောင်ကို ဘယ်လောက်ကြာမှ သူမအနေနဲ့ ထပ်မြင်တွေ့ခွင့် ရမလဲဆိုတာကို ဘယ်သူမှ

မသိပါဘူး။ နောက်ပြီး ဒီကောင်စုတ်ရဲ့ တောက်ပမှုက သူဘယ်နေရာကိုရောက်ရောက် ဖုံးကွယ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် သူမမရှိတဲ့ အချက်ကို အခွင့်ကောင်းယူပြီးတော့ တခြား မိန်းကလေးတွေက သူ့ကို ဆွဲဆောင်သွားမှာကို ရှောင်ရှားတဲ့ အနေနဲ့ သူ့ကို ထိန်းထားရ ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူမရဲ့ သိုင်းပညာ ပါရမီက အဲဒီလောက် မမြင့်ပါဘူး။ သူမရဲ့ အဆင့်ထက် ကြယ်နစ်ပွင့်လောက်ပဲ သာလွန်ပါတယ်။ ကောင်းကင်နီ သင်တန်းကျောင်းမှာတော့ ဒါက အရမ်းကို အံ့သြစရာကောင်းတယ်လို့ သတ်မှတ်နိုင်ပေမဲ့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ကြီးမားတဲ့ ဂြိုဟ်ကြီးတိုင်းကနေ ရွေးချယ်မဲ့ တပည့်တွေမှာတော့ ကြယ်နစ်ပွင့်ဆိုတာ သေချာပေါက် မလုံလောက် သေးပါဘူး။

ဒါကြောင့် တကယ်လို့ သူမက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ချင်တယ်ဆိုရင် သူမအနေနဲ့ တစ်စုံတစ်ခု အပေါ်မှာ မူတည်ဖို့ လိုအပ်ပါလိမ့်မယ်။

သူမရဲ့ အသက်အရွယ်နဲ့ ကျင့်ကြံခြင်း အဆင့်ပဲ ဖြစ်ပါတယ်။

တောင်မြစ်အဆင့် ကျင့်ကြံသူတွေက

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ သေချာပေါက် ရှားပါးလိမ့်မှာ

မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တောင်မြစ်အဆင့်ရဲ့

ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်

ဒါမှမဟုတ် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ

တစ်ယောက်က အသက်လေးဆယ်နှစ်အောက်မှာ

ရှိနေရင်ရော။ ဒါဆိုရင်တော့ တကယ်လိုပ သူမမှာ

ကျင့်ကြံခြင်း အဆင့်ကို ပိုပြီးတော့ သာလွန်တဲ့

တိုက်ပွဲစွမ်းရည် မရှိရင်တောင် သူမက ထိပ်တန်း

ပါရမီရှင်တွေ ခေါင်းစဉ်အောက်ကို

ကျရောက်သွားနိုင်ပါတယ်။

ငါ့ရဲ့ တိုက်ပွဲစွမ်းရည်မှာ ကျော်လွန်တဲ့ စွမ်းရည်က

မင်းလောက် မသန်မာပေမဲ့ ငါ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက

မင်းထက်တော့ လျင်မြန်တယ်။ ပြီးတော့ ငါ့ရဲ့ ကျင့်ကြံခြင်း

အဆင့်ကလည်း မင်းထက်သာတယ်။ ဒါကြောင့် ငါက မင်းကို

လွှမ်းမိုးနိုင်သေးတယ်။

လင်းဟာန်က ကျယ်လောင်စွာနဲ့ ရယ်မောမိရင်း ဒီရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးကို ဆွဲဖက်ပြီးတော့ ပြောလိုက်တယ်။

"မိန်းမ မင်းငါ့ရဲ့ အထိအတွေ့ကို အရမ်း သတိရနေပြီ မဟုတ်လား။ လာ ငါ့ကို အနမ်းပေးပါဦး"

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးကြည့်ပြီးတော့ ဒေါသထွက်စွာနဲ့ ပြောလိုက်တယ်။

"ငါက အဖွဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို တိုးတက်ဖို့အတွက် ဂင်ချင်တာလေ။ အဲဒါက နင်နဲ့ ဘာများ ပတ်သက်လို့လဲ"

ဒီမိန်းကလေးက တကယ်ပဲ အရမ်းကို လွယ်လွယ်နဲ့ ရှက်တတ်ပါတယ်။

လင်းဟာန်က ရယ်မောပြီး ပြောလိုက်တယ်။

"မိန်းမ၊ ငါ့ရဲ့မိန်းမ ဒါက မင်းရဲ့ မကောင်းတဲ့ အကျင့်တစ်ခုပဲ။ မင်းက ငါ့ရဲ့ ဆွဲဆောင်မှုကြောင့် သိမ်းပိုက်စိုးမိုး ခံလိုက်ရတာကို ဂန်ခံဖို့ အခုထိ ဆန္ဒမရှိသေးဘူး။ ဒါပေမဲ့

ကိစ္စမရှိပါဘူး။ ငါမင်းကို ဖြည်းဖြည်းချင်း သင်ပေးပြီး ဒီဟာကို ကျေနပ်စေရမှာပေါ့”

“အ”

စွေ့ရန်ယွီက အံ့အားသင့်စွာနဲ့ ရေရွတ်လိုက် မိပါတယ်။ ဒီကောင်က သူမ တစ်ကိုယ်လုံးကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ကိုင်တွယ်ပွတ်သပ်နေပြန်ပါပြီ။ သံသယ ရှိစရာ မလိုအောင်ပဲ သူက သူမရဲ့ ရင်သားတစ်စုံကို အပိုင်သိမ်းထားလိုက်ပါတယ်။ သူမက ရှက်တာရော ဒေါသထွက်တာရောနဲ့ ပြောလိုက်ပါတယ်။

“နှာဘူးကောင်စုတ် ဒီလိုမလုပ်နဲ့”

“ဘာကို ဒီလိုမလုပ်နဲ့လဲ”

လင်းဟာန်က စလိုက်ပါတယ်။ အမှန်တော့ စွေ့ရန်ယွီရဲ့ ရင်သားတွေက အရမ်းကို လှပပြီး သူ့ရဲ့ တပ်မက်စိတ်တွေကို အကြီးအကျယ် လောင်ကျွမ်းစေပြီးတော့ သူ့လက်တွေနဲ့ ဒီရင်သားတွေကို မနေနိုင်ဘဲ ဖမ်းဆုပ်နယ်ပစ်ချင်စိတ်တွေ ဖြစ်လာစေပါတယ်။

"အင်း ဟင်း"

အဲဒီအချိန်မှာပဲ သူတို့အအပေါ်ကနေ ကြောက်မက်ဖွယ်ရာ အားလိုင်းတစ်ခုက ဖြတ်ကျော်သွားပြီး သူတို့စုံတွဲကို အမှတ်မထင် ရပ်တန့်သွားစေခဲ့ပြီး သူတို့ရဲ့ ခေါင်းတွေကို မိုးပေါ်မော့ပြီး ကြည့်လိုက် ကြပါတယ်။

မိုးကောင်းကင်အထက်မှာ တောက်ပတဲ့ လမင်းတစ်စင်း ရှိနေပေမဲ့ ရုတ်တရက် ရောမ ကြယ်ကြီးတစ်လုံးက တောက်ပလင်းလက်နေတဲ့ ကြယ်တွေအားလုံး အလယ်မှာ ထွက်ပေါ် လာခဲ့ပါတယ်။ အဲဒီကြယ်ကြီးက မယုံနိုင်စရာကောင်းတဲ့ အံ့ဖွယ်အလင်းတန်းတစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

မဟုတ်သေးဘူး။ အဲဒါက တောက်ပတဲ့ အလင်းရောင်တွေကို ပန်းထုတ်နေတဲ့ ရေပန်းတစ်ခုနဲ့ တူပြီးတော့ မိုးကောင်းကင် တစ်ခုလုံးကို တောက်ပလင်းလက်စေပါတယ်။

ဘုန်း။

နောက်ထပ် ထိတ်လန့်တုန်လှုပ်ဖွယ်ရာကောင်းတဲ့ ခံစားမှု တစ်ခုကို ခံစားလိုက် ရပါတယ်။ အကြောင်းပြချက် တချို့အတွက် သူတို့စုံတွဲက အဲဒီဧရာမ ကြယ်ကြီးကြောင့် ဒီအလင်းရောင်တွေ တလက်လက်တောက်ပနေရတယ် ဆိုတာ သေချာနေခဲ့ပါတယ်။

"ဒါက ဘယ်လိုကြယ်ကြီးလဲ။ သူ့ရဲ့သက်တမ်း ကုန်ဆုံးသွားလို့ပဲ နောက်ဆုံး အလင်းရောင် တောက်ပနေတာများ ဖြစ်နေမလား"

တန်ခိုးရှင်ဘုံက ကမ္ဘာငယ်လေး တစ်ခုနဲ့ လုံးဝကို ကွဲပြားခြားနားပါတယ်။ ကမ္ဘာငယ်လေး တစ်ခုမှာ ကြီးမားကျယ်ပြန့်တဲ့ အဓိက ကုန်းမြေကြီး တစ်ခုပဲ ရှိပါတယ်။ ပြီးတော့ မိုးကောင်းကင် အထက်မှာ ကြယ်တာရာတွေနဲ့ ဥက္ကာခဲတွေ ရှိနေပြီး လက်ရွေးစင်တွေက အလွယ်တကူ ကျဆင်းလာအောင် လုပ်နိုင်ပါတယ်။

တန်ခိုးရှင်ဘုံမှာတော့ ကြယ်တာရာတိုင်းက အရမ်းကို ကြီးမားတဲ့ ကြယ်ကြီးတွေ ဒါမှမဟုတ် နတ်ဘုရား

မီးတောက်တွေ တောက်လောင်နေတဲ့ နေတစ်စင်းတောင် ဖြစ်နိုင်ပါတယ်။ အဲဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကိုတောင် လောင်ကျွမ်းစေနိုင်ပြီး ထာဝရမြစ် အဆင့်က ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေတောင် သူတို့ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားဖို့ မဝံ့ရဲကြပါဘူး။

သိထားတာ တစ်ခုကတော့ ရောမ ကြယ်တာရာကြီးတစ်ခု သက်တမ်းကုန်သွားတဲ့ အချိန်မှာ ကြီးမားတဲ့ ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ ကျင့်ကြံသူတွေက ဘယ်လောက်များ ကျင့်ကြံအားထုတ်နိုင်ပြီး ရောမ ကြယ်ကြီးတစ်လုံးကြောင့် သူတို့ရဲ့ စွမ်းအားကို အသက်ရှူချိန် အနည်းငယ် အတွင်းမှာပဲ ထုတ်ဖော်နိုင်စွမ်း မရှိပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူတွေတောင် တန်းပြီးတော့ အသတ်ခံရပါလိမ့်မယ်။

ဒီစွမ်းအားက ကမ္ဘာကို ပျက်စီးသွားစေ နိုင်ပါတယ်။

မူလဇစ်မြစ်အဆင့် လက်ရွေးစင်တွေပဲ ဒီလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ အဆင့်ရဲ့ စွမ်းအားကို ဆန့်ကျင်ရင်ဆိုင်နိုင်စွမ်း ရှိပါလိမ့်မယ်။

အခု မိုးကောင်းကင်ပေါ်မှာ ရောမ ကြယ်ကြီးတစ်လုံးက တောက်ပလင်းလက်နေပြီး ဖြစ်နိုင်တာက သူ့ရဲ့ သက်တမ်းကုန်ဆုံးကာနီး အချိန်ကို ရောက်လာတာ ဖြစ်ပါလိမ့်မယ်။

Chapter 1091 end

အပိုင်း(1092) ကြယ်တွေအကြားက ရောမ ဂူသချိုင်း

"နေဦး မဟုတ်သေးဘူး"

စွေ့ရန်ယွီက သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အဲဒီနေရာမှာ ကြယ်တွေ နည်းနည်းမှ ရှိမနေသင့်ဘူး"

လင်းဟန် သိပ်မသေချာသလိုမျိုး မေးလိုက်ပါတယ်။

"မင်းသေချာရဲ့လား"

စွေ့ရန်ယွီက သူမရဲ့ခေါင်းကို အလေးအနက်ထားပြီး ညိတ်ပြကာ ပြောလိုက်တယ်။

"သေချာတယ်"

သူမရဲ့ ကျင့်ကြံခြင်း ပါရမီက လင်းဟန်ထက် တကယ့်ကို နိမ့်ကျပါတယ်။ ဒါပေမဲ့လည်း သူမက စာအုပ်အမျိုးအစား အားလုံးကို ဖတ်ရှုရတာ ကြိုက်နှစ်သက်ပါတယ်။ ဒါကြောင့် ပြင်ပဗဟုသုတနဲ့ ပတ်သက်ရင် သူမက သေချာပေါက် လင်းဟန်ထက် အပုံကြီး သာပါတယ်။

"ဘယ်လောက် ထူးဆန်းလိုက်လဲ။ ဒါဆိုရင် အဲဒီဟာကြီးက ဘာများဖြစ်နေမလဲ"

သူတို့နှစ်ယောက်က မိုးကောင်းကင်ပေါ်က တောက်ပတဲ့ အလင်းရောင်ကို ထုတ်လွှတ်နေတဲ့ ရောမ ကြယ်ကြီးကို ကြည့်နေကြပါတယ်။ စွမ်းအင်လှိုင်းတွေက နေရာတိုင်းဆီကို ပျံ့နှံ့နေပြီး ဒီလိုမျိုး အစွမ်းပြည့်ဝတဲ့ အတက်အကျ အားလှိုင်းတွေက အနီးနားမှာရှိတဲ့ သက်ရှိအားလုံးကို အကျိုးသက်ရောက် စေပါတယ်။

နောက်တစ်နေ့မှာ လူတိုင်းလူတိုင်းက မနေ့ညတုန်းက ထွက်ပေါ်လာတဲ့ ရောမ ကြယ်ကြီးနဲ့ ပတ်သက်ပြီး ဆွေးနွေးပြောဆို နေကြပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာကောင်းတဲ့ အဖြစ်အပျက် တစ်ခုပါ။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ကြယ်တွေကို မနက်ခင်း မိုးသောက် အလင်းရောင် ရရှိတဲ့ အချိန်မှာ မတွေ့မြင် နိုင်ပါဘူး။ ဒါပေမဲ့လည်း အခုတော့ အဲဒီရောမ ကြယ်ကြီးကို တွေ့မြင်နိုင်နေဆဲပါပဲ။ အဲဒီကြယ်ကြီးက ထုတ်လွှတ်နေတဲ့ တောက်ပတဲ့ အလင်းရောင်ကိုတော့ မမြင်ရတော့ပါဘူး။ နေရောင်ခြည် အလင်းတန်းတွေက တလက်လက်တောက်ပလို့ နေပါတယ်။

အားလုံးက စိတ်အားတက်ကြွစွာနဲ့ ပြောဆိုဆွေးနွေး နေကြပြီး ဒီရောမ ကြယ်ကြီးက ဘယ်နေရာကနေ လာခဲ့တာလဲ ဆိုတာနဲ့ ပတ်သက်ပြီး သိချင်စိတ်တွေ ပြင်းပြလို့ နေကြပါတယ်။ အရင်တုန်းက အဲဒီတည်နေရာမှာ ကြယ်တစ်လုံးကို သူတို့တွေ ဘယ်တုန်းကမှ

မတွေ့မြင်ဖူးပါဘူး။ ဒီကြယ်ကြီးက လေထဲကနေ ရုတ်တရက် ထွက်ပေါ်လာသလိုပါပဲ။

လေထဲကနေ ရောမ ကြယ်ကြီးတစ်လုံးက ရုတ်တရက် ထွက်ပေါ်လာနိုင်လို့လား။

ဒါက လုံးဂကို မယုံကြည်နိုင်စရာ ကောင်းလွန်းပါတယ်။

မရေမတွက်နိုင်တဲ့ အင်အားစုတွေက ကြယ်တာရာလှေတွေကို ကျယ်ပြန့်လှတဲ့ စကြဝဠာထဲ စေလွှတ်ပြီး ရောမ ကြယ်ကြီးကို အနီးကပ် လေ့လာစူးစမ်း စေခဲ့ပါတယ်။

ကြယ်တာရာလှေတွေနဲ့ စစ်သင်္ဘောတွေက လုံးဂကို ကွဲပြားခြားနားပါတယ်။ ဒီကြယ်တာရာ လှေတွေက အထူးသဖြင့် စကြဝဠာ အနီးတစ်ဝိုက်ကို သယ်ယူပို့ဆောင်ဖို့ အထူးတလည် အသုံးပြုတဲ့ သယ်ယူပို့ဆောင်ရေး ပစ္စည်းတွေပဲ ဖြစ်ပါတယ်။ သူတို့ကို ပြုလုပ်ထားတဲ့ ပစ္စည်းတွေနဲ့ သူတို့ကို အသုံးပြုတဲ့ စွမ်းအင်အရင်းအမြစ်တွေရဲ့ အရည်အသွေးက

စစ်သင်္ဘောတွေကို အသုံးပြုတာထက် ပိုမိုမြင့်မားပါတယ်။ တကယ်တော့ စစ်သင်္ဘောတွေက ကောင်းမွန်ပေမဲ့ သူတို့လောက် မပျံသန်းနိုင်ကြပါဘူး။

တကယ်လို့ စစ်သင်္ဘောတွေကို အင်အားစု နည်းနည်းက အံကြိတ်ပြီး သူတို့ရဲ့ အရင်းအမြစ် တချို့ကို အသုံးပြုကာ ပြုလုပ်နိုင်ပေမဲ့ ကြယ်တာရာလေ့တွေကိုတော့ အစစ်အမှန် အစွမ်းထက်တဲ့ အင်အားစုတွေပဲ ပိုင်ဆိုင်နိုင်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလေ့တွေက တည်ဆောက်ရတာရော ထိန်းသိမ်းရတာရော နှစ်ခုစလုံးနဲ့ ပတ်သက်လာရင် အရမ်းကို စျေးကြီးလွန်းပါတယ်။

တကယ်တော့ ဘယ်သူကများ စကြဝဠာထဲကို အကြောင်းပြချက် မရှိဘဲ ခရီးသွားလိမ့်မှာလဲ။

တကယ်လို့ လူတစ်ယောက်က ကြီးမားတဲ့ ကြယ်ကြီးတစ်လုံးကနေ နောက်တစ်လုံးဆီကို ခရီးသွားချင်တယ်ဆိုရင် ခရီးသွားတဲ့ အချိန်က အလွယ်တကူပဲ နှစ်တွေရှည်ကြာသွားနိုင်ပါတယ်။

တကယ်လို့ ကြယ်တွေက ပိုဝေးရင် ခရီးသွားတဲ့ အချိန်က နှစ်ပေါင်းရာနဲ့ချီ ကြာမြင့်နိုင်သလို နှစ်ပေါင်း ထောင်နဲ့ချီပြီးတော့လည်း ကြာကောင်း ကြာနိုင်ပါတယ်။ လူနည်းစုလောက်ပဲ ဒီလောက် အကြာကြီး အထီးကျန်ဆန်စွာနဲ့ စကြဝဠာကို ဖြတ်ပြီး ခရီးသွားဖို့ စိတ်ကူးကြပါလိမ့်မယ်။

ရက်အနည်းငယ် ကုန်ဆုံးသွားပြီးတဲ့ နောက်မှာတော့ ကြယ်တာရာလှေတစ်စီးက အရေးကြီးတဲ့ သတင်းတစ်ခုကို သယ်ဆောင်ပြီး ပြန်လာခဲ့ပါတယ်။ မဟုတ်သေးဘူး။ ပိုပြီးတော့ တိတိကျကျ ပြောရမယ်ဆိုရင် အံ့သြမှင်တက်စရာကောင်းတဲ့ သတင်းဖြစ်ပါတယ်။

အဲဒီဧရာမ ကြယ်ကြီးက ဂူသချိုင်းတစ်ခု ဖြစ်နေပါတယ်။

ဘာ။

ဒီအကြောင်းကို ကြားလိုက်ရတဲ့ အခါမှာ လင်းဟန်အနေနဲ့ အရမ်းကို အံ့သြသွားမိခဲ့ပါတယ်။ ကြယ်တာရာတွေ အကြားမှာ ဂူသချိုင်းတစ်ခုက တကယ်ပဲ

ထွက်ပေါ်လာတာလား။ ဒါက အစကတည်းက အရမ်းကို ထူးခြားဆန်းကြယ်တဲ့ အခြေအနေ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပိုပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ အချက်ကတော့ ဒီဂူသရိုင်းကို အရမ်းကို ဝေးကွာတဲ့ နေရာကနေ မြင်တွေ့နိုင်ပါတယ်။ ဒီဂူသရိုင်းက ဘယ်လောက်တောင် ကြီးမားနေလိုက်သလဲ။

တကယ်လို့ တောင်တစ်လုံးကို စကြဝဠာထဲ ပစ်ထုတ်လိုက်မယ် ဆိုရင်တောင် အတော်ဝေးဝေးကို ရောက်သွားပြီးတဲ့နောက်မှာ အဲဒါကို တွေ့မြင်နိုင်တော့မှာ မဟုတ်ပါဘူး။ လင်းဟန်တောင် သူ့ရဲ့ မှသားမဲ့ မျက်လုံးနဲ့ တွေ့မြင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ဒီဂူသရိုင်းက ဘယ်လောက် ကြီးမားလိုက်မလဲ။

လင်းဟန်က သိချင်စိတ်တွေ ပြင်းပြလာမိပါတယ်။ သူက ရုတ်တရက် အဲဒီကို သူကိုယ်တိုင် သွားပြီးတော့ ကြည့်ချင်မိပါတယ်။

လင်းဟန်က ဒီလိုမျိုး ခံစားရတဲ့ တစ်ဦးတည်းသော လူမဟုတ်ပါဘူး။ အဲ့ဖွယ်ကောင်းကင် ဂိုဏ်းကတောင် ဂိုဏ်းဝင်ခွင့် စမ်းသပ်မှုကိုတောင် အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားပါတယ်။ သူတို့လည်း အဲဒီရောမ ဂူသချိုင်းကို ပထမဆုံး သွားရောက်စူးစမ်း လေ့လာဖို့ အဖွဲ့တစ်ခုကို စေလွှတ်လိုက်ပါတယ်။

အင်အားစုတွေ အားလုံးက ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ အရမ်းကို အလေးအနက် ထားကြပါတယ်။ ကြယ်တာရာလောှတွေ ပိုင်ဆိုင်ထားတဲ့ အဖွဲ့အစည်းတိုင်းက စုံစမ်းလေ့လာဖို့အတွက် အဲဒီကို ဦးတည်သွားဖို့ ပြင်ဆင်နေကြပါတယ်။

အဲဒီကြယ်တာရာ အကြားက ရောမ ဂူသချိုင်းကို ဘယ်လိုပဲကြည့်ကြည့် ရောမ ရတနာသိုက်ကြီး တစ်ခုပါပဲ။

ဒါပေမဲ့လည်း အစွမ်းထက်တဲ့ အင်အားစု အနည်းငယ်ပဲ ကြယ်တာရာလောှတွေကို ပိုင်ဆိုင် ကြပါတယ်။

သာမန်လူတွေက အဲဒီလှေတွေကို အခမဲ့ လိုက်လံစီးနင်းလို့ ရနိုင်မှာလား။

သေချာတာပေါ့။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အင်အားစုတွေပဲ ကြယ်တာရာလှေတွေကို ပိုင်ဆိုင်ထားတာ မဟုတ်ပါဘူး။ ခရီးသွား သယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းတွေလည်း ကြယ်တာရာလှေတွေကို ပိုင်ဆိုင်ထားကြပါတယ်။

တချို့ အဖွဲ့အစည်းတွေက ဂြိုလ်အချင်းချင်း သွားလာပြီး စီးပွားရေး လုပ်ကြပါတယ်။ ဒါကြောင့် သူတို့က ဂြိုဟ်တွေအကြား အရင်းအမြစ်တွေ သယ်ယူပို့ဆောင်ပြီး ထူးခြားတဲ့ ပစ္စည်းတွေကို ပြန်ပြီးတော့ ဂယ်ယူလာတတ်ကြပါတယ်။ ဒီစီးပွားရေး လုပ်ငန်းကနေ အကျိုးအမြတ် အကြီးကြီး ရရှိပါတယ်။ ဒါပေါ့။ စောစောတုန်းက ပြောပြသလိုပဲ ဂြိုဟ်အချင်းချင်း ခရီးသွားတာက အချိန်အများကြီး ပေးရသလို မျှော်လင့်မထားဘဲ

လေဟာနယ် မုန်တိုင်းတွေနဲ့ ကြုံတွေ့ရ တတ်ပါတယ်။ အဲဒီလိုမျိုး မုန်တိုင်းတွေကြောင့် သူတို့က မည်းမှောင်တဲ့ စကြာဝဠာထဲက လေဟာနယ် အက်ကွဲကြောင်းတွေထဲ နစ်မြုပ်သွားပြီး အိမ်ကိုပြန်မလာနိုင်တော့တာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

ရောင်းဝယ်ဖောက်ကားသူတွေက အခွင့်အရေးကို ကောင်းကောင်းကြီး ဖမ်းဆုပ်နိုင်ပါတယ်။ ပြီးတော့ သူတို့က ချက်ချင်းပဲ ရောမ ဂူသချိုင်းဆီကို လူတွေသွားလည်နိုင်ဖို့ လှေဆိပ် တစ်ခုကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လက်မှတ်တစ်ခုကို ဝယ်ယူဖို့ လိုအပ်ပြီး လက်မှတ်တစ်စောင်ကို အစစ်အမှန် မူလကျောက်တုံး တစ်သောင်းလောက် ကုန်ကျပါတယ်။ ဒါက လူတော်တော် များများကို အထိတ်တလန့် ဖြစ်သွားဖို့ လုံလောက်ပါတယ်။

ဒါတောင်မှ ဒီလက်မှတ် ဝယ်လိုအားက အရမ်းကို ကြီးမားပါတယ်။ လက်မှတ်တွေ အားလုံး ချက်ချင်းပဲ ရောင်းထွက်သွားပါတယ်။

ကေရီ ဘုရင်မ၊ မဟာဗိုလ်ချုပ် ခုနစ်ယောက်နဲ့ ဘယ်ညာလက်ရုံး အမတ်မင်းတွေတောင်မှ ရောမ ဂူသင်္ချိုင်းဆီကို ဝင်ရောက်ဖို့ တက်ကြွနေတယ်ဆိုတာ သတိပြုရပါလိမ့်မယ်။ အဲဒါကို ကြည့်ရင် ရောမ ဂူသင်္ချိုင်း အပေါ်မှာ ဘယ်လောက်တောင် အံ့အားသင့်စရာကောင်းတဲ့ အခွင့်အလမ်း ရှိနေလဲ ဆိုတာကို မီးမောင်းထိုးပြ နေပါတယ်။

လင်းဟန်က လက်မှတ်နှစ်စောင်ကို ရအောင် ဖယ်ယူနိုင်ခဲ့ပါတယ်။ တစ်စောင်က သူ့အတွက် ဖြစ်ပြီးတော့ တစ်စောင်ကတော့ စွေ့ရန်ယို့ အတွက်ပါ။

ဟုတ်ပါတယ်။ သူက မိုးရေကောရာဇ်နဲ့ တခြားသူတွေကိုလည်း ခေါ်ဆောင်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့အားလုံးကို အနက်ရောင် မျှော်စင်ထဲမှာ နေရပါလိမ့်မယ်။ လင်းဟန်က ရောမ ဂူသင်္ချိုင်းကို ရောက်သွားတာနဲ့ အခြေအနေကို ကြည့်ပြီးတော့ ဆုံးဖြတ်ရပါလိမ့်မယ်။

မရေမတွက်နိုင်တဲ့ ကြယ်တာရာလှေတွေက
မိုးကောင်းကင်ပေါ်ကို ပျံတက်သွားပါတယ်။ ကြယ်ဥက္ကာ
အင်ပါယာ တစ်ခုပဲ တက်ကြွနေတာ မဟုတ်ပါဘူး။
တခြားအုံ့ဖွယ်အင်ပါယာ နှစ်ခုရဲ့ အထွတ်အထိပ်
အင်အားစုတွေလည်း လှေ့လာစူးစမ်းမှုမှာ ပူးပေါင်းပါဝင်
ကြပါတယ်။ ဒါပေ့ါ။ အဲဒီအုံ့ဖွယ်အင်ပါယာတွေက သူတို့ရဲ့
ကုန်းမြေတွေကို ကာကွယ်စောင့်ရှောက်ဖို့ လက်ရွေးစင်
တချို့ကို ချန်ထားခဲ့ပါသေးတယ်။ ကြယ်ဥက္ကာ
အင်ပါယာကတော့ ဘုရင်ကိုးပါးကို ချန်ထား ခဲ့ပါတယ်။

လင်းဟာန်ရဲ့ ကြယ်တာရာလှေ ခရီးထွက်ဖို့ ရက်အနည်းငယ်
လိုပါသေးတယ်။ ဒါကြောင့် သူက အရင်ဆုံး အဘိုးကြီးရှုဆီ
အရင်ဆုံး သွားလည်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူက ဒါကို
အချိန် အတော်ကြာကတည်းက ဆုံးဖြတ်ထားခဲ့ပါတယ်။
ဒါပေမဲ့လည်း သူ့အစီအစဉ်က ကျင်းကျီဟွေ့ ရုတ်တရက်
အလည်ရောက်လာတာကြောင့် နှောင့်နှေးခဲ့ပါတယ်။
အဲဒီနောက် သူက အုံ့ဖွယ်နတ်ဆိုးဓားကို
အဆင့်မြှင့်တင်ခဲ့ပါတယ်။ ပြီးတဲ့နောက်မှာ ဆေးလုံးတွေ

ဖော်စပ်သန့်စင်ဖို့ အစွမ်းကုန်
ကြိုးစားအားထုတ်ခဲ့ပါသေးတယ်။ အဲဒါတွေ အားလုံးက
သူ့အကြံအစည်တွေကို နောက်ဆုတ်သွား စေခဲ့ပါတယ်။

စာကြည့်တိုက်ကို သူရောက်သွားတဲ့ အချိန်မှာ အရင်လိုပဲ
အလုပ်ရှုပ်မနေနဲ့ တိတ်ဆိတ် ငြိမ်သက်လို့ နေပါတယ်။

လူအများစုက ရောမ ဂူသချိုင်းကို သွားရောက်ဖို့
လက်မှတ်တစ်စောင်ရအောင် အစွမ်းကို ကြိုးစား
အားထုတ်နေပြီး ထွက်ခွာဖို့အတွက် ပြင်ဆင်နေတာလည်း
ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဘယ်သူက စာကြည့်တိုက်ကို
လာလည်ဖို့ အချိန်ရှိမှာလဲ။

"စီနီယာ"

လင်းဟန်က လမ်းလျှောက်လာပြီး အဘိုးကြီးရှကို
ရိုသေလေးစားစွာနဲ့ ဂါရဝပြု နှုတ်ဆက်လိုက် ပါတယ်။

သူက ဒီအဘိုးကြီးကို အကြွေးတွေ အများကြီး
တင်နေပါတယ်။ စိတ်ဝိညာဉ် နိမ်နင်းခြင်း ခုနစ်မျိုး ပညာနဲ့

ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုးပညာတွေက အထွတ်အထိပ် လျှို့ဝှက်နည်းစနစ်တွေပဲ မဟုတ်လား။

ဆရာသခင် တစ်ယောက်တောင် သူတို့ရဲ့ တပည့်တွေကို ဒီလိုမျိုး လျှို့ဝှက်နည်းစနစ်တွေကို လက်ဆင့်ကမ်း သင်ကြားပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း အဘိုးကြီးရှုက သူ့ကို သင်ကြားပေးပြီး ကတိတစ်ခုပဲ တောင်းဆိုခဲ့ပါတယ်။

အဘိုးကြီးရှုက လက်ရှိမှာ အိပ်ငိုက်နေပြီး လင်းဟာန်ရဲ့ နတ်ဆက်သံကို ကြားလိုက်ရတဲ့ အခါမှာ သူ့မျက်လုံးတွေကို ဖွင့်ကြည့်လိုက်ပါတယ်။ သူက ဘေးဘက်ကို ကြည့်ပြီးတော့ သူ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက ဘယ်လိုလုပ်ပြီး အရမ်းကို မြန်နေတာလဲ"

အဘိုးကြီးရှုက ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို လင်းဟာန်က မသိပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က

သေချာပေါက် ထူးခြားနေလိမ့်မယ်ဆိုတာကိုတော့ ခိုင်ခိုင်မာမာ ယုံကြည်ထားပါတယ်။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မျက်စိနဲ့ တစ်ချက် ဝေ့ကြည့်လိုက်တာနဲ့ အဘိုးကြီးရဲ့ စုံစမ်းနိုင်တာကို သူ့အနေနဲ့ မအံ့သြမိပါဘူး။

သူက ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

"ကျနော် အခွင့်အရေးကောင်း တချို့နဲ့ ကြုံမိလို့ပါ"

အဘိုးကြီးရဲက သူ့ကို ဘယ်လိုမျိုး ရှားပါးတဲ့ အခွင့်အရေးကောင်းတွေလဲ ဆိုတာနဲ့ ပတ်သက်ပြီး ဖိအားပေး မေးမြန်းခြင်း မရှိပါဘူး။ သူ့အမူအရာက အလေးအနက် ဖြစ်လာပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်လေး မင်းရဲ့ အာရုံကို ကျင့်ကြံခြင်းအဆင့် လျင်လျင်မြန်မြန်တက်ဖို့ပဲ စိုက်မထားနဲ့။ တကယ်လို့ ထူးကဲတဲ့ အမြင့်တစ်ခုကို ရောက်သွားချင်တယ်ဆိုရင် မင်းက အဆင့်တိုင်း ခိုင်မာပြီး မယိမ်းယိုင်ဖို့ လိုအပ်တယ်။ မင်းဝါးစားနိုင်တာထက် ပိုပြီးတော့ လောဘတကြီးနဲ့

မကိုက်နဲ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းရဲ့ ကိုယ်ပိုင်အနာဂတ်ကို မင်းပဲ ဖျက်ဆီးပစ်လိုက်တာ ဖြစ်သွားမယ်”

လင်းဟာန်က ချက်ချင်းပဲ မျက်နှာထား တည်သွားပြီးတော့ ပြောလိုက်ပါတယ်။

“စီနီယာရဲ့ သတိပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ စီနီယာရဲ့ စကားတွေကို စိတ်ထဲမှာ စွဲစွဲမြဲမြဲနဲ့ကို သိမ်းထားပါ့မယ်”

အဘိုးကြီးရုက ပြုံးပြီးတော့ ခေါင်းညိတ်ပြကာ ပြောလိုက်တယ်။

“မင်းရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်တာတောင် မင်းရဲ့ အခြေခံက ထူးထူးဆန်းဆန်းကို ခိုင်မာနေတာပဲ။ ငါတောင်မှ နည်းနည်းလေး အမှတ်မထင် ဖြစ်သွားတယ်”

ဒီလောက်ထိ အံ့သြစရာတော့ မရှိပါဘူး။ လင်းဟာန်မှာ သူ့ရဲ့ အနက်ရောင် မျှော်စင်အထဲမှာ ပြန်လည်မွေးဖွားခြင်း

သစ်ပင်ရှိနေပါတယ်။ တစ်ရက်လောက် တာအိုကို ဆင်ခြင်တာက တစ်နှစ်စာနဲ့ ညီမျှပါတယ်။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က မခိုင်မြဲဘဲ နေမှာလဲ။

လင်းဟန်က ရိုးရိုးလေးပဲ ပြုံးလိုက်ပါတယ်။ သူက အဘိုးကြီးရှကို အရမ်းကို ကြည်ညိုလေးစား ပေမဲ့လည်း သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြမှာ မဟုတ်ပါဘူး။ အမှန်တော့ အဘိုးကြီးရှုနဲ့ ပတ်သက်ပြီး သူဘာမှ မသိသေးပါဘူး။ ဒါကြောင့် သူက သူ့ရဲ့အနက်ရောင် မျှော်စင်နဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ လျှို့ဝှက်ချက်တွေကို ထုတ်ဖော်ပြနိုင်မှာလဲ။

"မင်းရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အရမ်းကို လျင်မြန်နေမှတော့ ဒီအဘိုးကြီးက မင်းကို သတိပေးဖို့တောင် အရမ်းကို နောက်ကျနေပြီ"

အဘိုးကြီးရှုက ပြောလိုက်တယ်။

"ကျနော့်ကို ဘာအကြောင်းနဲ့ ပတ်သက်ပြီး သတိပေးမလို့လဲ"

အဘိုးကြီးရှက မဖြေပဲ အဲဒီအစား မေးလိုက်ပါတယ်။

"မင်းရဲ့ အမြင်မှာ ကျင့်ကြံသူ တစ်ယောက်က ကြယ်ဘယ်နှစ်လုံး အမြင့်ဆုံးထိ ကျော်ဖြတ်နိုင်မလဲ"

ဟင်။

ဒါက မေးခွန်းတစ်ခုလား။

"ကြယ်လေးပွင့် ပါရမီရှင်တွေက မယုံနိုင်စရာကောင်းလောက်အောင် ရှားပါးပြီး ကြယ်ငါးပွင့် ပါရမီရှင်တွေက ဒဏ္ဍာရီထဲမှာပဲ ရှိကြတယ်။ ဒါက လူသိများတဲ့ အချက်တစ်ခုပဲ"

ဒါပေမဲ့လည်း လင်းဟန်က သူ့ရဲ့တိုက်ပွဲစွမ်းရည်ဟာ သေချာပေါက် ကြယ်ငါးပွင့် အထက်မှာ ရှိတယ်ဆိုတာကို သိထားပါတယ်။

အခုချိန်မှာ သူ့ရဲ့ စွမ်းအားတစ်ခုတည်းနဲ့ ကြယ်ငါးပွင့်ကို သာလွန်နိုင်ပါတယ်။ တကယ်လို့ သူ့ရဲ့ တခြားစွမ်းဆောင်ရည်တွေ အားလုံးကို

ထုတ်ဖော်လိုက်မယ်ဆိုရင် ကြယ်ခုနစ်ပွင့်ကို ကျော်လွန်ဖို့ ဆိုတာတောင် ပြဿနာ မရှိပါဘူး။

Chapter 1092 end

အပိုင်း(1093) ကြယ်ဆယ်ပွင့် ပါရမီရှင်

"စီနီယာ လူတစ်ယောက်က ကြယ်ဘယ်နှစ်ပွင့် ကျော်လွန်နိုင်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ကြိုတင်သတ်မှတ်ချက် ရှိနိုင်ပါတယ်"

လင်းဟန်က ခဏလောက် စဉ်းစားပြီးမှ ဆက်ပြောလိုက်တယ်။

"ဥပမာ ကျနော်ဆိုရင် တကယ်လို့ ကျနော့်ထက် ကြယ်ကိုးလုံး သာလွန်တဲ့ လူတစ်ယောက်နဲ့ ကြုံရမယ်ဆိုရင် အဲဒီလူက နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ခုခံရင်ဆိုင်လို့ရတဲ့ နည်းစနစ် နည်းနည်းမှ လေ့ကျင့်ထားတာ မရှိဘူးဆိုရင်တော့ ကျနော်က စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကို အသုံးပြုပြီး အဲဒီလူကို တိုက်ခိုက်မယ်။ ပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို ဖိနှိပ်ထိန်းချုပ်ပြီး

သူတို့ကို အနိုင်ယူဖို့ အနည်းဆုံး ကျနော်မှာ ငါးဆယ်ရာခိုင်နှုန်း အခွင့်အရေး ရှိလိမ့်မယ်”

“အဲဒါကြောင့် ကျနော့်မှာ ကြယ်ကိုးလုံးကို ကျော်လွန်နိုင်တဲ့ စွမ်းရည် ရှိလိမ့်မယ်”

“ဒါပေမဲ့ တကယ်လို့ ကျနော့်ထက် ကြယ်ရှစ်ပွင့်ပဲ သာလွန်တဲ့ တိုက်ပွဲစွမ်းရည်ရှိ လူတစ်ယောက်နဲ့ တွေ့ဆုံရပြီး အဲဒီလူက နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ကာကွယ်နိုင်တဲ့ နည်းစနစ်တွေကို လေ့ကျင့်ထားတယ်ဆိုရင် ကျနော် ရှုံးနိမ့်သွားနိုင်ချေ အရမ်းများတယ်”

“အဲဒီလိုဆိုရင် ကျနော့်စွမ်းဆောင်ရည်က ကြယ်ရှစ်လုံးကိုတောင် မကျော်နိုင်ဘူး”

“ဒါပေမဲ့လည်း တကယ်လို့ ဒုတိယလူက နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ခုခံနိုင်ပေမဲ့ ပထမလူကို အနိုင်မယူနိုင်ရင် သဘာဝကျတယ်။ ဒါဆိုရင်တော့ ထူးဆန်းတဲ့ စက်ဝိုင်း တစ်ခုလိုပဲ။ ကျနော်က ပထမလူကို အနိုင်ယူနိုင်တယ်။ ပထမလူက ဒုတိယလူကို အနိုင်ယူနိုင်တယ်။ ဒုတိယလူက

ကျနော့်ကို အနိုင်ယူနိုင်တယ်။ ဒီလိုသာဆိုရင် ကျနော့်ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်နန်းမှာ ရှိတယ်ဆိုတာကို တကယ်မသိတော့ဘူး"

အဘိုးကြီးရှက ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အရမ်းကောင်းတယ်။ ဟားဟား တကယ့်ကို အရမ်းကောင်းတာပဲ။ မင်းက ဒီလိုမျိုး ဖြစ်နိုင်ချေတွေကိုတောင် စဉ်းစားသုံးသပ်နိုင်တာပဲ။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်က စွမ်းအားကို ဘယ်လိုဆုံးဖြတ်ထားလဲ ဆိုသလိုပေါ့။ တန်ခိုးရှင်အဆင့်ရဲ့ တိုက်ပွဲစွမ်းရည်တွေကလည်း စွမ်းအားပေါ်မှာ တည်ဆောက်ထားတာပဲ။ တကယ်တော့ စွမ်းအားဆိုတာက လုံးဂကို အခြေခံကျဆုံးပဲ"

"ကြယ်သာလွန်နိုင်တဲ့ ပါရမီရှင်တွေနဲ့ ပတ်သက်တဲ့ အကြောင်းကို ပြောရမယ်ဆိုရင် စွမ်းအားကို တိုင်းတာပြီး သုံးရတယ်။ တိုက်ပွဲစွမ်းရည်နဲ့ မဟုတ်ဘူး"

"ဒါပေါ့။ စွမ်းအားပိုရှိတာကလည်း အောင်ပွဲရဖို့ လိုအပ်တဲ့ အာမခံချက် မရှိဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ အံ့အားသင့်စရာတော့ မရှိပါဘူး။ ဒါကြောင့် ကြယ်ပွင့်ပါရမီရှင်တွေနဲ့ ပတ်သက်ပြီး ပြောရတဲ့ အချိန်မှာ သူတို့စွမ်းအားရဲ့ ပကတိ မျက်မြင်အနေအထားကနေ လူတစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို ငါတို့က ရိုးရိုးလေးပဲ တိုင်းတာရမယ်။ ဒါကြောင့် စွမ်းအားဆိုတာက အရေးအပါဆုံး စွမ်းရည်ဖြစ်တယ်"

"စွမ်းအားမရှိပဲ အရာအားလုံးက အသုံးမဝင်နိုင်ဘူး"

လင်းဟန်က ခေါင်းညိတ်ပြီး သဘောတူလိုက်ပါတယ်။ တကယ်လို့ လူနှစ်ယောက်က တူညီတဲ့ စွမ်းအားတွေ ပိုင်ဆိုင်ထားမယ်ဆိုရင် သူတို့အနေနဲ့ အစွမ်းမျိုးမျိုးရှိပြီး မတူညီတဲ့ လျှို့ဝှက် နည်းစနစ်တွေကို လေ့ကျင့်ထားပါလိမ့်မယ်။ သူတို့ရဲ့ ခွန်အားတွေမှာ မတူညီတဲ့ လက္ခဏာတွေ ဖြစ်ပေါ်လာတတ်တာ သဘာဝပါပဲ။

ဒီအတွက်နဲ့ ပတ်သက်ပြီး ဘာမှမတတ်နိုင်ပါဘူး။ လူတစ်ယောက်က ပါရမီရှင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် ပါရမီရှင်မဟုတ်ရင်ပဲဖြစ်ဖြစ် ဘယ်လောက်ထိ အစွမ်းကုန် အားထုတ်နိုင်မလဲ။ နောက်ပြီး အဲဒီလူက လျှို့ဝှက်နည်းစနစ်တွေနဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေ အားလုံးကိုလည်း လေ့ကျင့်ထား ရပါမယ်။

ဒီတိုင်းတာမှုနဲ့ လင်းဟန်က ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒါက သူ့ရဲ့ အကန့်အသတ် မဟုတ်သေးပါဘူး။ သူ့ရဲ့ စွမ်းအားက သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက် သာလွန်ပြီး တိုးတက်နေတဲ့ နန်းထားတစ်ခုမှာ ရှိတယ်ဆိုတာကို သတိပြုရပါမယ်။ ပြီးတော့ ကြယ်ခြောက်ပွင့်ကိုတောင် ရောက်နိုင်ချေတစ်ခု ရှိပါတယ်။

"မင်း စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ ရှိတုန်းက စွမ်းအား ကြယ်နစ်ဆယ်လုံးကို ရယူနိုင်ခဲ့တယ်"

အဘိုးကြီးရှက ပြောလိုက်တယ်။

"ဆိုလိုတာက အရင်အဆင့်မှာ မင်းက ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ခဲ့တယ်လို့ ဆိုလိုတာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ရဲ့ ကြယ်နှစ်ဆယ်လုံးကို ရောက်နိုင်စရာ နည်းလမ်းမရှိဘူး။ ဒါပေမဲ့လည်း တကယ်လို့ မင်းက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို အခုလိုမျိုးပဲ ကျင့်ကြံအားထုတ်မယ်ဆိုရင် မင်းရဲ့ စွမ်းအားက အများဆုံး ကြယ်ခြောက်လုံးကို ကျော်လွန်နိုင်စွမ်းပဲ ရှိလိမ့်မယ်"

ကြယ်ခြောက်လုံး ဒါက အထင်ကြီးစရာကောင်းဖို့ မလုံလောက်သေးဘူးလား။

ကြယ်ငါးပွင့် ပါရမီရှင်တွေက ဒဏ္ဍာရီ အထဲမှာပဲ တည်ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီလိုမျိုး ဒဏ္ဍာရီလာ ပါရမီရှင်တွေက လျှို့ဝှက်နည်းစနစ်တွေ အပေါ်မှာ မှီခိုတာလည်း ဖြစ်နိုင်ပြီး သူတို့ကိုယ်ပိုင် စွမ်းဆောင်ရည်တွေနဲ့ ဒီလိုအမြင့်ကို ရောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"စကြာဝဠာရဲ့ ကြီးမားကျယ်ပြန့်တဲ့ သဘာဝက မင်းခန့်မှန်းထားတာထက် ပိုတယ်။ တန်ခိုးရှင် ဘုံထဲမှာ ပါရမီရှင်တွေက မရှားဘူး"

အဘိုးကြီးရှက သူ့ခေါင်းကို ခါလိုက်ပြီးတော့ ဆက်ပြောလိုက်တယ်။

"ငါ ငယ်ငယ်တုန်းက နေရာအနှံ့အပြားကို ခရီးထွက်ခဲ့တယ်။ ပြီးတော့ မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေကို မျက်မြင်ကြုံတွေ့ခဲ့တယ်။ အဲဒီတော့မှပဲ ငါက ရေတွင်းတစ်ခုကနေ မိုးကောင်းကင်ကို မော့ကြည့်နေတဲ့ ဖားသူငယ် တစ်ကောင်ပဲ ဆိုတာကို သတိပြုမိခဲ့တယ်"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကျနော့်ကို အမြင်ကျယ်စေတဲ့အတွက် ကျေးဇူးတင်ပါတယ် စီနီယာ"

အဘိုးကြီးရှရဲ့ မျက်နှာပေါ်မှာ ကျေနပ်တဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီလူငယ်က ဘာဂင်လည်း မမြင့်သလို စိတ်လည်းရှည်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းက အရမ်းကို

လျင်မြန်ပြီး ထူးချွန်နေတာ အံ့သြစရာ မရှိတော့ပါဘူး။ သူမျက်နှာပေါ်မှာ တသသ အောက်မေ့တဲ့ အမူအရာ တစ်ခု ဖြစ်ပေါ်ပြီး အချိန်အတော်ကြာတဲ့အထိ နေပြီးမှ သူက စကားစလိုက်ပါတယ်။

"ကျင့်ကြံခြင်းရဲ့ အကန့်အသတ်က ကြယ်ဆယ်လုံး ဖြစ်သင့်တယ်"

ဖူး။

လင်းဟန်က တံတွေးသီးလုမတတ် ဖြစ်သွားခဲ့ပါတယ်။ ကြယ်ငါးပွင့် ပါရမီရှင်တွေက ဒဏ္ဍာရီတွေထဲက အရာတွေပဲ ဖြစ်ပါတယ်။ ဒါကို သူက ကြယ်ဆယ်ပွင့်ပဲ စစ်မှန်တဲ့ အကန့်အသတ် ဖြစ်တယ်လို့ ပြောနေတာလား။ နောက်ပြီးတော့ အဘိုးကြီးရှပြောတဲ့ ကြယ်ဆယ်ပွင့် ဆိုတာက စွမ်းအားတစ်ခုတည်းနဲ့ ပတ်သက်တာ ဖြစ်ပြီးတော့ လျှို့ဝှက် နည်းစနစ်တွေ လေ့ကျင့်ထားတဲ့ ရလဒ်မဟုတ်ပါဘူး။

အဲဒါက ဖြစ်နိုင်ပါ့မလား။ ကြယ်ဆယ်လုံး။

သူက ထူးခြားပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်တိုင်းကို ပြီးပြည့်စုံတဲ့ အခြေအနေ တစ်ခုထိ ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အဘိုးကြီးရှု ပြောသလိုပဲ သူက အများဆုံး ကြယ်ခြောက်ပွင့်ကိုပဲ ရောက်နိုင်ပါတယ်။ ဒါက ကြယ်ဆယ်ပွင့်ရဲ့ လမ်းတစ်ဝက်ကျော်လောက်ပဲ ရှိပါတယ်။

"တကယ်လို့ မင်းထက် အဓိက အဆင့်တစ်ဆင့်မြင့်တဲ့ ကျင့်ကြံသူတွေကို စိန်ခေါ်ချင်တယ်ဆိုရင် မင်းက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်မှရမယ်"

အဘိုးကြီးရှုက မနှေးမမြန် လေသံနဲ့ ဆက်ပြောလိုက်ပါတယ်။

"ကြယ်ကိုးပွင့် ပါရမီရှင်တွေတောင် ဒီကွာဟချက်ကို မော့ကြည့်ရုံပဲ တတ်နိုင်တယ်။ တကယ်လို့ မင်းက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ်မှာရှိတဲ့ ကြယ်ကိုးပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် နေလအဆင့်ရဲ့ ကနဦးအဆင့်က အစောပိုင်း အဆင့်မှာရှိတဲ့ လူတွေရဲ့ အရှေ့မှာ မင်းရဲ့ခေါင်းကို ငုံ့ထားရုံပဲ တတ်နိုင်မယ်"

လင်းဟန်က စိတ်လှုပ်ရှားသွားမိပါတယ်။ သူ့အနေနဲ့ အရင်တုန်းက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က နေလအဆင့် ကျင့်ကြံသူ တစ်ယောက်ကို အနိုင်ယူနိုင်တာနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ မကြားဖူးပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်နိုင်ရင် မဖြစ်နိုင်ဘူးဆိုတာတွေကို ဖြစ်လာအောင် လုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဟုတ်ပါတယ်။ ဒါက အခြေအနေတစ်ခုတော့ ရှိရပါမယ်။ တစ်ယောက်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းက အထွတ်အထိပ်မှာ ရှိပြီးတော့ ပြိုင်ဘက်က နေလအဆင့်ရဲ့ ကနဦး အဆင့်မှာပဲ ရှိရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ တစ်ယောက်က ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဆိုရင်တောင် အချည်းနှီး ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က အနည်းငယ် ခေါင်းခြောက်သွားပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့ စီနီယာ စောစောတုန်းကပဲ ကျနော့် ကျင့်ကြံခြင်း အဆင့်တိုင်းက ပြီးပြည့်စုံခြင်း အဆင့်တစ်ခုကို ရောက်နေပြီလို့ ပြောခဲ့တယ်။ ဒါတောင်မှ ကျနော့်စွမ်းအားက ကြယ်ခြောက်ပွင့် အထိပဲ ရောက်နိုင်တယ်"

ဒါက မဖြစ်နိုင်တဲ့ စမ်းသပ်ချက် တစ်ခု မဟုတ်လား။

အဘိုးကြီးရှုက ဟက်ဟက်ပက်ပက် ရယ်မောပြီး ပြောလိုက်တယ်။

"လူငယ်လေး နည်းနည်းလောက် စိတ်ရှည်မှပေါ့"

သူက မတ်တပ်ထရပ်ပြီးတော့ ပြောလိုက်တယ်။

"ဒီအဘိုးကြီးနဲ့ လမ်းအတူလျှောက်ဖို့ လိုက်လာခဲ့"

သူတို့နှစ်ယောက်က နောက်တစ်ကြိမ် ရေကန်ဘေးက တောအုပ်ထဲကို ဖင်လာခဲ့ပါတယ်။

"လူတွေပြောနေတဲ့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ဆိုတာက တကယ်တော့ ပြီးပြည့်စုံခြင်း အဆင့်မဟုတ်သေးဘူး"

လင်းဟန်က ချက်ချင်းပဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။

"ပြီးပြည့်စုံခြင်း အဆင့်မဟုတ်သေးဘူးလား"

"တောင်မြစ်အဆင့်ရဲ့ အစစ်အမှန် အထွတ်အထိပ်က တောင်နဲ့မြစ် ငါးခုပဲ။ လေးခုမဟုတ်ဘူး"

လင်းဟန်က ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။

တောင်မြစ်အဆင့်မှာ အဆင့်သေး လေးခုရှိတယ် ဆိုတာက အားလုံးသိနေတဲ့ အကြောင်းအရာ တစ်ခုပဲ ဖြစ်ပါတယ်။ ကျင့်ကြံသူတွေ အားလုံးကလည်း ဒီအတိုင်းပဲ ကျင့်ကြံအားထုတ် ခဲ့ကြပြီး သူတို့ရဲ့ နေ့တွေလတွေကို စတင်မဖြစ်ပေါ်ခင် တောင်မြစ်လေးခုရောက်အောင် ကျင့်ကြံအားထုတ် ကြပါတယ်။ အဲဒီနောက်မှ သူတို့က နောက်ထပ်ကျင့်ကြံခြင်း အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ စတင်ကြပါလိမ့်မယ်။

ဒါပေမဲ့လည်း သူ့ကို အခုဆို လူတစ်ယောက်က တောင်မြစ် ငါးခု ဖြစ်ပေါ်နိုင်တယ်လို့ ပြောနေပါပြီ။

ဒါဆိုရင် ခြောက်ခု ဒါမှမဟုတ် ခုနစ်ခုတောင် ဖြစ်နိုင်ချေ ရှိမလား။

"တောင်မြစ်အဆင့်ရဲ့ အစစ်အမှန် အထွတ်အထိပ်က ငါးခုပဲ။ နောက်ထပ် တောင်မြစ်တွေ ထပ်ပြီးတော့ ဖြစ်ပေါ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

အဘိုးကြီးရှုက သူ့ခေါင်းကို ခါပြီးတော့ ဆက်ပြောလိုက်တယ်။

"ဒါက အဆင့်သေး အပိုတစ်ခု တက်တာနဲ့ ညီမျှတယ်။ ပြီးတော့ ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာနိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းပဲ"

လင်းဟာန်က ပဟေဋ္ဌိ ဖြစ်သွားပြီး နောက်တစ်ကြိမ် ထပ်မေးလိုက်ပါတယ်။

"ဒါဆိုရင် ကြယ်ခြောက်ပွင့်နဲ့ ဆယ်ပွင့်အကြား ကွာဟချက် မရှိဘူးလား"

ကြယ်ခုနစ်ပွင့်၊ ကြယ်ရှစ်ပွင့်နဲ့ ကြယ်ကိုးပွင့် ပါရမီရှင်တွေက ဘယ်နေရာကို ရောက်ကုန်လဲ။

အဘိုးကြီးရှက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်တယ်။

"မင်းထင်တာက လူတစ်ယောက်ဟာ တောင်မြစ်ငါးခု ဖြစ်ပေါ်ပြီးတဲ့နောက်မှာ အထွတ်အထိပ်ကို ရောက်သွားပြီးလို့ ပြောနိုင်ပြီ ထင်နေတာလား။ တချို့က တောင်ပဲ ဖြစ်ပေါ်နိုင်စွမ်းရှိပြီး တချို့က တောင်ရောမြစ်ရော နှစ်ခုလုံး ဖြစ်ပေါ်စေနိုင်စွမ်းရှိတယ်။ သူတို့က ပြီးပြည့်စုံအောင် မကျင့်ကြံနိုင်ခဲ့ကြဘူး။ ဒါကြောင့် ဒီလူတွေက ကြယ်ခုနစ်ပွင့် ရှစ်ပွင့်နဲ့ ကိုးပွင့် ပါရမီရှင်တွေ ဖြစ်လာတာပဲ"

ဒီလိုကိုး။

လင်းဟန်က တဒင်္ဂလောက် ငြိမ်သက်ပြီးမှ အသံတုန်တုန်နဲ့ မေးလိုက်တယ်။

"ဒါဆိုရင် စီနီယာ ပြောတဲ့အတိုင်းဆို နေလအဆင့် ကျင့်ကြံသူတွေလည်း နေလငါးခု ပုံစံ

ဖြစ်ပေါ်စေနိုင်တယ်ပေါ့။ ကောင်းကင်ဘုံအဆင့် ခန္ဓာကိုယ် ကျင့်ကြံသူတွေလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် ငါးခုကို ဖြစ်ပေါ်စေနိုင်တယ်ပေါ့ ဟုတ်လား။ ဒါဆိုရင် ကြယ်ဆယ့်တစ်ပွင့် ဆယ့်နှစ်ပွင့် ပါရမီရှင်တွေရော မရှိနိုင်ဘူးလား"

"အရမ်းကောင်းတဲ့ မေးခွန်းပဲ"

အဘိုးကြီးရှက ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း မင်းတစ်ခု မှားနေတယ်"

သူက လက်တစ်ချောင်းကို ထောင်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ သူတို့က ကျင့်ကြံခြင်း အဆင့်တိုင်းရဲ့ အထွတ်အထပ်ကို ရောက်လို့ရှိရင် ကြယ်ဆယ်ပွင့်ရဲ့ စွမ်းအားတစ်ခုကိုပဲ ထိန်းသိမ်းနိုင်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့ဟာ ကျင့်ကြံခြင်းအဆင့် တစ်ခုရဲ့ အထွတ်အထိပ်ကို ရောက်ဖို့ ကျရှုံးသွားခဲ့မယ်ဆိုရင် လူတစ်ယောက်ရဲ့ စွမ်းအားကလည်း ကျရှုံးသွားရလိမ့်မယ်။

အဲဒါကြောင့် သူတို့က ကြယ်ကိုးပွင့်၊ ရှစ်ပွင့်နဲ့ ခုနစ်ပွင့် ပါရမီရှင်တွေပဲ ဖြစ်လာလိမ့်မယ်”

လင်းဟာန်က နားလည်သွားပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ ဒါဆိုရင် ကြယ်ဆယ်ပွင့်ရဲ့ စွမ်းအား တစ်ခုကို ထိန်းသိမ်းရတာက တကယ်ပဲ ခက်ခဲတာပေါ့။ အဓိက အဆင့်တိုင်းရဲ့ အစစ်အမှန် အထွတ်အထိပ်ကို ရောက်ရှိ ရပါလိမ့်မယ်။

“စီနီယာ အရင်တုန်းက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက်ကို မြင်တွေ့ဖူးလား”

လင်းဟာန်က မေးလိုက်တယ်။

အဘိုးကြီးရှရဲ့ မျက်လုံးတွေထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အလင်းရောင်တစ်ချက် လက်သွားပြီး သူ့မျက်နှာတောင် အနည်းငယ် ရှုံ့မဲ့သွားပါတယ်။ သူက တော်တော်ကြာပြီးမှ တည်ငြိမ်လာပြီး ပြောလိုက်တယ်။

“ငါ့ကိုယ်ပိုင် မျက်လုံးတွေနဲ့တော့ တစ်ယောက်မှ မမြင်ဖူးဘူး။ ဒါပေမဲ့လည်း သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်မှာ လုံးဝကို

ပြိုင်ဘက်ကင်းတဲ့ အထွတ်အထိပ် ပါရမီရှင် အနည်းစုနဲ့ ပတ်သက်ပြီး ငါကြားဖူးတယ်။ အဲဒီအထွတ်အထိပ် ပါရမီရှင်တွေကို ဘုရင်လေးအဆင့် ကျင့်ကြံသူတွေလို့ ခေါ်တယ်”

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဒီလိုမျိုး ကျင့်ကြံသူတွေ ရှိနေတဲ့အပြင် အနည်းငယ်တောင် ရှိနေပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ စွမ်းအားကြယ်နှစ်ဆယ်လုံးကို ရရှိချင်တယ်ဆိုရင် မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှုကို လက်ခံရရှိဖို့ လိုအပ်တယ် ဆိုတာကို သတိပြုရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူတစ်ယောက်က ကြယ်ဆယ့်ခုနစ်ပွင့်ထိပဲ ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။ ကျန်ရှိနေတဲ့ ကြယ်သုံးပွင့်က နောက်တစ်ဆင့် ဖြစ်သွားပါပြီ။

အဘိုးကြီးရှက သူခေါင်းရှုပ်သွားတယ် ဆိုတာကို သတိပြုမိပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

“တန်ခိုးရှင်ဘုံက ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေ အတွက်တော့ သူတို့ကလန် အဖွဲ့သားတွေကို ကျွမ်းကျင်ယ်လေးတွေဆီကို စေလွှတ်ပြီး မိုးကောင်းကင်ကို ခွဲဖွင့်ဖို့အတွက် ခက်ခဲမယ်လို့ မင်းထင်နေတာလား”

Chapter 1093 end

အပိုင်း(1094) မှုန်ဝါးဝါး ကမ္ဘည်းကျောက်စာတိုင်

“အာ”

လင်းဟာန်ရဲ့ ခန္ဓာကိုယ်က ပြင်းပြင်းထန်ထန် တုန်ခါသွားပါတယ်။ တကယ်ပါပဲ။ အဲဒါက လုံးဝကို ဖြစ်နိုင်ချေ ရှိပါတယ်။

လူတစ်ယောက်က မိုးကောင်းကင်ကို ခွဲဖွင့်ပြီး တန်ခိုးရှင်ဘုံကို ပြန်ဝင်လာနိုင်ပါတယ်။ အဲဒါဆိုရင်

လူသားလောကရဲ့ ပြီးပြည့်စုံတဲ့ အခြေအနေ တစ်ခုကို ရောက်ရှိပြီး ကျန်နေတဲ့ ကြယ်သုံးပွင့်ကိုပါ ရရှိစေနိုင်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်မိတယ်။ ဒီလူတွေမှာ တကယ့်ကို ကောင်းမွန်တဲ့ အဖေတွေ ရှိတာပဲ။

အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့တွေက စမှတ်မှာပဲ ဆုံးရှုံးနစ်နာသွားရ ပါလိမ့်မယ်။

"ငါမင်းကို ဘာဖြစ်လို့ ပြောပြရလဲဆိုရင် မင်းအနေနဲ့ လောဘတကြီး အဆင့်တက်သွားမှာကို ငါမလိုချင်လို့ပဲ။ တကယ်လို့ မင်းက ဘုရင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် ကျင့်ကြံခြင်း အဆင့်တိုင်းအတွက် ပြီးပြည့်စုံတဲ့ အဆင့်တစ်ခုကို ရောက်ရလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တချို့ ကျင့်ကြံခြင်း အဆင့်တူထဲမှာ အမွေဆက်ခံမှု အားသာချက်တစ်ခုရှိတဲ့ သူတွေက မင်းထက် သူတို့ရဲ့ စွမ်းအားတွေ သန်မာနေလိမ့်မယ်"

"နောက်ပြီးတော့ နတ်ဘုရား ပစ္စည်းတွေနဲ့ ရှားပါးရတနာ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး မင်းက ထာဂရမြစ်အဆင့်နဲ့

မူလဇစ်မြစ် လက်ရွေးစင်တွေရဲ့ မျိုးဆက်ကို ဘယ်လိုလုပ်ပြီး ဆန့်ကျင် ရင်ဆိုင်နိုင်မှာလဲ”

လင်းဟန်က ခေါင်းညိတ်ပြီးတော့ သဘောတူလိုက်ပါတယ်။ အရင်းအမြစ်နဲ့ ပတ်သက်ရင် သူက လက်ရွေးစင်တွေရဲ့ မျိုးဆက်တွေကို သေချာပေါက် မယှဉ်နိုင်ပါဘူး။ အဲဒါကြောင့် သူ့အနေနဲ့ တိုးတက်ဖို့ အပြင်းအထန် ရုန်းကန်ပြီး ကျင့်ကြံခြင်း အဆင့်တိုင်းအတွက် အစစ်အမှန် အထွတ်အထိပ် ရောက်ဖို့ ရည်ရွယ်ရပါမယ်။

“စီနီယာရဲ့ အကြံပေးမှုအတွက် ကျေးဇူးတင်ပါတယ်”

သူက ရိုးရိုးသားသား ပြောလိုက်ပါတယ်။ တကယ်လို့ အဘိုးကြီးရှရဲ့ အကြံပေးမှုကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ နောက်ထပ် အဓိက အဆင့်ကြီးဆီကို ချိုးဖျက်ဝင်ရောက်ဖို့ သေချာပေါက် စတင်ပါလိမ့်မယ်။ ဒီလိုသာဆိုရင် သူက ကြယ်ခြောက်ပွင့် ပါရမီရှင် တစ်ယောက်ပဲ ဖြစ်နိုင်ပါလိမ့်မယ်။ တကယ်လို့ နောက်ထပ်လာမဲ့ အဓိက အဆင့်တွေရဲ့

အထွတ်အထိပ်ကို သူရောက်ရင်တောင်မှ အများဆုံး ကြွယ်ကိုးပွင့် ပါရမီရှင် တစ်ယောက်ပဲ ဖြစ်နိုင်ပါလိမ့်မယ်။ သူ့အနေနဲ့ ကြွယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်လာမဲ့ အခွင့်အရေး လုံးဝကို ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဘိုးကြီးရှက အသိအမှတ်ပြုတဲ့ အနေနဲ့ ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"နှုတ်ဆက်ပါတယ်"

သူက သူပြောချင်တာ အားလုံးကို ပြောပြီးသွားပုံ ရပါတယ်။ ပြီးတော့ နောက်ထပ် စကားထပ် ပြောဖို့ စိတ်မဝင်စားတော့ပုံ ရပါတယ်။

"ဒါဆိုရင် ကျနော် နောက်မှပဲ လာလည်ပါဦးမယ်"

လင်းဟာန်က ရိုသေလေးစားစွာနဲ့ ခေါင်းငုံ့ပြီး ဂါရဝပြုကာ လှည့်ထွက်လာခဲ့ပါတယ်။

အဘိုးကြီးရှက သူ့ကို လျှို့ဝှက်ချက်တချို့ပဲ ပြောပြခဲ့ပေမဲ့ ဒီလျှို့ဝှက်ချက်တွေက သူ့ရဲ့ အနာဂတ်အတွက် အရမ်းကို

အရေးပါ အရာရောက်ပါတယ်။ ကြယ်ခြောက်ပွင့် ပါရမီရှင်နဲ့ ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် အကြားက ကွာဟချက်ဟာ အရမ်းကို ကြီးမားလွန်းပါတယ်။

ဒါပေမဲ့လည်း ပါရမီရှင် အများစုက ဒီလို့ဂုက်ချက်ကို သိလား မသိဘူးလားဆိုတဲ့ လက္ခဏာ နည်းနည်းတောင် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျင့်ကြံခြင်း အဆင့်တိုင်းရဲ့ အထွတ်အထိပ်ကို ရောက်ရှိအောင် လုပ်ရတာက အရမ်းအရမ်းကို ခက်ခဲလွန်းပါတယ်။ နောက်ပြီး တကယ်လို့ လူတစ်ယောက်က လူသားလောကရဲ့ အထွတ်အထိပ်ကို မရောက်နိုင်ဘူးဆိုရင် သူတို့အတွက် တောင်မြစ်ငါးခုနဲ့ နေလငါးခု ဖြစ်ပေါ်ခဲ့ရင်တောင် ကြယ်ဆယ်ပွင့် ပါရမီရှင် အဖြစ်ကို ရောက်ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ဖို့အတွက်ဆိုရင် လူတစ်ယောက်က ကျင့်ကြံခြင်း အဆင့်တိုင်းမှာ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိဖို့ လိုအပ်ပါတယ်။ ပြီးပြည့်စုံခြင်း အဆင့်ကနေ အဆင့်သေးတစ်ခု

လျော့ကျသွားရင်တောင် ကြယ်ကိုးပွင့် ပါရမီရှင် အဖြစ်ကို ဆုတ်ယုတ် သွားပါလိမ့်မယ်။

မိုးရေကောရာဇ်မှာ ကြယ်ကိုးပွင့် ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်တဲ့ အလားအလာတစ်ခု ရှိတယ်လို့ လင်းဟန်က ယုံကြည်နေပါတယ်။ ဖန်ပိုယွမ်ကတော့ ပါရမီ အနည်းငယ် နိမ့်ကျကာ ကြယ်ရှစ်ပွင့် ပါရမီရှင်တစ်ယောက် ဖြစ်နိုင်ပါတယ်။ အဲဒီအချိန်မှာ မုယောင်ချင်းကတော့ တောင်မြစ်ငါးခု ဒါမှမဟုတ် နေလငါးခုကိုတောင် ဖြစ်ပေါ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူက ဘယ်လိုပဲဖြစ်ဖြစ် စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ရဲ့ ကြယ်ဆယ့်ခုနစ်ပွင့် စွမ်းအားကိုပဲ ရောက်ရှိခဲ့ ပါတယ်။ ဒါကြောင့် သူ့ရဲ့ အကန့်အသတ်က အများဆုံး ကြယ်လေးပွင့်ပဲ ဖြစ်ပါလိမ့်မယ်။

ပါရမီရှင်တွေ အကြားက ကွာဟချက်ဟာ တန်ခိုးရှင်ဘုံကို သူတို့တွေ ရောက်ပြီးတဲ့နောက်မှာ ကျဉ်းမြောင်းမသွားဘဲ ပိုပြီးတော့တောင် ကြီးမားလာပါတယ်။

သုံးရက်ခန့် ကြာပြီးတဲ့နောက်မှာ လင်းဟန်နဲ့ စွေ့ရန်ယွီတို့က သူတို့ရဲ့ ကြယ်တာရာလှေပေါ်ကို တက်လာခဲ့ပါတယ်။ သူတို့က အချိန်မရွေး ထွက်ခွာဖို့ အဆင်သင့် ဖြစ်နေကြပါပြီ။

ကြယ်တာရာလှေက တကယ့်ကို ကြီးမားပါတယ်။

စစ်သင်္ဘောတွေကို အရွယ်အစား သေးငယ်ပြီး တည်ဆောက်ထားကာ တိမ်ထိုးဖောက်ခြင်း လွန်းပျံနဲ့ တူပြီးတော့ လူနှစ်ယောက်လောက်ပဲ ထိုင်နိုင်ပါတယ်။ ဒါပေမဲ့လည်း ကြယ်တာရာ လှေတွေကတော့ အနည်းဆုံး မြို့တစ်ဂက်စာလောက် ကြီးမားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြယ်စင်အစုအဝေးကို ဖြတ်ပြီးတော့ ခရီးသွားဖို့ လိုအပ်တဲ့ ရောမ ဂင်္ဂါအစီအရင်တွေကို ရေးထွင်းဖို့ဆိုတာ ဖြစ်နိုင်ချေ ရှိလို့မ်မှာ မဟုတ်ပါဘူး။ တကယ်လို့ ဒီလိုမျိုး ဂင်္ဂါ အစီအရင်တွေသာ ရှိမနေဘူးဆိုရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ အာကာသ အန္တရာယ်တွေ ဒါမှမဟုတ် ကြယ်ဥက္ကာခဲတွေကို ဆန့်ကျင်ရင်ဆိုင်နိုင်မှာလဲ။

ဒီဂက်ပါ အစီအရင်တွေကို အသက်သွင်းလိုက်တဲ့ အချိန်မှာ သူတို့က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာရှိတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင်တွေရဲ့ တိုက်ခိုက်မှုကိုတောင် အချိန်အတိုင်းအတာ တစ်ခုအထိ ကာကွယ်နိုင်ပါတယ်။ အဲဒါက ကြယ်တာရာ လှေတွေကို ထွက်ပြေးလွတ်မြောက်စေဖို့ အချိန်လုံလောက်ပါတယ်။

ဒါပေမဲ့လည်း ကြယ်တာရာလှေကြီးက အရမ်းကို ကြီးမားနေတာတောင် အခုချိန်မှာ လူတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ကြယ်တာရာလှေတွေက အရင်တုန်းကဆို လေထဲကို ထိုးတက်သွားပြီး ကြယ်စင်အစုအဝေး အထဲကို ပျံသန်းဖို့ မကြာပါဘူး။

ဒါပေါ့။ ကြယ်တာရာလှေတွေမှာလည်း အရည်အသွေး အမျိုးမျိုး ရှိပါတယ်။ စွမ်းဆောင်နိုင်ရည်နဲ့ ပတ်သက်ရင် ဒီကုန်သွယ်ရေး ကြယ်တာရာလှေတွေက အရမ်းကို မိုက်ပါတယ်။ သူတို့အရင် ထွက်သွားတဲ့ ကြယ်တာရာလှေက

ငါးရက်လောက် ကြာမှပဲ အပြန်ခရီးကို စတင်နိုင်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်အခု တက်စီးနေတဲ့ ကြယ်တာရာလှေကတော့ ရောမ ဂူသချိုင်းအနားကို ငါးရက်လောက် ပျံသန်းပြီးတာတောင် မကပ်နိုင်သေးပါဘူး။

သူတို့က နောက်ထပ် နှစ်ရက်လောက် အချိန်ယူပြီးမှပဲ ရောမ ဂူသချိုင်းအနားကို ရောက်လာခဲ့ ကြပါတယ်။ အဲဒီအချိန် အနားက နေရာတွေမှာ ကြယ်တာရာလှေတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က ဘေးဘီဝဲယာကို စူစမ်းလေ့လာဖို့ ကုန်းပတ်ပေါ်ကို လမ်းလျှောက်လာခဲ့ ကြပါတယ်။ သူတို့ရဲ့ ကြယ်တာရာလှေကို ခုခံကာကွယ်ရေး ဂျက်ပါ အစီအရင်တွေနဲ့ ဝိုင်းပတ်ထားပြီး သူတို့ဂြိုဟ်ကြီးတွေရဲ့ သဘာဝ ပတ်ဝန်းကျင် ပုံစံအတု ဆွဲငင်အား နယ်မြေအလင်းရောင် တစ်ခုကို ထုတ်လွှတ်ထားပါတယ်။ မတူညီတဲ့ တစ်ခုတည်းသော အရာကတော့ အသက်ရှူဖို့ လေမရှိတာပဲ ဖြစ်ပါတယ်။

ကံကောင်းတာက လူတစ်ယောက်ဟာ တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ အသက်ရှူဖို့ မလိုအပ်ပါဘူး။

တကယ်လို့ တန်ခိုးရှင်အဆင့်ကို မရောက်သေးတဲ့ လူတစ်ယောက် ရောက်လာမယ် ဆိုရင်တော့ သူတို့သေလမ်းကို ရှာတာနဲ့ အတူတူပါပဲ။

သူတို့အရှေ့မှာ ရောမ စက်လုံးခြမ်းပုံတစ်ခု ရှိနေပါတယ်။

ကြယ်ကြီးတွေ အားလုံးပဲ စက်လုံးပုံစံ ရှိပြီး သူတို့အရှေ့က ရောမ ကိုယ်ထည်ကြီးက ထက်ခြမ်း ခွဲခံထားရတဲ့ ကြယ်တစ်လုံးနဲ့ တူနေပါတယ်။ သူ့ရဲ့ကိုယ်ထည် တစ်ဂက်ပဲ ကျန်ပါတော့တယ်။ ဒါကြောင့် ဂူသချိုင်းတစ်ခုနဲ့ ပိုပြီးတော့ တူနေပါတယ်။ ပြီးတော့ မြို့တစ်မြို့နီးပါး အရွယ်အစားရှိတဲ့ ကြယ်တာရာလေ့တွေတောင် ရောမ ဂူသချိုင်းကြီးရဲ့ အရှေ့မှာ ပုရွက်ဆိတ် တစ်ကောင်နဲ့ မခြားပါဘူး။ လုံးဂကို နှိုင်းယှဉ်လို့ မရပါဘူး။

"အဲဒါက အလင်းရောင် ထုတ်လွှတ်တာ မဟုတ်ဘူး။ သူ့ရဲ့ အသက်အဆီအနှစ်ပဲ"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

ကြယ်တာရာလေ့ပေါ်က လူတွေအားလုံး မှင်တက်အံ့သြသွားခဲ့ပါတယ်။ အသက်ဓာတ် အဆီအနှစ်က ဘယ်လောက်တောင် တန်ဖိုးကြီးမားလိုက်သလဲ။ အဲဒါက လူတစ်ယောက် ဘယ်လောက်ထိ အသက်ရှင်သန်နိုင်လဲ ဆိုတာကို ဆုံးဖြတ်ပေးတဲ့ အသက်ဓာတ် အဆီအနှစ် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အသက်ဓာတ် အဆီအနှစ်ကို သူ့ဘာသာသူပဲ ထုတ်နိုင်ပါတယ်။ တကယ်လို့ လူတစ်ယောက်က တခြားသက်ရှိရဲ့ အသက်ဓာတ် စွမ်းအင်ကို လုယူခဲ့မယ် ဆိုရင်တောင် သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်း အပေါ်မှာပဲ အကျိုးအမြတ် ရရှိပါလိမ့်မယ်။ သူတို့ကိုယ်ပိုင် အသက်ဓာတ် အဆီအနှစ် ပမာဏကို တိုးမြှင့်စေဖို့ကတော့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

လူတစ်ယောက်ရဲ့ အသက်ဓာတ် အဆီအနှစ် ကုန်ခမ်းသွားရင် အဲဒီလူက သေရပါလိမ့်မယ်။ ဒါက သဘာဝ တရားအတိုင်းပါပဲ။

ဒါပေမဲ့လည်း ဒီရောမ ဂူသချိုင်းက အခုဆိုရင် အကန့်အသတ်မရှိတဲ့ အသက်ဓာတ် အဆီအနှစ် ပမာဏ တစ်ခုကို ထွေးထုတ်နေပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီးတော့ မအံ့ဩပဲ နေနိုင်မှာလဲ။

တကယ်လို့ ဒီရောမ ဂူသချိုင်းကြီးရဲ့ ထိပ်မှာ ကျင့်ကြံဖို့ ဖြစ်နိုင်ရင် အာနိသင်က တကယ့်ကို ပါးစပ်အဟောင်းသား ဖြစ်သွားစေပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒါက သချိုင်းတစ်ခု ဖြစ်ပြီးတော့ အသက်ဓာတ်မရှိ စိတ်ဝိညာဉ် မရှိသင့်ဘူး မဟုတ်လား။ ဘာဖြစ်လို့ ဒီလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ အသက်ဓာတ် အဆီအနှစ် ပမာဏကို ထုတ်နေရတာလဲ။ ဒါက လုံးဝကို အဓိပ္ပာယ် မရှိတော့ပါဘူး။

"ဟော့ ရောမ ဂူသချိုင်းတစ်ခုက ကြယ်စင်အစုအဝေးထဲမှာ ထူးထူးဆန်းဆန်းနဲ့ ထွက်ပေါ်လာတယ်။ ဒါက အဓိပ္ပာယ် ရှိပါ့မလား"

ဒါက တကယ့်ကို ကြီးမားတဲ့ ဂူသချိုင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ကမ္ပည်းတိုင် ကျောက်စာ တစ်ခုတောင် ရှိနေပါတယ်။

ဂူသချိုင်းက အရမ်းကို ကြီးမားလွန်းတာကြောင့် ကမ္ပည်းတိုင် ကျောက်စာကလည်း အံ့အားသင့်စရာကောင်းတဲ့ အရွယ်အစားရှိတာ သဘာဝကျပါတယ်။

ကျောက်ပြားတွေက သာမန်ပုံစံဆိုပေမဲ့ ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ ရောမ ကျောက်တုံး အပိုင်းအစ တစ်ခုက ဘယ်အချိန်ကတည်းက ရှိနေတာလဲ။ ဒီကမ္ပည်းတိုင် ကျောက်စာက သူတို့တွေ မြင်တွေ့ဖူးခဲ့သမျှ တောင်တွေထက် မြင့်မားပြီးတော့ ကြီးမားပါတယ်။

ကျောက်တုံးပေါ်မှာ အမှတ်အသားတွေ နည်းနည်းလေးမှ မမြင်ရပါဘူး။ အဲဒီ ကမ္ပည်းတိုင် အပေါ်မှာ အရမ်းကို

မှန်ဝါးတဲ့ စာလုံးနှစ်ခု ရေးထွင်းထားပါတယ်။ ဒါပေမဲ့လည်း ဘယ်သူမှ အဲဒီစာလုံးကို မဖတ်နိုင်ပါဘူး။

ကြယ်စင်အစုအဝေးထဲမှာ ဒီလိုရောမ ဂူသချိုင်းတစ်ခုကို ဘယ်သူကများ တည်ဆောက်နိုင်တဲ့ အထိ အစွမ်းထက်မြက်ရတာလဲ။ ဒါက အရင်တုန်းက ဂြိုလ်ကြီးတစ်လုံး ဖြစ်နိုင်ပါတယ်။ဟုတ်တယ်မလား။ တစ်စုံတစ်ယောက်က ဒါကို ရောမ ဂူသချိုင်းကြီး ဖြစ်သွားအောင် အတင်းအကျပ် လုပ်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

"နေပါဦး။ ဘာဖြစ်လို့ ဒီစကားလုံး နှစ်ခုကို ငါမမှတ်မိနိုင် ဖြစ်နေတာလဲ"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။

သူတို့က ကမ္ပည်းတိုင်ပေါ်က စကားလုံး နှစ်လုံးကို တွေ့မြင်ခဲ့ပါတယ်။ သူတို့အနေနဲ့ အဲဒီစာလုံးတွေကို နားမလည်သလို မှန်ဝါးဝါး ဖြစ်နေရင်တောင် သေသေချာချာ မြင်တွေ့ခဲ့ပါတယ်။ ဒါပေမဲ့လည်း လှည့်ထွက်ပြီးတဲ့နောက်မှာ အဲဒီစကားလုံး နှစ်ခုရဲ့ ပုံရိပ်ကို ချက်ချင်းပဲ

မေ့ပျောက်သွားခဲ့ပါတယ်။ ဒါက အရမ်းကို ထူးဆန်းလွန်းပါတယ်။

"ငါလည်း မမှတ်နိုင်ဘူး"

"ကြည့်ရတာ ထူးခြားဆန်းကြယ်တဲ့ အားတချို့က ငါတို့ရဲ့ မှတ်ဉာဏ်ကနေ ဒီစကားလုံးတွေကို ဖျက်ပစ်လိုက်သလိုပဲ"

အားလုံးက အံ့အားသင့်ပြီးတော့ စိတ်လှုပ်ရှား နေခဲ့ပါတယ်။ ကမ္ဘာ့ပန်းတိုင် ကျောက်စာ တစ်ခုတည်းနဲ့ပဲ အရမ်းကို ထူးခြားဆန်းကြယ်လို့ နေပါပြီ။ ဒါဆိုရင် ဂူသချိုင်းထဲမှာ ရတနာ ပစ္စည်းတွေ ဘယ်လောက်တောင်များ ရှိနေလိမ့်မလဲ။

ရောမ ဂူသချိုင်းကြီးက ထူးခြားဆန်းကြယ်လွန်းပြီး သူ့ကိုယ်ထည်ကနေ အသက်ဓာတ် အဆီအနှစ်ရဲ့ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။ အဲဒီအချိန် အရှေ့ဘက်မှာ မြူခိုးတွေ ဖုံးကွယ်နေတဲ့ ဂင်ပေါက်တစ်ခု ရှိပါတယ်။ ဘယ်သူမှ မြူခိုးတွေကို ဖြတ်ပြီးတော့ မြင်နိုင်စွမ်း မရှိကြပါဘူး။

ကေရီ ဘုရင်မနဲ့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းတောင်မှ ထိတ်ထိတ်ပျာပျာနဲ့ လုပ်ရှားလာခဲ့တာ အံ့သြစရာ မဟုတ်တော့ဘူး။ ဒီရောမ ဂူသချိုင်းက အရမ်းကို ထူးခြားဆန်းကြယ်ပြီး အံ့သြစရာ ကောင်းလွန်းတယ်။

လူတချို့က ရောမ ဂူသချိုင်းပေါ်ကို တက်ဖို့ ကြိုးစားခဲ့ပါတယ်။ အရှေ့မှာရှိတဲ့ ဂင်ပေါက်ကလွဲပြီး တခြားနေရာကို တက်လိုက်မိရင် လူတစ်ယောက်ရဲ့ ကံကြမ္မာက အပိုင်းပိုင်း အစစ ပေါက်ကွဲထွက် သွားပါလိမ့်မယ်။

တချို့ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက သူတို့ရဲ့ ရတနာတွေကို အသက်သွင်းပြီး ဂူသချိုင်းအနားကို ကပ်လိုက်ပေမဲ့ သူတို့ရဲ့ ရတနာတွေ တန်းပြီးတော့ အပိုင်းပိုင်း အစစ ဖြစ်သွားပါတယ်။ အဲဒီလက်ရွေးစင်တွေလည်း သူတို့ရဲ့ ခန္ဓာကိုယ် တစ်ဂက်က ပေါက်ကွဲသွားပါတယ်။ သူတို့ကတော့ ကံကောင်းစွာနဲ့ အသက်ရှင်သန်နိုင်ခဲ့ပါတယ်။ တခြားလက်ရွေးစင်တွေက ဘာပြောလို့ ပြောရမှန်းတောင်

မသိတော့ပါဘူး။ ဒါကို ကြည့်ရတာ သူတို့ရဲ့ လမ်းကြောင်းကို အင်အားသုံးပြီး လျှောက်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ထာဂရမြစ်အဆင့် ကြီးကျယ်ခမ်းနားတဲ့ သူတော်စင်က ကြိုးစားကြည့်လို့ ရကောင်း ရနိုင်ပေမဲ့ သူက အမြဲတမ်းလိုလို အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာပဲ နေပါတယ်။ သူက အရင်တုန်းကတည်းက ဂိုဏ်းကနေ ဘယ်ကိုမှ မထွက်ခွာဖူးပါဘူး။

ဒါပေမဲ့လည်း အဓိက ဂင်ပေါက်ကို လွယ်လွယ်နဲ့တော့ ဂင်လို့မရပါဘူး။ ဂင်ပေါက်မှာ ဖုံးကွယ်ထားတဲ့ မြူခိုးတွေက ကြယ်တစ်လုံးလို လေးလံပြီး သူတို့ရဲ့ ဖိအားအောက်ကို ဂင်လာတာနဲ့ လူတစ်ယောက်ရဲ့ အရိုးတွေကို ချက်ချင်းပဲ အက်ကွဲပြီးတော့ ညည်းတွားစေ ပါလိမ့်မယ်။ တကယ်လို့ လူတစ်ယောက်က ခြေလှမ်းအနည်းငယ် လှမ်းလိုက်မယ်ဆိုရင် သူတို့က သေချာပေါက် ပန်ကိတ်တစ်လုံးလို ပြားချပ်သွားပါလိမ့်မယ်။

သူတို့ဘာများ တတ်နိုင်မှာလဲ။

အားလုံးက ဒီရောမ ဂူသင်္ချိုင်းကြီးမှာ အခွင့်အလမ်းတွေနဲ့ ပြည့်နှက်နေတယ် ဆိုတာကို သိနားလည်ပါတယ်။ ဒါက ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ဂူသင်္ချိုင်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် မူလဇစ်မြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ဂူသင်္ချိုင်းတောင် ဖြစ်နိုင်ပါတယ်။ တကယ်လို့ သူတို့က အဲဒီအထွတ်အထိပ် သက်ရှိတွေရဲ့ ရတနာပစ္စည်းတွေကို ရယူနိုင်ခဲ့မယ်ဆိုရင် ဟားဟား။

ဒါပေမဲ့လည်း အခုချိန်မှာ ဘယ်သူမှ ဂူသင်္ချိုင်းထဲကို မဝင်နိုင်ပါဘူး။ ဒါကြောင့် ဂူသင်္ချိုင်းထဲမှာ ရတနာ ပစ္စည်းတွေ ပြည့်နှက်နေတော့ရော ဘာလုပ်လို့ ရမှာလဲ။

"ဖရိုဖရဲဖြစ်နေတဲ့ အဲဒီမြူခိုးတွေ မှေးမှိန်လာပြီဟေ့"

အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပြောလိုက်တယ်။

သူကတော့ သက်ကြီးပိုင်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက နေလွှမ်းမိုးခြင်း ဂြိုဟ်ကြီးကနေ လာခဲ့တာ ဖြစ်ပြီးတော့ သူ့အသက်က နှစ်ပေါင်း သန်းသုံးဆယ်ကျော်နေပါပြီ။

သူ့အသက်ကလည်း အဆုံးသတ်ဖို့ နီးလာပါပြီ။ ဒါကြောင့် သူက ဒီနေရာကို လာခဲ့ပြီး အချိန်မရွေး သေဖို့ကို ပြင်ဆင်ထားခဲ့ပါတယ်။ တကယ်လို့ သူက ထာဝရမြစ် အဆင့်ကို ချိုးဖျက်နိုင်မဲ့ အခွင့်အလမ်း တစ်ခုကို ရှာမတွေ့နိုင်ခဲ့ဘူးဆိုရင် သူ့အနေနဲ့ သေခြင်းရဲ့ တံခါးကို ဖြတ်ကျော်ဖို့ လမ်းတစ်ဝက်ကို ရောက်နေပါလိမ့်မယ်။

အဲဒီအချိန်မှာ သူပြောသလိုပဲ မြူခိုးတွေက ဖြည်းဖြည်းချင်း ပြယ်လွင့်လာခဲ့ပါတယ်။ ရောမ ဂူသင်္ချိုင်းကြီး ပွင့်လာပါပြီ။

Chapter 1094 end

အပိုင်း(1095) ရောမ ဂူသင်္ချိုင်းထဲကို ဝင်ရောက်ခြင်း

အာကာသထဲမှာ ကျင့်ကြံဖို့ဆိုတာ မဖြစ်နိုင်လု နီးပါးပါပဲ။ ဒီနေရာမှာ စိတ်ဝိညာဉ်ချီတွေ မရှိပါဘူး။ လူတစ်ယောက်က သူတို့ရဲ့ စွမ်းအားတွေကို အစစ်အမှန် မူလကျောက်တုံးတွေကို သုံးပြီးတော့ပဲ ပြန်လည်ဖြည့်ဆည်း နိုင်ပါလိမ့်မယ်။ မှော်ဆေးလုံးတွေ အရမ်းကို တန်ဖိုးကြီးမားတယ် ဆိုပေမဲ့ အလုပ်ဖြစ်ပါတယ်။

လင်းဟန်ကတော့ ခြွင်းချက်ပေါ့။

ဒီနေရာမှာ လူတွေအများကြီး ရှိနေပါတယ်။ ဒါကြောင့် တကယ်လို့ လူအနည်း ပျောက်သွားမယ် ဆိုရင်တောင် ဘယ်သူမှ သတိပြုမိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ သူအလိုရှိတဲ့ အချိန်တိုင်း ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံအားထုတ် နိုင်ပါတယ်။ မိုးရေကေရာဇ်နဲ့ တခြားသူတွေလည်း ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံအားထုတ် နေကြပါတယ်။

သူတို့ရဲ့ စွမ်းအားတွေကို အစစ်အမှန် မူလကျောက်တုံးတွေကို အသုံးပြုကာ ပြန်လည်ဖြည့်ဆည်းပြီး သူတို့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်း တိုးလာစေဖို့ မော်ဆေးလုံးတွေ အသုံးပြု ကြပါတယ်။ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိနေတာကို ကျေးဇူးတင်ရပါမယ်။ သူတို့ရဲ့ ဖွံ့ဖြိုးမှု အာနိသင် သက်ရောက်မှုနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေစရာ မလိုပါဘူး။

လင်းဟန်က ဆေးလုံးတွေ ဖော်စပ်တဲ့အပေါ်မှာ အာရုံစိုက်နေပါတယ်။ တကယ်လို့ သူ့မှာ ပိုက်ဆံသာ လုံလုံလောက်လောက် ရှိမယ်ဆိုရင် နတ်ဘုရားသတ္တုတွေကို ဝယ်ယူနိုင်ပါလိမ့်မယ်။ ပြီးတော့ သူ့မှာ နတ်ဘုရား သတ္တုတွေ လုံလုံလောက်လောက် ရှိမယ်ဆိုရင် သူ့ရဲ့ အံ့ဖွယ် နတ်ဆိုးဓားကို အဆင့်မြှင့်တင်နိုင်ပါလိမ့်မယ်။

ပိုက်ဆံမရှိတာက တကယ့်ကို ပြဿနာ တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့လည်း သူက မကျင့်ကြံဘူး ဆိုရင်တောင် သူ့ရဲ့ အမြန်နှုန်းက အားလုံးထဲမှာ အမြန်ဆုံး ဖြစ်နေဆဲပါပဲ။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး အံ့အားသင့်စရာ မရှိပါဘူး။ တကယ်တော့ သူ့ရဲ့ ခန္ဓာကိုယ်အထဲမှာ မကောင်းဆိုးဝါး အရှင်သခင် တစ်ယောက်ရဲ့ အဆီအနှစ် အမျှင်တစ်ခု ရှိနေပါတယ်။ အဲဒါက သူ့ကို စွမ်းအင်အဆီအနှစ် တစ်ခုနဲ့အတူ ဆက်တိုက် ထောက်ပံ့ပေးထားပြီး သူ့ရဲ့ ကျင့်ကြံခြင်းကို အိပ်နေချိန်မှာတောင် ကျင့်ကြံနေစေပါတယ်။ နေ့စဉ်နေ့တိုင်း ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ အောက်မှာ

တာအိုကို ဆင်ခြင်နေသရွေ့ သူ့ရဲ့ ကျင့်ကြံခြင်း
အဆင့်ကလည်း သူ့ရဲ့စိတ်နဲ့
နားလည်သဘောပေါက်ခြင်းတို့ကို ယှဉ်နိုင်စွမ်း
ရှိလာပါလိမ့်မယ်။ ဒါက အန္တရာယ် နည်းနည်းမှ မရှိပါဘူး။

နောက်တစ်လလောက်ဆို သူက ပြင်းထန်အဆင့်မြင့်ရဲ့
အလယ်အလတ် အဆင့်ကိုတောင် ရောက်နိုင်စွမ်း
ရှိလာပါလိမ့်မယ်။

အချိန်တွေ ကုန်လာတာနဲ့အမျှ ဂင်ပေါက်ကို ဖုံးထားတဲ့
မြူခိုးတွေလည်း အတော်လေး မှေးမှိန်ပျောက်ကွယ် လာခဲ့ပြီး
ဂင်ပေါက်က ရှင်းရှင်းလင်းလင်း ထွက်ပေါ် လာပါတယ်။

အဝေးကနေ ကြည့်ရတာ ဒီဂင်ပေါက်က
လမ်းကြောင်းတစ်ခုနဲ့ တူနေပါတယ်။ ဒါပေမဲ့လည်း
အံ့အားသင့်စရာ ကောင်းလောက်အောင်
ကြီးမားလွန်းပါတယ်။ အဲဒါက ပင်လယ်တစ်ခုနဲ့ တူပြီးတော့
ကြယ်တာရာလေ့တွေတောင် အထဲကို ကျပ်ညှပ်ခြင်း မရှိပဲ
အလွယ်တကူ ဝင်နိုင်စွမ်း ရှိပါတယ်။ ရောမ ဂူသချိုင်းကြီးရဲ့

မတရား ကြီးမားတဲ့ အရွယ်အစားကြောင့်သာ ကြည့်ရတာ သေးငယ်နေသလို ထင်ရတာ ဖြစ်ပါတယ်။

အတွေ့အကြုံ ကြွယ်ဝတဲ့ လက်ရွေးစင်တွေက ဂင်ပေါက်ထဲကို လူကထိန်းစရာမလိုပဲ မောင်းနှင်ဖို့ လုပ်ဆောင်လိုက်ပါတယ်။ အကြိမ်တော်တော်လေး စမ်းသပ်ပြီးတဲ့ နောက်မှာတော့ သူတို့တွေ အောင်မြင်သွားခဲ့ပါတယ်။

ချက်ချင်းဆိုသလို ကြယ်တာရာလေ့တွေအားလုံး ဂင်ပေါက်ဆီကို ဦးတည်လာခဲ့ ကြပါတယ်။

မြို့အရွယ်အစားရှိတဲ့ ကြယ်တာရာလေ့တွေက ဂင်ပေါက်ဆီကို ပျံသန်းသွားတဲ့ အချိန်မှာ မတ်စောက်တဲ့ ခွက်ကြီးတစ်လုံးထဲက တွားသွားနေတဲ့ ပုရွက်ဆိတ်တွေနဲ့ တူနေပါတယ်။ အရွယ်အစားချင်း ကွာဟချက်က အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းနေပါတယ်။

အားလုံးက စိတ်အားတက်ကြွမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒါက ကြယ်တာရာတွေ အကြားမှာ တည်ဆောက်ထားတဲ့ ဂူသင်္ချိုင်းတစ်ခု ဖြစ်ပါတယ်။ ဂြိုလ်ကြီး တစ်ခုကနေ ဂူသင်္ချိုင်းတစ်ခု ပုံစံ ထုလုပ်ထားတာမျိုးပါ။ ဘယ်လိုမျိုး အထွတ်အထိပ် ပုဂ္ဂိုလ်ကို ဒီဂူသင်္ချိုင်းထဲမှာ မြှုပ်နှံထားတာလဲ။

အဲဒီအချိန် လင်းဟန်က စိတ်လှုပ်ရှားမှုတွေနဲ့အတူ သက်ပြင်းချလိုက်မိပါတယ်။ တကယ်လို့ လူတစ်ယောက်က မူလဇစ်မြစ် အဆင့်မှာ ဖြစ်တော့ရော ဘာဖြစ်လဲ။ တစ်နေ့မှာ သူတို့ရဲ့ သက်တမ်းတွေက အဆုံးသတ် သွားရပါလိမ့်မယ်။ အဆုံးမှာ သူတို့ရဲ့ ကြီးကျယ်ခမ်းနားမှုတွေနဲ့ ခွန်အားတွေ အားလုံးက မြေကြီးပေါ်က အညစ်အကြေးတွေ အဖြစ်ကို ပြောင်းလဲသွား ရပါလိမ့်မယ်။

ဒီကမ္ဘာကြီးထဲမှာ စစ်မှန်တဲ့ ထာဝရ သက်ရှိတွေဆိုတာရော ရှိသေးရဲ့လား။

သူ ဒီအကြောင်းတွေ စဉ်းစားနေချိန်မှာပဲ ကြယ်တာရာလှေက ဂင်ပေါက်ကို ဖြတ်ကျော်လာ ခဲ့ပါတယ်။ အတွင်းပိုင်းက

မည်းမှောင်နေပြီး ကြယ်တာရာလှေက အလင်းရောင် တစ်ခုကပဲ ဘေးပတ်ဝန်းကျင် အနည်းငယ်ကိုပဲ လင်းထိန်စေပါတယ်။ သူက ချက်ချင်းပဲ သူ့အပေါ်ကို ပျော့ပျောင်းတဲ့ ခန္ဓာကိုယ်တစ်ခု မှီလာတာကို ခံစားလိုက်ရပါတယ်။ စွေ့ရန်ယွီကလှဲပြီးတော့ ဘယ်သူများ ဖြစ်နိုင်မှာလဲ။

လင်းဟာန်က ဒီရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးကို ပွေ့ဖက်ပြီးတော့ ပြောလိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ ငါမင်းကို သေချာစောင့်ရှောက်မှာပါ"

စွေ့ရန်ယွီက ခေါင်းညိတ်ပြလိုက်ပါတယ်။ သူမက လေ့ကျင့်ဖို့အတွက် စွန့်စားသွားလာတာ ရှားပါးပါတယ်။ ဒီလိုမျိုး ထူးခြားဆန်းကြယ်ပြီး အံ့ဩဖွယ် တည်ဆောက်မှု တစ်ခုရဲ့ အရှေ့မှာ သူမက မယုံနိုင်စရာ ကောင်းလောက်အောင် သေးငယ်သွားသလိုမျိုး ခံစားလိုက်မိပါတယ်။

ကြယ်တာရာလေ့တွေက အရှေ့ကို ဆက်တိုးလာပြီး နာရီအနည်းငယ် ပျံသန်းပြီးတဲ့ နောက်မှာတော့ နေရာတစ်ခုဆီကို ရောက်လာခဲ့ပါတယ်။

ရောမ ဂူသချိုင်းတစ်ခု အထဲမှာ နယ်မြေတစ်ခု ထွက်ပေါ်လာတာ အရမ်းကို ထူးဆန်းပါတယ်။ ဒါပေမဲ့လည်း ဒါက ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ ဂူသချိုင်း ဖြစ်နိုင်ချေ ရှိတာကြောင့် နယ်မြေတစ်ခု တည်ရှိတာက တကယ်တမ်းဆိုရင် ထူးခြားစရာလို့ သတ်မှတ် နိုင်မှာလား။

ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေမှာ သူတို့ကိုယ်ပိုင် စွမ်းဆောင်ရည်တွေ ရှိပါတယ်။

စောစောကတည်းက ရောက်နေတဲ့ ကြယ်တာရာလေ့တွေက အုံလိုက်ကျင်းလိုက် ဆိုက်ကပ်ထား ကြပါတယ်။ လူတော်တော်များများ ကုန်းပေါ်ကို တက်ရောက်ပြီး လက်ရှိမှာ နယ်မြေကို စူးစမ်းလေ့လာ နေကြပါတယ်။ ဒီနေရာရဲ့ ပတ်ဝန်းကျင်က အလင်းရောင် မှိန်မှိန်လေး

ရှိနေတယ် ဆိုပေမဲ့ ဒီအလင်းရောင် မှိန်မှိန်လေးက တန်ခိုးရှင်အဆင့် ကျင့်ကြံသူတွေ အတွက်တော့ ရှင်းရှင်းလင်းလင်း တွေ့မြင်ရဖို့ လုံလောက်ပါတယ်။

"ဒီနေရာမှာ အသက်ရှူလို့ရတဲ့ လေရှိတာပဲ"

လင်းဟာန်က အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပါတယ်။ သူ့အနေနဲ့ အသက်ရှူဖို့ မလိုအပ်ပေမဲ့ အသက်ရှူတာက အလေ့အကျင့် တစ်ခုလို ဖြစ်နေပါပြီ။ ဒါကြောင့် သူအသက်ရှူလို့ရတဲ့ အချိန်တိုင်း အသက်ရှူနေပါလိမ့်ဦးမယ်။ ဒါက မလိုအပ်ပေမဲ့ သူ့ကို ပိုပြီးတော့ သက်သောင့်သက်သာ ဖြစ်စေပါတယ်။

"ဂရုစိုက်ဦး"

စွေ့ရန်ယွီက သူ့ကို တံတောင်နဲ့အသာလေး တွန်းပြီးတော့ ဖြတ်သွားတဲ့ ကြယ်တာရာ လှေတစ်စီးဆီကို ပြလိုက်ပါတယ်။ အဲဒီကြယ်တာရာလှေ အပေါ်မှာ အလံတစ်ခု လွှင့်တင်ထားပြီး အလံပေါ်မှာ ကျောက်လို့ ရေးထားပါတယ်။

ဒါက မဟာဗိုလ်ချုပ် ကျောက်ရဲ့ ကြယ်တာရာလှေ ဖြစ်ပြီး ကျောက်လန်က လှေပေါ်ကနေ ဆင်းလာနေပါပြီ။ သူက အရပ်မြင့်မြင့်နဲ့ ခန္ဓာကိုယ် ပိန်တဲ့ ယောက်ျားတစ်ယောက် အနောက်ကနေ လမ်းလျှောက်လာပြီး သူ့အမူအရာက မယုံနိုင်စရာ ကောင်းလောက်အောင် ရိုသေလေးစားမှုတွေနဲ့ ပြည့်နေပါတယ်။

ဟင် ဒီမဟာဗိုလ်ချုပ်က ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတယ် မဟုတ်လား။ ဘာဖြစ်လို့ သူက အရမ်းကို လျှင်လျှင်မြန်မြန်နဲ့ ထွက်လာနိုင်တာလဲ။

ကြည့်ရတာ ဒီဂရောမ ဂူသချိုင်းက အရမ်းကို ဆွဲဆောင်အား ကောင်းတယ်ဖြစ်မယ်။ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတဲ့ မဟာဗိုလ်ချုပ် ကျောက်တောင်မှ ဒီဆွဲဆောင်မှုဒဏ်ကို မတွန်းလှန်နိုင်ဘူးပဲ။

လင်းဟန်က သဘောပေါက်သွားတဲ့ ပုံစံနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ကျောက်လန်က ဒီနေရာမှာ ပိုပြီးတော့တောင် ရမ်းကားနိုင်ပါတယ်။ တကယ်လို့

သူတို့တစ်ဖွဲ့တည်း ဖြတ်သွားရင် ကြုံတွေ့မယ် ဆိုရင် မဟာဗိုလ်ချုပ်ကျောက်က သူ့ကို မျက်နှာသာ ပေးလိမ့်မယ်လို့ မယုံကြည်ထားပါဘူး။ သူက ကျောက်လန်ကို ခဏခဏ အရက်ကွဲစေခဲ့ပါတယ်။ တကယ်တော့ ကျောက်လန်က မဟာဗိုလ်ချုပ် ကျောက်ရဲ့ တစ်ဦးတည်းသောသား ဖြစ်ပါတယ်။ တကယ်လို့ ကျောက်လန်က အလိုလိုက် မခံထားရဘူး ဆိုမှပဲ ထူးဆန်းနေပါလိမ့်မယ်။

ကြယ်တာရာလှေ ဆိုက်ကပ်တာနဲ့ အားလုံးက စိတ်လှုပ်ရှားစွာနဲ့ ဆင်းလာကြပါတယ်။

ဒါပေမဲ့လည်း အားလုံးဆင်းပြီးတဲ့နောက်မှာ ကြယ်တာရာလှေက ချက်ချင်းပဲ ပြန်လှည့်ပြီးတော့ ထွက်သွားပါတယ်။ ဒီနေရာကို လာရောက်ဖို့ ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်က လူတွေ ဘယ်လောက်တောင် စောင့်မျှော်နေလဲ ဆိုတာကို မိုးကောင်းကင်ပဲ သိပါလိမ့်မယ်။ ဒါကြောင့် ကြယ်တာရာ လှေကြီးက နောက်ထပ် ခရီးစဉ်တွေ စတင်နိုင်ဖို့ ကြိုးစားပြီး ဒီလုပ်ငန်းကနေ

အကျိုးအမြတ်ကြီးကြီးမားမား ရရှိအောင် လုပ်နေခြင်း ဖြစ်ပါတယ်။

နောက်ပြီးတော့ သူတို့က အိမ်ပြန်လက်မှတ်တွေကို မရောင်းချခဲ့ပဲ တစ်လမ်းသွား လက်မှတ်တွေပဲ ရောင်းချခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က ငြိမ်းချမ်းရေး ဂြိုဟ်ကြီးပေါ်ကို ပြန်ချင်တယ်ဆိုရင် ကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီးတော့ ထပ်ပေးချေရပါမယ်။

လင်းဟန်က သူ့ရဲ့ ဟန်ပန်အမူအရာနဲ့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ ဒီနေရာမှာ အရာအားလုံးက ပတ်သက်ဆက်နွယ်နေပြီး ဦးတည်ချက်တွေက နည်းနည်းပဲ အသုံးဝင်ပါတယ်။

"ဒီနေရာမှာရှိတဲ့ စိတ်ဝိညာဉ် ချီတွေက အရမ်းကို ပါးလွှာတယ်။ ဒါကြောင့် ကျင့်ကြံခြင်းအတွက် လုံးဝကို မသင့်တော်ဘူး။ ဒါပေမဲ့လည်း ဒီနေရာမှာ အသက်ဓာတ် အဆီအနှစ်တွေ ပွတ်ခဲနေတာကြောင့် ကျင့်ကြံခြင်းအတွက်

မြင့်မြတ်တဲ့ နေရာတစ်ခုလို့တောင် ပြောနိုင်တယ်။ ဘယ်လောက် ထူးဆန်းလိုက်သလဲ”

လင်းဟန်က ပြောလိုက်တယ်။

“ငါတို့ ဘယ်ကို သွားကြမလဲ”

စွေ့ရန်ယွီက မေးလိုက်တယ်။

“ဘယ်သူမှ မရှိတဲ့ နေရာကို အရင်ဆုံး သွားတာပေါ့။ ဒါမှ အစ်ကိုကြီးနဲ့ တခြားသူတွေကို ထုတ်ပေးလို့ ရနိုင်မယ်”

လင်းဟန်က ဘေးဘီဝဲယာကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ လူတွေအများကြီး ရှိပါတယ်။ ဒီကုန်းမြေရဲ့ ကြီးမားတဲ့ အရွယ်အစားကြောင့် ဒီလူပမာဏက ဘာမှမဟုတ်သလိုမျိုး ထင်ရတာပါ။

သူတို့နှစ်ယောက်က အရှေ့ကို ဆက်လျှောက်လာခဲ့ပါတယ်။ လင်းဟန်က ဖန်ပိုယွမ်နဲ့ တခြားသူတွေကို ထုတ်ပေးမလို့ လုပ်တုန်းမှာ ရုတ်တရက် မျက်မှောင်ကြုတ်ပြီးတော့ အနောက်ကို လှည့်ကြည့်လိုက်ပါတယ်။

"မင်းတို့တွေ ငါတို့နောက်ကို လိုက်နေတာ တော်တော်ကြာနေပြီပဲ"

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

လူလေးယောက်က တစ်ချိန်တည်းမှာပဲ သူတို့အနောက်က နေရာအသီးသီးကနေ ထွက်ပေါ် လာခဲ့ပါတယ်။ သူတို့ကို ကြည့်ရတာ အသက်သုံးဆယ်ဂန်းကျင် ရှိပေမဲ့ သူတို့အားလုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိပါတယ်။ ဒါပေမဲ့လည်း လူတစ်ယောက်ရဲ့ အသက်ကို တန်ခိုးရှင် အဆင့်ကို တက်လှမ်းပြီးတဲ့နောက်မှာ သူတို့ရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ပြီးတော့ ဆုံးဖြတ်လို့ မရနိုင်ပါဘူး။

တက်ကြွလန်းဆန်းနေတဲ့ အသက်ဓာတ်ကို ခန့်မှန်းကြည့်ရင် သူတို့က သက်လတ်ပိုင်းအရွယ် ယောက်ျားတွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အသက်က နှစ်သောင်းဂန်းကျင်လောက် ရှိနိုင်ပါတယ်။

"ကောင်စုတ်လေး မင်းအခု ထွက်သွားနိုင်ပြီ။ ဒီမိန်းမလှလေး အတွက်ကတော့ ဟီးဟီး။ ငါတို့တွေ သူ့ကို သေသေချာချာ ရှာဖွေရမယ်"

ယောက်ျားလေးယောက်က ကျယ်လောင်စွာ ရယ်မောလိုက်ကြပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ အမိုက်ဆိုတာ နေရာအနှံ့မှာ ရှိနေတာပဲ။ သူတို့တွေက ရောမ ဂူသင်္ချိုင်းထဲကို ဝင်လာရုံပဲ ရှိပါသေးတယ်။ တဏှာရူးကောင်လေးယောက်နဲ့ လာတိုးနေပါတယ်။

"မင်းအခုထိ ထွက်မသွားသေးဘူးလား"

"လခွမ်းလိုပဲ။ လှေပေါ်မှာ ငါရက်တော်တော်ကြာအောင် ငါ့ကိုယ်ငါ ထိန်းထားခဲ့ရတယ်။ အခု ငါ့အရှေ့မှာ ဒီလိုမိန်းမချောရှိနေမှတော့ ငါ့ကိုယ်ငါ ဘယ်လိုလုပ်ထိန်းနိုင်မှာလဲ"

"ဟီးဟီး တတိယ အစ်ကို မင်းရဲ့ ဒီဝါသနာက ဘယ်တော့မှ တင်းတိမ်ရောင့်ရဲနိုင်တာ မရှိဘူးလေ။ တကယ်လို့ မင်းက

အရှုံးအမှုံး ဖြစ်နေရင် ဒီကောင်စုတ်လေးရဲ့ အနောက်ဘက် တံခါးကို ယူနိုင်တယ်။ အဲဒီလိုမှ မဟုတ်ဘူးရင် မင်းက တန်းစီတဲ့ နေရာမှာ နံပါတ်သုံးပဲ။ ဒါကြောင့် မင်းရဲ့ ရာဂစိတ်တွေကို နည်းနည်းလောက် ထိန်းထားပြီး အစ်ကိုကြီးနဲ့ ငါ အရင်ဆုံး စိတ်ကျေနပ်အောင် ပြုမှုပြီးမှပဲ မင်းအလှည့်ရောက်လိမ့်မယ်”

“လပြွတ်ပဲ။ ငါယောက်ျား အချင်းချင်း စိတ်မဝင်စားဘူးကွ”

ယောက်ျားလေးယောက် တကယ့်ကို ရမ်းကားပြီး မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ ရုန့်ရင်းရိုင်းစိုင်းတဲ့ စကားတွေကို ပြောနေကြပါတယ်။ လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က တောင်မြစ်အဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်နဲ့ ပြင်းထန်အလယ်အလတ်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့လေးယောက် အတွက်တော့ သူတို့နှစ်ယောက်ကို ဖိနှိပ်ထိန်းချုပ်ဖို့ဆိုတာ ပြဿနာ လုံးဝမရှိပါဘူး။

“အစ်ကိုကြီး ဒီကောင်လေးကို ကြည့်ရတာ ခုခံချင်ပုံပဲ”

“ဒါဆိုလည်း သူ့ကို သတ်လိုက်တာပေါ့။ ဒီမိန်းမလှလေးက တကယ့်ကို ညှို့ယူဖမ်းစားနိုင်တယ်။ ငါ့ကိုယ်ငါ ကြာကြာမထိန်းနိုင်တော့ဘူး”

ယောက်ျားလေးယောက်က အတူတကွ တိုက်ခိုက်လိုက်ပါတယ်။ သူတို့အားလုံးမှာ မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တွေ ရှိပါတယ်။ ဒါတောင် သူတို့က လင်းဟာန်ကို အုပ်စုဖွဲ့ပြီး တိုက်ခိုက် နေကြပါတယ်။ သူတို့မှာ ဒီလိုမျိုး အနိုင်ကျင့်ဗိုလ်ကျတတ်တဲ့ အမူအကျင့်တစ်ခု ရှိပုံ ပေါ်ပါတယ်။ စည်းမျဉ်းစည်းကမ်းတွေ ဘာတွေကိုလည်း ဂရုစိုက်မဲ့ပုံ မပေါ်ပါဘူး။ သူတို့ရဲ့ ပြိုင်ဘက်ကို တတ်နိုင်သမျှ အမြန်ဆုံး အနိုင်ယူဖို့က အရေးအကြီးဆုံးပဲလို့ သတ်မှတ်ထားပုံပါပဲ။

လင်းဟာန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဝှေ့ယမ်းလိုက်ပါတယ်။ ဓားအလင်းတန်းတွေက ယောက်ျားလေးယောက်ဆီကို ပြေးဝင်သွားပါတယ်။

ဟင်။

ဟာ။

အို။

ယောက်ျားကြီး လေးယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ လင်းဟန်က အရမ်းကို အစွမ်းထက်နေလိမ့်မယ်လို့ သူတို့တွေ မျှော်လင့်မထားမိပါဘူး။ ပြိုင်ဘက်ဖြစ်သူက တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်မှပဲ သူက တကယ့်ကို ဒုက္ခပေးနိုင်တဲ့ ပြိုင်ဘက်တစ်ယောက် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက နည်းနည်းလောက်ပဲ ဒုက္ခပေးနိုင်တာ ဖြစ်ပါတယ်။ တကယ်တော့ သူဟာ ပြင်းထန် အဆင့်မြင့်မှာပဲ ရှိပါတယ်။

"ဟင့် မင်းတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကလည်း အများကြီး မြင့်နေသေးတယ်။ ဒါတောင်မှ မင်းတို့က အနိုင်ရဖို့ သူ့ကို

အုပ်စုဖွဲ့ပြီး တိုက်ခိုက်ချင်နေသေးတယ်။ အရှက်ဆိုတာကိုရော မင်းတို့တွေ သိကြသေးရဲ့လား”

မာနကြီးမှုတွေ ပြည့်နှက်နေတဲ့ အသံတစ်ခု ထွက်ပေါ်လာပြီး လူငယ်တစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်တစ်ခုက အသံရဲ့ အနောက်ကနေ အလျင်အမြန် လိုက်ပါလာခဲ့ပါတယ်။ သူက အစိမ်းရောင် ဆံပင်ရှည်တွေ ရှိပြီးတော့ သူ့ခန္ဓာကိုယ်ကနေ နတ်ဘုရား အလင်းရောင်တွေ တလက်လက် တောက်ပလို့ နေပါတယ်။

သူ့အနောက်မှာ လူငယ် ဆယ်ယောက်ကျော် လိုက်ပါလာပါတယ်။ သူတို့အားလုံးက ရိုသေလေးစားမှုတွေ ပြည့်နှက်နေတဲ့ အမူအရာတွေ ဖြစ်ပေါ်နေပါတယ်။ ဒီဆံပင်အစိမ်းရောင်နဲ့ လူငယ်က သူတို့ရဲ့ ခေါင်းဆောင်ဆိုတာ ထင်ရှားပါတယ်။

Chapter 1095 end

အပိုင်း(1096) သခင်လေး ဂူချွယ်

"မင်းဘယ်သူလဲ။ ငါတို့ကိစ္စကို မင်းက
ဝင်စွက်ဖက်ရဲတယ်ပေါ့"

ယောက်ျားကြီး တစ်ယောက်က ဆံပင်အစိမ်းရောင်နဲ့
လူငယ်ဘက်ကို လှည့်ပြီးတော့ အပြစ်တင်
ကြိမ်းမောင်းလိုက်ပါတယ်။

"ရိုင်းလိုက်တာ။ မင်းက သခင်လေး ဂူချယ်ကို ဒီလိုမျိုး
ပြောရဲတယ်ပေါ့လေ"

လူငယ်တွေ အုပ်စုကနေ လှံရှည်တစ်ချောင်းကို ကိုင်ထားတဲ့
လူငယ်တစ်ယောက် ခုန်ထွက်လာပြီး
အော်ဟစ်လိုက်ပါတယ်။

"မင်းရဲ့လမ်းကြောင်းပေါ်ကို ရောက်အောင်
ငါလုပ်ပေးရမှာပေါ့"

သူက သူ့လှံကို မြှောက်ပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

ယောက်ျားကြီးက သူ့ဆေဘာဓားကို ချက်ချင်းပဲ
ဝှေ့ယမ်းပြီးတော့ ခုတ်ထုတ်လိုက်ပါတယ်။

ထန် ထန် ထန်။

တိုက်ကွက်အနည်းငယ် ဖလှယ်ပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ အမူအရာက ပြောင်းလဲသွား ခဲ့ပါတယ်။

သူတို့နှစ်ယောက်စလုံးက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်မှာ ရှိတယ်ဆိုပေမဲ့ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ပြိုင်ဘက်ထက် အတော်လေး အားနည်းနေပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ ဖိအားပေးခံရပြီး အနောက်ကို ဆုတ်လိုက် ရပါတယ်။ အဲဒီအချိန်အတွင်းမှာ သူ့ပြိုင်ဘက်ရဲ့ လှံရှည်က သေစေနိုင်တဲ့ သတ်ဖြတ်ချင်း ဆန္ဒတွေနဲ့ ပြည့်နှက်လို နေပါတယ်။ အဲဒါက သူ့ကို သေခြင်းတရားရဲ့ ခြိမ်းခြောက်မှုကို ခံစားစေ မိပါတယ်။

အရမ်းအစွမ်းထက်တာပဲ။

သူက အံ့အားသင့်စွာနဲ့ သူ့ဘာသာသူ တွေးလိုက်မိပါတယ်။

သူ့က ထူးထူးဆန်းဆန်း အော်ဟစ်လိုက်ပြီး သူ့အသက်က အဲဒီအပေါ်မှာ မူတည်နေသလိုမျိုး စတင်တိုက်ခိုက်

လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ နတ်ဘုရား အလင်းတွေ တောက်ပလာပြီး ရုတ်တရက် သူ့ရဲ့မူလ အရွယ်အစားကနေ အဆပေါင်းများစွာ ကြီးမားလာပြီး ကိုးမီတာလောက် ရှည်လျားတဲ့ လူထွားကြီး တစ်ကောင် ဖြစ်လာခဲ့ပါတယ်။

ဖူး။

သူ့လက်ဝါးကို လှံရှည်က ထိုးဖောက်သွားပေမဲ့ သူ့ခန္ဓာကိုယ် အထဲမှာ သွေးလုံးဂ မရှိတဲ့အတိုင်း သွေးတစ်စက်မှ ကျဆင်းလာခြင်း မရှိခဲ့ပါဘူး။

နောက်ပြီးတော့ သူ့ပုံစံက နာကျင်မှုကို ခံစားရတဲ့ပုံစံလည်း မပေါ်ပါဘူး။ ပြီးတော့ သူ့ရဲ့ ဆေဘာဓားကို ကျန်တဲ့လက်တစ်ဖက်နဲ့ လှံရှည်ကိုင်စွဲထားတဲ့ လူငယ်ဆီကို ဝှေ့ယမ်း တိုက်ခိုက် လိုက်ပါတယ်။

လှံရှည်ကိုင်ထားတဲ့ လူငယ်က အံ့အားသင့် သွားမိခဲ့ပါတယ်။ သူက အလျင်အမြန်ပဲ သူ့လှံရှည်နဲ့ ပြိုင်ဘက်ရဲ့ နောက်ကျောဘက်ကို လွှဲရိုက်ပြီး သူ့တိုက်ခိုက်မှုရဲ့ အစွမ်းကို ပျောက်ကွယ်သွား စေခဲ့ပါတယ်။ သူ့မျက်နှာပေါ်မှာ

တစ်ခုခုကို သတိပြုမိသွားတဲ့ အကြည့်တစ်ခု ဖြစ်ပေါ်သွားပြီး ပြောလိုက်ပါတယ်။

"မင်းက မင်းခန္ဓာကိုယ်ကို ကြီးလာစေခဲ့တာ မဟုတ်ပဲ မင်းကိုယ်မင်း ကြီးလာတဲ့ ပုံစံမျိုးဖြစ်အောင် ဖြည့်လိုက်တာပဲ။ ဒါက မင်းရဲ့ ခန္ဓာကိုယ် အစစ်အမှန် ကြီးထွားလာတာ တစ်ခု မဟုတ်ဘူး။ အဲဒါကြောင့် မင်းက လုံးဂကို အကျိုးသက်ရောက်မှု မရှိသလို ငါ့လှံနဲ့ ထိုးခံရတာတောင် သွေးမထွက်ခဲ့ဘူး"

"မင်းသိသွားတော့ရော ဘာဖြစ်လဲ"

ယောက်ျားကြီးက အေးစက်စွာနဲ့ ရယ်မောပြီး ပြောလိုက်ပါတယ်။

"အခု ငါ့ခန္ဓာကိုယ်က အရမ်းကို ကြီးနေပြီ။ ဒါကြောင့် မင်းက ငါ့ရဲ့ သေကွင်းသေကွက် နေရာတွေကို ဘယ်လိုလုပ်ပြီး ထိမှန်အောင် လုပ်နိုင်မှာလဲ။ ငါ့ရဲ့ သေကွင်းသေကွက် နေရာတွေ ဘယ်နားမှာ ရှိတယ်ဆိုတာကို မင်းသိရဲ့လား"

"ဟားဟား မင်းရဲ့ သေကွင်းသေကွက် နေရာတွေ ဘယ်နားမှာ ရှိတယ်ဆိုတာကို ငါသိဖို့ မလိုပါဘူး။ ငါ့ရဲ့ အေးစိမ့်နှင်းခဲလှံ့ရှည်ကို ရင်ဆိုင်လိုက်တာနဲ့ မင်းဆီကို သေခြင်းတရားက အလိုလို ရောက်လာလိမ့်မယ်"

လှံ့ရှည်ကို ကိုင်စွဲထားတဲ့ လူငယ်က သူ့လှံ့ကို အသက်သွင်းလိုက် သလိုပဲ နတ်ဘုရား အလင်းတွေက ချက်ချင်းဆိုသလို တောက်ပလင်းလက် လာခဲ့ပါတယ်။ ပတ်ဝန်းကျင်မှာ အေးစိမ့်တဲ့ လေတွေက တိုက်ခတ်လာပြီး အနီးနားမှာရှိတဲ့ ကုန်းမြေက ရေခဲလိုဏ်ဂူ တစ်ခု အဖြစ်ကို ပြောင်းလဲသွား သလိုပါပဲ။

ယောက်ျားကြီးရဲ့ သွားတွေက အေးစိမ့်မှုကြောင့် မေးခိုက်ခိုက် တုန်နေပါတယ်။ သူ့မျက်လုံးတွေ အထဲမှာ အံ့အားသင့်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာပြီး သူက အော်လိုက်မိပါတယ်။

"အ အဆင့်လေး နတ်ဘုရား ပစ္စည်း"

ဒီလှံ့ရှည်ကိုင်ထားတဲ့ လူငယ်က ဆံပင်အစိမ်းရောင် လူငယ်ရဲ့ နောက်လိုက်ဆိုတာ ပေါ်လွင်ပါတယ်။

နောက်လိုက်တစ်ယောက်တောင်မှ အဆင့်လေး နတ်ဘုရား ပစ္စည်း တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါက ဘယ်လိုကြီးလဲ။ ဒီလူငယ်အုပ်စုက။ မယုံနိုင်စရာပါပဲ။ သူတို့ရဲ့ နောက်ခံတွေက သေချာပေါက် အံ့အားသင့်စရာ ကောင်းလွန်းပါလိမ့်မယ်။

"ဟီးဟီး ဒါတွေအားလုံး နားလည်မှု လွဲသွားတာပါ"

နောက်ထပ်ယောက်ျားကြီး တစ်ယောက်က စကားဝိုင်းထဲကို ဂင်ပါလာခဲ့ပါတယ်။

"ဒီနှစ်ယောက်က မင်းတို့ သူငယ်ချင်းတွေ ဆိုမှတော့ ကျေးဇူးပြုပြီးတော့ ငါတို့ရဲ့ ရိုင်းပျမှုအတွက် ခွင့်လွှတ်ပေးပါ"

လုံ့ရှည်ကိုင်ထားတဲ့ လူငယ်က ဆံပင်အစိမ်းရောင် လူငယ်ဆီကို လှည့်ကြည့်လိုက်ပါတယ်။ ဆံပင်အစိမ်းရောင် လူငယ်က အေးစက်စက် ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ဒီမိန်းမလှလေးကို အပြစ်ပြုပြီးမှ အသက်ရှင်ချင်သေးတယ်လား"

လုံ့ရှည်ကိုင်ထားတဲ့ လူငယ်က သူ့ရဲ့ သဘောထားကို ချက်ချင်းပဲ နားလည်သွားခဲ့ပါတယ်။ သူက လုံ့ကိုမြှောက်ပြီးတော့ လူလေးယောက်ဆီကို တိုက်ခိုက်မှုတစ်ခု ထုတ်ဖော်လိုက်ပါတယ်။

သူက အခုချိန်မှာ အရမ်းကို အစွမ်းထက်ပြီး လုံ့ရှည်ရဲ့ အစွမ်းအောက်မှာ ပတ်ဂန်းကျင်က နှင်းတွေ ရေခဲတွေ ပြည့်နက်နေတဲ့ ကမ္ဘာကြီး တစ်ခုကို ပြောင်းလဲသွားပါတယ်။ သူ့တိုက်ကွက်ရဲ့ အစွမ်းက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းက အထွတ်အထိပ် အဆင့်ကို ကျော်လွန်သွားခဲ့ပါပြီ။ သူ့ကိုယ်ပိုင် တိုက်ပွဲစွမ်းရည်ကိုပါ ပေါင်းလိုက်ရင် လက်ရွေးစင် နှစ်ယောက်က ရင်ဘောင်တန်းပြီး တစ်ဖက်ကို တိုက်ခိုက်လိုက်သလိုပါပဲ။

သူက လူလေးယောက်နဲ့ ဆန့်ကျင်တိုက်ခိုက်နေတယ် ဆိုပေမဲ့ အားသာချက် ကြီးကြီးမားမား တစ်ခု ရှိနေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူက တိုက်ကွက်အနည်းငယ်

အတွင်းမှာ ဒီလူလေးယောက်ကို ချေမှုန်းပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟန်က ခေါင်းညိတ်လိုက် မိပါတယ်။ ကျင့်ကြံသူတွေ အတွက် တိုက်ပွဲစွမ်းရည် ကြယ်တစ်လုံး ရဖို့တောင် ခက်ခဲပါတယ်။ ဒါပေမဲ့လည်း နတ်ဘုရား ပစ္စည်းတွေကတော့ မတူပါဘူး။ အဲဒါကြောင့် လက်ရွေးစင်တွေက ဒီလိုမျိုး လက်နက်တွေကို ပြုစုပျိုးထောင်ပြီး သူတို့ရဲ့ မျိုးဆက်တွေကို လက်ဆင့်ကမ်း အမွေပေး တတ်ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ မျိုးဆက်တွေက ကြယ်လေးလုံး ဒါမှမဟုတ် ငါးလုံးကို အလွယ်တကူ ကျော်လွှန်နိုင်ပါတယ်။

အဲဒါက လင်းဟန်ရဲ့ ယှဉ်ပြိုင်ချင်စိတ်ကို ပိုပြီးတော့ အားကောင်းလာစေပါတယ်။ သူ့ရဲ့ အံ့ဖွယ် နတ်ဆိုးဓားက သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မှီလာတဲ့ အချိန်ကျရင် ဘယ်လောက် အစွမ်းထက် လိုက်မလဲ။ အဲဒါက အံ့ဖွယ်သတ္တုနဲ့ နှိုင်းယှဉ်လို့ရပြီးတော့ ဖွံ့ဖြိုးနိုင်တဲ့ လက်နက်ရိုးရိုး တစ်ခုပဲ မဟုတ်ပါဘူး။

"အား"

သိပ်မကြာခင်မှာပဲ ယောက်ျားလေးယောက်စလုံး အသတ်ခံလိုက် ရပါတယ်။ လှံရှည်ကို ကိုင်ထားတဲ့ လူငယ်က သူ့လက်နက်ကို အောက်စိုက်ပြီးတော့ အစိမ်းရောင် ဆံပင်နဲ့ လူငယ်ရဲ့ အနောက်က သူ့ရဲ့နေရာကို ရိုရိုသေသေနဲ့ ပြန်သွားခဲ့သွားခဲ့ပါတယ်။ ဒါက အံ့အားသင့်စရာ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ တစ်ခုသတိပြုရမှာက လှံရှည်ကို ကိုင်ထားတဲ့ လူငယ်မှာ မယုံနိုင်စရာ ကောင်းလောက်တဲ့ တိုက်ပွဲစွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ သူ့ဘာသာသူ နာမည်ကြီးအောင် အလွယ်တကူ လုပ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူက အခုချိန်မှာ နောက်လိုက် အစေခံ တစ်ယောက်လို ဟန်ပန်အမူအရာမျိုး ဖြစ်နေပါတယ်။

အစိမ်းရောင် ဆံပင်နဲ့ လူငယ်က အနားကို လျှောက်လာပြီး စွေ့ရန်ယွီကို ဆွဲဆောင်မှုရှိတဲ့ အပြုံးနဲ့ ပြုံးပြကာ ပြောလိုက်တယ်။

"မိန်းကလေး အခုလိုမျိုး မင်းကို
ထိတ်လန့်သွားစေတဲ့အတွက် ငါတောင်းပန်ပါတယ်"

လင်းဟန်က စိတ်ထဲကနေ ခေါင်းခါလိုက်မိပါတယ်။
ဒါကိုကြည့်ရတာက ချစ်သူလုဖက် အသစ် တစ်ယောက်
ပေါ်လာပါပြီ။

သူ့ရဲ့ ဒီမိန်းမက မယုံနိုင်စရာကောင်းတဲ့ ဆွဲဆောင်မှု တစ်ခုကို
တကယ်ပဲ ပိုင်ဆိုင်ထားပါတယ်။ သူမ
ဘယ်နေရာကိုပဲသွားသွား လူတွေက သူမနဲ့ စကားစမြည်
ပြောခွင့်ရဖို့ ကြိုးစားကြ ပါလိမ့်မယ်။ ပြီးတော့ အဲဒီလူတွေ
အားလုံးမှာ မြင့်မားတဲ့ အဆင့်အတန်းနဲ့ အစွမ်းတွေ
ပိုင်ဆိုင်ထား ကြပါတယ်။ အရင်တုန်းက ကျောက်လန်။
အခုတော့ ဆံပင်အစိမ်းရောင်နဲ့ လူငယ်ပေါ့။ သူ့ရဲ့
နောက်ခံကလည်း သေချာပေါက် ကျောက်လန်ထက်
နိမ့်ကျမှာ မဟုတ်ပါဘူး။

လင်းဟန်က လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ လူငယ်ကို
တားဆီးပြီး ပြောလိုက်တယ်။

"ကျေးဇူးပြုပြီးတော့ မင်းပြောချင်တာကို ပြောပါ။ အနားကိုတော့ အရမ်းမကပ်ပါနဲ့"

"ရှိင်းလှချည်လား"

လုံရှည်ကိုင်ထားတဲ့ လူငယ်က အရှေ့ကို ခုန်ထွက်လာပြီး သူ့လှံနဲ့ လင်းဟန်ကို ချိန်ရွယ်ပြီး ပြောလိုက်တယ်။

"ချန်စွန်း အေးဆေးနေ"

အစိမ်းရောင် ဆံပင်နဲ့ လူငယ်က ထူးဆန်းစွာ ပြုံးပြီးတော့ လှံရှည်ကို အသာလေး ဖိချပြီး ပြောလိုက်ပါတယ်။

"ငါက ရှားဂူချွယ်။ မဟာကြီးထွားခြင်း ဂြိုဟ်ကြီးက နေလှွမ်းမိုးခြင်း အံ့ဖွယ်အင်ပါယာကနေ လာခဲ့တာ"

ချန်စွန်းလို့ခေါ်ခံလိုက်ရတဲ့ လူငယ်က ချက်ချင်းပဲ သူ့လှံကို ပြန်သိမ်းပြီးတော့ ရိုရိုသေသေနဲ့ ပြောလိုက်ပါတယ်။

"ကျေးဇူးပြုပြီး ကျနော့်အပြုအမူတွေအတွက် အပြစ်ပေးပါ သခင်လေး"

ရှားဂူချယ်က သူ့လက်ကို အသာလေး ဖော့ယမ်းပြလိုက်ပါတယ်။ အဲဒီနောက် လင်းဟာန်နဲ့ စွေ့ရန်ယွီဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့နှစ်ယောက်က...."

"လင်းဟာန်၊ ဒါက ငါ့မိန်းမ စွေ့ရန်ယွီ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

ရှားဂူချယ်ရဲ့ မျက်နှာအမူအရာက အမှတ်မထင် သုန်မှုန်သွားခဲ့ပါတယ်။ သူ့အနေနဲ့ ချောမောလှပတဲ့ မိန်းမလှလေးတွေ အများကြီးကို တွေ့ဖူးပါတယ်။ ဒါပေမဲ့ စွေ့ရန်ယွီလို ဆွဲဆောင်ညှို့ယူမှု အားကောင်းလွန်းပြီး ရက်ရက်စက်စက်လှတဲ့ မိန်းမချောကို အခုမှ ပထမဆုံးအကြိမ် တွေ့မြင်ဖူးခြင်းပါပဲ။

မြင်မြင်ချင်းပဲ သူမကို သူ့ရင်ခွင်ထဲ ပွေ့ဖက်ထားချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်လာပြီး လိုချင်တပ်မက်မှုတွေ ဖြစ်ပေါ်လာပါတယ်။ ဒါပေမဲ့ သူမမှာ လက်ဦးသူ ရှိနေပြီတဲ့လား။

သူက လင်းဟာန်ကို မျက်စိဝေ့ကြည့်လိုက်ပြီး သူ့မျက်နှာပေါ်မှာ မထင်မှတ်ပဲ ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်တစ်ချက် ပေါ်လာခဲ့ပါတယ်။ ဒီလိုမျိုး အဆင့်နိမ့်တဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ရက်ရက်စက်စက် လှပတဲ့ မိန်းမလှလေးနဲ့ ထိုက်တန်မှာလဲ။ သူက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူနဲ့လင်းဟာန် အကြားမှာ ဘယ်သူက ပိုကောင်းတယ် ဆိုတာကို မျက်စိမကန်းတဲ့ လူတိုင်း မြင်နိုင်ပါတယ်။

သူ့ကိုယ်သူ ယုံကြည်ချက် အပြည့်အဝ ရှိပါတယ်။

သူက နေလွှမ်းမိုးခြင်း အဲ့ဖွယ်အင်ပါယာက ကေရာဇ်ရဲ့ ခြောက်ဆယ့်ခုနစ်ယောက်မြောက် သားဖြစ်ပါတယ်။ တချိန်တည်းမှာပဲ သူက အငယ်ဆုံး သားလည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကေရာဇ်ရဲ့ အထူးချွန်ဆုံး သားဖြစ်ပြီးတော့ အသက် ငါးရာခုနစ်နှစ်မှာ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေခဲ့ပါပြီ။

ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူ့အသက်
လေးဆယ်ဂန်းကျင်မှာ ကမ္ဘာ့ငယ်လေး တစ်ခုကို
ပို့ဆောင်ခြင်း ခံခဲ့ရပါတယ်။ အဲဒီနောက် သူက
မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်နိုင်ခဲ့ပြီး
ကျင့်ကြံခြင်း အဆင့်တိုင်းမှာ ပြီးပြည့်စုံအောင်
ကျင့်ကြံအားထုတ် နိုင်ခဲ့ပါတယ်။

သူ့မှာ ရည်မှန်းချက် ကြီးကြီးမားမား ရှိပါတယ်။ သူ့ရဲ့
ပန်းတိုင်က သမိုင်းတစ်လျှောက် အစွမ်းထက်ဆုံး ပါရမီရှင်
ဖြစ်လာဖို့ပါပဲ။

သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"သူငယ်ချင်းတို့ ဒီနေရာက အခြေအနေက
ဘာမှန်းမသိရဘူး။ အရမ်းကို အန္တရာယ် များနိုင်တယ်။
ငါတို့တွေ အဖွဲ့ဖွဲ့ပြီးတော့ အတူတူ ပူးပေါင်းဆောင်ရွက်မယ်
ဆိုရင်ရော ဘယ်လိုသဘောရလဲ"

စွေ့ရန်ယွီက သူမရဲ့ ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ငါတို့က ရေစက်ပါလို့ ခဏတဖြုတ် ဆုံတာပါပဲ။
အဲဒီလိုလုပ်ဖို့ မလိုပါဘူး"

သူမအနေနဲ့ သူ့စိတ်ထဲမှာ ဘာတွေတွေးနေလဲ ဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ နှလုံးသားကို လင်းဟန်ဆီ ပုံအပ်ပြီးပါပြီ။ ဒါကြောင့် သူမက ပြဿနာတွေ ပိုဖြစ်လာဖို့ ဆန္ဒမရှိပါဘူး။

သူတို့နှစ်ယောက်လုံး ထွက်သွားဖို့ ပြင်လိုက်ပါတယ်။ လုံရှည်ကိုင်ထားတဲ့ လူငယ်က ချက်ချင်းပဲ သူတို့ရဲ့ လမ်းကြောင်းကို ပိတ်ဆို့ထားလိုက်ပါတယ်။

"ချန်စွန်း မင်း ဒါဘာလုပ်တာလဲ"

ရှားဂူချွယ်က အေးစက်စွာနဲ့ အော်လိုက်ပါတယ်။

လုံရှည်နဲ့ လူငယ်က အလျင်အမြန်ပဲ နောက်ဆုတ်ပြီးတော့ ဒူးတစ်ဖက်ထောက်ကာ ပြောလိုက်ပါတယ်။

"ကျနော် အရမ်းကို မဆင်မခြင် လုပ်မိပါတယ်"

ရှားဂူချွယ်က ယုံကြည်မှုရှိတဲ့ အပြုံးနဲ့ ပြောလိုက်တယ်။

"မိန်းကလေးစွေ့ ငါတို့ နောက်တစ်ကြိမ် ပြန်ဆုံတာပေါ့"

စွေ့ရန်ယွီက ပြန်မဖြေခဲ့ပါဘူး။ အဲဒီအချိန်မှာ လင်းဟန်က သူ့လက်ကို ရိုးရိုးလေးပဲ ဝှေ့ယမ်းပြီး လှည့်တောင် မကြည့်ခဲ့ပါဘူး။

"သခင်လေး"

လုံရှည်နဲ့လူငယ်က အော်ခေါ်လိုက်ပြီး သူ့မျက်နှာပေါ်မှာ ပဟေဠိ ဖြစ်နေတဲ့ အကြည့်တစ်ခု ဖြစ်ပေါ်နေပါတယ်။

သခင်လေးက ဒီမိန်းကလေးကို သဘောကျနေရဲ့သားနဲ့ ဘာဖြစ်လို့ သူမကို ဖိအားပေးပြီးတော့ မနေခိုင်းတာလဲ။ သူ့ရဲ့အဆင့်အတန်း နောက်ခံ၊ ပါရမီနဲ့ဆိုရင် ဘယ်အမျိုးသမီးကများ သူ့ရင်ခွင်ထဲကို ပြေးဝင်မလာပဲ ရှိမှာလဲ။

"မင်းနားမလည်ပါဘူးကွာ"

ရှားဂူချယ်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ အဓိပ္ပာယ် ပြည့်ဝတဲ့ အကြည့်တစ်ခု ရှိနေပါတယ်။

မိန်းကလေးတွေကို အလွယ်တကူနဲ့ လိုက်လို့ရရင် ဘယ်လိုလုပ် ပျော်စရာကောင်းတော့မှာလဲ။ သူ့မှာ မိန်းမလှတွေ နည်းနေလို့လား။

ဒါပေမဲ့လည်း စွေ့ရန်ယွီလို ဆွဲဆောင်မှုရှိတဲ့ မိန်းကလေး တစ်ယောက်က ဝိုင်အရက်ကောင်း တစ်ခွက်နဲ့ တူပြီးတော့ ဖြည်းဖြည်းချင်း စုပ်သောက်ဖို့ လိုပါတယ်။ သူက သူမကို လိုချင်တဲ့အပြင် သူမရဲ့ နှလုံးသားကို ပိုပြီးတော့တောင် လိုချင်တာပါ။ ဒါကြောင့် သူက အရမ်းကို မဆင်မခြင် မလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

"ငါတို့ နောက်ထပ်တွေ့ဖို့ အခွင့်အရေး ရှိပါသေးတယ်"

သူက လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"သူတို့နောက် လိုက်မယ်"

Chapter 1096 end

အပိုင်း(1097) ကျောက်ရုပ်စစ်တပ်

လင်းဟန်နဲ့ စွေ့ရန်ယွီတို့ ခဏလောက် လျှောက်လာပြီး အနားမှာ ဘယ်သူမှ မရှိဘူးဆိုတာကို အရင်ဆုံး သေချာအောင် လုပ်လိုက်ပါတယ်။ အဲဒီနောက် လင်းဟန်က သူ့လက်ကို ဝှေ့ယမ်းပြီး မိုးရေကောရာဇ်နဲ့ တခြားသူတွေကို အနက်ရောင် မျှော်စင်ထဲကနေ ထုတ်လိုက်ပါတယ်။

ဒါပေမဲ့လည်း သူက အားလုံးကို မထုတ်ပါဘူး။ ကန်းရီ၊ ကျူးဝူကျီနဲ့ သူ့ရဲ့ တခြား နောက်လိုက်တွေကိုတော့ အနက်ရောင် မျှော်စင်ထဲမှာပဲ ဆက်ပြီးတော့ ကျင့်ကြံအားထုတ် စေခဲ့ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေပါသေးတယ်။ ဒါကြောင့် တကယ်လို့ သူတို့ထွက်လာင်တောင် အကျိုးအမြတ် ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အတွက်တော့ ကျင့်ကြံခြင်း အပေါ်မှာ အာရုံစိုက်နေတာက ပိုကောင်းပါလိမ့်မယ်။

အနက်ရောင် မျှော်စင်ထဲကနေ လူငါးယောက်ပဲ ထွက်လာခဲ့ပါတယ်။ ဖန်ပိုယွမ်၊ မိုးရေကေရာဇ်၊ မုယောင်ချင်း၊ ဟော့လျန်ထန်းယွင်နဲ့ တင်းပင်းတို့ ဖြစ်ပါတယ်။ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကတော့ အခုချိန်မှာ ဝံပုလွေ ယန္တရားရုပ်ရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိနေတာကြောင့် လူတစ်ယောက်အဖြစ် သတ်မှတ်လို့ မရနိုင်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူက အစကတည်းက မြေအောက်ကမ္ဘာက သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက ဘယ်လိုနည်းနဲ့မှ လူသားဖြစ်လာမှာ မဟုတ်ပါဘူး။

"ဒါဆို ဒါက ကြယ်တာရာတွေ အထဲက ရောမ ဂူသင်္ချိုင်းပေါ့ ဟုတ်လား"

မိုးရေကေရာဇ်နဲ့ တခြားသူတွေအားလုံး အံ့သြမှင်တက် နေကြပါတယ်။ ဒီနေရာက သူတို့ ခန့်မှန်းထားတာနဲ့ လုံးဝကို ကွဲပြားခြားနားပြီး ငြိမ်းချမ်းရေး ဂြိုဟ်ကြီးနဲ့ လုံးဝကို မကွာခြားသလိုပါပဲ။ ဒီနေရာက စိတ်ဝိညာဉ်ချီတွေ

ပါးလွှာတာ တစ်ခုပဲ ပြောရမှာ ဖြစ်ပေမဲ့ ဒီနေရာက အသက်ဓာတ် စွမ်းအင်တွေက အံ့အားသင့်စရာ ကောင်းလောက်အောင် ပေါများလွန်း ပါတယ်။

"အင်း"

လင်းဟန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဒါက ရောမ ဂူသချိုင်းကြီးရဲ့ အတွင်းပိုင်းပဲ။ သူ့အရွယ်အစားက တကယ့်ကို မယုံနိုင်စရာပဲ"

"ဟားဟား ငါတို့တွေ ဒီကို ရောက်လာပြီ ဆိုမှတော့ ငါတို့ကိုယ်ပိုင် လမ်းကြောင်းကိုယ်စီ သွားကြမယ်ဆိုရင် ဘယ်လိုလဲ"

မိုးရေကေရာဇ်ရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပနေပြီး သူ့ခန္ဓာကိုယ်ကနေ သန်မာအားကောင်းတဲ့ တိုက်ခိုက်ချင်စိတ်တွေ ထွက်ပေါ်လို့ နေပါတယ်။

"အင်း"

ဖန်ပိုယွမ်နဲ့ မုယောင်ချင်းတို့ နှစ်ယောက်စလုံး သဘောတူတဲ့ အနေနဲ့ ခေါင်းညိတ်လိုက် ကြပါတယ်။

"ကျနော်တို့ အတူတူ သွားတာကောင်းမယ်။ အဲဒါမှ ကျနော်တို့အတွက် တစ်ယောက်ကို တစ်ယောက် ကြည့်ရှုပေးဖို့ လွယ်ကူလိမ့်မယ်"

လင်းဟန်အနေနဲ့ ဒီနေရာက အရမ်းကို အန္တရာယ်များတယ်လို့ ခံစားရပြီး လက်ရှိမှာ လက်ရွေးစင်တွေ အများကြီး ဒီနေရာကို ရောက်နေပါတယ်။ မိုးရေဇကေရာဇ်နဲ့ တခြားသူတွေက အခုမှ တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဂင်ရောက်ကာစပဲ ရှိပါသေးတယ်။ ပြီးတော့ သူတို့ကလည်း သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် ပိုမြင့်ပြီး တိုက်ခိုက်နိုင်တဲ့ စွမ်းရည်ကိုလည်း ပိုင်ဆိုင်ထား ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ သူတို့ကို အလွယ်တကူနဲ့ ဖိနှိပ်အနိုင်ယူနိုင်တဲ့ လူတွေ အများကြီး ရှိနေပါသေးတယ်။

"နံပါတ်လေးညီငယ် ငါတို့အားလုံးက တိုက်ပွဲတွေကို ဖြတ်ကျော်ပြီး ငါတို့ဘာသာ ပျိုးထောင်ရမယ်"

ဖန်ပိုယွမ်က ပြုံးပြီးတော့ ပြောလိုက်တယ်။

“တံခါးပိတ်ပြီးတော့ ကျင့်ကြံအားထုတ်တယ် ဆိုတာက ငါတို့အတွက် မှန်ကန်တဲ့ လမ်းကြောင်း မဟုတ်ဘူး”

လင်းဟန်က တဒင်္ဂလောက် စဉ်းစားပြီးမှ ဖြည်းညင်းစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

သူ့ရဲ့ အစ်ကိုသုံးယောက်စလုံး အထွတ်အထိပ် ပါရမီရှင်တွေ ဖြစ်ပါတယ်။ အထူးသဖြင့် အုပ်ချုပ်သူ တစ်ယောက် ဖြစ်ခဲ့တဲ့ မိုးရေကောရာဇ်ပါပဲ။ တခြားသူတွေရဲ့ အတောင်ပံအောက်မှာ ဒီလိုမျိုး လူတွေက ဘယ်လိုလုပ် နေနိုင်မှာလဲ။ သူတို့အားလုံးက ဂုဏ်ယူဂင့်ကြွားတဲ့ လူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့မှာ သူတို့ကိုယ်ပိုင် လမ်းကြောင်း ရှိပါတယ်။

“ကောင်းပြီလေ။ အချိန်ကျရင် ထွက်ပေါက်မှာ ကျနော်တို့ ပြန်ဆုံတာပေါ့”

လင်းဟန်က တုံ့ဆိုင်းတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

“နံပါတ်လေးညီလေး ဂရုစိုက်ပါ”

ဖန်းပိုယွမ်နဲ့ တခြားသူတွေက ပြောလိုက်တယ်။ သူတို့အားလုံး သူတို့ကိုယ်ပိုင် လမ်းကြောင်းတွေဆီ ဦးတည်သွားခဲ့ပါတယ်။

"ဟူး။ သူတို့အားလုံး ဒီလောက် မြန်မြန် အဝေးကို ထွက်သွားပြီလား"

ဟော့လျန်ထန်းယွင်က သူ့ခေါင်းကို ထိုးဖွပြီးတော့ ပြောလိုက်တယ်။

"သူတို့အားလုံး ထွက်သွားပြီ ဆိုမှတော့ ငါလည်း မင်းရဲ့ အမြီးကို ဆွဲပြီးတော့ မနေနိုင်ပါဘူး။ ကဲကဲ လင်းကလေး နောက်မှတွေ့မယ်"

သူလည်း မတူညီတဲ့ ဦးတည်ချက် တစ်ခုကို ထွက်သွားလိုက်ပါတယ်။

"ဆရာသခင်"

တင်းပင်းကလည်း သူ့ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်ချင်နေပါတယ်။

လင်းဟန်က သူ့ကို မျက်လုံးပြူးပြီးတော့
ကြည့်လိုက်မိပါတယ်။

"မင်း အရင်ဆုံး တန်ခိုးရှင်အဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ လုပ်ဦး။ မင်းအောင်မြင်တဲ့ အချိန်ကျရင် မင်းဘာသာမင်း အပြင်ဘက်မှာ လေ့ကျင့်ဖို့ ငါခွင့်ပြုပေးမယ်။ ဒါပေမဲ့ အခုတော့ မင်း ငါ့ဘေးမှာပဲ နေဦး"

"နားလည်ပါတယ်"

တင်းပင်းက ချက်ချင်းပဲ နာခံလိုက်ပါတယ်။

သူတို့သုံးယောက်ကလည်း နေရာတစ်ခုကို ရွေးချယ်ပြီး ထွက်လာပါတယ်။ ဒီနေရာက အရမ်းကို ကျယ်ပြန့်ပြီး ပတ်ဂန်းကျင်မှာ သတိပြုစရာ အမှတ်အသား တစ်ခုမှတောင် မရှိခဲ့ပါဘူး။ ဒါကြောင့် သူတို့ရဲ့ ပန်းတိုင်ကို သူတို့ကိုယ်ပိုင် လမ်းကြောင်းကနေ ခြေရာကောက်လို့လည်း မရပါဘူး။

ဒီနေရာက အထီးကျန်ဆန်ပြီး သက်ရှိလုံးဂမှုကို မရှိပါဘူး။ ခွေးတစ်ကောင် ယုန်တစ်မြီးတောင် မတွေ့ရသလို

မြက်ပင်တွေနဲ့ အပင်တွေတောင် မရှိပါဘူး။ ဒါက တကယ့်ကို ကျတ်တီးမြေ တစ်ခုလိုမျိုး ဖြစ်နေပါတယ်။

ဒါက အရမ်းကို ထူးဆန်းပါတယ်။ ဒီနေရာမှာ စိတ်ဝိညာဉ်ချီ မရှိပေမဲ့ သာမန်သက်ရှိတွေက စိတ်ဝိညာဉ်ချီ လိုအပ်လို့လား။ မလိုပါဘူး။ နောက်ပြီး ဒီနေရာရဲ့ အသက်ဓာတ် စွမ်းအင်က အံ့အားသင့်စရာ ကောင်းလောက်အောင် ပေါများလွန်းပါတယ်။ ဒါကြောင့် ဒီနေရာမှာ စိမ်းလန်းစိုပြေနေတဲ့ သစ်ပင်တွေ တိရစ္ဆာန်တွေနဲ့ ပြည့်နှက်နေသင့်တာ မဟုတ်လား။ ဘာဖြစ်လို့ ကျတ်တီးလွင်ပြင်လို ဖြစ်နေတာလဲ။

သူတို့က အရှေ့ကို တစ်ရက်နီးပါး လျှောက်လာခဲ့ကြပါတယ်။

ဟင်။

လင်းဟန်ဆီကနေ အံ့အားသင့်သွားတဲ့ အသံတစ်ခု ထွက်လာခဲ့ပါတယ်။ သူတို့အရှေ့မှာ လူပင်လယ်ကြီး တစ်ခုရှိနေပြီး သူတို့ကို ကြည့်ရတာ ဂက်ပါ အစီအရင်

တစ်ခုအတိုင်း မတ်တတ်ရပ်နေတဲ့ စစ်တပ်တစ်တပ်လိုပါပဲ။ အစီအရင်ရဲ့ မျဉ်းကြောင်း တစ်ကြောင်းမှာ လူထောင်နဲ့ချီ ရှိပါတယ်။ တကယ်လို့ သူ့က တန်းစီထားတဲ့ မျဉ်းကြောင်းတွေကို ဖေ့ကြည့်လိုက်မယ်ဆိုရင်လူအရေအတွက်က သောင်းနဲ့ချီ ရှိပါလိမ့်မယ်။

"ဆရာသခင် ဘာများဖြစ်နေလို့လဲ"

တင်းပင်းက အလျင်အမြန်ပဲ မေးလိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ မှသားမဲ့ မျက်လုံးကို အသက်သွင်းထားပြီး သူ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာ တစ်ခုရှိနေပြီး ပိုပြီးတော့တောင် လေးနက်လာခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အရှေ့က လူပင်လယ်ကြီးမှာ လူအစစ်တွေ ပါဝင်ခြင်း မရှိပဲ ကျောက်ရုပ်တုတွေ ဖြစ်နေပါတယ်။

"မြန်မြန်သွားကြမယ်"

သူက အော်လိုက်တယ်။

"ကောင်းပြီလေ"

တင်းပင်းက အလျင်အမြန်ပဲ ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့အမြန်နှုန်းက လင်းဟာန်နဲ့ စွေ့ရန်ယွီကို ဘယ်လိုလုပ် ယှဉ်လို့ ရမှာလဲ။ သူက ချက်ချင်းဆိုသလို လင်းဟာန်ရဲ့ စိတ်မရှည်မှုကြောင့် ဖင်ပိတ်ကန်တာ ခံလိုက်ရပါတယ်။

ရွှပ်။

သူက ကျောက်ရုပ်တွေဆီကို လွင့်ထွက်သွားပါတယ်။

"ဆရာသခင်"

သူက နာကျင်မှုကြောင့် ညည်းတွားလိုက်ပါတယ်။

စွေ့ရန်ယွီက လင်းဟာန်ကို မျက်လုံးပြူးပြီး ကြည့်လိုက်မိပါတယ်။ တကယ်လို့ တခြားသူတွေမှာ ဒီလိုမျိုး ပါရမီရှင် တပည့်တစ်ယောက် ရှိမယ်ဆိုရင် သူတို့က သူ့ကို သေချာပေါက် ရတနာပစ္စည်း တစ်ခုလိုမျိုး

ဆက်ဆံကြပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ လုံးဂကို မတူညီပါဘူး။ သူ့တပည့်ကို နှိပ်စက်ဖို့ နည်းလမ်းတွေကိုပဲ အမြဲတမ်း စဉ်းစားနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တင်းပင်းရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ ပြီးတော့ တကယ်လို့ စွေ့ရန်ယွီသာ ကြိုးကြိုးစားစားနဲ့ မလေ့ကျင့်ဘူးဆိုရင် တင်းပင်းက သူမကို ဖြတ်ကျော်သွားဖို့ဆိုတာ အရမ်းကို ဖြစ်နိုင်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ စွေ့ရန်ယွီကို ဆွဲဖက်ရင်း ပြောလိုက်တယ်။

"တပည့် မင်းရဲ့ ဆရာက တပည့်ရဲ့ တုံ့ပြန်မှု အမြန်နှုန်းကို စမ်းသပ်ရုံ သက်သက်ပါပဲ။ ဒါပေမဲ့ မင်းရဲ့ လုပ်ဆောင်မှုက ငါ့ကို အကြီးအကျယ် စိတ်ပျက်စေတယ်"

ဂုန်း။

တင်းပင်းက မြေကြီးပေါ်ကို ဦးစောက်ထိုး ပြုတ်ကျလာကာ တန်းပြီးတော့ နစ်မြုပ်သွားပါတယ်။ သူက သူ့ခေါင်းကို

ပြန်ဆွဲထုတ်ပြီး ကြည့်လိုက်တော့ ရောမ စစ်တပ်ရဲ့ အရှေ့ကို ရောက်နေတာ တွေ့လိုက်ပါတယ်။ အဲဒါက သူ့ကို အထိတ်တလန့် ဖြစ်သွားစေပြီး အလျင်အမြန်ပဲ သတိထားတဲ့ အမူအရာတစ်ခု ဖြစ်လာပါတယ်။ ခဏအကြာမှာတော့ ဒါတွေက ကျောက်ရုပ်တွေပဲ ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

အဲဒီအချိန် လင်းဟာန်နဲ့ စွေ့ရန်ယွီတို့လည်း ရောက်လာခဲ့ပါတယ်။ သူတို့နှစ်ယောက် အနောက်က သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က ကပ်ပြီးတော့ လိုက်လာပါတယ်။

လင်းဟာန်က စစ်တပ်ကို ဝေ့ကြည့်လိုက်ပြီး အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီကျောက်ရုပ် ဂဏ်ပါ အစီအရင်ထဲမှာ အနည်းဆုံး ကျောက်ရုပ်တွေ တစ်သန်းလောက် ရှိလိမ့်မယ်"

"ဒါတွေကရော မြှုပ်ထားတဲ့ ပစ္စည်းတွေလား"

ဇွေ့ရန်ယွီက သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်တယ်။ ဒီကျောက်ရုပ် တစ်သန်းရဲ့ ဂုဏ်ပါ အစီအရင်က အံ့အားသင့်စရာ ကောင်းပေမဲ့ ဒီနေရာမှာ မြှုပ်နှံထားတဲ့ လက်ရွေးစင်က အနည်းဆုံး ထာဝရမြစ် အဆင့်မှာ ရှိပါလိမ့်မယ်။ အဲဒါကြောင့် ဒီကျောက်ရုပ် တစ်သန်းရဲ့ ဂုဏ်ပါ ထွက်ပေါ်လာတာ သာမန်တော့ မဟုတ်နိုင်ပါဘူး။

"ဖြစ်နိုင်တယ်။ ဒီကျောက်ရုပ် တစ်သန်းက သူ့အပေါင်းအဖော်တွေ ဖြစ်နိုင်တယ်။ ဒါကြောင့် သူက သေပြီးတဲ့နောက်မှာ အထီးမကျန်နိုင်တော့ဘူး"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ဆက်ပြောလိုက်တယ်။

"အင်း ပြိုင်ဘက်ကင်းတဲ့ လက်ရွေးစင်တွေတောင် သေခြင်းတရားကနေ မလွတ်မြောက်နိုင်ဘူး။ ထာဝရ အသက်ရှည်ပြီး မသေနိုင်တဲ့ လူဆိုတာရော ရှိသေးရဲ့လား"

မူလဇစ်မြစ်အဆင့် ကျင့်ကြံသူတွေရဲ့ သက်တမ်းက မယုံနိုင်စရာ ကောင်းလောက်အောင် ရှည်လျားတယ် ဆိုပေမဲ့ အကန့်အသတ် တစ်ခုတော့ ရှိနေပါသေးတယ်။

သူတို့အားလုံးက အမြင့်ဆုံး နှစ်ပေါင်း လေးဘီလီယံလောက်ပဲ အသက်ရှင်သန် နေထိုင်နိုင်ပါတယ်။

ဒါက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရေအတွက် တစ်ခုဖြစ်ပေမဲ့ ထာဝရနဲ့တော့ နှိုင်းယှဉ်လိုက်ရင် ဘာမှမဟုတ်တော့ပါဘူး။ အချိန်ကျလာတဲ့ တစ်နေ့မှာ အရာအားလုံး အိပ်စက်အနားယူ ရပါလိမ့်မယ်။

"ဟင် ဒီနေရာမှာ ကျောက်ချပ်တစ်ခု ရှိတယ်"

သူတို့တွေ ခဏလောက် လမ်းလျှောက်လာပြီးတော့ အမြင့်ကိုးမီတာလောက်ရှိတဲ့ ကျောက်ချပ် တစ်ခုက ကျောက်ရုပ် ဂဏ်ပါ အစီအရင် အရှေ့မှာ စိုက်ထားတာကို တွေ့လိုက် ရပါတယ်။ အဲဒီကျောက်ချပ်ပေါ်မှာ စာလုံးတွေကို ရေးထွင်းထားပါတယ်။ ဂင်ပေါက်မှာ တွေ့ခဲ့တဲ့ ကျောက်ပြားလို မှန်ဝါးခြင်းမရှိပဲ ရှင်းလင်းပြတ်သားပါတယ်။

"ပြိုင်ဘက်ကင်းလို့ ယုံကြည်ထားတဲ့သူတွေ ဒီဂဏ်ပါကို စိန်ခေါ်နိုင်တယ်"

လင်းဟန်က ကျောက်ချပ်ပေါ်က စာတွေကို ဖတ်လိုက်ပါတယ်။

"ငါတို့ အနီးအနား ပတ်ဝန်းကျင်ကို လျှောက်သွားသင့်လား။ ဒါမှမဟုတ် ဂက်ပါကို စိန်ခေါ်သင့်လား"

စွေ့ရန်ယွီက မေးလိုက်ပါတယ်။ ဒီကျောက်ရုပ် ဂက်ပါ အစီအရင်က ဘာလဲဆိုတာကို မိုးကောင်းကင်ပဲ သိပါလိမ့်မယ်။ သူတို့ကို အန္တရာယ် မကျရောက်စေရင်တော့ အကောင်းဆုံးပါပဲ။

လင်းဟန်က စကားပြောမလို့ ပြင်တုန်းမှာပဲ ရုတ်တရက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

"အရှေ့မှာ လှုပ်ရှားမှု ရှိနေတယ်"

သူတို့က ကပျာကယာ ပြေးသွားလိုက်တဲ့ အခါမှာ သူတို့ထွက်လာတဲ့ ကျောက်ရုပ်ဂက်ပါရဲ့ ဂင်ပေါက်မှာ လူတစ်အုပ်ကို တွေ့လိုက်ရပါတယ်။ အဲဒီအချိန် မလှုပ်မရှားနဲ့ ငြိမ်သက်နေတဲ့ ကျောက်ရုပ်တွေက အံ့အားသင့်စရာ

ကောင်းလောက်အောင် စတင်လုပ်ရှားလာပြီး အဲဒီလူအုပ်ကို တိုက်ခိုက်မှုတွေ ထုတ်ဖော်လိုက်ပါတယ်။

အဲဒီလူတွေနဲ့ ကျောက်ရုပ်တွေက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေကြပါပြီ။

"ယန္တရားရုပ်တွေ"

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က တစ်ပြိုင်နက်တည်း အော်လိုက်မိပါတယ်။ သူတို့က ဒီလိုမျိုး အရာတွေနဲ့ အတော်လေးကို ရင်းနှီးနေပါတယ်။

ဒါပေမဲ့လည်း ကမ္ဘာ့အူတိုင်ကျွန်းပေါ်က ယန္တရားရုပ် ထောင်နဲ့ချီတယ် ဆိုပေမဲ့ အများစုက တောင်မြစ်အဆင့်ရဲ့ ကနဦး အဆင့်မှာပဲ ရှိပါတယ်။ အဲဒီအချိန် ဒီနေရာမှာ ရှိနေတဲ့ ယန္တရားရုပ်တွေ အားလုံးဟာ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အစောပိုင်း အဆင့်မှာ ရှိနေပါတယ်။ သူတို့မှာ ထိတ်လန့်တုန်လုပ်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည်ကိုလည်း ပိုင်ဆိုင် ထားပါတယ်။

စိန်ခေါ်သူတွေရဲ့ အစွမ်းက မထက်မြက်ပါဘူး။ သူတို့က ခဏအကြာမှာပဲ ဂျက်ပါ အစီအရင်ကနေ ကန်ထုတ်ခံလိုက်ရပါတယ်။ သူတို့အားလုံး သွေးတွေပေကျံပြီး သူတို့ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ဖုံးနေပါတယ်။

"အနီးအနားကို လျှောက်သွားကြည့်ရအောင်"

လူတစ်ယောက်က ပြောလိုက်တယ်။ ဒီအကြံပြုချက်ကို တခြားသူတွေက အလျင်အမြန်ပဲ လက်ခံလိုက်ပြီး ကျောက်ရုပ်တွေ အနားကို စတင်လျှောက်လှမ်းသွားကြပါတယ်။ ကျောက်ရုပ် ဂျက်ပါက တစ်မီတာပတ်လည် ကျယ်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် နက်ရှိုင်းပါတယ်။ ဒါကြောင့် ကျောက်ရုပ်တွေရဲ့ အရေအတွက်အားလုံးက သန်းနဲ့ချီ ရှိတယ်ဆိုတာ ဖြစ်နိုင်ပါတယ်။

လူအုပ်က ဘေးကနေ ဖြတ်သွားတဲ့ အချိန်မှာ စွေ့ရန်ယွီကို အမှတ်မထင် ခိုးခိုးပြီး ကြည့်သွား ကြပါတယ်။ ကြည့်ရတာ တချို့က ပြဿနာ ရှာချင်ပုံ ရပြီးတော့ လည်ပြန်ကြည့်ပြီးတဲ့

နောက်မှာတော့ သူတို့က ထူးထူးဆန်းဆန်း သူတို့ရဲ့ အမြန်နှုန်းကို မြှင့်တင်ပြီး ထွက်သွား ကြပါတယ်။

လင်းဟန်က အနောက်ကို လှည့်ကြည့်လိုက်တဲ့ အခါမှာ ရှားဂူချွယ်နဲ့ သူ့နောက်လိုက်တွေ ပျောက်လာတာကို တွေ့လိုက်ရပါတယ်။ စောစောတုန်းက လူအုပ်က ရှားဂူချွယ်ကို ထိတ်လန့် တုန်လှုပ်သွားတာ ဖြစ်နိုင်ပါတယ်။

ရှားဂူချွယ်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဟီးဟီး ငါတို့ နောက်တစ်ကြိမ် ပြန်ဆုံကြပြီနော်။ ငါတို့တွေ အကြားက ရေစက်က တော်တော် အားကောင်းတာပဲ"

ဒါပေမဲ့လည်း သူက နည်းနည်းတော့ ပဟေဠိ ဖြစ်နေပါတယ်။ အရင်က လင်းဟန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်ပဲ ရှိတာပါ။ ဒါကြောင့် ဘယ်လိုဖြစ်ပြီးတော့ စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ ဝံပုလွေ ယန္တရားရုပ် တစ်ကောင်က သူတို့နဲ့အတူ ရုတ်တရက်ကြီး ရှိနေတာလဲ။

Chapter 1097 end

အပိုင်း(1098) ဂက်ပါ အစီအရင်ကို စိန်ခေါ်ခြင်း

စွေ့ရန်ယွီက စိတ်ထဲကနေ ကျိတ်ပြီးတော့ မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ သူမက ဒီလို လူစားမျိုးကို စက်ဆုပ်ရွံရှာပါတယ်။ ဒါပေမဲ့လည်း လက်ရှိမှာ လင်းဟန်ရှိနေတာကြောင့် သူမက ဘာမှသိပ်ပြီးတော့ ပြောနေစရာ မလိုပါဘူး။ သူမက ဒီကိစ္စကို လင်းဟန်ကိုပဲ ရင်ဆိုင်စေခဲ့ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"နောက်ပိုင်း တိုက်ဆိုင်မှုတွေကို ရှောင်တိမ်းဖို့အတွက် ကျေးဇူးပြုပြီး မင်းအရင်သွားပါ"

သူက ရှားဝူချွယ်ကို ကျောက်ရုပ်ဂက်ပါထဲ အရင်ဆုံး ဝင်ဖို့ လက်ဟန်ခြေဟန်နဲ့ ပြလိုက်ပါတယ်။ သူက ဒီဂက်ပါရဲ့ စွမ်းအားကို တွေ့မြင်ပြီးပါပြီ။ ကျောက်ရုပ်တိုင်းက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာရှိတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူတို့က အစောပိုင်း

အဆင့်မှာ ဆိုပေမဲ့ သူတို့ရဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ အရေအတွက်က လုပ်နိုင်စွမ်းထက် ပိုပါတယ်။

သူတို့ကို နေလအဆင့်နဲ့ သိပ်မကွာဘူးလို့တောင် ပြောနိုင်ပြီး တောင်မြစ်အဆင့်မှာရှိတဲ့ ဘယ်သူကမှ ကျောက်ရုပ်ဂေါ်ပါကနေ အောင်အောင်မြင်မြင်နဲ့ ထွက်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ ဒီနေရာမှာ ကျောက်ရုပ်တွေက ရာဂဏန်း အနည်းငယ် ဒါမှမဟုတ် ထောင်ဂဏန်း အနည်းငယ်ပဲ ရှိတာ မဟုတ်ပါဘူး။ သန်းနဲ့ချီပြီးတော့ ရှိပါတယ်။ ဘယ်သူကများ ဒီလိုမျိုး များပြားလှတဲ့ ကျောက်ရုပ်တွေကို ဆန့်ကျင်ရင်ဆိုင်နိုင်မှာလဲ။

လုံ့ရှည်ကိုင်ထားတဲ့ လူငယ်က ချက်ချင်းပဲ အရှေ့ကို ခြေတစ်လှမ်း တိုးလာပြီးတော့ အသံတိုးတိုးနဲ့ သတိပေးလိုက်ပါတယ်။

"ဂရုစိုက်ပါ သခင်လေး"

သူတို့က လင်းဟန်ထက် နောက်ကျမှ ရောက်လာခဲ့ပါတယ်။ ဒါကြောင့် ကျောက်ရုပ်စစ်တပ်ရဲ့ အနားက

လမ်းလျှောက်သွားတဲ့ ဖိုသီဖတ်သီး လူအုပ်ကိုပဲ တွေ့ခဲ့ရပါတယ်။ သူတို့အရှေ့က မြင်ကွင်းတွေကို ပေါင်းလိုက်မယ်ဆိုရင် သူတို့ရဲ့ အရှေ့က ဒီကျောက်ရုပ်တွေဟာ သာမန် မဟုတ်ဘူး ဆိုတာကို သူတို့တွေ အလွယ်တကူ ခန့်မှန်းနိုင်ပါတယ်။

ရှားဂူချွယ်ရဲ့ မျက်နှာပေါ်မှာ ယုံကြည်ချက် ပြည့်ဝတဲ့ အမူအရာတစ်ခု ပေါ်လာခဲ့ပါတယ်။ သူက နေလွှမ်းမိုးခြင်း အံ့ဖွယ်အင်ပါယာရဲ့ မင်းသားတစ်ပါး ဖြစ်ပြီးတော့ ခေတ်တစ်ခေတ်ကို လွှမ်းမိုးနိုင်မဲ့ ပြိုင်စံရှား ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

သူက ကျင့်ကြံခြင်း အဆင့်တူထဲမှာ ပြိုင်ဘက်ကင်းတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ ဒီကျောက်ရုပ်တွေ အနေနဲ့ နေလအဆင့်ကို မရောက်သေးသရွေ့ သူ့အတွက်တော့ ဘာမှကို ကြောက်နေစရာ မလိုပါဘူး။ နောက်ပြီးတော့ စောစောက လူအုပ်ရဲ့ ဒဏ်ရာတွေကို ကြည့်လိုက်ရင်

ဒီကျောက်ရုပ်တွေရဲ့ တိုက်ပွဲစွမ်းရည်က နေလအဆင့်နဲ့ ဝေးကွာလွန်းတယ် ဆိုတာကို သူဆုံးဖြတ်နိုင်ပါတယ်။

သူ့ကိုယ်ပိုင် ပြိုင်ဘက်ကင်း စွမ်းရည်တွေကို မယုံကြည်ဘူးလား။

သူက ဒါကို ရိုးရိုးလေးပဲ ယုံကြည်တာ မဟုတ်ပါဘူး။ သူက ပြိုင်စံရှား လူတစ်ယောက် ဖြစ်ပါတယ်။

သူက စွေ့ရန်ယွီကို ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မိန်းကလေးစွေ့ ဒီဂါက်ပါကို ဖြတ်ကျော်ဖို့ ငါမင်းကို လိုက်ပါစောင့်ရှောက်ပေးမယ်ဆိုရင်ရော ဘယ်လိုလဲ"

သူက စွေ့ရန်ယွီကို လင်းဟာန်ဆီကနေ ခိုးယူဖို့ ကြိုးစားနေတယ်ဆိုတာ ပိုတောင်ထင်ရှားပါတယ်။

"မင်းလို အပြင်လူ တစ်ယောက်ကို ဒုက္ခပေးစရာ မလိုပါဘူး"

လင်းဟာန်က လက်တစ်ဖက်ကို ဇော့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီဂေါက်ပါကို မင်းဘာသာမင်း ဖြတ်ကျော်နိုင်စွမ်းတောင် ရှိလိမ့်မှာ မဟုတ်ဘူး။ မင်းအနေနဲ့ အရမ်းကြီး လေလုံးမထွားဖို့ ငါအကြံပြုပါရစေ"

ရှားဂူချယ်ရဲ့ မျက်နှာပေါ်မှာ ဒေါသထွက်သွားတဲ့ အရိပ်အယောင်တစ်ခု ဖြတ်သွားပါတယ်။ သူက လင်းဟန်ကို ဂရုမစိုက်ပါဘူး။ ဒါပေမဲ့လည်း ဒီပုရွက်ဆိတ်ကောင်က သူ့ကို အချိန်နဲ့အမျှ စော်ကားမော်ကား ပြောဆိုခဲ့ပါတယ်။ ဒီကောင် သေချင်နေပြီပဲ။ ဒါပေမဲ့ သူက စွေ့ရန်ယွီရဲ့ အရှေ့မှာ သူ့ရဲ့ ခံ့ညားထည်ဝါတဲ့ ဟန်ပန်အမူအရာကို ထိန်းထားဆဲပါပဲ။

"ဒါဆိုရင် မိန်းကလေးစွေ့ မြင်ဖို့အတွက် ငါ ဒီဂေါက်ပါ အစီအရင်ကို ထိုးဖောက်ပြရမှာပေါ့"

သူက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ အထင်သေးမှုကို ဖော်ပြဖို့အတွက် လင်းဟန်ကို နည်းနည်းလေးမှတောင် ထည့်မပြောခဲ့ပါဘူး။

သူက ကျောက်ချပ်ကို ကြည့်ပြီးတော့ ဖတ်လိုက်ပါတယ်။

"ပြိုင်ဘက်ကင်းလို့ ကိုယ့်ကိုကိုယ် ယုံကြည်တဲ့သူတွေ ဒီဂေါက်ပါကို စိန်ခေါ်နိုင်တယ်။ ဟားဟားဟား ငါ့ပြိုင်ဘက်ရဲ့ ကျင့်ကြံခြင်း အဆင့်က ငါနဲ့တူနေသရွေ့ ငါက တကယ့်ကို ပြိုင်ဘက်ကင်းပဲ"

သူက ကျောက်ရုပ်ဂေါက်ပါထဲကို ခြေလှမ်းကျဲကျဲတွေနဲ့ ဝင်သွားခဲ့ပါတယ်။

ခြေလှမ်းအနည်းငယ် လှမ်းပြီးတဲ့နောက်မှာ အနားရှိ ကျောက်ရုပ်တွေ အားလုံး အသက်ဝင်လာပြီး ရှားဝူချွယ်ကို တိုက်ခိုက်လိုက်ပါတယ်။

"မင်းတို့လို အားနည်းတဲ့ ကောင်တွေက ငါ့ပြိုင်ဘက်ဖြစ်ဖို့ မထိုက်တန်ဘူး"

ရှားဝူချွယ်က တိုက်ခိုက်ရမဲ့အစား ကျောက်ရုပ်တွေကို မျက်စိဝေ့ကြည့်ရင်းနဲ့ သူ့ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်အဝါတစ်ခု ပန်းထွက်လာခဲ့ပါတယ်။

ဝုန်း ဝုန်း ဝုန်း။

ခုန်ဂင်လာတဲ့ ကျောက်ရုပ်တွေက ချက်ချင်းပဲ လွင့်ထွက်သွားပါတယ်။

အစွမ်းထက်တယ်။ သူက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။

လင်းဟာန် သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်ပါတယ်။ သူလည်း ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်မှာရှိတဲ့ ပြိုင်ဘက်တွေကို အနိုင်ယူနိုင်ပါတယ်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်ကနေ အရှိန်အဝါ တစ်ခုကို ထုတ်ဖော်ပြီးတော့ သူ့ပြိုင်ဘက်ကတွေ လွင့်ထွက်သွားအောင်လို့တော့ သူ့အနေနဲ့ သေချာပေါက် မလုပ်နိုင်ပါဘူး။

ဒါကိုကြည့်ရတာ ရှားဂူချယ်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိနေတာ မဟုတ်ပါဘူး။ သူ့မှာ ကြယ်လေးလုံး ဒါမှမဟုတ် ကြယ်ငါးလုံးရဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပုံ ရပါတယ်။ ဒီအချက်ကြောင့်ပဲ သူက အရမ်းကို အစွမ်းထက်နေရတဲ့ အကြောင်းအရင်း ဖြစ်ပါတယ်။

"သခင်လေးက အရမ်းကို ကြီးကျယ်မြင့်မြတ်တာပဲ"

လုံရှည်ကိုင်ထားတဲ့ လူငယ်နဲ့ တခြားသူတွေက သူတို့ရဲ့ လက်တွေကို မြှောက်ပြီးတော့ စိတ်လှုပ်ရှားစွာနဲ့ ချီးမွမ်းလိုက်ပါတယ်။ သူတို့အားလုံး အနောက်ကနေ လိုက်ပြီးတော့ ဂက်ပါကို ရှားဝူချယ်နဲ့ ရင်ဘောင်တန်းကာ စိန်ခေါ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူတို့အားလုံး ပြီးပြည့်စုံခြင်း အဆင့်မှာ ဆိုရင်တောင် သူတို့ရဲ့ တိုက်ပွဲစွမ်းရည် ကွာခြားမှုက သိသာထင်ရှားပါတယ်။ ဥပမာ လုံရှည်ကိုင်ထားတဲ့ လူငယ်က အရမ်းကို အစွမ်းထက်ပြီး သူ့ရဲ့လှံ ရိုက်ချက်တိုင်း ကျောက်ရုပ် တစ်ရုပ်ကို လွင့်ထွက်သွားနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း အားနည်းတဲ့ လူတွေလည်း ရှိပါတယ်။ ပြီးတော့ သူတို့က ကျောက်ရုပ်တွေ တစ်ဒါဇင်လောက် ဝိုင်းလာတဲ့ အခါမှာ ဘေးကျပ်နံကျပ် အခြေအနေ တစ်ခုကို ချက်ချင်းပဲ ကျရောက်သွားပါတယ်။

ရှားဝူချယ်က အနောက်ကို ပြန်လှည့်ပြီး ကူညီပေးမဲ့ လက္ခဏာ နည်းနည်းမှ မရှိပါဘူး။ သူက သူ့လက်တွေကို အနောက်ဘက်ကို ပစ်ထားပြီး အရှေ့ကို

ဆက်တိုးလာခဲ့ပါတယ်။ သူ့ရဲ့ ဘာဂင်မြင့်နေတဲ့ အရှိန်အဝါက မိုးထိအောင် ထိုးတက်လို့ နေပါတယ်။

"ငါ ရိုးရိုးသားသား ပြောရမယ်ဆိုရင် ဒီလူက တကယ်ပဲ အရမ်းကို အစွမ်းထက်တယ်"

လင်းဟာန်က ပြောလိုက်တယ်။ သူက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို တလွဲထင်မှာ မကြောက်ပါဘူး။ တကယ်တော့ သူ့အနေနဲ့ လုံ့ရှည်ကိုင်ထားတဲ့ လူငယ်ကို ပြိုင်ဘက်တစ်ယောက်အဖြစ် အသုံးပြု နိုင်ပါတယ်။ ဒီလူငယ်က အရမ်းကို အစွမ်းထက်ပြီး သူ့ရဲ့ တိုက်ခိုက်ချက် တစ်ခုချင်းစီမှာ ကျောက်ရုပ်တစ်ရုပ်ကို လွင့်ထွက်သွားစေနိုင်စွမ်း ရှိပါတ်ယ။ ဒါပေမဲ့လည်း ဂင်္ဂပါရဲ့ အတွင်းပိုင်းကို ပိုပြီးတော့ ဂင်ရောက်သွားပြီးတဲ့နောက်မှာ သူလည်း အားစိုက်ထုတ်ရတဲ့ အရိပ်အယောင်တွေ တွေ့မြင်ရပါတယ်။

အဲဒီအချိန်ထိ ရှားပူချယ်က တိုက်ခိုက်မှု တစ်ခုတောင် မထုတ်ဖော်ရသေးပါဘူး။ သူ့ရဲ့ အရှေ့ကို တိုးသွားတဲ့

အမြန်နှုန်းက အနည်းငယ် နှေးကွေးလာတာပဲ ရှိပါတယ်။ တကယ်တော့ သူ့ရဲ့ အရှိန်အဝါကို ထုတ်ဖော်ပြီး ရန်သူတွေကို အနိုင်ယူဖို့အတွက်က သာမန်တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်တာထက် မူလစွမ်းအင်တွေ ပိုပြီးတော့ လိုအပ်ပါတယ်။ ဒါက တန်ရာတန်ကြေး ပြန်ပေးဆပ် ရတာပါပဲ။

သူ့ရဲ့ မူလစွမ်းအင်က အရမ်းကို ပေါများလွန်းပါတယ်။ အရမ်းကို ဖြုန်းတီးပြီး အသုံးပြုတာက တောင့်မခံနိုင်ပါဘူး။ သူ့နဖူးထက်ကနေ ချွေးတွေ စို့လာပါတယ်။

ဒါပေမဲ့လည်း သူက ကျောက်ရုပ်ဂျက်ပါရဲ့ တစ်ရာခိုင်နှုန်းကိုတောင် မဖြတ်ကျော်နိုင်သေးပါဘူး။

ခဏလောက် လျှောက်ပြီးတဲ့နောက်မှာ ရှားပူချွယ်က သူ့ရဲ့ အရှိန်အဝါအပေါ်မှာပဲ ထပ်ပြီးတော့ မှီခိုလို့ မရနိုင်တော့ပါဘူး။ သူက လက်တွေကို ထုတ်ဝှေ့ပြီး ကျောက်ရုပ်တွေဆီကို ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းတွေ ပို့လွှတ်လိုက်ပြီး သူတို့ကို လေထဲ

အလွယ်တကူ လွင့်ထွက်သွားစေကာ သူ့ကိုယ်သူ ပြိုင်ဘက်ကင်း တစ်ယောက်ပုံစံမျိုး ဖြစ်ပေါ်စေခဲ့ပါတယ်။

တင်းပင်းက လင်းဟန်ကို မေးလိုက်တယ်။

"ဆရာသခင် သူ့ကို အနိုင်ယူနိုင်လား"

လင်းဟန်က တဒင်္ဂလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ တိုက်ကွက်အရေအတွက် သတ်မှတ်ထားမယ် ဆိုရင်တော့ သူအနိုင်ရလိမ့်မယ်။ တိုက်ကွက်အရေအတွက် အကန့်အသတ် မရှိရင်တော့ ငါအနိုင်ရမယ်"

တကယ်လို့ တိုက်ကွက်အရေအတွက် သတ်မှတ်ချက်တစ်ခု ရှိနေရင် အနိုင်ပွဲကို ဆုံးဖြတ်လို့ မရနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အားသာချက်ရှိတဲ့သူက အနိုင်ယူသွားပါလိမ့်မယ်။ အဲဒီလိုဆိုရင် ရှားဝူချွယ်က သေချာပေါက် အောင်နိုင်သူ ဖြစ်သွားပါလိမ့်မယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက် ကြယ်လေးပွင့်လောက် သာလွန်နေပြီး သူက လင်းဟန်ထက် အဆင့်သေး

ခြောက်ဆင့်ကျော်တောင် မြင့်ပါတယ်။ ကြယ်ဆယ်ပွင့်ရဲ့ အားသာချက်က နည်းနည်းနောနောမှ မဟုတ်တာ။

ဒါပေမဲ့လည်း လင်းဟန်မှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုနဲ့ မယုံနိုင်စရာ ကောင်းလှတဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်း တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူက တစ်ချက်တည်း အသတ်မခံရသရွေ့ မသေနိုင်တဲ့ လူစားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့တွေဟာ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခု ဆင်နွှဲရမယ်ဆိုရင် ရှားဂူချွယ်ရဲ့ ခံနိုင်ရည်စွမ်းတွေက ကုန်ခမ်းသွား ပါလိမ့်မယ်။ အဲဒီအတိုင်းသာဆိုရင် လင်းဟန်က အောင်ပွဲရယူ နိုင်ပါလိမ့်မယ်။

လင်းဟန်ရဲ့ ထူးခြားဆန်းကြယ်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အကြောင်းကို သိသွားရင် ဘယ်သူကမှ သူနဲ့အတူ မီးကုန်ယမ်းကုန် တိုက်ပွဲတစ်ခုကို ဆင်နွှဲလိမ့်မှာ မဟုတ်ပါဘူး။ ဒါဆိုရင် တိုက်ပွဲက သရေပွဲနဲ့ အဆုံးသတ်သွားနိုင်ပါတယ်။

ကံကောင်းသွားတာက သူ့စကားတွေကို လုံ့ရှည်နဲ့ လူငယ် မကြားပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ကို အရှက်မရှိပဲ ပုံကြီးချဲ့ ပြောတဲ့အတွက် သေချာပေါက် လှောင်ပြောင် သရော်ပါလိမ့်မယ်။

သူတို့အနောက်ကို လူတွေ ပိုပိုပြီးတော့ ရောက်လာပါတယ်။ တချို့က ကျောက်ရုပ်တွေ အနားက ကွေ့ပတ်သွားပြီး တခြားသူတွေကတော့ ဂင်္ဂါကို စတင်စိန်ခေါ် ကြပါတယ်။

လင်းဟန်က အစကတည်းက ဂရုမစိုက်မိပါဘူး။ သူ့မျက်နှာပေါ်မှာ အလျင်အမြန်ပဲ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိုရောက်လာတဲ့ လူအားလုံးက တောင်မြစ်အဆင့်မှာပဲ ရှိပါတယ်။

တကယ်လို့ ဒီနေရာမှာ ကောင်းကင်ဘုံအဆင့် လက်ရွေးစင်တွေ မရှိဘူးဆိုရင် တစ်မျိုးပေါ့။ သူတို့ရဲ့ အရေအတွက်က အရမ်းကို နည်းပါးပါတယ်။ ဒါပေမဲ့လည်း

ဒီနေရာကို နေလအဆင့် လက်ရွေးစင် တစ်ယောက်မှ ရောက်မလာတာတော့ အတော်လေး ထူးဆန်းပါတယ်။

လူအုပ်ကြီးကို ဘာမှန်းမသိ ခွဲထုတ်ပစ်လိုက်တာများ ဖြစ်နိုင်မလား။

ဒီဂက်ပါ အစီအရင်ထဲမှာ တောင်မြစ်အဆင့် ယန္တရားရုပ်တွေပဲ ရှိနေတာ အံ့ဩစရာ မဟုတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါက တောင်မြစ်အဆင့်မှာပဲ ရှိနေတဲ့ လူတွေ စိန်ခေါ်ဖို့ အတွက်ပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ နေလအဆင့် လက်ရွေးစင် တစ်ယောက် ရောက်လာမယ်ဆိုရင် ဒီဂက်ပါထဲမှာ ယန္တရားရုပ် ဆယ်သန်းလောက် ရှိရင်တောင်မှ ဒီဂက်ပါက တားဆီးနိုင်မှာ မဟုတ်ဘူး။ တကယ်တော့ ဒီလိုမျိုး ယန္တရားရုပ်တွေက နေလအဆင့် လက်ရွေးစင် တစ်ယောက် ရှေ့ထွက်လာရင် ဘယ်လိုလုပ် တားဆီးနိုင်မှာလဲ။

ဒါက အံ့အားသင့်စရာ စွမ်းရည်တစ်ခု ဖြစ်ပါတယ်။ အရာအားလုံးက သူတို့တွေ မသိလိုက်ပဲ

ဖြစ်ပျက်သွားခဲ့ပါတယ်။ လင်းဟန်တောင်မှ ဒါကို အခုမှပဲ သတိပြုမိတာ ဖြစ်ပါတယ်။ သူ့အရှေ့က အဖြစ်အပျက်တွေကို လေ့လာစူးစမ်းပြီးတဲ့နောက်မှ ဒီကောက်ချက်ချလိုက် နိုင်တာပဲ ဖြစ်ပါတယ်။ အမှန်တကယ်တော့ သူက သမာရိုးကျကနေ ခွဲထွက်သွားတဲ့ အရာတွေကို အာရုံခံနိုင်ခြင်း မရှိသေးပါဘူး။

လက်ရွေးစင်က လက်ရွေးစင်ပါပဲ။ သူတို့တွေ ခင်းကျင်းသွားတဲ့ အရာအားလုံးက သူတို့တွေ သေသွားတာ နှစ်ပေါင်းမရေမတွက်နိုင်အောင် ကြာနေတာတောင်မှ အရမ်းကို အထင်ကြီးစရာ ကောင်းလွန်းတယ်။

ကျောက်ရုပ်ဂက်ပါကို ပြိုင်ဘက်ကင်းလို့ ထင်နေကြတဲ့ လူအများကြီးက စိန်ခေါ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ထဲက အများစုဟာ အရမ်းကို တိုတောင်းတဲ့ အကွာအဝေး တစ်ခုထိပဲ ရှေ့ဆက်နိုင်ပြီး ကန်ထုတ်ခံလိုက် ရပါတယ်။ ကံကောင်းတာက ကျောက်ရုပ်တွေကို သူတို့တွေက ဆက်ပြီးတော့ မရင်ဆိုင်နိုင်တော့တဲ့ အချိန်မှာ

နောက်ဆုတ်စရာ မလိုတာပါပဲ။ ကျောက်ရုပ် ဂဏ်ပါက တစ်ကီလိုမီတာပဲ ကျယ်ပြီးတော့ ဘေးဘက်ကို အလွယ်တကူပဲ ထွက်နိုင်ပါတယ်။

ဒါပေမဲ့လည်း ထူးဆန်းတဲ့ အရာက လူတွေက ဘေးနှစ်ကနေ ထွက်နိုင်ပေမဲ့ ဝင်လို့မရပါဘူး။ ဒါက လူတွေရဲ့ လှည့်ဖြားခြင်းကနေ ကာကွယ်ထားတာလား။

လင်းဟာန်က အရမ်းကို စိတ်ဝင်စားနေခဲ့ပြီး ဂဏ်ပါကို စိန်ခေါ်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"မင်းတို့နှစ်ယောက် ဘေးကနေ ကွေ့သွားလိုက်"

သူက စွေ့ရန်ယွီနဲ့ တင်းပင်းကို ပြောလိုက်တယ်။ အဲဒီနောက် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ခေါင်းညိတ်ပြပြီး သူ့အတွက် သူ့မိန်းမနဲ့ တပည့်ကို ကာကွယ်ပေးထားဖို့ အချက်ပြလိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့အမြီးကို ဝှေ့ယမ်းပြီး နားလည်တဲ့ပုံစံမျိုး ဖော်ပြလိုက်ပါတယ်။

"သတိထားနော်"

စွေ့ရန်ယွီက လင်းဟာန်မှာ အနက်ရောင် မျှော်စင် ပိုင်ဆိုင်ထားတယ် ဆိုတာကို ကောင်းကောင်းကြီး သိနေတာပေမဲ့ သူ့ကို မစိုးရိမ်ပဲ မနေနိုင်ပါဘူး။

"မဆင်မခြင် မလုပ်ဖို့ သတိထားပါ"

"ငါနားလည်ပါတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။ အမှန်တကယ်တော့ သူက ထိတ်လန့်ခြင်း မရှိပါဘူး။ ပြင်းထန်အဆင့်မြင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတဲ့နောက်မှာ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ ခွန်အားက အဆင့်လေး နတ်ဘုရား သတ္တုအဆင့်ကို ရောက်ရှိနေခဲ့ပါပြီ။ ဒါကြောင့် တကယ်လို့ ယန္တရားရုပ် တစ်ရာ တစ်ထောင်နဲ့ တိုက်ခိုက်ရင်မယ် ဆိုရင်တောင် ဘာဖြစ်မှာလဲ။ သူတို့အနေနဲ့ သူ့ကို ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

နောက်ပြီးတော့ သူက ယန္တရားရုပ်တွေ အတွက်တော့ ကံကြမ္မာဆိုး နတ်ဘုရား တစ်ပါး ဖြစ်ပါတယ်။

လင်းဟန်က ယုံကြည်ချက် အပြည့်နဲ့ ကျောက်ရုပ်ဂဏ်ပါထဲကို လှမ်းဝင်လိုက်ပါတယ်။

Chapter 1098 end

အပိုင်း(1099) အဆင့်လေး

ရွှပ်။

လင်းဟန်ရဲ့ အရှေ့က ကျောက်ရုပ်ဟာ ချက်ချင်းပဲ အသက်ဝင် နိုးထလာပြီး သူ့လက်သီးနဲ့ လင်းဟန်ကို ထိုးနက်လိုက်ပါတယ်။

လင်းဟန်ကလည်း သူ့လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ လက်သီးကို လက်သီးချင်း တုံ့ပြန်လိုက်ပါတယ်။

ဟုန်း။

ကျောက်ရုပ်က ချက်ချင်းပဲ အနောက်ဘက်ကို ဒယိမ်းဒယိုင်နဲ့ ဆုတ်သွားရပါတယ်။ သူ့ရဲ့ စွမ်းအားက ထူးထူးခြားခြား မရှိပါဘူး။ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ စွမ်းအားက အခုဆို ကြယ်ငါးလုံးကိုတောင် ကျော်နေနိုင်ပါပြီ။ ဒါကြောင့် သူ့လက်သီးရဲ့ အစွမ်းက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်နေပါပြီ။ ဒါကြောင့် သူက အသားစီး ရယူပြီး ချေမှုန်းနိုင်စွမ်း ရှိနေပါတယ်။

ဒါပေမဲ့လည်း တခြားကျောက်ရုပ်တွေလည်း နိုးထလာပြီး လင်းဟန်ကို စတင် တိုက်ခိုက် လာကြပါတယ်။ တချို့က လေပေါ်ကို ခုန်တက်ပြီး တချို့က လင်းဟန်ဆီကို တရကြမ်း ပြေးဝင် လာကြပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေက ပြင်းထန်ပြီး ဘယ်သူမှ ထိန်းမထား ကြပါဘူး။

ဒါကြောင့်လည်း လင်းဟန်က စွေ့ရန်ယွီနဲ့ တင်းပင်းတို့ နစ်ယောက်ကို ဂျက်ပါကို စိန်ခေါ်ခွင့် မပြုရတဲ့ အကြောင်းပဲ

ဖြစ်ပါတယ်။ သူတို့တွေက တစ်ချက်တည်းနဲ့ အသတ်ခံရနိုင်ပါတယ်။

တကယ်လို့ လူတစ်ယောက်က ဂက်ပါထဲကနေ ထွက်ချင်တယ်ဆိုရင် သူတို့မှာ အဲဒီလိုမျိုး လုပ်နိုင်ဖို့ မယုံနိုင်စရာကောင်းတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားဖို့ လိုအပ်ပါလိမ့်မယ်။ လူတစ်ယောက်က သူနောက်ဆုတ်ချင်တဲ့ အချိန်တိုင်း အလွယ်တကူနဲ့ ဆုတ်လို့ရလိမ့်မှာ မဟုတ်ပါဘူး။

ကျောက်ရုပ်ဂက်ပါထဲမှာ သွေးအိုင်တွေ ခြေပြတ်လက်ပြတ်နဲ့ အလောင်းကောင်တွေတောင် ရှိနေပါတယ်။

လင်းဟန်က ဂက်ပါထဲမှာ ထိပ်တန်းအဆင့် ပါရမီရှင် တော်တော်များများကို တွေ့မြင်ခဲ့ ရပါတယ်။ တချို့ဆိုရင် ရှားပူချွယ်ထက် အားမနည်းပါဘူး။ ပြီးတော့ သူတို့က ကျောက်ရုပ်တွေကို လက်တစ်ဖက်တည်းနဲ့ အနိုင်ယူနိုင်စွမ်း ရှိပါတယ်။ သူတို့ပုံစံ ကြည့်ရတာ အရမ်းကို သက်တောင့်သက်သာ ရှိတဲ့ပုံစံပါပဲ။

လင်းဟန်က ဒီဧရာမ ဂူသချိုင်းထဲကို ဂင်လာခဲ့တဲ့ ပါရမီရှင် အရေအတွက်က အခုသူမြင်တွေ့ နေရတဲ့ အရေအတွက်ထက် အပုံကြီး သာလွန်လိမ့်မယ် ဆိုတာကို ယုံကြည်နေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပါရမီရှင်တွေ အားလုံးက တစ်ဦးတည်း ခရီးမထွက်ပါဘူး။ သူတို့နဲ့အတူ အားနည်းတဲ့ အုပ်စုတချို့ကို ခေါ်လာကြပြီး တချို့က သူတို့ရဲ့ စီနီယာတွေနဲ့အတူ ခရီးထွက် လာတတ်ပါတယ်။ တချို့က တစ်ယောက်တည်း ခရီးထွက်လာတယ် ဆိုပေမဲ့ နေလအဆင့် အစောင့်အရှောက်တွေက သူတို့ကို လျှို့ဝှက်စွာ ကာကွယ်ပေးနေတတ်ပါတယ်။

ဒါပေမဲ့လည်း နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက ဒီနေရာမှာ ထွက်ပေါ်မလာနိုင်ပါဘူး။

ဒီမှာ နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်အတွက်လည်း သက်ဆိုင်ရာ ကျောက်ရုပ်ဂေါက်ပါတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါပေမဲ့လည်း

တောင်မြစ်အဆင့်မှာရှိတဲ့ ပါရမီရှင်တွေက သူတို့ကို စိန်ခေါ်ဖို့ အခွင့်အရေး ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူတို့က ဘေးကနေပဲ ဖြတ်သွားပြီး ကြည့်ရုံသာ ကြည့်လို့ ရပါလိမ့်မယ်။

အဲဒီအချိန် ပါရမီရှင်တွေကလည်း သူတို့အကြားမှာ တိုက်ပွဲတွေ ရှိပါတယ်။ ဒီစူးစမ်းလေ့လာရေး ခရီးပြီးဆုံးသွားရင် အနံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်သစ် လက်ခံဖို့ အချိန်ရောက် လာပါလိမ့်မယ်။ ဒီနေရာမှာ ရှိနေတဲ့ လူတော်တော်များများက အနံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်သစ်တွေ ဖြစ်လာနိုင်ပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတို့တွေက ပြိုင်ဘက်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အကြားမှာ ယှဉ်ပြိုင်မှုနဲ့ အငြင်းပွားမှုတွေ စတင်လာ ပါလိမ့်မယ်။

ဒါပေါ့။ လင်းဟန်က တခြားသူတွေရဲ့ အာရုံစိုက်ခြင်းကို မခံခဲ့ရပါဘူး။ သူက အရှေ့ကို တိုးလာတယ် ဆိုပေမဲ့ အရမ်းကို အေးအေးဆေးဆေးနဲ့ လုပ်နေခဲ့ရတာ

မဟုတ်ပါဘူး။ တကယ်တော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်နေပါသေးတယ်။

ပါရမီရှင်တွေ အကြားက ယှဉ်ပြိုင်မှုက မရေမတွက်နိုင်တဲ့ လူတွေရဲ့ အာရုံစိုက်မှုကို ရရှိစေပါတယ်။ ကျောက်ရုပ်ဂက်ပါရဲ့ ဘေးနားမှာ လူတွေစုဝေးပြီး ကြည့်ရှုနေကြပါတယ်။ သူတို့တွေက ဂက်ပါကို လူဘယ်နှစ်ယောက်လောက် အောင်အောင်မြင်မြင်နဲ့ စိန်ခေါ်နိုင်မလဲ ဆိုတာကို သူတို့က သိချင်နေခဲ့ပါတယ်။ တကယ်လို့ အောင်မြင်တဲ့သူ ရှိမယ်ဆိုရင် ဘယ်သူက အရင်ဆုံး ထွက်လာမလဲ ဆိုတာကို သူတို့တွေ သိချင်နေခဲ့ပါတယ်။

အခုဆို သူတို့က တစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်နေကြပြီး ပါရမီရှင်တွေက ပိုပြီးတော့တောင် တိုက်ပွဲဝင်လိုစိတ်တွေ ပြင်းထန်လာခဲ့ပါတယ်။

ဒါပေ့ါ။ လူငယ်ပါရမီရှင်တွေပဲ ယှဉ်ပြိုင်ကြတာ မဟုတ်ပါဘူး။ တောင်မြစ်အဆင့်ရဲ့ သက်ကြီးပိုင်းတွေလည်း ဒီယှဉ်ပြိုင်မှုမှာ

ပါဝင်လာပြီး အပြင်ထွက် မနေချင် ကြပါဘူး။ သူတို့အထဲမှာ အနည်းစုက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ သူတို့က နေလအဆင့်ကို ရောက်နိုင်စွမ်း မရှိပေမဲ့ သူတို့က သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို မယုံနိုင်စရာကောင်းပြီး ခိုင်မာတဲ့ အဆင့်တစ်ခုရောက်အောင် ကျင့်ကြံအားထုတ်ပြီး သူတို့ရဲ့ တိုက်ပဲစွမ်းရည်ကို မတူညီတဲ့ နည်းလမ်းတွေနဲ့ မြှင့်တင်ထားပါတယ်။

ဒီဂက်ပါ အစီအရင်ထဲမှာ နတ်ဘုရားပစ္စည်းတွေကို အသုံးမပြုရတဲ့ စည်းကမ်းမရှိဘူးဆိုတာ ထင်ရှားပါတယ်။ အကြီးအကဲ တစ်ယောက်က လိပ်ခွံတစ်ခုကို အသက်သွင်းပြီး အဲဒီလိပ်ခွံပေးမှာ နတ်ဘုရား သင်္ကေတတွေ ဒါဇင်နဲ့ချီ ရှိနေပါတယ်။ အဲဒီက တောက်ပနေတဲ့ အလင်းတန်းတွေက သူ့ဆီကို ဝင်ရောက်လာတဲ့ တန်ပြန်တိုက်ခိုက်မှုတွေကို ကာကွယ်တားဆီးတဲ့ နေရာမှာ ကူညီပေးခဲ့ပါတယ်။

အားလုံးက သူတို့ရဲ့ ပြိုင်ဘက်ကင်း တိုက်ပွဲစွမ်းရည်တွေကို ထုတ်ဖော်နေပါတယ်။ တချို့က သူတို့ရဲ့ ခွန်အားပေါ်မှာ မှီခိုပြီး တချို့က သူတို့ရဲ့ နတ်ဘုရား ပစ္စည်းတွေ အပေါ်မှာ မှီခို နေပါတယ်။ ဘာမှမှီခိုစရာမရှိတဲ့ သူတွေကတော့ သူတို့တွေ သေလုနီးပါး ရိုက်ခံပြီး ဘေးကနေ ဖြတ်ကာ ထွက်သွားနိုင်ပါတယ်။

ရှားပုချွယ်က အရှေ့ကို ဆက်တိုးနေတယ် ဆိုပေမဲ့ သူ့အနောက်က လူတွေကလည်း နီးကပ် လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘယ်သူကမှ သူ့ကို မကျော်နိုင်သေးပါဘူး။

ခေါင်းဆောင်အပေး ဖိအားက အကြီးမားဆုံး ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က နောက်ဆုံး မျဉ်းကြောင်းနဲ့ အရမ်းကို ဝေးနေသေးမှတော့ ပါရမီရှင်တွေ အားလုံးက တစ်စုံတစ်ယောက်ရဲ့ အနောက်ကနေ လိုက်သွားဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ သူတို့က သူ့ကို အလျင်အမြန် ဖြတ်ကျော် သွားလိမ့်မှာ မဟုတ်ပါဘူး။

"အခု ရှားပုချွယ်က အရှေ့ကနေ ဦးဆောင်နေပြီ"

"ရှားပူချွယ်ဆိုတာ ဘယ်သူလဲ"

"သူက နေလှွမ်းမိုးခြင်း အဲ့ဖွယ်အင်ပါယာက မင်းသားတစ်ပါးပဲ။ ပြီးတော့ သူက ခမ်းနားတဲ့ ဖွံ့ဖြိုးရေး ဂြိုလ်ကြီးပေါ်က နံပတ်တစ် ပါရမီရှင်လည်း ဖြစ်တယ်။ ကောလာဟာလတွေ ပြောတာတော့ နေလွှမ်းမိုးခြင်း ဧကရာဇ်က သူ့ကို ကမ္ဘာငယ်လေး တစ်ခုဆီကို ပို့လိုက်တယ်။ သူကလည်း မိုးကောင်းကင်ကို အောင်အောင်မြင်မြင်နဲ့ ခွဲဖွင့်နိုင်ပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကောင်းချီးပေးမှုကို လက်ခံရရှိခဲ့တယ်။ သူက အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာလိမ့်မယ်။ ပြီးတော့ ဒဏ္ဍာရီလာ ကြယ်ငါးပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်နိုင်ချေ ရှိတယ်"

"ကြယ်ငါးပွင့် ပါရမီရှင် ဟုတ်လား။ သူက အားလုံးအရှေ့က ဦးဆောင်နေတာ အံ့သြစရာ မရှိတော့ဘူး။ သူ့ကို ဘယ်သူများ ယှဉ်ပြိုင်နိုင်ဦးမှာလဲ"

"နောက်ပြီးတော့ နေလွှမ်းမိုးခြင်း ကေရာဇ်က မိုးကောင်းကင်ကို သူဖွင့်နိုင်ဖို့ ကမ္ဘာငယ်လေး တစ်ခုကို တကယ်ပဲ စေလွှတ်ခဲ့တယ်။ ဘယ်လောက် အံ့သြစရာကောင်းတဲ့ စွမ်းအားလဲ"

"ဒါပေမဲ့လည်း တခြား ပါရမီရှင်တွေကို လျှော့တွက်လို့ မရနိုင်ဘူး။ ဒုတိယ နေရာကနေ လိုက်လာတဲ့ လူကို ကြည့်လိုက်ဦး။ သူမက မြောက်ပိုင်းကြွယ်ဂ ဂြိုလ်ကြီးက ရှောင်စီစီပဲ။ ပြီးတော့ သူမက မြူခိုးတစ်ထောင် အံ့ဖွယ်အင်ပါယာရဲ့ မင်းသမီးတစ်ယောက်ပဲ။ သူမကလည်း ကမ္ဘာငယ် တစ်ခုကို သွားပြီးတော့ မိုးကောင်းကင်ကို ခွဲဖွင့်ခဲ့တဲ့ အထွတ်အထိပ် ပါရမီရှင် တစ်ယောက်ပဲ"

"လပြွတ်ပဲပေါ့။ အဖေကောင်း တစ်ယောက်ရှိတာက ဘဂကို ပိုပြီးတော့တောင် လွယ်ကူစေတာပဲ"

"တတိယနေရာက လူကတော့ ဆုကျင်းလို့ခေါ်တယ်။ သူက ရေစီးကြောင်းဂိုဏ်းရဲ့ ထူးချွန်ထက်မြက်တဲ့ တပည့်တစ်ယောက်ပဲ။ သူ့ရဲ့အစွမ်းကလည်း ထူးခြားတယ်"

"နံပါတ်လေး နေရာကလူက တုအန်းလို့ ခေါ်တယ်။ သူလည်း အစွမ်းထက်တဲ့ ပါရမီရှင် တစ်ယောက်ပဲ"

ဒီလူလေးယောက်က လူငယ်ပါရမီရှင်တွေ အထဲမှာ စိတ်ဝင်စားခံရဆုံး ဖြစ်ပြီးတော့ တခြားသူတွေထက် သာလွန်တဲ့ ခွန်အားကို ထုတ်ဖော်ပြသ နေကြပါတယ်။ ဘာဖြစ်လို့လဲဆို သူတို့က မိုးကောင်းကင်ကို ခွဲဖွင့်လာပြီး တခြားသူတွေထက် ပိုမြင့်တဲ့ အဆင့်တစ်ခုကနေ စတင်လာလို့ ဖြစ်ပါတယ်။ တကယ်လို့ သူတို့က တောင်မြစ်ငါးခုကို မဖြစ်ပေါ်နိုင်ဘူး ဆိုရင်တောင် သူတို့ရဲ့ စွမ်းအားတစ်ခုတည်းကတင် ကြယ်ခြောက်ပွင့်ကို ကျော်လွန်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါက အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ လင်းဟန်တောင်မှ ဒီလူလေးယောက်ကို ထိပ်တိုက်ရင်ဆိုင်လို့ မရနိုင်ပါဘူး။

သူတို့လေးယောက်က ပထမအဆင့်ပုံစံ ဖြစ်ပြီးတော့ ဘယ်သူကမှ သူတို့ကို လိုက်မီနိုင်စွမ်း ရှိလိမ့်မှာ

မဟုတ်ပါဘူး။ ဒါကြောင့် သူတို့နဲ့ တခြားသူတွေ အကြားက အကွာအဝေးက ပိုပိုပြီး တိုးလာခဲ့ပါတယ်။ ဒုတိယအဆင့်မှာတော့ အနည်းငယ်ပဲ နိမ့်ကျတဲ့ ပါရမီရှင်တွေ ပါဝင်ပြီး သူတို့ထဲက အများစုက အရင်မျိုးဆက်ဟောင်းက တောင်မြစ်အဆင့် ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ ဥပမာ သူတို့အထဲမှာ လိပ်ခွံနတ်ဘုရား ပစ္စည်းကို အသုံးပြုပြီးတော့ ကိုယ့်ကိုကိုယ် ကာကွယ်ရင်း ရှေ့တိုးလာနေတဲ့ လူတစ်ယောက်ပေါ့။

ဒီနတ်ဘုရား ပစ္စည်းက လူတော်တော်များများကို မနာလို ဖြစ်စေပါတယ်။ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ တိုက်ခိုက်မှု အများကြီးကို ခုခံကာကွယ်ပြီးတာတောင် အကောင်းအတိုင်း ဆက်ရှိနေသေးတဲ့ ဒီပစ္စည်းကို ကိုယ်ပိုင်မလိုချင်တဲ့သူ ဘယ်သူများ ရှိလိမ့်မှာလဲ။

တတိယ အဆင့်မှာ ပါဝင်တဲ့ ပါရမီရှင်တွေကတော့ ပိုပြီးတော့ နိမ့်ကျပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းရဲ့ အထွတ်အထိပ်

အဆင့်မှာ အားလုံး ရှိနေပြီး ကြယ်သုံးပွင့်ဂန်းကျင်ပဲ ရှိပါတယ်။ တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဒီအဆင့်မှာ ရှိမနေဘူးဆိုရင် သူတို့က ဂင်္ကပါရဲ့ အနိုင်ယူခြင်းကို ခံလိုက်ရပါလိမ့်မယ်။

အဲဒီနောက် အဆင့်လေးလည်း ရှိပါတယ်။ အဲဒီအဆင့်မှာရှိတဲ့ ပါရမီရှင်တွေက ကြယ်နှစ်ပွင့် တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားကြပါတယ်။ သူတို့ကလည်း တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ်အဆင့်မှာ ရှိကြပါတယ်။

သူတို့အနောက်မှာရှိတဲ့ လူတွေကိုတော့ ဂင်္ကပါထဲကို ဂင်လာရုံနဲ့ အဆင့်ငါးလို့ သတ်မှတ်လို့ မရနိုင်ပါဘူး။ အရမ်းကို အားနည်းတဲ့ လူတွေဖြစ်ပြီး ဂင်္ကပါရဲ့ ရှင်းထုတ်ခြင်းကို ခံကြရပါတယ်။

လင်းဟန်က အခု အဆင့်လေးမှာ ဖြစ်ပါတယ်။ ပြီးတော့ သူက အလျင်အမြန်နဲ့ ရှေ့ကို ဆက်မတက်ခဲ့ပါဘူး။ သူက ဖြည်းဖြည်းလေးနဲ့ မြဲမြဲစွာ လျှောက်လာပြီး ယန္တရားရုပ်တွေကို

အသုံးချကာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အရောင်တင်နေခဲ့ပါတယ်။

မိုးရေကောရာဇ်၊ ဖန်ပိုယွန်နဲ့ တခြားသူတွေလိုပဲ တိုက်ပွဲတွေ ဆင်နွှဲပြီး ကိုယ့်ကိုကိုယ် တိုးတက်အောင် လုပ်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က သိပ်မကြာခင် အချိန်မှာ အရမ်းကို လျင်မြန်စွာနဲ့ တိုးလာခဲ့ပါတယ်။ သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက လိုက်မီပေမဲ့ သူ့မှာ တကယ့်တိုက်ပွဲ အတွေ့အကြုံ ရှားပါးနေဆဲပါပဲ။

ဒါကြောင့် ဒီအဆုံးအစမရှိ ကျောက်ရုပ်ဂက်ပါက သူ့အတွက်တော့ လေ့ကျင့်ဖို့ အရမ်းကို ကောင်းမွန်တဲ့ အခွင့်အလမ်း တစ်ခုလို့ ထင်မြင်ရပါတယ်။

တကယ်လို့ လူတစ်ယောက်က အနီးကပ်သေချာ ကြည့်မယ်ဆိုရင် လင်းဟန်က ဂက်ပါကို ရိုးရိုးအတိုင်း တိုးလာတာ မဟုတ်ဘူး ဆိုတာကို သတိပြုမိပါလိမ့်မယ်။ သူအနိုင်ယူခဲ့တဲ့ ကျောက်ရုပ်တိုင်းက တစ်စစီ ပြိုလဲကုန်ပြီး ဂက်ပါရဲ့ ပြိုင်ဘက်ကင်း စွမ်းအားတောင်မှ

ဒီကျောက်ရုပ်တွေကို အလျင်အမြန် ပြန်လည်ကောင်းမွန်လာနိုင်စွမ်း မရှိခဲ့ပါဘူး။ လင်းဟာန်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတဲ့ ကျောက်ရုပ်တွေက လုံးဝကို ပျက်စီးသွားခဲ့ပါတယ်။

ဟင်။

အတော်လေး ရှေ့ကို တိုးလာပြီးတဲ့ နောက်မှာ လင်းဟာန်က ရုတ်တရက်ဆိုသလို ကျောက်ရုပ်တွေရဲ့ လက်သီးထိုးချက်တွေ အထဲမှာ ဖေခွဲမရတဲ့ စွမ်းအားတစ်ခု ပါဝင်နေတာကို သတိပြုမိခဲ့ပါတယ်။ သူတို့ရဲ့ လက်သီးတွေ သူ့ခန္ဓာကိုယ်ကို ထိမှန်တဲ့ အချိန်မှာ သူက အနည်းငယ် နာကျင်မှု တစ်ခုကို ခံစားခဲ့ရပါတယ်။

လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်လေး နတ်ဘုရား သတ္တုအဆင့်နဲ့ ညီမျှနေတာကို သတိပြုရပါလိမ့်မယ်။ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်းအဆင့် စွမ်းအားက သူ့ကို နာကျင်အောင် ဘယ်လိုလုပ်နိုင်မှာလဲ။

မယုံနိုင်စရာ ကောင်းပါတယ်။

လင်းဟန်က သူတို့ရဲ့ တိုက်ခိုက်မှုကို ဂရုတစိုက်နဲ့ လေ့လာစူးစမ်းလိုက်ပါတယ်။ ပြီးတော့ ကျောက်ရုပ်တွေရဲ့ လက်သီးပေါ်မှာ နတ်ဘုရား သင်္ကေတ တစ်ခု ရှိနေတာကို သတိပြုမိပြီး ဘယ်အချိန်ကတည်းက ရှိနေတာ ဆိုတာကိုတော့ သူမသိပါဘူး။

ဒါကိုကြည့်ရတာ ဒီနတ်ဘုရား သင်္ကေတကြောင့် သူတို့ရဲ့ တိုက်ခိုက်မှုတွေ ပိုပြီးတော့ ပြင်းထန်လာစေခဲ့တာ ဖြစ်နိုင်ပါတယ်။

ကျောက်ရုပ်တွေရဲ့ စွမ်းအားက တိုးလာတာ မဟုတ်ပဲ သူတို့ရဲ့ ခြိမ်းခြောက်နိုင်မှုက အရင်ကထက် ပိုပြီးတော့ မြင့်မားလာတာပဲ ဖြစ်ပါတယ်။

ထန် ထန် ထန် ထန်ထန်။

ပြင်းထန်တဲ့ တိုက်ပွဲသံတွေက ဂင်္ဂါပါ တစ်လျှောက်လုံး ထွက်ပေါ်လို့ နေပါတယ်။

"အား"

နောက်ဆုံး အဆင့်သုံးခုက ပါရမီရှင် တချို့က တိုက်ခိုက်မှုကို မခံနိုင်တော့ပဲ နာကျင်မှုကြောင့် ညည်းတွားသံတွေ ထွက်ပေါ်လာပါတယ်။ လူတော်တော်များများ ရှေ့ဆက်နိုင်စွမ်း မရှိတော့ပဲ သူတို့က ဘေးဘက်ဆီကို အလျင်အမြန်ပဲ ပြေးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း အောင်မြင်သွားတဲ့ လူတွေရှိတယ် ဆိုပေမဲ့ တချို့ကလက်သီးချက်တွေရဲ့ တရစပ် ထိုးနက်ခြင်းကို ခံရပြီး ပုံကျသွားကာ ဘယ်တော့မှ ပြန်မထလာနိုင်တော့ပါဘူး။ ဒီလူတွေက မြေကြီးပေါ်မှာ ဘယ်သူမှန်း မသိရတဲ့ အလောင်းကောင်တွေ ဖြစ်ကုန်ပါတယ်။

အခုမှပဲ အားလုံးက ကျောက်ရုပ်ဂက်ပါရဲ့ စွမ်းအားက တိုးလာတယ် ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

Chapter 1099 end

အပိုင်း(1100) လျင်မြန်မှုနဲ့ နေးကွေးမှု

"ဒါက..."

ဘေးနှစ်ဖက်မှာရှိတဲ့ ပရိသတ်တွေ အားလုံးပဲ အံ့အားသင့်မှုကြောင့် မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။

"သူတို့က ဆယ်ပုံတစ်ပုံပဲ လျှော့ကျရသေးတယ်။ ယန္တရားရုပ်တွေရဲ့ အစွမ်းက တိုးလာခဲ့တယ်။ ဘယ်လိုလုပ်ပြီးတော့ သူတို့က အဆုံးထိ လျှော့ကျနိုင်မှာလဲ"

"ဟုတ်တယ်။ နောက်ပိုင်းမှာ ပိုပြီးတော့တောင် သန်စွမ်းလာနိုင်တယ်"

"ဒါက လုံးဝကို မဖြစ်နိုင်လုနီးပါးပဲ မဟုတ်လား"

အားလုံးက သူတို့ခေါင်းကို ခါလိုက်ပြီး ဒီဂက်ပါကို ကျော်ဖြတ်ဖို့ မဖြစ်နိုင်ဘူးလို့ တွေးလိုက်မိ ကြပါတယ်။

အဆင့်လေးခုက ပါရမီရှင်တွေက ဆက်ပြီးတော့ ရှေ့တက်လာခဲ့ပါတယ်။ လေးဆင့်မြောက်က အစတုန်းကဆို လူအများဆုံး ဖြစ်ပေမဲ့ အရမ်းကို လျင်မြန်စွာနဲ့ အရေအတွက်

ဆုတ်ယုတ်လာပြီး ဂေါ်ပါရဲ့ ဒုတိယ အစိတ်ပိုင်းကို ဝင်လာပြီးတဲ့ လူအုပ်ကလည်း နည်းလာပါတယ်။ မကြာခင်မှာပဲ အဆင့်တွေထဲက တစ်ခုက လူအနည်းဆုံး ဖြစ်လာပြီး ပထမအဆင့်ထဲက လူလေးယောက်ထက် ပိုပြီးတော့ နည်းပါးလာခဲ့ပါတယ်။

ဟင်။

အားလုံးက အံ့အားသင့် ကုန်ပါတယ်။ အဆင့်လေးအုပ်စုထဲက အများစုက ချေမှုန်းခံလိုက်ရပြီး လူနည်းစုလောက်ပဲ အာရုံစိုက်စရာ ကျန်ပါတော့တယ်။ ဒါကြောင့် လင်းဟန်က ချက်ချင်းဆိုသလို လူတွေရဲ့ အာရုံစိုက်ခြင်း တော်တော်များများကို ခံလိုက်ရပါတယ်။

"ငါဒါကို မယုံကြည်နိုင်ဘူး။ အဲဒီမှာ တောင်မြစ်အဆင့် ပြင်းထန်အဆင့်မြင့်ပဲ ရှိသေးတဲ့ လူတစ်ယောက် တကယ်ပဲ ရှိနေတယ်"

"ကြည့်ရတာ သူက သူ့ရဲ့တတိယမြောက် မြစ်ကိုတောင် မဖြစ်ပေါ်နိုင်သေးဘူး။ သူက ပြင်းထန် အဆင့်မြင့်ရဲ့

နောက်ပိုင်းအဆင့်ကိုတောင် မရောက်သေးဘူးဆိုတာ ထင်ရှားတယ်”

“ဒါတောင် သူက ဒီလောက်ဝေးဝေးထိ သွားနိုင်နေသေးတယ်လား”

“ဒါက နည်းနည်းလေးမှ ယုတ္တိမရှိဘူး။ သူက လူထူးလူဆန်း တစ်ယောက်များလား”

“သူ့ကို ထိခိုက်ဒဏ်ရာ မရအောင် ကာကွယ်ပေးနိုင်တဲ့ ရတနာပစ္စည်း တချို့ ရှိနေတာ ဖြစ်မှာပေါ့”

အားလုံးက သဘောတူတဲ့ အနေနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် လင်းဟန်က အထွတ်အထိပ် ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် ဒီလောက် အဝေးကြီး ရှေ့ဆက်နိုင်စရာ အကြောင်းမရှိပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ပါတယ်။ ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေက ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန်ပါတယ်။ သူတို့က ဘယ်တော့မှ မရပ်မနားပဲ တိုက်ခိုက်နေသလိုပါပဲ။

တောင်မြစ်အဆင့် ပြင်းထန်အဆင့်မြင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က ဒီလောက်များပြားတဲ့ မူလစွမ်းအင်ကို ဘယ်လိုလုပ် ပိုင်ဆိုင်ပြီး အသုံးပြုနိုင်မှာလဲ။

ဒါပေမဲ့လည်း လူနည်းစုလောက်ပဲ လင်းဟာန်က ခန္ဓာကိုယ် ကျင့်စဉ်တွေ ကျင့်ကြံထားတယ် ဆိုတာကို သိပါလိမ့်မယ်။ သူ့ရဲ့ ခံနိုင်ရည်က တချိန်လုံး ပြန်လည်ကောင်းမွန်ပြီး အဲဒါက မူလစွမ်းအင်နဲ့ လုံးဂကို ကွဲပြားခြားနားပါတယ်။

သူတို့တွေ အရှေ့ကို ဆက်တိုးလာလေ လူတွေပိုပိုပြီး ချေမှုန်းခံလိုက် ရလေပါပဲ။ မူလတုန်းက ထောင်နဲ့ချီတဲ့ လူတွေဟာ အခုဆိုရင် ဆုတ်ယုတ်လာခဲ့ပပြီး ရာဂဏန်းလောက်ပဲ ကျန်ပါတော့တယ်။ အများဆုံး ချေမှုန်းခံလိုက်ရတဲ့ လူတွေကတော့ အဆင့်လေး အုပ်စုက ဖြစ်ပါတယ်။ တချို့က ဂင်္ကပါကနေ ထွက်ပြေးလွတ်မြောက်နိုင်ပေမဲ့ တော်တော်များများက ကျောက်ရုပ်တွေရဲ့ သတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။

အခုချိန်မှာ ဒုတိယနဲ့ တတိယ အဆင့်အုပ်စုက အဖွဲ့ဝင် အများဆုံး ဖြစ်ပါတယ်။ တတိယအဆင့် အုပ်စုမှာ လူတစ်ရာကျော်လောက် ရှိပြီးတော့ ဒုတိယအဆင့် အုပ်စုမှာ လူပေါင်း သုံးရာကျော် ရှိပါတယ်။ အဲဒီအချိန်မှာ ပထမ အုပ်စုနဲ့ နံပါတ်လေး အုပ်စုရဲ့ အရေအတွက်က ကိန်းဂဏန်း တစ်လုံးပဲ ရှိပါတယ်။

တိုက် တိုက် တိုက်။

လူငယ်ပါရမီရှင်တွေ အားလုံးရဲ့ သွေးတွေ ဆူပွက်လာပြီး သူတို့ရဲ့ ဂုဏ်သိက္ခာအတွက် ပိုပြီးတော့တောင် တက်ကြွလာခဲ့ ကြပါတယ်။ ဒီစမ်းသပ်မှု ရှိနေသရွေ့ သေချာပေါက် ဖြတ်သန်းနိုင်ရမယ်။ ဒီလိုဆိုမှတော့ ငါက ဘာဖြစ်လို့ မဖြတ်နိုင်တဲ့ လူတစ်ယောက် ဖြစ်ရမှာလဲ။

ဒီဆုံးဖြတ်ချက်တွေနဲ့အတူ ကျင့်ကြံသူတွေကို တိုးတက်လာအောင် တွန်းအားပေးနေပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး ဆုံးဖြတ်ချက်တွေအရ အန္တရာယ်ကြားထဲ

တိုးဝင်လာတဲ့ သူတို့ရဲ့ အသက်တွေလည်း ဆုံးရှုံးသွားနိုင်ပါတယ်။

နှစ်နာရီကျော်လောက် ကြာပြီးတဲ့ နောက်မှာတော့ ပထမအုပ်စုရဲ့ ပါရမီရှင်တွေက ဂင်္ဂါရဲ့ ဆယ်ပုံနှစ်ပုံလောက်ကို ရောက်လာပါတယ်။

သူတို့ခရီးရဲ့ ပထမ ဆယ်ပုံတစ်ပုံကို ရောက်လာပြီးတဲ့နောက်မှာ ကျောက်ရုပ်တွေရဲ့ တိုက်ပွဲစွမ်းရည် တိုးလာသလိုပဲ အားလုံးက ကျောက်ရုပ်တွေ ရုတ်တရက် ပိုမိုသန်မာလာမဲ့ အချိန်အတွက် သူတို့ကိုယ်သူတို့ ပြင်ဆင်ထားကြပါတယ်။

အမှန်ပါပဲ။ ကျောက်ရုပ်တွေရဲ့ တိုက်ပွဲစွမ်းရည်က နှစ်ဆယ်ရာခိုင်နှုန်း အမှတ်အသားကို သူတိုတွေ ဖြတ်ကျော်လာတဲ့ အချိန်မှာ နောက်တစ်ကြိမ် တိုးလာခဲ့ပါတယ်။

သူတို့လက်သီးတွေ အပေါ်က ဒုတိယ နတ်ဘုရား သင်္ကေတတွေ ဖြစ်ပေါ်လာပါတယ်။

"အား"

လိပ်ခွံကို အသုံးပြုတဲ့ အကြီးအကဲက အရင်ဆုံး ကျရှုံးသွားပါတယ်။ ကျောက်ရုပ်တွေရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ခိုက်မှုကို ခံလိုက်ရပြီး လိပ်ခွံပေါ်က နတ်ဘုရား သင်္ကေတတွေရဲ့ တောက်ပမှုက တည်ငြိမ်မှု မရှိတော့ပါဘူး။ အဲဒီတောက်ပမှု မှေးမှိန်သွားပြီး လိပ်ခွံကလည်း ခုနစ်ပိုင်း ပြတ်ထွက်သွားခဲ့ပါတယ်။

သူ့ရဲ့ ခုခံကာကွယ်ရေး ရတနာပစ္စည်း ပျက်စီးသွားမှတော့ အကြီးအကဲက ကျောက်ရုပ်တွေရဲ့ မညှာမတာ တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရပ်တည် နိုင်ပါဦးမလား။ သူက ချက်ချင်းပဲ ထွက်ပြေးဖို့ အခွင့်အရေးတောင် မရပဲ ပျော့ပြဲသွားအောင် ထိုးခံလိုက်ရပါတယ်။

"ငါထွက်ပြီ"

ဒီလိုမျိုး အဖြစ်အပျက်ကို မျက်မြင်ကြုံတွေ့လိုက်ရတော့ ပါရမီရှင် အများစုဟာ သူတို့ရဲ့ ဂုဏ်သိက္ခာကို မျိုသိပ်ထားဖို့ ရွေးချယ်လိုက်ပါတယ်။ ဒါက တတိယ အဆင့်ပဲ ရှိသေးပြီး

အရှေ့မှာ ခုနစ်ဆင့်တောင် ကျန်ပါသေးတယ်။ သေချာပေါက် ပိုပိုပြီးတော့ ခက်ခဲလာပါလိမ့်မယ်။ ဒီလိုသာဆို သူတို့အတွက် ဖြတ်ကျော်ဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါက တကယ်ပဲ တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အောင်မြင်နိုင်တဲ့ အရာ ဟုတ်ရောဟုတ်ရဲ့လား။

ဒါပေမဲ့လည်း အားလုံးရဲ့ မျက်လုံးတွေက ချက်ချင်းပဲ လင်းဟာန်ဆီကို လှည့်သွားပါတယ်။ သူက အဆင့်လေး အုပ်စုရဲ့ တစ်ဦးတည်းသော ကျန်ရှိနေတဲ့ သူပဲ ဖြစ်ပါတယ်။ အားလုံးက ဂင်္ဂါထဲက ထွက်ပြေးရင်ပြေး ဒါမှမဟုတ် အသတ်ခံလိုက် ရပါတယ်။ ဒါပေမဲ့ သူ တောင်မြစ်အဆင့် ပြင်းထန် အဆင့်မြင့်မှာပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်က အနိုင်မခံ အရှုံးမပေးပဲ ဇွတ်ရှိတက် နေဆဲပါပဲ။

“ဒီလူဘယ်သူလဲ”

"ငါပြောတယ် မဟုတ်လား။ သူက ရတနာပစ္စည်း တစ်ခုနဲ့ လူဖြစ်တဲ့အပြင် တောင်မြစ်အဆင့် ပြင်းထန် အဆင့်မြင့်မှာပဲ ရှိပြီး ကျန်ရှိနေတဲ့ တစ်ဦးတည်းသောလူပဲလေ"

"လပ်ဖွတ်ပဲ အတုကြီးပါကွာ"

"သူက ငါတို့ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က ကြယ်ဥက္ကာ အဲ့ဖွယ် အင်ပါယာရဲ့ နံပါတ်တစ် ပါရမီရှင်ပဲ။ သူက လွန်ခဲ့တဲ့ နှစ်နှစ်က ကမ္ဘာငယ်လေး တစ်ခုကနေ မိုးကောင်းကင်ကို ခွဲဖွင့်ပြီးမှ ရောက်လာခဲ့တယ်"

ကြယ်ဥက္ကာ အဲ့ဖွယ် အင်ပါယာက တစ်စုံတစ်ယောက်က ရှိနေပြီး သူတို့က လင်းဟန်ရဲ့ အကြောင်းကို ထုတ်ဖော်ပြောလိုက်ပါတယ်။

"ဘာ"

အားလုံးက အံ့အားသင့်ကုန်ပြီး သူတို့နားကိုတောင် မယုံကြည်နိုင်အောင် ဖြစ်နေပါတယ်။

ဒီလူက ဟာသပြောနေတာလား။

ဒီမတိုင်းခင် သူတို့အားလုံးက လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ကျပြီး တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိသေးတယ်လို့ ခံစားရပါတယ်။ ဒါတောင်မှ သူက ကျောက်ရုပ်ဂဏ်ပါကို ရှေ့ဆက်ဖြတ်ကျော်နိုင်စွမ်း ရှိနေပါသေးတယ်။ အဲဒါက သူတို့ကို လင်းဟန်က လုံးဂကို ထူးဆန်းတယ် ဆိုတာ သတိပြုမိခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က ကမ္ဘာငယ် တစ်ခုကနေ မိုးကောင်းကင်ကို ခွဲဖွင့်ပြီး လွန်ခဲ့တဲ့ နှစ်နှစ်ကမှ ရောက်လာခဲ့တယ် ဆိုတာကို ကြားလိုက်ရတဲ့ အခါမှာ သူတို့ရဲ့ ပထမဆုံး တုံ့ပြန်မှုဟာ လင်းဟန်ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အရမ်းကို လျင်မြန်လွန်းတာကို သတိထားမိသွားပါတယ်။

သူက တန်ခိုးရှင်ဘုံကို ရောက်တာမှ နှစ်နှစ်ပဲ ရှိပါသေးတယ်။ စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ကနေ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ထိ အဆင့်တက်နိုင်ခဲ့တာလား။

ဒါက ဖြစ်နိုင်ပါ့မလား။

ဒါပေမဲ့လည်း ဒီနေရာမှာ ကြယ်ဥက္ကာ အဲ့ဖွယ် အင်ပါယာက လူတစ်ယောက်ထက် ပိုပြီးတော့ ရှိနေပါတယ်။ သူတို့အားလုံးကလည်း ဒီစကား မှန်ကန်တယ် ဆိုတာကို အတည်ပြုခဲ့ပါတယ်။ တကယ်လို့ သူတို့က အတည်မပြုချင်ဘူးဆိုရင်တောင် တခြားသူတွေက ယုံကြည်နေပါတယ်။

တကယ်တော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး လိမ်နေစရာ အချက်လည်း မရှိပါဘူး။ တကယ်လို့ သူတို့က လူတွေကို ခဏတဖြုတ် လှည့်စားနိုင်ရင်တောင် အမှန်တရားက မကြာခင် ထွက်ပေါ် လာပါလိမ့်မယ်။

ဒါပေမဲ့လည်း တကယ်လို့ ဒါက အမှန်သာဆိုရင် လင်းဟန်က တကယ့်ကို လူမဟုတ်တော့ပါဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။

ကျန်ရှိနေတဲ့ ပါရမီရှင် လေးရာလောက်က လျင်မြန်စွာနဲ့ပဲ နစ်ရာအောက်ကို ဆုတ်ယုတ်လာခဲ့ ပါတယ်။ ဒီတစ်ကြိမ်

တတိယအဆင့်အုပ်စုက အဖွဲ့ဝင် အများဆုံး လျော့ကျသွားပြီး သုံးရာကျော်ကနေ သုံးဆယ်ဂဏန်းကျင်ထိ ကျဆင်းသွားခဲ့ပါတယ်။ ဒုတိယ အုပ်စုက အဖွဲ့ဝင် တချို့ဆိုရင် အရှုံးပေးသွားသူတွေနဲ့ သေသွားသူတွေတောင် ရှိပါတယ်။ သူတို့ရဲ့ အရေအတွက်က တစ်ရာကျော်အထိတော့ ထိန်းထားနိုင်ပါသေးတယ်။

"ဟော့ ခန့်မှန်းတဲ့ ကစားနည်း တစ်ခုကို ကစားကြရအောင်။ တောင်မြစ်အဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်မှာပဲ ရှိသေးတဲ့ အဲဒီကျင့်ကြံသူက ဘယ်အချိန်မှာ ရပ်သွားမယ်လို့ မင်းတို့ ထင်လဲ"

ဒီလူရဲ့ လေသံမှာ သိချင်စိတ်တွေ ပြင်းပြနေမှုနဲ့ ပြည့်နေပါတယ်။

ဒါက လူတော်တော်များများရဲ့ ခန့်မှန်းချက်ကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘယ်သူမှ လောင်းကြေးမထပ်တာတော့ ရှက်စရာပါပဲ။ တကယ်တော့ ဒီနေရာမှာ ရှိနေတဲ့ ဘယ်သူမှ တခြားသူတွေရဲ့

ယုံကြည်မှုကို ရရှိစေတဲ့အထိ လုံလောက်တဲ့ ထင်ပေါ်ကျော်ကြားမှု မရှိပါဘူး။ သူတို့တွေက မတူညီတဲ့ ကြယ်တာရာ တစ်ရာကျော်ကနေ လာခဲ့တာ ဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ရင်းနှီးမှု မရှိပါဘူး။

"ဆရာသခင်က သေချာပေါက် ဒီဂဏ်ပါကို ဖြတ်နိုင်လိမ့်မယ်"

တင်းပင်းက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ ပြောလိုက်တယ်။

"အမှန်ပဲ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကလည်း ထောက်ခံလိုက်ပါတယ်။

"ဆရာသခင်က ဉာဏ်အမြော်အမြင်လည်းရှိတယ်။ ပြိုင်ဘက်ကင်းတဲ့ စွမ်းအားလည်း ရှိတယ်။ သူက ဒီဂဏ်ပါ အစီအရင်ကို လုံးဂကို အလွယ်တကူ ယှဉ်ပြိုင်တယ်။ တကယ်လို့ ဒီထပ် ဆယ်ဆလောက် အားကောင်းတဲ့ ဂဏ်ပါ ဖြစ်နေရင်တောင် ဂရုစိုက်စရာ မလိုဘူး"

စွေ့ရန်ယွီကလည်း လင်းဟန်ရဲ့ စွမ်းရည်တွေကို ယုံကြည်ထားပါတယ်။ ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုးဧကရာဇ်ရဲ့ စကားလုံးတွေကို ကြားပြီးတော့ မျက်နှာရှုံ့မဲ့သွားမိပါတယ်။ သူက လင်းဟန်ကို အရှက်မရှိ မျက်နှာပြောင်တိုက်ပြီး ချီးမွှမ်းဖို့ အမိန့်ကို ရထားသလိုပါပဲ။

ဒီတစ်ကြိမ်တော့ ပထမအဆင့် အုပ်စုက ကျင့်ကြံသူတွေတောင် စတင်နေးကွေး လာခဲ့ပါတယ်။ ရှားပုချွယ်ပဲဖြစ်ဖြစ် ရှောင်စီစီပဲဖြစ်ဖြစ် ဘာအရေးလဲ။ သူတို့အားလုံး မရေမတွက်နိုင်တဲ့ ကျောက်ရုပ်တွေရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုအောက်မှာ အားစိုက်နေရတဲ့ပုံစံ ဖြစ်ပေါ်လာ ခဲ့ပါတယ်။

ဒါပေမဲ့လည်း တစ်စုံတစ်ယောက်ကတော့ ပိုမိုလျင်မြန်လာခဲ့ပါတယ်။

လင်းဟန်။

သူက တတိယမြောက် အုပ်စုကို မီလာခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ လေးခုမြောက် အုပ်စုက မရှိတော့ပါဘူး။ သူက နောက်ဆုံးလူပဲ ဖြစ်ပါတယ်။

အားလုံးက ဒါကိုမြင်လိုက်ရတော့ သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်မိသွားပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းနေပါပြီ။ တခြားသူတွေအားလုံး နေးသွားပြီးမှ သူ့အစွမ်းကို အရှိန်မြှင့်တင်လိုက်တာလား။

"သူက အရှိန်မြှင့်လိုက်တာ မဟုတ်ဘူး။ တခြားသူတွေက နေးသွားတာပဲ။ ဒါပေမဲ့လည်း သူကတော့ နေးမသွားခဲ့ဘူး"

တစ်စုံတစ်ယောက်က အမှန်တရားကို ထုတ်ဖော်ပြောလိုက်ပါတယ်။

အားလုံးက မှင်တက်အံ့သြသွားကုန်ပါတယ်။

သူတို့တွေ လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းမှာ ဖိအားတွေက တိုးလာပါတယ်။ လင်းဟန်ကတော့ တောင်ကြီးတစ်လုံးလို ခိုင်မာမြဲမြံနေစွမ်း ရှိနေပါသေးတယ်။ ဒါက ဘာကို ဆိုလိုတာလဲ။

"ရှုံးသွားပြီ။ ကျွန်မ မှာကြီးတော့ ရှုံးသွားပြီ"

"သောက်ကျိုးနည်း မင်းက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာဆိုတာရော ဟုတ်ရဲ့လား"

ဟုတ်ပါတယ်။ လင်းဟန်က ဖိအားတွေ အများကြီး မခံစားခဲ့ရပါဘူး။ အခုချိန်ထိ ယန္တရားရုပ်တွေက သူ့ကို ထိခိုက်အောင် မလုပ်နိုင်သေးပါဘူး။ သူ့ကို နာကျင်အောင်ပဲ ဖြစ်စေနိုင်ခဲ့တာပါ။ သူတို့က သူ့ကို ထိခိုက်ဒဏ်ရာရအောင် မလုပ်နိုင်သရွေ့ လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ရဲ့ ပြန်လည်ကောင်းမွန်တဲ့ စွမ်းရည်ကို အသုံးပြုစရာ မလိုသေးပါဘူး။ သူ့မှာ ပွက်ဖဲတွေ ကျန်ပါသေးတယ်။

နောက်ထပ်နစ်နာရီ ကုန်သွားပြီးတဲ့နောက်မှာ ပထမအဆင့် အုပ်စုက ပါရမီရှင်တွေဟာ လေးခုမြောက် အဆင့်ကို ဝင်လာခဲ့ပါတယ်။

ကျောက်ရုပ်တွေရဲ့ တိုက်ပွဲစွမ်းရည်ကလည်း နောက်တစ်ကြိမ် မြင့်တက်လာပြီး သူတို့ လက်သီးပေါ်က

နတ်ဘုရား သင်္ကေတ အရေအတွက်ကလည်း သုံးခုအထိ တိုးလာခဲ့ပါတယ်။

သူတို့ရဲ့ စွမ်းအားက သိသိသာသာ တိုးမလာခဲ့ပါဘူး။ ဒီနတ်ဘုရား သင်္ကေတတွေရဲ့ ပုံစံက သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကိုပဲ ကြီးမားတဲ့ ပမာဏတစ်ခုအထိ တိုးမြှင့်ပေးနိုင်ပုံ ရပါတယ်။ ဒါက လုံးဝကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ဒုတိယ အုပ်စုက ကျင့်ကြံသူတွေရဲ့ အရေအတွက်က စတင်ပြီး လျော့ကျလာခဲ့ပါတယ်။

Chapter 1100 end

အပိုင်း(1101) ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင် ငါးဦး

ဒုတိယအဆင့် အုပ်စုတစ်ခုပဲ အဖွဲ့ဝင်တွေ ဆုံးရှုံးကုန်တာ မဟုတ်ပါဘူး။ တတိယ အုပ်စုက အဖွဲ့ဝင်တွေလည်း ဆုံးရှုံးကုန်ပါတယ်။

နောက်ထပ်တစ်ကြိမ် လင်းဟာန်က ကျန်နေတဲ့ တစ်ဦးတည်းသောသူ ဖြစ်လာပါတယ်။

အားလုံးက အတော်လေးကို ရယ်စရာကောင်းတယ်လို့ ထင်နေပါတယ်။ ဒီလူက ကံဆိုးမှုတွေရဲ့ နိမိတ်တစ်ခုများ ဖြစ်နေမလား။ သူပူးပေါင်းလိုက်တဲ့ အုပ်စုတွေအားလုံး တစ်စစီ ပြိုလဲပျက်စီး ကုန်ပါတယ်။

မဟုတ်ဘူး မဟုတ်သေးဘူး။ အဲဒါက ဘာဖြစ်လို့လဲဆို သူက အရမ်းကို အစွမ်းထက်နေပြီး တခြားသူတွေက ထိန်းထားနိုင်စွမ်း မရှိတာကြောင့်ပါပဲ။

တစ်ရာကျော်ကျော်ရှိတဲ့ ပါရမီရှင်တွေက အလျင်အမြန်ပဲ ငါးဆယ်အောက်ကို ကျဆင်းလာပြီး အရှေ့မှာ အားလုံး အပြင်းအထန် ရုန်းကန်နေကြ ရပါတယ်။

Edit with WPS Office

ပထမအခုပ်စုထဲက ပါရမီရှင် လေးယောက်စလုံး သူတို့ရဲ့ လက်နက်တွေကို တစ်ပြိုင်နက်တည်းလိုလို ထုတ်ယူလိုက်ပါတယ်။ သူတိုပအနေနဲ့ သူတို့ရဲ့ လက်ဗလာနဲ့ ကျောက်ရုပ်တွေကို ဂရုမစိုက်ဘဲ မဆင်မခြင် မတိုက်ခိုက်ရဲတော့ဘူးဆိုတာ ပေါ်လွင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ဂက်ပါထဲကနေ ကန်ထုတ်ခံလိုက်ရဖို့ ဖြစ်နိုင်ချေ ရှိပါတယ်။ တကယ်လို့ အဲဒီလိုသာ ဖြစ်လာမယ် ဆိုရင် အရမ်းကို စိတ်ပျက်စရာ ကောင်းလွန်းသွားပါလိမ့်မယ်။

သူတို့အားလုံးကို ပါရမီရှင်တွေအဖြစ် မြှောက်စားခြင်း ခံရပြီး တစ်ချိန်တည်းမှာပဲ ဘယ်လိုကျရှုံးမှုမှ သူတို့တွေ လက်မခံပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ရဲ့ ဂုဏ်သိက္ခာတွေ ပျောက်ကွယ် သွားပါလိမ့်မယ်။

ဒါက နာစေတယ်ပေါ့။

လင်းဟန်က သူ့စိတ်ထဲကနေ အံ့အားသင့်စွာ ပြောလိုက်ပါတယ်။

Edit with WPS Office

အစပိုင်းမှာ သူက တိုက်ခိုက်မှုတွေကို ခံစားရုံပဲ ခံစားနိုင်ပါတယ်။ အဲဒီနောက်တော့ သူက နည်းနည်းလေး နာကျင်မှု တစ်ခုကို ခံစားနိုင်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူက တကယ့်ကို နာကျင်မှုဒဏ်ကို ခံစားလိုက်ရပါတယ်။ ကျောက်ရုပ်တွေရဲ့ လက်သီးနဲ့ ထိုးခံရတာက ကလေးတစ်ယောက်ရဲ့ နောက်ကျောကို အရွယ်ရောက်နေတဲ့ လူတစ်ယောက်က ပြင်းပြင်းထန်ထန် ရိုက်ချလိုက်တာနဲ့ တူပါတယ်။ အဲဒီလောက်ထိ နာကျင်မှုကို ခံစားရပါတယ်။

ကံကောင်းတာက နာကျင်တာနဲ့ ထိခိုက်ဒဏ်ရာရတယ်ဆိုတာက လုံးဝကို မတူညီတဲ့ ကိစ္စနှစ်ခု ဖြစ်ပါတယ်။ သူက အခုချိန်ထိ ကြောက်ရွံ့မှုကင်းနေပါသေးတယ်။

ဒါပေမဲ့လည်း ဒါက လေးဆင့်မြောက်ပဲ ရှိပါသေးတယ်။ လင်းဟာန်က ငါးဆင့်မြောက်ကို ရောက်တဲ့ အချိန်မှာ သူက စစ်မှန်တဲ့ ဖိအားကို ခံစားရပါလိမ့်မယ်။ အဲဒီအချိန်ကျရင် ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေက သူ့ကို အမှန်တကယ် ခြိမ်းခြောက် လာပါလိမ့်မယ်။ သူတို့အနေနဲ့ သူ့ကို

Edit with WPS Office

အနည်းဆုံးတော့ ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါက မယုံနိုင်စရာပဲ။ ကျောက်ရုပ်တွေရဲ့ စွမ်းအားက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းက အစောပိုင်း အဆင့်မှာပဲ ရှိပါတယ်။ သူတို့က စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားတောင် ရှိနိုင်ပါတယ်။

ဒါပေမဲ့လည်း ဒီကျောက်ရုပ်တွေ ထုတ်ဖော်တဲ့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားက တောင်မြစ်အဆင့်ထက် သာလွန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဒီလိုမျိုး သေစေနိုင်တဲ့ စွမ်းအားကို ပိုင်ဆိုင်ထားလို့ ဖြစ်ပါတယ်။

လူငါးဆယ်ကျော်ရဲ့ အမြန်နှုန်းက နောက်တစ်ကြိမ် နှေးကွေးလာခဲ့ပါတယ်။ လင်းဟန် တစ်ယောက်တည်းရဲ့ အမြန်နှုန်းကပဲ မပြောင်းလဲတာ ဖြစ်ပါတယ်။ သူ့ရဲ့ ရှေ့တိုးလာမှုက အထူးတလည် ခိုင်မြဲပြီး တတိယ အုပ်စုကနေ ဒုတိယ အုပ်စုကို စတင် မီလာခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ သူက ဒုတိယ အုပ်စုရဲ့ အဖွဲ့သားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

Edit with WPS Office

အဲဒီအချိန်မှာ အုပ်စုနှစ်ခုပဲ ကျန်ပါတော့တယ်။

အဆင့်ငါး။

အားလုံး မျှော်လင့်ထားတဲ့ အတိုင်းပဲ ကျောက်ရုပ်တွေရဲ့ လက်သီးတွေပေါ်မှာ လေးခုမြောက် နတ်ဘုရား သင်္ကေတ ဖြစ်ပေါ်လာခဲ့ပါတယ်။ လေထဲမှာ သွေးတွေပျံ့နှံ့ကုန်ပြီး ချက်ချင်းဆိုသလို ဒုတိယ အုပ်စုက လူတစ်ဒါဇင်ကျော်လောက် ချေမှုန်းခံလိုက် ရပါတယ်။

ကံကောင်းတာက ဒီအဆင့်ထိ ရောက်အောင်လို့ လုပ်နိုင်တဲ့ လူတွေဟာ ပါရမီရှင်တွေ အကြားက ပါရမီရှင်တွေ ဖြစ်ပါတယ်။ သူတို့အားလုံး သူတို့ရဲ့ အသက်ကယ် ပညာရပ်တွေ ရှိတာကြောင့် သူတို့ထဲက တစ်ယောက်မှ မသေပေမဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာတွေ ရကုန်ကြပါတယ်။

အဲဒီအချိန်မှာ နောက်ဆုံးတော့ လင်းဟန်က ဖိအားကို ခံစားလာရပါတယ်။ ကျောက်ရုပ်ရဲ့ လက်သီးနဲ့ ထိုးခံလိုက်ရတဲ့ အချိန်မှာ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တောင်မှ မပျက်စီးဘဲ ပကတိအတိုင်း

Edit with WPS Office

ဖြစ်မနေခဲ့ပါဘူး။ အဲဒီအစား သူ့အရေပြားကနေ သွေးတွေစတင် ယိုစီးကျ လာခဲ့ပါတယ်။

ဒါက ငရဲလိုပဲ နာကျင်ရပါတယ်။

လင်းဟန်က သူတို့ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တာကနေ ရပ်လိုက်ပါတယ်။ အဲဒီအစား သူ့ရဲ့ တိုက်ခိုက်မှု စွမ်းအားကို တိုးမြှင့်ပြီး သူ့ရဲ့ လုပ်ရှားမှု နည်းစနစ်ကို အသုံးပြုရင်းနဲ့ ကျောက်ရုပ်တွေနဲ့ အကွာအဝေး တစ်ခုကနေ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ထုတ်ဖော် အသုံးပြုလိုက်ပါတယ်။ သူ့အနီးကို ကပ်လာတဲ့ ကျောက်ရုပ်တွေ အတွက်ကိုတော့ သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို အသုံးပြုပြီး သူတို့ကို ခုတ်ပစ်လိုက်ပါတယ်။

ဒီကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှု စွမ်းအားတစ်ခုပဲ တိုးလာခဲ့တာ ဖြစ်ပြီးတော့ သူတို့ရဲ့ ခုခံကာကွယ်နိုင်စွမ်းကတော့ နည်းနည်းလေးမှ ပြောင်းလဲသွားခဲ့ခြင်း မရှိပါဘူး။

သူ့တိုက်ခိုက်မှုတွေရဲ့ စွမ်းအားကို တိုးမြှင့်ပြီးတဲ့

Edit with WPS Office

နောက်မှာတော့ သူ့ရဲ့ အမြန်နှုန်းကို ပထမ အကြိမ်တုန်းကလို တိုးမြှင့်ခဲ့ပါတယ်။

သူက ဒုတိယ အုပ်စုကို ကျော်ဖြတ်ပြီး ပထမ အုပ်စုနားကို စတင် နီးကပ်လာခဲ့ပါတယ်။

လုံ့ရှည်ကိုင်ထားတဲ့ လူငယ်နဲ့ တခြားသူတွေက ကျောက်ရုပ်ဂူက်ပါကနေ ထွက်သွားပြီးပါပြီ။ သူတို့က လင်းဟန်ရဲ့ လုပ်ဆောင်မှုတွေကို စောင့်ကြည့်နေရင်း မျက်နှာရှုံ့မဲ့သွားမိပါတယ်။ သူတို့က တစ္ဆေသရဲ တစ်ကောင်ကို တွေ့နေရသလိုပါပဲ။

ဒီလူက အရမ်းကို ထူးဆန်းလွန်းတယ်။

နိုင်းယှဉ်ကြည့်လိုက်ရင် ရှားဂူချယ်တောင် အရောင်မှေးမှိန်သွားရပါတယ်။ ကမ္ဘာကြီးထဲမှာ ပါရမီရှင်တွေ မရှားပါဘူး။ တောင်တစ်လုံးထက် ပိုမြင့်တဲ့ တောင်ဆိုတာ အမြဲတမ်း ရှိပါတယ်။

ရှားဂူချယ်နဲ့ ကျန်တဲ့သုံးယောက်စလုံး သူတို့အနောက်မှာ ငါးယောက်မြောက် လူတစ်ယောက် လာနေတာကို

Edit with WPS Office

အာရုံခံမိတဲ့ အချိန်မှာ အနောက်ကို မျက်စိဝေ့ကြည့် လိုက်မိပါတယ်။ ဘယ်သူလဲ ဆိုတာကို သူတို့ တွေ့လိုက်ရတဲ့ အချိန်မှာ သူတို့ရဲ့ မျက်လုံးတွေ ပြူတ်ကျလုနီးပါး ပြူးလာခဲ့ ပါတယ်။

သူတို့ရဲ့ အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ သူတို့က တကယ့်ကို ထောင်လွှားနေကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဘဝင်မြင့်နေတာကြောင့် မဟုတ်ပဲ သူတို့ရဲ့ ပြိုင်ဘက်ကင်းတဲ့ စွမ်းရည်တွေမှာ ယုံကြည်ချက် ရှိနေတာကြောင့်ပါပဲ။ တကယ်လို့ သူတို့က လူပေါင်း ရာနဲ့ချီ ဒါမှမဟုတ် ထောင်နဲ့ချီ ရင်ဆိုင်ရမယ် ဆိုရင်ရော ဘာဖြစ်သေးလဲ။ သူတို့ကိုယ်သူတို့ ပြိုင်ဘက်ကင်းလို့ ယုံကြည်နေပြီး သူတို့ရဲ့ လမ်းကြောင်းမှာ ရပ်နေတဲ့ ဘယ်သူ့ကိုမဆို ချေမှုန်းပစ် နိုင်ပါတယ်။

ဒါကြောင့် သူတို့က ပထမ အုပ်စုထဲက ကျန်တဲ့ သုံးယောက်က သူတို့ရဲ့ ပြိုင်ဘက်တွေအဖြစ် သဘောထားခဲ့ ကြပါတယ်။ သူတို့က ဒုတိယအဆင့် ဒါမှမဟုတ် အောက်ခြေအဆင့်က လူတွေကို နည်းနည်းလေးမှ

Edit with WPS Office

စိတ်ကူးထဲ မထည့်ထားပါဘူး။

သူတို့က ထိုက်တန်လို့လား။

ဒါပေမဲ့လည်း အခုချိန်မှာ တစ်စုံတစ်ယောက်က ဒုတိယ အုပ်စုကနေ တိုးလာပြီး သူတို့ကို မီလာခဲ့ပါတယ်။

ဒါက အရေးအကြီးဆုံး အချက်မဟုတ်သေးပါဘူး။ အရေးအကြီးဆုံး အချက်က ဒီလူဟာ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့် အဆင့်မှာပဲ ရှိနေပါသေးတယ်။

ဘယ်လိုလုပ်ပြီးတော့ သူတို့ကို လိုက်မီပြီး ရပ်တည်နိုင်တာလဲ။

ဒီအတွက်ကြောင့် ရှားဝူချယ်က ပိုပြီးတော့တောင် အကျိုးသက်ရောက်မှုကို ခံရပြီး သူ့မျက်နှာက အစိမ်းရောင် သန်းလာပါတယ်။ အရင်တုန်းက သူ့အနေနဲ့ လင်းဟန်ကို စိတ်ကူးထဲတောင် မထည့်ပါဘူး အခုတော့ လင်းဟန်က သူ့ကို တကယ်ပဲ ဒယိမ်းဒယိုင် ဖြစ်စေပါတယ်။ လင်းဟန်က သူ့မျက်နှာကို ဖြတ်ရိုက်လိုက်သလိုပဲ မဟုတ်လား။

သူ့လိုမျိုး ပါရမီရှင် တစ်ယောက်က တခြားသူတွေရဲ့

Edit with WPS Office

မျက်နှာကိုပဲ ဖြတ်ရိုက်လာခဲ့တာ မဟုတ်လား။
တခြားသူတွေက ဘယ်တုန်းကမျှ သူ့ကို ဖြတ်ရိုက်တာ ခံရဖူးလို့လဲ။

သူက အံကို ကြိတ်ပြီးတော့ သူ့အမြန်နှုန်းကို အားတင်းပြီး တိုးမြှင့်လိုက်ပါတယ်။

အဲဒါက သူ့အပေါ် ကျရောက်နေတဲ့ ဖိအားဖိပိုးကိုလည်း တိုးလာစေခဲ့ပါတယ်။

တကယ်လို့ ဒါက ဆယ်ဆင့်မြောက်ဆိုရင် သူ့အနေနဲ့ အဆုံးသတ်မျဉ်းဆီကို တစ်ဟုန်ထိုး ပြေးဝင်ဖို့ နောက်ဆုံး တွန်းအားတစ်ခု ဖြစ်လာနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း ဒါက အဆင့်ငါးပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက ဒီနေရာမှာ အခုလို တွန်းအားတစ်ခုကြောင့် စွမ်းအင်တွေ သေချာပေါက် ကုန်ခန်းလာပါလိမ့်မယ်။ သူ့အနေနဲ့ ကျောက်ရုပ် ဂိုဏ်ပါရဲ့ အဆုံးထိ ဒါကို လုပ်နိုင်မလား ဆိုတာကိုတော့ ပြောရခက်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သူ့ကို မီလာတဲ့အတွက်

Edit with WPS Office

သူ့အနေနဲ့ သည်းမခံနိုင်ပါဘူး။ အထူးသဖြင့် ဘေးကနေ စွေ့ရန်ယှဉ်က စောင့်ကြည့်နေတဲ့ အချိန်မှာပေ့ါ။ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ မာနက ဒါကို ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ့်ကို အစွမ်းထက်ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ ရွှေရောင် အလင်းတန်းတွေ ထုတ်လွှတ်နေပါတယ်။ သူ့လက်မောင်းတွေက ရွှေရောင်တလက်လက် တောက်ပလာပြီး နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားသလိုမျိုးနဲ့ တူပါတယ်။ သူက ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုနဲ့ ထိပ်တိုက်ရင်ဆိုင် ရတာတောင်မှ ပျက်စီးထိခိုက်မှု မရှိပါဘူး။

သူက ဒီအခြေအနေကို အချိန်အကြာကြီးအတွက် မထိန်းနိုင်ပါဘူး။ ဒါကြောင့် သူက အရှိန်ကို အပြည့်အဝ တင်ပြီးတော့ အရှေ့ကို တစ်ဟုန်ထိုး ပြေးသွားပါတယ်။ သူက လင်းဟန်နဲ့ သူ့အကြားက အကွာအဝေးကို တိုးမြှင့်ဖို့ သူ့ရဲ့ ပြိုင်ဘက်ကင်းမှုကို လုပ်ဆောင်လိုက်ခြင်း ဖြစ်ပါတယ်။ ဒီနည်းနဲ့ ဒီအခြေအနေကနေ နောက်ပိုင်းမှာ သူထွက်လာရင်တောင် ပြန်လည်ကောင်းမွန်လာဖို့ သူ့မှာ

Edit with WPS Office

အချိန်လုံလုံလောက်လောက် ရှိနေပါလိမ့်မယ်။

သောက်ကျိုးနည်း ဦးနှောက်မရှိတဲ့ကောင်။

လင်းဟန်က သူ့စိတ်ထဲကနေ ပြောလိုက်ပါတယ်။ ရှားဂူချယ်က သူ့ကို အစွမ်းထက်တဲ့ ပြိုင်ဘက် တစ်ယောက်လို သဘောထားနေပါတယ်။ သူကတော့ သူ့ကို ခေါင်းထဲတောင် မထည့်ပါဘူး။

တကယ်လို့ သူတို့က တောင်မြစ် ငါးခု မဖြစ်ပေါ်ပဲ ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် မဖြစ်လာရင် သူ့ရဲ့ ပြိုင်ဘက်အဖြစ် သူက ဘယ်လိုလုပ် မြင်ကြည့်လို့ ရနိုင်မှာလဲ။

လင်းဟန်က အဲဒီအဆင့်ကို မရောက်နိုင်သေးပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး အချိန်အတိုင်းအတာ တစ်ခုပဲ လိုအပ်တယ်လို့ သူ့မှာ ယုံကြည်ချက် အပြည့်အဝ ရှိနေပါတယ်။

ဒီကျောက်ရုပ် ဂူဂိုးပါက ကြယ်ဆယ်ပွင့် ပါရမီရှင်တွေ အတွက် ပြင်ဆင်ထားတာနဲ့ တူနေလို့ သူက သတိထားမိလာခဲ့ပါတယ်။ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း

Edit with WPS Office

အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ ကြယ်တစ်ပွင့် အပိုစွမ်းအားကို ပိုင်ဆိုင်နိုင်တဲ့ အဆင့်တစ်ခုကို တက်နိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ လူတစ်ယောက်က ကြယ်ဆယ်ပွင့် ပါရမီရှင်သာ ဖြစ်ခဲ့မယ်ဆိုရင် သူတို့က အဆင့်တစ်ဆယ်ထိ ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါကြောင့် သူကလွဲပြီး လက်ရှိမှာ ဒီဂျက်ပါကို ဘယ်သူမှ ဖြတ်ကျော်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေါ့။ သူက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် မဟုတ်ပါဘူး။ သူ့အနေနဲ့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်အထိ ရောက်ဖို့တောင် အဝေးကြီး လိုပါသေးတယ်။ ဒါပေမဲ့လည်း သူ့မှာ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုနဲ့ ထူးထူးဆန်းဆန်း ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တစ်ခု ရှိတယ်မဟုတ်လား။

အဲဒါတွေက သူ့ကို ဂျက်ပါကို ဖြတ်ကျော်နိုင်မဲ့ အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူက အရမ်းကို သိချင်စိတ် ပြင်းပြနေပါတယ်။ ဒီကျောက်ရုပ် ဂက်ပါကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်မှုအတွက် ဆုလာဘ်တစ်ခုများ ရှိနေလိမ့်မလား။

ခြောက်ဆင့်မြောက်။

ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေက ပိုပြီးတော့ ပြင်းထန်လာပါတယ်။ စွမ်းအားဆိုတာ တိုက်ပွဲစွမ်းရည်ရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီဖော်ပြချက်က အရမ်းကို စစ်မှန်ပါတယ်။ ဒါပေမဲ့လည်း ဒါက အရမ်းကို ထူးခြားတဲ့ အခြေအနေ တစ်ခုရဲ့ အောက်မှာပဲ ဖြစ်ပါတယ်။ ကျောက်ရုပ်တွေ လုပ်နိုင်သလိုမျိုး ကျင့်ကြံသူတွေက စည်းမျဉ်းဥပဒေ စွမ်းအားကို ဆုပ်ကိုင်နိုင်ခြင်း မရှိနိုင်ပါဘူး။

တကယ်လို့ လူတစ်ယောက်က တောင်မြစ်အဆင့်မှာဆိုရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ နေလအဆင့်ရဲ့ စည်းမျဉ်းဥပဒေတွေကို နားလည်နိုင်စွမ်း ရှိလိမ့်မှာလဲ။ ဒါက အချိန်ယူရမဲ့ ကိစ္စမဟုတ်ပဲ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ဆုံးဖြတ်ရတဲ့ အရာပဲ ဖြစ်ပါတယ်။

Edit with WPS Office

ဒီအဆင့်ကို ရောက်ပြီးတဲ့နောက်မှာ သူတို့အနေနဲ့ အဆင့်တွေနဲ့ ပတ်သက်ပြီး နောက်ထပ် ခွဲခြမ်းနေစရာ မလိုတော့ပါဘူး။

အဲဒါကြောင့်ပဲ အခု သူတို့ငါးယောက်ပဲ ကျန်ပါတော့တယ်။ လင်းဟာန်၊ ရှားဝူချွယ်၊ ရှောင်စီစီ၊ ဆုကျင်းနဲ့ တုအန်းတို့ ဖြစ်ပါတယ်။

ပထမဆုံး ကန်ထုတ်ခံရမဲ့ ပါရမီရှင်က ဘယ်သူများ ဖြစ်မလဲ။ ဘယ်သူက အဆုံးထိ မဆုတ်မနစ် ကြိုးပမ်းမှာလဲ။ ဘယ်သူက အတားအဆီးကို ကျော်ဖြတ်နိုင်တဲ့ အထွတ်အထိပ် ပါရမီရှင် ဖြစ်လိမ့်မလဲ။

ပရိသတ်တွေ အားလုံးက သိချင်စိတ်တွေ ပြင်းပြလို့ နေပါတယ်။ သူတို့အားလုံး ငါးယောက်ပဲ ကျန်တော့တာကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပြီး ဘယ်သူကမှ ထွက်သွားဖို့ စိတ်မကူးထား ပါဘူး။ သူတို့အားလုံး ဂက်ပါရဲ့ အပြင်ဘက်မှာ စောင့်နေပြီး အဆုံးထိ စောင့်ကြည့်ဖို့ ဆုံးဖြတ်ချက် ချထားကြပါတယ်။

Edit with WPS Office

ခြောက်ဆင့်မြောက်အောက်မှာ သူတို့က အရမ်းကို ဖိအားများနေပါတယ်။

လင်းဟာန်တောင် ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုကို အနည်းငယ် ကြောက်နေမိပါတယ်။ တကယ်လို့ သူက အားအပြည့်နဲ့ လက်သီးတစ်ချက် ထိုးခံလိုက်ရရင် သူတောင်မှ သွေးထွက်လာ ပါလိမ့်မယ်။ သူ့အတွက်တောင် ဒီလိုဖြစ်နေရင် ကျန်တဲ့ ပါရမီရှင် လေးယောက်လည်း ပိုပြီးတော့ များပြားတဲ့ ဖိအားအောက် ရောက်နေပါလိမ့်မယ်။

ဒါပေမဲ့လည်း သူတို့လေးယောက်မှာ ကျင့်ကြံခြင်းအဆင့် အားသာချက်တစ်ခု ရှိပါတယ်။ သူတို့ရဲ့ စွမ်းအားနဲ့ တိုက်ပွဲစွမ်းရည် နှစ်ခုလုံးက လင်းဟာန်ထက် အများကြီး သာပါတယ်။ ဒါကြောင့် သူတို့ရဲ့ ခုခံနိုင်စွမ်းက လင်းဟာန်ထက် အားနည်းတယ် ဆိုပေမဲ့ သူတို့က ဒီအားနည်းချက်ကို ဖာထေးနိုင်ပြီး အစွမ်းထက်နေကြဆဲပါပဲ။ သူတို့က ကျောက်ရုပ်တွေ သူတို့ကို တိုက်ခိုက်ဖို့ အခွင့်အရေး လုံးဝကို မပေးခဲ့ပါဘူး။

သူတို့ငါးယောက်လုံး ချွေးတွေ ရွှဲရွှဲစိုနေခဲ့ပါတယ်။ ဒါက

Edit with WPS Office

သူတို့ရဲ့ ခွန်အားကို စမ်းသပ်တဲ့အပြင် သူတို့ရဲ့ စိတ်ဓာတ်ခွန်အားကိုပါ စမ်းသပ်နေတာပါပဲ။

Chapter 1101 end

အပိုင်း(1102) ပထမ

လူနည်းစုပဲ ဒီလိုမျိုး ပြင်းထန်တဲ့ ဖိအားအောက်မှာ မဆုတ်မနစ် ကြိုးစားနိုင်ပါတယ်။

ရှားပူချွယ်နဲ့ ကျန်တဲ့ သုံးယောက်က လူငယ်ပါရမီရှင်တွေအဖြစ် သူတို့ရဲ့ အဆင့်အတန်းကို အသက်သွင်း နိုင်ခဲ့ပါတယ်။ သူတို့က သူတို့ရဲ့ ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်နိုင်သလို ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက်ရဲ့ အမြင့်ကို မရောက်နိုင်ပေမဲ့ သူတို့ကို အုပ်ချုပ်သူတွေရဲ့ ယုံကြည်မှုနဲ့ ဟန်ပန်အမူအရာတွေ ပိုင်ဆိုင်ထားတဲ့ ဘုရင်အဆင့် ကျင့်ကြံသူတွေအဖြစ် မြင်နိုင်ပါတယ်။

သူတို့က အံကြိတ်ပြီးတော့ အရှေ့ကို ဆက်တိုးလာပါတယ်။ သူတို့ထဲက ဘယ်သူမှ အလျော့ မပေးခဲ့ပါဘူး။

Edit with WPS Office

ခုနစ်ဆင့်မြောက်။

ရှားဝူချွယ်နဲ့ ကျန်တဲ့ သုံးယောက်ရဲ့ အမြန်နှုန်းက လျော့ကျလာခဲ့ပါတယ်။ သူတို့က မြေကြီးပေါ် ရပ်နားလုမတတ် ဖြစ်သွားခဲ့ပါတယ်။

ကျောက်ရုပ်ဂက်ပါက လင်းဟန် တွေးထားသလိုပဲ ပုံကြီးချဲ့ကားထားတာ မဟုတ်ပါဘူး။ ပထမ အဆင့်က ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်နဲ့ သက်ဆိုင်ပါတယ်။ အဲဒီနောက် တိုက်ပွဲစွမ်းရည်က အဆင့်အလိုက် ကြယ်တစ်ပွင့်စီ တိုးလာပါလိမ့်မယ်။ ဒါကြောင့် ခုနစ်ဆင့်မြောက်ထဲက ကျောက်ရုပ်တွေရဲ့ တိုက်ပွဲစွမ်းရည်က ပြီးပြည့်စုံခြင်းအဆင့်ရဲ့ အထွတ်အထိပ် အဆင့် အထက် ကြယ်သုံးပွင့်နဲ့ ညီမျှပါတယ်။

တကယ်လို့ ကျောက်ရုပ်တွေက တစ်ရုပ်ချင်း ထွက်လာမယ်ဆိုရင် ရှားဝူချွယ်နဲ့ တခြားလူတွေ အားလုံးက အလွယ်တကူ အနိုင်ယူနိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ သူတို့က ကျောက်ရုပ်တွေ ဒါဇင်နဲ့ ချီပြီးတော့ ရင်ဆိုင်တိုက်ခိုက်ရမယ် ဆိုရင်တောင် ကြောက်နေလိမ့်မှာ

Edit with WPS Office

မဟုတ်ပါဘူး။

ပြဿနာက ဒီနေရာမှာရှိတဲ့ ကျောက်ရုပ်အရေအတွက်က ဒါဇင်အနည်းငယ် ဆိုတာထက် အရမ်းကို သာလွန်နေပါတယ်။ ရာဂဏန်း ထောင်ဂဏန်း သောင်းဂဏန်း။ သူတို့က အဆုံးမရှိသလို အရေအတွက်ကလည်း ပိုပိုများလာပါတယ်။ သူတို့ရဲ့ လွှမ်းမိုးနိုင်တဲ့ အရေအတွက်က အရည်အသွေး ပြောင်းလဲမှု တစ်ခုကို ဖြစ်စေပါလိမ့်မယ်။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ကြယ်တစ်ပွင့်ရဲ့ ကွာခြားချက်က တကယ်လို့ အားနည်းတဲ့ ဘက်ခြမ်းမှာ လူအရေအတွက် ဆယ်ဆလောက် ရှိမယ်ဆိုရင်တော့ လျော့ပါးသက်သာ စေပါလိမ့်မယ်။ ဒါကြောင့် ကျောက်ရုပ် တစ်ထောင်က ရှားပါးချယ် ဒါမှမဟုတ် တခြားသူ သုံးယောက်ကို ကြယ်ခြောက်ပွင့် ပါရမီရှင်တွေ ဖြစ်နေရင်တောင် မြေမြှုပ်သင်္ဂြိုဟ်ပစ်ဖို့ လုံလောက်ပါတယ်။

သူတို့အတွက် ရှေ့ဆက်တိုးဖို့ အရမ်းကို ခက်ခဲလာပါတယ်။ နောက်ပြီးတော့ သူတို့ကို လက်မှိုင်ချ စိတ်ပျက်စေတဲ့

Edit with WPS Office

အချက်က ဒါက ခုနစ်ဆင့်မြောက်ပဲ ရှိပါသေးတယ်။
တကယ်လို့ သူတို့တွေ ဒါကို ဖြတ်ကျော်နိုင်ရင်တောင်
အရှေ့မှာ ကြိုစောင့်နေတဲ့ အဆင့်သုံးဆင့်က
ပိုပြီးတော့တောင် ခက်ခဲနေဆဲပါပဲ။

တကယ်လို့ အရင်ပုံစံအတိုင်း ကျောက်ရုပ်တွေ
သန့်မာလာမယ်ဆိုရင် အဆင့်တစ်ဆယ်က
ကျောက်ရုပ်တွေဟာ ပြီးပြည့်စုံခြင်း အဆင့်ရဲ့
အထွတ်အထိပ်အဆင့် အထက် ကြယ်ခြောက်လုံး
တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါလိမ့်မယ်။

အဲဒီကျောက်ရုပ်တွေ ရာပေါင်းများစွာ ဒါမှမဟုတ်
ထောင်ပေါင်းများစွာကို အသာထားဦး။ သူတို့ထဲက
တစ်ရုပ်ဆိုရင်ပဲ ရှားဝူချွယ် ဒါမှမဟုတ် ကျန်တဲ့သူတွေကို
ရင်ဆိုင်ဖို့ လုံလောက်နေပါပြီ။ အဆင့်တစ်ဆယ်ကို
ကျော်ဖြတ်ဖို့ ဆိုတာက မဖြစ်နိုင်တဲ့ စမ်းသပ်ချက် တစ်ခုနဲ့
တူနေပါတယ်။

လင်းဟန်က သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်မိပါတယ်။
သူ့ရဲ့ အစောပိုင်း တွက်ချက်မှုက မှားယွင်းပေမဲ့ ဒီဂက်ပါ

Edit with WPS Office

အစီအရင်ကို ကြယ်ဆယ်ပွင့် ပါရမီရှင်တွေပဲ ဖြတ်သန်းနိုင်ပါလိမ့်မယ်။

သူ့ရဲ့ ထူးခြားဆန်းကြယ်တဲ့ ခုခံနိုင်စွမ်းနဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်က ဒီဂက်ပါကို သူဖြတ်ကျော်နိုင်အောင် ကူညီပေးနိုင်ပါ့မလား။

လင်းဟာန်က မသေချာခဲ့ပါဘူး။ တကယ်တော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အရမ်းကို နိမ့်ကျနေ ပါသေးတယ်။ တကယ်လို့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နောက်တစ်ဆင့်ကို တက်ပြီး အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်ကို ရောက်မယ်ဆိုရင် အဲဒါက တကယ့်ကို အထင်ကြီးစရာ ကောင်းပါလိမ့်မယ်။ တကယ်လို့ သူက အဲဒီအဆင့်ကို ရောက်သွားမယ်ဆိုရင် ဒီနေရာကို သာမန်ကာလျှံကာပဲ အေးအေးလူလူ လျှောက်သွားနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဒါပေမဲ့လည်း အခုသူ့ရဲ့ အောင်မြင်မှုက အားလုံးကို သေလုနီးပါး ထိတ်လန့်သွားစေဖို့ လုံလောက် နေပါပြီ။ သူက အဆင့်သေး ခြောက်ဆင့်လုံး အားနည်းနေတာတောင်

Edit with WPS Office

ရှားပူချွယ်နဲ့ ကျန်တဲ့ ထိပ်တန်းပါရမီရှင်တွေနဲ့အတူ ရင်ဘောင်တန်းပြီး အတော်လေးကို ရှေ့ဆက်တိုးလာနိုင်စွမ်း ရှိနေပါတယ်။ ဆိုလိုတာက လင်းဟာန်အနေနဲ့ ကျင့်ကြံခြင်း အဆင့်တူကို ရောက်လာရင် ရှားပူချွယ်နဲ့ တခြားသူတွေကို အလွယ်တကူ ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိလိမ့်မယ်လို့ ပြောတာပဲ မဟုတ်လား။

ဘယ်လောက် အံ့အားသင့်စရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုလဲ။

ရှားပူချွယ်နဲ့ တခြားသူတွေရဲ့ စိတ်ထဲမှာ အံ့အားသင့်စွာနဲ့ ရေရွတ်လိုက် မိပါတယ်။

ဒီလိုခုခံမှုနဲ့ ရင်ဆိုင်ရရင် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ ကြယ်ငါးပွင့် ဒါမှမဟုတ် ခြောက်ပွင့်တောင် အကျိုးသက်ရောက်မှု ရှိလိမ့်မလား။

လင်းဟာန်ရဲ့ အခြေအနေက ရှားပူချွယ်နဲ့ တခြားသူတွေထက် ပိုပြီးတော့ ကောင်းမွန်နေပါတယ်။ ကျောက်ရုပ်တွေက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ဖျက်ဆီးခြင်း

Edit with WPS Office

စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ သူတို့ရဲ့ စွမ်းအားကတော့ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိနေသေးပြီး သူ့ထက် အများကြီး အားနည်းပါတယ်။

သူက အရှိန်ကိုတင်ပြီး အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ တိုက်ခိုက်မှုကို ခုခံမှုထက် ပိုဦးစားပေးလိုက်ပါတယ်။ သူက ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေကို လုံးဝ ရှောင်တိမ်းနိုင်စွမ်း မရှိသလိုမျိုး ထိပ်တိုက်ရင်ဆိုင် ခံယူလိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က ဒဏ်ရာတွေ ဗလပွ ဖြစ်နေပေမဲ့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို အသက်သွင်းပြီး သူ့ဒဏ်ရာတွေကို မျက်စိတစ်မှိတ်အတွင်း ပြန်လည်ကုသခဲ့ပါတယ်။

နောက်ထပ် ခြေလှမ်းအနည်းငယ် လှမ်းပြီးတဲ့နောက်မှာ နံပါတ်လေး နေရာက တုအန်းကို ကျော်တက်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ ဖြတ်ကျော်မှုကို ခံလိုက်ရတာကြောင့် တုအန်းရဲ့ မျက်နှာပေါ်မှာ မကျေမချမ်း ဖြစ်သွားတဲ့ အကြည့်တစ်ခု

Edit with WPS Office

ရှိနေပါတယ်။ ဒါပေမဲ့လည်း တဒင်္ဂလောက် စဉ်းစားပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ ဝှက်ဖဲကို အသုံးပြုဖို့ လှုံ့ဆော်နေတဲ့စိတ်ကို ဖိအားပေးပြီး ထိန်းချုပ်လိုက် ပါတယ်။

သူ့မှာလည်း ရှားဂူချယ်လိုပဲ ဝှက်ဖဲတစ်ခု ရှိပါတယ်။ အဲဒါက သူ့စွမ်းအားကို ပေါက်ကွဲထွက် လာစေပါတယ်။ ဒါပေမဲ့လည်း သူ့မှာ ကြယ်ဆယ်ပွင့် တိုက်ပွဲစွမ်းရည်တစ်ခု မရှိဘဲနဲ့ ဒီကျောက်ရုပ် ဂင်္ကပါကို ဖြတ်ကျော်ဖို့ဆိုတာ သူ့အတွက်တော့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ဘူး ဆိုတာကို သူနားလည် သဘောပေါက်ပါတယ်။

ဒီလိုဆိုမှတော့ စောင့်ကြည့်နေတဲ့ မျက်လုံးအစုံတွေ အများကြီးရဲ့ အရှေ့မှာ ဘာဖြစ်လို့ သူ့ရဲ့ ဝှက်ဖဲကို ထုတ်ဖော်သင့်လဲ။

ဒါက မတန်ပါဘူး။

သူက ချက်ချင်းပဲ အပြင်ဘက်ကို လျှောက်သွားပြီး ဂင်္ကပါကို ဆက်လက်ဖြတ်ကျော်ဖို့ လက်လျှော့ လိုက်ပါတယ်။

ပရိသတ်တွေ အားလုံးပဲ သက်ပြင်းချလိုက် မိပါတယ်။

Edit with WPS Office

ဒီအချက်ကို ကြည့်ရင် လင်းဟန်က ထိပ်တန်းပါရမီရှင် တစ်ယောက်ကို အနိုင်ယူလိုက်ပါပြီ။ ဒါကိုကြည့်မယ်ဆိုရင် သူက ပိုပြီးတော့ အနိုင်ယူမဲ့ ပုံစံပါပဲ။

ခဏအကြာမှာ လင်းဟန်က ဆုကျင်းကို ဖြတ်ကျော်ပြီး သူ့ရဲ့ တတိယ နေရာကို အစားထိုး ဝင်ရောက်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီတတိယ နေရာက အရမ်းကို လျင်မြန်စွာနဲ့ နောက်ဆုံးနေရာ ဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆုကျင်းကလည်း လက်လျော့ဖို့ ရွေးချယ်လိုက်လို့ပါပဲ။

အထင်ကြီးစရာပဲ။ မယုံနိုင်စရာ ကောင်းလောက်အောင် အထင်ကြီးစရာပါပဲ။

အားလုံးက စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်နေကြပါတယ်။ လင်းဟန်က ပထမ ဖြစ်လာနိုင်မလား။ ဒါမှမဟုတ် ကျောက်ရုပ်ဂဏ်ပါကိုတောင် ဖြတ်ကျော်နိုင်မလား။ တကယ်လို့ သူတို့က ဒီအတွေးကို အစကတည်းက တွေးမိမယ်ဆိုရင် လုံးဝကို ဟာသတစ်ပုဒ် ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုတော့ ဒါက အရမ်းကို ဖြစ်နိုင်ချေတစ်ခု ဖြစ်လာပါပြီ။

Edit with WPS Office

ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ လူတစ်ယောက်က ဒီလောက်တောင် သန်မာအားကောင်း နေလိမ့်မယ်လို့ ဘယ်သူကများ ထင်မိမှာလဲ။

လင်းဟန်က ရှောင်စီစီကို မီသွားခဲ့ပါတယ်။

ရှောင်စီစီက လင်းဟန်ကို လှည့်ကြည့်ကာ ပြုံးပြရင်းနဲ့ ပြောလိုက်တယ်။

"ငါ့နာမည် ရှောင်စီစီပါ။ ဒီက အစ်ကိုက..."

သူမက မိန်းမလှလေး တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူမရဲ့ အပြုံးက အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ လင်းလက်တောက်ပကာ လူတစ်ယောက်ရဲ့ နှလုံးသားကို စိတ်လှုပ်ရှားမှုကြောင့် တဒိတ်ဒိတ် ခုန်စေနိုင်တဲ့ အစွမ်း ရှိပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

"ငါ့နာမည် လင်းဟန်"

"အစ်ကိုလင်း တကယ်လို့ နောက်ပိုင်းမှာ ငါတို့လိုက်မီလာရင် စိတ်မဆိုးပါဘူးနော်"

Edit with WPS Office

ရှောင်စီစီက ပြုံးပြီးတော့ ပြောလိုက်တယ်။

လင်းဟာန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ကိစ္စမရှိဘူး"

သူက တခြားသူ နှစ်ယောက်လိုပဲ ကျောက်ရုပ်ဂဏ်ပါကနေ ထွက်သွားတဲ့ ရှောင်စီစီကို ဖြတ်ကျော် လာခဲ့ပါတယ်။

အခုချိန်မှာ လူနှစ်ယောက်ပဲ ကျန်ပါတော့တယ်။

တကယ်တော့ ရှားဝူချွယ်လည်း လက်လျော့အရှုံးပေး လိုက်ချင်နေပါပြီ။ ဒါက မျှော်လင့်ချက် မရှိတဲ့ တိုက်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် စောစော လက်လျော့လိုက်တာနဲ့ နောက်ကျမှ လက်လျော့လိုက်တာက ဘာမှ ထူးခြားမသွားပါဘူး။ ဒါပေမဲ့လည်း သူ့ကို လိုက်မီလာတာက လင်းဟာန်ဖြစ်နေပြီး လင်းဟာန်ရဲ့ အရှေ့မှာတော့ သူက သေချာပေါက် လက်လျော့ အရှုံးပေးလိမ့်မှာ မဟုတ်ပါဘူး။

သူ့ရဲ့ မာနက သူ့ကို ရှေ့ဆက်သွားဖို့ တွန်းအားပေးနေပြီး သူက အံကြိတ်ကာ သူ့ရဲ့ ခွန်အားတွေ ထုတ်ပြီးတော့ ကျောက်ရုပ်တွေကို ဆက်လက်တိုက်ခိုက် နေပါတယ်။ သူက

Edit with WPS Office

ဒီရှုံးနိမ့်မဲ့ တိုက်ပွဲကို ဆက်ပြီးတော့ တိုက်ခိုက်နေပါတယ်။

ရှစ်ဆင့်မြောက်။

ကျောက်ရုပ်တွေက ပိုပြီးတော့တောင် အစွမ်းထက်လာခဲ့ပါတယ်။ သူတို့ရဲ့ လက်သီးတွေ အပေါ်မှာ နတ်ဘုရားသင်္ကေတ ခုနစ်ခု တောက်ပလို့ နေပါတယ်။ သူတို့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက အံ့အားသင့်စရာ ကောင်းပြီးတော့ သူတို့အားလုံး ပူးပေါင်းပြီး တိုက်ခိုက်ဖို့အတွက် မဖြစ်နိုင်ပေမဲ့လည်း ဆယ်ယောက် ဒါမှမဟုတ် တစ်ရာလောက် အတူတကွ ပူးပေါင်း တိုက်ခိုက်ဖို့ ဆိုတာကတော့ ဖြစ်နိုင်ချေ ရှိပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတိုင်း ကြောက်စရာကောင်းပြီးတော့ သူတို့အတွက် ရှောင်တိမ်းဖို့ နေရာလွတ်တောင် မရှိပါဘူး။ သူတို့အနေနဲ့ ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့ တစ်ခုပဲ တတ်နိုင်ပါတယ်။

“ဝေါ့”

ရှားဂူချယ်က တိုက်ခိုက်မှု တစ်ခုကို ရင်ဆိုင်ပြီးတဲ့

Edit with WPS Office

နောက်မှာတော့ ချက်ချင်းပဲ သွေးအန်ထုတ် လိုက်ရပါတယ်။ တကယ်လို့ သူက ပါရမီရှင်တစ်ယောက် ဖြစ်နေတော့ရော ဘာဖြစ်လဲ။ ကျောက်ရုပ်တွေ အားလုံးက သူ့ထက် မနိမ့်ကျတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ နောက်ပြီးတော့ သူတို့က ဒါဇင်နဲ့ချီပြီး အတူတူ တိုက်ခိုက်လိုက်တာကြောင့် သူတို့ရဲ့ တိုက်ခိုက်မှု အောက်မှာ သူက တစ်စစီ ပြိုလဲလုနီးပါး ဖြစ်သွားပါတယ်။

အဲဒီအခိုက်အတန့် လင်းဟန်က သူ့ကို ကျော်တက်သွားတာကို မြင်လိုက်ရပါတယ်။

"ဝေါ့"

သူက နောက်ထပ်တစ်ကြိမ် ပါးစပ်အပြည့် သွေးအန်ထုတ် လိုက်ပါတယ်။ ဒီတစ်ကြိမ်တော့ သူက ဒေါသတွေ ထွက်ပြီး သွေးအန်သွားရတာ ဖြစ်ပါတယ်။

သူ့မျက်လုံးတွေထဲက အမိုက်ကောင်က သူ့ကို ကျော်တက်သွားတာ ဘယ်လိုလုပ်ပြီးတော့ သူက ဒါကို လက်ခံနိုင်မှာလဲ။

Edit with WPS Office

"ဟင့်"

သူ့မျက်လုံးတွေထဲမှာ သတ်ချင်ဖြတ်ချင်တဲ့ စိတ်တွေ ရှိနေပြီး လင်းဟန်ကို တိုက်ခိုက်ဖို့ ပြင်လိုက် ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ ကျောက်ရုပ်တွေ အများကြီး ရှိနေပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီး တိုက်ခိုက်ဖို့ အခွင့်အလမ်း တစ်ခုကို ရှာဖွေနိုင်မှာလဲ။ အမှောင်ထုက သူ့ကို ချက်ချင်းဆိုသလို ဖုံးလွှမ်းသွားပြီး မရေမတွက်နိုင်တဲ့ ကျောက်ရုပ်တွေက သူ့ဆီကို တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လာပါတယ်။

သူက တန်ပြန်တိုက်ခိုက်လို့ မရနိုင်တာ သိသာပါတယ်။ သူလုပ်နိုင်တဲ့ တစ်ခုတည်းသော အရာက ခုခံရင်း ဘေးဘက်ကို တစ်ဟုန်ထိုး ပြေးထွက်ဖို့ပဲ ဖြစ်ပါတယ်။

လင်းဟန်က အနောက်ကို တစ်စက္ကန့်လောက် ဝေ့ကြည့်လိုက်ပါတယ်။ ရှားပူချွယ်က သူ့ကို တိုက်ခိုက်နိုင်စွမ်း မရှိခဲ့ပေမဲ့ လင်းဟန်က သူ့ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒကို အာရုံခံမိပါတယ်။ လင်းဟန်က သူ့ကို အထင်အမြင် သေးမိသွားခဲ့ပါတယ်။

Edit with WPS Office

ဒီလိုမျိုး သနားစရာကောင်းတဲ့ ပါရမီရှင်တစ်ယောက်။ သူ့ရဲ့ အောင်မြင်မှုတွေက သေချာပေါက် အကန့်အသတ် ရှိလိမ့်မယ်။

သူက ချက်ချင်းပဲ သူ့အကြည့်တွေကို ပြန်ရုပ်သိမ်းလိုက်ပြီး သူ့အရှေ့က တိုက်ပွဲအပေါ်မှာပဲ အပြည့်အဝ အာရုံစိုက်လိုက်ပါတယ်။

သူက ဒီအဆင့်ထိ ရောက်လာမှတော့ လက်လျော့အရှုံးပေးဖို့ ဆန္ဒမရှိပါဘူး။

လင်းဟာန်က ကျောက်ရုပ်တွေ အခက်တွေ့စေဖို့ သူ့ရဲ့ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းလိုက်ပြီး သူမျက်နှာချင်းဆိုင်နေရတဲ့ တိုက်ခိုက်မှု အရေအတွက်တွေကို တတ်နိုင်သမျှ လျော့ချလိုက်ပါတယ်။ အဲဒီနောက် သူက အရှိန်မြှင့်တင်ပြီး အရှေ့ကို ဆက်တိုး လိုက်ပါတယ်။

ဒါက အရမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။ တကယ်တော့ ဒီကျောက်ရုပ်တွေမှာ အစွမ်းထက်တဲ့

Edit with WPS Office

တိုက်ခိုက်မှု စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားပေမဲ့ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်မှာရှိတဲ့ စွမ်းအားကိုပဲ ပိုင်ဆိုင်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါက သူတို့ရဲ့ အကြီးမားဆုံး အားနည်းချက် ဖြစ်ပါတယ်။ ပြီးတော့ လင်းဟာန်က အဲဒီအားနည်းချက်ကို ဖမ်းဆုပ်ပြီး အဲဒီအပေါ် အပြည့်အဝ အသုံးချခဲ့ပါတယ်။

"အိုး ဟိုးဟိုး တကယ်လို့ ဒီလိုသာ ဆက်သွားနေမယ်ဆိုရင် သူက ကျောက်ရုပ် ဂဏ်ပါကို ဖြတ်ကျော်နိုင်စွမ်း တကယ်ပဲ ရှိလာလိမ့်မယ်"

"နောက်ထပ် အဆင့်နှစ်ခုပဲ ကျန်တော့တယ်"

အားလုံးက မှင်တက်အံ့သြ နေခဲ့ကြပါတယ်။ ရှားဝူချွယ်တို့လို ထိပ်တန်းပါရမီရှင်တွေတောင် ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ကံတရားတစ်ခု မရှိခဲ့ပါဘူး။ ပြင်းထန်အဆင့်မြင့်ပဲ ရောက်သေးတဲ့ ကျင့်ကြံသူ တစ်ယောက်က အောင်မြင်ဖို့ နီးစပ်လာခဲ့ပါပြီ။ ဒီမြင်ကွင်းက တကယ့်ကို ယုံကြည်ဖို့ ခက်ခဲပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ အမြန်နှုန်းက ပိုပိုပြီးတော့ လျင်မြန်လာပါတယ်။ သူက စွမ်းအားမှာ အားသာချက်ရှိပါတယ်။ ဒါကြောင့် ကျောက်ရုပ်တွေက သူ့ကို တားဆီးနိုင်စွမ်း မရှိပါဘူး။ သတို့က သူတို့အနေနဲ့ သူ့ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ ဗလပွဖြစ်အောင် လုပ်ပြီးတော့ သူ့သွေးတွေ နေရာအနှံ့ ပျံ့သွားအောင်ပဲ လုပ်နိုင်စွမ်းရှိ ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ ခြေလှမ်းတွေက တစ်စက္ကန့်တောင် မရပ်နားခဲ့ပါဘူး။

သူက မြားတစ်စင်းလို သူ့အမြန်နှုန်းက ဆက်ပြီးတော့ တိုးလာခဲ့ပါတယ်။

Chapter 1102 end

အပိုင်း(1103) ဒဏ္ဍာရီတွေကို ကျော်လွန်ခြင်း

အားလုံးက အံ့အားသင့်စွာနဲ့ သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်လိုက်မိပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းသွားပါပြီ။ ရှားပူချွယ်တို့က ရှေ့ကို ခြေထပ်လှမ်းဖို့ အပြင်းအထန် ရုန်းကန်နေခဲ့ရတာ

Edit with WPS Office

မဟုတ်လား။ လင်းဟန်ကတော့ အဲဒီအချိန်မှာ သူ့ရဲ့ အမြန်နှုန်းကိုတောင် တကယ်ပဲ မြှင့်တင်ခဲ့ပါတယ်။

"ဟင့်"

ရှားဂူချွယ်က သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ သူ့ခန္ဓာကိုယ်ကနေ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒထွက်ပေါ်လို့ နေပါတယ်။

"ဒီလူက တကယ်ပဲ အရမ်းကို အထင်ကြီးစရာကောင်းတာပဲ။ သူက သူငယ်ချင်းဖြစ်ဖို့ ထိုက်တန်တယ်"

ဆုကျင်းက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့အနေနဲ့ လင်းဟန်ကို ရှားဂူချွယ်ရဲ့ သတ်ချင်ဖြတ်ချင်တဲ့ ဆန္ဒကို အာရုံခံမိပါတယ်။ ဒါပေမဲ့လည်း သူက ဂရုမစိုက်ပါဘူး။

သူက ပြိုင်ဘက်ကင်း တစ်ယောက်ဆိုတာကို သူယုံကြည်ခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ နောက်ခံ အင်အားကလည်း ထိပ်တန်းအဆင့် ဖြစ်ပါတယ်။ ဒါကြောင့် သူက ဘာကို ကြောက်နေစရာ လိုမှာလဲ။

ရောင်စီစီက အရမ်းကို ချောမောလှပပြီး သူမက ပြုံးပြုံးလေးနဲ့

Edit with WPS Office

ပြောလိုက်ပါတယ်။

"အစ်ကိုဆုရဲ့ နာမည်ကို ကြားဖူးနေတာ ကြာပါပြီ။ ဒီနေ့မှာ တွေ့ဆုံရတာ တကယ့်ကို ဂုဏ်ယူမိပါတယ်"

ဆုကျင်းမှာ ကြံ့ခိုင်တဲ့ စိတ်ဓာတ်ခွန်အား ရှိတယ်ဆိုပေမဲ့ ရှောင်စီစီရဲ့ အသက်ရှူမှားလောက်တဲ့ အလှကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာ သူ့နှလုံးတွေ တဒိတ်ဒိတ် ခုန်လာမိပါတယ်။ သူက အလျင်အမြန်ပဲ လက်ကိုဆုပ်ပြီးတော့ ရိုရိုသေသေနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ကျနော်လည်း မိန်းကလေးစီစီရဲ့ နာမည်ဂုဏ်သတင်းကို ကြားဖူးနေတာ ကြာပါပြီ။ အရင်တုန်းက တစ်ခါမှ တွေ့ဆုံနိုင်ခြင်း မရှိတဲ့အတွက် တကယ့်ကို ရှက်စရာကောင်းတာပဲ"

"ဟားဟား အားလုံးက ကိုယ့်အစီစဉ်နဲ့ကိုယ် သွားကြမယ်ဆိုတော့ ငါတို့တွေ အံ့ဖွယ်ကောင်းကင် ဂိုဏ်းမှာ နောက်တစ်ကြိမ် ပြန်ဆုံကြတာပေါ့။ အဲဒီကျရင် ငါတို့က ကျောင်းနေဘက်တွေ ဖြစ်လာလိမ့်မယ်"

Edit with WPS Office

တုအန်းက ပြောလိုက်တယ်။ သူက လင်းဟန်ဆီကို မျက်စိဝေ့ကြည့်ပြီးတော့ သူ့လက်ချောင်းကို အသာလေး လှုပ်ပြီး ပြောလိုက်တယ်။

"အဲဒီအချိန်ကျရင် ဒီလူက ဘယ်အဆင့်ထိ ရောက်မလဲဆိုတာ ဘယ်သူသိမှာလဲ"

ဆုကျင်းနဲ့ ရှောင်စီစီတို့ နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်ပြီး သူတို့ရဲ့ မျက်နှာတွေပေါ်မှာ မျှော်လင့်စောင့်စားနေတဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

တိုက်ပွဲစွမ်းရည် တစ်ခုတည်းနဲ့ ပတ်သက်လာရင် သူတို့က သေချာပေါက် လင်းဟန်အပေါ်မှာ အသာစီး ရယူနိုင်ပြီးတော့ ချေမှုန်းပစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း အဲဒါက လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က သူတို့ထက် နိမ့်ကျနေလို့ ဖြစ်ပါတယ်။ လင်းဟန်က သူတို့နဲ့ အဆင့်တူကို ရောက်လာတာနဲ့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်တွေ ကွာခြားဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ တကယ်လို့ သူတို့က သန်မာနေသေးတယ် ဆိုရင်တောင် သူတို့အနေနဲ့ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့

Edit with WPS Office

ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်ကို ရင်ဆိုင်ဖို့ နည်းလမ်းရှိလိမ့်မှာ မဟုတ်သေးပါဘူး။

ဆုကျင်းက ဒီအကြောင်းကို တဒင်္ဂလောက် အချိန်ယူ စဉ်းစားပြီးတဲ့ နောက်မှာတော့ ပြောလိုက်တယ်။

"သူ့ကို တစ်ချက်တည်းနဲ့ အနိုင်ယူဖို့ကလွဲရင် တခြားနည်းလမ်း လုံးဝကို မရှိနိုင်ဘူး။ အဲဒီလိုမှ မဟုတ်ရင် သူ့ကြောင့် အားအင်ကုန်ခန်းပြီး သေသွားနိုင်လိမ့်မယ်"

သူက လင်းဟာန်ရဲ့ ခုခံနိုင်စွမ်းကို ရင်ဆိုင်ဖို့ နည်းလမ်းမရှိသလိုမျိုး ခံစားလိုက် ရပါတယ်။

"သူက ကျွန်မာငယ်လေး တစ်ခုက ဘာမဟုတ်တဲ့ လူတစ်ယောက်ပဲ။ သူ့ကို ဒီလိုမျိုး မြင့်မြင့်မားမား တွေးနေစရာ မလိုဘူး"

ရှားဝူချွယ်က ပြောလိုက်တယ်။ သူ့မျက်နှာပေါ်မှာ အထင်သေးမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

"ခစ် ခစ်"

"အဟက်"

Edit with WPS Office

"ဟားဟားဟား"

ရှောင်စီစီနဲ့ တခြားနှစ်ယောက်က ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ ရယ်မောလိုက်ပေမဲ့ စိတ်ရှုပ်ခံပြီးတော့ ပြန်မဖြေခဲ့ ကြပါဘူး။

ရှားဂူချွယ်က လင်းဟန်ရဲ့ ကျော်တက်ခံလိုက်ရလို့ မုန်းတီးနေပါတယ်။ ဒီတော့ သူက ဘယ်လိုလုပ် မျှမျှတတ စဉ်းစားနိုင်မှာလဲ။ ဒါကြောင့် သူ့စကားတွေကို နားထောင်စရာ မလိုပါဘူး။

အဲဒီအချိန်မှာ လင်းဟန်က ဂင်္ဂါပါ အစီအရင်ကို ဖြတ်ကျော်နေပါတယ်။

ကျောက်ရုပ်တွေရဲ့ ဖျက်ဆီးခြင်း စွမ်းအားက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်အထက် ကြယ်လေးပွင့်ကို ရောက်နေပါပြီ။ သူတို့ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတဲ့ အချိန်တိုင်း လင်းဟန်က သေချာပေါက် ဒဏ်ရာရသွားပါလိမ့်မယ်။ ပြီးတော့ ဒီဒဏ်ရာတွေကလည်း အတော်လေး ပြင်းထန်ပါလိမ့်မယ်။ ဒါကြောင့် သူက မနေးဝံ့ပါဘူး။ သူခံစားရမဲ့ ထိခိုက်မှု

Edit with WPS Office

ပမာဏကို အနည်းဆုံးဖြစ်အောင် သူက အကောင်းဆုံး လုပ်ဆောင်နေခဲ့ ပါတယ်။

ဒါတောင်မှ သူက မကြာခဏဆိုသလို ထိမှန်ခံရပြီး သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာတွေ ဗလပွ ဖြစ်လာခဲ့ပါတယ်။

တကယ်လို့ တခြားလူ တစ်ယောက်သာဆိုရင် တိုက်ခိုက်မှု အများကြီးကို ခံစားရပြီးတဲ့နောက် သူတို့က သေချာပေါက် သေသွားပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ အကျိုးသက်ရောက်မှု ခံရရုံလောက်ပါပဲ။ ကျောက်ရုပ်တွေက သူ့ကို ဆက်ပြီးတော့ တိုက်ခိုက်နေပြီး သူကလည်း ဂက်ပါကို ဆက်ပြီးတော့ တစ်ဟုန်ထိုး ဖြတ်ကျော်နေပါတယ်။

ဒီမြင်ကွင်းကြောင့် အားလုံးက ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်ကုန်ပါတယ်။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက် ရှိနေတာလဲ။ မင်းက တကယ်ပဲ လူသား တစ်ယောက်မှ ဟုတ်ပါလေစ။ မင်းက နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားတဲ့ ယန္တရားရုပ် တစ်ခု မဟုတ်ဘူးဆိုတာ သေချာပါတယ်နော်။

Edit with WPS Office

နဂမမြောက်အဆင့်။

ဒီအဆင့်က ကျောက်ရုပ်တွေရဲ့ ဖျက်ဆီးခြင်း စွမ်းအားက ကြယ်တစ်ပွင့် ထပ်တိုးလာရင်းနဲ့ ပိုပြီးတော့တောင် ကြောက်စရာ ကောင်းလာပါတယ်။ သူတို့ရဲ့ လက်သီးချက်တွေ ထိမှန်ခံလိုက်ရတဲ့ လင်းဟာန်ရဲ့ ခန္ဓာကိုယ်ပေါ်က နေရာတိုင်းမှာ သွေးကွက်ကြီးတစ်ကွက် ပေါ်လာပါတယ်။ ဒါကြောင့် သူ့ရဲ့ နတ်ဘုရား အရိုးတွေတောင် အက်လာပါတယ်။

ရှားဂူချွယ်နဲ့ ကျန်တဲ့သုံးယောက်ရဲ့ အမူအရာတွေက ပြောင်းလဲသွားပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ဒီကျောက်ရုပ်တွေထက် သာနေပါသေးတယ်။ တကယ်လို့ သူတို့က ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုကို ထိမှန်ခံလိုက်ရမယ်ဆိုရင် သေချာပေါက် ဒဏ်ရာရသွား ပါလိမ့်မယ်။ လင်းဟာန်လို လူထူးလူဆန်းကလွဲရင် လူအများစုရဲ့ တိုက်ခိုက်မှု စွမ်းရည်တွေက ခုခံမှု စွမ်းရည်တွေထက် ပိုပြီးတော့ သန်မာအားကောင်းပါတယ်။

စကားပုံတောင် ရှိတယ်မဟုတ်လား။ တိုက်စစ်က

Edit with WPS Office

အကောင်းဆုံး ခံစစ်ပဲဆို။

"ငါတို့ရဲ့ ခွန်အားနဲ့ ဒီအဆင့်က ကျောက်ရုပ်တွေကို ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိနေလိမ့်ဦးမယ်။ နောက်တစ်ဆင့် အတွက်ကတော့.........."

သူတို့က ဒီစကားကို ဆက်မပြောခဲ့ပါဘူး။

နောက်တစ်ဆင့်က ကျောက်ရုပ်တစ်ရုပ်ချင်းစီရဲ့ ဖျက်ဆီးခြင်း စွမ်းအားက သူတို့နဲ့ လက်ရည်တူ ပါလိမ့်မယ်။ ဒါကြောင့် တကယ်လို့ ကျောက်ရုပ်တွေ ထောင်နဲ့ချီပြီးတော့ အတူတကွ သူတို့ကို တိုက်ခိုက်လာမယ်ဆိုရင် ဘာတွေဖြစ်သွားလိမ့်မလဲ။

တကယ်လို့ တစ်ယောက်ချင်း တိုက်ခိုက်ရမယ်ဆိုရင် သူတို့အနေနဲ့ အနိုင်ရဖို့ ယုံကြည်ချက် ရှိနေပါသေးတယ်။ တကယ်လို့ ဆယ်ယောက် တစ်ယောက် တိုက်ပွဲဖြစ်ရင်တောင် သူတို့မှာ ယုံကြည်ချက် ရှိပါလိမ့်မယ်။ တကယ်တော့ ဒီကျောက်ရုပ်တွေက ယန္တရားရုပ်တွေပဲ ဖြစ်ပါတယ်။ အဲဒါက ထိပ်တန်းအဆင့် နတ်ဘုရား

Edit with WPS Office

ပစ္စည်းတစ်ခုကို ကိုင်ထားတဲ့ ကလေးတစ်ယောက်နဲ့ တူပါတယ်။ သူ့ရဲ့ ခြိမ်းခြောက်နိုင်စွမ်းက တကယ့်ကို ကြီးမားတယ် ဆိုပေမဲ့ ဒီကိစ္စကို သေသေချာချာ ဂရုတစ်စိုက်နဲ့ ကိုင်တွယ်နိုင်သရွေ့ အောင်မြင်မှုကို ရနိုင်ပါသေးတယ်။

ဒါပေမဲ့ ကျောက်ရုပ်တွေရဲ့ အရေအတွက် တိုးလာတာနဲ့ ကျောက်ရုပ်ဂဏ်ပါထဲမှာ သူတို့မြင်ရတဲ့ အရေအတွက်ကို စဉ်းစားလိုက်ရင် အောင်ပွဲရရှိဖို့ နည်းလမ်းလုံးဝ မရှိပါဘူး။

"ငါတို့က ကြယ်ခြောက်ပွင့် ပါရမီရှင်တွေ ဆိုပေမဲ့ နောက်ဆုံးအဆင့်နဲ့ ရင်ဆိုင်ရမယ်ဆိုရင် ရှုံးနိမ့်သွားမယ် ဆိုတာကိုတော့ ဝန်ခံရလိမ့်မယ်"

"ဒါကို ဖြတ်ကျော်ဖို့ လူတစ်ယောက်က သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည် ကောင်းမွန်နိုင်တဲ့ စွမ်းရည်ကို ဒီလိုမျိုး မယုံနိုင်စရာကောင်းတဲ့ အဆင့်အထိ တိုးမြင့်ရမယ်လို့တော့ ငါ့ကိုလာမပြောနဲ့"

ရှောင်စီစီက ခဏလောက် စဉ်းစားပြီးတော့

Edit with WPS Office

ပြောလိုက်ပါတယ်။

"နင်တို့တွေ အတော်လေးဝေးတဲ့ ကြယ်စင်စုတွေမှာ ကြယ်ရှစ်ပွင့် ဒါမှမဟုတ် ကြယ်ကိုးပွင့် ပါရမီရှင်တွေ တည်ရှိတယ်ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ကြားဖူးလား"

ဆုကျင်းက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒီကောလာဟာလတွေကို ငါလည်း ကြားဖူးတယ်။ ဒါပေမဲ့ ဘာဖြစ်လဲ။ ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်တိုင်းကို ပြီးပြည့်စုံအောင် မြှင့်တင်ခဲ့ပြီး ငါ့ရဲ့ စွမ်းအားက ကြယ်ခြောက်ပွင့်ပဲ ရှိသေးတယ်။ လျှို့ဝှက်ပညာတချို့ကို ထည့်တွက်မယ်ဆိုရင် ကြယ်ခုနစ်ပွင့် တိုက်ပွဲစွမ်းရည်တစ်ခုကို ငါပိုင်ဆိုင်နိုင်တယ်။ ဒါပေမဲ့လည်း ကြယ်ရှစ်ပွင့်လား။ အဲဒါက ခန့်မှန်းကြည့်ဖို့ ခက်ခဲတယ်"

"ငါတို့ရဲ့ ကြယ်စင်စုထဲမှာ ကြယ်ငါးပွင့် ပါရမီရှင်တွေကို ဒဏ္ဍာရီလာ သူရဲကောင်းတွေလို့ သတ်မှတ်ထားတာကို မမေ့လိုက်နဲ့"

ရှောင်စီစီရဲ့ မျက်နှာပေါ်မှာ အဓိပ္ပာယ် ပြည့်ဝတဲ့ အပြုံးတစ်ခု

Edit with WPS Office

ဖြစ်ပေါ်လာခဲ့ပါတယ်။

"ငါတို့က ဒဏ္ဍာရီတွေကို ဖြတ်ကျော်ခဲ့မှတော့ ဒီဒဏ္ဍာရီတွေက လုံးဝကို ဖြစ်နိုင်ချေ ရှိတယ်ဆိုတာ သက်သေပြနေတာပဲ။ ဒါကြောင့် တကယ်လို့ ကြယ်ရှစ်ပွင့် ဒါမှမဟုတ် ကိုးပွင့်ပါရမီရှင်တွေ တကယ်ရှိနေရင်တောင် အံ့ဩစရာ မဟုတ်ဘူး"

"ဒါက.."

ဆုကျင်းနဲ့ တုအန်းတို့ နှစ်ယောက်စလုံး မှင်တက်အံ့ဩ သွားခဲ့ပါတယ်။ သူတို့က လူငယ်မျိုးဆက်ရဲ့ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ထိပ်တန်းပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့က နောက်ထပ်အဆင့်ကို ဘယ်လုပ်လုပ် လှမ်းရမလဲ ဆိုတာကို ခန့်မှန်းနိုင်စွမ်း မရှိခဲ့ပါဘူး။

တုအန်းရဲ့ နှလုံးသား တဒိတ်ဒိတ် ခုန်လာပြီးတော့ သူက ပြောလိုက်တယ်။

"ဖြစ်နိုင်တာက အဲဒီ ဒဏ္ဍာရီက...."

ဆုကျင်းက အမှတ်မထင် အံ့အားသင့်စွာနဲ့

Edit with WPS Office

မေးလိုက်မိပါတယ်။

"ဟင် မင်းလည်း အဲဒီဒဏ္ဍာရီနဲ့ ပတ်သက်ပြီး ကြားဖူးတာပဲလား"

နောက်ဆုံးတော့ ရှားဂူချယ်က မနာလိုဂန်တိုတဲ့စိတ်နဲ့ သူတို့ရဲ့ စကားဝိုင်းထဲကို ဂင်လာခဲ့ပါတယ်။

"ဟင့် မင်းတို့က ငါးခုမြောက် တောင်မြစ်အကြောင်းကို ပြောနေတာလား။ ဘယ်လိုဟာသလဲ။ တောင်မြစ်အဆင့်က အသေးစားအဆင့် လေးခုပဲရှိတယ်။ ဒါက ကျင့်ကြံခြင်းရဲ့ ဘယ်လိုမှ ချိုးဖျက်လို့မရတဲ့ ဥပဒေပဲ။ ဘယ်လိုလုပ်ပြီး လူတစ်ယောက်က တောင်မြစ်ငါးခုမြောက်ကို ဖြစ်ပေါ်စေနိုင်မှာလဲ"

ရောင်စီစီက သူ့ရဲ့ အမြင်ကို သဘောတူပြီးတော့ ပြောလိုက်တယ်။

"ဟုတ်တယ်။ ငါတို့က ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး ပါရမီရှင်တွေ ဖြစ်သင့်တယ်။ နောက်ပြီး ငါတို့က ကမ္ဘာငယ် တစ်ခုက မိုးကောင်းကင်ကို ခွဲဖွင့်လာပြီး ကျင့်ကြံခြင်း

Edit with WPS Office

အဆင့်တိုင်းကိုလည်း ပြီးပြည့်စုံအောင် မြှင့်တင်ခဲ့တယ်။ ဒါပေမဲ့လည်း ငါ့ရဲ့တောင်မြစ် လေးခုက အရမ်းကို တည်ငြိမ်တဲ့ အခြေအနေ တစ်ခုနဲ့ ဖြစ်ပေါ်နေတာကို ငါသတိထားမိတယ်။ နောက်ထပ် တောင်မြစ်အသစ် တစ်ခု ထပ်ဖြစ်ပေါ်ဖို့ဆိုတာ လုံးဝကို မဖြစ်နိုင်သလောက်ပဲ”

ဆုကျင်းနဲ့ တုအန်းတို့ နှစ်ယောက်ကလည်း သဘောတူစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူတို့တွေ အနေနဲ့ ဒီကောလာဟလကို ကြားပြီးတဲ့နောက်မှာ တောင်မြစ်အသစ် တစ်ခုကို ထပ်ဖြစ်ပေါ်ပြီး ဒဏ္ဍာရီလာ ပါရမီရှင် တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ ကြပါတယ်။ ဒါပေမဲ့လည်း သူတို့က အောင်မြင်ဖို့ မျှော်လင့်ချက် မရှိဘူးဆိုတာ မြင်တွေ့ခဲ့ပါတယ်။

ပိုပြီးတော့ အရေးကြီးတာက ဒါက ကောလာဟလ တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကိုယ် သူတို့က သိပ်ပြီးတော့ မသေချာပါဘူး။ အဲဒါက အစကတည်းက မဖြစ်နိုင်တဲ့ တာဝန်တစ်ခုလည်း ဖြစ်ကောင်းဖြစ်နိုင်တာပဲ မဟုတ်လား။ အဲဒါက သူတို့ရဲ့ စိတ်ဓာတ်ခွန်အားကို တုန်ခါစေပြီး

Edit with WPS Office

အဲဒီအပေါ် အစွမ်းကုန် ကြိုးစားအားထုတ်သင့်ပါ့မလား။

တကယ်လို့ ဒါက ကောလာဟာလ တစ်ခုပဲ ဆိုရင် သူတို့က အကြီးအကျယ်ကို ဆုံးရှုံးနစ်နာ ပါလိမ့်မယ်။

"ဒါပေမဲ့လည်း ငါးခုမြောက် တောင်မြစ်ဖြစ်ပေါ်ဖို့ ဖြစ်နိုင်တယ်ဆိုတာကို အခု ငါယုံကြည်သွားပြီ"

ရှောင်စီစီရဲ့ မျက်လုံးတွေမှာ အရောင်တလက်လက် တောက်ပလာပြီးတော့ ပြောလိုက်ပါတယ်။

"အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီကျောက်ရုပ်ဂဏ်ပါက ဖြတ်ကျော်ဖို့ လုံးဝကို မဖြစ်နိုင်ဘူး"

ဆုကျင်းက ခေါင်းညိတ်ပြီး သဘောတူကာ ပြောလိုက်တယ်။

"အဲဒါဟုတ်တယ်။ တကယ်လို့ လူတစ်ယောက်က နောက်ထပ်တောင်မြစ် ဖြစ်ပေါ်စေမယ်ဆိုရင် သူတို့က နေလတစ်ပိုင်းအဆင့် လက်ရွေးစင်တွေနဲ့ လက်ရည်တူ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်နိုင်စွမ်း ရှိလိမ့်မယ်။ အဲဒါက နေလအဆင့်ကို အမှန်တကယ် မရောက်သေးဘူး ဆိုပေမဲ့ ဒီဂဏ်ပါကို ဖြတ်ကျော်ဖို့ သေချာပေါက်

Edit with WPS Office

မျှော်လင့်ချက် ရှိလိမ့်မယ်”

“အရမ်းကောင်းလိုက်တဲ့ အတွေးကွာ။ ငါသေချာပေါက် ငါးခုမြောက် တောင်မြစ်ကို ဖြစ်အောင် ကြိုးစားမယ်။ တကယ်လို့ ငါမအောင်မြင်ခဲ့ဘူးဆိုရင် နေလအဆင့်ကို ငါချိုးဖျက်ဝင်ရောက်မှာ မဟုတ်ဘူး”

တုအန်းက ယုံကြည်မှုတွေနဲ့ တောက်ပနေပြီးတော့ ပြောလိုက်တယ်။

“ကျင့်ကြံခြင်းရဲ့ အထွတ်အထိပ်က ပါရမီရှင် တစ်ယောက်အနေနဲ့ သေတဲ့အထိ ငါကြိုးစားသွားမယ်”

“သဘောတူတယ်”

ရှောင်စီစီနဲ့ ဆုကျင်းတို့ နှစ်ယောက်စလုံး အလေးအနက် ခေါင်းညိတ်လိုက်ပါတယ်။ ကျင့်ကြံခြင်းရဲ့ အထွတ်အထိပ် လမ်းကြောင်းပေါ်မှာ တူညီတဲ့ စိတ်အားထက်သန်မှုရှိတဲ့ တခြားလူကို ရှာတွေ့ရတာ ရှားပါးတဲ့ စိတ်ကျေနပ်စရာ တစ်ခုဖြစ်ပါတယ်။ သူတို့က အထီးမကျန် တော့ပါဘူး။

ရှားဂူချွယ်ကတော့ ဂရုမစိုက်တဲ့ပုံစံနဲ့ ကြည့်နေပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ အတွေးတွေ လွင့်ပျံလို့ နေပါတယ်။ ဒီဂက်ပါကို ဖြတ်ကျော်ဖို့ အကောင်းဆုံး နည်းလမ်းက ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်စေမှပဲ ဆိုတာကို သူက ဂန်ခံရပါမယ်။ လင်းဟာန်က ထူးခြားတဲ့ နည်းလမ်း တချို့ကို အသုံးပြုနေတာ ဖြစ်နိုင်ပါတယ်။ ဘယ်သူကများ ဒီလိုမျိုး ထူးခြားဆန်းကြယ်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းကို ပိုင်ဆိုင်ထားလို့လဲ။

သူက နဂမြောက်အဆင့်ကို အရှိန်နဲ့ ဖြတ်ကျော်ရင်း နောက်ဆုံးအဆင့်ကို ဦးတည်နေတဲ့ လင်းဟာန်ကို မနာလိုစွာနဲ့ ကြည့်နေခဲ့ပါတယ်။

Chapter 1103 end

အပိုင်း(1104) ဆုလာဘ်

ဒဿမမြောက်အဆင့်။

တကယ်လို့ အဲ့အားသင့်စရာတွေ မဖုံးကွယ်ထားဘူးဆိုရင် ကျောက်ရုပ်တွေရဲ့ ဖျက်ဆီးခြင်း စွမ်းအားက ရှားပါးချယ်နဲ့

Edit with WPS Office

တခြားသူတွေရဲ့ အဆင့်ကို ရောက်နေပါလိမ့်မယ်။ ဒါက အနိုင်ယူဖို့ လုံးဝကို မဖြစ်နိုင်လုနီးပါးပါပဲ။

တစ်ခုသတိပြုရမှာက ဒီကြယ်စင်စုကြီးထဲမှာ ဘယ်သူကမှ တောင်မြစ်ငါးခုကို မဖြစ်ပေါ်နိုင် ခဲ့ပါဘူး။ ဒါကြောင့် ကြယ်ချောက်ပွင့် စွမ်းအားတစ်ခုက အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကြယ်ချောက်ပွင့် စွမ်းအားတစ်ခုကို ရောက်နိုင်တဲ့ ပါရမီရှင်တွေက ဘယ်လောက်များ ရှိလို့လဲ။ ဒီအဆင့်ကို ရောက်ဖို့ဆိုရင် သူတို့က ကမ္ဘာငယ် တစ်ခုက မိုးကောင်းကင်ကို ခွဲဖွင့်ရပါမယ်။

တကယ်လို့ ပါရမီရှင်တွေအထဲမှာ ရှားပါးချယ်နဲ့ ကျန်တဲ့ သုံးယောက်ထက် ပိုများတဲ့ ပါရမီရှင်တွေ ရှိရင်တောင်မှ သူတို့ရဲ့ အရေအတွက်က ကိန်းဂဏန်း တစ်လုံးပဲ ဖြစ်ပါလိမ့်မယ်။ သူတို့လို လူမျိုးက များများစားစား ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း အခုတော့ အဲဒီလို ဖျက်ဆီးခြင်း စွမ်းအား တစ်ခုကို ပိုင်ဆိုင်ထားတဲ့ ကျောက်ရုပ်တွေ သောင်းနဲ့ချီပြီး

Edit with WPS Office

လင်းဟာန်ကို ဒီအဆင့်မှာ ရက်ရက်စက်စက် တိုက်ခိုက်လာပါပြီ။

ရှားဂူချွယ်နဲ့ ကျန်တဲ့ ပါရမီရှင် သုံးယောက်စလုံး အမှတ်မထင် အေးစက်တဲ့ ချွေးတွေနဲ့ စိုရွှဲလာ ပါတယ်။ တကယ်လို့ သူတို့သာဆိုရင် ဒီလိုမျိုး ရက်ရက်စက်စက်နဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ အောက်မှာ စက္ကန့်အနည်းငယ်ပဲ ခံနိုင်ရည် ရှိပါလိမ့်မယ်။ တကယ်လို့ သူတို့ရဲ့ ဝှက်ဖဲတွေကို အသုံးမပြုခဲ့ဘူးဆိုရင် ဂဏ်ပါထဲကနေ ထွက်ပြေးလွတ်မြောက်ဖို့တောင် ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအချိန်မှာ လင်းဟာန်ကတော့ စိန်ခေါ်နေပါတယ်။

ကျောက်ရုပ်တွေရဲ့ လက်သီးချက်တွေကြောင့် သူ့ခန္ဓာကိုယ်ကနေ သွေးတွေပန်းထွက်လာတဲ့ အပြင် သူ့ရဲ့ အသားတွေလည်း အက်ကွဲပြီး ပွင့်လာပါတယ်။ သူ့ရဲ့ နတ်ဘုရား အရိုးတွေ အပေါ်မှာတောင် ပင့်ကူမျှင်လို အက်ကွဲရာတွေ ဖုံးလွှမ်းလာပါတယ်။ ဒါပေမဲ့ မကျိုးသေးပါဘူး။ ဒါပေမဲ့ တကယ်လို့ သူက လက်သီးနဲ့

Edit with WPS Office

နောက်ထပ်အနည်းငယ် အထိုးခံရမယ်ဆိုရင် သေချာပေါက် ပကတိအတိုင်း ကျန်နေမှာတော့ မဟုတ်ပါဘူး။

ဒီဂင်္က်ပါ အစီအရင်ထဲမှာ ကျောက်ရုပ်တွေ ဘယ်လောက်များများ ရှိနေမလဲ။

ထန် ထန် ထန် ထန် ထန်။

နတ်ဘုရား သင်္ကေတတွေ တလက်လက် တောက်ပလာပြီး လက်သီးချက်တွေ ပလူပျံ လာပါတယ်။

အရိုးကျိုးတဲ့ အသံတွေက လင်းဟန်ရဲ့ ခန္ဓာကိုယ်ကနေ အဆက်မပြတ် ထွက်ပေါ်လာခဲ့ပါတယ်။ သူက ဒီလိုမျိုး ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကို ဆင်နွှဲနေရတာတောင်မှ အသံတွေကို ရှင်းရှင်းလင်းလင်း ကြားနိုင်ပါတယ်။

“သူ သေချာပေါက် ဆက်ပြီးတော့ မထိန်းနိုင်တော့ဘူး”

အားလုံးက မနာလိုတွေ ဖြစ်နေပါတယ်။ အထူးသဖြင့်တော့ သူတို့ကိုယ်သူတို့ ကမ္ဘာကြီးထဲမှာ နံပါတ်တစ် ပါရမီရှင်တွေလို့ ယုံကြည်နေတဲ့ လူတွေဖြစ်ပါတယ်။ သူတို့ထက် တစ်ယောက်ယောက် သာသွားမှာကို မလိုချင်ကြပါဘူး။

Edit with WPS Office

ဒါကြောင့် လင်းဟန်နဲ့ ပြဿနာမရှိတဲ့ ရောင်စီစီနဲ့ ကျန်တဲ့ ပါရမီရှင် နစ်ယောက်တောင် လင်းဟန် ဖြတ်သွားမှာကို မတွေ့မြင်ချင်ကြပါဘူး။ သူတို့ရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ အမူအကျင့်အရ တကယ်လို့ သူတို့တွေ မဖြတ်ကျော်နိုင်ရင် သူ့ကိုလည်း မဖြတ်ကျော်နိုင်စေချင်ကြပါဘူး။

အခုချိန်မှာ လင်းဟန်က သူ့အရှေ့ကို တစ်လှမ်းတိုးလိုက်တိုင်း အရိုးကျိုးတဲ့ဒဏ်ကို ခံစားနေရ ပါတယ်။ သူက နောက်ဆုံးအဆင့်ကို ဖြတ်ကျော်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

တကယ်လို့ သူက ဇွတ်မိုက်ပြီး အတင်းအရှေ့ကို ဆက်တိုးသွားမယ်ဆိုရင် ပျော့ပြဲသွားအောင် ရိုက်နှက်ခံရပြီး အဆုံးသတ်သွားပါလိမ့်မယ်။

ရှားပူချွယ်ရဲ့ မျက်နှာပေါ်မှာ အေးစက်စက် သရော်ပြုံးတစ်ခု ဖြစ်လာပါတယ်။ အခုချိန်မှာ လင်းဟန်ရဲ့ စိတ်ဓာတ်ခွန်အားက ပိုပြီးတော့ တက်ကြွစေချင်နေပါတယ်။ တကယ်လို့ လင်းဟန်က ရှေ့ဆက်တိုးမယ်ဆိုရင် သူ့ကိုယ်သူ ဒုက္ခနဲ့ လှလှတွေ့စေမှာ အမှန်ပါပဲ။ လင်းဟန်ရဲ့ ခံစစ်က

Edit with WPS Office

အရမ်းကို ထူးဆန်းပြီး လင်းဟန်ကို သူသတ်ပစ်နိုင်ဖို့ ယုံကြည်ချက် သူ့မှာတောင် မရှိပါဘူး။

ဒါက သူ့ရဲ့ မကျေမချမ်းမှုကို ဖြစ်စေပေမဲ့ သူက ဘယ်သူများလဲ။ ဘာမဟုတ်တဲ့ လူတစ်ယောက် အတွက်နဲ့ သူဟာ အများကြီး စိတ်ရှုပ်ခံဖို့ လိုမှာလား။

လင်းဟန်သေရင်ပဲ သူပျော်ရွှင်ရပါလိမ့်မယ်။

လင်းဟန်က သွေးတွေပေကျံရင်း အရှေ့ကို ဆက်တိုးလာခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က နဂိုအတိုင်း မဟုတ်ဘဲ ပုံပျက်ပန်းပျက် ဖြစ်နေပါပြီ။ ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေက အရမ်းကို ပြင်းထန်လာပြီး သူ့ဒဏ်ရာတွေကို ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်နဲ့ အချိန်မီ မကုသနိုင်တော့ပါဘူး။ ဒုတိယနဲ့ တတိယမြောက် တိုက်ခိုက်မှု အားလှိုင်းတွေ အဲဒီအချိန်မှာ ရောက်လာပြီး အဲဒီတိုက်ခိုက်မှုတွေကြောင့် သူ့ဒဏ်ရာတွေက ပိုပြီးတော့တောင် ဆိုးဝါးလာခဲ့ပါတယ်။ သူ့ရဲ့ နတ်ဘုရား အရိုးတွေကို ပြုပြင်လိုက်ပေမဲ့ နေရာမမှန်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း ဒါက ကိစ္စမရှိပါဘူး။ နတ်ဘုရား အရိုးတွေက ချက်ချင်းပဲ ကျိုးရင်ကျိုး ဒါမှမဟုတ် နောက်တစ်ကြိမ် ပျက်စီးသွား ရပါတယ်။ လင်းဟန်က အသက်ရှူဖို့ အချိန်လောက်ပဲ ရှိပါတယ်။

တစ်ဂက်လောက်ပဲ ကျန်တော့တယ်။

လင်းဟန်က သူ့စိတ်ထဲကနေ တွက်ချက် ကြည့်လိုက်ပါတယ်။ သူက ဒဿမမြောက် အဆင့်ရဲ့ တစ်ဂက်ကို ရောက်လာခဲ့ပါပြီ။ ဒါက သူ့ကို ယုံကြည်ချက်တွေနဲ့ ပြည့်နက်စေခဲ့ပါတယ်။ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်တစ်စက်ကို အသုံးပြုပြီး သူ့ရဲ့ ဒဏ်ရာတွေ အားလုံး ချက်ချင်းပဲ သက်သာကောင်းမွန် သွားခဲ့ပါတယ်။

သူက ကျယ်လောင်စွာ မာန်သွင်းပြီး သူ့အမြန်နန်းကို ချက်ချင်းပဲ တိုးလိုက်ပါတယ်။

လပ္ပြွတ်ပဲ။

ဘေးနှစ်ဖက်က ပရိသတ်တွေ အားလုံးပဲ မှင်တက်အံ့သြ

Edit with WPS Office

သွားကြပါတယ်။ အဲဒီအချိန် သူတို့ရဲ့ စိတ်ထဲမှာ ကျိန်ဆဲလိုက်ကြပါတယ်။

လူကြောင်ပဲ။ ဒီလူက သေချာပေါက် လူထူးလူဆန်း တစ်ယောက်ပဲ။

မင်းကို ကြည့်လိုက်တော့ ကျရှုံးတော့မလိုလိုနဲ့ ဘယ်လိုလုပ်ဖြစ်ပြီးတော့ ရုတ်တရက် အင်အားတွေ ပြည့်ပြီးတော့ နောက်တစ်ကြိမ် လန်းဆန်းလာတာလဲ။ မင်းက ငါတို့ကို ဇရုတ်ကျ နေတာလား။

လင်းဟန်က တိုက်ခိုက်မှုကို ရပ်ပြီးတော့ သူ့ရဲ့ နတ်ဘုရားဆွဲငင်အား သင်္ကေတတွေကို အစွမ်းကုန် ထုတ်ဖော်လိုက်ပါတယ်။ သူ့ရဲ့ အမြန်နှုန်းကို အမြင့်ဆုံးထိ မြှင့်တင်လိုက်ရင်း သူ့ခြေထောက်တွေရဲ့ လုပ်ရှားမှုက ပြတ်သားမှု မရှိတော့ပဲ မှုန်ဝါးလာပါတယ်။

ဆယ်ပုံ ခြောက်ပုံ၊ ဆယ်ပုံ ခုနစ်ပုံ၊ ဆယ်ပုံ ရှစ်ပုံ၊ ဆယ်ပုံ ကိုးပုံ။

အဆုံးသတ်မျဉ်းကို မြင်နေရပါပြီ။

Edit with WPS Office

အားလုံးက သည်းထိတ်ရင်ဖိုနဲ့ ကြည့်နေကြပါတယ်။ လင်းဟာန်က ရုတ်တရက် စွမ်းအားတွေ ပေါက်ကွဲပြီး ထုတ်ဖော်လိုက်တာနဲ့ ကျောက်ရုပ်တွေရဲ့ တိုက်ခိုက်မှုတွေက နည်းနည်းလေးမှ အားနည်းမလာပါဘူး။ သူက လုံးဝကို မမှတ်မိနိုင်အောင် ရိုက်နှက်ခံရပြီး သူ့ရဲ့ ကျိုးသွားတဲ့ အရိုးတွေကို အားလုံးကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

သူက လူတစ်ယောက်မှ ဟုတ်သေးရဲ့လား။ သူ့ပုံစံကို ကြည့်ရတာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ အသားပုံကြီး တစ်ခုနဲ့ တူပါတယ်။

ဒါပေမဲ့လည်း ဒီရုပ်ပျက်ဆင်းပျက် အသားပုံကြီးက အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်နေဆဲပါပဲ။ တချိန်တည်းမှာပဲ လင်းဟာန်ရဲ့ နတ်ဘုရား အရိုးတွေကနေ ထူးခြားဆန်းကြယ်တဲ့ အရှိန်အဝါ တစ်ခု ပြည့်နှက်နေပြီး တောက်ပလင်းလက်နေတဲ့ အလင်းရောင် တစ်ခုကို ထုတ်လွှတ် နေပါတယ်။

နောက်ဆုံး ခြေဆယ်လှမ်း။

Edit with WPS Office

လင်းဟန်က အံကို ကြိတ်လိုက်ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

သူက ပြင်းပြင်းထန်ထန် တိုက်ခိုက်ခံရပြီး သေလုမတတ် ခံစားနေ ရပါတယ်။ အခုချိန်မှာ သူက အနက်ရောင် မျှော်စင်ထဲ ပုန်းခိုချင်စိတ်တွေ တကယ်ပဲ ဖြစ်ပေါ်နေပါတယ်။ ဒါပေမဲ့လည်း ဒီအထိတောင် ရောက်အောင် လုပ်လာခဲ့ပြီးမှတော့ ဘာဖြစ်လို့ လက်လျှော့အရှုံးပေး ရမှာလဲ။

ကံကောင်းတဲ့ အချက်က မိုးကောင်းကင် ကပ်ဘေးကို ခံယူနေတဲ့ အချိန်မှာ သူ့ကိုယ်သူ အကြိမ်တော်တော်များများ ဒုက္ခခံစေခဲ့ပါတယ်။ ဒါကြောင့် သူက ဒီလိုနာကျင်မှုမျိုးကို ခံစားခဲ့ ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် နာကျင်မှုကြောင့် သူ့ရဲ့ အသိစိတ်တွေ ဆုံးရှုံးပြီး သတိလစ် မေ့မျောသွား နိုင်ပါတယ်။

သူက နောက်ထပ် ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်တစ်စက်ကို လည်ပတ်လိုက်ပါတယ်။ ဖျက်ဆီးလို့

Edit with WPS Office

မရနိုင်တဲ့ အစစ်အမှန် အရည်စက်ရဲ့ အာနိသင်တွေက အတော်လေး လျော့ကျသွားတယ် ဆိုရင်တောင် အလျင်အမြန် ကုသနိုင်ပါသေးတယ်။ အဲဒါက သူ့ကို ထိန်းထားနိုင်အောင် ကူညီပေးဖို့ လုံလောက်ပါလိမ့်မယ်။

ရှစ်လှမ်း၊ ငါးလှမ်း၊ သုံးလှမ်း။

လင်းဟာန်က မာန်သွင်းပြီးတော့ နောက်ဆုံး မျဉ်းကြောင်းဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား လိုက်ပါတယ်။

ဝှမ်း။

သူ့ပတ်ဝန်းကျင်က ရုတ်တရက်ဆိုသလို မည်းမှောင်လာခဲ့ပါတယ်။

လင်းဟာန်က ကြမ်းပြင်ပေါ်မှာ လဲလျောင်းနေပြီး သူ့နားမှာရှိတဲ့ ကျောက်ရုပ်တွေ အားလုံး ပျောက်ကွယ်သွားတာကို သိလိုက်ရပါတယ်။ ဒါပေမဲ့လည်း သေးနှစ်ဖက်က ပရိသတ်တွေ အားလုံး ဒီနေရာမှာ ရှိမနေပါဘူး။ သူက နောက်ဆုံး ခုန်ကျော်လိုက်တာနဲ့ တခြားနေရာ တစ်ခုကို ဝင်ရောက် သွားသလိုပါပဲ။

Edit with WPS Office

ပုမ်း။

ကျောက်ပြားတစ်ချပ် ပေါ်လာပြီး အဖြူရောင် ကျောက်စိမ်းကနေ ဖြတ်ထားသလိုပါပဲ။ အဲဒီ ကျောက်ပြားကနေ နူးညံ့သိမ်မွေ့တဲ့ အလင်းရောင် တစ်ခုတောင် တောက်ပနေပါတယ်။

ကျောက်ပြားပေါ်မှာ စာတွေ ရှိနေပါတယ်။

လင်းဟာန်က အဲဒီစာတွေကို မဖတ်သေးပဲ သူ့ဒဏ်ရာတွေကို အရင်ဆုံး ကုသဖို့ ရွေးချယ် လိုက်ပါတယ်။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်တချို့ ပြန်လည်ကောင်းမွန်လာပြီးတဲ့ နောက်မှာတော့ ခေါင်းကို မော့ပြီး ကျောက်ပြားကို ကြည့်လိုက်ပါတယ်။

"ငါ ငယ်ရှယ်စဉ် အချိန်တုန်းက ယန္တရားရုပ် ဂိုဏ်းထဲကို တစ်ယောက် တစ်ဟုန်ထိုး ပြေးဝင်ပြီး သူတို့ရဲ့ ယန္တရားရုပ် တစ်သန်းလုံးကို ဖျက်ဆီးပစ်ခဲ့တယ်။ ဒီကံတရားက သမိုင်းတစ်လျှောက်လုံး နံပါတ်တစ် ဖြစ်စေခဲ့တယ်။ ဒါက အဲဒီဂက်ပါကို တုပထားတဲ့ အရာတစ်ခုပဲ။ ပြီးတော့ ငါ့ရဲ့

Edit with WPS Office

ကြီးကျယ်ခမ်းနားမှုတွေကို နောက်မျိုးဆက်တွေ သတိရနေစေဖို့ ခင်းကျင်းထားခဲ့တယ်။ အနာဂတ်ကလူ မင်းက ဒီဂက်ပါကို ဖြတ်ကျော်ခဲ့တယ် ဆိုပေမဲ့ ကျောက်ရုပ်ဂက်ပါရဲ့ တိုက်ပွဲစွမ်းအားကို ထူးခြားတဲ့ နည်းလမ်းတစ်ခုနဲ့ လျော့ကျအောင် လုပ်ခဲ့တာကို သတိပြုရမယ်"

"ဒါပေမဲ့လည်း မင်းက ဖြတ်ကျော်လာနိုင်စွမ်း ရှိတယ်ဆိုမှတော့ ဂုဏ်ပြုချီးမွှမ်းခံရဖို့ ထိုက်တန်တဲ့ အထိ သန်စွမ်းတယ်။ မင်းမှာ ငါ့ရဲ့ ဟန်ပန်အမူအရာ တချို့ကို ပိုင်ဆိုင်ထားတယ်။ ဒါကြောင့် မင်းအနေနဲ့ ဆုလာဘ်တချို့ ရရှိဖို့ ငါအာမခံပေးရလိမ့်မယ်။ ငါ့ရဲ့ ခွန်အားနဲ့ ရက်ရောမှုကို သတိရနေပါ"

စာတွေ အများကြီး မရှိပါဘူး။ လင်းဟာန်က အကုန်လုံးကို အလျင်အမြန်ပဲ ဖတ်ရှုနိုင်စွမ်း ရှိပါတယ်။ သူက မျက်နှာရှုံ့မဲ့သွားမိပါတယ်။ ဒီကျောက်ပြားကို ချန်ထားတဲ့လူက အရမ်းကို ကိုယ်ရည်ကိုယ်သွေး ထုတ်ဖော်လွန်းပါတယ်။

ငါကအခုမှ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိသေးတယ်။ ဒါကြောင့် ပြီးပြည့်စုံခြင်း အဆင့်ကို ငါရောက်တဲ့ အချိန်ကျရင်

Edit with WPS Office

အထွတ်အထိပ် အဆင့်ကိုတောင် ရောက်ဖို့ မလိုဘူး။ ငါ့ရဲ့ နတ်ဘုရား အရိုးတွေရဲ့ သန်မာမှုက အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်ထိ ထိုးတက်သွားလိမ့်မယ်။ တကယ်လို့ ဒီကျောက်ရုပ် ဂျက်ပါက ဆယ်ဆလောက်ပိုပြီး အစွမ်းထက်လာမယ် ဆိုရင်တောင် ဘာဖြစ်မှာ မို့လို့လဲ။

ဒါပေမဲ့လည်း သေသွားတာ ဘယ်လောက်တောင် ကြာနေပြီလဲ ဆိုတာကို မှိုးကောင်းကင်ပဲ သိနိုင်မဲ့ လူတစ်ယောက်နဲ့ ငြင်းခုံနေလို့ ဘာမှထူးမှာလဲ မဟုတ်ပါဘူး။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူ့အကြည့်က ကျောက်ပြားပေါ်ကို ကျရောက်သွားပြီး သူ့ရဲ့ ဆုလာဘ် ရှိတဲ့နေရာ ဖြစ်ပါတယ်။

ငါ ဒီလူရဲ့ နာမည်ကိုတောင် မသိလိုက်ရဘူး။

လင်းဟာန်က ကျောက်ပြားပေါ်မှာ ပစ္စည်းလေးခုကို တွေ့လိုက်ရပါတယ်။ စာရွက်သုံးခုနဲ့ အနက်ရောင် သတ္တုလုံး တစ်ခု ဖြစ်ပါတယ်။

"ဂရဗိန် တံဆိပ်တော်၊ ခြသေ့် တံဆိပ်တော်၊

Edit with WPS Office

တိမ်မြန်တံဆိပ်တော်နဲ့ ဒီအလုံးက ဘာကြီးလဲဟ"

ကံကောင်းတာက ကျောက်ပြားအပေါ်မှာ ပစ္စည်းလေးမျိုးရဲ့ အသုံးပြုပုံကို ဖော်ပြထားတဲ့ စကားလုံးတချို့ ရှိနေပါသေးတယ်။

"ဂရုဖိန် တံဆိပ်ကို ခန္ဓာကိုယ်ပေါ်မှာ ချိတ်လိုက်ရင် လူတစ်ယောက်ရဲ့ ခုခံမှုက နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ မြှင့်တင်နိုင်တယ်။ ဝါး ဒါက အံ့အားသင့်စရာ ကောင်းလိုက်တာ။ ဂရုဖိန် တံဆိပ်ကို အသုံးပြုသည့် အကြိမ်တိုင်း တံဆိပ်ကို အသက်သွင်းတဲ့ ကြာရှည်အပေါ် မူတည်ပြီး တစ်ကြိမ်မှ ဆယ်ကြိမ်အတွင်း အသုံးပြုနိုင်သည်"

လင်းဟန်က ဂရုဖိန် တံဆိပ်ကို ကောက်ယူလိုက်ပါတယ်။ တံဆိပ်ပေါ်မှာ ထူးဆန်းတဲ့ သင်္ကေတတွေ ရေးဆွဲထားပြီး ရှေးဟောင်းအငွေ့အသက်နဲ့ ပြင်းထန်တဲ့ အရှိန်အဝါတစ်ခု ထုတ်လွှတ်လို့ နေပါတယ်။

"ဒါအစစ်လား"

လင်းဟန်က တံဆိပ်ကို သူ့လက်ထဲမှာ အလေးချိန်

Edit with WPS Office

ချိန်ဆကြည့်ပြီး ပြောလိုက်တယ်။

"တကယ်လို့ ဖော်ပြချက်ကို ယုံကြည်ရမယ်ဆိုရင် နေလအဆင့် လက်ရွေးစင်တွေနဲ့ ရင်ဆိုင်ရရင်တောင် ငါ မကြောက်ရတော့ဘူး။ ဒါပေမဲ့လည်း တကယ်လို့ ဒီစီနီယာအိုကြီးက ငါ့ကို စနောက်တာဆိုရင်တော့ ငါ့သေတွင်းကို ငါတူးတာနဲ့ တူနေလိမ့်မယ်"

ဒီတစ်ခုလုံး ဖြစ်နိုင်ချေ ရှိပါတယ်။ ကျောက်ပြားပေါ်က သူချန်ထားတဲ့ စာတွေကို ဖတ်ပြီးရင် ဒီစီနီယာကြီးက နည်းနည်းလေး လွတ်နေတယ်လို့ ပြောနိုင်ပါတယ်။

"ခြသေ့်တံဆိပ်ကို အသက်သွင်းလိုက်ရင် လူတစ်ယောက်ရဲ့ စွမ်းအားကို နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ တိုးမြှင့်နိုင်တယ်။ ဒါကိုလည်း တစ်ကြိမ်ကနေ ဆယ်ကြိမ်အတွင်း အသုံးပြုနိုင်တယ်"

"တိမ်မြန်တံဆိပ်က လူတစ်ယောက်ရဲ့ အမြန်နှုန်းကို နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ တိုးမြှင့်ပေးနိုင်တယ်။ ဒါကိုလည်း တစ်ကြိမ်ကနေ

Edit with WPS Office

ဆယ်ကြိမ်အတွင်း အသုံးပြုလို့ရတယ်"

"ဟားဟားဟား အံ့သြစရာပဲ။ တကယ့်ကို အံ့သြစရာပဲ"

လင်းဟန်က အနက်ရောင် သတ္တုလုံးကို ကောက်ပြီးတော့ တီးတိုးရွတ်လိုက်မိပါတယ်။

"ဒါက တကယ်ပဲ နေလအဆင့် ယန္တရားရုပ် တစ်ခုလား။ မယုံနိုင်စရာကောင်းလိုက်တာ"

လင်းဟန်က ကျောက်ပြားပေါ်က မိတ်ဆက်စာသားတွေကို ကြည့်ပြီးတော့ အနက်ရောင် သတ္တုလုံးကို အကြိမ်အနည်းငယ် ဖိပြီးတဲ့နောက် လေထဲကို ပစ်လိုက်ပါတယ်။

အနက်ရောင် သတ္တုလုံးက ချက်ချင်းဆိုသလို ကြီးကြီးလာပြီး ပုံသဏ္ဍာန်လည်း ပြောင်းလဲ သွားခဲ့ပါတယ်။ သတ္တုလုံးကနေ လက်တွေခြေတွေ စတင် ဆန့်ထွက်လာခဲ့ပါတယ်။ သိပ်မကြာခင် အဲဒါက သတ္တုလူသား တစ်ယောက် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 1104 end

Edit with WPS Office

အပိုင်း(1105) တစ်ကိုယ်တော်သွားခြင်း

"အင်း ဒါက အတုလား အစစ်လားဆိုတာကို အတည်ပြုဖို့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို ဂင်ခိုင်းပြီးတော့ ဒါကို စမ်းသပ်ဖို့ပဲ လိုတယ်"

လင်းဟာန်က ယန္တရားရုပ်ကို သိမ်းလိုက်ပါတယ်။ အထဲမှာ အစစ်အမှန် မူလကျောက်တုံးတွေ ထည့်သွင်းထားတာမျိုး မရှိပါဘူး။ ဒါကြောင့် အဲဒါက အသွင်ပြောင်းလဲခြင်း ရိုးရိုးတချို့ပဲ လုပ်နိုင်ပါတယ်။ စစ်မှန်တဲ့ စွမ်းအား တပ်ဆင်ထားတာ မရှိပါဘူး။

ယန္တရားရုပ်ကို ထည့်သိမ်းလိုက်တဲ့ အချိန်မှာ သူ့မျက်လုံးတွေ အရှေ့ အလင်းရောင်တစ်ခု ရုတ်တရက် လက်သွားခဲ့ပါတယ်။ ကျောက်ရုပ်ဂက်ပါထဲမှာ သူပြန်ပေါ်လာပြီးတဲ့ နောက်မှာတော့ နစ်ဖက်လုံးက လူတွေက သူ့ဆီကို ပြေးလာကြပါတယ်။ ဘယ်သူကမှ သူစောစောတုန်းက အချိန်အတိုင်းအတာ တစ်ခုအထိ ပျောက်ကွယ်သွားတာကို သတိမပြုမိသလိုပါပဲ။

Edit with WPS Office

ဒီအချိန်အတိုင်းအတာက သိပ်မကြာပေမဲ့ အသက်ရှူချိန် အနည်းငယ်တော့ ကြာပါသေးတယ်။ ဒါကို ဘယ်သူမှ သတိမထားမိကြဘူးလား။

အဲဒါက ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်ဟာ တကယ်ပဲ အံ့သြဖွယ်ရာ ကောင်းလွန်းတယ်လို့ ဆိုလိုပါတယ်။

"လင်းဟန်"

"ဆရာသခင်"

စွေ့ရန်ယွီရော တင်းပင်းတို့ နှစ်ယောက်စလုံး ပြေးလာကြပြီး သူတို့ရဲ့ မျက်နှာပေါ်က ကြည်ညို လေးစားတဲ့ အမူအရာတွေကို နည်းနည်းလေးမှတောင် ဖုံးဖိမထားနိုင်ခဲ့ပါဘူး။

ဒါက တကယ်ပဲ အရမ်းကို ခက်ခဲလွန်းပါတယ်။ ရှားဝူချွယ်တို့လို ပါရမီရှင်တွေတောင် လက်လျော့ အရှုံးပေးလိုက်ရပဲ တတ်နိုင်ခဲ့ပေမဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိသေးတဲ့ လင်းဟန်ကတော့ စမ်းသပ်မှုကို တကယ်ပဲ အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်ခဲ့ပါတယ်။ ဒီလိုမျိုး

Edit with WPS Office

နိုင်းယှဉ်မှ တစ်ခုနဲ့အတူ ဒီလိုအောင်မြင်မှ တစ်ခုက ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းလဲဆိုတာ ပေါ်လွင်လွန်းလှပါတယ်။

"ဂုဏ်ပြုပါတယ် အစ်ကိုလင်း"

ရှောင်စီစီနဲ့ တခြားသူတွေလည်း လျှောက်လာကြပါတယ်။

အဲဒီအချိန်မှာ ရှားဝူချွယ်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ လိုက်ပါတယ်။ သူက အနည်းငယ် တုံ့ဆိုင်းပြီးမှ လုံ့ရှည်ကိုင်ထားတဲ့ လူငယ်နဲ့ သူ့နောက်လိုက်တွေကို ခေါ်ပြီး ခြေလှမ်းကျယ်ကျယ်နဲ့ ထွက်သွား ကြပါတယ်။

သူက လင်းဟာန်ကို သတ်ပစ်ချင် နေခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအခြေအနေအရ ကြည့်ရတာ လင်းဟာန်ကို သတ်ပစ်ဖို့ ခက်ခဲပါလိမ့်မယ်။ လင်းဟာန်ရဲ့ ထူးဆန်းတဲ့ ခုခံမှုကို အသာထားဦး ရှောင်စီစီနဲ့ ကျန်တဲ့သူတွေက သေချာပေါက် သူဒီလိုလုပ်မှာကို ခွင့်ပြုကြလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူက ထွက်သွားဖို့ ရွေးချယ်လိုက်ပါတယ်။ မျက်စိထဲမှာ မမြင်ရမှတော့ နလုံးသားမှာ ဂမ်းမနည်းရတော့ဘူးပေါ့။

Edit with WPS Office

တချို့လူတွေက လင်းဟာန်နဲ့အတူ စကားစမြည်ပြောဖို့ လာခဲ့ပေမဲ့ ရှောင်စီစီနဲ့ ကျန်တဲ့နှစ်ယောက် ရှိနေပြီး သူတို့သုံးယောက်ရဲ့ ပုံရိပ်က အရမ်းကို မြင့်မားတာကြောင့်လည်း သူတို့အနေနဲ့ စကားနည်းနည်းလောက်ပဲ ပြောနိုင်ပြီး မကြာခင်မှာ ထွက်ခွာသွားခဲ့ ကြပါတယ်။

ရှောင်စီစီနဲ့ ကျန်တဲ့နှစ်ယောက်က လင်းဟာန်နဲ့ သူငယ်ချင်းလုပ်ဖို့ စိတ်ကူးထဲမှာ ရှိနေပြီး သူတို့ရဲ့ အမူအရာတွေက အရမ်းကို ထောင်လွှားမှု မရှိအောင် လုပ်ထားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာက စကားပြောဖို့ ကောင်းမွန်တဲ့ နေရာတစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် သူတို့လေးယောက်က ထိုင်ပြီးတော့ အဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဂင်ရောက်ပြီးမှပဲ စကားတွေ အေးအေးဆေးဆေး ပြောဆိုဖို့ သဘောတူညီချက် တစ်ခုကို လုပ်လိုက်ကြပါတယ်။

လူအုပ်ကြီးက နေရာအသီးသီးကို ထွက်ခွာသွား ကြပါပြီ။ အားလုံးက အနည်းငယ် စိတ်ပျက်သလို ခံစားနေကြ

Edit with WPS Office

ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်က ကျောက်ရုပ်ဂူက်ပါထဲကနေ ထွက်လာတာကို သူတို့မျက်လုံးတွေနဲ့ မြင်ရပြီး ဆုလာဘ်နည်းနည်းမှ မရရှိခဲ့လို့ ဖြစ်ပါတယ်။

ဒီလို ခက်ခက်ခဲခဲ ကြိုးစားပြီး ဖြတ်ကျော်ခဲ့ပြီးမှ သူက ဘာမှ မရရှိခဲ့ပါဘူး။ ဒါက အရမ်းကို စိတ်ပျက်စရာ ကောင်းလွန်းပါတယ်။

လူအုပ်ကြီး ပျောက်ကွယ်သွားတဲ့ အချိန်မှာ လင်းဟန်က အနက်ရောင် သတ္တုလုံးကို ထုတ်ပြီးတော့ ပြောလိုက်တယ်။

"သတ်ဖြတ်သူလေး ဒီယန္တရားရုပ်ထဲကို ဂင်စမ်းကြည့်စမ်း"

သူက အစစ်အမှန် မူလကျောက်တုံးတွေကို အထဲမှာ ဖြည့်ပြီးပါပြီ။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က သူ့အမိန့်အတိုင်း အလျင်အမြန်ပဲ လုပ်လိုက်ပါတယ်။ ဝုန်း။
ဒီလူသားပုံသဏ္ဍာန် ယန္တရားရုပ်က ချက်ချင်းပဲ ခြေထောက်တစ်ချောင်းကို ဆောင့်နင်းလိုက်ပြီး

Edit with WPS Office

မယုံနိုင်စရာကောင်းတဲ့ ကြောက်စရာ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

"ဆ ဆရာသခင် ဒါက နေလအဆင့် ယန္တရားရုပ် တစ်ခုပဲ"

သူ့အသံက အရမ်းကို တုန်တုန်ရီရီ ဖြစ်နေပြီး သတိလစ် မေ့မျောလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

အရင်တုန်းက နေလတစ်ပိုင်းအဆင့် ယန္တရားရုပ်နှစ်ခုကို ဆုံးရှုံးလိုက်ရတဲ့ အချိန်တုန်းက သူ့ နှလုံးသားတွေ နာကျင်မှုကြောင့် သေလုမတတ် ခံစားခဲ့ရပါတယ်။ အစွမ်းထက်တဲ့ စွမ်းအား တစ်ခုကို ပိုင်ဆိုင်ပြီးမှ ဆုံးရှုံးရတာကို ဘယ်သူကများ ခံနိုင်ရည် ရှိမှာလဲ။ ဒါပေမဲ့ တစ်နှစ်ဆိုတဲ့ အချိန်ပဲ ကုန်လွန်သွားတဲ့ အချိန်မှာ သူ့ဆရာသခင်က စစ်မှန်တဲ့ နေလအဆင့် ယန္တရားရုပ် တစ်ရုပ်ကို ရယူလာနိုင်လိမ့်မယ်လို့ သူဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။

ဒါက အရမ်းကို အံ့သြစရာ ကောင်းလွန်းပါတယ်။

"စမ်းကြည့်လိုက်စမ်း။ ဒီယန္တရားရုပ်က ဘယ်အဆင့်ကို

Edit with WPS Office

ရောက်နေပြီလဲ"

လင်းဟန်က မေးလိုက်တယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က လှုပ်ရှားမှု အနည်းငယ် လုပ်ပြီးတဲ့နောက်မှာ ပြန်ဖြေလိုက်တယ်။

"ဆရာသခင်ကို လျှောက်တင်ပါတယ်။ ဒီယန္တရားရုပ်က နေလအဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာ ရှိပါတယ်"

"ပြင်းထန် အလယ်အလတ် အဆင့်ပဲလား"

လင်းဟန်က အနည်းငယ် မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ ဒါပေမဲ့ အလကားရတဲ့ ပစ္စည်းကို သူ့အနေနဲ့ အရမ်းမြင့်မြင့်မားမား တောင်းဆိုလို့ သင့်တော်ပါ့မလား။ သူက ခေါင်းညိတ်လိုက်ပြီး ပြောလိုက်တယ်။

"ဒီယန္တရားရုပ်ကို မင်းသုံးလိုက်"

"ကျေးဇူးတင်ပါတယ် ဆရာသခင်။ ဒီသတ်ဖြတ်သူလေးက ပိုပြီးတော့ အလုပ်ကြိုးစားပါ့မယ်။ ပိုပြီးတော့ သတိထားပြီး တာဝန်ကျေပါ့မယ်။ အစွမ်းကုန် ကြိုးစားပြီး အားလုံးကို

Edit with WPS Office

သေသေသပ်သပ်နဲ့ တိတိကျကျဖြစ်အောင် ကြိုးစားပါ့မယ်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က သူ့ရဲ့ နေရာကို နောက်တစ်ကြိမ် ထပ်ဖော်ပြလိုက်ပါတယ်။

သူက အခုဆို နေလအဆင့် ယန္တရားရုပ် တစ်ခုကို ရရှိခဲ့ပေမဲ့ သူက ပုန်ကန်ဖို့အတွေး နည်းနည်းလေးမှတောင် မရှိဝံ့ပါဘူး။ သူ့ရဲ့ ရိုင်းစိုင်းမှုတွေကို လင်းဟာန်ကြောင့် အဝေးကို ဖယ်ရှားပစ်လိုက်တာ ကြာပါပြီ။ သူ့ရဲ့ စိတ်ထဲမှာ လင်းဟာန်က သူသုံးဖို့ နေလအဆင့် ယန္တရားရုပ် တစ်ရုပ်ကို ပေးလိုက်တာကြောင့် သူ့စိတ်ထဲမှာ သိနေတာက သူ့မှာ ပိုပြီးတော့ အစွမ်းထက်တဲ့ ဖုက်ဖဲတစ်ခု ရှိလာတာတောင် လင်းဟာန်က အလွယ်တကူ ဖိနှိပ်ထိန်းချုပ်နိုင်တယ်လို့ ဆိုလိုပါတယ်။

သူက ဒီအကြောင်းနဲ့ ပတ်သက်ပြီး မှားယွင်းစွာနဲ့ မခန့်မှန်းခဲ့ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ လင်းဟာန်က ဂရဇိန်တံဆိပ်လို အရာမျိုးကို ပိုင်ဆိုင်မထားခဲ့ဘူးဆိုရင်တောင် သူ့အနေနဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို အလွယ်တကူနဲ့ ပြန်ဖမ်းနိုင်စွမ်း

Edit with WPS Office

ရှိနေပါသေးတယ်။

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ နတ်ဘုရား အာရုံက အရမ်းကို နိမ့်ပါတယ်။ လင်းဟာန်က စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို အသုံးပြုပြီးတော့ သူ့ကို သတိလစ်မေ့မျောသွားအောင် လုပ်ကာ အနက်ရောင် မျှော်စင်ထဲ အလွယ်တကူ ထည့်လိုက်နိုင်ပါတယ်။ အဲဒီအချိန်ကျရင် သူ့စိတ်တိုင်းကျ သူ့ကို အလွယ်တကူ လုပ်နိုင်ပါပြီ။

လင်းဟာန်က ကျောက်ရုပ်တွေနဲ့ ထပ်ပြီးတော့ မတိုက်ခိုက်ရတော့တဲ့ အတွက်ကြောင့် သူ့ခန္ဓာကိုယ်ကို အရင်ဆုံး ကုသလိုက်ပါတယ်။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တွေက အံ့မခန်းပါပဲ။ သိပ်မကြာခင် သူက လုံးဝကို ဒဏ်ရာမရတော့တဲ့အတိုင်း ပကတိအကောင်းအတိုင်း ဖြစ်သွားခဲ့ပါတယ်။

သူက ဂတ်စုံအသစ် ပြောင်းဝတ်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

Edit with WPS Office

"သွားကြစို့"

လူသုံးယောက်နဲ့ ယန္တရားရုပ် တစ်ရုပ်တို့က သူတို့ရဲ့ ခရီးစဉ်ကို ဆက်လက် ချီတက် လာခဲ့ပါတယ်။

လမ်းမှာ လင်းဟာန်က စွေ့ရန်ယွီနဲ့ တင်းပင်းတို့ကို နတ်ဘုရား တံဆိပ်သုံးခုနဲ့ ယန္တရားရုပ်ကို ဘယ်လိုရရှိခဲ့တယ် ဆိုတာကို ပြောပြခဲ့ပါတယ်။

"ဒီနေရာမှာ မြှုပ်နှံထားတဲ့လူက ဘယ်သူများဖြစ်မလဲ"

"ဒါက ဂူသချိုင်းတစ်ခုနဲ့ တူတယ်လို့ မခံစားရဘူး။ သူက သေပြီးတာတောင် အရမ်းကို လှည့်ဖြားနိုင်စွမ်း ရှိနေသေးတယ်"

စွေ့ရန်ယွီနဲ့ တင်းပင်းတို့ နှစ်ယောက်စလုံးပဲ ဒါက မယုံနိုင်စရာကောင်းလွန်းတယ်လို့ ခံစားနေ ရပါတယ်။ စဉ်းစားကြည့်ရင် မင်းဘာသာမင်း ကောင်းကောင်းမွန်မွန် မြှုပ်နှံထားနိုင်တာပဲကို ဘာဖြစ်လို့ နောက်တီးနောက်တောက် အရမ်းလုပ်ထားတာလဲ။

"အထီးကျန်ပြီးနေဖို့ ဆန္ဒမရှိတာများလား"

Edit with WPS Office

လင်းဟန်က တီးတိုးရွတ်ဆို လိုက်မိပါတယ်။ အဆုံးမှာ ဘယ်သူမှ သေခြင်းတရားကနေ မလွတ်မြောက် နိုင်ပါဘူး။ ဒီကြီးကျယ်ခမ်းနားတဲ့ ပုဂ္ဂိုလ်ကြီးက သူ့ကိုယ်ပိုင် ချီးမွမ်းခန်းတွေ ဖွင့်နေတာက သူ့ကို မေ့လျော့မသွားစေချင်လို့များလား။

ဒီနေရာက အသက်ဓာတ်စွမ်းအားက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အဆင့်တက်စေနိုင်တဲ့အပြင် ကျင့်ကြံနေတဲ့ အချိန်အတွင်းမှာ ရရှိတဲ့ လူတစ်ယောက်ရဲ့ လျှို့ဝှက်ဒဏ်ရာတွေကိုပါ သက်သာပျောက်ကင်း စေနိုင်ပြီး သူ့ခန္ဓာကိုယ်ကို အပြည့်အဝ ပြန်လည်သန်စွမ်း လာစေပါတယ်။ ဒါက အရမ်းကို အကူအညီ ဖြစ်စေပါတယ်။

တချို့ ဆက်ပြီးတော့ လေ့လာစူးစမ်းမှု မလုပ်တော့ဖို့ ရွေးချယ်လိုက်ပါတယ်။ သူတို့ရဲ့ စွမ်းရည်တွေက အရမ်းကို အားနည်းတယ်လို့ တွေးလိုက်မိလို့ပါ။ ပြီးတော့ သူတို့အနေနဲ့ တခြားသူတွေကို အနိုင်ယူနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့က တိတ်ဆိတ်ငြိမ်သက်တဲ့ နေရာတစ်ခုကို

Edit with WPS Office

ရှာပြီးတော့ သူတို့ကိုယ်သူတို့ ပြုစုကုသရင်း စတင်ကျင့်ကြံလိုက်ပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ကို ပကတိအခြေအနေဖြစ်အောင် ပြုစုပျိုးထောင်တာက ကျင့်ကြံခြင်းမှာ အကျိုးအမြတ် ရစေပါတယ်။

"ဆရာသခင် ကျနော်အဆင့်တက်ပြီ"

ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ တင်းပင်းက အံ့အားသင့်စွာ ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ မော်ဆေးလုံးတွေနဲ့ သူ့ကို ကူညီပေးမှုနဲ့အတူ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က လျင်မြန်စွာနဲ့ တိုးလာခဲ့ပါတယ်။ ဒါက တန်ခိုးရှင်ဘုံ ဖြစ်ပြီးတော့ ကျင့်ကြံခြင်း အဆင့်တွေရဲ့ သေမျိုးနယ်ပယ်တွေထဲမှာ လူတစ်ယောက် အဆင့်တက်တာနဲ့ နှိုင်းယှဉ်လို့ မရပါဘူး။ စိတ်စွမ်းအားနဲ့ ပတ်သက်ရင် သူ့မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိပါတယ်။ တကယ်လို့ တင်းပင်းက ခွန်အား ကြယ်ဆယ့်ကိုးလုံးရဲ့ အထွတ်အထိပ်ကို အဆင့်တက်ဖို့ စောင့်နေတာကြောင့်သာ မဟုတ်ဘူးဆိုရင် ဟိုးအရင်ကတည်းက သူအဆင့်တက်ပြီး နေပါပြီ။

Edit with WPS Office

လင်းဟန်က သူ့အတွက် စောင့်ကြပ်ပေးလိုက်ပါတယ်။ ကြယ်စင်အစုအဝေး အထဲမှာတောင် ကောင်းကင်ဘုံ တာအိုရဲ့ စည်းမျဉ်းဥပဒေတွေက နေရာအနှံ့မှာ ရှိပါတယ်။ ချက်ချင်းဆိုသလို နတ်ဘုရား မိုးခြိမ်းသံတွေကို ကြားလိုက်ရပြီး လျှပ်စီးတွေက တင်းပင်းကို အရှူးအမူး ပစ်ခတ် လိုက်ပါတယ်။

တင်းပင်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်ကို ပြီးပြည့်စုံလုနီးပါးထိ ကျင့်ကြံအားထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ သူက ကမ္ဘာငယ် တစ်ခုရဲ့ ဆရာသခင် မဟုတ်တာကြောင့် ခွန်အား ကြယ်နစ်ဆယ်လုံးထိ ရောက်ဖို့ မျှော်လင့်ချက် မရှိပါဘူး။ ဒါပေမဲ့လည်း ကြယ်ဆယ့်ကိုးလုံး ဆိုတာက အရမ်းကို အံ့သြဖို့ ကောင်းနေဆဲပါပဲ။ ဒါက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို မယုံနိုင်စရာ ကောင်းလောက်အောင် ထိတ်လန့် တုန်လှုပ်စေပြီး ကောင်းကင်ဘုံ ကပ်ဘေးကို သူက အလွယ်တကူနဲ့ ရင်ဆိုင်တောင့်ခံ နိုင်စေခဲ့ပါတယ်။

နေ့တစ်ဝက် ကြာပြီးတဲ့နောက်မှာ သူလည်း တန်ခိုးရှင် အဆင့်ကို အဆင့်တက် သွားခဲ့ပါတယ်။

Edit with WPS Office

"ဆရာသခင် ကျနော့် ကိုယ်ပိုင် လမ်းကြောင်းကို လျှောက်လို့ ရပြီလား"

သူက တက်ကြွမှုတွေနဲ့ ပြည့်နက်ပြီး သူ့ဦးလေး သုံးယောက်လိုမျိုး တစ်ကိုယ်တော် ခရီးဆန့်ပြီး သူ့ကိုယ်ပိုင် အတွေ့အကြုံတွေကို ရှာဖွေသင်ယူ ချင်နေပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ဒါဆိုရင် မင်းရဲ့ အတောင်ပံတွေ ဆန့်ထုတ်တော့မယ်ပေါ့"

တင်းပင်းက အရမ်းကို ထိတ်လန့်သွားပြီး အလျင်အမြန် ဒူးထောက်ချကာ ပြောလိုက်ပါတယ်။

"တပည့် မလုပ်ဝံ့ပါဘူး"

လင်းဟန်က တဒင်္ဂလောက် စဉ်းစားပြီးတော့ တိမ်မြန်အဆောင် လက်ဖွဲ့ကို ဆွဲထုတ်ကာ သူ့တပည့်ကို ပေးလိုက်ပြီး ပြောလိုက်ပါတယ်။

"ဒါကိုယူသွား။ တကယ်လို့ အန္တရာယ်ထဲ ကျရောက်လာရင် မင်းလွတ်အောင်လို့ ဒါက ကူညီပေးလိမ့်မယ်။ နောက်ပိုင်း ဂင်ပေါက်မှာ ငါတို့ ပြန်ဆုံကြမယ်"

Edit with WPS Office

"ဆရာသခင်"

တင်းပင်းက အရမ်းကို စိတ်လှုပ်ရှား သွားခဲ့ပါတယ်။ ဒါက ကျောက်ရုပ်ဂဏ်ပါကနေ အသက်ရှင် လွတ်မြောက်လာပြီးမှ သူ့ဆရာသခင် ရခဲ့တဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါက အရမ်းအရမ်းကို အဖိုးထိုက်တန်ပါတယ်။

"ဒါကို ယူထားလိုက်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။ သူ့မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ် ရှိပါတယ်။ ဒါကြောင့် တိမ်မြန်အဆောင်လက်ဖွဲ့က သူ့အတွက် သိပ်ပြီးအသုံးဝင်လိမ့်မှာ မဟုတ်ဘူးလို့ ထင်မိပါတယ်။

တင်းပင်းက ဒူးထောက်ပြီး ရိုရိုသေသေနဲ့ လင်းဟာန်ကို ဂါရဝပြုလိုက်ပါတယ်။ အဲဒီနောက် တိမ်မြန်အဆောင် လက်ဖွဲ့ကို ယူပြီးတော့ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်သွားပါတယ်။

"နင်က တကယ်ပဲ အဲလောက် သဘောလွယ်တာပဲလား"

စွေ့ရန်ယွီက မေးခွန်းထုတ် လိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က ဘာမှမပြောပါဘူး။ တော်တော်ကြာမှပဲ သူက ပြောလိုက်တယ်။

"ကောင်လေးက အရွယ်ရောက်လာပြီ။ ဒါကြောင့် သူ့ကို မိုးထိထိုးတက်ဖို့ ငါခွင့်ပြုသင့်တယ်။ နောက်ပြီး ငါသူ့ရဲ့ ကျင့်ကြံခြင်း အဆင့်တုန်းက ငါ့ဘာသာငါ အင်ပါယာမြို့တော်ကို ပတ်ပြေးပြီး မိန်းမလှလေး တစ်ယောက်ကို ပိုးခဲ့တာပဲ မဟုတ်လား"

လင်းဟန်က သူ့ကိုစနောက် ကျီစယ်နေမှန်း စွေ့ရန်ယွီ သိပါတယ်။ သူမက မျက်လုံးပြူးပြီးတော့ ကြည့်လိုက်မိပါတယ်။ တချိန်တည်းမှာ သူမက အနည်းငယ် ကျေနပ်ပီတိ ဖြစ်သွားပါတယ်။ ဘယ်မိန်းမက သူတို့ရဲ့ အလှအပနဲ့ ပတ်သက်ပြီး ချီးကျူးသံကို ကြားရရင် မကျေနပ်ပဲ နေမှာလဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီး ဒီရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးကို ဆွဲဖက်ပြီး အနမ်းချွေလိုက်ပါတယ်။

Edit with WPS Office

စွေ့ရန်ယွီက အရမ်းကို ရှက်ရွံ့သွားပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို လက်ညှိုးထိုးပြကာ ပြောလိုက်တယ်။

"ဒီမှာ လူရှိနေသေးတယ်လေ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မှင်တက်အံ့သြသွားပြီး အလျင်အမြန်ပဲ ခွေးတစ်ကောင်လို ဂပ်ပြီးတော့ ဟောင်လိုက်ပါတယ်။ သူက သူ့အမြီးကိုတောင် ဇော့ယမ်းချင်နေပေမဲ့ သူက ဝံပုလွေ တစ်ကောင် မဟုတ်တော့ဘူး ဆိုတာကို သတိပြုမိခဲ့ပါတယ်။ သူက အနည်းငယ် ခွတီးခွကျ ဖြစ်သလို ခံစားလိုက်ရပြီး ပြောလိုက်တယ်။

"ဆရာကတော် ဒီသတ်ဖြတ်သူလေးကို လူတစ်ယောက်လို့ မစဉ်းစားလိုက်ပါနဲ့"

သူက အတော်လေးကို မျက်နှာပြောင်ပါတယ်။

Chapter 1105 end

အပိုင်း(1106) ပင်လယ်အောက်က တောအုပ်

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်က

Edit with WPS Office

လမ်းတစ်လျှောက်လုံး သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်ကို မနာလိုဖြစ်အောင် လုပ်နေသလိုပဲ တစ်ယောက်နဲ့ တစ်ယောက် ကလူကျီစယ်လာခဲ့ပါတယ်။ လင်းဟန်က သူ့ကို အနက်ရောင် မျှော်စင်ထဲ ပြန်ထည့်လိုက်မှပဲ သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်က အရမ်းကို စိတ်တိုသွားပါတယ်။ သူက လူသားတစ်ယောက် မဟုတ်ဘဲ နတ်ဆိုးချီကနေ ဖြစ်ပေါ်လာတဲ့ သက်ရှိတစ်ယောက် ဖြစ်ပါတယ်။ မင်းတို့တွေက တစ်ယောက်နဲ့ တစ်ယောက် ပွေ့ဖက်နေကြတယ်။ တကယ်လို့ ဒီလိုမျိုး လုပ်နေရင်တောင် သူ့မျက်လုံးထဲမှာ ခွေးနှစ်ကောင်ကို ကြည့်ရတာနဲ့ ဘာမှမကွာပါဘူး။

ဒါပေါ့။ သူက ဒီလိုမျိုး အရာတစ်ခုကို သူသေသွားမယ် ဆိုရင်တောင် ထုတ်ပြောရဲမှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ရင် သူတကယ်ပဲ အသတ်ခံလိုက် ရပါလိမ့်မယ်။

ဒီကြီးမားကျယ်ပြန့်တဲ့ လွင်ပြင်ပေါ်မှာ လျှောက်လာရင်း ဒီလွင်ပြင်က အဆုံးမရှိတဲ့ ပုံစံပါပဲ။ အဲဒါက လူတော်တော်များများကို စိတ်မရှည်ဖြစ်လာစေပြီး

Edit with WPS Office

လက်လျော့အရှုံးပေး လိုက်ကြပါတယ်။

အချိန်တွေ ကုန်လွန်လာပြီး တစ်ရက်ပြီး တစ်ရက် ကုန်လာပါတယ်။ လင်းဟာန်နဲ့ စွေ့ရန်ယွီရဲ့ ကျင့်ကြံခြင်း အဆင့်က ထိုးတက်လာပါတယ်။ မှော်ဆေးဧကရာဇ် တစ်ယောက်နဲ့ ပြန်လည် မွေးဖွားခြင်း သစ်ပင်ကိုပါ ထည့်ပေါင်းလိုက်ရင် သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ ထိုးတက်လာဖို့ ခက်ခဲလိမ့်မှာ မဟုတ်ပါဘူး။

လဂက်လောက် ကြာပြီးတဲ့ နောက်မှာတော့ စွေ့ရန်ယွီရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန် အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ထိ ရောက်လာခဲ့ပါတယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

လင်းဟာန်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ အချိန်နည်းနည်း လိုနေပါသေးတယ်။ တကယ်တော့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လေ အဆင့်တက်နှုန်း ပိုနှေးလာ ပါလိမ့်မယ်။

နောက်ဆုံးတော့ သူတို့ရဲ့ မျက်စိအရှေ့မှာ

Edit with WPS Office

ကြီးမားကျယ်ပြန့်တဲ့ လွင်ပြင်ကြီး ပျောက်ကွယ်သွားပြီး အဲဒီအစား ရောမ ပင်လယ်ပြင်ကြီးတစ်ခု ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီရောမ ပင်လယ်ကြီးက မယုံနိုင်စရာ ကောင်းလောက်အောင် ထူးဆန်းပါတယ်။

ပင်လယ်ရဲ့ ကြမ်းပြင်က ကုန်းမြေတွေနဲ့ ဆက်သွယ်ထားပါတယ်။ အံ့အားသင့်စရာ ကောင်းတာက ကုန်းမြေတွေက ရောမ ပင်လယ်ရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်ပြီးတော့ ပင်လယ်ရေတွေက လှုပ်ရှားမှုပဲ လုပ်နေပါတယ်။

သူတို့အရှေ့မှာ ရေနံ့ရုံတစ်ခုက ရုတ်တရက် ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီရေနံ့ရုံက တအိအိနဲ့ အပေါ်ကို လှုပ်ပြီး မြင့်တက်လာခဲ့ပါတယ်။

ပင်လယ်ကြမ်းပြင်က အထီးကျန်ခြင်းမရှိ မှေးမှိန်နေခြင်းလည်း မရှိသလို ဘာမှ မရှိပါဘူး။ အဲဒီအစား အဲဒီနေရာမှာ တောအုပ်တစ်ခု ပေါက်နေပါတယ်။

ပင်လယ်အောက်ခြေက တောအုပ်။

သစ်ပင်တိုင်းက ပင်လယ်ကြမ်းပြင်ပေါ်မှာ အမြစ်တွယ်နေပြီး

Edit with WPS Office

ပင်စင်တွေက မီတာထောင်နဲ့ချီ မြင့်မားပါတယ်။ ဒါပေမဲ့လည်း သစ်ပင်တွေက အရမ်းကို ပျော့ပြောင်းညင်သာနေပါတယ်။ သစ်ပင်လို့ ပြောရတာထက် သူတို့ကို ရေမှော်ပင်တွေလို့ ခေါ်တာက ပိုပြီးတော့ သင့်တော်ပါတယ်။ သူတို့ပုံစံက ကြည့်ရတာ အနည်းငယ် အံ့အားသင့်ဖို့ ကောင်းပါတယ်။

သစ်ရွက်တွေက အသာလေး လှုပ်ယမ်းနေပါတယ်။ အများစုက အိမ်တစ်လုံးထက်တောင် ပိုပြီး ကြီးမားပါတယ်။ တကယ်လို့ လူတစ်ယောက်က သူတို့အနောက်မှာ ပုန်းနေမယ်ဆိုရင် သူတို့ ရှိနေတာကို ရှာတွေ့ဖို့ အရမ်းကို ခက်ခဲပါလိမ့်မယ်။

ပင်လယ်ရေတွေမှာ နတ်ဘုရား အာရုံကို ပိတ်ဆို့နိုင်တဲ့ အရမ်းကို သန်မာအားကောင်းတဲ့ အာနိသင် တစ်ခု ရှိပါတယ်။ ပြီးတော့ သူတို့ရဲ့ အမြင်အာရုံတွေက ဒီသစ်ရွက်တွေကို ဖြတ်ပြီးတော့ မြင်နိုင်စွမ်း မရှိခဲ့ပါဘူး။ ဒါကြောင့် တကယ်လို့ ဒီနေရာကို ဂင်လာတဲ့သူက မကန်းရင်တောင် ဒီပတ်ဂန်းကျင်က နတ်ဘုရားအာရုံရဲ့

Edit with WPS Office

သိမြင်ခံစားမှုကို ကြီးမားတဲ့ အဆင့်တစ်ခု အထိ လျော့ကျစေနိုင်ပါတယ်။

"အမှောင်ည ခန်းမကို သတိထားပါ"

အရင်တုန်းက ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်ကြီးရဲ့ လုပ်ဆောင်မှုကြောင့် မတူညီတဲ့ ကျင့်ကြံခြင်း အဆင့်က ကျင့်ကြံသူတွေက သူတို့ကိုယ် သူတို့တောင် မသိလိုက်ရပဲ လူစုကွဲ သွားကြပါတယ်။ ဒါပေမဲ့ ဒီနေရာကို သူတို့တွေ ရောက်လာတဲ့ အချိန်မှာတော့ နေလအဆင့် လက်ရွေးစင်တွေကိုလည်း တွေ့မြင်ရပါတယ်။ ဒါကြောင့် လူစုကွဲသွားတဲ့ လူတွေက သူတို့ဘာသာ သူတို့တောင် မသိလိုက်ဘဲ အတူတကွ ပြန်လည်စုစည်းလာတယ်ဆိုတာ ပေါ်လွင်ပါတယ်။

အမှောင်ညခန်းမက လင်းဟန်ကို အလွယ်တကူ သတ်ပစ်လို့ မရဘူးဆိုတာကို သိထားပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့က လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ကို နောက်တစ်ကြိမ် စေခိုင်းမယ်ဆိုရင် သေချာပေါက် နေလအဆင့်မှာ ရှိနေပါလိမ့်မယ်။

Edit with WPS Office

အရင်တုန်းက သူတို့အတွက် တွေ့ဆုံဖို့ မဖြစ်နိုင်ပေမဲ့ အခုတော့ ကိစ္စမရှိတော့ပါဘူး။

ပင်လယ်ကြမ်းပြင်အောက်က တောအုပ်ထဲမှာ သူတို့ကို စောင့်မျှော်ရင်း လုပ်ကြံသတ်ဖြတ်ဖို့ လူတစ်ယောက် ရှိကောင်းရှိနေ နိုင်ပါတယ်။

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ယုံကြည်မှု ရှိပေမဲ့ မျက်ကန်းတစ်ယောက်လို တစ်ဖွတ်ထိုး လုပ်လိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ လက်ရှိစွမ်းဆောင်နိုင်ရည်တွေနဲ့ နေလအဆင့် လက်ရွေးစင် သူ့ကို တစ်ချက်တည်း သတ်ပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။ သူ့ရဲ့ အဆင့်လေး နတ်ဘုရား သတ္တုအဆင့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်လည်း အသုံးဝင်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား အရိုးတွေ နည်းနည်းလေးမှ မကျိုးပဲဘူး ဆိုရင်တောင် သူ့ရဲ့ စိတ်ဝိညာဉ်က တစ်စစီ ပြိုလဲသွားပြီး သေရပါလိမ့်မယ်။

တကယ်လို့ နေလအဆင့် ကနဦးမှာပဲ ရှိသေးရင်တောင် သူ့အနေနဲ့ နေလအဆင့်ကို ရင်ဆိုင်ဖို့ အနည်းဆုံး ကြယ်ဆယ်ပွင့် အဆင့်ကို ရောက်ရပါမယ်။

Edit with WPS Office

လင်းဟန်က အဲဒီအဆင့်ကိုရောက်ဖို့ အတော်လေး ဝေးကွာပါသေးတယ်။

"မစိုးရိမ်ပါနဲ့ ဆရာသခင်။ ကျနော် အစွမ်းကုန် ကြိုးစားပါမယ်။ ဒီနေရာမှာ ကျနော် ရှိနေသရွေ့ ဆရာသခင်ရဲ့ လုံခြုံရေးကို အာမခံပါတယ်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ယုံကြည်ချက်အပြည့်နဲ့ ပြောလိုက်ပြီး သူ့ရင်ဘတ်ကို ပုတ်ကာ အာမခံလိုက်ပါတယ်။

"သွားကြစို့"

သူတို့က ပင်လယ် တောအုပ်ထဲကို ဝင်လာခဲ့ပါတယ်။ ပြောင်းလဲမှု တစ်ခုရှိတာက ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဆိုလိုတာက သူတို့ဟာ မှန်ကန်တဲ့ ဦးတည်ချက်ကို လျှောက်လာတယ်လို့ ပြောတာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့ ကုန်းမြေပေါ်မှာ စက်ဝိုင်းပုံစံ လှည့်လည်ပြီး ဆက်လျှောက်နေမယ်ဆိုရင် အဆုံးသတ်ဆိုတာ ရှိလာပါလိမ့်မလား။

Edit with WPS Office

ကံကောင်းတာက ပင်လယ်ရေတွေက နတ်ဘုရားအာရုံကို အဆပေါင်းများစွာ ဖုံးလွှမ်းနိုင်တဲ့ အကွာအဝေးက အနည်းငယ်ပဲ ရှိပြီးတော့ သူတို့ကို ဖိနှိပ်ထိန်းချုပ်တဲ့ စည်းမျဉ်းဥပဒေတွေ မရှိပါဘူး။ ကြယ်ပင်လယ်ထဲမှာနဲ့ မတူပါဘူး။ ဒါကြောင့် တကယ်လို့ ရေထဲမှာ တိုက်ပွဲတစ်ခု စတင်တော့မယ် ဆိုရင်တောင် ကျင့်ကြံသူတွေရဲ့ စွမ်းရည်တွေကို အများကြီး အားနည်းသွား စေလိမ့်မှာ မဟုတ်ပါဘူး။

ဒီနေရာမှာ ရောမ ရေအောက်တောအုပ်ကြီးတစ်ခု ရှိတဲ့အပြင် သစ်ပင်တွေ အကြားမှာ ရောမ ငါးကြီးတွေလည်း ကူးခတ်လို့ နေပါတယ်။

တကယ့်ကို ကြီးမားတဲ့ ငါးကြီးတွေ ဖြစ်ပြီးတော့ မီတာထောင်နဲ့ချီပြီး ရှည်လျားပါတယ်။ သူတို့ရဲ့ အမြီးတွေကို တစ်ချက်လောက် လှုပ်ယမ်းလိုက်တာနဲ့ ကြီးမားတဲ့ ရေလှိုင်းလုံးတွေ ဖြစ်လာပါလိမ့်မယ်။ နေလအဆင့် လက်ရွေးစင်တွေတောင် ရေလှိုင်းတွေရဲ့ ရိုက်ခတ်မှုကို တည်ငြိမ်အောင်လို့ ခံနိုင်စွမ်း မရှိပဲ အစွမ်းထက်တဲ့

Edit with WPS Office

ရေလှိုင်းတွေကြောင့် တော်တော်ဝေးဝေးကို လွင့်ထွက်သွားရပါလိမ့်မယ်။

တကယ်လို့ ဒီရောမ ငါးကြီးတွေက မိစ္ဆာသားရဲတွေ မဟုတ်ဘူးဆိုရင်တောင် သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တွေရဲ့ ခွန်အားသက်သက်နဲ့တင် ထိတ်လန့်သွားစေဖို့ လုံလောက် နေပါပြီ။ အဲဒါကြောင့်ပဲ ခွန်အားက တိုက်ပွဲစွမ်းရည်ရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းလို့ သတ်မှတ်ယူဆ နိုင်ပါတယ်။ တကယ်လို့ ဒီရောမ ငါးကြီးတွေက မိစ္ဆာသားရဲတွေ မဟုတ်ခဲ့ရင်တောင် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က နေလအဆင့် လက်ရွေးစင်တွေကိုတောင် တုန်လှုပ်သွားစေဖို့ လုံလောက်ပါတယ်။

ရေအောက်ထဲက ရေမှော်ပင်အုပ်တွေက အရမ်းကို သန်စွမ်းလွန်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူး ဆိုရင် အဲဒီအပင်တွေက ရောမ ငါးကြီးတွေရဲ့ အမြီးတွေ အနည်းငယ် လှုပ်ခါလိုက်တာနဲ့ အစိတ်စိတ် အပိုင်းပိုင်း ပြတ်သွားပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်နဲ့ စွေ့ရန်ယွီက အပင်တွေကြားထဲ လျှောက်လာပြီး
သူတို့က သနားစရာ ကောင်းလောက်အောင်
သေးငယ်သွားသလို ခံစားလိုက် ရပါတယ်။

ဒါပေါ့။ သတ္တဝါအားလုံး အရမ်းကို ကြီးမားနေတာ
မဟုတ်ပါဘူး။ လင်းဟန်က ငါးသေးသေးတွေ အနည်းငယ်
မြင်တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ ဒီငါးသေးသေးလေးတွေကလည်း
မီတာဒါဇင်နဲ့ချီပြီး ရှည်ပါသေးတယ်။ ဒါပေမဲ့လည်း
ဒါဇင်ထောင်ချီပြီး ရှည်လျားတဲ့ ရောမ ငါးကြီးတွေရဲ့
ခန္ဓာကိုယ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် သူတို့ကို တကယ်ပဲ
ငါးသေးသေးလေးတွေလို့ ခေါ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ငါးကြီးတွေက မရိုင်းစိုင်းဘဲ
ငါးသေးသေးလေးတွေက ရိုင်းနေပါတယ်။

ရောမ ငါးကြီးတွေက ကျင့်ကြံသူတွေကို ပေါ့ပေါ့တန်တန်ပဲ
သဘောထားပြီး အနှောင့်အယှက် မပေးခဲ့ပေမဲ့
ငါးသေးသေးလေးတွေက အရမ်းကို ကြမ်းတမ်းပါတယ်။
ကျင့်ကြံသူတွေကို ရှာတွေ့တာနဲ့ သူတို့က
ပြင်းပြင်းထန်ထန်ကို တိုက်ခိုက်ကြပါတယ်။

Edit with WPS Office

ဒီငါးသေးသေးတွေက အရမ်းကို ထူးဆန်းပါတယ်။ သူတို့ရဲ့ အကြေးခွံတွေ အားလုံးက သတ္တုနဲ့ လုပ်ထားပြီး သူတို့ရဲ့ သွားတွေက ဓားတွေလို ထက်ရှကာ သတ္တုရောင် တလက်လက် တောက်ပနေပါတယ်။

သူတို့ကို ရင်ဆိုင်ရတာ အရမ်းကို ဒုက္ခရောက်ပါတယ်။ သူတို့ရဲ့ သတ္တုအကြေးခွံတွေက အရမ်းကို သန်မာအားကောင်းတဲ့ ခုခံနိုင်စွမ်းရှိပြီး သူတို့ရဲ့ သွားတွေက မယုံနိုင်စရာ ကောင်းလောက်အောင် ထက်ရှလွန်းပါတယ်။ တကယ်လို့ အဆင့်တူ ကျင့်ကြံသူ တစ်ယောက်က သူတို့နဲ့ တိုက်ခိုက်မယ် ဆိုရင် ထူးခြားတဲ့ တိုက်ပွဲစွမ်းရည် မရှိရင်တော့ အကြီးအကျယ် ခံစားသွားရဖို့ မြင့်မားတဲ့ အခွင့်အလမ်း ရှိပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က မကြောက်တဲ့အပြင် ကျေနပ်နေခဲ့ပါတယ်။

သူက အဲ့ဖွယ်နတ်ဆိုးဓားရဲ့ ခွန်အားကို တိုးမြှင့်ဖို့ အဆင့်နှစ် နတ်ဘုရားသတ္တု နည်းနည်းမှ မရှိမှာနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေခဲ့ပါတယ်။ အခုတော့ ဒီပစ္စည်းတွေကို

Edit with WPS Office

သူ့အိမ်ရှေ့ တံခါးထိ ရောက်အောင်လို့ လာပို့နေပြီ မဟုတ်လား။

ဘုန်း။

ငါးတစ်ကောင်က သူ့အမြီးကို လှုပ်ခါလိုက်ပြီး အစွမ်းထက်တဲ့ လှုပ်ရှားမှု တစ်ခုကို ထုတ်ဖော် လိုက်ပါတယ်။ အဲဒီငါးက လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပြီး သူလှုပ်ရှားမှုကြောင့် ရေလှိုင်းတွေထကာ ခြေထောက်ကို ငြိမ်သက်အောင် ထိန်းထားနိုင်စွမ်း မရှိတဲ့အထိ ဖြစ်စေပါတယ်။

လင်းဟာန်က သူ့ခန္ဓာကိုယ်ပေါ်က ချွေးပေါက်တွေ အားလုံးကို ဖွင့်ထားပြီး မူလစွမ်းအင်တွေ လောင်းထည့်လိုက်ပါတယ်။ ရုတ်တရက် သူက မြားတစ်ချောင်းလိုမျိုး အဲဒီငါးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ဒီငါးရဲ့ စွမ်းအားက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်နဲ့ပဲ ညီမျှပါတယ်။ ဒါကြောင့် လင်းဟာန်ရဲ့ ပြိုင်ဘက် ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

Edit with WPS Office

တိုက်ကွက် အနည်းငယ် အတွင်းမှာ လင်းဟန်က သူ့ခန္ဓာကိုယ်က အကြေးခွံတွေ အားလုံးကို သန့်စင်ပစ်ပြီးတော့ အကြေးခွံမရှိတဲ့ ငါးတစ်ကောင် ဖြစ်စေခဲ့ပါတယ်။

"ငါမင်းအသက်ကို ချမ်းသာပေးလိုက်မယ်"

လင်းဟန်က စပ်ဖြဲဖြဲ ရယ်လိုက်ပါတယ်။ အဲဒီနောက်သူက ငါးကို ပစ်ထုတ်လိုက်ပါတယ်။

ငါးအကြေးခွံရဲ့ နတ်ဘုရားသတ္တု အဆီအနှစ်ကို စုပ်ယူပြီးတဲ့နောက်မှာ အံ့ဖွယ်နတ်ဆိုးဓားက အနည်းငယ် တိုးတက်လာခဲ့ပါတယ်။ ဒါပေ့ါ။ ဒါက နည်းနည်းလေးတိုးတက်လာတာပါ။

ဒါပေမဲ့လည်း သိပ်မကြာခင်မှာ အဲဒီငါးက သူတို့ဆီကို ပြန်ကူးလာခဲ့ပါတယ်။

သူ့ရဲ့ လက္ခဏာတွေက အရမ်းကို ကွဲပြားခြားနားလွန်းပါတယ်။ သူ့ရဲ့ ငါးအကြေးခွံတွေ အားလုံး ဖယ်ရှားခံလိုက်ရပြီး ဒီနေရာမှာ သူက အခုလိုမျိုး ဖြစ်သွားတဲ့

Edit with WPS Office

တစ်ကောင်တည်းသော ငါးဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူတစ်ကောင်တည်း မဟုတ်တော့ပါဘူး။ အဲဒီအစား သူ့လိုမျိုး ငါးတွေအများကြီးကို ခေါ်လာခဲ့ပါတယ်။

အနည်းဆုံး ရာနဲ့ချီတဲ့ ငါးတွေက တစ်ဟုန်ထိုး ပြေးဝင်လာပြီး အကောင်တိုင်းက သူတို့ရဲ့ ထက်ရှတဲ့ သွားတွေကို ဖြဲကာ သတ်ဖြတ်ချင်တဲ့ စိတ်တွေ ဆူပွက်လို့ နေပါတယ်။

"နင့်ရဲ့ သဘောကောင်းမှုကို အခုလိုမျိုး ပြန်ပြီးတော့ ပေးဆပ်တော့ ဘယ်လိုခံစားရလဲ"

စွေ့ရန်ယွီက ကျီစယ်လိုက်ပါတယ်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အဲဒီအစား ဒါက လက်ဆောင်တစ်ခုလို့ ဘာကြောင့် ငါခံစားနေမိပါလိမ့်"

ဟုတ်ပါတယ်။ ဒါက ရာနဲ့ချီပြီးတော့ ရှိတဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ငါးတွေ ဖြစ်ပါတယ်။ သူ့အရှေ့မှာ

Edit with WPS Office

ပြိုင်ဘက်တွေ မဟုတ်ပဲ အဲဒီအစား အံ့ဖွယ်နတ်ဆိုးဓားရဲ့ အဆင့်ကို တိုးမြှင့်ပေးဖို့ ရောက်လာတာပဲ ဖြစ်ပါတယ်။

သူက သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဝှေ့ယမ်းပြီး တစ်ဟုန်ထိုး ပြေးဝင်ကာ ငါးတွေကို ခုတ်ပိုင်းလိုက် ထိုးစိုက်လိုက် လှီးဖြတ်လိုက်နဲ့ အမျိုးမျိုး တိုက်ခိုက်လိုက်ပါတယ်။ ငါးအကြေးခွံ တော်တော်များများ သူ့တိုက်ခိုက်မှုတွေကြောင့် စုတ်ပြတ်ကုန်ပြီး အမှုန့်တွေအဖြစ် ပြောင်းလဲ ကုန်ပါတယ်။ သူတို့ရဲ့ အဆီအနှစ်တွေကိုတော့ အံ့ဖွယ်နတ်ဆိုးဓားက စုပ်ယူပြီး အဆင့်သုံး နတ်ဘုရား သတ္တုအဆင့်ကို အလျင်အမြန်နဲ့ တိုးတက်လာခဲ့ပါတယ်။

ဒီငါးတွေက ငါးသေးသေးလေးတွေ ဆိုပေမဲ့ ရာနဲ့ချီ ရှိပြီးတော့ တစ်ကောင်ကို မီတာ ဒါဇင်နဲ့ချီ ရှည်ပါတယ်။ ဒါကြောင့် နတ်ဘုရားသတ္တု ပမာဏက မယုံနိုင်စရာ ကောင်းလောက်အောင် အံ့အားသင့်စရာ ကောင်းပါတယ်။

လင်းဟန်က ဒီငါးအများစုကို သတ်ပစ်ခဲ့ပြီး အံ့ဖွယ်နတ်ဆိုးဓားက ရတ်တရက် အလင်းရောင်တွေ တောက်ပလာကာ နောက်ထပ်တစ်ကြိမ် အရည်အသွေး

Edit with WPS Office

ပြောင်းလဲသွားပါတယ်။

ဒီအရည်အသွေး ပြောင်းလဲတဲ့ နေရာမှာ လင်းဟန်ကလည်း သူ့ရဲ့ သိုင်းဆန္ဒကို ဓားအထဲ ထည့်သွင်းပြီး ချက်ချင်းဆိုသလို နတ်ဘုရားသင်္ကေတ နှစ်ဆယ့်သုံးခု ဖြစ်ပေါ်လာပါတယ်။

နောက်ဆုံးအကြိမ်တုန်းက လင်းဟန်က ပြင်ဆင်မထားခဲ့ပါဘူး။ ဒါကြောင့် သူက နတ်ဘုရား သင်္ကေတ ခုနစ်ခုပဲ ရေးထွင်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ သူက ပြင်ဆင်ထားပါတယ်။ ဒါကြောင့် သူက နတ်ဘုရား သင်္ကေတတွေ ပိုပြီးတော့တောင် ရေးထွင်းနိုင်စွမ်း ရှိပါတယ်။

"အဆင့်သုံး နတ်ဘုရား ပစ္စည်း"

လင်းဟန်က ကျေနပ်ပီတိ ဖြစ်နေခဲ့ပါတယ်။ သူက သာမန်ကာလျှံကာ ခုတ်ချလိုက်ပြီး မီတာ သုံးထောင်လောက် ရှည်လျားတဲ့ ဓားအလင်းတန်းက ဖြတ်သွားပါတယ်။ အနည်းဆုံး ဒီဓားအလင်းတန်းကြောင့် ရက်စက်ကြမ်းကြုတ်တဲ့ ငါးအရေအတွက် တစ်ဂက်လောက်

Edit with WPS Office

ခုတ်ဖြတ် ခံလိုက် ရပါတယ်။

Chapter 1106 end

အပိုင်း(1107) သုံးရောင်ခြယ် လေမီးကြာပန်း

လင်းဟာန်က အရမ်းကို ကျေနပ်နေခဲ့ပါတယ်။
ဒီတိုက်ခိုက်မှုက သူက အစွမ်းအများကြီး မထည့်ထားပါဘူး။
အဲဒါက အံ့ဖွယ်နတ်ဆိုးဓားရဲ့ စွမ်းအားတစ်ခုတည်းပါပဲ။

အံ့ဖွယ်နတ်ဆိုးဓားက အဆင့်သုံး နတ်ဘုရား ပစ္စည်းတစ်ခု
သက်သက်ဆိုတာ ပေါ်လွင်ပေမဲ့ ဓားအပေါ်မှာ သူ့ရဲ့
သိုင်းဆန္ဒတွေကို ရေးထွင်းထားတာကြောင့်
ဓားရဲ့အဆင့်ထက် သာလွန်တဲ့ အစွမ်းကို
ပိုင်ဆိုင်ထားပါတယ်။ ဒါက သေချာပေါက် အဆင့်လေး
နတ်ဘုရား ပစ္စည်းတစ်ခုကို ယှဉ်ပြိုင်နိုင်စွမ်း ရှိပါတယ်။

ဒါဆိုရင် နတ်ဘုရား ပစ္စည်းတွေတောင် အဆင့်ကျော်လွန်
တိုက်ခိုက်နိုင်တဲ့ စွမ်းရည်တွေကို ပိုင်ဆိုင်ထား နိုင်လား။

ရွှပ်။

ကျန်ရှိနေတဲ့ ငါးတွေက သူတို့ရဲ့ အမြီးတွေကို အလျင်အမြန်

Edit with WPS Office

လုပ်ခတ်ပြီးတော့ ဆန့်ကျင်ဘက် နေရာကို ထွက်ပြေးသွား ကြပါတယ်။

အစောပိုင်းတုန်းက လင်းဟာန်က သူတို့ကို အကြေးခွံပဲ ချွတ်ပြီးတော့ မသတ်ခဲ့ပါဘူး။ အဲဒါကြောင့် ဒီရက်စက်ကြမ်းကြုတ်တဲ့ ငါးတွေက အမှတ်သည်းခြေမရှိဘဲ သူ့ကို လာရောက် တိုက်ခိုက်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလူသားက သူတော်စင် တစ်ယောက် မဟုတ်ဘူးဆိုတာကို သိလိုက်ရတဲ့ အချိန်မှာ ပြဿနာ မဖြစ်နိုင်တော့ပဲ ပေါ့ပါးဖျတ်လတ်စွာနဲ့ ထွက်ပြေးကုန်ပါတယ်။

"ဒါဆိုရင် ဒီဓားက ကမ္ဘာကြီးထဲက အကြီးကျယ် အခမ်းနားဆုံး နတ်ဘုရားဓားပေါ့"

စွေ့ရန်ယွီက ကျင်းကျီဟွေ့နဲ့ တွေ့ဆုံခဲ့ပြီး သူက လင်းဟာန်ဆီကို ဓားတစ်လက် လာပို့တယ် ဆိုတာကို သိထားပါတယ်။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါသူ့ကို အကြွေးကြီးတစ်ခု တင်မိသွားပြီ"

Edit with WPS Office

စွေ့ရန်ယွီက ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါက သေချာပေါက် မျက်နှာသာ အကြီးကြီးပေးတာ တစ်ခုပဲ။ ဒါပေမဲ့ နင့်ရဲ့ လက်ထဲမှာပဲ ဒီဓားက သူ့ရဲ့အထွတ်အထိပ်ကို ရောက်လိမ့်မယ်လို့ ငါယုံကြည်တယ်။ ဓားသွန်းလုပ်တဲ့ လူတစ်ယောက် အတွက်တော့ ဒါက သူ့အမြင့်ချင်ဆုံး အရာတစ်ခုပဲ ဖြစ်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူ့ဆီမှာပဲ သိမ်းထားမယ်ဆိုရင် အရောင်တောက်ပတဲ့ ပုလဲ တစ်လုံးက အညစ်အကြေးတွေနဲ့ ဖုံးနေသလို ဖြစ်သွားလိမ့်မယ်"

"မိန်းမ မင်းက တစ်နေ့တခြား စကားပြော ပိုကောင်းလာတာပဲ။ မင်းရဲ့ ပါးစပ်လေးက တကယ်ပဲ အရမ်းကို ချိုလွန်းတယ်"

လင်းဟန်က စပ်ဖြဲဖြဲပြုံးပြီးတော့ စွေ့ရန်ယွီရဲ့ ရင်ဘတ်ကို လှမ်းညှစ်တော့မဲ့ဟန် ပြင်လိုက်ပါတယ်။ စွေ့ရန်ယွီက သူ့ကို တန်းပြီးတော့ မျက်လုံးပြူးပြလိုက်ပြီး ဒေါသတွေနဲ့ ပြည့်နေပါတယ်။

Edit with WPS Office

"ငါတကယ်မျှော်လင့်မိတယ်။ ပိုပြီးတော့ အစွမ်းထက်တဲ့ ရက်စက်ကြမ်းကြုတ်ခြင်း ငါးတချို့ ထပ်ရှိမလားပဲ။ ဒါဆိုရင် ဒီဓားကို အဆင့်လေး နတ်ဘုရား သတ္တုအဆင့်ထိ တင်နိုင်လိမ့်မယ်"

စွေ့ရန်ယွီက မလှမ်းမကမ်းကို မျှော်ကြည့်လိုက်ပြီး ရုတ်တရက် သူမရဲ့ မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားကာ ပြောလိုက်တယ်။

"နင်က တကယ့် ကြိုဟ်ဆိုးပဲ"

ဧရာမ ငါးကြီးတစ်ကောင်က သူတို့ဆီကို ကူးခတ်လာခဲ့ပါတယ်။ အဲဒီငါးက မီတာထောင်ဂဏန်း အနည်းငယ် ရှည်လျားပေမဲ့ အကြီးမားဆုံးတော့ မဟုတ်ပါဘူး။ သူတို့ဆီကို ကူးခတ်လာတဲ့ အချိန်မှာ လှိုင်းလုံးကြီးတွေကို ဖန်တီးလာပြီး လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်စလုံး အဝေးကို တန်းပြီးတော့ လွင့်ထွက်သွားစေခဲ့ပါတယ်။ သူတို့က ခုခံဖို့ အရည်အချင်း နည်းနည်းလေးမှ မရှိခဲ့ပါဘူး။

Edit with WPS Office

"ဒီငါးရဲ့ ခွန်အားက အနည်းဆုံး နေလအဆင့်ကို ရောက်နေပြီ"

လင်းဟန်က သုံးသပ်လိုက် မိပါတယ်။

ရောမ ငါးကြီးက သူတို့အနားကို အလျှင်အမြန် ချဉ်းကပ်လာပြီး သူ့ရဲ့ ရောမ ပါးစပ်ကြီးကို ဟလိုက်တဲ့ အခါမှာ ပတ်ဝန်းကျင်က ပင်လယ်ရေတွေ အားလုံး ရုတ်တရက် သူ့ပါးစပ်ထဲကို ပြေးဝင်လာပါတယ်။ လင်းဟန်နဲ့ ဇွေ့ရန်ယွီတို့ နှစ်ယောက်လည်း ခြွင်းချက်မရှိ ပင်လယ်ရေတွေနဲ့ အတူ စုပ်ယူခြင်းကို ခံလိုက်ရပြီး ရောမ ငါးကြီးရဲ့ ပါးစပ်ဆီကို ဦးတည်လာကြပါတယ်။

"တိုက်"

လင်းဟန်က အော်လိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကောရာဇ်က လျှင်မြန်စွာနဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ နေလအဆင့်ရဲ့ စွမ်းအားတစ်ခု ထွက်ပေါ်လာပြီး လက်သီးတစ်လုံး ထိုးလိုက်ပြီးတော့ ပင်လယ်ရေတွေကို ဖိနှိပ်လိုက်ပါတယ်။

Edit with WPS Office

အဲဒီစွမ်းအားက အံ့အားသင့်စရာ လိုင်းတစ်ခု ဖြစ်ပေါ်ပြီး ပိုပိုပြီးတော့ အဆက်မပြတ် ကြီးထွားလာကာ ရောမ ငါးကြီးဆီကို ရိုက်ချလိုက်ပါတယ်။

ဟုန်း။

ရောမ ငါးကြီးက ရုတ်တရက် မီတာထောင်နဲ့ချီပြီး လွင့်ထွက်သွားပါတယ်။ ဒီလက်သီးချက်ရဲ့ နောက်ကွယ်က ခွန်အားက အရမ်းကို ပြင်းထန်လွန်းပါတယ်။ သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း တစ်ခုတောင် ချိုင့်သွားပြီး သွေးတွေပန်းထွက် လာခဲ့ပါတယ်။

ရောမ ငါးကြီးက နာကျင်မှုတွေနဲ့အတူ ဒေါသတကြီး ဖြစ်လာပြီး ပြန်ကူးခတ် လာခဲ့ပါတယ်။ သူ့ရဲ့ အမြီးကို လုပ်ခါလိုက်ပြီး ပြင်းထန်တဲ့ အားလိုင်းတစ်ခု တလိပ်လိပ် ထွက်ပေါ်လာပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ဒီတိုက်ခိုက်မှုကို ရှေ့ထွက်ပြီး ရင်ဆိုင်လိုက်ပါတယ်။ သူ့ အရွယ်အစားက သနားစရာ ကောင်းလောက်အောင် သေးငယ်ပေမဲ့ ခွန်အားနဲ့

Edit with WPS Office

ပတ်သက်ရင် သူက မရှုံးနိမ့်ခဲ့ပါဘူး။ သူက လက်သီးတစ်ချက်ကို သက်သောင့်သက်သာပဲ ရောမ ငါးကြီးဆီ ထိုးလိုက်ပြီး နှစ်ဖက်စလုံး အနောက်ကို လွင့်ထွက်သွားခဲ့ပါတယ်။

လူတစ်ယောက်နဲ့ ငါးတစ်ကောင်က ပြင်းပြင်းထန်ထန် တိုက်ခိုက်နေ ကြပါတယ်။ ဘယ်သူကမှ ကမ္ဘာကြီးရဲ့ စစ်မှန်တဲ့ အနှစ်သာရထဲက ကျင့်ကြံသူတွေ မဟုတ်ပါဘူး။ တစ်ယောက်က ယန္တရားရုပ် ဖြစ်ပြီးတော့ ဂက်ပါ သင်္ကေတတွေနဲ့ အစစ်အမှန် မူလကျောက်တုံးတွေ အပေါ်မှာ မှုတည်ပြီး နေလအဆင့် တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားပြီး ကျန်တစ်ယောက်ကတော့ သဘာဝ တရားရဲ့ လက်ဆောင်ကို ရထားတဲ့ အတွက် ရောမ ခန္ဓာကိုယ်တစ်ခုနဲ့ ကြောက်မက်ဖွယ်ရာ ခွန်အားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

ဒါက ပုရွက်ဆိတ် တစ်ကောင်နဲ့ တူပါတယ်။ သာမန်လူသား တစ်ယောက်နဲ့ တူညီတဲ့ ခွန်အားကို ပိုင်ဆိုင်နိုင်ဖို့ ဘယ်လောက်ကြာအောင် လေ့ကျင့်ရမလဲ။

နှစ်ဖက်စလုံးရဲ့ စွမ်းအားတွေက လက်ရည်ညီနေပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ယန္တရားရုပ်မှာ အားသာချက် တစ်ခုရှိတာက နာကျင်မှုကို ခံစားနိုင်တဲ့ စွမ်းရည်မျိုး ကင်းမဲ့နေပြီး သူ့ခန္ဓာကိုယ်က အဆင့်မြင့် နတ်ဘုရား သတ္တုနဲ့ သွန်းလုပ်ထားပါတယ်။ အဲဒါက သူ့ဘက်ကို အလေးသာစေပြီး တိုက်ကွက်ပေါင်း ဒါဇင်အနည်းငယ် ကြာပြီးတဲ့ နောက်မှာတော့ ဧရာမ ငါးကြီးရဲ့ အကြေးခွံ တော်တော်များများ စုတ်ပြတ်သတ်ကုန်ပြီး သွေးတွေ စတင်ထွက်လာခဲ့ပါတယ်။

အခုဆို ငါးကြီးက ကြောက်ရွံ့လာပြီး သူ့အမြီးကို တစ်ချက် ရိုက်ခတ်ပြီးတော့ အလျင်အမြန်ပဲ ထွက်ပြေးသွားပါတယ်။

"သောက်ကျိုးနည်း ငါက အခုဆို အရမ်းကို အံ့သြစရာ ကောင်းနေပြီပဲ"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။ နေလအဆင့် ပြိုင်ဘက်တစ်ယောက်ကို ထွက်ပြေးသွားအောင် လုပ်နိုင်တာက အတိတ်တုန်းကဆို ဒီလိုမျိုး လုပ်နိုင်လိမ့်မယ်လို့တောင် အိပ်မက် မမက်ခဲ့မိဖူးပါဘူး။

Edit with WPS Office

ဒါက အရမ်းကို အံ့သြစရာ ကောင်းလွန်းပါတယ်။

လင်းဟာန် လျှောက်လာတာကို မြင်လိုက်ရတဲ့ အချိန်မှာ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ချက်ချင်းပဲ သူ့မျက်နှာ အမူအရာက ချက်ချင်းပဲ မျက်နှာချိုသွေးတဲ့ အမူအရာကို ပြောင်းလဲသွား ခဲ့ပါတယ်။ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"ကျနော်တကယ်ပဲ ဆရာသခင်ကို အရမ်းကို ကြည်ညိုလေးစားသွားပြီး ဆရာသခင်။ ဆရာသခင်က ကျနော့်အတွက် ဒုတိယ မိဘလိုပါပဲ။ ကျနော့်ရဲ့ လမ်းမှာ အလင်းရောင်ပေးတဲ့ နေမင်းကြီးလိုပဲ ဘယ်နေရာမှာမဆို အလင်းရောင်တွေ ပေးနေတဲ့သူပါ"

သူက လင်းဟာန်ကို စတင်ပြီးတော့ ချီးမွမ်းခန်း ဖွင့်လိုက်ပါတယ်။ သူက အော်ဂလီဆန်စရာ ကောင်းတယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို လုံးဝကို မသိတဲ့ပုံစံပါပဲ။

"ရပြီ ရပြီ။ ငါ အန်ထွက်တော့မယ်"

Edit with WPS Office

လင်းဟန်က အလျင်အမြန်ပဲ သူ့ကို လက်ဝှေ့ယမ်းပြလိုက်ပြီး စွေ့ရန်ယှီက သဘောကျစွာနဲ့ ပြုံးရယ်လိုက် မိပါတယ်။

အဲဒီနောက် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မလုံမလဲဖြစ်ပြီးတော့ တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။ သူချီးမွှမ်းတာ မလုံလောက်သေးဘူးလို့ ခံစားလိုက်ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ စွမ်းဆောင်ရည်တွေက ကျင့်ကြံခြင်းလို တိုးလာဖို့ ဖြစ်နိုင်ချေ မရှိပါဘူး။ ဒါကြောင့် သူက ဒီရက်အနည်းမှာ သူ့ရဲ့ ကျွမ်းကျင်မှုကို အာရုံစိုက်ပြီးတော့ လေ့ကျင့်ရပါမယ်။

သူ့အတွက်တော့ ဒီကျွမ်းကျင်မှုကို အသုံးပြုဖို့ ဒီလိုမျိုး အခွင့်အလမ်းကောင်းတစ်ခုက အရမ်းကို ရှားပါးလွန်းပါတယ်။ သူက စရုံပဲ စရသေးတဲ့ အချိန်မှာ ရပ်ရလိမ့်မယ်လို့ မတွေးခဲ့မိပါဘူး။ ဒါက သူ့ကို အနည်းငယ် စိတ်ပျက်သွား စေခဲ့ပါတယ်။ ဘာဖြစ်လို့ ဆရာသခင်က သူ့ကို သူ့အစွမ်း ထုတ်ပြခွင့် မပြုတာလဲ။

ပင်လယ်ထဲကို နက်နက်ရှိုင်းရှိုင်း ကျွံဝင်လာပြီးတဲ့နောက်မှာ ဒီတောအုပ်က သူ့ရဲ့ ထူးခြားဆန်းကြယ်တဲ့

Edit with WPS Office

သွင်ပြင်ပုံသဏ္ဍာန်ကို ဖော်ပြလာခဲ့ပါတယ်။

ဒီရောမ ရေမျှော်ပင်တွေက အရင်လို စိမ်းညို့ရောင် သမ်းမနေတော့ပဲ အရောင်စုံ တောက်ပလို့ လာခဲ့ပါတယ်။ တချို့က ခရမ်းရောင်၊ အနီရောင်နဲ့ လိမ္မော်ရောင် ရှိပြီးတော့ ငါးတွေရဲ့ အရောင်ကလည်း ပိုပိုပြီးတော့ အရောင်အသွေး စုံလင်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီငါးတွေရဲ့ ခြိမ်းခြောက်နိုင်စွမ်းကလည်း ပိုပြီးတော့ တိုးလာခဲ့ပါတယ်။ ဒီရောမ အကောင်ကြီးတွေက မူလစွမ်းအင် နည်းနည်းလေးမှ မရှိဘူးဆိုတာ ပေါ်လွင်ပါတယ်။ သူတို့က နတ်ဘုရား သင်္ကေတတွေနဲ့အတူ မွေးဖွားလာပြီး အဲဒါက သူတို့ကို ပြိုင်ဘက်ကင်း စွမ်းရည်တွေ ပေးစွမ်းထားပါတယ်။

ဒီနေရာမှာ အနက်ရောင် အရည်တွေကို ထွေးထုတ်တတ်တဲ့ ရောမ ရေဘဝဲကြီးတွေနဲ့လည်း တွေ့ဆုံရပြီး သူတို့ရဲ့ အနက်ရောင် အရည်တွေက ပတ်ဂန်းကျင်ကို လုံးဝ မည်းနက်သွား စေခဲ့ပါတယ်။ သူတို့လက်က လက်ချောင်းတွေကိုတောင် မြင်နိုင်စွမ်း မရှိတော့တဲ့အပြင်

Edit with WPS Office

သူတို့ရဲ့ နတ်ဘုရား အာရုံတွေလည်း လုံးဝကို ပိတ်ပင်ခံလိုက်ရပြီး မျက်ကန်းတစ်ယောက်လို ဖြစ်လာပြီး သူတို့ကိုယ် တိုက်ခိုက်လာရင် အညံ့ခံ အရှုံးပေးလိုက်ရုံပဲ တတ်နိုင်ပါလိမ့်မယ်။

ဒီနေရာမှာ သူတို့ရဲ့ ဦးခေါင်းပေါ်က အရောင်အသွေးစုံလင်တဲ့ ဆူးချွန်တွေ ပေါက်နေတဲ့ ဧရာမ ငါးတွေလည်း ရှိပါတယ်။ လင်းဟန်က နောက်ထပ် ဧရာမ ငါးကြီးတစ်ကောင်ရဲ့ ခန္ဓာကိုယ်ကို ဆူးချွန်တစ်ချောင်းနဲ့ ထိုးပြီးတော့ တစ်ချက်တည်းနဲ့ သတ်ပစ်လိုက်တာကို စောင့်ကြည့်နေခဲ့ပါတယ်။

နောက်ပြီးတော့ အစွမ်းထက်တဲ့ အဆိပ်ကို ပိုင်ဆိုင်ထားတဲ့ တခြားသတ္တဝါတွေလည်း ရှိပါတယ်။ သူတို့အတွက်တော့ သူတို့ရဲ့ ပြိုင်ဘက်တွေကို တိုက်ရိုက်တိုက်ခိုက်ဖို့ မလိုပါဘူး။ သူတို့ရဲ့ ပတ်ဝန်းကျင်ကို အဆိပ်တွေ ပန်းထုတ်လိုက်ဖို့ပဲ လိုပါတယ်။ ဧရာမ ငါးကြီးတွေ တော်တော်များများ တန်းပြီးတော့ သေသွားမှာ ဖြစ်ပြီးတော့ အဆိပ်ကြောင့် အလွယ်တကူ သတ်ပစ်နိုင်ပါတယ်။

Edit with WPS Office

ဒီနေရာက အန္တရာယ်ရှိတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ငါးကြီးတွေက ငါးလေးတွေကို စားပြီး ငါးလေးတွေက ကျင့်ကြံသူတွေကို စားပါလိမ့်မယ်။ ဒါပေါ့။ ငါးကြီးတွေ အစာရှာထွက်နေတဲ့ အချိန်မှာ သူတို့က ကျင့်ကြံသူ အနည်းငယ်ကို စားဖို့လည်း အတွေးမရှိပါဘူး။

နေရာအနှံ့မှာ ရောမ ငါးကြီးတွေရဲ့ အရိုးတွေလည်း ရှိနေပါတယ်။ ကျင့်ကြံသူတွေရဲ့ ခြေလက်အင်္ဂါ ပြတ်နေတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေလည်း ရှိနေပါတယ်။ တစ်ခါတလေ လက်တစ်ဖက်၊ ခြေတစ်ဖက် ဒါမှမဟုတ် ခေါင်းတစ်လုံးက ပင်လယ်ထဲမှာ မျောလွင့်လို့ နေပါလိမ့်မယ်။

တိမ်ထိုးဖောက်ခြင်း လွန်းပျံက ဒီပင်လယ်ရေအောက်မှာ အသုံးမဝင်ပါဘူး။ ဒါကြောင့် လင်းဟန်က ဒီနတ်ဘုရား ပစ္စည်းကို အသုံးမပြုခဲ့ပါဘူး။ နေလအဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်အောက် ရောမ ငါးကြီးတွေနဲ့ တွေ့တဲ့အခါ သူက အဲဒီငါးကြီးနဲ့ ရင်ဆိုင်ဖို့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို လွှတ်ပေးလိုက်ပြီး တကယ်လို့ သူတို့က ပိုပြီးတော့ သန်မာတဲ့ အကောင်နဲ့

Edit with WPS Office

ကြိုရင်တော့ အနက်ရောင် မျှော်စင်ထဲမှာ ပုန်းခိုနေရပါလိမ့်မယ်။ သူတို့က အနီးအနားမှာ ရှင်းသွားမှပဲ ထွက်လာပါလိမ့်မယ်။

ဒီနေရာက ငါးတွေက အတော်လေးကို တန်ဖိုးရှိနေဆဲပါပဲ။ ငါးတချို့ရဲ့ အရိုးတွေက သတ္တုတွေနဲ့ ပြုလုပ်ထားပြီး သူတို့ရဲ့ အရည်အသွေးက အဆင့်တူရဲ့ နတ်ဘုရား သတ္တုနဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ ဒါကြောင့် သူတို့က ဒီလိုငါးမျိုးနဲ့ တွေ့ခဲ့ရင် လင်းဟန်က သူတို့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်ပါလိမ့်မယ်။ နောက်ပိုင်းမှာ သူတို့ကို အသုံးပြုပြီးတော့ အံ့ဖွယ်နတ်ဆိုးဓားရဲ့ အစွမ်းကို တိုးမြှင့်နိုင်ပါတယ်။

ပင်လယ်ရဲ့ နက်ရှိုင်းတဲ့ နေရာတစ်ခုမှာ ဧကရီ ဘုရင်မ လွှမ့်ရှင်းက အဘိုးကြီး တစ်ယောက်ကို မျက်နှာချင်းဆိုင်ပြီး ရပ်နေပါတယ်။ သူတို့အနီးမှာ အရောင်သုံးမျိုးရှိတဲ့ ကြာပန်းတစ်ပွင့်က ပွင့်လန်းလို့ နေပါတယ်။ ဒီလိုမျိုး ပတ်ဝန်းကျင် တစ်ခုမှာတောင် ကြာပန်းရဲ့ မွှေးကြိုင်တဲ့ ရနံ့ကို ရနိုင်နေဆဲပါပဲ။

Edit with WPS Office

ထင်ထားတဲ့ အတိုင်းပဲ ဒါက နတ်ဘုရားဆေးပင် တစ်ပင် ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ အာရုံကို ဆွဲဆောင်နိုင်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ဒါပေမဲ့ အဲဒီအဘိုးကြီးကလည်း သူမကို ရင်ဆိုင်နိုင်တဲ့အထိ သန်စွမ်းပါတယ်။ အဲဒါကိုကြည့်ရင် သူ့ရဲ့ စွမ်းဆောင်ရည်တွေက သေချာပေါက် ထူးချွန်ထက်မြက် နေတယ်ဆိုတာ ဖော်ပြနေပါတယ်။

သူတို့နှစ်ယောက်စလုံး လက်တွေကို အနောက်မှာ ပစ်ထားပါတယ်။ သူတို့အနားမှာ သုံးမီတာ ရှိတဲ့ စက်ဝိုင်းတစ်ခု ရှိနေပြီး ပင်လယ်ရေ တစ်စက်တောင်မှ မရှိခဲ့ပါဘူး။ အဲဒါက သူတို့ရဲ့ အစွမ်းထက်တဲ့ စွမ်းဆောင်ရည်တွေကို ဖော်ပြနေပါတယ်။ ဒီနေရာက ပင်လယ်ရေတွေကိုတောင် တားဆီးနိုင်စွမ်း ရှိနေပါတယ်။

"ဒါက သုံးရောင်ခြယ် လေမီးကြာပွင့် တစ်ပွင့်ပါပဲ။ ပြီးတော့ ရောင်စဉ်ခုနစ်သွယ် ကြာပန်းအဖြစ် ဆင့်ကဲပြောင်းလဲဖို့ နှစ်သန်းပေါင်း အနည်းငယ် လိုလိမ့်မယ်။ တကယ်တော့ ဒါက မင်းနည်းနည်းမှ သုံးလို့ရမှာ မဟုတ်ပါဘူး။ ဒါကြောင့်

Edit with WPS Office

ဘာဖြစ်လို့ ငါ့ကို ပေးမယူတာလဲ။ ငါဒါကို အလကား မယူပါဘူး။ လျော်ကြေးအနေနဲ့ နဂါးကြေးခွံ ဆေးလုံးသုံးလုံးကို ပေးဖို့ စိတ်ကူးထားပါတယ်။ ဒါဆိုရင် ဘယ်လိုသဘောရလဲ"

အဘိုးကြီးက မေးလိုက်ပါတယ်။

သုံးရောင်ခြယ် လေမီးကြာပန်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ပြိုင်ဘက်ကင်း ရတနာ တစ်ပါး ဖြစ်ပါတယ်။ တကယ်လို့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က အဲဒါကို သူ့ရဲ့ ဒန်တန်နေရာလွတ်ထဲ ဆွဲထည့်နိုင်မယ်ဆိုရင် သူက နတ်ဘုရား ကြာပန်းရဲ့ အာဟာရ ဖြည့်ဆည်းပေးမှုကို တစ်ချိန်လုံး ရရှိပါလိမ့်မယ်။ သူ့ရဲ့ ကျင့်ကြံခြင်း လျင်မြန်စွာနဲ့ ပေါင်းစည်းနိုင်တဲ့ အပြင် သူက နတ်ဘုရားကြာပန်းရဲ့ အကူအညီနဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ တာအိုကို ဆက်သွယ်နိုင်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကြာပန်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ရတနာပစ္စည်း တစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို နားလည်ဆင်ခြင်နိုင်စွမ်းတောင်

Edit with WPS Office

အံ့အားစရာကောင်းလောက်အောင် အရှိန်မြှင့်တက်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း ကျင့်ကြံသူက နေလအဆင့်ကို အဆင့်တက်သွားတဲ့ အချိန်မှာ နတ်ဘုရား ကြာပန်းရဲ့ အဆီအနှစ်က ကုန်ခမ်းသွားပြီး ညှိုးနွမ်းသွား စေပါလိမ့်မယ်။

ဒါက သုံးရောင်ခြယ် ကြာပန်းပဲ ရှိပါသေးတယ်။ တကယ်လို့ အရောင်ငါးမျိုးကို ရောက်သွားမယ် ဆိုရင် နေလအဆင့် ကျင့်ကြံသူတွေတောင် အသုံးပြုနိုင်ပါတယ်။ ခုနစ်ရောင်ခြယ်ရှိတဲ့ ကြာပန်းဆိုရင်တော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် အဆုံးမဲ့ ရတနာ ပစ္စည်းတစ်ခုလို တန်ဖိုးထားရပါလိမ့်မယ်။

Chapter 1107 end

အပိုင်း(1108) ကြက်သွေးရောင်မီးလျှံအပ်

ကေရီ ဘုရင်မ လွှမ့်ရှင်းကို ရှေးဟောင်းအငွေ့အသက် အရှိန်အဝါ တစ်ခုနဲ့ ဝိုင်းပတ်ထားပါတယ်။ သူမ မျက်တောင်တစ်ချက် ခတ်လိုက်တာနဲ့ သူမနောက်ကျောက

Edit with WPS Office

ကြီးကျယ်ခမ်းနားတဲ့ ကြယ်တာရာတွေက နောက်တစ်ကြိမ် အလျင်အမြန်ပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လူတွေက ကောင်းကင်ဘုံ ခန္ဓာကိုယ် လေးခုကိုပဲ ပိုင်ဆိုင်ထားနိုင်ပါတယ်။ ဒီကောင်းကင်ဘုံ ခန္ဓာကိုယ်တွေက မကြာခဏ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတာက သူမရဲ့ နောက်ကျောမှာ မရေမတွက်နိုင်တဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်တွေ ရှိနေသလိုပါပဲ။ အဲဒီကနေ အကန့်အသတ်မဲ့ အရှိန်အဝါတစ်ခုက ရောင်စဉ်ဖြာ နေပြီးတော့ အုပ်ချုပ်သူ တစ်ယောက်လိုမျိုး သူမရဲ့ အစွမ်းတွေကို ထုတ်လွှတ်လို့ နေပါတယ်။

သူမက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ကျမ ရှင့်ကို နဂါးကြေးခွံ ဆေးငါးလုံး ပေးမယ်"

အကြီးအကဲက ထိပ်ထိပ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ ဟ ငါက မင်းကို နဂါးကြေးခွံ ဆေးသုံးလုံး ပေးမယ်ဆိုတာက သုံးရောင်ခြယ် လေမီးကြာပန်းကို လက်လျှော့လိုက်ဖို့လေ။

Edit with WPS Office

ဒါကို မင်းက ငါ့ကို ငါးခုပြန်ပေးမယ်လို့ ကမ်းလှမ်းနေသေးတယ်။ မင်းရဲ့ ချမ်းသာကြွယ်ဝမှုကို သုံးပြီးတော့ ငါ့ကို အနိုင်ယူဖို့ ကြိုးစားနေတာလား။

ဘယ်လိုပဲဖြစ်ဖြစ် နဂါးကြေးခွံ ဆေးလုံးတွေက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ မဟာတာအိုကို နားလည်ဆင်ခြင်မှု တစ်ခုကို တိုးတက်စေနိုင်တဲ့ အရမ်းကို တန်ဖိုးကြီးမားတဲ့ ဆေးလုံးတွေ ဖြစ်ပါတယ်။

အကြီးအကဲက နဂါးကြေးခွံ ဆေးသုံးလုံးနဲ့ ကမ်းလှမ်းရတဲ့ အချက်က သူ့မှာ အရမ်းကို ချစ်ခင်မြတ်နိုးရတဲ့ မျိုးဆက်တစ်ယောက် ရှိပါတယ်။ အဲဒီမျိုးဆက်က တောင်မြစ်အဆင့်ကို အဆင့်ချိုးဖျက် ဝင်ရောက်ကာစ ဖြစ်ပါတယ်။ ပြီးတော့ ဒီသုံးရောင်ခြယ် လေမီးကြာပန်းရဲ့ အကူအညီနဲ့ဆိုရင် တောင်မြစ်အဆင့် တစ်ခုလုံးကို နှစ်ပေါင်းတစ်ထောင် အတွင်းမှာ ဒါမှမဟုတ် နှစ်ရာဂဏန်း အနည်းငယ် အတွင်းမှာတောင် ပြီးပြည့်စုံနိုင်ပါတယ်။ နောက်ပြီးတော့ အဆင့်သေး အားလုံးမှာ ပြီးပြည့်စုံခြင်း

Edit with WPS Office

အဆင့်ကို ရောက်အောင်လို့ ကူညီပါလိမ့်မယ်။

သူ့မျိုးဆက် အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ဒီသုံးရောင်ခြယ် လေမီးကြာပန်းက သူ့အတွက် လုံးဝကို အသုံးမဝင်ပါဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူက ဒီလိုမျိုး တန်ဖိုးကြီးကြီး တစ်ခုနဲ့ ကမ်းလှမ်းမှာလဲ။

ဒါပေါ့ သူတို့သာ စိတ်ရှည်မယ်ဆိုရင် ဒီကြာပန်းကို စိုက်ပျိုးထား နိုင်ပါတယ်။ နှစ်သန်းပေါင်း ရာနဲ့ချီပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အဆီအနှစ်တွေကို စုပ်ယူပြီးရင်တော့ ခုနစ်ရောင်ခြယ် လေမီးကြာပန်း တစ်ပွင့်တော့ ဖြစ်ကောင်းဖြစ်လာနိုင်ပါလိမ့်မယ်။ နှစ်ပေါင်းဆယ်ဘီလီယံ ကြာပြီးရင်တော့ ကိုးရောင်ခြယ် လေမီးကြာပန်းတစ်ပွင့် ဖြစ်ကောင်းဖြစ်လာ နိုင်ပါတယ်။

ဒါပေမဲ့လည်း ဘယ်သူကများ ဒီလောက်အကြာကြီး စောင့်နေနိုင်မှာလဲ။

အကြီးအကဲက တဒင်္ဂလောက် စဉ်းစားပြီး ခေါင်းညိတ်ကာ ပြောလိုက်တယ်။

Edit with WPS Office

"ကောင်းပြီလေ။ နဂါးကြေးခွံ ဆေးငါးလုံးပေး
ဒီသုံးရောင်ခြယ် လေမီးကြာပန်းက မင်းအပိုင် ဖြစ်ပြီ"

ဧကရီ ဘုရင်မ လွှမ့်ရှင်းက အကြီးအကဲဆီကို
သိုလှောင်လက်စွပ်တစ်ကွင်း ပစ်ပေးလိုက် ပါတယ်။

သူမက အရမ်းကို လွှမ်းမိုးနိုင်စွမ်း ရှိပြီးတော့
သူမဘာပဲလုပ်လုပ် ဘယ်တော့မှ တုံ့ဆိုင်းခြင်း မရှိခဲ့ပါဘူး။
သူမက ကြာပန်းဆီကို ခြေလှမ်းကျဲကျဲတွေနဲ့
စတင်လျှောက်လှမ်း သွားခဲ့ပါတယ်။

"နေဦး"

အကြီးအကဲက အော်လိုက်ပြီး လက်တစ်ဖက်ကို
ဆန့်ထုတ်ကာ သူမကို တားလိုက်ပါတယ်။

ဧကရီ ဘုရင်မ လွှမ့်ရှင်းရဲ့ မျက်နှာပေါ်မှာ သတ်ဖြတ်ချင်တဲ့
ဆန္ဒတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ အကြီးအကဲက သူတို့ရဲ့
သဘောတူညီမှုကို ပြန်ရုပ်သိမ်းချင်နေတာလား။

"ဟော့ ငါက ငါ့စကားကို ပြန်ရုပ်သိမ်းတတ်တဲ့ လူတစ်ယောက်
မဟုတ်ဘူး။ ဒါပေမဲ့လည်း ငါက ဒီနဂါးကြေးခွံ

Edit with WPS Office

ဆေးလုံးတွေကို စစ်မစစ် အရင်ဆုံး အတည်ပြုရဦးမယ်လို့ မင်းမထင်ဘူးလား”

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဘာမှမပြောပါဘူး။ ဒါပေမဲ့ သူမက သုံးရောင်ခြယ်လေမီး ကြာပန်းဆီ လှမ်းနေတဲ့ သူမရဲ့ ခြေလှမ်းတွေကိုတော့ ရပ်လိုက်ပါတယ်။ အကြီးအကဲရဲ့ တောင်းဆိုမှုက မသင့်တော်တာ မရှိပါဘူး။ တကယ်တော့ လူစိမ်းတစ်ယောက်ကို ဘယ်သူက ယုံကြည်လိမ့်မှာလဲ။

အကြီးအကဲက သိုလှောင်လက်စွပ်ထဲက ဆေးပုလင်းတစ်လုံးကို ထုတ်လိုက်ပါတယ်။ အဲဒီနောက် အဖုံးကို ဖွင့်ပြီးတော့ ဆေးတစ်လုံးကို သွန်ချလိုက်ပါတယ်။ သူက ခဏလောက် လေ့လာပြီးတဲ့ နောက်မှာ သူ့မျက်နှာပေါ် အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

“မင်းက တကယ့်ကို စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ပဲ”

ကေရီ ဘုရင်မ လွှမ့်ရှင်းက ကြာပန်းအရှေ့ကို လျှောက်သွားပြီး ဂရုတစ်စိုက်နဲ့ စတင် တူးဆွ လိုက်ပါတယ်။

Edit with WPS Office

သူမက ဂရုစိုက် ရပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကြာပန်းကို ကျင့်ကြံသူ တစ်ယောက်ရဲ့ ဒန်တန်ထဲ ထည့်မဲ့အချိန်မှာ ပကတိအတိုင်း ကောင်းမွန်နေဖို့ လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ အာနိသင်တွေလည်း ကျဆင်းသွားပါလိမ့်မယ်။

သူမက လူတစ်ယောက်ရဲ့ လက်ဝါးအရွယ်အစားလောက် ကြီးတဲ့ အဂတ်အိတ် တစ်လုံးကို ထုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအဂတ်အိတ်က သုံးပေအမြင့်လောက်ပဲရှိတဲ့ ကြာပန်းကို အလွယ်တကူ သိမ်းထားနိုင်ပါတယ်။ သူမက အဂတ်အိတ်ကို ခါးမှာ ချည်လိုက်ပါတယ်။

သိုလှောင်ပစ္စည်းတွေက သက်ရှိအရာတွေကို မထည့်ထားနိုင်ပါဘူး။ ဒါကို အားလုံး နားလည်ထားတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က နတ်ဘုရား ဆေးပင်တွေကို ပြန်ပြီးတော့ စိုက်ပျိုးချင်ရင် ဘယ်လိုလုပ်နိုင်မလဲ။ တကယ်လို့ သူတို့ရဲ့ နတ်ဘုရား ဆေးပင်တွေကို သယ်ယူပို့ဆောင်နေတဲ့ အချိန်အတွင်း

Edit with WPS Office

မတော်တဆ ထိခိုက်မိသွားမယ်ဆိုရင် ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုတစ်ခု ဖြစ်သွားလိမ့်မယ် မဟုတ်လား။

ဒါကြောင့် အိတ်စစ်စစ်တွေကို သုံးရပါတယ်။

ဒီအိတ်တွေက အာကာသရဲ့ ပိုင်နက်ကို ထိန်းချုပ်ထားနိုင်ပါတယ်။ ဒါကြောင့် သက်ရှိတွေကို ထည့်ထားနိုင်တဲ့ စွမ်းရည်မျိုး ရှိပါတယ်။ ဒီလိုနဲ့ သူတို့က နတ်ဘုရား ဆေးပင်တွေရဲ့ လုံခြုံမှုကို အာမခံနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီအိတ်တွေ ထိန်းထားနိုင်တဲ့ နေရာလွတ်က အထူးသဖြင့် မတည်ငြိမ်ပါဘူး။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် အပင်တွေကိုပဲ ထည့်ထားနိုင်ပါတယ်။ တကယ်လို့ တိရစ္ဆာန်တွေကို အထဲမှာ ထည့်မယ်ဆိုရင် ထိန်းချုပ်ထားတဲ့ နေရာက ပြင်းပြင်းထန်ထန် သက်ရောက်ပါလိမ့်မယ်။ ဒါကြောင့် လုပ်ဆောင်တဲ့ နေရာမှာ နည်းနည်းလေး မှားတာနဲ့ အကုန်ပျက်စီးသွားနိုင်ပါတယ်။

တော်တော်များများ ကန့်သတ်ချုပ်ခြယ်ထားတာတောင် အိတ်အစစ်ရဲ့ သက်တမ်းက အတော်လေး နည်းပါတယ်။ ဒါပေမဲ့လည်း အားသာချက်က ကောင်းကင်ဘုံ

Edit with WPS Office

ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေပဲ ပြုလုပ်နိုင်တာ ဖြစ်ပြီးတော့ မူလဇစ်မြစ်အဆင့်တွေ ပြုလုပ်တဲ့ သိုလှောင် နတ်ဘုရား ပစ္စည်းတွေနဲ့ မတူနိုင်ပါဘူး။

အကြီးအကဲက ဘေးကနေ ရပ်ကြည့်နေပါတယ်။ ဧကရီ ဘုရင်မ လွှမ့်ရှင်းက ကြာပန်းကို အိတ်ထဲ ထည့်ပြီးတာနဲ့ သူက ချက်ချင်းပဲ သူမဆီကို တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက် လိုက်ပါတယ်။ သူ့အနောက်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် လေးခုက ဖုံးလွှမ်းထားပြီး ထူးခြားတဲ့ ရှေးဟောင်း အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

ဂုန်း။

သူက ချက်ချင်းပဲ သူ့ဝှက်ဖဲကို ထုတ်ဖော်လိုက်ပါတယ်။ သူက ဒါကို ပြင်ဆင်ဖို့ အချိန်လိုပါတယ်။ ဒါပေမဲ့ ဧကရီ ဘုရင်မ လွှမ့်ရှင်းအနေနဲ့ စောစောက နတ်ဘုရား ဆေးပင်ကို တူးဆွတဲ့ အပေါ်မှာ အာရုံစိုက်ထားပါတယ်။ အဲဒါက သူ့ကို ပြင်ဆင်ဖို့ အချိန်နဲ့ အခွင့်အရေး ဖြစ်လာစေခဲ့ပါတယ်။

ဒီတိုက်ခိုက်မှုက အရမ်းကို ရက်စက်လွန်းပါတယ်။

Edit with WPS Office

သူတို့အနားက ရေမျော်ပင်တွေအားလုံး
ချက်ချင်းပျောက်ကွယ်သွားပြီး ကီလိုမီတာ ငါးရာအတွင်းရှိတဲ့
ရောမ ငါးကြီးတွေအားလုံး ပေါက်ကွဲပြီးတော့
သေကုန်ပါတယ်။ အဲဒီအချိန်မှာ အကြီးအကဲရဲ့
အစွမ်းထက်တဲ့ တိုက်ခိုက်မှုက အနက်ရောင်
လုံတစ်ချောင်းအဖြစ် ပြောင်းလဲသွားပြီး ဇကေရီ ဘုရင်မ
လွှမ့်ရှင်းရဲ့ ခါးဆီကို ထိုးစိုက်ဖို့ ဆက်လက်တိုးဝင်
လာခဲ့ပါတယ်။

သူက သုံးရောင်ခြယ် လေမီးကြာပန်းကို
ရယူချင်နေသေးတယ်။

ဇကေရီဘုရင်မ လွှမ့်ရှင်းက ဒေါသပေါက်ကွဲ သွားပါတယ်။
သူမက အသာအယာ မာန်သွင်းပြီး သူမရဲ့ လှပတဲ့
လက်တွေနဲ့ အနောက်ဘက်ကို ဖိချလိုက်ပြီး နတ်ဘုရား
သင်္ကေတ ထောင်ပေါင်းများစွာ ရောယှက်နေတဲ့
ပိုက်ကွန်တစ်ခု ဖြစ်စေပြီးတော့ အကြီးအကဲဆီကို ပျံသန်း
သွားပါတယ်။

အုပ်ချုပ်သူ တစ်ယောက် ဒေါသပေါက်ကွဲခြင်းက

Edit with WPS Office

မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို သူတို့ရဲ့ ဂုဏ်ရောင်ထွန်းပြောင်ခြင်းတွေ ဆုံးရှုံးသွားစေခဲ့ပါတယ်။

သူတို့နှစ်ယောက်စလုံး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်မှာ ဖြစ်ပြီးတော့ ဧကရီ ဘုရင်မ လွှမ့်ရှင်းက ပိုပြီးတော့ အစွမ်းထက်တာ ပေါ်လွင်ပါတယ်။ သူမရဲ့ ပိုက်ကွန်က အနက်ရောင် လုံကို ဖုံးလွှမ်းသွားပြီး အစိတ်စိတ် အပိုင်းပိုင်း ဖြစ်သွားအောင် စုတ်ဖြဲပစ်လိုက်ပါတယ်။

ဖူး။

အဲဒီအချိန်မှာ ကြက်သွေးရောင် အလင်းတန်း တစ်ခုက ပိုက်ကွန်ကို ဖြတ်ကျော်ပြီး ဧကရီ ဘုရင်မ လွှမ့်ရှင်းရဲ့ လည်ပင်းဆီကို လျင်မြန်စွာနဲ့ ရွေ့လျားလာခဲ့ပါတယ်။

ဧကရီ ဘုရင်မ လွှမ့်ရှင်းက အလျင်အမြန်ပဲ ဘေးကို ရှောင်တိမ်းလိုက်ပါတယ်။ ဒါပေမဲ့လည်း ကြက်သွေးရောင် အလင်းတန်းက သူမရဲ့ လုပ်ရှားမှု အနောက်ကနေ မယုံနိုင်စရာကောင်းတဲ့ တိကျမှု အမြန်နှုန်းနဲ့အတူ လိုက်လာပါတယ်။ အဆုံးမှာ သူမရဲ့လက်ကို

ထိုးစိုက်သွားပါတယ်။

"ဟားဟားဟားဟား"

အကြီးအကဲက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး အထူးသဖြင့် သရော်တဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

"ကေရီ ဘုရင်မ မင်းက ကြက်သွေးရောင်မီးလျှံအပ် ထိမှန်သွားပြီ။ တကယ်လို့ ဒီမီးလျှံအပ်ရဲ့ အာနိသင်ကို မဖယ်ရှားဘူးဆိုရင် မင်းရဲ့သွေးတွေက တစ်စက်ချင်းစီ အငွေ့ပျံသွားလိမ့်မယ်။ မင်းက အရမ်းကို ဆိုးဆိုးဝါးဝါးနဲ့ သေသွားရလိမ့်မယ်"

"သုံးရောင်ခြယ် ကြာပန်းကို ပေးလိုက်ပါ။ ဒါဆိုရင် ငါမင်းကို မသေအောင်လို့ အသက်ချမ်းသာ ပေးနိုင်တယ်။ မင်းက ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်ပဲ တကယ်တော့ ဒီလိုမျိုး သေသွားတာက မင်းအတွက် ရှက်စရာကောင်းပါတယ်"

အကြီးအကဲရဲ့ မျက်လုံးတွေထဲမှာ ထူးခြားတဲ့ အလင်းရောင် တစ်ခု တလက်လက် တောက်ပလို့ နေပါတယ်။ သူမက

Edit with WPS Office

အသက်ရှူမှားလောက်အောင် ချောမောလှပတဲ့ မိန်းကလေး ဖြစ်ပြီးတော့ သူမကို သူက ဖမ်းဆီးခဲ့ပါတယ်။ နောက်ပြီး သူမက ကြယ်ဥက္ကာ အဲ့ဖွယ်အင်ပါယာရဲ့ ကေရီ ဘုရင်မလည်း ဖြစ်ပါတယ်။ တကယ်လို့ သူမကို သူ့ရဲ့ အမိန့်နာခံတဲ့ အစေခံတစ်ယောက် ဖြစ်အောင် လုပ်နိုင်မယ်ဆိုရင် သူ့လက်ထဲကို ဘယ်လိုမျိုး စွမ်းအား ကျဆင်းလာလိမ့်မလဲ။

ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ အနောက်ဘက်မှာ ကြီးကျယ်ခမ်းနားတဲ့ ကြယ်တာရာတွေ ဖုံးလွှမ်း ထားပါတယ်။ အဲဒီကြယ်တာရာတွေက ထုတ်လွှတ်တဲ့ အရှိန်အဝါက လူတစ်ယောက်ကို တုန်လှုပ်ချောက်ချား စေနိုင်ပြီး အကြီးအကဲရဲ့ နှလုံးသားကိုတောင် ရင်ထဲမှာ တလှပ်လှပ်ဖြစ်ပြီး တုန်ခါစေပါတယ်။

အရမ်းကို အစွမ်းထက်တယ်။ သူမက အရမ်းကို အစွမ်းထက်တာပဲ။ ငါတို့နှစ်ယောက်လုံး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေရဲ့နဲ့ ဘာဖြစ်လို့ ငါတို့အကြားက ကွာဟချက်က အရမ်းကို ကြီးနေရတာလဲ။

Edit with WPS Office

ကံကောင်းသွားတာက သူမက သူ့ကို သူ့ရဲ့အစွမ်းထက်ဆုံး
တိုက်ခိုက်မှု ထုတ်ဖော်ဖို့ လုံလောက်တဲ့
အချိန်ပေးလိုက်တာပါပဲ။ သူက သူ့ရဲ့ သူတော်စင်
ဖျက်ဆီးခြင်း ဒူးလေးမှာ ကြက်သွေးရောင်မီးအပ်ကို
အသုံးပြုပြီးတော့ တိုက်ခိုက်ခဲ့ပါတယ်။ အဲဒါက ရှေးဟောင်း
နတ်ဘုရား ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။

သူတော်စင် ဆိုတာ ဘာလဲ။

မူလဇစ်မြစ်အဆင့်ကို ရောက်နေတဲ့ သူတွေကို
သူတော်စင်လို့ ရည်ညွှန်းပြောဆို နိုင်ပါတယ်။
ဒီရတနာပစ္စည်းကို သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးလို့
ခေါ်တာကိုကြည့်ရင် ဘယ်လောက် အစွမ်းကို
ထုတ်ဖော်နိုင်မလဲဆိုတာ ပေါ်လွင့်ပါတယ်။ ဒါပေမဲ့လည်း
အကြီးအကဲ ရရှိခဲ့တဲ့ သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးက
ထိခိုက်ပျက်စီးနေတဲ့ ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်
မူလဇစ်မြစ်အဆင့်ကို အသာထား ထာဝရမြစ်အဆင့်
လက်ရွေးစင်တွေကိုတောင် မသတ်နိုင်ပါဘူး။ ဒါပေမဲ့လည်း
ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေနဲ့

Edit with WPS Office

ရင်ဆိုင်တဲ့ အခါမှာတော့ အရမ်းကို အကျိုးသက်ရောက်မှု ရှိနေပါသေးတယ်။

"ရှင်က အမှောင်ည ခန်းမရဲ့ အဖွဲ့ဝင် တစ်ယောက် မဟုတ်လား"

ကေရီ ဘုရင်မ လွှမ်းရှင်းက မလုပ်ရှားပဲ အဲဒီအစား အကြီးအကဲကို တင်းမာခက်ထန်တဲ့ လေသံနဲ့ပဲ မေးခွန်းထုတ်လိုက်ပါတယ်။

အကြီးအကဲရဲ့ နှလုံးသားက တဒိတ်ဒိတ် ခုန်သွားပါတယ်။

သူမက ဘယ်လိုလုပ်ပြီးတော့ ခန့်မှန်းလိုက်တာလဲ။ ငါများ ပါးစပ်ဖွာပြီးတော့ တစ်နေရာမှာ ပြောလိုက်မိလို့လား။

ဒါပေမဲ့လည်း သူမက ကြက်သွေးရောင် မီးအပ် ထိမှန်သွားတယ် ဆိုတာကိုတော့ သံသယ ရှိစရာ မလိုပါဘူး။ ဒါကို စဉ်းစားလိုက်မိပြီး အကြီးအကဲက နောက်တစ်ကြိမ် စိတ်သက်သာရာ ရသွားခဲ့ပါတယ်။

"အမှန်ပဲ"

သူက ယုံကြည်ချက် ရှိရှိနဲ့ သူ့အကြောင်းကို

Edit with WPS Office

ဂန်ခံလိုက်ပြီးတော့ ပြောလိုက်တယ်။

"မင်း ဘယ်လိုလုပ်ပြီးတော့ သိသွားတာလဲ"

ဇေကရီ ဘုရင်မ လွှမ်းရှင်းက သူ့မေးခွန်းကို ပြန်မဖြေပဲ အဲဒီအစား ဆက်ပြောလိုက်တယ်။

"ဒါဆိုရင် ဒါတွေအားလုံး ထောင်ချောက်တစ်ခုပဲ။ ရှင်က သုံးရောင်ခြယ် လေမီးကြာပွင့်ကို ရှာတွေ့ခဲ့ပြီး ကျမက ဒီအနီးအနားမှာ ရှိနေတယ်ဆိုတာကိုလည်း ရှင်သိထားတယ်။ ဒါကြောင့် သိပ်မကြာခင်မှာ ကျမရောက်လာမယ်လို့ ရှင်သတိပြုမိတာကြောင့် ကျမနဲ့ တပြိုင်နက်တည်း ရှာတွေ့သလိုမျိုး တမင်သက်သက် ဟန်ဆောင်လိုက်တယ်။ ဒါတွေက ကျမကို သတ်ဖို့ အခွင့်အရေး တစ်ခုကို ရှင်ရသွားမယ်"

"ဟားဟား ဇေကရီ ဘုရင်မက အရမ်းကို ဉာဏ်အမြော်အမြင် ရှိတာပဲ။ အားလုံးက မင်းပြောတဲ့ အတိုင်းပဲ"

အခုဆိုရင် သူ့အကြံအစည်အတိုင်း ဖြစ်လာမှတော့ အကြီးအကဲက သူ့သဘောထားကို ဖုံးကွယ်မထားတော့ဘဲ

Edit with WPS Office

ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း မင်းရဲ့ စိတ်ကူးယဉ် အတွေးတွေကို ဖယ်ပစ်လိုက်ဖို့ ငါအကြံပေးပါရစေ ကေရီ ဘုရင်မ။ မင်းအချိန်ပိုဖြုန်းလေ မင်းရဲ့သွေးတွေ ပိုပြီးတော့ အငွေ့ပျံသွားလိမ့်မယ်"

"စက်ဆုပ်စရာသူခိုးကောင်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အထင်အမြင်သေးစွာနဲ့ ပြောလိုက်တယ်။ သူမရဲ့ ကျောက်စိမ်းနဲ့တူတဲ့ လက်ကို မြှောက်ပြီးတော့ အကန့်အသတ်မရှိ စွမ်းအားကို ဖြစ်ပေါ်စေပြီး ကြောက်မက်ဖွယ်ရာ ကောင်းလွန်းတဲ့ ဖိအားတစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။

အကြီးအကဲရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။

သူမကို ကြက်သွေးရောင် မီးလျှံအပ် ထိမှန်သွားတာပဲလေ။ ဘာကြောင့် သူမရဲ့ စွမ်းအားကို ထုတ်ဖော်နိုင်သေးတာလဲ။ သူမရဲ့ မူလစွမ်းအင်တွေ အချိန်ကြာလာတာနဲ့အမျှ အငွေ့ပျံသွားပြီ မဟုတ်လား။

Edit with WPS Office

Chapter 1108 end

အပိုင်း(1109) ကေရီ ဘုရင်မရဲ့ စွမ်းအား

ကေရီ ဘုရင်မ လွှမ့်ရှင်းက လှုပ်ရှားလာခဲ့ပါတယ်။ စည်းမျဉ်းဥပဒေတွေက နတ်ဘုရား ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းလဲသွားပြီး သူမရဲ့ ကျောက်စိမ်းနဲ့တူတဲ့ လက်ဝါးကနေ ပျံထွက်လာပြီး အမှောင်ည ခန်းမက အကြီးအကဲ အပေါ်ကို အုပ်မိုးကျ လာခဲ့ပါတယ်။

ဒီအကြီးအကဲက အမှောင်ည ခန်းမရဲ့ အစွမ်းထက်ဆုံး အဖွဲ့ဝင်တွေထဲက တစ်ယောက် ဖြစ်ပါလိမ့်မယ်။ ဒီစကြာဝဠာကြီးထဲမှာ လူဘယ်လောက်များ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ထိ ကျင့်ကြံအားထုတ် နိုင်မှာလဲ။

နောက်ပြီးတော့ သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးဆိုတာ ဘယ်လိုရတနာ ပစ္စည်းမျိုးလဲ။ အဲဒါက အမှောင်ည ခန်းမရဲ့ ထိပ်တန်းအဆင့် ရတနာပစ္စည်းတစ်ခုဆိုတာ သေချာပေါက်ပါပဲ။ ဒါပေမဲ့လည်း အကြီးအကဲက

Edit with WPS Office

အဲဒီပစ္စည်းကို ထုတ်ယူလာခဲ့ပါတယ်။ ဒါကြောင့် သူက အမှောင်ည ခန်းမမှာ ထိပ်ပိုင်းအဆင့်က လူတစ်ယောက်ဆိုတာ သေချာပါတယ်။

အကြီးအကဲရဲ့ ခန္ဓာကိုယ်ကနေ အလင်းရောင် တောက်ပလာပြီး သူက မာန်သွင်းအော်ဟစ် လိုက်ပါတယ်။ သူ့ကိုကြည့်ရတာ စောစောတုန်းက အရမ်းကို အိုမင်းနေပုံ ပေါက်နေပေမဲ့ အခုချိန်မှာတော့ သူ့ရဲ့ အသက်ဓာတ် စွမ်းအားက မိုးကောင်းကင်ကို တစ်ဟုန်ထိုး ထိုးတက်လို့ နေပါတယ်။

"သူ့ကို ချေမှုန်းပစ်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အသာလေး အော်လိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ နတ်ဘုရား ချိန်းကြိုးတွေက သူမရဲ့ လက်တွေကနေ ဝှေ့ယမ်းပြီးတော့ ထွက်ပေါ်လာပါတယ်။ ဒါက တာအိုရဲ့ သရုပ်အမှန် ဖော်ပြခြင်း ဖြစ်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ မဟာတာအိုကို နားလည်သဘောပေါက်တဲ့ လူတစ်ယောက်ပဲ ထုတ်ဖော်နိုင်စွမ်း ရှိပါတယ်။

Edit with WPS Office

အကြီးအကဲက သူ့ရဲ့ သွေးအဆီအနှစ်ကို လောင်ကျွမ်းစေခဲ့ပါတယ်။ သူ့ရဲ့ ကြက်သွေးရောင် မီးလျှံအပ်က ဇေရီ ဘုရင်မကို ထိမှန်သွားတယ်လို့ ယုံကြည်နေထားဆဲပါပဲ။ ဆိုလိုတာက သူမရဲ့ သွေးတွေက အဆက်မပြတ် အငွေ့ပျံနေပါလိမ့်မယ်။ သူမက အားသုံးနေပေမဲ့ သိပ်ပြီးတော့ ကြာကြာခံနိုင်မှာ မဟုတ်ပါဘူး။

ဒါက သူတောင့်ခံထားနိုင်သရွေ့ ကြယ်စင်စု တစ်လျှောက်လုံး ထင်ပေါ်ကျော်ကြားပြီး ရက်ရက်စက်စက် လုပတဲ့ မိန်းမလှလေးက သူ့ရဲ့ ကစားစရာအရုပ် ဖြစ်လာပါလိမ့်မယ်။ သူ့စိတ်ထဲ ဒီအတွေး ဝင်လာတာနဲ့ သူ့နှလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဒုတ်ဒုတ် ခုန်လာခဲ့ပါတယ်။ သူ့က နှစ်ပေါင်းဆယ်သန်းလောက် ကျင့်ကြံအားထုတ်ခဲ့တာကြောင့် တဏှာကြီးတဲ့ လူငယ်တစ်ယောက်နဲ့ တူလာပါတယ်။ သူက အရမ်းကို ဆာလောင်မွတ်သိပ်တဲ့ ခံစားမှု ဖြစ်ပေါ်နေပါတယ်။

ငါဒါကို တောင့်ခံနိုင်ရင် အောင်မြင်မှု ရရှိလိမ့်မယ်။

Edit with WPS Office

ဒီဂုဏ်ယူဂုဏ်ကြွားတဲ့ ကောရီ ဘုရင်မကို ဖမ်းဆီးနိုင်ဖို့ဆိုတာ မရေမတွက်နိုင်တဲ့ လက်ရွေးစင်တွေရဲ့ အိပ်မက်လည်း ဖြစ်နိုင်ပါတယ်။ တကယ်လို့ သူသာ အောင်မြင်သွားခဲ့မယ်ဆိုရင် ဘယ်လောက် စိတ်ကျေနပ်စရာကောင်းပြီး ဘယ်လောက် ဂုဏ်ကြွားစရာ ကောင်းလိုက်မလဲ။

ထန်။

အကြီးအကဲက တိုက်ကွက်တစ်ကွက်တည်းနဲ့ လွှင့်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ မူလစွမ်းအင် ချပ်ဂုတ်တန်ဆာတောင် ပျောက်ကွယ်သွားခဲ့ပါတယ်။ ပင်လယ်ရေတွေက သူ့ဆီကို အလုံးအရင်းနဲ့ ဂင်လာပြီး သူ့ဆံပင်တွေနဲ့ အဂုတ်အစားတွေကို ရွှဲရွှဲစိုသွားစေခဲ့ပါတယ်။

"ဝေါ့"

အကြီးအကဲက ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက် ရပါတယ်။ သူ့မျက်နှာက အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်နေပြီး သူက အထစ်ထစ် အငေါ့ငေါ့နဲ့

Edit with WPS Office

ပြောလိုက်ပါတယ်။

“ဘယ် ဘယ်လိုလုပ်ပြီး မင်းရဲ့ စွမ်းအားတွေက အရမ်းကို အားကောင်းနေသေးတာလဲ”

သူတို့နှစ်ယောက်စလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်မှာ ရှိကြပါတယ်။ ပြီးတော့ သူက ကြယ်လေးပွင့် ပါရမီရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် ကေရီ ဘုရင်မ လွှမ့်ရှင်းက သူ့ထက် ကြယ်တစ်ပွင့်ပဲ သာတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုပဲ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း စောစောက တိုက်ကွက်ဖလှယ်မှုကို သုံးသပ်ကြည့်ရင် သူတို့ရဲ့ အကြားက တိုက်ပွဲစွမ်းရည် ကွာဟချက်က သေချာပေါက် ကြယ်တစ်ပွင့်ထက် ပိုမိုကွာခြားပါတယ်။ အနည်းဆုံး ကြယ်သုံးပွင့် ရှိပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဘယ်လိုလုပ်ပြီး.....။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ပြန်မဖြေခဲ့ပါဘူး။ အဲဒီအစား

Edit with WPS Office

ပြောလိုက်တယ်။

"သစ္စာဖောက်တဲ့ သူခိုးကောင် သေစမ်း"

သူမဆီမှာ အုပ်ချုပ်သူ တစ်ယောက်ရဲ့ စိတ်နေသဘောထား ရှိပါတယ်။ ပြီးတော့ ကမ္ဘာကြီးက သူမရဲ့ အမိန့်ကို နာခံရပါတယ်။ ဘယ်သူကမှ သူမကို ဆန့်ကျင်ခွင့် မပြုပါဘူး။

အကြီးအကဲက ခေါင်းဆောင်းတစ်ခုကို ထုတ်ပြီးတော့ ဆောင်းလိုက်ပါတယ်။ ခေါင်းဆောင်းကနေ မဟာတာအိုရဲ့ အစွမ်းတွေက ချက်ချင်းပဲ စီးမျောလာပြီး သူ့ခန္ဓာကိုယ်ကို နတ်ဘုရား သင်္ကေတတွေ ရောယှက်ပြီးတော့ ဖုံးလွှမ်းလာခဲ့ပါတယ်။ အကြမ်းဖျင်း တွက်ကြည့်ရင် အနည်းဆုံး နတ်ဘုရား သင်္ကေတ တစ်ထောင်လောက် ရှိပါတယ်။

သူက အစကတည်း ထိပ်တန်း လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့မှာ နတ်ဘုရား သင်္ကေတ သုံးထောင်ကျော် ပိုင်ဆိုင်ထားခဲ့ပါတယ်။ ခေါင်းဆောင်းက

Edit with WPS Office

တစ်ထောင်ကို ထည့်ပေါင်းလိုက်ရင် သူ့ခန္ဓာကိုယ်က တောက်ပနေတဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို ပေါက်ကွဲပြီး ထိုးတက်လာခဲ့ပါတယ်။ အခုဆို သူက ကေရီ ဘုရင်မ လွှမ်းရှင်းထက် အားမပျော့ပါဘူး။

"ဟက်ဟက်ဟက် ငါက အမှောင်ည ခန်းမက ဆိုတာကို မမေ့လိုက်နဲ့"

အကြီးအကဲက ဘဝင်မြင့်စွာနဲ့ ပြောလိုက်တယ်။

"ငါတို့ တည်ရှိခဲ့တာ အံ့ဖွယ်အင်ပါယာ သုံးခုထက်တောင် ပိုကြာသေးတယ်။ ဒါကြောင့် ငါတို့ ပိုင်ဆိုင်ထားတဲ့ အရင်းအမြစ်တွေရဲ့ ကြွယ်ဝမှုက ကေရီ ဘုရင်မ ခန့်မှန်းထားတာထက် အများကြီး ပိုသာတယ်"

"ရှင်က ဘာမဟုတ်တဲ့ လူတစ်ယောက်ပဲ အပြင်ပိုင်း ပစ္စည်းတွေ အပေါ်မှာ အားကိုးနေတဲ့ ငပျော့ တစ်ယောက်ပါပဲ"

ကေရီ ဘုရင်မက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူမရဲ့ နတ်ဘုရား ချိန်းကြိုးတွေက ဆေဘာဓားတွေ၊ လှံတွေ၊

Edit with WPS Office

ဓားတွေနဲ့ မြားတိုတွေ အဖြစ်ကို ပြောင်းလဲသွားပြီး ကောင်းကင်ပေါ်ကနေ မိုးစက်မိုးပေါက် ကျသလို ဆင်းလာခဲ့ပါတယ်။

ဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ မိုးကောင်းကင်က တစ်စစီ ပြိုလဲသွား သလိုပါပဲ။ ကောင်းကင်ဘုံက အမှောင်ည ခန်းမက အကြီးအကဲကို အပြစ်ဒဏ် ခတ်တော့မဲ့ အတိုင်းပါပဲ။

အကြီးအကဲရဲ့ အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ သူက အဆင့်မြင့် နတ်ဘုရား ပစ္စည်း တစ်ခုကို အသက်သွင်းခဲ့တယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒီအချိန်မှာတော့ သူ့မှာ အနိုင်ရနိုင်မဲ့ ယုံကြည်ချက်မျိုး မရှိတော့ပါဘူး။ သူရင်ဆိုင်နေရတဲ့ ဒီညှို့ယူဖမ်းစားနိုင်တဲ့ မိန်းမချောက သူ့ရဲ့ ဆံပင်တွေထောင်သွား စေတဲ့အထိ အစွမ်းထက်တယ်လို့ ခံစားနေရပါတယ်။

နောက်ဆုံးတော့ သူက အနက်ရောင် ဒူးလေးတစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒီ ဒူးလေးမှာ ရုပ်ထွေးတဲ့ နတ်ဘုရား သင်္ကေတတွေ ရေးထွင်းထားပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဒီဒူးလေးက ပျက်စီးနေပြီး ဒူးလေးပေါ်မှာရှိတဲ့ နတ်ဘုရား သင်္ကေတတွေရဲ့ သုံးပုံတစ်ပုံလောက်ပဲ အကောင်းပကတိ ကျန်ပါတော့တယ်။

ဒါတောင်မှာ ဒူးလေးရဲ့ အစွမ်းထက်မြက်မှုကို မတားဆီးနိုင်ခဲ့ပါဘူး။ အကြီးအကဲက ဒီဒူးလေးရဲ့ တည်ရှိမှုကို ဖုံးကွယ်မထားတော့ပဲ သူတို့အနားက နေရာက ချက်ချင်းဆိုသလို ကြောက်မက်ဖွယ်ရာကောင်းတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခုကြောင့် မွန်းကြပ်လာသလို ဖြစ်သွားပါတယ်။ ဒီအရှိန်အဝါက သူတော်စင်တွေနဲ့ နတ်ဘုရားတွေကို သတ်ပစ်နိုင်သလိုပါပဲ။

သူတော်စင် ဖျက်ဆီးခြင်း ဒူးလေး။

"ကေရီ ဘုရင်မ မင်းအည့်ခံ အရှုံးပေးလိုက်ဖို့ ငါအကြံပြုပါရစေ။ ဟဲဟဲ ငါက ဒီတစ်ကြိမ် ကြက်သွေးရောင် မီးလျှံအပ် သုံးချောင်းကို ယူလာခဲ့တယ်။ မင်းက အပ်သုံးချောင်းထဲက တစ်ချောင်း ထိသွားပြီ။ တကယ်လို့ နောက်တစ်ချောင်း ထပ်မှန်သွားမယ်ဆိုရင် ငါတောင်မှ မင်းကို ကယ်နိုင်မှာ မ ဟုတ်ဘူး။ ငါ့မျက်လုံးတွေ အရှေ့မှာ

Edit with WPS Office

မိန်းမချောတစ်ယောက် သေသွားတာကို ငါကြည့်ပဲ ကြည့်နိုင်တော့မယ်”

ကေရီ ဘုရင်မ လွှမ်းရှင်းက သူ့စကားတွေကို ခေါင်းထဲမထည့်ပါဘူး။ သူမရဲ့ လက်ဝါးကိုပဲ အောက်ကို ဖိချပြီး ကျွမ်းကြီး တစ်ခုလုံး ချက်ချင်းပဲ မည်းမှောင်လာခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ နတ်ဘုရား ချိန်းကြိုးတွေ အောက်ကို လုပ်ယမ်းပြီးတော့ အကြီးအကဲကို သတ်ဖြတ်ဖို့ လုပ်ရှားလာ ခဲ့ပါတယ်။

“ဟင့်”

အကြီးအကဲရဲ့ မျက်လုံးတွေထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက ဒီရက်ရက်စက်စက်လုတဲ့ မိန်းမချောကို ဖမ်းဆီးချင်ခဲ့ပေမဲ့ သူ့ကိုယ်ပိုင် အသက်နဲ့ နိုင်းယှဉ်လိုက်ရင် အရေးမပါတော့ပါဘူး။ အဲဒီအခိုက်အတန့်မှာ သူက တဏှာရာဂစိတ် အတွေးတွေ နည်းနည်းမှ မရှိတော့ပါဘူး။

သူက သူ့လက်ဝါးနဲ့ ခုတ်ချလိုက်ပြီး သူ့အရှေ့မှာ နတ်ဘုရား

Edit with WPS Office

သင်္ကေတတွေ ထောင်နဲ့ချီ ရောယှက်နေတဲ့ နံရံတစ်ခု ဖြစ်ပေါ်စေလိုက်ပါတယ်။ အဲဒီအချိန်မှာ သူက သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို အသက်သွင်းလိုက်ပါတယ်။ သူက မြေကြီးမှာကိုတောင် တုန်လှုပ်စေမဲ့ တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ပါတော့မယ်။

ခွန်အားနဲ့ ပတ်သက်ရင် သူက ဧကရီ ဘုရင်မ လွမ့်ရှင်းထက် နိမ့်ကျပါတယ်။ ဒါပေမဲ့လည်း သူ့ခေါင်းပေါ်က ခေါင်းဆောင်းက သူ့ခွန်အားကို တိုးမြှင့်ပေးပြီး အနည်းဆုံး သူတို့နှစ်ယောက် အကြားမှာ ကြယ်တစ်လုံးလောက်ပဲ ကွာခြားပါတော့မယ်။ ဒါကြောင့် တကယ်လို့ သူက သူမရဲ့ ပြိုင်ဘက် မဟုတ်ဘူးဆိုရင်တောင် အနည်းဆုံးတော့ တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားစရာအကြောင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူက သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို အသက်သွင်းဖို့ အချိန်ဆွဲနေတာ ဖြစ်ပါတယ်။ ဒီဒူးလေးနဲ့ ကြက်သွေးရောင် မီးလျှံအပ်တွေကို ပေါင်းလိုက်ရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် အရှုံးဒဏ်ကို

Edit with WPS Office

ခံစားသွား ရပါလိမ့်မယ်။

တကယ်လို့ ကြက်သွေးရောင် မီးလျှံအပ် တစ်ချောင်းနဲ့ မလုံလောက်သေးဘူး ဆိုရင်တောင် နောက်ထပ် နှစ်ချောင်းရှိနေပါသေးတယ်။

သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို နောက်ဆုံးမှာ အသက်သွင်း ပြီးသွားပါပြီ။ ဒီနတ်ဘုရား ပစ္စည်းရဲ့ အရည်အသွေးက အရမ်းကို မြင့်မားလွန်းပါတယ်။ ပြီးတော့ အကြီးအကဲက အံ့အားသင့်စရာကောင်းတဲ့ စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားတယ် ဆိုရင်တောင် ဒီဒူးလေးကို အချိန်သိပ်မခြားပဲ နှစ်ကြိမ်တိုင်တိုင် အသက်သွင်းလိုက်ရတာကြောင့် အတော်လေး အားစိုက်ထုတ် လိုက်ရသလို ခံစားရပြီး သူ့နဖူးကနေ ချွေးစေးတွေတောင် စို့လာခဲ့ပါတယ်။ သူ့ရဲ့ အရှိန်အဝါတောင် မတည်မငြိမ် ဖြစ်သွားပါတယ်။

ဒါပေမဲ့လည်း အခုဆို သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို အသက်သွင်းထားပြီး ဖျက်ဆီးခြင်း အရှိန်အဝါ တစ်ခုက သူတို့အနားက နေရာတွေကို ပျံ့နှံ့သွားခဲ့ပါတယ်။

Edit with WPS Office

ဒီဒူးလေးက ထိခိုက်ပျက်စီးထားပြီး သူ့အစွမ်းတွေ ဆုတ်ယုတ်နေတယ် ဆိုပေမဲ့လည်း ဒါက သူတော်စင် ပစ္စည်းတစ်ခု ဖြစ်နေပါသေးတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ မျက်နှာပေါ်မှာ လေးနက်တဲ့ အမူအရာတစ်ခု ဖြစ်ပေးလာခဲ့ပြီး ဒီလိုမျိုး သူတော်စင်အဆင့် ပစ္စည်းမျိုး အရှေ့မှာ သူမက အမှုမဲ့ အမှတ်မဲ့ မနေဝံ့ပါဘူး။ သူမက အသာအယာ မာန်သွင်းပြီးတော့ သူမရဲ့ နောက်ကျောမှာ တောင်ကိုးလုံး ဖြစ်ပေါ်လာပြီး အကြီးအကဲ အပေါ်ကို ဖိကျလာခဲ့ပါတယ်။

"သွားစမ်း"

အကြီးအကဲက အံကြိတ်ပြီးတော့ ကံကောင်းမှုတွေ ရယူဖို့ အတွေးနည်းနည်းမှ မရှိတော့ပါဘူး။ သူက ကြက်သွေးရောင် မီးလျှံများကို သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို အသုံးပြုပြီးတော့ ပစ်လွှတ်လိုက်ပါတယ်။

ကြက်သွေးရောင် အလင်းတန်း တစ်ခုက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ စည်းမျဉ်းဥပဒေ စွမ်းအား ခုခံမှုကို တန်းပြီးတော့

Edit with WPS Office

ထိုးဖောက်သွားပြီး အရင်ကအတိုင်း သူမဆီကို ဆက်ပြီးတော့ ပျံသန်း လာခဲ့ပါတယ်။

အကြီးအကဲက အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးကို ပစ်လွှတ်လိုက်တာနဲ့ သူ့ရဲ့ ပစ်မှတ်ကို သေချာပေါက် ထိမှန်သွားပါလိမ့်မယ်။

သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးထက် ပိုပြီးတော့ အစွမ်းမထက်သရွေ့ အသုံးမဝင်ပါဘူး။

ကြက်သွေးရောင် မီးလျှံအပ်က ကျင့်ကြံသူ တစ်ယောက်ရဲ့ သွေးတွေကို လျင်မြန်စွာနဲ့ အငွေ့ပျံစေနိုင်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် အချိန်အကြာကြီး ထိန်းထားနိုင်စွမ်း မရှိပါဘူး။ ဇေကရီ ဘုရင်မက တစ်ကြိမ် ထိမှန်ခံရပြီးပါပြီ။ သူမက အချိန်အတိုင်းအတာ တစ်ခုလောက်ထိပဲ ခံနိုင်ရည် ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း အကြီးအကဲ အနေနဲ့ သူမက နောက်တစ်ကြိမ် ထိမှန်ခံရပြီးရင် ခံနိုင်ရည် ရှိလိမ့်မယ်လို့တော့ မယုံကြည်ခဲ့ပါဘူး။

Edit with WPS Office

ကေရီ ဘုရင်မ လွှမ်းရှင်းက အရင်ကအတိုင်းပဲ ရှောင်တိမ်းလိုက်ပြီး ဒီတစ်ကြိမ်လည်း လွတ်အောင် မရှောင်နိုင်ခဲ့ပါဘူး။ ကြက်သွေးရောင် အလင်းတန်းက သူမရဲ့ ရင်ဘတ်ကို စိုက်ဝင်သွားခဲ့ပါတယ်။

ဒီလောက်ဆို သူမတော့ သွားပြီ။

အကြီးအကဲက ဂမ်းသာသွားသလို မရိုတင်ကဲလည်း ဖြစ်သွားခဲ့ပါတယ်။

ကေရီ ဘုရင်မက ကြက်သွေးရောင် မီးလျှံအပ်နှစ်ချောင်း ထိမှန်ခံရပြီးတဲ့ နောက်မှာတော့ သေချာပေါက် သေရပါလိမ့်မယ်။ သူတောင်မှ သူမကို ကယ်တင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒီလိုရက်ရက်စက်စက် လုပတဲ့ မိန်းမချောတစ်ယောက်က သူမကို ကယ်တင်ဖို့ အခွင့်အရေး ရခဲ့တာတောင် သူ့အရှေ့မှာပဲ သေရပါတော့မယ်။

ဒါပေမဲ့လည်း သူ့မျက်နှာပေါ်မှာ သံသယတွေ ထိတ်လန့်တုန်လှုပ်မှုတွေက ချက်ချင်းပဲ ဖြစ်ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတော့ ကေရီ ဘုရင်မက သူ့အရှေ့မှာ ထိခိုက်ပျက်စီးမှု မရှိဘဲ ရပ်နေပါတယ်။ သူမရဲ့ အသက်စွမ်းအင်က မိုးထိအောင် ထိုးတက်နေပြီး သူမရဲ့ လွှမ်းမိုးနိုင်တဲ့ အစွမ်းက အရင်ကထက် နည်းနည်းလေးမှ အားမနည်းသွားခဲ့ပါဘူး။ သူမကို ကြည့်ရတာ ကြက်သွေးရောင် မီးလျှံအပ် နစ်ချောင်း ထိမှန်ခံလိုက်ရတဲ့ လူတစ်ယောက်နဲ့ ဘယ်နားမှာ တူနေလို့လဲ။

"သေစမ်း"

အကြီးအကဲရဲ့ တိုက်ခိုက်မှုကို ရင်ဆိုင်ပြီးတဲ့နောက်မှာ ကေရီ ဘုရင်မ လွှမ့်ရှင်းက ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ကွက်တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ လေဟာနယ်က သူမရဲ့ လက်ဝါးချက်ကြောင့် ပျက်စီးကြေမွ သွားခဲ့ပါတယ်။

အကြီးအကဲက အံကိုကြိတ်ပြီးတော့ သူ့ဆီမှာ တိုက်ပွဲဝင်လိုတဲ့ စိတ်နည်းနည်းမှ မကျန်တော့ပါဘူး။ သူက ရုတ်တရက် ချာခနဲ လှည့်ပြီးတော့ ထွက်ပြေးလိုက်ပါတယ်။

Edit with WPS Office

ကောရီ ဘုရင်မ လွှမ်းရှင်းက သူ့နောက်ကို ခြေလှမ်းအနည်းငယ် လိုက်ပြီးတော့မှ ရုတ်တရက် တုံ့ဆိုင်းဆိုင်း ဖြစ်လာခဲ့ပါတယ်။ သူမရဲ့ အရှိန်အဝါက အနည်းငယ် မတည်မငြိမ် ဖြစ်လာပါတယ်။

ငါသူ့ရဲ့ ပထမဆုံး လျှို့ဝှက်တိုက်ခိုက်တာကို ခံလိုက်ရတယ်။ ငါ့ရဲ့ သေခြင်းကိုးမျိုး ကောင်းကင်ဘုံ ပညာရပ်တောင် ကြက်သွေးရောင် မီးလျှံအပ်ကို လုံးဝဖိနှိပ်ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ဘူး။ ကံကောင်းတာက ငါက ဒုတိယ အကြိမ်အတွက် ပြင်ဆင်ထားလို့ပဲ။ ဒီကျောက်ပြားကို အသုံးပြုပြီး သူ့ရဲ့ တိုက်ခိုက်မှုကို ကာကွယ်နိုင်ခဲ့တယ်။

အမှောင်ည ခန်းမက လုပ်ကြံသတ်ဖြတ်သူတွေက တကယ့်ကို ကြောက်စရာကောင်းပါတယ်။ သူတော်စင် ဖျက်ဆီးခြင်း ဒူးလေးက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို ဖိနှိပ်နိုင်တဲ့ တန်ဖိုးကြီး ရတနာပစ္စည်း တစ်ခု ဖြစ်ပါတယ်။

"ဟင့် ရှင်က ကမ္ဘာမြေကြီး အဆုံးထိ လွတ်အောင် ထွက်ပြေးမယ် ဆိုရင်တောင် လိုက်ပြီးတော့ သတ်ပစ်မယ်"

Edit with WPS Office

သူမက သူ့အနောက်ကို စတင်လိုက်ဖမ်းပါတယ်။

Chapter 1109 end

အပိုင်း(1110) လုပ်ကြံသတ်ဖြတ်ခြင်း

လင်းဟာန်က သူ့ရဲ့ လှမ်းလက်စ ခြေလှမ်းတွေကို ရုတ်တရက် ရပ်လိုက်ပါတယ်။

"ဘာဖြစ်လို့လဲ"

စွေ့ရန်ယွီက မေးလိုက်တယ်။

လင်းဟာန်က တဒင်္ဂလောက် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်တယ်။

"တစ်ယောက်ယောက် ငါတို့အနောက်ကို နောက်ယောင်ခံ လိုက်နေတယ်လို့ ငါခံစားနေရတယ်"

"အမှောင်ညှ ခန်းမကလား။ ဒါမှမဟုတ် ကျောက်လန်တို့ ရှားပူချယ်တို့များ ဖြစ်နေမလား"

စွေ့ရန်ယွီက ဖြစ်နိုင်ချေတွေကို ကောက်နုတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ ခါးသီးတဲ့

Edit with WPS Office

အပြိုးတစ်ခု ဖြစ်ပေါ်လာပါတယ်။ လင်းဟန်ကို
သတ်ချင်နေတဲ့ လူတွေက အတော်လေးကို များနေပါတယ်။

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ကျောက်လန်တော့ မဖြစ်နိုင်ဘူး။ သူနဲ့အတူ
မဟာဗိုလ်ချုပ်ကျောက်လည်း ရှိနေတယ်။
မဟာဗိုလ်ချုပ်ကျောက်ရဲ့ အဆင့်အတန်းနဲ့ဆိုရင်
သူ့အတွက်တော့ ငါ့နောက်ကနေ လိုက်ပြီးတော့
ချောင်းမြောင်းလုပ်ကြံစရာ မလိုဘူး။ တကယ်လို့ သူငါ့ကို
သတ်ချင်ရင် မျက်နှာချင်းဆိုင် ရင်ဆိုင်လိမ့်မယ်"

"ရှားဂူချွယ်လည်း မဖြစ်နိုင်ဘူး။ သူ့ဘေးမှာ နေလအဆင့်
လက်ရွေးစင် နည်းနည်းမှ ရှိမနေဘူး။ ငါ့ရဲ့ ခုခံနိုင်စွမ်းကို
မြင်ပြီးတဲ့နောက်မှာ သူခံရဖို့အတွက်တော့ ငါ့ဆီလာပြီး
မတောင်းဆို လောက်ဘူး"

"ဖြစ်နိုင်ချေ အရှိဆုံးက အမှောင်ည ခန်းမပဲ"

လင်းဟန်က ခန့်မှန်းသုံးသပ် လိုက်ပါတယ်။

"တကယ်လို့ အမှောင်ည ခန်းမသာဆိုရင် ဘာဖြစ်လို့

Edit with WPS Office

သူတို့က မတိုက်ခိုက်သေးတာလဲ။ အဲဒီ လုပ်ကြံသူက လုံလုံလောက်လောက် အစွမ်းမထက်လို့များလား။ ဒါကြောင့် သူက တခြား လက်ရွေးစင်တွေဆီက စစ်ကူကို ခေါ်နေတာလား"

စွေ့ရန်ယွီက ထင်ကြေးပေးလိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ဒီနေရာက အားလုံးအတွက် မရင်းနှီးတဲ့ နေရာတစ်ခုပဲ။ ပြီးတော့ တောင်မြောက် ခွဲခြားဖို့တောင် မဖြစ်နိုင်ဘူး။ သူတို့က ဘယ်လိုလုပ်ပြီးတော့ ငါရှိတဲ့ နေရာကို သိနိုင်မှာလဲ"

"ဟုတ်တယ်။ ဒီနေရာကို ဘယ်သူကမှ အရင်တုန်းက မရောက်လာဖူးဘူး ဆိုမှတော့ ဘယ်လိုလုပ်ပြီး ငါတို့ရဲ့ တည်နေရာကို မြေပုံအညွှန်း မရှိဘဲနဲ့ တခြားသူကို ပေးလို့ ရနိုင်မှာလဲ"

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာ စဉ်းစားလို့ မရတဲ့ အမူအရာတစ်ခု ဖြစ်သွားပါတယ်။ သူမက လက်ခုပ်တီးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဒါဆိုရင် လုပ်ကြံတဲ့သူက အရမ်းကို အားနည်းနေလို့ ပေါ်မလာတာပဲ ဖြစ်ရမယ်"

"မဖြစ်နိုင်ဘူး"

လင်းဟာန်က အဲဒါကို သဘောမတူခဲ့ပါဘူး။ သူက ပြောလိုက်တယ်။

"သူတို့က သတ်ဖြတ်သူလေးရဲ့ အစွမ်းကို သိနေတာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ ပြီးတော့ သူက လွယ်ကူတဲ့ ပြိုင်ဘက် တစ်ယောက် မဟုတ်ဘူးဆိုတာကိုလည်း သိနေတာကြောင့် တိုက်ခိုက်ဖို့ အခွင့်အရေးကောင်း တစ်ခုကို ရှာနေတာ ဖြစ်ရမယ်"

"အဲဒါဟုတ်တယ်"

စွေ့ရန်ယွီက အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ သဘောတူလိုက်ပါတယ်။ သူမက သတ်ဖြတ် နတ်ဆိုး ဧကရာဇ်ကို မသိစိတ်ရဲ့ စေ့ဆော်မှုအရ သတိမမူမိခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အရှက်မရှိ မျက်နှာပြောင်တဲ့ နည်းလမ်းတွေကို သုံးပြီးတော့ သူ့ရဲ့ တည်ရှိမှုကို

Edit with WPS Office

ထင်ပေါ်အောင် ဆက်လုပ်နေလို့ ဖြစ်ပါတယ်။
ဘယ်လိုလုပ်ပြီး သူမက စဉ်းစားမိမှာလဲ။

အိုး သူလည်း လက်ရွေးစင် တစ်ယောက်ပဲလား။

"ဟူး ဘာဖြစ်လို့ သာမန်နဲ့မတူ ထူးခြားတဲ့ အရိပ်အယောင်
နည်းနည်းလေးကိုမှ သတိမပြုမိတာလဲ"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က မေးလိုက်တယ်။
သူ့မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးနေတဲ့ အမူအရာ တစ်ခု
ရှိနေပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းက နေလအဆင့် ယန္တရားရုပ်တစ်ခု အထဲကို
ဝင်ထားပေမဲ့ မင်းကိုယ်ပိုင် စွမ်းအားက
တောင်မြစ်အဆင့်မှာပဲ ရှိနေသေးတယ်။ နောက်တစ်မျိုး
ပြောရမယ်ဆိုရင် မင်းရဲ့ နတ်ဘုရား အာရုံက အရမ်းကို
အားနည်းနေသေးတယ်။ နောက်ပြီးတော့ ဒီနေရာက
လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံ သိမြင်မှုကို
အားနည်းစေနိုင်တယ်။ ဒါကြောင့် မင်းက သာမန်မဟုတ်တဲ့

Edit with WPS Office

ထူးထူးခြားခြား အရာတွေကို အာရုံမခံနိုင်တာက သာမန်ပါပဲ”

ချက်ချင်းဆိုသလိုပဲ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ရဲ့ မျက်နှာပေါ်မှာ စိတ်ဓာတ်ကျသွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တန်ခိုးရှင်ဘုံထဲမှာ မြှင့်တင်လို့ မရနိုင်ပါဘူး။ ပြီးတော့ အဲဒါက သူ့ကို အရမ်းပဲ စိတ်မချမ်းမမြေ့ ဖြစ်စေခဲ့ပါတယ်။

“သူတို့ကို ငါတို့အနောက် ဆက်ပြီးတော့ ပေးလိုက်နေမဲ့အစား သူတို့ကို ပုန်းနေတာကနေ ထွက်လာဖို့ ငါတို့က ဘာကြောင့် မဆွဲဆောင်ရမှာလဲ”

လင်းဟာန်က မေးစေ့ကို ပွတ်သပ်ပြီးတော့ တွေးလိုက်ပါတယ်။ တကယ်လို့ တစ်စုံတစ်ယောက်က သူ့အနောက်က ဆက်လိုက်လာမယ်ဆိုရင် တစ်ခုခုကို လုပ်နေတဲ့ အချိန်မှာ သူက အရမ်းကို ချုပ်တည်းထား ရပါလိမ့်မယ်။ ဥပမာ သူက အနက်ရောင် မျှော်စင်ထဲကို သူ့စိတ်တိုင်းကျ ဝင်လိုက် ထွက်လိုက် လုပ်လို့ မရတော့ပါဘူး။ အဲဒါက သူ့ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသွား ပါလိမ့်မယ်။

Edit with WPS Office

"သူတို့တွေကို ငါတို့ ဘယ်လိုမျိုး ဆွဲဆောင်ကြမလဲ"

စွေ့ရန်ယွီက မေးလိုက်တယ်။

"သတ်ဖြတ်သူလေးကို အဝေးကို ထွက်သွားခိုင်းလိုက်မယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။ သူ့မှာ ဂရဖိန် တံဆိပ်တော်နဲ့ ခြသေ့်တံဆိပ်တော် ရှိပါတယ်။ ဒါကြောင့် သူ့နောက်က လိုက်လာတဲ့ နေလအဆင့် လက်ရွေးစင်က နေလအဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိနေရင်တောင် သူတို့ကို ကြောက်နေလိမ့်မှာ မဟုတ်ပါဘူး။

"ဆရာသခင်က သတ်ဖြတ်သူလေးကို ထပ်ပြီးတော့ သစ္စာမရှိစေချင်တော့ဘူးလား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ချက်ချင်းပဲ ချစ်စရာ ခွေးပေါက်လေး တစ်ကောင်လို ပြုမူလိုက်ပါတယ်။ ရက်စရာကောင်းတာက သူ့မှာ လုပ်ယမ်းဖို့အတွက်အမြီး ရှိမနေခဲ့တာပါပဲ။

"ထွက်သွားစမ်း"

လင်းဟာန်က သူ့ကို ချက်ချင်းပဲ ဘေးကို

Edit with WPS Office

ကန်ထုတ်ပစ်လိုက်ပါတယ်။

"ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က မီတာရာပေါင်းများစွာအထိ လွင့်ထွက်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"သိပ်မကြာခင်လောက်မှာ လုပ်ကြံမဲ့သူ ထွက်လာဖို့ မျှော်လင့်ကြတာပေါ့။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တစ်ချိန်လုံး ငါတို့ကို အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်က နောက်ယောင်ခံ လိုက်နေသလို ခံစားနေရလိမ့်မယ်"

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာတော့ စိုးရိမ်ပူပန်တဲ့ အရိပ်အယောင်တစ်ခု ရှိနေပါတယ်။ တကယ်လို့ လုပ်ကြံတဲ့သူက တိုက်ခိုက်လာရင် သူတို့တွေက သေချာပေါက် နေလအဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါလိမ့်မယ်။ သူတို့အနေနဲ့ လင်းဟာန်ကို သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲကို ပုန်းခိုဖို့ အခွင့်အရေးနဲ့ သူ့ရဲ့

Edit with WPS Office

နတ်ဘုရား တံဆိပ်တော်တွေကို အသုံးပြုခွင့်တောင် ပေးချင်မှ ပေးပါလိမ့်မယ်။

"မစိုးရိမ်ပါနဲ့။ မင်းရဲ့ယောက်ျားက သာမန်လူတွေနဲ့ နည်းနည်းလေးမှ မတူပါဘူးကွာ"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်တယ်။

"မိန်းမ ငါ့ကို တစ်ချက်လောက် ပြုံးပြပါဦး"

အဲဒါက စွေ့ရန်ယွီကို ရယ်မောစေပြီး သူ့ကို စိတ်ဆိုးဆိုးနဲ့ မျက်လုံးပြူးပြီး ကြည့်လိုက်မိပါတယ်။

သူတို့နှစ်ယောက်က အရှေ့ကို ဆက်တိုးလာပြီး သတ်ဖြတ်သူ နတ်ဆိုး ဇောရာဇ်ကတော့ သူတို့နဲ့ တော်တော်ဝေးဝေးကနေ ကုပ်ချောင်းချောင်းနဲ့ အမိန့်ကို စောင့်နေပါတယ်။ သူက လုပ်ကြံသူ အတွက် အခွင့်အရေး တစ်ခုကို တမင်သက်သက် ဖန်တီးပေးနေပါတယ်။

တစ်ရက်ခန့်အကြာ။

"ဟီးဟီးဟီးဟီးဟီး"

Edit with WPS Office

အေးစက်စက်နဲ့ ရယ်မောသံ တစ်ခု ထွက်ပေါ်လာပြီး လင်းဟန်နဲ့ စွေ့ရန်ယွီတို့ရဲ့ အရှေ့မှာ ရုတ်တရက် လူတစ်ယောက် ထွက်ပေါ်လာပါတယ်။

အဲဒီလူက အရိုးပေါ်အောင် ပိန်ကပ်နေတဲ့ သက်လတ်ပိုင်းအရွယ် ရုပ်ဆိုးဆိုး ယောကျ်ား တစ်ယောက် ဖြစ်ပါတယ်။ သူ့အနောက်မှာ နေနဲ့လက ရုံဖန်ရုံခါ ထွက်ပေါ်နေပြီး အဲဒါက သူ့ကို နေလအဆင့်ရဲ့ ကနဦးမှာရှိတဲ့ လက်ရွေးစင် တစ်ယောက်ဆိုတာ သိသာစေပါတယ်။

အရင်တုန်းက ထွက်မလာတာ အံ့သြစရာ မဟုတ်တော့ဘူး။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ထက် အားနည်းတယ်ဆိုတာ သေချာတယ်။

"ကောင်လေး မင်းက အဲဒီယန္တရားရုပ်ကို အဝေးကို ထွက်သွားခိုင်းပြီး ငါ့အတွက် အခွင့်အလမ်း တစ်ခုကို ဖန်တီးပေးတယ် ဆိုတာကို ငါသိတယ်"

လုပ်ကြံသူက အေးစက်စွာနဲ့ ရယ်မောရင်း ပြောလိုက်ပါတယ်။

Edit with WPS Office

"ဘာကြောင့်လဲ ဆိုတာကို ငါမသိပေမဲ့ ငါ့လက်ကနေ မင်းတကယ်ပဲ ထွက်ပြေးလွတ်မြောက် နိုင်မယ်လို့ ထင်နေတာလား"

"စွမ်းအားနဲ့ ပတ်သက်ပြီး သေချာပေါက် ကွာဟချက်တစ်ခု ရှိနေတယ်။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား အဲ့ဒါကို ပြောင်းလဲပစ်နိုင်မှာ မဟုတ်ဘူး"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားက နောက်ဆုံးတော့ ထွက်လာပြီပဲ။ ပြောပါဦး။ တကယ်ဆို ခင်ဗျားက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ရဲ့သားနဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ နှစ်ယောက်ကို ထပ်ကြပ်မကွာ နောက်ယောင်ခံ လိုက်နေတာ ရှက်စရာကောင်းတယ်လို့ ခင်ဗျား မခံစားရဘူးလား"

"မင်းက သေကြောင်းကြံနေပြီပဲ"

သက်လတ်ပိုင်းအရွယ် လုပ်ကြံသူက အေးစက်စွာနဲ့ နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။ သူက ချက်ချင်းပဲ လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

Edit with WPS Office

သူက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ပစ်မှတ်ကို သတ်ဖြတ်ဖို့က အရေးအကြီးဆုံး အရာပဲ ဖြစ်ပါတယ်။ သူက ပုန်းကွယ်ပြီးတော့ စိတ်ရှည်လက်ရှည်နဲ့ စောင့်နေခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကို ကြောက်လို့ ဖြစ်ပါတယ်။ အခု သူကြောက်ရတဲ့ အရာမရှိတော့ပါဘူး။ သူ့အနေနဲ့ ဘာကိုမှ စိုးရိမ်ပူပန်နေစရာ မလိုတော့ပါဘူး။ သူလိုတာက သူ့ပစ်မှတ်ကို သတ်ပစ်ဖို့ပါပဲ။

ဘုန်း။

သူ့ခန္ဓာကိုယ်ကနေ အကန့်အသတ်မရှိတဲ့ အနက်ရောင် အလင်းတစ်ခု ပန်းထွက်လာပြီး ရောမ လုံတစ်ချောင်း အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟာန်ကို ထိုးစိုက်လိုက်ပါတယ်။

"ခြသေ့်တံဆိပ်တော်"

လင်းဟာန်က နတ်ဘုရား တံဆိပ်တစ်ခုကို ဆွဲထုတ်ပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်မှာ ချိတ်လိုက်ပါတယ်။

Edit with WPS Office

ချက်ချင်းဆိုသလို သူ့ခန္ဓာကိုယ် တစ်လျှောက်လုံး ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားတစ်ခု စီးဆင်းလာသလိုမျိုး ခံစားလိုက်ရပါတယ်။ သူ့အရေပြားပေါ်မှာ နတ်ဘုရား သင်္ကေတတွေ ရာနဲ့ချီပြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

တောင်မြစ်တွေ နေတွေလတွေကလွဲရင် လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းကို တိုက်ရိုက်ဆုံးဖြတ် ပေးနိုင်တဲ့ နောက်ထပ်နည်းလမ်းတွေ ရှိပါတယ်။ အဲဒါက လူတစ်ယောက်မှာ ပိုင်ဆိုင်ထားတဲ့ နတ်ဘုရား သင်္ကေတ ဘယ်လောက်များများ ရှိလဲဆိုတာကို ကြည့်တာပါပဲ။

တောင်မြစ်အဆင့် ကျင့်ကြံသူတွေက တစ်ရာအောက် ပိုင်ဆိုင်ထားပြီး နေလအဆင့် ကျင့်ကြံသူတွေက တစ်ထောင်အောက် ပိုင်ဆိုင်ထား ကြပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် ကျင့်ကြံသူတွေကတော့ တစ်သောင်းအောက် ပိုင်ဆိုင်ထားကြပါတယ်။

အခု လင်းဟာန်ရဲ့ ကိုယ်ပေါ်မှာ နတ်ဘုရား သင်္ကေတ ရှစ်ရာလောက် ဝိုင်းပတ်လျက် ရှိပါတယ်။

Edit with WPS Office

ပုန်း။

လင်းဟန်က သူ့လက်သီးကို ဖော့ယမ်းလိုက်တဲ့ အခါမှာ သူ့ရဲ့ မူလစွမ်းအင်တွေက ရောမ လက်ကြီးတစ်ဖက် အဖြစ်ကို ပြောင်းလဲသွားပြီး အနက်ရောင် လုံ့ကို ရိုက်ချလိုက်ပါတယ်။ အနက်ရောင်လုံ့က ချက်ချင်းဆိုသလို ရောမ လက်ကြီးရဲ့ ရိုက်ချက်နဲ့ ထိလိုက်တာနဲ့ ဖုန်မှုန့်အဖြစ် ပြောင်းလဲသွား ရောမ လက်ကြီးက သက်လတ်ပိုင်းအရွယ် လုပ်ကြံသူဆီကို ဆက်ပြီးတော့ တိုးဝင်လာပါတယ်။

သောက်ကျိုးနည်း လစ္ဆတ်လိုပဲ။

သက်လတ်ပိုင်းအရွယ် လုပ်ကြံသူက ချက်ချင်းဆိုသလို ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ထိတ်လန့်သွားပါတယ်။ ဒါက နတ်ဘုရား သင်္ကေတ ရှစ်ရာပါ။

တစ်ခုသတိပြုရမှာက နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင်တွေတောင် ယေဘုယျအားဖြင့် နတ်ဘုရား သင်္ကေတ သုံးရာ ဒါမှမဟုတ်

Edit with WPS Office

သုံးရာကျော်ကျော်ပဲ ပိုင်ဆိုင်ထား ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နတ်ဘုရား သင်္ကေတ တစ်ထောင်လောက် ပိုင်ဆိုင်တယ် ဆိုတာက နေလအဆင့် လက်ရွေးစင်တွေထဲက အကောင်းဆုံး အဆင့်ကို ရောက်နေပြီလို့ ဆိုလိုပါတယ်။ ဒါကြောင့် နတ်ဘုရား သင်္ကေတ ရှစ်ရာဆိုတာက ဘယ်လိုမျိုးလဲ။ အဲဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ် တစ်ပိုင်းအဆင့်ကို ရောက်လုနီးပါး ဖြစ်နေပြီလို့ ဆိုလိုတာ ဖြစ်ပါတယ်။

တကယ်လို့ ဒီရောမ လက်ကြီးရဲ့ ရိုက်ချက်ကို ထိပ်တိုက်ရင်ဆိုင်ပြီး ထိမှန်ခံရဖို့ကို အသာထား နည်းနည်းလေးပဲ ထိသွားမယ် ဆိုရင်တောင် သူ့အနေနဲ့ လုံးဂကို ပျော့ပြဲထွက် သွားပါလိမ့်မယ်။

သူက သူ့ရဲ့ လုပ်ရှားမှု နည်းစနစ်တွေကို အလျင်အမြန်ပဲ အသုံးပြုပြီးတော့ ရှောင်တိမ်းလိုက် ပါတယ်။

ဘုန်း။

ကံကောင်းတာက သူ့ရဲ့ တုံ့ပြန်မှုဟာ လုံလုံလောက်လောက်

Edit with WPS Office

လျင်မြန်ပါတယ်။ လက်ဝါးရိုက်ချက် ထိမှန်ခံလိုက် ရသလိုမျိုး ပင်လယ်ကြမ်းပြင်ပေါ်မှာ ရှိုင့်ကြီးတစ်ခု ဖြစ်ပေါ်လာပြီး အားလိုင်းတွေကြောင့် သူ့ကို မီတာရာနဲ့ချီတဲ့ အဝေးကို လွင့်ထွက်သွား စေခဲ့ပါတယ်။

လျှပ်ပြက်သလိုပဲ လင်းဟာန်က သူ့အရှေ့မှာ နောက်တစ်ကြိမ် ပေါ်ထွက်လာခဲ့ပါတယ်။

သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူရဲ့ မျက်နှာက ထိတ်လန့်တုန်လှုပ်မှုကြောင့် အစိမ်းရောင် သမ်းသွားပါတယ်။ သူ့မှာ အသက်ကယ် ရတနာပစ္စည်းတချို့ ရှိပေမဲ့ ဘယ်ပစ္စည်းကမှ ကောင်းကင်ဘုံ ခန္ဓာကိုယ် တစ်ပိုင်းအဆင့် စွမ်းအားကို တားဆီးနိုင်ခြင်း မရှိပါဘူး။ ဒါက အရမ်းကို လွှမ်းမိုးနိုင်တဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။

တကယ်လို့ အဲဒီပစ္စည်းတွေကို အားကိုးလို့ ရမယ်ဆိုရင် သူထွက်ပြေးလွတ်မြောက် နိုင်ပါတယ်။ သူ့ပစ်မှတ်ရဲ့ ဗျက်ဖဲတွေက ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းနေလဲ ဆိုတာကို သူ သတိပြုမိ သွားခဲ့ပါပြီ။ သူက အစွမ်းထက်တဲ့ ယန္တရားရုပ်ကို အဝေးကို စေလွှတ်လိုက်တာ

Edit with WPS Office

အံ့ဩစရာ မရှိတော့ပါဘူး။ သူက အရမ်းကို ဘဂင်မြင့်နေတဲ့ ပုံစံနဲ့ သူ့ကို ထွက်လာအောင် ဆွဲဆောင်ခဲ့တာ ဖြစ်ပါတယ်။

ဟင်။

သူက ရုတ်တရက် အံ့အားသင့် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုတ်တရက် ရင်းနှီးတဲ့ အရှိန်အဝါ တစ်ခုကို အာရုံခံလိုက်မိတာကြောင့်ပါ။

"ထိုက်ဖန်း၊ အကြီးအကဲ ထိုက်ဖန်း"

သူက ကျေနပ်ပီတိ ဖြစ်သွားခဲ့ပါတယ်။ အကြီးအကဲ ထိုက်ဖန်းက အမှောင်ည ခန်းမရဲ့ ထိပ်ပိုင်းအဆင့်က လူတစ်ယောက် ဖြစ်ပြီးတော့ လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိပါတယ်။

ဟားဟား သူ့ဒီနေရာကို ဖြတ်သွားလိမ့်မယ်လို့ ငါမယုံကြည်နိုင်ဘူး။

အခုအားလုံး အေးဆေးဖြစ်သွားပြီ။ တကယ်လို့ လင်းဟန်မှာ သူ့ရဲ့ စွမ်းအားကို ကောင်းကင်ဘုံ ခန္ဓာကိုယ်

Edit with WPS Office

တစ်ပိုင်းအဆင့်အထိ မြှင့်တင်ပေးနိုင်တဲ့ အထူးနည်းစနစ်တွေ ရှိနေရင်တောင် အစစ်အမှန် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို သူမယှဉ်နိုင်ပါဘူး။ နောက်ပြီး အကြီးအကဲ ထိုက်ဖန်းက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ်မှာ ရှိနေပြီး ကြယ်လေးပွင့် လက်ရွေးစင် တစ်ယောက်လည်း ဖြစ်နေသေးတာပဲ။

Chapter 1110 end

အပိုင်း(1111) ပြီးပြတ်ခြင်း

ရှပ်။

အကြီးအကဲတစ်ယောက် တစ်ဟုန်ထိုး ပြေးလာပြီး သူ့ရဲ့ အစွမ်းထက်တဲ့ အရှိန်အဝါက မိုးကောင်းကင်ကို ပြိုလဲသွားစေသလိုပါပဲ။ သူ့ရဲ့ အရှိန်အဝါအောက်မှာ အသက်ရှုနိုင်ရုံမျှပဲ ရှူလို့ရပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ထိပ်တန်းလက်ရွေးစင် တစ်ယောက်။

Edit with WPS Office

လင်းဟန်ရဲ့ အမူအရာက ချက်ချင်းဆိုသလို လေးနက်လာပြီး သူက အလျင်အမြန်ပဲ နောက်ဆုတ်လိုက်ပါတယ်။ သူက ဒီလိုမျိုး လက်ရွေးစင် တစ်ယောက် အတွက်တော့ ပြိုင်ဘက် မဟုတ်ခဲ့ပါဘူး။ ပြီးတော့ သူက တကယ်လို့ သူ့ရဲ့ သိုလှောင် နတ်ဘုရား ပစ္စည်းရဲ့ လျှို့ဝှက်ချက် ပေါက်ကြားသွားမယ် ဆိုရင်တောင် အနက်ရောင် မျှော်စင်ထဲကို ပြေးဝင်ပုန်းရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ကို သေခြင်းတရားက စောင့်မျှော်နေပါလိမ့်မယ်။

သူက စွေ့ရန်ယွီရဲ့ ဘေးကို အလျင်အမြန် ပြေးသွားပြီး သူမကို ပွေ့ချီကာ အနက်ရောင် မျှော်စင်ထဲ ဝင်ဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက အထဲကို မဝင်နိုင်သေးပဲ ရုတ်တရက် တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူက နောက်ထပ် အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုကို အာရုံခံမိလို့ ဖြစ်ပါတယ်။ နောက်ပြီး ဒီအရှိန်အဝါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အကြီးအကဲထက် ပိုပြီးတော့တောင် အစွမ်းထက်ပါတယ်။ နောက်ပြီး ကြည့်ရတာ နည်းနည်း ရင်းနှီးနေသလိုပါပဲ။

Edit with WPS Office

ကောရီ ဘုရင်မ လွှမ့်ရှင်းလား။

သူက ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို မဝင်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ အဲဒီအစား သူက သူရှိနေတဲ့ နေရာမှာပဲ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဘာတွေဖြစ်လာမလဲ ဆိုတာကို စောင့်နေပါတယ်။

"အကြီးအကဲ ထိုက်ဖန်း"

သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူက အံ့အားသင့်သွားသလို ကျေနပ်ပီတိလည်း ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ဒီအချိန်မှာ အကြီးအကဲ ထိုက်ဖန်းက အရမ်းကို အလျင်စလို ဖြစ်နေတာကို သူသတိမပြုမိခဲ့ပါဘူး။ သူ့အဂတ်အစားတွေက စုတ်ပြဲနေပြီး သွေးတွေတောင် စိုရွှဲလို့နေပါတယ်။

စည်းမျဉ်းဥပဒေ နတ်ဘုရား ချိန်းကြိုးတစ်ခုက လုံတစ်ချောင်းလိုမျိုး အကြီးအကဲ ထိုက်ဖန်းနောက် လိုက်လာပြီးတော့ ရိုက်ချလိုက်ပါတယ်။

ဖူး။

Edit with WPS Office

နတ်ဘုရား ချိန်းကြိုးက သူ့ပခုံးကို ထိုးဖောက်သွားပြီး ရုန်းထွက်လို့ မရအောင် ရစ်ပတ်သွားပါတယ်။

အကြီးအကဲ ထိုက်ဖန်းက အရမ်းကို ဆိုးဝါးတဲ့ အခြေအနေ ဖြစ်နေပါတယ်။ သူ့နောက်ကို ကေရီ ဘုရင်မ လွှမ့်ရှင်းလိုက်ဖမ်းတာ တစ်နေ့နဲ့ တစ်ညတိတိ ရှိပါပြီ။ ပြီးတော့ သူက သူတတ်နိုင်တဲ့ နည်းစနစ် အားလုံးကို အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့လည်း အားလုံးက မထိရောက်ပါဘူး။ ကေရီ ဘုရင်မရဲ့ အရှေ့မှာ သူ့ရဲ့ ခုခံမှုတွေအားလုံးက အသုံးမဝင်ပါဘူး။

သူက တန်ပြန်ပြီးတော့တောင် မတိုက်ခိုက်ဝံ့ပါဘူး။ အဲဒီအစား သူ့ရဲ့လက်ကို ဓားတစ်ချောင်းလို အသုံးပြုပြီး သူ့ပခုံးကို ခုတ်ချလိုက်ပါတယ်။ သွေးတွေက လေထဲမှာ ပျံ့နှံ့သွားပြီး သူ့ပခုံးရဲ့ တစ်ဂက် ပြတ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း နတ်ဘုရား ချိန်းကြိုးက သူ့ကို ရစ်ပတ်ထားတဲ့ နေရာကနေ လွတ်မြောက်သွားပါတယ်။

သူက နောက်တစ်ကြိမ် ထွက်ပြေးဖို့ ပြင်လိုက်ပေမဲ့ မိုးကောင်းကင်ပေါ်ကနေ ရောမ အဖြူရောင် လက်တစ်ဖက်

Edit with WPS Office

ဆင်းသက်လာခဲ့ပါတယ်။

ဒီလက်က ကျစ်လျစ်ပြီး ကျောက်စိမ်းလို ချောမွတ်ကာ လှပမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါပေမဲ့လည်း အကြီးအကဲ ထိုက်ဖန်းရဲ့ မျက်လုံးထဲမှာ ဒီလက်က သေခြင်းတရားရဲ့ အဆောင်လက်ဖွဲ့ တစ်ခုနဲ့ တူပါတယ်။ သူ့မျက်နှာပေါ်မှာ မျှော်လင့်ချက် ကုန်သွားတဲ့ အမူအရာ တစ်ခု ဖြစ်သွားပါတယ်။

သူက သူ့ဝှက်ဖဲတွေ အားလုံးကို အသုံးပြုပြီးပါပြီ။ ဒီတိုက်ခိုက်မှုကို သူ တားဆီးနိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဂုန်း။

ရောမ လက်ကြီးက ဖိကျလာခဲ့ပြီး အကြီးအကဲ ထိုက်ဖန်းကို ပင်လယ်ကြမ်းပြင်အောက်ခြေကို အညှာအတာ ကင်းမဲ့စွာနဲ့ ရိုက်ချပစ်လိုက်ပါတယ်။ ရောမ လက်ကြီး ပျောက်ကွယ်သွားတဲ့ အချိန်မှာ အနည်းဆုံး သူ့ရဲ့ အရိုးတွေ သုံးပုံတစ်ပုံလောက် ကျိုးသွားတာကို တွေ့မြင်နိုင်ပါတယ်။ သူက အဆက်မပြတ် သွေးတွေ အန်ထုတ်လိုက်ပြီး

Edit with WPS Office

သူ့အရှိန်အဝါကလည်း အရမ်းကို နိမ့်ကျတဲ့ အဆင့်တစ်ခုကို ကျဆင်းသွားပါတယ်။

"အ အကြီး အကဲ ထိုက်ဖန်း"

သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူက ထိတ်လန့်တုန်လှုပ်မှုကြောင့် သေးထွက်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ သူ့မျက်လုံးထဲမှာတော့ အကြီးအကဲ ထိုက်ဖန်းဟာ ကမ္ဘာကြီးထဲမှာ နံပါတ်တစ် လုပ်ကြံသတ်ဖြတ်သူ ဖြစ်ပါတယ်။ သူ မသတ်နိုင်တဲ့လူ ဘယ်သူမှ မရှိပါဘူး။

တကယ်လို့ အကြီးအကဲ ထိုက်ဖန်းထက် ပိုပြီးတော့ အစွမ်းထက်တဲ့ လူဆိုရင်တောင် ကိစ္စမရှိပါဘူး။ လုပ်ကြံသတ်ဖြတ်သူတွေက သူတို့ရဲ့ ပစ်မှတ်တွေကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူတို့က တစ်ချက်တည်း အသေသတ်နိုင်မဲ့ အခွင့်အလမ်းကောင်းကို ရှာဖွေကြပါလိမ့်မယ်။ သူတို့ရဲ့ တိုက်ခိုက်မှုကို လုပ်ဆောင်ပြီးတာနဲ့ ချက်ချင်းပဲ အောင်မြင်သည်ဖြစ်စေ မအောင်မြင်သည်ဖြစ်စေ သူတို့က

Edit with WPS Office

ထွက်လာရပါလိမ့်မယ်။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို သတ်ရတာ အရမ်းကို ခက်ခဲပါတယ်။ တကယ်လို့ သူတို့က ဖွတ်မိုတ်ပြီး ထွက်ပြေးမယ်ဆိုရင် ဘယ်သူကများ သူတို့ကို တားဆီးနိုင်မှာလဲ။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် လက်ရွေးစင် ဆယ်ယောက်လောက်က အကြီးအကဲ ထိုက်ဖန်းရဲ့ လက်ထဲမှာပဲ သေသွားခဲ့ ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီလုပ်ကြံသတ်ဖြတ်သူ လက်ရွေးစင်က ဘယ်လောက် ကြောက်စရာကောင်းတယ် ဆိုတာကို သက်သေပြဖို့ လုံလောက်ပါတယ်။

ဒါပေမဲ့ အခုတော့။

သူက မြေကြီးပေါ်မှာ ခွေးသေတစ်ကောင်လို လဲနေပါတယ်။
သူက ဟန်ဆောင်နေတာ မဟုတ်ပါဘူး။
ကုန်းပြီးတော့တောင် မထနိုင်တော့ပါဘူး။

သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူက

Edit with WPS Office

ထိတ်လန့်တုန်လှုပ် ချောက်ချားပြီး တုန်တုန်ရီရီ ဖြစ်လာခဲ့ပါတယ်။ အကြီးအကဲ ထိုက်ဖန်းကို ဘယ်သူ လိုက်ဖမ်းနေတာလဲ။ သူတို့ရဲ့ အစွမ်းက တကယ်ပဲ ကောင်းကင်ဘုံကို ဆန့်ကျင်နေပါတယ်။

ဂှမ်း။

ဖျက်ဆီးခြင်း စွမ်းအားတစ်ခု ဖြတ်သွားပြီး ကေရီ ဘုရင်မ လွှမ့်ရှင်း ထွက်ပေါ်လာပါတယ်။ သူမက အဝါရောင်တောက်တောက် အင်ပါယာ ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမရဲ့ နောက်ကျောမှာ ဟင်္သာတစ်ကောင်ပုံစံ ချည်ထိုးထားတဲ့ ဝတ်ရုံရှည် တစ်ထည်ကိုပါ ဝတ်ထားပါတယ်။ သူမက ပင်လယ်ကြမ်းပြင်ကိုတောင် ထိုးဖောက်နိုင်တဲ့ လွှမ်းမိုးနိုင်ခြင်း စွမ်းအားနဲ့အတူ ထွက်ပေါ် လာခဲ့ပါတယ်။

ဒါပေမဲ့ သူမရဲ့ အသက်ရှူမှားလောက်တဲ့ ပုံရိပ်ကလည်း မျက်လုံးတွေကို သံလိုက်လိုမျိုး ဆွဲငင်သွား ခဲ့ပါတယ်။ လုံးဝကို အပြစ်အနာအဆာ ကင်းမဲ့ပြီး လူတစ်ယောက်ရဲ့ မျက်လုံးကနေတစ်ဆင့် နှလုံးသားဝင်ပေါက်ထဲကို

Edit with WPS Office

အလွယ်တကူ ဖင်ရောက်သွားနိုင်ပါတယ်။

“ဇ ကေရီ ဘုရင်မ လွှမ့်ရှင်း”

သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူက စကားထစ်သွားခဲ့ပါတယ်။ အရည်အချင်း ပြည့်မီတဲ့ လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်အနေနဲ့ သူက ကေရီ ဘုရင်မ လွှမ့်ရှင်းဟာ ကြယ်စင်စုကြီးထဲက အစွမ်းထက်ဆုံး လက်ရွေးစင်တွေထဲက တစ်ယောက်ဆိုတာကို သတိပြုမိပါတယ်။

သူက အသက်ကို ခက်ခက်ခဲခဲ ရှူလိုက်ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက အစွမ်းထက်ပြီး ငြိမ်းချမ်းရေး ဂြိုဟ်ကြီးရဲ့ အုပ်ချုပ်သူ သုံးယောက်ထဲက တစ်ယောက်လို့လည်း အားလုံးက ပြောကြပါတယ်။ သူက ဒါကို အရင်က မယုံကြည်ခဲ့ပါဘူး။ သူမရဲ့ မှင်တက်အံ့သြဖွယ်ရာ အဆင်းကြောင့်ပဲ ထီးနန်းကို အလွယ်တကူ ရသွားတယ်လို့ ခံစားနေခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုချိန်မှာတော့ သူက ဘယ်လောက်တောင် မှားယွင်းနေလဲ ဆိုတာကို နောက်ဆုံး သတိပြုမိ သွားခဲ့ပါတယ်။

Edit with WPS Office

"ကျေးဇူးပြုပြီးတော့ ကျနော့်ကို ချမ်းသာပေးပါ ဧကရီဘုရင်မ"

အကြီးအကဲ ထိုက်ဖန်းက ဝေဒနာကို ညည်းတွားရင်းနဲ့ပြောလိုက်တယ်။

"ဧကရီ ဘုရင်မကို ကျနော် အရှုံးပေးပါတယ်။ ဧကရီဘုရင်မရဲ့ နောက်လိုက်ခွေး အစေခံ တစ်ယောက် ဖြစ်ဖို့ဆန္ဒရှိပါတယ်"

သူက လုပ်ကြံသတ်ဖြတ်သူ တစ်ယောက်ပဲဖြစ်ပါတယ်။ ကိုယ်ကျိုးစွန့်တဲ့ အာဇာနည် တစ်ယောက် မဟုတ်ပါဘူး။ သူ့အသက်နဲ့ ယှဉ်လိုက်ရင် သူ့ရဲ့ ဂုဏ်သိက္ခာက ဘာများထိုက်တန်မှာလဲ။

ဧကရီ ဘုရင်မက သူ့ကို လုံးဝကို လျစ်လျူရှုထားလိုက်ပါတယ်။ သူမက နောက်ထပ် လက်ဝါးရိုက်ချက်တစ်ချက်ကို ထုတ်ဖော်ပြီးတော့ အဲဒီလက်ဝါးရိုက်ချက်ရဲ့အစွမ်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ထက်ခြမ်းခွဲပစ်ပြီးတော့ ကမ္ဘာကြီးကိုတောင် ပျက်စီးသွားစေနိုင်ပါတယ်။

Edit with WPS Office

ပုန်း။

အကြီးအကဲ ထိုက်ဖန်းက ဒီကြောက်မက်ဖွယ်ရာ လက်ဝါးရိုက်ချက်ကြောင့် ပျော့ပြသွားအောင် ရိုက်ခံလိုက်ရပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်နဲ့ သူ့စိတ်ဝိညာဉ် နှစ်ခုလုံး ပျက်စီးသွားခဲ့ပါတယ်။ အဲဒီအချိန် သက်လတ်ပိုင်းအရွယ် လုပ်ကြံသတ်ဖြတ်သူကို အားလိုင်း သေးသေးလေး တစ်ခုက ထိမှန်သွားပြီး အဲဒါက သူ့ကို ဘာမှမကျန်တော့အောင် စုတ်ပြတ်သွားဖို့ လုံလောက်ပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။

လင်းဟာန်က သူ့ဘာသာသူ တွေးလိုက်ပါတယ်။

ဒါက သူ့အနေနဲ့ ဧကရီ ဘုရင်မ လွှမ့်ရှင်းရဲ့ အစစ်အမှန် ခွန်အားကို ထုတ်ဖော်တာ ပထမဆုံးအကြိမ် မြင်ဖူးခြင်း ဖြစ်ပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ဂုဏ်ရောင်ထွန်းပြောင်မှုကို ဆုံးရှုံးသွားစေဖို့ လုံလောက်ပါတယ်။

Edit with WPS Office

ကေရီ ဘုရင်မ လွှမ့်ရှင်းက လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ကို ဝေ့ကြည့်ပြီးတော့ မြေပြင်ပေါ်ကို ဆင်းသက် လာခဲ့ပါတယ်။ အဲဒီနောက် သူမက ရုတ်တရက် သူတို့ဆီကို လမ်းလျှောက် လာခဲ့ပါတယ်။

လင်းဟာန်ရဲ့ နှလုံးသား တဒိတ်ဒိတ် ခုန်လာပါတယ်။ သူတို့အားလုံးက အံ့ဖွယ်အင်ပါယာ တစ်ခုတည်းက ဆိုပေမဲ့ သူက နိုးနိုးကြားကြားနဲ့ သတိဝီရိယ ရှိနေဆဲပါပဲ။ နောက်ပြီးတော့ အုပ်ချုပ်သူ တစ်ယောက်ရဲ့ စိတ်သဘောထားကို နားလည်သဘောပေါက်ဖို့ ပိုပြီးတော့တောင် ခက်ခဲပါတယ်။ ကေရီ ဘုရင်မက ဘာကို စဉ်းစားနေလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ရုတ်တရက် တုန်ခါသွားပြီး သူမကို ဝိုင်းပတ်ထားတဲ့ ရှေးဦးဖရိုဖရဲ အရှိန်အဝါက မတည်မငြိမ် ဖြစ်လာခဲ့ပါတယ်။

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ထိပ်တန်း လက်ရွေးစင် တစ်ယောက်က လမ်းလျှောက်လာရင်း တကယ်ပဲ တုန်ခါသွားခဲ့တယ်လား။

Edit with WPS Office

လင်းဟာန်က ချက်ချင်းပဲ နားလည်သဘောပေါက်သွားခဲ့ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက အမှောင်ည ခန်းမက ထိပ်တန်းလက်ရွေးစင် တစ်ယောက်ကို သတ်ခဲ့ပေမဲ့ သူမကလည်း တန်ဖိုးပြန်ပေးခဲ့ ရပါတယ်။ ဒီလိုပဲ ဖြစ်ရမယ်။ သူမက သေချာပေါက် ချောင်းမြောင်းတိုက်ခိုက်တာ ခံခဲ့ရလိမ့်မယ်။ အမှောင်ည ခန်းမရဲ့ အကျင့်စရိုက်အရ သူတို့ရဲ့ တိုက်ခိုက်မှု အောင်မြင်ဖို့က ခုနစ်ဆယ်ရာခိုင်နှုန်း ဒါမှမဟုတ် ရှစ်ဆယ် ရာခိုင်နှုန်းတောင် ရှိတယ်။

"ဘုရင်မ အဆင်ပြေရဲ့လား"

လင်းဟာန်က အလျင်အမြန်ပဲ မေးလိုက်ပါတယ်။ ဒီမေးခွန်းက သူမကို ခွင့်တောင်းမှု တစ်ခု ဖြစ်ပါတယ်။ သူမရဲ့ ပစ်မှတ်က စွေ့ရန်ယွီဆိုတာ သေချာပါတယ်။

"ဖယ်စမ်း"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အပြစ်ဆိုလိုက်ပါတယ်။ သူမက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီး လင်းဟာန်ကို ဘေးကိုတွန်းထုတ်လိုက်ပါတယ်။ အဲဒီနောက် စွေ့ရန်ယွီရဲ့

Edit with WPS Office

လက်ကို ဆုပ်ကိုင်ပြီး သူမရဲ့ ခါးပေါ်ကို တင်လိုက်ပါတယ်။

လင်းဟန်က အထိတ်တလန့် ဖြစ်သွားပြီး ချက်ချင်းပဲ သူမကို ကာကွယ်ဖို့ တစ်ဟုန်ထိုး ပြေးလာခဲ့ပါတယ်။ ဘာကိုမှ စဉ်းစားနေဖို့ အချိန်မရှိတော့ပါဘူး။

ဒီအချိန် သူ့ဆီမှာ တခြားအတွေး နည်းနည်းမှ မရှိပါဘူး။ သူ့စိတ်ထဲမှာ စဉ်းစားနေတဲ့ အတွေးက တစ်ခုပဲ ရှိပါတယ်။ ယောကျ်ားတစ်ယောက် အနေနဲ့ သူ့မိန်းကလေးကိုတောင် မကာကွယ်နိုင်ရင် ဘာလို့ အသက်ရှင် နေဦးမှာလဲ။

သူ့လည်ပင်းက နာကျင်မှု တစ်ခုကို ခံစားလိုက်ရပြီး အဆင့်လေး နတ်ဘုရား သတ္တုလို မာကျောတဲ့ သူ့အရေပြားက ချက်ချင်းပဲ ပြတ်ရှသွားပါတယ်။ သူ့ကို အံ့အားသင့် သွားစေတာက ဧကရီ ဘုရင်မ လွှမ့်ရှင်းက သူ့လည်ပင်းကို ကိုက်ချပြီး သူ့သွေးကိုစုပ်နေပါတယ်။

သောက်ကျိုးနည်း မင်းက သွေးစုပ်ဖုတ်ကောင်လား။

လင်းဟန်က ခုခံချင်နေခဲ့ပြီး မသိစိတ်ရဲ့ စေ့ဆော်မှုအရ သူ့လက်ကို မြှောက်ပြီးတော့ သူမကို တွန်းလိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူက ဘယ်လိုလုပ်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အစွမ်းကို ဆန့်ကျင်နိုင်မှာလဲ။ သူ့ရဲ့ လုပ်ဆောင်မှုက ဘာမှအရာ မရောက်ပါဘူး။ လုံးဝကို မထိရောက်ခဲ့ပါဘူး။ သူ့သွေးတွေက ဆက်ပြီးတော့ စီးထွက်နေပြီး သူ့အသိစိတ်တောင် ဝေဝါးလာခဲ့ပါတယ်။

အဲဒီအချိန်မှာ စွေ့ရန်ယွီက သူမ မြင်တွေ့ရတဲ့ မြင်ကွင်းကြောင့် မှင်တက်အံ့ဩ တွေဝေနေ မိပါတယ်။ လင်းဟာန်နဲ့ ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ ကိုယ်ဟာန်အနေအထားတွေက အရမ်းကို သံသယရှိစရာ ကောင်းလွန်းပါတယ်။

တစ်ယောက်က ကျန်တဲ့လူရဲ့ လည်ပင်းကို ကိုက်ထားပြီး သူတို့ပုံစံက အနမ်းပေးနေသလိုပါပဲ။ တခြား အရာတွေ အတွက်တော့ လင်းဟာန်ရဲ့ လက်တွေက ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ တောင်ကမူစာလို ဖွံ့ထွားတဲ့ ရင်သားတွေ အပေါ်မှာ ရောက်နေပြီး ဆုပ်ကိုင်ထားတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

Edit with WPS Office

သူ သေတော့မှာပဲ သေတော့မှာပဲ။

ဇွဲ့ရန်ယွီက ကျွှာကြီးတစ်ခုလုံး မည်းမှောင်လာသလို ခံစားလိုက် ရပါတယ်။ ကေရီ ဘုရင်မက ရေခဲလို ကြည်လင်တောက်ပပြီး ကျောက်စိမ်းလို သန့်စင်တယ်ဆိုတာ ဘယ်သူ မသိပဲ နေမှာလဲ။ သူမကို ယောက်ျားတွေ အားလုံးက ချစ်မြတ်နိုးကြပေမဲ့ ထာဂရ မိုးကောင်းကင် ကေရာဇ်နဲ့ ကျောက်စိမ်း ကေရာဇ်တို့လို အထွတ်အထိပ် အုပ်ချုပ်သူတွေကိုတောင် သူမက နည်းနည်းလေးမှ စိတ်မဝင်စားခဲ့ပါဘူး။

ဒါပေမဲ့လည်း အခုတော့ သူမက တကယ်ပဲ လင်းဟာန်ရဲ့ လက်ချက်နဲ့ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်တာ ခံနေရပါပြီ။ သူက ရည်ရွယ်ချက် ရှိရှိလုပ်တာလား ရည်ရွယ်ချက် မရှိပဲ အမှတ်မထင် လုပ်တာလားဆိုတာကို ဘယ်သူက ဂရုစိုက်မှာလဲ။ အရေးအကြီးဆုံး အချက်က အဲဒါ ဖြစ်ပျက်သွားခဲ့ပါပြီ။

ကေရီ ဘုရင်မ လွှမ့်ရှင်း သတိပြန်ဝင်လာတဲ့ အချိန်မှာ လင်းဟာန်အနေနဲ့ အသက်ရှင် ပါဦးမလား။

Edit with WPS Office

အဲဒီအချိန်မှာ သူမက လင်းဟန်ရဲ့ ရဲတင်းမှုကို တကယ်ပဲ မုန်းတီးမိပါတယ်။ ဘာဖြစ်လို့ သူက ဂင်ပြီးတော့ စွက်ဖက်တာလဲ။ ကေရီ ဘုရင်မက သူမရဲ့သွေးစုပ်တာကို သူက ခွင့်ပြုလိုက် သင့်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တန်ခိုးရှင်တွေမှာ အစွမ်းထက်တဲ့ အသက်ဓာတ် ရှိပါတယ်။ သူမရဲ့ သွေးတွေ စုပ်ခံလိုက်ရပြီး ခန်းခြောက်သွားရင်တောင် ပြင်းထန်တဲ့ အသက်ဓာတ် စွမ်းအား ဒဏ်ရာတစ်ခုကိုပဲ ခံစားရပါလိမ့်မယ်။ ဒီအတွက်နဲ့တော့ သူမက သေသွားလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်ကတော့ သေချာပေါက် သေရပါလိမ့်မယ်။

သူမက အလျင်အမြန်ပဲ သူမရဲ့ စိတ်ကနေ ပြတ်သားတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပါတယ်။ သူမရဲ့ဓားကို ဆွဲထုတ်ပြီး ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ နောက်ကျောကို ရက်ရက်စက်စက် ထိုးစိုက်လိုက်ပါတယ်။

Chapter 1111 end

Edit with WPS Office

အပိုင်း(1112) ကံကောင်းသွားခြင်း

တကယ်လို့ သူတို့ထဲက တစ်ယောက်ပဲ
အသက်ရှင်ရမယ်ဆိုရင် လင်းဟာန်ပဲ ဖြစ်ရမယ်လို့
စွေ့ရန်ယွီက ဆန္ဒရှိပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်း သေသွားရင် ငြိမ်းချမ်းရေး
ငြိုပ်ကြီးပေါ်မှာ ဘာတွေဖြစ်ပျက်သွားမလဲ ဆိုတာနဲ့
ပတ်သက်ပြီး သူမ ဂရုမစိုက်ပါဘူး။ ပြီးတော့ မိုးကောင်းကင်ပဲ
သိနိုင်မဲ့ လူတွေ ဘယ်လောက်များများက သူမနဲ့ လင်းဟာန်
နောက်ကို အမဲလိုက်မလဲ ဆိုတာကိုလည်း ဂရုမစိုက်ပါဘူး။
သူမက ဘာကိုမှ ဂရုမစိုက်တော့ပါဘူး။

ဒီအချိန်မှာ သူမရဲ့ တစ်ခုတည်းသော ဆန္ဒက လင်းဟာန်ကို
အသက်ရှင်သန်စေ နိုင်ဖို့ပါပဲ။

ဒါပေမဲ့လည်း သူမရဲ့ဓားကို လက်တစ်ဖက်က တင်းကျပ်စွာနဲ့
ဖမ်းဆုပ်ကိုင်ခြင်း ခံလိုက် ရပါတယ်။ သူမအနေနဲ့ ဓားကို
ရှေ့ဆက်တိုးလို့ မရတော့ပါဘူး။

အဲဒါက ကေရီ ဘုရင်မ လွှမ့်ရှင်းပဲ ဖြစ်ပါတယ်။

Edit with WPS Office

သူမက ခေါင်းကို မော့ပြီးတော့ ဘေးကို လှည့်ကြည့်လိုက်ပါတယ်။ ဇွေ့ရန်ယွီက သူမရဲ့ အမူအရာကို မတွေ့မြင်နိုင်ပေမဲ့ သေချာပေါက် ကေရီ ဘုရင်မက ဒေါ်သအိုး ပေါက်ကွဲနေမယ် ဆိုတာကိုတော့ ယုံကြည်နေပါတယ်။

သူမရဲ့လူက တကယ်ပဲ သူမကို လုပ်ကြံသတ်ဖြတ်ဝံ့တယ်ပေါ့လေ။

ဒါက တကယ့်ကို ကြီးမားတဲ့ နိုင်ငံတော် သစ္စာဖောက်မှု တစ်ခု ဖြစ်ပါတယ်။

အကန့်အသတ်မဲ့တဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခုက ကေရီ ဘုရင်မရဲ့ လွှမ်းမိုးနိုင်တဲ့ ခွန်အားနဲ့အတူ ထွက်ပေါ်လာခဲ့ပါတယ်။ ဇွေ့ရန်ယွီရဲ့ မျက်နှာက ချက်ချင်းပဲ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း သူမက မကြောက်ပါဘူး။ သူမက လင်းဟန်ကို ချစ်ခင်မြတ်နိုးစွာနဲ့ပဲ ကြည့်လိုက်ပါတယ်။ သူတို့နှစ်ယောက် အတူတူ အသက်မရှင်နိုင်ပေမဲ့ အနည်းဆုံးတော့ အတူတူ

Edit with WPS Office

သေနိုင်ပါတယ်။

ဟုတ်ပါတယ်။ သူမမျှော်လင့်ထားတဲ့ အသေသတ်တိုက်ခိုက်မှုက ရောက်မလာခဲ့ပါဘူး။ သူမက ပဟေဠိဖြစ်သွားပြီး ကေရီ ဘုရင်မကို ကြည့်လိုက်မိပါတယ်။ သူမမြင်တာက ရေးပေါင်း အရှိန်အဝါတစ်ခုဝိုင်းပတ်ထားတာ တစ်ခုကိုပဲ တွေ့မြင်ရပြီး ကေရီ ဘုရင်မရဲ့ အမူအရာ ဘယ်လိုမျိုး ရှိနေတယ်ဆိုတာကို တွေ့မြင်ရဖို့တော့ မဖြစ်နိုင်ပါဘူး။

လင်းဟန်ရဲ့ ခန္ဓာကိုယ်က တုန်ခါလာပြီး သူက တဖြည်းဖြည်းခြင်း သတိပြန်ဝင်လာသလိုပါပဲ။

သွေးအများကြီး ဆုံးရှုံးသွားတာက သူ့ကို မူးဝေသွားစေခဲ့ပါတယ်။ သူ့ရဲ့ နတ်ဘုရား အာရုံက အရမ်းကို အစွမ်းထက်ပြီး သန်စွမ်းတာကြောင့် အလျင်အမြန်ပဲ သတိပြန်ရလာခဲ့တာ ဖြစ်ပါတယ်။ သူက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ ခါးကို ဆုပ်ကိုင်ထားပြီး သူ့မျက်နှာပေါ်မှာ ပြတ်သားတဲ့ အမူအရာ တစ်ခု ရှိနေပါတယ်။

Edit with WPS Office

"တကယ်လို့ မင်း တစ်ယောက်ယောက်ကို
အပြစ်ပေးချင်တယ်ဆိုရင် ငါ့ကိုပဲ အပြစ်ပေးပါ"

သူက အရမ်းကို အားနည်းလို့ နေပေမဲ့ သူ့အသံက
အံ့အားသင့်စရာ ကောင်းလောက်အောင်
ပြတ်သားလွန်းပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဒေါသတွေ ပေါက်ကွဲလို့
နေပါတယ်။ သူမက ရေခဲလို ကြည်လင်ပြီး ကျောက်စိမ်းလို
သန့်စင်သူ ဖြစ်ပါတယ်။ အခုတော့ သူမက အရက်နံ့ရတဲ့
ယောက်ျားရဲ့ သွေးကို သောက်ခဲ့ရပါတယ်။ အဲဒါက သူမကို
အနိချင်စိတ် ပေါက်လာခဲ့ပါတယ်။ သူမက လက်ကို
မြှောက်လိုက်ပြီး သူမရဲ့ နောက်ကျောမှာ ကောင်းကင်ဘုံ
ခန္ဓာကိုယ် လေးခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ကောင်းကင်ဘုံ
ခန္ဓာကိုယ် တစ်ခုချင်းစီက ဖျက်ဆီးနိုင်တဲ့ စွမ်းအားတစ်ခုနဲ့
တောက်ပနေပြီး လင်းဟန်ရဲ့ အရေပြားကို ချက်ချင်းပဲ
ကွဲအက်လာစေခဲ့ပါတယ်။

ဒါပေမဲ့လည်း သူ့သွေးတွေက ခန်းခြောက်အောင်
စုပ်ယူခံထားရတာကြောင့် သွေးတစ်စက်မှ

Edit with WPS Office

သူ့အရေပြားကနေ စိမ့်ထွက်မလာခဲ့ပါဘူး။ ဒါက အရမ်းကို ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

"မင်းက ကြွင်နာမှုကို အမုန်းတရားနဲ့ ပြန်ပေးဆပ်နေတာလား"

လင်းဟာန်က သေခြင်းတရားကို ဒီအတိုင်း ထိုင်စောင့် မနေနိုင်ပါဘူး။ သူက ချက်ချင်းပဲ ပြောလိုက်တယ်။

"ငါမသိဘူး မထင်နဲ့။ စောစောတုန်းက မင်းဒဏ်ရာရလာခဲ့တယ်။ မင်းရဲ့ အခြေအနေ တည်ငြိမ်သွားဖို့ ငါ့သွေးကို မင်းစုပ်ခဲ့တယ်။ ဒါမှမဟုတ် မင်းက လျှို့ဝှက်ပညာရပ် တချို့ကို အသုံးပြုခဲ့တယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

ကောရီ ဘုရင်မ လွှမ့်ရှင်းက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူမရဲ့ မူလပစ်မှတ်က စွေ့ရန်ယွီ ဖြစ်ပါတယ်။ ပြီးတော့ ဘယ်လိုပဲဖြစ်ဖြစ် သူမအနေနဲ့ စွေ့ရန်ယွီကို သတ်ပစ်မှာ မဟုတ်ပါဘူး။ လင်းဟာန်က ဂင်ပြီးတော့ စွက်ဖက်ဖို့ လိုလို့လား။ ဖွီ။ သူမက ဒီလူ့ရဲ့ သွေးကို စုပ်ယူခဲ့ရပြီး သူတို့က

Edit with WPS Office

ရင်းနှီးတဲ့ ပတ်သက်ဆက်နွယ်မှု တစ်ခုတောင်
ဖြစ်လာခဲ့ပါတယ်။

ဒါကို စဉ်းစားကြည့်လိုက်ရင် သူမက ကြက်သီးမွေးညင်းတွေ ထလာမိပါတယ်။ ဒါက အရမ်းကို မအီမသာ ဖြစ်ပြီးတော့ ပျို့အန်ချင်စိတ် ဖြစ်ပေါ်လာပါတယ်။

"အုပ်ချုပ်သူ တစ်ယောက် အနေနဲ့ မင်းက ကြင်နာမှုနဲ့ အမုန်းတရား အကြားမှာ ဝေဖန်ပိုင်းခြား နိုင်သင့်တယ်။ တကယ်လို့ မင်းက ငါတို့ကို သတ်ပစ်မယ်ဆိုရင် ကိုယ်ကျင့်စာရိတ္တ ပျက်ပြားပြီး ညံ့ဖျင်းတဲ့ အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာလိမ့်မယ်"

လင်းဟာန်က သူစဉ်းစားလို့ ရသမျှကို အကုန်ထုတ်ပြောလိုက်ပါတယ်။ သူတို့က အခုဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တစ်ယောက်ရဲ့ လက်ထဲမှာ ရောက်နေပါပြီ။ ပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်နိုင်တဲ့ စွမ်းရည်မျိုး မရှိခဲ့ပါဘူး။ ဒါကြောင့် သူက သူတို့ရဲ့ အသက်ကို ကယ်တင်ဖို့ တခြားနည်းလမ်းတွေကို သုံးရပါတယ်။

Edit with WPS Office

"တကယ်လို့ ကမ္ဘာကြီးထဲက အားလုံး ငါ့ကို
သစ္စာဖောက်တော့ရော ဘာဖြစ်မှာလဲ"

ဇေရီ ဘုရင်မ လွမ့်ရှင်းက သူ့ထောင်ချောက်ထဲကို
မဆင်းသက်လာခဲ့ပါဘူး။ ပြီးတော့ ဆက်ပြောလိုက်တယ်။

"မင်းမှာ နောက်ဆုံးပြောစရာ စကားရှိသေးလား"

သောက်ကျိုးနည်း မင်းက စည်းမျဉ်းစည်းကမ်းအတိုင်း
မကစားဖူးပဲ။

လင်းဟာန်က သူ့ဦးနှောက်ထဲက အကြံဉာဏ်တွေ
ထွက်လိုထွက်ငြား ကြိုးစားပြီး ညှစ်ထုတ်လိုက် ပါတယ်။
ဒါပေမဲ့လည်း သူတို့ရဲ့ အစွမ်းက အရမ်းကို
ကွာခြားလွန်းပါတယ်။ တကယ်လို့ သူ့အကြံတွေ အားလုံးကို
အသုံးချမယ် ဆိုရင်တောင် အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။

"ဟင့်"

ဇေရီ ဘုရင်မ လွမ့်ရှင်းက သူမရဲ့ လက်ဝါးနဲ့
လင်းဟာန်ရဲ့ခေါင်းကို ရိုက်လိုက်ပါတယ်။

လင်းဟာန်မှာ ရွေးစရာ မရှိပါဘူး။ တကယ်လို့ အဆိုးတကာ့

Edit with WPS Office

အဆိုးဆုံး ဖြစ်လာမယ်ဆိုရင် သူက အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက် ပေါက်ကြားသွားမယ် ဆိုရင်တောင် မျှော်စင်လေးရဲ့ စွမ်းအားကို အသုံးပြုရပါမယ်။ သူက ကမ္ဘာမြေ အဆုံးထိ ထွက်ပြေးရပါလိမ့်မယ်။ သူက တန်ခိုးရှင်ဘုံကို ဝင်လာတာ မကြာသေးပါဘူး။ မိုးကောင်းကင်ရော ကမ္ဘာမြေကြီးပါ အဆုံးအစ မရှိအောင် ကြီးမားလွန်းပါတယ်။ ဒီနေရာက လက်ရွေးစင်တွေ သူ့ကို အလွယ်တကူ ရှာတွေ့နိုင်တဲ့ ကမ္ဘာငယ် သေးသေးလေး တစ်ခုနဲ့ မတူပါဘူး။

ဒါပေမဲ့လည်း ကေရီ ဘုရင်မ လွှမ့်ရှင်းက ရုတ်တရက် သူမရဲ့ တိုက်ခိုက်မှုကို လမ်းတစ်ဝက်မှာပဲ ရပ်လိုက်ပါတယ်။

သေစမ်း။

ကေရီ ဘုရင်မက သူမရဲ့ စိတ်ထဲကနေ ကျိန်ဆဲလိုက်ပါတယ်။ အဲဒီအခိုက်အတန့် သူမရဲ့ စိတ်ထဲမှာ နံ့ပါတ်ကိုး ဘုရင်ရဲ့ အတွေးတွေ ရုတ်တရက် ပေါ်လာခဲ့ပြီး သူမရဲ့ တိုက်ခိုက်မှု ရှေ့ဆက်ဖို့ကနေ တားဆီးထားပါတယ်။

Edit with WPS Office

သူမက ဒီအတွေးတွေကို ဖြတ်ပစ်ချင်ခဲ့ပါတယ်။ ဒါတွေက အရမ်းကို လေးနက်တဲ့ အကျိုးဆက်ကို ဦးတည်နေပါတယ်။ ဒါက သူမရဲ့ နှစ်ပေါင်းတစ်သန်းလုံး ကြိုးစားထားတာတွေကို ဘာမျှမရှိအောင် အရည်ပျော်သွား စေပါလိမ့်မယ်။

မျှော်လင့်ထား သလိုပါပဲ သူမမှာ သူတို့ရဲ့ ပတ်သက်မှုကို တားဆီးဖို့ အရမ်းကို နောက်ကျသွား ခဲ့ပါပြီ။ နံပါတ်ကိုး ဘုရင်က ဒီစက်ဆုပ်စရာကောင်းတဲ့ ယောက်ျားအပေါ်မှာ ကောင်းမွန်တဲ့ ခံစားချက်တွေ ရှိပြီးတော့ အဲဒီခံစားချက်တွေက အခု သူမကို အကျိုးသက်ရောက်စေပါတယ်။

သူမရဲ့ နှလုံးသားက သူမလက်ဝါးရိုက်ချက်ကို နောက်တစ်ကြိမ် အောက်ကို ချဖို့ ဖိအားပေးနေပြီး ချက်ချင်းဆိုသလို သူမရဲ့ နှလုံးသားထဲမှာ အဲဒါကို ငြင်းဆန်တဲ့ ခံစားမှု တစ်ခုကလည်း ပေါက်ဖွားလာခဲ့ပါတယ်။ ဒါက သူမကို နောက်တစ်ကြိမ် ရပ်သွားစေခဲ့ပါတယ်။

သေစမ်း သေစမ်း။

Edit with WPS Office

ကေရီ ဘုရင်မ လွှမ့်ရှင်းက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ လင်းဟာန်ကို ဘေးကိုပစ်ထုတ် လိုက်ပြီး အေးစက်တဲ့ အသံနဲ့ ပြောလိုက်တယ်။

"ဒီနေ့အဖြစ်အပျက်တွေ အားလုံးက ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး"

အဲဒီလိုပြောပြီးတော့ သူမက လေထဲကို လွှားခနဲ ခုန်တက်ပြီး သူတို့ရဲ့ အမြင်ကနေ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။

"ဘယ်လောက် မယုံကြည်စရာ ကောင်းလိုက်လဲ"

လင်းဟာန်က မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်တယ်။ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်တစ်စက်ကို လည်ပတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဖျက်ဆီးလို့ မရနိုင်တဲ့ အစစ်အမှန် အရည်စက်က ဒဏ်ရာတွေကို ကုသဖို့ အသုံးပြုတာ ဖြစ်ပြီးတော့ သူက တကယ်တမ်း ဒဏ်ရာ ရခဲ့တာ မဟုတ်ပါဘူး။ သူက အသက်ဓာတ် စွမ်းအား တော်တော်လေး ဆုံးရှုံးသွားခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဖျက်ဆီးလို့ မရတဲ့ အစစ်အမှန် အရည်စက်တောင် သူ့ကို

Edit with WPS Office

လုံး၊ ပြန်လည် ကောင်းမွန်လာဖို့ ကူညီနိုင်စွမ်း မရှိပါဘူး။ သူ့ရဲ့ မျက်နှာက စာရွက်တစ်ရွက်လို ဖြူဖပ်ဖြူရော် ဖြစ်နေဆဲပါပဲ။

စွေ့ရန်ယွီက အိပ်မက်တစ်ခုကနေ လန့်နိုးလာသလိုမျိုး ခံစားလိုက် ရပါတယ်။ သူတို့က တကယ်ပဲ သေခြင်းတရားကနေ လွတ်မြောက်လာတာလား။

"ဆရာသခင် ဆရာသခင် သတ်ဖြတ်သူလေးက ဆရာသခင်ကို အရမ်းပဲ သတိရနေပြီ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ပေါ်လာပြီးတော့ သူ့မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်နေပါတယ်။

"လပ္ပြတ်ပဲ သွားစမ်းကွာ"

လင်းဟာန်က သူ့ကို ဘေးကန်ထုတ် လိုက်ပါတယ်။ ထင်ထားတဲ့ အတိုင်းပဲ သူက ယုံကြည်လို့ မရပါဘူး။ ကေရီ ဘုရင်မ လွမ့်ရှင်း ရှိနေတဲ့ အချိန်တုန်းက သူက ထွက်တောင် မလာရဲပါဘူး။ အခု သူမထွက်သွားမှ သူက ကပျာကယာ

Edit with WPS Office

ပြေးထွက်လာခဲ့ပါတယ်။

ဒါက အံ့ဩစရာ အတွေးတော့ မဟုတ်ပါဘူး။ တကယ်လို့ သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ် ပြန်လာခဲ့ရင်တောင် သူ့သေလမ်းကို သူပြေးလာတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် လင်းဟန်က သူ့ဒေါသကို ပုံချတဲ့ အနေနဲ့ ဘေးကိုပဲ ကန်ထုတ်ပစ်လိုက်တာ ဖြစ်ပါတယ်။ သူ့မှာ တခြား မကောင်းတဲ့ အတွေးနည်းနည်းမှ မရှိပါဘူး။

လင်းဟန်က အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှိုက်ပြီးတော့ ပြောလိုက်တယ်။

"ဟူး ငါတို့ အသတ်မခံရတော့ဘူး။ ဘယ်လောက် ကံကောင်းလိုက်သလဲ"

သူက ခွေးတစ်ကောင် အကိုက်ခံလိုက် ရတဲ့အတိုင်း ဟန်ဆောင်လိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနက်ရောင် မျှော်စင်ထဲမှာ ဆေးပင်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ သွေးတွေ ပြန်လည်ပြည့်ဝလာဖို့ အချိန်အများကြီး မလိုအပ်ပါဘူး။

Edit with WPS Office

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးကြည့်ပြီးတော့ ပြောလိုက်တယ်။

"နင်က ကေရီ အရှင်သခင်မကို မဖွယ်မရာ လုပ်လိုက်တယ်ဆိုတာကိုရော နင်သတိထား မိရဲ့လား"

"ဟမ်"

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ပဟေဠိ ဖြစ်သွားတဲ့ အမူအရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ သူက ပြောလိုက်တယ်။

"မင်း နောက်နေတာလား။ ငါက စောစောကပဲ သွေးတွေ ခန်းခြောက်လုနီးပါး စုပ်ခံလိုက်ရတာ။ ဘယ်လိုလုပ်ပြီးတော့ မိန်းကလေး တစ်ယောက်ကို မဖွယ်မရာ လုပ်နိုင်မှာလဲ"

"ဟင့် ငါ့မျက်လုံးနှစ်လုံးနဲ့ သေသေချာချာ မြင်လိုက်ပါတယ်။ နင့်ရဲ့ လက်နှစ်ဖက်က ကေရီ ဘုရင်မရဲ့ ရင်သားတွေကို ဆုပ်ထားတယ်လေ"

စွေ့ရန်ယွီရဲ့ အသံထဲမှာ မနာလိုဂန်တိုမှုတွေ ခံစားမှုတွေ ပါဝင်နေပါတယ်။ အဲဒီအချိန်တုန်းက သူမရဲ့ စိတ်ထဲမှာ လင်းဟာန်အတွက် စိုးရိမ်ပူပန်မှုတွေနဲ့ပဲ

Edit with WPS Office

ပြည့်နက်နေခဲ့ပါတယ်။ ပြီးတော့ အခု သူတို့တွေ လုံခြုံသွားပါပြီ။ ဒါကြောင့် သူမက သဂေန်တို့မှတွေ စတင်ခံစား လာပါတယ်။

"ဘာပြောတယ်"

လင်းဟန်က မှင်တက်အံ့ဩ သွားခဲ့ပြီး သူ့လက်တွေကို မယုံကြည်နိုင်တဲ့ ပုံစံနဲ့ မြောက်ကြည့် လိုက်ပါတယ်။ ဒီလက်နှစ်ဖက်က တကယ်ပဲ ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ ဖွံ့ထွားတဲ့ ရင်သား တစ်စုံကို ဆုပ်ကိုင်ခဲ့တာလား။

လပြွတ်ပဲလေ။ ဘာဖြစ်လို့ ငါဒါကို သတိမရတာလဲ။ ငါ ဘာမှလည်း မခံစားခဲ့ရဘူး။

စွေ့ရန်ယွီက နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"နင်က ဒီထပ်ပိုပြီးတော့ ကိုင်ချင်နေသေးတာလား။ လုပတဲ့ မှတ်ဉာဏ်တွေ ဆုံးရှုံးကုန်ပြီလား"

လုံလောက်ပါပြီ။ ယောကျ်ားတွေက ယုံလို့ကို မရပါဘူး။

"မင်းက ဘာဖြစ်လို့ မနာလို သဂေန်တို ခံစားနေတာလဲ"

Edit with WPS Office

လင်းဟန်က သူမကို ပွေ့ဖက်လိုက်ပြီးတော့ ပြောလိုက်တယ်။

"စောစောက ငါသေမလို ဖြစ်နေတာ ဘယ်လိုလုပ်ပြီး ဒီလိုကိစ္စတွေနဲ့ ပတ်သက်ပြီး တွေးနိုင်မှာလဲ"

စွေ့ရန်ယွီရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်တုန်လှုပ်တဲ့ အကြည့်တစ်ခုက မေ့ပျောက်လို့ မရသေး သလိုပါပဲ။ သူတို့ထဲက တစ်ယောက်က ဧကရီ ဘုရင်မရဲ့ ရင်သားတွေကို ဆုပ်ကိုင်ခဲ့ပြီး ကျန်တစ်ယောက်က သူမကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူတို့ နှစ်ယောက်လုံး ဘယ်သူမှ မသေသွားခဲ့ပါဘူး။ ဒါက မယုံနိုင်စရာကောင်းတဲ့ ဆန်းကြယ်မှု တစ်ခု ဖြစ်ပါတယ်။

"ငါ့မိန်းမ နေလို့ထိုင်လို့ ပိုကောင်းလာပြီ"

လင်းဟန်က အသာအယာ ရယ်မောပြီး စွေ့ရန်ယွီရဲ့ ဖုံးထွားတဲ့ ရင်သားတွေကို သူ့လက်နဲ့ ဆုပ်ကိုင် လိုက်ပါတယ်။ အရမ်းကို ကောင်းမွန်တဲ့ ခံစားချက်ပါပဲ။

"နာ နာဘူးကောင်"

Edit with WPS Office

စွေ့ရန်ယှီက ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။

သူမက လင်းဟာန်ကို လက်သည်းနဲ့ ဆိတ်လိုက်ပါတယ်။ လင်းဟာန်က တဖြည်းဖြည်းနဲ့ သူမရဲ့ ရင်ခွင်ထဲကို ကျလာပြီးတော့ နစ်နစ်မြိုက်မြိုက် အိပ်ပျော်သွားတာကို သတိထားမိ လိုက်ပါတယ်။ သူမရဲ့ ကြင်နာသနားတတ်တဲ့ ခံစားမှုတွေက ချက်ချင်းပေါက်ဖွားလာပြီး သူ့ကို ပွေ့ဖက်ထား လိုက်ပါတယ်။

ဒီယောက်ျားက သူမကို ကာကွယ်ဖို့ မားမားမတ်မတ် ရှေ့ကနေ ရပ်တည်ပေးခဲ့ပါတယ်။ တကယ်လို့ သူသာ မလုပ်ခဲ့ရင် ဒီပြဿနာတွေ ဘယ်တော့မှ ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။

သူမက ချိုချိုသာသာနဲ့ ပြုံးလိုက်မိပါတယ်။ သူမအတွက် သူ့ကိုယ်သူ စတေးဖို့တောင် ဆန္ဒရှိတဲ့ ယောက်ျားတစ်ယောက်နဲ့ သူမ ကြုံတွေ့ခဲ့ ရပါပြီ။ သူမက ဘာကိုများ ထပ်ပြီးတော့ တောင်းဆို နိုင်ဦးမှာလဲ။ သူမက လင်းဟာန်ကို ပွေ့ဖက်ထားပြီး သူ့ခေါင်းကို သူမရဲ့ နူးညံ့ပျော့ပြောင်းတဲ့ ရင်နစ်မွှာမှာ နားခိုစေပြီးတော့ သူ့ကို

Edit with WPS Office

အတတ်နိုင်ဆုံး ကောင်းကောင်း အနားယူ အိပ်စက်စေခဲ့ပါတယ်။

ဒါပေမဲ့လည်း ဧကရီ ဘုရင်မက သူမတို့နှစ်ယောက်ကို ဘာဖြစ်လို့ ရုတ်တရက်ကြီး လွှတ်ပေးလိုက်လဲ ဆိုတာကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ အထူးသဖြင့် သူတို့ကို ပြင်းထန်တဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒတစ်ခု ဖြစ်နေတဲ့ အချိန်မျိုး ဘယ်လိုမျိုး ကိစ္စက ဧကရီ ဘုရင်မရဲ့စိတ်ကို ထိတ်လန့်တုန်လှုပ် စေနိုင်တာမျိုး ရှိနေသေးလို့လဲ။

သေချာပေါက် ဘာမှမရှိပါဘူး။

ဒါပေမဲ့လည်း သူမက ဒီအတွေးတွေကို သူမရဲ့ စိတ်ထဲကနေ အမြန်ဆုံး ထုတ်ပစ်လိုက် ပါတယ်။ သူမက လင်းဟန်ကို ချစ်ခင်ကြင်နာတဲ့ အမူအရာနဲ့ စိုက်ကြည့်ပြီး သူမရဲ့ နှလုံးသားထဲမှာ ချိုမြိန်တဲ့ ခံစားချက်တစ်ခုကို ကြည်ကြည်နူးနူးနဲ့ ခံစားနေလိုက်ပါတယ်။

Chapter 1112end

အပိုင်း(1113) နောက်ထပ်မျှော်စင်တစ်ခု တွေ့မြင်ရခြင်း

Edit with WPS Office

ဘယ်လောက်တောင် ကြာသွားလဲ ဆိုတာကို မိုးကောင်းကင်ပဲ သိနိုင်ပါလိမ့်မယ်။ စွေ့ရန်ယွီ သတိထားမိတဲ့ အချိန်မှာ လင်းဟာန်က သူ့မျက်လုံးတွေကို ဖွင့်ပြီးတော့ သူမကို စိုက်ကြည့်နေတာကို တွေ့လိုက်ရပါတယ်။

သူမက ချက်ချင်းပဲ ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး သူ့ကို တွန်းထုတ် လိုက်ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က သူ့လက်တွေနဲ့ သူမရဲ့ ခါးကို ပွေ့ဖက်လိုက်တာကို ရုတ်တရက် ခံစားလိုက် ရပါတယ်။

"မိန်းမ ငါ့ကိုဒီနေရာမှာ နည်းနည်းကြာကြာ လဲလျောင်းခွင့်ပြုပါ"

လင်းဟာန်က အသံတိုးတိုးနဲ့ ပြောလိုက်ပြီး သူ့ခေါင်းကို သူမရဲ့ ရင်နှစ်မွှာအကြားမှာ နှစ်မြှုပ်ထား လိုက်ပါတယ်။

စွေ့ရန်ယွီက ပျော်လည်းပျော် ရှက်လည်းရှက်သွား မိပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ ရှက်ရွံ့မှုတွေက သူမကို အပြစ်တင် ဝေဖန်စေပါတယ်။ မင်းက အသက်လည်း

Edit with WPS Office

ကြီးနေပြီ။ ဘာဖြစ်လို့ ကလေးတစ်ယောက်လို ဟန်ပန်အမူအရာ လုပ်နေသေးတာလဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူမရဲ့ ရင်သားထိပ်ကို ဖျစ်လိုက်ပါတယ်။ အဲဒီနောက် သူက မတ်တတ်ထရပ်ပြီး ပြောလိုက်တယ်။

"တစ်ချက်လောက် ဖျစ်ညှစ်ပြီးမှပဲ ငါ့ခံစားမှုတွေ အရမ်းကို ကောင်းလာတော့တယ်"

သူ့ရဲ့ သွေးတွေ အားလုံး ပြန်လည်မပြည့်ဝ သေးပေမဲ့လည်း သိပ်မကြာတော့ပါဘူး။

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူး ကြည့်လိုက်ပါတယ်။ ဒီယောက်ျားက တကယ်ပဲ သူမ အပေါ်မှာ တဏှာရူး နာဘူးတစ်ယောက်လို ဝါသနာပါပါနဲ့ လုပ်နေပါတယ်။ သူက တကယ်ပဲ သူ့ကိုယ်သူ မထိန်းနိုင်ပါဘူး။

သတိဖြတ်သူ နတ်ဆိုး ကေရာဇ်က ပြန်ရောက်လာခဲ့ပေမဲ့ သူက မလှမ်းမကမ်းမှာပဲ လိမ်လိမ်မာမာနဲ့ စောင့်နေပြီး အသံတစ်ချက်လေးတောင် မထွက်ဝံ့ပါဘူး။

Edit with WPS Office

လင်းဟန်က ဂျင်ဆင်းပင် တချို့နဲ့ ဆေးဖက်ဝင် အပင်တချို့ကို စားလိုက်ပါတယ်။ သူ စားပြီးတဲ့ နောက်မှာ ပြောလိုက်တယ်။

"ရှေ့ဆက်သွားကြစို့"

"နင် နည်းနည်းလောက် ထပ်ပြီးတော့ အနားယူဖို့ မလိုတော့ဘူးလား"

စွေ့ရန်ယွီက လင်းဟန်ကို စိုးရိမ်ပူပန်နေဆဲပါပဲ။ သူ့ရဲ့ သွေးတွေ ခန်းခြောက်သွားအောင် စုပ်ယူခံလိုက် ရပါတယ်။ တကယ်တော့ သူ့ရဲ့ ထူးခြားတဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်နဲ့တောင် သူ့အတွက် အပြည့်အဝ ကောင်းမွန်ဖို့ ခက်ခဲနေပါတယ်။

"ငါနေကောင်းပါတယ်"

လင်းဟန်က ပြုံးပြလိုက်တယ်။ အဲဒီနောက် သူက သူ့ခေါင်းကို ဆုပ်ကိုင်ပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း ကေရီ ဘုရင်မနဲ့ ငါတို့ နောက်တစ်ကြိမ် တွေ့မယ်ဆိုရင် ငါဘာလုပ်သင့်လဲ"

သူက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ ရင်သားကို

Edit with WPS Office

ဆုပ်ကိုင်မိခဲ့တာက သတိမထားမိတာကြောင့်လို့ ယုံကြည်မှုအပြည့်နဲ့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ နောက်ပိုင်းမှာ သူတို့တွေ ထပ်ဆုံမယ်ဆိုရင် သူ့အနေနဲ့ ဒီအကြောင်းကို ပြန်စဉ်းစားမိပြီး ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ ရင်ဘတ်ကို မကြည့်မိပဲ နေနိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ ဧကရီ ဘုရင်မ လွမ့်ရှင်းက ဒါကို မြင်သွားရင် သေချာပေါက် ရူးသွားပါလိမ့်မယ်။

"ဟူး ဘာပဲဖြစ်ဖြစ်ပေါ့"

စွေ့ရန်ယွီက သူ့မခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒီစကားတွေသာ ပျံ့သွားရင် နင့်ကို ထာဂရ မိုးကောင်းကင် ဧကရာဇ်နဲ့ ကျောက်စိမ်း ဧကရာဇ်တို့ကပါ အမဲလိုက်သလို လိုက်လိမ့်မယ်ဆိုတာ ငါယုံကြည်တယ်"

အထွတ်အထိပ် အုပ်ချုပ်သူ နှစ်ယောက်က တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ကို အမဲလိုက်မှာလား။

ဒီအဖြစ်က တကယ့်ကို ရယ်စရာ ကောင်းပါတယ်။ ဒါပေမဲ့

Edit with WPS Office

ဒါက တကယ်လည်း ဖြစ်နိုင်ချေ ရှိပါတယ်။ ဒီကောရာဇ် နှစ်ယောက်က ကေရီ ဘုရင်မ လွှမ့်ရှင်းကို ဘယ်လောက်တောင် ချစ်ခင်မြတ်နိုးတယ် ဆိုတာကို ဘယ်သူသိနိုင်မှာလဲ။ သူတို့က တကယ်လို့ သူမကသာ သူတို့ကို လက်ထပ်ဖို့ စိတ်ကူးရှိတယ်ဆိုရင် မင်္ဂလာခန်းဝင် လက်ဖွဲ့ပစ္စည်းအဖြစ် သူတို့ရဲ့ သက်ဆိုင်ရာ အင်ပါယာတွေကို ပေးအပ်ဖို့တောင် ဆန္ဒရှိကြပါတယ်။

ပြီးတော့ အခုဆို သူတို့ရဲ့ နှလုံးသားထဲက နတ်ဘုရားမလေးကို လူတစ်ယောက်က မဖွယ်မရာ ကျူးလွန်ခဲ့ပါတယ်။ သူတို့က အဲဒီလူကို ဘာကြောင့် သေဒဏ်မပေးနိုင် ရမှာလဲ။

လင်းဟန်က သူ့လက်ချောင်းတွေကို သုံးပြီးတော့ ရေတွက်လိုက်ပါတယ်။ အဲဒီနောက် ရယ်မောပြီး ပြောလိုက်တယ်။

"ဟားဟား ငါအခုဆို ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် ဘယ်လောက်များများကို ရန်စမိလိုက်ပြီလဲ"

Edit with WPS Office

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီးတော့ပဲ ကြည့်နိုင်ပါတော့တယ်။ လင်းဟာန်က ဒီကဗ္ဗာကြီးထဲမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ အများကြီးရဲ့ အာရုံကို စွဲဆောင်နိုင်တဲ့ တစ်ဦးတည်းသော တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်နိုင်ပါတယ်။ ဒါက သူမကို ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားသလို ကြည်ညိုလေးစားမိ သွားခဲ့ပါတယ်။ ဘယ်တောင်မြစ်အဆင့် ကျင့်ကြံသူကများ ဒီလိုမျိုး အောင်မြင်မှုကို ရအောင်ယူနိုင်လို့လဲ။

နေလအဆင့် လက်ရွေးစင်တွေတောင်မှ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ အများကြီးရဲ့ သတိထားမိခြင်းကို မခံရပါဘူး။ တောင်မြစ်အဆင့် ကျင့်ကြံသူဆိုရင် ပြောမနေပါနဲ့တော့။

သူတို့နှစ်ယောက်က အရှေ့ကို ခရီးဆက်လာခဲ့ ကြပါတယ်။ ဒီသေခြင်းရှင်ခြင်း အခြေအနေကို အတူတကွ တွေ့ကြုံခံစားပြီးတဲ့ နောက်မှာတော့ သူတို့အကြားက ခံစားချက်တွေ ပိုပြီးတော့တောင် အားကောင်းလာခဲ့ပါတယ်။

Edit with WPS Office

သူတို့က မကြာခဏဆိုသလို ချစ်ရည်ရွှန်းလဲ့တဲ့ အကြည့်တွေကို ဖလှယ်နေခဲ့ပါတယ်။ ဒါကြောင့် သူတို့က လမ်းလျှောက်နေရင်း ပျင်းတယ်လို့တောင် မခံစား ရတော့ပါဘူး။ သူတို့က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိတဲ့ အချိန်တိုင်း သူတို့ရဲ့ နှလုံးသားထဲမှာ နွေးထွေးမှုတွေနဲ့ ပြည့်နှက်လို့ လာပါတယ်။

အရင်ကလိုပဲ သူတို့တွေ အနိုင်ယူနိုင်တဲ့ အရာတွေကို သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို လွှတ်ပြီးတော့ တိုက်ခိုက်စေခဲ့ပါတယ်။ တကယ်လို့ သူတို့ မနိုင်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ ကြုံလာရင်တော့ သူတို့ကို ရှောင်တိမ်းသွားရင်သွား ဒါမှမဟုတ် အချိန်အတိုင်းအတာ တစ်ခုအထိ ပုန်းအောင်းနေခဲ့ ကြပါတယ်။ ဒီနေရာမှာရှိတဲ့ ဧရာမ ငါးကြီးတွေက အစွမ်းထက်တယ် ဆိုပေမဲ့ သူတို့မှာ ဉာဏ်ရည်ဉာဏ်သွေးကောင်း မပိုင်ဆိုင်ထားပါဘူး။ သူတို့က ကျင့်ကြံအားထုတ် နိုင်စွမ်းလည်း မရှိပါဘူး။ ဒါကြောင့် တကယ်လို့ အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို သိသွားရင်တောင် ကိစ္စမရှိပါဘူး။

Edit with WPS Office

ရက်သတ္တပတ် နှစ်ပတ်လောက် ကြာသွားပြီးတဲ့နောက် သူတို့ရဲ့ မြင်ကွင်းထဲကို မျှော်စင်တစ်ခု ပေါ်လာခဲ့ပါတယ်။

အဲဒီမျှော်စင်က အထပ်ကိုးထပ်ရှိပြီး ရွှေရောင်တလက်လက် တောက်ပနေတဲ့ မျှော်စင်တစ်ခု ဖြစ်ပါတယ်။ သူ့ရဲ့ အမြင့်ကတော့ ပင်လယ် ရေမျက်နှာပြင်ရဲ့ အထက်မှာ ရှိပြီးတော့ အရမ်းကို ထူးခြားဆန်းကြယ် လွန်းပါတယ်။

အောက်ဆုံးအဆင့်ကို ဝင်နေတဲ့ လူတွေလည်း ရှိပြီးတော့ ဒုတိယနဲ့ တတိယ အဆင့်ကို ဝင်ရောက်ဖို့ ကြိုးစားနေတဲ့ လူတွေလည်း ရှိပါတယ်။ ဒါပေမဲ့လည်း ဒီလူတွေအားလုံး မျှော်စင်ရဲ့ အနားကို ကပ်သွားတဲ့ အချိန်မှာ လျှပ်စီးမိုးကြိုးတစ်ခုရဲ့ ပစ်ချခြင်းကို ခံရပြီး တချို့တွေ သေဆုံးကာ တချို့ကတော့ ပြင်းပြင်းထန်ထန် ဒဏ်ရာရကုန်ပါတယ်။

မျှော်စင်ရဲ့ အထပ်မြင့်ကို လုံလုံလောက်လောက် သန်မာမှု မရှိတဲ့ သူတွေ ဝင်လို့မရနိုင်ဘူးဆိုတာ ထင်ရှားမြင်သာ စေပါတယ်။ သူတို့က အောက်ခြေအဆင့် တစ်ခုတည်းကိုပဲ ဝင်နိုင်ပါတယ်။

Edit with WPS Office

"အရင်ဆုံး စုံစမ်းလေ့လာကြည့်ရအောင်"

လင်းဟန်က ပြောလိုက်တယ်။

လူနှစ်ယောက်နဲ့ ယန္တရားရုပ် တစ်ရုပ် လျှောက်လာပါတယ်။ မျှော်စင်ရဲ့ အောက်ခြေအဆင့်က ဂင်ပေါက်က အရမ်းကို ကြီးမားပြီး မီတာသုံးရာလောက်မြင့်ကာ အကျယ်က မီတာ တစ်ရာ့ငါးဆယ်ခန့် ရှိပါတယ်။ လူပေါင်းရာနဲ့ချီပြီးတော့ တစ်ပြိုင်နက်တည်း ဂင်နိုင်အောင် ကြီးမားပါတယ်။

လင်းဟန်က အထဲကို ဂင်လာပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကိုတော့ ဘောလုံးသေးသေး တစ်လုံးအဖြစ် ပြောင်းလဲကာ သိမ်းထားလိုက်ပါတယ်။ ဒါက သူ့ရဲ့အကြောင်း သတင်းပေါက်ကြားမှုကနေ ကာကွယ်ထားခြင်း ဖြစ်သလို ယန္တရားရုပ်တစ်ရုပ် ရှိနေတာက သူ့ရဲ့ လုပ်ရှားမှုတွေကို သက်သောင့်သက်သာ မရှိစေပါဘူး။

"အစ်ကိုလင်း"

သူ့ကို တစ်စုံတစ်ယောက်က အော်ခေါ်လိုက်သံကို ကြားလိုက်ရပါတယ်။

Edit with WPS Office

လင်းဟန်က ဘေးကိုလှည့်ကြည့်လိုက်တဲ့ အခါမှာ ရောင်စီစီ၊ တုအန်းနဲ့ တခြားသူတွေ ရောက်နေတာကို တွေ့လိုက်ရပါတယ်။ ဟုတ်တာပေါ့။ သူ့ကို အရမ်းမုန်းနေတဲ့ ရှားဂူချယ်လည်း ရှိနေပါတယ်။

ဒီဘုရင်လေးအဆင့် လူငယ်ကျင့်ကြံသူ လေးယောက်ကလွဲရင် နောက်ထပ်လူ သုံးယောက်လည်း ရှိနေပါတယ်။ သူတို့ရဲ့ အရှိန်အဝါတွေကလည်း အရမ်းကို အစွမ်းထက်ပါတယ်။

"လာလာလာ အရင်ဆုံး တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆက်ပေးရဦးမယ်"

တုအန်းက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက လင်းဟန်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

"ဒါက အစ်ကိုလင်းဟန်ပဲ။ ကျောက်ရုပ်ဂုဏ်ပါကို ဖြတ်ကျော်နိုင်ခဲ့တဲ့ တစ်ဦးတည်းသောသူပဲ"

တုအန်းရဲ့ စကားကို ကြားလိုက်ရတဲ့ အခါမှာ လူသုံးယောက်ရဲ့ မျက်နှာပေါ် အံ့သြမှင်တက်သွားတဲ့ အမူအရာတစ်ခု

Edit with WPS Office

ဖြစ်ပေါ်လာခဲ့ပါတယ်။ သူတို့က လင်းဟန်ကို စိုက်ကြည့်လိုက် မိပါတယ်။

သူတို့က ကျောက်ရုပ်ဂေါက်ပါကို စိန်မခေါ်ခဲ့ပါဘူး။ သူတို့ရဲ့ ကလန်က စီနီယာတွေနဲ့အတူ ခရီးထွက်လာခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့က ကျောက်ရုပ်ဂေါက်ပါ တစ်ခုကို တကယ်ပဲ ဖြတ်ကျော်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒါက နေလအဆင့် ဒါမှမဟုတ် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်မှာ ရှိပါတယ်။ သူတို့မှာ အဲဒါတွေကို စိန်ခေါ်ဖို့ အခွင့်အရေးတောင် မရှိခဲ့ပါဘူး။

ဒါပေမဲ့လည်း ကျောက်ရုပ်ဂေါက်ပါရဲ့ ကြောက်မက်ဖွယ်ရာကောင်းတဲ့ သဘာဝကိုတော့ သူတို့အနေနဲ့ သတိပြုမိခဲ့ပါတယ်။

သူတို့ သိထားသလောက်ဆို ဘယ်သူကမှ ဖြတ်ကျော်နိုင်စွမ်း မရှိခဲ့ပါဘူး။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လူကြီးပိုင်းက လက်ရွေးစင်တွေတောင် ခြောက်ဆင့် ဒါမှမဟုတ် ခုနစ်ဆင့်မြောက်မှာ ရှုံးနိမ့်သွားခဲ့ပါတယ်။

Edit with WPS Office

အဲဒီလက်ရွေးစင်တွေရဲ့ သုံးသပ်မှုအရ တကယ်လို့ လူတစ်ယောက်က ဒီကျောက်ရုပ်ဂဏ်ပါကို ဖြတ်ကျော်ချင်တယ်ဆိုရင် သူတို့က အဓိက အဆင့်တစ်ခုရဲ့ အထွတ်အထိပ်ကို ရောက်ရမဲ့အပင် အနည်းဆုံး ကြယ်ကိုးပွင့်ကို သာလွန်နိုင်တဲ့ တိုက်ပွဲစွမ်းရည် တစ်ခုလည်း ရှိရပါမယ်။

ဒါက ဖြစ်နိုင်ပါ့မလား။

ဒါပေမဲ့လည်း သူတို့ရဲ့ အရှေ့မှာ အောင်မြင်မှုရဲ့ ဥပမာတစ်ခု ရှိနေပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီး မအံ့သြဘဲ နေနိုင်မှာလဲ။ တကယ်လို့ သူတို့ကို ပြောတဲ့သူက တုအန်းသာ မဟုတ်ဘူးဆိုရင် သူတို့က ဒီလိုမျိုး ပြောတဲ့စကားကို လုံးဝ အဓိပ္ပာယ်မရှိဘူးလို့ မှတ်ယူရ ပါလိမ့်မယ်။

"လင်းဟာန် သူတို့ သုံးယောက်က ချွမ်လီရှွမ်၊ လျှိုကျင်းရန်နဲ့ ကွမ်ယောင်တို့ပဲ။ ငါတို့တွေ သိပ်မကြာခင် အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ထပ်ဆုံကြနိုင်ချေရှိတယ်။ အဲဒီအချိန်ကျရင် ငါတို့က ပညာသင်ဘက် ညီအစ်ကို

Edit with WPS Office

မောင်နှမတွေ ဖြစ်လာလိမ့်မယ်”

လင်းဟန်က ခေါင်းညိတ်ပြီးတော့ သူ့လက်တွေကိုဆုပ်ကာ ရှိသေလေးစားစွာနဲ့ ပြောလိုက်ပါတယ်။

“အားလုံးကို နှုတ်ဆက်ပါတယ်”

လူသုံးယောက်ကလည်း နည်းနည်းလေးမှ မရှိသေတဲ့ အမူအရာမျိုး မပြုံ့ပါဘူး။ လင်းဟန်ရဲ့ အံ့မခန်း ပါရမီကို သုံးသပ်ကြည့်ရင် သူ့နောက်ခံကလည်း သူတို့ထက် လုံးဝနိမ့်ကျမှာ မဟုတ်လောက်ပါဘူး။ ဒါကြောင့် သူတို့အားလုံးက သူ့ကို အရမ်းကို ရှိသေလေးစားမှု ပြလိုက်ပါတယ်။

အဲဒီအချိန်မှာ ရှားဝူချွယ်က အထင်အမြင်သေးစွာနဲ့ လှောင်ပြုံး ပြုံးနေပါတယ်။ လင်းဟန်က အခုဆို ပိုပြီးတော့တောင် ရွံစရာကောင်းတယ်လို့ ခံစားနေရပါတယ်။

ချွမ်လီရှွမ်နဲ့ ကျန်တဲ့နှစ်ယောက်က လိမ္မာပါးနပ်သူတွေ ဖြစ်တာကြောင့် လင်းဟန်နဲ့ ရှားဝူချွယ် အကြားမှာ ရန်စတွေ ရှိမယ်ဆိုတာကို ချက်ချင်းပဲ နားလည်သဘောပေါက်

Edit with WPS Office

သွားကြပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ နောက်ခံတွေက ရှားဂူချယ်ထက် နည်းနည်းလေးမှ မနိမ့်ကျပါဘူး။ ဒါကြောင့် သူတို့က ရှားဂူချယ်ကို ကြောက်ပြီးတော့ လင်းဟာန်နဲ့ ဝေးဝေးမှာ နေစရာ မလိုပါဘူး။

"မင်းတို့တွေက အရင်ဆုံး ရောက်နေတာဆိုတော့ ဒီမျှော်စင်က ဘယ်လိုမျိုးလဲ ဆိုတာကို မင်းတို့ သိထားပြီးပြီလား"

လင်းဟာန်က မေးလိုက်ပါတယ်။

"ဟားဟား အစ်ကိုလင်းက အချိန်ကိုက် ရောက်လာတာပဲ။ ငါတို့က အခုလေးတင်ပဲ အဖွဲ့တစ်ဖွဲ့ ဖွဲ့ဖို့ လုပ်နေတာ"

ဆုကျင်းက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

အဲဒီအချိန်မှာ ရှောင်စီစီက အခြေအနေကို စတင် ရှင်းပြလိုက်ပါတယ်။

"ဒီမျှော်စင်ကို ဝင်ဖို့အတွက် လူတွေ ဆယ်ယောက်ပါတဲ့ အဖွဲ့တွေ ဖွဲ့ဖို့လိုတယ်။ နောက်ပြီးတော့ အဖွဲ့ထဲက အဖွဲ့ဝင် အားလုံးဟာ တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ ရှိရမယ်။

Edit with WPS Office

နောက်ပြီး အသင်းရဲ့ အဖွဲ့ဝင်တစ်ယောက်
ချေမှုန်းခံလိုက်ရတာနဲ့ အသင်းတစ်ခုလုံး
မအောင်မြင်တော့ဘူး။ အဲဒါအပြင် အခွင့်အရေးကလည်း
တစ်ကြိမ်ပဲရှိတယ်"

လင်းဟန်က နားလည်သဘောပေါက်သွားပြီးတော့
ခေါင်းညိတ်လိုက်ပါတယ်။ ဒီပါရမီရှင်တွေ အားလုံး
ဒီနေရာမှာ စောင့်နေတာ အံ့သြစရာ မရှိတော့ပါဘူး။
သူတို့အားလုံး အောင်မြင်မှုအတွက် သေချာမှုရရှိဖို့
လိုချင်နေခဲ့ပါတယ်။

လုံလုံလောက်လောက် အစွမ်းထက်တဲ့ ပါရမီရှင်
တစ်ယောက်က အားနည်းတဲ့ အသင်းသား ကိုးယောက်ကို
သယ်ဆောင်လို့ မရပါဘူး။ တကယ်လို့ သူတို့က
မအောင်မြင်လို့ နောက်တစ်ကြိမ် ပြန်စနိုင်ရင်တော့
ကိစ္စမရှိပါဘူး။ တကယ်တော့ သူတို့ဟာ သူတို့ရဲ့
ကျရှုံးမှုကနေ အတွေ့အကြုံ ပြန်ယူနိုင်ပါတယ်။ ဒါပေမဲ့လည်း
ဒီမျှော်စင်ကတော့ လူတိုင်းလူတိုင်းကို ဝင်ရောက်ဖို့
အခွင့်အရေး တစ်ကြိမ်ပဲ ပေးပါတယ်။ တကယ်လို့

Edit with WPS Office

သူတို့တွေက ပထမ အကြိမ်မှာ ကျရှုံးသွားရင် နောက်တစ်ကြိမ် ဝင်လို့မရတော့ပါဘူး။ ဒါကြောင့် အားလုံးက အထူးတလည် သတိထားနေတာ အံ့အားသင့်စရာ မရှိတော့ပါဘူး။

"ဒီမျှော်စင်ရဲ့ စမ်းသပ်မှုကို ဖြတ်ကျော်နိုင်ရင် ငါတို့ဘာများ ရနိုင်မလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

ရှားပူချွယ်က နောက်တစ်ကြိမ်သရော်ပြီး ပြုံးလိုက်ပါတယ်။

အကျိုးအမြတ် ရဖို့ မရဖို့ တစ်ခုပဲ စဉ်းစားတဲ့ ဘယ်လို ရွံစရာကောင်းတဲ့ လူတစ်ယောက်လဲ။ ထိပ်တန်း ပါရမီရှင်တွေရဲ့ ပန်းတိုင်က စွမ်းဆောင်မှုတွေကို ပြီးမြောက်ဖို့ ဖြစ်ပြီးတော့ တခြား ဘယ်အရာကိုမှ မစဉ်းစားဘူး ဆိုတာကို မင်းမသိဘူးလား။

"အဲဒါတော့ မသိဘူး"

ရှောင်စီစီက ခေါင်းခါပြီးတော့ ပြောလိုက်ပါတယ်။

"မအောင်မြင်တဲ့ လူတွေက ထွက်လာရတယ်။ သူတို့က

Edit with WPS Office

ဒီနေရာကနေ စူးစမ်းလေ့လာနိုင်ပေမဲ့ သူတို့က နောက်ထပ် အဖွဲ့တစ်ခု ထပ်ဖွဲ့ပြီး နောက်တစ်ကြိမ် ကြိုးစားလို့တော့ မရဘူး။ ပြန်မထွက်လာသေးတဲ့ လူတချို့လည်း ရှိသေးတယ်။ သူတို့က ဒုတိယအဆင့် တတိယအဆင့် ဒါမှမဟုတ် ကိုးဆင့်မြောက်ထိတောင် ဝင်သွားကောင်း ဝင်သွားနိုင်လောက်တယ်”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“ဒါဆိုရင် ငါတို့ဘာကို စောင့်နေတာလဲ။ သွားကြစို့”

Chapter 1113 end

အပိုင်း(1114) အရိပ်

ရှောင်စီစီ၊ ရှားဝူချွယ်နဲ့ ကျန်တဲ့ငါးယောက်စလုံးက ဒီကြယ်စင်စုရဲ့ လူငယ်မျိုးဆက်မှာ အစွမ်းထက်ဆုံး ကျင့်ကြံသူတွေထဲက တချို့လို့ သတ်မှတ်နိုင်ပါတယ်။ တကယ်လို့ သူတို့ ခုနစ်ယောက် အဖွဲ့ဖွဲ့ရင် မဟုတ်သေးဘူး သုံးယောက်ပဲ အဖွဲ့ဖွဲ့ရင်တောင် လုံလောက်ပါလိမ့်မယ်။ သူတို့က ကျန်တဲ့နစ်ယောက်ကို ကြည့်ပေးနိုင်စွမ်း ရှိပါတယ်။

Edit with WPS Office

သူတို့မှာ သူတို့ရဲ့ ကျန်ရှိနေတဲ့ အဖွဲ့ဝင်တွေကို မျှော်စင်ကျော်ဖြတ်ဖို့အတွက် ကောင်းကောင်းခေါ်သွားနိုင်တဲ့ အခွင့်အလမ်း တစ်ခု ရှိနေကြပါတယ်။

ဒီမျှော်စင်ထဲက စမ်းသပ်မှုဟာ ကျောက်ရုပ်ဂဏ်ပါ စမ်းသပ်မှုနဲ့ အတော်လေး တူညီပါတယ်။ တောင်မြစ်အဆင့်မှာရှိတဲ့ လူတွေက နေလအဆင့် အန္တရာယ်တွေနဲ့ ကြုံတွေ့နိုင်စရာအကြောင်း မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ရင် စမ်းသပ်စစ်ဆေးမှု တစ်ခုမဟုတ်ပဲ မျိုးတုံးသတ်ဖြတ်မှုတစ်ခု ဖြစ်ပါလိမ့်မယ်။

သူတို့အတွက် လူနှစ်ယောက်ကို ခေါ်သွားဖို့ဆိုတာ ပြဿနာ မဟုတ်ပါဘူး။

သူတို့တွေ ဒီနေရာမှာ စုဝေးနေရတဲ့ အကြောင်းရင်းက တစ်ယောက်ကို တစ်ယောက် သိကျွမ်းဖို့ ဖြစ်ပါတယ်။ တကယ်တော့ သူတို့အားလုံးဟာ အဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ရောက်ဖို့ လျာထားကြပါတယ်။ အဲဒီအချိန်ကျရင် သူတို့ရဲ့ နောက်ခံတွေကလည်း အသုံးဝင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်

Edit with WPS Office

သူတို့အတွက် အားသာချက်က ပါရမီရှင် အများအပြားနဲ့ သိကျွမ်းခင်မင် ထားတာက အားသာချက် ဖြစ်လာပါလိမ့်မယ်။

"ဟားဟား သွားကြတာပေါ့"

သူတို့အုပ်စုထဲကို လင်းဟာန်၊ စွေ့ရန်ယွီနဲ့ လုံရှည်ကိုင်ထားတဲ့ လူငယ်ကိုပါ ထည့်တွက်လိုက်ရင် ဆယ်ယောက် ပြည့်သွားပါပြီ။ အခုဆိုရင် သူတို့က ထူးထူးခြားခြား တုန်လှုပ်ချောက်ချားဖို့ ကောင်းလောက်အောင် မည်းမှောင်နေတဲ့ ဂင်ပေါက် အရှေ့မှာ ရပ်လိုက်ကြပါတယ်။ ဒါက အောက်ဆုံးအဆင့်ရဲ့ ဂင်ပေါက်ဖြစ်ပါတယ်။ တကယ်လို့ အဖွဲ့တစ်ခုမှာ လူဆယ်ယောက် မရှိဘူးဆိုရင် သူတို့ကို ဒီဂင်ပေါက်က တားဆီးထား ပါလိမ့်မယ်။

သူတို့က အောက်ထပ်ကို အတူတကွ ဂင်လာခဲ့ ကြပါတယ်။

သူတို့ရဲ့ ပတ်ဝန်းကျင်က ရုတ်တရက် ပြောင်းလဲလာခဲ့ပါတယ်။ သူတို့တွေက အရမ်းကို ကျယ်ဝန်းတဲ့ ခန်းမကြီး တစ်ခုထဲကို ရောက်လာပြီး ရောမ

Edit with WPS Office

တိုင်လုံးကြီးတွေ အများအပြား ရှိပါတယ်။ ဂင်ပေါက်နဲ့ မတူတာက ဒီခန်းမထဲမှာ မှောင်မနေခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တိုင်လုံးကြီးတွေကနေ အလင်းရောင်တွေ ဖြာထွက်နေလို့ ဖြစ်ပါတယ်။

"ဆရာသခင် သတ်ဖြတ်သူလေး လုပ်လို့ မရတော့ဘူး"

သတ်ဖြတ်သူ နတ်ဆိုး ဇကေရာဇ်က ရုတ်တရက် အံ့အားသင့်သွားခဲ့ပါတယ်။

"သတ်ဖြတ်သူလေးက ဒီယန္တရားရုပ်ထဲမှာ ပိတ်မိနေပြီး လက်ချောင်း တစ်ချောင်းတောင် လုပ်လို့ မရတော့ဘူး"

လင်းဟာန်က သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်ပါတယ်။ သေချာသွားပါပြီ။ ဒီနေရာမှာ တစ်ဖွဲ့ကို လူဆယ်ယောက်ပဲ ကန့်သတ်ထားပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကိုလည်း ကန့်သတ်ထားပါတယ်။ ဒါကြောင့် သူက ယန္တရားရုပ်တွေကို အသုံးပြုလို့ မရနိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အရမ်းကို မမျှတလွန်းရာ ကျသွားပါလိမ့်မယ်။ သူ့ရဲ့ ဂရဇ်နတ်တံဆိပ်နဲ့

Edit with WPS Office

ခြသေ့်တံဆိပ်ကို ပြန်သိမ်းထားလိုက်ပါတယ်။ ဒီနတ်ဘုရား တံဆိပ်နှစ်ခုကလည်း မေးမှိန်ပြီးတော့ အသက်မရှိသလို ဖြစ်လာပါတယ်။ ဒါတွေကို အသုံးပြုလို့ မရဘူးဆိုတာ သိသာ ထင်ရှားပါတယ်။

ဒါကို ကြည့်ရတာ ဒီမျှော်စင်ထဲမှာ တောင်မြစ်အဆင့်ထက် ပိုမြင့်တဲ့ ပစ္စည်းတွေကို အသုံးပြုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ သူတို့ရဲ့ နတ်ဘုရား ပစ္စည်းတွေ ဒါမှမဟုတ် နတ်ဘုရား တံဆိပ်တွေ ဘာပဲဖြစ်ဖြစ် လျစ်လျူရှုလိုက်ပါ။

လင်းဟာန်က အနည်းငယ် ပဟေဠိ ဖြစ်သွားပါတယ်။ တကယ်လို့ ဒီမျှော်စင်က စိတ်ဝိညာဉ် ပစ္စည်းတစ်ခုဆိုရင် မျှော်စင်ရဲ့ ပစ္စည်းစိတ်ဝိညာဉ်က အရှမ်းကို အသိဉာဏ် ရှိပါတယ်။

"ရှုံ့စရာ အတုအယောင်"

မျှော်စင်လေးက မကျေမနပ်နဲ့ ညည်းလိုက်ပါတယ်။ သူက အရှမ်းကို ဂုဏ်ယူပင့်ကြွားပြီးတော့ တခြား မျှော်စင်ပုံစံ နတ်ဘုရား ပစ္စည်းတွေကို လက်မခံနိုင်ပါဘူး။

Edit with WPS Office

"အားလုံး သတိထားကြပါ"

တုအန်းက သတိပေးလိုက်ပါတယ်။ ဒီနေရာမှာ ထိပ်တန်းအဆင့် ပါရမီရှင် ရှစ်ယောက် ရှိပေမဲ့လည်း သူတို့မှာ ဂန်ထုပ်ဂန်ပိုး နှစ်ခု ရှိနေပါသေးတယ်။ တကယ်လို့ ဒီလူနှစ်ယောက်သာ ရှုံးနိမ့်သွားရင် သူတို့ တစ်ဖွဲ့လုံး ခံစားသွားရပါလိမ့်မယ်။

"ဒီနေရာမှာ အန္တရာယ် ရှိလို့လား"

ရှားဝူချယ်က မူလစွမ်းအင် တစ်ခုကို ထုတ်ဖော်လိုက်ပြီး အဲဒီမူလစွမ်းအင်က ရေလှိုင်းတစ်ခုလို ပန်းထွက်လာခဲ့ပါတယ်။

ဒီမူလစွမ်းအင် ပေါက်ကွဲမှုက တိုက်ခိုက်တဲ့ စွမ်းရည် နည်းနည်းမှ မပိုင်ဆိုင်ထားခဲ့ပါဘူး။ ပြီးတော့ ပတ်ဂန်းကျင်ကို စုံစမ်းစစ်ဆေးတဲ့ နည်းလမ်းတစ်ခုမျှပဲ ဖြစ်ပါတယ်။ ဒီနေရာက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံကို ပိတ်ဆို့တားမြစ်ထားပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့ရဲ့ မူလစွမ်းအင်တွေကို သွေးတိုးစမ်းတဲ့ အနေနဲ့

Edit with WPS Office

အသုံးပြုလိုက်ရင် တည်နေရာ အကွာအဝေးတွေကို စုံစမ်းလို့ ရနိုင်ပါသေးတယ်။

"ဟင်"

သူ့မျက်နှာပေါ်မှာ လေးနက်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက ထောင့်တစ်ခုကို လက်ညှိုးထိုးပြပြီးတော့ ပြောလိုက်တယ်။

"အဲဒီဘက်မှာ တစ်ခုခု ရှိနေတယ်"

သူတို့ဆယ်ယောက်က အတူတကွ လျှောက်လာခဲ့ကြပါတယ်။ ထောင့်အနားကို ရောက်တဲ့ အခါမှာ သူတို့တွေ ပထမဆုံး မြင်တွေ့လိုက်ရတဲ့ အရာကတော့ သွေးအိုင်တစ်ခု ဖြစ်ပါတယ်။ အဲဒီနောက် ခြောက်ပိုင်းလောက် စုတ်ဖြဲခံထားရတဲ့ အလောင်းတစ်လောင်းကို တွေ့မြင်လိုက်ရပါတယ်။

"အလောင်းကို ကြည့်လိုက်ရင် ဒီလူက ရောမ မိစ္ဆာသားရဲ တစ်ကောင်ရဲ့ တိုက်ခိုက်မှုကို ခံလိုက်ရတာ ဖြစ်နိုင်တယ်"

တုအန်းက သွေးတစ်စက်ကို ကိုင်ကြည့်ပြီး

Edit with WPS Office

လေ့လာကြည့်ရင်း ပြောလိုက်ပါတယ်။

"လက်သည်းနဲ့ တိုက်ခိုက် ခံလိုက်ရတဲ့ အချိန်မှာ သူတို့ရဲ့ ခုခံမှုတွေက ထိရောက်မှု မရှိတော့ပဲ ချက်ချင်းဆိုသလို သူတို့ရဲ့ ခန္ဓာကိုယ်က အစိတ်စိတ် အပိုင်းပိုင်း စုတ်ဖြဲခံလိုက်ရတာ ဖြစ်မယ်။ သူတို့သေသွားတာ မိနစ်သုံးဆယ်လောက်ပဲ ရှိဦးမယ်"

"ဒါဆိုရင် ဒီလူက စောစောက ဂင်သွားတဲ့ အဖွဲ့တစ်ဖွဲ့ကလို့ ဆိုလိုတာပဲ"

ရှောင်စီစီက သူမရဲ့ခေါင်းကို ညိတ်ရင်းနဲ့ ပြောလိုက်ပါတယ်။

သူတို့ရဲ့ မျက်နှာပေါ်က အမူအရာတွေက တင်းမာသွားပါတယ်။ ဘာမှန်းမသိရတဲ့ အန္တရာယ်က အကြီးမားဆုံး အန္တရာယ် ဖြစ်ပါတယ်။

"တကယ်လို့ ငါတို့ဒီမှာပဲ ရပ်နေမယ်ဆိုရင် ဖြတ်နိုင်မှာမဟုတ်ဘူး။ ရှေ့ဆက်သွားကြတာပေါ့"

သူတို့က အရှေ့ကို ဆက်လျှောက်လာခဲ့ ကြပါတယ်။ အားလုံးက အစတုန်းက တစ်ယောက်နဲ့ တစ်ယောက်

Edit with WPS Office

စတွေ့ကာစမို စကားတွေ ပြောနေခဲ့ ကြပါတယ်။
ဒါပေမဲ့လည်း သူတို့က စကားနည်းနည်း ပြောပြီးတော့
သူတို့ရဲ့ ရင်းနှီးမှုတွေ နည်းနည်းရှိသွားပြီလို့ ဆိုလိုပါတယ်။
ပြီးတော့ သူတို့က ခေါင်းစဉ်ကို အလျင်အမြန်ပဲ
ပြောင်းလိုက်ပါတယ်။ သူတို့က နောက်ဆုံးမှာ
တိတ်ဆိတ်ငြိမ်သက် သွားကြပြီး သူတို့ရဲ့
ခြေလှမ်းသံတွေကိုတောင် အားလုံး ကြားနိုင်လာခဲ့ပါတယ်။

ကျောက်တိုင်တွေ အပေါ်က အလင်းရောင်က ဖြာကျနေပြီး
သူတို့ရဲ့ ခန္ဓာကိုယ်တွေ အပေါ်မှာ အလင်းရောင်တွေ
ဟပ်နေပါတယ်။ သူတို့တွေ လမ်းလျှောက် လုပ်ရှားရင်းနဲ့
အရိပ်ရှည်ရှည်တွေ ဖြစ်နေပါတယ်။

လင်းဟန်က ပျင်းလာပြီးတော့ အလုပ်မရှိ အလုပ်ရှာကာ
မြေပြင်ပေါ်က အရိပ်တွေကို စတင် ရေတွက်လိုက်ပါတယ်။

တစ် နှစ် သုံး လေး .... တစ်ဆယ် ဆယ့်တစ်။

နေပါဦး။

သူက ရုတ်တရက် အံ့အားသင့် သွားပြီးတော့ တဒင်္ဂခန့်

Edit with WPS Office

ထိပ်ထိပ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့ အရိပ် ဆယ့်တစ်ခုတောင် ရှိနေတာလဲ။ ငါတို့က ဆယ်ယောက်ပဲ ရှိတာလေ။ ဆယ့်တစ်ခုမြောက် အရိပ်က ငါတို့တောင် မသိလိုက်ပဲ ငါတို့အုပ်စုထဲ လူတစ်ယောက် ရောက်နေတယ်ဆိုတဲ့ လက္ခဏာပဲ။

သူ့ခေါင်းထဲမှာ ဒီလိုမျိုး ကောက်ချက်ချပြီးတော့ သတိထားလိုက် မိပါတယ်။ သူတို့ရဲ့ အဖွဲ့ဝင် ရှစ်ယောက်က ထိပ်တန်းအဆင့် ပါရမီရှင် ဖြစ်ပြီးတော့ ဘယ်သူကမှ ဒီမဖိတ်ခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပါဘူး။ လင်းဟန်တစ်ယောက်ပဲ သတိထားမိခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ပျင်းပျင်းရိရိ ရှိတာကြောင့် သူတို့ရဲ့ အရိပ်တွေကို ရေတွက်ခဲ့လို့ပါပဲ။

"ခဏရပ်ကြ"

သူက ပြောလိုက်တယ်။

အားလုံးက သူတို့ရောက်နေတဲ့ နေရာမှာပဲ ရပ်လိုက်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူတို့အားလုံး အနည်းငယ် ခေါင်းခြောက်သွားပါတယ်။ သူတို့လမ်းလျှောက်လာတာ အားလုံးအဆင်ပြေနေရဲ့နဲ့ ဘာဖြစ်လို့ လင်းဟန်က သူတို့ကို ရုတ်တရက်ကြီး ရပ်လိုက်ဖို့ ပြောရတာလဲ။

"ဘာဖြစ်လို့လဲ"

ရှားဝူချယ်က စိတ်မရှည်စွာနဲ့ မေးလိုက်ပါတယ်။ အမှန်တော့ သူ့အနေနဲ့ လင်းဟန်နဲ့ တစ်ဖွဲ့တည်း မဖြစ်ချင်ပါဘူး။ စွေ့ရန်ယွီကို သူနဲ့အတူ နီးနီးကပ်ကပ် ပါလာတယ်ဆိုပေမဲ့ သူတို့နှစ်ယောက် အကြားမှာ ရှုံ့စရာကောင်းတဲ့ လူတစ်ယောက် ရှိနေပါတယ်။ ဒါကြောင့် တကယ်လို့ သူမက ဒီနေရာမှာ ရှိနေတယ် ဆိုရင်တောင် ဘာမှမထူးပါဘူး။

လင်းဟန်က သူ့လက်ကို အထင်အမြင်သေးစွာနဲ့ ဝှေ့ယမ်းလိုက်ပါတယ်။ တကယ်လို့ လူဆယ်ယောက် အဖွဲ့ပဲ ဖြတ်ကျော်နိုင်တယ်ဆိုတဲ့ အချက်ကြောင့်သာ မဟုတ်ရင် သူ့အနေနဲ့ ဒီလူနဲ့အတူ စိတ်အပင်ပန်းခံပြီး ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ သူက ဘေးဘီဝဲယာကို ဝေ့ကြည့်လိုက်ပြီး သူ့အမူအရာက ပြောင်းလဲသွားပါတယ်။

Edit with WPS Office

"ဘာဖြစ်လို့လဲ"

စွေ့ရန်ယွီက မေးလိုက်ပါတယ်။

"ဒီနေရာမှာ လူ ဆယ် ဆယ်ယောက်ပဲ ရှိတယ်"

လင်းဟန်က အတော်လေး ခက်ခက်ခဲခဲနဲ့ စကားကို
အထစ်အထစ် ပြောလိုက်ပါတယ်။

"ဟေ့ အစ်ကိုလင်း မင်း စိတ်တွေ အရမ်း ဖိစီးနေတာလား"

ချွမ်လီရှမ်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။ သူက
လင်းဟန်ကို မျက်နှာသာပေးတဲ့အနေနဲ့ ယဉ်ယဉ်ကျေးကျေး
ပြောလိုက်တာပါ။ တကယ်လို့ တခြားလူသာဆိုရင်
သူ့အနေနဲ့ ချက်ချင်းပဲ အပြစ်တင် ကြိမ်းမောင်းပါလိမ့်မယ်။
ဘာများ အံ့ဩစရာ ရှိလို့လဲ။ တကယ်လို့ ဒီနေရာမှာ
လူဆယ်ယောက် မရှိဘူးဆိုရင် ကိုးယောက်ပဲ ရှိရမှာလား။
ဒါမှမဟုတ် ဆယ်တစ်ယောက် ဖြစ်မှပဲ မင်းပျော်မှာလား။

အခုမှ သူလည်း တကယ့်ကို သံသယ ဝင်လာမိခဲ့ပါတယ်။
ဒီလိုလူ တစ်ယောက်က ကျောက်ရုပ် ဂဏ်ပါကို
ဖြတ်ကျော်နိုင်ခဲ့တာ ဟုတ်မှဟုတ်ပါလေစ။

Edit with WPS Office

ထူးဆန်းတယ်။

လင်းဟန်က မြေပြင်ကို နောက်တစ်ကြိမ် ကြည့်လိုက်ပြီး သူ့အမူအရာက ပိုပြီးတော့တောင် ပြောင်းလဲလာပါတယ်။

"ဟော့ကောင်တွေ ကြမ်းပြင်ပေါ်က အရိပ်အရေအတွက်ကို ရေတွက်ကြည့်လိုက်"

"လင်းဟန် မင်းမတော်သေးဘူးလား"

ရှားဝူချယ်က အော်လိုက်ပါတယ်။ သူက လင်းဟန်ကို အစကတည်းက မနှစ်မြို့တဲ့လူ ဖြစ်တာကြောင့် အခုဆို ပိုပြီးတော့တောင် ဆူပူကြိမ်းမောင်း လိုက်ပါတယ်။

တခြားသူတွေကတော့ တိတ်တိတ်ဆိတ်ဆိတ် နေကြပေမဲ့ သူတို့ရဲ့ အမူအရာတွေက သူတို့ရဲ့ အတွေးတွေကို လှစ်ဟပြနေပါတယ်။

"နေဦး"

ရှောင်စီစီရဲ့ အမူအရာလည်း ပြောင်းလဲသွားပြီးတော့ သူမက ပြောလိုက်တယ်။

Edit with WPS Office

"ကြမ်းပြင်ပေါ်က အရိပ်တွေကို တစ်ချက်ကြည့်လိုက်ဦး"

နောက်ဆုံးတော့ တခြားသူတွေလည်း သူမရဲ့ လင်းဟန်စကားကို လိုက်ပြောတာကို ကြားပြီးတဲ့ နောက်မှာ ကြမ်းပြင်ကို ကြည့်လိုက်ကြပါတယ်။ သူတို့ရဲ့ အမူအရာတွေလည်း ပြောင်းလဲသွား ခဲ့ပါတယ်။

အဲဒီမှာ အရိပ်ဆယ့်တစ်ခု ရှိပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သူတို့မှာ လူဆယ်ယောက်ပဲ ရှိတယ်ဆိုတာ မြင်သာပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဆယ့်တစ်ခုမြောက် အရိပ်တစ်ခု ရှိနေရတာလဲ။

သူတို့က လင်းဟန် ဘာကိုပြောချင်တာလဲဆိုတာကို တွေ့သွားပါပြီ။

"တစ် နှစ် သုံး လေး ငါး...."

တခြားသူတွေ အားလုံးက အဖွဲ့ဝင် အရေအတွက်ကို စတင်ရေတွက် လိုက်ကြပါတယ်။ ဒါပေမဲ့လည်း သူတို့တွေ ဘယ်လိုပဲ ရေတွက်သည်ဖြစ်စေ သူတို့ဆယ်ယောက်ပဲ

Edit with WPS Office

ရှိပါတယ်။ အဲဒီအချိန် မြေပြင်ပေါ်မှာ အရိပ်ဆယ့်တစ်ခု ရှိနေပါတယ်။

လင်းဟန်က သူ့ကိုယ်သူ ထိန်းချုပ်ပြီး ပြောလိုက်တယ်။

"အားလုံး လုပ်ရှားကြ"

ကျန်တဲ့သူတွေက ခေါင်းညိတ်ပြီး သူတို့ရဲ့ လက်တွေကို မြှောက်လိုက်ပါတယ်။ မြေပြင်ပေါ်က အရိပ်တွေလည်း သူတို့ရဲ့ လှုပ်ရှားမှုအတိုင်း လက်တွေမြှောက်လိုက်ပါတယ်။ ပြဿနာက အရိပ်အားလုံး အတူတူပဲ လုပ်ပါတယ်။

"တစ်ယောက်ချင်းစီ လုပ်မယ်"

လင်းဟန်က သူ့လက်ကို အရင်ဆုံး မြှောက်လိုက်ပါတယ်။ ပြီးတော့ အရိပ်တွေထဲက တစ်ခုက သူလှုပ်ရှားတဲ့အတိုင်း လိုက်လုပ်ပါတယ်။

တခြားသူတွေလည်း သူတို့ရဲ့ လက်တွေကို တစ်ယောက်ပြီး တစ်ယောက် မြှောက်လိုက် ကြပါတယ်။ ဒုတိယလူ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ.... နဝမနဲ့ ဒသမ။

ရှုပ်။

Edit with WPS Office

အားလုံးက အစကနေ အဆုံးထိ မလုပ်ရှားတဲ့ အရိပ်ဆီကို ကြည့်လိုက်ပါတယ်။

"သေစမ်း"

လင်းဟာန်က သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ထုတ်ပြီးတော့ သူ့ရဲ့ မူလစွမ်းအင်နဲ့ အသက်သွင်း လိုက်ပါတယ်။ အရှိန်အဝါ အမျှင်စုတွေ စီးဆင်းလာပြီး တစ်ခုချင်းစီက တောင်တစ်လုံးလောက် လေးလံပါတယ်။ တချိန်တည်းမှာပဲ လေထဲမှာ မီးတောက်တွေ ပန်းထွက်လာပြီး မီးငှက်တစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပါတယ်။

အဲဒါတွေက လင်းဟာန်ပိုင်ဆိုင်ထားတဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေနဲ့ မီးတောက် နတ်ဘုရား သင်္ကေတတွေ ဖြစ်ပါတယ်။ သူက အဲဒါတွေကို သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားထဲမှာ ရေးထွင်းထားပြီး ဒီအချိန်မှာ သူက နှစ်ခုလုံးကို အတူတကွ အသက်သွင်းလို့ ရပါတယ်။

ဟုန်း။

ဓားအလင်းရောင် လက်သွားပြီး မြားမိုးတွေလို

Edit with WPS Office

ကျဆင်းလာခဲ့ပါတယ်။

အားလုံးက ချက်ချင်းပဲ ကြည့်လိုက်တော့ ကြမ်းပြင်ပေါ်က အရိပ်တွေရဲ့ အရေအတွက်က နောက်တစ်ကြိမ် ဆယ်ခုပဲ ကျန်တော့တာကို တွေ့လိုက်ရပါတယ်။
အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့ အရိပ်က ပျောက်ကွယ်သွားပြီး ဘယ်နေရာမှာမှ သူတို့တွေ ရှာမတွေ့နိုင် ဖြစ်သွားခဲ့ပါတယ်။

Chapter 1114 end

အပိုင်း(1115) တစ္ဆေသရဲဆန်တဲ့ အရိပ်

သူတို့အားလုံးက ပါရမီရှင်တွေ ဆိုပေမဲ့လည်း ထိတ်လန့်တုန်လှုပ်မှုကြောင့် သူတို့ရဲ့ ခေါင်းတွေ ထုံထိုင်းလာသလို ခံစားရပြီး ရင်ထဲမှာ တလှုပ်လှုပ်ဖြစ်သလို ခံစားရပြီး နလုံးသားတွေ တဒိတ်ဒိတ် ခုန်လို့ နေပါတယ်။

သူတို့ရဲ့ မျက်စိအရှေ့မှာပဲ အရိပ်တစ်ခုက ရုတ်တရက် ပျောက်ကွယ်သွားခဲ့ပါတယ်။

သူတို့အားလုံး အဲဒီအရိပ်ကို သေသေချာချာ စိုက်ကြည့်နေခဲ့တာ ဖြစ်ပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတွေက

Edit with WPS Office

အချိန်မဆိုင်းဘဲ တစ်ပြိုင်နက် ဖန်တီးလိုက်မှုကြောင့် သူတို့ရဲ့ အာရုံကို အနည်းငယ် ဝေဝါးသွားစေခဲ့ပြီး အဲဒီအချိန်မှာပဲ အရိပ်က ရုတ်တရက် ပျောက်ကွယ်သွားခဲ့တာ ဖြစ်ပါတယ်။

"ဒါတွေအားလုံး မင်းအပြစ်တွေပဲ"

ရှားဝူချယ်က အော်ဟစ်လိုက်ပြီး လင်းဟန်ကို လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပါတယ်။ သူ့မျက်နှာပေါ်မှာ အပြစ်တင်တဲ့ အကြည့်တစ်ခု ရှိနေပြီးတော့ သူကပြောလိုက်တယ်။

"မင်းကိုယ်မင်း သူရဲကောင်းတစ်ယောက်လိုမျိုး တိုက်ခိုက်ဖို့ မကြိုးစားခဲ့ဘူးဆိုရင် ဒီထူးဆန်းတဲ့ အရိပ်က ငါတို့မြင်ကွင်းရှေ့ကနေ ပျောက်သွားမှာ မဟုတ်ဘူး"

သူက လင်းဟန်ကို အစကတည်းက အမြင်မကြည်တာကြောင့် အခွင့်ရေး ရတာနဲ့ တန်းပြီးတော့ အပြစ်တင် ကြိမ်းမောင်း လိုက်ပါတယ်။

စွေ့ရန်ယွီက ဒေါသထွက်သွားပြီးတော့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

"တကယ်လို့ လင်းဟန်သာ သတိမပေးခဲ့ဘူးဆိုရင် ငါတို့အနောက်ကို အရိပ်တစ်ခု လိုက်နေတာကို နင်တောင်မှ သိမှာမဟုတ်ဘူး"

ရှားဝူချွယ်က ပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။ သူ့အနေနဲ့ စွေ့ရန်ယွီနဲ့ နီးစပ်ဖို့ အခွင့်အရေး မရှိဘူးဆိုတာကို နားလည်ထားပါတယ်။ ဒါကြောင့် သူက သူမကို ချစ်ခင်မြတ်နိုးတဲ့ သူ့ရဲ့ ခံစားချက်တွေကို ချုပ်တည်းထားလိုက်ပါတယ်။

"အသင်းအဖွဲ့က လူတစ်ယောက် အနေနဲ့ အသင်းကို စိတ်ဂင်တစားရှိပြီးတော့ လုပ်ဆောင်တာက အကောင်းဆုံးပဲ"

ရှားဝူချွယ်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ဆက်ပြောလိုက်တယ်။

"ဒါပေမဲ့လည်း ဒီလူကတော့ သူ့ကိုယ်သူပဲ ဂရုစိုက်တယ်။ ဒီထဲမှာ သူ့ထက် တိုက်ခိုက်တဲ့ စွမ်းရည် ပိုသာတဲ့လူတွေ မရှိဘူးလား။ သူအနေနဲ့ တိုက်စရာ လိုလို့လား။ အခု ငါတို့ အဲဒီ ထူးဆန်းတဲ့ အရိပ်ကို ထွက်ပြေးလွတ်မြောက်သွား

Edit with WPS Office

စေခဲ့ပြီ”

လင်းဟန်ကလည်း ပြန်ပြီးတော့ ကြိမ်းလိုက်ပါတယ်။

“ငါတို့တွေ အပြင်ရောက်တဲ့အချိန်ကျရင် မင်းကို ငရဲဆိုတာ ဘာလဲသိအောင် ရိုက်နက်ပစ် ရလိမ့်မယ်”

ရှားဂူချယ်က အေးစက်စွာနဲ့ ရယ်မောလိုက်ပါတယ်။ သူတို့တွေ အပြင်ရောက်တဲ့ အချိန်ကျရင် အရိုက်ခံရမဲ့လူက လင်းဟန်ပဲ ဖြစ်ပါလိမ့်မယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်လောက်ပဲ အစွမ်းထက်တာဖြစ်ပါတယ်။ ဒါကြောင့် ဒါတွေက သူ့ကို ကောင်းကောင်းကြီး ရိုက်နက်ခံရဖို့ ပြင်ဆင်ပေးထားတာ မဟုတ်လား။

“ငါစောင့်နေပါ့မယ်”

သူက ပြန်ဖြေလိုက်ပါတယ်။

“ဟဲဟဲ အဲဒီအရိပ်ကို ဘယ်လိုရှာရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး အရင်ဆုံး အာရုံစိုက်တာပေါ့”

လျိုကျန်းရန်က ပြောလိုက်ပါတယ်။ သူက အခြေအနေကို

Edit with WPS Office

ဖြန့်ဖြေပေးဖို့ လျှောက်လာခဲ့ပါတယ်။ သူက ဘာမှမဆိုင်ပါဘူး။ ဒါပေမဲ့ သူတို့အားလုံးက အစုဆို တစ်ဖွဲ့တည်း ဖြစ်ပါတယ်။ ဒါကြောင့် မတော်တဆ နည်းနည်းက တစ်သင်းလုံး အပေါ်မှာ အကျိုးသက်ရောက်သွားပြီး အဆုံးသတ် သွားပါလိမ့်မယ်။

ဆုကျင်းက ခဏလောက် စဉ်းစားပြီးတော့ မေးလိုက်ပါတယ်။

"မင်းတို့တွေ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မရှိပဲ အရိပ်တစ်ခုပဲရှိတာမျိုးနဲ့ ပတ်သက်တဲ့ တည်ရှိမှုမျိုး ကြားဖူးလား"

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ခါပြလိုက်ပါတယ်။ ဒီလိုမျိုး သက်ရှိတွေက အရမ်းကို ထူးထူးခြားခြား ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ အရမ်းကို ကြောက်စရာ ကောင်းပါတယ်။

"ဒီအချိန်မှာ ဒါကို ခဏမေ့ထားလိုက်။ ငါတို့ရဲ့ ပန်းတိုင်က ဒီနေရာကို ဖြတ်ကျော်နိုင်ဖို့ပဲ။ ငါတို့တွေ အောင်မြင်ဖို့ နီးစပ်လာတဲ့ အခါကျရင် အဲဒီ ထူးဆန်းတဲ့ အရိပ်က

Edit with WPS Office

သေချာပေါက် ပြန်ပေါ်လာပြီး ငါတို့ကို တိုက်ခိုက်လိမ့်မယ်”

တုအန်းက ပြောလိုက်ပါတယ်။

အားလုံးက တုအန်းရဲ့ အကြံပေးချက်ကို သဘောတူ လိုက်ပါတယ်။ တကယ်လို့ အဲဒီထူးဆန်းတဲ့ အရိပ်ရဲ့ ရည်ရွယ်ချက်က သူတို့တွေ ဒီမျှော်စင်ကို ဖြတ်ကျော်တဲ့ နေရာမှာ တားဆီးဖို့ ဆိုရင်တော့ သေချာပေါက် ပြန်ပေါ်လာပြီး သူတို့ကို တိုက်ခိုက်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့အနေနဲ့ အဲဒီအရိပ်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်နေစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ပန်းတိုင်က ဒီနေရာကို ဖြတ်ကျော်ဖို့ ဖြစ်ပါတယ်။

သူတို့က အရှေ့ကို ဆက်ပြီးတော့ ချီတက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ်မှာတော့ အားလုံးက မြေကြီးပေါ်က အရိပ်တွေကို အလွတ်မပေးဘဲ စောင့်ကြည့်နေခဲ့ပါတယ်။

ဒီနေရာက အလင်းတွေရဲ့ ဇစ်မြစ်က ကျောက်တိုင်တွေ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ သူတို့ရဲ့ အရိပ်တွေက

Edit with WPS Office

ကျောက်တိုင်တစ်တိုင်ကို ဖြတ်သွားတဲ့ အချိန်တိုင်း ပြောင်းလဲသွားပါတယ်။ အချိန်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ကြမ်းပြင်ပေါ်က အရိပ်အရေအတွက်က ရုတ်တရက် ပြောင်းလဲသွားပါတယ်။

လူဆယ်ယောက်က သူတို့ရဲ့ ခြေလှမ်းတွေကို ချက်ချင်းပဲ ရပ်လိုက်ပါတယ်။ ဒါက သူတို့တွေ မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။

ကြမ်းပြင်ပေါ်က အရိပ်တွေရဲ့ အရေအတွက်က နောက်တစ်ကြိမ် တိုးလာခဲ့ပါတယ်။ နောက်ပြီး အရိပ် ဆယ့်တစ်ခု မဟုတ်ပဲ။ ဆယ့်နှစ်ခုတောင် ဖြစ်လာပါတယ်။

သောက်ကျိုးနည်း တစ္ဆေအရိပ်မှာ သူငယ်ချင်းတွေ ရှိနေတာလား။

စွေ့ရန်ယွီက အမှတ်မထင် လင်းဟန်အနားကို ကပ်လိုက်ပါတယ်။ သူမက မိန်းမသား တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး ဘာမှန်းမသိ ညာမှန်းမသိတဲ့ အရာတွေနဲ့ ပတ်သက်ပြီး ကြောက်တတ်တဲ့ ပင်ကိုယ်ဗီဇ

Edit with WPS Office

ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူမရဲ့ ဘေးနားမှာ သူမရဲ့ ချစ်သူ ရှိနေတာကြောင့် သူ့အပေါ်မှာ အလိုလိုနေရင်း အားကိုးချင်တဲ့ စိတ်တွေ ဖြစ်လာစေခဲ့ပါတယ်။

ဘယ်သူကမှ အလျင်စလိုနဲ့ မလုပ်ရှားခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အရိပ် နှစ်ခုက တစ္ဆေအရိပ်တွေလည်း ဆိုတာကို သူတို့တွေ ဆုံးဖြတ်လို့ မရသေးပါဘူး။

"လူစုခွဲမယ်"

အားလုံးက တစ်ယောက်နဲ့ တစ်ယောက် အကွာအဝေး ခွာလိုက်ပါတယ်။ အခုဆို သူတို့က လူစုခွဲ လိုက်တာကြောင့် အရိပ်နှစ်ခုက အရိပ်အုပ်စုထဲမှာ ဆက်ပြီးတော့ ပုန်းလို့မရတော့ပါဘူး။ အဲဒီအစား သူတို့ကို ရှာရတာ လွယ်သွားပါတယ်။

"သေစမ်း"

ဆယ်ယောက်လုံး တပြိုင်နက်တည်း တိုက်ခိုက်လိုက်ပြီး သူတို့အားလုံးက သူတို့ရဲ့ ခွန်အားအကုန်

Edit with WPS Office

ထုတ်ဖော်လိုက်ပါတယ်။

ဂုန်း။

"ဟိုမှာ"

လင်းဟာန်က သူ့ရဲ့ မှသားမဲ့ မျက်လုံးကို အသက်သွင်းပြီးတော့ အရိပ်တစ်ခု အပေါ်မှာပဲ လုံးဝကို မရွေ့လျားပဲ ကြည့်လိုက်ပါတယ်။ အဲဒီနောက်သူက အဲဒီအရိပ်နောက်ကို အလျင်အမြန် ပြေးလိုက်ပါတယ်။

ဒီတစ္ဆေအရိပ်မှာ ပေါ့ပါးဖျတ်လတ်စွာနဲ့ ပြောင်းလဲနိုင်တဲ့ စွမ်းဆောင်ရည်တစ်ခု ရှိပါတယ်။ စောစောတုန်းက သူတို့ရဲ့ အရိပ်တွေကို ကြီးမားအောင် လုပ်ခဲ့ပေမဲ့ အခု ထွက်ပြေးတဲ့ အချိန်မှာ အနက်ရောင် အစက်အပြောက် သေးသေးလေး တစ်ခုအဖြစ်ကို ပြောင်းလဲသွားပါတယ်။ အရမ်းကို သေးငယ်လွန်းတာကြောင့် တော်ရုံတန်ရုံနဲ့ သတိထားမိဖို့ မလွယ်ပါဘူး။ ဒါကြောင့် စောစောက သူတို့လက်ကနေ ထွက်ပြေးလွတ်မြောက်သွားခဲ့တာက အံ့သြစရာ မရှိတော့ပါဘူး။

Edit with WPS Office

လင်းဟန်က သူ့ရဲ့ဓားနဲ့ ထိုးလိုက်ပြီး အံ့ဖွယ်နတ်ဆိုးဓားက ချက်ချင်းဆိုသလို အလင်းတန်း တစ်ခုအဖြစ် ပြောင်းလဲသွားပါတယ်။ သူက လျင်မြန်မှု နည်းစနစ်ကို အသက်သွင်းထားလို့ သူ့အံ့ဖွယ်နတ်ဆိုးဓားရဲ့ အမြန်နှုန်းက ဖော်ပြလို့ မရနိုင်အောင် လျင်မြန်လွန်းပါတယ်။

ဖူး။

သူ့ဓားထိပ်က အနက်ရောင် အစက်အပြောက်လေးကို ထိမှန်သွားပြီး အံ့အားသင့်စရာ ကောင်းတာက ခန္ဓာကိုယ် တစ်ခုကို တိုက်ခိုက်လိုက်ရသလိုမျိုး ခံစားလိုက် ရပါတယ်။

လင်းဟန်က သူ့ဓားကို ခါလိုက်ပြီး ရောမ စွမ်းအားကို ဓားကနေ တစ်ဆင့် ဖြတ်သွားစေပြီး အနက်ရောင် အစက်အပြောက်လေးကို ချေဖျက်ပစ်လိုက်ပါတယ်။

ချက်ချင်းဆိုသလို လေထဲမှာ မရေမတွက်နိုင်တဲ့ အနက်ရောင် အရှိန်အဝါ အမျှင်စတွေ မြင့်တက်လာခဲ့ပါတယ်။ နောက်ပြီး အရှိန်အဝါကနေ နားမခံသာနိုင်အောင် စူးရှတဲ့ စူးစူးဝါးဝါး အော်သံတောင်

Edit with WPS Office

ကြားရပါတယ်။

မဟုတ်ဘူး။ ဒါတွေက အသံတွေ မဟုတ်ပဲ နတ်ဘုရား အာရုံ ဖြစ်ပါတယ်။ သူတို့က လင်းဟာန်ရဲ့ စိတ်ထဲကို ဝင်လာပြီး သူ့ကိုယ်အတွင်းမှာ အခြေစိုက်ဖို့ ရှာဖွေနေပါတယ်။

"ဟင့် ငါ့နတ်ဘုရား အာရုံကို ဖျက်ဆီးဖို့ ကြိုးစားနေတာလား"

ဒါက ဟာသတစ်ပုဒ်ပါပဲ။ တကယ်လို့ လင်းဟာန်ရဲ့ နတ်ဘုရား အာရုံကို အကျိုးသက်ရောက်မှု ရှိချင်တယ်ဆိုရင် သူတို့အနေနဲ့ လင်းဟာန်ထက် ကျင့်ကြံခြင်းအဆင့်တွေ အများကြီး ပိုမြင့်ဖို့ လိုအပ်ပါတယ်။ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လူတွေတောင် လင်းဟာန်ရဲ့ နတ်ဘုရား အာရုံကို ထိခိုက်ပျက်စီးအောင် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ရဲ့ အရောင်တင်ပေးမှုအောက်မှာ သူ့ရဲ့ နတ်ဘုရား အာရုံက မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောလာခဲ့ပါတယ်။

စီးဆင်းနေတဲ့ ရေတွေက ဆည်တစ်ခုနဲ့ တွေ့လိုက်ရသလိုမျိုး

Edit with WPS Office

နားမခံသာအောင် စူးရှတဲ့အော်သံတွေက ချက်ချင်းပဲ ပြန်ကန်ထွက် သွားခဲ့ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှု ဒါမှမဟုတ် ဒီလိုပုံစံမျိုးကို သူအတော်လေး ရင်းနှီးနေတဲ့ပုံစံ ဖြစ်နေပါတယ်။

ရှပ်။

အနက်ရောင် အရှိန်အဝါ အမျှင်စုတွေက နောက်တစ်ကြိမ် အရိပ်အဖြစ် ပြန်စုစည်း လာခဲ့ပါတယ်။ အဲဒီနောက် အရိပ်က သူ့လက်တွေနဲ့ ပြင်းပြင်းထန်ထန် ခုတ်ချလိုက်ပါတယ်။

ထန် ထန် ထန်။

ဆေဘာဓားသွားတွေလိုမျိုး ထက်ရှတဲ့ လက်သည်းငါးချောင်းက သူ့လက်ကနေ ထွက်ပေါ်လာ ခဲ့ပါတယ်။

"ဟင့် မဖြစ်စလောက် လှည့်ကွက်လေးတွေ"

ကွမ်ယောင်က လင်းဟန်ရဲ့ ဘေးနားကို အခုလေးတင်

Edit with WPS Office

ရောက်လာပြီး သူ့အနေနဲ့ လင်းဟန် တစ်ယောက်တည်း လက်ခုပ်သံတွေ အားလုံးကို ခိုးယူသွားခွင့် ပြုဖို့ ဆန္ဒမရှိပါဘူး။ သူက ချက်ချင်းပဲ လက်သီးတစ်ချက် ဇော့ယမ်းပြီး အရိပ်ကို တိုက်ခိုက်လိုက်ပါတယ်။

သူ့လက်သီးပေါ်မှာ နတ်ဘုရား သင်္ကေတ ခြောက်ဆယ်လောက် ဝိုင်းပတ်ထားပြီး သူ့လက်ကို ပြိုင်ဘက်ကင်းတဲ့ နတ်ဘုရား ပစ္စည်းတစ်ခုလိုမျိုး ဖြစ်လာစေပါတယ်။

ပုန်း

သူ့လက်သီးနဲ့ တစ္ဆေအရိပ်ရဲ့ လက်သည်းတွေ ထိတွေ့သွားပါတယ်။ သူ့လက်သီးပေါ်က နတ်ဘုရား သင်္ကေတတွေ အလင်းရောင် တောက်ပလာပြီး တစ္ဆေအရိပ်ရဲ့ တိုက်ခိုက်မှုကို ချက်ချင်းပဲ တားဆီးလိုက်ပါတယ်။ ဒါ့အပြင် တစ္ဆေအရိပ်က သူ့ရဲ့ တိုက်ခိုက်မှုကြောင့် လွင့်တောင်လွင့်ထွက် သွားပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် တစ္ဆေအရိပ်က တိုက်ပွဲစွမ်းရည်နဲ့ပဲ

Edit with WPS Office

ဖြစ်ဖြစ် စွမ်းအားနဲ့ပဲဖြစ်ဖြစ် နစ်ခုလုံးနဲ့ ပတ်သက်လာရင်
ကွမ်ယောင်ရဲ့ ပြိုင်ဘက် မဟုတ်ဘူးဆိုတာ
ပေါ်လွင်စေခဲ့ပါတယ်။

ကွမ်ယောင်ရဲ့ တိုက်ခိုက်မှုက အကျိုးသက်ရောက်မှု
ရှိပြီးတော့ အဲဒါက သူ့ယုံကြည်မှုကို မိုးထိအောင်
မြင့်တက်သွားစေခဲ့ပါတယ်။

ဘာမှမသိရတဲ့ အရာက ကြောက်စရာ အကောင်းဆုံး
ဖြစ်ပါတယ်။ အခုဆို ဒီတစ္ဆေအရိပ် ဖော်ပြတဲ့ ခွန်အားက
အများဆုံး တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ
ရှိပါတယ်။ အဲဒါက ထူးဆန်းတဲ့ ပုံပန်းသွင်ပြင်
ရှိတယ်ဆိုရုံမျှပါပဲ။ ဒါကြောင့် ကွမ်ယောင်က နောက်ထပ်
အရမ်းကြီး သတိထားနေစရာ မလိုတော့ပါဘူး။

ဒါပေမဲ့လည်း လင်းဟန်လိုမျိုးပဲ ဒီတစ္ဆေအရိပ်မှာလည်း
အံ့အားသင့်စရာကောင်းတဲ့ ပြန်လည် ကောင်းမွန်နိုင်တဲ့
စွမ်းရည်တစ်ခု ပိုင်ဆိုင်ထားပါတယ်။ အနက်ရောင်
အရှိန်အဝါတွေ ဝေ့လာပြီး ချက်ချင်းဆိုသလို သူ့ရဲ့ မူလပုံစံကို
ပြန်လည်ဖြစ်လာခဲ့ပါတယ်။ အဲဒီနောက် ချက်ချင်းပဲ သူ့ရဲ့

Edit with WPS Office

လက်သည်းတွေနဲ့ နောက်ထပ်တစ်ကြိမ် တိုက်ခိုက်လိုက်ပါတယ်။

သူ့ရဲ့ လက်သည်းတွေကနေ အေးစက်တဲ့ အလင်းရောင်တစ်ခု လက်သွားပြီး သေမင်း နတ်ဘုရား တစ်ပါးပုံစံမျိုးနဲ့ တူနေပါတယ်။

အဲဒီအခိုက်အတန့် စောစောတုန်းက တွေ့ခဲ့တဲ့ အလောင်းကောင်ဟာ မိစ္ဆာသားရဲကောင်တွေရဲ့ စုတ်ဖြဲခြင်းကို ခံရတာ မဟုတ်ဘူးဆိုတာ အားလုံး နားလည်သဘောပေါက် သွားခဲ့ကြပါတယ်။ အဲဒီအစား ဒီတစ္ဆေအရိပ်ကြောင့် စုတ်ပြတ်ကုန်တာ ဖြစ်ပါတယ်။

အဲဒါက လူတွေကို တစ်ချက်တည်းနဲ့ ခြောက်ပိုင်းလှီးဖြတ် နိုင်ပြီးတော့ သူ့ရဲ့ မသေဆုံးနိုင်တဲ့ ခန္ဓာကိုယ် ရှိနေတဲ့ အချက်ကိုပါ ထည့်တွက်လိုက်ရင် သေချာပေါက် လျော့တွက်လို့ မရနိုင်ပါဘူး။

လင်းဟာန်က ကွမ်ယောင်ရဲ့ တိုက်ခိုက်မှု နောက်ကနေ သူ့ရဲ့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို

Edit with WPS Office

ထုတ်ဖော်တိုက်ခိုက် လိုက်ပါတယ်။

"အား"

စူးစူးဝါးဝါး နာကျင်တဲ့ အော်သံတစ်ခုက ချက်ချင်းဆိုသလို အားလုံးရဲ့ စိတ်ထဲကို ရောက်လာခဲ့ ပါတယ်။ အဲဒါက တစ္ဆေအရိပ်ရဲ့ ညည်းညူသံ ဖြစ်ပါတယ်။

တစ္ဆေအရိပ်က သူ့ရဲ့ မူလပုံသဏ္ဍာန်ကို မထိန်းနိုင်တော့ပဲ ပုံစံတွေ ပျက်လာခဲ့ပါတယ်။ သူက လူသားပုံရိပ်အဖြစ် ခဏပြောင်းလဲလိုက်ပြီး အဲဒီနောက် သားရဲတစ်ကောင်ရဲ့ ပုံ၊ ငါးတစ်ကောင်ရဲ့ ပုံသဏ္ဍာန်နဲ့ ငှက်တစ်ကောင်ရဲ့ ပုံရိပ်တွေအဖြစ် ပြောင်းလဲလိုက်ပါတယ်။ အဆုံးမှာ ပုံသဏ္ဍာန်တွေ ရုပ်ပွပြီး တစ်စစီ ပြိုလဲတော့မဲ့ ပုံစံမျိုး ဖြစ်လာပါတယ်။

ထင်ထားတဲ့ အတိုင်းပါလား။

လင်းဟာန်က သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်ပါတယ်။ ဒီတစ္ဆေအရိပ်က ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေကို ကြောက်ရွံ့ပုံ မပေါ်ပါဘူး။ အစိတ်စိတ်အမွှာမွှာ ရိုက်ခံပြီးတဲ့

Edit with WPS Office

နောက်မှာ ချက်ချင်းပဲ ပြန်လည်ကောင်းမွန်လာနိုင်စွမ်း ရှိနေပါတယ်။ ဒါပေမဲ့လည်း အဲဒီကောင်က နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရတဲ့ အခါမှာ အရမ်းကို အထိမခံနိုင်အောင် ဖြစ်နေပါတယ်။

ကွမ်ယောင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် အဲဒါက နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ကြောက်တယ်ဆိုတာ သိရပြီပေါ့"

"ဟင့် ငါ့ရဲ့ စိတ်ဝိညာဉ် သန့်စင်ခြင်း ဓားတွေရဲ့ အစွမ်းကို ကြည့်လိုက်"

ရှားဂူချွယ်က သူ့လက်တွေကို ခါထုတ်လိုက်ပြီး သူ့မျက်လုံးတွေကနေ မရေမတွက်နိုင်တဲ့ ရွှေရောင်ဓားတွေ ပျံထွက်လာခဲ့ပါတယ်။ ဓားတွေက စစ်မှန်တဲ့ ကိုယ်ထည်မရှိပါဘူး။ ဒီဓားတွေကို သူ့ရဲ့ နတ်ဘုရား အာရုံကနေ ဖြစ်ပေါ်စေခဲ့တာပါ။

ရှပ် ရှပ် ရှပ်။

Edit with WPS Office

ဓားပေါင်းတစ်သောင်းလောက် ထွက်ပေါ်လာပြီး ကျန်တဲ့ တစ္ဆေအရိပ်လည်း လွတ်မြောက်နိုင်စွမ်း မရှိပါဘူး။ ရွှေရောင်ဓားတွေကြောင့် ကျောက်တိုင်တစ်ခုမှာ စိုက်ဝင်သွားခဲ့ပါတယ်။

တစ္ဆေအရိပ်က နာကျင်စွာနဲ့ ညည်းညူပြီး သူ့ပုံသဏ္ဍာန်က အလျင်အမြန်ပဲ ပြောင်းလဲသွား ခဲ့ပါတယ်။ တစ္ဆေအရိပ်က ခဏလောက် တွန့်လိမ်ပြီးတဲ့နောက်မှာ လုံးဝကို ပျောက်ကွယ်သွား ခဲ့ပါတယ်။

Chapter 1115 end

အပိုင်း(1116) အရိပ်စား မျိုးနွယ်စု

ရှားဂူချယ်က ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုတဲ့ အပြုံးမျိုး ပြုံးလိုက်မိပါတယ်။

သူရော လင်းဟန်ရော နှစ်ယောက်စလုံး နတ်ဘုရား အာရုံ တိုက်ခိုက်မှုတွေကို ထုတ်ဖော်ခဲ့ပေမဲ့ သူက အရိပ်ကို တစ်ချက်တည်း သတ်ပစ်နိုင်စွမ်း ရှိခဲ့ပြီး လင်းဟန်ကတော့ အဲဒါကို ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာ ရအောင်ပဲ

Edit with WPS Office

လုပ်နိုင်ခဲ့ပါတယ်။ ဒါက သူတို့ရဲ့ နတ်ဘုရားအာရုံ အကြားက ခွန်အားကွာဟချက်ကို ဖော်ပြနေပါတယ်။

လင်းဟန်က သူ့ကို မျက်လုံးဝေ့ကြည့် လိုက်ပါတယ်။ သူ့စိတ်ထဲမှာ အမှတ်မထင် အထင်သေးမှု တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက စောစောတုန်းက စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို ထုတ်ဖော်လိုက်တဲ့ အချိန်မှာ သူ့ရဲ့အစွမ်း အကုန်လုံးကို အသုံးမပြုခဲ့ပါဘူး။ သူက တစ္ဆေအရိပ် ဘယ်လောက် သန်မာလဲ ဆိုတာကို တွက်ချက်ချင်ခဲ့ပါတယ်။ ဒါကြောင့် သူက စိတ်ဝိညာဉ် နှိမ်နင်ခြင်း ခုနစ်မျိုးရဲ့ အစွမ်းကို ဖြည်းဖြည်းချင်း တိုးပြီးတော့ အသုံးပြုခဲ့တာပါ။

ဒါပေမဲ့လည်း ရှားဝူချွယ်ရဲ့ မျက်လုံးတွေထဲမှာ အဲဒါက လင်းဟန်ရဲ့ အားနည်းမှု ဖော်ပြချက် တစ်ခုပဲလို့ စွဲထင်နေပါတယ်။

လင်းဟန်က သူနဲ့အငြင်းမပွားချင်ပါဘူး။ ဒီနေရာကနေ သူတို့တွေ ထွက်ပြီးတဲ့နောက်မှာ သူတို့ရဲ့ အဖွဲ့ကလည်း ပျက်သွားမှာ ဖြစ်ပြီးတော့ သူက ဒီလူကို သေချာပေါက်

Edit with WPS Office

ရိုက်နှက်ပစ် ရပါလိမ့်မယ်။ သူ့အနေနဲ့ ရှားဝူချွယ်ကို အရှမ်းကို အရှက်ကင်းမဲ့ပြီး တောင်းပန်ရတာကြောင့် သူ့ကိုယ်သူ ရှက်ရွံ့သွားအောင် လုပ်ပေးရပါလိမ့်မယ်။

"အဲဒါကဘာလဲ"

ရှောင်စီစီက မေးလိုက်ပါတယ်။

သူမက ချောမောလှပတဲ့ မိန်းမလှတစ်ယောက် ဖြစ်တာကြောင့် သူမပုံစံက နည်းနည်းလေး ထုံထိုင်းသလို ပုံစံမျိုး ဖြစ်နေရင်တောင် ကိစ္စမရှိပါဘူး။ တကယ်တော့ အဲဒါကြောင့် တခြားသူတွေက သူမကို အထင်အမြင်သေးလိမ့်မှာ မဟုတ်ပါဘူး။ ဆန့်ကျင်ဘက်ပါပဲ။ ယောက်ျားတွေက တကယ်လို့ သူတို့တွေ နားမလည်တာ တစ်ခုခုရှိရင်တောင် မေးမြန်းဖို့ကို လိုလားကြပါတယ်။ တကယ်လို့ ပါရမီရှင် အုပ်စုတစ်ခုက လူတစ်ယောက် ဖြစ်နေရင် ပိုပြီးတော့ ကောင်းပါတယ်။ ဘယ်သူကများ မျက်နှာသာ မပေးချင်ပဲ နေမှာလဲ။

အားလုံးက တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။

Edit with WPS Office

ဘာဖြစ်လို့လည်းဆိုတော့ ဘယ်သူကမှ အဲဒါနဲ့ ပတ်သက်ပြီး မသိကြလို့ ဖြစ်ပါတယ်။

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ဖြစ်နိုင်တာက တန်ခိုးရှင်ဘုံက သက်ရှိတစ်ယောက်တော့ မဟုတ်လောက်ဘူး"

"ဘယ်လို"

အားလုံးက အံ့အားသင့်စွာနဲ့ အော်လိုက်ကြပါတယ်။ တကယ်လို့ တန်ခိုးရှင်ဘုံက သက်ရှိတစ်ယောက် မဟုတ်ဘူးဆိုရင် အဲဒါက ဘာများ ဖြစ်နိုင်မလဲ။

"လင်းဟန် အားလုံးကို ထိတ်လန့်အောင်လုပ်ဖို့ ကြိုးစားနေတာကနေ ရပ်လိုက်စမ်း"

ရှားဂူချယ်က ကြိမ်းမောင်းလိုက်ပါတယ်။

လင်းဟန်က သူ့ကို စိတ်ရှုပ်ခံပြီးတော့တောင် မကြည့်ခဲ့ပါဘူး။

"တကယ်လို့ ငါမမှားဘူးဆိုရင် အဲဒါက မြေအောက်ကမ္ဘာက သက်ရှိတစ်ယောက် ဖြစ်နိုင်တယ်"

Edit with WPS Office

ဒီတစ္ဆေအရိပ်က သူ့ကို သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကို သတိရသွား စေခဲ့ပါတယ်။ ဘယ်သူမှ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခု မရှိသလို နှစ်ယောက်စလုံးမှာလည်း သူတို့ရဲ့ နတ်ဘုရား အာရုံကို အသုံးပြုပြီး တိုက်ခိုက်ဖို့ စွမ်းရည်ကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ နောက်ပြီး သူတို့ရဲ့ နတ်ဘုရားအာရုံ နှစ်ခုလုံးက အားနည်းပါတယ်။

စောစောတုန်းက ဒီတစ္ဆေအရိပ်ကို ကြည့်ရတာ အာရုံခံစားနိုင်စွမ်းတွေ ပိုင်ဆိုင်ထားပုံ မပေါ်ပါဘူး။ တိုက်ခိုက်မှ တချို့ကို ဘယ်လိုမျိုး ထုတ်ဖော်ရမလဲ ဆိုတာကိုပဲ နားလည်ထားပုံ ရပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ ဒီအရိပ်က သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်လောက် အစွမ်းထက်နေမယ် ဆိုရင် ဘယ်လိုလုပ်ပြီး သူတို့ဆီကို သူ့အသက်ကို ဖက်နဲ့ထုပ်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာနိုင်မှာလဲ။

"မြေအောက်ကမ္ဘာ"

ပါရမီရှင်တွေရဲ့ မျက်နှာပေါ်မှာ တင်းမာခက်ထန်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူတို့က အရမ်းကို

Edit with WPS Office

ကံကောင်းပါတယ်။ ဒီကြယ်စင်စုကြီးထဲမှာ အရမ်းကို လုံခြုံရတဲ့ ဘုံနှစ်ခု အကြားက အတားအဆီး ရှိနေလို့ပါ။ ဒါကြောင့် သူတို့က မြေအောက်ကမ္ဘာက ကျူးကျော်မှု နည်းနည်းလေးနဲ့မှ ရင်ဆိုင်တိုက်ခိုက်ဖို့ မလိုခဲ့ပါဘူး။ သူတို့က မြေအောက်ကမ္ဘာရဲ့ တည်ရှိမှုနဲ့ ပတ်သက်ပြီးတော့ ကြားရုံပဲ ကြားဖူးခဲ့ပါတယ်။

အဲဒီအချိန် ကြီးကျယ်မြင့်မြတ်တဲ့ သူတော်စင်က လောကဘုံ နှစ်ခုရဲ့ တိုက်ပွဲကွင်းပြင်ကနေ ပြန်လာခဲ့တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ သူ့လိုမျိုး အစွမ်းထက်တဲ့ လူတစ်ယောက်တောင်မှ မြေအောက်ကမ္ဘာက ကျူးကျော်သူတွေကို အမြစ်ပြတ် ချေမှုန်းနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါကိုကြည့်ရင် မြေအောက်ကမ္ဘာက ဘယ်လောက် အစွမ်းထက်မလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

"အစ်ကိုလင်း မင်း သေချာရဲ့လား"

ဆုကျင်းက လေးနက်တဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။ တကယ်လို့ ဒီနေရာမှာ မြေအောက် ကမ္ဘာက သက်ရှိတစ်ယောက် တကယ်ပဲ ထွက်ပေါ်လာခဲ့မယ်ဆိုရင်

Edit with WPS Office

တကယ့်ကို ကြီးမားတဲ့ ပြဿနာတစ်ခု ဖြစ်ပါလိမ့်မယ်။ တစ္ဆေအရိပ်က အားနည်းတယ် ဆိုပေမဲ့ ဒီနေရာမှာ မြေအောက်ကမ္ဘာက ပိုပြီးအစွမ်းထက်တဲ့ သက်ရှိတွေ အနီးအနားမှာ ပုန်းခိုနေတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

ဆိုလိုတာက သူတို့ရဲ့ ကြယ်စင်စုထဲမှာ လောကဘုံ နှစ်ခုရဲ့ လမ်းကြောင်းတစ်ခု တည်ရှိနေတာ ဖြစ်နိုင်ချေ တစ်ခုလို့ ပြောလို့ရပါတယ်။

တကယ်လို့ အဲဒီလိုသာဆိုရင် သူတို့က တိုက်ခိုက်ဖို့ လိုလာပါပြီ။ သူတို့က အရမ်းကို ကြီးမားတဲ့ တိုက်ပွဲတစ်ခုရဲ့ အစိတ်အပိုင်း တစ်ခုအနေနဲ့ တိုက်ခိုက်ဖို့ လိုအပ်လာပါလိမ့်မယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ငါက ခန့်မှန်းကြည့်တာပါ။ နောက်ပြီး တကယ်လို့ ဒီသက်ရှိက တကယ်ပဲ မြေအောက်ကမ္ဘာက ဆိုရင်တောင် ငါတို့ရဲ့ ကြယ်စင်စုကြီးထဲမှာ လောကဘုံ လမ်းကြောင်းတစ်ခု ရှိဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီဂူသချိုင်းရဲ့ ပိုင်ရှင် အဲဒါကို

Edit with WPS Office

တခြားနေရာကနေ ယူလာတာလည်း ဖြစ်နိုင်တာပဲ”

ဒါက အရမ်းကို ဖြစ်နိုင်ပါတယ်။ လင်းဟန်က ဂူသချိုင်းပိုင်ရှင်ရဲ့ အရမ်းကို အတ္တဆန်မှုကို မြင်တွေ့ခဲ့ပြီး ယန္တရားဂိုဏ်းတချို့က ဂဏ်ပါကို ဖြတ်ကျော်ပြီးတဲ့နောက်မှာ တူညီတဲ့ ကျောက်ရုပ်ဂဏ်ပါ တစ်ခုကိုတောင် တုပထားပါတယ်။

အဲဒီလို စိတ်မျိုးနဲ့ဆို တကယ်လို့ ဂူသချိုင်း ပိုင်ရှင်က လောကဘုံ နှစ်ခုရဲ့ တိုက်ပွဲကွင်းပြင်မှာ မြေအောက်ကမ္ဘာက လက်ရွေးစင် အများကြီးကို သတ်ပစ်ခဲ့ပြီးတော့ တချို့ကို ဖမ်းခေါ်လာပြီး သူ့ရဲ့ အစွမ်းနဲ့ ကြီးကျယ်ခမ်းနားမှုကို ဖော်ပြဖို့ လုပ်တာဆိုရင်လည်း အံ့သြစရာ မရှိပါဘူး။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူက ဒီအခြေအနေကို ခေါင်းလား ပန်းလားဆိုတာ ဝေခွဲမရနိုင်ပါဘူး။ အနည်းဆုံးတော့ အခုမဟုတ်သေးပါဘူး။ ဒီအတွက်နဲ့ အချိန်တွေ ထပ်ပြီးတော့ ဖြုန်းနေစရာ မလိုပါဘူး။

တစ္ဆေအရိပ်က နည်းနည်းလေး နဝေတိမ်တောင်

Edit with WPS Office

ယောင်ချာချာပုံစံ ရှိပြီးတော့ ဉာဏ်ရည်ဉာဏ်သွေး နည်းနည်းမှ ပိုင်ဆိုင်ထားပုံ မရဘူးဆိုတာ ပေါ်လွင်ပါတယ်။ ဘယ်လိုလုပ်ပြီး လင်းဟာန်နဲ့ တခြားသူတွေနောက်ကို စောစောကလို ထပ်ကြပ်မကွာ လိုက်လာတာပဲ ကြည့်လေ။ တကယ့်ကို ကလေးငယ် တစ်ယောက်ရဲ့ အပြုအမူတစ်ခုနဲ့ တူပါတယ်။ ဒါကြောင့် တစ္ဆေအရိပ်တွေက သူတို့ကိုယ်သူတို့ အဖြေနည်းနည်းလေးမှ ရယူနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အဲဒါကြောင့်လည်း သူတို့တွေ နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ချက်ချင်းထုတ်ဖော်လိုက်ပြီး ကျန်နေတဲ့ တစ္ဆေအရိပ်တွေကို အမြစ်ဖြတ် သုတ်သင်လိုက်ပါတယ်။

ဒီလိုသက်ရှိတွေက အရမ်းကို ထူးဆန်းပါတယ်။ ပြီးတော့ သူတို့ကို သတ်ပစ်ပြီးတဲ့နောက်မှာ မြူခိုးတွေ အဖြစ်ကို ပြောင်းလဲသွားပြီးတော့ ပျောက်ကွယ်သွား ကြပါတယ်။ သူတို့က အလောင်းတွေဘာတွေ မချန်ထားခဲ့ပါဘူး။

လင်းဟာန်က သူ့ရဲ့ နတ်ဘုရား အာရုံကို သုံးပြီးတော့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်နဲ့ ဆက်သွယ်ပြီး သူ့ကို မေးခွန်းတွေ မေးလိုက်ပါတယ်။ သူက တကယ်ပဲ

Edit with WPS Office

မြေအောက်ကမ္ဘာရဲ့ ဒေသခံ တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်ပြောတာကို နားထောင်ပြီးတဲ့နောက်မှာ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က အလျင်အမြန်ပဲ ပြန်ဖြေလိုက်ပါတယ်။

"ဆရာသခင်ရဲ့ ဖော်ပြချက်အရ အဲဒါတွေက မြေအောက်ကမ္ဘာကဆိုတာ ကိုးဆယ်ရာခိုင်နှုန်း ကျနော် ပြောနိုင်တယ်။ သူတို့ကို အရိပ်စား မျိုးနွယ်စုလို့ ခေါ်တယ်"

"အရိပ်စား မျိုးနွယ်စု ဟုတ်လား"

လင်းဟန်က အံ့အားသင့်စွာနဲ့ မေးလိုက်ပါတယ်။

"ဟုတ်တယ်။ ဒီသက်ရှိတွေကို အရိပ်တွေ ကျွေးရတယ်"

သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်က ပြောလိုက်ပါတယ်။

"နောက်ပြီး သူတို့က အရိပ်တွေကို စားပြီးတော့ တစ်စုံတစ်ယောက်ရဲ့ အသက်ဓာတ် စွမ်းအင်တွေကိုလည်း စုပ်ယူနိုင်တယ်။ သူတို့က ပုံသဏ္ဍာန်မဲ့တဲ့ သတ်ဖြတ်သူတွေပဲ။ ဒါပေမဲ့လည်း တစ္ဆေအရိပ်တွေက ဆရာသခင် ပြောသလို အတော်လေး ထူးဆန်းတယ်။

Edit with WPS Office

တကယ်လို့ သူတို့တွေက သူတို့ရဲ့ အာရုံခံစားနိုင်စွမ်းနဲ့ သတိတွေ ဆုံးရှုံးသွားသလို ဖြစ်နေတယ်။ ပင်ကိုယ်အသိစိတ်ကြောင့် သူတို့ကိုယ်သူတို့ တခြားသူတွေရဲ့ အရိပ်နဲ့ ရိုးရိုးပဲ ချည်နှောင်ထားပြီး အဲဒါက သူတို့ကို နည်းနည်းမှ ထိခိုက်ပျက်စီးမှု မဖြစ်စေဘူး”

လင်းဟာန်က သဘောတူစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ဒီအရိပ်တွေက အရိပ်စား မျိုးနွယ်စုရဲ့ အဖွဲ့ဝင်တွေ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ အသိစိတ်က ဂူသချိုင်း ပိုင်ရှင်ကြောင့် ပြင်းပြင်းထန်ထန် ထိခိုက်သွားပြီး အစကြွေးတဲ့ သူတို့ရဲ့ စွမ်းရည်တောင် ပျောက်ဆုံးသွားပုံ ရပါတယ်။ ဒါကြောင့် ပင်ကိုယ်ဗီဇရဲ့ ဝါသနာတစ်ခု ကျန်နေတာကြောင့် အရိပ်တွေနောက်ကို လိုက်နေပုံ ရပါတယ်။

“ဆက်သွားကြစို့”

ချွမ်လီရှမ်က မောက်မာတဲ့ အသံနဲ့ ပြောလိုက်ပါတယ်။

“တကယ်လို့ ဒီတစ္ဆေအရိပ်တွေက မြေအောက်ကမ္ဘာက

Edit with WPS Office

ဟုတ်လား မဟုတ်လား ဘယ်သူက ဂရုစိုက်မှာလဲ။ ဘာပဲဖြစ်ဖြစ် သူတို့က အားနည်းတာပဲ ဘယ်အချိန်မဆို သူတို့အားလုံးကို ငါတို့ ရင်ဆိုင်နိုင်တာပဲ”

ဟုတ်ပါတယ်။ နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေက သာမန်သက်ရှိတွေ အပေါ်မှာ အရမ်းကို အကျိုးသက်ရောက်ပြီး ထိခိုက်ပျက်စီးစေပါတယ်။ ချွမ်လီရှွမ်နဲ့ တခြားသူတွေ အားလုံးက ထိပ်တန်းအဆင့် အင်အားစုတွေရဲ့ မျိုးဆက်တွေ ဖြစ်ပြီး သူတို့အားလုံးမှာ သူတို့ရဲ့ နတ်ဘုရား အာရုံတွေကို ကျင့်ကြံအားထုတ်ဖို့ လျှို့ဝှက် နည်းစနစ်တွေ ပိုင်ဆိုင်ထားတာ သဘာဝ ကျပါတယ်။ ဒါကြောင့် သူတို့မှာ အစွမ်းထက်တဲ့ နတ်ဘုရားအာရုံတစ်ခု ပိုင်ဆိုင်ထားတဲ့အပြင် နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ထုတ်ဖော်နိုင်တဲ့ စွမ်းရည်ကိုလည်း ပိုင်ဆိုင်ထား ကြပါတယ်။

ဒါကြောင့် သူတို့က တစ္ဆေအရိပ်တွေကို ကြောက်ရွံ့ခြင်းမရှိပဲ ဒီနေရာ တစ်ခုလုံး လျှောက်သွားလို့ ရပါတယ်။

သူတို့က နောက်တစ်ကြိမ် ဆက်ထွက်လာပြီး ခဏအကြာ

Edit with WPS Office

မြေပြင်ပေါ်က အရိပ်တွေက နောက်တစ်ကြိမ် ထပ်တိုးလာခဲ့ပါတယ်။

ဒီတစ်ကြိမ်တော့ သူတို့တွေက ပြင်ဆင်ထားကြပါတယ်။ ဒါကြောင့် သူတို့က နည်းနည်းလေးမှ ကြောက်မနေတော့ပါဘူး။ သူတို့က အတူတကွ တိုက်ခိုက်ပြီး တစ္ဆေအရိပ်တွေ အားလုံးကို ချေမှုန်းပစ် လိုက်ပါတယ်။

နတ်ဘုရား အာရုံ တိုက်ခိုက်မှု တစ်ခုပဲ ဒီတစ္ဆေအရိပ်တွေကို ဒဏ်ရာရစေနိုင်တာ မဟုတ်ပါဘူး။ မီးတောက်တွေ လျှပ်စီးမိုးကြိုးတွေနဲ့ တခြားတိုက်ခိုက်နည်းတွေကလည်း ဒီလို အရိပ်တွေရဲ့ အသက်ကို ခြိမ်းခြောက်နိုင်ပါတယ်။ နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေလောက်တော့ အကျိုးသက်ရောက်မှု မများဘူးပေါ့။

ဒီတစ္ဆေအရိပ်တွေက အနည်းဆုံးတော့ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေကို မကြောက်ပါဘူး။ ဒါကို သတ်ဖြတ်သူ နတ်ဆိုး ဇေရာဇ်ကို ကြည့်ပြီးတော့ ဥပမာ ယူနိုင်ပါတယ်။ သူက အစိတ်အပိုင်း ကိုးခုခွဲပြီးတော့ တစ်နေရာစီမှာ မြှုပ်ထားတာတောင်မှ နှစ်ပေါင်းတစ်သိန်းလောက်

Edit with WPS Office

အသက်ရှင်သန် နိုင်ခဲ့ပါတယ်။

"ဟားဟား ဒါဆိုရင် ဒီအဆင့်ကို ဖြတ်ရတာ အရမ်းကို လွယ်ကူနေပြီ"

အတော်ကြာအောင် လျှောက်လာပြီးတဲ့ နောက်မှာတော့ သူတို့က ရောမ သတ္တုတံခါး တစ်ချပ်ရဲ့ အရှေ့ကို ရောက်လာခဲ့ပါတယ်။ ဒါက ပထမအဆင့်ရဲ့ အဆုံးသတ်ဖြစ်တယ်ဆိုတဲ့ လက္ခဏာပါပဲ။

အားလုံးက ပျိုးနေကြပါတယ်။

သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူတွေအတွက် ဒီအဆင့်က ဖြတ်ကျော်ဖို့ လွယ်ကူလိမ့်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ္ဆေအရိပ်တွေက အသံမထွက်ပဲ ရောက်လာလို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ ထိပ်တန်းအဆင့် အစွမ်းထက်တဲ့ အင်အားစုက မျိုးဆက်တွေကလွဲပြီး လူဘယ်လောက်များများမှာ နတ်ဘုရားအာရုံ တိုက်ခိုက်မှုတွေကို ကျင့်ကြံနိုင်တဲ့ လျှို့ဝှက်နည်းစနစ်တွေ ရှိမှာလဲ။

Edit with WPS Office

ဒါကြောင့် တကယ်လို့ တခြားအဖွဲ့တွေမှာ နည်းနည်းရှိရင်တောင် ဒီအဆင့်က ဖြတ်ကျော်ဖို့တော့ မယုံနိုင်စရာကောင်းတဲ့ စိန်ခေါ်မှု ဖြစ်လာပါလိမ့်မယ်။

"နေကြဦး"

အနားကို ရောက်လာပြီးမှ ရောမ သတ္တုတံခါးအရှေ့မှာ ရောမ မိစ္ဆာသားရဲတစ်ကောင် လဲလျောင်းနေတာကို တွေ့လိုက်ရပါတယ်။ စောစောတုန်းက အမြင်မှားသွားတာက သူ့ရဲ့ အကြေးခွံတွေဟာ ကြမ်းပြင်ပေါ်က အခင်းပြားတွေနဲ့ အရမ်းကို အရောင်အသွေး တူလွန်းလို့ ဖြစ်ပါတယ်။

ဒီမိစ္ဆာသားရဲက သူ့ရဲ့ ပုံပန်းသွင်ပြင်ကို ဖော်ပြဖို့ အရမ်းကို ခက်ခဲပါတယ်။ ဘာဖြစ်လို့လဲဆို သူက ဒီအချိန်မှာ ကြမ်းပြင်ပေါ် လဲလျောင်းနေပြီး အဲဒါက ကြည့်ရတာ ကော်ဇောအခင်း တစ်ခုနဲ့ တူနေပါတယ်။

"ဒီမိစ္ဆာသားရဲက တံခါးကို စောင့်နေတာလား"

"ကြည့်ရတာ ငါတို့ ဒီကောင်ကို အနိုင်ယူရမဲ့ပုံပဲ"

"သူ့ခွန်အားကို အရင်ဆုံး စမ်းသပ်ကြည့်ကြစို့"

Edit with WPS Office

ရှောင်စီစီက ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါအရင်ဆုံး စမ်းကြည့်မယ်"

သူမက လေးတစ်လက်နဲ့ မြားတစ်ချောင်းကို ထုတ်လိုက်ပါတယ်။ လေးပေါ်မှာ နတ်ဘုရား သင်္ကေတတွေနဲ့ တန်ဆာဆင်ထားပြီး မြားပေါ်မှာလည်း နတ်ဘုရား သင်္ကေတတွေ ရှိပါတယ်။ ဒါက နတ်ဘုရားပစ္စည်း တစ်စုံပဲ ဖြစ်ပါတယ်။

"ဒါဆိုရင် မိန်းကလေးရှောင်ကလည်း မြားပစ်ကျွမ်းကျင်သူ တစ်ယောက်ပဲပေါ့"

ကျန်တဲ့သူတွေက ချီးကျူးလိုက်ပါတယ်။ တစ်ချိန်တည်းမှာ သူတို့က နည်းနည်းလည်း ဖြုံသွားခဲ့ ပါတယ်။ မြားပစ်ကျွမ်းကျင်သူတွေက မယုံနိုင်လောက်အောင် ဝေးတဲ့ နေရာကနေ တိုက်ခိုက်မှုတွေကို ထုတ်ဖော်နိုင်ပြီး ဒီလိုမျိုး တိုက်ခိုက်မှုတွေကို ရင်ဆိုင်ခုခံရတာ ခက်ခဲပါတယ်။

"မြားပစ်တာနဲ့ ပတ်သက်ပြီး ငါနည်းနည်းလေးပဲ သိထားတာပါ"

Edit with WPS Office

ရှောင်စီစီက နိမ့်ချပြီးတော့ ပြောလိုက်ပါတယ်။ သူမက လေးကို ဆွဲလိုက်ပါတယ်။

ဟွမ်း။

လေးနဲ့ မြားပေါ်က နတ်ဘုရား သင်္ကေတတွေ တောက်ပလာပြီး လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါတစ်ခု ထွက်ပေါ်လာပါတယ်။

အားလုံးရဲ့ နှလုံးသားတွေ တဒုတ်ဒုတ် ခုန်နေပါတယ်။ ဒီမြားရဲ့ အစွမ်းကို လျှော့တွက်လို့ မရနိုင်ပါဘူး။ တကယ်လို့ ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုနဲ့ ရင်ဆိုင်ရမယ်ဆိုရင် သူတို့တောင် အထူးဂရုစိုက် ရပါလိမ့်မယ်။ တကယ်လို့ သူတို့သာ သတိလက်လွတ် ဖြစ်သွားမယ်ဆိုရင် ဒီတိုက်ခိုက်မှုကြောင့် ထိမှန်ခံရဖို့ အရမ်းကို ဖြစ်နိုင်ချေ ရှိပါတယ်။

Chapter 1116 end

အပိုင်း(1117) တံခါးစောင့်တဲ့ ကျား

ရွှပ်။

ထက်ရှတဲ့ မြားတစ်စင်းကို ပစ်လွှတ်လိုက်ပါပြီ။

Edit with WPS Office

ဒီမြားက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ အဲဒီထူးဆန်းတဲ့ မို့စွာသားရဲကောင်ဆီကို အလျင်အမြန်နဲ့ ပြေးဝင်သွား ခဲ့ပါတယ်။

လင်းဟန်က ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက် မိပါတယ်။ ဒီပစ်ချက်ရဲ့ အစွမ်းက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားလောက် အစွမ်းမထက်ပါဘူး။ ဒါပေမဲ့ ကွာဟချက် သိပ်တော့ မရှိပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူက ဒီလေးနဲ့မြားကို သုံးပြီး ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းမြားကို ပစ်မယ်ဆိုရင် သေချာပေါက် ပိုပြီးတော့ အစွမ်းထက် ပါလိမ့်မယ်။

တကယ်လို့ အဆုံးမဲ့မြားကို ပစ်မယ်ဆိုရင် ပိုပြီးတော့တောင် အစွမ်းပိုထက် လာပါလိမ့်မယ်။

ဒင်။

မို့စွာသားရဲကို မြားထိမှန်သွားပြီး မီးပွားတွေ ထွက်ပေါ်လာကာ မြားက ပြန်ကန်ထွက် သွားခဲ့ပါတယ်။

Edit with WPS Office

မို့စ္စတာသားရဲကို ကြည့်ရတာ လန့်နိုးသွားပုံ ရပြီးတော့ ရုတ်တရက် ထရပ်လိုက်ပါတယ်။

သူထရပ်လိုက်တဲ့ ပုံစံက တစ်စုံတစ်ယောက်က ကော်ဇောတစ်ခုကို အလယ်ကနေ ရုတ်တရက် ဆုပ်ကိုင်လိုက်ပြီးတော့ ကောက်မလိုက်သလိုမျိုး အရမ်းကို ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်စေပါတယ်။ ဒါပေမဲ့ အဲဒီမို့စ္စတာသားရဲက ထလာသလို ပါးလွှာတဲ့ ကော်ဇောတစ်ခု အဖြစ်ကနေ ရက်စက်ကြမ်းကြုတ်တဲ့ ကျားတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပါတယ်။

သူက မီတာသုံးဆယ်လောက် ရှည်ပြီးတော့ ဆယ့်ငါးမီတာလောက် မြင့်ပါတယ်။ တစ်ကိုယ်လုံး ကြက်သွေးရောင် တလက်လက် တောက်ပနေပြီး သူ့လည်ပင်းပေါ်က အမွေးတွေကို ကြည့်ရတာ မီးလောင်သလို နီရဲနေပြီး အံ့သြစရာကောင်းတဲ့ သူ့ရဲ့ တည်ရှိမှုကို ဖော်ပြနေပါတယ်။

အားလုံးက အံ့အားသင့်စွာနဲ့ ကြည့်လိုက်မိပါတယ်။ မို့စ္စတာသားရဲ ပုံပန်းသွင်ပြင်ကြောင့်သာမက ရောင်စီစီ

Edit with WPS Office

ပစ်လိုက်တဲ့ မြားက နည်းနည်းလေးမှ ထိခိုက်စေခြင်း မရှိတာကြောင့်လည်း အံ့အားသင့် ကုန်ပါတယ်။

ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"မို့စ္စာသားရဲကောင်ရဲ့ အစွမ်းက ငါတို့ခန့်မှန်းထားတာထက် အများကြီး ပိုနေတာပဲ"

"ငါတို့ ဘာဆက်လုပ်သင့်လဲ။ အားသုံးပြီးတော့ အထဲကို ပြေးဝင်ကြမလား"

"ငါတို့ထဲက လူနည်းနည်းက မို့စ္စာသားရဲကို အဝေးကို မျှားခေါ်သွားပြီး ကျန်တဲ့သူတွေက တံခါးကြီးကို ဖွင့်ပြီး အဲဒီနောက်မှ အတူတူ ဝင်သွားမယ် ဆိုရင်ရော ဘယ်လိုသဘောရလဲ"

"ဒီအကြံမဆိုးဘူး။ ငါတို့ရဲ့ အချိန်တွေကို ဒီနေရာမှာ အလဟဿ ဖြုန်းစရာ အကြောင်း မရှိဘူး"

အားလုံးက ခေါင်းညိတ်လိုက် ကြပါတယ်။

ဆွေးနွေးပြီးတဲ့နောက်မှာ သူတို့က တုအန်း၊ ချွမ်လီရွှမ်နဲ့ ဆုကျင်းတို့က မို့စ္စာသားရဲကို အဝေးဆီ မျှားခေါ်သွားဖို့

Edit with WPS Office

ဆုံးဖြတ်လိုက်ပြီး ကျန်တဲ့ သူတွေကတော့ တံခါးတွေကို ဖွင့်ဖို့ တာဝန်ယူ ရပါတယ်။

သူတို့အားလုံးက လက်ရှိမျက်မှောက်ခေတ်ရဲ့ ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က အကြံအစည်တစ်ခု ချလိုက်တာနဲ့ သူတို့ရဲ့ အကြံအစည်အရ နည်းနည်းလေးမှတောင် တုံ့ဆိုင်းခြင်း မရှိပဲ စတင်လှုပ်ရှား လိုက်ကြပါတယ်။

"ဟေ့ ရုပ်ဆိုးကောင်ကြီး ငါတို့နောက်ကို လိုက်ဖမ်းစမ်း"

တုအန်းတို့ သုံးယောက်က မိစ္ဆာသားရဲကြီးကို စတင် လှောင်ပြောင်လိုက် ကြပါတယ်။ ဒါပေမဲ့ မိစ္ဆာသားရဲက သူတို့ကို ပျင်းရိငြီးငွေ့စွာနဲ့ လှဲကြည့်ရုံသာ ကြည့်ပြီးတော့ လုံးဂကို လျစ်လျူရှု ထားလိုက်ပါတယ်။ သူတို့ကို လိုက်ဖမ်းမဲ့ပုံစံမျိုး မရှိပဲ စောစောတုန်းကလိုပဲ လှဲလျောင်းနေပါတယ်။ သူ့ပုံစံက အရမ်းကို ပျင်းရိတဲ့ ပုံစံမျိုး ဖြစ်နေပြီး သူတို့ရဲ့ ဆွပေးမှုကို လည်ဆံမွေးထောင်ပြီးတော့ပဲ ဖော်ပြပါတယ်။

Edit with WPS Office

တုအန်းတို့ အုပ်စုက အလျင်အမြန်ပဲ တိုက်ခိုက်လိုက်ပြီး မူလစွမ်းအင် စီးကြောင်းတွေက မို့စ္စာသားရဲကောင်ဆီကို ပြေးဝင်သွားပါတယ်။

ပထမတော့ မို့စ္စာသားရဲက ဂရုမစိုက်ပဲ အရမ်းကို ပျင်းရိနေခဲ့ပေမဲ့ အကြိမ်တော်တော်များများ ထိမှန်ခံလိုက်ရတဲ့ အချိန်မှာတော့ နောက်ဆုံးမှာ စိတ်မရှည်တော့တဲ့ပုံစံ ဖြစ်လာပါတယ်။ သူက တစ်ချက်ဟိန်းပြီးတော့ သူတို့သုံးယောက်ဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားပါပြီ။

သူ့ရဲ့ ပြေးလွှားမှုက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပါတယ်။

တုအန်းတို့ အုပ်စုက နေရာအနှံ့ကို ခွဲပြေးကြပြီး ဒီနေရာမှာ မို့စ္စာသားရဲနဲ့ တူတူပုန်းတိုင်း ကစားပြီးတော့ သူ့ကို ထိန်းထားလိုက်ပါတယ်။

လင်းဟာန်နဲ့ ကျန်တဲ့သူတွေကလည်း အလျင်စလို ပြေးထွက်လာပြီး တံခါးတွေဆီကို တရကြမ်း

Edit with WPS Office

ပြေးသွားလိုက်ပါတယ်။

ဘုန်း ဘုန်း ဘုန်း။

ကျယ်လောင်တဲ့ ထုနက်သံတွေ အဆက်မပြတ် ထွက်ပေါ်လာပေမဲ့ အံ့သြစရာကောင်းတာက ဒီတံခါးတွေက အရမ်းကို ခိုင်မာပြီး ဖျက်ဆီးလို့ မရတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

အားလုံးက သူတို့ရဲ့ အဆုံးစွန် တိုက်ကွက်အသီးသီးကို ထုတ်ဖော်လိုက်ပေမဲ့ သူတို့ရဲ့ တိုက်ခိုက်မှုတွေ ဘယ်လောက်ပဲ အစွမ်းထက်ပါစေ တံခါးကတော့ တုတ်တုတ်မှ မလှုပ်ပါဘူး။ သူတို့ရဲ့ တိုက်ကွက်တေါက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်က အထွတ်အထိပ် အဆင့်မှာရှိတဲ့ သာမန်ကျင့်ကြံသူတွေကိုတောင် တချက်တည်းနဲ့ သတ်ပစ်နိုင်ပါတယ်။

"ငါတို့ဒါကို ဖွင့်လို့မရနိုင်ဘူး။ ဘယ်လိုမှ ဖွင့်မရနိုင်ဘူး"

ဒီတံခါးတွေနဲ့ မျက်နှာချင်းဆိုင်မှာ ရပ်ပြီးတော့ သူတို့တွေက အရှုံးကို ဂန်ခံဖို့ကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး။ သူတို့က သစ်ပင်တစ်ပင်ကို လှုပ်ဖို့ ကြိုးစားနေတဲ့ ပုရွက်ဆိတ်

Edit with WPS Office

တစ်ကောင်နဲ့ တူနေပါတယ်။ နည်းနည်းလေးမှတောင် လှုပ်သွားအောင် မလုပ်နိုင်ခဲ့ကြပါဘူး။

ရှောင်စီစီက စေ့စပ်သေချာတဲ့ လူတစ်ယောက်ဖြစ်တာကြောင့် သူမက အဲဒီမိစ္ဆာသားရဲကို ရုတ်တရက် လက်ညှိုးထိုးပြပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"အဲဒီကျားရဲ့ လည်ပင်းကို တစ်ချက်ကြည့်လိုက်ဦး"

အားလုံးက သူတို့ခေါင်းကို လှည့်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာ အဲဒီမိစ္ဆာသားရဲကောင်ရဲ့ လည်ပင်းမှာ သော့တစ်ချောင်း ချိတ်ဆွဲထားတာကို တွေ့လိုက်ရပါတယ်။

"ကြည့်ရတာ ငါတို့တွေ ဒီရက်စက်ကြမ်းကြုတ်တဲ့ ကျားကို အနိုင်ယူနိုင်မှ သော့ကို ယူပြီးတော့ ဒီတံခါးတွေကို ဖွင့်နိုင်လိမ့်မယ်"

"ငါတို့ ဖြတ်လမ်းနည်းတွေ သုံးလို့မရနိုင်ဘူး"

"ဒါဆိုရင် အစ်ကိုတုတို့ကို ပြန်ခေါ်ပြီးတော့ ငါတို့အစွမ်းကုန် တိုက်ပွဲဝင်ကြရအောင်"

Edit with WPS Office

သူတို့အားလုံးက သူရဲကောင်းဆန်တဲ့ စရိုက်ရှိသူ ဖြစ်ပါတယ်။ အစောတုန်းက သူတို့ရဲ့ အချိန်တွေကို မဖြုန်းချင်တာကြောင့် ကျားကို အဖေးဆီ မျှားခေါ်သွားဖို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူတို့ရဲ့ တစ်ခုတည်းသော နည်းလမ်းက တိုက်ခိုက်ရမယ် ဆိုတော့ သူတို့က ဘာမှကို မကြောက်ကြပါဘူး။

စွေ့ရန်ယွီနဲ့ လုံ့ရှည်ကိုင်ထားတဲ့ လူငယ်က ဘေးတစ်ဖက်ကို ဆုတ်သွားလိုက်ပါတယ်။ ဒီလိုမျိုး တိုက်ပွဲအမျိုးအစားထဲမှာ သူတို့တွေ ဝင်ရောက်ပါဝင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါက သူတို့ရဲ့ သေခြင်းတရားကို သူတို့ဘာသာ ဖိတ်ခေါ်သလို ဖြစ်သွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့စွာသားရဲကျားက အရမ်းကို အစွမ်းထက်လို့ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ရင် တုအန်းတို့အုပ်စုက ဒီကျားကို အဖေးဆီ မျှားခေါ်သွားစရာတောင် မလိုပဲ တစ်ခါတည်း ထောင်ချောက်တစ်ခု ဆင်လိုက်ရုံပါပဲ။

သူတို့က တုအန်းနဲ့ တခြားနှစ်ယောက်ကို ပြန်လာဖို့ အချက်ပြလိုက်ပါတယ်။

Edit with WPS Office

"ဟင်ဘာလဲ"

တုအန်းတို့ အုပ်စုက စက်ပိုင်းပုံစံ ပိုင်းပတ်ပြီး ပြန်လာတဲ့အခါမှာ တံခါးတွေက တင်းတင်းကျပ်ကျပ် ပိတ်ထားဆဲပဲ ဆိုတာကို တွေ့လိုက်ရပြီး သူတို့က သိချင်စိတ်တွေ ပြင်းပြလာမိပါတယ်။

"ဘာမှ မေးနေစရာ မလိုဘူး။ ဒီတံခါးတွေကို ငါတို့တွေ မဖွင့်နိုင်ဘူး။ အဲဒီ မိစ္ဆာသားရဲကောင်ရဲ့ လည်ပင်းမှာ ချိတ်ထားတဲ့ သော့ကို ရအောင်ယူဖို့ လိုတယ်"

ကွမ်ယောင်က ရှင်းပြလိုက်ပါတယ်။

"ဟားဟား ဒါဆိုရင် ငါတို့တွေ တိုက်ခိုက်ရမှာပေ့ါ"

တုအန်းတို့ အုပ်စုကလည်းက နည်းနည်းလေးမှ ကြောက်ရွံ့တဲ့ပုံစံ မပေါ်ပါဘူး။

ကြီးကျယ်ခမ်းနားတဲ့ ပါရမီရှင် ရှစ်ယောက်က သူတို့ဆီကို ပြန်ပြေးလာတဲ့ မိစ္ဆာသားရဲကျားကို ရင်ဆိုင်ဖို့ အတူတကွ ရပ်နေလိုက် ကြပါတယ်။

ဒီမိစ္ဆာသားရဲကျားရဲ့ ခွန်အားက နည်းနည်းလေးတော့

Edit with WPS Office

မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်မှာ နတ်ဘုရား သင်္ကေတတွေ ရှစ်ဆယ်လောက် ရှိနေပါတယ်။

ဒါက ဘာကိုပြောချင်တာလဲ။

ဒါက ကြယ်ရှစ်ပွင့် ပါရမီရှင် တစ်ယောက်နဲ့ ညီမျှပါတယ်။ နောက်ပြီးတော့ အရင်ဆုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်က အထွတ်အထိပ်မှာ ရှိနေပါတယ်။ ကြယ်ရှစ်ပွင့်ရဲ့ စွမ်းအားကိုပါ ပေါင်းထည့်လိုက်ရင် ဒီမိစ္ဆာသားရဲကျားက မယုံနိုင်စရာ ကောင်းလောက်အောင် အရမ်းကို အစွမ်းထက်ပါလိမ့်မယ်။

အသင်းတစ်သင်းမှာ လူဆယ်ယောက် ရှိရတာ အံ့သြစရာ မရှိတော့ပါဘူး။ လင်းဟာန်နဲ့ တခြားသူတွေက ပါရမီရှင်တွေ အထဲက ပါရမီရှင်တွေ ဆိုပေမဲ့ မိစ္ဆာသားရဲနဲ့ တိုက်ခိုက်ရင် သူတို့တွေ ရှုံးသွားပါလိမ့်မယ်။ သီအိုရီအရ ပြောရမယ်ဆိုရင် ဆယ်ယောက် အရေအတွက်က တိုက်ပွဲစွမ်းရည်မှာ ကြယ်တစ်ပွင့် ကွာဟချက်ကို ဖာထေးပေးနိုင်စွမ်း ရှိပါလိမ့်မယ်။

Edit with WPS Office

တကယ်တော့ ဒီပါရမီရှင်တွေက သူတို့ရဲ့ ငါးခုမြောက် တောင်မြစ်တွေကို မဖြစ်ပေါ်သေးပါဘူး။ ဒါကြောင့် ဒီမိန်းစွာသားရဲ့နဲ့ ရင်ဆိုင်တဲ့ အခါမှာ ဘာများလုပ်နိုင်မှာလဲ။

"လာစမ်းပါ"

ရှစ်ယောက်လုံးက ယုံကြည်ချက်တွေ ရှိနေကြပါတယ်။

လင်းဟာန်ကလွဲပြီး ကျန်တဲ့သူတွေက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းအဆင့်က အထွတ်အထိပ်ကို ရောက်နေပြီး သူတို့ရဲ့ စွမ်းအားက ကြယ်ခြောက်ပွင့်လောက်ကို ရောက်နေပါပြီ။ နောက်ပြီး သူတို့တတ်ကျွမ်းထားတဲ့ လျှို့ဝှက်နည်းစနစ်တွေကိုပါ ထည့်တွက်ရင် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး ကြယ်ခုနစ်ပွင့် ရှိပါတယ်။ သူတို့ရဲ့ အဆုံးမဲ့ တိုက်ကွက်တွေကို အသုံးပြုတဲ့ အချိန်မှာ သူတို့ဖော်ပြတဲ့ တိုက်ပွဲစွမ်းရည်က သေချာပေါက် ကြယ်ရှစ်ပွင့်ကို ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါကြောင့် သူတို့မှာ တိုက်ပွဲကို အနိုင်ရဖို့ အခွင့်အလမ်း တော်တော်များများ ရှိနေပါသေးတယ်။

Edit with WPS Office

"ငါအရှေ့ကနေ အာရုံလွှဲထားပေးမယ်"

လင်းဟန်က ပြောလိုက်တယ်။

ဒါကို ရှောင်စီစီ၊ ဆုကျင်းနဲ့ တုအန်းတို့က အပြည့်အဝ သဘောတူပါတယ်။ ရှားပူချွယ်က အရမ်းကို မကျေမနပ် ဖြစ်နေပေမဲ့ သူက ဘာမှမပြောပါဘူး။ သူတို့အားလုံးက လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုဟာ သူတို့ထက် အများကြီး သာတယ်ဆိုတာကို သိနားလည်ထားကြပါတယ်။ ဒါကြောင့် အရှေ့ကနေ အဓိက တာဝန်ယူ တိုက်ခိုက်ဖို့ သူ့ကို ရွေးတာက အကောင်းဆုံး ရွေးချယ်မှု ဖြစ်ပါလိမ့်မယ်။

အဲဒီအချိန် လင်းဟန်ရဲ့ ခုခံနိုင်စွမ်းကို မမြင်တွေ့ဖူးတဲ့ ချွမ်လီရှမ်နဲ့ တခြားသူတွေကတော့ အနည်းငယ် အံ့အားသင့် နေခဲ့ပါတယ်။ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲရှိတဲ့ ကျင့်ကြံသူ တစ်ယောက် အရှေ့ကနေ တာဝန်ယူနေတာလား။

ဒါပေမဲ့ ရှားပူချွယ်တောင် ဘာမှမပြောတာကြောင့် သူတို့က

Edit with WPS Office

သူ့ကို ယုံကြည်လိုက်ဖို့ ရွေးချယ် လိုက်ပါတယ်။

လင်းဟန်က အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ပြီး ဓားရဲ့အစွမ်းကို နိုးဆွပြီးတဲ့နောက်မှာ မိစ္ဆာသားရဲ ကျားဆီကို ချက်ချင်းပဲ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

ဟုန်း။

မိစ္ဆာကျားက လက်တစ်ဖက်ကို ပွေ့ယမ်းပြီး ရုတ်တရက် လင်းဟန်ကို ပုတ်ချလိုက်ပါတယ်။ သူ့ရဲ့ စွမ်းအားက အရမ်းကို သန်မာပြီး တောင်မြစ်အဆင့်ရဲ့ အစစ်အမှန် အထွတ်အထိပ်ကို ရောက်လုနီးပါး ဖြစ်နေပါတယ်။ လင်းဟန်က ဒီခွန်အားနဲ့ တိုက်ခိုက်မှု တစ်ခုကို ဆန့်ကျင်ရင်ဆိုင် နိုင်လောက်တဲ့အထိတော့ အရည်အချင်း မမီသေးပါဘူး။

"ဂေါ့"

သူက ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပေမဲ့ ဂမ်းနည်းညှိုးငယ်တာမျိုးတော့ မဖြစ်မိပါဘူး။ မကြာသေးခင်က ဇေရီ ဘုရင်မ လွှမ်းမိုးရှင်းကြောင့်

Edit with WPS Office

သွေးတွေခမ်းခြောက် သွားခဲ့ပါတယ်။ သူက ပြန်လည်ကောင်းမွန်လာတယ် ဆိုပေမဲ့ အရမ်းကို ခက်ခဲပြီး အားနည်း နေပါသေးတယ်။ အခု ဒီလိုမျိုး ပြင်းထန်တဲ့ တိုက်ခိုက်မှု တစ်ခုကြောင့် သူ့ကို သွေးအန်သွား စေခဲ့ပါတယ်။ ကျွှမ်းကြီးက သူ့ကို ရင်ဆိုင်ရတာ မကျေမနပ် ဖြစ်နေလို့များလား။

ဒီတိုက်ခိုက်မှုက သူ့ရဲ့အရိုးတချို့ အဆစ်လွဲသွား စေခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ မူလစွမ်းအင် အနည်းငယ် တုန်ခါလိုက်တာနဲ့ သူ့အရိုးတွေက နေရာမှန်ကို ပြန်ရောက်သွားခဲ့ပါတယ်။

သူ့ခြေထောက်တွေကို ဆောင့်ချလိုက်ပြီး နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။ လျင်မြန်မှု နည်းစနစ်ကို အသုံးပြုပြီး သူ့ရဲ့ တိုက်ခိုက်မှုက လိုင်းတစ်ခုနဲ့ တူပါတယ်။

ချွမ်လီရှမ်နဲ့ တခြားသူတွေက စောင့်ကြည့်ပြီး မှင်တက်အံ့သြ နေခဲ့ပါတယ်။ ဒီလိုအစွမ်းထက်တဲ့ ခွန်အားနဲ့ ရိုက်ခံလိုက်ရတာတောင် သောက်ကျိုးနည်း မင်းက ဘာမှမဖြစ်သွားဘူးပေါ့။ မင်းက

Edit with WPS Office

ဘယ်လိုလူထူးလူဆန်းမျိုးလဲ။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ထူးခြားဆန်းကြယ်တယ် ဆိုပေမဲ့ မိန္ဓာသားရဲကလည်း သာမန်တော့ မဟုတ်ပါဘူး။ လင်းဟန်ရဲ့ တိုက်ခိုက်မှုနဲ့ ခုတ်ချက်တွေ အောက်မှာ သူကလည်း လင်းဟန်လိုပဲ ထိခိုက်မှု မရှိပဲ ဖျက်ဆီးလို့ မရနိုင်တဲ့ စိန်နဲ့ တူပါတယ်။

ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

အရင်က ကော်ဇောတချပ်လိုမျိုး အရမ်းကို နူးညံ့ပျော့ပြောင်းပေမဲ့ အခုတော့ ကြည့်ရတာ အဆင့်မြင့် နတ်ဘုရား သတ္တုနဲ့ တူပြီးတော့ မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောလို့ နေပါတယ်။ ဒီနစ်ခုက လုံးဝကို ဆန့်ကျင်ဘက် လက္ခဏာတွေ ဖြစ်ပေမဲ့ ခန္ဓာကိုယ် တစ်ခုတည်း အပေါ်မှာ ဘယ်လိုလုပ် ရှိနေနိုင်တာလဲ။

မိန္ဓာသားရဲက ခုန်အုပ်လိုက်ပြီး သူ့ရဲ့ တိုက်ပွဲစွမ်းရည်က အစွမ်းထက်ကာ အစွမ်းတွေနဲ့ ပြည့်စုံနေတဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

Edit with WPS Office

လင်းဟန်က အရှေ့ကနေ ထိန်းထားပြီး သူတို့ ခုနစ်ယောက်က သူတို့ရဲ့ အစွမ်းအကုန် ထုတ်ပြီးတော့ တိုက်ခိုက်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း တိုက်ခိုက်မှုတိုင်းက အားအင် ဖြုန်းတီးမှု တစ်ခုသက်သက်ပါပဲ။ ဒီမှိုစွာသားရဲကောင်ရဲ့ မြင့်မားတဲ့ ခုခံနိုင်စွမ်းက လင်းဟန်ထက်တောင်မှ သာလွန်နေခဲ့ပါတယ်။

"ဒါက မှိုစွာသားရဲ တစ်ကောင် လုံးဝ မဟုတ်ဘူး။ ယန္တရားရုပ် တစ်ရုပ်ပဲ"

လင်းဟန်က ကောက်ချက်ချ လိုက်ပါတယ်။ သူ့မှာ ဒီလိုမျိုး ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ပိုင်ဆိုင်ထားတာက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ကျင့်ကြံအားထုတ်ထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး တွေ့ကရာ သတ္တဝါတစ်ကောင်က သူတို့ရဲ့ လမ်းကြောင်းမှာ ဖြတ်ကျော်ပြီး ယှဉ်ပြိုင်နိုင်စွမ်း ရှိနိုင်မှာလဲ။ ဒါပေမဲ့လည်း တကယ်လို့ ဒီမှိုစွာသားရဲကောင်က နတ်ဘုရား သတ္တုတွေနဲ့ တည်ဆောက်ထားတဲ့ ယန္တရားရုပ် တစ်ရုပ်ဆိုရင် အဲဒါကို တကယ်ပဲ နားမလည်နိုင်အောင်

Edit with WPS Office

ဖြစ်သွားပါလိမ့်မယ်။ ဒီယန္တရားရုပ်ကို တည်ဆောက်ဖို့ အဆင့်ငါး နတ်ဘုရား သတ္တုကို အသုံးပြုရပါလိမ့်မယ်။ ပြီးတော့ ခုခံနိုင်စွမ်းက တောင်မြစ်အဆင့်တွေ ဖြေရှင်းနိုင်တဲ့ တစ်စုံတစ်ခုပဲ ဖြစ်နိုင်ပါတယ်။

အဲဒါက သူ့ရဲ့ ခွန်အားက ဘာကြောင့် အရမ်းအစွမ်းထက်နေလဲ ဆိုတာကို ဖြေရှင်းလို့ ရသွားပါလိမ့်မယ်။

Chapter 1117 end

အပိုင်း(1118) ဆုလာဘ်တစ်ခု လိုချင်လား

"ဒါက ယန္တရားရုပ် တစ်ရုပ် ဖြစ်လိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ကြယ်ရှစ်ပွင့် စွမ်းအားကို ရောက်ဖို့ဆိုရင် ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ဖို့ လိုလိမ့်မယ်"

"တကယ်လို့ သူက ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်စေခဲ့မယ်ဆိုရင် ဒီလိုမျိုး သက်ရှိ တစ်ယောက်က ဒီနေရာရဲ့ တံခါးစောင့် တစ်ယောက်အဖြစ်လုပ်ဖို့ သဘောတူလိမ့်မယ် ဆိုတာကို ငါယုံကြည်မိမှာ မဟုတ်ဘူး"

Edit with WPS Office

"ဒါပေမဲ့ တကယ်လို့ ဒါက ယန္တရားရုပ် တစ်ရုပ်
ဖြစ်နေမယ်ဆိုရင် ငါတို့ ဘာလုပ်ကြမလဲ"

ယန္တရားရုပ်တွေမှာ သေကွင်းသေကွက် နေရာတွေ မရှိပါဘူး။
နာကျင်မှုကို မသိသလို သူတို့ရဲ့ ဦးနှောက်တွေ အနည်းငယ်
ထုံထိုင်းသွားတဲ့ အချက်ကို ဘေးဖယ်ထားဦး သူတို့က
စက်တစ်ခုနဲ့ တိုက်ခိုက်နေရပြီး သူတို့မှာ နည်းလမ်းလည်း
မရှိတော့ပါဘူး။

သူတို့က အနည်းနဲ့အများတော့ ဒါကို အတည်ပြုလိုက်
ပါတယ်။ ဒီမို့စ္စာသားရဲ ကျားရဲ့ ခုခံနိုင်စွမ်းက
တောင်မြစ်အဆင့်ရဲ့ အကန့်အသတ်ထက် သာလွန်ပြီး
သဘာဝအရ ပြိုင်ဘက်ကင်း ဖြစ်နေတာကြောင့် သူတို့က
ဘယ်လိုလုပ် ဒါကို အနိုင်ယူလို့ ရမှာလဲ။

လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့
ဖြေလိုက်ပါတယ်။

"ဖြစ်နိုင်ချေ နှစ်ခုရှိတယ်"

"ပထမ တစ်ခုက ယန္တရားရုပ် တစ်ရုပ် လှုပ်ရှားနိုင်တဲ့

Edit with WPS Office

အချိန်ပမာဏက အကန့်အသတ် တစ်ခုမှာ ရှိတယ်။ ငါတို့က အချိန်အတိုင်းအတာ တစ်ခုအထိ အချိန်ဆွဲထားနိုင်မယ်ဆိုရင် သူက တိုက်ခိုက်နေရာကနေ ရပ်သွားလိမ့်မယ်"

"ပြီးတော့ ဒုတိယ ဖြစ်နိုင်ချေက ယန္တရားရုပ်ကို ငါတို့ ဖျက်ဆီးလို့ မရပေမဲ့ သော့ကိုတော့ ယူလို့ ရတာပဲ"

ကျန်တဲ့သူတွေ အသီးသီးက ခေါင်းညိတ်လိုက်ပါတယ်။ ဒါက ယုတ္တိရှိပြီးတော့ မရှုံးနိုင်တဲ့ အစီအစဉ်ပုံစံလည်း ပေါက်ပါတယ်။

"သော့ကို ယူကြတာပေါ့"

သူတို့က ချက်ချင်းပဲ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လိုက်ပါတယ်။ ဒါက အရမ်းကို ရိုးရှင်းပါတယ်။ တကယ်လို့ ဒီမို့စ္စာကျားက သူလှုပ်ရှားနိုင်တဲ့ အချိန်က အတိုင်းအတာတစ်ခု ရှိမယ်ဆိုရင်တောင် ဘယ်လောက် အချိန်ကြာမလဲ ဆိုတာကို သူတို့တွေ မသိနိုင်ပါဘူး။ ဒါကြောင့် သူတို့အတွက် အကောင်းဆုံးက သော့ကို ရယူတာဖြစ်ပြီးတော့ အဲဒါက သူတို့ပြဿနာရဲ့ အခရာ

Edit with WPS Office

ဖြစ်ပါတယ်။

"အစ်ကိုလင်းနဲ့ ငါက ဒီမို့စ္စာကျားရဲ့ အာရုံကို ဆွဲဆောင်ထားမယ်။ နင်တို့တွေက အခွင့်အရေး ရတာနဲ့ သော့ကို လုယူလာခဲ့ကြ"

ရှောင်စီစီက ပြောလိုက်ပါတယ်။ သူမက နောက်ထပ်တစ်ကြိမ် သူမရဲ့ လေးနဲ့မြားကို ထုတ်ပြီးတော့ မို့စ္စာကျားရဲ့ မျက်လုံးကို ချိန်ပြီးတော့ မြားတစ်ချောင်းပြီး တစ်ချောင်း ပစ်လွှတ် လိုက်ပါတယ်။

အရမ်းကို ချမ်းသာတာပဲ။

လင်းဟာန်က သူ့မှာရှိတဲ့ နတ်ဘုရား မြားတွေကို အားရပါးရ အသုံးမပြုနိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ အများကြီး မရှိပါဘူး။ သူက အဲဒီမြားတွေကို ပစ်ပြီးတဲ့နောက်မှာ ပြန်ပြီးတော့ မကောက်ယူနိုင်ရင် သူ့ပိုင်ဆိုင်မှုထဲက မြားတစ်ချောင်း ဆုံးရှုံးသွားတယ်လို့ ဆိုလိုပါတယ်။

တစ်ဖက်မှာတော့ ရှောင်စီစီက မြားတွေကို မရပ်မနား တစ်ချောင်းပြီး တစ်ချောင်း ပစ်လွှတ်လို့ နေပါတယ်။ ပြီးတော့

Edit with WPS Office

သူမပုံစံ ကြည့်ရတာ အဲဒီမြားတွေကို ပြန်ကောက်ယူဖို့ စိတ်ကူး နည်းနည်းမှ ရှိပုံမရပါဘူး။ သူမက မြားတွေ ဘယ်လောက်တောင် ယူလာလဲ ဆိုတာကို သူတကယ်ပဲ မသိပါဘူး။

မြူခိုးတစ်ထောင် အုံ့ဖွယ်အင်ပါယာရဲ့ မင်းသမီးက ထင်ထားတဲ့အတိုင်း ဖြုန်လောက်အောင် ချမ်းသာပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပြီး သူ့ကိုသူ အားပေးပြီးတော့ ဒီမြွေစာကျားကို ရှေ့တန်းကနေ မားမားမတ်မတ် ရင်ဆိုင်ပြီး တခြားသူတွေအတွက် အခွင့်အလမ်းတစ်ခု ရအောင်လို့ ဆက်လက် ဖန်တီးပေး လိုက်ပါတယ်။

အဲဒီအချိန်မှာ တုအန်းနဲ့ တခြားသူတွေက လည်ပင်းမှာ သော့ချိတ်ထားတဲ့ လည်ပတ်ကို စတင်တိုက်ခိုက် လိုက်ပါတယ်။ အကြိမ်အနည်းငယ် တိုက်ပြီးတဲ့ နောက်မှာတော့ သူတို့ကို ကြည့်ရတာ အတော်လေး ကျေနပ်နေပုံ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလည်ပတ်က အရမ်းကို ခိုင်မာတယ်ဆိုပေမဲ့ ဖျက်ဆီးလို့ မရနိုင်တာတော့ မဟုတ်ပါဘူး။

Edit with WPS Office

အဲဒါနဲ့ သူတို့ရဲ့ ယုံကြည်မှုတွေက အကြီးအကျယ် တိုးလာစေခဲ့ပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေ ပိုပြီးတော့တောင် အားကောင်းလာပါတယ်။

တိုက်ကွက်ရာဂဏန်း အနည်းငယ်လောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာတော့ လည်ပတ်က ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒါက လည်ပတ်တစ်ခု ဖြစ်ပေမဲ့ သူတို့အတွက် အသုံးမဝင်ပါဘူး။ သူတို့က အပေါက်လေး တစ်ခုပဲ ဖန်တီးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လည်ပတ်က အဲဒီမိစ္ဆာကျားရဲ့ လည်ပင်းပေါ်မှာ မြဲမြဲစွာနဲ့ ချည်နှောင်ထားဆဲပါပဲ။ ဒါကြောင့် သူတို့က တစ်ဖက်မှာ နောက်ထပ် အပေါက်တစ်ခု ဖြစ်အောင်လို့ ဖန်တီးလိုက်ပြီးမှ နောက်ဆုံး လည်ပတ်က ပြုတ်ကျလာခဲ့ပါတယ်။

"သောက်ကျိုးနည်း မင်းတို့ကောင်တွေ ဒါလေးလုပ်တာတောင် ကြာလိုက်တာ"

လင်းဟန်က အံ့ကြိတ်လိုက်ပါတယ်။ သူက မိစ္ဆာသားရဲကောင်ရဲ့ အစွမ်းတွေ အားလုံးကို တောင့်ခံထား ရပါတယ်။ ဒီတိုက်ခိုက်မှုတွေက ကြယ်ရှစ်ပွင့် ခွန်အားနဲ့

Edit with WPS Office

ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။ အဲဒါက နေလအဆင့်နီးနီးပါပဲ။ တကယ်လို့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်လေး နတ်ဘုရား သတ္တုနဲ့ နှိုင်းယှဉ်လို့ပဲ ရမယ်ဆိုရင် သူက ကြာကြာ အချိန်ဆွဲထားနိုင်မှာ မဟုတ်ပါဘူး။

တကယ်ဆို ဖျက်ဆီးလို့ မရတဲ့ ကောင်းကင်ဘုံ စာလိပ်ရဲ့ အာနိသင်တွေကြောင့်သာ မဟုတ်ရင် သူ့အနေနဲ့ ဘယ်နှစ်ကြိမ်လောက် အသတ်ခံရမလဲ ဆိုတာကို ဘယ်သူမှ သိမှာမဟုတ်ပါဘူး။

"ငါတို့ နီးလာပြီ"

ရှောင်စီစီတောင်မှ လည်ပတ်ကို တိုက်ခိုက်တဲ့ အဖွဲ့နဲ့ ပူးပေါင်းလိုက်ပါတယ်။ သူမက မြားတွေကို တစ်ချောင်းပြီး တစ်ချောင်း ပစ်လွှတ်ပြီး သူတို့အားလုံးက တစ်နေရာတည်းကို ထိမှန်သွား ခဲ့ပါတယ်။

သူတို့တွေ ဘယ်သူကမှ ဒီမိစ္ဆာကျားကို အနီးကပ် မတိုက်ခိုက်ပွဲပါဘူး။ သူတို့က အဝေးကနေ ဆေဘာခား

Edit with WPS Office

အလင်းတန်းတွေ ဓားအလင်းတန်းတွေ လက်သီးအလင်းတန်းတွေနဲ့ တခြား အဝေးပစ် တိုက်ခိုက်မှုတွေနဲ့ပဲ တိုက်ခိုက်နိုင်ပါတယ်။ သူတို့ရဲ့ စွမ်းအားတွေက အနည်းငယ် အားနည်းပြီး လည်ပတ်ကို ထိခိုက်ပျက်စီးဖို့တော့ အချိန်တော်တော်ကြာအောင် ယူရပါတယ်။

တစ်နာရီလောက် ကြာပြီးတဲ့ နောက်မှာတော့ ထန်ဆိုပြီး ကြားလိုက်ရပါတယ်။ လည်ပတ်က နောက်ဆုံးမှာ တစ်ဝက်တိတိ ပျက်စီးသွားပြီး အပေါ်တစ်ဝက်က မိစ္ဆာကျားရဲ့ လည်ပင်းပေါ်မှာ ဆက်ရှိနေပြီး အောက်ပိုင်းတစ်ဝက်ကတော့ ပြုတ်ကျလာခဲ့ပါတယ်။

အဲဒီမှာ သော့ကို တွဲချည်ထားပါတယ်။

လင်းဟာန်က အလျင်အမြန် နောက်ဆုတ်လိုက်ပြီး သူကိုယ်သူနဲ့ မိစ္ဆာကျားရဲ့ အကြားမှာ အကွာအဝေး တစ်ခုကို ဖန်တီးလိုက်ပြီး တခြားသူတွေက အခွင့်အရေးကို ရယူကာ သော့ကို ကောက်ယူပြီးတော့ အဲဒီတံခါးတွေဆီကို အလျင်အမြန် ပြေးလွှားသွားကြပါတယ်။

Edit with WPS Office

သူတို့က သော့ပေါက်ထဲ သော့ကို ထည့်ပြီးတော့ လှည့်လိုက်တဲ့ အခါမှာ ရောမ တံခါးကြီးက ဖြည်းညှင်းစွာနဲ့ ပွင့်လာခဲ့ပါတယ်။

"ပြေး"

လင်းဟန်က စွေ့ရန်ယွီကို အော်ပြောလိုက်ပါတယ်။ သူတို့အားလုံး အဲဒီနေရာကို ဖြတ်ကျော်နိုင်ဖို့ လိုပါတယ်။ တစ်ယောက် ကျန်ခဲ့ရင်တောင် ကျရှုံးမှု တစ်ခုအဖြစ် သတ်မှတ်ရပါလိမ့်မယ်။

သူတို့အုပ်စုမှာ အားအနည်းဆုံးဖြစ်တဲ့ စွေ့ရန်ယွီနဲ့ လုံ့ရှည်ကိုင်ထားတဲ့ လူငယ်က အရင်ဆုံး ထွက်သွားပြီး ရှောင်စီစီနဲ့ ကျန်တဲ့သူတွေက နောက်ကနေ လိုက်သွားကာ လင်းဟန်ကတော့ နောက်ကနေ ထပ်ကြပ်မကွာ လိုက်လာခဲ့ပါတယ်။ သူက တိုင်လုံးတွေကို ပတ်ပြီးတော့ မှိန်စွာကျားကို လှည့်ဖြားပြီးမှ အဲဒီတံခါးတွေဆီကို လှစ်ခနဲ ခုန်ကျော်သွား လိုက်ပါတယ်။

"ဂေါင်း"

Edit with WPS Office

မို့စ္စတာကျားက ဒေါသတကြီးနဲ့ ဟိန်းဟောက်လိုက်ပြီး သူ့ကို အနောက်ကနေ လိုက်ဖမ်းပါတယ်။

"မြန်မြန် မြန်မြန်"

တုအန်းနဲ့ တခြားသူတွေက ဂင်ပေါက်ကနေ စိုးရိမ်တကြီးနဲ့ အော်ခေါ်လိုက် ကြပါတယ်။ ရှားပုချွယ်နဲ့ လုံရှည်ကိုင်ထားတဲ့ လူငယ်တောင်မှ ချွင်းချက်မရှိ အော်လိုက်ကြပြီး မို့စ္စတာကျားက သူ့အနောက်ကနေ နီးသထက် နီးကပ်လာခဲ့ပါတယ်။

ရှပ်။

မို့စ္စတာကျားက လက်သည်းနဲ့ လင်းဟာန်ကို ပုတ်ချလိုက်ပါတယ်။

တကယ်လို့ သေသေချာချာ ထိမှန်သွားမယ်ဆိုရင် လင်းဟာန်က သူ့ရဲ့ မူလလမ်းကြောင်းကနေ သွေဖယ်သွားပြီး တံခါးဆီကို တစ်ဟုန်ထိုး ပြေးဝင်သွားရမဲ့အစား ဘေးက နံရံနဲ့ ဝင်ဆောင့်မိ သွားပါလိမ့်မယ်။

ဟင့်။

လင်းဟာန်က အဆုံးမဲ့ မြားတစ်ချောင်း ဆွဲထုတ်လိုက်ပါတယ်။

Edit with WPS Office

သူ့ကိုယ်သူ လေးတစ်ချောင်းလို သုံးလိုက်ပေမဲ့ ဒီမြားရဲ့ အစွမ်းက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေဆဲပါပဲ။ မူလစွမ်းအင်တွေ သိပ်သည်းလာပြီး အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွားကာ ပစ်လွှတ်လိုက်ပါတယ်။

ဖူး။

မူလစွမ်းအင်မြားက မို့စ္စာကျားရဲ့ လက်သည်းကို ထိမှန်သွားပေမဲ့ အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်နဲ့ ယှဉ်နိုင်တဲ့ ခုခံမှုနဲ့ ရင်ဆိုင်ရတဲ့ အချိန်မှာ ဘာများလုပ်နိုင်မှာလဲ။ အဆုံးမဲ့ မြားတောင်မှ ထိုးဖောက်နိုင်ခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း ဒီတိုက်ခိုက်မှုမှာ လင်းဟာန်က စွမ်းအား အကုန်လုံး ထုတ်သုံးထားတာ ဖြစ်တာကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် အစွမ်းထက်ပြီး ကျားရဲ့လက်သည်းကို အနည်းငယ် လွှဲချော်သွား စေခဲ့ပါတယ်။

ဟူး။

Edit with WPS Office

ဒီလက်သည်းက လင်းဟန်နဲ့ ဆံပင်မွေး တစ်မျှင်စာလောက် လွဲချော်သွားခဲ့ပါတယ်။

ပြီးတော့ လင်းဟန်က ရောမ တံခါးဆီကို လွင့်ထွက်သွားပါတယ်။

ဂုန်း။

သူက ကြမ်းပြင်ပေါ်ကို လဲကျသွားပြီး အားမရှိတော့သလို ခံစားလိုက် ရပါတယ်။ သူ့အနေနဲ့ ဒီအဆုံးမဲ့များရဲ့ အစွမ်းကို ထိန်းထားဖို့အကြောင်း မရှိပါဘူး။ သူအဲဒါကို အသုံးပြုလိုက်တဲ့ အချိန်မှာ သူ့ခန္ဓာကိုယ်ထဲက အစွမ်းတွေအားလုံး သေချာပေါက် ကုန်ခမ်းသွားမှာ ဖြစ်ပြီးတော့ တစ်စက်ကလေးမှတောင် ကျန်နေမှာ မဟုတ်ပါဘူး။

ကျေးဇူးတင်ရမဲ့ အချက်က သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးလာသလိုပဲ သူ့အစွမ်းတွေ ပြန်လည် ပြည့်ဝလာမှုကလည်း အရမ်းကို လျင်မြန်လာပါတယ်။ သူ့အတွက်တော့ လုံးဝကို ပြန်လည်ပြည့်ဝ ကောင်းမွန်လာဖို့

Edit with WPS Office

နာရီအနည်းငယ်ပဲ လိုပါလိမ့်မယ်။

မိန္ဒစွာကျားက ဂင်ပေါက်မှာ ရပ်သွားပြီး သူတို့အနောက်ကို လိုက်မဖမ်းတော့ပါဘူး။ သူတို့အကြားမှာ မမြင်ရတဲ့ နံရံတစ်ခု ကာဆီးထားသလိုမျိုး အရှေ့ထပ်ပြီးတော့ တိုးလာလို့ မရတော့ပဲ ရပ်နေရတဲ့ ပုံစံပါပဲ။

မိန္ဒစွာကျားက အချိန်အတော်ကြာအောင် ဟိန်းဟောက်ပြီး ရောမ တံခါးကြီးတွေက ဖြည်းညှင်းစွာနဲ့ ပိတ်သွားတာကို သူတို့တွေ မြင်လိုက်ရပါတယ်။

သူတို့ဆယ်ယောက်က သက်ပြင်းမော ချလိုက်ကြပါတယ်။ နောက်ဆုံးတော့ သူတို့တွေ အထဲကို အတင်းဂင်ရောက် လာနိုင်ခဲ့ပါပြီ။

ဒါပေမဲ့လည်း သူတို့က အခုမှ ပထမအဆင့်ကိုပဲ ဖြတ်ကျော်ရပါသေးတယ်။ ဒါမှမဟုတ် ပထမအဆင့်ရဲ့ စမ်းသပ်မှုတွေထဲက တစ်ခုပဲလား။

သူတို့က ဘေးဘီဂဲယာကို ကြည့်ပြီးတော့ အရမ်းကို သတိထားနေ ကြပါတယ်။

Edit with WPS Office

ဒါက နောက်ထပ် ခန်းမကျယ်ကြီးတစ်ခု ဖြစ်ပြီးတော့ မယုံနိုင်စရာ ကောင်းလောက်အောင် ကြီးမားလွန်းပါတယ်။ အလယ်မှာ ကျောက်ပြားတစ်ခုကို စိုက်ထူထားပါတယ်။

"ပထမအဆင့်ကို ဖြတ်ကျော်လာတဲ့အတွက် ဂုဏ်ပြုပါတယ်"

ရုတ်တရက် ကျောက်ပြားကနေ အသံတစ်ခု ထွက်ပေါ်လာပါတယ်။

အားလုံးက အံ့အားသင့် နေခဲ့ကြပါတယ်။

"ဟိုးဟိုးဟိုး မစိုးရိမ်ကြပါနဲ့။ ဒါက ငါချန်ထားခဲ့တဲ့ အသိစိတ်သေးသေးလေး တစ်ခုပါပဲ။ အစစ်အမှန် ငါကတော့ဟီးဟီး မင်းတို့ကို ငါမပြောနိုင်ဘူး"

ကျောက်ပြားက ပြောလိုက်ပါတယ်။ သူ့ဆီက စကားလုံး အနည်းငယ်လောက်ကပဲ အားလုံးကို ဒေါသထွက်လာစေဖို့ လုံလောက်ပြီး သူတို့ဆယ်ယောက်စလုံးက ကောင်းကောင်းကြီး ရိုက်နှက် ဆုံးမပစ်ချင်စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာပါတယ်။

ကံမကောင်းတာက ဒါက ကျန်နေတဲ့ အသိစိတ် အနည်းငယ်

Edit with WPS Office

တစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဘယ်လိုလုပ်လို့ ရနိုင်မှာလဲ။

ဒီအသိစိတ်က ဂူသချိုင်းပိုင်ရှင် ချန်ထားခဲ့တဲ့ဟာဆိုတာကို လင်းဟာန်က ချက်ချင်း သေချာသွား ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအသိစိတ်က အရမ်းကို မြောက်ကြွားမြောက်ကြွားနဲ့ အရိုက်ခံဖို့ တောင်းဆိုနေသလိုပါပဲ။ ကျောက်ရုပ်ဂဏ်ပါထဲက ကျောက်ပြားပေါ်မှာ ချန်ထားတဲ့ စကားတွေနဲ့ တူညီတဲ့ ဟန်ပန်မျိုး ရှိနေပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် ဂူသချိုင်းပိုင်ရှင်က လှည့်ကွက် အသစ်ကို အသုံးပြုခဲ့ပြီး ဟာသလုပ်နေပါတယ်။

"ဆုလာဘ်တစ်ခုလိုချင်လား။ တကယ်လို့ လိုချင်ရင် ငါ့ကို တောင်းပန်ပါ"

ကျောက်ပြားက ဆက်ပြောလိုက်ပါတယ်။

သူတို့အားလုံး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပါတယ်။ ဒါက တကယ်ပဲ ကြီးကျယ်မြင့်မြတ်တဲ့

Edit with WPS Office

စီနီယာနဲ့ အဆုံးမဲ့ လက်ရွေးစင် တစ်ယောက်မှ ဟုတ်ပါလေစ။ ဘာဖြစ်လို့ သူ့ကိုကြည့်ရတာ အတော်လေး အရှက်ကင်းမဲ့နေပုံ ရတာလဲ။

"ပထမအဆင့်ကို ဖြတ်ကျော်နိုင်ရင် ဆုလာဘ်တစ်ခု ရသင့်တယ် ဟုတ်တယ်မလား"

လင်းဟန်က ကောက်ချက်ချလိုက်ပါတယ်။

"ဒီလိုဆိုမှတော့ တကယ်လို့ ငါတို့ တောင်းပန်သည်ဖြစ်စေ မတောင်းပန်သည်ဖြစ်စေ ငါတို့အနေနဲ့ ဆုလာဘ် ရလိမ့်မယ်။ ဒါကြောင့် ငါတို့က ဘာဖြစ်လို့ တောင်းပန်သင့်လဲ"

"အာ ငါဒေါသထွက်လွန်းလို့ သေတော့မယ်။ တကယ်လို့ မင်းတို့က ငါ့ကို နည်းနည်းလောက် တောင်းပန်လိုက်တော့ ဘာများ ထိခိုက်သွားမှာမိုလို့လဲ။ မင်းတို့တွေ သေသွားမှာလား"

ကျောက်ပြားက ရုတ်တရက် ထအော်လိုက်ပါတယ်။

အားလုံးက အခုချိန်မှာ တိတ်တိတ်ဆိတ်ဆိတ်လေး နေဖို့ကို ဆုံးဖြတ်ထားလိုက်ပါတယ်။ ဒီကြီးကျယ် ခမ်းနားတဲ့ စီနီယာ

Edit with WPS Office

လက်ရွေးစင်ကို ကြည့်ရတာ လုံးဝကို စိတ်နပ် ရပါတယ်။

"ဒါဆိုလည်း ကောင်းပြီလေ။ စည်းမျဉ်းက စည်းမျဉ်းပဲ။ ငါမင်းတို့ကို ဆုသေးသေးတစ်ခု ပေးမယ်"

ကျောက်ပြားက တည်ငြိမ်သွားပြီး သူ့အသံက အရင်ကထက် ပိုပြီးတော့ တည်ငြိမ်နေပါတယ်။

Chapter 1118 end

အပိုင်း(1119) ရှားပါးဂူရျယ်ကို ထုထောင်းခြင်း

"ရော့ ဒီမှာ ယူလိုက် ကောင်စုတ်လေးတွေ"

ကျောက်ပြားက ပြောလိုက်တယ်။

ကြမ်းပြင်ပေါ်မှာ ကျောက်စိမ်းပုလင်း ဆယ်လုံးက အစီအရီ ပေါ်လာခဲ့ပါတယ်။

လူတစ်ယောက်ကို တစ်ပုလင်းနှုန်းဆိုတာ မြင်သာပါတယ်။

ဒါက အဖွဲ့လိုက် အောင်မြင်မှု တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးရဲ့ ဆုလာဘ်တွေက တူညီတယ်ဆိုတာ သဘာဝပါပဲ။ အောင်မြင်မှုရဖို့ ပိုပြီးတော့

Edit with WPS Office

ကြိုးစားအားထုတ်တာကြောင့် ဆုလာဘ်ပိုများများ ရလိမ့်မှာတော့ မဟုတ်ပါဘူး။

အားလုံးက သူတို့ရဲ့ ဆေးပုလင်းတွေကို လှမ်းယူလိုက်ပါတယ်။ ဒါပေမဲ့လည်း ရှားပုရှျယ်က အားလုံးထက် ပိုပြီးတော့ အကျိုးများပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လှံရှည်ကိုင်ထားတဲ့ လူငယ်က သူ့ရဲ့ နောက်လိုက်တစ်ယောက်မျှပဲ ဖြစ်တာကြောင့် သူက ရှားပုရှျယ်ကို ရသမျှ အကျိုးအမြတ်အားလုံးကို ပေးရပါလိမ့်မယ်။

လင်းဟန်က ဆေးပုလင်း တစ်လုံးကို လှမ်းယူပြီးတော့ ပုလင်းမှာ ဘာမှမရေးထားတာကို သတိပြုမိ ခဲ့ပါတယ်။ သူက ကျောက်ပြားကို လှည့်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"ဒါတွေက ဘယ်လိုဆေးလုံးမျိုးတွေလဲ ဆိုတာကို မေးပါရစေ"

"ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေ"

ကျောက်ပြားက ပြန်ဖြေလိုက်ပါတယ်။

Edit with WPS Office

"အဲဒါက ဘာလဲ"

ဘယ်သူမှ ဒီလိုမျိုး ဆေးလုံးနဲ့ ပတ်သက်ပြီး အရင်က မကြားဖူးကြပါဘူး။

"ဒါကို ချေဖျက်ပြီးရင် လူတစ်ယောက်ရဲ့ စွမ်းအားက နှစ်နာရီလောက် ကြယ်တစ်လုံး တိုးသွားလိမ့်မယ်"

ကျောက်ပြားက ရှင်းပြလိုက်ပါတယ်။

"အဲဒီလောက် ညံ့ဖျင်းရသလား"

လင်းဟာန်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"အိုးဟိုးဟိုး တခြားသူတွေက ဒါကို ရယူပြီးတော့ ကျေးဇူးတွေ တင်နေတယ် ဆိုတာကို မင်းကြည့်လိုက်ဦး"

ကျောက်ပြားက မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။

"နောက်ပြီးတော့ မင်းတို့တွေက အခုမှ ပထမအဆင့်ကိုပဲ ဖြတ်ကျော်ရသေးတယ်။ အရမ်းကို တန်ဖိုးကြီးမားတဲ့ ဆုလာဘ်တွေကို မျှော်လင့်နေတာလား"

"ဒါဆိုရင် မင်းပြောချင်တာက ဒုတိယအဆင့်၊

Edit with WPS Office

တတိယအဆင့်နဲ့ တခြားအဆင့်တွေကို ဖြတ်ပြီးရင်
ဆုလာဘ်တွေ ပိုပြီးတော့ ရနိုင်သေးတယ်ပေါ့"

လင်းဟန်က မေးလိုက်ပါတယ်။

"ဒါပေါ့။ မင်းတို့တွေ လုံလောက်တဲ့အထိ
အစွမ်းထက်ရင်တော့ ရမှာပေါ့"

ကျောက်ပြားက ပြန်ဖြေလိုက်ပါတယ်။

သူတို့ရဲ့ တိုက်ပွဲဝင်လိုတဲ့စိတ်က တမြေ့မြေ့ လောင်ကျွမ်းလို့
လာခဲ့ပါတယ်။ သူတို့တွေက ဆုလာဘ်တွေကြောင့်
စိတ်အားထက်သန်လာတယ် ဆိုပေမဲ့ သူတို့ရဲ့
မသေဆုံးနိုင်တဲ့ ရည်မှန်းချက်နဲ့ ယုံကြည်ချက်က
ပါရမီရှင်တွေထဲမှာ နံပါတ်တစ် ဖြစ်ဖို့ပါပဲ။

"ကျန်တဲ့အဆင့်တွေက ဘယ်လိုမျိုးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ငါက ဘာဖြစ်လို့ မင်းကို ပြောပြသင့်လဲ"

ကျောက်ပြားက ပြန်ပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

Edit with WPS Office

"တကယ်လို့ မင်းသိချင်တယ်ဆိုရင် မင်းဘာသာမင်း သွားပြီးတော့ စူးစမ်းကြည့်လေ။ ဒါပေမဲ့လည်း ငါမင်းကို ပြောပြနိုင်တာက ဒုတိယအဆင့်က ဂုဏ်ပါတစ်ခုဖြစ်ပြီး နှစ်နာရီအတွင်း ထွက်လာနိုင်တဲ့သူပဲ ဆုတစ်ခု လက်ခံရရှိလိမ့်မယ်"

"ဒီအဆင့်မှာ အသင်းဖွဲ့ဖို့ မလိုတော့ဘူး။ ဒါကြောင့် အသင်းဖွဲ့တာကို တားမြစ်ထားတယ်။ မင်းတို့တွေ အခု ကိုယ့်ဘာသာ သွားနိုင်ပြီ"

ကျောက်ပြားက ဒီလိုမျိုး ပြောပြီးတဲ့နောက်မှာ တိတ်ဆိတ်ငြိမ်ကျ သွားခဲ့ပါတယ်။

ဒုတိယအထပ်ကို ဦးတည်နေတဲ့ လှေကားတစ်စုံက သူတို့အရှေ့မှာ ပေါ်လာခဲ့ပါတယ်။

"ဟားဟား သွားကြစို့"

တုအန်းက ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက လှေကားတွေဆီ ပထမဆုံး လျှောက်သွား လိုက်ပါတယ်။

လင်းဟန်က မလှုပ်ရှားသေးပါဘူး။ သူက ဒီအခြေအနေဟာ

Edit with WPS Office

အတော်လေး ထူးဆန်းတယ်လို့ ထင်လိုက်ပါတယ်။ ဒါက ဂူသချိုင်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ ဒီနေရာမှာ စမ်းသပ်စစ်ဆေးမှုတွေနဲ့ စိန်ခေါ်မှုတွေ များပြားနေရတာလဲ။ တကယ်လို့ ဒီစီနီယာအိုကြီးက သူ့စိတ်အသိ အမျှင်တစ်ခုကို ချန်ထားခဲ့တယ် ဆိုရင်တောင် သူ့အတွက် ဒီဂူသချိုင်းကို ကာကွယ်စောင့်ကြပ်ဖို့ လုံလောက်နေပြီ မဟုတ်လား။ ဘာဖြစ်လို့ သူက ဂိုဏ်းကြီးတစ်ဂိုဏ်းက တပည့်တွေ ရွေးချယ်နေသလိုမျိုး လုပ်နေတဲ့ ပုံစံနဲ့ တူနေရတာလဲ။

ဒါပေမဲ့လည်း ဒီနေရာမှာ ဆုပေးတယ်ဆိုမှတော့ လင်းဟာန်က ဒီစမ်းသပ်စစ်ဆေးမှုထဲမှာ ပါဝင်ဖို့ ပြင်ဆင်ထားပါတယ်။ တကယ်တော့ ဆုံးရှုံးစရာ ဘာမှမရှိပါဘူး။

"လင်းဟာန် မင်းငါနဲ့ မတိုက်ချင်ဘူးလား"

ရှားပူချယ်က လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်ပါတယ်။

"ငါ့ခြဆီလာလေ"

လင်းဟာန်ကလည်း မကြောက်ပါဘူး။

Edit with WPS Office

"စောစောတုန်းက ငါတို့တွေ အတူတူ လက်တွဲတိုက်ခိုက်ခဲ့လို့ ငါမင်းကို မသတ်နိုင်ခဲ့ဘူး။ ဒါပေမဲ့လည်း မင်းထက် ပိုသန့်စွမ်းပြီး ပါရမီ ပိုရှိတဲ့ လူတွေက အမြဲတမ်းရှိတယ် ဆိုတာကို မင်းသိအောင် ငါလုပ်ပေးရမှာပေါ့။ မင်းကိုယ်မင်း အရမ်းကြီး ဘဝဂမြင့်မနေနဲ့"

ရှားပူချွယ်က ဒီလိုမျိုး စကားကြမ်းကြမ်းတွေ ပြောနိုင်တယ်လို့ ဘယ်သူက တွေးမိမှာလဲ။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ အစတုန်းကတော့ ရှားပူချွယ်က သနားစရာ ကောင်းပြီးတော့ အမြင်ကျဉ်းတဲ့ လူတစ်ယောက်လို့ တွေးမိခဲ့ပါတယ်။ သူ့ကို အံ့အားသင့် သွားစေတာက ရှားပူချွယ်က အတော်လေး ပွင့်လင်းတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်။

သူက ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ငါလည်း မင်းအသတ်ကို ချမ်းသာပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ဒီလိုစကားမျိုးကို အလေးအနက်ထားပြီး ပြောနိုင်လို့ပဲ။ မင်းစောစောက

Edit with WPS Office

ပြောတဲ့စကားရဲ့ အဓိပ္ပါယ်ကို မင်းနားလည်အောင် ငါက လုပ်ပေးရမှာပေါ့”

“ဟားဟား ဘယ်လောက် ဘဂင်မြင့်လိုက်လဲ”

ရှားပုချယ်က အေးစက်စက်နဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“ကဲ တိုက်ကြတာပေါ့”

သူက အသာအယာ မာန်သွင်းလိုက်ပြီး သူ့လက်ပေါ်မှာ နတ်ဘုရား သင်္ကေတတွေ ခြောက်ဆယ်ကျော်လောက် လင်းလက်တောက်ပ လာခဲ့ပါတယ်။ တချိန်တည်းမှာပဲ သူ့နောက်ကျောမှာ တောင်မြစ်လေးခုစီ ဖြစ်ပေါ်လာပြီး တစ်ခုချင်းစီကနေ ကြောက်မက်ဖွယ်ရာ အရှိန်အဂ်ါ တစ်ခု တောက်ပလို့နေပါတယ်။

နတ်ဘုရား သင်္ကေတ ခြောက်ဆယ်ကျော် ပိုင်ဆိုင်ထားရတဲ့ အချက်က သူ့မှာ ကြယ်ခြောက်ပွင့် စွမ်းအားတစ်ခု ရှိနေတဲ့ လက္ခဏာပါပဲ။

“ဘာမဟုတ်တဲ့ စွမ်းအားလေးနဲ့ ငါ့ကို

Edit with WPS Office

မြိမ်းခြောက်ချင်နေတာလား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ တကယ်လို့ ရှားပုချယ်က သူ့ရဲ့ ခုခံနိုင်စွမ်းကို အရင်က မတွေ့မြင်ဖူးခဲ့ရင်တော့ ကိစ္စမရှိပါဘူး။ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ်အဆင့်ထက် သာလွန်တဲ့ ကြယ်ခြောက်ပွင့်က တကယ့်ကို အစွမ်းထက်တယ် ဆိုပေမဲ့လည်း လင်းဟန် အနိုင်ယူဖို့ မလုံလောက်တဲ့ အရာတစ်ခုတော့ မဟုတ်သေးပါဘူး။

“ဒါပေါ့။ ဒီလောက်နဲ့ မကုန်သေးဘူး”

ရှားပုချယ်က သူ့လက်မောင်းပေါ်မှာ အနက်ရောင် လက်ကာတစ်ခုကို ဂုတ်ဆင်လိုက်ပါတယ်။ သူ့လက်မောင်းကို ခါလိုက်ပြီး လက်ကာကို ချက်ချင်း အသက်သွင်းလိုက်ပါတယ်။ အဲဒီမှာ ရေးထွင်းထားတဲ့ သင်္ကေတတွေက တောက်ပလင်းလက်လာပြီး သူ့လက်ပေါ်က နတ်ဘုရား သင်္ကေတ အရေအတွက်ကလည်း တိုးလာခဲ့ပါတယ်။

Edit with WPS Office

နတ်ဘုရား သင်္ကေတ ခုနစ်ဆယ့်တစ်ခု။

ဒါက သူ့စွမ်းအားမှာ နောက်ထပ်ကြယ်တစ်လုံး ထပ်တိုးသွားတဲ့ လက္ခဏာပါပဲ။

လင်းဟန်က အံ့အားသင့်သွားပြီးတော့ ပြောလိုက်ပါတယ်။

"အရင်ကျောက်ရုပ်ဂင်္ဂါကို စိန်ခေါ်တဲ့ အချိန်တုန်းက မင်း ဒီနတ်ဘုရား ပစ္စည်းကို အသုံးမပြုခဲ့ပါဘူး"

"ငါက ဒါကို အသုံးမပြုချင်လို့ မဟုတ်ဘူး။ ဒီနတ်ဘုရား ပစ္စည်းက ပျက်စီးနေပြီး အနည်းဆုံး ဆယ့်ငါးမိနစ်လောက်ပဲ အသုံးပြုနိုင်မယ်"

ရှားပူချွယ်က လင်းဟန်ကို မကြွယ်မဟုက်ပဲ ပြောခဲ့ပါတယ်။

ကျောက်ရုပ်ဂင်္ဂါကို ဖြတ်ကျော်ဖို့က ဆယ့်ငါးမိနစ်ထက် အများကြီး အချိန်ပိုကုန်ပါတယ်။ ဒါကြောင့် သူက အရှေ့ကို နည်းနည်းလေး တိုးနိုင်ဖို့အတွက်တော့ ဒီပစ္စည်းကို အဲဒီအချိန်က အသုံးမပြုခဲ့ပါဘူး။ အဲဒါက သူ့ကို ဂင်္ဂါကို ဖြတ်ကျော်နိုင်အောင် လုံးဝကူညီပေးနိုင်လိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မင်းက ငါ့ကို ဆယ့်ငါးမိနစ် အတွင်းမှာ အနိုင်ရမယ်လို့ ယုံကြည်နေတာလား"

"ဒါက လုံလောက်တာထက်ကို ပိုနေပြီ"

ရှားပုချွယ်က ဂုဏ်ယူစွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်ရဲ့ ခံစစ်က အံ့အားသင့်စရာ ကောင်းပေမဲ့ ရှားပုချွယ်ရဲ့ စွမ်းအားက နေလတစ်ပိုင်း အဆင့်နား ကပ်နေပါပြီ။ သူ့ရဲ့ လျှို့ဝှက်နည်းစနစ်တွေကို အသုံးပြုလိုက်တာနဲ့ သူက လင်းဟာန်ကို သတ်ပစ်ဖို့ ဆိုတာတောင် ဖြစ်နိုင်ချေ ရှိပါတယ်။

"ဟားဟား မင်းရဲ့ ယုံကြည်ချက်ကို ဆက်ပြီးတော့ ထိန်းထားဖို့ ငါမျှော်လင့်ပါတယ်ကွာ"

လင်းဟာန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။ အဲဒီနောက် သူရထားတဲ့ ခြသေ့်တံဆိပ်ကို ထုတ်လိုက်ပါတယ်။ ဒီတံဆိပ်ကို ဆယ်ကြိမ်အသုံးပြုလို့

Edit with WPS Office

ရနိုင်ပါတယ်။ အချိန်အတိုင်းအတာ အပေါ်မှာ မူတည်ပြီးတော့ အကန့်အသတ် နည်းသွားနိုင်တယ် ဆိုပေမဲ့ ဒါက တစ်ကြိမ်သုံးတိုင်း အသက်သွင်းရပါတယ်။

သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ရှားပုချွယ်ထက် အများကြီး အားနည်းပါတယ်။ ဒါက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် ကွာဟချက် ကြီးမားလွန်းတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ ပြင်ပပစ္စည်း အကူအညီတွေ မသုံးပဲ တိုက်ခိုက်မယ်ဆိုရင် လင်းဟန်က သေချာပေါက် ရှုံးနိမ့်သွားပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်လိုမျိုး ဂုဏ်ယူဝင့်ကြွားတဲ့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီး အရှုံးဆိုတာကို လက်ခံနိုင်မှာလဲ။

ဒါကြောင့် သူက ခြသေ့်တံဆိပ်တော်ကို အသုံးပြုဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တာ ဖြစ်ပါတယ်။

သူက နတ်ဘုရား တံဆိပ်ကို သူ့ခန္ဓာကိုယ်ပေါ်မှာ ချိတ်လိုက်ပြီး ချက်ချင်းဆိုသလို သူ့အရေပြား အပေါ်မှာ

Edit with WPS Office

နတ်ဘုရား သင်္ကေတတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အကြမ်းဖျင်း ကြည့်လိုက်ရင်ပဲ နတ်ဘုရား သင်္ကေတ ရှစ်ရာလောက် ရှိပါတယ်။

ဖူး။

ရှားပုချွယ်က ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ ချောင်းတဟွတ်ဟွတ် ဆိုးသွားပြီး သူ့မျက်နှာပေါ်မှာ အံ့အားသင့်မှုတွေနဲ့ ပြည့်နက်နေပါတယ်။

သူက နတ်ဘုရား သင်္ကေတ ခုနစ်ဆယ်ကျော်ပဲ ပိုင်ဆိုင်ထားပြီး လင်းဟန်ကတော့ ရှစ်ရာလုံးလုံး ပိုင်ဆိုင်ထားပါတယ်။ ဒါက ဘယ်လောက်တောင်ကြီးမားတဲ့ ကွာဟချက် တစ်ခုလဲ။ ဒါက ဆယ်ဆလောက် ပိုပြီးတော့ အစွမ်းထက်တဲ့ ရိုးရိုးကိစ္စလေး တစ်ခုပဲ မဟုတ်ပါဘူး။ အဆင့်ကြီး တစ်ဆင့်နဲ့ အဆင့်သေး ဒါဇင်နဲ့ချီပြီးတော့ သန်မာတဲ့ အရာတစ်ခုပါ။

သူက ပါရမီရှင် တစ်ယောက် ဆိုပေမဲ့ နေလအဆင့်မှာရှိတဲ့ လူတစ်ယောက်ကို အနိုင်ယူနိုင် ပါ့မလား။ ဘယ်လိုပဲဖြစ်ဖြစ်

Edit with WPS Office

လင်းဟာန်ရဲ့ စွမ်းအားက နေလအဆင့်မှာပဲ မဟုတ်ပါဘူး။ အဲဒါက နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေပါတယ်။

"ငါ အရှုံးပေးတယ်"

သူက မခံချိမခံသာ အမူအရာတစ်ခုနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းအရှုံးပေးလိုက်တာနဲ့ပဲ ငါက ရပ်လိမ့်မယ်လို့ မင်းထင်နေတာလား။ ငါက ခြသေ့်တံဆိပ်ကို အသက်သွင်းပြီးပြီ ဆိုမှတော့ ဘယ်လိုလုပ်ပြီး မင်းကို လွယ်လွယ်နဲ့ လွှတ်ပေးလိုက်ဖို့ ဖြစ်နိုင်မှာလဲ"

လင်းဟာန်က လက်ဖလာနဲ့ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး သူ့ရဲ့ နတ်ဘုရား သင်္ကေတတွေမှာ အကန့်အသတ်မဲ့တဲ့ စွမ်းအားတွေက ထောက်ပံ့ပေးထားပါတယ်။

လင်းဟာန်ရဲ့ စွမ်းအားက ရှားပုရွှယ်ထက် မိုင်ပေါင်းများစွာ သာလွန်ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ တခြားနည်းစနစ် နည်းနည်းမှ ထုတ်ဖော်စရာ မလိုပါဘူး။ သူ့အတွက်တော့

Edit with WPS Office

သာမန်ဖမ်းဆုပ်မှု တစ်ခုနဲ့တင် ရှားပူချွယ်ကို ဖမ်းနိုင်ခဲ့ပါတယ်။ အဲဒီနောက် သူက ရှားပူချွယ်ကို စိတ်ကျေနပ်တဲ့အထိ ရိုက်နှက်ထုထောင်း ပါတော့တယ်။

ရှားပူချွယ်အပေါ် သူ့ရဲ့သဘောထားက အနည်းငယ် တိုးတက်လာခဲ့ပေမဲ့ အဲဒါက ရှားပူချွယ်ရဲ့ အသက်ကို ချမ်းသာပေးဖို့အတွက်ပဲ လုံလောက်ပါတယ်။ သူက ရှားပူချွယ်ကို မှတ်လောက် သားလောက်အောင် ရိုက်နှက်ပြီး သူ့ကို နောက်ဆုတ်ခွင့်တောင် မပေးခဲ့ပါဘူး။

"မင်း အရမ်းကို လွန်နေပြီနော်"

ရှားပူချွယ်က နာကျင်မှုကြောင့် ညည်းတွားနေခဲ့ပါတယ်။

လင်းဟာန်က သူ့ကို လုံးဝကို လျစ်လျူရှုပြီးတော့ ဆက်ပြီးအပြစ်ပေး နေခဲ့ပါတယ်။

လုံ့ရှည်ကိုင်ထားတဲ့ လူငယ်ဟာ သူ့အရေ့က မြင်ကွင်းကြောင့် လုံးဝကို မှင်တက်အံ့သြ တွေဝေနေခဲ့ပါတယ်။ သူ့မျက်လုံးထဲမှာ ရှားပူချွယ်က ပြိုင်ဘက်ကင်း စစ်နတ်ဘုရား တစ်ပါး ဖြစ်ပြီးတော့

Edit with WPS Office

ကျင့်ကြံခြင်း အဆင့်တူတွေထဲမှာ ပြိုင်ဘက်မရှိပါဘူး။ အခုတော့ သူ့ထက် အဆင့်သေး တစ်ဆင့်နိမ့်ကျတဲ့ လူတစ်ယောက်ရဲ့ မညှာမတာ ရိုက်နှက်ခြင်းကို ခံနေရပါတယ်။

ဘာကြောင့်ဆိုတာကို မေ့ထားလိုက်ပါ။ အမှန်တရားက အမှန်တရားပါပဲ။ လူငယ်ဘုရင်အဆင့် ကျင့်ကြံသူတွေဟာ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ပြိုင်ဘက်ကင်း ဖြစ်သင့်ပါတယ်။

လင်းဟန်က ရှားပုချွယ်ကို စိတ်ကျေနပ်တဲ့အထိ ထုထောင်းပြီးတဲ့နောက်မှာ သာမန်ကာလျှံကာ ပစ်ထုတ်လိုက်ပါတယ်။

"လင်းဟန် ငါတို့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ပြန်ဆုံတဲ့ အချိန်ကျရင် ငါအရှက်ကွဲခဲ့တာကို ပြန်ပြီးတော့ ဆေးကြောပစ်မယ်"

ရှားပုချွယ်က ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာနဲ့ ပြန်ပြီးတော့ ရယ်မောရင်း

Edit with WPS Office

ပြောလိုက်တယ်။

"မင်းမှာ အခွင့်အရေး တစ်ခုတောင် ရမှာမဟုတ်ဘူး"

သူ့ရဲ့ ကျင့်ကြံခြင်းက အရှေ့ကို တစ်ဟုန်ထိုး တိုးပွားနေပြီး သူနဲ့ရှားပုချွယ်ရဲ့ ကျင့်ကြံခြင်း အဆင့်ကြားက ကွာဟချက်က တဖြေးဖြေး ကျဉ်းမြောင်းလာပါလိမ့်မယ်။ နောက်ပြီးတော့ တောင်မြစ်အဆင့်နဲ့ နေလအဆင့်ကြားက အတားအဆီးက ဖြတ်ကျော်ဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။ ဒါကြောင့် သူ့အတွက် ရှားပုချွယ်ကို အချိန်တိုတိုလေး အတွင်းမှာ လိုက်မီဖို့ သေချာပေါက် အခွင့်အလမ်းတစ်ခု ရှိပါတယ်။

"မိန်းမ သွားကြရအောင်"

လင်းဟန်က စွေ့ရန်ယွီရဲ့ လက်ကို ကိုင်ဆွဲပြီးတော့ မျှော်စင်ရဲ့ ဒုတိယ အထပ်ဆီကို လျှောက်လာခဲ့ပါတယ်။

Chapter 1119 end

အပိုင်း(1120) ပြိုင်ဘက်ကင်း သရဖူ သူတော်စင်

"အဲဒီယုံကြည်လို့မရတဲ့ ကျောက်ပြားပြောတဲ့ စကားအရ နောက်ထပ်စမ်းသပ် စစ်ဆေးမှုက ဂက်ပါ တစ်ခုပဲ။

Edit with WPS Office

နောက်ပြီးတော့ ငါတို့ကအဖွဲ့ လုပ်လို့ မရနိုင်ဘူး။
ကိုယ့်ဘာသာကိုယ်ပဲ လုပ်ဆောင်ရ လိမ့်မယ်။
မင်းအနက်ရောင် မျှော်စင်ထဲ ဝင်နေချင်လား"

လင်းဟန်က မေးလိုက်တယ်။

စွေ့ရန်ယွီက ခဏလောက် စဉ်းစားပြီးတော့ သူမရဲ့ ခေါင်းကို ခါပြီးပြောလိုက်တယ်။

"ဟင့်အင်း ငါ့ဘာသာငါ ကြိုးစားကြည့်ချင်တယ်"

"အဲဒါ အန္တရာယ်ရှိနိုင်တယ်"

လင်းဟန်က သတိပေးလိုက်ပါတယ်။

"ငါသိတယ်"

စွေ့ရန်ယွီက ခေါင်းတစ်ချက်ညိတ်ပြီး ပြောလိုက်တယ်။
အဲဒီနောက် လင်းဟန်ဘက်ကို လှည့်ပြီးတော့
ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တယ်။

"နင့်ကို ဂန်ထုပ်ဂန်ပိုး မဖြစ်စေချင်ဘူး။ ငါ နင့်ကို ကူညီနိုင်တာပဲ လိုချင်တယ်"

Edit with WPS Office

လင်းဟန်က သူ့အပေါ် သူမရဲ့ ချစ်ခြင်းမေတ္တာကြောင့် စိတ်လှုပ်ရှားသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူပြောလိုက်တဲ့ စကားက အတော်လေး စိတ်လှုပ်ရှားစေပါတယ်။

"ဒါဆိုရင် ငါတို့ ကလေးတွေ အရင်ယူရအောင်"

"နာဘူးကောင်"

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီး ကြည့်လိုက်ပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဂရုစိုက်နော်"

"အင်းပါ"

လင်းဟန်က သူမနဖူးပေါ်ကို အနမ်းဖွဖွလေး ပေးလိုက်ပြီးတော့ ဒုတိယအထပ်ဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်သွားလိုက်ပါတယ်။

စွေ့ရန်ယွီက ခဏလောက် တုံ့ဆိုင်းဆိုင်း ဖြစ်သွားခဲ့ပါတယ်။ အဲဒီနောက် ရုတ်တရက် သူမရဲ့ အိပ်ကပ်ထဲမှာ နတ်ဘုရား

Edit with WPS Office

တံဆိပ်နှစ်ခု ပေါ်လာတာကို သတိထားမိသွားခဲ့ပါတယ်။ အဲဒါတွေက ဂရဇိန် တံဆိပ်နဲ့ ခြသေ့်တံဆိပ် ဖြစ်ပါတယ်။ သူမက ဘာမှမပြောနိုင်ခင်မှာပဲ လင်းဟာန်က လှေကားဆီ လျှောက်သွားပြီး ပျောက်သွားခဲ့ပါပြီ။

စွေ့ရန်ယွီက လင်းဟာန်အနောက်ကို အလျင်အမြန် ပြေးလိုက်သွားပေမဲ့ သူက ဒုတိယ အထပ်ကို ဝင်သွားခဲ့တာကို တွေ့လိုက်ရပါတယ်။ သူမ အရှေ့မှာ ကျောက်တုံးတွေနဲ့ တည်ဆောက်ထားတဲ့ နံရံတွေက အရမ်းကို ရှည်လျားလွန်းပါတယ်။ သူတို့ပုံစံကို ကြည့်ရတာ ရှုပ်ထွေးပြီး ဖြစ်သလို တည်ဆောက်ထားတဲ့ ပုံစံပါပဲ။

ဒါက မျှော်စင်ရဲ့ ဒုတိယအထပ် ဖြစ်ပါတယ်။ ပြီးတော့ သူမနဲ့ လင်းဟာန်က လူစုကွဲသွားခဲ့ပါပြီ။

ဒီလိုအခြေအနေမျိုး တစ်ခုကို ဖြတ်ကျော်ရတာ သူတို့အတွက် ပထမဆုံး အကြိမ်တော့ မဟုတ်တော့ပါဘူး။ ဒီဂူသချိုင်းထဲကို သူတို့တွေ ဝင်လာတဲ့ အချိန်မှာ တောင်မြစ်အဆင့်၊ နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်တွေကိုလည်း တစ်ခုချင်းစီ ခွဲထားခဲ့ပါတယ်။

Edit with WPS Office

သူမက အိပ်ကပ်ထဲက နတ်ဘုရား တံဆိပ်နှစ်ခုကို ယူလိုက်ပါတယ်။ လင်းဟန်က ဒါတွေကို သူမနဲ့အတူ ချန်ထားပေးခဲ့တာက သူမကို စိုးရိမ်ပူပန်လို့ ဖြစ်ပါတယ်။

နောက်ပြီးတော့ သူမက ဒါတွေကို ငြင်းပယ်ပြီး လက်မခံမှာကို ကြောက်တာကြောင့် အိပ်ကပ်ထဲကို ထည့်ပေးပြီးတာနဲ့ ချက်ချင်းပဲ ထွက်ပြေးသွားတာ ဖြစ်ပါတယ်။ သူမကို စကားပြောဖို့ အခွင့်အရေးတောင် မပေးခဲ့ပါဘူး။

စွေ့ရန်ယွီက နတ်ဘုရား တံဆိပ်တွေကို အမှတ်တမဲ့ စိုက်ကြည့်နေခဲ့ပါတယ်။ အဲဒီနောက် သူမက လင်းဟန်မှာ အနက်ရောင် မျှော်စင် ရှိနေသေးတာကို သတိရသွားပါတယ်။ ဆိုလိုတာက သူ့အနေနဲ့ လုံခြုံပါလိမ့်မယ်။ အဲဒီနောက်မှ သူမက သတိပြန်ဝင်လာပြီး သူမရဲ့ အရှေ့က ကျောက်ဂင်္ကပါကို စတင်ပြီးတော့ လေ့လာစမ်းစစ် လိုက်ပါတယ်။

လင်းဟန်ကလည်း နေရာတစ်ခုမှာ ကျောက်ဂင်္ကပါကို လေ့လာစမ်းစစ်နေပါတယ်။ ကြည့်ရတာ သူတို့က အထပ်တူတူ ဆိုပေမဲ့ ဒိုင်မေးရှင်း မတူညီတဲ့ ပုံစံပါပဲ။

Edit with WPS Office

ဒါက ဂဏ်ပါ တစ်ခုဆိုတာ သံသယ ရှိစရာ မလိုပါဘူး။

"ဟင် ဒါက လှုပ်ရှားနိုင်တယ်"

ဂဏ်ပါကို အတော်ကြာအောင် လေ့လာပြီးတဲ့နောက်မှာ ကျောက်နံရံတွေက သူတို့ဘာသာ သတို့ လှုပ်ရှားနေတာကို လင်းဟာန် ရှာတွေ့သွားခဲ့ပါတယ်။ ဒါကြောင့် လမ်းကြောင်း အခင်းအကျင်းတွေက လုံးဂကို ပြောင်းလဲသွားပါလိမ့်မယ်။

"ဒီဂဏ်ပါကို နစ်နာရီ အတွင်းမှာ ဖြတ်ကျော်ရမယ်။ ဒီကျောက်နံရံတွေ လှုပ်ရှားစေတဲ့ သင်္ကေတကို ငါတို့ရှာရမလား"

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ယုံကြည်မှု အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက အရင်ဘဝမှာ မရေမတွက်နိုင်တဲ့ ရှေးဟောင်းနယ်မြေတွေကို စွန့်စားသွားလာခဲ့ပါတယ်။ အဲဒီအချိန်တွေတုန်းက သူဟာ မရေမတွက်နိုင်တဲ့ ဂဏ်ပါတွေကို ဖြတ်ကျော်ခဲ့ပါတယ်။ သူ့အရှေ့က ဂဏ်ပါရဲ့ အဆင့်က ပိုပြီးတော့ မြင့်မားပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ နတ်ဘုရား အာရုံကလည်း

Edit with WPS Office

အရင်ဘဂ်ကထက် အများကြီး အစွမ်းထက်လာခဲ့ပါပြီ။

လူတစ်ယောက်ရဲ့ နတ်ဘုရားအာရုံ ပိုပြီးတော့ အစွမ်းထက်လာလေ လူတစ်ယောက်ရဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းကလည်း ပိုပြီးတော့ အစွမ်းထက်လာပြီး ကောက်ချက်ချနိုင်တဲ့ စွမ်းရည်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါတွေက မော်ဆေးပညာ၊ ယန္တရားရုပ် ဖန်တီးခြင်း၊ ဂဏ်ပါ တည်ဆောက်ခြင်းနဲ့ ဂဏ်ပါ ဖျက်ဆီးခြင်းတို့အတွက် အရမ်းကို အရေးကြီးဆုံးပဲ ဖြစ်ပါတယ်။

လင်းဟာန်ရဲ့ မျက်လုံးက ဂဏ်ပါကို စိုက်ကြည့်နေရင်း အနည်းငယ် လှုပ်ရှားသွား ခဲ့ပါတယ်။ အချိန်တွေ ကုန်လာတာနဲ့အမျှ သူ့မျက်လုံးရဲ့ လှုပ်ရှားမှုတွေလည်း မြန်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဂဏ်ပါထဲက ပြောင်းလဲမှုတွေ အားလုံးကို မှတ်နေလို့ ဖြစ်ပါတယ်။ ပြောင်းလဲမှုတွေကို သူမှတ်ပြီးတဲ့နောက်မှာ သူက ဂဏ်ပါ လှုပ်ရှားမှုကို ထိန်းချုပ်ထားတဲ့ သင်္ကေတတွေကို စတင်လေ့လာလိုက်ပါတယ်။

Edit with WPS Office

တကယ်လို့ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ နားလည်ဆင်ခြင်မယ်ဆိုရင် တစ်ရက်လောက် နားလည်ဆင်ခြင်တာက အပြင်မှာ တစ်နှစ်နဲ့ ညီမျှပါတယ်။ ဒါကြောင့် သူက ဒီဂင်္ဂါကို အရမ်းကို တိုတောင်းတဲ့ အချိန်တစ်ခု အတွင်းမှာ ဖြိုခွဲနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း နှစ်နာရီ အချိန်အတွင်းမှာ ဒီဂင်္ဂါကို ဖြိုခွဲဖို့ အချိန်ကန့်သတ်ထားပါတယ်။ ဆုလာဘ်လည်း ရှိနေတာကြောင့် သူက ဒီဂင်္ဂါကို ပြင်ပအကူအညီ နည်းနည်းမှ မရှိပဲ ဖြိုခွဲနိုင်စွမ်း ရှိလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

သူ့စိတ်ထဲမှာ တွက်ချက်နေပြီး သူ့နှုတ်ခမ်းထက်မှာ အပြုံးတစ်ခု အလျင်အမြန်ပဲ ဖြစ်ပေါ် လာခဲ့ပါတယ်။

"ဒီမှာ ဂင်္ဂါ သုံးဆယ့်ခြောက်ခုရှိတယ်။ ပြီးတော့ ဧရိယာ ခုနစ်ခုက လူတွေကို လှည့်စားဖို့ ပုံစံထုတ်ထားတယ်။ တကယ်လို့ လူတစ်ယောက်က အဲဒီနေရာတွေထဲကို ဝင်သွားမယ်ဆိုရင် သေချာပေါက် ပိတ်မိနေလိမ့်မယ်"

Edit with WPS Office

"ငါ့အခု အဆင်သင့်ဖြစ်ပြီ"

လင်းဟန်က ကျောက်ဂက်ပါထဲကို
လမ်းလျှောက်ဝင်လိုက်ပါတယ်။

သူက ဘယ်ဘက်ကို ခဏလောက် လျှောက်သွားပြီး
ညာဘက်ကို ပြန်လှည့်လိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို
သက်တောင့်သက်သာ ရှိနေပုံ ရပြီးတော့ ဂက်ပါကို တစ်နာရီ
ဂန်းကျင် အတွင်းမှာပဲ ဖြတ်ကျော်လာခဲ့ပါတယ်။ သူ့အရှေ့မှာ
နောက်ထပ် ခန်းမကျယ်ကြီးတစ်ခု ပေါ်လာခဲ့ပါပြီ။

သူ့အရင် ထွက်သွားတဲ့ ရှောင်စီစီ၊ တုအန်းနဲ့
တခြားသူတွေလည်း ဒီနေရာကို ရောက်နေကြပါပြီ။
ရှားပူချွယ်တောင် ရောက်နေခဲ့ပါတယ်။ ပါရမီရှင်တွေက
ပါရမီရှင်တွေပါပဲ။ ပြီးတော့ သူတို့က တွက်ချက်တဲ့
နယ်ပယ်ထဲမှာတောင် ထူးချွန်ထက်မြက် နေကြပါတယ်။

ဒါပေမဲ့လည်း အကြောင်းပြချက်က ဒီဂက်ပါက အတော်လေး
ရိုးရှင်းပါတယ်။ ဒါကြောင့် ပါရမီရှင်တွေရဲ့ ကျွမ်းကျင်မှုကို
သီးခြားခွဲခြားနိုင်စွမ်း မရှိပါဘူး။ တကယ်လို့ ဂက်ပါရဲ့

Edit with WPS Office

ခက်ခဲမှုကို တိုးမြှင့်လိုက်မယ်ဆိုရင် နားလည်သဘောပေါက်တဲ့ အချိန် ကွာခြားချက်က နှစ်အနည်းငယ် ဒါမှမဟုတ် ဒါဇင်နဲ့ချီပြီး ကြာမြင့်နိုင်ပါတယ်။

လင်းဟန်ရဲ့ အရှေ့က ခန်းမမှာလည်း ကျောက်ပြားတစ်ချပ် ရှိပါတယ်။

လင်းဟန်က ရှောင်စီစီနဲ့ တခြားသူတွေကို အရင်ဆုံး ခေါင်းညိတ်ပြီးတော့ နှုတ်ဆက်ပြလိုက်ပြီး ကျောက်ပြားဆီကို လမ်းလျှောက်သွားကာ ပြောလိုက်ပါတယ်။

"ကျနော်ဖြတ်ကျော်လာခဲ့ပြီ။ ဒါကြောင့် ကျနော့်အတွက်ဆုက ဘယ်မှာလဲ"

"ကောင်လေး ငါ့ကို စီနီယာလို့ ခေါ်ဖို့ မမေ့နဲ့"

ကျောက်ပြားက ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ဒီအခွင့်အရေးကို ယူပြီးတော့ မေးလိုက်ပါတယ်။

"စီနီယာကို ကျနော်က ဘယ်လိုခေါ်သင့်လဲ"

ရှောင်စီစီနဲ့ပ တခြားသူတွေ အားလုံးက နားစွင့်ထားပါတယ်။

Edit with WPS Office

သူတို့ကလည်း ဒီဇရာမ ဂူသချိုင်းရဲ့ ဇစ်မြစ်နဲ့ ပတ်သက်ပြီး သိချင်နေကြပါတယ်။ ကြယ်တာရာတွေနဲ့ ဂြိုလ်ကြီးတွေ အကြားမှာ ဂူသချိုင်းတစ်ခုကို တည်ဆောက်နိုင်စွမ်း ရှိတာက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

"ဟားဟား အတိတ်နေ့တွေတုန်းက စကြဝဠာတွေကို သွားလာပြီးတော့ မျိုးဆက်တစ်ခုမှာ ပြိုင်ဘက်ကင်း ဖြစ်ခဲ့တယ်။ လူတွေက ငါ့ကို ပြိုင်ဘက်ကင်း သရဖူ သူတော်စင်လို့ ခေါ်ကြတယ်"

ကျောက်ပြားက ပြောလိုက်တယ်။

အရမ်းကို အရှက်ကင်းမဲ့တာပဲ။

အားလုံးက သူတို့ရဲ့ စိတ်ထဲကနေ ခေါင်းကို ခါလိုက်ကြပါတယ်။ ဒီလူက အသက်ရှိစဉ်မှာ အရမ်းကို အစွမ်းထက်တဲ့ လူတစ်ယောက်ဆိုတာကို သူတို့တွေ နားလည်ထားပါတယ်။ ဒါပေမဲ့လည်း သူ့ကိုယ်သူ ပြိုင်ဘက်ကင်းလို့ ခေါ်ဆိုပြီး အရမ်းကို အလွန်အကျူး မြှောက်ပင့် ပြောဆိုနေပါတယ်။

Edit with WPS Office

ကမ္ဘာကြီးက ကျယ်ပြန့်ပြီး အစွမ်းထက်တဲ့ သက်ရှိတွေက တိမ်တွေလို များပြားလွန်းပါတယ်။ ဘယ်သူကများ စစ်မှန်တဲ့ ပြိုင်ဘက်ကင်း ဖြစ်နိုင်မှာလဲ။

နောက်ပြီးတော့ သူတော်စင်တွေတောင်မှ သေခြင်းတရားကနေ လွတ်မြောက်နိုင်ခြင်း မရှိပါဘူး။ တကယ်လို့ လူတစ်ယောက်က ပြိုင်ဘက်ကင်းဖြစ်တယ်ဆိုရင် သူတို့က ကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ မဟာတာအိုကို ကျော်လွှားနိုင်ရမယ် မဟုတ်လား။

"အိုး ဒါဆိုရင် စီနီယာ ပြိုင်ဘက်ကင်းပေါ့"

လင်းဟန်က ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့အသံထဲမှာ ရှိသေလေးစားမှု နည်းနည်းမှ မရှိခဲ့ပဲ အဲဒါက ပြိုင်ဘက်ကင်းသရဖူ သူတော်စင်ကို အရမ်းပဲ ဒေါသပေါက်ကွဲသွား စေခဲ့ပါတယ်။

"ကောင်စုတ်လေးတွေ။ အတိတ်တုန်းက ငါ့အစွမ်းက...ဒီအကြောင်းကို မေ့လိုက်တော့။

Edit with WPS Office

ယောက်ျားစစ်စစ်ဆိုတာ သူ့ရဲ့အတိတ်တုန်းက အောင်မြင်မှုတွေနဲ့ ပတ်သက်ပြီး လေလုံးမထွားသင့်ဘူး”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က နှာခေါင်းတစ်ချက်ရှုံ့ပြီးတော့ ပြောလိုက်တယ်။

“ဒါကိုယူလိုက်။ ဒါက မင်းရဲ့ဆုပဲ”

လင်းဟာန်က ရှာကြည့်လိုက်တဲ့ အခါမှာ ကြမ်းပြင်ပေါ်မှာ နောက်ထပ်ဆေးပုလင်း တစ်လုံးကို ရှာတွေ့သွားပါတယ်။

“ဒီတစ်ကြိမ်ကရော ဘာလဲ”

သူကမေးလိုက်တယ်။

“ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံး”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။

“လာပြန်ပြီလား”

လင်းဟာန်က မျက်နှာရှုံ့မဲ့ပြီးတော့ ပြောလိုက်ပါတယ်။ သူ့အမူအရာက အရမ်းကို မကျေမနပ် ဖြစ်နေပုံပါပဲ။

လူအများစုအတွက်တော့ မှော်ဆေးလုံးတွေက

Edit with WPS Office

မယုံနိုင်စရာကောင်းလောက်အောင် ရှားပါးပြီး အဖိုးထိုက်တန်ပါတယ်။ အဆင့်မြင့် ဆေးလုံးတွေအတွက် တိုက်ပွဲတွေ ဖြစ်ပွားပြီး အသေအပျောက်တွေ မနည်းကြပါဘူး။ ဒီလိုအဖြစ်အပျက်တွေက မရှားပါဘူး။ ဒါပေမဲ့လည်း လင်းဟန်က မှော်ဆေးဂေရာဇ် တစ်ယောက် ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဆေးဖော်စပ်နည်းကို ရပြီးရင် သူမဖော်စပ်နိုင်တဲ့ ဆေးဆိုတာ ရှိပါ့မလား။

ဒါကြောင့် မှော်ဆေးလုံးတွေကို ဆုလာဘ်အဖြစ် အများဆုံး ပေးအပ်တာကို သူမကြိုက်ပါဘူး။ နောက်ပြီး နောက်တစ်ကြိမ် ထပ်ပြီးတော့ ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံး ဖြစ်နေပါတယ်။

"မှားသွားပြီ။ မှားသွားပြီ။ မှားသွားပြီ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က မှားသွားပြီဆိုတဲ့ စကားလုံးကို သုံးကြိမ်တိုင်တိုင် ပြောလိုက်ပါတယ်။

"ဒီဆေးလုံးတွေက အရင်ပေးတဲ့ ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေနဲ့ မတူဘူး။ ဒီခရမ်းရောင် သင်္ကေတ

Edit with WPS Office

တောင်မြစ်ဆေးလုံးတွေက အရင် ခရမ်းရောင်တောင်မြစ် ဆေးလုံးထက် ပိုပြီးတော့ အစွမ်းထက်ပြီး နောက်ထပ် ကြယ်တစ်လုံး ထပ်ပြီးတိုးပေးနိုင်တယ်"

"ခင်ဗျားက စကားကို ပေ့ပိုက်ပြီးတော့ ပြောပေမဲ့ ဒါက ခရမ်းရောင် သင်္ကေတ တောင်မြစ် ဆေးလုံးတစ်လုံး ဆိုတဲ့ အချက်ကို ပြောင်းလို့မှ မရတာ။ ဒါက အရည်အသွေး နည်းနည်းလေး ပိုမြင့်လိုက်တာပဲရှိတယ်"

လင်းဟန်က စိတ်ပျက်လက်ပျက်နဲ့ သူ့ခေါင်းကို ခါလိုက်ပါတယ်။

သူက မှော်ဆေးပညာရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် မှော်ဆေးပညာရှင်တွေရဲ့ မှော်ဆေးလုံးတွေရဲ့ မတူညီတဲ့ အဆင့်တွေနဲ့ ပတ်သက်ပြီး သတိထားမိပါတယ်။ ဆေးလုံးတွေကို တူညီတဲ့ ဆေးကျိုအိုးနဲ့ သန့်စင်ဖော်စပ်တဲ့ အချိန်မှာတောင် တချို့ဆေးလုံးတွေက အရည်အသွေးမီ ကြယ်ဆယ်ပွင့်ကို ရောက်နိုင်ပေမဲ့ တချို့ဆေးလုံးတွေကတော့ ကြယ်ရှစ်ပွင့် ခုနစ်ပွင့် ဒါမှမဟုတ် ငါးပွင့်ထိပဲ ရောက်ပါလိမ့်မယ်။

Edit with WPS Office

ဟုတ်ပါတယ်။ ဒီလိုမျိုး လက်ခံနိုင်ဖွယ်မရှိတဲ့ မှော်ဆေးပညာရှင်တွေက မှော်ဆေးပညာ ကမ္ဘာမှာ ကိုးဆယ့်ကိုးရာခိုင်နှုန်းထိ ရှိပါတယ်။ ဒါကြောင့် အံ့အားသင့်စရာတော့ မဟုတ်ပါဘူး။ ဒါက မှော်ဆေးပညာမှာ လင်းဟန်ရဲ့ ကျွမ်းကျင်မှုက အရမ်းကို မြင့်မားနေတာကြောင့် သူက ဒီလိုမျိုး သာမန်မှော်ဆေးပညာရှင်တွေ အပေါ်မှာ ဘာမှမတတ်နိုင်ပဲ နှိမ့်ချပြီး ကြည့်မိပါတယ်။

"တကယ်လို့ မင်းမလိုချင်ဘူးဆိုရင် ငါပြန်ယူမယ်လေ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က လင်းဟန်ထက်တောင် ပိုပြီးတော့ မကျေမနပ် ဖြစ်နေခဲ့ပါတယ်။

လင်းဟန်က အလျင်အမြန်ပဲ ဆေးလုံးတွေကို သိမ်းလိုက်ပါတယ်။ ဒါတွေကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အလကား ရမှတော့ ဘာဖြစ်လို့ ပြန်ပေးရမှာလဲ။

"နောက်ထပ်စမ်းသပ်မှုက ဘာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က နှာခေါင်းတစ်ချက်

Edit with WPS Office

ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ဒီလိုမျိုး အပြုအမူကြောင့် ငါက မင်းကို အထူးတလည် ဆက်ဆံတာမျိုးကို လိုချင်တာလား။ အိပ်မက် မက်မနေနဲ့"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အားလုံးက ခင်ဗျားကို ရိုရိုသေသေနဲ့ ဆက်ဆံပေမဲ့ ကျနော်တစ်ယောက်ပဲ သာမန်နဲ့မတူတာပေါ့။ ဒီလောက်ဆိုရင် ကျနော့်အတွက် အနောက်တံခါးကို ဖွင့်ပေးဖို့ မလုံလောက်သေးဘူးလား"

"......"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ခဏလောက် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားခဲ့ ပါတယ်။ အဲဒီနောက် သူက သက်ပြင်းချလိုက်ပါတယ်။

"ငါရုတ်တရက် သတိထားမိသွားတာက မင်းဟာငါ့အစောပိုင်းတုန်းက တွေးထားတာထက် ပိုပြီးတော့

Edit with WPS Office

အရုက်ကင်းမဲ့တဲ့ ကောင်စုတ်လေး ဖြစ်နေတာပဲ”

Chapter 1120 end

Edit with WPS Office

အပိုင်း(1121) ဓားတိုက်ခိုက်မှု တစ်ခုကို အဓိပ္ပါယ်ဖော်ခြင်း

လင်းဟာန်ရဲ့ မျက်နှာက အမှတ်မထင် မည်းမှောင်သွားခဲ့ပါတယ်။ ဘာဖြစ်လို့ ကျောက်ပြားက ရုတ်တရက် သူ့ကို ကျိန်ဆဲရတာလဲ။ သူတို့တွေက ယဉ်ကျေးပျူငှာတဲ့ ဟန်ပန်အမူအရာနဲ့ ဆက်သွယ်နေနိုင်သေးတာပဲ မဟုတ်လား။

ရှောင်စီစီနဲ့ တခြားသူတွေ အားလုံးက သူတို့ပါးစပ်ကို ဖုံးပြီးတော့ ရယ်မောလိုက် ကြပါတယ်။ သူတို့က လင်းဟာန်ရဲ့ သတ္တိကောင်းမှုကို တကယ်ပဲ လေးစားသွားခဲ့ ကြပါတယ်။

ဒီပြိုင်ဘက်ကင်း သရဖူ သူတော်စင် သေသွားတာ အရမ်းကို ကြာမြင့်နေပေမဲ့ သူ့ရဲ့ စိတ်အသိ အမျှင်စု တစ်ခု ကျန်နေတာတောင် ဒီရောမ ဂူသချိုင်းတစ်ခုလုံးမှာ မရေမတွက်နိုင်တဲ့ အံ့အားသင့်စရာ ဂက်ပါတွေ ဖြန့်ကျက်ထားမှန်း ပေါ်လွင်ပါတယ်။ နောက်ပြီးတော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကိုတောင် ထိန်းချုပ်ထားနိုင်တဲ့ အစွမ်းထက် ဂက်ပါတွေလည်း ပါဝင်ပါတယ်။

Edit with WPS Office

ဒါကြောင့် ဘယ်သူကမှ ကျောက်ပြားအရှေ့မှာ မလေးမစား နည်းနည်းလေးမှ မလုပ်ပြဲပါဘူး။ သူတို့အားလုံးက သူ့အစွမ်းကို ကြောက်ကြပါတယ်။

လူတစ်ယောက်က ဘယ်လောက်ပဲ ဂုဏ်သိက္ခာရှိရှိ ပါရမီရှိရှိ ဘာမှလုပ်မရပါဘူး။ ကျင့်ကြံခြင်း ကမ္ဘာကြီးထဲမှာ ခွန်အားကပဲ အားလုံးကို ဆုံးဖြတ်ပေးနိုင်ပါတယ်။ တကယ်လို့ လူတစ်ယောက်က လုံလောက်တဲ့ ခွန်အားတစ်ခုကို မပိုင်ဆိုင်ထားဘူးဆိုရင် သူတို့က ဘာဖြစ်လို့ ဂုဏ်ယူဂုဏ်ပြုကြပြီး နေလို့ရမှာလဲ။

ဒါပေမဲ့လည်း လင်းဟန်ကတော့ ဒီပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ အရှေ့မှာ စကားကို လွတ်လွတ်လပ်လပ် ပြောနိုင်စွမ်း ရှိပါတယ်။ ဒါက တခြားသူတွေအနေနဲ့ သူတို့ရဲ့ စိတ်ထဲမှာ သူ့ကို လက်လွတ်စပယ် ပြောတဲ့သူအဖြစ် သတ်မှတ်ထားပေမဲ့လည်း သူ့ရဲ့ သတ္တိကောင်းမှုနဲ့ ပတ်သက်ပြီး လေးစားမိတဲ့စိတ်ကိုတော့ ဘာမှမတတ်နိုင်ပါဘူး။

ပိုပြီးတော့ အရေးကြီးတာက လင်းဟန်ဟာ ပြိုင်ဘက်ကင်း

Edit with WPS Office

သရဖူ သူတော်စင်ရဲ့ နှစ်သက်မှုကို ရရှိသလို ပုံစံမျိုးပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က သူ့ကို သောက်သုံးမကျတဲ့ ကောင်စုတ်လေးလို့ ခေါ်မဲ့အစား တစ်ခါတည်း သတ်ပစ်ပါလိမ့်မယ်။

"မင်းက ငါ့ကို တောင်းပန်မှတော့ ငါကလည်း ကြင်နာစိတ်ထားပြီး မင်းကို ပြောပြရမှာပေါ့"

ကျောက်ပြားဆီကနေ အလင်းရောင်တစ်ချက် လက်လာပြီး ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။

"တတိယ စမ်းသပ်စစ်ဆေးမှုမှာ မင်းက ဓားတိုက်ခိုက်မှု တစ်ခုကို အဓိပ္ပါယ်ဖော်ဖို့ လိုအပ်တယ်"

"ဓားကွက်တစ်ကွက်ကို အဓိပ္ပါယ်ဖော်ရမယ် ဟုတ်လား။ ဘယ်လိုကြီးလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အနည်းငယ် စိတ်မရှည် ဖြစ်လာပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းနားမလည်သေးဘူးလား။ ဓားကွက်တစ်ကွက်ကို မင်းအဓိပ္ပါယ် ဖော်ရမယ်။ တကယ်လို့ မင်းအောင်မြင်ရင် စမ်းသပ်စစ်ဆေးမှုကို မင်းအောင်မြင်ပြီ။ မင်းမဖော်နိုင်ရင် ထွက်သွားနိုင်ပြီ"

"ဒီစမ်းသပ်မှုကို ဖြတ်ကျော်နိုင်ရင် ဆုလာဘ်ရှိသေးလား"

လင်းဟာန်က ဆက်ပြီးတော့ မေးလိုက်တယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားခဲ့ပါတယ်။ မင်းက ပါရမီရှင် တစ်ယောက်နဲ့တူအောင် မနေတတ်ဘူးလား။ အမြဲတမ်း ဆုလာဘ်အကြောင်းပဲ စဉ်းစားနေတာလား။ လူတစ်ယောက်က ပစ္စည်းအကျိုးအမြတ် အပေါ်မှာ အရမ်းကြီး အာရုံစိုက်နေတာ မဖြစ်သင့်ဘူး။

"ဟူး ဒါနဲ့ပတ်သက်ပြီး မေ့လိုက်တော့။ တကယ်လို့ ငါမေးရင်တောင် အသုံးဝင်မှာ မဟုတ်ဘူး"

လင်းဟာန်က သူ့ပခုံးကို တွန့်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

Edit with WPS Office

"သေချာပေါက် နောက်ထပ်တစ်ကြိမ် ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံး လာဦးမှာပဲ။ အဲဒီဆေးလုံးတွေက လူတစ်ယောက်ရဲ့ စွမ်းအားကို ကြယ်သုံးလုံးထိ တိုးပေးနိုင်တဲ့ အရည်အသွေး နည်းနည်းပိုမြင့်တာပဲ ရှိမှာပေါ့"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က စကားပြောဖို့ ပြင်လိုက်ပေမဲ့ သူ့စကားတွေကို ပါးစပ်ထဲ အတင်းအကျပ် မျိုချလိုက်ရပါတယ်။ လင်းဟာန်ပြောတဲ့အတိုင်းပါပဲ။ တတိယ စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်ဖို့ ဆုလာဘ်က ကြယ်သုံးပွင့် တိုးပေးနိုင်တဲ့ ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေပဲ ဖြစ်ပါတယ်။

လပြွတ်ပဲ။ ဒီဆေးလုံးတွေက မင်းရဲ့ စွမ်းအားကို ကြယ်သုံးလုံး တိုးပေးနိုင်တယ်။ တကယ်လို့ မင်းက ကျင့်ကြံခြင်း အဆင့်တူထဲက တစ်စုံတစ်ယောက်နဲ့ တိုက်ပွဲရင်ဆိုင်တဲ့ အခါမှာ ဒါက အရမ်းကို အထင်ကြီးစရာ ကောင်းနေပြီကွ။ မင်းက ဒါကိုတောင် မကျေနပ်သေးဘူးလား။

ဒါပေမဲ့လည်း စီနီယာ တစ်ယောက် အနေနဲ့ သူက

Edit with WPS Office

ဒီလိုကိစ္စတွေကို ဂျူနီယာ တစ်ယောက်နဲ့ ဘယ်လိုလုပ် စကားနိုင်လုလို့ ရမှာလဲ။

"ထွက်သွားစမ်း။ မြန်မြန် သွားကြစမ်း။ မင်းရဲ့ သောက်ရေးမပါတဲ့ မျက်နှာကို မြင်ရတာ ငါ့ကို ဒေါသထွက်စေတယ်"

သူက ဒေါသတကြီးနဲ့ ပြောလိုက်တယ်။

"စိတ်အေးအေးထားပါ။ ကျနော်က လူတစ်ယောက်ကို စောင့်ဖို့ လိုသေးတယ်"

လင်းဟာန်က ကြမ်းပြင်ပေါ် ကြက်ခြေခတ်ပုံစံ ထိုင်ချပြီး သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ကိုတော့ အနက်ရောင် မျှော်စင်ထဲ ပြန်ထည့်ထားပါတယ်။ သူက စွေ့ရန်ယို့ ရောက်လာဖို့အတွက် စောင့်ရပါမယ်။ ဂဏ်ပါက အန္တရာယ် မရှိပေမဲ့ လင်းဟာန်က စွေ့ရန်ယို့ ရောက်မလာသေးသရွေ့ စိုးရိမ်ပူပန် နေပါသေးတယ်။

"သောက်ရေးမပါတဲ့ ကောင်စုတ်လေး"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က

Edit with WPS Office

တီးတိုးရွတ်လိုက်ပါတယ်။

"မင်းက သေချာပေါက် အဲဒီလို လူစားမျိုး မဖြစ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့အရမ်းကို စိတ်ပျက်သလို ခံစားမိမှာပဲ"

ရှောင်စီစီနဲ့ပ တခြားသူတော်က လင်းဟန်ကို မစောင့်နေကြပါဘူး။ အဲဒီအစား သူတို့က မျှော်စင်ရဲ့ တတိယ အထပ်ကို ဝင်ပြီးတော့ ဓားကွက်ကို အဓိပ္ပါယ်ဖော်ခြင်း စမ်းသပ်စစ်ဆေးမှုကို စိန်ခေါ်လိုက် ကြပါတယ်။

တစ်နာရီကျော်ကျော်လောက် စောင့်ပြီးတဲ့နောက်မှာ စွေ့ရန်ယို့ ရောက်လာတာကို တွေ့မြင် လိုက်ပါတယ်။

ဒီရက်ရက်စက်စက်လှတဲ့ မိန်းမချောလေးရဲ့ မျက်နှာမှာ စိတ်ပျက်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူမက ဂက်ပါကို အောင်အောင်မြင်မြင် ဖြတ်ကျော်နိုင်ခဲ့ပေမဲ့ သူမက သတ်မှတ်ထားတဲ့ နှစ်နာရီ အချိန်ကို ကျော်သွားခဲ့ပါတယ်။

သူမက ကောင်းကင်နီ သင်တန်းကျောင်းမှာ ပထမအဆင့်

Edit with WPS Office

လက်ရွေးစင်တစ်ယောက် မဟုတ်ပေမဲ့ အနည်းဆုံးတော့ ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုခံရဖို့ လုံလောက်တဲ့ ထူးချွန်မှု ရှိပါတယ်။ ဒီရောမ ဂူသချိုင်းထဲမှာ သူမက လင်းဟာန်ရဲ့ နောက်ကနေပဲ အမြဲတမ်း လိုက်နေရပါတယ်။ ကြည့်ပါဦး။ အခုပဲ လင်းဟာန်က သူမကို စောင့်နေရတယ် မဟုတ်လား။

"မိန်းမ မင်းစိတ်ထဲမှာ အရေးမပါတဲ့ ဘယ်လိုအတွေးတွေ တွေးနေတာလဲ"

လင်းဟာန်က သူမကို အသာလေး ပွေ့ဖက်ပြီးတော့ နှစ်သိမ့်လိုက်ပါတယ်။

"လူတော်တော်များများက သူတို့ရဲ့ ဘဝမှာ အရမ်းကို နောက်ကျတော့မှ အောင်မြင်မှုကို ခံစားရတယ်။ နောက်ပြီးတော့ မင်းရဲ့ယောကျ်ားက လုံလုံလောက်လောက် အစွမ်းထက်လာရင် မင်းအတွက် သဘာဝ ရတနာ ပစ္စည်း အမျိုးအစားအားလုံးကို ရှာပေးမယ်။ မင်းက အဲဒါတွေကို စားပြီးတော့ ချက်ချင်းပဲ သူတော်စင်တစ်ယောက် ဖြစ်လာနိုင်တာပဲ"

Edit with WPS Office

စွေ့ရန်ယွီက သူ့ကို မျက်လုံးပြူးပြီးတော့ ကြည့်လိုက်ပါတယ်။ သူက လူတွေကို ဘယ်လိုမျိုး နှစ်သိမ့်ပေးရမယ်ဆိုတာကိုရော သိရဲ့လား။ ဒါက သူမရဲ့ ယုံကြည်မှုတွေကို ပိုပြီးတော့တောင် ထိခိုက်စေတယ်ဆိုတာ မသိဘူးလား။

"ဟားဟား သောက်ရေးမပါတဲ့ ကောင်စုတ်လေး။ မင်းရဲ့အတွေးတွေက အရမ်းကို ထူးဆန်းတာပဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ရုတ်တရက် ပြောလိုက်ပါတယ်။

"လူတစ်ယောက်ကို သူတော်စင်အဆင့် ချက်ချင်းရောက်စေနိုင်တဲ့ သဘာဝ ရတနာပစ္စည်းတွေကို လမ်းဘေးက ဂေါ်ဖီထုပ်တွေလို့များ ထင်နေတာလား။ အဲဒါတွေကို မင်းလက်ပွေ့လိုက်တာနဲ့ ရမယ်လို့ ထင်နေတာလား"

လင်းဟန်ရဲ့ အာရုံက ပြောင်းသွားပြီး သူက မေးလိုက်ပါတယ်။

Edit with WPS Office

"လူတစ်ယောက်ကို ချက်ချင်း သူတော်စင်အဖြစ်ကို ပြောင်းလဲပေးနိုင်တဲ့ နတ်ဘုရား ရတနာ ပစ္စည်းတွေ တကယ်ပဲ ရှိနေတာလား"

သူက စွေ့ရန်ယွီကို နှစ်သိမ့်ဖို့ ပြောလိုက်ရုံ သက်သက်ပါပဲ။ ကြည့်ရတာ သူရမ်းသမ်းပြီး ပြောတာက မှန်သွားပြီလားမသိ။

"မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး အရမ်းကို ကျယ်ပြန့်တယ်။ ဘယ်လို ရတနာပစ္စည်းမျိုးက မရှိပဲ နေမှာလဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က စိတ်လှုပ်ရှားစွာနဲ့ သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက အရမ်းကို အဆိပ်အတောက် ဖြစ်စေတဲ့ အရာတွေကို မွေးဖွားခဲ့ပြီး သူတော်စင်တွေတောင်မှ အဲဒါတွေနဲ့ ထိတွေ့မိရင် တစ်ခါတည်း သေသွားနိုင်တယ်။ တစ်ဖက်မှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက သေမျိုးတွေကိုတောင် ကောင်းကင်ပေါ်ကို တစ်ချက်တည်းနဲ့ ထိုးတက်သွားစေနိုင်တဲ့ အရမ်းကို အံ့ဩဖွယ်ရာ

Edit with WPS Office

အရာတွေကိုလည်း မွေးဖွားပေးခဲ့တယ်”

“ခင်ဗျားပြောတာကို သုံးသပ်ကြည့်ရင် ပါရမီဆိုတာက ကံကောင်းမှုနဲ့ နိုင်းယှဉ်လိုက်ရင် အရေးမပါတော့ဘူးပဲ”

လင်းဟန်က ကောက်ချက်ချလိုက်ပါတယ်။

“မင်းပြောတာလည်း မမှားပါဘူး”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။

“ဒါပေမဲ့လည်း ဒီလိုမျိုး ကံကောင်းမှုတွေနဲ့ ပြည့်စုံတဲ့ လူတစ်ယောက်က နှစ်ပေါင်းထရီလီယံ တော်တော်ကြာမှ တစ်ကြိမ်ပဲ ထွက်ပေါ်လာနိုင်တယ်။ နောက်ပြီးတော့ တကယ်လို့ လူတစ်ယောက်က သူတို့ကို ချက်ချင်း သူတော်စင်တစ်ယောက် ဖြစ်စေနိုင်တဲ့ အထွတ်အထိပ် ဆေးတစ်ခုကို ရရှိသွားမယ် ဆိုရင်တောင်မှ ကျင့်ကြံခြင်းမှာ သူတို့ကိုယ်ပိုင် နားလည်ဆင်ခြင် သဘောပေါက်မှုကို ရမှာမဟုတ်ဘူး။ သူတို့က ဒီနားလည်နိုင်စွမ်းကို ကျွမ်းကျွမ်းကျင်ကျင် နားလည်သဘောပေါက်လာဖို့ နှစ်ပေါင်း ဘီလီယံကနေ ထရီလီယံလောက်အထိ အချိန်ယူရလိမ့်မယ်။

Edit with WPS Office

တကယ်လို့ သူတို့ရဲ့ ပါရမီက နည်းမယ်ဆိုရင် သူတို့ဘဝ တစ်လျှောက်လုံး နောက်ထပ် တစ်လက်မလောက်တောင် တိုးတက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး”

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

“အဲဒီကံကောင်းတဲ့လူက ကျနော်ဖြစ်နိုင်တယ်လို့ ယုံကြည်ချက်ရှိတယ်။ ဒါကြောင့် အထွတ်အထိပ် ဆေးတစ်ခုတည်းနဲ့ လုံလောက်မှာ မဟုတ်ဘူး”

ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ပ ဟော့လျန်ချွင်ရှယ်တို့ နှစ်ယောက်စလုံးက ထူးခြားတဲ့ ပါရမီတွေ ရှိပေမဲ့ သူတို့တွေက သူတော်စင်တွေ ဖြစ်လာနိုင်ဖို့ မျှော်လင့်ချက် သေးသေးလေး တစ်ခုပဲ ရှိပါတယ်။ နောက်ပြီးတော့ သူ့မှာ သူ့မိဘတွေ လှီယုထန်နဲ့ တခြားချစ်သူတွေ ရှိပါသေးတယ်။ သူ့လက်ပေါ်မှာ သူတို့တွေ အသက်အရွယ် အိုမင်းပြီးတော့ သေဆုံးသွားမှာကိုတော့ ထိုင်ပြီး ကြည့်မနေနိုင်ပါဘူး။ ဟုတ်တယ်မလား။

တကယ်လို့ သူဘာမှမတတ်နိုင်ဘူးဆိုရင်တော့

Edit with WPS Office

ကိစ္စမရှိပါဘူး။ ဒါပေမဲ့လည်း မျှော်လင့်ချက် အလင်းရောင် တစ်ခု ရှိနေမှတော့ ဘယ်လိုနည်းနဲ့မဆို သူက အဲဒါကို ဖမ်းဆုပ်နိုင်ဖို့ တိုက်ခိုက်ရ ပါလိမ့်မယ်။ သူက ဒီအထွတ်အထိပ် ဆေးတွေကို ရယူပြီး သူ့အနားက လူတွေရဲ့ ခွန်အားကို မြှင့်တင်ပေးရပါမယ်။

နောက်ပြီး မိုးရေကေရာဇ်၊ တင်းပင်းနဲ့ တခြားသူတွေက မယုံနိုင်စရာကောင်းတဲ့ ပါရမီရှင် ကျင့်ကြံသူတွေ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့က ဆုံးဖြတ်ချက် ပြတ်သားပြီး ထူးချွန်ထက်မြက် ကြပါတယ်။ သူတို့တွေ မသေသေးသရွေ့ တစ်နေ့မှာ သူတော်စင်တွေ ဖြစ်လာနိုင်ဖို့ အလားအလာ အရမ်းကို ရှိပါတယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က သွေးအန်လုမတတ် ဖြစ်သွားခဲ့ပါတယ်။ ဒီလိုမျိုး အထွတ်အထိပ် ဆေးတွေက နှစ်ပေါင်း ထရီလီယံ တော်တော်ကြာမှ တစ်ကြိမ်ပဲ ပေါ်လာတာကွ။ တစ်ခုကို ရနိုင်ရင်ပဲ အရမ်းကို ကံကောင်းလွန်းနေပြီ။ ဒါတောင်မင်းက တော်တော်များများ လိုချင်သေးတယ်ပေါ့လေ။ ဟုတ်လား။

Edit with WPS Office

"တကယ်လို့ အဲဒီလို အထွတ်အထိပ် ဆေးမျိုး တစ်ခုကို မင်းရအောင် ယူနိုင်ခဲ့ရင် ငါမင်းကို လေးစားကြည်ညိုမိမှာပဲ။ တကယ်လို့ မင်းက နှစ်ခု ရယူနိုင်မယ်ဆိုရင် ငါ့မျိုးရိုးနာမည်ကို မင်းမျိုးရိုးနာမည်အဖြစ် ပြောင်းပစ်လိုက်မယ်"

"ဟေ့ဟေ့ ကျုပ်ရဲ့ မျိုးရိုးနာမည်ကို ပြောင်းစရာ မလိုပါဘူး။ ကျုပ်မှာ သားတစ်ယောက် ရှိတယ်"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒီကောင်က တကယ့်ကို မျက်နှာပြောင်လွန်းပါတယ်။

"ထွက်သွားစမ်း။ ထွက်သွားစမ်း။ အဲဒီလိုမှ မဟုတ်ရင် ငါမင်းရဲ့ မျက်နှာကို ကန်ထုတ်ပစ်ချင်တဲ့ စိတ်ကို ချိုးနှိမ်ထားလို့ ရမှာမဟုတ်ဘူး"

သူက စိတ်မရှည်စွာနဲ့ ပြောလိုက်ပါတယ်။

"ခဏလောက် စိတ်ရှည်ရှည်ထားပါဦး။ နောက်စမ်းသပ်မှုက

Edit with WPS Office

ဘာနဲ့တူလဲ။ ငါတို့နှစ်ယောက် အတူတူ သွားလို့ ရနိုင်လား"

"ရတယ် ရတယ်။ အဲဒါက ဓားတိုက်ခိုက်မှု တစ်ခုကိုအခမ်းအနားဖွင့်ပွဲ ဖော်တာ သက်သက်ပဲ။ မင်းက သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ အခမ်းအနားဖွင့်ပွဲ ဖော်နိုင်ရင် ဆုရမယ်"

ပြိုင်ဘက်ကင်း သရဖူ သူတောင်စင်က အရမ်းကို ဒေါသထွက်နေပုံ ပေါ်ပြီးတော့ သူက ပြောလိုက်တယ်။

"မင်းက ဆုနဲ့ပတ်သက်ပြီး ပိုဂရုစိုက်တယ် ဆိုတာကို ငါသိတယ်။ ဒါကြောင့် ဘာမှ မေးနေစရာ မလိုတော့ဘူး"

လင်းဟာန်ရဲ့ မျက်နှာပေးမှာ အထင်သေးတဲ့ အကြည့်တစ်ခု ရှိနေပြီး သူက ပြောလိုက်တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် အဲဒါက နောက်ထပ် ခရမ်းရောင်သကော်တ တောင်မြစ်ဆေးလုံးပဲလေ။ လူတစ်ယောက်ရဲ့ အစွမ်းကို ကြယ်သုံးလုံး တိုးပေးနိုင်ရုံပဲဟာ"

"သောက် သောက် သောက်ရေးမပါတဲ့ ကောင်စုတ်လေး"

Edit with WPS Office

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အရမ်းကို ဒေါသတွေ ထွက်နေပြီး သူ့ရဲ့မျက်နှာက ရှုံ့မဲ့လို့ နေပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"စီနီယာက ကျနော့်ကို တစ်စုံတစ်ခု လက်ဆောင်ပေးနိုင်မယ်လို့ တကယ်ပဲ ဆုတောင်းမိပါတယ်"

"......."

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အံကြိတ်လိုက်ပါတယ်။ တကယ်လို့ သူ့မှာသာ သွားတွေ ရှိနေဦးမယ်ဆိုရင် ကျိုးသွားနိုင်ပါတယ်။

လပြွတ်ပဲ။

ဘယ်လောက် ပျင်းစရာ ကောင်းလိုက်သလဲ။ တတိယ စမ်းသပ်စစ်ဆေးမှုကိုတောင် ငါမဖြတ်ရသေးဘူး ဆုက နောက်ထပ် ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးပဲ ဆိုတာကို သိနေပြီ။ ဟူး။

လင်းဟန်က သူ့စိတ်ထဲကနေ ညည်းလိုက်ပြီး စွေ့ရန်ယွီရဲ့ လက်ကိုဆွဲကာ တတိယအထပ်ကို သွားတဲ့ လှေကားတွေဆီ

Edit with WPS Office

လျှောက်သွားလိုက်ပါတယ်။

အဲဒီမှာ မရေမတွက်နိုင်တဲ့လူတွေ ရပ်နေပါတယ်။ တချို့က တောင်မြစ်အဆင့်၊ တချို့က နေလအဆင့်နဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်တွေတောင် ပါဝင်ပါတယ်။ လင်းဟန်က ဒီမြင်ကွင်းကြောင့် အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ပထမ စမ်းသပ်စစ်ဆေးမှုမှာ လူတွေအများကြီး ပယ်ထုတ်ခံလိုက်ရသင့်တယ် မဟုတ်လား။ ဘယ်လိုလုပ်ပြီး ဒီနေရာမှာ လူတွေ အရမ်းကို များနေရတာလဲ။

အရှေ့မှာ အလင်းကနေ ဖြစ်ပေါ်လာတဲ့ လူတစ်ယောက်က ဓားကွက်တစ်ကွက်ကိုပဲ ထပ်ခါထပ်ခါ သရုပ်ဖော်ပြနေပါတယ်။ ဒါပေမဲ့လည်း ဒီဓားကွက်မှာ စစ်မှန်ပြီး ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုရဲ့ အဓိပ္ပါယ်တချို့ ပေါင်းစပ်ပါဝင်နေပုံ ရပါတယ်။ ဓားချက်တိုင်း ကြီးမားတဲ့ ခွန်အား ရှိပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ဖြတ်ကျော်နိုင်စွမ်း ရှိနေပုံ ရပါတယ်။

ငါတို့ဒီဓားကွက်ကို အဓိပ္ပါယ် ဖော်ရမှာလား။

Edit with WPS Office

လင်းဟန်က ဓားကွက်ကို ဂရုတစိုက်နဲ့ ကြည့်လိုက်ပါတယ်။ ဒီဓားကွက်က ရှုပ်ထွေးခြင်း မရှိပါဘူး။ ပြီးတော့ သူ့ရဲ့ အစွမ်းက ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုနဲ့အတူ သူ့ရဲ့ပွဲတင်သံကနေ ထွက်လာသလိုပါပဲ။ အဲဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို ဆွဲယူနိုင်ပြီး ဒီဓားကွက်ကို သရုပ်ပြနေတဲ့ အချိန်တိုင်း အရမ်းကို ထူးခြားဆန်းကြယ်နေပုံ ရပါတယ်။

ငါတို့တွေ ဖင်လာတဲ့ အချိန်ကနေ စပြီးတော့ အချိန်ရှိတယ် မဟုတ်လား။ ငါတို့တွေ ဖင်လာတဲ့ အချိန်ပေါ် မူတည်ပြီး အားလုံးရဲ့ အချိန်တွေ မတူညီဘူး။

ဒီသတိထားမှု တစ်ခုက လင်းဟန်ကို ပိုပြီးတော့တောင် ထူးဆန်းသလို ခံစားစေရပါတယ်။

ဒါက တကယ်ရော ဂူသချိုင်းတစ်ခုမှ ဟုတ်ရဲ့လား။

Chapter 1121 end

အပိုင်း(1122) ဓားကွက်ကနေ လေ့လာသင်ယူခြင်း

လင်းဟန်က တကယ်လို့ တစ်နေ့မှာ သူသေသွားခဲ့မယ်ဆိုရင်

Edit with WPS Office

သူ့အနေနဲ့ သေချာပေါက် သူ့ရဲ့ ဂူသချိုင်းမှာ
စမ်းသပ်စစ်ဆေးမှုတွေ အများကြီး ခင်းကျင်းထားလိမ့်မှာ
မဟုတ်ဘူးလို့ ခံစားနေ ရပါတယ်။

သူက ဒါကို အံ့ဖွယ်ကောင်းကင်ဂိုဏ်းအတွက်
တပည့်ရွေးချယ်ဖို့ ဒီနေရာမှာ စမ်းသပ်စစ်ဆေးမှုတွေ
လုပ်နေသလိုမျိုး ပိုပြီးတော့ ထင်မိပါတယ်။

ဒါပေမဲ့လည်း သူတို့တွေ မရှိပဲ အဲဒီအစား
လူသေတစ်ယောက်က စမ်းသပ်စစ်ဆေးမှုတွေကို
ချန်ထားခဲ့ပါတယ်။

ဟင် ဒီပြိုင်ဘက်ကင်း သရဖူ သူတော်စင်က
တပည့်တစ်ယောက်ရှာဖို့ စိတ်ကူးနေတာများလား။

ဒါက အရမ်းကို ဖြစ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်
ဘာဖြစ်လို့ စမ်းသပ်စစ်ဆေးမှုတွေ အများကြီး
ခင်းကျင်းထားစရာအကြောင်း ရှိမှာလဲ။

ဒါပေမဲ့လည်း သူက ဒါကို ဘယ်လိုလုပ်ပြီး တဲ့တိုးကြီး
ပြောနိုင်မှာလဲ။ သူက မူလဇစ်မြစ်အဆင့် သူတော်စင်

Edit with WPS Office

တစ်ယောက်ဆိုတာ သံသယ မရှိပါဘူး။ တကယ်လို့ သူက မူလဇစ်မြစ် အဆင့် မဟုတ်ဘူးဆိုရင်တောင် အနည်းဆုံး ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်နိုင်ပါတယ်။

တစ်ခုသတိပြုရမှာက အုံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ ရှိပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ အုံ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်တွေကို ရွေးချယ်ခန့်အပ်ချင်တယ်ဆိုရင် သူကိုယ်တိုင် လုပ်စရာ မလိုပါဘူး။ အိမ်နီးနားချင်း ကြယ်စင်စုတွေထဲက ဘုရင်လေးအဆင့် ပါရမီရှင်တွေအားလုံး အရမ်းကို တက်ကြွနေ ကြပါလိမ့်မယ်။

ဒီနေရာရဲ့ အခြေအနေကို ခန့်မှန်းကြည့်ရသလောက် မူလဇစ်မြစ်အဆင့် သူတော်စင် တစ်ယောက်က သူသေပြီးတဲ့ နောက်မှပဲ တပည့်တစ်ယောက် ရှာနေတာ ဖြစ်ပါမယ်။ လူတွေက သေချာပေါက် ဒီအခွင့်အရေးအတွက် အပြင်းအထန် တိုက်ခိုက်ကြပါလိမ့်မယ်။

နေပါဦး။

Edit with WPS Office

လင်းဟန်က သူ့စိတ်ထဲကနေ ခေါင်းခါလိုက်ပါတယ်။ တကယ်လို့ ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က သူ့ရဲ့ သဘောထားကို ရှင်းရှင်းလင်းလင်း လုပ်ခဲ့မယ်ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေက အနားမှာရှိနေတဲ့ လူတွေအားလုံးကို သတ်ပစ်ကောင်း သတ်ပစ်နိုင်ပါတယ်။ တကယ်လို့ အားလုံးနီးပါး သေသွားရင် သူတို့ရဲ့ အောင်မြင်နိုင်ချေ အခွင့်အရေးက တိုးလာမယ် မဟုတ်လား။

တကယ်လို့ မူလဇစ်မြစ်အဆင့် သူတော်စင် တစ်ယောက်က တပည့်တစ်ယောက် လိုချင်တယ် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်က လူတွေက သူတို့ကို မျက်နှာသာ ပေးလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား လူတစ်ယောက်ရဲ့ တက်လမ်းနဲ့ ပတ်သက်ပြီး သူတို့က ပိုပြီးတော့ ဂရုစိုက်ပါလိမ့်မယ်။ နောက်တစ်နည်း ပြောရမယ်ဆိုရင် သူတို့က သူတို့လမ်းကြောင်းနောက်ကို လိုက်ဖို့ အသင့်တော်ဆုံး တစ်စုံတစ်ယောက်ကို ရှာဖွေဖို့ ကြိုးစားပါလိမ့်မယ်။

Edit with WPS Office

ပါရမီက အရာအားလုံးကို ကိုယ်စားမပြုနိုင်ပါဘူး။ မတူညီတဲ့ လူတွေက မတူညီတဲ့ လမ်းကြောင်းတွေနဲ့ သင့်တော်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဓားတိုက်ကွက် အထူးတလည် ရိုးရှင်းပါတယ်။ ပြီးတော့ အားလုံးက ဓားချက်ရဲ့ လှုပ်ရှားမှုအတိုင်း အတုခိုး လှုပ်ရှားနေပြီး ဓားချက်ကို အဓိပ္ပါယ်ပုံဖော်နေသလိုပါပဲ။

အလင်းလူရဲ့ ခုတ်ချက်မှာ မူလစွမ်းအင် နည်းနည်းမှ မပါဝင်ပါဘူး။ ဒါကြောင့် ဒီတိုက်ခိုက်မှုက ပကတိ ခွန်အား သက်သက်နဲ့တော့ အနိုင်ယူလို့ မရနိုင်ပါဘူး။ အဲဒီအစား သူတို့က ဒီတိုက်ခိုက်မှုကို တခြားတိုက်ကွက်ကို အသုံးပြုပြီး အနိုင်ယူလို့ ရပါတယ်။

လူတစ်ယောက်က ဒီတိုက်ကွက်ကို အနိုင်ယူနိုင်တယ်လို့ ခံစားရတဲ့ အချိန်မှာ သူတို့က အလင်းလူနဲ့အတူ တိုက်ကွက်တွေ ဖလှယ်ဖို့ ရှေ့ထွက်လာနိုင်ပါတယ်။ သူတို့အောင်မြင်မလား မအောင်မြင်ဘူးလားဆိုတာက နောက်မှဆုံးဖြတ်ရမဲ့ ကိစ္စပါ။

Edit with WPS Office

နောက်ပြီးတော့ ရှေးဟောင်းအလွှာတစ်ခုက အလင်းလူနဲ့ ဓားတိုက်ခိုက်မှုကို အဓိပ္ပါယ်ဖော်ဖို့ လုပ်ဆောင်တဲ့လူကို ဖုံးလွှမ်းသွားပါလိမ့်မယ်။ ဒါကြောင့် တခြားသူတွေက သူတို့ရဲ့ တိုက်ခိုက်မှုကို တွေ့မြင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ အဲဒီလူ အောင်မြင်သွားရင် သူတို့ ထွက်သွားလို့ ရပါလိမ့်မယ်။ မအောင်မြင်ဘူး ဆိုရင်တော့ သူတို့ရဲ့ မူလနေရာကို ပြန်လာရပါလိမ့်မယ်။

အဲဒါကြောင့် တခြားသူတွေက အလင်းလူရဲ့ တိုက်ကွက်တွေကို ကြည့်ပြီးတော့ ပုံတူကူးဖို့ ဒါမှမဟုတ် အကူအညီ နည်းနည်းလောက် ရဖို့ မျှော်လင့်လို့ မရနိုင်ပါဘူး။

လင်းဟာန်က ဘေးဘီဝဲယာကို ကြည့်လိုက်ပါတယ်။ ဒီနေရာမှာ တကယ်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တော်တော်များများ ရှိနေပါတယ်။ ဒါပေမဲ့လည်း သူက ဇောရီ ဘုရင်မ လွှမ့်ရှင်းကို မတွေ့ပါဘူး။ သူမက ဒီကိုမလာတာ ဖြစ်နိုင်သလို ဓားကွက်ကို အဓိပ္ပါယ် ဖော်နိုင်ပြီး အဆင့်လေးကို ရောက်သွားတာလည်း ဖြစ်နိုင်ပါတယ်။

ဒီနေရာမှာ စောင့်ကြည့်နေတဲ့ မျက်လုံးတွေ အများကြီး

Edit with WPS Office

ရှိနေတာ ဂမ်းနည်း ကောင်းပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက စွေ့ရန်ယှိုနဲ့အတူ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ လုံးဂကို နားလည်သဘောပေါက်အောင် ဆင်ခြင်နိုင်ပါ လိမ့်မယ်။ တစ်ရက်က တစ်နှစ်နဲ့ ညီမျှပြီး သူတို့တွေထဲမှာ ဘယ်သူကမှ သူ့ထက် မမြန်နိုင်ဘူးလို့ သူယုံကြည်ပါတယ်။

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ တကယ်လို့ သူက စံချိန်ကို ချိုးဖျက်ပြီး ဒီစမ်းသပ်မှုကို ထူးထူးချွန်ချွန်နဲ့ ဖြတ်ကျော်နိုင်ခဲ့ရင်တောင် သူ့ရဲ့ ဆုလာဘ်ကတော့ ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတစ်လုံးပဲ ဖြစ်နေပါလိမ့်မယ်။ ဒါက အသုံးဝင်ပါတယ်။ ဒါပေမဲ့ အသုံးလည်း မဝင်ပါဘူး။

ဒါကို မေ့ထားလိုက်တော့။ ငါဒီမှာပဲ အစိပ္ပါယ်ဖော်တော့မယ်။

လင်းဟန်က စားကွက်အပေါ်မှာ သူ့ရဲ့အာရုံကို ပြန်စိုက်ထားလိုက်ပါတယ်။ ဒီတိုက်ခိုက်မှုက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ တချို့ကို

Edit with WPS Office

ဆွဲယူနိုင်ပြီး အသိအမှတ် ပြုရလောက်အောင်
ထူးခြားဆန်းကြယ်တဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

ဒီဓားကွက်ကို သူ လေ့လာသင်ယူလို့ မရနိုင်ပါဘူး။

ဒါက သူ့ရဲ့ နားလည်သဘောပေါက်နိုင်တဲ့ စွမ်းရည်က
နိမ့်ကျလို့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဓားကွက်ရဲ့
စည်းမျဥ်းဥပဒေတွေကို ဆွဲယူနိုင်စွမ်းက
တောင်မြစ်အဆင့်ထက် အများကြီး သာလွန်လို့ ဖြစ်ပါတယ်။

သူက ဒါကို မသင်ယူနိုင်ပေမဲ့ ဒါကို အဓိပ္ပါယ်
မဖော်နိုင်ဘူးလို့တော့ မဆိုလိုပါဘူး။ အဲဒီလိုမှ
မဟုတ်ဘူးဆိုရင် ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က
သူတို့ကို မဖြစ်နိုင်တဲ့ တာဝန်တစ်ခု ပေးလိမ့်မှာ
မဟုတ်ပါဘူး။

ဒါပေမဲ့လည်း အချိန်တော့ လိုပါတယ်။

လင်းဟန်က ဓားကွက်ကို သူ့စိတ်ထဲမှာ
မှတ်ထားလိုက်ပါတယ်။ ပြီးတော့ သူက အံ့အားသင့်ပြီး
လျှာသပ်လိုက်မိပါတယ်။ ဒီဓားကွက်က တကယ့်ကို

Edit with WPS Office

မယုံနိုင်စရာ ကောင်းတာပဲ။ ဒါက ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုရဲ့ စွမ်းအားကို အသုံးပြုတဲ့ သူ့ရဲ့ပြိုင်ဘက်ထက် သာလွန်ပါတယ်။ ဒါက အံ့အားသင့်စရာ ကောင်းလွန်းပြီးတော့ ထူးခြားဆန်းကြယ်လွန်းပါတယ်။ သူက ဒီဓားကွက်ကို မသင်ယူနိုင်ပေမဲ့ သူက ဒီဓားကွက်ရဲ့ အခြေခံသဘောတရားကနေ သင်ယူနိုင်ပါတယ်။

ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုရဲ့ဓားလား။

သူ့စိတ်ထဲမှာ ရုတ်တရက် အသိဉာဏ် ပွင့်လာခဲ့ပါတယ်။ တကယ်လို့ သူက ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုရဲ့ ဓားကွက်နဲ့ သူ့လျှင်မြန်မှု နည်းစနစ်ကို ပေါင်းစပ်လိုက်မယ်ဆိုရင် ရလာမဲ့ ဓားသိုင်းရဲ့ အစွမ်းက ဘယ်လောက်တောင် အစွမ်းထက်လိုက်မလဲ။

လျှင်မြန်မှု နည်းစနစ်က စည်းမျဉ်းဥပဒေတွေကို ဖျက်ဆီးပြီး ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုရဲ့ ဓားကွက်က စည်းမျဉ်းဥပဒေတွေကို လိုက်နာစောင့်ထိန်းပါတယ်။ တကယ်လို့ ဒီဓားသိုင်း နှစ်ခုကို ပေါင်းစပ်နိုင်မယ်ဆိုရင် မြေစမ်းခရမ်းပျိုးတဲ့ ကိစ္စတစ်ခု ဖြစ်လာပါလိမ့်မယ်။

Edit with WPS Office

ဒါက သူ့ကိုယ်ပိုင် လမ်းကြောင်းလည်း ဖြစ်လာပါလိမ့်မယ်။

လင်းဟန်က သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်မိပါတယ်။ သူက အမြဲတမ်းလိုလို သူ့ကိုယ်ပိုင် နည်းစနစ် တစ်ခုကို ဖန်တီးချင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလိုအောင်မြင်မှုရဖို့ဆိုတာ အရမ်းကို ခက်ခဲတဲ့ တာဝန်တစ်ခု ဖြစ်ပါတယ်။ အခုတော့ နောက်ဆုံး သူ့အရှေ့မှာ လမ်းကြောင်းတစ်ခုကို မြင်နေရပါပြီ။ ဒါက သူ့ရဲ့ နားလည်သဘောပေါက်နိုင်စွမ်းကို ပိုမိုရှင်းလင်းပြီးတော့ ပိုမိုတိကျ လာစေခဲ့ပါတယ်။

အံ့သြစရာပဲ။ အံ့သြစရာပဲ။ အံ့သြစရာပဲ။

လင်းဟန်က ဓားကွက်ကို သူ့စိတ်ထဲမှာ ပြန်ပြောင်းတွေးဆလိုက်ပါတယ်။ အခု သူက ဘယ်လိုမျိုး အဓိပ္ပါယ် ဖော်ရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး မစဉ်းစားတော့ပါဘူး။ အဲဒီအစား သူက ဒီတိုက်ကွက်ရဲ့ အလုပ်လုပ်ပုံတွေကို စူးစမ်းလေ့လာ နေပါတယ်။

သူပိုပြီးတော့ နားလည်လာလေ သူ့စိတ်ထဲမှာ

Edit with WPS Office

အသိဉာဏ်တွေ ပိုပြီးတော့ ပွင့်လာလေပါပဲ။ ဒါက သူ့ကိုယ်သူ အရမ်းပဲ ကျေနပ်အားရ စေခဲ့ပါတယ်။

သူက အချိန်တွေ အားလုံးကို မေ့ထားပါတယ်။ လူတချို့က ဓားကွက်ကို အောင်အောင်မြင်မြင် အနိုင်ယူပြီးတော့ ထွက်သွားပြီး လူတော်တော်များများ ထပ်ရောက်လာပြီးတော့ အတူတကွ အဓိပ္ပါယ် ဖော်နေကြပါတယ်။ ကျန်နေရစ်တဲ့ လူတွေက ပိုများပါတယ်။

ဘယ်လောက်တောင် ကြာသွားလဲ ဆိုတာကိုတော့ မိုးကောင်းကင်ပဲ သိနိုင်ပါမယ်။ နောက်ဆုံး စွေ့ရန်ယွီက လက်တစ်ဖက်ကို ပုတ်လိုက်မှပဲ လင်းဟာန်ပြန်ပြီးတော့ အသိဝင်လာခဲ့ပါတယ်။ ဒီမိန်းမလှလေးက ဓားကွက်ကို အဓိပ္ပါယ်ဖော်နိုင်မယ်လို့ အတော်လေး ယုံကြည်နေပြီး အလင်းလူဆီကို သူမဘာသာ သွားရောက်စမ်းသပ်ဖို့ အဆင့်သင့် ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့ စွေ့ရန်ယွီက အလင်းလူသားကို စိန်မခေါ်သေးပဲ ရှိနေပြီးတော့ အတော်လေး ထူးဆန်းနေတာကို သတိပြုမိပါတယ်။

Edit with WPS Office

ဒါက အရမ်းကို သမာရိုးကျတော့ မဟုတ်ပါဘူး။ သူမက အဲဒါကြောင့် ပဟေဠိ ဖြစ်နေပါတယ်။

လင်းဟာန်သတိပြုမိတာ တစ်ခုက ရှောင်စီစီ၊ တုအန်းနဲ့ တခြားသူတွေလည်း ထွက်သွားတာ ကြာပါပြီ။ သူက သူတို့အနောက်မှာ တော်တော်လေး ပြတ်ကျန်ခဲ့ပါတယ်။

"မင်းအရင်သွားပါ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါဆုကြီးကြီးရဲ့ အကျိုးကျေးဇူးကို ခံစားလိုက်ဦးမယ်"

စွေ့ရန်ယွီရဲ့ မျက်လုံးတွေ တောက်ပလာပြီးတော့ ပြောလိုက်တယ်။

"နင် ဒီဓားသိုင်းကို သင်ယူနေတာလား"

သူ့မိန်းမက သူ့ကို ပိုပိုပြီးတော့ နားလည်လာပါပြီ။ လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ ဒါပေမဲ့လည်း မဟုတ်ဘူး။ ငါက

Edit with WPS Office

စားကွက်သဏ္ဍာန်ကို ဆွဲထုတ်နေတာ။ ဒါပေမဲ့ ငါ တကယ်ပဲ ဒါကို လေ့လာသင်ယူနေတာ မဟုတ်ဘူး။ ငါက သူ့ရဲ့ အခြေခံ သဘောတရားကနေ ရိုးရိုးလေး သင်ယူလေ့လာနေတာ”

စွေ့ရန်ယွီက နားလည်သွားပြီးတော့ ခေါင်းညိတ်လိုက်ကပါတယ်။ သူမစောစောက တွေးသလိုပဲ။ လင်းဟာန်ရဲ့ နားလည်သဘောပေါက်နိုင်တဲ့ စွမ်းရည်က သချာပေါက် တခြားဘုရင်လေးအဆင့် ပါရမီရှင်တွေထက် မနိမ့်ကျပါဘူး။

“ဒါဆိုရင် ငါအရင်ဆုံး သွားနှင့်မယ်”

သူမကပြောလိုက်တယ်။

“သေချာတာပေါ့”

လင်းဟာန်က ခေါင်းတချက် ညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

စွေ့ရန်ယွီက အလင်းလူသားကို သွားပြီးတော့ စိန်ခေါ်လိုက်ပေမဲ့ ကံမကောင်းစွာနဲ့ပဲ သူမက

Edit with WPS Office

မအောင်မြင်ခဲ့ပါဘူး။

သူမက စိတ်ဓာတ်ကျမသွားပဲ ပြောလိုက်ပါတယ်။

"ငါနောက်ထပ် သုံးရက်အတွင်းမှာ ဒီဓားကွက်ကို အစိပ်ပွါယ်ဖော်နိုင်မယ်လို့ ယုံကြည်တယ်"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ဓားကွက်အတွင်း ပါဝင်တဲ့ ဓားအသိဆန္ဒကို အချိန်ယူပြီးတော့ ဆက်စဉ်းစားနေပါတယ်။ သူက ဒီစမ်းသပ်စစ်ဆေးမှုအတွက် ဆုရနိုင်မှာ မဟုတ်ပါဘူး။ သူက ဂရုမစိုက်ပါဘူး။ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကြီးကျယ်ခမ်းနားတဲ့ မဟာတာအိုကို လေ့လာခွင့်ရတဲ့ အခွင့်အရေးက အရမ်းကို တန်ဖိုးမဖြတ်နိုင်ပဲ ရှားပါးလွန်းပါတယ်။ ပြီးတော့ သူ့တန်ဖိုးက စမ်းသပ်စစ်ဆေးမှု ဆုလာဘ်ထက် မရေမတွက်နိုင်တဲ့ အဆပေါင်းများစွာ တန်ဖိုးကြီးပါတယ်။

သူက နောက်ထပ်တစ်ကြိမ် အချိန်ကို မေ့ထားပါတယ်။ သူ့ဘေးနားက လူတွေက သွားလိုက် လာလိုက်နဲ့ အချိန်တွေ ကုန်လာပါတယ်။ နောက်ဆုံးမှာ သူက

Edit with WPS Office

မတ်တပ်ထရပ်လိုက်ပါတယ်။

သူ့အနေနဲ့ ထပ်ပြီးတော့ သင်ယူနိုင်စရာ မရှိတော့ပါဘူး။ တကယ်တော့ ဒါက တိုက်ကွက် တစ်ခုပဲ ဖြစ်ပါတယ်။ သူက တာအိုရဲ့ စည်းချက်ကို သင်ယူနိုင်ခဲ့ပေမဲ့ တာအိုရဲ့ စည်းမျဉ်းဥပဒေတွေကို တိုက်ရိုက်သင်ယူနိုင်ခြင်း မရှိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်သူက ဒီလိုမျိုး စည်းမျဉ်းဥပဒေ အမျိုးအစားကို ဖမ်းဆုပ်နိုင်ခြင်းမရှိပါဘူး။ လက်ရှိ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ အရမ်းကို အလှမ်းဝေးကွာလွန်းပါတယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ယုံကြည်ချက် အပြုံးတစ်ခု ဖြစ်ပေါ်လာပါတယ်။ သူက သူ့စိတ်ထဲမှာ မျိုးစေ့ချထားပြီးပါပြီ။ တစ်နေ့မှာ ဒီမျိုးစေ့ကနေ မျှော်စင်လောက်မြင့်မားတဲ့ အပင်တစ်ပင် ကြီးထွားရှင်သန်လာမဲ့ နေ့ရက် ရောက်လာပါလိမ့်မယ်။ အဲဒီအချိန်ကျရင် သူက ကျင့်ကြံခြင်း လမ်းကြောင်းကို သူ့ကိုယ်ပိုင် လမ်းကြောင်းတစ်ခု ဖောက်နိုင်ပါလိမ့်မယ်။

သူက အလင်းလုသားကို သွားပြီးတော့ စိန်ခေါ်လိုက်ပါတယ်။

Edit with WPS Office

အလင်းလူသားက အစစ်အမှန်
သက်ရှိတစ်ယောက်မဟုတ်ပါဘူး။ ဒါကြောင့် လုံးဝကို
ခံစားချက် ကင်းမဲ့နေပါတယ်။ သူက ချက်ချင်းပဲ
လင်းဟန်ဆီကို ဓားကွက်တစ်ကွက် ထုတ်ဖော်တိုက်ခိုက်
လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ပြီးတော့
သူ့ကိုယ်ပိုင် ဓားကွက်နဲ့ ပြန်တုံ့ပြန် လိုက်ပါတယ်။

အလင်းလူသားရဲ့ ဓားထိပ်က လင်းဟန်ရဲ့
လည်ပင်းအရှေ့မှာ ရပ်သွားပြီး လင်းဟန်ရဲ့
အံ့ဖွယ်နတ်ဆိုးဓားကလည်း အလင်းလူသားရဲ့
လည်ပင်းအရှေ့မှာ ရပ်သွားပါတယ်။

ခဏလောက် ငြိမ်သက်သွားပြီးတဲ့နောက်မှာ လင်းဟန်က
သူ့ပတ်ဝန်းကျင်ဟာ ရုတ်တရက် လည်သွားသလို
ခံစားလိုက်ရပါတယ်။ သူက နေရာအသစ် တစ်ခုမှာ
ပေါ်လာခဲ့ပါတယ်။

စမ်းသပ်စစ်ဆေးမှုကို သူဖြတ်ကျော်ခဲ့ပါပြီ။

Edit with WPS Office

လင်းဟန်က ဓားကွက်ကို ဘယ်လိုမျိုး အနိုင်ယူရမလဲဆိုတာနဲ့ ပတ်သက်ပြီး တိကျတဲ့ အတွေး မရှိခဲ့ပါဘူး။ ထူးဆန်းတာက အဓိပ္ပါယ်ဖော်တဲ့ နည်းလမ်းနဲ့ အနိုင်ယူတဲ့ နည်းလမ်းက တာအိုရဲ့ စည်းချက်ကို ဖမ်းဆုပ်နိုင်ပြီးတဲ့နောက်မှာ သူ့ခေါင်းထဲကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။

"ဟားဟားဟား ကောင်ကလေး ဒီတစ်ကြိမ်တော့ မင်းငါ့ကို ဆုလာဘ်တစ်ခုအတွက် မမေးနိုင်တော့ဘူး"

ဒီနေရာမှာ နောက်ထပ် ကျောက်ချပ်တစ်ခု ရှိပါတယ်။ အဲဒီကနေ ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ အသံက ထွက်ပေါ်လာခဲ့တာပါ။ အခု သူ့ရဲ့ အသံက ကျေနပ်အားရမှုတွေနဲ့ ပြည့်နေပါတယ်။

လင်းဟန်က စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်ခြင်းအတွက် ဆုလာဘ်အပေါ်မှာ သူ့ကို အကြိမ်ပေါင်းများစွာ ပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူက ဆုမရတော့ပါဘူး။ ပြီးတော့ ဒါက ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ကို ကျေနပ်အားရတဲ့ ခံစားမှုတစ်ခု

Edit with WPS Office

ဖြစ်စေပါတယ်။

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်။ အဲဒီမှော်ဆေးလုံးတွေကို တကယ်ပဲ တသသ ဖြစ်မိတယ်။ အဆင့်လေး အဆင့်ငါး စမ်းသပ်မှုတွေကို ဖြတ်ကျော်နိုင်ရင် ရလာမဲ့ ဆုလာဘ်တွေက အဲဒီဆေးလုံးတွေပဲလို့တော့ မပြောနဲ့နော်"

"ဂုဏ်ယူပါတယ်။ မင်းပြောတာ လုံး၀ ကွက်တိပဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"အကောင်းဆုံး ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေရဲ့ အရည်အသွေးက ကြယ်ဆယ်ပွင့်ကို ရောက်နိုင်တယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် အဲဒီဆေးလုံးတွေက လူတစ်ယောက်ရဲ့ စွမ်းအားကို အမြင့်ဆုံး ကြယ်ဆယ်လုံးထိ ထုတ်ပေးနိုင်တယ်"

လင်းဟန်က ထူးဆန်းတာကို သတိထားမိပြီးတော့

Edit with WPS Office

မေးလိုက်ပါတယ်။

"တကယ်လို့ ကျုပ်ရဲ့ စွမ်းအားက ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်ပြီး ကြယ်ဆယ်ပွင့် အရည်အသွေးရှိတဲ့ ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေး တစ်လုံးကို ချေဖျက်ပြီးရင်တော့ ကြယ်ဆယ့်ငါးလုံး အစွမ်းတစ်ခု ရနိုင်မှာတော့ မဟုတ်လောက်ဘူးမလား"

Chapter 1122 end

အပိုင်း(1123) ငှါကိုတိုက်

"မဖြစ်နိုင်ဘူး"

ပြိုင်ဘက်ကင်း သရဖူး သူတော်စင်က သူ့ခေါင်းကို ခါပြပြီးတော့ သူ့ကို သရုပ်ဖော်ပြနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။ သူက လင်းဟန်ပြောတာကို ငြင်းပယ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကြယ်ဆယ်ပွင့်က လုံးဂကို သတ်မှတ်ထားတဲ့ အဆင့်တစ်ခုပဲ။ အဲဒါကို ကျော်လွန်ဖို့ မဖြစ်နိုင်ဘူး။ တကယ်လို့ မင်းမှာ ကြယ်ဆယ်ပွင့်ရဲ့ စွမ်းအားတစ်ခုကို

Edit with WPS Office

ပိုင်ဆိုင်ထားမယ်ဆိုရင် ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေကို ချေဖျက်တာက လုံးဝကို အသုံးဝင်လိမ့်မှာ မဟုတ်ဘူး"

"အော်"

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ဒီလိုမျိုး မှော်ဆေးလုံးကို လုံးဝစိတ်ဝင်စားမှု မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက တစ်နေ့မှာ တောင်မြစ်အဆင့်ရဲ့ စစ်မှန်တဲ့ အထွတ်အထိပ် အဆင့်ကို သေချာပေါက် ရောက်လိမ့်မယ်လို့ ခိုင်မာတဲ့ ယုံကြည်ချက်တစ်ခု ရှိနေပါတယ်။

ငါ့ဘာသာ ပြီးပြည့်စုံတဲ့ အခြေအနေ တစ်ခုကို ရောက်နိုင်တာပဲ။ ဒါကြောင့် ဘာဖြစ်လို့ ပြင်ပ ပစ္စည်းတွေ အပေါ်မှာ မှီခိုနေစရာအကြောင်း ရှိမှာလဲ။

ဖြစ်နိုင်မယ်ဆို ဘယ်အချိန်ပဲဖြစ်ဖြစ် ပြင်ပပစ္စည်းတွေ အပေါ်မှီခိုတာကို ရှောင်ရှားတာက အကောင်းဆုံးပဲ။ ကျင့်ကြံသူတွေရဲ့ အစစ်အမှန် စွမ်းအားက သူတို့ကိုယ်ပိုင်

Edit with WPS Office

ခန္ဓာကိုယ်တွေနဲ့ပဲ သက်ဆိုင်သင့်တယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် ခင်ဗျားက ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေကိုပဲ ကျုပ်တို့ကို ဆက်ပြီးတော့ ဆုပေးဦးမှာလား။ အဲဒါတွေကို တခြားတစ်ခုခုနဲ့ ပြောင်းမပေးနိုင်ဘူးလား"

"ဟင့်အင်း။ မင်းက မျှော်စင်ရဲ့ နဂမဖြောက်အဆင့်ကို မကျော်နိုင်သေးသရွေ့ မရနိုင်ဘူး"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်ပါတယ်။

လင်းဟန်ရဲ့ မျက်လုံးတွေ တလက်လက် တောက်ပသွားပြီးတော့ မေးလိုက်ပါတယ်။

"ဘယ်လိုဆုလာဘ်မျိုး ရနိုင်မလဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြစ်တင်ကြိမ်းမောင်းပြီး ပြောလိုက်တယ်။

"မင်းက လောဘမကြီးပါဘူးလို့ မပြောခဲ့ဖူးလား။ အခုတော့

Edit with WPS Office

မင်းရဲ့ အစစ်အမှန် သဘာဝ ထွက်ပေါ်လာပြီပေါ့ ဟင့်"

"သိချင်လို့မေးတာ မေးမရဘူးလား"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ထို့ မင်းကိုယ်မင်း အဲဒီလောက်တောင်
ယုံကြည်နေတာလား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အထင်အမြင်သေးစွာနဲ့
ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့
ပြောလိုက်တယ်။

"ခင်ဗျားက စီနီယာ တစ်ယောက်ပဲလေ။ ဒါကြောင့်
အခုလိုမျိုး ကျနော့်ကို စနောက်တာကရော တကယ်ပဲ
စီနီယာအတွက် ကောင်းမွန်နေတာလား"

"အားလုံးမှာ အရှက်ကင်းမဲ့တဲ့ လူတွေကို နှိပ်ကွပ်ဖို့
တာဝန်ကိုယ်စီ ရှိကြတယ်"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။

Edit with WPS Office

လင်းဟန်က မျက်လုံးပြူး သွားပါတယ်။ ဒီပြိုင်ဘက်ကင်း သရဖူ သူတော်စင်က သူ့နာမည်ကို ပြိုင်ဘက်ကင်း လပြွတ်ခေါင်း သူတော်စင်လို့ နာမည်ပြောင်းဖို့ လိုနေပါပြီ။ သူက တကယ်ပဲ သူ့လိုမျိုး ဂျူနီယာ တစ်ယောက်နဲ့ စကားနိုင် လုနေပါတယ်။

"စတုတ္ထမြောက် စမ်းသပ်မှုက ဘယ်လိုမျိုးလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

"ဟီးဟီး စတုတ္ထမြောက်ကနေ နဝမမြောက်အထိ စမ်းသပ်စစ်ဆေးမှု အားလုံးက အတူတူပဲ။ အရမ်းကို လွယ်ပါတယ်။ မင်းရဲ့ တိုက်ခိုက်မှုတွေက ဘယ်လောက်ထိ အစွမ်းထက်လဲ ဆိုတာကို ရိုးရိုးလေး စမ်းသပ်တာ ဖြစ်သလို မင်းရဲ့ ခုခံနိုင်စွမ်းက ဘယ်လောက်ထိ ခိုင်မာတောင့်တင်းတယ် ဆိုတာကိုလည်း စမ်းသပ်တာပဲ။ နောက်ဆုံးဆုလာဘ်ကတော့ လျှို့ဝှက်ချက် တစ်ခုဖြစ်လို့ အဆုံးသတ်မှ ထုတ်ဖော်ပြောရလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုအခု ပြောပြစရာအကြောင်း မရှိဘူး။ မင်းက နောက်ဆုံးအဆင့်ထိ ရောက်နိုင်လောက်အောင်

Edit with WPS Office

ကံကောင်းပါ့မလား”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။

“ဘယ်လောက်ပျင်းစရာ ကောင်းလိုက်သလဲ”

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။ သူက သူ့အတွက် လေ့လာသင်ယူဖို့ ဓားကွက်တချို့ကို အဓိပ္ပါယ် ပုံဖော်ဖို့ ရှိနေစေချင်ခဲ့တာပါ။ အဲဒါက သူ့ကို သူ့ကိုယ်ပိုင် ကျင့်ကြံခြင်း လမ်းကြောင်းတစ်လျှောက် ပိုဝေးဝေး လျှောက်လှမ်းဖို့ ကူညီပေးနိုင်ပါတယ်။

“အရင်ဆုံး စမ်းသပ်မှု ကိုးခုလုံး ဖြတ်ကျော်အောင်ပဲ လုပ်ပါဦး။ အဲဒီနောက်မှ ငါ့ကို ပျင်းစရာ ကောင်းလား မကောင်းဘူးလားဆိုတာ ပြောပေါ့”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်ပါတယ်။

“ထွက်သွားစမ်း။ ထွက်သွားလိုက်တော့။ မင်းရဲ့ ခေါင်းပေါ်မှာ စိတ်ဆိုးဒေါသထွက်စေတတ်တဲ့ ရောင်လျှံစက်ဝန်းတစ်ခုများ ရှိနေသလားပဲ။ ဘာဖြစ်လို့ မင်းကို ကြည့်တာနဲ့ ငါက

Edit with WPS Office

ဒေါသတွေ ထွက်ပြီးတော့ စိတ်ဆိုးလာသလို
ခံစားနေရတာလဲ”

ခင်ဗျားက ဒီလောက်တောင် အားကိုးလို့ မရဘူးလား။

လင်းဟန်က စိတ်ထဲကနေ ညည်းတွားလိုက် မိပါတယ်။

သူက အရေမရ အဖတ်မရ စကားတွေကို ထပ်မပြောတော့ပဲ
စတုတ္ထအဆင့်ကို လှေကားတွေကနေ တက်လာခဲ့ပါတယ်။

ဒီအဆင့်က ကျယ်ဝန်းပြီး ရှင်းလင်းပါတယ်။ အခန်းရဲ့
အလယ်မှာ ကျောက်ရုပ်နှစ်ခုပဲ ရှိပါတယ်။ နောက်ပြီး
အချိန်ကို စတင်တိုင်းတာမဲ့ သဲနာရီ တစ်ခုလည်း ရှိပါတယ်။

ကျောက်ရုပ်တစ်ရုပ်ပေါ်မှာ ငါ့ကိုတိုက်ပါဆိုပြီးတော့
ရင်ဘက်ပေါ်မှာ ကန့်လန့်ဖြတ် ရေးထားပြီး
တခြားကျောက်ရုပ်ပေါ်မှာ ငါမင်းကို တိုက်မယ်ဆိုပြီး
သူ့ရင်ဘတ်မှာ ရေးထားပါတယ်။

ဒီလမ်းခွတ်ခေါင်း သူတော်စင်က တကယ့်ကို အားကိုးမရဘူးပဲ။

လင်းဟန်က ငါ့ကို တိုက်ပါလို့ ရေးထားတဲ့
ကျောက်ရုပ်အရှေ့ကို အရင်ဆုံး လမ်းလျှောက်သွား

Edit with WPS Office

လိုက်ပါတယ်။ အဲဒီနောက် သူ့လက်သီးကိုဆုပ်ကာ ပျော့ယမ်းပြီး တိုက်ခိုက်လိုက်ပါတယ်။

ဂုန်း။

ကျောက်ရုပ်က ချက်ချင်းပဲ လွင့်ထွက်သွားပါတယ်။ သူက အနောက်ကနေ လိုက်ပြီးတော့ ကျောက်ရုပ်ကို နောက်ထပ် တိုက်ခိုက်ဖို့ လုပ်လိုက်ပါတယ်။ ဒါပေမဲ့ ရုတ်တရက်ဆိုသလို ကျောက်ရုပ်ရဲ့ ရင်ဘတ်ပေါ်က စာသားတွေက အောင်မြင်ပြီ ဆိုပြီးတော့ ပြောင်းသွားခဲ့ပါတယ်။

ဟင် ဒီလောက်ပဲလား။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ တခြားကျောက်ရုပ်ရဲ့ တိုက်ခိုက်မှုကို ခံရဖို့ဆိုတာ သူ့ကို စိတ်ပင်စားမှု မဖြစ်စေခဲ့ပါဘူး။ ဒါကြောင့် သူက အခန်းထဲကနေ ယုံကြည်မှုအပြည့်နဲ့ ထွက်လာခဲ့ ပါတယ်။

"မင်း ဒီလောက်မြန်မြန် ပြီးသွားတာလား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ အသံထဲမှာ စိတ်အနှောင့်အယှက် ဖြစ်နေတဲ့ အရိပ်အယောင်

Edit with WPS Office

တစ်စွန်းတစ်စ ပါဂင်နေပါတယ်။

"လာ လာ လာ ဒါကိုယူပြီး သွားလိုက်တော့"

ဟင့် ငါက ဒီလောက်တောင် မနှစ်သက်စရာ ကောင်းနေလို့လား။

လင်းဟာန်က မရပ်နားခဲ့ပဲ ပဋ္ဌမမြောက် အထပ်ဆီကို ဆက်သွားလိုက်ပါတယ်။

စတုတ္ထအဆင့်မှာလိုပဲ အခန်းထဲမှာ ကျောက်ရုပ်နှစ်ရုပ် ရှိနေပြီး တစ်ရုပ်က သူ့ရင်ဘတ်မှာ ငါ့ကို တိုက်ပါလို့ ရေးထားပြီး ကျန်တစ်ရုပ်မှာတော့ ငါမင်းကို တိုက်မယ်လို့ ရေးထားပါတယ်။

လင်းဟာန်က အရင်ဆုံး အတိုက်ခိုက်ခံရဖို့ စိတ်ကူးမရှိပါဘူး။ ဒါကြောင့် သူက အရင်တိုက်ခိုက်ခံမဲ့ ကျောက်ရုပ်ကို ရွေးချယ်လိုက်ပါတယ်။

သူ့လက်သီး တစ်ချက်ပေ့ါလိုက်တာနဲ့ ကျောက်ရုပ်က လဲကျသွားပါတယ်။ ဒါပေမဲ့လည်း ဒီကျောက်ရုပ်က စတုတ္ထအဆင့်မှာရှိတဲ့ တစ်ရုပ်ထက် ပိုပြီးတော့

Edit with WPS Office

သန်မာတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း သတိပြုမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်ရုပ်က လဲကျရုံသာ လဲကျခဲ့ပြီး လွင့်ထွက်မသွားခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူက ပဋ္ဌမမြောက် စမ်းသပ်မှုကိုလည်း ဖြတ်ကျော်နိုင်ဆဲပါပဲ။

မျှော်စင်ရဲ့အထပ် မြင့်မြင့်ကို သူတက်လေ ကျောက်ရုပ်တွေက ပိုပြီးတော့ သန်မာလာမယ်ဆိုတာ ယုံမှားသံသယ ရှိစရာ မလိုပါဘူး။ သူက ငါမင်းကို တိုက်မယ်ဆိုတဲ့ ကျောက်ရုပ်ကို စိန်မခေါ်ပေမဲ့ ဒီကျောက်ရုပ်ရဲ့ တိုက်ခိုက်မှု စွမ်းရည်ကတော့ တစ်ခုချင်းစီ တိုးလာလိမ့်မယ်ဆိုတာကို သူယုံကြည်ထားပါတယ်။

ထင်ထားတဲ့အတိုင်းပဲ။ ဒီဂူသချိုင်းက တပည့်တစ်ယောက် ရွေးနေတာပဲ ဟုတ်တယ်မလား။

လင်းဟာန်က မူလဇစ်မြစ်အဆင့် သူတော်စင် တစ်ယောက်ရဲ့ အမွေအနှစ်ကို ဆက်ခံရမယ်ဆို ကိစ္စမရှိပါဘူး။ ဒီလိုမျိုး သက်ရှိတွေက တန်ခိုးရှင်ဘုံထဲမှာ အစွမ်းထက်ဆုံး ဖြစ်ပါတယ်။ ကြီးကျယ်မြင့်မြတ်တဲ့ သူတော်စင်တောင်မှ တကယ်လို့ ဒီနေရာကို ရောက်လာခဲ့မယ်ဆိုရင်

Edit with WPS Office

ရှူးသွပ်လောက်အောင် စိတ်လှုပ်ရှား သွားပါလိမ့်မယ်။ ဒါပေမဲ့လည်း ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က သူ့ကို သိပ်ပြီးတော့ သဘောကျပုံ မပေါ်ခဲ့ပါဘူး။ ဒါကြောင့် သူက ဒီလူစုလူဝေးကနေ အောင်ပွဲခံပြီးမှပဲ သူ့ကို အနောက်ကနေ တစ်ချက်တည်း အံ့သြသွားအောင် လုပ်လိုက်ရမလား။

ဒီလပြွတ်ခေါင်း သူတော်စင်က စိတ်ချရတဲ့လူ မဟုတ်ပဲ ဒီလိုအရာတွေကို လုပ်နိုင်ပါတယ်။

ဒါကိုမေ့ထားလိုက်။ ဒီမျှော်စင်ကို ဘယ်လိုပဲဖြစ်ဖြစ် ငါဖြတ်ကျော်ရမယ်။ ဒါမှ ငါ့လမ်းကြောင်းမှာ ဘာနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ကောင်းကောင်းရင်ဆိုင်နိုင်လိမ့်မယ်။

လင်းဟာန်က သူ့ဆုကို ယူပြီးတော့ ဆဌမမြောက်အထပ်ကို တက်လာခဲ့ပါတယ်။

ဂုန်း။

သူက ငါ့ကိုတိုက်ပါဆိုတဲ့ ကျောက်ရုပ်ကို နောက်တစ်ကြိမ် ရွေးချယ်လိုက်ပါတယ်။ ဒီကျောက်ရုပ်က သူ့တိုက်ခိုက်မှုကို ခံရပြီးတာတောင် လှုပ်ရှားခြင်း မရှိခဲ့ပါဘူး။

Edit with WPS Office

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့အစွမ်းက အခုဆို ကြယ်ခြောက်ပွင့်ကို ကျော်လွန်နိုင်လုနီးပါး ဖြစ်နေပါပြီ။ ပြီးတော့ ဒီနေရာထဲက စမ်းသပ်စစ်ဆေးမှုရဲ့ ခက်ခဲမှုက လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့်အရ ထိန်းညှိထားပေးပါလိမ့်မယ်။ စမ်းသပ်စစ်ဆေးမှုတွေ အထဲမှာ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျောက်ရုပ်တစ်ရုပ်ကို တိုက်ခိုက်နိုင်းတာမျိုးတော့ ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က တောင်မြစ်အဆင့် ကျောက်ရုပ် တစ်ရုပ်ကို တိုက်ခိုက်ရမှာ မဟုတ်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီစမ်းသပ်မှုတွေက လုံးဝကို အဓိပ္ပါယ် ကင်းမဲ့နေပါလိမ့်မယ်။

ကြယ်ခြောက်ပွင့်ကို ကျော်လွန်တဲ့ စွမ်းအားတစ်ခုတောင်မှ မလုံလောက်သေးဘူးလား။

လင်းဟာန်က သူ့ရဲ့ လျှို့ဝှက်နည်းစနစ်တွေနဲ့ နတ်ဘုရား မီးတောက် သင်္ကေတတွေကို အသက်သွင်းလိုက်ပါတယ်။ အဲဒီနောက် သူက ငါ့ကို တိုက်ခိုက်ပါဆိုတဲ့ ကျောက်ရုပ်ကို

Edit with WPS Office

နောက်တစ်ခါ ထပ်ပြီးတော့ ထိုးလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ မီးတောက်တွေက ကျောက်ရုပ်ကို နက်မှောင်သွားအောင် မီးကျွမ်းစေပြီး ထိခိုက်မှု ပမာဏကိုပဲ တိုးပေးနိုင်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု စွမ်းအားကိုတော့ မတိုးပေးနိုင်ခဲ့ပါဘူး။

သူက ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံး တစ်လုံးကို မျိုချဖို့ ကြိုးစားကြည့်ပါတယ်။ သူ့ရဲ့ သိုလှောင်ပစ္စည်းကို ပိတ်ဆို့ထားတာကို ရှာဖွေတွေ့ရှိ သွားခဲ့ပါတယ်။ သူက ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေကို သူ့ရဲ့ သိုလှောင်ပစ္စည်းထဲမှာပဲ ထည့်သိမ်းထားပြီး အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ပြိုင်ဘက်ကင်း သရဖူ သူတော်စင် ရှာမတွေ့သွားအောင် ဖုံးကွယ်ထား ခဲ့ပါတယ်။

အဲဒါကြောင့် သူက ဒီစမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်ဖို့ သူ့ကိုယ်ပိုင် စွမ်းအား အပေါ်မှာပဲ မှီခိုလို့ ရနိုင်ပါတယ်။

လင်းဟာန်က သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို ထုတ်ဖော်လိုက်ပြီး လျင်မြန်မှု နည်းစနစ်က သူ့ရဲ့ စွမ်ဆောင်ရည်ကို လျင်မြန်မှု တစ်ခုတည်းကိုပဲ

Edit with WPS Office

တိုးစေနိုင်တယ် ဆိုတာကို သတိပြုရပါတယ်။ အဲဒါက သူ့အကန့်အသတ်ကို ကျော်လွန်တဲ့ စွမ်းအားတစ်ခုကို ထုတ်ဖော်နိုင်ခြင်း မရှိပါဘူး။

အဲဒါက အကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး။

လင်းဟန်က အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပြီး သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ထုတ်ဖော်လိုက်ပါတယ်။

ရှွပ်။

သူ့ရဲ့ မူလစွမ်းအင်ကို မြားတွေအဖြစ် အသုံးချပြီးတော့ မြားတော်တော်များများကို ကျောက်ရုပ်ဆီ ပစ်လွှတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒါကဘာမှ အသုံးမဝင် ဖြစ်နေဆဲပါပဲ။ ကျောက်ရုပ်က မူလနေရာမှာပဲ မားမားမတ်မတ် ရပ်နေပါတယ်။

လင်းဟန်က ဒီတစ်ကြိမ် တကယ့်ကို အံ့အားသင့် သွားခဲ့ပါတယ်။

သူ့ရဲ့ စွမ်းအားက ကြယ်ခြောက်ပွင့်ကို ကျော်လွန်နိုင်ပြီး

Edit with WPS Office

လျှို့ဝှက်နည်းစနစ် တစ်ခုကိုတောင်
အသက်သွင်းထားခဲ့ပါတယ်။ ဒါတောင် သူက ဒီစမ်းသပ်မှုကို
မကျော်ဖြတ်နိုင်သေးပါဘူး။

သဲနာရီထဲက သဲသုံးပုံတစ်ပုံလောက်က အောက်ကို
ကျလို့နေပါပြီ။

ဒီသဲတွေ အကုန်လုံး အောက်ကျကုန်တဲ့ အချိန်ရောက်ရင်
ငါကျရှုံးသွားမှာလား။ သူက ဆဌမမြောက် အဆင့်ကို
ဦးတည်နေတဲ့ လှေကားမှာ တစ်ယောက်ကိုမှ
မတွေ့မြင်မိခဲ့ပါဘူး။ ဒီလက္ခဏာက လူတစ်ယောက်က
တကယ်လို့ ဒီစမ်းသပ်စစ်ဆေးမှုကို ကျရှုံးသွားခဲ့ရင် ပထမ
အဆင့်ဆီ တန်းပြီးတော့ ပြန်ပို့ခံလိုက်ရတဲ့ ပုံစံပါပဲ။

ဒါဆိုရင် အဆုံးမဲ့မြားကို အသုံးပြုရမှာပေါ့။

ဒီမြားက သူ့ခန္ဓာကိုယ်ထဲက စွမ်းအားတွေ အားလုံးကို
ချက်ချင်းပဲ ထုတ်ဖော်သုံးစွဲ ပစ်ပါလိမ့်မယ်။ အဆုံးမဲ့မြားက
မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်တဲ့အပြင်
အစွမ်းထက်တဲ့ ဖျက်ဆီးခြင်း စွမ်းအားလည်း ရှိနေပါတယ်။

Edit with WPS Office

တကယ်လို့ ဒါကကျရှုံးသွားခဲ့မယ် ဆိုရင်တောင် လင်းဟာန်ရဲ့ တစ်ခုတည်းသော တာဂန်က အတိုက်ခံရဖို့ပဲ ဖြစ်ပါလိမ့်မယ်။

လင်းဟာန်က အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပါတယ်။ အဲဒီဗနာက် အဆုံးမဲ့မြားကို စတင်အသက်သွင်းလိုက်တယ်။ သူ့ရဲ့ မူလစွမ်းအင်တွေက ဒီလျှို့ဝှက်နည်းစနစ်ရဲ့ အာနိသင်အောက်မှာ အလျင်အမြန်နဲ့ စုဝေးလာခဲ့ပါတယ်။ သူက အချိန်မရွေး သူ့ရဲ့ စွမ်းအားအပြည့်အဝကို ထုတ်ဖော်နိုင်စွမ်း ရှိလာပါလိမ့်မယ်။

မူလစွမ်းအင်မြားက ပစ်လွှတ်လိုက်တာနဲ့ အလင်းတန်း တစ်ခုအဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။

အဲဒီအလင်းတန်းက ငါ့ကိုတိုက်ပါဆိုတဲ့ ကျောက်ရုပ်ကို ထိမှန်သွားပြီး ချက်ချင်းပဲ လွင့်ထွက် သွားခဲ့ပါတယ်။

သူ အောင်မြင်သွား ခဲ့ပါပြီ။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ချက်ချင်းပဲ ကြမ်းပြင်ပေါ်ကို ပုံလျက်သား လဲကျသွားခဲ့ပါတယ်။ သူ့မှာ

Edit with WPS Office

အစွမ်းတွေ ကုန်ခမ်းသွားပါပြီ။

သူ့ရဲ့ သက်လုံတချို့ကို ပြန်လည်ဖြည့်ဆည်းပြီးတဲ့ နောက်မှာ သူက မတ်တပ်ပြန်ရပ်ပြီး ထွက်လာခဲ့ပါတယ်။ သူ့ရဲ့ အမြင်အာရုံ ဝေဝါးသွားပြီးတော့ နောက်ထပ် ကျောက်ပြားတစ်ချပ် ပေါ်လာတာကို တွေ့လိုက်ရပါတယ်။

"ကောင်စုတ်လေး မင်းရဲ့ စွမ်းဆောင်ရည်တွေက ငါထင်ထားတာထက် နည်းနည်းတော့ ပိုနေတာပဲ။ မင်းရဲ့ စွမ်းအားက ကြယ်ခြောက်ပွင့်ကို မရောက်သေးဘူး မဟုတ်လား။ မင်းက ဆဌမအဆင့် စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်နိုင်စွမ်း ရှိသေးတာပဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ အသံထဲမှာ အံ့အားသင့်မှုနဲ့ ချီးကျူးမှုကို ဖုံးကွယ်ထားလို့ မရခဲ့ပါဘူး။

"ဒီလိုပါပဲ"

လင်းဟန်က နှိမ့်ချပြီး ပြောလိုက်ပါတယ်။ သူ့ရဲ့ အမူအရာကတော့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီ ဆိုတဲ့ ပုံစံမျိုးပါပဲ။ သူက ဒါကို ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တာပါ။

Edit with WPS Office

ဒီပြိုင်ဘက်ကင်း သရဖူ သူတော်စင်လို ယုံကြည်လို့မရတဲ့ စီနီယာတွေကို အများကြီး လေးစားမှု ပြနေစရာ မလိုပါဘူး။ ဒီစီနီယာတွေ နှစ်ခြိုက်စေမဲ့ ပုံစံမျိုးကိုပဲ များများလုပ်ဖို့ လိုပါတယ်။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က လင်းဟန်ကို အမြဲတမ်းလိုလို ထွက်သွားစမ်းလို့သာ အော်နေပေမဲ့ သူစကားများများ ပြောတဲ့ တစ်ဦးတည်းသောသူက လင်းဟန်ပါပဲ။ စကားများများ ပြောရတာ သူ့အကြိုက် ဖြစ်နိုင်ပါတယ်။

"ဟီးဟီး ငါအခု မင်းကို မျက်စိကျနေပြီ။ မင်းက သတ္တမမြောက် စမ်းသပ်မှုကို ဖြတ်ကျော်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာ ငါ့ဘက်က သေချာတယ်"

တကယ့်ကို လုံလောက်ပါပြီ။ ဒီလမ်ပြွတ်ခေါင်း သူတော်စင်က အခု လင်းဟန်ကို အမနာပ ပြောလိုက်ပါတယ်။

Chapter 1123 end

အပိုင်း(1124) ငါမင်းကို တိုက်မယ်

Edit with WPS Office

ဒီအဆင့်ကို ရောက်ပြီးတဲ့နောက်မှာ လင်းဟန်က ရှောင်စီစီနဲ့ တခြားသူတွေကို နောက်တစ်ကြိမ် တွေ့မြင်လိုက်ပါတယ်။ သက်ကြီးပိုင်း မျိုးဆက်က လူတချို့ကိုလည်း တွေ့မြင်ခဲ့ပြီး သူတို့ထဲက တချို့က နေလအဆင့်နဲ့ တချို့ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာတောင် ရှိပါတယ်။

ဆဌမမြောက် အဆင့်ကို ဖြတ်ကျော်ပြီးတဲ့နောက်မှာ အားလုံးက သတ္တမမြောက် အဆင့်ကို အရမ်း အလေးအနက် ထားနေကြပြီဆိုတာ မြင်သာပါတယ်။ အားလုံးက သူတို့ကိုယ်သူတို့ အကောင်းဆုံး အခြေအနေဖြစ်အောင် ပြန်လည်ကုသ အားဖြည့်နေကြပါတယ်။ အဲဒီနောက်မှပဲ သူတို့က သတ္တမမြောက် အဆင့်ကို စိန်ခေါ်ပါလိမ့်မယ်။

ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးကို အများကြီး တွေးမထားတဲ့ လင်းဟန်တောင်မှ အခုချိန်မှာ ခရမ်းရောင် သင်္ကေတ နေလဆေးလုံးတွေက ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းနေမလဲ ဆိုပြီးတော့ တွေးနေပါတယ်။ ဒါမှမဟုတ် ခရမ်းရောင် သင်္ကေတ ကောင်းကင်ဘုံ ဆေးလုံးတွေရော။

Edit with WPS Office

ခရမ်းရောင် သင်္ကေတ ကောင်းကင်ဘုံ ခန္ဓာကိုယ် ဆေးလုံးက အရမ်းကို ထူးခြားနေပါမယ်။ ကေရီ ဘုရင်မ လွှမ်းရှင်းရဲ့ အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ ကြယ်တစ်ပွင့် မြှင့်တင်နိုင်တာက သူမကို နှစ်နာရီ အချိန်အတွင်း ငြိမ်းချမ်းရေး ဂြိုလ်ကြီးတစ်ခုလုံးမှာ ပြိုင်ဘက်ကင်း ဖြစ်သွားစေနိုင်ပါတယ်။ ကြယ်လေးလုံး ငါးလုံး တိုးမြှင့်ပေးနိုင်တဲ့ ဆေးလုံး တစ်လုံးဆိုရင် ပြောနေစရာတောင် လိုမယ်မထင်ပါဘူး။

ဒါကြောင့် ဒီမျိုးဆေးလုံးတွေက အရမ်းကို အဖိုးထိုက်တန်ပါတယ်။

တကယ်လို့ မင်းမှာ အဲဒီဆေးလုံးတွေရှိရင် ငါ့မှာလည်း ရှိရမယ်။ အဲဒါက မင်းရောငါရော နှစ်ယောက်စလုံးအတွက် ကောင်းမွန်လိမ့်မယ်။ နောက်ပြီး ဘယ်အဖွဲ့ကမှ အဲဒီဆေးလုံးတွေကို မဆင်မခြင် သုံးပုံ့လိမ့်မှာ မဟုတ်ပါဘူး။ ဒါက ဗျူဟာအမျိုးအစား လက်နက်တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူတို့က ဂရုမစိုက်မပဲ အသုံးပြုလိုက်မယ်ဆိုရင် စွမ်းအားညီမျှချက်ကို ပျက်စီးစေပြီး ဂရုန်းသုန်းကား

Edit with WPS Office

ပြောင်းလဲမှုတွေ ပေါ်ထွက်လာနိုင်ပြီး အံ့ဖွယ်အင်ပါယာ တစ်ခုလုံးတောင် ပျက်စီးစေနိုင်ပါတယ်။

နောက်ပြီး ကြယ်ခြောက်ပွင့် ခရမ်းရောင် သင်္ကေတ ကောင်းကင်ဘုံ ခန္ဓာကိုယ် ဆေးလုံး တစ်လုံးရှိတဲ့ လူတစ်ယောက်နဲ့ ကြယ်ခုနစ်ပွင့် ခရမ်းရောင် သင်္ကေတ ကောင်းကင်ဘုံ ခန္ဓာကိုယ် ဆေးလုံးတစ်လုံးရှိတဲ့ လူအကြားက ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

ဒါကြောင့် အားလုံးက ဒီကျောက်ရုပ်တွေကို စိန်ခေါ်တဲ့ အချိန်မှာ အစွမ်းကုန် ကြိုးစားအားထုတ် ကြတာက သဘာဝကျပါတယ်။

လင်းဟန်က စွေ့ရန်ယွီကို မတွေ့မြင်ခဲ့ပါဘူး။ ဒါက အံ့အားသင့်စရာတော့ မရှိပါဘူး။ သူမက ကျရှုံးသွားတာ ဖြစ်နိုင်ပါတယ်။ တကယ်တော့ သူမက ကြယ်နစ်ပွင့် ပါရမီရှင်ပဲ ဖြစ်ပြီး ဒီအဆင့်ကို ရောက်ရှိဖို့က သူမအတွက်တော့ လုံးဂကို မဖြစ်နိုင်ပါဘူး။

Edit with WPS Office

လင်းဟန်က သူ့ရဲ့ အခြေအနေကို ထိန်းညှိလိုက်ပါတယ်။ သူ့ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာတော့ သူက မျှော်စင်ရဲ့ သတ္တမအဆင့်ကို ဝင်လာခဲ့ပါတယ်။

နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ လင်းဟန်က တန်းပြီးတော့ သူ့ရဲ့အဆုံးမဲ့မြားကို ထုတ်ဖော်လိုက်ပါတယ်။

ဟုန်း။

ကျောက်ရုပ်က ချက်ချင်းပဲ လဲကျသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လဲကျရုံသာ လဲကျပြီး လွင့်ထွက် မသွားခဲ့ပါဘူး။

လင်းဟန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းခါလိုက်မိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် သူ့ရဲ့ ငှါကိုတိုက်ပါဆိုတဲ့ လမ်းကြောင်းက ဒီနေရာမှာ အဆုံးသတ်သွားပါလိမ့်မယ်။ အဌမမြောက် အဆင့်က ကျောက်ရုပ်က သူ့အနေနဲ့ ကြယ်ခုနစ်ပွင့် ဒါမှမဟုတ် ကြယ်ရှစ်ပွင့် ပါရမီရှင် အဆင့်ကို မရောက်သေးသရွေ့တော့

Edit with WPS Office

သူ့ရဲ့အဆုံးမဲ့မြားကို မှုလိမ့်မှာ မဟုတ်ပါဘူး။

နဂမမြောက် အဆင့်အတွက်ကရော။

သူက ကြယ်ကိုးပွင့် ဒါမှမဟုတ် ကြယ်ဆယ်ပွင့် ပါရမီရှင် အဖြစ်ကို ရောက်ရှိဖို့ လိုအပ်ပါလိမ့်မယ်။

ကံကောင်းတာက ဒီနေရာမှာ ငါ့ကိုတိုက်ပါဆိုတဲ့ တာဂန်ရှိသလို ငါမင်းကို တိုက်မယ်ဆိုတဲ့ အခြေအနေ တစ်ခုလည်း ရှိပါတယ်။ လင်းဟန်က သူ့ကို တိုက်ခိုက်တာ မခံချင်ပေမဲ့လည်း နဂမမြောက်အဆင့်ကို ဖြတ်ကျော်နိုင်မှုအတွက် ဘာဆုလာဘ်ရမလဲ ဆိုတာကို သိချင်စိတ်တွေ ပိုပြီးတော့ ပြင်းပြနေပါတယ်။

သူက ခြေလှမ်းကျဲကြီးတွေနဲ့ အဌမမြောက်အဆင့်ရဲ့ ဂင်ပေါက်ကို လျှောက်လာခဲ့ပါတယ်။ သတ္တမမြောက်အဆင့်နဲ့ မတူတာက ဒီနေရာက ဘာမှမရှိပဲ လူသူကင်းမဲ့ နေပါတယ်။

ရှောင်စီစီတို့လို ပါရမီရှင်တွေတောင် ဒီအဆင့်ကိုရောက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ သူတို့က ကျှမ်းငယ်လေး တစ်ခုဆီကို ပို့လွှတ်ခံရပြီး သူတို့ရဲ့

Edit with WPS Office

ကျင့်ကြံခြင်း အခြေခံ ပြီးပြည့်စုံအောင် မိုးကောင်းကင်ကို ခွဲဖွင့်လာခဲ့ပါတယ်။ သူတို့က တကယ်တော့ ငါးခုမြောက် တောင်မြစ်တစ်ခုကို ဖြစ်ပေါ်နိုင်ခြင်း မရှိသေးပါဘူး။ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို မရောက်သေးသလို သူတို့ရဲ့ ခွန်အားကလည်း အမြင့်ဆုံး ကြယ်ခြောက်ပွင့် အဆင့်တစ်ခုကိုပဲ ရောက်နိုင်ပါဦးမယ်။

လျှို့ဝှက်နည်းစနစ် တချို့ကို ပေါင်းစပ်လိုက်မယ်ဆိုရင် ကြယ်ခြောက်ပွင့် စွမ်းအားတစ်ခုက သတ္တမမြောက် အဆင့်ကို ရောက်အောင်လို့ ဖြတ်ကျော်နိုင်ဖို့ ကူညီပေးနိုင်ပါတယ်။ ဒါပေမဲ့လည်း သူတို့အတွက်တော့ အဋ္ဌမမြောက် အဆင့်ကို ဖြတ်ကျော်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အရင်ကလိုပဲ အခန်းရဲ့ အလယ်မှာ ကျောက်ရုပ်နစ်ရုပ် ရပ်နေပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် မြေကြီးပေါ်မှာ ဆေးပုလင်း အပိုတစ်လုံး ရှိနေပါတယ်။ ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က မျက်နှာတွေ နီရဲသလို ခံစားရပြီး လင်းဟန်က ဖြတ်ကျော်လာနိုင်မှာ မဟုတ်ဘူးဆိုတဲ့ သူ့ရဲ့ ခန့်မှန်းချက် မှားသွားပြီဆိုတာ မြင်သာပါတယ်။

Edit with WPS Office

သူ့မျက်နှာကို ထွက်ပြဖို့တောင် ရှက်နေမိပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ ဆေးပုလင်းကို ဆုပ်ကိုင်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဆေးပုလင်းကို ဖွင့်လို့ မရနိုင်အောင် တားမြစ်ထားပါတယ်။ ဒီမျှော်စင်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်တဲ့ နေရာမှာ ဒီဆေးလုံးတွေကို အသုံးပြုလို့ မရနိုင်ဘူးဆိုတာ ထင်ရှားပါတယ်။

သူက ပြိုင်ဘက်ကင်း သရဖူ သူတော်စင်နဲ့ ထပ်ပြီးတော့ စကားမများတော့ပါဘူး။ အဲဒီအစား ထိုင်ချပြီးတော့ သူ့ရဲ့ အကောင်းဆုံး အခြေအနေရောက်အောင် ပြန်လည်ဖြည့်ဆည်း လိုက်ပါတယ်။ သူက လက်ထဲမှာ အစစ်အမှန် မူလကျောက်တုံး တစ်တုံးကို ကိုင်ထားပြီး ကမ္ဘာကုန် ပျက်စီးခြင်း ရှစ်မျိုး နည်းစနစ်ကို အသုံးပြုပြီးတော့ ကျောက်တုံးထဲက စွမ်းအားတွေကို ဆုပ်ယူလိုက်ပါတယ်။ သူ့ရဲ့ ပြန်လည်ကောင်းမွန်လာတဲ့ အရှိန်က မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်လွန်းပါတယ်။

နှစ်နာရီဝန်းကျင် ကြာပြီးတဲ့နောက်မှာ သူက

Edit with WPS Office

မတ်တပ်ထရပ်ပြီး အဌမမြောက်အဆင့် လှေကားတွေဆီကို လျှောက်သွားလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ ငါမင်းကို တိုက်ရမယ်ဆိုတဲ့ ကျောက်ရုပ်ကို ရွေးချယ်လိုက်ပါတယ်။ တိုက်ခိုက်မှု စွမ်းရည်နဲ့ ပတ်သက်ရင် သူ့ရဲ့ စွမ်းအားက ကြယ်ခြောက်ပွင့်ကိုတောင် မရောက်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ အဆုံးမဲ့မြားရဲ့ ပေါက်ကွဲမှု စွမ်းအားတောင် အတော်လေး အကန့်အသတ် ရှိနေခဲ့ပါတယ်။ နောက်တမျိုး ပြောရမယ်ဆိုရင် သူ့အတွက် သူ့စွမ်းအားကို မြှင့်တင်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ခုခံမှု စွမ်းရည်နဲ့ ပတ်သက်ရင် သူက ကြယ်ဘယ်လောက်များများကို ဖြတ်ကျော်နိုင်မှာလဲ။

ဟားဟား ငါ့ဆီလာခဲ့စမ်းပါ။

ငါမင်းကို တိုက်ခိုက်မယ်ဆိုတဲ့ ကျောက်ရုပ်က သူ့အရှေ့ကို လင်းဟန် လျှောက်လာတဲ့ အချိန်မှာ ချက်ချင်းပဲ အသက်ဝင်လာခဲ့ပါတယ်။ အဲဒီနောက် သူ့လက်သီးနဲ့ သူ့ဆီကို ထိုးချလိုက်ပါတယ်။

Edit with WPS Office

ပုန်း။

လင်းဟာန်က ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူကြမ်းပြင်ပေါ်ကို ခြေမချနိုင်သေးခင် ကျောက်ရုပ်က သူ့နောက်ကို ထပ်ကြပ်မကွာ လိုက်လာပြီး နောက်ထပ် တိုက်ခိုက်မှုကို ထုတ်ဖော်လိုက်ပါတယ်။

အရမ်းမြန်တယ်။ အရမ်းအစွမ်းထက်တယ်။

လင်းဟာန်က သူ့စိတ်ထဲကနေ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

ကျောက်ရုပ်ရဲ့ ခန္ဓာကိုယ်အပေါ်မှာ ထူးခြားတဲ့ နတ်ဘုရား သင်္ကေတတွေ ရှိမနေခဲ့ပါဘူး။ ဒါတောင်မှ သူ့စွမ်းအားက ထူးထူးခြားခြား ကြီးမားနေပါတယ်။ လင်းဟာန်က သူ့လက်သီးတွေကို မကာကွယ်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့လည်း အဲဒါဘာများ ဖြစ်ဦးမှာလဲ။

သူ့ခုခံမှုက အဆင့်လေး နတ်ဘုရား သတ္တုရဲ့ မာကျောမှုကို ရောက်ရှိနေပါပြီ။ တကယ်လို့ လူတစ်ယောက်က သူ့ကို စွမ်းအားနဲ့ ဒဏ်ရာရစေချင်ရင် သူတို့က အနည်းဆုံး

Edit with WPS Office

နေလအဆင့် စွမ်းအားကို ပိုင်ဆိုင်ထားဖို့ လိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်က ကျောက်ရုပ်ရဲ့ အညှာအတာ ကင်းမဲ့ပြီး အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေကို အကောင်းဆုံး ကြိုးစားပြီးတော့ တားဆီးကာကွယ်ခဲ့ပါတယ်။ သူ့အတွက် တန်ပြန်တိုက်စစ် ဆင်ဖို့ အခွင့်အရေး လုံးဝကို မရရှိခဲ့ပါဘူး။ သူက သူ့မျက်နှာကို အတတ်နိုင်ဆုံး ကြိုးစားကာကွယ်ထားပါတယ်။ သူက ရိုက်နှက်ခံရဖို့ ကံကြမ္မာ ပါလာပြီ ဆိုမျှတော့ သူ့အတွက် သူ့ရဲ့ချောမောခန့်ညားတဲ့ မျက်နှာကို ကာကွယ်ထားဖို့ လိုတာပေါ့။

ငါ့ကိုတိုက်ပါဆိုတဲ့ ကျောက်ရုပ်တွေကို ရွေးလိုက်တဲ့ အချိန်တုန်းက တိုက်ခိုက်မှု တစ်ခုနဲ့ပဲ အဲဒီအဆင့်ရဲ့ စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်နိုင်ပါတယ်။ ဒါပေမဲ့လည်း ငါမင်းကို တိုက်မယ်ဆိုတဲ့ ကျောက်ရုပ်တွေက လုံးဝကို မတူညီ ကွဲပြားခြားနားပါတယ်။

ထန် ထန် ထန် ထန်။

Edit with WPS Office

ညှာတာမှု ကင်းမဲ့တဲ့ တိုက်ခိုက်မှုတွေက တရစပ် မိုးသီးမိုးပေါက် ကျသလို လင်းဟန်ဆီကို အဆက်မပြတ် တိုးဝင်လာပါတယ်။ ပုံစံကို ကြည့်ရတာ ကျောက်ရုပ်က သူ့ကို သေတဲ့အထိ ရိုက်နှက်ပစ်တော့မလိုပါပဲ။

သဲနာရီ ကျတာရပ်သွားတဲ့ အချိန်မှပဲ ကျောက်ရုပ်က ဘေးကို ဆုတ်သွားခဲ့ပါတယ်။ ငှါမင်းကို တိုက်မယ်ဆိုတဲ့ ကျောက်ရုပ်ရဲ့ ရင်ဘတ်ကစာသားက အောင်မြင်တယ်ဆိုပြီး ပြောင်းသွားခဲ့ ပါတယ်။

လင်းဟန်က ညည်းတွားပြီးတော့ စိတ်ထဲကနေ တွေးလိုက်ပါတယ်။

မင်းငှါကို နည်းနည်းလောက် ညှာပြီးတော့ ရိုက်လို့ မရနိုင်ဘူးလား။

သူက ထွက်လာခဲ့ပြီး ပြောင်းလဲသွားတဲ့ ပတ်ဝန်းကျင်မှာ ကျောက်ပြားက ပြန်ထွက်ပေါ် လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ နောက်ထပ် လူတစ်ယောက်လည်း ရောက်နေပါတယ်။

Edit with WPS Office

သူကတော့ ကေရီ ဘုရင်မ လွှမ့်ရှင်းပဲ ဖြစ်ပါတယ်။

ဒါက အံ့ဩဖို့ ကောင်းပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းကလည်း ဒီနေရာကို ရောက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမက ကျောက်ရုပ်တွေကို တိုက်ခိုက်ပြီးတော့ ဖြတ်ကျော်လာတာလား ဒါမှမဟုတ် ကျောက်ရုပ်တွေရဲ့ ရိုက်နှက်ခံရပြီးတော့ ဖြတ်ကျော် လာခဲ့တာလား။

ပထမ အချက်က ပိုပြီးတော့ ဖြစ်နိုင်ချေ ရှိတယ်လို့ လင်းဟာန်က ခံစားလိုက် ရပါတယ်။ တကယ်တော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်က အရမ်းကို ထူးခြားဆန်းကြယ် လွန်းပါတယ်။ ဒါပေမဲ့လည်း ကေရီ ဘုရင်မရဲ့ စွမ်းအားကလည်း ထင်မှတ်မထားလောက်အောင် သန်မာပါတယ်။ တကယ်လို့ ဒီလိုသာဆိုရင် သူမက ကျောက်စိမ်း အင်ပါယာနဲ့ ထာဝရ မိုးကောင်းကင် အင်ပါယာကို အနိုင်ယူဖို့ လုံလောက်တဲ့အထိ အစွမ်းထက်သင့်တယ် မဟုတ်လား။ ဘာဖြစ်လို့ သူမက ငြိမ်းချမ်းရေး ဂြိုလ်ကြီးကို ပေါင်းစည်းဖို့ မကြိုးစားခဲ့တာလဲ။

Edit with WPS Office

အဲဒီအံ့ဖွယ်အင်ပါယာ နှစ်ခုဟာ အရင်တုန်းက အင်ပါရီယန် အင်ပါယာ ဖြစ်ခဲ့တာ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် သူတို့မှာ အရမ်းကို အစွမ်းထက်တဲ့ ပုက်ဖဲတွေ ရှိကောင်းရှိနေပါလိမ့်မယ်။ ဥပမာ လှုပ်ရှားလို့ မရနိုင်တဲ့ အထွတ်အထိပ် သတ်ဖြတ်ခြင်း ဂျက်ပါတွေပေါ့။ ဒီလိုဆိုရင် တကယ်လို့ သူတို့ရဲ့ တိုက်ခိုက်မှု စွမ်းရည်တွေ ကင်းမဲ့နေရင်တောင် သူတို့မှာ အရမ်းကို အစွမ်းထက်တဲ့ ခုခံမှု ရှိနေပါလိမ့်မယ်။

အံ့ဖွယ်အင်ပါယာ သုံးခုက နှစ်သန်းပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူလက်တွဲ နေထိုင်နိုင်တာရဲ့ နောက်ကွယ်မှာ သေချာပေါက် အကြောင်းရင်း တစ်ခုတော့ ရှိရပါမယ်။

ဧကရီ ဘုရင်မ လွှမ့်ရှင်းကလည်း လင်းဟန်ကို မြင်သွားခဲ့ပါတယ်။ သူမရဲ့ မျက်နှာကို ရွှေးဟောင်းအရှိန်အငါ တစ်ခုနဲ့ ဖုံးကွယ်ထားပေမဲ့ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်သွားပါတယ်။ သူမအနေနဲ့ မျှော်စင်ရဲ့ ပထမ ရှစ်ဆင့်ကို ဖြတ်ကျော်နိုင်မဲ့သူ တစ်ယောက်မှ

Edit with WPS Office

ရှိလိမ့်မှာ မဟုတ်ဘူးလို့ ထင်မှတ်ထားခဲ့ပါတယ်။ ပိုပြီးတော့ အံ့အားသင့်သွားစေခဲ့တာက ပထမ ရှစ်ဆင့်ကို ဖြတ်ကျော်လာနိုင်တဲ့သူက သူမ လုံးဝကို မျှော်လင့်မထားတဲ့ လင်းဟာန် ဖြစ်နေပါတယ်။

သူမရဲ့ လှပတဲ့ မျက်လုံးတွေထဲမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ တဖျတ်ဖျတ် လက်သွားခဲ့ပါတယ်။ သူမအနေနဲ့ အရင်က ဘယ်ယောက်ျားကိုမှ ထိတွေ့ခဲ့ခြင်း မရှိပါဘူး။ သူမက ဒီလူရဲ့ သွေးကို စုပ်ယူခဲ့ရပါတယ်။ ပြီးတော့ သူမက သူ့လည်ပင်းကနေ စုပ်ယူခဲ့တာပါ။ နောက်ပြီး သူမရဲ့ ရင်သားတွေကို ဒီကောင်စုတ်က ဆုပ်ကိုင်ခြင်းကိုလည်း ခံခဲ့ရပါတယ်။

ဒီမှတ်ဉာဏ်တွေက သူမရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ဆူပွက်လို့ လာစေခဲ့ပါတယ်။ သူမရဲ့ စိတ်ထဲမှာ ဒီလူကို သတ်ပစ်ရင်တောင် သူမရဲ့ ထိခိုက်နစ်နာမှုကို ပြန်လည်မရနိုင်ဘူး ဆိုတာကို သိနေပေမဲ့လည်း သူမက ချက်ချင်းပဲ လင်းဟာန်ကို လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ပါတယ်။

Edit with WPS Office

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ဆီက တိုက်ခိုက်မှု တစ်ခု ဖြစ်ပါတယ်။ ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးတောင် သူတို့ရဲ့ ဂုဏ်ရောင်ထွန်းပြောင်မှု ဆုံးရှုံးသွားခဲ့ပါတယ်။

"ရပ် ရပ် ရပ်လိုက်"

ကျောက်ပြားက အော်ဟစ်လိုက်ပါတယ်။ လွှမ်းမိုးနိုင်တဲ့ တိုက်ခိုက်မှုက လေထဲမှာ ချက်ချင်းပဲ ပျောက်ကွယ်သွား ခဲ့ပါတယ်။

"ငါလည်း ဒီကောင်စုတ်လေးကို မနှစ်သက်ပေမဲ့ ဒီမျှော်စင်ထဲကို ဝင်လာတဲ့ ဘယ်သူမဆို ဆန်ကာတင် စာရင်းဝင်ပဲ။ ငါသူတို့အပေါ် လက်မလျော့သေးခင် ဘယ်သူမှ မသေနိုင်ဘူး"

လင်းဟာန်ရဲ့ နှလုံးသား တဒုတ်ဒုတ် ခုန်သွားပါတယ်။ အခုချိန်မှာ ပြိုင်ဘက်ကင်း သရဖူ သူတော်စင် သူ့ကို ကာကွယ်ပေးပါတယ်။ ဒါပေမဲ့ ဒီမျှော်စင်ကနေ သူတို့တွေ ထွက်သွားတဲ့ အချိန်ကျရင်ရော သူဘာလုပ်ရမလဲ။

Edit with WPS Office

သူက ကောင်းကင်နီ သင်တန်းကျောင်းမှာ လေ့ကျင့်ပြီးတော့ မဟာလင်း အင်ပါယာကလည်း ကြယ်ဥက္ကာ အံ့ဖွယ်အင်ပါယာရဲ့ သစ္စာခံ နယ်မြေတစ်ခု ဖြစ်ပါတယ်။ သူက ထွက်ပြေးနိုင်ပေမဲ့ ပုန်းကွယ်လို့ မရနိုင်ပါဘူး။

ဟူး ဘာဖြစ်လို့ မင်းက သွေးစုပ်ဖို့ ဘာဖြစ်လို့ အပြေးအလွှားရောက်လာခဲ့ ရတာလဲ။ အဲဒါက မင်းရဲ့ အမှားပဲ မဟုတ်ဘူးလား။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ထပ်ပြီးတော့ မတိုက်ခိုက်တော့ပဲ အဲဒီအစား လင်းဟန်ကို စိုက်ကြည့် နေခဲ့ပါတယ်။

သူမက ဒီနေရာမှာ လင်းဟန်ကို သတ်ပစ်ဖို့ မဖြစ်နိုင်ဘူးဆိုတာကို နားလည်သွားပါတယ်။ ဒါကြောင့် ဆုံးဖြတ်ချက် ပြတ်သားတဲ့ လူတစ်ယောက်ဖြစ်တဲ့ သူမက သူ့အပေါ်မှာ အချိန်တွေ ခွန်အားတွေ ဖြုန်းတီးတော့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူမကို မဖွယ်မရာ ပြုလုပ်ခဲ့တဲ့ တဏှာရူးကောင်ကို ဒေါသတကြီးနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။

သူမက ကေရီ ဘုရင်မ တစ်ယောက် ဖြစ်ပါတယ်။ အံ့ဖွယ်

Edit with WPS Office

အင်ပါယာ တစ်ခုရဲ့ အုပ်ချုပ်သူပါ။ သူမအနေနဲ့ ဒီဘာမဟုတ်တဲ့ လက်အောက်ငယ်သား တစ်ယောက်ကို ရင်ဆိုင်လို့ မရနိုင်ခဲ့ပါဘူး။

"ဒါက နောက်ဆုံး စမ်းသပ်စစ်ဆေးမှုပဲ။ ဒါကြောင့် မြန်မြန်လေး စလိုက်ရအောင်။ ငါအကြာကြီး မစောင့်နိုင်ဘူး"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်ပါတယ်။

"မြန်မြန် မြန်မြန် မြန်မြန်။ တကယ်လို့ မင်းတို့ဖြတ်ကျော်နိုင်ရင် ဧရာမ အံ့ဩစရာ တစ်ခု ပေးမယ်"

ဇေရီ ဘုရင်မ လွမ့်ရှင်းက တုံ့ဆိုင်းခြင်း မရှိပဲ ချက်ချင်းကို နဂါးမြောက်အဆင့် လှေကားပေါ်ကို တက်သွားခဲ့ပါတယ်။ သူမရဲ့ ပန်းတိုင်က ဒီမျှော်စင်ကနေ အမြန်ဆုံး ထွက်ခွာပြီး လင်းဟာန်ကို သတ်ပစ်ဖို့ပဲ ဆိုတာ ထင်ရှားပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒါကိုကြည့်ရတာ သူ့အနေနဲ့ ရွေးချယ်စရာ မရှိတော့ပဲ အနက်ရောင် မျှော်စင်ကို အသုံးပြု ရပါလိမ့်မယ်။

Chapter 1124 end

Edit with WPS Office

အပိုင်း(1125) နောက်ဆုံး စမ်းသပ်စစ်ဆေးမှု

နဂါးမြောက်အဆင့်က နောက်ဆုံးအဆင့် ဖြစ်ပါတယ်။ အရင်အဆင့်တွေလိုပဲ အခန်းရဲ့ အလယ်မှာ ကျောက်ရုပ်နှစ်ရုပ် ရပ်နေပါတယ်။

သူတို့က ငှါကိုတိုက်ပါနဲ့ ငါမင်းကို တိုက်ခိုက်မယ်ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ပါပဲ။

သေချာသွားခဲ့ပါပြီ။ ကေရီ ဘုရင်မ လွှမ်ရှင်းက ငှါကိုတိုက်ပါဆိုတဲ့ ကျောက်ရုပ်ကို ရွေးချယ်ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်ကတော့ ငါမင်းကို တိုက်မယ်ဆိုတဲ့ ကျောက်ရုပ်ကို ရွေးချယ်ခဲ့ပါတယ်။ အဲဒါက သူ့ရဲ့ နလုံးသားထဲမှာ ခါးသီးတဲ့ အာရုံတစ်ခုကို ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း တောင်မြစ်ငါးခု ရှိမနေတဲ့အတွက် ဘယ်သူ့ကို သူက အပြစ်တင်ရမှာလဲ။ တော်ငမြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို မရောက်သေးတဲ့အတွက် သူက ဘယ်သူ့ကို အပြစ်တင် နိုင်မှာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကေရီ ဘုရင်မ လွှမ်ရှင်းက အဌမအဆင့်

Edit with WPS Office

စမ်းသပ်စစ်ဆေးမှုကို ဖြတ်ကျော်နိုင်စွမ်း ရှိတာကြောင့် သူမရဲ့ တိုက်ခိုက်ရေး စွမ်းရည်က အရမ်းကို အံ့သြစရာ ကောင်းနေပါတယ်။

လင်းဟာန်က အမှတ်မထင် ကြည့်လိုက်မိပါတယ်။ သူက ဒီကေရီ ဘုရင်မရဲ့ ခွန်အားကို သူ့မျက်လုံး နှစ်လုံးနဲ့ ကိုယ်တိုင် တွေ့မြင်ချင်ခဲ့ပါတယ်။

ဟွမ်း။

ကောင်းကင်ဘုံ ခန္ဓာကိုယ် လေးခုက ကေရီ ဘုရင်မ လွှမ်းရှင်းရဲ့ နောက်ကျောမှာ ပေးလာခဲ့ပြီး တစ်ခုချင်းစီကနေ ထူးခြားဆန်းကြယ်တဲ့ ရှေးဟောင်းအရှိန်အဝါ တစ်ခုကို ထုတ်လွှတ်လို့ နေပါတယ်။

"ထူးချွန်တယ်။ တကယ့်ကို ထူးချွန်ထက်မြက်တာပဲ။ မင်းက နေလအဆင့်နဲ့ တောင်မြစ်အဆင့် နှစ်ခုစလုံးမှာ ပြီးပြည့်စုံခြင်း အခြေအနေ တစ်ခုကို ရောက်ခဲ့တယ်။ မင်းက ငါးခုမြောက် ကောင်းကင်ဘုံ ခန္ဓာကိုယ်ကို မဖြစ်ပေါ်သေးပေမဲ့ မင်းရဲ့ ခွန်အားက ကြယ်ကိုးပွင့်ကို ရောက်နေပြီပဲ"

Edit with WPS Office

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဧကရီ ဘုရင်မ လွမ့်ရှင်းကို မချီးကျူးပဲ မနေနိုင်အောင် ဖြစ်သွားမိပါတယ်။

လင်းဟန်က မှင်တက်သွားခဲ့ပါတယ်။ ဧကရီ ဘုရင်မက တကယ်ပဲ ဒီလောက်ထိ ထူးဆန်းတဲ့ ပါရမီရှိနေတာလား။

လူတွေ မကြာခဏ ပြောတာက ကြယ်ငါးပွင့် ပါရမီရှင်တွေ ဆိုတာက ဒဏ္ဍာရီတွေ အထဲမှာပဲ တည်ရှိတယ် ဆိုတဲ့အကြောင်းပါပဲ။ ဒါပေမဲ့လည်း ဒီဧကရီ ဘုရင်မရဲ့ စွမ်းအားက ကြယ်ကိုးပွင့်ကို ကျော်လွန်နေခဲ့ပါတယ်။ ဒါကြောင့်လည်း သူမရဲ့ တိုက်ပွဲစွမ်းရည်ကလည်း အနည်းဆုံး ကြယ်ကိုးလုံးကို ကျော်လွန်သွားပါလိမ့်မယ်။ ကြယ်ကိုးလုံးထက်တောင် ကျော်လွန်နိုင်တာလည်း ဖြစ်နိုင်ချေ ရှိပါတယ်။

တကယ်လို့ လူတစ်ယောက်က သူ့ထက် အဆင့်ကြီး တစ်ဆင့် ပိုမြင့်တဲ့ လူတစ်ယောက်ကို ဆန့်ကျင်ရင်ဆိုင်ချင်ရင် သူတို့အနေနဲ့ ကြယ်ဆယ်ပွင့် စွမ်းအားတစ်ခု ရှိဖို့ လိုအပ်ပါတယ်။ တိုက်ပွဲစွမ်းရည် ကြယ်ဆယ်ပွင့်တစ်ခု မဟုတ်ပါဘူး။ ဒါကြောင့် သူမက

Edit with WPS Office

အခုချိန်မှာ အနည်းဆုံးတော့ ထာဝရမြစ်အဆင့် လက်ရွေးစင်တွေအတွက် ပြိုင်ဘက်မဟုတ်သေးပါဘူး။

မျှော်လင့်ချက်တော့ ရှိနေပါသေးတယ်။ သူမက နောက်ထပ် ကောင်းကင်ဘုံ ခန္ဓာကိုယ် တစ်ခုကို ဖြစ်ပေါ်စေနိုင်ပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အခြေအနေ တစ်ခုကို ရောက်နေခဲ့မယ် ဆိုရင်ပေါ့။

"ဒါက အရမ်းကို ထူးဆန်းတယ်။ ဒါပေမဲ့လည်း မင်းမှာ တောင်မြစ်ငါးခု နဲ့ နေလငါးခု ရှိသင့်တယ်လို့ ငါအာရုံခံနိုင်ပေမဲ့ မင်းရဲ့ စွမ်းအားက ငါခန့်မှန်းထားသလောက် အစွမ်းမထက် သေးဘူး"

"ငါက ဒီမျှော်စင်နဲ့ အထဲက စမ်းသပ်စစ်ဆေးမှုတွေကို တည်ဆောက်ခဲ့တဲ့လူပဲ။ ပြီးတော့ ကြယ်ရှစ်ပွင့်ကို ကျော်လွှန်နိုင်တဲ့ စွမ်းအားတစ်ခု ရှိသရွေ့ ဒါကို အလွယ်တကူနဲ့ ဖြတ်ကျော်နိုင် သင့်တယ်။ မင်းရဲ့ စွမ်းအားက ကြယ်ကိုးပွင့်ကို ကျော်လွှန်နေတယ်ဆိုတာ ထင်ရှားနေရဲ့သားနဲ့ အဌမအဆင့် စမ်းသပ်စစ်ဆေးမှုမှာတောင် မင်းက ရုန်းကန်နေခဲ့ရတယ်။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတာ ငါအံ့ဩနေမိတယ်”

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ပုံစံကို ကြည့်ရတာ အရမ်းကို သိချင်နေပုံ ရပါတယ်။ သူ့လိုမျိုး သူတော်စင် တစ်ယောက်တောင်မှ သိချင်စိတ်တွေ ဖော်ပြနေရတဲ့အထိ ဖြစ်နေမှတော့ ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုအံ့အားသင့်စရာကောင်းတဲ့ လျှို့ဝှက်ချက်ကို ဖုံးကွယ်ထားနေလဲ ဆိုတာကို ဖော်ပြနေပါတယ်။

ဒါပေမဲ့လည်း အဲဒါတွေ အားလုံးက တကယ့်ကို နားမလည်နိုင်ပါဘူး။ ဧကရီ ဘုရင်မ လွမ့်ရှင်းက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သန်းက စွမ်းအားတွေ ရုတ်တရက် မြင့်တက်လာခဲ့ပြီး ကြယ်ဥက္ကာ အံ့ဖွယ် အင်ပါယာကို တည်ထောင်ကာ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်က ကုန်းမြေသုံးပုံ တစ်ပုံကို ရယူသိမ်းပိုက် ခဲ့ပါတယ်။ သူမက ဘယ်နေရာကနေ ရုတ်တရက် ထွက်ပေါ်လာလဲ ဆိုတာကို ဘယ်သူမှ မသိပါဘူး။

သူမရဲ့ တစ်ဟုန်ထိုး မြင့်တက်လာမှုရဲ့ နောက်ကွယ်မှာ ကြီးမားတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခု သေချာပေါက် ရှိရပါမယ်။

Edit with WPS Office

ကောရီ ဘုရင်မ လွှမ့်ရှင်းက ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ သိချင်စိတ် ပြင်းပြနေတဲ့ မေးခွန်းကို ပြန်မဖြေခဲ့ပါဘူး။ ကောရီ ဘုရင်မ လွှမ့်ရှင်းက သူတော်စင် တစ်ယောက် ဖြစ်ခဲ့ဖူးတဲ့ သက်ရှိတစ်ယောက်ရဲ့ တည်ရှိမှု အရှေ့မှာ ရပ်နေတာတောင် သူမရဲ့ လွှမ်းမိုးနိုင်စွမ်း အရှိန်အဝါကို ထိန်းချုပ်မထားခဲ့ပါဘူး။ သူမက သူမရဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်တွေရဲ့ စွမ်းအားနဲ့ ချိတ်ဆက်ပြီးတော့ သူမရဲ့ လက်ကို ကျောက်ရုပ်ဆီ ဖိကပ်လိုက်ပါတယ်။ သူမရဲ့ အရှေ့မှာ နတ်ဘုရား သင်္ကေတွေ ရှုပ်ထွေးနေတဲ့ တြိဂံပုံတစ်ခု ဖြစ်ပေါ်လာပြီး အကြမ်းအားဖြင့် သင်္ကေတပေါင်း လေးထောင်ကျော် ရှိပါတယ်။

နတ်ဘုရား သင်္ကေတ လေးထောင်ကျော် ပိုင်ဆိုင်ထားတာက အတော်လေး အစွမ်းထက်တယ်လို့ သတ်မှတ်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် အထွတ်အထိပ်ရဲ့ နတ်ဘုရားသင်္ကေတ ကိုးထောင့်ကိုးရာ ကိုးဆယ့်ကိုးခု အရေအတွက်နဲ့တော့

Edit with WPS Office

အလုပ်မ်းကွာပေး နေဆဲပါပဲ။ တကယ်ပဲ ဧကရီ ဘုရင်မ လွှမ့်ရှင်းက ကြယ်ကိုးပွင့် စွမ်းအားတစ်ခု လမ်းကြောင်းကို လျှောက်လုမ်းလို့ နေပါပြီ။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ ခန့်မှန်းချက်က မှားနေတာလား။ ဧကရီ ဘုရင်မ လွှမ့်ရှင်းက ကြယ်ကိုးပွင့် စွမ်းအားတစ်ခုကို မရရှိသေးဘူး မဟုတ်လား။ ဒါပေမဲ့လည်း ဘယ်လိုလုပ် အဲဒါက ဖြစ်နိုင်မှာလဲ။ သူက လမ္ဘြတ်ခေါင်း သူတော်စင် တစ်ယောက် ဖြစ်နေပေမဲ့ သူ့ရဲ့ ခန့်မှန်းနိုင်တဲ့ စွမ်းရည်က ဒီလောက် မနိမ့်ကျသင့်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တို့ဖူးတစ်တုံးကို ရှာပြီးတော့ သူ့ကိုယ်သူ သေတဲ့အထိ ရိုက်ပစ်နေသင့်ပါတယ်။

ဧကရီ ဘုရင်မ လွှမ့်ရှင်းက အစွမ်းထက်တဲ့ တိုက်ခိုက်မှု တစ်ခုကို ပြင်ဆင်ထားတယ်ဆိုတာ ထင်ရှားပါတယ်။ သူမရဲ့ အနားမှာ ရေးဟောင်းအငွေ့အသက် အရှိန်အဝါ တစ်ခုက ပိုင်းရံထားပြီး သူမရဲ့ အနောက်မှာ ဂတ်ဆင်ထားတဲ့ ဂတ်ရုံရှည်တောင် လေမတိုက်ပဲ တဖျပ်ဖျပ် လွင့်ပျံ့လို့ နေပါတယ်။ သူမရဲ့ ဆံပင်တွေလည်း လွင့်ပျံ့နေပြီး သူမရဲ့

Edit with WPS Office

ပုံစံက အစွမ်းထက်မြက်သလို ဆွဲဆောင်မှုလည်း အရမ်းကို ရှိလှပါတယ်။

အကြည့်တစ်ချက်နဲ့ ကမ္ဘာတစ်ခုလုံး လွှမ်းမိုးသွားနိုင်ပါတယ်။ သူမက မတူညီတဲ့ ပင်ကိုယ်စရိုက် နှစ်ခု ပေါင်းစပ်ထားတဲ့ အရမ်းကို ပြီးပြည့်စုံတဲ့ တစ်ဦးတည်းသောသူ ဖြစ်နိုင်ပါတယ်။

ဧကရီ ဘုရင်မရဲ့ မျက်လုံးတွေထဲမှာ ကမ္ဘာပျက်စေနိုင်တဲ့ မြင်ကွင်းတွေ ဖျတ်ခနဲ လက်သွားပါတယ်။ ဒါပေမဲ့လည်း သနားစရာ ကောင်းတာက ရှေးဟောင်းအရိုန်အဝါ တစ်ခု ဖုံးကွယ်ထားမှုကြောင့် သူမရဲ့ မျက်နှာကို မြင်တွေ့နိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ကတော့ ရှေးဟောင်းအရိုန်အဝါကို ဖြတ်ပြီးတော့ ရှင်းရှင်းလင်းလင်း မြင်နိုင်ခဲ့ပါတယ်။ သူက ခဏလောက် အထိတ်တလန့် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ဟင် ငါဒါကို အရင်က မြင်ဖူးတယ်လို့ ဘယ်လိုလုပ်ပြီး ခံစားနေရတာလဲ။ ဒါပေမဲ့လည်း ဘယ်နေရာမှာ မြင်ဖူးလဲ ဆိုတာကို ငါပြန်စဉ်းစားလို့ မရတော့ဘူး"

Edit with WPS Office

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ လက်ရွေးစင်တွေက မှတ်ဉာဏ်မကောင်းတာကို မခံစားရပါဘူး။ သူတို့ရဲ့ နတ်ဘုရား အာရုံတွေက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ မှတ်ဉာဏ်တွေက အရမ်းကို အံ့သြစရာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က တကယ်ပဲ မမှတ်မိတော့ဘူးလို့ ပြောနေတာလား။ ဒီအဖြစ်အပျက် ဖြစ်ပျက်သွားခဲ့တာ ဘယ်လောက်တောင်မှ ကြာမြင့်နေခဲ့ပြီလဲ။

သူ ကလေးဘဝ အရွယ်တုန်းက မှတ်ဉာဏ်တစ်ခုများ ဖြစ်နေမလား။ အဲဒီလိုမှ မဟုတ်ရင် သူစပြီးတော့ ကျင့်ကြံအားထုတ်တဲ့ အချိန်ကစပြီး သူတို့ရဲ့ မှတ်ဉာဏ်တွေက ပိုးတိုးဂါးတား ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

ဘုန်း။

ကေရီ ဘုရင်မ လွှမ်းရှင်းက သူမရဲ့ ကျောက်စိမ်းလို လှပတဲ့ လက်ဖါးနဲ့ ရိုက်ချလိုက်ပြီး မိုးကောင်းကင်တွေ တစ်စစီ ပြိုလဲကျ သွားသလိုပါပဲ။ သူတို့က အလုံပိတ် လေဟာနယ်

Edit with WPS Office

တစ်ခုထဲမှာ ဆိုပေမဲ့ အနက်ရောင် တွင်းပေါက်တစ်ခုက သူတို့ရဲ့ ခေါင်းပေါ်မှာ ဖြစ်ပေါ်လာပြီး အရာအားလုံးကို အငမ်းမရ ဝါးမျိုတော့မလိုပါပဲ။

သူမရဲ့ တိုက်ခိုက်မှုက အရမ်းကို အစွမ်းထက်လွန်းတယ်။ ဒီစွမ်းအားက ကြယ်ရှစ်ပွင့်ကို ကျော်လွန်တဲ့ စွမ်းအားတစ်ခု မဟုတ်လား။

ဂုန်း။

ငါ့ကိုတိုက်ပါဆိုတဲ့ ကျောက်ရုပ်က လွင့်ထွက်မသွားပေမဲ့ လဲကျသွားခဲ့ပါတယ်။

"ဟားဟား ဘယ်လောက် လွှမ်းမိုးနိုင်တဲ့ စွမ်းအားလဲ။ ထူးချွန်တယ်။ တကယ်ပဲ အရမ်းကို တော်လွန်းတယ်"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ချီးကျူးလိုက်ပါတယ်။ အဲဒီနောက် သူက လင်းဟန်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"ကောင်စုတ်လေး အခု မင်းအလှည့်ပဲ"

လင်းဟန်က အရမ်းကို စိတ်တိုသွားသလို

Edit with WPS Office

ခံစားလိုက်ရပါတယ်။ တစ်ယောက်က ကျောက်ရုပ် တစ်ရုပ်ကို တိုက်ခိုက်နေတဲ့အချိန် ကျန်တဲ့ တစ်ယောက်က ကျောက်ရုပ်တစ်ရုပ်ရဲ့ တိုက်ခိုက်တာ ခံရပါလိမ့်မယ်။ သူတို့ရဲ့ အတွေ့အကြုံက လုံးဝကို ကွဲပြားခြားနား ပါလိမ့်မယ်။

သူက သက်ပြင်းချလိုက်ပြီး ငါမင်းကို တိုက်ခိုက်မယ်ဆိုတဲ့ ကျောက်ရုပ် အရှေ့ကို လျှောက်သွား လိုက်ပါတယ်။

ငှါ့ဆီလာစမ်း။ ငှါ့ရဲ့ ကျင့်ကြံခြင်းအဆင့် ပြီးပြည့်စုံခြင်း အဆင့်တစ်ခုကို မရောက်သေးတဲ့အတွက် ဒီအချက်ကို ငါလက်ခံရမှာပေါ့။

ကျောက်ရုပ်က ချက်ချင်းပဲ လင်းဟာန်ကို စတင်တိုက်ခိုက် လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း ပုန်း။

ကျောက်ရုပ်ရဲ့ တိုက်ခိုက်မှု စွမ်းအားက ဒီတစ်ကြိမ် ပိုပြီးတော့တောင် အားကောင်းလာပါတယ်။ ပြီးတော့ လင်းဟာန်က သူ့ရဲ့ ခန့်ညားချောမောတဲ့ မျက်နှာကို

Edit with WPS Office

ပြင်းပြင်းထန်ထန် မညှာမတာ ရိုက်နက်ခံနေရတဲ့ အချိန်အတွင်းမှာ အတတ်နိုင်ဆုံး ကာကွယ်ထားပါတယ်။

ဒီတစ်ကြိမ် သူ့နှလုံးသားထဲမှာ မီးတောက်တစ်ခု တောက်လောင်လို့ လာခဲ့ပါတယ်။ တကယ်တော့ ဒါက အဌမမြောက် အဆင့်နဲ့ လုံးဂကို ကွဲပြားခြားနားပါတယ်။ အခု ဧကရီ ဘုရင်မကလည်း ဘေးနားကနေ သူ့ကို စောင့်ကြည့်နေပါတယ်။

ဒါပေမဲ့လည်း ဧကရီ ဘုရင်မ လွှမ်းရှင်းက သူ့ကို အထင်မသေးခဲ့ပါဘူး။

သာမန်လူတစ်ယောက်က အခုလိုမျိုး ရိုက်နက်ခံနိုင်မှာလား။

ဒါပေမဲ့လည်း ဒါက သူမရဲ့ သတ်ဖြတ်ချင်တဲ့ ဆန္ဒကို ဖြေဖျောက်မပေးခဲ့ပါဘူး။

သဲနာရီက လျှင်မြန်စွာနဲ့ ကျဆင်းလာပြီးတော့ ရပ်လိုက်ပါတယ်။ ငါမင်းကို တိုက်မယ်ဆိုတဲ့ ကျောက်ရုပ်လည်း နောက်ဆုံးတော့ လင်းဟန်ကို ရိုက်နေရာကနေ ရပ်ပြီးတော့ အနောက်ကို ပြန်ဆုတ်သွားပြီး

Edit with WPS Office

ရှိးရှိးသာမန် ကျောက်ရုပ်တစ်ရုပ်လိုမျိုး လှုပ်ရှားမှု မရှိတော့ပါဘူး။

"ငါတို့ရဲ့ ဆုတွေ ဘယ်မှာလဲ။ မြန်မြန်ပေးပြီး ဒီနေရာကနေ ငါတို့ကို မြန်မြန်ထွက်ခွင့်ပေး"

ကေရီ ဘုရင်မ လွှမ်းရှင်းက လှုံ့ဆော်လိုက်ပါတယ်။ သူမက ဆုလာဘတ်ကို စိတ်ဝင်စားခြင်း မရှိပါဘူး။ အဲဒီအစား သူမက ဒီနေရာကနေ အလျင်အမြန် ထွက်ခွာချင်နေပြီး အဲဒါမှလည်း သူမက လင်းဟန်ကို သတ်ပစ်နိုင်ပါမယ်။

လင်းဟန်က အလျင်အမြန် ပြုံးပြီးတော့ ပြောလိုက်တယ်။

"အလျင်အမြန် လုပ်စရာ မလိုပါဘူး။ အလျင်မလိုပါနဲ့။ ငါတို့တွေ ဒီမှာထိုင်ပြီးတော့ လက်ဘက်ရည်လေးဘာလေး သောက်ကြမယ်ဆိုရင် ဘယ်လိုသဘောရလဲ"

"ဟားဟားဟားဟား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပြီးတော့ ပြောလိုက်တယ်။

"အရမ်းကောင်းတယ်။ တကယ့်ကို အရမ်းကောင်းတယ်။

Edit with WPS Office

တစ်ယောက်က အစွမ်းထက်ဆုံး တိုက်ခိုက်ခြင်း စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားပြီး နောက်တစ်ယောက်က အစွမ်းထက်ဆုံး ခုခံကာကွယ်နိုင်တဲ့ စွမ်းရည်တစ်ခုကို ပိုင်ဆိုင်ထားတယ်။ မင်းတို့နှစ်ယောက်က တကယ့်ကို လိုက်ဖက်ညီတဲ့ စုံတွဲပဲ"

"လိုက်ဖက်ညီတဲ့ စုံတွဲ ဟုတ်လား"

လင်းဟာန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ အဲဒီနောက် သူ့အသံကို တမင်မြှင့်ပြီးတော့ ပြောလိုက်ပါတယ်။

"အိုး ဟိုး ဟိုးဟိုး နားလည်မှု လွဲမှားစေနိုင်တဲ့ စကားတွေကို မပြောပါနဲ့"

"ဟားဟားဟား ဟားဟားဟားဟား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။

"အိုး ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

Edit with WPS Office

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အတော်ကြာအောင် ရယ်မောပြီးမှ ပြောလိုက်ပါတယ်။

"မင်းတို့နှစ်ယောက်အတွက် ငါ့ရဲ့ ဆုလာဘ်က နောက်တော့ လာမယ်လေ"

သူက ခဏလောက် ရပ်လိုက်ပြီး လင်းဟာန်နဲ့ ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ သိချင်စိတ် ပြင်းပြတဲ့ မေးခွန်းတွေကို ကြားရဖို့ လုံ့လုံ့ဆော်နေပုံ ရပါတယ်။ ဒါပေမဲ့လည်း သူ့ကို စိတ်ပျက်စေတာက ဘယ်သူကမှ သူ့ကို မတုံ့ပြန်ခဲ့ပါဘူး။

လပြွတ်ပဲပေါ့။

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အရေးမစိုက်တော့ပဲ သူက စကားပြန်ဆက်လိုက်ပါတယ်။

"ငါက မင်းတို့နှစ်ယောက်ရဲ့ ကလေးကို ငါ့တပည့်အဖြစ် လက်ခံပြီး ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး လူတစ်ယောက် ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးမယ်လေ"

ဖူး။

လင်းဟာန်က ချောင်းတစ်ဟွတ်ဟွတ် ဆိုးသွားခဲ့ပါတယ်။

Edit with WPS Office

ခင်ဗျားက သောက်ကျိုးနည်းလောက်အောင် ဉာဏ်ထုံထိုင်းရသလား။

ဒါပေမဲ့လည်း ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အရမ်းကို စိတ်လှုပ်ရှားနေပုံ ပေါ်ပါတယ်။ ပြီးတော့ သူက ပြောလိုက်တယ်။

"အစွမ်းထက်ဆုံး တိုက်ခိုက်ခြင်း စွမ်းရည်နဲ့ အစွမ်းထက်ဆုံး ခုခံနိုင်တဲ့ စွမ်းရည်ကို ပေါင်းစပ်လိုက်တဲ့ အချိန်မှာ သူတို့ကနေ မွေးလာမဲ့ ကလေးက ဒီကြီးမားတဲ့ စွမ်းရည် နှစ်ခုလုံးကို ပိုင်ဆိုင်လာလိမ့်မယ်။ ဒါကြောင့် ဒီကလေးက ငါ့ရဲ့ တပည့်ဖြစ်လာဖို့ အသင့်တော်ဆုံး လူတစ်ယောက် ဖြစ်လာလိမ့်မယ်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အိုးဟိုးဟိုး ခင်ဗျားကိုယ် ခင်ဗျား ပြောနေတာကနေ ရပ်လိုက်ပါ။ ဒီလိုမျိုး ဖြစ်လာစရာအကြောင်း လုံးဝကို မရှိဘူး"

အဲဒီအချိန်မှာ ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ ခန္ဓာကိုယ်ကနေ

Edit with WPS Office

ဖျက်ဆီးခြင်း သတ်ဖြတ်လိုတဲ့ ဆန္ဒတစ်ခု ထွက်ပေါ်လို့ လာပါတယ်။ ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က တကယ်ပဲ သူမကို လင်းဟန်နဲ့ ကလေးတစ်ယောက် မွေးစေချင်နေတာလား။ သူက ကိုယ့်ကိုကိုယ် သေကြောင်း ကြံနေတာလား။

"ဟားဟား တကယ်လို့ ငါက မင်းတို့နှစ်ယောက်ကို ကလေးရစေချင်ရင် မင်းတို့မှာ ရွေးချယ်စရာ မရှိပဲ ကလေးရအောင် လုပ်ရလိမ့်မယ်"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဟက်ဟက်ပက်ပက် ရယ်မောပြီး ဆက်ပြောလိုက်ပါတယ်။

"အဲ့ဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ မင်းတို့နှစ်ယောက်လုံး ဒီနေရာမှာပဲ တစ်သက်လုံး နေသွားကြပေါ့။ ငါ့ရဲ့ တပည့် မွေးလာတဲ့ အချိန်ကျရင်တော့ ငါမင်းတို့နှစ်ယောက်ကို ထွက်သွားခွင့် ပြုပေးမှာပါ"

လပ္ပြတ်ပဲ။

Chapter 1125

Edit with WPS Office

end(နောက်တစ်ပိုင်းနည်းနည်းနောက်ကျမည်)

အပိုင်း(1126) ငါ့တပည့်ကို မွေးပေးစမ်း

ဘယ်လောက်တောင် အရှက်ကင်းမဲ့ပြီး
မျက်နှာပြောင်လိုက်သလဲ။

သူက လူတွေကို သူတို့ကိုယ်သူတို့ အတင်းအကျပ်
ဖိအားပေး ခိုင်းစေတတ်တဲ့ လူလား။ သူက
ဘယ်လိုလုပ်ပြီးတော့ ငါတို့ကို ကလေးတစ်ယောက် မွေးဖို့
ဖိအားပေးနိုင်တာလဲ။

"ခင်ဗျားက စီနီယာ တစ်ယောက်မှ ဟုတ်သေးရဲ့လား"

လင်းဟန်က မေးခွန်းထုတ်လိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဒီလောက် အရမ်းကို ဆိုးဝါးပြီး
အရှက်ကင်းမဲ့တဲ့ တောင်းဆိုမှုကို ပြောနိုင်ရတာလဲ"

"ထွီ သားသမီးဂတ္တရား မကျေပွန်တဲ့ လူစား သုံးမျိုးရှိတယ်။
အဲဒီထဲမှာ အဆိုးဆုံးက မျိုးဆက် မချန်ထားနိုင်တဲ့ သူတွေပဲ။
ငါက မင်းတို့နှစ်ယောက် ကောင်းဖို့အတွက် လုပ်ပေးတာပါ"

Edit with WPS Office

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်တယ်။
သူက တကယ့်ကို လမ်းပြောင်ခေါင်း သူတော်စင်ပါပဲ။
ဒီလိုဆိုးဂါးတဲ့ စကားတွေ ပြောနေတာတောင် သူ့ကိုယ်သူ မှန်ကန်တဲ့ဘက်က ရပ်တည်တဲ့ လူလိုမျိုး ပြောနေပါသေးတယ်။

အရှက်မရှိတဲ့ လူတွေက တကယ်ပဲ သူတို့စကားကို ငှါးစကား နွားရ ပြောတတ်ကြပါတယ်။

လင်းဟာန်ရဲ့ စိတ်ကူးတွေ ပျံ့လွင့်လို့ သွားပြီးတော့ သူက ပြောလိုက်ပါတယ်။

"ခင်ဗျားက ဘာဖြစ်လို့ မွေးကင်းစ ကလေးတစ်ယောက်ကို တပည့်မွေးချင်တာလဲ။ ကျုပ်တို့ နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်ပါလား။ တစ်ယောက်က အစွမ်းထက်ဆုံး တိုက်ခိုက်ရေး စွမ်းရည်ကို ပိုင်ဆိုင်ထားပြီး ကျန်တစ်ယောက်က အစွမ်းထက်ဆုံး ခံစစ်စွမ်းရည်ကို ပိုင်ဆိုင်ထားတယ်။ ဘာဖြစ်လို့ ခင်ဗျားရဲ့ နတ်ဘုရား ပညာတွေ ကျုပ်တို့ကို မသင်ကြားပေး နိုင်တာလဲ"

Edit with WPS Office

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်ရဲ့ အသံက ရုတ်တရက် အေးစက်လာပြီးတော့ ပြောလိုက်တယ်။

"ဟင့် မင်းတို့နှစ်ယောက်က ယုံကြည်နိုင်လို့လား"

ဘာလဲဟ။ ဒီစီနီယာကို ကြည့်ရတာ အရင်က သစ္စာဖောက်တာ ခံခဲ့ရဖူးတာလား။ ဒါကြောင့် သူက တခြားသူတွေကို ထပ်ပြီးတော့ မယုံကြည်တော့တာများလား။

"ငါမင်းတို့နှစ်ယောက်ကို တစ်ခုခု ပြောပြရမှာပေါ့။ မင်းတို့နှစ်ယောက် ဒီအဖြစ်အပျက်ကို လက်မလျှော့ဖို့ မျှော်လင့်မိတာပဲ။ မင်းတို့က ငါ့တပည့်ရဲ့ မိဘတွေ ဖြစ်လာလိမ့်မယ်"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ခဏလောက် ရပ်ပြီးတော့မှ သူ့စကားကို ပြန်ဆက်လိုက် ပါတယ်။

"ဟိုးလွန်ခဲ့တဲ့ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာအကြာက ငါဟာ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့တယ်။ ဒါပေမဲ့လည်း ငါက ကျင့်ကြံခြင်းအဆင့်

Edit with WPS Office

ပိုပြီးတော့ မြင့်မားချင်တာကြောင့် မကြာခဏဆိုသလို တံခါးပိတ် ကျင့်ကြံအားထုတ်ခဲ့တယ်”

“အဲဒီအချိန်က ငါ့မှာ တပည့်သုံးယောက်ရှိတယ်။ အဆင့်မြှင့်ချိုးဖျက်ပြီး သူတော်စင်တွေ ဖြစ်လာဖို့ သူတို့က ငါ့ကို ဆန့်ကျင်ဖို့အတွက် ပူးပေါင်းလျှို့ပှက် ကြံစည်ခဲ့ကြတယ်။ ငါ့တံခါးပိတ် ကျင့်ကြံအားထုတ်နေချိန် ဖြစ်တာကြောင့် သူတို့ရဲ့ လုပ်ဆောင်မှုတွေက ငါ့ကို ပြန်ကုသလို့ မရနိုင်တဲ့ တာအိုဒဏ်ရာတွေ ဖြစ်စေခဲ့တယ်”

ထင်ထားတဲ့ အတိုင်းပါပဲ။ ဒီစီနီယာဟာ အရင်တုန်းက သစ္စာဖောက်ခံထားရတာကြောင့် လူတွေကို ထပ်ပြီးတော့ မယုံကြည်နိုင်အောင် ဖြစ်နေခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါကို နားလည်ပေးလို့ ရနိုင်ပါတယ်။ တပည့်တွေ ဆိုတာက ကျောင်းသားတွေနဲ့ မတူပါဘူး။ သူတို့က ကိုယ့်ရဲ့ သားသမီးတွေနဲ့ မခြားပါဘူး။ အနီးစပ်ဆုံး လူတွေရဲ့ သစ္စာဖောက်မှု ခံလိုက်ရတဲ့ သူ့အတွက်တော့ အရမ်းကို နက်ရှိုင်းတဲ့ စိတ်ခံစားချက် ဒဏ်ရာတွေ ဖြစ်စေခဲ့မှာပါ။ ဒါကြောင့်လည်း သူက တခြားသူတွေကို

Edit with WPS Office

ယုံကြည်ဖို့ အရမ်းကို ခက်ခဲနေရတာ ဖြစ်ပါတယ်။

လင်းဟာန်က စကားစ ဖြတ်ပြီးတော့ ဝင်မေးလိုက်ပါတယ်။

"သူတို့က ဘာဖြစ်လို့ ခင်ဗျားကို ရင်ဆိုင်ဖို့ ပူးပေါင်းကြံစည်ခဲ့တာလဲ။ သူတော်စင် တစ်ယောက်ရဲ့ လမ်းညွှန်သင်ပြမှုရှိတာက ပိုကောင်းတာ မဟုတ်လား"

"ဟင့် မူလဇစ်မြစ် အဆင့်ကို ရောက်ဖို့ဆိုတာ ထမင်းစားရေသောက်သလို လွယ်မယ်လို့ မင်း ထင်နေတာလား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ တပည့်သုံးယောက်က ပါရမီရှင်တွေထဲက ပါရမီရှင်တွေဆိုပေမဲ့ မူလဇစ်မြစ် အဆင့်ကို ရောက်ရှိဖို့ သူတို့ရဲ့ အခွင့်အရေးက တစ်ရာပုံ တစ်ပုံပဲရှိတယ်"

"နောက်ဆုံးအဆင့်ကို ဖြတ်ကျော်ရတာက သာမန်ပါရမီရှင်တွေ အောင်မြင်နိုင်တဲ့ အရာတစ်ခု မဟုတ်ဘူး။ အဆင့်တက်ဖို့ ရှားပါးတဲ့ အခွင့်အလမ်းတွေ လုံလုံလောက်လောက် ရှိဖို့လိုသလို သူတို့ရဲ့ ကျင့်ကြံခြင်းကို

Edit with WPS Office

ထောက်ပံ့ကူညီပေးနိုင်မဲ့ နတ်ဘုရား ဆေးပင်တွေလည်း လုံလုံလောက်လောက် ရှိဖို့လိုတယ်။ အဲဒီလိုမှ မဟုတ်ပဲ မျက်ကန်းတစ်ယောက်လို အဆင့်တက်ဖို့ ကြိုးစားမယ်ဆိုရင် သူတို့ကိုယ် သူတို့ ဖျက်ဆီးပစ်လိုက်သလို အဆုံးသတ်သွားရလိမ့်မယ်"

"သူတို့က ငါ့ကျင့်ကြံခြင်းရဲ့ သစ်သီးတွေကို ခိုးယူချင်နေခဲ့တယ်။ အဲဒါတွေက သူတို့ကို မူလဇစ်မြစ် အဆင့်ဆီ တန်းပြီးတော့ မရောက်နိုင်ပေမဲ့ သူတို့ရဲ့ အောင်မြင်နိုင်မှု အခွင့်အရေးကို အနည်းဆုံး သုံးဆယ်ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်တယ်"

တစ်ရာခိုင်နှုန်းနဲ့ သုံးဆယ်ရာခိုင်နှုန်းကျော် အကြားက အခွင့်အရေး တစ်ခုကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ သူတော်စင် တစ်ယောက် ဖြစ်လာမယ်ဆိုတဲ့ ဆွဲဆောင်မှုက အရမ်းကို ကြီးမားပါတယ်။ ဒါကြောင့်လည်း သူတို့က မဆင်မခြင် မိုက်မိုက်မဲမဲနဲ့ သူတို့ရဲ့ ဆရာသခင်ကို သတ်ပစ်ဖို့ဆိုတဲ့ ရောမ အရဲစွန့်မှုကိုတောင် လုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

Edit with WPS Office

"ကျုပ် စိတ်မကောင်းပါဘူး"

လင်းဟန်က နှစ်သိမ့်လိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ မျက်နှာပေါ်မှာ ပဟေဠိ ဖြစ်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး သူက မေးလိုက်တယ်။

"ခင်ဗျားရဲ့ တပည့်တွေက သစ္စာဖောက်တာကို တစ်ကြိမ်ခံထားရပြီးတာတောင် ဘာဖြစ်လို့ နောက်ထပ် တပည့်မွေးဖို့ ရှာဖွေနေတာလဲ"

"ဟင့် သူတို့ကို စာရွက်လွတ် တစ်ရွက်လို အဖြူထည် ဘဝမှာကတည်းက မသင်ကြားပေးခဲ့ရလို့ ငါ့တပည့်တွေက ငါ့ကို သစ္စာဖောက်သွားတာ ခံခဲ့ရတာပဲ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်ပါတယ်။

ကောင်းပြီလေ။ ဒီစီနီယာက တကယ့်ကို ဥပါဒါန် အစွဲအလမ်း တစ်ခုကြောင့် မွေးကင်းစ တပည့် တစ်ယောက်ကို ရှာနေတာပဲ။

"ကျုပ် ခင်ဗျားနဲ့ ဆက်ပြီးတော့ စိတ်ရှုပ်ခံပြီး စကားမပြောနိုင်တော့ဘူး။ ကျုပ်တို့ကို အပြင်ထုတ်ပေးပါ"

Edit with WPS Office

လင်းဟန်က အော်လိုက်ပါတယ်။

"ကိစ္စမရှိပါဘူး။ မင်းတို့နှစ်ယောက်က ငါ့အတွက် တပည့်တစ်ယောက် မွေးပေးပြီးတာနဲ့ မင်းတို့နှစ်ယောက်ကို ထွက်သွားခွင့် ပြုမှာပါ"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ပြောလိုက်ပါတယ်။

"တစ်ချက် စဉ်းစားကြည့်လိုက်စမ်း။ တစ်နေ့မှာ မင်းတို့နှစ်ယောက်ရဲ့ ကလေးက စကြဝဠာတွေ ကြယ်စင်စုတွေ တစ်လျှောက် ပြိုင်ဘက်ကင်း အတုမရှိတဲ့ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်လာလိမ့်မယ်။ အဲဒါက ဘယ်လောက်တောင် ဂုဏ်ယူဝင့်ကြွားစရာ ကောင်းလိုက်သလဲ"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒီအတွက်နဲ့ ဒုက္ခအများကြီး ခံဖို့ မလိုပါဘူး။ တစ်နေ့မှာ ကျုပ်ကိုယ်တိုင်ပဲ ကမ္ဘာကြီး တစ်ခုလုံးကို နင်းချေပစ်နိုင်စွမ်း ရှိလာလိမ့်မယ်။ ကျုပ်ရဲ့ ကလေးအပေါ် မှီခိုနေဖို့ မလိုပါဘူး"

Edit with WPS Office

"သောက်ကောင်စုတ်လေး မင်းက တကယ်ပဲ ဒီလောက်တောင် ယုံကြည်မှု ရှိနေတာလား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ညည်းတွားလိုက်ပါတယ်။

"မင်းက တကယ်ပဲ ကမ္ဘာကြီး တစ်ခုလုံးကို နင်းချေပစ်နိုင်မယ်လို့ ပြောနေတယ်ပေါ့"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"ခင်ဗျားတောင် ကိုယ့်ကိုကိုယ် ပြိုင်ဘက်ကင်း သရဖူ သူတော်စင်လို့ ခေါ်သေးတာပဲ မဟုတ်လား"

ပြိုင်ဘက်ကင်း သရဖူ သူတော်စင်က ဘာပြောလို့ ပြောရမှန်း မသိအောင် ဖြစ်သွားပါတယ်။ သူ့ရဲ့ လက်ရှိဂုဏ်ပုဒ်က အတော်လေး ဂင့်ကြွားရာ ရောက်ပေမဲ့ အနည်းဆုံးတော့ သူဟာ သူတော်စင် တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ လင်းဟာန်ကရော။

"ငါ့နာမည်အမှန်က လေလွင့် သူတော်စင်ပဲ"

လင်းဟာန်က သူ့နာမည်ပြောင်ကို အသုံးချပြီးတော့ သူ့ကို

Edit with WPS Office

တိုက်ခိုက်မဲ့ဘေးကနေ ကာကွယ်တဲ့ အနေနဲ့ သူ့နာမည်ကို ပြောပြလိုက်ပါတယ်။

လင်းဟန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာ ခင်ဗျားသေသွားတာ အရမ်းကို ကြာနေပြီပဲ။ ဒါကြောင့် ခင်ဗျားရဲ့ တပည့်သုံးယောက်လည်း သေသွားလောက်ပါပြီ"

"မဖြစ်နိုင်ဘူး"

လေလွင့်သူတော်စင်က ချက်ချင်းပဲ ပြောလိုက်တယ်။

"ငါ့ရဲ့ မသန်မစွမ်း ခန္ဓာကိုယ်နဲ့အတူ လွတ်မြောက်လာနိုင်စွမ်း ရှိခဲ့ပေမဲ့ ငါ့ရဲ့မူလသူတော်စင် အစွမ်းကို ငါ့သစ္စာဖောက် တပည့်သုံးယောက် လုယူသွားခဲ့တယ်။ သူတို့ရဲ့ ပါရမီနဲ့ဆိုရင် သူတို့အားလုံး သူတော်စင်တွေ ဖြစ်နေလောက်ပြီ"

"ဒီနှစ်တွေမှာ ငါ့ရဲ့ နတ်ဘုရားအာရုံကို ကျင့်ကြံအားထုတ်ခဲ့တယ်။ ပြီးတော့ ငါ့ရဲ့ သူတော်စင်

Edit with WPS Office

စွမ်းအားကို ၄င်းတပည့်တွေ လုယူပြီးတော့ အဲဒါကို အမွေဆက်ခံနိုင်စွမ်း ရှိကြလိမ့်မယ်။ အဲဒါကြောင့်လည်း ငါက ပြင်ပကမ္ဘာကနေ အရမ်းကို ကြာမြင့်တဲ့အထိ ပြန်မလာခဲ့တာပဲ။ ၄င်းရဲ့ တွက်ချက်နိုင်စွမ်းကို အခြေခံပြီး သုံးသပ်ရရင် နှစ်သန်းပေါင်း ရာဂဏန်း အနည်းငယ်ပဲ ကုန်လွန်သွားသေးတယ်။ ဒါကြောင့် အဲဒီသစ္စာဖောက် တပည့်သုံးယောက်က သေချာပေါက် အသက်ရှင်နေလိမ့်ဦးမယ်။ နောက်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကလည်း ထူးခြားတဲ့ အဆင့်တစ်ခုကို ရောက်နေလောက်ပြီ"

ဒီသူတော်စင်က အတော်လေးကို ခါးသီးစွာနဲ့ ရှင်သန်ခဲ့ရတယ်လို့ လင်းဟန် ခံစားနေမိပါတယ်။ ဘဝမှာ သူ့တပည့်တွေရဲ့ သစ္စာဖောက်မှုကို ခံခဲ့ရပြီး သူ့ကိုယ်ပိုင် နတ်ဘုရား အာရုံကိုတောင် သူ့အနာဂတ် တပည့် အကျိုးအမြတ် ရစေဖို့ စွန့်လွှတ်ဖို့ ရွေးချယ်ခဲ့ပါသေးတယ်။ သူ့အတွက် ဒီလောက်အထိ လုပ်ဖို့ လိုအပ်လို့လား။

"စီနီယာ ခင်ဗျား ဒုတိယဘဝ ရှင်သန်လို့ မရနိုင်ဘူးလား"

Edit with WPS Office

သူက မေးလိုက်ပါတယ်။

"ပြန်လည်မွေးဖွားခြင်း ပန်းတစ်ပွင့် မရှိပဲနဲ့ ငါဘယ်လိုလုပ်ပြီး ဒုတိယဘဝ ရှင်သန်နိုင်မှာလဲ"

လေလွင့်သူတော်စင်က ပြောလိုက်ပါတယ်။

"ဒါပေမဲ့လည်း ပြန်လည်မွေးဖွားခြင်း ပန်းတစ်ပွင့်က တန်ခိုးရှင်ဘုံ တစ်ခုလုံးမှာ တစ်ကြိမ်ပဲ တည်ရှိလိမ့်မယ်။ နောက်ပြီးတော့ ပန်းပွင့်တိုင်း ပွင့်လန်းဖို့ နှစ်ပေါင်း ဆယ်ဘီလီယံလောက် လိုအပ်တယ်။ သူတော်စင် ဘုရင်တွေလို ပြိုင်ဘက်ကင်းတွေတောင်မှ ပြန်လည်မွေးဖွားခြင်း ပန်းတစ်ဂက် မပွင့်ခင် သူတို့တွေ မွေးဖွားလာခဲ့ရင် အချိန်မှားတယ် ဆိုပြီးတော့ စိတ်ပျက်လက်ပျက် ဖြစ်သွားနိုင်သေးတာပဲ"

"ကဲကဲ ဘယ်လိုပဲဖြစ်ဖြစ် အဓိပ္ပါယ်မရှိ အရေးမပါတာတွေ ပြောနေတာ တော်လောက်ပြီ။ မြန်မြန် ငါ့အတွက် တပည့်တစ်ယောက် လုပ်ပေးစမ်းပါ"

"စိတ်ချလက်ချ နေကြပါ။ ငါချောင်းမကြည့်ပါဘူး"

Edit with WPS Office

"ဟိုး ဟိုး "

လင်းဟန်က အော်လိုက်ပါတယ်။ ဒါပေမဲ့လည်း
ကျောက်ပြားက နောက်ထပ်အသံ မထွက်လာ တော့ပါဘူး။

ဒီတချိန်လုံး ကေရီ ဘုရင်မ လွမ့်ရှင်းက ဘေးနားကနေ
တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နားထောင်နေခဲ့ ပါတယ်။
ဒါပေမဲ့လည်း အခု သူမရဲ့ အကြည့်တွေက လင်းဟန်ဆီကို
ကျရောက်လာပြီး သူမရဲ့ မျက်လုံးတွေထဲမှာ သတ်ဖြတ်ခြင်း
ဆန္ဒတွေ တောက်လောင်လို့ နေပါတယ်။

နင်က ငါနဲ့အတူ ကလေးတစ်ယောက် မွေးချင်တယ်
ဟုတ်လား။

သွားသေလိုက်လေ။

ကေရီ ဘုရင်မက လင်းဟန်ဆီကို ပြင်းထန်ရက်စက်တဲ့
တိုက်ခိုက်မှု တစ်ခု ထုတ်ဖော်လိုက် ပါတယ်။ ဒါပေမဲ့လည်း
သူမရဲ့ တိုက်ခိုက်မှု လွှင့်စဉ်သွားသလို သူမရဲ့ ကျင့်ကြံခြင်း
အဆင့်က စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ ဖိနှိပ်ထိန်းချုပ်
ခံထားရတာကို တွေ့လိုက်ရပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှုက

Edit with WPS Office

လင်းဟန်ကို ဘယ်လိုလုပ်ပြီး ထိခိုက်စေနိုင်မှာလဲ။ သူ့အတွက်တော့ ပန်းနဲ့ပေါက်သလိုပါပဲ။

"ဟီးဟီး ကောင်စုတ်လေး။ ငါဒီဆူးနှင်းဆီရဲ့ ကျင့်ကြံခြင်းအဆင့်ကို ဖိနှိပ်ထိန်းချုပ်ထားလိုက်ပြီ။ မင်းဘာကို စောင့်နေတာလဲ"

လေလွင့်သူတော်စင်ရဲ့ အသံက သူတို့နားထဲကို နောက်တစ်ကြိမ် ဂင်လာခဲ့ပါတယ်။

"အဘိုးကြီးစုတ်"

လင်းဟန်က လုံးဂကို မှင်တက်အံ့သြ သွားခဲ့ပါတယ်။ ဒါက ဘယ်လိုသူတော်စင်မျိုးလဲ။ သူက တကယ့်ကို စည်းလွတ်ဘောင်လွတ် ဖြစ်နေပါတယ်။

သူက ဇေရီ ဘုရင်မ လွမ့်ရှင်းဘက်ကို ချာခနဲလှည့်ပြီးတော့ မျက်နှာချင်း ဆိုင်လိုက်တဲ့ အခါမှာ သူ့ပါးစပ်က အဟောင်းသား ဖြစ်သွားခဲ့ပါတယ်။

ဇေရီ ဘုရင်မ လွမ့်ရှင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ဖိနှိပ်ထိန်းချုပ် ခံထားရတာကြောင့် သူမကို ပိုင်းပတ်ထားတဲ့

Edit with WPS Office

ရှေးဦးအရှိန်အဂါကလည်း အလျင်အမြန်နဲ့
စတင်ပျောက်ကွယ် လာခဲ့ပါတယ်။ ဒါကြောင့် သူမရဲ့
မျက်နှာအစစ်အမှန်လည်း ထွက်ပေါ်လာခဲ့ပါတယ်။

ချောမောလှပတယ်။ ဆွဲဆောင်မှုရှိတယ်။ သန့်စင်တယ်။
ညို့ယူဖမ်းစားနိုင်တယ်။ ရက်ရက်စက်စက် လှတယ်။

လင်းဟာန်က ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ အလှနဲ့ ပတ်သက်ပြီး
ဖော်ပြဖို့ စကားလုံးတောင် ရှာမရခဲ့ပါဘူး။
ဘာဖြစ်လို့လဲဆိုတော့ မတူညီတဲ့ အရာတွေကို
ရောနှောထားတာ ဖြစ်ပါတယ်။ သန့်စင်မှုနဲ့
ညို့ယူဖမ်းစားနိုင်မှု၊ အရေးမစိုက်မှုနဲ့
ဆွဲဆောင်နိုင်မှုတို့အပြင် တခြားဆန့်ကျင်ဘက် အရာတွေ
အားလုံးကို သူမရဲ့ အသက်ရှူမှားလောက်အောင်
ချောမောလှပတဲ့ မျက်နှာပေါ်မှာ တွေ့မြင်နိုင်ပါတယ်။
ဒီအရည်အသွေးတွေက လူတစ်ယောက်တည်းရဲ့
မျက်နှာပေါ်မှာ မဖြစ်ပေါ်လာသင့်ပါဘူး။ ဒါပေမဲ့ ကေရီ
ဘုရင်မ လွှမ့်ရှင်းဆီမှာတော့ အကုန်လုံး ရှိပါတယ်။

ဒါပေမဲ့လည်း ဒီပုံပန်းသွင်ပြင်တွေက ကေရီ ဘုရင်မကို

Edit with WPS Office

အနည်းဆုံးတော့ ထူးဆန်းတဲ့ ပုံစံမျိုး မဖြစ်စေခဲ့ပါဘူး။ အဲဒီအစား သူမမှာ မီးလိုမျိုး ပြင်းပြပြီး ရေခဲလို အေးစက်တဲ့ ညှို့ယူဖမ်းစား နိုင်စွမ်းတွေနဲ့ပဲ ပြည့်နှက်နေပါတယ်။ မတူညီတဲ့ အလှအပတွေ အားလုံးက သူမရဲ့ ခန္ဓာကိုယ် တစ်ခုတည်းမှာပဲ စုဝေးနေပြီး တည်ငြိမ်တဲ့ နှလုံးသားနဲ့ ဘုန်းတော်ကြီးတွေတောင် သူမကို ကြည့်လိုက်မိရင် ရင်တလှပ်လှပ်ဖြစ်ပြီး နှလုံးခုန်နှုန်းတွေ မြန်လာပါလိမ့်မယ်။

သူမရဲ့ ဆွဲဆောင်နိုင်မှုက လှပတဲ့ အခြေအနေထက် ကြည်လင်တောက်ပလို့ နေပါတယ်။

အလှအပ တစ်ခုတည်းနဲ့ ပတ်သက်ရင် ဂဠုန်နန်းတော်ရဲ့ အင်ပါယာရီယန် ကေရီက သူမထက် မနိမ့်ကျတဲ့အပြင် သူမရဲ့ ပုံပန်းသွင်ပြင်က အနည်းငယ် မြင့်မြတ်တဲ့ ပုံစံမျိုးတောင် ရှိပါတယ်။ ဒါပေမဲ့လည်း အမျိုးသားတွေရဲ့ နှလုံးသားကို ဆွဲညှို့ဖမ်းစားနိုင်မှုနဲ့ ပတ်သက်လာရင်တော့ ဒီကမ္ဘာကြီးထဲမှာ ကေရီ ဘုရင်မ လွှမ်းမိုးရှင်းကို ဘယ်သူမှ ယှဉ်ပြိုင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

အနည်းဆုံး အခုချိန်ထိ လင်းဟာန်က ဒီဘုရင်မလောက်

Edit with WPS Office

မိန်းမဆန်ပြီး ဆွဲဆောင်နိုင်စွမ်းရှိတဲ့ နောက်ထပ်အမျိုးသမီး တစ်ယောက်ကို မြင်တွေ့ဖူးခြင်း မရှိခဲ့ပါဘူး။

ထာဂုရ မိုးကောင်းကင် ကေရာဇ်နဲ့ ကျောက်စိမ်း ကေရာဇ်တို့ နှစ်ယောက်က သူမနဲ့ လက်ထပ်ခွင့် ရမယ်ဆိုရင် သူမရဲ့ လက်ထဲကို သူတို့ရဲ့ အံ့ဖွယ်အင်ပါယာတွေ အပ်နှင်းဖို့ ဆန္ဒရှိနေတာ အံ့သြစရာ မဟုတ်တော့ပါဘူး။ သူမက တကယ်ပဲ နိုင်ငံတစ်ခုကို လက်ဆောင်ပေးချင်တဲ့ထိ ထိုက်တန်တဲ့ မိန်းမချော တစ်ယောက် ဖြစ်ပါတယ်။ ထာဂုရ မိုးကောင်းကင် ကေရာဇ်နဲ့ ကျောက်စိမ်း ကေရာဇ်တို့လို အစွမ်းထက်တဲ့ လက်ရွေးစင်တွေက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ မျက်နှာကို ဖုံးလွှမ်းထားတဲ့ ရေးဟောင်းအရှိန်အဝါကို ဖြတ်ပြီးတော့ မြင်နိုင်ပါလိမ့်မယ်။ ဒါကြောင့် သူတို့က သူမရဲ့ မျက်နှာအစစ်ကို အရင်ကတည်းက တွေ့မြင်ဖူးပုံပါပဲ။

ဒါကြောင့် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာရှိတဲ့ သူတွေအားလုံးက သူမရဲ့ အစစ်အမှန် မျက်နှာကို တွေ့မြင်ထားဖူးပုံ ရပါတယ်။ ကောလာဟာလတွေအရ

Edit with WPS Office

ဘယ်လက်ရုံး အမတ်မင်းနဲ့ တခြား အရာရှိတွေ အားလုံးက နန်းတွင်းကို အခစားဝင်ရောက်တိုင်း ကေရီ ဘုရင်မ လွှမ့်ရှင်းကို စေ့စေ့မကြည့်ပံ့ကြပါဘူး။ ဒါကိုကြည့်ရတာ သူတို့အားလုံး မသင့်တော်တဲ့ အပြုအမူတွေ လုပ်မိမှာ ကြောက်ရွံ့လို့ ဖြစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း အခုချိန်မှာ ဒီအသက်ရှူမှားလောက်အောင် ရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးရဲ့ ကျင့်ကြံခြင်းအဆင့်က တကယ့်ကို ထိန်းချုပ်ခံထား ရပါတယ်။ လင်းဟန်သာ ဆန္ဒရှိရင် ဒီကေရီ ဘုရင်မ အပေါ်ကို နိုင်ထက်စီးနင်း လုပ်လို့ ရနိုင်ပါတယ်။ ဒီလိုမျိုး အနေအထားကို ဘယ်လို ယောက်ကျ်ားကများ သူတို့ကိုယ်သူတို့ ချုပ်တည်းထားနိုင်မှာလဲ။

Chapter 1126 end

အပိုင်း(1127) ခုခံခြင်း

ကေရီ ဘုရင်မ လွှမ့်ရှင်းကလည်း ဒါကို ကောင်းကောင်းနားလည် သဘောပေါက် ထားပါတယ်။

Edit with WPS Office

သူမက တိတ်ဆိတ်ငြိမ်သက်လို့ နေပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကနေ ရှေးဟောင်းအရှိန်အဝါ တစ်ခုက ရောင်ခြည်ဖြာသလို ထွက်ပေါ်လာပါတယ်။ လေလွင့်သူတော်စင်ရဲ့ ပိတ်ဆို့တားမြစ်မှု ပျက်ပြယ်သွားပြီး သူမရဲ့ အစွမ်းထက်တဲ့ ကျင့်ကြံခြင်း ပြန်လည်ကောင်းမွန်လာတဲ့ ပုံစံမျိုးပါပဲ။

သူမရဲ့ နောက်ကျောမှာ ရောမ မြွေနဂါးကြီးတွေရဲ့ အရိပ်တွေ ထွက်ပေးလာပြီး တစ်ကောင်နဲ့ တစ်ကောင် တောင်ကြီးတစ်လုံးနီးပါး ကြီးမားပါတယ်။ မဟုတ်သေးဘူး။ သူတို့က ကောင်းကင်ဘုံ ခန္ဓာကိုယ်တွေထက်တောင် ပိုပြီးတော့ ကြီးမားပြီး ပါးစပ်ကို ဟလိုက်ရင် ကြယ်တာရာ တစ်ခုလုံးကိုတောင် ဂါးမျိုပစ်နိုင်သလိုမျိုး အစွမ်းထက်လှပါတယ်။

"မြွေနဂါးကိုးကောင်။ မင်းက တကယ်ပဲ မြွေနဂါးကိုးကောင် မျိုးနွယ်စုကပေါ့"

လေလွင့်သူတော်စင်က ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။ သူ့အသံထဲမှာ အံ့အားသင့်မှုနဲ့ စိတ်လှုပ်ရှားမှုတွေ

Edit with WPS Office

ပြည့်နေပါတယ်။

"ဟားဟားဟား မင်းရဲ့အရှိန်အဟုန်ကို အရမ်းရင်းနှီးနေသလို ခံစားနေရတာ အံ့သြစရာ မရှိတော့ဘူး။ မင်းက တကယ်ပဲ မြွေနဂါးကိုးကောင် မျိုးနွယ်စုက ဖြစ်နေတာကိုး"

"ဒီလိုသွေးမျိုးဆက်မျိုး ရှိပြီးတော့ ငါ့ရဲ့ သင်ကြားပေးမှုနဲ့ဆိုရင် ငါ့တပည့်က သေချာပေါက် ဒီကမ္ဘာကြီးထဲက နံပါတ်တစ် လက်ရွေးစင် ဖြစ်လာမှာပဲ"

မြွေနဂါးကိုးကောင် မျိုးနွယ်စု ဟုတ်လား။

လင်းဟန်က အရမ်းကို စိတ်ရှုပ်သလို ခံစားလိုက်ရပါတယ်။ လေလွင့်သူတော်စင်ရဲ့ စိတ်လှုပ်ရှားနေမှုကို သုံးသပ်ကြည့်ရင် ဒီမြွေနဂါးကိုးကောင် မျိုးနွယ်စုက အရမ်းကို အစွမ်းထက် နေပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက ဒီမျိုးနွယ်စု အကြောင်းကို အရင်က တစ်ခါမှ မကြားဖူးပါဘူး။

ကောရီ ဘုရင်မ လွှမ်းရှင်းက သူ့စကားတွေကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်မသွားခဲ့ပါဘူး။ သူမက သူမကိုယ်ပေါ်မှာ တားမြစ်ပိတ်ဆို့ထားမှုတွေကို

Edit with WPS Office

ဆက်ပြီးတော့ တိုက်ထုတ်နေခဲ့ပါတယ်။

"မင်းရဲ့ ခွန်အားကို မဖြုန်းတီးပါနဲ့ မိန်းကလေးရာ မင်းက မြွေနဂါးကိုးကောင်ရဲ့ မျိုးဆက်ကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ မင်းက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာပဲ ရှိနေသေးတယ်။ ဒါပေမဲ့လည်း ငါကတော့ မူလဇစ်မြစ် အဆင့်မှာ ဖြစ်တယ်။ သူတော်စင်တွေလို့ခေါ်တဲ့ မူလဇစ်မြစ် အဆင့်နဲ့ မင်းရဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကြားက ကွာဟချက်က အရမ်းကို ကြီးမားလွန်းတယ်။ ငါက မိုးကောင်းကင်ကို အတွေးတစ်ချက်တည်းနဲ့ ဖိနှိပ်ထိန်းချုပ်ပစ်နိုင်တယ်။ ဒါကြောင့် မင်းက ဘယ်လိုလုပ်ပြီးတော့ ငါ့ရဲ့ တားမြစ်ပိတ်ဆို့ထားမှုတွေကို ပျက်ပြယ်အောင် လုပ်နိုင်မှာလဲ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက လက်လျှော့အရှုံးပေးလိုက်ဖို့ စိတ်ကူးမရှိပါဘူး။ သူမက အုပ်ချုပ်သူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ သူမက ပြန်မတိုက်ခိုက်ပဲ ငြိမ်ခံလို့ ဖြစ်မှာလဲ။

လေလွင့်သူတော်စင်က လင်းဟာန်ကို တမင်သက်သက်

Edit with WPS Office

ရည်ရွယ်ပြီးတော့ စော်ကားလိုက် ပါတယ်။

"ကောင်စုတ်လေး အဲဒီမှာ ကြောင်တောင်တောင်နဲ့ ဘာရပ်ကြည့်နေတာလဲ။ မြန်မြန် သူမကို လုပ်လိုက်တော့လေ။ ဒီလောက်လှတဲ့ မိန်းကလေးကတောင် မင်းကို မဆွဲဆောင်နိုင်ဘူးလား။ ဘာလဲ မင်းက လိင်တူစိတ်ဝင်စားတဲ့ လူတစ်ယောက်လား"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"လိင်တူစိတ်ဝင်စားတဲ့ လူတစ်ယောက်က ဧကရာဇ် တစ်ယောက် မဟုတ်တဲ့ အချိန်မှာ ဘာကြောင့် စိုးရိမ်ပူပန်ရမှာလဲ"

"လဗ္ဗွတ်ပဲပေါ့"

လေလွင့်သူတော်စင်က အနည်းငယ် ကျိန်ဆဲပစ်လိုက်ပါတယ်။ သူက အစွမ်းထက်တဲ့ သူတော်စင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့အသိစိတ်ဂိညာဉ် အမျှင်လေးတစ်ခုပဲ ကျန်နေတဲ့ အချက်အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ပြီးတော့

Edit with WPS Office

တကယ်လို့ လင်းဟာန်ကို ကေရီ ဘုရင်မနဲ့ ပေါင်းဖက်ဖို့အတွက် လိုအပ်နေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူ့ကို တကယ်ပဲ ထုထောင်းပစ်ပြီးတော့ ဂါးမျိုပစ်ပါလိမ့်မယ်။

လင်းဟာန်က ကေရီ ဘုရင်မ လွှမ့်ရှင်းဆီကို ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မစိုးရိမ်ပါနဲ့ ငါက မိန်းမတစ်ယောက်တည်းကိုပဲ ချစ်တဲ့လူလို့ မပြောရဲပေမဲ့ ဖြတ်သွားဖြတ်လာ တွေ့ကြုံရတဲ့ မိန်းမတိုင်းနဲ့တော့ ပတ်သက်ဆက်ဆံတတ်တဲ့ သူတစ်ယောက် မဟုတ်ပါဘူး"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အနည်းငယ် စိတ်ကသိကအောက် ဖြစ်ပြီးတော့ ဒေါသလည်း ထွက်သလို ခံစားလိုက်ရပါတယ်။ သူမက အမြဲတမ်းလိုလို တခြားသူတွေရဲ့ အပေါ်စီးကနေ နေခဲ့သူ တစ်ယောက် ဖြစ်ပြီးတော့ တခြားသူတွေကိုပဲ သူမက အမြဲတမ်းလိုလို ဂရုဏာသက်ကာ ညှာတာထောက်ထားမှုကို ထုတ်ဖော်ပြနေခဲ့တာ မဟုတ်လား။ တကယ်လို့ သူမရဲ့

Edit with WPS Office

ကျင့်ကြံခြင်း အဆင့်သာ ထိန်းချုပ်မခံထားရဘူးဆိုရင် လင်းဟန်ကို သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုနဲ့တင် အပိုင်းပိုင်းအစစ ဖြစ်သွားအောင် လုပ်လို့ မရနိုင်ဘူးလား။

ဒါပေမဲ့လည်း လက်ရှိအခြေအနေမှာတော့ သူမက ဘာမှမတတ်နိုင်ပါဘူး။ သူမကိုယ်သူမ လေလွင့်သူတော်စင်ရဲ့ ပိတ်ဆို့တားမြစ်ထားမှုတွေကို လွတ်မြောက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် လင်းဟန်ရဲ့ ငဲ့ညှာထောက်ထားမှုကို တကယ်လိုနေပါတယ်။ တကယ်လို့ လင်းဟန်က သူမကို အင်အားသုံးလာခဲ့ရင် သူမအနေနဲ့ သူ့စိတ်တိုင်းကျ နေလိုက်ရုံပဲ တတ်နိုင်ပါတယ်။

"ကောင်စုတ်လေး မင်းစကားပြောတာ အတော်လေး စိတ်လှုပ်ရှားစရာ ကောင်းတာပဲ။ မင်း ဘယ်လောက်ကြာကြာ ခံနိုင်မှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ အလျင်စလို မရှိပါဘူး။ မင်းတို့နှစ်ယောက်ကို ဆယ်စုနှစ် ဒါမှမဟုတ် ရာစုနှစ်ထိ စောင့်နိုင်ပါတယ်"

လေလွင့်သူတော်စင်က ပြောလိုက်တယ်။

Edit with WPS Office

အဲဒီနောက် သူက စကားပြောတာကို ရပ်လိုက်ပါတယ်။ သူ့ပုံစံက လင်းဟာန်နဲ့ ဧကရီ ဘုရင်မ လွှမ်းရှင်းကို လုံးဝလျစ်လျူရှုလိုက်သလိုပါပဲ။

တစ်ရက် နှစ်ရက် သုံးရက်။ အချိန်တွေက တဖြည်းဖြည်း ကုန်လွန်သွားခဲ့ပြီး မျှော်စင်ရဲ့ နဝမမြောက် အထပ်မှာ လူဆိုလို့ လင်းဟာန်နဲ့ ဧကရီ ဘုရင်မ လွှမ်းရှင်းပဲ ရှိပါတယ်။

လင်းဟာန်က သူဟာ စံပြပုဂ္ဂိုလ်ကောင်း တစ်ယောက်လို့တော့ ဘယ်တုန်းကမှ မတွေးထားပါဘူး။ ဒါပေမဲ့လည်း ယောက်ျားတစ်ယောက် အနေနဲ့ သူလုပ်ရမဲ့ အရာတွေ ရှိပြီးတော့ မလုပ်သင့်တဲ့ အရာတွေ ရှိပါတယ်။ ဧကရီ ဘုရင်မ လွှမ်းရှင်းက ဘယ်လောက်ပဲ ဆွဲဆောင်မှုရှိရှိ သူက အားနည်းတဲ့ မိန်းမသား တစ်ယောက်ကို အင်အားသုံးပြီး အနိုင်ကျင့်လိမ့်မှာ မဟုတ်ပါဘူး။

ဒါက အခြေခံ သဘောတရားတွေရဲ့ မေးခွန်းတစ်ခု ဖြစ်ပြီးတော့ သူ့အနေနဲ့ ဘယ်တော့မှ ဖြတ်ကျော်လိမ့်မှာ မဟုတ်တဲ့ အောက်ဆုံးမျဉ်းတစ်ကြောင်းလည်း ဖြစ်ပါတယ်။

Edit with WPS Office

သူက နေ့တိုင်းနေ့တိုင်း ကျင့်ကြံအားထုတ် နေခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် အတွင်းမှာ နတ်ဆိုးစွမ်းအား အရင်းအမြစ် တစ်ခု ရှိပါတယ်။ ပြီးတော့ ဒီဂူသချိုင်းထဲမှာ အသက်ဓာတ် စွမ်းအင်က အရမ်းကို ပေါများကြွယ်ဝပါတယ်။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အရှိန်နှုန်းက သေချာပေါက် မနှေးကွေးပါဘူး။

အနက်ရောင် မျှော်စင်ထဲကို ဝင်လို့ မရနိုင်တာကတော့ ဝမ်းနည်းစရာပါပဲ။ အဲဒီလိုမှ မဟုတ်ရင် သူ့ရဲ့ တိုးတက်မှု အမြန်နှုန်းက တကယ်လို့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ဆင်ခြင်နိုင်စွမ်း ရှိမယ်ဆိုရင် ပိုပြီးတော့တော်င လျင်မြန်ပါလိမ့်မယ်။

ဒါတောင် သူက အရှေ့ကို ခြေလှမ်းကျဲကျဲနဲ့ ခုန်လွှားပစ်နိုင်စွမ်း ရှိနေပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကို တခြားသူတွေ သေချာပေါက် အံ့အားသင့် သွားပါလိမ့်မယ်။

ဆယ်ရက်၊ ရက်နှစ်ဆယ်၊ တစ်လ။

Edit with WPS Office

လင်းဟန်နဲ့ ကေရီ ဘုရင်မ လွှမ်းရှင်းတို့ နှစ်ယောက်စလုံး သူတို့ဘာသာ သူတို့ပဲ နေကြပါတယ်။ သူတို့က အခန်းတစ်ခုတည်း အတူတူ ရှိနေပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် စကား တစ်ခွန်းမှ မပြောခဲ့ပါဘူး။

အိုး ငါ့ရဲ့ ဂုဏ်ယူစရာ ကေရီ အရှင်သခင်မ။

လင်းဟန်က သူ့စိတ်ထဲကနေ ပြောလိုက်မိပါတယ်။

သူ့ရဲ့လက်တွေ သူမကို မထိအောင်လို့ ဘယ်လောက်တောင် ကြိုးစားပြီး ထိန်းချုပ်နေရလဲ။

"စုတ်ပွဲတဲ့ စီနီယာ။ စုတ်ပွဲတဲ့ စီနီယာ"

လင်းဟန်က အော်ဟစ်လိုက်ပါတယ်။

"ကောင်စုတ်လေး မင်းဘာဖြစ်လို့ ငါ့ကို အော်ခေါ်ရတာလဲ"

လေလွင့်သူတော်စင်က ဒေါသသံနဲ့ ပြောလိုက်ပါတယ်။

"ခင်ဗျားက အသက်ကြီးတဲ့ လူတစ်ယောက် ဖြစ်နေတာတောင် မသင့်တော်တဲ့ အရာတွေ လုပ်နေသေးတယ်။ ဒါကြောင့် ခင်ဗျားက စီနီယာစုတ်ပဲ"

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ပြောပါဦး စီနီယာစုတ် တခြားသူတွေ ဘယ်မှာလဲ"

"ကောင်းမွန်တဲ့ သတို့သားတစ်ယောက် ဖြစ်ဖို့ကိုပဲ အာရုံစိုက်စမ်းပါ"

လေလွင့်သူတော်စင်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဘာဖြစ်လို့ တခြားသူတွေအကြောင်း ဂရုစိုက်နေတာလဲ"

သူ့ပုံစံက အရမ်းကို မကျေမနပ် ဖြစ်နေတယ်ဆိုတာ ထင်ရှားပါတယ်။ တကယ်လို့ သူက စိတ်ဝိညာဉ် အမျှင်စ တစ်ခုပဲ ကျန်နေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် သူတောင်မှ မြွေနဂါးကိုးကောင် အမျိုးသမီးရဲ့ ဆွဲဆောင်မှုကို ခံရကောင်း ခံရနိုင်ပါတယ်။

"ဒါကိုကြည့်ရတာ သိပ်မကြာခင် အချိန်အတွင်း ထွက်သွားနိုင်မဲ့ပုံ မမြင်ဘူး။ ကျုပ်ကို ကူညီပြီးတော့ ကျုပ်သူငယ်ချင်းတွေကို ပြောပေးပါ။ ကျုပ်အတွက် မစိုးရိမ်ပဲ အရင်ဆုံး ထွက်သွားကြပါလို့ ပြောပေးပါ"

Edit with WPS Office

လင်းဟန်က ပြောလိုက်တယ်။

"ငါက ဘာဖြစ်လို့ မင်းရဲ့ ဆက်သားအဖြစ် လုပ်ရမှာလဲ"

လေလွင့်သူတော်စင်က မကျေမနပ်နဲ့ ပြောလိုက်ပါတယ်။ သူဟာအရင်က သူတော်စင် တစ်ယောက် ဖြစ်ခဲ့ပါတယ်။ အခုတော့ ဂျူနီယာ တစ်ယောက်အတွက် သတင်းပို့ပေးတဲ့သူ လုပ်ရမှာလား။ ဒါက သူ့ကို နှိမ့်ကျစေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အခုချိန်မှာ ခင်ဗျားက ကျုပ်ဆီက အကူအညီ လိုအပ်နေတဲ့သူပဲလေ။ ခင်ဗျားကလည်း ကျုပ်အတွက် အသေးအဖွဲ့ ကိစ္စလေးတွေကို ကူညီပေးရမှာက သဘာဝ မကျဘူးလား။ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားနဲ့ ကျုပ်ကြားက ကိစ္စတစ်ခုပဲလေ။ ဒါကြောင့် ဘာဖြစ်လို့ တခြား မသက်ဆိုင်တဲ့ သူတွေကို ပြဿနာထဲ ဆွဲထည့်နေမှာလဲ"

"ကောင်စုတ်လေး"

လေလွင့်သူတော်စင်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီလေ။ ငါမင်းရဲ့ စကားကို အဲဒီမိနစ်ကလေးဆီ ပြောပေးမယ်။ ဟားဟားဟား ဘယ်သူ ထင်မိမှာလဲ။ မင်းက တကယ့်ကို သစ္စာရှိတဲ့ ယောက်ျားတစ်ယောက် ဖြစ်နေမယ်ဆိုတာ"

လင်းဟန်အနေနဲ့ သူက အရမ်းကို သစ္စာရှိတယ်လို့တော့ မထင်မိပါဘူး။ သူ့ကိုယ်သူ ဧကရီ ဘုရင်မ လွှမ်းရှင်းကို ဖိအားမပေးခဲ့တာ တခြားသူတွေ အပေါ်မှာ သူ့ကိုယ်သူ အနိုင်ထက် စီးနင်း ဘယ်တော့မှ မလုပ်ချင်လို့ ဖြစ်ပါတယ်။ အဲဒီလိုသာ မဟုတ်ရင် တကယ်လို့ သူ့ကိုယ်သူ သူမကို နိုင်ထက်စီးနင်း လုပ်ခဲ့မယ်ဆိုရင် အနာဂတ်မှာ သူဘာများ လုပ်လို့ရမှာလဲ။

ဧကရီ ဘုရင်မ လွှမ်းရှင်းက သူမကို တစ်စုံတစ်ယောက်က အဓမ္မကျင့်ပြီးတဲ့နောက်မှာ အားငယ်ပျော့ညံ့ပြီး စကားနားထောင်လာတတ်တဲ့ အမျိုးသမီးမျိုး မိုလို့လား။

မဖြစ်နိုင်တာ။

အဲဒီအချိန်ကျရင် သူတို့ထဲက တစ်ယောက်ပဲ

Edit with WPS Office

အသက်ရှင်သန်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဧကရီ ဘုရင်မ လွမ့်ရှင်းက အခုချိန်မှာ သူ့ကို သတ်ချင်နေပေမဲ့လည်း ဒီပြဿနာက ဖြေရှင်းလို့ မရနိုင်တာမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူသာ သူမကို နိုင်ထက်စီးနင်း ပြုမူလိုက်မယ်ဆိုရင် တကယ့်ကို ပွဲပြီးသွားပါလိမ့်မယ်။ သူတို့ထဲက သေရမဲ့ တစ်ယောက်က သူပဲ ဖြစ်လာပါလိမ့်မယ်။

စောင့်ဆိုင်းခြင်း ကစားနည်းက ဆက်သွားနေပါတယ်။

နောက်ထပ်နှစ်လ အချိန် ကြာပြီးတဲ့နောက်မှာ လင်းဟန်က ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်းအဆင့် နောက်တစ်ဆင့်ကို တက်လုဆဲဆဲ ဖြစ်နေပါပြီ။

ဒါက သူစောင့်မျှော်နေတဲ့ အခွင့်အလမ်းပဲ ဖြစ်ပြီးတော့ ကောင်းကင်ဘုံ ကပ်ဘေးကို ဆင့်ခေါ်ခြင်း ဖြစ်ပါတယ်။

မိုးကောင်းကင်က အကန့်အသတ်မဲ့ပြီး ကမ္ဘာကြီးက ကျယ်ပြန့်လွန်းပါတယ်။ သူတို့အထဲမှာ မိုးကောင်းကင်

Edit with WPS Office

ကပ်ဘေးက အကြီးကျယ် အခမ်းနားဆုံး ဖြစ်ပါတယ်။

မိုးကောင်းကင် ကပ်ဘေးက မသက်ဆိုင်တဲ့ လူတွေကို အကျိုးသက်ရောက်မှု မရှိပါဘူး။ ဒီပိတ်ဆို့ထားတဲ့ နေရာက သေချာပေါက် ပွင့်ဟလာပြီးတော့ ပျက်စီးသွားပါလိမ့်မယ်။ အဲဒီအချိန်ကျရင် လင်းဟန်က လွတ်မြောက်ဖို့ အခွင့်အလမ်း တစ်ခုကို ရှာဖွေနိုင်စွမ်း ရှိလာပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူက ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့အောက်မှာ တာအိုကို နားလည်ဆင်ခြင် သုံးသပ်နိုင်စွမ်း မရှိခဲ့ပါဘူး။ ဒါကြောင့် နောက်ဆုံးမှာ ဒီနောက်ဆုံးအဆင့်ကို ပြီးပြည့်စုံဖို့ တစ်နစ်တာရဲ့ အကောင်းဆုံး အချိန်လို့ ယူဆရပါမယ်။

မူလဇစ်မြစ်အဆင့် သူတော်စင်တွေတောင်မှ မိုးကောင်းကင် ကပ်ဘေးရဲ့ လွှမ်းမိုးနိုင်တဲ့ စွမ်းအားကို ဂင်ရောက်နှောင့်ယှက်နိုင်ခြင်း မရှိပါဘူး။ မိုးကောင်းကင်ပေါ်မှာ မိုးကြိုးတိမ်တိုက်တွေ စုဝေးလာပြီး သူတို့ရဲ့ အပြစ်ဒဏ်ခတ်ပွဲ စတင်ပါတော့မယ်။

Edit with WPS Office

"ဟင်"

လေလွင့်သူတော်စင်က အံ့အားသင့်စွာနဲ့ မော့ကြည့်လိုက်ရင်း ပြောလိုက်တယ်။

"ကောင်စုတ်လေး ဘယ်လိုမျိုး နတ်ဘုရားဆေးလုံးကို စားထားလို့လဲ။ တစ်နှစ်တောင် အချိန်မကုန်သေးဘူး။ မင်းက ပြင်းထန်အဆင့်မြင့် နောက်ပိုင်းအဆင့်ကနေ အထွတ်အထိပ် အဆင့်ထိ ရောက်သွားခဲ့ပြီ။ ဒါဆိုရင် မင်းက ပြီးပြည့်စုံခြင်း အဆင့်ကို အဆင့်တက်ဖို့ အဆင်သင့် ဖြစ်နေပြီလား"

ပြင်းထန်အဆင့်မြင့်ရဲ့ နောက်ပိုင်းအဆင့်ကနေ ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ် အဆင့်ထိ တစ်နှစ်မပြည့်ခင် အဆင့်တက်တာက အရမ်းကို အံ့အားသင့်စရာ မကောင်းပါဘူး။ တကယ်တော့ လူတစ်ယောက်မှာ လုံလောက်တဲ့ သဘာဝ ရတနာ ပစ္စည်းတွေ ရှိနေသရွေ့ ဒါကိုအောင်မြင်မှု ရနိုင်ပါတယ်။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ တာအိုဆိုတာက အရမ်းကို အလွယ်တကူနဲ့ နားလည်သဘောပေါက်နိုင်တဲ့

Edit with WPS Office

အရာတစ်ခုလား။

လေလွင့်သူတော်စင်က လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ နတ်ဆိုးစွမ်းအား အရင်းအမြစ်နဲ့ ပတ်သက်ပြီး မသိထားပါဘူး။ အဲဒါက အစိတ်အပိုင်းလေး တစ်ခုပဲ ကျန်ရစ်နေတယ် ဆိုပေမဲ့ လင်းဟန်ကို တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ချိုးဖျက်ဝင်ရောက်အောင် ကူညီဖို့ လုံလောက်တာထက် ပိုနေပါပြီ။

"ဟားဟား ဒါဆိုရင် ဒါက မင်းရဲ့အကြံအစည်ပဲပေါ့။ မင်းက ကောင်းကင်ဘုံ ကပ်ဘေးရဲ့ အစွမ်းကို ငှားပြီးတော့ ငါဖန်တီးထားတဲ့ ဒီနေရာကို ဖျက်ဆီးပစ်ချင်နေတာပေါ့ ဟုတ်လား"

လေလွင့်သူတော်စင်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ကောင်ကလေး မင်းတကယ်ပဲ ငါ့ကို အထင်သေးလွန်းသွားပြီ"

ဘုန်း။

Edit with WPS Office

မိုးကြိုးလျှပ်စီး တစ်ခုက လင်းဟာန်ဆီကို ပြေးဝင်လာပါတယ်။

လင်းဟာန်က ကောင်းကင်ဘုံ ကပ်ဘေးကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားခဲ့ပါတယ်။ ဒီအချိန် သူ့စိတ်ထဲမှာ တခြားဘာအတွေးမှ ရှိမနေခဲ့ပါဘူး။ သူ့အပေါ် ကျရောက်လာတဲ့ မိုးကောင်းကင် ကပ်ဘေး ဒုက္ခကို နှောင့်နှေးတွေဝေခြင်းမရှိ ခံယူပြီးတော့ သူ့ခန္ဓာကိုယ်ထဲက နတ်ဘုရား အရိုးတွေ ပျက်စီးသွားခဲ့ပါတယ်။

"ဟင်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဘေးကိုဆုတ်ပြီးတော့ ကြည့်နေပါတယ်။ နတ်ဘုရား မိုးကြိုးတွေက အဆက်မပြတ် ဆင်းသက်လာပေမဲ့ လူတစ်ယောက်က မိုးကောင်းကင် ကပ်ဘေးထဲမှာ သုတ်သင်ခံလိုက်ရရင် မိုးကောင်းကင် ကပ်ဘေးက အဲဒီကို နောက်တစ်ကြိမ် ထပ်ပြီးတော့ တိုက်ခိုက်လိမ့်မှာ မဟုတ်ပါဘူး။ ဟုတ်ပါတယ်။ မိုးကောင်းကင် ကပ်ဘေးကတော့ သူ့ရဲ့ တိုက်ခိုက်မှုတွေကို လင်းဟာန်က သူမကို တိုက်ခိုက်ပြီး သူမက ပြန်တိုက်ခိုက် သလိုမျိုး သူမဘက်ကိုပါ တိုက်ခိုက်မှုတွေက

Edit with WPS Office

ရှည်ထွက်လာပါတယ်။

လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ မာကျောမှုက အဆင့်လေး နတ်ဘုရား သတ္တုအဆင့်ကို ရောက်နေတယ်ဆိုတာ ထင်ရှားတယ်။ ဒါကြောင့် ဘယ်လိုလုပ် သူ့နတ်ဘုရား အရိုးတွေက နတ်ဘုရားမိုးကြိုးတွေရဲ့ တိုက်ခိုက်မှုကြောင့် အရမ်းကို အလွယ်တကူနဲ့ ပျက်စီးသွားရတာလဲ။

Chapter 1127 end

အပိုင်း(1128) ဒီလိုမျိုး မကြိုက်ဘူး

လင်းဟာန်က သူ့ရဲ့ နတ်ဘုရား အရိုးတွေကို သူကိုယ်တိုင်ပဲ ဖျက်ဆီးပစ်တာများ ဖြစ်နိုင်မလား။

ဒါက ကေရီ ဘုရင်မ လွမ့်ရှင်း စဉ်းစားနိုင်တဲ့ တစ်ခုတည်းသော ဖြစ်နိုင်ချေပါပဲ။ ဒါပေမဲ့လည်း ဘာဖြစ်လို့ လင်းဟာန်က ဒီလိုလုပ်ရတာလဲ။ သူက အဆင်ပြေပြေနဲ့ လုပ်ခဲ့ပြီး သူ့ရဲ့ကိုယ်ပိုင် နတ်ဘုရား အရိုးတွေကို ဘာဖြစ်လို့ ဖျက်ဆီးပစ်ရတာလဲ။ တစ်ခုသတိပြုရမှာက လင်းဟာန်ရဲ့ နတ်ဘုရားအရိုးတွေ မာကျောမှုဟာ အဆင့်လေး နတ်ဘုရား

Edit with WPS Office

သတ္တုနဲ့ ယှဉ်လို့ ရပါတယ်။ သူက မိုးကောင်းကင် ကပ်ဘေးကို လဲလျောင်းပြီးတော့ ဖြတ်ကျော်ဖို့ စွမ်းရည်ရှိနေတယ်လို့ ပြောရမလိုပါပဲ။

သူ့ရဲ့ နတ်ဘုရား အရိုးတွေကို သူသန့်စင်နေတာများလား။

သူမက အံ့အားသင့် သွားခဲ့ပါတယ်။ အဲဒီနောက် မှင်တက်တွေဝေ သွားခဲ့တယ်။ တကယ်လို့ သူ့နတ်ဘုရား အရိုးတွေ ပိုသန့်စွမ်းလာမယ်ဆိုရင် သူ့ရဲ့ ခုခံနိုင်တဲ့ စွမ်းရည်က ဘယ်လောက်ထိ ထူးဆန်းလာလိမ့်မလဲ။

ဒါပေါ့။ သူမအရှေ့မှာတော့ အဆင့်ငါး နတ်ဘုရား သတ္တုနဲ့ ယှဉ်နိုင်တဲ့ ခုခံမှု စွမ်းရည်တစ်ခုက အားနည်းကောင်း အားနည်းပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ လုပ်ရှားမှုတွေကို အခြေခံရင် သူ့ရဲ့ ခုခံနိုင်တဲ့ စွမ်းရည်က သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့အတူ ဆက်ပြီးတော့ ကြီးထွားလာ ပါလိမ့်မယ်။ သူ့ရဲ့ ခုခံနိုင်တဲ့ စွမ်းရည်က သူ့ရဲ့အမှန်တကယ် ကျင့်ကြံခြင်း စွမ်းရည်ထက် အနည်းငယ် ပိုမိုသန့်စွမ်းနေပါဦးမယ်။

Edit with WPS Office

ဒါက ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဒီလူက ကမ္ဘာငယ်လေး တစ်ခုကနေ လာခဲ့တယ်။ ဘာဖြစ်လို့ ဒီလိုမျိုး အံ့အားသင့်စရာကောင်းတဲ့ စွမ်းရည်တစ်ခုကို သူပိုင်ဆိုင်ထားတာလဲ။ သူလည်း ရှေးဟောင်းနတ်ဘုရား မျိုးနွယ်တချို့က ဆင်းသက်လာတဲ့သူ ဖြစ်နေမလား။

"လပြွတ်ပဲ"

လေလွင့်သူတော်စင်လည်း အံ့အားသင့်ပြီးတော့ ကျိန်ဆဲလိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဧကရီ ဘုရင်မ လွမ်မိုးရှင်းထက်တောင် ပိုမြင့်ပါတယ်။ ပြီးတော့ သူက သူမထက် အကြာကြီး ရှင်သန်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူ့အနေနဲ့ ဒီလိုမျိုး ထူးခြားတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုအကြောင်းကို အရင်က မကြားဖူးခဲ့ပါဘူး။ အနည်းဆုံးတော့ အခုတစ်ခါ တွေ့မြင်နေရပါပြီ။

သူ့အစတုန်းက တွေးထားတာက လင်းဟာန်ရဲ့ အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ဟာ တန်ဖိုးရှိတဲ့

Edit with WPS Office

ရတနာ တချို့ကို အားကိုးနဲ့ ရထားတယ်လို့ ထင်ခဲ့မိပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပြင်ပပစ္စည်းတွေ အားကိုးထားပြီး အရမ်းကို သန်စွမ်းလာတယ်လို့ ထင်ခဲ့မိပါတယ်။ ဒါပေမဲ့လည်း အခုတော့ လင်းဟန်ရဲ့ ကျင့်ကြံခြင်းအဆင့် မြင့်လာတာနဲ့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုကလည်း တကယ့်ကို သန်စွမ်းလာနိုင်တာကို သတိပြုမိ သွားခဲ့ပါတယ်။

"ဒီကောင်စုတ်လေးကလည်း အင်အားကြီး ကလန်တချို့က မျိုးဆက်များ ဖြစ်နေမလား"

လေလွင့်သူတော်စင်က သူ့အိပ်မက် မက်နေသလိုမျိုးတောင် ခံစားနေရပါတယ်။

မြွေနဂါးကိုးကောင် မျိုးနွယ်စုရဲ့ သွေးမျိုးဆက်ရှိတဲ့ လူတစ်ယောက် ထွက်ပေါ်လာတာကပဲ အရမ်းကို ရှားပါးတဲ့ အဖြစ်အပျက် တစ်ခု ဖြစ်နေပါပြီ။ မြွေနဂါးကိုးကောင် မျိုးနွယ်စုက ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စု တစ်ခုဖြစ်ပြီးတော့ သူတို့တွေက တန်ခိုးရှင်ဘုံကနေ ပျောက်ကွယ်သွား ကြပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့

Edit with WPS Office

မယုံနိုင်စရာကောင်းတဲ့ ပါရမီက သေချာပေါက် ကေရီ ဘုရင်မ လွှမ့်ရှင်းထက် မနိမ့်ကျပါဘူး။

သူလည်း ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စု တချို့ရဲ့ မျိုးဆက်တစ်ယောက် ဖြစ်နေမလား။

လေလွင့်သူတော်စင်ရဲ့ အံ့အားသင့်နေမှုတွေ နေရာမှာ ကျေနပ်ပီတိ ပျော်ရွှင်မှုတွေနဲ့ အစားထိုး ဝင်ရောက်လာခဲ့ပါတယ်။ တကယ်လို့ ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စုနှစ်ခုရဲ့ မျိုးဆက်တွေသာ မိတ်ဖက်လိုက်မယ်ဆိုရင် သူတို့ရဲ့ မျိုးဆက်က ဘယ်လောက်တောင် ထူးခြားဆန်းကြယ်တဲ့ ပါရမီရှိနေလိုက်မလဲ။

ဒီလိုမျိုးဆက် တစ်ခုဟာ အရင်တုန်းက တစ်ခါမှ ထွက်ပေါ်မလာခဲ့ဖူးပါဘူး။ ရှေးဟောင်း အချိန်တွေတုန်းကတောင် မရှိခဲ့ဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီရှေးဟောင်းနတ်ဘုရား မျိုးနွယ်စုရဲ့ လူဦးရေ အရေအတွက်က အရမ်းအရမ်းကို နည်းပါးလွန်းတာကြောင့် ဖြစ်ပါတယ်။ ဟိုးလွန်ခဲ့တဲ့ အချိန်တုန်းက ဒီမျိုးနွယ်စုတွေမှာ ပါရမီရှင်တချို့

Edit with WPS Office

ထွက်ပေါ်လာဖူးပေမဲ့ ဘယ်သူကမှ တစ်ယောက်နဲ့ တစ်ယောက် လက်ထပ်ထိမ်းမြားခြင်း မရှိခဲ့ဖူးပါဘူး။

"ရလဒ်ကို တွေ့မြင်ရဖို့ ငါမစောင့်နိုင်တော့ဘူး"

သူက သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့နတ်ဘုရား အရိုးတွေကို ဖျက်ဆီးပြီးတော့ မိုးကောင်းကင် ကပ်ဘေးရဲ့ သန့်စင်မှုကို တောင်းဆိုလက်ခံ လိုက်ပါတယ်။ တချိန်တည်းမှာပဲ သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို ဆက်လက်လည်ပတ်စေပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပိုပြီးတော့ မြင့်မားအောင် ထုတ်ဖော်လိုက်ပါတယ်။

ကောင်းကင်ဘုံ ကပ်ဘေးက လင်းဟန်အတွက်တော့ ဘာမှမဟုတ်ပါဘူး။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူ့ရဲ့ နတ်ဘုရား အရိုးတွေ သန့်စင်တာပဲ ဖြစ်ပါတယ်။ သူ့အတွက် ဘာမှထပ်ပြီး လုပ်နေဖို့ မလိုပါဘူး။ ဒါကြောင့် သူရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ဖို့ ဆုံးဖြတ် လိုက်ပါတယ်။ ဒီဓားက နတ်ဘုရား သတ္တုကို ဂါးမျိုပြီး

Edit with WPS Office

အရည်အသွေး တိုးတက်လာနိုင်သလို မိုးကောင်းကင် ကပ်ဘေးရဲ့ သန့်စင်မှုကနေ အကျိုးအမြတ် တချို့ကိုလည်း လက်ခံရရှိ ပါလိမ့်မယ်။

နေ့တစ်ဂက် အချိန်က ခဏလေး အတွင်းမှာ လျင်မြန်စွာနဲ့ ကုန်ဆုံးသွားပါတယ်။ လင်းဟာန်က ဖျက်ဆီးမရတဲ့ အစစ်အမှန် အရည်တစ်စက်ကို လည်ပတ်စေပြီးတော့ သူ့ရဲ့ နတ်ဘုရား အရိုးတွေကို ပြန်လည်ပုံသွင်းလိုက်ပါတယ်။ သူက ပိတ်ဆို့ခံထားတဲ့ ဘုံထဲမှာ ရှိနေပေမဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စိတ်ဂိညာဉ် ချီတွေက သူ့ခန္ဓာကိုယ်ထဲကို တိုးဂင်လာပြီး သူ့ရဲ့ တာအိုအခြေခံကို ကျစ်လျစ်စေခဲ့ပါတယ်။

ဂူသချိုင်းအထဲက ပေါများတဲ့ အသက်ဓာတ် စွမ်းအင်ကိုပါ ပေါင်းလိုက်ရှိ သူရဲ့အသက်ဓာတ် စွမ်းအင် အားလုံးကို ပြန်လည်ကောင်းမွန်လာနိုင်စွမ်း ရှိပါတယ်။ သူ့ရဲ့ အရှိန်အဂါက အားမာန်အပြည့်နဲ့ လည်ပတ်နေပြီး သူရဲ့အသက်ဓာတ် စွမ်းအားရဲ့ အစွမ်းထက်မှုကို ထုတ်ဖော်ပြသ နေပါတယ်။

Edit with WPS Office

လင်းဟန်က ကောင်းကင်ပေါ်ကနေ ဆင်းသက်လာပြီး အဂ္ဂတ်အစား အသစ်ကို ပြောင်းလဲဂတ်ဆင် လိုက်ပါတယ်။ သူ့ရဲ့အဂ္ဂတ်အပေါ်ောင်းတွေက ပြင်းထန်တဲ့ ကောင်းကင်ဘုံ ကပ်ဘေးရဲ့ တိုက်ခိုက်မှုတွေကြောင့် ဖုန်မှုန့်အဖြစ် ပြောင်းလဲသွားပါပြီ။

သူက မိုးကောင်းကင်ကို မော့ကြည့်ရင်း အနည်းငယ် မျက်မှောင်ကြုတ်လိုက် မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာက မိုးကောင်းကင် ကပ်ဘေးရဲ့ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ အောက်မှာတောင် ဆက်ပြီးတော့ ကြီးထွားနေပါတယ်။ ဒီနေရာရဲ့ အကျယ်အဂတ်းက သူ့အတွက် မိုးကောင်းကင် ကပ်ဘေးကို ခံယူဖို့ လုံလောက်တဲ့အထိ ကြီးမားလာခဲ့ပါတယ်။ အဲဒါကြောင့် ဒါကို ဖျက်ဆီးရာကနေ ကာကွယ်ထားပေးပါတယ်။

သူတော်စင် တစ်ယောက်ရဲ့ မျှော်လင့်ထားတဲ့ အတိုင်းပဲ။ သူရဲ့ စွမ်းရည်ကို ခန့်မှန်းလို့တောင် မရနိုင်ပါဘူး။

"ကောင်စုတ်လေး ဘယ်သူတွေးမိမှာလဲ။ မင်းက ငါ့ကို နောက်တစ်ကြိမ် အံ့အားသင့်အောင် လုပ်နိုင်တာပဲ"

Edit with WPS Office

လေလွင့်သူတော်စင်က ဟက်ဟက်ပက်ပက်
ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"အခုဆို မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရဲ့ မာကျောမှုက
အဆင့်ငါး နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ရနေပြီ ငါပြောတာ
မှန်တယ်မလား"

သူတော်စင် တစ်ယောက်ကို ဘာမှဖုံးကွယ်ထားလို့
မရဘူးဆိုတာကို လင်းဟန် သိပါတယ်။ ဒီသူတော်စင်က
သေပြီးပြီ ဆိုပေမဲ့ သူ့ရဲ့ စိတ်ဂိညာဉ် အမျှင်တစ်ခု
ကျန်ရှိနေပါသေးတယ်။ သူက ပြန်မဖြေခင် သူ့ခန္ဓာကိုယ်
တစ်ခုလုံးကို သေသေချာချာ စစ်ဆေးလိုက်ပါတယ်။

"မဟုတ်သေးဘူး။ အဆင့်လေး နတ်ဘုရား
သတ္တုအဆင့်ထက်တော့ အများကြီး အစွမ်းထက်လာ ပေမဲ့
အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်ကို ရောက်ဖို့
နည်းနည်းလေး လိုသေးတယ်"

လင်းဟန်က ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ဖို့
လိုအပ်နေပြီးတော့ မိုးကောင်းကင် ကပ်ဘေးကို

Edit with WPS Office

နောက်တစ်ကြိမ် မဖြတ်ကျော်ခင် သူ့ရဲ့ နတ်ဘုရား အရိုးကို အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်ရဲ့ မာကျောမှုကို ရောက်အောင်လို့ သန့်စင်နိုင်ရပါလိမ့်မယ်။

"မြန်မြန်လေး ငါ့ကို တပည့်တစ်ယောက် မွေးပေးတော့"

လေလွင့်သူတော်စင်က စိတ်လှုပ်ရှားစွာနဲ့ အော်ဟစ်လိုက်ပါတယ်။

"ကျုပ်ခင်ဗျားကို လျစ်လျူရှုထားတယ်"

လင်းဟာန်က ထိုင်ချပြီးတော့ ဆက်ပြီး ကျင့်ကြံအားထုတ်နေခဲ့ပါတယ်။

လေလွင့်သူတော်စင်က မယုံနိုင်စရာ စွမ်းအားကို ပိုင်ဆိုင်ထားပေမဲ့ ကလေးမွေးဖို့နဲ့ ပတ်သက်ပြီး အစွမ်းထက်တာ တစ်ခုတည်းနဲ့တော့ အသုံးမဝင်ပါဘူး။ သူက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့နှစ်ယောက်က ဒီနေရာမှာ တစ်သက်လုံး နေချင်တာလား"

"ဒီနေရာလေးက မဆိုးဘူး ကောင်းပါတယ်"

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီနေရာမှာ အသက်တာတ် စွမ်းအားတွေ ပေါများပြီး ကျင့်ကြံခြင်းအဆင့် ပြီးပြည့်စုံအောင် လုပ်ပေးတယ်"

သူက လုံးဝကို နောက်ကောက်ကျ ခံလိမ့်မှာမဟုတ်ပါဘူး။

"ငါတို့စောင့်ကြည့်တာပေါ့"

လေလွင့်သူတော်စင်က ဒေါသတွေနဲ့ ပျောက်ကွယ်သွားပါတယ်။

အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာခဲ့ပါတယ်။ သုံးလ၊ ကိုးလ၊ တစ်နှစ်။

လင်းဟန်နဲ့ ကေရီ ဘုရင်မ လွှမ့်ရှင်းတို့က မျှော်စင်ထဲမှာ တစ်နှစ်လုံးလုံး ပိတ်မိနေခဲ့ပါတယ်။ ဒါက တန်ခိုးရှင်တွေအတွက် မပြောပလောက်တဲ့ အချိန်ပမာဏတစ်ခု ဖြစ်ပေမဲ့ သူတို့ကို အကျယ်ချုပ်ထားတာက ဆယ်စုနှစ်၊ ရာစုနှစ်၊ ထောင်စုနှစ်တွေတောင် ဖြစ်နိုင်ပြီး သူတို့ရဲ့ သည်းမခံနိုင်မှုတွေ တိုးလာစေနိုင်ပါတယ်။

Edit with WPS Office

လင်းဟာန်ရဲ့ ကျင့်ကြံခြင်းအဆင့်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အထွတ်အထိပ် အဆင့်ထိ တစ်ဟုန်ထိုး တက်လာခဲ့ပါတယ်။ သူ့ရဲ့ နောက်ခြေလှမ်းက ငါးခုမြောက် တောင်နဲ့မြစ်တွေ ဖြစ်ပေါ်လာနဲ့ ဒါမှမဟုတ် ကျင့်ကြံခြင်းအဆင့် ပြီးပြည့်စုံတဲ့ အသစ်တစ်ခုကို ခြေချဖို့ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လေလွင့်သူတော်စင်ရဲ့ စိတ်ရှည်မှုတွေက နည်းလာခဲ့ပါတယ်။ သူက ကျောက်ပြားကနေတစ်ဆင့် နောက်ထပ်သတိပေးစကား ပြောလိုက်ပါတယ်။

"ငါ့အချိန်က အကန့်အသတ်ရှိတယ်။ မင်းတို့နှစ်ယောက်က ငါ့အားသုံးလာအောင် ဖိအားပေး နေတာပဲ"

"အိုးဟိုးဟိုး ခင်ဗျား ကျုပ်တို့နှစ်ယောက်ကိုတော့ မသတ်ပစ်ပါဘူးနော်။ ခင်ဗျားရဲ့ အချိန်က အကန့်အသတ် ရှိတော့ရော ဘာဖြစ်လဲ။ ခင်ဗျားက သေပြီးသားပဲ မဟုတ်လား"

လင်းဟာန်က ရယ်မောရင်းနဲ့ ပြောလိုက်တယ်။

Edit with WPS Office

"ဟင့် ငါက ငါ့ကိုယ်ပိုင် နတ်ဘုရား အာရုံကို သန့်စင်ခံခဲ့ရတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အကြာကြီး အသက်ရှင်သန်နိုင်မှာလဲ"

လေလွင့်သူတော်စင်ရဲ့ အသံက အေးစက်လာပြီးတော့ ပြောလိုက်တယ်။

"မင်းဘက်က အရင်စဖို့ စိတ်ကူးမရှိဘူး ဆိုမှတော့ ဒီမိန်းကလေးက အရင်ဆုံး စလာအောင် ငါ့ဘက်က အင်အားသုံးရုံကလွဲပြီး တခြားမရှိတော့ဘူးပေါ့"

ဘုန်း။

ကောရီ ဘုရင်မ လွှမ်းရှင်းရဲ့ အရှိန်အဟုန်က ရုတ်တရက် မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်စရာကောင်းလာပါတယ်။ မျက်စိတစ်မှိတ်အတွင်းမှာ သူမရဲ့ ကျင့်ကြံခြင်းက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်အတိုင်း ပြန်လည်ကောင်းမွန် လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါက သတင်းကောင်းလို့ လင်းဟန်က

Edit with WPS Office

မယုံကြည်ခဲ့ပါဘူး။ ဆန့်ကျင်ဘက်လို့ ပြောရပါမယ်။ လေလွင့်သူတော်စင်က ဒီလိုမျိုး ခြိမ်းခြောက်ထားတာကြောင့် သူက စိတ်ထား ကောင်းကောင်းနဲ့ လုပ်ပေးတာမျိုးတော့ သေချာပေါက် ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ ပုံသဏ္ဍာန်က နောက်တစ်ကြိမ် ရှေးဟောင်းအရိုန်အဂါ တစ်ခုနဲ့ ဖုံးလွှမ်းသွား ခဲ့ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကလည်း ဂင်းလဲ့တောက်ပလာပြီး ဖုံးကွယ်ထားတဲ့ အစိတ်အပိုင်းတွေက မြင်တွေ့လာရပြီး တကယ့်ကို မှင်တက်အံ့သြဖွယ်ရာ ကောင်းလောက်အောင် ဆွဲဆောင်မှု ရှိလွန်းပါတယ်။ သူမက ခေါင်းကို မော့ပြီးတော့ လင်းဟာန်ဆီကို ကြည့်လိုက်ပြီးတော့ လင်းဟာန်က သူ့ကို ဂုံပုလွေ တစ်ကောင်က ချောင်ပိတ်ထားသလိုမျိုး ခံစားနေရပြီး သူမရဲ့ အသက်ရှူမှားလောက်အောင် လှပတဲ့ မျက်လုံးတွေကိုတောင် သူ့အနေနဲ့ ဖြတ်ပြီးတော့ မမြင်နိုင်ခဲ့ပါဘူး။

ဒီခံစားချက်က ယုန်တစ်ကောင်ကို ဆာလောင်မွတ်သိပ်နေတဲ့ ဂုံပုလွေ တစ်ကောင်က ပိတ်ဆို့ထားတဲ့ ခံစားမှုမျိုး

Edit with WPS Office

မဟုတ်ပါဘူး။ အဲဒီအစား ဂံပုလွေထီး တစ်ကောင်က ဂံပုလွေမ တစ်ကောင်ရဲ့ ချစ်ခင်စွဲလမ်းမှုကြောင့် ချောင်ပိတ်ခံနေရ သလိုပါပဲ။

"စီနီယာစုတ် ခင်ဗျား ဘာလုပ်လိုက်တာလဲ"

လင်းဟန်က အံ့အားသင့်စွာနဲ့ အော်ပြီးတော့ မေးလိုက်ပါတယ်။

"ဟဲဟဲ ငါက သူမရဲ့ နှလုံးသားထဲကို ထည့်လိုက်ရုံပါပဲ"

လေလွင့်သူတော်စင်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ကောင်းပြီ။ ဒီနေရာမှာ ငါ့တာဝန် ပြီးသွားပြီ။ မင်းတို့နှစ်ယောက်ထဲ ပျော်ပျော်ကြီး နေရဖို့ ငါအခုပဲ ထွက်သွားတော့မယ်"

"အဘိုးကြီးစုတ် ခင်ဗျား အဲ့နေရာမှာ ရပ်...."

ဝုန်း။

ကောရီ ဘုရင်မ လွှမ်းမိုးရှင်းက လင်းဟန်ရဲ့ စကားကို

Edit with WPS Office

အဆုံးမသတ်ရသေးခင် သူ့အရှေ့ကို ခုန်ဝင်လာ ခဲ့ပါတယ်။ သူမက သူ့ကို တင်းကျပ်စွာနဲ့ ပွေ့ဖက်ထားပြီး ကျားရဲမလေး တစ်ကောင်လိုမျိုး သူ့ကို မြေကြီးပေါ်ကို အတင်းအကျပ် အင်အားသုံးကာ တွန်းလှဲဖို့ ကြိုးစားခဲ့ပါတယ်။

မဟုတ်ဘူး မဟုတ်သေးဘူး။ သူမက သူ့ခန္ဓာကိုယ်ကို ရစ်ပတ်ထားတဲ့ မြွေတစ်ကောင်နဲ့ ပိုပြီးတော့ တူပါတယ်။

"အိုးဟိုးဟိုး ငါ့ကိုငါ ချုပ်ထိန်းထားခဲ့တယ်နော်။ ဒါကြောင့် မင်းလည်း ထိန်းချုပ်ထားနိုင်သင့်တယ် မဟုတ်လား"

လင်းဟန်က ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ လက်ကနေ လွတ်အောင်လို့ အကောင်းဆုံး ကြိုးစားရင်း ပြောလိုက်ပါတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်နေရင်တောင်မှ ဘာမှ ထိရောက်မှု မရှိခဲ့ပါဘူး။ တကယ်တော့ သူဟာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်မှာရှိတဲ့ ပြိုင်ဘက်တစ်ယောက်ကို ဘယ်လိုလုပ် ခုခံနိုင်မှာလဲ။

ကေရီ ဘုရင်မ လွှမ့်ရှင်းက တိုးညှင်းစွာနဲ့

Edit with WPS Office

ညည်းတွားလိုက်ပါတယ်။ ဒီအတွက် အကြောင်းပြချက် မရှိပါဘူး။ သူမရဲ့ညည်းတွားသံမှာ ညှို့ယူဖမ်းစားနိုင်မှုတွေနဲ့ ပြည့်နှက်နေပြီး အဲဒီအသံက လင်းဟာန်ရဲ့ ခန္ဓာကိုယ် တစ်လျှောက် ရမ္မက်စိတ်တွေ ပျံ့နှံ့သွား စေခဲ့ပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက အကြည့်တစ်ချက်နဲ့ ယောက်ျားတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို ညှို့ယူဖမ်းစား နိုင်လောက်အောင် ရက်ရက်စက်စက် အသက်ရှူမှားလောက်တဲ့ မိန်းမလှလေး တစ်ယောက် ဖြစ်ပါတယ်။ စွေ့ရန်ယွီရဲ့ အလှတောင်မှ သူမကြောင့် မှေးမှိန်သွားခဲ့ပါတယ်။ သူမက ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ အရှေ့မှာ တောသူ တစ်ယောက်နဲ့ တူပါတယ်။ ဒီလိုမှင်တက် အံ့သြဖွယ်ရာ လှပတဲ့ မိန်းမချောလေး တစ်ယောက်ကို ဘယ်ယောက်ျားသားကများ အခုလိုမျိုး သူမဘက်က အရင်ဆုံး စတင်လာတဲ့ အချိန်မှာ တွန်းထုတ်ပစ်နိုင်မှာလဲ။

လင်းဟာန်က အံကိုကြိတ်ထား လိုက်ပါတယ်။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် အထိတ်အထိပ်ကို ရရှိပြီးရင် ကေရီ ဘုရင်မကို ဖမ်းဆီးပြီးတော့ တင်ပါးကို လက်ဝါးနဲ့

Edit with WPS Office

ရိုက်နှက်ဆုံးမဖို့ အိပ်မက် မက်နေခဲ့ပေမဲ့ အဲဒါက အိပ်မက်တစ်ခုသက်သက်ပါပဲ။

အားနည်းတဲ့ မိန်းမသားအပေါ်မှာ အခွင့်ကောင်းယူပြီး အနိုင်ကျင့်စော်ကားတာမျိုးကို ဘယ်လို ယောက်ျားမျိုးက လုပ်သင့်မှာလဲ။

ကေရီ ဘုရင်မ လွှမ်းရှင်းက လင်းဟာန်ကို စပြီးတော့ နမ်းလိုက်ပါတယ်။ သူမက သူ့နှုတ်ခမ်းကို ဆက်ကြည့်နေပြီး ဘာမှရှာမတွေ့တဲ့ အချိန်မှာ သူမက သူ့ကို နေရာအနှံ့ နမ်းရှုပ်လိုက်ပါတယ်။

လင်းဟာန်က တကယ်ပဲ သူ့ကိုယ်သူ ပါးရိုက်ပစ်ချင် နေခဲ့ပါတယ်။ သူက ဒီမှင်သက်စရာကောင်းတဲ့ မိန်းမလှလေး တစ်ယောက်ရဲ့ သွေးပူမှုကနေ လွတ်အောင်လို့ တကယ့်ပဲ ကြိုးစားနေတာလား။ သူက တကယ့်ပဲ ဦးနှောက်မှ ကောင်းသေးရဲ့လား။

ပြီ။

သူ့အဂတ်အစား တော်တော်များများ စုတ်ပြဲသွားပါတယ်။

Edit with WPS Office

သူ့ရဲ့ လက်နက်ကြီးတောင်မှ ထွက်ပေါ်လုနီးပါး ဖြစ်သွားပါတယ်။

သောက်ကျိုးနည်း။

ဟန်ကလေးက ကေရီ ဘုရင်မရဲ့ နိုင်ထက်စီးနင်း လုပ်တာကို ခံရတော့မှာလား။

Chapter 1128 end

အပိုင်း(1129) သဘောတရားများ

ဘယ်လောက်တောင် ဆိုးဝါးလိုက်သလဲ။

မင်းက အစွမ်းထက်တဲ့ ကေရီ ဘုရင်မပဲလေ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ မင်းရဲ့ စိတ်စွမ်းအားက အရမ်းကို အားနည်းနေနိုင်ရတာလဲ။

လင်းဟန်ရဲ့ နလုံးသားက သူ့ရင်ဘတ်ကနေ ခုန်ထွက်တော့မဲ့အတိုင်း တဒိတ်ဒိတ်နဲ့ အခုန်မြန်လာခဲ့ပါတယ်။ သူမက အံ့သြမှင်သက်စရာ ကောင်းလောက်အောင် ချောမောလှပသူ ဖြစ်ပြီးတော့ သူမရဲ့ အပြစ်အနာအဆာမရှိတဲ့ ကောက်ကြောင်းကို

Edit with WPS Office

မျက်စိတစ်ချက် ဖေ့ကြည့်လိုက်မိရင်ပဲ ယောက်ျားတွေရဲ့ နှလုံးသားကို ညို့ယူဖမ်းစားနိုင်ပါတယ်။ အရင်က သူမရဲ့ မျက်နှာကို သူမမြင်ဖူးပဲနဲ့တောင် သူမရဲ့ ပုံရိပ်က သူ့စိတ်ထဲမှာ အချိန်တိုင်းလိုလို ဝင်ရောက်လာနိုင်စွမ်း ရှိနေပါတယ်။

ဒါပေမဲ့လည်း အခုတော့ သူမက တကယ်ပဲ သူ့ဆီကို သူမဘာသာ ပစ်ဝင်လာခဲ့ပါတယ်။ နောက်ပြီးတော့ သူက သူမရဲ့ မျက်နှာအစစ်အမှန်ကိုတောင် မြင်တွေ့စေခဲ့ပြီး သူမရဲ့ မျက်နှာက ဘယ်လောက်တောင် ဆွဲမက်စရာ ကောင်းလိုက်သလဲ။

လင်းဟန်က ခုခံဖို့ ကြိုးစားခဲ့ပါတယ်။ သူ့လက်တွေက အမှတ်မထင် သူမရဲ့ တောင်ပူစာ နှစ်လုံးလို ဖွံ့ထွားနေတဲ့ ရင်သားတစ်စုံကို နောက်တစ်ကြိမ် ဖမ်းဆုပ်မိသွားခဲ့ပါတယ်။

သောက်ကျိုးနည်း ဘာဖြစ်လို့ ငါ့လက်တွေက ဒီနေရာကိုပဲ ရောက်သွားရတာလဲ။

ဒါတွေက အရမ်းကို ကြီးမားတဲ့ ပစ်မှတ်တစ်ခု

Edit with WPS Office

ဖြစ်နေတာကြောင့် ဖြစ်မယ်။ ငါတောင် သတိမထားမိပဲ ရောက်သွားတာပေ့ါ။

အရမ်းကိုကြီးတယ်။ အရမ်းကို ဖွံ့ထွားတယ်။ အရမ်းကို ပျော့ပြောင်းပြီး အရမ်းကို တုန်ခါနေတယ်။

လင်းဟာန်က ခက်ခက်ခဲခဲနဲ့ တံတွေးကို မျိုချလိုက်မိပါတယ်။ နောက်ဆုံးတော့ သူက အံ့မခန်း အထိအတွေ့ကို ဒီတစ်ကြိမ်မှာ ကောင်းကောင်းကြီး ခံစားနိုင်ခဲ့ပါပြီ။

သူက ခေါင်းကို အတင်းခါလိုက် မိပါတယ်။ ဒီကိစ္စက အခုစဉ်းစားရမဲ့ အချိန်မဟုတ်ဘူး။

ပြီ။

ဇကရီ ဘုရင်မက သူမကိုယ်သူမ ဆက်ပြီးတော့ မထိန်းချုပ်နိုင်ပဲ လင်းဟာန်ရဲ့ အဂတ်အစားကို စတင်စုတ်ဖြဲပစ်ပါတော့တယ်။

သေပြီ။ သေပြီဆရာ။

လင်းဟာန်က သူ့စိတ်ထဲကနေ ကျိန်ဆဲနေမိပါတယ်။ သူ့ခန္ဓာကိုယ်က လျပ်ပြက်သွားပြီး အနက်ရောင်

Edit with WPS Office

မျှော်စင်ထဲကို ဝင်ရောက်ပျောက်ကွယ် သွားခဲ့ပါတယ်။

ကေရီ ဘုရင်မရဲ့ မျက်လုံးတွေထဲမှာ မှင်သက်တွေဝေနေတဲ့ အကြည့်တစ်ချက် လက်သွားပြီး လင်းဟန်ရဲ့ ခန္ဓာကိုယ်က သူမရဲ့ ပွေ့ဖက်မှုကနေ ရုတ်တရက် ပျောက်ကွယ်သွားခဲ့တာ ဖြစ်ပါတယ်။ သူမရဲ့ တုံ့ပြန်မှုတွေက သူမရဲ့ အလိုဆန္ဒ အကျိုးသက်ရောက်မှုအောက်မှာ အနည်းငယ် နေးကွေးသွားခဲ့တာ ဖြစ်ပါတယ်။

ဟင်။

လေလွင့်သူတော်စင်ရဲ့ အသံကို နောက်တစ်ကြိမ် ကြားလိုက်ရပါတယ်။ သူက ပြောလိုက်တယ်။

"သိုလှောင်နတ်ဘုရား ပစ္စည်းလား။ မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူက သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုထဲ ဝင်ပုန်းမယ်ဆိုရင်တောင် သိုလှောင်နတ်ဘုရား ပစ္စည်းက သူ့ဘာသာသူတော့ ပျောက်ကွယ်မသွားသင့်ဘူး"

ထင်ထားတဲ့ အတိုင်းပဲ။ ဒီမြေခွေးအိုကြီးက ထွက်မသွားဘူး။

လင်းဟန်က အနက်ရောင် မျှော်စင်ထဲကနေ

Edit with WPS Office

ညည်းတွားလိုက်မိပါတယ်။ အဲဒီနောက် သူ့မျက်နှာကို ပြင်းပြင်းထန်ထန် ဖြတ်ရိုက်ပစ်ချင်တဲ့စိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာသလို ခံစားလိုက် ရပါတယ်။

ဒီလောက်ရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးက သူ့မဘာသာ သူမ သူ့ဆီကို ပစ်ဝင်လာတာကို သူက တကယ်ပဲ အနက်ရောင် မျှော်စင်ထဲ ပြေးဝင်ပုန်းလိုက်ရသလား။

သူ့မှာ ကေရီ ဘုရင်မ လွှမ်းမိုးချင်းနဲ့ ပတ်သက်ပြီး ခံစားချက် နည်းနည်းမှ မရှိခဲ့ဘူးလား။

လင်းဟန်အနေနဲ့ ဒီကေရီ ဘုရင်မရဲ့ ဆွဲဆောင်နိုင်မှုက အရာအားလုံးရဲ့ အထက်မှာ ရှိတယ် ဆိုတာကိုတော့ ဝန်ခံရပါမယ်။ သူမကို တွေ့လိုက်တိုင်း သူ့ရဲ့ နှလုံးသားတောင် စိတ်လှုပ်ရှားမှုကြောင့် တဒိတ်ဒိတ် ခုန်ရပါတယ်။ ဒါတောင်မှ သူက သူမရဲ့ ပွေ့ဖက်မှုကနေ အခုလိုမျိုး ထွက်ပြေးလာခဲ့တယ်ပေါ့။ ဒီအကြောင်းကို ပြန်စဉ်းစားကြည့်မိရင် သူက သူတော်ကောင်းယောင် ဆောင်နေတဲ့ လူတစ်ယောက်နဲ့ တူတယ်လို့တောင်

Edit with WPS Office

ခံစားရပါတယ်။ သူ့အနေနဲ့ သူမကို တကယ်ပဲ တပ်မက်နှစ်သက်တယ်ဆိုတာ ထင်ရှားနေရဲ့သားနဲ့ ဘာဖြစ်လို့ သူ့ကိုယ်သူ သူတော်စင် တစ်ယောက်လို လုပ်နေရတာလဲ။

ငါက သူတော်စင် တစ်ယောက်လို လုပ်နေတာ မဟုတ်ပါဘူး။ တကယ်တော့ သူမအပေါ် ဒီလိုမျိုး အခွင့်ရေး ယူလိုက်မယ်ဆိုရင် နောင်တရပြီး အပြစ်ရှိသလို ခံစားနေရလိမ့်မယ်။

နောက်ပြီးတော့ ငါ့ရည်ရွယ်ချက်က ကျင့်ကြံခြင်းမှာ အထွတ်အထိပ် ရောက်ဖို့ပဲ။ တကယ်လို့ ငါ့စိတ်ဓာတ် ခွန်အားက နည်းနည်းလေး အားနည်းနေမယ်ဆိုရင် အနာဂတ် ကောင်းကင်ဘုံ တာအိုကို နားလည်ဆင်ခြင်ဖို့ ကြိုးစားတဲ့ အချိန်မှာ သေချာပေါက် အကျိုးသက်ရောက်မှု ရှိလာလိမ့်မယ်။ ဒါဆိုရင် ငါ့ရဲ့ သေခြင်းတရားဆီကိုတောင် ဦးတည်ကောင်း ဦးတည်သွားနိုင်မယ်။

ဒီအတွေးနဲ့အတူ သူ့ရဲ့ ခံစားချက်တွေက အနည်ထိုင် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့

Edit with WPS Office

ဒီအကြောင်းပြချက်ကြောင့်ပဲ သူက ကေရီ ဘုရင်မ လွှမ့်ရှင်းနဲ့အတူ သူ့ရဲ့တပ်မက်မှုတွေနဲ့ ရမ္မက်နွံတောမှာ နစ်မြုပ်ရမဲ့အစား အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားဖို့ ရွေးချယ်လိုက် ရတာပါ။

မျှော်စင်လေးက ရုတ်တရက် သူ့ဘေးမှာ ပေါ်လာခဲ့ပြီးတော့ ပြောလိုက်တယ်။

"မင်းအဲဒီလူကို သွားပြောလိုက်။ ငါ့မှာ သူ့ကို ပြန်လည်မွေးဖွားစေနိုင်မဲ့ နည်းလမ်းတစ်ခု ရှိတယ်လို့"

လင်းဟန်က တဒင်္ဂလောက် မှင်သက်တွေဝေ သွားခဲ့ပါတယ်။ အဲဒီနောက် ဒေါသတကြီးနဲ့ ထခုန်ပြီးတော့ အော်ပြောလိုက်တယ်။

"မင်းငါ့ကို ဘာဖြစ်လို့ စောစောက မပြောတာလဲ"

သူက ဒီနေရာမှာ နစ်နစ်နီးပါး ပိတ်ခံထား ခဲ့ရပါတယ်။

"ပထမအချက် မင်းက မမေးခဲ့ဘူး။ ဒုတိယအချက် မင်းက အနက်ရောင် မျှော်စင်ထဲကို မဂ်ငခဲ့ဘူး။ ငါထင်တာက မင်းဟာ အဲဒီကေရီ ဘုရင်မနဲ့ မင်းရဲ့ အချိန်တွေကို

Edit with WPS Office

ကျော့ကျော့နပ်နပ်ကြီး အချိန်ကုန်စေပြီး
ထွက်မသွားချင်ဘူးလို့တောင် ထင်နေတာ”

မျှော်စင်လေးက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်ပါတယ်။

ဒီကောင်စုတ်ကတော့ နာတော့မယ်။ လင်းဟန်က
သူ့စိတ်ထဲကနေ တီးတိုးရွတ်ဆို လိုက်ပါတယ်။

ဒါပေမဲ့လည်း သူက သူ့လျှပ်ရှားမှု အပေါ်မှာတော့
အဲဒီကျိန်ဆဲမှုကို မဖော်ပြခဲ့ပါဘူး။ သူက ဒီနစ်နစ်နီးပါး
အချိန်ကို ရိုးရိုးသားသားနဲ့ နေထိုင်ခဲ့ပါတယ်။ သူက ဧကရီ
ဘုရင်မ လွမ့်ရှင်းရဲ့ တုဘက်ကင်း ဆွဲဆောင်နိုင်မှုကြောင့်
သူ့ရဲ့လက်ရှိအခြေအနေ အပေါ်မှာ ကျေနပ်ပျော်ရွှင်
နေမိခဲ့တာလား။

သူက အဲဒါကို သတိပြုမိသွားပြီး အံ့အားသင့် သွားခဲ့ပါတယ်။
ဧကရီ ဘုရင်မရဲ့ ဆွဲဆောင်နိုင်မှုက မယုံနိုင်စရာ
ကောင်းလောက်အောင် ဆွဲမက်စရာ ကောင်းလွန်းပါတယ်။
သူတောင်မှ သတိမထားမိပဲ ဆွဲဆောင်ခံထားရပါတယ်။

လင်းဟန်က သူ့အတွေးတွေကို ပြန်စုစည်းပြီးတော့

Edit with WPS Office

ပြောလိုက်တယ်။

"အဲဒီမြေခွေးအိုကြီးက သူ့ရဲ့ စိတ်ဝိညာဉ် အမျှင်စုလေး တစ်ခုပဲ ကျန်တော့တယ်။ နောက်ပြီးတော့ သူ့ကိုယ်ပိုင် နတ်ဘုရား အာရုံကို သန့်စင်ထားပြီး သူ့ကိုယ်သူ သေမင်းနဲ့ အနီးကို ကပ်သွားစေ ခဲ့တယ်။ ဒါပေမဲ့လည်း မင်းက သူ့ကို ကူညီကယ်တင် နိုင်သေးတယ်လို့ ပြောနေတာလား"

"မှန်တယ်"

မျော်စင်လေးက အမြဲတမ်းလိုလို သူ့ရဲ့စကားတွေကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်။

"ပြန်လည်မွေးဖွားခြင်း သစ်ပင်က သူ့ကို သူ့စိတ်ဝိညာဉ်ရဲ့ နောက်ဆုံးအကြွင်းအကျန်တွေကို ထိန်းသိမ်းနိုင်အောင် ကူညီပေးနိုင်တယ်။ နောက်ပြီးတော့ အနက်ရောင် မျော်စင်ရဲ့ နောက်ထပ် အဆင့်တစ်ခုကို မင်းဖွင့်နိုင်တဲ့ အချိန်ကျရင် သူက ဓာတ်ကြီးငါးပါးရဲ့ စွမ်းအားတွေကို စုစည်းနိုင်ပြီးတော့ ဓာတ်ကြီးငါးပါး ခန္ဓာကိုယ် တစ်ခုကို သွန်းလုပ်နိုင်စွမ်း ရှိလာလိမ့်မယ်"

Edit with WPS Office

"ခါတ်ကြီးငါးပါး ခန္ဓာကိုယ် ဟုတ်လား။ ဒီနာမည်က အရမ်းကို မိုက်တာပဲ"

လင်းဟာန်က ပြောလိုက်တယ်။

"ခါတ်ကြီးငါးပါး ခန္ဓာကိုယ်ကို သွန်းလုပ်တယ်ဆိုတာက မိုးကောင်းကင်ကို ဆန့်ကျင်တဲ့ လုပ်ဆောင်မှု တစ်ခုပဲလို့ သူ့ကိုပြောလိုက်။ အဲဒါက သူ့ရဲ့ တန်ခိုးရှင် ကပ်ဘေးကို ဆယ်ကြိမ်လောက် ဖြစ်စေလိမ့်မယ်"

"တန်ခိုးရှင် ကပ်ဘေး ဟုတ်လား"

လင်းဟာန်က မေးလိုက်တယ်။

"ငါမင်းရဲ့ မေးခွန်းတွေ အားလုံးကို လိုက်ဖြေနေရမှာလား"

မျှော်စင်လေးက အပြစ်တင် ကြိမ်းမောင်းလိုက်ပါတယ်။ အဲဒီနောက် သူ့မေးခွန်းကို သူ့ဘာသာ ပြန်ဖြေပြီးတော့ ပြောလိုက်ပါတယ်။

"မဟုတ်ဘူး။ ဒါကြောင့် ငါ့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ထပ်ပြီးတော့ မဖြုန်းနဲ့တော့ ငါ့မှာ အနက်ရောင် မျှော်စင်ကို ဆက်ပြီးတော့ ပြင်ဆင်ရဦးမယ်။ တကယ်လို့ ငါ့မှာ

Edit with WPS Office

မင်းပိုပြီးတော့ အစွမ်းထက်လာဖို့ လိုအပ်နေတဲ့ အချက်ကြောင့်သာ မဟုတ်ရင် ငါမင်းကို ထွက်လာပြီးတော့ စကားတောင် ပြောမှာမဟုတ်ဘူး"

"ဟူး ဘယ်လောက် ဒုက္ခရောက်နေတဲ့ ဆရာသခင် တစ်ယောက်လဲ။ သူ့အတွက် အရာအားလုံးကို ဂရုစိုက်ပေးဖို့ ငါ့ကို လိုနေတယ်"

သူ့ခန္ဓာကိုယ်က တဖြည်းဖြည်း ဖောက်ထွင်းမြင်လာနိုင်ပြီးတော့ စကားပြောနေရင်း ပျောက်ကွယ် သွားခဲ့ပါတယ်။

"လပြွတ်ပဲ မင်းက ဘယ်တုန်းကများ ငါ့ကို မင်းရဲ့ ဆရာသခင် တစ်ယောက်လိုမျိုး ဆက်ဆံလို့လဲ"

လင်းဟာန်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

သူက တည်တည်ငြိမ်ငြိမ် ဖြစ်အောင်အရင် လုပ်ပြီးတော့ အတွေးတွေ စုစည်းလိုက်ပါတယ်။

ရှုပ်။

သူက အနက်ရောင် မျှော်စင်ထဲကနေ လျပ်ပြက်သလို

Edit with WPS Office

ထွက်လာခဲ့ပါတယ်။

"အင်းဟင်း"

ဆွဲဆောင်မှုရှိတဲ့ ညည်းတွားသံ တစ်ခုက သူ့နားစည်ထဲကို ဖြတ်ဝင်လာခဲ့ပြီး ချက်ချင်းဆိုသလို ကေရီ ဘုရင်မ လွှမ်းရှင်းက သူ့ကို ဆွဲကာပွေ့ဖက် လိုက်ပါတယ်။ ဒီကေရီ ဘုရင်မဟာ စောစောက သူ့ကို ပွေ့ဖက်တဲ့ အချိန်မှာ သူမရဲ့ နတ်ဘုရား သင်္ကေတတွေကို အသက်မသွင်းခဲ့ပါဘူး။ နောက်တစ်နည်း ပြောရမယ်ဆိုရင် သူမရဲ့ သိုင်းအသိဆန္ဒကို အသုံးပြုပြီးတော့ သူ့ကို မထိန်းချုပ် ခဲ့ပါဘူး။ အခုက ဘာကြောင့်လဲဆိုတော့ သူ့မှာ အနက်ရောင် မျှော်စင်ထဲ ဝင်ပုန်းနိုင်စွမ်း ရှိနေလို့ပါပဲ။

ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူမရဲ့ နတ်ဘုရား သင်္ကေတတွေကို အသက်သွင်းထားတာမို့ လင်းဟန်ကို လုံးဝ ထိန်းချုပ်ထားပါတယ်။

"စီနီယာစုတ် ခင်ဗျားက ကျုပ်ကို လက်စားချေချင်နေတာလား"

Edit with WPS Office

သူက အော်ဟစ်လိုက်ပါတယ်။

"ခင်ဗျား မူလဇစ်မြစ် အဆင့်ကို ပြန်မလိုချင်ဘူးလား။ စောစောက ခင်ဗျား မြင်လိုက်တယ် မဟုတ်လား။ ကျုပ်မှာလည်း အံ့အားသင့်စရာကောင်းတဲ့ လျှို့ဝှက်ချက်တွေ ရှိနေတယ်။ ခင်ဗျားကို ဓာတ်ကြီးငါးပါး ခန္ဓာကိုယ်တစ်ခု သွန်းလုပ်နိုင်အောင် ကျုပ်ကူညီပေးနိုင်တယ်။ ဒါပေမဲ့လည်း ပြဿနာတစ်ခု ရှိတာက ခင်ဗျားက တန်ခိုးရှင်ကပ်ဘေးကို ဆယ်ကြိမ်လောက် မကြာခဏ ရင်ဆိုင်ရလိမ့်မယ်"

"ဘာ"

လေလွင့်သူတော်စင်ရဲ့ အသံထဲမှာ အံ့အားသင့်မှု အရိပ်အယောင်တွေ ရှိနေပြီး သူက စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်တယ်။

"ကောင်စုတ်လေး မင်းတကယ်ပြောနေတာလား"

တကယ်လို့ သူအသက်ဆက်ပြီး ရှင်သန်နိုင်မယ်ဆိုရင် သူ့လက်တွေနဲ့ ကိုယ်တိုင်ကိုယ်ကျ လက်စားပြန်ချေနိုင်ပါလိမ့်မယ်။ ဘာဖြစ်လို့ သူ့ကိုယ်ပိုင် ကျင့်ကြံခြင်း

Edit with WPS Office

သစ်သီးတွေကို တခြားလူ တစ်ယောက်အတွက်
ပြင်ဆင်ပေးနေဦးမှာလဲ။

"ဒါပေါ့ အဲဒါ အမှန်ပဲ။ သူမကို အရင်ဆုံး လွှတ်ပေးလိုက်ဦး"

လင်းဟာန်က အော်ဟစ်လိုက်ပါတယ်။

"ဟီဟီး မင်းက တကယ့်ကို ထူးဆန်းတဲ့ လူတစ်ယောက်ပဲ"

လေလွင့်သူတော်စင်က မှတ်ချက်ပေးလိုက်ပါတယ်။

"ကောင်းပြီလေ မင်းရဲ့အကြံကို ငါနားထောင်ဖို့
စိတ်ဝင်စားတယ်"

ရုတ်ချည်းဆိုသလို ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ လှုပ်ရှားမှုတွေ
ရပ်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ ခွန်အားတွေ
အားလုံးလည်း ပျောက်ဆုံးကုန်ပြီး ချက်ချင်းဆိုသလို
လင်းဟာန်ရဲ့ ပေါင်ကြားထဲကို လဲပြိုကျသွားခဲ့ပါတယ်။

လင်းဟာန်က စောစောတုန်းက သူမရဲ့ အရင်ဆုံး
စတင်လှုပ်ရှားလာတဲ့ အချိန်မှာ သူမရဲ့ ပွေ့ဖက်မှုကနေ
သူ့ကိုယ်သူ လွတ်မြောက်အောင်လို့ အသည်းအသန်
ကြိုးစားပြီး ရုန်းကန်နေရတာကြောင့် အလုပ်ရှုပ်နေပါတယ်။

Edit with WPS Office

အခု သူမက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လဲပြိုလာပြီး သူမက ဘယ်လောက်ထိ နူးညံ့တယ်။ ဘယ်လောက် စိတ်လှုပ်ရှားဖို့ ကောင်းလဲဆိုတာနဲ့ သူမရဲ့ ခန္ဓာကိုယ်က ဘယ်လောက်တောင် ပျော့ပျောင်းလဲ ဆိုတာကို သေသေချာချာ ခံစားနိုင်စွမ်း ရှိလာပါတယ်။

သူ့ပါးစပ်တွေ ချက်ချင်းပဲ ခြောက်လာပြီး သူ့ကိုယ်ထဲက ဗီဇစိတ်က နိုးထလို့ လာပါတယ်။

ဒီအခိုက်အတန့် သူ့ခံစားချက်တွေက စစ်မှန်တယ်လို့ ပြောဖို့ သက်သေပြနေပါတယ်။ ကိုယ်လုပ်တော် တစ်ယောက်က ဇနီးမယား တစ်ယောက်ထက် ပိုကောင်းမွန်တယ်။ ချစ်သူ တစ်ယောက်က ကိုယ်လုပ်တော် တစ်ယောက်ထက် ပိုကောင်းမွန်တယ်။ ပြီးတော့ မရနိုင်တဲ့ ချစ်သူ တစ်ယောက်က ရနိုင်တဲ့ ချစ်သူ တစ်ယောက်ထက် ပိုကောင်းတယ်။

သူမကိုယ်သူမ သူ့ဆီကို တိုးဝင်လာတဲ့ အချိန်တုန်းက သူက သူမကို ငြင်းပယ်ခဲ့ပါတယ်။ ပြီးတော့ အခု အဲဒါအားလုံး အဆုံးသတ်သွားတဲ့ အချိန်မှာ သူ့နှလုံးသားက

Edit with WPS Office

လိုချင်တပ်မက်မှုတွေနဲ့ ယားကျိကျိ ဖြစ်လာခဲ့ပါတယ်။

လင်းဟာန်က အလျင်အမြန်ပဲ အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပါတယ်။ သူက သူ့ရဲ့ စိတ်စွမ်းအားတွေ အကုန်လုံးကို ဧကရီ ဘုရင်မ လွမ့်ရှင်းဆီကနေ လွှဲလိုက်ပြီးတော့ ပြောလိုက်ပါတယ်။

"စီနီယာစုတ်ကြီး ကျုပ်ခင်ဗျားကို နေရာတစ်ခုကို ခေါ်သွားပေးမယ်။ မခုခံပါနဲ့"

"အဓိပ္ပါယ်မရှိတာ။ ငါ့ဘာသာ သိလျောင် နတ်ဘုရား ပစ္စည်းတွေကို သွန်းလုပ်နိုင်တယ်။ ဒါကြောင့် ဒီအကြောင်းကို ငါနားလည်တယ်"

လေလွင့်သူတော်စင်က ပြောလိုက်တယ်။

"ဒါပေမဲ့လည်း ငါ့ရဲ့ ဝိညာဉ်အကြွင်းအကျန်တွေက ဒီတစ်ချိန်လုံး မြေအောက်မှာပဲ ထိန်းချုပ်ထားခဲ့တာ။ ကောင်းကင်ဘုံရဲ့ စွမ်းအားကို သုံးပြီးတော့ ထိန်းချုပ်ထားပြီး အဲဒါတစ်ကြိမ် ပေါက်ကွဲတာနဲ့ ငါ လုပ်လို့ရတာ နှစ်မျိုးပဲ ရှိတော့တယ်။ တစ်ခုက တစ်စုံတစ်ယောက်ရဲ့

Edit with WPS Office

ခန္ဓာကိုယ်ထဲကို ဝင်ပူးရင်ပူး ဒါမှမဟုတ် မေးမှိန်ပြီးတော့ ပျောက်ကွယ်သွားလိမ့်မယ်။ ငါ့ရဲ့ ဝိညာဉ်က မြေအောက်ကို ပြန်သွားဖို့ မဖြစ်နိုင်တော့ဘူး”

“ဒါကြောင့် မင်းငါ့ကို မလိမ်ညာတာက ပိုကောင်းလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါမပျောက်ကွယ်ခင် မင်းကို သေချာပေါက် သတ်ပစ်မယ်”

လင်းဟာန်က သူ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

“မစိုးရိမ်ပါနဲ့။ မစိုးရိမ်ပါနဲ့။ ခင်ဗျားကျုပ်ကို သတ်လို့ရမဲ့ အကြောင်းပြချက်ကို ကျုပ်ဘယ်တော့မှ မပေးပါဘူး”

“ကောင်းပြီလေ။ ဒါဆိုရင် ငါအခု ထွက်လာမယ်”

လေလွင့်သူတော်စင်က ဆုံးဖြတ်ချက် ပြတ်သားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ချက်ချင်းဆိုသလို မျှော်စင်ထဲက တိုင်တွေ လင်းလက်တောက်ပ လာခဲ့ပါတယ်။ လင်းဟာန်ရဲ့ အမြင်အာရုံထဲကို အဖြူရောင် အလင်းစက်ပိုင်းတစ်ခု ဝင်ရောက်လာခဲ့ပါတယ်။

လင်းဟာန်က သူ့ရဲ့ နတ်ဘုရား အာရုံကို ထုတ်ဖော်ပြီးတော့

Edit with WPS Office

အဲဒီအဖြူရောင် အလင်းစက်ပိုင်းကို ရစ်ပတ်လိုက်ပါတယ်။

ရွှပ်။

သူက အဖြူရောင် အလင်းစက်ပိုင်းနဲ့အတူ အနက်ရောင် မျှော်စင်ထဲ ဝင်လိုက်ပါတယ်။

Chapter 1129 end

အပိုင်း(1130) တန်ခိုးရှင်ကပ်ဘေး

ဘာ။

အဖြူရောင် အလင်းစက်ပိုင်းက အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်လာပြီးတဲ့ နောက်မှာတော့ ချက်ချင်းဆိုသလို အံ့အားသင့်မှုကြောင့် အော်ဟစ်လိုက်မိပါတယ်။ ဒါပေါ့။ ဒီအော်ဟစ်မှုက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံက ဖြစ်ပါတယ်။ လေလွင့်သူတော်စင်က သူ့ရဲ့ ခန္ဓာကိုယ်ကို ဆုံးရှုံးသွားခဲ့တာ ကြာမြင့်နေပါပြီ။ ဒါကြောင့် သူက အသံကျယ်ကျယ်နဲ့ စကားပြောနိုင်စွမ်း မရှိပါဘူး။

“ကောင်လေး မင်းရဲ့ သိုလှောင် နတ်ဘုရား ပစ္စည်းရဲ့ နေရာက ဘယ်လိုလုပ်ပြီး အရမ်းကို ကြီးမား နေရတာလဲ။

Edit with WPS Office

ဒါက တကယ့် အစစ်အမှန် ကမ္ဘာတစ်ခုနဲ့တောင် တူနေပြီ”

ဒီသူတော်စင်က ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်တစ်ခု ရှိမနေသေးဘူးဆိုရင်တောင် သူက သေချာပေါက် အံ့အားသင့်ပြီးတော့ စိတ်လှုပ်ရှားနေတာက အတုအယောင် မဟုတ်ပါဘူး။

ဒီအခိုက်အတန့် လေလွင့်သူတော်စင်က လင်းဟန်မှာ သူ့ကို ကူညီပြီး သူ့ရဲ့ခန္ဓာကိုယ်ကို ပြန်လည်ဖြစ်ပေါ်လာစေပြီး သူ့ကို ဒုတိယဘဝတစ်ခု ပေးနိုင်မဲ့ စွမ်းရည်မျိုး ပိုင်ဆိုင်ထားတယ် ဆိုတာကို ယုံကြည်ခဲ့ပါတယ်။

တကယ်တော့ သူပြန်လည်မွေးဖွားချင်တယ်ဆိုရင် ပြန်လည်မွေးဖွားခြင်း ပန်းပွင့်ကို လိုအပ်ပါ လိမ့်မယ်။ ဒါပေမဲ့လည်း ဒီပန်းပွင့်က နှစ်ပေါင်း ဆယ်ဘီလံယံမှ တစ်ကြိမ်ပဲ ပွင့်ပါတယ်။ သူတော်စင်တွေ အတွက်တောင်မှ ရရှိဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။ သူတော်စင်တွေ အများကြီး မရှိပေမဲ့ တန်ခိုးရှင်ဘုံက မယုံနိုင်စရာ ကောင်းလောက်အောင် ကျယ်ပြန့်လွန်းတာမို့ သူတော်စင်တွေရဲ့ အရေအတွက်ကလည်း တကယ်တမ်းဆို

Edit with WPS Office

မနိမ့်ကျပါဘူး။ အဲဒါကြောင့် ပြန်လည်မွေးဖွားခြင်း ပန်းပွင့်အတွက် ယှဉ်ပြိုင်မှုက ဘယ်လောက်တောင် ပြင်းထန်လိမ့်မလဲ။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းအတွင်းက နေရာကို မြင်ပြီးတဲ့ နောက်မှာတော့ သူက မှင်သက်တွေဝေ သွားခဲ့ပါတယ်။

သူလည်း သိုလှောင်နတ်ဘုရား ပစ္စည်းတွေကို ပြုလုပ်နိုင်ပါတယ်။ တကယ်လို့ သူက အစွမ်းကုန် ကြိုးစားအားထုတ်ရင်တောင် သူ့အနေနဲ့ အင်ပါယာ နန်းတော် တစ်ခုစာနဲ့ ညီမျှတဲ့ အတွင်းပိုင်း နေရာတစ်ခုကိုပဲ ပြုလုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ သူက ပိုပြီးတော့ ကြီးမားအောင် ပြုလုပ်မယ်ဆိုရင် အတွင်းမှာရှိတဲ့ နေရာက အရမ်းကို မတည်မငြိမ် ဖြစ်လာပြီးတော့ အချိန်မရွေး တစ်စစီ ပြိုလဲသွားနိုင်တဲ့ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။

ဒီလိုလုပ်ဖို့ဆိုတာ မူလဇစ်မြစ်အဆင့်ကို ရောက်ပြီးမှပဲ လုပ်နိုင်တဲ့ အရာဖြစ်ပါတယ်။ သူတို့အားလုံး သူတော်စင်တွေ ဆိုပေမဲ့ ကနဦးအဆင့်၊ အလယ်အလတ်အဆင့်နဲ့ အဆင့်မြင့်

Edit with WPS Office

အဆင့်တွေ အကြားက ကွာဟချက်တွေက နိုင်းယှဉ်လို့တောင် မရပါဘူး။

လင်းဟန်က လေလွင့်သူတော်စင်ကို ပြန်လည်မွေးဖွားခြင်း သစ်ပင်ဆီကို ခေါ်သွားပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားရဲ့ နတ်ဘုရား အာရုံက ဒီနေရာမှာ အားနည်းသွားနိုင်မှာ မဟုတ်ဘူး။ နတ်ဘုရား အာရုံကိုတောင် ပြုစုပျိုးထောင်နိုင်တယ်။ ကျုပ် ပိုပြီးတော့ အစွမ်းထက်လာတဲ့ အချိန်ကျရင် ဓာတ်ကြီးငါးပါးရဲ့ စွမ်းအားတွေကို စုစည်းပြီးတော့ ခင်ဗျားကို ခန္ဓာကိုယ်အသစ် သွန်းလုပ်ပေးဖို့ ကူညီပေးမယ်"

လေလွင့်သူတော်စင်ဖြစ်တဲ့ အဖြူရောင် အလင်းစက်ပိုင်းက ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ သစ်ကိုင်းတစ်ခက်ကို ပိုင်းပတ်လိုက်ပါတယ်။ သူက ခဏလောက် အာရုံခံပြီးတော့ အံ့အားသင့် သွားခဲ့ပါတယ်။

"ဒါ ဒါ အမှန်ပဲ၊ ငါ့ရဲ့ နတ်ဘုရားအာရုံကို ပြုစုပျိုးထောင်နိုင်တယ်။ ဘုရားရေ။ ဒါက ဒါက

Edit with WPS Office

ပြန်လည်မွေးဖွားခြင်း သစ်ပင်များ ဖြစ်နေမလား”

ပြန်လည်မွေးဖွားခြင်း ပန်းပွင့်က တန်ဖိုးကြီးပေမဲ့ အနည်းဆုံးတော့ နှစ်ပေါင်းဆယ်ဘီလီယံတိုင်းမှာ တစ်ကြိမ် ပွင့်ပါတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတော်စင်တွေရဲ့ မျိုးဆက်နှစ်ဆက် အတွင်းမှာ အဲဒါကို ရယူနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း ပြန်လည်မွေးဖွားခြင်း သစ်ပင်နဲ့ ပတ်သက်ရင်ရော ဘယ်လိုလဲ။

လူတွေက ဒီသစ်ပင်ကို ဒီကမ္ဘာကြီးက မဟုတ်ဘူးလို့တောင် သတ်မှတ်ထားတဲ့ အပင်ဖြစ်ပါတယ်။ နောက်ပြီးတော့ အရွယ်ရောက် ဖွံ့ဖြိုးဖို့အတွက် နှစ်ပေါင်း ဆယ့်နှစ်ထရီလီယံတောင် လိုပါတယ်။

နှစ်ပေါင်း ဆယ့်နှစ် ထရီလီယံဆိုတာ ဘယ်လိုမျိုးတောင်လဲ။

ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင်ရဲ့ အရှေ့မှာ သူတော်စင်တွေတောင်မှ သူတို့ဟာ ဂျူနီယာတွေ ဖြစ်သွားနိုင်ပါတယ်။ သူတို့ရဲ့ သက်တမ်းက ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ ဆယ်ပုံတစ်ပုံတောင်

Edit with WPS Office

မရှိခဲ့ပါဘူး။

လေလွင့်သူတော်စင်ရဲ့ အသံက တုန်တုန်ရီရီ ဖြစ်လာပြီးတော့ သူက မေးလိုက်တယ်။

"ကောင်လေး ဘယ်သူတော်စင် ဘုရင်ရဲ့ အမွေအနှစ်နဲ့ ရတနာပစ္စည်းတွေကို မင်းဆက်ခံ ရရှိခဲ့တာလဲ"

မူလဇစ်မြစ် အဆင့်မှာ ရှိတဲ့သူတွေကို သူတော်စင်တွေလို့ ခေါ်ဆိုကြပါတယ်။ ကနဦး အဆင့်မှာ ရှိတဲ့သူတွေကိုတော့ သူတော်စင်လေးလို့ ခေါ်ဆိုကြပြီး ပြင်းထန်အလယ်အလတ်မှာ ရှိရင် အလယ်အလတ် သူတော်စင်နဲ့ ပြင်းထန်အဆင့်မြင့်မှာ ရှိတဲ့သူတွေကို မဟာသူတော်စင်တွေလို့ ခေါ်ဆိုကြကာ ပြီးပြည့်စုံခြင်းအဆင့်မှာ ရှိရင်တော့ သူတော်စင် ဘုရင်တွေလို့ ခေါ်ဆိုကြပါတယ်။ သူတို့အားလုံး သူတော်စင်တွေ ဆိုပေမဲ့ အဆင့်သေးတစ်ခု တိုးတက်ဖို့ဆိုတာ မူလဇစ်မြစ် အဆင့်မှာ မယုံကြည်နိုင်အောင် ခက်ခဲပါတယ်။

သူတော်စင် အများစုက သူတော်စင်လေး အဆင့်ကိုပဲ

Edit with WPS Office

ရောက်နိုင်ကြပြီး သူတို့မသေခင်မှာတောင် အဆင့်မတက်နိုင်ကြဘူးလို့ ပြောဆိုနိုင်ပါတယ်။ သူတို့က အလယ်အလတ်အဆင့် သူတော်စင် တစ်ယောက်ရဲ့ အဆင့်ကို ရောက်ဖို့ လမ်းအရှည်ကြီး ကျန်နေပါသေးတယ်။

လေလွင့်သူတော်စင်က အဲဒီသူတော်စင်လေးတွေထဲ တစ်ယောက် ဖြစ်ပါတယ်။ သူက သူတော်စင် ဘုရင်တစ်ယောက်နဲ့ ယှဉ်လိုက်ရင် ပုရွက်ဆိတ်လေး တစ်ကောင်သာသာပါပဲ။

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်တယ်။

"စီနီယာ ဒီနေရာမှာ ခင်ဗျား ပျော်ရဲ့လား"

"ဒါပေါ့ဒါပေါ့"

လေလွင့်သူတော်စင်က အရမ်းကို ပျော်ရွှင်ကျေနပ်လို့ နေပါတယ်။ နောက်ဆုံးတော့ သူကိုယ်တိုင် လက်စားပြန်ချေလို့ ရပါတော့မယ်။ တကယ်တော့ သူတို့အနေနဲ့ မလိုအပ်ပဲနဲ့ တခြားသူတွေ အပေါ်မှာ မှီခိုချင်စိတ် ရှိမှာလဲ။ နောက်ပြီးတော့ သူက

Edit with WPS Office

အသက်ပြန်ရှင်နိုင်ပြီး အတိတ်တုန်းက သူ့ရဲ့ကျင့်ကြံခြင်းကိုတောင် ပြန်လည်ကောင်းမွန်လာနိုင်ပါတော့မယ်။ ဒါက သူ့ကို ပိုပြီးတော့ ကျေနပ်ပီတိဖြစ်စေပါတယ်။

"ဒါဆိုရင် ကျုပ်တို့ကို အခု လွှတ်ပေးလို့ ရမလား"

လင်းဟာန်က မေးလိုက်တယ်။

"ဒါပေ့ါ"

လေလွင့်သူတော်စင်က နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ပြန်ဖြေလိုက်ပါတယ်။

"အိုး ဟုတ်သားပဲ။ တန်ခိုးရှင် ကပ်ဘေးဆိုတာ ဘာလဲ"

လင်းဟာန်က ရုတ်တရက် မေးလိုက်ပါတယ်။

လေလွင့်သူတော်စင်က ခဏလောက် အထိတ်တလန့်ဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

"မင်းက တန်ခိုးရှင်ကပ်ဘေးက ဘာလဲဆိုတာကိုတောင် မသိပဲ ငါနဲ့ အပေးအယူ လုပ်ခဲ့တာလား"

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီနတ်ဘုရား ပစ္စည်းအထဲမှာ ပစ္စည်းစိတ်ဝိညာဉ် တစ်ခုရှိတယ်။ သူကပဲ ကျုပ်ကို ဒီလိုမျိုး ပြောဖို့ သင်ပေးခဲ့တာ။ ကျုပ်က ဒီစကားတွေကို ပြန်ပြောခဲ့ရုံပါပဲ"

ဒီစကားတွေကို ကြားလိုက်ရပြီးတဲ့ နောက်မှာတော့ လေလွင့်သူတော်စင်က လင်းဟန်မှာ သူ့ကို ဘဝအသစ် ပြန်ပေးနိုင်မဲ့ စွမ်းရည်ရှိတယ်ဆိုတာကို ပိုပြီးတော့တောင် ယုံကြည်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက လိမ္မာတတ်ပေမဲ့ စိတ်ဝိညာဉ် ပစ္စည်းတွေက လိမ္မာတယ် ဆိုတာကိုတော့ ဘယ်တုန်းကမှ မကြားဖူးခဲ့ပါဘူး။ သူက ခဏလောက် စဉ်းစားပြီးတော့ ရှင်းပြလိုက်ပါတယ်။

"သူတော်စင်တွေမှာ ကမ္ဘာအသစ်တွေ ဖန်တီးနိုင်တဲ့ စွမ်းရည်ရှိတယ်။ ဒါပေမဲ့လည်း အဲဒီစွမ်းရည်ကြောင့် မိုးကောင်းကင်ရဲ့ မနာလို ဝန်တိုမှုဒဏ်ကို ငါတို့တွေ ပင့်ဖိတ်လိုက် သလိုပဲ။ ဒါကြောင့် တန်ခိုးရှင် ကပ်ဘေးလို့ခေါ်တဲ့ ဒုက္ခဆင်းရဲကို နှစ်သန်းပေါင်း တစ်ရာပြည့်တိုင်း တစ်ကြိမ် ငါတို့တွေ ခံစားရလိမ့်မယ်"

Edit with WPS Office

"ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကျိန်စာတစ်ခုပဲ။ အဲဒီကျိန်စာက ကြီးမားတဲ့ ကပ်ဘေးတွေ ကြီးမားတဲ့ ဖျားနာမှုတွေ ဒါမှမဟုတ် ကောင်းကင်ဘုံရဲ့ ကပ်ဘေးတွေကိုတောင် သယ်ဆောင်လာတတ်တယ်။ သူတော်စင်တွေတောင် ကံမတရား ဆိုးသွားပြီဆိုရင် သတ်ဖြတ်ခံရတာမျိုးတွေ ဖြစ်လာနိုင်ချေတောင် ရှိသေးတယ်"

"တကယ်လို့ မင်းက တန်ခိုးရှင် ကပ်ဘေးတစ်ခုကနေ ရှောင်တိမ်းမယ် ပုန်းနေမယ်ဆိုရင် နောက်ထပ် နှစ်ပေါင်း သန်းတစ်ရာ အကြာမှာ ရောက်လာမဲ့ နောက်တစ်ခုက ပိုပြီးတော့တောင် ကြောက်စရာ ကောင်းလာလိမ့်မယ်။ နောက်ပြီးတော့ တန်ခိုးရှင် ကပ်ဘေးတွေက ဘယ်တော့မှ မဆုံးတတ်ဘူး။ သူတို့က သူတို့ကို ဆန့်ကျင်ရင်ဆိုင်နိုင်တဲ့ စွမ်းရည်မရှိသေးသရွေ့ ဆက်ပြီးတော့ ဖြစ်ပေါ်နေမှာပဲ။ အဲဒီအချိန်ကျရင် တကယ်လို့ သူတို့ရဲ့ သက်တမ်းက အဆုံးသတ်ထိ မရောက်သေးဘူး ဆိုရင်တောင် သေရလိမ့်မယ်"

Edit with WPS Office

"အစွမ်းထက်လာတာ တစ်ခုတည်းကပဲ တန်ခိုးရှင် ကပ်ဘေးရဲ့ ခြိမ်းခြောက်မှုကို အဆက်မပြတ် ဖြေရှင်းနိုင်စွမ်း ရှိလိမ့်မယ်။ တန်ခိုးရှင် ကပ်ဘေးက မင်းပိုပြီးတော့ အစွမ်းထက်လာပြီး မညာမတာ ဖိအားပေးနေတာမျိုး တစ်ခုနဲ့ တူတယ်"

လင်းဟာန်က အခံ့အားသင့် သွားခဲ့ပါတယ်။ သူတော်စင်တွေကို ကြည့်ရတာ ကမ္ဘာတစ်ခုလုံးမှာ ပြိုင်ဘက်ကင်းတဲ့ အထွတ်အထိပ် ပုဂ္ဂိုလ်တွေနဲ့ တူပါတယ်။ သူတိုတောင်မှ ဒီလိုကျိန်စာမျိုးကို ခံစားရပါသေးတယ်။ သူတော်စင်တွေ အရမ်းကို နည်းပါးတာက အံ့သြစရာ မရှိတော့ပါဘူး။

သူတော်စင် တစ်ယောက် ဖြစ်လာပြီးရင် နောက်ထပ်အဆင့်တစ်ခု တက်ရတာက မိုးကောင်းကင်ကို တက်ရသလို ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့လည်း တန်ခိုးရှင် ကပ်ဘေးက နှစ်ပေါင်း သန်းတစ်ရာမှာ တစ်ကြိမ် ရောက်လာပါလိမ့်မယ်။ အဲဒီလူက အစွမ်းထက်လာလား အစွမ်းထက် မလာဘူးလားဆိုတာ လုံးဝကို လျစ်လျူရှုထား ပါလိမ့်မယ်။

Edit with WPS Office

တကယ်လို့ လူတစ်ယောက်က သန်မာမှု မ ရှိဘူးဆိုရင် တန်ခိုးရှင် ကပ်ဘေးကို ကံကောင်းပြီး ဖြတ်ကျော်ကောင်း ဖြတ်ကျော်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့လည်း နောက်တစ်ကြိမ် ရောက်လာတဲ့ အချိန်မှာတော့ သူတို့က သေချာပေါက် အသတ်ခံလိုက် ရပါလိမ့်မယ်။

"ဒါဆိုရင် ကျင့်ကြံခြင်းက ရေစီးထဲမှာ မျောနေတဲ့ လှေတစ်စီးနဲ့ တူတာပေါ့။ တကယ်လို့ အရှေ့ကို ဆက်မတိုးနိုင်ရင် အနောက်ကို ပြန်တွန်းတာ ခံရလိမ့်မယ်။ တကယ်လို့ မင်းက အနောက်ကို ပြန်တွန်းထုတ် ခံလိုက်ရရင် သေခြင်းတရားက မင်းရဲ့ တစ်ခုတည်းသော ကံပဲ"

လေလွင့်သူတော်စင်က ကျင့်ကြံခြင်းနဲ့ ပတ်သက်ပြီး အမှန်တရားကို ထုတ်ဖော်ပြော လိုက်ပါတယ်။

"တကယ်လို့ ခင်ဗျားက ဓာတ်ကြီးငါးပါးကနေ ခန္ဓာကိုယ်အသစ် သွန်းလုပ်မယ်ဆိုရင် တန်ခိုးရှင် ကပ်ဘေးကို နှစ်ပေါင်းဆယ်သန်းမှာ တစ်ကြိမ် ရင်ဆိုင်ရလိမ့်မယ်"

Edit with WPS Office

လင်းဟာန်က ပြောလိုက်တယ်။

"အဲဒါက ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့် သူတော်စင် တစ်ယောက်လို ပြန်လည်ကောင်းမွန်လာပြီးတဲ့ နောက်မှပဲ ရင်ဆိုင်ရမဲ့ ကိစ္စတစ်ခုပါ။ ဘယ်လိုပဲဖြစ်ဖြစ် ငါက တန်ခိုးရှင်ကပ်ဘေး တော်တော်များများ အတွေ့အကြုံ ရှိပြီးသားပဲ။ ဒါကြောင့် ပထမ အနည်းစုက ငါ့ကို အန္တရာယ်ပြု နိုင်လိမ့်မှာ မဟုတ်ဘူး"

လေလွင့်သူတော်စင်က ယုံကြည်မှုတွေ ပြည့်နှက်လို့ နေပါတယ်။ သူက ဆက်ပြီးတော့ ပြောလိုက်တယ်။

"ငါက သူတော်စင် တစ်ယောက်ရဲ့ လမ်းကြောင်းကို တစ်ကြိမ်လျှောက်ဖူးပြီးပြီ။ ငါ နောက်တစ်ကြိမ် သူတော်စင် ဖြစ်လာဖို့ ပြန်လည်ကောင်းမွန်လာတဲ့ အချိန်မှာ သစ္စာဖောက် တပည့်သုံးယောက်ကို သတ်ပစ်ဖို့ နောက်ထပ် နှစ်ပေါင်းဆယ်သန်းလောက် ကျင့်ကြံလိုက် ရလောက်ပါပြီ"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ ဓာတ်ကြီးငါးပါးကနေ သွန်းလုပ်ထားတဲ့ ခန္ဓာကိုယ် တစ်ခုက မိုးကောင်းကင်

Edit with WPS Office

ကပ်ဘေး ဆယ်ခုကို မကြာခဏ ကျရောက်လာအောင် ဖြစ်စေပေမဲ့ အဲဒါက နှစ်ပေါင်းဆယ်သန်းကြာမှ တစ်ကြိမ်ပဲ ဖြစ်ပါတယ်။

ဒီဒုတိယ ဘဂမှာ သူက အသက်ငါးဆယ်တောင် မရောက်သေးသလို အရင်ဘဂတုန်းကလည်း နှစ်ပေါင်းနှစ်ရာကျော်ပဲ ရှင်သန်ခဲ့ပါတယ်။ ဒါကြောင့် နှစ်ပေါင်းဆယ်သန်းဆိုတဲ့ အချိန်ပမာဏ တစ်ခုက သူ့ကို အရမ်းပဲ အံ့အားသင့်စေပါတယ်။

"ကောင်းပြီလေ။ စီနီယာ ကျုပ်တို့ကို အရင်ဆုံး အပြင်ထုတ်ပေးပါဦး"

လင်းဟန်က လေလွင့်သူတော်စင်နဲ့အတူ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပါတယ်။

ဒီကိစ္စက သူထင်ထားတာထက်တောင် ပိုပြီးတော့ လွယ်ကူချောမွေ့စွာနဲ့ အဆင်ပြေသွား ခဲ့ပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲ ဂင်ပုန်းနေခဲ့တာက ဧကရီ ဘုရင်မ လွမ့်ရှင်းကို မထိခိုက်စေချင်လို့ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့

Edit with WPS Office

သို့လောင် နတ်ဘုရား ပစ္စည်းရဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားစေခဲ့ပါတယ်။ သူ့ကို အံ့အားသင့် သွားစေခဲ့တာက နောက်ပိုင်းမှာ လေလွင့်သူတော်စင်ရဲ့ ယုံကြည်မှုကို ရရှိပြီး အဆုံးသတ် သွားခဲ့ပါတယ်။

လေလွင့်သူတော်စင်က သူ့ရဲ့ နတ်ဘုရား အာရုံကို အနက်ရောင် မျှော်စင်ထဲမှာ ပြုစုပျိုးထောင် ပါလိမ့်မယ်။ ဒါကြောင့် သူက လင်းဟန်ကို ပြန်ပြီးတော့ ကူညီပေးရမှာက သဘာဝကျတဲ့ အရာတစ်ခု မဟုတ်လား။

အနက်ရောင် မျှော်စင်ထဲကနေ လင်းဟန်ထွက်လာတဲ့ အချိန်မှာ ကေရီ ဘုရင်မ လွှမ်းရှင်းက ပုံမှန်ပြန်ဖြစ် သွားခဲ့တာကို တွေ့လိုက်ရပါတယ်။ သူမက အဲဒီမှာပဲ သူမဘာသာ ရပ်နေပြီး သူမနဲ့ ပတ်သက်ပြီးတော့ ဖေခဲ့လို့ မရနိုင်တဲ့ အထီးကျန်ဆန်မှု အာရုံတစ်ခု ရှိနေပါတယ်။ ဒီမြင်ကွင်းကို မြင်တွေ့ရသူ အပေါင်းက သူမကို အထီးကျန်ဆန်မှုကနေ လွတ်မြောက်အောင် ပွေ့ဖက်ထားချင်တဲ့ စိတ်တွေ တဖွားဖွားဖြစ်ပေါ် လာပါလိမ့်မယ်။

Edit with WPS Office

ဒီဇေကရီ ဘုရင်မရဲ့ ဆွဲဆောင်မှုက အရမ်းကို ကြီးမားလွန်းပါတယ်။

လင်းဟာန်က ချောင်းတစ်ချက် ဟန့်ပြီးတော့ သူ့ကိုယ်သူ ထိန်းကာ ပြောလိုက်တယ်။

"ဘုရင်မခင်ဗျား ကျနော်တို့ မကြာခင်မှာ ထွက်လို့ရပါတော့မယ်"

သူ့ကို စိုက်ကြည့်နေတဲ့ ဇေကရီ ဘုရင်မ လွမ့်ရှင်းရဲ့ မျက်လုံးတွေထဲမှာ ရှုပ်ထွေးနေတဲ့ အကြည့်တစ်ခု ရှိနေပါတယ်။ သူမရဲ့စိတ်ထဲမှာ အတွေးတွေ ယောက်ယက်ခတ်လို့ နေပါတယ်။

အစတုန်းက သူမရဲ့ စိတ်ထဲက အဲဒီအတွေးကို ပယ်ဖျောက်နိုင်ဖို့ လင်းဟာန်ကို သတ်ပစ်ဖို့ ဆုံးဖြတ်ထား ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီလိုမျိုး ကြီးမားတဲ့ အလှည့်အပြောင်းကြီးတစ်ခု ဖြစ်လာမယ်လို့ ဘယ်သူက မျှော်လင့်မိမှာလဲ။ သူမရဲ့ ကျင့်ကြံခြင်းအဆင့် ထိန်းချုပ်ခံရပြီး လင်းဟာန်ထက်တောင် အားနည်းသွားခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဒီအခြေအနေကို အခွင့်ကောင်းယူပြီးတော့ လင်းဟာန်က သူမကို အနိုင်ကျင့် စော်ကားခဲ့ခြင်း မရှိပါဘူး။ ဒီအတွက် ပြင်းထန်တဲ့ စိတ်စွမ်းအားနဲ့ ထိန်းချုပ်နိုင်စွမ်း လိုပါတယ်။ သူမက ဘယ်လောက်တောင် ဆွဲဆောင်မှုရှိတယ် ဆိုတာကို သူမ ကောင်းကောင်းကြီး နားလည်သဘောပေါက် ထားပါတယ်။

စောစောတုန်းက ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်တွေက သူမရဲ့ စိတ်ထဲမှာ အရမ်းကို ဖိအားများ စေခဲ့ပါတယ်။

သူမက သူတော်စင် တစ်ယောက်ရဲ့ ရုပ်သေးရုပ် တစ်ရုပ် ဖြစ်သွားပြီး အဲဒီအတွက် တပ်မက်စိတ် ပြင်းပြနေတဲ့ သားရဲတစ်ကောင်နဲ့ တူလာပါတယ်။ သူမကိုယ်သူမ လင်းဟာန်ဆီကို မနေးကွေးပဲ ပစ်ဝင်သွားပြီး သူ့ကိုတောင် အတင်းတွန်းလှဲခဲ့ပါသေးတယ်။ လင်းဟာန်က ဒီလိုမျိုး ကြီးမားတဲ့ ဆွဲဆောင်မှု အောက်မှာတော သူ့ရဲ့ စိတ်ထားမြင့်မြတ်မှုကို ကာကွယ်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ အမျိုးသားဗီဇမှာ တစ်ခုခုများ မှားယွင်းနေသလား။

Edit with WPS Office

မဖြစ်နိုင်ဘူး။

သူမက စောစောကပဲ သူနဲ့အတူ လုံးထွေးနေခဲ့ပြီး သူ့လက်နက်ကြီးရဲ့ ကြောက်စရာကောင်းတဲ့ သဘာဂကို ရှင်းရှင်းလင်းလင်း ခံစားနိုင်ခဲ့ပါတယ်။ သူ့လက်နက်ကြီးက အဆင်သင့် ဖြစ်နေပြီး အချိန်မရွေး သူမကို ပစ်ခတ်တိုက်ခိုက်ဖို့ ပြင်ဆင်ထားတဲ့ ပုံစံပါပဲ။ နောက်ပြီးတော့ သူမက လင်းဟန်ရဲ့ မျက်လုံးတွေထဲက တပ်မက်မှုတွေကိုလည်း မြင်တွေ့ခဲ့ပါတယ်။

ဒါပေမဲ့လည်း သူက သူ့ကိုယ်သူ ထိန်းချုပ်ထားခဲ့ပါတယ်။ သူ့ရဲ့ သိုလှောင် နတ်ဘုရား ပစ္စည်းရဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားဖို့တောင် ရွေးချယ်ခဲ့ပြီး သူမရဲ့ သန့်စင်မှုကို ကာကွယ်ပေးခဲ့ပါတယ်။

ဧကရီ ဘုရင်မက စိတ်လှုပ်ရှား သွားမိတာကိုတော့ ဝန်ခံရပါမယ်။

Chapter 1130 end

အပိုင်း(1131) ငြိမ်းချမ်းရေး ဂြိုလ်ကြီးသို့ အပြန်

Edit with WPS Office

လင်းဟာန်ရဲ့ ဖမ်းဆုပ်ခြင်းကို ခံခဲ့ရတဲ့ အချိန်က စပြီးတော့ အမြဲတမ်းပဲ ဧကရီ ဘုရင်မက သူ့ကို တဏှာရူး နှာဘူးကောင် အရှက်မရှိတဲ့ လူဆိုးလူယုတ်မာ တစ်ယောက်အဖြစ် မြင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း နှစ်နှစ်နီးပါးလောက် အနီးကပ် အချိန်တွေ ကုန်ဆုံးပြီးတဲ့ နောက်မှာတော့ လင်းဟာန်ရဲ့ စိတ်ထားက မြင့်မြတ်တယ်ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

နောက်ဆုံးမှာ သူဖော်ပြခဲ့တဲ့ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းက အရမ်းကို လွှမ်းမိုးနိုင်ပြီး ပြတ်သားတဲ့ စိတ်ဓာတ်ခွန်းအား တစ်ခု လိုအပ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ အဖိုးထိုက်တန်တဲ့ ရတနာ ပစ္စည်းအကြောင်းကိုတောင် သူမရဲ့ ဖြူစင်မှုကို ကာကွယ်ဖို့ ပေါက်ကြားစေခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ စိတ်ထားက တကယ့်ကို မြင့်မြတ်တယ်လို့ ပြောနိုင်ပါတယ်။

သူမက လင်းဟာန်ကို သတ်ပစ်နိုင်ဦးမှာလား။

ဒါပေါ့ ဘယ်ဟုတ်မလဲ။ အဲဒါက ကျေးဇူးတရားကို အမုန်းတရားနဲ့ ပေးဆပ်တာမျိုး ဖြစ်သွားပါ လိမ့်မယ်။

Edit with WPS Office

အမှန်ဆိုရင် ဇောရီ ဘုရင်မ လွှမ်းမိုးမှ ရှင်း အနေနဲ့ တခြားယောက်ျား တချို့နဲ့ မဟုတ်ပဲ လင်းဟန်နဲ့အတူ ပိတ်လှောင်ခံရတဲ့အတွက် အနည်းငယ် ဂမ်းမြောက်ဂမ်းသာ ဖြစ်မိခဲ့ပါတယ်။ တကယ်လို့ တခြားယောက်ျားတွေသာဆိုရင် သူမရဲ့ ဖြူစင်မှုနဲ့ အပျိုစင်ဘဝ သေချာပေါက် ဆုံးရှုံးသွားပါလိမ့်မယ်။ ဒီဖြစ်နိုင်ချေကို စဉ်းစားကြည့်မိရင်ပဲ သူမက ထိတ်လန့်မှုကြောင့် တုန်တုန်ရီရီ ဖြစ်သွားသလို ခံစားရပါတယ်။

နောက်ပြီးတော့ လေလွင့်သူတော်စင်က တပည့်တစ်ယောက် ရရှိဖို့အတွက် သေချာမှုရှိအောင် သူမနဲ့ အကြိမ်တော်တော်များများ လင်မယားအရာမြောက်အောင် လုပ်နိုင်းပါလိမ့်မယ်။ ဒါက ပိုပြီးတော့တောင် ကြောက်စရာ ကောင်းလွန်းပါတယ်။

ဒါကြောင့် လင်းဟန်က သူမရဲ့ ကျေးဇူးရှင် တစ်ယောက် ဖြစ်ပါတယ်။ အမှန်ဆို သူမက သူ့အပေါ်မှာ အကြွေးအများကြီး တင်နေပြီး ဒီဘဝတစ်လျှောက်လုံး သူ့ကို ပြန်ပေးဆပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ပြဿနာက သူမရဲ့ အနမ်း၊ ပွေ့ဖက်ခြင်းနဲ့ သူနဲ့အတူ လုံးလားထွေးလား ပတ်သက်ခဲ့တဲ့ မှတ်ဉာဏ်တွေက သူမရဲ့ စိတ်ထဲမှာ လောင်မြိုက်လို့ နေပါတယ်။ သူမက ဒီအဖြစ်အပျက်တွေ ပြန်စဉ်းစားမိရင် ဘယ်လိုလုပ် သက်တောင့်သက်သာ ရှိနိုင်မှာလဲ။ သူမအပေါ်မှာ ကြီးမားတဲ့ ဂန်ထုပ်ဂန်ပိုးတစ်ခု ရှိနေပြီး အဲဒါက ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး ကျင့်ကြံသူ ဖြစ်ရမယ်ဆိုတဲ့ သူမရဲ့ ရည်မှန်းချက် ဖြစ်ပါတယ်။

အခု သူမရဲ့ တာအိုနှလုံးသားထဲမှာ အစွန်းအထင်းတစ်ခု ရှိနေပါပြီ။ အဲဒါက သူမရဲ့ အနာဂတ် ကျင့်ကြံခြင်း အပေါ်မှာ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ သူမက ဒီအတွက်နဲ့ ပတ်သက်ပြီး ဘာများလုပ်နိုင်မှာလဲ။

သူမက ဘာဖြစ်လို့ မစိုးရိမ်ပဲ နေနိုင်မှာလဲ။

နောက်ဆုံးမှာတော့ သူမက ငါနားလည်တယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ အင်းအင်းလို့ အသာလေး ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က သူမရဲ့ အခက်အခဲတွေ တော်တော်များများကို

Edit with WPS Office

နားလည်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူက မိန်းမတစ်ယောက် မဟုတ်သလို ကေရီ ဘုရင်မ လွှမ်းရှင်းလည်း မဟုတ်ပါဘူး။ သူ့အနေနဲ့ သူမ ဒီအချိန်မှာ ဘာခံစားနေရလဲ ဆိုတာကို တစ်ရာခိုင်နှုန်းလောက်ပဲ နားလည်နိုင်ပါလိမ့်မယ်။

"ကေရီ ဘုရင်မခင်ဗျား ဒီပြီးခဲ့တဲ့ ရက်အနည်းငယ် အဖြစ်အပျက်တွေ ဘယ်တုန်းကမှ မဖြစ်ပျက်ဘူးလို့ပဲ နေလိုက်ကြတာပေါ့။ အရှင်သခင်မ ဘာများပြောချင်ပါလဲ"

ကေရီ ဘုရင်မက ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ ကျွဲမြီးတိုသွားခဲ့ပါတယ်။

သူမက ပြောနိုင်တာက....

နင်က ငါ့ကို ထိလည်းထိခဲ့တယ်။ နမ်းလည်းနမ်းပြီး ငါ့ကို ပွေ့ဖက်ခဲ့တယ်။ ဒါတောင်မှ ဘာမှမဖြစ်ဘူးဆိုတဲ့ စကားလေး နည်းနည်းနဲ့ ဖုံးကွယ်ထားချင်တယ်ပေါ့ ဟုတ်လား။

တကယ်လို့ လင်းဟန်သာ သူမရဲ့ အတွေးတွေကို သိမယ်ဆိုရင် သူက သေချာပေါက် မှားနေပြီ ဆိုပြီးတော့ အော်ဟစ်နေပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကေရီ

Edit with WPS Office

ဘုရင်မကပဲ သူ့ကို ထိခဲ့ သူ့ကို နမ်းခဲ့ပြီး သူ့ကို ပွေ့ဖက်ခဲ့တာ မဟုတ်လား။ တကယ်လို့ သူ့ရဲ့ စိတ်ဓာတ်ခွန်အားသာ မသန်မာခဲ့ဘူးဆိုရင် ဖြစ်နိုင်ချေ တစ်ခုက သူမဟာ သူ့ကို အနိုင်ထက်စီးနင်း အဓမ္မကျင့် ပြီးလောက်ပါပြီ။

သစ္စာမဲ့တဲ့ ယောက်ျား။

ဧကရီ ဘုရင်မက သူမရဲ့ စိတ်ထဲကနေ ကြိမ်းမောင်းလိုက်ပါတယ်။

ဒါပေမဲ့လည်း သူမက ချက်ချင်းဆိုသလို သူမအတွေးတွေကို မောင်းထုတ်လိုက်ပါတယ်။ ဒီယောက်ျားက သူမရဲ့ လင်ယောက်ျား ဖြစ်လာဖို့ ထိုက်တန်လို့လား။ မဖြစ်နိုင်တာ။ သူမက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"အဲဒီလိုမှ မဟုတ်ရင် နင်က အဲဒီအဖြစ်အပျက်တွေကို ပြန်သတိရချင်ပြီး ငါနဲ့ပတ်သက်ပြီး စိတ်ကူးယဉ်ချင်နေတာလား"

အား သူမက တကယ်တမ်းဆို ချစ်စရာ မကောင်းဘူးပဲ။ သူမက အရမ်းကို ဆိုးသွမ်းပါတယ်။

Edit with WPS Office

လင်းဟန်က သူ့စိတ်ထဲကနေ သက်ပြင်းချလိုက် မိပါတယ်။ မိန်းမလှလေးတွေက တစ်ဖက်မှာ နှစ်သက်ဖွယ် ကောင်းပေမဲ့ တစ်ဖက်မှာတော့ တစ်မျိုးတစ်ဘာသာ ဖြစ်နေတတ်ပါတယ်။ သူမက သူ့ကို မခံချိမခံသာ စကားတစ်ခွန်း ပြောလိုက်ပေမဲ့ ဘာပဲဖြစ်ဖြစ် သူမကို သူ့အနေနဲ့ မကြိုက်ပဲ မနေနိုင်ပါဘူး။ သူက သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်တယ်။ ဒီရက်ရက်စက်စက်လှတဲ့ မိန်းမနဲ့ပ ပေးပေးနေမှ ဖြစ်ပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမဆီမှာ သူတကယ်ပဲ ကျရှုံးသွား ပါလိမ့်မယ်။

လင်းဟန်နဲ့ ကေရီ ဘုရင်မ လွှမ်းရှင်းတို့ နှစ်ယောက်စလုံး သူတို့အတွေးတွေထဲ နှစ်မျောပြီးတော့ တိတ်ဆိတ်ငြိမ်သက် နေကြပါတယ်။ အဲဒီအချိန်မှာ လေလွင့်သူတော်စင်ရဲ့ လုပ်ဆောင်မှုကြောင့် ဧရာမ ဂူသချိုင်းကြီး အတွင်းမှာ အံ့အားသင့်စရာ ကောင်းလောက်အောင် ကြယ်တာရာ လှေတစ်စီး ထွက်ပေါ်လာခဲ့ပါတယ်။

လေလွင့်သူတော်စင်က ပြင်းပြင်းထန်ထန် ဒဏ်ရာရထားပြီး သူ့ရဲ့ သူတော်စင် မူလဇစ်မြစ်တောင် အခိုးခံထားရပေမဲ့

Edit with WPS Office

သူက သူတော်စင် တစ်ယောက် ဖြစ်နေဆဲပါပဲ။ သူက မသေခင် ပြင်ဆင်မှုတွေ တော်တော်များများ ပြုလုပ်ခဲ့ပါတယ်။ အဲဒီထဲက တစ်ခုက ဒီကြယ်တာရာလှေ တစ်စီးကို ဖွက်ထားတာ ဖြစ်ပြီးတော့ ဒါက သူ့အနာဂတ် တပည့်အတွက် ပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အခုဆို သူ့အတွက် ဒုတိယဘဝတစ်ခု ရှင်သန်နိုင်ချေ ရှိလာပါပြီ။ ဒါကြောင့် သူပ အခု ဒီကြယ်တာရာလှေကို အသုံးပြုဖို့ ထုတ်ယူလိုက်ခြင်း ဖြစ်ပါတယ်။

ဒါက သေးငယ်တဲ့ ကြယ်တာရာလှေ တစ်စီးပါပဲ။ လှေပေါ်မှာ ခုခံတဲ့ ဂက်ပါအစီအရင် အနည်းငယ် ရေးထွင်းထားပါတယ်။ ဒီဂက်ပါအစီအရင်တွေက ကြယ်ဥက္ကာပျံတွေနဲ့ ကြယ်စင်အစုအဝေးထဲမှာ ရုတ်တရက် ထွက်ပေါ်လာတတ်တဲ့ စကြဝဠာ တွင်းနက်တွေကို ရင်ဆိုင်ဖို့ အသုံးပြုထားတာ ဖြစ်ပါတယ်။ ဒီဂက်ပါတွေမှာ တိုက်ခိုက်နိုင်တဲ့ စွမ်းရည် နည်းနည်းလေးမှ မပိုင်ဆိုင်ထားပါဘူး။

Edit with WPS Office

ကြယ်တာရာလေ့ကအရမ်းကို သေးငယ်ပါတယ်။ ဒါကြောင့် ဂက်ပါအစီအရင်တွေ အများကြီး ရေးထွင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

ဒါနဲ့ပတ်သက်ပြီး တတ်နိုင်တာ ဘာမှမရှိပါဘူး။ လေလွင့်သူတော်စင်က ဒါကို သူမသေခင် အချိန်လေးမှာပဲ ပြင်ဆင်ခဲ့ရတာပါ။ ဒါကြောင့် သူက ပစ္စည်းတွေကို ပြီးပြည့်စုံအောင်လုပ်ဖို့ ဘယ်လိုလုပ် အချိန်ရှိမှာလဲ။

သူက ကြယ်တာရာလေ့ကို ဆင့်ခေါ်ပြီးတဲ့ နောက်မှာ အနက်ရောင် မျှော်စင်ထဲ ပြန်ဝင်သွား ခဲ့ပါတယ်။ အခုချိန်မှာ သူ့ရဲ့ နတ်ဘုရားအာရုံ တစ်ခုပဲ ကျန်ပါတော့တယ်။ ပြီးတော့ သူ့ရဲ့ ကိုယ်ပိုင် သူတော်စင် စွမ်းအားကိုတောင် သန့်စင်ခဲ့ပါတယ်။ ဒါကြောင့် သူ့အတွက် အပြင်ဘက်က ကမ္ဘာမှာ အကြာကြီး နေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ အဲဒီအစား သူ့အတွက် ပြန်လည်မွေးဖွားခြင်း သစ်ပင်လိုမျိုး ပြင်ပပစ္စည်းတွေမှာ ကပ်နေဖို့ လိုအပ်ပါတယ်။ အဲဒါက သူ့ကို အသက်ဆက် ရှင်သန်နိုင်တဲ့အပြင် သူ့ကို နေရတာ ပိုပြီးတော့တောင် ကောင်းမွန်စေပါတယ်။

Edit with WPS Office

ဒါက ကြီးထွားဖို့ နှစ်ပေါင်း ဆယ့်နှစ် ထရီလီယံ လိုအပ်တဲ့ နတ်ဘုရား သစ်ပင်တစ်ပင် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ အကျိုးသက်ရောက်မှုက ဘယ်လိုလုပ် သာမန်ဖြစ်နိုင်မှာလဲ။

သူ ချန်ထားခဲ့တဲ့ ပြင်ဆင်မှုတွေအပေါ် မှီခိုပြီးတော့ သူ့အတွက် ဒီဧရာမ ဂူသင်္ချိုင်းကြီး အထဲမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို ထိန်းချုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါသေးတယ်။ အမှန်ဆို သူ့အတွက် ထာဝရမြေစ်အဆင့် လက်ရွေးစင်တွေကိုတောင် အားနည်းသွားအောင် ဖိနှိပ်ထိန်းချုပ်ဖို့ဆိုတာ ဖြစ်နိုင်ပါတယ်။ ဒီဧရာမ ဂူသင်္ချိုင်းကနေ သူထွက်သွားလိုက်တာနဲ့ သူက ပျက်စီးနေတဲ့ စိတ်ဝိညာဉ် တစ်ခုသာသာပဲ ဖြစ်သွားပါလိမ့်မယ်။ သူ့ကိုယ်ပိုင် သူတော်စင် စွမ်းအားကို သန့်စင်ထားတဲ့ ပျက်စီးစိတ်ဝိညာဉ် တစ်ခုထက် မပိုပါဘူး။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူ့မှာ လုံးဝကို ခြိမ်းခြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ကို အကြံပြုချက်တချို့ ပေးတာကလွဲပြီးတော့ သူလုပ်နိုင်တာ ဘာမှမရှိပါဘူး။

Edit with WPS Office

အဲဒီအချိန် လင်းဟာန်နဲ့ ကောရီ ဘုရင်မ လွှမ့်ရှင်းတို့ နှစ်ယောက်စလုံးက ကြယ်တာရာ လှေရဲ့ အတွင်းမှာ ထိုင်နေကြပါတယ်။ ဒီအထဲမှာ နားနေခန်းတွေ ဘာတွေလည်း မရှိပါဘူး။ အခန်းလေး တစ်ခန်းပဲ ရှိပါတယ်။ ဒါပေမဲ့လည်း ဒီအခန်းက လင်းဟာန်ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံထက် ပိုပြီးတော့ ကြီးမားပါတယ်။ ဒီအခန်းထဲမှာ လူဆယ်ယောက် ဝန်းကျင်လောက် ဆန့်ပါတယ်။

အခန်းထဲက လေထုက အေးစက်လို့ နေပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် စကားပြောခြင်း မရှိပါဘူး။ ဒါပေမဲ့လည်း သူတို့က နေရာသေးသေးလေး တစ်ခုမှာ နေရတာ ဖြစ်လို့ လင်းဟာန်က ကောရီ ဘုရင်မရဲ့ ခန္ဓာကိုယ်က ထွက်ပေါ်လာတဲ့ အမွှေးရနံ့တွေကို ရနေပါတယ်။ အဲဒါက သူ့ခန္ဓာကိုယ်ကို တပ်မက်မှုတွေ ပြည့်နှက်စေပါတယ်။

သူက ကောရီ ဘုရင်မရဲ့ မျက်နှာအစစ်ကို မြင်ဖူးသွားခဲ့ပါပြီ။ ပြီးတော့ သူမနဲ့အတူလည်း ထိတွေ့ခံစားမှုကိုတောင် အတွေ့အကြုံ ရှိခဲ့ပါတယ်။ အဲဒါက သူ့ရဲ့ စိတ်အာရုံကို အရိုင်းဆန် လာစေပါတယ်။

Edit with WPS Office

"နင့်စိတ်တွေကို မဖောက်ပြန်စေနဲ့"

ရုတ်တရက် ကေရီ ဘုရင်မ လွှမ့်ရှင်းက ပြစ်တင်ကြိမ်းမောင်းလိုက်ပါတယ်။

လင်းဟန်က မျက်လုံးပြူးသွားပါတယ်။

ဒါဆိုရင် ငါ့စိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာကိုတောင် မင်းက သိနေတာလား။

သူက ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ ငါအဲဒါနဲ့ ပတ်သက်ပြီး နောက်ထပ်မစဉ်းစားတော့ပါဘူး"

"နင်အဲဒါကို ထပ်ပြီးတော့ စဉ်းစားနေသေးတယ်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အပြစ်တင်တဲ့ အသံနဲ့ပြောလိုက်ပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ပြောလိုက်တယ်။

"အိုး တကယ်လား"

Edit with WPS Office

ဒီကေရီ ဘုရင်မရဲ့ ဆွဲဆောင်မှုရှိပြီး
တပ်မက်ဖွယ်ရာကောင်းတဲ့ ဘက်ခြမ်းကို တွေ့မြင်ပြီးတဲ့
နောက်မှာတော့ သူ့အတွက် သူမကို ထပ်ပြီး
ထိတ်လန့်ကြောက်ရွံ့ဖို့ အရမ်းကို ခက်ခဲပါတယ်။

သူ့ရဲ့ တစ်ခုတည်းသော အလျော့ပေးမှုက ဒီကေရီ
ဘုရင်မဟာ အစွမ်းထက်ခြင်း၊ ဆွဲဆောင်မှု ရှိခြင်း၊
ဖြူစင်ခြင်း၊ ရက်ရက်စက်စက် လှပချောမောခြင်းနဲ့
တပ်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။
တချို့အကြောင်းပြချက်တွေ အရတော့ မိန်းကလေး
တစ်ယောက်ရဲ့ ချစ်စဖွယ် ဆွဲဆောင်မှုကို
မပိုင်ဆိုင်ထားပါဘူး။ တကယ်လို့ သူမက သူ့ကို ချိုသာပြီး
ချစ်စရာကောင်းတဲ့ အသံနဲ့ ပရောပရည် လုပ်လာမယ်ဆိုရင်
သူ့အနေနဲ့ သူ့ရဲ့ အားကောင်းတဲ့ စိတ်ဓာတ်ခွန်အားနဲ့တောင်
သူ့ကိုယ်သူ ထိန်းချုပ်နိုင်ဖို့ဆိုတာ အရမ်းကို
ခက်ခဲပါလိမ့်မယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဒေါသတွေ တလိပ်လိပ်
ထွက်လာပါတယ်။ ဒီယောက်ျားက တကယ်ပဲ သူမကို

Edit with WPS Office

ရှိသေလေးစားမှု မပြပါဘူး။ သူက ပုန်ကန်တာပဲ။ ဒါ ပုန်ကန်တာပဲ။

သူမက ဒေါပွနေပြီး လင်းဟာန်ကို ဖိနှိပ်ထိန်းချုပ်ဖို့ ဆန္ဒတစ်ခု လှုံ့ဆော်လာပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ အတွေးကြောင့် ချက်ချင်းပဲ အံ့အားသင့် သွားခဲ့ပါတယ်။ သူမရဲ့ စိတ်ခံစားချက်တွေက တကယ်ပဲ ညစ်ပတ်တဲ့ ယောကျ်ားတစ်ယောက်ကြောင့် အကျိုးသက်ရောက်မှု ရှိသွားခဲ့တာလား။

သွားစမ်းပါ။ ဒါတွေအားလုံး ပြီးသွားပြီ။ အဲဒီလူနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဆက်ဆံမှုကို တွေ့ကြုံပြီးတဲ့ နောက်မှာ သူမအတွက် သူ့ကို စိတ်ထဲကနေ ပယ်ဖျက်လို့ မရနိုင်ခဲ့ပါဘူး။

အရင်က သူမဟာ အရမ်းကို ဖြူစင်သန့်ရှင်းလွန်း ခဲ့တာကြောင့်လည်း ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ လင်းဟာန်က သူမရဲ့ စိတ်ထဲမှာ အရမ်းကို နက်နက်ရှိုင်းရှိုင်း တွယ်ကပ်နိုင်မှာလဲ။ သူတို့က တကယ့်တမ်းဆို လိင်ဆက်ဆံမှု တစ်ခုမှ မလုပ်ခဲ့ပါဘူး။

Edit with WPS Office

ကြယ်တာရာလေ့က ကြယ်စင်အစုအဝေးကို ဆက်ပြီးတော့ ဖြတ်ကျော်လာပါတယ်။ သူတို့က မတော်တဆ ဘေးဒုက္ခဆိုး နည်းနည်းလေးမှ မကြုံခဲ့ရပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေး ဂြိုလ်ကြီးကို ရက်အနည်းငယ် အတွင်းမှာ ပြန်ရောက်လာခဲ့ပါတယ်။

ကံကောင်းတာက ကေရီဘုရင်မ လွှမ့်ရှင်း ပျောက်နေတဲ့ ဒီနှစ်နှစ် အတွင်းမှာ ထာဂရ မိုးကောင်းကင် အင်ပါယာရော ကျောက်စိမ်း အင်ပါယာကပါ ကြယ်ဥက္ကာ အင်ပါယာကို တိုက်ခိုက်ခြင်း မရှိပါဘူး။

ဒါက နားလည်နိုင်ပါတယ်။ တကယ်တော့ ကေရီ ဘုရင်မ လွှမ့်ရှင်းက ရုတ်တရက် ပြန်ရောက်လာမလားဆိုတာ ဘယ်သူသိမှာလဲ။

ဒါပေမဲ့လည်း လင်းဟာန်က အတော်လေးကို ခံစားလိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်ရွေးချယ်မှုက လွန်ခဲ့တဲ့ တစ်နှစ်က ပြီးဆုံးသွားခဲ့ပါပြီ။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူ့ရဲ့ အခွင့်အရေး ဆုံးရှုံး သွားခဲ့ပါပြီ။

Edit with WPS Office

သူ့ရဲ့ အစ်ကိုသုံးယောက်အပြင် ဟော့လျှန်ထန်းယွင်နဲ့ သူ့တပည့် တင်းပင်းတို့လည်း အဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို အောင်အောင်မြင်မြင်နဲ့ ဝင်ရောက်နိုင်ခဲ့ပြီး တိမ်ပုံဂြိုလ်ကြီးဆီကို သွားကုန်ပါပြီ။ မိုးရေဧကရာဇ်နဲ့ တင်းပင်းတို့က မျိုးစေ့လို့ခေါ်တဲ့ အဆင့်အတန်းကိုလည်း ရရှိခဲ့တယ် ဆိုတာကိုပါ ကြားခဲ့ရပါတယ်။ ဒါကြောင့် သူတို့က အထူးတလည် ပြုစုပျိုးထောင်မှုတွေ ဦးစားပေးခံရမှုတွေကို ဂိုဏ်းဆီကနေ ရရှိပါလိမ့်မယ်။

သူတို့အပြင် စွေ့ရန်ယွီလည်း ဂိုဏ်းထဲကို အောင်အောင်မြင်မြင်နဲ့ ဝင်ရောက်နိုင်ခဲ့ပါတယ်။ သူမက အထူးတလည် ထူးချွန်ထက်မြက်တာတော့ မဟုတ်ပေမဲ့ သူမရဲ့ အသက်နဲ့ သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပေ ါင်းလိုက်ရင် သူမအတွက် ဂိုဏ်းထဲကို ဝင်ရောက်ဖို့ အရည်အချင်း ပြည့်မီသွား ခဲ့ပါတယ်။ မျိုးစေ့တစ်ခုတော့ ဖြစ်မလာနိုင်ပါဘူး။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်သစ်တွေကို ခေါင်းစဉ်သုံးမျိုး ခွဲခြားထားပါတယ်။ မျိုးစေ့၊

Edit with WPS Office

ထူးချွန်ထက်မြက်တဲ့ တပည့်တွေနဲ့ သာမန်တပည့်တွေ ဖြစ်ပါတယ်။ ဒါကြောင့် မျိုးစေ့ထဲမှာ မိုးရေကောရာဇ်နဲ့ တင်းပင်းတို့ နှစ်ယောက် ပါဝင်ပြီး ဟော့လျန်ထန်းယွန်နဲ့ ဖန်ပိုယွမ်တို့ နှစ်ယောက်ကတော့ ထူးချွန်ထက်မြက်တဲ့ တပည့်အဆင့်အတန်းကို ရရှိကြပါတယ်။ အဲဒီအချိန် မုယောင်ချင်းနဲ့ စွေ့ရန်ယို့တို့ နှစ်ယောက်ကတော့ သာမန်တပည့်တွေ ဖြစ်ပါတယ်။

လင်းဟာန်အတွက်ကတော့ သူဘယ်ကို ဆက်သွားသင့်လဲ။

Chapter 1131 end

အပိုင်း(1132) အံ့ဖွယ်ကောင်းကင်ဂိုဏ်းအတွက် ခရီးထွက်ခြင်း

အံ့ဖွယ်ကောင်းကင်ဂိုဏ်းက အရမ်းကို အစွမ်းထက်ပါတယ်။ အဲဒီမှာ ထာဝရမြစ်အဆင့် ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင် တစ်ယောက်က ဂိုဏ်းကို စောင့်ကြပ်နေပေမဲ့ အနီးအနား ဂန်းကျင်က ဂြိုလ်ကြီးတွေကို လွှမ်းမိုးဖို့ ဆန္ဒ မရှိခဲ့ပါဘူး။ ဒါကြောင့် သူတို့ကို စော်ကားမိလို့ လက်တုန့်ပြန်မှာကို

Edit with WPS Office

ကြောက်ရွံ့နေစရာ မရှိပါဘူး။

အုံ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်တစ်ယောက်ကို လက်ခံဖို့ ပေါ့ပေါ့ပါးပါးနဲ့ ပယ်ချနိုင်တယ်လို့ ပြောနိုင်ပါတယ်။ တကယ်လို့ ကေရီ ဘုရင်မ လွှမ်းရှင်းကိုယ်တိုင် သူတို့ကို လက်ခံဖို့ အုံ့ဖွယ်ကောင်းကင်ကို တောင်းဆိုရင်တောင် ပယ်ချခံရပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်နဲ့ ကေရီ ဘုရင်မ လွှမ်းရှင်းအကြားမှာ ရင်းနှီးပတ်သက်မှု ကြီးကြီးမားမား မရှိပါဘူး။

လီဝေဝေနဲ့ ကျိယွင်အာတို့က တောင်မြစ်ကျောက်တုံးတချို့ကို အရင်တုန်းက သန့်စင်ခဲ့ပြီး သူတို့ရဲ့ အသက်နဲ့ ကျင့်ကြံခြင်း အဆင့်ပူးပေါင်းလိုက်တဲ့ အခါမှာ သူတို့က ပါရမီရှင်တွေအဖြစ် အရည်အချင်း ပြည့်မီခဲ့ပါတယ်။ ဒါကြောင့် သူတို့ကိုလည်း အုံ့ဖွယ်ကောင်းကင်ဂိုဏ်းက သာမန်တပည့်တွေအဖြစ် လက်ခံခဲ့ပါတယ်။

လင်းဟာန်ရဲ့ သူငယ်ချင်း အားလုံးနီးပါးက အင်ပါယာ မြို့တော်ကနေ ထွက်ခွာပြီး အုံ့ဖွယ်ကောင်းကင်ဂိုဏ်းဆီ

Edit with WPS Office

ဦးတည်နေကြပါပြီ။

လင်းဟန်က သူ့ရဲ့ နောက်ထပ် လှုပ်ရှားဖို့ကို စတင်စဉ်းစားလိုက်ပါတယ်။

"လင်းဟန် ဘယ်မှာလဲ"

အံ့သြဖွယ်ကောင်းပြီး ခံ့ညားတဲ့ အသံတစ်ခုက သူ့အိမ်ရဲ့ အပြင်ဘက်ကနေ ထွက်ပေါ်လာ ခဲ့ပါတယ်။

ဒါက အင်ပါယာ နန်းတော် အစောင့်အရှောက်တွေရဲ့ အကြီးအကဲချုပ် ရှီချိုးချယ် မဟုတ်လား။

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအကြီးအကဲချုပ်က ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ အမိန့်တစ်ခုကိုပဲ နားထောင်ပါတယ်။ သူမ ဒီနေရာကို ရောက်လာရတဲ့ လက္ခဏာက ဧကရီ ဘုရင်မ လွှမ်းရှင်းကများ အမိန့်တစ်ခု ထုတ်ပြန်လိုက်လို့လား။

အဟက် ဘယ်လောက်တောင် ဟိတ်ဟန်များလိုက်လဲ။ မင်းက ရမ္မက်စိတ် ထကြွနေတဲ့ အချိန်မှာ ငါ့ခန္ဓာကိုယ်ကို ပေါ့ဖက်ဖို့ ကြိုးစားခဲ့ပြီး အခုတော့ လက်အောက်ငယ်သား

Edit with WPS Office

တစ်ယောက်ကို လွှတ်ပြီးတော့ သတင်းတစ်ခု ပို့စေတယ်ပေါ့ ဟုတ်လား။

သူက တံခါးကို ဖွင့်ပြီးတော့ ထွက်လာပါတယ်။ ရွှီချိုးချယ်က ချပ်ဂျတ်တန်ဆာ အပြည့်အစုံကို ဂျတ်ဆင်ထားပါတယ်။ သူမရဲ့ လှပတဲ့ ကောက်ကြောင်းကို ပေါ်လွင်စေပြီး စစ်တပ်အကြားမှာ ပွင့်လန်းတဲ့ ရောင်စုံပန်းတစ်ပွင့်နဲ့ တူစေပါတယ်။

သနားစရာ ကောင်းတာက ဒီရောင်စုံပန်းပွင့်လေးဟာ ဧကရီဘုရင်မ လွှမ်းရှင်းရဲ့ အမိန့်တစ်ခုကိုပဲ နားထောင်ပါတယ်။ လင်းဟန်က ယောကျ်ားတစ်ယောက်ကို နှစ်ခြိုက်သဘောကျမှုနဲ့ ပတ်သက်တဲ့ သူမရဲ့ ကောလာဟလ နည်းနည်းလေးမှကို မကြားဖူးပါဘူး။ ပြီးတော့ သူမက ဧကရီဘုရင်မရဲ့ ညို့ယူဖမ်းစားခြင်းကို ခံနေရပုံမျိုးနဲ့ တူပါတယ်။ ဒါကြောင့်လည်း သူမကိုယ်သူမ မိန်းမတစ်ယောက် ဆိုတာကို မေ့နေတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က သူ့လက်တွေကို ဆုပ်ပြီးတော့ ဂါရဝပြုပြီး ပြောလိုက်တယ်။

Edit with WPS Office

"တပ်မှူးချုပ်ကို အရိုအသေပေးပါတယ်"

အဲ့ဖွယ်အင်ပါယာရဲ့ တရားဝင် အရာရှိ တစ်ယောက်အနေနဲ့ ရှီချိုးချွယ်က မတောင်းဆိုသရွေ့ သူက ဒူးထောက်စရာ မလိုပါဘူး။

ရှီချိုးချွယ်က လင်းဟာန်ကို စိုက်ကြည့်နေရင်း သူမရဲ့ မျက်လုံးတွေထဲမှာ ထူးဆန်းတဲ့ အကြည့်တစ်ခု ရှိနေပါတယ်။ သူက သာမန်ယောက်ျား တစ်ယောက်ပါပဲ။ ဒါကြောင့် ဧကရီ ဘုရင်မရဲ့ အင်ပါယာ အမိန့်ကို နှစ်ကြိမ်တိုင်တိုင် လက်ခံရရှိဖို့ ဘယ်လိုလုပ် ထိုက်တန်ရတာလဲ။ တကယ်လို့ သူက ပထမဆုံး အင်ပါယာ အမိန့်ကို လက်ခံရရှိမယ်ဆိုရင် ရပါပြီ။ ဧကရီ ဘုရင်မက သူ့ရဲ့ အောင်မြင်မှုတွေကို ငှားယမ်းပြီးတော့ အရာရှိတွေနဲ့ တော်ဝင်မြင့်မြတ်တဲ့ သူတွေကို သူတို့ရဲ့ နေရာမှန်ကို သိအောင်လုပ်ဖို့ လိုအပ်လို့ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီတစ်ကြိမ် အင်ပါယာ အမိန့်က လုံးဝကို သီးသန့်ဆန်တဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ဘယ်အချိန်တုန်းကများ သူက ဧကရီ ဘုရင်မနဲ့ ရင်းနှီးသွားတာလဲ။

ရှိရိုးချယ်က ဘယ်လောက်ပဲ ခန့်မှန်းကြည့်ပါစေ ဧကရီ ဘုရင်မ ပျောက်သွားတဲ့ နှစ်နှစ်လုံး ဧကရီ ဘုရင်မက လင်းဟာန်နဲ့အတူ တကယ်ပဲ နေထိုင်ခဲ့တာကို ဘယ်လိုမှ ခန့်မှန်းနိုင်လိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ သူတို့နှစ်ယောက် အကြားမှာ အရမ်းကို ရင်းနှီးပတ်သက်ခဲ့တဲ့ အခိုက်အတန့် တချို့တောင် ရှိခဲ့ပါတယ်။ တကယ်လို့ ဒီအကြောင်းကိုသာ သိသွားမယ်ဆိုရင် သူမက သေချာပေါက် ရူးတောင်သွားပါဦးမယ်။

"ဧကရီ ဘုရင်မက ဒီအမိန့်ကို နင့်ဆီ ပို့ဖို့ ငါ့ကိုပြောခဲ့တယ်"

သူမက လင်းဟာန်ဆီကို စာတစ်စောင် ပေးပြီးတော့ ပြောလိုက်တယ်။

"ဒီစာက ဧကရီ ဘုရင်မကိုယ်တိုင် နံပါတ်ကိုး ဘုရင်အတွက် ရေးပေးထားတာပဲ။ ဧကရီ ဘုရင်မက ဒီစာကို နင်ကိုယ်တိုင် နံပါတ်ကိုး ဘုရင်ဆီ ပို့ပေးဖို့ ဆန္ဒရှိတယ်။ ပြီးတော့ နံပါတ်ကိုး

Edit with WPS Office

ဘုရင်က ဆန္ဒရှိရင် ကေရီ ဘုရင်မက နင့်ကို သူမရဲ့ နောက်လိုက်တစ်ယောက် ဖြစ်နိုင်တယ်လို့ ပြောတယ်။ အဲဒီနည်းနဲ့ နင်လည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ကျင့်ကြံအားထုတ်နိုင်မယ်"

လင်းဟန်က သူမရဲ့ စကားတွေကြောင့် အံ့အားသင့်သွားခဲ့ပြီး စာကို လက်ခံဖို့တောင် မေ့နေပါတယ်။ ရှီချိုးချယ်က အေးစက်စက်နဲ့ ချောင်းဟန့်လိုက်မှပဲ သူက အသိပြန်ဝင်လာပြီး စာကို လက်ခံလိုက်ပါတယ်။

"ကောင်းပြီ အခုငါပြန်တော့မယ်"

ရှီချိုးချယ်က လှည့်ထွက်မသွားခင် လင်းဟန်ကို လေးလေးနက်နက် တစ်ချက် ကြည့်လိုက်ပါတယ်။

ကေရီ ဘုရင်မက ဘာဖြစ်လို့ ဒီစာကို လင်းဟန်ကိုယ်တိုင် သွားရောက်ပို့စေတာလဲ ဆိုတာကို သူမ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ အဲဒါတင်မက ကေရီ ဘုရင်မက ဒီသတင်းစကားကို ပြောကြားဖို့ သူမကိုတောင် စေလွှတ်ခဲ့ပါတယ်။

Edit with WPS Office

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ နံပါတ်ကိုး ဘုရင်ကို အံ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်အဖြစ် လက်ခံပြီးတော့ တိမ်ပျံဂြိုလ်ကြီးကို ရောက်သွားပြီ ဆိုတာကို သူသိထားပါတယ်။ နောက်ပြီးတော့ နံပါတ်ကိုး ဘုရင်က မျိုးစေ့တစ်ယောက် အဖြစ်နဲ့ အရွေးချယ် ခံခဲ့ရပါတယ်။

ကောရီ ဘုရင်မ လွှမ်ရှင်းက သူ့ကို စာတစ်စောင် ပို့စေချင်တယ်လို့ ပြောပေမဲ့ အမှန်ဆိုရင် အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို သူဝင်ဖို့အတွက် အနောက်တံခါး တစ်ချပ်ကို ဖွင့်ပေးတာပဲ ဖြစ်ပါတယ်။ နံပါတ်ကိုး ဘုရင်ရဲ့ နောက်လိုက်တစ်ယောက် အနေနဲ့ပေါ့။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ လက်ရွေးစင် ရွေးချယ်ခံရတဲ့ သူတွေပဲ နောက်လိုက်တွေ ထားခွင့် ရှိပါတယ်။ အဲဒီနောက်လိုက်တွေက ဂိုဏ်းထဲမှာ ကျင့်ကြံအားထုတ်နိုင်ပါတယ်။ ဒီနောက်လိုက်တွေက ဂိုဏ်းဆီကနေ အရင်းအမြစ်တွေ လက်ခံရရှိခြင်း မရှိနိုင်ပေမဲ့ သူတို့က သူတို့ရဲ့ သခင်တွေ အနောက်ကို လိုက်ပြီးတော့ ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေ ပို့ချတဲ့ မဟာတာအို

Edit with WPS Office

သင်ခန်းစာတွေကို နားထောင်နိုင်ပါတယ်။

နောက်ပြီးတော့ အရှင်သခင် ဂိညာဉ်တော်ကိုယ်တိုင် လက်ရွေးစင် ရွေးချယ်ထားတဲ့ တပည့်တွေကို မကြာခဏ လမ်းညွှန်သင်ကြားပေးပါလိမ့်မယ်။ ဒါကြောင့် နောက်လိုက်တွေက အစေခံသာသာ ဆိုပေမဲ့ အံ့အားသင့်စရာကောင်းတဲ့ ပါရမီရှင် အရေအတွက် တစ်ခုက နောက်လိုက်နေရာ တစ်ခုရဖို့ အသည်းအသန် တိုက်ခိုက်နေကြဆဲပါပဲ။

ဇေကရီ ဘုရင်မ လွှမ့်ရှင်းက အံ့ဖွယ်ကောင်းကင်ဂိုဏ်းအနေနဲ့ သူတို့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ပြီးတော့ လင်းဟာန်ကို တပည့်တစ်ယောက် အဖြစ် လက်ခံပေးဖို့ တောင်းဆိုနိုင်တဲ့အထိ လွှမ်းမိုးမှု မရှိပါဘူး။ ဒါပေမဲ့လည်း သူမက နောက်ထပ်နည်းလမ်း တစ်ခုကို သုံးပြီးတော့ လင်းဟာန်အတွက် တံခါးတစ်ချပ် ဖွင့်ပေးခဲ့ပါတယ်။

လင်းဟာန်က သူ့ကိုယ်သူ ဟုတ်လှပြီ အထင်နဲ့ မြောက်ကြွမြောက်ကြွ ဖြစ်သွားပြီး သူ့ကိုယ်သူ တီးတိုးပြောလိုက်ပါတယ်။

Edit with WPS Office

"အပြောကြည့်ရတာ ငါကအတော်လေး ဆွဲဆောင်နိုင်စွမ်း ရှိပုံရတယ်။ ဧကရီ ဘုရင်မတောင် ငါ့ရဲ့ ညို့ယူဖမ်းစားခြင်းကို ခံနေရပြီပဲ"

ဒီကမ်းလှမ်းချက်ကို ငါလက်ခံသင့်လား။

လင်းဟန်က ဒီကိစ္စနဲ့ ပတ်သက်ပြီး တဒင်္ဂခန့် စဉ်းစားလိုက်ပါတယ်။ နောက်ဆုံး သူက ဧကရီ ဘုရင်မရဲ့ စိတ်စေတနာကို လက်ခံဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

သူ့အစ်ကိုသုံးယောက်၊ သူ့တပည့်နဲ့ သူ့ချစ်သူတို့ အားလုံးကလည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ ရန်သူတွေဖြစ်တဲ့ ကျောက်လန်နဲ့ ရှားယွန်တို့လည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို သွားကုန်ပါပြီ။ တကယ်လို့ သူသာ အင်ပါယာ မြို့တော်ထဲမှာ ဆက်နေမယ်ဆိုရင် ဧကရီ ဘုရင်မကို စနောက်ကျီစယ်တာကလွဲပြီး သူဘာများ လုပ်နိုင်မှာလဲ။

လင်းဟန်က ပြင်ဆင်မှု တချို့ကို ပြုလုပ်လိုက်ပါတယ်။ သူက သူပိုင်ဆိုင်ထားတဲ့ မှော်ဆေးလုံး အားလုံးကို

Edit with WPS Office

ရောင်းချပြီးတော့ သူရရှိတဲ့ အစစ်အမှန်
မူလကျောက်တုံးတွေကို သုံးပြီး ပစ္စည်းတွေ အများကြီး
ဂယ်ယူလိုက်ပါတယ်။ သူက မှော်ဆေးပညာကို
လက်မလျှော့နိုင်ပါဘူး။ နတ်ဆိုးစွမ်းအား အရင်းအမြစ်က
အသုံးပြုလို့ ကုန်သွားဖို့ နီးစပ်လာပါပြီ။ ဒါကြောင့် သူ့အတွက်
သူ့ရဲ့ လျင်မြန်တဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကို
ထိန်းသိမ်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူ့အတွက်
လိုအပ်တာက ကျင့်ကြံခြင်းကို ထောက်ပံ့ကူညီပေးနိုင်ဖို့ သူ့ရဲ့
လမ်းဟောင်းဖြစ်တဲ့ မှော်ဆေးပညာကို ပြန်လိုက်စားမှပဲ
ရပါလိမ့်မယ်။

လဂက်ခန့် ကြာပြီးတဲ့ နောက်မှာ လင်းဟန်က အရင်ဆုံး
အဘိုးကြီးရှုဆီ သွားရောက်လည်ပတ် ခဲ့ပါတယ်။ အဲဒီနောက်
သူက ငြိမ်းချမ်းရေး ဂြိုလ်ကြီးကို စွန့်ခွာပြီး
တိမ်ပျံဂြိုလ်ကြီးဆီကို ဦးတည်ဖို့ လေလွင့်သူတော်စင်ရဲ့
ကြယ်တာရာလှေပေါ်ကို တက်လိုက်ပါတယ်။

သူ့ရဲ့တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ဘာဖြစ်လို့
အသုံးမပြုနိုင်တာလဲ။

Edit with WPS Office

ခုခံခြင်း ဂက်ပါ အစီအရင်တွေ ကင်းမဲ့နေတာက ပြဿနာရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ ပိုပြီးတော့ အရေးကြီးတဲ့ အချက်က သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံမှာ ကြယ်စင်အစုအဝေးရဲ့ တည်နေရာ မြေပုံအညွှန်း မပါရှိပါဘူး။

ကြီးမားကျယ်ပြန့်တဲ့ စကြဝဠာထဲမှာ အပေါ်အောက် ဘယ်ညာကို အာရုံခံလို့ မရပါဘူး။ ဒါကြောင့် ဘယ်နေရာကို ဦးတည်ပြီး သွားရမယ်ဆိုတာကို လူတစ်ယောက်က ဘယ်လိုလုပ်ပြီး ဆုံးဖြတ်နိုင်မှာလဲ။

ကြယ်စင်အစုအဝေး မြေပုံညွှန်းတွေက လမ်းညွှန်မှု သော့ချက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမြေပုံညွှန်းတွေက ကြယ်တာရာ ပုံစံကားချပ်တွေ ယှဉ်တွဲမိတဲ့ အချိန်မှပဲ အသုံးဝင်ပါလိမ့်မယ်။ ဒီကြယ်တာရာ ပုံစံကားချပ်တွေက ရောမ ဂက်ပါ အစီအရင်တွေရဲ့ အကူအညီနဲ့မှ ဖော်ပြနိုင်ပါတယ်။ ဒါကြောင့် တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ်လို ယာဉ်သေးသေးတွေ အတွက်တော့ ကြယ်စင်အစုအဝေးကြီးကို မြေပုံညွှန်း မပါပဲ ဖြတ်ဖို့ဆိုတာ

Edit with WPS Office

မဖြစ်နိုင်ပါဘူး။

တကယ်လို့ လင်းဟန်က သူ့ရဲ့ တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ်နဲ့ သူ့ခရီးစဉ်ကို ဆောင်ရွက်ခဲ့မယ် ဆိုရင်တော့ ဖြစ်နိုင်ချေ ရလဒ်တစ်ခုပဲ ရှိပါတယ်။ သူက ကြီးမားကျယ်ပြန့်တဲ့ စကြဝဠာကြီးထဲမှာ လမ်းပျောက်နေပါလိမ့်မယ်။ တကယ်လို့ သူက ကံကောင်းရင်တော့ နှစ်ရာပေါင်းများစွာ ဒါမှမဟုတ် ထောင်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ မရင်းနှီးတဲ့ ဂြိုလ်ကြီး တစ်ခုကို ရောက်သွားကောင်း ရောက်သွားနိုင်ပါတယ်။ ဒါပေါ့။ သူ့မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ်အတွက် လောင်စာဆီဖြစ်တဲ့ အစစ်အမှန် မူလကျောက်တုံးတွေ လုံလုံလောက်လောက် ရှိတဲ့ အနေအထားမှာ ပြောတာပါ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တိမ်ထိုးဖောက်ခြင်း လွန်းပျံယာဉ်က သာမန်ယာဉ်တွေနဲ့ ကွဲပြားခြားနားတော့မှာ မဟုတ်ပါဘူး။

လင်းဟန်က ကြယ်တာရာလေ့ကို မောင်းနှင်လိုက်ပါတယ်။ ကျွမ်းကျင်မှုတွေ ဒါမှမဟုတ် ပညာတွေ အများကြီး

Edit with WPS Office

မလိုပါဘူး။ ဒီနေရာမှာ ဂဏ်ပါ အစီအရင် တစ်ခုပဲ ရှိပါတယ်။ ပြီးတော့ ကြယ်တာရာလေ့က အစစ်အမှန် မူလကျောက်တုံးတွေ ထည့်လိုက်တာနဲ့ ကြယ်စင်အစုအဝေး မြေပုံညွှန်းတွေ ဂင်လာပြီး သူ့ဘာသာသူ မောင်းနှင်ပျံသန်း သွားပါလိမ့်မယ်။ မျှော်လင့်မထားတဲ့ဖြစ်အပျက်တွေ ဥက္ကာခဲတွေ ပေါက်ကွဲခြင်း ဒါမှမဟုတ် ဥက္ကာပျံကြွေကျတာမျိုးတွေနဲ့ ကြုံတွေ့ရင်တော့ လူတစ်ယောက်က မောင်းနှင်ပေးဖို့ လိုပါတယ်။

လင်းဟန်က အကန့်အသတ်မဲ့တဲ့ စကြဝဠာထဲကို ဂင်လာခဲ့ပါတယ်။ အချိန်အများစုကို ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို နားလည်ဆင်ခြင်နေရင်း ကုန်လွန်ခဲ့ပါတယ်။ သူက အနက်ရောင် မျှော်စင်ထဲကနေ မကြာခဏ ထွက်ပြီးတော့ မျှော်လင့်မထားတဲ့ မတော်တဆ အန္တရာယ် နည်းနည်းမှ မတွေ့ရအောင် အခြေအနေကို စစ်ဆေးပါတယ်။

တိမ်ပျံဂြိုလ်ကြီးကို ရောက်ဖို့ သုံးလလောက် အချိန်ယူရပါမယ်။

Edit with WPS Office

လင်းဟန်က လက်ရှိမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ထိုင်နေပြီး လေလွင့်သူတော်စင်က သူ့ရဲ့ ကျင့်ကြံခြင်း ဗဟုသုတတွေကို ကန်းရီ ယွမ်ချမ်ဟဲနဲ့ တခြားသူတွေကို မျှဝေသင်ကြား ပေးနေပါတယ်။ အခုဆိုသူက ဘာမှလုပ်စရာ မရှိပါဘူး။ ပျက်စီးနေတဲ့ စိတ်ဂိညာဉ် တစ်ခု ဖြစ်တာကြောင့်လည်း ကျင့်ကြံအားထုတ်လို့ မရနိုင်သေးပါဘူး။ ဒါကြောင့် သူက ဒီနည်းလမ်းနဲ့ အချိန်တွေ ကုန်စေခဲ့ပါတယ်။

လင်းဟန်လည်း ဘေးကနေ နားထောင်နေခဲ့ပါတယ်။ ဒါက တကယ်တော့ သူတော်စင် တစ်ယောက်ရဲ့ ဗဟုသုတ ဖြစ်ပါတယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဒါကိုယှဉ်နိုင်မှာတဲ့လား။

တကယ်လို့ သူတော်စင် တစ်ယောက်က အနက်ရောင် မျှော်စင်ထဲမှာ သူ့ရဲ့အတွေ့အကြုံ ဗဟုသုတတွေကို မျှဝေနေတဲ့ သတင်းကိုသာ လွှင့်လိုက်မယ်ဆိုရင် အရှင်သခင် ဂိညာဉ်သုံးခုလို ထာဝရမြစ်အဆင့် ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေတောင် ဝင်ရဖို့ တောင်းပန်ပါလိမ့်မယ်။

Edit with WPS Office

ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေဆိုတာ ပြောမနေပါနဲ့တော့။

မဟာတာအိုကို စကားလုံးတွေနဲ့ ဖော်ပြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း လေလွင့် သူတော်စင်ဟာ တစ်ချိန်တုန်းက အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်တာကြောင့် သူ့တပည့်တွေကို ဘယ်လိုမျိုး လမ်းညွှန်သင်ကြားပေးရမလဲ ဆိုတာကို ကောင်းကောင်းကြီး နားလည်သဘောပေါက်ပါတယ်။

ဒါက အဆုံးသတ်ကို မမြင်နိုင်တဲ့ တွင်းနက်ကြီး တစ်ခုနဲ့ အလားသဏ္ဍာန်တူပါတယ်။ ဒါပေမဲ့ လူတစ်ယောက်က သူ့ရဲ့တည်ရှိမှုကို အောင်မြင်စွာနဲ့ သက်သေပြဖို့ အလင်းရောင်စဉ်တန်းတွေကို လေ့လာပြီးတော့ တန်ခိုးရှင် ခန္ဓာကိုယ်တွေကို အဲဒီကနေ စုပ်ယူနိုင်ပါတယ်။

လေလွင့်သူတော်စင်ရဲ့ လမ်းညွှန်သင်ကြားပေးမှုတွေကလည်း အဲဒါနဲ့ အလားသဏ္ဍာန် တူပါတယ်။ သူ့ရဲ့ ထူးခြားဆန်းကြယ်မှုတွေကို ရိုးရှင်းတဲ့ ဥပမာတွေနဲ့

Edit with WPS Office

ရှင်းပြခဲ့တာကြောင့် ကန်းရီနဲ့ တခြားသူတွေက နားလည်သဘောပေါက်နိုင်စွမ်း ရှိကြပါတယ်။

တစ်ခုသတိထားရမှာက သူတို့ဟာ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ဆင်ခြင်သုံးသပ်နေတာ ဖြစ်ပါတယ်။ သူတို့က တစ်ရက်တည်းနဲ့ အကြောင်းအရာ တစ်ခုကို နားမလည်နိုင်ပေမဲ့ တကယ်လို့ တစ်နှစ်လောက် အချိန်ပေးလိုက်မယ်ဆိုရင်ရော ဘာဖြစ်သွားမလဲ။ ဒါမှမဟုတ် ဆယ်နှစ်ပေါ့။

"ကောင်လေး တကယ်လို့ အနာဂတ်မှာ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ငါရရှိခဲ့ရင်တောင် မင်းရဲ့ ဒီနေရာမှာပဲ ငါဆက်ပြီးတော့ ကျင့်ကြံအားထုတ်မယ်"

လေလွင့်သူတော်စင်က ပြောလိုက်တယ်။

"ဒါက ဘယ်လိုမှ နှိုင်းယှဉ်လို့ မရနိုင်တဲ့ ရတနာမြေ တစ်ခုပဲ"

ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ကျင့်ကြံခြင်းရဲ့ တစ်နေ့တာက တစ်နှစ်နဲ့ ညီမျှပါတယ်။ ဒါကြောင့် သူတော်စင်တွေတောင်မှ ဒီနေရာမှာ ကျင့်ကြံအားထုတ်မှုရဲ့

Edit with WPS Office

ဆွဲဆောင်နိုင်စွမ်းကို မခုခံနိုင်ပါဘူး။

"ကိစ္စမရှိပါဘူး"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

တကယ်လို့ လေလွင့်သူတော်စင်က အပြည့်အဝ ပြန်လည်ကောင်းမွန်လာနိုင်ရင် လေလွင့်သူတော်စင်က သူတော်စင်လေး ဖြစ်နေရင်တောင် လင်းဟန်က နောက်ထပ် အစွမ်းထပ် ကူညီသူ တစ်ယောက်ကို ရရှိပါလိမ့်မယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ရဲ့ ဆရာသခင်ကို ပိုပိုပြီးတော့ ကြည်ညိုလေးစား လာမိပါတယ်။ သူ့က အခုလိုမျိုး သူတော်စင် တစ်ယောက်ရဲ့ ထောက်ပံ့ကူညီမှုကို ရရှိခဲ့ပါတယ်။ တကယ်လို့ သူတို့သာ မြေအောက်ကမ္ဘာထဲမှာဆိုရင် ဒါက နတ်ဆိုးအရှင်သခင် တစ်ယောက်ရဲ့ ကူညီပေးမှုကို ရရှိတာနဲ့ အတူတူပါပဲ။

သူက အမှတ်မထင် သူ့ရဲ့အမြီးကို လှုပ်ယမ်းဖို့ ကြိုးစားလိုက်ပါတယ်။ ဒါပေမဲ့လည်း သူက အခုဆို လူသားပုံစံ ဖြစ်နေတာကြောင့် သူ့မှာ လှုပ်ယမ်းဖို့ အမြီး

Edit with WPS Office

ရှိမနေပါဘူး။ ဒါက သူ့ကို အကြီးအကျယ် မကျေမနပ် ဖြစ်စေပါတယ်။ သူက တကယ်ပဲ ခွေးတစ်ကောင် ဖြစ်မနေတော့ပါဘူး။ ဘယ်လောက် ဒေါသထွက်စရာ ကောင်းလိုက်သလဲ။

Chapter 1132 end

အပိုင်း(1133) တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်

ကြယ်တာရာလှေက စကြဝဠာထဲမှာ အသံမထွက်ပဲ ရွက်လွှင့်နေပါတယ်။

တိတ်ဆိတ်ငြိမ်သက်ပြီး ငြိမ်းချမ်းလွန်းပါတယ်။

ရှပ်။

ရုတ်ချည်းဆိုသလို ဓားအလင်းတန်း တစ်ခု လက်သွားခဲ့ပါတယ်။ အဲဒီဓားအလင်းတန်းက မယုံနိုင်စရာ ကောင်းလောက်အောင် တောက်ပပြီး ထိတ်လန့်တုန်လှုပ်စရာ နတ်ဘုရား သင်္ကေတတွေနဲ့ သိပ်သည်းလို့ နေပါတယ်။ မျက်စိတစ်မှိတ် အတွင်းမှာ ပတ်ဂန်းကျင်က ကြယ်တာရာတွေ

Edit with WPS Office

တောက်ပလင်းလက်သွားပြီး နေရဲ့ အလင်းရောင်တောင်မှ နှိုင်းယှဉ်လိုက်ရင် မှေးမှိန်သွားသလိုပါပဲ။

ဓားအလင်းတန်း လက်သွားသလိုပဲ စည်းမျဉ်းဥပဒေတွေရဲ့ နတ်ဘုရား ချိန်းကြိုးတွေလည်း လှုပ်ရှားသွားပြီး လှိုင်းတွန့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟုန်း။

အံ့အားသင့်စရာ မရှိပဲ ကြယ်တာရာလေ့က ချက်ချင်းဆိုသလို မှုန့်မှုန့်ညက်ညက် ကြေသွား ခဲ့ပါတယ်။ ဒါက ကြယ်တာရာလေ့ သေးသေးတစ်စင်း ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ခုခံကာကွယ်နိုင်မှုက အများဆုံး နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကိုပဲ ရောက်နိုင်ပါတယ်။ အဲဒီအချိန်မှာ ဒီတိုက်ခိုက်မှုက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ရှိနေပါတယ်။

လူသားပုံရိပ်တစ်ခုက လေထဲမှာ ပေါ်လာခဲ့ပြီး ရှေးဟောင်းအငွေ့အသက်တွေနဲ့ ဖုံးလွှမ်းလို့ နေပါတယ်။ အရပ်မြင့်လား အရပ်ပုလား အမျိုးသားလား အမျိုးသမီးလား

Edit with WPS Office

ဆိုတာကိုတောင် ခွဲခြားလို့ မရနိုင်ပါဘူး။

သူ(သူလို့ပဲ အရင်သုံးစွဲထားပါတယ်)က အာကာသဟင်းလင်းပြင်မှာ ရပ်နေပြီး အနီးကပ်ကာ စတင်စူးစမ်းပါတယ်။ သူ့ပုံစံကို ကြည့်ရတာ စိုးရိမ်ပူပန်နေပုံရပြီးတော့ ကြယ်တာရာလေ့ရဲ့ ပျက်စီးသွားတဲ့ အစိတ်အပိုင်းတိုင်းမှာ သက်ရှိတွေရဲ့ လက္ခဏာအနည်းငယ်မှ မတွေ့ရတာကို စစ်ဆေးလိုက်ပါတယ်။ အဲဒီနောက် သူ့လက်တစ်ဖက်ကို ဝှေ့ယမ်းပြီးတော့ ကြယ်တာရာ လေ့ငယ်တစ်စင်းကို ဆင့်ခေါ်ကာ မောင်းနှင်ပြီး ထွက်သွားပါတယ်။

အာကာသ ဟင်းလင်းပြင်ထဲမှာ လှိုင်းတွန့်တွေက သူတို့ရဲ့ မူလငြိမ်းချမ်းတဲ့ အခြေအနေကို ပြန်ရောက်သွားပြီး တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

တစ်ရက်အကြာမှာ အဲဒီကြယ်တာရာလေ့ငယ်က နောက်တစ်ကြိမ် ထွက်ပေါ်လာပါတယ်။ အဲဒီနေရာ အနီးတစ်ဝိုက်ကို လည်ပတ်ကြည့်ရှုပြီးမှ နောက်ဆုံး ထွက်ခွာသွားပါတယ်။

Edit with WPS Office

"ဘယ်လောက်တောင် သတိကြီးလိုက်သလဲ"

လင်းဟန်က အနက်ရောင် မျှော်စင်ရဲ့ အတွင်းထဲကနေ မျက်နှာမည်းမှောင်စွာနဲ့ ပြောလိုက်ပါတယ်။

ကြယ်တာရာလေ့ တိုက်ခိုက်ခံရတဲ့ အချိန်မှာ သူက အနက်ရောင် မျှော်စင်ထဲမှာ ရှိပါတယ်။ ဒါကြောင့် နည်းနည်းလေးမှတောင် မလှုပ်ရှားပဲ ပုန်းနေခဲ့တာပါ။ လုပ်ကြံသတ်ဖြတ်သူကို တွေ့လိုက်ရတဲ့ အချိန်မှာ သူက အရမ်းကို သတိထားတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ အလျင်စလို ထွက်မသွားခဲ့ပါဘူး။ အဲဒီအစား သူက ဒီနေရာမှာ စိတ်ရှည်လက်ရှည်နဲ့ စောင့်နေခဲ့ပါတယ်။ တကယ်ပဲ မှန်ပါတယ်။ တိုက်ခိုက်တဲ့သူက မျှော်လင့်မထားပဲ နောက်တစ်ကြိမ် ပြန်လာခဲ့ပါတယ်။

ဒီလိုမျိုး သတိကြီးစွာ ထားတတ်တာက တကယ့်ကို ကြောက်စရာ ကောင်းပါတယ်။

"ကောင်လေး မင်းကို ကြည့်ရတာ လူတော်တော်များများကို အပြစ်ပြုခဲ့ပုံပဲ"

Edit with WPS Office

လေလွင့်သူတော်စင်က ပြောလိုက်တယ်။ သူလည်း လင်းဟာန်ဆီကနေ ကြယ်တာရာလေ့ ဘယ်လို တိုက်ခိုက်ခံရလဲ ဆိုတာနဲ့ ပတ်သက်ပြီး ကြားသိပြီးပါပြီ။

"အဲဒါက ကြည့်ရတာ မဟုတ်ဘူး တကယ့်အစစ်အမှန်ပဲ"

လင်းဟာန်က စပ်ဖြီးဖြီး ပြုံးလိုက်ပါတယ်။

"ဒါပေမဲ့ သိပ်မကြာပါဘူး။ ဒီအကြွေးကို ပြန်တောင်းမှာပါ။ ကျုပ်ကို ထိခိုက်နာကျင်စေတဲ့ လူတစ်ယောက်ချင်းစီကို ပြန်ပြီးတော့ အကြွေးတောင်းမှာပါ။ အဲဒီနောက် သူတို့ကို သူတို့လုပ်ခဲ့တာတွေရဲ့ အကျိုးဆက်ကို ပြန်ပြီးတော့ ခံစားစေရမယ်"

ဒီစကားတွေကို ကြည့်ရတာ အရမ်းကို လေလုံးထွားနေတဲ့ ပုံစံမျိုးပါပဲ။ ဒါပေမဲ့လည်း လေလွင့် သူတော်စင်က သူ့ကို ချေပဖို့ နည်းလမ်းနည်းနည်းမှ ရှာမတွေ့နိုင်ခဲ့ပါဘူး။

ပြန်လည်မွေးဖွားခြင်း သစ်ပင်လိုမျိုး တန်ဖိုးရှိတဲ့ ရတနာ ပစ္စည်းတစ်ခုနဲ့အတူ လင်းဟာန်က တကယ်ပဲ ဂုဏ်ယူဝင့်ကြွား နိုင်ပါတယ်။ သူတောင်မှ စိတ်လှုပ်ရှား သွားခဲ့ရတယ်

Edit with WPS Office

မဟုတ်လား။ ပြီးတော့ ဒီသစ်ပင်အောက်မှာ တာအိုကို နားလည်ဆင်ခြင်ဖို့ တပ်မက်မိခဲ့တယ် မဟုတ်လား။

လင်းဟန်က သူ့ကို တိုက်ခိုက်သူရဲ့ နောက်ကြောင်းကို ခန့်မှန်းသုံးသပ် လိုက်ပါတယ်။

အဲဒါက အမှောင်ညခန်းမက ဖြစ်နိုင်သလို တခြားသူတွေလည်း ဖြစ်နိုင်ပါတယ်။

ဒါပေမဲ့လည်း ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ အများကြီး ရှိပါတယ်။ သူ့မှာ လုံလောက်တဲ့ စွမ်းအားသာ ပိုင်ဆိုင်ထားသရွေ့ သူ့အနေနဲ့ ဒီလူတွေကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိနိုင်ပါတယ်။ သူတို့ရဲ့ သက်ဆိုင်ရာ အရှိန်အဝါကို ဖော်ထုတ်ပြီးတဲ့ နောက်ပိုင်းမှာ သူက သူတို့ရဲ့ နောက်ခံကို အတည်ပြုနိုင်စွမ်း ရှိလာပါလိမ့်မယ်။

လက်ရွေးစင် တစ်ယောက်တိုင်းမှာ သူတို့နဲ့ သက်ဆိုင်တဲ့ ပြိုင်ဘက်ကင်း တည်ရှိမှု တစ်ခု ပိုင်ဆိုင်ထားပြီး တခြားသူတွေအတွက် တုပဖို့ အရမ်းအရမ်းကို

Edit with WPS Office

ခက်ခဲပါတယ်။

"နေပါဦး အခု ငါတို့တွေ တိမ်ပျံဂြိုလ်ကြီးကို ဘယ်လိုသွားကြမလဲ"

လင်းဟန်က အခုမှ သတိဝင်လာခဲ့ပါတယ်။ ကြယ်တာရာ မြေပုံအညွှန်း ဆုံးရှုံးသွားပြီးတဲ့နောက် သူ့အနေနဲ့ ဧရာမ ဂကၢပါတစ်ခုထဲကို ဝင်ရောက်သွားသလိုမျိုးနဲ့ တူနေပါတယ်။ နောက်ပြီးတော့ အဆင့်မြှင့်တင်မှု နည်းနည်းလေးမှ မရှိပဲ သူက လုံးဂကို မျက်ကန်းတစ်ယောက်လို ခန့်မှန်းမှု အပေါ်မှာပဲ မှုတည်နိုင်ပါတော့မယ်။

ဒီအတွက် တန်ဖိုးက အချိန်ပဲ ဖြစ်ပါတယ်။

သူ့အနေနဲ့ တိမ်ပျံဂြိုလ်ကြီးပေါ်ကို ခြေချနိုင်တဲ့ အချိန်က ဆယ်စုနှစ် အနည်းငယ် ဒါမှမဟုတ် ရာစုနှစ် အနည်းငယ် ဒါမှမဟုတ် ထောင်စုနှစ် တစ်ခုလောက်ထိ ကြာမြင့်ကောင်း ကြာမြင့်နိုင်ပါတယ်။

"ဘယ်လိုပဲဖြစ်ဖြစ်။ ငါ့ရဲ့ ကံကိုပဲ ကြိုးစားကြည့်ရမှာပေ့ါ။ ငါတို့ ကြယ်တာရာလှေနဲ့ နှစ်လကျော်

Edit with WPS Office

ခရီးထွက်လာခဲ့ပြီးပြီဆိုတော့ တိမ်ပုံဂြိုလ်ကြီးနဲ့ သိပ်မဝေးလောက်တော့ဘူး။ ဒါကြောင့် အခွင့်အရေး တစ်ခုတော့ ရှိသင့်တယ်”

လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ပြီးတော့ ကြယ်တာရာ ခရီးစဉ် မစတင်ခင် ဦးတည်ချက် မှန်ကန်အောင် အကောင်းဆုံး ကြိုးစားလိုက်ပါတယ်။

ဒီတစ်ကြိမ်တော့ သူက တကယ့်ကို မျက်ကန်းတစ်ယောက်လို ခရီးသွားနေတာ ဖြစ်ပါတယ်။

တစ်လခန့် ကြာပြီးတဲ့နောက်မှာ တိမ်ထိုးဖောက်ခြင်း လွန်းပျံက အတော်ဝေးဝေးကို ရောက်လာခဲ့ပြီး ဘယ်နေရာကို ရောက်နေတာလဲ ဆိုတာကိုတောင် သူလုံးဝ မသိခဲ့ပါဘူး။

သူက ထပ်ခါထပ်ခါ သက်ပြင်းချလိုက်မိပါတယ်။ ဒီတစ်လလုံး သူ့အနေနဲ့ စိတ်လက်ပေါ့ပါးခြင်း မရှိခဲ့ပါဘူး။ ပြီးတော့ သူတို့ ခရီးထွက်လာတဲ့ အရင်နှစ်လကိုပါ ပေါင်းထည့်လိုက်ရင် သူ့ရဲ့ အချိန်အများစုကို ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ

Edit with WPS Office

တာအိုကို နားလည်ဆင်ခြင်တဲ့ နေရာမှာ သုံးစွဲခဲ့ပြီး နားလည်မှုတွေကို စုစည်းကာ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ဖို့ ကြိုးစားခဲ့ပါတယ်။ အခု သူ့ရဲ့ နားလည်နိုင်စွမ်းက အရမ်းကို နက်ရှိုင်းလို့ နေပေမဲ့ တိမ်ပျံဂြိုလ်ကြီးကို ရှာဖွေဖို့ ကိစ္စတစ်ခု ရှိနေပါတယ်။ သူ့ပုံစံကြည့်ရတာ လွတ်ထွက်သွားတော့မဲ့ အတိုင်းပါပဲ။

နောက်ထပ်လဂက် အကြာမှာတော့ သူ့ရဲ့ နားလည်နိုင်စွမ်းက ပြည့်စုံသွားပါပြီ။ တကယ်တော့ သူ့ဘေးမှာ လေလွင့်သူတော်စင်က ဆွေးနွေးပြီး ကူညီထောက်ပံ့ပေးနေသလို သူ့မှာ နတ်ဆိုးစွမ်းအား အရင်းအမြစ်ရဲ့ ထောက်ပံ့ကူညီမှုလည်း ရှိပါတယ်။

သူက အဆင့်တက်ပါတော့မယ်။

နေလအဆင့်ကို မဟုတ်ပဲ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ဖြစ်ပါတယ်။

ဒါက မြန်နေလား။

နည်းနည်းလောက်ပါပဲ။

Edit with WPS Office

လင်းဟာန်မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ပိုင်ဆိုင်ထားတယ် ဆိုတာကို သိထားသင့်ပါတယ်။ ပြီးတော့ ရောမ ဂူသချိုင်းကနေ ထွက်လာတဲ့ အခိုက်အတန့်မှာ သူက တာအိုကို နှစ်ပေါင်း တစ်ရာကျော်လောက် နားလည်ဆင်ခြင်နိုင်ခဲ့ပါတယ်။ တကယ်လို့ သူက အဲဒါနဲ့ ငါးခုမြောက်တောင်မြစ် ဖြစ်ပေါ်စေမဲ့ လျှို့ဝှက်ချက်တွေကို နားလည်နိုင်ပါတယ်။ အနာဂတ်မှာတော့ ဖြစ်နိုင်ချေ ရှိနိုင်မှာမဟုတ်ပါဘူး။

လင်းဟာန်က တိမ်ထိုးဖောက်ခြင်း လွှန်းပျံကို သိမ်းဆည်းလိုက်ပြီး အာကာသ ဟင်းလင်းပြင် အထဲမှာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရပ်နေပါတယ်။

ပုန်း ပုန်း ပုန်း။

ထင်ထားတဲ့အတိုင်း ကောင်းကင်ဘုံ ကပ်ဘေးက ရောက်လာခဲ့ပါတယ်။ ဒါက အရာရာ စွမ်းဆောင်နိုင်တဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။ ကပ်ဘေးဒုက္ခ မရောက်လာအောင် တားဆီးဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

Edit with WPS Office

လင်းဟန်က သက်ပြင်းချလိုက်ပါတယ်။ တစ်နှစ်ပဲ ကျန်ပါသေးတယ်။ သူက ငရဲလိုမျိုး နိပ်စက်ညှင်းပန်းမှု ဒဏ်ကို နောက်တစ်ကြိမ် ခံစားရပါလိမ့်မယ်။

နတ်ဘုရား အရိုးတွေ ပျက်စီးကြေမွ ကျန်ပါတယ်။

သူက အရင်ဆုံး သူ့ရဲ့ နတ်ဘုရား အရိုးတွေကို ကြေမွပျက်စီးစေပြီး ကောင်းကင်ဘုံ ကပ်ဘေးရဲ့ အောက်မှာ သူတို့ကို ဆေးကြောလိုက်ပါတယ်။

အဆင့်လေးနဲ့ အဆင့်ငါး နတ်ဘုရား သတ္တုတွေက အဆင့်တစ်ဆင့်ပဲ ကွာဟချက် ရှိတယ်ဆိုပေမဲ့ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်မှာရှိတဲ့ ကြယ်ကိုးပွင့် ပါရမီရှင် တစ်ယောက်တောင်မှ နေလအဆင့်ကို အဆင့်တက်ကာစ ကျင့်ကြံသူ တစ်ယောက်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီလိုပဲ အဆင့်လေးနဲ့ အဆင့်ငါး နတ်ဘုရား သတ္တု အကြားမှာ ရောမ ကွာဟချက် တစ်ခု ရှိနေပါတယ်။

မူလတုန်းက လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က

Edit with WPS Office

အဆင့်လေးနဲ့ အဆင့်ငါး နတ်ဘုရား သတ္တ၊ အကြားမှာ ရှိတယ်လို့ သတ်မှတ်ယူဆနိုင်ပါတယ်။ ပြီးတော့ ဒီလိုမျိုး ဆေးကြောမှုကို နောက်တစ်ကြိမ် ကြုံတွေ့ပြီးတဲ့နောက်မှာ သူက တောင်မြစ်အဆင့်ရဲ့ အဆင့်ကို ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

လင်းဟာန်က စိတ်ထဲကနေ ကျိတ်ပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ သူက အဓိက အဆင့်ငါးခုလုံးရဲ့ အထွတ်အထိပ်ကို ကျင့်ကြံနိုင်ခြင်း မရှိခဲ့ဘူးဆိုရင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အစွမ်းထက်ဆုံး အဆင့်ကို ရောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကို စဉ်းစားကြည့်ရင်ပဲ အရမ်းကို ထိတ်လန့်စရာ ကောင်းပါတယ်။ တကယ်လို့ သူက အားနည်းနေခဲ့ရင်တောင် သူတော်စင် ဘုရင်တောင်မှ သူ့ကို ဘာမှလုပ်နိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်က သူ့ဖန်တီးမှု မဟုတ်ပါဘူး။

Edit with WPS Office

ဒါကြောင့် တကယ်လို့ သူက ဒီကျင့်ကြံမှုကို ကျင့်ကြံတဲ့ ဒုတိယလူ ဖြစ်ရင်တောင် ပထမလူက ဘယ်သူများ ဖြစ်မလဲ။

အဲဒီလက်ရွေးစင်က သေသွားလောက်ပါပြီ။ အဲဒါကြောင့် အနက်ရောင် မျှော်စင်က ဆရာသခင် အသစ်ကို ရှာဖွေနေတာ ဖြစ်ပါတယ်။

ဖန်တီးသူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို အထွတ်အထိပ်ထိ ကျင့်ကြံအားထုတ် ခံပါလိမ့်မယ်။ ဒါတောင် သူက သေသွားခဲ့ပါသေးတယ်။ အဲဒါက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ဟာ ကျင့်ကြံခြင်းရဲ့ အထွတ်အထိပ် မဟုတ်ဘူးလို့ ဆိုလိုပါတယ်။ အဲဒါက အစွမ်းထက်တဲ့ စွမ်းအားတစ်ခုကြောင့် ပျက်စီးကြေမွသွားတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့ ပြန့်ကျဲနေတဲ့ အတွေးတွေကို စုစည်းလိုက်ပါတယ်။ သူက ကျင့်ကြံခြင်းရဲ့ အထွတ်အထိပ်နဲ့ အရမ်းကို ဝေးကွာနေဆဲပါပဲ။ ဒါကြောင့် သူအတွက် ဒီလိုကိစ္စတွေကို အခုချိန်မှာ စဉ်းစားနေစရာ မလိုပါဘူး။

Edit with WPS Office

သူ့ခန္ဓာကိုယ်ထဲက နတ်ဘုရား အရိုးတွေအားလုံး ပျက်စီးကြေမွ သွားခဲ့ပါပြီ။ နတ်ဘုရား အရိုးတွေက သေးငယ်တဲ့ အရိုးစလေးတွေ အဖြစ်ကို ပျက်စီးကြေမွသွားပြီး မိုးကောင်းကင် ကပ်ဘေးရဲ့ ဆေးကြောမှုကို ပိုပြီးတော့ ခံယူရရှိပါလိမ့်မယ်။ အဆင့်ငါး နတ်ဘုရား သတ္တုရဲ့ ကွဲပြားခြားနားမှု နှစ်ခု သေချာပေါက် ရှိနေပါလိမ့်မယ်။ ကနဦး အဆင့်ကို အစောပိုင်းအဆင့်၊ အလယ်အလတ် အဆင့်၊ နောက်ပိုင်းအဆင့်နဲ့ အထွတ်အထိပ် အဆင့်ဆိုပြီးတော့ ခေါင်းစဉ် ခွဲထားသလိုမျိုးပေါ့။

တကယ်လို့ သူက ဒီအတိုင်းသာ ဆက်သွားမယ်ဆိုရင် အကောင်းဆုံး လုပ်ရပါလိမ့်မယ်။

ဂုန်း ဂုန်း ဂုန်း။

အာကာသ ဟင်းလင်းပြင်ထဲမှာ မိုးခြိမ်းသံတွေ ထွက်ပေါ်လာပါတယ်။ ကြယ်စင်စုထဲမှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေက အရမ်းကို အားနည်းပြီး တောင်မြစ်အဆင့် ကျင့်ကြံသူတွေတောင် ပျံသန်းနိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ နေရာတွေက

Edit with WPS Office

အရမ်းကို လွယ်ကူစွာနဲ့ ပျက်စီးနိုင်ပါတယ်။
လျှပ်စီးမိုးကြိုးတွေက မီတာသုံးသောင်းလောက် ရှည်လျားပြီး
ဒီနေရာကို ကြည့်ရတာ လျှပ်စီးပင်လယ်တစ်ခုက
မယုံနိုင်စရာ ကောင်းလောက်အောင် တောက်ပနေသလိုပါပဲ။

ဒီတစ်ကြိမ် ကပ်ဘေးက သာမန်လို့ ခံစားနေရတဲ့
လင်းဟာန်တောင်မှ အရင်က အကြိမ်တွေနဲ့ နှိုင်းယှဉ်လိုက်ရင်
အများကြီး ပိုပြီးတော့ အစွမ်းထက်နေသလို ခံစားရပါတယ်။

ငါးခုမြောက် တောင်မြစ်။ စစ်မှန်တဲ့ အထွတ်အထိပ်။
မိုးကောင်းကင်က ခွင့်မပြုပါဘူး။

နေ့တစ်ဝက် ကြာပြီးတဲ့နောက်။

မိုးကောင်းကင် ကပ်ဘေးက ပျောက်ကွယ်သွားပြီး
တိတ်ဆိတ်ငြိမ်သက်မှုက အစားထိုး ဝင်ရောက်
လာခဲ့ပါတယ်။ အဲဒီအချိန်မှာ လင်းဟာန်က
တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေပြီးတော့ အတွေ့အကြုံ
တစ်ခုလုံးကို ပြန်ပြီးတော့ လေ့လာဆင်ခြင် နေပါတယ်။

အရင်နဲ့မတူပဲ သူ့အစွမ်းတွေက တစ်ဟုန်ထိုး

Edit with WPS Office

မြင့်တက်မလာခဲ့ပါဘူး။ အဲဒီအစား သူ့အတွက် တံခါးတစ်ချပ် ပွင့်သွားခဲ့ပြီး သူ့အစွမ်းတွေ ထပ်ပြီးတော့ တိုးပွားလာအောင် ခွင့်ပြုထားပြီး ကြယ်ခုနစ်ပွင့်အမြင့်၊ ရှစ်ပွင့်၊ ကိုးပွင့်နဲ့ ဆယ်ပွင့်အထိတောင် တိုးလာဖို့ ခွင့်ပြုထားပါတယ်။

ဒါပေမဲ့ သူ့ရဲ့ ပါရမီနဲ့ နားလည်သဘောပေါက်နိုင်တဲ့ စွမ်းရည်တွေ အပေါ်မှာ မူတည်ပြီးတော့ ကြယ်ဘယ်နှစ်ပွင့်ထိ အမှန်တကယ် ရောက်နိုင်မလဲ။ ငါးခုမြောက် တောင်မြစ်ကို ကျင့်ကြံအားထုတ်နိုင်ပြီး ဘယ်လောက်ဝေးဝေး သွားနိုင်မလဲ။

မလှမ်းမကမ်းမှာ အားနည်းတဲ့ အလင်းရောင်တစ်ခု တလက်လက် တောက်ပနေပြီး သူ့အရှေ့ တည့်တည့်မှာ ကြယ်တာရာ လှေတစ်စီးကို တွေ့မြင်လိုက်ရပါတယ်။

မသိစိတ်ရဲ့ စေ့ဆော်မှုအရ လင်းဟန်က အနက်ရောင် မျှော်စင်ထဲ ဝင်ပုန်းဖို့ တွေးလိုက်ပါတယ်။ ဒါပေမဲ့ သူက ချက်ချင်းပဲ ဒီကြယ်တာရာလှေက သူ့ကို အရင်က တိုက်ခိုက်တဲ့သူ မဟုတ်ပဲ ကယ်တင်ရှင် ဖြစ်နေတယ်ဆိုတာ သတိပြုမိ သွားခဲ့ပါတယ်။

Edit with WPS Office

ဖြစ်နိုင်တာက စောစောတုန်းက ကောင်းကင်ဘုံ ကပ်ဘေးဟာ ရုတ်ရုတ်သဲသဲ ဖြစ်ပြီးတော့ အရမ်းကို ကြီးမားတာကြောင့် ဒီကြယ်တာရာလေ့ကို ဆွဲဆောင်ခဲ့တာ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ဘာတွေဖြစ်နေတာလဲ ဆိုတာကို ကြည့်ဖို့ အနီးအနားကို လှည့်ပတ်လာခဲ့ပုံ ရပါတယ်။

ကောင်းတယ် ကောင်းတယ်။ နောက်ဆုံးတော့ သူက အာကာသ ဟင်းလင်းပြင်ထဲမှာ အရူးတစ်ယောက်လို လှည့်ပတ်ပြီးတော့ ပြေးစရာ မလိုတော့ပါဘူး။

လင်းဟာန်က စပ်ဖြဲဖြဲ ပြုံးလိုက်ပါတယ်။ သတင်းကောင်းတွေက တကယ်ပဲ တစ်ခုပြီး နောက်တစ်ခု ရောက်လာပါတယ်။

သူက အသွင်ပြောင်းလဲခြင်း ဆေးတစ်လုံးကို ထုတ်ယူပြီးတော့ သောက်လိုက်ပါတယ်။

Chapter 1133 end

အပိုင်း(1134) အံ့ဖွယ်ကောင်းကင်ဂိုဏ်း

Edit with WPS Office

ကြယ်တာရာလှေက လင်းဟန်အနားကို ရောက်လာပေမဲ့ ရပ်မသွားပဲ အရှိန်ကို နှေးချလိုက် ပါတယ်။

ကြယ်တာရာလှေတွေ စတင်ထွက်လာတဲ့ အချိန်မှာ အစစ်အမှန် မူလကျောက်တုံး အများကြီး သုံးစွဲရပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့က လင်းဟန်ကို လှေပေါ်တက်စေချင်တဲ့ စိတ်ကူး ရှိရင်တောင် သူတို့အတွက်တော့ ကြယ်တာရာလှေကို တမင်သက်သက် ရပ်ပစ်လိုက်ဖို့ မလိုပါဘူး။ သူတို့က အရှိန်ကို နှေးချလိုက်ရုံပါပဲ။

လင်းဟန်က ခုန်တက်လိုက်ပါတယ်။ ကြယ်တာရာလှေပေါ်မှာ ခုံကာကွယ်ခြင်း ဂင်္ဂါပါတွေ အသက်သွင်းမထားပါဘူး။ ဒါကလည်း ပုံမှန်ပါပဲ။ အန္တရာယ်တွေမှ မရှိတာ ဘာဖြစ်လို့ ကာကွယ်ရေး ဒိုင်းကို ဆွဲထုတ်စရာအကြောင်း ရှိမှာလဲ။ အဲဒါက အစစ်အမှန် မူလကျောက်တုံးတွေ လုံးဂကို ဖြုန်းတီးတာပါပဲ။

သူက ကုန်းပတ်ပေါ်ကို ခြေချလိုက်ပြီး ယောက်ျားသုံးယောက်က သူ့ကို စောင့်နေပါတယ်။

Edit with WPS Office

"ငါ့မင်းကို ဘယ်လိုခေါ်ရမလဲ"

ယောက်ျားတစ်ယောက်က မေးလိုက်ပါတယ်။ သူက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အရှိန်အဝါက အစွမ်းထက်ကာ သန့်စင်တဲ့ အဆင့်နဲ့ ပတ်သက်ရင် ဖိနှိပ်ထိန်းချုပ်မှု တစ်ခုကို ဖြစ်ပေါ်နေပါတယ်။ ပထမတော့ သူက အရမ်းကိုသတိထားပါတယ်။ ဒါပေမဲ့ လင်းဟန်ရဲ့ အရှိန်အဝါက တောင်မြစ်အဆင့်မှာပဲ ရှိသေးတာကို အာရုံခံမိတဲ့ အချိန်မှာ သူက ချက်ချင်းပဲ သက်တောင့်သက်သာ ဖြစ်သွားခဲ့ပါတယ်။

လင်းဟန်က သူ့လက်တွေကို ဆုပ်ပြီးတော့ နှုတ်ဆက်လိုက်ပါတယ်။

"ကျနော့်နာမည် ဟန်လင်းပါ။ မကြာသေးမီက အာကာသ ပင်လယ်ဓားပြတွေနဲ့ ကြုံတွေ့ခဲ့ပြီး ကံကောင်းထောက်မစွာနဲ့ လွတ်မြောက်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျနော့်ရဲ့ ကြယ်တာရာ လှေကိုတော့ ဆုံးရှုံးသွားပါတယ်။ ဒါကြောင့် ကျနော့်ရဲ့ ပန်းတိုင်ကို ဆက်သွားလို့ မရတော့ပါဘူး။ ကျေးဇူးတင်ပါတယ် ခင်ဗျားတို့ ရောက်လာပြီး ကျနော့်ကို

Edit with WPS Office

ကယ်တင်ပေးတဲ့ အတွက် တကယ် ကျေးဇူးတင်ပါတယ်"

တိုက်ခိုက်တဲ့သူက အောင်မြင်သွားပြီလို့ ယူဆနေမှတော့ လင်းဟန်က ဘာဖြစ်လို့ သူ့နောက်ခံကို လျှို့ဝှက်မထားသင့်မှာလဲ။ အဲဒါမှပဲ သူက နေရာအသစ်မှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တိုးတက်အောင် လုပ်လို့ရနိုင်မယ် မဟုတ်လား။

"ဒါဆိုရင် သူငယ်ချင်းလေးဟန်ပေါ့"

ယောက်ျားကြီးက ခေါင်းညိတ်လိုက်ပါတယ်။ သူက လင်းဟန်ရဲ့ စကားတွေကို အမှန်လား အမှားလားဆိုတာ မသေချာပေမဲ့ သူက သူတို့ကို ဒီနေရာမှာ စောင့်ဆိုင်းပြီးတော့ ထောင်ချောက်ဆင်မယ်လို့ ပြောလာရင် သူ့အနေနဲ့ အဲဒါနဲ့ပတ်သက်ပြီး ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ အာကာသကြီးက အရမ်းကို ကြီးမားကျယ်ပြန့်လွန်းပြီး လှေတွေက ဘယ်ဆိပ်ကမ်းမှာ ကပ်မလဲဆိုတာကို ဘယ်သူက သိနိုင်မှာလဲ။

"မင်းဘယ်နေရာကို သွားမလို့လဲ သူငယ်ချင်းလေး"

Edit with WPS Office

သူက နောက်တစ်ကြိမ် မေးလိုက်တယ်။

"တိမ်ပုံဂြိုလ်ကြီးဆီကိုပါ"

လင်းဟာန်က ပြန်ဖြေလိုက်တယ်။

ယောက်ျားကြီးက ပြုံးလိုက်မိပြီးတော့ ပြောလိုက်တယ်။

"တကယ့်ကို တိုက်ဆိုင်တာပဲ။ ငါတို့လည်း တိမ်ပုံဂြိုလ်ကြီးဆီကို သွားမလို့။ ဒါဆိုရင် ငါတို့ မင်းကို အတူတူ ခေါ်သွားပေးမယ် သူငယ်ချင်းလေး"

"ကျေးဇူးအများကြီး တင်ပါတယ်"

လင်းဟာန်က အလျှင်အမြန်ပဲ ပြောလိုက်တယ်။ တန်ခိုးရှင်ဘုံထဲမှာ စွမ်းအားသာလျှင် အရာအားလုံးကို ပိုင်စိုးနိုင်ပါတယ်။ လက်ရွေးစင် တစ်ယောက် အနေနဲ့ တခြားသူတွေကို ခင်ခင်မင်မင် ကူညီပေးဖို့က အရမ်းကို ရှားပါးလွန်းပါတယ်။

ယောက်ျားကြီးက သူ့ကို လက်ခါပြလိုက်ပြီးတော့ သူ့ရဲ့ အစေခံတွေထဲက တစ်ယောက်ကို ခေါ်ပြီး လင်းဟာန်ကို အနားယူစေဖို့ အခန်းဆီ လိုက်ပို့ခိုင်းလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က အဲဒီလူနဲ့ စကားစမြည် အပြန်အလှန် ပြောဆိုခဲ့ပြီး ဒါက မိုကလန်ရဲ့ ကုန်သွယ်ရေး လှေဖြစ်တယ် ဆိုတာကို သိလိုက်ရပါတယ်။ အဲဒီယောက်ျားကြီးရဲ့ နာမည်က မိုဂူလို့ ခေါ်ပြီးတော့ မိုကလန်ရဲ့ အတွင်းလူ တစ်ယောက် ဖြစ်ပါတယ်။

မိုကလန်က တောင်ပိုင်းကျွယ်ဂခြင်း ဂြိုလ်ကြီးပေါ်မှာ အခြေချ နေထိုင်ကြပြီး စကြဝဠာ တစ်ခုနဲ့ တစ်ခုအကြား ကုန်သွယ်ရေးကို အဓိက လုပ်ဆောင်ပါတယ်။ သူတို့က အဓိက ဂြိုလ်ကြီး တချို့နဲ့ အုံ့ဖွယ်အင်ပါယာတွေမှာတောင် အဖွဲ့ခွဲတွေ ရှိပါတယ်။ အဲဒါက မိုကလန်ကို အရမ်းပဲ ထူးထူးခြားခြား ရပ်တည်လို့ ရစေခဲ့ပါတယ်။ တကယ်လို့ တောင်ပိုင်းကျွယ်ဂခြင်း အုံ့ဖွယ် အင်ပါယာက သူတို့ကို ထိခိုက်စေချင်တယ်ဆိုရင် သူတို့အားလုံးက နေရာပြောင်းလိုက်ပြီး သူတို့ရဲ့ အိမ်အသစ်ကို နေရာအသစ်မှာ တည်ဆောက်လိုက်ရုံပါပဲ။

ဒီခရီးက တိမ်ပျံဂြိုလ်ကြီးကို ပစ္စည်းတွေ အများကြီး ပို့ဆောင်ပေးဖို့ ဖြစ်ပါတယ်။ ဒါက တကယ့်ကို တိုက်ဆိုင်မှု

Edit with WPS Office

တစ်ခု ဖြစ်ပါတယ်။ သူတို့က လင်းဟန်ရဲ့ ကောင်းကင်ဘုံ ကပ်ဘေးက သူတို့ကို ဆွဲဆောင်ခဲ့တာကြောင့် သူတို့ရဲ့ ပျံသန်းမှုကို ပြန်ကွေ့ပြီးတော့ တစ်ချက်လာကြည့်တာ ဖြစ်ပါတယ်။

လင်းဟန်က ဒီမျက်နှာသာ ပေးမှုကို သူ့နှလုံးသားထဲမှာ လျှို့ဝှက်စွာနဲ့ မှတ်သားထား ခဲ့ပါတယ်။ သူတို့က သူ့ကို လက်တစ်ဖက် ကူညီပေးတဲ့ အချိန်မှာ သူ့ကို မျက်နှာသာ ပြန်ပေးဖို့ မတောင်းဆို နိုင်ပေမဲ့ တကယ်လို့ သူက တကယ့်ကို ကျေးဇူးတရား မသိတတ်ဖူးဆိုရင် သူက ယောက်ျားတစ်ယောက် မဟုတ်တော့ပါဘူး။

သူက ငြိမ်းချမ်းရေး ဂြိုလ်ကြီးကနေ တိမ်ပျံဂြိုလ်ကြီးဆီကို အရမ်းကို ကြာမြင့်စွာနဲ့ ပျံသန်းလာ ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ကံကောင်းမှုက သိပ်မဆိုးပါဘူး။ သူက တိမ်ပျံဂြိုလ်ကြီးကနေ အရမ်းကို မဝေးတဲ့ နေရာကို ရောက်လာခဲ့ပါတယ်။ ဒါကြောင့် သူတို့က နောက်ထပ် ခုနစ်ရက်လောက် ခရီးဆက်သွားခဲ့ရပြီး တိမ်ပျံဂြိုလ်ကြီးပေါ်ကို ခြေချလာနိုင်စွမ်း ရှိပါတယ်။

Edit with WPS Office

မိုဂူလို နေလအဆင့် လက်ရွေးစင် တစ်ယောက် အနေနဲ့ လင်းဟန်လိုမျိုး သာမန်ပုဂ္ဂိုလ် တစ်ယောက်ကို မှတ်သားထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီခုနစ်ရက် အတွင်းမှာ လင်းဟန်ဆီ တစ်ခါတောင် လာမလည်ခဲ့ပါဘူး။ ကြယ်တာရာလေ့ ဆင်းသက်လာတဲ့အချိန် သူတို့တွေ လမ်းခွဲတော့မှပဲ လင်းဟန်က သူ့ကို နောက်တစ်ကြိမ် တွေ့မြင်ခဲ့ရပါတယ်။ သူက နောက်တစ်ကြိမ် ကျေးဇူးတင်ကြောင်း ပြောပြီးတော့ နှုတ်ဆက်ထွက်ခွာ လာခဲ့ပါတယ်။

လင်းဟန်က မြို့ထဲမှာ မြေပုံတစ်ခုကို ဝယ်ယူလိုက်ပြီး မြေပုံအရ သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းနဲ့ သိပ်မဝေးဘူး ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။

တိမ်ပျံဂြိုလ်ကြီးပေါ်မှာ အံ့ဖွယ်အင်ပါယာ နှစ်ခုပဲ ရှိပါတယ်။ ပင်လယ်လေးခု အံ့ဖွယ်အင်ပါယာနဲ့ မဟာမိုးကောင်းကင် အံ့ဖွယ်အင်ပါယာပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီအံ့ဖွယ် အင်ပါယာ နှစ်ခုရဲ့ ပိုင်နက်တွေ အားလုံးကို ပေါင်းလိုက်ရင်တောင် အံ့ဖွယ်ကောင်းကင်ဂိုဏ်း

Edit with WPS Office

ပိုင်ဆိုင်ထားတဲ့ ပိုင်နက်လောက် မကြီးမားပါဘူး။

ဘာမှလုပ်လို့ မရပါဘူး။ အရှင်သခင် ဂိညာဉ်သုံးခုက ကမ္ဘာကြီး တစ်ခုလုံးကို သိမ်းပိုက်စိုးမိုးဖို့ စိတ်ဝင်စားမှု မရှိပေမဲ့ အမှန်တော့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဒီလိုမျိုး ကျယ်ပြန့်တဲ့ ပိုင်နက် တစ်ခုကို ရယူထားခဲ့ပါတယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို အံ့ဖွယ် အင်ပါယာ နှစ်ခုက ပိုင်နက်နယ်မြေ ပိုလိုချင်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် တိုက်ခိုက်ပွဲ့မှာလဲ။

တစ်ဖက်မှာ အခုလို တည်ရှိနေတာကိုလည်း အံ့ဖွယ်အင်ပါယာတွေက ခွင့်ပြုထားပါတယ်။ နောက်ပြီးတော့ တကယ်လို့ ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ပိုင်နက်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ပိုင်နက်ထက် ပိုသေးငယ်နေမယ် ဆိုရင် ဘယ်လိုလုပ်ပြီးတော့ လက်သင့်ခံနိုင်မှာလဲ။

ဒါကြောင့် လက်ရှိအခြေအနေက အားလုံးအတွက် လက်ခံနိုင်ပြီး စိတ်ကျေနပ်စရာ ကောင်းပါတယ်။

Edit with WPS Office

လင်းဟန်က လက်ရှိမှာ မဟာမိုးကောင်းကင်
အင်ပါယာထဲမှာ ရှိနေပြီး အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့
ကောင်းကင်ဘုံလေပြင်းတောင် တံခါးဂတွေဆီကို
တစ်လလောက် ခရီးထွက်ရပါမယ်။ ပြီးတော့
တိမ်ထိုးဖောက်ခြင်း လွန်းပျံရဲ့ အမြန်နှုန်းကို
ထည့်တွက်ထားတာ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ
သူ့ခြေကျင်ခရီးသွားမယ်ဆိုရင် အနည်းဆုံး နှစ်ဂက်လောက်
အချိန်ကြာပါလိမ့်မယ်။

"ကဲ သွားတာပေါ့"

လင်းဟန်က တိမ်ထိုးဖောက်ခြင်း လွန်းပျံကို ထုတ်ယူပြီးတော့
အံ့ဖွယ်ကောင်းကင်ဂိုဏ်းဆီကို ခရီးထွက်လာခဲ့ပါတယ်။

ခုနစ်ရက်ခန့် ကြာပြီးတဲ့နောက် သူက
အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ပိုင်နက်ထဲကို ဂင်ရောက်
လာခဲ့ပါတယ်။ ဒါပေမဲ့ နောက်ထပ် ရက်နှစ်ဆယ်လောက်
ကြာပြီးတဲ့ နောက်မှာ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့
တောင်အဂင်ဂိတ်တွေဆီကို ရောက်လာခဲ့ပါတယ်။

Edit with WPS Office

သောက်ကျိုးနည်း။ အုံ့ဖွယ်ကောင်းကင်ဂိုဏ်းလို့ခေါ်တာ အံ့ဩစရာ မဟုတ်တော့ဘူး။

သူ့အရှေ့မှာ တိမ်တွေထဲထိအောင် မြင့်မားနေတဲ့ တောင်ထိပ်တစ်ခု ရှိနေပါတယ်။ တကယ်လို့ မှသားမဲ့ မျက်လုံးကို အသက်သွင်းရင်တောင် တောင်ထိပ်ကို မမြင်နိုင်ပါဘူး။ အနည်းဆုံး မီတာသောင်းနဲ့ချီပြီးတော့ မြင့်နိုင်ပါတယ်။

အဲဒါက ကောင်းကင်ဘုံ လေပြင်းတောင်တွေရဲ့ အဓိက အထွတ်အထိပ်ဖြစ်တဲ့ တိမ်ထိုးဖောက်ခြင်း တောင်ထွတ် ဖြစ်ပါတယ်။

အဓိက တောင်ထွတ်ကလွဲပြီး တခြားတောင်ထွတ် ခုနစ်ခု ရှိပါတယ်။ အဲဒီတောင်ထွတ်တွေလည်း အရမ်းကို မြင့်မားပေမဲ့ သင့်တင့်လျှောက်ပတ်စွာနဲ့ တည်ရှိနေကြပါတယ်။ ဒါကြောင့် တခြားပိုမြင့်တဲ့ တောင်ထွတ်တွေ မရှိတော့ပါဘူး။

အခုဆို သူက အဲဒီကို ရောက်လာပါပြီ။ တိမ်ထိုးဖောက်ခြင်း

Edit with WPS Office

လွှန်းပျံနဲ့ သူ့စိတ်ကြိုက် ပျံသန်းလို့ မရနိုင်တော့ပါဘူး။ လင်းဟာန်က တိမ်ထိုးဖောက်ခြင်း လွှန်းပျံကို ဆင်းသက်ပြီးတော့ ပြန်သိမ်းထား လိုက်ပါတယ်။ အဲဒီနောက် ခြေကျင်ခရီးနဲ့ စတင်ထွက်လာ ခဲ့ပါတယ်။

ဒီနေရာက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ အရေးကြီးတဲ့ ပိုင်နက်တစ်ခု ဖြစ်ပြီးတော့ ဂင်ရောက်ခွင့် တားမြစ်ထားတဲ့ နေရာတွေ အများကြီး ရှိပါတယ်။ ပြီးတော့ အဲဒီနေရာတွေမှာ အတားအဆီးတွေ အမျိုးမျိုးကို ခင်းကျင်းထားပါတယ်။ ဂိုဏ်းရဲ့ တပည့်တွေလည်း အလှည့်ကျ ကင်းလှည့်ဖို့အတွက် တာဂန်ပေးထားပါတယ်။

လင်းဟာန်က ဒီနေရာမှာ ကလိမ်ကျတာ လှည့်ဖျားတာမျိုး မလုပ်ပါဘူး။ ဒါကြောင့် သူက အနက်ရောင် မျှော်စင်ကို သုံးပြီးတော့ တားမြစ်ထားတဲ့ ပိုင်နက်တွေထဲ ဂင်ရောက်ဖို့ စိတ်ကူး လုံးဂ မရှိပါဘူး။ အဲဒီအစား သူက အဓိက လမ်းကြောင်းကနေ ဂင်လာခဲ့ပြီး တောင်ခြေကို ရောက်လာ ခဲ့ပါတယ်။

စုံစမ်းမေးမြန်းမှု တချို့ လုပ်ပြီးတဲ့နောက်မှာ အပြင်လူတွေကို

Edit with WPS Office

အဓိက တောင်ထွတ်နဲ့ တောင်ထွတ်အခွဲ ခုနစ်ခုကို ကျူးကျော်ခွင့် မပြုခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီရက်အနည်းငယ် အတွင်းမှာတော့ ကွဲပြားခြားနားမှု တစ်ခုရှိပါတယ်။ ဂိုဏ်းထဲက မျိုးစေ့တပည့် အနည်းငယ်က လက်ရှိမှာ နောက်လိုက်တွေကို စုဆောင်းနေကြပြီး အဲဒီနေရာကို ဝင်ရောက်လျှောက်ထားဖို့ လူတွေအများကြီးကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။

စောစောတုန်းက အဲဒါကို ရှင်းပြထားပြီးပါပြီ။ မျိုးစေ့တပည့်တွေပဲ နောက်လိုက်တွေ စုစည်းဖို့ အရည်အချင်း ရှိပါတယ်။ ပြီးတော့ နောက်လိုက်ဖြစ်လာတဲ့ လူတစ်ယောက်က ကျင့်ကြံခြင်း အတွက် အရင်းအမြစ်တွေ မရရှိနိုင်ပေမဲ့ တရားဝင် တပည့်တွေကို ဆက်ဆံပုံနဲ့ သူတို့ကို ဆက်ဆံပုံက တကယ်ပဲ ကွာခြားမှု မရှိပါဘူး။ သူတို့က မျိုးစေ့တပည့်တွေကို အရှင်သခင် ဂိညာဉ်သုံးခုက သင်ကြားပေးတာကို ဘေးကနေတောင် နားထောင်လို့ ရပါတယ်။

ဒါက ဘယ်လောက်တောင် ဆွဲဆောင်နိုင်လိုက်သလဲ။

Edit with WPS Office

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကို ဝင်ခွင့်မရခဲ့တဲ့ လူတွေအတွက် ဒါက အလျော့ပေးမှု တစ်ခုပါပဲ။ အံ့ဖွယ်ကောင်းကင်ဂိုဏ်း အထဲမှာတောင်မှာ သာမန်တပည့်တွေက မျိုးစေ့တပည့်တချို့ရဲ့ နောက်လိုက်နေရာ အတွက်တောင် အပြင်းအထန် ယှဉ်ပြိုင်နေကြပါတယ်။

နောက်ပြီးတော့ ဒီမျိုးစေ့စာရင်းဝင် လူငယ်တွေက အနည်းဆုံး နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် သေချာပေါက် ဖြစ်လာကြ ပါလိမ့်မယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အတားအဆီးက ဖြတ်ကျော်နိုင်ဖို့ အရမ်းကို ခက်ခဲလို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်က အံ့သြစရာကောင်းဖို့ မလုံလောက်သေးဘူးလား။

တကယ်လို့ သူတို့ပက ဒီလိုလက်ရွေးစင်ရဲ့ ဘေးမှာနေပြီး သူတို့ရဲ့ ကူညီမှုပေါ်ကို မှီခိုနိုင်ရင် သူတို့ရဲ့ အနာဂတ် တက်လမ်းက အကြီးအကျယ် အကူအညီ ဖြစ်စေပါလိမ့်မယ်။

အချိန်တိုတို အတွင်းမှာ တောင်ထွတ်အခွဲတွေထဲက တစ်ခုရဲ့

Edit with WPS Office

တောင်ခြေကို ရောက်လာပါတယ်။ အဲဒီတောင်ကိုတော့ တိမ်ဖြူတောင်ထွတ်လို့ ခေါ်ပြီး လက်ရှိမှာ လူတွေနဲ့ စည်းကားလို့ နေပါတယ်။ သူတို့အားလုံးက မျိုးစေ့ပါရမီရှင် လူငယ်တွေထဲက တစ်ယောက်ရဲ့ နောက်လိုက် ဖြစ်ဖို့ ရောက်လာကြတာ ဖြစ်ပါတယ်။

မျိုးစေ့ပါရမီရှင် လူငယ် တစ်ယောက်ကို နောက်လိုက်သုံးယောက် အများဆုံး ပိုင်ဆိုင်နိုင်ပါတယ်။ အဲဒါက ဒီလူအုပ်ကြီးအတွက် စိတ်ကျေနပ်စရာတော့ မကောင်းပါဘူး။ ဒါကြောင့်လည်း ဒီနေရာကို ရရှိဖို့ အပြင်းအထန် ယှဉ်ပြိုင်ရပါလိမ့်မယ်။

"ဘေးဖယ် ဘေးဖယ်ကြ"

သူတို့အနောက်ကနေ ဆူဆူညံညံအသံကို ကြားလိုက်ရပါတယ်။ ယောကျ်ားလေးယောက်က လမ်းကြောင်းရှင်းနေပြီး သူတို့အနောက်မှာ သုန်မှုန်နေတဲ့ ပုံစံနဲ့ လူငယ်တစ်ယောက် ရှိပါတယ်။ သူ့ရဲ့ အသက်ဓာတ် စွမ်းအားက သန်စွမ်းပါတယ်။ ဒါကြောင့် သူက တကယ်ပဲ အရမ်းကို ငယ်ရွယ်ပါသေးတယ်။ ဒါပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း

Edit with WPS Office

အဆင့်ကတော့ အံ့အားသင့်စရာ ကောင်းလောက်အောင် တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိနေပြီး အရမ်းကို အံ့ဩဖို့ ကောင်းပါတယ်။

"သူက ဘယ်သူလဲ။ ဘာဖြစ်လို့ အရမ်းတောင် ဘဝမြင့်နေရတာလဲ။ သူက အဓိက တပည့် တစ်ယောက်များ ဖြစ်နေမလား"

အနားက လူတစ်ယောက်က မေးလိုက်ပါတယ်။

"သူဘယ်သူလဲ ဆိုတာကိုတောင် မင်းမသိဘူးလား"

"ငါက ဘယ်လိုလုပ် သိမှာလဲ"

"ဟားဟား သူ့နာမည်က ကျန်းထောင်တဲ့ သခင်ယန်ပေါင်ရဲ့ နောက်လိုက်ပဲ"

"ဘာပြောတယ် ယန်ပေါင် ဟုတ်လား။ မင်းပြောချင်တာက နှစ်ပေါင်းခြောက်ရာလောက်ပဲ အသုံးပြုပြီးတော့ နေလအဆင့်ကို ရောက်ရှိခဲ့တဲ့ ထိပ်တန်းပါရမီရှင် အရှင်သခင် ယန်ပေါင်ကို ပြောတာလား"

"ဒါပေါ့"

Edit with WPS Office

"သောက်ကျိုးနည်း နေပါဦး အရှင်သခင်ယန်က ဘယ်လောက်ပဲ အံ့ဩဖို့ ကောင်းနေပါစေ သူက ဒီလိုမျိုး ဘဂင်မြင့်နေစရာ လိုလို့လား"

"မင်းမသိဘူးလား။ ကျန်းထောင်က တချိန်တုန်းကဆို အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ပင်မတပည့် တစ်ယောက် ဖြစ်ခဲ့ပြီး သူ့ရဲ့ ပင်မတပည့်ဆိုတဲ့ ဂုဏ်ပုဒ်ကို စွန့်လွှတ်ပြီး အရှင်သခင်ယန်ရဲ့ အနောက်ကို လိုက်ခဲ့တယ်။ အဲဒီအချိန်က လူအားလုံးက သူ့ကို ရူးသွားပြီလို့တောင် ပြောခဲ့တယ်။ ဒါပေမဲ့ အခုတော့ ဘယ်လိုဖြစ်ကုန်လဲ။ မျိုးစေ့ပါရမီရှင် တချို့တောင်မှ အရှင်သခင်ယန်ရဲ့ အနောက်ကို လိုက်ဖို့ ဆန္ဒရှိနေကြတယ်။ ကံမကောင်းတာက အရှင်သခင်ယန်က သူတို့ကို လုံးဝ အထင်အမြင် သေးနေတာပဲ"

"ဘာ အဲဒါက တကယ်လား"

သူတို့တွေ စကားပြောတုန်းမှာ အဲဒီလူလေးယောက်က လမ်းကြောင်းရှင်းပြီးတော့ လင်းဟာန်ရဲ့ အနောက်ကို ရောက်လာခဲ့ပါတယ်။ တခြားသူတွေ အားလုံးကို သူတို့တွေ

Edit with WPS Office

ဖြတ်သွားလို့ရအောင် တမင်သက်သက် လမ်းဖယ်ပေးကြတာကြောင့် လင်းဟာန်က တစ်ကိုယ်တည်း ထီးထီးကြီး ပေါ်လွင်နေပါတယ်။

Chapter 1134 end

အပိုင်း(1135) ဘဂင်မြင့်နေတဲ့ နောက်လိုက်တစ်ယောက်

"ကောင်လေး မင်းကို ဖယ်ပေးဖို့ ပြောနေတာကို မကြားဖူးလား"

ယောကျ်ားလေးယောက်က အေးစက်စွာနဲ့ နှာခေါင်းရှုံ့ လိုက်ကြပါတယ်။

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက အားနည်းတဲ့ လူတွေ အပေါ်မှာ တကယ့်ကို ဟိတ်ဟန်များနေတာပဲ"

"ဘာပြောတယ်"

ယောကျ်ားတစ်ယောက်က အရှေ့ကို ထွက်လာခဲ့ပါတယ်။

"ငါ့သခင်လေးက ဘယ်သူလဲ ဆိုတာကို မင်းမသိဘူးလား"

Edit with WPS Office

"အိုး ဘယ်သူများပါလိမ့်"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူက တကယ်ပဲ နည်းနည်းလေးမှကို ဂရုမစိုက်ပါဘူး။

"သခင်လေး ကျန်းထောင်ပဲ"

အဲဒီယောက်ျားက သူ့ကိုယ်သူ ကျန်းထောင်လို့မျိုး ဂုဏ်ယူဝင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

လင်းဟန်က အိုးလို့ တစ်ခွန်းပြောပြီးတော့ စကားကို ဆက်လိုက်ပါတယ်။

"ဒါဆိုရင် သီအိုရီအရ မင်းက ခိုင်းဖတ်တစ်ယောက်ရဲ့ ခိုင်းဖတ်တစ်ယောက်ပေါ့။ ဒုတိယမြောက် ခိုင်းဖတ်လို့ ခေါ်ရမှာပဲ"

"မင်း မင်း မင်း"

အဲဒီယောက်ျားက လင်းဟန်ကို ဒေါသတကြီးနဲ့ လက်ညှိုးထိုးလိုက်ပါတယ်။

"မင်းအသက်ရှင်နေရတာ ငြီးငွေ့နေပြီလား"

Edit with WPS Office

"အိုး ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ညှော်သည်တွေကို ဆက်ဆံတဲ့ ပုံစံလား"

လင်းဟာန်က မေးလိုက်တယ်။

"မှားသွားပြီ။ ငါတို့က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေ မဟုတ်ဘူး။ ဒါကြောင့် ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် တားမြစ်ထိန်းချုပ်ဖို့ မလိုဘူး"

အဲဒီယောက်ျားက ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်။ အဲဒီနောက် သူက လက်ဖျောက် တစ်ချက် တီးပြီးတော့ ပြောလိုက်တယ်။

"ညီအစ်ကိုတို့ ဒီကောင်လေးကို သင်ခန်းစာကောင်းကောင်း ပေးလိုက်ရအောင်"

"ဟီးဟီးဟီး"

"ဟားဟားဟား"

"ဟဲဟဲဟဲဟဲ"

Edit with WPS Office

တခြားယောက်ျား သုံးယောက်လည်း အရှေ့ကို ထွက်လာပြီး လင်းဟန်ကို ယုန်ငယ်လေး တစ်ကောင်ကို ဖမ်းစားတော့မဲ့ ဆာလောင်မွတ်သိပ်နေတဲ့ ဂံပုလွေတွေ ပုံစံမျိုးနဲ့ စိုက်ကြည့် လိုက်ကြပါတယ်။

လင်းဟန်က သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ပြီးတဲ့ နောက်မှာ သူ့ရဲ့ အရှိန်အဝါကို ထိန်းထားနိုင်ပါတယ်။ သူ့တစ်ကိုယ်လုံးက ပင်လယ်လိုမျိုး ထူးထူးခြားခြား နက်ရှိုင်းတဲ့ ပုံစံမျိုး ဖြစ်နေပြီး သူက ဘယ်လောက်တောင် သန်မာအားကောင်းလဲ ဆိုတာကို တိတိကျကျ သိနိုင်ဖို့ အရမ်းကို ခက်ခဲပါတယ်။ နောက်ပြီးတော့ သူက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို လွန်ခဲ့တဲ့ တစ်လလောက်က ချိုးဖြတ်ခဲ့ပြီး လက်ရှိမှာ သူ့ရဲ့ စွမ်းအားက ကြယ်ခုနစ်ပွင့်ကို အဆင့်တက် သွားခဲ့ပါပြီ။

တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အပေါ်က ကြယ်ခုနစ်ပွင့် စွမ်းအား။ ဒါက ဘယ်လိုမျိုးကြီးလဲ။

သူက ကျန်းထောင်ကို တစ်ချက်ကြည့်ပြီးတော့ မေးလိုက်တယ်။

Edit with WPS Office

"မင်းရဲ့ ဒီခွေးတွေက အရူးတွေလို ဟောင်လွန်းတယ်။ မင်းက သူတို့ကို ဆုံးမဖို့ စိတ်ကူးမရှိဘူးလား"

"သူ့ပါးစပ်က သွားတွေအကုန် ကျွတ်ထွက်သွားအောင် ရိုက်ပစ်လိုက်"

ကျန်းထောင်က ရေခဲတမျှ အေးစက်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။ သူ့အမူအရာက ပြောင်းသွားခဲ့ ပါတယ်။

ပထမတော့ သူက လင်းဟာန်နဲ့ ပတ်သက်ပြီး ဂရုမစိုက်ပါဘူး။ ဒီလိုမျိုး ဘာမဟုတ်တဲ့ လူတစ်ယောက်ကို သူတို့တွေက ရိုက်နက်ပစ်တော့လည်း ဘာဖြစ်မှာလဲ။ သူက လင်းဟာန်ကို စိတ်ရှုပ်ခံပြီးတော့ နောက်တစ်ကြိမ်တောင် မကြည့်နိုင်ပါဘူး။ တကယ်လို့ သူက ဘဂမြင့်တော့ရော ဘာဖြစ်သေးလဲ။ သခင်ယန်ဟောင်ရဲ့ နောက်လိုက်တစ်ယောက် အနေနဲ့ သူက ဘာဖြစ်လို့ ဘဂမမြင့်နိုင်ရမှာလဲ။ အရှင်သခင် ဂိညာဉ်သုံးခုက ယန်ဟောင်ကို ကိုယ်ပိုင် တပည့် တစ်ယောက် အနေနဲ့ ရွေးချယ်ဖို့ စိတ်ကူးရှိနေတယ်လို့တောင် ပြောကြပါတယ်။

Edit with WPS Office

တကယ်လို့ ယန်ဟောင်က ထာဂရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တပည့်ဖြစ်လာရင် အဲ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ သူ့စိတ်တိုင်းကျ လုပ်ပြီးတော့ စိတ်တိုင်းကျ ဆုံးဖြတ်တော့ ဘာဖြစ်မှာလဲ။

"ဟားဟားဟားဟား"

ခိုင်းဖတ်လေးယောက်စလုံးက အေးစက်စွာနဲ့ ရယ်မောလိုက်ကြပါတယ်။ ကျန်းထောင် ကိုယ်တိုင်က လွှမ်းမိုးနိုင်စွမ်းရှိတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့ဘေးမှာ နေရတာကြောင့် သူတို့ကလည်း ဘဂမြင့်တဲ့ ဟန်ပန်မှု အသုံးချနိုင်ပါတယ်။ နှိမ့်ချပြီး နေရမယ် ဆိုတဲ့ စကားရဲ့ အဓိပ္ပါယ်ကိုတောင် သူတို့တွေ လုံးဂမသိပါဘူး။

အနားက လူတွေက အလျင်အမြန်ပဲ နောက်ဆုတ်လိုက်ကြပြီး သူတို့တွေကို ဆွဲထည့်ခံရမှာကို ကြောက်နေကြပါတယ်။

ဒါက ကျန်းထောင်ဖြစ်ပါတယ်။ တခြားလူတွေရဲ့ အလုပ်ကို ဒီလိုမျိုး ဘယ်သူကများ နှောင့်ယှက် ပုံမှာလဲ။

Edit with WPS Office

နောက်ပြီးတော့ သူတို့က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေ မဟုတ်ပါဘူး။ ဒီကိစ္စထဲ ဂင်ရောက်စွက်ဖက်စရာအကြောင်း ဘာများ ရှိလို့လဲ။

"ဟင့် ဘယ်လောက် သည်းမခံနိုင်အောင် အနိုင်ကျင့်စော်ကားနေတာလဲ"

အဲဒီအခိုက်အတန့် အစိမ်းရောင် ဂတ်စုံနဲ့ အမျိုးသမီး တစ်ယောက်က လူအုပ်ကြားထဲကနေ လျှောခနဲ ခုန်ထွက်လာပါတယ်။

"နင်တို့အားလုံးက အစေခံတစ်စုသာသာပဲ။ ပြီးတော့ ဒါတောင်မှ အရမ်းကို ဘဂမြင့်နေ ဂံ့တယ်ပေါ့"

ကျန်းထောင်က သူမကို တစ်ချက်ကြည့်လိုက်ပေမဲ့ အကြည့်တွေက မှင်သက်တွေဝေ သွားခဲ့ပါတယ်။

သူမက တကယ်ပဲ ထူးထူးခြားခြားကို ချောမောလှပသူ တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ ဆံပင်တွေက ရေတံခွန်လို စီးကျနေပြီး သူမရဲ့ အသားအရေက နှင်းပွင့်တွေလို ဖြူဆွတ်လို့ နေပါတယ်။ သူမရဲ့ ပုံပန်းသွင်ပြင်က

Edit with WPS Office

မယုံနိုင်စရာ ကောင်းလောက်အောင် နူးညံ့သိမ်မွေ့ပြီး အထူးသဖြင့် မျက်လုံးဝိုင်းဝိုင်းတွေ ဖြစ်ပါတယ်။ မျက်လုံးတွေက စကားပြောနေသလို အသက်ဝင်ပြီးတော့ ငယ်ရွယ်တဲ့ မိန်းကလေး တစ်ယောက်ရဲ့ သွက်လက်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

သူ့နှလုံးသားတွေ တဒိတ်ဒိတ် ခုန်လာပြီးတော့ သူက မေးလိုက်ပါတယ်။

"မိန်းကလေး မင်းနာမည် ဘယ်လိုခေါ်လဲ"

"ငါဘယ်သူလဲ ဆိုတာကို နင်ဘာလို့ ဂရုစိုက်နေလဲ။ ငါက တခြားသူတွေကို စိတ်ကြိုက် အနိုင်ကျင့်တာမျိုးကို ကြည့်နေရလောက်တဲ့အထိ သည်းမခံနိုင်ဘူး"

အစိမ်းရောင် ဂတ်စုံနဲ့ မိန်းမလှလေးက သူမရဲ့ ခေါင်းကို မော့ပြီးတော့ ပြောလိုက်ပါတယ်။

"ပညာသင်ဘက် ညီမလေး"

နောက်ထပ် ယောက်ျားတစ်ယောက်က အားသုံးပြီးတော့ လူအုပ်ထဲကနေ ထွက်လာပါတယ်။ သူ့ပုံစံက အရပ်မြင့်မြင့်နဲ့

Edit with WPS Office

ခန္ဓာကိုယ် တောင့်တင်းပါတယ်။ ဒါပေမဲ့လည်း သူ့ပုံစံက လှုပ်မ်းမိုးနိုင်တဲ့ ပုံစံမျိုး မပေါ်ပါဘူး။ အဲဒီအစား ခပ်ကုပ်ကုပ် နေတတ်တဲ့ ပုံစံမျိုးပါ။ တစ်ဖက်မှာ သူက ကျန်းထောင်နဲ့ သူ့အစေခံ လေးယောက်ကို ထပ်ခါထပ်ခါ ဦးညွှတ်ပြီးတော့ ပြောလိုက်ပါတယ်။

"တောင်းပန်ပါတယ်။ တောင်းပန်ပါတယ်။ ဒါက ကျနော့်ရဲ့ ပညာသင်ဘက် ညီမပါ။ သူမက စကားကို မဆင်မခြင်ပြောပြီး လုပ်တတ်ပါတယ်။ ဒါကြောင့် ကျေးဇူးပြုပြီးတော့ သူမကို အပြစ်မတင်ပါနဲ့။ ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ"

အားလုံးက ဒါကိုစောင့်ကြည့်နေရင်း သူတို့ရဲ့ ခေါင်းတွေကို လျှို့ပုက်စွာနဲ့ ခေါင်းခါလိုက် ပါတယ်။

ဒီနှစ်ယောက်ရဲ့ ပင်ကိုယ်စရိုက်တွေက တကယ်ပဲ အရမ်းကို ခြားနားပါတယ်။ တစ်ယောက်က အနိုင်ကျင့်စော်ကားတာကို အထင်သေးပြီး သူမရဲ့ ရန်သူတွေလိုမျိုး သတ်မှတ်နေချိန် ကျန်တစ်ယောက်ကတော့ သရဲဘောကြောင်ပြီး တွန့်ဆုတ်တတ်ပါတယ်။

Edit with WPS Office

ကျန်းထောင်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"တောင်းပန်မှု တစ်ခုနဲ့ သူမကို ခွင့်လွှတ်ပေးဖို့ ငါ့ကိုတောင်းဆိုလိုက်တာနဲ့ ဒီကိစ္စက ပြီးသွားမယ်လို့ မင်းထင်နေတာလား"

"ဒါက... သခင်လေးကျန်း ဘာများလုပ်ပေးစေချင်တာလဲ"

ဗလတောင့်တောင့် ယောကျ်ားက မေးလိုက်ပါတယ်။

"မင်းက ငါ့ကို အပြစ်ပြုခဲ့တယ် ဆိုမှတော့ မင်းရဲ့အမှားကို ပြင်ဆင်ဖို့နဲ့ တောင်းပန်ဖို့ ဘာဖြစ်လို့ ငါတို့တွေ ကောင်းကင်ဘုံ စားသောက်ဆိုင်ကို သွားပြီးတော့ စကားစမြည်ပြောပြီး သောက်ကြမယ်ဆိုရင် ဘယ်လိုလဲ"

ကျန်းထောင်ရဲ့ မျက်လုံးတွေက အစိမ်းရောင် ဂုတ်စုံနဲ့ မိန်းမလှလေး အပေါ်မှာ ကျရောက်နေပြီး အသည်းတွေ ယားကျိယားကျိ ဖြစ်နေပါတယ်။

လူအုပ်ကြီးက ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ယောကျ်ားတစ်ယောက် အနေနဲ့ အချင်းချင်း

Edit with WPS Office

မြွေမြွေချင်း ခြေမြင်ပါတယ်။ ကျန်းထောင်က ဒီမိန်းကလေးကို လိုချင်နေခဲ့ပါတယ်။

"ဒါက ..."

ဗလတောင့်တောင့် ယောက်ျားက တုံ့ဆိုင်းဆိုင်း ဖြစ်သွားပါတယ်။

"ပညာသင်ဘက်အစ်ကို သူက အစေခံ တစ်ယောက်ပဲဟာ ဘာဖြစ်လို့ ကျမတို့က သူ့ကို ကြောက်နေရမှာလဲ"

အစိမ်းရောင် ဂတ်စုံနဲ့ မိန်းမလှလေးက မေးလိုက်ပါတယ်။

"ပညာသင်ဘက် ညီမလေး ငါမင်းကို ဘယ်နှစ်ကြိမ်တောင် ပြောရမှာလဲ။ ပြဿနာ မရှာပါနဲ့ ပြဿနာမရှာပါနဲ့လို့"

ဗလတောင့်တောင့် ယောက်ျားက သက်ပြင်းချလိုက်ပါတယ်။ ဒါပေမဲ့ သူက ကတိပေးတော့မယ်လို့ လူအုပ်ကြီးက ထင်နေတဲ့ အချိန်မှာ သူက ရုတ်တရက် သတ္တိကောင်းလာပြီး တိုက်ခိုက်တော့မဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ဘယ်သူမှ ငါ့ရဲ့ ပညာသင်ဘက် ညီမကို အရှက်ခွဲလို့ မရဘူး"

Edit with WPS Office

ချက်ချင်းဆိုသလို သူက အထင်ကြီးစရာကောင်းတဲ့ ပုံစံမျိုး ဖြစ်သွားပြီး အရင်က သူရဲဘောကြောင်မှု နည်းနည်းလေးမှ မတွေ့ရတော့ပါဘူး။

ကျန်းထောင်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် မင်းက ငတုံးတစ်ယောက်ကနေ ပြောင်းသွားပြီပေါ့။ သူ့ကို ဖမ်းလိုက်"

သူက လက်ညှိုးတစ်ချောင်းကို ဆန့်ထုတ်ပြီးတော့ လူထွားကြီးကို ညွှန်ပြလိုက်ပါတယ်။ ဒီယောက်ျား ဖမ်းခံလိုက်ရတာနဲ့ ဒီအစိမ်းရောင် မိန်းမလှလေးက သူ့ရဲ့ တပ်မက်မှုကို ဖြည့်ဆည်းပေးဖို့ သေချာပေါက် အမိန့်နာခံလာလိမ့်မယ်လို့ ယုံကြည်နေပါတယ်။

အခုဆို အစေခံ လေးယောက်က အမိန့်ကို လက်ခံရရှိတာကြောင့် လင်းဟာန်ကို ရင်ဆိုင်ဖို့ အချိန်မရှိတော့ပါဘူး။ ချက်ချင်းဆိုသလို သူတို့က ဗလတောင့်တောင့် လူဆီကို ဂုံပုလွေတွေလို

Edit with WPS Office

ခုန်အုပ်လိုက်ပါတယ်။

အစောပိုင်းတုန်းက အရပ်မြင့်မြင့်လူကို ကြည့်ရတာ ပြဿနာဖြစ်မှာကို ကြောက်နေပုံ ရပါတယ်။ ဒါပေမဲ့ သူတို့တွေ နောက်ဆုတ်လို့ မရတော့တဲ့ အထိ ဖြစ်လာတဲ့ အခါမှာတော့ သူက သူ့ရဲ့ ပြင်းထန်တဲ့ ဘက်ခြမ်းကို ထုတ်ဖော်လိုက်ပါတယ်။ သူ့ရဲ့ လက်သီးတွေကို ခါပြီးတော့ သူတို့ကို ရိုက်ချလိုက်ပါတယ်။ ရုတ်တရက် ကြောက်မက်ဖွယ်ရာကောင်းတဲ့ စွမ်းအားလှိုင်းတစ်ခုကို ဖန်တီးလိုက်ပါတယ်။

သူ့လက်သီးတွေကို ပေ့ယမ်းလိုက်ပါတယ်။ စောစောပိုင်းတုန်းက သူ့လက်သီးတွေက ဇလုံတစ်လုံး အရွယ်အစား ရှိပါတယ်။ အဲဒါက အတော်လေး ကြီးမားတယ် ဆိုပေမဲ့ ပုံမှန်အရွယ်အစားထဲမှာ ရှိနေပါသေးတယ်။ ဒါပေမဲ့ အခုတော့ အနည်းဆုံး သုံးဆလောက် ပိုကြီးမားလာခဲ့ပါတယ်။ နောက်ပြီးတော့ သတ္တုရောင် တလက်လက် တောက်ပလို့ နေပါတယ်။

ပုမ်း။

Edit with WPS Office

သူ့လက်မောင်းတွေကိုလည်း ရေလှိုင်းတွေလိုမျိုး လှုပ်ရှားလာခဲ့ပါတယ်။ သူ့ခါးကနေ ပုခုံးထိ လှိုင်းတွန့်တွေ အဆက်မပြတ် ဖြစ်ပေါ်လာပြီး သူ့လက်သီးတွေပေါ်မှာ နောက်ထပ် နတ်ဘုရား သင်္ကေတ ဖြစ်ပေါ်လာပါတယ်။ ပြီးတော့ အရင်ကထက် ပိုပြီးတော့တောင် သန်မာလာပါတယ်။

ဟင် ဒါက ဘယ်လို သိုင်းပညာ အမျိုးအစားလဲ။ အတော်လေး စိတ်ဝင်စားဖို့ ကောင်းတာပဲ။

လင်းဟန်က ဘေးကနေ စောင့်ကြည့်နေပါတယ်။ သူက အလျင်စလို ဝင်ရောက် စွက်ဖက်မှာ မဟုတ်ပါဘူး။

အစေခံ လေးယောက်က ခုန်အုပ်လိုက်ပြီး သူတို့ရဲ့ တိုက်ကွက်တွေကို ထုတ်လိုက်ပါတယ်။

ထန် ထန် ထန် ထန် ထန်။

ဗလတောင့်တောင့်နဲ့ ယောက်ျားက လက်သီးတစ်လုံးကို မယုံနိုင်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ထိုးလိုက်ပါတယ်။ သူက တကယ်ပဲ မျက်စိတစ်မှိတ် အတွင်းမှာ လက်သီးလေးလုံးကို

Edit with WPS Office

ထုတ်ဖော်နိုင်ပြီး အစေခံ လေးယောက်ရဲ့ တိုက်ကွက်ကို တစ်ယောက်တစ်ချက်စီ တုံ့ပြန်နိုင် ခဲ့ပါတယ်။ သူ့ကိုကြည့်ရတာ စမ်းချောင်းတစ်ခုနဲ့ တူပြီးတော့ ပြောင်းလဲနိုင်တဲ့ ဂုဏ်သတ္တိ ရှိနေပါတယ်။ ဒါကြောင့် သူက လက်သီးတစ်ချက် ထိုးလိုက်တာနဲ့ အလျင်အမြန် ပြန်ကန်ထွက်ပြီး ဒုတိယမြောက် လက်သီးကို ထုတ်ဖော်အသုံးပြု နိုင်ပါတယ်။

လင်းဟန်က အနီးကပ် ကြည့်နေပါတယ်။ လက်သီးချက်တိုင်း အရပ်မြင့်မြင့် လူရဲ့ လက်သီးတွေ အပေါ်က နတ်ဘုရား သင်္ကေတတွေရဲ့ တစ်ခုက ပျောက်ကွယ်ပြီး သူ့တိုက်ပွဲစွမ်းရည်က အနည်းငယ် ဆုတ်ယုတ်သွားပါတယ်။

စိတ်ဝင်စားစရာပဲ။ သူ့လက်သီးတွေရဲ့ စွမ်းအားက သူထိုးလိုက်တဲ့ လက်သီးချက် အကြိမ်ရေ တိုးလာတာနဲ့အမျှ အားနည်းသွား ပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက ခဏလောက် ရပ်တန့်ပြီးတဲ့ နောက်မှာတော့ သူ့လက်သီးတွေရဲ့ စွမ်းအားက နောက်တစ်ကြိမ် ပြန်သန်စွမ်း

Edit with WPS Office

လာပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း မတူတော့ပါဘူး။

ဗလတောင့်တောင့် ယောက်ျားရဲ့ ကျင့်ကြံခြင်းအဆင့်က တောင်မြစ်အဆင့်ရဲ့ ကနဦးအဆင့်က နောက်ပိုင်းအဆင့်မှာ ရှိပါတယ်။ အစေခံ လေးယောက်မှာ သုံးယောက်က သူနဲ့အဆင့်တူပြီး နောက်တစ်ယောက်က သူ့ထက်ပိုပြီးတော့ သန်စွမ်းကာ ကနဦးအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပါပြီ။ ဒါကြောင့် ပထမ လက်သီးချက်က အဲဒီ ကနဦးအဆင့်ရဲ့ အထွတ်အထိပ်က လူကို ရည်ရွယ်ပြီး ထိုးလိုက်တာ ဖြစ်ပါတယ်။ အဲဒါက သူ့ရဲ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုလည်း ဖြစ်ပါတယ်။

တော်တော်ကြာတဲ့နောက် ဘေးနားမှာ ရပ်ကြည့်နေတဲ့ သူတွေက အားလုံးကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပြီး အဲဒီ လူယုံလေးယောက်ကလည်း သတိပြုမိ သွားပါတယ်။

"တိုက်ခိုက်မှုကို အရှိန်မြှင့်တင်ကြ။ သူ့ကို သူ့လက်သီးထဲက စွမ်းအားတွေ ပြန်လည်ပြည့်ဖို့ အခွင့်အရေး မရှိစေနဲ့"

Edit with WPS Office

အစေခံ လေးယောက်ရဲ့ တိုက်ခိုက်မှုတွေက လျင်မြန်လာပြီး ဗလတောင့်တောင့်လူက လက်သီးချက်တွေ အများကြီးနဲ့ သူတို့ကို တတ်နိုင်သလောက် တိုက်ခိုက်လိုက်ပါတယ်။ သူ့လက်သီးပေါ်က နတ်ဘုရား သင်္ကေတတွေက အလိုအလျောက် ပြန်လည်ကောင်းမွန် လာရင်တောင် ပြန်လည်ကောင်းမွန်တဲ့ အမြန်နှုန်းက ကုန်ခမ်းသွားတဲ့ အမြန်နှုန်းကို လိုက်မီဖို့ အဝေးကြီး လိုပါသေးတယ်။ ဒါကြောင့် သူ့တိုက်ခိုက်မှု စွမ်းအားတွေက ဆုတ်ယုတ်လာခဲ့ပါတယ်။

"ငါ့ပြညာသင်ဘက် အစ်ကိုတော်ကို နင်တို့တွေ အနိုင်ကျင့်မှာ ငါခွင့်မပြုဘူး"

အစိမ်းရောင် ဂတ်စုံနဲ့ မိန်းမလှလေးက သူမရဲ့ဓားကို ဆွဲထုတ်ပြီး သူမရဲ့ အမူအရာက ဒေါသတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

Chapter 1135

end(နည်းနည်းနောက်ကျမည်နောက်တစ်ပိုင်း)

Edit with WPS Office

အပိုင်း(1136) လင်းဟန်ရဲ့ တုံ့ပြန်မှု

"မိန်းကလေး အားလုံးက လက်ရည်စမ်းနေတာပဲ။ ဒီလိုမျိုး ရှုပ်ထွေးအောင်လုပ်စရာ မလိုပါဘူး"

ကျန်းထောင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူ့လက်ကို အပြင်ဘက်ကို ဖိချလိုက်တဲ့ အခါမှာ အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းမလှလေးက ပြင်းထန်တဲ့ ဖိအားတစ်ခုနဲ့ တိုက်ခိုက်ခံလိုက် ရသလိုမျိုး သူမရဲ့ ခန္ဓာကိုယ်က တုန်ခါသွားခဲ့ပါတယ်။ သူမကိုယ် သူမ ဟန်ချက်ညီအောင်လို့ ထိန်းရုံပဲ ထိန်းနိုင်ခဲ့ပါတယ်။

ကျန်းထောင်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေချိန် အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းမလှလေးက ကနဦးအဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့် ကွာဟချက်က နှိုင်းယှဉ်လို့ မရအောင် ကွာခြားလွန်းပါတယ်။

"ပညာသင်ဘက် ညီမလေး"

ဇလတောင့်တောင့်နဲ့လူက အော်ပြီးတော့

Edit with WPS Office

သတိပေးလိုက်ပါတယ်။ ဒါပေမဲ့လည်း အစေခံ လေးယောက်က သူ့ရဲ့ တိုက်ပွဲနည်းစနစ်ကို တုံ့ပြန်နိုင်မဲ့ နည်းလမ်းကို ရှာတွေ့သွားတာကြောင့် သူ့ကို ထိန်းချုပ်ထားခဲ့ပါတယ်။ အဲဒါကြောင့် သူက အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းမလှလေးကို ဘယ်လိုလုပ် ကူညီပေးနိုင်မှာလဲ။

"ဒါက တကယ်ပဲ အံ့ဖွယ်ကောင်းကင်ဂိုဏ်းလား"

တစ်စုံတစ်ယောက်က တီးတိုးရွတ်ဆို လိုက်ပါတယ်။

"သူတို့ရဲ့ တပည့်တွေက ဘယ်လိုလုပ်ပြီးတော့ အရမ်းကို ဘဂင်မြင့်နေရတာလဲ"

"ဒါနဲ့ပတ်သက်ပြီးတော့ ငါတို့ဘာမှ မတတ်နိုင်ဘူး။ ငါတို့က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေ ဖြစ်မလာတာ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ တကယ်လို့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဒီအရာတွေကို ထိန်းချုပ်ချင်တယ်ဆိုရင် သူတို့တွေက ဂိုဏ်းအတွင်းမှာ အရင်ဆုံး တရားမျှတအောင် ထိန်းချုပ်ရမယ်"

"ဟူး ငါဆက်မကြည့်နိုင်တော့ဘူး"

Edit with WPS Office

"ပြောစမ်း။ ရှံ့စရာအကောင်းဆုံးလူက တကယ်တော့ အဲဒီကောင်စုတ်လေးပဲ။ သူပဲ ဒီပြဿနာကို ဖြစ်စေတာ။ အခုတော့ သူက သူနဲ့ဘာမှမဆိုင်သလိုမျိုး အဲဒီမှာ ရပ်ပြီးတော့ ကြည့်နေတယ်"

"မှန်တယ်။ အဲဒီကောင်စုတ်လေးကမှ တကယ့်ကို ရှံ့စရာကောင်းတာ"

လူတော်တော်များများရဲ့ ဒေါသတွေက လင်းဟန်ဘက်ကို လှည့်လာခဲ့ပါတယ်။ သူက ကျေးဇူးတရား ကင်းမဲ့တဲ့ လူယုတ်မာ တစ်ယောက်လို့ သူတို့တွေက ခံစားနေရပါတယ်။ ဒီနစ်ယောက်က သူ့ကို ကူညီပေးဖို့ အရှေ့ကို ထွက်လာတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါတောင်မှ သူက ဘာတုံ့ပြန်မှုမှ မလုပ်ဘူးလား။ သူက တကယ်ပဲ ဘေးမှာရပ်ပြီးတော့ တိုက်ပွဲက သူနဲ့ ဘာမှမဆိုင်သလို လုပ်နေပါတယ်။

လင်းဟန်က သူတို့ရဲ့ မှတ်ချက်တွေကို ကြားပါတယ်။ ဒါပေမဲ့လည်း သူက သူတို့ကို ဘာမှမကြားတဲ့ အတိုင်းပဲ လုံးဝကို လျစ်လျူရှုထားလိုက်ပါတယ်။

Edit with WPS Office

သူက ဗလတောင့်တောင့် လူရဲ့ အလားအလာနဲ့ ပတ်သက်ပြီး သုံးသပ်ချင်ခဲ့ပါတယ်။ ခိုင်းဖတ်တွေနဲ့ တိုက်ခိုက်နေရာကနေ အခွင့်အရေး တစ်ခုကို ရှာဖွေနိုင်ပြီးတော့ အပြောင်းအလဲ လုပ်ပစ်နိုင်တာကို တွေ့မြင်ချင်ခဲ့ပါတယ်။ တကယ်လို့ သူမလုပ်နိုင်ဘူးဆိုရင်လည်း သူက ရက်စက်ကြမ်းကြုတ်တဲ့ လူဘီလူးကြီး တစ်ကောင်ထက် မပိုပါဘူး။

"ပညာသင်ဘက် ညီမလေး"

ဗလတောင့်တောင့်နဲ့ ယောက်ျားက ဆက်ပြီးတော့ အော်ဟစ်လိုက်ပါတယ်။ သူမအတွက်နဲ့ သူက အာရုံမစိုက်နိုင်တော့တာ ပိုပြီးတော့ သိသာလာပါတယ်။

"ပညာသင်ဘက်အစ်ကို ကျမကို စိတ်မပူနဲ့"

အစိမ်းရောင် ဂတ်စုံနဲ့ မိန်းမလှလေးက အရမ်းကို ခက်ခက်ခဲခဲနဲ့ ပြောလိုက်ပါတယ်။ သူမက ပြင်းထန်တဲ့ ဖိအားအောက် ကျရောက်နေပြီး ဒီစကားလေးကို ပြောဖို့အရေးတောင်မှ အသက်ကို မနည်းရှူပြီးတော့

Edit with WPS Office

ပြောရပါတယ်။

ဗလတောင့်တောင့်နဲ့ ယောက်ျားက ဒေါသထွက်လာပြီး သူ့ရဲ့ အနက်ရောင် ဆံပင်တွေက လေထဲမှာ တဖျပ်ဖျပ် ပျံ့လွင့်လာပါတယ်။ သူ့ခြေထောက်အောက်ကနေ ရွှေရောင်စက်ဝန်းတစ်ခု တောက်ပလာပြီး သူ့ခေါင်းပေါ်ထိ ပန်းထွက်လာကာ လေထဲမှာ ပျောက်ကွယ်သွားပါတယ်။ ဒါပေမဲ့လည်း သူ့လက်သီးပေါ်မှာ နောက်ထပ် နတ်ဘုရား သင်္ကေတ ဆယ်ခု ထပ်တိုးလာခဲ့ ပါတယ်။

သူ့အစွမ်းက မယုံနိုင်စရာကောင်းတဲ့ အဆင့်တစ်ခုထိ မြင့်တက်လာခဲ့ပါတယ်။

ထန် ထန် ထန် ထန်။

ကျန်းထောင်ရဲ့ နောက်လိုက်လေးယောက်က နာကျင်စွာနဲ့ ညည်းတွားရင်း ချက်ချင်းဆိုသလို လွင့်ထွက်သွားပါတယ်။

လင်းဟာန်က ပြုံးလိုက်မိပါတယ်။ သူက ဗလတောင့်တောင့် ယောက်ျားရဲ့ လှုပ်ရှားမှုတွေကြောင့် နည်းနည်းတော့ ပြောစရာမရှိ ဖြစ်သွားပါတယ်။

Edit with WPS Office

လင်းဟန်က ဗလတောင့်တောင့်ယောက်ျားက ကျဉ်းထဲကျပ်ထဲ အခြေအနေကို ဘယ်လိုမျိုး ရင်ဆိုင်မလဲ ဆိုတာကို ကြည့်ချင်ခဲ့ပါတယ်။ လင်းဟန်ရဲ့ သဘောထားအရ တိုက်ပွဲတွေမှာ ခွန်အားကောင်းရုံနဲ့ အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဗလတောင့်တောင့် လူက ဒါကို တစ်ခြားပုံစံနဲ့ သက်သေပြခဲ့ပြီး သူ့ရဲ့ ပကတိ ခွန်အားကို အဆုံးစွန်ထိ ထုတ်ဖော်လိုက် ပါတယ်။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား သင်္ကေတတွေကို တကြိမ်မှာ တစ်ခု တိုးမယ်ဆိုရင် လုံလောက်မှာ မဟုတ်ပါဘူး။ သူက နတ်ဘုရား သင်္ကေတ ဆယ်ခုကို တစ်ကြိမ်တည်း တိုးပစ်လိုက်ပါတယ်။

ဒီလိုမျိုး လုပ်တာက ဗလတောင့်တောင့် ယောက်ျားအပေါ်မှာ ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်စေပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက ဒီအချိန်မှာ အစွမ်းထက်နေတဲ့ ပုံစံမျိုး ပေါ်နေပြီး သူ့မှာ ပြိုင်ဘက်ကင်းတဲ့ အရှိန်အဟုန်တစ်ခု ရှိနေပါတယ်။

“ငါ့ပြညာသင်ဘက် ညီမလေးကို လွှတ်လိုက်”

Edit with WPS Office

ဗလတောင့်တောင့်ယောက်ျားက အော်ပြောလိုက်ပါတယ်။ သူက ကျန်းထောင်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

"ဟင့် ဘယ်လိုအရူးတစ်ယောက်လဲ"

ကျန်းထောင်က သူ့လက်ကို မြှောက်လိုက်ပြီး ဗလတောင့်တောင့် ယောက်ျားဆီကို ဖိနှိပ်တဲ့ အမူအရာ တစ်ခုကို လုပ်လိုက်ပါတယ်။

ဝုမ်း။

သူ့ရဲ့ မူလစွမ်းအင်က မရေမတွက်နိုင်အောင် ရှည်လျားတဲ့ ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းသွားပြီး ပိုက်ကွန်တစ်ခု အဖြစ် ရောယှက်ကာ ဗလတောင့်တောင့် ယောက်ျားကို အုပ်လိုက်ပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။ ဒါကြောင့် တကယ်လို့ လင်းဟန်သာ ကနဦးအဆင့်ကို ပြန်ရောက်သွားရင် ပြီးပြည့်စုံခြင်း အဆင့် ကျင့်ကြံသူ တစ်ယောက် အတွက်တော့ ပြိုင်ဘက်တစ်ယောက် မဖြစ်နိုင်ပါဘူး။ ကြယ်ဆယ်ပွင့်

Edit with WPS Office

ပါရမီရှင်တွေပဲ အောင်မြင်မှု ရနိုင်စွမ်း ရှိပါလိမ့်မယ်။ သူတို့က လူထူးလူဆန်းတွေ ဖြစ်ပါတယ်။ ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က ကနဦးအဆင့်ကို ရောက်နေရင်တောင် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ နောက်ပိုင်းအဆင့်နဲ့ ယှဉ်ပြိုင်နိုင်စွမ်း ရှိပါလိမ့်မယ်။

"ပညာသင်ဘက်အစ်ကို၊ ပညာသင်ဘက် အစ်ကို"

အစိမ်းရောင် ဂါဝန်စုံနဲ့ မိန်းမလှလေးက အော်ဟစ်လိုက်ပါတယ်။

"မစိုးရိမ်ပါနဲ့။ ငါသူ့ကို အများကြီး ထိခိုက်အောင် မလုပ်ပါဘူး"

ကျန်းထောင်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"မိန်းကလေး မင်းအခု ငါ့ကို မင်းရဲ့ နာမည်လေး ပြောပြနိုင်မလား"

အစိမ်းရောင် ဂါဝန်စုံနဲ့ မိန်းမလှလေးက ကျန်းထောင်ကို စိန်းစိန်းဂါးဂါး စိုက်ကြည့်ပြီး သူမရဲ့ မျက်နှာပေါ်မှာတော့ အရှုံးမပေး အညံ့မခံတဲ့ အမူအရာနဲ့ ပါပဲ။

ကျန်းထောင်က သူမရဲ့ အမူအရာကြောင့်

Edit with WPS Office

ဒေါသမထွက်သွားခဲ့ပါဘူး။ သူက ကုန်းရုန်းထလာတဲ့ သူ့လူလေးယောက်ဘက်ကို လှည့်ပြီးတော့ ပြောလိုက်တယ်။

"အဲဒီလူကို ရိုက်ပစ်လိုက် သူက မင်းတို့လေးယောက်ကို စောစောက ရိုက်ထားတာပဲလေ"

သူတို့ရဲ့ မျက်နှာပေါ်မှာ ဆိုးယုတ်တဲ့ အပြုံးတစ်ခု ပေါ်လာပြီးတော့ သူတို့က ပြန်ဖြေလိုက် ပါတယ်။

"နားလည်ပါပြီ သခင်လေးထောင်"

"မလုပ်နဲ့"

အစိမ်းရောင် ဂုတ်စုံနဲ့ မိန်းမချောရဲ့ အမူအရာက ပြောင်းလဲသွားပါတယ်။

ဒီလူက ဘယ်လိုကြောင့် အရမ်းကို ရှုံစရာ ကောင်းလိုက်သလဲ။

ကျန်းထောင်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မိန်းကလေး မင်းနာမည်"

Edit with WPS Office

အစိမ်းရောင်ဂဝတ်စုံနဲ့ မိန်းမချောက အတွေ့အကြုံ နည်းနည်းမှ မရှိတဲ့ မိန်းမပျိုလေး တစ်ယောက် ဆိုတာ ပေါ်လွင်ပါတယ်။ ဒါကြောင့် သူက သူမအပေါ် ဆုပ်ကိုင်နိုင်တာ သဘာဝ ကျပါတယ်။

"ငါ့ ငါ့နာမည်..."

အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းမချောလေးက မျက်လုံးကို ပြူးပြီးတော့ မျက်ရည်ကျလာမှာကို တားဆီးလိုက်ပါတယ်။ သူမက အရမ်းကို ဒေါသထွက်သလို စိတ်အရမ်းတိုနေပါတယ်။

"ဟေ့"

နောက်ဆုံးတော့ လင်းဟာန်က အရှေ့ကို ထွက်လာပြီးတော့ ပြောလိုက်တယ်။

"ဒီမိန်းကလေးရဲ့ နာမည်ကို ဒီလိုမျိုး ဘာမဟုတ်တဲ့ လူတစ်ယောက်ကို ထုတ်ပြောစရာ လိုလို့လား။ ဒါက မိန်းကလေးရဲ့ နာမည်ကို စော်ကားလိုက်တာပဲ မဟုတ်လား"

သူက အစိမ်းရောင် ဂဝတ်စုံနဲ့ မိန်းမလှလေးရဲ့ အရှေ့မှာ

Edit with WPS Office

ရပ်ပြီးတော့ ပြောလိုက်ပါတယ်။

ကျန်းထောင်ရဲ့ အမူအရာက သုန်မှုန်သွားခဲ့ပါတယ်။ သူက အခြေအနေကို အပြည့်အဝ ထိန်းချုပ်ထားခဲ့ပြီး သူ့ရဲ့ စည်းချက်ကျမှုကို ဒီကောင်စုတ်က တကယ်ပဲ ပျက်စီးပစ်လိုက်ပါတယ်။ သူက အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့လေးယောက် ဘာကိုစောင့်နေတာလဲ။ သူ့ကို မြန်မြန် သတ်ပစ်လိုက်စမ်း"

သူ့ရဲ့ မျက်လုံးတွေ ကျဉ်းမြောင်းသွားပြီး ညာတာမှု ကင်းမဲ့တဲ့ သတ်ဖြတ်ခြင်း ဆန္ဒတွေက သူ့ခန္ဓာကိုယ်ကနေ တိုးပွားလာပါတယ်။

သူက သူတို့ကို မသတ်ရဲဘူးလို့များ သူတို့တွေ ထင်နေတာလား။

ဘယ်လောက် တုံးအလိုက်သလဲ။
အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ကူညီပေးကမ်းတဲ့ စေတနာ့ ဝန်ထမ်း အဖွဲ့အစည်း မဟုတ်ပါဘူး။ ဒီလူတွေက ဂိုဏ်းရဲ့

Edit with WPS Office

တပည့်တွေလည်း မဟုတ်ပါဘူး။ ဒါကြောင့် သူတို့ရဲ့ သေခြင်းတရားက လုံးဝကို အဓိပ္ပါယ် ကင်းမဲ့နေပါလိမ့်မယ်။

စောစောက နောက်လိုက်လေးယောက်ဟာ ဗလတောင့်တောင့် ယောက်ျားရဲ့ လက်နဲ့ ရိုက်နက်တာကို ခံစားခဲ့ရပါတယ်။ ပြီးတော့ အဲဒါက သူတို့ကို အရှက်ကွဲစေပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ရဲ့ ထွက်ပေါ်လာမှုက သူတို့အတွက် မျက်နှာသာရဖို့ အခွင့်အရေးတစ်ခု ဖြစ်လာပါပြီ။ သူတို့က လင်းဟန်ကို သန်မာမယ်လို့ ထင်မထားတာကြောင့် သူ့ကို သူတို့လေးယောက်က ဖြည်းညှင်းစွာနဲ့ ပိုင်းပတ်လိုက်ပါတယ်။

"ဒီကောင်စုတ်လေးက နောက်ဆုံးတော့ သတ္တိတချို့ကို ထုတ်ပြလာပြီပဲ"

"ဒါက အသုံးမဝင်ပါဘူး။ တကယ်လို့ ဒီလူလေးယောက်ကို သူနိုင်တယ်ဆိုရင်တောင် ဘာဖြစ်လဲ။ ကျန်းထောင်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေပြီ။ လူငယ်မျိုးဆက်ထဲမှာ ဘယ်နှစ်ယောက်ကများ သူ့ကို

Edit with WPS Office

အနိုင်ယူနိုင်လို့လဲ”

“အမှန်ပဲ။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက အစစ်အမှန် ပါရမီရှင်တွေကိုပဲ လက်ခံခဲ့တာ။ နောက်ပြီး ကျန်းထောင်က ပင်မတပည့်တစ်ယောက်လည်း ဖြစ်ခဲ့တယ်။ သူက ပါရမီရှင်တွေထဲက ပါရမီရှင် တစ်ယောက်လည်း ဖြစ်တယ်။ ကျင့်ကြံခြင်းအဆင့် အတူတူမှာရှိတဲ့ သူတွေရဲ့ တိုက်ခိုက်တဲ့ အခါမှာ မျိုးစေ့တပည့်တွေပဲ သူ့ကို အနိုင်ယူနိုင်စွမ်းရှိတယ်”

အားလုံးက စိတ်ပျက်လက်ပျက်နဲ့ သူတို့ရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ ဒီတိုက်ပွဲရဲ့ ရလဒ်က ဆုံးဖြတ်ပြီး သွားပါပြီ။ ဒါပေမဲ့လည်း ဒီကောင်လေးကို ဘယ်သူကများ ကျန်းထောင်ကို သွားစိန်ခေါ်ဖို့ ပြောခဲ့လို့လဲ။

တကယ်လို့ သူသာ ကျန်းထောင်အတွက် လမ်းဖယ်ပေးခဲ့ရင် အားလုံးက အဆင်ပြေသွား ခဲ့မှာပါ။ အဲဒီလိုသာဆိုရင် သူက သူ့အသွေးအသားတွေ ဒါမှမဟုတ် တစ်ခုခု ဆုံးရှုံးသွားလိမ့်မှာ မဟုတ်ပါဘူး။

ကျန်းထောင်ရဲ့ နောက်လိုက်လေးယောက်က မတူညီတဲ့

Edit with WPS Office

အရပ်လေးမျက်နှာကနေ လင်းဟာန်ကို ဝိုင်းထားလိုက်ပါတယ်။ သူတို့ရဲ့ အမူအရာတွေက လူယုတ်မာတွေရဲ့ အမူအရာတွေလို ဖြစ်နေပြီး သူတို့ရဲ့ လက်တွေက သွေးတွေ အများကြီး စွန်းထင်းခဲ့မယ်ဆိုတာ ထင်ရှားပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပြီးတော့ လက်တစ်ဖက်ကို မြှောက်ကာ လက်ချောင်းတွေနဲ့ တောက်လိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ်။

ဓားချီလေးခုက တစ်ဟုန်ထိုး ပြေးထွက်လာပါတယ်။ သူက သူ့လက်ချောင်းလေးတွေကို အသုံးပြုပြီး ရိုးရိုးလေး ဖြစ်ပေါ်စေခဲ့တယ် ဆိုပေမဲ့ ဒီဓားချီလေးခုမှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို တစ်စစီ ပြိုလဲသွားစေနိုင်သလိုမျိုး ခံစားရတဲ့ ထိပ်တန်းအဆင့် အစွမ်းတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

လင်းဟာန်က စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားကို အသုံးပြုခဲ့ပါတယ်။

ရောမ ဂူသချိုင်းထဲမှာ ရှိနေစဉ် အချိန်က

Edit with WPS Office

ဓားတိုက်ကွက်ကနေ ဉာဏ်ကွန့်မြူးမှုကို လက်ခံရရှိ ခဲ့ပါတယ်။ သူက အဲဒါကို ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ဆင်ခြင်ခဲ့ပြီး အချိန်တွေ အများကြီး ကုန်လွန်သွားပြီးတဲ့ နောက်မှာတော့ နားလည်နိုင်စွမ်းတွေရဲ့ နက်ရှိုင်းမှုက တိုးပွားလာခဲ့ပါတယ်။ အခုဆို သူက သူ့လက်ချောင်းလေးတွေ တောက်လိုက်ဖို့ပဲ လိုအပ်ပြီး သူ့ရဲ့ တိုက်ခိုက်မှုတွေမှာ လွှမ်းမိုးနိုင်တဲ့ ဓားအသိဆန္ဒတွေ ပြည့်နှက်လို့ နေပါလိမ့်မယ်။ အဲဒါအပြင် စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားလည်း ပါဝင်နေပါလိမ့်မယ်။

ခရက် ခရက် ခရက် ခရက်။

အရိုးကျိုးကြေတဲ့ အသံလေးခု ကြားလိုက်ရပြီး ကျန်းထောင်ရဲ့ နောက်လိုက်လေးဦး ခေါင်းတွေဟာ တစ်ပြိုင်နက်တည်းနီးပါး ပေါက်ကွဲထွက်ကုန်ပါတယ်။ သူတို့ရဲ့ နတ်ဘုရား အာရုံတွေက ချက်ချင်းပဲ အပိုင်းပိုင်းအစစ စုတ်ပြဲကုန်ပါတယ်။

ပတ်ဝန်းကျင် တစ်ခုလုံး သုသာန်တစပြင်လို တိတ်ဆိတ်ငြိမ်သက် သွားပါတယ်။

Edit with WPS Office

ဒီလူငယ်ပုံစံကို ကြည့်ရတာ ညင်သာသိမ်မွေ့ပြီး ကိုင်တွယ်ရတာ လွယ်ကူမဲ့ ပုံစံမျိုး ရှိပါတယ်။ သူ့တိုက်ခိုက်မှုကတော့ မယုံနိုင်စရာ ကောင်းလောက်အောင် ပြတ်သားပြီး ချက်ကောင်း ထိမိပါတယ်။ သူက ကျန်းထောင်ရဲ့ နောက်လိုက်တွေကို သူတို့ရဲ့ အသက်တွေအတွက် တောင်းပန်ဖို့ အခွင့်အရေး တစ်ခုတောင် မပေးခဲ့ပါဘူး။

အဲဒီနောက်လိုက် လေးယောက်က လုံးဝကို အရေးမပါတာလည်း ဖြစ်ကောင်းဖြစ် နိုင်ပါတယ်။ ဒါပေမဲ့လည်း ကျန်းထောင်ဆိုတာ ဘယ်သူလဲ။

သူက ယန်ပေါင်ရဲ့ နောက်လိုက်ဖြစ်ပြီးတော့ တစ်ချိန်တုန်းက ပင်မတပည့်တစ်ယောက်လည်း ဖြစ်ခဲ့ပါတယ်။

သူက ယန်ပေါင်ရဲ့ ဘေးနားမှာတောင် နေခွင့်ရတာကြောင့် လက်ရွေးစင်တွေ ပို့ချသင်ကြားတဲ့ မဟာတာအို သင်ခန်းစာတွေကိုလည်း ရံဖန်ရံခါ နားထောင်ခွင့် ရနိုင်ပါတယ်။ သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က ကြောက်စရာ

Edit with WPS Office

မကောင်းပဲ နေမှာလား။ သူက နေလအဆင့်ကို မရောက်သေးပေမဲ့ တောင်မြစ်အဆင့်ထဲက အစွမ်းထက်ဆုံး ကျင့်ကြံသူတွေထဲမှာ တစ်ယောက် အပါအဝင်ဆိုတာ သေချာပါတယ်။

ဟုး။

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို စိတ်မကောင်းစွာနဲ့ ခါလိုက်မိပါတယ်။ ဒီလူငယ်က အရမ်းကို မဆင်မခြင် လုပ်လွန်းပြီး ဖြစ်လာမဲ့ အကျိုးဆက်ကို သေသေချာချာ မစဉ်းစားခဲ့ပါဘူး။ အစတုန်းက သူ့ကိုယ်သူ ကာကွယ်ဖို့ အခွင့်အရေးတွေ ရှိခဲ့ပါတယ်။ တကယ်လို့ သူသာ အရမ်းကို မလွန်ဘူး ဆိုရင် ကျန်းထောင်ကလည်း သူ့ကို ခွင့်မလွှတ်နိုင်စရာ ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ အခုတော့။

တကယ်လို့ ကျန်းထောင်က လင်းဟန်ကို မသတ်ဘူးဆိုရင် သူ့မျက်နှာ ဘယ်နားသွား ထားရမှာလဲ။

"ဟင့် ငါမင်းကို လျော့တွက်မိတာပဲ"

Edit with WPS Office

ကျန်းထောင်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။ သူ့အကြည့်တွေက ထိုးဖောက်လုမတတ် ပြင်းထန်ပါတယ်။

လင်းဟာန် တိုက်ခိုက်လိုက်တဲ့ အချိန်မှာ လင်းဟာန်ရဲ့ အစွမ်းထက်တဲ့ ခွန်အားကို အာရုံခံ မိခဲ့ပါတယ်။ သူက သေချာပေါက် သာမန်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ကျန်းထောင်က မကြောက်ပါဘူး။

သူက ပင်မတပည့်တစ်ယောက် အဖြစ် လက်ခံခြင်း ခံခဲ့ရဖူးပါတယ်။ ပြီးတော့ သူ့မှာ ကြယ်ငါးပွင့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပြီး ခြောက်ပွင့်နီးပါး ရှိပါတယ်။ နောက်ပြီးတော့ သူက အခုဆို ယန်ဟောင်ရဲ့ နောက်လိုက်တစ်ယောက် ဖြစ်တာကြောင့် ကြီးကျယ်ခမ်းနားတဲ့ လက်ရွေးစင်တွေ ပို့ချတဲ့ တာအိုရှင်းလင်းချက်တွေကို နားထောင်ခွင့် ရထားပါတယ်။ ဒါကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ပိုပြီးတော့ သန်မာလာခဲ့ပါတယ်။

အခုဆို သူက ကြယ်ခုနစ်ပွင့် တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဘယ်သူကများ သူ့ကို

Edit with WPS Office

စိန်ခေါ်နိုင်မှာလဲ။

Chapter 1136 end

အပိုင်း(1137) အမြဲတမ်း ပိုပြီးတော့ အစွမ်းထက်တဲ့ လူဆိုတာ ရှိတယ်

"မင်းက အတော်လေးကို သတ္တိကောင်းနေတယ်ပေါ့ ဟုတ်လား။ အဲ့ဖွယ်ကောင်းကင်ဂိုဏ်းက တစ်စုံတစ်ယောက်ကိုတောင် မင်းက သတ်ပစ်ရဲတယ်ပေါ့လေ"

ကျန်းထောင်က ခြိမ်းခြောက်တဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ရယ်မောရင်းနဲ့ ပြောလိုက်ပါတယ်။

"မှားနေပြီ။ မင်းက ဘာမဟုတ်တဲ့ နောက်လိုက်တစ်ယောက်ပဲလေ။ ပြီးတော့ ငါသတ်လိုက်တဲ့ လူတွေကလည်း ခိုင်းဖတ်တစ်ယောက်ရဲ့ နောက်လိုက်ကို သတ်လိုက်တာပဲလေ။ ဒါကြောင့် အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဒီအတွက် ဘာများလုပ်မှာလဲ"

Edit with WPS Office

ကျွန်းထောင်က ခဏလောက် အထိတ်တလန့်ဖြစ်သွားပါတယ်။ စောစောတုန်းက သူ့ရဲ့ နောက်လိုက်က သူတို့ငါးယောက်ဟာ အဲ့ဖွယ်ကောင်းကင်ဂိုဏ်းက မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ အဲဒါကြောင့် အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေက သူတို့အပေါ် သက်ရောက်မှာ မဟုတ်ပါဘူး။ ဒီလိုပဲ တကယ်လို့ သူတို့က တခြားသူတွေကို သတ်မယ်ဆိုရင်ရော ဘာအရေးလဲ။

ဒါပေမဲ့လည်း အခုတော့ လင်းဟန်က သူ့နောက်လိုက်တွေရဲ့ စကားကို အသုံးပြုပြီးတော့ သူ့ကို ရင်ဆိုင်လာခဲ့ပါတယ်။ လင်းဟန်က တကယ့်ကို ပြိုင်စံရှားပါပဲ။ သူပြောလိုက်တဲ့ စကားတွေထဲမှာ နောက်လိုက်တွေ ခိုင်းဖတ်တွေနဲ့ ပြည့်နေပါတယ်။

သူက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းမှန်တယ်။ တကယ်လို့ လူတစ်ယောက်က လုံလုံလောက်လောက် အစွမ်းထက်ရင် သူတို့စိတ်ကြိုက် လုပ်နိုင်တယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့က လျှပ်ရှားဖို့

Edit with WPS Office

ဆုံးဖြတ်ထားရင် မင်းက တိုက်ခိုက်မှု ဘယ်လောက်များများကို တားဆီးနိုင်မယ်လို့ ထင်နေတာလဲ”

“အိုး မင်းက အရမ်းကို အစွမ်းထက်တာပဲလား”

လင်းဟာန်က သူ့နားရွက်တွေကို ကိုင်ပြီးတော့ နားစွင့်လိုက်တဲ့ ပုံစံပါပဲ။ သူ့ပုံစံက သက်တောင့်သက်သာ ရှိနေပါတယ်။

ကျန်းထောင်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

“ငါက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိတယ်။ ပြီးတော့ ငါ့စွမ်းအားက ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်တယ်။ ငါ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ခုနစ်ပွင့်ကို ကျော်နိုင်တယ်”

ဘာ။

ပတ်ဝန်းကျင်က ကြည့်ရှုနေတဲ့ သူတွေက အံ့အားသင့်စွာနဲ့ သူတို့ခေါင်းကို ဆုပ်ကိုင်လိုက် ကြပါတယ်။

ဒါက ဖြစ်နိုင်ပါ့မလား။

Edit with WPS Office

ကြယ်ငါးပွင့် ပါရမီရှင်တွေတောင် ဒဏ္ဍာရီထဲမှာပဲ ရှိတာပါ။ ကျန်းထောင်က သူ့ကိုယ်သူ သူ့စွမ်းအား တစ်ခုတည်းကပဲ ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်တယ်လို့ ပြောခဲ့ပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကတော့ ပိုပြီးတော့တောင် ရှုံးသွပ်စရာကောင်းပြီး ကြယ်ခုနစ်ပွင့်ကို ကျော်လွန်နိုင်စွမ်း ရှိပါတယ်။ တကယ်လို့ ဒါသာအမှန်ဆိုရင် ဘာဖြစ်လို့ သူက နောက်လိုက် တစ်ယောက် ဖြစ်နေသေးလဲ။ သူက သေချာပေါက် မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ဖို့ လုံလောက်တဲ့ ပါရမီရှိနေပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်အနေနဲ့ ကျင့်ကြံခြင်းဆိုတာ ရေစီးကို ဆန်ပြီးတော့ လှော်ခတ်နေရတာနဲ့ တူတယ်ဆိုတာကို နားလည်ထားပါတယ်။ တကယ်လို့ အရှေ့ကို ဆက်မတက်နိုင်ခဲ့ရင် အနောက်ကို ပြန်စီးဆင်း သွားပါလိမ့်မယ်။ ကျန်းထောင်က ဒီအချိန်မှာ ကြယ်ငါးပွင့် စွမ်းအား တစ်ခုကို ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်ထားနိုင်ပါတယ်။ ဒါပေမဲ့လည်း နေလအဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာတော့ ဒီကြယ်ငါးပွင့် စွမ်းအားကို

Edit with WPS Office

ထိန်းသိမ်းထားနိုင်စွမ်း ရှိလိမ့်မယ်လို့ အာမခံချက် မရှိပါဘူး။ သူ့ရဲ့ စွမ်းအားက ကြယ်လေးပွင့် ဒါမှမဟုတ် သုံးပွင့် အထိတောင် ဆုတ်ယုတ်သွားပါလိမ့်မယ်။

ဒါက လင်းဟန်မှာ တောင်မြစ်ငါးခုကို ဖြစ်ပေါ်နိုင်ပြီး ကြယ်ဆယ်ပွင့်ရဲ့ အထွတ်အထိပ် စွမ်းအား တစ်ခုကို ရရှိနိုင်တာမျိုးနဲ့ တူညီပါတယ်။ တကယ်လို့ သူက နေလအဆင့်ကို တက်ပြီးတဲ့ နောက်ပိုင်းမှာ နေလငါးခုကို မဖြစ်ပေါ်စေနိုင်ခဲ့ဘူးဆိုရင် သူ့ရဲ့ စွမ်းအားက ကြယ်ကိုးပွင့် ဒါမှမဟုတ် ကြယ်ရှစ်ပွင့်ထိတောင် လျော့ကျသွားပါလိမ့်မယ်။

တကယ်လို့ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် လေးခုပဲ ဖြစ်ပေါ်နိုင်စွမ်းရှိရင် သူ့ရဲ့ စွမ်းအားက ဆက်ပြီးတော့ ကျဆင်းလာမှာ ဖြစ်ပြီးတော့ ကြယ်ခုနစ်ပွင့် ဒါမှမဟုတ် ခြောက်ပွင့်အထိတောင် ဆုတ်ယုတ်သွား ပါလိမ့်မယ်။

ဒါကြောင့် လူတစ်ယောက် ကျော်လွှန်နိုင်တဲ့ ကြယ်အရေအတွက်က တသမတ်တည်း ဖြစ်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ လူတစ်ယောက်ရဲ့

Edit with WPS Office

ကျင့်ကြံခြင်းအဆင့်က ပိုပြီးတော့ မြင့်မားလေ ကြယ်အရေအတွက် များများကို ထိန်းသိမ်းနိုင်ဖို့ ခက်ခဲလေပါပဲ။ တူညီတဲ့ ကြယ်အရေအတွက်ကို ထိန်းသိမ်းဖို့ဆိုတာ လူတစ်ယောက်က အဓိက အဆင့်တိုင်းမှာ အရမ်းကို မြင့်မားတဲ့ အဆင့်တစ်ခုထိ ကျင့်ကြံအားထုတ်ဖို့ လိုအပ်ပါတယ်။

"ကြယ်ငါးလုံး စွမ်းအားတစ်ခုလား"

လင်းဟန်က ထူးဆန်းတဲ့ အပြုံးတစ်ခုနဲ့ ပြောလိုက်တယ်။ ကြယ်ငါးပွင့် စွမ်းအားတစ်ခုက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့လည်း သူက တောင်မြစ်ငါးခု မဖြစ်ပေါ်ခင်က ကြယ်ခြောက်ပွင့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ အခုချိန်ဆို သူ့စွမ်းအားက အံ့အားသင့်စရာ ကောင်းလောက်အောင် ခုနစ်ပွင့် အဆင့်ကို ရောက်နေပါပြီ။

ဒါက ကြယ်တစ်ပွင့်ပဲ ကွာခြားတယ် ဆိုပေမဲ့ ကြယ်ခြောက်ပွင့်ကနေ ခုနစ်ပွင့်ကို တက်သွားတဲ့ အရည်အသွေးပိုင်းမှာ ကွာဟချက် အကြီးကြီး ရှိပါတယ်။

Edit with WPS Office

ဒီအရည်အသွေး ပြောင်းလဲမှုက ငါးခုမြောက်
တောင်မြစ်တွေကို ဖြစ်ပေါ်နိုင်မှ အောင်မြင်မှု ရနိုင်တာမျိုးပါ။
စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာတုန်းက မိုးကောင်းကင်နဲ့
ကမ္ဘာမြေကြီးရဲ့ ချီးမြောက်မှုကိုပဲ ခံယူနိုင်မဲ့ နောက်ဆုံး
ကြယ်သုံးပွင့်နဲ့ တူပါတယ်။

"မင်းအခု ကြောက်နေပြီလား"

ကျန်းထောင်က အေးစက်စွာနဲ့ ရယ်မောပြီးတော့
ပြောလိုက်တယ်။

"ဒူးထောက်ပြီးတော့ ငါ့ကိုတောင်းပန်။ ပြီးတော့ ငါ့ကို မင်းရဲ့
ဆရာသခင်အဖြစ် ကတိပြုရမယ်။ ကျင့်ကြံခြင်းဆိုတာက
မလွယ်ဘူး။ ငါမင်းကို သနားသောအားဖြင့် ငါ့ရဲ့
အစေခံအဖြစ် လက်ခံပေးမယ်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းက ကိုယ့်ကိုကိုယ် ဟုတ်လှပြီလို့ ထင်နေတာပဲ။
ကောင်းပြီလေ မင်းအခု ငါ့ကို တိုက်ခိုက်နိုင်တယ်။ ငါက
မင်းလိုမျိုး အမှိုက်တွေနဲ့ အရေမရ အဖတ်မရ စကားတွေ

Edit with WPS Office

မပြောချင်ဘူး။ ငါမင်းကို မြန်မြန်ရှင်းထုတ်မှပဲ ငါလုပ်စရာရှိတဲ့ ကိစ္စတွေ နှောင့်နှေးမသွားမှာပဲ”

ဖူး။

ပွဲကြည့်ပရိသတ်တွေက အံ့အားသင့်လွန်းလို့ သူတို့ရဲ့ လျှာတွေကိုတောင် ကိုက်မိလုနီးပါး ဖြစ်သွားပါတယ်။ မင်းက အခုလို ဘေးကျပ်နံကျပ် အခြေအနေကို ရောက်နေတာတောင် မင်းပါးစပ်က လျှောက်ပြောနိုင်သေးတယ်ပေါ့လေ ဟုတ်လား။

ဒါက ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက်ကွ။ သူက တောင်မြစ်အဆင့်မှာ ပြိုင်ဘက်ကင်းလို့ ပြောလို့ရတယ်။ ဒီလိုပါရမီရှင် တစ်ယောက်က နောက်လိုက်တစ်ယောက် ဖြစ်နေတယ် ဆိုမှတော့ ယန်ဟောင်က ဘယ်လောက်တောင် ထူးချွန်ထက်မြက်လိုက်မလဲ။ သူက ကြယ်ရှစ်ပွင့် ပါရမီရှင် တစ်ယောက်များ ဖြစ်နေမလား။ ဒါမှမဟုတ် ကြယ်ကိုးပွင့် ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက်လား။

“မင်းက သေချင်နေပြီပဲ”

Edit with WPS Office

ကျန်းထောင်က နောက်ဆုံးတော့ သည်းမခံနိုင်တော့ပါဘူး။ သူ့ညာဘက်လက်ကို မြှောက်ပြီးတော့ လင်းဟာန်ကို ခုတ်ချလိုက်ပါတယ်။

သူ့ကိုယ်သူ အရမ်းယုံကြည်မှု ရှိနေသလိုပဲ ဒီတိုက်ခိုက်မှုကို သာမန်ကာလျှံကာပဲ ထုတ်ဖော် လိုက်တာ ဖြစ်ပါတယ်။ ဒီတိုက်ခိုက်မှုက အားလုံးကို အဆုံးသတ်သွားလိမ့်မယ်ဆိုတာ သူ့ဘက်က သေချာနေပါတယ်။

လင်းဟာန်က သူ့လက်ချောင်းတွေကို နောက်တစ်ကြိမ် ရိုးရိုးလေးပဲ တောက်ထုတ်လိုက်ပါတယ်။

ရှွပ်။

ဓားအလင်းတန်း တစ်ခု ထွက်ပေါ်လာပြီးတော့ အရမ်းကို တောက်ပလင်းလက်ကာ မိုးကောင်းကင်ကို အလင်းရောင် ပေးနေသလိုပါပဲ။

"အား"

ကျန်းထောင်က သူ့လက်တွေကို ဆုပ်ကိုင်ရင်းနဲ့ အနောက်ကို

Edit with WPS Office

ဆုတ်သွားခဲ့ပါတယ်။ သူ့လက်ချောင်းတွေ အကြားကနေ သွေးစက်တွေက မြေပြင်ကို တစ်စက်ပြီးတစ်စက် ကျလာခဲ့ပါတယ်။

ပွဲကြည့်ပရိသတ်တွေ အားလုံးပဲ နောက်တစ်ကြိမ် လျှာကိုက်မိမတတ် ဖြစ်သွားပါတယ်။ သူတို့မှာ ပြောစရာစကား မရှိတော့ပါဘူး။

ကျန်းထောင်က ကြယ်ခုနစ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေသူ တစ်ယောက် ဖြစ်ပါတယ်။ သူက အဲဒီလူရဲ့ လက်ချောင်းတွေကို အသာလေး တောက်ထုတ်လိုက်တာကြောင့် ဒဏ်ရာရသွား ခဲ့ပါတယ်။ ဒါကို သူတို့တွေ ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

"မင်း မင်း.."

ကျန်းထောင်က မှင်သက်အံ့သြ သွားခဲ့ပါတယ်။

သူက ညာဘက်လက်ကို မြှောက်လိုက်တဲ့ အခါမှာ အပေါက်တစ်ပေါက် ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

Edit with WPS Office

ဒီသွေးတွေ ထွက်နေတဲ့ အပေါက်ကို ကြည့်ပြီးတော့ သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစိမ့်စိမ့် ဖြစ်သွားပါတယ်။

သူ့တိုက်ခိုက်မှုက သာမန်ကာလျှံကာ ဆိုပေမဲ့ လင်းဟန်ရဲ့ တိုက်ခိုက်မှုကလည်း သာမန်ကာလျှံကာပါပဲ။ သူဘယ်လိုပဲကြည့်ကြည့် သူ့ပြိုင်ဘက်က လှို့ဝှက်နည်းစနစ်တွေ နည်းနည်းလေးမှ အသုံးပြုပုံ မပေါ်ခဲ့ပါဘူး။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှု အစွမ်းက သူ့ထက် အများကြီး မြင့်မားလွန်းပါတယ်။

ဒီလိုမျိုး ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ ပါရမီရှင် တစ်ယောက်က ဒီရက်ထဲမှာ ဘယ်လိုလုပ် ထွက်ပေါ်လာနိုင်တာလဲ။

ဂိုဏ်းထဲကို ထိပ်တန်းပါရမီရှင်တွေ လက်ခံပြီးသွားပြီ မဟုတ်လား။

ကျန်းထောင်က တကယ့်ကို ဘဂမြင့်ပြီးတော့ လှမ်းမိုးနိုင်ပေမဲ့ သူက ဦးနှောက်မရှိတဲ့ လူလား။ ဒါပေါ့။ ဘယ်ဟုတ်မလဲ။

ဒီနေ့မှာ ထိပ်တန်းအဆင့် ပါရမီရှင် ထွက်ပေါ်လာလိမ့်မှာ

Edit with WPS Office

မဟုတ်ဘူးဆိုတာ သူ့အနေနဲ့ သေချာပါတယ်။ ဒါကြောင့် သူက မောက်မာဂင့်ကြွားပြီး လွှမ်းမိုးနိုင်တဲ့ ဟန်ပန်မျိုး ပြုလုပ်ဖို့ အခွင့်အရေး ရှိနေပါတယ်။ တစ်ခုသိထားရမှာက သူဟာ တချိန်တုန်းက ပင်မတပည့် တစ်ယောက် ဖြစ်ခဲ့ပါတယ်။ နောက်ပြီးတော့ သူက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိနေပါတယ်။ သူ့အတွက် မျိုးစေ့ပါရမီရှင် တော်တော်များများတောင်မှ ပြိုင်ဘက်မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကြားက ကွာဟချက်က အရမ်းကို ကြီးမားလွန်း ပါတယ်။

ဒါပေမဲ့လည်း သူက အခု အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ဆုံနေပါပြီ။

"မင်း ဘာဖြစ်လဲ။ မင်းက သင်ခန်းစာကောင်းကောင်း မရသေးဘူး မဟုတ်လား"

လင်းဟန်ရဲ့ အသံက အေးစက်လာခဲ့ပါတယ်။ သူက စကားကို ဆက်လိုက်တယ်။

Edit with WPS Office

"တကယ်တော့ မင်းအတွက် သင်ခန်းစာ နည်းနည်းလောက် ထပ်ပြီးတော့ သင်ယူစရာ မလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းက အနာဂတ်ကို မြင်နိုင်ဖို့ အသက်ဆက် မရှင်နိုင်လို့ပဲ"

"ခွေးကောင်"

ကျန်းထောင်က ကျယ်လောင်စွာနဲ့ အော်ပြီးတော့ သူ့ရင်ဘတ်ကို ပုတ်တလိုက်ပါတယ်။ အစိမ်းရောင်ဖျော့ဖျော့ တစ်ခု ထွက်ပေါ်လာပြီး အလင်းရောင် အတွင်းမှာ သေးငယ်တဲ့ အစိမ်းရောင် ဆေးကျိုအိုးတစ်လုံး ထွက်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီဆေးကျိုအိုးက ချက်ချင်းပဲ စတင်ပြီးတော့ လည်ပတ်လာပြီး တဖြည်းဖြည်း ကြီးမားလာကာ မီတာသုံးဆယ် အမြင့်ထိ ကြီးမားလာပါတယ်။

"သူ့ကို ဖိနှိပ်လိုက်"

ကျန်းထောင်က အော်ဟစ်လိုက်ပါတယ်။ အစိမ်းရောင် အရှိန်အဂါအမျှင် တစ်သောင်းလောက်က ချက်ချင်းပဲ

Edit with WPS Office

အစိမ်းရောင် ဆေးကျိုအိုးကနေ စီးဆင်းလာပြီး လင်းဟန်ဆီကို ပြေးဝင်လာပါတယ်။

အစိမ်းရောင် အမျှင်စု တစ်ခုစီက ရောမ မြွေကြီးတစ်ကောင် အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူတို့က လင်းဟန်ဆီကို မရောက်သေးပေမဲ့ သူတို့ထုတ်လွှတ်တဲ့ ဖျက်ဆီးမရနိုင်တဲ့ အစွမ်းက ကုန်းမြေကြီးကို တုန်လှုပ်သွားစေပါတယ်။

ဒါက တကယ့်ကို အသိအမှတ် ပြုရလောက်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။

"မြစိမ်းကျောက် ဆေးကျိုအိုး"

တစ်ယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

"ဒါက ယန်ဟောင်ရဲ့ အထွတ်အထိပ် ရတနာ ပစ္စည်းပဲ။ သူက ကျန်းထောင်ကို တကယ်ပဲ ချီးမြှင့်ခဲ့တာပဲလား"

"ဘာပြောတယ်။ မြစိမ်းကျောက် ဆေးကျိုအိုး ဟုတ်လား။ အဲဒါက နေလအဆင့် နတ်ဘုရား ပစ္စည်းတစ်ခုလေ။ ကောလာဟလတွေအရ အဲဒါက အဆင့်ရှစ် နတ်ဘုရား ပစ္စည်း တစ်ခုလို့ ပြောကြတယ်။ ပြီးတော့

Edit with WPS Office

တခြားနေလအဆင့် နတ်ဘုရား ပစ္စည်းတွေနဲ့ ယှဉ်လိုက်ရင် အဆင့်မြင့်မြင့် ချိတ်တယ်လို့ ပြောကြတယ်"

"မဟုတ်ဘူး။ ဒါက မြစိမ်းကျောက် ဆေးကျိုးအိုး မဟုတ်ဘူး။ ဒါက အဲဒါကို တုပထားတာပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါတို့တွေအားလုံး ဒီနေရာမှာ ရပ်ပြီးတော့ တိုက်ပွဲကို ကြည့်နေနိုင်စွမ်း ရှိလိမ့်မှာလား"

"မင်းပြောတာမှန်တယ်။ တကယ်လို့ ဒါက မြစိမ်းကျောက် ဆေးကျိုးအိုး အစစ်အမှန်ဆိုရင် သူ့အရှိန်အဂါ အမျှင်စု တစ်ခုနဲ့တင်ပဲ ငါတို့အားလုံးကို ဖိနှိပ်ထိန်းချုပ်ဖို့ လုံလောက်လိမ့်မယ်"

"ဒါက အစစ်ကို တုပထားတဲ့ ပစ္စည်းတစ်ခု ဖြစ်နေရင်တောင် အရမ်းကို ကြောက်စရာ ကောင်းနေသေးတယ်။ ဒီပစ္စည်းက တောင်မြစ်အဆင့် ထိပ်တန်းနတ်ဘုရား ပစ္စည်း အနည်းငယ် အကြားမှာ အဆင့်ချိတ်နိုင်လောက်တယ်"

"အင်းဟုတ်တယ်။ မင်းမမြင်ဘူးလား။ ကျန်းထောင်က သူ့ရဲ့ တန်ဖိုးကြီးတဲ့ သွေးကို အသုံးပြုပြီးတော့တောင် အဲဒါကို

Edit with WPS Office

ပြုစုပျိုးထောင်ခဲ့တယ်။ ဆိုလိုတာက သူ့ကိုယ်ပိုင် စွမ်းအားကို အသုံးပြုပြီးတော့ ထိန်းချုပ်နိုင်တာ မဟုတ်ဘူး။ သူ့ရဲ့သွေးကို ကျွေးခဲ့ရတယ်။ ဒီလိုမျိုး နတ်ဘုရား ပစ္စည်းက သူ့ရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မယ်။ ဒီလိုလုပ်မှပဲ ဒီနတ်ဘုရား ပစ္စည်းကို သူက အသုံးပြုနိုင်မှာလေ"

"အဲဒီကောင်လေးတော့ ခံရတော့မယ်"

ဘုန်း။

ရောမ မြေကြီးတွေက အစိမ်းရောင် အလင်းတန်းနဲ့အတူ ထွက်ပေါ်လာပြီး မရေမတွက်နိုင်တဲ့ ကြယ်တာရာတွေ မိုးကောင်းကင်ကနေ ကြွေကျလာသလိုမျိုးနဲ့ တူပါတယ်။ မြေကြီးက ပြင်းပြင်းထန်ထန် ဆက်လက်တုန်ခါနေပြီးတော့ အုတ်အုတ်ကျက်ကျက် ဆူညံသံတွေ ဖြစ်ပေါ်စေပါတယ်။

ကျန်းထောင်က အေးစက်စွာနဲ့ ပြုံးလိုက်ပါတယ်။ ဒီကောင်စုတ်လေးက တကယ့်ကို အစွမ်းထက် ပါတယ်။ သူ့မှာရှိတဲ့ မြစိမ်းကျောက် ဆေးကျိုအိုးကို အသက်သွင်းလာအောင် ဖိအားပေး နိုင်ခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း အရာအားလုံး ပြီးဆုံးပါတော့မယ်။ ဘယ်တောင်မြစ်အဆင့် ကျင့်ကြံသူက သူ့ရဲ့ စွမ်းအားနဲ့ တုပထားတဲ့ မြစိမ်းကျောက် ဆေးကျိုးအိုးကို ပူးပေါင်းရင်ဆိုင် တိုက်ခိုက်နိုင်စွမ်း ရှိမှာလဲ။

ဘာ။

ချက်ချင်းဆိုသလို သူ့အမူအရာက ပြောင်းလဲသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ တုပထားတဲ့ မြစိမ်းကျောက် ဆေးကျိုးအိုးက အားစိုက်ပြီး တုန်ခါနေပါတယ်။

ဒါ.... ဒီပစ္စည်းကတောင် အဲဒီကောင်စုတ်ကို မထိန်းချုပ်နိုင်ဘူးလား။

ပုန်း။

အစိမ်းရောင် အရှိန်အဟုန်က အပေါ်ကို ထိုးတက်သွားပြီး လင်းဟာန်ရဲ့ လက်သီးက မိုးကောင်းကင် အပေါ်ကို ထိုးမြှောက်ထားတာကို တွေ့လိုက်ရပါတယ်။ ရောမ အစိမ်းရောင် ဆေးကျိုးအိုးက အွန္တရာယ်ရှိစွာနဲ့ လှုပ်ခါနေပြီး သူ့ကိုယ်ထည်ကနေ အစိမ်းရောင် အရှိန်အဟုန်တွေ

Edit with WPS Office

ထပ်ပြီးတော့ စီးဆင်းခြင်း မရှိတော့ပါဘူး။

"ဖော့"

ကျန်းထောင်က ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က ဒီမြစိမ်းကျောက် ဆေးကျိုးအိုးနဲ့ ဆက်သွယ်မှု ရှိနေပြီး ဆေးကျိုးအိုး ထိခိုက်ပျက်စီးရင် သူလည်း ခံစားရတယ်လို့ ဆိုလိုပါတယ်။ သူ့ခန္ဓာကိုယ်က လောင်ကျွမ်းနေပြီး ပြာကျတော့မဲ့ အတိုင်း ခံစားနေရပါတယ်။

ရပ်ကြည့်နေတဲ့ ပရိသတ်တွေ အားလုံးက မှင်တက်အံ့သြ သွားကြပါတယ်။

Chapter 1137 end(ခဏနေမှနောက်တစ်ပိုင်းလာမယ်)

အပိုင်း(1138) တကယ်လို့ ငါသတ်ချင်ရင် သူ့ကို ငါသတ်ပစ်မယ်

ကျန်းထောင်နဲ့ သူ့ရဲ့ မြစိမ်းကျောက် ဆေးကျိုးအိုးကို တုပထားတဲ့ ဆေးအိုးရဲ့ ပူးပေါင်းစွမ်းအားက လင်းဟန်ကို တကယ်ပဲ မဖိနှိပ်နိုင်ခဲ့ပါဘူး။

Edit with WPS Office

ဒါက။

တစ်ခုသတိပြုရမှာက ကျန်းထောင်ဟာ တစ်ချိန်တုန်းက ပင်မတပည့်တစ်ယောက် ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူ့ကို တစ်စုံတစ်ယောက်က အလွယ်တကူ အနိုင်ယူ သွားခဲ့ပါတယ်။ ဆိုလိုတာက လင်းဟန်မှာ မျိုးစေ့ပါရမီရှင် တစ်ယောက်ရဲ့ ခွန်အားမျိုးကို ပိုင်ဆိုင်ထားတယ်လို့ ပြောတာပဲ မဟုတ်လား။

သောက်ကျိုးနည်း။

သူတို့တွေက ဒါကို ဘယ်လိုလုပ်ပြီးတော့ ယုံကြည်နိုင်မှာလဲ။

"မင်း မင်းက ဘယ်သူလဲ"

ကျန်းထောင်က သူ့သံမဏိပြား တစ်ပြားကို ကန်လိုက်မိပြီဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။

"မင်းကို သတ်ပစ်မဲ့လူ"

လင်းဟန်က ပြန်ဖြေလိုက်ပါတယ်။ သူက လက်သီးတစ်ဖက်ကို ကျန်းထောင်ဆီ ပျော့ယမ်းလိုက်ပြီး လက်သီးက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့

Edit with WPS Office

ဂုဏ်ရောင်ထွန်းပြောင်မှုကို မှေးမှိန်သွားစေတဲ့ အထိတောင် ထူးခြားဆန်းကြယ်လွန်းပါတယ်။

ကျန်းထောင်က ဒီတိုက်ခိုက်မှုကို ထိပ်တိုက်ရင်မဆိုင် ပံ့ပါဘူး။ သူက အံကို ကြိတ်ပြီးတော့ ချာခနဲ လှည့်ပြီး ထွက်ပြေးသွားပါတယ်။

သူထွက်ပြေးသွားပြီ။

ကျန်းထောင်လို ဘဂမြင့် မောက်မာဟင့်ကြွားတဲ့သူက လင်းဟန်နဲ့ တိုက်ကွက်နှစ်ကွက်ပဲ ဖလှယ်ပြီးတဲ့ နောက်မှာ သူ့ကို ထွက်ပြေးသွားအောင် ဖိအားပေးခဲ့ပါတယ်။

ပွဲကြည့်ပရိသတ်တွေက သူတို့ရဲ့ မျက်လုံးတွေကိုပဲ ယုံကြည်လိုက် ရပါတယ်။ ဒါကို သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် ကျန်းထောင်က ဒီတိုက်ကွက်နှစ်ကွက် ဖလှယ်တဲ့ အချိန်အတွင်းမှာ အောက်စီးကနေပဲ ကျရောက်နေခဲ့ပါတယ်။ သူက ဒုတိယအကျော့မှာတောင် သူ့ရဲ့ မြစိမ်းကျောက် ဆေးကျိုအိုးကို တုပထားတဲ့ ဆေးအိုးကိုတောင်

Edit with WPS Office

အသက်သွင်းခဲ့ပေမဲ့ သူ့ရဲ့ အခြေအနေ ပြောင်းလဲဖို့
ကြိုးစားမှုက ကျရှုံးသွားခဲ့ပါတယ်။

အဲဒီလိုဆိုမှတော့ သူက ဘာဖြစ်လို့ ဆက်ပြီးတော့
တိုက်ခိုက်နေဦးမှာလဲ။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။
သူ့လက်ချောင်းတွေကို တောက်ထုတ်လိုက်ပြီး ဓားအသိ
ဆန္ဒက မိုးပေါ်ထိ ထိုးတက်သွားကာ ကျန်းထောင်ဆီကို
အလင်းတန်းတစ်ခု အဖြစ် ပြောင်းလဲပြီးတော့ တစ်ဟုန်ထိုး
ပြေးဝင်သွားပါတယ်။

ဓားအလင်းတန်းက အလင်းရဲ့ အလျင်လို
လျင်မြန်လွန်းပါတယ်။

ကျန်းထောင်က သူ့လက်မောင်းကို မြှောက်ပြီးတော့
ကာလိုက်ပါတယ်။ ဟုတ်ပါတယ်။ အလင်းရဲ့ အလျင်နဲ့
ပြေးဝင်လာတဲ့ အရာကို သူက ဘယ်လိုလုပ်ပြီးတော့
တားဆီးကာကွယ်နိုင်မှာလဲ။

ဖူး။

Edit with WPS Office

ဓားအလင်းတန်းက သူ့နောက်ကျောကို စိုက်ဝင်သွားပြီးတော့ သူ့ကို နှစ်ပိုင်းပြတ်သွားအောင် စုတ်ဖြဲပစ်ပါတယ်။

ကြည့်နေတဲ့ သူတွေက ထိတ်လန့်ကြောက်ရွံ့မှုကြောင့် သူတို့ရဲ့ အတွင်းခံတွေ စိုကုန်ပါတယ်။ ကျန်းထောင်လို အစွမ်းထက်တဲ့ လူတစ်ယောက်က အဲဒီကောင်လေးရဲ့ လက်ချောင်းတွေကို သာမန်ကာလျှံကာ တောက်ထုတ်လိုက်မှု တစ်ခုက ထွက်ပေါ်လာတဲ့ ဓားအလင်းတန်း တစ်ခုကြောင့် နှစ်ပိုင်းပြတ်သွားခဲ့တာလား။

လင်းဟာန်က အရမ်းကို ကျေနပ်နေခဲ့ပါတယ်။ သူ့ရဲ့ တိုက်ခိုက်မှုမှာ လျင်မြန်မှု နည်းစနစ်နဲ့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားကို ပေါင်းစည်းထားခြင်း ဖြစ်တာကြောင့် ဒီတိုက်ခိုက်မှုက အရမ်းကို လျင်မြန်ပြီး အစွမ်းထက်ပါတယ်။ ဒါပေမဲ့လည်း လျင်မြန်မှု နည်းစနစ်က သူ့ဘာသာသူဆို လျင်မြန်နိုင်ပြီး စည်းမျဉ်းဥပဒေရဲ့ စွမ်းအားက သူ့ဘာသာသူဆိုရင် ထိခိုက်ပျက်စီးမှု ကြီးကြီးမားမား ဖြစ်စေပါတယ်။

သူက ဒီနည်းစနစ် နှစ်ခုကို တကယ်ပဲ ပေါင်းစပ်ခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း အခြေခံ နည်းစနစ် နှစ်ခုရဲ့ အစွမ်းကို အပြည့်အဝ ထုတ်ဖော်နိုင်စွမ်း မရှိသေးပါဘူး။

ဒါက သတင်းကောင်း ဖြစ်ပါတယ်။ ဒါက ပူးပေါင်းနည်းစနစ်ဟာ ပိုပြီးတော့ သန်စွမ်းအားကောင်း လာဦးမဲ့ အရိပ်အယောင် လက္ခဏာတစ်ခု ဖြစ်ပါတယ်။

အဲဒီအချိန် ကျန်းထောင်က မသေသွားသေးပါဘူး။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေရဲ့ အသက်ဓာတ် စွမ်းအားက ကြီးမားလွန်းပါတယ်။ ပြီးတော့ ကျန်းထောင်က သူ့လက်တွေကို ဆန့်ထုတ်ပြီး ပြတ်နေတဲ့ ခန္ဓာကိုယ် နှစ်ပိုင်းကို ပြန်ဆက်လိုက်ပါတယ်။ သူရဲ့ မူလစွမ်းအင်ကို လည်ပတ်ပြီးတော့ သွေးတွေဆုံးရှုံးသွားတာကို ပြန်လည်ဖြည့်ဆည်း နေပါတယ်။ တကယ်လို့ သွေးအများကြီး ဆုံးရှုံးသွားမယ်ဆိုရင် သူ့ရဲ့ အသက်ဓာတ် စွမ်းအားကို ကြီးကြီးမားမား ထိခိုက်စေ ပါလိမ့်မယ်။

သူက သွေးအန်ထုတ်ပြီးတော့ ပြောလိုက်တယ်။

"ဆရာလေး အရမ်းကို လွန်နေပြီလို့ မထင်ဘူးလား။ ကျုပ်ရဲ့

Edit with WPS Office

ဆရာသခင်က ယန်ပေါင် ဆိုတာကို သတိပြုပါဦး”

“ငါသိတယ်”

လင်းဟန်က ခေါင်းတစ်ချက် ညိတ်ပြီးတော့ ပြောလိုက်တယ်။ ဒါပေမဲ့လည်း သူက ချက်ချင်းပဲ နောက်ထပ် ဓားအလင်းတန်း တစ်ခုကို သူ့ဆီ ထုတ်ဖော်လိုက်ပါတယ်။

သောက်ကျိုးနည်း လပြွတ်ပဲပေါ့။

ကျန်းထောင်က သူ့စိတ်ထဲကနေ ကျိန်ဆဲလိုက်ပါတယ်။ လပြွတ်ပဲ မင်းဘာကို သိတာလဲ။ ယန်ပေါင်က ငါ့ဆရာသခင်ဆိုတာကို မင်းသိနေတာတောင် ငါ့ကို တိုက်ခိုက်ရဲသေးတယ်လား။

အဲဒီအချိန်မှာ ပွဲကြည့်ပရိသတ်တွေက အုန်းအုန်းကျက်ကျက် ဖြစ်သွားပါတယ်။ ဆူညံသံက တိုက်ပွဲရဲ့ ပွဲကြည့်ပရိသတ်တွေက မဟုတ်ပဲ တောင်ခြေမှာရှိတဲ့ လူတိုင်းဆီက အော်ဟစ်သံတွေ ဖြစ်ပါတယ်။ အနည်းဆုံးတော့ လူပေါင်း တစ်သိန်းလောက်ရဲ့ အော်သံတွေ ဖြစ်ပြီး ဒီဆူညံသံက မိုးကောင်းကင်နဲ့

Edit with WPS Office

ကမ္ဘာမြေကြီးကိုတောင် တုန်ခါစေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မျိုးစေ့ပါရမီရှင်တွေရဲ့
နောက်လိုက်ရွေးချယ်မှုက နောက်ဆုံးမှာ ရောက်လာခဲ့ပါပြီ။

အားလုံးက ဒီအချိန်ကို စောင့်မျှော်နေကြတာ ဖြစ်ပါတယ်။
ဒါကြောင့် သူတို့က မျိုးစေ့ ပါရမီရှင်တွေရဲ့ အာရုံစိုက်ခြင်းကို
ခံရဖို့အတွက် တတ်နိုင်သလောက် ကြိုးစားအော်ဟစ်
နေကြတာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ပါရမီရှင်တွေက
သူတို့ကို မျက်နှာသာ ပေးဖို့ မျှော်လင့်ထားပြီး အဲဒါမှ သူတို့က
နောက်လိုက်တွေ ဖြစ်လာနိုင်မှာပါ။

မျိုးစေ့ပါရမီရှင် စုစုပေါင်း အယောက်နှစ်ဆယ် ရောက်လာပြီး
ခန့်ညားတဲ့ ယောကျာ်းသားတွေနဲ့ ချောမောလှပတဲ့
မိန်းမလှတွေ ဖြစ်ပါတယ်။ သူတို့အားလုံး အရမ်းကို
ငယ်ရွယ်ပြီးတော့ အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုကို
ထုတ်ဖော်ထားပါတယ်။

ဂတ်စုံစိမ်းနဲ့ လူငယ် တစ်ယောက်က အေးစက်စွာနဲ့
နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဟင့် ဘယ်လို အမိုက်တစ်အုပ်လဲ။ ဘာဖြစ်လို့ ငါ့ဘေးမှာ နောက်လိုက်အဖြစ် အမိုက်ကို ရွေးရမှာလဲ"

သူ့ပုံစံက အရမ်းကို မာနကြီးပုံ ပေါ်ပါတယ်။

သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပြီးတော့ ဒီကျင့်ကြံခြင်း အဆင့်က မြင့်မားတယ်လို့ သတ်မှတ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့လည်း သူက အဲ့ဖွယ် ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်လာတယ်ဆိုတော့ သူ့မှာ သေချာပေါက် ထိပ်တန်းအဆင့် ပါရမီ ရှိတယ်ဆိုတာကို ဖော်ပြနေပါတယ်။ ဂိုဏ်းက သူ့ရဲ့ အလားအလာကိုပဲ ကြည့်တာဖြစ်ပြီး လက်ရှိသူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို မဟုတ်ပါဘူး။

"ငါလည်းအဲ့လိုပဲ ထင်တယ်။ ပြန်သွားရအောင်"

မိန်းမပျို တစ်ယောက်က ပြောလိုက်တယ်။ သူမရဲ့ နဖူးပေါ်မှာ အနီစက်လေး တစ်စက် တို့ထားပြီး အဲ့ဒါက သူမရဲ့ ပုံစံကို ပိုပြီးတော့ ချောမောလှပစေပါတယ်။

"ဟင် ဟိုနေရာမှာ ရုတ်ရုတ်သဲသဲ တစ်ခု ဖြစ်နေပါ့လား"

Edit with WPS Office

အနီရောင် ဂုတ်စုံနဲ့ လူငယ် တစ်ယောက်က ရုတ်တရက် လင်းဟန်နဲ့ ကျန်းထောင်ရဲ့ တိုက်ပွဲနေရာဆီကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။

"အဲဒါ ကျန်းထောင်ပဲ"

အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်က ပြောလိုက်တယ်။ ဒါပေမဲ့လည်း ချက်ချင်းဆိုသလို သူ့မျက်နှာပေါ် မကျေနပ်တဲ့ အမူအရာတစ်ခု ဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

"တစ်ယောက်ယောက်က စီနီယာ အစ်ကိုယန်ရဲ့ နောက်လိုက်ကို စော်ကားပုံ့တယ်ပေါ့လေ။ ဘယ်သူကများ ဒီလောက်ထိ သတ္တိကောင်းနေလဲဆိုတာ ငါသွားကြည့်ဦးမယ်"

သူက လင်းဟန်နဲ့ ကျန်းထောင်တို့ ရှိရာဆီကို ကပျာကယာ ပြေးသွားလိုက်ပါတယ်။

လူအုပ်ကြီးက ချက်ချင်းဆိုသလို သူ ဖြတ်သွားလို့ရအောင် လမ်းဖွင့်ပေးလိုက်ပါတယ်။ ဒီအချိန်မှာ သူ့ရဲ့ နောက်လိုက်ဖြစ်ချင်တယ်လို့ ဘယ်သူကများ

Edit with WPS Office

တောင်းဆိုပွဲမှာလဲ။ အဲဒီလိုသာ လုပ်လိုက်ရှုံ သချာပေါက် ရိုက်နှက်ခံရပါလိမ့်မယ်။

အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်က အခြေအနေကို လေ့လာအကဲခတ်ပြီးတော့ ချက်ချင်းပဲ အော်ဟစ်လိုက်ပါတယ်။

"ရပ်လိုက်"

"သခင်လေးဖူ"

ကျန်းထောင်က စိတ်လှုပ်ရှားစွာနဲ့ သူ့ရဲ့ ကယ်တင်ရှင်ကို တွေ့မြင်လိုက်ရ သလိုမျိုး အော်ခေါ် လိုက်ပါတယ်။

သူက မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သခင်လေးဖူက သူ့အတွက် ရပ်တည်ပေးမယ်ဆိုရင် သူက သေချာပေါက် လုံခြုံပါလိမ့်မယ်။

ဖူး။

ဒါပေမဲ့လည်း သူ့ရဲ့ စိတ်လှုပ်ရှားမှုက အရမ်းကို စောလွန်းပါတယ်။ လင်းဟာန်က ရပ်တန့်မဲ့ လက္ခဏာ နည်းနည်းမှ မပေါ်ပဲ သူ့ခေါင်းဆီကို နောက်ထပ်

Edit with WPS Office

ဓားအလင်းတန်း တစ်ခုကို ချက်ချင်းပဲ ထုတ်ဖော်ပြီး တိုက်ခိုက်လိုက်ပါတယ်။ ဒီတစ်ကြိမ် ကျန်းထောင်ရဲ့ နတ်ဘုရားအာရုံက ရက်ရက်စက်စက် ချေမှုန်းခံလိုက်ရပါတယ်။ မူလဇစ်မြစ်အဆင့် သူတော်စင်တွေတောင် သူ့ကို အသက်ပြန်ရှင်အောင် လုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"မင်း"

လူငယ်က ဒေါသကြောင့် တဆတ်ဆတ် တုန်သွားခဲ့ပါတယ်။ သူက ရပ်လိုက်ဖို့ အော်ဟစ်တာတောင် ဒီလူက တကယ်ပဲ သူ့ကို လျစ်လျူရှုခဲ့ပါတယ်။

ဘယ်လောက်တောင် ဆိုးဝါးလိုက်သလဲ။ သူက အခါတစ်သောင်းလောက် သေဖို့တောင် ထိုက်တန်ပါတယ်။

"မင်းဘာသာမင်း မင်းအသက်ကို အဆုံးသတ်ပစ်မလား ဒါမှမဟုတ် ငါမင်းကို ကူညီပြီးတော့ အဆုံးသတ်ပေးရမလား"

သူက အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"တကယ့်ကို ဉာဏ်နုံတဲ့ကောင်ပဲ"

လင်းဟာန်က သရော်ပြုံး ပြုံးလိုက်ပါတယ်။ အဲဒီနောက် သူက

Edit with WPS Office

အရှေ့ကို ဆက်ပြီးတော့ လမ်းလျှောက် သွားလိုက်ပါတယ်။

"အရမ်းကောင်းတယ် အရမ်းကောင်းတယ်"

အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်က လင်းဟန်ကို လက်ညှိုးထိုးပေမဲ့ လင်းဟန်ကတော့ သူ့ကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ပဲ ဖြတ်ကျော်ပြီး လျှောက်သွားခဲ့ပါတယ်။ အဲဒါက သူ့ကို ပိုပြီးတော့တောင် ဒေါသထွက်စေခဲ့ပြီး သူ့လက်တစ်ဖက်ကို ဆန့်ထုတ်ကာ လင်းဟန်ကို လှမ်းဆွဲလိုက်ပါတယ်။

"ငါဘယ်သူလဲဆိုတာကို မင်းသိရဲ့လား။ ငါက ဖူလိန်ရဲ့။ မဟာမိုးကောင်းကင် အဲ့ဖွယ်အင်ပါယာရဲ့ အင်ပါယာမြေးတော်ပဲ"

လင်းဟန်က လှည့်မကြည့်ပဲ အဲဒီအစား သူ့လက်ချောင်းတွေကို အသာလေး တောက်ထုတ် လိုက်ပါတယ်။

ဖူး။

ချက်ချင်းဆိုသလို ဖူလိန်ရဲရဲ့ လက်ဂါးပေါ်မှာ

Edit with WPS Office

အပေါက်တစ်ပေါက် ဖြစ်သွားပြီး သွေးတွေ စီးကျလာပါတယ်။

"အား"

သူက နာကျင်မှုကြောင့် အော်ဟစ်လိုက်ပါတယ်။

ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေက ထိတ်လန့်တုန်လှုပ်မှုကြောင့် မျက်နာတွေ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။ ဒီလူက နည်းနည်းလေးမှကို အကြောက်အလန့် မရှိပါဘူး။ သူက ယန်ဟောင်ရဲ့ နောက်လိုက်ကို သူသတ်ချင်တာကြောင့် သတ်ပစ်ခဲ့ပြီး အခုဆို မျိုးစေ့ပါရမီရှင် တစ်ယောက်ကို ဒဏ်ရာရအောင်တောင် တိုက်ခိုက်ခဲ့ပါတယ်။

"မင်းက ဘယ်လောက် သတ္တိကောင်းနေတာလဲ"

ဖူလိန်ရဲက မျက်နာသုန်မှုန်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းရဲ့ ကျင့်ကြံခြင်းအဆင့် ငါ့ထက်မြင့်တာကို အခွင့်ကောင်းယူပြီးတော့ ငါ့ကို အနိုင်ကျင့်တယ်ပေါ့ ဟုတ်လား"

သူက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ်

Edit with WPS Office

အဆင့်မှာပဲ ရှိနေပါသေးတယ်။ ဒါကြောင့် သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို ရင်ဆိုင်တိုက်ခိုက်ဖို့ဆိုတာ သူက ဘယ်လောက်ပဲ ထူးချွန်ထက်မြက်နေပါစေ နည်းလမ်းလုံးဝ မရှိပါဘူး။

သူက သူ့ရဲ့အထူး အဆင့်အတန်းကြောင့် အရှေ့ကို ထွက်ပုံ့တာပဲ ရှိပါတယ်။ သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ မဟာမိုးကောင်းကင် အံ့ဖွယ်အင်ပါယာက ကေရာဇ်ရဲ့ မြေးတော်စပ်သူလည်း ဖြစ်ပါတယ်။

လင်းဟန်က သူ့ကို လုံးဝလျစ်လျူရှုပြီးတော့ အရှေ့ကို ဆက်လျှောက်လာပါတယ်။ သူဦးတည်တဲ့ နေရာက တခြားမျိုးစေ့ပါရမီရှင်တွေ ရပ်နေတဲ့ နေရာဖြစ်ပါတယ်။

သူ့ခရီးစဉ်ရဲ့ ပစ်မှတ်ဖြစ်တဲ့ အဲဒီလူကို သူမြင်တွေ့နေရပါပြီ။

သူမကတော့ နံပါတ်ကိုး ဘုရင်ဖြစ်တဲ့ ဟူဖေးယွင် ဖြစ်ပါတယ်။

Edit with WPS Office

အရူတူတူအတတ မိန်းကလေးက အခုချိန်ထိ အိပ်ရေးမဝသေးတဲ့ ပုံစံမျိုးနဲ့ မှိန်းနေပါတယ်။ သူမက တခြားအစွမ်းထက်ပြီး မောက်မာဝင့်ကြွားတဲ့ ပုံစံမျိုးရှိ မျိုးစေ့ပါရမီရှင်တွေနဲ့ လုံးဝကို ကွဲပြားခြားနား နေပါတယ်။

လင်းဟာန်က ဘယ်လိုလုပ်ပြီးတော့ သူမဟာ မျိုးစေ့ပါရမီရှင် တစ်ယောက်အဖြစ် ရွေးချယ်ခံလိုက် ရလဲဆိုတာကို တကယ့်ကို နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။

လင်းဟာန်ကြောင့် ဒဏ်ရာရပြီးတဲ့နောက်မှာ ဖူလိန်ရဲက သူ့ကိုထပ်ပြီးတော့ ပစ်မှတ်မထား ပုံတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ပိုင်နက်ဖြစ်ပါတယ်။ ဒါကြောင့် လင်းဟာန်က ဒီမှာ ဘယ်နေရာကိုမဆို ပြေးနိုင်ပါတယ်။ သူက လူအုပ်ကြားကနေ ဖြတ်ပြီးတော့ လင်းဟာန်နောက်ကို လိုက်လာပြီး သူစောစောတုန်းက နေရာကို ပြန်ရောက်လာခဲ့ပါတယ်။

"ဟင့် ခွေးဆိုတာ ခွေးအဆင့်ပဲ ရှိတာပဲ။ ဒီနေရာက နင်လာလို့ရတဲ့ နေရာတစ်ခု မဟုတ်ဘူး"

Edit with WPS Office

နဖူးပေါ်မှာ အနီစက် တို့ထားတဲ့ မိန်းမပျိုက ပြစ်တင်ကြိမ်းမောင်း လိုက်ပါတယ်။ သူမရဲ့ မျက်နှာမှာ မာနတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ငြိမ်းချမ်းခြင်းဂိတ်ဂြိုလ်ကြီးရဲ့ အင်ပါယာ။ ဂန်ကလန်က ငှက်တစ်ရာ အံ့ဖွယ်အင်ပါယာရဲ့ ထိပ်တန်းအဆင့် အင်အားစု တစ်ခုဖြစ်ပြီး သူတို့မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ပြီးပြည့်စုံခြင်း လက်ရွေးစင်တွေကိုတောင် ပိုင်ဆိုင်ထားပါတယ်။ အင်ပါယာ မိသားစုတောင်မှ သူတို့ကို လက်ထပ်ထိမ်းမြားဖို့ ကမ်းလှမ်းတောင်းဆိုရပါတယ်။

ဒါကြောင့် ဂန်ရှီယွမ်က မင်းသမီးတစ်ယောက်နဲ့ မခြားပါဘူး။ ဒါကြောင့်လည်း သူမက မယုံနိုင်စရာ ကောင်းလောက်အောင် မာနကြီးလွန်းပါတယ်။

သူမက ချောမောလှပပေမဲ့ သူမရဲ့ အလှက စွေ့ရန်ယွီနဲ့ ယှဉ်လို့ မရပါဘူး။ စွေ့ရန်ယွီက သူမထက် မရေမတွက်နိုင်တဲ့ အဆပေါင်းများစွာ ဆွဲဆောင်မှု ရှိပါတယ်။ ကေရီ ဘုရင်မ လွမ့်ရှင်းနဲ့ နှစ်နှစ်လောက် အတူတူ အချိန်ကုန်ဆုံးခဲ့ရတဲ့ လင်းဟာန်ကိုတော့ ပြောနေစရာ မလိုပါဘူး။

Edit with WPS Office

ဘယ်မိန်းမချောကများ သူ့အာရုံကို ဆွဲဆောင်နိုင်မှာလဲ။

သူက သူမရဲ့ စကားတွေကို လုံးဝကို လျစ်လျူရှုပြီးတော့ ဟူဖေးယွင်ဆီကို တည့်တည့်ပဲ ဦးတည် သွားလိုက်ပါတယ်။

"ရွှံ့စရာ ကောင်းလိုက်တာ"

ဂန်ရှီယွမ်က အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။ သူမရဲ့ လက်ကို ပွေ့ယမ်းပြီးတော့ ကြာပွတ်တစ်ချောင်းကို ဆင့်ခေါ်ကာ လင်းဟန်ကို ချက်ချင်းပဲ ရစ်ပတ်လိုက် ပါတယ်။ လေထဲမှာ နတ်ဘုရား သင်္ကေတတွေ လင်းလက်တောက်ပလာပါတယ်။ ဒီကြာပွတ်က နတ်ဘုရား ပစ္စည်းတစ်ခုဆိုတာ ပေါ်လွင်ပါတယ်။

သူမရဲ့ ကျင့်ကြံခြင်း အဆင့်က ဖူလိန်ရဲထက် ပိုပြီးတော့ မြင့်မားပါတယ်။ သူမက တောင်မြစ် အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပါတယ်။

သူမ ကြာပွတ်ရဲ့ အစွမ်းက အံ့အားသင့်စရာ ကောင်းပါတယ်။

Edit with WPS Office

Chapter 1138 end

အပိုင်း(1139) နတ်မိမယ် ဆေးကျိုအိုး

သူမက ရှောင်စီစီနဲ့ ရှားပုချယ်တို့ထက် အားမနည်းတဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်ခြောက်ပွင့် အဆင့်ကို ရောက်နေပါပြီ။

သူမက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ သူမရဲ့ စွမ်းအားက ဒီအဆင့်အထက် ကြယ်ခြောက်ပွင့်မှာ ရှိနေပါတယ်။ ဒါက ဘယ်လောက်တောင် ကြောက်စရာ ကောင်းလိုက်မလဲ။

ရွှစ်။

လေတွေနဲ့ တိမ်တွေက ကျာပွတ်ရဲ့ အကျိုးသက်ရောက်မှုအောက်မှာ ပေ့လည်ပြီး မိုးကောင်းကင် အထဲမှာ အပေါက်တစ်ခု ဖြစ်သွားအောင် စုတ်ဖြဲပစ်လိုက် သလိုပါပဲ။

သူမက ထူးခြားတယ်။ တကယ့်ကို ထူးခြားပါတယ်။

Edit with WPS Office

ဖူလိန်ရဲလည်း မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက် ဆိုပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဒီအချိန်မှာ အရမ်းကို နိမ့်ကျနေဆဲပါပဲ။ ဒါကြောင့် သူက ဂန်ရှီယွမ်ရဲ့ အဆင့်အနားကို မကပ်နိုင်ပါဘူး။

လင်းဟာန်အနေနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့သာဆိုရင် ဒီကျားပွတ်ရဲ့ အစွမ်းကို ရင်ဆိုင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာကို ကောင်းကောင်း နားလည်သဘောပေါက် ထားပါတယ်။ ဒါပေမဲ့လည်း အခုတော့..........။

လင်းဟာန်က သူ့လက်ကို သာမန်ကာလျှံကာ မြှောက်ပြီးတော့ လက်ချောင်းနှစ်ချောင်းကို လှုပ်ရှား လိုက်ပါတယ်။

ကျားပွတ်က သူ့လက်ချောင်း နှစ်ချောင်းရဲ့ အကြားမှာ အလွယ်တကူ ဖမ်းမိခံလိုက် ရပါတယ်။

ဖူး။

မရေမတွက်နိုင်တဲ့ လူတွေက ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အံ့အားသင့်မှုကြောင့် သူတို့ရဲ့ လျှာတွေကို ထုတ်မိလုနီးပါး

Edit with WPS Office

ဖြစ်သွားပါတယ်။

ဂန်ရှီယွမ်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူမက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကိုလည်း ရောက်နေပါပြီ။ သီအိုရီအရ ပြောရမယ်ဆိုရင် သူမက တောင်မြစ်အဆင့်ထဲမှာ ပြိုင်စံရှားလို့ သတ်မှတ်လို့ ရပါတယ်။ အနည်းဆုံးတော့ ဘယ်သူမှ သူမကို ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဒီလူငယ်က သူမရဲ့ ကျောပွတ်ကို အသာအယာလေး ဖမ်းလိုက်ပြီး သူ့အမူအရာက ခွန်အားနည်းနည်းလေးမှ သုံးလိုက်ရတဲ့ပုံစံမျိုး ရှိမနေခဲ့ပါဘူး။ သူတို့နှစ်ယောက် အကြားက ကွာဟချက်က ဘယ်လောက်တောင် ကြီးမားလိုက်မလဲ။

ဂန်ရှီယွမ်ရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးလာခဲ့ပါတယ်။ သူမရဲ့ နှလုံးသားထဲမှာ အေးစိမ့်စိမ့် ခံစားမှုတစ်ခု မြင့်တက်လာပြီးတော့ စိတ်ထဲကနေ တွေးလိုက်မိပါတယ်။

Edit with WPS Office

ဒီလူငယ်က ဘယ်လိုလုပ် အရမ်းကို
အစွမ်းထက်နိုင်ရတာလဲ။ သူက လျှို့ဝှက်နည်းစနစ်
နည်းနည်းလေးမှ အသုံးမပြုပဲ သူ့စွမ်းအား တစ်ခုတည်း
အပေါ်မှာပဲ အားကိုးပြီးတော့ ငါ့ကျောပွတ်ကို ဖမ်းယူခဲ့တယ်။

ဒါက သူ့စွမ်းအားက သူမထက် အများကြီး သာတယ်ဆိုတဲ့
လက္ခဏာပါပဲ။ နောက်ပြီးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ
ခန္ဓာကိုယ်ကလည်း ထူးထူးခြားခြား ကြံ့ခိုင်လွန်းပါတယ်။
အဲဒီလိုမှ မဟုတ်ရင် နတ်ဘုရား ပစ္စည်းတစ်ခုကို အခုလိုမျိုး
ဖမ်းဆုပ်ပြီးတဲ့နောက်မှာ သူတို့ရဲ့ စွမ်းအားက
ဘယ်လောက်ပဲ သန်စွမ်းနေပါစေ လုံးဝကို
လျစ်လျူရှုပြီးတော့ သေချာပေါက် ဒဏ်ရာရသွား
ပါလိမ့်မယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး လူတစ်ယောက်က ဒီကမ္ဘာကြီးထဲမှာ
ဘယ်လိုလုပ် တကယ်ကြီး တည်ရှိနေနိုင်တာလဲ။

တကယ်လို့ သူတို့သာရှိနေရင် အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့
မျိုးစေ့တစ်ယောက် ဖြစ်လာသင့်တယ် မဟုတ်လား။

Edit with WPS Office

လင်းဟန်က ကျာပွတ်ကို လွှတ်ပေးလိုက်ပြီးတော့ ပြောလိုက်တယ်။

"လူတစ်ယောက်က အရမ်းကြီး လွှမ်းမိုးမနေသင့်ဘူး။ တခြားသူတွေလိုမျိုး ရှေ့တိုးနောက်ဆုတ် လုပ်လို့ရတဲ့ လမ်းကြောင်းတစ်ခုကို ချန်ထားပေးရတယ်"

သူက ဟူဖေးယွင်ဘက်ကို လှည့်ပြီးတော့ ပြုံးပြကာ ပြောလိုက်ပါတယ်။

"နံပတ်ကိုးဘုရင် ဒီမှာ မင်းအတွက် စာတစ်စောင်"

ဟူဖေးယွင်က သူ့ဆီက စာကို လက်ခံရင်း သူမပုံစံကို ကြည့်ရတာ အနည်းငယ် အံ့သြနေပုံ ရပါတယ်။ သူမက စာကို အလျင်အမြန်ပဲ ဖတ်ပြီးတော့ စိတ်ရှုပ်ထွေးစွာနဲ့ မေးလိုက်ပါတယ်။

"အစ်မတော်က နင့်ကို ငါ့နောက်လိုက် လုပ်ဖို့ လွှတ်လိုက်တာလား"

"ဟုတ်ပါတယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

ဘာကြီးလဲဟ။

သူတို့နှစ်ယောက်ရဲ့ အပြန်အလှန် စကားတွေကို ကြားလိုက်ရတဲ့ အနီးအနားက လူတွေ အားလုံး မှင်တက်အံ့သြ သွားကုန်ပါတယ်။

ဒီလူက ဂန်ရှီယွမ်ရဲ့ ကျောပွတ် တိုက်ခိုက်မှုကို လက်ချောင်းနှစ်ချောင်းနဲ့ အသာအယာ အမိဖမ်း နိုင်ခဲ့ပါတယ်။ အဲဒီလို လူတစ်ယောက်က ဟူဖေးယွင်ရဲ့ နောက်လိုက်ဖြစ်ဖို့ လာခဲ့တာတဲ့လား။

ဒီနေရာမှာ ရှိနေတဲ့ လူအားလုံးက မျိုးစေ့ပါရမီရှင်တွေရဲ့ နောက်လိုက်တွေ ဖြစ်ချင်နေကြတယ် ဆိုပေမဲ့ အဲဒါက ဘာကြောင့်လဲဆိုရင် သူတို့မှာ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်ဖြစ်လာဖို့ လုံလောက်တဲ့ ပါရမီ ရှိမနေတာကြောင့်ပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လူတွေအများကြီးက ဘယ်လိုလုပ်ပြီး အစေခံတွေ ဖြစ်ချင်ကြမှာလဲ။

ဒါပေမဲ့လည်း လင်းဟာန်ရဲ့ စွမ်းရည်တွေကို သုံးသပ်ကြည့်ရင် သူက မျိုးစေ့အဆင့် တပည့် တစ်ယောက် ဖြစ်ဖို့

Edit with WPS Office

သေချာပေါက် အရည်အချင်း ရှိပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ ဒီနေရာကို နောက်လိုက်တစ်ယောက် ဖြစ်ဖို့အတွက် ရောက်လာတာလဲ။

တကယ်လို့ သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်ရွေးချယ်ခြင်း အချိန်ကာလကို လွဲချော်သွားခဲ့ရင် ဘာဖြစ်လို့ နောက်တစ်ကြိမ် တပည့်ရွေးချယ်တဲ့ အချိန်ကာလကို မစောင့်နိုင်ရတာလဲ။ အဲဒါက နှစ်ပေါင်းတစ်ရာပဲ ကြာပါတယ်။ တန်ခိုးရှင်တွေ အတွက်တော့ မပြောပလောက်တဲ့ အချိန်ကာလလေး တစ်ခုပဲ ဖြစ်ပါတယ်။

သူ့ရဲ့ လုပ်ဆောင်မှုတွေကို ပွဲကြည့်ပရိသတ်တွေက လုံးဝကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ အဲဒီနောက် သူတို့အားလုံးက ဟူဖေးယွင်ဆီကို မနာလိုမှုတွေနဲ့ လှည့်ကြည့်လိုက် ကြပါတယ်။ အခုဆို သူမမှာ ဒီလိုမျိုး အစွမ်းထက်တဲ့ နောက်လိုက်တစ်ယောက် ရရှိသွား ခဲ့ပါပြီ။ ဂိုဏ်းထဲက သူမရဲ့ နေရာက သေချာပေါက် မြင့်တက်လာပါလိမ့်မယ်။

Edit with WPS Office

"နင် နင်က ဘယ်သူလဲ"

ဟူဖေးယွင်က အမြဲလိုလို အူကြောင်ကြောင် ဖြစ်နေဆဲပါပဲ။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဟန်လင်း"

"ဟန်လင်း ဟန်လင်း ... လင်းဟန်"

ဟူဖေးယွင်ရဲ့ မျက်လုံးတွေက ရုတ်တရက် အရောင်တလက်လက် တောက်ပလာခဲ့ပါတယ်။ အူကြောင်ကြောင်နိုင်တဲ့ အမူအရာတွေက ချက်ချင်းပဲ သူမဆီကနေ ပျောက်ကွယ်သွား ခဲ့ပါတယ်။ သူမရဲ့ မျက်နှာပေါ်မှာ အပြုံးပန်းတစ်ပွင့် ပွင့်လန်းလာခဲ့ပါပြီ။ သူမရဲ့ ဟန်ပန်အမူအရာက အနည်းငယ် အူကြောင်ကြားနိုင်လှပေမဲ့ သူမရဲ့ အပြုံးတွေမှာ မိန်းမပျို တစ်ယောက်ရဲ့ သဘာဝ ချစ်စဖွယ်ကောင်းမှုနဲ့ အပြည့်ကင်းစင်မှုတွေ ပြည့်နှက်နေပါတယ်။

လင်းဟန်က ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။ ဒီမိန်းကလေးက အတော်လေး အူကြောင်ကြောင် နိုင်လှပေမဲ့ တကယ်တော့

Edit with WPS Office

မတုံးသေးပါဘူး။ သူမက သူ့ရဲ့ နာမည်တု တစ်ခုကနေ သူ့အကြောင်းကို ခန့်မှန်းမိသွားခဲ့ပါတယ်။ ဒါက သူမရဲ့ တုံ့ပြန်မှုတွေက လျင်မြန်မှုကို ဖော်ပြဖို့ လုံလောက်ပါတယ်။

"ရှံစရာကောင်းလိုက်တာ"

ဂန်ရှီယွမ်က ဒေါသနဲ့ အော်လိုက်ပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကနေ သိပ်သည်းတဲ့ မီးတောက် နတ်ဘုရား သင်္ကေတ နယ်မြေတစ်ခု ပန်းထွက်လာခဲ့ပြီး သူမရဲ့ ပုံစံက မီးတောက်နတ်မိမယ် တစ်ယောက်နဲ့ တူသွားပါတယ်။

လင်းဟာန်က လှည့်ကြည့်ပြီးတော့ အပြစ်တင် ဝေဖန်လိုက်ပါတယ်။

"တခြားသူတွေ စကားပြောနေတာကို နှောင့်ယှက်တာက ရိုင်းစိုင်းတယ်ဆိုတာ မင်းကို ဘယ်သူမှ မသင်ပေးထားဘူးလား"

"ဟုတ်တယ်"

ဟူဖေးယွင်ကလည်း လင်းဟာန်နဲ့ သဘောထား တိုက်ဆိုင်နေပါတယ်။ သူမရဲ့ ပင်ကိုယ်စရိုက်က

Edit with WPS Office

မပြောင်းသေးပါဘူး။

ဂန်ရှီယွမ်ရဲ့ လှပတဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တွေ ဖြစ်ပေါ်လို့ လာပါတယ်။ ဒီလူနှစ်ယောက်က ပေါင်းပြီးတော့ သူမကို အပြစ်တင် ကြိမ်းမောင်းနေပါတယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေက တစ်ယောက်နဲ့ တစ်ယောက် သတ်ဖြတ်တာကို ခွင့်ပြုမပေးထားပါဘူး။ နောက်လိုက်သာသာပဲ ရှိတဲ့ လူတွေအတွက်တော့ ဒီလိုမျိုး တားမြစ်ပိတ်ပင်မှုတွေ မရှိပါဘူး။ ဒါကြောင့် သူက ဘယ်လောက်ပဲ ထူးချွန်ထက်မြက် နေပါစေ သူ့ကို သတ်ပစ်လိုက်လို့လည်း သူမအတွက် ဘာပြဿနာမှ မရှိပါဘူး။

သူမရဲ့ မျက်ခုံးနှစ်ခု အကြားက အနီရောင် အစက်လေးက အလင်းရောင်တစ်ချက် လက်သွားပြီး ဆေးကျိုအိုးတစ်လုံးက အံ့အားသင့်စွာနဲ့ ပျံထွက်လာခဲ့ပါတယ်။ အဲဒီဆေးကျိုအိုးရဲ့ အပူချိန်ကြောင့် ပတ်ဝန်းကျင်က ရုတ်တရက် အပူချိန်တွေ မြင့်တက်လာခဲ့ပါတယ်။

Edit with WPS Office

"သောက်ကျိုးနည်း အဲဒါက ဂန်ကလန်ရဲ့ နတ်မိမယ် ဆေးကျိုအိုးပဲ"

"အဲဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် တန်ဖိုးကြီး ရတနာပစ္စည်း တစ်ခုဖြစ်ပြီး သက်ရှိအားလုံးကို မီးရှို့ဖျက်ဆီး ပြာချပစ်နိုင်တယ်"

"မဟုတ်ဘူး။ ဒါက အစစ်ကို တုပထားတဲ့ အတုတစ်ခုပဲ။ တကယ့် နတ်မိမယ် ဆေးကျိုအိုး အစစ်က ဂန်ကလန်မှာပဲ ရှိနေလိမ့်ဦးမယ်"

"ဒါပေမဲ့ သူ့ရဲ့ အရမ်းကို အစွမ်းထက်မှုကတော့ ပြောင်းလဲမသွားနိုင်သေးဘူး။ ဒီပစ္စည်းက အများဆုံး နေလအဆင့်မှာပဲ ရှိလိမ့်မယ်"

အနားက ပွဲကြည့်ပရိသတ်တွေက အလျင်အမြန်ပဲ နောက်ဆုတ်ကုန်ပါတယ်။ တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ မျိုးစေ့ပါရမီရှင် တစ်ယောက်က သူမရဲ့ အစွမ်းကို ထုတ်ဖော်နေပါပြီ။ ပြီးတော့ တခြားမျိုးစေ့ပါရမီရှင်တွေတောင် သူမရဲ့

Edit with WPS Office

တိုက်ခိုက်ရင်ဆိုင်ရမယ်ဆိုရင် သူတို့ရဲ့ အစွမ်းကို အကုန်လုံး ထုတ်သုံးရပါလိမ့်မယ်။ ဒါကြောင့် သူတို့က တိုက်ပွဲကို ဘာကိစ္စကြောင့် အနီးကပ် ကြည့်ရမှာလဲ။

လင်းဟန်က ဟူဖေးယွင်ရဲ့ အနောက်ကို အလျင်အမြန် ဝင်ပြီးတော့ ပုန်းလိုက်ပါတယ်။ အဲဒီအချိန်မှာ နံပါတ်ကိုး ဘုရင်က သူ့ဘက်ကို ခေါင်းလှည့်ပြီးတော့ စိတ်ရှုပ်ထွေးစွာနဲ့ ပြောလိုက်တယ်။

"သူက ဘာဖြစ်လို့ အရမ်းကို ဒေါသထွက်နေတာလဲ"

ပတ်ဝန်းကျင်က လူတွေအားလုံး ထူးဆန်းတဲ့ အမူအရာတွေ ဖြစ်ကုန်ပါတယ်။

ဂန်ရှီယွမ်က ဒီစကားကို ကြားပြီးတော့ သွေးအန်သွားမလား။

ဂန်ရှီယွမ်က သွေးအန်မသွားခဲ့ပါဘူး။ ဒါပေမဲ့လည်း သူမရဲ့ လှပတဲ့ မျက်နှာက အရမ်းကို သုန်မှုန်သွားပြီး ချက်ချင်းဆိုသလို သူမရဲ့ နတ်မိမယ် ဆေးကျိုအိုးကို အသက်သွင်း လိုက်ပါတယ်။

ဂုန်း။

Edit with WPS Office

မရေမတွက်နိုင်တဲ့ မီးတောက်မီးညွှန့်တွေက လေထဲကို ထိုးတက်သွားပြီးတော့ တလက်လက် တောက်ပနေတဲ့ နတ်ဘုရား သင်္ကေတ အချပ်တွေအဖြစ် ရောယှက်ဖြစ်ပေါ် လာခဲ့ပါတယ်။ ဒါက အရမ်းကို ကြောက်စရာကောင်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

"ကောင်းကင်ဘုံကို ဖျက်ဆီးမဲ့ မီးတောက်"

သူမက အော်လိုက်ပါတယ်။ သူမက နတ်မိမယ် ဆေးကျိုအိုးကို ရိုက်ချလိုက်ပြီး ဆေးကျိုအိုးရဲ့ အဖုံးက ချက်ချင်းပဲ ပွင့်ထွက်ပြီးတော့ လင်းဟန်ဆီကို အစိမ်းရောင် မီးတောက်တစ်ခုက ပြေးဝင် လာပါတယ်။

လင်းန်က မူလစွမ်းအင် တစ်ခုကို ဒိုင်းတစ်ခုလို အသက်သွင်းလိုက်ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဒီမီးတောက်တွေကို ခုခံဖို့ လုံလောက်တဲ့ အစွမ်း ရှိပါတယ်။
သူ့အဝတ်အစားတွေကတော့ သေချာပေါက် လောင်ကျွမ်းပြီး ပြာကျသွားပါလိမ့်မယ်။ တကယ်လို့ ဒီမီးတောက်တွေ သူ့ကို

Edit with WPS Office

ထိမှန်ခွင့်ပြုလိုက်မယ်ဆိုရင် သေချာပေါက် သူက ဂုဏ်လစ်စလစ် ဖြစ်သွားပါလိမ့်မယ်။ သူက ဒါကိုတော့ လုံးဝ ဖြစ်ခွင့်ပြုမှာ မဟုတ်ပါဘူး။

"အင်း ငါ တန်ဖိုးကြီး ရတနာ အဂုဏ်အစား တချို့ ဂယ်ရတော့မယ်"

လင်းဟန်က သူ့ဘာသာသူ တီးတိုးပြောလိုက်ပါတယ်။

"အဲဒီဂုဏ်စုံတွေက ခုခံနိုင်တဲ့ စွမ်းရည် အများကြီး ပိုင်ဆိုင်ထားဖို့ မလိုဘူး။ ရေနဲ့မီးကို ခုခံနိုင်ရင်ပဲ ရပြီ"

"သေစမ်း"

ဂန်ရှီယွမ်က ထိန်းချုပ်ထားတဲ့ နတ်မိမယ် ဆေးကျိုအိုးက လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် လာခဲ့ပါတယ်။ မီးတောက်တွေက လင်းဟန်ကို မသတ်ပစ်နိုင်ဘူး ဆိုမှတော့ သူမက သူ့ကို ဆေးကျိုအိုးထဲ စုပ်ယူပြီးတော့ နတ်ဘုရား သင်္ကေတတွေကို အသုံးပြုပြီး သန့်စင်ပစ်လိုက်ပါမယ်။ သူ့ကို ပြာကျသွားအောင် ဖျက်ဆီးပစ်လိုက် ရပါမယ် ဟုတ်တယ်မလား။

Edit with WPS Office

ဂှမ်း။

နတ်မိမယ် ဆေးကျိုအိုးက ကျယ်ပြန့်လာပြီး လင်းဟန်ကို စုပ်ယူလိုက်ပါတယ်။

နတ်မိမယ် ဆေးကျိုအိုးက မြေပြင်ကို ရိုက်ချလိုက်သလိုမျိုး ကျယ်လောင်စူးရှတဲ့ အသံတစ်ခု ထွက်ပေါ်လာပါတယ်။ အဲဒီအချိန်မှာ လင်းဟန်ကို ဘယ်နေရာမှာမှ မတွေ့ရတော့ပါဘူး။

သူက ဆေးကျိုအိုးရဲ့ အတွင်းပိုင်းမှာ ပိတ်မိသွားခဲ့ပါတယ်။

"ဟင်းဟင်းဟင်း"

ဂန်ရှီယွမ်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ လင်းဟန်က နတ်မိမယ် ဆေးကျိုအိုးရဲ့ အတွင်းမှာ ပိတ်ခံထားရပါပြီ။ ဒါကြောင့် သူ့မှာ မယုံနိုင်စရာကောင်းတဲ့ အစွမ်းတစ်ခု ပိုင်ဆိုင်ထားတော့ရော ဘာတတ်နိုင်သေးလဲ။ သူ့ရဲ့ တစ်ခုတည်းသော ကံကြမ္မာက ပြာကျအောင် ဖျက်ဆီးခံလိုက်ရမှာပါပဲ။

ဂှမ်း။

Edit with WPS Office

လက်သီးပုံစံ ချိုင့်ကြီးတစ်ခုက ဆေးကျိုအိုးရဲ့ အဖုံးပေါ်မှာ
ထွက်ပေါ်လာခဲ့ပြီး ဆေးကျိုအိုး တစ်ခုလုံးကို
တုန်ခါသွားစေပါတယ်။

ဂုမ်း။

အဲဒီနောက် ချက်ချင်းဆိုသလို နောက်ထပ် လက်သီးရာတစ်ခု
ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီနောက် တတိယမြောက်
စတုတ္ထမြောက်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

နတ်မိမယ် ဆေးကျိုအိုးရဲ့ မူလပုံစံက ချက်ချင်းပဲ
ပျက်ယွင်းသွားပြီး ပုံစံပျက်လာပါတယ်။

အားလုံးက ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။ သူတို့ရဲ့
ပါးစပ်တွေထဲ လက်သီး တစ်လုံးတောင် ထည့်လို့ ရတဲ့အထိ
အဟောင်းသား ဖြစ်နေပါတယ်။

လင်းဟာန်က သူ့အစွမ်းကို ထုတ်ဖော်နေတာ
ပေါ်လွင်ပါတယ်။

ဂန်ရှီယွမ်က ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပဲ

Edit with WPS Office

ပြောလိုက်ပါတယ်။

"သူ့ကို သန့်စင်လိုက်"

သူမက အော်ဟစ်လိုက်ပါတယ်။

သူမက နတ်ဘုရားပစ္စည်းရဲ့ စွမ်းအားအပြည့်အဝကို ထုတ်ဖော်ပြီး အထွတ်အထိပ် နတ်ဘုရား မီးတောက်တွေကို သုံးပြီးတော့ လင်းဟန်ကို သန့်စင်ဖို့ ပြုလုပ်လိုက်ပါတယ်။

မျိုးစေ့ပါရမီရှင်တွေတောင် ဒီမြင်ကွင်းကို တွေ့လိုက်ရတဲ့ အခါမှာ ဖြူဖပ်ဖြူရော် ဖြစ်ကုန်ပါတယ်။

"အဲဒီလူက ဘယ်လောက် ထူးခြားနေလို့လဲ။ သူက နတ်မိမယ် ဆေးကျိုအိုးထဲမှာ ပိတ်လှောင် ခံထားရပြီး သန့်စင်ခြင်းကို မခံရသေးဘူး။ အဲဒါတင်မကဘူး သူက စွမ်းအားပြည့်ဝ နေသေးတယ်။ နတ်မိမယ် ဆေးကျိုအိုးတောင်မှ သူ့ကြောင့် ပျက်စီးလုနီးပါး ဖြစ်သွားတယ်"

"ဒါက နတ်မိမယ် ဆေးကျိုအိုး အစစ် မဟုတ်ပေမဲ့ တောင်မြစ်အဆင့် နတ်ဘုရား ပစ္စည်းထဲမှာ အရမ်းကို

Edit with WPS Office

ကြောက်မက်ဖွယ်ရာ ကောင်းနေသေးတယ်”

“ဒါက တကယ့်ကို မယုံနိုင်စရာပဲ”

Chapter 1139 end

ဂုဂ၁၄လေးပြီးပါပြီကော် ဒန့်တန့်တန့်

အပိုင်း(1140) နတ်ဘုရား သင်္ကေတတွေကို
လေ့လာသုံးသပ်ခြင်း

ဟုန်း ဟုန်း ဟုန်း။

နတ်မိမယ် ဆေးကျိုအိုးက လင်းဟာန်ရဲ့ ပြင်းထန်တဲ့
လက်သီး ထိုးချက်တွေကြောင့် ပိုပိုပြီးတော့
ပုံစံပျက်လာခဲ့ပါတယ်။ အခုဆို ဆေးကျိုအိုး တစ်ခုလို့တောင်
ထပ်ပြီးတော့ မခေါ်နိုင်လောက်အောင် ပုံပျက်ပန်းပျက်
ဖြစ်နေပါပြီ။

မူလတုန်းက လင်းဟာန်အနေနဲ့ မူလစွမ်းအင် တစ်ခုကို
သူ့အဂတ်အစားတွေကို ကာကွယ်ဖို့ ဒိုင်းတစ်ခုအဖြစ်
အသုံးချဖို့ လိုအပ်ခဲ့ပါတ်ယ။ ဒါပေမဲ့လည်း ဒီဒိုင်းကာကို
ဆေးကျိုအိုးထဲ စုပ်ယူခံရပြီးတဲ့နောက်မှာ

Edit with WPS Office

ပြန်ရုပ်သိမ်းလိုက်ပါတယ်။ တကယ်လို့ သူ့အဂတ်အစားတွေ ပျက်စီးတော့ရော ဘာဖြစ်လဲ။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ငါး နတ်ဘုရား သတ္တု အဆင့်နဲ့ ညီမျှပါတယ်။ ဒါကြောင့် နေလအဆင့်ရဲ့ ကနဦးအဆင့်မှာရှိတဲ့ လက်ရွေးစင်တွေတောင် သူ့ကို ထိခိုက်ဒဏ်ရာရအောင်လုပ်ဖို့ ဆိုတာက အရမ်းအရမ်းကို ခက်ခဲပါလိမ့်မယ်။

သူ့ရဲ့ တိုက်ခိုက်မှု နောက်မှာ သူ့စွမ်းအား အကုန်လုံးကို ထုတ်ထားပါတယ်။ သူ့လက်သီးတွေက အဆင့်ငါး နတ်ဘုရား ပစ္စည်းတစ်စုံလို့ မှတ်ယူနိုင်ပါတယ်။ သူ့လက်သီးတွေမှာ နတ်ဘုရား သင်္ကေတတွေက ဖျက်ဆီးခြင်း စွမ်းအားနဲ့အတူ တောက်ပလင်းလက်လို့ နေပါတယ်။

ဟင်။

လင်းဟန်က ဆေးကျိုအိုးရဲ့ နေရာတစ်ခုကို ပြင်းပြင်းထန်ထန် ဖျက်ဆီးနေပါတယ်။ ဒါပေမဲ့လည်း ဒီဆေးကျိုအိုးက နတ်ဘုရားသတ္တု အလွှာတွေ အများကြီးနဲ့

Edit with WPS Office

သွန်းလုပ်ထားတာကြောင့် သူက အလွှာတစ်ခုကို ဖျက်ဆီးပစ်ခဲ့ရင်တောင်မှ ဆေးကျိုးအိုးကို ဖျက်ဆီးနိုင်မှာ မဟုတ်ပါဘူး။ သူ့အရှေ့မှာ နောက်ထပ် နတ်ဘုရား သတ္တုအလွှာ တစ်ခု ထွက်ပေါ်လာပါတယ်။

လင်းဟန်က အဲဒီနတ်ဘုရားသတ္တု အလွှာပေါ်က နတ်ဘုရား သင်္ကေတ တစ်ခုကို တွေ့မြင်လိုက် ရပါတယ်။

ဟားဟား ဒါက မီးဓာတ်တချို့ကို ကျင့်ကြံထားတဲ့ ကျင့်ကြံသူ တချို့ ချန်ထားတဲ့ သိုင်းအသိ ဆန္ဒပဲ။ ငါဒါကို အသုံးချပြီးတော့ အဲဒီနတ်ဘုရား သင်္ကေတကနေ သင်ယူလေ့လာရမယ်။

လင်းဟန်က အရမ်းကို ကျေနပ်ပီတိ ဖြစ်သွားပြီး ချက်ချင်းပဲ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ရပ်ပြီးတော့ နတ်ဘုရား သင်္ကေတကို စတင်လေ့လာ လိုက်ပါတယ်။

ဒီနတ်ဘုရား သင်္ကေတက မပြည့်စုံပါဘူး။ သူ့ရဲ့ အစိတ်အပိုင်း သေးသေးလေးကိုပဲ မြင်တွေ့ နိုင်စွမ်း ရှိပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ နတ်ဘုရား သတ္တုရဲ့

Edit with WPS Office

အတွင်းကျဆုံး အလွှာနောက်မှာ ဖုံးကွယ်ထားပါတယ်။

ပုန်း ပုန်း ပုန်း ပုန်း။

လင်းဟာန်က သူ့ရဲ့ ဖျက်ဆီးခြင်း တိုက်ခိုက်မှုတွေကို နောက်တစ်ကြိမ် စတင်ထုတ်ဖော် လိုက်ပါတယ်။

စောစောကလိုပဲ သူက ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေကို ထုတ်ဖော်ပြီးမှ နောက်ထပ် နတ်ဘုရား သင်္ကေတတွေကို ရပ်ပြီးတော့ လေ့လာစူးစမ်း နေပါတယ်။ အပြင်ဘက်က လူတွေက အဲဒါကို သိကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့က ဒီအခြေအနေဟာ အရမ်းကို ထူးဆန်းနေတယ် ဆိုတာကိုပဲ မြင်နေမိပါတယ်။

ဘာတွေဖြစ်ကုန်ပြီလဲဟ။

သူက အချိန်တိုင်း မယုံနိုင်စရာ ကောင်းလောက်အောင် ပြင်းထန်တဲ့ ရိုက်ချက်တွေနဲ့ ဆေးကျိုအိုးကို မညှာမတာ ထိုးနက်ခဲ့ပြီး ပေါက်ကွဲထွက်တော့မလိုတောင် ဖြစ်သွားခဲ့တယ်။ ဒါပေမဲ့လည်း သူက ရုတ်တရက် တိုက်ခိုက်မှုတွေကို ရပ်ပြီးတော့

Edit with WPS Office

အချိန်တော်တော်ကြာအောင်
တိတ်ဆိတ်ငြိမ်သက်နေခဲ့တယ်။ သူက အထဲမှာ
အနားယူနေတာများလား။

"ဟင့် ဘယ်သူကများ နတ်မိမယ် ဆေးကျိုးအိုးထဲကနေ
လွတ်မြောက်နိုင်မှာလဲ"

ဂန်ရှီယွမ်က မာနကြီး တစ်ခွဲသားနဲ့ ပြောလိုက်ပါတယ်။
တကယ်လို့ ဒါက နတ်မိမယ် ဆေးကျိုးအိုး အစစ်သာဆိုရင်
ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင်
အတင်းအကျပ် သန့်စင်ခံလိုက် ရနိုင်ပါတယ်။

အားလုံးက ခေါင်းညိတ်ပြီးတော့ သဘောတူ လိုက်ပါတယ်။
ဒါကိုကြည့်ရတာ လင်းဟန်က အင်အားသုံးနေတာ တစ်ခု
ဖြစ်ပြီးတော့ အချိန်တော်တော်ကြာမှ ဆေးကျိုးအိုးကို သူက
တိုက်ခိုက်တာကို သူတို့တွေ ကြားရတာ ဖြစ်ပါတယ်။

တကယ့်ကို မှန်ပါတယ်။ ဒီနတ်မိမယ် ဆေးကျိုးအိုးက
မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

ဟူဖေးယွင်က သူမရဲ့ ခေါင်းကို ခါပြီးတော့ ယုံကြည်မှုရှိစွာနဲ့

Edit with WPS Office

ပြောလိုက်တယ်။

"ဟင့် လင်း.... ဟန်လင်းက သေချာပေါက် သန့်စင်ခံရမှာ မဟုတ်ဘူး"

သူမရဲ့ စိတ်ထဲမှာ လင်းဟန်က ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။ အခုချိန်ကလည်း ချွင်းချက် မရှိပါဘူး။

"တကယ့်ကို ဟာသပဲ။ သူက နတ်မိမယ် ဆေးကျိုအိုးထဲမှာ ပိတ်ခံထားရတာ ဘယ်လိုလုပ်ပြီး သူက လွတ်နိုင်မှာလဲ"

ဖူလိန်ရဲက ပြစ်တင်ဝေဖန် လိုက်ပါတယ်။

ဂန်ရှီယွမ်က အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဒီအရူးကောင်က မသေသေးဘူးလို့ နင်ပြောတယ် ဟုတ်လား။ ဒါဆိုရင် သူ့ကို တစ်ချက်လောက် အော်ခိုင်းလိုက်လေ"

ဟုန်း။

နတ်မိမယ် ဆေးကျိုအိုးပေါ်မှာ နောက်ထပ် လက်သီးရာတစ်ခု ဖြစ်ပေါ်လာပြီး ဆေးကျိုအိုး တစ်ခုလုံးကို

Edit with WPS Office

ပြင်းပြင်းထန်ထန် တုန်ခါသွား စေခဲ့ပါတယ်။

ဒါက သူမက အခုလေးတင်ပဲ ဟူဖေးယွင်ကို လင်းဟန်ကို တချက်လောက် အော်ခိုင်းဖို့ တောင်းဆိုခဲ့တာပါ။ သူက ချက်ချင်းပဲ တန်းပြီးတော့ တုံ့ပြန်လာခဲ့ပါတယ်။ သူ့လက်သီးရဲ့ ဖျက်ဆီးခြင်း စွမ်းအားက သူအသက်ရှင်ပြီး ကောင်းကောင်းမွန်မွန် ရှိနေသေးတယ် ဆိုတာကို သက်သေပြဖို့ လုံလောက်တာထက် ပိုနေပါတယ်။

ဂန်ရှီယွမ်နဲ့ ဖူလိန်ရဲတို့ နှစ်ယောက်စလုံးရဲ့ အမူအရာတွေက သုန်မှုန်သွားခဲ့ပါတယ်။ ဒါက ဆိုးဆိုးဂါးဂါးကို အရှက်ကွဲတာ ဖြစ်ပါတယ်။ သူတို့ရဲ့ မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရသလိုပါပဲ။

ဟူဖေးယွင်က ကြည်လင်တဲ့ အသံနဲ့ ရယ်မောလိုက်မိပါတယ်။ ဒါက သူမ မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ လင်းဟန်ကို ဒီဆေးကျိုအိုးလေးနဲ့ ထိန်းချုပ်ဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

အဲဒီအချိန်မှာ လင်းဟန်က နတ်မိမယ် ဆေးကျိုအိုးအထဲက

Edit with WPS Office

ပထမ နတ်ဘုရားသင်္ကေတကို ပိုင်းခြားစိတ်ဖြာလို့ ပြီးသွားပါပြီ။ ဒါကြောင့် သူက နတ်မိမယ် ဆေးကျိုအိုးကို နောက်တစ်ကြိမ် စတင်တိုက်ခိုက် လိုက်ပါတယ်။ နတ်ဘုရားသတ္တု အစိတ်အပိုင်း တချို့ကို ဖျက်ဆီးပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ တိုက်ခိုက်မှုကို ရပ်ပြီးတော့ နတ်ဘုရား သင်္ကေတတွေကို ဆက်လက် ခွဲခြမ်းစိတ်ဖြာ လိုက်ပါတယ်။

သူ့မှာ အနက်ရောင် မျှော်စင်နဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင် ရှိပါတယ်။ ဒါကြောင့် တစ်နေ့လောက် ဆင်ခြင်ခြင်းက တစ်နှစ်ဆိုတဲ့ အချိန်နဲ့ ညီမျှပါတယ်။ ဒါကြောင့် သူ့ရဲ့ နားလည်နိုင်စွမ်း အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလှပါတယ်။

ဒုတိယ နတ်ဘုရား သင်္ကေတ တစ်ခုလုံးက နတ်ဘုရား သတ္တု နောက်တစ်လွှာကို သူဖျက်ဆီးပြီးတဲ့နောက်မှာ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟန်က ဒီနတ်ဘုရား သင်္ကေတကို မှတ်သားထားပြီး အနက်ရောင် မျှော်စင်ထဲကို ဝင်ရောက်ကာ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ

Edit with WPS Office

နားလည်ဆင်ခြင် လိုက်ပါတယ်။ ဒီနည်းနဲ့ သူက ဒီနတ်ဘုရား သင်္ကေတကို အမြန်ဆုံး နားလည်သဘောပေါက်ပြီး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်လာနိုင်စွမ်း ရှိပါလိမ့်မယ်။

သူ့တောင်နဲ့မြစ်တွေ အပေါ်မှာ နောက်ထပ် မီးတောက်နတ်ဘုရား သင်္ကေတ ထပ်ပေါ်လာခဲ့ ပါတယ်။

အနက်ရောင် မျှော်စင်ထဲကနေ သူထွက်လာတဲ့ အခါမှာ သိပ်မကြာသေးပါဘူး။

ဂုန်း ဂုန်း ဂုန်း။

နောက်ထပ် ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေ တရစပ် ထုတ်ဖော်ပြီးတဲ့ နောက်မှာတော့ တတိယမြောက် နတ်ဘုရား သင်္ကေတ ထွက်ပေါ်လာခဲ့ပါတယ်။ လင်းဟာန်ကလည်း အရင်နည်းလမ်းအတိုင်း နောက်ထပ်တစ်ကြိမ် ခွဲခြမ်းစိတ်ဖြာ လိုက်ပါတယ်။

အပြင်ဘက်က လူတွေကတော့ လုံးဝကို မှင်သက်အံ့သြ နေခဲ့ပါတယ်။ အထဲက လူက သိပ်မကြာခင် တိုက်ခိုက်ပြီး ရုတ်တရက် ရပ်သွားပါတယ်။ သူက ဘာတွေ ဖြစ်နေတာလဲ။

Edit with WPS Office

သူ့ကို သန့်စင်ပစ်လိုက်နိုင်ပြီလို့ ထင်လိုက်တုန်းမှာ သူက နောက်ထပ်တစ်ကြိမ် ဖျက်ဆီးခြင်း စွမ်းအား အပြည့်နဲ့ တိုက်ခိုက်မှုတွေကို ထုတ်ဖော်လာခဲ့ပါတယ်။ သူဆေးကျိုအိုးထဲကနေ လွတ်မြောက် နိုင်မယ်လို့ တွေးလိုက်မိတော့ ရုတ်တရက် သူ့ရဲ့ တိုက်ခိုက်မှုတွေကို ရပ်ပစ်လိုက်ပါတယ်။

မင်းဘာတွေ လုပ်နေတာလဲ။

အပြင်ဘက်က လူတွေက ရှူးတော့မလိုတောင် ဖြစ်ကုန်ပါတယ်။

နာရီအနည်းငယ် ကြာပြီးတဲ့နောက်မှာ လင်းဟန်က နတ်မိမယ် ဆေးကျိုအိုးရဲ့ အတွင်းပိုင်း အလွှာတွေ အားလုံးကို ဖျက်ဆီးပစ်လိုက်ပါပြီ။ သူက နတ်ဘုရား သင်္ကေတ အားလုံးကို ဖမ်းဆုပ်မိခဲ့ပြီး ခွဲခြမ်းစိတ်ဖြာလို့လည်း ပြီးပါပြီ။ ဒါပေမဲ့လည်း သူ့က မလုံလောက်သေးပါဘူး။ တကယ်လို့ နတ်မိမယ် ဆေးကျိုအိုး အစစ်ကိုသာ သူခွဲခြားစိတ်ဖြာနိုင်မယ်ဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲဆိုပြီး အံ့သြနေခဲ့မိပါတယ်။

Edit with WPS Office

နတ်မိမယ် ဆေးကျိုအိုးက ဂန်ကလန်ရဲ့ တန်ဖိုးကြီး ရတနာပစ္စည်းတစ်ခု ဖြစ်နေတာကတော့ တကယ့်ကို ဂမ်းနည်းစရာပါပဲ။ အဲဒီလိုသာဆိုရင် သူက ဘယ်လိုလုပ်ပြီးတော့ ခွဲခြမ်းစိတ်ဖြာလို့ ရနိုင်မှာလဲ။

ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် နတ်ဘုရား ပစ္စည်းတွေ အားလုံးဟာ ကျင့်ကြံသူတွေရဲ့ သိုင်းအသိဆန္ဒနဲ့ ဖြစ်ပေါ်ပြီး ပြုစုပျိုးထောင် ထားကြတာ ဖြစ်ပါတယ်။ အဲဒါက လူတစ်ယောက်ရဲ့ မဟာတာအိုကို နားလည်သဘောပေါက်မှုကို ဖော်ပြနေပြီး ဒီလိုမျိုး နားလည်သဘော ပေါက်မှုကနေ တဆင့် နတ်ဘုရား သင်္ကေတတွေ အဖြစ်ကို ပြောင်းလဲဖြစ်ပေါ် လာပါလိမ့်မယ်။ ဒါကြောင့် ဒီနတ်ဘုရား သင်္ကေတတွေကို ခွဲခြမ်းစိတ်ဖြာတာက ကျင့်ကြံသူ တစ်ယောက်ရဲ့ သိုင်းအသိ ဆန္ဒကို ခွဲခြမ်းစိတ်ဖြာတာနဲ့ ညီမျှပါတယ်။

ဒါပေမဲ့ နတ်ဘုရား သင်္ကေတ အားလုံးကတော့ ခွဲခြမ်းစိတ်ဖြာပြီး တစ်ဖက်ကမ်းခပ် ကျွမ်းကျင်ရလောက်တဲ့အထိ မထိုက်တန်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း နတ်ဘုရား သင်္ကေတ တစ်ခုကို တစ်ချက်လောက် ကြည့်လိုက်တာနဲ့ လေ့လာသင်ယူဖို့ ထိုက်တန်လား မထိုက်တန်ဘူးလား ဆိုတာကို ဆုံးဖြတ်နိုင်စွမ်း ရှိပါတယ်။ တကယ်တော့ တန်ခိုးရှင်တွေမှာ ဒီလိုမျိုး သုံးသပ်နိုင်စွမ်းတွေ ဘယ်လိုလုပ်ပြီးတော့ မပိုင်ဆိုင်ပဲ ရှိမှာလဲ။

လင်းဟာန်က နတ်ဘုရား သင်္ကေတတွေ အားလုံးကို ဖမ်းဆုပ်မိပြီးပြီ ဆိုမှတော့ သူ့အနေနဲ့ နတ်မိမယ် ဆေးကျိုအိုးထဲမှာ ဆက်ပြီးတော့ နေစရာအကြောင်း မရှိတော့ပါဘူး။

လင်းဟာန်က စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချလိုက်မိပါတယ်။ ဘာဖြစ်လို့ ဒီနတ်မိမယ် ဆေးကျိုအိုးက သူ့ကို ခွဲခြမ်းစိတ်ဖြာဖို့အတွက် နတ်ဘုရား သင်္ကေတတွေ ပိုပြီးတော့ မပေးတာလဲ။ ဒီမီးတောက်နတ်ဘုရား သင်္ကေတတွေက သူ့အတွက် အရမ်းကို အကူအညီ ဖြစ်စေပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

Edit with WPS Office

သူက နတ်မိမယ် ဆေးကျိုအိုးကို သူ့ရဲ့အစွမ်း အပြည့်အဝ ထုတ်ဖော်ပြီး နောက်တစ်ကြိမ် ရင်ဆိုင် လိုက်ပါတယ်။ သူက ဒေါသထွက်နေတဲ့ လူဂံတစ်ကောင်နဲ့ တူပြီးတော့ ဆေးကျိုအိုး အထဲက နတ်ဘုရား သတ္တုတွေကို တစ်လွှာပြီးတစ်လွှာ ဖျက်ဆီးပစ်နေပါတယ်။

ဒီနတ်မိမယ် ဆေးကျိုအိုးက အစစ်ကို တုပထားတဲ့ ပစ္စည်းတစ်ခု ဆိုပေမဲ့ အရမ်းကို ဆန်းပြားရှုပ်ထွေး နေပါသေးတယ်။ ဒီဆေးကျိုအိုးကို နတ်ဘုရားသတ္တု အလွှာကိုးခုကနေ သွန်းလုပ်ထားပြီး အလွှာတိုင်းမှာ နတ်ဘုရားသင်္ကေတတွေ ရေးထိုးထားပါတယ်။ အဲဒါတွေက အထူးတလည် အစွမ်းရှိပြီးတော့ အခြေခံအားဖြင့်တော့ ဖျက်ဆီးလို့ မရနိုင်ပါဘူး။

အနည်းဆုံး တောင်မြစ်အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေအတွက် ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်ကတော့ ချွင်းချက်ပါ။ တစ်ခုသတိပြုရမှာ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်နဲ့ နှိုင်းယှဉ်လို့ ရပါတယ်။

Edit with WPS Office

အဲဒါတင်မက သူ့ရဲ့ စွမ်းအားကလည်း ကြယ်ခုနစ်ပွင့်ကို ကျော်လွန်နိုင်ပါတယ်။ သူ့ရဲ့ လက်သီးတွေကလည်း အဆင့်ငါး နတ်ဘုရား သတ္တုအဆင့်လောက် အစွမ်းထက်ပါတယ်။

နတ်မိမယ် ဆေးကျိုအိုးက လင်းဟန်အတွက်တော့ ပြိုင်ဘက်မဟုတ်ပဲ တစ်လှည့်ပြီး တစ်လှည့် ဖျက်ဆီး ခံနေရပါတယ်။

ပွဲကြည့်ပရိသတ်တွေက ဒီဆူညံတဲ့ အသံတွေက အကြိမ်တိုင်းကို ခဏတဖြုတ် ကြားရတာနဲ့ ပတ်သက်ပြီး ကျင့်သားရနေပါပြီ။ ဒါပေမဲ့လည်း သူတို့က ဒီတစ်ကြိမ် လုံးဝကို ကွဲပြားခြားနား နေတာကို အလျင်အမြန် သတိပြုမိသွားခဲ့ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီထိုးနက်သံက အတော်လေးကို အချိန်ကြာလာခဲ့ပါတယ်။

ဟုန်း။

ရုတ်တရက် နတ်မိမယ် ဆေးကျိုအိုးကနေ လက်တစ်ဖက်

Edit with WPS Office

ထိုးထွက်လာပါတယ်။ တချိန်တည်းမှာ ဆေးကျိုအိုး အပေါ်မှာ ရောမ အက်ကွဲရာတစ်ခု ပေါ်လာပြီး ဘယ်လောက်တောင် ထိုးနက်ခံ ထားရတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဂုန်း။

နောက်ထပ် ဆူညံပေါက်ကွဲသံ တစ်ခု ဖြစ်လာပြီး အက်ကြောင်းက ပိုပြီးတော့ ကြီးမားကာ ငယ်ရွယ်နုပျိုတဲ့ မျက်နှာတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

သူကတော့ လင်းဟန်ပဲ ဖြစ်ပါတယ်။

အားလုံးက အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်ပါတယ်။ သူ့ရဲ့ သက်တောင့်သက်သာရှိတဲ့ အမူအရာကို ကြည့်လိုက်ရင် သူက ဒဏ်ရာနည်းနည်းလေးမှတောင် မရခဲ့ဘူးဆိုတာ သုံးသပ်နိုင်ပါတယ်။

ဒါက နတ်မိမယ် ဆေးကျိုအိုး ဖြစ်ပါတယ်။ ဒါကို အသည်းမာမာနဲ့ ရိုက်နက်ပြီး ပွင့်ခံလိုက် ရပါတယ်။ အဲဒါတင်မက တရားခံက တကယ်ပဲ နည်းနည်းလေးမှတောင်

Edit with WPS Office

ထိခိုက်ပွန်းပဲ့တာမျိုး မရှိခဲ့ပါဘူး။

"အိုး"

အစတုန်းက လင်းဟန်က အပေါ်တက်ပြီး ထွက်လာဖို့ စိတ်ကူးထားပေမဲ့ ရုတ်တရက် သူက အထိတ်တလန့် ဖြစ်သွားပြီးတော့ ပြောလိုက်ပါတယ်။

"ခဏစောင့်ဦးနော်"

သူက အနက်ရောင် မျှော်စင်ထဲကနေ အဂတ်အစားတချို့ကို ထုတ်ပြီးတော့ ဂတ်လိုက်ပါတယ်။ ပြီးတဲ့နောက် သူက လက်သီးတွေကို အကြိမ်အနည်းငယ် ပွေ့ယမ်းပြီးတော့ သူ့အတွက် ထွက်လာဖို့ လုံလောက်တဲ့အထိ အပေါက်ကြီးတစ်ခု ဖြစ်အောင်လို့ ဖွင့်လိုက်ပါတယ်။ အဲဒီနောက် သူက အသာအယာ ထွက်လာခဲ့ပါတယ်။

ဂန်ရှီယွမ်ရဲ့ မျက်နှာက မယုံကြည်နိုင်မှုကြောင့် ရှုံ့မဲ့လို့ နေပါတယ်။ ဒါက နတ်မိမယ် ဆေးကျိုအိုး ဖြစ်ပါတယ်။ ဒါက အတုတစ်ခု ဆိုပေမဲ့ တန်ဖိုးကြီးတဲ့ ရတနာပစ္စည်း တစ်ခု ဖြစ်နေပါသေးတယ်။ ကလန်က သူမကို ဒီရတနာပစ္စည်း

Edit with WPS Office

ချီးမြှင့်ပေးခဲ့တာက သူမတို့ မျိုးဆက်က ကလန်အဖွဲ့ဝင်အထဲမှာ သူမက ပါရမီ အရှိဆုံး ဖြစ်လို့ပါ။

ဒါပေမဲ့လည်း သူမ အရမ်းကို ဂုဏ်ယူစွာနဲ့ ယူလာတဲ့ အဲဒီနတ်ဘုရား ပစ္စည်းက သူမရဲ့ မျက်လုံးတွေ အရှေ့မှာပဲ ဖျက်ဆီးခံလိုက်ရပြီတဲ့လား။ သူမက ဒါကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

လင်းဟန်က တကယ်ပဲ လူသားပုံစံ နတ်ဘုရား ပစ္စည်းတစ်ခုများ ဖြစ်နေမလား။

"နတ်မိမယ် ဆေးကျိုအိုးအတွက် ငါ့ကို လျော်ကြေးပေး"

သူမက အသံစူးစူးဝါးဝါးနဲ့ အော်ဟစ်လိုက်ပါတယ်။ ဒီရတနာပစ္စည်းက ကလန်ပိုင် ဖြစ်ပါတယ်။ အခုချိန်မှာ သူမကို ချီးမြှင့်ထားလို့ အသုံးပြုရပေမဲ့ သူမ မပိုင်ပါဘူး။

"ဘာအတွက် လျော်ကြေးပေးရမှာလဲ။ ဒါက ငါ့ရဲ့ တိုက်ပွဲအောင်မြင်မှုပဲ"

လင်းဟန်က ကျန်ရှိနေတဲ့ နတ်မိမယ် ဆေးကျိုအိုး အကြွင်းအကျန်တွေကို သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲ

Edit with WPS Office

ထည့်သိမ်းလိုက်ပါတယ်။ ဒီပစ္စည်းက နတ်ဘုရား ပစ္စည်းတစ်ခု မဟုတ်တော့ပေမဲ့ ဘယ်လိုလုပ်ပြီး သူက ဖြုန်းတီးပစ်နိုင်မှာလဲ၊ သူက ဒါကို အသုံးပြုပြီးတော့ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုး ဓားကို အရည်အသွေး မြှင့်တင်လို့ ရနိုင်ပါတယ်။

"နင် နင် နင်..."

ဂန်ရှီယွမ်က ဒေါသတွေ တလိပ်လိပ် ထွက်လာပါတယ်။ လင်းဟာန်က သူမကို နတ်မိမယ် ဆေးကျိုးအိုးအတွက် လျော်ကြေးပေးဖို့ အစီအစဉ် မရှိတဲ့အပြင် ကျန်ရှိနေတဲ့ အကြွင်းအကျန် ပစ္စည်းတွေကိုပါ သူ့အတွက် သိမ်းဆည်းသွားခဲ့ပါတယ်။ သူက အရမ်းကို လွန်လွန်းသွားပါပြီ။

Chapter 1140 end

Edit with WPS Office

အပိုင်း(1141) မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်လာခြင်း

"နင် နင် အတင့်ရဲလှချည်လား"

ဂန်ရှီယွမ်က ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

"နင်က ဘာမဟုတ်တဲ့ နောက်လိုက် တစ်ယောက်သာသာပဲ။ ဒါတောင် ငါ့ရဲ့ နတ်ဘုရား ပစ္စည်းကို ခိုးယူရဲတယ်ပေါ့လေ ဟုတ်လား။ နင်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို သိမ်ငယ်အောင် လုပ်ဖို့ ကြိုးစားနေတာလား"

ဂန်ရှီယွမ် ပြောတာလည်း မမှားပါဘူး။ သူတို့ထဲက တစ်ယောက်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တစ်ယောက် ဖြစ်ပြီးတော့ ကျန်တဲ့တစ်ယောက်က နောက်မျိုးစေ့ပါရမီရှင် တစ်ယောက်ရဲ့ နောက်လိုက်တစ်ယောက်မျှပဲ ဖြစ်ပါတယ်။ အဲဒါတင်မက သူမကိုယ်တိုင်ကလည်း မျိုးစေ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ အဲဒီအချိန် လင်းဟာန်ကတော့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့် တစ်ယောက်လို့တောင် သတ်မှတ်လို့ မရနိုင်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေက တူညီပါတယ်။ သူမက မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ပေမဲ့ နောက်ထပ်မျိုးစေ့ပါရမီရှင် တစ်ယောက်ရဲ့ နောက်လိုက် တစ်ယောက်ကိုတောင် အနိုင်မယူနိုင်ခဲ့ပါဘူး။ သူမက ဂိုဏ်းဆီကနေ အကူအညီ တောင်းမယ်ဆို သူမအနေနဲ့ ဘယ်လိုလုပ် မျက်နှာရတော့မှာလဲ။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါနားလည်တယ်။ ငါအနိုင်ရတယ်။ ဒါကြောင့် ငါ့တိုက်ပွဲ အောင်မြင်မှု အနေနဲ့ ပစ္စည်းတွေကို ငါယူတယ်။ တကယ်လို့ မင်းပြန်လိုချင်တယ်ဆိုရင် လွယ်ပါတယ်။ ငါ့ကို အရင်ဆုံး နိုင်အောင် တိုက်လေ"

လင်းဟာန်ကို အနိုင်တိုက်ရမယ်။ အဲဒါက ဒီလောက် လွယ်လို့လား။

ဒီလိုစကားတွေကို မျိုးစေ့အဆင့် ပါရမီရှင်တွေ အမြဲတမ်းလိုလို ပြောနေကျ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ နောက်လိုက်တစ်ယောက်သာသာပဲ ရှိတဲ့

Edit with WPS Office

လူတစ်ယောက်က အရမ်းကို ဘဂမြင့်နေတဲ့ ဟန်ပန်အမူအရာနဲ့ ပြောနေပါပြီ။

ဟူဖေးယွင်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"အဲဒါပဲတော့တယ်။ ဒါက လင်း..... ဟန်လင်းရဲ့ တိုက်ပွဲအောင်မြင်မှု ဆုလာဘ်ပဲ"

သူမက နောက်ထပ် မီးလောင်ရာ လေပင့်အောင် လောင်စာထပ်ဖြည့် လိုက်ပြန်ပါတယ်။

ဂန်ရှီယွမ်က ဘာမှမပြောနိုင်တော့ပါဘူး။ တခြားမျိုးစေ့ ပါရမီရှင်တွေကလည်း ဒေါသတွေ ထွက်နေတဲ့ အမူအရာတောင် ဖြစ်လာပါတယ်။ သူတို့ရဲ့ ဂုဏ်သိက္ခာတွေ ကျသွားတယ်လို့တောင် သူတို့က ခံစားနေရပါတယ်။ သူတို့က လင်းဟန်ကို မျက်စောင်းတစ်ထိုးထိုးနဲ့ ကြည့်နေလိုက် ကြပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းတို့တွေက နည်းနည်းလောက် သဘောထား ကွဲလွဲရုံနဲ့

Edit with WPS Office

ငါ့ကို အရှက်မရှိ အုပ်စုဖွဲ့ တိုက်ခိုက်တော့ မလို့လား။ ဟားဟား လာခဲ့လာခဲ့။ ငါ့လမ်းကြောင်းကို ရောက်လာတဲ့ ဘယ်ပစ္စည်းကိုမဆို ငါယူသွားမယ်။ မင်းတို့တွေ ငါ့ကို တစ်ယောက်ချင်းစီ စိန်ခေါ်နိုင်တယ်။ ဒါမှမဟုတ် မင်းတို့အားလုံး အုပ်စုဖွဲ့ပြီး ငါ့ဆီလာနိုင်တယ်။ မင်းတို့ သဘောပဲ။ ဒါပေမဲ့ မင်းတို့ ရှုံးသွားရင် ငါ့ကို ရှုံးတယ်ဆိုတာကို ဝန်ခံဖို့ မမေ့နဲ့”

ဒါက မျိုးစေ့ပါရမီရှင်တွေကို ပိုပြီးတော့တောင် ဒေါသထွက်စေပါတယ်။

သူတို့တွေ မျိုးစေ့ပါရမီရှင် ဖြစ်လာရတဲ့ အကြောင်းရင်းက ကျင့်ကြံခြင်း အဆင့်တူထဲက လူတွေနဲ့ ရင်ဆိုင်တဲ့ အခါမှာ သူတို့က ပြိုင်ဘက်ကင်းတွေဆိုတဲ့ လက္ခဏာပါပဲ။ တကယ်လို့ သူတို့မှာ ပြိုင်ဘက်တွေ ရှိတယ်ဆိုရင်တောင် အဲဒါက သူတို့ရဲ့ ရောင်းရင်းမျိုးစေ့ပါရမီရှင်တွေပဲ ဖြစ်ရပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုသူတို့က နောက်လိုက်တစ်ယောက်သာသာပဲ ရှိတဲ့ လူတစ်ယောက်ကြောင့် သိမ်ငယ်သွားရပြီး ဘယ်လိုလုပ်

Edit with WPS Office

ဒေါသမထွက်ပဲ နေနိုင်မှာလဲ။

ဒီလူတွေက အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကို မဝင်ခင်ကတောင် ဘဝမြင့်ပြီးတော့ ဝင့်ကြွားတဲ့ လူတွေဖြစ်ပါတယ်။

ဟူဖေးယွင်က လက်ခုပ်တီးပြီးတော့ ပြောလိုက်တယ်။

"ဟန်လင်း နင်က အရမ်းကို အံ့သြစရာကောင်းတာပဲ"

ဒီနံပါတ်ကိုး ဘုရင်က လုံးဂကို အလိုလိုက်ခံထားရပြီး ဆိုးနွဲ့တတ်တဲ့ မိန်းကလေး တစ်ယောက်မျိုးနဲ့ တူပြီးတော့ သူမက တကယ့်ကို အူကြောင်ကြား အူတူတူ တစ်ယောက်နဲ့ ပိုတူပါတယ်။ ဒါကြောင့် သူမက တခြားလူတွေရဲ့ စိတ်နေသဘောထားတွေကို မဖတ်တတ်ပါဘူး။

ဒါပေမဲ့လည်း မျိုးစေ့ပါရမီရှင်တွေထဲက ဘယ်သူကမှ အရှေ့ကို တိုးလာပြီးတော့ လင်းဟန်ကို စိန်မခေါ်ကြပါဘူး။ သူတို့အားလုံး ဒေါသတွေ အကြီးအကျယ် ထွက်နေတာတောင် စိန်မခေါ် ပုံ့ပါဘူး။

ဒါက သဘာဝ ကျပါတယ်။ ဂန်ရှီယွမ်က သူတို့ထဲမှာ

Edit with WPS Office

အစွမ်းထက်ဆုံး လူတွေထဲက တစ်ယောက် ဖြစ်ပါတယ်။ သူမက နတ်မိမယ် ဆေးကျိုအိုးကို တုပထားတဲ့ နတ်ဘုရား ပစ္စည်းကို ဆင့်ခေါ်ပြီး အသုံးပြုခဲ့တာတောင်မှ သူမက ရှုံးနိမ့်သွားခဲ့ပါသေးတယ်။ တကယ်လို့ သူတို့က လင်းဟန်ကို စိန်ခေါ်မယ်ဆိုရင်ရော ရလဒ်တွေက ပြောင်းလဲသွားမှာလား။ မဖြစ်နိုင်ဘူး။ ဒီလူထူးလူဆန်းကို ဖိနှိပ်ထိန်းချုပ်နိုင်တဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ အရေအတွက် အနည်းငယ် ရှိကောင်း ရှိနိုင်ပါတယ်။ အဲဒီဘုရင်အဆင့် ပါရမီရှင်တွေက တောင်မြစ်ငါးခုကို ဖြစ်ပေါ်ထားသူတွေ ဖြစ်ပါတယ်။

တကယ်လို့ လူတစ်ယောက်က တောင်မြစ်အဆင့်ရဲ့ စစ်မှန်တဲ့ အထွတ်အထိပ်ကို မရောက်နိုင်ဘူး ဆိုရင် သူတို့ကို ပါရမီရှင်တွေ၊ ထိပ်တန်းပါရမီရှင် ဒါမှမဟုတ် အထွတ်အထိပ် ပါရမီရှင်တွေလို့ပဲ ရည်ညွှန်းလို့ ရနိုင်ပါလိမ့်မယ်။ သူတို့က ဘုရင်အဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ဖို့ အတော်လေး အလှမ်းကွာဝေး နေဆဲပါပဲ။

"ဟားဟား ဟား ဟား ဟား"

အဲဒီအချိန်မှာ ပွဲကြည့်ပရိသတ်တွေ အကြားကနေ

Edit with WPS Office

ပိန်ပိန်ပါးပါး ယောက်ျားတစ်ယောက်က ရယ်မောပြီးတော့ ထွက်လာပါတယ်။ သူ့ရဲ့ အရှိန်အဂါက မေးမှိန်ပြီးတော့ မထင်ရှားပဲ နည်းနည်းလေးပဲ အာရုံခံလိုက်တာနဲ့ လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ထဲက နက်နက်ရှိုင်းရှိုင်း နေရာကို နှိုက်ထုတ်နေသလိုမျိုး ခံစားမိစေပါတယ်။

သူက အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။

မျိုးစေ့ပါရမီရှင်တွေ အားလုံးက အလျင်အမြန်ပဲ လက်တွေဆုပ်ပြီးတော့ နှုတ်ဆက်လိုက် ကြပါတယ်။

"အကြီးအကဲ ဟိုင်းယွင်ကို ဂါရဝပြုပါတယ်"

သူတို့ရဲ့ အမူအရာက အရမ်းကို ရိုသေလေးစားမှုတွေနဲ့ ပြည့်နေပါတယ်။

ဒီလူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ဖြစ်တဲ့ အကြီးအကဲ ဟိုင်းယွင် ဖြစ်ပါတယ်။

သူတို့အားလုံးက မျိုးစေ့အဆင့် ပါရမီရှင်တွေ ဆိုပေမဲ့ ကိုးဆယ်ရာခိုင်နှုန်းလောက်က နေလအဆင့်ကိုပဲ

Edit with WPS Office

အဆင့်တက်နိုင်ပြီး သူတို့ထဲက အများစုက အထွတ်အထိပ် အဆင့်နဲ့ သူတို့ထဲက ဆယ်ပုံတစ်ပုံလောက်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ ဖြစ်လာနိုင်ပါတယ်။

ဒါက အရမ်းကို ခန့်မှန်းပြီး တွက်ဆထားတာ ဖြစ်ပါတယ်။

ဒါကြောင့် သူတို့က ဒီလိုမျိုး အထွတ်အထိပ် လက်ရွေးစင် တစ်ယောက် အရှေ့မှာ သူတို့ရဲ့ ဂုဏ်သိက္ခာတွေ မာနတွေကို ဘယ်လိုလုပ်ပြီး မထိန်းချုပ်ထားပဲ နေနိုင်မှာလဲ။

အကြီးအကဲ ဟိုင်းယွင်က သူ့လက်ကို ခါလိုက်ပါတယ်။ သူက လင်းဟန်ဘက်ကို အကြည့်ပြောင်း လိုက်ပြီးတော့ သူပိုပြီးတော့ ကြည့်လေ ပိုပြီးအံ့အားသင့်မိလေ ဖြစ်လာပါတယ်။ ကံကောင်းတာက သူ့အမူအရာကို သူ့မျက်နှာမှာ ဖုံးကွယ်ထားတဲ့ ရှေးဟောင်းအရှိန်အဝါ တစ်ခုနဲ့ ဖုံးကွယ်ထား ပါတယ်။ အဲဒီလိုမှမဟုတ်ရင် ပွဲကြည့်ပရိသတ်တွေက သေချာပေါက် မှင်သက်အံ့သြ သွားပါလိမ့်မယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်က တကယ်ပဲ ဒီလိုအံ့အားသင့် သွားရလားဆိုပြီးတော့ပေါ့။

Edit with WPS Office

"လူငယ်လေး။ မင်းငါတို့ဂိုဏ်းထဲဝင်ဖို့ စိတ်ဝင်စားလား"

အကြီးအကဲ ဟိုင်းယွင်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်လာရမယ်လို့ ငါအာမခံတယ်"

အားလုံးက သူ့စကားတွေကြောင့် မှင်သက်အံ့သြ သွားကြပြီး တချိန်တည်းမှာပဲ ဒါက ယုတ္တိရှိတယ်လို့ ခံစားလိုက်ရပါတယ်။

လင်းဟာန်က မျိုးစေ့ပါရမီရှင် တစ်ယောက်ဖြစ်တဲ့ ဂန်ရှီယွမ်ကို အလွယ်တကူ အနိုင်ယူနိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကလည်း အတူတူပါပဲ။ ဒါက လင်းဟာန်ရဲ့ စွမ်းဆောင်ရည်တွေက ဘယ်လောက် ကြောက်မက်ဖွယ်ရာ ကောင်းနေလဲ ဆိုတာကို သက်သေပြဖို့ လုံလောက်ပါတယ်။ တကယ်လို့ သူ့လို ပါရမီရှင် တစ်ယောက်က အံ့ဖွယ်ကောင်းကင် ဂိုဏ်းထဲကို မဝင်နိုင်ပဲ မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်မလာဘူးဆိုရင် တခြားမျိုးစေ့ ပါရမီရှင်တွေရဲ့ နေရာမှာ ဘယ်လောက်ထိ

Edit with WPS Office

နိုးကြားသွားတဲ့ အခြေအနေမျိုး ဖြစ်လာမလဲ။

ဒါပေမဲ့လည်း အုံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ နှစ်ပေါင်းတစ်ရာမှာ တစ်ကြိမ် ကျင်းပတဲ့ တပည့်သစ် ရွေးချယ်စုဆောင်းတဲ့ အချိန်ကာလကို ကျော်လွန်သွားပြီးတဲ့နောက်မှာ အပြင်ဘက် တပည့်တစ်ယောက်ကို ဘယ်တော့မှ လက်ခံတာမျိုး မရှိခဲ့ပါဘူး။ ဒါက ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အကြီးအကဲ ဟိုင်းယွင်က လင်းဟာန်အတွက် ဒီစည်းမျဉ်းစည်းကမ်းကို ပထမဆုံး အကြိမ် ချိုးဖျက်ပေးခဲ့ပါတယ်။ ဒါက တကယ့်ကို အံ့သြဖို့ ကောင်းလွန်းပါတယ်။

လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ကျနော် အုံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကိုဝင်ဖို့ ဆန္ဒရှိပါတယ်"

ဒါက သူ့ရဲ့ မူလအကြံပဲ ဖြစ်ပါတယ်။

အကြီးအကဲ ဟိုင်းယွင်က ဟက်ဟက်ပက်ပက်

Edit with WPS Office

ရယ်မောလိုက်ပြီး သူ့ပုံစံက အရမ်းကို ကျေနပ်နေပုံ ရပါတယ်။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကျန်တဲ့လူတွေ မင်းတို့ နောက်လိုက်တွေကို ရွေးလိုက်ဦး။ ဟန်လင်း မင်းငါနဲ့ ခဏလောက် လိုက်ခဲ့။ ငါမင်းကို ပြောစရာနည်းနည်းရှိတယ်"

"နားလည်ပါပြီ"

လင်းဟန်က ခေါင်းညိတ်ပြီး ရိုရိုသေသေနဲ့ ပြောလိုက်ပါတယ်။ သူ့ရဲ့ ရိုသေမှုက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို ဖော်ပြမှု တစ်ခုပဲ ဖြစ်ပါတယ်။

ဂန်ရှီယွမ်ရဲ့ ခန္ဓာကိုယ်က ဒေါသကြောင့် တဆတ်ဆတ် တုန်နေပါတယ်။ အခုသူမ ဘာများ တတ်နိုင်ဦးမှာလဲ။

လင်းဟန်ကလည်း မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်လာပါပြီ။ ဒါကြောင့် သူမက ဂိုဏ်းရဲ့ အစွမ်းကို ငှားယူလို့တောင် မရနိုင်တော့ပါဘူး။

မဖြစ်ဘူး။

Edit with WPS Office

သူမက ဒီအရက်ကွဲမှုကို ပြန်ပြီးတော့
ဆေးကြောပစ်ရပါလိမ့်မယ်။ တကယ်လို့ သူမမှာ
လုံလောက်တဲ့ အစွမ်းမရှိဘူးဆိုရင် တခြားသူတွေကို
ကူညီပေးဖို့ ရှာရပါလိမ့်မယ်။ သူမက အဲဒီ လူထူးလူဆန်း
အစစ်တွေဆီက အကူအညီရအောင် ရှာရပါလိမ့်မယ်။

လင်းဟာန်က ပတ်ဝန်းကျင်ကို
တချက်ဝေ့ကြည့်လိုက်ပါတယ်။ အဲဒီနောက် သူ့ကို
စောစောတုန်းက ကူညီပေးဖို့ အရှေ့ထွက်လာတဲ့
အမျိုးသားနဲ့ အမျိုးသမီးဆီကို လျှောက်လာလိုက်ပါတယ်။

အခုက စောစောကနဲ့ မတူညီတော့ပါဘူး။ သူ့ရဲ့
အဆင့်အတန်းက လုံးဝကို ပြောင်းလဲသွား ခဲ့ပါပြီ။
လူအုပ်ကြီးက သူဖြတ်လို့ရအောင် လမ်းဖယ်ပေးလိုက်ပြီး
သူတို့အားလုံးက ကြည်ညိုလေးစားခြင်း အားကျခြင်းတွေနဲ့
ပြည့်နေတဲ့ အကြည့်တွေနဲ့ သူ့ကိုစိုက်ကြည့် နေကြပါတယ်။
သူတို့ကို သူ့ရဲ့ နောက်လိုက်တွေအဖြစ် ရွေးချယ်ဖို့ သူတို့က
မျှော်လင့်နေခဲ့ ကြပါတယ်။

မိန်းမချောလေးတွေ အများအပြားက သူ့ကို မျက်စတွေ

Edit with WPS Office

ပစ်ပြနေပြီး သူမတို့ရဲ့ အမူအရာတွေကို တတ်နိုင်သမျှ ဆွဲဆောင်မှုရှိအောင် လုပ်နေကြပါတယ်။

တကယ်လို့ သူမတို့ကို လင်းဟာန်က ရွေးချယ်မယ်ဆိုရင် သူမတို့ရဲ့ ခန္ဓာကိုယ်ကိုတောင် ပုံပေးလိုက်ချင်တဲ့ ဆန္ဒတွေ သေချာပေါက် ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက်ရဲ့ အနောက်ကို ပျံလွှားငှက် တစ်ကောင်လိုမျိုး လိုက်ပြီးတော့ နားခိုရတာက ဖီးနစ်ငှက် တစ်ကောင်အဖြစ်ကို ပြောင်းလဲသွားနိုင်စွမ်း ရှိပါတယ်။

သနားစရာကောင်းတာက လင်းဟာန်က သူတို့ကို နည်းနည်းလေးမှ အာရုံစိုက်မထားပါဘူး။ သူက သူမတို့ကို ဖြတ်ကျော်ပြီး စောစောက ယောကျာ်းလေးနဲ့ မိန်းကလေး အရှေ့ကို ရောက်လာခဲ့ ပါတယ်။ အဲဒီအချိန်မှာ နံပါတ်ကိုး ဘုရင်ကလည်း သူ့အနောက်က လိုက်လာခဲ့ပြါတယ်။ သူမက ဒီနေရာမှာ အရမ်းကို ပျင်းရိငြီးငွေ့နေပြီး နောက်ဆုံး သူမရဲ့ သူငယ်ချင်းဟောင်းနဲ့ တွေ့ဆုံနေ ရပါပြီ။ ဒါကြောင့် သူမက စကားတွေ အများကြီးပြောချင်နေတာက သဘာဝ ကျပါတယ်။

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်တယ်။

"ဒီကညီအစ်ကို မင်း ငါ့ရဲ့နောက်လိုက် ဖြစ်ဖို့ စိတ်ဝင်စားလား။ နောက်ပြီး မင်းရဲ့ ပညာသင်ဘက် ညီမလည်း သူမရဲ့ နောက်လိုက် ဖြစ်နိုင်တယ်"

သူက ဟူဖေးယွင်ဆီကို လက်ညှိုးထိုး ပြလိုက်ပါတယ်။

ဟူဖေးယွင်က အစိမ်းရောင် ဂတ်စုံနဲ့ မိန်းမလှလေးဘက်ကို ခေါင်းငဲ့ပြီးတော့ ကြည့်လိုက်ပြီး ဘာမှ ထွေထွေထူးထူး ပြောစရာရှိတဲ့ပုံမျိုး မပေါ်ပါဘူး။ သူမက ဘယ်သူ့ကိုပဲ နောက်လိုက်အဖြစ် ရွေးရရွေးရ ဂရုစိုက်လိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်က သူမကို အကြံပြုချက်တစ်ခု ပေးမှတော့ သူမက ငြင်းပယ်လိမ့်မှာ မဟုတ်ပါဘူး။

ပညာသင်ဘက် မောင်နှမ နှစ်ယောက်က လင်းဟန်ရဲ့ ကမ်းလှမ်းမှုကြောင့် ကျေနပ်ပီတိ ဖြစ်ကုန်ပါတယ်။ ဒါပေမဲ့လည်း သူတို့က နည်းနည်းလေး ကြောက်သလိုလို ရှုံ့သလိုလိုတော့ ခံစားနေပါတယ်။

"မင်းတို့က ငါ့ကို ကူညီဖို့ အရှေ့ကို ထွက်လာတဲ့

Edit with WPS Office

စိတ်ကောင်းစေတနာတွေကြောင့် လက်ခံရတာပဲ။ ကျင့်ကြံသူ တစ်ယောက်ရဲ့ အရေးအကြီးဆုံး အချက်က သူတို့ရဲ့ စိတ်နေသဘောထားပဲ။ မင်းတို့နှစ်ယောက်ရဲ့ ပြုမှုလုပ်ဆောင်မှုတွေက ငါ့ရဲ့ သဘောကျမှုကို ရစေတာပဲ"

လင်းဟန်က ပြောပြလိုက်ပါတယ်။

သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်ပြီး အဲဒီနောက် သူတို့ နှစ်ယောက်လုံး ခေါင်းညိတ်လိုက်ပါတယ်။

"ကျနော့်နာမည် ဖန်းယုလို့ ခေါ်ပါတယ်။ ဒါက ကျနော့် ပညာသင်ဘက် ညီမလေး ချန်ရှောင်လို့ ခေါ်ပါတယ်။ ကျနော်တို့ နှစ်ယောက်ကို နောက်လိုက်အဖြစ် လက်ခံပေးတဲ့အတွက် သခင်လေးဟန်နဲ့ ဒီက...."

သူက ဟူဖေးယွင်ဘက်ကို ကြည့်လိုက်ပါတယ်။ ဟူဖေးယွင်ကို ဘယ်လိုခေါ်လဲ ဆိုတာကို သူမသိပါဘူး။

"သူ့နာမည် ဟူဖေးယွင်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

ချန်ရှောင်က ချက်ချင်းပဲ ဂါရဝပြုပြီးတော့ ပြောလိုက်တယ်။

"သခင်မကို ဂါရဝပြုပါတယ်"

ဟူဖေးယွင်က အလျင်အမြန်ပဲ သူမကို ဆွဲထူပြီးတော့ ပြောလိုက်တယ်။

"ငါ့ကို ဖေးဖေးလို့ပဲခေါ်ပါတယ်။ တခြားသူတွေက ငါ့ကို သခင်မလို့ ခေါ်တာမျိုး မကြိုက်ဘူး"

ချန်ရှောင်က နားလည်တဲ့ ပုံစံနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ချက်ချင်းပဲ ဟူဖေးယွင် အပေါ်မှာ အမြင်ကောင်းတွေ တိုးပွားလာခဲ့ပါတယ်။

"ကောင်းပြီ ဂိုဏ်းထဲကို ဝင်ကြတာပေါ့"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက စွေ့ရန်ယွီကို အတော်လေး သတိရနေပါပြီ။ ပြီးတော့ သူ့အစ်ကိုသုံးယောက်နဲ့လည်း ပြန်ဆုံစည်းချင်နေပါတယ်။

သူက ဟူဖေးယွင်နဲ့ ဘေးချင်းယှဉ် လျှောက်လာပြီး ဖန်ယုနဲ့ ချန်ရှောင်တို့က သူတို့အနောက်ကနေ ခြေလှမ်းအနည်းငယ် ခွာပြီးတော့ လိုက်လာပါတယ်။

Edit with WPS Office

တခြားမျိုးစေ့ပါရမီရှင်တွေကလည်း နောက်လိုက်တွေကို စတင်ရွေးချယ်လိုက် ကြပြီးတော့ နေရာတစ်နေရာ ရဖို့အတွက် အားလုံးက အပြင်းအထန်ကို တိုးပျော့လုယက်နေပြီး ချက်ချင်းဆိုသလို အုတ်အုတ်ကျက်ကျက် ဖြစ်လာပါတယ်။

လင်းဟာန်က ဖန်းယုနဲ့ သူ့ပညာသင်ဘက် ညီမကို အရင်ဆုံး ဟူဖေးယွင်နောက်ကို လိုက်သွားခိုင်းခဲ့ပြီး သူကတော့ အကြီးအကဲ ဟိုင်းယွင်ဆီကို အလည်သွားလိုက်ပါတယ်။ သူက အကြီးအကဲ ဟိုင်းယွင်ရဲ့ နောက်ကလိုက်ပြီးတော့ အဓိက တောင်ထွတ်ပေါ်က စံအိမ်တစ်ခုဆီကို ရောက်လာခဲ့ပါတယ်။ တောင်ထွတ်ပေါ်မှာ တိမ်တွေ ပေ့သီလို့ နေပြီးတော့ ကြည့်ရတာ ကမ္ဘာမြေပေါ်က ကောင်းကင်ဘုံ တစ်ခုနဲ့ တူနေပါတယ်။

"ဒါက မင်းရဲ့ ရုပ်ရည်အစစ်အမှန် မဟုတ်ဘူး။ မင်း လူအများကြီးကို အပြစ်ပြုမိပြီးတဲ့နောက် အမဲလိုက်ခံ နေရတာလား"

အကြီးအကဲ ဟိုင်းယွင်က တည့်တည့်ပဲ မေးလိုက်ပါတယ်။

Edit with WPS Office

Chapter 1141 end

အပိုင်း(1142) မင်းရင်ဆိုင်နိုင်ဖို့ ငါကူညီပေးမယ်

လင်းဟာန်ရဲ့ နှလုံးသားက တဒုတ်ဒုတ် ခုန်လာခဲ့ပေမဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေရဲ့ အမြင်စွမ်းအားကို ဖုံးကွယ်ဖို့ဆိုတာ အရမ်းကို ခက်ခဲမှန်း သူလည်း နားလည်သဘောပေါက် ထားပါတယ်။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကျနော့်နာမည် လင်းဟာန်ပါ။
အံ့ဖွယ်ကောင်းကင်ဂိုဏ်းကိုလာတဲ့ လမ်းမှာ တိုက်ခိုက်ခံခဲ့ရပါတယ်။ ဒါကြောင့် ကျနော် ရုပ်ဖျက်ဖို့ ဆုံးဖြတ်လိုက်ပြီး အဲဒါမှ တစ်ဖက်က ကျနော် သေသွားပြီဆိုတာ ယုံကြည်သွားပါလိမ့်မယ်။ ဒါဆိုရင် ပြဿနာတချို့ကိုလည်း ရှောင်လွှဲပြီးသား ဖြစ်လိမ့်မယ်လို့ ယူဆထားလို့ပါ"

အကြီးအကဲ ဟိုင်းယွင်က ကျေနပ်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်လို့ လင်းဟာန်က ရှောင်လွှဲနေဦးမယ်ဆိုရင် သူက သေချာပေါက်

Edit with WPS Office

ကိုက်ပြီးတော့ မကျေမနပ် ဖြစ်နေမိမှာပါ။ ဒါပေမဲ့ လင်းဟာန်က အမှန်တရားကို နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲနဲ့ ဖွင့်ပြောတာကြောင့် သူ့ရဲ့ လင်းဟာန်အပေါ် သဘောထား အမြင်က ပိုပြီးတော့တောင် ကောင်းမွန်လာခဲ့ပါတယ်။

သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ ပြိုင်ဘက်ကင်းတဲ့ ခံစားမှုမျိုးလည်း ရှိပါတယ်။ ဒါကြောင့် သူက ချက်ချင်းပဲ ပြောလိုက်တယ်။

"မင်းရဲ့ ရန်သူတွေက ဘယ်သူတွေလဲ။ ငါမင်းအတွက် ပြောပေးနိုင်လောက်တယ်။ ဒါဆိုရင် သူတို့က မင်းကို ထပ်ပြီးတော့ ပစ်မှတ်ထားတော့မှာ မဟုတ်ဘူး"

သူက အရမ်းကို ယုံကြည်မှု ရှိစွာနဲ့ ဒီလိုမျိုး စကားကို ပြောလိုက်ပါတယ်။

ဒီကမ္ဘာကြီးထဲမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တစ်ယောက် မဖြေရှင်းနိုင်တဲ့ ပြဿနာဆိုတာ

Edit with WPS Office

ရှိနိုင်ပါ့မလား။

အနည်းဆုံး ဒီကြယ်စင်စုကြီးထဲမှာ သေချာပေါက်မရှိနိုင်ပါဘူး။

လင်းဟာန်က အနည်းငယ် ရက်ကိုးရက်ကန်းနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ကျနော့်မှာ ရန်သူတော်တော်များများ ရှိနေပါတယ်"

"ကိစ္စမရှိဘူး"

အကြီးအကဲ ဟိုင်းယွင်က သူ့လက်ကို ခါပြီးတော့ ပြောလိုက်ပြီး နည်းနည်းမှ စိတ်မပူတဲ့ ပုံစံပါပဲ။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ကျနော့်ရန်သူတွေက ကြယ်ဥက္ကာ အဲ့ဖွယ်အင်ပါယာက မဟာဗိုလ်ချုပ်ရှားနဲ့ ဗိုလ်ချုပ်ကျောက်တို့ ဖြစ်ပါတယ်။ နောက်ပြီး ထာဝရ မိုးကောင်းကင် ဧကရာဇ်နဲ့ ကျောက်စိမ်းဧကရာဇ်တို့လည်း ပါတယ်။ အဲ့ဒါအပြင် အမှောင်ညခန်းမကလည်း ကျနော့်ကို မျက်ခြေမပြတ် စောင့်ကြည့်နေ ကြပါတယ်။ ကျနော် စီနီယာကို

Edit with WPS Office

ဒုက္ခပေးမိပါပြီ”

ဖူး။

အကြီးအကဲ ဟိုင်းယွင်က ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လုနီးပါး ဖြစ်သွားပါတယ်။

သူ့မျက်လုံးတွေထဲမှာ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်က ဘယ်လိုမျိုး လူတွေကို အပြစ်ပြုနိုင်မှာလဲပေါ့။ အများဆုံး နေလအဆင့်က လူတွေဖြစ်နိုင်ပြီး အလွန်ဆုံးမှ ကနဦးအဆင့် ဒါမှမဟုတ် ပြင်းထန်အလယ်အလတ် အဆင့်က လူတွေ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်က အခုချိန်ထိ အသက်ရှင်နိုင်ဦးမှာတဲ့လား။

သူကိုယ်တိုင်ကလည်း ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူ့အတွက် စကားတစ်ခုက နေလအဆင့် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ သူတွေတောင် သူ့အမိန့်ကို တရိုတသေနဲ့ လိုက်နာရပါတယ်။ ဒါကြောင့် ဒါက အသေးအမွှားကိစ္စလေး တစ်ခုပဲ ဖြစ်ပါတယ်။

Edit with WPS Office

ဒါပေမဲ့ လင်းဟန်အပြစ်ပြုမိတဲ့ လူတွေက ဘယ်လိုလူစားမျိုးတွေလဲ။

မဟာပိုလ်ချုပ်ကျောက်နဲ့ ရှား၊ ထာဂရ မိုးကောင်းကင် ကေရာဇ်နဲ့ ကျောက်စိမ်းကေရာဇ်။ သူတို့အားလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ ဖြစ်ပါတယ်။

သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကနဦးမှာပဲ ရှိပါသေးတယ်။ ဒါကြောင့် သူ့ရဲ့ စွမ်းရည်တွေက မဟာပိုလ်ချုပ်ကျောက်နဲ့ ရှားတို့နဲ့အတူ မတိမ်းမယိမ်း ရှိပါတယ်။ ထာဂရ မိုးကောင်းကင် ကေရာဇ်နဲ့ ကျောက်စိမ်းကေရာဇ်ရဲ့ အရှေ့မှာ သူက စကားပြောဖို့တောင် အရည်အချင်း မရှိပါဘူး။

တန်ခိုးရှင်တွေ အကြားမှာ အဆင့်သေး တစ်ခုရဲ့ ကွာဟချက်က ကမ္ဘာတစ်ခုလောက် ကွာခြားတယ်လို့ ဆိုလိုပါတယ်။ ကေရာဇ်တွေ ဖြစ်လာအောင် လုပ်နိုင်တဲ့ အချိန်မှာ ဘာများပြောနေစရာ လိုဦးမှာလဲ။
သူတို့တစ်ယောက်ချင်းစီရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်လေးပွင့်

Edit with WPS Office

ဒါမှမဟုတ် ငါးပွင့်ကိုတောင် ကျော်လွန်နိုင်စွမ်း ရှိနေတယ် မဟုတ်လား။

"မင်း..."

အကြီးအကဲ ဟိုင်းယွင်က လင်းဟာန်ကို ကြည့်လိုက်ပါတယ်။ သူက အခု အနည်းငယ် တုံ့ဆိုင်းဆိုင်း ဖြစ်သွားခဲ့ပါတယ်။ သူက ပါရမီရှင် တပည့်တစ်ယောက်ကို ကောက်ရတာလား ဒါမှမဟုတ် ပြဿနာကောင် တစ်ယောက်များ ဖြစ်နေမလား။

ဒါပေမဲ့လည်း ပြန်တွေးကြည့်မိတော့ သူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

တောင်မြစ်အဆင့်ပဲ ရှိသေးတဲ့ ကျင့်ကြံသူ တစ်ယောက်အတွက် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင်တွေ အများကြီးကို အပြစ်ပြုမိခဲ့ပြီးတော့ အသက်ရှင်သန် နေနိုင်တာကို ကြည့်မယ်ဆိုရင် သူ့ရဲ့ စွမ်းဆောင်ရည်တွေကို သက်သေပြဖို့ လုံလောက်နေပါပြီ။ ဒီကမ္ဘာကြီး အထဲမှာ ဘယ်သူကများ ဒီလိုမျိုး ဆောင်ရွက်နိုင်မှာလဲ။

Edit with WPS Office

တကယ်လို့ ဒီကောင်စုတ်လေးသာ မသေသေးဘူးဆိုရင် သူ့အနာဂတ် တက်လမ်းက လုံးဝကို အကန့်အသတ် ရှိမှာမဟုတ်ပါဘူး။

"မင်းမှာ ငါးခုမြောက် တောင်မြစ် ဖြစ်ပေါ်ပြီးပြီ ဟုတ်တယ်မလား"

အကြီးအကဲ ဟိုင်းယွင်က မေးလိုက်ပါတယ်။

"ဟုတ်ပါတယ်"

လင်းဟန်ကလည်း မဖုံးကွယ်ပဲ ဖြေလိုက်ပါတယ်။

အစစ်အမှန် လက်ရွေးစင် အဆင့်တွေက ငါးခုမြောက် တောင်မြစ်တွေ နေလတွေနဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်တွေ ဆိုတာက လျှို့ဝှက်ချက် တစ်ခု မဟုတ်ပါဘူး။ ပြီးတော့ သူတို့ ပြောပြောနေတဲ့ ဒဏ္ဍာရီထဲမှာပဲ တည်ရှိတဲ့ ကြယ်ငါးပွင့် ပါရမီရှင်တွေ ဆိုတာက အဆင့်နိမ့် ကျင့်ကြံသူ အုပ်စုအကြားမှာ ပျံ့နှံ့နေတဲ့ သီအိုရီ တစ်ခုသက်သက်ပဲ ဖြစ်ပါတယ်။

ဘယ်လိုလက်ရွေးစင်က ဒီလိုမျိုး စကားတွေ ပြောတာကို

Edit with WPS Office

မြင်ဖူးလို့လဲ။

သူတို့ရဲ့ အဆင့်တွေ မတူညီမှုနဲ့အတူ သူတို့ချိတ်ဆက်မိတဲ့ ကမ္ဘာကြီးကလည်း ကွဲပြားခြားနား တတ်ပါတယ်။

အမှန်တကယ်တော့ ငြိမ်းချမ်းရေး ဂြိုလ်ကြီးပေါ်မှာ စွမ်းအားနဲ့ ပတ်သက်တဲ့ ကြယ်ငါးပွင့် ပါရမီရှင်တွေလို အစစ်အမှန် ကြယ်ငါးပွင့် ပါရမီရှင်တွေ မရှားပါဘူး။ ဧကရီ ဘုရင်မ လွှမ်းရှင်း ကိုယ်တိုင်က ကြယ်ကိုးပွင့် ပါရမီရှင် တစ်ယောက်တောင် ဖြစ်နေပါတယ်။ ဒါပေမဲ့ သာမန်လူတွေ အတွက်ကတော့ ဒီလိုမျိုး ပါရမီရှင်တွေနဲ့ ထိတွေ့ဆက်ဆံ သိရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

လင်းဟာန်ကိုပဲ ကြည့်ပါ။ သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ပြီးတဲ့နောက် သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်ခွင့်ရရှိခဲ့ပြီး သာမန်လူတွေ အတွက်တော့ အခုချိန်မှာ သူနဲ့ ထိတွေ့ဆက်ဆံဖို့ အခွင့်အရေးက ဘယ်မှာရှိလို့လဲ။

နောက်ပြီးတော့ အဲဒီဒဏ္ဍာရီထဲမှာ ကြယ်ငါးပွင့် ပါရမီရှင်တွေ ရှိတယ်ဆိုတဲ့ ယုံကြည်မှုက အခြေခံအားဖြင့် လက်ခံထားတဲ့

Edit with WPS Office

သီအိုရီ တစ်ခုဖြစ်ပြီးတော့ ရိုက်ချိုးဖျက်ဆီးလို့ မရနိုင်တဲ့ အခြေခံ အကြောင်းတရား တစ်ခုပဲ ဖြစ်ပါတယ်။ တကယ်လို့ မင်းက ရုတ်တရက် ကြယ်ခုနစ်ပွင့် ဒါမှမဟုတ် ကြယ်ရှစ်ပွင့် ပါရမီရှင်တွေတောင် ရှိတယ်ဆိုတဲ့ အကြောင်းကို ပြောလိုက်မယ်ဆိုရင် ဘယ်လောက်များများက မင်းကို ယုံကြည်ကြမှာလဲ။

လူသားသက်ရှိတွေက သူတို့ယုံကြည်ဖို့ ဆန္ဒရှိတဲ့ အရာတွေကိုပဲ ယုံကြည်ဖို့ ရွေးချယ်တတ်တာ သဘာဝပါပဲ။

"မဆိုးဘူး မဆိုးဘူး။ လက်ရှိ တောင်မြစ်အဆင့်ထဲမှာ လူခုနစ်ယောက်ပဲ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်နိုင်သေးတယ်"

အကြီးအကဲ ဟိုင်းယွင်က လင်းဟာန်ကို စိုက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ အရင်ကထက် ပိုပြီးတော့တောင် ကြင်နာတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ ပါရမီရှင် တစ်ယောက်ကို ဘယ်သူကများ မနှစ်သက်ပဲ နေမှာလဲ။

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။

Edit with WPS Office

ဒီမျိုးဆက်ထဲမှာ တကယ်ပဲ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်စေနိုင်တဲ့လူ ခုနစ်ယောက်ကြီးများတောင် ရှိနေတာလား။

ဒါက အရမ်းကို သေးငယ်တဲ့ ကြယ်စင်စု တစ်ခုပဲ ဖြစ်ပြီးတော့ တန်ခိုးရှင်ဘုံထဲမှာ ဒီလိုမျိုး ကြယ်စင်စုတွေ မရေမတွက်နိုင်အောင် ရှိပါတယ်။ နောက်ပြီးတော့ ဒီနေရာရဲ့ ကျင့်ကြံခြင်းက မမြင့်ပါဘူး။ ထာဝရ မြစ်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ ရှိပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်အောင်လို့ လုပ်နိုင်တဲ့ သူတိုင်းက သူတို့ကိုယ်ပိုင် စွမ်းအား အခြေစိုက်တွေကို တည်ဆောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

တကယ်လို့ ကြယ်စင်စု တစ်ခုအထဲမှာ ကျင့်ကြံခြင်းအဆင့် မြင့်မားမှုတစ်ခုသာ ရှိမယ်ဆိုရင် အခုလိုမျိုး ဘုရင်လေးအဆင့်တွေ ပိုပြီးတော့တောင် ရှိလာလိမ့်မယ် မဟုတ်လား။

ဒါက သေချာပေါက်ပါပဲ။

Edit with WPS Office

လင်းဟန်က ခေါင်းညိတ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ကျင့်ကြံခြင်း လမ်းကြောင်းဆိုတာက ရေကို ဆန်တက်ရသလိုမျိုးနဲ့ တူပါတယ်။ နောက်ပိုင်းမှာ ပိုပြီးတော့ ခက်ခဲလာပါလိမ့်မယ်။ မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုကို ရောက်ရှိဖို့ ခက်ခဲတဲ့အပြင် ပိုမြင့်တဲ့ ကျင့်ကြံခြင်း အဆင့်တွေ အပေါ်မှာ အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ ကျင့်ကြံအားထုတ်ရတာ ပိုခက်ခဲပါလိမ့်မယ်။

တောင်မြစ်အဆင့်ထဲမှာ ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက်က အနာဂတ်မှာ ကိုးပွင့်၊ ရှစ်ပွင့် ဒါမှမဟုတ် ခုနစ်ပွင့်ထိ ဆုတ်ယုတ်ကောင်း ဆုတ်ယုတ်သွား နိုင်ပါတယ်။ ကျင့်ကြံခြင်း အဆင့်တိုင်းမှာ အထွတ်အထိပ်ထိ ရောက်အောင်လို့ ကျင့်ကြံနိုင်စွမ်း ရှိလိမ့်မယ်လို့ သူ့ကို ဘယ်သူက အာမခံပေးနိုင်မှာမို့လို့လဲ။

"သွားတော့။ နောက်ပိုင်း မင်းတစ်ခုခု လုပ်တော့မယ်ဆိုရင် ပိုပြီးတော့ ဂရုစိုက်ပေါ့။ ပြီးတော့ ဂိုဏ်းအတွင်းမှာ နေပြီးတော့ ကြိုးစားပါ"

Edit with WPS Office

အကြီးအကဲ ဟိုင်းယွင်က အမိန့်ပေးလိုက်ပါတယ်။

လင်းဟာန် အပြစ်ပြုထားတဲ့ လူတွေက ဘယ်လိုအမျိုးအစားလဲ ဆိုတာကို သိသွားပြီးတဲ့ နောက်မှာ ဒီကိစ္စကို တာဝန်ယူဖို့နဲ့ ပတ်သက်ပြီးတော့ မပြောပုံတော့ပါဘူး။ သူက လင်းဟာန်ရဲ့ ရန်သူတွေကို ရင်ဆိုင်နိုင်စွမ်း တကယ်ပဲ မရှိပါဘူး။

လင်းဟာန်က နောက်တစ်ကြိမ် ဂါရဝပြုပြီးတော့ ပြန်ထွက်လာခဲ့ပါတယ်။

သူ့ရဲ့ အဆောင်က အဖြူရောင်တိမ်မြူခိုး တောင်ထိပ်ပေါ်မှာ ရှိပါတယ်။ အဲဒီအချိန်မှာ သူ့ရဲ့ အခန်းတွေကို ပြင်ဆင်ထား ပေးပြီးပါပြီ။ ဒါက နန်းတော်အသေးစားလေး တစ်ခုဖြစ်ပြီးတော့ လူတစ်ရာကျော်လောက် အေးအေးဆေးဆေး ဆန့်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာတော့ ဒီနေရာမှာ လင်းဟာန်နဲ့ ဖန်းယုတို့နှစ်ယောက်ပဲ နေပါတယ်။

"မဆိုးဘူး။ အဖြူရောင် တိမ်မြူခိုးတောင်ထိပ်ပေါ်က စိတ်ဝိညာဉ် ချီတွေ သိပ်သည်းတဲ့ နေရာမှာ

Edit with WPS Office

ပထမတန်းစားပဲ။ ပြီးတော့ ဒီနန်းတော်ထဲမှာ စိတ်ဂိညာဉ်ရှိ စုစည်းပေးတဲ့ ဂဏ်ပါ အစီအရင် တစ်ခုလည်း ရှိနေတော့ ဒီနေရာမှာ ကျင့်ကြံအားထုတ်ရတာ တကယ့်ကို မဆိုးဘူး"

လင်းဟာန်က ခေါင်းညိတ်လိုက်ပါတယ်။ သူက ဖန်းယုကို အခန်းရွေးဖို့ ပြောလိုက်ပြီး သူကိုယ်တိုင် အတွက်ကတော့ အခန်းကျယ်ကျယ် တစ်ခန်းကို ရွေးယူလိုက်ပါတယ်။

ဒါပေမဲ့လည်း ကျင့်ကြံခြင်း ပတ်ဂန်းကျင်နဲ့ ပတ်သက်လာရင် ဒီနေရာက ဘယ်လိုလုပ်ပြီးတော့ အနက်ရောင် မျှော်စင်ရဲ့ အတွင်းပိုင်းနဲ့ နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။ အနက်ရောင် မျှော်စင်ရဲ့ အထဲမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင် ပေါက်နေပါတယ်။

လင်းဟာန်က အနက်ရောင် မျှော်စင်ရဲ့ အတွင်းပိုင်းမှာ ကြိုးစားပမ်းစား ကျင့်ကြံအားထုတ် နေပါတယ်။

ပထမတော့ သူ့ကိုယ်သူ အနည်းငယ် ဂုဏ်ယူဂင့်ကြွားနေမိပါတယ်။ ဒါပေမဲ့ အံ့ဖွယ်ကောင်းကင် ဂိုဏ်းထဲမှာ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတဲ့

Edit with WPS Office

နောက်ထပ်လူ ခြောက်ယောက် ရှိနေတဲ့ အကြောင်းကို ကြားမိတဲ့ အချိန်မှာတော့ သူက ဖိအားတစ်ခုကို ခံစားလိုက်ရပါတယ်။

တောင်မြစ်အဆင့်မှာ သူက ပြိုင်ဘက်ကင်း မဟုတ်သေးပါဘူး။

တကယ်လို့ သူက အမှုမဲ့အမှတ်မဲ့ သက်တောင့်သက်သာ နေမိရင် တခြားသူတွေက သူ့ကို မီသွားတာ ဒါမှမဟုတ် သူနဲ့ တခြားသူတွေ အကြားက ကွာဟချက်က ပိုပိုပြီးတော့ ကြီးလာတာမျိုး ဖြစ်သွားပါလိမ့်မယ်။

သူက အစစ်အမှန် မူလကျောက်တုံးတွေကို ထုတ်ယူပြီးတော့ သူ့ဘေးနားမှာ ဂင်္ဂါပါ အသေးစား တစ်ခုကို တည်ဆောက်လိုက်ပါတယ်။ ရတ်ချည်းဆိုသလို မယုံနိုင်စရာ ကောင်းလောက်အောင် ပေါများတဲ့ စိတ်ဂိညာဉ် ချီတွေ ပန်းထွက်လာပါတယ်။ စိတ်ဂိညာဉ် ချီတွေက မေးမှိန်သွားဖို့ မဖြစ်နိုင်တဲ့ ကြီးမားသိပ်သည်းသော မြူခိုးတစ်ခုနဲ့ တူပြီးတော့ လင်းဟာန်ကို လွှမ်းခြုံထားပြီး လင်းဟာန်က အဲဒီစိတ်ဂိညာဉ် ချီတွေကို စုပ်ယူနေပါတယ်။

Edit with WPS Office

ဒါက သူ့ရဲ့ အစစ်အမှန် မူလကျောက်တုံးတွေကို မီးရှို့ပစ်တာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ အကျိုးသက်ရောက်မှုက အတော်လေး သိသာပါတယ်။ အပြင်ဘက် စိတ်ဂိညာဉ်ချီထက် ဒီစိတ်ဂိညာဉ် ချီတွေက အနည်းဆုံး အဆတစ်ရာလောက် ပေါများကြွယ်ဂပါတယ်။

လင်းဟာန်က သူ့ကိုယ်ပိုင် အသုံးပြုဖို့အတွက် စိတ်ဂိညာဉ်ချီကို သန့်စင်နေသလို ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့အောက်မှာ တာအိုကို ခွဲခြမ်းစိတ်ဖြာပြီးတော့ သူ့ရဲ့ ဉာဏ်အလင်းကို ကွန့်မြူးစေခဲ့ပါတယ်။

ငါက မှော်ဆေးလုံးတွေကို အသုံးပြုပြီးတော့ ကျင့်ကြံခြင်းကို ပေါင်းစပ်ရဦးမယ်။ တချိန်တည်းမှာ နှစ်ခုလုံးကို အားထုတ်ရမယ်။ တစ်ညတာကုန်လွန်ပြီးတဲ့ နောက်မှာတော့ လင်းဟာန်က ကျင့်ကြံခြင်းကို ရပ်လိုက်ပါတယ်။

သူက ကန်းရီ၊ ယွမ်ချမ်ဟဲနဲ့ တခြားပါရမီ အရှိဆုံးသူတွေကို ကြည့်လိုက်ပြီး သူတို့တွေက စကြဂဋ္ဌာ ဖျက်ဆီးခြင်း အဆင့် အလွှာကိုးကို ရောက်နေကြပါပြီ။ တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အခြေခိုင်အောင်

Edit with WPS Office

လုပ်နေတာကြောင့်သာ မဟုတ်ဘူးဆိုရင် တောင်မြစ်အဆင့်ကို အချိန်မရွေး ချိုးဖျက်ဝင်ရောက်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ အခုတော့ အလျင်စလို လုပ်စရာ မလိုပါဘူး။ ယွမ်ချမ်ဟဲက ထိပ်တန်းအဆင့် ပါရမီရှင် တစ်ယောက် မဟုတ်ပေမဲ့ သူ့အတွက် စွမ်းအားမှာ ကြယ်ဆယ့်လေးပွင့်ထိ မြှင့်တင်ဖို့ ဆိုတာ ပြဿနာ မရှိပါဘူး။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ကြယ်နှစ်ဆယ်လုံးကို ရောက်နိုင်ချေ ရှိပြီးတော့ သူ့ကို တန်ခိုးရှင်ဘုံထဲမှာ ပါရမီရှင် တစ်ယောက်လို့ ခေါ်ဆိုနိုင်ပါတယ်။

လင်းဟာန်က သူတို့လေးယောက်ကို လမ်းညွှန်မှု အနည်းငယ် ပြသပေးခဲ့ပြီးတဲ့နောက်မှာ အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ သူက စွေ့ရန်ယွီ၊ မိုးရေကောရာဇ်နဲ့ တခြားသူတွေကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သူက ခဏလောက် စဉ်းစားပြီးတဲ့ နောက်မှာတော့ သူ့ရဲ့ သူငယ်ချင်းတွေထက် သူ့ချစ်သူကို ပိုပြီးတော့ အာရုံစိုက်ဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။ အဲဒီနောက် စွေ့ရန်ယွီကို

Edit with WPS Office

အရင်ဆုံး သွားရှာဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သာမန်တပည့်တွေက အဖြူရောင် မြူခိုးတောင်ထိပ်မှာ နေလို့မရပဲ ရေနက်တောင်ထိပ်ပေါ်မှာ နေရပါတယ်။ ဒီတောင်ထိပ်က အဖြူရောင် မြူခိုးတောင်ထိပ်ထက် ပိုပြီးတော့ ပုပါတယ်။ ဒီနေရာမှာ စိတ်ဝိညာဉ် ချီ ပတ်ဝန်းကျင်က အဖြူရောင် မြူခိုးတောင်ထိပ်ထက် အများကြီး နိမ့်ကျပါတယ်။

သာမန်တပည့်တွေ အများကြီးက မျိုးစေ့ပါရမီရှင်တွေရဲ့ နောက်လိုက် ဖြစ်ချင်ကြတာ မထူးဆန်း တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အဖြူရောင် မြူခိုးတောင်ထိပ်မှာ နေလို့ရမှာ ဖြစ်ပြီးတော့ အဲဒီနေရာက ကျင့်ကြံခြင်းအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင် ဖြစ်ပါတယ်။

သောက်ကျိုးနည်း ဘယ်လောက်တောင် တိုက်ဆိုင်လိုက်လဲ။

လင်းဟာန်က စွေ့ရန်ယို့ ဘယ်နားမှာ နေတယ်ဆိုတာနဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်ကို မေးမြန်းစုံစမ်းဖို့ပဲ

Edit with WPS Office

ရှိပါသေးတယ်။ အဲဒီအလှပဂေးက လမ်းလျှောက်လာတာကို တွေ့လိုက်ရပြီး သူမအနောက်မှာ အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်တစ်ယောက် လိုက်လာပါတယ်။ သူ့ပုံစံက အတော်လေး ခန့်ညားပြီး သူ့ကိုယ်သူ အတော်လေး ယုံကြည်မှု ရှိနေပုံရကာ ဘဂမြင့်နေတဲ့ ပုံစံမျိုး ပေါက်နေပါတယ်။

Chapter 1142 end

အပိုင်း(1143) ပျံထွက်ခြင်း

သူတို့တွေက အတော်လေး ဝေးနေတာကြောင့် သူတို့နှစ်ယောက် ဘာတွေပြောနေတယ် ဆိုတာကို လင်းဟာန်က မကြားနိုင်ပါဘူး။ သူမြင်တာတော့ အစိမ်းရောင် ဂုတ်စုံနဲ့ လူငယ်က စွေ့ရန်ယွီကို လိုက်နှောင့်ယှက်နေပြီး စွေ့ရန်ယွီက သူ့ကို အေးစက်စွာနဲ့ လျစ်လျူရှုထားပါတယ်။

သူက စွေ့ရန်ယွီနဲ့ မတွေ့တာ နှစ်နှစ်လောက် ရှိနေပြီး သူမက အရင်အတိုင်း ချောမောလှပ နေဆဲပါပဲ။ ဒါပေမဲ့လည်း သူမရဲ့ အေးစက်စက်နိုင်မှုတွေကို တခြားသူတွေအတွက်

Edit with WPS Office

ဆက်လက်သိမ်းဆည်းထားပြီး သူမက ရေခဲမင်းသမီး တစ်ယောက်နဲ့ တူပါတယ်။

ဒါပေမဲ့ သူမက ချစ်စရာကောင်းတဲ့ မိန်းမစားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါက သူမရဲ့ မာနကြီးတဲ့ ခံစားမှုကို ဖြစ်စေပါတယ်။ သူမက တကယ့်ကို ဘုရင်မ တစ်ယောက်ရဲ့ ဟန်ပန်အမူအရာမျိုး ရှိပြီးတော့ ကေရီ ဘုရင်မ လွှမ်းရှင်းပိုင်ဆိုင်ထားတဲ့ ဟန်ပန်မျိုး အနည်းငယ် ပေါက်နေပါတယ်။

လင်းဟာန်က အထိတ်တလန့် ဖြစ်သွားမိပါတယ်။ သူက တကယ်ပဲ ကေရီ ဘုရင်မ လွှမ်းရှင်း အကြောင်းကို ထပ်စဉ်းစားမိတာလား။

ဒီကေရီ ဘုရင်မရဲ့ ဆွဲဆောင်မှုက တကယ့်ကို ကြီးမားလွန်းပါတယ်။ သူက သူမကို အခုချိန်ရော နောက်ရော ဆက်ပြီးတော့ စဉ်းစားနေမိပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ဒီရှုက်ဖိုကြီးငယ် အသွယ်သွယ်နဲ့ ပြည့်စုံပြီး တပ်မက်ဖွယ်ရာ ကောင်းလှတဲ့

Edit with WPS Office

ကောရီ ဘုရင်မ လွမ့်ရှင်းရဲ့ ပုံရိပ်ကို သူ့အာရုံထဲကနေ မောင်းထုတ်လိုက်ပါတယ်။ စွေ့ရန်ယွီရဲ့ အရှေ့မှာ တခြားအမျိုးသမီး တစ်ယောက်အကြောင်းကို စဉ်းစားနေတာက မကောင်းပါဘူး။

သူက ခြေလှမ်းကျဲကျဲတွေနဲ့ လျှောက်လာလိုက်ပါတယ်။ သူ့ရဲ့ ဇနီးအနားမှာ စက်ဆုပ်ရွံရှာစရာ ကောင်းတဲ့ ယင်ကောင်တစ်ကောင် ဂဲပုံနေပါတယ်။ ဒါကြောင့် သူက သူမကို ကာကွယ်ပေးမဲ့ တောက်ပသော ချပ်ဂတ်တန်ဆာ တစ်ခုဖြစ်လာဖို့ ပြေးသွားရပါမယ်။

သူတို့တွေက တစ်ယောက်ဆီ တစ်ယောက် လျှောက်လာနေတာကြောင့် သူတို့နှစ်ဖွဲ့ အကြားက အကွာအဝေးက သိပ်မကြာခင်မှာ နီးကပ်လာခဲ့ပါတယ်။

"ပညာသင်ဘက် ညီမစွေ့ ငါတို့ ဘာဖြစ်လို့ မြောက်ပိုင်းသိမ်းငှက်လှိုက်ကို မသွားတာလဲ။ အဲဒီမှာ နတ်ဘုရား ဆေးပင်တစ်ပင် ပေါ်နေတယ်လို့ ငါကြားထားတယ်။ လူတော်တော်များများ ကံကောင်းမလား ဆိုပြီးတော့ အဲဒီကို သွားနေကြပြီ"

Edit with WPS Office

အစိမ်းရောင် ဂျတ်စုံနဲ့ လူငယ်ရဲ့ အသံက လွင့်ပျံလာခဲ့ပါတယ်။

"ဘိုင်ဟွ ငါနင့်ကို ဘယ်နှစ်ခါပြောရမလဲ။ ငါ့အနောက်ကို မလိုက်နဲ့"

စွေ့ရန်ယွီက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူမက သူ့ညာဘက်လက်ကို မြှောက်လိုက်ပြီး သူမလက်ကနေ မကောင်းတဲ့ အတိတ်နမိတ်တွေ ဖြစ်ပေါ်နေပါတယ်။ သူမက အခုဆို အရမ်းကို ဒေါသထွက်နေပါတယ်။

မိန်းမလှလေးက ရက်စက်ပါတယ်။ နည်းနည်းလေးမှ ခံစားချက် ရှိပုံမပေါ်ပါဘူး။ အဲဒါက သူမကို ဆွဲဆောင်မှု တချို့တောင် ဖြစ်စေပါတယ်။

အစိမ်းရောင် ဂျတ်စုံနဲ့ လူငယ်က မျက်ခုံးပင့်သွားပါတယ်။ ဒီပန်းလိုလှပတဲ့ မိန်းမလှလေး ဂိုဏ်းထဲကို ဝင်လာတဲ့ အခိုက်အတန့် သူက သူမကို မျက်စိကျသွားမိခဲ့ပါတယ်။ သူ့ရဲ့ ဩဇာအာဏာကြောင့်လည်း ဘယ်သူကမှ သူ့ကို ယှဉ်ပြိုင်နိုင်ခြင်း မရှိပါဘူး။ သူမက သူ့အပိုင် အဖြစ်

Edit with WPS Office

သတ်မှတ်ထားလိုက်ပါပြီ။

ကံမကောင်းတာက ဒီရက်ရက်စက်စက်လှတဲ့ မိန်းမလှလေးက သူ့ကို တစ်ချက်မှတောင် ပြုံးမပြခဲ့ ပါဘူး။ ဒါက သူ့ကို စိတ်ပျက်လက်ပျက် ဖြစ်စေပါတယ်။ ဒါပေမဲ့ တချိန်တည်းမှာပဲ သူ့ရဲ့ စိတ်ထဲမှာ မီးတောက်တွေ ပိုပြီးတော့ တောက်လောင်လို့ လာပါတယ်။ သူက ဒီနှင်းကြာပန်းကို ခူးဆွတ်ဖို့ ဆုံးဖြတ်ထားပြီး သူ့အတွက် သူမမှာ နွေးထွေးတဲ့အပြုံး ရှိလာရပါမယ်။

သူ့နှလုံးသားက တဒုတ်ဒုတ် ခုန်လို့နေပြီးတော့ ဒီမိန်းမလှလေးကို တွန်းလှဲပစ်ချင်စိတ်တွေ တဖွားဖွားပေါ်လာသလို ခံစားရပါတယ်။

“ဟော့ဟော့ဟော့ မင်းရဲ့ မျက်လုံးတွေလည်း ကျွတ်ကုန်ပါဦးမယ်ကွာ”

လင်းဟာန်က ရှေ့ကို လျှောက်လာပြီးတော့ နည်းနည်းလေးမှ ရှင်းပြခြင်း မရှိပဲနဲ့ သူတို့နှစ်ယောက် အကြားကို ဝင်လိုက်ပါတယ်။

Edit with WPS Office

စွေ့ရန်ယွီက ချက်ချင်းပဲ မနှစ်မြို့သလို ကြည့်ပြီးတော့ အနောက်ဘက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပါတယ်။ သူမက ဘိုင်ဟွကို မနှစ်မြို့က်ပေမဲ့ တခြားယောက်ျားနဲ့ ရင်းနှီးနေတယ်လို့ မဆိုလိုပါဘူး။

ဘိုင်ဟွက ဒေါသထွက်သွားပါတယ်။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။ ငါ့အလုပ်မှာ ဂင်ပြီးတော့ နှောင့်ယှက်ရဲတယ်ပေါ့လေ ဟုတ်လား။

သူက ချောင်းတချက် ဟန့်ပြီးတော့ ပြောလိုက်ပါတယ်။

"ပညာသင်ဘက် ညီလေးကို ကြည့်ရတာ အခုမှ လူသစ်နဲ့တူတယ်။ မင်းက ဘယ်ဦးလေး လက်အောက်ကလဲ"

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ သာမန်တပည့်တွေနဲ့ ပင်မတပည့်တွေကို နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ရွေးချယ်မှုကို ခံရပါတယ်။ ဒါပေမဲ့လည်း သူတို့တွေ နှစ်ဖွဲ့လုံးက သူ့ကို ဆရာ ဒါမှမဟုတ် သခင်လို့ပဲ ခေါ်လို့ရပါလိမ့်မယ်။ ဒါပေါ့။ တကယ်လို့ နှစ်ဖက်စလုံးက

Edit with WPS Office

တစ်ယောက်နဲ့ တစ်ယောက် ပျော်ရွှင်ကျေနပ်တယ်ဆိုရင် သူတို့ရဲ့ ပတ်သက်ဆက်နွယ်မှုက ပိုပြီးတော့ တိုးလာပြီး ဆရာတပည့် ဆက်ဆံရေး တစ်ခု ဖြစ်လာပါလိမ့်မယ်။

ဒါပေမဲ့လည်း မျိုးစေ့ပါရမီရှင်တွေမှာ ဒီလိုတားမြစ်မှုမျိုးအောက်မှာ ရှိမနေပါဘူး။ ဒီလူတွေကို ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ ကိုယ်တိုင်ကိုယ်ကျ လမ်းညွှန်သင်ကြား ပြသပေးပါလိမ့်မယ်။ သူတို့အောက်မှာထက် ပိုပြီးတော့ သင့်တော်တဲ့နေရာ မရှိတော့ပါဘူး။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ကျင့်ကြံသူ ဘယ်သူ့ကိုမဆို အားလပ်ချိန်မှာ သူ့ရဲ့ လမ်းညွှန်မှုကို တောင်းဆိုနိုင်ပါတယ်။ အရှင်သခင် ဂိညာဉ်သုံးခု ကိုယ်တိုင်တောင် မကြာခဏ လာရောက် သင်ကြားပေးပါလိမ့်မယ်။

လင်းဟာန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဘာပညာသင်ဘက် ညီလေးလဲ။ မင်းမှာ မျက်လုံးရော ရှိရဲ့လား။ ငါက မင်းရဲ့ ပညာသင်ဘက် အစ်ကိုကွ"

Edit with WPS Office

ဘိုင်ဟွက ဒေါ်သထွက် သွားခဲ့ပါတယ်။ သူကိုယ်တိုင်က ပင်မတပည့် တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူသာ ပင်မတပည့်တစ်ယောက် မဟုတ်ခဲ့ဘူးဆိုရင် တပည့်တွေ အများကြီးက စွေ့ရန်ယွီကို သဘောကျနှစ်ခြိုက်နေခဲ့တာကြောင့် အနားတောင် ကပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ လင်းဟန်ကို တချက်ကြည့်လိုက်ပါဦး။ သူ့မှာ မျိုးစေ့ပါရမီရှင် တစ်ယောက်လို လက္ခဏာမျိုးနည်းနည်းမှ မရှိပါဘူး။ ပြီးတော့ သူက ပင်မတပည့်တွေ အားလုံးကို သိပါတယ်။ ဒါကြောင့် ဖြစ်နိုင်ချေ တစ်ခုပဲ ရှိပါတယ်။ အဲဒါက လင်းဟန်ဟာ သာမန်တပည့် တစ်ယောက်ပဲ ဖြစ်ပါလိမ့်မယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ ဂါစဉ်နဲ့ပတ်သက်ပြီးတော့ အတော်လေးကို တားမြစ်ထားမှု တစ်ခုရှိပါတယ်။

သာမန်တပည့်တစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်လောက်ပဲ မြင့်မြင့် အဓိကအဆင့် ဘယ်လောက်ပဲ တူတူ သူတို့က ပင်မတပည့်တွေနဲ့ မျိုးစေ့ပါရမီရှင်တွေကို ပညာသင်ဘက် အစ်ကို ဒါမှမဟုတ် ပညာသင်ဘက်

Edit with WPS Office

အစ်မလို့ ခေါ်ရပါလိမ့်မယ်။ ပင်မတပည့်တွေ အတွက်လည်း အတူတူပါပဲ။ သူတို့တွေက မျိုးစေ့ပါရမီရှင်တွေ အရှေ့မှာ နိမ့်ချပြီးတော့ နေရပါလိမ့်မယ်။

မင်းက တောင်မြစ်အဆင့်မှာလည်း တူသေးတယ်။ သာမန်တပည့် တစ်ယောက်လည်း ဖြစ်နေသေးတယ်။ ဒါတောင်မှ သူ့ကိုယ်သူ ပင်မတပည့် တစ်ယောက်ရဲ့ အရှေ့မှာ ပညာသင်ဘက် အစ်ကိုတစ်ယောက်လို့ ခေါ်ရဲသေးတာလား။ လေးနက်သည်ဖြစ်စေ မလေးနက်သည်ဖြစ်စေ ဒါက ဗီဆန်မှု တစ်ခုပါပဲ။

"အတင့်ရဲလိုက်တာ"

ဘိုင်ဟွရဲ့ အမူအရာက သုန်မှုန်လို့ လာခဲ့ပါတယ်။

ဒီနေရာမှာ အစကတည်းက ဖြတ်သွားဖြတ်လာ လူတချို့ ရှိပါတယ်။ သူတို့က အခမဲ့ ဖျော်ဖြေပွဲ တစ်ခုကို မြင်လိုက်ရတဲ့ အချိန်မှာ လမ်းလျှောက်ရာကနေ ရပ်ပြီးတော့ ကြည့်လိုက်ပါတယ်။ သူတို့က ပြပွဲကို ကြည့်ပြီးတော့ စတင်ဆွေးနွေးနေပြီး ဘိုင်ဟွရဲ့ အကြောင်းနဲ့

Edit with WPS Office

တိုက်ပွဲစွမ်းရည်ကို အသေးစိတ် လေ့လာစမ်းစစ် နေခဲ့ပါတယ်။

လင်းဟန်က မေးလိုက်တယ်။

"ဘာလဲ။ မင်းက မယုံသေးဘူးလား"

"မင်းပဲယုံလေ"

ဘိုင်ဟွကာ သူ့တိုက်ကွက်ကို ထုတ်လိုက်ပြီး လင်းဟန်ဆီကို တိုက်ခိုက်မှုတစ်ခု ထုတ်ဖော် လိုက်ပါတယ်။

ပုန်း။

သူ့လက်သီးနဲ့ ထိုးလိုက်ပြီး သူ့လက်သီး စွမ်းအားကနေ အနက်ရောင် ဂံပုလွေတစ်ကောင် ဖြစ်ပေါ်လာပြီး လင်းဟန်ဆီကို ခုန်အုပ်လာပါတယ်။

ဒီဂံပုလွေနက်က မူလစွမ်းအင်ကနေ ဖြစ်ပေါ်ထားပြီး အတွင်းမှာ သူ့ရဲ့ သိုင်းဆန္ဒအသိ သိပ်သည်းထားပါတယ်။ နတ်ဘုရား သင်္ကေတ သုံးဆယ်ကျော်က တလက်လက် တောက်ပနေပြီး ဒီတိုက်ခိုက်မှုက သူ့ရဲ့ အစွမ်းကုန် ဟုတ်သေးပုံ မပေါ်ပါဘူး။ အနည်းဆုံး ခုနစ်ဆယ် ရှစ်ဆယ်

Edit with WPS Office

ရာခိုင်နှုန်းကို အသုံးပြုထားပုံပါပဲ။ တကယ်တော့ သူက ပင်မတပည့် တစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက နတ်ဘုရား သင်္ကေတတွေ ဘယ်လောက်များများ ဖြစ်ပေါ်နိုင်မှာလဲ။

လင်းဟန်က အထိတ်တလန့် ဖြစ်သွားတဲ့ပုံစံ ဟန်ဆောင်ပြီး ဒီတိုက်ခိုက်မှုကို ပျက်ပြယ်ဖို့ လက်သီး ဆယ်ချက်ကျော်ကို တရစပ် ထုတ်ဖော်လိုက်ပါတယ်။

"ဟင် ဒါက ဘယ်သူလဲ။ သူက ဒီတိုက်ခိုက်မှုကို ပျက်ပြယ်သွားအောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့တယ် ဆိုပေမဲ့ ပင်မတပည့် တစ်ယောက်ရဲ့ တိုက်ခိုက်မှုကို ပျက်ပြယ်သွားစေနိုင်စွမ်း ရှိတာကပဲ သူ့ရဲ့ စွမ်းဆောင်ရည်တွေက အရမ်းကို သန်မာအားကောင်းနေတယ် ဆိုတာကို သက်သေပြနေတာပဲ"

"ဒါမှန်တယ်။ ဘိုင်ဟွက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပြီ။ ပြီးတော့ ဒီလူက ကျင့်ကြံခြင်းအဆင့်နဲ့ ပတ်သက်ရင် အသာစီး ရယူဖို့ဆိုတာ

Edit with WPS Office

မဖြစ်နိုင်ဘူး။ ဒါကြောင့် သူ့ရဲ့ အမှန်အကန် စွမ်းဆောင်ရည်တွေ အပေါ်မှာပဲ မှီခိုရလိမ့်မယ်"

"လခွမ်း ငါတို့ရဲ့ အနက်ရောင်ရေ တောင်ထိပ်ပေါ်မှာ ဒီလိုမျိုး တပည့် ငါတို့မှာ ရှိလို့လား"

သူတို့အားလုံး တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးတော့ သူတို့ရဲ့ ခေါင်းတွေကို ခါလိုက်ပါတယ်။

ဘိုင်ဟွက ဒီတိုက်ခိုက်မှုမှာ သူက အသာစီး ရတယ်ဆိုတာကို မြင်လိုက်တော့ သူ့ရဲ့ စိတ်ထင့်နေမှုတွေက ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန်ပါတယ်။ ဒါက သူမျှော်လင့်ထားတဲ့ အရာလည်း ဖြစ်ပါတယ်။ နှစ်ဖက်စလုံး ကျင့်ကြံခြင်းအဆင့် တူညီမယ်ဆိုရင် သာမန်တပည့် တစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ ပင်မတပည့် တစ်ယောက်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိမှာလဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သာမန်တပည့်နဲ့ ပင်မတပည့် ဆိုပြီးတော့ ဘယ်လိုလုပ် ခွဲထားတော့မှာလဲ။

သူက နောက်ထပ် အစွမ်းထက်တဲ့ တိုက်ကွက်တွေကို

Edit with WPS Office

ဆက်လက်ထုတ်ဖော်နေပြီး တိုက်ကွက်တိုင်းက ပြင်းထန်ပါတယ်။

လင်းဟန်က ပြန်မတိုက်ပဲ ခုခံရုံသာ ခုခံနေခဲ့ပါတယ်။ သူက စွေ့ရန်ယွီ ဂင်ပြီးတော့ ဂင်ရောက် စွက်ဖက်မှာကို ရှောင်လွှဲတဲ့ အနေနဲ့ အနည်းငယ် ဆိုးဂါးတဲ့ ပုံစံလောက်ပဲ တမင်သက်သက် ဟန်ဆောင်ထားပါတယ်။ တကယ့်ကို လုံလောက်ပါတယ်။ ဒီမိန်းမချောလေးက သူ့ကို လုံးဂကို မမှတ်မိပါဘူး။ သူမက ဘေးကနေ သူ့ကို ကြည့်နေပေမဲ့ ဘယ်ဘက်ကိုမှ ဘက်လိုက်တဲ့ ပုံစံမျိုး နည်းနည်းလေးမှ ထုတ်ဖော်ပြသခြင်း မရှိပါဘူး။

စွေ့ရန်ယွီရဲ့ မျက်လုံးထဲမှာတော့ သူ့ဘာသာ ရှေ့ထွက်လာတာ ဖြစ်ပြီးတော့ ဖြစ်နိုင်ချေ ရှိတာက သူက သူမရဲ့ အလှအပကို မက်မောလို့ ဖြစ်ပါလိမ့်မယ်။

ရှတ်ချည်းဆိုသလို လင်းဟန်က ဘိုင်ဟွနဲ့ ဆက်ပြီးတော့ ကစားနေဖို့ စိတ်မဂင်စားတော့ပါဘူး။ ယောက်ျားတစ်ယောက်နဲ့အတူ ကစားရတာနဲ့ သူ့မိန်းမနဲ့ ကစားရတာ ဘယ်ဟာက ပိုပြီးတော့ စိတ်ဂင်စားစရာ

Edit with WPS Office

ကောင်းမလဲ။

ထန်။

သူ့လက်သီးက ဘိုင်ဟွရဲ့ မျက်နှာပေါ်ကို ကျရောက်သွားပြီးတော့ ဘိုင်ဟွကို လွင့်ထွက်သွားစေခဲ့ပါတယ်။

သောက်ကျိုးနည်း လဖြွတ်ပဲ။

ဒီမြင်ကွင်းကို ကြည့်ပြီးတော့ အနားက လူတွေအားလုံး မှင်သက်တွေဝေ သွားပြီး အံ့အားသင့် ကုန်ပါတယ်။

ဒါက ပင်မတပည့်တစ်ယောက်ဖြစ်တဲ့ ဘိုင်ဟွပါ။

ဒါက တိုက်ဆိုင်မှု တစ်ခုပဲ ဖြစ်လိမ့်မယ်လို့ အားလုံးက တွေးနေပါတယ်။ အဲဒီလိုမှမဟုတ်ဘူးဆို ဘိုင်ဟွရဲ့စွမ်းရည်နဲ့ ဒီတိုက်ချက်ကို ထိမှန်ခံရဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဘိုင်ဟွတောင် ဒီလိုပဲ တွေးပါတယ်။ တခြားလူဆီက လက်သီးတစ်ချက်က ရုတ်တရက် သူ့ခံစစ်ကို ဖောက်ဝင်လာပြီး သူ့ကို ပယ်ထုတ်ဖို့ အချိန်တောင်

Edit with WPS Office

မရစေခဲ့ပါဘူး။ သူက ဘာမှမတတ်နိုင်ပဲ သူ့ကို ထိမှန်သွားတာကိုပဲ ကြည့်နေနိုင်ပါတယ်။ သူက မြေကြီးပေါ်ကနေ ကုန်းထလာပြီးတော့ လင်းဟန်ဆီကို ကျယ်လောင်စွာနဲ့ တစ်ချက် အော်ဟစ်ပြီး တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

ထန် ထန် ထန် ထန် ထန်။

နောက်ထပ်တိုက်ကွက် တော်တော်များများ ဖလှယ်ပြီးတဲ့နောက်မှာ ဘိုင်ဟွရဲ့ ဂမ်းဗိုက်အောက်ပိုင်းကို ခြေကန်ချက်တစ်ချက် ထိမှန်သွားပြီးတော့ လွင့်ထွက်သွားခဲ့ ပြန်ပါတယ်။

ဒါလည်း နောက်ထပ် တိုက်ဆိုင်မှု တစ်ခုများလား။

ဘိုင်ဟွရဲ့ မျက်နှာက ရှုံ့မဲ့လို့ နေပါတယ်။ သူက နောက်တစ်ကြိမ် တစ်ဟုန်ထိုး ပြေးဝင်ပြီး တိုက်ခိုက်လိုက်ပါတယ်။ ဒါပေမဲ့ သူက တိုက်ကွက်အနည်းငယ် အတွင်းမှာ တစ်ချက်ရိုက်ခံ မိပြီးတော့ နောက်တစ်ကြိမ် လွင့်ထွက်သွား ပြန်ပါတယ်။

Edit with WPS Office

ဒီတစ်ကြိမ် အားလုံးက တစ်ခုခုတော့ လွဲနေပြီ ဆိုတာကို ပြောနိုင်ပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒီလောက်တောင် တိုက်ဆိုင်မှုတွေ များနေပြီး ဘိုင်ဟွကို တစ်ကြိမ်ပြီး တစ်ကြိမ် ခံစားသွားစေရတာလဲ။

"ဟားဟား မင်းတို့အားလုံး ဘာကိုကြည့်နေတာလဲ"

အသစ်တစ်ယောက် ရောက်လာပြီးတော့ သူ့ခေါင်းကို ဘေးဘီဝဲယာကို သိချင်စိတ် ပြင်းပြစွာနဲ့ လှည့်ပတ်ကြည့်ရှု လိုက်ပါတယ်။ ဒါပေမဲ့လည်း တိုက်ခိုက်နေတဲ့ နှစ်ဖက်စလုံးကို မြင်လိုက်ရတဲ့ အချိန်မှာ သူက မရည်ရွယ်ပဲ ချောင်းတဟွတ်ဟွတ် ဆိုးတဲ့အထိ ရယ်မောလိုက် မိပါတယ်။

"ဘာဖြစ်လို့လဲ"

သူ့ဘေးက လူတစ်ယောက်က သူ့ကို မေးလိုက်ပါတယ်။

"ဟားဟားဟား ဘိုင်ဟွက ဒီနေရာမှာ သူ့ဘာသာသူ အရှက်ကွဲအောင် လုပ်နေတာပဲ"

အဲဒီလူက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

Edit with WPS Office

"ဒီစီနီယာအစ်ကိုက မနေ့ကမှ ချွင်းချက်အနေနဲ့ မျိုးစေ့ပါရမီရှင် တစ်ယောက်အဖြစ် ရွေးချယ်လိုက်တဲ့ ထိပ်တန်းပါရမီရှင် တစ်ယောက်ပဲ။ သူက စီနီယာအစ်မ ဂန်ရှီယွမ်ရဲ့ နတ်မိမယ် ဆေးကျိုအိုးကိုတောင် ပကတိ ခွန်အားသက်သက်နဲ့ ဖျက်ဆီးပစ်လိုက်နိုင်တယ်"

ဖူး။

အားလုံးက တံတွေးသီးကုန် ကြပါတယ်။

Chapter 1143 e nd

အပိုင်း(1144) သဂန်တိုခြင်း

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ မျိုးစေ့ပါရမီရှင်တိုင်းက ထူးချွန်ထက်မြက်မှုကြောင့် ထင်ပေါ်ကျော်ကြား ကြပါတယ်။

သာမန်တပည့် တစ်သောင်းလောက်ကို တချိန်တည်းမှာ ရွေးချယ်လို့ ရနိုင်ပေမဲ့ အဲဒီကနေ ပင်မတပည့် တစ်ထောင်လောက်ပဲ ပါရှိနိုင်ပါလိမ့်မယ်။ မျိုးစေ့ပါရမီရှင်တွေ အတွက်ကတော့ အများဆုံး တစ်ရာဂန်းကျင်ပဲ ရှိပါလိမ့်မယ်။

ပြီးတော့ အဲဒါက နှစ်အပေးမှာ မူတည်ပါသေးတယ်။

Edit with WPS Office

တချို့အချိန်တွေမှာ ဒါဇင်နဲ့ချီပြီးတော့တောင် ကြာပါတယ်။

သာမန်တပည့်တွေနဲ့ ပင်မတပည့်တွေကနေ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာအောင် မြေတောင်မြှောက်ပေးနိုင်တယ်ဆိုတဲ့ မတော်တဆမှုမျိုး ဘယ်တုန်းကမှ ဖြစ်မလာခဲ့ပါဘူး။ ဒါပေမဲ့ မျိုးစေ့ပါရမီရှင်တွေ အထဲမှာတော့ ဒီလိုမျိုး ဥပမာတွေ ရှိပါတယ်။ နောက်ပြီးတော့ အချိုးအဆကလည်း တစ်ဆယ်မှာ တစ်ထိတောင် မြင့်မားပါတယ်။

ဒီအချိုးအစားကို လျော့မတွက်ပါနဲ့။

တစ်ခုသိထားရမှာက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ ဆယ်ယောက်မှာ တစ်ယောက်လောက်ပဲ တောင်မြစ်အဆင့်ကို အဆင့်တက်နိုင်စွမ်း ရှိပြီးတော့ တောင်မြစ်အဆင့်ကနေ စပြီး မရေမတွက်နိုင်တဲ့ လူတွေက အဆင့်သေးတိုင်းမှာ ရုန်းကန်ရပါ လိမ့်မယ်။ တောင်မြစ်အဆင့်ကနေ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ထိက အကြားမှာ စုစုပေါင်း အဆင့်သေး ခြောက်ဆင့်နဲ့ အဆင့်ကြီး နှစ်ဆင့် ရှိပါတယ်။

Edit with WPS Office

ဒါကြောင့် တောင်မြစ်အဆင့် ကျင့်ကြံသူပေါင်း ဘီလီယံပေါင်းများစွာထဲကနေမှ တစ်ယောက်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်နိုင်စွမ်း ရှိပါလိမ့်မယ်။

အဲဒီသီအိုရီအရ မျိုးစေ့ပါရမီရှင် ဆယ်ရာခိုင်နှုန်းလောက်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စွမ်း ရှိတာနဲ့ ပတ်သက်ရင် ဒီအချိုးအစားက ဘယ်လောက်တောင် ကြောက်စရာ ကောင်းနေလိုက်မလဲ။

ဒါပေမဲ့ ဒါကတော့ အမှန်ဆိုရင် တကယ့်ကို သမာရိုးကျတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မျိုးစေ့ပါရမီရှင်တွေက ဂြိုလ်ကြီးတိုင်းပေါ်က ထူးချွန်ထက်မြက်ဆုံး နံပါတ်တစ် ပါရမီရှင်တွေ ဖြစ်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်တက်ရောက်နိုင်မဲ့ အချိုးအစား မြင့်မားမှုက သာမန်တစ်ခုပဲ မဟုတ်လား။

လင်းဟာန်က တကယ့်ကို မျိုးစေ့ပါရမီရှင် တစ်ယောက်

Edit with WPS Office

ဖြစ်နေပါတယ်။

အားလုံးက အံ့အားသင့်သွားသလို တချိန်တည်းမှာပဲ သူတို့တွေက ရယ်စရာတစ်ခုကို တွေ့မြင်လိုက် ရသလိုမျိုး ခံစားလိုက်ရပါတယ်။ စောစောတုန်းက ဘိုင်ဟွက လင်းဟာန်ကို သူ့ကိုယ်ပိုင် အစွမ်းတွေနဲ့ ပတ်သက်ပြီး ပုံကြီးချဲ့တယ်ဆိုတဲ့ အမြင်တစ်ခု ရှိနေပြီး စီနီယာ အစ်ကို တစ်ယောက်လိုမျိုး ဟန်ပန်မျိုးနဲ့ ယူဆနေခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးသတ် ဘာဖြစ်သွားလဲ။ လင်းဟာန်ကသာ ဒီနေရာမှာ တကယ့် စီနီယာ အစ်ကိုတစ်ယောက် ဖြစ်သွားခဲ့ပါတယ်။

ဘိုင်ဟွက ဒီစကားတွေကို ရှင်းရှင်းလင်းလင်း ကြားရပါတယ်။ သူ့အမူအရာက နီညိုရောင်ကို ပြောင်းလဲသွားပြီး ဒါက တကယ်ပဲ အရမ်းကို အရှက်ခွဲ စော်ကားမှု တစ်ခု ဖြစ်ပါတယ်။

သူက လင်းဟာန်ကို စိုက်ကြည့်နေခဲ့ပေမဲ့ သူ့ရဲ့ နှလုံးသားထဲမှာတော့ ရန်ငြိုးရန်စ အတွေးမျိုး နည်းနည်းလေးမှ မထားပုံပါဘူး။

Edit with WPS Office

သူ့အတွက် လက်စားချေဖို့ မျိုးစေ့ပါရမီရှင် တစ်ယောက်ကို ရင်ဆိုင်ရမှာလား။

သူ့အနေနဲ့ အသက်ရှင်ရတာ ငြီးငွေ့နေမှသာ ဒီလိုမျိုး လုပ်ရပါလိမ့်မယ်။

သူ့ခေါင်းနဲ့ မျက်နှာကို ကာပြီးတော့ ဘိုင်ပှာက ဘေးတစ်ဖက်ကို ဆုတ်သွားလိုက်ပါတယ်။ သူက လင်းဟာန်ကို ထပ်ပြီးတော့ မတိုက်ခိုက်ပုံတော့ပါဘူး။ မျိုးစေ့ပါရမီရှင် တစ်ယောက်က မျိုးစေ့ပါရမီရှင် တစ်ယောက်ပါပဲ။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အရမ်းကို အစွမ်းထက်လွန်းပါတယ်။

လင်းဟာန်က စွေ့ရန်ယွီကို စပ်ဖြဲဖြဲပြုံးပြီးတော့ ကြည့်လိုက်ပြီး မေးလိုက်ပါတယ်။

"မိန်းကလေး ငါမင်းကို ကယ်လိုက်ပြီ။ ဒါကြောင့် မင်းငါ့ကို ပြန်ပြီးတော့ ကျေးဇူးဆပ်သင့်တယ် မဟုတ်လား"

အားလုံးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိပါတယ်။ သူတို့ရဲ့ မျက်နှာအမူအရာတွေ

Edit with WPS Office

ဘယ်လိုထားလို့ ထားရမှန်း မသိပါဘူး။

နေ့ခင်းကြောင်တောင် အချိန်ကြီးမှာတောင် မင်းက မိန်းကလေး တစ်ယောက်ကို အခွင့်အရေး နည်းနည်းရတာနဲ့ အခွင့်အရေးယူဖို့ ကြိုးစားနေပြီ။ အဲဒါက တကယ်ပဲ သင့်တော်ရဲ့လား။

တကယ်လို့ မင်းက မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် ဒီလောက်ထိ မောက်မာတာမျိုး မလုပ်သင့်ပါဘူး။

ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ ဂိုဏ်းထဲမှာ တပည့်တွေရဲ့ လုံခြုံရေးကို အာမ မခံနိုင်ဘူးဆိုရင်တောင် နောက်ပိုင်းမှာ ဒါမျိုးက ဆက်ပြီးတော့ တည်ရှိနိုင်ပါ ဦးမလား။

"ကျေးဇူးပဲ"

စွေ့ရန်ယွီက အေးစက်စွာနဲ့ ပြန်ဖြေလိုက်ပါတယ်။

ဘိုင်ဟွကက ထွက်မသွားသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်ကို စွေ့ရန်ယွီရဲ့ အရှေ့မှာ သိမ်ငယ်သွားတာကို

Edit with WPS Office

တွေမြင်ချင်နေခဲ့ပါတယ်။ တကယ့်ကို လုံလောက်ပါတယ်။ ဒီမိန်းမလှလေးက မျိုးစေ့ပါရမီရှင် တစ်ယောက်ကိုတောင် မျက်နှာသာ မပေးခဲ့ပါဘူး။ သူ့နှလုံးသားထဲမှာ အုူမြူးသွားခဲ့မိပါတယ်။ သူ့အတွက် မရနိုင်တဲ့ တစ်စုံတစ်ခုကို တခြားလူတစ်ယောက်က ရယူသွားမှာမျိုးကို ကြည့်မနေနိုင်ပါဘူး။

"တကယ်လို့ ငါက မရသေးဘူး ဆိုရင်ရော"

လင်းဟာန်က စွေ့ရန်ယွီရဲ့ အရှေ့ကို တိုးလာခဲ့ပြီး သူ့လက်တွေကို ဆန့်ပြီးတော့ သူ့ရဲ့ သတို့သမီး တစ်ယောက်ကို အပေးထွက်သွားမှာကို ကာကွယ်ထားတဲ့ ပုံစံမျိုးနဲ့ တူနေပါတယ်။

"ဂိုဏ်းမှာ သူ့စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်"

စွေ့ရန်ယွီက ရေခဲတမျှ အေးစက်တဲ့ အသံနဲ့ ပြောလိုက်ပါတယ်။ သူမက လင်းဟာန် ဒီလိုမျိုး လုပ်လိမ့်မယ်လို့ မယုံကြည်ပါဘူး။ ဂိုဏ်းထဲက လက်ရွေးစင်တွေကလည်း သူ့စိတ်တိုင်းကျ လုပ်ခွင့် ပြုထားလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

လင်းဟာန်က စပ်ဖြဲဖြဲပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ငှါမိန်းမပဲ။ ဒါက ကံစီမံရာတစ်ခုပဲ"

သူက ဒီစကားတွေကို သူ့အသံအမှန်ကို သုံးပြီးတော့ ပြောလိုက်ပါတယ်။

ရုတ်တရက် စွေ့ရန်ယွီက အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။ သူမရဲ့ လှပချောမောတဲ့ မျက်နှာပေါ်မှာ ကျေနပ်ပီတိဖြစ်ကာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်သွားပေမဲ့ တချိန်တည်းမှာပဲ သတိထားတဲ့ အမူအရာလည်း ဖြစ်နေပါတယ်။ တကယ်တော့ လူတစ်ယောက်ရဲ့ အကြောင်းကို အသံတစ်ခုတည်း အပေါ်မှာ အခြေခံပြီးတော့ သူမက အတည်မပြုနိုင်ပါဘူး။

"လာ ငါတစ်ချက်လောက် ဖက်ဦးမယ်"

လင်းဟာန်ကပြောလိုက်ပြီး စွေ့ရန်ယွီရဲ့ သဘောတူညီမှုကိုတောင် မစောင့်ပဲ သူ့ရင်ခွင်ထဲ တန်းပြီး ဆွဲဖက်လိုက်ပါတယ်။

လဗ္ဗြတ်ပဲ။ သူတကယ် အောင်မြင်သွားခဲ့တာလား။

Edit with WPS Office

အားလုံးက အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်မိပါတယ်။ ဒီမျိုးစေ့ပါရမီရှင်က သူတို့ရဲ့ မျက်လုံးအရှေ့မှာပဲ ဂျူနီယာ ညီမငယ် တစ်ယောက်ကို အရက်မရှိ အခွင့်ရေးယူပြီးတော့ အရမ်းကို တဏှာရူးလွန်းတယ်လို့ သူတို့တွေက ခံစားနေရပါတယ်။ ဒါက သူ့သဘောကြောင်း သူရှာတာပဲ မဟုတ်လား။ မင်းက ဘယ်လောက်ပဲ ပါရမီရှိရှိ တကယ်လို့ လူရှေ့သူရှေ့မှာ ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့မယ်ဆိုရင် ဘယ်သူက မင်းအတွက် အကာအကွယ်ပေး နိုင်စွမ်း ရှိမှာလဲ။

ဒီပွေ့ဖက်မှုနဲ့အတူ စွေ့ရန်ယွီက ချက်ချင်းပဲ ရင်းနှီးပြီးသား အငွေ့အသက် တစ်ခုကို ရရှိခဲ့ပါတယ်။

သူပဲ။

သူမက စိတ်လှုပ်ရှားလာပြီး မရည်ရွယ်ပဲ သူမရဲ့ လက်တွေနဲ့ လင်းဟန်ကို ပြန်ပြီးတော့ ဖက်ထားလိုက် မိပါတယ်။

ဖူး။

Edit with WPS Office

အားလုံးက တံတွေးသီးကုန်ပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ သူမက အရမ်းကို အညှာလွှယ်လွန်း နေတာလား။

လင်းဟန်နဲ့ စွေ့ရန်ယွီတို့က စုံတွဲတွေ ဆိုတာကို သူတို့တွေ မသိပါဘူး။ ပြီးတော့ စွေ့ရန်ယွီက လင်းဟန်ရဲ့ ဒီပွေ့ဖက်မှုကြောင့် စိတ်လှုပ်ရှားသွားတယ်လို့ပဲ တွေးနေခဲ့ကြပါတယ်။ သူတို့အားလုံး နောင်တတွေ ရကုန်ပါတယ်။ တကယ်လို့ သူတို့သာ သိထားမယ်ဆိုရင် သူတို့က ဒီမိန်းမလှလေးကို ရင်ဆိုင်တဲ့အခါမှာ အင်အားသုံးလိုက်ပါလိမ့်မယ်။ ကြည့်ပါဦး။ သူမက ဘယ်လောက်တောင် အညှာလွှယ်လိုက်သလဲ။

ဘိုင်ဟွာတောင် ပါးစပ်အပြည့် သွေးတစ်လုတ် အန်လိုက်မိပါတယ်။

သူ့အနေနဲ့ အရမ်းကို မမျှတဘူးလို့ ခံစားနေရပါတယ်။ ဒါဆိုရင် ဒီမိန်းကလေးက အကြမ်းဖက်တဲ့ ယောက်ျားမျိုးကို သဘောကျတတ်တဲ့ အမျိုးအစားပဲပေါ့။

Edit with WPS Office

အရင်က စွေ့ရန်ယွီကို သူသည်းကြီးမည်းကြီး ပိုးပန်းခဲ့တုန်းက အောင်မြင်မှု နည်းနည်းလေးမှ မရရှိခဲ့ပါဘူး။ အခု အဲဒီလို မိန်းမလှလေးကို လင်းဟာန်က အားသုံးပြီးတော့ ပွေ့ဖက်လိုက်တာနဲ့ စွေ့ရန်ယွီက ကန်ထဲက ရေစက်တစ်စက် အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူက ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒေါသအကြီးအကျယ် မထွက်ပဲ နေနိုင်မှာလဲ။ သူက ကမ္ဘာပေါ်မှာ အတုံးဆုံး အအဆုံး လူတစ်ယောက်လို့တောင် ခံစားနေရပါတယ်။

သူတို့တွေ ခွဲခွာနေရတာ နှစ်နှစ်လောက် ရှိနေပါပြီ။ စွေ့ရန်ယွီရဲ့က လွမ်းဆွတ်မှုတွေက မီးလိုမျိုး တောက်လောင်လို့ နေပြီးတော့ သူမကပဲ စပြီး လင်းဟာန်ကို အရင်ဆုံး နမ်းလိုက်ပါတယ်။

လင်းဟာန်ကလည်း မိန်းမလှလေး တစ်ယောက်ကို စိတ်ပျက်မသွားစေခဲ့ပါဘူး။ သူမကို သည်းသည်းမည်းမည်း ပြန်နမ်းလိုက်ပါတယ်။

"ဝါး"

Edit with WPS Office

သူတို့ရဲ့ ပတ်ဂန်းကျင်က အုတ်အုတ်ကျက်ကျက် ဖြစ်သွားပြီး ဒီမဖွယ်မရာ ကိစ္စအတွက် အားလုံးက ကျိန်ဆဲနေပါတယ်။ လပြွတ်ပဲ။ သူတို့တွေက တကယ့်ကို ချဉ်တဲ့ စပျစ်သီးတွေပါပဲ။ သူတို့က တကယ်ပဲ အရမ်းကို မနာလိုစရာ ကောင်းလွန်းပါတယ်။

ရုတ်တရက် ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းတဲ့ အရှိန်အဂါတစ်ခု လွင့်ပျံ့လာပြီး သူတို့ရဲ့ စိတ်ဂိညာဉ် အတွင်းပိုင်း နက်ရှိုင်းတဲ့ နေရာကနေ အဆုံးမရှိတဲ့ အေးစက်မှု တစ်ခုက မြင့်တက်လာပါတယ်။

ဂုန်း ဂုန်း ဂုန်း။

လင်းဟန်က လှဲပြီးတော့ အားလုံးဟာ မြေကြီးပေါ်ကို တပြိုင်နက်တည်း တစစီ လဲပြိုကျ သွားပါတယ်။ စွေ့ရန်ယွီလည်း အတူတူပါပဲ။ သူမက အရိုးမရှိတော့တဲ့အတိုင်း လင်းဟန်ရဲ့ လက်မောင်းပေါ်ကို လဲပြိုကျသွားပြီး သူမရဲ့ နူးညံ့ပျော့ပြောင်းတဲ့ ခန္ဓာကိုယ်က တဆတ်ဆတ် တုန်လို့နေပါတယ်။

Edit with WPS Office

လင်းဟန်က အံ့အားသင့်ပြီးတော့ ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်တဲ့ အခါမှာ ဟူဖေးယွင်က သူနဲ့ စွေ့ရန်ယွီကို မျက်နှာသုန်မှုန်ပြီးတော့ ကြည့်နေတာကို တွေ့လိုက်ရပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကနေ အဆုံးမရှိ အံ့ဖွယ်အရှိန်အဝါက ထွက်ပေါ်နေတာ ဖြစ်ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ လင်းဟန် တွေးလိုက်မိတာက အဲဒါက အူကြောင်ကြောင် မိန်းကလေး မဟုတ်တော့ပါဘူး။

ဒါက ဧကရီ ဘုရင်မ လွှမ်းရှင်း ဖြစ်ပါတယ်။

အရင်က ကောင်းကင်ဘုံ ပင်လယ် လျှို့ဂှက်ဆန်းကြယ် နယ်မြေထဲမှာ လင်းဟန်အနေနဲ့ ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ်မှာ အရမ်းကို ထူးဆန်းတဲ့ နည်းလမ်းတစ်ခုနဲ့ ဧကရီ ဘုရင်မ လွှမ်းရှင်း ထွက်ပေါ်လာတာကို မြင်တွေ့ဖူးပါတယ်။ အခု သူမက နောက်တစ်ကြိမ် ထပ်ပေါ်လာခဲ့ပါပြီ။

ဒါပေမဲ့ အခု အန္တရာယ်လည်း မရှိပါဘူး။ ဘာဖြစ်လို့ မင်းက ထွက်ပေါ်လာတာလဲ။

နေပါဦး။ ဖြစ်နိုင်တာက သဂန်တိုလို့များလား။

Edit with WPS Office

ဒါက သိပ်ပြီးတော့ ယုတ္တိမရှိဘူးလို့ လင်းဟာန်အနေနဲ့ ခံစားရပေမဲ့ ဒီအကြောင်းပြချက်ကလွဲရင် တခြားဖြစ်နိုင်ချေ ရှိသေးလို့လား။

သူက စွေ့ရန်ယွီကို အောက်ကို အသာလေး ချပြီးတော့ ဟူဖေးယွင်ဆီကို အလျင်စလိုနဲ့ ပြေးသွားလိုက်ပါတယ်။ သူမအနားကို ရောက်တဲ့အခါမှာ တစ်ချက်တည်းနဲ့ သူမရဲ့ ခါးကို ပွေ့ဖက်ပြီး ပြောလိုက်တယ်။

"ငါနဲ့လိုက်ခဲ့"

ဟူဖေးယွင်ရဲ့ မဟုတ်သေးဘူး။ ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ မျက်လုံးတွေ ပိုင်းသွားပြီး လင်းဟာန်ကို သူမရဲ့ ခန့်ညားတဲ့ အရှိန်အဝါထုတ်ပြီးတော့ လွှင့်ထွက်သွားဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဘာမှန်းမသိတဲ့ အကြောင်းပြချက် တချို့ကြောင့် သူမရဲ့ နလုံးသားက နူးညံ့ပြီးတော့ သူမကို အပေးကို ခေါ်သွားခွင့် ပြုလိုက်မိပါတယ်။

သူတို့နှစ်ယောက်က မကြာခင်မှာ အဖြူရောင်တိမ်မြူခိုး တောင်ထိပ်ဆီ ရောက်လာပြီးတော့ လင်းဟာန်ရဲ့ နေရာဆီကို

Edit with WPS Office

ဂင်လာခဲ့ပါတယ်။

"မင်းဘာတွေဖြစ်နေတာလဲ"

လင်းဟန်က မေးလိုက်ပါတယ်။

ဧကရီ ဘုရင်မ လွမ်ရှင်းက နှာခေါင်းတချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"နင်က ဘာဖြစ်လို့ ငါ့ကို မေးခွန်းတွေ ထုတ်နေတာလဲ"

"စောစောကပဲ မင်းငါ့ကို သတ်လုနီးပါး ဖြစ်သွားခဲ့တယ်။ ငါက ဘာကြောင့်လဲဆိုတာကို မေးလို့ မရဘူးလား"

လင်းဟန်က ဒေါသတကြီးနဲ့ ပြောလိုက်ပါတယ်။

အမှန်တော့ ဧကရီ ဘုရင်မ လွမ်ရှင်းကလည်း ဘာဖြစ်လို့ သူမထွက်လာရတယ် ဆိုတာကို မသိပါဘူး။ ဒါက လုံးဂကို ထင်မှတ်မထားတဲ့ ကိစ္စတစ်ခု ဖြစ်ပြီးတော့ သူမ အနေနဲ့ မရည်ရွယ်ပဲ လုပ်ရှားလိုက်မိတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမက ဒါကို ဂန်ခံလိမ့်မှာ မဟုတ်ပါဘူး။ သူမက ပြောလိုက်တယ်။

Edit with WPS Office

"အကြောင်းပြချက် ရှိရှိ မရှိရှိ ငါသတ်ချင်တဲ့ ဘယ်သူ့ကိုမဆို ငါသတ်လို့ရတယ်"

သူမက တကယ့်ကို မိန်းမရိုင်းလေး တစ်ယောက်ပါပဲ။

"ဒီနေ့တော့ မင်းငါ့ကို ရိုးရိုးသားသား ဖြေရှင်းချက်တစ်ခု ပေးရမယ်။ မင်းနဲ့ နံပါတ်ကိုး ဘုရင် အကြားမှာ ဘယ်လိုပတ်သက်မှုမျိုး ရှိနေတာလဲ။ ဘာဖြစ်လို့ မင်းက သူ့ခန္ဓာကိုယ်ထဲမှာ ပေးလာနိုင်တာလဲ"

လင်းဟာန်က လေးနက်တဲ့ ဟန်ပန်အမူအရာနဲ့ ပြောလိုက်ပါတယ်။

"ဒီလှိုု့ပုက်ချက်ကို ငါက ယုံကြည်လို့ မရတဲ့ လူတစ်ယောက်ကို ပြောပြမယ်လို့ နင်ထင်နေတာလား"

ဧကရီ ဘုရင်မ လွှမ့်ရှင်းက မထိတထိ ပြုံးနေရင်း သူမရဲ့ နှလုံးသားထဲမှာ ရှုးသွားသလိုမျိုး ခံစားနေပါတယ်။ သူက တောင်မြစ်အဆင့်ပဲ ရှိပေါ်သေးတယ်။ သူမရဲ့ အရှေ့မှာ တကယ့်ကို အာဏာရှင် တစ်ယောက်လို လုပ်နိုင်တာပဲလား။

ဘယ်အချိန်တုန်းကများ ကောင်းကင်ဘုံ

Edit with WPS Office

ခန္ဓာကိုယ်အဆင့်တွေက အရမ်းကို နိမ့်ကျသွား ရတာလဲ။

လင်းဟန်က သူမကို ခဏလောက်စိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

"ကောင်းပြီလေ။ ငါ့ရဲ့ လျှို့ဝှက်ချက် တချို့ကို ငါမင်းကို ပြောပြနိုင်တယ်။ ပြီးတော့ မင်းလည်း ငါ့ကို ဘာမှဖုံးကွယ်မထားနဲ့"

ဧကရီ ဘုရင်မ လွှမ်းရှင်းက လင်းဟန်ကို သူ့ကိုယ်သူ ဘာများထင်နေလဲလို့ မေးလိုက်ချင်ပါတယ်။ ပြီးတော့ ဘယ်လိုမျိုး အကြောင်းအရာကို အခြေခံပြီးတော့ သူမကို ဒီလိုတောင်းဆိုမှု တစ်ခု လုပ်ရတာလဲ။ ဒါပေမဲ့ သူမရဲ့ စိတ်ထဲမှာ ဒီနှစ်နှစ်အချိန်အတွင်း လင်းဟန်နဲ့ အချိန်ကုန်ခဲ့တာကို ပြန်စဉ်းစားမိနေပါတယ်။ အနည်းဆုံးတော့ သူမက သူ့အပေါ် ခုန်အုပ်တဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီမြင်ကွင်းက သူမရဲ့ နှလုံးသားကို တဒုတ်ဒုတ်နဲ့ အခုန်မြန်စေပြီးတော့ သူမရဲ့ မျက်နှာကို ရှက်သွေးတွေနဲ့ နီရဲသွားစေပါတယ်။ သူမရဲ့ ခန့်ညားတဲ့ ဟန်ပန်အမူအရာကလည်း လင်းဟန်ရဲ့ အရှေ့မှာ

Edit with WPS Office

အနည်းငယ် ပျော့ပျောင်းနူးညံ့ သွားစေခဲ့ပါတယ်။

"ငါ့ရဲ့နတ်ဘုရား အာရုံကို မခုခံနဲ့။ ငါမင်းကို ငါ့ရဲ့ သိုလှောင်နတ်ဘုရား ပစ္စည်းထဲ ခေါ်သွားမယ်"

Chapter 1144 end

အပိုင်း(1145) မြွေနဂါးကိုးကောင် မျိုးနွယ်စုရဲ့ လျှို့ဝှက်ချက်

လင်းဟာန်ဆီမှာ သိုလှောင်နတ်ဘုရား ပစ္စည်းတစ်ခုရှိတယ်ဆိုတာကို ဧကရီ ဘုရင်မ လွှမ့်ရှင်း သိထားပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် သူမက သူ့ကို တွန်းလှဲပြီးတော့ သူနဲ့ လင်မယားအရာ မြောက်ပြီးနေလောက်ပါပြီ။

ဒီအကြောင်းကို တွေးလိုက်မိတော့ သူမရဲ့ ချောမောလှပတဲ့ မျက်နှာက အမှတ်မထင် ရှက်သွေးဖြာ သွားမိပါတယ်။

လက်ရှိခန္ဓာကိုယ်ထဲမှာ သူမရဲ့ စွမ်းအားတွေ အားလုံးကို ထုတ်ဖော်လို့ မရနိုင်ပါဘူး။ ဒါကြောင့် သူမရဲ့ မျက်နှာအနားမှာ ရှေးဟောင်းအရှိန်အဝါနဲ့ ထိန်းသိမ်းထားလို့ မရနိုင်ပါဘူး။ လင်းဟာန်က သူမရဲ့ မျက်နှာအမူအရာကို

Edit with WPS Office

ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ခဲ့ပါတယ်။ အဲဒါက သူ့ကို အံ့အားသင့် သွားစေခဲ့ပါတယ်။ ဒီကောရီ ဘုရင်မက တကယ်ပဲ ရက်တတ်တဲ့ ဘက်ခြမ်း ရှိသေးတာလား။

အနောက်အရပ်ကနေ နေများထွက်နေသလား။

ကောရီ ဘုရင်မ လွှမ့်ရှင်းက အနည်းငယ် ဒေါသထွက်သွားပြီးတော့ ပြောလိုက်တယ်။

"နင်ငါ့ကို ဘာလို့စိုက်ကြည့်နေတာလဲ"

လင်းဟာန်က ရယ်ပဲရယ်ပြ လိုက်ပါတယ်။ သူ့အတွက်တော့ ဒီကောရီ ဘုရင်မကို ထပ်ပြီးတော့ ကြောက်ရွံ့ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

"လာခဲ့"

သူက ကောရီ ဘုရင်မကို သူ့ရဲ့က နတ်ဘုရားအာရုံနဲ့ ပိုင်းပတ်လိုက်ပြီးတော့ အနက်ရောင် မျှော်စင်ထဲ ခေါ်ဆောင်သွား လိုက်ပါတယ်။

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

Edit with WPS Office

ကေရီ ဘုရင်မ လွှမ့်ရှင်းက အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ ဒီသို့လှောင် နတ်ဘုရား ပစ္စည်းရဲ့ အတွင်းပိုင်း နေရာလွတ်က အရမ်းကို ကြီးမားကျယ်ပြန့်လွန်းပါတယ်။

"အရှေ့မှာ မင်းအတွက် မဖြစ်နိုင်တဲ့ အရာတွေ စောင့်နေတယ်"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ဒီကေရီ ဘုရင်မကို အရမ်းအံ့ဩသွားအောင် လုပ်လိုက်နိုင်တာက သူ့အတွက်တော့ အရမ်းကို အောင်မြင်မှု ရရှိသလိုမျိုး ခံစားရပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက လျှောက်လာရင်းနဲ့ ပိုပိုပြီးတော့ အံ့ဩလာသလို ခံစားလိုက် ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ နတ်ဘုရားဆေးပင် အမျိုးအစား အများကြီး ရှင်သန်ကြီးထွား နေပါတယ်။ အပင်တွေအားလုံး အသက်ဓာတ်စွမ်းအင်တွေ ပြည့်နှက်နေပြီး သူတို့ရဲ့ သက်တမ်းကလည်း အရမ်းကို

Edit with WPS Office

မြင့်မားပါတယ်။

အဲဒါက မယုံနိုင်စရာ ကောင်းလွန်းတာကို သူမက သတိထားမိပါတယ်။ လင်းဟာန်က မိုးကောင်းကင်ကို ခွဲဖွင့်ပြီးမှ ရောက်လာခဲ့ပြီး ဘယ်လိုလုပ် နတ်ဘုရား ဆေးပင်တွေ အများကြီးကို စိုက်ပျိုးထားနိုင်ရတာလဲ။

သူ့မှာလုံလုံလောက်လောက် အချိန်မရှိခဲ့ပါဘူး။

"လာခဲ့"

လင်းဟာန်က ကေရီ ဘုရင်မရဲ့ ကျစ်လျစ်တဲ့ လက်ကို ဖမ်းဆုပ်ပြီးတော့ အရှေ့ကို ပြေးသွားလိုက်ပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ချက်ချင်းပဲ ဒေါသထွက်သွားပါတယ်။ ငါ့လက်ကို ဆုပ်ကိုင်ဖို့ ဂါသနာ တော်တော်ပါနေတာလား။

သူမက သူ့ရဲ့ ဖမ်းဆုပ်မှုကနေ လွတ်မြောက်အောင် ကြိုးစားပြီးတော့ ရုန်းကန်လိုက်ပါတယ်။ ဒါပေမဲ့ သူမရဲ့ ခွန်အားက လင်းဟာန်ရဲ့ ခွန်အားနဲ့ ဘယ်လိုမှ ယှဉ်လို့မရဘူးဆိုတာကို အံ့အားသင့်ဖွယ်

Edit with WPS Office

သတိပြုမိသွားပါတယ်။ သူမက အံ့အားသင့် သွားမိပါတယ်။

သူမရဲ့ ကျင့်ကြံခြင်းအဆင့် ပြောင်းလဲသွားတာလည်း မဟုတ်ပါဘူး။ ဒါဆို ဘာဖြစ်လို့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ဖမ်းဆုပ်ထားမှုကနေ သူမက ဘာကြောင့် ရုန်းမထွက်နိုင်ရတာလဲ။ ဒါက ဖြစ်နိုင်ချေ ရှိပဲ့မလား။

"နင်"

သူမက အရမ်းကို အံ့အားသင့်နေတာကြောင့် စကားပြောတယ် ဆိုရုံပဲ ပြောနိုင်ပါတယ်။

"ငါ့ရဲ့ ကမ္ဘာကနေ ကြိုဆိုပါတယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒီနေရာမှာတော့ ငါက တစ်ဦးတည်းသော ဘုရင်ပဲ"

"ဟင့်"

မျှော်စင်လေးက ထွက်ပေါ်လာပြီး မကျေမနပ်နဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က မျက်နှာရှုံ့သွားပါတယ်။ အဲဒီနောက် သက်ပြင်းချလိုက်ပြီးတော့ ပြောလိုက်တယ်။

"ဟုတ်သားပဲ။ ဒီမှာ ဒီနတ်ဘုရား ပစ္စည်းရဲ့ ပစ္စည်းဂိညာဉ်လည်း ရှိသေးတယ်။ သူကတော့ ငါ့ကို ပိုင်ရှင်တစ်ယောက်လို လေးလေးနက်နက် ဘယ်တုန်းကမှ မဆက်ဆံဘူး"

"ကောင်းပြီး အဲဒါနဲ့ ပတ်သက်ပြီး ငါအရမ်းကိုစိတ်မကောင်းပါဘူး"

မျှော်စင်လေးက ငေါ့တော့တော့နဲ့ ပြောလိုက်ပါတယ်။

ကေရီ ဘုရင်မ လွှမ်းရှင်းက အံ့အားသင့်ပြီးတော့ ဘာပြောလို့ပြောရမှန်းမသိအောင် ကြက်သေ သေသွားခဲ့ပါတယ်။ ဒါက ဘယ်လိုနတ်ဘုရား ပစ္စည်းမျိုးလဲ။ ဘယ်လိုလုပ် အရမ်းကို အထင်ကြီးဖို့ ကောင်းနေရတာလဲ။ သူက လင်းဟန်ရဲ့ စွမ်းအားကို သူ့ထက်သာလွန်တဲ့ အဆင့်တစ်ခုထိ တိုးမြှင့်ပေးနိုင်ပါတယ်။ ပြီးတော့ ဘာဖြစ်လို့ ဒီပစ္စည်းဂိညာဉ်က အရမ်းကို လူသားဆန်ရတာလဲ။

Edit with WPS Office

ကြည့်ရတာ ပစ္စည်းစိတ်ဂိညာဉ် တစ်ခုနဲ့ မတူပါဘူး။ သူတို့က ခံစားချက်မရှိပဲ စည်းမျဉ်းဥပဒေ အမျိုးအစားတွေရဲ့ အတိုင်း လိုက်သင့်တယ် မဟုတ်လား။

သူတို့က အလျင်အမြန်ပဲ ပြန်လည်မွေးဖွားခြင်း သစ်ပင်အရှေ့ကို ရောက်လာခဲ့ပါတယ်။

"ဟင်"

လေလွင့်သူတော်စင်က သူတို့ကို သတိပြုမိတဲ့ အရင်ဆုံးလူ ဖြစ်ပါတယ်။ ကေရီ ဘုရင်မ လွှမ်းရှင်းကို မြင်လိုက်တာနဲ့ သူရဲ့မျက်နှာပေါ်မှာ ပဟေဠိဆန်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီး သူက ပြောလိုက်တယ်။

"မင်းက အရင်ငါတွေ့ဖူးတဲ့ မိန်းကလေးကို သတိရစေတယ်။ ဒါပေမဲ့လည်း မင်းက တခြားလူ တစ်ယောက် ဖြစ်နေတယ်။ ထူးဆန်းတယ်"

ကန်းရီနဲ့ ကျန်တဲ့သုံးယောက်စလုံးက သူ့ကို ရိုရိုသေသေနဲ့ နှုတ်ဆက်ဂါရဝ ပြုလိုက်ပါတယ်။

"သခင်လေးဟာန်"

Edit with WPS Office

လင်းဟာန်က သူတို့ကို လက်ပွေ့ယမ်းပြပြီးတော့ ပြောလိုက်တယ်။

"မင်းတို့တွေ စိုးရိမ်ပူပန်စရာအကြောင်း မရှိဘူး။ ဆက်ပြီးတော့ ကျင့်ကြံအားထုတ်ပြီး တန်ခိုးရှင် အဆင့်ကို အမြန်ဆုံး အဆင့်တက်အောင်လို့ ကြိုးစားကြ"

"နားလည်ပါပြီ"

သူတို့လေးယောက်က ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်က သူတို့ရဲ့ နေရာကို ပြန်သွားပြီး ဆက်လက်ကျင့်ကြံ အားထုတ်လိုက် ကြပါတယ်။

အဲဒီအချိန် ဧကရီ ဘုရင်မ လွှမ့်ရှင်းက ပြန်လည်မွေးဖွားခြင်း သစ်ပင်ကို စိုက်ကြည့်နေပြီး သူမက ဒီနတ်ဘုရား သစ်ပင်ကို သတိပြုမိတဲ့ ပုံစံပါပဲ။ အတော်ကြာပြီးတဲ့နောက် သူမက အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။

"ဒါက ပြန်လည်မွေးဖွားခြင်း သစ်ပင်ပဲ"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"မင်းက တကယ့်ကို ဗဟုသုတ တော်တော်ရှိတာပဲ။

Edit with WPS Office

ပြန်လည်မွေးဖွားခြင်း သစ်ပင်ကိုတောင် သတိပြုမိတယ်”

ကေရီ ဘုရင်မ လွှမ့်ရှင်းက ခဏလောက်စဉ်းစားပြီးတော့ ပြောလိုက်တယ်။

“နင်က ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ မျိုးစေ့တစ်စေ့ကို တစ်ခါတုန်းက ဂယ်ခဲ့ဖူးတယ်။ အဲဒါက ဒီသစ်ပင်များ ဖြစ်နေမလား”

“အရမ်းတော်တယ်”

လင်းဟန်က လက်မထောင်ပြီးတော့ ကေရီ ဘုရင်မ လွှမ့်ရှင်းကို ချီးကျူးလိုက်ပါတယ်။ ဒီရက်ရက်စက်စက် လုပတဲ့ မိန်းမချောလေး အတွက်ကတော့ ဘယ်လောက်ပဲ ချီးကျူးချီးကျူး ပြည့်စုံလိမ့်မှာ မဟုတ်ပါဘူး။

ကေရီ ဘုရင်မ လွှမ့်ရှင်းက လင်းဟန်ရဲ့ ချီးကျူးမှုကို အာရုံစိုက် မထားခဲ့ပါဘူး။ အဲဒီအစား သူမက ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မလဲ ဆိုပြီးတော့ စဉ်းစားရင်းနဲ့ ပြောလိုက်ပါတယ်။

“နင် တန်ခိုးရှင်ဘုံကိုရောက်တာမှ နှစ်နှစ်ကျော်ကျော်ပဲ

Edit with WPS Office

ရှိသေးတယ်။ နင်ဘာလုပ်ခဲ့တယ် ဆိုတာကို အသာထားဦး။ နတ်ဘုရား ဆေးပင်တွေ အများကြီး ရယူနိုင်ဖို့ဆိုတာ နင့်အတွက် မဖြစ်နိုင်ဘူး။ ပြန်လည်မွေးဖွားခြင်း သစ်ပင်ဆိုရင်တော့ ပြောနေစရာတောင်မလိုဘူး။ အဲဒါကြောင့် ဖြစ်နိုင်ချေ တစ်ခုတည်းပဲ ရှိတယ်"

သူမက မျက်ခုံးပင့်ပြီးတော့ ပြောလိုက်တယ်။

"နင့်မှာ နတ်ဘုရား ဆေးပင်တွေရဲ့ ကြီးထွားမှုကို အရှိန်မြှင့်တင်နိုင်စွမ်း ရှိတယ်"

"ဟဲဟဲ"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဘယ်လိုလဲ။ မင်းဒီနေရာမှာ ကျင့်ကြံအားထုတ်ချင်လား။ ဒါက ပြန်လည်မွေးဖွားခြင်း သစ်ပင်ပဲ။ ဒါကြောင့် ဒီနေရာမှာ တစ်ရက်ကျင့်ကြံအားထုတ်တာက တစ်နှစ်လောက်နဲ့ ညီမျှတယ်"

ကောရီ ဘုရင်မ လွှမ့်ရှင်းက ဒီကမ်းလှမ်းချက်ကြောင့် အရမ်းကို စိတ်လှုပ်ရှားသွားမိပါတယ်။ မူလစွမ်းအင်ကို

Edit with WPS Office

စုစည်းခြင်းက သူမလို လက်ရွေးစင် တစ်ယောက်အတွက် လွယ်ကူတဲ့ အလုပ်တစ်ခု ဖြစ်ပါတယ်။ သူမက ဒီကိစ္စကို နှစ်ထောင်ပေါင်း အနည်းငယ် အတွင်းမှာ ပြီးပြည့်စုံ စေနိုင်ပါတယ်။ ဒါပေမဲ့လည်း မဟာတာအိုကို ခွဲခြမ်းစိတ်ဖြာတာက လုံးဝကို မတူညီ ကွဲပြားခြားနားပါတယ်။ ဒီအဆင့်က နှစ်သန်းပေါင်းများစွာ ဒါမှမဟုတ် နှစ်ပေါင်းဆယ်သန်းကျော် အချိန်ယူရနိုင်ပါတယ်။

ဒီကြယ်စင်အစုအဝေးထဲမှာ ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ပဲ ရှိတဲ့အချက်ကို ကြည့်မယ်ဆိုရင် ဒီအဆင့်က ဘယ်လောက်တောင် ခက်ခဲလဲ ဆိုတာကို သက်သေပြနေပါတယ်။

ဧကရီ ဘုရင်မ လွှမ့်ရှင်းက လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ မေးလိုက်တယ်။

"အဲဒီအတွက် ဘာအပေးအယူရှိလဲ"

ဒီလို မျက်နှာသာ ပေးမှု။ မဟုတ်သေးဘူး။ ဒါက မျက်နှာသာပေးမှုထက် ကျော်လွန်သွားပါပြီ။ တကယ်လို့

Edit with WPS Office

လင်းဟန်မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင်
ပိုင်ဆိုင်ထားတယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို
ပေါက်ကြားစေမယ်ဆိုရင် သူက သေချာပေါက်
ဒီကမ္ဘာကြီးထဲက သူတော်စင်တွေ အားလုံးရဲ့
အမဲလိုက်ခြင်းကို ခံရပါလိမ့်မယ်။

မင်းငါ့ကို လက်မထပ်ချင်ဘူးလား။

လင်းဟန်ရဲ့ အမူအရာက အလေးအနက် ဖြစ်လာပြီးတော့
ပြောလိုက်ပါတယ်။

"ငါစောစောကပဲ ပြောပြီးပြီ။ ငါ့ရဲ့ အကြီးမားဆုံး
လျှို့ဝှက်ချက် မင်းကို ပြောပြမယ်။ အလဲအလှယ် အနေနဲ့
မင်းကလည်း မင်းရဲ့ လျှို့ဝှက်ချက်ကို ငါ့ပြောပြရမယ်"

ဇေရီ ဘုရင်မ လွမ့်ရှင်းက ဒါကိုကြားပြီးတော့
နာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

ဒါက ကလေးတွေ ကစားနေတယ်လို့ နင်ထင်နေတာလား။
နင်ကငါ့ကို လျှို့ဝှက်ချက် တစ်ခု ပြောပြီး ငါက နင့်ကို
တစ်ခုပြန်ပြောရမယ်ပေါ့။

Edit with WPS Office

ဒါပေမဲ့လည်း လင်းဟန်က အတော်လေး ယုံကြည်ရတဲ့ လူတစ်ယောက်ဆိုတာကိုတော့ သူမက ဝန်ခံရပါလိမ့်မယ်။ တကယ်တော့ သူ့မှာရှိတဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရဲ့ လျှို့ဝှက်ချက်ကိုတောင် ထုတ်ဖော်ခဲ့ပါသေးတယ်။ သူမက အနည်းငယ်တော့ စိတ်လှုပ်ရှားသွား မိခဲ့ပါတယ်။

ဟုတ်တယ်။ ဒါက နည်းနည်းပါပဲ။ သူမက သူမဘာသာ စိတ်ဖိစီးနေခဲ့ပါတယ်။

"နင်က ဘာသိချင်တာလဲ"

ကောရီ ဘုရင်မက မာနကြီးစွာနဲ့ မေးလိုက်ပါတယ်။

"ဒီခန္ဓာကိုယ်နဲ့ မင်းက ဘယ်လိုမျိုး ပတ်သက်ဆက်နွယ်နေလဲ"

လင်းဟန်က မေးလိုက်ပါတယ်။ ဒါက ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ် ဆိုတာ ထင်ရှားပါတယ်။ သူမက ရုတ်တရက်ကြီး ကောရီ ဘုရင်မ လွှမ့်ရှင်း ဖြစ်လာပါတယ်။ သူမရဲ့ စွမ်းအားကလည်း ဒီပြောင်းလဲမှုနဲ့အတူ မြင့်တက်လာခဲ့တယ် ဆိုပေမဲ့ ကောရီ ဘုရင်မ လွှမ့်ရှင်းရဲ့ မူလခန္ဓာကိုယ်လို

Edit with WPS Office

တူညီတဲ့ အမြင့်ကိုတော့ မရောက်သေးပါဘူး။ ဒါတောင်မှ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ရှိနေပါသေးတယ်။

"ဟားဟား ငါနားလည်ပြီ"

လေလွင့်သူတော်စင်က ရုတ်တရက် အော်ဟစ်လိုက်ပါတယ်။ သူက ဘေးနားကနေ နားထောင် နေရတာကို တင်းတိမ်ရောင့်ရဲခြင်း မရှိပါဘူး။

"စီနီယာက သိနေတာလား"

လင်းဟန်က အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"ဒါပေါ့"

လေလွင့်သူတော်စင်က ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုပြီးတော့ ဘဝင်ခိုက်နေတဲ့ ပုံစံနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ဒါက ရိုးရိုးလေးပါ။ သူမက မြွေနဂါးကိုးကောင် မျိုးနွယ်စုကလေ"

လင်းဟန်က လုံးဂကို ခေါင်းရှုပ်သွားခဲ့ပါတယ်။ သူမရဲ့

Edit with WPS Office

မျိုးနွယ်စုက ဘယ်လိုလုပ်ပြီး ဒီလိုမျိုး လုပ်လို့ ရတာလဲ။

ဇောရီ ဘုရင်မ လွှမ့်ရှင်းက ဒါကိုကြားလိုက်ရတဲ့ အခါမှာ ဂင်ဖြေလိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် လေလွင့်သူတော်စင်က သူမရဲ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပါလိမ့်မယ်။

"မြွေနဂါးကိုးကောင် မျိုးနွယ်စုမှာ သဘာဝ ပါရမီတစ်ခု ရှိတယ်။ အဲဒါက ငါတို့ဟာ ကိုယ်ပွား ကိုးခုကို ခွဲပြီးတော့ ထိန်းသိမ်းနိုင်စွမ်းရှိတယ်"

လင်းဟန်က တဒင်္ဂခန့် မှင်သက်တွေဝေ သွားခဲ့ပါတယ်။ အဲဒီနောက် သူက ရုတ်တရက် သတိပြန်ဝင်လာပြီးတော့ ပြောလိုက်တယ်။

"ဒါက မင်းရဲ့ ကိုယ်ပွားတစ်ခုလား။ ခဏနေပါဦး။ ဘုရင်ကိုးပါး။ ဘုရင်ကိုးပါးလုံးက မင်းရဲ့ ကိုယ်ပွားကိုးခုလား"

"အမှန်ပဲ"

ဇောရီ ဘုရင်မ လွှမ့်ရှင်းက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

နောက်ဆုံးတော့ လေလွင့်သူတော်စင်က ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ စွမ်းအားက ကြယ်ကိုးပွင့်ကို ရောက်နေသင့်ပြီး သူမထုတ်ဖော်ပြသတဲ့ စွမ်းအားက အဲဒီအဆင့်ထက် နိမ့်ကျနေတယ်လို့ ပြောဆိုခဲ့တာကို နားလည်သဘောပေါက်သွားခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကေရီ ဘုရင်မက သူမရဲ့ စွမ်းအားတွေကို သူမကိုယ်ပွား ကိုးခုကို ခွဲပေးလိုက်လို့ ဖြစ်ပါတယ်။

ဘုရင်ကိုးပါးက ဒီလိုမျိုး ဂုဏ်ကြွားတဲ့ နေရာတွေကို လက်ခံရရှိထားပြီး ကေရီ ဘုရင်မရဲ့ အကြွင်းမဲ့ ထောက်ခံချက်ကို ရရှိထားတာက အံ့သြစရာ မဟုတ်တော့ပါဘူး။ ဒီအတွက် အကြောင်းပြချက်က ရိုးရိုးလေးပါပဲ။ ဘုရင်ကိုးပါးက ကေရီ ဘုရင်မ လွမ့်ရှင်းပဲ ဖြစ်ပါတယ်။

ကေရီ ဘုရင်မ လွမ့်ရှင်းက ပဟေဠိ နည်းနည်းဖြစ်နေသေးတဲ့ လင်းဟန်ကို မြင်လိုက်တဲ့ အခါမှာ သူမက ဆက်ပြီးတော့ ပြောလိုက်တယ်။

"ငါက သေခြင်းကိုးပါး ကောင်းကင်ပညာကို

Edit with WPS Office

ကျင့်ကြံအားထုတ်ထားပြီး ခန္ဓာကိုယ် ကိုးခုကို ခွဲခြားပြီး ဖြစ်ပေါ်စေခဲ့တယ်။ ငါ့ရဲ့ ကိုယ်ပွားအားလုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်သွားတဲ့ အချိန်ကျရင် ငါ့ရဲ့ မူလခန္ဓာကိုယ်က အစွမ်းတွေ ပြန်ပြည့်လာပြီး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်နိုင်စွမ်း ရှိလာလိမ့်မယ်”

လင်းဟာန်ရဲ့ မျက်လုံးတွေက အံ့အားသင့်မှုကြောင့် ပြူးသွားပြီးတော့ သူက ပြောလိုက်တယ်။

“တကယ်ဆို မင်းက ထာဝရမြစ်အဆင့်ကို ချိုးဖျက်ဝင်ရောက်နိုင်စွမ်း ရှိနေပြီ။ ဒါပေမဲ့လည်း မင်းက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ပြီးပြည့်စုံခြင်းရောက်အောင်လို့ ကျင့်ကြံအားထုတ်ချင်တာကြောင့် ဒီတချိန်လုံး မင်းက အချိန်ဆွဲထားတာပေါ့ ဟုတ်လား”

“နင်ဘယ်လိုထင်လဲ”

ကေရီ ဘုရင်မ လွှမ်းရှင်းက မာနကြီးစွာနဲ့

Edit with WPS Office

ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်နေလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ စိတ်ထဲမှာတော့ သူမကို ကြည်ညိုလေးစား သွားမိပါတယ်။

ထင်ထားတဲ့ အတိုင်းပဲ သတ္တိရှိပြီး ထူးချွန်ထက်မြက်တဲ့ ကေရီ ဘုရင်မ တစ်ပါးပဲ။ သူမက ပြီးပြည့်စုံခြင်း အခြေအနေ တစ်ခုကို ကျင့်ကြံအားထုတ်ဖို့ ကိုယ်ပွားကိုးခုကိုတောင် ဖြစ်ပေါ်စေခဲ့ပြီး ဒီလိုမျိုး အချိန်တွေ အများကြီး ဆွဲဆန့်ထားခဲ့တယ်။

"တကယ်လို့ မင်းကိုယ်ပွားတွေထဲက တစ်ခုက ဆိုးဆိုးဝါးဝါး တစ်စုံတစ်ခု ဖြစ်သွားမယ် ဆိုရင်ရော"

"ဒါဆိုရင် ငါလည်း တာအိုဒဏ်ရာတစ်ခုကို ထာဝရ ခံစားရပြီးတော့ အစွမ်းထက်ဆုံး ဖြစ်လာမဲ့ အခွင့်အရေးကို ဆုံးရှုံးသွားရလိမ့်မယ်"

Chapter 1145 end

အပိုင်း(1146) ကေရီ ဘုရင်မနဲ့အတူ အတွင်းကျကျ

Edit with WPS Office

စကားပြောဆိုခြင်း

"ဒါဆို မင်းက အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ ကြိုးစားတဲ့ အချိန်တိုင်း ကိုယ်ပွားကိုးခုကို ဖြစ်ပေါ်စေခဲ့တာလား"

လင်းဟာန်က မေးလိုက်တယ်။

"မှန်တယ်"

ကောရီ ဘုရင်မ လွှမ့်ရှင်းက လေးနက်တဲ့ အမူအရာတစ်ခုနဲ့အတူ ခေါင်းညိတ်လိုက်ပြီးတော့ ဆက်ပြောလိုက်ပါတယ်။

"ငါ့ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာလေ ငါ့ကိုယ်ပွားကိုးခုအတွက် အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ အချိန်ပိုပြီးတော့ ယူရတယ်။ ဒါက စမ်းသပ်မှု တစ်ခုလည်းဖြစ်တယ်။ တကယ်လို့ ထာဝရမြစ်အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ အထွတ်အထိပ် အဆင့်ကိုလိုက်မယ်ဆိုရင် ငါက မူလဇစ်မြစ်အဆင့်ကို ရောက်ဖို့ လုံလောက်တဲ့ အချိန် ရှိချင်မှ ရှိလိမ့်မယ်"

Edit with WPS Office

"ဒါပေမဲ့လည်း...."

သူမက ခဏတန့်သွားပြီးမှ စကားပြန်ဆက်လိုက်ပါတယ်။

"ဒီနေရာမှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိနေတာကြောင့် အရာအားလုံး အခုပြောင်းလဲသွားပြီ"

အခြေအနေက တကယ့်ကို ပြောင်းလဲသွားခဲ့ပါပြီ။ လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လေ မဟာတာအိုကို ခွဲခြမ်းစိတ်ဖြာဖို့ အချိန်ပိုပြီးတော့ ကြာကြာယူရပါလိမ့်မယ်။ ဒါပေမဲ့လည်း ပြန်လည်မွေးဖွားခြင်း သစ်ပင်က လူတစ်ယောက်ရဲ့ မဟာတာအို ခွဲခြမ်းစိတ်ဖြာမှုကို အထောက်အကူ ပေးနိုင်ပါတယ်။ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တစ်ရက်လောက် ခွဲခြမ်းစိတ်ဖြာတာက အပြင်ဘက် ကမ္ဘာမှာ တစ်နှစ်နဲ့ ညီမျှပါတယ်။ ကိုယ်ပွားကိုးခုကို မဆိုထားနဲ့ ကိုယ်ပွားကိုးဆယ်လောက် ကျင့်ကြံအားထုတ်မယ် ဆိုရင်တောင် ပြဿနာမရှိပါဘူး။

လင်းဟာန်က ကေရီ ဘုရင်မကို

Edit with WPS Office

မျက်စိဝေ့ကြည့်လိုက်ပါတယ်။ သူမက ဘာကိုဆိုလိုတာလဲ။ သူမက လင်းကလန်ရဲ့ လူတစ်ယောက် မဖြစ်သေးပဲနဲ့ လင်းကလန်ရဲ့ အရင်းအမြစ်တွေ အပေါ်မှာ အမြတ်ထုတ်ချင်နေတာလား။

"အဟမ်း"

လင်းဟန်က ချောင်းတစ်ချက် ဟန့်လိုက်ပါတယ်။

"အဲဒါက အင်း....။ ငါ့ရဲ့ လျှို့ဝှက်ချက် မင်းကို မျှဝေတယ်ဆိုပေမဲ့ ပြန်လည်မွေးဖွားခြင်း သစ်ပင်ကို ဝေမျှမယ်လို့ ငါဘယ်တုန်းကမှ မပြောခဲ့ဖူးပါဘူး"

"မိုးကောင်းကင်အောက်က ကုန်းမြေတွေ အားလုံးက အင်ပါယာရဲ့ အမိန့်ဩဇာအာဏာ အောက်မှာရှိတယ်"

ဇေရီ ဘုရင်မ လွှမ်းရှင်းက ဂရုမစိုက်တဲ့ ပုံစံနဲ့ ပြောလိုက်ပါတယ်။

"နင်က ငါ့အင်ပါယာထဲက တိုင်းသူပြည်သား တစ်ယောက်ပဲ။ နင့်ကို ပြန်လည်မွေးဖွားခြင်း သစ်ပင် ဆက်ပြီးတော့ ထိန်းသိမ်းခွင့်ပြုပြီးတော့ ငါ့ရဲ့ ရက်ရောတဲ့ စေတနာကို

Edit with WPS Office

ဖော်ပြခဲ့ပြီးပြီ။ နင်က နင့်အတွက် အကျိုးအမြတ် အားလုံးကို သိမ်းထားချင်နေသေးတာလား”

သောက်ကျိုးနည်း ထင်ထားတဲ့ အတိုင်းပဲ အုပ်ချုပ်သူ တစ်ယောက်က တကယ့်ကို မယုံကြည် ရတာပဲ။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“ဒါက ငါ့ရဲ့ တန်ဖိုးအရှိဆုံး ရတနာ ပစ္စည်းပဲ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အပြင်လူတွေနဲ့ မျှဝေနိုင်မှာလဲ။ မင်းအတွက် ဒီနေရာမှာ ကျင့်ကြံအားထုတ်ဖို့ မဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကြည့်လိုက် ဒီလေးယောက်က ငါ့ရဲ့ နောက်လိုက်တွေနဲ့ ဒီစီနီယာက ဒါကို မေ့ထားလိုက်။ သူက လူတစ်ယောက်တောင် မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် မင်းက ငါတို့ထဲက တစ်ယောက် မဟုတ်ဘူး။ ဒါကြောင့် ဒီနေရာမှာ ကျင့်ကြံအားထုတ်လို့ မရနိုင်ဘူး”

လေလွင့်သူတော်စင်က စိတ်တိုသွားပါတယ်။ တကယ်လို့ သူက လူတစ်ယောက် မဟုတ်ဘူးဆိုရင် ဘာဖြစ်သွားပြီလဲ။

Edit with WPS Office

သူ့ကို အခုလိုမျိုး စော်ကားဖို့ မလိုပါဘူး။ လိုလို့လား။ အနည်းဆုံးတော့ သူက သူတော်စင် တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။ ဟုတ်ပြီလား။

ဟူး။ ငါက တစ်စုံတစ်ယောက်ရဲ့ အမိုးအောက်မှာ နေနေရတယ်။ ဒါကြောင့် ငါဒါကို သည်းခံမှပဲ ရမယ်။

ကေရီ ဘုရင်မ လွှမ်းရှင်းက ဘယ်လိုလုပ်ပြီးတော့ လင်းဟန်ရဲ့စကားတွေကို နားမလည်နိုင်မှာလဲ။ ငါတို့ထဲက တစ်ယောက်။ ငါတို့ထဲက တစ်ယောက်ဆိုတာဘာလဲ။ သူမက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြန်ဖြေလိုက်ပါတယ်။ ဒီကောင်စုတ်က သူမနဲ့ ပတ်သက်ပြီး ညစ်ပတ်တဲ့ အတွေးတွေ တကယ့်ကို ရှိနေတာပဲ။

ဒါပေမဲ့လည်း သူမက ဘာကြောင့်မှန်းမသိ ဒေါသထွက်လို့ မရနိုင်အောင် ဖြစ်နေပါတယ်။

တကယ်လို့ လင်းဟန်က တကယ့်ကို အရက်မရှိတဲ့ အောက်တန်းစား လူတစ်ယောက် ဖြစ်ရိုးမှန်ရင် ဟိုးလွန်ခဲ့တဲ့ အချိန်ကတည်းက သူမနဲ့ လင်မယားအရာ မြောက်နေပါပြီ။

Edit with WPS Office

ဘာဖြစ်လို့ အခုချိန်ထိ သူက စောင့်နေစရာအကြောင်း ရှိမှာလဲ။

ဘယ်လောက် ထူးဆန်းတဲ့ လူလဲ။

"ဒါဆိုရင် နင်ကဘာလိုချင်တာလဲ"

သူမက မျက်လုံးတွေကို မှေးလိုက်ပြီးတော့ သူမရဲ့ ခန္ဓာကိုယ်ကနေ အွန္တရာယ် အငွေ့အသက် အရှိန်အဝါ တစ်ခု ထုတ်လွှတ်လိုက်ပါတယ်။

"ဟဲဟဲ မင်းမလှုပ်ရှားခင် မင်းရဲ့အပြုအမူတွေကို သေသေချာချာ စဉ်းစားရင် ပိုကောင်းမယ်"

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါက ငါ့ပိုင်နက်ပဲ။ ဒါကြောင့် ငါဘာပဲဖြစ်ဖြစ် ပြောနိုင်တယ်။ အရမ်းကြီး အစွမ်းထက်သလိုမျိုး မလုပ်နဲ့ ဒါမှမဟုတ် မင်းက ငါ့ကြောင့် အပြစ်ပေးခံရမယ်ဆိုတာကို ဂရုစိုက်စေချင်တယ်"

သူက ဒီဇေရီ ဘုရင်မရဲ့ တင်ပါးကို ရိုက်ပစ်ချင်နေတာ အတော်ကို ကြာနေပါပြီ။ ဒါက ဇေရီ ဘုရင်မရဲ့ မူလခန္ဓာကိုယ် မဟုတ်ပေမဲ့ ကိစ္စအများကြီး မရှိပါဘူး။

Edit with WPS Office

သူမရဲ့စိတ်နဲ့ ဂိညာဉ်က ဒီခန္ဓာကိုယ် အထဲမှာ ရှိနေပါတယ်။ ဒါကြောင့် ဒီခန္ဓာကိုယ်က ဘယ်လိုပဲ ခံစားရ ခံစားရ သူမက သေချာပေါက် ခံစားရပါလိမ့်မယ်။

ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ လှပ်မ်းမိုးနိုင်စွမ်းရှိတဲ့ အရှိန်အဝါက ချက်ချင်းပဲ အားနည်းလာခဲ့ပါတယ်။ တကယ်လို့ အပြင်ဘက် ကမ္ဘာမှာသာဆိုရင် သူမက လင်းဟာန်ကို လက်တစ်ဖက်တည်းနဲ့ ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ ဒီနေရာမှာတော့။ စိတ်မကောင်းပါဘူး။ ဒါက လင်းဟာန်ရဲ့ ပိုင်နက်ဖြစ်ပါတယ်။ သူဘာပဲပြောပြော အရာအားလုံး ဖြစ်နိုင်တဲ့ နေရာပါ။

လင်းဟာန်က သူ့လက်တွေကို ပွတ်လိုက်ပြီးတော့ သူ့အမူအရာက ကေရီ ဘုရင်မ လွမ့်ရှင်းကို ဖွတ်အတင်း လုပ်ဖို့ကို စိတ်အားထက်သန် နေသလိုပါပဲ။

ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ မျက်လုံးတွေ ပြူးလာခဲ့ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။

"စောစောတုန်းက မင်းဘာဖြစ်လို့ ထွက်ပေါ်လာရတာလဲ။

Edit with WPS Office

မင်းက သဂန်တိုလို့ပဲ ဖြစ်ရမယ် ဟုတ်တယ်မလား"

"ဟင့်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"သဂန်တိုတယ် ဟုတ်လား။ ငါ့မှာ အချိန်တွေ အများကြီး ပိုနေတယ်လို့ နင်ထင်နေလား"

"ဒါဆိုရင် ဘာဖြစ်လို့ မင်းက ဂင်စွက်ဖက်တာလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူက ကေရီ ဘုရင်မနဲ့ အချိန်တွေဖြုန်းပစ်ဖို့ဆို စိတ်ထဲမထည့်ပါဘူး။

"ဘာကြောင့် ငါက နင့်ကို ပြောပြရမှာလဲ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အေးစက်စက် ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က စပ်ဖြဲဖြဲပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ဒီအတွက် တောင်းဆိုနေတာပဲ"

သူက ကေရီ ဘုရင်မကို မပြီးတော့ သူမကို သူ့ဒူးပေါ်

Edit with WPS Office

ဖိချလိုက်ပါတယ်။ အဲဒီနောက် သူက သတိပေးစကား
တစ်ခွန်းမှ မဆိုပဲ နိမ့်ကျတဲ့ လူတစ်ယောက်လိုမျိုး
စတင်လုပ်ဆောင် လိုက်ပါတယ်။

ဖြန်း ဖြန်း ဖြန်း ဖြန်း။

သူက ကောရီ ဘုရင်မရဲ့ တင်ပါးကို စပြီးတော့
ရိုက်နှက်နေပါတယ်။

သူက အနက်ရောင် မျှော်စင်ထဲမှာ အစွမ်းထက်ဆုံး
ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ မျှော်စင်လေးက လွဲရင်ပေါ့။

လင်းဟာန်က သူ့ကိုယ်သူ တော်ဝင်မြင့်မြတ်တဲ့
ပင်ကိုယ်စရိုက်ရှိ လူတစ်ယောက်လို့ ဘယ်တုန်းကမှ
မသတ်မှတ်ထားပါဘူး။ ပြီးတော့ သူ့ကိုယ်သူ
အားသုံးတာကနေ သူ့ကို ရပ်တန့်ဖို့ တစ်ခုတည်းသော
နည်းလမ်းက သူက အဓိကပါပဲ။ ဒါပေမဲ့လည်း သူတို့က
ပွေ့ဖက်ခဲ့ဖူးပြီး တစ်ယောက်နဲ့ တစ်ယောက် အထိအတွေ့
ခံစားခဲ့သလို နမ်းရှုပ်ခဲ့ပါတယ်။ လင်းဟာန်ရဲ့
စာအုပ်အတိုင်းဆို သူမက သူ့ရဲ့ မိန်းမဖြစ်နေပါပြီ။

Edit with WPS Office

သူတို့က အတော်ကို လွန်တဲ့အထိ ရောက်ဖူးပြီးပါပြီ။ ဒါကြောင့် သူက ဒီကေရီ ဘုရင်မက တခြားလူတစ်ယောက်နဲ့ လက်ထပ်မှာ ဘယ်လိုလုပ်ပြီးတော့ ခွင့်ပြုနိုင်မှာလဲ။ မဖြစ်နိုင်ပါဘူး။

ဒါကြောင့် ကေရီ ဘုရင်မရဲ့ တင်ပါးကို ရိုက်နက်ရတာ သူ့အပေါ်မှာ ဘာဂန်ထုပ်ဂန်ပိုးမှ မရှိပါဘူး။

ကေရီ ဘုရင်မက လွတ်အောင်လို့ အပြင်းအထန် ရုန်းကန်နေပါတယ်။ ဒါက အရမ်းကို ရှက်စရာ ကောင်းလွန်းပါတယ်။

"လူယုတ်မာ"

သူမက အံကိုကြိတ်ပြီး တံတွေးထွေးလိုက်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ အသံက ဆွဲမက်စရာ ကောင်းပြီးတော့ ဆွဲဆောင်မှု ပိုရှိသွားပါတယ်။

သူမက အခုချိန်မှာ ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပါတယ်။ ဒါကြောင့် သူမက ရက်ရက်စက်စက် လုပချော်မောခြင်း မရှိပေမဲ့လည်း သူမက အရမ်းကို

Edit with WPS Office

ချောမောလှပနေ ပါသေးတယ်။ ဒါပေမဲ့လည်း အခု သူမက ကေရီ ဘုရင်မရဲ့ စိတ်ဂိညာဉ်ကို ပိုင်ဆိုင်ထားပြီး သူမရဲ့ လှုပ်ရှားမှုတိုင်းမှာ မိန်းမသားဆန်ဆန် ဆွဲဆောင်မှုနဲ့ ဆွဲမက်စရာတွေ ပြည့်နှက်နေပါတယ်။

လင်းဟာန်က စပ်ဖြဲဖြဲ ရယ်ပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် မင်းငါ့ကို အခုပြောပြတော့မလား"

"နင် သေချင်နေတာလား"

ကေရီ ဘုရင်မက ဒေါသတကြီးနဲ့ မေးလိုက်ပါတယ်။ လင်းဟာန်က ဒီလိုမျိုးဆိုတာကို သူမ ဘယ်တုန်းကမှ ထင်မှတ်မထားမိပါဘူး။ နှစ်နှစ်လောက် အတူတကွ နေခဲ့တဲ့ အချိန်အတောင်းမှာ အရမ်းကို ချုပ်တည်းထားနိုင်တဲ့ လူဖြစ်ပါတယ်။ အဲဒီလို လူတစ်ယောက်က တကယ်ပဲ ဒီလိုမျိုး မဖွယ်မရာကောင်းတာကို လုပ်နေတာလား။ သူက တကယ်ပဲ သူမတင်ပါးကို ရိုက်နေပါတယ်။

သူမရဲ့ တင်ပါးတစ်ခုလုံး ထုံနေတာမျိုးကို ခံစားနိုင်ပါတယ်။ အဲဒါက နာကျင်တာ မဟုတ်ပဲ သူမရဲ့ စိတ်ထဲမှာ

Edit with WPS Office

အမျိုးအမည်မသိတဲ့ ခံစားမှုတချို့ ဖြစ်ပေါ်လာသလို ခံစားရပြီး သူမရဲ့ ခြေထောက်တွေကို မရည်ရွယ်ပဲ ကပ်ထားလိုက်မိပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်း သင်ခန်းစာကောင်းကောင်း ရသွားပြီ မဟုတ်လား"

ဒီကိုယ်ပွားရဲ့ တင်ပါးကို ရိုက်နှက်ရတာ အရမ်းကို အံ့သြစရာကောင်းလောက်အောင် ခံစားရပါတယ်။ ဒါကြောင့် သူမရဲ့ မူလခန္ဓာကိုယ် တင်ပါးကို ရိုက်ရမယ်ဆိုရင် ဘယ်လောက်တောင် အံ့သြဖွယ်ကောင်းလောက်အောင် ခံစားရမလဲ။

သူ့ရဲ့ နလုံးသားတွေက ဒီအကြောင်းကို တွေးလိုက်ရင်း တဒုတ်ဒုတ် အခုန်မြန်လာခဲ့ပါတယ်။ သူက စိတ်လှုပ်ရှားမှုကြောင့် အော်ဟစ်လုနီးပါး ဖြစ်သွားပါတယ်။

"နင် နင် နိုင်တယ်"

ကောရီ ဘုရင်မက လင်းဟန်ကို ဂန်ခံရုံပဲ တတ်နိုင်ပါတယ်။

Edit with WPS Office

အခြေအနေက သူမအတွက် ရွေးချယ်စရာ မကျန်တော့ပါဘူး။

လင်းဟာန်က ဒီလောက်နဲ့ မလုံလောက်သေးပါဘူး။

"ဒါဆို ဘာဖြစ်လို့ အကြာကြီး ခုခံနေသေးတာလဲ။ ငါရိုက်တာ မလုံလောက်သေးလို့လား ဟင်"

ကေရီ ဘုရင်မ လွှမ်းမိုးရှင်းက ရှုံးသွားတော့မလို ခံစားရပါတယ်။ သူမက တကယ်ပဲ သူ့ကို သေအောင်လို့ ကိုက်ပစ်ချင်နေပါတယ်။ သူမက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"နင့်အတွက်တော့ ငါ့ကို လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

သူတို့က ပွဲဖက်တယ် နမ်းတယ်။ ပြီးတော့ သူမက ဒီယောကျ်ားကို သတ်ပစ်ဖို့ သူမကိုယ်သူမ တွန်းအားမပေးနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကြည့်ရတာ သူမရဲ့ တစ်ခုတည်းသော ရွေးစရာ လက်ထပ်ခြင်းတစ်ခုပဲ ရှိနေသလိုပါပဲ။

ကေရီ ဘုရင်မ တစ်ယောက် အနေနဲ့ သူမက

Edit with WPS Office

လွှမ်းမိုးနိုင်ပြီးတော့ ပြတ်သားတာက သဘာဝပါပဲ။ သူမက သေချာပေါက် တုံ့ဆိုင်းတွေဝေပြီးတော့ ပြတ်သားမှု မရှိတာမျိုး မလုပ်ပါဘူး။

"မင်းမှာ ဘယ်လိုအခြေအနေ ရှိနေလို့လဲ။ အဲဒါတွေကို စာရင်းထုတ်လိုက်"

လင်းဟာန်က ယုံကြည်မှုရှိစွာနဲ့ ပြောလိုက်တယ်။

"နင် မူလဇစ်မြစ်အဆင့်ကို အဆင့်တက်မှ ငါနင့်ကို လက်ထပ်နိုင်မယ်"

ဧကရီ ဘုရင်မ လွှမ့်ရှင်းကပြောလိုက်တယ်။

"အို အို အို ဒီနည်းလမ်းက အရမ်းကို မမှန်မကန်ရှိတာပဲ"

လင်းဟာန်က ကန့်ကွက်လိုက်ပါတယ်။

"မင်းက အရမ်းကို ပါရမီရှိတာတောင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ဖို့ နှစ်ပေါင်းတစ်သန်း အချိန်ယူရသေးတယ်။ တကယ်လို့ ငါမင်းကို လက်ထပ်ချင်တယ်ဆိုရင် နှစ်ပေါင်း နှစ်သန်း သုံးသန်းလောက် အချိန်ယူရလိမ့်မယ် မဟုတ်လား"

Edit with WPS Office

သူ့ကိုယ်သူနဲ့ ပတ်သက်ရင်တော့ ကောင်းကောင်းမွန်မွန် ခံစားတတ်တာပဲ။

ကေရီ ဘုရင်မ လွှမ့်ရှင်းက သူမရဲ့ စိတ်ထဲကနေ ပြောလိုက်ပါတယ်။

လင်းဟန်က မူလဇစ်မြစ်အဆင့်ကို ရောက်နိုင်စွမ်း ရှိတာနဲ့ ပတ်သက်ပြီး သံသယ လုံးဝကို မရှိပါဘူး။ သူ့ရဲ့ တစ်ခုတည်းသော စိုးရိမ်မှုက ဒီအဆင့်ကို ရောက်ဖို့ သူ့အတွက် အချိန်တွေ အရမ်းကို ကြာနေမှာကိုပါပဲ။

ဒါပေမဲ့လည်း နှစ်ပေါင်း နှစ်သန်း သုံးသန်းက တကယ်ပဲ ရှည်ကြာလွန်းသလား။

တကယ်လို့ သူက နှစ်ပေါင်း နှစ်သန်းသုံးသန်း အတွင်းမှာ မူလဇစ်မြစ်အဆင့်ကို ရောက်နိုင်မယ် ဆိုရင်တော့ သူက သေချာပေါက် အရင်ဆုံး အောင်မြင်သူ ဖြစ်လာပါလိမ့်မယ်။ အနည်းဆုံးတော့ ကေရီ ဘုရင် လွှမ့်ရှင်းရဲ့ စိတ်က အဓိကကျပါတယ်။ နှစ်ပေါင်း နှစ်သန်း သုံးသန်းက မယုံနိုင်စရာ ကောင်းလောက်အောင် တိုတောင်းတဲ့

Edit with WPS Office

အချိန်ပမာဏ တစ်ခုဖြစ်ပါတယ်။

"ငါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေပြီ။ ဒါကြောင့် ထာဝရမြစ် အဆင့်ကို ရောက်ဖို့က အချိန်ပဲလိုတယ်။ တကယ်လို့ နင့်ရဲ့ ကျင့်ကြံခြင်း အဆင့်က ငါနဲ့ အရမ်းကို နိမ့်ကျနေမယ်ဆိုရင် နင်က ငါ့ကို ဘယ်လိုလုပ် လက်ထပ်လို့ ရမှာလဲ"

သူမက တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"နားလည်ပြီ"

လင်းဟာန်က သူ့လက်တွေကို ဆုပ်ပြီးတော့ ပြောလိုက်တယ်။

"ငြိမ်ငြိမ်လေး ထိုင်ပြီးတော့ ငါ့ကိုစောင့်နေ။ မင်းက ငါ့မိန်းမဖြစ်ရမဲ့ ကံဇာတာ ပါပြီးသားပဲ"

ကေရီ ဘုရင်မ လွမ့်ရှင်းက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဒါက အနာဂတ်က ကိစ္စတစ်ခုပဲ။ အခု နင်ကငါ့ရဲ့ လက်အောက်ငယ်သား တစ်ယောက်ပဲ။ တကယ်လို့ နင်အတင့်ရဲပြီး..... အား"

Edit with WPS Office

သူမက လင်းဟန်ကို သတိပေးချင်ပေမဲ့ မမျှော်လင့်ထားပဲ သူက သူမကို သူ့ဒူးပေါ် ထပ်မှောက်ပြီး သူမရဲ့ တင်ပါးတွေကို နောက်တစ်ကြိမ် ထပ်ရိုက်ပါတော့တယ်။

"ပြောဦး။ ကေရီ ဘုရင်မ။ မင်း တစ်ခုခုများ မေ့နေတာလား။ မင်္ဂလာဆောင်တယ်ဆိုတာက လုပ်ရိုးလုပ်စဉ် တစ်ခုသာသာပဲ။ မင်းယောက်ျားရဲ့ ဩဇာအာဏာကို စိန်ခေါ်ဖို့ မကြိုးစားနဲ့"

လင်းဟန်က ကေရီ ဘုရင်မရဲ့ အချိုးကျပြီး အဆက်အပေါက် ပြေပြစ်တဲ့ တင်ပါးကို ရိုက်ဖို့ နောက်ထပ် အခွင့်အရေးတစ်ခု ထပ်ရတဲ့အတွက် ကျေနပ်ပီတိ ဖြစ်နေမိပါတယ်။

"နောက်ပြီး နံပါတ်ကိုး ဘုရင်ရဲ့ ဂိညာဉ်ကရော ဘာဖြစ်သွားလဲ"

Chapter 1146 end

အပိုင်း(1147) ရှေးဟောင်း နတ်ဘုရား မျိုးနွယ်စု

"ငါက ဘာကြောင့် နင့်ကို ရှင်းပြရမှာလဲ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက မာနကြီးစွာနဲ့ ပြောလိုက်ပါတယ်။

Edit with WPS Office

ဖြန်း။

နောက်ထပ် ရိုက်လိုက်တဲ့ အသံတစ်ခု ထွက်လာပါတယ်။

လင်းဟန်က သူ့လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ကြည့်ရတာ မင်းက အခြေအနေကို နားမလည်သေးဘူးနဲ့တူတယ်"

ဒီရိုက်ချက်က သူမရဲ့ ခန္ဓာကိုယ်တစ်လျှောက် စပ်ဖျဉ်းဖျဉ်းဖြစ်မှုတစ်ခုကို ထိတွေ့ခံစား စေပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ထဲမှာ ထူးခြားဆန်းကြယ်တဲ့ ခံစားမှုက ပိုပြီးတော့တောင် ပြင်းပြင်းထန်ထန် ဆူပွက်လာပြီး သူမက ပေါက်ကွဲထွက်တော့မဲ့အတိုင်း ခံစားနေရပါတယ်။ သူမက ဆက်ပြီးတော့ မလုပ်ပုံ့တော့ပါဘူး။ တကယ်လို့ သူမက ရာဂစိတ်ကို နှိုးဆွမိပြီး တစ်ခုခု ဖြစ်သွားခဲ့မယ်ဆိုရင် အနာဂတ်မှာ ဒီလိုမျိုး အခြေအနေက မကြာခဏ ဖြစ်လာနိုင်လိမ့်မယ် မဟုတ်လား။

"ဒီခန္ဓာကိုယ်က ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်သွားတဲ့ အချိန်မှာ ငါ့ရဲ့ စိတ်စွမ်းအားက

Edit with WPS Office

ဖြည်းဖြည်းချင်း နိုးထပြီးတော့ သူမနဲ့အတူ
ပေါင်းစည်းသွားလိမ့်မယ်”

ဧကရီ ဘုရင်မက ပြောလိုက်ပါတယ်။

“မြွေနဂါးကိုးကောင်း မျိုးနွယ်စုရဲ့ လျှို့ဝှက်နည်းစနစ်တွေ အားလုံးက ဒီလိုချည်းပဲ။ တကယ်လို့ ငါက တောင်မြစ်အဆင့်မှာရှိနေရင် ငါ့ရဲ့ ကိုယ်ပွားတွေ အကုန်လုံး တောင်မြစ်အဆင့်မှာပဲ နိုးကြားလာလိမ့်မယ်။ တကယ်လို့ ငါက ထာဝရမြစ် အဆင့်မှာရှိနေရင် ငါ့ကိုယ်ပွားတွေ အားလုံးက ထာဝရ မြစ်အဆင့်မှာ နိုးကြားလာလိမ့်မယ်”

လင်းဟန်က ခဏလောက် အထိတ်တလန့် ဖြစ်သွားပြီးတော့မှ မေးလိုက်ပါတယ်။

“သူမက မင်းရဲ့ တည်ရှိမှုကို မသိဘူးလား”

“ဟင့်အင်း မသိဘူး”

ဧကရီ ဘုရင်မ လွှမ်းရှင်းက ပြန်ဖြေလိုက်ပါတယ်။

လင်းဟန်ရဲ့ အမူအရာက သုန်မှုန်လာပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဒါဆိုရင် မင်းရဲ့ စိတ်စွမ်းအား လုံးဝကို နိုးထလာတာနဲ့ သူမက ပျောက်ကွယ်သွားမှာလား"

"ကိုယ်ပွားကိုးခုလုံးရဲ့ ပင်ကိုယ်စရိုက်တွေ အားလုံးက ငါ့ခန္ဓာကိုယ်ကနေ ဖစ်မြစ်ခံလာတာပဲ"

ဧကရီ ဘုရင်မ လွှမ့်ရှင်းက သက်တောင့်သက်သာနဲ့ ပြောလိုက်ပါတယ်။

"နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတို့အားလုံးက ငါ့ရဲ့ အစိတ်အပိုင်း တစ်ခုကို ကိုယ်စားပြုတယ်။ နောက်ပြီးတော့ ငါထာဝရမြစ်အဆင့်ကို ရောက်သွားတဲ့ အချိန်ကျရင် ငါ့ခန္ဓာကိုယ်ကနေ ဒီကိုယ်ပွားကိုးခုကို ခွဲပစ်နေနိုင်သေးတယ်"

လင်းဟန်က ဒီရှင်းလင်းမှုကို ကြားလိုက်ရတဲ့ အခါမှာ အနည်းငယ်တော့ စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူ့အနေနဲ့ ဒီအကြောင်းကြောင့် အတတ နံပါတ်ကိုး ဘုရင်ရဲ့ အပြစ်ကင်းစင်မှုနဲ့ စိတ်ထားကောင်းမှုအပေါ် အတော်လေး သဘောကျပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ နောက်ထပ်အတွေးတစ်ခု ဖြစ်လာပြီး အဲဒါက သူ့အမူအရာကို ပိုပြီးတော့ ထူးဆန်းလာစေခဲ့ပါတယ်။

"ဘာဖြစ်လို့လဲ"

ဧကရီ ဘုရင်မ လွှမ့်ရှင်းက မေးလိုက်ပါတယ်။

လင်းဟာန်က တဒင်္ဂခန့် တုံ့ဆိုင်းပြီးမှ ပြောလိုက်ပါတယ်။

"တကယ်လို့ ငါမင်းကို လက်ထပ်လိုက်မယ်ဆိုရင် နောက်ထပ်မိန်းမကိုးယောက်ကို အလကား ရသွားနိုင်တာပေါ့ မဟုတ်ဘူးလား။ သေပြီလေ။ မင်းတို့ဆယ်ယောက်စလုံးကို စိတ်ကျေနပ်အောင် ငါဘယ်လိုလုပ် လုပ်နိုင်မှာလဲ"

"နှာ နှာဘူးကောင်"

ဧကရီ ဘုရင်မ လွှမ့်ရှင်းက ဒေါသနဲ့ အော်ဟစ်လိုက်ပါတယ်။ သူမက လင်းဟာန်ကို ရိုက်ထည့်ပြီး သူ့ကို လွင့်ထွက်သွား စေခဲ့ပါတယ်။

ဒါပေါ့။ လင်းဟာန်က တမင်သက်သက် လွင့်ထွက်သွားစေခွင့် ပြုလိုက်တာပါ။ ဒါက အနက်ရောင် မျှော်စင်အထဲမှာ

Edit with WPS Office

ဖြစ်ပါတယ်။ ဒါကြောင့် ဧကရီ ဘုရင်မ လွှမ်းရှင်းက သူ့အတွက်တော့ ပြိုင်ဘက် မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက သူမကို အတော်ကြာအောင် စနောက်ကျီစယ်နေပြီး နည်းနည်းတော့ အလျှော့ပေးရမဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ ဒေါသကို အနက်ရောင် မျှော်စင်ထဲကနေ သူတို့တွေ ထွက်လာတာနဲ့ သေချာပေါက် သူခံစားသွားရပါလိမ့်မယ်။ ဒါကြောင့် ဒီနေရာမှာ အရိုက်ခံပြီးတော့ သူမရဲ့ ဒေါသတွေ နည်းနည်းပြေပျောက်သွားခွင့် ပြုလိုက်တာက အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

သူက ပြန်ပြေးလာပြီးတော့ ပြောလိုက်တယ်။

"ကဲပြော မိန်းမ"

"ဘယ်သူက နင့်မိန်းမလဲ"

ဧကရီ ဘုရင်မ လွှမ်းရှင်းက စိတ်တိုတိုနဲ့ ပြောလိုက်ပါတယ်။ သူမက သူ့ကို အခွင့်အရေး တစ်ခု ပေးရုံပဲ ရှိပါသေးတယ်။ အခုချိန်ထိ လင်းဟန်က လက်ထပ်ခြင်းအတွက် သူမရဲ့

Edit with WPS Office

သဘောတူညီမှု စိတ်သဘောထား မရရှိသေးပါဘူး။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်ပါတယ်။

"ဒါဆိုရင် ငါကမင်းကို ဘယ်လိုခေါ်သင့်လဲ။ အချစ်လား။ ဒါမှမဟုတ် အသည်းလား"

ကေရီ ဘုရင်မ လွှမ်းရှင်းက သူ့ကို မုန်းသက်အံ့သြစွာနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။ အစတုန်းက လင်းဟန်ဟာ အရမ်းကို လေးနက်တည်ကြည်တဲ့ လူတစ်ယောက်လို့ ထင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက ဒီလိုမျိုး ပေါ့ပေါ့တန်တန် ပြောတတ်တဲ့ လူတစ်ယောက်လို့ ဘယ်သူက ထင်မိမှာလဲ။ သူမက ခေါင်းကို ခါလိုက်မိပါတယ်။ သူမက မှန်ကန်တဲ့ ဆုံးဖြတ်ချက် တစ်ခုကို လုပ်နိုင်ခဲ့တယ်လို့ စဉ်းစားမိခဲ့ပါတယ်။ ဒါပေမဲ့လည်း သူမက အဲဒါကို မမုန်းချင်ခဲ့ပါဘူး။

"ငါ့ကို ကေရီ ဘုရင်မလို့ပဲခေါ်ပါ"

သူမက ပြောလိုက်တယ်။

"...."

Edit with WPS Office

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ"

အခုတော့ ငါမင်းကို ဇေရီ ဘုရင်မလို့
ခေါ်ကောင်းခေါ်နိုင်မယ်။ ဒါပေမဲ့ နောက်ကျရင် မင်းက ငါ့ကို
လင်ယောက်ျားရေလို့ ခေါ်ခိုင်းမယ်။

"အဲဒါက အင်း.. ဇေရီ ဘုရင်မ"

"အခုချိန်မှာ ငါတို့နှစ်ယောက်ပဲရှိတယ်ဆိုတော့ အခုလိုမျိုး
ငါ့အတွက် ခေါ်စရာ နာမည် နည်းနည်းလေး မရှိဘူးလား"

"နင်က တကယ်တော့ ချစ်စရာမကောင်းဘူး"

လင်းဟန်က သက်ပြင်းချပြီးတော့ လေးလေးနက်နက်နဲ့
နောက်တစ်မျိုးကို မေးလိုက်ပါတယ်။

"ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စုတွေက ဘယ်လိုလဲ။
သူတို့ကိုကြည့်ရတာ တကယ့်ကို အထင်ကြီးစရာ
ကောင်းမယ်နဲ့တူတယ်"

"ဒီအကြောင်းကို ငါသိတယ်"

Edit with WPS Office

လေလွင့်သူတော်စင်က ပြောလိုက်တယ်။ သူက နောက်တစ်ကြိမ် အာရုံစိုက်ခံရအောင် လုပ်လိုက်ပါတယ်။ သူက အစွမ်းထက်တဲ့ သူတော်စင် တစ်ယောက် ဖြစ်ပါတယ်။ အခုတော့ သူက ဘေးမှာရပ်နေရပြီးတော့ လျစ်လျူရှုခြင်းကို ခံနေရပါပြီ။ သူတော်စင် တစ်ယောက်ရဲ့ အချိန်တွေက ဘယ်လောက်တောင် အဖိုးထိုက်တန်တယ် ဆိုတာကို ဒီနှစ်ယောက်က မသိဘူးလား။ သူတို့က သူ့ဆီကနေ သင်ယူလေ့လာဖို့ ရှားပါးတဲ့ အခွင့်အရေး ရှိရဲ့သားနဲ့ ဒီအခွင့်အရေးကို တကယ်ပဲ ဖမ်းဆုပ်ရယူခြင်း မရှိဘူးလား။

ဧကရီ ဘုရင်မ လွှမ့်ရှင်းက အဲဒီအလင်းစက်ပိုင်းကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ပါတယ်။ သူတော်စင် တစ်ယောက် ရှိနေတာကြောင့် ကြည့်ရတာ သူမအနေနဲ့ လျှို့ဝှက်ချက်တွေ ထိန်းထားလို့ မရနိုင်တဲ့ အရာဖြစ်နေပါပြီ။ ဒီလိုဆိုမှတော့ သူမကလည်း အရင်ဆုံး ဖော်ကောင် လုပ်ရတော့မှာပေါ့။

"ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စုတွေက အစွမ်းထက်တဲ့ သူတွေပဲ။ သူတို့က ထင်ပေါ်ကျော်ကြားမှု မရှိပဲ

Edit with WPS Office

လူမသိသူမသိ နေထိုင်ကြတယ်။ သူတို့တွေက ဟိုးရှေးဟောင်း အချိန်တွေ အတွင်းမှာ ထွက်ပေါ်လာခဲ့ပြီး ဒီမျိုးနွယ်စုတွေရဲ့ အဖွဲ့ဝင်တွေ အားလုံးက အစွမ်းထက်တဲ့ စွမ်းဆောင်ရည်တွေ ပိုင်ဆိုင်ထားတယ်”

“ကောင်ကလေး မင်းလည်း ရှေးဟောင်းနတ်ဘုရား မျိုးနွယ်စုတစ်ခုက ဖြစ်နိုင်တယ်”

လေလွင့်သူတော်စင်က ကြားဖြတ်ဝင်ပြော လိုက်ပါတယ်။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။ ဒါကြောင့် လင်းဟန်က ရှေးဟောင်း နတ်ဘုရား မျိုးနွယ်စု တစ်ခုကပဲ ဖြစ်ရမယ်လို့ သူခံစားနေမိပါတယ်။

ဇေရီ ဘုရင်မ လွမ့်ရှင်းကလည်း ခေါင်းညိတ်ပြီးတော့ သဘောတူပါတယ်။

အဲဒီအချိန်မှာ လင်းဟန်ကတော့ သူ့ခေါင်းကို ခါပြီးတော့ သဘောမတူပါဘူး။ သူက သာမန် မိသားစု တစ်ခုကနေ လာခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့

Edit with WPS Office

ရှေးဟောင်း နတ်ဘုရား မျိုးနွယ်စု တချို့ရဲ့ အဖွဲ့သား တစ်ယောက် ဖြစ်နိုင်မှာလဲ။ သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ နတ်ဘုရားအာရုံ အရမ်းကို အစွမ်းထက်နေရတဲ့ တစ်ခုတည်းသော အကြောင်းရင်းက ဖျက်ဆီးလို့မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို သူလေ့ကျင့်ထားလို့ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်။ လင်းဟာန်က တခြားရှေးဟောင်း နတ်ဘုရား မျိုးနွယ်စုတွေရဲ့ အဖွဲ့သား နည်းနည်းလေးမှကို မမြင်တွေ့ခဲ့ဖူးပါဘူး။ ဒါပေမဲ့လည်း ကေရီ ဘုရင်မ လွှမ့်ရှင်းကို ကြည့်လိုက်တာနဲ့ သူတို့ရဲ့ စွမ်းရည်တွေက ဘယ်လောက်တောင် မယုံနိုင်စရာကောင်းနေလဲ ဆိုတာကို သက်သေပြနေပါတယ်။ မြွေနဂါးကိုးကောင် မျိုးနွယ်စုရဲ့ အဖွဲ့သားတွေက ကိုယ်ပွား ကိုးခုကို ထိန်းသိမ်းနိုင်ပြီး အဲဒါက အသက်အပို ကိုးခုရှိနေတာနဲ့ ညီမျှပါတယ်။ ဒါက အံ့အားသင့်စရာ ကောင်းပြီးတော့ မယုံနိုင်စရာလည်း ကောင်းလွန်းပါတယ်။

"အချိန်ကုန်တော့မယ်။ ငါအခု ပြန်ရတော့မယ်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက ရုတ်တရက် ပြောလိုက်ပါတယ်။

Edit with WPS Office

လင်းဟာန်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်ပါတယ်။

"ငါမင်းကို အပြင်ပြန်ပို့ပေးမယ်"

ကေရီ ဘုရင်မ လွှမ့်ရှင်းက ဟူဖေးယွင်ရဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး နားလည်သဘောပေါက် နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါက တစ်ဖက်မှာရှိတဲ့ စွမ်းရည်တစ်ခု ဖြစ်ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းက ဟူဖေးယွင်ရဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်လိုက်တဲ့ အချိန်မှာ ဟူဖေးယွင်က ဘာတွေ ဖြစ်လို့ ဖြစ်သွားတယ် ဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်းလေးမှတောင် သိလိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက ကောင်းကင်ဘုံ ပင်လယ် လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ ဖြစ်ပျက်ခဲ့တာနဲ့ အတူတူပါပဲ။ ကေရီ ဘုရင်မ လွှမ့်ရှင်းက အဲဒီမိန်းမစွာသားရဲကို သတ်ပစ်ခဲ့ပေမဲ့ ဟူဖေးယွင်ကတော့ လင်းဟာန် သတ်လိုက်တယ်လို့ပဲ ထင်နေခဲ့ပါတယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းက ခေါင်းညိတ်လိုက်ပြီး သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲက အတူတကွ ထွက်သွားခဲ့ပါတယ်။

Edit with WPS Office

"ငါက ဘာမှမရှိတဲ့ လေလား"

လေလွင့်သူတော်စင်က သုန်သုန်မှုန်မှုန်နဲ့ တီးတိုးရွတ်ဆို လိုက်ပါတယ်။ ဘာဖြစ်လို့ သူတို့ နှစ်ယောက်စလုံးက သူ့ကို လျစ်လျူရှုရတာလဲ။

"စီနီယာ ကျနော့်မှာ မေးခွန်းတစ်ခုရှိတယ်"

"ကျနော်ရောပဲ"

ကန်းရီနဲ့ တခြားသူတွေ လျှောက်လာခဲ့ပြီး အဲဒါက ချက်ချင်းဆိုသလို လေလွင့်သူတော်စင်ရဲ့ ယုံကြည်မှုကို မီးမြိုက်လိုက်သလို ဖြစ်သွားပါတယ်။ သူက သူတို့ကို ကူညီပေးဖို့ စိတ်အား ထက်သန်လာပါတယ်။

လူတွေက သူတို့ကိုယ်ပိုင် တည်ရှိမှုကို သက်သေပြဖို့ လိုပါတယ်။ သူတို့ကိုယ် လိုအပ်တယ်လို့ ခံစားရဖို့ လိုပါတယ်။ ဒီသူတော်စင်က သေသွားတာ အရမ်းကို ကြာနေပါပြီ။ ဒါကြောင့် သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက တမျိုးဖြစ်လို့နေပါတယ်။ သူက စကြဝဠာ ဖျက်ဆီးခြင်းအဆင့် ကျင့်ကြံသူ အနည်းငယ်ရဲ့

Edit with WPS Office

ချီးမြှောက်ပေးမှုကို ခံရပြီးတဲ့နောက်မှာ ကျေနပ်ပီတိတွေ ဖြစ်လာပါတယ်။

အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတဲ့နောက်မှာ ဧကရီ ဘုရင်မ လွမ့်ရှင်းက တသိမ့်သိမ့် တုန်သွားပါတယ်။ သူမရဲ့ မျက်လုံးတွေကို မှိတ်ထားရာကနေ နောက်တစ်ကြိမ် ပြန်ဖွင့်လိုက် ပါတယ်။ ဒါက မျက်စိတစ်မှိတ်စာပဲ ကြာပါတယ်။ သူမရဲ့ ပင်ကိုယ်စရိုက်က ချက်ချင်းပဲ ပြောင်းသွားပါတယ်။ သူမရဲ့ မာနကြီးပြီး ဘဝမြင့်တဲ့ အရှိန်အဝါက ပျောက်ကွယ်သွားပြီးတော့ အပြစ်ကင်းစင်ပြီး အူကြောင်ကြောင် အတတ မိန်းကလေး တစ်ယောက် ဖြစ်သွားပါတယ်။

"ဟင် ငါဘာဖြစ်လို့ ဒီနေရာကို ရောက်နေတာလဲ"

ဟူဖေးယွင်က ပဟေဠိ ဖြစ်နေတဲ့ အမူအရာနဲ့ မေးလိုက်ပါတယ်။ သူမက သူမရဲ့ လက်တွေကို ကိုက်ပြီးတော့ သူမရဲ့ ခေါင်းကို ဆုပ်ကိုင်ပြီး ခေါင်းရှုပ်နေတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။

Edit with WPS Office

"ဒီနေရာမှာ ငါ့ကို ခဏစောင့်နေ"

လင်းဟာန်က ပြောလိုက်တယ်။ သူမခေါင်းညိတ်ပြတာကို ကြည့်ပြီးတော့ သူက စွေ့ရန်ယွီဆီ အပြေးအလွှားနဲ့ သွားကြည့်လိုက်ပါတယ်။ သူမကို ရှာတွေ့ပြီးတဲ့နောက်မှာ သူမကိုပါ ခေါ်လာခဲ့ လိုက်ပါတယ်။

စွေ့ရန်ယွီက ဟူဖေးယွင်ကို အနည်းငယ် ထိတ်လန့်ကြောက်ရွံ့ပြီး ရိုသေတဲ့ ခံစားမှု တချို့ကကို ခံစားနေမိပါတယ်။

"ဘာဖြစ်လို့ သူမရဲ့ အရှိန်အဝါက အရမ်းကို ကြောက်စရာကောင်းနေတာလဲ"

သူမက လင်းဟာန်ကို တိုးတိုးလေး မေးလိုက်ပါတယ်။

"ငါမင်းကို နောက်ကျရင် ပြောပြမယ်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ဟူဖေးယွင်ကို ပြုံးပြကာ ပြောလိုက်တယ်။

"နံပါတ်ကိုးဘုရင် ငါမင်းကို ပျော်စရာကောင်းတဲ့ နေရာတစ်ခုကို ခေါ်သွားမယ်"

Edit with WPS Office

"ကောင်းတယ် ကောင်းတယ်"

ဟူဖေးယွင်က စိတ်လှုပ်ရှားစွာနဲ့ လက်ခုပ်လက်ဝါး တီးလိုက်ပါတယ်။ သူမရဲ့ အစုတူတူ ပင်ကိုယ်စရိုက်နဲ့အတူ သူမကို ရောင်းလိုက်တဲ့ လူအတွက်တောင်မှ ငွေတွေကို ရေတွက်ပေးပါလိမ့်မယ်။

လင်းဟာန်က မိန်းကလေး နှစ်ယောက်ကို သူ့ရဲ့ နတ်ဘုရားအာရုံနဲ့ လွှမ်းခြုံပြီးတော့ အနက်ရောင် မျှော်စင်ထဲက ပြန်လည်မွေးဖွားခြင်း သစ်ပင်ဆီကို ခေါ်ဆောင်သွားလိုက်ပါတယ်။

"ဒါက ပြန်လည်မွေးဖွားခြင်း သစ်ပင်ပဲ"

လင်းဟာန်က ဟူဖေးယွင်ကို ပြောလိုက်တယ်။

"အခုချိန်ကစပြီး ဒီနေရာကိုလာပြီးတော့ ညတိုင်း ကျင့်ကြံအားထုတ်ရမယ်။ အဲ့ဒါဆို မင်းရဲ့ ကျင့်ကြံခြင်းက အလျင်အမြန် တိုးလာလိမ့်မယ်"

"ငါထပ်ပြီးတော့ ကျင့်ကြံအားထုတ် ရဦးမှာလား"

ဟူဖေးယွင်ရဲ့ မျက်နှာပေါ်မှာ ခါးသီးတဲ့ အမူအရာတစ်ခု

Edit with WPS Office

ပေါ်လာပြီးတော့ သူမက ပြောလိုက်တယ်။

"ငါကျင့်ကြံအားထုတ်ရတာ မုန်းတယ်။ အဲဒါက အရမ်းကို ပျင်းစရာကောင်းလွန်းတယ်"

လင်းဟန်က ကေရီ ဘုရင်မ လွှမ့်ရှင်းကနေ ခွဲထုတ်လိုက်တဲ့ နံပါတ်ကိုး ဘုရင်ရဲ့ ပင်ကိုယ်ဗီဇ စရိုက်တစ်ခုနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ အံ့သြနေပါတယ်။ ဒီအမျိုးသမီးက အရမ်းကို ရိုးအပြီး ဒီပင်ကိုယ်ဗီဇက ကေရီ ဘုရင်မ လွှမ့်ရှင်းမှာ လက်ရှိမပိုင်ဆိုင်ထားပါဘူး။ သူမက တကယ်တော့ မူလခန္ဓာကိုယ်ကနေ ခွဲထားတာ ဖြစ်ပါတယ်။

ဒါက တကယ့်ကို စိတ်ဝင်စားစရာ ကောင်းလွန်းပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ ပင်ကိုယ်ဗီဇ စရိုက်တွေက သူမရဲ့ ကိုယ်ပွားကိုးခုနဲ့ ပေါင်းစည်းလိုက်တဲ့ အချိန်ကျရင် ဘယ်လိုပြောင်းလဲ သွားမလဲ။

"စောဒက မတက်နဲ့တော့ ဟုတ်ပြီလား"

လင်းဟန်က ဟူဖေးယွင်ရဲ့ ခေါင်းကို ခေါက်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ကောင်းကောင်း ကျင့်ကြံအားထုတ်ပါ"

ဟူဖေးယွင်က ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ နှုတ်ခမ်းစူပြီး စိတ်ကောက်သွားပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က သူမရဲ့ ခေါင်းကို ခေါက်တာနဲ့ ပတ်သက်ပြီးတော့ ဘာမှမပြောပါဘူး။ ဒါပေမဲ့လည်း စွေ့ရန်ယွီရဲ့ မျက်လုံးတွေကတော့ အံ့အားသင့်မှုကြောင့် ပြူးလာပါတယ်။ ဒါက နံပါတ်ကိုး ဘုရင်ဖြစ်ပါတယ်။ ကေရီ ဘုရင်မက ဘုရင်ကိုးပါးကို တွေ့မြင်တာက သူမကို တွေ့မြင်ရသလိုပဲဆိုပြီး ပြောထားပါတယ်။ လင်းဟာန်ကတော့ သူမရဲ့ ခေါင်းကို ခေါက်ပြီးတော့ မဖွယ်မရာ လုပ်တာပဲလား။

ဒါပေမဲ့လည်း လင်းဟာန်က စောစောကပဲ ကေရီ ဘုရင်မရဲ့ တင်ပါးကိုတောင် ရိုက်နက်ခဲ့တယ် ဆိုတာကို သူမနည်းနည်းလေးမှ သိလိမ့်မှာ မဟုတ်ပါဘူး။

Chapter 1147 end

အပိုင်း(1148) ပါရမီရှင်များ စုဝေးခြင်း

ဟူဖေးယွင်ကို နှစ်သိမ့်ပြီးတော့ သူမကို ကျင့်ကြံအားထုတ်

Edit with WPS Office

ခိုင်းပြီးတဲ့နောက်မှာ လင်းဟန်က စွေ့ရန်ယွီကို ဘေးဘက်ကို ခေါ်သွားလိုက်ပါတယ်။

ပထမဆုံး သူမကို သူပေးလိုက်တဲ့ အရာက ပြင်းပြတဲ့ အနမ်းတစ်ခု ဖြစ်ပါတယ်။ သူတို့နှစ်ယောက် မတွေ့ရတာ နှစ်နှစ်ကျော်နေပါပြီ။ ပြီးတော့ သူက ဒီချောမောလှပပြီး ညို့ယူဖမ်းစားနိုင်တဲ့ မိန်းမလှလေးကို တကယ်ပဲ သတိရနေပါပြီ။

စွေ့ရန်ယွီက ပထမတော့ လွတ်အောင်လို့ ကြိုးစားလိုက်ပေမဲ့ သူမရဲ့ ခန္ဓာကိုယ်က အလျင်အမြန်ပဲ အားပျော့လာခဲ့ပါတယ်။ သူမက လင်းဟန်ရဲ့ ပွေ့ဖက်မှုတွေထဲကို ပြိုလဲကျလာပြီး သူမရဲ့ ချောမောလှပတဲ့ မျက်နှာက ရှက်သွေးတွေကြောင့် နီရဲလာခဲ့ပါတယ်။ သူမရဲ့ မျက်လုံးတွေလည်း ဆွဲမက်စရာ ကောင်းပါတယ်။

"မလုပ်နဲ့..."

သူမက လင်းဟန်ကို တွန်းထုတ်ပစ်ချင်ခဲ့ပါတယ်။ တချိန်တည်းမှာပဲ သူ့ရဲ့ ပွေ့ဖက်မှုထဲမှာ နေချင်ပါတယ်။

Edit with WPS Office

"မိန်းမ မင်းအဆိပ်မိနေပြီ။ တကယ်လို့ ငါနဲ့အတူ မင်းအိပ်လိုက်မှပဲ ဒီအဆိပ်ပြေနိုင်လိမ့်မယ်"

လင်းဟန်ရဲ့ အမူအရာက အလေးအနက် ဖြစ်လာပြီးတော့ ပြောလိုက်တယ်။

"ဒီအဆိပ်နာမည်က အချစ်လို့ ခေါ်တယ်။ သူက ကမ္ဘာပေါ်မှာ အဆိပ်အပြင်းဆုံးပဲ။ ဒါပေမဲ့လည်း မင်းအတွက် ငါ့ကိုယ်ငါ စတေးမပစ်ပဲ ဘယ်လိုလုပ် နေနိုင်မှာလဲ"

စွေ့ရန်ယွီက ချက်ချင်းပဲ မျက်လုံးတွေ ဝိုင်းသွားပါတယ်။ လင်းဟန်က စိတ်ထက်သန်နေပုံ ပေါ်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အခြေအမြစ်မရှိတဲ့ စကားတွေကို ရှာဖွေနေသေးတဲ့ ပုံစံမျိုး ဖြစ်နေပါတယ်။ သူက ပိုပိုပြီးတော့ မျက်နှာပြောင်လာပါတယ်။

ဒါပေမဲ့လည်း လင်းဟန်ရဲ့ ပြင်းပြတဲ့ အနမ်းတွေအောက်မှာ သူမက ဘာကိုမှ ကောင်းကောင်းကြီး မစဉ်းစားနိုင်ခဲ့ပါဘူး။ ဒါကြောင့် သူမက ကြောင်တောင်တောင်နဲ့ သူမရဲ့ ခေါင်းကို ညိတ်ပြလိုက် မိပါတယ်။ ခဏကြာမှပဲ ဒီလိုအရာတွေအတွက်

Edit with WPS Office

ဒါက သင့်တော်တဲ့ နေရာတစ်ခု မဟုတ်မှန်း သတိပြုမိသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က သူမကို နောက်ထပ် တရှိုက်မက်မက် နမ်းနေတာက သူမကို ပိုပိုပြီးတော့ တွေဝေမိန်းမောသွားစေခဲ့ပါတယ်။ အခု သူမက ဒီအမျိုးသားရဲ့ ကြမ်းကြုတ်မှုကို လိုချင်နေပါတယ်။

"ငါနင့်ကိုချစ်တယ်"

သူမက အသံတိုးတိုးနဲ့ ပြောလိုက်တယ်။

"ငါလည်းမင်းကိုချစ်တယ်"

လင်းဟန်ရဲ့ လက်တွေက ကျွင်းကျင်လိမ္မာစွာနဲ့ လှုပ်ရှားနေပြီး သူ့အရှေ့မှာ စွေ့ရန်ယွီရဲ့ ဆွဲမက်ဖွယ်ရာ ဖြတ်လစ်စလစ် ခန္ဓာကိုယ်က အလျှင်အမြန် ထွက်ပေါ်လာခဲ့ပါတယ်။ သူမရဲ့ ကျောက်စိမ်းနဲ့တူတဲ့ ခန္ဓာကိုယ်ကို လက်တစ်ချောင်းနဲ့ ဆွဲချလိုက်ပြီး သူမရဲ့ ရာဂမီးတောက်ကို လုံးဝလောင်ကျွမ်းသွား စေခဲ့ပါတယ်။

"ငါ့ကို ချစ်ပါ"

စွေ့ရန်ယွီက လင်းဟန်ရဲ့ လည်ပင်းကို သူမရဲ့ လက်တွေနဲ့

Edit with WPS Office

ဆွဲဖက်ထားလိုက်ပါတယ်။

သူမရဲ့ ချစ်သူနဲ့ မတွေ့ရတာ နှစ်နှစ်ကျော်နေပြီး သူမက အထူးသဖြင့် သူ့ကို စိုးရိမ်ပူပန် နေမိပါတယ်။ သူက သေချာပေါက် လုံခြုံမယ် ဆိုတာကို သိနေတာတောင် သူမက စိုးရိမ်ပူပန် နေဆဲပါပဲ။ သူ့ကို နောက်တစ်ကြိမ် ပြန်တွေ့ရတဲ့ အခါမှာ သူ့အတွက် သူမရဲ့ လွမ်းဆွတ်တမ်းတ နေမှုတွေက အရည်ပျော်ကျသွားပြီး ရမ္မက်မီးတောက်တွေ အဖြစ်ကို ပြောင်းလဲကာ လင်းဟာန် တစ်ကိုယ်လုံးကို ဂါးမျိုပစ်ချင်နေသလိုပါပဲ။

"အချစ်ရယ်"

လင်းဟာန်က ဒီဆွဲမက်ဖွယ်ရာကောင်းတဲ့ မိန်းမလှလေးကို ပြင်းပြင်းပြပြ နမ်းရှိုက်လိုက်ပါတယ်။ သူက ဒီတစ်ကြိမ်တော့ အရသာမြည်းစမ်းခြင်းကို မရပ်တော့ပဘူး။ သူမကို သူ့ရဲ့ မိန်းမအဖြစ် ပြောင်းပစ်ပါတော့မယ်။

"ဟာန် ညင်ညင်သာသာလေး ချစ်နော်"

သူမက မောဟိုက်နေတဲ့ အသံတိုးတိုးလေးနဲ့

Edit with WPS Office

ပြောလိုက်ပါတယ်။

"စိတ်ချပါ"

သူမရဲ့ ကျဉ်းကျပ်တဲ့ ဂူလေးထဲကို သူ့နဂါးနဲ့ မရမက တိုးဝင်လိုက်ပါတယ်။

မကြာခင်မှာပဲ စွေ့ရန်ယွီရဲ့ ဆွဲမက်ဖွယ်ရာကောင်းတဲ့ ညည်းညူသံလေးတွေ ထွက်လာပြီး မောဟိုက်သံတွေကြား တစ်ချက်တစ်ချက် ထွက်ပေါ်လာတဲ့ အသံလေးက လင်းဟာန်ရဲ့ ရမ္မက်စိတ်ကို ပိုပြီးတော့ နိုးကြားစေပြီး သူ့ရဲ့ ယောက်ျားပီသမှုကို အစွမ်းကုန် ထုတ်ပြ လိုက်ပါတယ်။

....

....

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက် ပန်းခင်းအလယ်မှာ လဲလျောင်းနေ ကြပါတယ်။ စွေ့ရန်ယွီက လင်းဟာန်ရဲ့ ပေါင်ကြားမှာ ပူးကပ်အိပ်နေပြီး သူမရဲ့ မျက်နှာပေးမှာ ကျေနပ်တဲ့ အပြုံးတစ်ခု ရှိနေပါတယ်။

"လူဆိုး နင်က ငါ့ကို အလျင်စလိုနဲ့ လုပ်တာက ကောရီ

Edit with WPS Office

ဘုရင်မနဲ့ လက်ထပ်ချင်နေလို့ပဲ"

လင်းဟာန်က သူနဲ့ ကောရီ ဘုရင်မ လွှမ့်ရှင်းရဲက အခြေအနေကို ရှင်းပြတာကို ကြားပြီးတဲ့ နောက်မှာ သူမက လင်းဟာန်ကို ဆိတ်လိုက်မိပါတယ်။

လင်းဟာန်က သူ့ခေါင်းကို အမြန်ခါပြီးတော့ ပြောလိုက်တယ်။

"ဒါက မင်းနဲ့ငါကြားမှာပဲ ဖြစ်တဲ့ ကိစ္စပါ။ တခြားသူတွေနဲ့ ဒါမျိုး မလုပ်ပါဘူး မိန်းမရယ်။ မင်းက အရမ်းကို လှပြီးတော့ ဆွဲဆောင်မှု အရမ်းရှိတယ်။ ငါ့ကိုယ်ငါ ထိန်းထားတာ တော်တော် ကြာနေပြီ။ အရမ်းကို မျိုသိပ်ထားရလွန်းလို့ ငါနေမကောင်း ဖြစ်မှာကို မင်းမကြောက်ဘူးလား"

"သွား နာဘူး"

သူတို့က အခုဆို နှစ်လွှာပေါင်းမှ တစ်ရွက် ဖြစ်လာပေမဲ့ စွေ့ရန်ယွီကတော့ လင်းဟာန်ရဲ့ စနောက် ကျီစယ်မှုတွေကို သည်းမခံနိုင်သေးပါဘူး။ သူမရဲ့ မျက်နှာက ချက်ချင်းပဲ ရက်သွေးဖြာသွား ခဲ့ပါတယ်။

လင်းဟာန်ရဲ့ ရာဂစိတ်တွေက သူမရဲ့ ရက်ရွံ့မှုနဲ့

Edit with WPS Office

ဆွဲမက်ဖွယ်ရာကောင်းတဲ့ အမူအရာကို မြင်လိုက်ရတဲ့ အချိန်မှာ ချက်ချင်းပဲ နောက်တစ်ကြိမ် တောက်လောင်လို့ လာပါတယ်။

"အင်း ဟင်း ဟင်း"

သူတို့က အတူတူ ပူးကပ်ပြီး လှဲနေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် စွေ့ရန်ယွီက သူ့နဂါးခေါင်း ထောင်လာတာနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် သတိမထားမိပဲ နေနိုင်မှာလဲ။ သူမရဲ့ မျက်လုံးတွေ ချက်ချင်းပဲ ပိုင်းစက်လာပါတယ်။

"မိန်းမရေ နောက်တစ်ချီစဖို့ အချိန်ရောက်ပြီ"

လင်းဟန်က ရယ်မောပြီးတော့ စွေ့ရန်ယွီကို သူ့ခန္ဓာကိုယ်နဲ့ ဖိကပ်ထားလိုက်ပါတယ်။ အဲဒီနောက် သူက နောက်တစ်ချီအတွက် တရစပ် တိုက်စစ်ကို မနားတမ်း ဆင်နွှဲလိုက်ပါတယ်။

မကြာခင်မှာပဲ အသက်ရှူသံ ပြင်းပြင်းတွေနဲ့ ကြက်သီးမွေးညှင်းထလောက်တဲ့ စွေ့ရန်ယွီရဲ့ ရမ္မက်သံပြင်းပြင်း ညည်းတွားသံတွေက လေပြေနဲ့အတူ

Edit with WPS Office

မျောလွင့်လို့ လာခဲ့ပါတယ်။

....

....

တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်...။

စွေ့ရန်ယွီအတွက်ကတော့ ဒါက ပထမဆုံးအကြိမ် အချစ်ရဲ့ အရသာကို ခံစားဖူးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူမအတွက် မလုံလောက်နိုင်သေးပါဘူး။ အဲဒီအချိန်မှာ လင်းဟာန်ကလည်း ဒီဆွဲမက်ဖွယ်ရာကောင်းတဲ့ မိန်းမလှလေးကြောင့် ယစ်မူးနေပြီး အရာအားလုံးကို မေ့လျောကာ သူ့ကိုယ်သူ ကြည်နူးသာယာမှုတွေ ကြားထဲမှာ နစ်မြုပ်လို့ နေပါတယ်။

သူတို့နှစ်ယောက်က အချစ်ရဲ့ အရသာကို သုံးရက်တိုင်တိုင် ပြင်းပြင်းပြပြ ခံစားပြီးမှ မောမောပန်းပန်းနဲ့ ဖက်အိပ်လိုက်ကြပါတယ်။

နောက်ဆုံးတော့ သူတို့နှစ်ယောက်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာခဲ့ပါတယ်။ ဟုတ်ပါတယ်။

Edit with WPS Office

ဟူဖေးယွင်က လုံးဂကို စောဒကတက်ပြီး ငြင်းဆန်နေပါတယ်။ သူမက ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တစ်ရက်လေ့ကျင့်တာက တစ်နှစ်နဲ့ ညီမျှနေပါတယ်။ နောက်ပြီးတော့ သူမက ငါးရက်လောက် တောက်လျှောက် ကျင့်ကြံအားထုတ်ခဲ့ပြီး ပျင်းလွန်းလွန်းလို့ ရူးတောင်ရူးချင်နေပါတယ်။ သူမက အပြင်ကို ထွက်ချင်တာကြောင့် အော်ဟစ်နေခဲ့ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ကေရီ ဘုရင်မ လွှမ့်ရှင်းမှာလည်း ဒီလိုမျိုး အပြစ်ကင်းစင်ပြီး အူတူတူ အတတ စိတ်ထားမျိုး တခြားဘက်ခြမ်းမှာ ရှိနေမယ်လို့ ဘယ်သူက တွေးထင်မိမှာလဲ။ တကယ်လို့ ကေရီ ဘုရင်မက ဒီလိုမျိုး ပင်ကိုယ်စရိုက်မျိုးကို ထုတ်ဖော်ပြမယ်ဆိုရင် ဘာနဲ့သွားတူမလဲ။

သူက အဲဒါကို အရမ်းကို မြင်ချင်စိတ်တွေ ပြင်းပြလာပါတယ်။

အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာပြီးတဲ့နောက်မှာ စွေ့ရန်ယွီက ချက်ချင်းပဲ သူမရဲ့ နေထိုင်ရာ အဆောင်းကနေ ရွှေ့ပြောင်းလာခဲ့ပါတယ်။ သူမက လင်းဟန်နဲ့အတူ

Edit with WPS Office

လုပ်ရှားရပါမယ်။ ဒီနည်းနဲ့ သူမက နေ့ဘက်မှာ အပြင်ဘက်ကမ္ဘာထဲ ကျင့်ကြံအားထုတ်နိုင်ပြီးတော့ ဒီနေရာမှာ သူမရဲ့ မူလစွမ်းအင်တွေ တိုးလာဖို့နဲ့ပ စိတ်ဂိညာဉ်ချီတွေကို စုပ်ယူနိုင်ပါတယ်။ ညကျရင် အနက်ရောင် မျှော်စင်ထဲ ဂင်ပြီးတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ မဟာတာအိုကို ခွဲခြမ်းစိတ်ဖြာပြီး သူမရဲက ကျင့်ကြံခြင်း အမြန်နှုန်းကို တတ်နိုင်သမျှ တိုးအောင်လုပ်ရပါမယ်။

လင်းဟန်က နောက်လိုက်သုံးယောက်ကို ရွေးချယ်နိုင်ပါတယ်။ သူက အခုမှ တစ်ယောက်ပဲ ရွေးရပါသေးတယ်။ ဒါကြောင့် စွေ့ရန်ယွီကို သူ့ရဲ့ နန်းတော်ထဲမှာ တချိန်လုံး ကျင့်ကြံအားထုတ်ခွင့် ပြုထားဖို့ ဆိုတာက သူ့အတွက်တော့ အသေးအဖွဲ့ပါပဲ။ ဘယ်သူကမှ သူတို့အပေါ်မှာ အာရုံမစိုက်သရွေ့ စွေ့ရန်ယွီက သူမရဲ့ သာမန်တပည့် တစ်ယောက် အဆင့်အတန်းကို စွန့်ပယ်စရာအကြောင်း မရှိပါဘူး။

စွေ့ရန်ယွီက ကျင့်ကြံခြင်း အပေါ်မှာ အဓိက အာရုံစိုက်နေတဲ့

Edit with WPS Office

အချိန် လင်းဟန်က မော်ဆေးပညာ အပေါ်မှာ အဓိက အာရုံစိုက်ပါတယ်။

သူ ပိုက်ဆံလိုပါတယ်။

သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားက အဆင့်သုံး နတ်ဘုရား ပစ္စည်းအဆင့်မှာပဲ ရှိပါသေးတယ်။ သူက အဆင့်လေးကို မြှင့်တင်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့လည်း အဆင့်သုံးနဲ့ အဆင့်လေး နတ်ဘုရား သတ္တုတွေ မရေမတွက်နိုင်တဲ့ ပမာဏတစ်ခု လိုအပ်ပါလိမ့်မယ်။ ပြီးတော့ သူတို့ကို ဝယ်ယူဖို့ ဆိုတာက အံ့မခန်း ပမာဏ တစ်ခုလောက် ကုန်ကျပါမယ်။ လင်းဟန်မှာ တကယ်ပဲ အစစ်အမှန် မူလကျောက်တုံးတွေ အများကြီး မရှိပါဘူး။

အခုသူဖော်စပ်နိုင်တဲ့ အမြင့်ဆုံးအဆင့် ဆေးလုံးက လျှို့ပုက်ဆန်းကြယ် မိုးပြာဆေးလုံး ဖြစ်ပြီး ဆေးတစ်လုံး ရောင်းချနိုင်ရင် အစစ်အမှန် မူလကျောက်တုံး ထောင်နဲ့ချီပြီးတော့ ရပါလိမ့်မယ်။ ပါဂင်ပစ္စည်းတွေ အတွက်ကတော့ သူက အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထား ပြီးပါပြီ။ သိပ်မကြာခင်မှာ သူက ခူးဆွတ်လို့

Edit with WPS Office

ရပါတော့မယ်။ ပြီးတော့ အဲဒါက သူ့ရဲ့ ကုန်ကျစားရိတ်ကို အကြီးအကျယ် လျှော့ချပေးနိုင်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ပိုပြီးတော့ အဆင့်မြင့်မားတဲ့ ဆေးလုံးတွေကို ဖော်စပ်ချင်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဆင့်မြင့်တဲ့ ဆေးလုံးတွေကို ဆေးကျိုအိုး တစ်အိုးစာ ဖော်စပ်ရတာက အချိန်ခြင်း အတူတူပါပဲ။ ဒါပေမဲ့ သူရရှိနိုင်တဲ့ အကျိုးအမြတ်ကတော့ အကြီးအကျယ် တိုးလာပါလိမ့်မယ်။

နောက်ပြီးတော့ သူ့က ကျင့်ကြံအားထုတ်ဖို့ လုံလောက်တဲ့ အချိန်တစ်ခုကိုလည်း ချန်ထားရပါမယ်။ ဒါကြောင့် မှန်ကန်တဲ့ ဆေးလုံးအမျိုးအစားကို ရွေးချယ်ပြီးတော့ ဖော်စပ်နိုင်ဖို့ အရမ်းကို အရေးကြီးပါတယ်။

ဒါပေ့ါ။ သူ့မှာ အဆင့်မြင့်တဲ့ ဆေးဖော်စပ်နည်းတွေ မရရှိသေးပါဘူး။ ဒါကြောင့် သူက လျှို့ဟက်ဆန်းကြယ် မိုးပြာဆေးလုံးကိုပဲ သန့်စင်ဖို့ ရွေးချယ်လိုက်ရပါတယ်။

လင်းဟာန်က ကောရီ ဘုရင်မလွမ့်ရှင်းကို မော်ဆေးပညာရှင်

Edit with WPS Office

အဖွဲ့အစည်းက သူတို့ရဲ့ ဆေးဖော်စပ်နည်းတွေ အားလုံးကို မိတ္တူကူးပေးဖို့အတွက် အမိန့်ပေးဖို့ မတောင်းဆို လိုက်ရတာနဲ့ ပတ်သက်ပြီး နောင်တရနေပါတယ်။ တကယ်လို့ ဒီလိုသာ လုပ်နိုင်ခဲ့မယ်ဆိုရင် သူက ဆေးဖော်စပ်နည်းတွေကို ကြေညက်အောင် ဖြည်းဖြည်းလေး လေ့လာသင်ယူနိုင်စွမ်း ရှိလာပါလိမ့်မယ်။

သူနဲ့ ကေရီ ဘုရင်မ လွှမ်းရှင်းမှာ အဲဒီအချိန်တုန်းက ဒီလိုမျိုး ရင်းနှီးပတ်သက်မှု မရှိသေးတာ စိတ်မကောင်းစရာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ သူလည်း ငြိမ်းချမ်းရေး ဂြိုလ်ကြီးဆီကို ပြန်လို့ မရပါဘူး။

ဒေါက် ဒေါက် ဒေါက်။

သူ့အိမ်တံခါးကို တစ်ယောက်ယောက် လာခေါက်ပါတယ်။

ဖန်ယုက အလျင်အမြန်ပဲ တံခါးဆီကို ပြေးသွားပြီးတော့ ဖွင့်လိုက်ပါတယ်။ ခဏအကြာ သူက ပြန်လာပြီးတော့ လင်းဟာန်ဆီကို ဖိတ်စာတစ်စောင် ကမ်းပေးလိုက်ပါတယ်။

"သခင်လေးဟာန် ဒါက သခင်လေးအတွက်

Edit with WPS Office

ဖိတ်စာတစ်စောင်ပါ”

လင်းဟန်က ဖိတ်စာကို လက်ခံပြီးတော့ ဖတ်လိုက်ပါတယ်။ မျိုးစေ့အဆင့် ပါရမီရှင် တချို့က ညှိနှိုင်းခံပွဲတစ်ခု ကျင်းပပြီး ပျော်ပျော်ပါးပါး သောက်စားကာ သူတို့နားလည်သဘောပေါက်ထားတဲ့ တာအိုကို ဆွေးနွေးကြဖို့ ဖိတ်ကြားခြင်း ဖြစ်ပါတယ်။ ဒီပွဲကို မနက်ဖြန် ညနေမှာ ကျင်းပမှာ ဖြစ်ပြီးတော့ တောင်မြစ်အဆင့်မှာရှိတဲ့ မျိုးစေ့အဆင့် ပါရမီရှင်တွေ အားလုံးကို တက်ရောက်ဖို့ ဖိတ်ကြားထားတာ ဖြစ်ပါတယ်။ သူတို့အားလုံး ဂိုဏ်းထဲဝင် ဝင်လာတာ အချိန်အနည်းငယ် ရှိနေပါပြီ။ အခုမှပဲ သူတို့တွေ အတူတကွ စုစည်းဖို့ အခွင့်အရေး ရလာတာ ဖြစ်ပါတယ်။

“အချိန်ကိုက်ပဲ။ သူတို့က ငါနဲ့သင့်တော်တယ် ဆိုပြီးတော့ မလုပ်သင့်ဘူး။ သူတို့က ငါ့ကို ဖိတ်ခဲ့တာလား”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ သူက ဂန်ရှီယွမ်ရဲ့ နတ်ဘုရား ပစ္စည်းကို ဖျက်ဆီးခဲ့ပြီး အကြွင်းအကျန်တွေကိုတောင် သူ့အတွက် ယူဆောင်လာခဲ့ပါတယ်။ ဒီအမျိုးသမီးက သေချာပေါက်

Edit with WPS Office

ဒီကိစ္စကို ချော်ပစ်လိုက်မှာ မဟုတ်ပါဘူး။

"ဟားဟား ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတဲ့ လူခြောက်ယောက်လည်း ရှိသေးတာပဲ။ ဒါက ငါ့အတွက် သူတို့တွေ ဘယ်လောက်အစွမ်းထက်တယ် ဆိုတာကို တွေ့မြင်ရဖို့ အခွင့်ရေးကြီး တစ်ခုပဲ"

နောက်ရက်မှာတော့ လင်းဟန်က ယုံကြည်ချက် အပြည့်နဲ့ တောင်ထိပ်ဆီကို သူ့ဘာသာ ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပါတယ်။

ဒီစုဝေးပွဲကို အဖြူရောင် မြူခိုးတောင်ထိပ်ပေါ်မှာ ကျင်းပမှာ ဖြစ်ပါတယ်။ ဒီတောင်ထိပ်က မျိုးစေ့အဆင့် ပါရမီရှင်တွေအတွက် သီးသန့်ဖြစ်ပါတယ်။ ဒါကြောင့် ပင်မတပည့်တွေနဲ့ သာမန်တပည့်တွေ ရောက်လာပြီး သူတို့ရဲ့ တိုက်ပွဲတွေကို ကြည့်ရှုဖို့ အတွက်တော့ မဖြစ်နိုင်ပါဘူး။ သူတို့တွေ ဘယ်လောက်ပဲ စိတ်အားထက်သန်ပြီး ကြည့်ချင်နေရင်ပဲဖြစ်ဖြစ် မဖြစ်နိုင်ပါဘူး။

Edit with WPS Office

အဖြူရောင် မြူခိုးတောင်ထိပ်က အထူးတလည် မြင့်မားပေမဲ့ ဒီလိုမျိုး အမြင့်က တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အတွက်တော့ ဘာမှမဟုတ်သေးပါဘူး။ လင်းဟာန်က အေးအေးဆေးဆေးပဲ လမ်းလျှောက်လာပြီး တောင်ထိပ်ပေါ်ကို တစ်နာရီ အတွင်းမှာ ရောက်လာခဲ့ပါတယ်။

"ကျေးဇူးပြုပြီးတော့ မင်းရဲ့ ဖိတ်စာကို ထုတ်ပြပါ"

ဒီတောင်ထိပ်က အရမ်းကို ကျယ်ပြန့်ပြီး ဂင်ပေါက်ရဲ့ တစ်ဖက်တစ်ချက်မှာ လူငယ် နှစ်ယောက် စောင့်ကြပ်နေပါတယ်။ သူတို့ရဲ့ အရှိန်အဝါက အတော်လေး အစွမ်းထက်ပါတယ်။ ဒါပေမဲ့ သူတို့က ဂိတ်ပေါက်ဝမှာပဲ စောင့်ကြပ်လို့ ရနိုင်ပါတယ်။

သူတို့က တစ်ယောက်ယောက်ရဲ့ နောက်လိုက်တွေ ဖြစ်နိုင်တယ် ဆိုပေမဲ့ နောက်လိုက်တွေ ထဲမှာတော့ အတော်လေး အသိအမှတ်ပြုရလောက်တဲ့ လူတွေဖြစ်ပါတယ်။ မျိုးစေ့ပါရမီရှင်က ဘယ်လောက်အစွမ်းထက်တယ် ဆိုတာကို သူတို့ရဲ့

Edit with WPS Office

နောက်လိုက်တွေကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းသုံးသပ်နိုင်ပါတယ်။

လင်းဟန်က သူ့ဖိတ်စာကို ကမ်းပေးလိုက်ပါတယ်။ လူငယ်နှစ်ယောက်ထဲက တစ်ယောက်က တစ်ချက်ယူကြည့်ပြီးတော့ ချက်ချင်းဆိုသလို သူ့မျက်နှာပေါ်မှာ အလွန်အလေးအနက်ထားတဲ့ အမူအရာတစ်ခု ဖြစ်လာပါတယ်။

"အော် သခင်လေးဟန်ပဲ ကျေးဇူးပြုပြီးတော့ အထဲကိုဝင်ပါခင်ဗျာ"

တောင်ထိပ်ပေါ်မှာ အရွယ်အစား ပုံသဏ္ဍာမျိုးစုံတဲ့ ကျောက်တုံးတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီကျောက်တုံးတွေက ထိုင်ခုံတွေလည်း ဖြစ်နိုင်ပါတယ်။ အခုချိန်မှာတော့ ကျောက်တုံး အများစုမှာ နေရာယူထားသူတွေ ရှိနေပါတယ်။ လင်းဟန်က ဘေးဘီဝဲယာကို ကြည့်လိုက်တော့ ရင်းနှီးနေတဲ့ မျက်နှာတွေကို တွေ့လိုက်ရပါတယ်။

Edit with WPS Office

ရှောင်စီစီ၊ ဆုကျင်း၊ တုအန်း၊ ချင်းလီချွမ်၊ မိုးရေကောရာဇ်နဲ့ တင်းပင်းတို့ ဖြစ်ပါတယ်။

နောက်ဆုံးနှစ်ယောက်ကတော့ လင်းဟာန်ကို သတိမပြုမိတာ ပေါ်လွင်ပါတယ်။ သူတို့က သူ့နာမည်ကို မကြားခဲ့ပါဘူး။ ဒါကြောင့် သူက လင်းဟာန်ဖြစ်တယ်လို့ တွေးမိမှာ မဟုတ်ပါဘူး။ သူတို့က သူ့ဆီကို မျက်စိတစ်ချက် ပေ့ကြည့်ပြီးတော့ အကြည့်ကို ပြန်ရုပ်သိမ်း သွားကြပါတယ်။

သူ့အနောက်ကနေ နောက်ထပ် လူအနည်းငယ် ရောက်လာပါတယ်။ အဲဒီမှာ ရှားပုချွယ်နဲ့ အူတူတူ အတတ ဟူဖေးယွင်လည်း ပါဝင်ပါတယ်။ နောက်ပြီးတော့ ဂန်ရှီယွမ်လည်း ပါပါတယ်။

သူမက ရောက်လာတာနဲ့ တပြိုင်နက် လင်းဟာန်ကို စိုက်ကြည့်ပြီး သူမရဲ့ ခန္ဓာကိုယ်ကနေ အွန္တရာယ် အငွေ့အသက်ရှိတဲ့ အရှိန်အဝါတစ်ခု ထုတ်ဖော်လို့ နေပါတယ်။

Chapter 1148 end

Edit with WPS Office

အပိုင်း(1149) အကြမ်းရေသောက်ပြီး တာအိုဆွေးနွေးခြင်း

လင်းဟာန်က တုန်လှုပ်ခြင်းမရှိ ကြောက်ရွံ့ခြင်း ကင်းပါတယ်။ သူမကို အာရုံစိုက်နေဖို့တောင်မှ ပျင်းနေပါတယ်။ သူက နတ်ဘုရား သစ်သီး တစ်လုံးကို ထုတ်ယူပြီးတော့ အသံမြည်အောင် ကိုက်ဝါးလိုက်ပါတယ်။

ဒါက အဆင့်နှစ် နတ်ဘုရား သစ်သီး တစ်လုံးပဲ ဖြစ်ပါတယ်။ ဒါကြောင့် သိပ်တန်ဖိုး မရှိပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က ဒီသစ်သီးကို သစ်သီးတစ်လုံးသာသာ သဘောထားပြီး စားနေတာ ဖြစ်ပါတယ်။ လူတော်တော်များများက သူ့ကို သူတို့ရဲ့ စိတ်ထဲကနေ ကြွေးကောင်လို့ ခေါင်းစဉ်တပ် အမည်ပေးလိုက် မိပါတယ်။

ဂန်ရှီယွမ်က ဒေါသအိုး ပေါက်ကွဲလုနီးပါး ဖြစ်သွားပါတယ်။ ဒီလူက သူမကို မမြင်တဲ့အတိုင်းပဲ သစ်သီးတောင် စားနေပါသေးတယ်။ သူမရဲ့ ခြိမ်းခြောက်တဲ့ အကြည့်ကို ဘာမှမဟုတ်တဲ့ အတိုင်းပဲ သူက ဆက်ဆံနေပါတယ်။

သေစမ်း။

Edit with WPS Office

လူတွေ တဖွဲဖွဲ ရောက်လာခဲ့ပါတယ်။ တောင်ထိပ်ပေါ်ကို နေရောင်ခြည် ကျဆင်းလာတဲ့ အချိန်မှာတော့ ဘယ်သူမှ ထပ်ရောက်မလာတော့ပါဘူး။

ကျောက်တုံးတွေ အားလုံးကိုလည်း နေရာယူပြီးလို့ သွားပါပြီ။ တချို့လူတွေကတော့ မတ်တပ်ရပ်နေကြဆဲ ဖြစ်ပြီးတော့ သူတို့တွေက နောက်လိုက်တွေပဲ ဖြစ်ပါတယ်။ သူတို့က အစွန်းအနားတွေမှာ ရပ်နေကြပြီး အလယ်နဲ့ နီးကပ်စွာ ရပ်ခွင့်မရကြပါဘူး။

ကျောက်တုံးအရေအတွက်က မျိုးစေ့ပါရမီရှင်တွေရဲ့ အရေအတွက်နဲ့ အတူတူပါပဲ။ ဒါကြောင့် သူတို့တွေ အားလုံး နေရာယူထားပြီးတာကြောင့် ဖိတ်ကြားခံထားရတဲ့ သူတွေအားလုံး ရောက်နေပြီဆိုတာ ပေါ်လွင်ပါတယ်။

ဒါက မျိုးစေ့ပါရမီရှင်တွေရဲ့ ပထမဆုံးအကြိမ် စုဝေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက တခြားသူတွေနဲ့ ပတ်သက်ပြီး အရမ်းကို သိချင်စိတ်တွေ ဖြစ်နေကြပါတယ်။ နောက်ပြီးတော့ မျိုးစေ့ပါရမီရှင်တိုင်းက ယုံကြည်မှုတွေနဲ့ ပြည့်နေပြီး သူတို့က ပြိုင်ဘက်ကင်းတွေလို့ ယုံကြည်ထား

Edit with WPS Office

ကြပါတယ်။ ဒါကြောင့် သူတို့က ဒီစုဝေးခြင်းအပေါ်မှာ အမြတ်ထုတ်ပြီးတော့ သူတို့ရဲ့ နေရာကို ခိုင်မာမှုရှိပြီး အများကသတိပြု လေးစားရစေဖို့ လုပ်ဆောင်ချင်ခဲ့ပါတယ်။

"အားလုံး ရောက်လာကြပြီပဲ"

ယောက်ျားလေး တစ်ယောက်က မတ်တပ်ထရပ်ပြီးတော့ အားလုံးကို ပြုံးပြကာ ပြောလိုက်တယ်။

"ငါဘယ်သူလဲ ဆိုတာကို တချို့တွေက သိချင်မှ သိလိမ့်မယ်။ ငါ့ကိုယ်ငါပဲ မိတ်ဆက်ပေး ပါရစေ။ ငါက ဟဲထောင်ပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ကိုးရာလောက်က ဂိုဏ်းထဲကို ဝင်လာခဲ့တာပါ"

ဒီလူက မယုံနိုင်စရာ ကောင်းလောက်အောင် သန်မာတာပဲ။

လင်းဟန်က သူ့စိတ်ထဲကနေ ပြောလိုက်တယ်။

ဟဲထောင်ရဲ့ အရိုန်အဝါက မထင်မရှားနဲ့ မှေးမှိန်ပေမဲ့ ပင်လယ်လိုမျိုး ထူးထူးခြားခြားနဲ့ နက်ရှိုင်းတဲ့ ပုံစံမျိုး ရှိပါတယ်။ သူက ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတာမျိုးနဲ့ အရမ်းကို တူညီပါတယ်။ အဲဒါက

Edit with WPS Office

သူ့ကို အစွမ်းထက်တဲ့ အရှိန်အဟုန်ကို ဖုံးကွယ်လို့ရအောင် လုပ်ပေးထား သလိုပါပဲ။

လင်းဟန်အနေနဲ့ သူက ငြိမ်းချမ်းရေး ဂြိုလ်ကြီးအပေါ်မှာ ရှိနေတယ်လို့ တွေးမထားပါဘူး။ ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်း ဖြစ်ပါတယ်။ ဒီဂိုဏ်းထဲမှာ မရေမတွက်နိုင်တဲ့ အထွတ်အထိပ် ပါရမီရှင်တွေ ပြည့်နှက်နေတဲ့ ဂိုဏ်းတစ်ခုလည်း ဖြစ်ပါတယ်။ နောက်ပြီးတော့ အကြီးအကဲ ဟိုင်ယွင်က သူ့အပါအဝင် ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတဲ့ မျိုးစေ့ပါရမီရှင် စုစုပေါင်း ခုနစ်ယောက်ရှိတယ်လို့ ပြောခဲ့ပါတယ်။

ဒီအခြေအနေက တောင်မြစ်အဆင့် တစ်ခုတည်းမှာပဲ ဖော်ပြထားတာ ဖြစ်ပါတယ်။ တကယ်လို့ နေလအဆင့်ကိုပါ ထည့်တွက်မယ်ဆိုရင် လူ့အရေအတွက်က သေချာပေါက် ခုနစ်ယောက် မကလောက်ပါဘူး။

"ဒါဆို သူက ဟဲထောင်ပေါ့"

"သူက တောင်မြစ်အဆင့်ထဲက မျိုးစေ့ပါရမီရှင်တွေ အထဲမှာ

Edit with WPS Office

ထိပ်ဆုံးငါးယောက်စာရင်း သေချာပေါက် ဝင်တယ်”

“သူ့ဘေးနားကလူကို တချက်ကြည့်လိုက်ဦး။ သူ့နာမည်က ပူကျဲပဲ။ သူလည်း မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက်ပဲ။ ဒါကြောင့် သူက ဟဲထောင်နဲ့ ယှဉ်နိုင်လောက်တယ်”

“နောက်ပြီးတော့ ပူဂမ်ထုံ၊ ရှီအန်ပူ၊ ရှမ်းကျူးအာနဲ့ ကွမ်ဖေးချန်လည်း ရှိသေးတယ်။ သူတို့ ခြောက်ယောက်ကို ဘုရင်လေး ခြောက်ပါးလို့ ခေါ်ကြတယ်”

တစ်ယောက်နဲ့ တစ်ယောက် တီးတိုးပြောဆိုနေကြတဲ့ လူတွေရှိတာကြောင့် သူတို့ရဲ့ ဆွေးနွေးမှုကို ကြားပြီးတဲ့ နောက်မှာ လင်းဟန်က အခြေအနေကို နားလည်သွားပါတယ်။ ဘုရင်လေး ခြောက်ပါးလို့ခေါ်တဲ့ သူတို့ခြောက်ယောက်က ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတဲ့ တောင်မြစ်အဆင့် တပည့်ခြောက်ယောက် ဖြစ်ပါတယ်။

“ဟားဟားဟား ဒါက လက်ဘက်ရည် ဧည့်ခံပွဲတစ်ခုဆိုတော့ လက်ဘက်ရည် လိုတာပေါ့”

Edit with WPS Office

ဟဲထောင်က ရယ်ရယ်မောမောနဲ့ ပြောလိုက်ပြီးတော့ သူ့ရဲ့ သိုလှောင်စိတ်ဂိညာဉ် ပစ္စည်းထဲကနေ အိုးသေးသေးလေး တစ်လုံးကို ထုတ်ယူပြီး အဲဒီအပေါ်မှာ လက်ဘက်ရည်အိုး တစ်လုံးကို တင်လိုက်ပါတယ်။ ပြီးတော့ သူက လက်ဘက်ရည်ကို စဖျော်လိုက်ပါတယ်။

သူက သာမန်မီးကို သုံးတာမဟုတ်ပဲ သူ့လက်ဖဝါးကနေ ထွက်ပေါ်လာတဲ့ မီးဓာတ်ကို အသုံးပြု ခဲ့တာ ဖြစ်ပါတယ်။ မီးတောက်တွေရဲ့ အထဲမှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်လို့ နေပြီးတော့ သူက မီးဓာတ်စွမ်းအင် အရင်းအမြစ်လိုမျိုး မဟာတာအိုရဲ့ စည်းမျဉ်းဥပဒေတွေကို တကယ်ပဲ အသုံးချနေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

သာမန်သတ္တုတွေက ဒီလိုမျိုး နတ်ဘုရား မီးတောက်တွေကြောင့် သေချာပေါက် အရည်ပျော် ကျသွားပါလိမ့်မယ်။ နောက်ပြီးတော့ သူ့လိုမျိုး အစွမ်းထက်တဲ့ လူတစ်ယောက်ကြောင့် သူ့မီးတောက်တွေရဲ့ အစွမ်းနဲ့ အဆင့်လေး နတ်ဘုရား သတ္တုတောင်မှ ဖြည်းညင်းစွာနဲ့ အရည်ပျော်ကျ သွားနိုင်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူ့ဆေးကျိုးအိုးက ဒီပြင်းထန်တဲ့ မီးတောက်တွေကိုတောင် သာမန်မီးတောက်တွေနဲ့ မြိုက်ခံနေရတဲ့ အတိုင်းပဲ ခံနိုင်ရည်စွမ်း ရှိပါတယ်။ နတ်ဘုရား မီးတောက်တွေရဲ့ ပြင်းထန်တဲ့ အပူချိန်အောက်မှာ အရည်ပျော်ကျသွားမဲ့ လက္ခဏာမျိုး နည်းနည်းလေးမှ မရှိခဲ့ပါဘူး။

ဒါက သာမန်ဆေးကျိုးအိုး တစ်ခု မဟုတ်ဘူးပဲ။

လင်းဟန်က သူ့စိတ်ထဲကနေ ပြောလိုက်ပါတယ်။

သူက ဒီနတ်ဘုရား ပစ္စည်းကို ဆေးကျိုးအိုး တစ်ခုလိုမျိုး အသုံးပြုဖို့နဲ့ ပတ်သက်ပြီးတော့ စဉ်းစားနေတာ မဟုတ်ပါဘူး။ အဲဒီအစား သူ့စိတ်ထဲမှာ အတွေးတစ်ခုပဲ ရှိပါတယ်။ ဒီဆေးကျိုးအိုးကို အစိတ်စိတ် အပိုင်းပိုင်း ခုတ်ဖြတ်ပြီးတော့ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားရဲ့ အရည်အသွေးကို တိုးမြှင့်ဖို့အတွက် အသုံးချဖို့ပဲ ဖြစ်ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် ဆေးကျိုးအိုးထဲက ရှေဟာ ဒီလိုအစွမ်းထက်တဲ့ နတ်ဘုရား မီးတောက်တွေဗကြောင့်

Edit with WPS Office

အပူချိန်တွေ မြင့်မားပြီး ဆူပွက်ဖို့ အချိန်မလိုပါဘူး။ ဒါပေမဲ့လည်း နာရီဂျက်ခန့် ကြာပြီးတဲ့ နောက်မှာတောင် ဆေးကျိုအိုး နှုတ်သီးဂျကနေ မီးခိုးငွေ့တစ်မျှင်တောင် ထွက်မလာသေးပါဘူး။

"အဟဲ အထဲမှာ သန်းခေါင်ည အေးစိမ့်ရေခဲ ရှိနေတယ်။ ဒါကြောင့် အဲဒါကို အရည်ပျော်ဖို့အတွက် ခဏတော့ အချိန်ယူရမယ်"

ဟဲထောင်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း ငါတို့ရဲ့ လက်ဘက်ရည် ညှိခံပွဲနဲ့ တာအိုဆွေးနွေးပွဲက အနည်းဆုံး လေးငါးရက်လောက် ကြာနိုင်တယ်။ ဒါကြောင့် ဘာဖြစ်လို့ ငါတို့က တာအိုအကြောင်းကို အရင်ဆုံး မဆွေးနွေးမှာလဲ။ နောက်မှ ငါတို့တွေ လက်ဘက်ရည် မြည်းတာပေါ့"

"ဘာ သန်းခေါင်ည အေးစိမ့်ရေခဲ ဟုတ်လား"

လူတော်တော်များများက အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ အဲဒီအချိန်မှာ လူတချို့ကတော့

Edit with WPS Office

သန်းခေါင်ည အေးစိမ့်ရေခဲဆိုတာ ဘာမှန်းမသိပါဘူး။ ဒါကြောင့် သူတို့က တခြားသူတွေရဲ့ ရှင်းပြတာကို နားထောင်ပြီးမှပဲ နားလည်ပါလိမ့်မယ်။

"သန်းခေါင်ည အေးစိမ့်ရေခဲက တိမ်ပျံဂြိုလ်ကြီးရဲ့ အရမ်းကို ဝေးလံတဲ့ တောင်ပိုင်းနယ်မြေထဲမှာပဲ ဖြစ်ပေါ်တယ်။ အဲဒီနေရာက အရိုးထဲထိ စိမ့်နေအောင် အေးပြီးတော့ တစ်နှစ်ပတ်လုံး ရေခဲနဲ့ ဆီးနှင်းတွေ ကျနေတယ်။ နောက်ပြီးတော့ ရေခဲနဲ့ ဆီးနှင်းတွေ အောက်မှာ ကြောက်စရာကောင်းတဲ့ လိုဏ်ဂူတွေ မရေမတွက်နိုင်အောင် ဖုံးကွယ်နေတယ်။ တကယ်လို့ လူတစ်ယောက်က ခြေလှမ်းမှားပြီး လိုဏ်ဂူထဲကို ကျသွားမယ်ဆိုရင် ရေခဲတွေထဲမှာ ထာဝရ ပိတ်လှောင်ခံလိုက် ရနိုင်တယ်"

"နေလအဆင့် လက်ရွေးစင်တွေတောင် အဲဒီနေရာသွားဖို့ ဆန္ဒမရှိကြဘူး။ တကယ်တော့ အဲဒီနေရာမှာ တန်ဖိုးကြီး နတ်ဘုရား ဆေးပင်တွေ ဒါမှမဟုတ် တန်ဖိုးကြီးတဲ့ မိစ္ဆာသားရဲတွေ နည်းနည်းလေးမှတောင် မရှိပါဘူး"

"ဒါပေမဲ့လည်း သန်းခေါင်ည အေးစိမ့်ရေခဲကတော့

Edit with WPS Office

ဒေသထွက် ပစ္စည်းအနည်းငယ်ထဲက ထူးခြားတဲ့ ပစ္စည်းတစ်ခုပဲ။ သူက ပေးလံတဲ့ တောင်ပိုင်းကုန်းမြေရဲ့ ပြိုင်ဘက်ကင်း မဟာတာအိုကနေ ဖြစ်ပေါ်လာပြီး ဒီလိုရေခဲရေကို သောက်လိုက်မယ်ဆိုရင် လူတစ်ယောက်က ရေခဲဓာတ်ရဲ့ ထူးခြားဆန်းကြယ်မှုကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း ရှိလာနိုင်တယ်"

"တကယ်လို့ သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူက သန်းခေါင်ည အေးစိမ့်ရေခဲကို သွားထိလိုက်မယ်ဆိုရင် သူတို့က ချက်ချင်း အေးခဲသွားလိမ့်မယ်။ တကယ်လို့ သူတို့တွေ မသေသွားဖူး ဆိုရင်တောင် ပြင်းထန်တဲ့ ဒဏ်ရာတွေ ခံစားသွားရမယ်"

"စီနီယာအစ်ကိုဟဲကတော့ တကယ့်ကို မျှော်လင့်ထားသလိုပဲ။ သူ့လက်ထဲကို သန်းခေါင်ည အေးစိမ့်ရေခဲကို ရအောင်လို့တောင် ယူနိုင်တယ်။ ဘယ်လောက် အံ့သြစရာ ကောင်းလိုက်သလဲ"

ပါရမီရှင်တွေက သူတို့ထက် တခြားသူတွေက ပိုပြီးတော့ အထင်ကြီးစရာကောင်းတယ် ဆိုတာကို ဂရုမစိုက်ဘဲ ဖုံးဖို့

Edit with WPS Office

ဆန္ဒမရှိပေမဲ့လည်း အမုန်တရားက သူတို့ရဲ့ မျက်စိအရှေ့မှာ ရှိနေပါတယ်။ တကယ်လို့ သူတို့မှာ တစ်စုံတစ်ယောက်ရဲ့ ခွန်အားနဲ့ ပတ်သက်ပြီး အသိအမှတ်ပြုဖို့ သတ္တိမရှိဘူး ဆိုရင် ဘယ်လိုလုပ်ပြီး သူတို့ကို ဖိနှိပ်ထိန်းချုပ်ဖို့ ဆန္ဒရှိနိုင်မှာလဲ။

ဒါကြောင့် အားလုံးက ဟဲထောင်ကို ကြည်ညိုလေးစားစွာနဲ့ ကြည့်နေကြပါတယ်။

ဟဲထောင်က သန်းခေါင်ည အေးစိမ့်ရေခဲကို ဆူလာအောင် ဆက်ပြီးတော့ အပူပေးနေရင်း ထူးဆန်းစွာ ပြုံးလိုက်ပါတယ်။

"ငါက ဒါကို ကံကောင်းပြီးတော့ ရလာတာပါ။ ငါအေးစိမ့်ရေခဲ မြေခွေးတစ်ကောင်ကို လိုက်ဖမ်းတုန်းက ရေခဲလိုဏ်ဂူတစ်ခုထဲကို ဝင်သွားမိပြီး အဲဒီကနေ သန်းခေါင်ည အေးစိမ့် ရေခဲချုပ် နည်းနည်းကို ရှာတွေ့ခဲ့တယ်။ ငါခဏလောက် စဉ်းစားပြီးတော့ အဲဒါတွေကို ပြန်ယူလာပြီး ဝှါဂျူနီယာ ညီငယ် ညီမငယ်တွေကို အရသာ မြည်းစမ်းဖို့ လက်ဘက်ရည် ဖျော်ပေးမယ်လို့ စိတ်ကူးမိတယ်"

Edit with WPS Office

တစ်စုံတစ်ယောက်က အနည်းငယ် ပဟေဠိ ဖြစ်နေပြီး သူက အသာလေး ပြောလိုက်ပါတယ်။

"ဒီလိုအိုးသေးသေးလေးနဲ့ဆို ကျနော်တို့ တစ်ယောက်ကို ခွက်တစ်ဝက်တောင် ရပါ့မလား"

သူပြောတဲ့ခွက်က အရမ်းကို သေးငယ်တဲ့ လက်ဘက်ရည်ခွက် အမျိုးအစား ဖြစ်ပါတယ်။

"မစိုးရိမ်ပါနဲ့။ လက်ဘက်ရည်အိုးထဲမှာ နောက်ထပ်ခွဲထားတဲ့ နေရာလွတ် ရှိသေးတယ်။ အဲဒါက သိပ်မကြီးပေမဲ့ ငါတို့အားလုံးကို လက်ဘက်ရည် လုံလုံလောက်လောက် ထောက်ပံ့ပေးဖို့ အထိတော့ သေချာပါတယ်"

ဟဲထောင်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"အစ်ကိုဟဲက ငါတို့အတွက် သန်းခေါင်ည အေးစိမ့်ရေခဲကို လက်ဘက်ရည်အဖြစ် ထောက်ပံ့ပေးမှတော့ ငါလောဘကြီးနေလို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် ငါက ကြည်လင်အေးငြိမ်း သစ်ရွက်တချို့နဲ့ ကမ်းလှမ်းမယ်။ ငါတို့ အဲဒါကို ခဏတဖြုတ် လက်ဘက်ရည်အဖြစ်

Edit with WPS Office

အသုံးပြုနိုင်တာပေါ့”

ပူကျဲက ကြားဖြတ်ဝင်ပြော လိုက်ပါတယ်။

ဖူး။

လူတော်တော်များများ အံ့အားသင့်မှုကြောင့် တံတွေးသီးကုန်ပါတယ်။ သူတို့ရဲ့ အမူအရာတွေက စိတ်လှုပ်ရှားမှုနဲ့အတူ စိတ်အားထက်သန်မှုတွေ ဖြစ်လာပါတယ်။

ကြည်လင်အေးငြိမ်း သစ်ရွက်က သေချာပေါက် အရမ်းကို အဖိုးထိုက်တန်ပါတယ်။ အဲဒါက ကျင့်ကြံသူတွေကို တာအိုကို ခွဲခြမ်းစိတ်ဖြာတဲ့ နေရာမှာ ကူညီပေးနိုင်ပါတယ်။ နေလအဆင့် လက်ရွေးစင်တွေတောင်မှ ဒီလိုမျိုး လက်ဘက်ရည်ကို ရရှိဖို့ လိုအပ်ကြပါတယ်။

ဘုရင်ခြောက်ပါးရဲ့ အဖွဲ့ဝင် တစ်ယောက်ဆိုတဲ့ အတိုင်းပါပဲ။ သူတို့တွေ သာမန်ကာလျှံကာ ထုတ်ပေးတဲ့ ပစ္စည်းတွေက တခြားသူတွေကို အလွယ်တကူ အံ့အားသင့်သွားအောင် လုပ်နိုင်ပါတယ်။

Edit with WPS Office

မိုးရေကောရာဇ်နဲ့ တင်းပင်းတို့ပဲ လှုပ်ရှားမှု မရှိခဲ့ပါဘူး။

ကြည်လင်ငြိမ်းအေး သစ်ရွက်က သူတို့ကို ဘယ်လိုလုပ် လှုပ်လှုပ်ရှားရှား ဖြစ်အောင် လုပ်နိုင်မှာလဲ။ လူတစ်ယောက်ရဲ့ ခွဲခြမ်းစိတ်ဖြာမှုကို ကူညီနိုင်မှုနဲ့ ပတ်သက်ရင် ဘယ်လိုလုပ် ပြန်လည်မွေးဖွားခြင်းသစ်ပင်ကို သူက ယှဉ်နိုင်မှာလဲ။ အဲဒီအပင်အောက်မှာ တစ်ရက်လောက် ခွဲခြမ်းစိတ်ဖြာတာက တစ်နှစ်လောက်နဲ့ ညီမျှပါတယ်။ ကြည်လင်အေးငြိမ်း လက်ဘက်ရည်က အဲဒီလို လုပ်နိုင်လို့လား။

နောက်ပြီးတော့ သူတို့တွေက ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ နေ့စဉ်နေ့တိုင်း တာအိုကို ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့ပါတယ်။ အဲဒီအချိန်ဆို ကြည်လင်အေးငြိမ်း သစ်ရွက်က ဘယ်လောက်ထိ အများကြီး သုံးရမလဲ။

"ဒါပေမဲ့လည်း လက်ဘက်ခြောက်ရွက် အရေအတွက်က အကန့်အသတ် ရှိနေတယ်။ တိတိကျကျဆို ဆယ်ရွက်ရှိတယ်"

Edit with WPS Office

ပူကျဲက ခဏလောက် ရပ်ပြီးတော့မှ စကားကို ပြန်ဆက်လိုက်ပါတယ်။

"ဒီလိုလုပ်လိုက်မယ်။ ထိပ်ဆုံး ဆယ်ယောက်ထဲကို အဆင့်ချိတ်နိုင်တဲ့ သူတွေကို သူတို့ရဲ့ လက်ဘက်ရည်ထဲ လက်ဘက်ခြောက်တစ်ရွက်ခတ်ဖို့ လက်ခံရရှိမယ်။ အားလုံး ဘယ်လို သဘောရလဲ"

လက်ဘက်ခြောက်တွေကို လက်ဘက်ရည်အိုးထဲ စကတည်းက ထည့်ပြီးတော့ လက်ဘက်ရည်ရဲ့ အာနိသင်ကို ပိုပြီးတော့ ကောင်းမွန်စေတယ် ဆိုပေမဲ့ လက်ဘက်ရည် တစ်ခွက်ထဲမှာ လက်ဘက်ခြောက် တစ်ရွက် ရှိတာနဲ့ ဘယ်လိုလုပ် ယှဉ်လို့ ရမှာလဲ။

အားလုံးက ခေါင်းတညိတ်ညိတ်နဲ့ သဘောတူလိုက်ကြပြီး သူတို့ရဲ့ လက်သီးတွေကို ဆုပ်ပြီးတော့ တိုက်ခိုက်ဖို့ ပြင်လိုက်ပါတယ်။ သူတို့အားလုံးက တာအိုဆွေးနွေးကြတယ် ဆိုမှတော့ အစွမ်းပိုထက်တဲ့ သူက ပိုပြီးတော့ အကျိုးအမြတ် ရရှိတာ သဘာဝပါပဲ။ ဒါက ကျင့်ကြံခြင်း ကမ္ဘာရဲ့ ထာဝရ မှန်ကန်မှု တစ်ခုပဲ ဖြစ်ပါတယ်။

Edit with WPS Office

အစွမ်းထက်ဆုံးကပဲ ဘုရင်ဖြစ်နိုင်တယ်။

"ငါက ဖန်ကျင်းပါ။ ဘယ်ဂျူနီယာ ညီငယ် ဒါမှမဟုတ် ညီမငယ်ကများ ငါ့ကို စိန်ခေါ်ဖို့ ဆန္ဒရှိလဲ"

လူငယ်တစ်ယောက်က ချက်ချင်းပဲ လွှားခနဲ ခုန်ထွက်လာပြီး အားလုံးကို သူ့ရဲ့ ဂျူနီယာတွေလို့ ရည်ညွှန်းပြောဆိုလိုက်ပါတယ်။ ဒါက ယုံကြည်မှုကို ထုတ်ဖော်ပြသမှု တစ်ခုဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့စွမ်းရည်တွေက စီနီယာတစ်ယောက် ဖြစ်လာဖို့ ယုံကြည်မှု ရှိနေတာကို ဖော်ပြနေပါတယ်။

"ငါမင်းကို စိန်ခေါ်တယ်"

နောက်ထပ် လူငယ်တစ်ယောက်က ပြောပြောဆိုဆိုနဲ့ အရှေ့ကို ခုန်ထွက်လာခဲ့ပါတယ်။

"ကျေးဇူးပြုပြီးတော့စပါ"

သူတို့နှစ်ယောက်က သူတို့ရဲ့ လက်တွေကို ဆုပ်ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် အရိုအသေ ပြုလိုက်ပြီး ချက်ချင်းပဲ တိုက်ပွဲကို စလိုက်ပါတယ်။

Edit with WPS Office

သူတို့ရဲ့ တိုက်ပွဲက အရမ်းကို ပြင်းထန်ပါတယ်။

Chapter 1149 end

အပိုင်း(1150) တပည့်ရဲ့ တိုက်ပွဲ

ဒီလူနှစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်က မမြင့်ပါဘူး။ နှစ်ယောက်စလုံး တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ ရှိပါတယ်။

ဒါပေမဲ့လည်း သူတို့က သူတို့ကိုယ်ပိုင် လမ်းကြောင်းမှာတော့ ပါရမီရှိပါတယ်။ အဲဒီလိုမှ မဟုတ်ရင် အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့ပါရမီရှင်တွေ ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။ ဥပမာ ဖန်ကျင်းက အေးစိမ့်စိမ့် အရှိန်အဝါတစ်ခု ရောင်ပြန်ဟပ်နေပြီးတော့ ရေခဲအဖြစ်ကို ပြောင်းလဲနိုင်ပါတယ်။ ဒါကြောင့် သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုတွေက ရေခဲကြောင့် ပိတ်ဆို့ခံထားရပြီး သူ့အနားကိုတောင် ရောက်မလာနိုင်ပါဘူး။

သူ့ပြိုင်ဘက်ကလည်း လွယ်ကူတဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး။ သူက မိုးကြိုးလျှပ်စီး အဖြစ်ကို

Edit with WPS Office

ပြောင်းလဲနိုင်ပြီး ဒီပညာရပ်က မိုးထစ်ချုန်း ကိုးခုမြောက် ကောင်းကင်ဘုံ ပညာထက်တောင် အများကြီး အစွမ်းထက်ပါတယ်။ သူ့ခန္ဓာကိုယ် ပတ်လည်မှာ နတ်ဘုရား သင်္ကေတတွေ ဖုံးလွှမ်းနေပြီး သူက သူ့ပြိုင်ဘက်ဆီက တိုက်ခိုက်မှုတွေကို ထိမှန်ခံရမှာ ကြောက်ရွံ့မှု မရှိပါဘူး။

သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူတွေက တကယ်လို့ သူတို့ထက် အဆင့်သေးတစ်ဆင့် မြင့်နေမယ် ဆိုရင်တောင် သူတို့ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ပြီး ခုခံနိုင်ဖို့ အခွင့်အရေး မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ တိုက်ခိုက်မှုတွေက ဒီမျိုးစေ့အဆင့် ပါရမီရှင်တွေ အပေါ်မှာ အကျိုးသက်ရောက်မှု ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူတို့ကို ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်တဲ့အခါမှာ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုတွေက အကျိုးသက်ရောက်မှု မရှိပေမဲ့ နတ်ဘုရား သင်္ကေတတွေ ရောယှက်ပါဝင်နေတဲ့ တိုက်ခိုက်မှုတွေကြောင့်တော့ သူတို့က ဒဏ်ရာရနိုင်နေဆဲပါပဲ။

ဥပမာ ဖန်ကျင်းက သူ့ပြိုင်ဘက်ရဲ့ လျှပ်စီးခန္ဓာကိုယ်ကို သူ့ရဲ့

Edit with WPS Office

အေးစိမ့်တဲ့ အရိုန်အဝါနဲ့ ဖြစ်ပေါ်ထားတဲ့ ဓားကို နတ်ဘုရား သင်္ကေတတွေနဲ့ ရောယှက်ထားပြီး ထိုးစိုက်လိုက်မယ်ဆိုရင် ဒဏ်ရာရအောင် လုပ်နိုင်ပါလိမ့်မယ်။ တစ်ဖက်မှာ သူ့ပြိုင်ဘက်ကလည်း သူ့ကို လျှပ်စီးအလင်း လုံ့ရှည်တွေ ပစ်လွှတ်တိုက်ခိုက်တဲ့ အချိန်မှာ သူ့ကို အကြီးအကျယ် ခြိမ်းခြောက်နိုင်ပါတယ်။

သူတို့နှစ်ယောက်က အလျင်အမြန်ပဲ အလေးအနက် ဖြစ်လာပြီး နှစ်ယောက်စလုံး သူတို့ရဲ့ အစွမ်းကို အကုန်ထုတ်ကာ တိုက်ခိုက်လိုက် ကြပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဘေးဖယ်ထားဦး။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ်ပဲ အရမ်းကို အထင်ကြီးစရာ ကောင်းလွန်းပါတယ်။

တကယ်လုံလောက်ပါတယ်။ မျိုးစေ့ပါရမီရှင်တွေကို လျော့တွက်လို့ မရနိုင်ပါဘူး။

လင်းဟာန်က အံ့သြသွားမိပေမဲ့ တကယ်လို့ သူတို့က တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ ရှိမယ်ဆိုရင် ဒီနှစ်ယောက်ကို

Edit with WPS Office

သူ့အနေနဲ့ ဖိနှိပ်ထိန်းချုပ်နိုင်မလား မပြောတတ်ပါဘူး။

ဒါက ပြောဖို့ ခက်ခဲပါတယ်။

လင်းဟန်က သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို သူတို့ရဲ့ တိုက်ပွဲစွမ်းရည်နဲ့ ယှဉ်ကြည့်ပါတယ်။ ခွန်အားနဲ့ ပတ်သက်ရင် သူက သူတို့လို တူညီတဲ့ ကျင့်ကြံခြင်း အဆင့်မှာ ရှိနေတဲ့ အချိန်မှာဆို ဒီလူနှစ်ယောက်က သူ့ထက် အားမနည်းပါဘူး။ ဒါပေမဲ့လည်း ဒီသုံးသပ်ချက်က သူတို့ရဲ့ ဂုဏ်ဖဲတွေကို ထည့်မတွက်ခင် သုံးသပ်ထားတာ ဖြစ်ပါတယ်။ ဥပမာ သူက လျှင်မြန်မှု နည်းစနစ်နဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သတ်သင်ခြင်းများကို ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ ဒီလျှို့ဂုဏ် နည်းစနစ်တွေက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြီးကြီးမားမား ပြောင်းလဲနိုင်ပါတယ်။

နောက်ပြီးတော့ လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကိုလည်း ကျင့်ကြံအားထုတ် ထားခဲ့ပါတယ်။ အဲဒါကသူ့ကို အံ့မခန်း ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုဖြစ်အောင် လုပ်ပေးထားပါတယ်။ တကယ်လို့ သူက ကျင့်ကြံခြင်းအဆင့် တူညီတဲ့

Edit with WPS Office

တစ်ယောက်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်ရမယ်ဆိုရင် သူက ရှုံးနိမ့်စရာအကြောင်း မရှိပါဘူး။

အချိန်အတော်ကြာအောင် တိုက်ခိုက်ပြီးတဲ့ နောက်မှာ နောက်ဆုံးတော့ ဖန်ကျင်းက အနည်းငယ် အသာစီး ရပြီးတော့ အနိုင်ရသွားပါတယ်။

သူတို့နှစ်ယောက်လုံး အနောက်ကို ဆုတ်ပြီးတော့ နောက်ထပ်စိန်ခေါ်သူ နှစ်ယောက်အတွက် တိုက်ပွဲကွက်လပ်ကို ပေးပြီး အနားယူနေ ကြပါတယ်။

သူတို့နောက်ကနေ လူတော်တော်များများ ထွက်ပြီးတော့ တိုက်ခိုက်ကြပြီး သူတို့အားလုံးရဲ့ တိုက်ပွဲတွေက ကျေနပ်စရာကောင်းအောင် ပြင်းထန်ပါတယ်။

သူတို့အားလုံးက ဂိုဏ်းရဲ့ ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကမှ သူတို့ပြိုင်ဘက်ကို ကျင့်ကြံခြင်းအဆင့် မြင့်မားမှု တစ်ခုအပေါ်မှာ အားကိုးပြီးတော့ အနိုင်မယူခဲ့ကြပါဘူး။ အားလုံးက သူတို့နဲ့ ကျင့်ကြံခြင်း အဆင့်တူတဲ့ သူတွေကိုပဲ ပြိုင်ဘက်အဖြစ်

Edit with WPS Office

ရွေးချယ်ကြပါတယ်။ ဒါမှမဟုတ် အနည်းဆုံး အဆင့်သေး တစ်ဆင့်အတွင်းမှာ ဖြစ်ပါတယ်။ သူတို့က တစ်ယောက်ယောက်ကို စိန်ခေါ်တာဖြစ်ဖြစ် တစ်ယောက်ယောက်က သူတို့ကို စိန်ခေါ်တာပဲဖြစ်ဖြစ် အဆင့်သေး တစ်ဆင့်ကွာတာလောက်ကို လျစ်လျူရှုထား ကြပါတယ်။

အဆင့်သေး တစ်ခုကွာခြားချက်က စွမ်းအားမှာ ကြယ်သုံးပွင့်လောက် ကွာခြားစေနိုင်ပေမဲ့ အဲဒါနဲ့ ပတ်သက်ပြီး ဘာမှမတတ်နိုင်ပါဘူး။ ဒီကမ္ဘာကြီးထဲမှာ လုံးဝကို တရားမျှတမှု ဆိုတာမျိုးက မရှိပါဘူး။

ဒါကြောင့် ပြိုင်ဘက်တစ်ယောက်ထက် အဆင့်သေး တစ်ဆင့် ဒါမှမဟုတ် နှစ်ဆင့်နိမ့်ပြီးမှ အနိုင်ရတာ ဒါမှမဟုတ် သရေကျအောင် လုပ်နိုင်စွမ်း ရှိတာက ပိုပြီးတော့တောင် အထင်ကြီးစရာ ကောင်းလွန်းပါလိမ့်မယ်။ ဒီလိုမျိုး အောင်မြင်မှုကို ရရှိနိုင်မှပဲ လူတစ်ယောက်က ပါရမီရှင် တစ်ယောက်အဖြစ် ရပ်တည်နိုင်ပါမယ်။

လင်းဟာန်က တိုက်ခိုက်ချင်တာ လက်ယားနေပါပြီ။

Edit with WPS Office

သူ့ပြိုင်ဘက်ဖြစ်ဖို့က ဟဲထောင်နဲ့ ပူကျဲတို့ပဲ ထိုက်တန်ပါတယ်။ တခြားသူတွေကတော့ သူ့ကို စိန်ခေါ်ဖို့ အရမ်းကို အားနည်းပါတယ်။ သူက တခြားသူတွေကို ရွေးဖို့ စိတ်ကူးမရှိပါဘူး။ ဒါကြောင့် သူ့ထိုင်ခုံကနေ တိုက်ပွဲတွေကို ပွဲကြည့်ပရိသတ် လုပ်နေပါတယ်။

တိုက်ပွဲတွေကို ကြည့်ရှုခြင်းဖြင့်လည်း လူတစ်ယောက်ရဲ့ ခွဲခြားစိတ်ဖြာမှုကို အကူအညီ ပေးနိုင်ပါတယ်။ ပြီးတော့ တခြားသူတွေရဲ့ တိုက်ပွဲတွေကို ကြည့်ခြင်းအားဖြင့် ဉာဏ်အလင်း တချို့တောင် ပွင့်သွားစေပါတယ်။ သူက သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားနဲ့အတူ ပိုမိုကောင်းမွန်တဲ့ ပေါင်းစပ်မှုကို လုပ်နိုင်စွမ်း ရှိလာနိုင်ပါတယ်။

ကျင့်ကြံခြင်းကို စည်းမျဉ်းဥပဒေတွေကို ပေါင်းစည်းခြင်းနဲ့ စည်းမျဉ်းဥပဒေတွေကို ဖျက်ဆီးခြင်း ဆိုပြီးတော့ ခေါင်းစဉ်ကို ခွဲထားလို့ ရတယ်။ ဒါကြောင့် ငါက ကမ္ဘာကြီးထဲမှာ အစွမ်းထက်ဆုံး တာအိုကို အောင်မြင်ဖို့ဆိုရင် ဒီအရည်အသွေး နှစ်ခုစလုံးကို အဆုံးစွန်ထိ ထုတ်ဖော်နိုင်စွမ်း

Edit with WPS Office

ရှိမှပဲ ရမယ်။

ဒါပေမဲ့လည်း ငါက တကယ်လို့ သူတို့ကို အဆုံးစွန်ထိ ကိုင်ဆွဲထားမယ်ဆိုရင် စည်းမျဉ်းဥပဒေတွေကို အပြည့်အဝ နားလည်သဘောပေါက်အောင် ခွဲခြမ်းစိတ်ဖြာဖို့ လိုတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါက သူတို့ကို ဘယ်လိုမျိုး ပေါင်းစည်းပြီး ဘယ်လိုမျိုး ဖျက်ဆီးပစ် နိုင်မှာလဲ။

လင်းဟာန်က သူ့ဘာသာသူ ခေါင်းညိတ်လိုက်ပါတယ်။ အားလုံးက မတူညီတဲ့ လမ်းကြောင်း တစ်ခုစီကို ကျင့်ကြံအားထုတ်ပေမဲ့ အားလုံးက သူ့ကို ကူညီပေးနိုင်ပါတယ်။

"ငါက တင်းပင်းပါ ကျေးဇူးပြုပြီး"

လင်းဟာန်ရဲ့ အတွေးစ ပြတ်သွားခဲ့ပါတယ်။ ရုတ်တရက် သူ့ရဲ့တပည့်က တိုက်ပွဲမြေကွက်လပ်ဆီ ခုန်ဝင်လာတာကို တွေ့မြင်လိုက်ရပါတယ်။ သူ့ရဲ့ပြိုင်ဘက်က ချောမောလှပပြီး ငယ်ရွယ်တဲ့ မိန်းမလှလေး တစ်ယောက် ဖြစ်ပါတယ်။ သူမက ကြက်သွေးရောင် ဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး သူမပုံစံက

Edit with WPS Office

အရောင်တလက်လက် တောက်ပပြီးတော့ အရမ်းကို ဆွဲဆောင်မှု ရှိနေပုံ ပေါ်ပါတယ်။

တင်းပင်းက ဒီမိန်းမလှလေးကို ကြည့်ပြီးတော့ မျက်နှာနီနေပါတယ်။ သူက လူငယ်တစ်ယောက် ဖြစ်ပြီးတော့ တချိန်လုံး တံခါးပိတ် ကျင့်ကြံအားထုတ်မှုတွေနဲ့ အချိန်ကုန်ပြီးမှ အပြင်ဘက် ကမ္ဘာကို ခရီးထွက်ကာ လေ့ကျင့်ရင်းနဲ့ အချိန်ကုန်ခဲ့ပါတယ်။ ဒါကြောင့် သူက တခြားအရာတွေနဲ့ ပတ်သက်ရင် အတွေ့အကြုံ နုပါတယ်။

"လန်လွမ်"

မိန်းမပျိုက သူမရဲ့ နာမည်ကို ကြေညာပြီးတဲ့ နောက်မှာ သူ့ဆီကို ချက်ချင်းပဲ တစ်ဟုန်ထိုး ပြေးဝင်ကာ တိုက်ခိုက်လိုက်ပါတယ်။

သူမရဲ့ လက်နက်က ဓားတစ်ချောင်း ဖြစ်ပါတယ်။ အကန့်အသတ်မရှိ ဓားရှိန်တွေက သူမရဲ့ ဓားကို ပွေ့ယမ်းလိုက်တာနဲ့ အရှေ့ကို ပေါက်ကွဲထွက် လာပါတယ်။ လေဟာနယ်တောင်မှ စုတ်ပြဲသွားပြီး လေထဲမှာ

Edit with WPS Office

မရေမတွက်နိုင်တဲ့ ပက်ကြားအက်တွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါက မဆိုးဝါးသေးပါဘူး။ အဲဒါက မယုံနိုင်စရာ ကောင်းလောက်အောင် စိတ်တိုစရာ ကောင်းလွန်းပါတယ်။ လေဟာနယ်က ပုံပျက်ပြီးတော့ အဲဒီအာနိသင်က လူတစ်ယောက်ရဲ့ လှုပ်ရှားမှုတွေကို အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်။ ပုံမှန်အားဖြင့် လူတစ်ယောက်က တစ်ချက်လောက် ခုန်လိုက်ရင် ဆယ့်ငါးမီတာလောက် ခုန်ကျော်ကောင်း ခုန်ကျော်နိုင်ပါတယ်။ ဒါပေမဲ့လည်း လေဟာနယ် ပုံပျက်ခြင်းက လူတစ်ယောက်ရဲ့ အစွမ်းကို ကိုးမီတာလောက်ပဲ ခုန်ကျော်နိုင်စွမ်း ရှိတယ်လို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ လူတစ်ယောက်ရဲ့ ခုန်ကျော်မှု ဦးတည်ချက်ကလည်း သူတို့ရဲ့ ရည်ရွယ်တဲ့ နေရာနဲ့ ကွဲပြားခြားနားသွားနိုင်ပါတယ်။

တင်းပင်းရဲ့ မျက်နှာနီရဲနေမှုက သူ့ပြိုင်ဘက်နဲ့ တိုက်ကွက်တွေ စတင်ဖလှယ်လိုက်တဲ့ အချိန်က စပြီးတော့ ချက်ချင်းပဲ ပျောက်ကွယ်သွားခဲ့ပါတယ်။ သူက

Edit with WPS Office

တိုက်ပွဲတော်တော်များများ အတွေ့အကြုံ ရှိပါတယ်။ ဒါကြောင့် တိုက်ပွဲတွေက ဘယ်လောက်တောင် ပြင်းထန်ပြီး ရက်စက်တယ် ဆိုတာကို နားလည်သဘောပေါက်ပါတယ်။ တိုက်ပွဲမြေပေါ်ကို ရောက်တာနဲ့ သူ့ရဲ့ ပြိုင်ဘက်က သူ့ရန်သူ ဖြစ်ပါတယ်။ သူတို့က ချောမောလှပတဲ့ မိန်းကလေးတွေ ဖြစ်တာကြောင့် သူ့ကို အလွယ်တကူ ရင်ဆိုင်လို့ ရနိုင်စေမှာတော့ မဟုတ်ပါဘူး။

သူက ကျယ်လောင်စွာ မာန်သွင်းပြီးတော့ သူ့လက်သီးတွေကို ပြင်းပြင်းထန်ထန် ဖွေ့ယမ်းကာ အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာခဲ့ပါတယ်။

သူက မွေးရာပါ ထူးခြားသူ တစ်ဦးဖြစ်ပါတယ်။ သူ့အရိုးတွေရဲ့ တည်ဆောက်ပုံက တခြားသူတွေနဲ့ မတူညီ ကွဲပြားခြားနားပါတယ်။ သူက သူ့စွမ်းအားကို အဆတစ်ရာ ထုတ်ဖော်နိုင်ပြီး အဲဒါက သူ့ရဲ့ စွမ်းအားကို တောင်မြစ်အဆင့်မှာ ကြယ်နှစ်ပွင့်တောင် တိုးမြှင့်ပေးပါလိမ့်မယ်။ ဒါက အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

Edit with WPS Office

တင်းပင်းက စကြဝဠာ ဖျက်ဆီးခြင်းအဆင့်မှာ ပြီးပြည့်စုံခြင်း အဆင့်တစ်ခုကို ရောက်လုနီးပါး ဖြစ်ခဲ့ပြီး တောင်မြစ်အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ သူ့ရဲ့စွမ်းအားက ကြယ်ငါးပွင့်ကို အနည်းငယ် ကျော်လွန်နိုင်ပါတယ်။ ပေါက်ကွဲမှု စွမ်းအားရဲ့ ကြယ်နှစ်ပွင့်ကိုပါ ထည့်တွက်မယ် ဆိုရင် သူ့အတွက် လျှို့ဝှက်နည်းစနစ်တွေ အသုံးပြုဖို့တောင် မလိုပါဘူး။ သူ့ရဲ့ လက်သီးတွေက သူ့ရဲ့အစွမ်းထက်ဆုံး လက်နက်ဖြစ်ပါတယ်။

သူ့ရဲ့ စွမ်းအားက ကြယ်ခုနစ်ပွင့်ကို ကျော်လွန်နိုင်ပါတယ်။ သူက အရမ်းကို အစွမ်းထက်ပြီး သူ့ပြိုင်ဘက်ကို အလွယ်တကူ ဖိနှိပ်ထိန်းချုပ် နိုင်ပါတယ်။

တင်းပင်းက သူ့ရဲ့ စွမ်းအားကို အကုန်ထုတ်မဖော်တာကို ကြည့်ပြီးတော့ ပါရမီရှင်တွေက မှင်သက်အံ့သြ ကုန်ပါတယ်။

တင်းပင်းက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ဝင်လာတာ တစ်နှစ်ရှိပြီ ဆိုပေမဲ့ အားလုံးက ဒီစုစည်းခြင်းပွဲ မစခင်က ကျင့်ကြံခြင်းကိုပဲ ကြိုးစားအားထုတ် နေကြတာ ဖြစ်ပါတယ်။

Edit with WPS Office

ဒါက တကယ့်ကို အံ့ဩစရာပဲ။

စွမ်းအားဆိုတာက ကျင့်ကြံသူတွေအတွက် ပင်မစွမ်းရည်တစ်ခု ဖြစ်ပါတယ်။ လျှို့ဝှက်နည်းပညာနဲ့ သိုင်းပညာ နည်းစနစ် အားလုံးက စွမ်းအားအပေါ်မှာ အခြေခံပြီး တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း စွမ်းအားက တိုးတက်ဖို့တော့ ခက်ခဲပါတယ်။ အများစုကတော့ လူတစ်ယောက်ရဲ့ စွမ်းအားက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ တန်းတူဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူတို့ရဲ့ စွမ်းအားတွေက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် ကြယ်တစ်ပွင့်ပဲ ကျော်လွန်ရင်တောင်မှ ပါရမီရှင် တစ်ယောက်အဖြစ် သတ်မှတ်ကြပါလိမ့်မယ်။

မျိုးစေ့အဆင့် ပါရမီရှင်တွေရဲ့ စွမ်းအားတောင်မှ ကြယ်ငါးပွင့်ကနေ ခြောက်ပွင့်ကိုပဲ ကျော်လွန်နိုင် ပါတယ်။ တကယ်လို့ သူတို့က ကြယ်ခုနစ်ပွင့်ကို ကျော်လွန်ချင်တယ်ဆိုရင် သူတို့ရဲ့ စွမ်းအား အကန့်အသတ် အတားအဆီးကို ချိုးဖျက်ပြီး ငါးခုမြောက် တောင်မြစ် ဖြစ်ပေါ်ဖို့ လိုအပ်ပါတယ်။

Edit with WPS Office

တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အကန့်အသတ်က ကြယ်ခြောက်ပွင့် စွမ်းအား တစ်ခုလို့တောင် ပြောနိုင်ပါတယ်။

ဒါပေမဲ့လည်း တင်းပင်းက ဒီအကန့်အသတ်ကို ချိုးဖျက်ပြီးတော့ ကြယ်ခုနစ်ပွင့် စွမ်းအား တစ်ခုကို ရရှိထားပါတယ်။ နောက်ပြီးတော့ သူ့က လျှို့ဝှက်နည်းစနစ်တွေရဲ့ အကူအညီ မပါပဲ ဒီအစွမ်း ရရှိထားပါတယ်။ သူ့လက်သီးက သမရိုးကျဆန်ပြီးတော့ သူ့လက်သီးပတ်လည်မှာ နတ်ဘုရား သင်္ကေတတွေ တောက်ပနေတာမျိုး မရှိပါဘူး။ ဒါပေမဲ့လည်း သူ့လက်သီး တိုက်ချက်တွေရဲ့ ပုံစံက နတ်ဘုရား တစ်ပါးက ထုတ်လွှတ်လိုက်တဲ့ လက်သီးလိုမျိုး ဖျက်ဆီးလို့ မရနိုင်သလိုပါပဲ။

လန်လွမ်ရဲ့ ကျင့်ကြံခြင်း အဆင့်က တင်းပင်းလိုပါပဲ။ သူတို့နှစ်ယောက် စလုံးက ကနဦး အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ စွမ်းအားက သူ့ထက် အများကြီး အားနည်းပါတယ်။ ဒါကြောင့် သူမက

Edit with WPS Office

လုံးဂကို ဖိနှိပ်ထိန်းချုပ် ခံရပြီးတော့ တန်ပြန်တိုက်စစ်ဆင်လို့တောင် မရပါဘူး။

သူမက မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူမက လွယ်လွယ်နဲ့တော့ အရှုံးကို ဂန်ခံနိုင်လိမ့်မှာ မဟုတ်ပါဘူး။

"ယား"

သူမက မာန်သွင်းလိုက်ပြီးတော့ သူမရဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်ကနေ အပြာရောင် အလင်းတန်းတွေ ထွက်ပေါ်လာပါတယ်။ အဲဒီအလင်းတန်းတွေက အံ့အားသင့်စရာ ကောင်းလောက်အောင် လက်ဖါးအရွယ် ငှက်ကလေးတွေ အဖြစ်ကို ပြောင်းလဲသွားပြီး တင်းပင်းဆီကို ပျံသန်းလာပါတယ်။

"ဟင် ဒါတွေက နှုတ်သီးပြာငှက်တွေ မဟုတ်လား"

"ဒီငှက်တွေက ရှေးဟောင်း နတ်ဘုရား ငှက်တွေပဲ။ ဒဏ္ဍာရီအရတော့ သူတို့က သူတော်စင် တစ်ပါးကိုတောင်

Edit with WPS Office

သေအောင်လို့ ထိုးဆိတ်နိုင်တယ်လို့ ပြောကြတာပဲ”

တစ်စုံတစ်ယောက်က ချက်ချင်းပဲ အုံ့အားသင့်စွာနဲ့ အော်ပြီးတော့ အံ့အားသင့်စရာကောင်းတဲ့ ကောလာဟလ တစ်ခုကို ထုတ်ဖော်ပြောလိုက်ပါတယ်။

သူတော်စင်တွေက တန်ခိုးရှင်ဘုံရဲ့ အစွမ်းထက်ဆုံး သက်ရှိတွေ ဖြစ်ပါတယ်။ သူတို့တွေက ဒဏ္ဍာရီထဲကမှ ဒဏ္ဍာရီတွေ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နှတ်သီးပြာငှက်တစ်ကောင်က သူတော်စင် တစ်ပါးကိုတောင် သေဆုံးအောင် ပေါက်သတ်နိုင်တယ်။ဒါဆိုရင် ဘယ်လောက်တောင် ကြောက်မက်ဖွယ်ရာကောင်းတဲ့ တည်ရှိမှု တစ်ခု ဖြစ်နေလိမ့်မလဲ။

အနည်းဆုံး နှုတ်သီးပြာငှက် တစ်ရာလောက်က တင်းပင်းဆီကို ထိုးဆင်းလာပါတယ်။ သူတို့က သူတို့ရဲ့ ချွန်ထက်တဲ့ နှုတ်သီးတွေကို ဟပြီးတော့ အဲဒီမှာ နတ်ဘုရား သင်္ကေတတွေ ပေါ့လည်နေတာကို အားလုံးက တွေ့မြင်နိုင်ပါတယ်။ သူတို့နှုတ်သီးတွေရဲ့ ခွန်အားက ဘယ်လောက်တောင် အစွမ်းထက်မလဲ ဆိုတာကို

Edit with WPS Office

ခန့်မှန်းနိုင်ပါတယ်။ အဲဒါက နတ်ဘုရား ပစ္စည်းတစ်ခုရဲ့ တိုက်ခိုက်မှု တစ်ခုထက် သေချာပေါက် အားနည်းမှာ မဟုတ်ပါဘူး။

သူတော်စင်တွေကိုတောင် သေအောင်လို့ ထိုးဆိတ်နိုင်တယ် ဆိုကတည်းက ဒီငှက်တွေက ဘယ်လောက် အစွမ်းထက်လဲ ဆိုတာကို သက်သေပြနေပါတယ်။ သူတို့တွေက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကနေ ထွက်ပေါ်လာတယ် ဆိုပေမဲ့ သူတို့ရဲ့ အစွမ်းက အတော်လေးကို အထင်ကြီးစရာ ကောင်းနေဆဲပါပဲ။

တင်းပင်းက ဖြုံမသွားပဲ သူ့ပြိုင်ဘက်ဆီကို လက်သီးထိုးချက်တွေ ဆက်ပြီးတော့ ထုတ်လွှတ်နေပါတယ်။ သူ့လက်သီးတွေရဲ့ ခွန်အားက လေကို ဖိနှိပ်ပြီး လှိုင်းတွန့်တွေ ဖြစ်ပေါ်စေပြီး နှုတ်သီးပြာငှက်တွေကို သူ့အရှေ့ကိုတောင် ရောက်မလာအောင် တားဆီးထား လိုက်ပါတယ်။

လန်လွမ်က နောက်တစ်ကြိမ် စူးစူးဝါးဝါး အော်လိုက်ပြီး

Edit with WPS Office

နှုတ်သီးပြာ ငှက်တွေက သူမရဲ့ ခန္ဓာကိုယ်ကနေ ပေါက်ဖွားကာ ရောမ နှုတ်သီးပြာ ငှက်တစ်ကောင် အဖြစ်ကို စုပေါင်းပြီး ဖြစ်ပေါ်လာစေခဲ့ပါတယ်။ ဒီငှက်ကနေ ထုတ်ဖော်တဲ့ အရှိန်အဝါက ချက်ချင်းဆိုသလို သိသိသာသာ ထိုးတက်လာခဲ့ပါတယ်။

Chapter 1150 end

အပိုင်း(1151)မိုးရေကောရာဇ်က အားမာန်တက်ကြွနေဆဲပဲ

လန်လိမ်ရဲ့ ကျင့်ကြံခြင်းအဆင့်က တောင်မြစ်အဆင့်ရဲ့ ကနဦးက အထွတ်အထိပ်အဆင့်မှာ ရှိပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဒီနှုတ်သီးပြာငှက်က ထုတ်လွှတ်ထားတဲ့ အရှိန်အဝါက အံ့အားသင့်စရာကောင်းလောက်အောင် ပြင်းထန်အလယ်အလတ် အဆင့်ကိုရောက်နေပြီး ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကိုတောင် ရောက်ရှိနေပါတယ်။ သူမရဲ့ တိုက်ပွဲစွမ်းရည်က အရင်ကထက် ပိုပြီးတော့ ကြောက်စရာ ကောင်းလာပါတယ်။

Edit with WPS Office

အားလုံးက ဒါကိုမြင်လိုက်ရတဲ့ အချိန်မှာ သူတို့အားလုံး အံ့အားသင့် သွားကြပါတယ်။

ဒါက သူမရဲ့ တိုက်ပွဲစွမ်းရည်ကို အဆင့်သေး တစ်ခုလုံးထိ မြှင့်တင်လိုက်တာနဲ့ ညီမျှပါတယ်။

လူတွေရဲ့ တိုက်ပွဲစွမ်းရည်က နောက်ထပ် အဆင့်သေး တစ်ခုကို မြှင့်တင်တာနဲ့ ကြယ်ငါးပွင့်ကို ကျော်လွန်နိုင်စွမ်း ရှိတာမျိုး ဖြစ်သွားပါလိမ့်မယ်။ တိုက်ပွဲစွမ်းရည်က တန်းပြီးတော့ ကြယ်ကိုးပွင့်ကို ထိုးတက်သွားပါလိမ့်မယ်။ ဒါက တကယ့်ကို အံ့သြစရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း ဒီလိုမျိုး တိုက်ကွက်ကို ထုတ်ဖော်တာက လိန်လွမ့်အပေါ်မှာ ကြီးမားတဲ့ ဂန်ထုပ်ဂန်ပိုး ဖြစ်စေပါတယ်။ သူမရဲ့ ချောမောလှပတဲ့ မျက်နှာက လုံးဝကို ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး သူမရဲ့ နှုတ်ခမ်းထောင့်ကနေ သွေးတွေ စီးကျလာပါတယ်။ သူမရဲ့ အသက်ဓာတ် စွမ်းအင်က ရုတ်တရက် အကြီးအကျယ် ဆုတ်ယုတ်သွားခဲ့ပါတယ်။

ဒီတိုက်ခိုက်မှုကို ထုတ်ဖော်တာက သူမရဲ့

Edit with WPS Office

သက်တမ်းကိုတောင် သူ့ဘာသာသူ တိုသွားပါလိမ့်မယ်။

ဒီမိန်းမပျိုက တကယ်ပဲ ယှဉ်ပြိုင်လိုစိတ် ပြင်းထန်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒါက လက်ရည်စမ်းမှု တစ်ခုပါပဲ။ ဒါတောင်မှ သူမရဲ့ ကိုယ်ပိုင် သက်တမ်းကို အတိုခံပြီးတော့ တိုက်ကခိုက်နေပါတယ်။ တကယ်လို့ သူမအနိုင်ရသွားရင်တောင် သူမရဲ့ ပြိုင်ဘက်ကို ထိခိုက်စေဖို့ သူမဘာသာ ထိခိုက်စေတဲ့ တန်ဖိုးကို ပေးဆပ်ရပါလိမ့်မယ်။

တင်းပင်းက ကျယ်လောင်စွာ အော်ဟစ်ပြီးတော့ အရှေ့ကို တစ်ဟုန်ထိုး ပြေးဝင်လာပေမဲ့ သူ့လက်သီးတွေနဲ့ အဲဒီနှုတ်သီးပြာငှက်နဲ့ ထိသွားတဲ့ အချိန်မှာ သူ့တစ်ကိုယ်လုံး လွင့်ထွက် သွားပါတယ်။ ဂုန်းဆိုတဲ့ အသံနဲ့အတူ သူက မြေပြင်ပေါ်ကို တဖြည်းဖြည်း လဲပြိုကျသွားပြီး သူ့လက်တွေလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပါတယ်။ သူ့လက်မောင်းကလည်း သွေးတွေ စီးကျလို့ နေပါတယ်။

လန်လိမ်ကိုကြည့်ရတာလည်း အခြေအနေ ပိုကောင်းပုံ မပေါ်ပါဘူး။ သူမက မြေပြင်ပေါ်ကို ရုတ်ချည်း

Edit with WPS Office

ထိုင်ချပြီးတော့ ခြေးတွေနဲ့ ဖုံးလွှမ်းလို့ နေပါတယ်။ သူမဆီကနေ အားပျော့တဲ့ အရှိန်အဂါတစ်ခု ထွက်ပေါ်နေပါတယ်။

တကယ်လို့ သူမရဲ့ ဒီတိုက်ကွက်သာ မအောင်မြင်ခဲ့ဘူးဆိုရင် သူမအတွက် ဒုတိယမြောက် တိုက်ကွက်ကို ထုတ်ဖော်ဖို့ဆိုတာ သူမအတွက်တော့ သေချာပေါက် ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တင်းပင်းက ဒီအစွမ်းထက်တဲ့ တိုက်ကွက်ကြောင့် မရှုံးနိမ့်ခင် အစွမ်းထက်တဲ့ တိုက်ကွက် နည်းနည်းကိုမှ အသုံးမပြုခဲ့ပါဘူး။ အဲဒါကြောင့် သူမရဲ့ အသက်ဓာတ် စွမ်းအားက အဲဒီအတွက် သုံးစွဲခဲ့ရပါတယ်။ အမှန်တော့ ဒါက လက်ခံနိုင်ပါတယ်။ သူတို့တွေက တကယ်တော့ ကျင့်ကြံခြင်းအဆင့် တူကြပါတယ်။

မိုးရေကေရာဇ်က ခုန်ထွက်လာပြီးတော့ တင်းပင်းကို ဆုပ်ကိုင်ပြီး သူ့ကို ကျောက်တုံးဘေးနား မတ်တပ်ပေးရပ်လိုက်ပါတယ်။ သူက ခေါင်းကို ခါလိုက်မိတယ်။

Edit with WPS Office

အမှန်တကယ်တော့ တင်းပင်းရဲ့ အနိုင်ပွဲကို သူက ပိုပြီးတော့ မြင်ချင်ခဲ့တာပါ။ ဒါပေမဲ့ ဒီကောင်လေးကို ကြည့်ရတာ သူ့ပြိုင်ဘက်ရဲ့ အလှမှာ ကျရှုံးသွားခဲ့ပုံ ရပြီးတော့ အစွမ်းထက်တဲ့ တိုက်ကွက် နည်းနည်းလေးမှကို မလုပ်နိုင်ခဲ့ပဲ သူမရဲ့ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်ဖို့ပဲ ရွေးချယ်ခဲ့ပါတယ်။ ဒါက သူ့အရှုံးကို သူ့ဘာသာ ရှာတာနဲ့ အတူတူပဲ မဟုတ်လား။

သူက တင်းပင်းကို ထိုင်စေပြီးတဲ့နောက်မှာ ပြိုင်ပွဲကွင်းထဲကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်လာပြီး ပြောလိုက်တယ်။

"ဘယ်သူငါနဲ့ တိုက်မလဲ"

သူက ကောရာဇ် တစ်ပါးရဲ့ ဂုဏ်ပုဒ်ကို စွန့်လွှတ်ထားခဲ့ပြီ ဆိုပေမဲ့ သူ့က ဂုဏ်သိက္ခာကိုတော့ စွန့်လွှတ်ထားခြင်း မရှိပါဘူး။ လွှမ်းမိုးနိုင်ခြင်းနဲ့ ပတ်သက်ရင် ဒီနေရာမှာရှိတဲ့ လူတော်တော် များများက မိုးရေကောရာဇ်ဟာ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အစောပိုင်း အဆင့်မှာပဲ ရှိနေသေးပေမဲ့ သူ့အတွက်တော့ ပြိုင်ဘက်တွေ မဖြစ်နိုင်ပါဘူး။

Edit with WPS Office

"ဟားဟား ငါလာပြီ"

အစိမ်းရောင် ဂတ်စုံကို ဂတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်က လွှားခနဲ ခုန်လာလိုက်ပါတယ်။ သူက လုံးဂကို တန်ဖိုးကြီးတဲ့ ဂတ်စုံတွေ ဂတ်ဆင်ထားပြီးတော့ အဆင်တန်ဆာ တော်တော်များများကိုလည်း ဂတ်ဆင်ထားပါတယ်။ နောက်ပြီးတော့ သူဂတ်ထားတဲ့ ပစ္စည်းတိုင်းက ပိုးတိုးဂါးတား အရှိန်အဂါ တစ်ခုကို ထုတ်လွှတ်နေပါတယ်။ ဒီအဆင်တန်ဆာတွေက သေချာပေါက် သာမန်တော့ မဟုတ်နိုင်ပါဘူး။

ဒီကောင်က ချမ်းသာတဲ့ မိသားစု အသိုင်းအပိုင်း တစ်ခုက ရွှေကြာပင် တစ်ပင် ဒါမှမဟုတ် သူ့ကလန်က အရမ်းကို မြင့်မြတ်တဲ့ ကလန်တစ်ခု ဖြစ်တာကြောင့် အဆင်တန်ဆာတွေ အများကြီး ဂတ်ဆင်ထားတာ ဖြစ်ပါလိမ့်မယ်။

"အဲဒါ ချောင်ရှမ်ပဲ"

"ချောင် ဟုတ်လား။ ချောင်ကလန်က လူတစ်ယောက်လား"

Edit with WPS Office

"အမှန်ပဲ အဲဒီ ချောင်ကလန်က"

"အိုး"

ချောင်ကလန်က ကလန်ကြီးတစ်ခု ဖြစ်ပြီးတော့ ဟိုးရှေးရှေးတုန်းက ကြီးကျယ်မြင့်မြတ်တဲ့ ထာဂရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်က တည်ထောင်ခဲ့တာ ဖြစ်ပြီးတော့ အရမ်းကို တောက်ပတဲ့ ခေတ်တစ်ခုကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလက်ရွေးစင်က တာအိုထဲကို မေးမှိန်သွားတဲ့ အချိန် ချောင်ကလန်မှာ သူတို့ရဲ့ ဂုဏ်ရောင်ထွန်းလင်းမှုကို လက်ဆင့်ကမ်း ဆက်ခံနိုင်တဲ့ အရည်အချင်းမျိုး မရှိခဲ့ပါဘူး။ အဲဒါကြောင့်လည်း သူတို့က တစ်ချိန်တုန်းက ဂုဏ်ရောင်ထွန်းပြောင်ခဲ့တာမျိုး မရရှိတော့ပါဘူး။

ဒီချောင်ရှမ်မှာ ရည်မှန်းချက် ရှိပါတယ်။ အဲဒါကတော့ သူ့ဘိုးဘေးတွေရဲ့ ဂုဏ်ရောင်ထွန်းပြောင် ခဲ့မှုကို ပြန်လည်အသက်သွင်းဖို့ စိတ်အားထက်သန်နေပါတယ်။ တကယ်ပဲ သူ့မှာ အံ့မခန်း ပါရမီ ရှိပါတယ်။ ဒါပေမဲ့လည်း သူက အရမ်းကို ဘဂမြင့်ပြီးတော့ ဒီနေရာမှာ

Edit with WPS Office

သူ့ကိုယှဉ်ပြိုင်နိုင်တဲ့သူ မရှိဘူးဆိုပြီး တွေးနေပါတယ်။ အများဆုံး မင်းတို့အားလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကိုပဲ ရောက်နိုင်စွမ်းရှိပေမဲ့ ငါကတော့ ထာဝရမြစ် အဆင့်ကိုရောက်နိုင်မဲ့ တစ်ဦးတည်းသော သူပဲ။

ဒါပေမဲ့လည်း လက်ရှိသူ့ရဲ့ ကျင့်ကြံခြင်းအဆင့်က အရမ်းကို နိမ့်ကျနေပါသေးတယ်။ တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် နောက်ပိုင်းအဆင့်မှာပဲ ရှိပါသေးတယ်။ တကယ်တော့ သူလည်း အရမ်းကို ငယ်ရွယ်ပါသေးတယ်။ သူကျင့်ကြံအားထုတ်ခဲ့တာ နှစ်ပေါင်း တစ်ရာနီးပါးပဲ ရှိပါသေးတယ်။ သူက ရာစုနှစ်တစ်ခု သာသာမှာပဲ ဒီအဆင့်ထိ ရောက်အောင်လို့ လုပ်နိုင်ခဲ့ပါတယ်။ ဒါက အရမ်းကို အထင်ကြီးစရာ ကောင်းလွန်းပါတယ်။

သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးလာသလို မိုးရေစကေရာဇ်ကလည်း ပိုပိုပြီးတော့ ငယ်ရွယ်လာပုံ ရပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ငယ်ရွယ်နေပါစေ သူ့ရဲ့ ပုံပန်းသွင်ပြင်က သူဆယ်ကျော်သက် နှစ်ဆယ်ကျော်

Edit with WPS Office

အရွယ်အချိန်တုန်းကလို ရုပ်ရည်မျိုးကို ပြန်လည်ရရှိဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။ လက်ရှိမှာ သူက နှစ်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်နှစ်အရွယ် ရုပ်ရည်မျိုး ရှိပြီးတော့ လူငယ်အုပ်စုအထဲမှာ သူက ပိုပြီးတော့ အသက်ကြီးနေပုံ ပေါက်ပါတယ်။

ဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ အမှန်တကယ် အသက်အရွယ်နဲ့ ပတ်သက်ရင် မိုးရေကေရာဇ်က အများစုထက် ပိုပြီးတော့ ငယ်ရွယ်ပါသေးတယ်။ ဒါပေမဲ့ သူက အသက် ခြောက်ဆယ်နား ကပ်တဲ့အချိန်ကျမှ ဘာဖြစ်လို့ ပန်းဖူးအဆင့်ကို ချိုးဖျက်ဂင်ရောက် နိုင်ရတာလဲ။

အားလုံးရဲ့ မျက်လုံးထဲမှာတော့ မိုးရေကေရာဇ်ရဲ့ ရုပ်ရည်သွင်ပြင်က အသက်ကြီးနေပုံ ပေါက်တာကြောင့် သူ့မှာ လုံလောက်တဲ့ ပါရမီ မရှိဘူးဆိုတာကို သက်သေပြနေတယ်လို့ ထင်နေကြပါတယ်။

ဟုတ်တယ် မဟုတ်လား။

သူတို့လို ပါရမီရှင်တွေ အတွက်တော့ ပန်းဖူးအဆင့်ကို

Edit with WPS Office

အသက်ခုနစ်နှစ် ရှစ်နှစ်အရွယ်လောက် ကတည်းက ချိုးဖျက်ဂင်ရောက် ခဲ့ကြပါပြီ။ သူတို့ရဲ့ ခန္ဓာကိုယ်တွေပဲ ကြီးထွားဖွံ့ဖြိုးလာပေမဲ့ အသက်ကတော့ နည်းနည်းလေးမှ ပြောင်းလဲသွားလိမ့်မှာ မဟုတ်ပါဘူး။ အိုမင်းရင့်ရော်ခြင်း ဆိုတာက ဘာလက္ခဏာလဲ။ အဲဒါက မင်းရဲ့ ကျင့်ကြံခြင်းအဆင့်ကို ရှေ့ဆက်တိုးနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပဲ မင်းရဲ့အသက်ဓာတ် စွမ်းအင်ကလည်း အကြီးအကျယ် ဆုံးရှုံးနစ်နာ သွားရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာကြောင့် လူတစ်ယောက်က အိုမင်းရင့်ရော်သွားမှာလဲ။

ချောင်ရှမ်ရဲ့ မျက်နှာပေါ်မှာ စိတ်အနှောင့်အယှက် ဖြစ်သွားတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာပါတယ်။ သူက စိတ်ထဲကနေ ကျိတ်ပြီးတော့ အထင်အမြင်သေးစွာနဲ့ တွေးလိုက်ပါတယ်။ သူက တကယ်ပဲ ဒီလိုအမှိုက်မျိုးနဲ့ တန်းတူရည်တူ မျိုးစေ့ပါရမီရှင် တစ်ယောက်ဖြစ်လာတာက သူ့ကို လုံးဝစော်ကား လိုက်တာနဲ့ အတူတူပါပဲ။

ဒါဆိုလည်း ကောင်းပြီလေ။ သူက ဒီလူကို သင်ခန်းစာ

Edit with WPS Office

တစ်ခုတော့ ပေးရပါလိမ့်မယ်။ သူ့အနေနဲ့ မိုးရေကောရာဇ်ကို မျိုးစေ့ပါရမီရှင် တစ်ယောက်အနေနဲ့ ရပ်တည်နေရာကနေ သူ့သဘောဆန္ဒနဲ့ ဂိုဏ်းထဲကနေ နှုတ်ထွက်သွားတာမျိုးဖြစ်အောင် လုပ်လိုက်တာပဲ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

"လာပြီ"

သူက မိုးရေကောရာဇ်နဲ့ ပတ်သက်ပြီး အရမ်းကို အထင်အမြင်သေးတာကြောင့် သူ့လက်ဝါး ရိုက်ချက်ကို အရမ်းကို နမော်နမဲ့နဲ့ပဲ ထုတ်ဖော်တိုက်ခိုက်လိုက်ပါတယ်။

မိုးရေကောရာဇ်က သူ့တိုက်ကွက်ကို ထုတ်ဖော်လိုက်ပါတယ်။ ဟုမ်း။ သူ့ရဲ့ အားမာန်တက်ကြွတဲ့ တည်ရှိမှုက နေရာအနှံ့ကို ပျံ့နှံ့သွားပြီး သူ့ရဲ့ လက်သီးထိုးချက်တွေက မိုးသီးမိုးပေါက်တွေလို ဆင်းသက်လာပါတယ်။

ဘာလဲဟ။

ချောင်ရှမ်ရဲ့ မျက်နှာပေါ်မှာ ချက်ချင်းပဲ အံ့အားသင့်သွားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပြီး မိုးရေကောရာဇ်ရဲ့

Edit with WPS Office

တိုက်ခိုက်မှုက အရှမ်းကို ပြင်းထန်လိမ့်မယ်လို့ သူက မတွေးထားခဲ့မိပါဘူး။ သူက တကယ်ပဲ အစွမ်းထက်ပေမဲ့ မိုးရေကောရာဇ်ထက် ပိုပြီးတော့ သန်မာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အခုဆို မိုးရေကောရာဇ်က အသာစီး ရယူထားပြီး သူကတော့ အနောက်ကို ဆုတ်ပေးနေရကာ သူ့ဆီကို ဝင်လာတဲ့ တိုက်ခိုက်မှုတွေကို ရင်ဆိုင်ခုခံနေရုံပဲ တတ်နိုင်ပါတယ်။

မိုးရေကောရာဇ်ရဲ့ တိုက်ပွဲအတွေ့အကြုံက ဘယ်လောက်တောင် ကြွယ်ဝလိုက်သလဲ။ တကယ်လို့ သူတို့နှစ်ယောက်က ကျင့်ကြံခြင်း အဆင့်တူပြီး ပုက်ဖဲတွေ ရှိမယ်ဆိုရင် လင်းဟန်တောင်မှ မိုးရေကောရာဇ်ကို အနိုင်ယူနိုင်စွမ်း ရှိနိုင်မယ်ဆိုတာ မသေချာပါဘူး။

အခု သူက အသာစီး ရယူထားပြီး သူ့ရဲ့ တိုက်ကွက်တွေက အဆုံးမရှိ နေရာအနှံ့ကို သက်ရောက်လျက် ရှိပါတယ်။

ဘယ်သူကများ မိုးရေကောရာဇ်ကို လျော့တွက်နိုင်မှာလဲ။

တောင်မြစ်အဆင့်ကို ခွန်အား ကြယ်ဆယ့်ကိုးပွင့်နဲ့

Edit with WPS Office

ချိုးဖျက်ဝင်ရောက်လာတဲ့ လူတစ်ယောက် အနေနဲ့ သူ့ကျင့်ကြံခြင်းက မပြီးပြည့်စုံဘူး ဆိုပေမဲ့ စကြဝဠာဖျက်ဆီးခြင်းအဆင့်ပေါ်က ခွန်အား ကြယ်တစ်ပွင့်က တောင်မြစ်အဆင့်ထဲမှာ အများဆုံး ကြယ်တစ်ဂက်လောက်ပဲ လွှမ်းမိုးနိုင်စွမ်း ရှိပါလိမ့်မယ်။ အဲဒါက သေချာပေါက် ကမ္ဘာကြီးတစ်ခုလောက်တော့ ခြားနားလိမ့်မှာ မဟုတ်ပါဘူး။

ထန် ထန် ထန် ထန် ထန်။

မိုးရေကောရာဇ်က သူ့ရဲ့ တိုက်ခိုက်မှုတွေကို မရပ်မနား ထုတ်ဖော်လိုက်ပြီး ချောင်ရှမ်ကလည်း အနောက်ကို ဆုတ်နေရပါတယ်။

ချောင်ရှမ်က ခြေဆယ့်ခုနစ်လှမ်းမြောက် ဆုတ်ပြီးတဲ့ အချိန်မှာတော့ ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပြီး လက်သီးတစ်ချက် ထိမှန်ခံရပြီး လွင့်ထွက်သွားပါတယ်။

"အနိုင်အတွက် ကျေးဇူးတင်ပါတယ်"

မိုးရေကောရာဇ်က တိုက်ခိုက်မှုကို ရပ်လိုက်ပါတယ်။

Edit with WPS Office

ဒါက လက်ရည်စမ်းပွဲ တစ်ခုသက်သက်ပါပဲ။ ဒါကြောင့် သူ့တိုက်ခိုက်မှုကို အလွန်အကျွံလုပ်စရာ မလိုပါဘူး။

ချောင်ရွှမ်က ခုန်ထလိုက်ပြီး သူ့မျက်နှာက ရက်စိတ်တွေကြောင့် နီရဲလို့ နေပါတယ်။

ဘယ်လိုလုပ်ပြီးတော့ ဒါကို သည်းခံနိုင်မှာလဲ။

သူက မိုးရေကောရာဇ်ကို အရမ်းအထင်အမြင် သေးခဲ့ပါတယ်။ ဒါပေမဲ့ အဆုံးသတ်မှာတော့ မိုးရေကောရာဇ်ကို ပြန်ပြီးတော့ တိုက်ခိုက်ဖို့ အခွင့်အရေး တစ်ခုတောင် မရရှိခဲ့ပဲ ရှုံးနိမ့်သွား ခဲ့ပါတယ်။ ဒါက သူ့ရဲ့ ကျင့်ကြံခြင်း လမ်းကြောင်းပေါ်မှာ တကယ့်ကို အရှက်ကွဲမှုကြီး တစ်ခု ဖြစ်သွားပါတယ်။

သူက ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာမဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး ထိတ်လန့်တုန်လှုပ်စရာ ရှုံးနိမ့်မှုမျိုးကို လက်ခံနိုင်မှာလဲ။

"နောက်တစ်ကြိမ်"

သူက လွှားခနဲ ခုန်ဂင်လာခဲ့ပါတယ်။ ဒီတစ်ကြိမ် သူက

Edit with WPS Office

နောက်ထပ် မဆင်မခြင် မလုပ်ပုံတော့ပါဘူး။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကနေ ကြီးကျယ်ခမ်းနားတဲ့ တာဒိုရဲ့ အလင်းရောင် တောက်ပလာပြီး နတ်ဘုရား သင်္ကေတတွေ ရောယှက်ထွက်ပေါ်လာကာ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အထွတ်အထိပ်ထိ တိုးမြှင့်ပေးလိုက်ပါတယ်။

ပွဲကြည့်ပရိသတ်တွေက ကြည့်ပြီးတော့ သူတို့အားလုံး သူတို့ခေါင်းတွေကို ကျိတ်ပြီး ခါလိုက်မိပါတယ်။

မင်းက ရှုံးသွားတာက ရှုံးသွားတာပဲလေ။ အဲဒါက တခြားသူတွေကို မင်းအထင်အမြင်သေးလို့ ဖြစ်သွားတာပဲလေ။

ဒါကြောင့် ပါရမီဆိုတာက ညီမျှခြင်းရဲ့ အချက်တစ်ခုပါပဲ။ ဒါက လက်ရွေးစင် တစ်ယောက် ဖြစ်လာဖို့အတွက် မရှိမဖြစ် ရှိထားရမဲ့ အချက်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ မင်းက လက်ရွေးစင် တစ်ယောက် ဖြစ်ချင်တယ်ဆိုရင် ပါရမီရှိရုံနဲ့ အတော်လေး လုံလောက်နေပါပြီ။

ဒါပေမဲ့လည်း သူတို့အနေနဲ့ လက်ရှိချောင်ရှမ်က အရမ်းကို

Edit with WPS Office

သန့်စွမ်းတယ် ဆိုတာကိုတော့ ဂန်ခံရပါမယ်။ သေချာပေါက်
ပေါ့ပေါ့တန်တန် သဘောထားလို့ မရပါဘူး။

မိုးရေကောရာဇ်က အေးစက်စွာနဲ့ နှာခေါင်းတစ်ချက်
ရှုံ့လိုက်ပါတယ်။ သူလည်း ဒေါသထွက်နေ ခဲ့ပါတယ်။
ဒီလိုမျိုး အရှုံးသမား တစ်ယောက် အပေါ်မှာ သူက
အထင်အမြင်သေးမိပါတယ်။

အဲဒီနောက် သူက လက်သီးတစ်ချက်ကို
ထိုးထုတ်လိုက်ပါတယ်။

သူက ချောင်ရှမ်ဆီကို လက်သီးတစ်ချက်
ထိုးလွှတ်လိုက်ပါတယ်။

ဂုန်း ဂုန်း ဂုန်း ။

လက်သီးတစ်ချက် အနောက်က နောက်တစ်ချက်
လိုက်သွားပါတယ်။ ချောင်ရှမ်က ဒီတစ်ကြိမ်
ကြိုတင်ပြင်ဆင်ထားတယ် ဆိုပေမဲ့ မိုးရေကောရာဇ်ကြောင့်
သူက အနောက်ကို ဆုတ်ပေးနေရဆဲ ပါပဲ။ သူက တကယ်ပဲ
လုံးဂကို ဖိနှိပ်ခံထားရပါတယ်။

Edit with WPS Office

"ဟော့ဟော့ဟော့ ဘာဖြစ်လို့ ဒီကောင့်ရဲ့ လက်သီးနည်းစနစ်က အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းနေရတာလဲ"

"စွမ်းအားနဲ့ ပတ်သက်ရင် ချောင်ရွှမ်က နည်းနည်းလေး သာတယ်။ ဒါပေမဲ့ ဘာဖြစ်လို့ ထိပ်တိုက်ရင်ဆိုင်တဲ့ အခါကျရင် သူက အသာစီးမရတာလဲ"

"အဲဒီလူရဲ့ လက်သီးနည်းစနစ်က အရမ်းကို အစွမ်းထက်တယ်။ လက်သီးထိုးချက်တိုင်းကို ကြည့်ရတာ မိုးကောင်းကင်နဲ့ပ ကမ္ဘာမြေကြီးရဲ့ ဂုဏ်ရောင်တွေကို သိပ်သည်းစေသလိုပဲ။ လခွမ်း သူ့မှာ သူ့ခေတ်ရဲ့ ဆရာသခင် ဖြစ်လာနိုင်တဲ့ အလားအလာရှိတယ်"

ဒီနေရာမှာရှိတဲ့ လူတွေအားလုံးက ဘာကိုဆိုလိုတယ်ဆိုတာကို နားလည်ကြပါတယ်။ သူတို့အားလုံး မယုံနိုင်စရာ ကောင်းလောက်အောင် အံ့သြမှင်သက်ကုန်ပါတယ်။

မိုးရေကေရာဇ်ရဲ့ ကျင့်ကြံခြင်းအဆင့်က ဒီနေရာမှာ ထိပ်ဆုံးအဆင့်လို့ သတ်မှတ်လို့ မရနိုင်ပါဘူး။ ဒါပေမဲ့

Edit with WPS Office

လက်သီးနည်းစနစ်နဲ့ ပတ်သက်ရင် သူက မျိုးစေ့ပါရမီရှင်လို့ခေါ်တဲ့ သူတွေအားလုံးထက် အပြတ်အသတ် သာလွန်ပြီး တခြားသူတွေ မော့ကြည့်ရုံပဲ တတ်နိုင်တဲ့ အမြင့်တစ်ခုကို ရောက်နေပါပြီ။

"ဒုတိယ အစ်ကိုရဲ့ လက်သီးနည်းစနစ်က တာအိုနဲ့ နီးကပ်နေပြီ။ ဟားဟား ဒါက ဂုဏ်ပြုပွဲ ကျင်းပဖို့ ထိုက်တန်တယ်"

လင်းဟန်က တိတ်ဆိတ်ငြိမ်သက်စွာနဲ့ တီးတိုးရွတ်ဆို လိုက်ပြီး သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ပေါ်လာခဲ့ပါတယ်။ ကြယ်စင်စုထဲက ဂူသချိုင်းကြီး အတွင်းမှာ သူက မဟာတာအိုရဲ့ ဓားကို တွေ့မြင်ခဲ့ပြီး မိုးရေကောဇ်ရဲ့ လက်သီးသိုင်းကို ကြည့်ရတာလည်း မဟာတာအိုရဲ့ တိုးမြှင့်ပေါ်မှုကို ခံခဲ့ရပုံ ပေါ်ပါတယ်။ ဒါကြောင့် ဒီလက်သီးရဲ့ အစွမ်းက မယုံနိုင်စရာ ကောင်းနေတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း မဟာတာအိုရဲ့ ဓားကို ရရှိပြီးတဲ့နောက်မှာ သူက စိတ်ကူးစိတ်သန်းတွေ ထက်မြက်လာပြီး သူ့ကိုယ်ပိုင် လမ်းကြောင်းကို ခွဲခြမ်းစိတ်ဖြာခဲ့ချိန်မှာ မိုးရေကောဇ်က

Edit with WPS Office

သူ့ကိုယ်ပိုင် ခွဲခြမ်းစိတ်ဖြာမှု စွမ်းရည်တွေ အပေါ် မှာပဲ လုံးဝကို မှီခိုနေခဲ့ပါတယ်။ ဒီလိုမျိုး နိုင်းယှဉ်ကြည့်လိုက်ရင် လင်းဟန်တောင်မှ မိုးရေကောရာဇ်ရဲ့ ပါရမီကို တကယ်ပဲ လက်ခံယုံကြည် မိပါတယ်။

သူ့ရဲ့ ဒီဒုတိယမြောက် အစ်ကိုက တကယ်ပဲ သိုင်းပညာမှာ ထူးချွန်ထက်မြက်တဲ့ ပါရမီနဲ့ မွေးဖွားလာခဲ့တာပဲ ဖြစ်ပါတယ်။

Chapter 1151 end

အပိုင်း(1152)ဆိုးယုတ်တဲ့ အပြုအမှု

မိုးရေကောရာဇ်က တကယ့်ကို ဒေါသထွက်နေတာ ဖြစ်ပါတယ်။ လက်သီးချက် ဆယ်ချက်ထိုးပြီး နောက်မှာတော့ ချောင်ရှမ်က နောက်တစ်ကြိမ် လွင့်ထွက်သွားခဲ့ပါတယ်။

အရမ်းကို အစွမ်းထက်တာပဲ။

သူတို့နှစ်ယောက်က ကျင့်ကြံခြင်းအဆင့် တူညီကြတယ်ဆိုတာ ပေါ်လွင်ပါတယ်။ ချောင်ရှမ်ကတောင် သူ့ထက် အဆင့်သေးလေးနှစ်ဆင့် ပိုမြင့်ပါတယ်။ ဒါပေမဲ့

Edit with WPS Office

ဆယ်ကွက် အတွင်းမှာ သူက ရှုံးနိမ့်သွားခဲ့ပါတယ်။ ဒါက အရမ်းကို မယုံနိုင်စရာကောင်းလွန်း နေခဲ့ပါတယ်။

သူတို့အားလုံးက မျိုးစေ့ပါရမီရှင်တွေ ဆိုတာကို သိထားသင့်ပါတယ်။ ပြီးတော့ သူတို့အားလုံးက ထိပ်တန်းအဆင့် ပါရမီရှင်တွေပါ။ ကျင့်ကြံခြင်းအဆင့်တူနဲ့ဆို ဘယ်လိုပဲဖြစ်ဖြစ် တိုက်ပွဲက လက်ရည်ညီတူလောက် ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ ရလဒ်ကတော့ လုံးဝကို တစ်ဖက်သတ် တိုက်ပွဲ တစ်ခု ဖြစ်နေပါတယ်။

ဒါ့အပြင် မိုးရေကေရာဇ်ရဲ့ ကျင့်ကြံခြင်း အဆင့်က အနည်းငယ် နိမ့်ပါတယ်။ ပြီးတော့ စွမ်းအားမှာ ကြယ်နှစ်ပွင့် ကွာဟချက်တစ်ခု ရှိနေပါတယ်။

လင်းဟန်က မိုးရေကေရာဇ် လျှောက်လှမ်းတဲ့ လမ်းကြောင်းက အားမာန်ပြည့်ပြီး ရက်စက် ကြမ်းကြုတ်တဲ့ လမ်းကြောင်းတစ်ခုဆိုတာကို သိထားပါတယ်။ တကယ်လို့ သူအနိုင်ရနိုင်တယ် ဆိုရင် ဆယ်ကွက်ဆိုတာက လုံလောက်ပါပြီ။ တကယ်လို့ တိုက်ပွဲက ဆယ်ကွက်ကနေ တစ်ရာလောက်ထိ အချိန်ကြာမယ်ဆိုရင် မိုးရေကေရာဇ်က

Edit with WPS Office

အရေးနိမ့်တဲ့ အခြေအနေ တစ်ခုမှာ ရှိနေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ချောင်ရွှမ်က နှစ်ကြိမ်ဆက်တိုက် ရှုံးနိမ့်သွားခဲ့ပါပြီ။ သူ့မျက်နှာက ရက်ရွံ့မှုကြောင့် နီမြန်းနေရမဲ့ အစား ရှုံ့မဲ့လို့ နေပါတယ်။ သူ့အနေနဲ့ ဒီနေရာမှာ ဆက်နေဖို့ ဘယ်လိုမှ မျက်နှာမပြ နိုင်တော့ပါဘူး။ သူ့မျက်နှာကို ဖုံးပြီးတော့ သူက ထွက်သွားခဲ့ပါတယ်။ တကယ်လို့ သူက ဒီနေရာမှာ ဆက်ပြီးတော့ နေဦးမယ်ဆိုရင် ပရိသတ်အားလုံးရဲ့ အကြည့်တွေက ဓားတွေ လှံတွေလို ထက်ရှပြီး သူ့ကို တစစီ လဲပြိုကျသွားပါလိမ့်မယ်။

မိုးရေကောရာဇ်ရဲ့ တိုက်ပွဲစိတ်ဝိညာဉ်က လောင်ကျွမ်းနေဆဲပါပဲ။ သူက မေးလိုက်ပါတယ်။

"ဘယ်သူ ငါနဲ့အတူ ထပ်ပြီးတော့ တိုက်ခိုက်ဦးမလဲ"

အားလုံးက တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ပါတယ်။ မိုးရေကောရာဇ်နဲ့ ကျင့်ကြံခြင်း အဆင့်တူညီတဲ့ လူတွေက မိုးရေကောရာဇ်ကို အနိုင်ယူနိုင်တယ်လို့

Edit with WPS Office

သေချာပေါက် မပြောနိုင်ပါဘူး။ ပြီးတော့ မိုးရေကောရာဇ်ထက် ကျင့်ကြံခြင်းအဆင့် ပိုမြင့်တဲ့ လူတွေအတွက် သူတို့က တိုက်ခိုက်ရမှာကို စိတ်ကသိကအောက် ဖြစ်နေကြပါတယ်။ စောစောတုန်းက ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်မှာရှိတဲ့ ချောင်ရှမ်တောင်မှ အလွယ်တကူ ရှုံးနိမ့်သွားခဲ့ပါတယ်။ အဲဒါဆို ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်က မလုံလောက်သေးဘူးဆိုတာ ဖော်ပြနေပါတယ်။

ဒါပေမဲ့ တကယ်လို့ ပြင်းထန်အဆင့်မြင့်မှာ ရှိတဲ့ လူတစ်ယောက်ဆိုရင် ဒီကွာဟချက်က အရမ်းကို ကြီးမားလွန်းသွားပြီ မဟုတ်လား။ ဘယ်သူကများ ဒီလိုအသာစီး ရယူမှုမျိုးကို မျက်နှာပြောင်ပြောင်နဲ့ ယူလိမ့်မှာလဲ။

ဒါကြောင့် မိုးရေကောရာဇ်က တိုက်ခိုက်ဖို့ တောင်းဆိုပေမဲ့ ဒီနေရာမှာ လူပေါင်းတစ်ရာကျော် ရှိနေပြီး ဘယ်သူကမှ သူ့စိန်ခေါ်မှုကို လက်မခံခဲ့ပါဘူး။

"ဟိုးဟိုး အခြေအနေက အေးစက်သွားတာမျိုးတော့

Edit with WPS Office

မဖြစ်သင့်ဘူး။ ဒီလိုလုပ်ပါလား။ ငါလာပြီး တိုက်ခိုက်ပေးမယ်”

ပူကျဲက မတ်တပ်ထရပ်လိုက်ပါတယ်။

တခြားသူတွေက တစ်ယောက်နဲ့ တစ်ယောက် ကြည့်လိုက်ကြပါတယ်။ ဒါက ဘုရင်အဆင့် ခြောက်ပါးထဲက တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ သူတိုက်ခိုက်မယ်ဆိုရင် ဟဲထောင်က လွဲပြီးတော့ ဘယ်သူကများ သူ့ပြိုင်ဘက် ဖြစ်နိုင်စွမ်း ရှိလိမ့်မှာလဲ။ နောက်ပြီးတော့ ကျင့်ကြံခြင်း အဆင့်တွေ အကြားက ကွာဟချက်က တကယ်ပဲ အရမ်းကို ကြီးမားလွန်းတယ် မဟုတ်လား။ ဒါကို လက်ရည်စမ်းပွဲ တစ်ခုလို့တောင် သတ်မှတ်လို့ ရနိုင်ပါဦးမလား။

“မျှမျှတတ ဖြစ်သွားအောင် ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ပိတ်ဆို့ထားပေးမယ်။ ငါတို့က ကျင့်ကြံခြင်း အဆင့်တူနဲ့ တိုက်ခိုက်တာပေါ့”

ပူကျဲက ပြောလိုက်ပါတယ်။ သူက သူ့ခန္ဓာကိုယ်ရဲ့

Edit with WPS Office

အစိတ်အပိုင်း တချို့အပေါ်ကို အကြိမ် အနည်းငယ် တောက်ချလိုက်ပြီး သူ့အရှိန်အဂါက တကယ့်ကို မိုးရေကောရာဇ်နဲ့ အဆင့်တူ တစ်ခုဆီ ချက်ချင်းပဲ ဆုတ်ယုတ်သွားခဲ့ပါတယ်။

"ဂျူနီယာညီလေး ဒါက မျှတရဲ့လား"

သူက ပြုံးပြီးတော့ မေးလိုက်ပါတယ်။

မိုးရေကောရာဇ်က မဖြေပါဘူး။ အဲဒီအစား သူက မာန်သွင်းပြီး သူ့မျက်လုံးတွေ အထဲမှာ တိုက်ပွဲဆာလောင်မှုတွေ လောင်ကျွမ်းလို့ နေပါတယ်။ အဲဒီနောက် သူက ပူကျဲဆီကို အရူးတစ်ယောက်လို တရစပ် တိုက်ခိုက်မှုတွေ စတင်ထုတ်ဖော် လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း။

သူ့လက်သီးထိုးချက်တွေက မိုးသီးမိုးပေါက် ကျလာသလိုပါပဲ။ ပူကျဲလို သန်မာတဲ့ လူတစ်ယောက်တောင် ခတ်ထုတ်ရုံပဲ တတ်နိုင်ပြီး အနောက်ကို အဆက်မပြတ် ဆုတ်ပေးလိုက် ရပါတယ်။

Edit with WPS Office

အားလုံးက အုံ့အားသင့် သွားခဲ့ပြီး အုံ့အားသင့်မှုနဲ့အတူ တိတ်ဆိတ်ငြိမ်သက်သွား ကြပါတယ်။

ဒါက ဘုရင်အဆင့်လို့ ထင်ပေါ်ကျော်ကြားတဲ့ ခြောက်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ပူကျဲပါ။ သူတို့က တောင်မြစ်အဆင့်ကျင့်ကြံသူတွေ အားလုံးကို ချေမှုန်းပစ်နိုင်စွမ်း ရှိပြီးတော့ သူ့အတွက် ကျန်တဲ့ငါးယောက်ကပဲ ပြိုင်ဘက်ဖြစ်ဖို့ အရည်အချင်း ပြည့်မီပါတယ်။ ဒါပေမဲ့ အခုတော့ ကျင့်ကြံခြင်း အဆင့်အတူတူရဲ့ တိုက်ပွဲတစ်ခုမှာ မိုးရေကေရာဇ်က ပူကျဲကို တကယ်ပဲ ဖိနှိပ်ထား နိုင်ပါတယ်။ ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလောက်အောင် အုံ့သြဖွယ်ရာ ဖြစ်ပါတယ်။

မိုးရေကေရာဇ်လည်း အနာဂတ်မှာ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်တဲ့ အချိန်ကျရင် ဘုရင်အဆင့် ခုနစ်ပါး ဖြစ်လာလိမ့်မယ် မဟုတ်လား။

ပူကျဲရဲ့ မျက်နှာပေါ်မှာ တည်ငြိမ်အေးဆေးတဲ့ အပြုံးတစ်ခု ရှိနေပေမဲ့ တကယ်တော့ ကျိတ်ပြီးတော့

Edit with WPS Office

ကျိန်ဆဲနေမိပါတယ်။ စောစောက ချောင်ရှမ်းနဲ့ တိုက်ပွဲကို သူကြည့်ခဲ့တဲ့ အချိန်က ဒါက ပြင်းထန်မှု တစ်ခုပဲလို့ တွေးခဲ့ပါတယ်။ ဒါပေမဲ့ အခု သူကိုယ်တိုင် ကြုံတွေ့ရမှပဲ မိုးရေဇကေရာဇ်ရဲ့ လက်သီးသိုင်းက တကယ်ပဲ ကောင်းကင်ဘုံ တာအိုနဲ့ နီးစပ်နေတာကို သတိပြုမိသွားခဲ့ပါတယ်။ သူ့လက်သီးရဲ့ တိုက်ခိုက်မှုတိုင်းက မိုးကောင်းကင်ကိုယ်တိုင် သူ့အပေါ်ကို ပိကျလာသလို ခံစားရပါတယ်။ သူက လုံးဝကို ခုခံနိုင်စွမ်း မရှိပါဘူး။

သူက ပြန်ပြီးတော့ မတိုက်ခိုက်ဘူးလို့ မဆိုလိုပါဘူး။ ဒါပေမဲ့ စွမ်းအားနဲ့ ပတ်သက်ရင် သူက လုံးဝကို လွှမ်းမိုးနိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့ အခုတော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေက တူညီနေပြီး သူက မိုးရေဇကေရာဇ် အပေါ်မှာ ဘယ်လိုလုပ် လွှမ်းမိုးနိုင်မှာလဲ။

သူ့အနေနဲ့ တကယ်လို့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ထားလို့ ရှုံးနိမ့်သွားမယ် ဆိုရင်တောင် အရှုံးရလဒ်ကို လက်မခံနိုင်ပါဘူး။

ဘုရင်အဆင့် လူတစ်ယောက် အနေနဲ့ သူက

Edit with WPS Office

ကျင့်ကြံခြင်းအဆင့် အတူတူ တိုက်ပွဲဖြစ်ခုကို ဘယ်လိုလုပ် ရှုံးနိမ့်နိုင်မှာလဲ။

သူက ရုတ်တရက် လက်သီးတစ်ချက် ထိုးလိုက်ပြီး မိုးရေဇေကရာဇ်ရဲ့ တိုက်ခိုက်မှုကို သူ့ကိုယ်ပိုင် တိုက်ခိုက်မှုနဲ့အတူ မိတ်ဆက်လိုက်ပါတယ်။

ပုန်း။

လက်သီးနှစ်လုံးက တစ်ခုနဲ့ တစ်ခု ထိသွားပြီး ရုတ်ချည်းဆိုသလို ထိတ်လန့်တုန်လှုပ်စဖွယ် အားလှိုင်းတစ်ခု ထွက်ပေါ်လာပါတယ်။ ဒီနေရာမှာရှိတဲ့ လူတွေအားလုံးက မျိုးစေ့အဆင့် ပါရမီရှင်တွေ ဆိုပေမဲ့ သူတို့အားလုံးက မူလစွမ်းအင်နဲ့ ဒိုင်းကာတစ်ခုကို ထုတ်ပြီးတော့ ခုခံလိုက် ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လေလှိုင်းအားကြောင့် သူတို့တွေက စုတ်စုတ်ပြတ်ပြတ် ဖြစ်သွားရင် အဲဒါက စိတ်ကျေနပ်စရာကောင်းတဲ့ အတွေ့အကြုံ တစ်ခုတော့ ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ပူကျဲနဲ့ မိုးရေကေရာဇ်တို့ နှစ်ယောက်စလုံး တပြိုင်နက်တည်း နောက်ဆုတ်သွား ခဲ့ရပါတယ်။ ပူကျဲက ခြေလှမ်းခုနစ်လှမ်း ဆုတ်ပေးလိုက်ရပြီး မိုးရေကေရာဇ်က ခြေလှမ်းကိုးလှမ်းတိတိ နောက်ဆုတ်သွားခဲ့ ရပါတယ်။ စွမ်းအားနဲ့ ပတ်သက်ကရင် သူက အနည်းငယ် အရေးနိမ့်ပါတယ်။ ဒါပေမဲ့ ကွာခြားချက် တစ်ခုက မိုးရေကေရာဇ်ရဲ့ လက်သီးကနေ သွေးစီးကျနေပါတယ်။ သူ့ရဲ့ လက်မောင်းကလည်း သိသိသာသာ ကွေးပြီးတော့ ကျိုးသွားပါတယ်။ အရိုးကျိုးသွားတယ် ဆိုတာ ထင်ရှားပါတယ်။

ဒီထိပ်တိုက်တွေ့ဆုံမှုမှာ မိုးရေကေရာဇ်က လုံးဝကို ရှုံးနိမ့်သွားခဲ့ပါတယ်။

"စီနီယာ အစ်ကို ပူက မျှော်လင့်ထားတဲ့ အတိုင်းပဲ။ သူက ဘုရင်အဆင့် ခြောက်ပါးထဲက တစ်ယောက် ဆိုတဲ့အတိုင်း လေလုံးထွားနေတာ မဟုတ်ဘူးပဲ။ ကျင့်ကြံခြင်း အဆင့်တူ တိုက်ပွဲတစ်ခုမှာ သူက တကယ့်ကို ပြိုင်ဘက်ကင်း တစ်ယောက်ပဲ"

Edit with WPS Office

ပရိသတ်တွေက ချီးကျူးပြောဆို ကြပါတယ်။ ဒီရလဒ်ကို သူတို့တွေ ခန့်မှန်းမိပြီးသားပါ။

လင်းဟန်ကတော့ အေးစက်စက် အကြည့်တွေနဲ့ ပူကျဲကို စိုက်ကြည့်နေပါတယ်။

စောစောက ပူကျဲရဲ့ လက်သီးပေါ်မှာ တလက်လက် တောက်ပနေတဲ့ နတ်ဘုရား သင်္ကေတက ကိုးဆယ့်တစ်ခု ရှိပါတယ်။

ဆိုလိုတာက ပူကျဲဟာ သူ့စွမ်းအားကို ပြင်းထန်အလယ်အလတ် အဆင့်ထက် ကျော်လွန်ပြီး အသုံးမပြုခဲ့ဘူး ဆိုပေမဲ့ သူက စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားကို အသုံးပြုခဲ့ပါတယ်။

ဒါပေမဲ့ ဒါက မျှတမှု မရှိပါဘူး။

ကျင့်ကြံသူ တစ်ယောက် အတွက်တော့ စွမ်းအားက အစွမ်းထက်ဆုံး အခြေခံကိန်းတစ်ခု ဖြစ်ပေမဲ့ စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားကိုလည်း လျော့တွက်ထားလို့ မရပါဘူး။ ရောမ ဂူသချိုင်းကြီး အထဲမှာလိုပဲ

Edit with WPS Office

အဲဒီကျောက်ရုပ်ဂက်ပါရဲ့ စွမ်းအားက တချိန်လုံး ပြောင်းလဲမှု မရှိပေမဲ့ နတ်ဘုရား သင်္ကေတတွေ တိုးလာတဲ့ အချိန်တိုင်း ကျောက်ရုပ်ဂက်ပါရဲ့ အစွမ်းကလည်း မြင့်တက်လာခဲ့ပါတယ်။

ဒါမျိုးက ကျင့်ကြံသူ တစ်ယောက်အတွက် လုပ်နိုင်ဖို့ဆိုတာ မဖြစ်သင့်ပါဘူး။ ဒါပေမဲ့ အထွတ်အထိပ် ကျင့်ကြံခြင်း အဆင့်တစ်ခု ရှိနေတဲ့ ပူကျဲကတော့ ကျင့်ကြံခြင်းအဆင့် အရမ်းကို နိမ့်ကျတဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အချိန်မှာ စွမ်းအားက မပြောင်းလဲ ပေမဲ့ သူ့ရဲ့ နတ်ဘုရား သင်္ကေတတွေရဲ့ အစွမ်းကိုတော့ တိုးမြှင့်နိုင်ပါတယ်။ ဒါကြောင့် ရလဒ်တွေက ကျောက်ရုပ်ဂက်ပါ အလုပ်လုပ်ပုံလုပ်နည်းနဲ့ အတိအကျ တူညီပါလိမ့်မယ်။

ပူကျဲက ဒါကို လျှို့ဝှက်စွာနဲ့ လုပ်ခဲ့ပေမဲ့ မုသားမဲ့ မျက်လုံးကို ပိုင်ဆိုင်ထားတဲ့ လင်းဟန်ကို သူက ဘယ်လိုလုပ်ပြီးတော့ အရူးလုပ်နိုင်မှာလဲ။

မင်းက ငါ့ဒုတိယ အစ်ကိုတော်ကို အနိုင်ကျင့်ရဲတယ်ပေါ့

Edit with WPS Office

ဟုတ်လား။

လင်းဟန်ရဲ့ စိတ်ထဲမှာ ရုတ်ချည်းဆိုသလို ဒေါသတွေ အုံကြွလာခဲ့ပါတယ်။ သူက ပုကျဲကို ပြင်းပြင်းထန်ထန် စိုက်ကြည့်နေပါတယ်။ ဒီအရှုံးကို သူက သေချာပေါက် လက်စားပြန်ချေ ရပါလိမ့်မယ်။

မိုးရေဧကရာဇ်က ပွင့်လင်းတဲ့ ပင်ကိုယ်စရိုက်ရှိသူ တစ်ယောက် ဖြစ်ပါတယ်။ သူလည်း တစ်ခုခု မှားနေတယ် ဆိုတာကို အာရုံခံမိပေမဲ့ အရှုံးက အရှုံးပါပဲ။ ဘာမှ စောဒက တက်စရာအကြောင်း မရှိပါဘူး။ ဒါကြောင့် သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"ငါရှုံးသွားပြီ"

မိုးရေဧကရာဇ်က ပြောပြီးတဲ့နောက်မှာ သူ့ရဲ့ မူလနေရာကို ပြန်သွားပြီးတော့ ထိုင်ချလိုက်ပါတယ်။

"တိုက်ပွဲအတွက် ကျေးဇူးတင်ပါတယ်"

ပုကျဲက နှိမ့်ချတဲ့ ပုံစံမျိုး ဟန်ဆောင်လိုက်ပါတယ်။

"စီနီယာအစ်ကိုပု ကျေးဇူးပြုပြီး ကျနော်နဲ့ တိုက်ပါ"

Edit with WPS Office

လင်းဟန်က တိုက်ပွဲကွင်းပြင်ထဲကို ဝင်မလို့ ပြင်နေတုန်းမှာပဲ တစ်စုံတစ်ယောက်က သူ့ထက် အရင်ဆုံး ဝင်သွားတာကို တွေ့လိုက်ရပါတယ်။ သူက အဲဒီလူထက် ခြေတစ်လှမ်း နောက်ကျသွား ခဲ့ရပါတယ်။ ဒါကြောင့် လင်းဟန်က သူ့ရဲ့ အကြံအစည်ကို ယာယီခဏ စွန့်လွှတ်ထားဖို့ ရွေးချယ်လိုက်ရပါတယ်။

အဲဒီလူကတော့ ဆုကျင်းပဲ ဖြစ်ပါတယ်။

"စပါ"

ပူကျဲက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ပိတ်ဆို့တားမြစ်မှုကို ပယ်ဖျက်လိုက်ပါတယ်။ သူ့ပြိုင်ဘက်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေပါတယ်။ ဒါကြောင့် သူ့အတွက်တော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တမင်သက်သက် ဖိနှိပ်ထိန်းချုပ်ထားစရာ မလိုပါဘူး။

"စီနီယာ တပည့် တစ်ယောက် အနေနဲ့ ငါက တိုက်ကွက်ဆယ်ကွက် ကန့်သတ်ထားမယ်။ ဂျူနီယာ ညီလေးဆုက ငါ့ရဲ့တိုက်ကွက် ဆယ်ကွက်ကို ခံယူနိုင်ရင်

Edit with WPS Office

ငါရှုံးပြီလို့ သတ်မှတ်နိုင်တယ်”

ဒီစကားလုံးတွေကို သူက ဘယ်လောက်တောင် ယုံကြည်ချက် အပြည့်နဲ့ ပြောလိုက်သလဲ။

ဒါပေမဲ့ ဒါကလည်း အရမ်းကြီး မလွန်ပါဘူး။ သူက သူ့ရဲ့ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ထိန်းချုပ် ထားဖို့ မလိုပါဘူး။ သူက တောင်မြစ်ငါးခုရဲ့ စွမ်းအားကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ပြီးတော့ သူ့ခွန်အားက အနည်းဆုံး ကြယ်ခုနစ်ပွင့်ကို ရောက်ရှိနေပါလိမ့်မယ်။ တကယ်လို့ ကြယ်ခြောက်ပွင့်နဲ့ ခုနစ်ပွင့် အကြားမှာ တစ်ပွင့်ပဲ ကွာဟချက် ရှိတယ်ဆိုပေမဲ့ ဒီကြယ်တစ်ပွင့် ကွာဟချက်က အရမ်းကို ကြီးမားလွန်းပါတယ်။

ဆုကျင်းက မဆင်မခြင် ဂရုမစိုက်ပဲ မနေပုံပါဘူး။ သူ့ပြိုင်ဘက်က တောင်မြစ်အဆင့်မှာ ဘုရင်အဆင့် လူတစ်ယောက် ဖြစ်ပြီးတော့ ဒီနယ်ပယ်မှာ အထွတ်အထိပ်ပေါ် ရပ်တည်နေသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ ခွန်အားကလည်း မျှော်လင့်ထားတာထက် သာလွန်နေမှာပါ။

Edit with WPS Office

သူက ပထမဆုံး အချိန်မှာပဲ အစွမ်းထက်တဲ့ တိုက်ကွက်တစ်ခုကို အသုံးပြုခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး ပတ်လည်မှာ နတ်ဘုရား အလင်းတွေက မျက်စိတစ်မှိတ် အတွင်းမှာ ပိုင်းလာပြီး သူ့ခန္ဓာကိုယ်က မီးတောင်တစ်ခု အဖြစ်ကို ပြောင်းလဲလာခဲ့ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး အပေါ်မှာ ကြက်သွေးရောင် ချော်ရည်တွေ စီးနေပြီး လေထုကို အရမ်းပူလောင်စေပြီး အသက်ရှူရ ခက်စေပါတယ်။

သူက လူသား တစ်ယောက်မှ ဟုတ်သေးရဲ့လား။ ဒါက ရောမ မီးချော်ရည် လူသား တစ်ယောက် မဟုတ်လား။

ပူကျဲက တည်ငြိမ်စွာနဲ့ သူ့ကို သုံးသပ်လိုက်ပါတယ်။ ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားတဲ့ လူတစ်ယောက်က ဒီကျင့်ကြံခြင်း အဆင့်မှာ ဘယ်လောက်အစွမ်းထက်မလဲ ဆိုတာ နားလည်ဖို့ မဖြစ်နိုင်ပါဘူး။ တကယ်လို့ ခွန်အားရဲ့ ထပ်တိုးကြယ်တစ်ပွင့်ပဲ ရှိမယ်ဆိုရင်တောင် အဲဒါက အထွတ်အထိပ် အဆင့်ဖြစ်ပါတယ်။ ဒါက

Edit with WPS Office

နေလအဆင့်ထက်တောင် ကျင့်ကြံအားထုတ်ရတာ ပိုပြီးတော့ ခက်ခဲပါတယ်။ တကယ်လို့ လူတစ်ယောက်က ဒီကျင့်ကြံခြင်း အဆင့်အောက်က တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အားလုံးကို လှဲထုတ်နိုင်စွမ်း မရှိဘူးဆိုရင် အထွတ်အထိပ်ထိ ရောက်အောင်လို့ ဘာဖြစ်လို့ ကျင့်ကြံအားထုတ် နေဦးမှာလဲ။

ဆုကျင်းက မာန်သွင်းပြီးတော့ လက်ဂါးရိုက်ချက် တစ်ခုကို ထုတ်ဖော်လိုက်ပါတယ်။ ဒီနေရာ တစ်ခုလုံးကို ကြက်သွေးရောင် မီးတောက်တွေ ဖုံးလွှမ်းသွားပြီး ချော်ရည်တွေ ပန်းထွက် လာသလိုမျိုးပါပဲ။ ကမ္ဘာပျက်ကိန်းတစ်ခု ရောက်လာသလိုမျိုးပါပဲ။

အားလုံးက အလျင်အမြန်ပဲ မူလစွမ်းအင် ဒိုင်းကာတစ်ခုကို ဖန်တီးပြီး ကာကွယ်ထား လိုက်ပါတယ်။ ဒါက ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ တိုက်ပွဲစွမ်းရည် ဖြစ်ပါတယ်။ စောစောက တိုက်ပွဲတွေနဲ့ ဘယ်လိုလုပ် နှိုင်းယှဉ်လို့ ရနိုင်မှာလဲ။

ဘုန်း ဘုန်း ဘုန်း။

Edit with WPS Office

ဆုကျင်းက အဆက်မပြတ် တိုက်ခိုက်နေပြီး ပူကျဲကတော့ သူ့ရဲ့တိုက်ခိုက်မှုတွေကို သာမန်ကာလျှံကာ ပုတ်ထုတ်နေပါတယ်။ သူ့ပုံစံက လုံးဝကို သက်တောင့်သက်သာပုံစံ ရှိနေပြီး အရမ်းကို လွယ်ကူနေပါတယ်။

"ကိုးကွက်ရှိပြီ"

ပူကျဲက ပြုံးပြီးတော့ ပြောလိုက်တယ်။

"သတိထားပါ ဂျူနီယာ ညီလေးဆု။ ငါတန်ပြန်တိုက်ခိုက်တော့မယ်"

Chapter 1152 end

အပိုင်း(1153) ဘုရင်အဆင့်ရဲ့ ခွန်အား

ပူကျဲက လက်ဝါးရိုက်ချက် တစ်ချက်ကို ထုတ်ဖော်လိုက်ပြီး မိုးကောင်းကင်က လဲပြိုကျလာပြီး ကြယ်တာရာတစ်စင်း ကြွေကျလာသလိုမျိုးနဲ့ တူပါတယ်။

ဝုန်း။

Edit with WPS Office

ဆုကျင်းက ချက်ချင်းပဲ လွင့်ထွက်သွားခဲ့ပါတယ်။ သူက လူငယ်မျိုးဆက်ထဲမှာ ဘုရင်အဆင့် လူတစ်ယောက်လို တချိန်က ချီးကျူးခံခဲ့ရပေမဲ့ သူ့ရဲ့ သက်တူရွယ်တူ အဆင့်တူတွေအတွက် အထင်သေးခဲ့တာမျိုး မရှိပဲ အရင်မျိုးဆက်က တောင်မြစ်အဆင့် လက်ရွေးစင်တွေ အားလုံးကို နင်းချေကျော်ဖြတ်နိုင်ခဲ့ပြီး အစစ်အမှန် ဘုရင်အဆင့် တစ်ယောက်နဲ့ ရင်ဆိုင်ရတဲ့ အခါမှာတော့ သူက သူ့အရှုံးကို လက်ခံနိုင်ပါတယ်။

တကယ်တော့ ပုကျဲက သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားခဲ့ပြီး အဲဒါက အရည်အသွေး ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။ သူက တကယ်ပဲ အရမ်းကို အစွမ်းထက်ပါတယ်။

ဒါပေမဲ့လည်း ဆုကျင်းအတွက်တော့ လိုက်မီဖို့ အခွင့်အရေးတစ်ခု မရှိတာတော့ မဟုတ်ပါဘူး။ ဒါမှမဟုတ် သူ့ရဲ့ပြိုင်ဘက်ကိုတောင် သာလွန်နိုင်ပါတယ်။ သူလည်း သူ့ရဲ့ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်နိုင်ရင် အရာအားလုံး ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ သူ့ရဲ့ အရှုံးကို

Edit with WPS Office

သူကလက်ခံရုံပဲ တတ်နိုင်ပါတယ်။

"စီနီယာအစ်ကိုပု ကျမလည်း
လမ်းညွှန်သင်ကြားပေးဖို့အတွက် တောင်းဆိုချင်ပါတယ်"

ရှောင်စီစီက ပြိုင်ပွဲကွင်း မြေကွက်လပ်ထဲကို
လျှောက်လာခဲ့ပါတယ်။

လင်းဟန်က စိတ်ပျက်လက်ပျက် ဖြစ်သွားပါတယ်။
ဘာဖြစ်လို့ အားလုံးက သူနဲ့ တိုက်ခိုက်ဖို့ အခွင့်အရေးကို
လုနေရတာလဲ။

ထားလိုက်တော့။ မင်းတို့ပဲ အရင်သွားပါ။

ပုကျဲကို စိန်ခေါ်မဲ့သူ မရှိတော့မှပဲ သူအရှေ့ကို
ထွက်လာပါတော့မယ်။

ပုကျဲက ရှောင်စီစီကို ကြည့်လိုက်ပြီး သူ့မျက်လုံးထဲမှာ
အံ့အားသင့်တဲ့ အလင်းရောင် တချက် လက်သွားပါတယ်။

ချောမောလှပတဲ့ မိန်းမလှတွေက ပေါများလွန်းလှပါတယ်။
တကယ်တော့ တန်ခိုးရှင်ဘုံရဲ့ လူဦးရေက အရမ်းကို
များပြားလွန်းပါတယ်။ ဒါကြောင့် အရမ်းကို ချောမောလှပတဲ့

Edit with WPS Office

မိန်းမလှတွေကို နေရာအနှံ့အပြားမှာ ရှာတွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း ချောမောလှပတဲ့ မိန်းကလေး တစ်ယောက်မှာ သိုင်းပညာဘက်မှာလည်း မယှဉ်နိုင်စရာကောင်းတဲ့ ပါရမီရှိပြီးတော့ ဘုရင်အဆင့်တစ်ယောက် ဖြစ်လာမဲ့ အလားအလာရှိတဲ့ မိန်းမလှလေး တစ်ယောက်ရဲ့ အနောက်မှာ သေချာပေါက် ထိတ်လန့်စရာကောင်းတဲ့ အရင်းအမြစ်တစ်ခု ထောက်ပံ့ပေးနိုင်တဲ့ အစွမ်းထက် နောက်ခံတစ်ခုကနေ လာခဲ့တာ ဖြစ်ပါလိမ့်မယ်။

သူ့အရှေ့မှာရှိတဲ့ ဒီမိန်းမလှလေးက ကောင်းမြတ်ခြင်းတွေ အားလုံးကို ပိုင်ဆိုင်ထားပါတယ်။ ဒါကြောင့် သူမကို ယောကျ်ားတိုင်းက ချစ်ခင်နှစ်သက် မိကြပါလိမ့်မယ်။ တကယ်လို့ သူမရဲ့ ကျင့်ကြံခြင်း အဆင့်က အနည်းငယ် နိမ့်ကျပြီး သူမရဲ့ ပင်ကိုယ်ပါရမီက အနည်းငယ် နိမ့်ကျနေတယ် ဆိုရင်တောင်မှ သူမရဲ့ ခြေထောက်အောက်မှာ ယောကျ်ားတွေ တော်တော်များများ ဝပ်တွားစေအောင် လုပ်နိုင်ဆဲပဲ ဖြစ်ပါလိမ့်မယ်။

"ဂျူနီယာ ညီမလေး စပါ"

Edit with WPS Office

ပူကျဲ့ရဲ့ လေသံက ညင်သာနေပြီး စီနီယာ အစ်ကိုတစ်ယောက်ရဲ့ ကြင်နာတတ်မှုကို ဖော်ပြနေပါတယ်။

ဟဲထောင်က အေးစက်စွာနဲ့ သရော်ပြုံး ပြုံးခဲ့ပါတယ်။ သူက ပူကျဲ့ရဲ့ အစစ်အမှန်သဘာဝကို သတိပြုမိပါတယ်။ ဒါပေမဲ့လည်း ရှောင်စီစီက ပူကျဲ့ရဲ့ စကားအနည်းငယ်ကြောင့် အလှည့်စား ခံရလိမ့်မယ် မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်။ ဒီလိုမျိုး ချစ်စဖွယ် မိန်းကလေးကို သူမရဲ့ ကလန်က ဦးစားပေးပြီးတော့ ပြုစုပျိုးထောင်ပေးတာ ဖြစ်မှာပါ။

"ကျေးဇူးပြုပြီးတော့ ကျမအပေါ်မှာ အရမ်းကြီး ထိန်းချုပ်မထားပါနဲ့ စီနီယာတပည့်အစ်ကို"

ရှောင်စီစီက ပျော့ပြောင်းစွာနဲ့ ဦးညွှန့်ပြီး မိန်းမသားဆန်တဲ့ ဆွဲဆောင်မှုကို အပြည့်အဝ ထုတ်ဖော်ပြသ နေပါတယ်။ ဒီလိုမျိုး အားနည်းမှုကို ထုတ်ဖော်ပြသတာက တခြားသူတွေရဲ့ အထင်အမြင် သေးမှုကို ခံရမှာ မဟုတ်ပါဘူး။ အဲဒီအစား သူတို့တွေ တွေးလိုက်မိတာက သူမဟာ အကျင့်စရိုက် ကောင်းမွန်ပြီးတော့ သူမရဲ့

Edit with WPS Office

စီနီယာတွေကို ရှိသေလေးစားမှု ရှိတယ်လို့ တွေးလိုက်မိပါတယ်။ သူမအပေါ် သူတို့ရဲ့ အမြင်တွေက တိုးလာခဲ့ပါတယ်။

ယောက်ျားလေးတွေ တော်တော်များများက ဆွဲဆောင်ညို့ယူ ခံရသလိုမျိုး သူမကို ကြည့်နေကြ ပါတယ်။ ဂန်ရှီယွမ် တစ်ယောက်ပဲ စိတ်ထဲကနေ ကျိတ်ပြီးတော့ မနာလို ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက လှည့်စားမှု တစ်ခု ဖြစ်ပြီးတော့ သူမလည်း လုပ်တတ်ပါတယ်။

တကယ့်ကို လုံလောက်ပါတယ်။ ပုကျဲ့ရဲ့ အမူအရာက ပိုပြီးတော့တောင် သဘောကျသလို ဖြစ်လာပြီး သူ့အပြုံးက ပိုမိုတောက်ပလာကာ ပြောလိုက်ပါတယ်။

"ဂျူနီယာ ညီမလေး စလို့ရပြီ"

ရှောင်စီစီက သူ့လက်တွေကို ခါလိုက်ပြီး လုံရှည်တစ်ချောင်းကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒီလုံက ကိုးမီတာလောက် ရှည်လားပြီးတော့ သူမကိုင်ဆွဲထားတဲ့ အချိန်မှာ အရမ်းကို လှပဂင့်ကြွားတဲ့ ဟန်ပန်အမူအရာမျိုး

Edit with WPS Office

ဖြစ်လာပါတယ်။ သူမက အရမ်းကို ထူးထူးခြားခြားနဲ့ ချောမောလှပတဲ့ မိန်းမလှလေး တစ်ယောက်ဆိုတဲ့ အချက်ကိုပါ ထည့်တွက်လိုက်ရင် အရင်ကထက်တောင် ပိုပြီးတော့ ဆွဲဆောင်မှု ရှိလာခဲ့ပါတယ်။

ပူကျဲ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေတောင်မှ မထိန်းနိုင်တော့ပဲ သူ့နှလုံးသား တဒုတ်ဒုတ် မြည်လာသလို ခံစားရပါတယ်။ တခြားသူတွေဆိုရင် ပိုပြီးတော့တောင် မထိန်းချုပ်နိုင်ပဲ တံတွေးမျိုချ နေရပါတယ်။

"သွား"

ရှောင်စီစီက သူမရဲ့လှံကို ကိုင်ဆွဲပြီးတော့ ပူကျဲ့ကို စတင်တိုက်ခိုက် လိုက်ပါတယ်။ လှံက လျှပ်စီး အလင်းတန်းလို လက်သွားပြီးတော့ နဂါးတစ်ကောင်လိုမျိုး ပြေးဝင်လာပြီး အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။

"ဟင်"

ပူကျဲ့က အနည်းငယ် အံ့အားသင့် သွားမိပါတယ်။ သူမရဲ့

Edit with WPS Office

စွမ်းရည်တွေက တကယ်ပဲ လျှော့တွက်လို့ မရနိုင်ပါဘူး။ သူမှာ ချစ်စရာကောင်းတဲ့ မျက်နှာလေး တစ်ခုရှိတာကြောင့် ချောမောလှပတယ်လို့ပဲ တွေးလိုက်ရုံနဲ့တင် ကြီးမားတဲ့ အမှားကြီး တစ်ခုကို လုပ်လိုက်သလို ဖြစ်သွားပါလိမ့်မယ်။

လုံက သူ့ဆီကို ပြေးဝင်လာပြီး လုံရဲ့ ကိုယ်ထည်ကနေ လျှပ်စီးအလင်းတွေ တစ်ခုပြီး တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီလျှပ်စီးအလင်းတန်းတွေက လျှပ်စီးမြွေတွေလို ဖြစ်ပေါ်လာပြီး ပူကျဲဆီကို ဒေါသတကြီးနဲ့ ပြေးဝင်လာပါတယ်။

"အတော်လေး စိတ်ဝင်စားစရာ ကောင်းတာပဲ"

ပူကျဲက ပြုံးပြီးတော့ ပြောလိုက်တယ်။

တကယ်လို့ သူက ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားခဲ့ဘူးဆိုရင် သူ့အရှေ့က ဒီတိုက်ခိုက်မှုကြောင့် ပျက်စီးကြေမွ သွားရပါလိမ့်မယ်။ ဒီမိန်းကလေးက သူ့အတွက် တကယ့်ကို အထင်ကြီးစရာကောင်းတဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့လည်း

Edit with WPS Office

လက်ရှိမှာ သူ့ရဲ့ စွမ်းရည်တွေက သူမထက် အများကြီး သာလွန်ပါတယ်။

ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားတဲ့ လူတစ်ယောက်က ဒီကျင့်ကြံခြင်း အဆင့်ဟာ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာကို လုံးဝခန့်မှန်းနိုင်မှာ မဟုတ်ပါဘူး။

သူက သူ့ညာဘက်လက်ကို အသာလေး ဆန့်ထုတ်လိုက်ပါတယ်။ ပုန်း။ ပြာလဲ့လဲ့ မူလစွမ်းအင် လက်တစ်ဖက် ထွက်ပေါ်လာပြီး လုံ့ကို ဖမ်းဆုပ်လိုက်ပါတယ်။ အကန့်အသတ်မရှိတဲ့ အရှိန်အဝါ စွမ်းအားတစ်ခု တလိပ်လိပ် တက်လာပြီး ရှောင်စီစီရဲ့ ကိုယ်ပိုင်အရှိန်အဝါကို ချက်ချင်းပဲ ဖိနှိပ်ထိန်းချုပ် လိုက်ပါတယ်။

ရှောင်စီစီက သူမရဲ့ တိုက်ကွက်ကို စောစောက ထုတ်ဖော်လိုက်တဲ့ အချိန်မှာ အားလုံးက တုန်ခါသွားခဲ့ပါတယ်။ ဒီမိန်းကလေးကို ဘယ်သူကများ လျော့တွက်ပံ့မှာလဲ။ ဒါပေမဲ့ ပုကျဲက သူ့ကိုယ်ပိုင်

Edit with WPS Office

တိုက်ကွက်ကို အားမာန်အပြည့်နဲ့ ထုတ်ဖော်လိုက်ပြီး ရှောင်စီစီရဲ့ သရုပ်ပြမှုကို လုံးဝဖိနှိပ် ထိန်းချုပ်လိုက်ပါတယ်။

ဒီကွာဟချက်က တကယ့်ကို သေးသေးလေး မဟုတ်ခဲ့ပါဘူး။

ဘုန်း။

ရောမ လက်ကြီး ကျဆင်းလာပြီး လုံ့ကို ရုတ်တရက် တားဆီးလိုက်ပါတယ်။ အဲဒီနောက် လုံ့က ရောမ ဖိအားဒဏ်ကို မခံနိုင်တဲ့ ပုံစံမျိုးနဲ့ တွန့်လိမ့်လာခဲ့ပြီး အချိန်မရွေး ကျိုးပျက်တော့မဲ့ ပုံစံမျိုး ဖြစ်လာပါတယ်။

ရှောင်စီစီက အသာအယာ မာန်သွင်းလိုက်ပြီး သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံးကနေ အဆုံးမရှိတဲ့ လျှပ်စီးအလင်းတွေ တလက်လက်တောက်ပလာပြီးတော့ သူမရဲ့ စွမ်းအားက ရုတ်တရက် ထိုးတက်လာခဲ့ပါတယ်။

"ဂျူနီယာ ညီမလေးရဲ့ စွမ်းရည်တွေနဲ့ ပါရမီက တကယ်ပဲ အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။ ကံမကောင်းတာက မင်းနဲ့ငါ့အကြားမှာ ကြီးမားတဲ့ ကွာဟချက်ကြီးတစ်ခု ရှိနေသေးတယ်။ မင်းရဲ့ ငါးခုမြောက်

Edit with WPS Office

တောင်မြစ်ကို မဖြစ်ပေါ်ပဲနဲ့တော့ မင်းက နိမ့်ကျနေဦးမှာပဲ”

ပူကျဲက လက်တစ်ဖက်ကို ဆန့်ထုတ်ပြီးတော့ ဘာမှမရှိတဲ့ လေထဲကို တွန်းထုတ်လိုက်ပါတယ်။ အဲဒီရောမ လက်ကြီးရဲ့ ခွန်အားက ရုတ်တရက် တိုးလာပြီး ရှောင်စီစီကို အားမာန်အပြည့်နဲ့ တွန်းထုတ်လိုက်ပါတယ်။

ထိတ်လန့်တုန်လှုပ်စရာ စွမ်းအားတစ်ခု တိုက်ခိုက်လာမှုကြောင့် ရှောင်စီစီက အလျင်အမြန်ပဲ သူမရဲ့ ညာဘက်လက်ကို ခါလိုက်ပါတယ်။ လုံက သူ့ဘာသာသူ ကျိုးပဲ့သွားပါတယ်။ ဒါပေမဲ့လည်း ပျက်စီးသွားတာ မဟုတ်ပဲ သူမရဲ့ အရှေ့မှာ ဒိုင်းတစ်ခုအဖြစ် ဖြစ်ပေါ်လာပြီး ပူကျဲရဲ့ တိုက်ခိုက်မှုကို တားဆီးလိုက်ပါတယ်။

ကြည့်ရတာ သူမရဲ့ လုံက နတ်ဘုရား သတ္တုအစိတ်အပိုင်း တစ်ခုကနေ သွန်းလုပ်ထားတာမျိုး မဟုတ်ပဲ မရေမတွက်နိုင်တဲ့ အဆက်သေးသေးလေးတွေကနေ ဖြစ်ပေါ်ထားပြီး အတူတကွ ပေါင်းစည်းထားတာမျိုး ဖြစ်ပါလိမ့်မယ်။ အဲဒီလုံက သူမရဲ့ စိတ်ဆန္ဒအတိုင်း ပုံစံပြောင်းနိုင်ပုံ ရပါတယ်။

Edit with WPS Office

ရှုပ်။

ရောင်စီစီရဲ့ ညာဘက်လက်ကို ပွေ့ယမ်းလိုက်တာနဲ့ ဒိုင်းက နောက်တစ်ကြိမ် လုံတစ်ချောင်း အဖြစ်ကို ပြောင်းသွားပြီး ပူကျဲဆီကို ပွေ့ယမ်းလိုက်ပါတယ်။

"ဟားဟားဟား"

ပူကျဲက ကျယ်လောင်စွာ ရယ်မောပြီး နည်းနည်းလေးမှ စိတ်ပူခြင်း မရှိခဲ့ပါဘူး။ ရောမ လက်ကြီးက ဆက်ပြီးတော့ ကျဆင်းလာပြီး ရောင်စီစီကို တိုက်ကွက်အနည်းငယ် အတွင်းမှာ သူမရဲ့ အရှုံးကို ဝန်ခံလိုက်ရုံကလွဲပြီး ရွေးချယ်စရာမရှိ ဖြစ်စေခဲ့ပါတယ်။

တုအန်း၊ လျှိုကျန်းရန်၊ ရှားပူချွယ်နဲ့ တခြားသူတွေကလည်း တစ်ယောက်ပြီး တစ်ယောက် ပြိုင်ပွဲကွင်းပြင်ထဲကို လျှောက်လာပြီး သူ့ကို စိန်ခေါ်ခဲ့ ကြပေမဲ့ ဘုရင်အဆင့် စွမ်းအား တစ်ခုကို အပြည့်အဝ ထုတ်ဖော်ပြသနေတဲ့ ပူကျဲရဲ့ အလွယ်တကူ အနိုင်ယူခြင်းကို ခံလိုက်ရပါတယ်။

"စီနီယာတပည့် အစ်ကိုပူက မျှော်လင့်ထားတဲ့ အတိုင်း

Edit with WPS Office

အရမ်းကို သန်စွမ်းတာပဲ”

“ဒါဆိုရင် တောင်မြစ်အဆင့်မှာ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်စေနိုင်တာ တကယ်ပေါ့။ ဒါကို ငါက အမြဲတမ်း ကောလာဟလ တစ်ခုလို့ပဲ တွေးခဲ့မိတယ်”

“စီနီယာ တပည့်အစ်ကိုပူက ဘုရင်အဆင့် တစ်ယောက် ဖြစ်လာနိုင်တာ အံ့ဩစရာ မရှိတော့ဘူး။ သူက ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ပြီးတဲ့နောက်မှာ နေလအဆင့်ကို တက်လို့ရနေပြီလို့ သတ်မှတ်ယူဆနိုင်တယ်။ တခြား တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အပေါ်မှာ တစ်ဖက်သတ် လွှမ်းမိုးနိုင်မှု တစ်ခုပဲ”

“စီနီယာတပည့်အစ်ကိုပူရဲ့ တိုက်ကွက်ဆယ်ကွက်ကို ခံယူနိုင်တဲ့သူ ရှိမှရှိပါ့မလား”

“ဘယ်လိုဟာသလဲဟ။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေက နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ကွက်ဆယ်ကွက်ကို ခံယူနိုင်တာ မင်းမြင်ဖူးလို့လား။ အဲဒါက သေချာပေါက် မဖြစ်နိုင်ဘူး”

Edit with WPS Office

အားလုံးက ချီးကျူးပြောဆို နေကြပြီး ပုကချဲကို သူတို့တွေရဲ့ ကြည်ညိုလေးစားမှုတွေကို ဖုံးကွယ် မထားခဲ့ပါဘူး။ တကယ်ပါပဲ။ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ဖို့ဆိုတာက တကယ်ပဲ အရမ်းကို ခက်ခဲပါတယ်။

ဆုကျင်းက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ နှုတ်ခမ်းပိတ်ပြီးတော့ ညည်းကာ ပြောလိုက်တယ်။

"တကယ်လို့ ဒါက တိုက်ကွက်ဆယ်ကွက်ပဲ ခံယူရမယ်ဆိုတဲ့ မေးခွန်းတစ်ခု သက်သက်ဆိုရင် အဲဒါကို အောင်အောင်မြင်မြင် လုပ်နိုင်တဲ့ လူတစ်ယောက် ရှိနေတယ်လို့ ငါခံစားရတယ်"

ရှောင်စီစီရဲ့ မျက်လုံးတွေ ချက်ချင်းပဲ အရောင်တလက်လက် တောက်ပလာပြီးတော့ ထောက်ခံ လိုက်ပါတယ်။

"အဲဒါအမှန်ပဲ"

တုအန်းကလည်း ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ အဲဒီလူသာ ရောက်လာနိုင်စွမ်းရှိရင် သူက စီနီယာတပည့်အစ်ကိုပုကို တိုက်ကွက်ပေါင်း

Edit with WPS Office

တစ်ရာကျော်အထိ အသုံးပြုဖို့ ဖိအားပေးနိုင်လိမ့်မယ်ဆိုတာ တကယ်ပဲ ဖြစ်နိုင်ချေရှိလိမ့်မယ်”

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ မျိုးစေ့အဆင့် ပါရမီရှင် တချို့ရဲ့ တညီတညွတ်တည်း ကြည်ညိုလေးစားမှု ရရှိအောင် လုပ်နိုင်တဲ့ သူက ဘယ်သူများ ဖြစ်နေမလဲ။ သူတို့က ဘယ်သူ့အကြောင်းကို ပြောနေကြတာလဲ။

“အိုး အဲဒီလူက ဘယ်သူများပါလိမ့်”

ပူကျဲက ပြုံးပြီးတော့ မေးလိုက်ပေမဲ့ သူ့အကြည့်တွေရဲ့ ဟိုးနက်ရှိုင်းတဲ့ နေရာမှာ အထင်သေးမှု တစ်စွန်းတစ်စ ရှိနေပါတယ်။ ဘယ်လိုဟာသလဲ။ ငါးခုမြောက် တောင်မြစ်ကိုတောင် မဖြစ်ပေါ်နိုင်တဲ့ လူတစ်ယောက်က ဘယ်လိုလုပ် သူ့အတွက် ပြိုင်ဘက်တစ်ယောက် ဖြစ်လာနိုင်စွမ်း ရှိမှာလဲ။

“လင်းဟာန်”

ရှောင်စီစီ၊ တုအန်း၊ ဆုကျင်းနဲ့ တခြားသူတွေက ဆက်တိုက်ပဲ ပြန်ဖြေလိုက်ပါတယ်။

Edit with WPS Office

"တိုက်ကွက်တစ်ရာကျော် အတွင်းမှာတောင် အဖြေပေါ်ဖို့ဆိုတာ ဖြစ်နိုင်မယ်မထင်ဘူး။ တိုက်ကွက်ပေါင်း တစ်ထောင်ကျော်အထိတောင် ရောက်သွားနိုင်တယ်"

ရှားပုချွယ်တောင်မှ ဒီလိုမျိုး ပြောလာခဲ့ပါတယ်။ သူက လင်းဟာန်ကို ဒီလိုမျိုး မြင့်မြင့်မားမား တွေးထားလိမ့်မယ်လို့ မထင်ထားမိပါဘူး။

ပုကျဲက ဒေါသထွက်သွားမိပါတယ်။ တိုက်ကွက်တစ်ထောင် အတွင်းမှာတောင် အနိုင်အရှုံး မထွက်ပေါ်လာနိုင်ဘူး ဟုတ်လား။ သူတို့က ဘယ်လိုဟာသတွေ ပြောနေတာလဲ။

မိုးရေကေရာဇ်နဲ့ တင်းပင်းတို့က အကြည့်ချင်း ဖလှယ်လိုက်မိပါတယ်။ တစ်ယောက်က ပြုံးနေပြီး ကျန်တဲ့ တစ်ယောက်ကတော့ မယုံနိုင်စရာ ကောင်းလောက်အောင် ဂုဏ်ယူနေမိပါတယ်။

"အိုး ဂျူနီယာ ညီမလေးနဲ့ ဂျူနီယာ ညီလေးတွေက အရမ်းကို အံ့အားသင့်စရာကောင်းတယ်လို့ ပြောနေရတဲ့ လင်းဟာန်ဆိုတာက ဘယ်သူများ ဖြစ်နိုင်မလဲ။ ဂိုဏ်းကို

Edit with WPS Office

သူရောက်လာတာကို ဘာဖြစ်လို့ ငါမတွေ့မိတာလဲ”

ပူကျဲက မေးလိုက်ပါတယ်။

ရှောင်စီစီက သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“ကြယ်တာရာထဲက ရောမ ဂူသချိုင်း ပွင့်တဲ့အချိန် သူက ကျမတို့နဲ့အတူ ဝင်သွားခဲ့တယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ ကျမတို့နဲ့အတူ ပြန်လည်ဆုံစည်းဖို့ကိုတောင် သူက သဘောတူခဲ့တယ်။ ဒါပေမဲ့ ကျမတို့ရဲ့ နောက်ဆုံးတွေ့ဆုံပွဲ ပြီးတဲ့နောက်မှာ သူ့ရဲ့ အရိပ်အယောင် နည်းနည်းလေးမှ မတွေ့ရတော့ဘူးဆိုတာကို လုံးဝထင်မထားမိခဲ့ဘူး။ ဒါက တကယ်ပဲ အရမ်းကို ထူးဆန်းတယ်”

“ဟားဟားဟား”

ရုတ်ချည်းဆိုသလို မျိုးစေ့အဆင့် ပါရမီရှင်တချို့က ကျယ်လောင်စွာ ရယ်မောလိုက် ကြပါတယ်။ ဒီဆွေးနွေးမှုက အတော်လေးကို ကြာမြင့်ပြီးမှ သူတို့တွေ ပြောနေတဲ့ လူက ဂိုဏ်းထဲကိုတောင် ဝင်အောင်လို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။

Edit with WPS Office

သူက ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်ဖို့တောင် အရည်အချင်း ပြည့်မီရဲ့လား။

Chapter 1153 end

အပိုင်း(1154) လင်းဟာန်ဆိုတာ ဘယ်သူလဲ။

“နင်တို့က ဘာရယ်တာလဲ”

ဟူဖေးယွင်က ထခုန်လိုက်ပါတယ်။

“လင်းဟာန်က အံ့သြဖို့အကောင်းဆုံးနဲ့ အစွမ်းထက်ဆုံးပဲ”

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟာန်အတွက် နောက်ထပ် လူတစ်ယောက်က ဝင်ပြီး စကားပြောလိမ့်မယ်လို့ သူတို့တွေ မျှော်လင့်မထားမိခဲ့ပါဘူး။

ဒီနေရာမှာ သူတို့အားလုံးက မျိုးစေ့အဆင့် ပါရမီရှင်တွေပါ။

မျိုးစေ့အဆင့် ပါရမီရှင်တွေက ဂုဏ်ယူဝင့်ကြွားမှုမရှိတဲ့လူ ဘဝမမြင့်တဲ့လူဆိုတာ ဘယ်မှာ ရှိမှာလဲ။ လင်းဟာန်က သူကိုယ်တိုင်တောင် ထွက်ပေါ်မလာသေးပေမဲ့ မျိုးစေ့အဆင့် ပါရမီရှင် တော်တော်များများက တညီတညွတ်တည်း

Edit with WPS Office

အရမ်းကို ကြည်ညိုလေးစားမှုကို ခံနေရပါတယ်။ ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

သူတို့အားလုံး သိချင်စိတ်တွေ ပြင်းပြလာပြီး အဲဒီထူးခြားဆန်းကြယ်တဲ့ ယောက်ျားကို တွေ့မြင်လာချင်ကြပါတယ်။ အဲဒီလူက ဘယ်လောက်တောင် အစွမ်းထက်ပြီး သူက ဘယ်လောက်တောင် သြဇာတိက္ကမနဲ့ ပြည့်စုံနေမလဲ။

ဟုတ်ပါတယ်။ ပူကျဲ့ရဲ့ နလုံးသားထဲက မနာလိုမှု မီးတောက်ကို မီးငြိုက်လိုက်သလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအရမ်းကို ချောမောလှပတဲ့ မိန်းမလှလေးနှစ်ယောက်ဖြစ်သူ ဟူဖေးယွင်နဲ့ ရှောင်စီစီတို့က လင်းဟာန်ကို သဘောကျနေပုံ ရပါတယ်။ ဟူဖေးယွင်က ပိုပြီးတော့တောင် သဘောကျပုံ ရပါတယ်။ သူမကို ကြည့်ရတာ လင်းဟာန်မကောင်းကြောင်း ပြောရဲတဲ့သူ ဘယ်သူ့ကိုမဆို တိုက်ခိုက်တော့မဲ့ အတိုင်းပါပဲ။

ပြီးတော့ အဲဒီလူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကို ဝင်ဖို့ အရည်အချင်းတောင် မမီခဲ့ပါဘူး။

သူက အရမ်းကို မကျေမနပ် ဖြစ်နေခဲ့ပါတယ်။

Edit with WPS Office

စဉ်းစားကြည့်လေ။ ဘုရင်အဆင့် ခြောက်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ လူအနေနဲ့ ဂိုဏ်းထဲက မရေမတွက်နိုင်တဲ့ မိန်းကလေး တပည့်တွေက အမြဲတစေ သူ့ဆီကို သူမတို့ဘာသာ ပြေးဝင်လာတတ် ကြပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ နှလုံးသား တစ်ခုလုံးကို ကျင့်ကြံခြင်း အပေါ်မှာပဲ အာရုံစိုက်ထားပါတယ်။ ဒါကြောင့် သူက သူမတို့ကို လုံးဝ စိတ်မဝင်စားခဲ့ပါဘူး။ ဒီတစ်ကြိမ် မျိုးစေ့အဆင့် ပါရမီရှင်တွေ အထဲမှာ အရမ်းကို ချောမောလှပတဲ့ မိန်းကလေး တချို့ကို တွေ့မြင်ရပြီး ဒါက အရမ်းကို ရှားပါးပါတယ်။ သူမတို့က တခြားယောက်ျားကို အကြီးအကျယ် အထင်ကြီး လေးစားနေကြပါတယ်။

သေစမ်းကွာ။ သူက အနာဂတ်မှာ အဲဒီလင်းဟာန်နဲ့ မတွေ့တာ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ရင် သူက လင်းဟာန်ကို သေချာပေါက် အသေရိုက်သတ်ပစ် ပါလိမ့်မယ်။

"ဘယ်လိုဟာသလဲ။ သူက စီနီယာတပည့်တွေလို အစွမ်းထက်နေရင် ဘာဖြစ်လို့ ဂိုဏ်းရဲ့ တပည့်သစ် ဖြစ်မလာတာလဲ"

Edit with WPS Office

အစိမ်းရောင် ဂျပ်စုံနဲ့ လူငယ်တစ်ယောက်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ အဲဒီလူငယ်က ဖူလိန်ရဲ ဖြစ်ပြီးတော့ လွန်ခဲ့တဲ့ ရက်အနည်းငယ်က နောက်လိုက်တွေ ရွေးချယ်တဲ့ အချိန်မှာ လင်းဟာန်ရဲ့ ဓားအလင်းတန်းတစ်ခု တိုက်ခိုက်မှုကို ခံခဲ့ရသူ ဖြစ်ပါတယ်။

ဒီအခိုက်အတန့် သူ့လက်မှာ ပတ်တီးတွေနဲ့ ပတ်ထားဆဲပါပဲ။ ဒါက လင်းဟာန်ဆီက သာမန် ဓားအလင်းတန်း တစ်ခုပဲ ဆိုပေမဲ့ သူ့ရဲ့ သိုင်းအသိဆန္ဒက အထဲမှာ ပါဝင်နေပါတယ်။ ဘယ်လိုလုပ် လွယ်လွယ်နဲ့ ချေဖျက်လို့ ရနိုင်မှာလဲ။

သိုင်းအသိဆန္ဒကို မချေဖျက်ပဲနဲ့ ဒီဒဏ်ရာက သက်သာပျောက်ကင်းလိမ့်မှာ မဟုတ်ပါဘူး။

"ငါမြင်ရသလောက်တော့ သူက အမှိုက်ကောင် တစ်ယောက်ပဲ ဖြစ်လိမ့်မယ်။ အားလုံးက လေလုံးထွားနေတာ သက်သက်ပဲ"

သူက အထင်အမြင်သေးစွာနဲ့ ပြောလိုက်ပါတယ်။

"မဟုတ်တမ်းရားတွေ လျှောက်မပြောနဲ့"

Edit with WPS Office

တင်းပင်းက ချက်ချင်းပဲ ခုန်ထွက်လာခဲ့ပါတယ်။ သူက ဖူလိန်ရဲကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

"အခုချက်ချင်း တောင်းပန်စမ်း"

"ဒီကိစ္စက မင်းနဲ့ဘာဆိုင်လို့လဲ"

ဖူလိန်ရဲ့ မဆင်မခြင် မလုပ်ပုံပါဘူး။ ဒီလူငယ်က လိန်လွမ်ကို ရှုံးသွားတယ်ဆိုပေမဲ့ သူ့စွမ်းရည်တွေက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပြီးတော့ မာန်ပါလွန်းပါတယ်။ သူတောင်မှ အနိုင်ရဖို့ အခွင့်ရေး ရခဲ့ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ လင်းဟာန်က ငါ့ရဲ့ဆရာသခင်ပဲ"

တင်းပင်းက လေးလေးနက်နက်နဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်ဆိုတာ မရှိပဲ သူကအခုဆို ဘယ်ကိုရောက်နေလိမ့်မလဲ။ တင်းပင်းအတွက်တော့ လင်းဟာန်က အမှန်တရားပါပဲ။ လင်းဟာန်ဆီက စကားတစ်ခွန်းနဲ့တင် သူတော်စင် တစ်ယောက်ကို သူ့လက်သီးတွေနဲ့တောင် ထိုးပုံပါတယ်။ ဒါကြောင့် တခြားသူတွေက လင်းဟာန်ကို မကောင်းပြောတာမျိုး သူက

Edit with WPS Office

ဘယ်လိုလုပ် ခွင့်ပြုနိုင်မှာလဲ။

အားလုံးက အကြီးအကျယ်ကို အံ့အားသင့် သွားခဲ့ပါတယ်။ ချက်ချင်းဆိုသလို လင်းဟာန်ရဲ့ ပုံရိပ်ကလည်း အဆုံးမရှိ မြင့်မားသွားပါတယ်။

မျိုးစေ့အဆင့် တပည့်တစ်ယောက်ကို ပြုစုပျိုးထောင်နိုင်တဲ့ လူတစ်ယောက်။ ဒါက ဘယ်လောက် အံ့အားသင့်စရာ ကောင်းလိုက်သလဲ။

"ငှါကိုတိုက်"

တင်းပင်းက ကျယ်လောင်စွာ အော်ဟစ်လိုက်ပါတယ်။ သူကဒေါသတွေ အရမ်းထွက်နေပြီး သူ့ခန္ဓာကိုယ် တစ်ခုလုံး နတ်ဘုရား အလင်းစက်တွေ တောက်ပလို့ နေပါတယ်။ သူက စောစောကထက် အများကြီး ပိုပြီးတော့ သန်မာလာပါတယ်။

ဟင်။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူ့ရဲ့ ဒီတပည့်က တကယ်ပဲ ထူးခြားပါတယ်။ သူဒေါသထွက်လာရင်

Edit with WPS Office

သူ့အစွမ်းတွေက ပေါက်ကွဲထွက်လာမှာလား။ ဒါမှမဟုတ် သူ့မှာရှိတဲ့ ရှေးဟောင်းတိုက်ပွဲစွမ်းရည် တချို့ နိုးဆွလာတာများ ဖြစ်နိုင်မလား။ ဒါဆိုရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အမြင့်သစ် တစ်ခုဆီ တွန်းပို့နိုင်မလား။

ဖူလိန်ရဲက အေးစက်စွာနဲ့ နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ကြေညာလိုက်ပါတယ်။

"ငါက ပြင်းထန်အလယ်အလတ် အဆင့်မှာရှိတယ်။ ပြီးတော့ ငါ့မင်းကို အနိုင်မကျင့်ချင်ဘူး"

ပထမအချက် သူ့အနေနဲ့ တင်းပင်းကို အနိုင်ယူနိုင်မယ်ဆိုတာ မသေချာပါဘူး။ ဒုတိယ အချက် သူ့လက်မောင်းက ဒဏ်ရာရနေပါသေးတယ်။ ဒါကြောင့် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ လူကောင်းပကတိ အချိန်မှာနဲ့ ဝေးကွာနေပါသေးတယ်။ ဒါကြောင့် သူက တိုက်ခိုက်ဖို့ ကြောက်နေပါတယ်။ သူရှုံးသွားရင် ကျင့်ကြံခြင်းအဆင့် နိမ့်တဲ့ ပြိုင်ဘက် တစ်ယောက်ကို ရှုံးနိမ့်တာ ဖြစ်ပြီးတော့ သူ့မျက်နှာ ဘယ်နားသွားထားရတော့မလဲ။

Edit with WPS Office

တင်းပင်းက သူ့ကို ထပ်ပြီးတော့ စိန်ခေါ်ဖို့ ပြင်လိုက်တဲ့ အချိန်မှာ မိုးရေကောရာဇ် ခုန်ထွက် လာတာကို တွေ့မြင်လိုက်ရပါတယ်။ မိုးရေကောရာဇ်က သူ့ပခုံးပေါ်ကို လက်တစ်ဖက်တင်ပြီး သူ့ခေါင်းကို ခါပြလိုက်ပါတယ်။ တင်းပင်းက သူ့ရဲ့အကြံကို အလျှော့ပေးလိုက်ရုံပဲ တတ်နိုင်ပါတယ်။ ဒါက သူ့ရဲ့ ဒုတိယ ဦးလေး ဖြစ်ပြီးတော့ သူ့ရဲ့ဆရာသခင် မရှိတဲ့ အချိန်မှာ သူ့ရဲ့ ဒုတိယဦးလေး စကားတွေကို နားထောင်ရပါမယ်။

"ငါလည်း ပြင်းထန်အလယ်အလတ် အဆင့်မှာပဲ။ ဒါကြောင့် တကယ်လို့ ငါမင်းနဲ့ တိုက်မယ်ဆိုရင် မင်းက အနိုင်ကျင့်တယ်လို့ သတ်မှတ်စရာ မလိုတော့ဘူးပေါ့ ဟုတ်တယ်မလား"

မိုးရေကောရာဇ်က လေးနက်တဲ့ အသံနဲ့ မေးလိုက်ပါတယ်။

သောက်ကျိုးနည်း လဗ္ဗွတ်လိုပဲ။

ဖူလိန်ရဲက ခေါင်းရှုပ်သွားသလို ခံစားလိုက် ရပါတယ်။ အရင်က တစ်ခါမှ မမြင်တွေ့ဖူးတဲ့ လူတစ်ယောက်နဲ့

Edit with WPS Office

ပတ်သက်ပြီး မကောင်းတဲ့ စကားနည်းနည်းပဲ ပြောခဲ့တာ မဟုတ်လား။ တကယ်တော့ အဲဒီစကားတွေက ဆိုးတယ်လို့တောင် သတ်မှတ်လို့ မရပါဘူး။ ဘာတွေ ဖြစ်နေကြတာလဲ။ ဘာဖြစ်လို့ သူက မိုးကောင်းကင်ကို အပေါက်ဖြစ်အောင် ထိုးလိုက်တာနဲ့ တူနေတာလဲ။ သူ့ခေါင်းပေါ်ကို အဆုံးမရှိတဲ့ ပြဿနာတွေ လိုက်ပါလို့ နေပါတယ်။

သူတို့အားလုံးက သူ့ကို စိန်ခေါ်ချင်နေ ကြတာလား။

"မင်းရော လင်းဟန်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

သူက မေးလိုက်ပါတယ်။ သူက မိုးရေကေရာဇ်ကို ပိုပြီးတော့တောင် သိချင်နေပါတယ်။ မိုးရေကေရာဇ်ရဲ့ စွမ်းရည်တွေကို သူ့မျက်စိနဲ့ မျက်မြင်ကြုံတွေ့ခဲ့ပြီး ပုကျဲတောင်မှ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်ပြီးတဲ့နောက်မှာ အဆက်မပြတ် နောက်ဆုတ်သွားအောင် လုပ်နိုင်ခဲ့ပြီး အချိန်အတိုင်းအတာ တစ်ခုအထိ ပြန်တိုက်ခိုက်နိုင်စွမ်း မရှိအောင် လုပ်နိုင်ခဲ့ပါတယ်။

Edit with WPS Office

တင်းပင်းနဲ့ တိုက်ခိုက်ခြင်းက သူ့အနေနဲ့ အနိုင်ရဖို့ အခွင့်အရေး ရှိပါသေးတယ်။ ဒါပေမဲ့ တကယ်လို့ မိုးရေဇကေရာဇ်နဲ့ တိုက်ခိုက်ရမယ်ဆိုရင်တော့ သူ့မှာ အနိုင်ရဖို့ ယုံကြည်ချက် နည်းနည်းလေးမှတောင် မရှိပါဘူး။

မိုးရေဇကေရာဇ်က သူ့လက်သီးကို ပွေ့ယမ်းပြီးတော့ ပြန်ဖြေလိုက်တယ်။

"လင်းဟန်က ငါ့ရဲ့ စတုတ္ထမြောက် ညီလေးပဲ"

ဖူး။

အားလုံးက နောက်တစ်ကြိမ် အံ့အားသင့် ကုန်ပါတယ်။ တပည့်က မျိုးစေ့ပါရမီရှင် တစ်ယောက်၊ အစ်ကိုလုပ်တဲ့ သူကလည်း မျိုးစေ့ပါရမီရှင် တစ်ယောက်။ မင်းတို့ တစ်မိသားစုလုံး မကောင်းဆိုးဝါးတွေပဲ ဖြစ်ရမယ်။ ဟုတ်တယ်မလား။ ဒါက နည်းနည်းလေးတွေ လွန်သွားပြီ မဟုတ်လား။

"ငါနဲ့လာပြီး တိုက်"

မိုးရေဇကေရာဇ်က ပြင်းပြင်းထန်ထန် အော်ဟစ်လိုက်ပါတယ်။

Edit with WPS Office

ဖူလိန်ရဲရဲ့ အမူအရာက ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့ သူ့ဘာသာသူ ဘယ်လောက်ပဲ ယုံကြည်ချက်ရှိရှိ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ သူက မိုးရေဧကရာဇ်နဲ့တော့ မတိုက်ခိုက်ရဲပါဘူး။ အခုလိုမျိုး ဒဏ်ရာရနေတဲ့ အချိန်ဆို ပိုဆိုးပေါ့။

ဒါပေမဲ့လည်း သူက ဒီအတိုင်းတော့ ထွက်သွားလို့ မရနိုင်ပါဘူး။ သူက ချက်ချင်းပဲ ပြောလိုက်တယ်။

"ငါ့ရဲ့ စကားတွေကို ကောင်းကောင်း မရွေးချယ်မိခဲ့ဘူး။ ငါ့စကားတွေက ကြမ်းပြီးတော့ ရိုင်းသွားမိတယ်"

ဒါဆိုသူက မကျေမနပ်နဲ့ အလျော့ပေးလိုက်တာပေါ့။

မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက်က လူပုံအလယ်မှာ အလျော့ပေးပြီးတော့ တောင်းပန်ရတာ အရှက်ကွဲမှု တစ်ခုပါပဲ။ ဒါပေမဲ့ လူပုံအလယ်မှာ ရှုံးနိမ့်သွားတာနဲ့ နှိုင်းယှဉ်ရင်တော့ ဒါက ပိုပြီးတော့ ကောင်းပါလိမ့်မယ်။ ဒါကြောင့် ဖူလိန်ရဲက အမျှော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လိုက်ပါသေးတယ်။

Edit with WPS Office

မိုးရေကေရာဇ်က ခေါင်းကို တစ်ချက်ညိတ်ပြီးတော့ သူ့ရဲ့ မူလနေရာကို ပြန်သွားပြီး ထိုင်ချလိုက် ပါတယ်။

ဘယ်လောက် လွှမ်းမိုးနိုင်သလဲ။

အားလုံးက ကြည့်နေရင်း သူတို့က မိုးရေကေရာဇ်အပေါ် သဘောထား အမြင်တစ်ခု တိုးလာခဲ့ ကြပါတယ်။ ဒီလူရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ စွမ်းဆောင်ရည်တွေက အထွတ်အထိပ်မှာ မဟုတ်သေးပေမဲ့ ဒီလွှမ်းမိုးနိုင်စွမ်း အရှိန်အဝါက တကယ့်ကို ကြောက်စရာကောင်းပါတယ်။ ဒီနေရာမှာ သူ့ကို ယှဉ်ပြိုင်နိုင်တဲ့သူ အများကြီး မရှိနိုင်ပါဘူး။

ပူကျဲ့ရဲ့ မျက်နှာအမူအရာကို ကြည့်ရတာ အနည်းငယ် ရုပ်ဆိုးအကျည်းတန် နေပါတယ်။ ပထမတော့ သူက ဒီနေရာရဲ့ လေထုတစ်ခုလုံးကို ထိန်းချုပ်ထားနိုင်ပြီး အရာအားလုံးရဲ့ အလယ်မှာ သူရှိနေခဲ့ပါတယ်။ သူက အားလုံးရဲ့ အာရုံစိုက်မှုကို ရရှိထားခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ရော။ သူ့အပေါ်ကျရောက်နေတဲ့ အာရုံစိုက်မှုတွေကို တစ်ခါမှတောင် မမြင်ဖူးတဲ့ လူတစ်ယောက်က လုယူသွားခဲ့ပါပြီ။

Edit with WPS Office

"စီနီယာအစ်ကိုပု တိုက်ပွဲတွေ အများကြီး တိုက်လာတော့ ခဏလောက် အနားယူသင့်ပါပြီ။ စင်မြင့်ကို ကျနော့်ကို ခဏငှားလိုက်ပါ"

အဖြူရောင် ဂဝတ်စုံနဲ့ လူငယ်တစ်ယောက် ခုန်ထွက်လာပြီး သူ့မျက်နှာပေါ်မှာ တောက်ပတဲ့ အပြုံးတစ်ခုကို ဆင်မြန်းထားပါတယ်။

"ဂျူနီယာ ညီငယ်ကျန်း"

ပုကျဲရဲ့အကြည့်က သူ့ဆီကို ရောက်သွားပြီး သူ့မျက်လုံးတွေထဲမှာ သတိထားတဲ့ အမူအရာ တစ်စွန်းတစ်စ ဖြစ်ပေါ်သွားခဲ့ပါတယ်။

ဒီလူငယ်ရဲ့ နာမည်က ကျန်းလောင်လို့ ခေါ်ပါတယ်။ အတိတ်တုန်းက သူက သူ့လိုပဲ ထင်ပေါ်ကျော်ကြားသူ တစ်ယောက် ဖြစ်ပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က ညီတူညီမျှ ဖြစ်ခဲ့ပါမယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက ပုကျဲဟာ အရမ်းကို အများအယွင်းမခံနိုင်တဲ့ အဆင့်တစ်ခုကို ကျော်ဖြတ်ပြီး သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို

Edit with WPS Office

ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်းလောင်ကတော့ အခုချိန်ထိ အောင်မြင်မှု မရရှိသေးပါဘူး။ သူတို့နှစ်ယောက် အကြားက ကွာဟချက်က အရမ်းကို လျင်မြန်စွာနဲ့ ကြီးမားလာခဲ့ပါတယ်။

ဒါပေမဲ့ ပူကျဲက ဒီကျွန်းလောင်ကို ပေါ့ပေါ့တန်တန် သဘောမထားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်းလောင်ရဲ့ ပါရမီက သူ့ထက် မဆိုးဂါးပါဘူး။ သူက ကံမကောင်းသေးတာလို့ပဲ ပြောရပါလိမ့်မယ်။ အဲဒါကြောင့်ပဲ သူက ကျရှုံးနေခဲ့တာပါ။ ဒါပေမဲ့ ကျွန်းလောင်က အထွတ်အထိပ် အဆင့်ကို တက်ရောက်ပြီး သူတို့နဲ့ တန်းတူရည်တူ အဆင့်ကို ဖြစ်လာနိုင်စွမ်း ဘယ်အချိန်မှာ ရှိလာမလဲ ဆိုတာကိုတော့ ဘယ်သူက သိမှာလဲ။

ပူကျဲက ခဏလောက် စဉ်းစားပြီးတော့ ခေါင်းတစ်ချက်ညိတ်ကာ အနောက်ကို ဆုတ်လိုက်ပြီး သူ့ကို တိုက်ပွဲစဉ်မြင့် ပေးလိုက်ပါတယ်။

“အိုးဟိုး ဒါဆိုရင် ဂျူနီယာညီလေး ကျွန်းကို ခွင့်ပြုပေးရမှာပေါ့”

Edit with WPS Office

သူက သူ့အစွမ်းကို လုံလုံလောက်လောက် ထုတ်ဖော်ပြပြီးပါပြီ။ သူ့အတွက်တော့ ဆက်ပြီးတော့ အစွမ်းပြဖို့ မလိုတော့ပါဘူး။

ကျန်းလောင်က လူအုပ်ထဲကို ဝေ့ကြည့်လိုက်ပါတယ်။ သူ့မျက်လုံးတွေက အရမ်းကို နူးညံ့သိမ်မွေ့ပုံ ပေါက်နေပေမဲ့ သူ့အကြည့်တွေခံလိုက်ရတဲ့ သူတွေက သူတို့ရဲ့ နှလုံးသား အောက်ခြေကနေ အေးစက်မှု တစ်ခုကို ခံစားလိုက်ရပြီး အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ရဲ့ ပစ်မှတ်ထားခြင်းကို ခံရသလိုမျိုး ခံစားနေရပါတယ်။ မရည်ရွယ်ပဲ သူတို့ရဲ့ ခေါင်းတွေကို ငုံ့လိုက်မိပြီး သူ့အကြည့်တွေကို ရင်မဆိုင်ဝံ့အောင် ဖြစ်နေကြပါတယ်။

သူက လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ တကယ်လို့ သူက ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားဘူး ဆိုရင်တောင် အနည်းနဲ့အများတော့ အစွမ်းထက် နေပါသေးတယ်။ သူ့မှာ အစွမ်းထက်တဲ့ စွမ်းရည်တွေ ရှိပြီးတော့ သူနဲ့ သက်တူရွယ်တူ အားလုံးကို ချေမှုန်းပစ်နိုင်ပါတယ်။

Edit with WPS Office

နောက်ဆုံးတော့ သူ့အကြည့်တွေက လင်းဟန်ဆီမှာ ရပ်သွားခဲ့ပါတယ်။

"ဂျူနီယာ ညီလေး ငါတို့တွေ လက်ရည်စမ်းကြည့်မယ်ဆို ဘယ်လိုသဘောရလဲ"

သူက မေးလိုက်သလိုလိုနဲ့ စိန်ခေါ်လိုက်ပါတယ်။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ကျန်းလောင်က တကယ်ပဲ လင်းဟန်ကို စိန်ခေါ်ချင် နေတာလား။

တစ်ခုသိထားရမှာ ကျန်းလောင်ဟာ အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဝင်လာခဲ့တဲ့လူ တစ်ယောက်မဟုတ်ပါဘူး။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးရာလောက်ကတည်းက ဂိုဏ်းထဲကို ရောက်နေတဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီလိုမျိုး ကြီးကျယ်ခမ်းနားတဲ့ ဂိုဏ်းတစ်ခု အထဲမှာ သူက နှစ်ပေါင်းကိုးရာ လေ့ကျင့်ထားခဲ့ပါတယ်။ တကယ်လို့ သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားဘူး ဆိုရင်တောင် သူ့စွမ်းအားက သေချာပေါက် သာမန် တောင်မြစ်အဆင့်

Edit with WPS Office

အထွတ်အထိပ် အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေထက် သာလွန်နေပါလိမ့်မယ်။

ဂန်ရှီယွမ်ကတော့ ရေခဲတမျှ အေးစက်စွာနဲ့ သရော်ပြုံး ပြုံးလိုက်ပါတယ်။ သူမက ကျန်းလောင်ကို ဒီတာဂန် ထမ်းဆောင်ဖို့အတွက် အလဲအလှယ်အနေနဲ့ အဆင့်မြင့် နတ်ဘုရား သတ္တုတစ်ခုကို ပေးခဲ့ရပါတယ်။ သူမအနေနဲ့ လင်းဟာန်ကို ပြင်းပြင်းထန်ထန် သင်ခန်းစာတစ်ခု ပေးစေချင်ပြီး သူ့ကို လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်သွားစေချင်ခဲ့ပါတယ်။

Chapter 1154 end

အပိုင်း(1155) မင်းကို သုံးကွက်အကျောပေးမယ်

“ဂျူနီယာ ညီလေးဟာန် မင်းငါနဲ့ တိုက်ခိုက်ရဲလား”

ကျန်းလောင်က တည်ငြိမ်စွာနဲ့ မေးလိုက်ပါတယ်။

သူက တကယ်ပဲ ဂန်ရှီယွမ်ဆီက အဆင့်မြင့် နတ်ဘုရား သတ္တုအပိုင်းအစ တစ်ခုကို လက်ခံရရှိ ထားခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအချက်ကြောင့် သူက လှုပ်ရှားဖို့ ဆန္ဒရှိနေတာ

Edit with WPS Office

မဟုတ်ပါဘူး။ သူက ပါရမီရှင်တွေရဲ့ ဂုဏ်သိက္ခာကို နင်းခြေပစ်ရတာ ကျေနပ်တာကြောင့် လုပ်ရှားဖို့ ဆန္ဒရှိနေတာပါ။ ပါရမီရှင်တွေ ပိုများလေ သူပိုပြီးတော့ ပျော်ရွှင်ရလေပါ။

လင်းဟာန်က မတ်တပ်ထရပ်ပြီးတော့ ပြောလိုက်တယ်။

"မင်းက အရှုံးကို တောင်းဆိုနေမှတော့ ငါက မင်းဆန္ဒကို ဖြည့်ဆည်းပေးရမှာပေါ့"

ဒီကောင်က ဘယ်လောက်တောင် လေလုံးကြီးလိုက်သလဲ။

တိုက်ပွဲတောင် မစရသေးဘူး သူအနိုင်ရမယ်လို့ တွေးနေခဲ့ပါတယ်။ တကယ်လို့ သူက အရမ်းကို လွန်နေပြီး သူ့စကားတွေ အပေါ်မှာ အရမ်းကို ယုံကြည်မှု ရှိနေပေမဲ့ အမှန်တကယ်တော့ သူ့မျက်နှာ ရိုက်နက်ခံရမှာကို မကြောက်ဘူးလားမသိ။

ကျန်းလောင်ရဲ့ အမူအရာက သုန်မှုန်သွားပြီးတော့ ပြောလိုက်တယ်။

"ငါက မင်းထက်အရင် ဂိုဏ်းထဲကို ဝင်လာတာ

Edit with WPS Office

နှစ်ပေါင်းကိုးရာကျော်နေပြီ။ ဒါကြောင့် မင်းက ငါ့ကို လေးလေးစားစားနဲ့ စီနီယာအစ်ကို တစ်ယောက်လို့ ခေါ်သင့်တယ်”

“ဘယ်သူက စီနီယာအစ်ကို ဘယ်သူက ဂျူနီယာ ညီလေးလဲ။ အဲဒါကို စွမ်းရည်တွေနဲ့ပဲ ဆုံးဖြတ်သင့်တယ် မဟုတ်လား”

လင်းဟန်က တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

“တစ်နေ့နေ့မှာ ငါက နေလအဆင့်ကို အဆင့်တက်သွားခဲ့ရင် ဂျူနီယာ ညီလေးကျန်းက ငါ့ကို အရှင်သခင် တစ်ယောက်လို ခေါ်နေရလိမ့်မယ်”

လဖြွတ်ပဲ သူ့ရဲ့ ကိုယ့်ကိုကိုယ် ယုံကြည်ချက်က တကယ့်ကို ပြင်းထန်လွန်းနေပါတယ်။

အားလုံးက သူတို့ရဲ့ခေါင်းကို ခါလိုက်ပါတယ်။ လင်းဟန်က တကယ်ပဲ အရမ်းကို သန်မာပြီး ဂိုဏ်းထဲကို မဝင်ခင် အချိန်ကတောင် ဂန်ရှီယွမ်ကို အနိုင်ယူခဲ့တယ် ဆိုပေမဲ့ ဂန်ရှီယွမ်က ဂိုဏ်းထဲကို ဝင်လာတာ တစ်နှစ်ကျော်ကျော်ပဲ

Edit with WPS Office

ရှိပါသေးတယ်။ ဒါကြောင့် သူမရဲ့ စွမ်းရည်တွေက အကန့်အသတ် ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ကျန်းလောင်ကတော့ လုံးဂကို ကွဲပြားခြားနားပါတယ်။ သူက ဂိုဏ်းထဲကို ရောက်နေတာ ကိုးရာစုတောင် ရှိနေပါပြီ။ ဂိုဏ်းကနေ လျှို့ဝှက်နည်းစနစ်တွေ အများအပြားကို သင်ယူပြီးလောက်ပါပြီ။ သူက ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားဘူး ဆိုပေမဲ့ သေချာပေါက် တောင်မြစ်အဆင့်ကို ပြီးပြည့်စုံအောင် ကျင့်ကြံအားထုတ် ထားပါလိမ့်မယ်။

ငါးခုမြောက် တောင်မြစ်အောက်မှာ သူက ပြိုင်ဘက်ကင်း ဖြစ်သင့်ပါတယ်။

"ဟားဟားဟားဟား"

ကျန်းလောင်က အေးစက်စွာ ရယ်မောလိုက်ပါတယ်။

"မင်းက အရမ်းကို ဘဂင်မြင့်နေတာပဲ။ ဒါပေမဲ့ မင်းလိုမျိုး ပြိုင်ဘက်ကို ငါသဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့

Edit with WPS Office

မင်းတစ်ကိုယ်လုံး ငါနင်းခြေပစ်နိုင်တာပေ့ါ။
မင်းရဲ့ဂုဏ်သိက္ခာတွေကို တစ်စစီ ချိုးဖြတ်ပြီးတော့
မြုပ်နှံပေးရလိမ့်မှာပေ့ါ”

“မင်းက မြေကြီးထဲကို ဆောင့်နင်းခံရမဲ့ လူတစ်ယောက်
ဖြစ်ကောင်းဖြစ်သွားနိုင်တယ်။ အဲဒီအတွက် မစိုးရိမ်ပါနဲ့။
မင်းရဲ့ မျက်နှာကို ပြစရာမလိုတဲ့အတွက်
အရှမ်းရှက်စရာလည်း မလိုပါဘူး”

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“ဒီဟာသက နည်းနည်းလေးမှ ရယ်စရာ မကောင်းဘူး”

ကျန်းလောင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။

“ငါဟာသပြောနေတာ မဟုတ်ဘူး”

လင်းဟန်က ပြန်ငြင်းလိုက်ပါတယ်။

ကျန်းလောင်ရဲ့ အမူအရာက ပိုပိုပြီးတော့
အေးစက်လာခဲ့ပါတယ်။ သူ့လက်ကို တစ်ချက်ပွေ့လိုက်ပြီး
သူက ပြောလိုက်တယ်။

Edit with WPS Office

“ဒါဆိုရင် လာခဲ့ တိုက်ကြမယ်”

“မင်းက ဂိုဏ်းထဲကို ငါ့ထက်စောပြီးတော့ ဝင်လာတာကို အခြေခံပြီး မင်းကို ငါသုံးကွက် အကျောပေးမယ်”

လင်းဟာန်က သူ့လက်တွေကို အနောက်မှာ ပစ်ထားလိုက်ပါတယ်။

“ဘာဂမြင့်လိုက်တာ”

ကျန်းလောင်က ဒေါသထွက်သွားပြီး ရုတ်တရက် လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး တိုက်ခိုက်လိုက်ပါတယ်။

ဘုန်း။

သူမှာ ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်နိုင်သေးပေမဲ့ သူ့ရဲ့ ကျင့်ကြံခြင်းကို တောင်မြစ်အဆင့်မှာ အထွတ်အထိပ်ထိ အရောင်တင်ထားခဲ့ပါတယ်။ သူ့ရဲ့ မူလစွမ်းအင်က မယုံနိုင်စရာ ကောင်းလောက်အောင် သိပ်သည်းပြီး သူတိုက်ခိုက်လိုက်တာနဲ့ မိုးကောင်းကင်က သူ့အလိုလို အောက်ကို ဖိကျလာသလိုမျိုးဖြစ်သွားပြီး

Edit with WPS Office

တောင်မြစ်အဆင့်ရဲ့ ပြိုင်ဘက်ကင်း ဂုဏ်ရောင်ထွန်းပြောင်မှုနဲ့ အားမာန်တက်ကြွမှုတွေ ရှိနေပါတယ်။

လင်းဟာန်ရဲ့ ခြေထောက်တွေ လှုပ်ရှားသွားပြီး သူက တည်တည်ငြိမ်ငြိမ်နဲ့ အနောက်ကို ဆုတ်ကာ သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုကို ဆံချည်တစ်မျှင်စာအကွာ ရှောင်တိမ်းလိုက်ပါတယ်။

ဘုန်း ဘုန်း ဘုန်း။

တိုက်ကွက်သုံးကွက် ထုတ်ဖော်လိုက်ပြီး လင်းဟာန်က တိုက်ကွက်အားလုံးကို တကယ်ပဲ မှေးမှိန်သွားစေကာ ပြန်ပြီးတော့တောင် မတိုက်ခိုက်ခဲ့ပါဘူး။

သောက်ကျိုးနည်း။

အားလုံးက မှင်သက်တွေဝေ သွားကြပါတယ်။ ဒါက အနည်းငယ် သန်မာလွန်း သွားပါပြီ။ စောစောတုန်းက ကျန်းလောင်ရဲ့ စွမ်းဆောင်ရည်တွေက စမ်းစစ်သုံးသပ်ကြည့်ခဲ့ပါတယ်။ ဘုရင်အဆင့်

Edit with WPS Office

ခြောက်ယောက်ကလွဲရင် ဒီနေရာမှာ ကျန်းလောင်ကို သုံးကွက်အကျော်ပေးတဲ့ ယုံကြည်ချက်မျိုး ဘယ်သူ့မှာ ရှိလို့လဲ။

ဒါပေမဲ့လည်း လင်းဟန်က ဒီစကားတွေကို ပြောခဲ့တဲ့အပြင် အလုပ်နဲ့ပါ သက်သေပြသွားခဲ့ပါတယ်။

ဒီလူရဲ့ စွမ်းရည်တွေက နက်ရှိုင်းပြီး တိုင်းတာလို့ မရပါဘူး။

ပူကျဲနဲ့ ဟဲထောင်ကို ကြည့်ရတာတောင် အနည်းငယ် အံ့အားသင့်နေပုံ ရပါတယ်။ လင်းဟန်က အရမ်းကို အစွမ်းထက်နေလိမ့်မယ်လို့ သူတို့တွေ ထင်မှတ်မထားခဲ့မိပါဘူး။

"ငါမင်းကို သုံးကွက်အကျော် ပေးပြီးပြီ။ နောက်ပြီးတော့ အလျှော့ပေးတဲ့ အနေနဲ့ လက်တစ်ဖက်ပဲ အသုံးပြုမယ်"

လင်းဟန်က သူ့ညာဘက်လက်ကို အနောက်ဘက်မှာပဲ ထားပြီးတော့ သူ့ဘယ်ဘက် လက်မောင်းကိုပဲ ပွေ့ယမ်းလိုက်ပါတယ်။

ဒါက...။

Edit with WPS Office

မင်းရဲ့ ပြိုင်ဘက်အပေါ်မှာ မင်းက အရမ်းကို အထင်အမြင်သေးလွန်းသွားပြီ မဟုတ်လား။ အဲဒါက ကျန်းလောင်လေကွာ။

ဂန်ရှီယွမ်က အံ့အားသင့် သွားသလို တချိန်တည်းမှာပဲ စိတ်ထဲကနေ ကျိတ်ပြီးတော့ ကျေနပ်နေမိ ခဲ့ပါတယ်။ ဒီတစ်ကြိမ် လင်းဟာန်က ကျန်းလောင်ကို လုံးဂကို အပြစ်ပြုမိသွားပါပြီ။ အခုဆို ကျန်းလောင်က သူမ မပြောပဲနဲ့တောင် လင်းဟာန်ကို သေချာပေါက် ချေမှုန်းပစ်ပါလိမ့်မယ်။

ကောင်းတယ်။ အရမ်းကောင်းတယ်။

ကျန်းလောင်ရဲ့ စွမ်းရည်တွေနဲ့ လင်းဟာန်ကို အနိုင်မယူနိုင်ဘူးလို့ သူမ မယုံကြည်ထားပါဘူး။ တကယ်လို့ အဲဒီလိုသာဆိုရင် သူလည်း မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ ဂိုဏ်းထဲမှာ နှစ်ပေါင်းကိုးရာလောက် ကျင့်ကြံအားထုတ်နေခဲ့တာက လုံးဂကို အချိန်ဖြုန်းနေတာ ဖြစ်သွားပါလိမ့်မယ်။

Edit with WPS Office

ကျန်းလောင်က ဒေါသတွေ တလိပ်လိပ် တက်လာခဲ့ပါတယ်။ အခုဆို သူက တကယ်ပဲ ဒေါသထွက်နေပါပြီ။

သူ့ပြိုင်ဘက်ကို သုံးကွက်အကျော့ပေးတာနဲ့ လက်တစ်ဖက်ကိုပဲ အသုံးပြုပြီး အလျော့ပေးတာကို လုပ်ရမဲ့သူက သူပဲဖြစ်သင့်ပါတယ်။ ဒါပေမဲ့ အခုတော့ ဂျူနီယာ တစ်ယောက်က ဒီလိုမျိုး ဟန်ပန်အမူအရာနဲ့ သူ့ကို ဆက်ဆံနေပါတယ်။ အဲဒါက သူ့ကို အကြီးအကျယ် အရှက်ခွဲ စော်ကားသလိုမျိုး ခံစားရပါတယ်။

"ဂျူနီယာ ညီလေး မင်းက ဒီအတွက် တောင်းဆိုတာပဲ"

သူ့မျက်လုံးတွေက အေးစက်လာပါတယ်။ ရတ်ချည်းဆိုသလို သွေးရောင် အလင်းတစ်ခု ထွက်ပေါ်လာပါတယ်။ သူ့အရေပြားက ရုတ်တရက် သွေးနီရောင် ဖြစ်လာပြီး သူ့ခန္ဓာကိုယ်က ရုတ်ချည်းဆိုသလို ဖောင်းလာပါတယ်။ သူ့လက်မောင်းတွေ အပေါ်က အဂတ်အစားတွေ ချက်ချင်းပဲ စုတ်ပြဲသွားပြီး အမွေးထူတဲ့ လက်သည်းနှစ်ခု ထွက်ပေါ်လာပါတယ်။

Edit with WPS Office

ဟုတ်ပါတယ်။ အဲဒါတွေက လက်မောင်းတွေ မဟုတ်ပဲ ကျားခြေထောက်နဲ့တူတဲ့ လက်သည်းတွေ ဖြစ်ပါတယ်။

သူ့လက်မောင်းနှစ်ခုက လက်ရှိမှာ ကျားလက်သည်းတွေ အဖြစ်ကို ပြောင်းလဲသွားပြီး အဲဒီမှာ နတ်ဘုရား သင်္ကေတ ခုနစ်ဆယ်ကျော်က တလက်လက် တောက်ပလို့ နေပါတယ်။

"ဟင် ဒါက ဘယ်လို လျှို့ဝှက်နည်းစနစ်မျိုးလဲ။ ဘာဖြစ်လို့ ကျန်းလောင်ရဲ့ စွမ်းရည်တွေက တောင်မြစ်အဆင့်ကို ကျော်ဖြတ်သွားတယ်လို့ ခံစားနေရတာလဲ"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ ပြောလိုက်မိပါတယ်။ သူက မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက်ဆိုတာ ပေါ်လွင်ပါတယ်။ ဒါပေမဲ့ အခုကျန်းလောင် ထုတ်လွှတ်တဲ့ အရှိန်အဝါကြောင့် မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေပါပြီ။

"မဟုတ်ဘူး။ အဲဒါက တောင်မြစ်အဆင့်ကို မကျော်သွားဘူး။ ဒီလိုမျိုး မင်းခံစားနေရတယ် ဆိုတာက မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က နည်းနည်းလေး နိမ့်နေသေးလို့ပဲ"

"ဒါက စီနီယာအစ်ကို ကျန်း ကျင့်ကြံအားထုတ်ထားတဲ့

Edit with WPS Office

ထူးဆန်းနည်းစနစ် တစ်ခုပဲ။ အဲဒါကို အကြွင်းမဲ့ မဟာသွေးကျား နည်းစနစ်လို့ခေါ်တယ်။ ဒီပညာကို သူအသုံးပြုလိုက်တာနဲ့ သူ့ရဲ့ စွမ်းအားနဲ့ အမြန်နှုန်းက အကြီးအကျယ် တိုးသွားလိမ့်မယ်”

“စီနီယာ အစ်ကိုကျန်းက တောင်မြစ်အဆင့်ကို အရင်ဆုံး အထွတ်အထိပ်အဆင့်ထိ ကျင့်ကြံအားထုတ် ထားတယ်။ ဒါကြောင့် သူ့စွမ်းအားက ကြယ်ခြောက်ပွင့်ကို ကျော်လွန်နိုင်တယ်။ ပြီးတော့ အခု အကြွင်းမဲ့ မဟာသွေးကျား ပညာကိုပါ ထည့်တွက်လိုက်ရင် သူ့စွမ်းအားက ကြယ်ခုနစ်ပွင့်ထိ ခုန်ကျော်သွားဖို့ဆိုတာ အရမ်းကို ဖြစ်နိုင်ချေရှိတယ်”

“အဲဒါက အထွတ်အထိပ် အဆင့်ရဲ့ စွမ်းအားဖြစ်လိမ့်မယ်”

ကျန်းလောင်ရဲ့ လက်ရှိအခြေအနေကို ဂိုဏ်းထဲစောစော ဝင်လာခဲ့တဲ့ စီနီယာအစ်ကို တချို့က ရှင်းပြလိုက်ပါတယ်။

သူက သူ့ရဲ့ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားသေးပါဘူး။ သူက တောင်မြစ်အဆင့်ရဲ့

Edit with WPS Office

အဆင့်သေးလေးခုရဲ့ အထွတ်အထိပ်ကို
တခြားနည်းလမ်းတွေနဲ့ ချိုးဖျက်ထားပါတယ်။

ဒါပေမဲ့လည်း လှျို့ဝှက်နည်းစနစ်တွေမှာ
အချိန်အကန့်အသတ် တစ်ခုကတော့ ရှိနေဆဲပါပဲ။
စွမ်းအားကို အမြဲတမ်း မပျက်ပဲ တိုးမြှင့်ပေးနိုင်တဲ့
တောင်မြစ်ငါးခုနဲ့တော့ မတူပါဘူး။ နောက်ပြီးတော့
တောင်မြစ်ငါးခု ဖြစ်ပေါ်စေဖို့ သူ့အနေနဲ့ လှျို့ဝှက်နည်းစနစ်
တစ်ခုကို ကျင့်ကြံအားထုတ် ရလိမ့်မယ်လို့ မဆိုလိုပါဘူး။

ကျန်းလောင်က မာန်သွင်းပြီးတော့ သူ့လက်သည်းကို
ပှေ့ယမ်းပြီး လင်းဟန်ကို တိုက်ခိုက်လိုက် ပါတယ်။

ရွှပ်။

သူက အရမ်းကို လျင်မြန်ပါတယ်။ သူ့ကိုကြည့်ရတာ
သွေးရောင်အလင်းတစ်ခု အဖြစ်ကို ပြောင်းသွားသလိုမျိုး
အရမ်းကို လျင်မြန်တာကြောင့် တောင်မြစ်အဆင့်ရဲ့
ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ အများစုတောင်
သူ့ရဲ့ လှုပ်ရှားမှုကို ရိုးတိုးရိပ်တိတ်ပဲ မြင်တွေ့နိုင် ပါတယ်။

Edit with WPS Office

ဘုန်း။

သူတို့က လင်းဟန်ရဲ့ တိုက်ကွက်ကို တွေ့လိုက်ရပါတယ်။ သူ့ညာဘက်လက် ဆတ်ခနဲ လှုပ်ရှားသွားပြီး ဓားချီအလင်း တစ်ခုကို ထုတ်ဖော်တိုက်ခိုက် လိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက အရမ်းကို လျင်မြန်ပြီးတော့ သူ့ရဲ့ အထွတ်အထိပ်ကို ရောက်နေခဲ့ပါပြီ။

ဟုမ်း။ သူတို့ရဲ့ တိုက်ခိုက်မှုတွေ တစ်ခုနဲ့ တစ်ခု ထိမှန်သွားပြီး တောက်ပလင်းလက်တဲ့ ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ လူအများစုက သူတို့ရဲ့ မျက်လုံးတွေ ဖွင့်လိုက်တဲ့ အချိန်မှာတောင် အလင်းရောင် စူးစူးကြောင့် မျက်စိကန်းသလိုတောင် ဖြစ်သွားစေခဲ့ပါတယ်။ တိုက်ပွဲအခြေအနေ ဘယ်လိုဖြစ်သွားလဲ ဆိုတာကိုတောင် သူတို့တွေ လုံးဝကို တွေ့မြင်နိုင်စွမ်း မရှိခဲ့ပါဘူး။

ဒါပေမဲ့လည်း အလင်းရောင်က မကြာခင်မှာ ပျောက်ကွယ်သွားခဲ့ပါတယ်။ လင်းဟန်က ပြိုင်ပွဲကွင်း မြေကွက်လပ် အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရပ်နေပြီး

Edit with WPS Office

သူ့ညာဘက်လက်က လက်ညှိုးနဲ့ လက်ခလယ်ကို
ဓားတစ်လက် ပုံစံမျိုး ပူးကပ်ထားတာကို
တွေ့မြင်လိုက်ရပါတယ်။ သူ့လက်အနားမှာ အားပျော့တဲ့
ဓားအလင်းရောင်တစ်ခု တလက်လက်
တောက်ပနေပါတယ်။ ကျန်းလောင်ကတော့ လင်းဟန်ရဲ့
ခြေထောက်အောက်မှာ ပြိုလဲနေပြီး သူ့မျက်နှာက မိုးပေါ်ကို
မော့နေပါတယ်။ သူ့ရင်ဘက်မှာ သွေးတွေ ပန်းထွက်လို့
နေပါတယ်။

ဘာ။

ကျန်းလောင်လို သန်စွမ်းတဲ့ လူတစ်ယောက်တောင်
တစ်ကွက်တည်းနဲ့ ရှုံးနိမ့်သွားတာလား။

အားလုံးက မျက်လုံးတွေ ပြူးပြီးတော့ ကြည့်နေပြီး သူတို့ရဲ့
အသက်ရှူသံတွေတောင် ရပ်တန့်နေပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက လုံးဝကို မဖြစ်နိုင်ဘူး။

သူတို့ထဲက တချို့က အံ့အားသင့်မှုကြောင့် သူတို့ရဲ့
ခေါင်းတွေကို ကိုင်ပြီးတော့တောင် အော်ဟစ်လိုက်

Edit with WPS Office

ချင်နေကြပါတယ်။ သူတို့မြင်နေတာတွေနဲ့ နားလည်ထားတဲ့ အရာတွေတောင် မှားနေတယ်လို့ ခံစားနေ ရပါတယ်။ ကျန်းလောင်ကပဲ တစ်ကွက်တည်းနဲ့ လင်းဟာန်ကို အနိုင်ယူတဲ့လူ ဖြစ်သင့်ပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ မျက်လုံးကို ပိတ်လိုက်ဖွင့်လိုက် လုပ်ပြီးတော့ ပြန်ကြည့်လိုက်တဲ့ အချိန်မှာ မြင်ကွင်းက နည်းနည်းလေးမှကို ပြောင်းလဲမသွား ခဲ့ပါဘူး။

ကျန်းလောင်က မြေကြီးပေါ်မှာ လဲနေပြီး လုံးဂကို သတိလစ် မေ့မျောနေပါတယ်။

အရှုံး။ ဆိုးဆိုးဂါးဂါးနဲ့ လုံးဂကို ရှုံးနိမ့်သွားခဲ့ပါပြီ။

လင်းဟာန်က ကျန်းလောင်ကို သူ့ရဲ့ မူလနေရာဆီကို ရောက်သွားအောင် ခြေထောက်နဲ့ တစ်ချက် ကန်ထုတ်လိုက်ပါတယ်။ သူ့ခြေကန်ချက်ထဲက အားကို သေချာထိန်းချုပ်ထားပါတယ်။ အဲဒါက ကျန်းလောင်ရဲ့ မျက်နှာကို ကျောက်တုံးပေါ်မှာ အပ်သွားစေပြီး သူ့ဖင်ကတော့ မိုးပေါ်ကို ထောင်ကာ လက်နှစ်ဖက်က ဘေးတစ်ဖက်ဆီ ကျနေပါတယ်။ ဒီပုံရိပ်က အားလုံးရဲ့

Edit with WPS Office

မှတ်ဉာဏ်ထဲ ထာဝရ ကျန်ရစ်နေပါလိမ့်မယ်။

ဂန်ရှီယွမ်ရဲ့ ခန္ဓာကိုယ်ထဲက နက်ရှိုင်းတဲ့ နေရာကနေ အေးစိမ့်စိမ့် ခံစားမှု တစ်ခုက မြင့်တက်လာခဲ့ပါတယ်။ လင်းဟာန်ရဲ့ ခွန်အားက သူမခန့်မှန်းထားတာထက် လုံးဝကို သာလွန်နေပါတယ်။ သူက ကျန်းလောင်ကိုတောင် အလွယ်တကူနဲ့ အနိုင်ယူခဲ့ပါတယ်။ သူက သူ့ရဲ့ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားနိုင်တာများ ဖြစ်နိုင်မလား။

ဒါက တကယ့်ကို အံ့သြစရာ ကောင်းလွန်းပါတယ်။ အံ့ဖွယ်ကောင်းကင်ဂိုဏ်လိုမျိုး ထိပ်တန်းဂိုဏ်းကြီး တစ်ခုမှာတောင် ငြိုလ်ကြီးတစ်ရာကျော်က အတောက်ပဆုံး ပါရမီရှင်တွေ စုစည်းနေတာတောင်မှ လက်ရှိမှာ ဘုရင်အဆင့် ခြောက်ယောက်ပဲ ရှိနေပါသေးတယ်။

ဒီလိုမျိုး ပါရမီရှင်တွေကို ဂိုဏ်းက တကယ့်ကို ကြီးကျယ်ခမ်းနားတဲ့ ရတနာတွေလိုမျိုး ဆက်ဆံပါလိမ့်မယ်။ သူမအနေနဲ့ လက်စားချေဖို့အတွက် မျှော်လင့်ချက် နည်းနည်းလေးတောင် ဘယ်လိုလုပ် ရှိနိုင်မှာလဲ။

Edit with WPS Office

လင်းဟန်က သူမကို အေးစက်စွာနဲ့ ကြည့်လိုက်ပါတယ်။ ကျန်းလောင်က သူ့ကို စိန်ခေါ်ဖို့ ရွေးချယ်လိုက်တဲ့ အကြောင်းက ဂန်ရှီယွမ်နဲ့ ပတ်သက်နေတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ဂန်ရှီယွမ်က သူမရဲ့ စိတ်ဂိညာဉ် တုန်ခါသွားသလိုမျိုး ခံစားလိုက်ရပြီး အလျင်အမြန်ပဲ သူမရဲ့ ခေါင်းကိုငုံ့ကာ လင်းဟန်ရဲ့ မျက်လုံးတွေနဲ့ ရင်မဆိုင်ပံ့တော့ပါဘူး။

"အိုးဟိုး ဒီဂျူနီယာညီလေးဟန်က အရမ်းကို သန်မာလိမ့်မယ်လို့ ငါတကယ်ပဲ မမျှော်လင့်ထား မိခဲ့ဘူး"

ပူကျဲက ချီးကျူးလိုက်ပါတယ်။ သူက လက်ခုပ်တီးပြီး ပြုံးနေရင်း သူ့မျက်လုံးတွေ အထဲမှာ သတိထားတဲ့ အရိပ်အယောင် တစ်စွန်းတစ်စ ရှိနေပါတယ်။

သူက ကျန်းလောင်ကိုတောင် လျော့မတွက်ပံ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းလောင်က နောက်ပိုင်းမှာ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်လာနိုင်ချေ အများကြီး ရှိပြီးတော့ သူ့ကို နောက်တစ်ကြိမ် လိုက်မီလာနိုင်ပါလိမ့်မယ်။

Edit with WPS Office

ဒါဆိုရင် ကျန်းလောင်ကို အနိုင်ယူနိုင်တဲ့ ဒီလူက ပိုပြီးတော့တောင် ထိတ်လန့်တုန်လှုပ်စရာ မကောင်းဘူးလား။

လင်းဟာန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"အစ်ကိုပူ ကျနော့်ကို နည်းနည်းလောက် လမ်းညွှန်ပေးနိုင်မလား"

Chapter 1155 end

အပိုင်း(1156) ဂျူနီယာ ညီလေးပူ

အစ်ကိုပူနဲ့ စီနီယာအစ်ကိုပူက စကားလုံး တစ်လုံးပဲ ကွာခြားတယ် ဆိုပေမဲ့ ကိုယ်စားပြုတဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ လုံးဝကို ကွဲပြားခြားနားပါတယ်။

စီနီယာ အစ်ကိုပူလို့ လူတစ်ယောက်ဆီက ခေါ်တာခံရတယ်ဆိုရင် အဲဒီလူရဲ့ စွမ်းရည်တွေက သူ့အတွက် ပြိုင်ဘက်မဟုတ်ဘူးဆိုတာကို ဝန်ခံလိုက်တာနဲ့ တူတူပါပဲ။ အစ်ကိုပူ ဆိုတာကတော့ သူ့ထက် အားနည်းတယ်လို့ လုံးဝကို မထင်ထားတဲ့

Edit with WPS Office

လူတစ်ယောက်ဆီက ယဉ်ယဉ်ကျေးကျေး ခေါ်ဆိုတာမျိုးပဲ ဖြစ်ပါတယ်။

အဲဒါက ဟဲထောင်နဲ့ ပူကျဲလိုမျိုးပါပဲ။ တစ်ယောက်ကို တစ်ယောက် အစ်ကိုလို့ပဲ ခေါ်ဆိုကြပြီး တစ်ယောက်နဲ့ တစ်ယောက် စီနီယာ အစ်ကိုလို့ ခေါ်တာမျိုး မရှိပါဘူး။ တခြားသူတွေကို သူတို့ကိုယ်သူတို့ စီနီယာ အစ်ကိုတွေလို့ ခေါ်ဆိုသုံးနှုန်းတယ် ဆိုတာက သူတို့ဟာ ပိုပြီးတော့ အစွမ်းထက်တယ်လို့ တွေးတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ကိုယ်ပိုင် ရပ်တည်ချက်ကို နိမ့်ကျစေဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ဒါပေမဲ့ အဲဒါက ဘုရင်အဆင့် ခြောက်ယောက်ထဲက နှစ်ယောက်ဖြစ်တဲ့ ဟဲထောင်နဲ့ ပူကျဲပဲ 4

ဖြစ်ပါတယ်။ သူ လင်းဟန်ကတော့ သူတို့နဲ့ အဆင့်အတန်းချင်းတူဖို့ အရည်အချင်း ပြည့်မီရဲ့လား။

ပူကျဲရဲ့ မျက်နှာက အမှတ်မထင် မည်းနက်သွားပြီး မကျေမနပ်ဖြစ်သွားတဲ့ အရိပ်အယောင်

Edit with WPS Office

ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီကောင်စုတ်က ကျန်းလောင်ကို အနိုင်ယူနိုင်တာကြောင့်ပဲ သူ့ကို စိန်ခေါ်နိုင်တယ်လို့ ထင်နေတာလား။ သူက ကျန်းလောင်ကို သတိထားတယ် ဆိုပေမဲ့ သူ့ရဲ့ လက်ရှိစွမ်းရည်တွေကြောင့် မဟုတ်ပဲ သူ့ရဲ့ အနာဂတ် တက်လမ်းကြောင့် ဖြစ်ပါတယ်။ အနာဂတ်မှာ ကျန်းလောင်က သူနဲ့ အစွမ်းခြင်း တူညီကောင်း တူညီလာနိုင်ပါတယ်။

တကယ်လို့ စွမ်းရည်တွေနဲ့ ပတ်သက်ရင် ကျန်းလောင်ကို သူက ချေမှုန်းပစ်နိုင်စွမ်း ရှိပါတယ်။ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားခြင်းက အရည်အသွေးကို မြှင့်တင်လိုက်တာပါပဲ။

အဲဒီအချိန်မှာ ဟဲထောင်က အသာအယာ ပြုံးနေပါတယ်။ သူက နတ်ဘုရား မီးတောက်တွေကို သုံးပြီးတော့ လက်ဘက်ရည်ကို ဆူအောင်လုပ်နေပြီး အရမ်းကို တည်ငြိမ်အေးချမ်းနေပုံ ပေါ်နေပါတယ်။

"ဂျူနီယာ ညီလေးဟန် မင်းကို ကြည့်ရတာ နည်းနည်းလေး ဘဂမြင့်လွန်းနေသလားလို့"

Edit with WPS Office

ပူကျဲက ရေခဲတမျှ အေးစက်စွာနဲ့ ပြောလိုက်ပါတယ်။

"ဂျူနီယာညီလေးပူ ငါ့ကို စီနီယာ အစ်ကိုဟန်လို့ ခေါ်တာ ပိုပြီးတော့ ကောင်းမယ်လို့ ငါထင်တယ်။ ဒီလိုသာဆိုရင် တကယ်လို့ မင်းရှုံးသွားရင်တောင် အကျိုးသင့် အကြောင်းသင့် ဖြစ်သွားတာပေါ့"

လင်းဟာန်က ပြုံးပြီးတော့ တန်ပြန်ပြောဆို လိုက်ပါတယ်။

ဖူး။

တခြားသူတွေက ပါးစပ်တွေ အဟောင်းသား ဖြစ်ကုန်ပါတယ်။ လင်းဟာန်က အရမ်းကို ဘဂင်မြင့်တယ် ဆိုတာကို သူတို့တွေ သိထားပေမဲ့ သူက ဒီလောက်ထိ ဆိုးဂါးလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့ပါဘူး။

သူတို့အားလုံးက အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ အမူအရာတွေက ဘာကြောင့် အရမ်းကို လွန်နေတာလဲ။

တကယ်လို့ ဒီတိုက်ပွဲကို သူရှုံးသွားမယ်ဆိုရင် ဂိုဏ်းထဲမှာ ဆက်ပြီးတော့ နေနိုင်စွမ်း ရှိဦးမှာလား။ ဘုရင်အဆင့်

Edit with WPS Office

ခြောက်ယောက်ထဲက တစ်ယောက်ဖြစ်တဲ့ ပူကျဲရဲ့
ပစ်မှတ်ဖြစ်လာပြီးတဲ့ နောက်မှာ သူနဲ့ ဘယ်သူကများ
သူငယ်ချင်း ဖြစ်ရဲဦးမှာလဲ။

လင်းဟာန်က အနိုင်ယူနိုင်စွမ်း ရှိလို့လား။

ဟူဖေးယွင်လို အမာခံ ပရိသတ်မျိုးကို အသာထား
ဘယ်သူကမှ ပူကျဲကို လင်းဟာန်က အနိုင်ယူနိုင်စွမ်း
ရှိလိမ့်မယ်လို့ ယုံကြည်မထားကြပါဘူး။

တကယ်လို့ လင်းဟာန်က ကျန်းလောင်ကို ရိုက်နက်ခဲ့တယ်
ဆိုရင်တောင် ပူကျဲက ဆုကျင်း၊ တုအန်းနဲ့ အဲဒီလို
ထိပ်တန်းအဆင့် ပါရမီရှင်တွေကို အနိုင်ယူခဲ့ပါတယ်။
နောက်ပြီးတော့ ဘုရင်ခြောက်ပါးထဲက တစ်ယောက် အနေနဲ့
တခြားသူတွေက သူ့အပေါ်မှာ ယုံကြည်ချက်တွေ ဖြစ်ပေါ်ဖို့
လုံလောက်တဲ့ ဂုဏ်ရောင်ထွန်းပြောင်မှုလည်း ရှိနေပါတယ်။

ဂိုဏ်းထဲမှာ ဘယ်သူကမှ ဘုရင်အဆင့် ခြောက်ယောက်ရဲ့
နေရာကို စိန်မခေါ်နိုင်ပါဘူး။

ဘယ်သူမှ နားမလည်နိုင်ပါဘူး။ ဘာကြောင့် လင်းဟာန်ကို

Edit with WPS Office

ကြည့်ရတာ ပူကျဲကို တကယ်ပဲ ဒီလိုမျိုး ဟန်ပန်အမူအရာနဲ့ ဆန့်ကျင်နေရတာလဲ။

သူတို့ရဲ့ ခန့်မှန်းချက်တွေက တကယ့်ကို မှားယွင်းနေပါတယ်။ လင်းဟန်က သူ့လူတွေကို အရမ်းကို ကာကွယ်ပေးတတ်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ပူကျဲက စောစောက မိုးရေကေရာဇ် အပေါ်မှာ လှည့်စားပြီး အနိုင်ယူခဲ့ပါတယ်။ ဒါကြောင့် လင်းဟန်က အဲဒါကို မမြင်သလိုမျိုး ဘယ်လိုလုပ် ဟန်ဆောင်နိုင်မှာလဲ။ သူက ဒီအရှုံးကို ပြန်ပြီးတော့ လက်စားချေ ရပါလိမ့်မယ်။

"ဂျူနီယာ ညီလေးဟန် မင်းက တကယ်ပဲ အတော်လေး စိတ်ဂင်စားစရာ ကောင်းတာပဲ"

ပူကျဲရဲ့ မျက်နှာတစ်ခုလုံး ရှုံ့မဲ့လို့ နေပါတယ်။ သူက ညာဘက်လက်ကို ဆန့်ထုတ်လိုက်တာနဲ့ ချက်ချင်းပဲ သန့်စင်တဲ့ ရွှေရောင်တစ်ခုကို ပြောင်းလဲပြီး နတ်ဘုရား သတ္တုတစ်ခုကနေ သွန်းလုပ်ထား သလိုမျိုးနဲ့ တူနေပါတယ်။ ပြီးတော့ ဖောက်ထွင်းမြင်နိုင်တဲ့ ပိုးတိုးဂါးတား ခံစားမှု တစ်ခုလည်း ရှိနေပါတယ်။

Edit with WPS Office

နောက်ဆုံး သူတိုက်ခိုက်ခဲ့တဲ့ အကြိမ်တွေတုန်းက သူက အရမ်းကို သာမန်ကာလျှံကာပါပဲ။ ဒါပေမဲ့ အခုတော့ သူက တိုက်ပွဲတောင် မစရသေးခင် အစွမ်းထက်တဲ့ တိုက်ကွက်တစ်ခုကို အသုံးပြုနေ ခဲ့ပါပြီ။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူက တကယ့်ကို ဒေါသထွက်နေတာကြောင့်ပါပဲ။ ဒါပေါ့။ တခြားအကြောင်းပြချက်က လင်းဟန်က ကျန်းလောင်ကို တစ်ကွက်တည်းနဲ့ အနိုင်ယူနိုင်စွမ်း ရှိလောက်အောင် သန်မာတယ်ဆိုတာလည်း ပါတာပေါ့။ ပူကျဲတောင်မှ လင်းဟန်လိုမျိုး စွမ်းအားနဲ့ မဆင်မခြင် လုပ်ပုံ့လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်ကလည်းက ဒီပြိုင်ဘက်ကို လျော့မတွက်ပုံ့ပါဘူး။ သူက မိုးရေကောရာဇ် အပေါ်မှာ လှည့်ကွက်သုံးခဲ့တာက ကိစ္စတစ်ခုသက်သက်ပါ။ ဒါပေမဲ့ ပူကျဲရဲ့ စွမ်းရည်တွေကို အဲဒီအပေါ်မှာ အခြေခံပြီးတော့ ချေပလို့ မရပါဘူး။ လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူ့ကို ပြိုင်ဘက်ကင်း ဖြစ်အောင်လို့ လုပ်ပေးနိုင်ဖို့ လုံလောက်ပေမဲ့

Edit with WPS Office

သူက ဒီလိုမျိုး နည်းလမ်းကို အသုံးပြုပြီး
သူ့ပြိုင်ဘက်ကိုတော့ အနိုင်မယူချင်ပါဘူး။

သူက မိုးရေကောရာဇ်အတွက် တရားမျှတမှု ရအောင်လို့
ကြိုးစားနေတာပါ။ ဒါကြောင့် သူက
စိတ်ကျေနပ်စရာကောင်းတဲ့ အောင်ပွဲတစ်ခုကို ရယူရပါမယ်။

"ဂျူနီယာ ညီလေးပူက နည်းနည်းတော့ စိတ်ဝင်စားစရာ
ကောင်းတာပဲ။ ဘာဖြစ်လို့ ငါ့ကို စီနီယာ အစ်ကိုလို့
ကောင်းကောင်းမွန်မွန် မခေါ်တာလဲ။ မင်းက ဘာအတွက်
ခေါင်းမာနေတာလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်း မလုံလောက်သေးဘူးလား"

ပူကျဲက ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။ ပုန်း။
ဒီအော်သံက အသံလှိုင်းတစ်ခုကို ဖြစ်ပေါ်သွား ခဲ့ပါတယ်။
အဲဒီအသံလှိုင်းက ရွှေရောင်လှိုင်းတွန့်တစ်ခု တလိပ်လိပ်
ထိုးထွက်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားတာကို
တွေ့မြင်နိုင်ပါတယ်။

Edit with WPS Office

ဂုန်း ဂုန်း ဂုန်း ဂုန်း။

အနည်းဆုံး ပရိသတ် တစ်ဂက်လောက်က သူတို့ရဲ့ ကျောက်တုံးတွေ အပေါ်ကနေ ပြုတ်ကျ ကုန်ပါတယ်။

အော်သံတစ်ခုရဲ့ ခွန်အားက အဲဒီလောက် အစွမ်းထက်နေပါတယ်။

အားလုံးက အံ့အားသင့် သွားခဲ့ပါတယ်။ ပူကျဲက သူ့ရဲ့ အစစ်အမှန် စွမ်းအား သုံးဆယ် ရာခိုင်နှုန်းကိုတောင် ဖော်ထုတ်ခဲ့ပုံ မရပါဘူး။

အိုး မဟုတ်သေးဘူး။ လင်းဟန်က ဒါကို ဘယ်လိုမျိုး တားဆီးမလဲ။

လင်းဟန်က ဂုဏ်ယူဖင့်ကြွားစွာနဲ့ ရပ်နေပြီး အသံလှိုင်းက သူ့ကို ဖြတ်ကျော်သွားပေမဲ့ သူ့အဝတ်အစားနဲ့ ဆံပင်တွေကို အနည်းငယ်ပဲ တဖျပ်ဖျပ် လွင့်ပျံသွားစေခဲ့ပါတယ်။ ဒီအသံလှိုင်းက သူ့ကို ထိခိုက်ဒဏ်ရာရအောင် ဘယ်လိုလုပ် လုပ်နိုင်မှာလဲ။ သူက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တယ်။

"ဘယ်သူက အသံပိုကျယ်တယ်ဆိုပြီးတော့ ဆုံးဖြတ်နေတာ

Edit with WPS Office

မဟုတ်ဘူး။ မင်းဘယ်လောက်ပဲ အသံကျယ်ကျယ်နဲ့ အော်အော် ကိစ္စမရှိဘူး။ ဂျူနီယာ ညီလေးက ဂျူနီယာ ညီလေးပဲ ဖြစ်နေလိမ့်မယ်။ အဲဒီအချက်ကတော့ ဘယ်လိုမှ ပြောင်းလို့ရမှာ မဟုတ်ဘူး”

“မင်း”

ပူကျဲက ဒေါသအိုး ပေါက်ကွဲသွားပါတယ်။ သူက လင်းဟာန်ကို ခုန်အုပ်လိုက်တယ်။

နောက်ဆုံးတော့ သူ့ကိုယ်သူ မတားဆီးနိုင်တော့ပဲ လင်းဟာန်ကို လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် စီနီယာ အစ်ကိုတွေက ဒီလိုမျိုး လက်ရည်စမ်းပွဲမှာ တစ်ဖက်လူကို တစ်ကွက် ဒါမှမဟုတ် နှစ်ကွက် အကျောပေး တိုက်ခိုက်ခွင့် ပြုရပါလိမ့်မယ်။ ဒါပေမဲ့ ပူကျဲက အခုလိုမျိုး တိုက်ကွက်အကျောမပေးတာက အရမ်းကို ဒေါသတွေ ထွက်နေတာကြောင့် ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့ အဆင့်အတန်းနဲ့ ဂုဏ်သိက္ခာကို

Edit with WPS Office

အမြဲတစေ ထိန်းသိမ်းခဲ့ပေမဲ့ အခုတော့ လင်းဟန်ကြောင့် အရမ်းကို ဒေါသတွေ ထွက်နေပြီး ဒါတွေအားလုံး မေ့သွားခဲ့ပါတယ်။ သူက ဒီစက်ဆုပ်ရွံရှာစရာကောင်းတဲ့ ကောင်စုတ်ကို နင်းခြေပစ်ချင်တာပဲ သိပါတော့တယ်။

ဒါပေမဲ့လည်း သူက အရမ်းကို အစွမ်းထက်ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်တယ် ဆိုရင်တောင်။

ငါးခုမြောက် တောင်မြစ်က အထွတ်အထိပ် အဆင့်ဖြစ်ပြီး မရေမတွက်နိုင်တဲ့ ရွှေရောင် အလင်းတန်းတွေက မိုးကောင်းကင်ပေါ်ကနေ ဆင်းသက်လာပြီး ထက်ရှတဲ့ ဓားသွားတွေ အဖြစ်ကို ပြောင်းသွားကာ လင်းဟန်ဆီကို ခုတ်ပိုင်းလာပါတယ်။

လင်းဟန်က သူ့ညာဘက်လက်ကို ဆန့်ထုတ်ပြီး သူ့ခေါင်းပေါ်မှာ အတားအဆီးတစ်ခု ဖန်တီးလိုက်ပါတယ်။ ထိတ်လန့်တုန်လှုပ်စရာ မူလစွမ်းအင် ပမာဏ တစ်ခု ဆူပွက်လာပြီး ပုကျဲထက် နည်းနည်းလေးမှ အားမနည်းတဲ့ အရိုန်အဂါ တစ်ခုကို ထုတ်ဖော်လာပါတယ်။

Edit with WPS Office

ပုန်း ပုန်း ပုန်း ပုန်း ပုန်း။

ရွှေရောင်ဓားသွားတွေ ဆင်းသက်လာပေမဲ့ လင်းဟန်ရဲ့ မူလစွမ်းအင် အတားအဆီးကို ထိုးဖောက်နိုင်စွမ်း မရှိပါဘူး။ အဲဒီအခိုက်အတန့် ပူကျဲကိုယ်တိုင်ကလည်း ရောက်လာခဲ့ပါတယ်။ သူ့လက်သီးထိုးချက်က ရောမ ကြယ်ကြီးတစ်လုံး ကြွေကျလာသလိုမျိုးနဲ့ တူပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကိုတောင် တုန်လှုပ်သွားစေနိုင်ပါတယ်။

လင်းဟန်ရဲ့ ယှဉ်ပြိုင်လိုစိတ်တွေ တောက်လောင်လို့ လာပြီးတော့ သူကလည်း တူညီစွာနဲ့ လက်သီးတစ်လုံးကို ထိုးလွှတ်ပြီး ပြိုင်ဘက်ရဲ့ လက်သီးကို ထိပ်တိုက်ရင်ဆိုင် လိုက်ပါတယ်။

ပုန်း

လက်သီးနှစ်လုံး တစ်ခုနဲ့ တစ်ခု ထိမှန်သွားပြီး ချက်ချင်းဆိုသလို မျက်စိကန်းလုမတတ် တောက်ပတဲ့ အလင်းရောင်တစ်ခု ဖန်တီးလိုက်ပါတယ်။ အားလှိုင်းတစ်ခု

Edit with WPS Office

ထွက်ပေါ်လာပြီး စောစောက ပုကျဲရဲ့ အသံလှိုင်းကြောင့် ကျောက်တုံးပေါ်က ပြုတ်ကျပြီး ပြန်ထိုင်နေတဲ့ လူတွေက နောက်ထပ်တစ်ကြိမ် လွင့်ထွက်သွားပါတယ်။ ဒီတစ်ကြိမ် ပိုပြီးတော့တောင် ဆိုးဝါးပြီး တောင်ထိပ် အပေါ်ကနေ ပြုတ်ကျကုန်ပါတယ်။

ကျေးရူးတင်ရမှာက တောင်ထိပ်က သိပ်မမြင့်ပါဘူး။ ဒါကြောင့် သူတို့က အကွာအဝေး တိုတိုလေး တစ်ခုပဲ ပြုတ်ကျပြီးတော့ မြေပြင်ပေါ်ကို ကျလာပါတယ်။

ပုကျဲနဲ့ လင်းဟန်ရဲ့ လက်သီးတွေ တိုက်မိတာက မဆုံးသေးပါဘူး။ နှစ်ဖက်စလုံး စွမ်းအားတွေ ထုတ်ဖော်ပြီး တစ်ယောက်ကို တစ်ယောက် လဲပြိုကျသွားစေချင် ကြပါတယ်။

ဂျစ် ဂျစ် ဂျစ်။

အဆုံးမရှိတဲ့ စွမ်းအားက အလင်းရောင်ထဲကနေ ဖြစ်ပေါ်လာပြီး အဆက်မပြတ် မိုးကောင်းကင် ကပ်ဘေးတစ်ခု ကျရောက်လာသလို နားမခံနိုင်တဲ့

Edit with WPS Office

ဆူညံသံကို ဖြစ်စေပြီး မိုးကောင်းကင်လည်း လဲပြိုကျလာသလိုမျိုးနဲ့ တူနေပါတယ်။

ဂုန်း။

နောက်ဆုံးတော့ သူတို့နှစ်ယောက်က တဆတ်ဆတ် တုန်သွားပြီး လက်သီးတွေရဲ့ ဂင်ဆောင့်မှု အဆုံးသတ် သွားခဲ့ပါတယ်။ ပုကျဲက အနောက်ကို ပြန်ကန်ထွက် သွားပြီးတော့ အနောက်ကို ကျွမ်းတစ်ချက် ထိုးပြီး လုံခြုံစိတ်ချစွာနဲ့ ခြေချလိုက်ပါတယ်။ လင်းဟာန်က အနောက်ကို ခြေခုနစ်လှမ်းခန့် ဆုတ်ပြီးမှ ဟန်ချက်ကို ထိန်းလိုက်နိုင်ပါတယ်။

ဘယ်သူက အသာစီး ရသွားတာလဲ။

သူတို့တွေက သူတို့မြင်နေရတာကို တကယ်ပဲ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။ ကြည့်ရတာ ဒါက သရေပွဲ ဖြစ်ပါလိမ့်မယ်။

လင်းဟာန်က အနည်းငယ် မျက်မှောင်ကြုတ်လိုက်ပါတယ်။ သူက အထွတ်အထိပ် အဆင့်ကို ချိုးဖျက်ကာစ ဖြစ်ပါတယ်။

Edit with WPS Office

စွမ်းအားနဲ့ ပတ်သက်ရင် တဖက်လူက သူ့ထက် အနည်းငယ် သာလွန်ပါတယ်။ ဒါပေမဲ့ ကွာဟချက်က အရမ်းကြီး မကြီးမားပါဘူး။ ဒါဆိုရင် စွမ်းအားနဲ့ ပတ်သက်ရင် နှစ်ဖက်စလုံးက တူညီတဲ့ အနေအထား တစ်ခုမှာ ရှိပါတယ်။ အဲဒါက ဘယ်သူ့မှာ ပိုပြီးတော့ အစွမ်းထက်တဲ့ လျှို့ဝှက်နည်းစနစ် ရှိမလဲ ဆိုတာရယ် ဘယ်သူက တိုက်ပွဲမှာ ပိုမိုထူးချွန်တဲ့ ပါရမီ မြင့်မားလဲ ဆိုတဲ့ အချက်အပေါ် မူတည်ပါလိမ့်မယ်။

ပူကျဲ့ရဲ့ အမူအရာက ချက်ချင်းပဲ မယုံနိုင်စရာကောင်းလောက်အောင် အလေးအနက် ဖြစ်လာပြီး ပြောလိုက်ပါတယ်။

"မင်းက အရမ်းကို ဘဂမြင့်နေတာ အံ့သြစရာ မဟုတ်တော့ဘူးပဲ။ ဒါဆိုရင် ဂျူနီယာ ညီလေးဟန်လည်း အထွတ်အထိပ် အဆင့်ထိ ကျင့်ကြံအားထုတ်ထားတာပေါ့"

ဘာ။

အားလုံးက သူတို့ရဲ့ အမွေးတွေ အကုန်လုံး

Edit with WPS Office

ထောင်သွားသလို ခံစားလိုက်ရပါတယ်။
ဒီဆောင့်ကြွားကြွားကောင်က တကယ်ပဲ ငါးခုမြောက်
တောင်မြစ်ကို ဖြစ်ပေါ်ထားတာပဲလား။

အံ့ဩစရာ မရှိတော့ဘူး။ သူက ပုကျဲကို စိန်ခေါ်နိုင်စွမ်း
ရှိတာ အံ့ဩစရာ မရှိတော့ဘူး။ သူတို့နှစ်ယောက်က
တောင်မြစ်အဆင့်ရဲ့ အစစ်အမှန် အထွတ်အထိပ် အပေါ်မှာ
ရပ်တည်နေ ကြပါတယ်။

"ဒါဆိုရင် ငါတို့တွေ စိတ်ကျေနပ်တဲ့အထိ
တိုက်ခိုက်ကြတာပေါ့"

ပုကျဲက ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပြီး
လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်ပါတယ်။ လက်နှစ်ဖက်ကို
အဆက်မပြတ် ပေ့ယမ်းပြီးတော့ အဲဒီလက်နှစ်ဖက်က
ပိုပိုပါးလာပြီး ရွှေရောင် ဓားသွား နှစ်ခုအဖြစ်ကို ပြောင်းလဲ
သွားပါတယ်။ ဒီဓားသွားတွေမှာ နတ်ဘုရား သင်္ကေတတွေ
ဖုံးလွှမ်းနေပြီး ရေတွက်ကြည့်မယ်ဆိုရင်
ခုနစ်ဆယ့်ကိုးခုလောက် ရှိပါတယ်။

Edit with WPS Office

သူက ကျယ်လောင်စွာ မာန်သွင်းပြီးတော့ လင်းဟန်ဆီကို တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။ သူ့ရဲ့ ဓားသွားလက်မောင်း နှစ်ဖက်ကို အဆက်မပြတ် ဝှေ့ယမ်းပြီး ကြောက်မက်ဖွယ်ရာ ဓားချီ အလင်းတွေကို ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

လင်းဟန်ကလည်း ငြိမ်မနေခဲ့ပါဘူး။ သူ့ရဲ့ လက်ချောင်းနှစ်ချောင်းကို ဓားတစ်ချောင်းလို အသုံးပြုပြီး တိုက်ခိုက်မှုကို အရှေ့တိုးကာ ရင်ဆိုင်လိုက်ပါတယ်။

ထန် ထန် ထန် ထန် ထန်။

သူတို့က အဆက်မပြတ် တိုက်ခိုက်နေကြပါတယ်။ သူတို့ရဲ့ တိုက်ခိုက်မှုတိုင်းမှာ အသေးအသား ခန္ဓာကိုယ် သက်သက်ပဲ ဆိုတာ ပေါ်လွင်နေပေမဲ့ သတ္တုချင်း ထိမှန်သံမျိုးကို ကြားရပြီး အားလုံးကို ပါးစပ်အဟောင်းသား ဖြစ်စေပါတယ်။ ဒီလူနှစ်ယောက်က သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ဘယ်လောက်ထူးဆန်းတဲ့အထိ ကျင့်ကြံအားထုတ် ထားကြလဲ။

ဒါပေမဲ့ ဘယ်သူကမှ ပူကျဲလို စိုးရိမ်ပူပန်နေကြလိမ့်မှာ

Edit with WPS Office

မဟုတ်ပါဘူး။

Chapter 1156 end

အပိုင်း(1157) ပုက်ဖဲများကို ထုတ်ဖော်ခြင်း

ပုကျဲက သူ့လက်မောင်းက နတ်ဘုရား ဓားတစ်လက် အဖြစ်ကို ပြောင်းလဲနိုင်တယ် ဆိုတာကို သတိပြုမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက လေ့ကျင့်ပြီး ကျင့်ကြံအားထုတ်ထားလို့ပါပဲ။

ဒါပေမဲ့လည်း သူက ဒီကျင့်ကြံခြင်း နည်းစနစ်နဲ့ ထာဝရ ချိတ်ဆက်မထားနိုင်ပါဘူး။ တကယ်လို့ သူက အချိန်အကြာကြီး ချိတ်ဆက်ထားရင် သူ့ခန္ဓာကိုယ်က ပုံစံပျက်ပြီး ထိခိုက်ပျက်စီး လာပါလိမ့်မယ်။ အဲဒီအချိန်မှာ လင်းဟန်ကို ကြည့်ရတာ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုနဲ့မှ ချိတ်ဆက်အသုံးပြုထားပုံ မပေါ်ပါဘူး။ သူ့ပုံစံက သူ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က နတ်ဘုရား သတ္တုလို အစွမ်းထက်တဲ့ အမွေကို ဆက်ခံထားသလိုမျိုးနဲ့ တူနေပါတယ်။

Edit with WPS Office

ဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းသွားပြီ။

ဒီလိုမျိုး လူထူးလူဆန်း တစ်ယောက်က ဒီကျွန်းကြီးထဲမှာ တကယ်ပဲ ရှိနေတာလား။

သူက အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှိုက်လိုက်ပါတယ်။ သူ့ပြိုင်ဘက်ရဲ့ ခွန်အားက သူခန့်မှန်းထားတာထက် ပိုမိုကျော်လွန် နေပါတယ်။ သူက သူ့လက်မောင်းဓားကို ပွေ့ယမ်းပြီး ဟစ်ကြွေးလိုက်ပါတယ်။

"မိုးကောင်းကင်က အထက် ငရဲကအောက် ဒီကျွန်းကြီးထဲက မရေမတွက်နိုင်တဲ့ သူရဲကောင်း အားလုံးကို သတ်ဖြတ်မယ်"

ဘုန်း။

သူ့ခန္ဓာကိုယ်ကနေ ဓားအလင်းတန်း ပေါက်ကွဲထွက်လာပြီး သူ့ရဲ့ အရှိန်အဟုန်က နောက်အဆင့် တစ်ခုကို ထိုးတက်သွားခဲ့ပါတယ်။

ငါက ဓားပဲ။

သူက လင်းဟန်ဆီကို ဒေါသတကြီးနဲ့ တိုက်ခိုက်မှုတွေ တရစပ် ထုတ်ဖော်တိုက်ခိုက်လိုက်ပြီး သူ့ရဲ့

Edit with WPS Office

တိုက်ခိုက်မှုတိုင်းက ရဲဂင့်ကာ အစွမ်းထက်ပါတယ်။ သူက လင်းဟန်ကို သူ့ရဲ့ အထွတ်အထိပ် ဓားဆန္ဒနဲ့ အနိုင်ယူပစ်လိုက်ဖို့ စိတ်ကူးထားပါတယ်။

လင်းဟန်က ပူကျဲရဲ့ တိုက်ခိုက်မှုတွေကို သူ့လက်ချောင်းနဲ့ ရင်ဆိုင်လိုက်ပါတယ်။ သူ့ပြိုင်ဘက်က နတ်ဘုရား ပစ္စည်းတစ်ခုကို အသုံးမပြုဘူး ဆိုမှတော့ သူကလည်း သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို အသုံးပြုလိမ့်မှာ မဟုတ်ပါဘူး။ သူက သူ့ပြိုင်ဘက်ကို တစ်ကွက်ချင်းစီ အသာစီး ယူပြီးတော့ ဆင်ခြေတက်လို့ မရအောင် လွှမ်းမိုးပစ်ရပါလိမ့်မယ်။

"သူ့ကို ဖိနှိပ်လိုက်"

လင်းဟန်က ပူကျဲရဲ့ လှုပ်ရှားမှုတွေ အပေါ်ကို အကျိုးသက်ရောက်မှု ရှိသွားအောင် သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို ထုတ်ဖော်လိုက်ပါတယ်။

အခုချိန်မှာ သူတို့က ကျင့်ကြံခြင်းအဆင့် တူညီနေကြပါတယ်။ ဒါကြောင့် ပူကျဲက အကျိုးသက်ရောက်မှု ဒဏ်ကနေ ရှောင်တိမ်းလို့

Edit with WPS Office

မရနိုင်ခဲ့ပါဘူး။ ကွာခြားချက် တစ်ခုက သူဘယ်လောက် အကျိုးသက်ရောက် ခံရမလဲ ဆိုတာပါပဲ။ သူက ချက်ချင်းပဲ သူ့ရဲ့ ဟန်ချက်ကို ပြန်ထိန်းပြီး အရှေ့ကို ထပ်တိုးပြီး လင်းဟန်ကို တိုက်ခိုက်နိုင်ဖို့အတွက် အပြင်းအထန် ကြိုးစားရုန်းကန် လိုက်ပါတယ်။

လင်းဟန်က ရယ်မောပြီးတော့ သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကို ထုတ်ဖော်ကာ ပူကျဲရဲ့ တိုက်ခိုက်မှုတွေကို သူ့လက်ချောင်းတွေနဲ့ တားဆီးပိတ်ဆို့ ထားလိုက်ပါတယ်။ သူ့ရဲ့ ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေမှာ အကျိုးသက်ရောက်မှု နည်းတယ်ဆိုပေမဲ့ လက်ရွေးစင်တွေ အကြားက တိုက်ပွဲတစ်ခုမှာ အသေးဆုံး အကျိုးသက်ရောက်မှုတွေကတောင် ကြီးမားတဲ့ လက္ခဏာတစ်ခု ဖြစ်စေပါတယ်။

ဟုတ်ပါတယ်။ ပူကျဲက ဆွဲငင်အား နတ်ဘုရား သင်္ကေတတွေကြောင့် အရမ်းကို ဒေါသထွက် နေခဲ့ပါတယ်။ အဲဒီအစွမ်းက သူ့အပေါ်မှာ အကျိုးသက်ရောက်မှု နည်းနည်းလေးပဲ ရှိတယ်ဆိုပေမဲ့ တိုက်ခိုက်မှုတိုင်းမှာ သူ့ရဲ့

Edit with WPS Office

တိုက်ခိုက်မှုတွေကို နည်းနည်းလေးတော့ ပစ်မှတ်ကို လွဲချော်သွား စေခဲ့ပါတယ်။ ဒီလှည့်ကွက်က သူ့အပေါ်မှာ အရမ်းကို ပြင်းထန်ပါတယ်။

တိုက်ပွဲအတွင်းမှာ လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေက အရမ်းကို အရေးကြီးပါတယ်။

ဒါပေမဲ့လည်း ပူကျဲရဲ့ တိုက်ပွဲစွမ်းရည်က သူ့ရဲ့ အစွမ်းထက်ဆုံး နည်းစနစ်တွေထဲက တစ်ခုကို ထုတ်ဖော်ပြီးတဲ့နောက်မှာ အမြင့်တစ်ခုကို တိုးမြှင့်သွားခဲ့ပါတယ်။ ကြည့်ရတာ သူက လင်းဟန်ကို ဖိနှိပ်ထိန်းချုပ်ဖို့ အပြောင်းအလဲ ပြုလုပ်တော့မဲ့ ပုံစံပါပဲ။

လင်းဟန်ရဲ့ မာနကလည်း မီးလိုမျိုး တောက်လောင်လာပြီး သူ့လက်ချောင်းတွေကို ဓားလိုမျိုး အသုံးပြုကာ သူ့ရဲ့ မီးတောက်နတ်ဘုရား သင်္ကေတကို အသက်သွင်းလိုက်ပါတယ်။ မီးတောက်တွေက ရုတ်တရက် ပန်းထွက်လာပြီး သူ့ညာဘက်လက်မှာ အသက်ဝင် လှုပ်ရှား လာခဲ့ပါတယ်။

Edit with WPS Office

ဒါတွေက သာမန်မီးတောက်တွေ မဟုတ်ပါဘူး။ အဲဒီအစား မဟာတာအိုရဲ့ စည်းမျဉ်းဥပဒေတွေက ဖြစ်ပေါ်လာတဲ့ မီးတောက်တွေ ဖြစ်ပါတယ်။ ဒီမီးတောက်တွေက နတ်ဘုရား သတ္တုတွေကိုတောင် ပြာကျအောင် မီးရှို့ဖျက်ဆီး ပစ်နိုင်ပါတယ်။

ပူကျဲက လေးလေးနက်နက်နဲ့ မျက်မှောင်ကြုတ် လိုက်ပါတယ်။ သူတောင်မှ ဒီနတ်ဘုရား မီးတောက်တွေရဲ့ အရှေ့မှာ ဖိအားကို ခံစားနေရပါတယ်။ သူ့ရဲ့ ပြိုင်ဘက်ကို ကြည့်ရတာ သူ့ထက် အများကြီးငယ်ရွယ်ပုံ ရပါတယ်။ ဒါဆို ဘယ်လိုလုပ်ပြီး သူ့ခန္ဓာကိုယ်ထဲမှာ မဟာတာအိုရဲ့ စည်းမျဉ်းဥပဒေတွေ အများကြီးကို ရေးထွင်းထားနိုင်ရတာလဲ။

သူရှုံးလို့ မဖြစ်နိုင်ပါဘူး။

ပူကျဲရဲ့ တိုက်ပွဲစိတ်ဓာတ်ဝိညာဉ်က မိုးကောင်းကင်ထိ ထိုးတက်သွားပါတယ်။ သူက ဘုရင်အဆင့် ပါရမီရှင် ခြောက်ယောက်ထဲက တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး တခြားသူကို ရှုံးနိမ့်နိုင်မှာလဲ။

Edit with WPS Office

တခြားဘုရင်အဆင့် ငါးယောက်ကြောင့် ရှုံးနိမ့်သွားတယ်ဆိုရင်တောင် ကိစ္စမရှိပါဘူး။ တကယ်တော့ တကယ်လို့ သူရှုံးသွားရင် တခြားဘုရင်အဆင့်တွေနဲ့ တူညီတဲ့ အဆင့်အတန်းတစ်ခု ဘယ်လိုလုပ်ပြီး ထိန်းသိမ်းထားနိုင်ဦးမှာလဲ။

သူက အသံတိုးတိုးနဲ့ မာန်သွင်းလိုက်ပြီး သူ့အော်သံက အသံလှိုင်းတွေဟာ ဓားတစ်လက် အဖြစ်ကို ပြောင်းသွားပြီးတော့ လင်းဟာန်ကို ခုတ်ချလိုက်ပါတယ်။

လင်းဟာန်က အဲဒီဓားဆီကို လက်သီးတစ်ချက် သာမန်ကာလျှံကာပဲ ပေ့ယမ်းလိုက်ပါတယ်။

အသံလှိုင်းဓားက အစိတ်စိတ်အမြွှာမြွှာ ပေါက်ကွဲသွားပါတယ်။ ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ ချက်ချင်းဆိုသလို ထက်ရှတဲ့ နာကျင်မှု တစ်ခုက ထိုးစိုက်လာပါတယ်။

ဟင် စိတ်ဝိညာဉ် တိုက်ခိုက်မှုလား။

လင်းဟာန်က အံ့သြပြီးတော့ လျှာသပ်လိုက်မိပါတယ်။

Edit with WPS Office

ဒီအသံလိုင်း တိုက်ခိုက်မှုက ဟန်ပြတစ်ခု ဖြစ်လိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။ အစစ်အမှန် တိုက်ခိုက်မှုက စိတ်ဂိုညာဉ် တိုက်ခိုက်မှု တစ်ခုအဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ပြိုင်ဘက်က သူ့ရဲ့နတ်ဘုရား အာရုံကို အရမ်းအစွမ်းထက်တဲ့ အဆင့်ထိ ကျင့်ကြံအားထုတ် ထားလိမ့်မယ်လို့ ဘယ်တုန်းကမှ ခန့်မှန်းထား မိလိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ နတ်ဘုရား အာရုံကို ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင် မှော်စာလိပ်နဲ့ အရောင်တင်ထားတာပါ။ ဒါကြောင့် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်လိုပဲ သူ့ရဲ့ လက်ရှိကျင့်ကြံခြင်း အဆင့်ထက် အဆင့်သေးတစ်ဆင့် ပိုသန်စွမ်းပါတယ်။

"ဘယ်လို"

နောက်ဆုံးတော့ ပုကျဲ့ရဲ့ မျက်နှာပေါ်မှာ သူ့ရဲ့ စိတ်ဂိုညာဉ် တိုက်ခိုက်မှုက အကျိုးသက်ရောက်မှု မရှိတာကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။ သူက အေးခဲအသံ အားလိုင်းကို ထုတ်ဖော်ခဲ့ပြီး အဲဒါက အရမ်းကို ထူးခြားဆန်းကြယ်တဲ့

Edit with WPS Office

စိတ်ဂိညာဉ် တိုက်ခိုက်မှု နည်းစနစ်တစ်ခု ဖြစ်ပါတယ်။ နောက်ပြီး အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ လျှို့ဝှက်ပညာတွေထဲက တစ်ခုလည်း ဖြစ်ပါတယ်။

ဒီနည်းစနစ်ကို သူသင်လို့ရခဲ့တာက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်ရှိလို့ပဲ ဖြစ်ပါတယ်။ တကယ်လို့ အထွတ်အထိပ် အဆင့်ကို မရောက်ခဲ့ဘူးဆိုရင် သူတို့က ဘယ်လောက်ပဲ ထူးချွန်ထက်မြက် နေပါစေ လျစ်လျူရှုခံရပြီး ဒီနည်းစနစ်ကို သင်ကြားပေးလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က ဂိုဏ်းထဲကို အခုမှ ဝင်လာကာစပဲ ရှိပါသေးတယ်။ ဒါကြောင့် သူက ဒီအသံလှိုင်း ပညာကို သင်ယူနိုင်ဦးမှာ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူက အဲဒါကို သင်ယူပြီးခဲ့ရင်တောင် သူ့ရဲ့ နတ်ဘုရား အာရုံရဲ့ တိုက်ခိုက်မှု စွမ်းရည်ကိုပဲ ထုတ်ဖော်နိုင်မှာ ဖြစ်ပြီးတော့ ခုခံနိုင်တဲ့ စွမ်းရည်မဟုတ်ပါဘူး။

ပူကျဲ့က သူ့ရဲ့ စိတ်ဂိညာဉ် တိုက်ခိုက်မှုကို ဖုံးကွယ်ဖို့ ဟစ်အော်လိုက်ပြီး သူ့ပြိုင်ဘက်ကို ဒီတိုက်ခိုက်မှုရဲ့ဒဏ်

Edit with WPS Office

အပြည့်အ၀ ခံယူရအောင် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်က လုံး၀ကို ထိခိုက်သွားခြင်း မရှိခဲ့ပါဘူး။ ဒါက တကယ့်ကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။

သူက ဘယ်လောက်တောင် ထူးဆန်းလိုက်လဲ။

လင်းဟာန်က စပ်ဖြဲဖြဲပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါက တကယ့်ကိုကောင်းမွန်တဲ့ အံ့ဖွယ်တိုက်ခိုက်မှု တစ်ခုပဲ။ ငါမင်းကို ဆယ်မှတ်မှာ ကိုးမှတ် ပေးမယ်။ ကျန်တဲ့ တစ်မှတ်ကို မပေးတာက မင်းအရမ်းကို ဘ၀မြင့်သွားမှာဆိုးလို့"

လပြွတ်ပဲ။ မင်းကိုယ်မင်း ငါ့ရဲ့ စီနီယာ အစ်ကိုတစ်ယောက်လို့ တကယ်ပဲ ထင်နေတာလား။

ပူကျဲ့ရဲ့ အမူအရာက ရေခဲတမျှ အေးစက်လာပါတယ်။ နောက်ဆုံးတော့ သူက နတ်ဘုရား ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒါက အနည်းငယ် ပျက်စီးနေတဲ့ ဓားတစ်လက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီဓားကျိုးကနေ ထူးခြားဆန်းကြယ်တဲ့ ရှေးဟောင်းအရှိန်အဂါ တစ်ခုကို

Edit with WPS Office

ထုတ်လွှတ်လို့ နေပါတယ်။

"တိမ်သုံးခု ပန်းသုံးပွင့်ဓား"

သူက မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်တယ်။

"တိမ်သုံးခု ပန်းသုံးပွင့်ဓား"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။

"ဒါက ပူကလန်ရဲ့ တန်ဖိုးကြီးတဲ့ အမွေအနှစ် ရတနာပစ္စည်းတစ်ခုပဲ။ ကောလာဟလတွေအရ ဒီဓားကို ပူကလန်ရဲ့ ရှေးဟောင်း ဘိုးဘေးတစ်ယောက်က အသုံးပြုခဲ့တယ်။ သူနဲ့ သူ့ဓားက သူ့ရဲ့ နောက်ဆုံးတိုက်ပွဲ အတွင်းမှာ မေးမှိန်သွားခဲ့ပြီး ဒီရတနာဓားက ရှေးဟောင်းဘိုးဘေးရဲ့ စိတ်ဝိညာဉ်ကို စုပ်ယူလိုက်တယ်။ ဒါကြောင့် ပူကလန်ရဲ့ ရှေးဟောင်းဘိုးဘေးရဲ့ ဓားအသိဆန္ဒကို ခွဲခြမ်းစိတ်ဖြာနိုင်တဲ့လူပဲ ဒီဓားနဲ့အတူ လေ့ကျင့်နိုင်လိမ့်မယ်"

"အဲဒီအချိန်က ပူကလန်ရဲ့ ရှေးဟောင်းဘိုးဘေးက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် အထွတ်အထိပ် လက်ရွေးစင် တစ်ယောက်ဖြစ်တယ်။ ဒဏ္ဍာရီတွေ အရတော့

Edit with WPS Office

သူက ထူးခြားဆန်းကြယ်တဲ့ ပါရမီရှင်တစ်ယောက်
ဖြစ်ပြီးတော့ ထာဝရမြစ်အဆင့် လက်ရွေးစင်တွေနဲ့
တိုက်ကွက်အနည်းငယ်တောင် ဖလှယ်နိုင်တယ်လို့
ပြောကြတယ်"

"စီနီယာ အစ်ကိုပူရဲ့ ဓားအသိဆန္ဒက အရမ်းကို
အစွမ်းထက်နေတာ အံ့ဩစရာ မဟုတ်တော့ဘူး။
ဘာဖြစ်လို့လဲဆိုတော့ တိမ်သုံးခု ပန်းသုံးပွင့်ဓားရဲ့
အမွေအနှစ်ကို ဆက်ခံရရှိခဲ့တာပဲ"

ဒါက တိမ်သုံးခု ပန်းသုံးပွင့်ဓားကို တုပထားတဲ့ ဓားတစ်လက်
မဟုတ်ပဲ တကယ့်အစစ်အမှန် ဖြစ်ပါတယ်။

"မင်းက ငါ့ကို တိမ်သုံးခု ပန်းသုံးပွင့်ဓား ထုတ်သုံးလာအောင်
ဖိအားပေးနိုင်တဲ့အတွက် ဂုဏ်ယူသင့်တယ်"

ပူကျဲက ပြောလိုက်တယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့
ပြောလိုက်တယ်။

"မင်းဘာပဲလုပ်လုပ် ဂရုစိုက်စရာကို မလိုပါဘူး။ မင်းက

Edit with WPS Office

ရှုံးနိမ့်မဲ့ ကံကြမ္မာကနေ လွတ်မြောက်မှာ မဟုတ်ဘူး"

"ဒီလိုမျိုး သတ္တိကောင်းကောင်းနဲ့ ပြောနေတာက အကျင့်ကောင်းတစ်ခု မဟုတ်ဘူး။ မင်းရဲ့ မျက်နှာ အရိုက်မခံရအောင်ပဲ ဂရုစိုက်"

ပူကျဲက အရှေ့ကို လှသွားခန် ခုန်ထွက်လာပြီးတော့ သူ့ဓားနဲ့ ခုတ်ချလိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ တိမ်တွေနဲ့ ပန်းပွင့်တွေက လေထဲမှာ ပေါ်ထွက်လာပါတယ်။

လင်းဟန်က နောက်ထပ်ကမ္ဘာ တစ်ခုထဲကို ကျရောက်သွားသလိုမျိုး ခံစားလိုက် ရပါတယ်။ တိမ်တွေ ပန်းတွေနဲ့အတူ ပြည့်နှက်လို့ နေပါတယ်။ ဒါပေမဲ့လည်း သူက နည်းနည်းလောက် လှုပ်ရှားလိုက်မယ် ဆိုရင်တောင် ဒီတိမ်တွေ ပန်းပွင့်တွေက ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတစ်ခုကို ထုတ်လွှတ်နေပါတယ်။

ခြေလှမ်းတိုင်း ဆူးတွေနဲ့ ပြည့်နေပြီး ခြေလှမ်းတိုင်း အန္တရာယ်တွေ ပြည့်နှက်နေပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က မကြောက်ပါဘူး။ တကယ်လို့

Edit with WPS Office

ဒါက အဆင့်မြင့် နတ်ဘုရား ပစ္စည်းတစ်ခု
အစစ်ဆိုရင်တောင် ဘယ်လောက်အစွမ်းထက်လဲ ဆိုတာက
အဲဒီပစ္စည်းကို ကိုင်တဲ့လူ အပေါ်မှာပဲ မူတည်ပါတယ်။
ပုကျဲက တောင်မြစ်ငါးခု ဖြစ်ပေါ်ထားတယ် ဆိုပေမဲ့
အစစ်အမှန် အထွတ်အထိပ်ကို မရောက်သေးဘူးဆိုတာ
ပေါ်လွင်ပါတယ်။ ဒါကြောင့် သူ့အတွက်တော့ နေလအဆင့်
စွမ်းအားကို ပိုင်ဆိုင်ထားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အဲဒီအချိန် လင်းဟန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က
အနည်းဆုံးတော့ ဟားတိုက်ရယ်မော နေပါလိမ့်မယ်။
တစ်ခုတည်းသော မေးခွန်းက သူက အလွယ်တကူ
အနိုင်ယူနိုင်မလား ဒါမှမဟုတ် နည်းနည်းခက်ခဲပြီးမှ
အနိုင်ယူမလား။

သူ့ညာဘက်လက် လှုပ်ရှားလာပြီး အံ့ဖွယ်နတ်ဆိုးဓားကို
ဆွဲထုတ်လိုက်ပါတယ်။ သတ်ဖြတ်ခြင်း အရှိန်အဟုန် တစ်ခုက
မိုးကောင်းကင်ပေါ်ကို ချက်ချင်းပဲ ထိုးတက်လာခဲ့ပါတယ်။

ဒါက ဂါးမျိုးခြင်း သတ္တုဖြစ်ပါတယ်။ အနာဂတ်မှာ
သူတော်စင်သတ္တု အဖြစ်ကို ဆင့်ကဲတိုးတက်

Edit with WPS Office

လာနိုင်ပါတယ်။ သူ့ရဲ့ လက်ရှိအဆင့်က နိမ့်နေသေးတယ် ဆိုပေမဲ့ အရမ်းကို ကြီးမားတဲ့ တက်လမ်းကို ပိုင်ဆိုင်ထားပါတယ်။ နောက်ပြီးတော့ မိုးကောင်းကင် ကပ်ဘေးတွေ တော်တော်များများနဲ့ ဆေးကြောထားပြီး လင်းဟန်ရဲ့ တာအိုကို ခွဲခြမ်းစိတ်ဖြာမှုတွေနဲ့ ရေးထွင်းထားပါတယ်။

တစ်ခုက ကိုင်ဆွဲထားတဲ့လူရဲ့ တာအိုနဲ့ ရေးထွင်းထားပြီး ကျန်တစ်ခုက လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်းကျော်က လူတစ်ယောက် အသုံးပြုခဲ့တဲ့ လက်နက်အပျက်တစ်ခု ဖြစ်ပါတယ်။ ဘယ်လိုလုပ်ပြီး သူတို့ရဲ့ ပိုင်ရှင်တွေနဲ့ သူတို့ရဲ့ ရင်းနှီးဆက်နွယ်မှုက ဘယ်လိုလုပ် တူညီနိုင်မှာလဲ။

အံ့ဖွယ်နတ်ဆိုးဓားကနေ ချက်ချင်းဆိုသလို တောက်ပတဲ့ အလင်းရောင်တစ်ခု ထွက်ပေါ်လာပြီး ရောမ ခွန်အားနဲ့ အံ့သြဖွယ် အစွမ်းထက်တဲ့ ပုံစံမျိုး ပေါ်နေပါတယ်။

မိုးရေကေရာဇ်နဲ့ တင်းပင်းတို့ နှစ်ယောက်က ချက်ချင်းပဲ မြူးကြွသွက်လက်လာပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ စိတ်လှုပ်ရှားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။

Edit with WPS Office

သူတို့တွေက အံ့ဖွယ်နတ်ဆိုးမားကို ဆွဲထုတ်လိုက်တာကို ကြည့်ပြီးတော့ လင်းဟာန်ရဲ့ အကြောင်းကို ခန့်မှန်းမိသွားခဲ့ပါတယ်။ ပြီးတော့ သူက ဘာကြောင့် အရေ့ထွက်ပြီး ပူကျဲကို စိန်ခေါ်တာလည်း ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပူကျဲက မိုးရေကေရာဇ်ကို သူ့ရဲ့ နည်းဗျူဟာတွေနဲ့ ကလိမ်ကကျစ်ကျပြီးတော့ ဒဏ်ရာရစေ ခဲ့ပါတယ်။

လင်းဟာန်ရဲ့ ပင်ကိုယ်ဗီဇ စရိုက်က သူ့လူတွေကို ကာကွယ်တတ်တဲ့ အကျင့်မျိုး ရှိပါတယ်။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ဒီကိစ္စမှာ ဘေးထွက်ထိုင်နေရမှာလဲ။

သူတို့ရဲ့ မားတွေက ရိုက်ခတ်မိပြီး သူတို့ရဲ့ သိုင်းဆန္ဒတွေက ပြင်းပြင်းထန်ထန် ရစ်ပတ်သွား ခဲ့ပါတယ်။ နတ်ဘုရား သင်္ကေတတွေက လေထဲမှာ ပြည့်နက်လာပြီး မိုးကောင်းကင်ထက်မှာ စည်းမျဉ်းဥပဒေတွေရဲ့ ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။

တကယ်လို့ တိမ်သုံးခု ပန်းသုံးပွင့်မားက သူ့ရဲ့

Edit with WPS Office

မူလအခြေအနေ ပကတိအတိုင်း ရှိနေမယ်ဆိုရင် လင်းဟန်ရဲ့ အံ့ဖွယ်နတ်ဆိုးဓားက ယှဉ်လို့ရလိမ့်မှာ မဟုတ်ပါဘူး။ တကယ်တော့ ဒါက ပျိုးထောင်နေဆဲ အခြေအနေမှာပဲ ရှိသေးပြီး သူတော်စင် သတ္တု ဖြစ်လာဖို့ တက်လမ်းတွေနဲ့ ပြည့်နေပေမဲ့ ဝေးကွာနေပါသေးတယ်။ ဒါပေမဲ့လည်း တိမ်သုံးခု ပန်းသုံးပွင့်ဓားက ပျက်စီးနေပြီး ပုကလန်ရဲ့ ရှေးဟောင်းဘိုးဘေးရဲ့ စိတ်ဂိညာဉ်နဲ့အတူ ပေါင်းစည်းထားခြင်း မရှိတဲ့ အသုံးမဝင်တဲ့ သတ္တုတုံးတစ်ခုတော့ မဟုတ်လောက်ပါဘူး။

ဒါပေမဲ့လည်း အခုတော့ တိမ်သုံးခု ပန်းသုံးပွင့်ဓားက အံ့ဖွယ်နတ်ဆိုးဓားနဲ့ အမှန်အကန် ယှဉ်ပြိုင်နိုင်ပါတယ်။

Chapter 1157 end

အပိုင်း(1158) ရှုထောင့်အားလုံးကနေ ဖိနှိပ်ထိန်းချုပ်ခြင်း

လင်းဟန်က သူ့စိတ်ထဲကနေ ခေါင်းညိတ်လိုက်ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားရဲ့ မြင့်မားတဲ့ အရည်အသွေး ဆက်ခံမှုက နောက်ဆုံးတော့ သူ့အစွမ်းကို ထုတ်ဖော်ပြသလို့ နေပါတယ်။

Edit with WPS Office

ဒါက သူတော်စင် သတ္တုဖြစ်လာဖို့ တက်လမ်းရှိတဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုလုပ် အစွမ်းမထက်ပဲ နေနိုင်မှာလဲ။

လင်းဟန်က သူ့ဓားကို ထိန်းချုပ်ဖို့ မလိုပါဘူး။ သူ့ရဲ့ သိုင်းဆန္ဒတွေနဲ့ အပြည့်အဝ ရေးထွင်းထား ပြီးပါပြီ။ သူက အတွေးတစ်ချက်နဲ့ပဲ ကြိုးကိုင်ခြယ်လှယ်နိုင်ပါတယ်။ အဲဒါက သူ့လက်ထဲမှာ ဓားကို ကိုင်ထားရတာနဲ့ လုံးဝကို မကွဲပြားပါဘူး။

ဒါက ကြောက်စရာကောင်းပါတယ်။ ဒီဓားက လင်းဟန်ရဲ့ ခွဲထုတ်ထားတဲ့ ခန္ဓာကိုယ် တစ်ခုနဲ့ ညီမျှပါတယ်။ ဒါကြောင့် သူနဲ့အတူ ဘယ်အချိန်မှာမဆို ပူးပေါင်းနိုင်ပါတယ်။ အဲဒီအချိန်ကျရင် သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ဘယ်လောက်တောင် လွှမ်းမိုးနိုင်မလဲ။

ပူကျဲက ချက်ချင်းဆိုသလို သူ့ရဲ့ နတ်ဘုရား ပစ္စည်းကို ဆင့်ခေါ်ပြီး စိတ်ထိခိုက်သွားပါတယ်။

သူတို့နှစ်ယောက်လုံး စောစောတုန်းက သူတို့ရဲ့ နတ်ဘုရား

Edit with WPS Office

ပစ္စည်းတွေကို မဆင့်ခေါ်ခဲ့ပေမဲ့ သူက အသာစီး မရယူနိုင်ခဲ့ပါဘူး။ တိမ်သုံးခု ပန်းသုံးပွင့်ဓားကို ဆင့်ခေါ်လိုက်တာက သူမှာအနိုင်ရဖို့ အခွင့်အရေး မရှိခဲ့ပဲ အောင်ပွဲကို အငမ်းမရ လိုချင်တာကြောင့် ဖြစ်ပါတယ်။ သူက တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်ချင်နေပြီး စီနီယာ အစ်ကိုတစ်ယောက်လို သူ့ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းချင်ခဲ့ပါတယ်။

ဒါပေမဲ့လည်း သူ့ပြိုင်ဘက်ရဲ့ နတ်ဘုရား ပစ္စည်းက သူ့ရဲ့ နတ်ဘုရား ပစ္စည်းလို အစွမ်းထက် နေလိမ့်မယ်လို့ ဘယ်သူကများ ခန့်မှန်းမိမှာလဲ။ နောက်ပြီးတော့ အဲဒါက လင်းဟာန်နဲ့ မယှဉ်နိုင်စရာ ကောင်းလောက်အောင် ရင်းနှီးကျွမ်းဝင်မှု ရှိနေပြီး သူကိုယ်တိုင် ပြုစုပျိုးထောင်ထား သလိုမျိုးပါပဲ။

အဲဒါက သူ့ကို အရမ်းဆိုးဆိုးဝါးဝါး ခံစားသွားစေခဲ့ပါတယ်။

လင်းဟာန်ရဲ့ နလုံးသားနဲ့ စိတ်ဝိညာဉ် နှစ်ခုလုံးက အံ့ဖွယ်နတ်ဆိုးဓားနဲ့ ချိတ်ဆက်နေခဲ့ပါတယ်။ ဒါကြောင့် အံ့ဖွယ်နတ်ဆိုးဓားက သူ့ရဲ့ဓားတာအိုနဲ့ ချိတ်ဆက်နိုင်စွမ်း

Edit with WPS Office

ရှိပြီးတော့ သူ့ဘာသာသူ ပုကျဲကို ခုတ်ချလိုက်ပါတယ်။ အဲဒီအချိန်မှာ လင်းဟန်ကလည်း သူ့လက်သီးတွေကို ပုကျဲဆီ ပြေးယမ်းလိုက်ပါတယ်။

ဒါက သူယူဆောင်သွားချင်တဲ့ ဒုတိယ လမ်းကြောင်း ဖြစ်ပါတယ်။

ဓားတာအိုက သူ့ရဲ့ ပထမရွေးချယ်မှု ဖြစ်ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားလိုမျိုး နတ်ဘုရား ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ထားပြီ ဆိုမှတော့ ဓားတာအို လမ်းကြောင်းကို အချိန်ဖြုန်းနေစရာ မလိုပါဘူး။ ဒါပေမဲ့လည်း သူက လက်နက်မပါတဲ့ တိုက်ခိုက်ရေး တာအို လမ်းကြောင်းကိုလည်း လျှောက်လှမ်းချင်နေခဲ့ပါတယ်။

သူက ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကို ကျင့်ကြံအားထုတ်ထားပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အရမ်းကို အစွမ်းထက်ပါတယ်။ အဲဒါက သူ့ကို လူသား လက်နက် တစ်ခုအဖြစ် မြင်နိုင်ပါတယ်။ သူက နဂါးကိုးကောင် ခန္ဓာကိုယ် ကျင့်စဉ်ကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ပြီးတော့ ဒီကျင့်စဉ်က သူ့ကို

Edit with WPS Office

အဆုံးမရှိတဲ့ စွမ်းအားတစ်ခုကို သုံးစွဲခွင့် ပြုထားပါတယ်။ ဒါကြောင့် သူက အနီးကပ် တိုက်ခိုက်ဖို့ အရမ်းကို သင့်တော်ပါတယ်။

သူ့လက်သီးတွေ၊ ခြေထောက်တွေ၊ တံတောင်တွေနဲ့ ဦးခေါင်းတောင်မှ သေစေနိုင်တဲ့ လက်နက်တွေအဖြစ် အသုံးပြုနိုင်ပါတယ်။

အကန့်အသတ်မရှိတဲ့ နတ်ဘုရား အလင်းတစ်ခုက အံ့ဖွယ်နတ်ဆိုးဓားကနေ တောက်ပလာပြီး လင်းဟာန်ရဲ့ လက်သီးကလည်း နတ်ဘုရား မီးတောက်တွေ တဟုန်းဟုန်း တောက်လောင်ပြီး သူ့ပြိုင်ဘက်ပေါ်ကို မိုးသီးမိုးပေါက် ကျသလိုမျိုး ဆင်းသက်လာပါတယ်။ မိုးရေဧကရာဇ်နဲ့ တူညီစွာပဲ သူက မယုံနိုင်စရာကောင်းတဲ့ ခွန်အားနဲ့ လွှမ်းမိုးနိုင်စွမ်း အရှိန်အဟုန် တစ်ခုကို ထုတ်လွှတ်နေပါတယ်။

သူ့လမ်းကြောင်းမှာ ရပ်နေတဲ့ ဘယ်သူ့ကိုမဆို သူက ချေမှုန်းပစ် ရပါလိမ့်မယ်။

ပုကျဲက အရှုံးပေးဖို့ ဆန္ဒမရှိပါဘူး။ လင်းဟာန်က အရမ်းကို

Edit with WPS Office

ယုံကြည်ချက်တွေ လွန်ကဲနေတယ်လို့ ခံစားရပါတယ်။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် တကယ်လို့ သူတို့ရဲ့ စွမ်းအားက သူတို့ရဲ့ ပြိုင်ဘက်ထက် အလွန့်အလွန် သာလွန်နေမှပဲ ဒီလိုမျိုး ဟန်ပန်အမူအရာနဲ့ တိုက်ခိုက်ရပါလိမ့်မယ်။

တကယ်လို့ လူတစ်ယောက်က လင်းဟန် လုပ်သလို သူတို့ရဲ့ လက်သီးတွေကို ပျော့ယမ်းမယ်ဆိုရင် အနည်းငယ် ပိုပြီးတော့ အစွမ်းထက်တဲ့ ပြိုင်ဘက်တစ်ယောက်နဲ့ တွေ့ခဲ့မယ်ဆိုရင် သူတို့က အကြီးအကျယ် ခံစားသွားရပါလိမ့်မယ်။

ပုကျဲက ဒေါသထွက်ထွက်နဲ့ အော်ဟစ်ပြီး သူ့ရဲ့ဓားကိုသုံးကာ အံ့ဖွယ်နတ်ဆိုးဓားကို ခုတ်ထုတ် လိုက်ပါတယ်။ တချိန်တည်းမှာ သူ့ရဲ့ ဘယ်လက်ကလည်း လက်သီးအဖြစ်ပြောင်းပြီးတော့ လင်းဟန်ကို ထိုးလိုက်ပါတယ်။

ဘုရင်အဆင့် ခြောက်ယောက်ထဲက တစ်ယောက် အနေနဲ့ ကျင့်ကြံခြင်း အဆင့်တူမှာရှိတဲ့ လူတစ်ယောက်ကို သူကြောက်နေလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ထန် ထန် ထန် ထန်။

သူတို့နှစ်ယောက်က တိုက်ကွက်တွေ ဆက်လက်ဖလှယ်နေခဲ့ကြပါတယ်။ စွမ်းအားနဲ့ ပတ်သက်ရင် ဘယ်သူ့ဘယ်သူကမှ အသာစီး မရပါဘူး။ ပူကျဲက နည်းနည်းလေး ပိုပြီးတော့ အစွမ်းထက်တယ် ဆိုပေမဲ့ အဲဒါက အရမ်းကို မသိသာတဲ့ အစိတ်အပိုင်းလေး တစ်ခုပါပဲ။ ဒါကြောင့် ဒီတိုက်ပွဲက လက်ရည်ညီတဲ့ တိုက်ပွဲအဖြစ် တွေ့မြင်နိုင်ပါတယ်။

သူတို့ရဲ့ လက်သီးတွေက မယုံနိုင်တဲ့ အမြန်နှုန်းတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက် မိုးသီးမိုးပေါက် ကျသလို ထိုးနက်တိုက်ခိုက် နေကြပြီး စက္ကန့်အနည်းငယ် အတွင်းမှာ လက်သီးချက်ပေါင်း တစ်ရာကျော်လောက် ထိုးနက်လို့ ပြီးသွားပါပြီ။ အဆုံးမှာ သူတို့က တစ်ယောက်နဲ့ တစ်ယောက် ခွာပြီးတော့ သူတို့ရဲ့ လက်နက်မဲ့ တိုက်ခိုက်တဲ့ အခိုက်အတန့်ကို အဆုံးသတ်လိုက်ပါတယ်။

မူလစွမ်းအင် အကာအကွယ်တွေက ဒီလိုမျိုး အနီးကပ် တိုက်ပွဲတွေမှာ အများကြီး အသုံးမဝင်ပါဘူး။ ဒါကြောင့်လည်း ကျင့်ကြံသူ အများစုက အနီးကပ် တိုက်ပွဲတွေ

Edit with WPS Office

အတတ်နိုင်ဆုံး ရှောင်ကြပါတယ်။ လူအများစုက မူလစွမ်းအင်ကို ကျင့်ကြံအားထုတ်ကြတယ် ဆိုပေမဲ့ လက်နက်မဲ့ တိုက်ခိုက်တာက မူလစွမ်းအင်ကို လက်တွေ့အားဖြင့် လျှော့ချပေး ပါလိမ့်မယ်။ အရမ်းကို နည်းပါးတဲ့ လူတွေလောက်ပဲ ခန္ဓာကိုယ် ကျင့်စဉ်တွေကို လေ့ကျင့်ကြပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ ပတ်သက်ရင် လင်းဟန်က ထူးထူးကဲကဲကိုယ် အောင်မြင်မှု ရရှိထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ပုကျဲက မယုံကြည်နိုင်မှုတွေနဲ့ မျက်နှာရှုံ့မဲ့လို့ နေပါတယ်။

သူ့ပြိုင်ဘက်ရဲ့ နတ်ဘုရား အာရုံက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် တည်ငြိမ်နေပါတယ်။ အခု သူ့ပြိုင်ဘက်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကလည်း ထူးကဲတဲ့ အဆင့်တစ်ခုမှာ ရှိနေတာကို သတိပြုမိသွားခဲ့ပါတယ်။

လူတစ်ယောက်က ဘယ်လိုလုပ် အရမ်းကို ထူးကဲနိုင်ရတာလဲ။

Edit with WPS Office

ပရိသတ်တွေ အားလုံးလည်း အံ့သြမှင်သက်နေခဲ့ကြပါတယ်။

ပုကျဲက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်တာတောင် သူက ထိခိုက်နေပါ သေးတယ်။

ဘယ်သူက ဒီလိုဖြစ်လိမ့်မယ်လို့ ခန့်မှန်းနိုင်မှာလဲ။

အဲဒီအချိန်မှာ ဂန်ရှီယွမ်ရဲ့ သေးသွယ်ကျစ်လျစ်တဲ့ ခန္ဓာကိုယ်က အံ့အားသင့်မှုနဲ့အတူ တဆတ်ဆတ် တုန်နေပါတယ်။ နောက်ဆုံးတော့ သူမ ဘယ်လောက်တောင် မှားနေလဲ ဆိုတာကို သတိပြုမိ သွားခဲ့ပါတယ်။ သူမက တကယ့်ကို ထူးကဲတဲ့ လူတစ်ယောက်ကို အပြစ်ပြုကာ စော်ကားမိခဲ့ပါတယ်။

တကယ်လို့ လင်းဟန်သာ မသေခဲ့ဘူးဆိုရင် သူ့ရဲ့ အောင်မြင်မှုတွေက သေချာပေါက် ရှေးခေတ်က လူတွေနဲ့ ခေတ်ပြိုင်လူတွေကို အံ့အားသင့် စေပါလိမ့်မယ်။

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဂျူနီယာညီလေးပု မင်းက အရှုံးကို ဝန်မခံချင်သေးဘူးလား"

Edit with WPS Office

ပုကျဲရဲ့ အမူအရာက ရှုံ့မဲ့လို့ နေပြီးတော့ သူ့မျက်လုံးတွေမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

ဒါက ဆိုးဆိုးဝါးဝါး အရှက်ကွဲတာပဲ မဟုတ်လား။

သူက ဘုရင်ခြောက်ယောက်ထဲက တစ်ယောက် ဖြစ်ပြီးတော့ ဘယ်သူကများ သူ့ကို မျက်နှာသာ မပေးတာ ရှိလို့လဲ။ ဒါပေမဲ့လည်း ဂိုဏ်းထဲကို အခုမှ ရောက်ကာစ လူက သူ့ကိုယ်သူ မာန်ပါပါနဲ့ ဗိုလ်ကျတဲ့ ဟန်ပန်မှုမျိုး လုပ်နေပါတယ်။ ဒါက တကယ်ရော မှန်ကန်တဲ့ ရွေးချယ်မှု တစ်ခုမှ ဟုတ်ရဲ့လား။

"ဟန်လင်း မင်းအရမ်းကို လွန်နေပြီ"

ပုကျဲက အံကြိတ်ပြီးတော့ ပြောလိုက်တယ်။

သူ့မှာ ပုက်ဖဲတချို့ ရှိသေးပေမဲ့ သူ့ပြိုင်ဘက်ရဲ့ မယုံနိုင်စရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် အကြောင်းကို စဉ်းစားလိုက်တိုင်း သူ့စိတ်တွေကို ထုံသွားစေပါတယ်။ သူ့ပုက်ဖဲတွေကရော သူ့ပြိုင်ဘက်ကို ထိန်းချုပ်နိုင်ပါ့မလား။ ဘယ်လိုပဲဖြစ်ဖြစ် ဒါက

Edit with WPS Office

လက်ရည်စမ်းတဲ့ ပြိုင်ပွဲ တစ်ခုပဲ ဖြစ်ပြီးတော့ သူ့ရဲ့ ပှက်ဖဲတချို့ကို သုံးလိုက်ပါပြီ။ တချို့ပှက်ဖဲက တစ်ကြိမ်ပဲ သုံးလို့ရပါတယ်။ ဒါကြောင့် သူက ပှက်ဖဲတွေကို သုံးဖို့ စိတ်ကူးမရှိပါဘူး။

ဒါကြောင့် လင်းဟာန်က အရမ်းကြီး လွန်မလာဘူးဆိုရင် သူက အလျော့ပေးလိုက်ဖို့ မျှော်လင့်ထား ခဲ့ပါတယ်။

"ငါ့ကို စီနီယာ အစ်ကိုလို့ ခေါ်ပါ။ ဒါဆိုရင် ငါမင်းအပေါ် သက်သက်သာသာ ဖြစ်အောင် လုပ်ပေးမယ်"

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။ ပူကျဲက မိုးရေကေရာဇ် အပေါ်မှာ ကလိမ်ကကျစ် နည်းဗျူဟာကို အသုံးပြုခဲ့ပါတယ်။ ဒါကြောင့် လင်းဟာန်က သူ့ကို ဘယ်လိုလုပ်ပြီးတော့ အလွယ်တကူ လွှတ်ပေးလိုက်နိုင်မှာလဲ။

ပူကျဲရဲ့ မျက်လုံးတွေထဲမှာ အနက်ရောင် အလင်းတစ်ချက် လက်သွားပြီး သူ့လက်သီးတွေကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပါတယ်။ သူက ဘယ်တော့မှ အရှုံးကို ဝန်ခံလိမ့်မှာ

Edit with WPS Office

မဟုတ်ပါဘူး။

"မင်းအနိုင်ရနိုင်တယ်လို့ တကယ်ပဲ ထင်နေတာလား"

သူက တားမြစ်နည်းစနစ် တစ်ခုကို အသက်သွင်းလိုက်ပြီး သူ့ရဲ့ နဖူးပေါ်မှာ ထူးဆန်းတဲ့ သင်္ကေတ တစ်ခု ဖြစ်ပေးလာခဲ့ပါတယ်။ အဲဒီသင်္ကေတကနေ ထိတ်လန့်ခြောက်ခြားစရာ အလင်းရောင်တစ်ခု ခပ်မှိန်မှိန်လေး တောက်ပနေပါတယ်။

"အဲဒါဘာကြီးလဲ"

ပွဲကြည့်ပရိသတ်တွေ အားလုံးပဲ အံ့အားသင့်ပြီး ထိတ်လန့်တုန်လှုပ် နေကြပါတယ်။

အဲဒီသင်္ကေတကို ကြည့်လိုက်ရုံနဲ့တင် သူတို့ရဲ့ စိတ်ကို ဓားတစ်ချောင်းနဲ့ ခုတ်နေသလိုမျိုး ခံစားရပါတယ်။ အဲဒါက သူတို့ကို အရမ်းပဲ နေလို့ထိုင်လို့ မကောင်းအောင် ခံစားစေပါတယ်။

"ဒါ ဒါက အိပ်မက်ဆိုး နည်းစနစ်ပဲ"

တစ်စုံတစ်ယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

Edit with WPS Office

"သောက်ကျိုးနည်း စီနီယာ အစ်ကိုပုက တကယ်ပဲ အဲဒီရှေးဟောင်း နည်းစနစ်ကို တတ်ကျွမ်းနေတယ်ပေါ့"

အားလုံးက အလျင်အမြန်ပဲ အဲဒီလူကို ဒီနည်းစနစ်အကြောင်းနဲ့ ပတ်သက်ပြီး မေးလိုက်ပါတယ်။ သူပြောပြတာက ဒါက အုံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ထူးခြားဆန်းကြယ်ဆုံး ကျင့်ကြံခြင်း နည်းစနစ်တွေထဲက တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျင့်ကြံအားထုတ်ဖို့ မယုံနိုင်စရာ ကောင်းလောက်အောင် ခက်ခဲပြီး အဲဒီပညာကို အောင်အောင်မြင်မြင်နဲ့ ကျွမ်းကျင်တတ်မြောက်တဲ့ လူရှိတယ်လို့ မှတ်တမ်းမှတ်ရာ မရှိပါဘူး။ ဒါပေမဲ့လည်း သူတို့ကို အံ့အားသင့်စေတာက ပုကျဲက တကယ်ပဲ ဒီနည်းစနစ်ကိုအသုံးပြုနေပါတယ်။

ပုကျဲရဲ့ အရိုန်အဟုန်က သတိပြုမိလောက်အောင် ပြောင်းလဲသွားပြီး သူ့ရဲ့ ခန္ဓာကိုယ်ကနေ အနက်ရောင် အရှိန်အဟုန်တစ်ခု မြင့်တက်လာပါတယ်။ သူက အိပ်မက်ဆိုးတွေကို သယ်ဆောင်လာတတ်တဲ့ မကောင်းဆိုးဝါး တစ်ကောင် အဖြစ်ကို ပြောင်းလဲသွား

Edit with WPS Office

သလိုပါပဲ။

လင်းဟာန်က လုံးဂကို မဖြုံပါဘူး။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ နတ်ဘုရား အာရုံက တောင်မြစ်အဆင့်ရဲ့ အကန့်အသတ်ကို ချိုးဖျက်အဆင့်တက် သွားပါပြီ။ ဒါကြောင့် သူက ဘာကို စိုးရိမ်ပူပန်နေဖို့ လိုဦးမှာလဲ။ သူက အနိုင်ယူလို့ မရနိုင်တဲ့ နေရာတစ်ခုမှာ ရပ်တည်နေပြီး အဲဒါကပဲ ဘာမှန်းမသိတဲ့ နည်းလမ်းတစ်ခုနဲ့ သူ့ကို အောင်ပွဲရစေပါတယ်။

သူက ဘာတွေရထားလဲ ဆိုတာကို ကြည့်တာပေါ့။

လင်းဟာန်က ဒီကျင့်ကြံခြင်း နည်းစနစ်ကို အရမ်းကို စိတ်ဂင်စားနေပြီး သူ့နှလုံးသားထဲမှာ ကြောက်ရွံ့ခြင်း တစ်စွန်းတစ်စကို ဖြစ်စေပါတယ်။

"မင်း ဒီအတွက် နောင်တရလိမ့်မယ်"

ပူကျဲက အေးစက်စွာနဲ့ ပြောလိုက်တယ်။ သူက ထိုးတဲ့ လှုပ်ရှားမှုမျိုးနဲ့ လင်းဟာန်ဆီကို ဂင်လာပြီး သူ့လက်သီးကနေ မရေမတွက်နိုင်တဲ့ အမည်းရောင် အလင်းတန်းတွေ

Edit with WPS Office

ပေါက်ကွဲထွက် လာခဲ့ပါတယ်။

သူက တစ်ကြိမ်ကြုံတွေ့ဖူးခဲ့ပါပြီ။ ဒါကြောင့် သူက လင်းဟန်နဲ့ နောက်တစ်ကြိမ် လက်နက်မဲ့ အနီးကပ် မတိုက်ခိုက်ပံ့တော့ပါဘူး။ အဲဒီအစား သူက ကျင့်ကြံသူတွေရဲ့ ထုံးထမ်းစဉ်လာ နည်းဗျူဟာကိုပဲ ပြန်သုံးပြီး သူနဲ့ ပြိုင်ဘက်ရဲ့ အကွာအဝေးကို တိုးမြှင့်ကာ သိုင်းပညာ နည်းစနစ်တွေ အသုံးပြုပြီးတော့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က သူ့လက်သီးတွေကို ဝှေ့ယမ်းပြီးတော့ ခုခံကာကွယ် လိုက်ပါတယ်။

ဖူး ဖူး ဖူး။

အနက်ရောင် အလင်းတန်းတွေက သူ့လက်သီးနဲ့ ထိမှန်သွားတဲ့ အချိန်မှာ အံ့အားသင့်စရာ ကောင်းလောက်အောင် သွေးစင်းရာတွေ ချန်ထားခဲ့ပါတယ်။

အရမ်းအစွမ်းထက်တာပဲ။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။

Edit with WPS Office

တစ်ခုသတိပြုရမှာက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် မာကျောမှုက အဆင့်ငါး နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ရနေပါပြီ။ နောက်တစ်နည်း ပြောရမယ် ဆိုရင်တော့ အဲဒါက နေလအဆင့် ကနဦးအဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ရဲ့ အပြည့်အဝ ခုခံနိုင်စွမ်းနဲ့ ညီမျှပါတယ်။ ဒါတောင်မှ ပူကျဲ့ရဲ့ တိုက်ခိုက်မှုဟာ သူ့လက်သီးတွေ အပေါ်မှာ သွေးစင်းရာတွေ တော်တော်များများ ကျန်ရစ်စေခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အနက်ရောင် အလင်းတန်းတွေ ဘယ်လောက်တောင် ကြောက်စရာကောင်းလဲ ဆိုတာကို သက်သေပြ နေပါတယ်။

အဲဒီအချိန်မှာ ပူကျဲက လုံးဂကို အံ့အားသင့် သွားခဲ့ပါတယ်။

အမှန်တကယ်တော့ သူ့အတွက် အိပ်မက်ဆိုး နည်းစနစ်ကို အသုံးပြုဖို့ သူ့ရဲ့ ကျင့်ကြံခြင်းက အရမ်းကို နိမ့်ကျနေပါသေးတယ်။ သူက အခု တကယ်ပဲ အဲဒီပညာနဲ့ ချိတ်ဆက်သုံးနိုင်စွမ်း ရှိပြီးတော့ အဲဒီအတွက် ပြန်ပေးဆပ်ရတဲ့ တန်ရာတန်ကြေးက ဒီတိုက်ပွဲပြီးရင် သုံးလလုံးလုံး မူလစွမ်းအင်ကို အသုံးပြုနိုင်စွမ်း ရှိလိမ့်မှာ

Edit with WPS Office

မဟုတ်ပါဘူး။

သူက ဒီလောက်ကြီးမားတဲ့ တန်ဖိုးတစ်ခုကို ပေးဆပ်ခဲ့ရပြီး သူထုတ်လွှတ်လိုက်တဲ့ အနက်ရောင် အလင်းတန်းတွေက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ ကောင်းလွန်းပါတယ်။ ဒါပေမဲ့လည်း အဲဒီအလင်းတန်းတွေက လင်းဟာန်ရဲ့ လက်သီးပေါ်မှာ သွေးရာနည်းနည်းပဲ ချန်ထားခဲ့နိုင်တာလား။ ဒါကို ဘယ်လိုလုပ် လက်ခံနိုင်မှာလဲ။

သူက ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်ပစ်လိုက်ချင်ပါတယ်။

"ဒါက တကယ့်ကို အစွမ်းထက်တာပဲ။ ဒါပေမဲ့ ဒီလောက်နဲ့ မလုံလောက်သေးဘူး။ တက်မလာနဲ့ တောက်ချပလိုက်မယ်"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ပွေ့ယမ်းပြီး တိုက်ခိုက်မှုတွေ တရစပ် ထုတ်ဖော်ကာ ပုကျဲကို လုံးဝကို ထိန်းချုပ်လိုက်ပါတယ်။

Chapter 1158 end

အပိုင်း(1159) ခေတ်သစ်တစ်ခု

Edit with WPS Office

ဘုန်း ဘုန်း ဘုန်း။

လင်းဟန်က ပူကျဲအပေါ် သွေးရူးသွေးတန်း အဆက်မပြတ် တိုက်ခိုက်လိုက်ပါတယ်။ သူက ပူကျဲရဲ့ ပါးစပ်ကနေ အရှုံးကို ဝန်ခံလာအောင်လို့ သူ့ကို အနိုင်ယူဖို့ အခိုင်အမာ ဆုံးဖြတ်ထားပြီး ပါပြီ။ ဒါက မိုးရေဇကေရာဇ်ကို ကျေးဇူးတုံ့ပြန်ခြင်းလည်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အဲဒီမျိုးစေ့အဆင့် ပါရမီရှင်တွေက တကယ့်ကို အထွတ်အထိပ် ပါရမီရှင်တွေ ဆိုတာကိုတော့ သူဝန်ခံရပါလိမ့်မယ်။ ပူကျဲက မျိုးစေ့အဆင့် ပါရမီရှင်တွေ အထဲက ဘုရင်အဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်ပါတယ်။

လင်းဟန်က အဆင့်ကြီးတိုင်းမှာ ပြီးပြည့်စုံခြင်း အဆင့်တစ်ခုထိ ကျင့်ကြံအားထုတ် ခဲ့ပါတယ်။ ဒါပေမဲ့ သူက ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး အောင်မြင်မှုကို ရရှိထားတဲ့ တစ်ဦးတည်းသောသူ မဟုတ်ပါဘူး။

Edit with WPS Office

အနည်းဆုံးတော့ ပုကျဲလည်း ဒီလိုအောင်မြင်မှုကို ရရှိထားတဲ့ ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။

တကယ်လို့ လင်းဟန်က ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်ထားဘူးဆိုရင် သူကဘယ်လောက်ပဲ ပါရမီရှိနေပါစေ ပုကျဲရဲ့ အရှေ့မှာ သဲအိတ်တစ်အိတ်သာသာပဲ ဖြစ်နေပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုတော့ သူတို့နှစ်ယောက် အကြားက ခွန်အားမှာ ကွာခြားချက် လက္ခဏာ မရှိပါဘူး။

ဒါပေမဲ့လည်း လင်းဟန်မှာက ကျင့်ကြံခြင်း အဆင့်တူတွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရတဲ့ အချိန်မှာ သူ့ကို အမှန်တကယ် ပြိုင်ဘက်ကင်းအောင် လုပ်ပေးနိုင်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါက ရောမ အားသာချက် တစ်ခုဖြစ်ပါတယ်။ ဒီရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ သူက စိုးရိမ်ပူပန်စရာ မလိုပဲ လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်ပါတယ်။ နောက်တစ်နည်း ပြောရမယ်ဆိုရင် သူက တိုက်ခိုက်ခြင်းမှာပဲ အာရုံပိုစိုက်ပြီးတော့ တိုက်ခိုက်နိုင်ပါတယ်။

Edit with WPS Office

တစ်ဖက်မှာ ပုကျဲက လျှို့ဝှက်နည်းစနစ်တစ်ခုကို အသက်သွင်းပြီးတဲ့ နောက်မှာ လင်းဟန်ကို အမှန်တကယ် ဒဏ်ရာရအောင် လုပ်နိုင်စွမ်း ရှိပါတယ်။ သူက သေချာပေါက်တော့ ဒီတိုက်ခိုက်မှု အဆင့်ကို ထိန်းသိမ်းထားနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

သူတို့နှစ်ယောက်က တိုက်ကွက်တွေ ဆက်လက်ဖလှယ်နေပြီး နှစ်ယောက်စလုံး သွေးတွေ စွန်းထင်းလာပါတယ်။

"သောက်ကျိုးနည်း။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေက တကယ်ပဲ ဒီလောက်ထိတောင် အစွမ်းထက်နိုင်တာလား"

"သူတို့နဲ့ နှိုင်းယှဥ်ကြည့်ရင် ငါက တောင်မြစ်အဆင့်ကို မရောက်သေးတဲ့ ကျင့်ကြံသူ ငပျော့ တစ်ယောက်လိုပဲ"

"ငါသေချာပေါက် ငါးခုမြောက် တောင်မြစ်ဖြစ်ပေါ်အောင် လုပ်မယ်"

အားလုံးက သူတို့ရဲ့ ခေါင်းတွေကို ဆုပ်ကိုင်ပြီး အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ အဲဒီအချိန်

Edit with WPS Office

လူအများကြီးက ငါးခုမြောက် တောင်မြစ်ကို မဖြစ်ပေါ်သေးသရွေ့ နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်မှာ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက် ချလိုက်ကြပါတယ်။ ဒါက အံ့ဖွယ်ကောင်းကင် ဂိုဏ်းရဲ့ လွှမ်းမိုးနိုင်စွမ်း လက္ခဏာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီစိတ်တူကိုယ်တူ လူသိုက်က လူတော်တော်များများက တောင်မြစ်ငါးခုကို ဖြစ်ပေါ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း လူအများကြီးက တောင်မြစ်အဆင့်မှာ တစ်ဘဝလုံး တန့်နေပြီး နေလအဆင့်ကို ရောက်နိုင်စွမ်းတောင် မရှိတာမျိုး ရှိတတ်ပါတယ်။

တကယ်တော့ ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ရတာက မျိုးစေ့အဆင့် ပါရမီရှင်တွေ အတွက်တောင်မှ အရမ်းကို ခက်ခဲလွန်းပါတယ်။

လင်းဟာန်က သူ့ရဲ့ကိုယ်ပိုင် ဓားတာအိုကို ထုတ်ဖော်ရင်း ကျယ်လောင်စွာနဲ့ မာန်သွင်း လိုက်ပါတယ်။ ဒီဓားတာအိုက လျင်မြန်မှု နည်းစနစ်နဲ့ မဟာတာအိုရဲ့ ဓားကို ပူးပေါင်းထားတဲ့ အပြင် အကြီးအကျယ် ဖျက်ဆီးနိုင်တဲ့

Edit with WPS Office

ဖျက်ဆီးခြင်း စွမ်းရည် တစ်ခုကိုလည်း ပိုင်ဆိုင်ထား ပါတယ်။

ဒါက သူ့ရဲ့ကိုယ်ပိုင် တာအိုဖြစ်ပြီးတော့ ဒါကိုသူက လျှပ်စီးဓားသိုင်းလို့ အမည်ပေးထားပါတယ်။

သူက လျှပ်စီးဆိုတဲ့ စကားလုံးကို ရွေးချယ်ရတာက ဒီကမ္ဘာကြီးထဲမှာ အမြန်ဆုံး အရှိန်ကို ကိုယ်စားပြုလို့ ဖြစ်ပါတယ်။ နောက်ပြီးတော့ လျှပ်စီးရဲ့ ခွန်အားကလည်း အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ ဒါက သူ့ကိုယ်ပိုင် တာအိုရဲ့ အမှတ်တံဆိပ် ဖြစ်ပါတယ်။

နောက်ပြီးတော့ မိုးရေကေရာဇ်ရဲ့ ကောင်းကင်သားတော် လက်သီးသိုင်းလိုပဲ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်အလိုက် အဆင့်တိုးမြှင့်နိုင်ပါလိမ့်မယ်။ လင်းဟာန်ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးမြှင့်လာတဲ့ တစ်လျှောက်လုံး လျှပ်စီးဓားသိုင်းရဲ့ ခွန်အားကလည်း တိုးမြှင့်လာပါလိမ့်မယ်။

အဲဒါက ဘာကြောင့်လည်းဆိုတော့ လျှပ်စီးဓားသိုင်းက အတိအကျ သတ်မှတ်ပုံဖော်ထားတဲ့ နည်းစနစ်တစ်ခု မဟုတ်ပါဘူး။ အဲဒီအစား လူတစ်ယောက်ရဲ့

Edit with WPS Office

မဟာတာအိုအပေါ် ခွဲခြမ်းစိတ်ဖြာ နိုင်စွမ်းကို ဖော်ပြတဲ့ နည်းစနစ်တစ်ခု ဖြစ်ပါတယ်။

ရွှပ် ရွှပ် ရွှပ်။

လင်းဟာန်က အံ့ဖွယ်နတ်ဆိုးဓားနဲ့ တစ်သားတည်း ဖြစ်လာသလိုပါပဲ။ ပြီးတော့ သူ့ရဲ့ လျှပ်စီး ဓားသိုင်းကလည်း အဆင့်သစ် တစ်ခုရဲ့ အမြင့်က စွန်အားကို ထုတ်ဖော်နေပါတယ်။

ပူကျဲက အင့်ခနဲ မြည်သွားပါတယ်။ သူက အစောပိုင်းကတည်းက လင်းဟာန်က သူ့ရဲ့ နတ်ဘုရား ပစ္စည်းကို ပြန်မရုပ်သိမ်းသေးတဲ့ အချိန်မှာ ချုပ်ထိန်းခံနေခဲ့ရပါတယ်။ ဒါကြောင့် ဘယ်လိုလုပ် သူ့ရဲ့ အခြေအနေက လင်းဟာန် သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ကိုင်ဆွဲလာတဲ့ အချိန်မှာ တိုးတက်ကောင်းမွန် လာနိုင်မှာလဲ။ ဒါက လင်းဟာန်ကိုယ်တိုင် ပြုစုပျိုးထောင်ထားတဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ နှလုံးသား၊ စိတ်ဝိညာဉ်တို့နဲ့ ချိတ်ဆက်ထား ခဲ့ပါတယ်။ ဒါကြောင့် လင်းဟာန်က ဒီနတ်ဘုရား ပစ္စည်းရဲ့ စွန်အားကို အမြင့်ဆုံးထိ

Edit with WPS Office

ထုတ်ဖော်နိုင်ပါတယ်။

ပူကျဲက ခြေထောက်ကို အားနဲ့ကန်ထားပါတယ်။ သူက လင်းဟန်ရဲ့ တိုက်ခိုက်မှု ဆယ်ကြိမ်မှာ ငါးကြိမ်ပြန်တိုက်ရာကနေ ဆယ်ကြိမ်မှာ တစ်ကြိမ်ပဲ ပြန်တိုက်နိုင်ပါတော့တယ်။ သူက အရှုံးဆိုတဲ့ စကားလုံးကို မပြောသေးပေမဲ့ အားလုံးကတော့ သူရှုံးနေပြီ ဆိုတာကို နားလည်ထား ကြပါပြီ။

သူ ရှုံးသွားပါပြီ။ ပြန်ပြီးတော့တောင် မတိုက်နိုင်ပါဘူး။

သူနဲ့ လင်းဟန်က ကျင့်ကြံခြင်း အဆင့်ခြင်း တူပါတယ်။ ပြီးတော့ သူ့ခွန်အားက သိသိသာသာ သာနေပါတယ်။

အားလုံးက တိတ်ဆိတ်ငြိမ်သက် ကုန်ပါတယ်။ ဒါပေမဲ့လည်း လူတော်တော်များများရဲ့ မျက်နှာပေးမှာ စိတ်လှုပ်ရှားမှုတွေ ရှိနေပါတယ်။ ပူကျဲနဲ့ တခြားသူတော်ါက ဘုရင်အဆင့် နေရာကို ရယူထားတာ အရမ်းကို ကြာနေပါပြီ။ အခုချိန်က သူတို့ရဲ့ နေရာကို လုယူပြီး ရှေ့ကျော်တက်ဖို့ နောက်မျိုးဆက်အတွက် အချိန်ကျလာပါပြီ။

Edit with WPS Office

ပြီးတော့ အဲဒီလို လုပ်နိုင်မဲ့လူက လင်းဟန်က အခြား
တစ်ပါးမရှိ။

ဂိုဏ်းရဲ့ တပည့်သစ်တွေ အားလုံးက ကြီးမားတဲ့
အိပ်မက်တွေ ရည်မှန်းချက်တွေနဲ့ ရောက်လာခဲ့
ကြတာဖြစ်ပါတယ်။ လင်းဟန်ရဲ့ အစွမ်းကို
မျက်မြင်ကြုံတွေ့ရပြီးတဲ့ နောက်မှာ သူတို့ရဲ့
ယုံကြည်မှုတွေက အဆတစ်ရာလောက် တိုးလာခဲ့ပါတယ်။
သူတို့က တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို
မျှော်မှန်းတမ်းတပြီး တကယ်လို့ သူတို့တွေ လုပ်နိုင်ခဲ့ရင်
စိန်ခေါ်ပြီး ဘုရင်အဆင့် မျိုးဆက်ပေါင်း နေရာကိုတောင်
လင်းဟန်လိုမျိုး အစားထိုးကောင်း ထိုးနိုင်ပါလိမ့်မယ်။

လင်းဟန်ရဲ့ တိုက်ပွဲက ခေတ်သစ်တစ်ခုကို
အစပျိုးလိုက်တာပါပဲ။

တိုက်ကွက်ပေါင်း တော်တော်များများ ဖလှယ်အပြီးမှာတော့
လင်းဟန်ရဲ့ ဓားကနေ တိုက်ခိုက်မှု တစ်ခုကြောင့် ပူကျဲက
လွင့်ထွက်သွားခဲ့ပါတယ်။ သူ့ရင်ဘက်မှာ
ပြတ်ရှဒဏ်ရာတစ်ခု ဖြစ်ပေါ်လာပြီး ပိုပြီးတော့တောင်

Edit with WPS Office

ပြင်းထန်ပါတယ်။ လင်းဟန်က သူ့ကို လုံးဝကို ညှာတာခြင်း မရှိခဲ့ဘူး ဆိုရင် ခါးကနေ နှစ်ပိုင်းတောင် ပြတ်ထွက်သွားနိုင်ပါလိမ့်မယ်။

ဒါက လက်ရည်စမ်းပွဲ တစ်ခုပဲ ဖြစ်ပါတယ်။ လင်းဟန်က မိုးရေဧကရာဇ်အတွက် တရားမျှတမှုကို ရှာဖွေပေးရုံပါပဲ။ သူတို့နှစ်ယောက်က ရန်ငြိုးရန်စလည်း မရှိပဲ သူသေကိုယ်သေ မီးကုန်ယမ်းကုန် တိုက်ခိုက်စရာ မလိုပါဘူး။

ဒါပေမဲ့လည်း ပူကျဲက တခြားမျိုးစေ့ ပါရမီရှင်တွေ အားလုံးကို အရင်က အနိုင်ယူခဲ့ပါတယ်။ ဒါကြောင့် ဒီအခိုက်အတန့်မှာ လင်းဟန်ရဲ့ သတ္တိကောင်းမှုကို သူက မုန်းတီးစရာ အကြောင်းပြချက် ဖြစ်လာပါလိမ့်မယ်။

ပူကျဲက ကုန်းထပြီးတော့ လင်းဟန်ကို ဒေါသတကြီးနဲ့ အတော်ကြာအောင် စိုက်ကြည့်ပြီးတဲ့ နောက်မှာ ချာခနဲ လှည့်ထွက်သွား လိုက်ပါတယ်။ သူက ဒီစုစည်းပွဲမှာ ဆက်ပြီးတော့ နေဖို့ အာရုံ မရှိတော့ပါဘူး။

Edit with WPS Office

"ဒါ ဟင်။ ဂျူနီယာ ညီလေးပူ လက်ဘက်ခြောက်ရွက်တွေ ဘယ်ရောက်ကုန်လဲ"

လင်းဟာန်က ရယ်မောရင်းနဲ့ မေးလိုက်ပါတယ်။ သူတို့နှစ်ယောက် အကြားမှာ မီးပွားတစ်ခု အစတည်လာပြီ ဆိုမှတော့ သူက ပိုပြီးတော့ ဆိုးဂါးအောင် လုပ်လိုက်ဖို့ ဂန်မလေးပါဘူး။

ပူကျဲ့ရဲ့ လှမ်းလက်စ ခြေလှမ်းတွေ ရပ်သွားပါတယ်။ အဲဒီနောက် သူက သလင်းကျောက်လို တလက်လက် တောက်ပတဲ့ လက်ဘက်ခြောက် ဆယ်ရွက်ကို ပစ်ထုတ်ပေးပြီး တစ်ချက်လေးမှ လှည့်မကြည့်တော့ပါဘူး။ ဒါက သူကတိပေးထားတဲ့ တည်ငြိမ်အေးချမ်း လက်ဘက်ခြောက် ဆယ်ရွက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက လင်းဟာန်ဆီကို ပစ်ပေးတာ မဟုတ်ပဲ ဟဲထောင်ဆီ ပစ်ထုတ်ပေးလိုက်တာပါ။

သူက ခြေလှမ်းကျဲကြီးတွေနဲ့ အဝေးကို လျှောက်သွားပြီး အလျင်အမြန်ပဲ တောင်ထိပ်ပေါ်ကနေ ဆင်းသွားကာ တောင်ကို ပိုင်းပတ်ထားတဲ့ မြူခိုးတွေ တိမ်တွေ အကြားထဲ

Edit with WPS Office

ဝင်ပြီးတော့ ပျောက်ကွယ်သွား ခဲ့ပါတယ်။

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ လက်ခုပ်တီးပြီးတော့ သူ့ရဲ့ ထိုင်ခုံဆီကို ပြန်လာခဲ့ပါတယ်။ သူက သူ့မျက်လုံးတွေကို ပိတ်လိုက်ပြီး သူ့ပုံစံက ငိုက်မြည်းနေတဲ့ ပုံစံမျိုး ပေါ်နေပါတယ်။

သူ့အမူအရာက သက်တောင့်သက်သာ ရှိနေပေမဲ့ အဲဒါက ဟဲထောင်နဲ့ ကျန်တဲ့ ဘုရင်အဆင့်တွေရဲ့ စိတ်ထဲမှာ ကြီးကြီးမားမားကို စိုးရိမ်ပူပန်လာစေခဲ့ပါတယ်။

တိုက်ပွဲစွမ်းရည် တစ်ခုတည်းနဲ့ ပတ်သက်ရင် သူက ပုကျဲ့ထက် အများကြီး မသန်မာပါဘူး။ ဒါပေမဲ့လည်း သူ့မှာ အံ့ဖွယ်နတ်ဆိုးဓားကို ပိုင်ဆိုင်ထားပြီး အဲဒါက အရမ်းကို အစွမ်းထက်တဲ့ နတ်ဘုရား ပစ္စည်းတစ်ခု ဖြစ်ပါတယ်။ အဲဒါက အဆင့်လေး နတ်ဘုရား ပစ္စည်းတစ်ခု မဟုတ်သေးပေမဲ့ လွှမ်းမိုးနိုင်တဲ့ ခွန်အားတစ်ခုကို ထုတ်ဖော်ပြသနိုင်ပါတယ်။

နောက်ပြီးတော့ သူ့ပိုင်ဆိုင်ထားတဲ့ ထူးကဲတဲ့ ရုပ်ပိုင်းဆိုင်ရာ

Edit with WPS Office

ခန္ဓာကိုယ်က သူ့ကို သူ့ပြိုင်ဘက်ရဲ့ တိုက်ခိုက်မှုတွေကို ဂရုစိုက်စရာ မလိုပဲ စိတ်ချလက်ချ တိုက်ခိုက်နိုင်အောင် လုပ်ပေးပါတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ခြိမ်းခြောက်နိုင်တဲ့ နတ်ဘုရား ပစ္စည်းတွေ ဒါမှမဟုတ် လျှို့ဝှက်နည်းစနစ်တွေ ရှိလို့လား။

အနည်းဆုံးတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က သူတော်စင် ဘုရင်အဆင့်ကို မရောက်သေးခင် အထိတော့ မရှုံးနိမ့်နိုင်တာမျိုး မဟုတ်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဘုရင်အဆင့် ခြောက်ယောက်ကို သူတို့ထဲက လူတစ်ယောက် ရှုံးနိမ့်သွားတဲ့ အတွက်ကြောင့် လျော့တွက်လို့ မရနိုင်ပါဘူး။ တကယ်လို့ သူသေကိုယ်သေ တိုက်ပွဲ တစ်ခု ဖြစ်အောင်လို့ ဖိအားပေးခဲ့မယ်ဆိုရင် သူတို့တွေမှာ ဖဲတွေ ဘယ်လောက်တောင်များ ထုတ်ဖော်နိုင်မလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဘယ်လောက်တောင် ကြောက်စရာကောင်းတဲ့ စွမ်းအားတွေကို သူတို့တွေ ဆင့်ခေါ်နိုင်မလဲ ဆိုတာကိုရော

Edit with WPS Office

ဘယ်သူသိနိုင်မှာလဲ။

ဒါပေ့ါ လင်းဟန်က နီးနီးကြားကြားနဲ့ သတိထားရမဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။ သူက ကျင့်ကြံခြင်း အဆင့်တူထဲမှာ သူကပြိုင်ဘက်ကင်း ဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုကို ဆက်လက် ထိန်းသိမ်းထားဆဲပါပဲ။

တင်းပင်းရဲ့ မျက်နှာပေါ်မှာ သူ့ရဲ့ ဆရာကို ကြည့်နေရင်းနဲ့ စိတ်အားထက်သန်မှုတွေ ဖြစ်ပေါ်လာ ပါတယ်။

သူ့ဆရာက အရမ်းကို အစွမ်းထက်လွန်းပါတယ်။

ဒါက သူ့ရဲ့ဆရာ။ အားလုံးကို အမြဲတမ်းလိုလို အံ့အားသင့်အောင် လုပ်နိုင်တဲ့ လူတစ်ယောက်။ လူတွေက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို မပင်နိုင်ဘူးလို့တောင် ပြောခဲ့ပါတယ်။ အဲဒီအချိန်မှာ သူက ချက်ချင်းပဲ ခုန်ထွက်လာပြီး သူတို့တွေ မှားနေတယ် ဆိုတာကို သက်သေပြခဲ့ပါတယ်။ လူတွေက ဘုရင်အဆင့် ခြောက်ယောက်က ပြိုင်ဘက်ကင်းတယ်လို့ စောစောကပဲ ပြောခဲ့တယ်။ ဒါကို သူ့ဆရာက ပုကျဲကို မညှာမတာ နိုင်ပွဲနဲ့

Edit with WPS Office

အပြတ်ဖြုတ်လိုက်ပါတယ်။

သူလည်း လင်းဟန်ကို ဥပမာ ထားပြီးတော့ နောက်က လိုက်ရပါမယ်။ သူ့ဆရာသခင် အတွက် မျက်နှာမပျက်ရအောင် အစွမ်းထက်တဲ့ ဆရာ့ရဲ့ နာမည်ကို နာမည်ပျက်အောင် လုပ်တာမျိုးကို မဖြစ်ရစေဖို့ ကြိုးစားရပါမယ်။

လက်ရည်စမ်းပွဲတွေ ဆက်ဖြစ်နေကြပါတယ်။

ဒါပေမဲ့လည်း လင်းဟန်နဲ့ ပူကျဲတို့ နှစ်ယောက် အကြားက အစွမ်းထက်တဲ့ တိုက်ပွဲကို မျက်မြင်ကြုံတွေ့ပြီးတဲ့ နောက်မှာတော့ ဒီတိုက်ပွဲအားလုံးကို ကြည့်ရတာ အရမ်းကို ပျင်းရိစရာ ကောင်းလွန်းပါတယ်။ ပရိသတ်တွေ အားလုံး ပျင်းရိနေတာကြောင့် လက်ရည်စမ်းတဲ့ လူတွေလည်း ပျင်းရိလာကြပါတယ်။ သိပ်မကြာခင်မှာပဲ ဘယ်သူမှ ရှေ့ထွက်ပြီး မတိုက်ခိုက် တော့ပါဘူး။ မျိုးစေ့အဆင့် ပါရမီရှင်တွေက သူတို့ရဲ့ ကျင့်ကြံခြင်းမှာ နားမလည်နိုင်မှုတွေကို စတင်ဆွေးနွေး ကြပါတယ်။

Edit with WPS Office

ဒီနေရာမှာ စုဝေးနေတဲ့ လူတွေအားလုံးက ထိပ်တန်းအဆင့် ပါရမီရှင်တွေ ဖြစ်ပေမဲ့ သူတို့ အတွက်တော့ ရှုထောင့်ပေါင်းစုံကနေ ပြီးပြည့်စုံအောင်လုပ်ဖို့က မဖြစ်နိုင်သေးပါဘူး။ တစ်ယောက်ချင်းစီတိုင်းမှာ သူတို့ကိုယ်ပိုင် ခွန်အားတွေနဲ့ အားနည်းချက် ကိုယ်စီ ရှိပါတယ်။ ဒါကြောင့် သူတို့က ကနဦး အဆင့်မှာရှိတဲ့ လူတစ်ယောက်ရဲ့ ထူးကဲတဲ့ အမြင်တွေကို နားထောင်ရရင်တောင်မှ မကြာခဏ ခေါင်းညိတ်ပြီးတော့ သဘောတူ ထောက်ခံကြပါတယ်။

ပတ်ဝန်းကျင် လေထုက စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ဖြစ်လာပြီး ဘယ်သူကမှ သူတို့ရဲ့ နားမလည်နိုင်တဲ့ လျှို့ဝှက်ချက်ကို တခြားသူတွေကို မပြောပြပဲ သိမ်းမထားခဲ့ပါဘူး။ လျှို့ဝှက် နည်းပညာလို အရာမျိုးတွေကတော့ တခြားသူတွေနဲ့ ဝေမျှလို့ မရပါဘူး။ အဲဒီလိုသာ မျှဝေမိရင် အဲဒါက အရမ်းကို ရက်ရောတာမျိုး မဟုတ်ပဲ မယုံနိုင်စရာ ကောင်းလောက်အောင် မိုက်မဲတာမျိုးပဲ ဖြစ်ပါလိမ့်မယ်။

Edit with WPS Office

လင်းဟန်လည်း အများအပြား သင်ယူခဲ့ရပါတယ်။ သူ့ရဲ့ လျှပ်စီးဓားသိုင်းက မဟာတာအိုရဲ့ ဖျက်ဆီးခြင်းနဲ့ နားလည်နိုင်စွမ်း အပေါ်မှာ မူတည်ပါတယ်။ ဒါကြောင့် တခြားသူတွေရဲ့ ခွဲခြမ်းစိတ်ဖြာမှုတွေက သူ့ကို အကြံဉာဏ်အသစ်တွေ ထောက်ပံ့ပေးနေသလိုပါပဲ။

သူကလည်း ရက်ရက်ရောရောနဲ့ သူ့ရဲ့ နားလည်သဘောပေါက်မှုတွေကို မျှဝေပေးခဲ့ပါတယ်။ လျှပ်စီးဓားသိုင်းလိုမျိုး သူ့ရဲ့ အဓိက နားလည်သဘောပေါက်မှုမျိုးကို ဝေမျှတာတော့ မဟုတ်ဘူးပေါ့။

"ဟားဟား နောက်ဆုံးတော့ ရေငွေးဆူလာပြီ။ လက်ဘက်ရည် သောက်ကြတာပေါ့"

ဟဲထောင်က ပြုံးပြီးတော့ ပြောလိုက်ပါတယ်။ ရေနွေးအိုးရဲ့ နှုတ်သီးဂကနေ ရေနွေးငွေ့စီးကြောင်း ထွက်လာပါတယ်။ ဒါပေမဲ့လည်း ရေနွေးငွေ့က ထူးထူးဆန်းဆန်းနဲ့ ပျောက်ကွယ်မသွား ခဲ့ပါဘူး။ အဲဒီအစား ထူးခြားဆန်းကြယ်တဲ့ ပုံသဏ္ဍာန် အမျိုးမျိုး

Edit with WPS Office

ဖြစ်ပေါ်နေပါတယ်။

နတ်ဘုရားရေက မျှော်လင့်ထားတဲ့ အတိုင်းပါပဲ။ ဒီလက်ဘက်ရည်အိုးက မြို့တစ်မြို့စာလောက် တန်ဖိုးကြီးပါတယ်။

Chapter 1159 end

အပိုင်း(1160) ယန်ဟောင် ရောက်လာပြီ

အမြင်တချို့ကနေ ကြည့်မယ်ဆိုရင် ဟဲထောင်နဲ့ ပူကျဲတို့က တကယ်ပဲ အတော်လေး ရည်မွန်တဲ့ လူတွေ ဖြစ်ပါတယ်။ အနည်းဆုံးတော့ သူတို့နှစ်ယောက်လုံးက ရက်ရက်ရောရောနဲ့ တန်ဖိုးကြီး ရတနာပစ္စည်းတွေကို သူတို့ရဲ့ ဂျူနီယာ ညီငယ် ညီမငယ်တို့နဲ့ မျှဝေဖို့ ကမ်းလှမ်းခဲ့ပါတယ်။ တကယ်လို့ ပူကျဲက အရမ်းကို လွန်ပြီးတော့ မိုးရေဧကရာဇ်ကို ရင်ဆိုင်တဲ့ အခါမှာ မသမာတဲ့ နည်းလမ်းကိုသာ အသုံးမပြုခဲ့ဘူးဆိုရင် လင်းဟန်က သူ့ကို စိန်ခေါ်ပြီးတော့ အရှက်ခွဲလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

လင်းဟန်က အနီးအနားကို မေးပြီးတဲ့ နောက်မှာ ကျန်တဲ့ ဘုရင်အဆင့် လေးယောက်က အပြင်ဘက်ကို လေ့လာစူးစမ်းဖို့နဲ့ လေ့ကျင့်ဖို့ ထွက်သွားကြတယ် ဆိုတာကို သိလိုက်ရပါတယ်။

အမှန်တကယ်တော့ အုံဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေ အားလုံးက တစ်ယောက်နဲ့ တစ်ယောက် မျှတပြီး ကောင်းမွန်တဲ့ ဆက်ဆံမှုတွေ ရှိကြပါတယ်။ တကယ်လို့ စီနီယာတွေက စွန့်စားသွားလာရင်း တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ရရှိခဲ့ရင် သူတို့က ဂိုဏ်းရဲ့ တပည့်သစ်တွေကို ဝေမျှသုံးစွဲဖို့ ထုတ်ပေးပါလိမ့်မယ်။ ဒါက ထုံးထမ်းစဉ်လာ တစ်ခု ဖြစ်ပါတယ်။

ကျန်တဲ့ ဘုရင်အဆင့် လေးယောက် ပြန်လာတဲ့ အချိန်ကျရင် သူတို့ကလည်း တန်ဖိုးရှိတဲ့ ရတနာပစ္စည်း တချို့ကို လင်းဟန်နဲ့ တခြားသူတွေနဲ့အတူ မျှဝေပါလိမ့်မယ်။ ဒီလိုမျိုး အလေ့အထက မျိုးဆက်တစ်ခုပြီး တစ်ခု ဆင်းသက်လာပြီး ဂိုဏ်းရဲ့ ကောင်းမွန်တဲ့ ဓလေ့ထုံးစံ တစ်ခုလို ဖြစ်လာပါတယ်။

Edit with WPS Office

တာအိုဆွေးနွေးပွဲမှာ ထူးချွန်ထက်မြက်ဆုံး
လူဆယ်ယောက်ကို ရွေးချယ်ပြီး တည်ငြိမ်အေးချမ်း
လက်ဘက်ခြောက်ရွက်ကို သူတို့ရဲ့
လက်ဘက်ရည်ခွက်ထဲမှာ ထည့်ပေးခြင်း ခံရပါတယ်။
လင်းဟာန်ကလည်း ဆယ်ယောက်ထဲက တစ်ယောက်အဖြစ်
အရွေးချယ် ခံရပါတယ်။ တကယ်လို့ သူက
ထိပ်ဆုံးဆယ်ယောက်ထဲဝင်ဖို့ အရည်အချင်း
မပြည့်မီဘူးဆိုရင် ဘယ်သူကများ အရည်အချင်း
ပြည့်မီနိုင်ဦးမှာလဲ။

မိုးရေကေရာဇ်လည်း ထိပ်ဆုံးဆယ်ယောက်ထဲက
တစ်ယောက်အဖြစ် ရွေးချယ်ဂုဏ်ပြု ခံရပါတယ်။
ဒါပေမဲ့လည်း တင်းပင်းကတော့ ဂုဏ်ပြုမခံရပါဘူး။ သူက
လန်လိမ်ကို ရှုံးနိမ့်သွားပြီး ဘာကြောင့်ဆိုတာကို
လစ်လျူရှုပြီးတော့ အရှုံးက အရှုံးပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ်
အဲဒါက သူ့ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို
ထိခိုက်ပျက်စီးစေမှာ မဟုတ်ပါဘူး။

ဟဲထောင်က လင်းဟာန်ဆီကို လျှောက်လာပြီးတော့

Edit with WPS Office

ပြောလိုက်တယ်။

"အစ်ကိုဟာန် မင်းရော ရှေးဟောင်းကုန်းမြေ တစ်ခုကို စူးစမ်းလေ့လာဖို့ စိတ်ဝင်စားလား"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဘယ်လိုမျိုး ရှေးဟောင်းကုန်းမြေများ ဖြစ်နိုင်မလဲ"

"အဲဒါက ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုန်းက ဂိုဏ်းကြီးတစ်ဂိုဏ်းရဲ့ တည်နေရာနဲ့ တူတယ်။ ဂိုဏ်းကတော့ ဖျက်ဆီးခံလိုက်ရတဲ့ ပုံစံမျိုး ဆိုပေမဲ့ အဲဒီနေရာမှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ အများကြီး ကျန်ရစ်နေသေးတယ်"

ဟဲထောင်က လေးနက်တဲ့ အမူအရာတစ်ခုနဲ့ ပြောလိုက်တယ်။ သူက သတင်းတချို့ကို မပြောပဲ ထားမယ်ဆိုရင် လင်းဟာန်ကို သိမ်းသွင်းစည်းရုံးနိုင်မှာ မဟုတ်ဘူးဆိုတာကို သိထားပါတယ်။

"အစ်ကိုဟဲက အစွမ်းထက်တဲ့ လူတစ်ယောက်ပဲလေ။ ကျနော့်ကို ဖိတ်ခေါ်ဖို့ လိုလို့လား"

လင်းဟာန်က ပြောလိုက်တယ်။

Edit with WPS Office

ဟဲထောင်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အဲဒီမှာ ရတနာ သိုလှောင်ခန်းတစ်ခု ရှိတယ်။ ပြီးတော့ လူခုနစ်ယောက်ရဲ့ စွမ်းအားကို ပူးပေါင်းမှ ဖွင့်လို့ရနိုင်တယ်။ နောက်ပြီးတော့ အဲဒီလူ ခုနစ်ယောက်စလုံးကလည်း တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်မှာ ရှိရမယ်"

လင်းဟာန်က ဒီအကြောင်းကို ကြားလိုက်ရတော့ အံ့အားသင့်သွားခဲ့ပါတယ်။

ရတနာပစ္စည်း သိုလှောင်ခန်း တစ်ခုကို ဖွင့်ဖို့အတွက် ဒီလိုမျိုး မြင့်မားတဲ့ အချက်တစ်ခု ရှိရမှာလား။

ဒီရှေးဟောင်းဂိုဏ်းက အရမ်းကို အထင်ကြီးစရာကောင်းခဲ့ပါလိမ့်မယ်။ အံ့ဖွယ်ကောင်းကင် ဂိုဏ်းမှာ အနီးအနားမှာရှိတဲ့ ဂြိုလ်ကြီးပေါင်း တစ်ရာကျော်က အတောက်ပဆုံး ပါရမီရှင်တွေ အားလုံး စုစည်းနေတာပါ။ တပည့်တွေထဲက မျိုးဆက်သစ် လူခုနစ်ယောက်ပဲ ငါးခုမြောက် တောင်မြစ်ကို အောင်အောင်မြင်မြင်နဲ့ ဖြစ်ပေါ်နိုင်ခဲ့ပါတယ်။

Edit with WPS Office

"ကြည့်ရတာ ကျနော်သွားနိုင်မယ်ထင်တယ်"

လင်းဟန်က စိတ်ဝင်စားလာပြီးတော့ မေးလိုက်တယ်။

"ဘယ်အချိန် ခရီးထွက်ကြမလဲ"

သူက ရှေးဟောင်းကုန်းမြေ ဘယ်နားမှာ
ရှိတယ်ဆိုတာကိုတောင် မမေးခဲ့ပါဘူး။ အဲဒီလိုမေးတာက
မရိုးမသားနဲ့ မယုံကြည်သလို ဖြစ်သွားပါလိမ့်မယ်။

ဟဲထောင်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့
ပြောလိုက်တယ်။

"အလျင်မလိုပါနဲ့။ အဲဒီရှေးဟောင်းကုန်းမြေကို ငါတို့ဂိုဏ်းက
ထိန်းချုပ်ထားတယ်။ ဒါကြောင့် အဲဒါက
နှစ်ပေါင်းတစ်ရာပြည့်တိုင်း တစ်ကြိမ်ပွင့်တဲ့
လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုပဲ။ ဒါပေမဲ့လည်း
နောက်တစ်ကြိမ် ပြန်ပွင့်ဖို့အချိန် နီးလာပြီ။ ငါတို့တွေ
နောက်နှစ်ဝက်အချိန်လောက်ဆို ခရီးထွက်လို့
ရလောက်ပါပြီ"

တန်ခိုးရှင်တွေ အတွက်တော့ နှစ်ဝက်ဆိုတာက အရမ်းကို

Edit with WPS Office

တိုတောင်းလွန်းတဲ့ အချိန်တစ်ခု ဖြစ်ပါတယ်။

"ဂိုဏ်းက အဲဒီရတနာ သိုလှောင်ခန်းကို ဖွင့်ချင်နေတာ အရမ်းကို ကြာနေပြီ။ အဲဒီမှာရှိတဲ့ တားမြစ်လိုအပ်ချက်ကို ဖွင့်နိုင်တဲ့သူက အထဲကို ဝင်နိုင်တယ်။ တိတိကျကျ ပြောရမယ်ဆိုရင် တောင်မြစ်အဆင့်ပဲ ဖြစ်ရမယ်။ ဒါပေမဲ့လည်း အရင်က တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်မှာ ငါတို့ခြောက်ယောက်ပဲ ရှိခဲ့တယ်။ ဒါကြောင့် အဲဒီရတနာ သိုလှောင်ခန်း ဖွင့်တဲ့ အချိန်တိုင်း ငါတို့တွေ စိတ်ပျက်ရုံပဲ တတ်နိုင်ခဲ့တယ်"

"တကယ်လို့ အဲဒီရတနာ သိုလှောင်ခန်း အတွက်ကြောင့်သာ မဟုတ်ဘူးဆိုရင် ရှမ်ကျူအာ၊ ရှီအန်ဂိုနဲ့ ပူဂမ်ထောင်တို့အားလုံး နေလအဆင့်ကို လွန်ခဲ့တဲ့ ဆယ်စုနှစ်တော်တော်များများက ချိုးဖျက်ဝင်ရောက် ပြီးလောက်ပြီ။ ဒါပေမဲ့လည်း တစ်နေ့မှာ ဒီရတနာ သိုလှောင်ခန်းကို ဖွင့်နိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကို ဆုပ်ကိုင်ထားတာကြောင့် သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ထိန်းချုပ်ထားခဲ့တယ်။ ဒီရတနာ သိုလှောင်ခန်းကို

Edit with WPS Office

လေ့လာစူးစမ်းပြီးမှ သူတို့တွေက နေလအဆင့်ကို ချိုးဖျက်ဂင်ရောက်ဖို့ စီစဉ်ထားကြတယ်”

“ဟားဟား မိုးကောင်းကင်က ယောက်ျားတွေရဲ့ တပ်မက်မှုကို သယ်ဆောင်လာပေးတာပဲ။ အခု အစ်ကိုဟန်လည်း ပါလာပြီဆိုတော့ ကြီးမားတဲ့ အခွင့်အရေးတစ်ခု ရှိလာပြီးတော့ နောက်ဆုံးမှာ အဲဒီရတနာ သိုလှောင်ခန်းကို ဖွင့်နိုင်စွမ်းရှိလိမ့်မယ်”

လင်းဟန်က အံ့အားသင့်ပြီးတော့ ပြောလိုက်တယ်။

“ဒါဆိုရင် မင်းပြောတဲ့ ရှမ်ကျူအာ၊ ရှီအန်ဂိုနဲ့ ပူဂမ်ထောင်တို့ အားလုံးက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်တစ်ခုကို ရောက်နေပြီပေါ့”

သောက်ကျိုးနည်း။

သူတို့က ကြယ်ဆယ်ပွင့်ကို ကျော်လွန်တဲ့ စွမ်းအားတစ်ခု ပိုင်ဆိုင်ထားကြပါပြီ။ နောက်တစ်နည်း ပြောရမယ်ဆိုရင် သူတို့ရဲ့ စွမ်းအားက နေလအဆင့်ရဲ့ ကနဦး အစောပိုင်းအဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေနဲ့ ယှဉ်လို့ရနေပါပြီ။

Edit with WPS Office

ဟဲထောင်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"အမှန်ပဲ။ အဲဒီသုံးယောက်က တောင်မြစ်အဆင့်ကို ပြီးပြည့်စုံနေပြီ။ ခွန်ပိုင်ရှမ်းက သူ့ရဲ့ ငါးခုမြောက် တောင်မြစ်ကို လွန်ခဲ့တဲ့ ဆယ်စုနှစ် တော်တော်များများက ဖြစ်ပေါ်ထားခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ တောင်မြစ်အဆင့်က ပြီးပြည့်စုံနေလား ဆိုတာကိုတော့ ငါလည်း မသေချာဘူး"

ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ပြီးတဲ့နောက်မှာ လူတစ်ယောက်ရဲ့ စွမ်းအားက ကြယ်ခုနစ်ပွင့်ကို ကျော်လွန်သွား ပါလိမ့်မယ်။ ငါးခုမြောက် တောင်ကို ပြီးပြည့်စုံခြင်း အခြေအနေ တစ်ခုထိ ကျင့်ကြံအားထုတ်ပြီးရင် လူတစ်ယောက်ရဲ့ စွမ်းအားက ကြယ်ရှစ်ပွင့်ကို ကျော်လွန်သွား ပါလိမ့်မယ်။ ပြီးတော့ ငါးခုမြောက် မြစ်တစ်ခုကို ဖြစ်ပေါ်ပြီးတဲ့နောက်မှာ လူတစ်ယောက်ရဲ့ စွမ်းအားက ကြယ်ကိုးပွင့်ကို ကျော်ဖြတ်သွားပါလိမ့်မယ်။

လင်းဟန်က အရမ်းကို သိချင်စိတ် ပြင်းပြပြီးတော့ မေးလိုက်ပါတယ်။

Edit with WPS Office

"အစ်ကိုဟဲကျတော့ရော"

"ဟီးဟီး"

ဟဲထောင်ရဲ့ မျက်နှာပေါ်မှာ အပြုံးတစ်ခု ဖြစ်ပေါ်လာပြီး သူက တဒင်္ဂလောက် တန့်ပြီးတော့မှ ပြောလိုက်တယ်။

"ငါက သူတို့လေးယောက်ထက် နည်းနည်း နောက်ကျတယ်။ ငါ့ရဲ့ ငါးခုမြောက်မြစ်ကို လွှန်ခဲ့တဲ့ ရက်အနည်းငယ်ကမှ ဖြစ်ပေါ်ထားခဲ့တယ်"

သောက်ကျိုးနည်း။

သူ့ရဲ့ စွမ်းအားက ကြယ်ကိုးပွင့်ကို ကျော်လွန်နေပြီပေါ့။

တခြားဘုရင်အဆင့်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် ပုကျဲက အားအနည်းဆုံး ဖြစ်ပါတယ်။ သူ့ရဲ့ ငါးခုမြောက် တောင်က သေချာပေါက် ပြီးပြည့်စုံခြင်း အဆင့်တစ်ခုကို မရောက်သေးပါဘူး။ အဲဒီလိုမှ မဟုတ်ရင် သူ့ရဲ့ စွမ်းအားက လင်းဟန် အပေါ်မှာ နည်းနည်းလောက် မြင့်မားတာမျိုး မဟုတ်ပဲ လုံးဝကို လွှမ်းမိုးနိုင်စွမ်း ရှိပါလိမ့်မယ်။

ဘုရင်အဆင့်တွေက ထင်ထားတဲ့အတိုင်း အရမ်းကို

Edit with WPS Office

အစွမ်းထက်တာပဲ။

လင်းဟန်က အစကတည်းက ဘုရင်အဆင့်
ခြောက်ယောက်ကို လျော့မတွက်ပုံပါဘူး။ အခု သူက
ဟဲထောင်ရဲ့ မိတ်ဆက်ပေးမှုကို ကြားပြီးတဲ့ နောက်မှာတော့
သူတို့ကို ပိုပြီးတော့တောင် အလေးထားမိပါတယ်။ ဒါပေမဲ့
အဲဒါက သူတို့ကို ကြောက်ရွံ့တာမျိုး ဒါမှမဟုတ်
ရှိသေကိုင်းရှိုင်းတာမျိုးတော့ မဟုတ်ပါဘူး။ တကယ်တော့
သူ့မှာလည်း သူ့ကိုယ်ပိုင် ဂုဏ်ဖဲတွေ ရှိပါတယ်။ ဒါကြောင့်
သူ့အတွက် အရမ်းကို သတိထားရတာမျိုး ဒါမှမဟုတ်
ကြောက်ရွံ့နေရတာမျိုး မလိုအပ်ပါဘူး။

အားလုံးက လက်ဘက်ရည် ဆက်လက်သောက်သုံးပြီး
တာအိုကို ဆွေးနွေးနေကြပါတယ်။

ဒါက ရေကောင်းကောင်းနဲ့ ချက်ထားတဲ့
လက်ဘက်ရည်ကောင်း ဖြစ်ပြီးတော့ အားလုံးကို
မဟာတာအိုထဲ နစ်မျောသွားစေပါတယ်။

အားလုံးရဲ့ ခန္ဓာကိုယ်ကနေ ဒီအခိုက်အတန့်မှာ နတ်ဘုရား

Edit with WPS Office

အလင်းတွေ စတင်ထုတ်လွှတ် လာသလိုမျိုး သဘာဝ အရှိန်အဂါတစ်ခု ရှိနေပါတယ်။ မဟာတာအိုရဲ့ စည်းမျဉ်းဥပဒေတွေတောင် မြင်တွေ့နိုင်ပြီး ဒါက တည်ငြိမ်အေးချမ်း လက်ဘက်ရည်ရဲ့ အာနိသင် သက်ရောက်မှုတွေ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်လိုမျိုး ချွင်းချက်လည်း ရှိပါတယ်။ သူ့ခန္ဓာကိုယ် အပေါ်မှာ နတ်ဘုရား အလင်းရဲ့ လက္ခဏာ မရှိပါဘူး။

သူလည်း ဘာမှမတတ်နိုင်ပါဘူး။ အရင်တုန်းက ပြန်လည်မွေးဖွားခြင်း လက်ဘက်ရည်ကို သောက်ခဲ့တာကြောင့် ဘယ်လိုလုပ် တည်ငြိမ်းအေးချမ်း လက်ဘက်ရည်က အကျိုးသက်ရောက်မှု ဖော်ပြနိုင်မှာလဲ။

လင်းဟာန်ရဲ့ ကိုယ်ပေါ်မှာ နတ်ဘုရားအလင်း မရှိသလို ဟဲထောင်ပေါ်မှာလည်း မရှိပါဘူး။ သူက အရင်က ဒီလက်ဘက်ရည်ကို သောက်ဖူးတာမျိုး ဒါမှမဟုတ် ပိုကောင်းတဲ့ အာနိသင်ရှိ လက်ဘက်ရည်ကိုတောင် သောက်ခဲ့ကောင်း သောက်ခဲ့ပါလိမ့်မယ်။ တည်ငြိမ်အေးချမ်း

Edit with WPS Office

လက်ဘက်ရည်မျိုးက ပထမဆုံးအကြိမ် သောက်သုံးတဲ့ အခါမှာပဲ အကျိုးသက်ရောက်မှု အများဆုံး ဖြစ်ပါတယ်။ တကယ်တော့ သူ့ရဲ့ အကျိုးသက်ရောက်မှုက နောက်ထပ်အကြိမ်တွေ ထပ်သောက်တိုင်း ဆုတ်ယုတ်လာပါလိမ့်မယ်။

သူတို့နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး နှစ်ယောက်လုံး ပြုံးလိုက်မိပါတယ်။ တချိန်တည်းမှာပဲ သူတို့နှစ်ယောက်လုံး တစ်ယောက်ကို တစ်ယောက် ပိုပြီးတော့တောင် အလေးထားလာခဲ့ပါတယ်။

ဂုမ်း။

တောင်ထိပ်ပေါ်ကို ဖျက်ဆီးခြင်း အရှိန်အဟုန် တစ်ခုက ပျံ့လွင့်လာခဲ့ပါတယ်။ ကမ္ဘာမြေကြီးပေါ်ကို မကောင်းဆိုးဝါး နတ်ဘုရားတစ်ပါး ဆင်းသက်လာသလိုမျိုးပါပဲ။ အားလုံးရဲ့ နှလုံးသားထဲမှာ အေးစိမ့်စိမ့် ဖြစ်လာပါတယ်။

ဘယ်သူလဲ။

Edit with WPS Office

အားလုံးက မှင်သက်အံ့ဩ သွားကြပါတယ်။ ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ အရေးကြီးတဲ့ တောင်ထွတ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဘယ်သူကများ သူတို့ရဲ့ အစွမ်းကို ထောင်ထောင် ထောင်ထောင်နဲ့ ထုတ်ဖော်ကြွားဂါနိုင်မှာလဲ။

ဒီအတွေးက သူတို့ရဲ့ စိတ်ထဲမှာ ဖြစ်ပေါ်သွားတဲ့ အချိန်မှာပဲ အဖြူရောင် ဂတ်စုံနဲ့ လူငယ် တစ်ယောက်က သူ့လက်တွေကို အနောက်ဘက်မှာ ပစ်ထားရင်းနဲ့ လျှောက်လာပါတယ်။

သူက အံ့ဩမှင်သက်စရာ ကောင်းလောက်အောင် ခန့်ညားတဲ့ ယောက်ျားတစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အသားအရည်က ကျောက်စိမ်းလို ကြည်လင်တောက်ပပြီး ခန္ဓာကိုယ်က ကျစ်လျစ်ကာ အရပ်အမောင်း မြင့်မားသူ တစ်ယောက် ဖြစ်ပါတယ်။ ဒီလိုမျိုး ယောက်ျား တစ်ယောက်က သူ့အကြည့်တစ်ချက် ပေးကြည့်လိုက်တာနဲ့ မိန်းကလေး ပရိသတ်တွေ တစ်ပုံကြီးရဲ့ အော်ဟစ်အားပေးမှုကို ရရှိပါလိမ့်မယ်။

"အရှင် အရှင်သခင်ယန်"

Edit with WPS Office

လူတော်တော်များများက ချက်ချင်းဆိုသလို အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။ သူတို့တွေက မျိုးစေ့ပါရမီရှင်တွေ ဆိုပေမဲ့ ဒီလူငယ်ကို တွေ့မြင်လိုက်ရတဲ့ အချိန်မှာ သူတို့ရဲ့ မျက်နှာပေါ် ရှိသေလေးစားခြင်းနဲ့ ထိတ်လန့်ကြောက်ရွံ့မှုတွေကို အတိုင်းသား တွေ့မြင်နိုင်ပါတယ်။

ယန်ဟောင်။ ပါရမီရှင်တွေ အကြားက ပါရမီရှင် တစ်ယောက်။ သူက နှစ်ပေါင်းခြောက်ရာပဲ ကျင့်ကြံအားထုတ်ပြီးတဲ့နောက်မှာ နေလအဆင့်ကို ရောက်ခဲ့ပြီး ကျင့်ကြံခြင်း အဆင့်တူထဲက လူတွေနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အခါမှာ အရမ်းကို ပြိုင်ဘက်ကင်းပါတယ်။ တခြားပါရမီရှင်တွေက သူ့ရဲ့ ခြေနင်းတုံးသာသာပါပဲ။ သူတို့တွေက သူ့ရဲ့ အစွမ်းကို မီးမောင်းထိုးပြပေးဖို့ တည်ရှိနေတဲ့ လူတွေသက်သက်လိုပါပဲ။

အခု သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်ထိတောင် ရောက်နေပြီလဲ။ ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့လည်း သူက သေချာပေါက် အကန့်အသတ်မရှိ တိုးတက်နေမယ်

Edit with WPS Office

ဆိုတာကိုတော့ သူတို့တွေ နားလည်သဘောပေါက်ထားကြပါတယ်။

နေလအဆင့်နဲ့ တောင်မြစ်အဆင့်တွေက လုံးဝကို မတူညီတဲ့ အဆင့်တွေ ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်က တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ခဲ့ရင်တောင် သူတို့က နေလအဆင့် ကျင့်ကြံသူတွေထဲက အားအနည်းဆုံး လူတွေကိုပဲ စိန်ခေါ်နိုင်စွမ်း ရှိပါလိမ့်မယ်။

လူတော်တော်များများက မတ်တပ်ထရပ်ကာ ရိုရိုသေသေနဲ့ ဦးညွှန်ပြီး ယန်ပေဟောင်ကို ဂါရဝပြု နှုတ်ဆက်လိုက်ပါတယ်။

"အရှင်သခင်ယန်ကို ဂါရဝပြုပါတယ်"

အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ ကျင့်ကြံခြင်းအဆင့် တစ်ဆင့်ပိုမြင့်တဲ့ သူတွေအားလုံးကို စီနီယာ ဒါမှမဟုတ် ဆရာဆိုတာထက် အရှင်သခင်လို့ ခေါ်ဆိုသုံးနှုန်းကြပါတယ်။

ဟဲထောင်က တိတ်ဆိတ်ငြိမ်သက် နေပါတယ်။ သူက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေပြီး

Edit with WPS Office

နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ ဆိုတာက သူ့လို ပါရမီရှင် တစ်ယောက် အတွက်တော့ အရမ်းကို လွယ်ကူလွန်းပါတယ်။ ဒါကြောင့် သူက ယန်ဟောင်ကို အများကြီး ရှိသေနေစရာ မလိုသလို ကြောက်နေစရာလည်း မလိုပါဘူး။

ဒါပေမဲ့လည်း ကျင့်ကြံခြင်း ကမ္ဘာထဲမှာ ခွန်အားက အရမ်းကို အရေးအကြီးဆုံး စွမ်းရည် ဖြစ်ပါတယ်။ ဒါကြောင့် သေူက နေလအဆင့်ကို အဆင့်မတက်သေးသရွေ့ ယန်ဟောင်ထက် နိမ့်ကျပြီး မာန်စွယ်ချိုးထား ရပါလိမ့်မယ်။ ဒါကြောင့် သူက ယန်ဟောင်ကို အရမ်းကာရော စော်ကားမော်ကား လုပ်လိမ့်မှာ မဟုတ်ပါဘူး။

ယန်ဟောင်ဆီကနေ လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါ တစ်ခု တောက်ပလို့နေပြီး သူ့အကြည့်ကို ခံလိုက်ရတဲ့ လူတိုင်းလူတိုင်း ဒူးတုပ်ခစားရုံပဲ တတ်နိုင်တဲ့ နတ်ဆိုးအရှင်သခင် တစ်ယောက်နဲ့ တူပါတယ်။

သူက တောင်ထိပ်ကို ငေ့ကြည့်ပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

Edit with WPS Office

“လင်းဟန်ဆိုတာ ဘယ်တစ်ယောက်လဲ”

Chapter 1160 end

Edit with WPS Office

အပိုင်း(1161) အဆုံးထိ တိုက်မယ်

မင်းတို့ထဲက ဘယ်သူက ဟာန်လင်းလဲ။

ယန်ပောင်က ဟာန်လင်းအတွက် ရောက်လာတာလား။

လူတော်တော်များများက အခြေအနေနဲ့ ပတ်သက်ပြီး မရှင်းမရှင်း ဖြစ်နေပါတယ်။ သူတို့ တွေးတာက ပုကျဲကို အနိုင်တိုက်ခိုက်နိုင်တာနဲ့ ပတ်သက်ပြီးတော့ ကြားသိရပြီးတဲ့နောက်မှာ ယန်ပောင်က လင်းဟာန်ကို သူ့ဘေးမှာပူးပေါင်းဖို့ လာရောက်ဖိတ်ခေါ်တယ်လို့ပဲ ထင်နေကြပါတယ်။

ဂန်ရှီယွမ်က ကျေနပ်ပီတိ ဖြစ်မှုတွေနဲ့ ပြည့်နေပါတယ်။ နောက်ဆုံးတော့ ယန်ပောင် လှုပ်ရှား လာပါပြီ။

ကျန်းလောင်က လင်းဟာန်ကို ရင်မဆိုင်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ယန်ပောင်မှာ လင်းဟာန်နဲ့ ရင်ဆိုင်ဖို့ ပြဿနာ နည်းနည်း ရှိလိမ့်မှာတဲ့လား။

တကယ်လို့ လင်းဟာန်က ယန်ပောင်နဲ့ ဆန့်ကျင်ဘက်မှာ ရပ်တည်နိုင်တယ်ဆိုရင် သူ့မအနေနဲ့ သူ့ကို ဘယ်တော့မှ

Edit with WPS Office

အပြစ်ကျူးလွန်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား သူ့ကို တွေ့တဲ့ အချိန်တိုင်း ပါးစပ်ကို ပြဲနေအောင် ပြုံးပြပါလိမ့်မယ်။

လင်းဟာန်က ပုန်းကွယ်မနေပဲ မတ်တပ်ထရပ်ကာ ပြောလိုက်တယ်။

"ငါက ဟာန်လင်းပဲ။ ဘာကိစ္စများ ရှိလို့လဲ"

ယန်ဟောင်က သူ့ကို ငေ့ကြည့်လိုက်ပြီးတော့ ပြောလိုက်တယ်။

"ငါမင်းကို ရွေးစရာနှစ်ခုပေးမယ်။ တစ်ခုက ငါ့ကို ဒူးထောက်ပြီးတော့ တောင်းပန်ပါ။ မင်းက ငါ့ရဲ့ နောက်လိုက်တွေထဲက တစ်ယောက်ကို သတ်ပစ်ခဲ့တယ် ဆိုမှတော့ မင်းက အခုကစပြီး ငါ့ရဲ့ နောက်လိုက်အသစ် ဖြစ်လာရမယ်။ ဒုတိယတစ်ခုက ငါမင်းကို တွေ့တဲ့အကြိမ်တိုင်း ဆော်ပစ်မယ်။ ဂိုဏ်းထဲကနေ မင်းထွက်သွားတဲ့အထိ ငါလုပ်မယ်။ အဲဒီအချိန်ကျရင် ငါကိုယ်တိုင်ကိုယ်ကျ မင်းကို သတ်ပစ်ရလိမ့်မယ်"

သောက်ကျိုးနည်း။

Edit with WPS Office

အားလုံးက ဒါကို ကြားလိုက်ရတဲ့ အခါမှာ မှင်သက်အံ့ဩသွား ကြပါတယ်။ အစတုန်းကတော့ သူတို့တွေ ထင်ထားတာက လင်းဟန်ရဲ့ ခေါင်းပေါ်မှာ အဆုံးအစမရှိ တောက်ပတဲ့ အနာဂတ် ရှိနေပြီး သူ့အတွက် အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ အစွမ်းထက်ဆုံး တပည့်ဖြစ်လာဖို့ အခွင့်အရေး တစ်ခုတောင် ရှိနေတယ်လို့ တွေးထားကြပါတယ်။ ဒါပေမဲ့လည်း အားလုံးက မျက်စိတစ်မှိတ် အတွင်းမှာ ပြောင်းလဲသွားခဲ့ပါတယ်။

သူက ယန်ဟောင်ကို အပြစ်ပြုမိ ခဲ့ပါတယ်။

ယန်ဟောင်ရဲ့ စကားတွေကို နားထောင်ကြည့်ရုံနဲ့ သူ့ကို အညှဉ်းခံရမဲ့အပြင် သူ့ရဲ့ နောက်လိုက် ခွေးဖြစ်လာမလား ဒါမှမဟုတ် နှစ်ပေါင်းများစွာ အရှက်ခွဲ ခံပြီးတော့ ဂိုဏ်းကနေ ထွက်တဲ့ အခါ အသတ်ခံမလား။

ယန်ဟောင်က ပေါ့ပေါ့ပါးပါး ဟန်ပန်အမူအရာနဲ့ ပြောလိုက်တယ် ဆိုပေမဲ့ လင်းဟန် ဂိုဏ်းထဲက ထွက်တာနဲ့ သူက သတ်ပစ်ပါလိမ့်မယ်။ ဒီလိုခြိမ်းခြောက်မှုက ဂိုဏ်းရဲ့ စည်းမျဉ်းစည်းကမ်းကို မဆန့်ကျင်ပါဘူး။ လင်းဟန်က

Edit with WPS Office

ဂိုဏ်းရဲ့ မြေပြင်ကနေ အပြင်ဘက်ကို ခြေချလိုက်တာနဲ့ လင်းဟာန်ကို သူက လှုပ်ရှားရပါလိမ့်မယ်။

လင်းဟာန်မှာ အနာဂတ်တစ်ခု ရှိနေသေးရဲ့လား။

"မင်းဘာကို ရွေးမလဲ"

ယန်ဟောင်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းဘာကို ရွေးချယ်မလဲ"

ယန်ဟောင်က တည်ငြိမ်စွာနဲ့ မေးလိုက်တယ်။

လင်းဟာန်က ခေါင်းခါပြီးတော့ ပြောလိုက်တယ်။

"ငါစိတ်မကောင်းပါဘူး။ ဒါပေမဲ့ နှစ်ခုလုံး မကြိုက်ဘူး"

"မင်းကြိုက်တာ မကြိုက်တာ အရေးမပါဘူး။ အရေးကြီးတာက ငါမင်းကို အခွင့်ရေးနှစ်ခုပေးတယ်။ မင်းဘယ်ဟာကို ရွေးမလဲ"

ယန်ဟောင်က ဗိုလ်ကျတဲ့ ဟန်ပန်အမူအရာ တစ်ခုနဲ့ ပြောလိုက်တယ်။

Edit with WPS Office

သူက တကယ့်ကို ဒီလိုမျိုး မာနကြီးတဲ့ ဟန်ပန်အမူအရာမျိုးနဲ့ ပြောဆိုတာ သင့်တော်ပါတယ်။

"ဟဲဟဲ ငါ တတိယမြောက် ရွေးချယ်စရာကို ရွေးလိုက်မယ်။ ငါမင်းကို လျစ်လျူရှုလိုက်မယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါနေလအဆင့်ကို တက်ပြီးတဲ့ အချိန်ကျရင် မင်းနဲ့ ကျင့်ကြံခြင်းအဆင့် တူတူကို ရောက်သွားလိမ့်မယ်။ အဲဒီအချိန်ကျရင် ဒီရွေးချယ်ခွင့်ကို မင်းအတွက် ပြန်လုပ်ပေးမယ်"

တခြားသူတွေအားလုံးက သွေးအန်လုမတတ် ဖြစ်သွားကြပါတယ်။

ယန်ပောင်ကို အပြစ်ပြုမိတာ မလုံလောက်သေးလို့ အနာဂတ်မှာတောင် သူ့ကို စော်ကားမဲ့ ပုံစံမျိုးကို လင်းဟန်က တကယ်ပဲ ကြေညာလိုက်ပါတယ်။

အဲဒီအချိန် လင်းဟန်ကတော့ ဘာကိုဖြစ်မသွားပါဘူး။ သူက ဘာများတတ်နိုင်ဦးမှာလဲ။ ခခယယ မျက်နှာလို မျက်နှာရ

Edit with WPS Office

လုပ်ပြီးတော့ ယန်ဟောင်က သူ့ကို လွှတ်ပေးခိုင်းရမှာလား။ မဖြစ်နိုင်တာ။ ယန်ဟောင်က ခေါင်းမာတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ ကမ္ဘာကြီးထဲက လူတွေအားလုံး သူ့ကို အညံ့ခံသင့်တယ်လို့ ယုံကြည်နေသူ တစ်ယောက် ဖြစ်ပါတယ်။ သူ့စကားတွေကို သူက အရမ်းကို အလွယ်တကူနဲ့ ပြန်ရုပ်သိမ်းနိုင်မှာလဲ။

ဒီလိုဆိုမှတော့ ဘာဖြစ်လို့ လင်းဟာန်က သူ့ကို ရှိသေလေးစားမှု ဖော်ပြရမှာလဲ။

ယန်ဟောင်က အေးစက်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းက အတော်လေး ခေါင်းမာတဲ့ လူတစ်ယောက်ပဲ။ ဒါပေမဲ့လည်း ငါ့မှာ တခြားနည်းလမ်း နည်းနည်းမှ ရှိလိမ့်မှာ မဟုတ်ဘူး"

သူက လင်းဟာန်ဆီကို လက်တစ်ဖက် ဆန့်ထုတ်လိုက်ပါတယ်။

ဂှမ်း။

Edit with WPS Office

နတ်ဘုရား သင်္ကေတတွေ စုစည်းလာပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးက သူတို့ရဲ့ ဂုဏ်ရောင် ထွန်းပြောင်မှုတွေ ချက်ချင်းပဲ ဆုံးရှုံးသွားခဲ့ပါတယ်။ မိုးကောင်းကင်က တစ်စစီ ပြိုလဲတော့မဲ့ အတိုင်းပါပဲ။

အစွမ်းထက်တယ်။ မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်တယ်။

သူ့ရဲ့ လွှမ်းမိုးနိုင်တဲ့ ခွန်အား အရှေ့မှာ ဘုရင်အဆင့်လို့ခေါ်တဲ့ လူခြောက်ယောက်ကို ကြည့်ရတာ ဟာသတစ်ခုထက် မပိုပါဘူး။

သူက တကယ်စစ်မှန်တဲ့ ဘုရင်ပါ။ ပြိုင်ဘက်ကင်း ဘုရင်တစ်ပါး ဖြစ်ပါတယ်။

လင်းဟန်ရဲ့ အမူအရာက တင်းမာခက်ထန်လာပြီး ပြောလိုက်တယ်။

"မင်းက နေလအဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်ပြီးတော့ ဂိုဏ်းအတွင်းမှာ ငါ့ကို တိုက်ခိုက်တယ်ပေါ့ ဟုတ်လား"

Edit with WPS Office

"အဲဒီတော့ ဘာဖြစ်လဲ"

ယန်ဟောင်က လင်းဟာန်ရဲ့ စကားတွေကို ခေါင်းထဲတောင် မထည့်ပဲ သူ့လက်ဂါးနဲ့ လင်းဟာန်ဆီကို ရိုက်ပုတ်လိုက်ပါတယ်။

ဘုန်း။

သူက ဖိနှိပ်တဲ့ လှုပ်ရှားမှု တစ်ခုကို လုပ်ပြီးတော့ ရောမ မူလစွမ်းအင် လက်ဂါးတစ်ဖက်က လေထဲမှာ ဖြစ်ပေါ်လာပြီး လင်းဟာန်ပေါ်ကို ဖိချလိုက်ပါတယ်။

ဒီတိုက်ခိုက်မှုက ထူးဆန်းတာမျိုး မရှိသလို လျှို့ဝှက်ဆန်းကြယ် နည်းစနစ် နည်းနည်းလေးမှ အသုံးမပြုထားပါဘူး။ သူက သူ့လက်နဲ့ ဖိနှိပ်တဲ့ လှုပ်ရှားမှုမျိုး တစ်ခုကိုပဲ လုပ်လိုက်တာပါ။ ဒါပေမဲ့လည်း ဒီတိုက်ခိုက်မှုရဲ့ ခွန်အားက မချိမဆံ့ များပြားပြီး ဟဲထောင်ရဲ့ အမူအရာတောင် စိုးရိမ်ပူပန်တဲ့ ပုံစံမျိုး ဖြစ်လာပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှု တစ်ခုကို သူ့အနေနဲ့ ကာကွယ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်။

Edit with WPS Office

တောင်မြစ်အဆင့်နဲ့ နေလအဆင့် အကြားမှာ လူတစ်ယောက်ဟာ ကြယ်ဆယ်ပွင့် စွမ်းအား တစ်ခုကို မရောက်သေးသရွေ့တော့ တိုင်းတာလို့ မရနိုင်တဲ့ ကွာဟချက် တစ်ခု ရှိပါတယ်။ ဒါတောင်မှ သူတို့က နေလအဆင့် လက်ရွေးစင်တွေရဲ့ အားအနည်းဆုံး လူတွေကိုပဲ စိန်ခေါ်နိုင်စွမ်း ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း ယန်ဟောင်ဆိုတာ ဘယ်သူလဲ။

တကယ်လို့ သူက နေလအဆင့်ကို အဆင့်တက်ကာစ လူတစ်ယောက် ဆိုရင်တောင် ဘာဖြစ်လဲ။ သူက အစကတည်းက ထိပ်တန်းပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ထက် အဓိက အဆင့်တစ်ခု နိမ့်ကျတဲ့ လူတစ်ယောက်က သူ့ကို စိန်ခေါ်နိုင်ဖို့ ဆိုတာက ဘယ်လိုလုပ် အိပ်မက်မက်နိုင်မှာလဲ။

လင်းဟန်က ဘယ်လောက်ပဲ ထူးကဲတဲ့ လူဖြစ်နေပါစေ သူ့အတွက် ပြိုင်ဘက် ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ယန်ဟောင်က သူ့ကို အမြစ်ဖျက်

Edit with WPS Office

ချေမှုန်းချင်နေတာလား။

မဖြစ်နိုင်ဘူး။

လင်းဟာန်က သူ့ရဲ့ ခြင်္သေ့တံဆိပ်ကို ထုတ်ယူလိုက်ပါတယ်။ စွေ့ရန်ယွီက သူ့ကို ခြင်္သေ့ တံဆိပ်နဲ့ ဂရုဖိန် တံဆိပ်ကို ပြန်ပေးထားပါတယ်။

ဟမ်း။

လင်းဟာန်ရဲ့ စွမ်းအားက ချက်ချင်းဆိုသလို နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ထိုးတက်သွား ခဲ့ပါတယ်။

ဒါပေမဲ့လည်း နတ်ဘုရား တံဆိပ်တော် တစ်ခုဆို နတ်ဘုရား တံဆိပ်တော် တစ်ခုပါပဲ။ ဒါကြောင့် ဒီအထွတ်အထိပ် အဆင့်ဆိုတာက နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မျှပဲ ဖြစ်ပြီးတော့ နေလအဆင့် အထွတ်အထိပ် မဟုတ်ပါဘူး။

ထန်။

လင်းဟာန်က လက်သီးထိုးတဲ့ အမူအရာတစ်ခု လုပ်လိုက်ပြီး ရောမ မီးတောက်လက်သီး တစ်ခုက မိုးကောင်းကင်ပေါ်

Edit with WPS Office

ထိုးတက်ကာ သူ့ဆီကို ဆင်းသက်လာတဲ့ ရောမ မူလစွမ်းအင် လက်သီးနဲ့ တွေ့ဆုံသွားပါတယ်။

ဘုန်း။

ရောမ လက်ကြီးက ပြိုကွဲသွားပြီး မီးတောက်လက်သီးက မိုးကောင်းကင်ပေါ်ကို ဆက်လက် ထိုးတက်လာခဲ့ပြီး မှင်သက်အံ့ဩဖွယ်ရာ အရိုန်အဟုန်တစ်ခု ထုတ်လွှတ်လို့ နေပါတယ်။

"အိုး"

ယန်ဟောင်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ပြီးတော့ သူက ပြောလိုက်တယ်။

"ဘယ်သူထင်မိမှာလဲ။ မင်းမှာ နတ်ဘုရား တံဆိပ်တော် တစ်ခု ရှိနေမယ်ဆိုတာကို။ ဒါပေမဲ့ အဲဒါက မင်းရဲ့ စွမ်းအားကို နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ထိပဲ တိုးမြှင့်ပေးနိုင်လိမ့်မယ်။ ဟင့် မင်းက ငါ့ကို ဒီလိုမျိုး ဘာမဟုတ်တဲ့ စွမ်းအားနဲ့ စိန်ခေါ်ချင်တာလား"

သူက အရှေ့ကို တိုးလာပြီး ချက်ချင်းဆိုသလို

Edit with WPS Office

သူ့ခန္ဓာကိုယ်ကနေ ဖျက်ဆီးခြင်း စွမ်းအားတစ်ခု စိမ့်ထွက်လာပြီး နတ်ဘုရား သင်္ကေတ အကွက်တွေ ရောယှက်နေတဲ့ အလင်းရောင်လုံးတစ်ခု အဖြစ်ကို ပြောင်းသွားပါတယ်။

“ငါက လွန်ခဲ့တဲ့ ဆယ့်နှစ်နှစ်ကတည်းက နေလအဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်ကို ရောက်နေခဲ့ပြီးသား”

သူက ဂုဏ်ယူဂုဏ်ဝင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ တခြားသူတွေက မှုးမေ့လဲကျမလို ဖြစ်ကုန်ပါတယ်။ ဒါက ဘယ်လောက်တောင် လျင်မြန်လွန်းတဲ့ ကျင့်ကြံခြင်း အမြန်နှုန်းလဲ။ သူက သူတို့ကို ထိတ်လန့်ပြီး သေအောင်လို့ လုပ်နေတာလား။

သူက နံပါတ်တစ် ပါရမီရှင်ပါ။ သူက သေချာပေါက် အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ သမိုင်းတစ်လျှောက် နံပါတ်တစ် ပါရမီရှင်ပဲ။ သူကျင့်ကြံအားထုတ်တာ နှစ်ပေါင်းတစ်ထောင် မပြည့်သေးပါဘူး။ သူက စကြဝဠာ ဖျက်ဆီးခြင်း

Edit with WPS Office

အဆင့်ကနေ နေလအဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်ကို ထိုးတက်သွားခဲ့ပါပြီ။

ဒါတင်မက သူက အဆင့်တိုင်းကို အစစ်အမှန် ပြီးပြည့်စုံခြင်း အခြေအနေ တစ်ခုအထိတောင် ကျင့်ကြံအားထုတ် ထားပါတယ်။

သူ့ရဲ့ ပါရမီကို ပါရမီရှင်ဆိုတဲ့ စကားလုံးနဲ့တောင် ဖော်ပြဖို့ မလုံလောက်ပါဘူး။

လင်းဟန်ရဲ့ နှလုံးသားထဲမှာ အနည်းငယ် စိုးရိမ်ပူပန်တဲ့ အာရုံတစ်ခုနဲ့ တင်းကျပ်လာပါတယ်။ သူ့ရဲ့ စွမ်းအားကို နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ထိ တိုးမြှင့်ထားတယ် ဆိုပေမဲ့ ကျင့်ကြံခြင်း အဆင့်ပိုမြင့်မြင့်မှာ အချိန်အကြာကြီး စိန်ခေါ်နိုင်တဲ့ စွမ်းရည်မျိုး ပိုင်ဆိုင်ထားတယ်လို့ မဆိုလိုပါဘူး။ နောက်ပြီးတော့ ယန်ဟောင်ဆိုတာ ဘယ်လိုလူစားလဲ။ သူက ကြယ်ဆယ်ပွင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်မှာ ကြယ်ဆယ့်ပွင့် စွမ်းအား တစ်ခုကို ပေါင်းထည့်လိုက်မယ်ဆိုရင် လက်ရှိ နေလအဆင့်ရဲ့

Edit with WPS Office

ပြင်းထန် အဆင့်မြင့်ကနေ.....။

တကယ်လို့ သူက ပြင်းထန်အဆင့်မြင့်ရဲ့ ကနဦး အဆင့်မှာပဲ ရှိဦးမယ် ဆိုရင်တောင် သူ့စွမ်းအားက အထွတ်အထိပ် အဆင့်ထက် ကြယ်သုံးပွင့် ကျော်လွန်နေနိုင်ပါသေးတယ်။

ဒီစွမ်းအားက လင်းဟာန်ရဲ့ စွမ်းအားကို လွှမ်းမိုးနိုင်တဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။

အထွတ်အထိပ် အဆင့်ကို ကြယ်သုံးပွင့် ကျော်လွန်တဲ့ စွမ်းအားတစ်ခုလား။ ငါဒါကို ကုစားနိုင်စွမ်း ရှိနိုင်ပါ့မလား။

"သေစမ်း"

ယန်ဟောင်က သူ့လက်ချောင်းတွေနဲ့ တောက်လိုက်ပြီး ချက်ချင်းဆိုသလို အလင်းတန်း တစ်ခုက လင်းဟာန်ဆီကို ပြေးဝင်သွားခဲ့ပါတယ်။

လင်းဟာန်က လက်သီးတစ်ချက်နဲ့ တုံ့ပြန်လိုက်ပါတယ်။

ထန်။

အလင်းတန်းက ဘာမှမကျန်တော့အောင်

Edit with WPS Office

ပျက်သုန်းသွားခဲ့ပါတယ်။

ဟင် ဒီစွမ်းအားကို ကြည့်ရတာ အထွတ်အထိပ် အဆင့်ထက် ကြယ်သုံးပွင့် သာလွန်တဲ့ ပုံစံမျိုးလည်း မဟုတ်ပါလား။

လင်းဟာန်က ပဟေဠိ ဖြစ်သွားခဲ့ပါတယ်။ ယန်ဟောင်ရဲ့ တိုက်ခိုက်မှု စွမ်းအားက သူ့စွမ်းအားနဲ့ လက်ရည်တူလောက်ပဲ ရှိပါတယ်။ အဲဒါက အထွတ်အထိပ် အဆင့်ထက် ကြယ်သုံးပွင့် သာလွန်တဲ့ စွမ်းအားတော့ သေချာပေါက် မဟုတ်ပါဘူး။ သူက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို မရောက်ခဲ့တာများ ဖြစ်နိုင်မလား။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

ယန်ဟောင်က အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ နံပါတ်တစ် ပါရမီရှင်အဖြစ် ဂုဏ်ပြုချီးကျူး ခံရသူ တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို မရောက်ခဲ့ဘူးဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ တကယ်တမ်း ပြောရမယ်ဆိုရင် အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ဆိုတာ သူ့လိုပါရမီရှင်

Edit with WPS Office

တစ်ယောက်အတွက်တော့ အရမ်းကို လွယ်ကူနေ ပါလိမ့်မယ်။

လင်းဟန်က မာန်သွင်းပြီးတော့ လက်ဦးမှု ရယူကာ တိုက်ခိုက်လိုက်ပါတယ်။ သူနဲ့ ယန်ဟောင်က အလျင်အမြန်ပဲ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပွားလာခဲ့ပါတယ်။

ယန်ဟောင်က အသာအယာ နာခေါင်းရှုံ့လိုက်ပါတယ်။ သူက သူ့ပြိုင်ဘက်ကို လျှော့မတွက်ပံ့ ခဲ့ပါဘူး။

တိုက်ကွက်တော်တော်များများ ဖလှယ်လို့ အပြီးမှာ လင်းဟန်က သူ့ရဲ့ စွမ်းအားဟာ ယန်ဟောင်ထက် အားမနည်းဘူး ဆိုတာ သေချာခသွားခဲ့ပါတယ်။ တိတိကျကျ ပြောရမယ် ဆိုရင် သူတို့ရဲ့ စွမ်းအားတွေက အခြေခံအားဖြင့် တူညီတဲ့ အဆင့်မှာ ရှိပါတယ်။ သူက ပိုပိုပြီးတော့ ပဟောဋ္ဌိ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ သူက မနေနိုင်ပဲ သူ့စိတ်နဲ့ အနက်ရောင် မျှော်စင်ကို ဆက်သွယ်ပြီး လေလွင့်သူတော်စင်ဆီက အဖြေတွေရဖို့ မေးမြန်းလိုက်ပါတယ်။

Edit with WPS Office

"ဘယ်လောက်တောင် တုံးလိုက်တဲ့ ကောင်လေးလဲ"

လေလွင့်သူတော်စင်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ မင်းက တောင်မြစ်အဆင့်မှာ ကြယ်ဆယ်ပွင့် စွမ်းအားတစ်ခုကို ရရှိခဲ့မယ် ဆိုရင်တောင် နေလအဆင့်ရဲ့ အဆင့်နိမ့် အဆင့်တွေကို အဆင့်တက်ပြီးတဲ့ နောက်မှာ ကြယ်ဆယ်ပွင့် တိုက်ပွဲစွမ်းအား တစ်ခုကို ထိန်းသိမ်းထားနိုင်ဦးမယ်လို့ ထင်နေတာလား။ မင်းတွေးသလို တွေးကြည့်မယ်ဆိုရင် ကြယ်ဆယ်ပွင့် စွမ်းအားတောင် မဟုတ်ဘူး။ ဆယ့်တစ်ပွင့် ဆယ့်နှစ်ပွင့် ဒါမှမဟုတ် အဲဒီထက်ပိုများတဲ့ ကြယ်ပွင့်အရေအတွက် စွမ်းအားတစ်ခုအထိ ရောက်နိုင်ချေ ရှိလိမ့်မယ် မဟုတ်လား"

ဟုတ်သားပဲ။ ဒါမှန်တယ်။

လင်းဟန်က နားလည်သွားပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် နေလအဆင့်ကို သူတို့တွေ အဆင့်တက်ပြီးတဲ့ နောက်မှာ လူတစ်ယောက် ကျော်လွန်နိုင်တဲ့ ကြယ်အရေအတွက်က လျော့ကျသွားမယ်လို့ ပြောတာလား။

Edit with WPS Office

"အဲဒီလို ဆုတ်ယုတ်တာတော့ မဟုတ်ဘူး"

လေလွင့်သူတော်စင်က ရှင်းပြလိုက်ပါတယ်။

"နေလအဆင့်ရဲ့ စွမ်းအားက တောင်မြစ်အဆင့်ထက် အများကြီး ပိုမြင့်တယ်။ ဒါကြောင့် တောင်မြစ်အဆင့်ရဲ့ ကြယ်ဆယ်ပွင့် စွမ်းအားတစ်ခုက နေလအဆင့်ရဲ့ ကနဦး အဆင့်က အစောပိုင်း အဆင့်မှာရှိတဲ့ စွမ်းအားနဲ့ပဲ ယှဉ်လို့ ရနိုင်မယ်။ နေလအဆင့်ရဲ့ ပထမ အဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာ ကြယ်ဆယ်ပွင့်ကို ကျော်လွန်တဲ့ အဲဒီစွမ်းအားက ကြယ်ခြောက်ပွင့်ကို ကျော်လွန်နိုင်တဲ့ စွမ်းအားတစ်ခု ဖြစ်သွားလိမ့်မယ်။ အဲဒါက စကြဝဠာ ဖျက်ဆီးခြင်း အဆင့်မှာရှိတဲ့ ကြယ်နှစ်ဆယ်လုံး စွမ်းအားတစ်ခုကို မင်းဘယ်လို ရောက်လာခဲ့လဲ ဆိုတာနဲ့ တူညီတယ်။ အဲဒီကြယ်နှစ်ဆယ် စွမ်းအားကို တောင်မြစ်အဆင့်ကို အဆင့်တက်ပြီးတဲ့ နောက်မှာ မင်းဆက်ပြီးတော့ ထိန်းထားနိုင်စွမ်း ရှိလို့လား"

နောက်ဆုံးတော့ လင်းဟန်က နားလည်သွားခဲ့ပါပြီ။

ဒီအတွက် အဓိက အကြောင်းပြချက်က တန်ခိုးရှင်

Edit with WPS Office

အဆင့်တွေရဲ့ အဓိက အဆင့်တိုင်းရဲ့ အကြားမှာ တည်ရှိတဲ့ စွမ်းအား ကွာဟချက်ကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ နောက်ထပ်အဓိက အဆင့်ကို သူတို့တွေ အဆင့်တက်ပြီးတဲ့ နောက်မှာ လူတစ်ယောက်ရဲ့ ကျော်လွန်နိုင်တဲ့ စွမ်းအား ကြယ်ပွင့် အရေအတွက်က လျော့ကျသွားပါလိမ့်မယ်။

ကြယ်ဆယ်ပွင့်က ခြောက်ပွင့်ထိ လျော့ကျသွားလိမ့်မယ်။ ဒါဆိုရင် ကြယ်ခြောက်ပွင့်က သုံးပွင့် ဒါမှမဟုတ် နှစ်ပွင့်အထိတောင် လျော့ကျသွားပါလိမ့်မယ်။

ကြယ်ငါးပွင့် ပါရမီရှင်တွေတောင် ရှားပါးတယ်ဆိုတာ အံ့သြစရာ မဟုတ်တော့ဘူး။ အခုလိုမျိုးတွေကြောင့် ဒီလိုဖြစ်နေတာပဲ။

Chapter 1161 e nd

အပိုင်း(1162) အားနည်းသူဆီက တန်ပြန်တိုက်ခိုက်မှု

ယန်ဟောင်က ယုံကြည်ချက်တွေနဲ့ ပြည့်နှက်နေပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ စွမ်းအားက ငါနဲ့ လက်ရည်တူ ဆိုပေမဲ့

Edit with WPS Office

အဲဒီစွမ်းအားက တိုက်ပွဲစွမ်းရည်ရဲ့ အစိတ်အပိုင်း တစ်ခုပဲ ဆိုတာကို မင်းသတိပြုရလိမ့်မယ်"

သူ့စကားလုံးတွေက တိတိကျကျတော့ မမှန်နိုင်ပါဘူး။ ခြသေ့်တံဆိပ်က လင်းဟန်ရဲ့ စွမ်းအားကို တိုးမြှင့်ပေးနိုင်ပေမဲ့ သူ့ရဲ့ အမြန်နှုန်း ဒါမှမဟုတ် ခုခံမှုကို မတိုးမြှင့်ပေးနိုင်ပါဘူး။ နောက်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို ဖမ်းဆုပ်နိုင်မှုကလည်း တောင်မြစ် အဆင့်မှာပဲ ရှိနေပါတယ်။

ဒါကြောင့် သူနဲ့ ယန်ဟောင် အကြားမှာ ကြီးမားတဲ့ ကွာဟချက်တစ်ခု ရှိနေဆဲပါပဲ။

စောစောက ယန်ဟောင်ရဲ့ တိုက်ခိုက်မှုက သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုပဲ ဖြစ်ပါတယ်။ သူက နေလအဆင့် စွမ်းအားကို အသုံးပြုခဲ့ပေမဲ့ သက်ဆိုင်ရာ စည်းမျဉ်းဥပဒေ စွမ်းအားကို ချိတ်ဆက်သုံးစွဲခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း သူက ထပ်ပြီးတော့ ထိန်းချုပ်မထားတော့ပဲ အကန့်အသတ်မရှိတဲ့ ခွန်အားတစ်ခုကို ထုတ်ဖော်ပြီး ပတ်ဝန်းကျင်ကို ပျံ့နှံ့သွား စေခဲ့ပါတယ်။

Edit with WPS Office

ကြီးကျယ်ခမ်းနားတဲ့ ကေရာဇ်တစ်ပါး တောင်ထိပ်ပေါ်ကို ဆင်းသက်လာ သလိုမျိုးပါပဲ။

"သူ့ကို ဖိနှိပ်ထိန်းချုပ်လိုက်စမ်း"

ယန်ဟောင်က လက်သီးတစ်ချက် ထိုးလွှတ်လိုက်ပြီး နတ်ဘုရား သင်္ကေတတွေက သူ့လက်ကနေ အရောင်တလက်လက် တောက်ပလာပြီး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးတောင် အလင်းရောင် ပျောက်သွားသလိုပါပဲ။

လင်းဟာန်က အနောက်ကို အလျင်အမြန် ဆုတ်လိုက်ပါတယ်။ သူက ယန်ဟောင်ရဲ့ တိုက်ခိုက်မှုတွေကို ဆန့်ကျင်ခုခံနိုင်ဖို့ လုံလောက်တဲ့ စွမ်းအားကိုပဲ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း သူ့ပြိုင်ဘက်နဲ့ သူက စည်းမျဉ်းဥပဒေ စွမ်းအားတွေကို နားလည်ဖမ်းဆုပ်ထား နိုင်မှုခြင်း အရမ်းကို ကွာခြားလွန်းပါတယ်။

သူက သူ့ရဲ့အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ပြီးတော့ သူ့မျက်နှာပေါ်မှာ အေးစက်စက် အမူအရာ တစ်ခု

Edit with WPS Office

ဖြစ်ပေါ်လာပါတယ်။

သူက သူ့ရဲ့ခွန်အားတွေ အကုန်လုံးကို ထုတ်ဖော်လိုက်ပါတယ်။ တကယ်လို့ သူက ယန်ဟောင်နဲ့ ထိပ်တိုက်ရင်ဆိုင်မှု ရိုးရိုးလေးပဲ လုပ်မယ်ဆိုရင် သူ့ရဲ့ ကံကြမ္မာက ကြီးကြီးမားမားကို ရှုံးနိမ့်သွား ပါလိမ့်မယ်။

"မင်းက ငါ့ကို အညံ့မခံသေးဘူးလား"

ယန်ဟောင်က သူ့လက်တစ်ဖက်ကို မြှောက်လိုက်ပြီး လေထဲမှာ ရောမ မူလစွမ်းအင် လက်ဂါးကြီး တစ်ဖက် ပြန်ပေါ်လာခဲ့ပါတယ်။ အဲဒီလက်ဂါးက လင်းဟာန်ကို ဖမ်းဆုပ်လိုက်ပြီး ဒီတစ်ကြိမ်တော့ လက်ဂါးပေါ်မှာ နတ်ဘုရား သင်္ကေတတွေ တော်တော်များများ ရေးထွင်းထားပါတယ်။ ဒီလက်ဂါးက တိုက်ခိုက်မှု တစ်ခုတည်းနဲ့ ပျက်စီးကြေမွသွားစေနိုင်တဲ့ လက်တစ်ဖက် မဟုတ်တာတော့ သေချာပါတယ်။

လင်းဟာန်က သူ့ရဲ့ လျှပ်စီးဓားသိုင်းကို ထုတ်ဖော်လိုက်ပါတယ်။

Edit with WPS Office

ရှုပ်။

သူ့ရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလှပြီး များပြားတဲ့ စွမ်းအားရဲ့ ထောက်ပံ့ပေးမှုနဲ့အတူ သူက စည်းမျဉ်းဥပဒေကို အကြီးအကျယ် ဖျက်ဆီးပစ်နိုင်ပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကတော့ နောက်ကျကျန်ရစ်နေဆဲပါပဲ။

ဖြောက် ဖြောက် ဖြောက်။

သူ့ရဲ့ လျှပ်စီးလို လျင်မြန်တဲ့ ခုတ်ချက်တွေ အနောက်မှာ သူ့အရိုးတွေ အနည်းဆုံး ဆယ်ချောင်းကျော်လောက် တဖြောက်ဖြောက် မြည်ပြီးတော့ ကျိုးပဲ့ကာ သူ့အရေပြားလည်း ကွဲအက်လာခဲ့ပါတယ်။ လေထဲကို သွေးတွေ ဖြန်းပက်လိုက် သလိုပါပဲ။

ထူးခြားဆန်းကြယ်တဲ့ တိုက်ခိုက်မှု တစ်ခုက ခုတ်ချလာပါတယ်။

ယန်ဟောင်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ သူ့လက်ကို သူ့မျက်နှာဆီ မြှောက်ပြီးတော့ ကြည့်လိုက်တဲ့

Edit with WPS Office

အခါမှာ သူ့လက်ပေါ်မှာ သွေးစီးကြောင်း တစ်ခုကို တွေ့မြင်လိုက် ရပါတယ်။

လင်းဟန်ရဲ့ တိုက်ခိုက်မှုက တကယ်ပဲ သူ့ကို ဒဏ်ရာရစေခဲ့တယ်။ သူ့မျက်နှာပေါ်မှာ သေးငယ်တဲ့ ခြစ်ရာတစ်ခု ကျန်ရစ်ခဲ့ပါတယ်။

ဒါက ဘာမှမပြောပလောက်တဲ့ ဒဏ်ရာလေး တစ်ခုပါပဲ။ ယန်ဟောင်က ဒါကိုတောင် လက်ခံနိုင်မှာ မဟုတ်ပါဘူး။

သူက အစစ်အမှန် ဘုရင်အဆင့် ပြိုင်ဘက်ကင်းသူ တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က လင်းဟန်ထက် အများကြီး သာပါတယ်။ ဒါတောင် သူက သူ့ပြိုင်ဘက်ကြောင့် ဒဏ်ရာရသွားခဲ့ပါတယ်။ ဒါက တကယ့်ကို ဆိုးဆိုးဝါးဝါး အရှက်ကွဲတာ ဖြစ်ပါတယ်။

လင်းဟန်က ယန်ဟောင်ကို သူ့ဓားနဲ့ ခုတ်နိုင်ခဲ့တယ် ဆိုပေမဲ့ သူ့အခြေအနေက ယန်ဟောင်ထက် ပိုပြီးတော့တောင် ဆိုးဝါးနေပါတယ်။ သူ့ခန္ဓာကိုယ်က သွေးတွေ စိမ့်ထွက်နေပြီး သူက အကြိမ်ပေါင်း ရာနဲ့ချီ နှင်းခြေခံရသလိုပါပဲ။

Edit with WPS Office

ဒါပေမဲ့လည်း ယန်ဟောင်က လင်းဟန်ကို သူ့အနေနဲ့ ထိခိုက်အောင် မလုပ်ခဲ့ဘူးဆိုတာ သိထားပါတယ်။ အဲဒီအစား လင်းဟန်ရဲ့ ဒဏ်ရာတွေက သူ့ကိုယ်ပိုင် တိုက်ခိုက်မှုရဲ့ လွှမ်းမိုးနိုင်တဲ့ စွမ်းအားကို ခံနိုင်ရည်စွမ်း မရှိတာကြောင့် ဖြစ်လာခဲ့တာ ပါပဲ။

နောက်တနည်း ပြောရမယ်ဆို ဒီတိုက်ကွက် ဖလှယ်မှုမှာ သူရှုံးနိမ့်သွားခဲ့ပါတယ်။

ငါသူ့ကို တော်တော်လေး လျော့တွက်မိတာပဲ။

ယန်ဟောင်က သူ့စိတ်ထဲကနေ တွေးလိုက်ပါတယ်။

သူက အလေးအနက် ဖြစ်လာပြီး မလှုပ်ရှားသေးပါဘူး။ ဟုတ်ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ ကြက်သွေးရောင် အလင်းတန်းတွေ ပေါက်ကွဲထွက်ပေါ် လာပါတယ်။ ကြက်သွေးရောင် အလင်းတန်းတွေရဲ့ ခွန်အားက ထူးခြားဆန်းကြယ်ပြီး အားလုံးကို အသက်ရှူ မွန်းကျပ်သွား စေပါတယ်။ သူ့ခန္ဓာကိုယ်ကနေ ထူးခြားအံ့ဖွယ် ရှေးဟောင်းသားရဲတစ်ကောင် ထွက်ပေါ်လာ သလိုမျိုးပါပဲ။

Edit with WPS Office

သူက နောက်တစ်ကြိမ် သူ့လက်ဖါးနဲ့ တိုက်ခိုက်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို ထုတ်ဖော်ချင်နေခဲ့ပေမဲ့ အံ့အားသင့်စရာ ကောင်းတာက သူ့လှုပ်ရှားမှုတွေ တားမြစ်ပိတ်ဆို့ ခံထားရတာကို တွေ့လိုက်ရပါတယ်။

ဒါက ယန်ဟောင်ရဲ့ လျှို့ဝှက်နည်းစနစ် ဖြစ်နေမလား။

ယန်ဟောင်ရဲ့ လက်ဖါးရိုက်ချက်က တောင်ထိပ်ပေါ်မှာ ရောမ ချိုင့်ကြီးတစ်ခု ဖြစ်သွားစေ ခဲ့ပါတယ်။ အဲဒီအချိန် လင်းဟန်က တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားရင်း ပါးစပ်အပြည့် သွေးတွေ တော်တော်များများ အန်ထုတ်လိုက် ရပါတယ်။

သူ့ရဲ့ အခြေအနေကို သတိပြုမိလိုက်တာနဲ့ သူက ဂရဖိန် တံဆိပ်တော်ကို အသက်သွင်းထား ခဲ့ပါတယ်။ တကယ်လို့ သူက အဲဒီလိုသာ မလုပ်ခဲ့ဘူးဆိုရင် အနည်းဆုံး သွေးအန်ထုတ်ရုံ မကလောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့

Edit with WPS Office

သူ့ခန္ဓာကိုယ်ထဲက မကျိုးတဲ့ အရိုးဆိုတာ မရှိသလောက်ပါပဲ။

"ဟင် ကြည့်ရတာ မင်းမှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ တော်တော်များများ ရှိနေတာပုံပဲ"

ယန်ဟောင်က အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။ တောင်မြစ်အဆင့် ကျင့်ကြံသူက နတ်ဘုရား တံဆိပ်တော် နှစ်ခုရဲ့ အကူအညီနဲ့ သူ့ရဲ့ တိုက်ခိုက်မှုတွေကို တောင့်ခံပြီး ရှန်းကန်လှုပ်ရှား သွားနိုင်စွမ်း ရှိနေပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းနေပါတယ်။

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ပြီးတော့ သူ့ခန္ဓာကိုယ် အထဲက ကျိုးသွားတဲ့ အရိုးတွေကို အလျင်အမြန်ပဲ ပြန်လည်ကုစား လိုက်ပါတယ်။ သူ့ရဲ့ အသား ဒဏ်ရာကို ကုသဖို့တော့ အာရုံရှုပ်မခံပါဘူး။ သူ့ရဲ့ကျိုးသွားတဲ့ အရိုးတွေ အားလုံး အပြည့်အဝ ပြန်လည်ကောင်းမွန်လာတဲ့ အချိန်မှာ သူက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းလုပ်နိုင်တာ ဒါအကုန်ပဲလား။ ယန်ဟောင် ငါ့ခြားကို

Edit with WPS Office

မြည်းကြည့်စမ်း"

သူက သူ့ရဲ့ လျှပ်စီးဓားသိုင်းကို နောက်တစ်ကြိမ် ထုတ်ဖော်တိုက်ခိုက် လိုက်ပါတယ်။ အေးစက်စက် အလင်းရောင် တစ်ခု လက်သွားပြီး သူ့ရဲ့ တိုက်ခိုက်မှုက မိုးကုပ်စက်ဝိုင်း တစ်နေရာက တန်ခိုးရှင်တစ်ပါး ဆင်းသက်လာသလိုမျိုးနဲ့ တူပါတယ်။

ယန်ဟောင်က ဒီတစ်ကြိမ်တော့ ပြင်ဆင်ထားခဲ့ပါတယ်။ သူက သူ့ခန္ဓာကိုယ် အရှေ့မှာ လက်တွေကို ကြက်ခြေခတ်ပုံစံ အသင့်အနေအထား ပြင်ဆင်ထားပါတယ်။ တချိန်တည်းမှာပဲ သူ့ခန္ဓာကိုယ် အရှေ့မှာ ဒိုင်းတစ်ခု ပုံစံမျိုးနဲ့ စည်းမျဉ်းဥပဒေ စွမ်းအားတွေကနေ ဖြစ်ပေါ်လာတဲ့ နတ်ဘုရား ချိန်းကြိုးတွေ ရှိနေပါတယ်။

လင်းဟန်က ကျယ်လောင်စွာ မာန်သွင်းအော်ဟစ် လိုက်ပါတယ်။ သူက ဂရဇိန် တံဆိပ်တော်ကို အသက်သွင်းထားပါတယ်။ ဒါကြောင့် သူ့ရဲ့ ခုခံနိုင်စွမ်းကလည်း နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိနေပါတယ်။ ဒါကြောင့် သူက

Edit with WPS Office

သူ့ခန္ဓာကိုယ် အပေါ်မှာ ဒဏ်ရာတွေ မရစေပဲ
စည်းမျဉ်းဥပဒေ စွမ်းအားကို ဖျက်ဆီးပစ်နိုင်ပါတယ်။

လျပ်ပြက်သွားသလိုပဲ သူ့ရဲ့ ဓားက နတ်ဘုရား
ချိန်းကြိုးတွေကို ပိုင်းဖြတ်လိုက်ပြီး လေထဲမှာ သွေးစက်တွေ
ပျံ့နှံ့သွားခဲ့ပါတယ်။

ယန်ဟောင်ရဲ့ မျက်နှာအမူအရာက သုန်မှုန်သွားခဲ့ပါတယ်။
သူက နောက်တစ်ကြိမ် ဒဏ်ရာ ရသွားခဲ့ပါပြီ။ ဒီဒဏ်ရာက
စောစောကလိုပဲ သူ့လက်ဖဝါးပေါ်မှာ ဖြစ်ပြီးတော့ အရမ်းကြီး
မနက်ရှိုင်းပါဘူး။

ဒါပေမဲ့လည်း သူက နှစ်ကြိမ်တိုင်တိုင် ဒဏ်ရာရခဲ့ပါတယ်။
နှစ်ကြိမ်လုံး လူတစ်ယောက်တည်းက ဖြစ်ပါတယ်။
သူ့မျက်လုံးထဲမှာ ဒါက လုံးဝကို လက်မခံနိုင်တဲ့
အရာဖြစ်ပါတယ်။

တကယ်လို့ လင်းဟန်က ကောင်းကင်ဘုံ ခန္ဓာကိုယ်
အဆင့်မှာ ရှိတယ်ဆိုရင် သူ့အနေနဲ့ ဘာမှပြောမှာ
မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက ကောင်းကင်ဘုံ

Edit with WPS Office

ခန္ဓာကိုယ် အဆင့်မှာ မဟုတ်ပါဘူး။ တောင်မြစ်အဆင့် ကျင့်ကြံသူလေး တစ်ယောက်က သူ့ကို အရမ်းကို လျင်မြန်စွာနဲ့ နစ်ကြိမ်တိုင်တိုင် ထိခိုက်ဒဏ်ရာ ရစေခဲ့ပါတယ်။ ဒါက လုံးဝကို ဆိုးဝါးလွန်းပါတယ်။

ယန်ဟောင်က ဒေါသအိုး ပေါက်ကွဲလာပြီး သူ့ရဲ့ အဆုံးမရှိတဲ့ ဒေါသတွေက မီးတောက် ပင်လယ် တစ်ခုအဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက နောက်တစ်ကြိမ် တိုက်ခိုက်မှုကို ထုတ်ဖော်ပြီး သူ့လက်နဲ့ ဖိနှိပ်တဲ့ ဟန်ပန်အမူအရာမျိုး လုပ်လိုက်ပါတယ်။ လင်းဟန်ရဲ့ ဦးခေါင်းထက်မှာ ချက်ချင်းဆိုသလို အနက်ရောင် တိမ်တိုက်တစ်ခုက စုစည်းလာခဲ့ပါတယ်။

ခရက်။

မိုးကောင်းကင်ပေါ်မှာ မိုးကြိုးလျှပ်စီးတွေ တလက်လက် တောက်ပလာပါတယ်။ ယန်ဟောင်က လျှပ်စီးစွမ်းအားကို ဆင့်ခေါ်လိုက်တာ ဖြစ်ပါတယ်။

အားလုံးက ဒီမြင်ကွင်းကို တွေ့မြင်လိုက်ရတဲ့ အခါမှာ

Edit with WPS Office

မှင်သက်အံ့သြ သွားကြပါတယ်။ ယန်ဟောင်က အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။ သူက တကယ်ပဲ လျှပ်စီး စွမ်းအားကို ဆင့်ခေါ်နိုင်စွမ်း ရှိပါတယ်။

ဘုန်း။

ငွေရောင်မြွေတွေလိုပဲ မရေမတွက်နိုင်တဲ့ လျှပ်စီးအလင်းတန်းတွေက လင်းဟာန်ဆီကို ပစ်ခတ်တိုက်ခိုက် လာပါတယ်။

လင်းဟာန်က အနက်ရောင် တိမ်တိုက်တွေ ပျောက်ကွယ်သွားတဲ့ အချိန်ထိ ရပ်တည်နေနိုင်တယ် ဆိုပေမဲ့ သူ့အဝတ်အစားတွေ အားလုံးက စုတ်ပြတ်ပြီး ဖွာလန်ကျဲကုန်ပါတယ်။ သူ့အရေပြားတွေလည်း တူးချစ်ပြီးတော့ သူက မီးသွေးခဲ တစ်ခုနီးပါး ဖြစ်သွားပါတယ်။

တကယ်လို့ ဂရဇိန် တံဆိပ်တော်ကို အသက်သွင်းမထားဘူးဆိုရင် ဒီတိုက်ခိုက်မှုကြောင့် သူက အသက်တောင် ဆုံးရှုံးသွားနိုင်ပါတယ်။

Edit with WPS Office

လင်းဟန်က သူ့ရဲ့ နတ်ဘုရားအာရုံနဲ့ မိုးရေကရောဇ်၊ တင်းပင်းတို့ကို ဆက်သွယ်ပြီးတော့ သူ့ကို ကူညီဖို့ တိုက်ပွဲထဲကို ဝင်ရောက်လာဖို့ မကြိုးစားဖို့ သတိပေးလိုက်ပါတယ်။ သူတို့ရဲ့ ခွန်အားက ယန်ပေါင်နဲ့ အရမ်းကို အလှမ်းဝေးကွာလွန်းပါတယ်။ ဒါကြောင့် သူတို့က ဒီအချိန်မှာ ဝင်ပြီးတော့ ကူညီဖို့ ရှေ့ထွက်လာမယ်ဆိုရင် အရမ်းကို မိုက်မဲလွန်းရာ ကျသွားပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူက ဒီအချိန်မှာ အတော်လေး ပဟေဠိ ဖြစ်နေဆဲပါပဲ။ ဂိုဏ်းမှာ ကျင့်ကြံခြင်း အဆင့်မြင့်တဲ့ တပည့်တွေက ကျင့်ကြံခြင်း အဆင့်နိမ့်တဲ့ တပည့်တွေကို တိုက်ခိုက်တာ တားမြစ်ထားတဲ့ စည်းမျဉ်းတစ်ခု ရှိပါတယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ တိုက်ပွဲက အချိန်တော်တော် ကြာအောင် တိုက်ခိုက်ယှဉ်ပြိုင် ပြီးပါပြီ။ ဒါကို ဂိုဏ်းရဲ့ အဆင့်မြင့်တဲ့ လူတွေက သတိမပြုမိဘူး ဆိုတာကိုတော့ သူက လက်မခံနိုင်ပါဘူး။

ဒါပေမဲ့လည်း သူတို့က ဒါကို သတိပြုမိရဲ့နဲ့တောင် တိုက်ပွဲကို ရပ်တန့်အောင် လာရောက် တားမြစ်ခြင်း မရှိပါဘူး။ ဒါက

Edit with WPS Office

ဘာကိုဆိုလိုတာလဲ။

လင်းဟန်ရဲ့ ခန္ဓာကိုယ်က ဒယိမ်းဒယိုင် ဖြစ်သွားခဲ့ပါတယ်။ သူက နောက်ထပ် ပါးစပ်အပြည့် သွေးတစ်လုတ်ကို အန်ထုတ်လိုက်ပါတယ်။

သူက အစစ်အမှန် နေလအဆင့် ကျင့်ကြံသူ တစ်ယောက် မဟုတ်ပါဘူး။ ဒါကြောင့် ယန်ဟောင်လို ပါရမီရှင် တစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့ အချိန်မှာ သူက အရှုံးကို အရေးနိမ့်နေတာ သဘာဝပါပဲ။

ဒါပေမဲ့လည်း ဒီအတွက်ကြောင့် ဘယ်သူကမှ သူ့ကို အထင်မသေး ကြပါဘူး။ အထင်မသေးတဲ့ အပြင် သူ့ကိုတောင် နက်နက်ရှိုင်းရှိုင်း ကြည်ညိုလေးစား လာကြပါတယ်။ သူက လုံးဝကို ထူးကဲလွန်းပါတယ်။ သူက ယန်ဟောင်နဲ့ တိုက်ကွက်တော်တော်များများ ဖလှယ်နိုင်စွမ်း ရှိနေပြီး သူ့ကို နစ်ကြိမ်တိုင်တိုင်တောင် ဒဏ်ရာရအောင် လုပ်နိုင်စွမ်း ရှိပါတယ်။

တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့် တူညီမယ်ဆိုရင်

Edit with WPS Office

လင်းဟန်က ယန်ဟောင်ရဲ့ ပြိုင်ဘက်ကင်း ဒဏ္ဍာရီကို
ပျက်သုန်းအောင်လို့ လုပ်နိုင်တဲ့ စွမ်းရည်ကိုတောင်
ပိုင်ဆိုင်ထား ပါလိမ့်မယ်။

"မင်းဆက်ပြီးတော့ တိုက်ခိုက်နိုင်သေးလား"

ယန်ဟောင်က အေးစက်စွာ ရယ်မောပြီးတော့
မေးလိုက်ပါတယ်။ သူက အားနည်းတဲ့ သူကို
အနိုင်ကျင့်ရတဲ့အတွက် နည်းနည်းလေးမှ ဂမ်းနည်းသလို
မခံစားခဲ့ရပါဘူး။ သူ့မျက်လုံးထဲမှာ လင်းဟန်က
သေအောင်လို့ နင်းခြေပစ်ရမဲ့ ပုရွက်ဆိတ်တစ်ကောင်
သာသာပါပဲ။ ဒါကြောင့် သူ့အတွက် ဒါကို နှလုံးသားထဲ
ထည့်ထားဖို့ မလိုပါဘူး။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့
ပြောလိုက်တယ်။

"ဘာလို့ မရမှာလဲ"

သူ့ရဲ့ တိုက်ပွဲဝင်လိုတဲ့ စိတ်ဝိညာဉ်က လောင်ကျွမ်းလာပြီး
သူ့နှလုံးသားက ကျယ်လောင်စွာနဲ့ တဒုတ်ဒုတ်

Edit with WPS Office

ခုန်လာပါတယ်။

ယန်ဟောင်က မကျေမနပ်နဲ့ နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ တကယ်တော့ လင်းဟာန်က သူ့ကို အညှံ့ခံ အရှုံးပေးလိုက်ဖို့ကို မျှော်လင့်နေမိခဲ့တာပါ။ လင်းဟာန်က သူ့ထက် အားနည်းတယ် ဆိုပေမဲ့ သူ့စိတ်ထဲမှာ အညှံ့ခံ အရှုံးပေးလိုက်ရတယ်ဆိုတဲ့ စိတ်ဒဏ်ရာ ကျန်ရစ်နေပါလိမ့်မယ်။ တကယ်လို့ သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေက အနာဂတ်မှာ တူညီလာရင် လင်းဟာန်ရဲ့ စိတ်ဒဏ်ရာက သူတို့တွေ နောက်ထပ် မျက်နှာချင်းဆိုင်တိုင်း ခံစားရပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်က သူမျှော်လင့်ထားတာထက် ခေါင်းမာပြီး အဲဒါက သူ့ကို မကျေမနပ် ခံစားစေရပါတယ်။

ဂိုဏ်းထဲမှာ သူ့ကို အထူးတလည် ဆက်ဆံတာမျိုးကို သူက အရမ်းကို ကျေနပ်ပီတိ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့စိတ်တိုင်းကျ လူတွေကို လွတ်လွတ်လပ်လပ် သတ်ဖြတ်ခွင့်ကိုတော့ မပေးထားပါဘူး။ လင်းဟာန်ကို ပစ်မှတ်ထားနေရတဲ့ အဓိက အချက်ကလည်း လင်းဟာန်က သူ့ရဲ့ နောက်လိုက်ကို

Edit with WPS Office

သတ်ပစ်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ဂိုဏ်းထဲက အဆင့်မြင့်တဲ့ လူတချို့က သူ့ကို စိတ်လွတ်ကိုယ်လွတ် လုပ်ခွင့်တချို့ကို ခွင့်ပြုထားပေမဲ့ တခြားတပည့်တွေကို သတ်ပစ်တာတော့ သေချာပေါက် ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။

သူဖြတ်ကျော်လို့ မရနိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိနေပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟန်ကလည်း ထိပ်တန်းအဆင့် ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဂိုဏ်းက သူ့ကို သေချာပေါက် မြင့်မြင့်မားမား မျှော်လင့်ထားပါလိမ့်မယ်။ ယန်ဟောင်ကို သူတို့တွေ လွှတ်ထားရတဲ့ အကြောင်းပြချက် တစ်ခုက လင်းဟန်ရဲ့ ယှဉ်ပြိုင်လိုတဲ့ စိတ်ကို ဆွဲထုတ်ချင်လို့ ဖြစ်ပါတယ်။ သူတို့အနေနဲ့ သူ့ကို အရမ်းဘဂင်မြင့်နေတာမျိုး မဖြစ်စေချင်ပါဘူး။

ကောင်းပြီလေ။ ငါဒီလူငယ်ကို ဆိုးဆိုးဂါးဂါး ရှုံးနိမ့်အောင် လုပ်ပြီးတော့ ဘယ်တော့မှ မမေ့နိုင်တဲ့ သင်ခန်းစာ တစ်ခု ပေးလိုက်မယ်။ နောက်ပိုင်းငါ့ကို မြင်လိုက်တိုင်း သူ့စိတ်ထဲမှာ

Edit with WPS Office

ကြောက်ရွံ့ထိတ်လန့် နေတဲ့အထိ သူ့ကို ဆော်ပစ်လိုက်မယ်။

ယန်ဟောင်က သူ့လက်မောင်းတွေကို လှုပ်ရှားလိုက်ပြီး လေထဲမှာ နတ်ဘုရား ချိန်းကြိုးတွေ ကခုန်လာပါတယ်။

Chapter 1162 end

အပိုင်း(1163) ဧကရီ ဘုရင်မက သူ့ယောက်ျားကို ကာကွယ်ခြင်း

ယန်ဟောင်က ရှုထောင့်အားလုံးကနေ လင်းဟာန်ကို ဖိနှိပ်ထိန်းချုပ် လိုက်ပါတယ်။

ဂရဖိန် တံဆိပ်တော်ရဲ့ ကာကွယ်ပေးမှုနဲ့တောင် လင်းဟာန်က ဒဏ်ရာတွေ တိုးလာပြီး ဆန်ခါပေါက် ဖြစ်လာပါတယ်။ တကယ်လို့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ကြောင့် မဟုတ်ဘူးဆိုရင် ဒီအချိန်မှာ သူက မတ်တပ်ရပ်နိုင်ဦးမှာတောင် မဟုတ်ပါဘူး။

ပွဲကြည့်ပရိသတ်တွေတောင် သူ့ရဲ့ ဇွဲနပဲကြီးမားမှုကို ကျိတ်ပြီးတော့ ကြည်ညိုလေးစား လာမိပါတယ်။

သူ့ရဲ့ ခုခံနိုင်စွမ်းနဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့

Edit with WPS Office

စွမ်းရည်တွေက အံ့အားသင့်စရာ ကောင်းတဲ့အပြင် သူ့ရဲ့ စိတ်ဓာတ်ခွန်အားက ပိုပြီးတော့တောင် ကြောက်စရာ ကောင်းလွန်းပါတယ်။

တကယ်လို့ တစ်စုံတစ်ယောက်က ကျင့်ကြံခြင်း အဆင့်တူတူမှာ ယန်ပေါင်ကို ရှုံးနိမ့်သွားမယ် ဆိုရင်တောင် အံ့အားသင့်စရာ မဟုတ်သလို အရှက်ကွဲတာလည်း မဟုတ်ပါဘူး။ ဒါကြောင့် လင်းဟာန်အတွက် ရှုံးနိမ့်မယ် ဆိုရင်တောင် အရမ်းကို သမာရိုးကျ ဆန်လွန်းပါတယ်။ အခုလိုမျိုး ယန်ပေါင်ထက် ကျင့်ကြံခြင်းအဆင့် အများကြီး အဆင့်နိမ့်ပြီးတော့ ရှုံးနိမ့်သွားရင်တောင် ကိစ္စမရှိပါဘူး။

ဒါဆိုရင် ဘာကြောင့် သူက မဆုတ်မနစ် ကြိုးပမ်းနေသေးတာလဲ။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်က သဲအိတ်တစ်လုံးလိုမျိုး ဖြစ်နေတာ မဟုတ်ပါဘူး။ သူက ယန်ပေါင်ကို ခုတ်နိုင်ပြီး ဒဏ်ရာသေးသေး နှစ်ခု ဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒဏ်ရာက ဒဏ်ရာပါပဲ။ ယန်ပေါင်ကို ဒဏ်ရာရအောင် လုပ်နိုင်တာကပဲ အရမ်းကို အံ့အားသင့်ဖို့ ကောင်းနေပါပြီ။

Edit with WPS Office

ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်အောက်က
တခြားတပည့်တွေက ဒီလိုမျိုး အောင်မြင်နိုင်လို့လား။

လင်းဟန်က နောက်ဆုံးပိတ် ရှုံးနိမ့်သွားရပါလိမ့်မယ်။ ဒါပေမဲ့ ဒါက ဂုဏ်ယူစရာကောင်းတဲ့ အရှုံးတစ်ခု ဖြစ်ပါတယ်။ ဒီလောက်နဲ့ လုံလောက်ပါပြီ။

"ဘယ်အချိန်ထိ မင်းက ကြိုးစားနေဦးမှာလဲ"

ယန်ဟောင်က အေးစက်စွာ ပြုံးပြီးတော့ ပြောလိုက်တယ်။ အမှန်တကယ်တော့ သူက လင်းဟန်ကို ပိုပြီးတော့ ထိခိုက်အောင် လုပ်နိုင်ပါသေးတယ်။ ဒါပေမဲ့လည်း သူက ထိန်းထားရ ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက စေတနာရှိလို့တော့ မဟုတ်ပါဘူး။ အဲဒီအစား လင်းဟန်ကို အချိန်ကြာကြာ ပိုပြီးတော့တောင် နှိပ်စက်ညှင်းပန်းချင်လို့ ဖြစ်ပါတယ်။

သူ့ရဲ့ ဘုရင်အဆင့် နေရာက တကယ့်ကို အယုံအကြည် ကင်းမဲ့လာရပါပြီ။ ဒါက လုံးဝကို ခွင့်မလွှတ်နိုင်ပါဘူး။

လင်းဟန်ရဲ့ တိုက်ပွဲစိတ်ဂိညာဉ်က ထိုးတက်နေပြီး

Edit with WPS Office

သူ့နှုတ်ခမ်းထောင့်က သွေးတွေကို သုတ်လိုက် ပါတယ်။ သူက ရိုက်နှက်ခံနေရပြီး ဘာမှမလုပ်နိုင်ပါဘူး။ ဒီလိုမျိုး ပြိုင်ဘက် တစ်ယောက်နဲ့ ရင်ဆိုင်တိုက်ခိုက်ရတာက သူ့ရဲ့ လျှပ်စီးဓားသိုင်းကို နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်ပြီး ခွဲခြမ်းစိတ်ဖြာ လာနိုင်ပါတယ်။

သူက ဆက်ပြီးတော့ တိုက်ခိုက်ချင်ပါသေးတယ်။ ဒါပေမဲ့လည်း ဂရဖိန် တံဆိပ်တော်နဲ့ ခြသေ့် တံဆိပ်တော်က လုံးဝကို ကုန်ခမ်းလုနီးပါး ဖြစ်နေပါပြီ။

ဒီနတ်ဘုရား တံဆိပ်တော် နှစ်ခုက အများဆုံး ဆယ်ကြိမ်ပဲ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီအရေအတွက်က အတိအကျတော့ မဟုတ်ပါဘူး။ နတ်ဘုရား တံဆိပ်တော်တွေကို အသုံးပြုတဲ့ အကြိမ်တိုင်းအတွက် အချိန်အကန့်အသတ် တစ်ခုက ရှိပါတယ်။ ဒါကြောင့် ခြသေ့်တံဆိပ်က ဒီတစ်ကြိမ် လင်းဟန် အသုံးပြုလိုက်တာ လုံးဝကို ကုန်ခမ်းသွားပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ သူက တိုက်ပွဲကို အရမ်းကြာမြင့်အောင် တိုက်ခိုက်နေလို့ပါပဲ။

ဂရဖိန် တံဆိပ်က ခဏလောက်ပဲ အသုံးပြုနိုင်ပါတော့တယ်။

Edit with WPS Office

အဲဒါကလည်း သေချာပေါက် အချိန်သိပ်ကြာလို့ မရလောက်ပါဘူး။

ငါဘာများ လုပ်နိုင်မလဲ။

အနက်ရောင် မျှော်စင်ထဲမှာ ပုန်းနေရမလား။ ဒါပေမဲ့ အဲဒါက အနက်ရောင် မျှော်စင်ရဲ့ လျှို့ဝှက်ချက်ကို ပေါက်ကြားသွားစေလိမ့်မယ်။ အဲဒါက သိုလှောင်နတ်ဘုရား ပ စွည်းတစ်ခုပဲ။ နောက်ပြီးတော့ လူတစ်ယောက်ကို ကိုယ်ပျောက်သွားစေနိုင်တယ်။ ဒါကို အရှင်သခင် ဂိညာဉ်သုံးခုတောင် စိတ်ဝင်စားလာမှ ကြောက်မိတယ်။

"တော်လောက်ပြီ"

ရုတ်တရက် အေးစက်စက် အသံတစ်ခု ထွက်ပေါ်လာပါတယ်။

ယန်ဟောင်က အသံထွက်ပေါ်လာတဲ့ဆီကို လှည့်ကြည့်လိုက်ပါတယ်။ အဲဒါက မိန်းကလေး တစ်ယောက်ဆီက ဖြစ်ပြီးတော့ သူမပုံစံက အရမ်းကို ဆွဲဆောင်မှု ရှိပြီးတော့ အပြစ်ကင်းစင်ပုံ ရပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူမက တောင်မြစ်အဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်မှာပဲ ရှိပါတယ်။ ဒါကြောင့် သူမမှာ သူ့ကို အမိန့်ပေးနိုင်စွမ်း ရှိလို့လား။

သူက သူမကို လျစ်လျူရှုပြီးတော့ လင်းဟာန်ဆီကို နောက်ထပ် လက်ဖါးရိုက်ချက် တစ်ချက်ကို ထုတ်ဖော်တိုက်ခိုက် လိုက်ပါတယ်။

ထန်။

အလင်းရောင်တချက် လက်သွားပြီး မိန်းမပျို တစ်ယောက်က လင်းဟာန်ရဲ့ အရှေ့မှာ ရုတ်တရက် ပေါ်လာခဲ့ပါတယ်။ သူမရဲ့ သေးသွယ်တဲ့ လက်ကို မြှောက်လိုက်ပြီး သူ့လက်ဖါး ရိုက်ချက်ကို အလွယ်တကူပဲ ရင်ဆိုင်လိုက်ပါတယ်။

တစ်ခုခုတော့ မှားနေပြီ။

သူက စိတ်ထဲကနေ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

မိန်းမပျိုရဲ့ အရှိန်အဝါက အရမ်းကို မတည်မငြိမ် ဖြစ်နေပါတယ်။ သူမက တောင်မြစ်အဆင့်မှာပဲ ဆိုတာ ပေါ်လွင်နေရဲ့သားနဲ့ သူမရဲ့ ခန္ဓာကိုယ်က ထွက်ပေါ်နေတဲ့

Edit with WPS Office

ဖိအားက သူ့ရဲ့ နလုံးသားကို ဖျစ်ညှစ်နေသလို ဖြစ်စေပါတယ်။ ဒါကြောင့် ကြောက်ရွံ့ထိတ်လန့်မှု အရိပ်အယောင် တစ်ခုတောင် ခံစားစေပါတယ်။

ဒါက ကျင့်ကြံခြင်းအဆင့် ပိုမြင့်တဲ့ ကျင့်ကြံသူ တစ်ယောက်ဆီက လွှမ်းမိုးနိုင်တဲ့ ဖိအားဖြစ်ပါတယ်။

ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

သူက နေလအဆင့်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ တစ်စုံတစ်ယောက်က သူ့ကို သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ဖိအားပေးချင်တယ်ဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ရှိရပါမယ်။ ဒါပေမဲ့လည်း ဒီမိန်းကလေးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာလား။ ဟာသပဲ။

သူမက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ဆိုတာကို သူက လုံးဝကို အယုံအကြည် မရှိပါဘူး။

ယန်ဟောင်က နောက်တစ်ကြိမ် တိုက်ခိုက်ပြီး ဒီတစ်ကြိမ် သူ့လက်ဝါးကို မိန်းမပျိုဆီ တွန်းထုတ် လိုက်ပါတယ်။

"တော်သင့်ပြီလို့ ငါပြောနေတယ်။ နင်က

Edit with WPS Office

သေချင်နေတာလား”

သူမရဲ့ မျက်လုံးတွေထဲမှာ အန္တရာယ်ပေးနိုင်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာပြီး သူမကလည်း လက်ဝါးရိုက်ချက် တစ်ခုနဲ့အတူ တုံ့ပြန်လိုက်ပါတယ်။

ဝုန်း။

ယန်ဟောင်က ချက်ချင်းဆိုသလို လွင့်ထွက်သွားပါတယ်။ သူ့ခန္ဓာကိုယ်က သွေးတွေ ပန်းထွက်လာပြီး မြေပြင်ပေါ်ကို တစ်စစီ လဲပြိုကျသွားခဲ့ပါတယ်။ လုံးဝကို မလှုပ်ရှားတော့ပါဘူး။

သူက သတိလစ် မေ့မျောသွားအောင် ရိုက်ခံလိုက်ရပါပြီ။

တောင်ထိပ်ပေါ်မှာရှိတဲ့ အားလုံးက သူတို့ရဲ့ မျက်နှာတွေ ရှုံ့မဲ့သလိုမျိုး ခံစားလိုက် ရပါတယ်။ သူတို့က သူတို့ရဲ့ မျက်လုံးတွေကို မယုံနိုင်အောင် ဖြစ်နေပါတယ်။

ဒီမိန်းကလေးက ဂိုဏ်းထဲကို ဝင်လာကာစ မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက်ပါပဲ။ ဒါပေမဲ့လည်း သူမပုံစံက ထူးကဲတာမျိုး မရှိသလို သတိပြုမိစရာလည်း မရှိပါဘူး။

Edit with WPS Office

ဟုတ်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ရော။ သူမက ယန်ပောင်ကို လက်ဝါးရိုက်ချက် တစ်ချက်တည်းနဲ့ လွင့်ထွက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါက ဘယ်လောက်တောင် ထူးခြားတဲ့ ခွန်အားမျိုးလဲ။

သူတို့က တော်တော်များများ မြင်တွေ့ခဲ့ဖူးပါတယ်။

စောစောကဆို လင်းဟန်က ထွက်ပေါ်လာပြီး ဘုရင်အဆင့် ခြောက်ယောက်ထဲက တစ်ယောက် ဖြစ်တဲ့ ပူကျဲကို အနိုင်ယူခဲ့ပါတယ်။ အဲဒါတင်မက ယန်ပောင်ကို ရင်ဆိုင်တိုက်ခိုက်ပြီး အတော်ကြာအောင် ထိန်းထားနိုင်စွမ်းတောင် ရှိပါတယ်။ ဒါက တကယ့်ကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။ ဟုတ်ပါတယ်။ အဲဒီအချိန်မှာပဲ ပိုပြီးတော့တောင် ထူးကဲတဲ့ လူတစ်ယောက် ထွက်ပေါ်လာပါတယ်။ သူမက ယန်ပောင်ကို လက်ဝါးတစ်ချက်တည်းနဲ့ အနိုင်ယူခဲ့ပါတယ်။

ဒီစိတ်တူကိုယ်သူ လူတစ်ဖွဲ့ တပည့်တွေက မိုးကောင်းကင်ကို ဆန့်ကျင်ဖို့ ကြိုးစားနေတာများလား။

Edit with WPS Office

"သူ သူက ဘယ်သူလဲ။ သူမက အရမ်းကို အစွမ်းထက်လွန်းနေတာလား"

"သူမနာမည်က ဟူဖေးယွင်လို့ခေါ်တယ်။ ငြိမ်းချမ်းရေး ဂိုဏ်းကြီးရဲ့ ကြယ်ဥက္ကာ အုံ့ဖွယ်အင်ပါယာက လာတာပဲ"

"အဲဒါမှန်တယ်။ သူမက ကြယ်ဥက္ကာ အုံ့ဖွယ်အင်ပါယာရဲ့ နံပါတ်ကိုး ဘုရင်ပဲ"

"သောက်ကျိုးနည်း သူမက တောင်မြစ်အဆင့်မှာပဲ မဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ တောင်မြစ်အဆင့်မှာရှိတဲ့ လူတစ်ယောက်က အရမ်းကို ထူးကဲပြီး အစွမ်းထက်နေတာလဲ"

"အာ လင်းဟန်လည်း တောင်မြစ်အဆင့်မှာပဲ မဟုတ်လား။ သူလည်း ခန့်မှန်းလို့ မရအောင် ထူးဆန်းတာပဲ မဟုတ်လား"

"ဒါက မတူဘူးလေ"

အားလုံးက အရမ်းကို အံ့အားသင့် နေခဲ့ပါတယ်။ လင်းဟန်ရဲ့ ထူးဆန်းတဲ့ စွမ်းအားကို သူတို့တွေ လက်ခံနိုင်ပါသေးတယ်။ သူက နတ်ဘုရား တံဆိပ်တော်တွေကို အသုံးပြုခဲ့တာကို

Edit with WPS Office

သူတို့အားလုံး မြင်တွေ့ခဲ့ပါတယ်။ ဒါတောင်မှ သူ့ရဲ့ ခွန်အားက ယန်ပောင်နဲ့ အရမ်းကို ကွာခြားလွန်း နေပါသေးတယ်။ ဒါပေမဲ့လည်း ဟူဖေးယွင်ကျတော့ရော။ သူမရဲ့ စွမ်းအားက နေလအဆင့်မှာ မဟုတ်ပဲ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ရောက်နေသလိုပါပဲ။

ဒီအချက်ကို သူတို့တွေ လက်မခံနိုင်ပါဘူး။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေက တကယ်လို့ နတ်ဘုရား ဆေးလုံးတွေကို စားသုံးမယ် ဆိုရင်တောင် ဒီလောက်အထိ အစွမ်းထက်လာနိုင်မှာ မဟုတ်ပါဘူး။

လင်းဟန်တစ်ယောက်ပဲ ဟူဖေးယွင် ဂင်ပြီးတော့ စွက်ဖက်ခဲ့တာ မဟုတ်မှန်း သိထားပါတယ်။ အဲဒီအစား သူမရဲ့ ခန္ဓာကိုယ်ကို ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ စိတ်ဝိညာဉ်က ထိန်းချုပ်ပြီး ယူထားတယ်ဆိုတာ သိထားပါတယ်။

သေချာသွားပါပြီ။ ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ စိတ်ထဲမှာ သူရှိနေပါတယ်။ သူအရိုက်ခံနေ ရတာကို ကြည့်ပြီး သူမက သူမရဲ့ ယောက်ျားကို ကာကွယ်ဖို့ ထွက်လာခဲ့ပုံပါပဲ။

Edit with WPS Office

ဟင့် သူမက ခပ်ကြမ်းကြမ်း ပြောတတ်ပေမဲ့
နှလုံးသားကတော့ နူးညံ့သားပဲ။ ငါသဘောကျ လာပြီ။

ယန်ပောင်က သတိလစ် မေ့မျောရာကနေ
ပြန်လည်သတိရလာပြီး ဟူဖေးယွင်ကို မယုံကြည်နိုင်စွာနဲ့
စိုက်ကြည့်လိုက်ပါတယ်။ ဟုတ်ပါတယ်။ သူမက
သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုပဲ
ထုတ်ဖော်လိုက်ပေမဲ့ သူက ဆိုးဆိုးဝါးဝါးကို
ရှုံးနိမ့်သွားခဲ့ပါတယ်။ သူက ပြန်ပြီးတော့ တုံ့ပြန်ဖို့
အချိန်တောင် မရှိခဲ့ပါဘူး။ သူတို့ရဲ့စွမ်းအားတွေ အကြားက
ကွာဟချက်က ဘယ်လောက်တောင် ကြီးမားနေလိုက်သလဲ။

သူက ကျင့်ကြံခြင်း အဆင့်တူမှာရှိတဲ့ လူတွေနဲ့ ရင်ဆိုင်တဲ့
အခါမှာ ပြိုင်ဘက်ကင်း တစ်ယောက် ဖြစ်သင့်ပါတယ်။
ဒါပေမဲ့ အခုတော့။ တောင်မြစ်အဆင့် ကျင့်ကြံသူ
တစ်ယောက်က သူ့ကို ရင်ဆိုင်တိုက်ခိုက်ပြီး တော်တော်လေး
ခက်ခဲအောင် လုပ်နိုင်ခဲ့ပါတယ်။ နောက်လူက ပိုပြီးတော့
ထူးဆန်းနေပါတယ်။ သူ့ကို တိုက်ကွက်တစ်ချက်တည်းနဲ့
အနိုင်ယူသွား ခဲ့ပါတယ်။ သူက ဘဝအပေါ် သူ့ရဲ့

Edit with WPS Office

အမြင်သဘောထားတွေ မေးမိုန်ပျောက်ကွယ် သွားသလို ခံစားလိုက် ရပါတယ်။ ဘယ်လိုလုပ် ဒီလိုမျိုး အရာတွေက ဖြစ်ပျက်နိုင်မှာလဲ။

"နင်က တိုက်ခိုက်ရတာ သဘောကျတယ် မဟုတ်လား"

ဟူဖေးယွင်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ ဒီခန္ဓာကိုယ်ကို အခုဆိုရင် လွှမ်းမိုးနိုင်တဲ့ ကေရီ ဘုရင်မ လွှမ့်ရှင်းက ထိန်းချုပ်ထားပါတယ်။ သူမက ယန်ဟောင်ကို ပြောပြောဆိုဆို တိုက်ခိုက်တဲ့ အမူအရာ တစ်ခုကို လုပ်လိုက်ပါတယ်။

ဂုန်း။

ယန်ဟောင်က လေထဲကို မြှောက်သွားပြီး သွေးတွေက နောက်တစ်ကြိမ် သူ့ခန္ဓာကိုယ်ကနေ ပန်းထွက်လာပါတယ်။ သူ့ရဲ့ အသက်ဓာတ် စွမ်းအား တော်တော်များများကလည်း တဖြည်းဖြည်းနဲ့ လုံးပါးပါးသွားခဲ့ပါတယ်။

သူက ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခဲ့ပါတယ်။ သူ့ရဲ့ကျင့်ကြံခြင်း အခြေခံတောင် တော်တော်လေး

Edit with WPS Office

အသွင်ရာယ် ဖြစ်သွားခဲ့ပါတယ်။

ရုတ်တရက် သက်လတ်ပိုင်းအရွယ် ယောက်ျားတစ်ယောက် ထွက်ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"ဟေ့ အရမ်းအလွန်အကျွံ မလုပ်နဲ့"

သူ့အနောက်မှာ ရောမ ကြယ်နှစ်လုံး ရှိနေပြီး အဲဒါတွေက ယန်ဟောင်ကို ကာကွယ်ပေး ထားလိုက်ပါတယ်။

ယန်ဟောင်က စောစောတုန်းက စိန်ခေါ်မှုတွေမှာ မျက်နှာပေးမှု တချို့ ရခဲ့ပေမဲ့ သူက လင်းဟာန်ရဲ့ စိတ်ဂိုညာဉ်ကို ဖိနှိပ်ရုံပဲ လုပ်ခဲ့ပါသေးတယ်။ ဒါပေမဲ့လည်း ယန်ဟောင်ကတော့ သူ့ရဲ့ အသက်ဓာတ် စွမ်းအင်တောင် တဖြည်းဖြည်း လုံးပါးပါးလာတဲ့အထိတောင် ရိုက်နှက်ခံရပါတယ်။ အခြေအနေတွေက အရမ်းကို ဆိုးဝါးလာပြီး ဂိုဏ်းက ယန်ဟောင်အတွက် မျှော်လင့်ချက် ကြီးကြီးမားမား ထားရှိထားပါတယ်။

"နင်က ငါ့ကို တားပုံ့တာလား"

ကေရီ ဘုရင်မ လွှမ့်ရှင်းက အေးစက်စွာနဲ့ ပြောလိုက်တယ်။

Edit with WPS Office

သူမရဲ့ ခန္ဓာကိုယ်ကနေ အကန့်အသတ် မရှိတဲ့ ခွန်အားတစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

သက်လတ်ပိုင်းအရွယ် ယောက်ျားက ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ကေရီ ဘုရင်မ လွှမ့်ရှင်း မဟုတ်လား။ မင်းက ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ် အပေါ်မှာ စိတ်ဂိညာဉ် အမှတ်အသား တစ်ခုကို ချန်ထားခဲ့တယ်။ ဒါကြောင့် မင်းက မင်းရဲ့ စွမ်းအား တစ်စိတ်တစ်ပိုင်းကို သူမရဲ့ ခန္ဓာကိုယ်ထဲကနေ ပြသနိုင်တယ်။ ဒါပေမဲ့လည်း ဒါက စိတ်ဂိညာဉ် အမှတ်အသား တစ်ခုသာသာပဲ။ ငါအဲဒါကို သူမရဲ့ ခန္ဓာကိုယ်ကနေ မဖျက်ပစ်ချင်ဘူး။ ဒါကြောင့် ဘာဖြစ်လို့ ဒီနေ့ဖြစ်ပျက်ခဲ့တာကို အလျော့မပေးနိုင်တာလဲ"

ကေရီ ဘုရင်မ လွှမ့်ရှင်းက မြွေနဂါးကိုးကောင် မျိုးနွယ်စုရဲ့ အဖွဲ့ဝင် တစ်ယောက်ဆိုတာ ဘယ်သူက ခန့်မှန်းနိုင်မှာလဲ။ သူမမှာ စိတ်ဂိညာဉ် ကိုးခုကို ခွဲထုတ်ပြီးတော့ ကိုယ်ပွားကိုးခု လုပ်နိုင်တဲ့ စွမ်းရည်မျိုး ရှိလိမ့်မယ်လို့ ဘယ်သူက ခန့်မှန်းနိုင်မှာလဲ။

Edit with WPS Office

ဒါက စိတ်ဂိညာဉ် အမှတ်အသား တစ်ခုကို ချန်ထားသလိုမျိုး ရှိုးရှင်းတာ မဟုတ်ပါဘူး။ ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ ကိုယ်ပွားကိုးခုက သာမန်ကျင့်ကြံသူတွေလို ရင့်ကျက်နိုင်တဲ့အပြင် သူမရဲ့ အသိစိတ်ကြောင့် အဆုံးမရှိ အစွမ်းထက်လာပါလိမ့်မယ်။

ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ နှုတ်ခမ်းတွေမှာ ခြိမ်းခြောက်တဲ့ အပြုံးတစ်ခု ဖြစ်လာပြီး သူမက ပြောလိုက်တယ်။

"နင် ကြိုးစားကြည့်နိုင်တယ်"

အုပ်ချုပ်သူ တစ်ယောက်က ဘယ်လောက် လွှမ်းမိုးနိုင်လိုက်သလဲ။ သူမက သူ့ကို ပြန်ချေပဖို့ အချိန်တောင် မပေးပဲ ချက်ချင်းပဲ သူမရဲ့ သေးသွယ်ကျစ်လျစ်တဲ့ လက်တစ်ဖက်နဲ့ ခုတ်ချလိုက် ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်မှာရှိတဲ့ စွမ်းအားက ပတ်ဂန်းကျင်မှာ ပေါက်ကွဲ ထွက်လာပြီး မိုးကောင်းကင်က ပြိုလဲပြီး ကြယ်တာရာတွေက ကြွေကျလာသလိုမျိုးပါပဲ။ သူတို့ အပေါ်ကို ကမ္ဘာပျက်ကိန်းတစ်ခု ဆင်းသက်လာသလိုပါပဲ။

Edit with WPS Office

သက်လတ်ပိုင်းအရွယ် ယောက်ျားရဲ့ အမူအရာက ပြောင်းလဲသွားပါတယ်။ ဘယ်လိုလုပ် သူမက အရမ်းကို အစွမ်းထက်နေရတာလဲ။

သူ့မှာ စဉ်းစားဖို့ အချိန်မရှိပါဘူး။ ပြီးတော့ သူက သူမရဲ့ တိုက်ခိုက်မှုကို အလျင်အမြန်ပဲ တားဆီးဟန့်တား လိုက်ပါတယ်။

ဂုန်း။

သူက ကောရီ ဘုရင်မ လွှမ့်ရှင်းရဲ့ တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားပါတယ်။

အားလုံးက မှင်သက်အံ့သြ သွားခဲ့ပါတယ်။

လပြွတ်။ သောက်ကျိုးနည်းပဲ။ သူမက အရမ်းကို အစွမ်းထက်ပြီး သူငယ်ချင်းတောင် မရှိလောက်ဘူး။

Chapter 1163 end

အပိုင်း(1164) ဒီခွေးကို နောက်တစ်ကြိမ် ထပ်ပြီးတော့ ရှူးခွင့်မပေးနဲ့

Edit with WPS Office

သက်လတ်ပိုင်းအရွယ် ယောက်ျားကို ပေ့ကျိချမ်လို့ ခေါ်ပါတယ်။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်မှာ ရှိပါတယ်။ သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ အရမ်းကို ထင်ပေါ်ကျော်ကြားပါတယ်။

အံ့ဖွယ်ကောင်းကင် ဂိုဏ်းမှာတောင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်က နှစ်ဆယ့်လေးယောက်ပဲ ရှိပါတယ်။

ဒါပေမဲ့လည်း သူ့လိုမျိုး လက်ရွေးစင် တစ်ယောက်တောင် တိုက်ခိုက်မှု တစ်ခုကြောင့် လွင့်ထွက်သွား ရပါတယ်။ ဒါကို ဘယ်သူကများ ယုံကြည်နိုင်မှာလဲ။

ဒါတင်မက ဒီလိုမျိုး အောင်မြင်မှု ရအောင်လုပ်သွားတဲ့ လူတစ်ယောက်က တကယ်ပဲ တောင်မြစ်အဆင့်မှာပဲရှိတဲ့ တပည့်တစ်ယောက်ပဲ ဖြစ်နေပါတယ်။

ဒါက အရမ်းကို အံ့သြစရာ ကောင်းလွန်းနေပါပြီ။

ယန်ဟောင်လို အရမ်းကို အစွမ်းထက်ပြီး ပါရမီရှိတဲ့

Edit with WPS Office

လူတစ်ယောက်တောင်မှ နေလအဆင့်မှာရှိတဲ့ လူတွေကိုပဲ တိုက်ခိုက်နိုင်ပါတယ်။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေကို စိန်ခေါ်နိုင်လို့လား။ မဖြစ်နိုင်ပါဘူး။

ယန်ပေဟာင်က တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားတာကို မြင်လိုက်ရတဲ့ အချိန်မှာ ပွဲကြည့်ပရိသတ် အားလုံးက အံ့အားသင့်ပြီး သူတို့ခေါင်းတွေ ထုံသွားသလို ခံစားလိုက်ရပါတယ်။ ဟုတ်ပါတယ်။ အခုကျတော့ရော။ ပေကျိချမ်တောင် တစ်ချက်တည်းနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ပွဲကြည့်နေသူ အားလုံးက အံ့အားသင့်မှုတွေ များပြီးတော့ သူတို့ရဲ့ စိတ်ဝိညာဉ်တောင် သူတို့ရဲ့ ခန္ဓာကိုယ်ကနေ ထွက်ခွာသွားလုနီးပါး မှင်သက်တွေဝေ နေကြပါတယ်။

ပေကျိချမ်က မြေပြင်ပေါ်ကနေ မျက်နှာရှုံ့မဲ့ပြီးတော့ ကုန်းထလာခဲ့ပြီး သူ့မျက်နှာပေါ်မှာ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်နေပါတယ်။ ဟူဖေးယွင်မှာ ဧကရီ ဘုရင်မ လွမ့်ရှင်းရဲ့ စိတ်ဝိညာဉ် အမှတ်အသားတစ်ခု ပိုင်ဆိုင်ထားတယ်လို့ပဲ သူတွေးမိခဲ့ပါတယ်။ ဒါကြောင့်

Edit with WPS Office

သူမရဲ့ စွမ်းအားက အများဆုံး ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အနည်းငယ်လောက်ပဲ ရှိပါလိမ့်မယ်။ ဒါပေမဲ့လည်း အခုအခြေအနေကို ကြည့်မယ်ဆိုရင် သူမရဲ့ စွမ်းအားက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အနည်းငယ်ထက် အများကြီး သာလွန်နေပါတယ်။

တကယ်လို့ ကေရီ ဘုရင်မရဲ့ စွမ်းအား အနည်းငယ်က ဒီလောက်တောင် သန်မာနေရင် ဒီကေရီ ဘုရင်မက သေချာပေါက် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေလောက်ပါပြီ။

ဂေကျိချမ်က သူ့ရဲ့ဒေါသတွေကို မျိုသိပ်ပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ခွန်အားက အံ့အားသင့်စရာ ကောင်းတယ်ဆိုတာကို ငါဂုဏ်ခံပါတယ်။ ဒါပေမဲ့လည်း ဒါက အံ့ဖွယ်ကောင်းကင်ဂိုဏ်း ဖြစ်တယ်"

ကေရီ ဘုရင်မ လွှမ်းရှင်းက သူ့စကားတွေကို ခေါင်းထဲမထည့်ပါဘူး။ သူမရဲ့ လက်တွေကို အနောက်မှာ

Edit with WPS Office

ပစ်ထားပြီးတော့ ပြောလိုက်တယ်။

"နင့်ရဲ့ခွေးကို ကြိုးမဖြည်ထားနဲ့။ တကယ်လို့ သူက အရူးထပြီး လူတွေကို နောက်ထပ်တစ်ကြိမ် ထပ်တိုက်ခိုက်နေမယ်ဆိုရင် သူ့ရဲ့သွားတွေ အကုန်လုံး ကျွတ်ထွက်သွားအောင် ငါလုပ်ပစ် ရလိမ့်မယ်"

ယန်ဟောင်က ဆိုးဆိုးဂါးဂါး အရှက်ခွဲခံလိုက်ရသလို ခံစားရပါတယ်။ သူက ခွေးတစ်ကောင်နဲ့ နှိုင်းယှဉ်ခံလိုက် ရပါတယ်။

ဒါပေမဲ့လည်း သူက အခုချိန်မှာ ဘယ်လိုလုပ် အရှေ့ထွက် စကားပြောရဲမှာလဲ။

ဒါက ဧကရီ ဘုရင်မ လွမ့်ရှင်းဖြစ်ပါတယ်။

ဘယ်အုပ်ချုပ်သူက သတ္တိမကောင်း ဉာဏ်အမျှော်အမြင် မရှိပဲ နေမှာလဲ။ ဘယ်အုပ်ချုပ်သူကများ ထိပ်တန်းအဆင့် ပါရမီနဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ မရှိတာမျိုး ရှိနေလို့လဲ။

ယန်ဟောင်က တကယ်ပဲ ထူးချွန်ထက်မြက်တဲ့ ပါရမီရှင်

Edit with WPS Office

တစ်ယောက်ပါ။ ဒါပေမဲ့လည်း သူက ကေရီ ဘုရင်မ လွှမ်းမိုးရှင်းကို ဖိနှိပ်ထိန်းချုပ်ချင်တယ် ဆိုရင်တော့ အနည်းဆုံး နှစ်ပေါင်း တစ်သောင်းလောက် အချိန်ယူရပါလိမ့်မယ်။ ဒါတောင်မှ သူမကို ဖိနှိပ်ထိန်းချုပ်နိုင်ဖို့ ဆိုတာက မဖြစ်နိုင်တာမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။

တကယ်တော့ ဒီကြယ်စင်အစုအဝေးကြီးမှာ ထာဝရမြစ်အဆင့် လက်ရွေးစင်တွေ ဘယ်လောက် များများ ရှိနေလို့လဲ။

တစ်ယောက်ပါပဲ။

ယန်ဟောင်က ဒီအရက်တကွဲ အကျိုးနည်း ဖြစ်တာကို မျိုသိပ်ထားရုံပဲ တတ်နိုင်ပါတယ်။

သူ့မျက်လုံးထဲမှာ လင်းဟာန်ကို စိုက်ကြည့်ရင်း နက်ရှိုင်းတဲ့ အမုန်းတရားတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ လူတွေအားလုံးရဲ့ အရှေ့မှာ အရက်တကွဲ အကျိုးနည်း ဖြစ်ရတာက ဒါတွေအားလုံး ဒီလူကြောင့်ပဲ ဖြစ်ပါတယ်။ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်

Edit with WPS Office

တစ်ယောက်ကို ရှုံးနိမ့်တာက သူ့ရဲ့ ထင်ပေါ်ကျော်ကြားမှုကို မထိခိုက်ပေမဲ့လည်း လူတွေအများကြီးက သူ့ရဲ့ ဆိုးဂါးတဲ့ အရှုံးကို တွေ့မြင်သွားတာကိုတော့ အရမ်းပဲ စိတ်ကသိကအောက် ဖြစ်စေပါတယ်။

လင်းဟန်က သူ့ကို စပ်ဖြဲဖြဲ ပြုံးကြည့်လိုက်ပါတယ်။ ဒါက သူ့မိန်းမပါ။ ဒါကြောင့် သူမရဲ့ ယောက်ျားကို ကူညီဖို့ အရှေ့ကို ထွက်လာတာက သဘာဝ ကျပါတယ်။

ငါ့ကို ရန်လာစဖို့ မင်းကို ဘယ်သူက ပြောလို့လဲ။

တကယ်လို့ ငါတို့ရဲ့ ကျင့်ကြံခြင်းအဆင့်တွေ တူမယ်ဆိုရင် ဘယ်သူက ဘယ်သူကို ကြောက်ရမှာလဲ။

ပေကျိချမ်ရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တစ်ချက် လက်သွားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ခွန်အားက ဧကရီ ဘုရင်မ လွှမ့်ရှင်းရဲ့ လွှမ်းမိုးနိုင်တဲ့ အရှိန်အဝါကြောင့် အားနည်းနေပြီး သူ့လျှာဖျားကနေ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုခြိမ်းခြောက်မှုမျိုးမှ ထွက်လာမှာ မဟုတ်ပါဘူး။

ဒါက လက်ရွေးစင်တွေနဲ့ ဘုရင်အဆင့်တွေ အကြားက

Edit with WPS Office

ကွဲပြားခြားနားချက်ပဲ ဖြစ်ပါတယ်။

"ငါ့စကားတွေကို မှတ်ထားပါ"

ဇေကရီ ဘုရင်မ လွမ့်ရှင်းက သူမရဲ့ မျက်လုံးတွေကို မမှိတ်ခင် ယန်ဟောင်ကို မျက်စိတစ်ချက် ဖေ့ကြည့်လိုက်ပါတယ်။ သူမရဲ့ မျက်လုံးတွေကို ပြန်ဖွင့်လိုက်တဲ့ အခါမှာ သူမရဲ့ အံ့သြဖွယ် အရှိန်အဟုန်က ဒီရေအလား ကျဆင်းသွားခဲ့ပါတယ်။ သူမရဲ့ လွှမ်းမိုးနိုင်တဲ့ အရှိန်အဟုန် ပျောက်ကွယ်သွားပြီး အဲဒီနေရာမှာ အူကြောင်ကြောင်နဲ့ အပြစ်ကင်းစင်တဲ့ လူတစ်ယောက်က အစားထိုးဝင်ရောက် သွားခဲ့ပါတယ်။

"ဟင် ဘာဖြစ်လို့ ငါ့ကို အားလုံးက စိုက်ကြည့်နေတာလဲ"

ဟူဖေးယွင်က မေးလိုက်ပါတယ်။ သူမရဲ့ ချစ်စရာကောင်းတဲ့ မျက်နှာပေါ်မှာ ပဟေဠိ ဖြစ်နေပုံ ရပါတယ်။

တခြားသူတွေလည်း မျက်နှာတွေ ရှုံ့မဲ့ကုန်ပါတယ်။ ဒီအသိအမှတ် မပြုလောက်တဲ့ မိန်းကလေးမှာ တကယ်ပဲ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နောက်ခံတစ်ခု ရှိနေမယ်လို့

Edit with WPS Office

ဘယ်သူက တွေးမိမှာလဲ။

ဟူဖေးယွင်ရဲ့ ပုံပန်းသွင်ပြင်ကို ကြည့်ပြီးတော့ အသိအမှတ်ပြုဖို့မကောင်းဘူးလို့ ပြောတာ မဟုတ်ပါဘူး။ အဲဒီအစားဂိုဏ်းကို ဝင်လာပြီးတဲ့ နောက်ပိုင်းမှာ သူမရဲ့စွမ်းဆောင်ရည်တွေကို ကြည့်ပြီးတော့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်။ သူမက သတိပြုစရာ ကောင်းလောက်အောင်အံ့မခန်းအရာမျိုးတွေ မလုပ်ပြခဲ့ပါဘူး။ ဒါကြောင့် သူမကတခြားမျိုးစေ့အဆင့် ပါရမီရှင်တွေနဲ့ နှိုင်းယှဉ်လိုက်တဲ့အချိန်မှာ သတိထားမိစရာအကြောင်း မရှိပါဘူး။

ဒါပေမဲ့လည်း ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ် အပေါ်မှာထိပ်တန်းအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ စိတ်ဝိညာဉ်အမှတ်အသားတစ်ခု ရှိနေပါတယ်။ ဒါက သူတို့ကိုသေသွားအောင် ထိတ်လန့်တုန်လှုပ် သွားစေခဲ့ပါတယ်။ကံကောင်းတာက သူတို့က သူမကို အရင်တုန်းကရန်စတာမျိုး မရှိခဲ့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့ကိုဘယ်လိုသတ်လို့ သတ်သွားမှန်းတောင် မသိပဲသေသွားရပါလိမ့်မယ်။

Edit with WPS Office

ကေရီ ဘုရင်မ လွှမ့်ရှင်း ထွက်သွားပေမဲ့ ပေကျိချမ်က ဟူဖေးယွင်ကို မထိရဲပါဘူး။ သူက သူမကို တစ်ချက်ပေ့ကြည့်ပြီး ယန်ပောင်ကို ဖမ်းဆုပ်ပြီးတော့ တောင်ထိပ်ပေါ်ကနေ ဆင်းချသွား ခဲ့ပါတယ်။

ယန်ပောင်က ကေရီ ဘုရင်မ လွှမ့်ရှင်းရဲ့ တိုက်ခိုက်မှုတွေကြောင့် အသတ်မခံလိုက်ရပေမဲ့ သူက ပြင်းထန်တဲ့ ဒဏ်ရာတွေ ခံစားသွားခဲ့ ရပါတယ်။ သူ့ရဲ့ဒဏ်ရာတွေက လင်းဟန်ရဲ့ ဒဏ်ရာတွေထက် အဆပေါင်းများစွာ ပြင်းထန်ပါလိမ့်မယ်။

ဒါက ကေရီ ဘုရင်မရဲ့ သဘောထားကို ထုတ်ဖော်ပြသ နေပါတယ်။ တကယ်လို့ မင်းက ငါ့လူတွေကို ရိုက်မယ်ဆိုရင် ငါက ဆယ်ဆလောက် ပြန်ပေးဆပ် စေရမယ်။

"ဘယ်လောက် လွှမ်းမိုးနိုင်လိုက်သလဲ"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးရွတ်ဆို လိုက်ပါတယ်။

"သူမကို လက်မထပ်ခင် ငါ့ကို မူလဇစ်မြစ် အဆင့်ကို ရောက်စေချင်တာ အံ့သြစရာ မရှိတော့ဘူး။ အဲဒီလိုမှ

Edit with WPS Office

မဟုတ်ဘူးဆိုရင် သူမရဲ့ စိတ်သဘောထားကို အခြေခံရရင် သူမက ငါ့အပေါ်ကို တက်ပြီးတော့ စိတ်တိုင်းကျ လုပ်လိမ့်မယ်။ ပြောစမ်း အဲဒီလို အနေအထားကို ငါက လက်ခံနိုင်မှာလား”

ဒီမတော်မဆမှု ဖြစ်ပြီးတဲ့ နောက်မှာတော့ မျိုးစေ့ပါရမီရှင် ဘယ်သူကမှ ဆွေးနွေးမှု ဆက်လုပ်ဖို့ စိတ်မကူးကြတော့ပါဘူး။ ဒါကြောင့် အားလုံးက တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွား ကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူတို့က ဘုရင်အဆင့် ပါရမီရှင်တွေရဲ့ တိုက်ပွဲတွေကို မျက်မြင်ကြုံတွေ့ တွေ့မြင်ပြီးတဲ့ နောက်မှာတော့ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိဖို့ ရည်မှန်းချက်တွေ ရှိလာပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူတို့တွေ နေလအဆင့်ကို တက်သွားခဲ့ရင်တောင် ဘာဖြစ်သွားလိမ့်မလဲ။ သူတို့က တကယ်လို့ ကျင့်ကြံခြင်း အဆင့်တူမှာရှိတဲ့ ဘုရင်အဆင့်တွေနဲ့ ရင်ဆိုင်တိုက်ခိုက်ရင် သေချာပေါက် ရှုံးနိမ့်သွားခဲ့ ပါလိမ့်မယ်။

Edit with WPS Office

သူတို့အားလုံးက ပါရမီရှင်တွေ အကြားက ပါရမီရှင်တွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ရည်ရွယ်ချက်က ပြိုင်ဘက်ကင်း ဘုရင်အဆင့် တစ်ယောက် ဖြစ်လာဖို့ပါပဲ။

"အစ်ကိုဟန် ငါရက်အနည်းငယ် အတွင်းမှာ မင်းကို ဆက်သွယ်မယ်"

ဟဲထောင်က ပြုံးပြီးတော့ ပြောလိုက်တယ်။ အဲဒီနောက် သူက လက်ကိုပွေ့ယမ်းပြီး နှုတ်ဆက် လိုက်ပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"သေချာတာပေါ့။ နောက်ကျမှ စကားပြောကြမယ်"

"စီနီယာအစ်ကိုဟန် လင်းဟန်လို့ ခေါ်တဲ့ လူတစ်ယောက်ကိုများ သိသလား"

ရှောင်စီစီနဲ့ တခြားသူတွေ အားလုံးက လျှောက်လာပြီး လင်းဟန်ကို စိုက်ကြည့်နေခဲ့ပါတယ်။

လင်းဟန်လိုပဲ ဒီလူကလည်း ကြောက်မက်ဖွယ်ရာကောင်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း ဒီကမ္ဘာကြီးထဲမှာ ဒီလိုမျိုး လူထူးလူဆန်း

Edit with WPS Office

နှစ်ယောက် ရှိလိမ့်မယ်လို့ သူတို့က မယုံကြည်နိုင်ပါဘူး။ နောက်ပြီးတော့ ဒီလူက ဟန်လင်းလို့ ခေါ်ပြီးတော့ ဒါက လင်းဟန် နာမည်ရဲ့ ပြောင်းပြန်ပဲ မဟုတ်လား။

လင်းဟန်က သူတို့တွေ သူ့အကြောင်းနဲ့ ပတ်သက်ပြီး သံသယတွေ ဂင်နေမှန်း နားလည်ပါတယ်။ ဒါကြောင့် သူက သူတို့ကို ဆက်ပြီးတော့ ဖုံးကွယ်ထားဖို့ မကြံတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တွေက တခြားသူတွေကို လိုက်ပြောပြတတ်တဲ့ ပါးစပ်ဖွာတဲ့ သူတွေမဟုတ်ဘူး ဆိုတာကို ယုံကြည်ထားပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဘော်ဒါတို့ နှစ်နှစ်တောင် ရှိသွားပြီ။ မင်းတို့အားလုံးကို ကြည့်ရတာ အတော်လေး နေလို့ထိုင်လို့ ကောင်းနေပုံပဲ"

ရှောင်စီစီနဲ့ တခြားသူတွေ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။

သောက်ကျိုးနည်း ဒါသူပဲဟ။

"မင်းဖြစ်နေမယ်လို့ ငါထင်နေသားပဲ။ မင်းက လွန်ခဲ့တဲ့

Edit with WPS Office

နစ်နစ်က ပြင်းထန်အဆင့်မြင့်မှာပဲ ရှိသေးတာကြောင့် မသေချာခဲ့ဘူး”

ဆုကျင်းက စိတ်လှုပ်ရှားစွာနဲ့ သက်ပြင်းချလိုက်ပြီး ဆက်ပြောလိုက်တယ်။

“အခုမှ နစ်နစ်ပဲ ရှိသေးတယ်။ မင်းရဲ့ ကျင့်ကြံခြင်း အဆင့်က ငါတို့ကို ကျော်သွားပြီ။ ဒါက မယုံနိုင်စရာ ကောင်းလွန်းတယ်”

“ကံကောင်းလို့ပါကွာ”

လင်းဟာန်က ပြောလိုက်တယ်။

“သောက်ကျိုးနည်း မင်းက ကိုယ့်ကိုကိုယ် နှိမ့်ချနေသေးတယ်။ ငါဒါကို သည်းမခံနိုင်တော့ဘူး”

“သူ့ကို ဆွဲခေါ်ပြီး သွားသောက်ကြမယ်။ သူ့ကို အမူးတိုက်ရမယ်”

“သဘောတူတယ်။ ငါတို့ သူ့ကို မူးအောင် တိုက်ရမယ်”

သူတို့က လင်းဟာန်ကို သောက်ဖို့အတွက် ဆွဲခေါ်သွားပြီး

Edit with WPS Office

မိုးရေကေရာဇ်နဲ့ တင်းပင်းတို့လည်း သူတို့နဲ့အတူ ပါလာပါတယ်။ လင်းဟန်ကို အုံ့အားသင့် စေခဲ့တာက ရှားပုချယ်လည်း သူတို့နဲ့ အတူ လိုက်ပါလာခဲ့ပါတယ်။ သူက စိတ်လှုပ်ရှားမှုကြောင့် သက်ပြင်းချလိုက်မိပါတယ်။ သူတို့က ရန်သူတွေ ဖြစ်ခဲ့ဖူးပါတယ်။ ရှားပုချယ်ရဲ့ သဘောထားတွေက အတော်လေးကို ပြောင်းလဲသွား ခဲ့ပါတယ်။

အုံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ အောက်မှာ မြို့ငယ်လေး တစ်မြို့ ရှိပါတယ်။ အဲဒီမှာ စားသောက်ဆိုင်တွေနဲ့ တခြား လိုအပ်တဲ့ ဂန်ဆောင်မှုတွေ အားလုံး ရှိပါတယ်။ သူတို့က သီးသန့်ခန်း တစ်ခန်းယူပြီးတော့ စိတ်ကျေနပ်တဲ့အထိ စားသောက်ပျော်ပါး ကြပါတယ်။

လင်းဟန်က သူ့ကို အတူဂင်ရောက်ဖို့ ဟဲထောင်က ဖိတ်ခေါ်ထားတဲ့ လျှို့ပှက်ဆန်းကြယ်ဘုံ အကြောင်းကို ပြောပြလိုက်ပါတယ်။ သူ့ကို အုံ့အားသင့်သွားစေတာက သူတို့တွေ တော်တော်များများ ဒီအကြောင်းနဲ့ ပတ်သက်ပြီး သိထားကြပါတယ်။

Edit with WPS Office

"မင်းပြောတာက စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံပဲ"

ရှောင်စီစီက ခေါင်းညိတ်ပြီး စကားကို ဆက်လိုက်ပါတယ်။

"အဲဒါက ရှေးဟောင်းလျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုပဲ။ အပြင်ဘက် တားမြစ်ဂဏ်ပါတွေကို အရှင်သခင် ဂိညာဥ်သုံးခု ကိုယ်တိုင်ကိုယ်ကျ ဖျက်ဆီးခဲ့ရတယ်။ တကယ်လို့ သူသာ မလုပ်ဘူးဆိုရင် ဘယ်သူမှ ဝင်နိုင်လိမ့်မှာ မဟုတ်ဘူး"

"ဒါပေမဲ့လည်း အရှင်သခင် ဂိညာဥ်သုံးခုကိုယ်တိုင် အဲဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်နိုင်စွမ်း မရှိဘူး။ ကောလာဟလတွေအရ အတင်းအကျပ် ဝင်မယ်ဆိုရင် လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုလုံးကို ဖျက်ဆီးသွားစေနိုင်တဲ့အပြင် သူ့ကိုတောင် သေဆုံးသွားနိုင်တယ်လို့ ပြောကြတယ်"

"အထဲမှာ မရေမတွက်နိုင်တဲ့ ရှေးဟောင်းရတနာတွေ ရှိတယ်။ ပြီးတော့ အဆင့်မြင့် နတ်ဘုရား ဆေးပင်တွေလည်း ရှိတယ်လို့ ပြောကြတယ်။ အဲဒါက ကျင့်ကြံသူတွေကို အရမ်းကို ဆွဲဆောင် နိုင်တယ်"

Edit with WPS Office

"ဒါပေမဲ့လည်း တောင်မြစ်အဆင့်မှာပဲ ရှိတဲ့ သူတွေပဲ ဝင်လို့ရနိုင်တယ်။ ဒါကြောင့် လူတော်တော်များများက သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဒီအဆင့်မှာ ဆက်နေဖို့ ဖိနှိပ်ထိန်းချုပ် ထားကြတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က ဒီလျှို့ဝှက်ဆန်းကြယ်ဘုံကို အကြိမ်နည်းနည်း ပိုဝင်နိုင်ဖို့ပဲ။ သူတို့က အရင်းအမြစ်တွေကို စုစည်းပြီးတော့ သူတို့ရဲ့ အနာဂတ် ကျင့်ကြံခြင်း အတွက် ခွဲခြမ်းစိတ်ဖြာဖို့ လုံလုံလောက်လောက် စုစည်းဖို့ စိတ်ကူးထားကြတယ်"

ဆုကျင်းနဲ့ တခြားသူတွေ အားလုံးက အခြေအနေကို ရှင်းပြလိုက်ပါတယ်။ သူတို့အားလုံးမှာ အစွမ်းထက်တဲ့ နောက်ခံတွေ ရှိတယ်။ ဒါကြောင့် သူတို့က ဒီလိုမျိုး လျှို့ဝှက်ချက်တွေကို လင်းဟန်ထက် ပိုပြီးတော့ သိထားကြတာ သဘာဝ ကျပါတယ်။

"ဒါပေမဲ့လည်း အစွမ်းထက်တဲ့ ကလန်တချို့လည်း သွားကြတယ်လို့ ငါကြားဖူးတယ်။ သူတို့တွေက နေလလက်ရွေးစင် တချို့ကို သူတို့ရဲ့ ဂျူနီယာတွေအတွက် အစောင့်အရှောက်လို ထမ်းဆောင်ဖို့ ထည့်ပေးကြတယ်"

Edit with WPS Office

"ငါလည်း ဒီလိုလေ့ကျင့်မှုမျိုးနဲ့ ပတ်သက်ပြီး ကြားဖူးတယ်"

"နောက်ပြီးတော့ သူတို့တွေမှာ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က ပြင်းထန်တယ် ဆိုရင်တောင် သူတို့ရဲ့ စွမ်းအားတွေကို တားမြစ်ထားတဲ့ မှော်ဆေးလုံး တချို့ကို ချေဖျက်ပြီးတော့ မြှင့်တင်နိုင်တယ်။ နေလအဆင့်မှာရှိတဲ့ သူတို့ရဲ့ နားလည်နိုင်စွမ်းကိုပါ ပေါင်းလိုက်ရင် သူတို့တွေက အဆင့်မြင့်တဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကို ကိုင်စွဲထားနိုင်ပြီး စွမ်းအားမှာ တိုးလာလိမ့်မယ်"

"ဆိုလိုတာက သူတို့တွေလည်း နေလအဆင့်မှာ ရှိနေသေးတယ်လို့ ပြောတာပေါ့"

Chapter 1164 end

အပိုင်း(1165) ကောင်းအဖွဲ့

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ လူတွေက တကယ်ပဲ လျှို့ဝှက်ဆန်းကြယ် ဘုံတစ်ခုအတွက် ဒီလိုမျိုး အသေးစိတ် အချိန်ယူ လုပ်ဆောင်နေတာလား။ အဲဒါက အဲဒီနေရာဟာ ဘယ်လောက်တောင် ထူးခြားနေလဲ

Edit with WPS Office

ဆိုတာကို သက်သေပြနေပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ အဲဒီ အစွမ်းထက်တဲ့ အင်အားစုတွေက ပြင်ဆင်မှုတွေ အများကြီး လုပ်နေမှာလဲ။

"ဒါကိုကြည့်ရတာ လျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်တဲ့ အချိန်ကျရင် မင်းတို့တွေနဲ့ တတွဲတည်း နေမှနဲ့ တူပါတယ်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ဒီပါရမီရှင်တွေ အားလုံးက ထိပ်တန်းအစွမ်းထက် အင်အားစုတွေရဲ့ အမွေဆက်ခံသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့က စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံ အတွင်းပိုင်းက အခြေအနေကို သတင်းအချက်အလက် တော်တော်များများ ရထားကြမှာပါ။ သူတို့အနောက်က အင်အားစုက စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ ဆွဲဆောင်မှုနဲ့ မျက်နှာချင်း ဆိုင်ရတဲ့ အခါမှာ စိတ်မလှုပ်ရှားပဲ ကျန်ရှိနေလိမ့်မယ်လို့ မယုံကြည်ပါဘူး။

အဲဒီလို တောင်မြစ်အဆင့်မျိုး ကျင့်ကြံသူတွေက လျှို့ဝှက်ဆန်းကြယ် ဘုံထဲကို သူတို့နဲ့အတူ လိုက်ပါကောင်း

Edit with WPS Office

လိုက်ပါလာနိုင်ပါတယ်။

"ဟဲဟဲ"

"ခစ်ခစ်"

ရှောင်စီစီနဲ့ တခြားသူတွေ အားလုံးက ရယ်ပြီးတော့ပဲ ပြန်တုံ့ပြန်လိုက်ပါတယ်။

သူတို့ရဲ့ လျှို့ဝှက်ချက်ကို သိနေတဲ့ လူတစ်ယောက်ကို လိမ်နေစရာ မလိုပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့တွေကလည်း ဒီလိုမျိုး လေ့ကျင့်မှုတွေကို ဆင်နွှဲခဲ့ရတာကြောင့် ဒီလျှို့ဝှက်ချက်တွေ သိနေရတာပဲ ဖြစ်ပါတယ်။

"အစ်ကိုလင်း တကယ်လို့ နင်က ငါ့ရဲ့ မြူခိုးတစ်ထောင် အံ့ဖွယ်အင်ပါယာနဲ့ ပူးပေါင်းဖို့ စိတ်ကူးရှိရင် နင်ဘာပဲလိုလို တောင်းဆိုနိုင်တယ်"

ရှောင်စီစီက ပြောလိုက်တယ်။ သူမရဲ့ တောက်ပတဲ့ မျက်လုံးတွေထဲမှာ အရောင်တလက်လက် လင်းလက်နေပြီး သူမရဲ့ ခန္ဓာကိုယ်ကနေ ဆွဲမက်ဖွယ်ရာ အရှိန်အဝါတစ်ခု

Edit with WPS Office

ထွက်ပေါ်လို့ နေပါတယ်။

သူမရဲ့ ကတိ၊ သူမရဲ့ အကြည့်နဲ့ဆို နင့်ကို
လက်ထပ်ဖို့တောင် ငါစဉ်းစားပေးနိုင်တယ်လို့
ပြောနေသလိုပါပဲ။

"ဟီးဟီ။ အစ်ကိုလင်း ငါ့မှာ ညီမလေး တစ်ယောက်ရှိတယ်။
သူမအတွက်ဆို နိုင်ငံတွေ မြို့တွေကို စတေးဖို့အထိ
ထိုက်တန်အောင် ချောမောလှပတယ်"

တုအန်းက အလျှင်အမြန်ပဲ ပြောလိုက်တယ်။

"မင်းနဲ့ သူနဲ့ဆိုရင် မိုးကောင်းကင်က စုံဖက်ပေးတဲ့
ဖူးစာဖက်လို လိုက်ဖက်ညီတယ်။ အစ်ကိုလင်း အတွက်
နယ်စားကြီး တစ်ယောက်ရဲ့ နေရာမျိုး ရဖို့
ငါအာမခံပေးနိုင်တယ်"

"နေလွှမ်းမိုးခြင်း အံ့ဖွယ်အင်ပါယာနဲ့ ပူးပေါင်းပါ။ ငါတို့တွေ
သွေးသောက်ညီအစ်ကို ဖြစ်လာလိမ့်မယ်"

ရှားပူချွယ်က ပြောလိုက်တယ်။

လင်းဟာန်က သူ့ရဲ့ ပါရမီကို သက်သေပြပြီးပါပြီ။ သူက

Edit with WPS Office

ဒီတန်ဖိုးနဲ့ ထိုက်တန်ပါတယ်။

လင်းဟန်က ယန်ပေါင်ကို အပြစ်ပြုမိခဲ့တယ် ဆိုပေမဲ့ ယန်ပေါင်က နေလအဆင့်မှာပဲ ရှိပါတယ်။ နောက်ပြီးတော့ သူ့ရဲ့နောက်ခံကလည်း သူတို့ထက် နည်းနည်းလေးမှ မသန်မာပါဘူး။ ယန်ပေါင်က ထာဝရမြစ်အဆင့်ကို မရောက်သေးသရွေ့ သူတို့တွေက သူ့ကို ကြောက်နေစရာ လိုလိမ့်မှာ မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူက ထာဝရမြစ်အဆင့်ကို ရောက်နိုင်ရင်တောင် နှစ်ပေါင်း ဘယ်လောက်တောင် ကြာပြီးမှ ရောက်နိုင်မှာလဲ။

ယန်ပေါင်က အနည်းဆုံး နှစ်ပေါင်းတစ်ထောင်လောက် အချိန်ယူပြီးမှ နေလအဆင့်ရဲ့ ပြင်းထန်အဆင့်မြင့်ကို ရောက်ခဲ့တာပါ။ ဒါပေမဲ့လည်း နေလအဆင့်ကနေ ထာဝရမြစ် အဆင့်ကို မပြောနဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို အဆင့်တက်ဖို့က အရမ်းကို ခက်ခဲပြီး ကြီးမားတဲ့ ကွာဟချက် တစ်ခု ဖြစ်ပါတယ်။
ဒီကြယ်စင်အစုအဝေးထဲမှာတောင် ထာဝရမြစ်အဆင့်

Edit with WPS Office

လက်ရွေးစင်က တစ်ယောက်ပဲ ရှိပါတယ်။ အဲဒါက အဲဒီအဆင့်ကို ရောက်ရှိဖို့ ဘယ်လောက်တောင် ခက်ခဲလဲ ဆိုတာကို သက်သေပြနေပါတယ်။

ဒါကြောင့် သူ့ရဲ့ လင်းဟန်ထက် နှစ်ပေါင်းရာဂဏန်းတော်တော်များများ ရှေ့ရောက်နေမှုက အချိန်မဆိုင်းပဲ ပျောက်ကွယ်သွားပါလိမ့်မယ်။ အနာဂတ်မှာ အဆင့်တစ်ဆင့် တက်ဖို့ သူ့အတွက် နှစ်ပေါင်း တစ်သောင်းလောက် အချိန်ယူရပါလိမ့်မယ်။ အဲဒါနဲ့ နှိုင်းယှဉ်လိုက်ရင် ရာစုနည်း အနည်းငယ်ဆိုတဲ့ အချိန်ကာလက ဘာမှမဟုတ်တော့ပါဘူး။

အဲဒီအချိန် လင်းဟန်က သူတို့ရဲ့ မေးခွန်းတွေကို လှည့်ပတ်ရှောင်တိမ်းပြီး အဖြေပေး လိုက်ပါတယ်။ သူ့မှာ သူ့ကိုယ်ပိုင် အင်အားစု ရှိနေပါပြီ။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီး တခြားတစ်ယောက်ရဲ့ အင်ပါယာနဲ့ ပူးပေါင်းနိုင်မှာလဲ။ တကယ်လို့ ပူးပေါင်းမယ် ဆိုရင်တောင် အဲဒါက ကြယ်ဥက္ကာ အဲ့ဖွယ်အင်ပါယာပဲ ဖြစ်ပါလိမ့်မယ်။

တကယ်တော့ ဧကရီ ဘုရင်မတောင် သူ့ရဲ့မိန်းမဖြစ်နေပါပြီ။

Edit with WPS Office

ဒါပေမဲ့ သူက ဒါကို သူ့စိတ်ထဲမှာပဲ ပြောရဲပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ထာဂုရ မိုးကောင်းကင် ကေရာဇ်၊ ကျောက်စိမ်းကေရာဇ်နဲ့ ကြယ်ဥက္ကာ အဲ့ဖွယ်အင်ပါယာရဲ့ ဗိုလ်ချုပ် ခုနစ်ယောက်ထဲက တချို့တောင်မှ အပြေးအလွှားလာပြီး သူ့ကို သတ်ပစ်ပါလိမ့်မယ်။

သူတို့တွေရဲ့ တွေ့ဆုံပွဲ ပြီးသွားတဲ့ အချိန်မှာ လင်းဟန်က မိုးရေကေရာဇ်၊ ဖန်ပိုယွမ်၊ မုယောင်ချင်းနဲ့ ဟောလျန်ထန်းယွင်တို့နဲ့ တွေ့ဆုံပြီး နောက်တစ်ကြိမ် ထပ်သောက်ပါတယ်။

အခုလင်းဟန် ရောက်လာပြီဆိုတော့ သူတို့တွေက ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ နောက်တစ်ကြိမ် ပြန်ပြီးတော့ လေ့ကျင့်နိုင်ပါပြီ။

လင်းဟန်က စွေ့ရန်ယွီကို ပြန်လည်မွေးဖွားခြင်း သစ်ပင်နဲ့ ပေးတဲ့ ပန်းခင်းကြီး တစ်ခုကို ဆွဲခေါ်သွား လိုက်ပါတယ်။

"မိန်းမ ငါတို့ရဲ့ သားက အရမ်းကို ကံကောင်းတာပဲ"

လင်းဟန်က စွေ့ရန်ယွီရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေ အပေါ်မှာ

Edit with WPS Office

သူ့လက်နဲ့ ဆုပ်ကိုင် နယ်ကစားရင်း ပြောလိုက်ပါတယ်။

နိုင်းယှဉ်ရမယ်ဆိုရင် ဟော့လျန်ချွင်ရှယ်ရဲ့ ရင်သားတွေက
သနားစရာ ကောင်းလောက်အောင် သေးငယ်ပါတယ်။
စွေ့ရန်ယွီရဲ့ ရင်သားတွေက ပြားချပ်မနေခဲ့တာကြောင့်
သူတို့ရဲ့ သားက အစာရေစာ ဝတ်ပြတ်မှုရှိမှ မဟုတ်ပဲ
အတော်လေးကို ကံကောင်းတယ်လို့ ပြောရပါမယ်။

သူတို့နှစ်ယောက်က လင်မယားတွေ ဖြစ်သွားကြပြီ ဆိုပေမဲ့
စွေ့ရန်ယွီက အလွယ်တကူ ရှက်ရွံ့နေပါသေးတယ်။ သူမရဲ့
မျက်နှာက နီမြန်းလာပြီး သူ့ခါးကို ဆွဲဆိတ်ပြီးတော့ အပြစ်ဆို
လိုက်ပါတယ်။

"နာဘူးကောင်"

သူမရဲ့ တလက်လက်တောက်ပနေတဲ့ မျက်လုံးတွေမှာ
ချစ်ခင်မှုတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

လင်းဟာန်ရဲ့ နှလုံးသားက စိတ်လှုပ်ရှားမှုကြောင့် တဒိတ်ဒိတ်
ခုန်မြန်လာပြီးတော့ ပြောလိုက်တယ်။

"ငါ့ရဲ့ အရှက်မရှိမှုကိုပဲ ကျေးဇူးတင်ရမယ်။

Edit with WPS Office

အဲဒီလိုမှမဟုတ်ရင် ဒီလိုမျိုး ချောမောလှပတဲ့ ဆရာမက ဘယ်လိုလုပ် ငါ့ကလေးရဲ့ အမေဖြစ်လာနိုင်မှာလဲ”

စွေ့ရန်ယွီက အားပျော့စွာနဲ့ ရှုန်းကုန်လှုပ်ရှားပြီးတော့ အပြစ်ဆိုလိုက်ပါတယ်။

“နင်ငါ့ကို ဒီလိုပြောနေတဲ့ အချိန်မှာ နာဘူးကျပြီးတော့ ဖမ်းဆုပ်ကိုင်မနေဘူးဆိုရင် ငါစိတ်လှုပ်ရှားကောင်း စိတ်လှုပ်ရှားနိုင်တယ်။ ဒါပေမဲ့ အခုတော့ ငါဒီနာဘူးကောင်ကို သေအောင် ကိုက်ပစ်ချင်နေပြီ”

“မင်းရဲ့ ရာသီခွင်က ခွေးနှစ်လား။ မင်းက တကယ်ပဲ ငါ့ကို ကိုက်မလို့လား”

သူ့မျက်လုံးတွေမှာ ရွှင်မြူးတဲ့ အရိပ်အယောင် လက်သွားပြီးတော့ ပြောလိုက်တယ်။

“တကယ်လို့ မင်းက ကိုက်ရတာကို အရမ်းသဘောကျရင် ငါမင်းကို ကစားနည်းအသစ် တစ်ခုကို သင်ပေးမယ်။ မင်းနှလုံးသား ကျေနပ်တဲ့အထိ ကိုက်ပြီးတော့ တတိတိဂါးနိုင်မယ်လို့ ငါအာမခံတယ်”

Edit with WPS Office

သူက စွေ့ရန်ယွီရဲ့ နား အနားကို ကပ်ပြီးတော့ တီးတိုးပြောလိုက်ပြီး သူမရဲ့ မျက်လုံးတွေက ချက်ချင်းပဲ အံ့အားသင့်မှုကြောင့် ပြူးလာခဲ့ပါတယ်။ သူမက လင်းဟာန်ရဲ့ ခန္ဓာကိုယ် အပေါ်ကို ခွထိုင်လိုက်မိပါတယ်။

"နာဘူးကောင်။ ငတုံး နာဘူး။ အရှက်မရှိတဲ့ တဏှာရူးကောင်"

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ဒါဆိုရင် မိန်းမ မင်းက ဦးဆောင်ရတာကို သဘောကျတယ်ပေါ့ ဟုတ်လား။ လာလေ။ မင်းရဲ့ ယောက်ျားက ဒီနေ့ မင်းစိတ်တိုင်းကျ လုပ်ခွင့် ပြုထားမယ်"

စွေ့ရန်ယွီက သူ့ကို လက်သည်းနဲ့ ဆိတ်လိုက်ပါတယ်။ ဒီလူစလိုက်တာနဲ့ ဘာဖြစ်လို့ သူမက အရမ်းကို ရှက်သွားစေရတာလဲ။

"အောင်မလေး မိန်းမ မင်းဘယ်နေရာကို ဆိတ်နေတာလဲ"

လင်းဟာန်က အံ့ကြိတ်ပြီးတော့ အသက်ကို ခပ်ပြင်းပြင်း

Edit with WPS Office

ရှုလိုက်ပါတယ်။

စွေရန်ယွီက ငုံ့ကြည့်လိုက်တဲ့ အခါမှာ သူမက သူ့ရဲ့ ထောင်မတ်နေတဲ့ နဂါးကို ဆိတ်မိနေတယ် ဆိုတာကို သိလိုက်ရပါတယ်။ သူမက လင်းဟန်ကို ရှက်ရှက်နဲ့ ကြည့်ရုံပဲ တတ်နိုင်ပါတယ်။

"ဟီးဟီး မိန်းမ မင်းအခုလိုမျိုး ဖြစ်နေတဲ့ အချိန်တွေဆို ငါအရမ်း သဘောကျတယ်"

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်းက တကယ့်ကို ရက်ရက်စက်စက် ဆွဲဆောင်မှုရှိတဲ့ မိန်းမလှ တစ်ယောက်ပဲ။ မင်းက အရမ်းကို လွယ်လွယ်နဲ့လည်း ရှက်တတ်တယ်"

"သေစမ်း နာဘူးကောင်"

သိပ်မကြာခင်မှာပဲ စွေရန်ယွီရဲ့ ဆွဲမက်ဖွယ်ရာကောင်းပြီး အားရကျေနပ်တဲ့ ညည်းညူသံတွေက လေနဲ့အတူ ပျံ့နှံ့လို့ လာခဲ့ပါတယ်။

Edit with WPS Office

....

....

ပုကျဲ၊ ယန်ပောင်တို့နဲ့ တိုက်ခိုက်လို့ အပြီးမှာ လင်းဟန်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲ ထင်ပေါ်ကျော်ကြား လာခဲ့ပါတယ်။ ဟူဖေးယွင်ရဲ့ လုပ်ဆောင်မှုက ပိုပြီးတော့ မှင်သက်အံ့သြဖွယ် ဖြစ်ပေမဲ့ သူမရဲ့ စွမ်းအားက သူမခန္ဓာကိုယ်ထဲက စိတ်ဝိညာဉ် အမှတ်အသားကနေ ရရှိတာကို အားလုံးက သိထားပါတယ်။ သူမရဲ့ အမှန်တကယ် စွမ်းအားကတော့ မပြောပလောက် သေးပါဘူး။

နောက်တစ်နေ့ မနက်မှာ လင်းဟန်ဆီကို လူတွေအများကြီး လာရောက်လည်ပတ် ကြပါတယ်။ သူတို့က လင်းဟန်နဲ့ သူငယ်ချင်း ဖြစ်ချင်ကြသလို အနည်းဆုံးတော့ သူနဲ့ ရင်းနှီးထား ချင်ကြပါတယ်။

လင်းဟန်က မာနကြီးသလိုမျိုး မလုပ်ပဲ အဲဒီအစား သူတို့နဲ့ ရင်းရင်းနှီးနှီး ဟာသတွေ ပြောဆိုနေခဲ့ ပါတယ်။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်လုံးထဲမှာ ဒီလူတွေက ငွေတိုက်တွေ ဖြစ်ပါတယ်။

အဲ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကို ဝင်နိုင်တဲ့ လူတွေက ယေဘုယျအားဖြင့်တော့ အားလုံးဟာ အစွမ်းထက်တဲ့ အင်အားစုတွေရဲ့ ဆက်ခံသူတွေ ဖြစ်ပါတယ်။ သူတို့မှာ ငွေဆိုတာ မရှားပါဘူး။

သူက ပိုက်ဆံရှာဖို့ လိုပါတယ်။ ဒါကြောင့် မှော်ဆေးပညာ အပေါ်မှာ အာရုံစိုက်ဖို့ လိုပါတယ်။ မှော်ဆေးလုံးတွေ သူဖော်စပ်ပြီးတာနဲ့ ဒီလူတွေက သူ့ရဲ့ ဈေးဝယ်သူတွေ ဖြစ်လာပါလိမ့်မယ်။

လင်းဟာန်က အားရဝမ်းသာနဲ့ ရယ်မောနေပါတယ်။

သူ့ရဲ့ ဟာန်ပန်အမူအရာတွေက နွေးထွေးပြီးတော့ လိုက်လိုက်လှဲလှဲ ကြိုဆိုနေပြီး လာရောက် လည်ပတ်သူ အားလုံးက သူ့ရဲ့ ယဉ်ကျေးပျူငှာမှုကြောင့် ဝမ်းသာနေကြပါတယ်။ လင်းဟာန်က ဒီလိုမျိုး အရမ်းကို နှိမ့်ချတတ်တဲ့လူ တစ်ယောက် ဖြစ်နေလိမ့်မယ်လို့ သူတို့တွေ

Edit with WPS Office

မျှော်လင့်မထား မိခဲ့ပါဘူး။

အဲဒီအချိန်မှာ စွေ့ရန်ယွီက သနားပြီးတော့ သူမရဲ့ ခေါင်းကို ခါလိုက်ပါတယ်။ လင်းဟန်က အရမ်းကို ကောင်းတယ်ဆိုတာကို သူမသိထားသလို သူဘာကို တွေးနေလဲ ဆိုတာကိုလည်း သူမ သိပါတယ်။ ဒီလူတွေက အသတ်ခံရမဲ့ ဂဏ်တွေလိုမျိုး ဆက်ဆံခံနေရတာကိုတောင် သူတို့တွေက လင်းဟန်ရဲ့ အရမ်းကို ပျူငှာမှုကြောင့် ကျေးဇူးတင်နေသေးတယ်။ သူတို့က လင်းဟန်ရဲ့ အကျိုးအမြတ်အတွက် ကူညီပေးမဲ့ လူတွေပါပဲလေ။

အဲဒီနောက် သူမရဲ့ စိတ်ထဲမှာ သူမဘာသာသူမ အံ့သြသွားမိပါတယ်။ သူမလည်း သူ့ရဲ့ ဖမ်းဆီးခြင်းကို စိတ်လိုလက်ရ ခံလိုက်ရတာလား။

"ဒီအသည်းလေးကတော့"

သူမရဲ့ အသံထဲမှာ ချစ်ခင်မှုတွေနဲ့ ပြည့်နှက်ပြီးတော့ ရက်ရွံ့မှုတွေလည်း ပါနေပါတယ်။

"အဟမ်း။ ဒါက စီနီယာ အစ်ကိုဟန်ပေါ့။ ကျနော်ပြောတာ

Edit with WPS Office

မှန်လားမသိဘူး”

အစိမ်းရောင် ဂျတ်စုံနဲ့ လူတစ်ယောက် လျှောက်လာပြီး သူ့မျက်လုံးက စွေ့ရန်ယ္ဟိုကို တစ်ချက် ဖေ့ကြည့်လိုက်ရင်း သူ့မျက်နှာပေါ်မှာ အံ့သြသွားတဲ့ အရိပ်အယောင်တစ်ခု လက်သွားပါတယ်။ သူက သူ့မျက်လုံးတွေကို လင်းဟာန်ဘက် မပြောင်းခင် သူမကို နောက်ထပ်တစ်ကြိမ် ဖေ့ကြည့်လိုက်မိပါတယ်။

သူ့အပေါ် လင်းဟာန်ရဲ့ အမြင်ကလည်း နိမ့်ကျသွားခဲ့ပါတယ်။

“မှန်တယ်။ ငါက လင်းဟာန်ပဲ”

လင်းဟာန်က ဂရုမစိုက်တဲ့ဟန်နဲ့ ပြောလိုက်ပါတယ်။

အစိမ်းရောင် ဂျတ်စုံနဲ့လူက ဟက်ဟက်ပက်ပက် ပြုံးပြီးတော့ ပြောလိုက်တယ်။

“ကျနော်က ကိုင်ယုံစစ်ပါ။ ကောင်းအဖွဲ့ကနေ လာခဲ့တာပါ”

“ကောင်းအဖွဲ့ဆိုတာ ဘာလဲ”

လင်းဟာန်က တခြားသူတွေ သူ့အရှေ့မှာ ဘဂမြင့်တဲ့

Edit with WPS Office

ဟန်ပန်အမူအရာမျိုး လုပ်နေတဲ့ အချိန်ဆို အရမ်းကို မုန်းပါတယ်။ အစိမ်းရောင် ဂတ်စုံနဲ့ လူရဲ့ မျက်နှာပေါ်က ထေ့ငေါ့တဲ့ ပုံစံကို ကြည့်ပြီး သူက ဒေါသထွက်သလို ခံစားနေရပါတယ်။

ကိုင်ယုံစစ်က ဖြူမသွားပဲ ပြောလိုက်တယ်။

"စီနီယာ အစ်ကိုဟန် မသိသေးဘူးလား။ ကျနော်တို့ အုံ့ဖွယ်ကောင်းကင်ဂိုဏ်းကို အဖွဲ့အစည်း တော်တော်များများ ခွဲထားတယ်။ ကျနော်တို့ဂိုဏ်းရဲ့ တည်ထောင်သူမှာ စုစုပေါင်း တပည့် ကိုးယောက်ရှိတယ်။ ဒါကြောင့် သူတို့တွေက အစွမ်းထက်ဆုံး ဖြစ်ပြီးတော့ အဖွဲ့တွေကို ဦးဆောင်ကြတယ်။ ကောင်းအဖွဲ့အစည်းက အဲဒီလို အဖွဲ့အစည်း တစ်ခုပဲ"

လင်းဟန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ အရှင်သခင် ဂိုညာဥ်သုံးခုက ကြယ်စင်စုကို လွှမ်းမိုးဖို့ ဆန္ဒမရှိခဲ့ပါဘူး။ ဒါပေမဲ့ အခုကြည့်ရတာ သူ့ရဲ့တပည့်ကိုးယောက်က သေချာပေါက် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသူတွေ မဟုတ်လောက်ပါဘူး။

Edit with WPS Office

အရှင်သခင် ဂိညာဉ်သုံးခု မရှိတော့တဲ့ အချိန်ကျရင် ဒီကြယ်စင်စုကြီးပေါ် သေချာပေါက် ပြင်းထန်တဲ့ စစ်ပွဲတစ်ခု ဆင်းသက်လာပါလိမ့်မယ်။ တစ်ယောက်ယောက်က မြေပုံတွေကို ပြန်လည်ရေးဆွဲဖို့ လိုအပ်လာပါလိမ့်မယ်။

"အဲဒီတော့ ဘာဖြစ်လဲ"

လင်းဟန်က အလေးမထားပဲ မေးလိုက်တယ်။

ကိုင်ယုံစစ်ရဲ့ မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်တစ်ခု ထွက်ပေါ်သွားခဲ့ပါတယ်။ လင်းဟန်ကို သူက ကောင်းအဖွဲ့အစည်းကနေ လာခဲ့တယ်လို့ ပြောတာကို မကြားဘူးလား။ ဒီအဖွဲ့က အရှင်သခင် ဂိညာဉ်သုံးခုရဲ့ တပည့်တွေထဲက တစ်ယောက် တည်ထောင်ထားတာ မဟုတ်လား။ ဒါပေမဲ့လည်း သူက သူ့ရဲ့ဒေါသတွေကို ဖိနှိပ်ထားပြီးတော့ သူလာရောက် လည်ပတ်တဲ့ အကြောင်းအရာကို သတိထားလိုက်ပါတယ်။

"ကျနော်က သခင်လေးရဲ့ ကိုယ်စား စီနီယာ အစ်ကိုဟန်ကို ကျနော်တို့ ကောင်းအဖွဲ့ကို ပူးပေါင်းဖို့ အထူးတလည်

Edit with WPS Office

လာရောက်ဖိတ်ကြားတာပါ”

Chapter 1165 end

အပိုင်း(1166) စိတ်မဝင်စားဘူး

“ငါစိတ်မဝင်စားဘူး”

လင်းဟာန်က နည်းနည်းလေးမှ တုံ့ဆိုင်းခြင်း မရှိပဲ ပြန်ဖြေလိုက်ပါတယ်။

ကိုင်ယုံစစ်က ခဏလောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

“စီနီယာ အစ်ကိုဟာန် နည်းနည်းလောက် စဉ်းစားပေးပါဦးလား”

“မင်းနားမကောင်းဘူးလား။ ဒါမှမဟုတ် မင်းဦးနှောက်က တစ်ခုခုများ ချို့ယွင်းနေလား”

လင်းဟာန်က မေးလိုက်ပါတယ်။

ကိုင်ယုံစစ်က ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့ပါတယ်။ သူစောစောတုန်းက သေသေချာချာ ရှင်းမပြခဲ့ဘူးလား။

Edit with WPS Office

သူက သခင်လေးကိုယ်စား လင်းဟန်ကို ကောင်းအဖွဲ့ထဲဝင်ဖို့ လာရောက် ဖိတ်ကြားတယ်လို့ ပြောခဲ့ပါတယ်။

"ကောင်းအဖွဲ့က ဘယ်လောက် ထူးကဲလဲ ဆိုတာကို မသိဘူးလား"

သူက ဆက်ပြီးတော့ ရှင်းပြဖို့ လိုအပ်တယ်လို့ ခံစားလိုက်ရပါတယ်။ ဒါကြောင့် သူက စကားဆက် လိုက်ပါတယ်။

"အဖွဲ့ခေါင်းဆောင် အရှင်ကောင်းဖန်က အရှင်သခင် ဂိညာဉ်သုံးခုရဲ့ လေးယောက်မြောက် တပည့်ဖြစ်တယ်။ နောက်ပြီးတော့ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေတဲ့ ထိပ်တန်းလက်ရွေးစင် တစ်ယောက်ပဲ။ ဒါကြောင့် သူက အနာဂတ်မှာ ထာဝရမြစ် အဆင့်ကို တက်ရောက်နိုင်တဲ့ အခွင့်အရေးကြီးကြီးမားမားတစ်ခု ရှိတယ်"

"သခင်လေး ကောင်းဟွမ်ကလည်း နေလအဆင့် ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်ပဲ။

Edit with WPS Office

သူက သေချာပေါက် အနာဂတ် ကောင်းကင်ဘုံ ခန္ဓာကိုယ်
အဆင့်မှာ သရဖူဆောင်းတဲ့ လူတစ်ယောက်
ဖြစ်လာလိမ့်မယ်"

လင်းဟာန်က ဟားတိုက်ရယ်မောလုနီးပါး ဖြစ်သွားပါတယ်။
ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်
တစ်ယောက်က သရဖူဆောင်းမယ် ဟုတ်လား။

အဓိပ္ပါယ်မရှိတာ။

သူက ခေါင်းခါပြီးတော့ ပြောလိုက်တယ်။

"မင်းပြောလို့ ပြီးပြီလား"

"ဟာန်လင်း ကျေးဇူးမသိတတ်တဲ့ လူယုတ်မာ တစ်ယောက်
မဖြစ်စေနဲ့"

ကိုင်ယုံစစ်က မာမာထန်ထန်နဲ့ ပြောလိုက်တယ်။

"သခင်လေးက သေချာပေါက် သူလိုချင်တဲ့ အဖြေတစ်ခုကို
မရရအောင် ယူတတ်တယ် ဆိုတာကို
မင်းသတိပြုရလိမ့်မယ်"

Edit with WPS Office

"အိုး ငါအရမ်းကို ကြောက်နေပါပြီနော်"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

ကိုင်ယုံစစ်က ဒေါသထွက်သွားခဲ့ပါတယ်။ ဒီလူက တကယ်ပဲ ကောင်းဟွမ်ရဲ့ နာမည်ကို နောက်ပြောင်ကျီစယ်ရဲတယ်ပေါ့ ဟုတ်လား။ သူက နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ မင်းက သခင်လေးကို ဆန့်ကျင်မယ်ဆိုရင် အံ့ဖွယ်ကောင်းကင် ဂိုဏ်းထဲမှာ ခြေတစ်လှမ်း လှမ်းဖို့တောင် မင်းအတွက် ခက်ခဲသွားလိမ့်မယ်။ သခင်လေးက နှစ်ပေါင်း သုံးသိန်းပဲ ကျင့်ကြံအားထုတ်ခဲ့ပြီး နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်နေခဲ့ပြီ။ သူက သေချာပေါက် နှစ်ပေါင်းတစ်သန်း အတွင်းမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်လိမ့်မယ်"

ဒါက တကယ့်ကို အံ့သြဖွယ်ရာ ဖြစ်ပါတယ်။

နှစ်ပေါင်းသုံးသိန်းဆိုတာ အချိန်ကြာတယ် ဆိုပေမဲ့ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လူတွေရဲ့ သက်တမ်းက နှစ်ပေါင်း လေးသိန်း ဖြစ်ပါတယ်။ အဲဒီအချိန်

Edit with WPS Office

နေလအဆင့် လက်ရွေးစင်တွေရဲ့ အမြင့်ဆုံး သက်တမ်းက နှစ်ပေါင်း လေးသန်းထိ ရောက်နိုင်ပါတယ်။ ဒါကြောင့် နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို နှစ်ပေါင်း သုံးသိန်းထဲနဲ့ ရောက်ရှိတယ် ဆိုတာက သေချာပေါက် အထင်ကြီးစရာ ကောင်းပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ဒီအကြောင်းကို အများကြီးမတွေးပါဘူး။ တကယ်လို့ နေလအဆင့် အထွတ်အထိပ် အဆင့်ကိုက နှစ်ပေါင်းသုံးသိန်းအတွင်း ရောက်နိုင်ရင် ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်နိုင်ပါတယ်။ ဒါက အရမ်းကို အံ့သြစရာကောင်းတဲ့ ကံကြမ္မာတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ ဒီလိုမျိုး အောင်မြင်မှုကို ထူးချွန်ထက်မြက်တယ်လို့ မပြောနိုင်ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ပါရမီရှင်တွေ မရှားပါဘူး။

တကယ်လို့ ကောင်းဟွမ်ရဲ့ အဖေက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် မဟုတ်ဘူးဆိုရင် သူ့အနေနဲ့ နေလအဆင့် အထွတ်အထိပ်ကို

Edit with WPS Office

အရမ်းလျှင်လျှင်မြန်မြန်နဲ့ ရောက်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက ကျောက်လန်နဲ့ တူပါတယ်။ ပါရမီရှိပေမဲ့ ကမ္ဘာကြီးထဲမှာ ပါရမီ အရှိဆုံး မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူက နှစ်ပေါင်း တစ်ထောင်အတွင်းမှာ နေလအဆင့်ကို ရောက်အောင်လို့ လုပ်နိုင်နေဆဲပါပဲ။

တကယ်လို့ လူတစ်ယောက်မှာ အစွမ်းထက်တဲ့ အဖေတစ်ယောက် ရှိမယ်ဆိုရင် ဘဂက ပိုပြီးတော့ လွယ်ကူပါလိမ့်မယ်။ ဒါပေမဲ့လည်း ကောင်းဟွမ်က နေလအဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်နေတယ် ဆိုရင်တောင် သူ့အတွက်တော့ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ဆိုတာ မဖြစ်နိုင်လုနီးပါး ဖြစ်ပါလိမ့်မယ်။

တကယ်လို့ လူတစ်ယောက်မှာ လုံလောက်တဲ့ ပါရမီ မရှိဘူးဆိုရင် သူတို့အတွက်တော့ တကယ်လို့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေ လေ့ကျင့်ပေးမယ် ဆိုရင်တောင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို လွှန်ခဲ့တဲ့ နှစ်ပေါင်းထောင်သောင်းများစွာကမှ တည်ထောင်ထားပြီး အရှင်သခင် ဂိညာဉ်သုံးခုက သူ့ရဲ့အချိန်တွေ အားလုံးကို လောကဘုံ နှစ်ခုပေါ်က တိုက်ပွဲမှာပဲ အချိန်ကုန်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ တပည့်ကိုးယောက်ကလည်း သူ့ဘေးကနေ တိုက်ပွဲဝင်ခဲ့တာ ဖြစ်နိုင်ပါတယ်။ တကယ်လို့ အဲဒီလိုဆိုရင် ကောင်းဟွမ်က တိုက်ပွဲ အတွေ့အကြုံလည်း ရှိပါလိမ့်မယ်။ ဒါကြောင့် သူက တကယ်ပဲ အတော်လေး ပါရမီရှိတာ ဖြစ်နိုင်ပါတယ်။

လင်းဟန်က လက်တစ်ဖက်ကို ဖော့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ မင်းပြောချင်တာ အားလုံးကို မင်းပြောပြီးပြီ။ ဒါကြောင့် အခု မင်းပြန်နိုင်ပြီ။ သွားတော့ မင်းဘာသာမင်းပဲ ပြန်လိုက်တော့"

ကိုင်ယုံစစ်က ဒေါသထွက် သွားပါတယ်။ ဒီကောင်စုတ်လေးက တကယ်ပဲ ဘဝမြင့်ပြီး ထောင်လွှားလွန်းပါတယ်။

Edit with WPS Office

"မင်း မင်း အရမ်းကို ဘဂမြင့်လွန်းနေတယ်"

သူက ဒေါသတကြီးနဲ့ အထစ်အထစ် ပြောလိုက်ပါတယ်။

"မင်း ဒီအတွက်ကြောင့် သေချာပေါက် နောင်တရလိမ့်မယ်။ မင်းစောင့်သာ ကြည့်နေ"

လင်းဟာန်ရဲ့ အမူအရာက အေးစက်စက် ဖြစ်လာပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါ့ကို ခြိမ်းခြောက်ရဲတယ်ပေါ့ ဟုတ်လား"

သူက စွေ့ရန်ယွီဘက်ကို လှည့်ပြီးတော့ မေးလိုက်တယ်။

"မိန်းမ။ ဒီသောက်သုံးမကျတဲ့ ငတုံးကောင်က ငါ့အိမ်ကို လာပြီးတော့ ငါ့ကို ခြိမ်းခြောက်နေတယ်။ ဒီတော့ ငါဘာလုပ်သင့်တယ်ဆိုတာ မင်းပြောစမ်း"

"သူ့ကို ပျောက်ပြသွားအောင် ရိုက်ထုတ်ပစ်ရမယ်"

လင်းဟာန်က စွေ့ရန်ယွီဆီက အဖြေကိုတောင် မစောင့်ပဲ သူ့မေးခွန်းကို သူ့ဘာသူ ဖြေလိုက်ပါတယ်။ သူက ကိုင်ယုံစစ်ကို မကောင်းဆိုးဝါးဆန်ဆန် ပြုံးပြလိုက်ပါတယ်။

Edit with WPS Office

"မဆင်မခြင် မလုပ်နဲ့"

ကိုင်ယုံစစ်က ကျောရိုးတစ်လျှောက် အေးစိမ့်သလို ခံစားလိုက် ရပါတယ်။

"အရမ်းကြီး နိမ့်ချဖို့ မလိုပါဘူး"

လင်းဟာန်က ချက်ချင်းပဲ ကိုင်ယုံစစ်ကို ဖမ်းဆီးလိုက်ပါတယ်။ အဲဒီနောက် သူ့ရဲ့ စံအိမ် ပတ်လည်မှာ ကျယ်လောင်တဲ့ ရိုက်နှက်သံတွေ ထွက်ပေါ်လာခဲ့ပါတယ်။

လင်းဟာန်က တကယ်ကို ချနေတာပါ။ ဒါက သူ့ရဲ့စံအိမ် ဖြစ်ပါတယ်။ ဒီလူက ရောက်လာပြီး သူ့ကို တစ်စုံတစ်ယောက်ရဲ့ လက်အောက်ခံ ဖြစ်လာဖို့ တောင်းဆိုခဲ့ပါတယ်။ ငြင်းပယ်ခံလိုက် ရပြီးတဲ့ နောက်မှာတောင် သူ့ကို ခြိမ်းခြောက်ရဲပါတယ်။ ဒါက အရိုက်ခံရဖို့ တောင်းဆိုတာပဲ မဟုတ်လား။

"မင်း မင်း မင်း ငါက ကောင်းအဖွဲ့က လူတစ်ယောက် ဆိုတာကို မမေ့နဲ့"

ကိုင်ယုံစစ်က မချိတင်ကဲ ဝေဒနာဒဏ်ကို ကြိတ်မှိတ်ခံစားရင်း

Edit with WPS Office

အော်ဟစ်ပြောဆို လိုက်ပါတယ်။

"မင်းအသနား ခံလာတဲ့အထိ ငါရိုက်ပစ်မယ်"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောရင်း ကိုင်ယုံစစ်ကို အဆက်မပြတ် ရိုက်နှက်နေပါတယ်။

ကိုင်ယုံစစ်လို နောက်လိုက်တွေမှာ သတ္တိတွေအများကြီး မပိုင်ဆိုင်ထားပါဘူး။ အတော်ကြာပြီးတဲ့ နောက်မှာတော့ သူက သနားဖို့ တောင်းပန်းတိုးလျှိုးပြီး လင်းဟန်ကို နောက်ဘယ်တော့မှ ခြိမ်းခြောက်ရဲတော့မှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ လင်းဟန်က ရပ်လိုက်ပြီး ပြောလိုက်တယ်။

"တကယ်လို့ ငါ့ါစံအိမ်ထဲကို နောက်တစ်ကြိမ် ခြေချရဲရင် မင်းရဲ့ ခွေးခြေထောက်နှစ်ချောင်းကို ငါချိုးပစ်မယ်။ နားလည်လား"

ကိုင်ယုံစစ်က အလျင်အမြန်ပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"နားလည်ပါပြီ။ နားလည်ပါပြီ"

Edit with WPS Office

ဒီအချိန်မှာ သူ့ရဲ့ တစ်ခုတည်းသော ဆန္ဒက ဒီမကောင်းဆိုးဝါး သားရဲတွင်းကနေ လွတ်မြောက်ဖို့ပဲ ဖြစ်ပါတယ်။

"ဟားဟား ဒါဆိုရင် ထွက်သွားတော့"

လင်းဟန်က သူ့ကို သူ့စံအိမ်ထဲကနေ ပစ်ထုတ်လိုက်ပါတယ်။

ကိုင်ယုံစစ်က ဒလိမ့်ခေါက်ကွေး လိမ့်သွားပြီး မြေကြီးပေါ်ကနေ အလျင်အမြန် ကုန်းရုန်း ထလိုက်ပါတယ်။ သူက နောက်ထပ်စကား မဆိုရဲတော့ပဲ ချာခနဲ လှည့်ကာ မီတာတစ်ရာကျော် ပြေးသွားပြီးမှ လှည့်ကြည့်လိုက်ပါတယ်။ အစတုန်းက သူက ခြိမ်းခြောက်တဲ့ စကားတစ်ခွန်း ပြောလိုက်ချင်ပေမဲ့ လင်းဟန်ရဲ့ မျက်နှာကို မြင်လိုက်ရတဲ့ အချိန်မှာ သူ့ရဲ့ နှလုံးသားထဲ အေးစိမ့်စိမ့် ဖြစ်သွားပါတယ်။ သူက သူ့လျှာဖျားက စကားတွေကို မျိုချလိုက်ပြီးတော့ ချာခနဲ လှည့်ပြီး တတ်နိုင်သမျှ အမြန်ဆုံး ပြေးထွက်သွားပါတယ်။

Edit with WPS Office

"ဘယ်လောက် ပျင်းဖို့ကောင်းလိုက်လဲ"

လင်းဟန်က သူ့ခေါင်းကို တစ်ချက်ခါပြီးတော့ ပြောလိုက်တယ်။

စွေ့ရန်ယွီကလည်း သူမရဲ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ နင်က ငြင်းပယ်ချင်တယ် ဆိုရင်တောင် စော်ကားတဲ့ အပြုအမူ နည်းနည်းလောက်နဲ့ မလုပ်နိုင်ဘူးလား"

"ငါ့ကိုယ်ငါ မထိန်းနိုင်ဘူး။ အဲဒီသူ့ရဲ့ ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်နေတဲ့ မျက်နှာကို ကြည့်ပြီးတော့ သူ့ကို ရိုက်ပစ်ချင်လာတယ်"

လင်းဟန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်တယ်။

စွေ့ရန်ယွီက သက်ပြင်းချ လိုက်ပါတယ်။ သူမက လင်းဟန်ရဲ့ စိတ်နေသဘောထားကို သိနားလည် ထားပါတယ်။ ဒါပေမဲ့လည်း ဒါက သူ့ရဲ့ ယုံကြည်မှုနဲ့ သူ့ရဲ့ မာနကြောင့် ဖြစ်ပြီးတော့ သူက ခုန်ပျံကျော်လွှားပြီး တိုးတက်လာနိုင်စွမ်း

Edit with WPS Office

ရှိပါတယ်။

"သတိတော့ထား"

သူမက ပြောလိုက်တယ်။

လင်းဟာန်က မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် ဂိုဏ်းက သေချာပေါက် သူ့အတွက် မျှော်လင့်ချက်ကြီးကြီးမားမား ရှိပါလိမ့်မယ်။ ဒါကြောင့် သူတို့က သူ့ကို တခြားသူတွေ ပစ်မှတ်ထားတာမျိုးကိုတော့ ခွင့်ပြုလိမ့်မှာ မဟုတ်ပါဘူး။ ဂိုဏ်းရဲ့ အပြင်ဘက်ကို ရောက်တဲ့ အခါမှာတော့ သူ့အနေနဲ့ အရမ်းကို သတိထားရပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်မှာ အနက်ရောင် မျှော်စင်ရှိပါတယ်။ ဒါကြောင့် သူ့ကိုယ်သူ ကာကွယ်တာ အရမ်းကို လွယ်ကူနေပါလိမ့်မယ်။

စွေ့ရန်ယွီက ဒီအကြောင်းကို စဉ်းစားမိတဲ့ အခါမှာ ပိုပြီးတော့ စိတ်သက်သာရာ ရသွားသလို ခံစားရပါတယ်။

လင်းဟာန်က သူ့နေရာကနေ ထွက်လာပြီးတော့ တောင်ခြေမှာရှိတဲ့ မြို့ဆီကို ဦးတည်ပြီး ထွက်လာခဲ့ပါတယ်။

Edit with WPS Office

သူက အဲဒီမှာ အဆင့်မြင့်တဲ့ ဆေးဖော်စပ်နည်းတွေ နည်းနည်းလောက် ရှိမလားဆိုပြီး ရှာချင်နေခဲ့တာပါ။

ဒီနေရာမှာ အရာအားလုံး ရှိပါတယ်။ သူ့ကို ငွေများများရအောင် ရှာပေးနိုင်မဲ့ နတ်ဘုရား ဆေးလုံးတွေ ဖော်စပ်နိုင်တဲ့ အဆင့်မြင့် ဆေးဖော်စပ်နည်း တစ်ခုပဲ ပျောက်ဆုံးနေတာ ဖြစ်ပါတယ်။

သူက မြို့ကို ရောက်လာပြီး အချိန်တော်တော်ကြာအောင် လမ်းလျှောက်ပြီးတဲ့နောက်မှ မိုကလန်အဖွဲ့အစည်းဆိုတဲ့ စာသားတွေကို တွေ့မြင်လိုက်ရပါတယ်။

"ဒါက အဲဒီမိုကလန်ပဲလား"

လင်းဟန်က ကြယ်စင်စုထဲကို ပျံသန်းလာတဲ့ အချိန်မှာ လက်ရွေးစင် တစ်ယောက်ရဲ့ လုပ်ကြံမှုကို ခံခဲ့ရပါတယ်။ မိုကလန်ရဲ့ ကြယ်တာရာလေ့ တစ်စင်းနဲ့ တွေ့ဆုံခဲ့တာကိုပဲ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်ပဲ သူက တိမ်ပျံဂြိုလ်ကြီးပေါ်ကို ရောက်လာခဲ့တာပါ။ လင်းဟန်က ဆိုင်ထဲကို ဝင်လာခဲ့ပါတယ်။

Edit with WPS Office

ဆိုင်ဂန်ထမ်းတစ်ယောက် ရောက်လာပြီးတော့
နှုတ်ခွန်းဆက် လိုက်ပါတယ်။

"ဆရာလေး ဘာပစ္စည်းများ ရှာနေတာလဲ။ ကျနော်တို့ဆိုင်မှာ အားလုံးရနိုင်ပါတယ်။ နတ်ဘုရား ပစ္စည်းကနေ နတ်ဘုရား ဆေးလုံးတွေအထိ ရပါတယ်။ ဒါမှမဟုတ် ပစ္စည်းတွေ လုပ်ဖို့ ကုန်ကြမ်းတွေရှာနေတာလား။ ဒါမှမဟုတ် မှော်ဆေးလုံး ဖော်စပ်ဖို့ ကုန်ကြမ်းပစ္စည်းတွေ ရှာနေတာလား။ ဘာကိုပဲတောင်းဆို တောင်းဆိုပါ ဒီနေရာမှာ ကျနော်တို့ ပေးနိုင်တာ မရှိပါဘူး"

လင်းဟာန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဆေးဖော်စပ်နည်းတွေ ရှိလား"

"ဆေးဖော်စပ်နည်းတွေလား"

ဆိုင်ဂန်ထမ်းရဲ့ အမူအရာက အတော်လေး ဒုက္ခရောက်သွားပုံ ရပါတယ်။

ကျင့်ကြံခြင်း နည်းစနစ်တွေ၊ ဆေးဖော်စပ်နည်းတွေ၊ ဂင်္ကပါ ပညာရပ်တွေနဲ့ ပတ်သက်ရင် အဲဒီပစ္စည်းတွေက ရှားပါးပြီး

Edit with WPS Office

အမြဲလိုလို ရောင်းကုန်တတ်ပါတယ်။

"မရှိဘူးလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်တယ်။

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ဆိုင်ဂန်ထမ်းက အလျင်အမြန်ပဲ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း အဲဒီလို ပစ္စည်းတွေက အရေအတွက် အရမ်းကို ကန့်သတ်ထားပါတယ်။ ပြီးတော့ အရမ်းကို ရှားပါးလွန်းပါတယ်"

"ဈေးနှုန်းက ကိစ္စမရှိဘူး"

လင်းဟန်က ပြောလိုက်တယ်။ သူထွက်မလာခင် ဆေးလုံးတွေ အများကြီး ရောင်းချခဲ့ပါတယ်။ ဒါကြောင့် အခုချိန် သူ့အတွက် ငွေမရှားပါဘူး။ ဒါပေမဲ့လည်း သူငွေသုံးရမဲ့ နေရာတွေ တော်တော်များများ ရှိပါတယ်။ သူ့မှာ ညီအစ်ကိုတွေ တပည့်တွေနဲ့ ချစ်သူတစ်ယောက်လည်း ရှိပါတယ်။ ဘယ်တစ်ယောက်ကများ ကျင့်ကြံခြင်း အရင်းအမြစ်တွေ

Edit with WPS Office

မလိုအပ်တာ ရှိလို့လဲ။

ပိုအရေးကြီးတာက သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို အဆင့်မြှင့်တင်ဖို့ နတ်ဘုရားသတ္တု ပမာဏ အများကြီး လိုအပ်ပါတယ်။ နတ်ဘုရား သတ္တုတွေက ဘယ်လောက်တောင် ဈေးကြီးလိုက်သလဲ။

"ကျနော် ဆုံးဖြတ်ပေးလို့ မရပါဘူး။ ဒီကိစ္စကို ဆိုင်အုပ်ချုပ်သူကို သတင်းပို့ဖို့ လိုပါတယ်"

ဆိုင်ဝန်ထမ်းက သူ့ဘာသာသူ ဆေးဖော်စပ်နည်း ရောင်းချဖို့ မပြောပံ့ပါဘူး။

"ရတယ် ကိစ္စမရှိဘူး"

လင်းဟန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပါတယ်။

သိပ်မကြာခင်မှာပဲ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိနေတဲ့ အကြီးအကဲ တစ်ယောက် ရောက်လာပါတယ်။ သူက လင်းဟန်ကို မြင်လိုက်ရတဲ့ အချိန်မှာ သူ့မျက်နှာပေါ် အပြုံးတစ်ခု ဖြစ်ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"အိုး သခင်လေး ဟန်ပါလား"

Edit with WPS Office

လင်းဟန်က အနည်းငယ် ပဟေဠိ ဖြစ်သွားပြီးတော့ ပြောလိုက်တယ်။

"ကျနော် ဘယ်သူလဲဆိုတာ သိလို့လား"

"သိတာပေ့ါ။ သခင်လေးဟန်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ကြယ်ပွင့်သစ် တစ်ယောက်ပဲ"

အကြီးအကဲက ချီးမွမ်းလိုက်ပါတယ်။

"တကယ်လို့ ဒီလိုကိစ္စမျိုးတွေကို သတိမပြုမိဘူးဆိုရင် ကျနော် ဘယ်လိုလုပ် စီးပွားရေး လုပ်နိုင်မှာလဲ။ ဟုတ်တ်သားပဲ။ မင်းက ဆေးဖော်စပ်နည်း ဂယ်ချင်တာလား"

"အမှန်ပဲ"

လင်းဟန်က ခေါင်းတချက် ညိတ်ပြီးတော့ ပြောလိုက်တယ်။

အကြီးအကဲရဲ့ မျက်လုံးတွေက တလက်လက် တောက်ပသွားပြီးတော့ ပြောလိုက်တယ်။

"ဒါက ရိုင်းပျကောင်း ရိုင်းပျနိုင်ပါတယ်။ ဒါပေမဲ့ ဆေးလုံးတွေကို မင်းဘာသာမင်း ဖော်စပ်မှာလား ဆိုတာကို

Edit with WPS Office

ငါပေးပါရစေ”

Chapter 1166 end

အပိုင်း(1167) ကောင်းမွန်တဲ့ ယုံကြည်မှု

လင်းဟာန်က အနည်းငယ် တုံ့ဆိုင်းသွားပါတယ်။ ဒါပေမဲ့လည်း မိုကလန်က သူ့ကို ကူညီပေးခဲ့တာကို ပြန်သတိရပြီးတော့ သူက အမှန်တရားကို ဖုံးကွယ်မထားတော့ပဲ ပြောလိုက်ပါတယ်။

“ဟုတ်ပါတယ်။ ဆေးတွေကို ကျနော်ကိုယ်တိုင် ဖော်စပ်မလို့ပါ”

အကြီးအကဲက အံ့အားသင့်သွားခဲ့ပြီး သူ့မျက်နှာပေါ်က အပြုံးက ပိုပိုပြီးတော့တောင် ကြီးမား အသက်ဝင်လာပါတယ်။

“သခင်လေးဟာန် ဒီအဘိုးကြီးက မင်းနဲ့အတူ စီးပွားရေးတချို့ လုပ်ချင်ပါတယ်။ ဟုတ်သားပဲ။ ငါ့ရဲ့ မျိုးရိုးနာမည်ကလည်း ဟာန်ပဲ၊ ဘယ်လောက် တိုက်ဆိုင်လိုက်လဲ။ ငါ့နာမည်က တစ်လုံးပဲရှိတယ်။ ဟော်”

Edit with WPS Office

"အိုး ဒါဆိုရင် ဆိုင်တာဂန်ခံကြီးဟန်ပေါ့"

လင်းဟန်က အကြီးအကဲကို နှုတ်ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"ဆိုင်တာဂန်ခံကြီးဟန်က ကျနော်နဲ့ ဘယ်လိုစီးပွားရေးမျိုး လုပ်ချင်တာလဲ မသိဘူး"

"ငါမင်းကို ဆေးဖော်စပ်နည်း အနည်းငယ်ကို အလကား ပေးနိုင်တယ်။ ဒါပေမဲ့လည်း မှော်ဆေးလုံးတွေ အောင်အောင်မြင်မြင် ဖော်စပ်နိုင်တဲ့ အချိန်ကျရင် အဲဒါတွေကို ငါတို့ကနေ တဆင့် ရောင်းချပေးနိုင်ဖို့ မျှော်လင့်ပါတယ်"

လင်းဟန်က ဟန်ပော်ကို အတော်လေး သဘောကျ သွားပါတယ်။

တကယ့်ကို စီးပွားရေးသမားတစ်ယောက် ပီသပါတယ်။

ဒါကိုကြည့်လိုက်ရင် ဆိုင်တာဂန်ခံဟန်က အရမ်းကို ရက်ရော်တဲ့ ပုံစံမျိုးပါပဲ။ ဒါပေမဲ့ ဒါက အဲဒီလောက် မရိုးရှင်းပါဘူး။ ဆေးဖော်စပ်နည်းတွေက အရင်းအမြစ်

Edit with WPS Office

အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် အဲဒါက သုံးမရတဲ့ ရင်းနှီးမြှုပ်နှံမှု တစ်ခုလို့လည်း အငြင်းပွား နိုင်ပါတယ်။ တကယ်တော့ ဆေးဖော်စပ်နည်းတွေကို မိတ္တူပွားရတာက အရမ်းကို လွယ်ကူပါတယ်။ ဒါကြောင့် မိုကလန် အဖွဲ့အစည်း အတွက်တော့ ဆုံးရှုံးနစ်နာသွားမှာ မဟုတ်ပါဘူး။

နောက်ပြီးတော့ တကယ်လို့ လင်းဟန်ရဲ့ ဆေးလုံးတွေကို နည်းနည်းလေးမှ မရောင်းချ နိုင်ခဲ့ဘူး ဆိုရင်တောင် သူတို့မှာ ဝယ်ယူသူတွေ အများကြီး ရှိနေပါသေးတယ်။

မှော်ဆေးလုံးတွေက ကျင့်ကြံသူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ ကျင့်ကြံသူတွေက ဆေးလုံးတွေကို လာရောက်ဝယ်ယူကြသလို တခြားပစ္စည်းတွေကိုလည်း တစ်ခါတည်း ဝယ်ယူတတ်ကြပါတယ်။ တကယ်လို့ သူတို့က ပစ္စည်းတစ်ခုထက် ပိုပြီးတော့ ဝယ်ယူမယ် ဆိုရင်တောင် မိုကလန် အဖွဲ့အစည်းအတွက် အကျိုးအမြတ် ရနေပါသေးတယ်။

Edit with WPS Office

နောက်ပြီးတော့ သူတို့က ထိပ်တန်းပါရမီရှင် တစ်ယောက်ဖြစ်တဲ့ လင်းဟာန်နဲ့လည်း ရင်းနှီးမှု ရလာပါလိမ့်မယ်။ ဆေးဖော်စပ်နည်း အနည်းငယ်ရဲ့ တန်ဖိုးအတွက်ကတော့ သူတို့မှာ ဘယ်လိုပဲဖြစ်ဖြစ် ပိုက်ဆံဆုံးရှုံးသွားလိမ့်မှာ မဟုတ်ပါဘူး။ မိုကလန်အဖွဲ့အစည်းအတွက် ဆုံးရှုံးနစ်နာစရာ မရှိပါဘူး။

မိုကလန်က ကြယ်စင်အစုအဝေး တစ်လျှောက်လုံးမှာ သူတို့ရဲ့ အဖွဲ့ခွဲတွေ တည်ဆောက်ထား နိုင်တာ အံ့သြစရာ မရှိတော့ဘူး။ သူတို့က အခွင့်အရေးတွေကို မလွှတ်တမ်း ဖမ်းဆုပ်ထားနိုင်ပြီး ယုံကြည်မှုရအောင် လုပ်နိုင်တာပဲ။

ဒါပေမဲ့လည်း ဟာန်ပော်က သူ့ရဲ့ ရိုးသားတဲ့ ကမ်းလှမ်းမှုက ဘယ်လောက် အရေးပါပြီး အဖွဲ့အစည်းအတွက် အကူအညီ ဘယ်လောက်ဖြစ်မလဲ ဆိုတာကို မသိခဲ့ပါဘူး။ လင်းဟာန်ဆိုတာ မော်ဆေးဂေရာဇ် တစ်ယောက်ဖြစ်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ကိစ္စမရှိဘူး။ ဒါဆိုရင် ဆေးဖော်စပ်နည်းတွေအတွက် တာဂန်ခံကြီးဟန်ကို အရင်ဆုံး ကျေးဇူးတင်ပငါတယ်"

ဟန်ပော်က လင်းဟန်ရဲ့ ပြန်ဖြေတဲ့ စကားကို ကြားပြီးတော့ ကျေနပ်ပီတိ ဖြစ်သွားပါတယ်။ အမှန်တကယ်တော့ သူက လင်းဟန်တွေးသလို အများကြီး မတွေးထားပါဘူး။ သူ့အနေနဲ့ လင်းဟန်နဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်ပြီးတော့ ရင်းနှီးချင်ရုံ သက်သက်ပါပဲ။ တကယ်တော့ ဒါက အကျိုးအမြတ်ရှိတဲ့ သဘောတူညီမှု တစ်ခုဖြစ်ပါတယ်။ ပြီးတော့ သူတို့အနေနဲ့ ဘုရင်လေးအဆင့် လူတစ်ယောက်နဲ့လည်း ရင်းနှီးကျွမ်းဝင် နိုင်ပါလိမ့်မယ်။

လင်းဟန်က မှော်ဆေးလုံးတွေကို သူဖော်စပ်နိုင်တယ်လို့ ပြောတာနဲ့ ပတ်သက်ရင်တော့ တာဂန်ခံဟန်အနေနဲ့ နလုံးသားထဲ အများကြီး ထည့်မထားပါဘူး။ တကယ်တော့ လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ အရမ်းကို ထူးချွန်ထက်မြက်နိုင်မှာလဲ။ တကယ်လို့ လူတစ်ယောက်မှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ ကျင့်ကြံခြင်း စွမ်းရည်ရှိနေမယ်ဆိုရင် သူတို့က မှော်ဆေးပညာမှာလည်း

Edit with WPS Office

ပါရမီရှင်တစ်ယောက် ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။ ဟုတ်တယ်မလား။

ဒါကြောင့် လင်းဟန်အတွက် ဆေးလုံးတွေ ရောင်းချပေးမယ်လို့ ပြောတာက သူ့ကို ယဥ်ကျေးတဲ့ နည်းလမ်းတစ်ခုနဲ့ သိမ်းသွင်းစည်းရုံးခြင်း တစ်ခုပါပဲ။

"သခင်လေးဟန်က ဘယ်အဆင့် ဆေးဖော်စပ်နည်းကို လိုချင်တာလဲ"

ဟန်ဖော်က မေးလိုက်ပါတယ်။

"အဆင့်ငါး"

လင်းဟန်က ပြန်ဖြေလိုက်ပါတယ်။ သူက အဆင့်လေး နတ်ဘုရား ဆေးလုံးတွေကို သန့်စင်ဖော်စပ် နိုင်နေပါပြီ။ ဒါကြောင့် သူ့ရဲ့ နောက်ထပ်ပစ်မှတ်က အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေကို ဖော်စပ်သန့်စင်ဖို့ ဖြစ်ပါတယ်။

ဟန်ဖော်က အံ့အားသင့်သွားခဲ့ပါတယ်။ အဆင့်ငါး ဟုတ်လား။

တကယ်လို့ မင်းက ဟိုယောင်ယောင် ဒီယောင်ယောင်

Edit with WPS Office

လုပ်ချင်တယ် ဆိုရင်လည်း အဆင့်တစ် နတ်ဘုရား ဆေးလုံးက လုံလောက်တာထက်တောင် ပိုနေပြီလေ။ ဘာဖြစ်လို့ အဆင့်ငါး နတ်ဘုရား ဆေးလုံးနဲ့ ကစားနေမှာလဲ။ တကယ်လို့ မင်းက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ မျိုးစေ့ပါရမီရှင် တစ်ယောက် ဖြစ်နေရင်တောင် တကယ်လို့ မင်းမှာ အရင်းအမြစ်တွေ အများကြီး လက်ခံရရှိထားတယ် ဆိုရင်တောင်မှ မှော်ဆေးပညာက မင်းရဲ့ အရင်းအမြစ်တွေကို အချိန်မရွေး စုပ်ယူသွားလိမ့်မယ်။ နောက်ပြီးတော့ ဒါက အဆင့်မြင့် မှော်ဆေးလုံးတွေလေ။

လင်းဟာန်က အားရပါးရ ပြုံးပြီးတော့ ဆေးပုလင်း တစ်လုံးကို ထုတ်ပြီး တာဂန်ခံဟာန်ဆီကို ပစ်ပေးလိုက်ပါတယ်။

"ဒါတွေက လျှို့ဝှက်ဆန်းကြယ် မိုးပြာဆေးလုံးနဲ့ ကောင်းကင်ဘုံ ကျောက်စိမ်းဆေးလုံးတွေပဲ။ အားလုံးက ကျနော်ဖော်စပ်ထားတာ။ တကယ်လို့ ဒီဆေးလုံးတွေကို ကျနော့်အတွက် ရောင်းပေးနိုင်မလား"

ဟာန်ဟော်က ဆေးပုလင်းကို လက်ခံရင်း အနည်းငယ် ခေါင်းရှုပ်သွားပါတယ်။ ဆေးပုလင်းကို အတော်ကြာအောင်

Edit with WPS Office

စိုက်ကြည့်နေပြီးမှ လင်းဟန်က နောက်ပြောင်ကျီစယ်နေတာ မဟုတ်ဘူး ဆိုတာ သတိပြုမိသွားခဲ့ပါတယ်။

လှျို့ပှက်ဆန်းကြယ် မိုးပြာဆေးလုံး။ ဒါက အဆင့်လေး နတ်ဘုရား မော်ဆေးလုံး ဖြစ်ပါတယ်။

သောက်ကျိုးနည်း။ ဟန်လင်းက မော်ဆေးပညာရှင် တစ်ယောက်လည်း ဖြစ်နေတာပဲလား။ အဲဒါက အဆင့်မြင့် အဆင့်မှာ ရှိနေတယ် မဟုတ်လား။

သူက ဒီကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားပံ့ပါဘူး။ သူက ပုလင်းအဖုံးကို အလျင်အမြန် ဖွင့်ပြီးတော့ ဆေးလုံးတွေကို သေသေချာချာ ဂရုတစိုက်နဲ့ စစ်ဆေးကြည့် လိုက်ပါတယ်။

မိုကလန် အဖွဲ့အစည်းက ဘယ်လိုအရာမျိုးကိုမဆို ရောင်းချခဲ့ပါတယ်။ ဒါကြောင့် ဟန်ပော်က မော်ဆေးပညာနဲ့ ပတ်သက်ပြီး တော်တော်လေး သိနားလည်ထားပါတယ်။ သူက ချက်ချင်းပဲ ဒီဆေးလုံးတွေက လင်းဟန်ပြောတဲ့ ဆေးလုံးတွေ ဖြစ်တယ်ဆိုတာ ဆုံးဖြတ်ချက်

Edit with WPS Office

ချလိုက်ပါတယ်။ ဒါတွေက တကယ့်ကို အစစ်အမှန်ပါပဲ။

ဟန်လင်းက တကယ်ပဲ ဒီဆေးလုံးတွေကို ဖော်စပ်ခဲ့တာလား။

ဟန်ပော်က ဟုတ်မှန်ကြောင်း ယုံကြည်ဖို့ ရွေးချယ်လိုက်ပါတယ်။ သူက တက်တက်ကြွကြွနဲ့ကို မိုကလန်အဖွဲ့အစည်းနဲ့ လင်းဟန်ကို ရင်းနှီးအောင် လုပ်ဆောင်ဖို့ ကြိုးစားရမယ် မဟုတ်လား။ သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ကျေးဇူးပြုပြီးတော့ ခဏလောက် စောင့်ပေးပါ သခင်လေးဟန်။ ကျနော် ဆေးဖော်စပ်နည်းတွေ ထုတ်ပေးပါ့မယ်။ ဒီဆေးဖော်စပ်နည်းတွေက တကယ့်ကို တန်ဖိုးရှိပါတယ်။ ဒါကြောင့် မတော်တဆ ပျောက်မသွားအောင်လို့ သေသေချာချာ သိမ်းထားရပါတယ်"

"မစိုးရိမ်ပါနဲ့ ကျနော်နားလည်ပါတယ် တာဂန်ခံဟန်"

ဟန်ပော်က ခဏအကြာမှာ ပြန်လာပြီးတော့ လင်းဟန်ကို စာအုပ်သေးသေး တစ်အုပ် ပေးလိုက်ပါတယ်။

Edit with WPS Office

လင်းဟန်က စာအုပ်ကို လက်ခံယူပြီး အဖုံးကို တစ်ချက်ကြည့်လိုက်တဲ့ အခါမှာ အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးဆိုတဲ့ စကားလုံးတွေကို တွေ့လိုက်ရပါတယ်။ သူက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးရဲ့ သန့်စင်ဖော်စပ်ပုံနဲ့ ပါဝင်တဲ့ ကုန်ကြမ်းပစ္စည်းတွေ အကြောင်းကို အကြမ်းဖျင်း ဖတ်ရှုလိုက်ပါတယ်။ တကယ်တော့ စာအုပ်ထဲက ကိုးဆယ်ရာခိုင်နှုန်းက သန့်စင်ဖော်စပ်တဲ့ နည်းလမ်းတွေနဲ့ ပတ်သက်ပါတယ်။

အဆင့်မြင့် နတ်ဘုရား ဆေးလုံးတွေရဲ့ သန့်စင်ဖော်စပ်မှုက အရမ်းကို ရှုပ်ထွေးပါတယ်။ ဒါကြောင့် ဒီလိုဆေးဖော်စပ်မှုတွေက သာမန်မဟုတ်ပါဘူး။

အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးက မီးဓာတ် ကျင့်ကြံခြင်း နည်းစနစ်တွေကို ကျင့်ကြံအားထုတ်တဲ့ လူတွေကို တိုက်ပွဲစွမ်းရည် ကြယ်နစ်ပွင့် တိုးမြှင့်ပေးနိုင်တယ်။ ကြယ်နစ်ပွင့်တောင်။ လင်းဟန်က ဆေးလုံး မိတ်ဆက်ကို ဖတ်လိုက်တဲ့ အချိန်မှာ အံ့အားသင့် သွားခဲ့ပါတယ်။ တစ်ခုသတိပြုရမှာက ကျင့်ကြံသူတွေ

Edit with WPS Office

အများစုက ကြယ်နှစ်ပွင့် ကျော်လွန်ဖို့ မပြောနဲ့ ကြယ်တစ်ပွင့် သာလွန်ဖို့ ဆိုတာ မိုင်ပေါင်းတစ်သန်းလောက် ပြေးနေရသလို မဖြစ်နိုင်လောက်အောင် ခက်ခဲလွန်းပါတယ်။

ဒီဆေးလုံးက သူ့ရဲ့ ကျင့်ကြံခြင်းကို အကူအညီ မဖြစ်စေပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူက အဆင့်ငါး နတ်ဘုရား ဆေးလုံးကို မလိုအပ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူက အောင်အောင်မြင်မြင်နဲ့ ဒီဆေးလုံးကို ဖော်စပ်နိုင်ခဲ့ရင် မီးဓာတ်ကို ကျင့်ကြံခြင်း နည်းစနစ်တွေကို ကျင့်ကြံအားထုတ်တဲ့ လူတွေက ရတနာပစ္စည်းတွေလိုမျိုး သေချာကို ဂရုစိုက်ပါလိမ့်မယ်။

နောက်ပြီးတော့ နေလအဆင့် လက်ရွေးစင်တွေက သေချာပေါက် ငွေရှားလိမ့်မှာ မဟုတ်ပါဘူး။ သူတို့က ဒီဆေးလုံးတွေကို အားထုတ်ပြီး ဝယ်ယူနိုင်ပါတယ်။

"သခင်လေးဟန် ဒီဆေးဖော်စပ်နည်းနဲ့ ပတ်သက်ပြီး ဘယ်လိုစဉ်းစားလဲ"

ဟန်ပော်က မေးလိုက်ပါတယ်။

Edit with WPS Office

“အဆင်ပြေပါတယ်”

လင်းဟန်က ခေါင်းတချက်ညိတ်ပြီး ပြောလိုက်တယ်။

“သတိပေးစကား တစ်ခွန်းတော့ ပြောပါရစေ သခင်လေးဟန်။ ဒီအဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးက သန့်စင်ဖော်စပ်ရတာ အရမ်းကို ခက်ခဲပါတယ်။ အဆင့်မြောက် မော်ဆေးပညာရှင် တော်တော်များများတောင် ဒီဆေးလုံးကို မဖော်စပ်နိုင်ဘူးလို့ ကြားဖူးတယ်။ ဒါကြောင့် ဒီဆေးလုံး အပေါ်မှာပဲ အချိန်တွေ အများကြီး မကုန်ပါစေနဲ့။ တကယ်တော့ သခင်လေးဟန်က ကျင့်ကြံခြင်းမှာ ပါရမီရှင် တစ်ယောက်ပါ”

“ကျုပ် နားလည်ပါတယ်”

လင်းဟန်က ပြောလိုက်တယ်။ တာဂန်ခံဟန်က သူ့ကို စိတ်ကောင်းစေတနာနဲ့ ပြောခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူက ဒေါသထွက်လိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ သူ့စကားတွေက တကယ်လည်း မှန်ပါတယ်။ အဆုံးသတ် နေ့ရက်တွေမှာ ကျင့်ကြံခြင်းက အရမ်းကို အရေးပါနေဆဲ

Edit with WPS Office

ပါပဲ။

ဒါပေမဲ့လည်း လင်းဟာန်မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင်ကို ပိုင်ဆိုင်ထားတယ်ဆိုတာ ဟာန်ဟော်က ဘယ်လိုလုပ် သိနိုင်မှာလဲ။ ဒီသစ်ပင်က တကယ်ပဲ မိုးကောင်းကင်ကို ဆန့်ကျင်နိုင်တဲ့ နတ်ဘုရား သစ်ပင်တစ်ပင် ဖြစ်ပါတယ်။

သူတို့က သူတို့ရဲ့ အကျိုးတူပူးပေါင်းတဲ့ လုပ်ငန်းရဲ့ အသေးစိတ် အချက်အလက်တွေကို စတင်ဆွေးနွေးခဲ့ပါတယ်။ ဒါတွေအားလုံးက လင်းဟာန်ရဲ့ အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးကို အောင်အောင်မြင်မြင်နဲ့ သန့်စင်ဖော်စပ်နိုင်တဲ့ အချက်အပေါ်မှာ အခြေခံပြီး ဆွေးနွေးတာပဲ ဖြစ်ပါတယ်။

ဟာန်ဟော်က လင်းဟာန်ကို အများကြီး ယုံကြည်ချက် မထားခဲ့ပါဘူး။ ဒါကြောင့် သူက အကျိုးအမြတ်ကို ကိုးဆယ်ရာခိုင်နှုန်းထိ ဖြတ်ပြီးတော့ ကမ်းလှမ်းလိုက်ပါတယ်။ မူလတုန်းက သူက အကျိုးအမြတ် အကုန်လုံး လင်းဟာန်ကို ပေးဖို့ အစီအစဉ်ရှိပါတယ်။

Edit with WPS Office

လင်းဟန်က တစ်ဆင့်ပြန်ဆုတ်ပြီး သူတို့ကို အကျိုးအမြတ် ဆယ်ရာခိုင်နှုန်း ပြန်ကမ်းလှမ်းခဲ့တာပဲ ဖြစ်ပါတယ်။

လင်းဟန်က အောင်အောင်မြင်မြင်နဲ့ ဆေးဖော်စပ်နိုင်မယ်လို့ ဟန်ပော်က တကယ်ပဲ မယုံကြည် ခဲ့ပါဘူး။ ဒါကြောင့် အကျိုးအမြတ် အကုန်လုံး ပေးရမယ်ဆိုရင်တောင် သူက စိတ်ထဲမထားပါဘူး။

လင်းဟန်က သူ့ရဲ့ အဲ့ဖွယ်နတ်ဆိုးဓားကို အဆင့်မြှင့်တင်ဖို့ နတ်ဘုရား သတ္တု ပမာဏ ကြီးကြီးမားမား ဝယ်ယူဖို့ လိုအပ်သလို အစစ်အမှန် မူလစွမ်းအင် ရောမ ပမာဏတစ်ခုကို လိုအပ်ပါတယ်။ အဲဒါကြောင့် သူက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးကို သန့်စင် ဖော်စပ်ဖို့အတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို ဝယ်ယူပြီးတော့ အံ့ဖွယ်ကောင်းကင် ဂိုဏ်းဆီကို ပြန်လာခဲ့ပါတယ်။

သူက ချက်ချင်းပဲ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ဆေးဖော်စပ်နည်းကို ခွဲခြမ်းစိတ်ဖြာ လိုက်ပါတယ်။

Edit with WPS Office

ဆေးဖော်စပ်နည်းရဲ့ အဆင့်တွေကို အရမ်းကို လွယ်ကူစွာနဲ့ နားလည်သွားခဲ့ပါတယ်။ ပါဂင်တဲ့ ပစ္စည်းတွေကို နေရာချထားပြီး မီးတောက်တွေကို ဘယ်လိုမျိုး ထိန်းချုပ်ရမလဲ ဆိုတာလည်း ပါဂင်ပါတယ်။ သာမန်လူတွေတောင် ဒီအဆင့်တွေကို အလွယ်တကူ လုပ်နိုင်ပါတယ်။ တကယ်လို့ ဒီအဆင့်တွေက ပိုပြီးတော့ ခက်ခဲလာမယ်ဆိုရင်တောင် သူတို့ကို နားလည်ဖို့က အချိန်ပဲ လိုအပ်တာပါ။

ဒါပေမဲ့လည်း ပါဂင်ပစ္စည်းတွေရဲ့ နတ်ဘုရား သင်္ကေတတွေ လုပ်ခြင်းနဲ့ ရောယှက်ခြင်းက အများကြီး ခက်ခဲပါတယ်။ ပြီးတော့ အဲဒါကို လူတိုင်း လုပ်နိုင်တဲ့ အရာတော့ မဟုတ်ပါဘူး။ အစွမ်းထက်တဲ့ နတ်ဘုရား အာရုံနဲ့ ကျွမ်းကျင်တဲ့ ထိန်းချုပ်မှု ရှိမှသာ ဒီလုပ်ငန်းစဉ်ကို လုံးဂ ထိန်းချုပ်နိုင်ပါလိမ့်မယ်။

ဒါကြောင့် ဒီလုပ်ငန်းစဉ်မှာ ပြောင်းလဲမှု ဖြစ်နိုင်ချေ သန်းချီပြီးတော့ ပါဂင်ခဲ့ပါတယ်။ ဒါကြောင့် သာမန်လူတွေက သူတို့ရဲ့ ဘဂတစ်ခုလုံး ဒါကို

Edit with WPS Office

လေ့လာသင်ယူမယ်ဆိုရင်တောင် ဒီလုပ်ငန်းစဉ်ကို ဖမ်းဆုပ်နားလည်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ အဆင့်ငါးနဲ့ အဆင့်ခြောက် မော်ဆေး ပညာရှင်တွေတောင် ဒါကို အပြည့်အဝ နားလည်သဘောပေါက်ဖို့ နှစ်ပေါင်းရာနဲ့ချီပြီး အချိန်ယူရ ပါလိမ့်မယ်။

အဲဒါကြောင့် ဟန်ပော်က လင်းဟန် အနေနဲ့ ဒီဆေးလုံးကို အချိန်တိုတိုလေး အတွင်းမှာ အောင်အောင်မြင်မြင် ဖော်စပ်နိုင်မဲ့ စွမ်းရည်ကို သံသယဝင်နေခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီအချိန် လင်းဟန်က ယုံကြည်မှုတွေ တောက်လောင်နေပါတယ်။ သူ့မှာက ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိပါတယ်။

ပြန်လည်မွေးဖွားခြင်း သစ်ရွက်တွေက ရွှမ်းရွှမ်းမြည်နေပြီး လင်းဟန်က စိတ်နှစ်လေ့လာနေတဲ့ အခြေအနေ တစ်ခုကို ဝင်ရောက်နေခဲ့ပါတယ်။ သူက သူ့စိတ်ထဲမှာ တစ်ကြိမ်ပြီး တစ်ကြိမ် ဆေးလုံး ဖော်စပ်တဲ့ လုပ်ငန်းစဉ်ကို စုစည်းနေခဲ့ပါတယ်။

Edit with WPS Office

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။ အချိန်တွေက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ဖြတ်ကျော်သွား ခဲ့ပါတယ်။

Chapter 1167 end

အပိုင်း(1168) ဟန်ပော်ကို မှင်သက်အံ့သြသွားစေခြင်း

ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တစ်ရက်ဆိုတဲ့ အချိန်က အပြင်ဘက် ကမ္ဘာမှာ တစ်နှစ်နဲ့ ညီမျှပါတယ်။

အမှန်တကယ်နဲ့ ကြိုတင်မှန်းဆမှုက အတော်လေးကို ကွဲပြားခြားနား နေဆဲပါပဲ။

လင်းဟန်ရဲ့ ပထမဆုံးအကြိမ် ဖော်စပ်မှုက ကျရှုံးသွားပါတယ်။

လင်းဟန်က ချက်ချင်းပဲ လုပ်ဆောင်မှု အသစ် မလုပ်ခဲ့ပါဘူး။ အဲဒီအစား သူက နှစ်ရက်လောက် စိတ်တည်ငြိမ်အောင် တရားထိုင်ဖို့ ရွေးချယ်ခဲ့ပါတယ်။

နောက်တစ်နည်း ပြောရမယ်ဆိုရင် သူ့ရဲ့ ကျရှုံးမှုအတွက် အကြောင်းရင်းကို နှစ်နှစ်လောက် အချိန်ယူပြီး လေ့လာစမ်းစစ်နေပါတယ်။ အဲဒါပြီးမှ သူက

Edit with WPS Office

နောက်ထပ်အသစ် ပြုလုပ်ပါလိမ့်မယ်။

သူက နောက်တစ်ကြိမ် ကျရှုံးသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က ဒီတစ်ကြိမ် သူ့ရဲ့ ကျရှုံးမှုကို နာရီအနည်းငယ်ပဲ အချိန်ယူပြီးတော့ စမ်းစစ်ခဲ့ပါတယ်။ သူက တတိယမြောက်အကြိမ်ကို စတင်လိုက်ပါတယ်။

အောင်မြင်သွားပြီ။

ဒါပေမဲ့လည်း သူက ဆေးနှစ်လုံးကိုပဲ ဖော်စပ်နိုင်ခဲ့ပါတယ်။

သီအိုရီအရ ပြောရမယ်ဆိုရင် ဆေးကျိုအိုး တစ်အိုးမှာ အများဆုံး အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလေးလုံး ဖော်စပ်နိုင်ပါတယ်။ လင်းဟာန်က နှစ်လုံးပဲ အောင်အောင်မြင်မြင် ဖော်စပ်နိုင်တယ် ဆိုတော့ သူက အောင်မြင်မှု တစ်ဝက်ပဲ ရပါသေးတယ်။ ဒါက ထူးချွန်တဲ့ ရလဒ်တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူက ဒီဆေးလုံးနှစ်လုံးကို သေသေချာချာ အနီးကပ် လေ့လာလိုက်တဲ့ အချိန်မှာ အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။

Edit with WPS Office

ဘာဖြစ်လို့လဲဆိုတော့ ဒီဆေးလုံးတွေဟာ အရမ်းကို အရည်အသွေး နိမ့်ကျနေလို့ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟာန်က ဒီဆေးလုံး နှစ်လုံးကို လွှင့်ပစ်ချင်စိတ်တွေ ပေါ်လာပါတယ်။ သူက မှော်ဆေးဆရာဇ် ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုမျက်နှာနဲ့ ဒီဆေးလုံးတွေကို တခြားသူတွေဆီ ပေးရမှာလဲ။ ဒါပေမဲ့လည်း သူက မြှောက်ထားတဲ့ သူ့လက်ကို ဖြည်းညှင်းစွာနဲ့ ပြန်ချလိုက်ပါတယ်။

သူက အရမ်းကို ဆင်းရဲမွဲတေနေပါတယ်။

ဆေးလုံးတွေရဲ့ အရည်အသွေးကို အသာထား။ ဒီဆေးလုံး နှစ်လုံးကို အစစ်အမှန် မူလကျောက်တုံး သောင်းနဲ့ချီပြီးတော့ ရောင်းချလို့ ရနိုင်ပါသေးတယ်။ သူတို့ကို လွှင့်ပစ်တာက အရမ်းကို စိတ်မကောင်းစရာ ဖြစ်သွားပါလိမ့်မယ်။

ဟူး ဘာဖြစ်လို့ ငါက အရမ်းကို ဆင်းရဲမွဲတေ နေရတာလဲ။ လင်းဟာန်က သူ့မေးစေ့ကို ပွတ်နေပါတယ်။ အဲဒီနောက် သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို တစ်ချက်ကြည့်လိုက်ပါတယ်။

Edit with WPS Office

သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို အဆင့်မြှင့်တင်ဖို့ သူ့အနေနဲ့ ငွေဘယ်လောက်တောင် သုံးစွဲရမလဲ။

"ဒါပေမဲ့လည်း ငါနဲ့အတူ တစ်လျှောက်လုံး ရှိနေမဲ့ နတ်ဘုရား ပစ္စည်းတစ်ခုကို ရထားတာပဲ။ ဒီတော့ ဘာပဲဖြစ်ဖြစ် တန်ပါတယ်လေ"

အနက်ရောင် မျှော်စင်က တကယ့်ကို အထင်ကြီးစရာကောင်းပါတယ်။ သူက သိုလှောင် နတ်ဘုရား ပစ္စည်းတစ်ခုအဖြစ်ပဲ အသုံးပြုနိုင်ပါတယ်။ သူက အနက်ရောင် မျှော်စင်ရဲ့ တိုက်ခိုက်မှု စွမ်းရည်တွေကို မထုတ်ဖော်နိုင်ပါဘူး။

ဒါကြောင့် အဆင့်မြင့် နတ်ဘုရား ပစ္စည်းရှိနေတာက ပိုကောင်းပါတယ်။ ပိုပြီးတော့ အရေးကြီးတာက နတ်ဘုရား ပစ္စည်းရဲ့ စွမ်းအားကို လူတစ်ယောက်က ဘယ်လောက်ထိ ထုတ်ဖော်နိုင်မလဲ ဆိုတာပဲ ဖြစ်ပါတယ်။

ငါထပ်ပြီးတော့ ဖော်စပ်ရမယ်။

လင်းဟန်က ဆေးကျိုအိုး ငါးလုံးစာ ပါဂင်ပစ္စည်းတွေကို

Edit with WPS Office

လုံလုံလောက်လောက် ဂယ်ယူထား ခဲ့ပါတယ်။ သူက ပိုပြီးတော့ ဂယ်ယူချင်ပေမဲ့ သူ့မှာ ပိုက်ဆံမရှိတော့ပါဘူး။ ဒါကြောင့် သူက ဒီပမာဏနဲ့ပဲ ကျေနပ်နေရပါတယ်။

သူ့ရဲ့ လေးကြိမ်မြောက် လုပ်ဆောင်မှုမှာ အဆုံးမဲ့ မီးတောက်ပုံ ခုနစ်မျိုး ဆေးလုံးသုံးလုံး ဖော်စပ်နိုင်ခဲ့ပြီး ငါးကြိမ်မြောက်မှာတော့ ပြည့်စုံတဲ့ အခြေအနေတစ်ခုဖြစ်တဲ့ ဆေးလေးလုံးကို ဖော်စပ်အောင်မြင် နိုင်ခဲ့ပါတယ်။ သူ့ရဲ့ တိုးတက်မှုတွေကို ကြည့်ရတာ မယုံနိုင်စရာ ကောင်းပေမဲ့ သူက တစ်ကြိမ်ပြီးတိုင်း ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ဆင်ခြင်သုံးသပ်ခဲ့ပါတယ်။ အဲဒါက ဒီလုပ်ငန်းစဉ် တစ်ခုလုံး သူ့ရဲ့ အမှားတွေကို မှန်ကန်စေနိုင်စွမ်း ရှိပါတယ်။

ဒါကြောင့် ငါးကြိမ်မြောက် ဆေးကျိုအိုးထဲက ဆေးလုံးတွေရဲ့ အရည်အသွေးကလည်း တိုးတက်လာပါတယ်။ အဲဒီဆေးလုံးတွေက ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ သူ့ကိုယ်သူ တီးတိုးပြောလိုက်တယ်။

Edit with WPS Office

“တာဂန်ခံဟန်သာ ဒီဆေးလုံးတွေကို တွေ့သွားတဲ့ အချိန် မှင်သက်အံ့သြသွားမလား”

တစ်လဆိုတဲ့ အချိန်ပဲ ကုန်လွန်ပါသေးတယ်။ သူက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံး ကိုးလုံးကို ဖော်စပ်နိုင်ခဲ့ပြီး အဲဒီထဲကမှ လေးလုံးက ပြီးပြည့်စုံခြင်း အရည်အသွေး ဖြစ်ပါတယ်။

အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးကျိုအိုးတစ်အိုးစာ အောင်အောင်မြင်မြင် ဖော်စပ်နိုင်ဖို့ အချိန်ငါးရက် ယူရပါတယ်။ ဒီသန့်စင်ဖော်စပ်မှု အချိန်က အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေ အတွက် ပုံသေပါပဲ။ ဒါပေမဲ့လည်း ကောလာဟလတွေအရ အဆင့်ကိုးအထက် နတ်ဘုရား ဆေးလုံးတွေ ဖော်စပ်မယ်ဆိုရင် အနည်းဆုံး နှစ်ဂက်လောက် အချိန်ယူရပါလိမ့်မယ်။ အများအယွင်း သေးသေးလေး တစ်ခုက လပေါင်းများစွာ ကြိုးစားထားတာကိုတောင် ဖျက်ဆီးပစ် နိုင်ပါတယ်။

“ငါ့ကျင့်ကြံခြင်း အဆင့်က အများကြီး မရောက်သေးဘူး။ ဒါပေမဲ့ ငါ့နတ်ဘုရား အာရုံကတော့ အရမ်းကို သန်စွမ်းနေပြီ”

Edit with WPS Office

လင်းဟာန်က သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်ပါတယ်။ သူက ဆေးလုံးတွေကို ရက်သတ္တပတ် အနည်းငယ် သန့်စင်ဖော်စပ်ခဲ့ပြီး ကျင့်ကြံဖို့ အချိန်နည်းနည်းလေးမှတောင် မရှိခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ မူလစွမ်းအင်တွေက အရင်အတိုင်းပဲ ကျန်နေပါသေးတယ်။ ဒါပေမဲ့လည်း မှော်ဆေးပညာက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံအပေါ်မှာ အရမ်းကို ခက်ခဲပင်ပန်းပြီး အဲဒါကို စိတ်ချုပ်တည်းမှု အမျိုးအစား တစ်ခုလို့ မြင်နိုင်ပါတယ်။

ဒီဆေးလုံးတွေ အရင်ဆုံး ရောင်းလိုက်ဦးမယ်။ အံ့ဖွယ်နတ်ဆိုးဓားကို အဆင့်လေးထိ မြှင့်တင်ဖို့ ပိုက်ဆံလုံလုံလောက်လောက် လိုအပ်တယ်။

ဒါက လင်းဟာန်ရဲ့ ရေတိုပန်းတိုင် ဖြစ်ပါတယ်။ ဓားကို အဆင့်ငါးထိ တိုးမြှင့်ဖို့က အနာဂတ် ကိစ္စပါ။ သူက နေလအဆင့်ကိုတောင် ချိုးဖျက်ဝင်ရောက်ခြင်း မရှိသေးပါဘူး။

လင်းဟာန်က အနက်ရောင် မျှော်စင်ထဲကနေ ထွက်လာချိန်မှာ ဖန်ယုက ကောင်းအဖွဲ့အစည်းက ဒီအချိန်အတွင်းမှာ

Edit with WPS Office

ခဏခဏ လာရောက်ခဲ့တယ် ဆိုတာကို သတင်းပို့လာပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တံခါးပိတ် လေ့ကျင့်နေတာကြောင့် သူတို့က မတွေ့မနေပ်နဲ့ပဲ ပြန်သွားရပါတယ်။ ကောလာဟာလတွေ ပြောနေတာတော့ ကောင်းဟွမ်က ဒေါသတွေ ထွက်နေတာကြောင့် လင်းဟန်ကိုယ်တိုင် ကောင်းအဖွဲ့အစည်းကို လာရောက် တောင်းပန်ဖို့ အခြေအနေ တစ်ခုကိုတောင် ထုတ်ဖော်ထားပါတယ်။ အဲဒီအတွက် အချိန်အကန့်အသတ်က မနေ့က နောက်ဆုံးနေ့ပါပဲ။

လင်းဟန်က ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"သူက သောက်သုံးမကျတဲ့ ခွေးသူတောင်းစားလား"

သူက ဒီကိစ္စကို လျစ်လျူရှုပြီးတော့ သူ့နေရာကနေ ထွက်လာပါတယ်။

သူက တောင်ခြေက မြို့လေးဆီကို ရောက်လာပြီး မိုကလန်ရဲ့ အဆောက်အအုံဆီကို ဦးတည်လာခဲ့ လိုက်ပါတယ်။

Edit with WPS Office

"သခင်လေးဟန်"

ဟန်ပော်က အဲဒီအချိန် အောက်ထပ်မှာပဲ ရှိနေပါတယ်။ သူက လင်းဟန်ကို တွေ့လိုက်တော့ တဒင်္ဂခန့် အထိတ်တလန့် ဖြစ်သွားပါတယ်။ အဲဒီနောက် သူ့မျက်နှာပေါ်မှာ ပဟေဠိဖြစ်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။

ဒီပါရမီရှင်က ဘာဖြစ်လို့ နောက်တစ်ကြိမ် ပြန်လာတာလဲ။

သူက ဆေးဖော်စပ်နည်းကို လေ့လာသင်ယူပြီးတဲ့နောက်မှာ ဒီဆေးလုံးကို သူမဖော်စပ်နိုင်တာ သတိပြုမိပြီးတော့ လက်လျှော့လိုက်တာများ ဖြစ်နေမလား။ သူက အဆင့်ငါး ဆေးလုံးကို လွယ်ကူတဲ့ ဆေးဖော်စပ်နည်းနဲ့ အလဲအလှယ်ပြန်လုပ်ဖို့ ရောက်လာတာလား။

သူ့စိတ်ထဲမှာ ဒါက အကျိုးသင့် အကြောင်းသင့် ရှိပြီးတော့ မျှတပါတယ်။

လင်းဟန်က ဆေးပုလင်း တစ်လုံးကို ထုတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"တာဂန်ခံဟန် ဒီဆေးလုံးတွေကို ကျနော့်အတွက် ကျေးဇူးပြုပြီးတော့ ရောင်းပေးနိုင်မလား"

ဟန်ပော်က ဒါနဲ့ပတ်သက်ပြီး အများကြီး မတွေးပါဘူး။ သူက ဆေးပုလင်းကို လက်ခံပြီးတော့ မေးလိုက်ပါတယ်။

"သခင်လေးဟာန် ဒီဆေးလုံးတွေက လျှို့ဝှက်ဆန်းကြယ် မိုးပြာဆေးလုံးတွေပဲလား။ အော် ဟုတ်သားပဲ။ ပြီးခဲ့တဲ့အခေါက်တုန်းက သခင်လေးဟာန် ကျနော့်ကို ပေးခဲ့တဲ့ ဆေးလုံးတွေ အားလုံး ရောင်းထွက်သွားပြီ။ နောက်ပြီးတော့ အဲဒီကနေ အမြတ်တွေ အများကြီး ရလိုက်တယ်"

လင်းဟန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီဆေးလုံးတွေက လျှို့ဝှက်ဆန်းကြယ် မိုးပြာဆေးလုံးတွေ မဟုတ်ပါဘူး။ ဒါတွေက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးတွေပါ"

ဖူး။

ဟန်ပော်က ချက်ချင်းပဲ တံတွေးသီးသွားပြီး မရပ်မနား ချောင်းဆိုးသွားပါတယ်။ သူ့မျက်နှာ တစ်ခုလုံး

Edit with WPS Office

နီရဲလာပါတယ်။

သူ နောက်နေတာလား။

အခုမှ တစ်လပဲ ရှိသေးတယ်။ သူက အဆုံးမဲ့ မီးတောက်ပုံ ခုနစ်မျိုး ဆေးလုံးကို အောင်အောင်မြင်မြင် ဖော်စပ်နိုင်ပြီတဲ့လား။

မဖြစ်နိုင်ဘူး။ ဒါက လုံးဝကို မဖြစ်နိုင်ဘူး။

ဒါက အဆင့်ငါး နတ်ဘုရား ဆေးလုံးဖြစ်ပေမဲ့ ဖော်စပ်သန့်စင်ရတာ အရမ်းကို ခက်ခဲပါတယ်။ ဒါကြောင့် အဆင့်ခြောက် မှော်ဆေးပညာရှင်တွေတောင် ဒီဆေးလုံးကို ဖော်စပ်ဖို့ ရှောင်ကြပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က တစ်လဆိုတဲ့ အချိန်လေးနဲ့ အောင်အောင်မြင်မြင် ဖော်စပ်နိုင်ခဲ့ပြီတဲ့လား။ ဒါက နောက်နေတာပဲ ဖြစ်ပါလိမ့်မယ်။

"သခင်လေးဟန် မင်းက အရမ်းကို နောက်တတ်တာပဲ"

သူက ရယ်မောပြီးတော့ ပြောလိုက်တယ်။

လင်းဟန်ကလည်း ရယ်မောပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"တကယ်ပဲ ငါလည်း နောက်ရတာကို သဘောကျတယ်"

ဟန်ဟော်က စိတ်သက်သာရာ ရပြီးတော့ အသက်ကို တစ်ချက်ရှိုက်ကာ သိချင်စိတ်တွေနဲ့ မေးလိုက်ပါတယ်။

"ဒါဆိုရင် ဒီတစ်ကြိမ် မင်းဘာဆေးလုံးတွေ ဖော်စပ်လာခဲ့တာလဲ"

သူက အနည်းငယ် ပဟေဠိ ဖြစ်နေပါသေးတယ်။ လင်းဟန်က အဆုံးမဲ့ မီးတောက်ပျံ့ ခုနစ်မျိုး ဆေးလုံးအတွက် ဆေးဖော်စပ်နည်းကို လေ့လာသင်ယူနေတာ မဟုတ်လား။ ဘာဖြစ်လို့ သူက ရုတ်တရက် တခြားဆေးလုံးတချို့ကို ဖော်စပ်ရတာလဲ။

သူက ပုလင်းအဖုံးကို ဖွင့်ပြီးတော့ လောင်းချလိုက်တဲ့ အခါမှာ ကြက်သွေးရောင် ဆေးလုံးတွေ တော်တော်များများ သူ့လက်ထဲကို ကျလာပါတယ်။ သူ့ကို အံ့အားသင့်သွားစေတာက ဒီဆေးလုံးတွေက မီးလောင်နေသလို ခံစားရပါတယ်။ ဆေးလုံးတွေကနေ အပူတွေ ထုတ်နေတဲ့ အပြင် ဆေးလုံးတွေရဲ့ ကိုယ်ထည်ပေါ်မှာ မီးတောက်တွေ

Edit with WPS Office

တလက်လက် တောက်ပနေတာကို တွေ့မြင်နိုင်ပါတယ်။

တကယ်လို့ သူက သာမန်လူ တစ်ယောက်သာဆိုရင် ချက်ချင်းပဲ သူ့လက်ဂါးက လောင်ကျွမ်းပြီး အပေါက်တစ်ပေါက် ဖြစ်သွားပါလိမ့်မယ်။ ဒီဆေးလုံးတွေရဲ့ အပူချိန်က ရှူးသွပ်စရာ ကောင်းလောက်အောင် မြင့်မားလွန်းပါတယ်။ ပန်းဖူးအဆင့်မှာရှိတဲ့ လူတွေတောင် ဒီဆေးလုံးကို ထိရဲလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း ဟန်ဟော်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိပါတယ်။ ဒါကြောင့် ဒီအပူချိန် အဆင့်က သူ့အတွက်တော့ ပြဿနာ မဟုတ်ပါဘူး။ ဒါတောင်မှ သူ့မျက်နှာပေါ်က အံ့အားသင့်နေတဲ့ အမူအရာက သူ့လက်ဂါး လောင်ကျွမ်းနေသလိုမျိုး ဖြစ်နေပါတယ်။

သူက ဘယ်လိုလုပ်ပြီးတော့ မအံ့ဩပဲ နေမှာလဲ။

ဒီဆေးလုံးတွေက သောက်ကျိုးနည်း အဆုံးမဲ့ မီးတောက်ပုံ ခုနစ်မျိုး ဆေးလုံးတွေ ဖြစ်ပါတယ်။

"သခင်လေးဟန် မင်းငါ့ကို လာနှောက်နေတာတော့

Edit with WPS Office

မဟုတ်ပါဘူးနော်”

ဟန်ပော်ရဲ့ မျက်နှာက ရှုံ့မဲ့နေပြီး ဒီအချိန်မှာ သူက အတုအယောင် တစ်ခုခုကို ကြည့်နေရသလို ပါပဲ။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ဟန်ပော်ရဲ့ ပုခုံးကို ပုတ်ရင်းနဲ့ ပြောလိုက်တယ်။

“တာဂုန်ခံဟန် ခင်ဗျား သတိပြန်ဝင်ပြီးတော့ အလုပ်လုပ်ဖို့ လိုနေပြီ”

သူတို့ရဲ့ အသက်တွေက နှစ်ထောင်ပေါင်းများစွာ ကွာခြားပေမဲ့ လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်က ဟန်ပော်ထက် ပိုမြင့်ပါတယ်။ ဒါကြောင့် ကျင့်ကြံခြင်း ကမ္ဘာရဲ့ စည်းမျဉ်းတွေအရ သူက ဟန်ပော်ရဲ့ စီနီယာ ဖြစ်ပါတယ်။ ဒါကြောင့် သူက ဟန်ပော်ရဲ့ ပုခုံးကို ပုတ်တာက မယဉ်ကျေးသလို မဖြစ်ပါဘူး။

ဟန်ပော်က ဆေးလုံးတွေကို ဂရုတစိုက် လေ့လာလိုက်ပါတယ်။ သူက ကျွမ်းကျင်တဲ့ အကဲဖြတ်သူ တစ်ယောက် ဖြစ်ပြီးတော့ ချက်ချင်းပဲ ဒီဆေးလုံးကိုးလုံးက

Edit with WPS Office

လတ်လတ်ဆတ်ဆတ် ဖော်စပ်ထားတယ်လို့ ကောက်ချက်ချလိုက်ပါတယ်။

အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးမှာ ပြိုင်ဘက်ကင်းတဲ့ စွမ်းရည်တစ်ခု ရှိပါတယ်။ ပိုပြီးတော့ လတ်ဆတ်လေ သူ့မျက်နှာပြင်ပေါ်က မီးတောက်တွေက အစိမ်းရောင် ပိုသန်းလေပါပဲ။ သက်တမ်းကြာမြင့်လာရင် ဒီမီးတောက်တွေက အပြာရောင် ဖြစ်လာပြီး အဲဒီနောက် အနီရောင်နဲ့ နောက်ဆုံး ခရမ်းရင့်ရင့် အရောင်ကို ပြောင်းသွားပါတယ်။

ဆေးလုံးတွေက ခရမ်းရင့်ရင့် ဖြစ်သွားတဲ့ အချိန်ကျရင် သက်တမ်းအရမ်းကို ကြာမြင့်နေပြီး သူတို့ရဲ့ အာနိသင်တွေ တော်တော်များများ ဆုံးရှုံးသွားပြီဆိုတဲ့ လက္ခဏာပါပဲ။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် အဲဒီဆေးလုံးတွေက အများကြီး အသုံးမဝင်တော့ပါဘူး။

ဟန်ပော်က အော်ဟစ်ငိုလုနီးပါး ဖြစ်နေပါတယ်။ ဒါတွေက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံး အစစ်ပဲ။ လတ်လတ်ဆတ်ဆတ် ဖြစ်နေတာကိုကြည့်ရင် ဟန်လင်းက

Edit with WPS Office

တကယ်ပဲ အောင်မြင်သွားခဲ့တာလား။

သူက ဘယ်လိုလူထူးလူဆန်းမျိုးလဲ။

"သခင်လေးဟာန် မင်းတကယ့်ကို အောင်မြင်သွားတာလား"

"ခင်ဗျားမြင်နေတာက ပုံရိပ်ယောင် တစ်ခု ဖြစ်နေလို့လား"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

နောက်ဆုံးတော့ ဟာန်ဖော်က အသိစိတ် ပြန်ဝင်လာပြီးတော့ နားလည်သွားပါတယ်။

"သခင်လေးဟာန် မင်းက ငါ့ကို သေလုနီးပါး အံ့အားသင့်အောင် လုပ်နိုင်တာပဲ။ အခုမှ တစ်လပဲ ရှိသေးတယ်။ မင်းက အဆုံးမဲ့ မီးတောက်ပုံ ခုနစ်မျိုး ဆေးလုံးကို သန့်စင်ဖော်စပ်နိုင်ခဲ့ပြီ။ ဒါက ဘယ်လိုမှ လိုက်မမီနိုင်တဲ့ ပြိုင်စံရှား ကံကြမ္မာ တစ်ခုပဲ"

သူက လင်းဟာန်ကို ချီးမွမ်းခန်း ဖွင့်လိုက်တယ် ဆိုပေမဲ့ သူ့စကားတွေက ပုံကြီးချဲ့ပြီးတော့ ပြောနေတာ မဟုတ်ပါဘူး။ တကယ်တော့ လင်းဟာန်မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်သာ ရှိမနေခဲ့ဘူးဆိုရင် သူက

Edit with WPS Office

ဒီဆေးဖော်စပ်နည်းကို အပြည့်အဝ နားလည်သဘောပေါက်ဖို့ ဆယ်စုနှစ်လောက် အချိန်ယူရပါလိမ့်မယ်။

ကျင့်ကြံသူတွေက တန်ခိုးရှင် အဆင့်ကို ရောက်တဲ့ အချိန်မှာ သူတို့ရဲ့ သက်တမ်းတွေက သိသိသာသာ တိုးလာခဲ့ပါတယ်။ ဒါပေမဲ့လည်း လျှို့ဝှက်နည်းစနစ်တွေ ဂဏ်ပါ အစီအရင်တွေ ဆေးဖော်စပ်နည်းတွေကို နားလည်ဆင်ခြင်ဖို့ လုပ်ဆောင်ပြီဆိုရင် သူတို့အနေနဲ့ နှစ်ပေါင်း ရာနဲ့ချီပြီး အချိန်ယူရတတ်ပါတယ်။ ဒါက တကယ့်ကို အံ့သြစရာကောင်းပါတယ်။

Chapter 1168 end

အပိုင်း(1169) နောက်ဆုံးအကြိမ်က သတိပေးထားတာကို မေ့နေပြီလား

လင်းဟာန်က ရယ်မောပြီးတဲ့နောက် အလေးအနက် ပြောလိုက်ပါတယ်။

"ဆိုင်တာဂန်ခံဟာန် ကျနော်ကို မျက်နှာသာပေးပြီးတော့ လုပ်ပေးဖို့ လိုအပ်ပါတယ်။ အဲဒါကတော့ အဆင့်သုံး

Edit with WPS Office

နတ်ဘုရား သတ္တုတွေကို တတ်နိုင်သလောက် များများလေး စုပေးချင်ပါတယ်။ အဲဒီအတွက် ကျနော့်အမြတ်အစွန်းထဲကနေ အသုံးပြုပြီး ဝယ်ထားပေးပါ"

"ကိစ္စမရှိပါဘူး။ ရပါတယ်"

ဟန်ပော်က လိမ္မာပါးနပ်စွာနဲ့ နတ်ဘုရား သတ္တု အများကြီးကို ဘာဖြစ်လို့ လင်းဟန်က စုစည်းတာလဲ ဆိုတာကို မေးမြန်းခြင်း မပြုခဲ့ပါဘူး။ အဲဒီအစား ချက်ချင်းပဲ ယုံကြည်မှုနဲ့အတူ သဘောတူလိုက်ပါတယ်။

"ဒါဆိုရင်တော့ ဆိုင်တာဝန်ခံဟန်ကို ဒုက္ခပေးမိပြီ"

"သခင်လေးဟန်အတွက် ကျနော် လုပ်ပေးပါ့မယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ကုန်ကြမ်းပစ္စည်း တချို့ကို ဝယ်ယူလိုက်ပါတယ်။ သူက အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးကို ဖော်စပ်ရပါဦးမယ်။ အဲဒါက သူ့ဝင်ငွေ လမ်းကြောင်း ဖြစ်ပါတယ်။

ဟန်ပော်က သူ့ချွေးတွေကို သုတ်ပစ်ပြီးတော့ လင်းဟန် ကုန်ကြမ်းပစ္စည်းတွေ ရွေးချယ်တဲ့ နေရာမှာ

Edit with WPS Office

ကူညီပေးလိုက်ပါတယ်။ သူက စောစောတုန်းက အံ့အားသင့်နေတဲ့ အခြေအနေကနေ အလုံးစုံတော့ သတိပြန်မဝင်သေးပါဘူး။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဆိုင်တာဂန်ခံဟာန် ကျုပ်တို့တွေ သဘောတူညီမှုကို နောင်တရနေပြီလား။ ခင်ဗျားက တစ်ဆယ် ရာခိုင်နှုန်း ယူပြီးတော့ ကျုပ်က ကိုးဆယ်ရာခိုင်နှုန်း ယူတာနဲ့ ပတ်သက်ပြီး အရမ်းကို ဆုံးရှုံး နစ်နာနေပြီလို့ မတွေးမိဘူးလား"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

ဟာန်ဟော်က သူ့ခေါင်းကို အလျင်အမြန်ပဲ ခါလိုက်ပါတယ်။ သူ့နှလုံးသား အရမ်းကို နာကျင်သလို ခံစားရပေမဲ့ ထူးချွန်ထက်မြက်တဲ့ စီးပွားရေးသမား တစ်ယောက် အနေနဲ့ လင်းဟာန်က သူ့ရဲ့ ကိုယ်စား သူတို့ကို အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးတွေကို လက်လွှဲမရောင်းနိုင်းပဲ နေလို့ရပါတယ်။

Edit with WPS Office

ဒီလိုမျိုး မှော်ဆေးလုံးကို ဘယ်သူမှ မဟယ်မှာကို သူတို့တွေက ကြောက်နေစရာ လိုလို့လား။

သေချာတာကတော့ သူတို့ရဲ့ သိုလှောင်ခန်းမှာ ဒီလိုမျိုး ဆေးလုံးတွေ ဘယ်လောက်ပဲရှိရှိ အကုန်လုံး ရောင်းထွက်မယ် ဆိုတာကို အာမခံနိုင်ပါတယ်။

နောက်ပြီးတော့ လင်းဟာန်က အကျိုးအမြတ် အားလုံးကို ယူသွားနိုင်စွမ်း ရှိပါတယ်။ ဒါတောင်မှ မိုကလန် အဖွဲ့အစည်းကို ဆယ်ရာခိုင်နှုန်း မျှဝေပေးခဲ့ပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ မျက်နှာသာပေးမှု တစ်ခု ဖြစ်ပါတယ်။

ဟာန်ပော်က ဒီအကြောင်းနဲ့ ပတ်သက်ပြီး သေသေချာချာ ရှင်းရှင်းလင်းလင်း နားလည်ပါတယ်။ လင်းဟာန်က သူ့ကိုယ်ပိုင် မှော်ဆေးပညာ စွမ်းရည်တွေကို သေသေချာချာ နားမလည်ထားတာ ဖြစ်နိုင်မှာလား။ သူက အဆုံးမဲ့ မီးတောက်ပုံ ခုနစ်မျိုး ဆေးလုံးတွေကို ဖော်စပ်နိုင်စွမ်း ရှိတယ်ဆိုတာ သိနားလည်သွားတဲ့ အချိန်မှာတောင် သူတို့ကို အကျိုးအမြတ် ဆယ်ရာခိုင်နှုန်း ပေးခဲ့ပါသေးတယ်။ တခြားသူတွေမှာ ဒီလိုမျိုး လုပ်နိုင်တဲ့သူ ရှိလို့လား။

Edit with WPS Office

"သခင်လေးဟာန်ရဲ့ ကြင်နာမှုအတွက် ကျေနော့်အနေနဲ့ အရမ်းကို ကြည်ညိုလေးစားမိပါတယ်"

လင်းဟာန်က မိုကလန် အဖွဲ့အစည်းကို ဘာဖြစ်လို့ အရမ်းကို မျက်နှာသာ ပေးရလဲ ဆိုတာကိုတော့ သူနားမလည်နိုင်ခဲ့ပါဘူး။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို လာခဲ့တဲ့ လမ်းမှာ တစ်စုံတစ်ယောက်က ကျုပ်ကို ချောင်းမြောင်း လုပ်ကြံခဲ့ပြီး ကြယ်စင်စုကြီးထဲမှာ လမ်းပျောက်သွားခဲ့တယ်။ ကံကောင်းတာက မိုကလန်ရဲ့ ကုန်သွယ်ရေး လှေတစ်စီးနဲ့ ကြုံတွေ့ခဲ့ပြီး သူတို့က ကျုပ်ကို စွန့်ပယ်ခဲ့ခြင်းမရှိပဲ လက်ကမ်း ကူညီပေးခဲ့တယ်"

အခုမှပဲ ဟာန်ပော်က နားလည်သွားခဲ့ပါတယ်။ သူက ရှိသေမှုနဲ့ သူ့လက်တွေကို ဆုပ်လိုက်မိပြီး ပြောလိုက်တယ်။

"သခင်လေးဟာန်က တကယ့်ကို ယောကျာ်းပီသတဲ့ ပင်ကိုယ်စရိုက်နဲ့ လူတစ်ယောက်ပါပဲ"

Edit with WPS Office

မိုကလန် အတွက်ကတော့ အခုလို လက်ကမ်းပြီး ကူညီပေးရတာက အသေးအဖွဲ့ ကိစ္စလေး တစ်ခုပါပဲ။ အဲဒီအတွက် သူတို့က အပြန်အလှန်အနေနဲ့ ဘုရင်လေးအဆင့် လူတစ်ယောက်နဲ့ ရင်းနှီးမှုကို ရရှိခဲ့ပါတယ်။ ဒါက အရမ်းကို ကြီးမားတဲ့ အကျိုးအမြတ်တစ်ခုပဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ လင်းဟာန်ကလည်း သူတို့ရဲ့ ကြင်နာမှုအတွက် ပြန်ပေးဆပ်ရမယ် ဆိုတာကို သိနားလည်ထားပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ သူက သူတို့ကို အလေးအနက် မထားပဲ ဆန့်ကျင်မယ် ဆိုရင်ရော သူတို့တွေ ဘာများလုပ်နိုင်မှာလဲ။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဆိုင်တာဂန်ခံဟာန် ကျုပ်ရဲ့ တောင်းဆိုမှုကို အမြန်ဆုံး တတ်နိုင်သမျှ လုပ်ပေးပါ။ အဆင့်သုံး နတ်ဘုရား သတ္တုရဲ့ အမျိုးအစားနဲ့ ပတ်သက်ပြီး မစိုးရိမ်ပါနဲ့။ အဲဒီသတ္တုက ဟောင်းနွမ်းပြီး စုတ်ပြတ်နေတာမျိုး ဒါမှမဟုတ် မသန့်စင်ရင်တောင် အဆင်ပြေတယ်။ အဲဒီသတ္တုရဲ့

Edit with WPS Office

အရည်အသွေးက အဆင့်သုံးကို ရောက်နေသရွေ့ လက်ခံနိုင်တယ်”

“ကျနော်မှတ်ထားပါ့မယ်။ ကျေးဇူးပြုပြီးတော့ နောက်တစ်လ အကြာမှာ ပြန်လာခဲ့ပါ သခင်လေးဟာန်။ ကျနော် သေချာပေါက် သခင်လေးဟာန် ကျေနပ်အံ့အားသင့်အောင် လုပ်ပေးပါ့မယ်”

ဟာန်ဟော်က ယုံကြည်မှုရှိစွာနဲ့ ပြောလိုက်တယ်။

သူက လင်းဟာန်ရဲ့ ကိစ္စကို မိုကလန်ရဲ့ အထက်လူကြီးတွေဆီကို သတင်းပို့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပထမအချက်က ဘုရင်လေးအဆင့် လူတစ်ယောက်ကို ဆွဲဆောင်သိမ်းသွင်းဖို့ ထိုက်တန်ပါလိမ့်မယ်။ လင်းဟာန်လိုမျိုး ကျေးဇူးတရားကို သိတတ်ပြီးတော့ စိတ်ခံစားမှု အပေါ် အလေးထားတဲ့ ဒီလိုမျိုး လူတစ်ယောက် ဖြစ်နေတော့ ပိုပြီးတော့တောင် ထိုက်တန်ပါတယ်။ သူက မိုကလန်ရဲ့ အထက်လူကြီးတွေကို သတင်းပို့ပြီးတော့ လင်းဟာန်အတွက် နတ်ဘုရား သတ္တုတွေ အဆုံးမရှိ စုစည်းပေးဖို့ သူတို့ကို တောင်းဆိုရပါမယ်။

Edit with WPS Office

အဆင့်သုံး နတ်ဘုရား သတ္တုလောက်နဲ့ ဘုရင်လေးအဆင့် လူတစ်ယောက်ရဲ့ ရင်းနှီးမှုကို ရရှိဖို့ လုံလောက်တာက တကယ့်ကို အကျိုးအမြတ် ကြီးလွန်းပါတယ်။ နောက်ပြီးတော့ လင်းဟာန်ရဲ့ မှော်ဆေးပညာမှာ အောင်မြင်မှုတွေက တကယ်ပဲ အရမ်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းလွန်းပါတယ်။ သူက တစ်လဆိုတဲ့ အချိန်လေးနဲ့ အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေ ဖော်စပ်နိုင်ပါတယ်။ အဲဒါက ဆေးကျိုအိုး တစ်အိုးစာတောင် မဟုတ်ပါဘူး။

"သောက်ကျိုးနည်း ငါတကယ် မေ့နေတာပဲ။ သခင်လေးဟာန်က တောင်မြစ်အဆင့်မှာပဲ ရှိသေးတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ် အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေကို ဖော်စပ်နိုင်မှာလဲ"

"ငါးခုမြောက် တောင်မြစ်ကို ဖြစ်ပေါ်ထားတာက နေလအဆင့်နဲ့ ညီမျှတယ် မဟုတ်လား"

"သိုင်းပညာရော မှော်ဆေးပညာ နှစ်ခုလုံးကို ကျင့်ကြံအားထုတ်ပြီး နှစ်ခုလုံးမှာ ထူးချွန်ထက်မြက်

Edit with WPS Office

လွန်းတယ်။ ငါတို့မိုကလန်က သေချာပေါက် ဒီလိုမျိုး ပါရမီရှင် တစ်ယောက်ကို လက်လွှတ်လို့ မဖြစ်ဘူး။ ဒီလူငယ်က ကမ္ဘာကြီး တစ်ခုလုံးကိုတောင် အုပ်ချုပ်နိုင်တဲ့သူ ဖြစ်ကောင်း ဖြစ်လာနိုင်တယ်။ ငါတို့တွေ သူ့ကို အကုန်အကျတွက်ချက်ပြီးတော့ ကတ်သပ်နေလို့ မဖြစ်ဘူး”

ဟန်ပော်က တီးတိုးရွတ်ဆို လိုက်ပါတယ်။ သူ့ရဲ့ မျိုးရိုးနာမည်က မိုမဟုတ်ပေမဲ့ သူက မိုကလန်ရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်နေဆဲပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက မိုကလန်က အမျိုးသမီး တစ်ယောက်နဲ့ လက်ထပ်ထားလို့ ဖြစ်ပါတယ်။ သူ့ရဲ့ ကလေးတွေ မြေးတွေ အားလုံးရဲ့ မျိုးရိုးနာမည်က မိုဖြစ်ပါတယ်။

လင်းဟန်က အေးအေးဆေးဆေး လမ်းလျှောက်လာပါတယ်။ အခုဆိုရင် နတ်ဘုရား သတ္တုရဲ့ အရင်းအမြစ်က စိတ်ချရပါပြီ။ အဲဒါက သူ့ကို ကောင်းမွန်တဲ့ စိတ်ခံစားချက် ဖြစ်စေပါတယ်။ နောက်ထပ် ခြေလှမ်းက စမ်းချောင်းဂါ လျှို့ပုက်ဆန်းကြယ်ဘုံရဲ့ ကိစ္စတွေကို ပြင်ဆင်ထား ရပါမယ်။ အဲဒီလျှို့ပုက်ဆန်းကြယ်ဘုံကို ခရီးထွက်ပြီး

Edit with WPS Office

ပြန်ရောက်လာတဲ့ အချိန်ကျရင် သူ့အနေနဲ့ နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့နဲ့ ပတ်သက်ပြီး အဆင်သင့်ဖြစ်နေသင့်ပါတယ်။

နေလအဆင့်ကို ချိုးဖျက်ဝင်ရောက်ပြီးတာနဲ့ သူက ဂိုဏ်းကြီးငါးဂိုဏ်းနဲ့ ဂဠုန်နန်းတော်ရဲ့ တည်နေရာကို ရှာဖွေဖို့ ခရီးထွက်ရပါမယ်။ သူက ဒီကိစ္စတွေကို ထာဝရ မျက်ကွယ်ပြုလို့ မရနိုင်ပါဘူး။

ကောင်းကင်ဖီးနစ် နတ်မိမယ် ငါတို့တွေ နောက်ဆုံးတွေ့ဆုံခဲ့တာ ရာစုနှစ်တွေ များနေပြီ။ အခု သူမက ဘယ်လိုပုံစံမျိုး နစ်သက်လဲ ဆိုတာကို ဘယ်သူသိမှာလဲ။

သူမက သူ့ကို နောက်တစ်ကြိမ် မြင်လိုက်တာနဲ့ သေချာပေါက် အံ့အားသင့် သွားပါလိမ့်မယ်။ သူက အသက်ပြန်ရှင်လာတဲ့ လူသေတစ်ယောက် ဖြစ်တဲ့အပြင် သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် တိုးတက်မှုနှုန်းတွေကလည်း မယုံနိုင်စရာ ကောင်းလှပါတယ်။ နှစ်ပေါင်းတစ်ထောင် အတွင်းမှာ သူက နေလအဆင့်ကို ရောက်နေပါလိမ့်မယ်။ အဲဒါက ကောင်းကင်ဖီးနစ် နတ်မိမယ်နဲ့ ဓားကေရာဇ်တို့ထက်

Edit with WPS Office

သာလွန်သင့်ပါတယ်။

ဒီမုန်းစရာကောင်းတဲ့ အမျိုးသမီးရဲ့
ဆယ်စုနှစ်တော်တော်ကြာအောင် အနိုင်ကျင့်ခံခဲ့ရပြီး
အခုတော့ သူ့ပြန်ပြီးတော့ တန်ပြန်တိုက်စစ်ဆင်ဖို့
အလှည့်ရောက်ပါပြီ။

သူမရဲ့ ဖွံ့ထွားတင်းကားနေတဲ့ တင်ပါးတွေကို
ရိုက်နှက်ဆုံးမခြင်း မရှိပဲနဲ့ သူက ဘယ်လိုလုပ် သူမကို
လွှတ်ပေးနိုင်မှာလဲ။

အခုဆို သူ့သားက အတော်လေးကို
အရွယ်ရောက်နေသင့်ပါပြီ။ သူ့မိဘတွေရော ဘယ်လို
အခြေအနေ ရှိနေမလဲ။ ဟိုကောင်မလေး ဟူးညို့လည်း
အရွယ်ရောက်တဲ့ မိန်းကလေး တစ်ယောက် ဖြစ်နေသင့်ပါပြီ။
ပေါ့လျန်ချွင်ရွှယ်၊ ကျူးရွှမ်းအာ၊ လှီဃုထန်နဲ့
လီစီရှန်းတို့ရော ဘယ်လိုရှိနေကြမလဲ။

သူက သက်ပြင်းချလိုက်မိပါတယ်။ ဒီဘဝမှာ
နှစ်ပေါင်းအများကြီး မဖြတ်ကျော်ရသေးပါဘူး။ ဒါပေမဲ့

Edit with WPS Office

သူ့မှာရှိတဲ့ စိတ်ခံစားချက်တွေက အရင်ဘဝက ရာစုနှစ်နှစ်ခုထက်တောင် သာလွန်နေပါတယ်။

အဲ့ဖွယ်ကောင်းကင်ဂိုဏ်းကို လာတဲ့လမ်းမှာ လင်းဟန်က သူ့ရဲ့ ချစ်မှုရေးရာ ကိစ္စတွေကို သူ့နှလုံးသားထဲ ပြန်ပြီးတော့ မြုပ်နှံထားဖို့ ဆုံးဖြတ်ထားပါတယ်။ စွမ်းအားအတွက်နဲ့ ပ်သက်လာရင် ဘယ်အရာမှ ပိုအရေးပါတာ မရှိပါဘူး။ သူ့မှာ သူ့စိတ်ကြိုက် လုပ်နိုင်စွမ်းရှိတဲ့ စွမ်းရည်တစ်ခု ရှိမယ် ဒါမှမဟုတ် သူ့ကို လွတ်လွတ်လပ်လပ် အသက်ရှူနိုင်စွမ်း ရှိပြီးတော့ လှုပ်ရှားသွားလာနိုင်စွမ်း ရှိမယ်ဆိုရင် လုံလောက်ပါပြီ။

"ဟန်လင်း"

မာကျောခက်ထန်တဲ့ အော်သံတစ်ခုက အဝေးကနေ ထွက်ပေါ်လာပါတယ်။

သူလှမ်းကြည့်လိုက်တော့ သူ့နေရာရဲ့ တံခါးဝမှာ လူလေးယောက် ရပ်နေတာကို တွေ့လိုက် ရပါတယ်။ သူတို့အားလုံးက ဒေါသနဲ့ ကြည့်နေကြပြီး သူတို့ထဲက

Edit with WPS Office

နှစ်ယောက်ကို သူသိပါတယ်။ တစ်ယောက်က ဖူလိန်ရဲ့ ဖြစ်ပြီးတော့ ကျန်တစ်ယောက်ကတော့ ကိုင်ယုံစစ် ဖြစ်ပါတယ်။

ဘာဖြစ်လို့ သူတို့က ဒီနေရာကို နောက်တစ်ကြိမ် ထပ်လာတာလဲ။

"ဟန်လင်း ဒါက မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ။ သခင်လေးကောင်းက ပြောလိုက်တယ်။ တကယ်လို့ မင်းက ဒီနေ့ ငှက်တစ်ထောင် တောင်ထိပ်ကို ဒူးထောက်ပြီး တက်လာမယ်ဆိုရင် အရင်က မင်းရဲ့ မရိုမသေ လုပ်ခဲ့တာတွေ အားလုံးကို သူက ခွင့်လွှတ်ပေးမယ်တဲ့"

ကိုင်ယုံစစ်က မာနကြီး တစ်ခွဲသားနဲ့ ပြောလိုက်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ သူ့ကို ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းက အရမ်းကို သတိမေ့တတ်တဲ့ လူတစ်ယောက်လား။ နောက်တစ်ကြိမ် ထပ်ပြီးတော့ အရိုက်ခံရဖို့ တောင်းဆိုနေတာလား"

Edit with WPS Office

“ဟန်လင်း”

သက်လတ်ပိုင်းအရွယ် လူတစ်ယောက်က စကားပြောလိုက်ပါတယ်။ သူ့အသံက မိုးခြိမ်းသံလို ကျယ်လောင်ပါတယ်။ သူ့ပါးစပ်ကို ဟလိုက်တဲ့ အချိန်မှာ ကြောက်မက်ဖွယ်ရာ အရိုန်အဂါ တစ်ခု ထွက်ပေါ်လာခဲ့ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ သူက လွှမ်းမိုးခြင်း အရှိန်အဂါ တစ်ခုနဲ့အတူ မွေးဖွားလာတာကြောင့် မဟုတ်ပဲ သူက အထွတ်အထိပ် ကျင့်ကြံခြင်း အဆင့်တစ်ခုရဲ့ ဖိနှိပ်တဲ့ စွမ်းရည်ကို အသုံးပြုခဲ့တာကြောင့် ဖြစ်ပါတယ်။

နေလအဆင့်။

ကိုင်ယုံစစ် ဒီနေ့မှာ သတ္တိကောင်းနေတာ အံ့သြစရာ မရှိတော့ပါဘူး။ ဒါဆိုရင် ကြည့်ရတာ သူက အစွမ်းထက်တဲ့ ကူညီသူ တစ်ယောက်ကို ရထားပုံပါပဲ။

အဲဒီအချိန် ဖူလိန်ရဲက အေးစက်စွာနဲ့ သရော်ပြုံး ပြုံးနေပါတယ်၊ သူလည်း ကောင်းအဖွဲ့ထဲကို ပူးပေါင်းခဲ့ပြီး

Edit with WPS Office

လင်းဟန်ကို သူတို့တွေ ရင်ဆိုင်ရတော့မယ် ဆိုတာကို သိလိုက်ရတဲ့ အချိန်မှာ သူက ချက်ချင်းပဲ အတူတူ လိုက်လာခွင့်ရဖို့ တောင်းဆိုခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လင်းဟန်ရဲ့ မျက်နှာပေါ်မှာ သူ့ထက်သာတဲ့ စွမ်းအားတစ်ခုနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ ဘယ်လိုဖြစ်သွားမလဲ ဆိုတာကို မြင်တွေ့ချင်တာကြောင့် ဖြစ်ပါတယ်။

တကယ်လို့ သူက အညံ့ခံ အလျှော့မပေးခဲ့ဘူး ဆိုရင်တောင် သေချာပေါက် အရှက်တကွဲ အကျိုးနည်း ဖြစ်ပါလိမ့်မယ်။

နေလအဆင့် ကျင့်ကြံသူတွေက တောင်မြစ်အဆင့် ကျင့်ကြံသူတွေ အပေါ်မှာ စိတ်လွတ်ကိုယ်လွတ် လုပ်လို့တော့ မရပါဘူး။ တကယ်တော့ ယန်ပောင်လိုမျိုး အားလုံးက နာမည်ထင်ပေါ် ကျော်ကြားသူတွေ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ နေလအဆင့် ကျင့်ကြံသူတွေက လျှို့ဝှက်စွာနဲ့ လှုပ်ရှားလာမယ် လင်းဟန်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ဖိနှိပ်မယ် ပြီးတော့ တခြားတောင်မြစ်အဆင့် ကျင့်ကြံသူတွေကို ဖိနှိပ်ထိန်းချုပ်ခွင့် ပေးလိုက်မယ်ဆိုရင် ဘယ်သူက

Edit with WPS Office

ဘာများပြောနိုင်ဦးမှာလဲ။

လင်းဟာန်က လျှောက်လာပြီး တံခါးဖွင့်ပြီးတော့ အထဲကို ဝင်သွားလိုက်ပါတယ်။ အဲဒီနောက် တံခါးကို ပိတ်လိုက်ပါတယ်။

ဖူး။

ကိုင်ယုံစစ်နဲ့ တခြားသူတွေက ဒေါသတွေ ထွက်ပြီးတော့ ရူးသွပ်လုမတတ် ဖြစ်သွားပါတယ်။ သူက ဘာကို ဆိုလိုတာလဲ။ သူတို့ကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ပဲ အခုလိုမျိုး လျစ်လျူရှုလိုက်တာ ဖြစ်နိုင်မလား။

"ဟာန်လင်း"

ကိုင်ယုံစစ်က သူ့လက်တွေနဲ့ တံခါးတွေကို တွန်းပြီးတော့ လင်းဟာန် တံခါးပိတ်တာကနေ တားဆီးလိုက်ပါတယ်။

အံ့ဖွယ်ကောင်းကင် ဂိုဏ်းထဲမှာ လုံးဝကို ချိုးဖျက်လို့ မရနိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ရှိပါတယ်။ ခွင့်ပြုချက် မရရှိပဲ တခြားသူတွေရဲ့ အခန်းထဲကို ဝင်ရောက်ခြင်းကနေ တားမြစ်ထားပါတယ်။

Edit with WPS Office

မင်းက တခြားအချိန်တွေမှာ တိုက်ခိုက်နိုင်တယ်။ အဲဒါအားလုံး မှန်တယ်။ တကယ်တော့ ကျင့်ကြံသူတွေက သူတို့ရဲ့ စွမ်းရည်တွေကို တိုက်ခိုက်ရင်းနဲ့ တိုးပွားလာစေခဲ့ပါတယ်။ ဒါပေမဲ့ တကယ်လို့ လူတစ်ယောက် တံခါးပိတ် လေ့ကျင့်တာကို နှောင့်ယှက်ခဲ့ရင်တော့ သူ့ကို မသန်မစွမ်း ဖြစ်သွားနိုင်ချေ ရှိပါတယ်။

ဒါမျိုးကိုတော့ ဂိုဏ်းက လုံးဝကို ခွင့်မပြုပါဘူး။

ဒါကြောင့် နှစ်ဖက်စလုံး ကျင့်ကြံခြင်း အဆင့်တွေ တူညီနေသရွေ့ သူတို့စိတ်ကြိုက် တိုက်ခိုက် နိုင်ပါတယ်။ ဘယ်သူကမှ သူတို့ကို တားဆီးလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့တွေက သူတို့ရဲ့ နေရာကို ပြန်သွားတာနဲ့ ဘေးမဲ့တော တစ်ခုနဲ့ တူပြီးတော့ ဘယ်သူကမှ တစ်ခုခု လုပ်ခွင့် မပြုထားပါဘူး။

ယန်ဟောင်တောင်မှ ဒီလိုမျိုး စည်းကမ်းချက်ကို မချိုးဖောက်ပံ့ပါဘူး။ ဒါက နောက်ဆုံးမျဉ်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် လင်းဟန်က သူ့နေရာထဲကို

Edit with WPS Office

လမ်းလျှောက်ဝင်သွားတာကို ကြည့်ပြီး ကိုင်ယုံစစ်က စိုးရိမ်ပူပန်နေတာ သဘာဝ ကျပါတယ်။

လင်းဟာန်က စပ်ဖြဲဖြဲ ရယ်မောပြီးတော့ လက်တစ်ဖက် ဆန့်ထုတ်ကာ သူ့ကို ဆုပ်ကိုင်လိုက်ပြီး ကိုင်ယုံစစ်က လွယ်လင့်တကူ ထိန်းချုပ်ခံ လိုက်ရပါတယ်။

"ကြည့်ရတာ နောက်ဆုံးအကြိမ်တုန်းက ငါ့ရဲ့ သတိပေးချက်ကို မင်းမေ့နေလို့ နောက်တစ်ကြိမ် ရောက်လာတာ ဖြစ်မယ်"

Chapter 1169 end

အပိုင်း(1170) သနားစရာကောင်းတဲ့ ကိုင်ယုံစစ်

ကိုင်ယုံစစ်က အထိတ်တလန့် ဖြစ်သွားပါတယ်။

လပြွတ်ပဲ။ သူက ဒီတံခါးတွေထဲကို ဝင်ဖို့ ရွေးချယ်ထားတာ မဟုတ်ခဲ့ပါဘူး။ လင်းဟာန်က သူ့ကို အထဲ ဆွဲသွင်းသွားတာ မဟုတ်လား။ ဘယ်လိုလုပ်ပြီးတော့ သူက နစ်နာရတာလဲ။

ဖြန်း။

Edit with WPS Office

သူ့ရဲ့ အတွေး ပြီးသွားရုံပဲ ရှိပါသေးတယ်။ လင်းဟန်ရဲ့ ပြင်းထန်တဲ့ ပါးရိုက်မှုကို ခံလိုက် ရပါတယ်။

"ဒီလိုမျိုး မှတ်ဉာဏ်မကောင်းပုံနဲ့ဆို မင်းမှတ်ဉာဏ်က နောက်ထပ် ရိုက်နက်ဆုံးမ မခံရဘူးဆိုရင် တိုးတက်လာမှာ မဟုတ်ဘူး"

"အရှင်ကျူး ကျနော့်ကို ကယ်ပါ"

ကိုင်ယုံစစ်က အလျင်အမြန်ပဲ အဲဒီနေလအဆင့် လက်ရွေးစင်ဆီက အကူအညီကို တောင်းဆိုလိုက် ပါတယ်။

အဲဒီနေလအဆင့် လက်ရွေးစင်ရဲ့ နာမည်က ကျူထန်ချူ ဖြစ်ပါတယ်။ သူက ကနဦး အဆင့်ရဲ့ အလယ်အလတ် အဆင့်မှာပဲ ရှိတယ်ဆိုပေမဲ့ တကယ်လို့ လင်းဟန်က ငါးခုမြောက် တောင်မြစ်ထိ ပြီးပြည့်စုံအောင် ကျင့်ကြံအားထုတ်ထားတယ် ဆိုရင်တောင် ကျူထန်ချူက သူ့ကို လွယ်လင့်တကူ ဖိနှိပ်ထိန်းချုပ်နိုင်စွမ်း ရှိနေပါသေးတယ်။ အဓိက အဆင့်ကြီး တစ်ခုလုံးရဲ့ ကွာဟချက် ဖြစ်ပါတယ်။

Edit with WPS Office

ဒေါသကြောင့် သူ့ရဲ့ နှာခေါင်းက နီရဲလို့ နေပါတယ်။ ပထမ လင်းဟာန်က သူတို့ အရှေ့မှာပဲ တံခါးကို ပိတ်လိုက်ပါတယ်။ ပြီးတော့ အခု သူက သူ့နှာခေါင်းအရှေ့မှာပဲ ဓားစာခံ တစ်ယောက်ကို ဖမ်းဆီးသွားခဲ့ပါတယ်။ ဒါက လင်းဟာန်အနေနဲ့ သူ့ကို အထင်သေးနေတာပဲ မဟုတ်လား။

"သူ့ကို လွှတ်လိုက်စမ်း"

သူက မျက်နှာသုန်မှုန်စွာနဲ့ အမိန့်ပေးလိုက်ပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံး ပတ်လည်မှာ အွန္တရာယ် အငွေ့အသက်တွေ ထွက်ပေါ်လို့ လာပါတယ်။ သူက အခုဆို တကယ့်ကို ဒေါသထွက် နေပါပြီ။ သူ့ခန္ဓာကိုယ်ထဲက မူလစွမ်းအင်တွေ ပန်းထွက်လာတာကို မတားဆီးနိုင်တော့ပါဘူး။

လင်းဟာန်က ရယ်မောပြီးတော့ မေးလိုက်တယ်။

"တကယ်လို့ ခင်ဗျားပြောတဲ့အတိုင်း ကျုပ်က မလုပ်ဘူးဆိုရင်ရော"

"ငါ့အရှေ့မှာ မင်းငြင်းပယ်လို့ မရဘူး"

Edit with WPS Office

ကျူထန်ချူက အရှေ့ကို ခြေတစ်လှမ်း တိုးလိုက်ပါတယ်။ ဘုန်း။ နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အစွမ်းထက်တဲ့ အရှိန်အဝါက ပင်လယ်တစ်ခုလိုမျိုး ပန်းထွက်လာပါတယ်။

"ဟီးဟီး ခင်ဗျားရဲ့ ခြေထောက်အောက်မှာ ဘာရှိနေလဲဆိုတာ တစ်ချက်လောက် ကြည့်လိုက်ပါဦး"

လင်းဟန်က တံခါးခြေရင်းကို လက်ညှိုးထိုးပြလိုက်ပါတယ်။

"ဒါက ကျုပ်ပိုင်နက်ပဲ။ ကျုပ်ရဲ့ ခွင့်ပြုချက် မရပဲ ဒီတံခါးခြေရင်းကိုတောင် ခင်ဗျားက ကျော်လာတော့မယ်။ အဲဒါက ဘယ်လိုမျိုး အပြစ်ဒဏ် ပေးခံရမလဲ ဆိုတာကို ခင်ဗျားသိတယ် မဟုတ်လား"

ကျူထန်ချူရဲ့ ခြေလှမ်းတွေ အမှတ်မထင် ရပ်သွားပါတယ်။ ဒါက ဂိုဏ်းတစ်ခုလုံးထဲမှာ ဘယ်သူမှ ချိုးဖောက်လို့ မရနိုင်တဲ့ တားမြစ်မှုတစ်ခု ဖြစ်ပါတယ်။ အရှင်သခင် ဂိညာဉ်သုံးခုရဲ့ တပည့်ရင်း အနည်းငယ်တောင်မှ မချိုးဖောက်နိုင်ပါဘူး။

ဖြန်း။

Edit with WPS Office

လင်းဟန်ရဲ့ လက်တစ်ဖက် ပြောက်သွားပြီး ကိုင်ယုံစစ်ကို နောက်တစ်ကြိမ် ပြင်းပြင်းထန်ထန် ရိုက်ချလိုက်ပါတယ်။ ဒီရိုက်ချက်မှာ အားထည့်ထားပြီး ကိုင်ယုံစစ် တစ်ယောက် သွားတစ်ချောင်း ကျိုးသွားပြီး သွေးတစ်လုတ်ပါ အန်ထုတ်လိုက်ရပါတယ်။

ကျူထန်ချူက ထခုလုမတတ် ဖြစ်သွားပါတယ်။ ဒီကောင်စုတ်လေးက တမင်သက်သက် သူ့ကို စော်ကားနေတာ မဟုတ်လား။

သူက အရှမ်းကို လွှန်နေပါပြီ။

စကားပုံတောင် ရှိပါသေးတယ်။ ခွေးကိုရိုက်တော့မယ်ဆိုရင် ခွေးပိုင်ရှင်ရဲ့ မျက်နှာကို အရင်ဆုံး ကြည့်ရပါတယ်။ သူက ဒီနေရာမှာ ရပ်နေပြီး လင်းဟန်နဲ့ သုံးမီတာလောက်ပဲ ကွာပါတယ်။ ဒီကောင်က တကယ်ပဲ သူ့ရဲ့ ဘက်တော်သားကို ရိုက်ပုံ့ပါတယ်။ အဲဒါက သူ့မျက်နှာကို ဖြတ်ရိုက်ပစ်တာနဲ့ ဘာများကွာခြားဦးမှာလဲ။

အဲဒီအချိန် ဖူလိန်ရဲက သူ့နှလုံးသားထဲမှာ အေးစိမ့်စိမ့် ခံစားမှု

Edit with WPS Office

တစ်ခုကို ခံစားနေရပါတယ်။ ဒီကောင်က
အရူးတစ်ယောက်များ ဖြစ်နေမလား။

လင်းဟာန်က ယန်ပေါင်ကိုလည်း ဆန့်ကျင်ခဲ့ပြီး အခုဆို ကောင်းအဖွဲ့ကိုလည်း လုံးဝကို ဆန့်ကျင်နေခဲ့ပါတယ်။ သူက အသက်ရှင်ရတာ ငြီးငွေ့နေပြီလား။ ဒါပေမဲ့ ဒီလိုမျိုး အရူးနဲ့ ရန်သူဖြစ်ရတာ ဘယ်လောက်တောင် အန္တရာယ်ရှိလိုက်မလဲ။ သူက အခုဆို တကယ်ပဲ ကြောက်ရွံ့နေမိပါပြီ။

ဘာဖြစ်လို့များ သူက ရှေ့ပြေးတပ်က လူတစ်ယောက်လိုမျိုး လုပ်နေမိတာလဲ။ တကယ်လို့ သူက ဖျော်ဖြေပွဲကို ကြည့်ချင်တယ် ဆိုရင်တောင်မှ လုံခြုံစိတ်ချရတဲ့ နေရာတစ်ခုလောက်ကနေ စောင့်ကြည့်လို့ မရနိုင်ဘူးလား။

ဖြန်း။

လင်းဟာန်က နောက်ထပ် လက်ဝါးတစ်ချက်နဲ့ ရိုက်လိုက်ပြီး ကိုင်ယုံစစ်က နောက်တစ်ကြိမ် သွားတစ်ချောင်း ကျိုးသွားခဲ့ပါတယ်။

သူ့လက်ထဲက အားနဲ့ သူက ကိုင်ယုံစစ်ရဲ့

Edit with WPS Office

သွားတွေအားလုံးကို လက်ဂါးတစ်ချက်တည်းနဲ့ အလွယ်တကူ ချိုးပစ်နိုင်ပါတယ်။ ဒါပေမဲ့ သူက တစ်ချက်ကို တစ်ချောင်း ချိုးပစ်ဖို့ပဲ ရွေးချယ် လိုက်ပါတယ်။ သူ့အနေနဲ့ တမင်သက်သက်ကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

ကျူထန်ချူရဲ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာခဲ့ပါတယ်။ သူက ပွင့်ပွင့်လင်းလင်းပဲ ခြိမ်းခြောက် လိုက်ပါတယ်။

"သူ့ကို လွှတ်ပေးလိုက်။ ငါ့ဒီနေ့ မင်းကို ချမ်းသာပေးမယ်"

"ဟားဟားဟား"

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ကျူထန်ချူကို လက်ညှိုးထိုး ညွှန်ပြလိုက် ပါတယ်။

"ခင်ဗျားတို့လို လူတွေအားလုံး ဦးနှောက်ထဲမှာ တစ်ခုခု ချို့ယွင်းနေတာပဲ။ ကျုပ်နေရာကိုလည်း မာန်ပါပါနဲ့ လာကြသေးတယ်။ ကျုပ်ကိုလည်း ခင်ဗျားက ခွင့်လွှတ်လိုက်မယ်လို့ ပြောနေသေးတယ် ဟုတ်လား။ ဟားဟားဟား တကယ့်ကို ဟာသပဲ"

Edit with WPS Office

ဖြန်း။

သူက ကိုင်ယုံစစ်ကို နောက်တစ်ကြိမ် ထပ်ရိုက်လိုက်ပါတယ်။ သနားစရာကောင်းပဲ။ သူ့ရဲ့ နောက်ထပ် သွားတစ်ချောင်း ကျွတ်သွားပြီး ပါးစပ်အပြည့် သွေးတစ်လုတ် အန်ထုတ်လိုက်ရပါတယ်။

ကိုင်ယုံစစ်က သူ့အနေနဲ့ အရမ်းကို မမျှတသလို ခံစားလိုက်ရပါတယ်။ လင်းဟာန်ကို တကယ်တမ်း ခြိမ်းခြောက်တာက ကျူထန်ချူ မဟုတ်လား။ ဒါကြောင့် အရိုက်ခံရတဲ့သူက ဘာဖြစ်လို့ သူဖြစ်နေ ရတာလဲ။

ဒါပေမဲ့လည်း သူက လင်းဟာန်ကို ဘယ်လိုအကြောင်းပြချက် ပြောနိုင်မှာလဲ။ ဒီကောင်က တကယ့်ကို နတ်ဆိုးဘုရင် တစ်ယောက်ပါပဲ။

"ဟာန်လင်း"

ကျူထန်ချူက သူ့ရဲ့ ဒေါသတွေ ပေါက်ကွဲထွက်တော့မလို ခံစားလိုက်ရပြီး လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်း ဂိုဏ်းထဲမှာ ဆက်ပြီးတော့ နေချင်သေးလား"

"အိုး ခင်ဗျားက ကျုပ်ကို နောက်တစ်ကြိမ် ခြိမ်းခြောက်ပြန်ပြီ"

လင်းဟာန်က သက်ပြင်းချလိုက်ပါတယ်။ ဖြန်း။ သူ့လက်က နောက်တစ်ကြိမ် ကျဆင်းလာပြီး ကိုင်ယုံစဏ်ရဲ့ လေးချောင်းမြောက်သွားကို ကျွတ်ထွက်သွား စေခဲ့ပါတယ်။

"အရှင်ကျူ ကျေးဇူးပြုပြီးတော့ ဘာမှထပ်မပြောပါတော့နဲ့"

ကိုင်ယုံစစ်က ငိုကြွေးလိုက်ပါတယ်။ မင်းတို့တွေက အငြင်းပွားနေကြပေမဲ့ နောက်ဆုံး အပြစ်ပေး ခံရတာက ဘာဖြစ်လို့ ငါဖြစ်နေရတာလဲ။

ကျူထန်ချူက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပါတယ်။ ဘာဖြစ်လို့ ဒီကောင်က နည်းနည်းလေးမှ သတ္တိမရှိရတာလဲ။

ဟုတ်ပါတယ်။ တကယ်လို့ ဒီကောင့်မှာ အားမာန်သတ္တိတစ်ခု ရှိမယ်ဆိုရင် ဘယ်လိုလုပ် ကောင်းဟွမ်ရဲ့ သစ္စာတော်ခံ တစ်ယောက် ဖြစ်လာနိုင်မှာလဲ။ တစ်ခုသိထားရမှာက ဂိုဏ်းက လက်ခံနိုင်တဲ့ လူတွေဟာ ဘဂင်မြင့်ပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှု ရှိနေတဲ့ လူတွေပဲ မဟုတ်လား။

Edit with WPS Office

တကယ်လို့ သူတို့က ကောင်းအဖွဲ့ကို ပူးပေါင်းဖို့ ဆန္ဒရှိတယ်ဆိုရင်တောင် သူတို့က အရင်းအမြစ်တွေကို အသုံးချချင်တာနဲ့ ကောင်းအဖွဲ့ရဲ့ ကွန်ယက်ကို အသုံးပြုပြီး သူတို့ကိုယ်ပိုင် ကွန်ယက်ကို ချဲ့ချင်တာ သက်သက်ပါပဲ။ သူတို့ထဲက ဘယ်သူကများ ကောင်းဟွမ်ကို အရမ်းသစ္စာ ရှိနေမှာလဲ။

နောက်ခံနဲ့ ပတ်သက်ရင် ဒီနေရာမှာရှိတဲ့ လူအများစုက သူတို့ရဲ့ နောက်ခံအင်အားတွေမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေရဲ့ ထောက်ပံ့ကူညီမှုကို ရရှိထားကြပါတယ်။ ဘယ်သူကမှ ကောင်းဟွမ်ကို ကြောက်နေစရာ မလိုပါဘူး။ တစ်ခုတည်းသော ကွာခြားချက်က ကောင်းဟွမ်ရဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် နောက်ခံအင်အားက ဂိုဏ်းထဲမှာ ရှိပြီးတော့ သူက ကြီးကျယ်မြင့်မြတ်တဲ့ ထာဝရမြစ်အဆင့် လက်ရွေးစင်နဲ့လည်း ဆက်သွယ်နိုင်စွမ်း ရှိပါတယ်။

ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကိုင်ယုံစစ်က ကောင်းအဖွဲ့ရဲ့ လက်အောက်ငယ်သား တစ်ယောက် ဖြစ်နေပါသေးတယ်။

Edit with WPS Office

သူ့ကို အပြင်လူ တစ်ယောက်က အနိုင်ကျင့်စော်ကားတယ် ဆိုတာ ကောင်းအဖွဲ့တစ်ခုလုံး အရှက်ကွဲ သလိုပါပဲ။

ကျူထန်ချူက လှုပ်ရှားလာခဲ့ပါတယ်။ စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားက နတ်ဘုရား ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းလဲသွားပြီး လင်းဟာန်အနား လှုပ်ရှားလာခဲ့ပါတယ်။ သူက လင်းဟာန်နဲ့ ကိုင်ယုံစစ်တို့ နှစ်ယောက်လုံးကို ဖမ်းဆီးပြီးတော့ အပြင်ဘက်ကို ဆွဲထုတ်ချင် နေခဲ့ပါတယ်။

လင်းဟာန်က သရော်ပြုံး ပြုံးပြီးတော့ ကိုင်ယုံစစ်ကို လူသားဒိုင်းအနေနဲ့ သူ့အရှေ့မှာ ထားလိုက်ပါတယ်။

"အား"

ကိုင်ယုံစစ်က နာကျင်စွာနဲ့ အော်ဟစ်ညည်းတွား လိုက်ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ကို နတ်ဘုရား ချိန်းကြိုး တစ်ဒါဇင်ကျော် ထိုးဖောက်သွားပြီး တစ်ချောင်းက သူ့အောက်ပိုင်းကိုတောင် ထိုးစိုက်သွားခဲ့ပြီး သူ့လည်ပင်းပေါ်က ခရမ်းရောင်သွေးကြောတွေတောင် ထောင်လာစေခဲ့ပါတယ်။ ဒါက သူ့ရဲ့ နဂါးကို

Edit with WPS Office

ထိုးစိုက်သွားတာ ဖြစ်ပါတယ်။

"ဒီလာခဲ့"

ကျူထန်ချူက နတ်ဘုရား ချိန်းကြိုးတွေကို ပြန်ဆွဲယူလိုက်ပေမဲ့ လင်းဟန်က ကိုင်ယုံဂါစ်ရဲ့ လက်မောင်းကို ဆွဲထားပြီး လွှတ်မပေးခဲ့ပါဘူး။

စွမ်းအားနဲ့ ပတ်သက်ရင် လင်းဟန်က သေချာပေါက် နေလအဆင့်အတွက် ပြိုင်ဘက် မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ အတိမ်းအစောင်း မခံနိုင်တဲ့ အရာက ကိုင်ယုံစစ်ရဲ့ ခန္ဓာကိုယ်က လင်းဟန်ရဲ့ စွမ်းအားကို ခံနိုင်ရည် မရှိပါဘူး။ နစ်ဖက်စလုံးက အခုလိုမျိုး ဆွဲနေတာက သူ့ကို ချက်ချင်းဆိုသလို ငယ်သံပါအောင် စူးစူးဝါးဝါး အော်ဟစ်သွားစေပြီး သူ့ရဲ့ ခန္ဓာကိုယ်က စုတ်ဖြဲခံရသလိုမျိုး ခံစားနေရပါတယ်။

ကျူထန်ချူက အံကြိတ်လိုက်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုင်ယုံစစ်က တန်ခိုးရှင် တစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ သူ့ရဲ့ခန္ဓာကိုယ် နစ်ပိုင်းပြတ်ရင်တောင်

Edit with WPS Office

သူက သေလိမ့်မှာ မဟုတ်ပါဘူး။

အခုက ဓားစာခံကို ပြန်ယူဖို့ထက် အရေးကြီးတာ ဘာမှမရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်ရဲ့ လက်ထဲမှာ သူရှိနေသရွေ့ ကောင်းအဖွဲ့က သူတို့ရဲ့ မျက်နှာကို ဆက်ပြီးတော့ ဖြတ်ရိုက်သလို ခံစားနေရပါလိမ့်မယ်။

စုတ်ပြဲတဲ့ အသံတစ်ခုနဲ့အတူ သွေးတွေက ပန်းထွက်လာပါတယ်။

"အား"

ကိုင်ယုံစစ်က သနားစရာ ကောင်းလောက်အောင် စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်ဟစ်လိုက် ပါတယ်။ သူခန္ဓာကိုယ် တစ်ခုလုံး နစ်ခြမ်းကွဲသွားပေမဲ့ ပိုကြီးတဲ့ တခြမ်းက ကျူထန်ချူဘက် ရောက်သွားပါတယ်။ နောက်ဆုံးတော့ လင်းဟန်ရဲ့ ထိန်းချုပ်မှုကနေ သူလွတ်အောင် ရုန်းထွက် လာခဲ့ပါပြီ။

"အိုး ဒီအတွက် စိတ်မကောင်းပါဘူး"

Edit with WPS Office

လင်းဟန်က စပ်ဖြဲဖြဲနဲ့ ပြောလိုက်တယ်။

မင်းညီမပဲ စိတ်မကောင်းဖြစ်ပေါ့။ မင်းရဲ့ မျက်နှာပေါ်မှာ ရှိုးသားမှု နည်းနည်းလေးမှတောင် မရှိဘူးလား။

တကယ်လို့ ကိုင်ယုံစစ်မှာသာ လုံလောက်တဲ့ အစွမ်းရှိရင် သူက သေချာပေါက် လင်းဟန်ကို သေအောင်လို့ ရိုက်သတ်ပစ်ပါလိမ့်မယ်။ ဒါပေမဲ့ သူက မလုပ်နိုင်တာကြောင့် သူ့ရဲ့ ဒေါသတွေကို မျိုသိပ်ထားရုံပဲ တတ်နိုင်ပြီး နည်းနည်းလေးမှတောင် သူ့ဒေါသကို မဖော်ပြပဲ့ပါဘူး။ သူက အလျင်အမြန်ပဲ မော်ဆေးလုံး တစ်လုံးကို ထုတ်ယူပြီးတော့ မျိုချလိုက်ပြီး သူ့ရဲ့ မူလစွမ်းအင်ကို လည်ပတ်ကာ ဆေးအာနိသင်တွေကို စုစည်းလိုက်ပါတယ်။

ကျူထန်ချူရဲ့ မျက်လုံးတွေက အေးစက်စက် ဖြစ်လာပါတယ်။ သူက လင်းဟန်ကို စိုက်ကြည့်လိုက်ပါတယ်။ ဒါပေမဲ့ ဒါက လင်းဟန်ရဲ့ ပိုင်နက်ဖြစ်ပါတယ်။ ဒါကြောင့် သူက မဆင်မခြင် မလုပ်နိုင်ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူက ပြင်းပြင်းထန်ထန် ထိခိုက်ပြီး ဆုံးရှုံးနစ်နာမှု

Edit with WPS Office

ကြီးမားပါလိမ့်မယ်။

"သခင်လေးက ငါ့ကို စကားတစ်ခွန်း ပြောခိုင်းလိုက်တယ်။ တကယ်လို့ ကောင်းအဖွဲ့နဲ့ ဆက်ဆံရေးကို ပြန်ပြင်ချင်တယ်ဆိုရင် စမ်းချောင်းပါ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ပြီးတော့ ပြန်ထွက်လာရင် အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်သုံးစက် အနည်းဆုံး ယူလာရပြီး သခင်လေးကို လက်ဆောင်ပေးရမယ်"

သူက ဒီလိုမျိုး ပြောပြီးတာနဲ့ နည်းနည်းလေးတောင် ပြန်မလှည့်ကြည့်ပဲ ထွက်သွားခဲ့ပါတယ်။

ဖူလိန်ရဲနဲ့ တခြားသူတွေက အလျင်အမြန်ပဲ သူ့နောက်ကနေ လိုက်သွားပါတယ်။ တကယ်လို့ သူတို့တွေ နောက်ကျန်ခဲ့ရင် လင်းဟာန်ရဲ့ ပြင်းပြင်းထန်ထန် ရိုက်နက်ဆုံးမတာကို သူတို့တွေ ခံရနိုင်တယ် မဟုတ်လား။

"ငါ့ကို စောင့်ပါဦး"

ကိုင်ယုံစစ်က သူ့ရဲ့ ဒဏ်ရာတွေကို ဆက်ပြီးတော့ ကုသဖို့

Edit with WPS Office

မလုပ်တော့ပါဘူး။ သူက ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီးပါပြီ။ သူ့အနေနဲ့ လင်းဟန်ရဲ့ နောက်ထပ် ရိုက်နက်တာကို မခံချင်တော့ပါဘူး။

"ဒီကောင်းဟွမ်က ငါ့ကို ဆွဲဆောင်သိမ်းသွင်း ချင်ခဲ့တဲ့ ဖြစ်နိုင်ချေက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်အတွက်ပဲ ဖြစ်ရမယ်။ ဟုတ်တယ်မလား"

လင်းဟန်က တီးတိုးပြောလိုက်တယ်။

"ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သားတောင်မှ သူ့စိတ်ထဲမှာ ရှိနေတဲ့ ပစ္စည်းဆိုတော့ ဒါက ဘယ်လိုရတနာပစ္စည်းမျိုး ဖြစ်နေမလဲ"

"ငါတစ်ယောက်ယောက်ကို သွားမေးကြည့်ရမယ်"

သူက သူ့အခန်းဆီကို ပြန်လာပြီး ဖန်ယုကို တံခါးမှာ စောင့်ကြပ်စေခဲ့ပါတယ်။ ဘယ်သူ့ကိုမှ ဝင်ခွင့်မပြုပဲ သူ့ကို အနှောင့်အယှက် လာမပေးဖို့ မှာထားပါတယ်။ အဲဒီနောက် သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ လေလွင့်သူတော်စင်ကို မေးလိုက်ပါတယ်။

Edit with WPS Office

Chapter 1170 end

အပိုင်း(1171) အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်

"အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက် ဟုတ်လား"

လေလွင့်သူတော်စင်က ခဏလောက် စဉ်းစားပြီးတဲ့နောက် ပြန်ဖြေလိုက်ပါတယ်။

"ထာဝမြစ်အဆင့် တန်ခိုးရှင်တစ်ယောက် သေသွားရင် သူ့သွေးထဲက ပြင်းထန်မှုတွေက အရမ်းအရမ်းကို ကြာမြင့်တဲ့ အချိန်တစ်ခု နောက်ပိုင်းမှာ ထာဝမြစ်အဆင့် တန်ခိုးရှင်တစ်ယောက် သေသွားရင် သူ့သွေးထဲက ပြင်းထန်မှုတွေက အရမ်းအရမ်းကို ကြာမြင့်တဲ့ အချိန်တစ်ခု နောက်ပိုင်းမှာ ပျောင်းနွမ်းသွားလိမ့်မယ်။ ပြီးတော့ အထဲမှာရှိတဲ့ အဆီအနှစ်တွေ လုံးဝကို ဆုံးရှုံးသွားပြီးတော့ အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက် ဖြစ်လာနိုင်ချေရှိတယ်"

"ထာဝမြစ်အဆင့်အောက် တန်ခိုးရှင်တွေအတွက် အဲဒါက

Edit with WPS Office

တန်ဖိုးရှိတဲ့ ရတနာပစ္စည်း တစ်ခုပဲ”

“အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်တိုင်းမှာ ထာဝရမြစ်အဆင့်က တန်ခိုးရှင်ရဲ့ ကောင်းကင်နဲ့ မြေကြီးရဲ့ တာအိုနဲ့ ပတ်သက်ပြီး ခွဲခြမ်းစိတ်ဖြာမှုတွေ ပါဝင်လိမ့်မယ်။ ပြီးတော့ တန်ခိုးရှင်အဆင့် လူတစ်ယောက်ရဲ့ ကျင့်ကြံခြင်း အဆင့်ကို တိုးတက်လာအောင် ကူညီပေးနိုင်တယ်။ ဘယ်လောက်ကောင်းတဲ့ ပစ္စည်းလဲ”

လင်းဟာန်က နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ကောင်းဟွမ်က အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်နဲ့ ပတ်သက်ပြီး အရမ်းကို လိုလားတောင့်နေတာ အံ့သြစရာ မရှိတော့ပါဘူး။ သူက နေလအဆင့်ရဲ့ အထွတ်အထိပ်အဆင့်ကို ရောက်ရှိနေခဲ့ပါပြီ။ ဒါပေမဲ့လည်း ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ခြေလှမ်းချက်ဖို့ ဘယ်လောက်တောင် ခက်ခဲလိုက်သလဲ။ သူ့ရဲ့အဖေဖြစ်တဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တောင်မှ ကူညီပေးဖို့ နည်းလမ်း မရှိပါဘူး။

ဒီအရင်းမြစ် တစ်ထောင် အစစ်အမှန် အရည်စက်သုံးစက်ကို

Edit with WPS Office

သုံးစွဲပြီးတဲ့ နောက်ပိုင်းမှာ ကောင်းဟွမ်က ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့်ကို ချိုးဖျက်ဝင်ရောက်ဖို့ အခွင့်ရေးတစ်ခုတောင် ရှိကောင်း ရှိလာပါလိမ့်မယ်။

လင်းဟာန်က ကောင်းဟွမ်ကို တစ်ခါမှ မမြင်တွေ့ဖူးပေမဲ့ သူ့ရဲ့ လုပ်ရှားမှုတွေကို သုံးသပ်ရရင် ဒီလူက အရမ်းကို လောဘကြီးတဲ့ စရိုက်မျိုး ရှိပါတယ်။ နောက်ပြီးတော့ ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို ချိုးဖျက်ဝင်ရောက်မဲ့ ကိစ္စလို အရေးကြီးတဲ့ အရာတစ်ခုနဲ့ ပတ်သက်နေမှတော့ အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်က အကောင်းဆုံး ဖြစ်နိုင်ချေ ရှိပါတယ်။

ပြီးတော့ ကောင်းဟွမ်က သုံးစက်ပဲ လိုချင်တယ်လို့ ပြောခဲ့ပါတယ်။ အဲဒါက ဘာကို ဆိုလိုတာလဲ။

အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို ရရှိဖို့ ခက်ခဲမှုအဆင့်က မယုံနိုင်စရာ ကောင်းလောက်အောင် မြင့်မားပါလိမ့်မယ်။ ဒါကြောင့် ကောင်းဟွမ်က လောဘကြီးသူ တစ်ယောက်ဆိုပေမဲ့ သုံးစက်ပဲ လိုချင်တယ်လို့ ပြောခဲ့တာပါ။

Edit with WPS Office

"နေလအဆင့် ကျင့်ကြံသူတွေက စမ်းချောင်းဂါ
လျှို့ပှက်ဆန်းကြယ်ဘုံထဲကို ဂင်ရောက်နိုင်စွမ်း မရှိဘူး။
ဒါကြောင့် သူက နေရာအနှံ့က တောင်မြစ်အဆင့်
လက်ရွေးစင်တွေကို ဆွဲဆောင် သိမ်းသွင်းပြီး သူ့အတွက်
အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို
တခြားသူတွေကို ရှာခိုင်းနေတာပဲ"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အရမ်းကို တစ်ကိုယ်ကောင်းဆန်တဲ့ လူပဲ။
ဒီလိုခက်ခဲမှုတွေနဲ့ သူတို့ကို ရယူခိုင်းပြီး ရတနာ
ပစ္စည်းတွေကို လက်လျှော့ဖို့ တောင်းဆိုရအောင် သူက
ဘာမိုလို့လဲ"

လင်းဟာန်က ဒေါသထွက် သွားခဲ့ပါတယ်။ အဲဒီနောက် သူက
မျော်ဆေးလုံးတွေကို နောက်တစ်ကြိမ်
ထပ်မံဖော်စပ်လိုက်ပါတယ်။

စမ်းချောင်းဂါ လျှို့ပှက်ဆန်းကြယ်ဘုံထဲကို မဂင်ခင်
အံ့ဖွယ်နတ်ဆိုးဓားကို အဆင့်လေးထိ အရင်ဆုံး

Edit with WPS Office

အဆင့်မြင့်တင် ရပါမယ်။ ဒီအတွက် အရမ်းကို များပြားတဲ့ အစစ်အမှန် မူလကျောက်တုံး အများကြီး လိုအပ်ပါလိမ့်မယ်။

ဒီတစ်ကြိမ် လင်းဟန်က သူ့ရဲ့ အချိန်တွေ အားလုံးကို မှော်ဆေးလုံး ဖော်စပ်တဲ့ အပေါ်မှာ မသုံးစွဲခဲ့ပါဘူး။ သူက သူ့ရဲ့ မူလစွမ်းအင်နဲ့ ခန္ဓာကိုယ် ပညာတွေ တိုးတက်ဖို့ ကျင့်ကြံခြင်းအတွက် အချိန်ပေးခဲ့ပါတယ်။ သူ့ကိုယ်သူ သန်မာအောင် လုပ်မှပဲ သူ့မှာ စစ်မှန်တဲ့ စွမ်းအား ရှိပါလိမ့်မယ်။

ဒါပေမဲ့လည်း လဂက်ခန့် ကြာပြီးတဲ့နောက်မှာ သူ့ရဲ့ မှော်ဆေးပညာကို ဟန့်တားစေတဲ့ ခေါ်သံတစ်ခု ကြားလိုက်ရပါတယ်။

ယွမ်ချမ်ဟဲက အဆင့်တက်ပါတော့မယ်။

သူက ယွမ်ချမ်ဟဲကို ဂိုဏ်းထဲမှာ ကောင်းကင်ဘုံ ကပ်ဘေးကို ခံယူဖို့နဲ့ မမျှော်လင့်ထားတဲ့ အကြောင်းရင်းတွေ ဖြစ်မလာအောင်လို့ လုပ်ရပါမယ်။ ဒါကြောင့် လင်းဟန်က ဂိုဏ်းထဲကနေ ထွက်လာပြီး တိမ်ထိုးဖောက်ခြင်း လွန်းပျံကို

Edit with WPS Office

ဆင့်ခေါ်ကာ အတော်ဝေးတဲ့ နေရာတစ်ခုဆီ သွားခဲ့ပါတယ်။ အဲဒီနောက် ယွမ်ချမ်ဟဲကို အနက်ရောင် မျှော်စင်ထဲကနေ ထုတ်ပြီးတော့ မိုးကောင်းကင် ကပ်ဘေးကို ခံယူစေခဲ့ပါတယ်။

ယွမ်ချမ်ဟဲရဲ့ အခြေခံက အရမ်းကို ခိုင်မာကျစ်လျစ်ပြီး သူ့ရဲ့ ပါရမီကလည်း အရမ်းကို ထူးချွန် ထက်မြက်တာကြောင့် မိုးကောင်းကင် ကပ်ဘေးကို အလွယ်တကူ ခံယူနိုင်ခဲ့ပြီး လင်းဟန်ရဲ့ ဘက်ခြမ်းမှာ နောက်ထပ် တန်ခိုးရှင် တစ်ယောက် ထပ်တိုးလာစေခဲ့ပါတယ်။

ကန်းရီကလည်း မိုးကောင်းကင် ကပ်ဘေးနဲ့ ကြုံတွေ့ရတဲ့ အခါမှာ ပြဿနာ မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း ကွမ်းယွမ်နဲ့ ကျူးပုကျိတို့ကတော့ အတော်လေး ခက်ခဲမှု တစ်ခု ရှိပါတယ်။

အဲဒီအတွက် ဘာမှမတတ်နိုင်ပါဘူး။ ပါရမီနဲ့ ပတ်သက်ရင် သူတို့နှစ်ယောက်က တကယ့်ကို သာမန်ပါပဲ။ ကမ္ဘာငယ်လေးမှာတော့ သူတို့က ပါရမီရှင်တွေလို့ သတ်မှတ်လို့ ရရုံပဲ ရှိပါတယ်။ ဒါပေမဲ့ ပုံမှန်အတိုင်း

Edit with WPS Office

ပြောရမယ်ဆိုရင် သူတို့က ပန်းဖူးအဆင့် အကန့်အသတ်မှာပဲ ရှိနေသင့် ပါတယ်။ ဒါပေမဲ့လည်း အခုတော့ လင်းဟာန်က သူတို့ကို စကြဝဠာ ဖျက်ဆီးခြင်း အဆင့်ထိ တွန်းတင်ပေးထားပြီး သူတို့က တန်ခိုးရှင် အဆင့်ကိုတောင် ချိုးဖျက်လို့ ရနိုင်ချေ ရှိလာပါတော့မယ်။ အဲဒါက သူတို့နှစ်ယောက်ကို သူတို့ရဲ့ ကိုယ်ပိုင်ထိန်းချုပ်နိုင်တာထက် ကျော်လွန်တဲ့ သူတို့ကိုယ်ပိုင် စွမ်းအားကို ခံစားစေပါတယ်။

ဒါကြောင့် သူတို့တွေက တောင်မြစ်အဆင့်လောက်ထိပဲ ရောက်နိုင်ချေ ရှိပါလိမ့်မယ်။

လင်းဟာန်က လက်လျှော့ဖို့ တွေးလိုက်ပါတယ်။ ကန်းရီနဲ့ ယွမ်ချမ်ဟဲတို့မှာ အနာဂတ် တိုးတက်ဖို့ အတွက် အလားအလာတွေ ရှိပေမဲ့ ကွမ်းယွမ်နဲ့ ကျူးပူကျို့တို့ကတော့ ဒီလောက်ပဲ ဖြစ်ပါလိမ့်မယ်။

သူက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ပြန်လာပြီး တံခါးပိတ်ကာ ကြိုးစားအားထုတ် ကျင့်ကြံနေ ခဲ့ပါတယ်။

တစ်လဆိုတဲ့ အချိန် ရောက်လာတဲ့ အခါမှာ

Edit with WPS Office

သူဖော်စပ်ထားတဲ့ မှော်ဆေးလုံးတွေကို ယူပြီးတော့ မိုကလန် အဖွဲ့အစည်းဆီကို ထွက်လာခဲ့ပါတယ်။

"ပိုး နတ်ဘုရား သတ္တုတွေ အများကြီးပဲ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ဟန်ဟော် သူ့ကိုပေးတဲ့ သိုလှောင်ပစ္စည်းထဲမှာ နတ်ဘုရား သတ္တုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။ မှော်ဆေးလုံးတွေက အရမ်းကို အကျိုးအမြတ် ရှိတယ်ဆိုတာကို သူသိပေမဲ့ တကယ်ပဲ ဒီလောက်ထိ အမြတ်အစွမ်း ရနိုင်လို့လား။

"ကျနော် သခင်လေးဟန်ရဲ့ ကိစ္စကို ကလန်ဆီကို သတင်းပို့လိုက်ပါတယ်။ သခင်လေးဟန်ရဲ့ တာဝန်ကို အစွမ်းကုန် လုပ်ဆောင်ပေးဖို့ ကလန်က အမိန့်ပေးပါတယ်"

ဟန်ဟော်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီတစ်လလုံး နတ်ဘုရား သတ္တုတွေကို စုနေတာနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။ အဲဒါအပြင် ကလန်ကလည်း ကျနော်တို့ အဖွဲ့သားတွေကို စုစည်းပြီးတော့ တခြားနေရာတွေကနေ နတ်ဘုရား သတ္တုတွေကို ပို့ဆောင်ပေးခဲ့ပါတယ်။

Edit with WPS Office

သခင်လေးဟန်ဘက်က လုံလောက်ပြီလို့ မပြောမချင်း နတ်ဘုရား သတ္တုတွေ ထောက်ပံ့တာကို ရပ်လိမ့်မှာ မဟုတ်ပါဘူး”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

“ကျုပ်က ဒီအကြွေးကို ပြန်ဆပ်ဖို့ မော်ဆေးလုံးတွေ လုံလုံလောက်လောက် ဖော်စပ်နိုင်စွမ်း မရှိမှာကို မင်းတို့အားလုံး မကြောက်ဘူးလား”

“ဟားဟားဟား သခင်လေးဟန် ပျော်ရွှင်နေသရွေ့ နတ်ဘုရား သတ္တု နည်းနည်းလေးက ဘာဟုတ်ဦးမှာလဲ”

ဟန်ပေါ်က ဂုဏ်ယူဂင့်ကြွားစွာနဲ့ ကြေညာလိုက်ပါတယ်။

မိုကလန်က ဒီကြယ်စင်စုကြီး တစ်ခုလုံးထဲမှာ အကြီးမားဆုံး စီးပွားရေး လုပ်ငန်းစု တစ်ခုလို့ သတ်မှတ်ယူဆလို့ ရနိုင်ပါတယ်။ ဟန်ပေါ်ရဲ့ စကားတွေက အတော်လေး ချဲ့ကားပြောတယ် ဆိုပေမဲ့ သူတို့မှာ ဒီလိုမျိုး ပြောနိုင်တဲ့ ယုံကြည်မှုမျိုး ရှိပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ မိုကလန်က

Edit with WPS Office

တကယ်ပဲ သူ့အပေါ်မှာ ဒီလိုမြင့်မားတဲ့ သဘောထားတစ်ခု ရှိနေပြီး သူနေလအဆင့်ကိုတောင် ချိုးဖျက်ဝင်ရောက်နိုင်ခြင်း မရှိသေးခင်မှာ အများကြီး ရင်းနှီးမြုပ်နှံထားတယ်လား။ တစ်ခုသိထားရမှာက ဒီကမ္ဘာကြီးထဲမှာ အရှားပါးဆုံး အရင်းအမြစ်တွေက ပါရမီရှင်တွေပဲ ဖြစ်ပါတယ်။ ပြီးတော့ သူတို့အတွက် အထွတ်အထိပ်ကို ရောက်ဖို့ လမ်းတစ်ဝက်မှာတင် အားပျော့သွားဖို့ အရမ်းကို လွယ်ကူပါတယ်။

မိုကလန်က တကယ့်ကို ကျိုကျိုတက် ချမ်းသာကြွယ်ဝတယ်လို့ ပြောနိုင်ပြီး သူတို့က ဒီလိုမျိုး စွန့်စားတဲ့ ရင်းနှီးမြုပ်နှံမှုကို လုပ်နိုင်စွမ်း ရှိပါတယ်။ နောက်ပြီးတော့ လင်းဟာန်က အနာဂတ်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လာတာနဲ့ မိုကလန် ရနိုင်မဲ့ ဆုလာဘ်က အံ့သြဖွယ်ရာ ကောင်းပါလိမ့်မယ်။

တကယ်လို့ လင်းဟာန်က ပိုပြီးတော့တောင် တိုးတက်ပြီး ထာဝရမြစ်အဆင့်ကို ရောက်မယ်ဆိုရင် မိုကလန်က

Edit with WPS Office

တကယ့်ကို ထိုးတက်သွားပါလိမ့်မယ်။

"ကျေးရူးပဲ"

လင်းဟာန်က ထွေထွေထူးထူး မပြောတော့ပါဘူး။

သူ့မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ထာဝရမြစ်အဆင့် ဒါမှမဟုတ် မူလဇစ်မြစ် အဆင့်အထိ ရောက်နိုင်စွမ်းရှိတဲ့ ယုံကြည်မှုမျိုး ရှိပါတယ်။ မိုကလန် ဒီနေ့မှာ သူ့အပေါ် ရင်းနှီးမြုပ်နှံမှုက အနာဂတ်မှာ သူတို့အနေနဲ့ အရမ်းကို ကြီးမားတဲ့ အသီးအပွင့်တစ်ခုကို ရိတ်သိမ်းနိုင်ပါလိမ့်မယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ပြန်ရောက်တဲ့ အချိန်မှာ လင်းဟာန်က သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓား အဆင့်တက်ဖို့ စတင်လုပ်ဆောင် လိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ် ရွှပ်။

နေ့တစ်ဝက်ခန့် ကြာတဲ့အချိန်မှာ နတ်ဘုရား သတ္တုတွေအားလုံး သုံးမရတဲ့ သတ္တုတွေ အဖြစ်ကို ပြောင်းလဲသွားပြီး အံ့ဖွယ်နတ်ဆိုးဓားက အဆင့်လေးကို ရောက်ဖို့ တော်တော်လေး လိုပါသေးတယ်။

Edit with WPS Office

အဆင့်ပိုမြင့်လေ အဆင့်တက်ဖို့ နတ်ဘုရားသတ္တုတွေ ပိုပြီးတော့ လိုအပ်လာလေပါပဲ။ နောက်ပြီးတော့ ဒါက နည်းနည်းလေး လိုအပ်တာ မဟုတ်ပါဘူး။

လင်းဟာန်က ထပ်ပြီးတော့ စောင့်နိုင်ပါသေးတယ်။ ကံကောင်းတာက စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်လာဖို့ နောက်ထပ် သုံးလလောက် လိုပါသေးတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းကလည်း လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်ရောက်ဖို့အတွက် ဝင်ခွင့်တံဆိပ်ပြားတွေ စတင်မျှဝေ နေပါတယ်။ ဂိုဏ်းထဲက တောင်မြစ်အဆင့်မှာရှိတဲ့ တပည့်တွေကလွဲရင် ဂိုဏ်းအပြင်က လူတွေအတွက်လည်း ဝင်ခွင့်တံဆိပ်ပြားတွေ အချိုးကျ ခွဲဝေပေးပါတယ်။ အလဲအလှယ်အနေနဲ့ ဘာတွေပေးရလဲ ဆိုတာကိုတော့ ဒီကိစ္စအတွက် တာဝန်ရှိတဲ့ သူတွေပဲ သိပါလိမ့်မယ်။

လင်းဟာန်က ဒီကိစ္စတွေကို မထိန်းချုပ်နိုင်ပါဘူး။ ဒါကြောင့် သူက ကျင့်ကြံခြင်းနဲ့ မှော်ဆေးပညာမှာပဲ အားထုတ်ပြီး အချိန်ကုန်စေခဲ့ပါတယ်။

Edit with WPS Office

နတ်ဆိုးစွမ်းအား အရင်းအမြစ်ကလည်း မကြာခင် ကုန်ခမ်းပါတော့မယ်။ ကံကောင်းတာက လင်းဟန်ကိုယ်တိုင် မှော်ဆေးဂေရာဇ် တစ်ယောက် ဖြစ်နေတာကြောင့် မှော်ဆေးပညာကို အသုံးပြုပြီး သူ့ရဲ့ ကျင့်ကြံခြင်းကို ထောက်ပံ့ကူညီ နိုင်ပါတယ်။ အာနိသင် သက်ရောက်မှုက နတ်ဆိုးစွမ်းအား အရင်းအမြစ်လောက် အံ့သြဖွယ်ရာ မကောင်းပေမဲ့ အားသာချက်က သူကိုယ်တိုင် မှော်ဆေးလုံးတွေကို ဖော်စပ်နိုင်ပြီးတော့ အရေအတွက် အကန့်အသတ် မရှိပါဘူး။

သတင်းကောင်းတွေက တစ်ခုပြီး တစ်ခု ရောက်လာပါတယ်။

မိုကလန် အဖွဲ့အစည်းက သူ့ဆီကို နတ်ဘုရား သတ္တုတွေ အဆက်မပြတ် ထောက်ပံ့ပေးမှုနဲ့အတူ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓား‌ ‌နောက်ဆုံးမှာ အဆင့်လေးထိ တိုးတက်လာခဲ့ပါတယ်။ အခု သူက အဆင့်လေး နတ်ဘုရား သတ္တုတွေကိုပဲ အံ့ဖွယ်နတ်ဆိုးဓားရဲ့အဆင့် ဆက်လက်တိုးတက်ဖို့ လိုပါတော့တယ်။

လိုအပ်ချက်က အဆင့်တစ်ခုလောက်ပဲ တိုးသွားတယ်

Edit with WPS Office

ဆိုပေမဲ့ လိုအပ်တဲ့ တန်ရာတန်ဖိုးက ဆယ်ဆလောက် မြှင့်တက်သွားပါလိမ့်မယ်။

ဒါကြောင့် လင်းဟန်က မိုကလန် အဖွဲ့အစည်းအတွက် အလုပ်ဆက်ပြီးတော့ မလုပ်ပေးနိုင်တာနဲ့ ပတ်သက်ပြီး ရှက်သလိုလို ခံစားမိပါတယ်။ အဲဒီအတွက် သူက ဒီအကြွေးတွေကို အဆင့်လေး နတ်ဘုရား သတ္တုတွေ ဝယ်ယူမဲ့ ကိစ္စကို မစဉ်းစားခင် ပြန်ဆပ်နိုင်အောင်လို့ အစီအစဉ် ချထားလိုက်ပါတယ်။

သူက အဲဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲကို စွန့်စားသွားလာပြီး ငွေကို လွယ်လွယ်နဲ့ ရှာနိုင်ဖို့ မျှော်လင့်ထားပါတယ်။ တကယ်လို့ လျှို့ဝှက်နည်းစနစ် အနည်းငယ် ရယူနိုင်ခဲ့မယ်ဆိုရင် အဲဒါတွေကို ထုတ်ရောင်းပြီး သူ့ရဲ့အမြတ်အစွမ်းက သေချာပေါက် မယုံနိုင်စရာ ကောင်းလောက်အောင် ဖြစ်လာပါလိမ့်မယ်။

နောက်ပြီးတော့ သူက အထွတ်အထိပ် အဆင့်ရဲ့ အလယ်အလတ် အဆင့်ကို ရောက်နေပြီး သူ့စွမ်းအားကလည်း ကြယ်ရှစ်ပွင့်ကို အဆင့်တက်လာခဲ့ပါပြီ။

Edit with WPS Office

ဒါက အရမ်းကို မယုံနိုင်စရာ ကောင်းလွန်းပါတယ်။ သူ့မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိနေပြီး သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ခွဲခြမ်းစိတ်ဖြာ ပေါင်းစည်းဖို့ လုံလောက်တဲ့ အချိန် ရှိနေတယ် မဟုတ်လား။

မိုးရေကေရာဇ်၊ တင်းပင်း၊ စွေ့ရန်ယွီ၊ ဟူဖေးယွင်နဲ့ တခြားသူတွေလည်း သိသိသာသာ တိုးတက် လာကြပါတယ်။ မယုံနိုင်စရာ အကောင်းဆုံးက မိုးရေကေရာဇ် ဖြစ်ပြီးတော့ ပြင်းထန်အလယ်အလတ် အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို အံ့အားသင့်စရာ ကောင်းအောင် အောင်မြင်သွားခဲ့ပါပြီ။ တကယ်လို့ သူက လင်းဟန်ရဲ့ မှော်ဆေးလုံး အကူအညီနဲ့ ပြန်လည် မွေးဖွားခြင်း သစ်ပင်ရဲ့ တာအိုကို ခွဲခြမ်းစိတ်ဖြာတဲ့ နေရာမှာ အကူအညီ ရတယ်ဆိုရင်တောင် ဒါက အရမ်းကို အံ့သြဖွယ်ရာ ကောင်းနေပါသေးတယ်။

မိုးရေကေရာဇ်က သိုင်းပညာအတွက် မွေးဖွားလာသလိုပါပဲ။ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် ပိုမြင့်လာလေ သူ့ရဲ့ ပေါက်ကွဲနိုင်စွမ်းက ပိုပြီးတော့ ထိတ်လန့်တုန်လှုပ်စရာ

Edit with WPS Office

ကောင်းလာပါတယ်။

အဲဒီအချိန် ဖန်ပိုယွမ်၊ တင်းပင်းနဲ့ တခြားသူတွေလည်း ပြင်းထန်အလယ်အလတ် အဆင့်ကို တက်ရောက်လာပေမဲ့ သူတို့နဲ့ မိုးရေကောရာဇ် အကြားက ကွာဟချက်က ပိုပိုပြီးတော့ ကြီးမားလာခဲ့ပါတယ်။

စွေ့ရန်ယွီလည်း ပြင်းထန်အဆင့်မြင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်လာခဲ့ပါပြီ။ ဟူဖေးယွင် အတွက်ကတော့ သူမက ကေရီ ဘုရင်မ လွမ့်ရှင်းရဲ့ ရုပ်သေးရုပ် တစ်ရုပ်ဖြစ်တာကြောင့် သူမက အလေးအနက် ကျင့်ကြံအားထုတ်ဖို့ စိတ်ကူးရှိနေသရွေ့ သူမရဲ့ တိုးတက်မှုနှုန်းကလည်း အံ့မခန်းပါပဲ။ သူမက ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ချိုးဖျက်ဖင်ရောက် လာပြီးတော့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိဖို့ လုပ်နိုင်ပါလိမ့်မယ်။

နောက်ဆုံးမှာ စမ်းချောင်းဂါ လျှို့ပှက်ဆန်းကြယ်ဘုံ ပွင့်လာခဲ့ပါပြီ။

Edit with WPS Office

Chapter 1171 end

အပိုင်း(1172) သေမင်းချိုင့်ဂှမ်း

စမ်းချောင်းဂါ လျှို့ဂှက်ဆန်းကြယ်ဘုံက ကောင်းကင်ဘုံ လေပြင်းတောင်ပေါ်မှာ မဟုတ်ပါဘူး။ မိုင်ပေါင်း တစ်သိန်းအကွာမှာရှိတဲ့ သေမင်းချိုင့်ဂှမ်း အတွင်းမှာ တည်ရှိပါတယ်။

အဲဒီသေမင်းချိုင့်ဂှမ်းက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ပိုင်နက်ထဲမှာ ရှိနေပါသေးတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက တားမြစ်နေရာတစ်ခု ဖြစ်ပါတယ်။ တစ်ခုသိရမှာက သေမင်းချိုင့်ဂှမ်းဆိုတဲ့ နာမည်ကို ကြားလိုက်တာနဲ့ အဲဒီကို ရောက်လာတဲ့ လူတိုင်းရဲ့ တစ်ခုတည်းသော ကံကြမ္မာက သေခြင်းတရားပဲ ဖြစ်ပါတယ်။

အရှင်သခင် ဂိညာဉ်သုံးခု ရောက်လာပြီးတော့ သူ့ရဲ့အထွတ်အထိပ် ပညာရပ်တွေကို အသုံးပြုပြီး ဒီနေရာရဲ့ မကောင်းဆိုးဂါး အငွေ့အသက်တွေကို

Edit with WPS Office

ဖိနှိပ်ထိန်းချုပ်မှုကြောင့် နောက်ဆုံးမှာ
အောက်မှာနစ်မြုပ်နေတဲ့ ရှေးဟောင်းနယ်မြေတစ်ခု
ပြန်လည်ထွက်ပေါ်လာပြီး လူတွေကို ဂင်ရောက် ရှာဖွေပြီး
ရတနာ ပစ္စည်းတွေ ရရှိစေခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီရှေးဟောင်းနယ်မြေက လေ့ကျင့်ရေးကွင်း
မဟုတ်ပါဘူး။ ကျင့်ကြံသူတွေ အတွက်တော့ ခဏတဖြုတ်
ချင်းနင်းဂင်ရောက်ဖို့ အထူးတလည် တည်ဆောက်ထားခြင်း
ဖြစ်ပါတယ်။ ဒီနေရာက လက်ရွေးစင် တစ်ယောက်ရဲ့
နေအိမ်တစ်ခုလိုမျိုး ဖြစ်ပြီးတော့ ကြောက်မက်ဖွယ်ရာ
အတားအဆီးတွေနဲ့ ကာကွယ်ထားပါတယ်။

အရှင်သခင် ဂိညာဉ်သုံးခုက ဒီနေရာက ဂင်္ကပါရဲ့
အစိတ်အပိုင်း တစ်ခုကို မေးမှိန်သွားစေပေမဲ့ အကုန်လုံးတော့
မလုပ်နိုင်ပါဘူး။ ဒါကြောင့် ဒီနေရာကို နှစ်ပေါင်းတစ်ရာမှ
တစ်ကြိမ်ပဲ လာရောက်လည်ပတ်နိုင်ပြီး အဲဒီအချိန်ကာလ
အပိုင်းအခြားမှာပဲ အတားအဆီးတွေရဲ့ အစွမ်းက
အားပျော့သွားတာ ဖြစ်ပါလိမ့်မယ်။ အရှင်သခင်
ဂိညာဉ်သုံးခုရဲ့ တစ်ဟုန်ထိုး ဂင်ရောက်ပြီး တံခါးတွေ

Edit with WPS Office

ဖွင့်ခြင်းကြောင့် ဂင်ပေါက်က နောက်ဆုံး ပွင့်လာတာ ဖြစ်နိုင်ပါတယ်။

ဒါတောင်မှ အများဆုံး တောင်မြစ်အဆင့်ရဲ့ စွမ်းအားတွေကိုပဲ ဂင်ခွင့်ပြုနိုင်ပါတယ်။ တကယ်လို့ အဲဒါက ပိုမြင့်တဲ့သူ ဂင်လာရင် အတားအဆီးတွေက သတ်ဖြတ်သုတ်သင်ခြင်း ခံရပါလိမ့်မယ်။ အဲဒါကေ သေချာပေါက် ရလဒ်ကောင်းကို ဦးတည်နေခြင်းတော့ မရှိပါဘူး။

အရှင်သခင် ဂိညာဉ်သုံးခုက ဒီနေရာရဲ့ နိမိတ်မကောင်းတဲ့ လေထုကို မှေးမှိန်သွားစေခဲ့တယ် ဆိုရင်တောင် ထိတ်လန့်စရာကောင်းတဲ့ အေးစိမ့်မှုတစ်ခုနဲ့ ပြည့်နှက်နေဆဲပါပဲ။ တကယ်လို့ စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံက နှစ်ပေါင်းတစ်ရာမှာ တစ်ကြိမ်ပွင့်တာကြောင့်သာ မဟုတ်ဘူးဆိုရင် ဘယ်သူကမှ ဒီနေရာကို ဂင်ရောက်ဖို့ ဆန္ဒရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီနေရာမှာ ပန်းပွင့်တွေ အပင်တွေ တိရစ္ဆာန်တွေနဲ့ ငှက်တွေတောင် မရှိပါဘူး။ လုံးဂကို ခြောက်သွေ့တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

Edit with WPS Office

ချိုင့်ဝှမ်းတစ်ခုလုံးကနေ အနက်ရောင် အငွေ့ပတစ်ခု ထွက်ပေါ်လို့ နေပါတယ်။ အဲဒီအငွေ့ ထွက်ပေါ်တဲ့ နေရာ အတိအကျကို ရှာလို့ မရနိုင်ပါဘူး။ ဒါပေမဲ့ ချိုင့်ဝှမ်းတစ်ခုလုံး ပြည့်နေပြီး လူတွေရဲ့ အမြင်အာရုံကို ပိတ်ဆို့ပြီး ဝေဝါးစေပါတယ်။ ဘယ်သူမှ အထဲကို ဝင်ပြီးတော့ အဲဒါတွေနဲ့ မထိချင်ကြပါဘူး။

ဒါပေမဲ့လည်း အခုတော့ ဒီနေရာမှာ လူအုပ်ကြီးနဲ့ ပြည့်နေပါပြီ။ တချို့က ဒီနေရာကို အံ့ဖွယ်ကောင်းကင်ဂိုဏ်းကနေ ဝင်ခွင့်နေရာတွေ မရရှိပေမဲ့ သူတို့ရဲ့ ကံကောင်းမှုကို စမ်းသပ်ဖို့လာကြတာ ဖြစ်ပါတယ်။

လင်းဟာန်က လူအုပ်ကြီးကို မျက်စိဝေ့ကြည့်လိုက်တဲ့ အခါမှာ အကြိမ်အများကြီး မတွေ့ဖူးပေမဲ့ ရင်းနှီးနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရပါတယ်။

ရှားယွန်။

အမှတ်မထင် သူ့မျက်လုံးတွေက အေးစက်သွားပြီး သူ့အကြည့်တွေမှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒ တစ်စွန်းတစ်စ

Edit with WPS Office

ထွက်ပေါ်လာပါတယ်။

ဒီကောင်က သူပိုင်ထားတဲ့ ရတနာတွေကို အငမ်းမရ လိုချင်နေပြီး သူ့ကို တော်တော်များများ တောင်းဆိုခဲ့ပါတယ်။ လင်းဟာန်က ငြင်းပယ်လိုက်ပြီးတဲ့နောက်မှာ လူတွေကို လွှတ်ပြီးတော့ သူ့ကို အမဲလိုက် သတ်ဖြတ်စေခဲ့ပါတယ်။

ဒီရန်ငြိုးက လင်းဟာန် ဘယ်တော့မှ မမေ့နိုင်တဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။

အစတုန်းကတော့ လင်းဟာန်က လက်စားချေချင်ပေမဲ့ အခွင့်အရေး တစ်ခုတောင် မရှာနိုင် ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှားယွန်ကိုယ်တိုင်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်နေပြီး သင်တန်းကျောင်းနဲ့ မဟာဗိုလ်ချုပ်ရှားရဲ့ စံအိမ်မှာပဲ တစ်ချိန်လုံး နေထိုင်နေလို့ ဖြစ်ပါတယ်။ သူ့အနေနဲ့ ရှားယွန်ကို ဘယ်လိုလုပ် သတ်ပစ်နိုင်မှာလဲ။

ဒါပေမဲ့ အခုရော။

ရှားယွန်ရဲ့ ကျင့်ကြံခြင်း အဆင့်က မပြောင်းလဲပါဘူး။ ဒါပေမဲ့

Edit with WPS Office

လင်းဟန်က တောင်မြစ် အဆင့်ရဲ့ အထွတ်အထိပ်ကို အဆင့်တက်သွားခဲ့ပါပြီ နောက်ပြီးတော့ ဒီနေရာက ကြယ်အမှတ်မြို့ မဟုတ်ပဲ လျှို့ပှက်ဆန်းကြယ်ဘုံ တစ်ခု ဖြစ်ပါတယ်။

ရှားယွန် ငါ့အပေါ် မင်းတင်နေတဲ့ အကြွေးတွေကို မင်းပြန်ဆပ်သင့်ပြီ။

"ဒါဆိုရင် သူက ရှားယွန်လား"

မိုးရေကရာဇ်က မေးလိုက်ပါတယ်။ သူက လင်းဟန်ဆီကနေ ကျောက်လန်၊ ရှားယွန်နဲ့ တခြားသူတွေနဲ့ ရန်သူတွေ ဖြစ်ထားတယ် ဆိုတာကို ကြားသိဖူးပါတယ်။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"အင်း အဲဒါသူပဲ"

"ငါတို့ညီအစ်ကိုတွေ ပေါင်းပြီးတော့ သူ့ကို အတူတူ သတ်ပစ်ရအောင်"

မုယောင်ချင်းက သတ်ဖြတ်ခြင်း ဆန္ဒတွေ တောက်လောင်ပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

သူတို့သုံးယောက်ထဲမှာ အစွမ်းထက်ဆုံးတောင်မှ
ပြင်းထန်အဆင့်မြင့်ကို အဆင့်တက်ကာစပဲ ရှိပါသေးတယ်။
အဲဒါက ရှားယွန်ရဲ့ အဆင့်နဲ့ အတော်လေး
ဝေးကွာနေပါသေးတယ်။ တကယ်လို့ သူတို့သုံးယောက်
ပူးပေါင်းရင်တောင် သူတို့က အနိုင်ရဖို့
အခွင့်အရေးတစ်ခုတောင် ရှိနိုင်မှာ မဟုတ်ပါဘူး။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"သူ့ကို ကျနော့်တာဝန်ပဲထားလိုက်"

"လျို့ဂှက်ဆန်းကြယ်ဘုံထဲကို ဝင်တာနဲ့ ငါတို့တွေ
လူစုခွဲကြမယ်"

မိုးရေကောရာဇ်က ပြောလိုက်တယ်။

ဖန်ပိုယွမ်ကလည်း ခေါင်းညိတ်ပြလိုက်ပါတယ်။
သူတို့အားလုံးက သူတို့ကိုယ်သူတို့ ယုံကြည်မှုတွေနဲ့
ပြည့်နှက်နေပြီးတော့ သတ္တိရှိတဲ့ ပင်ကိုယ်စရိုက်တွေနဲ့
ပြည့်နှက်နေသူတွေ ဖြစ်ပါတယ်။ သူတို့က လင်းဟာန်ရဲ့
ကာကွယ်မှုအောက်မှာ ဆက်ပြီးတော့ နေထိုင်ဖို့ စိတ်ကူး

Edit with WPS Office

မရှိပါဘူး။

လင်းဟန်က သူတို့ကို သွေးဆောင်သိမ်းသွင်းနိုင်မှာ မဟုတ်ဘူးဆိုတာကို သိနားလည် ထားပါတယ်။ ဒါကြောင့် သူက ရိုးရိုးလေးပဲ ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဂရုစိုက်ကြပါ"

သူက သူ့အစ်ကိုတွေ၊ တပည့်နဲ့ ဟောလျန်ထန်းယွမ်တို့ကို မှော်ဆေးလုံးတွေကို အလုံအလောက် ပေးလိုက်ပါတယ်။ သိုင်းပညာတွေက ကျင့်ကြံခြင်း တစ်ခုတည်းနဲ့ မတိုးတက်နိုင်ပါဘူး။ အတွေ့အကြုံ ဆိုတာက အလားတူ အရေးကြီးပါတယ်။

"ဟန်လင်း"

ဟဲထောင်၊ ပူကျဲနဲ့ ထင်ပေါ်ကျော်ကြားတဲ့ လူငယ် ယောက်ျားလေး မိန်းကလေး လေးယောက် လျှောက်လာပါတယ်။

သူတို့အနားက လူတွေက အနောက်ကို ဆုတ်ပေးလိုက်ပြီး ဒီခြောက်ယောက် အုပ်စုအတွက် လမ်းဖယ်ပေး

Edit with WPS Office

လိုက်ပါတယ်။

သူတို့က လျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ တောင်မြစ်အဆင့်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဘုရင်အဆင့် ခြောက်ယောက် ဖြစ်ပါတယ်။ သူတို့အားလုံးက တောင်မြစ်အဆင့်မှာ ပြိုင်ဘက်ကင်းတွေ ဖြစ်ပြီးတော့ စမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို ဝင်တဲ့အခါမှာ အစစ်အမှန် ပြိုင်ဘက်ကင်းတွေ ဖြစ်လာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ နေလအဆင့် လက်ရွေးစင်တွေ မဝင်နိုင်ပါဘူး။ ဒီဘုရင်အဆင့် ခြောက်ယောက်အတွက် ဘယ်သူက ပြိုင်ဘက်ဖြစ်လာနိုင်မှာလဲ။

ဟုတ်တာပေါ့။ အခု ဘုရင်အဆင့်က ခုနစ်ယောက် ဖြစ်သွားပါပြီ။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ သူ့လက်ကို ဆုပ်ပြီး ရိုသေလေးစားစွာနဲ့ ပြောလိုက်တယ်။

"အားလုံးကို ကြိုဆိုပါတယ်"

သူတို့က ရတနာ အခန်းကို ဖွင့်မဲ့ကိစ္စနဲ့ ပတ်သက်ပြီး

Edit with WPS Office

တစ်ကြိမ် တွေ့ဆုံဆွေးနွေး ခဲ့ကြပါတယ်။
ဘာဖြစ်လို့လဲဆိုတော့ ရတနာ သိုလှောင်ခန်းက
လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ အနက်ရှိုင်းဆုံး နေရာမှာ
ရှိပြီးတော့ အဲဒီကိုသွားတဲ့ လမ်းတစ်လျှောက်မှာ
အမျိုးမျိုးသော အခွင့်အလမ်းတွေ ရှိပါတယ်။ သူတို့က
အားလုံးကို စွန့်လွှတ်ပြီးတော့ အဲဒီနေရာကို တန်းပြီးတော့
ဦးတည်မသွား နိုင်ပါဘူး။ ဒါကြောင့် သူတို့က ရတနာ
သိုလှောင်တဲ့ အခန်းကို မရောက်ခင် လူစုခွဲပြီးတော့
လှုပ်ရှားဖို့ သဘောတူထား ကြပါတယ်။

ပွဲက သူ့ရဲ့ အရင်က ရှုံးနိမ့်မှုကြောင့်
စိတ်ကသိကအောက် ဖြစ်မှုကို စွန့်ပယ်ထားပြီး
ယုံကြည်မှုတွေ ပြန်လည်ရရှိ နေပါပြီ။ လင်းဟန်နဲ့
နောက်တစ်ကြိမ် မျက်နှာခြင်း ဆိုင်ရတာတောင်
သူ့အကြည့်တွေကို မရှောင်လွှဲခဲ့ပါဘူး။

ဒီလိုပဲ ဖြစ်သင့်တာပေါ့။

သိပ်မကြာခင်မှာ မိုးကောင်းကင်ထက်ကနေ ကောင်းကင်ဘုံ
ဧကရာဇ် တစ်ပါးလိုမျိုး လက်ရွေးစင် တစ်ယောက်

Edit with WPS Office

ဆင်းသက်လာခဲ့ပါတယ်။ သူ့အနောက်မှာ အဆုံးမရှိတဲ့ နတ်ဘုရား အလင်းတွေ တလက်လက် တောက်ပနေပြီး မိုးကောင်းကင်ဘုံက သူ့အတွက် သူတို့ဘာသာ လှုပ်ရှား နေသလိုပါပဲ။

အရှင်သခင် ဂိညာဉ်သုံးခု။

"အဲဒါ အရှင်သခင်ပဲ"

လူအုပ်ကြီးက အော်ဟစ်နေပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ မယုံနိုင်စရာကောင်းတဲ့ ကြည်ညို လေးစားမှုတွေနဲ့ ပြည့်နက်နေပါတယ်။

ဒီကြယ်စင်စုထဲမှာ ထာဝရမြစ်အဆင့် လက်ရွေးစင်က အစွမ်းထက်ဆုံး တည်ရှိမှု ဖြစ်ပါတယ်။ သူတို့တွေက လူတွေ အားလုံးရဲ့ နှလုံးသားထဲမှာ အစစ်အမှန် နတ်ဘုရားတွေလိုပါပဲ။

ဒါပေမဲ့လည်း ဘယ်သူကမှ ဒီလက်ရွေးစင်ရဲ့ အစစ်အမှန် ပုံပန်းသွင်ပြင်ကို တိတိကျကျ မမြင်နိုင်ပါဘူး။

သူ့ခန္ဓာကိုယ် တစ်ခုလုံး ပတ်ပတ်လည်မှာ

Edit with WPS Office

နတ်ဘုရားအလင်းတွေ အဆုံးမရှိ ပိုင်းနေတာကြောင့် သူက အရပ်မြင့်လား အရပ်ပုလား ယောက်ျားလား မိန်းမလား ဆိုတာကိုတောင် ခွဲခြားနိုင်စွမ်း မရှိပါဘူး။ တကယ်လို့ ဒီနေရာမှာ ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် ရှိမနေဘူး ဆိုရင် သူ့ရဲ့ အကြောင်းကို ခန့်မှန်းနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ရှပ်ရှပ် ရှပ်။

တခြားပုံရိပ်တွေ တော်တော်များများ ထွက်ပေါ်လာပြီး သူတို့အားလုံးက အရှင်သခင် ဂိညာဥ် သုံးခုရဲ့က အနောက်မှာ ရပ်လိုက်ပါတယ်။ ရေတွက်ကြည့်တော့ စုစုပေါင်း ပုံရိပ် နှစ်ဆယ့်လေးခု ရှိပါတယ်။

သူတို့က အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် နှစ်ဆယ့်လေးယောက် ဖြစ်ပါတယ်။ ကြည့်ရတာ ဒီနေ့ တာဝန်က အရမ်းကို အရေးကြီးနေပုံ ရပြီးတော့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ လက်ရွေးစင်တွေ အားလုံးကို ခွန်အားအကုန် ထုတ်ရတော့မဲ့ ပုံစံမျိုးပါပဲ။

Edit with WPS Office

လင်းဟန်က သူတို့ကို မျက်စိဝေ့ကြည့်လိုက်ပါတယ်။ ဒီလူနှစ်ဆယ့်လေးယောက်က သူတို့ရဲ့ မျက်နှာတွေကို ဖုံးကွယ်မထားတာကြောင့် သေသေချာချာ တွေ့မြင်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဂေကျိချမ်က လွဲပြီးတော့ လင်းဟန်က ဘယ်သူ့ကိုမှ မသိပါဘူး။ ဒီလူတွေရဲ့ မျက်နှာတွေကိုပဲ ခေါင်းထဲမှာ မှတ်ထားလိုက်ပါတယ်။

အရှင်သခင် ဂိုညာဥ်သုံးခုက စကားတွေပြောပြီး အချိန်ဖြုန်းမနေပဲ သူ့လက်တွေကို တန်းပြီးတော့ ဆန့်ထုတ်လိုက်ပါတယ်။ သူက အစွမ်းထက်တဲ့ လျှို့ဝှက်ဆန်းကြယ် စွမ်းအား တစ်ခုကို စတင်လည်ပတ်လိုက်ပြီး ဒီနေရာက အနက်ရောင် ချီတွေကို ပြယ်လွင့်စေလိုက်ပါတယ်။ ချိုင့်ဝှမ်းထဲမှာ ထိတ်လန့်တုန်လှုပ် ချောက်ချားစဖွယ် အေးစိမ့်မှု ရှိနေသေးပေမဲ့ အခုက ပိုပြီးတော့ နေရထိုင်ရ ကောင်းလာပါတယ်။

ဒါက လိုအပ်တဲ့ အဆင့်တစ်ခု ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ပဲ တကယ်လို့ လူတစ်ယောက်က တန်းပြီးတော့

Edit with WPS Office

ခြေချလိုက်မယ်ဆိုရင် ကောင်းကင်ဘုံ
ခန္ဓာကိုယ်အဆင့်တွေတောင် လုံးဝကို အမြစ်ဖြတ်
သုတ်သင်ခြင်း ခံရနိုင်ပါတယ်။

အရှင်သခင် ဂိညာဉ်သုံးခုက ချိုင့်ဂှမ်းထဲကို ဝင်လာခဲ့ပါတယ်။
ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်
နစ်ဆယ့်လေးယောက်က ဘေးကနေ သူ့ကို
ကူညီထောက်ပံ့ပြီး တချို့က အနက်ရောင် ချီတွေကို
ပျက်သုဉ်းစေပြီး တချို့ကတော့ သူ့အနောက်ကနေ
လိုက်လာပါတယ်။

ဝင်ခွင့်နေရာ တစ်ခု လက်ခံရရှိတဲ့ သူတိုင်းကို
ကျောက်စိမ်းပြား တစ်ခုပေးထားပါတယ်။ အရင်က အဲဒါကို
လုံးဝ သတိမပြုမိ ကြပါဘူး။ ဒါပေမဲ့ အခုတော့
အဲဒီကျောက်စိမ်းပြားကနေ နူးညံ့တဲ့ အလင်းရောင်တစ်ခု
ထုတ်လွှတ်နေပြီး အလင်းစက်ဝိုင်းတစ်ခု ဖြစ်ပေါ်ကာ
ပိုင်ရှင်ကို အကာအကွယ် ပေးထားပါတယ်။

ဒီနေရာမှာ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ တချို့
ဖြစ်သွားပါတယ်။ သူတို့တွေက ကျောက်စိမ်းပြား တစ်ခုကို

Edit with WPS Office

မပိုင်ဆိုင်ထားနိုင်ပါဘူး။ သူတို့က ဒီနေရာကို တမင်သက်သက်ပဲ ရောက်လာပုံ ရပါတယ်။

ဒါပေမဲ့ ထူးဆန်းတာက အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ လက်ရွေးစင်တွေက သူတို့ကို မောင်းထုတ်ဖို့ စိတ်ကူးရှိပုံ မရပါဘူး။ အဲဒီအစား လူအုပ်ထဲမှာ သူတို့ကို ရောနှောခွင့် ပြုထားပြီး အရမ်းကို စဉ်းစားရ ကျပ်စေပါတယ်။

တကယ်လို့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းမှာ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံကို ထိန်းချုပ်ဖို့ အကြံအစည် မရှိဘူးဆိုရင် ဝင်ခွင့်နေရာတွေ မျှဝေပေးစရာအကြောင်း မရှိပါဘူး။ သူတို့တွေ လျှို့ဝှက်ဆန်းကြယ် ဘုံကို ဖွင့်လိုက်တာနဲ့ တခြားသူတွေကို တိုက်ရိုက်ဝင်ရောက်ခွင့် ပြုလိုက်တာက ပိုကောင်းလိမ့်မယ် မဟုတ်လား။

ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ပထမဆုံးအကြိမ်အတွက် သိသွားခဲ့ပါတယ်။

"အား"

တစ်စုံတစ်ယောက်က အော်ဟစ်ညည်းတွားပြီးတော့

Edit with WPS Office

မြေကြီးပေါ်ကို လဲပြိုကျ သွားခဲ့ပါတယ်။ သူ့တစ်ကိုယ်လုံး တွန့်လိမ်နေပြီး သူ့ကိုကြည့်ရတာ ပြင်းပြင်းထန်ထန် ဝေဒနာ ခံစားနေရပုံ ပေါ်ပါတယ်။ ခဏအကြာမှာ သူ့ရဲ့ လှုပ်ရှားမှုအားလုံး ရပ်တန့်သွားပြီးတော့ သူ့ဆီကနေ အသက်ဓာတ် လက္ခဏာအားလုံး ပျောက်ကွယ်သွားပါတယ်။ သူက တကယ်ပဲ သေဆုံးသွား ခဲ့ရပါပြီ။

လင်းဟာန်က အံ့အားသင့် သွားခဲ့ပါတယ်။ သူက တစ်ခုခု မှားနေတာမျိုးကို လုံးဝရှာမတွေ့ မိခဲ့ပါဘူး။ အဲဒီလူက အကြောင်းရင်း မည်မည်ရရ မရှိပဲ သေသွားခဲ့ပါတယ်။

သူက တန်ခိုးရှင် အဆင့်ကို ကျင့်ကြံအားထုတ်ထားမှတော့ ထူးဆန်းတဲ့ ဖျားနာမှုမျိုး ဖြစ်နိုင်ချေ မရှိပဲ ရုတ်တရက် သေဆုံးတာမျိုး မဖြစ်လာနိုင်ပါဘူး။

တကယ်လို့ ဒီနေရာမှာ တစ်ခုခု ထူးခြားနေမယ်ဆိုရင် အဲဒီသေသွားတဲ့လူက ခိုးဝင်လာတဲ့ လူတစ်ယောက် ဖြစ်ပြီးတော့ သူ့ဆီကနေ ကျောက်စိမ်းပြားရဲ့ အလင်းရောင် တောက်ပနေတာ မရှိပါဘူး။

Edit with WPS Office

အဲဒါက အကြောင်းပြချက်များ ဖြစ်နိုင်မလား။

Chapter 1172 end

အပိုင်း(1173) ပန်းရနံ့

"အား"

နောက်ထပ် နာကျင်စူးရှတဲ့ အော်သံတစ်ခု ထွက်ပေါ်လာပါတယ်။ ချွင်းချက်မရှိ နေရာလွတ်တွေ ပိုပိုပြီးတော့ ထွက်ပေါ်လာပြီး ကျောက်စိမ်းပြားရဲ့ အလင်းရောင် အကာအကွယ် မရှိတဲ့ လူတွေအားလုံးဆီက နာကျင်တဲ့ အော်ဟစ်သံတွေ ထွက်ပေါ်လာပြီး တစ်စစီ လဲပြိုကုန်ပါတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဒီလိုရောနှောပြီး ဝင်လာတဲ့ သူတွေကို ဂရုမစိုက်တာ အံ့သြစရာ မရှိတော့ပါဘူး။ ဒီနေရာရဲ့ ထိတ်လန့်စရာ အရှိန်အဝါကို ဖယ်ရှားပြီးတာတောင်မှ တကယ်လို့ သင့်တော်တဲ့ ကာကွယ်မှု မရှိဘူးဆိုရင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်တွေတောင် အသတ်ခံလိုက် ရပါလိမ့်မယ်။

Edit with WPS Office

အံ့ဖွယ်ကောင်းကင်ဂိုဏ်းက လူမဆန်ဘူးလား။ သူတို့တွေက သိနေရဲ့သားနဲ့ ဒီလူတွေကို သူတို့ရဲ့ သေမင်းဆီကို ပြေးဝင်သွားခိုင်းပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒါက အရမ်းကို လူမဆန်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းက ဂရုစိုက်နေမှာတဲ့လား။ သူတို့က ကြယ်စင်စုကြီးထဲမှာ နံပါတ်တစ် အင်အားစု ဖြစ်ပါတယ်။ ဒါကြောင့် တခြားလူတွေရဲ့ အမြင်သဘောထားတွေကို ဂရုစိုက်နေစရာ လိုမှာလား။

ဘယ်လိုဟာသလဲ။ ဒါပေါ့ သူတို့က ဘယ်ဂရုစိုက်မှာလဲ။

လင်းဟာန်က ဒီပြဿနာကို ခေါင်းထဲက ထုတ်ပြီးတော့ လျှောက်လာပါတယ်။ သူက အမှတ်အသား တစ်ဂက်ကို ရောက်နေပြီး ခိုးဝင်လာတဲ့ လူတွေအားလုံး သေသွားခဲ့ကြပါပြီ။

သူတို့တွေက တောင်မြစ်အဆင့်သာသာပဲ ရှိပါတယ်။ ဒါကြောင့် သူတို့တွေ ဘယ်လောက်ထိ လိုက်လာနိုင်မှာလဲ။

Edit with WPS Office

လင်းဟန်က သူတို့အတွက် စာနာမှုကို မခံစားမိပါဘူး။ ရှေးဟောင်းနယ်မြေတွေကို လေ့လာစူးစမ်းခြင်းက အရမ်းကို အန္တရာယ် များလွန်းပြီး အားလုံးဟာ သူတို့ရဲ့ ကိုယ်ပိုင် လုံခြုံမှုအတွက် သူတို့ တာဝန်ယူရပါလိမ့်မယ်။ တကယ်လို့ လူတစ်ယောက်က ထူးချွန်ထက်မြက်မှု မရှိ လုံလောက်တဲ့ သတ္တိမရှိတာမျိုးဆိုရင် ဘာဖြစ်လို့ ဒီလိုရှေးဟောင်း နယ်မြေတွေကို လာနေကြဦးမှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူတွေကို ဘယ်အရာက သတ်ပစ်လိုက်လဲ ဆိုတာကို လင်းဟန်က သိချင်စိတ် ဖြစ်နေပါတယ်။

အဲဒါက အနက်ရောင် အရှိန်အဝါဆိုတာကို သူသိပါတယ်။ ဒါပေမဲ့ အဲဒီအနက်ရောင် အရှိန်အဝါက ဘာလဲဆိုတာကို အတိအကျ မသိပါဘူး။

သူက သူ့စိတ်ကို အသုံးပြုပြီးတော့ အနက်ရောင် မျှော်စင်နဲ့ ချိန်ဆက်ပြီး အဖြေရဖို့ လေလွင့် သူတော်စင်ကို မေးလိုက်ပါတယ်။

"ရက်စက်ကြမ်းကြုတ်တဲ့ နည်းစနစ်တချို့ကို လေ့ကျင့်ထားတဲ့ ထာဝရမြစ်အဆင့် လက်ရွေးစင်ရဲ့

Edit with WPS Office

ခန္ဓာကိုယ်က ဒီနေရာမှာ အိပ်စက်လဲလျောင်းနေတာမျိုး ဖြစ်နိုင်တယ်"

လေလွင့်သူတော်စင်က ပြောလိုက်တယ်။

"အဲဒါကြောင့် ပတ်ဂန်းကျင်ကလည်း အကျိုးသက်ရောက်မှု ခံရတာ ဖြစ်မယ်။ အရှင်သခင် ဂိညာဉ် သုံးခုက နိမိတ်မကောင်းတဲ့ အရိုန်အဂါတွေကို အပြည့်အဝ ဖယ်ရှားမှု မလုပ်နိုင်ဘူး။ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က သေသွားတဲ့ လက်ရွေးစင်ထက် အတော်လေး နိမ့်ကျနေမယ်ဆိုတာ ငါသေချာပေါက် ပြောနိုင်တယ်"

လင်းဟာန်က သဘောတူစွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ လက်ရွေးစင် တစ်ယောက်က သေသွားပြီး ကျန်တစ်ယောက်က အသက်ရှင်နေကာ ကျန်နေတဲ့သူက သေသွားတဲ့လူရဲ့ ဂင်္ဂါပါ အစီအရင်တော်ကို အလုံးစုံ ဖယ်ရှားနိုင်ခြင်း မရှိခဲ့ဘူး။ အဲဒါက စွမ်းရည်ချင်း ကွာဟချက်ကြီးမားမှုကို ဖော်ပြနေတာပါပဲ။

တန်ခိုးရှင် အဆင့်မှာ ကျင့်ကြံခြင်း အဆင့်တွေ အကြားက

Edit with WPS Office

စွမ်းရည်တွေရဲ့ ကွာခြားချက်က အရမ်းကို ကြီးမားတယ်လို့ လူတိုင်းက ပြောနေကြပါတယ်။ အခု ဒါက သက်သေပါပဲ။ အရှင်သခင် ဂိညာဉ်သုံးခုက နိမိတ်မကောင်းတဲ့ အရှိန်အဝါရဲ့ တစ်စိတ်တစ်ပိုင်းကိုပဲ ဖယ်ရှားသုတ်သင်နိုင်စွမ်း ရှိပါတယ်။ အဲဒါတင်မက သူက နှစ်ပေါင်းတစ်ရာပြည့်တိုင်း အတားအဆီးတွေရဲ့ အစွမ်းက အားအနည်းဆုံး ဖြစ်သွားတဲ့ အချိန်မှာ တစ်ကြိမ်ပဲ လုပ်နိုင်စွမ်း ရှိပါတယ်။ ဒီလိုအချိန်ကျမှ သူက တခြားသူတွေ ဝင်ဖို့အတွက် လမ်းကြောင်းတစ်ခုကို အင်အားသုံး ဖွင့်ပေးနိုင်ပါတယ်။

ဟုတ်ပါတယ်။ ဒီအတွက်ကြောင့် အရှင်သခင် ဂိညာဉ် သုံးခုကို လျော့တွက်လို့ မရနိုင်ပါဘူး။ တကယ်တော့ သူဟာ ကြယ်စင်စုကြီးရဲ့ အစွမ်းထက်ဆုံး လက်ရွေးစင် ဖြစ်နေပါသေးတယ်။

ဘာတွေဖြစ်တယ်ဆိုတာကို လျစ်လျူရှုထားပြီး လက်ရွေးစင်တွေရဲ့ ရှိသေလေးစားမှုကို ရရှိဖို့ ထိုက်တန်နေဆဲပါပဲ။

နိမိတ်မကောင်းတဲ့ အရှိန်အဝါကို ဖယ်ရှားရတာ

Edit with WPS Office

မယုံနိုင်စရာကောင်းလောက်အောင် နေးကွေးတာကြောင့် အားလုံးက ဖြည်းညှင်းစွာနဲ့ လျှောက်နေရပါတယ်။ အရှင်သခင် ဂိညာဉ်သုံးခုတောင် လျင်လျင်မြန်မြန်နဲ့ ဖယ်ရှားနိုင်ခြင်း မရှိပါဘူး။

နေ့တစ်ဝက်ခန့် အကြာမှာတော့ သူတို့က နောက်ဆုံး ချိုင့်ဝှမ်းရဲ့ အခြေကို ရောက်လာခဲ့ပါတယ်။

အရှင်သခင် ဂိညာဉ်သုံးခုက ထိပ်တန်းလျှို့ဝှက်ဆန်းကြယ် စွမ်းအားတစ်ခုကို ထုတ်ဖော်လိုက်ပြီး မိုးကောင်းကင်ထဲမှာ ပပ်ကြားအက်တစ်ခုကို စုတ်ဖြဲပြီး ဖွင့်လိုက်ပါတယ်။ လမ်းကြောင်းတစ်ခု ထွက်ပေါ်လာပါတယ်။ အဲဒီကို ဖြတ်ကြည့်လိုက်ရင် လုံးဝကို ကွဲပြားခြားနားတဲ့ ကုန်းမြေတစ်ခုကို သူတို့တွေ မြင်နိုင်ပါတယ်။ အဲဒီနေရာမှာ စိမ်းလန်းစိုပြေနေတဲ့ တောင်တွေနဲ့ ကြည်လင်နေတဲ့ ရေကန်တွေကို တွေ့မြင်နိုင်ပြီး လက်ရှိသူတို့ ရောက်နေတဲ့ ကုန်းမြေနဲ့ လုံးဝကို ကွဲပြားခြားနားလို့ နေပါတယ်။

ပိုပြီးတော့ အံ့သြစရာကောင်းတာက မိုးကောင်းကင်ပေါ်ကနေ စီးဆင်းနေတဲ့ မြစ်တစ်စင်း

Edit with WPS Office

ရှိနေပါတယ်။ သူ့ရဲ့ အစ ဒါမှမဟုတ် အဆုံးကို တွေ့မြင်နိုင်ခြင်း မရှိပါဘူး။ အဲဒါက ကောင်းကင်ဘုံ မြစ်တစ်စင်းနဲ့ တူပါတယ်။ အဲဒီမြစ်ရဲ့ ရေတွေကို ကြည့်ရတာ တုန်လှုပ်ချောက်ချားဖို့ ကောင်းပြီးတော့ အဲဒီရေတွေကနေ အကန့်အသတ်မဲ့ သေခြင်းအရှိန်အဟုန်တစ်ခု ထောက်ပလို့ နေပါတယ်။ မြစ်ထဲမှာ မရေမတွက်နိုင်တဲ့ ဂိညာဉ်တွေ လူးလွန့်နေတာကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါတယ်။

သူတို့အကြားမှာ လမ်းကြောင်းတစ်ခု ရှိတယ်ဆိုပေမဲ့ လင်းဟန်က မြစ်ရဲ့ ရက်စက်ကြမ်းကြုတ်ပြီး ကြောက်မက်ဖွယ်ရာကောင်းတဲ့ သဘာဂကို အာရုံခံလို့ ရနိုင်ပါတယ်။ ဒါက စမ်းချောင်းဂါများလား။

"မင်းတို့အခု ဂင်လို့ရပြီ"

အရှင်သခင် ဂိညာဉ်သုံးခုက ပြောလိုက်တယ်။ သူ့ရဲ့အသံတွေမှာ အားအင်ကုန်ခမ်းတဲ့ အရိပ်အယောင် တစ်ခု ရှိနေပါတယ်။

သူက ထာဂရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်

Edit with WPS Office

ဖြစ်ပါတယ်။ သူ့မျက်နှာပေါ်မှာ တကယ်ပဲ
အားအင်ကုန်ခမ်းမှု တစ်ခု ရှိနေပါတယ်။ အဲဒါကို
ကြည့်မယ်ဆိုရင် ဒီနိမိတ်မကောင်းတဲ့ အရှိန်အဂါနဲ့
လမ်းကြောင်းကို ဖွင့်ရတာ ဘယ်လောက်တောင်
ခက်ခဲပင်ပန်းလဲ ဆိုတာကို တွေ့မြင်နိုင်ပါတယ်။

သူတို့အားလုံး စတင်ဂင်ရောက် သွားကြပါတယ်။

ရှပ် ရှပ် ရှပ်။

ကျင့်ကြံသူတွေက လမ်းကြောင်းထဲကို ခုန်ဂင်သွားရင်း
ပေဂါးသွားပါတယ်။

ဘုန်း။

တစ်စုံတစ်ယောက်က ကျင့်ကြံသူတွေနောက်
လိုက်သွားခဲ့ပါတယ်။ ရုတ်တရက်ဆိုသလို အစိတ်စိတ်
အပိုင်းပိုင်း ဖြစ်ပြီးတော့ လွင့်ထွက်သွားပါတယ်။

အဲဒါက နေလအဆင့် လက်ရွေးစင် တစ်ယောက်
ဖြစ်ပြီးတော့ သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အတင်းအကျပ်
ဖိနှိပ်ထိန်းချုပ်ပြီး ခိုးဂင်ဖို့ ကြိုးစားနေခဲ့တာပါ။ သူက အထဲကို

Edit with WPS Office

မြေတစ်လှမ်း လှမ်းလိုက်ပြီး ဘယ်သူကမှ သူ့ရှေ့တိုးလာတာကို မတားဆီးခဲ့ပါဘူး။ ဒါပေမဲ့လည်း သူက ဒီနေရာရဲ့ အတားအဆီးကြောင့် အသတ်ခံလိုက် ရပါတယ်။

တောင်မြစ်အဆင့်ထက် သာလွန်တဲ့ လူတွေ ဝင်လို့ မရနိုင်ပါဘူး။ ဒါက အလကား သတိပေးထားတာ မဟုတ်ပါဘူး။

လင်းဟာန်က စွေ့ရန်ယွီ၊ တခြားသူတွေနဲ့အတူ ဝင်လာခဲ့ပါတယ်။ ဝင်ပေါက်ကို ဖြတ်သွားတဲ့ အချိန်မှာ အရမ်းကို အေးစိမ့်မှု တစ်ခုကို ခံစားလိုက် ရပါတယ်။ ဂိညာဉ်တွေက သူတို့ရဲ့ နားထဲကို တီးတိုးပြောနေသလိုပါပဲ။ အဲဒီအချိန်မှာ စမ်းချောင်းဂါ အတွင်းက ရေလှိုင်းသံတွေက ပတ်ဝန်းကျင်မှာ ပဲ့တင်သံတွေ ရိုက်ခတ်လို့ နေပါတယ်။

အားလုံးက စမ်းချောင်းဂါရဲ့ ကမ်းစပ်တစ်လျှောက် လျှောက်လာခဲ့ပါတယ်။ သာမန်ဗဟုသုတ ရှိတဲ့ လူတစ်ယောက် အနေနဲ့ စမ်းချောင်းဂါရဲ့ ကမ်းစပ်ကနေ လိုက်သွားမယ်ဆိုရင် ဘယ်တော့မှ လမ်းပျောက်လိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

"နံပါတ်လေးညီလေး ဒီနေရာကပဲ လမ်းခွဲကြတာပေါ့"

မိုးရေကောရာဇ်နဲ့ တခြားသူတွေက လင်းဟာန်ကို နှုတ်ဆက်ပြီးတော့ သူတို့ကိုယ်ပိုင် လမ်းကြောင်းကို ရွေးပြီး အသီးသီး ထွက်ခွာသွား ကြပါတယ်။ နောက်ဆုံးတော့ လင်းဟာန်၊ စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ပဲ ကျန်ပါတယ်။

"သွားကြစို့"

လင်းဟာန်က စွေ့ရန်ယွီ လက်ကို လှမ်းဆွဲပြီးတော့ ခရီးစလိုက်ပါတယ်။

"ငါ့ကို စောင့်ဦး"

ဟူဖေးယွင်က သူမကို လင်းဟာန်နဲ့ စွေ့ရန်ယွီတို့ နှစ်ယောက်က ချန်ထားခဲ့မှာကို ကြောက်နေတဲ့ ပုံစံမျိုးနဲ့ သူတို့နောက်ကနေ အလျင်အမြန် ပြေးလိုက်လာခဲ့ပါတယ်။

အတော်ကြာကြာ လျှောက်ပြီးတော့ လင်းဟာန်က လေထဲကို အနံ့ခံလိုက်ပြီး ပြောလိုက်တယ်။

"အနံ့က အရမ်းကို မွှေးတာပဲ"

Edit with WPS Office

"ဘာလို့လဲ။ နင်.."

စွေ့ရန်ယွီက သူ့ကို အသာအယာ ဆိတ်လိုက်ပါတယ်။ သူက သူမကို စနောက်နေတယ်လို့ တွေးလိုက်ပါတယ်။

"နင်အခု ဘာလို့ ဒီလိုလုပ်နေတာလဲ။ နံပါတ်ကိုး ဘုရင်လည်း ဒီမှာ ရှိနေတာ မမြင်ဘူးလား။ သူမက ဧကရီ ဘုရင်မရဲ့ ကိုယ်ပွားတစ်ခုပဲလေ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မင်း နားလည်မှု လွဲနေပြီ။ မင်းရဲ့ ခန္ဓာကိုယ်က မွှေးရနံ့အကြောင်းကို ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ အဲဒါက ပန်းပွင့်တချို့က မွှေးရနံ့ပဲ"

"တကယ်လား"

သူမရဲ့ မျက်နှာပေါ်မှာ သံသယ အရိပ်အယောင်တချို့ ရှိနေပါတယ်။ ဒီယောကျ်ားက သူမကို မတူညီတဲ့ နည်းလမ်း အသစ်တွေနဲ့ အမြဲလိုလို စနောက်ကျီစယ် တတ်ပါတယ်။

ဟူဖေးယွင်က အလျင်အမြန် ခေါင်းညိတ်ပြီး

Edit with WPS Office

ပြောလိုက်တယ်။

"ငါလည်း အဲဒီအနံ့ရတယ်"

"သွားကြစို့"

လင်းဟန်က မတူညီတဲ့ အရပ်မျက်နှာ တစ်ခုဘက်ကို လှည့်လိုက်ပါတယ်။ စမ်းချောင်းဂါက ကြီးမားတဲ့ ကုန်းမြေအမှတ်အသား တစ်ခု ဖြစ်ပြီးတော့ ဘယ်နေရာကမဆို မြင်တွေ့နိုင်ပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လမ်းပျောက်မှာနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်စရာ မလိုပါဘူး။

သူတို့က မွှေးရနံ့အနောက်ကို လိုက်လာပြီးတော့ အတော်ကြာအောင် လျှောက်ပြီးတဲ့နောက်မှာ တောင်ကုန်းသေးသေး တစ်ခုအရှေ့ကို ရောက်လာခဲ့ကြပါတယ်။ တောင်ကုန်းရဲ့ ထိပ်မှာ အရောင်အသွေး စုံလင်တဲ့ ပန်းတွေ ပွင့်လန်းလို့ နေပါတယ်။ အဲဒီပန်းပွင့်တွေကနေ နူးညံ့သိမ်မွေ့တဲ့ မွှေးရနံ့တွေ ထုတ်လွှတ်နေပါတယ်။ ဒီမေအားရနံ့က စုစည်းနေတာ

Edit with WPS Office

မဟုတ်ပဲ လေအပွေ့မှာ အရမ်းကို ပေးတဲ့ နေရာတွေအထိ ပျံ့နှံ့မွှေးကြိုင် နေပါတယ်။

သူတို့သုံးယောက်ပဲ ဒီမွှေးရနံ့ကို ရတဲ့သူတွေ မဟုတ်ပါဘူး။ သူတို့အရင် တခြားလူ နှစ်ယောက်က ရောက်နေပါပြီ။ ဒါပေမဲ့လည်း သူတို့က အတူတူ ရောက်လာတာ မဟုတ်ပါဘူး။ သူတို့က တစ်ဖက်တစ်ချက်မှာ ရပ်နေပြီး သူတို့အကြားမှာ ပန်းပွင့်တွေ ရှိနေပါတယ်။

ဒါက နတ်ဘုရား ဆေးပင်တစ်မျိုး ဖြစ်နေမလား။

လင်းဟာန်က ဒီပန်းပွင့်အကြောင်းကို မသိပါဘူး။ ပြီးတော့ စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ရဲ့ မျက်နှာပေါ်က ဦးနှောက်ခြောက်နေပုံကို ကြည့်ပြီးတော့ သူတို့လည်း ဒါကို သိပုံမပေါ်ပါဘူး။ အဲဒီအချိန်မှာ သူတို့ရဲ့ ခြေလှမ်းကို ရပ်တန့်သွားစေခဲ့တာက တောင်ကုန်းသေးလေး ပတ်လည်မှာ အရိုးဖြူဖြူတွေ စုပုံနေတာ ဖြစ်ပါတယ်။ တချို့က လူသားပုံစံ ဖြစ်ပြီးတော့ သားရဲကောင်တွေ ပုံစံလည်း ရှိပါတယ်။

Edit with WPS Office

လူတော်တော်များများက သူတို့ရဲ့ အရှေ့က ဒီပန်းပွင့်တွေကိုပဲ သတိပြုမိ ကြတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမဲ့လည်း အဲဒီပန်းပွင့်တွေကို ခူးဆွတ်ဖို့ လုပ်ဆောင်တဲ့ သူတွေအားလုံး သေသွားခဲ့တာ ဖြစ်ပါတယ်။

လင်းဟာန်က ဒီပန်းပွင့်ရဲ့ တန်ဖိုးနဲ့ ပတ်သက်ပြီး မသေချာပါဘူး။ ဒါပေမဲ့လည်း လူသားတွေနဲ့ သားရဲတွေ တော်တော်များများက ခူးဆွတ်ဖို့ ကြိုးစားတဲ့ အချက်ကို ကြည့်မယ်ဆိုရင် ဒီပန်းပွင့်က မယုံနိုင်စရာ ကောင်းလောက်အောင် တန်ဖိုးရှိမယ် ဆိုတာကိုတော့ ယုံကြည်မိပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ လူတော်တော်များများက ဒီပန်းပွင့်တွေကို ခူးဆွတ်ဖို့ ကြိုးစားကြမှာလဲ။

နေပါဦး။ လူတစ်ယောက်ရဲ့ ဗီဇအသိစိတ်ရဲ့ အားသာချက်ကို အခွင့်ရေးယူတဲ့ ထောင်ချောက် တစ်ခုများလား။

နောက်ကျမှ ရောက်လာတဲ့ လူတွေက ဒီပန်းပွင့်ကို ခူးဆွတ်ဖို့ လူအများကြီးက ကြံစည်အားထုတ် ခဲ့တယ်ဆိုတာကို တွေ့မြင်ပြီးတော့ သူတို့အားလုံး ဒီပန်းပွင့်ကို ရှားပါးရတနာ

Edit with WPS Office

တစ်ခုလို့ ထင်သွားကြမှာပါပဲ။ အဲဒါကြောင့် သူတို့က အလျင်စလိုနဲ့ လုပ်မိတာမျိုးလည်း ဖြစ်နိုင်ပါတယ်။

"အရမ်းကို လှပတဲ့ ပန်းတစ်ပွင့်ပဲ"

စွေ့ရန်ယွီရဲ့ မျက်လုံးတွေထဲမှာ တွေဝေငေးမောတဲ့ အကြည့်တစ်ခု ရှိနေပါတယ်။ ပြီးတော့ သူမက အိပ်မွေ့ချခံထားရသလိုမျိုး မိန်းမောနေတဲ့ ပုံစံဖြစ်နေပါတယ်။

သူမက ခြေထောက်တွေကို မြှောက်ပြီးတော့ တောင်ကုန်းလေးဆီကို လျှောက်သွားဖို့ ပြင်လိုက် ပါတယ်။

လင်းဟာန်က သူမကို အလျင်အမြန်ပဲ ဆွဲထားလိုက်ပြီး သူ့မျက်နှာပေါ်မှာ အံ့အားသင့်တဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။ ဒီပန်းပွင့်က လူတစ်ယောက်ကို တကယ်ပဲ အိပ်မွေ့ချသလို မိန်းမောသွားစေနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီအိပ်မွေ့ချတဲ့ အာနိသင်က လူတစ်ယောက်နဲ့ တစ်ယောက်အပေါ်မှာ မတူညီဘူးဆိုတာ ထင်ရှားပါတယ်။ သူရော ဟူဖေးယွင်ပါ ဒီအကျိုး သက်ရောက်မှုဒဏ်ကို မခံရပါဘူး။

Edit with WPS Office

အဲဒီအချိန်မှာ ကျန်တဲ့လူနှစ်ယောက်ကလည်း ပန်းပွင့်ဆီကို လျှောက်သွား နေပါပြီ။ သူတို့ရဲ့ မျက်လုံးတွေထဲမှာ ရီဝေဝေ အကြည့်တစ်ခု ရှိနေပြီး သူတို့ရဲ့ အမူအရာတွေက အရမ်းကို စိတ်လှုပ်ရှားမှုတွေနဲ့ ထက်သန်နေတဲ့ ပုံစံပါပဲ။ သူတို့ရဲ့ အကြည့်တွေက ပန်းပွင့်တစ်ပွင့်ကို မဟုတ်ပဲ အရမ်းကို လင်းလက်တဲ့ ပလ္လင်တစ်ခုကို စိုက်ကြည့်နေသလို ဖြစ်နေပါတယ်။ တကယ်လို့ ဒီပလ္လင်ပေါ်ကို သူတို့တွေ တက်နိုင်ရင် ကမ္ဘာကြီးရဲ့ အုပ်ချုပ်သူ ဖြစ်လာပြီး သူတော်စင်တွေကို ထိန်းချုပ်နိုင်တဲ့ လူတစ်ယောက်တောင် ဖြစ်လာနိုင်တဲ့ ပုံစံမျိုးပါပဲ။

ရှုပ်။

အဲဒီလူနှစ်ယောက် တောင်ကုန်းလေး အနားကို ကပ်လာတဲ့ အချိန်မှာ ရုတ်တရက် တောင်ကုန်းကနေ အနက်ရောင် တိမ်တိုက်တစ်ခု ထွက်ပေးလာပြီး သူတို့ဆီကို ထိုးဆင်း လာခဲ့ပါတယ်။ အဲဒီနောက် အနက်ရောင် တိမ်က ချက်ချင်းပဲ ပြိုကွဲသွားပြီးတော့ တောင်ကုန်းလေးဆီ ပြန်ဆုတ်သွားခဲ့ပါတယ်။

Edit with WPS Office

လူနှစ်ယောက် အတွက်ကတော့။

သူတို့ကတော့ အရိုးစု နှစ်ခု ဖြစ်သွားခဲ့ပါတယ်။

ဂုန်း ဂုန်း။

အရိုးစုတွေက မြေပြင်ပေါ်ကို တစ်စစီ လဲပြိုသွားပြီးတော့ တောင်ကုန်းလေးရဲ့ ပတ်လည်မှာ တန်ဆာဆင်ထားတဲ့ အရိုးပုံအသစ်တွေ ဖြစ်သွားပါတယ်။

ဒါက ဒီနေရာကို ရောက်လာတဲ့ လူတွေအားလုံး ဘယ်လိုသေရတယ် ဆိုတာပေါ့။

Chapter 1173 end

အပိုင်း(1174) ပိုးမွှားကောင်များ

တောင်ကုန်းလေး ပတ်ဂန်းကျင်မှာ အရိုးဖြူတွေ ပုံနေပါတယ်။

နောက်ဆုံးတော့ သူတို့တွေ ဘယ်လိုသေသွားလဲ ဆိုတာကို လင်းဟာန်က နားလည်သဘောပေါက် သွားခဲ့ပါပြီ။ သူတို့က ပန်းပွင့်တွေအတွက် တိုက်ခိုက်ယှဉ်ပြိုင်ပြီး သေသွားရတာ

Edit with WPS Office

မဟုတ်ပဲ ပန်းပွင့်အနားကို ကပ်လာတဲ့ အချိန်မှာ အနက်ရောင် တိမ်တိုက်ကြောင့် တိတ်တိတ်ဆိတ်ဆိတ် အသတ်ခံလိုက် ရတာပဲ ဖြစ်ပါတယ်။

"အား"

စွေ့ရန်ယွီက အံ့အားသင့်မှုနဲ့အတူ အော်ဟစ်လိုက်ပြီး သူမရဲ့ နလုံးသားထဲမှာ ကြောက်ရွံ့မှုတွေနဲ့ တုန်လှုပ်နေပါတယ်။ တကယ်လို့ လင်းဟာန်ကသာ စောစောတုန်းက ဆွဲမထားဘူးဆိုရင် သူမကလည်း တခြားလူနှစ်ယောက်လို ဖြစ်သွားပါလိမ့်မယ်။ သူမက တောင်ကုန်းဆီကို လျှောက်သွားတာနဲ့ အနက်ရောင် တိမ်တိုက်ကြောင့် အသတ်ခံလိုက် ရပါလိမ့်မယ်။

"အဲ အဲဒါ ဘာကြီးလဲ"

သူမက တုန်လှုပ်ချောက်ချားနေတဲ့ အသံနဲ့ မေးလိုက်ပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အဲဒါက အရမ်းကို မြန်လွန်းတယ်။ အဲဒါဘာလဲဆိုတာ

Edit with WPS Office

ငါမမြင်နိုင်ဘူး”

စွေ့ရန်ယွီက အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ လင်းဟန်တောင်မှ အဲဒါကို သေသေချာချာ မြင်နိုင်စွမ်း မရှိခဲ့ပါဘူး။ အဲဒီအနက်ရောင် တိမ်တိုက်က တကယ်ပဲ ထူးဆန်းလွန်းပါတယ်။

လင်းဟန်က တဒင်္ဂခန့် တွေးပြီးတော့ အနက်ရောင် ဘောလုံးတစ်လုံးကို လေထဲကို ပစ်ထုတ်လိုက်ပါတယ်။

“ဟားဟားဟား သတ်ဖြတ်သူလေး လာပြီကွ”

အနက်ရောင် ဘောလုံးက လေထဲမှာ ကြီးမားလာပြီး သူ့ကိုယ်ထည်ကနေ ခြေထောက်တွေ လက်တွေ ထွက်လာပြီးတော့ ရောမ လူသားပုံစံ ယန္တရားရုပ်တစ်ခု အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။

ဂုမ်း။

အနက်ရောင် တိမ်တိုက်က နောက်တစ်ကြိမ် ပျံသန်းလာပြီး ဒီတစ်ကြိမ် သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ဆီကို ထိုးဆင်းလာခဲ့ပါတယ်။

Edit with WPS Office

"မင်းဘယ်သူလဲ သောက်ကျိုးနည်း လဗြွတ်ပဲ"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ် ဒေါသထွက်သွားပြီး သူ့ရဲ့ ဒေါသသံက အလျှင်အမြန်ပဲ အုံ့အားသင့်တဲ့ ငိုသံတစ်ခု အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။ သူက ချက်ချင်းပဲ မြေကြီးပေါ်ကို ကပျာကယာ ဆင်းသက်လာခဲ့ပါတယ်။ အနက်ရောင် တိမ်တိုက်က သူထွက်ပြေးသလိုပဲ သူ့ဆီကို ထိုးဆင်းလာပြီး နောက်ဆုံးတော့ သူ့ခန္ဓာကိုယ်ကို ဝါးမျိုသွားပါတယ်။

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ နှစ်ယောက်စလုံး အံ့အားသင့်ပြီး စူးခနဲ အော်လိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ရဲ့ ခန္ဓာကိုယ်မှာ မရေမတွက်နိုင်တဲ့ ချိုင့်လေးတွေ ဖြစ်လာလို့ပါပဲ။ သူ့ရဲ့ ဘယ်လက်က အများဆုံး ခံစားရတာ ဖြစ်ပြီးတော့ လုံးဝကို တိုက်စားခံရသလိုမျိုးပါပဲ။ သူ့ရဲ့ တံတောင်ဆစ်ကနေ လက်သေးသေးလေး တစ်ခုပဲ တန်းလန်း ကျန်ပါတော့တယ်။

သူ့ခန္ဓာကိုယ်ရဲ့ ကျန်တဲ့အစိတ်အပိုင်းတွေက အနည်းငယ် ပိုကောင်းပါတယ်။ ဒါပေမဲ့လည်း အနည်းဆုံးတော့

Edit with WPS Office

ပကတိအတိုင်းနီးပါး ကျန်နေပါသေးတယ်။

"ဆရာသခင်"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ မျက်နှာပေါ်မှာ လင်းဟာန်ကို စိုက်ကြည့်လိုက်ရင်း စိတ်ထိခိုက်တဲ့ အကြည့်တစ်ခု ရှိနေပါတယ်။ သူ့ကို အခုလို တစ်ပတ်ရိုက်ဖို့ မလိုပါဘူး။ ဟုတ်တယ်မလား။

လင်းဟာန်က သူ့ကို လျစ်လျူရှုပြီးတော့ ပြောလိုက်တယ်။

"အဲဒီအနက်ရောင် တိမ်တိုက်က မရေမတွက်နိုင်တဲ့ ပိုးမွှားတွေ ပေါင်းစည်းထားတာကနေ ဖြစ်လာတာပဲ။ အဲဒီပိုးမွှားတွေက အရမ်းကို သေးငယ်တာကြောင့် သူတို့တွေ အတူတကွ ပေါင်းစည်းလိုက်တဲ့ အခါမှာ အနက်ရောင် တိမ်တိုက်တစ်ခုနဲ့ တူနေတာပဲ"

"အဲဒါတွေက ပိုးမွှားကောင်တွေလား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ရဲ့ ပျက်စီးနေတဲ့ ဘယ်ဘက်လက်မောင်းကို လှုပ်ပြီးတော့ ခုန်ထလိုက်ပြီး အော်လိုက်ပါတယ်။

Edit with WPS Office

"သူတို့မှာ ဘယ်လိုမျိုး သွားတွေ ရှိနေတာလဲ။ ဘယ်လိုလူသားက သူတို့ကို ဆန့်ကျင်ရင်ဆိုင် နိုင်မှာလဲ"

"နင်က လူသားတစ်ယောက်မှ မဟုတ်တာ"

ဟူဖေးယွင်က ထောက်လိုက်ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ဇေကရာဇ်က အရမ်းကို အရှက်ကင်းမဲ့တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ သူက ပြောလိုက်တယ်။

"တကယ်လို့ ဆရာကတော်က ကျနော့်ကို လူသားတစ်ယောက် မဟုတ်ဘူးလို့ ပြောရင် ကျနော်က လူသားတစ်ယောက် မဟုတ်ပါဘူး။ ကျနော်က တကယ်တော့ ခွေးတစ်ကောင်ပါ။ အာဝူး ဝု ဝု ဝု"

သူက မြေကြီးပေါ်ကို လေးဘက်ထောက် ကုန်းပြီးတော့ ခွေးတစ်ကောင်လို အူလိုက်ပါတယ်။ ဟူဖေးယွင်ကို အဲဒါကို ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်မောပြီးတော့ သူမကို ဆရာကတော်လို့ ပြောနေတာကို ပြန်ပြင်ဖို့ မကြိုးစားမိပါဘူး။

"ငါတို့ အဲဒီပန်းပွင့်ကို ရှူးဦးမှာလား"

Edit with WPS Office

စွေ့ရန်ယွီက မေးလိုက်ပါတယ်။

သူတို့က အဲဒီပန်းပွင့်ကြောင့် အိပ်မွေ့ချခံရမှုကနေ ရှောင်လွှဲတဲ့ အနေနဲ့ မလှမ်းမကမ်းကို နောက်ဆုတ်နေခဲ့ကြပါတယ်။ နောက်ဆုံးအကြိမ်က လင်းဟန်နဲ့ ဟူဖေးယွင်ကို အကျိုးသက်ရောက်မှု မရှိခဲ့ပေမဲ့ သူတို့ရဲ့ မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်နဲ့ ပတ်သက်ဆက်နွယ် နေတာကြောင့် သူတို့ရဲ့ ခုခံနိုင်စွမ်းက သန်မာအားကောင်းနေတာလည်း ဖြစ်နိုင်ပါတယ်။

တကယ်လို့ သူတို့က ပန်းပွင့်နဲ့ နီးတဲ့နေရာမှာ အချိန်အကြာကြီး နေခဲ့မယ်ဆိုရင် သူတို့ရဲ့ အပေါ်မှာလည်း အကျိုးသက်ရောက်နိုင်ချေ ရှိပါတယ်။

"အဲဒီပိုးမွှားတွေက အရမ်းကိုကြီး သန်စွမ်းတာတော့ မဖြစ်နိုင်ဘူး။ သူတို့က ပန်းပွင့်ရဲ့ ညို့ဓာတ် အပေါ်မှာ မှီခိုနေတာ ဖြစ်လိမ့်မယ်။ သူတို့ရဲ့ သားကောင်တွေက ညို့ခံရပြီးတဲ့ နောက်မှာပဲ သူတို့တွေ ပျံထွက်လာပြီး သားကောင်တွေရဲ့ အသားကို ကိုက်ဖဲ့စားသောက်တာ ဖြစ်လိမ့်မယ်။ ဒါပေမဲ့လည်း သူတို့ရဲ့ သွားတွေက

Edit with WPS Office

တကယ့်ကို အထင်ကြီးစရာကောင်းတယ်။ အဲဒီသွားတွေရဲ့ ဖျက်ဆီးနိုင်စွမ်းက တောင်မြစ်အဆင့် ကျင့်ကြံသူ နစ်ယောက်က လျပ်တပြက် အတွင်းမှာ အရိုးစု ဖြစ်သွားစေတယ်”

လင်းဟာန်က တဒင်္ဂခန့် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

“အဆင့်ငါး နတ်ဘုရား သတ္တုတောင် အဲဒီသွားတွေကို ရင်ဆိုင်ဖို့ လုံလောက်တဲ့အထိ သန်မာလိမ့်မှာ မဟုတ်ဘူး။ သူတို့က အခက်အခဲ နည်းနည်းလေးမှတောင် မရှိပဲ ဂါးစားပစ် နိုင်လိမ့်မယ်”

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က အဲဒါကို သက်သေပြနေပါတယ်။ သူဝင်ရောက် စီးနင်းနေတဲ့ ယန္တရားရုပ်က အဆင့်ငါး နတ်ဘုရား သတ္တုကနေ သွန်းလုပ်ထားတာ ဖြစ်ပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက် တစ်ခုလုံး ပျက်စီးလုနီးပါး ဖြစ်သွားခဲ့ပါတယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ယုံကြည်မှုရှိတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်လာပြီး သူက ပြောလိုက်တယ်။

Edit with WPS Office

"ငါသူတို့ ထွက်လာအောင် ကြိုးစားကြည့်မယ်"

စွေ့ရန်ယွီက အရမ်းကို ထိတ်လန့်တုန်လှုပ်သွားပြီး အော်လိုက်ပါတယ်။

"နင် ရူးနေပြီလား"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်ရဲ့ ဆိုးဂါးတဲ့ အခြေအနေကို သူမမြင်ဘူးလား။

"သတ်ဖြတ်သူလေးကို ပေးသွားလိုက်"

သူမက အလျင်အမြန်ပဲ ထပ်ပြောလိုက်တယ်။

"သခင်မ"

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က ညည်းညည်းညူညူနဲ့ ငိုကြွေးလိုက် ပါတယ်။ သူ့ရဲ့ ဆရာသခင်က အန္တရာယ်တွေကနေ အဝေးမှာ နေသင့်ပေမဲ့ အဲဒီအစား သူ့ကို အန္တရာယ်တောထဲ တွန်းပို့သင့်တယ်လို့ မဆိုလိုပါဘူး။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"စိုးရိမ်စရာ မလိုပါဘူး။ ငါ့ရဲ့ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က

Edit with WPS Office

အခုဆို အဆင့်ငါး နတ်ဘုရား သတ္တုနဲ့ ယှဉ်လို့ရနေပြီ။ ငါ့ရဲ့ ရှုးသွပ်စရာကောင်းတဲ့ ပြန်လည်ကောင်းမွန်နိုင်စွမ်းကိုပါ ထည့်တွက်ရင် ဒီပိုးမွှားကောင်တွေက ငါ့ကို ခြိမ်းခြောက်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီပိုးမွှားတွေမှာ အစွမ်းထက်တဲ့ ခုခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးဆိုတာကိုတော့ ငါလောင်းရဲတယ်"

သူက အနက်ရောင် တိမ်တိုက်ဆီက မူလစွမ်းအင် ပျံ့နှံ့ခြင်းကို နည်းနည်းလေးမှ အာရုံခံလို့ မရခဲ့ပါဘူး။ ပြီးတော့ အဲဒီပိုးမွှားတွေဟာ အရင်က ဘယ်တုန်းကမှ ကျင့်ကြံအားထုတ်တဲ့ လက္ခဏာ မပေါ်ပါဘူး။ ဒါမှမဟုတ် သူတို့မှာရှိတဲ့ ကျင့်ကြံခြင်း အဆင့်က သူ့ထက် အများကြီး မမြင့်နိုင်ပါဘူး။ ဒါတွေက ဖြစ်နိုင်ချေ နှစ်ခုပါပဲ။

ဒါပေမဲ့လည်း နောက်ဆုံးတစ်ချက်က ဖြစ်နိုင်ချေ ရှိမလား။

တကယ်လို့ ဒီပိုးမွှားကောင်တွေ အားလုံးက နေလအဆင့်မှာ ရှိနေရင် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင်တွေကိုတောင် သူတို့တွေက သတ်ပစ်ကောင်း သတ်ပစ်နိုင်ပါလိမ့်မယ်။

Edit with WPS Office

သူတို့က အရေးအတွက်မှာ အားသာပါတယ်။ အရေအတွက်က အဆပေါင်းများစွာကို ရောက်သွားတဲ့ အချိန်မှာ အရည်အသွေး တစ်ခုကို ပြောင်းလဲသွားပါလိမ့်မယ်။

ဒီပိုးမွှားကောင်တွေက အံ့အားသင့်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး ကြောက်မက်ဖွယ်ရာ သွားတွေကိုလည်း ပိုင်ဆိုင်ထားပါတယ်။ တကယ်လို့ သူတို့ရဲ့ ခုခံမှုတွေကလည်း အစွမ်းထက် နေမယ်ဆိုရင် မိုးကောင်းကင်က လုံးဂကို မမျှတရာ ရောက်သွားပါပြီ။

စွေ့ရန်ယွီက လင်းဟန်ရဲ့ ပင်ကိုယ်ဗီဇနဲ့ ရင်းနှီးပြီးသား ဖြစ်ပြီးတော့ သူမအနေနဲ့ သူ့ရဲ့ စိတ်ကို အလွယ်တကူ ပြောင်းလဲပစ်နိုင်မှာ မဟုတ်ဘူးဆိုတာကို သိနားလည်ထားပါတယ်။ သူမက ခေါင်းညိတ်ပြီးတော့ပဲ ပြောလိုက်နိုင်ပါတယ်။

"ဂရုစိုက်ပါ။ သတိထားနော်။ သေချာဂရုစိုက်"

သူမက သူ့ကို သတိထားဖို့ သုံးကြိမ်သုံးခါ ပြောပြီး သူ့ရဲ့

Edit with WPS Office

လုံခြုံမှုအတွက် သူမက ဘယ်လောက် စိုးရိမ်ပူပန်နေလဲ ဆိုတာကို ပေါ်လွင်စေပါတယ်။

"စိတ်ချပါ"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ငါတို့က ကလေးမှ မရသေးတာ။ ဒါကြောင့် ငါက ဘယ်လိုဖြစ်လို့ သေနိုင်မှာလဲ"

"သွား သွား သေလိုက်တော့"

စွေ့ရန်ယွီရဲ့ မျက်နှာက ရှက်သွေးတွေနဲ့အတူ နီမြန်းလာပြီး လင်းဟန်ကို တွန်းထုတ်လိုက် မိပါတယ်။ လင်းဟန်က တောင်ကုန်းဆီကို ခြေသံပြင်းပြင်း နင်းပြီးတော့ လျှောက်သွား လိုက်ပါတယ်။

စွေ့ရန်ယွီက အလွယ်တကူ ရှက်တတ်ပါတယ်။ သူမက လင်းဟန်ရဲ့ စနောက်ကျီစယ်မှုတွေကို သူတို့နှစ်ယောက်တည်း ရှိနေတဲ့ အချိန်မှာတောင် သည်းခံနိုင်စွမ်း မရှိပါဘူး။ အဲဒါကြောင့် အခုလိုမျိုး သူတို့ဘေးနားမှာ အပြင်လူ နှစ်ယောက် ရှိနေတဲ့ အချိန်မှာ

Edit with WPS Office

အရမ်းကို မရှက်ပဲနဲ့ နေနိုင်မှာတဲ့လား။

ဟူဖေးယွင်ရဲ့ မျက်နှာပေါ်မှာ စိတ်ဝင်စားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာပါတယ်။ ဒီလူနှစ်ယောက် အကြားမှာ အိမ်ထောင်ရေး ကိစ္စတချို့များ ရှိနေမလား။ အဲဒီအချိန် သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်ကတော့ ခြေလက်လေးခုလုံး ထောက်ပြီးတော့ ခွေးတစ်ကောင်လို ဟန်ပန်မျိုး လုပ်နေပါတယ်။ သူက လက်တစ်ဖက်ကို သုံးပြီးတော့ သူ့လည်ပင်းကို ကုတ်ခြစ်နေပြီး တိတ်တိတ်ဆိတ်ဆိတ်နဲ့ အသတ်ခံလိုက်ရမှာကို ကြောက်ရွံ့နေသလိုပါပဲ။

လင်းဟာန်က တောင်ကုန်းဆီကို ဆက်ပြီးတော့ လျှောက်လာခဲ့ပါတယ်။

ဟွမ်း။

တောင်ကုန်းက ချက်ချင်းပဲ သူ့ရဲ့ တည်ရှိမှုကို သတိပြုမိသွားပြီး အနက်ရောင် တိမ်တိုက်က နောက်တစ်ကြိမ် ထိုးဆင်းလာပါတယ်။

လင်းဟာန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းတို့ရဲ့ ခုခံမှုတွေကလည်း မယုံနိုင်စရာ ကောင်းနေလိမ့်မယ်လို့ ငါမယုံဘူး"

အတွေးတစ်ချက်နဲ့အတူ သူ့ခန္ဓာကိုယ်ကနေ မီးတောက်တွေ ပန်းထွက်လာပါတယ်။ မီးတောက်တွေ အထဲမှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်လို့ နေပါတယ်၊

"ကျွိ"

အနက်ရောင် တိမ်တိုက်က ချက်ချင်းဆိုသလို ဖရိုဖရဲနဲ့ ဆင်းသက်လာပြီး ခေါင်းမရှိတဲ့ ယင်ကောင် တစ်ကောင်နဲ့ တူလာပါတယ်။ ပိုးမွှားကောင်တွေက အလျင်အမြန်ပဲ မရေမတွက်နိုင်တဲ့ အုပ်စုလေးတွေ အဖြစ်ကို ကွဲသွားခဲ့ပါတယ်။

အရင်က ပိုးမွှားကောင်တွေရဲ့ ထိုးဆင်းလာတဲ့ ပုံစံက အနက်ရောင် တိမ်တိုက်တစ်ခုနဲ့ တူနေပါတယ်။ အခုတော့ သေးငယ်တဲ့ အုပ်စုတွေ ထိုးဆင်းလာတာက မြွေတွေ တွန့်လိမ်ပြီး ဆင်းလာတာမျိုးနဲ့ ပိုတူနေပါတယ်။ ဒါပေမဲ့လည်း ပိုးမွှားအုပ်စု တစ်ခု နှစ်ခုက သူတို့ရဲ့

Edit with WPS Office

ဦးတည်ချက်တွေကို ရှာတွေ့ပြီး လင်းဟန်ဆီကို ဆက်လက်ထိုးဆင်း လာခဲ့ပါတယ်။ သူတို့က နောက်ဆုံးတော့ သူ့ခန္ဓာကိုယ် အရှေ့ကို ရောက်လာခဲ့ပါတယ်။

လင်းဟန်က သူ့အရှေ့က မရေမတွက်နိုင်တဲ့ ပိုးမွှားကောင် အုပ်စုတစ်ခုကနေ ဖြစ်ပေါ်လာတဲ့ အနက်ရောင်မြွေကို သေသေချာချာ တွေ့မြင်နိုင်ပါတယ်။ ပိုးမွှားကောင်တိုင်းက မယုံနိုင်စရာ ကောင်းလောက်အောင် သေးငယ်ပြီး သူတို့အားလုံးမှာ သူတို့ရဲ့ ခန္ဓာကိုယ်နဲ့ အရိုးအစား မမျှတတဲ့ လူ့သွားတွေ ပိုင်ဆိုင်ထားပါတယ်။ အဲဒါတင်မက သူတို့က သေရမှာလည်း မကြောက် ကြပါဘူး။ လင်းဟန်ရဲ့ တစ်ကိုယ်လုံး မီးတောက်တွေ ဖုံးလွှမ်းနေတယ် ဆိုတာကို သိပေမဲ့ သူတို့က လှိုင်းလုံးတွေလို တစ်အုပ်ပြီး တစ်အုပ် သူ့ဆီ ဆက်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်လာနေဆဲပါပဲ။

"ကျွိ ကျွိ ကျွိ"

ပိုးမွှားတွေ တစ်အုပ်ပြီး တစ်အုပ် မီးလောင်ကုန်ပါတယ်။ သူတို့က လင်းဟန်ရဲ့ ခန္ဓာကိုယ်ထဲ ထိုးဆင်းလာပြီး

Edit with WPS Office

အင်အားသုံးပြီး လမ်းကြောင်းတစ်ခုကို ရအောင် ဖောက်လိုက်ပါတယ်။ အဲဒီနောက် သူတို့က သူ့ရဲ့အသားတွေကို စတင် ကိုက်ဖြတ်လိုက်ပါတယ်။

လင်းဟန်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး နည်းစနစ်ကို ထုတ်ဖော် လိုက်ပါတယ်။

ဂှမ်း။

သူ့အသားတွေကို ကိုက်ဝါးနေတဲ့ ပိုးမွှားကောင်တွေက ချက်ချင်းပဲ မှင်သက်တွေဝေ သွားခဲ့ပါတယ်။ သူတို့ထဲက အများစုရဲ့ စိတ်ဝိညာဉ်တွေက ချက်ချင်းဆိုသလို အပိုင်းပိုင်း အစစ ပျက်စီးသွားခဲ့ပါတယ်။ သူတို့ထဲက နည်းနည်းလောက်ပဲ အသက်ရှင်သန်နိုင်ခဲ့ပါတယ်။

ဒီပိုးမွှားတွေမှာ မယုံနိုင်စရာကောင်းတဲ့ အမြန်နှုန်းနဲ့ ကြောက်မက်ဖွယ်ရာ ကောင်းမွန်တဲ့ သွားတွေကို ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ သူတို့ရဲ့ ခုခံနိုင်မှုက အရမ်းကို အားနည်းပါတယ်။ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အားနည်းတဲ့အပြင် သူတို့ရဲ့ နတ်ဘုရား အာရုံ ခုခံမှုကလည်း

Edit with WPS Office

အားပျော့ပါတယ်။

မိုးကောင်းကင်က တကယ့်ကို တရားမျှတပါတယ်။ ဒီပိုးမွှားတွေက ကျင့်ကြံအားထုတ်လို့ မရနိုင်ဘူး ဆိုရင်တောင် ပြိုင်ဘက်ကင်းတဲ့ စွမ်းရည်တွေ ချီးမြှင့်ထားပေးပါတယ်။ ဒါပေမဲ့လည်း သူတို့မှာ သေစေနိုင်လောက်တဲ့ အားနည်းမှုတွေလည်း ရှိနေပါတယ်။

အဲဒါကြောင့်လည်း သူတို့က ပန်းပွင့်ရဲ့ ညို့ဓာတ်ကို ငါးစာအဖြစ် သုံးနေတာ ဖြစ်ပါတယ်။ သူတို့ရဲ့ သားကောင်တွေ ညို့ခံရတဲ့အထိ စောင့်ပြီးတော့မှ သူတို့က ဆင်းသက်လာပြီး ချက်ချင်း သူတို့ရဲ့ အသွေးအသားတွေကို ငါးမျိုဖျက်ဆီး ပစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟန်က ပြင်ဆင်ထားခဲ့ပြီး ရလဒ်က လုံးဝကို ကွဲပြားခြားနား သွားခဲ့ပါတယ်။

တကယ်တော့ သူက တောင်မြစ်အဆင့်ရဲ့ ဘုရင်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပါတယ်။

"လခွမ်း"

Edit with WPS Office

လင်းဟန်က နာကျင်မှုကြောင့် အံကြိတ်လိုက် မိပါတယ်။ သူက ပိုးမွှားတွေ အများစုကို သတ်ပစ်ခဲ့ပေမဲ့ တချို့ကတော့ သူတို့ရဲ့ သွားတွေနဲ့ သူ့အသားတွေကို ကိုက်ဖြတ်နေဆဲပါပဲ။

ဒါက တော်တော် နာတာပဲ။

Chapter 1174 end

အပိုင်း(1175) မြူခိုးစိတ်ဂိညာဉ် ဖမ်းယူခြင်း ပန်းပွင့်

ပိုးမွှားကောင်တွေရဲ့ သွားတွေက ချွန်ထက်နေတဲ့အပြင် သူတို့ရဲ့ သွားရည်တွေမှာ ထူးဆန်းတဲ့ အဆိပ်တမျိုး ပါဝင်နေပြီး သူတို့တွေ ကိုက်တဲ့အခါမှာ အတော်လေးကို နာကျင်တဲ့ ဒဏ် ခံစားရပါတယ်။ အဲဒါကြောင့် သူတို့ရဲ့ ကိုက်ဖြတ်မှုက အကြောသေပြီး ကြက်သေသေ သွားနိုင်ပါတယ်။

လင်းဟန်က သူ့ခန္ဓာကိုယ် အနည်းငယ် တောင့်တင်းလာတာကို တွေ့လိုက်ရပါတယ်။ နောက်ပြီးတော့ ထူးဆန်းတဲ့ အရာတစ်ခုက သူ့ရဲ့ သွေးထဲကို ဝင်လာပြီး သူ့ခန္ဓာကိုယ် တစ်လျှောက် ပျံ့နှံ့နေပြီး သူ့ရဲ့

Edit with WPS Office

အာရုံကြောကိုတောင် အနည်းငယ် ထုံလာစေပါတယ်။

အဲဒီရလဒ်ကြောင့် သူ့မျိုးတောက်တွေရဲ့ အစွမ်းက သိသိသာသာ ဆုတ်ယုတ်လာခဲ့ပါတယ်။ အနက်ရောင် မြွေတွေရဲ့ တွေဝေမှုင်တက်နေမှုတွေ အလျင်အမြန် ပြန်ကောင်းလာပြီး သူ့ဆီကို နောက်တစ်ကြိမ် ထိုးဆင်းလာကြပါတယ်။

လင်းဟာန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်လိုက်ပြီး သူ့ခန္ဓာကိုယ် ပတ်လည်မှာ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ထူးခြားဆန်းကြယ်တဲ့ အရှိန်အဝါတစ်ခု လည်ပတ်နေပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က မာတောင့်နေမှုဟာ ချက်ချင်းဆိုသလို ပျောက်ကွယ်သွားပြီး သူက ကျယ်လောင်စွာနဲ့ ရယ်မောရင်း သူ့မျိုးတောက်တွေရဲ့ အစွမ်းကို ပြန်လည်မြှင့်တင် လိုက်ပါတယ်။

လင်းဟာန်က အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဘယ်သူက ပိုပြီးတော့ အစွမ်းထက်လဲ ဆိုတာကို ကြည့်ရအောင်"

ဘုန်း။

သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကနေ အကန့်အသတ်မရှိတဲ့ မီးတောက်တွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒီပိုးကောင်တွေကို ရင်ဆိုင်တဲ့ နေရာမှာ အရမ်းကို အလုပ်ဖြစ်ပါတယ်။

ဟုမ်း။

သူက သူ့ရဲ့စိတ်ဝိညာဉ် နှိမ်နင်းခြင်း ခုနစ်မျိုး ပညာကို ဆက်ပြီးတော့ ထုတ်ဖော်လိုက်ပြီး တစ်ခါပြီး တစ်ခါ တိုက်ခိုက်လိုက်တာကြောင့် ပိုးမွှားကောင်တွေ အများကြီး မြေပေါ်ကို ပြုတ်ကျ သွားခဲ့ပါတယ်။ လင်းဟန်က သူတို့ကို အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းလိုက်ပါတယ်။ ဒီပိုးမွှားတွေက သူ့ရဲ့ လျှို့ဝှက်လက်နက်တစ်ခု ဖြစ်လာကောင်း ဖြစ်လာနိုင်ပါတယ်။

လင်းဟန်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ထားတာကြောင့် သူ့ရဲ့

Edit with WPS Office

ဒဏ်ရာတွေက အလျင်အမြန်နဲ့ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ဒီနေရာမှာ ပိုးမွှားတွေ ရုံဖန်ရံခါ တစ်ကောင်စ နှစ်ကောင်စက သူ့ရဲ့ခံစစ်ကြောင်းကို ဖြတ်ဝင်ပြီးတော့ သူတို့ရဲ့ သွားတွေနဲ့ သူ့အသွေးအသားကို ကိုက်ဖြတ်နေပေမဲ့ ဒီလိုမျိုး ပိုးမွှားအရေအတွက် နည်းနည်းလေးက သူ့ကို ပြဿနာ မဖြစ်စေနိုင်ပါဘူး။

တကယ်တမ်းတော့ သူတို့ဟာ အရမ်းကို သေးငယ်ပါတယ်။ ပြီးတော့ တကယ်လို့ ပိုးမွှားတွေ ထောင်ပေါင်းများစွာ ဒါမှမဟုတ် သန်းနဲ့ချီ ထိုးဆင်းလာမယ်ဆိုရင် ကြောက်စရာကောင်း လွန်းပါတယ်။ တကယ်လို့ အဲဒီလိုသာ ဖြစ်လာရင် သူတို့ဟာ လူသား တစ်ယောက်ကို အရိုးပဲ ကျန်တဲ့အထိ မျက်စိတစ်မှိတ်အတွင်း ကိုက်ဖြတ်ပစ်နိုင်စွမ်း ရှိပါတယ်။

"ဆရာသခင် ဒီသတ်ဖြတ်သူလေးက ဆရာသခင်ကို အရမ်းပဲ ကြည့်ညိုလေးစား မိပါတယ်"

သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်က မြောက်ပင့်ပြောဆို လိုက်ပါတယ်။

Edit with WPS Office

သူက နေလအဆင့်မှာရှိတဲ့ ယန္တရားရုပ်တစ်ခုကို စီးနင်းထားပေမဲ့ ပိုးကောင်အုပ်ကြောင့် ရှုံးနိမ့်သွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန်က လက်ရှိမှာ ပိုးကောင်တွေ အပေါ် အသာစီး ရယူထားပါတယ်။ သူတို့နှစ်ယောက် အကြားက ကွာဟချက်က ပိုပြီးတော့တောင် ပေါ်လွင်လာ ခဲ့ပါတယ်။

တကယ်တော့ လင်းဟန်က နေလအဆင့် လက်ရွေးစင်တွေထက် ပိုပြီးတော့ အစွမ်းထက်တယ်လို့ ပြောမရပါဘူး။ အဲဒီအစား သူ့ရဲ့ စွမ်းရည်တွေက ဒီပိုးမွှားတွေကို ရင်ဆိုင်တဲ့ အခါမှာ ပိုပြီးတော့ အကျိုးသက်ရောက်မှု ရှိတဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ထူးခြားပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မော်စာလိပ်ရဲ့ ကျေးဇူးနဲ့ အထင်ကြီးစရာ ပြန်လည်ကောင်းမွန်နိုင်တဲ့ စွမ်းရည်တစ်ခုကိုလည်း ပိုင်ဆိုင်ထားပါတယ်။ ဒီအရည်အချင်းတွေက သူ့ကို ဒီပိုးမွှားကောင်တွေနဲ့ ရင်ဆိုင်တဲ့ နေရာမှာ အသာစီး ရစေခဲ့တာပါ။

မိုးကောင်းကင်ပေါ်မှာ အနက်ရောင် တိမ်တိုက်တွေ

Edit with WPS Office

အစက်အပြောက်လို စွန်းထင်းနေပါတယ်။ ဒီပိုးမွှားတွေမှာ လှုပ်ရှားဖို့ ပစ်မှတ်တစ်ခု သေသေချာချာ ရှိနေပေမဲ့ သေချာပေါက် ပျံသန်း ဝင်ရောက်လို့ မရနိုင်ပါဘူး။

သူတို့အတွက် လင်းဟန်ရဲ့ ခန္ဓာကိုယ်ကို တွေ့မြင်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း တခြားသူတွေက အနက်ရောင် တိမ်တိုက်တွေ အကြားမှာ မီးတောက်တွေရဲ့ အလင်းရောင်ကို ပိုးတိုးဝါးတား တွေ့မြင်နိုင်နေဆဲပါပဲ။ အဲဒါက တိုက်ပွဲပြင်းထန်နေသေးတယ်ဆိုတဲ့ လက္ခဏာပါပဲ။

ဒါပေမဲ့လည်း အနက်ရောင် တိမ်တိုက်က တိုက်ပွဲအချိန် ကြာလာတာနဲ့အမျှ ဆုတ်ယုတ်လာ ခဲ့ပါတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ပိုးကောင်တွေ တော်တော်များများက အသတ်ခံရရင် အသတ်ခံရ ဒါမှမဟုတ် အနက်ရောင် မျှော်စင်ထဲ လင်းဟန်ရဲ့ ဆွဲထည့်တာကို ခံရလို့ပါပဲ။ သူ့ခြေထောက် အောက်မှာလည်း ပိုးကောင်အသေတွေ အပုံလိုက် ကျနေပါတယ်။

နောက်ဆုံးတော့ လင်းဟန်ဆီကို ပိုးကောင်တွေ ထပ်ပြီးတော့ ထိုးဆင်းမလာတော့ပါဘူး။ အဲဒီအစား ကျန်နေတဲ့

Edit with WPS Office

ပိုးမွှားတွေက တောင်ကုန်းငယ်လေးဆီ ပြန်သွားကြပါတယ်။ ပတ်ဂန်းကျင်က ရုတ်တရက် တိတ်ဆိတ်ငြိမ်သက် သွားခဲ့ပါတယ်။

လင်းဟာန်က တစ်မူထူးတဲ့ ပန်းပွင့်ကို ကြည့်လိုက်ပါတယ်။ အဲဒီနောက် သူက အသက်ရှူတာ ရပ်လိုက်ပြီး သူ့ခန္ဓာကိုယ်က မွေးညင်းပေါက်တွေ အားလုံးကို ပိတ်လိုက်ပြီး ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို အသုံးပြုကာ သူ့ရဲ့ နတ်ဘုရား အာရုံကို ကာကွယ်ထား လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်က ရွှေရောင်တလက်လက် တောက်ပလာပါတယ်။ အဲဒီနောက်မှာ သူက ပန်းပွင့်ဆီ လျှောက်လာခဲ့ပါတယ်။

ပန်းပွင့်အနားကို ရောက်လာတဲ့ အချိန်မှာ သူက ပန်းပွင့်ကို မခူးပဲ အဲဒီအစား ပန်းပွင့် အောက်ခြေကနေ တူးဆွလိုက်ပါတယ်။

သူက ထူးခြားတဲ့ ပန်းပွင့်ကို အမြစ်ပါအောင် တူးထုတ်လိုက်ပြီး အနက်ရောင် မျှော်စင်ထဲ ထည့်ထားလိုက်ပါတယ်။ ပန်းပင်ကို သင့်တော်တဲ့

Edit with WPS Office

နေရာတစ်ခုမှာ စိုက်ပျိုးပြီးတဲ့နောက် သူက အနက်ရောင် မျှော်စင်ထဲက ထွက်လာခဲ့ပါတယ်။

"သွားကြစို့"

သူက သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲကို တောင်ကုန်းသေးလေးကို မထည့်ခဲ့ပါဘူး။ အနက်ရောင် ပိုးမွှားတွေကို အသက်ရှင်သန်ဖို့ အခွင့်အရေးလေး တစ်ခု ပေးဖို့ ဆုံးဖြတ်ချက် ချလိုက်ပါတယ်။

လူသုံးယောက်နဲ့ ယန္တရားရုပ် တစ်ရုပ်က အရှေ့ကို ဆက်ချီတက် လာခဲ့ကြပါတယ်။ သူတို့က စမ်းချောင်းဂါ ကမ်းစပ်ဘက်ကို ပြန်မသွားတော့ပဲ သူတို့ရဲ့ လက်ရှိဦးတည်ရာဘက်ကိုပဲ ဆက်လက် ခရီးထွက်နေတာ ဖြစ်ပါတယ်။ သူတို့အနေနဲ့ မြစ်ကမ်းစပ်ကနေ လိုက်သွားဖို့ မလိုပါဘူး။ နှစ်ထောင်ပေါင်းများစွာ အတွေ့အကြုံတွေအရ သေချာတာ တစ်ခုကတော့ မြစ်ထဲကို လုံးဂ ဂင်လို့မရနိုင်ပါဘူး။ မြစ်ရေတွေကိုတောင် ထိလို့မရပါဘူး။

မြစ်ကို ဘာဖြစ်လို့ စမ်းချောင်းဂါလို့ ခေါ်တာလဲ။

Edit with WPS Office

ဒီမြစ်ကို ကြည့်ရတာ ထိတ်လန့်ချောက်ချားစရာ ကောင်းရုံပဲ ရှိုးရှင်းတာ မဟုတ်ပါဘူး။ ဒါက တကယ့်ကို သေမင်းမြစ်တစ်စင်း ဖြစ်ပြီးတော့ လူတစ်ယောက်ရဲ့ အသက်ကို အလွယ်တကူ နှုတ်ယူနိုင်ပါတယ်။ တကယ်လို့ လူတစ်ယောက်က မြစ်နဲ့ ထိတွေ့မိမယ်ဆိုရင် နည်းနည်းလေးမှ ကုသချိန် မရပဲ သေသွားပါလိမ့်မယ်။ သူတို့ရဲ့ စိတ်ဝိညာဉ်ကို မြစ်က ဝါးမျိုသွားပြီး ထာဝရအတွက် မြစ်ထဲမှာ စီးမျောကာ အဆုံးသတ် ရပါလိမ့်မယ်။

အရင်က လူတစ်ယောက်ဟာ စမ်းချောင်းဂါ မြစ်ထဲက ရေတွေကို ယူဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သူတို့တွေ မြစ်အနားကို ကပ်လိုက်တာနဲ့ စိတ်ဝိညာဉ် ကင်းမဲ့တဲ့ အလောင်းကောင်တွေ ဖြစ်ကုန်ပါတယ်။

ဒါက တားမြစ်ထားတဲ့ မြစ်တစ်စင်း ဖြစ်ပါတယ်။ ဒီမြစ်ကို ကုန်းမြေအမှတ်အသား တစ်ခုအဖြစ်ပဲ အသုံးပြုနိုင်ပါတယ်။ အနားကိုတော့ လုံးဝကို ကပ်လို့မရနိုင်ပါဘူး။

လင်းဟာန်က လမ်းလျှောက်လာရင်း အနက်ရောင် မျှော်စင်နဲ့ ချိတ်ဆက်ပြီး လေလွင့်သူတော်စင်ကို ထူးခြားတဲ့ ပန်းပွင့်ရယ်

Edit with WPS Office

အနက်ရောင် ပိုးမွှားတွေရယ် အကြောင်းကို မေးလိုက်ပါတယ်။

"ဒါက မြူခိုးစိတ်ဂိညာဉ် ဖမ်းစားခြင်း ပန်းပွင့်များ ဖြစ်နေမလား"

လေလွင့်သူတော်စင်က ခဏလောက် စဉ်းစားပြီးတော့မှ ပြောလိုက်တယ်။

"ဒီထူးဆန်းတဲ့ ပန်းပွင့်က လူသားတွေ အတွက် အကျိုးမရှိဘူး။ ဒါပေမဲ့လည်း သူရဲ့ အကျိုးသက်ရောက်မှုက အရမ်းကို ကြောက်စရာကောင်းတယ်။ ထာဝရမြေစ်အဆင့် လက်ရွေးစင်တွေရဲ့ စိတ်ကိုတောင်မှ သက်ရောက်မှု ရှိနိုင်တယ်"

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒီမြူခိုးစိတ်ဂိညာဉ် ဖမ်းစားခြင်း ပန်းပွင့်က စောစောတုန်းက ကျနော့်အပေါ် အကျိုးသက်ရောက်မှု မရှိခဲ့ဘူး။ အဲဒါက ပန်းပွင့်က အရွယ်ရောက်ပြီး ကြီးထွားမှု မရှိသေးဘူးလို့ ဆိုလိုတာပဲ မဟုတ်လား"

Edit with WPS Office

"ဖြစ်နိုင်တာပေါ့"

လေလွင့်သူတော်စင်က ပြန်ဖြေလိုက်ပါတယ်။

ဒီမြူခိုးစိတ်ဂိုညာဉ် ဖမ်းစားခြင်း ပန်းပွင့်က တကယ်လို့ မှန်မှန်ကန်ကန် အသုံးပြုလို့ရရင် ကြီးမားတဲ့ အကျိုးသက်ရောက်မှု ရနိုင်ပါတယ်။ လင်းဟာန်မှာ အနက်ရောင် မျှော်စင် ရှိပါတယ်။ ဒါကြောင့် သူက ဒီမြူခိုးစိတ်ဂိုညာဉ် ဖမ်းစားခြင်း ပန်းပွင့်ကို ထုတ်ဖော်သုံးစွဲပြီး အနက်ရောင် မျှော်စင်ထဲ ပြန်ဖွက်ထားလို့ ရပါတယ်။ ဒီနည်းနဲ့ သူက သူ့ရန်သူတွေ အကြားမှာ ဗရုတ်ကျလို့တောင် ရပါတယ်။

ဒါပေမဲ့လည်း ဒီမြူခိုးစိတ်ဂိုညာဉ် ဖမ်းစားခြင်း ပန်းပွင့်က အရွယ်ရောက်ဖို့ အတော်လေး ဝေးပါသေးတယ်။ ပြီးတော့ သူ့ကို အကျိုးသက်ရောက်မှု ရှိတယ်ဆိုရုံပဲ ရှိခဲ့ပါတယ်။ ဒါကြောင့် နေလအဆင့် လက်ရွေးစင်တွေနဲ့ ရင်ဆိုင်တဲ့ အခါမှာ သေချာပေါက် အသုံးဝင်လိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ အကျိုးသက်ရောက်မှု အနည်းငယ် ရှိခဲ့တယ် ဆိုရင်တောင် သူတို့တွေကို အချိန်တော်တော် ကြာတဲ့အထိ

Edit with WPS Office

ညို့ခံရဖို့ လိုအပ်ပါတယ်။

"အဲဒီပိုးမွှားကောင်တွေ အကြောင်းကရော"

လင်းဟန်က မေးလိုက်တယ်။

"အဲဒီကောင်တွေက သူတော်စင် ပိုးကောင်တွေပဲ"

လေလွင့်သူတော်စင်ရဲ့ အသံထဲမှာ အံ့အားသင့်နေမှု တချို့ ပါဝင်နေပါတယ်။

လင်းဟန်က ပဟေဋ္ဌိ ဖြစ်သွားပြီးတော့ မေးလိုက်တယ်။

"ဒီအသားစားတဲ့ ပိုးကောင်တွေကို သူတော်စင်လို့တောင် ခေါ်ကြတယ် ဟုတ်လား"

အလင်းရောင် စက်ဝိုင်းအဖြစ်ကို ပြောင်းလဲနေတဲ့ လေလွင့်သူတော်စင်က နက်ရှိုင်းတဲ့ ခံစားမှု အတွေ့အကြုံ တချို့ ရှိနေသလိုပါပဲ။ သူက အတော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်ပြီးမှ ပြောလိုက်ပါတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ဒီပိုးမွှားကောင်တွေက သူတော်စင်တွေရဲ့ အလောင်းတွေကနေ ထွက်ပေါ်လာလို့ပဲ"

Edit with WPS Office

"ဟင်"

လင်းဟန်က ဒီအကြောင်းကို ကြားလိုက်ရတော့ အံ့အားသင့်သွားခဲ့ပါတယ်။ ဒီလိုမျိုး ထူးဆန်းတဲ့ ပိုးမွှားတွေက သူတော်စင်တွေရဲ့ အလောင်းတွေကနေ ထွက်ပေါ်လာတာလား။

"အဲဒါက သူတော်စင်တိုင်းမှာ မဖြစ်နိုင်ဘူး"

လေလွင့်သူတော်စင်က ဆက်ပြောလိုက်တယ်။

"အဲဒါက သူတို့တွေ ကျင့်ကြံအားထုတ်ခဲ့တဲ့ မဟာတာအိုအပေါ်မှာ မူတည်တယ်။ တချို့က သူတို့ဆီကနေ သူတော်စင် မီးပိုးကောင်တွေ ထွက်လာနိုင်တဲ့ အစွမ်းမျိုးရှိပြီးတော့ တချို့က သူတို့ဆီကနေ သူတော်စင် ရေခဲပိုးတွေ ရှိနိုင်တဲ့ အစွမ်းမျိုး ပိုင်ဆိုင်ထားတယ်။ နောက်ပြီးတော့ ပိုးမွှားတွေ အရွယ်အစားက ဒီလိုသေးတာမျိုးပဲ မဟုတ်ဘူး။ ငါမြင်ဖူးတဲ့ သူတော်စင် ပိုးကောင်ဆိုရင် သူ့အရှည်က မီတာတစ်သောင်းလောက် ရှည်တယ်။ သူ့ခွန်အားက ထူးခြားပြီး ငါတောင်မှ သူ့ကို ရင်ဆိုင်တိုက်ခိုက်ဖို့ မပွံ့ဘူး"

Edit with WPS Office

မီတာတစ်သောင်းလောက် ရှည်တယ် ဟုတ်လား။ အဲဒါကို ပိုးကောင်တစ်ကောင်လို့ ပြောနိုင်သေးလို့လား။

"ဒီလိုဆိုရင် ဒါက သူတော်စင် တစ်ယောက်ရဲ့ ဘုံဗိမာန်တစ်ခု ဖြစ်နိုင်မလား"

လင်းဟာန်က မေးလိုက်ပါတယ်။

"မဖြစ်နိုင်ဘူး"

လေလွင့်သူတော်စင်က လင်းဟာန်ရဲ့ အမြင်ကို ချက်ချင်းပဲ ပယ်ချလိုက်ပါတယ်။

"တကယ်လို့ ဒါက သူတော်စင် တစ်ယောက်ရဲ့ ဘုံဗိမာန်ဆိုရင် ထာဝရမြစ်အဆင့်ပဲရှိတဲ့ လက်ရွေးစင် တစ်ယောက်က ဂင်္ဂါပါအစီအရင်တွေကို ဘယ်လိုလုပ် ရင်ဆိုင်နိုင်မှာလဲ၊ ဒါပေါ့။ အသုံးမကျတဲ့ သူတော်စင်ပဲ တခြားသူတွေကို အတင်းဂင်ရောက်ခွင့်ပြုမှာ"

လင်းဟာန်က နားလည်တဲ့ သဘောနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ သူက အခုဆို သူတော်စင် ပိုးကောင်တချို့ ရရှိထားပါတယ်။ ဒါကြောင့် သူက သူတို့ကို

Edit with WPS Office

ဖြည်းညင်းစွာနဲ့ သားဖောက်မွေးမြူ နိုင်ပါတယ်။ ဒါပေမဲ့လည်း သူက ဒီပိုးမွှားတွေကို မွေးမြူတဲ့ အချိန်မှာ အရမ်း ဂရုစိုက်ဖို့ လိုပါတယ်။ တကယ်လို့ သူတို့ကို ထိန်းချုပ်မှု လွတ်သွားရင် သူတို့ရဲ့ တိုးတက်မှု အလားအလာက ကမ္ဘာပျက်ကိန်း ဖြစ်သွားစေပါလိမ့်မယ်။

သူတော်စင်တွေက ပြိုင်ဘက်ကင်းသူတွေ ဖြစ်ပါတယ်။ သူတို့က သေပြီးတာတောင်မှ ကြီးမားတဲ့ အုတ်အော်သောင်းတင်း အဖြစ်အပျက်တွေကို ဖြစ်စေနိုင်ပါတယ်။

ဒါပေမဲ့လည်း ပိုက်ဆံပြားတစ်ခုမှာ မျက်နှာနှစ်ဖက် ရှိသလို ဒီသူတော်စင် ပိုးကောင်တွေက တကယ်လို့ သူတို့ကို မှန်မှန်ကန်ကန် အသုံးပြုနိုင်ရင် အကျိုးအမြတ် ရှိနိုင်ပါတယ်။

သူတို့က တစ်ရက်လောက် လမ်းလျှောက်ပြီးတဲ့ နောက်မှာ အနားယူဖို့ ရွက်ဖျင်တဲ တစ်ခုကို တည်ဆောက်လိုက်ပါတယ်။

ဒီနေရာမှာ နေ့နဲ့ည ရှိပါတယ်။ ပတ်ဂန်းကျင်ရဲ့

Edit with WPS Office

အလင်းရောင်နဲ့ အမှောင်ကို ကြည့်ပြီးတော့ ခွဲခြားဆုံးဖြတ်လိုက်တာပါ။ ဒီနေရာမှာ နေတွေ လတွေ ကြယ်တွေကို မမြင်ရပါဘူး။ ထာဝရမြစ် အဆင့် လက်ရွေးစင်တွေက ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲကို နေတွေလတွေကို ဖမ်းယူပြီးတော့ ထည့်ထားဖို့ လုံလောက်တဲ့အထိ အစွမ်းမထက်ဘူးဆိုတာ ပေါ်လွင်ပါတယ်။

သူတို့မှာ နှစ်ဂဏ်အချိန် ရှိပါတယ်။
ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲက အတားအဆီးတွေက အဲဒီအချိန်ကို ကျော်လွန်သွားပြီးတဲ့ နောက်မှာ နောက်တစ်ကြိမ် ပြန်လည်အားကောင်း လာပါလိမ့်မယ်။ အဲဒီအချိန်ကျရင် အရှင်သခင် ဂိညာဉ်သုံးခုတောင် လမ်းကြောင်းတစ်ခုကို ဖွင့်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါကြောင့် သူတို့က နှစ်ဂဏ်အချိန် မကုန်ခင် ဂင်ပေါက်ဆီ ပြန်လာရပါမယ်။ အချိန်အကန့်အသတ် ကုန်ဆုံးသွားတဲ့ အချိန်မှာ အရှင်သခင်ဂိညာဉ် သုံးခုက နောက်ထပ်လမ်းကြောင်း တစ်ခုကို ထပ်ဖွင့်ပြီးတော့ အထဲကို ဝင်သွားတဲ့ လူတိုင်းကို ထွက်လို့ရအောင်

Edit with WPS Office

လုပ်ပေးပါလိမ့်မယ်။

သူတို့မှာ သူတို့အချိန်အတွက် အစီအစဉ်တွေ ရှိပါတယ်။ တကယ်လို့ သူတို့က ထွက်ခွာဖို့ အခွင့်အရေးနဲ့ လွဲချော်သွားရင်တော့ အစီအရင်တွေ အားကောင်းလာတဲ့ အချိန်မှာ သူတို့တွေ အသတ်ခံရပါလိမ့်မယ်။ ဒီနေ့ဒီချိန်ထိတော့ အထဲမှာ ကျန်ရစ်ခဲ့တဲ့သူတွေ ဘယ်သူမှ အသက်ရှင်တယ်ဆိုပြီး မကြားဖူးပါဘူး။

Chapter 1175 end

အပိုင်း(1176) စပ်စုခြင်း

"ဟင် မနေ့ညက အစ်မစွေ့ ဘာကြောင့် ရုတ်တရက် ပျောက်သွားတာလဲ"

နောက်တစ်ရက် မနက်မှာ ဟူဖေးယွင်က ထူးဆန်းတဲ့ အမူအရာတစ်ခုနဲ့ မေးလိုက်ပါတယ်။

အဲဒီအချိန် စွေ့ရန်ယွီက မနက်စာ စားနေတာ ဖြစ်ပြီးတော့ သူမက ဟူဖေးယွင်ရဲ့ မေးခွန်းကို ကြားလိုက်တာနဲ့ ချက်ချင်းပဲ တံတွေးသီးသွား ခဲ့ပါတယ်။ အဲဒီနောက်

Edit with WPS Office

လင်းဟာန်ကို သူမက ဒေါသနဲ့ စိုက်ကြည့်လိုက်ပါတယ်။

ဒါတွေအားလုံး သူ့အပြစ်တွေပါ။ သူက မနေ့ညက ညဥ့်နက်သန်းခေါင် အချိန်ကြီး ရှက်စရာကောင်းတဲ့ အရာတွေ လုပ်ဖို့ သူမကို ခေါ်ခဲ့ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကလေးတွေက မေးခွန်းတွေ အများကြီး မမေးရဘူး။ မင်းရဲ့ မနက်စာ စားနေတဲ့ အပေါ်မှာပဲ အာရုံစိုက်ပါ"

ဟူဖေးယွင်က နှုတ်ခမ်းစူလိုက် မိပါတယ်။ ဘာဖြစ်လို့ သူတို့အားလုံးက သူမကို ကလေး တစ်ယောက်လို ဆက်ဆံနေတာလဲ။ အစ်မတော်လည်း အတူတူပါပဲ။ ပြီးတော့ လင်းဟာန်လည်း အခု အဲဒီလိုပဲ။ ဒါက သူမကို အရမ်း ဒေါသထွက်စေပါတယ်။

မနက်စာ စားပြီးတဲ့ နောက်မှာ သူတို့က ခရီးဆက်ထွက် လာခဲ့ကြပါတယ်။

ဒီနေရာမှာ မြူခိုးစိတ်ဂိညာဉ် ဖမ်းစားခြင်း ပန်းပွင့်နဲ့ သူတော်စင် ပိုးကောင်လို ထိတ်လန့်စရာ ပစ္စည်းမျိုးပဲ

Edit with WPS Office

ရှိတာမဟုတ်ပါဘူး။ နတ်ဘုရား ဆေးပင်တွေနဲ့ ရတနာပစ္စည်း မျိုးစုံလည်း ရှိပါတယ်။ တကယ်လို့ အဲဒီလိုသာ မဟုတ်ဘူးဆိုရင် မြူခိုးစိတ်ဂိညာဉ် ဖမ်းစားခြင်း ပန်းပွင့်က လူတွေ အများကြီးကို ဆွဲဆောင်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

လူတွေအများကြီးကို ဆွဲဆောင်နိုင်တဲ့ အကြောင်းရင်းက ဒီပန်းပွင့်ကို နတ်ဘုရား ဆေးပင် တစ်မျိုးလို့ အားလုံးက ယူဆနေလို့ ဖြစ်ပါတယ်။

သူတို့တွေ လမ်းတစ်လျှောက် နတ်ဘုရား ဆေးပင်တွေ တော်တော်များများကို ရှာတွေ့ ခဲ့ပါတယ်။ ဂမ်းနည်းစရာကောင်းတဲ့ အချက်ကတော့ သူတို့က အရမ်းကို နောက်ကျမှ ရောက်လာတာ ဖြစ်ပြီးတော့ နတ်ဘုရား ဆေးပင်တွေဟာ ခူးဆွတ်ခံလိုက် ရပါပြီ။

တချို့လူတွေက ကြမ်းတမ်းပြီး နတ်ဘုရား ဆေးပင်တွေကို ခူးဆွတ်သွားတဲ့ အချိန်မှာ ဆေးပင်ရဲ့ အမြစ်တွေကိုတောင် ပျက်စီးသွားစေခဲ့ပါတယ်။ ဒါပေမဲ့လည်း တချို့လူတွေကတော့ သေသေချာချာ ဂရုစိုက်ပြီးတော့ ခူးဆွတ်ကြပြီး အမြစ်တွေကို ချန်ထားခဲ့ပါတယ်။ ဒီနည်းနဲ့

Edit with WPS Office

သူတို့က နောက်ထပ် ရာစုနှစ်တစ်ခု ရာစုနှစ်နှစ်ခု ဒါမှမဟုတ် ရာစုနှစ်ပေါင်းများစွာ ကြာပြီးရင် နောက်တစ်ကြိမ် နတ်ဘုရား ဆေးပင်တွေကို ပြန်လာပြီး ခူးဆွတ်နိုင်ပါလိမ့်မယ်။

လင်းဟန်ကတော့ သူမြင်သမျှ အမြစ်တွေ အားလုံးကို တူးဆွပြီး အနက်ရောင် မျှော်စင်ထဲ ပစ်ထည့်လိုက်ပါတယ်။ ဒီနတ်ဘုရား ဆေးပင်တွေရဲ့ အာနိသင် သက်ရောက်မှုက အနက်ရောင် မျှော်စင်ထဲမှာဆိုရင် အမြင့်ဆုံး ဖြစ်လာပါလိမ့်မယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်က အပြုံးက ပိုပိုပြီးတော့ ကြီးမားလာပါတယ်။ သူက တကယ့်ကို အမြောက်အမြား ခူးဆွတ်ရိတ်သိမ်း နိုင်ခဲ့ပါတယ်။ တကယ်လို့ ဒီလိုမျိုး နေ့တိုင်းသာ ရိတ်သိမ်းနိုင်မယ်ဆိုရင် ဒီခရီးက တကယ့်ကို ထိုက်တန်ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူ့ရဲ့ ကံကောင်းခြင်းက အတက်အကျ ရှိပါတယ်။ တချို့ရက်တွေမှာ နတ်ဘုရား ဆေးပင် ခုနစ်ပင် ရှစ်ပင်လောက်နဲ့ ကြုံဆုံရပြီး တချို့ရက်တွေမှာတော့ ဘာမှမတွေ့ပါဘူး။

Edit with WPS Office

ခုနစ်ရက်ဆိုတဲ့ အချိန်က မျက်စိတစ်မှိတ် အတွင်းမှာ ကုန်ဆုံးသွားခဲ့ပါတယ်။

ထန် ထန် ထန် ထန် ထန်။

သိပ်မဝေးတဲ့ နေရာကနေ လက်နက်ချင်း ထိခတ်သံတွေ ထွက်ပေါ်လာပါတယ်။ မိုးကောင်းကင် အပေါ်ကို နတ်ဘုရား အလင်းရောင်တွေ ထိုးတက်နေတာကိုတောင် တွေ့မြင်နိုင်ပါတယ်။ အဲဒီနေရာမှာ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေပုံ ရပါတယ်။

ဟူဖေးယွင်က စိတ်ဝင်စားသွားပြီးတော့ ပြောလိုက်တယ်။

"သွားကြည့်ရအောင်"

ဟူဖေးယွင်လို စိတ်ဝင်စားခြင်း မရှိတဲ့ စွေ့ရန်ယွီက ပြောလိုက်တယ်။

"ငါတို့တွေ တခြားလူတွေရဲ့ ပြဿနာကို ဝင်မရှုပ်တာ ပိုကောင်းမယ်"

ဒါပေမဲ့လည်း ဟူဖေးယွင်က တိုက်ပွဲဖြစ်ပေါ်ရာ နေရာဆီကို ပြေးသွားနေပါပြီ။ သူမရဲ့ မျက်နှာအပေါ်မှာ စိတ်လှုပ်ရှားတဲ့

Edit with WPS Office

အမှုအရာတစ်ခု ရှိနေပါတယ်။

ပြီးခဲ့တဲ့ တစ်ပတ် အချိန်အတွင်းမှာ သူတို့က တိုက်ပွဲအတွေ့အကြုံ နည်းနည်းလေးမှ မတွေ့ရှိခဲ့ ရပါဘူး။ ဒါကြောင့် နံပါတ်ကိုး ဘုရင်က အရမ်းကို အားမာန်ပြည့်ဝနေပြီး သူမကိုယ်သူမ ချုပ်တည်းထားနိုင်ရုံပဲ တတ်နိုင်ပါတယ်။

လင်းဟာန်နဲ့ စွေ့ရန်ယွီတို့က တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး ဘာမှရွေးချယ်စရာ မရှိပဲ ဟူဖေးယွင်နောက်ကို ပြေးလိုက်သွား ရပါတယ်။

ဒါပေမဲ့လည်း သူတို့က ကြောက်ရွံ့ခြင်း မရှိပါဘူး။ ဒီလျှို့ဂှက်ဆန်းကြယ်ဘုံထဲကို နေလအဆင့် လက်ရွေးစင်တွေ ဝင်နိုင်စွမ်း မရှိပါဘူး။ လင်းဟာန်က ပြိုင်ဘက်ကင်းလုနီးပါး ဖြစ်ပါတယ်။ ဒါကြောင့် အနည်းဆုံးတော့ သူတို့ရဲ့ လုံခြုံမှုအတွက် စိတ်ပူနေစရာ မလိုပါဘူး။

သူတို့အရှေ့မှာ ကျောက်တုံးတွေ ပြန့်ကျဲနေတဲ့ နေရာတစ်ခု

Edit with WPS Office

ရှိနေပြီး အဲဒီနေရာကို ဖြတ်ကျော်ပြီးတဲ့ နောက်တော့ သူတို့ရဲ့ အမြင်အာရုံထဲကို နှစ်ဖက်အဖွဲ့ တိုက်ခိုက်နေတဲ့ မြင်ကွင်းတစ်ခု ပေါ်လာခဲ့ပါတယ်။

တစ်ဖွဲ့မှာ လူခုနစ်ယောက် ရှိပြီးတော့ ကျန်တစ်ဖွဲ့မှာတော့ လူနှစ်ဆယ့်ငါးယောက် ရှိပါတယ်။ လူနှစ်ဆယ့်ငါးယောက် အဖွဲ့က လူခုနစ်ယောက် အုပ်စုကို စက်ဝိုင်းပုံစံ ဝိုင်းပြီးတော့ ပိတ်ဆို့ထား ပါတယ်။

"နတ်ဘုရား ပွင့်ချပ်ကိုးလွှာ ကြာပန်းကို ပေးစမ်း။ ငါတို့ မင်းတို့ အသက်တွေကို ချမ်းသာပေးမယ်"

ဝိုင်းထားတဲ့ အုပ်စုက လူတစ်ယောက်က ပြောလိုက်တယ်။

"အယုတ်တမာတွေ"

ဝိုင်းခံထားရတဲ့ လူခုနစ်ယောက် အုပ်စုထဲမှာ အနီရောင်ဆံပင်နဲ့ ဆွဲဆောင်မှုရှိတဲ့ မိန်းမချော တစ်ယောက်လည်း ရှိပါတယ်။ သူမက မျက်နှာထားကို တင်းမာခက်ထန်လို့ နေပါတယ်။ သူမက လက်ပြတ် ချပ်ဂတ်တန်ဆာ တစ်ခုကို ဂတ်ဆင်ထားပြီး သူမရဲ့

Edit with WPS Office

ကျောက်စိမ်းလို လက်မောင်းတွေ လှစ်ဟပြနေပါတယ်။ သူမရဲ့ ဖွံ့ထွားနေတဲ့ ရင်သား နည်းနည်းကိုတောင် တွေ့မြင်နိုင်ပါတယ်။

သူမရဲ့ အောက်ပိုင်းချပ်ဂတ်က ပေါင်တစ်ဂက်လောက်ထိ ရောက်နေပြီး သူမရဲ့ ရှည်လျားပြီး ကျစ်လျစ်တဲ့ ခြေထောက်တွေကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။

ဒါပေမဲ့လည်း သူမရဲ့ အသားအရေက မဖြူပဲ ဂျုံနှစ်ရောင် ဖြစ်နေပါတယ်။ သူမရဲ့ ခန္ဓာကိုယ်ကနေ အံ့အားသင့်စရာ အသက်ဓာတ်စွမ်းအားတွေ ထွက်ပေါ်နေပြီး သူမကို ကြည့်ရတာ ကျားသစ်မလေး တစ်ကောင်နဲ့ တူပါတယ်။

သူမက နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"နင်တို့တွေက ငါတို့ကို မသတ်သေးဘူးဆိုတာ နတ်ဘုရားပွင့်ချပ်ကိုးလွှာ ကြာပန်းကို ငါတို့တွေ ဖျက်ဆီးပစ်မှာကို ကြောက်နေလို့ပဲ။ ဒါပေမဲ့လည်း အဲဒါကို ပေးလိုက်တာနဲ့ နင်တို့က ငါတို့ကို တန်းပြီးတော့ သတ်ပစ်လိမ့်မယ်"

"ဟားဟားဟားဟား"

Edit with WPS Office

ပိုင်းထားတဲ့ အုပ်စုက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

"စိုးရိမ်စရာ မလိုပါဘူး ခေါင်းဆောင်မန်။ ကျန်တဲ့သူတွေ သေပေမဲ့ မင်းကတော့ သေချာပေါက် မသေစေရပါဘူး"

နောက်တစ်ယောက်က ရယ်မောပြီးတော့ ညစ်ညစ်ညမ်းညမ်း ပြောလိုက်ပါတယ်။

"ခေါင်းဆောင်မန်ရဲ့ အလှအပနဲ့ ပတ်သက်ပြီး ငါကြားဖူးနေတာ ကြာပြီ။ တကယ်လို့ ခေါင်းဆောင်မန်ရဲ့ ခန္ဓာကိုယ်ကို ငါတို့တွေ မမြည်းစမ်းနိုင်ဘူးဆိုရင် ရောမ ဆုံးရှုံးနစ်နာမှုကြီး တစ်ခု ဖြစ်သွားမယ် မဟုတ်လား"

"ဟီးဟီးဟီး"

"ဟားဟားဟား"

ပိုင်းထားတဲ့အုပ်စုက အဖွဲ့ဝင်တွေဟာ ကျီစယ်တဲ့ ပုံစံနဲ့ အကြောင်းမဲ့သက်သက် ရယ်မော လိုက်ကြပါတယ်။ ဒီလူ့ပုဂ္ဂိုလ်ဆန်းကြယ်ဘုံက ကြီးမားပါတယ်။ ဒါကြောင့် သူတို့ရဲ့ ဆိုးယုတ်မာတဲ့ အပြုအမူကို တခြားသူတွေ

Edit with WPS Office

ရှာတွေ့ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တကယ်လို့ တစ်စုံတစ်ယောက်က သိသွားရင်တောင် သူတို့ရဲ့ သားကောင်တွေနဲ့အတူ သတ်ပစ်လိုက်ရုံပါပဲ။

"ဘယ်လောက် ရှုံ့စရာကောင်းလိုက်လဲ"

ဟူဖေးယွင်က ဆက်ပြီးတော့ မကြည့်နိုင်တော့ပါဘူး။ သူမရဲ့ ဓားကို ဆွဲထုတ်ပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်ကာ အော်ဟစ်လိုက်ပါတယ်။

"လူယုတ်မာတွေ ငါ့ဓားကို မြည်းကြည့်လိုက်"

ပိုင်းထားတဲ့ အုပ်စုက သူမတစ်ဟုန်ထိုး ပြေးဝင်လာတာကို ကြည့်ပြီး အနည်းငယ် အထိတ်တလန့် ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း ခဏအကြာ သူတို့အားလုံး ရယ်မောလိုက်ပါတယ်။ သူမက မိန်းမပျိုလေး တစ်ယောက် ဖြစ်ပြီးတော့ သားရဲတွင်းထဲကို ပြေးဝင်လာတာပဲ မဟုတ်လား။

"နောက်ထပ် မိန်းမလှလေး တစ်ယောက်ပဲ"

"ဒါငါတို့ လိုနေတာပဲ။ ဒီမှာ ခေါင်းဆောင်မန် တစ်ယောက်ပဲ

Edit with WPS Office

ရှိတယ်။ ဒါကြောင့် ငါတို့တွေ ဘယ်လောက်ကြာအောင် အလှည့်ရောက်ဖို့ တန်းစီပြီး စောင့်နေရမလဲ။ တကယ်လို့ တပြိုင်နက်တည်း သုံးယောက်အတူ လုပ်မယ်ဆိုရင်တောင် ခုနစ်ချီလောက် စောင့်နေရမယ်။ အခု နောက်ထပ်မိန်းမလှလေး တစ်ယောက် ရောက်လာပြီ။ ငါတို့တွေ သုံးချီလောက်ပဲ စောင့်ဖို့ လိုတော့တယ်"

"ဟင် ဟိုမှာကြည့်ပါဦး ခေါင်းဆောင်။ နောက်ထပ် ရက်ရက်စက်စက်လှတဲ့ မိန်းမလှလေး တစ်ယောက် ရှိနေတယ်"

သူတို့အကြည့်တွေက စွေ့ရန်ယွီဆီကို လှည့်သွားပြီး စိတ်လှုပ်ရှားမှုကြောင့် သွားရည်တွေတောင် ကျလာပါတယ်။ ဒီမိန်းမလှလေးက ကျန်တဲ့ နှစ်ယောက်ထက်တောင် ပိုပြီးတော့ ချောမောလှပပါတယ်။ နောက်ပြီးတော့ သူမရဲ့ ဆွဲမက်ဖွယ် သဘာဝက လူတစ်ယောက်ရဲ့ စိတ်ဝိညာဉ်ကို စုပ်ယူနိုင်ပါတယ်။

ဒီရက်ရက်စက်စက် ချောမောလှပတဲ့ မိန်းမလှလေးနဲ့ တစ်ကြိမ်လောက် ပျော်ပါးခွင့် ရမယ်ဆိုရင်

Edit with WPS Office

သူတို့သက်တမ်းရဲ့ နှစ်ပေါင်းတစ်ရာကိုတောင် စတေးဖို့ ဆန္ဒရှိပါတယ်။

သူတို့အားလုံး ရမွက်စိတ်တွေ ထန်ပြီးတော့ စိတ်လှုပ်ရှား လာကြပါတယ်။

"ဟော့ မင်းတို့တွေ အိပ်မက်မက်နေတာလား"

လင်းဟန်က သူတို့အရှေ့ကို လျပ်ပြက်သလို ရောက်လာပြီးတော့ တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

"တကယ်လို့ မင်းတို့တွေ မင်းတို့ဘာသာ ထွက်သွားမယ်ဆိုရင် မင်းတို့အသက်ကို ချမ်းသာပေးမယ်"

လင်းဟန်က သွေးဆာလောင်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ပြီးတော့ ဒီနှစ်ဖွဲ့အကြားမှာ ဘာတွေဖြစ်ပျက်နေလဲ ဆိုတာကို သူမသိပါဘူး။ ဒါကြောင့် သူက သူတို့ကို အစုလိုက် အပြုံလိုက် မသတ်ချင်ပါဘူး။

အသက်သုံးဆယ်ဝန်းကျင် ဗလတောင့်တောင့် ယောကျာ်းတစ်ယောက် လျှောက်လာပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ကောင်စုတ်လေး မင်းက အတော်လေးကို ဘဂင်မြင့်နေတယ်ပေါ့ ဟုတ်လား"

သူ့အဂတ်အစားတွေကို ဟထားပြီး သူ့ရဲ့ ကြီးမားတဲ့ ကြွက်သားတွေကို ထုတ်ဖော်ပြသ ထားပါတယ်။ သူ့မျက်နှာက မာန်ဂင့်နေပြီး ကြီးမားတဲ့ ဆေဘာဓား တစ်လက်ကို ကိုင်ဆောင်ထားပါတယ်။ သူ့ခန္ဓာကိုယ်ကနေ အားကောင်းတဲ့ သတ်ဖြတ်ခြင်း ဆန္ဒတွေ ထွက်ပေါ်လို့ နေပါတယ်။

"မင်းရဲ့ ကူညီမှုအတွက် ကျေးဇူးတင်ပါတယ် လူချောလေး။ ဒါပေမဲ့လည်း ဒီလူတွေက လွယ်လွယ်နဲ့ ရင်ဆိုင်လို့ရမဲ့ လူတွေမဟုတ်ဘူး။ ဒီအခွင့်အရေးကို ယူပြီးတော့ လွတ်မြောက်အောင် ထွက်ပြေးတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

ဆံပင်နီနဲ့ မိန်းမချောလေးက အော်ပြောလိုက်ပါတယ်။

"မင်းက သူများကိစ္စတွေကို ဂင်လည်းရှုပ်သေးတယ်။ လွယ်လွယ်နဲ့ ထွက်သွားနိုင်မယ် ထင်လား"

Edit with WPS Office

ပိုင်းထားတဲ့ လူအုပ်ထဲက တစ်ယောက်က သရော်စွာနဲ့ ပြောလိုက်တယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"မင်းက ဘာမဟုတ်တဲ့ လူတစ်ယောက်ပါပဲ။ ဘာဖြစ်လို့ အရမ်းကို ဘဝမြင့်သလို လုပ်နေတာလဲ"

"မင်းသေချင်နေပြီလား"

ဗလတောင့်တောင့် ယောကျာ်းကြီးရဲ့ မျက်လုံးထဲမှာ အေးစက်စက် အလင်းရောင်တစ်ချက် လက်သွားခဲ့ပြီး သူက အခွင့်အရေးကို အမိအရ ဖမ်းဆုပ်ပြီးတော့ လင်းဟာန်ဆီကို လွှားခနဲ ခုန်ဝင်လာပြီး သူ့ကို ခုတ်ချလိုက်ပါတယ်။

သူက သူ့ခွန်အား အပြည့်အဝကို သုံးခဲ့ပါတယ်။ ပတ်ဝန်းကျင် လေထဲမှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်နေပြီး သူ့ရဲ့ ဆေဘာဓားကနေ နတ်ဘုရား အလင်းတွေ တောက်ပလို့ နေပါတယ်။ လင်းဟာန်ဆီကို နိမိတ်မကောင်းတဲ့ အရှိန်အဝါတစ်ခု တိုးဝင်လာပါတယ်။

ဖူး။

Edit with WPS Office

လျှပ်ပြက်သလို အံ့ဖွယ်နတ်ဆိုးဓား ထွက်ပေါ်လာပြီးတော့ ခုတ်ချလိုက်ပြီး ဆေဘာဓားကို အစိတ်စိတ် အပိုင်းပိုင်း ပြတ်ထွက်သွား စေခဲ့ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားက မရပ်သွားပဲ ရှေ့ဆက်တိုးဝင်လာပြီး ဗလတောင့်တောင့် ယောက်ျားကြီးကို နှစ်ပိုင်းပြတ်အောင်လို့ ခုတ်ချလိုက်ပါတယ်။

သွေးတွေက နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။

အားလုံးက မှင်သက်အံ့ဩ သွားကြပါတယ်။ သူ့ဓားရဲ့ စွမ်းအားကြောင့် သူတို့တွေ တွေဝေကုန်ပါတယ်။

ဒါက အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။ သူ့ဓားရဲ့ အစွမ်းက ဘယ်လိုလုပ် အရမ်းကို လွှမ်းမိုးနိုင်ရတာလဲ။

ဟွမ်း။

အံ့ဖွယ်နတ်ဆိုးဓားက လင်းဟန်ရဲ့ ဘေးနားမှာ ပေါ့လည်နေပြီး ဓားသွားကနေ သွေးတစ်စက်တောင် ကျနေခြင်း မရှိပါဘူး။ ဒါပေမဲ့ ဓားရဲ့ ကိုယ်ထည်ကနေ

Edit with WPS Office

ထိတ်လန့်စရာ လူသတ်အရိုန်အဝါ တစ်ခု
ထွက်ပေါ်နေပါတယ်။

သူ့ရဲ့အဆင့်ကို ခန့်မှန်းသုံးသပ်ကြည့်ရင်
ဒီနတ်ဘုရားဓားကနေ အရောင်ပြန်ဟပ်နေတဲ့ စွမ်းအားက
ဖျက်ဆီးခြင်းတွေ တိုးပွားလာသလိုပါပဲ။
တစ်ခုသတိပြုရမှာက ဒီဂါးမျိုးခြင်း သတ္တုက သူတော်စင်
သတ္တုအထိ ဆင့်ကဲတိုးတက် ပြောင်းလဲလာပါလိမ့်မယ်။
တကယ်လို့ အဲဒီအဆင့်ထိ မရောက်နိုင်ဘူး ဆိုရင်တောင်
သာမန်နတ်ဘုရား သတ္တုတွေထက် အဆပေါင်းများစွာ
အစွမ်းထက်နေဆဲပါပဲ။

ပိုင်းထားတဲ့ အုပ်စုက လင်းဟန်ကို နည်းနည်းလေးမှ
လျော့မတွက်ပုံတော့ပါဘူး။ သူတို့ထဲက တစ်ယောက်က
မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"မင်း ဘယ်သူလဲ"

ဒီအုပ်စုက တခြားသူတွေဆီက လုယက်ဓားပြတိုက်ပြီး
အသက်မွေးနေကြသူတွေ ဖြစ်ပါတယ်။ ပြီးတော့ သူတို့က

Edit with WPS Office

ဒီလှို့ဝှက်ဆန်းကြယ်ဘုံကို ဝင်ရောက်ဖို့အတွက် လိုအပ်တဲ့ ကျောက်စိမ်းပြားတွေကိုလည်း တခြားသူ တချို့ဆီက ဓားပြတိုက်ပြီးတော့ ရယူခဲ့တာ ဖြစ်ပါတယ်။ သူတို့က လူနှစ်ဆယ့်ငါးယောက် ဝင်ရောက်ဖို့အတွက် လုံလောက်တဲ့ ကျောက်စိမ်းပြားတွေကို ရရှိခဲ့ပါတယ်။

သူတို့ထဲက တစ်ယောက်မှ ပါရမီရှင် တစ်ယောက်လို့ သတ်မှတ်နိုင်ခြင်း မရှိပါဘူး။ မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်ပြီးတဲ့ နောက်မှာ သူတို့အားလုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိနေခဲ့ ကြပါပြီ။

သူတို့ရဲ့ စိတ်ထဲမှာ သူတို့တွေ အတူတကွ ပူးပေါင်းလုပ်ဆောင်နေသရွေ့ သူတို့က ပြိုင်ဘက်ကင်းတွေ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟာန်က သူတို့ထဲက တစ်ယောက်ကို သူ့ဓားနဲ့ တစ်ချက်တည်း သတ်ပစ်ခဲ့ ပါတယ်။ အဲဒါက သူတို့ကို အစွန်းထိ တွန်းပို့လိုက်သလိုပါပဲ နောက်ဆုံးတော့ ဒီကမ္ဘာကြီးထဲမှာ အစစ်အမှန် အစွမ်းထက်တဲ့

Edit with WPS Office

ပါရမီရှင်တွေလည်း ရှိနေသေးတယ် ဆိုတာကို သတိပြုမိသွားခဲ့ပါတယ်။ လင်းဟန်ရဲ့ တိုက်ပွဲစွမ်းရည်ရဲ့ ထူးခြားဆန်းကြယ်မှု ခွန်အားက သူတို့ခန့်မှန်းထားတာတွေထက် သာလွန်ပါတယ်။

Chapter 1176 end

အပိုင်း(1177) ပူးပေါင်းဆောင်ရွက်ခြင်း

လင်းဟန်က ပိုင်းထားတဲ့ အုပ်စုကို ငေ့ကြည့်ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့က ငါ့နာမည်ကိုတောင် မသိဘူးလား"

"ခေါင်းဆောင် သူနဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေကို ပြောမနေနဲ့တော့။ သူ့ကို သတ်ပစ်ရအောင်"

သူတို့ထဲက လူမိုက်တစ်ယောက်က အော်ပြောလိုက်ပါတယ်။ သူ့ပုံစံကို ကြည့်ရတာ အရမ်းကို ဘဝမြင့်နေပုံပါပဲ။

လူမိုက်ခေါင်းဆောင်ကလည်း ခဏလောက် တုံ့ဆိုင်းနေပြီးမှ ဆေးပုလင်းတစ်လုံးကို ထုတ်ယူ လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ပုလင်းကို မဖွင့်သေးပဲ ပြောလိုက်တယ်။

Edit with WPS Office

"ဆရာလေး မင်းအခုချိန်မှာ ထွက်သွားရင် အရမ်းကြီး နောက်မကျသေးဘူး။ ဒါပေမဲ့လည်း ဒီမိန်းကလေး နှစ်ယောက်ကိုတော့ မင်းချန်ထားရမယ်"

သူက စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကို လက်ညှိုးထိုး ပြလိုက်ပါတယ်။

လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ ထွက်ပေါ်လာတာကို မြင်ပြီးတော့ သူ့လက်ထဲက ပုလင်းကို ချက်ချင်းပဲ မြှောက်ပြီးပြောလိုက်တယ်။

"ဒါဘာလဲဆိုတာကို မင်းသိလား။ ဒါက ခရမ်းရောင် သင်္ကေတ တောင်မြစ်ဆေးလုံးတွေပဲ။ ပြီးတော့ ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်သုံးလုံးထိ တိုးပေးနိုင်တယ်"

"ငါ့ရဲ့ ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာ ရှိတယ်။ ငါ့ရဲ့ တိုက်ပွဲစွမ်းရည်ကို နောက်ထပ်ကြယ်သုံးလုံး မြှင့်တင်ပြီးတဲ့နောက်မှာ မင်းက ငါ့ရဲ့ပြိုင်ဘက် ဖြစ်လာမယ်လို့ တကယ်ပဲ ထင်နေတာလား"

Edit with WPS Office

သူက ဒီဆေးပုလင်းကို ကံကောင်းထောက်မပြီး ရယူနိုင်ခဲ့ပြီး စုစုပေါင်း ဆေးနှစ်လုံးပဲ ရှိပါတယ်။ ဒါကြောင့် တကယ်လို့ အသုံးပြုစရာ မလိုဘူးဆိုရင် သူ့အနေနဲ့ အသုံးမပြုချင်ပါဘူး။ ဒါက သူ့ရဲ့ ပှက်ဖဲဖြစ်ပြီးတော့ ဒါတေါကို တကယ်တမ်း သုံးစွဲမဲ့အစား ခြိမ်းခြောက်မှု တစ်ခုအဖြစ် အသုံးချတာ ပိုပြီးတော့ အကျိုးသက်ရောက်မှု ရှိပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ သူက ရယ်ချင်စိတ်ကို မထိန်းနိုင်အောင် ဖြစ်နေပါတယ်။

သူက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ပြောပါဦး။ မင်းရဲ့ တိုက်ပွဲစွမ်းရည်ကို ကြယ်သုံးပွင့် တိုးမြှင့်လိုက်နိုင်တာနဲ့ အရမ်းကို ဘဝမြင့် သွားပြီးတော့ တောင်မြစ်အဆင့်မှာမင်းက ပြိုင်ဘက်ကင်း ဖြစ်ပြီလို့ ထင်နေတာလား"

"မင်းငါ့ကို အထင်သေးရဲတာလား"

လူမိုက်ခေါင်းဆောင်က ဒေါသနဲ့ အော်လိုက်ပါတယ်။

လင်းဟန်က လက်တစ်ဖက်ကို မြှောက်လိုက်တယ်။

Edit with WPS Office

ပုမ်း။

အထင်ကြီးစရာ အရှိန်အဝါ တစ်ခုက ဆင်းသက်လာပြီး လူမိုက်ခေါင်းဆောင်ရဲ့ မျက်နှာက ချက်ချင်းဆိုသလို စက္ကူဖြူ တစ်ချပ်လို ဖြစ်သွားစေပါတယ်။ သူက လက်သန်းလေး တစ်ချောင်းတောင် မလှုပ်ပံ့အောင် ဖြစ်သွားပါတယ်။

တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်အဆင့်။ ဒါက ဘယ်လောက်တောင် မယုံနိုင်စရာ ကောင်းလိုက်တဲ့ အစွမ်းလဲ။ လင်းဟာန်က တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေတဲ့ တစ်စုံတစ်ယောက်ကို အလွယ်တကူ ဖိနှိပ်နိုင်တာက သဘာဝပါပဲ။ နောက်ပြီးတော့ လူမိုက်ခေါင်းဆောင်ကလည်း သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက် ဖြစ်ပြီးတော့ သူ့ကို ကြယ်တစ်ပွင့် ပါရမီရှင် တစ်ယောက်လို့တောင် မသတ်မှတ်နိုင်ပါဘူး။ သူတို့အကြားက စွမ်းအင်ခြင်း ကွာဟချက်က နေ့နဲ့ညလို ရှင်းလင်းလွန်းပါတယ်။

လင်းဟာန်က သူ့လက်ကို သာမန်ကာလျှံကာပဲ ဆန့်ထုတ်ပြီးတော့ ပုလင်းကို ဖမ်းဆုပ်ယူ လိုက်ပါတယ်။

Edit with WPS Office

အဲဒီနောက် သူကပြုံးပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒီဆေးလုံးတွေကို မင်းသုံးမယ်ဆိုရင် အရမ်းကို ဖြုန်းတီးရာ ရောက်သွားမယ်။ တကယ်လို့ ဒါတွေကို ပိုက်ဆံနဲ့ ငါရောင်းလိုက်မယ်ဆိုရင် ပိုကောင်းမယ်။ ဒါဆိုရင် အဆင့်လေး နတ်ဘုရား သတ္တုနည်းနည်းလောက် ငါ့ဂယ်လို့ ရနိုင်လောက်တယ်"

လူမိုက်တွေအားလုံး အံ့အားသင့် နေကြပါတယ်။ သူတို့ရဲ့ ခေါင်းဆောင်က တကယ်ပဲ တစ်ချက်တည်းနဲ့ အရေးနိမ့်သွားခဲ့တာလား။

ဗလတောင့်တောင့်လူက နှစ်ပိုင်းပြတ်အောင် လှီးဖြတ်ခံလိုက်ရတယ် ဆိုပေမဲ့ သူက မဆင်မခြင် နေခဲ့တာမျိုး ဒါမှမဟုတ် သူ့ပြိုင်ဘက်ရဲ့ ဓားက အရမ်းကို အစွမ်းထက်နေတာကြောင့်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ သူတို့တွေ ဘယ်လိုမျိုး ဆင်ခြေပေးရဦးမလဲ။

သူတို့ရဲ့ နှလုံးသားတွေကို ဖျစ်ညှစ်လိုက်သလို ခံစားရပြီး

Edit with WPS Office

ထိတ်လန့်တုန်လှုပ်မှုကြောင့် မထိန်းနိုင် မသိမ်းနိုင်ဖြစ်ကာ တဆတ်ဆတ် တုန်နေကြပါတယ်။

"ငါ့ ငါ့ကို ချမ်းသာပေးပါ"

လူမိုက်ခေါင်းဆောင်က ချက်ချင်းပဲ သူ့ရဲ့ ဂုဏ်သိက္ခာတွေကို ချပစ်ပြီး သူ့အသက်အတွက် တောင်းပန်လိုက်ပါတယ်။

သူက အရှိကို အရှိအတိုင်း လက်ခံသူ တစ်ယောက် ဖြစ်ပါတယ်။

လင်းဟန်ရဲ့ မျက်နှာပေါ်မှာ ထိတ်လန့်ချောက်ချားစဖွယ် သတ်ဖြတ်ခြင်း ဆန္ဒတစ်ခု ဖြစ်ပေါ်လာပြီး သူက ပြောလိုက်တယ်။

"မင်းက ဒီမိန်းကလေးတွေကို ငါချန်ထားပေး စေချင်တာလား"

လူမိုက်ခေါင်းဆောင်က သူ့ခေါင်းကို အလျင်အမြန် ခါပြီးတော့ ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောလိုက်တယ်။

"ဟင့် အင်း ဟင့်အင်း ငါမလုပ်ပုံ့ပါဘူး"

Edit with WPS Office

"ဟင့် ငါက အစွမ်းထက်နေလို့သာပေါ့။ တကယ်လို့ ငါက မင်းထက် အားနည်းနေမယ်ဆိုရင် ငါ့ရဲ့ မိန်းကလေးတွေက မင်းရဲ့ ကစားစရာတွေ ဖြစ်လာလိမ့်မယ်"

လင်းဟာန်က တည်ငြိမ်စွာနဲ့ မေးခဲ့တယ်။

ဟူဖေးယွင်က သူမရဲ့ လက်ကို မြှောက်ပြီးတော့ ပြောလိုက်တယ်။

"လင်းဟာန် ငါက နင့်ရဲ့ မိန်းကလေး မဟုတ်ဘူးနော်"

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ဒီမှာ အခုငါက အစွမ်းပြနေတာကို မမြင်ဘူးလား။ မင်းက တကယ်ပဲ ဒီလိုကောင်းမွန်တဲ့ အနေအထားကို ဖျက်စီးပစ်တော့မလို့လား"

"အိုး"

ဟူဖေးယွင်က အသာအယာ ခေါင်းညိတ်ပြီးတော့ သူမရဲ့ ခေါင်းကို ငုံ့ပြီး သူမရဲ့ လက်ချောင်းတွေ ကစားနေပါတယ်။

"ငါက သွေးဆာနေတဲ့ လူတစ်ယောက် မဟုတ်ဘူး။

Edit with WPS Office

ဒါပေမဲ့လည်း မင်းတို့တွေမှာ အပြစ်လျော့ပေးဖို့ လက္ခဏာ နည်းနည်းလေးမှ ငါမမြင်ရဘူး။ ငါ့အတွက်တော့ စာနာထောက်ထား နေစရာ အကြောင်း မရှိဘူး”

လင်းဟန်က သူ့ညာဘက်လက်ကို မြှောက်လိုက်တာနဲ့ သူ့လှုပ်ရှားမှုနဲ့အတူ အံ့ဖွယ်နတ်ဆိုးဓားက လှုပ်ရှားသွားခဲ့ပါတယ်။ အံ့ဖွယ်နတ်ဆိုးဓားက လူမိုက်တွေရဲ့ ခန္ဓာကိုယ် အပေါ်မှာ ဝေ့ဝိုက်ပြီး လည်ပတ်နေပါတယ်။

“ငါတို့တွေ သူနဲ့တိုက်ဖို့ကလွဲပြီး ဘာမှမရှိဘူး”

လူမိုက်တွေက မတုံးအပါဘူး။ သူတို့က လင်းဟန်အနေနဲ့ သူတို့ကို လွှတ်ပေးဖို့ စိတ်ကူးမရှိဘူး ဆိုတာကို သတိပြုမိတာနဲ့ တိုက်ပွဲအတွက် ပြင်ဆင်ထား ကြပါတယ်။ သူတို့က သေတဲ့အထိ တိုက်ခိုက်ရပါလိမ့်မယ်။

တကယ်လို့ မျှော်လင့်ချက် အလင်းရောင် ပါးပါးလေး တစ်ခု ရှိတယ်ဆိုရင်တောင် ဒီလူတွေက အောက်တန်းကျစွာနဲ့ ဟန်ဆောင်နေကြပါဦးမယ်။ ဒါပေမဲ့လည်း တကယ်လို့ ရွေးချယ်စရာ လမ်းမရှိတော့ဘူးဆိုရင်

Edit with WPS Office

နောက်ဆုံးထွက်သက်အထိ သူတို့တွေက အရှုံးအမှုး
တိုက်ခိုက်ကြ ပါလိမ့်မယ်။ သူတို့က သေခြင်းတရားကို
ထိုင်စောင့်နေလိမ့်မှာတော့ မဟုတ်ပါဘူး။

သူတို့တွေရဲ့ အာရုံကို ဆံပင်နီ မိန်းမချောလေးတို့
အုပ်စုကနေ လင်းဟန်ဆီ အာရုံစိုက်ပြီး တစ်ဟုန်ထိုး
ပြေးဝင်တိုက်ခိုက် လိုက်ကြပါတယ်။ လင်းဟန်ပဲသေမလား
ဒါမှမဟုတ် သူတို့ပဲ သေမလား။

လင်းဟန်က အေးစက်စွာနဲ့ ပြုံးပြီးတော့ သူ့လက်တစ်ဖက်ကို
အနောက်ဘက် ပစ်ထားလိုက်ပြီး လက်တစ်ဖက်ကို
အသာလေး လှုပ်လိုက်ပါတယ်။

ရွှပ် ရွှပ် ရွှပ် ရွှပ်။

နတ်ဘုရားအလင်း နှစ်ဆယ့်လေးခု ထွက်ပေါ်လာခဲ့ပါတယ်။

ဖူး ဖူး ဖူး ဖူး။

လူမိုက်နှစ်ဆယ့်လေးယောက်ရဲ့ ခေါင်းတွေက ချက်ချင်းပဲ
ပေါက်ကွဲသွား ခဲ့ပါတယ်။ သူတို့ရဲ့ သေခြင်းတရားက
အရမ်းကို လျင်မြန်ပြီး ပြင်းထန်လွန်းပါတယ်။

Edit with WPS Office

ဆံပင်နီ မိန်းမချောလေးနဲ့ သူ့မအုပ်စုက တခြားအဖွဲ့ဝင်ခြောက်ယောက်စလုံး မှင်တက်အံ့သြ နေကြပြီး သူတို့ရဲ့မျက်နှာပေါ်မှာ မယုံကြည်နိုင်မှုတွေ ဖြစ်ပေါ်နေပြီး လင်းဟာန်ကို စိုက်ကြည့် နေကြပါတယ်။ ဒါက ဘယ်လောက်တောင် ထူးဆန်းတဲ့ တိုက်ပွဲစွမ်းရည်မျိုးလဲ။

နေလအဆင့် လက်ရွေးစင်တွေကို ဒီလိုျူပ့ုက်ဆန်းကြယ်ဘုံထဲ ဝင်ရောက်ခွင့် မပြုထားဘူး မဟုတ်လား။ ဒါပေမဲ့လည်း လင်းဟာန်ရဲ့ တိုက်ပွဲစွမ်းရည်က နေလအဆင့်မှာ မဟုတ်ဘူးလား။

ဒီလူမိုက် နှစ်ဆယ့်လေးယောက်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိကြပါတယ်။ သူတို့အားလုံး အခုလိုပဲ တစ်ချက်တည်းနဲ့ အသတ်ခံလိုက်ရတာလား။ ဘယ်သူက ဒါကို ယုံကြည်နိုင်မှာလဲ။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ ပြောလိုက်တယ်။

“ငါ့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး”

သူက စွေ့ရန်ယွီ့ လက်ကို ဆုပ်ကိုင်ပြီးတော့

Edit with WPS Office

ထွက်သွားလိုက်ပါတယ်။

ဟူဖေးယွင်က တဒင်္ဂခန့် ကြောင်သွားပြီးမှ သူတို့အနောက်ကို အလျင်အမြန် အော်ဟစ်ပြီးတော့ ပြေးလိုက်သွားပါတယ်။

"ငါ့ကိုစောင့်ဦးလေ"

"ဟိုး ဟိုး ဟိုး"

ဆံပင်နီနဲ့ မိန်းမချောလေးကလည်း အသိစိတ် ပြန်ဝင်လာပြီး အလျင်အမြန်ပဲ လင်းဟာန်တို့ အနောက်ကို ပြေးလိုက်လာပါတယ်။

"လူချောလေး ဘာဖြစ်လို့ အလျင်စလို ထွက်သွားတာလဲ။ ငါမင်းကို ကိုက်စားပစ်မှာကို ကြောက်နေတာလား"

သူမက ဒီလိုမျိုး ပြောနေရင်း လင်းဟာန်နောက်ကို ပြေးလိုက်လာပါတယ်။

လင်းဟာန်က အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။ ဒီအမျိုးသမီးကို ကြည့်ရတာ စောစောတုန်းကပဲ အသတ်ခံရတော့မဲ့ လူတစ်ယောက် အနေနဲ့ သက်တောင့်သက်သာ ရှိလွန်းပါတယ်။ နောက်ပြီး သူမက

Edit with WPS Office

သူ့ကိုတောင် မျက်စိမှိတ်ပြပြီး စနောက်နေပါတယ်။

"နင်အဆင်ပြေရဲ့လား"

စွေ့ရန်ယွီက မေးလိုက်တယ်။

"ဟူး"

ဆံပင်နီနဲ့ မိန်းမချောက သက်ပြင်းတစ်ချက် ချပြီးတော့ ပြောလိုက်တယ်။

"ဒီတစ်ကြိမ် ငါတို့ရဲ့ ဆုံးရှုံးနစ်နာမှုက အရမ်းကိုကြီးမားတယ်"

သူမက ချက်ချင်းပဲ အဖြစ်အပျက်တွေကို လင်းဟာန်နဲ့ တခြားသူတွေ စိတ်ဝင်စားလား စိတ်မဝင်စားဘူးလား ဆိုတာကို ဂရုမစိုက်ပဲ ပြန်ပြောင်းပြောလိုက်ပါတယ်။

ပြောရမယ်ဆိုရင် သူတို့က တာဝန်တွေကို ငွေလက်ခံပြီးတော့ ပြီးမြောက်အောင် လုပ်ပေးတဲ့ ကြေးစားအဖွဲ့တစ်ခု ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူတို့က

Edit with WPS Office

အလုပ်တစ်ခုအတွက် ခန့်အပ်ခံထားရတာ မဟုတ်ပဲ အဲဒီအစား ဒီလှိုဂုဟ်ဆန်းကြယ်ဘုံထဲကို အခြေအနေ တစ်ခုနဲ့အတူ ဝင်လာခဲ့တာပါ။ သူတို့ရဲ့ ပစ်မှတ်က ဒီလှိုဂုဟ်ဆန်းကြယ် ဘုံထဲမှာ တည်ရှိနေတဲ့ ရတနာ သိုလှောင်ခန်း တစ်ခုပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ တာဝန်က ဒီရတနာ သိုလှောင်ခန်းကို တစ်စုံတစ်ယောက်ကို စောင့်ရှောက်ပြီး ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ကြေးစားအဖွဲ့ရဲ့ အဖွဲ့ဝင်တွေ တော်တော်များများ သေဆုံးသွားခဲ့ပြီး သူတို့ကို အလုပ်ခန့်တဲ့ လူတောင်မှ အသက်ဆုံးရှုံး သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း သူတို့က အဲဒီရတနာ သိုလှောင်ခန်းထဲကို ဝင်ဖို့ တမ်းတနေပါသေးတယ်။ ဒါကြောင့် သူတို့က ဒီလှိုဂုဟ်ဆန်းကြယ်ဘုံထဲကို နောက်တစ်ကြိမ် ဝင်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း သူတို့တွေက လမ်းမှာ နတ်ဘုရား ပွင့်ချပ်ကိုးလွှာ ကြာပန်းတစ်ပွင့်ကို ရှာတွေ့ခဲ့ပြီး အဲဒီကြာပန်းကို စောင့်ကြပ်နေတဲ့ မိစ္ဆာသားရဲကောင်နဲ့

Edit with WPS Office

တိုက်ခိုက်တဲ့ အချိန်မှာ သူတို့အုပ်စုရဲ့ အဖွဲ့ဝင် လေးယောက်ကို စတေးခဲ့ရပါတယ်။ သူတို့က အရမ်းကို ကံဆိုးပါတယ်။ လူမိုက်အုပ်စုက သူတို့ကို သတိထားမိပြီး ပစ်မှတ်ထားခဲ့ပါတယ်။

တကယ်လို့ လူမိုက်အုပ်စုက နတ်ဘုရား ပွင့်ချပ်ကိုးလွှာ ကြာပန်းကို သူတို့တွေ ဖျက်ဆီးပစ်မှာကို ကြောက်မနေဘူးဆိုရင် ဆံပင်နီ မိန်းမလှလေးနဲ့ သူမရဲ့ အုပ်စုက လင်းဟန်နဲ့ တခြားသူတွေ ရောက်မလာခင်ထိ အသက်ရှင်သန် နေလိမ့်မှာ မဟုတ်ပါဘူး။

"လူချောလေး နင်က အရမ်းကို အစွမ်းထက်တာပဲ။ ဘာဖြစ်လို့ ငါတို့တွေ အသင်းအဖွဲ့ လုပ်ပြီးတော့ မပူးပေါင်းတာလဲ"

ဆံပင်နီ မိန်းမချောလေးက သူတို့ကို အတူတူ အလုပ်ပေါင်းလုပ်ဖို့ ဖိတ်ခေါ်လိုက်ပါတယ်။

"အော် ဟုတ်သားပဲ။ ငါ့နာမည် ဝေ။ မန်ဝေ"

ငါတို့တွေ တကယ်ပဲ အဖွဲ့ပေါင်းပြီး ရတနာတွေ ရှာရမှာလား။

Edit with WPS Office

လင်းဟာန်ရဲ့ စိတ်ထဲမှာ တုန်လှုပ်သွားခဲ့ပါတယ်။ ကြည့်ရတာ မင်းက ငါ့ကို ဂါးမျိုချင်နေပုံပဲ။

"အကျိုးအမြတ် ငါးဆယ် ငါးဆယ်စီဆို ဘယ်လိုလဲ"

မန်ဂေက အရမ်းကို စိတ်အားထက်သန်လို့ နေပါတယ်။ သူမက ဆက်ပြောလိုက်တယ်။

"နင်က အစွမ်းထက်တယ် ဆိုပေမဲ့ ငါတို့က ရတနာ သိုလှောင်ခန်းရဲ့ တည်နေရာကို ပြောပေးရမှာလေ။ ဒါကြောင့် ငါးဆယ် ငါးဆယ်စီ ခွဲတာက လောဘကြီးတယ်လို့ သတ်မှတ်လို့ ဘယ်ရမလဲ ဟုတ်တယ်မလား"

လင်းဟာန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"မင်းရဲ့ ဖိတ်ခေါ်မှုကို ငါလက်ခံမှာ မဟုတ်ဘူး"

မန်ဂေက ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အဆင်ပြေပါတယ်။ ခဏလောက် စဉ်းစားပြီးတဲ့နောက်မှာ ငါ့ရဲ့ ဖိတ်ခေါ်မှုကို နင်လက်ခံမယ် ဆိုတာ ငါ့ဘက်က သေချာတယ်"

Edit with WPS Office

သူမက ရယ်မောနေရင်း သူမရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေ ခုန်နေတာကို စိတ်ထဲထားပုံ မပေါ်ပါဘူး။ သူမရဲ့ ရင်သားတွေက သူမရဲ့ ချပ်ဂျက်ကနေ ခုန်ထွက်တော့မဲ့အတိုင်းပါပဲ။

လင်းဟန်ရဲ့ အမူအရာက အလေးအနက် ဖြစ်လာပြီးတော့ သူက မေးလိုက်တယ်။

"အဲဒါက ဘယ်လို ရတနာ သိုလှောင်ခန်းမျိုးလဲ။ စိတ်မရှိဘူးဆိုရင် မင်းငါ့ကို ပြောပြပါလား"

မန်ဂေက ဒီအဖြေကို မျှော်လင့်ထားတဲ့ အတိုင်းပဲ သူမရဲ့ အမူအရာ ပြောင်းသွားပါတယ်။

"အဲဒီနေရာက မှော်ဆေးပညာရှင် တစ်ယောက်ရဲ့ ဘုံဗိမာန်တစ်ခု ဖြစ်နိုင်တယ်။ အဲဒီမှာ မှော်ဆေးလုံးတွေ တောင်ပုံရာပုံရှိတယ်။ နောက်ပြီး ဆေးဖော်စပ်နည်း တချို့တောင် ရှိနိုင်တယ်။ တကယ်လို့ ဆေးဖော်စပ်နည်းတွေကို မိတ္တူကူးနိုင်ခဲ့မယ်ဆိုရင် အဲဒါတွေကို ရောင်းချပြီး အကျိုးအမြတ် အများကြီး

Edit with WPS Office

ရလိမ့်မယ်”

လင်းဟန်ရဲ့ မျက်လုံးတွေ အရောင်တောက်သွားပါတယ်။ မှော်ဆေးပညာရှင်ဆိုတဲ့ စကားလုံးက သူ့ကို ညို့ယူဖမ်းစား သွားပါတယ်။

သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

“ကောင်းပြီလေ။ အတူတူ အလုပ်လုပ်တာပေါ့။ မှော်ဆေးလုံးတွေကို အညီအမျှ ခွဲယူကြမယ်။ ပြီးတော့ ငါတို့ရှာတွေ့တဲ့ ဆေးဖော်စပ်နည်းတိုင်းကို မိတ္တူတစ်ခုစီ ကူးကြတာပေါ့”

“သဘောတူတယ်”

မန်ဂေါက သူမရဲ့ လက်ကို ဆန့်ပေးလိုက်ပါတယ်။

လင်းဟန်က သူမလက်ကို အသာအယာ ရိုက်လိုက်ပြီး သူတို့နှစ်ယောက် သဘောတူညီမှု လုပ်လိုက်ပါတယ်။

သူတို့က မှော်ဆေးပညာရှင်ရဲ့ ဘုံဗိမာန်ဆီကို ခရီးထွက်လာခဲ့ ကြပါတယ်။ ဒါပေမဲ့လည်း သူတို့က ညအချိန်မှာ အနားယူဖို့ ဆုံးဖြတ်ထားပါတယ်။ ဒါမှပဲ သူတို့ရဲ့

Edit with WPS Office

ကုန်ခမ်းသွားတဲ့ စွမ်းအင်တွေကို ပြန်လည်ပြည့်ဝစေနိုင်မှာပါ။ ဆံပင်နီ မိန်းမချောလေးနဲ့ သူမရဲ့ အုပ်စုက တကယ်ဆို ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု စောစောကမှ ကြုံတွေ့ခဲ့ကြတာပါ။

Chapter 1177 end

အပိုင်း(1178) တကယ်လို့ ငါနင်နဲ့အတူ အိပ်မယ်ဆိုရင် စိတ်မဆိုးဘူးမလား

စကားစမြည် ပြောပြီးတော့ ဟူဖေးယွင် ထွက်သွားတဲ့နောက်မှာ လင်းဟာန်က စွေ့ရန်ယွီကို ဖက်ပြီးတော့ အနားယူဖို့ ပြင်ဆင်လိုက်ပါတယ်။

တကယ်တော့ အနီးအနားမှာ အပြင်လူတွေ ရှိပါတယ်။ ဒါကြောင့် အနက်ရောင် မျှော်စင်ထဲကို ဝင်ဖို့ဆိုတာက အကြံဆိုးတစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ သူ့ရဲ့ သိုလှောင်နတ်ဘုရားပစ္စည်းရဲ့ လျှို့ဝှက်ချက် ပေါက်ကြားသွား နိုင်ပါတယ်။

ရွက်ဖျင်တဲရဲ့ လိုက်ကာကို ဖယ်ပြီးတော့ မန်ဂေကအထဲကို ဝင်လာခဲ့ပါတယ်။ သူမက တောက်ပတဲ့ အနီရောင်

Edit with WPS Office

ဂုတ်ရိုးရှည် တစ်ထည်ကို ဂုတ်ဆင်ထားပြီး သူမရဲ့ ဆံပင်တွေကို ဖြန့်ချထားတာက ခေါင်းကို လျှော်ထားပုံ ရပါတယ်။ သူမရဲ့ ဆံပင်နီတွေက ရေတံခွန်လို ကျောဘက်မှာ စီးကျနေပြီး ဆွဲမက်ဖွယ်ရာ တစ်မျိုးကောင်းနေပါတယ်။

"ခေါင်းဆောင်မန် အခု အရမ်းကို နောက်ကျနေပြီ။ ဘာကိစ္စရှိလို့ လာတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။ သူ့အသံထဲမှာ အနည်းငယ် ဒေါသထွက်နေတဲ့ အရိပ်အယောင် ပါနေပါတယ်။ မန်ဂေက ဖိတ်ခေါ်ခံရခြင်း မရှိပဲ လာခဲ့ပြီး မဂင်ခင်တောင် ခွင့်မတောင်းခဲ့ပါဘူး။ သူမက အရမ်းကို ခင်မင်ရင်းနှီးနေတဲ့ ပုံစံမျိုး လုပ်နေပါတယ်။

တကယ်လို့ မင်းက အမျိုးသမီး တစ်ယောက် ဖြစ်နေမယ် ပြီးတော့ မိန်းမလှလေး တစ်ယောက် ဖြစ်နေမယ် ဆိုရင်တောင် မင်းလုပ်ချင်သလို လုပ်လို့မရနိုင်ဘူးလေ။

"ကိုယ့်လူတို့ တကယ်လို့ ငါမင်းနဲ့အတူ အိပ်မယ်ဆိုရင်

Edit with WPS Office

စိတ်မဆိုးဘူးမဟုတ်လား”

မန်ဂေက အံ့အားသင့်စရာကောင်းတဲ့ မေးခွန်းတစ်ခုနဲ့ သူတို့ကို မေးလိုက်ပါတယ်။

ဖူး။

လင်းဟာန်က ချက်ချင်းပဲ ကျယ်လောင်စွာနဲ့ တံတွေးသီး သွားပါတယ်။ ကံကောင်းတာက သူနဲ့ စွေ့ရန်ယွီက တချိန်လုံး အတူတကွ နေနေလို့ပါပဲ။ သူနဲ့ မန်ဂေရဲ့ ပတ်သက်မှုအပေါ်မှာ သူမက သေချာပေါက် စိတ်ဆိုးဒေါသထွက်လိမ့်မှာ မဟုတ်ပါဘူး။

စွေ့ရန်ယွီလည်း အံ့အားသင့် သွားပြီးတော့ သူမက မေးလိုက်ပါတယ်။

“အစ်မမန် နင်သောက်ထားတာလား”

မန်ဂေရဲ့ မျက်နှာပေါ်မှာ ပဟေဠိ ဖြစ်သွားတဲ့ပုံစံမျိုး ဖြစ်လာပြီးတော့ သူမက ပြောလိုက်တယ်။

“နင်တို့နှစ်ယောက် ဘာဖြစ်လို့ အံ့သြနေတာလဲ။ အရင်က နင်တို့နှစ်ယောက် ချစ်တင်းနှောတာ မလုပ်ဖူးဘူးလား”

Edit with WPS Office

ဒီအမျိုးသမီးက သူတို့ကို အံ့အားသင့်ပြီး သေအောင်လုပ်ဖို့ ကြိုးစားနေတာလား။

စွေ့ရန်ယွီက အရမ်းကို ရှက်နေပြီးတော့ သူမရဲ့ ခေါင်းကို လင်းဟာန်ရဲ့ ကျောဘက်မှာ နစ်မြုပ်ထားပြီး ဘယ်သူ့ကိုမှ မကြည့်ပုံအောင် ဖြစ်နေပါတယ်။

လင်းဟာန်ကတော့ အရေခွံထူနေတဲ့ လူတစ်ယောက်ဆိုတော့ သူက ပြောလိုက်တယ်။

"ခေါင်းဆောင်မန် မင်းက ဘာပြောဖို့ ကြိုးစားနေတာလဲ"

"ဒီနေ့တစ်နေ့လုံး ငါတိုက်ပွဲဝင်ခဲ့ပြီး ငါ့ရဲ့ အဖွဲ့ဝင်ကောင်းတွေ တော်တော်များများ သေသွားခဲ့တယ်။ အခုချိန်မှာ ငါ့ခံစားချက်တွေ အရမ်းပဲ ကျဆင်းနေတယ်။ ဒါကြောင့် ငါ့ကိုယ်ငါ စိတ်လွှတ်လိုက်ချင်ပြီ"

မန်ပေက ဆွဲမက်ဖွယ်ရာ အကြည့်နဲ့ လင်းဟာန်ကို စိုက်ကြည့်ပြီးတော့ သူမက ဆက်ပြောလိုက် ပါတယ်။

"ငါ့ရဲ့အဖော်တွေနဲ့ ပတ်သက်ပြီး သာမန်ကာလျှံကာ မဟုတ်ဘူးလို့ မတွေးနဲ့။ ငါက ကျောက်စိမ်းလို့

Edit with WPS Office

သန့်စင်အောင် ငါ့ရဲ့ ကိုယ်ကျင့်တရားကို
မစောင့်ထိန်းနိုင်ပေမဲ့ ငါတကယ့်ကို စဥ်းစားဖို့ ထိုက်တန်တဲ့
ယောကျ်ားတွေနဲ့ပဲ ချစ်တင်းနှောတယ်"

ဒါက သာမန်ကာလျှံကာ မဟုတ်ဘူးလား။

စွေ့ရန်ယွီက လုံးဂကို မှင်တက်အံ့ဩ နေပါတယ်။
ဒီအမျိုးသမီးက အရမ်းကို ရဲတင်းလွန်းပါတယ်။

"မင်းရဲ့ အမူအရာတွေက အရမ်းကို ထူးဆန်းလိုက်တာ။
မိန်းမဆိုတာ ယောကျ်ားတွေနဲ့ သူတို့တွေ
လိင်ဆက်ဆံပြီးတာနဲ့ပဲ စိတ်ကျေနပ်မှု ရသွားပြီလို့
ထင်နေတာလား"

မန်ဂေက ရယ်မောပြီးတော့ အပြစ်ဆိုလိုက်ပါတယ်။

"ခံစားချက်တွေ ကောင်းနေသရွေ့တော့ အဆင်ပြေတာပေါ့။
ငါကတော့ ကိုယ်ဂန်ယူလိမ့်မှာ မဟုတ်ဘူး။ ပြီးတော့
ငါတို့နှစ်ယောက်စလုံး ဇာတ်လမ်းဆုံးတဲ့နောက်မှာ
ကိုယ့်လမ်းကို သွားနိုင်တယ်။ ဘယ်သူ ဘယ်သူကမှ
အကြွေးတင်နေတာမျိုး မရှိဘူး"

Edit with WPS Office

ဒါက အမြင်တချို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီကမ္ဘာကြီးထဲမှာ ချောမောလှပတဲ့ အမျိုးသမီးတွေကို မကြာခဏ ကုန်ပစ္စည်းတွေလို ဘယ်နေရာမှာ ဆက်ဆံလို့လဲ။ လူတွေက အမြဲတစေ ယုံကြည်လက်ခံထားတဲ့ အရာဟာ ယောက်ျားတွေက အမျိုးသမီးတွေနဲ့ ချစ်တင်းနှောတဲ့ အချိန်မှာ ပိုပြီးတော့ စိတ်ကျေနပ်အောင် လုပ်ပေးနိုင်တယ်လို့ ယုံကြည်လက်ခံ ထားကြပါတယ်။ အမျိုးသမီးတွေက သေချာပေါက် စိတ်ကျေနပ်မှု နည်းလိမ့်မှာ မဟုတ်ပါဘူး။

လင်းဟန်က တခြားသူတွေရဲ့ ဂါသနာနဲ့ ပတ်သက်ပြီး သူ့အပေါ် သက်ရောက်မှု မရှိသရွေ့ ဂင်ရောက်စွက်ဖက် လိမ့်မှာ မဟုတ်ပါဘူး။

"ခေါင်းဆောင်မန် မင်းဘာသာမင်း မင်းရဲ့ရဲဘော်ရဲဘက်တွေကို ရှာပြီးတော့ မင်းရဲ့စိတ်တွေကို လွှတ်ထုတ်လိုက်တာ ပိုကောင်းမယ်လို့ ငါထင်တယ်"

"ခစ်ခစ် ယုန်တွေက သူတို့ရဲ့ လိုဏ်ခေါင်းထဲကို မြက်ကို မစားဘူး"

Edit with WPS Office

မန်ဂေက သူမရဲ့ လက်ကို ပွေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ယောက်ကျားတစ်ယောက်နဲ့ ငါချစ်တင်းနှောတဲ့ အချိန်ကျရင် ငါတို့က အများဆုံး လဂက်မှာ ဆယ်ရက်လောက် အတူတူ ချစ်တင်းနှောကြတယ်။ အဲဒီနောက် ငါတို့က တစ်ယောက်နဲ့ တစ်ယောက် ဘယ်တော့မှ မတွေ့တော့ဘူး။ ဒါကြောင့် ဘယ်လိုလုပ်ပြီး ငါ့လူတွေနဲ့ ငါက ချစ်တင်းနှောနိုင်မှာလဲ။ ငါက သူတို့နဲ့ ချစ်တင်းနှောပြီးတဲ့ နောက်မှာ ဘယ်လိုလုပ် ငါ့ဘေးမှာ သူတို့ကို ထားရမှာလဲ"

လင်းဟာန်က ဒီစကားကို ကြားလိုက်ရတဲ့ အခါမှာ မျက်နှာရှုံ့မဲ့သွားပါတယ်။ သူ့အနေနဲ့ ဒီလိုအမျိုးသမီး တစ်ယောက်ကို ပထမဆုံးအကြိမ် တွေ့ဆုံဖူးခြင်း ဖြစ်ပြီးတော့ တကယ့်ကို ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားပါတယ်။

"အိုး ငါ့ရဲ့ မိမွေးတိုင်း ဖမွေးတိုင်း အလှကို ကြည့်ချင်လား"

Edit with WPS Office

မန်ဇေက မေးလိုက်ပါတယ်။ သူမက သူမရဲ့ ဂုတ်ရိုးရှည်ကို ချွတ်ချပြီးတော့ သူမရဲ့ ဆွဲမက်ဖွယ်ရာ ဂုတ်လစ်စလစ် ခန္ဓာကိုယ် အလှကို လှစ်ဟပြလိုက်ပါတယ်။

ကြီးမားတဲ့ ရင်သားတွေ၊ ပြားချပ်နေတဲ့ ဂမ်းဗိုက်သား၊ လုံးဂန်းတဲ့ တင်သားတွေနဲ့ ရှည်လျားပြီး ကျစ်လျစ်တဲ့ ပေါင်တံတွေ။ ဒါက တကယ့်ကို အပြစ်အနာအဆာကင်းပြီး ဆွဲဆောင်မှုရှိတဲ့ ခန္ဓာကိုယ် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမရဲ့ ခန္ဓာကိုယ်ပေါ်မှာ အမာရွတ်တွေ တော်တော်များများ ရှိနေပြီး နှစ်ပေါင်းများစွာကတည်းက ကျန်ရှိနေတဲ့ ဒဏ်ရာတွေဆိုတာ ပေါ်လွင်ပါတယ်။ အချိန်တွေ ကြာမြင့်သွားတာတောင် ပျောက်ကွယ်မသွား ခဲ့ပါဘူး။

ဒီအမာရွတ်တွေက သိုင်းအသိဆန္ဒတွေကြောင့် ဖြစ်ပြီးတော့ သူမရဲ့ ဒဏ်ရာတွေကို ပြန်လည်ကုသတဲ့ အချိန်မှာ ကျန်ရစ်နေခဲ့တာကြောင့် ဖြစ်ပေါ်နေရတာပါ။ အဲဒီသိုင်းအသိဆန္ဒတွေ တည်ရှိနေသေးတာကြောင့် သူမရဲ့ ဒဏ်ရာတွေက လုံးဂကို ပျောက်ကင်းနိုင်စွမ်း မရှိခဲ့ပါဘူး။

မန်ဇေလို ရက်ရက်စက်စက်လှတဲ့ မိန်းမလှလေး

Edit with WPS Office

တစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အမာရွတ်တွေ အများကြီး ရှိနေတာကြောင့် အံ့အားသင့် သွားခဲ့ပါတယ်။

မန်ဖေက ဂုဏ်ယူပင့်ကြွားစွာနဲ့ သူမရဲ့ ရင်ဘတ်ကို ပင့်လိုက်ပြီး ယုံကြည်ချက်ရှိစွာနဲ့ ပြောလိုက်တယ်။

"ဘယ်လိုနေလဲ။ ငါ့ရဲ့ခန္ဓာကိုယ်က မလှဘူးလား"

လင်းဟာန်က သူ့လက်ကို ဝှေ့ယမ်းပြီးတော့ ပြောလိုက်တယ်။

"ငါစိတ်မကောင်းပါဘူး။ ဒါပေမဲ့ ငါနဲ့အကျိုးတူ ပူးပေါင်းထားတဲ့ အပေါင်းအသင်းနဲ့အတူတူ ပျော်ပါးတတ်တဲ့ စရိုက်မျိုး ငါ့မှာမရှိဘူး"

သူက လိမ်နေတာ မဟုတ်ပါဘူး။ သူက တကယ်ပဲ တစ်ညတာ ပျော်ပါးဖို့ကို စိတ်မဝင်စားပါဘူး။

လင်းဟာန်က သူ့ကိုယ်သူ မြင့်မြတ်ပြီး တော်ဝင်တဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်လို့တော့ ဘယ်တုန်းကမှ မမြင်ပါဘူး။ ဒါပေမဲ့ သူက ခဏတာ စိတ်ကျေနပ် ပျော်ရွှင်ရဖို့အတွက် တစ်စုံတစ်ယောက်နဲ့ ချစ်တင်းနှောလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

"ဒါဆိုရင် ငါလက်လျှော့လိုက်ရုံပဲ တတ်နိုင်ပြီး နောက်ထပ် အကောင်းဆုံး ရွေးစရာကို လုပ်ရမှာပေါ့"

မန်ဂေက သူမရဲ့ အကြည့်ကို စွေ့ရန်ယွီဘက်ကို ပြောင်းပြီးတော့ ပြောလိုက်တယ်။

"မိန်းကလေး ငါမင်းကို အမျိုးသမီး အချင်းချင်း ဘယ်လိုမျိုး ချစ်တင်းနှောရမလဲ ဆိုတာကို သင်ပေးမယ်။ ငါ့ကိုယုံစမ်းပါ။ ငါ့ရဲ့ နည်းစနစ်တွေက သေချာပေါက် မင်းလူထက် မဆိုးစေရဘူး။ မင်းအနေနဲ့ မယုံနိုင်စရာကောင်းတဲ့ သာယာမှုမျိုးကို ကြုံတွေ့ခံစားရမယ်ဆိုတာ ငါအာမခံ ပါတယ်"

လပြွတ်ပဲ မင်းက ငါ့ရဲ့ မိန်းကလေးကိုတောင် ခိုးယူဖို့ ကြိုးစားနေတာလား။

လင်းဟာန်က အရမ်းကို စိတ်တိုသွားပြီး ချက်ချင်းပဲ မန်ဂေဆီကို လျှောက်လာပြီး လည်ပင်းကို ဖမ်းဆုပ်လိုက်ပါတယ်။

"အိုး ဟိုးဟိုး ငါက ပုံမှန် ချစ်တင်းနှောတာပဲ လက်ခံနိုင်မယ်။

Edit with WPS Office

မင်းက အရမ်းကို ကြမ်းလွန်းတယ်။ ငါဒါမျိုး မကြိုက်ဘူးနော်။ အိုး"

မန်ဂေက ကျယ်လောင်စွာ အော်ဟစ်နေရင်း ရှက်ဖျင်တဲထဲကနေ လင်းဟန်ရဲ့ လွှတ်ထုတ်ခြင်းကို ခံလိုက်ရပါတယ်။ သူမက မြေကြီးပေါ်ကို မှောက်လျက်သား လဲကျသွားပါတယ်။

"ဟားဟား ခေါင်းဆောင် မင်း အငြင်းခံလိုက်ရပြီလား"

"ငါပြောသားပဲ မဟုတ်လား။ သူ့မှာ အသက်ရှုမှားလောက်အောင် ချောမောလှပတဲ့ မိန်းမ နှစ်ယောက်တောင် ရှိနေတာ။ ဘယ်လိုလုပ်ပြီးတော့ ငါတို့ခေါင်းဆောင်ရဲ့ သွေးဆောင် ဖြားယောင်းတာကို ခံရမှာလဲ"

"ဒါပေမဲ့လည်း သူက သူ့တံခါးအရှေ့ထိ ရောက်လာတဲ့ သုံးယောက်တစ်တွဲ ချစ်တင်းနှောရမှာကို ငြင်းပယ်ခဲ့တယ်။ ကြည့်ရတာ သခင်လေးဟန်ရဲ့ အဆင့်အတန်းက အရမ်းကို မြင့်မားလွန်းနေပုံပဲ"

Edit with WPS Office

မန်ဂေရဲ့ နောက်လိုက်ငယ်သားတွေ အားလုံးက အော်ဟစ်ရယ်မော လိုက်ကြပါတယ်။ သူတို့အားလုံး သူတို့ခေါင်းဆောင်ရဲ့ မကောင်းတဲ့ အကျင့်ဆိုးကို ကောင်းကောင်းကြီး သိနေကြပုံ ပေါ်ပါတယ်။

"နင်တို့တွေ ဘာပြောတာလဲ။ ငါက လုံလုံလောက်လောက် ဆွဲဆောင်မှု မရှိဘူးလို့ ပြောချင်တာလား"

မန်ဂေက သူမရဲ့ ဂုတ်ရိုးကို ပြန်ရှုံ့ပြီးတော့ နည်းနည်းလေးမှ မချုပ်တည်းပဲ ပြောလိုက်ပါတယ်။

သူမရဲ့ နောက်လိုက်ငယ်သားတွေ အားလုံးက ကျိတ်ပြီးတော့ တခိခိနဲ့ ရယ်မောနေကြပါတယ်။ သူတို့တွေက မန်ဂေနဲ့အတူ တစ်လျှောက်လုံး တိုက်ပွဲတွေ ဆင်နွှဲလာပြီး တကယ့်ကို ညီအစ်ကို မောင်နှမတွေနဲ့ တူပါတယ်။ ဒါကြောင့် သူတို့က သူမကို အရမ်းမကြောက်တဲ့အပြင် အရမ်းကြီး ရိုသေမှု မရှိပါဘူး။ ဒါပေမဲ့လည်း သူမအတွက်ဆို သူတို့အားလုံးက အသက်တောင် ပေးရဲပါတယ်။

အနည်းဆုံး သူမရဲ့ ခန္ဓာကိုယ်ပေါ်က အမာရွတ်

Edit with WPS Office

တစ်ဂက်လောက်ဟာ သူတို့ကို ကယ်တင်တဲ့ အချိန်တုန်းက ရရှိထားတာတွေ ဖြစ်ပါတယ်။

သူမက ဆက်ပြီးတော့ ကျိန်ဆဲနေပြီး သူမရဲ့ ခံစားချက်တွေကို ဖွင့်ထုတ်နေပါတယ်။ သူမရဲ့ အလိုဆန္ဒ မပြည့်ဝတာကြောင့် သူမက အရမ်းကို မပျော်မရွှင် ဖြစ်နေပါတယ်။ အတော်ကြာအောင် ကျိန်ဆဲပြီးတဲ့နောက်မှာ သူမက အော်ဟစ်လိုက်ပါတယ်။

"ငါ့ဘာသာငါ့ပဲ ဖြေရှင်းတော့မယ်"

အဲဒီနောက် သူမက ချက်ချင်းပဲ သူမကိုယ်ပိုင် ရွက်ဖျင်တဲဆီကို ပြန်သွားခဲ့ပါတယ်။

စွေ့ရန်ယွီရဲ့ မျက်နှာက ရက်သွေးနဲ့ နီမြန်းနေပြီး လင်းဟာန်ရဲ့ ရင်ခွင်ထဲမှာ နစ်မြုပ်ထားရင်း တီးတိုးပြောလိုက်ပါတယ်။

"ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး လူတွေ ရှိနေနိုင်တာလဲ"

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"မန်ဂေကို ယောက်ျားတစ်ယောက်လို့ မင်းပြောဦးမလို့လား"

Edit with WPS Office

စွေ့ရန်ယွီက ခဏလောက် စဉ်းစားပြီးတော့ ပြန်ဖြေလိုက်တယ်။

"ဒါက ပုံမှန်တစ်ခုလို့ မြင်လိုက်ရင် အရမ်းကြီး အံ့သြစရာတော့ ဖြစ်လိမ့်မှာ မဟုတ်ဘူးထင်တယ်"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဟုတ်တယ်။ ဒီလိုမျိုး အမူအကျင့်က ယောက်ျားတွေ အတွက်တော့ သာမန်လို့ မှတ်ယူနိုင်ပေမဲ့ အမျိုးသမီးတွေကျတော့ လိုက်လုပ်ဖို့ဆိုတာ အပြစ်တင်ဝေဖန် ခံရလိမ့်မယ်"

စွေ့ရန်ယွီရဲ့ အမြင်က အလျင်အမြန်နဲ့ မပြောင်းလဲနိုင်သေးပါဘူး။ သူမက ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုမျိုး အမူအကျင့်ကို ငါလက်မခံနိုင်ဘူး"

"ဒါပေါ့။ မင်းမှာ အပြစ်အနာအဆာကင်းတဲ့ ယောကျာ်းဖြစ်တဲ့ ငါတစ်ယောက်လုံး ရှိနေတာပဲ။ ဒါကြောင့် ဘယ်လိုလုပ် တခြားယောက်ျားကို ရှာနိုင်မှာလဲ"

Edit with WPS Office

လင်းဟန်က ပြုံးပြီးတော့ သူမကို ဆွဲပွေ့ကာ ကုတင်ပေါ် လှဲလိုက်ပြီး သူမရဲ့ အလှအပနဲ့ နွေးထွေးမှုကို မြိန်ရေယှက်ရေ ခံစားလိုက်ပါတယ်။

နောက်တစ်နေ့ မနက်မှာ သူတို့က မော်ဆေးပညာရှင်ရဲ့ ဘုံဗိမာန်ဆီကို ခရီးဆက်ထွက် လာခဲ့ ကြပါတယ်။

မနေ့ညက ကို့ရိုးကားရား အခြေအနေ တစ်ခု တွေ့ကြုံခဲ့ကြပေမဲ့ မန်ဂေကို ကြည့်ရတာ စိတ်ထဲထားပုံ မပေါ်ပါဘူး။ သူမက တကယ့်ကို အရေခွံထူတဲ့ အမျိုးသမီးပဲ ဖြစ်ပါတယ်။ သူမပုံစံက မရင်းနှီးတဲ့ ယောက်ျားတစ်ယောက် အရှေ့ကို ပြေးပြီးတော့ ဂတ်လစ်စလစ် ချွတ်ပြပြီး ချစ်တင်းနှောဖို့ တောင်းဆိုတဲ့ လူတစ်ယောက်နဲ့ နည်းနည်းမှတောင် မတူတော့ပါဘူး။

မန်ဂေက မရှက်ပေမဲ့ စွေ့ရန်ယွီရဲ့ မျက်နှာကတော့ သူမကို မြင်လိုက်တိုင်း နီရဲသွားခဲ့ပါတယ်။ ဒီပွင့်လင်းပြီး ရဲတင်းတဲ့ အမျိုးသမီးရဲ့ မရပ်မနား စနောက်ကျီစယ်မှုကို ခံနေရပါတယ်။

Edit with WPS Office

သူတို့က စမ်းချောင်းငါကနေ အရမ်းကို ဝေးကွာတဲ့ နေရာဆီကို စွန့်စားထွက်လာခဲ့ ကြပါတယ်။ ရက်တော်တော်ကြာအောင် လျှောက်လာပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ အရှေ့မှာ စံအိမ်လေး တစ်ခု ပေါ်လာခဲ့ပါတယ်။

"သတိထား"

မန်ဂေက သတိပေးလိုက်ပါတယ်။

"ပြီးခဲ့တဲ့တစ်ခေါက် ငါတို့တွေ ရောက်လာတုန်းက ဒီနေရာမှာ မှိုစွာသားရဲ တစ်အုပ်နဲ့ ကြုံခဲ့ရတယ်။ ငါတို့ရဲ့ ချပ်ဂတ်တန်ဆာတွေကို စွန့်လွှတ်ပြီးတော့ နောက်ဆုတ်သွားအောင် ဖိအားပေး ခဲ့ရတယ်။ နောက်ဆုံး အရမ်းကို သေးငယ်တဲ့ နေရာတစ်ခုလောက်ထိပဲ ငါတို့တွေ လှေ့လာစူးစမ်းနိုင်ခဲ့တယ်"

လင်းဟာန်က အနည်းငယ် ပဟေဠိ ဖြစ်သွားပြီးတော့ မေးလိုက်ပါတယ်။

"တကယ်လို့ မင်းတို့တွေ နောက်ဆုံးအကြိမ်တုန်းက

Edit with WPS Office

အတွင်းပိုင်းထိ လေ့လာစူးစမ်းနိုင်ခြင်း မရှိခဲ့ဘူးဆိုရင် ဘယ်လိုလုပ်ပြီး မှော်ဆေးလုံးတွေ ရှိတာကို သိနေတာလဲ"

Chapter 1178 end

အပိုင်း(1179) ကျားတွေနဲ့ တိုက်ပွဲဖြစ်ခြင်း

"ခစ်ခစ်"

မန်ဖေရဲ့ မျက်နှာပေါ်မှာ ကိုယ့်ကိုကိုယ် ဟုတ်လှပြီဆိုပြီး ဘဝင်ခိုက်နေတဲ့ အပြုံးမျိုး ဖြစ်ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"ငါက ထူးခြားတဲ့ နည်းစနစ် တစ်ခုကို လေ့ကျင့်ထားတယ်။ အဲဒီနည်းစနစ် အစွမ်းက ငါ့ရဲ့ နတ်ဘုရား အာရုံ အမျှင်တစ်ခုကို ထုတ်လို့ရတယ်။ အဲဒီနတ်ဘုရား အာရုံက အကွာအဝေး တစ်ခုအတွင်း လွတ်လွတ်လပ်လပ် စိတ်ကြိုက်သွားလာနိုင်တယ်။ သာမန်အတားအဆီးတွေက အဲဒါကို ရပ်တန့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

လင်းဟန်က သူမကို မျက်စိတစ်ချက် ပေ့ကြည့်လိုက်မိပါတယ်။ ဒီကျင့်ကြံခြင်း နည်းစနစ်က

Edit with WPS Office

အတော်လေး အသုံးဝင်ပုံ ရပါတယ်။ ဘာမှမသိတဲ့ နေရာတစ်ခုကို လေ့လာစူးစမ်းတဲ့ အခါမှာ သူတို့ကိုယ်သူတို့ အန္တရာယ်နဲ့ မကြုံရအောင် လုပ်ပေးနိုင်ပါတယ်။

"ဒါဆို အခုလက်ရှိအခြေအနေကို စစ်ဆေးနိုင်လား"

သူက မေးလိုက်တယ်။

မန်ဂေက ခေါင်းညိတ်ပြပြီးတော့ သူမရဲ့ မျက်လုံးတွေကို မှိတ်လိုက်ပါတယ်။ သူမပုံစံက ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်သွားပါတယ်။

ဟင်။

မန်ဂေရဲ့ ခန္ဓာကိုယ်ထဲက တစ်စုံတစ်ခု ထွက်သွားတာကို လင်းဟန်က အာရုံခံလိုက်မိပါတယ်။ အဲဒါက မမြင်နိုင်သလို ပုံသဏ္ဍာန်လည်း မရှိပါဘူး။ ဒါကြောင့် လူတစ်ယောက်က အဲဒါကို မမြင်ရသလို ထိလို့လည်း မရပါဘူး။ အဲဒါက လူတစ်ယောက်ရဲ့ နတ်ဘုရား အာရုံနဲ့ပဲ စုံစမ်းလို့ ရနိုင်ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ အဲဒါကို အာရုံခံချင်ရင် အရမ်းကို နီးကပ်နေမှ ဖြစ်နိုင်ပါလိမ့်မယ်။

Edit with WPS Office

တကယ်လို့ သူတို့က အနည်းငယ် ကွာဝေးနေမယ်ဆိုရင် ဘာကိုမှ အာရုံခံနိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

အတော်ကြာပြီးတဲ့နောက် မန်ဂေက ရုတ်တရက် သူမရဲ့ မျက်လုံးတွေကို ဖွင့်လိုက်ပြီးတော့ ပြောတယ်။

"ငါထင်ထားတဲ့ အတိုင်းပဲ။ အထဲမှာ မိစ္ဆာသားရဲကောင်တွေ ရှိနေတယ်။ သူတို့ထဲက တစ်ကောင်ရဲ့ မျက်လုံးတွေကို ငါဒက်ရာရအောင် လုပ်ခဲ့တယ်။ ပြီးတော့ အဲဒီတိုက်ပွဲက အရမ်းကို ပြင်းထန်တယ်ဆိုတာကို ငါမှတ်မိနေဆဲပဲ"

"သူတို့က ဘယ်ကျင့်ကြံခြင်း အဆင့်မှာရှိလဲ"

လင်းဟာန်က မေးလိုက်တယ်။

"အများစုက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိပြီး သူတို့ထဲက အနည်းငယ်ပဲ ပြင်းထန် အဆင့်မြင့်မှာ ရှိတယ်"

မန်ဂေက ပြန်ဖြေလိုက်တယ်။ အဲဒီနောက် သူမက လင်းဟာန်ရဲ့ ပခုံးကို ပုတ်ပြီးတော့ ပြောလိုက်တယ်။

"အရင်တုန်းက ငါတို့ရဲ့ တစ်ခုတည်းသော ရွေးချယ်စရာက

Edit with WPS Office

ပြေးဖို့ပဲ။ ဒါပေမဲ့လည်း အခု ဒီနေရာမှာ နင်ရှိနေပြီ ဆိုမှတော့ သွား အဲဒီမိစ္ဆာသားရဲတွေကို အမြစ်ဖြုတ် သုတ်သင်လိုက်"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းက ငါ့ကို မင်းရဲ့ လက်အောက်ငယ်သားလို ဆက်ဆံနေတာလား"

တကယ်လို့ မိစ္ဆာသားရဲကောင်တွေက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာပဲ ရှိနေတယ်ဆိုရင် မကြောက်ပါဘူး။ ဒါပေမဲ့လည်း သူကြောက်တာက နေလအဆင့် တချို့တွေ ရှိနေမှာကို ဖြစ်ပါတယ်။ တကယ်လို့ အဲဒီလိုသာဆိုရင် သူ့ရဲ့ တစ်ခုတည်းသော ရွေးချယ်စရာက ထွက်ပြေးခြင်းပဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း ဒီနေရာမှာ မော်ဆေးပညာရှင် တစ်ယောက်ရဲ့ အမွေအနှစ် ရှိနေတယ်ဆိုတော့ စွန့်စားဖို့ ထိုက်တန်ပါတယ်။

ထန်။

သူက ခြေထောက်နဲ့ တစ်ချက်ကန်ပြီးတော့ စံအိမ်ရဲ့ ဂိတ်တံခါးကို လွင့်ထွက်သွားစေ ခဲ့ပါတယ်။ အဲဒီနောက်သူက

Edit with WPS Office

အထဲကို တရကြမ်းတိုးဝင် သွားလိုက်ပါတယ်။

သူက ဥယျာဉ်တစ်ခုထဲကို ရောက်လာခဲ့ပါတယ်။ ဒီဥယျာဉ်က စွန့်ပစ်ထားတဲ့ အတွက်ကြောင့် ပျက်စီးနေပါပြီ။ မြေကြီးပေါ်မှာတော့ မိစ္ဆာသားရဲ သုံးကောင်က လှဲလျောင်းပြီး အနားယူ နေပါတယ်။ သူတို့ကို ကြည့်ရတာ ကျားတွေနဲ့ အလားသဏ္ဍာန် တူပြီးတော့ သူတို့ရဲ့ နဖူးပေါ်မှာ ငွေရောင်ဦးချို တစ်ချောင်း ရှိနေပါတယ်။

မိစ္ဆာသားရဲ သုံးကောင်က ဆူဆူညံညံ အသံကြောင့် ကုန်းထလာခဲ့ပါတယ်။

"နောက်ထပ်လူသား တစ်ယောက် ရောက်လာပြီ"

"ဟားဟား နောက်ဆုံးတော့ ငါတို့မှာ စားစရာတစ်ခုခု ရှိလာပြီပေါ့"

"ကျင့်ကြံသူတွေရဲ့ အသက်ဓာတ် အဆီအနှစ်က အရမ်းကို အာဟာရ ရှိတာပဲ။ တကယ်လို့ လူသား တစ်ယောက်ကို ငါတို့တွေ စားမယ်ဆိုရင် ငါတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က မြင့်ကောင်း မြင့်သွားနိုင်တယ်"

Edit with WPS Office

"ဒါက မဖြစ်နိုင်ဘူး။ တကယ်လို့ မင်းက နေလအဆင့် လူသားတစ်ယောက်ကို မစားနိုင်ဘူးဆိုရင် ဖြစ်လာမယ် မထင်ဘူး။ ဒါပေမဲ့လည်း သူတို့အားလုံးက သရေစာအဖြစ်စားဖို့ အရမ်းကို ကောင်းတယ်။ ငါ လူသားတွေရဲ့ အသားကို မစားရတာ အတော်ကို ကြာနေပြီ။ အိုး ငါ လူသား အသားကိုတောင် လွမ်းလာပြီ"

မို့စ္စာသားရဲ သုံးကောင်က တစ်ကောင်နဲ့ တစ်ကောင် စကားစမြည် ပြောဆိုနေ ကြပါတယ်။ သူတို့တွေက တန်ခိုးရှင် အဆင့်ကို ရောက်နေကြပြီ ဖြစ်တာကြောင့် လူသားဘာသာ စကားကို ပြောဆိုနိုင်တာ သဘာဝပါပဲ။ ဒါကြောင့် သူတို့က လူသားပုံစံ အဖြစ်တောင် သူတို့လိုချင်ရင် ပြောင်းလဲနိုင်ပါတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ငါလည်း မို့စ္စာသားရဲ အသားတချို့ကို လွမ်းနေပြီ။ ငါအရသာ မခံရတောင် အတော်ကြာနေပြီ"

"ဘယ်လောက် ကြွစောင်းစောင်းနိုင်တဲ့

Edit with WPS Office

လူသားတစ်ယောက်လဲ”

“သူ့ကိုသတ်”

မို့စ္စာသားရဲ့ သုံးကောင်က ကျယ်လောင်စွာ ဟိန်းပြီးတော့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် လာကြပါတယ်။

ဒီမို့စ္စာသားရဲ့ သုံးကောင်လုံးက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေကြပြီး သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က အတော်လေးကို အံ့အားသင့်စရာ ကောင်းပါတယ်။ နောက်ပြီးတော့ မို့စ္စာသားရဲကောင်တွေက လူသားကျင့်ကြံသူတွေထက် အားသာတဲ့ အမွေအနှစ်တစ်ခု ရှိနေပြီး သူတို့အတွက်တော့ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ထက် တိုက်ပွဲစွမ်းရည် ကြယ်တစ်ပွင့် သာလွန်တာက ပုံမှန်လို ဖြစ်နေပါတယ်။

ရှပ် ရှပ် ရှပ်။

မို့စ္စာသားရဲ့ သုံးကောင်က ခုန်ဝင်လာပြီး သူတို့ရဲ့ ကြီးမားတဲ့ ပုံသဏ္ဍာန်ကြီးတွေက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ပိတ်ကွယ်လိုက် သလိုပါပဲ။

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ လက်ချောင်းတစ်ချောင်းကို သာမန်ကာလျှံကာ တောက်လိုက်ပါတယ်။

ပုန်း ပုန်း ပုန်း။

ဓားအလင်းတန်း သုံးခု ထွက်ပေါ်လာပြီး မိစ္ဆာသားရဲတွေကို နှစ်ပိုင်းပြတ်ထွက် သွားစေခဲ့ပါတယ်။ သူတို့အတွက် သေခြင်းတရားကလွဲပြီး ဘာမှမရှိပါဘူး။

မန်ဝေနဲ့ သူမရဲ့ ကြေးစားအုပ်စုက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်းမှာရှိတဲ့ လူမိုက်နှစ်ဆယ့် လေးယောက်ကို တစ်ချက်တည်း သတ်ခဲ့တဲ့ မြင်ကွင်းကို မြင်တွေ့ဖူးတာကြောင့် သူတို့ရဲ့ စိတ်ကို ပြင်ဆင်ထားကြပါတယ်။ ဒါပေမဲ့လည်း အစွမ်းထက်တဲ့ မိစ္ဆာသားရဲ သုံးကောင်ကို လက်ချောင်းလေး တစ်ချောင်းထဲနဲ့ အပိုင်းပိုင်း ပြတ်ထွက်သွားစေတာကို ကြည့်ပြီးတော့ အံ့အားသင့် နေကြဆဲပါပဲ။

သောက်ကျိုးနည်း။ တောင်မြစ်အဆင့် ကျင့်ကြံသူတွေက

Edit with WPS Office

တကယ်ပဲ ဒီလောက်ထိ အစွမ်းထက် နိုင်သလား။

အဲ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တစ်ယောက်က ထင်ထားတဲ့ အတိုင်းပါပဲလား။

လင်းဟန်က လျှောက်လာပြီး မို့စွာသားရဲ သုံးကောင်ရဲ့ အလောင်းတွေကို သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းလိုက်ပါတယ်။ အဆင့်မြင့် မို့စွာသားရဲကောင်တွေရဲ့ ခန္ဓာကိုယ်က ရတနာနဲ့ ပြည့်နေပါတယ်။ သူတို့ရဲ့ စိတ်ဂိညာဉ် အသားတွေက ပိုပြီးတော့တောင် အာဟာရ ပြည့်ဝ စေပါတယ်။ ဒါကြောင့် ခန္ဓာကိုယ် ကျင့်စဉ်ကို ကျင့်ကြံအားထုတ်တဲ့ ကျင့်ကြံသူတွေအတွက် ကြီးမားတဲ့ အကျိုးအမြတ်ကို ဖြစ်စေပါတယ်။

"ဂါး"

စံအိမ်ထဲကနေ ပိုများတဲ့ မို့စွာသားရဲတွေ ထွက်လာပြီး မြေပြင်ပေါ်က သွေးအိုင်တွေကို တွေ့သွားကာ သူတို့ရဲ့ အပေါင်းအဖော်တွေ ပျောက်နေတာကို သတိပြုမိပြီးတော့

Edit with WPS Office

သူတို့အားလုံး ဒေါသတကြီးနဲ့ ရှိုင်းစိုင်းလာခဲ့ ကြပါတယ်။

ဦးချိုနဲ့ ကျားတစ်ကောင်က အရှေ့ကို ထွက်လာပြီးတော့ ပြောလိုက်တယ်။

"လူသား ငါတို့ရဲ့ အပေါင်းအသင်းတွေ ဘယ်ရောက်သွားလဲ"

"သူတို့က ငါ့ကို စားချင်ကြတယ်။ နောက်ဆုံးတော့ ငါ့ရဲ့ သတ်ဖြတ်ခြင်းကို ခံရပြီး အဆုံးသတ် သွားကြပြီ"

လင်းဟာန်က ရယ်ရယ်မောမောနဲ့ ပြောလိုက်တယ်။

မိစ္ဆာသားရဲတွေက ချက်ချင်းပဲ ဒေါသတွေ ထွက်ပြီးတော့ ဂရုန်းသုန်းကား ဖြစ်ကုန်ပါတယ်။ သူတို့အားလုံးက လင်းဟာန်ကို ခုန်အုပ်ပြီး သေအောင်လို့ ကိုက်သတ်ပစ်ချင်နေကြပါတယ်။

ဒါပေမဲ့ ဦးချိုနဲ့ကျားက အသံတိုးတိုး ဟိန်းဟောက်ပြီးတော့ တခြားမိစ္ဆာသားရဲတွေ တစ်ဟုန်ထိုး ပြေးဝင်မှာကို တားဆီးလိုက်ပါတယ်။ အဲဒီနောက် လင်းဟာန်ဘက်ကို ပြန်လှည့်ပြီးတော့ ပြောလိုက်တယ်။

"လူသား ငါတို့အကြားမှာ မုန်းတီးမှုတွေ မရှိဘူး။ ဘာဖြစ်လို့

Edit with WPS Office

ငါတို့ပိုင်နက်ကို လာပြီးတော့ ငါတို့ရဲ့ အပေါင်းအသင်းတွေကို သတ်ပစ်တာလဲ”

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

“မင်းက ဒီမေးခွန်းကို မေးတဲ့အတွက် ငါနည်းနည်းလေး ရှက်သလိုတောင် ခံစားရတယ်။ ဒါက လူသားပိုင်နက်ပဲ။ ဒါကြောင့် ဘာဖြစ်လို့ မင်းတို့ မိစ္ဆာသားရဲတွေက သိမ်းပိုက်ထားတာလဲ။ တကယ်လို့ ငါတို့တွေ စစ်မေးမယ်ဆိုရင် တကယ်တမ်း မေးရမဲ့လူက ငါပဲ ဖြစ်သင့်တယ်လေ။ ဒါကြောင့် ဘာဖြစ်လို့ မင်းတို့ မိစ္ဆာသားရဲတွေ ဒီနေရာပေါ်မှာ နေနေတာလဲ”

ဦးချိုကျားက ပြောစရာစကား ကင်းမဲ့သွားပါတယ်။ သူက ဒီမေးခွန်းကို မေးပြီးတော့ လင်းဟန်ရဲ့ စိတ်ကို ဖိအားပေးတာပဲ ဖြစ်ပါတယ်။ လူသားတချို့က စိတ်ပိုင်းဆိုင်ရာ အားနည်းပြီး ဒီလိုမျိုး ဟန်ပန်အမူအရာနဲ့ မေးခွန်းမေးလိုက်တဲ့ အချိန်မှာ သူတို့ရဲ့ စိတ်အားတက်ကြွမှုတွေ ဆုတ်ယုတ် သွားပါလိမ့်မယ်။

Edit with WPS Office

ဘယ်လိုပဲဖြစ်ဖြစ် သူက ဒီလူသားတွေနဲ့ ရင်ဆိုင်တိုက်ခိုက်လိုခြင်း မရှိပါဘူး။ သူတို့ရဲ့ အပေါင်းအသင်း သုံးယောက်က အရမ်းကို လျင်မြန်စွာနဲ့ ပျောက်ကွယ်သွားပါတယ်။ ဒါကိုကြည့်ခြင်းဖြင့် ဒီလူသားက အရမ်းကို အစွမ်းထက်တယ် ဆိုတာကို ပေါ်လွင်စေပါတယ်။ သူတို့တွေ မတိုက်ခိုက်ဘူးဆိုရင် အကောင်းဆုံးပဲ ဖြစ်ပါတယ်။

သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို ရောက်ပြီးတဲ့နောက်မှာ ဒီမိစ္ဆာသားရဲတွေကလည်း လူသားတွေနဲ့ အရမ်းကို တူညီလာပါတယ်။ သူတို့အားလုံး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ တာအိုအတွက် ကြိုးပမ်းကြပါတယ်။

"အစ်ကိုကြီး ဘာဖြစ်လို့ သူနဲ့ အဓိပ္ပါယ်မရှိတဲ့ စကားတွေ အများကြီး ပြောနေသေးတာလဲ"

နောက်ထပ်ဦးချိုကျား တစ်ကောင်က အထင်သေးစွာနဲ့ မေးလိုက်ပါတယ်။

"ငါတို့ကျားတွေ အများကြီး ရှိနေတာပဲ။ ဒါကြောင့်

Edit with WPS Office

လူသားနည်းနည်းလေးကို ကြောက်နေစရာ လိုလို့လား”

ဒီလို့ပုက်ဆန်းကြယ်ဘုံက အရင်ကတည်းက အကြိမ်တော်တော်များများ ပွင့်ခဲ့ဖူးပါတယ်။ သူတို့ကလည်း မရေမတွက်နိုင်တဲ့ လူသားတွေကို စားဖူးပါတယ်။ သူတို့ရဲ့ စိတ်ထဲမှာ လူသား ကျင့်ကြံသူတွေက အားနည်းကြပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ လူသားတွေကို ကြောက်နေစရာ ရှိသေနေစရာ မလိုပါဘူး။

ခေါင်းဆောင်ဦးချိုကျားက တုံ့ဆိုင်းဆိုင်း ဖြစ်နေပုံ ပေါ်ပါတယ်။ တစ်ဖက်မှာ သူက လင်းဟန်နဲ့ တခြားသူတွေကို လျော့မတွက်ပံ့ပါဘူး။ တစ်ဖက်မှာ သူ့ရဲ့ အတွေ့အကြုံနဲ့ စိတ်သဘောထားက လူသားတွေက အရမ်းကို အစွမ်းထက်တယ်ဆိုတာကို ယုံကြည်ဖို့ မဖြစ်နိုင်ပါဘူး။ သူ့ရဲ့ အတွေးတွေ အငြင်းပွားနေမှုက သူ့ကို မပြတ်မသား တွေဝေစေပါတယ်။

“သေစမ်း”

ဦးချိုကျားက တိုက်မလား မတိုက်ဘူးလား ဝေခွဲမရ

Edit with WPS Office

ဖြစ်နေပေမဲ့ မန်ဂေက သူမရဲ့ ဆေဘာဓားကို ဆွဲထုတ်ပြီးတော့ သူတို့ဆီကို တစ်ဟုန်ထိုး ပြေးဝင်လိုက်ပါတယ်။

"ခေါင်းဆောင်"

သူမရဲ့ နောက်လိုက်ငယ်သားတွေက အလျင်အမြန်ပဲ သူမရဲ့ အနောက်ကနေ တစ်ဟုန်ထိုး လိုက်လာခဲ့ပါတယ်။ တကယ်လို့ သူမက ဦးချိုကျားတွေ အထဲမှာ ပိတ်မိသွားရင် သူမက တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းမှာ ရှိနေရင်တောင် သေချာပေါက် အစိတ်စိတ် အပိုင်းပိုင်း စုတ်ဖြဲခံလိုက်ရပါလိမ့်မယ်။

"ဟားဟား မင်းပဲ"

ဦးချိုကျားတွေထဲက တစ်ကောင်က အေးစက်စွာနဲ့ သရော်ပြုံးပြုံးကာ ပြောလိုက်တယ်။ သူ့မျက်လုံးရဲ့ ထောင့်နားမှာ အမာရွတ်တစ်ခု ရှိနေပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာက မန်ဂေချန်ထားခဲ့တာ ဖြစ်ပါတယ်။ သူက ဒီတစ်ချိန်လုံး အမုန်းတရားတွေနဲ့အတူ လက်စားချေဖို့

Edit with WPS Office

ဆာလောင်မွတ်သိပ်မှုတွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အခုလက်စားပြန်ချေဖို့ အခွင့်အရေး ရလိမ့်မယ်လို့ ဘယ်သူက တွေးမိမှာလဲ။

သူက ပထမဆုံး ခုန်ဝင်လာတဲ့ ဦးချိုကျား ဖြစ်ပါတယ်။

ကျားအုပ်ကြီးက ဒါကိုမြင်တော့ ဟိန်းဟောက်လိုက်ပြီး သူတို့အားလုံး မန်ဂေနဲ့ သူ့မရဲ့ အပေါင်းအဖော်တွေ ဆီကို ခုန်ဝင်လာခဲ့ပါတယ်။

ဦးဆောင်သူ ဦးချိုကျားလည်း ရွေးချယ်စရာ မရှိပဲ ဟိန်းဟောက်ကာ တစ်ဟုန်ထိုး ပြေးဝင်လာပါတယ်။

"သူတို့ကို သတ်၊ သူတို့ကို သတ်ပစ်"

ဟူဖေးယွင်က စွေ့ရန်ယွီရဲ့ အနောက်မှာ ကွယ်ပြီးတော့ အော်ဟစ်နေပါတယ်။ သူမက စိတ်လှုပ်ရှားမှုနဲ့ တိုက်ပွဲကို ခွဲခြားထားပြီး သေရမှာကို အထူးတလည် ကြောက်နေပုံ ရပါတယ်။ ဒါကြောင့် သူမက တခြားသူတွေ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေချိန်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို အနောက်မှာပဲ ရပ်နေပါလိမ့်မယ်။

Edit with WPS Office

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ပြီးတော့ သူက သူမကို ဖိအားပေးပြီးတော့ တိုက်ပွဲဝင် ခိုင်းမဲ့ ပုံစံမျိုး မရှိခဲ့ပါဘူး။

မိုးရေကောရာဇ်နဲ့ တခြားသူတွေက တိုးတက်ဖို့အတွက် တိုက်ပွဲတွေ တိုက်ခိုက်ဖို့ လိုအပ်ပါတယ်။ ဟူဖေးယွင်ရဲ့ အခြေအနေကတော့ အတော်လေး ရှားပါတယ်။ သူမလိုအပ်တာက သူမရဲ့ ကျင့်ကြံခြင်း အဆင့်ကို မြှင့်တင်ဖို့ပါပဲ။ သူမက အဲဒီလိုလုပ်ရင် ဧကရီ ဘုရင်မရဲ့ စိတ်စွမ်းအားက ဖြည်းညှင်းစွာနဲ့ နိုးထလာပါလိမ့်မယ်။ ပြီးတော့ သူမကို ပိုမြင့်တဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုကို ရောက်ဖို့ လမ်းညွှန်ပေးပါလိမ့်မယ်။

ဒါကြောင့် သူမက တိုက်ပွဲထဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ မလိုပါဘူး။ ဧကရီ ဘုရင်မရဲ့ စိတ်စွမ်းအား ရှိနေတာက အဲဒီအတွေ့အကြုံ ရနေပြီလို့ ဆိုလိုပါတယ်။

အဲဒီအချိန် စွေ့ရန်ယွီကို ကြည့်ရတာ အရမ်းကို စိတ်ပါဝင်စားနေပုံ ရပါတယ်။ သူမက သူမရဲ့ ဓားကို ဆွဲထုတ်ပြီးတော့ ဦးချိုကျားတွေဆီကို တစ်ဟုန်ထိုး

Edit with WPS Office

ပြေးဝင်သွားပါတယ်။ သူမက တိုက်ပွဲမှာ မကူညီနိုင်တဲ့ မိန်းမလှတစ်ယောက် မဖြစ်ချင်ပါဘူး။ သူမကလည်း သူမရဲ့ စွမ်းရည်တွေနဲ့ ထိုက်တန်ကြောင်း သက်သေပြချင်ခဲ့ပါတယ်။

ဒါပေမဲ့ သူမက ဝေတုံးတစ်ယောက် မဟုတ်ပါဘူး။ သူမက ကျားအုပ်ထဲက အားအနည်းဆုံး အဖွဲ့ဝင်ကို ရွေးချယ်လိုက်ပါတယ်။ ဒီဦးချိုကျားက သူမနဲ့ ကျင့်ကြံခြင်း အဆင့်တူကို ပိုင်ဆိုင်ထားပြီး သူတို့နှစ်ယောက်က ချက်ချင်းပဲ ပြင်းထန်တဲ့ တိုက်ပွဲတစ်ခု ဖြစ်လာခဲ့ပါတယ်။

သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူမကို ကာကွယ်ဖို့ပအတွက် တာဝန်ယူပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က နေလအဆင့်ရဲ့ ကနဦးအဆင့်မှာပဲ ရှိတယ်ဆိုပေမဲ့ ဒီလိုမျိုး တိုက်ပွဲ စွမ်းရည်တစ်ခုက ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာတော့ သူတော်စင် တစ်ယောက်နီးပါးပါပဲ။ ဒါကြောင့် လင်းဟန်က အရမ်းကို သက်တောင့်သက်သာ ဖြစ်နေပါတယ်။

ဒါပေမဲ့လည်း သတ်ဖြတ်သူ နတ်ဆိုး ကေရာဇ်က သူ့ရဲ့ စွမ်းအားကို အကြောင်းမဲ့ သက်သက်တော့ မသုံးရဲပါဘူး။

Edit with WPS Office

ဒီနေရာက တားမြစ်မှုတွေက သူ့ကို ပစ်မှတ်ထားနိုင်ပါတယ်။

လင်းဟာန်နဲ့ သတ်ဖြတ်သူ နတ်ဆိုး ဧကရာဇ်တို့ နှစ်ယောက်စလုံး တိုက်ပွဲထဲကို ဝင်ရောက် တိုက်ခိုက်ခြင်း မရှိခဲ့ပါဘူး။ မန်ဝေနဲ့ တခြားသူတွေက လျင်မြန်စွာနဲ့ အွန္တရာယ်များတဲ့ အခြေအနေ တစ်ခုကို ကျရောက်လာပါတယ်။

Chapter 1179 end.

အပိုင်း(1180) မှော်ဆေးခန်းထဲ ဝင်ရောက်ခြင်း

ဦးဆောင်သူ ဦးချိုကျားက အနည်းငယ် ပဟေဠိ ဖြစ်သွားခဲ့ပါတယ်။

သူက သူ့ရဲ့ ကြမ်းကြုတ်ရက်စက်ခြင်းကို ချုပ်ထိန်းပြီး လင်းဟာန်နဲ့ တခြားသူတွေ ထွက်သွားအောင် အယုံသွင်းဖို့ ကြိုးစားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက သူတို့ရဲ့ ခွန်အားကို စိုးရိမ်ပူပန်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုလက်ရှိ အခြေအနေကို သုံးသပ်ကြည့်ရင် ဒီလူသားတွေက သူတို့သေမင်းကို လာရှာနေတာပါပဲ။

Edit with WPS Office

တိုက်ပွဲထဲ မဝင်သေးတဲ့ လူနှစ်ယောက် ရှိပါတယ်။ ဒါပေမဲ့လည်း လူသား တစ်ယောက်ကတော့ တောင်မြစ်အဆင့်မှာပဲ ရှိတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သူက ဘယ်လောက် အစွမ်းထက်တယ် ဆိုတာကို လျစ်လျူရှုထားရင် သူ့ရဲ့ အမြင့်ဆုံး ကျင့်ကြံခြင်း အဆင့်က တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာပဲ ရှိနိုင်ပါတယ်။ သူ့ကို ရင်ဆိုင်ဖို့ ကျားဆယ်ကောင် တစ်အုပ်ဆို လုံလောက်ပါလိမ့်မယ်။ ကျန်တဲ့တစ်ယောက်ကတော့ ယန္တရားရုပ် တစ်ရုပ်ဖြစ်ပါတယ်။ သူတို့ရဲ့ လွှမ်းမိုးနိုင်မှုက ဒီတိုက်ပွဲပေါ်မှာ ပိုပြီးတော့တောင် အလေးထားစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။

ငါက အရမ်းကို စိုးရိမ်လွန်နေတာပဲလား။

ဦးချိုကျားက လွယ်ကူသလို ခံစားလိုက် မိပါတယ်။ သူတို့က လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်သောင်း အချိန်အတွင်းမှာ မရေမတွက်နိုင်တဲ့ လူသားတွေကို သတ်ဖြတ်စားသောက် ခဲ့ပါတယ်။ ပြီးတော့ သူတို့က နည်းနည်းမှ အခက်အခဲ မဖြစ်စေခဲ့ပါဘူး။ လူသားတွေက တကယ်ပဲ အရမ်းကို

Edit with WPS Office

အားနည်းပါတယ်။

ဒီအကြောင်းကို စဉ်းစားပြီးတော့ သူက ပိုပြီးတော့တောင် စိတ်အေးသွားခဲ့ပါတယ်။ အဲဒီနောက် ကျယ်လောင်စွာ မာန်ဖီပြီးတော့ အော်လိုက်ပါတယ်။

"ညီအစ်ကိုတို့ တိုက်"

ဒါဇင်နဲ့ချီ ကျန်နေတဲ့ ဦးချိုကျားတွေက ပြန်ပြီးတော့ မာန်ဖီလိုက်ပြီး ချက်ချင်းပဲ တိုက်ပွဲထဲကို တစ်ဟုန်ထိုး ပြေးဝင်လာကြပါတယ်။

မန်ဂေနဲ့ တခြားသူတွေက ပိုပြီးတော့တောင် ကျဉ်းထဲကျပ်ထဲ အခြေအနေ တစ်ခုကို ကျရောက်သွားခဲ့ပါတယ်။

"လူချောလေး ငါတို့ကို မြန်မြန် လာကူဦး"

မန်ဂေက အော်ပြောလိုက်ပါတယ်။

"ကောင်လေး ကြည့်ရတာ မင်းက ဒီလူတွေရဲ့ ခေါင်းဆောင် ဖြစ်ပုံရတယ်"

ကျားတွေကို အုပ်ချုပ်တဲ့ ဦးချိုကျားက ပြောလိုက်တယ်။

Edit with WPS Office

သူက လင်းဟန်ကို စိုက်ကြည့်ပြီးတော့ ဆက်ပြောလိုက်တယ်။

"အရမ်းကောင်းတယ်။ ငါကလည်း ဦးချိုကျားတွေရဲ့ ခေါင်းဆောင်ပဲ။ ဒါကြောင့် ဘုရင် ဘုရင်ချင်း တိုက်ခိုက်ရအောင်"

"သေချာတာပေါ့"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။ သူက ညာဘက်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီးတော့ လက်သီးတစ်လုံး ထိုးလွှတ်လိုက်ပါတယ်။

ဘုန်း။

မူလစွမ်းအင်တွေ ပန်းထွက်လာပြီး စည်းမျဉ်းဥပဒေတွေ မတည်မငြိမ် ပြောင်းလဲလာပြီးတော့ ဖျက်ဆီးခြင်း အလင်းတန်းကြီး တစ်ခု ဖြစ်ပေါ်လာပါတယ်။

ဂုန်း။

နံရံတစ်ခုက ချက်ချင်းပဲ ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန် လက်သီးရဲ့ စွမ်းအားက လုံးဝကို

Edit with WPS Office

မေးမှိန်ပျောက်ကွယ်သွားခဲ့ခြင်း မရှိပါဘူး။

ပုန်း ပုန်း ပုန်း ပုန်း။

ပတ်ပတ်လည် နံရံဆယ့်တစ်ခု ပျက်စီးသွားခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟန် လက်သီးရဲ့ စွမ်းအားက မေးမှိန်သွားပြီလို့ ပြောလို့မရပါဘူး။ သူ့လက်သီးရဲ့ စွမ်းအားက စံအိမ်ရဲ့ အပြင်ဘက်ကို ပန်းထွက်လာပြီး ပျက်စီးစရာ နံရံမကျန်တော့တဲ့အတွက် ဖြစ်ပါတယ်။

အလင်းတန်းက လျင်မြန်စွာနဲ့ သေးငယ်တဲ့ အစက်အပြောက် ဖြစ်သွားပါတယ်။ ဒါပေမဲ့လည်း သူ့ရဲ့ ဖျက်ဆီးခြင်း ဖြတ်သွားတဲ့ လမ်းကြောင်းတစ်လျှောက် နက်ရှိုင်းတဲ့ အက်ကြောင်းတစ်ခု ကျန်ရစ်နေပြီး အလင်းတန်းရဲ့ ဖျက်ဆီးခြင်း စွမ်းအားကို ထုတ်ဖော်ပြသ နေပါတယ်။

တန်ခိုးရှင်ဘုံထဲက ပတ်ဂန်းကျင်က အရမ်းကို တည်ငြိမ်ပြီး တောင်မြစ်အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေ အတွက်တော့ ထိခိုက်ပျက်စီးမှု ပျံ့နှံ့ဖြစ်ပေါ်စေဖို့ အရမ်းကို ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က

Edit with WPS Office

တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်ရှိနေပြီး သူ့ရဲ့ စွမ်းအားက သူ့ကျင့်ကြံခြင်း အဆင့်ထက် ကြယ်ရှစ်ပွင့် ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ ဖျက်ဆီးခြင်း စွမ်းအားက တစ်နေ့ထက်တစ်နေ့ ပိုမိုသန်မာ လာခဲ့ပါတယ်။

ဦးချိုကျားတွေကို ဦးဆောင်တဲ့ ကျားက ရှုံ့မဲ့မဲ့ ဖြစ်သွားပြီး သူ့နဖူးထက်ကနေ အေးစက်စက် ချွေးတွေ စီးကျလာပါတယ်။

"ငါ လွဲသွားတယ်"

လင်းဟန်က သူ့ကိုယ်သူ တီးတိုးပြော လိုက်ပါတယ်။ အဲဒီနောက်သူက စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

"စောစောက မင်းဘာပြောလိုက်တယ်။ မင်းက ငါနဲ့ တိုက်ခိုက်ချင်တာလား။ ဘုရင် ဘုရင်ချင်းလေ"

လပြွတ်ပဲ တိုက်ခိုက်ပေါ့။

ဦးချိုကျားတွေရဲ့ ခေါင်းဆောင်က အော်ဟစ်ငိုပစ်လိုက် ချင်ပါတယ်။ မင်းက ငါ့ကို ကစားနေတာလား။

လင်းဟန်ရဲ့ တိုက်ခိုက်မှုက ကြောက်စရာ

Edit with WPS Office

ကောင်းလွန်းပါတယ်။ တကယ်လို့ ကျားအုပ်တစ်အုပ်လုံး ပူးပေါင်းပြီး ခုခံရင်ဆိုင်မယ် ဆိုရင်တောင် သူတို့တွေ တစ်ချက်တည်းနဲ့ အသတ်ခံလိုက် ရနိုင်ပါတယ်။

နောက်ဆုံးတော့ သူက သတိပြုမိ သွားခဲ့ပါပြီ။ ဒီလူသားတွေက သာမန်ပါပဲ။ ဒီလူက လွဲရင်ပေါ့။

"တိုက်ပွဲကို ရပ်လိုက်။ တိုက်ပွဲကို ရပ်လိုက်"

သူက အလျင်အမြန်ပဲ အော်ဟစ်လိုက်ပါတယ်။

"အရမ်းကို နောက်ကျသွားပြီ"

လင်းဟန်က ပြောလိုက်တယ်။

"ကျားသား တချို့စားဖို့ ငါမစောင့်နိုင်တော့ဘူး"

သူက သူ့လက်ချောင်းကို ဆတ်ခနဲ တောက်လိုက်ပြီး ချက်ချင်းဆိုသလို ဦးချိုကျား ခေါင်းဆောင်ကို အပြီးတိုင် ရှင်းထုတ်လိုက်ပါတယ်။

အစတုန်းက ဦးချိုကျား ခေါင်းဆောင်နဲ့ ခဏတဖြုတ် ဆော့ကစားဖို့ စိတ်ကူးထားပါတယ်။ ဒါပေမဲ့ စံအိမ်ထဲက

Edit with WPS Office

မော်ဆေးလုံးတွေနဲ့ ဆေးဖော်စပ်နည်းတွေ အကြောင်းကို စဉ်းစားလိုက်တဲ့ အခါမှာ သူက အမြန်ဆုံး ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ တကယ်လို့ တိုက်ပွဲကို အချိန်အကြာကြီး ဆွဲထားမယ်ဆိုရင် ဘယ်လိုမမြင်ရတဲ့ အခြေအနေတွေ ဖြစ်လာမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။

ဒီဦးချိုကျားတွေက လူတွေကို သတ်ပြီးတော့ စားခဲ့ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ဘာဖြစ်လို့ သူတို့ကို သနားညှာတာ နေရဦးမှာလဲ။

ဓားချီတွေက ပတ်ဂန်းကျင်ကို ပျံ့နှံ့သွားပြီး လင်းဟာန်ဖြတ်သွားတဲ့ နေရာတိုင်းက ဦးချိုကျားတွေ မြေကြီးပေါ်ကို လဲကျသေဆုံး သွားပါတယ်။ တချိန်တည်းမှာပဲ သူက သူတို့ရဲ့ အလောင်းတွေကို သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းလိုက်ပါတယ်။ ဒါကသူ့ရဲ့ တိုက်ပွဲအောင်ပွဲ ဆုလာဘ် ဖြစ်ပါတယ်။ ဒါပေါ့ သူ့အနေနဲ့ မန်ဂေနဲ့ တခြားသူတွေနဲ့အတူ ဝေမျှနေစရာ မလိုပါဘူး။

"ဒီလောက် လွယ်တယ်ပေါ့။ လူတစ်ယောက်ရဲ့

Edit with WPS Office

ကျောပေါ်ကနေ လိုက်စီးသွားရတာ အရမ်းကို ကောင်းမွန်တဲ့ ခံစားချက်ပဲ”

မန်ဖေနဲ့ တခြားသူတွေက အံ့အားသင့် နေကြပါတယ်။

အစတုန်းက သူတို့တွေ တွေးထားတာက ပြင်းထန်ပြီး အန္တရာယ်များတဲ့ တိုက်ပွဲတစ်ခုကို ဆင်နွဲရမယ်လို့ တွေးထားခဲ့ပါတယ်။ ဒါပေမဲ့လည်း တိုက်ပွဲက အရမ်းကို ရိုးရှင်းပြီး သက်တောင့် သက်သာနဲ့ အဆုံးသတ်သွားခဲ့ပါတယ်။

မန်ဖေက သူတို့ကို ဦးဆောင်ပြီးတော့ စံအိမ်ရဲ့ အတွင်းပိုင်းကို ဝင်လာခဲ့ပါတယ်။ ဒီနေရာမှာ လျှို့ဝှက်ခန်းတစ်ခု ရှိပါတယ်။ ပြီးတော့ အဲဒီလျှို့ဝှက်ခန်းကို အတားအဆီးတွေနဲ့ ကာကွယ်ထား ပါတယ်။

“လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာတုန်းက ဒီနေရာကို ငါတို့တွေ ရှာတွေ့ခဲ့တဲ့ အချိန်မှာ အတားအဆီးတွေ တော်တော်များများက အကောင်းအတိုင်း ရှိနေတယ်”

မန်ဖေက ပြောလိုက်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာက

Edit with WPS Office

ဒီနေရာကို သူမရှာတွေ့ခဲ့တဲ့ အချိန်မှာ သူမရဲ့ ပြိုင်ဘက်ကင်း နည်းစနစ်ကို သုံးပြီးတော့ မှော်ဆေးလုံးတွေ ပြည့်နေတာကို ရှာတွေ့ခဲ့ ပါတယ်။

"ဒီကျားအုပ်က ဒီနေရာမှာ စခန်းချပြီးတော့ အဲဒီလျှို့ဂှက်ခန်း ပွင့်လာဖို့ မျှော်လင့်နေတာ ဖြစ်မယ်"

လင်းဟန်က ကောက်ချက် ချလိုက်ပါတယ်။ တန်ခိုးရှင် အဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ မိစ္ဆာသားရဲကောင်တွေရဲ့ ကျင့်ကြံခြင်း လမ်းကြောင်းကလည်း လူသားတွေနဲ့ အနီးစပ်ဆုံး တူညီလာပါတယ်။ ဒါကြောင့် လူသားတွေ သန့်စင်ဖော်စပ်တဲ့ မှော်ဆေးလုံးတွေကလည်း မိစ္ဆာသားရဲကောင်တွေအတွက် အသုံးဝင်ပါတယ်။

"ဘာပဲဖြစ်ဖြစ် ဒီနေရာက အစီအရင်က အတော်လေးကို အစွမ်းထက်တယ်"

လင်းဟန်က ဆက်လက်လေ့လာရင်း ပြောလိုက်တယ်။ ဒီအစီအရင်က အရမ်းကို ကြာမြင့်အောင် တည်ရှိနေခဲ့ပေမဲ့ ထူးခြားတဲ့ အစွမ်းတစ်ခုကို ပိုင်ဆိုင်ထားဆဲပါပဲ။ တကယ်လို့

Edit with WPS Office

အဲဒီလိုသာ မဟုတ်ဘူးဆိုရင် ကျားအုပ်ကြီးက ဖျက်ဆီးပစ်လိုက်တာ ကြာနေလောက်ပါပြီ။

"လူချောလေး ဒီအစီအရင်ကို နင်ဖျက်နိုင်လား"

မန်ဂေက မေးလိုက်တယ်။

"ငါကြိုးစားကြည့်မယ်"

လင်းဟန်က ပြန်ဖြေလိုက်တယ်။ သူက ကတိနည်းနည်းမှ မပေးခဲ့ပါဘူး။ သူက ပတ်ဂန်းကျင်ကို လျှောက်ကြည့်ပြီးတော့ အစီအရင်ကို အကြမ်းဖျင်း နားလည်သဘောပေါက်အောင် ကြိုးစားကြည့် ခဲ့ပါတယ်။

သူက လျင်မြန်စွာနဲ့ သုံးသပ်ချက် တစ်ခုကို လုပ်လိုက်ပါတယ်။ သူ့ရဲ့သုံးသပ်နိုင်တဲ့ စွမ်းရည်တွေနဲ့ ဒီအစီအရင်ကို ဆယ်နှစ်အတွင်း ဖျက်ဆီးပစ်နိုင်စွမ်း ရှိပါလိမ့်မယ်။

သာမန်အခြေအနေမှာတော့ ဒါက လုံးဝကို မဖြစ်နိုင်တဲ့ တာဝန်တစ်ရပ် ဖြစ်ပါတယ်။ တကယ်တော့ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက နှစ်ဂက်အချိန်ကြာပြီးတဲ့

Edit with WPS Office

နောက်မှာ အရမ်းကို အွန္တရာယ် များလာပါလိမ့်မယ်။ တကယ်လို့ အပြင်လူတွေ မထွက်သွားနိုင်ဘူးဆိုရင် သူတို့အားလုံး ပျက်စီးသွား ရပါလိမ့်မယ်။ သူက ဆယ်နှစ်အချိန်ကို ဘယ်နေရာကနေ ရှာရမလဲ။

ဒါပေမဲ့လည်း လင်းဟာန်က ပြန်လည်မွေးဖွားခြင်း သစ်ပင်တစ်ပင်ကို ပိုင်ဆိုင်ထားခဲ့ပါတယ်။

သူက အာရုံစိုက်ပြီးတော့ အစီအရင်ကို လေ့လာဖို့ လိုတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ မန်ဂေနဲ့ တခြားသူတွေကို အပေးကို ပထုတ်လိုက်ပါတယ်။ အဲဒီနောက် သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်ကို လျှို့ဝှက်ခန်း စောင့်ကြပ်ဖို့ အမိန့်ပေးခဲ့ပါတယ်။ သူကတော့ အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ခွဲခြမ်းစိတ်ဖြာ နေပါတယ်။

တစ်ရက် နှစ်ရက် သုံးရက်။

အချိန်ဆယ့်တစ်ရက် ကုန်လွန်သွားခဲ့ပြီးတဲ့နောက် လင်းဟာန်ရဲ့ မျက်နှာပေါ်မှာ ယုံကြည်မှုရှိတဲ့ အပြုံးတစ်ခု

Edit with WPS Office

ဖြတ်သွားပါတယ်။

သူက မကြာခဏ အနက်ရောင် မျှော်စင်ထဲ ဝင်လိုက် ထွက်လိုက် လုပ်ရင်းနဲ့ အချိန်ပို တစ်ရက် သုံးစွဲခဲ့ ရပါတယ်။ လေ့လာလိုက် စူးစမ်းလိုက်နဲ့ အစီအရင်ကို လုံလောက်တဲ့ အချိန်ပမာဏ တစ်ခု ယူနေခဲ့ပါတယ်။

သူက အားလုံးကို ခေါ်လိုက်ပါတယ်။

မန်ဂေဂေက အရမ်းကို အံ့အားသင့်စွာနဲ့ ပေါ်လာပြီး သူ့မက ပြောလိုက်တယ်။

"လူချောလေး နင် အစီအရင်ကို ဖျက်ဆီးနိုင်ပြီလား"

အခုမှ ဆယ့်တစ်ရက်ပဲ ကုန်ပါသေးတယ်။

လင်းဟန်က ထူးဆန်းစွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါတော့ မတတ်နိုင်ဘူး။ ငါက ပါရမီရှင် တစ်ယောက် ဖြစ်နေတာကိုး"

အားလုံးက ဒါကိုကြားပြီးတော့ ရယ်မောလိုက် ကြပါတယ်။ လင်းဟန်က ပုံကြီးချဲ့ ပြောတာ မဟုတ်လား။ ဒီအစီအရင်ကို

Edit with WPS Office

ဆယ့်တစ်ရက်တည်းနဲ့ ဖျက်ဆီးနိုင်စွမ်း ရှိတာက ထူးဆန်းတဲ့ အောင်မြင်မှု တစ်ခုပါပဲ။ ဒါပေမဲ့ သူ့ရဲ့ အောင်မြင်မှုမှာလည်း အခြေအနေ တစ်ခုအောက်မှာ ရှိပါတယ်။

လင်းဟန်က စကားပြောပြီးတော့ အချိန်ဖြုန်း မနေတော့ပါဘူး။ အဲဒီအစား သူက အနီးအနားကို ဆက်လက်လှုပ်ရှားပြီး တိုက်ခိုက်တဲ့ ဟန်ပန်အမူအရာ အနည်းငယ် လုပ်လိုက်ပြီးတော့ ဟိုနေရာမှာ တိုက်ခိုက်မှု ဟန်ပန်အမူအရာ နည်းနည်း လုပ်လိုက်ပါတယ်။ ကြည့်ရတာ သူက လျှို့ဝှက်ထူးခြားတဲ့ သက်ရှိတချို့ပုံစံမျိုး ရေးဆွဲနေသလိုပါပဲ။ သူ့ကို အတော်ကြာအောင် ကြည့်ပြီးတဲ့ နောက်မှာတော့ ဟူဖေးယွင်က ပျင်းရိငြီးငွေ့စွာနဲ့ သမ်းလိုက်ပါတယ်။

သူမက ဘယ်တုန်းကမှ စိတ်ရှည်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

တစ်နာရီလောက် ကြာပြီးတဲ့ နောက်မှာ သူတို့ရဲ့ ပခုံးပေါ်က အလေးချိန်တစ်ခု ဖယ်လိုက် ရသလိုမျိုး အားလုံးက ရုတ်တရက် ခံစားလိုက် ရပါတယ်။ ဒါပေမဲ့လည်း

Edit with WPS Office

ပတ်ဝန်းကျင်မှာ သိသာလောက်တဲ့ ကွဲပြားခြားနားမှု အနည်းငယ်ကို သူတို့တွေ မတွေ့မြင်နိုင်ခဲ့ပါဘူး။

"အစီအရင်ကို ငါဖယ်လိုက်ပြီ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။ သူက အခန်းဆီကို လျှောက်သွားလိုက်ပါတယ်။ သူက တံခါးကို တစ်ချက်လေးမှတောင် တိုက်ခိုက်စရာ မလိုတော့ပါဘူး။

သူက လျှို့ဝှက်ခန်းရဲ့ တံခါးကို တွန်းဖွင့်လိုက်ပါတယ်။ ဒါက ကျောက်တုံးတံခါး တစ်ခု ဖြစ်ပြီးတော့ ကျောက်သားအချင်းချင်း ပွတ်တိုက်တဲ့ အသံတွေ ထွက်ပေါ်လာပြီး ဖြည်းညှင်းစွာနဲ့ ပွင့်သွားပါတယ်။

အားလုံးရဲ့ မျက်လုံးတွေက စိတ်အားထက်သန်မှုတွေနဲ့ ပိုင်းစက်လာ ခဲ့ပါတယ်။

အခန်းတံခါး ပွင့်သွားပြီး မှောင်မည်းနေတဲ့ အခန်းတစ်ခု ထွက်ပေါ်လာပါတယ်။

ဒါပေမဲ့လည်း တန်ခိုးရှင်တွေက အလင်းရောင် မလိုပဲ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ပါတယ်။ အခန်းထဲမှာ

Edit with WPS Office

ဆေးဗီရိုတွေ အတန်းလိုက်ကို တွေ့မြင်နိုင်ပါတယ်။ ဆေးဗီရိုတိုင်းမှာ ဆေးပုလင်းတွေနဲ့ ပြည့်နှက်နေပါတယ်။

"ငါတို့ချမ်းသာပြီ။ ငါတို့ ချမ်းသာပြီ"

မန်ဂေနဲ့ တခြားသူတွေက ပျော်ရွှင်စွာနဲ့ အော်ဟစ်နေကြပါတယ်။

လင်းဟန်က ပထမဆုံး ဂင်လိုက်ပြီး တခြားသူတွေက သူ့အနောက်ကနေ လိုက်လာခဲ့ ကြပါတယ်။

"အဆင့်မြင့် နတ်ဘုရား ဆေးလုံးတွေ အများကြီးပဲ"

"ဒါက အရိုးသန့်စင် ဆေးလုံး။ လူတစ်ယောက်ရဲ့ အရိုးတွေ မာကျောမှုကို တိုးလာစေနိုင်တယ်"

"ဒါက ကြိုးကြာတစ်ထောင် ဆေးလုံးပဲ။ ဒါက လူတစ်ယောက်ကို အချိန်တိုတိုလေး မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကနေ လွတ်လပ်စေပြီး သူတို့ကို မိုးပေါ်ပျံသန်းစေတယ်"

"ဒါက နှင်းခဲဆေးလုံးပဲ။ ဒါက ရေခဲနဲ့ နှင်းဓာတ် လျှို့ဝှက်နည်းစနစ်တွေရဲ့ ဒဏ်ကို အချိန်တိုတို

Edit with WPS Office

တစ်ခုအတွက် ခံနိုင်ရည် ရှိစေတယ်"

"အား"

သူတို့အားလုံးက ဆေးပုလင်းတွေ အပေါ်က နာမည်တွေကို ဖတ်ပြီးတော့ လပေါ်ကို ရောက်သွား သလိုပါပဲ။ ဒါပေမဲ့လည်း မန်ဂေက ရုတ်တရက် ဆေးပုလင်းတွေထဲက တစ်လုံးကို အဖုံးဖွင့်ပြီး အော်ဟစ်လိုက်ပါတယ်။

"ခေါင်းဆောင် ဘာများလို့လဲ"

"ခေါင်းဆောင် အရင်ရက်တွေက မင်းရဲ့ အလိုဆန္ဒတွေ မပြည့်လို့ မချိတင်ကဲ ဖြစ်နေတာလား"

သူမရဲ့ နောက်လိုက်တွေ အားလုံးက သူမကို စတင်နှောက်ပြောင် လိုက်ကြပါတယ်။

"ဒီ ဒီ ဆေးလုံးတွေ ဖုန်တွေ အဖြစ်ကို ပြောင်းကုန်ပြီ"

မန်ဂေရဲ့ မျက်နှာပေါ်မှာ နာကျင်ထိခိုက်တဲ့ ဟန်ပန်အမူအရာတစ်ခု ရှိနေပါတယ်။

Chapter 1180 end

Edit with WPS Office

အပိုင်း(1181)သွေးဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံး

"ဘာလဲဟ"

အားလုံးက အပြေးအလွှားနဲ့ ကြည့်လိုက်ပါတယ်။ တကယ်ပါပဲ။ ဆေးပုလင်းထဲမှာ မော်ဆေးလုံး မရှိပါဘူး။ ပုလင်းရဲ့ အောက်ခြေမှာ တစ်ခုတည်းသော ကျန်ရစ်တဲ့ အရာက ဖုန်တွေပဲ ဖြစ်ပါတယ်။

"မဟုတ်ဘူး။ ဒါမဖြစ်နိုင်ဘူး"

"တခြားဆေးလုံးတွေရော"

သူတို့က ဗီရိုတွေ အားလုံးကို ဖြတ်ပြီးတော့ တခြားဆေးပုလင်းတွေကို စစ်ဆေးလိုက်ပါတယ်။ ဒါပေမဲ့လည်း မျှော်လင့်ချက် နည်းနည်းလေးမှ မရှိပဲ ဆေးလုံးတွေ အားလုံးက ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲသွား ခဲ့ပါတယ်။ သူတို့က ဒီနေရာမှာပဲ အချိန်တော်တော်ကြာအောင် ထိုင်နေခဲ့ ရပါတယ်။ သူတို့တွေက ပုလင်းတိုင်းကို စစ်ဆေးခဲ့ပြီးတော့ ပိုပိုပြီး စိတ်ပျက်လာခဲ့ ကြပါတယ်။ သူတို့ရဲ့ နှလုံးသားတွေ တစ်စစီ

Edit with WPS Office

ကြောက်ခွဲသလိုမျိုး ခံစားလိုက် ရပါတယ်။

ဒီနေရာမှာရှိတဲ့ ဆေးလုံးတွေ အားလုံးက အနည်းဆုံး အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီထဲက တစ်လုံးလောက်ကိုပဲ လေလံတင်မယ်ဆိုရင် ရှုးသွပ်လုမတတ် တန်ဖိုးတစ်ခုကို သူတို့တွေ ရရှိပါလိမ့်မယ်။ ဒီနေရာမှာရှိတဲ့ ဆေးလုံးအရေအတွက်က အရမ်းကို များပြားပြီး သူတို့ရဲ့ စုစုပေါင်း ပမာဏတန်ဖိုးက ခန့်မှန်းလို့တောင် ရလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူတို့ရဲ့ ချမ်းသာကြွယ်ဝမဲ့ အိပ်မက်တွေက အစမှာကတည်းက ခပ်ကြမ်းကြမ်း လှုပ်နှိုးခြင်း ခံလိုက်ရပါတယ်။

ဆေးလုံးတွေ အားလုံး အစိတ်စိတ် အမြွှာမြွှာ ကွဲကြေပြီး ဖုန်မှုန့်တွေ ဖြစ်ကုန်ပါတယ်။

သူတို့တွေက ဘယ်လိုလုပ်ပြီးတော့ မရှုးပဲ နေမှာလဲ။

လင်းဟာန်က ဒီအတွက် အံ့အားသင့်ခြင်း မရှိပါဘူး။ အချိန်ဆိုတာက တည်ရှိမှုတွေ အားလုံးရဲ့ အကြီးမားဆုံး

Edit with WPS Office

ရန်သူ ဖြစ်ပါတယ်။ တကယ်လို့ ဒါတွေက နတ်ဘုရား ဆေးလုံးတွေ ဖြစ်နေတော့ရော ဘာဖြစ်လဲ။ အချိန်ရဲ့ စမ်းသပ်မှုကနေ သူတို့တွေက လွတ်မြောက်နိုင်ခြင်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေါ့။ အဆင့်ပိုမြင့်တဲ့ ဆေးလုံး တစ်လုံးက အချိန်ပိုပြီးတော့ ကြာကြာ ခံနိုင်စွမ်း ရှိပါလိမ့်မယ်။ တကယ်လို့ ဆေးလုံးတစ်လုံးက အဆင့်တစ်ဆယ် ဒါမှမဟုတ် အဲဒီအထက်မှာ ရှိနေမယ်ဆိုရင် စိတ်ဝိညာဉ် တစ်ခုတောင် ဆင့်ကဲတိုးတက်လာပြီး အသိဉာဏ်ရှိတဲ့ ဘဝတစ်ခု ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာပါလိမ့်မယ်။

အဲဒီလို ဆေးလုံးမျိုးကို ဆေးစိတ်ဝိညာဉ်လို့ ခေါ်ပြီးတော့ ကမ္ဘာကြီးရဲ့ ထိပ်တန်းရတနာ ပစ္စည်းတစ်မျိုး ဖြစ်ပါတယ်။ နတ်ဘုရား ဆေးလုံးတစ်လုံးက ဘဝတစ်ခု ရရှိသွားတာနဲ့ သူ့ရဲ့ ဆေးအာနိသင် သက်ရောက်မှုက နည်းနည်းလေးမှ လျော့ကျလိမ့်မှာ မဟုတ်ပါဘူး။ အဲဒီအစား မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အဆီအနှစ်တွေကို ဆေးလုံးက စုပ်ယူပြီးတော့ ဆေးအာနိသင်တွေ ပိုပြီးတော့တောင်

Edit with WPS Office

အားကောင်းလာပါလိမ့်မယ်။

ဒါပေမဲ့လည်း ဆေးလုံးတစ်လုံးက အဆင့်တစ်ဆယ် ဒါမှမဟုတ် အဲဒီအထက်မှာ ရှိမယ်ဆိုရင် စိတ်ဂိညာဉ် တစ်ခုပဲ ဆင့်ကဲတိုးတက်ပြောင်းလဲ လာနိုင်ပါတယ်။ အဲဒါအပြင် အချိန်ရဲ့ တိုက်စားမှုကိုပါ ထူးကဲတဲ့ ပမာဏ တစ်ခုအထိ ခံနိုင်ရည် ရှိလာဖို့ပါ လိုအပ်ပါလိမ့်မယ်။ ဒီအခြေအနေနှစ်ခု ဖြည့်ဆည်းနိုင်ရင်တောင် ဆေးလုံးမှာ စိတ်ဂိညာဉ် တစ်ခု ဖြစ်ပေါ်ပြီး ဘဝတစ်ခု ရရှိနိုင်စွမ်း ရှိဖို့ဆိုတာ အာမခံချက် မရှိသေးပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဘယ်သူကများ နတ်ဘုရား ဆေးလုံးတစ်လုံးကို ဒီနေရာမှာ ထိုင်ပြီးတော့ ဖော်စပ်သန့်စင်ဖို့ ဆန္ဒရှိလိမ့်မှာလဲ။

"ဒီဆေးလုံးတွေကို သုံးသပ်ကြည့်ရင် ဒီမော်ဆေးပညာရှင်က အဆင့်ကိုး အောက်မှာပဲ ရှိလိမ့်မယ်"

လင်းဟာန်က သူ့ဘာသာသူ တီးတိုးပြောလိုက်ပါတယ်။

"ဒါကြောင့် သူဖော်စပ်တဲ့ ဆေးလုံးတွေက အဆင့်ငါးကနေ

Edit with WPS Office

အဆင့်ရှစ် အကြားမှာပဲ ရှိလိမ့်မယ်။ ဒါပေမဲ့လည်း ဒီအဆင့်မှာရှိတဲ့ ဆေးဖော်စပ်နည်းတွေက ငါ့အတွက် အရမ်းကို အသုံးဝင်တယ်"

"ငါက အခုချိန်မှာ အဆင့်ငါး နတ်ဘုရား ဆေးလုံးတွေကိုပဲ သန့်စင်ဖော်စပ်နိုင်တယ်။ ဒါပေမဲ့ သိပ်မကြာခင် နေလအဆင့်ကို ချိုးဖျက်ဝင်ရောက် နိုင်လိမ့်မယ်။ အဲဒီအချိန်ကျရင် အဆင့်ရှစ် နတ်ဘုရား ဆေးလုံးကို သန့်စင်ဖော်စပ်ဖို့ဆိုရင်တောင် အများကြီး ခက်ခဲလိမ့်မှာ မဟုတ်ဘူး"

"အနီးအနားကို ရှာကြည့်ရမယ်။ ဒီအခန်းထဲမှာ ဆေးဖော်စပ်နည်း တချို့ ရှိနေသင့်တယ်"

အချိန်တော်တော်ကြာအောင် အနီးအနားမှာ ရှာဖွေလို့ ပြီးတဲ့နောက်မှာတော့ သူက ဆေးဖော်စပ်နည်းတွေ ရှိနေတဲ့ စင်တစ်ခုကို ရှာတွေ့သွားပါတယ်။

ဆေးဖော်စပ်နည်းတိုင်းကို စာအုပ်တစ်အုပ်ထဲမှာ မှတ်တမ်းတင်ထားပါတယ်။ ဒါပေမဲ့လည်း စာအုပ်ရဲ့

Edit with WPS Office

သက်တမ်းက အရမ်းကို ကြာမြင့်နေတာကြောင့် အရမ်းကို အထိခိုက်မခံအောင် ဖြစ်နေပါတယ်။ ဒါကြောင့် နည်းနည်းလေး ထိလိုက်တာနဲ့ ဖုန်မှုန့်အဖြစ်ကို ပြောင်းလဲသွား ပါတယ်။ ဒါကြောင့် လင်းဟန်က စင်ပေါ်မှာပဲ ထားပြီးတော့ အနက်ရောင် မျှော်စင်ထဲကို ထည့်လိုက်ပါတယ်။ ဒီနည်းနဲ့ဆိုရင် တကယ်လို့ သူတို့တွေ ပျက်စီးချင်ရင်တောင် ပျက်စီးမှာ မဟုတ်ပါဘူး။

သူက ချက်ချင်းပဲ ဆေးဖော်စပ်နည်းတွေတိုင်းကို မိတ္တူနှစ်ခု လုပ်လိုက်ပါတယ်။ အဲဒီနောက် မူလဖော်စပ်နည်းနဲ့ မိတ္တူတွေကို ထုတ်ပြီးတော့ ပြောလိုက်တယ်။

"ခေါင်းဆောင်မန် ငါတို့ရဲ့ အစောပိုင်း သဘောတူညီမှုအရ ငါတို့တစ်ဖွဲ့စီက ဆေးဖော်စပ်နည်းတွေရဲ့ မိတ္တူတစ်ခုကို ရရှိကြမယ်။ ငါမိတ္တူဆွဲပြီးပြီ။ နောက်ပြီးတော့ မူရင်းကလည်း ဒီမှာပဲ။ မင်းကြိုက်တာ တစ်ခုကို ယူလိုက်ပါ"

"နင်ဘယ်အချိန်တုန်းက မိတ္တူတွေကူးလိုက်တာလဲ"

မန်ဂေက မေးလိုက်ပါတယ်။ သူမက မော်ဆေးပုလင်းတွေကို

Edit with WPS Office

ဆန်းစစ်နေဆဲ ဖြစ်ပြီးတော့ ဆေးပုလင်း တစ်လုံးကနေ ကံကောင်းထောက်မပြီး ဆေးလုံးကောင်းကောင်း ကျန်နေဖို့ မျှော်လင့်နေတုန်းပါပဲ။

"ဟဲဟဲ ရွေးလိုက်ပါ"

လင်းဟာန်က ပြောလိုက်တယ်။ သူက အနက်ရောင် မျှော်စင်ထဲကို ဝင်ပြီးတော့ မျက်စိတစ်မှိတ် အတွင်းမှာ မိတ္တူကူးလာတယ် ဆိုတာကို သူမကို ပြောပြလိမ့်မှာ မဟုတ်ပါဘူး။ နောက်ပြီးတော့ သူက မိတ္တူနှစ်ခုတောင် ကူးခဲ့ပြီး တစ်ခုတည်း မဟုတ်ပါဘူး။

မန်ဂေက မိတ္တူနှစ်ခုကို သေသေချာချာ နှိုင်းယှဉ် ကြည့်လိုက်ပါတယ်။ နည်းနည်းလေးမှ လွဲချော်ခြင်း ကွဲပြားခြားနားခြင်း မရှိဘူးဆိုတာ အတည်ပြုပြီးတဲ့နောက်မှ သူမက ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"လူချောလေးတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာ တကယ့်ကို စိတ်ချမ်းသာစရာပဲ။ အိုးအိုး ငါတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု ပြီးသွားပြီ။ ဘာဖြစ်လို့ ငါတို့တွေ ကိုယ်ပိုင်လမ်းကြောင်းကို

Edit with WPS Office

မသွားခင် တစ်ညလောက် အတူတူ ချစ်တင်းမနှောတာလဲ။ ရက်တွေအတော်ကြာအောင် ချုပ်တည်းထား ရတဲ့အတွက် ငါ့စိတ်တွေ မရိုးမယွ ဖြစ်နေပြီ"

"ခုထွက်သွား"

လင်းဟန်က ပြောပြီးတော့ မိတ္တူတစ်စောင်ကို ယူပြီးတော့ သိမ်းလိုက်ပါတယ်။ ဒါပေမဲ့လည်း သူက သူမအတွက် မှုရင်းဆေးဖော်စပ်နည်းကို ချန်ထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒါက ထိလိုက်တာနဲ့ တစ်စစီ ဖြစ်သွားပါလိမ့်မယ်။

မန်ဂေက ပဟေဠိ ဖြစ်နေတဲ့ အမူအရာ တစ်ခုနဲ့ တီးတိုးပြောလိုက်ပါတယ်။

"ငါက ဆွဲဆောင်မှု နည်းနေလို့လား။ ဒါမဖြစ်နိုင်ပါဘူး။ ငါ့ရင်သားတွေကလည်း မသေးဘူး။ ငါ့ခါးကလည်း တုတ်မနေဘူး။ ငါ့တင်တွေဆိုရင် အရင်ကလိုပဲ ပုံစံကျနေတုန်းပဲ။ ဒါဆိုရင် ဘာဖြစ်လို့ ဒီလူချောလေးကို ငါသွေးဆောင်လို့ မရတာလဲ။ ဖြစ်နိုင်တာက သူက

Edit with WPS Office

မိန်းမတွေကို မကြိုက်ဘူးလား။ သောက်ကျိုးနည်း”

“မင်းပြောတာ ငါကြားတယ်”

လင်းဟန်က ဒေါသထွက်နေတဲ့ အသံနဲ့ ပြောလိုက်တယ်။

“ခေါင်းဆောင် ခေါင်းဆောင်”

တစ်စုံတစ်ယောက်က အော်ခေါ်လိုက်ပါတယ်။ သူတို့ရဲ့ အသံမှာ စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

“ဘာဖြစ်လို့လဲ”

မန်ဂေက မေးလိုက်ပါတယ်။

“မိုးကောင်းကင် ပြိုကျတဲ့ ပုံစံလည်း မဟုတ်ပါဘူး။ တကယ်လို့ အဲဒီလိုသာ ဖြစ်မယ်ဆိုရင်တောင် လူချောလေးကို ငါတို့အတွက် ဆွဲထားနိုင်ပါ့မလား”

“ဒီမှာ မပျက်စီးတဲ့ ဆေးပုလင်း တစ်လုံး ရှိတယ်”

လူတစ်ယောက်က အော်လိုက်ပါတယ်။

“ဘာပြောတယ်”

Edit with WPS Office

မန်ဂေက ထခုန်ပြီးတော့ ချက်ချင်းပဲ ပြေးသွားလိုက်ပါတယ်။

လင်းဟန်တောင်မှ သူမအနောက်ကနေ သိချင်စိတ် ပြင်းပြစွာနဲ့ လိုက်လာခဲ့ပါတယ်။

ဆေးလုံးအများစုက ဖုန်မှုန့်တွေ အဖြစ်ကို ပြောင်းလဲကုန်ပါပြီ။ ဒါပေမဲ့ ဆေးပုလင်း တစ်လုံးက အကောင်းအတိုင်း ရှိနေပါသေးတယ်။ မှော်ဆေးပညာကို နားမလည်တဲ့ လူတွေတောင်မှ ဒီဆေးပုလင်းနဲ့ ပတ်သက်ပြီး တခုခု ထူးခြားတယ် ဆိုတာကို ခန့်မှန်းနိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် အခုချိန်ထိ ကျန်နေရစ်လိမ့်မှာ မဟုတ်ပါဘူး။

"သွေးဂိညာဉ် ပေါက်ကွဲခြင်းဆေးလုံး"

မန်ဂေက ဆေးပုလင်းကို ယူပြီးတော့ အညွှန်းစာကို ဖတ်လိုက်ပါတယ်။

"ဒါက ဘယ်လိုဆေး အမျိုးအစားလဲ"

အားလုံးက သူတို့ခေါင်းကို ခါလိုက်ပါတယ်။ ဘယ်သူမှ ဒီဆေးလုံးကို အရင်က မကြားဖူး ကြပါဘူး။

Edit with WPS Office

"ဟီးဟီး အဲဒါက ရှားပါးတဲ့ နေလအဆင့် ဆေးလုံးတစ်လုံးပဲ။ အဲဒီဆေးလုံးက နေလအဆင့်မှာ ရှိတဲ့ သူတွေကို သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို အသေးစားအဆင့် တစ်ဆင့် မြှင့်တင်ပေး နိုင်တယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် အဲဒါက နှစ်ပေါင်းတစ်သောင်း အချိန်ကုန် သက်သာစေတယ်"

အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီးတော့ ဒီဆေးလုံးရဲ့ အသုံးဝင်ပုံကို ရှင်းပြနေပါတယ်။

"ဘယ်သူလဲ"

သူတို့အားလုံး တံခါးဝကို ချာခနဲ လှည့်ကြည့်လိုက် ကြပါတယ်။

"ငါက ဂျိကျန်းပင်"

တံခါးမှာ ရပ်နေတဲ့ လူက ပြောလိုက်တယ်။ ဒါပေမဲ့လည်း အခန်းရဲ့ အမှောင်ထုကြောင့်နဲ့ အလင်းရောင်က သူ့နောက်ကျောကနေ ဝင်လာတာကြောင့် သူတို့က သူ့ရဲ့ ပုံပန်းသွင်ပြင်ကို သေသေချာချာ မမြင်နိုင်ပါဘူး။ ဒါတောင်မှ

Edit with WPS Office

သူက အရမ်းကို ပိန်တဲ့ လူတစ်ယောက်လို့ ပြောနိုင်ပါသေးတယ်။

အဲဒီလူက ခဏလောက် ရပ်ပြီးတော့ စကားကို ဆက်ပြောလိုက်တယ်။

"နတ်ဘုရားဆေးလုံးကို ပေးပါ။ ဒါဆိုရင် မင်းတို့အသက်ကို ငါချမ်းသာပေးနိုင်တယ်"

"တကယ်လို့ ငါတို့က မပေးဘူး ဆိုရင်ရော"

မန်ဂေက မေးလိုက်တယ်။

"တကယ်လို့ ငါပြောသလို မလုပ်ဘူးဆိုရင်တော့"

ဂျိုကျန်းပင်က ရယ်မောပြီးတော့ သူ့ညာဘက်လက်ကို ဖြန့်ပြီးဖွင့်လိုက်ပါတယ်။ သူ့လက်ထဲမှာ ကြက်ဥတစ်လုံး အရွယ်အစားရှိတဲ့ ပစ္စည်းတစ်ခု ရှိနေပါတယ်။

"ဒါက မြွှေပေါက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံးပဲ။ ဒါကို ပစ်ထုတ်လိုက်တာနဲ့ ချက်ချင်းပေါက်ကွဲ သွားပြီးတော့ ကြောက်စရာကောင်းတဲ့ အဆိပ်တစ်ခု ထွက်လာလိမ့်မယ်။ ငါပြောတာကို ယုံလိုက်ပါ။ နေလအဆင့် အောက်မှာရှိတဲ့

Edit with WPS Office

ဘယ်သူမှ ဒီအဆိပ်ဒဏ်ကို မခံနိုင်ဘူး။ လူသားတွေလည်း မရဘူး။ မှော်ဝါသားရဲတွေလည်း အသက်မရှင်နိုင်ဘူး။ တကယ်လို့ အငွေ့လေး နည်းနည်းကို ရှူမိရင်တောင် အသက်တစ်ရှူက်စာ အတွင်းမှာ သေသွားလိမ့်မယ်။ ဒီအတွက် ချွင်းချက်မရှိဘူး"

မန်ဖေနဲ့ တခြားသူတွေ အားလုံးက အံ့အားသင့် ကုန်ပါတယ်။ ဒီလူက လိမ်နေတာ မဟုတ်ပါဘူး။ မြွေဟောက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံးက တကယ့်ကို သူပြောသလို ဖျက်ဆီးတဲ့ စွမ်းအား ရှိပါတယ်။ ဒါပေမဲ့လည်း မေးစရာရှိတာက သူကိုင်ထားတာ မြွေဟောက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံး အစစ်လား။

"မင်းတို့တွေ ဆုံးဖြတ်ဖို့ ဆယ့်ငါးမိနစ် အချိန်ပေးမယ်။ တကယ်လို့ ဆေးလုံးကို ပေးဖို့ ငြင်းဆန်နေ ဦးမယ်ဆိုရင်တော့ ဒီမြွေဟောက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံးကို အခန်းထဲ ပစ်ထည့်လိုက်ရုံက လွဲပြီးတော့ ငါ့မှာရွေးစရာ မရှိတော့ဘူး"

ဂျိကျန်းပင်က ရယ်မောပြီးတော့ စကားကို

Edit with WPS Office

ဆက်ပြောလိုက်တယ်။

"လူတွေကို သတ်ရတာ ငါတကယ်ကို စက်ဆုပ်တယ်။ ဒါကြောင့် မင်းတို့တွေ ငါ့ကို ဖိအား မပေးတာ အကောင်းဆုံးပဲ"

သူက အမှန်ပြောနေတာ ဟုတ်လား မဟုတ်ဘူးလား ဆိုတာကို ဘယ်သူမှ မသိပါဘူး။ ဒါပေမဲ့လည်း တကယ်လို့ သူက အမှန်အကန် ပြောတယ်ဆိုရင် အဲဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းပါတယ်။

မန်ဂေနဲ့ တခြားသူတွေက အလျင်စလို မလုပ်ပံ့ပါဘူး။ ကြေးစားတွေ အနေနဲ့ သူတို့က အမြဲတမ်းလိုလို သေခြင်းတရားရဲ့ ကြိုးတန်းပေါ်မှာ လမ်းလျှောက်နေကြ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါကြောင့် သူတို့ရဲ့ အသက်ကို ပိုပြီးတော့တောင် ခင်တွယ်ကြပါတယ်။

တကယ်လို့ သူတို့တွေ အသက်ဆက်ရှင်နေမယ်ဆိုရင် အရာအားလုံး ဖြစ်နိုင်ပါတယ်။ တကယ်လို့ သူတို့တွေ သေသွားမယ်ဆိုရင် အရာအားလုံးက ဟာလာဟင်းလင်း

Edit with WPS Office

ဖြစ်သွားပါလိမ့်မယ်။

လင်းဟန်က မျက်မှောင်ကြုတ်ပြီးတော့ စဉ်းစားနေပါတယ်။ သူ့အနေနဲ့ ဂျိုကျန်းပင်းက လေလုံးထွားနေတာလား ဒါမှမဟုတ် တကယ်ပဲ ကြီးမားတဲ့ ဖျက်ဆီးခြင်း စွမ်းအားနဲ့ လက်နက် တစ်ခုကို ပိုင်ဆိုင်ထားလား ဆိုတာကို မဆုံးဖြတ်နိုင်ပါဘူး။ သူက မကြောက်ပေမဲ့ မန်ဝေနဲ့ တခြားသူတွေ ဘယ်လိုလုပ်မလဲ။

တကယ်လို့ ဒီလိုဆိုမှတော့။

သူက အမှောင်ထဲမှာ လျှို့ဝှက်ပုန်းခိုရင်းနဲ့ သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကို ဆွဲထုတ်လိုက်ပါတယ်။

သူ့အတွက် အဆုံးမဲ့မြား မလိုပါဘူး။ သူ့ရဲ့လက်ရှိ စွမ်းအားနဲ့ဆို သာမန်မြား တစ်ချောင်းတောင်မှ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူ တစ်ယောက်ကို တစ်ချက်တည်းနဲ့ သတ်ပစ်နိုင်ပါတယ်။

ဂျိုကျန်းပင်ရဲ့ မျက်နှာပေါ်မှာ ငေါ့တော့တော့ အပြုံးတစ်ခု

Edit with WPS Office

ရှိနေပါတယ်။ သူက အခြေအနေတွေ အားလုံးကို သူ့ဘာသာ ထိန်းချုပ်နိုင်စွမ်း ရှိနေတာက အရမ်းကို ကျေနပ်စရာ ကောင်းတယ်လို့ ခံစားရပါတယ်။ ဒါပေမဲ့လည်း ရုတ်တရက် သူ့နှလုံးသားကို ဖျစ်ညှစ်လိုက်သလိုမျိုး အန္တရာယ် အငွေ့အသက်ကို ခံစားလိုက်ရပြီး သူ့ဆံပင်တွေ ထောင်သွားခဲ့ပါတယ်။

အန္တရာယ်

သူ့မှာ စဉ်းစားဖို့ အချိန်မရှိပဲ အလျင်အမြန်ပဲ အနောက်ကို ဆုတ်လိုက်ပါတယ်။

ရှွပ်။

အေးစက်စက် အလင်းတန်း တစ်ခုက လေကို ခွင်းလာခဲ့ပါတယ်။ အဲဒီအလင်းတန်းက ရူးသွပ်စရာ ကောင်းလောက်အောင် လျင်မြန်ပြီး သူ့ဘယ်ဘက်ပခုံးကို ထိုးစိုက်သွားခဲ့ပါတယ်။ ဒီတိုက်ခိုက်မှုရဲ့ နောက်ကွယ်က အစွမ်းထက်တဲ့ အင်အားက သူ့ကို အနောက်ဘက်ကို လွင့်ထွက်သွား စေခဲ့ပါတယ်။

Edit with WPS Office

Chapter 1181 end

အပိုင်း(1182) မျှော်လင့်မထားပဲ ပြန်ဆုံတွေ့ခြင်း

မန်ဝေနဲ့ တခြားသူတွေက ခဏလောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီးတော့ ကျယ်လောင်စွာနဲ့ မာန်သွင်းပြီးတော့ အဲဒီလူဆီကို တစ်ဟုန်ထိုး ပြေးဝင်သွား ကြပါတယ်။

လပြွတ်ပဲ။ သူက တကယ်ပဲ ငါတို့ကို ခြိမ်းခြောက်ရဲတယ်ပေါ့။

သူတို့က လှိုဏ်ဂူခန်းကနေ တစ်ဟုန်ထိုး ထွက်လာခဲ့ပါတယ်။ စံအိမ်ထဲမှာ နေရာလွတ် အများအပြား ရှိပါတယ်။ ဒါကြောင့် မြွေဟောက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံးက အများဆုံး လူတစ်ယောက်တည်း အပေါ်မှာပဲ အကျိုးသက်ရောက် နိုင်ပါတယ်။ စောစောတုန်းကလို အားလုံးက သူ့ရဲ့အာနိသင် သက်ရောက်မှုကို စိုးရိမ်ပူပန်နေဖို့ လိုလိမ့်မှာ မဟုတ်ပါဘူး။

ဂျိကျန်းပင်ရဲ့ နဖူးပေါ်ကနေ အေးစက်စက် ချွေးတွေ ကျလာခဲ့ပါတယ်။ အဲဒီလှိုဏ်ဂူဆန်းကြယ် လူရဲ့ မြားက သူ့ပခုံးကို လုံးဝ ထိုးဖောက်သွား ခဲ့ပါတယ်။ သူ့ရဲ့

Edit with WPS Office

အသက်ကိုတောင် နှုတ်ယူလုနီးပါး ဖြစ်သွားပြီး ဒါက
အရမ်းကို ကြောက်မက်ဖွယ်ရာ ကောင်းလွန်းပါတယ်။

တကယ်လို့ သူ့ရဲ့ မယုံနိုင်စရာကောင်းတဲ့ တုံ့ပြန်မှု
အမြန်နှုန်းကြောင့်သာ မဟုတ်ရင် အဲဒီမြားက သူ့ရဲ့
နလုံးသားကို သေချာပေါက် ထိုးစိုက်သွား ပါလိမ့်မယ်။

သူ့စိတ်ထဲကနေ ကြောက်ရွံ့မှုတွေ ဖြစ်ပေါ်လာပါတယ်။
တကယ်လို့ သူသာ စောစောတုန်းက နည်းနည်းလေး
နေးကွေးသွားမယ်ဆိုရင် အခုချိန် မြေကြီးပေါ်မှာ
အလောင်းကောင် ဖြစ်နေပါ လိမ့်မယ်။

"ဟားဟားဟား ဂျူနီယာညီလေးရဲ့ ကြည့်ရတာ မင်းက
အတော်လေး အခြေအနေ ဆိုးနေပြီလား"

ရှပ် ရှပ် ရှပ်။

နောက်ထပ် လူလေးယောက် ခုန်ထွက်လာ ခဲ့ပါတယ်။
အစွမ်းထက်တဲ့ အရှိန်အဝါ တစ်ခုက သူတို့အားလုံးဆီကနေ
ထွက်ပေါ်လို့ နေပါတယ်။ တကယ်လို့ လင်းဟန်ကသာ
အဲဒီအချိန် လျှို့ဝှက်ခန်းထဲက ထွက်လာမယ်ဆိုရင်

Edit with WPS Office

အဲဒီလူလေးယောက်ထဲမှာ သူ့ရဲ့ မိတ်ဟောင်းဆွေရင်း တစ်ယောက် ပါနေတာကို သတိပြုမိပါလိမ့်မယ်။

ရှားယွန်။

ဂျိုကျန်းပင်က နာကျင်စွာနဲ့ အံကိုကြိတ်ပြီးတော့ သူ့ပခုံးက အလင်းမြားကို ဆွဲနှုတ်လိုက်ပါတယ်။ သွေးတွေက လေထဲကို ပျံ့နှံ့သွားပြီး သူက ဘယ်လိုမှ မရပ်တန့် နိုင်ပါဘူး။ ဒါက လင်းဟန်ရဲ့ သိုင်းအသိဆန္ဒ မြားမှာ ရေးထွင်းထားလို့ဆိုတာ ပေါ်လွင်ထင်ရှားပါတယ်။ တကယ်လို့ အဲဒါကို အမြစ်ဖြတ် ဖယ်ရှားနိုင်ခြင်း မရှိဘူးဆိုရင် သူ့သွေးတွေက ဆက်ပြီးတော့ ထွက်နေပါလိမ့်မယ်။

နောက်ပြီးတော့ တကယ်လို့ သူ့အနေနဲ့ အပြည့်အဝ ဖယ်ရှားနိုင်ခြင်း မရှိဘူးဆိုရင် အမာရွတ် တစ်ခုနဲ့အတူ အဆုံးသတ် သွားပါလိမ့်မယ်။ အမာရွက်က ထာဝရ ကျန်ရှိနေပါလိမ့်မယ်။

သူက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"အဲဒီအခန်းထဲမှာ အံ့အားသင့်စရာ ကောင်းလောက်အောင်

Edit with WPS Office

အစွမ်းထက်တဲ့ လူတစ်ယောက် ရှိတယ်”

“အိုး ဂျူနီယာ ညီလေးဂျိကတောင် အဲဒီလူကို အစွမ်းထက်တယ်လို့ ချီးမွမ်းရတယ်ပေါ့”

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က ပြုံးပြီးတော့ ပြောလိုက်တယ်။

“အဲဒီလူက ဘယ်လောက် အထင်ကြီးစရာ ကောင်းလဲဆိုတာကို ငါကြည့်ချင်လာပြီ။ အပြင်က လူတွေကို မင်းလက်ထဲ ထည့်လိုက်မယ်။ ဒါဆိုရင် အဆင်ပြေတယ် မဟုတ်လား”

“ဒါပေါ့”

ရှားယွမ်က အေးစက်တဲ့ အပြုံးတစ်ခုနဲ့ ပြောလိုက်တယ်။ သူ့အကြည့်တွေက မန်ဂေဆီကို လှည့်သွားပြီး သူ့မျက်လုံးတွေထဲမှာ သူ့ရဲ့ ရမ္မက်စိတ်ကို ဖုံးကွယ်မထားခဲ့ပါဘူး။

သူက အမြဲတမ်းလိုလို ပျော်ပါးသောက်စားတတ်တဲ့ လူပေါ်ကြော့ တစ်ယောက် ဖြစ်ပါတယ်။ သူက

Edit with WPS Office

ကြယ်အမှတ်မြို့ထဲမှာ သူ့စိတ်တိုင်းကျ လုပ်နိုင်စွမ်း ရှိပါတယ်။ ဒါပေမဲ့လည်း ဒီလူ့ဂျိုက်ဆန်းကြယ် ဘုံထဲကို ဝင်လာပြီးတဲ့နောက်မှာ သူ့ရဲ့ ဘဂက အရမ်းကို ပျင်းစရာ ကောင်းလာပါတယ်။ ဒါကြောင့် သူ့အရှေ့မှာ ဆွဲမက်စရာကောင်းပြီး သတ္တိကောင်းတဲ့ မိန်းမလှ တစ်ယောက် ပေါ်လာတာကြောင့် သူ့ရဲ့ နှလုံးသားထဲက ရမ္မက်မီးတွေ တောက်လောင်လို့ လာပါတယ်။

"နင်က ဘာကြည့်တာလဲ"

မန်ဂေက နှာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ငါက နင့်လိုမျိုး ပျော့ပျော့ညံ့ညံ့နဲ့ ချစ်စရာကောင်းတဲ့ ကောင်လေးတွေကို မကြိုက်ဘူး။ ဒါကြောင့် ငါနဲ့ အိပ်ဖို့အကြောင်းကို စဉ်းတောင်မစဉ်းနဲ့။ အဲဒီလိုမှ မဟုတ်ရင် နင့်ရဲ့ လမ္ဘြတ်ကို ကန်ပြီးတော့ မျိုးတုန်းအောင် လုပ်ပစ်လိုက်မယ်"

သူမရဲ့ စကားတွေက အရမ်းကို ရဲတင်းလွန်းပါတယ်။

ရှားယွန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်း ငါ့လက်ထဲကို ရောက်တာနဲ့ မင်းကြိုက်ကြိုက်
မကြိုက်ကြိုက် ပြဿနာ မရှိတော့ဘူး"

သူစကားပြောလိုက်တာနဲ့ လျှို့ဝှက်ခန်းထဲက လင်းဟန်ဟာ
သူ့အသံကို ကျယ်လောင်စွာနဲ့ ရှင်းရှင်းလင်းလင်း
ကြားလိုက်ရပါတယ်။ လင်းဟန်က အေးစက်စွာနဲ့ ပြုံးလိုက်
မိပါတယ်။ သူက ရှားယွန်ကို သွားမရှာမိခဲ့ပါဘူး။ ရှားယွန်က
သူ့ကိုယ်သူ သူ့ဆီ အရောက်လာဖို့ နေခဲ့ပါပြီ။

အရမ်းကောင်းတာပဲ။ ငါ့အတွက်တော့ သူ့ကို သတ်ပစ်ရမဲ့
အချိန်ပဲ။

သူက သူ့မျက်နှာကို လက်နဲ့ ပွတ်သပ်လိုက်ပြီး
ချက်ချင်းဆိုသလို သူ့ရုပ်သွင်က ပြောင်းလဲသွား ခဲ့ပါတယ်။
ဒါပေမဲ့လည်း သူက နောက်ထပ်လူတစ်ယောက်အဖြစ်
သူ့ကိုယ်သူ ရုပ်ဖျက်ခဲ့တာ မဟုတ်ပါဘူး။ သူက
သူ့ရဲ့အစစ်အမှန် ရုပ်သွင်ကို ပြန်ပြောင်းလိုက်တာ
ဖြစ်ပါတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေက တစ်ယောက်ကို

Edit with WPS Office

တစ်ယောက် သတ်လို့ မရနိုင်ပါဘူး။ တကယ်လို့ သူတို့က လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုထဲမှာ ရတနာပစ္စည်းတွေ အတွက် တိုက်ခိုက်ကြတယ် ဆိုရင်တောင် တစ်စုံတစ်ယောက်က အောင်မြင်မှု ရသွားတာနဲ့ တိုက်ခိုက်ခြင်းကို ရပ်လိုက်ရပါလိမ့်မယ်။

ဒါပေါ့။ တကယ်လို့ မျက်မြင်သက်သေတွေ ရှိမနေဘူးဆိုရင် တစ်စုံတစ်ယောက်က သူတို့ရဲ့ ဂိုဏ်းတူတပည့်တွေကို သတ်ပစ်လို့ ရနေပါသေးတယ်။ တကယ်တော့ သူတို့က တရားခံတွေ ဆိုတာကို ဘယ်သူသိမှာလဲ။

ဒါပေမဲ့လည်း ဟန်လင်းက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်ဖြစ်ပြီးတော့ လင်းဟန်ကတော့ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်မဟုတ်ပါဘူး။

အဲဒါကြောင့် လင်းဟန်က သူ့ရဲ့ ရုပ်ရည်သွင်ပြင် အစစ်အမှန်ကို ပြန်ပြောင်းလိုက်ခြင်း ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက လင်းဟန်ဆိုတဲ့ သူ့ရဲ့ အစစ်အမှန် ရုပ်သွင်နဲ့ ရှားယွန်ကို သတ်သင် ပစ်ချင်ခဲ့ပါတယ်။ ဒီလိုမျိုး လက်စားချေရတာက ပိုပြီးတော့တောင် စိတ်ကျေနပ်စရာ

Edit with WPS Office

ကောင်းပါလိမ့်မယ်။

"မင်းတို့တွေ ဒီမှာနေခဲ့ဦး"

လင်းဟန်က စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကို ပြောလိုက်ပါတယ်။ သူက ဟန်လင်းဆိုတာကို အရဲစွန့်ပြီး သတင်းမပေါက်သွားစေချင်ခဲ့ပါဘူး။

"အင်းအင်း"

စွေ့ရန်ယွီက နားလည်တဲ့ ပုံစံနဲ့ ခေါင်းညိတ်လိုက်ပြီး ဟူဖေးယွင်ကတော့ အနည်းငယ် ခေါင်းရှုပ်နေတဲ့ ပုံစံနဲ့ ခေါင်းညိတ် ပြလိုက်ပါတယ်။ သူမက ဘာဖြစ်လို့ လင်းဟန်က ရုတ်တရက် သူ့ရဲ့ မျက်နှာအစစ်အမှန်ကို ပြန်ပြောင်းလိုက်လဲ ဆိုတာ နားမလည်ခဲ့ပါဘူး။

လင်းဟန်က လျှို့ဝှက်ခန်းထဲကနေ ခြေလှမ်းကျဲတွေနဲ့ ထွက်လာခဲ့ လိုက်ပါတယ်။

ရှားယွန်က လုပ်ရှားမှု လုပ်တော့မလို့ ပြင်ဆင်နေတဲ့ အချိန်မှာ လျှို့ဝှက်ခန်းထဲက ထွက်လာတဲ့ လူကို မြင်လိုက်ရတဲ့ အခါမှာတော့ သူက ရုတ်တရက်

Edit with WPS Office

အထိတ်တလန့် ဖြစ်သွားပါတယ်။

လင်းဟန်။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဘာကြောင့် သူလည်း ဒီနေရာမှာ ရှိနေရတာလဲ။

ကြယ်စင်စုထဲက ရောမ ဂူသချိုင်းထဲကို ဝင်သွားတဲ့ အချိန်ကစပြီး လင်းဟန်က နောက်တစ်ကြိမ် ပေါ်ထွက်လာခြင်း မရှိခဲ့ပါဘူး။ အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ဂိုဏ်းသားအသစ် စုဆောင်းတဲ့ စမ်းသပ်စစ်ဆေးမှုကို ရောမ သချိုင်းဂူထဲကို သူဝင်ပြီးတဲ့ နောက်တစ်နှစ်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ လင်းဟန်က တက်ရောက်ခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် လူတော်တော် များများက လင်းဟန်ကို ရောမ ဂူသချိုင်းထဲမှာ သေသွားပြီလို့ ကောက်ချက်ချ ခဲ့ကြပါတယ်။

အဲဒါကြောင့်လည်း လင်းဟန်ကို ဒီနေရာမှာ တွေ့မြင်လိုက်ရတာက ရှားယွန်အတွက် အကြီးအကျယ် အံ့အားသင့်သွား စေခဲ့ပါတယ်။

Edit with WPS Office

"လင်းဟန်"

ရှားယွန်က အေးစက်စက်နဲ့ နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။ လင်းဟန်သေတာကို သူမြင်ချင်နေတာ ကြာနေပါပြီ။ လင်းဟန်က အရမ်းကို ကုသိုလ်ကံ ကောင်းနေတယ်လို့ မြင်ပါတယ်။ သူက ဘယ်လိုမှကို မသေသေးပါဘူး။ ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူကိုယ်တိုင်ကိုယ်ကျ သတ်ပစ်ရပါလိမ့်မယ်။ ဒါကြောင့် လင်းဟန်က ဘယ်လိုလုပ် လွတ်မြောက် နိုင်မှာလဲ။

ဒီလူမှာ ကြီးမားတဲ့ လျှို့ဝှက်ချက်တွေနဲ့ တန်ဖိုးကြီးတဲ့ ရတနာပစ္စည်းတွေ ရှိပါတယ်။ ရှားယွန်က အဲဒီပစ္စည်းတွေကို သူ့အပိုင် ဖြစ်အောင် လုပ်ရပါလိမ့်မယ်။

သူက လင်းဟန်ကို ရှုံးနိမ့်လိမ့်မလား။

မဖြစ်နိုင်တာ။ ရောမ ဂူသချိုင်းကို ဝင်တဲ့အချိန်မှာ လင်းဟန်က တောင်မြစ်အဆင့်ရဲ့ ပြင်းထန် အဆင့်မြင့်မှာပဲ ရှိပါတယ်။ သုံးနှစ်ဆိုတဲ့ အချိန်ပဲ ကုန်ပါသေးတယ်။ ဒါကြောင့် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က ဘယ်လိုနည်းနဲ့မှ

Edit with WPS Office

မြင့်မားတဲ့ အဆင့်ကို ရောက်နိုင်စရာ မရှိပါဘူး။

"ကောင်းလိုက်တာ။ ဒီနေရာမှာ ငါတို့တွေ တစ်ယောက်နဲ့ တစ်ယောက် ကြုံရမယ်ဆိုတာ မယုံကြည်နိုင်ခဲ့ဘူး"

ရှားယွန်က အေးစက်စွာနဲ့ ရယ်မောရင်း ပြောလိုက်တယ်။

"မင်းက အကြိမ်တော်တော်များများ လွတ်မြောက်သွားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီတစ်ကြိမ် ငါကိုယ်တိုင် မင်းကို သတ်ပစ်မယ်။ မင်းကို ဒီတစ်ကြိမ် လွတ်မြောက်ခွင့် လုံးဝပေးမှာ မဟုတ်ဘူး"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ရှားယွန် မင်းက မင်းကိုယ်ပိုင် စိတ်ကူးယဥ် ကမ္ဘာထဲမှာ နေနေတာပဲ"

အခု သူနဲ့ ရှားယွန်အကြားက ကွာဟချက်က မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီး အကြားက အကွာအဝေးလိုပါပဲ။

"အခုမှ သုံးနှစ်ပဲ ရှိသေးတယ်။ မင်းက ရုတ်တရက်ကြီး

Edit with WPS Office

သန်မာလာတယ်လို့တော့ ငါ့ကို လာမပြောနဲ့”

လင်းဟန်က သူ့ထက် ပိုပြီးတော
အစွမ်းထက်လာတယ်ဆိုတာကို ဒုတိယ အကြိမ်ထိ
ရှားယွန်က မယုံကြည်နိုင်ခဲ့ပါဘူး။ တန်ခိုးရှင်တွေမှာ
သုံးနှစ်ဆိုတာက အရမ်းကို တိုတောင်းလွန်းတဲ့ အချိန်ပမာဏ
တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အရမ်းကို တိုတောင်းတဲ့
အချိန်အတွင်းမှာ အဆင့်သေးလေး တစ်ခုကို
တက်ဖို့ဆိုတာတောင် မဖြစ်နိုင်ပါဘူး။

“ဂျူနီယာညီလေးရှား ဒီလူကို မင်းသိလား”

သူတို့ငါးယောက်လုံးက အဲ့ဖွယ်ကောင်းကင်ဂိုဏ်းက ဆိုတာ
ထင်ရှားပါတယ်။ နောက်ပြီးတော့ သူတို့အားလုံးက
ပင်မတပည့်တွေ ဖြစ်ပါတယ်။ သူတို့က
မျိုးစေ့ပါရမီရှင်တွေလောက် မထူးချွန်ပေမဲ့ သူတို့ရဲ့
ကျင့်ကြံခြင်း အဆင့်က မနိမ့်ကျပါဘူး။

သူတို့အားလုံး တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ
ရှိပါတယ်။ ပင်မတပည့်တွေဆိုတဲ့ အချက်ကိုပါ

Edit with WPS Office

ထည့်သွင်းလိုက်ရင် သူတို့က အနည်းဆုံး ကြယ်သုံးပွင့် ပါရမီရှင်တွေ ဖြစ်ကြပါတယ်။

ဒါကြောင့် ဂျိကျန်းပင်က မြားတစ်ချောင်းကြောင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရခဲ့တယ် ဆိုပေမဲ့ သူတို့က မကြောက်ပါဘူး။ သူတို့မှာ ယုံကြည်ချက်တွေနဲ့ ပြည့်နက်နေပါသေးတယ်။

"ဒါပေါ့။ ငါသူ့ကိုသိတယ်။ သူက မိုးကောင်းကင်ကို ခွဲဖွင့်ပြီးမှ ရောက်လာတဲ့ တောသား တစ်ယောက်ပဲ"

ရှားယွန်က အထင်သေးစွာနဲ့ ပြောလိုက်တယ်။

"အိုး"

ကျန်တဲ့လူ လေးယောက်စလုံး နားလည်သွားပြီးတော့ ခေါင်းညိတ်လိုက်ပါတယ်။ တချိန်တည်းမှာ သူတို့က လင်းဟာန်အပေါ် စိတ်ဝင်စားမှု မရှိတော့ပါဘူး။

တကယ်လို့ သူက အစွမ်းထက်တဲ့ အင်အားစု တချို့ရဲ့ အမွေခံသူ တစ်ယောက်ဖြစ်နေမယ်ဆိုရင် မိုးကောင်းကင်ကို ခွဲဖွင့်တာက အရမ်းကို အထင်ကြီးစရာ

Edit with WPS Office

ကောင်းနေပါလိမ့်မယ်။ ဒါပေမဲ့လည်း ရှားယွန်က သူ့ကို တောသားတစ်ယောက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့ပါတယ်။ အဲဒါကြောင့် လင်းဟန်က ကမ္ဘာငယ် တချို့က တက်လာတာ ဖြစ်ပြီးတော့ တန်ခိုးရှင်ဘုံထဲမှာ နောက်ခံနည်းနည်းမှ မရှိဘူးဆိုတာကို ဖော်ပြနေပါတယ်။ ဒါကြောင့် သူတို့အနေနဲ့ သူ့ကို အာရုံစိုက် အလေးထားနေစရာ မလိုပါဘူး။

"ဂျူနီယာညီလေး ရှားက သူနဲ့ ရန်ငြိုးရှိတယ် ဆိုမှတော့ သူ့ကို ဖယ်ရှားဖို့ ငါတို့တွေ မင်းကို ခွင့်ပေးလိုက်မယ်"

အပြာရောင် ဂတ်စုံနဲ့ လူငယ်က ပြောလိုက်တယ်။ သူက လှို့ဝှက်ခန်းကို ဆက်ပြီးတော့ စိုက်ကြည့်နေရင်း ပြောလိုက်တာ ဖြစ်ပါတယ်။ ဂျိကျန်းပင်ကို ဒဏ်ရာရအောင် လုပ်ခဲ့တဲ့ လက်ရွေးစင်က သူ့ကို ကြောက်ရွံ့မှု ခံစားစေခဲ့ပါတယ်။

အဲဒီအချိန် မန်ဝေနဲ့ သူ့အဖော် ကြေးစားတစ်ဖွဲ့က အနည်းငယ် ပဟေဠိ ဖြစ်နေကြပါတယ်။ လင်းဟန်က ဘာဖြစ်လို့ ရုတ်တရက် ရုပ်ပြောင်းသွား ရတာလဲ။ သူ့အဂတ်အစားတွေပဲ တူနေရုံတင်မက လင်းဟန်ရဲ့

Edit with WPS Office

အသံကပါ ဟန်လင်းနဲ့ အရမ်းကို တူနေတဲ့ အချက်ကြောင့်သာ မဟုတ်ဘူးဆိုရင် လင်းဟန်က လျှို့ဝှက်ခန်းထဲမှာ တချိန်လုံး ပုန်းအောင်းနေမယ်လို့ သူတို့တွေ သံသယဝင်မိ ကြပါလိမ့်မယ်။

"ငါကျေကျေနပ်နပ် လက်ခံတယ်"

ရှားယွန်က လင်းဟန်ကို စိုက်ကြည့်ရင်းနဲ့ ပြောလိုက်တယ်။ သူ့မျက်လုံးတွေထဲမှာတော့ သတ်ဖြတ်ခြင်း ဆန္ဒတွေနဲ့ ပြည့်နက်လို့ နေပါတယ်။

ရိုးရိုးသားသား ပြောရမယ်ဆိုရင် အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲကို သူတကယ် ဝင်ရောက်လိုခြင်း မရှိပါဘူး။

ကြယ်အမှတ်မြို့မှာဆို သူက စိတ်ထင်တိုင်း လုပ်လို့ရတဲ့ သခင်လေး တစ်ယောက် ဖြစ်ပါတယ်။ တကယ်လို့ ပြဿနာ တက်မယ်ဆိုရင်တောင် သူ့အဖေရဲ့ လွှမ်းမိုးမှုနဲ့ သူ့ကို ကာကွယ်ပေး နိုင်ပါတယ်။ ဒါပေမဲ့လည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းထဲမှာ သူ့ဘဝက

Edit with WPS Office

ဘယ်လိုမျိုးကြီးလဲ။

သူ့ရဲ့နောက်ခံက လုံးဝကို အသေးအဖွဲ့ ဖြစ်လာခဲ့ပါတယ်။ ဒီနေရာမှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် လက်ရွေးစင်ရဲ့ အမွေဆက်ခံသူ ဒါမှမဟုတ် မျိုးဆက်ကနေ ဆင်းသက်လာတဲ့ တပည့်တွေ အများကြီး ရှိပါတယ်။ ဒါကြောင့် သူ့ရဲ့ မောက်မာဂုဏ်ကြွားမှုတွေက လေထဲမှာ မေးမှိန်ပျောက်ကွယ် သွားရပါတယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ရောက်ပြီးတဲ့နောက်မှာ သူက တိမ်ပေါ်ကနေ ရွှံ့ထဲကို ပြုတ်ကျသွားသလို ခံစားရပါတယ်။ သူ့အတွက် ဘာကိုမှ ဘဝင်မြင့်နေစရာ မရှိတော့ပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ လင်းဟာန်ရဲ့ လျှို့ဝှက်ချက်တွေကို သူရရှိနိုင်ခဲ့မယ်ဆိုရင် သူက သေချာပေါက် မျိုးစေ့အဆင့် ပါရမီရှင် တစ်ယောက် အဖြစ်ကို ခုန်ပျံကျော်လွှားပြီး အဆင့်တက် သွားပါလိမ့်မယ်။

အဲဒါက အရမ်းကို အထင်ကြီးစရာ ကောင်းလွန်းပါတယ်။

"လင်းဟာန်က မင်းရဲ့ လျှို့ဝှက်ချက်တွေ ငါ့အပိုင်

Edit with WPS Office

ဖြစ်စေရမယ်”

သူက မာန်သွင်းအော်ဟစ် လိုက်ပါတယ်။

သူက လင်းဟာန်ဆီကို ခုန်ဝင်လိုက်ရင်း သူ့ညာဘက်လက်နဲ့ ခုတ်ချလိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ နတ်ဘုရား သင်္ကေတတွေ ပန်းထွက်လာပြီး မီတာသုံးရာ အရှည်ရှိတဲ့ ရောမ လက်ကြီးတစ်ဖက် အဖြစ်ကို ပြောင်းလဲသွားခဲ့ပါတယ်။

Chapter 1182 end

အပိုင်း(1183) ငါ့ကို ဘယ်သူ တားချင်သေးလဲ

ရှားယွန်ရဲ့ သိုင်းပညာ ပါရမီက ကျောက်လန်ထက် နိမ့်ကျပါတယ်။ ဒါပေမဲ့ သူ့ရဲ့ စွမ်းရည်တော်ါက တကယ့်ကို အထင်ကြီးစရာကောင်းတာကြောင့်လည်း ပင်မတပည့် တစ်ယောက်အဖြစ် ရွေးချယ်ခံ ခဲ့ရတာပါ။

ဟုန်း။

ရောမ လက်ကြီးက ဆင်းသက်လာပြီးတော့ မိုးကောင်းကင်နဲ့ နေကိုတောင် ပိတ်ကွယ်တားဆီး သွားပါတယ်။

Edit with WPS Office

သူ့နှုတ်ခမ်းထောင့်မှာ အေးစက်စက် သရော်ပြုံးတစ်ခု တွဲခိုလာပါတယ်။ သူ့အရှေ့မှာ ကောင်းကင်နီ သင်တန်းကျောင်းက ဒီပါရမီရှင်ဆိုတာ ဘာတွေများ ထိုက်တန်လို့လဲ။ သူက ဘယ်လောက်ပဲ ထူးဆန်းနေပါစေ ဒါမှမဟုတ် ဘယ်လောက်ပဲ ပါရမီရှိနေပါစေ ကျင့်ကြံခြင်း အဆင့်ကပဲ ဆုံးဖြတ်ပေးနိုင်တဲ့ အချက်ဖြစ်ပါတယ်။

သေစမ်း။

သူက လင်းဟာန်ရဲ့ စိတ်ဂိညာဉ် ပျက်ပြယ်သွားခြင်း မရှိခင် သူ့ရဲ့မှတ်ဉာဏ်တွေကို ဆွဲထုတ်ယူဖို့ ချက်ချင်းပဲ အသာစီး ရယူလိုက်ပါတယ်။ အဲဒါမှ လင်းဟာန်ရရှိထားတဲ့ အခွင့်အလမ်း ကံကြမ္မာ အားလုံးကို ရရှိပါလိမ့်မယ်။

လင်းဟာန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ ဒီလိုမျိုး တိုက်ခိုက်မှုက လက်ရှိသူ့ကို ဘယ်လောက် အကျိုးသက်ရောက်မှု ရှိနိုင်မှာလဲ။ သူက မေးစေ့ကို ပွတ်ပြီးတော့ အသက်ကို ခပ်ပြင်းပြင်း ရှူပြီး မိုးပေါ်ကို မော့ပြီးတော့ မှုတ်ထုတ်လိုက်ပါတယ်။

Edit with WPS Office

ဖူး။

အဲဒီမူလစွမ်းအင် ရောမ လက်ကြီးက ချက်ချင်းဆိုသလို တုန်ခါပြီးတော့ အစိတ်စိတ် အမြွာမြွာ ကွဲကာ နေရာအနှံ့ကို လွင့်မျောသွား ခဲ့ပါတယ်။

သောက်ကျိုးနည်း။

ရှားယွန်နဲ့ သူ့အုပ်စုက မျက်လုံးတွေ ပြူးပြီးတော့ မှင်တက်အံ့သြ သွားကြပြီး သူတို့ရဲ့ မျက်လုံးတွေကို သူတို့တောင် မယုံကြည်နိုင်အောင် ဖြစ်သွားကြပါတယ်။

ဒါက အရမ်းကို လွန်လွန်းပါတယ်။ ဟုတ်တယ်မလား။ အသက်ရှူလိုက်တဲ့ လေကို မှုတ်ထုတ်လိုက်တာက ဒီလောက်တောင် အံ့သြဖို့ ကောင်းသလား။ ဒါက လေလုံးထွားတာလည်း မဟုတ်ပါဘူး။

ဒီကောင်က နေလအဆင့်မှာများ ရှိနေတာ ဖြစ်နိုင်မလား။ ဒါပေမဲ့ ဒီနေရာကို နေလအဆင့်တွေ ဝင်နိုင်စွမ်း မရှိဘူး မဟုတ်လား။ တကယ်လို့ အင်အားစု တချို့က နေလအဆင့် အနည်းငယ်ကို ပြုစုပျိုးထောင်ပြီး သူတို့ရဲ့

Edit with WPS Office

ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်ကို ဖျက်ဆီးပစ်ဖို့ အမိန့်ပေးပြီးတော့ အဲဒီနောက်မှာ သူတို့ရဲ့ စွမ်းအားတွေကို တားမြစ်ဆေး တချို့ကို သုံးစွဲပြီး နေလအဆင့်ကို ပြန်ရောက်အောင် ချိုးဖျက်နိုင်ပါတယ်။ ဒါပေမဲ့ လင်းဟာန်က ဘယ်လောက် ငယ်ရွယ်သေးလဲ။ သူ့ရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်း အဆင့်ကို သူက ဖျက်ဆီးပစ်ဖို့ဆိုတဲ့ ဖြစ်နိုင်ချေ ရှိနိုင်ပါ့မလား။

"မဟုတ်ဘူး မဖြစ်နိုင်ဘူး"

ရှားယွန်က သူတို့အုပ်စုထဲမှာ လင်းဟာန်နဲ့ ပတ်သက်ပြီး အကြောင်းသိဆုံး ဖြစ်ပါတယ်။ သူ့မျက်နှာ တစ်ခုလုံး မယုံကြည်နိုင်မှုတွေနဲ့ ပြည့်နှက်နေပြီး လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ အံ့အားသင့်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းမှာ ဘယ်လိုလုပ်ပြီးတော့ ဒီလိုမျိုး တိုက်ပွဲစွမ်းရည်ကို ပိုင်ဆိုင်ထားဖို့ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒါက လုံးဝကို မဖြစ်နိုင်ဘူး"

"ရှားယွန် မင်းအတွက် မဖြစ်နိုင်ဘူးလို့ ထင်တဲ့အရာတွေ

Edit with WPS Office

အများကြီး ရှိနေဦးမယ်။ ဒါပေမဲ့ အဲဒါတွေက အမှန်တကယ် ဖြစ်လာနိုင်တယ်။ ဥပမာ ငါမင်းကို သတ်ပစ်မယ် ဆိုတာမျိုးပေါ့"

လင်းဟန်က ဂရုမစိုက်တဲ့ ပုံစံနဲ့ ကြေညာလိုက်ပါတယ်။

တကယ်လို့ ဒီစကားတွေကို စောစောပိုင်းတုန်းကသာ သူပြောမယ်ဆိုရင် ရှားယွန်က သူ့ကို သေချာပေါက် ယုံကြည်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟန်က သူ့ရဲ့ မူလစွမ်းအင်သုံး ဧရာမ လက်ကြီးကို လေတစ်ချက် မှုတ်ထုတ်ပြီးတော့ ပျက်ပြယ်သွားစေခဲ့ပါတယ်။ နှစ်ဖက်စလုံး အကြားက စွမ်းအားကွာဟချက်က အရမ်းကို သိသာထင်ရှား လွန်းပါတယ်။

ရှားယွန်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ကောင်းပြီလေ။ ဒီတစ်ကြိမ်လည်း မင်းကံကောင်းတယ်လို့ မှတ်လိုက်ပါ။ မင်းထွက်သွားနိုင်ပြီ"

လင်းဟန်က အံ့အားသင့် သွားခဲ့ပြီး သူ့နားသူတောင် မယုံနိုင်အောင် ဖြစ်သွားပါတယ်။

Edit with WPS Office

ဒီကောင်က သူ့ကိုယ်သူ အသာစီး ရနေတယ်လို့ တွေးနေသေးတာလား။ သူက တကယ်ပဲ လင်းဟာန်ကို အကြီးအကျယ် သနားဂရုဏာ ထားနေတဲ့ ပုံစံနဲ့ ထွက်သွားနိုင်ပြီလို့ ပြောခဲ့ပါတယ်။

"ဟားဟားဟား"

လင်းဟာန်က အခုမှ နားလည်သဘောပေါက် သွားခဲ့ပါတယ်။ ဒီကောင်က သူ့ကိုယ်သူ အရမ်းကို အထင်ကြီးနေပြီး ဒါကို ကြယ်အမှတ်မြို့လို့ ထင်နေပြီးတော့ သူက မဟာဗိုလ်ချုပ် ရှားရဲ့ သားဖြစ်တာကြောင့် သူ့စိတ်ကြိုက်လုပ်လို့ ရတယ်လို့ တွေးနေသေးပုံပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့နောက်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက် ရှိနေလို့ပါပဲ။

"ဘာလဲ။ မင်းဘာဖြစ်လို့ ထွက်မသွားသေးတာလဲ"

ရှားယွန်က အေးစက်စွာနဲ့ မေးလိုက်ပါတယ်။ သူ့ပုံစံက အရမ်းကို စိတ်မရှည်တဲ့ ပုံစံပါပဲ။

သူက သူ့ရဲ့ ကြီးမားတဲ့ သက်ညှာမှုနဲ့ ခွင့်ပြုပေးခဲ့ပါတယ်။

Edit with WPS Office

ဒါကြောင့် ဒီကောင်က ဘာဖြစ်လို့ သူ့ကို
ဟက်ဟက်ပက်ပက်နဲ့ မြန်မြန်ကျေးဇူးတင်စကား
ပြောပြီးတော့ ထွက်မသွားရတာလဲ။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ရှားယွန် အရင်တုန်းကတော့ မင်းက ဘဂင်မြင့်တယ်၊
နိုင်ထက်စီးနင်းလုပ်တတ်ပြီး အပျော်အပါးမက်တဲ့ သခင်လေး
တစ်ယောက်လို့ပဲ ငါထင်ခဲ့မိတယ်။ အခုမှပဲ ငါဘယ်လောက်
မှားနေလဲ ဆိုတာကို ကြောက်စရာကောင်းလောက်အောင်
သတိပြုမိသွားခဲ့ပြီ"

ဟားဟား နောက်ဆုံးတော့ ငါက ဘယ်လောက်တောင်
ထူးခြားလဲ ဆိုတာကို မင်းသိသွားပြီပေါ့ ဟုတ်တယ်မလား။

ရှားယွန်က တွေးလိုက်ပြီး သူ့နှုတ်ခမ်းထောင့်မှာ ကျေနပ်ပီတိ
ဖြစ်နေတဲ့ အပြုံးတစ်ခု ဖြစ်ပေါ်နေ ခဲ့ပါတယ်။

"မင်းက သောက်ကျိုးနည်းလောက်အောင် တုံးတဲ့
ငတုံးကောင်ပဲ"

လင်းဟန်က သူ့စကားကို ဆက်လိုက်ပါတယ်။

Edit with WPS Office

လပြွတ်ပဲပေါ့ကွာ။

ရှားယွန်ရဲ့ ပြုံးနေတဲ့ မျက်နှာက ချက်ချင်းဆိုသလို မယုံနိုင်စရာ ကောင်းလောက်အောင် ရှုံ့မဲ့သွား ခဲ့ပါတယ်။ အဖြစ်အပျက်က ရုတ်တရက် ပြောင်းလဲသွားလိမ့်မယ်လို့ သူလုံးဝကို ထင်မှတ်မထား မိခဲ့ပါဘူး။ လင်းဟာန်က သူ့ရဲ့ အတွေးတွေကို တကယ်ပဲ သစ္စာဖောက် သွားခဲ့ပါတယ်။ သူက မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။

"မင်းဘာလိုချင်တာလဲ တိတိကျကျပြောစမ်း"

"သိပ်အများကြီး မဟုတ်ပါဘူး။ ငါက မင်းရဲ့ခေါင်းကို ငှားချင်ရုံပါပဲ"

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

"မင်းက သေလမ်းရှာနေတာပဲ"

ရှားယွန်ရဲ့ ဒေါသတွေ ပေါက်ကွဲထွက် သွားခဲ့ပါတယ်။ သူက ဘယ်သူလဲ။ သူက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သားဖြစ်ပါတယ်။ အခုတော့ လူတစ်ယောက်က သူ့ခေါင်းကို ငှားချင်တယ်လို့ တကယ်ပဲ

Edit with WPS Office

ပြောလာခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီလူက ကျွမ်းကျင်ယောင်လေး တစ်ခုက တောသားတစ်ယောက် ဖြစ်နေပါတယ်။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းနဲ့ အဓိပ္ပါယ်မဲ့တဲ့ စကားတွေ ပြောနေတာ ငါ့အတွက် မကောင်းဘူး။ ဒါမှမဟုတ် ငါ့ရဲ့ အသိဉာဏ်လည်း မင်းကြောင့် တုံးအသွားလိမ့်မယ်။ ဒါဆိုရင် ကောင်းပြီလေ။ မင်းမသေခင်မှာ မင်းကို စကားတွေ အများကြီး ပြောခွင့်ပြုလိုက်မယ်။ ဒါပေမဲ့ အချိန်တော့ မကျော်စေနဲ့"

"မင်း မင်းငါ့ကို သတ်ရဲလို့လား"

ရှားယွန်က အံ့အားသင့်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ အရမ်းကို အံ့သြနေပါတယ်။ ဒါကို အမှန်လို့ သူလက်မခံနိုင် ဖြစ်နေပါတယ်။

သူက ဘယ်သူလဲ။

သူ့အဆင့်အတန်းက ဘယ်လောက်မြင့်လဲ။ လင်းဟာန်က တကယ်ပဲ သူ့ကို သတ်ချင်နေတာလား။

Edit with WPS Office

လင်းဟန်က သူ့ကို ထပ်ပြီးတော့ မဖြေပဲ
သူ့ညာဘက်လက်ကို အသာလေး ဆန့်ထုတ် လိုက်ပါတယ်။
အစွမ်းထက်တဲ့ စွမ်းအားတစ်ခု စတင်သိပ်သည်းလာပြီး
မျက်နှာပြင် အောက်ခြေမှာ သတ်ဖြတ်ခြင်း ဆန္ဒကလည်း
ကပ်ညှိလို့ နေပါတယ်။

အခုတော့ ရှားယွန်ပေ့ါ။ နောက်ကျရင် ကျောက်လန်အလှည့်
ရောက်လာပါလိမ့်မယ်။ သူ့အပေါ် အကြွေးတင်နေတဲ့
လူတွေအတွက်တော့ လင်းဟန်က သူတို့ကို တစ်ယောက်ပြီး
တစ်ယောက် အကြွေးတောင်း ရပါလိမ့်မယ်။

သူက လက်ချောင်းတစ်ချောင်းကို ဆတ်ခနဲ လှုပ်ရှားလိုက်ပြီး
ဓားအလင်းတန်း တစ်ခုက ထွက်ပေါ်လာပြီး ရှားယွန်ဆီကို
ဦးတည်ကာ ခုတ်ချလိုက်ပါတယ်။

ဖူး။

သွေးတွေ ပျံ့နှံ့သွားခဲ့ပေမဲ့ ရှားယွန်ကတော့
နစ်ပိုင်းပြတ်သွားခြင်း မရှိခဲ့ပါဘူး။ သူ့ကိုယ်ပေါ်က
ရွှေရောင်အလင်းတစ်ခု လက်နေပြီး သူ့ကို

Edit with WPS Office

ရွှေရောင်ချုပ်ဂုတ်တန်ဆာ ဂုတ်ဆင်ထားတဲ့ စစ်ပွဲနတ်ဘုရား တစ်ယောက်အဖြစ်ကို ပြောင်းလဲသွားသလိုပါပဲ။

ဟင်။

လင်းဟန်ရဲ့ မျက်လုံးတွေ ပြူးသွားခဲ့ပါတယ်။ ရှားယွန်ရဲ့ ခန္ဓာကိုယ် ပတ်လည်မှာ ရွှေရောင် အမိန့်စာလွှာ တစ်ခုနဲ့ ပတ်ထားတာကို တွေ့မြင်လိုက် ရပါတယ်။ အဲဒီအမိန့်စာလွှာရဲ့ အကျိုးသက်ရောက်မှုကြောင့် လင်းဟန်ရဲ့ သေစေလောက်တဲ့ တိုက်ခိုက်မှုကို ဟန့်တားလိုက် နိုင်တာပဲ ဖြစ်ပါတယ်။

ဒီအမိန့်စာလွှာက မဟာဗိုလ်ချုပ်ရှားအနေနဲ့ သူ့သားကို အကာအကွယ် ပစ္စည်းအဖြစ် ပေးထားတယ် ဆိုတာ ပေါ်လွင်ပါတယ်။

"မင်း ဘယ်လောက် အတင့်ရဲလိုက်လဲ"

ရှားယွန်ရဲ့ ဒေါသတွေ မိုးထိတောင် မြင့်မားလာပါတယ်။ သူ့ရဲ့အသံတောင်မှ တုန်ခါလို့ နေပါတယ်။ တကယ်လို့ ဒီအမိန့်စာလွှာက လင်းဟန်ရဲ့ တိုက်ခိုက်မှုကို

Edit with WPS Office

ခံမယူခဲ့ဘူးဆိုရင် တစ်ခုတည်းပဲ ရှိပါတယ်။ သူက
သေလောက်တဲ့ အန္တရာယ်နဲ့ ကြုံတွေ့ရပါလိမ့်မယ်။
ဒီအမိန့်စာလွှာက သူ့အလိုအလျောက် ခံယူလိုက်လို့ပဲ
သူ့အတွက် သေတွင်းကနေ ကပ်သီးလေး
လွတ်သွားခဲ့ရတာပါ။

သူက သေလုနီးပါး ဖြစ်သွားပါတယ်။

"မင်းက သေဖို့ပဲ ထိုက်တန်တယ်"

ရှားယွန်က ကျယ်လောင်စွာနဲ့ အော်ဟစ်လိုက်ပါတယ်။
အမိန့်စာလွှာက ပြင်ပကနေ လုံ့ဆော်မှ အသက်ဝင်နိုင်တာ
ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အခုတော့ ဒါကို
အသက်သွင်းပြီးတာကြောင့် ဒီလိုမျိုး အခွင့်အရေးကို
လက်လွှတ်လို့ ဘယ်ဖြစ်မှာလဲ။ သူက ဒီအခွင့်အရေးကို
အသုံးချပြီးတော့ လင်းဟာန်ကို သတ်ပစ်ရပါမယ်။

သူက လှုပ်ရှားလိုက်ရင်း လက်သီးတစ်လုံး ထိုးလိုက်ပါတယ်။
အမိန့်စာလွှာက သူ့ရဲ့ တိုက်ခိုက်မှုကို မြှင့်တင်ပေးပြီး
ရွှေရောင်နွားသိုး တစ်ကောင် အဖြစ်ကို ပြောင်းလဲကာ

Edit with WPS Office

လင်းဟန်ဆီ ပြေးဝင်လာခဲ့ပါတယ်။

ဟူး။ ဘာဖြစ်လို့ ဒီသူဌေးသားတွေကို သတ်ရတာ အရမ်းကို ခက်ခဲတာလဲ။

"အား"

လင်းဟန်က သူ့ရဲ့ ရန်သူကို သူ့နှလုံးသားထဲကနေ သရော်နေဆဲ အချိန်မှာပဲ ရှားယွန်ဆီက ညည်းတွားသံ တစ်ခု ထွက်ပေါ်လာပြီး ကြည့်ရတာ နာကျင်သွားပုံ ရပါတယ်။ နောက်ပြီးတော့ သူ့ခန္ဓာကိုယ်ပေါ်က ရွှေရောင်အလင်းတန်းကလည်း တဒင်္ဂခန့် တုန်ခါသွားပါတယ်။ အမိန့်စာလွှာက တစ်ချက်တောက်ပလာပြီး နောက်တစ်ကြိမ် မှေးမှိန်သွားပြီးတော့ အစွမ်းတွေ ကုန်ခမ်းသွား သလိုမျိုး ဖြစ်သွားပါတယ်။ နွားသိုးကြီးလည်း အမိန့်စာလွှာရဲ့ စွမ်းအားနဲ့အတူ သူ့ဘာသာ မှေးမှိန်ပျောက်ကွယ် သွားခဲ့ပါတယ်။

ပထမတော့ လင်းဟန်က အထိတ်တလန့် ဖြစ်သွားခဲ့ပါတယ်။

Edit with WPS Office

သူက တိုက်ကွက်တောင် မထုတ်ရ သေးပါဘူး။ ဒါကြောင့် ဘာဖြစ်လို့ ရှားယွန်ကို ကြည့်ရတာ အရမ်းကို နာကျင်နေတဲ့ပုံစံ ဖြစ်နေရတာလဲ။ ဒါပေမဲ့လည်း သူက ချက်ချင်းပဲ နားလည်သဘောပေါက် သွားခဲ့ပါတယ်။

ဒီနေရာထဲမှာ တားမြစ်အစီအရင်တွေ ရှိပါတယ်။ လူတစ်ယောက်ရဲ့ စွမ်းအားက နေလအဆင့်ကို ရောက်သွားတဲ့ အဲဒီလူက ပစ်မှတ်ထားခြင်းကို ခံရပါလိမ့်မယ်။

စောစောတုန်းက အမိန့်စာလွှာဟာ သူ့ဆီက တိုက်ခိုက်မှု တစ်ခုကို ကာကွယ်ဖို့ အသက်ဝင် လာခဲ့ပါတယ်။ သူ့အစွမ်းက ထူးကဲတယ် ဆိုပေမဲ့ နေလအဆင့်ကို မရောက်သေးပါဘူး။ ဒါပေမဲ့ အခုတော့ ရှားယွန်က လက်ဦးမှု ရယူပြီးတော့ တိုက်ခိုက်ပြီး အမိန့်စာလွှာရဲ့ အစွမ်းနဲ့ ပေါင်းစည်းကာ သူ့ရဲ့ စွမ်းအားက နေလအဆင့်ကို ရောက်ရှိသွား ခဲ့ပါတယ်။ ဒါကြောင့် ဒီနေရာက အစီအရင်တွေရဲ့ ပစ်မှတ်ထားခြင်းကို သူခံလိုက်ရတာ ဖြစ်ပါလိမ့်မယ်။ သူက သူ့ရန်သူကို ထိခိုက်အောင်

Edit with WPS Office

မလုပ်ရသေးခင်မှာပဲ သူ့ကိုယ်သူ အရင်ဆုံး ထိခိုက်သွား ခဲ့ပါတယ်။

ရှားယွန်က သူ့ကိုယ်သူ နားမလည်အောင် ဖြစ်သွားပါတယ်။ လင်းဟာန်က သူ့ကို လျှို့ဝှက် နည်းစနစ် တချို့ကို သုံးပြီးတော့ တိုက်ခိုက်လိုက်တယ်လို့ တွေးနေခဲ့ပါတယ်။ သူက အမိန့်စာလွှာရဲ့ အစွမ်းနဲ့တောင် ဖိနှိပ်နိုင်ခဲ့ခြင်း မရှိသလို အမိန့်စာလွှာရဲ့ အစွမ်းကိုပါ ဆွဲသုံးခဲ့ ရပါတယ်။

အမိန့်စာလွှာကို အသက်သွင်းပြီးတဲ့ နောက်မှာ သူ့ရဲ့ စွမ်းအားက ဖြည်းညှင်းစွာနဲ့ ဆုတ်ယုတ် သွားပါလိမ့်မယ်။ တကယ်လို့ အဲဒါတစ်ခုတည်း သူ့မှာကျန်ရင်တောင် သူ့အနေနဲ့ ပြန်ရနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သူက ဒီရှားပါးတဲ့ အခွင့်အရေးရဲ့ အားသာချက်ကို ယူပြီးတော့ လင်းဟာန်ကို သတ်ပစ်ချင် ခဲ့ပါတယ်။

"အား"

ဒါပေမဲ့လည်း အမိန့်စာလွှာရဲ့ စွမ်းအားကို ဆွဲယူသုံးစွဲ လိုက်တာနဲ့ သူက ပိုပြီးတော့တောင် နာကျင်စွာနဲ့

Edit with WPS Office

အော်ဟစ်လိုက် ရပါတယ်။ အမိန့်စာလွှာက မရပ်မနား တုန်ခါလာပြီးတော့ အချိန်မရွေး အစိတ်စိတ် အမြွှာမြွှာ ပျက်စီးတော့မဲ့ အတိုင်း ဖြစ်လာပါတယ်။

ဟုန်း။

နောက်ဆုံးတော့ အမိန့်စာလွှာက အစိတ်စိတ် အမြွှာမြွှာဖြစ်သွားပြီး နေရာအနှံ့ကို လွင့်ပျံ့သွား ခဲ့ပါတယ်။ ရှားယွန်က ချက်ချင်းပဲ တန်ပြန်သက်ရောက်မှုကို ခံလိုက်ရပြီး သွေးတွေ အဆက်မပြတ် အန်ထုတ်လိုက် ရပါတယ်။ အမိန့်စာလွှာနဲ့အတူ ပျက်စီးမသွားတာကိုပဲ သူ့အနေနဲ့ ကျေးဇူးတင်ရမှာပါ။

သူ့အခြေအနေကို တွေ့မြင်ရတဲ့သူအားလုံး ခေါင်းရှုပ်သွား ခဲ့ကြပါတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ ဒါက အမိန့်စာလွှာ တစ်ခုကို အသက်သွင်းလိုက်တဲ့ အချိန်မှာ ထွက်လာတဲ့ ရလဒ်လား။ ရှားယွန်က လင်းဟန်ကို လက်ညှိုးထိုးပြီးတော့ အသံတုန်တုန်နဲ့ မေးလိုက်ပါတယ်။

"မင်း မင်း ဘယ်လိုမကောင်းဆိုးဝါး လှည့်ကွက်တွေကို

Edit with WPS Office

သုံးနေတာလဲ”

“ဘယ်လောက် ဘဂင်မြင့် မောက်မာလိုက်လဲ”

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပြီးတော့ သူ့လက်ချောင်းကို ဆတ်ခနဲ လှုပ်လိုက်ပြီး ဓားအလင်းတန်း တစ်ခု ထွက်ပေါ်ကာ ရှားယွန်ဆီကို ဦးတည်ပြီး ခုတ်ပိုင်းလိုက်ပါတယ်။

“ရပ်လိုက်”

ဂျိကျန်းပင်နဲ့ တခြားသူတွေက ခုန်ထွက်လာပြီးတော့ ရှားယွန်ကို ကူညီကာ ဒီတိုက်ခိုက်မှုကို မေးမှိန်ပျောက်ကွယ်အောင် လုပ်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီတိုက်ခိုက်မှုက လင်းဟန်ဆီက သာမန်ကာလျှံကာ တိုက်ခိုက်မှု တစ်ခုဆိုပေမဲ့ သူ့ရဲ့လက်ရှိစွမ်းအားက တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ထက် ကြယ်ရှစ်ပွင့် သာလွန်တဲ့ နေရာကို ရောက်နေပါပြီ။ ဒါကြောင့် သူက ဘယ်လောက်များ အစွမ်းထက်နေလိုက်မလဲ။

ပုန်း ပုန်း ပုန်း ပုန်း။

Edit with WPS Office

သူတို့လေးယောက်လုံး ဒီတိုက်ခိုက်မှုကြောင့် လွင့်ထွက်သွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒီအတွက်ကြောင့် ရှားယွန်က ကံကောင်းထောက်မပြီး သေတွင်းကနေ လွတ်မြောက် သွားခဲ့ ရပါတယ်။

"တကယ်လို့ မင်းတို့အားလုံး သူ့ကို ကူညီချင်တယ်ဆိုရင် မင်းတို့ကိုလည်း အတူတူ ခုတ်ပိုင်း ပေးရမှာပေါ့"

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

"ကဲ ဘယ်သူ ငါ့ကို တားချင်သေးလဲ"

Chapter 1183 end

အပိုင်း(1184) ရှားယွန်ကို သတ်ဖြတ်ခြင်း

"မင်း မင်းက အဲဒီလျှို့ဝှက်လူလား"

အံ့ဖွယ်ကောင်းကင်ဂိုဏ်းက လူလေးယောက်လုံး လင်းဟာန်ကို လက်ညှိုးထိုး လိုက်ကြပါတယ်။ အခုမှပဲ အဲဒီလူဟာ ရှားယွန်ပြောသလို တောသားမဟုတ်ပဲ အဲဒီအစား ဂျိကျန်းပင်ကို မြားတစ်ချက်တည်းနဲ့ ဒဏ်ရာရအောင် လုပ်ခဲ့တဲ့ ထူးခြားဆန်းကြယ်

Edit with WPS Office

လက်ရွေးစင်လူ ဖြစ်နေမယ်လို့ သတိပြုမိ သွားခဲ့ပါတယ်။

မဖြစ်နိုင်ဘူး။

ဘယ်အချိန်တုန်းက လူငယ်မျိုးဆက်ထဲမှာ အစွမ်းထက်တဲ့ ဘုရင်အဆင့် နောက်ထပ်တစ်ယောက် ထွက်ပေါ်လာတာလဲ။ စောစောတုန်းက တိုက်ခိုက်မှုကို ကြည့်လိုက်မယ်ဆိုရင် အဲဒီအစွမ်းက ဟဲထောင်၊ ပူကျဲနဲ့ တခြားဘုရင်အဆင့်တွေကို ယှဉ်နိုင်စွမ်း ရှိပါတယ်။

လင်းဟာန်က သူတို့ကို ဝေ့ကြည့်ပြီးတော့ အမိန့်ပေးလိုက်ပါတယ်။

"မင်းတို့ရဲ့ သိုလှောင်စိတ်ဂိုဏ်ဉာဉ် ပစ္စည်းတွေကို ချန်ထားပြီးတော့ ထွက်သွားကြစမ်း"

ဒီလူတွေက သူ့ကို ဓားပြတိုက်ချင် နေကြမှတော့ သူ့အတွက်တော့ သူတို့ကို ဒီအတိုင်း လွှတ်ပေးလိုက်ဖို့ အကြောင်းရင်း မရှိပါဘူး။ အဲဒါကြောင့် သူတို့ကို အလွယ်တကူနဲ့ လွှတ်ပေးလိမ့်မှာ မဟုတ်ပါဘူး။

"အရမ်းကြီး မလွန်နဲ့"

Edit with WPS Office

ဂျိကျန်းပင်က ဒေါသနဲ့ အော်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့ပခုံးက သွေးတွေက ဆက်ပြီးတော့ စီးကျနေပြီး သူ့ပုံရိပ်ကို ကြီးကြီးမားမား ထိခိုက်စေပါတယ်။

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြုံးပြီးတော့ ပြောလိုက်တယ်။

"အရင်က မင်းလျှောက်လှမ်းတဲ့ လမ်းကြောင်းက အရမ်းကို ချောမွတ်လွန်းတယ် မဟုတ်လား။ ဒီလိုမျိုး ဆိုးဝါးတဲ့ စကားတွေ ပြောဖို့ဆိုရင်တော့ ငါ့အရှေ့မှာ ဟွန့်။ မင်းကိုယ်မင်း ဘယ်သူလို့ ထင်နေတာလဲ။ တကယ်လို့ မင်းတို့ရဲ့ စိတ်ဂိညာဉ် သိုလှောင်ပစ္စည်းတွေကို လိမ်လိမ်မာမာနဲ့ ချန်မထားခဲ့ဘူးဆိုရင် မင်းတို့အားလုံးကို ငါသတ်ပစ်ရလိမ့်မယ်"

ဂျိကျန်းပင်းအနေနဲ့ အကြီးအကျယ် အရှက်ခွဲ ခံရသလိုမျိုး ခံစားလိုက် ရပါတယ်။ နောက်ပြီး မြွေဟောက်အဆိပ် ပေါက်ကွဲခြင်း ဆေးလုံးကို ခြိမ်းခြောက်မှု တစ်ခုအဖြစ် အသုံးချခဲ့တာကိုလည်း ပြန်စဉ်းစားလိုက် မိပါတယ်။ တကယ်လို့ သူတို့က သွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးကို မပေးခဲ့ဘူးဆိုရင် သူက သူတို့ကို

Edit with WPS Office

သတ်ပစ်ရပါလိမ့်မယ်။

မျှတရဲ့လား။ ဒီကမ္ဘာကြီးထဲမှာ အစွမ်းထက်တဲ့ လူတွေပဲ တရားမျှတမှုကို ကိုယ်စားပြု ပါလိမ့်မယ်။

"ကောင်းပြီလေ။ မင်းသာ မရက်စက်ပါနဲ့"

ဂျိုကျုန်းပင်နဲ့ တခြားသူတွေ အားလုံးက သူတို့ရဲ့ သိုလှောင်လက်စွပ်တွေ အားလုံးကို ထုတ်ပြီးတော့ မြေကြီးပေါ်ကို ပစ်ချလိုက်ပါတယ်။ သူတို့ပုံစံက အရမ်းကို ကြေကွဲနေပုံ ပေါ်ပါတယ်။ သူတို့အားလုံး ပါရမီရှင်တွေလို့ သတ်မှတ်နိုင်ပြီးတော့ သူတို့ကပဲ အမြဲတမ်းလိုလို ကလိမ်ကကျစ် မရိုးမဖြောင့် လုပ်ခဲ့ကြပြီး အခုလိုမျိုး အရှက်ခွဲခံလိုက်ရတဲ့ အခါမှာတော့ လုံးဝကို ခံစားလို့ မရနိုင်အောင် ဖြစ်ကုန်ပါတယ်။

ရှားယွန်လည်း သိုလှောင်လက်စွပ် တစ်ကွင်းကို ပစ်ထုတ်ပြီး ဂျိုကျုန်းပင်တို့နဲ့အတူ ထွက်သွားဖို့ ပြင်လိုက်ပါတယ်။

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"သခင်လေးရှား မင်းကို မြည်းတစ်ကောင် ကန်တာခံလိုက်ရလို့ သတိမေ့နေတာလား။ ငါမင်းကို ထွက်သွားလို့ ရပြီလို့ ပြောလို့လား"

"လင်းဟန် မင်းငါ့ကို တကယ်သတ်ချင်နေတာလား။ ငါ့အဖေ ဒေါသထွက်ပြီးတော့ မင်းရဲ့ ဘာမဟုတ်တဲ့ အသက်ကို လာနှုတ်ယူသွားမှာကို မကြောက်ဘူးလား"

ရှားယွန်က မျက်နှာထား တင်းတင်းနဲ့ မေးလိုက်ပါတယ်။ အခု အမိန့်စာလွှာက ပျက်စီးသွား ခဲ့ပါပြီ။ နောက်ဆုံးတော့ သူတကယ်ပဲ ကြောက်လာခဲ့ပါတယ်။ ဒီစကားတွေကို ပြောလိုက်တဲ့ အချိန်မှာ သူ့မျက်နှာပေါ်က ကြောက်ရွံ့မှုကို ဖုံးကွယ်ထား ရပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"မင်းလိုမျိုး သုံးစားမရတဲ့ သားတစ်ယောက် ဆုံးရှုံးသွားရင်တောင် မဟာဗိုလ်ချုပ်ရှားက စိတ်ထဲမှာ ဆုံးရှုံးနစ်နာတယ်လို့ ထင်လိမ့်မှာ မဟုတ်ဘူး"

"ဆရာလေး။ မင်းလည်း ပစ္စည်းတွေ တော်တော်များများ

Edit with WPS Office

ရနေပြီပဲ။ ဘာဖြစ်လို့ အရမ်းကြီး ပိုင်စိုးပိုင်နင်း လုပ်နေမှာလဲ"

အပြာရောင် ဂုတ်စုံနဲ့ လူငယ်က အကြံပေးလိုက်ပါတယ်။ သူတို့ငါးယောက် အတူတူ လာခဲ့တာကြောင့် သူတို့ရဲ့ အဖော် အသတ်ခံရတာကို ကြည့်နေဖို့ စိတ်ကူးမရှိပါဘူး။

"တကယ်လို့ မင်းရဲ့မိသားစု တစ်ခုလုံးကို ငါသတ်ပစ်မှပဲ မင်းပြောတော့။ မင်းတို့အားလုံး မသေချင်ဘူးဆိုရင် ထပ်ပြီးတော့ ဖိအားတွေ လာမပေးနဲ့ မင်းကြိုက်ကြိုက် မကြိုက်ကြိုက် ဂရုမစိုက်ဘူး"

လင်းဟာန်က သူ့ကို တစ်ချက်ကြည့်ပြီးတော့ စိတ်မရှည်တဲ့ ပုံစံနဲ့ ပြောလိုက်တယ်။

"အသက်သုံးရှိုက်စာ အတွင်းမှာ မင်းတို့အားလုံး ထွက်သွား။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် မင်းတို့အားလုံး သူနဲ့အတူ သေနိုင်တယ်"

သူက အခုတကယ့်ကို ဒေါသထွက်နေပြီး သူ့ရဲ့ ထိတ်လန့်တုန်လှုပ်စရာကောင်းတဲ့ အရှိန်အဝါက ပင်လယ်တစ်ခုနဲ့ တူပြီးတော့ မယုံနိုင်စရာ

Edit with WPS Office

ကောင်းလောက်အောင် ကြောက်မက်ဖွယ်ရာ ကောင်းပါတယ်။

ဂျိုကျွန်းပင်နဲ့ တခြားသူတွေ အားလုံး အံ့အားသင့်သွားခဲ့ပါတယ်။ ဒါက သေချာပေါက် ဘုရင်အဆင့် တစ်ယောက်ရဲ့ အရှိန်အဝါ ဖြစ်ပါတယ်။

ဘုရင်အဆင့် လူတစ်ယောက်က ဘယ်လိုလုပ်ပြီးတော့ သူတို့ရဲ့ ဂုဏ်သိက္ခာကို တခြားသူတွေက စိန်ခေါ်ခွင့် ပြုနိုင်မှာလဲ။

သူတို့အားလုံးရဲ့ မျက်နှာတွေက ဖြူဖပ်ဖြူရော် ဖြစ်သွားပြီးတော့ အားလုံးက လှည့်ထွက်သွားပြီး လင်းဟာန်က ရှားယွန်တို့နဲ့အတူ သတ်ဖြတ်ခြင်းကနေ ရှောင်လွှဲဖို့ အဓိပ္ပါယ်မရှိတဲ့ စကားတစ်ခွန်းမှ မဆိုရဲတော့ပါဘူး။ လင်းဟာန်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ ပင်မတပည့် တစ်ယောက်ဖြစ်တဲ့ အပြင် ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ သားဖြစ်သူကို သတ်ပစ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုမှတော့ နောက်ထပ် ပင်မတပည့် အနည်းငယ်နဲ့ ကောင်းကင်ဘုံ

Edit with WPS Office

ခန္ဓာကိုယ် အဆင့်ရဲ့ မျိုးဆက်တချို့ကို ထပ်သတ်ရမယ်ဆိုတာက ကြီးမားတဲ့ ပြဿနာတစ်ခု ဖြစ်လိမ့်မှာ မဟုတ်ပါဘူး။

"ငါ့ကို ချန်မထားခဲ့ပါနဲ့။ ငါ့ကို ကယ်ပါ။ ငါ့ကို ကယ်ပါဦး"

ရှားယွန်က မှင်တက်အံ့သြ သွားခဲ့ပါတယ်။ သေခြင်းတရားက သူနဲ့အရမ်းကို နီးကပ်နေတယ်လို့ ပထမဆုံးအကြိမ် ခံစားရခြင်း ဖြစ်ပြီးတော့ သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်း လာသလိုမျိုး ခံစားလိုက် ရပါတယ်။

ဂျိကျန်းပင်နဲ့ တခြားသူတွေက သူ့ရဲ့တောင်းဆိုမှုကို လျစ်လျူရှုပြီးတော့ အဝေးကို အလျင်အမြန် ထွက်ပြေးသွားကြပါတယ်။

ရှားယွန်က မျက်နှာထား တင်းတင်းနဲ့ ပြန်လှည့်လာပြီးတော့ လင်းဟာန်ကို ခဏလောက် စိုက်ကြည့်ပြီး ရုတ်တရက် ပြောလိုက်တယ်။

"ငါ့ကို မသတ်ပါနဲ့။ ငါမင်းရဲ့ သူငယ်ချင်း ဖြစ်နိုင်တယ်။ ငါက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်

Edit with WPS Office

တစ်ယောက်ရဲ့သားပဲ။ တကယ်လို့ မင်းမှာ ငါ့လိုမျိုး သူငယ်ချင်း တစ်ယောက် ရှိမယ်ဆိုရင် မင်းအတွက် သေချာပေါက် ဆုံးရှုံးနစ်နာလိမ့်မှာ မဟုတ်ဘူး”

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

“ငါတကယ်ပဲ မင်းကို ဒီလိုမျိုး ထိတ်လန့်သွားစေမဲ့ အရာတွေ မပြောပြချင်ဘူး။ ဒါပေမဲ့လည်း မင်းနဲ့ပတ်သက်ပြီးတော့ အရမ်းကို ကျေနပ်တယ်လို့ ခံစားနေရရင်တော့ မင်းကို နည်းနည်းလောက် ပြောပြရမှာပေါ့။ တကယ်တော့ ငါ့ဘာသာငါ မရှင်သန် နိုင်ပါဘူး။ သူငယ်ချင်းတွေနဲ့ ပတ်သက်ရင် ငါ့မှာ သူတော်စင် သူငယ်ချင်း တစ်ယောက် ရှိတယ်။ နောက်ပြီး ဧကရီ ဘုရင်မ ကိုယ်တိုင်ကလည်း အနာဂတ် ငါ့ရဲ့ ဇနီးပဲ။ မင်းနဲ့ သူငယ်ချင်း ဖြစ်ဖို့ ဆိုတာကတော့ ဟူး ငါတကယ့်ကို သနားမိတယ်”

ရှားယွန်က အံ့အားသင့်မှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေပါတယ်။

သောက်ကျိုးနည်း မင်းငါ့ကို လိမ်နေတာပဲ။

Edit with WPS Office

သူတော်စင် ဟုတ်လား။

ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မူလဇစ်မြစ် အဆင့်မှာ ရှိတဲ့သူတွေကိုပဲ သူတော်စင်တွေလို့ ခေါ်ပါတယ်။ တကယ်လို့ မင်းက သူတော်စင် တစ်ယောက်နဲ့ သူငယ်ချင်းတွေ ဖြစ်တယ်ဆိုရင် ဒီကမ္ဘာကြီးထဲမှာ မင်းစိတ်တိုင်းကျ လုပ်နိုင်တယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ နောက်ပြီးတော့ မင်းက ဇေရီ ဘုရင်မကိုလည်း လက်ထပ်ချင်တယ်လို့ ပြောသေးတယ် ဟုတ်လား။ ထို့ ဇေရီ ဘုရင်မက ဘယ်လောက်တောင် တော်ဂင်မြင့်မြတ်လိုက်လဲ။ သူ့ရဲ့ အဘိုးကြီးတောင်မှ ကျိတ်ပြီးတော့ သွားရည်ကျရုံပဲ တတ်နိုင်ပါတယ်။ ဒါကြောင့် လင်းဟာန်က ဘယ်လိုလုပ် ဒီလိုမျိုး ပြောနိုင်ရတာလဲ။

"မင်းက သေရမဲ့ လူတစ်ယောက်ပဲ။ ဒါကြောင့် မင်းကို လှည့်စားနေစရာ မလိုပါဘူး။ ဒါပေမဲ့လည်း ငါက မင်းကို ယုံကြည်ပါဆိုပြီးတော့ ဖိအားပေးနေစရာ မလိုပါဘူး"

လင်းဟာန်က ပြုံးလိုက်ပါတယ်။

Edit with WPS Office

"အခု မင်းသေဖို့အတွက် အဆင်သင့် ဖြစ်ပြီလား"

ရှားယွန်က သူ့ခန္ဓာကိုယ် တစ်ခုလုံး အေးစက်လာသလို ခံစားလိုက် ရပါတယ်။ သူ့ရဲ့ ခြေထောက်တွေက အားပျော့လာပြီးတော့ ဒူးထောက်လိုက်ပြီး မျက်ရည်တွေ ကျလာပါတယ်။

"ငါ့ကို မသတ်ပါနဲ့။ ငါမသေချင်သေးဘူး။ ငါမသေချင်သေးဘူး"

"အမှန်ပဲ။ ဘယ်သူကမှ မသေချင်ဘူး"

လင်းဟန်က သူ့လက်ကို မြှောက်လိုက်တယ်။

"ဒါပေမဲ့ မင်းရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ တပ်မက်မှုကြောင့် ငါရရှိထားတဲ့ အခွင့်အလမ်းတွေကို မင်းက အငမ်းမရ လိုချင်တပ်မက်ပြီး လုပ်ကြံသတ်ဖြတ်သူတွေ လွှတ်ပြီးငါ့ကို သတ်ဖို့ အမဲလိုက် ခိုင်းခဲ့တယ်။ တကယ်လို့ ငါ့မှာ ပုက်ဖဲတချို့သာ ရှိမနေခဲ့ဘူးဆိုရင် ငါ့ဂူသချိုင်းပေါ်မှာတောင် မြက်ပင်တွေ ပေါက်နေလောက်ပြီ"

သူက လက်သီးတစ်ချက် ထိုးလိုက်ပြီး ကြောက်မက်ဖွယ်ရာ

Edit with WPS Office

စွမ်းအားတစ်ခု ဆင်းသက်လာခဲ့ ပါတယ်။ ဂုန်း။ ရှားယွန်က ချက်ချင်းပဲ ပေါက်ကွဲထွက်သွားပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်ပါ နှစ်ခုလုံး ပျက်စီးသွားခဲ့ပြီး လေထဲမှာ သွေးတွေအဖြစ် ပျံ့နှံ့သွားခဲ့ပါတယ်။ သူ့အလောင်း အစိတ်အပိုင်း နည်းနည်းလေးမှတောင် မကျန်ရစ်တော့ပါဘူး။

"ဟေ့ လူချောလေး။ အခုနင်က အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တစ်ယောက်ကို သတ်ပစ်လိုက်ပြီ။ ဒီလိုမျိုးပုက်ချက် မပေါက်ကြားဖို့ ငါတို့ကိုလည်း သတ်ချင်နေလား"

မန်ဂေက တံတွေးကို ခက်ခက်ခဲခဲ မျိုချပြီးတော့ မေးလိုက်ပါတယ်။

တခြားသူတွေ အားလုံးက သူတို့ခေါင်းဆောင်ကို ကြည့်ပြီး သောက်ကျိုးနည်း ဘာဖြစ်လို့ သူ့ကို သွားမေးနေတာလဲ။ ဘာဖြစ်လို့ ငတုံးအေလို လုပ်နေတာလဲ။ သူမသိအောင် ခိုးပြီးတော့ ထွက်ပြေးရမှာ မဟုတ်လား။ အခုတော့ မင်းက သူ့ကို မေးလိုက်တယ်ဆိုတော့ သူ့ကို သတိပေးလိုက်သလို ဖြစ်သွားပြီပေါ့လို့ သူတို့ရဲ့ အကြည့်တွေက ပြောနေပါတယ်။

Edit with WPS Office

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့
ပြောလိုက်တယ်။

"အဆင်ပြေပါတယ်။ လူလေးယောက်ကိုတောင်
ထွက်သွားခိုင်းခဲ့သေးတာပဲ၊ ဒါကြောင့် နောက်ထပ်
လူနည်းနည်းကို ထပ်ပြီးတော့ အသက်ရှင်ခွင့်ပေးရတာ
ကိစ္စမရှိပါဘူး။ မင်းတို့တွေ ငါ့ကို အဲဒီလိုလုပ်ဖို့
သတိပေးတာတော့ မဟုတ်ပါဘူးနော်"

မန်ဂေနဲ့ သူ့အုပ်စုက အလျင်အမြန်ပဲ သူတို့ခေါင်းတွေကို
ခါပြီးတော့ ငြင်းပယ်လိုက်ပါတယ်။

"သိပ်ကောင်းတယ်"

လင်းဟန်က ဂျိကျန်းပင်နဲ့ သူ့အုပ်စု ချန်ထားခဲ့တဲ့
သိုလှောင်လက်စွပ်တွေကို ကောက်ယူလိုက်ပြီး အထဲက
ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ကာ အနက်ရောင်
မျှော်စင်ထဲ ထည့်သိမ်းလိုက် ပါတယ်။

တကယ်လို့ အဲဒီပစ္စည်းတွေကို သူ့ကိုယ်ပိုင်
သိုလှောင်လက်စွပ်ထဲ ထည့်ထားလိုက်မယ်ဆိုရင်

Edit with WPS Office

တကယ်လို့ နောက်ပိုင်းမှာ သူတို့တွေ ရှာတွေ့သွားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ သူက လူသတ်တရားခံ ဆိုတဲ့အကြောင်း သိသွားပါလိမ့်မယ်။ ဒါပေမဲ့ တကယ်လို့ အနက်ရောင် မျှော်စင်ထဲကို ထည့်သိမ်းလိုက်မယ်ဆိုရင်တော့ ဘယ်သူကများ အဲဒါတွေကို ရှာတွေ့နိုင်မှာလဲ။

"လူချောလေး ဒီသွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးပုလင်းက နင့်အတွက်ပဲ"

မန်ဂေက မော်ဆေးပုလင်းကို သူ့ဆီ ပစ်ပေးလိုက်ပါတယ်။

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒါကို အညီအမျှ ခွဲဖို့ မဆုံးဖြတ်တော့ဘူးလား"

"နင်က ငါတို့ကို နောက်တစ်ကြိမ် ကယ်ဆယ်ခဲ့တယ်။ နောက်ပြီးတော့ ငါတို့မှာ ဆေးဖော်စပ်နည်း အများကြီးလည်း ရရှိထားတယ်။ ဒါကြောင့် ငါတို့တွေ အကျိုးအမြတ် အများကြီး ရပြီးပြီ။ လူသားတွေ အနေနဲ့ ငါတို့ဟာ အရမ်းကြီး လောဘကြီးလို့ မသင့်တော်ဘူး"

မန်ဂေက သူမရဲ့ခေါင်းကို ခါလိုက်ပါတယ်။

Edit with WPS Office

"ကောင်းပြီလေ"

လင်းဟာန်က မော်ဆေးလုံးတွေကို လက်ခံလိုက်ပါတယ်။ ဒီနေရာက ရတနာသိုက်ကို ရရှိအောင် လုပ်တဲ့နေရာမှာ သူက အားထုတ်ရဆုံး လူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် တကယ်လို့ နောက်ထပ်ပုလင်း ထပ်ယူရမယ်ဆိုရင်တောင် စကားတွေ အများကြီး ပြောနေစရာ မလိုပါဘူး။

"ဒါဆိုရင် လူချောလေး ငါတို့တွေ ဒီနေရာကနေပဲ နှုတ်ဆက်လိုက်တာပေါ့"

မန်ဂေက သူ့လက်ကို ဆုပ်ပြီးတော့ ပြောလိုက်ပြီး လင်းဟာန်က ခေါင်းညိတ်လိုက်တဲ့ အချိန်မှာ သူမက ထပ်ပြောလိုက်ပါတယ်။

"နင်တကယ်ပဲ ကောင်းမွန်တဲ့ ချစ်တင်းနှောမှု တချို့လုပ်ပြီးမှ လမ်းမခွဲချင်ဘူးလား"

"ထွက်သွားလိုက်တော့"

လင်းဟာန်က အော်ပြောလိုက်ပါတယ်။

Edit with WPS Office

မန်ဂေဝတို့အုပ်စု ထွက်သွားပြီးတဲ့ နောက်မှာတော့ လင်းဟာန်တို့ အုပ်စုကလည်း ထွက်လာခဲ့ ကြပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်က သူရရှိထားတဲ့ ဆေးဖော်စပ်နည်းတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စား နေပါတယ်။

သူက အဆင့်ငါးအထက် မှော်ဆေးလုံးကို ဖော်စပ်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူ့ရဲ့ နတ်ဘုရားအာရုံအတွက် လိုအပ်ချက်က အရမ်းကို ကြီးမားပါတယ်။ ဒါပေမဲ့လည်း သူက အဆင့်ငါး ဆေးလုံးကို ဖော်စပ်သန့်စင်နိုင်ရုံပဲ ရှိပါသေးတယ်။ တကယ်တော့ သူ့ရဲ့ စိတ်ဝိညာဉ်က ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်နဲ့ အရောင်တင် မွန်းမံထားတာကြောင့် သာမန်တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ထက် အပုံကြီး သာလွန်ပါတယ်။ နောက်ပြီး သူက အထွတ်အထိပ် အဆင့်ကို ခြေချနေခဲ့ပါပြီ။

သူက ခဏလောက် ရှာဖွေပြီးတဲ့နောက်မှာ အံ့အားသင့်စရာ ကောင်းလောက်အောင်ပဲ သွေးစိတ်ဝိညာဉ် ပေါက်ကွဲခြင်း

Edit with WPS Office

ဆေးဖော်စပ်နည်းက ဒီဆေးဖော်စပ်နည်းတွေထဲမှာ ပါဝင်နေတာကို တွေ့လိုက်ရပါတယ်။

Chapter 1184 end

အပိုင်း(1185) မိုးနီနတ်ဘုရားဘုရင် သစ်ပင်

သွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးက နေလအဆင့် လူတစ်ယောက်ကို ဒီဆေးသုံးပြီးတာနဲ့ အဆင့်သေးတစ်ဆင့် မြှင့်တင်ပေးနိုင်ပြီး ကျင့်ကြံခြင်းအဆင့် ကန့်သတ်ထားခြင်း မရှိပါဘူး။

ဆိုလိုတာက တကယ်လို့ နေလအဆင့်ရဲ့ ကနဦးအဆင့်က အလယ်အလတ်အဆင့် လူတစ်ယောက်ဟာ ဒီဆေးကို သုံးစွဲလိုက်ရင် ကနဦး အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်သွား နိုင်စွမ်း ရှိမှာဖြစ်ပြီး ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အစောပိုင်း အဆင့်မှာရှိတဲ့ လူတစ်ယောက်က သုံးစွဲမယ်ဆိုရင် သူလည်း တူညီစွာနဲ့ပဲ ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အလယ်အလတ်အဆင့်ကို ရောက်သွားနိုင်ပါတယ်။

Edit with WPS Office

ဒီအာနိသင်က အရမ်းကို အံ့အားသင့်စရာ ကောင်းလွန်းပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က ဆေးဖော်စပ်နည်းထဲက ပါဝင်တဲ့ ကုန်ကြမ်းပစ္စည်း စာရင်းကို ကြည့်လိုက်တဲ့ အချိန်မှာ အံ့ကြိတ်လိုက် မိပါတယ်။

သဘာဝတရားကို ဆန့်ကျင်နိုင်တဲ့ မှော်ဆေးလုံးတစ်လုံးကို သန့်စင်ဖော်စပ်ဖို့ ပါဝင်တဲ့ ကုန်ကြမ်းပစ္စည်းတွေရဲ့ လိုအပ်ချက်ကလည်း အံ့မခန်းပါပဲ။

အဓိက အရေးအပါဆုံး ကုန်ကြမ်းပစ္စည်းတွေထဲက တစ်ခုက မိုးနီနတ်ဘုရားဘုရင် သစ်ပင်ရဲ့ သစ်သီးလို့ ခေါ်ပါတယ်။ အဲဒါက အဆင့်ရှစ် နတ်ဘုရား ဆေးတစ်ခု ဆိုပေမဲ့ မယုံနိုင်စရာ ကောင်းလောက်အောင် ရှားပါးလွန်းပါတယ်။ နောက်ပြီးတော့ ဆေးဖော်စပ်ဖို့အတွက် အသုံးပြုနိုင်တဲ့ သစ်သီးရဲ့ သက်တမ်းကလည်း နှစ်ပေါင်းတစ်သန်း ရှိရပါမယ်။ တကယ်လို့ အနက်ရောင် မျှော်စင်ထဲမှာ စိုက်ပျိုးထားမယ်ဆိုရင်တောင် နှစ်ပေါင်းတစ်ထောင်လောက် လိုအပ်ပါလိမ့်မယ်။

Edit with WPS Office

တန်ခိုးရှင်တွေအတွက် နှစ်ပေါင်းတစ်သန်းက တကယ်တော့ မရှည်ကြာပါဘူး။ တောင်မြစ်အဆင့်တွေက နောက်ပိုင်းမှာ အဆင့်မတက်နိုင်ရင် ဒီလောက် အချိန်ပမာဏကို ရောက်နိုင်စွမ်းတောင် ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း လင်းဟာန်က ကျင့်ကြံခြင်း အဆင့်တွေ အဆင့်တက်တာ အရမ်းကို လျင်မြန်လွန်းပါတယ်။ ဒါကြောင့် နှစ်ပေါင်း တစ်ထောင်က တကယ်ဆို သူလက်မခံနိုင်တဲ့ အရာပါပဲ။

ဒါပေမဲ့လည်း တကယ်လို့ မိုးနီနတ်ဘုရားဘုရင် သစ်ပင်ရဲ့ သစ်သီးကို ရှာတွေ့ခဲ့မယ်ဆိုရင် သူက အဲဒါတွေကို ရအောင်ယူရပါမယ်။

သူ့အတွက် အသုံးမဝင်ဘူး ဆိုရင်တောင် သူ့ရဲ့အစ်ကိုတွေ၊ သူ့ဘေးနားက သူငယ်ချင်းတွေ၊ သူ့ရဲ့ ချောမောလှပတဲ့ မိန်းမတွေနဲ့ ချစ်သူတွေ၊ မိဘတွေနဲ့ သားသမီးတွေအတွက် ပြင်ဆင်ပေး နိုင်ပါတယ်။ ဒီလိုမျိုး တန်ဖိုးကြီးတဲ့ ဆေးက ပိုပြီးတော့တောင် ကောင်းပါတယ်။ ဒါကြောင့် သူက အဲဒါကို သေချာပေါက် လျစ်လျူရှုမှာတော့ မဟုတ်ပါဘူး။

ဒါပေါ့။ ဒီဆေးက နေလအဆင့်ရဲ့ ပြီးပြည့်စုံခြင်း

Edit with WPS Office

အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေ အပေါ်မှာတောင် အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာ ပေါ်လွင်ပါတယ်။ သွေးဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးက အဆင့်ရှစ် နတ်ဘုရား ဆေးတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ ကနဦးအဆင့်၊ ပြင်းထန် အလယ်အလတ်နဲ့ ပြင်းထန်အဆင့်မြင့်မှာရှိတဲ့ နေလအဆင့် ကျင့်ကြံသူတွေ သုံးစွဲမယ်ဆိုရင် အစွမ်းထက်တဲ့ အာနိသင်တွေကြောင့် ပေါက်ကွဲသွားနိုင်တဲ့ ပမာဏ တစ်ခုလို့လည်း ပြောနိုင်ပါတယ်။

ဒါကြောင့် တကယ်လို့ ဒီလူတွေက သွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးကို သုံးစွဲမယ် ဆိုရင် သူတို့ရဲ့ ဘေးကနေ သူတို့စီနီယာ တစ်ယောက်ယောက်က ကာကွယ်ပေးပြီး ဆေးအာနိသင်ကို ကြီးကျယ်မြင့်မြတ်တဲ့ လက်ရွေးစင် တစ်ယောက်ရဲ့ စွမ်းအားကို သုံးပြီးတော့ ဖိနှိပ်ထိန်းချုပ် ထားရပါမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဆေးစားလိုက်တာနဲ့ သူတို့တွေက တကယ်ပဲ သေသွားမယ်ဆိုရင် အရမ်းကို အကျိုးမဲ့တဲ့

Edit with WPS Office

သေခြင်းတရားတစ်ခု ဖြစ်သွားလိမ့်မယ် မဟုတ်လား။

လင်းဟာန်က အရင်ဆုံး သွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးကို သိမ်းထားလိုက်ပါတယ်။ လက်ရှိ သူ့ရဲ့ နတ်ဘုရား အာရုံက လုံလုံလောက်လောက် မသန်မာသေးပါဘူး။ ဒုတိယ အချက်က သူ့မှာ စတင်ဖော်စပ်ဖို့ ကုန်ကြမ်းပစ္စည်းတွေ မရှိသေးပါဘူး။

ပထမဆုံး သူဖော်စပ်ဖို့ ပြင်ဆင်တဲ့ ဆေးလုံးကတော့ ကြိုးကြာတစ်ထောင် ဆေးလုံး ဖြစ်ပါတယ်။

ဒီဆေးလုံးက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်အောက်မှာရှိတဲ့ ကျင့်ကြံသူတွေ အားလုံး ပျံသန်းနိုင်တဲ့ စွမ်းရည်ကို ဆေးစွမ်းအာနိသင်တွေ သိပ်ကြာကြာမခံပဲ ယာယီလောက်တော့ ပျံသန်းနိုင်ပါလိမ့်မယ်။ နောက်ပြီးတော့ အဲဒါက လူတစ်ယောက်ရဲ့ အမြန်နှုန်းကို လျင်မြန်စွာနဲ့ ထိုးတက်သွားစေနိုင်ပါတယ်။

သေရေးရှင်ရေး အခြေအနေ တစ်ခုမှာ အဲဒါက

Edit with WPS Office

အသက်တစ်ခုကို ကယ်တင်ဖို့ အသုံးပြု နိုင်ပါတယ်။

အသက်ကယ်တင်နိုင်တဲ့ မှော်ဆေးလုံး တစ်ခုက သေချာပေါက် တန်ဖိုးရှိပါတယ်။

သူတို့သုံးယောက်က နေ့ဘက်မှာ ခရီးထွက်ပြီး ညဘက်မှာ အနားယူဖို့ ရပ်တန့်ကြပါတယ်။ ဒီလိုမျိုး အန္တရာယ်များတဲ့ နေရာတစ်ခုထဲမှာ ခရီးထွက်ရတဲ့ အခါ သူတို့ကိုယ်သူတို့ အကောင်းဆုံး အနေအထားနဲ့ လန်းဆန်းနေဖို့ အတတ်နိုင်ဆုံး ထိန်းသိမ်းတဲ့ အနေနဲ့ အနားယူ ရတာက သဘာဝပါပဲ။

ညဘက်မှာ လင်းဟန်က ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ ဆေးဖော်စပ်နည်းတွေကို ခွဲခြမ်းစိတ်ဖြာပါတယ်။

သူက မှော်ဆေးကေရာဇ် တစ်ပါးဖြစ်ပြီးတော့ ဒီနယ်ပယ်ထဲမှာလည်း တကယ့်ကို ရှူးသွပ်ပါတယ်။ သူစတင် လေ့လာလိုက်တာနဲ့ သူက ရပ်လို့ မရတော့ပါဘူး။ နေ့ရက်တော်တော်များများ သူက ပြန်လည်မွေးဖွားခြင်း

Edit with WPS Office

သစ်ပင်အောက်မှာ ထိုင်နေတာက စွေ့ရန်ယွီကို ထူးဆန်းသလို ခံစားရ စေပါတယ်။

အမြဲလိုလို လင်းဟာန်က သူမကိုစနောက် ကျီစယ်တတ်ပြီး သူမကို ဒေါသထွက်အောင် လုပ်ကာ အကြီးအကျယ် ရှက်ရွံ့စေပါတယ်။ ဒါပေမဲ့ အခုတော့။ ရက်တော်တော်များများ သူမကို ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့တောင် မထင်ရသလိုမျိုး ဆက်ဆံနေပါတယ်။ သူ့မျက်လုံးတွေမှာ သူမက ဆွဲဆောင်မှု နည်းနည်းလေးမှတောင် မရှိတော့ဘူးလား။

သူမက သေလုနီးပါး ဒေါသတွေ ထွက်နေပါတယ်။ သူက တကယ့်ကို နှာဘူးတစ်ယောက်နဲ့ တူသလို လုံးဝကို နူးညံ့သိမ်မွေ့တဲ့ လူကြီးလူကောင်း တစ်ယောက်နဲ့လည်း တူနေပါတယ်။ မတူညီတဲ့ ဆန့်ကျင်ဘက်နှစ်ခု ပေါင်းစပ်ထားသလိုပါပဲ။

နောက်ထပ်ရက်အနည်းငယ် လမ်းလျှောက်ပြီးတဲ့နောက် သူတို့အရှေ့မှာ တောင်တစ်လုံး ပေါ်လာခဲ့ပါတယ်။

Edit with WPS Office

ဒီတောင်ကို တောင်တစ်လုံးရဲ့ တဂက်လို့ သတ်မှတ်ယူဆ
နိုင်ပါတယ်။ တစ်စုံတစ်ယောက်က တောင်ရဲ့
ခါးလယ်ပိုင်းကနေ ခုတ်ဖြတ်ထားသလိုမျိုး
တစ်ပိုင်းပြတ်နေပါတယ်။ ကျန်ရှိနေတဲ့ တောင်တစ်ဂက်က
အနည်းငယ် ထူးဆန်းတဲ့ ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

တောင်ပေါ်မှာ ပုံရိပ်တွေ တလက်လက်
တောက်ပနေပါတယ်။ တစ်ခု နှစ်ခုမဟုတ်ပဲ အရမ်းကို
များပြားတဲ့ ပမာဏ ဖြစ်ပါတယ်။

လင်းဟာန်တို့ အုပ်စုက တောင်ခြေကို
လမ်းလျှောက်ရောက်လာပြီး အဲဒီနောက်မှာ ဆေးပင်တောင်
တစ်လုံး ဆိုတာကို ရှာတွေ့သွားခဲ့ပါတယ်။ အဲဒီမှာ
နတ်ဘုရားဆေးပင် မျိုးစုံ ပေါက်ရောက်ရှင်သန် နေပါတယ်။

အဆင့်နိမ့် နတ်ဘုရား ဆေးပင်တွေကို လူတစ်ယောက်က
စိတ်တိုင်းကျ ရိတ်သိမ်းခူးဆွတ် နိုင်ပေမဲ့ အဆင့်မြင့်
ဆေးပင်တွေကို အစီအရင်တွေနဲ့ စောင့်ကြပ်ထား
ပါလိမ့်မယ်။ တကယ်လို့ လူတစ်ယောက်က ဒီအတားအဆီး
အစီအရင်တွေကို ဖြေရှင်းချင်တယ်ဆိုရင် အရမ်းကို

Edit with WPS Office

ခက်ခဲပါလိမ့်မယ်။ ဒီနေရာက အစီအရင်တချို့က ဖျက်ဆီးလို့တောင် မရနိုင်ပဲ အနည်းဆုံး လိုအပ်ချက် စွမ်းအားက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်မှာ ရှိရပါလိမ့်မယ်။

လင်းဟာန်က ဘာမှမတတ်နိုင်ပေမဲ့ ကျေနပ်သလို ခံစားလိုက်မိပါတယ်။ ဒီနေရာမှာ မိုးနီနတ်ဘုရား ဘုရင် သစ်ပင်ရဲ့ သစ်သီးတွေ ရှိကောင်းရှိနေနိုင်တယ် မဟုတ်လား။

အဲဒီနောက် သူက နေလအဆင့်ကို အဆင့်တက်နိုင်မှ သွေးစိတ်ဂိညာဉ် ပေါက်ကွဲခြင်း ဆေးလုံးကို ဖော်စပ်နိုင်စွမ်း ရှိပါလိမ့်မယ်။ သူ့ရဲ့စွမ်းရည်တွေက အဲဒီနောက်မှာ ဆက်တိုက်တိုးတက် လာပါလိမ့်မယ်။

နောက်ပြီးတော့ မိုးနီနတ်ဘုရား ဘုရင်သစ်ပင်ရဲ့ သစ်သီးအတွက်ကြောင့် မဟုတ်ဘူး ဆိုရင်တောင် နတ်ဘုရား ဆေးပင်ဖြစ်နေတာနဲ့ပဲ ရိတ်သိမ်းရူးဆွတ်ဖို့ ထိုက်တန်နေပြီ မဟုတ်လား။

သူတို့သုံးယောက်က အနည်းငယ် နောက်ကျသွားပုံ

Edit with WPS Office

ပေါ်ပါတယ်။ အစီအရင်ရဲ့ အကာအကွယ် မရှိတဲ့ အဆင့်နိမ့် နတ်ဘုရား ဆေးပင်တွေ အားလုံးကို ရိတ်သိမ်းရှူးဆွတ် သွားကြပါပြီ။ ဒါပေမဲ့လည်း လင်းဟာန်က ဒီလိုမျိုး နတ်ဘုရား ဆေးပင် အမျိုးအစားကို စိတ်မဝင်စားပါဘူး။ အနက်ရောင် မျှော်စင်ရဲ့ အတွင်းမှာ နတ်ဘုရား ဆေးပင် ပမာဏ တော်တော်များများကို စိုက်ပျိုးထားပါတယ်။

သူတို့က လမ်းလျှောက်ရင်းနဲ့ ရှာဖွေပြီး သိပ်မကြာခင်မှာ အစီအရင်တွေနဲ့ ကာကွယ်ထားတဲ့ နတ်ဘုရားဆေးပင် အနည်းငယ်ကို တွေ့လိုက်ရပါတယ်။ ဆေးပင်တွေရဲ့ အဆင့်က အဆင့်ခုနစ်မှာ ရှိပြီးတော့ ရင့်မှည့်ခြင်း မရှိပါဘူး။ လင်းဟာန်ရဲ့ သုံးသပ်ချက်အရ မိခင်အပင်က ရင့်မှည့်သင့်ပါပြီ။ ဒါပေမဲ့ ရိတ်သိမ်းရှူးဆွတ်ခြင်း မခံရတဲ့ အတွက်ကြောင့် မျိုးစေ့တွေက မြေကြီးပေါ်ကို ကျရောက်ပြီး အပင်အသစ်တွေ တော်တော်များများ ထပ်ပေါက်နေတာ ဖြစ်ပါမယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ နတ်ဘုရား ဆေးပင် တစ်မျိုးတည်းပဲ ပေါက်ရောက်နေပြီး အရေအတွက်

Edit with WPS Office

တော်တော်များတယ် ဆိုပေမဲ့ ပြည့်ကျပ်နေတာမျိုးတော့ မဟုတ်ပါဘူး။ မြေသြဇာဓာတ်က မလုံလောက်ဘူးဆိုတာ ပေါ်လွင်နေပြီး ဒီနတ်ဘုရား ဆေးပင်ရဲ့ အမြစ်တချို့က အနည်းငယ် အားငယ်နေပုံ ပေါ်ပါတယ်။

"မင်းတို့အားလုံး ထိခိုက်နစ်နာနေတာပဲ။ ငါမကြာခင်မှာ ကယ်ဆယ်ပေးပါ့မယ်"

လင်းဟာန်က ပြုံးပြုံးလေးနဲ့ ပြောလိုက်တယ်။

"ငါနင့်လိုမျိုး အရှက်မဲ့တဲ့ လူတစ်ယောက်ကို မမြင်ဖူးဘူး။ နင်က သူတို့ကို မှော်ဆေးလုံးတွေ ဖော်စပ်ဖို့ အသုံးချမဲ့ဟာကို နင့်ကိုယ်နင် ကယ်တင်ရှင် တစ်ယောက်လိုမျိုး လုပ်နေသေးတယ်"

ဟူဖေးယွင်က သူ့ကို မျက်နှာရှုံ့မဲ့ပြီး ပြောလိုက်တယ်။

"ဒါဆိုရင် ငါဖော်စပ်တဲ့ မှော်ဆေးလုံးတွေ မစားနဲ့ပေါ့"

လင်းဟာန်က စပ်ဖြဲဖြဲနဲ့ ပြန်ဖြေလိုက်ပါတယ်။

"ငါက စကားအဖြစ် ပြောတာကို နင်က အတည်မှတ်နေတယ်"

Edit with WPS Office

ဟူဖေးယွင်က နှုတ်ခမ်းစူပြီးတော့ ပြောလိုက်တယ်။

လင်းဟန်က နတ်ဘုရား ဆေးပင်တွေ အနားကို အကြိမ်အနည်းငယ် ပတ်သွားပြီး အစီအရင်ကို အရင်ဆုံး မှတ်သားထား လိုက်ပါတယ်။ အဲဒီနောက် သူက ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ အစီအရင်ကို စတင်ခွဲခြမ်းလေ့လာလိုက်ပါတယ်။

အတော်ကြာပြီးတဲ့နောက် သူက အနက်ရောင် မျှော်စင်ထဲက ထွက်လာပြီး အစီအရင်တေါကို စတင်ချိုးဖျက် လိုက်ပါတယ်။

ဒါက သူမျှော်လင့်ထားတာထက် အချိန်ပိုကုန်ပါတယ်။ ဆယ့်ခုနစ်ရက် ကြာပြီးတဲ့ နောက်မှပဲ လင်းဟန်က အတားအဆီးတွေကို ချိုးဖျက်နိုင်ပြီးတော့ ဒီအဆင့်ခုနစ် နတ်ဘုရား ဆေးပင် တော်တော်များများ အနက်ရောင် မျှော်စင်ထဲ ထည့်သိမ်းလိုက် နိုင်ပါတယ်။

"ဒီနှုန်းအတိုင်းသာ သွားမယ်ဆိုရင် တကယ်လို့ ငါတို့တွေ ဒီနေရာမှာ နှစ်ဂက်လုံး အချိန်ဖြုန်းမယ် ဆိုရင်တောင် နတ်ဘုရား ဆေးပင်တွေ အများကြီး ယူသွားနိုင်စွမ်း ရှိလိမ့်မှာ

Edit with WPS Office

မပဟုတ်ဘူး"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"အကောင်းဆုံးက မိုးနီနတ်ဘုရား ဘုရင်သစ်ပင်ရဲ့ သစ်သီးနည်းနည်းလောက် ရှိမလား ဆိုတာကို အရင်ဆုံး သွားရှာရမယ်။ အခုချိန်မှာ ငါ့အတွက် အဲဒီနတ်ဘုရားဆေးက တန်ဖိုးအရှိဆုံးပဲ"

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့က မငြင်းကြပါဘူး။ နောက်ပြီးတော့ သူတို့လည်း သူဖော်စပ်တဲ့ မှော်ဆေးလုံးတွေကို အသုံးပြုနိုင်စွမ်း ရှိပါလိမ့်မယ်။ ဒါကြောင့် သူတို့အတွက်လည်း အနည်းနဲ့ အများဆိုသလို အကျိုးရှိပါတယ်။

လင်းဟာန်က ဒီနေရာတစ်ခုလုံး ရိတ်သိမ်းရူးဆွတ်ဖို့ အကြံကို လက်လျှော့လိုက်ပြီး မိုးနီနတ်ဘုရား ဘုရင်သစ်ပင်ရဲ့ သစ်သီးတွေကို စတင်ရှာဖွေ လိုက်ပါတယ်။ တကယ်လို့ သူရှာတွေ့မယ်ဆိုရင် အစွမ်းကုန် ကြိုးစားပြီးတော့ ရအောင်ယူရပါလိမ့်မယ်။ တကယ်လို့ မရှိဘူးဆိုရင်တော့

Edit with WPS Office

သူက ပြန်လှည့်ပြီး ဒီနေရာက တန်ဖိုးအရှိဆုံး နတ်ဘုရား ဆေးပင်တွေကို ရှာရပါမယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက သူတို့ထဲက အနည်းငယ်တော့ကို ပြန်သယ်သွားရပါလိမ့်မယ်။

ဒါပေမဲ့လည်း သူက ရက်တော်တော်ကြာအောင် အချိန်ဖြုန်းပြီးမှ အစီအရင် တစ်ခုကိုပဲ ချိုးဖျက်နိုင်စွမ်း ရှိခဲ့ပါတယ်။ အဲဒါက နှစ်ပေါင်းတော်တော်များများနဲ့ ညီမျှပါတယ်။ တခြားသူတွေ အတွက်ဆိုရင် လုံးဝကို အစွမ်းမရှိသလိုမျိုး ဖြစ်သွားပါလိမ့်မယ်။

ဒါကြောင့် အတားအဆီး အစီအရင်တွေကို ချိုးဖျက်ပစ်နိုင်တဲ့ တန်ဖိုးကြီး ပစ္စည်းတွေ မသယ်ယူ လာသရွေ့တော့ အများစုက အစီအရင်တွေနဲ့ ကာကွယ်ထားခြင်း မရှိတဲ့ သာမန်နတ်ဘုရား ဆေးပင်တွေကိုပဲ ရိတ်သိမ်းခူးဆွတ်နိုင်စွမ်း ရှိပါလိမ့်မယ်။

သူတို့က ရှာဖွေရုံတစ်ခုပဲ လုပ်ပြီးတော့ ခူးဆွတ်ခြင်းမရှိတာကြောင့် နေ့ဝက်အချိန် အတွင်းမှာ ဆေးပင်တောင် တစ်ခုလုံးကို ရှာဖွေခဲ့ပါတယ်။ သူတို့ရဲ့

Edit with WPS Office

ရှာဖွေမှု အဆုံးသတ်ခါနီးမှာပဲ လင်းဟန်ရဲ့ မျက်လုံးတွေ အရောင်တလက်လက် တောက်ပါလာပါတယ်။ သူ့ကိုကြည့်ရတာ ကျေနပ်ပြီးတော့ အံ့အားသင့်နေပုံ ပေါ်ပါတယ်။

"ဒါက တကယ်ပဲ မိုးနီနတ်ဘုရား ဘုရင်သစ်ပင်ရဲ့ သစ်သီးတွေ"

လင်းဟန်က ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။

သူ့အရှေ့မှာ မီတာသုံးဆယ်လောက် မြင့်မားတဲ့သစ်ပင်တစ်ပင် ရှိနေပြီး တစ်ပင်လုံး ကြက်သွေးရောင်ရှိကာ သစ်ရွက်တွေ အားလုံးက မီးတောက်တွေပုံစံ ဖြစ်နေပြီး အဆက်မပြတ် ပြင်းပြင်းထန်ထန် လောင်ကျွမ်းနေပါတယ်။ သစ်ရွက်တွေ အကြားမှာ သစ်သီးတွေ တော်တော်များများ သီးနေပါတယ်။

ဒီသစ်သီးတွေက ပင်စည်ကနေ သီးနေတာ ဖြစ်ပြီးတော့ မိုးရေစက်တွေလိုပဲ သစ်သီးတွေက ကျဆင်းနေပြီး အတော်လေး ထူးဆန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်စေပါတယ်။

Edit with WPS Office

လင်းဟန်က ပျော်ရွှင်နေပါတယ်။ ဒီသစ်သီးတွေက လုံးဝကို ရင့်မှည့်ခြင်း မရှိသေးဘူး ဆိုပေမဲ့ အရမ်းကို ကြီးနေပါပြီ။ တကယ်လို့ သူတို့ကို အနက်ရောင် မျှော်စင်ထဲ ပြောင်းရွှေ့လိုက်မယ် ဆိုရင် သုံးနှစ်ကနေ ငါးနှစ်အတွင်းမှာလုံးဝကို ရင့်မှည့်လာပါလိမ့်မယ်။

ဒါက တကယ့်ကို ကြီးမားတဲ့ လက်ဆောင်တစ်ခု ဖြစ်ပါတယ်။

စုစုပေါင်း သစ်သီး နှစ်ဆယ့်ခုနစ်လုံး ရှိပါတယ်။ တကယ်လို့ သစ်သီးတစ်လုံးကို သွေးစိတ်ဂိုညာဉ် ပေါက်ကွဲခြင်း ဆေးလုံးတစ်လုံး ဖော်စပ်နိုင်တယ် ဆိုရင် ဒါက ဆေးလုံးနှစ်ဆယ့်ခုနစ်လုံးနဲ့ ညီမျှပါတယ်။

ဒါပေါ့။ တကယ်လို့ သူက အကြိမ်တိုင်း အောင်မြင်မှပဲ ဖြစ်နိုင်ပါလိမ့်မယ်။ သစ်သီး တစ်လုံးကိုတောင် ဖြုန်းတီးပစ်လို့ မရပါဘူး။

ဒါကတော့ မဖြစ်နိုင်ပါဘူး။ ဘယ်သူကများ မော်ဆေးလုံး တစ်လုံးကို ပထမဆုံး အကြိမ်မှာ အောင်အောင်မြင်မြင် ဖော်စပ်နိုင်မှာလဲ၊

Edit with WPS Office

လင်းဟန်က သူ့လက်တွေကို ပွတ်ပြီးတော့ အတားအဆီး အစီအရင်ကို ဘယ်လိုချိုးဖျက်ရမလဲ ဆိုတာကို စတင်လေ့လာ လိုက်ပါတယ်။

Chapter 1185 end

အပိုင်း(1186) ဂျင်ဆင်းစိတ်ဝိညာဉ်

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

အချိန်တွေက တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ကုန်လွန်သွားပါတယ်။

မိုးနီနတ်ဘုရားဘုရင် သစ်ပင်ပေါ်က အစီအရင်တွေက လင်းဟန်ထင်ထားတဲ့ အတိုင်းပဲ သန်မာအားကောင်း လွန်းပါတယ်။ ရက်ပေါင်းနှစ်ဆယ် ကြာပြီးတာတောင်မှ သူက ချိုးဖျက်နိုင်ခြင်း မရှိသေးပါဘူး။ ဒါပေမဲ့လည်း ဒီဆေးဘက်ဝင် တောင်ပေါ်မှာ နေထိုင်ပြီး ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ခွဲခြမ်းစိတ်ဖြာရတာကိုပါ ပေါင်းထည့်လိုက်ရင် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်ကို အမှန်တကယ်ကူညီပေးနိုင်ပြီး

Edit with WPS Office

နောက်ထပ်တစ်ဆင့်ကို တက်သွားခဲ့ပါတယ်။ သူက သူ့ရဲ့ငါးခုမြောက် မြစ်ကို ဖြစ်ပေါ်နိုင်ခဲ့ပါပြီ။

အခုဆိုရင် သူက အထွတ်အထိပ် အဆင့်ရဲ့ နောက်ပိုင်းအဆင့်ကို ရောက်နေပါပြီ။

တကယ်လို့ သူက နောက်တစ်ဆင့် တက်နိုင်မယ်ဆိုရင် အထွတ်အထိပ် အဆင့်ရဲ့ အမြင့်ဆုံး အဆင့်ကို ရောက်သွားပါလိမ့်မယ်။ အဲဒါက တောင်မြစ်အဆင့်ရဲ့ စစ်မှန်တဲ့ အကန့်အသတ်ပဲ ဖြစ်ပြီးတော့ ဒီအဆင့်ကိုရောက်ရင် ကြယ်ဆယ်ပွင့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်ပါလိမ့်မယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် သူတို့ရဲ့ စွမ်းအားက နေလအဆင့်ရဲ့ ကနဦးအဆင့်က အစောပိုင်း အဆင့် လက်ရွေးစင်တွေနဲ့ လက်ရည်တူ ဖြစ်သွားပါလိမ့်မယ်။

"တကယ့်ကို မျှော်လင့်မထားတဲ့ အံ့သြစရာ တစ်ခုပဲ"

လင်းဟန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။ သူက ဒီအစီအရင်ကို မဖျက်ဆီးနိုင်ခဲ့ပဲ သူ့ရဲ့ ကျင့်ကြံခြင်း

Edit with WPS Office

အဆင့်ကပဲ ခုန်တက်သွားပါတယ်။

ဒါပေမဲ့လည်း ဒါက သဘာဝပါပဲ။ သူတို့က နေ့တိုင်းနေ့တိုင်း နတ်ဘုရားဆေးပင်တွေ စားခဲ့ပြီး ပိုအရေးကြီးတဲ့ အချက်က သူတို့ဟာ ပြန်လည်မွေးဖွားခြင်း သစ်ပင်အောက်မှာ တာအိုကို ခွဲခြမ်းစိတ်ဖြာ နိုင်ပါတယ်။ အဲဒါကြောင့် သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်က တကယ်လို့ သူတို့တွေ မလိုချင်ဘူး ဆိုရင်တောင် လျင်မြန်စွာနဲ့ အဆင့်တက်သွား ပါလိမ့်မယ်။

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ရဲ့ ကျင့်ကြံခြင်း အမြန်နှုန်းကလည်း အရမ်းကို လျင်မြန်ပါတယ်။ စွေ့ရန်ယွီက ပြီးပြည့်စုံခြင်း အဆင့်ကို အဆင့်တက်သွားခဲ့ပါပြီ။ သူမကျင့်ကြံ အားထုတ်ခဲ့တဲ့ အချိန်ပမာဏကို စဉ်းစားကြည့်ရင် ဒါက အံ့အားသင့်စရာကောင်းမှု တစ်ခုဖြစ်ပါတယ်။ သူမက အံ့ဖွယ်ကောင်းကင်ဂိုဏ်းကို ပြန်ရောက်ရင်တောင် ပင်မတပည့်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

အဲဒီအချိန် ဟူဖေးယွင်က အထွတ်အထိပ် အဆင့်ကို အဆင့်တက်နိုင်ခဲ့ပါတယ်။

Edit with WPS Office

သူမက ဧကရီ ဘုရင်မ လွှမ်းရှင်းရဲ့ ကိုယ်ပွားတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် သူမရဲ့ ဒီဖြစ်ရပ်က ကိုးကြိမ်လောက် ပြီးပြည့်စုံနေပါပြီ။ ဒါကြောင့် ဆယ်ကြိမ်မြောက် ပြီးပြည့်စုံဖို့ အတွက်ကတော့ အရမ်းကို လွယ်ကူနေပါလိမ့်မယ်။ သူမက အရမ်းကို ပျော်ယာခတ်နေပြီး မိုးကောင်းကင် ကပ်ဘေးကို စမ်းသပ်ခံနေတဲ့ အချိန်မှာ ရုတ်တရက် ထိန်းမနိုင်သိမ်းမနိုင်လောက်အောင် ကြောက်စိတ်မွှန်နေပြီး တကယ့်ကို သနားစရာကောင်းတဲ့ မြင်ကွင်းတစ်ခုပါပဲ။

ဧကရီ ဘုရင်မ လွှမ်းရှင်းက သူမရဲ့ ခန္ဓာကိုယ်ကို မထိန်းချုပ်ထားတဲ့ အချိန်မှာ သူမရဲ့ တိုက်ပွဲစွမ်းရည်က တကယ့်ကို ပျော့ညံ့လွန်းပါတယ်။

ကြယ်တစ်ပွင့် ပါရမီရှင်နဲ့ ကြယ်နှစ်ပွင့် ပါရမီရှင်လို့ ခေါ်ဆိုခံရတဲ့ သူတွေက သူတို့ထက် ကျင့်ကြံခြင်းအဆင့်သေး တစ်ဆင့်နှစ်ဆင့် မြင့်တဲ့သူတွေကို တိုက်ခိုက်နိုင်ပါတယ်။ အဲဒီအချိန်မှာ လူအများစုက သူတို့ရဲ့ ကျင့်ကြံခြင်းအဆင့်နဲ့ ညီမျှတဲ့ တိုက်ပွဲစွမ်းရည် တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမဲ့လည်း

Edit with WPS Office

ဟူဖေးယွင်ကျတော့ရော။ သူမက တကယ့်ကို ဆိုးဆိုးဂါးဂါး ကသိကအောက် ဖြစ်စရာကောင်းပါတယ်။

သူမရဲ့ တိုက်ပွဲစွမ်းရည်က အနည်းဆုံး သူမရဲ့ ကျင့်ကြံခြင်းအဆင့်အောက် အဆင့်သေး တစ်ဆင့်ကနေ နှစ်ဆင့်ကို နိမ့်ကျနိုင်ပါတယ်။ ဒါကြောင့် သူမကို ကြယ်အနုတ်တစ်ခုနဲ့ ငတုံးတစ်ယောက်လို့တောင် ခေါ်ဆိုနိုင်ပါလိမ့်မယ်။

"ငါက ငတုံးတစ်ယောက် မဟုတ်ဘူး။ ငါက မတိုက်ခိုက်ချင်လို့"

သူမက ခုခံပြောဆို လိုက်ပါတယ်။ ဒါပေမဲ့လည်း သူမက လင်းဟာန်နဲ့ စွေ့ရန်ယွီရဲ့ စနောက် ကျီစယ်မှုကို ခံနေရပါသေးတယ်။ သတ်ဖြတ်သူ နတ်ဆိုးကေရာဇ်တောင် ဒီဆရာကတော်ကို စနောက်ကျီစယ် ရဲပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူမက ကြယ်အနုတ်ငတုံးတစ်ယောက် ဖြစ်နေရင်တောင် တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ လူတွေကိုတော့ အလွယ်တကူ ဖိနှိပ်ထိန်းချုပ်

Edit with WPS Office

နေနိုင်ပါသေးတယ်။ ဒါကသူမရဲ့ မယုံနိုင်စရာကောင်းတဲ့ ကျင့်ကြံခြင်း အဆင့်ကို ကျေးဇူးတင်ရပါမယ်။ အထွတ်အထိပ် အဆင့်ဆိုတာ အထွတ်အထိပ် အဆင့်ပါပဲ။ တောင်မြစ်အဆင့်ရဲ့ တခြားကျင့်ကြံသူတွေ အရှေ့မှာ ဒီအဆင့်ကို ရောက်ရှိခြင်းက နေလအဆင့် လက်ရွေးစင်တွေလိုပဲ လွှမ်းမိုးနိုင်တဲ့ အစွမ်းကို ရောက်ရှိနေတာမျိုး ဖြစ်ပါတယ်။

စွေ့ရန်ယွီက ဟူဖေးယွင်ကို အရမ်းကို မနာလို ဖြစ်နေပါတယ်။ သူမရဲ့ ကိုယ်ပိုင်စွမ်းရည်တွေရဲ့ အကန့်အသတ်ကို သူမသိပါတယ်။ သူမအတွက်တော့ ဘယ်လောက်ပဲ ကြိုးစားအားထုတ်ပါစေ အထွတ်အထိပ် အဆင့်ကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့လည်း ဒီအကြောင်းကြောင်းနဲ့ ဟူဖေးယွင်ကတော့ အရမ်းကြီး ကြိုးစားအားထုတ်ရခြင်း မရှိပဲနဲ့ အဆင့်တက်နိုင်ပါတယ်။

"မိန်းမ စိတ်မပျက်ပါနဲ့ကွာ။ သူမရဲ့ အခြေအနေက ထူးခြားတယ်"

လင်းဟာန်က နှစ်သိမ့်လိုက်ပါတယ်။

Edit with WPS Office

စွေ့ရန်ယွီက ဒါကို သတိပြုမိပါတယ်။ သူမက လက်ခံလိုက်ရုံပဲ တတ်နိုင်ပါတယ်။ အထူးသဖြင့် ဟူဖေးယွင်ရဲ့ အပြစ်ကင်းတဲ့ ဟန်ပန်အမူအရာတွေကို ကြည့်မိလိုက်တဲ့ အချိန်တုန်း လက်ခံရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။

နောက်ထပ်ဆယ်ရက် အကြာမှာတော့ လင်းဟန်က အစီအရင်ကို ချိုးဖျက်နိုင်ခဲ့ပြီး မယုံနိုင်စရာ ကောင်းလောက်အောင် အဖိုးထိုက်တန်တဲ့ မိုးနီနတ်ဘုရား ဘုရင်သစ်ပင်ကို အနက်ရောင် မျှော်စင်ထဲ အမြစ်တွေ မြေဆီလွှာတွေနဲ့ အားလုံး ထည့်သိမ်းလိုက်ပါတယ်။

အနက်ရောင် မျှော်စင်ထဲမှာ ဒီနတ်ဘုရား ဆေးပင်ကို စိုက်ပျိုးလိုက်တာက သူ့ကိုယ်ပိုင် ပစ္စည်းအစစ် ဖြစ်လာတဲ့ လက္ခဏာပါပဲ။

လင်းဟန်က အရမ်းကို ပျော်ရွှင်နေပြီးတော့ စွေ့ရန်ယွီရဲ့ ပါးလေးကို ဖျစ်ကာ ပြောလိုက်တယ်။

"တာဂန်တွေတော့ အောင်မြင်ပြီးဆုံးသွားပြီ။

Edit with WPS Office

အနမ်းလေးပေးပြီးတော့ ပျော်ရအောင်"

"အရက်မရှိတဲ့ လပြွတ်ကောင် ငါ့ခြေထောက်ကို မြည်းကြည့်လိုက်"

ရွှပ်။

ဒေါသတကြီးနဲ့ အော်ဟစ်လိုက်တဲ့ အသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာပြီး မယုံနိုင်စရာ ကောင်းတလောက်တဲ့ အမြန်နှုန်းနဲ့ အဖြူရောင် အလင်းတန်းတစ်ခု တစ်ဟုန်ထိုး ပြေးဝင် လာပါတယ်။

လင်းဟန်က ရှောင်တိမ်းဖို့ အချိန်မရှိတာကြောင့် ချက်ချင်းပဲ သူ့ရဲ့ လျှင်မြန်မှု နည်းစနစ်ကို ထုတ်ဖော်ပြီးတော့ သူ့လက်ချောင်းတွေကို ဓားတစ်လက်အဖြစ် အသုံးချကာ အဖြူရောင် အရိပ်ကို ခုတ်ပိုင်းလိုက်ပါတယ်။

ဂွမ်း။

သူ့လက်ချောင်းနဲ့ အဖြူရောင် အရိပ်တို့ ရစ်ပတ်သွားပြီး ချက်ချင်းဆိုသလို ဖျက်ဆီးခြင်း အားလှိုင်းတွေ ဖြစ်ပေါ်လာပါတယ်။

Edit with WPS Office

ပုန်း ပုန်း ပုန်း ပုန်း။

ပတ်ဝန်းကျင်မှာ ပြင်းထန်တဲ့ အားလှိုင်းတွေ ပျံ့နှံ့သွားပြီး စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ နှစ်ယောက်သား အနောက်ကို ခုန်ဆုတ်လိုက် ရပါတယ်။

အဲဒီအချိန်မှာ အဖြူရောင် အရိပ်ကို လင်းဟာန်က ရှင်းရှင်းလင်းလင်း တွေ့မြင်လိုက်ရပြီး သူ့မျက်နှာ အပေါ်မှာ အံ့အားသင့်နေတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဟုတ်ပါတယ်။ ဒါက လူတစ်ယောက် မဟုတ်ပါဘူး။ အဲဒီအစား ဆေးပင်တစ်ပင် ဖြစ်ပြီးတော့ ဂျင်ဆင်းပုံစံ ဆေးပင်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအပင်မှာ ခြေထောက်နှစ်ဖက် လက်နှစ်ဖက်ရှိပြီး ဦးခေါင်းမှာ လူသားပုံစံ မျက်နှာတစ်ခုတောင် ရှိနေပါတယ်။

သောက်ကျိုးနည်း။ ဒီနတ်ဘုရားဆေးပင်က သူ့ဘာသာသူ အသက်တစ်ခုကို ရရှိသွားခဲ့တာပေါ့။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ အော်ဟစ်လိုက်တယ်။

Edit with WPS Office

"မကောင်းဆိုးဝါး ဂျင်ဆင်း မြန်မြန် ငါ့ကိုလာပြီးတော့ ဦးညွှန်စမ်း"

စိတ်ဂိညာဉ် တစ်ခုအထိ တိုးတက်ပြောင်းလဲနိုင်စွမ်း ရှိတယ်ဆိုမှတော့ ဒီဂျင်ဆင်းပင်က သေချာပေါက် အရမ်းကို မြင့်မားတဲ့ အဆင့်ဖြစ်ပါလိမ့်မယ်။ တကယ်လို့ သူက ဒါကိုစားမယ်ဆိုရင် သူ့ရဲ့ ကျင့်ကြံခြင်း အဆင့်က အဆင့်သေး တစ်ဆင့် ဒါမှမဟုတ် နှစ်ဆင့်တောင် ထိုးတက်သွား လိမ့်မယ် မဟုတ်လား။

"ရုပ်ဆိုးကောင် မင်းရဲ့ အဘိုးကို စားဖို့ မင်းက နှစ်ပေါင်းရှစ်ရာလောက်ထိ အရမ်းကို ငယ်သေးတယ်"

ဂျင်ဆင်းပင်က ဒေါသတကြီးနဲ့ အော်လိုက်ပါတယ်။

"မင်းဘာကို စောင့်နေတာလဲ။ မြန်မြန် အဲဒီမိန်းကလေးကို လွှတ်ပေးလိုက်စမ်း။ သူက ငါ့အပိုင်ပဲ"

လပြွတ်ပေါ့။

လင်းဟန်က ခြေထောက်နဲ့ တစ်ချက် ကန်ထုတ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"မင်းကတော်တော် ညစ်ပတ်စုတ်ပဲ့တဲ့ ဂျင်ဆင်းအိုကြီးပဲ။ ငါ့မိန်းမကိုတောင် ခိုးချင်သေးတယ်ပေါ့"

"မင်းမိန်းမဆိုတာ ဘာကိုပြောတာလဲ။ ငါက သူမကို မျက်စိကျနေပြီ ဆိုမှတော့ သူမက ငါ့အပိုင်ပဲ ဖြစ်ရမယ်"

ဂျင်ဆင်းပင်က ငြိမ်နေဖို့ စိတ်ကူးမရှိပါဘူး။ သူ့ရဲ့ လှုပ်ရှားမှု နည်းစနစ်တွေကို သုံးပြီးတော့ လင်းဟာန်ရဲ့ တိုက်ခိုက်မှုတွေကို ရှောင်တိမ်းနေပါတယ်။

သူ့ရဲ့ စွမ်းအားက ဘာမှမဟုတ်ပေမဲ့ သူ့ရဲ့အမြန်နှုန်းက အရမ်းကို လျင်မြန်လွန်းပါတယ်။ လင်းဟာန်က ဂျင်ဆင်းပင်ကို သိမ်းချင်တာကြောင့် သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို သုံးခဲ့ပါတယ်။ သူ့ရဲ့လျှပ်စီးဓားသိုင်းကတော့ အမြန်နှုန်း နှေးနေပါသေးတယ်။ ဒါကြောင့် သူ့အနေနဲ့ အဲဒါကို သုံးဖို့အကြံ စွန့်လွှတ်လိုက်ရပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း

ဂျင်ဆင်းပင်က သူ့ရဲ့ တိုက်ခိုက်မှုတွေ အတောမသတ် ဖြစ်လာပြီး မူလစွမ်းအင်ထက် မိုးကောင်းကင်နဲ့

Edit with WPS Office

ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားတွေကို အသုံးပြုလာခဲ့ပါတယ်။ စည်းမျဉ်းဥပဒေတွေက မရေမတွက်နိုင်တဲ့ နတ်ဘုရား ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ လင်းဟာန်ဆီကို ကျာပွတ်လိုမျိုး ပြေးဝင်လာပါတယ်။

ဒါက အဓိပ္ပါယ်မရှိတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ ဂျင်ဆင်းတစ်ပင်က လင်းဟာန်ကို ပိုင်းပတ်ပြီး တိုက်ခိုက်မှုတွေ မရပ်မနား ထုတ်ဖော်နေကာ သူ့လှုပ်ရှားမှုတွေက လျှပ်စီး အလင်းတန်းလို လျင်မြန်ပါတယ်။

ဒါပေမဲ့လည်း ပိုပြီးတော့ မယုံနိုင်စရာ ကောင်းတဲ့အချက်က ဒီဂျင်ဆင်းပင်က တကယ့်ကို နာဘူးတစ်ကောင် ဖြစ်နေပါတယ်။

"ဂျင်ဆင်းအိုကြီး ငါသေချာပေါက် မင်းကို စားပစ်မယ်"

လင်းဟာန်က သူ့ရဲ့လက်ချောင်းကို ဓားတစ်ချောင်းသဖွယ် အသုံးပြုပြီးတော့ ဂျင်ဆင်းပင်ဆီကို တိုက်ခိုက်မှုတွေ

Edit with WPS Office

အဆက်မပြတ် ထုတ်ဖော်တိုက်ခိုက် နေပါတယ်။ သူက ဒီနတ်ဘုရား ဆေးပင်ကို ဒဏ်ရာမရစေချင် ခဲ့ပါဘူး။ သူ့မှာ အသိဉာဏ် တိုးတက်လာတဲ့အပြင် ခြေတွေလက်တွေလည်း ပေါက်ဖွားလာပါတယ်။ ဒါကြောင့် သူ့ရဲ့ ဆေးအာနိသင်က သေချာပေါက် အံ့အားသင့်စရာ ကောင်းလွန်းပါလိမ့်မယ်။

နတ်ဘုရား ဆေးပင်တွေရဲ့ သက်တမ်းက ကျင့်ကြံသူတွေထက် အများကြီး ရှည်ပါတယ်။ အဆင့်တစ် နတ်ဘုရား ဆေးပင်က တောင်မြစ်အဆင့်ရဲ့ ကနဦးအဆင့်နဲ့ ညီမျှပြီး အဆင့်တစ် နတ်ဘုရား ဆေးပင်ရဲ့ သက်တမ်းက အမြင့်ဆုံး နှစ်ပေါင်းတစ်သန်းထိ ရောက်ရှိနိုင်ပါတယ်။

ဒါပေမဲ့လည်း နတ်ဘုရား ဆေးပင်တွေ အတွက်ကတော့ အသိစိတ် တိုးတက်ပြောင်းလဲလာဖို့ အရမ်းကို ခက်ခဲလွန်းပါတယ်။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ သဘာဝ ဥပဒေ ဖြစ်ပါတယ်။ တကယ်လို့ လူတစ်ယောက်ရဲ့ သက်တမ်းက အရမ်းကို ရှည်ကြာမယ်ဆိုရင် သူတို့က အရမ်းကို အားနည်းပြီး အထိခိုက် မခံနိုင်အောင် ဖြစ်လာပါလိမ့်မယ်။ ဒါက ပြောင်းလဲလို့ မရပါဘူး။

Edit with WPS Office

ဒါကြောင့် ဒီနတ်ဘုရား ဆေးပင်က အသိဉာဏ်ရော
ခြေလက်အင်္ဂါ အစိတ်အပိုင်းတွေကိုပါ
ပိုင်ဆိုင်ထားတဲ့အတွက် နှစ်ပေါင်းများစွာ အသက်ရှင်သန်
နေထိုင်ခဲ့တယ်ဆိုတဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။
သူ့သက်တမ်းနဲ့အတူ မှုန်ဝါးဝါး အသိစိတ်တစ်ခု
တိုးတက်ပြောင်းလဲလာပြီး ဖြည်းညှင်းစွာနဲ့
ကျင့်ကြံအားထုတ်လာနိုင်စွမ်း ရှိလာပုံ ရပါတယ်။
လမ်းလျှောက်နိုင်တဲ့ စွမ်းရည်အပြင် စည်းမျဉ်းဥပဒေရဲ့
စွမ်းအားကိုပါ ဖမ်းဆုပ်ရရှိလာနိုင်စွမ်း ရှိလာခဲ့ပါတယ်။

ဒါက ထိပ်တန်းအဆင့် ဂျင်ဆင်းပင်အိုကြီး တစ်ခုပဲ။
သေချာပေါက် အသက်ဓာတ် စွမ်းအားတွေ
ပြည့်နှက်နေလိမ့်မယ်။

"ထို့ ကောင်စုတ်လေး မင်းက မင်းအဘိုးဂျင်ဆင်းရဲ့
ခြေထောက်တွေကိုပဲ စားနိုင်မယ် ရော့ မြည်းကြည့်စမ်း"

ဂျင်ဆင်းအိုကြီးက ခြေကန်ချက် တစ်ချက် ထုတ်ပြီးတော့
ကြောက်မက်ဖွယ်ရာ စည်းမျဉ်းဥပဒေ စွမ်းအားတွေ
ထွက်ပေါ်လာပါတယ်။

Edit with WPS Office

ဂျင်ဆင်းအိုကြီးက အရမ်းကို လျင်မြန်ပါတယ်။ လင်းဟန်ရဲ့ ခုခံနိုင်စွမ်းက အရမ်းကို ခိုင်မာပြီး အထွတ်အထိပ် အဆင့်ကလည်း ဟာသတစ်ခု မဟုတ်ပါဘူး။ သူတို့က အပြန်အလှန် တိုက်ခိုက်ပြီး သူတို့တိုက်ပွဲက ပိုပိုပြီးတော့ ပြင်းထန်လာပါတယ်။

စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ နှစ်ယောက်စလုံး မှင်သက်အံ့သြသွားခဲ့ပါတယ်။ ဂျင်ဆင်းပင်အို တစ်ပင်က တကယ်ပဲ ဒီလောက်ထိ အစွမ်းထက်နိုင်လား။

ကျွှာကြီးက ဘာတွေဖြစ်ကုန်လဲ။

"ခစ် အစ်ကိုဟာန် တကယ်လို့ ငါကူညီမယ်ဆိုရင် နင်စိတ်မဆိုးပါဘူးနော်"

နူးညံ့ညင်သာပြီး နားဝင်ချိုတဲ့ အသံတစ်ခုက မေးလိုက်ပါတယ်။

အသံပိုင်ရှင်က အရပ်မြင့်မြင့် ခန္ဓာကိုယ် ကျစ်လျစ်သွယ်လှတဲ့ မိန်းကလေး တစ်ယောက် ဖြစ်ပါတယ်။ သူမက တကယ့်ကို အရပ်ရှည်ပြီးတော့ လင်းဟန်ထက် လက်မဂက်လောက်ပဲ

Edit with WPS Office

ပုပါလိမ့်မယ်။ သူမရဲ့ ဆံပင်တွေက အနောက်ကျောကို ကျဆင်းနေပြီး နှင်းလိုမျိုး ဆွတ်ဆွတ်ဖြူတဲ့ ဂတ်စုံတစ်ခုကို ဂတ်ဆင်ထားခဲ့ပါတယ်။ သူမက သာမာန်မဟုတ်ပါဘူး။ သူမရဲ့ အသက်ရှူမှားလောက်တဲ့ ရုပ်ရည်သွင်ပြင်နဲ့ မှင်တက်စရာကောင်းတဲ့ ခန္ဓာကိုယ် ကောက်ကြောင်းက သဘာဂ တရားရဲ့ အလှအပ တစ်ခုနဲ့ တူပါတယ်။

သူမက အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ လူငယ်မျိုးဆက်အကြားက ဘုရင်အဆင့် တစ်ယောက် ဖြစ်သူ ရှမ်ကျူအာ ဖြစ်ပါတယ်။

သူမက လင်းဟာန် အကူအညီ လိုမလားလို့ မေးလိုက်ရင်း သူမရဲ့ စကားဆုံးတာနဲ့ လက်ကို ဂျင်ဆင်းအိုကြီးဆီ ဆန့်ထုတ်လိုက်ပါတယ်။

"မိန်းမလှလေး တစ်ယောက်ပဲ"

ဂျင်ဆင်းအိုကြီးရဲ့ မျက်လုံးတွေက အရောင်တလက်လက် တောက်ပသွားပြီး ရှမ်ကျူအာရဲ့ ရင်ဘတ်ဆီကို တစ်ဟုန်ထိုး ပြေးဂင်သွားပါတယ်။

Edit with WPS Office

ရှမ်ကျူအာက ထိတ်လန့်သွားပြီး အထစ်အထစ်နဲ့ ပြောလိုက်ပါတယ်။

"နှာ နှာဘူးဂျင်ဆင်း"

သူမက အခုလေးတင် ရောက်လာခဲ့ပြီး ဂျင်ဆင်းအိုကြီးက စိတ်ဝိညာဉ် တစ်ခုအထိ တိုးတက်ပြောင်းလဲ နေတာကို သိထားရုံပဲ ရှိပါသေးတယ်။ သူမအနေနဲ့ ဒီဂျင်ဆင်းပင်မှာ မယုံနိုင်စရာ ဆေးဘက်ဝင် အာနိသင်တွေ ရှိလိမ့်မယ် ဆိုတာကို သိနားလည် ထားပါတယ်။ ဒါပေမဲ့လည်း သူမ မျှော်လင့်မထားမိတာက ဒီဂျင်ဆင်းအိုကြီးက တကယ့်ကို ဆိုးယုတ်တဲ့ တဏှာရူး တစ်ယောက် ဖြစ်နေပါတယ်။

ဂျင်ဆင်းအိုကြီးက သူ့ရဲ့ ပထမ တိုက်ခိုက်မှုဟာ သူမရဲ့ ရင်သားတွေကို ပစ်မှတ်ထား နေပါတယ်။ ဘယ်လောက်တောင် အရှက်ကင်းမဲ့ လိုက်သလဲ။

Chapter 1186 end

အပိုင်း(1187) အရှက်မရှိတဲ့ ဂျင်ဆင်း

သူမရဲ့ ပြိုင်ဘက်က ဂျင်ဆင်းပင် တစ်ပင် ဖြစ်နေရင်တောင်

Edit with WPS Office

ရှမ်ကျူအာက သူမရဲ့ ရင်သားတွေကို ဖမ်းဆုပ်ကိုင်ခွင့် ပြုလိမ့်မှာ မဟုတ်ပါဘူး။ သူမက အလျင်အမြန်ပဲ မူလစွမ်းအင် ဒိုင်းတစ်ခုကို ဖြစ်ပေါ်စေပြီး သူမကိုယ်သူမ ကာကွယ်ထား လိုက်ပါတယ်။

ဖူး။

ဂျင်ဆင်းအိုကြီး စည်းမျဉ်းဥပဒေရဲ့ စွမ်းအား အလင်းတန်း တစ်ခုကို ထုတ်လွှတ်ပြီး သူမရဲ့ မူလစွမ်းအင် ဒိုင်းကာကို ကွဲအောင်လို့ ခုတ်ဖြတ်လိုက်ပါတယ်။ အဝတ်အစား အပိုင်းအစတွေ လေထဲကို ပျံ့နှံ့သွားပြီး ရှမ်ကျူအာရဲ့ ရင်ဘတ်နားက အဝတ်အစားနေရာက စုတ်ပြဲသွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဂျင်ဆင်းအိုကြီးကို အကြီးအကျယ် ဒေါပွသွားစေခဲ့တာက သူမြင်လိုက်ရတာက ရှမ်ကျူအာရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေ မဟုတ်ပဲ ရွှေရောင်တောက်ပနေတဲ့ အရာတစ်ခုနဲ့ တွေ့ဆုံမိလို့ ဖြစ်ပါတယ်။

ဒါတွေက ဒဏ္ဍာရီလာ ရင်သားတွေလား။

ဂျင်ဆင်းအိုကြီးက ရှမ်ကျူအာရဲ့ ရင်သားတွေ နေရာကို

Edit with WPS Office

သွားရည်တမြားမြားနဲ့ မနစ်မြို့ဖွယ် အကြည့်ဖြင့် ကြည့်နေလိုက်ပါတယ်။

ဒါပေမဲ့လည်း သူက စိတ်ဂိုဏ္ဍာဉ် ဆေးပင်တစ်ပင် ဖြစ်တာကြောင့် သူ့ရဲ့ သွားရည်တွေက အထူးတလည် မွှေးကြိုင်ပြီး လတ်ဆတ်တဲ့ အနံ့တစ်ခုကို ထုတ်လွှတ်နေခဲ့ပါတယ်။ သူ့ရဲ့ သွားရည်တွေကလည်း ဆေးဝါးကောင်း တစ်ခုလို့ ပြောနိုင်ပါတယ်။

"ကောင်စုတ် မင်းလည်း ကြည့်ရဲတယ်ပေါ့လေ"

ဂျင်ဆင်းအိုကြီးက ဒေါသအိုး ပေါက်ကွဲသွားပြီးတော့ လင်းဟာန်ဆီကို တစ်ဟုန်ထိုး ပြေးဝင် သွားပါတယ်။

"အ အယုတ်တမာ"

ရှမ်ကျူအာက ဒေါသကြောင့် တဆတ်ဆတ် တုန်လာခဲ့ပါတယ်။ သူမက ဘုရင်အဆင့် ခြောက်ယောက်ထဲက တစ်ယောက် ဖြစ်ပြီးတော့ ဂျင်ဆင်းပင် တစ်ပင်ရဲ့ နောက်ပြောင် ကျီစယ်ခြင်းကို ခံနေရပါတယ်။ သူမက ဘယ်လိုလုပ် ဒေါသမထွက်ပဲ နေနိုင်မှာလဲ။

Edit with WPS Office

ကံကောင်းတာက သူမက ရတနာချပ်ဂဝတ်တန်ဆာ တစ်ခုကို ဂဝတ်ဆင်ထားခဲ့ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူမရဲ့ ရင်သားတွေ တကယ့်ကို ထွက်ပေါ်သွား ပါလိမ့်မယ်။

သူမရဲ့ ဒေါသတွေကို ဘေးဖယ်ထားပြီး သူမရဲ့ သေးသွယ်တဲ့ လက်တွေကို ပွေ့ယမ်းလိုက်ရင်း လေထဲမှာ ကြောက်မက်ဖွယ်ရာကောင်းတဲ့ နတ်ဘုရား ချိန်းကြိုးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီချိန်းကြိုးတွေက ဂျင်ဆင်းအိုကြီးဆီကို ပြေးဝင်သွားပြီးတော့ သူမက သူ့ကို အသက်ရှင်လျက် ဖမ်းဆီးဖို့ ကြံစည်ထားခြင်း မရှိတော့ဘူးဆိုတာ ပေါ်လွင်ပါတယ်။ ဒါက တကယ်တော့ ဂျင်ဆင်းပင် တစ်ပင်ပါပဲ။ ဒါကြောင့် တကယ်လို့ ပိပြားနေအောင် ရိုက်နှက်ခံလိုက် ရမယ်ဆိုရင်တောင် စားလို့ ရနိုင်ပါသေးတယ်။ ဆေးအာနိသင်တွေ အနည်းငယ် ဆုတ်ယုတ်သွားတာလောက်ပဲ ရှိပါလိမ့်မယ်။

"ရင်သားကြီးကြီး မိန်းကလေး ဘာဖြစ်လို့ မင်းရဲ့အဘိုး ဂျင်ဆင်းနောက်ကို လိုက်ဖမ်းနေတာလဲ"

ဂျင်ဆင်းအိုကြီးက သူမရဲ့ တိုက်ခိုက်မှုတွေကို

Edit with WPS Office

ရှောင်တိမ်းရင်းနဲ့ ရှမ်ကျူအာကို အဆက်မပြတ် စနောက်ကျီစယ် နေပါတယ်။ သူက စကားစ ဆက်လိုက်ပါတယ်။

"ဒီကောင်လေးလည်း မင်းရဲ့ ရင်သားကြီးကြီးတွေကို ကြည့်တာပဲကို ဘာဖြစ်လို့ သူ့ကျတော့ မတိုက်တာလဲ"

သူရဲ့ နိုပ်စက်ခံရမှုနဲ့ ပတ်သက်ပြီးတော့ စောဒကတောင် တက်လိုက်ပါသေးတယ်။

"သေစမ်း"

ရှမ်ကျူအာက ကျယ်လောင်တဲ့ အသံနဲ့ မာန်သွင်းအော်ဟစ် လိုက်ပါတယ်။

သူမက လူငယ်မျိုးဆက်ရဲ့ ဘုရင်အဆင့် တစ်ယောက် ဖြစ်ပါတယ်။ သူမအနေနဲ့ တည်တည်ငြိမ်ငြိမ်နဲ့ စိတ်ထိန်းထား သင့်ပါတယ်။ ဒါပေမဲ့လည်း ဒီဂျင်ဆင်းအိုကြီးက အရမ်းကို ဆွပေးပြီး တိုက်ကွက်နှစ်ကွက် သုံးကွက်ဖလှယ်ပြီးတဲ့နောက် ဒေါသတွေ ဆူပွက်လာခဲ့ပါတယ်။ သူမက သူ့ကို အစိတ်အပိုင်း တစ်သောင်းလောက်ထိ

Edit with WPS Office

နှုတ်နှုတ်စင်းပစ်ချင်ခဲ့ပါတယ်။

"ဟင့် အဘိုးဂျင်ဆင်းက အရမ်းကို ခန့်ညားတာကြောင့် ဒီရင်သားကြီးကြီးနဲ့ မိန်းကလေးက ငါ့ကို အရမ်းကို ချစ်ခင်နေပြီး ငါ့ကိုတောင် သတ်ချင်နေတယ်။ အဲဒီနည်းနဲ့ သူမက ငါ့ကို စားပြီးတော့ ငါနဲ့ ထာဝရ အတူနေနိုင်မှာ"

ဂျင်ဆင်းအိုကြီးရဲ့ မျက်နှာပေါ်မှာ အရမ်းကို စိတ်ပျက်လက်ပျက် ဖြစ်သွားတဲ့ အမူအရာမျိုးနဲ့ ပြောလိုက်ပါတယ်။

"ငါ့ရဲ့ ခန့်ညားချောမောမှုက အပြစ်လားကွာ"

လင်းဟန်က သွေးအန်လုမတတ် ခံစားလိုက် ရပါတယ်။ သူက ရှမ်ကျူအာနဲ့ ပူးပေါင်းပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"ရှံ့စရာကောင်းတဲ့ ဂျင်ဆင်းစုတ် မင်းလိုမျိုး အရှက်ကင်းမဲ့တဲ့သူမျိုး အရင်တုန်းက တစ်ခါမှ မမြင်ဖူးဘူး"

"ဒါပေါ့ အဘိုးဂျင်ဆင်းက အမျိုးအစား တစ်မျိုးလေ"

ဂျင်ဆင်းအိုကြီးက မျက်နှာမဲ့ရွဲ့ပြီး ပြောလိုက်တယ်။

Edit with WPS Office

ဒါပေမဲ့လည်း သူက ချက်ချင်း ဒေါသထွက် သွားပြီးတော့ ပြောလိုက်တယ်။

“မင်းက မင်းအဘိုးကို အပြစ်တင် ကြိမ်းမောင်းရဲ့တယ်ပေါ့လေ”

ဒီဂျင်ဆင်းအိုကြီးက တကယ့်ကို ရှုံ့စရာ ကောင်းလွန်းပါတယ်။ သူပြောသမျှ အားလုံးက အတိုက်အခံနဲ့ မခံချိမခံသာဖြစ်အောင် ဆွပေးတာချည်းပါပဲ။

“မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ပိုက်ကွန်များ”

ရှမ်ကျူးအာက အော်လိုက်ပါတယ်။ စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားက သူမရဲ့ မူလစွမ်းအင်နဲ့ အတူတကွ ရောယှက်သွားပြီးတော့ ရောမ ပိုက်ကွန်တစ်ခု ဖြစ်ပေါ်လာပါတယ်။

တချိန်တည်းမှာ လင်းဟန်ကလည်း သူ့ရဲ့ ကြက်သွေးရောင် မြေပြင်ပိတ်ဆို့ခြင်း ပိုက်ကွန်ကို ဂျင်ဆင်းအိုကြီးဆီ ပစ်လွှတ်လိုက်ပါတယ်။

နောက်ဆုတ်မဲ့ လမ်းကြောင်းတွေ

Edit with WPS Office

ဖြတ်တောက်ခံလိုက်ရတာကို ကြည့်ပြီးတော့ ဂျင်ဆင်းအိုကြီးက ချက်ချင်းပဲ မြေကြီးထဲကို လိုဏ်ခေါင်းတူး တိုးဝင်သွားပါတယ်။

ရှုပ်။

လျှပ်တပြက် အတွင်းမှာ သူက ပျောက်ကွယ်သွားခဲ့ပါတယ်။

သူက မြေဆီလွှာထဲမှာ ရှင်သန်ပေါက်ဖွားတဲ့ ဂျင်ဆင်းတစ်ပင် ဖြစ်ပါတယ်။ သူ့မှာ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ကျင့်ကြံအားထုတ်နိုင်တဲ့ စွမ်းရည် ရရှိလာပြီးတဲ့ နောက်မှာ မြေကြီးအောက် ငုံ့လျှိုးပြီးတော့ သွားနိုင်တဲ့ သူ့စွမ်းရည်က ပျောက်ကွယ်မသွားခဲ့ပါဘူး။ အဲဒီအစား မြေကြီးအောက်မှာ သွားနိုင်တဲ့ စွမ်းရည်က ပိုပြီးတော့တောင် ကောင်းမွန်လာခဲ့ပါတယ်။

သူသွားပြီ။

ရှုပ်။

ဂျင်ဆင်းအိုကြီး ပျောက်ကွယ်သွားပြီလို့ တွေးလိုက်ရုံပဲ ရှိပါသေးတယ် ဂျင်ဆင်းအိုကြီးက ချက်ချင်းပဲ မြေကြီးပေါ်ကို

Edit with WPS Office

ခုန်ထွက်လာခဲ့ပါတယ်။ စက်ဆုပ်ရွံ့စရာကောင်းတဲ့ ဂျင်ဆင်း ဖြစ်တာနဲ့အညီ သူက ရှမ်ကျူးအာရဲ့ ခြေထောက်တွေ ကြားကနေ ခုန်ထွက်လာပြီး သူမရဲ့ ဂမ်းဗိုက်ပိုင်းဆီ တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။

"သေစမ်း"

ရှမ်ကျူးအာက လုံးဂကို ဒေါသထွက် သွားခဲ့ပါတယ်။ သူမရဲ့ ပိတုန်းရောင် ဆံကေသာက လေထဲမှာ ပြင်းပြင်းထန်ထန် ပျော့ဝဲသွားပြီး သူမရဲ့ ခန္ဓာကိုယ်ကနေ နတ်ဘုရားအာ လင်းတွေ တောက်ပပြီး ရေခဲချပ်တွေ အဖြစ်ကို ပြောင်းလဲသွားပါတယ်။

"အား မင်းရဲ့ ရေခဲကြောင့် မင်းအဘိုး အေးခဲပြီး သေတော့မယ်"

ဂျင်ဆင်းအိုကြီးက ရေခဲပုံကြီးတစ်ခု အဖြစ်ကို ခဲသွားပြီး မြေကြီးပေါ်ကို ဘုတ်ခနဲ လဲကျသွား ခဲ့ပါတယ်။ ဒါပေမဲ့လည်း လင်းဟာန်ပဲဖြစ်ဖြစ် ရှမ်ကျူးအာပဲဖြစ်ဖြစ် သူ့ကို မဖမ်းနိုင်ခင် သူက အလျင်အမြန်ပဲ မြေကြီးထဲကို နောက်တစ်ကြိမ်

Edit with WPS Office

တွင်းဖောက်ပြီး ဝင်ပြေးသွားပါတယ်။

လင်းဟန်က အံ့အားသင့် သွားခဲ့ပါတယ်။ ရှမ်ကျူအာက ဂျင်ဆင်းအိုကြီးရဲ့ စနောက်မှုကို ခံရပေမဲ့ သူမက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်တဲ့ အချက်ကိုတော့ မပြောင်းလဲ နိုင်ပါဘူး။ သူမရဲ့ ရေခဲတိုက်ခိုက်မှု အစွမ်းက အရမ်းကို ကြီးမားပြီး တကယ်လို့ ဒီတိုက်ခိုက်မှုနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ်ဆိုရင် သူ့အနေနဲ့ ရေခဲသွားနိုင်ချေ ရှစ်ဆယ်ရာခိုင်နှုန်း ရှိပါလိမ့်မယ်။

တကယ်လို့ သူက ဒဏ်ရာမရဘူး ဆိုရင်တောင် ရှမ်ကျူအာက သူ့ကို နတ်ဘုရား ချိန်းကြိုးတွေနဲ့ ချည်နှောင်ဖို့ အခွင့်အရေးကို ဖမ်းဆုပ်ရယူနိုင်တာမျိုး ဒါမှမဟုတ် သူ့ရဲ့ သူငယ်ချင်းတွေနဲ့ မိသားစုကို သတ်ပစ်နိုင်တာမျိုး လုပ်နိုင်ပါတယ်။

ဘုရင်အဆင့်တွေက လျှော့တွက်လို့ မရနိုင်ပါဘူး။

"ရင်သားကြီးကြီးနဲ့ မိန်းကလေး နောက်ဆိုရင် မင်းရဲ့အကျီအောက်မှာ အတွင်းခံတွေ ဘယ်တော့မှ

Edit with WPS Office

မပတ်နဲ့နော်။ မင်းရဲ့ အဘိုးက ဘာမှမမြင်လိုက်ရဘူး”

ဂျင်ဆင်းအိုကြီးက မလှမ်းမကမ်းမှာ ခုန်ထွက်လာပြီး ရှမ်ကျူအြာ အနားကို မကပ်ပုံတော့ပါဘူး။ သူမရဲ့ တိုက်ခိုက်မှုတွေကို သူကြောက်သွားတယ်ဆိုတာ ပေါ်လွင်ပါတယ်။

ရှမ်ကျူအြာက တိတ်ဆိတ်ငြိမ်သက်ပြီး ဂျင်ဆင်းအိုကြီးကို စိုက်ကြည့်နေပါတယ်။ သူမရဲ့ လက်မောင်း တစ်ဖက်ကို ပှေ့ယမ်းပြီးတော့ ရေခဲတန်းတစ်ခုက ချက်ချင်းဆိုသလို ဂျင်ဆင်းအိုကြီး ဆီကို ပြေးဝင်သွားပါတယ်။

“အဘိုးဂျင်ဆင်း မင်းတို့တွေနဲ့ ထပ်မကစားတော့ဘူး”

ဂျင်ဆင်းအိုကြီးက မြေကြီးထဲကို အလျင်အမြန် ဝင်ပြီးတော့ ထွက်ပြေးသွား ခဲ့ပါတယ်။

သူက တကယ်ပဲ လျင်မြန်လွန်းပါတယ်။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က ရှမ်ကျူအြာနဲ့ လင်းဟန်ထက် အများကြီး အားနည်းပါတယ်။ တကယ်လို့ သူက သူတို့ကို ထိပ်တိုက်ရင်ဆိုင်မယ်ဆိုရင် သူ့သေကြောင်း သူရှာတာပါပဲ။

Edit with WPS Office

နောက်ပြီးတော့ လင်းဟန်က ဒီနတ်ဘုရား ဆေးပင်ကို ထိခိုက်ဒဏ်ရာ မရစေချင်တာကြောင့် သူ့ရဲ့ နတ်ဘုရား မီးတောက် သင်္ကေတတွေကို မထုတ်ဖော် ခဲ့ပါဘူး။

ရှမ်ကျူအာက ဒေါသတွေ ဆူပွက်လို့ နေပါတယ်။ တကယ်လို့ သူမက အဲဒီနတ်ဘုရား ဆေးပင်ကို မရရှိခဲ့ရင်တောင် ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့လည်း သူမက အရှုံးတစ်ယောက်လိုမျိုး နောက်ပြောင် ကျီစယ်ခံလိုက် ရပါတယ်။ သူမက ဒီလိုမျိုး အရှက်တကွဲ အကျိုးနည်း ဖြစ်တာမျိုးကို အရင်က ဘယ်တုန်းကမှ မခံစားဖူးပါဘူး။

"အဲဒီရွှံ့စရာ ဂျင်ဆင်းပင်ကို လျှော့တွက်လို့ မရဘူး"

လင်းဟန်က ပြောလိုက်တယ်။

"အဲဒီဂျင်ဆင်းပပင်က အဆင့်မြင့် နတ်ဘုရား ဆေးပင်တစ်ပင် ဖြစ်တဲ့အပြင် မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ရှင်သန်ပြီးတော့ အသိဉာဏ်တောင် ဖွံ့ဖြိုးလာနိုင်တယ်။ နောက်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကိုတောင်

Edit with WPS Office

အသုံးပြုနိုင်တယ်။ အဲဒီဂျင်ဆင်းက တာအိုအစစ်အမှန်ကို အောင်မြင်ထားတာပဲ”

ရှမ်ကျူအာက ဒေါသထွက်နေတဲ့ အမူအရာနဲ့ ပြောလိုက်တယ်။

“သူက တာအိုကို အောင်မြင်တာပဲဖြစ်ဖြစ် မအောင်မြင်တာပဲဖြစ်ဖြစ် ဘယ်သူ ဂရုစိုက်မှာလဲ။ ငါသူ့ကို သေချာပေါက် သတ်ပစ်မယ်”

သူမရဲ့ ရင်သားတွေက လှစ်ဟာလုနီးပါး ဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် သူမအနေနဲ့ ဒီနေရာမှာ ဆက်နေစရာ မျက်နှာမရှိတော့ပါဘူး။ သူမက လင်းဟန်ကို ခေါင်းညိတ်ပြပြီးတော့ ချာခနဲ လှည့်ထွက်သွား လိုက်ပါတယ်။

“ဘယ်လောက် ပျော်ဖို့ကောင်းလဲ”

ဟူဖေးယွင်က ပြောလိုက်ပြီး သူမရဲ့ မျက်လုံးတွေထဲမှာ အရည်တလက်လက် တောက်ပနေပါတယ်။

“တကယ်လို့ အဲဒီရွှံ့စရာဂျင်ဆင်းပင်က မင်းကို ပစ်မှတ်ထားမယ်ဆိုရင် မင်းရယ်နိုင်မှာတောင် မဟုတ်ဘူး”

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို တစ်ချက်ခါပြီးတော့ ပြောလိုက်တယ်။ အဲဒီဂျင်ဆင်းအိုကြီးက အရမ်းကို လျှင်မြန်လွန်းပါတယ်။ နေလအဆင့် လက်ရွေးစင်တွေလောက်ပဲ သူ့ကို ဖမ်းဆီးနိုင်စွမ်း ရှိကောင်း ရှိပါလိမ့်မယ်။

"သွားကြစို့"

လင်းဟန်က သူ့ရဲ့ နတ်ဘုရား ဆေးပင်အတွက် လိုချင်တပ်မက်မှုကို စွန့်လွှတ်လိုက်ပါတယ်။ တကယ်လို့ သူက အဲဒီဂျင်ဆင်းပင်ကို မဖမ်းနိုင်ဘူးဆိုရင် အချိန်ကုန်ခံနေစရာ အကြောင်း မရှိပါဘူး။

သူတို့က ဆေးတောင်ပေါ်ကနေ ဆင်းလာခဲ့ပါတယ်။ သူတို့တွေ ဆင်းလာရင်းနဲ့ လင်းဟန်က ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက လုံးဝကို ပွင့်သွားမယ်ဆိုရင် ဘယ်လောက်တောင် ကောင်းမလဲဆိုပြီး တွေးနေမိပါတယ်။ အဲဒီလိုသာဆိုရင် လုံလောက်တဲ့ အချိန်ရပြီးတော့ သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲကို ဒီနေရာမှာရှိတဲ့ နတ်ဘုရား ဆေးပင်အားလုံး ထည့်လိုက်နိုင်ပါမယ်။ ဒါပေမဲ့လည်း

Edit with WPS Office

တကယ်လို့ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်သွားပြီး တကယ့်ကို အစွမ်းထက်တဲ့ လူတွေ ရောက်လာမယ်ဆိုရင် သူတို့က ရတနာပစ္စည်းတွေကို တခြားသူတွေအတွက် နည်းနည်းလေး ချန်ထားဖို့ဆိုတာ ဖြစ်နိုင်ပါ့မလား။

ဒီလျှို့ဝှက်ဆန်းကြယ်ဘုံ အတွင်းပိုင်းမှာ ငြိမ်းချမ်းခြင်း မရှိပါဘူး။ ဒီနေရာမှာ မိစ္ဆာသားရဲ မျိုးစုံ ရှိပြီးတော့ သူတို့တွေ တစ်ယောက်နဲ့ တစ်ယောက် ရင်ဆိုင်တိုက်ခိုက် ကြပါလိမ့်မယ်။ သူတို့က လူသားတွေကိုလည်း စားပါတယ်။

လင်းဟန်နဲ့ တခြားသူတွေက မိစ္ဆာသားရဲတွေကို တစ်အုပ်ပြီး တစ်အုပ် တိုက်ခိုက်လာခဲ့ ကြပါတယ်။ ဒါပေမဲ့လည်း သူတို့အားလုံး အသတ်ခံရပြီး လင်းဟန်က အနက်ရောင် မျော်စင်ထဲ ထည့်လိုက်ပါတယ်။ ဒီမိစ္ဆာသားရဲတွေက သူတို့ရဲ့ အစားအစာတွေ ဖြစ်လာပါတယ်။

သူ့မှာ စိတ်ဂိညာဉ် အသားတွေ အများကြီး ရှိလာပါပြီ။ သူက အဲဒီအသားတွေကို နေ့စဉ်နေ့တိုင်း စွေ့ရန်ယွီ ဟူဖေးယွင်တို့နဲ့အတူ ကျေကျေနပ်နပ် စားသောက်ပါလိမ့်မယ်။ သူ့ရဲ့ ခံနိုင်ရည် သက်လုံတွေ

Edit with WPS Office

တိုးလာသလို ခံစားနိုင်ပါတယ်။

ရက်တော်တော်များများ ကုန်လွန်ပြီးတဲ့ နောက်မှာတော့ သူတို့ရဲ့ အရှေ့မှာ နောက်ထပ် တောင်တစ်လုံး ပေါ်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒါက သဘာဝအတိုင်း ဖြစ်နေတဲ့ တောင်တစ်လုံးလို့ လင်းဟန်က မယုံကြည် ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တောင်ရဲ့ပုံစံက မိုးပေါ်ကို ပျံသန်းတော့မဲ့ သိမ်းငှက်တစ်ကောင်ရဲ့ ပုံသဏ္ဍာန်အတိုင်း ဖြစ်နေပြီး အရမ်းကို အနုစိတ်ကျလွန်းပါတယ်။

ဒါက မိစ္ဆာငှက်သေ တချို့ကနေ ဖြစ်ပေါ်နေတာလား။

တန်ခိုးရှင်အဆင့် မိစ္ဆာသားရဲတွေက မီတာတစ်သောင်း အမြင့်လောက်ထိ ရောက်နိုင်ပါတယ်။ ဒါကြောင့် သူတို့အရှေ့က သိမ်းငှက်တောင်က မိစ္ဆာငှက်တစ်ကောင်ကနေ ဖြစ်လာတာမျိုး ဖြစ်နိုင်ချေ ရှိပါတယ်။

နောက်ပြီးတော့ ဒီနေရာက လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့

Edit with WPS Office

ယှဉ်ပြိုင်မှု အများဆုံး နယ်မြေဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်က ဒီနေရာမှာ ထွက်ပေါ်လာပါလိမ့်မယ်။

နေ့စဉ်နေ့တိုင်း နေနဲ့လရဲ့ လမ်းကြောင်းတွေ ဆုံသွားတဲ့ အခါမှာ အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်တစ်စက်က မိုစ္စာငှက်ရဲ့ နှုတ်သီးကနေ ကျလာပြီး ပြင်းထန်တဲ့ တိုက်ပွဲကို ဦးဆောင်ဖြစ်ပွား စေပါလိမ့်မယ်။ ဒါပေမဲ့လည်း အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်က လျှို့ပှက်ဆန်းကြယ်ဘုံ ပွင့်ပြီး သုံးလနီးပါး အကြာမှာပဲ ထွက်ပေါ်လာပါလိမ့်မယ်။ နောက်ပြီးတော့ အဲဒါက ဆယ်ရက်ဆက်တိုက်ပဲ ထွက်ပေါ်လာပါတယ်။

ဒီလျှို့ပှက်ဆန်းကြယ်ဘုံက လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်သောင်း အတွင်းမှာ အကြိမ်ပေါင်းရာနဲ့ချီ ပွင့်ခဲ့ပြီးပါပြီ။ ဒါကြောင့် အားလုံးက ဒီအကြောင်းနဲ့ ပတ်သက်ပြီး သတိပြုမိပါတယ်။ ဒီလျှို့ပှက်ဆန်းကြယ်ဘုံ ပွင့်လာတဲ့ အချိန်မှာ ပြောင်းလဲမှုတချို့ ဖြစ်လာမယ်လို့ လူတွေက သုံးသပ်ထားပြီး အဲဒါကလည်း အရင်းအမြစ်တစ်ထောင် အစစ်အမှန်

Edit with WPS Office

အရည်စက်ရဲ့ ဂုဏ်ပါ တဖြည်းဖြည်း ပြောင်းလဲမှုကို ဦးတည်လာတာ ဖြစ်ပါတယ်။

ထူးခြားချက်တွေ အတွက်ကတော့ ဘယ်သူမှ မသိပါဘူး။

လင်းဟာန်က သူတို့တွေ ဒီနေရာမှာ ဘယ်လောက်ကြာနေပြီလဲ ဆိုတာကို တွက်ချက်ကြည့်တော့ သုံးလမပြည့်ခင် ရက်အနည်းငယ် လိုနေသေးမှန်း သိလိုက်ရပါတယ်။

သူက တောင်ကို အပေါ်အောက် ကြည့်လိုက်ပါတယ်။ ရုတ်တရက် အပြေးအလွှား သွားပြီးတော့ စုံစမ်းလိုက်ချင်တဲ့ စိတ်တစ်ခု ဖြစ်လာပါတယ်။

Chapter 1187 end

အပိုင်း(1188) နတ်ဘုရား အရည်စက်

လင်းဟာန်က တောင်ပေါ်ကို တက်ပြီးတော့ ဘာကြောင့်လေ့လာစုံစမ်း ချင်တာလဲဆိုတာက အရမ်းကို ရိုးရှင်းပါတယ်။ တကယ်လို့ သူက သိမ်းငှက်နှုတ်သီးအောက်မှာ စခန်းချနိုင်မယ်ဆိုရင်

Edit with WPS Office

သူ့အနေနဲ့ အရင်းအမြစ်တစ်ထောင် အစစ်အမှန်
မူလအရည်စက် ထွက်ပေါ်လာတဲ့ အချိန်မှာ အလွယ်တကူနဲ့
ရယူနိုင်စွမ်း ရှိလိမ့်မယ် မဟုတ်ပါလား။

ဒါပေမဲ့လည်း တကယ်လို့ ဒီလောက်ရိုးရှင်းနေမယ်ဆိုရင်
လူတွေက ဘာဖြစ်လို့ တောင်ရဲ့ အောက်ခြေမှာပဲ
စောင့်နေရသေးတာလဲ။ တကယ်လို့ ဒီလိုမျိုး နည်းဗျူဟာ
တစ်ခုက အလုပ်ဖြစ်မယ်ဆိုရင် သူတို့က သေချာပေါက်
အဲဒီနေရာကို ရယူနိုင်ဖို့ တိုက်ခိုက်ကြပါလိမ့်မယ်။

တကယ်တော့ သိမ်းငှက်တောင်က တက်ရတာ အရမ်းကို
ခက်ခဲတာကြောင့် ဖြစ်ပါတယ်။

လင်းဟန်က ချက်ချင်းပဲ တောင်ပေါ်ကို တက်ဖို့ ကြိုးစားရင်း
သတိထားမိ သွားခဲ့ပါတယ်။ တောင်ရဲ့ ပတ်လည်မှာ
ဖျက်ဆီးခြင်း လေတွေက တိုက်ခတ်နေပြီး သူ့ရဲ့
အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နဲ့တောင်မှ
အဲဒီလေတွေကို တောင်ခံနိုင်စွမ်း မရှိခဲ့ပါဘူး။ သူ့ခန္ဓာကိုယ်
အပေါ်မှာ ဟက်တက်ကွဲ ဒဏ်ရာတွေ တော်တော်များများ
ဖြစ်ပေါ်လာပြီးတော့ သူက ခြေလှမ်း အနည်းငယ်

Edit with WPS Office

နောက်ဆုတ်လိုက် ရပါတယ်။ တကယ်လို့ တောင်ပေါ်မှာ ထပ်ပြီးတော့ ဆက်နေမယ်ဆိုရင် သူ့ရဲ့ အရိုးတွေပဲ ကျန်တဲ့အထိ စုတ်ဖြဲခံလိုက် ရပါလိမ့်မယ်။

တကယ်လို့ လေတွေက အထက်ကို ပိုတက်လေ ပိုပြီးတော့ သန်မာအားကောင်းလာမယ် ဆိုရင်တော့ သူ့ရဲ့ နတ်ဘုရား အရိုးတွေတောင် အပိုင်းပိုင်း ဖြစ်သွားပါလိမ့်မယ်။ အဲဒါဆိုရင် သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ရော စိတ်ဝိညာဉ်ပါ နှစ်ခုလုံး ပျက်သုန်းသွားရပါလိမ့်မယ်။

ဒီတောင်ပေါ်ကို တက်ဖို့ တကယ်ပဲ မဖြစ်နိုင်ဘူးလား။

သုံးလအချိန်ကို ရောက်ရှိဖို့ ရက်အနည်းငယ် ကျန်ပါသေးတယ်။ ဒါကြောင့် လင်းဟာန်က ဒီလေတွေကို တောင့်ခံနိုင်မဲ့ နည်းလမ်းတွေကို စတင်လေ့လာ စူးစမ်းလိုက်ပါတယ်။

ဒါပေမဲ့လည်း သူအလျင်အမြန် ရှာတွေ့သွားတာက ပိုမြင့်တဲ့ နေရာကို ရောက်လေ အဲဒီလေတွေက ပိုပြီးတော့ အားကောင်းလာလေ ဆိုတာကို သိလိုက်ရပါတယ်။

Edit with WPS Office

လေတွေရဲ့ ခွန်အားက စွမ်းအားနဲ့ ပတ်သက်တာ မဟုတ်ပါဘူး။ တကယ်လို့ ဒီလေတွေမှာ အားကောင်းတဲ့ စွမ်းအားကို ပိုင်ဆိုင်မယ်ဆိုရင် သူတို့တွေက လူတွေကို တောင်အောက်ကို လွင့်ထွက်သွားအောင် မှုတ်ထုတ်ပစ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း သူက တောင်အောက်ကို မှုတ်ထုတ်မခံရပါဘူး။ အဲဒီအစား လေတွေရဲ့ ပြင်းထန်တဲ့ ဖြတ်တောက်ခြင်းကို ခံခဲ့ရပါတယ်။

ဒီလက္ခဏာက ဒီလေတွေဟာ စည်းမျဉ်းဥပဒေတွေရဲ့ စွမ်းအားကနေ ဖြစ်ပေါ်လာတဲ့ လက္ခဏာပါပဲ။ ဒါကြောင့် သူတို့က သာမန်စွမ်းအားကိုပဲ ပိုင်ဆိုင်ထားတယ် ဆိုပေမဲ့ အရမ်းကို သေစေနိုင်တဲ့ အရာတွေပဲ ဖြစ်ပါတယ်။

ဒီလေတွေရဲ့ တိုက်ခိုက်နိုင်တဲ့ စွမ်းအားက အနည်းဆုံး နေလအဆင့်ရဲ့ ပြင်းထန်အလယ်အလတ် အဆင့်နဲ့ နှိုင်းယှဉ်လို့ ရပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် လင်းဟန်ရဲ့ အသားနဲ့ အရေပြားကို အလွယ်တကူ လှီးဖြတ်နိုင်မှာ မဟုတ်ပါဘူး။ လင်းဟန်က စိတ်ထဲကနေ

Edit with WPS Office

ကျိတ်ပြီးတော့ သုံးသပ်ချက် ချလိုက်မိပါတယ်။ ဒါပေမဲ့လည်း ဒါက တောင်ခြေပဲ ရှိပါတယ်။ တကယ်လို့ လေရဲ့ ခွန်အားက အများကြီးမဟုတ်ဘူး ဆိုရင်တော့ ဖျက်ဆီးလို့ မရနိုင်တဲ့ ကောင်းကင်မှော်စာလိပ်ကို လည်ပတ်ပြီးတော့ တောင်ပေါ်ကို သူ့အနေနဲ့ တက်နိုင်ပါတယ်။

ဒီအကြောင်းကို မေ့ထားလိုက်တော့။ တောင်ခြေမှာပဲ ငါစောင့်တော့မယ်။ ငါ့ရဲ့တိုက်ပွဲ စွမ်းရည်နဲ့ဆို အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် အနည်းငယ် ရရှိဖို့ အရမ်းကြီး မခက်ခဲသင့်ဘူး။

သူတို့သုံးယောက်က လူရှင်းတဲ့ နေရာတစ်ခုမှာ ထိုင်ချလိုက်ပါတယ်။ ဒီနည်းနဲ့ သူတို့က အနက်ရောင် မျှော်စင်ထဲကို မကြာခဏဆိုသလို အလွယ်တကူ ဝင်ရောက်နိုင်ပါလိမ့်မယ်။

လင်းဟာန်က မှော်ဆေးပညာကို ကျင့်ကြံအားထုတ်ပြီး ခွဲခြမ်းစိတ်ဖြာ နေပါတယ်။ သူက မကြာခဏဆိုသလို အဆုံးမဲ့ မီးတောက်ပျံ ခုနစ်မျိုး ဆေးလုံးကိုလည်း ဖော်စပ်သန့်စင် ခဲ့ပါတယ်။ ဒီဆေးလုံးတွေက

Edit with WPS Office

သူ့အတွက်တော့ ငွေရှာပေးနိုင်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။

ရက်အနည်းငယ် ကုန်လွန်သွားပြီးတဲ့ နောက်မှာတော့ တောင်ရဲ့ပတ်လည်မှာရှိတဲ့ လူတွေက စတင်ပြီးတော့ လှုပ်လှုပ်ရွရွ ဖြစ်လာကြပါတယ်။

ဒီအတွက် အကြောင်းပြချက်က ရိုးရှင်းပါတယ်။ သုံးလဆိုတဲ့ အချိန်ကို ရောက်ရှိလို့ လာခဲ့ပါပြီ။ အဲဒါကြောင့် ပြင်းထန်တဲ့ စိန်ခေါ်မှုတွေနဲ့ တိုက်ပွဲတွေ စတင်လာပါတော့မယ်။

တကယ်တော့ ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် လက်ရွေးစင်တွေတောင် အရင်းအမြစ် တစ်ထောင် အစစ်အမှန် မူလအရည်စက်တွေ ရရှိဖို့ ကြိုးစားအားထုတ် ကြပါလိမ့်မယ်။

တကယ်လို့ အရည်တစ်စက်လောက် ရရှိနိုင်မယ်ဆိုရင် သူတို့က အဲဒါကို အံ့အားသင့်ဖွယ် တန်ကြေးတစ်ခုနဲ့ ရောင်းချလို့ ရပါလိမ့်မယ်။

"အိုး ဟုတ်သားပဲ။ စီနီယာမှာ ကျနော့်ကိုပေးဖို့ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက် နည်းနည်းလေးမှ

Edit with WPS Office

မရှိဘူးလား”

လင်းဟန်က ပြန်လည်မွေးဖွားခြင်း သစ်ပင်ကို ပတ်ထားတဲ့ လေလွင့်သူတော်စင်ကို လှည့်မေးလိုက် ပါတယ်။

“စီနီယာက သူတော်စင် တစ်ယောက်ပဲ။ ဒါကြောင့် ထာဝရမြစ်အဆင့် လက်ရွေးစင်တွေ ပိုပြီးတော့ အထင်ကြီးစရာ ကောင်းမှာပဲ။ ဟုတ်တယ်မလား”

“ငါ့ခန္ဓာကိုယ်ကို သန့်စင်ပြီးသွားပြီ။ ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် ပိုင်ဆိုင်နိုင်ဦးမှာလဲ”

လေလွင့်သူတော်စင်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ဆက်ပြောလိုက်တယ်။

“ဘယ်လိုပဲဖြစ်ဖြစ် သူတော်စင်တွေက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် မထုတ်နိုင်ဘူး။ တကယ်လို့ သူတို့ရဲ့ အလောင်းတွေက ပုပ်သိုးဆွေးမြည့်ခြင်း မရှိဘူးဆိုရင် သူတို့ထုတ်ပေးနိုင်တဲ့ တစ်ခုတည်းသော အရာက သူတော်စင် ပိုးမွှားတွေပဲ”

Edit with WPS Office

ဟူး ဘယ်လောက်တောင် အသုံးမဝင်တဲ့ အဘိုးကြီးလဲ။

လင်းဟန်ရဲ့ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းချမှုက လေလွင့်သူတော်စင်ကို ဒေါသထွက်ပြီး ထခုန်သွားစေခဲ့ပါတယ်။ သူက အထွတ်အထိပ် သူတော်စင်တစ်ယောက် ဖြစ်ပြီးတော့ လင်းဟန်ရဲ့ အထင်သေးတာကို ခံနေရပါတယ်။

လင်းဟန်က စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကို အထဲမှာ ဆက်နေဖို့ ပြောထားပါတယ်။ ပြင်းထန်တဲ့ တိုက်ပွဲတွေက ကြောက်မက်ဖွယ်ရာကောင်းတဲ့ ပေါက်ကွဲမှုတွေ ဖြစ်လာနိုင်ပြီး ဘုရင်အဆင့်တွေတောင် အရည်တစ်စက် ရရှိအောင် လုပ်နိုင်ခဲ့ရင် ထွက်ပြေးကြပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် တကယ်လို့ လူအုပ်ကြီးရဲ့ တိုက်ခိုက်မှုကို ခံရမယ်ဆိုရင် သေချာပေါက် ကြီးမားတဲ့ ဆုံးရှုံးနစ်နာမှုကြီး ဖြစ်သွားပါလိမ့်မယ်။

တစ်ခုသတိပြုရမှာက ဒီနေရာမှာ မရေမတွက်နိုင်တဲ့ ကိုယ်ရံတော်တွေ ရှိနေပါတယ်။ ဒီလူတွေက အစွမ်းထက်တဲ့ အင်အားစုတွေရဲ့ ပျိုးထောင်ပေးခံရသူတွေ ဖြစ်ပြီးတော့

Edit with WPS Office

တားမြစ်ထားတဲ့ ဆေးလုံးတွေကို သုံးစွဲပြီး သူတို့ရဲ့ စွမ်းအားကို မြှင့်တင်ကာ သူတို့ရဲ့ ကိုယ်ပိုင် ကျင့်ကြံခြင်း အဆင့်တွေကို ထိခိုက်ဒဏ်ရာ ဖြစ်စေခဲ့ပါတယ်။ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်က နေလအဆင့်နဲ့ နီးကပ်နေပါလိမ့်မယ်။ ပြီးတော့ သူတို့က တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ အဆင့်မှာရှိတဲ့ သူတွေထက် နည်းနည်းလေးမှ အားမနည်းနိုင်ပါဘူး။

ထင်ထားတဲ့ အတိုင်းပဲ။ ကောင်းဟွမ်ရဲ့ လောဘက တကယ့်ကို မတင်းတိမ်နိုင်တာပဲ။ သူက ငါ့ကို သူ့အတွက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်သုံးစက် ရယူစေချင်နေတယ်။ သူ့ဦးနှောက်က ဘာတွေများ မှားယွင်းနေတာလဲ။ ဘယ်လိုလုပ်ပြီး ဒီလိုမျိုး အခြေအနေတစ်ခုနဲ့ တောင်းဆိုရတာလဲ။

လင်းဟာန်က ဒီအတွေးတွေ သူ့ခေါင်းထဲ ဝင်လာရင်းနဲ့ ခေါင်းကို ခါလိုက်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်တစ်စက်ကိုတောင် ကောင်းဟွမ်ကို ပေးလိမ့်မှာ

Edit with WPS Office

မဟုတ်ပါဘူး။ တကယ်လို့ အရည်စက် တစ်ရာ ဒါမှမဟုတ် တစ်ထောင် ရမယ်ဆိုရင်တောင် တစ်စက်လေးမှ မပေးပါဘူး။ သူရယူနိုင်မဲ့ ပမာဏရဲ့ တစ်ဂက် မပြောနဲ့ အခုလိုမျိုး ဆယ်စက်ပဲ ရနိုင်မဲ့ အခြေအနေမှာ တစ်စက်လေးမှ ပေးဖို့စိတ်ကူး မရှိပါဘူး။

ဘာဖြစ်လို့ သူက ကောင်းဟွမ် စိတ်ကျေနပ်အောင် လုပ်ပေးရမှာလဲ။

"ကြည့်လိုက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်တစ်စက် ဖြစ်ပေါ်နေပြီ"

တစ်စုံတစ်ယောက်က အော်ဟာစ်ရင်းနဲ့ တောင်ထိပ်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။

ဒီတောင်က မြင့်မားပေမဲ့ ဒီနေရာမှာရှိတဲ့ လူတွေက တန်ခိုးရှင်တွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အမြင်အာရုံက စူးရှတာကြောင့် တောင်ပေါ်က သိမ်းငှက်နှုတ်သိမ်းပေါ်မှာ အရည်စက် တစ်စက် ဖြစ်ပေါ်လာတာကို သေသေချာချာ မြင်တွေ့နိုင်ပါတယ်။ ဒါပေမဲ့လည်း အဲဒါက လုံလောက်တဲ့

Edit with WPS Office

အထိတော့ မကြီးမားသေးတာကြောင့် တောင်ပေါ်ကနေ စီးမကျသေးပါဘူး။

အားလုံးက ချက်ချင်းဆိုသလို တိုက်ပွဲအတွက် ပြင်ဆင်ထား လိုက်ပါတယ်။ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်တစ်စက်ကို ရယူနိုင်ရင် သူတို့အတွက်တော့ နှစ်ပေါင်း တစ်သောင်းလောက် ကြိုးစားအားထုတ်ရမှုကို ချွေတာနိုင်ပါလိမ့်မယ်။

လင်းဟန်က မလှုပ်ရှား သေးပါဘူး။ တောင်ပေါ်က လေတွေက မကြာခဏဆိုသလို ဦးတည်ရာ ပြောင်းပြီးတော့ တိုက်ခတ်နေပြီး ဒီအရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်က ဘယ်နေရာကို တိုက်ခတ်ခံလိုက်ရမလဲ ဆိုတာကို ဘယ်သူသိမှာလဲ။ ဒီအချိန်မှာ နေရာတွေကို ရွေးပြီးတော့ စောင့်နေတာက အရမ်းကို တုံးအလွန်းလို့ပဲ ဖြစ်ပါလိမ့်မယ်။

အချိန်တွေက တဖြည်းဖြည်း ကုန်လွန်လာခဲ့ပြီးတော့ အရည်စက်လည်း ပိုပိုပြီး ကြီးမားလာခဲ့ ပါတယ်။ တစ်ရက်တာ ကြာပြီးတဲ့ နောက်မှာတော့ အရည်စက်က

Edit with WPS Office

လက်မတစ်ခု အရွယ်အစား အထိ ကြီးမားလာခဲ့ပြီး အနည်းငယ် လှုပ်ခါနေပါတယ်။ အဲဒီနောက် တောင်ရဲ့ ကျောက်မျက်နှာပြင် ပေါ်ကနေ လိမ့်ပြီးတော့ မြေပေါ်ကို စီးမျောလာပါတယ်။

ဟုစ်။

လေပြင်းတစ်ချက် တိုက်ခတ်သွားပြီးတော့ အရည်စက်က ချက်ချင်းဆိုသလို လမ်းကြောင်းပြောင်း သွားပါတယ်။

လင်းဟန်က လှုပ်ရှားလိုက်ပါတယ်။

ဟုန်း။

သူက မြေကြီးကို ဆောင့်နင်းပြီးတော့ အမြောက်ကျည်ဆန် တစ်လုံးလို ခုန်တက်သွား လိုက်ပါတယ်။ ခန္ဓာကိုယ် ကျင့်စဉ်တွေကို လေ့ကျင့်ထားတဲ့ သူတွေက ကြောက်စရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ပေါက်ကွဲနိုင်တဲ့ အမြန်နှုန်းနဲ့ ပေါက်ကွဲနိုင်တဲ့ စွမ်းအား ရှိလို့ပါပဲ။

ရှပ်။

Edit with WPS Office

သူက လျှပ်စီးတန်းလိုမျိုး လျင်မြန်လာပါတယ်။

သူက အခုချိန်မှာ အရမ်းကို အစွမ်းထက်နေပါပြီ။ တခြားကျင့်ကြံသူတွေက တကယ်လို့ သူ့အနေနဲ့ သူတို့ကို မတိုက်ခိုက်ဘူး ဆိုရင်တောင် သူ့ကို တားဆီးနိုင်ခြင်း မရှိပါဘူး။ သူ့ရဲ့ဖျက်ဆီးနိုင်တဲ့ အမြန်နှုန်းကြောင့် အားလှိုင်းတွေ ထွက်ပေါ်လာပြီး သူ့ဘေးနားက လူတွေအားလုံးကို လွှဲထုတ် ပစ်လိုက်ပါတယ်။

ဒါက အထွတ်အထိပ်အဆင့်ရဲ့ စွမ်းအားဖြစ်ပါတယ်။ ဒါက ကြယ်ကိုးပွင့် စွမ်းအား ဖြစ်ပါတယ်။

အဲဒီအချိန်မှာ အားလုံးက သူတို့ရဲ့ စွမ်းရည်တွေကို ထုတ်ဖော်လိုက် ကြပါတယ်။

အဲဒီအချိန် တားမြစ်ဆေးတွေ သုံးစွဲထားတဲ့ မရေမတွက်နိုင်တဲ့ မျိုးဆက်ပေါင်းတွေက သူတို့ရဲ့ စွမ်းအားတွေကို ပေါက်ကွဲထွက် စေလိုက်ပါတယ်။ သူတို့ရဲ့ စွမ်းအားက နေလအဆင့်နား ရောက်နေပြီး ချက်ချင်းဆိုသလို အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ဆီကို

Edit with WPS Office

တစ်ဟုန်ထိုး ပြေးဝင်သွား လိုက်ပါတယ်။

ဒီလိုမျိုး ရောမ စွမ်းအားရဲ့ အရှေ့မှာ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာရှိနေတဲ့ လူတွေတောင်မှ ပုရွက်ဆိတ်သာသာ ဖြစ်သွားပါတယ်။ သူတို့ရဲ့ အရိုးတွေက မျိုးဆက်ပေါင်း ကျင့်ကြံသူတွေကြောင့် ချက်ချင်းဆိုသလို အစိတ်စိတ်ကြေမွ သွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဘယ်သူကမှ သူတို့ကို အာရုံမစိုက်ပါဘူး။ သူတို့ရဲ့ အရှေ့မှာ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက် ရှိနေပါတယ်။ ဒါကြောင့် လွင့်ထွက်သွားတဲ့ တခြားသူတွေကို ဘယ်သူက အာရုံစိုက်မှာလဲ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့အားလုံးက ဒီနေရာကို အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်အတွက် ရောက်လာကြတာ မဟုတ်လား။ ဒါကြောင့် ဒီနေရာမှာရှိနေတဲ့ ဘယ်သူမဆို ပြိုင်ဘက်တွေလို့ သတ်မှတ်ရပါလိမ့်မယ်။ အဲဒါဆိုရင် တကယ်လို့ လူတစ်ယောက် လွင့်ထွက်သွားတာ ဒါမှမဟုတ် သူတို့ရဲ့ အရိုးတွေ ကြေမွသွားတယ် ဆိုရင်တောင် ဘယ်သူကမှ

Edit with WPS Office

အပြစ်ဆိုမှာ မဟုတ်ပါဘူး။

ကျင့်ကြံသူတွေက ရတနာပစ္စည်းတွေ အတွက် တိုက်ခိုက်တဲ့ အချိန်မှာ သွေးစွန်းတာနဲ့ သေခြင်းတရားဆိုတာက အမြဲတမ်း ပါဝင်နေတတ်ပါတယ်။

လင်းဟာန်က တခြားသူတွေကို အကြောင်းမဲ့သက်သက် မသတ်ပဲ အရမ်းကို ကြင်နာနေပါတယ်။ သူက သူ့စွမ်းအားကို ဂရုတစိုက် ထိန်းသိမ်းပြီး တခြားသူတွေကို ဘေးကိုပဲ တွန်းထုတ်ရုံ တွန်းထုတ်နေတာပါ။ သူနဲ့နှိုင်းယှဉ်မယ်ဆိုရင် တားမြစ်ဆေးတွေ စားပြီးတော့ သူတို့ရဲ့ ကျင့်ကြံခြင်းကို ထိခိုက်စေတဲ့ လူတွေက အရမ်းအရမ်းကို ရက်စက်ကြမ်းကြုတ်ပါတယ်။ သူတို့တွေက တခြားသူတွေ သူတို့ကြောင့် သေကြေကုန်တာကို မျက်စိထဲတောင် မထည့်ပါဘူး။

သူတို့ရဲ့ ကိုယ်ပိုင် ကျင့်ကြံခြင်းကို ထိခိုက်စေခြင်းကြောင့် သူတို့ရဲ့ ကိုယ်ပိုင် သက်တမ်းကို အကျိုးသက်ရောက်မှု ရှိပါတယ်။ သူတို့ရဲ့ ကာလန်တွေ ဂိုဏ်းတွေက သေချာပေါက် သူတို့ကို လျော်ကြေးပေးမယ် ဆိုပေမဲ့ သူတို့ရဲ့

Edit with WPS Office

စိတ်အခြေအနေကို တိုးတက်လာအောင် ထိန်းသိမ်းထား နိုင်စရာ မရှိပါဘူး။

ဒါကြောင့် သူတို့ထဲက တချို့က သူတို့ရဲ့ ဒေါသတွေကို တခြားသူတွေအပေါ် ပုံချပြီးတော့ အကြောင်းမဲ့သက်သက် သတ်ဖြတ်နေခြင်း ဖြစ်ပါတယ်။

အဲဒီအချိန်မှာ အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်က တောင်ခြေဆီ ကျဆင်းလို့ လာနေပါပြီ။ အဲဒါက မီးခိုးရောင်ဂုတ်စုံ လူကြီးတစ်ယောက်နဲ့ အနီးကပ်ဆုံး ဖြစ်လာပြီးတော့ သူက ကျယ်လောင်စွာ ရယ်မောပြီး ပြောလိုက်တယ်။

"ဒီအရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်က ငါ့ဟာပဲ။ မင်းတို့တွေ နောက်တစ်ရက် ထပ်စောင့်လိုက်ကြဦး"

သူက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို ဖမ်းဆုပ်လိုက်ပါတယ်။ သူက အဲဒါကို ရရှိလိုက်တာနဲ့ တပြိုင်နက် အပေးကို ချက်ချင်းပဲ

Edit with WPS Office

ထွက်ပြေးသွားရပါလိမ့်မယ်။ သူက ဒီနေရာရဲ့ ပတ်ဂန်းကျင်မှာ သေချာပေါက် ဆက်နေလိမ့်မှာ မဟုတ်ပါဘူး။

မှော်ဆေးလုံးတွေရဲ့ အာနိသင်က အချိန်အကန့်အသတ် တစ်ခု ရှိပါတယ်။ သူ့ရဲ့ လက်ရှိစွမ်းအားကို အများဆုံး လဂက်လောက် ထိန်းသိမ်းထား နိုင်ပါတယ်။ နောက်ပြီးတော့ ဒါက တားမြစ်ဆေးလုံးတစ်လုံး ဖြစ်တာကြောင့် ဒါကို သုံးစွဲထားတဲ့ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပေါ်က ဘေးထွက်ဆိုးကျိုးက နှစ်ပေါင်းတစ်ရာ အကန့်အသတ် ဖြစ်ပါတယ်။ တကယ်လို့ နှစ်ပေါင်း တစ်ရာအတွင်းမှာ နှစ်လုံးသုံးမိမယ်ဆိုရင် အဲဒါက သေကြောင်းကြံတာ ဖြစ်သွားပါလိမ့်မယ်။

ရှုပ်။

အလင်းတန်း တစ်ခုက လျှပ်စီးလို လျင်မြန်စွာနဲ့ ထွက်ပေါ်လာပါတယ်။

အဲဒါက ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများကလွဲပြီး

Edit with WPS Office

တခြားဘာများ ဖြစ်နိုင်မှာလဲ။

မီးခိုးရောင်ဂုတ်စုံနဲ့ လူကြီးက ရွေးချယ်စရာ မရှိပဲ တိုက်ခိုက်မှုကို တားဆီးဟန့်တား လိုက်ရပါတယ်။ ဒါပေမဲ့လည်း ဒီမြားက အရမ်းကို အစွမ်းထက်ပြီး အဲဒီလူကြီးက ချက်ချင်းဆိုသလို ဘေးကို တွန်းထုတ်ခံ လိုက်ရပြီး နတ်ဘုရား အရည်စက်နဲ့ သူ့ကို လွဲချော်သွား စေခဲ့ပါတယ်။

"သေစမ်းကွာ"

မီးခိုးရောင် ဂုတ်စုံနဲ့ လူကြီးက မြေကြီးပေါ်ကို ခြေဆောင့်ချပြီး လွှမ်းမိုးနိုင်တဲ့ စွမ်းအားနဲ့ သူ့ကိုယ်သူ တည်ငြိမ်အောင် လုပ်လိုက်ပြီး နောက်တစ်ကြိမ် အရင်းအမြစ် တစ်ထောင် နတ်ဘုရား အရည်စက်ဆီကို ပြေးဝင်သွားပါတယ်။

ဒါပေမဲ့လည်း ဒီနှောင့်နှေးမှုက တခြားလက်ရွေးစင် တော်တော်များများကို ရောက်လာစေ ခဲ့ပါတယ်။ သူတို့အားလုံး နတ်ဘုရား အရည်စက်အတွက် တိုက်ခိုက်ရဖို့ ဖြစ်လာပါပြီ။

Edit with WPS Office

Chapter 1188 end

အပိုင်း(1189) ထောင်နဲ့ချီတဲ့ တိုက်ခိုက်သူတွေ ကြားထဲမှ နတ်ဘုရား အရည်စက်ကို ရရှိခြင်း

ပိုပိုပြီးတော့ အစွမ်းထက်တဲ့ ကျင့်ကြံသူတွေ ပေါ်ထွက်လာပြီး သူတို့ရဲ့အစွမ်းထက်ဆုံး စွမ်းရည်တွေကို အားလုံးက ထုတ်ဖော်လိုက် ကြပါတယ်။

လက်ရှိ လူရှစ်ယောက်ပဲ တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိနေပြီး ဟူဖေးယွင်ကတော့ တိုက်ပွဲထဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး။ သီအိုရီအရ ပြောရမယ်ဆိုရင် ဒီလူခုနစ်ယောက်က ဒီနေရာမှာ တစ်ဦးချင်း စွမ်းရည်ပိုင်းမှာ အစွမ်းထက်ဆုံး ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒါက သီအိုရီထဲမှာပဲ ဖြစ်ပါတယ်။

ဒီအချိန်မှာ သူတို့ရဲ့ ကိုယ်ပိုင်ကျင့်ကြံခြင်းတွေကို ထိခိုက်ခံပြီး အစွမ်းတွေ တိုးမြှင့်ထားတဲ့ လူတွေလည်း အများကြီး ရှိပါတယ်။ သူတို့တွေက စုစုပေါင်း တစ်ရာကျော်လောက်

Edit with WPS Office

ရှိပါတယ်။ သူတို့ရဲ့ စွမ်းအားက အဲဒီဘုရင်အဆင့် ခုနစ်ယောက်ထက် အားမနည်းပါဘူး။ ပြီးတော့ သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကလည်း အရမ်းကို အထင်ကြီးစရာ ကောင်းပါတယ်။ သူတို့က အရင်တုန်းက နေလအဆင့်မှာ ရှိနေခဲ့တဲ့ အချက်က အစိတ်အပိုင်း သေးသေးလေး တစ်ခုပဲ မဟုတ်ပါဘူး။ ဆိုလိုတာက သူတို့ဟာ ပိုပြီးတော့ အစွမ်းထက်တဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေကို ဖမ်းဆုပ်နိုင်ပါတယ်။

သူတို့အားလုံး အဖွဲ့ဖွဲ့စရာ မလိုပါဘူး။ ဒီလိုမျိုး ကျင့်ကြံသူ ဆယ်ယောက် တစ်အုပ်က ရှမ်ကျူအာ၊ ရှီအန်ဂူနဲ့ တခြားလူငယ် ဘုရင်အဆင့်တွေကို အခက်တွေ့စေဖို့ လုံလောက်ပါလိမ့်မယ်။ လူငယ်ဘုရင်အဆင့်တွေက ဒီမျိုးဆက်ပေါင်း ကျင့်ကြံသူတွေကို ဖိနှိပ်ထိန်းချုပ်ဖို့နဲ့ တန်ပြန်တိုက်စစ် ဆင်နိုင်ဖို့ တားမြစ်ဆေးတွေရဲ့ အာနိသင် ကုန်သွားတဲ့ အချိန်ထိ စောင့်နေရပါလိမ့်မယ်။

လူပေါင်းတစ်ရာကျော်က တိုက်ပွဲထဲ ပါဝင်လာပြီး ချက်ချင်းဆိုသလို ဂရုန်းသုန်းကား ဖြစ်လာပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ရှမ်ကျူအာ၊ ရှီအန်ဂူနဲ့ တခြားသူတွေက သူတို့ရဲ့ အထင်ကြီးစရာကောင်းတဲ့ အစွမ်းကို ထုတ်ဖော်ပြနေ ဆဲပါပဲ။ အားလုံးရဲ့ စွမ်းအားတွေက တူညီတယ် ဆိုပေမဲ့ အားလုံးရဲ့ တိုက်ပွဲစွမ်းရည်တွေလည်း တူညီတယ်လို မဆိုလိုပါဘူး။ လူတစ်ယောက်ရဲက တိုက်ပွဲစွမ်းရည်က သူတို့တွေ လေ့ကျင့်တဲ့ နည်းစနစ်တွေ အပေါ်မှာလည်း မူတည်ပါလိမ့်မယ်။

ဘုရင်အဆင့်တွေက ဘုရင်အဆင့်တွေပါပဲ။ သူတို့အထဲမှာ တူညီတဲ့ ကျင့်ကြံခြင်း အဆင့်တွေ ပိုင်ဆိုင်ထားပြီး ဘုရင်အဆင့် ပါရမီရှင်တွေရဲ့ တိုက်ပွဲစွမ်းရည်က အားလုံးရဲ့ အထက် အဆင့်တစ်ခုမှာ ရှိနေပါတယ်။

အနည်းငယ် အားနည်းတဲ့ ပုကျဲက လွဲပြီးတော့ ကျန်တဲ့ ဘုရင်အဆင့် ငါးယောက်စလုံးက လှုပ်ရှားမှုတွေ စိတ်နေပါတယ်။ သူတို့က တစ်ယောက်နဲ့ တစ်ယောက် အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက် တစ်စက်အတွက် တိုက်ခိုက်နေရင်း အားလုံးကိုလည်း ဘေးကို တွန်းထုတ်နေပါတယ်။

Edit with WPS Office

"ရိုက်ပစ်လိုက်စမ်း"

လင်းဟန်ကို အပေးကို တွန်းထုတ်ဖို့ အကြီးအကဲ တစ်ယောက် ရောက်ရှိလာခဲ့ပါတယ်။ အဲဒီစွမ်းအားက နေလအဆင့်နဲ့ နီးကပ်နေပြီး ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲမှာ လက်ခံနိုင်တဲ့ အစွမ်းထက်ဆုံး စွမ်းအားလည်း ဖြစ်ပါတယ်။ အနည်းဆုံးတော့ ဒါက အပြင်လူတွေအတွက် ကိစ္စဖြစ်ပါတယ်။ သူတို့က တကယ်လို့ ဒီအဆင့်ထက် ကျော်လွန်တဲ့ စွမ်းအားကို ထုတ်ဖော်မယ်ဆိုရင် ဂဏ်ပါ အစီအရင်တွေရဲ့ ပစ်မှတ်ထားခြင်းကို ခံရပါလိမ့်မယ်။

အဲဒါကြောင့် ဒီအဆင့်စွမ်းအားက ပြိုင်ဘက်ကင်းလုနီးပါး ဖြစ်ပါတယ်။

"ခင်ဗျားက အရမ်းကို အိုနေပြီ။ ဒီလိုမျိုး မယဉ်ကျေးတဲ့ စကားတစ်ခုကို ပြောနေသေးတယ်ပေါ့။ ခင်ဗျားက ရိုက်နှက်ဆုံးမမှုပဲ ဖြစ်တော့မယ်"

လင်းဟန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ကာ လျှပ်စီးဓားသိုင်းကို

Edit with WPS Office

ထုတ်ဖော်လိုက်ပါတယ်။

"ဘာကြီးလဲ"

လင်းဟန်ရဲ့ ဓားချက်ကြောင့် သူက လွင့်ထွက်သွားပြီး ညည်းတွားသံ တစ်ခု ထွက်ပေါ် လာခဲ့ပါတယ်။

သူ့ရဲ့အမူအရာက ပြောင်းလဲသွားခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုက အရမ်းကို လျှင်မြန်လွန်းပါတယ်။ သူ့အနေနဲ့ ဓားအလင်း သူ့ကို မထိခင်မှာ တစ်စွန်းတစ်စကိုပဲ တွေ့မြင်လိုက် ရပါတယ်။ နောက်ပြီးတော့ အဲဒီတိုက်ခိုက်မှုရဲ့ ဖျက်ဆီးခြင်း စွမ်းအားကလည်း မယုံနိုင်စရာ ကောင်းပါတယ်။ သူ့ရဲ့ မူလစွမ်းအင် ခုခံမှုကို ခုတ်ဖြတ်ပြီးတော့ သူ့အသားထဲကို နက်နက်ရှိုင်းရှိုင်း ခုတ်ဖြတ်သွား ခဲ့ပါတယ်။

သောက်ကျိုးနည်း။

တကယ်လို့ သူတို့တွေ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်မယ်ဆိုရင် ဆယ်ကွက်ကျော်လောက်ဆို သူက အစိတ်စိတ် အပိုင်းပိုင်း လှီးဖြတ်ခံရဖို့

Edit with WPS Office

သေချာသလောက်ပါပဲ။

မဖြစ်နိုင်ဘူး။

ဒီတိုက်ခိုက်မှုက လျင်မြန်ပြီးတော့
ရှုးစရာကောင်းလောက်အောင် အစွမ်းထက်တယ်။
ဘယ်လိုလုပ် ဒီလိုမျိုး အရည်အသွေး နှစ်ခုက တချိန်တည်း
တည်ရှိနိုင်တာလဲ။

ဒီအတွေးက သူ့စိတ်ထဲကနေ ထွက်သွားရုံပဲ ရှိပါသေးတယ်။
လင်းဟန်က သူ့ကို တစ်ဟုန်ထိုး ဖြတ်ကျော် သွားပါပြီ။

ထန် ထန် ထန် ထန်။

လင်းဟန်က တိုက်ခိုက်မှုတွေ တရစပ် ထုတ်ဖော်လိုက်ပြီး
ကျင့်ကြံသူတွေ တော်တော်များများကို တော်တော်ဝေးဝေးဆီ
လွင့်ထွက်သွား စေခဲ့ပါတယ်။ မျိုးဆက်ဟောင်း လူကြီးရဲ့
နဖူးပေါ်က အေးစက်တဲ့ ချွေးသီးချွေးပေါက်တွေ ကျဆင်းလို့
နေပါတယ်။ သူ့အနေနဲ့ ဒီစားချက်ကို ဘယ်တော့မှ
နားလည်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ဘူးလို့
ခံစားလိုက်မိပါတယ်။ ဒီတိုက်ခိုက်မှုကို အကြိမ်

Edit with WPS Office

ဘယ်လောက်များများ သူတွေမြင်ရပါစေ နားလည်နိုင်မှာ မဟုတ်ဘူးလို့ ခံစားနေမိပါတယ်။

သူက တကယ်လို့ ဒီထပ်ပို အများကြီး အစွမ်းမထက်သရွေ့ သေချာပေါက် လင်းဟန်အတွက် ပြိုင်ဘက်မဖြစ်နိုင်ပါဘူး။ တကယ်လို့ သူက လင်းဟန်ကို တစ်ယောက်တည်း ရင်ဆိုင်ရမယ်ဆိုရင် အရမ်းကို တိုတောင်းတဲ့ အချိန်တစ်ခု အတွင်းမှာ သူက ရှုံးနိမ့်သွားပါလိမ့်မယ်။

လင်းဟန်က တိုက်ခိုက်နေတဲ့ လူအုပ်ကြားကနေ ဖြတ်ကျော်ပြီးတော့ ဒီနေရာရဲ့ ခုနစ်ယောက်မြောက် လူငယ်ဘုရင်တစ်ပါး ဖြစ်လာခဲ့ပါတယ်။ တခြားသူတွေရဲ့ ပကတိအမြင်နဲ့ ကွဲထွက်ပြီး သူက ဘုရင်အဆင့် ခုနစ်ယောက်ထဲမှာ ပုကျဲထက် သိသိသာသာ သန်စွမ်းပြီး နံပါတ်ခြောက်ကို ချိတ်နိုင်ပါတယ်။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ပုကျဲက မျိုးဆက်ဟောင်း ကျင့်ကြံသူတွေ အပေါ်မှာ အသာစီးရယူနိုင်တဲ့ လက္ခဏာမျိုး မရှိလို့ပါပဲ။

"သေစမ်းကွာ"

Edit with WPS Office

တိုက်ပွဲကနေ လွင့်ထွက်သွားတဲ့ ကျင့်ကြံသူတွေက ဒေါသတွေ ထွက်လာပါတယ်။ ပြီးတော့ သူတို့က လင်းဟန်ကို အခြေအနေကို နားမလည်တဲ့ သဘောနဲ့ တန်ပြန်တိုက်ခိုက်မှုတွေ ထုတ်ဖော်လိုက်ပါတယ်။ အလင်းရောင်မျိုးစုံနဲ့ နတ်ဘုရား သင်္ကေတ မျိုးစုံက လေထဲကို ဖြတ်ပြီးတော့ လင်းဟန်ဆီကို ပြေးဝင်လာကြပါတယ်။

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ သူတို့တိုက်ခိုက်မှုတွေရဲ့ စွမ်းအားကို ငှားယူပြီး သူရဲ့ အမြန်နှုန်းကို တိုးလာစေလိုက်ပါတယ်။

ဝုန်း။

သူက လူသားအမြောက်ဆန် တစ်ခုနဲ့ တူသွားပြီး ချက်ချင်းဆိုသလို သူ့အရှေ့က ဒါဇင်နဲ့ချီတဲ့ လူတွေကို ပျံသန်းပြီး ကျော်သွားပါတယ်။ သူ့အနောက်မှာ လက်ရွေးစင်တွေရဲ့စွမ်းအားတွေ ရှိနေပြီး အဲဒီက အင်အားတွေက လုံးဝကို ဖျက်ဆီးနိုင်စွမ်း ရှိပါတယ်။

Edit with WPS Office

ဂုန်း ဂုန်း ဂုန်း ဂုန်း။

လူအုပ်ကြီးက ပွင့်ချပ်ကြွေတဲ့ ပန်းပွင့်တွေလိုပဲ ဘေးဘက်ကို လွင့်ထွက်ကုန်ပါတယ်။

ပတ်ဂန်းကျင်မှာရှိတဲ့ ကျင့်ကြံသူတွေ အားလုံးက မှင်တက်အံ့သြ သွားခဲ့ပါတယ်။

"ဒါက ဘယ်လောက်တောင် ကြောက်စရာကောင်းတဲ့ နည်းစနစ်မျိုးလဲ။ မင်းက သောက်ကျိုးနည်း လူသားလက်နက် တစ်ခုလား"

အခြေအနေက အရမ်းကို ရှုးသွပ်စရာ ကောင်းပါတယ်။ လင်းဟန်က တိုက်ခိုက်မှု တရစပ်ကို ခံရပြီးတော့ သူတို့ရဲ့ အင်အားတွေကို အကျိုးရှိရှိ အသုံးချပြီး သူ့ရဲ့အမြန်နှုန်းကို တိုးစေပြီးတော့ တခြားသူတွေကို ဘေးဘက်ကို လွင့်ထွက်စေလိုက်ပါတယ်။ သူ့ရဲ့ ခုခံနိုင်စွမ်းကလည်း အရမ်းကို ထူးကဲတာကြောင့် ဘယ်သူကမျှား သူ့ကို ထိခိုက်ဒဏ်ရာရအောင် လုပ်နိုင်မှာလဲ။

လင်းဟန်က တိုက်ပွဲရဲ့ အချက်အချာနေရာထဲကို

Edit with WPS Office

တစ်ဟုန်ထိုး ပြေးဝင်သွား ခဲ့ပါတယ်။ အဲဒီတိုက်ပွဲကွင်းပြင်မှာ ဟဲထောင်၊ ရှမ်ကျူးအာနဲ့ တခြားသူတွေ ရှိပါတယ်။ သူတို့က နတ်ဘုရား အရည်စက်အတွက် တိုက်ခိုက်ယှဉ်ပြိုင် နေကြပြီး ဘယ်သူ့ဘယ်သူမှ အောင်အောင်မြင်မြင်နဲ့ မရယူနိုင်သေးပါဘူး။ အဲဒီမှာ အဆုံးမရှိတဲ့ စွမ်းအားတွေ ရစ်ပတ်ရောယှက်နေပြီးတော့ နတ်ဘုရား အရည်ကို လေထဲ အဆက်မပြတ် မြောက်တက်သွား စေပါတယ်။

"ဟင့်"

ရှမ်ကျူးအာနဲ့ ကျန်တဲ့ ဘုရင်အဆင့် လေးယောက်စလုံးက နောက်ထပ် ပြိုင်ဘက်ပေါ်လာတဲ့ အတွက် အရမ်းကို မကျေမနပ် ဖြစ်နေပါတယ်။ သူတို့က လင်းဟာန်ဆီကို တိုက်ခိုက်မှုတွေ စတင်ထုတ်ဖော်ပြီး တိုက်ခိုက်လိုက်ပါတယ်။

သူတို့က အဆုံးမှာ ရတနာခန်း တစ်ခုကို အတူတကွ ပူးပေါင်းပြီးတော့ ဖွင့်လှစ်ဖို့ သဘောတူညီမှု တစ်ခု လုပ်ထားပေမဲ့ အဲဒီမတိုင်ခင်အထိ သူတို့က ပြိုင်ဘက်တွေ ဖြစ်နေပါသေးတယ်။ သူတို့မှာလည်း အကန့်အသတ်

Edit with WPS Office

ရှိပါတယ်။ သူတို့က တခြားဘုရင်အဆင့် ခြောက်ယောက်ကို နည်းနည်းမှ သတ်ဖြတ်လိမ့်မှာ မဟုတ်ပါဘူး။

လင်းဟာန်က ဟက်ဟက်ပက်ပက် ရယ်မောပြီးတော့ တခြားဘုရင်အဆင့် ငါးယောက်ရဲ့ တိုက်ခိုက်မှုတွေကို လုံးဝကို လျစ်လျူရှုလိုက်ပါတယ်။ သူက လက်ကို အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်ဆီကို ဆန့်ထုတ်လိုက်ပါတယ်။

သူ့မှာ ထူးကဲတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခု ရှိပါတယ်။ ဒါကြောင့် သူ့စိတ်တိုင်းကျ သူလုပ်နိုင်ပါတယ်။

ထန် ထန် ထန် ထန် ။

မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေက လင်းဟာန်ဆီကို ပြေးဝင်လာပါတယ်။ သူက အဲဒါတွေကို တားဆီးဟန့်တားဖို့တောင် မလုပ်ခဲ့ပါဘူး။ ပြင်းထန်တဲ့ တိုက်ခိုက်မှုတွေက သူ့ရဲ့ အဝတ်အစားတွေကို စုတ်ဖြဲကုန်ပြီး သူ့အရေပြားပေါ်မှာ သွေးစီးကြောင်း အနည်းငယ်ပဲ ကျန်ခဲ့ပါတယ်။

Edit with WPS Office

သောက်ကျိုးနည်း လဖြတ်ပဲပေါ့။

ဘုရင်အဆင့်တွေက သူ့ကို အတူတကွ
တိုက်ခိုက်ခဲ့တာတောင် သူတို့က သူ့အရေပြား အပေါ်မှာ
သွေးစင်းကြောင်း အနည်းငယ်ပဲ ချန်ထားခဲ့ နိုင်တာလား။

အားလုံးက အံ့အားသင့်စွာနဲ့ တွေဝေငေးမောကုန်ပါတယ်။
အဲဒီအချိန်မှာ လင်းဟန်က သူတို့ရဲ့ တုံ့ဆိုင်းနေမှုကို
အခွင့်ကောင်း ယူပြီးတော့ အရင်းအမြစ်တစ်ထောင်
အစစ်အမှန် အရည်စက်ကို ဖမ်းဆုပ်ယူပြီးတော့ သူ့ရဲ့
အနက်ရောင် မျှော်စင်ထဲ ထည့်လိုက်ပါတယ်။

"လက်လွှတ်လိုက်စမ်း"

ဘုရင်အဆင့် ငါးယောက်က အော်ဟစ်ပြီးတော့ သူ့ကို
တိုက်ခိုက်လာပါတယ်။

"မြန်မြန် အဲဒါကို ထုတ်ပေးစမ်း"

တိုက်ပွဲရဲ့ အစွန်တိုင်နေရာ အပြင်ဘက်က မျိုးဆက်ဟောင်း
လက်ရွေးစင်တွေကလည်း သူ့ဆီကို တရစပ် တိုက်ခိုက်
လိုက်ပါတယ်။ တိုက်ခိုက်မှုတွေက လင်းဟန်ပေါ်ကို

Edit with WPS Office

မိုးသီးမိုးပေါက် ကျသလို ကျဆင်းလာပြီး မိုးကောင်းကင်က လဲပြိုကျတော့မဲ့အတိုင်းပါပဲ။ ဒါက အရမ်းကို ကြောက်စရာ ကောင်းလွန်းတဲ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။

လင်းဟာန်က ဒီတိုက်ခိုက်မှုတွေကို တားဆီးဖို့တောင် အရမ်းကို ပျင်းရိနေပြီး သူက ရိုးရိုးလေးပဲ လက်ပိုက်ပြီးတော့ ရပ်နေပါတယ်။

တိုက်ခိုင်မှုတွေက တိုးဂင်လာပြီး အဲဒီတိုက်ခိုက်မှုတွေမှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်နေပြီးတော့ တလက်လက် တောက်ပလို့ နေပါတယ်။

ဒီတိုက်ခိုက်မှုတွေ အားလုံးက နေလအဆင့်ရဲ့ တိုက်ခိုက်မှုတွေနီးပါး ပြင်းထန်ပြီး တကယ်လို့ နေလအဆင့်ရဲ့ ကနဦးအဆင့်က လက်ရွေးစင်တွေတောင် ဒီလိုမျိုး ပြင်းထန်တဲ့ တရစပ် တိုက်ခိုက်မှုတွေကို ရင်ဆိုင်ရမယ်ဆိုရင် ထိတ်လန့်တုန်လှုပ် ချောက်ချားသွား ပါလိမ့်မယ်။ သူတို့က သေချာပေါက် ဒီတိုက်ခိုက်မှုတွေကို ထိပ်တိုက်ရင်ဆိုင်ရဲလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

ဒါပေမဲ့လည်း လင်းဟန်ကတော့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ ဒီတိုက်ခိုက်မှုတွေ သူ့ကို ထိမှန်ခွင့် ပြုထားပါတယ်။

ဘုန်း။

မြေပြင်ကြီး တုန်ခါပြီးတော့ အားလှိုင်းတွေက နေရာအနှံ့အပြားကို ပျံ့နှံ့သွားခဲ့ပါတယ်။ ဖုန်လုံးကြီးတွေက လေထဲကို တလိပ်လိပ် တက်လာပြီး လင်းဟန်က လွင့်ထွက်သွား ခဲ့ပါတယ်။ သူမြေပြင်ပေါ်ကို ခြေချမိလိုက်တဲ့ အချိန်မှာ အားလုံးကို အံ့အားသင့်သွားစေတာက သူ့က ဒဏ်ရာအသေးအမွှား တချို့ပဲ ရသွားတာကို တွေ့လိုက်ရပါတယ်။ သူ့ရဲ့အရိုးတွေထဲက တစ်ချောင်းမှတောင် မကျိုးတာကြောင့် သူက ပျော့ပြဲသွားအောင် ရိုက်နက်မခံခဲ့ရဘူးဆိုတာ သေချာပါတယ်။

"မင်းတို့က ငါ့ကို နတ်ဘုရားအရည် လက်လွှတ်စေချင်တာလား။ ဒါဆိုရင် အဲဒါကို ယူနိုင်အောင် လုံလောက်တဲ့အထိ မင်းက အစွမ်းထက်တယ် ဆိုတာ ငါ့ကို ပြပါဦး"

Edit with WPS Office

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"လာခဲ့။ မင်းတို့တွေနဲ့ ကစားပေးမယ်"

မင်းက လက်ရွေးစင်တွေ အများကြီးရဲ့ ပစ်မှတ်ဖြစ်နေပြီ။ ဒါက ကစားနည်းရိုးရိုးလေး တစ်ခုလို့ ထင်နေတာလား။

မင်းက အရမ်းကို ဘဂမြင့်ပြီး မောက်မာလွန်းတယ်။

ဒါပေမဲ့လည်း သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို မကောင်းဆိုးဂါး ဆန်လွန်းတာကို ဂန်ခံရပါမယ်။ သူက စောစောကပဲ တရစပ် တိုက်ခိုက်မှုတွေကနေ ရှင်သန်နိုင်စွမ်း ရှိတယ်ဆိုတာ သက်သေပြနေပါတယ်။ သူက တိုက်ခိုက်မှုပေါင်း တစ်ရာကျော် ထိမှန်ခံရပြီး ဘာမှမဖြစ်တဲ့ အတိုင်းပဲ လမ်းလျှောက်ထွက်လာ သလိုပါပဲ။ အဲဒီလို ဆိုမှတော့ သူ့ကို ဘယ်သူကများ ခြိမ်းခြောက် နိုင်ဦးမှာလဲ။

ဘုရင်အဆင့် ငါးယောက်က လင်းဟန်ကို တိုက်ခိုက်နေရာကနေ အရင်ဆုံး ရပ်လိုက်ပါတယ်။ တခြားကျင့်ကြံသူတွေလည်း သူ့ကို တိုက်ခိုက်နေရာကနေ

Edit with WPS Office

တဖြည်းဖြည်း ရပ်လိုက် ကြပါတယ်။ သူ့ကိုနောက်ထပ် တိုက်ခိုက်စရာ အကြောင်းမရှိသလို သူ့ဆီကနေ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက် လုယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"တော်ပြီလား"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။ သူက သူရပ်နေတဲ့ နေရာမှာပဲ ထိုင်ချလိုက်ပါတယ်။

"မင်းဘာဖြစ်လို့ ထွက်မသွားသေးတာလဲ"

တစ်စုံတစ်ယောက်က မေးလိုက်ပါတယ်။

ပုံမှန်အစဉ်အလာ အရတော့ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်တစ်စက် ရသွားတဲ့ လူတွေက ချက်ချင်းပဲ ထွက်ခွာသွား ကြပါလိမ့်မယ်။ တကယ်တော့ ဒီနေရာမှာ ဆက်ရှိနေတာက အရမ်းကို အန္တရာယ် များလွန်းပါတယ်။ တကယ်လို့ ဆက်ရှိနေမယ်ဆိုရင် တခြားသူတွေက အုပ်စုဖွဲ့ အနိုင်ကျင့်တာကို ခံရပါလိမ့်မယ်။ အဆုံးမရှိတဲ့ တိုက်ခိုက်မှု အားလုံးတွေကို ရင်ဆိုင်ဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး။

Edit with WPS Office

နောက်ပြီးတော့ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်တစ်စက်ကို ရရှိသွားနိုင်တဲ့ လူတွေက သေချာပေါက် အရမ်းကို အစွမ်းထက်ပါတယ်။ သူတို့တွေ ထွက်သွားတာနဲ့ အစွမ်းထက်တဲ့ ယှဉ်ပြိုင်သူ တစ်ယောက် လျော့သွားပါလိမ့်မယ်။ ဒါကြောင့် တခြားသူတွေလည်း အကျိုးအမြတ် ရနိုင်ပါလိမ့်မယ်။

နတ်ဘုရား အရည်တစ်စက်ကို ရရှိပြီးတဲ့နောက်မှာ ထွက်သွားတာ အစဉ်အလာ တစ်ခုလို ဖြစ်နေပါပြီ။

"ငါက ဘာဖြစ်လို့ ထွက်သွားရမှာလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်ပါတယ်။

သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ပြိုင်ဘက်ကင်းပါတယ်။ ဒါကြောင့် သူက အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်တွေ ထပ်ရဖို့အတွက် တိုက်ခိုက်ဖို့ နေနိုင်ပါတယ်။ ဘယ်လိုဖြစ်ဖြစ် နတ်ဘုရား အရည်တစ်စက် ရရှိပြီးတဲ့နောက်မှာ ထွက်သွားရမယ်ဆိုတဲ့ စည်းမျဉ်းဥပဒေမျိုး မရှိပါဘူး။

Edit with WPS Office

Chapter 1189 end

အပိုင်း(1190) အရည်သုံးစက်

အားလုံးက ဒေါသတွေ ထွက်နေခဲ့ပါတယ်။ ဒီကောင်လေးက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်တစ်စက်ကို ရရှိပြီးပါပြီ။ ဒါတောင်မှ သူက ဒုတိယ အရည်စက်အတွက် တိုက်ခိုက်ချင် နေသေးတာလား။

ဒီစမ်းချောင်းဂါ လျှို့ပှက်ဆန်းကြယ်ဘုံ ပွင့်လာတဲ့ သက်တမ်းတစ်လျှောက် လူတစ်ယောက်ပဲ အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် နှစ်စက်ကို ပိုင်ဆိုင်ထားဖူးပါတယ်။ အဲဒီလူက ယန်ဟောင်ပါ။

ယန်ဟောင်က အဲဒီအချိန်တုန်းက ဘုရင်အဆင့်တွေ အကြားက ဘုရင်အဆင့် တစ်ယောက် ဖြစ်ပါတယ်။ ပြီးတော့ သူက သူ့မျိုးဆက်ထဲက ပါရမီရှင်တွေ အားလုံးကို ဖိနှိပ်ထားခဲ့ပါတယ်။ မျိုးဆက်ဟောင်းက လူတွေတောင်မှ သူ့ကို အထင်ကြီးလေးစားစွာနဲ့ ငေးမောကြည့်နေခဲ့ ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက

Edit with WPS Office

အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် နှစ်စက်ရအောင် ယူနိုင်စွမ်း ရှိလို့ပါပဲ။ ဒါပေမဲ့လည်း ဒီကောင်က ယန်ဟောင်ကို ယှဉ်ပြိုင်နိုင်စွမ်း ရှိနိုင်လို့လား။

ဘယ်လိုဟာသလဲ။ ယန်ဟောင်လို ပါရမီရှင်ဆိုတာက နှစ်ပေါင်းတစ်သန်းမှ တစ်ကြိမ်ပဲ ထွက်ပေါ်လာပါလိမ့်မယ်။ သူတောင်မြစ်အဆင့်ကို ရောက်တဲ့ အချိန်မှာ သူဟာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ကို သေချာပေါက် ရောက်လိမ့်မယ်လို့ လူတွေက တထစ်ချ လက်ခံထားပါတယ်။ တခြားဘယ်ပါရမီရှင်က သူ့ကို နှိုင်းယှဉ်နိုင်မှာလဲ။

ဒါပေမဲ့လည်း ကျင့်ကြံသူတွေက လင်းဟန်ရဲ့ ထူးကဲတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို ဘယ်လို ရင်ဆိုင်ရမလဲ ဆိုတာကို အကြံမရကြသေးပါဘူး။

ဒီနေရာမှာ မရေမတွက်နိုင်တဲ့ လူတွေ ရှိနေပေမဲ့ သူတို့အားလုံးက သူတို့ကိုယ်ပိုင် အကြံအစည်တွေ ရှိပါတယ်။ ပြီးတော့ သူတို့အားလုံး ဒီနေရာကို သူတို့ရဲ့ အကျိုးအမြတ်တွေ အတွက် လာခဲ့ကြတာပါ။ ဒီတော့

Edit with WPS Office

ဘယ်လိုလုပ်ပြီးတော့ အတူတူ ပူးပေါင်းဆောင်ရွက်နိုင်မှာလဲ။ ဒါပေမဲ့လည်း တကယ်လို့ သူတို့က တစ်ယောက်ချင်းစီ တိုက်ခိုက်ရမယ်ဆိုရင် ဘုရင်ခြောက်ယောက်က လွဲလို့ ဒီနေရာမှာ ဘယ်သူကများ လင်းဟန်ရဲ့ ပြိုင်ဘက် ဖြစ်နိုင်မှာလဲ။

ဒါကြောင့် ကျင့်ကြံသူတွေက အလျင်အမြန်ပဲ သူတို့ရဲ့ ဒေါသတွေကို ချုပ်တည်းလိုက် ကြပါတယ်။ သူတို့က ထိုင်ပြီးတော့ အနားယူကာ တရားထိုင်နေပြီး သူတို့ရဲ့ အကောင်းဆုံး အခြေအနေကို ပြန်လည်ဖြည့်ဆည်းနေပါတယ်။ ဒီနည်းနဲ့ သူတို့က အရင်းအမြစ်တစ်ထောင် အစစ်အမှန် ဒုတိယ အရည်စက်အတွက် ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။

တစ်ရက်ဆိုတဲ့ အချိန်က အရမ်းကို လျင်မြန်စွာနဲ့ ကုန်ဆုံးသွားခဲ့ပါတယ်။

နေနဲ့လရဲ့ လမ်းကြောင်းတွေ ဆုံသွားပြီး ဒုတိယမြောက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် စတင်ဖြစ်ပေါ် လာခဲ့ပါတယ်။ အဲဒါက ပိုပိုကြီးလာပြီးတော့

Edit with WPS Office

ကမ္ဘာမြေကြီးရဲ့ မြေဆွဲငင်အား အောက်မှာ
သိမ်းငှက်နတ်သီးကနေ လိမ့်ဆင်းလာခဲ့ပါတယ်။

ရှပ်။

လေပြင်းတချက် ပွေ့သွားပြီး ကျောက်စွန်းမျက်နှာပြင်ကနေ
လျှောကျလာခဲ့ပါတယ်။

အဲဒါငါ့ပါဟာပဲ။

မျိုးဆက်ပေါင်းရဲ့ လက်ရွေးစင်တွေ လှုပ်ရှားလာတဲ့အပြင်
တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်ကို ရောက်ရှိနေတဲ့
သူတွေကပါ သူတို့ရဲ့ ကံကြမ္မာကို စမ်းသပ်ဖို့ လှုပ်ရှားလာခဲ့
ကြပါတယ်။ တကယ်တော့ အရင်းအမြစ်တစ်ထောင်
အစစ်အမှန် အရည်စက်က မယုံနိုင်စရာ
ကောင်းလောက်အောင် တန်ဖိုးကြီးပါတယ်။
တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရပ်တန့်နေတဲ့
လူတွေအတွက် အရင်းအမြစ်တစ်ထောင် အစစ်အမှန်
အရည်တစ်စက်ကို သုံးစွဲနိုင်မယ်ဆိုရင် သူတို့အတွက်
နေလအဆင့် တံခါးပွင့်လာအောင် ကူညီကောင်း ကူညီပေး

Edit with WPS Office

နိုင်ပါတယ်။

နေလအဆင့်ကို ရောက်ပြီးတဲ့ နောက်မှာ သူတို့ရဲ့ သက်တမ်း လေးသိန်းကနေ တစ်သန်းအထိ တိုးသွားပါလိမ့်မယ်။ ဒါက အံ့သြစရာကောင်းလောက်တဲ့ တိုးတက်မှု တစ်ခုဖြစ်ပါတယ်။ ခွန်အားနဲ့ ပတ်သက်ပြီး ဘာမှပြောစရာ မလိုပါဘူး။ သက်တမ်းတိုးသွားရင်ပဲ သူတို့ရဲ့ ဘဝတစ်လျှောက်လုံး ခွန်အားအတွက် ကြိုးစားအားထုတ် နိုင်ပါတယ်။

ပတ်ဝန်းကျင်က ချက်ချင်းပဲ ဂရုန်းသုန်းကား ဖြစ်လာပါတယ်။

လင်းဟာန်က အရှေ့ကို ခုန်မထွက်ခင် ဦးတည်ရာ နေရာတစ်ခုကို ဂရုတစ်စိုက်နဲ့ ရွေးချယ်လိုက် ပါတယ်။

ထန်။

သူက မိုးကောင်းကင်ပေါ်ကို ခုန်တက်လိုက်ပြီး သူ့အနားမှာရှိတဲ့ လူတွေအားလုံး လွင့်ထွက်ကာ မှောက်ကျကုန်ပါတယ်။ သူက ဒုတိယမြောက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ဆီ တစ်ဟုန်ထိုး ပြေးဝင်သွားပါတယ်။

Edit with WPS Office

“မင်းအတင့်ရဲလှချည်လား”

နတ်ဘုရား အရည်တစ်စက်ကို သူရပြီးပါပြီ။ ဒါတောင်မှ ဒုတိယ အရည်စက်အတွက် တိုက်ခိုက်ဖို့ ဆက်နေဖို့ကို ရွေးချယ်ထားပါတယ်။ ဒါကြောင့် သူက လူတွေရဲ့ အမိက ရန်သူ ဖြစ်သွားပြီး မရေမတွက်နိုင်တဲ့ တိုက်ခိုက်မှုတွေက သူ့ဆီကို ပြေးဝင်လာခဲ့ ကြပါတယ်။ သူတို့ရဲ့ ကျင့်ကြံခြင်း အဆင့်တွေကို ထိခိုက်ထားခဲ့တဲ့ လူကြီးတွေအပြင် တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်း အဆင့်မှာ ရှိနေတဲ့ လူတချို့တောင် သူ့ကို တိုက်ခိုက်လာခဲ့ ကြပါတယ်။

လင်းဟာန်ရဲ့ မျက်လုံးထဲမှာ အေးစက်တဲ့ အလင်းရောင်တစ်ချက် လက်သွားခဲ့ပါတယ်။ အရင်က လူတွေကို သတ်ဖြတ်တာကို ရှောင်လွှဲတဲ့အနေနဲ့ သူက သူ့အစွမ်းကို ချုပ်တည်းထား ခဲ့ပါတယ်။ အခုဒါကို ကြည့်ရတာ ဒီလူတွေက သူ့ရဲ့ နူးညံ့တဲ့ နှလုံးသားကို တွန်းအားပေး နေသလိုပါပဲ။ ပြီးပြည့်စုံခြင်း အဆင့်မှာရှိတဲ့ ကျင့်ကြံသူတွေတောင် ချုပ်တည်းခြင်း ကြောက်ရွံ့ခြင်း မရှိပဲ သူ့ကို တိုက်ခိုက်လာရဲပါတယ်။

Edit with WPS Office

တစ်ခုသတိပြုရမှာက ကျင့်ကြံခြင်း ကမ္ဘာကြီးထဲမှာ သူက စီနီယာ တစ်ယောက်ဖြစ်ပြီး မြင့်မားတဲ့ ကျင့်ကြံခြင်း အဆင့်တစ်ခုကို ပိုင်ဆိုင်ထားပါတယ်။

ဟင့်။

လင်းဟန်က သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဝှေ့ယမ်းပြီးတော့ နတ်ဘုရား သင်္ကေတတွေကို ပေါင်းစည်းစေပြီး လူသတ်အရှိန်အဂါက မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားပါတယ်။

ဒါက သူတော်စင် သတ္တုအဆင့်ကို တိုးတက်ပြောင်းလဲနိုင်တဲ့ တက်လမ်းရှိ ပစ္စည်းနဲ့ ပြုလုပ်ထားပါတယ်။ ဒီဓားက အဲဒီအဆင့်ကို မရောက်သေးပေမဲ့ သူ့ရဲ့ အရည်အသွေးက မယုံနိုင်စရာ ကောင်းနေဆဲပါပဲ။

ရှပ် ရှပ် ရှပ် ရှပ်။

ဓားအလင်းတွေ လေထဲမှာ ပလူပျံနေပြီး ပတ်ဂန်းကျင်ကို ခြေပြတ်လက်ပြတ်တွေ လွင့်စဉ်ကုန်ပါတယ်။ မိုးကောင်းကင်ပေါ်ကို သွေးတွေ ဖြန်းပက်လိုက် သလိုပါပဲ။

Edit with WPS Office

"ဟာ ဟန် လင်း။ မင်းက ဘယ်လောက်တောင် ရက်စက်ကြမ်းကြုတ်လိုက်သလဲ။ ငါက အဲ့ဖွယ်ကောင်းကင်ဂိုဏ်းက တပည့်တစ်ယောက်ပဲ"

လက်တစ်ဖက် ဆုံးရှုံးသွားတဲ့ လူတစ်ယောက်က လင်းဟန်ကို ဒေါသတွေနဲ့ စိုက်ကြည့်ပြီးတော့ ပြောလိုက်ပါတယ်။

လင်းဟန်က အဲဒီလူကို ဖြတ်ကျော်သွားခဲ့ပါပြီ။ ဒါပေမဲ့လည်း သူတို့ရဲ့ ဒေါသနဲ့ အော်ဟစ်သံကို ကြားလိုက်ရတဲ့ အချိန်မှာ သူက အနောက်ကို ပြန်လှည့်လာခဲ့ပါတယ်။

"ဟင့် မင်းငါ့ကို တိုက်ခိုက်တဲ့ အချိန်တုန်းက မင်းက ထိန်းထားခဲ့လို့လား။ မင်းက ငါ့ကို စော်ကားရဲမှတော့ ငါ့ရဲ့ အမျက်ဒေသကို ခံစားဖို့ မင်းပြင်ဆင်ထားသင့်တယ်"

သူ့စားနဲ့ ခုတ်ချလိုက်ပြီး အဲဒီလူက ချက်ချင်းဆိုသလို နစ်ပိုင်းပြတ်ထွက်သွားခဲ့ပါတယ်။ သူ့ရဲ့ ခန္ဓာကိုယ်ရော သူ့ရဲ့ နတ်ဘုရား အာရုံပါ အမြစ်ဖြတ် သုတ်သင်ခြင်း ခံလိုက်ရပါတယ်။

Edit with WPS Office

"မင်းတို့တွေ ငါ့ကို နှောင့်ယှက်ချင်သေးလား။ ကိစ္စမရှိဘူး။ ဒါပေမဲ့ မင်းတို့မှာ ငါ့ကို တားဆီးနိုင်တဲ့ ခွန်အားရှိလားဆိုတာကို မင်းတို့ရဲ့ သောက်သုံးမကျတဲ့ ဦးနှောက်တွေ သုံးပြီးတော့ စဉ်းစားသင့်တယ်"

လင်းဟာန်က ကြောက်မက်ဖွယ်ရာကောင်းတဲ့ လေသံနဲ့ ပြောလိုက်ပါတယ်။ သူ့အနားက တစ်ဒါဇင်လောက် ရှိတဲ့ အလောင်းတွေနဲ့ ပေါင်းလိုက်ရင် သူ့ရဲ့စကားတွေက အရမ်းကို ခြိမ်းခြောက်နိုင်စွမ်း ရှိပြီးတော့ လွှမ်းမိုးခြင်းတွေနဲ့ ပြည့်နှက်လို့ နေပါတယ်။

တခြားကျင့်ကြံသူတွေ အားလုံးက ဒေါသနဲ့ မျက်မှောင်ကြုတ်လိုက်ပါတယ်။ သူတို့ရဲ့ သောက်သုံးမကျတဲ့ ဦးနှောက်တွေ သုံးပြီးတော့ စဉ်းစား ဟုတ်လား။ သူက သူတို့ရဲ့ ဦးနှောက်ကို အသုံးမကျဘူးလို့ ပြောတာလား။ သူက တကယ်ပဲ ဒီလောက်အထိ နှိမ့်ချစော်ကားဖို့ လိုသလား။

ဒါပေမဲ့လည်း မြေပြင်ပေါ်မှာ လတ်လတ်ဆတ်ဆတ် အလောင်းတွေ ရှိနေတာကြောင့် ဘယ်သူကများ စမ်းသပ်ရဲမှာလဲ။

Edit with WPS Office

လေးစားခြင်း ဆိုတာက တိုက်ပွဲတွေနဲ့ သတ်ဖြတ်ခြင်းတွေကနေ ဖြစ်ပေါ်လာပါတယ်။ သူ့ရဲ့ ခွန်အားနဲ့ ကျင့်ကြံသူတွေ ဒါဇင်ချီ သတ်ပြီးတဲ့ နောက်မှာတော့ ဘယ်သူကမှ သူ့ကို ဆက်ပြီးတော့ လျော့မတွက်ပုံတော့ပါဘူး။

သူကလည်း ဘုရင်လေးအဆင့် တစ်ယောက် ဖြစ်ပါတယ်။ နောက်ပြီးတော့ သူက ရှမ်ကျူးအာနဲ့ တခြားဘုရင်အဆင့် ငါးယောက် ပူးပေါင်းတာထက် ပိုပြီးတော့တောင် ကြောက်စရာ ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ပြိုင်စံရှားတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်ထားလို့ပါပဲ။

အနည်းဆုံးတော့ ဒါက ဒီလူ့ဂိုဏ်းဆန်းကြယ် ဘုံထဲမှာ ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။

လင်းဟာန်က အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ဆီကို ဆက်ပြီးတော့ ပြေးဝင်သွား ခဲ့ပါတယ်။ အဲဒီအချိန်မှာ အရင်ကလိုပဲ တခြားဘုရင်အဆင့်တွေက တိုက်ပွဲရဲ့ အချက်အချာ နေရာကို ရယူထားပြီး

Edit with WPS Office

အရင်းအမြစ်တစ်ထောင် အရည်စက်အတွက် တိုက်ခိုက်နေကြပါတယ်။ တခြားသူတွေ အတွက်တော့ အခွင့်အရေးတစ်ခု မရှိသလိုပါပဲ။ တကယ်လို့ အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်က တော်တော်ဝေးဝေးကို လွင့်ထွက်သွားမယ်ဆိုရင် ကံကောင်းတဲ့ လူတချို့က အဲဒါကို အလွယ်တကူ ရယူပြီး ထွက်ပြေးလွတ်မြောက် နိုင်ပါလိမ့်မယ်။

"နောက်တစ်ကြိမ် မင်းပဲလား"

ရှမ်ကျူအာနဲ့ တခြားသူတွေ အားလုံးက လင်းဟာန်ကို ကြည့်ပြီးတော့ မျက်နှာတွေ ရှုံ့မဲ့ကုန်ပါတယ်။

"ဟီး မင်းတို့အားလုံး ဘာတွေလုပ်နေတာလဲ"

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

သောက်ကျိုးနည်း ငါတို့ဘာလုပ်နေရမှာလဲ။ အခုမှ တစ်ရက်ပဲ ရှိသေးတယ်။ ငါတို့အားလုံး ဒီနေရာ တစ်ပိုက်မှာ ရပ်နေကြတာပဲ။ ငါတို့ဘာလုပ်နေလဲ ဆိုပြီးတော့ မင်းမေးနေစရာ လိုလို့လား။

Edit with WPS Office

"သွားစမ်း"

ဘုရင်အဆင့် ငါးယောက်က လင်းဟာန်ကို ပူးပေါင်းတိုက်ခိုက်လိုက်ပါတယ်။ သူတို့တွေထဲက ဘယ်သူကမှ လင်းဟာန်ထက် အားမနည်းပါဘူး။ သူတို့ရဲ့စွမ်းအားတွေက လင်းဟာန်ထက်တောင် သာလွန်ပါသေးတယ်။ ဒါပေမဲ့လည်း နေလအဆင့်မှာရှိတဲ့ စွမ်းအားကို ထုတ်ဖော်လိုက်တဲ့ ဘယ်သူမဆို ဒီလျို့ပှက်ဆန်းကြယ်ဘုံရဲ့ အစီအရင်တွေက ပစ်မှတ်ထားခြင်းကို ခံရပါလိမ့်မယ်။ ဒါကြောင့် ရှမ်ကျူအာနဲ့ တခြားသူတွေက သူတို့ရဲ့ စွမ်းအားကို နေလအဆင့်ရဲ့ အကန့်အသတ်ဆီ ရောက်မသွားအောင် ချုပ်တည်းထား ရပါတယ်။

လင်းဟာန်က သူ့ရဲ့ လျှပ်စီးဓားသိုင်းကို ထုတ်ဖော်လိုက်ပြီး တိုက်ခိုက်ခြင်း တစ်ခုပဲ လုပ်ပြီးတော့ မခုခံခဲ့ပါဘူး။ သူက သူ့ရဲ့ ထူးကဲတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်ကို အပြည့်အဝ အသားစီး ယူခဲ့ပါတယ်။

ဘယ်သူကမှ ကြောက်မက်ဖွယ်ရာကောင်းတဲ့ တိုက်ခိုက်မှု စွမ်းရည်တွေနဲ့ ပြိုင်ဘက်ကင်းတဲ့ ခုခံနိုင်စွမ်း ရှိတဲ့

Edit with WPS Office

လူတစ်ယောက်ကို ကြာကြာမခံနိုင်ပါဘူး။ ခဏလောက် တိုက်ခိုက်ပြီးတဲ့ နောက်မှာ လင်းဟန်က သူတို့ရဲ့ တိုက်ခိုက်မှုတွေ ကြားကနေ ဖြတ်ပြီးတော့ ဒုတိယမြောက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို ရယူသွားခဲ့ပါတယ်။

အားလုံးရဲ့ အမူအရာတွေ ပြောင်းလဲသွားခဲ့ပါတယ်။

ဒီကောင်စုတ်လေးက အရမ်းကို လွန်နေပါပြီ။ သူက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် နှစ်စက်ကို ရယူသွားခဲ့ပါပြီ။ နောက်ပြီးတော့ ဒါကိုကြည့်ရတာ သူက တတိယမြောက် စတုတ္ထမြောက်ကိုလည်း ရယူနိုင်ပါသေးတယ်။ သူ့မှာ ဆယ်စက်လုံး ရယူနိုင်တဲ့ စွမ်းရည် ရှိနေပါတယ်။

ယန်ပေါင်လို ဘုရင်အဆင့်တွေထဲက ဘုရင်အဆင့်တောင် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်နှစ်စက်ပဲ ရယူနိုင်ခဲ့ပါတယ်။

လင်းဟန်က ဒီအချိန်မှာ ယန်ပေါင်နဲ့ တူညီတဲ့အဆင့်မှာ ရပ်နေပါပြီ။ ဒါကြောင့် သူက စံချိန်ချိုး နိုင်မဲ့

Edit with WPS Office

အခွင့်အရေးလည်း ရှိနေပါတယ်။

ပိုပြီးတော့ ကြောက်မက်ဖွယ်ရာကောင်းမဲ့ ပါရမီရှင် တစ်ယောက် ထွက်ပေါ်လာမှာလား။

အားလုံးရဲ့ အမူအရာတွေက သုန်မှုန်လို့ နေပါတယ်။ ပြီးတော့ မျိုးဆက်ဟောင်း ကျင့်ကြံသူ တချို့ စုဝေးပြီးတော့ တစ်ခုခုကို ဆွေးနွေးနေကြပါတယ်။

ယန်ဟောင်က နတ်ဘုရား အရည်နှစ်စက်ကို ရယူနိုင်စွမ်း ရှိခဲ့ပေမဲ့ သုံးခုမြောက်ကိုတော့ ရယူနိုင်စွမ်း မရှိခဲ့ပါဘူး။ အဲဒါက ဘာဖြစ်လို့လဲ။

အရည်နှစ်စက်ကို ရယူနိုင်စွမ်း ရှိတာက သူ့ရဲ့ တိုက်ပွဲစွမ်းရည်ဟာ သေချာပေါက် အထင်ကြီးစရာ ကောင်းတယ်ဆိုတာကို သက်သေပြနေပါတယ်။ ဒါကြောင့် ဘာဖြစ်လို့ တတိယမြောက် အရည်စက်ကို မရယူနိုင်ခဲ့တာလဲ။

ဘာဖြစ်လို့လဲဆိုတော့ ယန်ဟောင်က ဒုတိယမြောက် နတ်ဘုရား အရည်စက်ကို ရရှိပြီးတဲ့ နောက်မှာ အားလုံးရဲ့

Edit with WPS Office

ပစ်မှတ် ဖြစ်လာလို့ပါပဲ။

သူက ဘယ်လောက်ပဲ ထူးကဲလောက်အောင် ပါရမီရှိနေပါစေ အားလုံးရဲ့ ရန်သူ ဖြစ်လာတာကို ခံနိုင်ရည် မရှိခဲ့ပါဘူး။

အခုဆို မျိုးဆက်ဟောင်း ကျင့်ကြံသူတွေ ပိုပြီးတော့ ဆွေးနွေးလာပြီး လင်းဟာန်ကို အတူတူ တိုက်ခိုက်ဖို့ ပြောဆိုနေကြပါတယ်။ လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က တကယ့်ကို ပြိုင်ဘက်ကင်းပေမဲ့ သူ့ရဲ့ စွမ်းအားကတော့ ပြိုင်ဘက်ကင်း မဟုတ်ပါဘူး။ ဒါကြောင့် သူ့ကို နေရာတခုခုမှာ ပိတ်ဆို့ထားပြီး နတ်ဘုရား အရည်စက်အတွက် တိုက်ခိုက်တာကနေ သူ့ကို တားဆီးနိုင်ပါတယ်။

ဒါပေမဲ့လည်း အကျိုးအမြတ် ခွဲဝေမှုလည်း ပါဝင်နေပါတယ်။

လင်းဟာန်ကို ပိတ်ဆို့ဖို့အတွက် တာဝန်ယူတဲ့ လူတွေက နတ်ဘုရား အရည်စက်အတွက် တိုက်ခိုက်မဲ့ သူတို့ရဲ့ အခွင့်အရေးကို လက်လွှတ်လိုက် ရပါမယ်။ ဒါကြောင့် ဘယ်သူက ဒီနေရာကိုယူဖို့ ဆန္ဒရှိမှာလဲ။

Edit with WPS Office

တတိယမြောက်နေ့ကို ရောက်လာပြီး နောက်ထပ် နတ်ဘုရား အရည်စက် ထွက်ပေါ်လာ ခဲ့ပါတယ်။

ပတ်ဂန်းကျင်က နောက်တစ်ကြိမ် ဂရုန်းသုန်းကား ဖြစ်သွားပြီး အဲဒါက လင်းဟန်အတွက် အရမ်းကို အကျိုးရှိစေပါတယ်။ လေထဲမှာ တိုက်ခိုက်မှုတွေ ပလူပျံနေပြီး ကျင့်ကြံသူတွေက ရွေးချယ်စရာမရှိပဲ အားလိုင်းတွေကို ရှောင်တိမ်းနေရပါတယ်။ ဒါပေမဲ့လည်း လင်းဟန်ကတော့ သူတို့ကို လျစ်လျူရှုပြီးတော့ တည့်တည့်မတ်မတ် ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် သူက အလွယ်တကူနဲ့ တတိယမြောက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို ရယူနိုင်စွမ်း ရှိခဲ့ပါတယ်။

ဒါက သူ့ရဲ့ တတိယမြောက် အစက်ပဲ။

တခြားသူတွေက ဒါကို ဆက်ပြီးတော့ သည်းမခံနိုင်တော့ပါဘူး။ သူတို့က လင်းဟန်ကို ပစ်မှတ်ထားဖို့ အထူးမဟာမိတ် တစ်ခုကို ဖွဲ့လိုက်ပါတယ်။ စတုတ္ထမြောက် နတ်ဘုရား အရည်စက် ထွက်ပေါ်လာတဲ့ အချိန်မှာ မျိုးဆက်ဟောင်း ကျင့်ကြံသူ တစ်ဂက်က သူတို့ရဲ့

Edit with WPS Office

အာရုံကို လင်းဟာန်ဆီ ပြောင်းသွား ကြပါလိမ့်မယ်။ သူတို့နဲ့အတူ ဘုရင်လေးအဆင့် သုံးယောက်ကလည်း လင်းဟာန်ကို ပစ်မှတ်ထား ခဲ့ပါတယ်။

သူတို့က လင်းဟာန်ကို ပိတ်ဆို့ထားတဲ့ အချိန်မှာ ကျန်တဲ့ ကျင့်ကြံသူတွေက အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်ကို တိုက်ခိုက်လုယူ ကြပါလိမ့်မယ်။

Chapter 1190 end

အပိုင်း(1191) နတ်ဘုရား အရည်စက်ကို လက်လွှတ်လိုက်စမ်း

လင်းဟာန်က အရမ်းကို သန်မာပါတယ်။ အရမ်း အရမ်းကို သန်မာပါတယ်။

ဒါပေမဲ့လည်း နေလတစ်ပိုင်းအဆင့် လက်ရွေးစင် ဒါဇင်ပေါင်း များစွာနဲ့ ဘုရင်အဆင့် သုံးယောက်ရဲ့ ပိုင်းရံထားမှုကို ချိုးဖောက်နိုင်ခြင်း မရှိခဲ့ပါဘူး။ တစ်စုံတစ်ယောက်က အရင်းအမြစ် တစ်ထောင် အစစ်အမှန် အရည်စက်ကို ရယူသွားနိုင်တဲ့ အချိန်ထိ တစ်လျှောက်လုံး ပိတ်မိနေခဲ့

Edit with WPS Office

ပါတယ်။ အဲဒီနောက်မှပဲ သူ့ကို ပိတ်ဆို့ထားတဲ့ သူတွေက နောက်ဆုတ်သွား ကြပါတယ်။

ပဋ္ဌမမြောက် နတ်ဘုရား အရည်စစ်ကို ထွက်ပေါ်လာတဲ့ အချိန်မှာ တခြားကျင့်ကြံသူ တစ်ဂက်က သူ့ကို လာပြီးတော့ ပိတ်ဆို့ထားပါတယ်။ အဲဒီအချိန်မှာ မနေ့က သူ့ကို ပိတ်ဆို့ထားတဲ့ လူတွေက နတ်ဘုရား အရည်စစ်အတွက် တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် နေကြပါတယ်။

လင်းဟန်က မှင်တက်အံ့သြ သွားခဲ့ပါတယ်။ သူက တကယ်ပဲ အားလုံးရဲ့ ရန်သူ ဖြစ်လာပါတယ်။

လပြွတ်ပဲ။ မင်းတို့တွေက အရမ်းကို အရှက်ကင်းမဲ့တာပဲ။

ဒါပေမဲ့လည်း တော်တော်ဝေးဝေး နေရာက နတ်ဘုရား အရည်စစ်အတွက် တိုက်ပွဲထဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အရမ်းကို အားနည်းတဲ့ လူတွေကတော့ လင်းဟန်ကို အရမ်းပဲ လေးစားကြည်ညို နေကြပါတယ်။

သူက တစ်ယောက်တည်းသမား ဖြစ်ပါတယ်။ သူက လက်ရွေးစင်တွေ အားလုံး ပူးပေါင်းပြီးတော့ သူ့ကို

Edit with WPS Office

ပစ်မှတ်ထား တိုက်ခိုက်လာနိုင်တဲ့အထိ ဖိအားပေးနိုင်အောင် အစွမ်းထက်ပါတယ်။ ဒါကြောင့် သူတို့က ကျင့်ကြံသူ တစ်ဂက်လောက်ကို သူ့ကို ပိတ်ဆို့ဖို့ စေလွှတ်ခဲ့ရပါတယ်။ နောက်ပြီးတော့ ဘုရင်လေးအဆင့်တွေတောင် မဟာမိတ်ဖွဲ့ပြီး ပူးပေါင်းရပါတယ်။ လင်းဟန်ရဲ့ ခွန်အားနဲ့ ပတ်သက်ပြီး ဘာများပြောနေရဦးမှာလဲ။

ယန်ဟောင်တောင်မှ ဒီလိုမျိုး အထူးတလည် ဆက်ဆံခံရခြင်း မရှိခဲ့ပါဘူး။ အားလုံးရဲ့ တိုက်ခိုက်မှုကို ခံရပြီးတဲ့ နောက်မှာတော့ သူက ဖိအားပေးခံရပြီး နောက်ဆုတ်သွား ရပါတယ်။

လင်းဟန်ကတော့ အနည်းဆုံး တောင်မြစ်အဆင့်ထဲမှာ ယန်ဟောင်ကို ကျော်လွန်သွား ခဲ့ပါပြီ။ ဒါကြောင့် သူ့ကို သမိုင်းထဲမှာ အစွမ်းထက်ဆုံး တောင်မြစ်အဆင့် ကျင့်ကြံသူလို့ ပြောနိုင်ပါတယ်။

ဆဌမမြောက် အရည်စက်၊ သတ္တမမြောက် အရည်စက်။

လက်ရွေးစင်တွေက အလှည့်ကျ သူတို့ရဲ့ တာဂန်ကို

Edit with WPS Office

ထမ်းဆောင်ပြီး လင်းဟာန်ကို သူရပ်နေတဲ့ နေရာမှာပဲ ပိတ်ဆို့ထား ခဲ့ပါတယ်။ သူတို့က သူ့ကို အသေးစား ဒဏ်ရာတွေ ဖြစ်စေနိုင်ပေမဲ့ ကျင့်ကြံသူတွေရဲ့ အရေအတွက်က လင်းဟာန်ကို ဘယ်နေရာမှာမှ လှုပ်ရှားနိုင်စွမ်း မရှိအောင် လုပ်ခဲ့ပါတယ်။

ဘယ်လောက် ဒေါသထွက်စရာ ကောင်းလိုက်လဲ။

ဘာဖြစ်လို့ လူတွေက ရုတ်တရက်ကြီး အရမ်းကို စည်းလုံးလာတာလဲ။

လင်းဟာန်က အရမ်းကို ဒေါသထွက် နေပါတယ်။ ဒါပေမဲ့လည်း ကျင့်ကြံသူတွေက သူ့ကို အခွင့်အရေး တစ်ခု မပေးပဲ အလုည့်ကျ အဆက်မပြတ် လည်ပတ်နေခဲ့ပါတယ်။ ဒဿမမြောက် နတ်ဘုရား အရည်စက် ပေါ်လာတဲ့ အချိန်မှာတော့ သူ့ကို ပိတ်ဆို့ဖို့အတွက် တာဝန်ယူထားတဲ့ လူတွေက သူတို့ရဲ့ တာဝန်တွေကို စွန့်လွှတ်လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆယ့်တစ်စက်မြောက် နတ်ဘုရား အရည်စက် ရှိလာလိမ့်မှာ မဟုတ်ပါဘူး။ တကယ်လို့ သူတို့က လင်းဟာန်ကိုပဲ အာရုံစိုက်နေမယ်ဆိုရင် နတ်ဘုရား

Edit with WPS Office

အရည် တစ်စက်ကို ရယူဖို့ နောက်ဆုံး အခွင့်အရေး ဆုံးရှုံးနစ်နာ သွားပါလိမ့်မယ်။

ဂရုန်းသုန်းကား အခြေအနေ တစ်ခုက နောက်တစ်ကြိမ် ဖြစ်ပေါ်လာပါတယ်။

လင်းဟန်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပါတယ်။ ဒါက သူလိုချင်တဲ့ အရာပါပဲ။ သူက နတ်ဘုရား အရည်စက်ဆီ တစ်ဟုန်ထိုး ပြေးဝင်သွားပြီး သူ့ရဲ့ ဓားတိုက်ခိုက်မှုတွေနဲ့ မျိုးဆက်ဟောင်း ကျင့်ကြံသူ တစ်ယောက်ကို ခုတ်ထစ်လိုက်ပါတယ်။ တကယ်လို့ ဘုရင်လေးအဆင့် တစ်ယောက်နဲ့ တွေ့ဆုံတဲ့ အခါမှာ သူက သူတို့ရဲ့ တိုက်ခိုက်မှုတွေကို ရိုးရိုးလေးပဲ တစ်ဟုန်ထိုး ပြေးဝင်ပြီး ဖြတ်ကျော်သွားပါတယ်။

ပြင်းထန်တဲ့ တိုက်ပွဲက အချိန်အတိုင်းအတာ တစ်ခု ကြာမြင့်ပြီးတဲ့ နောက်မှာတော့ စတုတ္ထမြောက် အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်ကို လင်းဟန်က အောင်အောင်မြင်မြင် ရရှိသွားခဲ့ပြီး စံချိန်အသစ် တင်နိုင်ခဲ့ပါတယ်။

Edit with WPS Office

သူ တစ်ယောက်တည်းနဲ့ နတ်ဘုရား အရည်စက်ပမာဏ တစ်ဂက်နီးပါး ရရှိခဲ့ပါတယ်။ ဒါက လုံးဂကို ထူးခြားဆန်းကြယ် လွန်းပါတယ်။ ဒါက ဘယ်သူမှ ချိုးဖျက်နိုင်မှာ မဟုတ်တဲ့ စံချိန် တစ်ခုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီလို့ပုက်ဆန်းကြယ်ဘုံ တည်ရှိနေသရွေ့ လူတွေက အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက်နဲ့ ပတ်သက်ပြီး ပြောတဲ့အချိန်တိုင်း လင်းဟာန်ရဲ့ အကြောင်းကို ထည့်သွင်းပြောဆို ကြပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် လင်းဟာန်ဆီက နတ်ဘုရား အရည်စက်ကို လုယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်သူကများ သူ့ခံစစ်ကို ချိုးဖျက်နိုင်မှာလဲ။

ဒီနေရာမှာ အမိန့်စာလွှာတွေရဲ့ စွမ်းအားကိုတောင် ကန့်သတ်ထားပါတယ်။ ဒါကြောင့် လင်းဟာန်ရဲ့ ခံစစ်က တကယ့်ကို ပြိုင်ဘက်ကင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျင့်ကြံသူတွေက ထွက်မသွားခင် သူ့ကို လေးလေးနက်နက်နဲ့ ကြည့်သွားပါတယ်။ အဲဒီအချိန်မှာ

Edit with WPS Office

လူတော်တော်များများက သူနဲ့ ရင်းနှီးမှုရှိအောင် လုပ်မထားသင့်ဘူးလားဆိုပြီး စဉ်းစားနေပါတယ်။ သူက ကြယ်ပွင့်သစ် ပါရမီရှင် တစ်ယောက် ဖြစ်ပြီးတော့ သူ့ရဲ့ အနာဂတ် အောင်မြင်မှုတွေက ယန်ပောင်အောက် နိမ့်ကျလိမ့်မှာ မဟုတ်ပါဘူး။

"အစ်ကိုလင်း ငါတို့တွေ သဘောတူထားတဲ့ နေရာမှာ ပြန်ဆုံကြမယ်"

ရှမ်ကျူအာ၊ ဟဲထောင်နဲ့ တခြားသူတွေလည်း ထွက်သွားကြပါပြီ။

ဘုရင်အဆင့်တွေက ဘုရင်အဆင့်ပါပဲ။ ပူကျဲက လွဲပြီးတော့ ကျန်တဲ့ဘုရင်အဆင့် ငါးယောက်လုံး အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်စက် တစ်စက်စီ ရရှိခဲ့ပါတယ်။ ဒါက သူတို့ရဲ့ ခွန်အားကို ဖော်ပြနေပါတယ်။ ဒါပေမဲ့လည်း ပူကျဲက အထွတ်အထိပ် အဆင့်ကို ရောက်တာ သိပ်မကြာသေးပါဘူး။ ဒါကြောင့် သူ့ရဲ့ ခွန်အားက တခြားသူတွေအောက်မှာ အဝေးကြီး ကျန်နေပါတယ်။ ဒါကြောင့် သူက ဘာမှရအောင် မယူနိုင်ခဲ့ပါဘူး။

Edit with WPS Office

ဘယ်လိုပဲဖြစ်ဖြစ် ဘုရင်အဆင့် ခြောက်ယောက်
ပူးပေါင်းတာတောင် လင်းဟန်ထက် အရင်းအမြစ်
တစ်ထောင် အစစ်အမှန် အရည်စက် တစ်စက်ပဲ ပိုပြီးတော့
ရအောင် ယူနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူနဲ့ နှိုင်းယှဉ်လိုက်ရင်
သူတို့ရဲ့ အောင်မြင်မှုက မှေးမှိန်သွားပါတယ်။

လင်းဟန်က သူတို့ကို ခေါင်းညိတ်ပြီးတော့
တုံ့ပြန်လိုက်ပါတယ်။ နတ်ဘုရား အရည်စက်အတွက်
တိုက်ခိုက်တာနဲ့ ရတနာသိုက်ကို ဖွင့်ဖို့အတွက် သူတို့နဲ့
ပူးပေါင်းတဲ့ ကိစ္စက တခြားစီပါပဲ။

လင်းဟန်က မသင့်တော်တဲ့ နည်းဗျူဟာတွေ
အသုံးမပြုသရွေ့ ခင်ခင်မင်မင်နဲ့ ယှဉ်ပြိုင်မှုကို
ကြိုဆိုပါတယ်။

“ဟန်လင်း”

လူရှစ်ယောက် ထွက်ပေါ်လာခဲ့ပြီး သူတို့ထဲက
ခုနစ်ယောက်က အရမ်းကို ငယ်ရွယ်ပါတယ်။ သူတို့ထဲက
တစ်ယောက်ကတော့ အသက်ကြီးနေပြီ ဖြစ်ပြီးတော့

Edit with WPS Office

သူ့ရဲ့ကိုယ်ပိုင် ကျင့်ကြံခြင်းကို ထိခိုက်ထားတယ့် လက်ရွေးစင် တစ်ယောက် ဖြစ်ပါတယ်။ သူက ဒီအချိန်မှာ တားမြစ်ဆေး တစ်ခုကို သုံးစွဲထားတာကြောင့် သူ့ရဲ့စွမ်းအားက နေလအဆင့်နီးပါးမှာ ရှိပါတယ်။ သူ့ခန္ဓာကိုယ်ကနေ အထင်ကြီးစရာ အရှိန်အဝါတစ်ခု ထွက်ပေါ်လို့ နေပါတယ်။

သူ့ရဲ့ကိုယ်ပိုင် စွမ်းရည်ကို ဖိနှိပ်ထိန်းချုပ်ထားတဲ့ ရလဒ်တစ်ခုပဲ ဖြစ်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ စွမ်းအားက သေချာပေါက် နေလအဆင့်ကို ရောက်နေပါလိမ့်မယ်။ တကယ်လို့ ဒီလိုသာဆိုရင် သူ့ရဲ့တိုက်ပွဲစွမ်းရည်က အရည်အသွေး ပြောင်းလဲမှုတစ်ခု ဖြစ်သွားပါလိမ့်မယ်။

ဘာဖြစ်လို့ လူတွေက ကြယ်ကိုးပွင့် စွမ်းအားတစ်ခုဟာ နေလအဆင့် လက်ရွေးစင်တွေကို ရင်ဆိုင်တိုက်ခိုက်နိုင်ခြင်း မရှိဘူးလို့ ပြောရတာလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ကြယ်ဆယ်ပွင့်ရဲ့ စွမ်းအားတစ်ခု ပိုင်ဆိုင်ဖို့ လိုအပ်ပါတယ်။

အဲဒါက ဘာဖြစ်လို့လဲဆိုတော့ ကြယ်တစ်ပွင့် ကွာခြားမှုက

Edit with WPS Office

ခွန်အားမှာ အပြောင်းအလဲ ဖြစ်သွားနိုင်ပါတယ်။

တကယ်လို့ လူတစ်ယောက်က ကြယ်ဆယ်ပွင့်ကို မရောက်နိုင်ခဲ့ဘူးဆိုရင် သူတို့ကို နေလတစ်ပိုင်း လက်ရွေးစင်တွေလို့ပဲ ခေါ်ဆိုနိုင်ပါတယ်။

"မင်းရဲ့ လုပ်ဆောင်ချက် အရမ်းကောင်းတယ်"

လူကြီးက ပြောလိုက်ပြီး သူ့မျက်နှာပေါ်မှာ ဘဂမြင့်တဲ့ အမူအရာတစ်ခု ရှိနေပါတယ်။

မင်းတို့တွေက ဘယ်သူလဲ။ ငါတို့တွေက ရင်းနှီးနေတဲ့ ပုံစံမျိုး လာလုပ်နေတာပဲ။ ပြီးတော့ မင်းက ငါ့ရဲ့စီနီယာ တစ်ယောက်လိုမျိုးတောင် စကားပြောနေတယ်။ ဒါက နည်းနည်းလေးတော့ အရှက်မရှိဘူးလို့ မထင်မိဘူးလား။

"သခင်လေးက မင်းကို အရမ်းစိတ်ကျေနပ် နေမှာပါ"

လူကြီးက သူ့စကားကို ဆက်လိုက်ပါတယ်။

"အခု မင်း အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်သုံးစက်ကို ငါ့ကိုပေးနိုင်ပြီ"

Edit with WPS Office

အိုး ဒါဆိုရင် ဒီလူတွေက ကောင်းအဖွဲ့က လူတွေပေါ့။

နောက်ဆုံးတော့ လင်းဟန်က အခြေအနေကို နားလည်သဘောပေါက် သွားခဲ့ပါပြီ။ သူတို့ကိုယ် သူတို့ အရမ်းကို ကောင်းမွန်နေသလို ခံစားနေတာ အံ့သြစရာ မရှိပါဘူး။ သူတို့က ကောင်းဟွမ်ရဲ့ နောက်လိုက်ငယ်သားတွေ ဖြစ်ပါတယ်။ သူက ရယ်လိုက်မိပြီးတော့ ပြောလိုက်တယ်။

"မင်းတို့မှာ ဦးနှောက်ရော ရှိရဲ့လား။ ငါက ဘာဖြစ်လို့ နတ်ဘုရား အရည်စက်တွေကို မင်းတို့ကို ပေးရမှာလဲ"

လူကြီးက နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ဟန်လင်း ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ မင်းကပြိုင်ဘက်ကင်းလို့ မထင်လိုက်နဲ့။ တကယ်လို့ ငါ့ရဲ့ ခွန်အားအစစ်အမှန်ကို ထုတ်ဖော်လိုက်ရင် မင်းရဲ့ ဘာမဟုတ်တဲ့ စွမ်းအားက ငါ့ကို တားနိုင်လိမ့်မှာ မဟုတ်ဘူး"

ကောင်းဟွမ်က လင်းဟန်ကို အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်သုံးစက် လိုချင်တယ်လို့ ပြောခဲ့တဲ့

Edit with WPS Office

အချိန်တုန်းက သာမန်ကာလျှံကာ ပြောလိုက်တာပါပဲ။ အမှန်တော့ တကယ်လို့ လင်းဟန်က အရည်တစ်စက်ပဲ ရယူနိုင်စွမ်း ရှိခဲ့မယ် ဆိုရင်တောင် သူက စိတ်ကျေနပ် ပါလိမ့်မယ်။ ဒါပေမဲ့လည်း လင်းဟန်က အရမ်းကို ထူးခြားဆန်းကြယ် နေလိမ့်မယ်လို့ ဘယ်သူက သိနိုင်မှာလဲ။ သူက တကယ်ပဲ နတ်ဘုရား အရည်စက် လေးစက်ရအောင် လို့ ယူနိုင်ခဲ့ပါတယ်။ ဒီလူကြီးတောင် ဒါကို ယုံကြည်လို့ ရနိုင်ရုံမျှပဲ ရှိပါတယ်။

ဒီလူကြီးနာမည်က ရှီမန်လို့ ခေါ်ပါတယ်။ သူက ကောင်းအဖွဲ့ရဲ့စီနီယာ အဖွဲ့ဝင် တစ်ယောက် ဖြစ်ပါတယ်။ သူက ဒီစမ်းချောင်းဂါ လျှို့ဝှက်ဆန်းကြယ်ဘုံထဲကို အကြိမ်တော်တော်များများ ဝင်ခဲ့ဖူးပေမဲ့ အရင်းမြစ်တစ်ထောင် အစစ်အမှန် အရည်စက် တစ်စက်ကိုတောင် ရအောင်လို့ မယူနိုင်ခဲ့ပါဘူး။ တကယ်လို့ ဒီတစ်ကြိမ် အရည်သုံးစက်နဲ့အတူ ပြန်လာနိုင်မယ်ဆိုရင် သူက အရမ်းကို ကြီးမားတဲ့ အကျိုးဆောင်မှုကြီး တစ်ခုကို ပြုလုပ်လိုက်တာပါပဲ။ သူ့အနာဂတ်နဲ့ ပတ်သက်ပြီး

Edit with WPS Office

ပြောစရာမရှိပါဘူး။ သူက သူ့ကိုယ်ပိုင် ကျင့်ကြံခြင်းကို ထိခိုက်ထားခဲ့ပါတယ်။ ဒါပေမဲ့ သူ့မှာ မျိုးဆက်တွေ အများကြီး ရှိနေပါသေးတယ်။ တကယ်လို့ ဒီလိုမျိုး ကြီးမားတဲ့ အကျိုးဆောင်မှု တစ်ခုကို လုပ်နိုင်ခဲ့ရင် သူ့မျိုးဆက်တွေကို ကောင်းအဖွဲ့က ကောင်းကောင်းကြီး ကြည့်ရှုစောင့်ရှောက် ပေးပါလိမ့်မယ်။ ဒါကြောင့် သူတို့ရဲ့ အရှေ့မှာ မယုံနိုင်စရာကောင်းတဲ့ တောက်ပသော အနာဂတ်တစ်ခု ရှိနေပါလိမ့်မယ်။

သူ့ရဲ့မျိုးဆက်တွေ အတွက် သူက လင်းဟာန်ကို ဖိအားပေးပြီး အလျှော့ပေးအောင် လုပ်ရပါမယ်။

လင်းဟာန်က ထူးဆန်းစွာ ပြုံးပြီးတော့ မေးလိုက်ပါတယ်။

"ခင်ဗျားက ကျုပ်ကို ခြိမ်းခြောက်နေတာလား"

"ဒါက ခြိမ်းခြောက်နေတာ မဟုတ်ဘူး။ ဒါက အမှန်တရားပဲ"

ရှီမန်က နှာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ငါ့ရဲ့အစစ်အမှန် ခွန်အားကို ထုတ်ဖော်လိုက်မယ်ဆိုရင် ငါ့ရဲ့ တိုက်ပွဲစွမ်းရည်က

Edit with WPS Office

နေလအဆင့်ကို တက်သွားလိမ့်မယ်။ တကယ်လို့ ဒီနေရာမှာ အဲဒီလို စွမ်းအားမျိုး သုံးလိုက်မယ်ဆိုရင် ငါလည်း အသတ်ခံရနိုင်တယ်"

"အိုး ခင်ဗျားက သေရမှာ မကြောက်ဘူးလို့ ပြောနေတာလား"

လင်းဟန်က မေးလိုက်ပါတယ်။

ရှီမန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"သေရမှာ မကြောက်တဲ့လူ ဘယ်မှာရှိလို့လဲ။ ဒါပေမဲ့လည်း ငါက သေတဲ့အထိ တိုက်ခိုက်ဖို့ ဆန္ဒရှိတယ်။ ဒါပေမဲ့ မင်းမှာရော"

သူက သူ့ရဲ့မျှော်လင့်ချက်တွေ အားလုံးကို သူ့မျိုးဆက်တွေ အပေါ်မှာ ပုံထားလိုက်ပါပြီ။ ဒါကြောင့် သူတို့အတွက် ချောမွေ့တဲ့ လမ်းကြောင်းတစ်ခု ဖြစ်လာဖို့ အသေခံဖို့တောင် စိတ်ကူးရှိပါတယ်။

လင်းဟန်က သက်ပြင်းချပြီးတော့ ပြောလိုက်တယ်။

"ခင်ဗျားက တကယ့်ကို သနားစရာကောင်းတယ် ဆိုတာကို

Edit with WPS Office

ကျုပ်သိလိုက်ပြီ။ ခင်ဗျားရဲ့ ဘဝတစ်လျှောက်လုံး အစေခံတစ်ယောက် ခွေးတစ်ကောင် ဖြစ်ခဲ့ပြီဆိုတော့ ခင်ဗျားကိုယ် ခင်ဗျား ဘယ်လိုလုပ် အသက်ဆက်ရှင်ချင်တော့မှာလဲ"

"စကားလမ်းကြောင်းမလွှဲနဲ့"

ရှီမန်က လင်းဟာန်ကို လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

"နတ်ဘုရား အရည်သုံးစက်ကို ချက်ချင်းပေးလိုက်စမ်း။ မင်းအတွက် အရည်တစ်စက် သိမ်းထားဖို့ ငါခွင့်ပြုပေးမယ်။ မင်းက ငယ်ပါသေးတယ်။ မင်းမှာ ဒီနေရာကို ဂင်ဖို့ အခွင့်အရေးတွေ အများကြီး ရှိသေးတယ်။ ဒါကြောင့် မင်းက တခြားရှေးဟောင်းနယ်မြေတွေ အများကြီးကိုလည်း ဂင်နိုင်တယ်။ မင်းရဲ့အသက်ကို ဒီနေရာမှာ ဆုံးရှုံးသွားဖို့ မလိုပါဘူး"

လင်းဟာန်က ပြုံးပြီးတော့ သူ့ခေါင်းကို ခါရင်းနဲ့ ပြောလိုက်တယ်။

"ဓားပြတွေက ဘာလို့ အရမ်းကို နားမလည်နိုင်အောင်

Edit with WPS Office

ဖြစ်နေတာလဲ။ ဒါပေမဲ့လည်း ခင်ဗျားက ခင်ဗျားရဲ့ သဘာဝကို ဓားပြတစ်ယောက် ပြောသလိုမျိုး မပြောင်းလဲနိုင်တာတော့ သနားစရာပဲ”

“မင်းက အရမ်းကို ခေါင်းမာနေမှတော့”

ရှီမန်က အသက်ကို ခပ်ပြင်းပြင်းတစ်ချက် ရှူလိုက်ပြီး သူ့မျက်နှာပေါ်မှာ ဆုံးဖြတ်ချက် ပြတ်သားတဲ့ အမူအရာတစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

တကယ်လို့ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ အစီအရင်တွေက သူ့ကို ပစ်မှတ်ထားမယ် ဆိုရင်တောင် သူက လင်းဟာန်ကို ဖိနှိပ်ထိန်းချုပ်ဖို့ နေလအဆင့် စွမ်းအားကို ထုတ်ဖော်ဖို့ ပြင်လိုက်ပါတယ်။

သူ့ရဲ့ ရည်မှန်းချက် အောင်မြင်ဖို့ သေဖို့စိတ်ကူး ရှိပါတယ်။

“မင်းကို ငါလိုက်ပို့ပေးမယ်”

ဘုန်း။

ရှီမန်က တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်လိုက်ပြီး ပတ်ဝန်းကျင်မှာ နေလအဆင့် စွမ်းအား ပေါက်ကွဲထွက်ပေါ်

Edit with WPS Office

လာခဲ့ပါတယ်။ လေထဲမှာ ချက်ချင်းဆိုသလို နတ်ဘုရား
သင်္ကေတ တစ်ရာကျော် စုဖွဲ့လာခဲ့ပါတယ်။

ဒါက အရည်အသွေး ပြောင်းလဲမှု တစ်ခု ဖြစ်ပါတယ်။

တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ်မှာရှိတဲ့ လူတွေတောင်
နတ်ဘုရား သင်္ကေတ ကိုးဆယ့်ကိုးခုပဲ လက်ကိုင်ဆွဲထား
နိုင်ပါတယ်။ နေလအဆင့်ကို အဆင့်တက်သွားတဲ့ လူတွေပဲ
နတ်ဘုရား သင်္ကေတ တစ်ရာကျော်ကို ပိုင်ဆိုင်နိုင်တာပါ။
တစ်ခုတည်းသော ကွာခြားမှုက နေလအဆင့်နဲ့
တောင်မြစ်အဆင့်ရဲ့ နတ်ဘုရား သင်္ကေတတွေ အကြားက
အရည်အသွေး ကွာခြားမှုပဲ ဖြစ်ပါတယ်။
တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်မှာရှိတဲ့
နတ်ဘုရား သင်္ကေတတွေက နေလအဆင့်မှာရှိတဲ့
နတ်ဘုရား သင်္ကေတတွေထက် အရည်အသွေးမှာ
ညံ့ဖျင်းပါတယ်။

နတ်ဘုရား သင်္ကေတတွေရဲ့ စွမ်းအားနဲ့ အရည်အသွေးက
မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားနဲ့
ဆုံးဖြတ်ပါတယ်။ လူတစ်ယောက်ရဲ့ အဆင့်က ပိုမြင့်လေ

Edit with WPS Office

သူတို့ရဲ့ နတ်ဘုရား သင်္ကေတရဲ့ အရည်အသွေးတွေ ပိုမြင့်ပါတယ်။

Chapter 1191 end

အပိုင်း(1192) စက်ဆုပ်ဖွယ်ရာ ဂျင်းဆင်းရဲ့ ကမ်းလှမ်းမှု

ရှီမန်က လျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ အစီအရင်တွေက ပစ်မှတ်ထားမှာကို ဂရုမစိုက်ပဲ သူ့ရဲ့ တိုက်ပွဲစွမ်းရည်ကို အပြည့်အဝ ထုတ်ဖော်လိုက်ပါတယ်။ သူက နေလအဆင့်ရဲ့ ကနဦး အဆင့်မှာရှိတဲ့ လက်ရွေးစင် တစ်ယောက်လို သူ့ရဲ့ ခွန်အားတွေကို ပြန်လည်ရရှိ လာခဲ့ပါတယ်။

ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ ဒါက သေချာပေါက် ပြိုင်ဘက်ကင်းတဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။

ဟုန်း။

လင်းဟာန်က ရှီမန်ရဲ့ တိုက်ခိုက်မှုကြောင့် လွင့်ထွက်သွားခဲ့ပါတယ်။ သူက နေရထိုင်ရတာ အရမ်းကို သက်တောင့်သက်သာ မရှိသလို ခံစားရပြီး သူ့ခန္ဓာကိုယ် အတွင်းက ကလီစာတွေ ပြောင်းပြန်လှန်သွားသလို

Edit with WPS Office

ခံစားလိုက်ရပါတယ်။

သူက ကြယ်ကိုးပွင့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပေမဲ့ အဲဒါက ကြယ်ဆယ်ပွင့်ကို ရောက်ဖို့ လိုပါသေးတယ်။ ဒီအကွာအဝေး သေးသေးလေးက မယုံနိုင်စရာကောင်းတဲ့ ကွာဟချက် တစ်ခုနဲ့ တူပါတယ်။ ကြယ်ကိုးပွင့်ရဲ့စွမ်းအားက တောင်မြစ်အဆင့်မှာပဲ ရှိနေပါသေးတယ်။ ကြယ်ဆယ့်ပွင့် စွမ်းအားတစ်ခုပဲ နေလအဆင့်ကို အဆင့်တက် နိုင်ပါတယ်။

လင်းဟန်လို ထူးကဲလွန်းတဲ့ လူတစ်ယောက်တောင် တောင်မြစ်အဆင့်နဲ့ နေလအဆင့် အကြားက ကွာဟချက်အတွက် ဘာမှမလုပ်နိုင်ပါဘူး။ သူက နေလအဆင့် လက်ရွေးစင်တွေအတွက် ပြိုင်ဘက်မဟုတ်ပါဘူး။

ဒီတစ်ကြိမ်ကမ်ာ သူက ခြသေ့်တံဆိပ်ကို နည်းနည်းလေးမှ အသုံးမပြုခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ သူ့မှာ တစ်ခုရှိနေသေးတယ် ဆိုရင်တောင် ခြသေ့်တံဆိပ်ကို အသုံးပြုဖို့လိမ့်မှာ မဟုတ်ပါဘူး။ အစီအရင်တွေက နေလအဆင့် စွမ်းအားကို ပိုင်ဆိုင်ထားတဲ့ လူတိုင်းကို

Edit with WPS Office

ပစ်မှတ်ထားပါလိမ့်မယ်။ သူ့အနေနဲ့ ပစ်မှတ်ထား တိုက်ခိုက်ခံရတာကို မလိုချင်ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ရှီမန်က နေလအဆင့် စွမ်းအားတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူ့ရဲ့ စွမ်းအားက ကနဦး အဆင့်မှာပဲ ရှိပါတယ်။ ပြီးတော့ အများဆုံး အဲဒါက လင်းဟာန်ကို သေးတချို့ အန်သွားအောင်ပဲ လုပ်နိုင်ပါတယ်။ တကယ်လို့ လင်းဟာန်ကို အမှန်တကယ် ခြိမ်းခြောက်ချင်ရင် သူ့အနေနဲ့ နေလအဆင့်ရဲ့ ပြင်းထန်အလယ်အလတ် စွမ်းအားကို လိုအပ်ပါလိမ့်မယ်။

လင်းဟာန်က ဘာမှမဖြစ်တဲ့ ပုံစံနဲ့ ကုန်းရုန်းပြီးတော့ ထလာခဲ့ပါတယ်။ သူ့ကိုယ်ပေါ်က ဖုန်တွေကို ခါပြီးတော့ ပြုံးပြုံးလေးနဲ့ ပြောလိုက်တယ်။

"ခင်ဗျားက အရင်ကထက် နည်းနည်းလေး ပိုပြီးတော့ အစွမ်းထက်လာတာပဲ။ ဒါပေမဲ့ ကျုပ်ကို ဒဏ်ရာရအောင် လုပ်ဖို့ဆိုရင်တော့ ဒီလောက်နဲ့ မလုံလောက်သေးဘူး"

လပြွတ် သောက်ကျိုးနည်း။

Edit with WPS Office

ရှီမန်က အရမ်းကို အံ့အားသင့်ပြီး သူ့မျက်လုံးတွေ ပြူတ်ထွက်လုနီးပါး ပြူးလာခဲ့ပါတယ်။ လင်းဟန်က သူ့ရဲ့ အစွမ်းကုန် တိုက်ခိုက်မှုကို ခံယူပြီးတော့ အခုလိုမျိုးပဲ ဖြစ်နေတာလား။

ဒါက တောင်မြစ်အဆင့် ဘယ်သူ့ကိုမဆို သတ်ပစ်ဖို့ လုံလောက်အောင် အစွမ်းထက်တဲ့ နေလအဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ခိုက်မှု ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုလုပ်ပြီး လင်းဟန်ကို ရင်ဆိုင်လို့ မရနိုင်တာလဲ။

သောက်ကျိုးနည်း။ သူက တကယ့်ကို လူထူးလူဆန်း တစ်ယောက်ပဲ။

"အား"

ရှီမန်က နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားလိုက်ပါတယ်။

နေလအဆင့် တိုက်ခိုက်မှု တစ်ခုကို ထုတ်ဖော်ပြီးတဲ့ နောက်မှာ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက အစီအရင်တွေရဲ့

Edit with WPS Office

ချက်ချင်းပစ်မှတ်ထား တိုက်ခိုက်မှုကို ခံလိုက်ရပါတယ်။

ဖူး ဖူး ဖူး။

သူ့ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်း အားလုံးကနေ
သွေးတွေပန်းထွက်လာပြီး ချက်ချင်းဆိုသလို
သွေးတွေပေကျံနေတဲ့ လူတစ်ယောက် ဖြစ်လာပါတယ်။

ဒါပေမဲ့လည်း နာကျင်မှုက သူ့ရဲ့အသိစိတ်တွေ
ပြန်ရလာအောင် ကူညီပေးပြီး သူက လင်းဟန်ကို
ဆိုးယုတ်တဲ့ အကြည့်နဲ့ စိုက်ကြည့်နေပါတယ်။
သူ့ခန္ဓာကိုယ်ကနေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေ တစ်ဟုန်ထိုး
ထွက်ပေါ်နေပါတယ်။

သူက ဒီပါရမီရှင်ကို သတ်ပစ်ဖို့ လုပ်ခဲ့ပြီး
သူ့မျိုးဆက်တွေအတွက် လမ်းကောင်းတစ်ခုကို ဖောက်လုပ်ဖို့
လုပ်ခဲ့ပါတယ်။

"သေစမ်း"

သူက သွေးတွေ ပေကျံလျက်သားနဲ့ နောက်ထပ်တိုက်ခိုက်မှု
တစ်ခုကို လင်းဟန်ဆီ ထုတ်ဖော် တိုက်ခိုက် လိုက်ပါတယ်။

Edit with WPS Office

သူက အစီအရင်တွေရဲ့ တိုက်ခိုက်မှုကို ရင်ဆိုင်ဖို့ သူ့ရဲ့သွေး အဆီအနှစ်တွေကို လောင်ကျွမ်းစေခဲ့ပြီး အဲဒါက လင်းဟန်ကို ဖိနှိပ်ဖို့ လုံလောက်တဲ့ စွမ်းအား တစ်ခု သူ့မှာ ရှိနေခွင့် ပြုခဲ့ပါတယ်။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။ သူကလွဲပြီး ဘယ်သူမှ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က ဘယ်လောက်အစွမ်းထက်တယ် ဆိုတာကို နားမလည်ပါဘူး။

ရှီမန်က သူ့ကို နေလအဆင့် ကနဦးမှာရှိတဲ့ စွမ်းအားနဲ့ သတ်ချင်နေတာလား။

ဒါက မလုံလောက်ပါဘူး။

လင်းဟန်က သူ့ရဲ့ အံ့ဖွယ်နတ်ဆိုးဓားကို ဆွဲထုတ်ပြီး ရှီမန်ကို ရင်ဆိုင်တိုက်ခိုက် လိုက်ပါတယ်။

ထန် ထန် ထန် ထန်။

ရှီမန်က သူထုတ်ဖော်တဲ့ တိုက်ခိုက်မှုတိုင်းမှာ လင်းဟန်ကို လွင့်ထွက်သွားအောင် လုပ်နိုင်စွမ်း ရှိပါတယ်။ အဲဒါက သူ့ရဲ့ ကျင့်ကြံခြင်းအဆင့် အားသာချက်ကြောင့် ဖြစ်ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း တိုက်ခိုက်မှု အများစုက လင်းဟန်ကို ပါးစပ်အပြည့် သွေးတစ်လုတ်ပဲ အန်အောင်လို့ လုပ်နိုင်ပါတယ်။ အဲဒီအချိန်မှာတော့ ရှီမန်ရဲ့ အခြေအနေက ပိုပိုပြီးတော့ ဆိုးဝါးလာပါတယ်။ အစီအရင်ရဲ့ တိုက်ခိုက်မှုတွေက သူ့အတွင်းကလီစာတွေကို အဆက်မပြတ် ထိခိုက်ဒဏ်ရာ ရစေခဲ့ပါတယ်။

ဂုန်း။

တိုက်ကွက်ပေါင်း နှစ်ဆယ်မြောက် အရောက်မှာတော့ သူက လင်းဟန်ကို လက်သီးတစ်လုံး ပစ်သွင်းလိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့လက်မောင်း တစ်ခုလုံး သွေးတိမ်တိုက် တစ်ခုနဲ့ အရိုးအပိုင်းအစတွေ အဖြစ်ကို ပေါက်ကွဲထွက် သွားခဲ့ပါတယ်။ နေလအဆင့် လက်ရွေးစင်တွေရဲ့ စွမ်းအားက အရမ်းကို အစွမ်းထက်ပါတယ်။ ဒီသွေးတိမ်တိုက်နဲ့ အရိုးအပိုင်းအစတွေမှာ ကြောက်မက်ဖွယ်ရာ ဖျက်ဆီးခြင်း စွမ်းရည်တစ်ခု ပိုင်ဆိုင်ထားဆဲပါပဲ။

ကောင်းအဖွဲ့က အဖွဲ့ဝင် အနည်းငယ်က အနီးအနားမှာ

Edit with WPS Office

ရပ်နေကြပြီး သူတို့အားလုံး သွေးတွေ အရိုးတွေရဲ့
ထိမှန်မှုကို ချက်ချင်းပဲ ခံလိုက်ရပါတယ်။ လူတစ်ယောက်ပဲ
အသက်ရှင်လျက် လွတ်မြောက်သွားပြီး ကျန်တဲ့သူ အားလုံး
တစ်ခါတည်း အသတ်ခံလိုက် ရပါတယ်။

ဒါပေမဲ့လည်း ရှီမန်က စွမ်းရည်တွေ ကုန်ဆုံးသွားပါပြီ။
သူ့စိတ်ထမြှာ လင်းဟန်ကို သတ်ဖို့ အတွေး တစ်ခုတည်းပဲ
ရှိပါတယ်။ ဒါကြောင့် သူက လင်းဟန်ကို ထိန်းချုပ်မှု မရှိပဲ
သူ့ခန္ဓာကိုယ် လဲပြိုသွားမှာကိုတောင် ဂရုမစိုက်ပဲနဲ့
တိုက်ခိုက်လိုက်ပါတယ်။

ပုန်း။

သူ့ရဲ့ နောက်ထပ် လက်မောင်းလည်း ပေါက်ကွဲသွားပြီး
လက်ပြတ်နေတဲ့ လူတစ်ယောက် ဖြစ်လာပါတယ်။

ဒါပေမဲ့လည်း သူက မရပ်သေးပဲ သူ့ခြေထောက်တွေကို
မြှောက်ပြီးတော့ လင်းဟန်ကို ကန်လိုက်ပါတယ်။

ပုန်း ပုန်း။

သိပ်မကြာခင်ပဲ သူ့ခြေထောက်တွေ

Edit with WPS Office

ပေါက်ကွဲထွက်ကုန်ပါတယ်။ ဒါပေမဲ့လည်း သူက အသက်ကို ခပ်ပြင်းပြင်း ရှူပြီးတော့ သူ့ခန္ဓာကိုယ်ကို လင်းဟန်ဆီ ပြေးဝင်လိုက်ပါတယ်။ သူ့ရဲ့ အမူအရာက လင်းဟန်ကို သူနဲ့အတူ ဆွဲခေါ်သွားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဖြစ်ပါတယ်။

လင်းဟန်က သူ့အတွက် ဂရုဏာ သက်လိုက်မိပါတယ်။ သူက သနားစရာလား ဒါမှမဟုတ် မုန်းစရာကောင်းတဲ့ လူလား။

ဟုန်း။

သူတိုက်ခိုက်စရာတောင် မလိုခဲ့ပါဘူး။ ဒီလျှို့ဝှက်ဆန်းကြယ်ဘုံရဲ့ အစီအရင်တွေက ရှီမန်ရဲ့ ခန္ဓာကိုယ်ကို အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် စုတ်ဖြဲပစ်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူ့မျက်လုံးတွေက လင်းဟန်အပေါ် ကျရောက်နေဆဲ ဖြစ်ပါတယ်။ သူက နောက်ဆုံး တိုက်ခိုက်မှုကို ထုတ်ဖော်ဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ဦးနှောက်ကလည်း ပေါက်ကွဲထွက်

Edit with WPS Office

သွားခဲ့လို့ပါပဲ။

နေလအဆင့်မှာ ရှိတဲ့ သူတွေကို လက်ရွေးစင်တွေအဖြစ် သတ်မှတ်ခေါ်ဆို နိုင်ပါတယ်။ ဒါပေမဲ့လည်း ရှီမန်က အခုလိုမျိုး သေသွားခဲ့ပါတယ်။ ဒါကြောင့် သူက အလောင်းတောင် အပြည့်အစုံ မရှိခဲ့ပါဘူး။

ကောင်းအဖွဲ့က ကျန်နေတဲ့ အဖွဲ့ဝင်က ထိတ်လန့်တုန်လှုပ်မှုကြောင့် သေးထွက်လုနီးပါး ဖြစ်နေပါတယ်။ သူက ချာခနဲ လှည့်ထွက်ပြီးတော့ ထွက်ပြေးရင်း တုန်လှုပ်မှုကြောင့် တဆတ်ဆတ် တုန်နေပါတယ်။ ဒီနေရာက အရမ်းကို အန္တရာယ် များလွန်းပါတယ်။ သူက ဒီလျှို့ဝှက်ဆန်းကြယ်ဘုံကို အရှင်သခင် ဂိညာဉ်သုံးခုတို့ ပြန်ဖွင့်မဲ့ ဂင်ပေါက်ဆီကို တည့်တည့်မတ်မတ် ထွက်ပြေးရင်း အဲဒီမှာ စောင့်နေရပါမယ်။ သူက ဒီနေရာထဲမှာ တစ်စက္ကန့်တောင် ထပ်ပြီးတော့ မနေချင်တော့ပါဘူး။

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်ပါတယ်။ အဲဒီနောက် သူက စွေ့ရန်ယှီနဲ့

Edit with WPS Office

ဟူဖေးယွင်ဆီကို လျှောက်လာခဲ့ပါတယ်။

သူက မောက်မာဂင့်ကြွားတဲ့ တပည့်တွေကို ရိုက်နှက်ဆုံးမခဲ့တဲ့ အချိန်မှာ ပျော်ရွှင်မှုတချို့ကို ခံစားခဲ့ရပါလိမ့်မယ်။ ဉပမာ ကောင်းဟွမ်ရဲ့ မျက်နှာပေါ်ကို ခြေဆောင့်နင်းရမဲ့ အချိန်ကျရင် သူက အရမ်းကို ကျေနပ်မိပါလိမ့်မယ်။ ဒါပေမဲ့လည်း သူက ရှီမန်နဲ့ ကြုံတွေ့တဲ့ အခါမှာ စိတ်လှုပ်ရှားမှုနဲ့ အတူ သက်ပြင်းချရုံပဲ တတ်နိုင်ပါတယ်။ သူ့ရဲ့ ခံစားမှုကလည်း အနည်းငယ် လေးလံလာပါတယ်။

ဒီလိုလူစားမျိုးကို ဂရုဏာသက်နေစရာ မလိုပါဘူး။ သူတို့ကို မုန်းတီးစရာလည်း မလိုဘူး။

လင်းဟာန်က သူ့ခေါင်းထဲကနေ ဒီအတွေးတွေကို ထုတ်ပစ်လိုက်ပါတယ်။ အဲဒီနောက် သူက စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကို ပြုံးပြပြီးတော့ ပြောလိုက်တယ်။

"သွားကြစို့"

"လင်းဟာန်က နင်က အရမ်းကို အစွမ်းထက်တာပဲ"

Edit with WPS Office

ဟူဖေးယွင်က သစ်သီးတစ်လုံးကို ကိုက်နေပါတယ်။ ဒါကြောင့် သူမရဲ့ စကားတွေက ဗလုံးဗထွေး ဖြစ်နေပါတယ်။ သူမက လင်းဟာန် ရန်သူတွေ ကြားထဲကို တစ်ဟုန်ထိုး ပြေးဝင်ပြီး ထွက်လာတာကို ကြည့်နေရတဲ့ အချိန်မှာ စိတ်လှုပ်ရှားမှုကြောင့် သွေးတွေ ဆူပွက်လာ ခဲ့ပါတယ်။ သူမရဲ့ သူ့အတွက် လေးစားမှုကလည်း ပိုမိုများပြား လာခဲ့ပါတယ်။

လင်းဟာန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြန်ဖြေလိုက်ပါတယ်။

"ဒါပေါ့"

သူ့ရဲ့ ခံစားချက်တွေက အနည်းငယ် ကောင်းလာခဲ့ပါပြီ။

သူတို့သုံးယောက် လမ်းလျှောက်လာရင်းနဲ့ အချိန်အတော် ကြာတဲ့နောက်မှာ လင်းဟာန်က ရုတ်တရက် အန္တရာယ် အငွေ့အသက်ကို ခံစားလိုက် မိပါတယ်။ သူက ချက်ချင်းဆိုသလို သူ့ဓားနဲ့ မြေပြင်ကို ထိုးစိုက်လိုက်ပါတယ်။

ဖူး။

Edit with WPS Office

ဓားအလင်းတန်းက မြေကြီးထဲကို တိုးဝင်သွားပြီး ချက်ချင်းဆိုသလို မြေပြင်ပေါ်မှာ ပင့်ကူအိမ်လို အက်ရာတွေ ဖြစ်ပေါ်လာပါတယ်။

"မင်းမိသားစု တစ်ခုလုံး လပ္ပြတ်ပဲ။ မင်းက ငါ့ဖင်ကို ထိုးမိတော့မယ်ကွ"

အဖြူရောင် အရိပ်တစ်ခုက မြေကြီးပေါ်ကို ခုန်ထွက်လာပြီးတော့ အော်ဟစ်လိုက်ပါတယ်။

"မင်းအဘိုးရဲ့ ဂျင်ဆင်းခြေထောက်ကို မြည်းကြည့်စမ်း"

ရွှပ်။

အဖြူရောင် အရိပ်က ချက်ချင်းဆိုသလို လင်းဟန်ဆီကို ခုန်ဝင်လာပါတယ်။

ဒါက စက်ဆုပ်စရာကောင်းတဲ့ ဂျင်ဆင်းအိုကြီး ဖြစ်ပါတယ်။

သူက တကယ့်ကို အရိပ်တစ်ခုလို လိုက်လာတာပဲ။ သူက လင်းဟန်ကို ချောင်းမြောင်းလုပ်ကြံဖို့ စီစဉ်ထားပြီး ကံမကောင်းတာက လင်းဟန်က သူ့ရဲ့ နတ်ဘုရားအာရုံကို ပတ်ဝန်းကျင်ဆီ ဖြန့်ကျက်ထားပါတယ်။ သူ့ရဲ့

Edit with WPS Office

ချောင်းမြောင်းလုပ်ကြံမှု ကျရှုံးသွားတဲ့အပြင် လင်းဟန်ရဲ့ တိုက်ခိုက်မှုကိုတောင် အရင်ဆုံး ခံခဲ့ရပါတယ်။ နောက်ပြီးတော့ လင်းဟန်ရဲ့ တိုက်ခိုက်မှုက သူ့ကို ထိမှန်ဖို့ အရမ်းကို နီးစပ်နေပါတယ်။

လင်းဟန်က သူ့ရဲ့ လျင်မြန်မှု နည်းစနစ်ကို ဂျင်ဆင်းအိုကြီးဆီ ထုတ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

"မင်းက မင်းရဲ့အဘိုး ဂျင်ဆင်းကို သတ်ဖို့ နှစ်ပေါင်း တစ်သောင်းလောက် ငယ်နေသေးတယ်"

ဂျင်ဆင်းအိုကြီးက ထူးဆန်းတဲ့ အသံနဲ့ အော်ဟာစ်လိုက်ပါတယ်။

သူ့ရဲ့ တုံ့ပြန်မှုတွေက အရမ်းကို လျင်မြန်ပြီး သူက စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေကို ဆေဘာဓား၊ လှံတွေ များတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ လင်းဟန်ဆီကို ပစ်လွှတ်တိုက်ခိုက် လိုက်ပါတယ်။

"ပြီးခဲ့တဲ့ တစ်ခေါက်က ငါ့က နှစ်ပေါင်းရှစ်ရာလောက် ငယ်တယ်လို့ မင်းပြောခဲ့တယ် မဟုတ်လား"

Edit with WPS Office

လင်းဟာန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"ထို့ အခုငါက ပိုပြီးတော့ သန်မာလာလို့ပဲ"

ဂျင်ဆင်းအိုကြီးက ကောင်းကင်နဲ့ မြေကြီးတစ်လျှောက် အံ့အားသင့်စရာကောင်းတဲ့ အမြန်နှုန်း တစ်ခုနဲ့ လှည့်ပတ်သွားလာ လှုပ်ရှားနေပါတယ်။

လင်းဟာန်က နာခေါင်းတစ်ချက် ရှုံ့ပြီးတော့ ပြောလိုက်တယ်။

"မြန်မြန် ငါ့ရဲ့ ဒယ်အိုးထဲကို ခုန်ဝင်လာခဲ့စမ်း။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ငါ့ကို ရက်စက် ကြမ်းကြုတ်တယ်လို့ အပြစ်မတင်နဲ့"

"မင်းက ငါ့ကို ခြိမ်းခြောက်ရဲတယ်ပေါ့ ဟုတ်လား။ ငါ့မင်းကို သေအောင်လို့ ဘယ်လိုနင်းချေ ပစ်မလဲ ဆိုတာကို စောင့်ကြည့်လိုက်"

ဂျင်ဆင်းအိုကြီးက ဒေါသတွေ တလိပ်လိပ် တက်သွားပြီး သူ့တိုက်ခိုက်မှုတွေက မိုးသီးမိုးပေါက် ကျသလို ထုထဲပြီးတော့ လျှင်မြန်လာခဲ့ပါတယ်။

လင်းဟာန်ကလည်း ထပ်ပြီးတော့ ထိန်းမထားတော့ပါဘူး။

Edit with WPS Office

ဘုန်း။

သူ့ခန္ဓာကိုယ်ကနေ ကြောက်မက်ဖွယ်ရာ မီးတောက်တွေ ပန်းထွက်လာပြီး လေထဲမှာ နတ်ဘုရား သင်္ကေတတွေ ရောယှက်လာခဲ့ပါတယ်။

"လပြွတ်ပဲ။ ငါမီးကို အမုန်းဆုံးပဲ"

ဂျင်ဆင်းအိုကြီးက ညည်းတွားလိုက်ပါတယ်။ သူက ချက်ချင်းပဲ အနောက်ဘက်ကို မီတာတော်တော်များများ ခုန်ဆုတ်သွားပြီး နောက်ဆုံးတော့ သူ့ရဲ့ တိုက်ခိုက်မှုတွေကို ရပ်လိုက်ပါတယ်။ သူက မီးတောက်တွေကို စိုက်ကြည့်ရှုံးနဲ့ ထိတ်လန့်တုန်လှုပ်တဲ့ အမူအရာ တစ်ခု ဖြစ်နေပါတယ်။

သူက လျင်မြန်ပေမဲ့ နတ်ဘုရား မီးတောက်နဲ့ ရေခဲ အစွမ်းက သူ့ကို ထိန်းချုပ်နိုင်ဆဲပါပဲ။

"စက်ဆုပ်စရာကောင်းတဲ့ ဂျင်ဆင်းအိုကြီး ဘာဖြစ်လို့ မင်းက နောက်တစ်ကြိမ် ပြန်ပေါ်လာတာလဲ"

လင်းဟာန်က မေးလိုက်ပါတယ်။

ဂျင်ဆင်းအိုကြီးက ကျောက်တုံးတစ်တုံးပေါ် ထိုင်ချပြီးတော့

Edit with WPS Office

ခြေထောက်တွေကို ချိတ်ထားလိုက်ပါတယ်။
သူ့ဟန်ပန်အမူအရာကို ကြည့်ရတာ ဂရုမစိုက်တဲ့ ပုံစံနဲ့
ပြောလိုက်ပါတယ်။

"ငါက မင်းကို အခွင့်အလမ်းတစ်ခု ပေးချင်လို့"

ဖူး။

သောက်ကျိုးနည်း မင်းငါ့ကို လာနောက်နေတာလား။

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

"အိုး ဘယ်လိုအခွင့်အလမ်းများ ဖြစ်နေမလဲ။ မင်းရဲ့
ခန္ဓာကိုယ်ကို လှူပေးချင်တာများလား။ ဒါဆိုရင်လည်း
မြန်မြန် ငါ့ရဲ့ဒယ်အိုးထဲကို ခုန်ဝင်လာခဲ့လေ"

ဂျင်ဆင်းအိုကြီးက ချက်ချင်းပဲ ထခုန်ပြီးတော့
အော်ဟစ်လိုက်ပါတယ်။

"ထွီ ထွတ် ထွတ် ငါက ယောက်ျားတွေကို
စိတ်မဝင်စားဘူးကွ။ ငါ့ဖင်ကို ယူမဲ့အကြောင်းတောင်
မစဉ်းစားနဲ့"

Edit with WPS Office

လင်းဟန်က သူ့ခေါင်းကို ခါလိုက်မိပါတယ်။ ဒီစက်ဆုပ်စရာ ဂျင်ဆင်းက ဒီလှို့ဂှက်ဆန်းကြယ် ဘုံထဲမှာ ကြီးထွားရှင်သခန်ခဲ့ပြီး ဘယ်လိုလုပ် ဒီလိုမျိုး ညစ်ညစ်ပတ်ပတ် ပင်ကိုယ်စရိုက် တစ်ခုနဲ့ ဆင့်ကဲတိုးတက်လာခဲ့တာလဲ။

လူလိမ်လူညစ် လူယုတ်မာတွေက ဒီလိုပုံစံနဲ့ မွေးဖွားလာသလား။

"တကယ်လို့ မင်းငါ့ကို ဒီလှို့ဂှက်ဆန်းကြယ် ဘုံထဲကနေ ထုတ်ပေးမယ်ဆိုရင် ငါမင်းကို နတ်ဘုရား အရည်တချို့ ပေးမယ်"

ဂျင်ဆင်းအိုကြီးက လင်းဟန်ကို ကမ်းလှမ်းမှုတစ်ခု လုပ်လိုက်ပါတယ်။

Chapter 1192 end

အပိုင်း(1193) ဂျင်ဆင်းမြစ်တွေ

"အိုး"

လင်းဟန်က အနည်းငယ် အံ့အားသင့်သွားပြီး

Edit with WPS Office

မေးလိုက်တယ်။

"ဘာကြောင့်ငါက မင်းကို ခေါ်ထုတ်သွားရမှာလဲ။ မင်းမှာ မင်းကိုယ်ပိုင် ခြေထောက်တွေ ရှိနေတာပဲ မဟုတ်လား"

"ဒါတင်မက မင်းက လေလိုပဲ လျင်မြန်တာပဲလေ"

"ငတုံးလူသား အပြင်ဘက်မှာ လူတွေ စောင့်ကြပ်နေတယ် ဆိုတာကို မင်းမသိဘူးလား။ သူတို့ထဲက အနည်းစုက မယုံနိုင်စရာ ကောင်းလောက်အောင် အစွမ်းထက်လွန်းတယ်။ တကယ်လို့ ငါ့ဘာသာငါ ထွက်သွားမယ်ဆိုရင် သေချာပေါက် အဖမ်းခံရပြီး ကင်ခံလိုက် ရမှာပေါ့"

ဂျင်ဆင်းအိုကြီးက ပြောလိုက်တယ်။

"ဟင်။ အပြင်မှာ အစွမ်းထက်တဲ့ လက်ရွေးစင်တွေ ရှိတာကို မင်းတကယ်ပဲ သိနေတာလား"

လင်းဟန်က သူ့လက်ကို ဆုပ်ပြီးတော့ ပြောလိုက်တယ်။

"အော် ငါသိပြီ။ မင်းက လျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်တဲ့အချိန်ကို ဂင်ပေါက်မှာ စောင့်နေခဲ့တယ်။ မင်းက

Edit with WPS Office

ထွက်သွားချင်လို့ပဲ။ ဒါပေမဲ့ အပြင်ဘက်မှာ ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်နဲ့ ထာဝရမြစ်အဆင့် လက်ရွေးစင်တွေ စောင့်ကြပ်နေတာကို မင်းတွေ့လိုက်တာကြောင့် မင်းက ကြောက်သွားတာပဲ”

အဲဒီလို ဆိုမှတော့ ဒီစက်ဆုပ်စရာကောင်းတဲ့ ဂျင်ဆင်းက သူ့အပေါ်မှာ မျက်စိကျနေတာ အတော်ကြာနေ လောက်ပါပြီ။

“ငါက ထွက်ပြေးတဲ့ နေရာမှာ ထူးချွန်ပေမဲ့ အပြင်ဘက်က အဲဒီခွေးကောင်တွေကိုတော့ ကြောက်နေသေးတယ်”

ဂျင်ဆင်းအိုကြီးက သူ့ရဲ့ စကားတွေကို အထင်ကြီးအောင် ပြောမနေတော့ပါဘူး။ သူက စကားကို ဆက်လိုက်ပါတယ်။

“မင်းကိုယ်ပေါ်မှာ သက်ရှိတွေကို ထည့်ထားနိုင်တဲ့ ရတနာပစ္စည်းတစ်ခု ရှိတယ်ဆိုတာကို ငါသိတယ်။ ငါကို အဲဒီထဲမှာ ခဏလောက် ပေးပုန်းပါ။ ငါအပြင်ကို ထွက်တာနဲ့ မင်းကို အထွတ်အထိပ် နတ်ဘုရား အရည်စက်နဲ့အတူ ဆုလာဘ်ပေးမယ်”

Edit with WPS Office

လင်းဟန်က ဂျင်ဆင်းအိုကြီးကို စိုက်ကြည့်နေရင်း အမှတ်မထင် ရှမ်ကျူအာရဲ့ ဖွံ့ထွားတဲ့ ရင်သားတွေကို အငမ်းမရ ကြည့်နေတဲ့ အချိန်မှာ သွားရည်တွေ ကျလာတဲ့ မြင်ကွင်းကို သတိရသွား ခဲ့ပါတယ်။ သူရဲ့ အမူအရာက သုန်မှုန်သွားပြီးတော့ ပြောလိုက်တယ်။

"မင်းပြောတဲ့ အထွတ်အထိပ် နတ်ဘုရား အရည်ဆိုတာက မင်းရဲ့ သွားရည်တွေကို ပြောတာ မဟုတ်လား"

အဲဒါကို ရတနာ အရည်အဖြစ် သတ်မှတ်လို့ ရနိုင်ပေမဲ့ နတ်ဘုရား အရည်ရဲ့ အဆင့်ကို နီးစပ်ဖို့ အတော်လေး လိုပါသေးတယ်။

ဂျင်ဆင်းအိုကြီးက ရှက်ရွံ့မှုကြောင့် မျက်နှာနီသွားပြီး ချောင်းတစ်ချက် ဟန့်ကာ ပြောလိုက်တယ်။

"ငါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကံကောင်းမှုကို ရရှိထားခဲ့တယ်။ ပြီးတော့ ငါ့ခန္ဓာကိုယ် တစ်ခုလုံးက ရတနာတွေနဲ့ ပြည့်နေတယ်။ ငါက ငါ့သွားရည်တွေကို လူတိုင်းကို လိုက်ပေးမယ်လို့ မင်းထင်နေတာလား"

Edit with WPS Office

ဒီညစ်စုတ်ပတ်တဲ့ ဂျင်ဆင်းအိုစုတ်။

သူ့ကို ဒီလိုရှုပ်ဆန်းကြွယ်ဘုံကနေ လွတ်မြောက်ဖို့အတွက် ကူညီပေးတဲ့အတွက် ပြန်ပေးတာက သူ့ရဲ့သွားရည် တချို့တဲ့လား။ သောက်ကျိုးနည်း ဒီကောင်က သူ့ကို အရက်ခွဲဖို့ ကြိုးစားနေတာလား။

လင်းဟာန်က သူနဲ့အပေးအယူကို စတင်ညှိနှိုင်းလိုက်ပါတယ်။

"မင်းရဲ့ ခန္ဓာကိုယ် တစ်ဂက် ငါ့ကိုပေးရင် ငါမင်းကို အပြင်ခေါ်ထုတ် သွားပေးမယ်"

"ကောင်ကလေး မင်းက အရမ်းကို လောဘကြီးလွန်းတယ်။ ငါ့ကို တကယ်ပဲ နှစ်ပိုင်းဖြတ်ချင် နေတာလား"

ဂျင်ဆင်းအိုကြီးက ဒေါသတကြီးနဲ့ ထခုန်လိုက်ပါတယ်။

"ငါ့ရဲ့ ရတနာဂျင်ဆင်း ခြေထောက်ကို စားစမ်း။ မင်းရဲ့ အမြင်တွေကို ငါဘယ်လို ဆောင့်ချမလဲ ဆိုတာကို ကြည့်လိုက်"

လူသားနဲ့ ဂျင်ဆင်း တိုက်ပွဲက နောက်တစ်ကြိမ်

Edit with WPS Office

စတင်လာခဲ့ပါတယ်။ ဒါပေမဲ့လည်း တိုက်ကွက် အနည်းငယ် ဖလှယ်ပြီးတဲ့ နောက်မှာတော့ သူတို့က ရပ်လိုက်ပါတယ်။

"မင်းကို ငါ့ရဲ့အမြစ်တစ်ခု ပေးမယ်"

ဂျင်ဆင်းအိုကြီးက ပြောလိုက်တယ်။

"အမြစ်တစ်ရာ"

လင်းဟာန်က နောက်ထပ် တောင်းဆိုမှုတစ်ခု လုပ်လိုက်ပါတယ်။

"လမ်းခွတ်ပဲ။ ငါ့မှာ စုစုပေါင်းမှ အမြစ် ၃၇ ချောင်းပဲရှိတယ်။ ငါ့တစ်ကိုယ်လုံး ဆွဲနုတ်ပြီးတော့ ပေးရင်တောင်မှ မင်းအတွက် လုံလောက်နိုင်မှာ မဟုတ်ဘူး"

ဂျင်ဆင်းအိုကြီးက အော်ပြောလိုက်ပါတယ်။

"ဒါဆိုရင် သုံးဆယ့်ခုနစ်ချောင်းနဲ့ လက်ခံလိုက်မယ်"

လင်းဟာန်က နားလည်သဘောပေါက်တဲ့ လေသံနဲ့ ပြောလိုက်တယ်။

ဂျင်ဆင်းအိုကြီးက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"အိပ်မက်မက်မနေနဲ့။ နှစ်ချောင်း အများဆုံးပဲ"

သူတို့က ဆက်ပြီးတော့ အကြိတ်အနယ်
ဆွေးနွေးနေခဲ့ပါတယ်။ နောက်ဆုံးမှာတော့
အမြစ်ဆယ်ချောင်းနဲ့ အပေးအယူ ဖြစ်သွားပါတယ်။

"ဟုတ်သားပဲ။ မင်းက ဘယ်လို ပေါက်ဖွားလာတာလဲ"

လင်းဟန်က ပြုံးပြီးတော့ မေးလိုက်တယ်။

"အယုတ်တမာလေး မင်းက ငါ့ကို စော်ကားရဲတယ်ပေါ့လေ"

ဂျင်ဆင်းအိုကြီးက လင်းဟန်ကို ခြေထောက်နဲ့
ကန်လိုက်ပါတယ်။

လင်းဟန်က သူ့လက်နဲ့ ကာကွယ်လိုက်ပါတယ်။ အဲဒီနောက်
သူက ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ မင်းငါ့ကို မပြောဘူးဆိုရင်တောင်
ငါခန့်မှန်းကြည့်နိုင်ပါတယ်။ မင်းက နှာဘူးကျတဲ့ ဂျင်ဆင်းပင်
မဟုတ်ရင် အကျင့်ကောင်းတဲ့ ဂျင်ဆင်းပင် မဖြစ်နိုင်ဘူး"

"မင်းက ငါ့ကို အရမ်းဒေါသထွက်အောင် လုပ်နေတာပဲ"

Edit with WPS Office

ဂျင်ဆင်းအိုကြီးက ဒေါသထွက်ပြီး ခုန်ဆွခုန်ဆွ ဖြစ်နေပါတယ်။ အဲဒီနောက် သူက ပြောလိုက်တယ်။

"ကောင်ကလေး တာအိုကျိန်ဆိုမှုတစ်ခု လုပ်ပါ"

တာအိုကျိန်ဆိုမှုက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ မဟာတာအိုကို ကျိန်ဆိုတဲ့ နေရာမှာ သုံးပါတယ်။ မိုးကောင်းကင်ရဲ့ ဖော်ပြလို့ စိတ်ဆန္ဒတစ်ခု တည်ရှိနေပြီး တကယ်လို့ တစ်စုံတစ်ယောက်က သူတို့ရဲ့ တာအိုကျိန်ဆိုမှုကို မထိန်းသိမ်းခဲ့ရင် မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အပြစ်ပေးခြင်းကို ခံရပါလိမ့်မယ်။ တာအိုကျိန်ဆိုထားမှု တစ်ခုကို ဆန့်ကျင် ရင်ဆိုင်တာက တားမြစ်မှုကြီး တစ်ခု ဖြစ်ပါတယ်။ ဘယ်သူကမှ ဒါကို မလုပ်ပံ့ပါဘူး။

လင်းဟန်က ခေါင်းညိတ်ပြီးတော့ တာအိုကျိန်ဆိုမှု တစ်ခုကို လုပ်လိုက်ပါတယ်။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ ကျမ်းသစ္စာတစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သူ့ရဲ့ ရုပ်ရည်သွင်ပြင် အကြောင်းအရာတွေကို ဖုံးကွယ်ထားရင်တောင် လွတ်မြောက်နိုင်စွမ်း မရှိပါဘူး။

Edit with WPS Office

ဂျင်ဆင်းအိုကြီးက ဒါကိုမြင်ပြီးတော့ နောက်ဆုံး
စိတ်သက်သာရာ ရသွားခဲ့ပါတယ်။ သူက လင်းဟန်ရဲ့
ပခုံးပေါ်ကို ခုန်တက်ပြီးတော့ ပြောလိုက်တယ်။

"ကောင်လေး မင်းကတော်တော် ကံကောင်းတာပဲ။
ချောမောလှပတဲ့ မိန်းကလေး နှစ်ယောက်ရဲ့
နှလုံးသားကိုတောင် ပိုင်စိုးထား နိုင်တာပဲ"

ဂျင်ဆင်းအိုကြီးက နောက်တစ်ကြိမ် နှာထလာပြန်ပါပြီ။

လင်းဟန်က သူ့ခေါင်းကို ခါလိုက်ပါတယ်။
ဒီဂျင်ဆင်းအိုကြီးက သူ့စိတ်တိုင်းကျ သွားနိုင်
လာနိုင်ပါတယ်။ သူက သူ့ရဲ့ အနက်ရောင်
မျှော်စင်ကိုတောင် ရှာတွေ့နိုင်ခဲ့ပါတယ်။ သူ့ကို တချိန်လုံး
လေ့လာစူးစမ်းနေပြီးမှ ဆေးဂါးတောင်ပေါ်မှာ သူ့ရဲ့
အကျင့်စရိုက်ကို ချဉ်းကပ်ကြည့်ဖို့ ထွက်ပေါ်လာခဲ့ပုံ
ရပါတယ်။

"တဏှာရူး ဂျင်ဆင်း မင်း ဘယ်အချိန်တုန်းက တာအိုကို
အောင်မြင်သွားခဲ့တာလဲ။ ဘာဖြစ်လို့ ဒီနေရာကနေ

Edit with WPS Office

ထွက်သွားချင်တာလဲ”

“ငါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အဆီအနှစ်ကို ပိုင်းရုံလိုက်ပြီး နေနဲ့လရဲ့ အသက်ဓာတ် စွမ်းအင်ကို ရရှိခဲ့တယ်”

လင်းဟန်က အလျှင်အမြန်ပဲ ဂင်ရောက်စွက်ဖက်ကာ ပြောလိုက်တယ်။

“ရပ်ရပ် ရပ်လိုက်တော့။ လေလုံးထွားတာကို ရပ်ပြီးတော့ အဓိက အကြောင်းအရာကိုပဲ ပြောရအောင်”

ဂျင်ဆင်းအိုကြီးက အရမ်းကို မကျေမနပ် ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့ သူက နည်းနည်းလောက် လေလုံးထွားလို့ မရနိုင်တာလဲ။ သူက နောက်ဆုံး သူ့ဇာတ်ကြောင်းကို မပြောခင်မှာ ညည်းတွား လိုက်ပါတယ်။

လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာက သူဟာ ပေဂါးတဲ့ အသိတစ်ခု နိုးကြားရရှိခဲ့ပါတယ်။ သူက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ အသက်ဓာတ် စွမ်းအင်ကို အလိုအလျောက် စုပ်ယူခဲ့ပြီး စတင် ကျင့်ကြံအားထုတ် ခဲ့ပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း လွန်ခဲ့တဲ့ နှစ်သန်းပေါင်း အနည်းငယ် အတွင်းမှာ ခြေထောက်တွေ လက်တွေပေါက်အောင်ပဲ လုပ်နိုင်ခဲ့ပါတယ်။ အဲဒါက သူ့ကို မြေကြီးထဲကနေ လွတ်မြောက်စေပြီး ကုန်းမြေအနှံ့ လျှောက်သွားလို့ ရသွားခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီလျှို့ပှက်ဆန်းကြယ်ဘုံက အတော်လေး သေးငယ်ပါတယ်။ နောက်ပြီးတော့ စည်းမျဉ်းဥပဒေ စွမ်းအားတွေကို သူပိုပြီးတော့ ကျွမ်းကျင်လာတဲ့ အခါမှာ ဒီလျှို့ပှက် ဆန်းကြယ် ဘုံက သူ့ကို ပစ်မှတ်ထားပြီးတော့ သူ့ကို တုံ့ပြန်မှုတွေ ခံစားစေခဲ့ပါတယ်။ ဒါကြောင့် သူက ဒီနေရာကနေ လွတ်မြောက်ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဒီလျှို့ပှက်ဆန်းကြယ်ဘုံက နှစ်ပေါင်းတစ်ရာပြည့်တိုင်း နှစ်ကြိမ်ပွင့်ပြီး တစ်ကြိမ်က လူတွေဝင်ရောက်ကာ တစ်ကြိမ်ကတော့ လူတွေထွက်သွားဖို့ ဖြစ်ပါတယ်။ အပြင်ဘက်မှာ လက်ရွေးစင်တွေ ပြည့်နှက်နေပါတယ်။ ဒါကြောင့် သူက အပြင်ဘက်ကို

Edit with WPS Office

ထွက်လိုက်ရင် အဲဒီလူတွေက ဂျင်ဆင်းကင် တစ်ခုဖြစ်အောင် လုပ်ပစ်မှာကို ကြောက်တာကြောင့် မထွက်ပုံ့ခဲ့ပါဘူး။

ဒါပေမဲ့လည်း ဒီတစ်ကြိမ်တော့ သူထွက်သွားချင်ပေမဲ့ ရွေးချယ်စရာ မရှိခဲ့ပါဘူး။ ဒါက သူ့ရဲ့ ထွက်ခွာဖို့ နောက်ဆုံးအခွင့်အရေးလို့ ခံစားနေရပါတယ်။ တကယ်လို့ သူက နောက်ထပ် နှစ်ပေါင်း တစ်ရာလောက် အသက်ရှင်သန်နိုင်ဦးမယ် ဆိုရင်တောင် သူက ဒီလူ့ဖို့ပုက်ဆန်းကြယ်ဘုံရဲ့ သတ်ဖြတ် ပယ်ရှားခြင်းကို ခံရပါလိမ့်မယ်။

လင်းဟာန်က သူ့ပေါင်ကို ဖြန်းခနဲ ရိုက်ပြီးတော့ ပြောလိုက်တယ်။

"တကယ်လို့ ဒါကို စောစောကတည်းက ငါသိမယ်ဆိုရင် အပေးအယူမှာ ပိုပြီးတော့တောင် တောင်းဆိုခဲ့ပါသေးတယ်"

"ဟားဟား မင်းက မင်းရဲ့ အဘိုးဂျင်ဆင်းနဲ့ ယှဉ်ပြိုင်ဖို့ နှစ်ပေါင်း နှစ်သောင်းလောက် ငယ်ပါသေးတယ်ကွာ"

ဂျင်ဆင်းအိုကြီးရဲ့ မျက်နှာပေါ်မှာ သရော်တဲ့ အပြုံးတစ်ခု

Edit with WPS Office

ရှိနေပါတယ်။

လင်းဟာန်က ဒါကိုကြားပြီးတော့ ရယ်မောလိုက်မိပါတယ်။ ဂျင်ဆင်းအိုကြီး အတွက် ကံကောင်းတာက ဒီနေရာမှာ ဟူးညီရှိမနေတာပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့ရဲ့ သရော်ပြုံးက သူ့ကို ဟင်းအိုးထဲ ရောက်ပြီးတော့ ချက်ပြုတ်ခံလိုက် ရနိုင်ပါတယ်။

ဂျင်ဆင်းအိုကြီးက တဆတ်ဆတ် တုန်သွားပြီးတော့ ပြောလိုက်တယ်။

"ကောင်လေး မင်းရဲ့ မျက်နှာပေါ်က အဲဒီကျောချမ်းစရာကောင်းတဲ့ အပြုံးကို ဖယ်လိုက်စမ်းပါ။ မင်းကို ကြည့်ပြီးတော့ ငါ့မှာ ကြက်သီးတွေ ထလာပြီ"

"နင်က ဘယ်လိုလုပ် ကြက်သီးထနိုင်မှာလဲ"

ဟူဖေးယွင်က သိချင်စိတ် ပြင်းပြစွာနဲ့ မေးလိုက်ပါတယ်။

ဂျင်ဆင်းအိုကြီးက သူမကို စိတ်တိုတဲ့ အကြည့်နဲ့ မျက်စောင်းထိုးပြီးတော့ ပြောလိုက်တယ်။

"ကလေးမ အဲဒါက စကားအဖြစ် ပြောတာ နားလည်ပြီလား။

Edit with WPS Office

မင်းကို ကြည့်ရတာ အရမ်းလည်း မငယ်တော့ပါဘူး။
ဘာဖြစ်လို့ မင်းက အရမ်းကို တုံးအနေရတာလဲ”

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

“မင်းရဲ့ပါးစပ်က အရမ်းကို အဆိပ်ဖြစ်စေတယ်။
တစ်နေ့ကျရင် မင်းက အဲဒီအတွက် ခံစားရလိမ့်မယ်”

“ထို့ မင်းရဲ့ အဘိုးဂျင်ဆင်းက မိုးကောင်းကင် ကိုးခုနဲ့
ကုန်းမြေဆယ်ခု အထက်က ထူးကဲသာလွန်တဲ့
အထွတ်အထိပ် တစ်ယောက်ပဲ။ ဒီနေရာကနေ
ငါထွက်သွားတာနဲ့ ဘယ်သူက ငါ့ကို ဖမ်းနိုင်မှာလဲ”

ဂျင်ဆင်းအိုကြီးက ယုံကြည်မှုတွေနဲ့ ပြည့်နက်နေပါတယ်။

လင်းဟာန်က စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

“နောက်ပိုင်းကျရင် ငါမင်းကို တစ်ယောက်ယောက်နဲ့
မိတ်ဆက်ပေးမယ်”

သူ့အနေနဲ့ ဟူးညိုက ဒီဂျင်ဆင်းအိုကြီးပေါ်မှာ
နင်းခြေပစ်မှာကို တွေ့ရဖို့ မစောင့်နိုင်အောင် ဖြစ်နေပါပြီ။
ဒီအတွက် ဘာအကြောင်းပြချက်မှ မရှိပါဘူး။ ဒါပေမဲ့

Edit with WPS Office

လင်းဟာန်က ဒီဂျင်ဆင်းအိုကြီးကို ဟူးညိုအနေနဲ့ ထိန်းချုပ်နိုင်မယ် ဆိုတာကို အလိုလို ယုံကြည်နေခဲ့ပါတယ်။

ဒီဂျင်ဆင်းအိုကြီးက အရမ်းကို တက်ကြွနေပါတယ်။ သူက အနီးအနားမှာ ဘယ်သူမှ မရှိတဲ့အချိန် လင်းဟာန်နဲ့အတူ လေလုံးထွားရင်း တိုက်ခိုက်နေပါလိမ့်မယ်။ သူက မကြာခဏ ဆိုသလို စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကိုလည်း စနောက်ကျီစယ်တတ်ပါတယ်။ လင်းဟာန်က သူ့နောက်ကို လိုက်ဖမ်းပြီး တိုက်ခိုက်တာနဲ့ အဆုံးသတ် သွားရတာကြောင့် သူက စွေ့ရန်ယွီနဲ့ ဟူဖေးယွင် အနားကို မကပ်နိုင်ပါဘူး။

တကယ်လို့ အပြင်လူတွေ အနီးအနားမှာ ရှိနေရင် သူက မြေကြီးထဲကို တိုးဝင်သွားပြီး ဘယ်သူမှ သူ့ကို ရှာမတွေ့နိုင်တော့ပါဘူး။

"ကောင်လေး မင်းအဲဒီ နောက်ဆုံး ရတနာ သိုလှောင်ခန်းကို သွားမလို့လား"

ဂျင်ဆင်းအိုကြီးက လင်းဟာန်ရဲ့ ပစ်မှတ်ဦးတည်ရာကို စုံစမ်းသိရှိပြီးတော့ အလေးအနက် ဖြစ်လာခဲ့ပါတယ်။ သူက

Edit with WPS Office

ဆက်ပြောလိုက်ပါတယ်။

"အဲဒါက ကောင်းမွန်တဲ့ နေရာတစ်ခု မဖြစ်နိုင်ဘူး။ ငါအဲဒီ နယ်မြေကို အကြိမ်တော်တော်များများ ဖြတ်သွားဖူးတယ်။ အကြိမ်တိုင်းပဲ စိုးရိမ်တကြီး ဖြစ်တာကို ခံစားရတယ်"

"အိုး မင်းအဲဒီနေရာနဲ့ ပတ်သက်ပြီး တစ်ခုခုများ သိထားလား"

လင်းဟန်က အနက်ရောင် မျှော်စင်ကို ပိုင်ဆိုင်ထားတာကြောင့် သူ့ကိုယ်သူ ကာကွယ်နိုင်ဖို့ ယုံကြည်ချက် ရှိနေပေမဲ့ အနက်ရောင် မျှော်စင်က အလုံးစုံတော့ အစွမ်းမထက်ပါဘူး။ တကယ်လို့ အဲဒီနေရာမှာ သူပိတ်မိနေမယ်ဆိုရင် အတော်လေးကို ဒုက္ခရောက်ပါလိမ့်မယ်။

ဂျင်ဆင်းအိုကြီးက သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ဘယ်လိုလုပ်ပြီးတော့ ငါတစ်ခုခု သိမှာလဲ။ အဲဒီနေရာမှာ သေခြင်းတရား အရှိန်အဝါ ပျံ့လည်နေပြီး အဲဒီအနားကို ငါဘယ်တော့မှ မသွားဘူး"

လင်းဟန်က တဒင်္ဂခန့် စဉ်းစားလိုက်ပေမဲ့ သွားကြည့်ဖို့

Edit with WPS Office

ဆုံးဖြတ်လိုက်ပါတယ်။

ပထမ အချက်က တခြားသူတွေနဲ့ အဲဒီကို သွားဖို့ ကတိပြုထားပါတယ်။ သူက သူ့ကတိကို မဖျက်နိုင်ပါဘူး။ ဒုတိယ အချက်က သူက အရမ်းကို သိချင်စိတ် ပြင်းပြလို့ နေပါတယ်။

သိမ်းငှက်တောင်ကနေ ထွက်လာပြီးတဲ့ နောက်မှာ ပတ်ဂန်းကျင်က ခြောက်သွေ့တဲ့ သဲကန္တာရ ဖြစ်လာပါတယ်။ နေရာအနှံ့အပြားမှာ တိုက်ပွဲ အမှတ်အသားတွေ ကျန်ရစ်နေပြီး တောင်တွေ ပျက်စီးနေတာကို ကြည့်မယ်ဆိုရင် အတိတ်တုန်းက တိုက်ပွဲတွေ ဘယ်လောက် ပြင်းထန်လဲ ဆိုတာကို သိနိုင်ပါတယ်။

ဒါက တန်ခိုးရှင် ဘုံရဲ့ နယ်မြေထဲက တောင်တစ်လုံး ဖြစ်ပါတယ်။ ဒါကြောင့် တောင်တွေက ဘယ်လောက်တောင် ခိုင်မာတောင့်တင်း လိုက်မလဲ။ ဒါပေမဲ့လည်း အခုတော့ တောင်တွေဟာ လုံးဝကို ဖျက်ဆီးခံ ထားရပါတယ်။ တောင်တွေကို ပျက်စီးစေတဲ့ လူက သေချာပေါက် အရမ်းကို အစွမ်းထက် နေပါလိမ့်မယ်။

Edit with WPS Office

ဒီနေရာမှာ မိစ္ဆာသားရဲတွေ မရှိသလို နတ်ဘုရား ဆေးပင်တွေလည်း မရှိပါဘူး။ မိုးကောင်းကင်ကို ပန်းထွက်နေတဲ့ စမ်းချောင်းငါ တစ်ခုပဲ ရှိပါတယ်။

Chapter 1193 end

အပိုင်း(1194) ရတနာခန်းကို ဖွင့်ခြင်း

ဒီနေရာမှာ တစ်ယောက်တစ်လေမှ မရှိပါဘူး။

အားလုံးက ဒီနေရာဟာ လုံးဝကို ခြောက်သွေ့တဲ့ ကုန်းမြေတစ်ခု ဖြစ်တယ်ဆိုတာကို သိထားကြ ပါတယ်။ ဒါကြောင့် သူတို့ရဲ့ အချိန်တွေကို ဒီနေရာကိုလာပြီးတော့ ဘယ်သူက ဖြုန်းတီးမှာလဲ။

မြေကြီးကနေ နက်မှောင်ပြီး ထိတ်လန့်ခြောက်ချားဖွယ်ရာ အရှိန်အဝါတစ်ခု မြင့်တက်လို့ နေပြီးတော့ ခြောက်မီတာဂန်းကျင် အမြင့်ကို ရောက်ရှိနေခဲ့ပါတယ်။ အဲဒီအရှိန်အဝါက ပုံသဏ္ဍာန် အမျိုးမျိုးကို အဆက်မပြတ် မပြောင်းလဲနေပြီးတော့ သူ့ပုံစံက အရမ်းကို အဆန်းတကြယ် ပုံစံမျိုး ဖြစ်ပေါ်နေပါတယ်။

Edit with WPS Office

ဒါပေမဲ့လည်း ဒီအရိုန်အဂါက အွန္တရာယ် မရှိပါဘူး။ လင်းဟန်က ဒီအရှိန်အဂါကို ရှုမိပြီးတော့ တစ်စုံတစ်ယောက် သေသွားတယ်ဆိုတာနဲ့ ပတ်သက်တာမျိုးလည်း မကြားဖူးပါဘူး။

"ဒါက အတိတ်တုန်းက တိုက်ပွဲကြီးကနေ ကြွင်းကျန်ခဲ့တဲ့ဟာ တစ်ခုများလား"

လင်းဟန်က ခန့်မှန်းသုံးသပ် ကြည့်လိုက်ပါတယ်။

ရက်တွေ တော်တော်များများ ကုန်သွားပြီးတော့ သူတို့အရှေ့မှာ နန်းတော်တစ်ခု ပေါ်လာခဲ့ပါတယ်။ အဲဒီနန်းတော်က တောင်တစ်လုံးရဲ့ အခြေမှာ တည်ဆောက်ထားပြီး ဒီတောင်က စမ်းချောင်းဂါရဲ့ မူလဇစ်မြစ်ကလွဲလို့ မဖြစ်နိုင်ပါဘူး။ စမ်းချောင်းဂါက အဲဒီကနေ စီးဆင်းလာပြီး မြစ်တစ်စင်း အဖြစ်ကို ပြောင်းလဲကာ မိုးကောင်းကင်ပေါ်ကို ထိုးတက်သွားတာ ဖြစ်ပါတယ်။

"မင်းတို့နှစ်ယောက် ဘာဖြစ်လို့ အနက်ရောင် မျှော်စင်ထဲကို

Edit with WPS Office

မဂင်တာလဲ”

လင်းဟန်က ပြောလိုက်ပါတယ်။ သူ့အနေနဲ့ စွေ့ရန်ယွီနဲ့ ဟူဖေးယွင်တို့ကို အန္တရာယ်နဲ့ မကြုံတွေ့ စေချင်ပါဘူး။

စွေ့ရန်ယွီက နားလည်သဘောပေါက်စွာနဲ့ ခေါင်းညိတ်လိုက်ပါတယ်။ ကြည့်ရတာ သူမအနေနဲ့ လင်းဟန်ကို ဆက်ပြီးတော့ မကူညီနိုင်တော့ပါဘူး။ အဲဒါတင်မက သူမက သူ့အတွက် ဂန်ထုပ်ဂန်ပိုးလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် အနက်ရောင် မျှော်စင်ထဲမှာ ဂင်ပြီးတော့ သူမရဲ့ ခွန်အားကို တိုးတက်လာဖို့ ကြိုးကြိုးစားစား ကျင့်ကြံအားထုတ်နေတာက သူမအတွက် အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ ဒီလိုမှပဲ သူမအနေနဲ့ အနာဂတ်မှာ ပိုပြီးတော့ ကူညီပေး နိုင်ပါလိမ့်မယ်။

အဲဒီအချိန် ဟူဖေးယွင်က အနက်ရောင် မျှော်စင်ထဲကို ဂင်နေဖို့ စောဒက တက်နေပါတယ်။ သူမက အရမ်းကို စူးစမ်းချင်တဲ့ လူတစ်ယောက် ဖြစ်ပါတယ်။ ဒီပတ်ဂန်းကျင်မှာ ထူးဆန်းထိတ်လန့်ဖွယ် အရှိန်အဂါက သူမရဲ့ ဆံပင်တွေ ထောင်သွားအောင် လုပ်နိုင်တာတောင် သူမက ဒီနေရာကို

Edit with WPS Office

အတော်လေး စိတ်ဝင်စား နေခဲ့ပါတယ်။ သူမအနေနဲ့ စိတ်လှုပ်ရှားစရာ နည်းနည်းလေးမှကို မလွဲချော်သွား စေချင်ခဲ့ပါဘူး။

အတော်ကြာအောင် အငြင်းအခုံ လုပ်ပြီးမှပဲ နောက်ဆုံး ဟူဖေးယွင်က မကျေမနပ်နဲ့ အလျှော့ပေးပြီး အနက်ရောင် မျှော်စင်ထဲကို ဝင်သွားရပါတယ်။

"ငါလည်း ဝင်သွားချင်တယ်"

ဂျင်ဆင်းအိုကြီးက ပြောလိုက်တယ်။ သူ့မျက်လုံးတွေမှာ စိတ်လှုပ်ရှားမှုတွေနဲ့ ပြည့်နှက်နေပါတယ်။

လင်းဟာန်အနေနဲ့ ဒီဂျင်ဆင်းအိုကြီးမှာ နောက်ထပ်တစ်ကြိမ် တဏှာရာဂ အတွေးတွေ ရှိနေပြီ ဆိုတာကို သိသွားပါတယ်။ လင်းဟာန်မရှိတာကို အခွင့်ကောင်း ယူပြီးတော့ သူက မိန်းကလေး နှစ်ယောက်ကို ကျီစယ်ချင်နေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဟီးဟီး ဒါက အနက်ရောင် မျှော်စင် ဖြစ်ပါတယ်။ နောက်ပြီး အထဲမှာ သူတော်စင် တစ်ယောက်တောင် ရှိနေပါတယ်။

Edit with WPS Office

"သေချာတာပေါ့"

လင်းဟန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒီနေရာမှာ ရပ်ပြီးတော့ မလှုပ်နဲ့"

သူ့ရဲ့ နတ်ဘုရား အာရုံနဲ့ ဂျင်ဆင်းအိုကြီးကို ပိုင်းပတ်ပြီးတော့ သူ့ကို အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်လိုက်ပါတယ်။ တကယ်လို့ သူ့ရဲ့ နတ်ဘုရား အာရုံက သူ့ပစ်မှတ်ထက် ပိုပြီးတော့ သန်စွမ်းနေမယ်ဆိုရင် သူတို့ရဲ့ သဘောတူညီမှုကို စောင့်နေစရာ လိုလိမ့်မှာ မဟုတ်ပါဘူး။ သူတို့ကို အတင်းအကျပ် အနက်ရောင် မျှော်စင်ထဲ ဆွဲထည့်လို့ ရနိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီဂျင်ဆင်းအိုကြီးက မယုံနိုင်စရာကောင်းလောက်အောင် လျင်မြန်ပါတယ်။ ဒါကြောင့် တကယ်လို့ သူက ရပ်မနေဘူးဆိုရင် လင်းဟန်က သူ့ရဲ့နတ်ဘုရား အာရုံနဲ့ ဂျင်ဆင်းအိုကြီးကို ပိုင်းပတ်လို့ နည်းလမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

"သောက်ကျိုးနည်း လဗ္ဗတ် ဒါက ဘယ်လိုနေရာကြီးလဲ"

"ဒီသစ်ပင်ကလည်း ဘာလဲ။ ဘာဖြစ်လို့ ငါ့ရဲ့

Edit with WPS Office

ရေးဟောင်းဘိုးဘေးနဲ့ တွေ့နေရတယ်လို့ ခံစားနေရတာလဲ”

“လပြွတ် ဒီအလင်းစက်ဝိုင်းက ဘာကြီးလဲ။ သူ့ကြည့်ရတာ ကြောက်စရာကြီး”

“ဂါး မြန်မြန် ငါ့ကို အပြင်ထုတ်ပေးပါ”

ဂျင်ဆင်းအိုကြီးက ပထမတော့ သိချင်စိတ် ပြင်းပြနေပေမဲ့ သူ့ရဲ့ သိချင်စိတ်တွေဟာ အလျင်အမြန်ပဲ အံ့အားသင့်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ အံ့အားသင့်နေမှုတွေက အလျင်အမြန်ပဲ ကြောက်ရွံ့မှုတွေ ဖြစ်လာပြီးတော့ သူက ထိတ်လန့်တုန်လှုပ်စွာနဲ့ ညည်းတွား အော်ဟစ်လိုက်ပါတယ်။

လင်းဟန်က သူနဲ့ပတ်သက်ပြီး နည်းနည်းလေးမှ ဂရုမစိုက်နိုင်ပါဘူး။ သူက တောင်ခြေမှာ ရှိနေတဲ့ နန်းတော်ဆီကို ခြေလှမ်းကျဲတွေနဲ့ လျှောက်လာခဲ့ပါတယ်။ ဒါက လျို့ပုက်ဆန်းကြယ်ဘုံရဲ့ နောက်ဆုံးနေရာ ဖြစ်ပါတယ်။

သူက နန်းတော်ရဲ့ ဂင်ပေါက်ဆီကို ရောက်လာခဲ့ပါတယ်။ ဂင်ပေါက်က တင်းကျပ်စွာနဲ့ ပိတ်ထားပြီး အဲဒီအရှေ့မှာ

Edit with WPS Office

လူငါးယောက် ရပ်နေပါတယ်။ ခွမ်းပိုင်ရှမ်းက လွဲပြီးတော့ တခြားဘုရင်အဆင့် အားလုံး ရောက်နေကြပါပြီ။

"အစ်ကိုလင်း"

လူငါးယောက်စလုံးက သူ့ကို ခေါင်းညိတ်ပြီး နှုတ်ဆက်ကြိုဆို လိုက်ကြပါတယ်။ သူတို့ကို ကြည့်ရတာ လင်းဟာန်က အရင်းအမြစ်တစ်ထောင် အစစ်အမှန် အရည်လေးစက် ရသွားတာကြောင့် မနာလို ဖြစ်နေကြပုံ မပေါ်ပါဘူး။

တကယ်လို့ မနာလိုဘူး ဆိုရင်တောင် သူတို့က သူတို့ရဲ့ နှလုံးသားအတွင်းက နက်ရှိုင်းတဲ့ နေရာမှာပဲ ဖုံးကွယ်ထား ပါလိမ့်မယ်။ သူတို့လိုမျိုး ဘုရင်အဆင့် ပါရမီရှင်တွေမှာ သူတို့ကိုယ် သူတို့ ပြိုင်ဘက်ကင်းတွေလို့ မြင်တဲ့ ယုံကြည်ချက်တစ်ခု ရှိကြပါတယ်။ တခြားသူတွေကို သူတို့က ဘာကြောင့် မနာလိုစရာ လိုမှာလဲ။

လင်းဟာန်က ခေါင်းညိတ်ပြီးတော့ ပြောလိုက်တယ်။

"မင်းတို့အားလုံးက အစောကြီး ရောက်နေကြတာပဲ"

"ဟားဟားဟား ငါတို့တွေက စောစောကမှ ရောက်တာပါ"

Edit with WPS Office

ရှီအန်ဂူက ရယ်မောရင်းနဲ့ ပြောလိုက်ပါတယ်။ သူ့မျက်လုံးတွေထဲမှာ လင်းဟန်ကို ကြည့်နေရင်း စိုးရိမ်ကြောင့်ကြမှု တစ်စွန်းတစ်စ ဖြတ်သွားခဲ့ပါတယ်။

တိုက်ပွဲစွမ်းရည် တစ်ခုတည်းနဲ့ ပတ်သက်ရင် သူ့မှာ လင်းဟန်ထက် အားသာချက် တစ်ခု ရှိပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူတို့တွေ သူသေကိုယ်သေ တိုက်ခိုက်ရမယ်ဆိုရင် လင်းဟန်က သေချာပေါက် အနိုင်ရသွားပါလိမ့်မယ်။ ဒီအတွက် အကြောင်းပြချက်က ရိုးရိုးလေးပါ။ လင်းဟန်ရဲ့ ခံစစ်က အရမ်းကို ကြောက်မက်ဖွယ်ရာကောင်းပြီး သူ့အတွက်တော့ အဲဒီခံစစ်ကို ဖျက်ဆီးဖို့ ဖြစ်နိုင်လိမ့်မှာ မဟုတ်ပါဘူး။

ဒီလိုမျိုး ပြိုင်ဘက်တွေက သူ့ကို ထိတ်လန့်ကြောက်ရွံ့စေပါတယ်။

"ဂျူနီယာ ညီမလေးခွမ်းက မရောက်သေးဘူး။ ဒီနေရာကိုလာတဲ့ လမ်းပေါ်မှာ အခွင့်အလမ်းကြီး တချို့နဲ့ ကြုံနေတာ ဖြစ်နိုင်တယ်"

Edit with WPS Office

ပုပ္ပမ်ထောင်က ပြောလိုက်တယ်။

သူတို့ရဲ့ ဘုရင်အဆင့် ခွန်အားတွေက ဒီလို့ပုက်ဆန်းကြယ် ဘုံထဲမှာ ပြိုင်ဘက်ကင်းတယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် ခွမ်းပိုင်ရှမ်း အနေနဲ့ အစွမ်းထက်တဲ့ ရန်သူတစ်ယောက်နဲ့ ရင်ဆိုင်နေရတာကြောင့် နောက်ကျနေတာမျိုး မဖြစ်နိုင်ပါဘူး။

သူတို့က ထိုင်ပြီးတော့ တာအိုအကြောင်းကို စတင်ဆွေးနွေး လိုက်ကြပါတယ်။ သူတို့အတွက် ဒါက အကောင်းဆုံး ဖြစ်ပြီးတော့ တခြား ဘာမှလုပ်စရာ မရှိပါဘူး။

ဘုရင်အဆင့်တွေ ဖြစ်တာနဲ့အညီ သူတို့ခြောက်ယောက်လုံး တောင်မြစ်အဆင့်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်ရှိနေခဲ့ပါပြီ။ ဒါကြောင့် သူတို့က ကျင့်ကြံခြင်းရဲ့ နယ်ပယ်ထဲမှာ အရမ်းကို ထူးချွန်ထက်မြက် ကြပါတယ်။ သူတို့ရဲ့ ဆွေးနွေးမှုကနေ သူတို့အားလုံး အကျိုးအမြတ် တော်တော်များများ ရရှိခဲ့ ကြပါတယ်။

နှစ်ရက်လောက် စောင့်ပြီးတဲ့ နောက်မှာတော့ ခွမ်းပိုင်ရှမ်း

Edit with WPS Office

ရောက်လာပါတယ်။

"ကောင်းပြီ ငါတို့ စလိုက်ရအောင်"

နန်းတော်ရဲ့ ရောမ တံခါးကြီး အပေါ်မှာ အချိုင့်ဆယ့်လေးခု ရှိနေပြီး တစ်ခုချင်းစီက လက်တစ်ဖက်နဲ့ အံဝင်ခွင်ကျ ဖြစ်တဲ့အထိ ကြီးမားပါတယ်။ သူတို့ ခုနစ်ယောက်က ဘေးချင်းယှဉ် ရပ်ပြီးတော့ သူတို့ရဲ့ လက်တွေကို ချိုင့်ခွက်နှစ်ခွက်ဆီထဲ နေရာထားလိုက်ပါတယ်။

"ငါသုံးထိ ရေတွက်ပြီးတာနဲ့ တွန်းကြမယ်"

ဟဲထောင်က ပြောလိုက်တယ်။

"အင်း"

တခြားဘုရင်ခြောက်ယောက်စလုံး ခေါင်းညိတ်တုံ့ပြန် လိုက်ကြပါတယ်။ အခုချိန်မှာ ဘယ်သူက အမိန့်ပေးရမယ် ဆိုတာနဲ့ ပတ်သက်ပြီး ငြင်းခုံနေလိမ့်မှာ မဟုတ်ပါဘူး။

"တစ်"

"နှစ်"

Edit with WPS Office

"သုံး"

ဘုရင်အဆင့် ခုနစ်ယောက်က သူတို့ရဲ့ စွမ်းအားကို အပြည့်အဝ ထုတ်ဖော်ပြီး တံခါးကို တွန်းလိုက်ပါတယ်။

သူတို့ရဲ့ စွမ်းအားက တောင်မြစ်အဆင့် ပြီးပြည့်စုံခြင်း အဆင့်ရဲ့ အထွတ်အထိပ် အထက် ကြယ်ခုနစ်ပွင့်ကို ရောက်သွားတဲ့ အချိန်မှာ ချိုင့်ခွက်တွေထဲက သူတို့လက်တွေ တလက်လက် တောက်ပလာခဲ့ပါတယ်။

နှစ်၊ လေး၊ ခြောက်၊ ရှစ်။ ချိုင့်ခွက် ဆယ့်လေးခုလုံး လင်းလက်တောက်ပလာတဲ့ အချိန်မှာ အက်ကွဲသံ တစ်ခု ထွက်ပေါ်လာပြီး တင်းကျပ်စွာနဲ့ ပိတ်ထားတဲ့ နန်းတော်တံခါးကြီးက ဖြည်းညှင်းစွာနဲ့ ပွင့်လာခဲ့ပါတယ်။

ဒါပေမဲ့လည်း ဘုရင်ခုနစ်ယောက်စလုံး အနောက်ကို ဆုတ်လိုက်ပြီး သူတို့ရဲ့ မျက်နှာပေါ်မှာ သတိထားနေတဲ့ အမူအရာတွေ ရှိနေပါတယ်။

အံ့ဩဖွယ်ရာကောင်းတဲ့ ရတနာ သိုလှောင်ခန်းရဲ့ အရှေ့မှာ သူတို့တွေက အရင်ကထက် ပိုပြီးတော့တောင် သတိထား

Edit with WPS Office

လာကြပါတယ်။ သူတို့ရဲ့ မျက်လုံးတွေနဲ့ လောဘတကြီး အကဲဖြတ်တာမျိုး မလုပ်ခဲ့ပါဘူး။

အရင်က ဒီနန်းတော်က ပိန်းပိတ်မှောင်နေ ခဲ့ပါတယ်။ ဒါပေမဲ့လည်း တံခါးကို အပြည့်အဝ ဖွင့်လိုက်တဲ့ အချိန်မှာတော့ အထဲက တိုင်လုံးတွေက တစ်ခုပြီးတစ်ခု လင်းလက်တောက်ပ လာခဲ့ပါတယ်။ ခဏအကြာမှာပဲ နန်းတော်တစ်ခုလုံး အလင်းရောင်တွေ ထိန်ထိန်ငြီးလို့ နေပါတယ်။

ဝိုး။

ဘုရင်အဆင့် ခုနစ်ယောက်စလုံး အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်ကုန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ အရှေ့မှာ မီတာသုံးဆယ်ကျော် အကွာအဝေးမှာ အလောင်းတစ်ခုက ခြေကားယား လက်ကားယား မှောက်နေပါတယ်။

ဒီလူက အရမ်းကို အရပ်မြင့်ပါတယ်။ တကယ်လို့ သူတို့က တည့်တည့်မတ်မတ် ရှိနေမယ် ဆိုရင် အနည်းဆုံး

Edit with WPS Office

ကိုးမီတာလောက်ထိ တိုင်းတာလို့ ရပါလိမ့်မယ်။ သူရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက အပြာရောင် တောက်ပနေပြီး ပျက်စီးနေတဲ့ ချပ်ဂတ်တန်ဆာ တစ်ခုကို ဂတ်ဆင်ထားပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ပေါ်က ပြတ်ရှဒဏ်ရာတွေနဲ့ အရိုးတွေကိုတောင် တွေ့မြင်နိုင်ပါတယ်။

အလောင်းရဲ့ အနောက်ဘက်မှာ စာကြောင်းအနည်းငယ် ရေးထွင်းထားပါတယ်။

"ကြယ်ခုနစ်စင်း ဖြောင့်တန်းသွားတဲ့ အချိန်ကျရင် ငါ့ရဲ့ အမွေဆက်ခံသူ ထွက်ပေါ်လာမဲ့ အချိန်ပဲ"

"မြေအောက်ကမ္ဘာက အမှောင်နတ်ဆိုးတွေ သူတို့ကို သတ်ပစ် သူတို့ကို သတ်ပစ် သူတို့ကို သတ်ပစ်"

"မိုးကောင်းကင်က မမျှတဘူး။ စက်ဆုပ်ရွံရှာစရာကောင်းတယ်။ ကန့်ကွက်ရှုတ်ချတယ်"

ဟဲထောင်က ခဏလောက် စဉ်းစားပြီးတော့ ပြောလိုက်တယ်။

"ကြယ်ခုနစ်စင်းဆိုတာက ငါတို့ကို ရည်ညွှန်းတယ်ဆိုတာ

Edit with WPS Office

ရှင်းနေတာပဲ။ ငါတို့အားလုံး အထွတ်အထိပ် အဆင့်ထိ ကျင့်ကြံအားထုတ်ထားပြီး ဒီနန်းတော်ရဲ့ တံခါးကို ပွင့်လာဖို့ အတူတူ ကြိုးစားအားထုတ် ခဲ့ရတယ်။ နောက်ပြီး ငါ့ရဲ့အမွေကို ဆက်ခံမဲ့သူ ပေါ်လာတယ် ဆိုတာက ငါတို့ထဲက တစ်ယောက်က သူ့ရဲ့ အမွေအနှစ်ကို ရရှိမယ်လို့ ပြောတာပဲ"

ရှမ်ကျူအာက အရှေ့ကို ခြေလှမ်းအနည်းငယ် တိုးလိုက်ပြီး သူမရဲ့ အမူအရာက ရုတ်တရက် ပြောင်းလဲသွား ခဲ့ပါတယ်။ သူမက အလျင်အမြန်ပဲ သူမရဲ့ မူလနေရာကို ပြန်ဆုတ်လာပြီးတော့ ပြောလိုက်တယ်။

"ဒီစီနီယာက အရမ်းကို အစွမ်းထက်လွန်းတယ်။ သူ့အနားကို ငါကပ်မသွားနိုင်ဘူး။ တကယ်လို့ အနားကပ်သွားမယ်ဆိုရင် လူသတ်အရှိန်အဝါ တစ်ခုက ငါ့ကို အပိုင်းပိုင်း စုတ်ဖြဲပစ်တော့မဲ့ အတိုင်းပဲ"

လင်းဟန်က ထိုင်နေရာကနေ ထလာပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"ဒီနန်းတော်ထဲက အခုတ်ကြွပ်ပြားတွေကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် ခိုင်မာ တောင့်တင်းတယ်။ ငါ့နတ်ဘုရားဓားကို သုံးတာတောင်မှ အမှတ်အသား တစ်ခုတောင် ကျန်မနေခဲ့ဘူး"

တစ်ခုသိထားရမှာက ကြမ်းပြင်ပေါ်က စာလုံးတွေကို ဒီအပြာရောင် အသားအရည်နဲ့ လက်ရွေးစင် မသေခင် ရေးထွင်းသွားခဲ့တာ ဖြစ်နိုင်ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့ လက်ချောင်းတွေကို သုံးပြီးတော့ ရေးသွားတာ ဖြစ်နိုင်ပါတယ်။ သူ့လက်ထဲမှာ လက်နက်တစ်ခုမှ မရှိပဲ သူ့ရဲ့ လက်ညှိုးက နောက်ဆုံးစာလုံး အပေါ်မှာ ထောက်နေပါတယ်။

လင်းဟန်က နတ်ဘုရား ဓားတစ်ချောင်းကို သုံးပြီးတော့ အမှတ်အသား တစ်ခုတောင် မလုပ်နိုင်ပေမဲ့ အသားပြာတဲ့ လက်ရွေးစင်ကတော့ စာကြောင်းတွေကို သူ့လက်ညှိုးကို သုံးပြီးတော့ ရေးထွင်းနိုင်စွမ်း ရှိပါတယ်။ သူတို့အကြားက ရောမ ကွာဟချက်က ပိုပြီးတော့တောင် ထင်ရှားမြင်သာ ရှိပါတယ်။

Edit with WPS Office

ဘုရင်အဆင့် ခုနစ်ယောက်က အလောင်းအနားကို လျှောက်လာခဲ့ ကြပါတယ်။ ဒီအသားရောင် အပြာနဲ့ လက်ရွေးစင် သေသွားခဲ့တာ အရမ်းကို ကြာနေပေမဲ့ သူ့ရဲ့ ခွန်အား အကြွင်းအကျန်က သူ့အလောင်းပေါ်မှာ တရစ်ဂဲဂဲ ရှိနေဆဲပါပဲ။ သူတို့အတွက်တော့ သူ့အနားကို ကပ်ဖို့ဆိုတာ မဖြစ်နိုင်ပူါဘူး။ သူတို့အားလုံးက အထွတ်အထိပ် အဆင့်ကို ရောက်နေတဲ့ ပါရမီရှင်တွေ ဖြစ်တာတောင်မှ ဒီလိုမျိုး အစွမ်းထက်တဲ့ သက်ရှိတစ်ယောက် အရှေ့မှာ အထူးတလည် ပုံစံမျိုး ရှိမနေခဲ့ပါဘူး။

"သူက သေချာပေါက် ထာဂရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဖြစ်လိမ့်မယ်"

"အရှင်သခင် ဂိညာဉ်သုံးခုရဲ့ ကျင့်ကြံခြင်းကို ငါမခန့်မှန်းနိုင်ပေမဲ့ ဒီစီနီယာကလည်း တူညီတဲ့ ခံစားမှုကို ပေးနေတယ်။ သူက သေချာပေါက် ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့် အထက်မှာ ရှိလိမ့်မယ်"

"ဒါဆိုရင် သူ့ရဲ့ အမွေအနှစ်က"

Edit with WPS Office

"ရောမ တန်ဖိုးမဖြတ်နိုင်တာ ဖြစ်မှာပေါ့"

ရှမ်ကျူအာနဲ့ တခြားသူတွေ အားလုံးပဲ ဒါကို သတိပြုမိသွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ပါတယ်။ တကယ်လို့ သူတို့က ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အမွေအနှစ်ကို ဆက်ခံရရှိမယ်ဆိုရင် ဘယ်လောက် မယုံနိုင်စရာ ကောင်းလိမ့်မလဲ။

အရှင်သခင် ဂိညာဉ်သုံးခုက တပည့်ကိုးယောက် လက်ခံထားတယ် ဆိုပေမဲ့ သေချာပေါက် သူ့ရဲ့ အမွေအနှစ် တချို့ကို ထိန်းထားပါလိမ့်မယ်။ သူ့ရဲ့ အရေးအကြီးဆုံး အမွေအနှစ်ကို အဆုံးသတ် သူထွက်မသွားခင် သူ့တည့်တွေထဲက တစ်ယောက်ကိုပဲ သင်ပေးပါလိမ့်မယ်။ သူ့ရဲ့ တခြား တပည့်တွေကတော့ သူ့အမွေအနှစ်ရဲ့ အစိတ်အပိုင်း တစ်ခုလောက်ကိုပဲ လက်ခံရရှိ ကြပါလိမ့်မယ်။

ဒါပေမဲ့လည်း အခု အခြေအနေက လုံးဝကို ကွဲပြားခြားနားပါတယ်။ ဒီအသားရေ အပြာရောင်နဲ့ လက်ရွေးစင် သေသွားခဲ့တာ အရမ်းကို ကြာနေပါပြီ။ ဒါကြောင့် သူချန်ခဲ့တဲ့ အမွေအနှစ်က လုံးဝကို အပြည့်အစုံ

Edit with WPS Office

ဖြစ်ပါလိမ့်မယ်။

ဘယ်သူကများ မလှုပ်ရှားပဲ နေမှာလဲ။

Chapter 1194 end

အပိုင်း(1195) လျှို့ဝှက်နည်းစနစ် အသချေ

နန်းတော်ဂန်းကျင်မှာ မရေမတွက်နိုင်တဲ့ အလင်းစက်ပိုင်းတွေ ဝေ့လည်နေပါတယ်။ တကယ်လို့ လူတစ်ယောက်က အနီးကပ်ကြည့်မယ်ဆိုရင် အဲဒီအလင်းစက်ပိုင်းတွေ အထဲမှာ မရေမတွက်နိုင်တဲ့ စာလုံးတွေကို တွေ့မြင်ရပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒီစာလုံးတွေက ဝေဝါးနေပြီး ရှင်းရှင်းလင်းလင်း မြင်ရဖို့ ခက်ခဲပါတယ်။

"ဒါတွေအားလုံး ကျင့်ကြံခြင်း နည်းစနစ်တွေပဲ"

"မဟာစိတ်လန်းဆန်းခြင်း ကွန်ယက် နည်းစနစ်ကို ငါတွေ့လိုက်တယ်လို့ ထင်တာပဲ"

"ခရမ်းမီးခိုးလက်ဂါး နည်းစနစ်"

Edit with WPS Office

"ဂါးနလုံးသားဓား"

ဘုရင်အဆင့် ခုနစ်ယောက်က ကောင်းကင်ပေါ်က အလင်းစက်ပိုင်းတွေကို စိုက်ကြည့်နေရင်း နာမည်တွေ တစ်ခုပြီး တစ်ခု ဖတ်နေပါတယ်။ အလင်းစက်ပိုင်းတချို့ထဲက စာလုံးတွေက တခြားဟာတွေထက် အဓိပ္ပါယ်ဖော် ဖတ်ရှုဖို့ လွယ်ကူပါတယ်။

"ဘာ"

ဟဲထောင်က အံ့အားသင့်စွာနဲ့ အော်လိုက်မိပါတယ်။

"ကောင်းမြတ်သော မူလနလုံးသားကျမ်းစာ။ ငါ ဒီနည်းစနစ်ရဲ့ မပြည့်စုံတဲ့ မိတ္တူကို ရှေးဟောင်းဂိုဏ်း တစ်ခုထဲမှာ တစ်ခါမြင်ဖူးတယ်။ ဒါက ထူးခြားဆန်းကြယ်တဲ့ ကျင့်ကြံခြင်း နည်းစနစ် တစ်ခုပဲ။ အဲဒီရှေးဟောင်းဂိုဏ်းတောင်မှ ပျက်စီးနေတဲ့ မိတ္တူတစ်ခုပဲ ပိုင်ဆိုင်ထားတယ်။ တကယ်လို့ ဒီကျင့်ကြံခြင်း နည်းစနစ်ကို ကျွမ်းကျင်သွားရင် သူတို့ရဲ့ မူလစွမ်းအင်က လျှပ်စီးရဲ့

Edit with WPS Office

စွမ်းအားကို ရရှိလိမ့်မယ်လို့ ကြားဖူးတယ်။ ဒီလိုသာဆိုရင် သူတို့ရန်သူရဲ့ ခုခံမှုတွေကို သူတို့က အလွယ်တကူ ပျက်သုန်းစေနိုင်စွမ်း ရှိတယ်"

ဒါက ရှေးဟောင်းကျင့်ကြံခြင်း နည်းစနစ် တစ်ခု ဖြစ်ပြီးတော့ နှစ်ထောင်ပေါင်း ဘယ်လောက် ကြာကတည်းက ဆင်းသက်လာလဲ ဆိုတာကိုတော့ မိုးကောင်းကင်ပဲ သိပါလိမ့်မယ်။ ဒါပေမဲ့လည်း အဲဒါက ပျောက်ဆုံးနေတဲ့ ကျင့်ကြံခြင်း နည်းစနစ် တစ်ခု ဖြစ်လာပြီး ရှေးဟောင်းဂိုဏ်းတွေ တချို့ရဲ့ အမွေအနှစ်တွေထဲမှာ ဒီကျင့်စဉ်နဲ့ ပတ်သက်ပြီး မှတ်တမ်းမှတ်ရာလောက်ပဲ ကျန်ရစ်ပါတော့တယ်။ ဒီကောင်းမြတ်သော မူလနှလုံးသား ကျမ်းက ပြည့်စုံတဲ့ ကျမ်းတစ်ခုများလား။ ဒါမှမဟုတ် မပြည့်စုံတဲ့ ကျမ်းတစ်ခုပဲလား။

တကယ်လို့ ဒါက ပြည့်စုံတဲ့ ကျမ်းဖြစ်နေရင် သူ့တန်ဖိုးက တွက်ဆလို့တောင် ရလိမ့်မှာ မဟုတ်ပါဘူး။

အဲဒီအခိုက်အတန့် သူတို့တွေ နားလည်သွားတာက ဒါက တကယ့်ကို ရတနာခန်း တစ်ခု ဖြစ်ပါတယ်။ နောက်ပြီးတော့

Edit with WPS Office

ဒီမှာပါဝင်တဲ့ ပစ္စည်းတွေရဲ့ တန်ဖိုးက သူတို့ခန့်မှန်းလို့တောင် မရပါဘူး။

ရွှပ်။

ရှမ်ကျူးအာက အရင်ဆုံး ခုန်ထွက်ပြီး အလင်းစက်ပိုင်းတစ်ခုကို ဖမ်းဆုပ်ယူလိုက်ပါတယ်။ သူမရဲ့ အမြန်နှုန်းက မယုံနိုင်စရာ ကောင်းလောက်အောင် လျင်မြန်ပြီးတော့ အလင်းစက်ပိုင်း အနားကို ဖမ်းဆုပ်မိပါတော့မယ်။ ဒါပေမဲ့လည်း အလင်းစက်ပိုင်းက ရုတ်တရက် တုန်ခါပြီးတော့ ပိုမြန်တဲ့ အမြန်နှုန်း တစ်ခုနဲ့တောင် အဝေးကို ပျံထွက်သွားပါတယ်။ ရှမ်ကျူးအာက အဲဒါကို ဖမ်းဆုပ်မိဖို့ နည်းနည်းလေးပဲ လိုသွားခဲ့ပါတယ်။

ရှမ်ကျူးအာက လက်ဗလာနဲ့ ကြမ်းပေါ်ကို ပြန်ဆင်းလာခဲ့ပါတယ်။

ကျန်နေတဲ့ ဘုရင်အဆင့် ခြောက်ယောက်စလုံး အံ့အားသင့် သွားခဲ့ပါတယ်။ ရှမ်ကျူးအာက သူတို့ထက် နည်းနည်းမှ

Edit with WPS Office

အားမနည်းခဲ့ပါဘူး။ ဒါကြောင့် တကယ်လို့ သူမက အလင်းစက်ပိုင်း တစ်ခုကို ဖမ်းဆုပ်နိုင်ခြင်း မရှိခဲ့ဘူးဆိုရင် သူတို့ထဲက ဘယ်သူ့ဘယ်သူမှ အောင်မြင်နိုင်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒီအမွေအနှစ်ကို ရရှိဖို့ ကြိုးစားရတာ အရမ်းကို ခက်ခဲပါလိမ့်မယ်။

သူတို့ခုနစ်ယောက်က စကားပြောနေတာကို ရပ်လိုက်ပါတယ်။ သူတို့အားလုံး သူတို့လိုချင်တဲ့ လျှို့ဝှက်နည်းစနစ် တစ်ခုကို စိုက်ကြည့်ပြီး အဲဒီနောက် လွှားခနဲ ခုန်ပြီးတော့ ဖမ်းဆုပ်လိုက်ကြ ပါတယ်။ ဒါပေမဲ့ အဲဒီအခိုက်အတန့်မှာ အလင်းစက်ပိုင်းတွေက အသက်ဝင်လာသလိုမျိုး တုန်ခါပြီးတော့ သူတို့လက်ကြားကနေ ငါးတွေလို လူးလွန့်ပြီး ပေါ့ပါးဖျတ်လတ်စွာနဲ့ အဝေးကို ရောက်သွား ကြပါတယ်။ လေထဲမှာ အလင်းရောင်တွေ တလက်လက် တောက်ပနေပြီး အရမ်းကို စူးရှလွန်းပါတယ်။

အနီးအနားကို အတော်ကြာအောင် ခုန်ပြီးတဲ့ နောက်မှာတော့

Edit with WPS Office

ဘုရင်အဆင့် ခုနစ်ယောက်က တည်ငြိမ်သွားပြီး ရပ်လိုက်ကြပါတယ်။ နောက်ဆုံးလူ ရပ်လိုက်တဲ့ အချိန်မှာ လေထဲက အလင်းစက်ပိုင်းတွေလည်း ရပ်သွားပါတယ်။ သူတို့က မိုးကောင်းကင်ပေါ်မှာ ချိတ်ဆွဲထားတဲ့ ကြယ်တွေနဲ့ တူပါတယ်။

ဒါတွေကို ရဖို့ တကယ့်ကို အရမ်းခက်တာပဲ။

ဘုရင်အဆင့် ခုနစ်ယောက်စလုံး မျက်မှောင်တွေ ကြုတ်လိုက် ကြပါတယ်။ သူတို့တွေက လူငယ်မျိုးဆက်ရဲ့ ဘုရင်အဆင့်တွေ ဆိုပေမဲ့ သူတို့က ဒီအချိန်မှာ တကယ့်ကို ခက်ခဲတဲ့ အခြေအနေတစ်ခု ဖြစ်နေပါပြီ။

ရှပ် ရှပ် ရှပ်။

ဒါပေမဲ့လည်း အဲဒီအခိုက်အတန့် အလင်းရောင်စက်လုံး ခုနစ်ခုက ရုတ်တရက် တုန်ခါလာပြီး လူခုနစ်ယောက်ဆီ ပြေးဝင်လာပါတယ်။

လင်းဟာန်နဲ့ တခြားသူတွေက အလျင်အမြန်ပဲ အလင်းစက်လုံးတွေကို ဖမ်းလိုက်ပါတယ်။

Edit with WPS Office

သူတို့က အလင်းစက်လုံး တစ်ခုစီကို အရမ်းကို
လွယ်လွယ်ကူကူနဲ့ ဖမ်းမိသွားခဲ့ပါတယ်။

ဘာတွေဖြစ်ကုန်တာလဲ။ သူတို့အားလုံး ဘယ်လောက်ပဲ
ခက်ခက်ခဲခဲ ကြိုးစားခဲ့ပါစေ စောစောက တစ်ခုမှတောင်
မရရှိခဲ့ပါဘူး။ အခုတော့ ဒီအလင်းစက်လုံးတွေက
သူတို့ဆီကို တက်တက်ကြွကြွ ပစ်ဝင်လာတာလား။

ပုန်း ပုန်း ပုန်း ပုန်း။

အလင်းစက်လုံးတွေက တစ်လုံးပြီး တစ်လုံး
ကြေမွသွားခဲ့ပါတယ်။

မရေမတွက်နိုင်တဲ့ ပုံရိပ်တွေနဲ့ သင်္ကေတတွေက သူတို့ရဲ့
စိတ်ထဲမှာ ပေါ်လာပြီး သူတို့နဲ့ တသားတည်း
ဖြစ်သွားပါတယ်။ မတူညီတဲ့ ကျင့်ကြံခြင်း နည်းစနစ်တွေနဲ့
သိုင်းပညာ နည်းစနစ်တွေ ဖြစ်ပါတယ်။

တခြားလူတွေ ဘာနည်းစနစ်တွေ ရသွားလဲ ဆိုတာကိုတော့
လင်းဟာန်မသိပါဘူး။ ဒါပေမဲ့လည်း သူက ကြယ်ရူးဆွတ်ခြင်း
ခြေလှမ်းဆိုတဲ့ လှုပ်ရှားမှု နည်းစနစ်တစ်ခုကို

Edit with WPS Office

ရရှိသွားခဲ့ပါတယ်။

ဒီနည်းစနစ်ရဲ့ အထွတ်အထိပ် အဆင့်ကို ရောက်သွားတာနဲ့ သူက မိုးကောင်းကင်ပေါ်ကို ခြေတစ်လှမ်းထဲနဲ့ တက်လှမ်းနိုင်စွမ်း ရှိသွားပြီး ကြယ်တွေကို ခူးဆွတ်ကာ လတွေကို ဖမ်းဆုပ်နိုင်စွမ်း ရှိသွားပါလိမ့်မယ်။

ဒါပေါ့။ ဒီဖော်ပြချက်က နည်းနည်းတော့ လေလုံးထွားလွန်းပါတယ်။ ဒါပေမဲ့ ဒီလှုပ်ရှားမှု နည်းစနစ်ရဲ့ အထင်ကြီးစရာကောင်းတဲ့ သဘာဝကို လှစ်ဟဖော်ပြနေဆဲပါပဲ။ ဒီနည်းစနစ်ရဲ့ အဆင့်တစ်ကို ရောက်ရှိဖို့ လူတစ်ယောက်ချင်းစီရဲ့ ကံကြမ္မာနဲ့ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း အပေါ်မှာ မူတည်ပါတယ်။

လင်းဟာန်က သူ့စိတ်ထဲက လှုပ်ရှားမှု နည်းစနစ်ကို အပေါ်ယံလောက်ပဲ ကြည့်လိုက်ပါတယ်။ ဒါပေမဲ့လည်း ဒီနည်းစနစ်က အရမ်းကို ရှုပ်ထွေးပြီး အချိန်တိုတိုလေး အတွင်းမှာ သူက နားလည်နိုင်မဲ့ အရာလည်း မဟုတ်ပါဘူး။ အနည်းဆုံးတော့ ဒီနည်းစနစ်ကို ခွဲခြမ်းစိတ်ဖြာဖို့ နှစ်အနည်းငယ် လိုအပ်ပါလိမ့်မယ်။ ပြောရမယ်ဆိုရင်

Edit with WPS Office

ဆယ်စုနှစ်တစ်ခု ဒါမှမဟုတ် ဆယ်စုနှစ်ပေါင်းများစွာ လိုအပ်လာပါလိမ့်မယ်။

တန်ခိုးရှင်အဆင့် နည်းစနစ်တွေ အားလုံးက ဒီလိုပါပဲ။ ဂဏ်ပါ ပညာတွေ၊ ဆေးဖော်စပ်နည်းတွေနဲ့ လှုပ်ရှားမှု နည်းစနစ်တွေ အားလုံး တူညီကြပါတယ်။ ဒီပညာတွေကို နားလည်သဘောပေါက်ဖို့ ခွဲခြမ်းစိတ်ဖြာဖို့ အချိန်တွေ အများကြီး ပေးဖို့ လိုအပ်ပါလိမ့်မယ်။

ဒါပေမဲ့လည်း လင်းဟာန်က ဒေါသမထွက်တဲ့အပြင် ကျေနပ်လို့တောင် နေပါတယ်။

သူ့မှာ ပြန်လည်မွေးဖွားခြင်း သစ်ပင်ရှိပါတယ်။ ဒါကြောင့် အချိန်ဆိုတာက ပြဿနာ မဟုတ်ပါဘူး။ နောက်ပြီးတော့ လူတစ်ယောက်က နည်းစနစ် တစ်ခုအပေါ်မှာ ကြာကြာသုံးစွဲရင် အဲဒီနည်းစနစ်က ပိုပြီးတော့ အဖိုးထိုက်တန် လာပါလိမ့်မယ်။

ရှမ်ကျူးအာနဲ့ တခြားသူတွေကို ကြည့်ရတာလည်း ကျေနပ်နေပုံ ရပါတယ်။ သူတို့က အရမ်းကို ထူးခြားတဲ့

Edit with WPS Office

လျှို့ဝှက်နည်းစနစ် တစ်ခုကို လက်ခံရရှိကြတယ်ဆိုတာ ထင်သာမြင်သာ ရှိပါတယ်။

သူတို့အားလုံးက လေထဲက အလင်းရောင် စက်ပိုင်းတွေကို ကြည့်လိုက်ပြီး သူတို့ရဲ့ အမူအရာတွေက နောက်ထပ် ထပ်လိုချင်နေကြသေးပုံပါပဲ။

ကြံ့ရာကျပန်း အလင်းရောင် စက်ပိုင်းတွေမှာ အထွတ်အထိပ် လျှို့ဝှက်နည်းစနစ်တွေ ပါရှိနေပါတယ်။ ဒါဆိုရင် လေထဲက တန်ဖိုးရှိတဲ့ အလင်းရောင် စက်ပိုင်းတွေက သေချာပေါက် ခန့်မှန်းလို့တောင် မရပါဘူး။

ဒါပေမဲ့လည်း အလင်းစက်ပိုင်းတွေ ထပ်ပြီးတော့ မကျလာတော့ပါဘူး။ သူတို့ရတဲ့ အလင်းစက်ပိုင်းတွေက ဒီနန်းတော်ရဲ့ တံခါးကို ဖွင့်တဲ့အတွက် ဆုလာဘ် သဘောမျိုးနဲ့ တူပါတယ်။

ဘုရင်အဆင့် ခုနစ်ယောက်လုံး နောက်တစ်ကြိမ် အလင်းစက်ပိုင်းတွေဆီ ခုန်အုပ်လိုက်ပါတယ်။ အံ့သြစရာ မရှိအောင်ပဲ သူတို့အားလုံး လက်ဗလာနဲ့ ပြန်လာရပါတယ်။

Edit with WPS Office

အလင်းစက်ပိုင်း တစ်ခုမှ မရလာတဲ့အပြင် သူတို့အားလုံး အရမ်းကို စိတ်ပျက်လက်ပျက် ဖြစ်သလို ခံစားလိုက်ရပါတယ်။

မရေမတွက်နိုင်တဲ့ ရတနာတွေက သူတို့အရှေ့မှာ ပေ့လည်နေပါတယ်။ သူတို့က ကြည့်ရုံပဲ တတ်နိုင်ပြီးတော့ ရအောင်မယူနိုင်ပါဘူး။

ဒါက တကယ့်ကို နှိပ်စက်ညှင်းပန်းမှု ဖြစ်ပါတယ်။

"ဟီးဟီးဟီး မင်းတို့တွေ ကျင့်ကြံခြင်း နည်းစနစ်တွေ ပိုလိုချင်တာလား"

အသံတစ်ခုက ရုတ်တရက် မေးလိုက်ပါတယ်။ ဒီအသံက နူးညံ့ညင်သာပြီးတော့ ထိတ်လန့်စရာ ကောင်းပါတယ်။ တချိန်တည်းမှာပဲ နားစည်ထဲကို တည့်တည့်မတ်မတ် ဝင်လာပြီးတော့ ပဲ့တင်သံ ထပ်နေပါတယ်။

"ဘယ်သူလဲ"

ဘုရင်အဆင့် ခုနစ်ယောက်က အံ့အားသင့်စွာနဲ့ အော်လိုက်ပါတယ်။

Edit with WPS Office

"ကိုယ်ထင်ပြစမ်း"

"အမှောင်ထဲမှာ ပုန်းမနေနဲ့"

"မင်းတို့တွေက ငါ့ကို အဲဒီလောက်တောင်
မြင်ချင်နေတာလား"

အသံက သူတို့နားစည်ထဲကို နောက်တစ်ကြိမ် တိုးဝင်လာပြီး ပတ်ဝန်းကျင်မှာ အနက်ရောင် အရိုန်အဝါတစ်ခုက နွယ်ပင်လို ရစ်ခွေလာပါတယ်။ ဒီအနက်ရောင် အရှိန်အဝါက လှိုု့ဂှက်ဆန်းကြယ် ဘုံအပြင်က အနက်ရောင် အရှိန်အဝါနဲ့ တူညီပါတယ်။ နောက်ပြီးတော့ သေခြင်းတရားရဲ့ လေထုတစ်ခုကိုတောင် ပိုင်ဆိုင်ထားပါတယ်။

အနက်ရောင် အရှိန်အဝါကနေ ဘုရင်အဆင့် ခုနစ်ယောက် အရှေ့မှာ လူတစ်ယောက်ပုံစံ ဖြစ်ပေါ်လာခဲ့ပါတယ်။

"ခင်ဗျားက ဘယ်သူလဲ"

ရှီအန်ဂူက ချက်ချင်းပဲ မေးလိုက်ပါတယ်။

"ငါက ဒီနေရာရဲ့ ပိုင်ရှင်ပဲ"

Edit with WPS Office

အဲဒီလူက ပြန်ဖြေလိုက်တယ်။

လင်းဟာန်နဲ့ ကျန်တဲ့သူတွေက တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဖလှယ်ပြီးတဲ့နောက် ဦးညွှန့်ပြီးတော့ ပြောလိုက်တယ်။

"စီနီယာကို အရိုအသေပေးပါတယ်"

သူတို့အားလုံးက ဘဂမြင့်တဲ့ လူတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့က ဒူးထောက်လိမ့်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူတို့က ဒီလူဆီကနေ လျှို့ဝှက်နည်းစနစ်တွေကို လက်ခံရရှိခဲ့တာကြောင့် ဦးညွှန့်ပြီးတော့ အရိုအသေပြုတာက သင့်တော်ပါတယ်။

"မင်းတို့ခေါင်းတွေကို မော့လိုက်ပါ"

အဲဒီလူက သူ့လက်ကို မြှောက်ပြီးတော့ ပြောလိုက်တယ်။

ဒါပေမဲ့လည်း သူ့ခန္ဓာကိုယ်က မတည်မငြိမ် ဖြစ်နေပြီး မှောလွင့်ပြီး ပျောက်ကွယ်သွား ပါတယ်။

"မင်းတို့အားလုံး ပင်ကိုယ်အရည်အချင်းက အရမ်းကို ထူးချွန်ထက်မြက်ပြီး ငါ့ရဲ့ အမွေအနှစ်ကို ဆက်ခံရရှိဖို့

Edit with WPS Office

ထိုက်တန်တယ်”

ဘုရင်အဆင့် ခုနစ်ယောက်က နောက်တစ်ကြိမ် ဦးညွှန်ပြီးတော့ ပြောလိုက်တယ်။

“ကျေးဇူးတင်ပါတယ် စီနီယာ”

“ဒါပေမဲ့လည်း ငါက ဆက်ခံသူ တစ်ယောက်ပဲ လိုအပ်တယ်။ မင်းတို့ထဲက ဘယ်သူကများ ငါ့ကို ဆရာသခင်လို့ သတ်မှတ်ဖို့ စိတ်ကူးရှိလဲ”

အဲဒီလူက မေးလိုက်တယ်။

လင်းဟာန်နဲ့ တခြားသူတွေက တစ်ယောက်ကို တစ်ယောက် နောက်တစ်ကြိမ် ကြည့်လိုက် ကြပါတယ်။

“စီနီယာက ဘယ်သူ့ကို တပည့်အဖြစ် ရွေးချယ်ချင်ပါသလဲ”

သူတို့က မေးလိုက်ပါတယ်။

ဒီလူက ဒီနေရာရဲ့ ပိုင်ရှင်ဖြစ်တယ်လို့ သူတို့ကို ပြောထားပေမဲ့ သူတို့က သူ့စကားတွေကို တကယ်ပဲ ယုံကြည်သင့်ရဲ့လား။

Edit with WPS Office

ဘုရင်အဆင့် ဖြစ်လာတဲ့ လူတွေအနေနဲ့ သူတို့က သူတို့ကိုယ်ပိုင် သုံးသပ်ချက်တွေကို ပြုလုပ်နိုင်စွမ်း ရှိပါတယ်။ ဘယ်လိုလုပ်ပြီးတော့ တခြားသူတွေကို မျက်စိစုံမှိတ်ပြီး ယုံကြည်နိုင်မှာလဲ။

"တကယ်လို့ ငါရွေးချယ်ရမယ် ဆိုရင်တော့"

လူသားပုံစံ အနက်ရောင် အရိုန်အဝါ ပေါ်လာပြီးတော့ သူတို့ခုနစ်ယောက် အပေါ်ကို ဖော့ကြည့်လိုက်ပါတယ်။ သူက သူတို့ရဲ့ တုံ့ပြန်မှုတွေကို လေ့လာစူးစမ်းနေသလိုပါပဲ။ ဒါပေမဲ့လည်း လင်းဟာန်နဲ့ တခြားသူတွေက ဒီအတွက်ကြောင့် ဘယ်လိုလုပ် အကျိုးသက်ရောက်မှု ရှိလိမ့်မှာလဲ။ သူတို့ရဲ့ အမူအရာက တည်တည်ငြိမ်ငြိမ်နဲ့ ရှိနေပါတယ်။

"ငါသူ့ကို ရွေးချယ်ရလိမ့်မယ်"

အဲဒီလူက သူ့လက်ကို မြှောက်ပြီး လင်းဟာန်ကို လက်ညှိုးထိုး ညွှန်ပြလိုက်ပါတယ်။

"ကျနော့ကိုလား"

လင်းဟာန်က သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်ပါတယ်။

Edit with WPS Office

"တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျနော့်မှာ ဆရာတစ်ယောက် အသိအမှတ်ပြုဖို့ စိတ်ကူးမရှိပါဘူး"

တကယ်လို့ သူက ဆရာသခင်တစ်ယောက် ရှာချင်တယ်ဆိုရင် သူ့ရဲ့ အနက်ရောင် မျှော်စင်ထဲမှာ သူတော်စင် တစ်ယောက် ရှိပါတယ်။ သူ့အတွက် ဒီအရိုန်အဝါပုံစံ လူကို ဆရာသခင်အဖြစ် သတ်မှတ်စရာ မလိုပါဘူး။

အဲဒီလူက အံ့အားသင့်သွားမိခဲ့ပါတယ်။ လင်းဟန်က တကယ်ပဲ သူ့တောင်းဆိုမှုကို ငြင်းပယ်ခဲ့တာလား။

အများစုသော လူတွေက ဆရာသခင်အဖြစ် လက်ရွေးစင်တွေကို အသိအမှတ် ပြုတာက မငြင်းဆန်နိုင်တဲ့ ဆွဲမက်ဖွယ်ရာ တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့လည်း လင်းဟန်က သူ့ခေါင်းကို နည်းနည်းလေးမှတောင် မတုံ့ဆိုင်းပဲ ခါပြီးတော့ သူ့ရဲ့ ကမ်းလှမ်းမှုကို ပယ်ချလိုက်ပါတယ်။

အရိုန်အဝါပုံစံ လူက သူ့အကြည့်ကို တစ်နေရာဆီ

Edit with WPS Office

ပြောင်းလိုက်ပါတယ်။ သူက ရှမ်ကျူအာကို
လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

"မင်းရော ဘယ်လိုလဲ။ ငါ့ကို ဆရာသခင် တစ်ယောက်အဖြစ်
အသိအမှတ်ပြုဖို့ စိတ်ကူးရှိလား"

ရှမ်ကျူအာက မဖြေခင်မှာ အနည်းငယ် တုံ့ဆိုင်းဆိုင်း
ဖြစ်သွားပါတယ်။ အဲဒီနောက် သူမက ပြန်ဖြေလိုက်တယ်။

"ဒီဂျူနီယာမှာ ဆရာသခင် တစ်ယောက် ရှိပါတယ်။
ဒါကြောင့် ဆရာသခင် အသစ်တစ်ယောက် သတ်မှတ်ဖို့
စိတ်ကူးမရှိပါဘူး"

သူ့ရဲ့ ကမ်းလှမ်းမှုက နောက်တစ်ကြိမ်
ပယ်ချခံလိုက်ရပြီလား။

အရှိန်အဟုန် လူပုံစံက အနည်းငယ် မျက်နှာရှုံ့မဲ့
သွားခဲ့ပါတယ်။ သူက စိတ်တိုသွားသလိုနဲ့ မေးလိုက်ပါတယ်။

"မင်းတို့တွေရော ဘယ်လိုလဲ"

သူက ကျန်နေတဲ့ ဘုရင်အဆင့်တွေကို လက်ညှိုးထိုး
လိုက်ပါတယ်။

Edit with WPS Office

ဘုရင်အဆင့် ငါးယောက်က တစ်ယောက်နဲ့ တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ပြီး အဲဒီနောက် သူတို့ရဲ့ ခေါင်းတွေကို ခါပြီးတော့ တုံ့ပြန်လိုက်ပါတယ်။

ဒီလူက ရုတ်တရက် ထွက်ပေါ်လာပြီးတော့ သူတို့ကို သူ့ရဲ့တပည့်ဖြစ်ဖို့ ဆွဲဆောင်နေခဲ့ပါတယ်။ ဘုရင်အဆင့် ခုနစ်ယောက်က သံသယမဝင်ပဲ မနေနိုင်ပါဘူး။

Chapter 1195 end(ခဏမှလာမည်)

အပိုင်း(1196) ပိုင်ဆိုင်ခြင်း

အရှိန်အဂါ လူပုံစံက အနည်းငယ် စိတ်ဆိုးလာပါတယ်။ သူက ဒါကို လုံးဝကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

ဒီနေရာမှာ လူခုနစ်ယောက် ရှိပါတယ်။ တစ်ယောက်မှ သူ့ကို ဆရာသခင်အဖြစ် အသိအမှတ်ပြုဖို့ ဆန္ဒမရှိကြပါဘူး။ သူတို့အားလုံး သူတို့ကိုယ်သူတို့ မူလဇစ်မြစ်အဆင့် သူတော်စင်တွေလို့များ ထင်မှတ်နေကြသလား။

"တစ်ယောက်မှ ငါ့ကို ဆရာသခင်လို့ သတ်မှတ်ဖို့ ဆန္ဒမရှိကြဘူးဆိုတော့ ဒီနန်းတော်ရဲ့

Edit with WPS Office

လျှို့ဝှက်နည်းစနစ်တွေက မင်းတို့ခုနစ်ယောက်နဲ့ မသက်ဆိုင်တော့ဘူး”

သူက ခံစားချက် ကင်းမဲ့စွာနဲ့ ပြောလိုက်ပါတယ်။ သူက ခဏလောက် ရပ်ပြီးတော့ ဘုရင်အဆင့် ခုနစ်ယောက်ကို စိုက်ကြည့်လိုက်ပါတယ်။ သူတို့ရဲ့ မျက်လုံးထောင့်တွေ တွန့်သွားတာကို မြင်လိုက်ရတဲ့ အချိန်မှာ သူ့မျက်နှာပေါ် သရော်တဲ့ အကြည့်တစ်ခု ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီလူငယ်တွေက လျှို့ဝှက်နည်းစနစ်တွေရဲ့ ဆွဲဆောင်မှုကို ခုခံပြီးတော့ တည်ငြိမ်အောင် ထိန်းနိုင်မယ်ဆိုတာကို သူမယုံကြည်ခဲ့ပါဘူး။

“ဒါပေမဲ့လည်း ဒီလျှို့ဝှက်နည်းစနစ်တွေက ငါ့အတွက် အသုံးမဝင်ပေမဲ့ မင်းတို့ခုနစ်ယောက်ကို ချီးမြှင့်မြောက်စားဖို့ဆိုတာလည်း မဖြစ်နိုင်တာတော့ မဟုတ်ဘူး”

အရှိန်အဝါပုံစံ လူက ဆက်ပြောလိုက်တယ်။ သူက ခဏရပ်ပြီး သူတို့ကို နောက်တစ်ကြိမ် ကြည့်လိုက်ပါတယ်။

Edit with WPS Office

သူက အမြဲတမ်းလိုလို ရှေ့တိုးရခက် နောက်ဆုတ်ရခက် အခြေအနေမှာ ရပ်တတ်ပါတယ်။

လင်းဟာန်က ပထမဆုံး တုံ့ပြန်သူ ဖြစ်ပြီးတော့ ပြောလိုက်ပါတယ်။

"ကြည့်ရတာ စီနီယာမှာ အခြေအနေတချို့ ရှိနေပုံပဲ"

အရိုန်အဂါပုံစံ လူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"တောင်းဆိုမှုရယ်လို့တော့ မဟုတ်ဘူးပေါ့။ ငါက သေသွားတာ ကြာလှပြီလေ။ ပြီးတော့ အခုငါ့ရဲ့ စိတ်စွမ်းအား အမျှင်တစ်ခုပဲ ကျန်ရစ်ခဲ့တယ်။ ဒါကြောင့် တကယ်လို့ ငါလိုချင်ရင်တောင် ဒီလျှို့ဝှက်ဆန်းကြယ် ပညာတွေကို မယူနိုင်ဘူး။ ဒါကြောင့် မင်းတို့ထဲက တစ်ယောက်ကို ငါ့စိတ်စွမ်းအားအတွက် အငှားအနေနဲ့ အသုံးပြုဖို့ လိုအပ်တယ်။ အဲဒီလိုမှ ဒီလျှို့ဝှက်ဆန်းကြယ် နည်းစနစ်တွေကို သိမ်းယူနိုင်စွမ်း ရှိလိမ့်မယ်"

"တကယ်လို့ တစ်ယောက်ယောက်က ဒီလျှို့ဝှက်ဆန်းကြယ် နည်းစနစ်တွေကို လိုချင်ရင် သူတို့ရဲ့ ခန္ဓာကိုယ်ကို

Edit with WPS Office

ငါ့ခါဏငှားရမယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ငါလည်း ဘာမှမတတ်နိုင်ဘူး”

ဒီစကားကို ကြားလိုက်ရတဲ့ အချိန်မှာ လင်းဟန်နဲ့ တခြားသူတွေရဲ့ မျက်နှာပေါ်က အမူအရာတွေက တင်းမာခက်ထန် လာခဲ့ပါတယ်။ သူက သူတို့ကို မောင်ပိုင်စီးဖို့ ကြိုးစားနေတာလား။

သူက စကားကို လှလှလေးပြောပြီးတော့ တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ငှားပြီးတော့ အဲဒီ အလင်းစက်ပိုင်းတွေကို သိမ်းယူဖို့ဆိုပြီးတော့ ပြောခဲ့ပါတယ်။ ဒါပေမဲ့လည်း တကယ်လို့ သူက သူတို့ရဲ့ ခန္ဓာကိုယ်ကနေ မထွက်ဘူးဆိုရင် ဘာလုပ်မလဲ။ နောက်ပြီးတော့ သူက သေသွားတာ ကြာလှပြီ ဆိုပြီးတော့ ပြောခဲ့ပြီး သူ့ရဲ့ စိတ်စွမ်းအား အမျှင်တစ်ခုပဲ ကျန်ခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမဲ့လည်း ဘယ်သူက အဲဒါအမှန်လို့ အာမခံနိုင်မှာလဲ။

တကယ်လို့ ဒါက ပျက်စီးနေတဲ့ ဂိညာဉ်တစ်ခု ဖြစ်နေမယ် ဆိုရင်ရော။ တကယ်လို့ အဲဒီလိုသာဆို သူတို့ရဲ့ ခန္ဓာကိုယ်ထဲ ဝင်ခွင့်ပြုလိုက်တာက ကိုယ့်ကိုကိုယ် သေကြောင်းကြံတာ

Edit with WPS Office

ဖြစ်သွားပါ လိမ့်မယ်။

"ဘယ်သူ ဒီလျှို့ဝှက်နည်းစနစ်တွေကို လိုချင်လဲ"

အရှိန်အဂါပုံစံ လူက မေးလိုက်ပါတယ်။ သူ့အသံက ဆွဲဆောင်မှုတွေနဲ့ ပြည့်နေပါတယ်။

လင်းဟာန်နဲ့ တခြားသူတွေက တိတ်ဆိတ်ငြိမ်သက်နေကြပါတယ်။ သူတို့အားလုံး ခံစစ်သဖွယ် ပြင်ဆင်ထားပါတယ်။ ဒီအရှိန်အဂါပုံစံ လူပုံစံက ယဉ်ကျေးပျူငှာမှု မရှိတော့ သလိုပါပဲ။ သူက ငြင်းပယ်ခံရပြီးတဲ့ နောက်မှာ ဒေါသတွေ ထွက်မနေဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။

"တစ်ယောက်မှ ဆန္ဒမရှိဘူးလား"

အရှိန်အဂါပုံစံ လူက မေးလိုက်ပါတယ်။ ဘယ်သူကမှ သူ့ကို အဖြေမပေးတာကို ကြည့်ပြီးတော့ သက်ပြင်းချလိုက်ပါတယ်။

"အစကတော့ ငါက ရိုးရိုးနည်းလမ်းလေး တစ်ခုပဲ သုံးချင်ခဲ့တာ။ ကြည့်ရတာ အခု ပိုခက်ခဲတဲ့ နည်းလမ်းတွေ

Edit with WPS Office

သုံးရတော့မှာပဲ”

သူက သူတို့ကို ပေါ့ကြည့်လိုက်ပါတယ်။ အဲဒီနောက် လင်းဟာန်ကို လက်ညှိုးထိုး ညွှန်ပြပြီးတော့ ပြောလိုက်တယ်။

“မင်းရဲ့ ခန္ဓာကိုယ်က ငါ့ဒါအတွက် အသင့်တော်ဆုံးပဲ။ အရင်က ဒီလိုမျိုး အစွမ်းထက်တဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို ငါမမြင်ဖူးဘူး။ တောင်မြစ်အဆင့်မှာ ဒီလိုအဆင့်ထိ ရောက်အောင် ကျင့်ကြံနိုင်တဲ့သူက သမိုင်းတစ်လျှောက် တစ်ယောက်မှ မရှိခဲ့ဘူး။ ဒါပေမဲ့လည်း မင်းရဲ့ နတ်ဘုရား အာရုံကလည်း မယုံနိုင်စရာ ကောင်းလောက်အောင် မာကျောတယ်။ အဲဒါကို ဖျက်ဆီးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုး ငါ့မှာမရှိဘူး”

“စီနီယာရဲ့ ချီးကျူးမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လည်း စီနီယာကို ကြည့်ရတာ အမြင်နည်းနည်း ကျဉ်းပုံရတယ်။ ကမ္ဘာကြီးက ကျယ်ပြန့်ပါတယ်။ ဒါကြောင့် တခြားနေရာတွေမှာ အထွတ်အထိပ် ပါရမီရှင်တွေ ဘယ်လောက်ရှိမလဲ ဆိုတာကို ဘယ်သူသိမှာလဲ”

Edit with WPS Office

လင်းဟာန်က တည်ငြိမ်စွာနဲ့ ပြောလိုက်ပါတယ်။

အရှိန်အဝါပုံစံနဲ့ လူက စကားလှလှလေးတွေ သုံးပြီးတော့ ကြိုးစားခဲ့ပေမဲ့ မတတ်သာတဲ့အဆုံး အင်အားသုံး ပါတော့မယ်။ သူက သူတို့ကို လျှို့ဝှက်နည်းစနစ်တွေနဲ့ ဖြားယောင်းသွေးဆောင်ခဲ့ပြီး သူ့ငါးမျှားချိတ်မှာ ဘယ်သူမှ မကိုက်ဘူးဆိုတာကို သတိပြုမိပြီးတဲ့ နောက်မှာတော့ အင်အားသုံးဖို့ အပြောင်းအလဲ လုပ်လာခဲ့ပါတယ်။

အဲဒါကြောင့် လင်းဟာန်ကလည်း ယဉ်ကျေးနေစရာ မလိုတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အရှိန်အဝါ ပုံစံနဲ့ လူက သူတို့ကို စကားလုံးတွေနဲ့ လှည့်စားဖို့ ပထမ ကြိုးစားခဲ့ပါတယ်။ ဒါဆိုရင် အဲဒါက ဘာသဘောလဲ။

သဲလွန်စ အရတော့ သူ့ဆီမှာ သူ့ရဲ့ ထာဝရမြစ်အဆင့် ခွန်အား ပိုင်ဆိုင်ထားခြင်း မရှိလောက်တော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ထာဝရမြစ်အဆင့် ကျင့်ကြံသူတွေက ဘာကြောင့် သွေးဆောင်ဖြားယောင်းနေစရာ လိုဦးမှာလဲ။

အရှိန်အဝါပုံစံနဲ့ လူက ဒေါသဖြစ်မလာခဲ့ပါဘူး။ သူက

Edit with WPS Office

သူ့ခေါင်းကို ခါပြီးတော့ ပြောလိုက်တယ်။

"ငါက မရေမတွက်နိုင်တဲ့ နှစ်ပေါင်းများစွာ ကမ္ဘာအနှံ့ ခရီးထွက်ခဲ့တယ်။ ဒါကြောင့် ငါမမြင်ဖူးတဲ့ ပါရမီရှင်ဆိုတာ ဘယ်မှာရှိမှာလဲ။ ဟီးဟီး"

သူက သူ့အာရုံကို ရှမ်ကျူအာဆီ ပြောင်းပြီးတော့ ပြောလိုက်တယ်။

"ဒီမိန်းကလေးရဲ့ ခန္ဓာကိုယ်ထဲမှာ အစွမ်းထက်တဲ့ သွေးမျိုးဆက် တစ်ခုကို ငါအာရုံခံမိတယ်။ ဂမ်းနည်းစရာပဲ။ ဂမ်းနည်းစရာပဲ။ သူမရဲ့ နတ်ဘုရား အာရုံကို လျှို့ဝှက်နည်းစနစ် တစ်ခုနဲ့ ကာကွယ်ထားတယ်။ ငါက ဒီအချိန်မှာ ဒါကို စိန်ခေါ်ဖို့ လုံလောက်တဲ့အထိ အစွမ်းမရှိသေးဘူး"

သူက ဘုရင်အဆင့် ခုနစ်ယောက်ရဲ့ ခွန်အားတွေကို စာရင်းထုတ်ပြီးတော့ ပြောလိုက်ပါတယ်။ လင်းဟာန်နဲ့ တခြားသူတွေ အားလုံး အံ့အားသင့် သွားခဲ့မိပါတယ်။ သူ့ရဲ့အမြင်အာရုံက မယုံနိုင်စရာ ကောင်းလောက်အောင်

Edit with WPS Office

ဖြစ်နေပြီး သူပြောတဲ့ အရာအားလုံးက ကွက်တိပါပဲ။

အဆုံးမှာ အရှိန်အဂါပုံစံနဲ့လူက ပူကျဲကို
လက်ညှိုးထိုးပြီးတော့ ပြောလိုက်တယ်။

"မင်းက ခုနစ်ယောက်တည်းမှာ အားအနည်းဆုံးပဲ။
ပြောရမယ်ဆိုရင် မင်းမှာလည်း အနည်းဆုံးတော့
ပါရမီရှိတာပဲ။ ငါ့စိတ်ဂိညာဉ်အတွက် မင်းက အကောင်းဆုံး
နားခုရာ မဟုတ်ပေမဲ့ အလွယ်တကူနဲ့ မင်းကို
ငါပိုင်ဆိုင်နိုင်တယ်။ ဒါကြောင့် ငါစကားအများကြီး
ပြောမနေတော့ဘူး"

သူက ပြောလိုက်ရင်း အလင်းတန်း တစ်ခုအဖြစ်ကို
ပြောင်းကာ ပူကျဲရဲ့ ခန္ဓာကိုယ်ဆီကို ပြေးဝင်လာပါတယ်။

ပူကျဲက ပြင်ဆင်ထားပြီး အလျင်အမြန်ပဲ သူ့လက်တွေကို
ကြက်ခြေခတ်ပုံစံနဲ့ ကာလိုက်ပြီး သူ့စွမ်းအားကို အမြင့်ဆုံးထိ
မြှင့်တင်ထားပါတယ်။ သူ့ခန္ဓာကိုယ် ပတ်လည်မှာ နတ်ဘုရား
သင်္ကေတ ကိုးဆယ်နီးပါးခန့် ပေါ်လာခဲ့ပါတယ်။ သူက
ဒီအရှိန်အဂါပုံစံနဲ့ လူက ဘာလဲဆိုတာကို မသိပေမဲ့

Edit with WPS Office

အခုချိန်မှာ အရေးအကြီးဆုံးက သူ့ကိုယ်သူ ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။

နတ်ဘုရား သင်္ကေတတွေ လေထဲမှာ ပျံ့နှံ့သွားပါတယ်။ ဒါက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေတွေ ဖြစ်ပြီးတော့ သူတို့က အထွတ်အထိပ် အဆင့်ရဲ့ ခွန်အားကို ကိုယ်စားပြု ပါတယ်။

ဒါပေမဲ့လည်း အဲဒါတွေက ထူးခြားဆန်းကြယ်တဲ့ အရိုန်အဂါပုံစံ လူနဲ့ရင်ဆိုင်တဲ့ အခါမှာ ဆိုးဆိုးဝါးဝါးနဲ့ကို အသုံးမကျ ဖြစ်သွားပါတယ်။ အလင်းတန်းက ပူကျဲ့ရဲ့ ခံစစ်ကို ထိုးဖောက်ပြီး သူ့ပါးစပ်ထဲကို ဝင်သွားပါတယ်။

"အား"

ပူကျဲ့က ချက်ချင်းဆိုသလို နာကျင်စွာနဲ့ စူးစူးဝါးဝါး ငယ်သံပါအောင် အော်ဟစ်လိုက်ပါတယ်။ သူ့လက်တွေ ခြေထောက်တွေ ကားယားဖြစ်ပြီးတော့ သူ့ခေါင်းက အနောက်ကို လှန်ကျသွား ခဲ့ပါတယ်။ အနက်ရောင် အရိုန်အဂါက သူ့ပါးစပ်ကနေ တိုးပွေ့ဝင်နေပြီး

Edit with WPS Office

သူ့ခေါင်းပတ်လည်မှာ တိမ်မြူခိုး တစ်ခုလို ဖြစ်လာပြီး အရမ်းကို ထူးခြားဆန်းကြယ်လွန်းတဲ့ ပုံစံမျိုး ဖြစ်ပေါ်လာပါတယ်။

ဟင့်။

လင်းဟန်နဲ့ တခြားသူတွေက ဘေးကနေ ရပ်ပြီးတော့ ကြည့်နေလိမ့်မှာ မဟုတ်ပါဘူး။ သူတို့အားလုံး သူတို့ရဲ့ နတ်ဘုရား ပစ္စည်းတွေကို ဆွဲထုတ်ပြီးတော့ အနက်ရောင် အရိုန်အဝါကို ခုတ်ချလိုက်ပါတယ်။

"ဟက်ဟက်ဟက် ဒီမဖြစ်စလောက် စွမ်းအားလောက်နဲ့ ငါ့ကို ဒဏ်ရာရစေချင်တာလား။ မင်းတို့က အတွေ့အကြုံ အရမ်းနုပါသေးတယ်ကွာ"

မနစ်မြို့ဖွယ်ရာ ရယ်သံက သူတို့ရဲ့ စိတ်ထဲကို တိုးဝင်လာခဲ့ပါတယ်။ ဒီအသံက နတ်ဘုရား အာရုံကို ဖြတ်ပြီးတော့ ကူးစက်လာပါတယ်။

ဘုရင်အဆင့် ခြောက်ယောက်ရဲ့ တိုက်ခိုက်မှုတွေကို လျစ်လျူရှုပြီးတော့ အနက်ရောင် အရှိန်အဝါက

Edit with WPS Office

အရွယ်အစားနဲ့ ပုံပန်းသွင်ပြင် ပြောင်းလဲသွားပါတယ်။ သူတို့တွေက ဒီထူးခြားဆန်းကြယ်တဲ့ သက်ရှိကို ထိခိုက်ဒဏ်ရာဖြစ်အောင် လုံးဝမလုပ်နိုင်ပါဘူး။ အဲဒီအခိုန် အနက်ရောင် အရိုန်အဝါက ပူကဲ့ရဲ့ ခန္ဓာကိုယ်ကနေ အဆက်မပြတ် ပန်းထွက်နေပြီး သူ့ရဲ့ အစာအိမ် ကျယ်ပြန့်လာတာကို မျက်စိနဲ့တောင် မြင်နိုင်လာစေပါတယ်။

သိပ်မကြာခင်က ပူကဲ့ရဲ့ အစာအိမ်က ဒယ်အိုးစောက် တစ်ခုရဲ့ အရွယ်အစားလောက်ပဲ ရှိပါတယ်။ အခုသူက အဝလွန်ပြီးတော့ သေတော့မဲ့ အတိုင်းပါပဲ။ သူ့မျက်နှာပေါ်မှာ နာကျင်နေတဲ့ အရိပ်အယောင်တစ်ခု တွေ့မြင်ရပြီး သူ့မျက်နှာပေါ်က သွေးကြောတွေလည်း ဖောင်းလာခဲ့ပါတယ်။ သူ့မျက်လုံးတွေက သူ့ခေါင်းကနေ ပြူတ်ထွက်လာတော့မဲ့ အတိုင်းပါပဲ။

သူ့မျက်နှာရဲ့ ပုံပန်းသွင်ပြင်က အဆက်မပြတ် ပြောင်းလဲနေပါတယ်။ တခါတရံ သူ့မျက်နှာပုံစံ ဖြစ်နေပေမဲ့ တခြားအချိန်မှာ နောက်တစ်ယောက်ရဲ့ မျက်နှာမျိုး ဖြစ်သွားပါတယ်။ ဒါက အရမ်းကို ထိတ်လန့်တုန်လှုပ်စရာ

Edit with WPS Office

ကောင်းလွန်းပါတယ်။

ရှုပ်။

အနက်ရောင် အရှိန်အဟုန် နောက်ဆုံးအမျှင်က ပူကျဲရဲ့ ပါးစပ်ထဲကို ဝင်ရောက်သွားတဲ့ အချိန်မှာ သူ့ရဲ့ အစာအိမ်က ရုတ်တရက် ပြန်ကျုံ့သွားပြီးတော့ မူလအရွယ်အစား ပြန်ဖြစ်သွားပါတယ်။

ပူကျဲရဲ့ မျက်နှာပေါ်မှာ လင်းဟန်နဲ့ တခြားသူတွေကို စိုက်ကြည့်နေရင်း မှင်တက်တွေဝေတဲ့ အကြည့်တစ်ခု ရှိနေပြီး သူ့လက်ကို မြှောက်ပြီးတော့ တစ်ခုခုပြောဖို့ ပြင်လိုက်ပါတယ်။ ဒါပေမဲ့လည်း သူက ရုတ်တရက် သူ့ခေါင်းကို ဆုပ်ကိုင်ပြီးတော့ နာကျင်စွာနဲ့ စတင်ညည်းတွား အော်ဟစ်လိုက်ပါတယ်။

သူ့ခန္ဓာကိုယ်ကနေ ဖျက်ဆီးခြင်း အရှိန်အဟုန်တစ်ခု ပေါက်ကွဲထွက်လာပြီး အဲဒါက ထူးထူးဆန်းဆန်း ထိတ်လန့်တုန်လှုပ်စရာ ကောင်းပြီးတော့ သေခြင်းတရားရဲ့ အငွေ့အသက်တွေ ပြည့်နှက်လို့ နေပါတယ်။

Edit with WPS Office

အဲဒါက အပြင်ဘက်မှာရှိတဲ့ မိုးကောင်းကင်ပေါ်ကို ထိုးတက်နေတဲ့ စမ်းချောင်းဂါနဲ့ တူပါတယ်။

"သေစမ်းကွာ။ သူ့ကို အပိုင်စီးသွားပြီ"

"အဲဒီလူ အောင်မြင်သွားတာနဲ့ သူ့ခွန်အားက ပေါက်ကွဲမှုအရှိန်နဲ့ တိုးလာလိမ့်မယ်"

ခန္ဓာကိုယ်ကို အပိုင်စီးမှုတွေက တကယ်ပဲ အရမ်းကို ရှားပါးလွန်းပါတယ်။ ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ဘယ်လက်ရွေးစင်ကများ သူတို့ရဲ့ ကိုယ်ပိုင် ခန္ဓာကိုယ်ကို စွန့်လွှတ်ပြီး တခြားလူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အပိုင်စီးမှာလဲ။

ခန္ဓာကိုယ် အပိုင်စီးတယ် ဆိုတာက အဲဒီလူဟာ သူတို့ကိုယ်ပိုင် ကျင့်ကြံခြင်းကို စွန့်လွှတ်တယ်လို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားက လူတစ်ယောက်ရဲ့ သက်တမ်းနဲ့ ဆုံးဖြတ်တဲ့ အချိန်မှာ အဲဒီလူရဲ့ နတ်ဘုရားအာရုံ အပေါ်မှာလည်း

Edit with WPS Office

အခြေခံပါလိမ့်မယ်။ ဒါကြောင့် အသက်အရွယ် အိုမင်းပြီးတော့ သေခါနီး ကျင့်ကြံသူ တစ်ယောက်က တကယ်လို့ လူငယ်ကျင့်ကြံသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အပိုင်စီးမယ် ဆိုရင်တောင် သူတို့ရဲ့ သက်တမ်းကို ရရှိလိမ့်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့လည်း တကယ်လို့ ဒီလျှို့ပှက်ဆန်းကြယ်တဲ့ သက်ရှိက ပူကျဲရဲ့ ခန္ဓာကိုယ်ကို အောင်အောင်မြင်မြင် ထိန်းချုပ်နိုင်ခဲ့မယ်ဆိုရင် ဖြစ်နိုင်ချေ ရှိတာက သူဟာ ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ ခွန်အားကို ရရှိသွားပါလိမ့်မယ်။ အဲဒီလိုသာဆို သူ့ရဲ့ တိုက်ပွဲ စွမ်းရည်က ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် တိုးလာတာကို တွေ့မြင်ရပါမယ်။

"သူ့ကိုသတ်"

ဂမ်ပူထောင်က ပြတ်ပြတ်သားသား ပြောလိုက်ပါတယ်။

ပူကျဲရဲ့ ခွန်အားနဲ့ဆိုရင် လျှို့ပှက်ဆန်းကြယ်တဲ့သက်ရှိရဲ့ ခန္ဓာကိုယ် အပိုင်စီးမှုကို ခုခံနိုင်ဖို့ ဆိုတာက ဘယ်လိုမှ

Edit with WPS Office

မဖြစ်နိုင်ပါဘူး။ ဒီလိုဆိုမှတော့ သူတို့အတွက် သူ့ရဲ့ ခန္ဓာကိုယ်က နတ်ဘုရား အာရုံကို ဆွဲထုတ်ဖို့ ဖြစ်နိုင်ချေ ရှိလိမ့်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အတွက် တစ်ခုတည်းသော ရွေးချယ်စရာက ပုကျဲရဲ့ ခန္ဓာကိုယ်ကို လုံးဝအပိုင်မစီးခင် ပုကျဲကို သတ်ပစ်ဖို့ပဲ ရှိပါတော့တယ်။

အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေက တစ်ယောက်ကို တစ်ယောက် သတ်ဖြတ်ခြင်းကို ခွင့်ပြုမထားခဲ့ပါဘူး။ ဒါပေမဲ့လည်း အဲဒါက အခြေအနေ အပေါ်မှာ မူတည်ပါတယ်။ အခုချိန်မှာ ပုကျဲက ပုကျဲ မဟုတ်တော့ပါဘူး။ အဲဒီအစား သူက ကြောက်မက်ဖွယ်ရာကောင်းတဲ့ မကောင်းဆိုးဝါး တစ်ကောင် ဖြစ်လာပါတော့မယ်။

သူတို့က သူ့ကို သတ်ပစ်တာက နည်းလမ်းမှန်ကန်ပါတယ်။

ဘုရင်အဆင့် ခြောက်ယောက်က ပုကျဲဆီကို ပူးပေါင်းပြီးတော့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက် လိုက်ပါတယ်။

Edit with WPS Office

Chapter 1196 end

အပိုင်း(1197) ဘုရင်အဆင့် ခြောက်ယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှု

ပူကျဲကလည်း လူငယ်မျိုးဆက်ထဲက ဘုရင်အဆင့် တစ်ယောက် ဖြစ်ပေမဲ့ သူက ဘုရင်အဆင့် ခုနစ်ယောက်ထဲမှာ အားအနည်းဆုံးဆိုတာ သံသယ ရှိစရာ မလိုပါဘူး။

အဲဒါကလည်း လျို့ပုက်ဆန်းကြယ်တဲ့ သက်ရှိက သူ့ကို ရွေးချယ်ရတဲ့ အကြောင်းရင်း တစ်ခု ဖြစ်ပါတယ်။ သူ့ပစ်မှတ်က အားပိုနည်းလေ သူတို့က အလွယ်တကူ ပိုင်ဆိုင်ခြင်း ခံရလေပါပဲ။ နောက်ပြီးတော့ အောင်မြင်နိုင်မှုနှုန်းကလည်း မြင့်မားပါလိမ့်မယ်။

တခြားသူကို မောင်ပိုင်စီးခြင်းက မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးကို ဆန့်ကျင်မှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက အရမ်းကို အစွမ်းထက်တဲ့ သက်ရှိဖြစ်နေရင်တောင် သေသေချာချာ ဂရုစိုက်ဖို့ လိုအပ်နေဆဲပါပဲ။ ဒါကြောင့်

Edit with WPS Office

ပုကျဲလို အားနည်းတဲ့ လူတစ်ယောက်ကိုပဲ ရွေးချယ်နိုင်ပါတယ်။ အဲဒါက သူ့အတွက် အောင်မြင်မှုနှုန်း မြင့်မားပါလိမ့်မယ်။

အခုဆို ပုကျဲကို ဘုရင်အဆင့် ခြောက်ယောက်က တိုက်ခိုက်နေပြီး အဲဒါက သူ့အနေနဲ့ တစ်ချက်တည်း အသတ်ခံရတော့မဲ့ အခြေအနေနဲ့ တူပါတယ်။

ဟွမ်း။

သူတို့ရဲ့ တိုက်ခိုက်မှုတွေ ပုကျဲရဲ့ အရှေ့ကို ရောက်လာတဲ့ အချိန်မှာ သူက သူ့လက်ကို ရိုးရိုးလေးပဲ မြှောက်ပြီးတော့ အသာလေး တွန်းထုတ်လိုက်ပါတယ်။ မမြင်ရတဲ့ အတားအဆီး တစ်ခု ပေါ်လာပြီး သူတို့ရဲ့ တိုက်ခိုက်မှုတွေ အားလုံးကို တားဆီးလိုက်ပါတယ်။ သူက ပြုံးပြီးတော့ ပြောလိုက်တယ်။

"ကျေးဇူးပြုပြီးတော့ နည်းနည်းလောက် စိတ်ရှည်ပါ။ ငါ ဒီခန္ဓာကိုယ်နဲ့ အခြေတကျ ဖြစ်သွားတဲ့ အချိန်ကျရင် မင်းတို့အားလုံးကို သတ်ပေးမှာပေါ့"

Edit with WPS Office

သူ့အပြုံးက ထိတ်လန့်စရာ ကောင်းပြီးတော့ နှစ်မြို့စဖွယ် တစ်စက်မှ မရှိပါဘူး။

လင်းဟန်နဲ့ တခြားသူတွေ မှင်တက်အံ့သြ သွားခဲ့ပါတယ်။ ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ဒီနေရာမှာ နေလအဆင့်အထက်မှာရှိတဲ့ စွမ်းအားကို ဂျက်ပါ အစီအရင်တွေက ပစ်မှတ်ထား တိုက်ခိုက်တယ် မဟုတ်လား။ ဒီလိုပြို့ပုက်ဆန်းကြယ်တဲ့ သက်ရှိက သူတို့ရဲ့ တိုက်ခိုက်မှုတွေကို အရမ်းကို အလွယ်တကူနဲ့ တားဆီးနိုင်ပါတယ်။ ဒါဆိုရင် သူ့စွမ်းအားက သေချာပေါက် တောင်မြစ်အဆင့် အထက်မှာ ရှိပါတယ်။

ဘာဖြစ်လို့ သူ့ကို ဂျက်ပါ အစီအရင်တွေက မတိုက်ခိုက်တာလဲ။

"ဟီးဟီး ဒါက စွမ်းအား မဟုတ်ဘူး။ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ"

ပူကျဲက ရယ်မောလိုက်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအခိုက်အတန့် သူ့မျက်နှာကို အနက်ရောင် အရှိန်အဝါက

Edit with WPS Office

ဖုံးအုပ်ထားပြီး အရင်နဲ့ မတူတော့ပါဘူး။ သူက ပုကဲ့ရဲ့ ခန္ဓာကိုယ်ကို သိမ်းပိုက်ထားတဲ့ လျှို့ပှက်ဆန်းကြယ် သက်ရှိဖြစ်ပါတယ်။

သူကိုယ်သူ ကြွင်နာစွာနဲ့ ရှင်းပြသလို ပြောလိုက်ပါတယ်။

"ငါအသက်ရှင်ခဲ့တဲ့ အချိန်တုန်းက ငါက ထာဝရမြစ်အဆင့်ရဲ့ အထွတ်အထိပ်ကို ရောက်လုနီးပါးပဲ။ မူလဇစ်မြစ်အဆင့်ကိုရောက်ဖို့ ခြေတစ်လှမ်းလောက်ပဲ ကွာတော့တယ်။ ဒါကြောင့် မင်းတို့လို ဘာမဟုတ်တဲ့ ပုရွက်ဆိတ်လေးတွေက ငါဖမ်းဆုပ်မိတဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကို ဘယ်လိုလုပ် ခန့်မှန်းနိုင်မှာလဲ"

သူက သူ့ခန္ဓာကိုယ်ကို သာမန်ကာလျှံကာ တွန့်လိမ်လိုက်ပါတယ်။

ဖြောက် ဖြောက် ဖြောက်။

အရိုးတွေ ကျိုးကြေသွားတဲ့ အသံ ထွက်ပေါ်လာပြီး သူ့ခန္ဓာကိုယ်က ချက်ချင်းပဲ ပြောင်းလဲသွား ခဲ့ပါတယ်။ သူက ဒီခန္ဓာကိုယ်ကို သူနဲ့သင့်တော်တဲ့ ပုံစံမျိုး ဖြစ်အောင်လို့

Edit with WPS Office

ပုံစံအသစ် ပြောင်းလိုက် သလိုပါပဲ။

“ပျက်စီးစမ်း”

လင်းဟန်နဲ့ တခြားဘုရင်အဆင့် အားလုံးက သူတို့ရဲ့ ထိပ်တန်းအဆင့် ခွန်အားတွေကို ထုတ်ဖော်လိုက်ကြပါတယ်။

ဒီလိုပေါ့ပွက်ဆန်းကြယ်တဲ့ သက်ရှိက အတိတ်တုန်းက ထိတ်လန့်တုန်လှုပ်စရာ ကောင်းလောက်အောင် အစွမ်းထက်ခဲ့ပေမဲ့ ဒီအချိန်မှာ သူ့ဂိညာဉ်ရဲ့ အမျှင်တစ်ခုပဲ ကျန်ရှိနေ ပါတော့တယ်။ နောက်ပြီးတော့ သူက တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို မှီခိုပြီး သူ့ရဲ့အစွမ်းကို ထုတ်ဖော်နေရပါတယ်။ တကယ်လို့ သူက ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ တိုက်ပွဲစွမ်းရည်ကို သုံးစွဲလို့ ရနေဦးမယ် ဆိုရင်တော့ အဲဒါက အရမ်းကို ယုတ္တိမရှိတော့ပါဘူး။

လင်းဟန်နဲ့ ကျန်တဲ့ငါးယောက်က လူငယ်မျိုးဆက်ရဲ့ ဘုရင်အဆင့်တွေ ဖြစ်ပါတယ်။ တကယ်လို့

Edit with WPS Office

ကြီးမားကျယ်ပြန့်တဲ့ တန်ခိုးရှင်ဘုံထဲမှာ တခြားဘုရင်အဆင့်တွေ ရှိဦးမယ် ဆိုရင်တောင် သူတို့လောက်ပဲ အစွမ်းထက်ပါလိမ့်မယ်။ သူတို့အားလုံးက အထွတ်အထိပ် အဆင့်ရဲ့ အမြင့်ဆုံး အဆင့်ကို ရောက်ရှိနေကြပါပြီ။ ဒါကြောင့် သူတို့ကို ကျော်လွန်ဖို့ ဆိုတာက အရမ်းကို ခက်ခဲပြီး နည်းနည်းလေးမှတောင် မဖြစ်နိုင်ပါဘူး။

ဒီအချိန်မှာ ရှမ်ကျူအာနဲ့ တခြားသူတွေက သူတို့ရဲ့ ကြယ်ဆယ်ပွင့် စွမ်းအားကို အပြည့်အဝ ထုတ်ဖော်ပုံခြင်း မရှိပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလျှို့ပုက်ဆန်းကြယ်ဘုံရဲ့ အစီအရင် ဂက်ပါတွေ တိုက်ခိုက်တာကို ခံရပါလိမ့်မယ်။ အဲဒါကြောင့် သူတို့ရဲ့ တိုက်ပွဲစွမ်းရည်ကို မြှင့်လိမ့်မှာ မဟုတ်ပါဘူး။ အဲဒါက သေကြောင်းကြံတာနဲ့ တူသွားပါလိမ့်မယ်။

ဘုရင်အဆင့် ခြောက်ယောက်က သူတို့ရဲ့ အစွမ်းထက်ဆုံး တိုက်ကွက်တွေကို ထုတ်ဖော်ပြီး ပူကျဲကို တိုက်ခိုက်လိုက်ကြပါတယ်။

Edit with WPS Office

ပုကျဲပုံစံက အရမ်းကို သက်တောင့်သက်သာ လွယ်ကူနေပုံ ရပါတယ်။ သူက လက်တစ်ဖက်ကို အသုံးပြုပြီးတော့ပဲ သူတို့ကို ရင်ဆိုင်တိုက်ခိုက် နေပါတယ်။ သူအသုံးပြုတဲ့ စည်းမျဉ်းဥပဒေ စွမ်းအားက အရမ်းကို အခြေခံကျပါတယ်။ သူတို့မှာ နတ်ဘုရား သင်္ကေတ အနည်းငယ် ပါဝင်ဖွဲ့စည်းထားပါတယ်။ ဒါပေမဲ့လည်း အဲဒီနတ်ဘုရား သင်္ကေတ အနည်းငယ်က ထုတ်ဖော်တဲ့ ခွန်အားက ကြီးမားပြီး ဘုရင်အဆင့် ခြောက်ယောက်ရဲ့ တိုက်ခိုက်မှုတွေကို အလွယ်တကူ တားဆီးနိုင်စွမ်း ရှိပါတယ်။

အဲဒီအချိန် သူ့ခန္ဓာကိုယ်ကို အဆက်မပြတ် ပြန်လည်တည်ဆောက် နေခဲ့ပါတယ်။ မရေမတွက်နိုင်တဲ့ အရိုးချွန်တွေက သူ့ကျောဘက်ကနေ ထိုးထွက်လာပြီး သူ့နဖူးကနေ ဦးချိုတစ်ချောင်းတောင် ထွက်ပေါ်လာခဲ့ပါတယ်။ ဦးချိုကနေ ထူးဆန်းတဲ့ ဆွဲမက်ဖွယ်ရာ ငွေရောင် တလက်လက် တောက်ပနေပါတယ်။

တကယ်လို့ ပုကျဲမှာ သူ့ကိုယ်ပိုင် အသိစိတ်

Edit with WPS Office

ရှိနေဦးမယ်ဆိုရင် လက်ရှိပြောင်းလဲမှုတွေနဲ့အတူ
သူ့အစွမ်းကိုတောင် ကျေနပ်နေကောင်း
ကျေနပ်နေပါလိမ့်မယ်။ သူက ဘုရင်အဆင့် ခုနစ်ယောက်ထဲ
အရင်က ပါဝင်ခဲ့ပေမဲ့ အားအနည်းဆုံးဆိုတာ သံသယ ရှိစရာ
မလိုပါဘူး။ ဒါပေမဲ့ အခုတော့ရော။ သူက
တခြားဘုရင်အဆင့် ခြောက်ယောက်ရဲ့
ပူပေါင်းတိုက်ခိုက်မှုတွေကို တောင့်ခံနိုင်နေပါပြီ။
နောက်ပြီးတော့ သူက အဲဒါကို အရမ်းကို
သက်တောင့်သက်သာ လွယ်လွယ်ကူကူနဲ့ လုပ်နိုင်တာပါ။

ဒါက မယုံနိုင်စရာကောင်းတဲ့ ကံတရားတစ်ခု ဖြစ်ပါတယ်။
တကယ်လို့ ဒီအတိုင်းသာ ဖြစ်မယ်ဆိုရှု သူက သေချာပေါက်
ကမ္ဘာကြီးထဲမှာ နံပါတ်တစ် ပါရမီရှင် ဖြစ်လာပါလိမ့်မယ်။
သူက အစွမ်းထက်တဲ့ ပါရမီရှင် တစ်ယောက် မဟုတ်ပဲ
အစွမ်းထက်ဆုံး ပါရမီရှင် တစ်ယောက် ဖြစ်လာပါလိမ့်မယ်။

ကံမကောင်းတာက သူက ပုကျဲမဟုတ်တော့ပါဘူး။

ပုကျဲက သူ့လည်ပင်းကို လိမ်ပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

"အံ့မခန်းပဲ။ ဒီခံစားချက်က တကယ့်ကို အံ့မခန်းပဲ"

သူက အရင်ကထက် အနည်းဆုံး နှစ်ဆလောက် မြင့်လာပြီး သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်လည်း ထွားကြိုင်းတောင့်တင်း လာခဲ့ပါတယ်။ သူ့အရေပြားတွေက အရမ်းကို မည်းနက်ပြောင်လက် နေပါတယ်။

အနီးကပ် သေသေချာချာ ကြည့်မယ်ဆိုရင် အရေပြားအပေါ်မှာ နတ်ဘုရားသင်္ကေတ အုပ်စုလိုက် တွေ့မြင်ရမှာ ဖြစ်ပြီးတော့ သူက သူ့အရေပြားပေါ်မှာ နတ်ဘုရားသင်္ကေတတွေနဲ့အတူ မွေးဖွားလာ သလိုမျိုးပါပဲ။

သူက သူ့ခန္ဓာကိုယ်ကို ပျင်းရိငြီးငွေ့စွာနဲ့ အကြောဆန့်ပြီးတော့ ဘုရင်ခြောက်ယောက်ကို စူးစိုက်ကြည့်ပြီး ပြုံးလိုက်ပါတယ်။

"အစုတ်ပလုတ်လေးတွေ ငါမင်းတို့ကို ဘယ်လိုသတ်သင့်လဲ။ မင်းတို့ကို သေတဲ့အထိ ပွက်ပွက်ဆူတဲ့ ရေနွေးနဲ့ လောင်းရမလား ဒါမှမဟုတ် ပေါင်းပစ်ရမလား"

"လဗ္ဗတ်ပဲပေ့ါ"

Edit with WPS Office

လင်းဟန်က မလှမ်းမကမ်း နေရာတစ်ခုကို ဆုတ်ပြီးတော့ ပုကျဲဆီကို သူ့ရဲ့ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများနဲ့ ပစ်လိုက်ပါတယ်။

ပုန်း။

ပုကျဲက သူ့ညာဘက်လက်ကို မြှောက်ပြီးတော့ မူလစွမ်းအင်များကို လက်ချောင်းနှစ်ချောင်းနဲ့ ညှပ်ဖမ်းလိုက်ပါတယ်။ ဒါက လုံးဂကို ကြောက်စရာ ကောင်းပါတယ်။ ကြယ်စင်နဂါး အမြစ်ဖြုတ် သုတ်သင်ခြင်းများက ဘယ်လောက်လျင်မြန်လိုက်သလဲ။ ဒါတောင်မှ သူက လက်ချောင်း နှစ်ချောင်းပဲ သုံးပြီးတော့ ဖမ်းသွားပါတယ်။

သူက စပ်ဖြဲဖြဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

"ဒီများက တကယ်စိတ်ဝင်စားဖို့ ကောင်းတာပဲ။ ငါ့ရဲ့ မိုးကောင်းကင်နဲ့ ကမ္ဘာမြေကြီးရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကို ဖမ်းဆုပ်နိုင်မှုက မင်းထက် မသာလွန်ခဲ့ဖူးဆိုရင် သေချာပေါက် ထိမှန်ခံရလိမ့်မယ်"

Edit with WPS Office

"ဒါက သက်ရောက်မှု ရှိတယ်"

ရှမ်ကျူဒ့အာက စိတ်လှုပ်ရှားစွာနဲ့ အော်လိုက်ပါတယ်။

"သူ့လက် ဒဏ်ရာရသွားပြီ"

ဟုတ်ပါတယ်။ ပူကျဲရဲ့ လက်ချောင်းကြားကနေ သွေးတွေ စီးကျလာပါတယ်။

"သူ့ရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကို ဖမ်းဆုပ်နားလည်မှုက ငါတို့ထက် သာပေမဲ့ သူ့ခန္ဓာကိုယ်က မသန်မာဘူး"

ရှီအန်ဂူက ချက်ချင်းပဲ ပြောလိုက်တယ်။

"သူ့ရဲ့စွမ်းအားလည်း မပြောင်းသွားဘူး"

"ငါတို့မှာ သူ့ကိုအနိုင်ရဖို့ အခွင့်အရေး ရှိသေးတယ်"

ဟဲထောင်က ပြောလိုက်တယ်။

သူတို့ခြောက်ယောက် ခေါင်းညိတ်ပြီး သဘောတူလိုက်ကြပါတယ်။ သူတို့အားလုံး ဘုရင်အဆင့်တွေ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူကမှ သံမဏိလို စိတ်စွမ်းအား မပိုင်ဆိုင်တဲ့သူ မရှိပါဘူး။ သူတို့က သေရေးရှင်ရေး

Edit with WPS Office

အခြေအနေ တစ်ခုမှာ ရှိနေပေမဲ့ ဘယ်သူကမှ ကြောက်စိတ် ဝင်တာမျိုး မရှိခဲ့ပါဘူး။ အဲဒီအစား သူတို့က အခြေအနေကို တည်တည်ငြိမ်ငြိမ်နဲ့ လေ့လာ အကဲခတ် နိုင်ကြပါတယ်။

ပူကျဲက သရော်ပြုံး ပြုံးပြီးတော့ ပြောလိုက်တယ်။

"အဲဒီတော့ ဘာဖြစ်လဲ။ ငါ့ရဲ့ စည်းမျဉ်းဥပဒေ စွမ်းအားရဲ့ ဖိနှိပ်နိုင်မှုအောက်မှာ မင်းတို့တွေက ဘယ်လိုပြဿနာ ရှာနိုင်မှာလဲ"

သူ့လက်ကို သူတို့ဆီ ဆန့်ထုတ်လိုက် ပါတယ်။

ဘုန်း။

သူ့ခန္ဓာကိုယ်ပေါ်က နတ်ဘုရား သင်္ကေတတွေ အရောင်လက်လာပြီး နတ်ဘုရား ချိန်းကြိုးတွေ အဖြစ်ကို ပြောင်းလဲကာ ဘုရင်အဆင့် ခြောက်ယောက်ဆီကို ရိုက်ချလိုက်ပါတယ်။

လင်းဟာန်နဲ့ ကျန်တဲ့သူတွေက အလျင်အမြန်ပဲ ဘေးကို ခုန်ရှောင်လိုက်ပါတယ်။ ပူကျဲရဲ့ စွမ်းအားက သူတို့ထက် အများကြီး အားမနည်းပါဘူး။ ပြီးတော့ သူ့ရဲ့ ပိုမိုသာလွန်တဲ့

Edit with WPS Office

စည်းမျဉ်းဥပဒေ စွမ်းအားနဲ့အတူ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က သူတို့မယှဉ်နိုင်တဲ့ အဆင့်တစ်ခုကို ရောက်ရှိလို့ နေပါတယ်။

"ဟားဟားဟားဟား"

ပူကျဲက ကျယ်လောင်စွာ ရယ်မောလိုက်ပါတယ်။ သူ့ရဲ့ မူလအသိစိတ် တစ်စွန်းတစ်စ ကျန်ရှိနေတဲ့ ပုံစံမျိုးပါပဲ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူ့အတွက် အရမ်းကို သရော်စရာအကြောင်း ရှိမှာလား။ လင်းဟန်နဲ့ ကျန်တဲ့သူတွေက တောင်မြစ်အဆင့်ရဲ့ ပုရွက်ဆိတ်သာသာပဲ ဖြစ်ပြီးတော့ သူ့လက်ကို တစ်ချက် လှုပ်လိုက်တာနဲ့ သူက ထိန်းချုပ်နိုင်ပါတယ်။

လင်းဟန်က သူ့ရဲ့ ကြယ်စင်နဂါးအမြစ်ဖြတ် သုတ်သင်ခြင်းများကို အဆက်မပြတ် ပစ်လွှတ်နေပြီး သူနဲ့ ပူကျဲအကြားက အကွာအဝေးကို အကောင်းဆုံး ကြိုးစားပြီးတော့ ထိန်းသိမ်းနေပါတယ်။

ကြယ်စင်နဂါး အမြစ်ဖြတ် သုတ်သင်ခြင်းများက ပူကျဲကို ခြိမ်းခြောက်နိုင်တဲ့ အရာတစ်ခုပါပဲ။

Edit with WPS Office

ပူကျဲက ဒီတိုက်ခိုက်မှုတွေကို အလေးမထားပဲ မနေပုံပါဘူး။ သူ့ရဲ့ တိုက်ပွဲစွမ်းရည်က တကယ့်ကို အစွမ်းထက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ကျင့်ကြံခြင်းက တောင်မြစ်အဆင့်မှာပဲ ရှိနေပါသေးတယ်။ ဒါက သိသာထင်ရှားတဲ့ အားနည်းချက် ဖြစ်ပါတယ်။ ဆိုလိုတာက သူက လင်းဟာန်နဲ့ တခြားသူတွေရဲ့ တိုက်ခိုက်မှုတွေကို ရင်ဆိုင်လို့ ရပါတယ်။ ဒါပေမဲ့ မြားတွေထဲက တစ်ချောင်းလောက် ထိမှန်သွားရင် သူ့ခန္ဓာကိုယ်က ထိခိုက်ဒဏ်ရာ ရသွားပါလိမ့်မယ်။

အဲဒီအချက်က ဘုရင်အဆင့် လူငယ်တွေကို လှုပ်ရှားဖို့နဲ့ သူတို့ရဲ့ အစွမ်းထက်တဲ့ တိုက်ခိုက်မှုတွေ ထုတ်ဖော်ဖို့ အချိန်ရစေပါတယ်။

"အစိမ်းရောင်ဂါး ချုံခိုတိုက်ခိုက်မှု"

ရှမ်ကျူအာက အော်လိုက်ပါတယ်။ သူမရဲ့ နဖူးပေါ်က မျက်ခုံးကြား ပါင့်လာပြီး အဲဒီကနေ အံ့အားသင့်စရာ ကောင်းလောက်အောင် ဂါးသေးသေးလေးတစ်ခု ထွက်လာပါတယ်။ အဲဒီဂါးက လျင်မြန်စွာနဲ့ ကြီးထွားလာပြီး အံ့အားသင့်စရာ ကောင်းလောက်အောင် ကြီးမားတဲ့

Edit with WPS Office

ဂါးတစ်ချောင်း ဖြစ်လာပါတယ်။ ဒါပေမဲ့လည်း အဲဒီဂါးပုံစံက မာကျောခြင်း မရှိပဲ အဲဒါက ကန့်သတ်ထားတဲ့ နေရာမှာ အကျိုးသက်ရောက်မှု မရှိအောင် ဖြစ်စေပါတယ်။

ရွှပ်။

ဂါးက အနည်းငယ် လှုပ်သွားပြီး မရေမတွက်နိုင်တဲ့ ဂါးရွက်တွေ ကျဆင်းလာပါတယ်။ ဒီဂါးရွက်တွေကနေ ဂါးဓားတွေ အဖြစ်ကို ပြောင်းလဲပြီးတော့ ပူကျဲဆီကို ပြေးဝင်သွားပါတယ်။

"ခရမ်းရောင် မီးတောက်များ"

ရှီအန်ဂူက အော်လိုက်ပါတယ်။ သူ့ခန္ဓာကိုယ်ကနေ မီးတောက်တွေ ထွက်ပေါ်လာပြီး ခရမ်းရောင် နတ်ဘုရား မီးတောက်တွေထဲမှာ ဒေါသထွက်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ ခြင်္သေ့တစ်ကောင်ပုံစံ ဖြစ်ပေါ်လာပါတယ်။ ရှီအန်ဂူက သူ့လက်တွေကို အတူတူ ဆုပ်လိုက်တဲ့ အခါမှာ ခြင်္သေ့က ပူကျဲဆီကို ခုန်အုပ်လိုက်ပါတယ်။

"အနက်ရောင်ရေ"

Edit with WPS Office

ဟဲထောင်က မာန်သွင်းလိုက်ပါတယ်။ သူ့မျက်လုံးတစ်လုံးကို တင်းကျပ်စွာ ပိတ်လိုက်တဲ့ အချိန်မှာ ကျန်တဲ့တစ်ဖက်က ပွင့်နေပါတယ်။ သူ့ရဲ့ခန္ဓာကိုယ်ကနေ အနက်ရောင် မြစ်တစ်စင်း ပန်းထွက် လာခဲ့ပါတ်ယ။

ဘုရင်အဆင့် ခြောက်ယောက်စလုံး သူတို့ရဲ့ပုက်ဖဲတွေကို ထုတ်ဖော်လိုက်ပါတယ်။ ဘယ်သူကမှ ဒီအချိန်မှာ လျှို့မထားပံ့ကြတော့ပါဘူး။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီနေရာမှာ သူတို့ရဲ့ အသက်တွေ ဆုံးရှုံးသွားဖို့ဆိုတာ တကယ့်ကို ဖြစ်နိုင်ပါတယ်။

Chapter 1197 end

အပိုင်း(1198) ရှုံးနိမ့်ခြင်း

သီအိုရီအရ ပြောရမယ်ဆိုရင် ပုကျဲက သေချာပေါက် ဘုရင်အဆင့် ခြောက်ယောက်ရဲ့ ပူးပေါင်းတိုက်ခိုက်မှုတွေကို ခံနိုင်ရည်စွမ်း ရှိလိမ့်မှာ မဟုတ်ပါဘူး။ သူ့မှာ လင်းဟန်လို ထူးကဲတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် တစ်ခုကို မပိုင်ဆိုင်ထားသရွေ့ပေါ့။

Edit with WPS Office

ဒါပေမဲ့လည်း ပူကျဲက သူတို့ခြောက်ယောက်ရဲ့
တိုက်ခိုက်မှုတွေ သူ့ကို မထိမှန်ခင် သူ့ရဲ့ နတ်ဘုရား
သံကြိုးတွေကို ပြန်ရုပ်သိမ်းထား ခဲ့ပါတယ်။ နတ်ဘုရား
သံကြိုးတွေက တစ်ခုနဲ့ တစ်ခု ရစ်ပတ်ပြီးတော့
မယုံနိုင်စရာကောင်းတဲ့ ခုခံမှု စွမ်းရည်တစ်ခုကို
ပိုင်ဆိုင်ထားတဲ့ စက်လုံးတစ်ခု အဖြစ်ကို
ပြောင်းလဲသွားခဲ့ပါတယ်။

ထန် ထန် ထန်။

တိုက်ခိုက်မှုတွေ ဆင်းသက်လာပြီး သူတို့က နတ်ဘုရား
သံကြိုး အလုံးကြီးကို ထိုးဖောက်ခြင်းမှာ မစွမ်းဆောင်နိုင်
ခဲ့ပါဘူး။

သူတို့ရဲ့ တိုက်ခိုက်မှုတွေက နတ်ဘုရား
သံကြိုးလုံးကြီးကိုတောင် ထိုးဖောက်နိုင်ခြင်း မရှိပါဘူး။
ဒါကြောင့် ဘယ်လိုလုပ်ပြီးတော့ ပူကျဲကို ဒဏ်ရာရအောင်
လုပ်နိုင်မှာလဲ။

"ဟီးဟီးဟီး မင်းတို့ရဲ့ အဓိပ္ပါယ်မရှိတဲ့ ခုခံမှုတွေကို

Edit with WPS Office

စွန့်လွှတ်လိုက်ပါ။ မင်းတို့တွေက ဘာမှမဟုတ်ပါဘူး။ ငါ့ရဲ့ အကြွင်းမဲ့ စွမ်းအား အရှေ့မှာတော့ မင်းတို့က ပုရွက်ဆိတ်လေးတွေပဲ”

ပူကဲ့က ရယ်မောပြီးတော့ စကားဆက်လိုက်ပါတယ်။

“မင်းတို့တွေ ငါ့လက်နဲ့ သေရမှာမို့ ဂုဏ်ယူသင့်တယ်။ ငါက ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် ဆိုတာကို အမှတ်ရပါ။ အဲဒီအချိန်တုန်းက ကောင်းကင်ဘုံ ခန္ဓာကိုယ်အဆင့် ပိုးမွှားကောင်တွေကိုတောင် သတ်ပစ်ဖို့ ငါက အရမ်းကို ပျင်းရိတာ။ ဒါပေမဲ့လည်း မင်းတို့တွေက ငါ့ရဲ့ သတ်ဖြတ်ခြင်းကို ခံရမှာမို့ ဂုဏ်ယူနေသင့်တယ်။ ဒါက ဘယ်လောက်တောင် ဂုဏ်ကျက်သရေ တင့်တယ်လိုက်သလဲ”

“ဟားဟားဟား”

လင်းဟန်က ကျယ်လောင်စွာ ရယ်မောပြီးတော့ ပြောလိုက်တယ်။

“အနာဂတ်မှာ ငါက သူတော်စင်တွေကိုတောင်

Edit with WPS Office

သတ်ပစ်နိုင်တဲ့ စွမ်းရည်ကိုတောင် ပိုင်ဆိုင်ရ လိမ့်မယ်။ ဒါကြောင့် ဘာဖြစ်လို့ ခင်ဗျားက လိမ်လိမ်မာမာနဲ့ ခင်ဗျားခေါင်းကို ငုံ့ပြီး ကျုပ်အရှေ့မှာ လည်စင်းမပေးတာလဲ။ ကျုပ်က ခင်ဗျာကို ပိုပြီးတော့တောင် ကြီးကျယ်ခမ်းနားတဲ့ ဂုဏ်ကျက်သရေ တစ်ခုကို တွေ့ကြုံခံစားခွင့် ပြုပေးမယ်”

“ဟင့်”

ပူကျဲ့ရဲ့ အမူအရာက အေးစက်လာပြီးတော့ အော်ဟစ်လိုက်ပါတယ်။

“မင်း ဟားဟား ဒီခန္ဓာကိုယ်ရဲ့ အရင်ပိုင်ရှင်က မင်းကို အရမ်းမုန်းတီးနေတဲ့ ပုံစံပဲ။ သတ်ဖြတ်ချင်တဲ့ ဆန္ဒက တစ်ဟုန်ထိုး မြင့်တက်လာခဲ့တယ်”

“အိုး ငါက သူ့ကို ရိုက်နက်ဆုံးမခဲ့ရုံပါပဲ”

လင်းဟန်က တည်ငြိမ်စွာနဲ့ ပြောလိုက်တယ်။

“တကယ်လို့ ခင်ဗျားလည်း ဆန္ဒရှိတယ်ဆိုရင် ခင်ဗျားကိုရော ရိုက်နက်ဆုံးမ ပေးနိုင်ပါတယ်”

“ဘယ်လောက် ဘဝင်မြင့်လိုက်တဲ့ ကောင်စုတ်လေးလဲ”

Edit with WPS Office

ပူကျဲရဲ့ အမူအရာက သုန်မှုန်သွားခဲ့ပါတယ်။

အတိတ်တုန်းက သူဟာ ထိပ်တန်းလက်ရွေးစင် တစ်ယောက် ဖြစ်ခဲ့ပေမဲ့ အခုတော့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်နဲ့ အပြင်းအခုံ လုပ်နေရပါတယ်။ အခုလိုမျိုး ပြန်ပြောခံရတာက သူ့ကို မကျေမနပ် ဖြစ်စေပြီး လင်းဟန်ကို သေတဲ့အထိ ရိုက်နက်ပစ်ချင် လာပါတယ်။

ဒါပေမဲ့လည်း ရှမ်ကျူအာနဲ့ တခြားလူတွေက သူတို့ရဲ့ ဒုတိယံမိ တိုက်ခိုက်မှုတွေကို ထုတ်ဖော် လိုက်ကြပါပြီ။ အဲဒါက သူ့ကို ခုခံမှုအသွင်ကို ပြောင်းလဲသွား စေခဲ့ပါတယ်။ တကယ်တော့ သူဟာ ထာဂရမြစ်အဆင့် လက်ရွေးစင် တစ်ယောက် မဟုတ်တော့ပါဘူး။

လင်းဟန်က ဒီအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပြီး သူ့ရဲ့ အဆုံးမဲ့မြားကို ပစ်လွှတ်ဖို့ ပြင်ထားပါတယ်။

သူက ဒုတိယမြောက် တိုက်ခိုက်မှုထဲမှာ ပါဝင်ခြင်း မရှိခဲ့ပါဘူး။ အဲဒီအစား သူက ဒီတိုက်ခိုက်မှုတွေကို ပူကျဲ ဟန့်တားလိုက်တဲ့အထိ စောင့်နေပြီး အဲဒီနတ်ဘုရား

Edit with WPS Office

သံကြိုးတွေ သူ့ကို ဒိုင်းကာလို ကာကွယ်ပေးပြီးတာကို စောင့်နေပါတယ်။

သူက ဒါကိုအခွင့်ကောင်း ယူပြီးတော့ သူ့ကို ချက်ချင်းသတ်ပစ် ရပါလိမ့်မယ်။

အခွင့်အရေးက တစ်ခုပဲ ရှိပါတယ်။ သူ့စွမ်းအားတွေက အလျင်အမြန် ပြန်လည်ကောင်းမွန် လာနိုင်ပေမဲ့ အဲဒီထူးခြားဆန်းကြယ်တဲ့ သက်ရှိက လှည့်ကွက်ထဲကို နစ်ကြိမ် ကျဆင်းလာမှာ မဟုတ်ပါဘူး။ သူက အရမ်းကို အစွမ်းထက်ပြီးတော့ အရမ်းကို လိမ္မာပါးနပ်လွန်းပါတယ်။

"မင်းတို့အားလုံး သေကြစမ်း"

ဒုတိယမြောက် တိုက်ခိုက်မှုတွေကို တားဆီးကာကွယ်ပြီးတဲ့ နောက်မှာတော့ လျှို့ပှက်ဆန်းကြယ် သက်ရှိက နတ်ဘုရား သံကြိုးတွေကို လင်းဟာန်မျှော်လင့်ထားသလို ဖယ်လိုက်ပါတယ်။ မရေမတွက်နိုင်တဲ့ နတ်ဘုရား သံကြိုးတွေက လင်းဟာန်နဲ့ တခြားသူတွေဆီကို ပြေးဝင်လာပြီး သူတို့ရဲ့ ခန္ဓာကိုယ်ကို

Edit with WPS Office

ထိုးဖောက်ပါတော့မယ်။

လူတစ်ယောက်ရဲ့ ခုခံမှုက သူတို့ရဲ့ အစွမ်းထက်ဆုံး တိုက်ခိုက်မှုကို ထုတ်ဖော်ပြီးတဲ့ နောက်မှာ အားအနည်းဆုံး ဖြစ်လာပါလိမ့်မယ်။ ဒါက လူတိုင်းအတွက် အတူတူပါပဲ။

ဖူး ဖူး ဖူး ဖူး။

ရှမ်ကျူးအာနဲ့ ကျန်တဲ့ဘုရင်အဆင့် လေးယောက်စလုံး နတ်ဘုရား သံကြိုးတွေရဲ့ ထိုးစိုက်မှုကို ခံလိုက်ရပါတယ်။ တချို့က လက်တွေမှာ ထိမှန်သွားပြီး တချို့ကတော့ ခြေထောက်တွေမှာ ထိမှန်ခံလိုက် ရပါတယ်။ တချို့ကတော့ ဝမ်းဗိုက်ကို ထိမှန်ခံလိုက် ရပါတယ်။ နတ်ဘုရား သံကြိုးတွေ ဘယ်နေရာကို ထိမှန်ခံရလဲ ဆိုတာကို အသာထားဦး သူတို့က ဘုရင်အဆင့်တွေကို တည့်တည့်ကြီး ထိုးစိုက်နိုင်စွမ်း ရှိပါတယ်။ သွေးတွေက လေထဲမှာ ပျံ့နှံ့လို့ လာခဲ့ပါပြီ။

အချိန်ကိုက်ဆိုသလို လင်းဟန်က သူ့ရဲ့ အဆုံးမဲ့မြားကို ပစ်လွှတ်လိုက်ပါပြီ။

Edit with WPS Office

ဖူး။

ဒါပေမဲ့လည်း မြားကို ပစ်လွှတ်လိုက်တဲ့ အချိန်မှာပဲ သူ့ကိုပါ နတ်ဘုရားသံကြိုးတွေ ထိုးစိုက်တာ ခံလိုက်ရပါတယ်။ သူ့အနေနဲ့ ရှောင်တိမ်းလို့ မရခဲ့ပါဘူး။ ဒါကြောင့် သူထိုးစိုက်ခံရတာက သဘာဝပါပဲ။ ကံကောင်းတာက သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က လုံလုံလောက်လောက် အစွမ်းထက်နေပါတယ်။ နတ်ဘုရား သံကြိုးတွေက သူ့ရဲ့ ခန္ဓာကိုယ်ကိုပဲ ထိုးဖောက်နိုင်ပြီး သူ့ရဲ့ နတ်ဘုရား အရိုးတွေကို ကြေမွသွားစေနိုင်စွမ်း မရှိပါဘူး။

ရွှပ်။

တောက်ပတဲ့ မြားတစ်စင်း၊ လင်းဟန်ရဲ့ မျှော်လင့်ချက်တွေကို သယ်ဆောင်လာတဲ့ မြားက ပုကျဲဆီကို ပြေးဝင်သွားပါတယ်။

မြားက အလင်းတန်းလို လျှင်မြန်ပြီး အဆုံးမဲ့ အမြန်နှုန်းနဲ့ မြားတစ်စင်း ဖြစ်ပါတယ်။

"အား"

Edit with WPS Office

ပုကျဲက နာကျင်စွာနဲ့ ညည်းတွား လိုက်ပါတယ်။ အဆုံးမဲ့မြားက သူ့ရဲ့ ဘယ်ဘက်ပခုံးကို ထိမှန်သွားပြီး မြားရဲ့ ပေါက်ကွဲနိုင်စွမ်းက လုံးဂကို ပျက်သုန်းသွား စေခဲ့ပါတယ်။ သူ့ရဲ့ ဘယ်ဘက်လက်က ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားပြီး သူ့ပခုံးကနေ သွေးတွေက ရေပန်းတစ်ခုလို ပန်းထွက်လာပါတယ်။

အဲဒါက အလိုအလျောက် သူ့ရဲ့ နတ်ဘုရား သံကြိုးတွေနဲ့ တားဆီးလိုက်တဲ့ ရလဒ်ဖြစ်ပြီး မြားရဲ့ လမ်းကြောင်းကို အနည်းငယ် တိမ်းစောင်းသွား စေခဲ့ပါတယ်။ တကယ်လို့ သူသာ အဲဒီလို မလုပ်ခဲ့ဘူးဆိုရင် သူ့ရဲ့ ဘယ်ဘက်ပခုံး မဟုတ်ပဲ သူ့နှလုံးသား ပေါက်ကွဲသွားပါလိမ့်မယ်။

"ကောင်စုတ်လေး ငါမင်းကို သတ်ပစ်မယ်"

ပုကျဲက ဒေါသတကြီးနဲ့ အော်ဟစ်လိုက်ပါတယ်။

သူက အံ့အားသင့်သွားသလို ဒေါသလည်း ထွက်သွားပါတယ်။ သူက ဘာမဟုတ်တဲ့ တောင်မြစ်အဆင့် ကျင့်ကြံသူ တစ်ယောက်ရဲ့ လက်ထဲမှာ သေလုနီးပါး

Edit with WPS Office

ဖြစ်သွားခဲ့ပါတယ်။ အဲဒါက သူ့ကို ဒေါသတွေ အရမ်းကို ထွက်စေပြီး ဘာကိုမှ မစဥ်းစားနိုင်အောင် ဖြစ်သွားပါတယ်။

ရှပ်။

နတ်ဘုရား သံကြိုးတွေ ပူကျဲဆီကို ပြန်ပိုင်းပတ်လာခဲ့ပါတယ်။ တချိန်တည်းမှာပဲ သူက လင်းဟန်ရဲ့ အနီးကို ကပ်လာပါတယ်။ ပူကျဲက သူ့လက်တစ်ဖက်ကို မြှောက်ပြီး နောက်ထပ် နတ်ဘုရား သံကြိုး ခုနစ်ချောင်းကို ထုတ်ဖော်လိုက်ပါတယ်။ ဒီနတ်ဘုရာ သံကြိုးတွေက လင်းဟန်ရဲ့ လက်တွေ၊ ခြေထောက်တွေ၊ ရင်ဘတ်နဲ့ ဂမ်းဗိုက်ဆီကို ပြေးဝင်သွားပါတယ်။

လင်းဟန်က ဘယ်လိုလုပ်ပြီးတော့ ဒီနတ်ဘုရား သံကြိုးတွေကို ကာကွယ်တားဆီး နိုင်မှာလဲ။

အဆုံးမဲ့မြားကတော့ တကယ့်ကို အစွမ်းထက်ပါတယ်။ သူ့ကို တစ်ကြိမ် အသုံးပြုပြီးတဲ့နောက်မှာ သူ့ရဲ့စွမ်းအားတွေ ကုန်ခမ်းသွားပါလိမ့်မယ်။ သူ့ရဲ့ ပြန်လည်ကောင်းမွန်နိုင်တဲ့ အမြန်နှုန်းက အခုချိန်မှာ အရမ်းကို မြန်ဆန်တယ် ဆိုပေမဲ့

Edit with WPS Office

သူက သူ့စွမ်းအားတွေ အပြည့်အဝ ပြန်လည်ပြည့်ဝလာဖို့ မိနစ်သုံးဆယ်လောက် လိုအပ်နေပါသေးတယ်။ ဒါပေမဲ့လည်း အခုမှ စက္ကန့်အနည်းငယ်ပဲ ရှိပါသေးတယ်။ ဒါက သူ့ရဲ့ သက်လုံနည်းနည်းလေးလောက်ပဲ ပြန်လည်ပြည့်ဝဖို့ လုံလောက်တဲ့ အချိန်ပဲ ရပါသေးတယ်။

လင်းဟန်က ဒီတိုက်ခိုက်မှုကို ခုခံရင်ဆိုင်နိုင်စွမ်း မရှိပါဘူး။ သူက နတ်ဘုရား သံကြိုးတွေရဲ့ မညှာမတာ ထိုးစိုက်မှုကို ခံလိုက်ရပါတယ်။

ဖူး။

သူ့ခန္ဓာကိုယ်ကနေ သွေးတွေက လေထဲကို ပျံ့နှံ့သွားပါတယ်။ ဒါပေမဲ့လည်း ပူကျဲကို ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားစေခဲ့ပါတယ်။ လင်းဟန်မှာ လုံးဝကို ခုခံနိုင်စွမ်း မရှိပဲ သူ့ရဲ့ နတ်ဘုရား သံကြိုးတွေက သူ့ခန္ဓာကိုယ်ကို လုံးဝ ထုတ်ချင်းပေါက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် သိသာထင်ရှားတဲ့ ထိခိုက်မှု နည်းနည်းလေးမှ မဖြစ်စေခဲ့ပါဘူး။

Edit with WPS Office

လပြွတ်ပဲ။ ဘယ်လိုလုပ် ဒီလိုမျိုး ထူးဆန်းတဲ့
လူတစ်ယောက် ရှိနေနိုင်တာလဲ။

ပူကျဲက အနည်းငယ် အံ့အားသင့် သွားခဲ့ပါတယ်။
တကယ်လို့ သူ့ရဲ့ အစွမ်းထက်ဆုံး အချိန်မှာဆို လင်းဟန်ကို
လက်ကလေး တစ်ဖက်ပေါ့ယမ်းလိုက်တာနဲ့ ချေမွပစ်လို့
ရပါတယ်။ ဒါပေမဲ့လည်း သူက ဒီအချိန်မှာ စည်းမျဉ်းဥပဒေရဲ့
စွမ်းအားအပေါ်မှာ မှီခိုနေရပါတယ်။ ပြဿနာက သူ့ရဲ့
ကျင့်ကြံခြင်း အဆင့်ဟာ အရမ်းကို နိမ့်ကျနေပါတယ်။
ဒါကြောင့် သူသုံးစွဲနေတဲ့ စည်းမျဉ်းဥပဒေ စွမ်းအားရဲ့
အရည်အသွေးနဲ့ ပမာဏကလည်း အကန့်အသတ်
ရှိပါတယ်။ တကယ်လို့ သူ့ရဲ့ ကျင့်ကြံခြင်းအဆင့်ထက်
သာလွန်တဲ့ စည်းမျဉ်းဥပဒေ စွမ်းအားကို
ဆင့်ခေါ်လိုက်မယ်ဆိုရင် အရင်ဆုံး သူ့ခန္ဓာကိုယ်က
စည်းမျဉ်းဥပဒေ စွမ်းအားကြောင့်
ပျက်သုဉ်းသွားရပါလိမ့်မယ်။

ဒါကြောင့် သူ့ရဲ့နတ်ဘုရား သံကြိုးတွေက ရှမ်ကျူအာနဲ့
တခြားသူတွေကို ပြင်းပြင်းထန်ထန်

Edit with WPS Office

ထိခိုက်ဒဏ်ရာရစေခဲ့ပေမဲ့ လင်းဟန်ကိုတော့ အသေးစား ထိခိုက်ပျက်စီးမှုပဲ ဖြစ်စေခဲ့ပါတယ်။

"ဟင့် ဒါဆိုရင် ငါမင်းကို ဖြည်းဖြည်းချင်း အရေခွံစုတ်ရမှာပေါ့ကွာ"

ပူကျဲက အေးစက်စွာနဲ့ ပြောလိုက်တယ်။

သူ့ရဲ့ နတ်ဘုရား သံကြိုးတွေကို လှုပ်လိုက်ပြီး ရှမ်ကျူအာနဲ့ တခြားဘုရင်အဆင့် လေးယောက်ကို လွင့်ထွက်သွား စေခဲ့ပါတယ်။

ဂုန်း ဂုန်း ဂုန်း ဂုန်း။

သူတို့အားလုံး နန်းတော်ရဲ့ နံရံတွေနဲ့ ဂင်ဆောင့်မိ သွားခဲ့ပါတယ်။ အဲဒီအချိန် ပူကျဲက သူ့ရဲ့ နတ်ဘုရား သံကြိုးတွေ အားလုံးကို ပေ့ယမ်းပြီးတော့ လင်းဟန်ကို ပြင်းထန်ပြီး ထူထပ်တဲ့ တိုက်ခိုက်မှု တစ်ခုနဲ့ တိုက်ခိုက်ဖို့ စီစဉ်လိုက်ပါတယ်။

တကယ်လို့ သူ့ကို တစ်ကွက်တည်းနဲ့ မသတ်နိုင်ဘူးဆိုရင် သူ့ကို ဖြည်းဖြည်းချင်း သေတဲ့အထိ ညှင်းပန်းနှိပ်စက်ပြီးတော့

Edit with WPS Office

ပုရွက်ဆိတ်တွေက ဆင်တစ်ကောင်ကို သေတဲ့အထိ ဖြည်းညှင်းစွာနဲ့ ကိုက်သတ်သလို သတ်ရပါလိမ့်မယ်။

လင်းဟာန်ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က အဆင့်ငါး နတ်ဘုရား သတ္တုလိုပဲ မာကျောပါတယ်။ ဒါပေမဲ့လည်း ပုကျဲ့ရဲ့ နတ်ဘုရား သံကြိုးတွေက လှံတစ်ခုနဲ့ တူပြီးတော့ အဆင့်ငါး နတ်ဘုရား သတ္တုကို ဖြည်းဖြည်းလေး ဖြတ်တောက်နိုင်စွမ်း ရှိပါတယ်။ သူ့အတွက်တော့ အချိန်နည်းနည်းပဲ လိုတာပါ။

ဖူး ဖူး ဖူး။

လင်းဟာန်က နတ်ဘုရား သံကြိုးတွေ နောက်တစ်ကြိမ် ထိုးစိုက်ခံလိုက်ရပါတယ်။ သူက အဲဒီအချိန်မှာ သူ့ရဲ့စွမ်းအား နည်းနည်းပဲ ပြည့်ဝပါသေးတယ်။ ဒါကြောင့် သူက လူသားသဲအိတ် ပုံစံမျိုး ဖြစ်နေပါတယ်။

ရှမ်ကျူအာနဲ့ တခြားသူတွေ အားလုံးက ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရထားကြပါတယ်။ ဒါကြောင့် သူတို့က သူ့ကို ကူညီနိုင်စွမ်း ရှိကြလိမ့်မှာ မဟုတ်ပါဘူး။

Edit with WPS Office

နတ်ဘုရား သံကြိုးတွေက လင်းဟာန်ကို အဆက်မပြတ် တိုက်ခိုက်နေပြီး လင်းဟာန်က အရမ်းကို လျင်မြန်စွာနဲ့ တစ်ကိုယ်လုံး သွေးတွေ စွန်းထင်းနေပါတယ်။

"ဟားဟားဟား"

ပူကျဲက ကျယ်လောင်စွာနဲ့ ရယ်မောလိုက်ပါတယ်။ ဒီဆိုးယုတ်တဲ့ ရယ်သံတွေထဲမှာ လျှို့ဝှက်ဆန်းကြယ်တဲ့ သက်ရှိရဲ့ ခံစားချက်တွေနဲ့ ပူကျဲကိုယ်တိုင်ရဲ့ ကျေနပ်မှုတွေလည်း ပါဝင်နေပါတယ်။ လင်းဟာန်က သူ့ကို အရင်က လူပုံအလယ်မှာ အရှက်ခွဲခဲ့ပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ်ပြီးတော့ လင်းဟာန်ကို မမုန်းတီးပဲ နေနိုင်မှာလဲ။

လင်းဟာန်က အညာအတာ ကင်းမဲ့စွာနဲ့ ရိုက်နက်ခံနေရင်း သူ့ရဲ့ စွမ်းအားတွေက အဆက်အပြတ် ပြန်လည်ကောင်းမွန် ပြည့်ဝလာပါတယ်။ သူက တန်ပြန်တိုက်စစ် ဆင်ခွင့်ရမဲ့ အခွင့်အရေး တစ်ခုအတွက် စောင့်မျှော်နေပါတယ်။

တကယ်လို့ အနိုင်ရဖို့ အခွင့်အရေး တကယ်မရှိဘူးဆိုရင်

Edit with WPS Office

သူက ဒီတိုက်ပွဲကို ဆက်ပြီးတော့ တိုက်ခိုက်နေမှာ မဟုတ်ပါဘူး။ သူက အနက်ရောင် မျှော်စင်ထဲမှာ ပုန်းပြီးတော့ လေလွင့်သူတော်စင်ကိုတောင် အပြင်ကို ထုတ်ကောင်းထုတ် ရပါလိမ့်မယ်။ အဲဒီလိုလုပ်မှ ဒီလှို့ပှက်ဆန်းကြယ်တဲ့ သက်ရှိကို အကြီးအကျယ် ထိတ်လန့်တုန်လှုပ် သွားစေပါလိမ့်မယ်။

ရှမ်ကျူအာနဲ့ တခြားသူတွေက လင်းဟန်မှာ အနက်ရောင် မျှော်စင်ရှိတာကို မသိကြသေးပါဘူး။ သူဆိုးဆိုးဂါးဂါး ရိုက်နက်ခံနေရတာကို ကြည့်ပြီးတော့ သူ့အတွက် အပြောင်းအလဲ လုပ်နိုင်ဖို့ အခွင့်အရေး မရှိတော့ဘူး ဆိုတာကို သူတို့တွေ တပ်အပ်ပြောနိုင်ပါတယ်။ သူတို့အားလုံးလည်း ပြင်းပြင်းထန်ထန် ဒဏ်ရာတွေ ရထားကြပြီး အသက်ကို ဖက်တွယ်ထားရုံပါပဲ။

ဒါကိုကြည့်ခြင်းအားဖြင့် အရှုံးကို ရှောင်လွှဲလို့ မရတော့ပါဘူး။ သေခြင်းတရားကို စောင့်နေတာက လွှဲရင် သူတို့တွေ ဘာများတတ်နိုင်ဦးမှာလဲ။

သူတို့မှာ ပှက်ဖဲတွေ ရှိနေသေးပေမဲ့

Edit with WPS Office

ဒီလျှို့ဝှက်ဆန်းကြယ်ဘုံက နေလအဆင့်အထက် ဒါမှမဟုတ် နေလအဆင့် စွမ်းအားကို တားမြစ်ထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ဆန်းကြယ် သက်ရှိ သုံးနေတဲ့ အထင်ကြီးစရာ စည်းမျဉ်းဥပဒေတွေနဲ့ ရင်ဆိုင်ရတဲ့ အခါမှာ သူတို့မှာရှိတဲ့ အရာအားလုံး ဘာမှမဟုတ်တော့ သလိုပါပဲ။

တကယ်လို့ သူတို့တွေရဲ့ ဝှက်ဖဲကို ထုတ်ဖော်လိုက်မယ်ဆိုရင် သေမင်းကို စောစောသွားတွေ့ သလိုမျိုး ဖြစ်သွားပါလိမ့်မယ်။ အစီအရင် ဂင်္ကပါတွေရဲ့ သတ်ဖြတ်ခြင်းကို ခံရပါလိမ့်မယ်။

တခြားနည်းလမ်း တကယ်ပဲ မရှိတော့ဘူးလား။

သူတို့အားလုံး တစ်ဦးချင်းစီတိုင်းမှာ ခိုင်မာတဲ့ စိတ်ဓာတ်ခွန်အား ပိုင်ဆိုင်ထားကြပါတယ်။ ဆိုးဆိုးဝါးဝါး အရှုံးနဲ့ ရင်ဆိုင်ရတာတောင် သူတို့က သေချာပေါက် လက်လျှော့လိမ့်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ စိတ်ထဲမှာ ဖြစ်နိုင်ဖွယ်ရာ နည်းလမ်းတွေကို စမ်းစစ်လေ့လာ သုံးသပ် နေပါတယ်။

Edit with WPS Office

"ဟီးဟီး အရိပ်မြုပ် နတ်ဆိုးအိုကြီး နောက်ဆုံးတော့ မင်းထွက်လာပြီပေါ့"

မိုးခြိမ်းသံနဲ့တူတဲ့ အသံကျယ်ကြီးတစ်ခုက ရုတ်တရက် ထွက်ပေါ်လာပြီး နန်းတော်တစ်ခုလုံးကို တုန်ခါသွား စေခဲ့ပါတယ်။

ဘာ။ ဒီနေရာမှာ နောက်ထပ်လူတစ်ယောက် ရှိနေတာလား။

လင်းဟာန်နဲ့ တခြားသူတွေအားလုံး မျှော်လင့်ချက် အသစ်တွေနဲ့ ပြည့်နှက်လာပါတယ်။ လက်ရှိအခြေအနေက အပြောင်းအလဲအသစ် ဖြစ်သွားနိုင်ပါတယ်။

Chapter 1198 end

အပိုင်း(1199) နှစ်ပေါင်းဆယ်သန်းကြာ ဇာတ်လမ်း

"ဘာ"

ပူကျဲ့ရဲ့ အမူအရာက ပြောင်းလဲသွားပြီးတော့ သူက အံ့အားသင့်စွာနဲ့ ပြောလိုက်တယ်။

"လန်ယွမ် မင်းမသေသေးဘူးလား"

Edit with WPS Office

သူက ကြမ်းပြင်ပေါ်က အလောင်းကို ကြည့်လိုက်ပါတယ်။

"ဟီးဟီ"

ရယ်မောသံ တစ်ခုနဲ့အတူ ကြမ်းပြင်ပေါ်က
အသားရေပြောနေတဲ့ အလောင်းကောင်ဟာ အံ့အားသင့်စရာ
ကောင်းလောက်အောင် ကုန်းရုန်းထလာခဲ့ပါတယ်။
ကိုးမီတာလောက် ရှည်လျားတဲ့ ပုံရိပ်ရဲ့ အရိပ်ရှည်ကြီးတစ်ခု
ဖြစ်ပေါ်လာပါတယ်။

လင်းဟန်တို့အားလုံး အံ့အားသင့် သွားခဲ့ပါတယ်။

ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ သက်ရှိက ဒီနေရာရဲ့
ပိုင်ရှင်အစစ်အမှန် ဖြစ်လိမ့်မယ်လို့ သူတို့တွေ သံသယ
ဝင်နေမိပေမဲ့ သူတို့ကို မှင်သက်အံ့သြ သွားစေခဲ့တာက
အပြာရောင် အသားအရည်နဲ့ လက်ရွေးစင် ထလာလို့
ဖြစ်ပါတယ်။

ပုကျဲက အပြာရောင် အသားအရည်နဲ့ လက်ရွေးစင်ကို
စိုက်ကြည့်ပြီးတော့ ခဏအကြာမှာ ကျယ်လောင်စွာနဲ့
စတင်ရယ်မောပြီး ပြောလိုက်တယ်။

Edit with WPS Office

"ဒါဆိုရင် မင်းက တကယ်သေသွားတာပေါ့။ မင်းရဲ့ ခန္ဓာကိုယ်က မင်းရဲ့ အကြွင်းအကျန် အသိစိတ် အမျှင်တစ်ခုနဲ့ပဲ ထိန်းချုပ်ထားတာပေါ့"

"အမှန်ပဲ"

အပြာရောင် အသားအရည် လက်ရွေးစင်က ခေါင်းတစ်ချက် ညိတ်ပြီးတော့ ပြောလိုက်တယ်။

"ဒါပေမဲ့လည်း အဲဒါက မင်းကို သတ်ဖို့ လုံလောက်တာထက် ပိုနေပြီ"

ပူကျဲရဲ့ အမူအရာက ပြောင်းသွားပြီးတော့ သူက နာကျင်မှု တစ်စွန်းတစ်စ အရိပ်အယောင်နဲ့ အတူ ပြောလိုက်တယ်။

"မင်းက ဒါကို တမင်သက်သက် အကွက်ချ ကြံစည်ခဲ့တာပေါ့။ ငါ့ကို သတ်ဖို့ အခွင့်အလမ်း တစ်ခုကို မင်းက စောင့်နေတာလား။ ငါ့ရဲ့ နတ်ဘုရားအာရုံက ကုန်းမြေရဲ့ နလုံးသားကနေ ထွက်လာပြီး နောက်ထပ်ခန္ဓာကိုယ် တစ်ခုကို ပိုင်ဆိုင်တဲ့အထိ စောင့်နေတာပေါ့"

Edit with WPS Office

အပြာရောင် အသားအရည်နဲ့ လက်ရွေးစင်က ကျယ်လောင်စွာနဲ့ ရယ်မောပြီးတော့ ပြောလိုက်တယ်။

"အဲဒီတော့ ဘာဖြစ်လဲ။ မင်းက ကုန်းမြေနလုံးသားဆီကို ထွက်ပြေးသွားပြီး ငါ့ရဲ့ သေဆုံးတဲ့ အခြေအနေမှာ မင်းကို လိုက်ဖမ်းနိုင်စွမ်း မရှိခဲ့ဘူး။ တကယ်လို့ မင်းကို အပြင်ထွက်အောင် ဆွဲမထုတ်နိုင်ဘူးဆိုရင် ငါမင်းကို ဘယ်လိုလုပ် ရင်ဆိုင်လို့ ရမှာလဲ"

"ဒီ ဒီလောက်ထိ စိတ်ရှည်တယ်ပေါ့"

ပူကျဲက ပြောလိုက်တယ်။

"ဒါက နှစ်ပေါင်းဆယ်သန်း ရှိနေပြီ။ မင်းရဲ့ အလောင်းကလည်း ဖုန်မှုန့်အဖြစ်ကို ပြောင်းလုနီးပါး ဖြစ်နေပြီ။ မင်းက ဒီရန်ညှိုးပဟောင်း တစ်ခုကို ဘာကြောင့်ဆုပ်ကိုင်ထားနေတာလဲ။ ဘာဖြစ်လို့ ငါ့ကို သတ်ဖို့ ဘာဖြစ်လို့ မလျှော့နိုင်ရတာလဲ"

"ဟင့်။ တကယ်လို့ ငါအကြိမ်တစ်ထောင်လောက် သေရမယ် ဆိုရင်တောင် မြေအောက်ကမ္ဘာက မကောင်းဆိုးဝါးတွေကို

Edit with WPS Office

ခွင့်မလွှတ်နိုင်ဘူး”

ဘယ်လို။ ဒီလျှို့ဝှက်ဆန်းကြယ် သက်ရှိက တကယ်ပဲ မြေအောက်ကမ္ဘာကလား။

အဲဒီအချိန်မှာပဲ အပြာရောင် အသားအရည်နဲ့ လက်ရွေးစင် ရေးထွင်းထားတဲ့ စကားလုံးတွေမှာ ဒေါသတွေ သတ်ဖြတ်ချင်တဲ့ ဆန္ဒတွေနဲ့ မြေအောက်ကမ္ဘာကို ဘယ်လောက်တောင် မုန်းတီးနေလဲ ဆိုတာကို ဘာကြောင့် ခံစားနေရလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါတယ်။ အပြင်ဘက် တိုက်ပွဲရဲ့ လက္ခဏာတွေအရ လက်ရွေးစင် နှစ်ယောက် အကြားက ပြင်းထန်တဲ့ တိုက်ပွဲတစ်ခုကြောင့် ပျက်စီးကြေမွသွားတာမျိုး ဖြစ်နိုင်ပါတယ်။

အပြာရောင် အသားအရည်နဲ့ လက်ရွေးစင်က အနိုင်ရသွားတာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သေလောက်တဲ့ ဒဏ်ရာတွေကိုလည်း ခံစားခဲ့ရပုံပါပဲ။ အဲဒီအချိန်မှာ လျှို့ဝှက်ဆန်းကြယ်တဲ့ သက်ရှိရဲ့ ခန္ဓာကိုယ်က ပျက်သုံးသွားပြီး အခုလိုမျိုး နတ်ဘုရား အာရုံပဲ ကျန်နေတာ

Edit with WPS Office

ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြေအောက်ကမ္ဘာက သက်ရှိတွေရဲ့ ပြိုင်ဘက်ကင်းတဲ့ သဘာဝကြောင့် သူက ကုန်းမြေရဲ့ နလုံးသားထဲမှာ အသက်ရှင်သန် နေလို့ ရနေဆဲပါပဲ။

နှစ်ပေါင်းဆယ်သန်းတောင် ကြာခဲ့ပါပြီ။ လျှို့ဝှက်ဆန်းကြယ်တဲ့ သက်ရှိက အသားအရေ အပြာရောင် လက်ရွေးစင် သေသွားခဲ့ပြီလို့ တွေးမိခဲ့ပါတယ်။ ဒါကြောင့် သူက အပြင်ကို ထွက်လာပြီး တစ်စုံတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို အပိုင်စီးပြီးတော့ သူ့ရဲ့ဘဝအသစ်ကို ရှင်သန်နိုင်အောင် ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ဆန်းကြယ်ဘုံထဲက ဂင်္ဂပါ အစီအရင်တွေက လျှို့ဝှက်ဆန်းကြယ် သက်ရှိနဲ့ သူ့ရဲ့ လှုပ်ရှားသွားလာမှု အကန့်အသတ်ကို ဖိနှိပ်ထိန်းချုပ်ဖို့ အသုံးပြုထားတာ ဖြစ်နိုင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် ဒီလျှို့ဝှက်ဆန်းကြယ် သက်ရှိက ဒီလျှို့ဝှက်ဆန်းကြယ်ဘုံ ပွင့်တဲ့ အကြိမ်ပေါင်း များစွာကတည်းက ထွက်ပြေးလွတ်မြောက် သွားလောက်ပါပြီ။

Edit with WPS Office

လျှို့ပုက်ဆန်းကြယ်တဲ့ သက်ရှိက ဒီနေရာက ဂက်ပါ အစီအရင်တွေက သူ့ကို ထာဝရ ပိတ်လှောင်ထားဖို့ပဲ ဆိုပြီးတော့ ရိုးရိုးလေး တွေးထားပါတယ်။ ဒါပေမဲ့လည်း အဲဒီမှာ နှစ်ဖက်ချွန် အကြံအစည်တစ်ခု ရှိနေတာကို သူသတိမပြုမိခဲ့ပါဘူး။ ဒီနေရာက ဂက်ပါ အစီအရင်တွေက သူ့ကို လုံခြုံတဲ့ ခံစားမှုတစ်ခု ပေးသလို သူ့အနေနဲ့ တစ်စုံတစ်ယောက်ကို ပိုင်ဆိုင်ပြီးတော့ ထွက်ပြေးလွတ်မြောက် နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်မျိုးကိုလည်း ဖြစ်စေပါတယ်။

ဒါပေမဲ့လည်း အခုတော့ သူ့ရဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်က မယုံနိုင်စရာ ကောင်းလောက်အောင် အထိအခိုက် မခံနိုင်ပါဘူး။

ပုကျဲက ခွဲခြမ်းစိတ်ဖြာရင်းနဲ့ တဆတ်ဆတ် တုန်သွားပါတယ်။ သူ့ရဲ့ မူလခန္ဓာကိုယ် ပျက်စီးခဲ့တဲ့ အချိန်တုန်းကတောင် ကြောက်ရွံ့ခြင်း မရှိခဲ့ပါဘူး။ သူက ဒီခန္ဓာကိုယ်ကို အခုမှ ပိုင်ဆိုင်ရုံ ရှိပါသေးတယ်၊ ဒါကြောင့် သူ့ရဲ့ နတ်ဘုရားအာရုံ ထွက်ခွာဖို့အတွက် မဖြစ်နိုင်ပါဘူး။

Edit with WPS Office

"လန်ယွမ် မင်းက အကြံသမားပဲ"

သူက အံကြိတ်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်းလိုမျိုး သရဲဘောကြောင်တဲ့ သူတစ်ယောက်ကို ရင်ဆိုင်ဖို့ ငါက ဘယ်လိုလုပ် အကြံအစည် မထုတ်ထားပဲ နေနိုင်မှာလဲ"

အသားအရောင် ပြာနေတဲ့ လက်ရွေးစင်က ပြုံးပြီးတော့ ဆက်ပြောလိုက်တယ်။

"အချိန်ဆွဲဖို့တောင် စိတ်ကူးမနေနဲ့။ ဒါက ငါ့အသိစိတ် အမျှင်စုလေး တစ်ခုပဲ ဆိုပေမဲ့ သုံးရက်ကနေ ငါးရက်လောက်ထိ ငါနေနိုင်သေးတယ်"

ပုကျဲ့ရဲ့ အမူအရာက နောက်တစ်ကြိမ် ပြောင်းလဲသွားပါတယ်။ သူက တကယ်ပဲ အချိန်ဆွဲဖို့ ကြိုးစားချင်ခဲ့တာပါ။

သူနဲ့မတူတာက အပြာရောင် အသားအရေနဲ့ လက်ရွေးစင်က တကယ်သေဆုံး သွားခဲ့တာပါ။ သူ့အသိစိတ်ရဲ့ အမျှင်တစ်စုပဲ ကျန်ရှိပါတော့တယ်။ အဲဒါက လောင်စာမရှိတဲ့

Edit with WPS Office

မီးတောက် တစ်ခုနဲ့ တူပါတယ်။ အချိန်မရွေး ပျောက်ကွယ်သွား ပါလိမ့်မယ်။ ဒါပေမဲ့လည်း သုံးရက်ကနေ ငါးရက် ဆိုတာက အတော်လေး ရှည်ပါသေးတယ်။ ဒီအသားအရေ အပြာရောင်နဲ့ လက်ရွေးစင်က မြေအောက်ကမ္ဘာက သက်ရှိတွေကို လုံးဝကို စက်ဆုပ်ရွံရှာ နေပါတယ်။ ဒါကြောင့် သူက ဘယ်လိုလုပ် သုံးရက်ကနေ ငါးရက်လောက်ထိ အချိန်ဆွဲနေနိုင်မှာလဲ။

တကယ်လို့ သူ့ပါးစပ်က စကားမပြောပဲ နေရင်တောင်မှ ခြောက်သွေ့ပြီး အက်ကွဲနေပါတယ်။ ငါးရက်လုံး နေဖို့ လုံလောက်လိမ့်မှာ မဟုတ်ပါဘူး။

အသားအရေပြာတဲ့ လက်ရွေးစင်က တိုက်ခိုက်ပြီးတော့ ပြောလိုက်တယ်။

"အရိပ်မြုပ် နတ်ဆိုးအိုကြီး မင်းရဲ့ သေခြင်းတရားကို လက်ခံလိုက်တော့"

ဘုန်း။

နန်းတော်ထဲကို ကြောက်မက်ဖွယ်ရာကောင်းတဲ့

Edit with WPS Office

စွမ်းအားတစ်ခုက ဖြတ်သွားပြီး လျှို့ဟှက်ဆန်းကြယ် ဘုံတောင်မှ တုန်ခါသွားပါတယ်။

ဒါက ကောင်းကင်ဘုံ ခန္ဓာကိုယ် အဆင့်ထက် သာလွန်တဲ့ စွမ်းအားတစ်ခု ဖြစ်ပါတယ်။

ဂဏ်ပါ အစီအရင်တွေက သူ့ကို ဘာဖြစ်လို့ မတိုက်ခိုက်တာလဲ။ ဟာသာပဲ။ ဘယ်တိုက်မလဲ။ သူက ဒီနေရာရဲ့ ပိုင်ရှင်ဖြစ်ပါတယ်။ ဒါကြောင့် ဂဏ်ပါ အစီအရင်တွေက သူ့ကို ဘာဖြစ်လို့ တိုက်ခိုက်မှာလဲ။

သူ့လက်ဂါး ရိုက်ချက်က ဆင်းသက်လာပြီး ပုကျဲက ချက်ချင်းဆိုသလို သွေးတိမ်တိုက် တစ်ခု အဖြစ်ကို ပြောင်းလဲသွားပါတယ်။ သူ့ခန္ဓာကိုယ်က အရမ်းကို အထိခိုက် မခံနိုင်ပဲ ထာဝရမြစ် အဆင့်မှာရှိတဲ့ စွမ်းအားကို ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့လည်း အသားအရေ အပြာရောင် လက်ရွေးစင်က သတိလက်လွတ် မနေခဲ့ပါဘူး။ သူက သူ့ရဲ့နတ်ဘုရား အာရုံနဲ့ ပတ်ဝန်းကျင်ကို အဆက်မပြတ်

Edit with WPS Office

စစ်ဆေးနေခဲ့ပါတယ်။

မြေအောက်ကဿမှာက လက်ရွေးစင်တွေကို လွယ်လွယ်နဲ့ သတ်လို့မရပါဘူး။ အရင်တုန်းက သူဟာ ဒီလျှို့ဝှက်ဆန်းကြယ်တဲ့ သက်ရှိရဲ့ ခန္ဓာကိုယ်ကို ဖျက်ဆီးပစ်ခဲ့ပေမဲ့ သူ့ရဲ့ နတ်ဘုရား အာရုံကတော့ ထွက်ပြေးလွတ်မြောက် သွားပါတယ်။

"ဟင့် ထွက်ပြေးဖို့ ကြိုးစားချင်သေးတာလား"

အသားအရေ ပြာနေတဲ့ လက်ရွေးစင်က တံခါးဆီကို ရိုက်ချလိုက်ပါတယ်။

ဝုန်း။

ရောမ တံခါးကြီး ပျက်စီးသွားပြီး အရိပ်တစ်ခုက အလျင်အမြန် ပြေးထွက်လာပါတယ်။ ဒီအရိပ်က သာမန်မျက်စိနဲ့ မြင်ဖို့ အရမ်းကို ခက်ခဲပါတယ်။

ဒါက မြေအောက်ကဿမှာက လက်ရွေးစင် ဖြစ်ပါတယ်။

လင်းဟာန်နဲ့ တခြားဘုရင်အဆင့် အားလုံးက အသက်ကို ခပ်ပြင်းပြင်း တစ်ချက် မှုတ်ထုတ်လိုက် မိပါတယ်။

Edit with WPS Office

ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်က ကြီးမားတဲ့
ကျင့်ကြံခြင်းအဆင့် အားသာချက် တစ်ခုနဲ့
တိုက်ခိုက်တာတောင် သူက အသက်ရှင်လျက်
လွတ်မြောက်အောင် ထွက်ပြေးနိုင်စွမ်း ရှိနေပါသေးတယ်။
မြေအောက်ကမ္ဘာက သက်ရှိတွေက ခန့်မှန်းလို့
မရနိုင်လောက်အောင် အစွမ်းထက်ပါတယ်။

"လန်ယွမ် မင်းက တကယ်ပဲ ငါ့ကို ဒီနည်းစနစ်
အသုံးပြုအောင် ဖိအားပေးနိုင်ခဲ့တာပဲ။ တကယ်လို့
မင်းသေရင်တောင် ငါက မင်းရဲ့ အရိုးတွေကို
ဖုန်မှုန့်ဖြစ်အောင် ကြိတ်ချေပစ်မယ်"

အရိပ်က မိုးကောင်းကင်ပေါ်က စမ်းချောင်းဂါဆီကို
ပျံသန်းသွားပါတယ်။

စမ်းချောင်းဂါက မြေအောက်ကမ္ဘာ လက်ရွေးစင်ရဲ့
အလောင်းကနေ ဖြစ်ပေါ်လာတာပါ။ ဒါကြောင့် သူ့ရဲ့
စွမ်းအားက တကယ်လို့ သူ့နတ်ဘုရား အာရုံကို အဲဒီအထဲ
ပေါင်းစည်းနိုင်မယ်ဆိုရင် ဧရာမ ပမာဏ တစ်ခုအထိ
တိုးလာပါလိမ့်မယ်။ ဒါပေမဲ့လည်း သူ့ရဲ့ အရင် ခန္ဓာကိုယ်က

Edit with WPS Office

သေဆုံးသွား ခဲ့ပါပြီ။ ဒါကြောင့် စိမ်းချောင်းဂါက သူ့ကို အရမ်းအွန္တရာယ် ဖြစ်စေနိုင်ပြီး အဆိပ်တစ်ခုနဲ့ တူပါလိမ့်မယ်။

ဒါတောင်မှ သူက ရွေးချယ်စရာ မရှိပဲ အရဲစွန့်လိုက်ပါတယ်။ အဲဒီလိုမှ မဟုတ်ရင် သူက သေချာပေါက် သေသွားရပါလိမ့်မယ်။

သူအသက်ရှင်နေသရွေ့ သူ့ရဲ့ဒဏ်ရာတွေကို ပြန်လည်ကောင်းမွန်လာအောင် ကုသဖို့ မျှော်လင့်ချက် ရှိပါတယ်။ ဘယ်လောက်ပဲ ပြင်းထန်နေပါစေ ကိစ္စမရှိပါဘူး။

အသားအရေ အပြာရောင်နဲ့ လက်ရွေးစင်က နာခေါင်းရှုံ့ပြီးတော့ ပြောလိုက်တယ်။

"ငါက နှစ်ပေါင်းဆယ်သန်းလောက် ကြံစည်အားထုတ် လာခဲ့တာ အခုလိုမျိုး လွယ်လွယ်နဲ့ လွှတ်ပေးဖို့ဆိုတာ ဘယ်ဖြစ်နိုင်မှာလဲ"

သူ့ခန္ဓာကိုယ်က လျှပ်ပြက်သလိုပဲ မယုံနိုင်တဲ့ အမြန်နှုန်း တစ်ခုနဲ့ တစ်ဟုန်ထိုး ပြေးသွားပါတယ်။ သူ့ရဲ့ လက်သီးနဲ့ မိုးကောင်းကင်ပေါ်က စမ်းချောင်းဂါကို ရိုက်ချလိုက်ပါတယ်။

Edit with WPS Office

ကြယ်ရူးဆွတ်ခြင်း ခြေလှမ်း။

လင်းဟာန်က သူ့စိတ်ထဲကနေ အံ့အားသင့်စွာနဲ့ ပြောလိုက်မိပါတယ်။

သူက ဒီလှုပ်ရှားမှု နည်းစနစ်ကို စတင်ကျင့်ကြံအားထုတ်ခြင်း မရှိသေးပေမဲ့ မျက်စိတစ်ချက် ပေ့ကြည့်လိုက်တာနဲ့ ဒါကို သတိပြုမိနိုင်ပါတယ်။

ဟူး။

စမ်းချောင်းဂါက အလယ်ကနေ ကျုံ့သွားပါတယ်။ အသားအရေအပြာရောင်နဲ့ လက်ရွေးစင်က သွက်သွက်ခါသွားပြီး မီတာသုံးထောင်လောက်မြင့်တဲ့ ရောမ အကောင်ကြီး အဖြစ်ကို ပြောင်းလဲ သွားခဲ့ပါတယ်။ သူက မိုးကောင်းကင်ပေါ်မှာ ဂုဏ်ယူဂင့်ကြွားစွာ ရပ်နေရင်းနဲ့ စမ်းချောင်းဂါရဲ့ စီးဆင်းမှုကို တားဆီးလိုက်ပါတယ်။

"မင်း"

မြေအောက်ကမ္ဘာမှ လက်ရွေးစင်က သွေးအန်သွားချင်ခဲ့ပါတယ်။ သူက စမ်းချောင်းဂါရဲ့

Edit with WPS Office

စွမ်းအားကို ဆက်ပြီးတော့ ဆွဲယူသုံးစွဲနိုင်ခြင်း မရှိတော့ပါဘူး။ သူ့အသံက စူးစူးဝါးဝါး ဖြစ်လာပြီး အော်ဟစ်လိုက်ပါတယ်။

"မင်းက မင်းရဲ့ခန္ဓာကိုယ်နဲ့ အမှောင်စမ်းချောင်းဂါရဲ့ စွမ်းအားကို ဟန့်တားလိုက်တယ်ပေါ့။ မင်းရဲ့ အရိုးတွေက မရှိန်မရွှေး ပြာကျသွားလိမ့်မယ်။ တကယ်လို့ မင်းသေချင်နေတယ် ဆိုရင်လည်း လဖြွတ်ပဲပေါ့ကွာ"

သူက မသိစိတ်ကနေ အပြာရောင် လက်ရွေးစင်ကို သက်ရှိလူ တစ်ယောက်လိုမျိုး ဆက်ဆံနေ မိပါတယ်။ ဒါပေမဲ့လည်း သူက အလျင်အမြန်နဲ့ သတိပြန်ဝင်လာပါတယ်။ ဒီအပြာရောင် လက်ရွေးစင်က ခန်ဝင်ပြီးတော့ သူ့ကို တိုက်ခိုက်လာပေမဲ့ သူ့ရဲ့ အသက်ဓာတ် စွမ်းအင်က ပျောက်ကွယ်သွားတာ ကြာလှပါပြီ။ သူက သိပ်ကြာကြာ ခံတော့မှာ မဟုတ်တဲ့ အသိစိတ် အကြွင်းအကျန်လေး တစ်ခုသာသာပါပဲ။

အဲဒါတောင်မှ ဘာဖြစ်လို့ သူ့ရဲ့ ခန္ဓာကိုယ်က ပျက်စီးသွားခြင်း မရှိသေးတာလဲ။ တကယ်တော့ သူက

Edit with WPS Office

လွန်ခဲ့တဲ့ နှစ်ပေါင်းဆယ်သန်းလောက်ကတည်းက သေသွားခဲ့ပါပြီ။

"ဟားဟားဟား ငါက ဒီနေ့ရက်အတွက် စောင့်နေတာပဲ"

အပြာရောင် အသားအရေနဲ့ လက်ရွေးစင်က သူ့လက်ဖါးနဲ့ အရိုပ်မည်းဆီကို ရိုက်ချလိုက်ပါတယ်။

မရေမတွက်နိုင်တဲ့ နတ်ဘုရား သင်္ကေတတွေ ရောယှက်လာပြီးတော့ စည်းမျဉ်းဥပဒေရဲ့ စွမ်းအားတွေက တလက်လက်တောက်ပလို့ လာပြီး လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုလုံး လင်းလက်လို့ လာပါတယ်။ ဒါက ထာဝရမြစ်အဆင့် လက်ရွေးစင်တွေရဲ့ စစ်မှန်တဲ့ စွမ်းအား ဖြစ်ပါတယ်။

"မဟုတ်ဘူး"

မြေအောက်ကမ္ဘာရဲ့ လက်ရွေးစင်က စိတ်ပျက်လက်ပျက်နဲ့ ညည်းတွားလိုက်ပါတယ်။ သူ့ရဲ့ ညည်းတွားသံက ချက်ချင်းပဲ လျှို့ဝှက်ဆန်းကြယ်ဘုံ တစ်ခုလုံးကို ပဲ့တင်ထပ်သွားပါတယ်။

ဒါက ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့

Edit with WPS Office

မျှော်လင့်ချက် ကုန်ဆုံးလို့ ငိုကြွေးမှု တစ်ခု ဖြစ်ပါတယ်။

မနစ်မြို့ဖွယ် ကောင်းပြီးတော့ တုန်လှုပ်စေတဲ့ အာရုံတစ်ခု လေထဲမှာ တန်းလန်း ဖြစ်နေပါတယ်။ ပြီးတော့ မရှိမဆံ့ ခံစားနေရတဲ့ ကြောက်မက်ဖွယ်ရာ အော်ဟစ်သံ စူးစူးဝါးဝါး တစ်ခုလည်း ရှိပါတယ်။ ဒါက မြေအောက်ကမ္ဘာ ကျင့်ကြံသူတွေကို ပြုံင်စံရှားစေတဲ့ သိုင်းဆန္ဒတစ်ခု ဖြစ်ပါတယ်။

"နောက်ဆုံးတော့ ပြီးသွားပြီပေါ့"

အပြာရောင် အသားအရေနဲ့ လက်ရွေးစင်ရဲ့ မျက်နှာပေါ်မှာ စိတ်ကျေနပ်တဲ့ အပြုံးတစ်ခု ဖြတ်သွားပါတယ်။

ဘုန်း။

သူ့ရဲ့ ရောမ ခန္ဓာကိုယ်ကြီးက ပြုတ်ကျလာရင်း အရွယ်အစားကလည်း အရမ်းကို လျင်မြန်စွာနဲ့ ကျုံ့သွားခဲ့ပါတယ်။ အဲဒီနောက် စမ်းချောင်းဂါမှာ စီးမျောပြီး ဂိညာဉ်သန်းပေါင်းများစွာထဲက တစ်ခု ဖြစ်လာပါတယ်။

ထိပ်တန်းလက်ရွေးစင် တစ်ယောက် နောက်ဆုံးတော့

Edit with WPS Office

ဒီကမ္ဘာကြီးထဲကနေ ပျောက်ကွယ်သွား ခဲ့ပါပြီ။

လင်းဟာန်နဲ့ တခြားဘုရင်အဆင့် ငါးယောက်လုံး ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပါတယ်။ သူတို့က ဒီတိုက်ပွဲထဲမှာ ဘာမှကို အသုံးမဝင်ပဲ ငါးစာအဖြစ် အသုံးချခံ သက်သက်ပါပဲ။

သူတို့က လူငယ်မျိုးဆက်ရဲ့ ထူးချွန်ထက်မြက်တဲ့ ဘုရင်အဆင့်တွေ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ သူတို့က ငါးစာအဖြစ်ကို အမှန်တကယ် ကျရောက်သွားခဲ့ပါတယ်။

Chapter 1199 end

အပိုင်း(1200) မိုးရေကောရာဇ် ပျောက်သွားပြီ

သူတို့က ထူးချွန်ထက်မြက်တဲ့ ဘုရင်အဆင့်တွေ ဖြစ်ရဲ့သားနဲ့ ငါးစာအဖြစ်ပဲ လှုပ်ရှားနိုင် ခဲ့ပါတယ်။

အဲဒါက လင်းဟာန်နဲ့ တခြားသူတွေကို အရမ်းကို သက်တောင့်သက်သာ မရှိတဲ့ ခံစားမှုမျိုး ဖြစ်စေပါတယ်။ ဒါပေမဲ့လည်း ဒါက လက်မခံချင်လို့မရတဲ့ အမှန်တရားပါပဲ။ သူတို့တွေ ဘယ်လောက်ပဲ ထူးချွန်ထက်မြက်ပြီး

Edit with WPS Office

ပါရမီရှိနေပါစေ ထာဝရမြစ်အဆင့်မှာရှိတဲ့ စွမ်းအားရဲ့ အရှေ့မှာတော့ သူတို့က အမှိုက်သာသာပါပဲ။

ပူကျဲရဲ့ သေဆုံးနေတဲ့ အလောင်းက ဒီအချက်ကို ထင်သာမြင်သာ ရှိစေပါတယ်။ သူက မြေအောက်ကမ္ဘာက လက်ရွေးစင် တစ်ယောက်ရဲ့ ဓားစာခံဖြစ်လာပြီး အဆုံးသတ်မှာ ညာတာကင်းမဲ့စွာနဲ့ အသတ်ခံလိုက်ရပါတယ်။

အသားပြာ လက်ရွေးစင်ရဲ့ အရှေ့မှာ ဒီကြယ်စင်စုကြီးရဲ့ ထူးချွန်ထက်မြက်ဆုံး ပါရမီရှင်တွေတောင် အထိခိုက်မခံ အကြမ်းမခံနိုင်တဲ့ အပျက်အစီးတွေနဲ့ တူပါတယ်။

ဒါက သူတို့ထဲက ဘယ်သူ့မဆို ကျရောက်လာနိုင်တဲ့ ကံကြမ္မာ တစ်ခုပါပဲ။

ဒါပေမဲ့လည်း ဘာဖြစ်လို့ ဒီလိုမျိုး ကံကြမ္မာက ပူကျဲပေါ်ကို ကျရောက်ရတာလဲ။ ဒါက ရိုးရိုးလေးပါ။
ဘာဖြစ်လို့လဲဆိုတော့ သူက ဘုရင်အဆင့် ခုနစ်ယောက်တည်းမှာ အားအနည်းဆုံး ဖြစ်လို့ပါပဲ။ သူ့ကို

Edit with WPS Office

ဂင်ပူးဖို့ အလွယ်ကူဆုံး ဖြစ်နေတာကြောင့် သူက အရွေးချယ်ခံလိုက်ရတာပါ။

ဘုရင်အဆင့်တွေက ဒါကို လက်မခံနိုင်အောင် ဖြစ်နေပါတယ်။

သူတို့က တိုက်ပွဲမှာ သေနိုင်ပါတယ်။ ဒါပေမဲ့ အခုလို သေရမှာကိုတော့ ဒါက အရမ်းကို စိတ်တိုစရာ ကောင်းလွန်းပါတယ်။ ပြီးတော့ အရမ်းကို အဓိပ္ပါယ်ကင်းမဲ့လွန်းပါတယ်။

ဒါပေမဲ့လည်း သူတို့တွေက ဘယ်သူ့ကို စောဒက တက်နိုင်မှာလဲ။

အသားပြာ လက်ရွေးစင် သေသွားခဲ့ပါပြီ။ ပြီးတော့ မြေအောက်ကမ္ဘာက လက်ရွေးစင်လည်း အသတ်ခံလိုက်ရပါပြီ။ ပုကျဲကတော့ ကံမကောင်းအကြောင်းမလှပဲ သေသွားခဲ့ ရပါတယ်။

ဘုရင်အဆင့် ခြောက်ယောက်က အချိန်တော်တော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်

Edit with WPS Office

နေခဲ့ပါတယ်။ စမ်းချောင်းငါ တစ်ခုပဲ မိုးကောင်းကင်မှာ ဆက်ပြီးတော့ စီးဆင်းနေပါတယ်။ ဒီမြစ်က ထာဝရမြစ်အဆင့် လက်ရွေးစင် တစ်ယောက်ရဲ့ အလောင်းကနေ ဖြစ်ပေါ်လာခဲ့ပြီး သူသေဆုံး သွားခဲ့တာ နှစ်ပေါင်းဆယ်သန်း ကြာမြင့်နေတာတောင် ဆက်ပြီးတော့ စီးဆင်းနေပါသေးတယ်။ ဒီမြစ်က ထာဝရ စီးဆင်းနေမဲ့ အတိုင်းပါပဲ။

ဒီအချိန် သူတို့အားလုံး ဒီစမ်းချောင်းငါက ဘာဖြစ်လို့ ကြက်သီးမွေးညှင်း ထလောက်အောင် တုန်လှုပ်စရာကောင်းနေလဲ ဆိုတာကို နားလည်သဘောပေါက် သွားခဲ့ပါပြီ။ ဘာဖြစ်လို့လဲဆို မြေအောက်ကမ္ဘာက စွမ်းအား ပါဝင်နေလို့ပါပဲ။

"နန်းတော်ထဲ ဆက်ပြီးတော့ ရှာဖွေရအောင်။ လျှို့ဝှက်နည်းစနစ် တချို့ ထပ်ပြီးတော့ ရနိုင်မလား ဆိုတာကို ငါတို့တွေ ကြိုးစားကြည့်တာပေါ့"

ရှီအန်ဂူက ပြောလိုက်တယ်။ သူက အရင်ဆုံး တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ပါတယ်။

Edit with WPS Office

အားလုံးက ခေါင်းညိတ်ပြီး သဘောတူ လိုက်ကြပါတယ်။ ဘာလုပ်စရာရှိလဲ ရှိတာကို လုပ်ရပါမယ်။ ပြီးတော့ သေခြင်းတရားကနေ ပြန်လည်ရှင်သန်လာနိုင်တာ မဟုတ်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှလည်း မတတ်နိုင်ပါဘူး။

သူတို့တွေက နန်းတော်ထဲကို ပြန်လာခဲ့ပြီး အလင်းစက်ပိုင်းတွေက လေထဲမှာပဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ရှိနေကြပါသေးတယ်။ ဒါပေမဲ့လည်း ဒီအလင်းစက်ပိုင်းတွေက သူတို့ကို ဖမ်းဆုပ်ဖို့ ကြိုးစားတဲ့ အချိန်မှာ တစ်ဟုန်ထိုး ထွက်ပြေးနေဆဲပါပဲ။ အထဲမှာရှိတဲ့ လျှို့ဝှက်နည်းစနစ်တွေကို ရရှိဖို့ အခွင့်အရေး လုံးဝမရှိပါဘူး။

ဒါကိုကြည့်ခြင်းအားဖြင့် သူတို့ရဲ့ ခွန်အားက ဒီအလင်းစက်ပိုင်းတွေကို ရယူဖို့ လုံလောက်မှု မရှိသေးပါဘူး။

လူငယ်မျိုးဆက်ရဲ့ ဘုရင်အဆင့်တွေ ဖြစ်တာနဲ့အညီ လင်းဟာန်နဲ့ တခြားသူတွေက ဘယ်အချိန်မှာ လက်လျှော့ရမယ် ဆိုတာကို သိနားလည်ပါတယ်။ သူတို့က

Edit with WPS Office

ပြတ်ပြတ်သားသားပဲ ချာခနဲ လှည့်ပြီးတော့ ထွက်လာကြပါတယ်။

လမ်းတစ်လျှောက်မှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေ အများကြီး ရှိနေပါသေးတယ်။ နတ်ဘုရား ဆေးပင်နဲ့ ရှေးဟောင်းနည်းစနစ်တချို့က ဒီရှေးဟောင်းနယ်မြေထဲမှာ ကျန်ကောင်းကျန် နေနိုင်ပါတယ်။ နန်းတော်ထဲမှာ နေတာက အချိန်ဖြုန်းနေတာပါပဲ။ တကယ်လို့ သူတို့က အခုချိန် ဂင်ပေါက်ကို သွားမယ်ဆိုရင် အနည်းဆုံး ရတနာပစ္စည်း တချို့ကို ရနိုင်ပါသေးတယ်၊ သူတို့တွေ ဘယ်လောက် ရမလဲ ဆိုတာကတော့ ပြောမတတ်ဘူးပေါ့။

နန်းတော်ထဲက ထွက်လာပြီးတဲ့ နောက်မှာ သူတို့အားလုံးက နောက်ဆုံးအနေနဲ့ ပြန်လှည့်ကြည့် လိုက်ပါတယ်။ ဒီနေရာမှာ ပုကျဲသေဆုံးသွားခဲ့ပြီး သူ့ရဲ့အကြွင်းအကျန် တစ်စုတစ်လေတောင် မကျန်ရှိတော့ပါဘူး။ သူတို့အားလုံး မထွက်ခွာခင် ခေါင်းခါလိုက် မိပါတယ်။

အချိန်တော်တော် ကြာပြီးတဲ့ နောက်မှာတော့ လင်းဟာန်က စွေ့ရန်ယွီနဲ့ ဟူဖေးယွင်ကို အနက်ရောင် မျှော်စင်ထဲကနေ

Edit with WPS Office

ထုတ်လိုက်ပါတယ်။ ဂျင်ဆင်းအိုကြီး ပေါ်လာတဲ့ အချိန်မှာ သူ့အမူအရာက သုန်မှုန်နေပြီးတော့ သူက ပြောလိုက်တယ်။

"သောက်ကျိုးနည်း ကောင်စုတ်လေး။ အဲဒါက ဘယ်လိုသိုလှောင် ပစ္စည်းမျိုးလဲ။ ဘာဖြစ်လို့ အရမ်းကို ထူးဆန်းနေရတာလဲ"

သူက စိုက်ပျိုးခံရလု နီးပါး ဖြစ်ခဲ့ပြီး အထဲက ပစ္စည်းဂိညာဉ်က သူ့ရဲ့အသိစိတ်ကို ပယ်ဖျက်ခြင်း ခံရလုနီးပါး ဖြစ်ခဲ့ပါတယ်။ နောက်တမျိုး ပြောရမယ်ဆိုရင် သူက နောက်ထပ်တစ်ကြိမ် အစားခံရမဲ့ နတ်ဘုရား ဆေးပင်တစ်ခု ဖြစ်လုနီးပါး ဖြစ်သွားခဲ့ပါတယ်။ အဲဒါတင်မကပါဘူး။ အထဲမှာ နတ်ဘုရား သစ်ပင်အိုကြီး တစ်ပင်တောင် ရှိပါတယ်။ သူ့ထက် အဆင့်အများကြီး မြင့်ပါတယ်။ သူ့အနေနဲ့ ရွေးချယ်စရာ မရှိပဲ အဲဒီနတ်ဘုရား သစ်ပင်အိုကြီးကို အဘိုးလို့ ခေါ်ခဲ့ရပါတယ်။

နောက်ပြီးနော့ နတ်ဘုရား သစ်ပင်ရဲ့ သစ်ကိုင်းတစ်ခုကို ရစ်ပတ်ထားတဲ့ သူတော်စင် တစ်ယောက်ရဲ့ နတ်ဘုရား အာရုံလည်း ရှိပါတယ်။ သူ့ရဲ့ အစွမ်းက မရှိတော့ဘူး

Edit with WPS Office

ဆိုရင်တောင် ဒီလူက သူ့ကို ထိတ်လန့်တုန်လှုပ်အောင် လုပ်နိုင်ပါသေးတယ်။

လင်းဟန်က ရယ်မောပြီးတော့ ပြောလိုက်တယ်။

"ပျော်စရာ မကောင်းဘူးလား"

"မင်းအမေကြီးတော် ပျော်စရာကောင်း။ ငါမင်းကို ဘယ်လိုမျိုး နှင်းခြေပစ်မလဲ ဆိုတာကို ကြည့်ထားလိုက်။ မင်းက တကယ်ပဲ မင်းအဘိုးကို ခြောက်လှန့်ရဲတယ်ပေါ့"

ဂျင်ဆင်းအိုကြီးက ဒေါသထွက်လာပြီးတော့ လင်းဟန်ကို စိတ်ဆိုးဆိုးနဲ့ ကန်လိုက်ပါတယ်။

လင်းဟန်က သူ့ရဲ့ တိုက်ခိုက်မှုတွေကို သာမန်ကာလျှံကာပဲ တားဆီးကာကွယ် လိုက်ပါတယ်။ ဂျင်ဆင်းအိုကြီးက သူ့ဒေါသတွေကို ပုံချလိုက်တာပဲ ဖြစ်ပြီးတော့ လင်းဟန်နဲ့ အမှန်တကယ် တိုက်ခိုက်တာ မဟုတ်ပါဘူး။ ဒါကြောင့် သူရဲ့ တိုက်ခိုက်မှုတွေက အလျင်အမြန်ပဲ ရပ်သွား ခဲ့ပါတယ်။

"ဘယ်လောက်တောင် စိတ်ဆတ်လိုက်သလဲ"

လင်းဟန်က ပြုံးပြီးတော့ ပြောလိုက်တယ်။

Edit with WPS Office

ဂျင်ဆင်းအိုကြီးရဲ့ မျက်လုံးတွေ စွေ့ရန်ယှီဘက်ကို လှည့်သွားပြီးတော့ ပြောလိုက်တယ်။

"မိန်းမလှလေး မင်း အတွဲပြောင်းချင်လား။ ငါက သေချာပေါက် အဲဒီကောင်စုတ်ထက် ပိုပြီးတော့ အသုံးဝင်လိမ့်မယ်။ ကြည့်စမ်းပါဦး။ ငါ့ရဲ့ ခန္ဓာကိုယ် တစ်ခုလုံးက ရတနာ အရှိန်အဝါ တစ်ခုကို ထုတ်လွှတ်နေတယ်။ အဆုတ်တစ်ခုလုံး ပြည့်အောင်လို့ ရှူလိုက်ရုံနဲ့ မင်းရဲ့ သက်တမ်းက သုံးနှစ်လောက် တိုးလာလိမ့်မယ်။ ပြီးတော့ မင်းကို ဆယ်နှစ်လောက် ငယ်ရွယ်နုပျိုသွား စေလိမ့်မယ်။ အားရိုး"

လင်းဟာန်က သူ့ခေါင်းကို ထုချလိုက်ပြီး ဂျင်ဆင်းအိုကြီးက ချက်ချင်းဆိုသလို နာကျင်မှုကြောင့် သူ့ခေါင်းကို ဆုပ်ကိုင်လိုက်မိပါတယ်။

သူတို့က လာရာလမ်းအတိုင်း ပြန်လာခဲ့ကြပြီး ရက်အနည်းငယ် ကြာပြီးတဲ့နောက်မှာ ဆေးပင်တွေ ပေါက်နေတဲ့ တောင်ကို ရောက်လာခဲ့ပါတယ်။ လင်းဟာန်က ဂင်္ဂပါ အစီအရင်တွေကို နောက်တစ်ကြိမ် စတင်ဖြေရှင်းပြီး

Edit with WPS Office

နတ်ဘုရား ဆေးပင်တွေကို တတ်နိုင်သလောက် ရိတ်သိမ်း ခူးဆွတ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း ဂေါက်ပါအစီအရင်တွေကို ဖယ်ရှားရတာက အရမ်းကို အချိန်ကြာမြင့်ပါတယ်။ ဒါကြောင့် နတ်ဘုရား ဆေးပင်နှစ်ပင် ရရှိပြီးတဲ့ နောက်မှာတော့ သူတို့က နောက်တစ်ကြိမ် ထွက်ခွာလာခဲ့ ရပါတယ်။

သူတို့က စမ်းချောင်းဂါကို ရင်ဆိုင်ပြီးတော့ လျှောက်လာပြီး သူတို့တွေ ဂင်ရောက်ခဲ့တဲ့ နေရာကို အလျင်အမြန် ပြန်ရောက်လာခဲ့ပါတယ်။

ဒီနေရာမှာ လူတွေ ပြည့်နှက်နေပါတယ်။ ပေးထားတဲ့ အချိန်နှစ်ဂက် ပြည့်ဖို့ကလည်း သုံးရက်ပဲ ကျန်ပါတော့တယ်။ လူတွေက လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဒီနေရာကို စောပြီးတော့ ရောက်လာ ခဲ့ကြတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်လွန်သွားပြီး ဒီလျှို့ဝှက်ဆန်းကြယ်ဘုံ အထဲမှာ ပိတ်မိနေတာက သေမင်းကို ရင်ဆိုင်ရတာပဲလို့ ဆိုလိုပါတယ်။

"ဆရာ"

Edit with WPS Office

တင်းပင်းက အရင်ဆုံး ပြေးလာပါတယ်။ မုယောင်ချင်းနဲ့ တခြားသူတွေလည်း သူ့အနောက်က လိုက်လာကြပါတယ်။ တစ်ယောက်မှ တောင်မြစ်အဆင့်ရဲ့ ပြီးပြည့်စုံခြင်းကို မရောက်ခဲ့ ကြပါဘူး။ ဒါကြောင့် ဘယ်သူမှ သိမ်းငှက်နှုတ်သီးတောင်ကို သွားခဲ့ပုံ မရပါဘူး။ အဲဒီအစား သူတို့က သူတို့ကိုယ်ပိုင် အခွင့်အလမ်းတွေကို သူတို့ဘာသာ နေရာအနှံ့ သွားရောက်ရှာဖွေခဲ့ပုံ ရပါတယ်။ အဲဒါက သူတို့ကို အတော်လေး ပြည့်လျှံအောင် ရိတ်သိမ်းရုန်းဆွတ် နိုင်ခဲ့ပါတယ်။

"ဟင် ဒုတိယ အစ်ကို ပြန်မရောက်သေးဘူးလား"

လင်းဟန်က ဘေးဘီဂဲယာကို ကြည့်ရင်းနဲ့ မေးလိုက်ပါတယ်။ ဒီလျှို့ပှက်ဆန်းကြယ် ဘုံထဲကို ဂင်လာတဲ့ သူတို့အုပ်စုထဲမှာ မိုးရေကောရာဇ် တစ်ယောက်ပဲ ပျောက်နေပါတယ်။

ဖန်ပိုယွမ်နဲ့ တခြားသူတွေအားလုံး သူတို့ခေါင်းတွေကို ခါလိုက်ပါတယ်။ သူတို့က သူတို့လမ်းကို သူတို့သွားကြတာကြောင့် မိုးရေကောရာဇ်က ဘယ်လိုမျိုး အခွင့်အလမ်းတွေနဲ့ ကြုံတွေ့နေရလဲ ဒါမှမဟုတ် ဘယ်လိုမျိုး

Edit with WPS Office

အခက်အခဲတွေနဲ့ ရင်ဆိုင်နေရလဲ ဆိုတာကို သူတို့မသိပါဘူး။

"ဒုတိယ အစ်ကိုရဲ့ ခွန်အားနဲ့ စိတ်ဓာတ်ခွန်အားအရဆိုရင် သူက အန္တရာယ်တွေနဲ့ တွေ့ဆုံရမယ် ဆိုရင်တောင် လုံလုံခြုံခြုံနဲ့ ထွက်ပြေးလွတ်မြောက် နိုင်စွမ်း ရှိသင့်တယ်"

လင်းဟန်က ပြောလိုက်တယ်။ သူက မိုးရေကောရာဇ်ရဲ့ စွမ်းရည်တွေကို ယုံကြည်မှု ရှိပါတယ်။

"ဟင် အစ်မစွေ၊ နံပါတ်ကိုး ဘုရင် နင်တို့တွေ ဘာဖြစ်လို့ ဒီနေရာမှာ ရှိနေတာလဲ"

လီဂေဂေနဲ့ ကျိယွင်အာတို့က အဲဒီအချိန်မှာ သူတို့ဆီ လျှောက်လာခဲ့ပါတယ်။ သူမတို့ကလည်း အံ့ဖွယ်ကောင်းကင်ဂိုဏ်းရဲ့ တပည့်တွေ ဖြစ်တာကြောင့် ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲကို ဝင်ရောက်နိုင်ပါတယ်။

လင်းဟန်က သူ့အကြောင်းကို သူတို့ကို ထုတ်ဖော်ပြောထားခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် သူက လင်းဟန်ဆိုတာကို သူမတို့တွေ မသိပါဘူး။ အဲဒါကြောင့်

Edit with WPS Office

သူတို့အတွက် စွေ့ရန်ယွီနဲ့ ဟူဖေးယွင်က မျက်နှာစိမ်း ယောက်ျားတစ်ယောက်နဲ့ အတူရောနှောနေတာက ထူးဆန်းနေပါတယ်။

အထူးသဖြင့်တော့ စွေ့ရန်ယွီနဲ့ ပတ်သက်ပါတယ်။ သူမက လင်းဟန်နဲ့ ချစ်ခင်စုံမက်နေတာ မဟုတ်လား။ သူမက လင်းဟန်ကို သုံးနှစ်လောက် မတွေ့မြင်ရတာကြောင့် ခြံစုန်သွားတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

အဲဒီငတုံးငအ ကျောက်တုံးခေါင်းကတော့ အရမ်းကို သနားစရာ ကောင်းတာပဲ။

စွေ့ရန်ယွီက သူမတို့ နှစ်ယောက်ကို ခေါင်းညိတ်ပြ လိုက်ပါတယ်။ ဟူဖေးယွင်ကတော့ ပိုပြီးတော့ ရင်းနှီးဖော်ရွေပြီး ချက်ချင်းဆိုသလို သူမတို့နဲ့ စကားစမြည် ပြောဆိုနေပါတယ်။ သူမက အရမ်းကို ငယ်ရွယ်သေးတာကြောင့် သက်တူရွယ်တူ မိန်းကလေးတွေနဲ့ သူမက သူငယ်ချင်း ဖြစ်ချင်ပါတယ်။ သူမရဲ့ ပျော်ရွှင်မှုတွေ အထီးကျန်ဆန်မှုတွေကို မျှဝေနိုင်တဲ့ ဘယ်သူမဆို သူမက သူငယ်ချင်း ဖြစ်ချင်ခဲ့ပါတယ်။

Edit with WPS Office

ကံကောင်းတာက ဟူဖေးယွင်က လင်းဟန်နဲ့ ပတ်သက်ပြီး လျှို့ဝှက်ချက်ကို စောင့်ထိန်းထား ခဲ့ပါတယ်။ ဒါပေမဲ့လည်း အဲဒါက လီဝေဝေနဲ့ ကျိယွင်အာတို့က မမေးတာကြောင့်လည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ တကယ်လို့ သူမတို့ကသာ မေးမြန်းစုံစမ်းမယ်ဆိုရင် လင်းဟန်ရဲ့ အကြောင်းကို ဟူဖေးယွင်က အမှန်အတိုင်း ပြောမိကောင်း ပြောမိနိုင်ပါတယ်။ လင်းဟန်က ဒီအရူတူတူ မိန်းကလေးက လျှို့ဝှက်ချက် တစ်ခုကို ထိန်းသိမ်းနိုင်မယ်လို့ မယုံကြည်ထားပါဘူး။

တစ်ရက် နှစ်ရက် အချိန်တွေ ကုန်သွားပါတယ်။

ဒါပေမဲ့လည်း မိုးရေကောရာဇ်က ပြန်မရောက်လာခဲ့သေးပါဘူး။

လင်းဟန်နဲ့ တခြားသူတွေက စတင်စိုးရိမ်ပူပန် လာခဲ့ကြပါတယ်။

လျှို့ဝှက်ဆန်းကြယ်ဘုံ ပြန်ပွင့်ဖို့ အချိန်တစ်ရက်ပဲ ကျန်ပါတော့တယ်။ အဲဒီအချိန်ကျရင် သူတို့အားလုံး

Edit with WPS Office

ထွက်ခွာရပါလိမ့်မယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင် သူတို့က ဒီလျှို့ဝှက်ဆန်းကြယ် ဘုံထဲမှာ ထာဝရ ကျန်ရစ်နေပါလိမ့်မယ်။

မိုးရေဧကရာဇ်က ဘယ်လိုအရာတွေနဲ့ ကြုံတွေ့နေလို့လဲ။

စိုးရိမ်ပူပန်မှုတွေနဲ့အတူ တတိယမြောက်နေ့ရက် ရောက်ရှိလို့လာခဲ့ပါပြီ။ ဒါပေမဲ့လည်း မိုးရေဧကရာဇ်ရဲ့ အရိပ်အယောင်ကို မမြင်ရသေးပါဘူး။

ဝှမ်း။

လေထုက တုန်ခါသွားပြီး မိုးကောင်းကင်ပေါ်မှာ လမ်းကြောင်းတစ်ခု ပေါ်ထွက်လာခဲ့ပါတယ်။ လေဟာနယ်ကို ရောမ လက်ကြီးက ဆုတ်ဖြဲထားတာကို တွေ့မြင်နိုင်ပါတယ်။

အဲဒီရောမ လက်ကြီးက အရှင်သခင် ဂိညာဉ်သုံးခုကလွဲပြီးတော့ ဘယ်သူများဖြစ်နိုင်မှာလဲ။

"ထွက်ခွာဖို့ အချိန်ရောက်ပြီ"

"သွားကြစို့"

Edit with WPS Office

ကျင့်ကြံသူတွေက စတင်ပြီးတော့ ထွက်ခွာကုန်ပါတယ်။ ဒါပေမဲ့လည်း လူတော်တော်များများ ဒီနေရာမှာ ရှိနေတာကြောင့် သူတို့အားလုံး တစ်ကြိမ်တည်းနဲ့ ထွက်သွားလို့ မရနိုင်ပါဘူး။

"ဒုတိယအစ်ကို ဘယ်မှာလဲ။ ဘာဖြစ်လို့ သူပြန်မလာသေးတာလဲ"

မုယောင်ချင်းက စိုးရိမ်ပူပန်စွာနဲ့ ပြောလိုက်ပါတယ်။

လင်းဟာန်လည်း အရမ်းကို စိုးရိမ်ပူပန်နေပါတယ်။ ဒါပေမဲ့လည်း သူ့စိတ်ထဲမှာ ရုတ်တရက် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာပြီးတော့ ပြောလိုက်တယ်။

"ဒုတိယ အစ်ကို ရွေးချယ်ခံ တစ်ယောက်များ ဖြစ်ကောင်းဖြစ်နိုင်မလား"

"ဘာရွေးချယ်ခံလဲ"

ဖန်ပိုယွမ်နဲ့ တခြားသူတွေက မေးလိုက်ပါတယ်။

"ဒီလျို့ပုက်ဆန်းကြယ်ဘုံ ပိုင်ရှင်ရဲ့ နေရာကို ဂင်သွားခဲ့တုန်းက သူက သေတမ်းစာ တစ်စောင်

Edit with WPS Office

ချန်ခဲ့တယ်။ သူပြောတာက ကြယ်ခုနစ်လုံး တန်းညီသွားတဲ့ အချိန်မှာ ငါ့ရဲ့ အမွေဆက်ခံသူ ပေါ်လာမယ်တဲ့။ ကြယ်ခုနစ်လုံးက ကျနော်ရယ် ဟဲထောင်နဲ့ တခြားသူတွေကို ကိုယ်စားပြုတယ်။ ကျနော်တို့ ခုနစ်ယောက်က နန်းတော်ရဲ့ တံခါးကို ဖွင့်ခဲ့တဲ့သူတွေပဲ။ နောက်ဆုံးစာကြောင်းက အမွေအနှစ်ဆက်ခံသူ တစ်ယောက်ကို အဲဒီစီနီယာက ရွေးချယ်မယ်လို့ ပြောတာ ဖြစ်နိုင်တယ်"

"အစတုန်းက ကျနော်တွေးမိတာက အမွေဆက်ခံသူဟာ ဘုရင်အဆင့် ခုနစ်ယောက်ထဲက တစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်ထားခဲ့မိတယ်။ ဒါပေမဲ့လည်း အခုဒါကို ကြည့်မယ်ဆိုရင် သူက တစ်စုံတစ်ယောက်ကို ရွေးချယ်လိုက်တာ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်တာက ဒုတိယအစ်ကိုက သူရွေးချယ်ထားတဲ့ သူ့ရဲ့အမွေခံ ဖြစ်လိမ့်မယ်"

Chapter 1200 end

Edit with WPS Office